Daoist Master of

Qing Xuan

ဇင်ပြေ

ချင်းရှမ်လမ်းစဉ် ဆရာသခင် (1-1024) (သိမ်း)

ရိုးရာ ဘာသာပြန်အုပ်စု

This e-book is not for sale and use of anyone at no cost
Commercial use of this book will be at your own risk

Daoist Master of Qing Xuan

By Zhong Yuan Wu Bai

ဘာသာပြန်

ဇင်ပြေ

ချင်းရှမ်လမ်းစဉ် ဆရာသခင် (1-1024)

(သိမ်း)

青玄道主
Daoist Master of Qing Xuan

ချင်းရှမ်လမ်းစဉ်ဆရာသခင်

အခန်း (၁) လူငယ်ဆရာလေး

ချင်းရှုဟုခေါ်တွင်သောတောင်တစ်တောင်ရှိလေသည်။ ၎င်းတောင်ကိုသွားရသည့်လမ်းမှာလေထန်လွန်းပြီးရေညှိများဖြင့်ဖုံးလွှမ်းနေသည့်ကျောက်လှေကားထစ်ကွေ့ကွေ့ကောက်ကောက်လမ်းများဖြစ်လေသည်။

အသက်သုံးဆယ်ဝန်းကျင် သက်လတ်ပိုင်းလူရွယ်တစ်ယောက်သည် ချွေးများထွက်နေပြီး ချွေးသီးချွေးပေါက်များမှာကျောက်လှေကားထစ်များဆီသို့စီးကျသည်အထိတောင်တက်ခရီးကိုပင်ပန်းစွာတက်နေရလေသည်။

သူကခဏနားလိုက်ပြီးသူ့နဖူးထက်မှချွေးစများကိုအင်္ကျီလက်ဖြင့်သုတ်လိုက်သည်။ သူ့ရှေ့တွင်တော့စိမ်းဆိုနေသည့်တောအုပ်တစ်ခုရှိလေသည်။ သစ်ကိုင်းသစ်ရွက်များမှာလေတိုက်သောကြောင့်လှုပ်ရှားနေကြသည်။ အစိမ်းရင့်ရောင်အုတ်ကြွပ်ခေါင်မိုးကိုအနည်းငယ်မြင်နေရသည်။

နောက်ထပ်ဆယ့်ငါးမိနစ်ခန့်ဆက်သွားပြီးသည့်အခါတွင်တော့တောင်ပေါ်တွင်မားမားရပ်တည်နေသည့် ရှေးဟောင်းအဆောက်အဦးတစ်ခုကိုသူတွေ့လိုက်ရလေသည်။ လျှို့ဝှက်မှော်ပညာများဖြင့်ကာရံထားခြင်းမရှိသဖြင့် ရှေးဟောင်းအဆောက်အဦးတစ်ခုလုံးကို မြင်နေရသည်။

သူ့နောက်တွင်ကျန်ခဲ့သည်ကတည်ငြိမ်သောဝါးတံတားလေးဖြစ်ပြီးသူ့ရှေ့တွင်တော့ နာနတ်သီးပင်များရှိသည့် အေးချမ်းသည့်ဆင်ခြေလျှောလမ်းလေးဖြစ်လေသည်။ တောင့်တင်း

ခိုင်မာသည့် တာအိုကျောင်းတော်ကြီးတစ်ကျောင်းသို့ရှေ့တွင်ရှိ နေသည်ကိုသူသတိမပြုမိဘဲမနေနိုင်ဖြစ်ရသည်။ ကျောင်းတော်ကြီး၏တည်နေရာမှာသီးသန့်ဖြစ်ပြီး ဝေးလံသောဒေသတွင်ရှိသော်လည်း ထူးခြားဆန်းပြားသည့် တန်ခိုးအရှိန်အဝါများဖြင့်ဝန်းရံနေလေသည်။ အမြင်နှင့်ပင်သူ့ကိုဆွဲဆောင်ထားလေသည်။ လူရွှယ်သည် ပြန်လည် လန်းဆန်းလာသလိုခံစားလိုက်ရသည်။ တောင်တက်လာရသောကြောင့်ခံစားရသည့်မောပန်းနွမ်းနယ်ခြင်းများမှာတဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

လေကောင်းလေသန့်များကိုသူ့အဆုတ်ထဲထိရောက်အောင် လူရွှယ်ကအသက်ပြင်းပြင်းတစ်ချက်ရှူလိုက်သည်။ သူ့တွင်ကျန်နေသေးသည့်အားအင်အနည်းငယ်ကိုစုစည်းလိုက်ပြီး ကျောင်းတော်၏ဝင်ပေါက်ဆီသို့ဆက်သွားလိုက် သည်။ တံခါး

တိုင်များရှိအနီရောင်ဆေးများမှာအချိန်၏တိုက်စားမှုဒဏ်ကိုမ

တွန်းလှန်နိုင်ဘဲမှေးမှိန်လျှက်ရှိလေသည်။ ထူးဆန်းသည်က...

ဆိုင်းဘုတ်....

တံခါးထိပ်တွင်ရေးထိုးထားသည့်ဆိုင်းဘုတ်မှာအရောင်မပြယ်

ဘဲရှိနေခြင်းဖြစ်လေသည်။

ကျောင်းတော်ကြီး၏နာမည်...

 "ချင်းရှကျောင်းတော်" ဟူသည့်အမည်မှာထင်ရှားသပ်ရပ်စွာ

ဖြင့် ဆိုင်းဘုတ်ပေါ်တွင်ရေးထွင်းထားလေသည်။

ရေးထွင်းထားသည်မှာသပ်ရပ်ပြီးစုတ်ချက်များမှာတာအို

ဆရာ၏လွတ်လပ်ပြီးအနှောင်အဖွဲ့ကင်းခြင်းကိုဖော်ပြနေလေ

သည်။ တံခါးဘေးတစ်ဖက်တစ်ချက်တွင်

"နှလုံးသားကတိမ်လိုပဲလွတ်လပ်တယ်

စိတ်ကတော့ရေလိုပဲစီးဆင်းသွားတယ်"

ဟူသောကဗျာတစ်ခုရေးထိုးထားလေသည်။

ရေးထိုးထားသည့်မင်ကိုကြည့်ခြင်းအားဖြင့် ကဗျာမှာမကြာ
သေးခင်ကမှရေးထိုးထားသည်မှာထင်ရှားနေလေသည်။
လက်ရေးမှာ လွတ်လပ်သောပင်ကိုယ်စိတ်ကိုပေါ်လွင်စေလေ
သည်။ လူရွယ်မှာစာပေပညာကိုကောင်းစွာသိသူမဟုတ်သည့်
တိုင် ကဗျာမှာထူးခြားမှုရှိသည်ကိုတော့ရိပ်မိလိုက်လေသည်။
အတိအကျမပြောရဲသည့်တိုင် ကဗျာမှာအဆင့်အတန်းမြင့်မား
သည်မှာသေချာလေသည်။

တံခါးရှိသံကွင်းများကိုဆုပ်ကိုင်ကာလူရွယ်ကတံခါးခေါက်
လိုက်သည်နှင့် မျှော်လင့်မထားသည့် ကျယ်လောင်သည့်အသံ
ကြောင့် အံ့သြသွားရကာ ယဉ်ကျေးသည့်သဘောဖြင့် ပိုပြီး
နူးညံ့ညင်သာစွာတံခါးခေါက်လိုက်သည်။

ခဏကြာသည့်အခါတွင်တော့တံခါးပွင့်သွားပြီးအသက်ဆယ့်သုံးနှစ်ဆယ့်လေးနှစ်ခန့်မျှသာရှိသေးသည့် တာအိုဆရာလေးတစ်ပါး တံခါးဝသို့ထွက်လာလေသည်။ သူ့ဆီမှဆေးရွက်ရနံ့ရနေပြီးရနံ့မှာစိတ်ကိုကြည်လင်သွားစေသည်။

တာအိုဆရာလေးမှာသန့်ရှင်းသပ်ရပ်သည့်ဟန်နှင့် နူးညံ့သည့်မျက်နှာထားရှိလေသည်။ သူ့ကိုကြည့်ရသည်မှာ ဝတ်ရုံပွကြီးကိုဝတ်ထားသည့်တိုင် အနည်းငယ်ပိန်သွယ်သယောင်ထင်နေရသေးသည်။ သူ့ကိုအားနည်းနေသည်ဟုလူရွယ်ထင်မိသည်။ သူ့မျက်နှာမှာ အဝါရောင်သန်းနေပြီး ရောဂါတစ်ခုခုရှိနေပုံရသည်။

တကယ်တော့တာအိုဆရာလေးနာမည်ကလီဖုန်းဖြစ်လေသည်။ ထပ်ပြောရလျှင် သူကဒီကမ္ဘာကမဟုတ်ခဲ့...

သူကပုံမှန်ဝင်ငွေရှိသည့်ဆရာဝန်တစ်ယောက်ဖြစ်လေသည်။ ထို့အပြင် သူ့တွင် အိမ်တစ်လုံးနှင့်ကားတစ်စီးလည်းပိုင်ဆိုင်

ထားသေးသည်။ ဘဝကိုအောင်မြင်စွာဖြတ်သန်းနေသူတစ်ယောက်ဖြစ်သည့်အပြင် ပိုကောင်းသည့်ဘဝကိုလည်းဦးတည်နေသည့်လူတစ်ယောက်ဖြစ်လေသည်။ ထိုသို့ပြောရသော်လည်းနေ့စဉ်လုပ်ငန်းများဖြင့်ဘဝကပျင်းစရာတော့ကောင်းလေသည်။

သူ .. အိမ်ကိုကားမောင်းပြီးပြန်လာခဲ့သည့်နေ့တစ်နေ့... လမ်းဆုံတစ်ခုတွင်ယဉ်မတော်တဆမှုတစ်ခုဖြစ်ပြီး သူတိရလာသည့်အခါတွင်တော့ သူ့ဝိညာဉ်က တခြားခန္ဓာကိုယ်တစ်ခုထဲသို့ရောက်နေခဲ့ခြင်းဖြစ်လေသည်။ အချိန်နှင့်နေရာ၏ထူးခြားဆန်းကျယ်မှုများကြားတွင်အချိန်ခရီးသွားခြင်းဆိုသည်မှာ အဲဒီလောက်တော့ ကံကောင်း ခြင်းမရှိနိုင်သည်ကိုတော့သူနားလည်ထားသည်။ လွန်ခဲ့သည့်သုံးလခန့်ကစပြီးသူကဒီခန္ဓာကိုယ်၏ပိုင်ရှင်အသစ်ဖြစ်လာခဲ့သည်။

ဆန်းလျန်ဆိုသည့်လူငယ်တစ်ယောက်ဖြစ်လေသည်။

ခန္ဓာကိုယ်ပိုင်ရှင်အစစ်ကိုတောင်းပန်လိုက်ပြီးကံတရားအတိုင်း

ပင်သူကဆန်းလျန်၏ပုံစံဖြင့်ဆက်လက်နေထိုင်ရန်ဆုံးဖြတ်

လိုက်သည်။ တကယ့်ဆန်းလျန်အစစ်မှာအထင်ကြီးစရာ

ကောင်းသူတစ်ယောက်ဖြစ်လေသည်။ သူ၏မိခင်မှာဂုဏ်

သရေရှိဆန်းအိမ်တော်မှဖြစ်ပြီးချင်တိုင်းပြည်တွင် ကြွယ်ဝ

ချမ်းသာသည့်ကုန်သည်မျိုးရိုးမှဖြစ်လေသည်။

သူ၏မိခင်မှာအသက်ဆယ့်ခုနစ်နှစ်အရွယ်တွင်

လက်ထပ်ထိမ်းမြားခြင်းမရှိဘဲသူ့ကို ကိုယ်ဝန်ရခဲ့သည်။ သူ့

ဖခင်မည်သူဆိုသည်ကို မည်သူမျှမသိခဲ့ကြ။ သူ့မိခင်ကလည်း

ထိုအကြောင်းကိုတစ်လုံးမျှပင်မပြောခဲ့။

သူမကကလေးကိုမရရအောင်မွေးခဲ့လေသည်။

ကိုယ်ဝန်ရှိသည့်ကိစ္စအတွက် သူမ၏ဖခင်ဖြစ်သူဆန်းသခင်ကြီးကသဘောမကျခဲ့။ ဆန်းသခင်ကြီးမှာဒေါသထွက်သော်လည်းသူ၏သမီးကို အမွေပြတ်မစွန့်ပစ်နိုင်ခဲ့။ ကံဆိုးစွာပင် ဆန်းလျန်၏မိခင်မှာလွန်ခဲ့သည့် နှစ်နှစ်ခန့်က အသက်ငယ်ငယ်နှင့်ပင် ဆုံးပါးသွားခဲ့လေသည်။

သူ့မိခင်မရှိဘဲဆန်းအိမ်တော်တွင်နေရမည့်ဘဝကို ဆန်းလျန်တွေးပင်တွေးမကြည့်ရဲခဲ့ပေ။"အဲဒီနေရာက သူ့နေရာမဟုတ်" ဟုခံစားနေရသလိုလူတွေကလည်းကွယ်ရာတွင်သူ့ကို "မျိုးမစစ်သား" ဟုခေါ်ကြလေသည်။

ဆုံးဖြတ်ချက်တစ်ခုချခဲ့ပြီးနောက် ဆန်းလျန်ကသခင်ကြီးနှင့်ဦးလေးနှစ်ယောက်ဆီသို့သွားကာဆန်းမိသားစုမှထွက် ခွာပြီးသာသနာ့ဘောင်ဝင်ကာ ဆန်းမိသားစုကံကြမ္မာကောင်းဖို့အတွက် ဆုတောင်းပေးရန်တောင်းဆိုလိုက်သည်။ သာသနာ့

ဘောင်ဝင်သည့်ကိစ္စမှာဂုဏ်သရေရှိအိမ်တော်များနှင့်မိသားစု

များအတွက် အဆန်းတော့မဟုတ်။

သို့သော် သာသနာ့ဘောင်ဝင်ကြသူအများစုမှာ အစေခံ

များ၏သားသမီးများသာဖြစ်ကြပြီး ဆန်းလျန်ကတော့ ဆန်း

မိသားစု၏အမွေဆက်ခံသူဖြစ်နေလေသည်။ သို့သော် ဆန်း

သခင်ကြီးကတော့ သူတောင်းဆိုသည်ကိုသဘောတူသည်မှာ

အံ့ဩစရာတော့မရှိပါ။ အဲဒီနောက်တွင်တော့ ဆန်းအိမ်တော်

တွင် များစွာသောကံကြမ္မာများနှင့် တွေ့ကြုံရလေတော့သည်။

မိသားစုများတွင် သမီးများအတွက် အမွေဆက်ခံမှု ဓလေ့

ထုံးတမ်းတစ်ခုရှိလေသည်။

သမီးဖြစ်သူရရှိသည့် လက်ဖွဲ့အမွေပစ္စည်းများကိုသူမ၏အမွေ

ဆက်ခံသူသားသမီးကိုလက်ဆင့်ကမ်းပေးရသည့် ဓလေ့ဖြစ်

လေသည်။

လက်ဖွဲ့အမွေပစ္စည်းဆိုသည်မှာသမီးကညာလက်ထပ်ရမည့် အရွယ်ရောက်သည်နှင့်ခွဲပေးထားသည့်အမွေပစ္စည်းကို ပြောခြင်းဖြစ်သည်။ လက်ထပ်သည့်အချိန်တွင်တော့ အမွေပစ္စည်း ပိုင်ဆိုင်မှုများမှာ သမီးဖြစ်သူ၏နာမည်နှင့် လွှဲပြောင်းပြီးသား ဖြစ်နေလေသည်။

ဆန်းလျန်၏မိခင်မှာ မင်္ဂလာမဆောင်ဘဲ ကိုယ်ဝန်ရခဲ့ သော်လည်း သူမကိုချစ်လွန်းသောဖခင်ကြောင့် ဆန်းအိမ်တော် မှအမွေပြတ်စွန့်လွှတ်ခဲ့ခြင်းမရှိခဲ့ပေ။

တကယ်ဆိုလျှင်တော့ ဆန်းအိမ်တော်မှ စွန့်ပစ်ခံရမည်မှာ အသေအချာပင်...

မိခင်ဆုံးပါးသွားပြီးသည့်နောက် ဆန်းလျန်ကမိခင်၏အမွေကို ဆက်ခံသူဖြစ်လာခဲ့လေသည်။ ဆန်းသခင်ကြီးတွင် သားနှစ် ယောက်ရှိပြီး ထိုဦးလေးနှစ်ယောက်ကသူ့အပေါ်တွင်ကောင်း ကြသော်လည်း သူ့အဒေါ်နှစ်ယောက်က ယုတ်မာမည်ကိုတော့

သူစိတ်မပူဘဲမနေနိုင်။ ဆန်းအိမ်တော်တွင် သူ့အမွေဆက်ခံပိုင်ခွင့်ကိုရလျှင် သူအသက်ကိုရန်ရှာမည်ကိုပင် သူ့မှာသတိထားနေရသည်။

ဆန်းလျန်၏ဦးလေးများတွင်လည်း သားသမီးများရှိကြသည်။ ဦးလေးများကသူ့အပေါ်ကောင်းကြသည့်တိုင် သူက သူတို့မိသားစုဝင်တစ်ယောက်တော့မဟုတ်။

သူ့ဦးလေးများကလည်း သူတို့သားသမီးများကို အမွေရစေချင်မည်မှာသေချာသည်။

အသက်ငယ်ငယ်နှင့်တာအိုသာသနာ့ဘောင်သို့ဝင်ရန် ဆန်းလျန်ဆုံးဖြတ်ခဲ့ခြင်းမှာထိုအကြောင်းများကြောင့် တော့မဟုတ်ခဲ့ပါ။ သူ့အပေါ်မကောင်းပြောကြသည့်သူများကို စိတ်ကုန်သွားသောကြောင့်သာဖြစ်လေသည်။ ထို့ပြင်ကျင့်စဉ်သိုင်းကျမ်းတစ်ခုကိုသူရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့်လည်း ဖြစ်လေသည်။

သူ့မိခင်ပိုင်ဆိုင်သည့်ပစ္စည်းများထဲတွင် ထိုစာအုပ်ကိုတွေ့ခဲ့ခြင်းဖြစ်ပြီး သူ့ဖခင်ထားခဲ့သည့်၏စာအုပ်ဖြစ်လေသည်။ ထိုစာအုပ်ကို သူ့မိခင်ကသူ့အား ဘာကြောင့်မပေးခဲ့ဘာလို့သလဲဆိုသည်ကို သူသိချင်နေမိသည်။

ဆန်းလျန်အတွက် သိုင်းပညာလေ့ကျင့်ဖို့ သီးသန့်ကိုယ်ပိုင်နေရာတစ်ခုလိုအပ်လေသည်။

ဆန်းအိမ်တော်မှာ မယုံနိုင်လောက်အောင် ကြွယ်ဝချမ်းသာလှပေသည်။ ချင်းရှကျောင်းတော်နှင့်ချင်းရှတောင် တစ်လျှောက်မှာ သူတို့မိသားစုပိုင်ဆိုင်မှုများပင်ဖြစ်လေသည်။ ထို့ကြောင့်ပင် ဆန်းအိမ်တော်မှာ ဆန်းလျန်ကို ကျောင်းတော်ကို စိတ်ချစွာပို့ခဲ့ခြင်းဖြစ်လေသည်။

ဆန်းလျန်သာ တာအိုဝါဒအတိုင်းတရားကျင့်ကြံပြီး တာအိုဆရာလေးအဖြစ်နေမည်ဆိုလျှင် ဆန်းအိမ်တော်အနေဖြင့်အတိုင်းထက်အလွန်ဝမ်းမြောက်မှာဖြစ်လေသည်။

တောင်ခြေတွင်နေထိုင်ကြသည့်ရွာသားများမှာ ကျောင်းတော်ကိုထိန်းသိမ်းစောင့်ရှောက်သည့်သူများဖြစ်ကြပြီး ဆန်လျှန် တစ်ယောက် ချင်းရှကျောင်းတော်သို့ရောက်ကတည်းက ရွာသားများကအစားအသောက်နှင့်အဝတ် အထည်များ ထောက်ပံ့ပေးကြသည်။

အထူးပွဲလမ်းသဘင်များရှိသည့်အချိန်တွင်လည်း ဆန်းအိမ်တော်မှလူလွှတ်ကာဆန်းလျှန်ကိုဖိတ်ကြားပြီး သူ့ကို မမေ့ သေးသည့်အကြောင်းပြသကြသည်။

ချင်းရှတောင်တွင်တစ်ယောက်တည်းနေသောဆန်းလျှန်မှာ အချိန်များစွာအားနေပြီး နေ့စဉ်ဝေယျာဝစ္စများ နှင့် အစားအသောက် အတွက်လည်းပူပင်စရာမရှိခဲ့။ နေ့စဉ် ဝေယျာဝစ္စများကို ရွာသားများကကူညီပေးပြီး အစား အသောက်ချက်ပြုတ်ရန်အတွက် လူတစ်ယောက်ပင်ငှားပေးထား

သေးသည်။ ပြီးတော့ ဆန်းအိမ်တော်ကလည်း ငွေကြေးဥစ္စာ သုံးမကုန်အောင်ကြွယ်ဝချမ်းသာလွန်းသည်မဟုတ်လား။ ထို့ကြောင့်ပင် အားလပ်သည့်အချိန်များတွင် ဆန်းလျန်သည် သူရရှိထားသည့်ကျင့်စဉ်သိုင်းကျမ်းကိုလေ့ကျင့်လေ တော့သည်။

သိုင်းကျမ်းစာအုပ်အမည်မှာ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ဖြစ်သည်။ စာလုံးရေထောင်ချီရှိပြီး ဝိညာဉ်လွှင့်သည့်ကျင့်စဉ်ဖြစ်လေသည်။ ဝိညာဉ်၏စွမ်းအားကိုတွန်းအားပေးပြီး စိတ်စွမ်းအင်ကိုအသုံးချကာ တုန့်ပြန်မှုကိုဖွင့်လှစ်သည့် ကျင့်စဉ်စာအုပ်ဖြစ်လေသည်။ ဝိညာဉ်တစ်ခုသည် စွမ်းအား အဆင့်မြင့်လာသည်နှင့် ပိုင်ဟွေ့ဗဟိုချက်(ဦးခေါင်းထက်တွင်ရှိသည့်ဆုံချက်)ကိုချိုးဖျက်ပြီးခန္ဓာကိုယ်မှထွက်ခွာသွားနိုင်လေသည်။ အတိုချုပ်ပြောရလျှင် ကျင့်စဉ်စာအုပ်မှာ မယုံနိုင်

လောက်အောင် နက်နဲမှုများဖြင့်ပြည့်နေသည့် စာအုပ်ဖြစ်လေ

သည်။

အခန်း (၂)

ဝိညာဉ်အားဖြည့်ခြင်း

ယေဘူယျအားဖြင့် လူငယ်များမှာ ရှုတ်ထွေးသည့်အတွေများ

မရှိတတ်ကြသဖြင့် တကယ့်ဆန်းလျန်အစစ်မှာ သူ့ဝိညာဉ်ကို

အလွယ်တကူလှွင့်နိုင်ပြီး စာအုပ်ထဲတွင်ရေးထားသည့်ကျင့်စဉ်

အတိုင်း ဝိညာဉ်အားဖြည့်နိုင်လေသည်။

သို့သော် စာအုပ်ပါကျင့်စဉ်များ၏စာမျက်နှာအချို့မှာ

ပျောက်ဆုံးနေသလားဟုသူသိချင်နေမိသည်...

အဘယ်ကြောင့်ဆိုသော် စာအုပ်မှအခန်းတိုင်းမှာ ဝိညာဉ်

အားဖြည့်သည့်နည်းလမ်းများသာဖြစ်ပြီး သိုင်းပညာ လေ့ကျင့်

ရမည့်အပိုင်းများမပါဝင်ပေ။

သူကဝိညာဉ်အားဖြည့်သည့်ကျင့်စဉ်ကိုအလွန်အာရုံစူးစိုက်

လေ့ကျင့်ပြီး သိုင်းလေ့ကျင့်မှုကိုတော့ လျစ်လျူရှုထား

မိသည်။ စိတ်ဝိညာဉ်က အတွင်းအားစီးဆင်းမှုကိုအမြင့်ဆုံးသို့

ဆွဲခေါ်သွားသောကြောင့် သူ့ဝိညာဉ်က စွမ်းအားကြီးမားလာ

သလောက် သူ့ရုပ်ခန္ဓာကတော့အားအင်ချို့တဲ့လာသည်။

ထို့ကြောင့် သူ့ခန္ဓာကိုယ်မှာအားနည်းသည်ထက်နည်းလာလေ

တော့သည်။ လူငယ်ဆိုသည်က ဖွံ့ဖြိုးဆဲဖြစ်သောကြောင့်

အားအင်လိုအပ်လေသည်။ သို့သော် တကယ့် ဆန်းလျန်အစစ်

မှာတော့ စွမ်းအင်များကုန်ခန်းပြီး အားအင်ချည့်နဲ့နေလေ

တော့သည်။ စတင်လေ့ကျင့်စဉ်က ကျန်းမာသောကိုယ်ခန္ဓာရှိ

သည်မှာ သူ့အတွက်ကံကောင်းခြင်းဖြစ်ပြီး နှစ်အတန်ကြာကျင့်

စဉ်ကိုလေ့ကျင့်သည့်တိုင် မည်သည့်ထိခိုက်မှုမှမဖြစ်ခဲ့ပေ။

မည်သို့ပင်ဖြစ်စေ ကျင့်စဉ်လမ်းကြောင်းမှအနည်းငယ်လွဲချော်

သည်နှင့် မကောင်းသောရလဒ်များကိုဦးတည်သွားလေ

တော့သည်။

တစ်နေ့မှာတော့

သူ၏စိတ်ဝိညာဉ်မှာ အကန့်အသတ်ကိုကျော်လွန်၍ ပိုင်ဟွေ့

ဗဟိုချက်ကိုဖြတ်ကျော်ကာ သူ့ခန္ဓာ ကိုယ်မှထွက်ခွာရန်

အဆင်သင့်ဖြစ်နေသည့်အချိန်...

ခန္ဓာကိုယ်မှထွက်ခွာရန်နီးကပ်နေသော ဝိညာဉ်မှာထွန်းလင်လျှ

က်ရှိလေသည်။

ရုတ်တရက် လေနှင့်အတူလွင့်မျောသွားတော့မလို သူခံစား

လိုက်ရသည်။

သူက ကျဉ့်ကြံမှုလမ်းစဉ်နှင့်ပတ်သက်ပြီးအတွေ့အကြုံမရှိ။ သူသတိမထားမိသည်က သူ့ဝိညာဉ်က ခန္ဓာကိုယ်မှ ထွက်ခွာလျှင် သူ့ခန္ဓာကိုယ်မှ အတွင်းအားစီးဆင်းမှုများအားလုံးကို ယူဆောင်သွားမည်ဆိုသည်ကိုပင်။ သူ့ခန္ဓာကိုယ်ကအမြဲအားနည်းနေပြီးခန္ဓာကိုယ်တစ်လျှောက်စီးဆင်းနေသည့်ဝိညာဉ်စွမ်းအားများကြောင့်သူ့သွေးမှထုတ်လွှတ်ပေးသည့် အတွင်းအားများမှာ ယုတ်လျော့လျှက်ရှိလေသည်။

ခန္ဓာကိုယ်မှဝိညာဉ်လွှင့်နိုင်ရန်အတွက် အတွင်းအားအတိုင်းအတာတစ်ခုအထိလိုအပ်လေသည်။ သူ့ခန္ဓာကိုယ် မှာ လုံလောက်သည့်အတွင်းအားကိုထုတ်ပေးနိုင်ခြင်းမရှိတော့… တကယ့်ဆန်းလျန်အစစ်မှာ သူ၏ရုပ်ပိုင်းဆိုင်ရာကိုဂရုစိုက်ခဲ့ခြင်းမရှိဘဲ စိတ်ကျဉ့်စဉ်ကိုသာ လေ့ကျင့်ခဲ့သောကြောင့် သူ့ခန္ဓာကိုယ်တွင်ရှိသောအတွင်းအားများမှာ လုံးဝကုန်ဆုံးသွားရပြီး သေလုဆဲဆဲအခြေအနေရောက်သွားရလေ သည်။

ခန္ဓာကိုယ်ကြီးခိုင်မှုမှာ စိတ်ဝိညာဉ်ဖြစ်တည်မှုနှင့်ချိတ်ဆက်နေသလို စိတ်စွမ်းအားမှာလည်း ဝိညာဉ်နှင့်ဆက်စပ်နေလေသည်။ စိတ်စွမ်းအားနှင့်ဝိညာဉ်၏ဖြစ်နိုင်ချေများမှာ ခန့်မှန်း၍မရနိုင်လောက်အောင် များပြားလွန်းသည်။ သူတို့နှစ်ခုပဟန်ချက်ပျက်သွားခြင်းက သူ၏ဝိညာဉ်ကိုနာမ်လောကထဲသို့လွင့်မျောသွားစေကာ ခန္ဓာကိုယ်နှင့်ဝိညာဉ် ကွဲကွာသွားပြီး အသက်ဆုံးသည်အထိဖြစ်ရလေသည်။

အဆုံးသတ်မှာတော့ သူ့ခန္ဓာကိုယ်ထဲသို့ တခြားကမ္ဘာမှ ဆရာဝန်တစ်ယောက်၏ဝိညာဉ်ဝင်ရောက်လာခြင်းဖြစ်လေသည်။

ဆန်းလျန်အသစ်ဖြစ်လာသည့်လီဖုန်းမှာ တကယ့်ဆန်းလျန်အစစ်နှင့် မှတ်ဉာဏ်များပေါင်းစည်းမိကြပြီး သူပိတ်မိနေသော

အားနည်းလွန်းသည့်ခန္ဓာကိုယ်မှာ သူနှင့်အဆက်အစပ်မိနေလေ

သည်။

ကံကောင်းသည်မှာ နာမ်လောကထဲသို့မျောလွင့်သွားစဉ်

အတွင်း ဝိညာဉ်စွမ်းအားများမှာ ဆန်းလျှန်၏ခန္ဓာကိုယ်

တစ်လျှောက်ပျံ့သွားလေရာ ဝိညာဉ်စွမ်းအားများမှ အတွင်း

အားစီးဆင်းမှုအဖြစ်ပြောင်းလဲသွားပြီး ခန္ဓာကိုယ်ကို ပုပ်သိုးမ

သွားအောင် ထိန်းသိမ်းထားနိုင်ခြင်းဖြစ်လေသည်။

ထို့ကြောင့်ပင် အသစ်သောဆန်းလျှန်မှာ နိုးထလာသည့်အချိန်

တွင် မသေဆုံးဘဲ အသက်ရှင်နေခြင်းဖြစ်လေသည်။ သူက

ဆရာဝန်တစ်ယောက်ဖြစ်သည့်အတွက် သူရရှိထားသည့်

ခန္ဓာကိုယ်မှာ မည်မျှအားနည်းနေကြောင်းသိလိုက်ရ သည်။

သို့သော် ကြီးမားသည့်ဝိညာဉ်စွမ်းအားက ခန္ဓာကိုယ်ကို ဝန်ပိ

စေခဲ့သည်ဆိုသည်ကိုတော့ သူမသိခဲ့။ သူ့ခန္ဓာကိုယ်ပြန်လည်

ကျန်းမာစေရန်နှင့် အတွင်းအားများပြန်လည်စီးဝင်လာစေရန် အတွက် ဖိအားတစ်ခုလို အပ်လေသည်။

ကံကောင်းသည်က သူက သဘာဝတရားနှင့် စိမ်းလန်းသော ပတ်ဝန်းကျင်တွင်ရောက်ရှိနေသောကြောင်းဖြစ်လေ သည်။

ဤနေရာမှသစ်ပင်များက သူနေထိုင်သည့်ကမ္ဘာပေါ်မှသစ်ပင် များနှင့်ဆင်တူနေသောကြောင့် သူ့ခန္ဓာကိုယ်ကို အားပြည့်စေ မည့် ဆေးပင်များကိုသူရှာဖွေလိုက်သည်။

စိတ်မကောင်းစရာမှာ ဂျင်ဆင်းဆေးပင်နှင့် မြက်ပန်းဆေးပင် များကိုတော့သူရှာလို့မတွေ့ခဲ့ပေ။ ဆေးစွမ်းထက်သည့် ဆေး ပင်များမှာရှားပါးသည်မဟုတ်ပါလား။ မည်သည့်ခေတ်မှာ ရောက်နေသည်ကိုမသိခြင်းကြောင့်ဖြစ်နိုင်သလို ထိုဆေးပင် တွေ့ရှိလျှင်လည်း ရွာသားများကတူးယူသွားခြင်းဖြစ်နိုင်လေ သည်။

လပေါင်းများစွာကြာပြီးသည့်အခါတွင်တော့ ဆန်းလျန်၏
အားနည်းပြီးပိန်လွန်းသောခန္ဓာကိုယ်မှာ အလေးချိန်
အနည်းငယ်တက်လာခဲ့လေသည်။ တိုးတက်မှုမှာအားရစရာ
ဖြစ်သော်လည်း သူ့မှာပုံမှန်ရှိသင့်သည့်အလေးချိန် ထက်တော့
အများကြီးလျော့နည်းနေသေးသည်။
အနည်းဆုံးတော့ လေပြင်းတိုက်လျှင်လွင့်မသွားနိုင်တော့သည့်
အခြေအနေရောက်ခဲ့ပြီ။
တကယ့်ဆန်းလျန်အစစ်မှာ ကျင့်စဉ်လေ့ကျင့်ရင်း နာမ်လောက
ထဲသို့လွင့်သွားခြင်းဖြစ်ကြောင်း အပြည့်အစုံသိရှိထား
သည့်အတွက် ဆန်းလျန်အသစ်မှာ သေသေချာချာသိရှိ
နားလည်ခြင်းမရှိဘဲ ကျဉ့်စဉ်ကိုဆက်ပြီးမလေ့ကျင့်ရဲပေ။

သင့်တော်သည့်အသိမရှိဘဲ ကျင့်စဉ်လေ့ကျင့်ခြင်းက ဆေး
ပညာကိုကိုယ့်ဟာကိုယ်လေ့လာသကဲ့သို့ ကိုယ့်သေတွင်း ကိုယ်
တူးသည်နှင့်တူမှာအမှန်ပင်။ လျှို့ဝှက်နက်နဲလွန်းသည့် နေကိုး

စင်းကျင့်စဉ်ကိုကျင့်ကြံအောင်မြင်ခဲ့သည့် ကျော်ကြားလှသည့်

ကျန်းဝူကျိုတောင်မှ အခိုင်အမာအခြေတည်ကာစတင်ခဲ့ရ

သည်။ မမေ့သင့်သည့်အချက်တစ်ချက် မှာ ကျော်ကြားသည့်

သိုင်းဆရာကြီးများဖြစ်သည့် ရှဲ့ရှမ့်နှင့် ကျန်းဆန်းဖုန်းတို့လို

ပုဂ္ဂိုလ်ကြီးများထံမှ လမ်းညွှန်မှုများ ရယူခဲ့ရသေးသည်။

အချိန်နှင့်နေရာ၏ထူးခြားဆန်းကျယ်မှုများကြားတွင် ဆန်းလျ

န်အသစ်မှာ ကံကောင်းဖို့မကြိုးစားချင်တော့...

နောက်တစ်ကြိမ်အချိန်ခရီးသွားခြင်းကြောင့် သူသေခြင်း

တရားမှလွတ်မြောက်နိုင်မည်ဟု အာမခံချက်လည်းမရှိ။

အချိန်များကုန်ဆုံးသွားခဲ့သည်။

မခံမရပ်နိုင်လောက်အောင်ခါးသည့်ဆေးပင်များကိုသူသောက်

ခဲ့သည်။ ခါးသည့်ဆေးပင်များကဆေးဖက်ဝင်သည်ဟု သူထင်

သောကြောင့်ဖြစ်သည်။ သတ္တဝါငါးမျိုးပုံစံ (ဝူချင်ရှိ) ချိကုန်း

ကျင့်စဉ်ကိုလည်းသူလေ့ကျင့်သည်။

တံခါးအပြင်ဘက်မှတစ်စုံတစ်ယောက်၏တံခါးခေါက်သံကို ဆန်းလျန်ကြားလိုက်ရသည်။ မနေ့ကပဲရွာသားများက အဝတ်အထည်နှင့်စားစရာများလာပို့ပေးပြီးပြီပဲ။ဒီနေ့ဘာ ကြောင့်ထပ်လာရတာလဲ။

တံခါးဝတွင်ရပ်နေသည့် သက်လတ်ပိုင်းအရွယ်လူရွယ်တစ် ယောက်ကိုမြင်လိုက်ရသည့်အခါတွင်တော့ သူအံ့သြသွားရလေ သည်။ ထိုသူမှာအစေခံတစ်ယောက်ဖြစ်မည်ဟု သူတွေးလိုက် သည်။ အစေခံတွေသာချည်ကြမ်းဝတ်စုံကိုဝတ်ဆင်သည်မ ဟုတ်ပါလား။

ပြီးတော့ ဒီထိုသူ၏မျက်နှာကိုသူဘယ်မှာမြင်ဖူးတာပါလိမ့်။ တကယ့်ဆန်းလျန်အစစ်၏မှတ်ဉာဏ်များကိုမှတ်မိရုံသာမက သူ၏ဝိညာဉ်စွမ်းအားများကိုပါစုပ်ယူထားသော ဆန်းလျန် အသစ်မှာ မြင့်မားသောစိတ်စွမ်းအားရှိလေသည်။ စိတ်ထဲမှပုံ

ရိပ်များနှင့်အရာများကို တိတိကျကျ အသေးစိတ်မှတ်မိနေ
တတ်သည့် စိတ်စွမ်းအားကိုရထားသည်။
သူ၏မှတ်ဉာဏ်အရ ထိုသူမှာဆန်းအိမ်တော်မှအစေခံတစ်ဦး
ဖြစ်သည်ကိုမှတ်မိလိုက်သည်။

“တတိယသခင်လေး နောက်ဆုံးတော့တံခါးဖွင့်ပြီပေါ့”
သက်လတ်ပိုင်းအရွယ်လူရွယ်ကပြောလိုက်သည်။
ဆန်းလျန်၏ဦးလေးအကြီးတွင် သားနှစ်ယောက်ရှိပြီး နှစ်
ယောက်လုံးမှာ သူ့ထက်အသက်ကြီးကြလေသည်။ ဆန်းလျန်
မှာလည်း မိခင်ဖြစ်သူ၏မျိုးရိုးနာမည်ကိုယူထားသောကြောင့်
ဆန်းအိမ်တော်တွင်တတိယသခင်လေး နေရာရခြင်းဖြစ်လေ
သည်။
“ဒီကိုဘာလာလုပ်တာလဲ အိမ်တော်ထိန်းဝူ”
ဆန်းလျန်က အတက်အကျမရှိဘဲ ပုံမှန်အသံဖြင့်ပြန်မေးလိုက်
သည်။

အိမ်တော်ထိန်းဝူမှာဆန်းအိမ်တော်တွင် အလုပ်လုပ်နေသည်မှာ
လွန်စွာကြာမြင့်ပြီဖြစ်ပြီး ဆန်းအိမ်တော်ရှိအစေခံများထဲတွင်
လေးစားလောက်စရာပုံပန်းမျိုးရှိသူဖြစ်သည်။

"တတိယသခင်လေး လွန်ခဲ့တဲ့နှစ်နှစ်ကထက်အများကြီး
ပိန်သွားတာပဲ"

အိမ်တော်ထိန်းဝူကဆန်းလျန်ကို အရေးမပါသောအလုပ်ဖြင့်
ဘာကြောင့်ဒုက္ခခံနေသည်ကို သိချင်သည့်ပုံစံဖြင့် မှတ်ချက်ပြု
လိုက်လေသည်။

တကယ်တော့ အိမ်တော်ထိန်းဝူမှာ တတိယသခင်လေးနှင့်
ရင်းနှီးသူတော့မဟုတ်။ လွန်ခဲ့ေ
သာ နှစ်ဝက်ခန့်က တိုက်တိုက်ဆိုင်ဆိုင်ပင် ဆန်းမိန်းကလေးမှာ
ဆန်းအိမ်တော်၏တတိယမြောက်မျိုးဆက်အတွက် တစ်ဦး
တည်းသောဆက်ခံသူဖြစ်လာခဲ့သည်။ ဆန်းလျန်၏အကြီးဆုံး

ဦးလေးမှာ နေမကောင်းဖြစ်ပြီး သားသမီးထပ်မံရရှိနိုင်ခြင်းမရှိ တော့ပေ။ ထို့အတူ ဆန်းလျန်၏ဒုတိယဦးလေးမှာလည်း သိုင်း ပညာလေ့ကျင့်ရင်း ဒဏ်ရာရခဲ့သဖြင့်သားသမီးရရှိနိုင်ခြင်းမရှိ တော့။

ထို့ကြောင့်ဆန်းလျန်မှာမှာ ဆန်းမိသားစု၏နောက်ပိုင်း မျိုးဆက်အတွက် ခေါင်းဆောင်လောင်းဖြစ်လာခဲ့လေသည်။ ထို့ကြောင့်အစေခံဝူက သတိထားပြီး သိမ်မွေ့စွာစကားပြော လေသည်။ ယခုလည်း ဆန်းသခင်ကြီး၏ညွှန်ကြားချက်ဖြင့်သူ ကဆန်းလျန်ကို ဆန်းအိမ်တော်သို့ပြန်လာရန်လာရောက်ပြော ကြားခြင်းဖြစ်လေသည်။

“ဒီနေ့ကဘာပွဲလမ်းသဘင်မှမရှိဘူး ဘာလို့အိမ်တော်ထိန်းဝူ ရောက်လာရတာလဲ”

ဆန်းလျန်းတွေးလိုက်မိသည်။ ပြီးတော့ ဆန်းလျန်မှာ တကယ့်ဆန်းလျန်နှင့်ဘယ်အရာမှတူသည့်သူမဟုတ်။ ဆန်းလျန်အသစ်မှာ ခေတ်မီလူ့အဖွဲ့ အစည်းတွင်နေထိုင်သည့်အရွယ်ရောက်ပြီးသည့်လူတစ်ယောက်ဖြစ်လေသည်။ လူတွေအကြောင်းကိုကောင်းကောင်းနားလည်သူပီပီ အိမ်တော်ထိန်းဝူမှာ သူ့ဆီသို့အကြောင်းမရှိဘဲလာလေ့မရှိသည်ကို ဆန်းလျန်ရိပ်မိသည်။ ဆန်းအိမ်တော်မှာ ခရီးဝေးလွန်းသောကြောင့် မလိုအပ်ဘဲမည်သည့်အစေခံမှလာလေ့မရှိ။

"အိမ်တော်ထိန်းဝူ မင်းလာရတဲ့အကြောင်းအရင်းကို ငါမသိရသေးဘူးနော်"

ဆန်းလျန်ကဝေ့လည်ကြောင်ပတ်လုပ်မနေတော့ဘဲ တည့်တည့်ပင်မေးလိုက်မိသည်မှာ သူ၏လက်ရှိအသက်အရွယ်နှင့်အဆင့်အတန်းမှာ တကယ့်ဆန်းလျန်အစစ်နှင့်မတူသောကြောင့်ဖြစ်ဟန်တူလေသည်။

"ဆန်းသခင်ကြီးနဲ့သခင်လေးရဲ့ဦးလေး ဆန်းသခင်လေးက ခုတလောသခင်လေးနဲ့မတွေ့တာကြာလို့တဲ့ ပြီးတော့သူတို့က သခင်လေး တောင်ပေါ်မှာတစ်ယောက်တည်းနေတာဆိုတော့ အခက်အခဲရှိမှာစိတ်ပူနေကြတာ တစ်ခါတစ်လေတော့ အိမ်ကို အလည်လာစေချင်တာပေါ့"

"အိမ်မှာတစ်ခုခုများဖြစ်လို့လား"

ခဏတာတိတ်ဆိတ်နေပြီးတော့မှ ဆန်းလျန်ကမေးလိုက်သည်။ အိမ်တော်ထိန်းဝူက ဆန်းလျန်၏မေးခွန်းကြောင့် ချောင်းတစ်ချက်ဟန့်လိုက်သည်။ ဆန်းလျန်မှာ ဘာသိဘာသာ နေတတ်သည့်သူတစ်ယောက်ဖြစ်သော်လည်း ခပ်တုံးတုံးတစ်ယောက်တော့မဟုတ်။ ဆန်းလျန်၏ဉာဏ်ရည်ထက်မြက်မှုမှာကောင်းသည့်အရာဖြစ်သည်ကို အိမ်တော်ထိန်းဝူသိသော်လည်း သူ၏အသက်မဲ့နေသောအကြည့်က တစ်ခုခုကိုအလေးအနက်စဉ်းစားနေကြောင်းသိနိုင်သည်။

"လွန်ခဲ့တဲ့နှစ်ရက်လောက်က သခင်လေးနဲ့ဒုတိယသခင်လေးတို့ ဆုံးသွားကြပါတယ်"

အိမ်တော်ထိန်းဝူအမှန်အတိုင်းပြောလိုက်လေသည်။ ပြော ပြီးသည်နှင့် အိမ်တော်ထိန်းဝူ၏အသံမှာတိတ်ဆိတ်သွားသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိအချိန်တွင် ဆန်းအိမ်တော်မှာ အခက်အခဲနှင့်ရင်ဆိုင်နေရပြီး အမွေဆက်ခံသူနှစ်ယောက်လုံး ကိုဆုံးရှုံးရသည့် ကံကြမ္မာဆိုးကိုနားလည်လိုက်သည်။

"ကောင်းပြီလေ မနက်ဖန်မနက်မင်းနဲ့အတူ ဆန်းအိမ်တော်ကို ပြန်လိုက်ခဲ့မယ်"

အတန်ကြာစဉ်းစားပြီးမှ ဆန်းလျန်ကအဖြေပေးလိုက်သည်။

"တတိယသခင်လေး သိပ်နေကောင်းပုံမရဘူး သခင်လေးကို ကြိုဖို့မြင်းရထားစီစဉ်ပေးရမလား"

အိမ်တော်ထိန်းဝူကမေးလိုက်သည်။

“ကောင်းပြီလေ အခုတော့အထဲဝင်ပြီးအနားယူပါဦး”

ဆန်းလျန်ကပြန်ပြောလိုက်သည်။

“အနားမယူတော့ဘူး ကျွန်တော်တောင်ခြေကိုသွားပြီး ဆန်း

မိသားစုပိုင်ဆိုင်တဲ့မြေတွေကိုစစ်ဆေးကြည့်ရဦးမယ်”

အိမ်တော်ထိန်းဝူကိုလိုက်ပို့ပြီးသည်နှင့် ဆန်းလျန်ကျင့်စဉ်

လေ့ကျင့်သည့်အခန်းဆီသို့ပြန်လာခဲ့သည်။ အခန်းမှာ

မှောင်မိုက်နေပြီး အလင်းရောင်မရှိပေ။ သူကတောင်ပေါ်မှခူး

ထားသည့်မြက်မွေးပင်များဖြင့်မီးထွန်းလိုက်သည်။ ည အ

မှောင်ထဲတွင်ကြယ်လေးတစ်စင်း လင်းလက်တောက်ပလာ

သလိုပင် မီးတောက်လေးထွက်ပေါ်လာပြီး ရနံ့လေးက လည်း

မွှေးပျံ့နေလေသည်။ ဆန်းလျန်ကထိုရနံ့၏ငြိမ်းအေးမှုကိုခံစား

ရင်း စတင်ပြီးတရားထိုင်လိုက်သည်။

သူ့နှလုံးသားမှာ မဟာပေါက်ကွဲမှုကြီးမဖြစ်ခင် စြကာဝဠာ

တွင်းနက်ကြီးနှင့်ဆင်တူနေလေသည်။

ဘာမှမရှိ…

အမှောင်ထုသာရှိလေသည်။

ဆန်းလျန်ခေါင်းထဲတွင်ရှိသည့် များစွာသောအတွေးများမှာ မတည်ရှိမှုသို့ကူးပြောင်းသွားပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

အခန်း (၃)

စိတ်အာရုံစူးစိုက်ခြင်း

ထွန်းထားသည့်မြက်မွေးမီးစာလေးများလောင်ကျွမ်းသွားသည်နှင့် ဆန်းလျန်မျက်လုံးများကိုဖွင့်လိုက်သည်။ သူ့အကြည့်များမှာပိုပြီးကြည်လင်နေကာ စိတ်စွမ်းအားများနှင့်ပြည့်နေလေသည်။ ငြိမ်သက်ခြင်းက တိတ်ဆိတ်ခြင်းနောက်လိုက်ပါသွားပြီး တိတ်ဆိတ်ခြင်းက ငြိမ်းချမ်းခြင်းနောက်လိုက်ပါသွားသည်။

ဆန်းလျန်မှာ ဝိညာဉ်အားဖြည့်ခြင်းနှင့် စိတ်ဝိညာဉ်စွမ်းအားခိုင်မာအောင်လေ့ကျင့်သည့်ကျဥ့်စဉ်ကို ဆက်လက် မလေ့ကျင့်တော့သော်လည်း "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ထဲမှာ အာရုံစူးစိုက်မှုကျင့်စဉ်ကိုတော့ဆက်လက်လေ့ကျင့်ခဲ့လေသည်။

လူသားများသည် စိတ်အာရုံပျံ့လွင့်မှုများ၏ တိုက်ခိုက်ခြင်းကိုခံနေကြရသည်။ ပျံ့လွင့်ေ

နသောအတွေးများနှင့် စိတ်အာရုံကိုထိန်းချုပ်ပြီး စိတ်ကို သန့်စင်အောင်ထားရန်မှာမဖြစ်မနေအရေးပါသောအရာ ဖြစ်လေသည်။ ထိုအခါမှ စိတ်ဝိညာဉ်လောင်ကျွမ်းသွားခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်လေသည်။ ထို့အပြင် လူတစ်ယောက်၏မိုက်မဲမှုကို အခြားသူတစ်ဦးကအရေးတယူလုပ်နေခြင်းမှာ ထိုသူကိုယ်တိုင်ပျက်စီးခြင်းကို ဦးတည်ရာရောက်လေသည်။

စိတ်အစဉ်ပျံ့လွင့်မှုများကို စုစည်းပြီးသည့်နောက် ဆန်းလျန်သည် ဆင်ခြင်တွေးတောသည့်အလုပ်ကို စတင်လိုက် လေသည်။

တကယ့်ဆန်းလျန်အစစ်၏မှတ်ဉာဏ်များနှင့် ရွာသားများ၏ပြုမူပြောဆိုပုံများကို ကိုဝေဖန်ပိုင်းခြားကြည့်လိုက်ပြီး သူရောက်နေသည့်နေရာမှာ ကမ္ဘာပေါ်မှရှေးဟောင်းတရုတ်လူမျိုးများနေထိုင်ရာနှင့်ဆင်တူသည်ဟု ဆန်းလျန်

ကောက်ချက်ချမိသည်။ ခြားနားချက်တစ်ခုမှာ သူသိသည့် တရုတ်ရှေးဟောင်းမင်းဆက်များဖြစ်သည့် ရှမင်းဆက် ၊ ရှန် မင်းဆက် ၊ ချင်မင်းဆက်၊ ဟန်မင်းဆက်နှင့် ထန်မင်းဆက်တို့ မှာ ဆန်းလျန်အစစ်၏မှတ်ဉာဏ်ထဲတွင်ပါဝင်ခြင်းမရှိပေ။

ကိုးကွယ်ယုံကြည်မှုများမှာလည်း သူသိသည်များနှင့် လားလားမျှမတူ။

မတ်တပ်ရပ်လိုက်ပြီး ဆန်းလျန်က ဆီမီးအိမ်လေးကိုထွန်းညှိ လိုက်သည်။ တောက်ပသောမီးရောင်က အခန်းထဲတွင် ထူးဆန်းသည့်အလင်းဓာတ်ကိုပေးနေလေသည်။

သူက ညာဘက်ရှိနံရံကိုစမ်းသပ်ကြည့်လိုက်တော့ အစိမ်းရောင် အုတ်ကြွပ်နံရံကိုစမ်းသပ်မိသည်။ အုတ်ကြွပ်ကို ဖယ်လိုက် သည့်အခါတွင်တော့ လျှို့ဝှက်အံဝှက်အကန့်လေးထွက်ပေါ်လာ လေသည်။ အံဝှက်ထဲတွင်ရှိနေသည့် စာအုပ်မှာ “စိတ်အာရုံများ ကိုထိန်းချုပ်နိုင်ခြင်း” စာအုပ်ဖြစ်လေတော့သည်။

ထိုစာအုပ်မှာ တကယ့်ဆန်းလျန်အစစ်ချန်ထားခဲ့သည့် လျှို့ဝှက်ကျင့်စဉ်စာအုပ်ဖြစ်လေသည်။ သို့မဟုတ် ဆန်းလျန်၏ဖခင်ချန်ထားခဲ့သည့်စာအုပ်ဖြစ်လေသည်။

စာအုပ်အဖုံးပေါ်တွင် နတ်သမီးရုပ်တုပုံတစ်ပုံကိုရေးဆွဲထားသည်။ ရေးဆွဲထားပုံမှာပြည့်စုံလှသောကြောင့် နတ်သမီးပုံမှာတကယ့်နတ်သမီးအလား အသက်ဝင်လွန်းလှသည်။ ထိုနတ်သမီးပုံမှာ စိတ်ဖိစီးစရာအတွေးများ ဝင်ရောက်လာလျှင် သူ့စိတ်ကိုသန့်စင်စေရန်အတွက် သူရေးဆွဲနေကျပုံဖြစ်လေသည်။ သူ့စိတ်ထဲတွင်ရှိသည့်နတ်သမီးပုံကိုဆွဲခြင်းသည် အာရုံစူးစိုက်မှုကိုဖြစ်စေသည်။

ကျင့်စဉ်စာအုပ်တစ်ဝက်ခန့်မှာ အဓိကအားဖြင့် လူသားခန္ဓာကိုယ်နှင့်ဆိုင်သည့်ပုံများဖြစ်လေသည်။ ဒဏ္ဍာရီဆန်သော "ချီ" စွမ်းအင်အတွင်းအားနှင့်ခန္ဓာကိုယ်မှဝိညာဉ်မည်သို့လွင့်ရ

မည်ကို အသေးစိတ်ဖော်ပြထားလေသည်။ ခန္ဓာကိုယ်အသက်ရှင်ရန်အတွက် အစာစားရသလို ဝိညာဉ်ခိုင်ခန့်စေရန်အတွက် အားဖြည့်ရပြီး တဖြည်းဖြည်းနှင့် ဝိညာဉ်စွမ်းအားမှာ "ကျူချောင့်" ဟုခေါ်သည့် မျက်လုံးနှစ်ခုကြားတွင်ရှိသည့်ဆုံချက်နေရာတွင်မူလထွက်ပေါက် အဖြစ်သို့ပြောင်းလဲသွားသည်။

ကျူ်စဉ်မှာ အပေါ်ပိုင်းပတ်ဝန်းကျင်တွင် အာရုံစူးစိုက်ထားရသည့် ကျင့်စဉ်ဖြစ်လေသည်။ ရှေးဟောင်းအခေါ် အဝေါ်အရဆိုလျှင် ဝိညာဉ်စွမ်းအားတိုးတက်စေသည့်ပညာရပ်ဖြစ်လေသည်။ ထို့ပြင် လူအများစု ဝိညာဉ်စွမ်းအားကို အသုံးပြုကြသည့် အာကာသဓာတ်လည်းဖြစ်သည်။ သို့သော် ရုပ်ခန္ဓာကတော့ ကမ္ဘာပေါ်တွင် ကျောက်ချထားသည့်အရာပင်ဖြစ်လေသည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှာ ဝိညာဉ်စွမ်းအားတိုးတက်စေရန် အာရုံစိုက်သည့်ကျင့်စဉ်စာအုပ် ဖြစ်

ပြီး ရုပ်ခန္ဓာကိုကြံ့ခိုင်စေရန်လေ့ကျင့်မှုကိုလျော့နည်းစေလေသည်။ ထိုအချက်က လူတစ်ယောက်၏ခန္ဓာကိုယ် တွင်မညီညွတ်မှုများစွာကိုဖြစ်ပေါ်စေပြီး ပျက်စီးခြင်းသို့ဦးတည်သွားနိုင်လေသည်။

သူသာစိတ်ဝိညာဉ်အားဖြည့်သည့်ကျင့်စဉ်ကိုဆက်လက်လေ့ကျင့်မည်ဆိုလျှင် သူ၏အတွင်းအားများအားလုံး ခမ်းခြောက်သွားရမည်မှာအသေအချာပင်ဖြစ်သည်။ လက်ရှိခေတ်ကာလ၏ သတင်းအချက်အလက်များနှင့် သူ၏ခေတ်မီဆေးပညာအတွေ့အကြုံကို ပေါင်းစပ်ပြီးမှ ဆန်းလျှန်မှာ ယခုလောက်သိရှိလာရခြင်းဖြစ်လေသည်။

ထို့ပြင် တကယ့်ဆန်းလျှန်အစစ်မှာ အသိဉာဏ်နည်းသည့် မိဘမဲ့ဆယ်ကျော်သက်လူငယ်တစ်ယောက် ဖြစ်သော ကြောင့် ကျင့်စဉ်ကိုဆယ်စုနှစ်အနည်းငယ်လေ့ကျင့်ပြီးလျှင် မြေရှိုးမိုး

ပျံနိုင်လိမ့်မည်ဟု မှားယွင်းစွာတွေးထင်ထားခဲ့သူဖြစ်လေသည်။

ဝတ္ထုများထဲတွင်တော့ ထိုကိစ္စကဖြစ်နိုင်ချေရှိသော်လည်း တကယ့်လက်တွေ့ဘဝတွင်တော့ ဖြစ်နိုင်ချေသိပ်မရှိ။

"ဆရာကတံခါးဝအထိလိုက်ပို့ပေးလိမ့်မည် ၊ ကျန်သည့်ကိစ္စကတော့ကိုယ်တိုင်လုပ်ယူရမည်" ဆိုသည့်စကားပုံ ကဲ့သို့ပင် ဆရာမရှိလျှင် အမှားနှင့်အဆုံးသတ်ရပေလိမ့်မည်။ ကံကောင်းသည်မှာ ကျင့်စဉ်စာအုပ်မှာ ဝိညာဉ်စွမ်းအားတိုးတက်စေရန်အာရုံစိုက်သည့် ကျင့်စဉ်စာအုပ်ဖြစ်နေခြင်းပင်ဖြစ်လေသည်။ ထိုစာအုပ်မှာ ရုပ်ခန္ဓာကြံ့ခိုင်မှုအတွက်လေ့ကျင့်ရသည့် သိုင်းကျမ်းစာအုပ်ဖြစ်ခဲ့လျှင် တကယ့် ဆန်းလျန်အစစ်မှာ အတွင်းဒဏ်ရာပြီး ဒုက္ခိတဖြစ်သွားနိုင်လေသည်။ ယခုလက်ရှိ ဆန်းလျန်အသစ်ကတော့ အများကြီးလုပ်နိုင်စွမ်းရှိသည်။

သူ့ခန္ဓာကိုယ်ကိုပြန်လည်ကျန်းမာအောင်အားဖြည့်ပြီးနောက်

ဆန်းလျန်အသစ်သည်ကျင့်ကြံသည့်လမ်းစဉ်ကို တကယ့်ဆန်း

လျန်အစစ်လေ့ကျင့်ခဲ့သလို အလောတကြီးမလေ့ကျင့်ဘဲ

လေးလေးနက်နက်စဉ်းစားနေခဲ့သည်။

များစွာဆင်ခြင်စဉ်းစားပြီးမှ ဤကျင့်ကြံခြင်းလမ်းစဉ်မှ

ထိုးထွင်းသိမြင်နိုင်စွမ်းများရနိုင်သည်ဟု သူဆုံးဖြတ်ချက်ချ

လိုက်သည်။ အကောင်းဆုံးနည်းလမ်းမှာ ဆရာသခင်များကို

ရှာဖွေပြီး သင်ယူရန်ဖြစ်လေသည်။ သတိကြီးစွာထားရမည်ကို

တော့ သူအပြည့်အဝသိထားသည်။ မကောင်းမိစ္ဆာဆရာနှင့်

တွေ့ပါက ပျက်စီးခြင်းရလဒ်သာ ရရှိနိုင်လေသည်။

ဆန်းလျန်အသစ်မှာ သူ၏ဆေးခန်းတွင်မလုပ်လုပ်စဉ်ကပင်

အန္တရာယ်ရှိသည့်ကိစ္စရပ်များတွင် သတိထားလေ့ရှိသည်။

ဝိညာဉ်ကိုအားဖြည့်ရန်အတွက် အတွင်းအားများပြန်လည်

စုစည်းမိသည့်တိုင် စိတ်အာရုံစူးစိုက်သည့်ကျင့်စဉ်လေ့ကျင့်စဉ်တွင် ဝိညာဉ်စွမ်းအားထုကြီးကိုထိန်းသိမ်းထားခဲ့လေသည်။

ဝိညာဉ်စွမ်းအားမြင့်ခြင်းကြောင့်ရရှိသည့်အကျိုးကျေးဇူးကတော့ မှတ်ဉာဏ်စွမ်းအားမြင့်မားလာခြင်းပင်ဖြစ်သည်။

မှတ်ဉာဏ်များကို စာလုံးပေါင်းရာနှင့်ထောင်နှင့်ချီပြီး အေးအေးဆေးဆေးပင်သူပြန်မှတ်မိနိုင်လေသည်။

နေ့စဉ်ဖြစ်ပျက်မှုများကိုပင် မိနစ်ပိုင်းအထိအသေးစိတ် သူပြန်မှတ်မိနိုင်သည်။

သူ၏ခန္ဓာကိုယ်ကအားမပြည့်သေးသော်လည်း ခန္ဓာကိုယ်ဖြင့်ထိန်းချုပ်နိုင်သည့်အဆင့်တစ်ခုကိုတော့သူရောက်ရှိ နေပြီဖြစ်သည်။

စာအုပ်ကိုတစ်ကြိမ်ဖတ်ဖူးရုံဖြင့်ပင်သူမှတ်မိနိုင်နေပြီ။ အဓိက အကြောင်းရင်းမှာ "လူ၏ခန္ဓာကိုယ်သည် အကောင်းဆုံး စက်ပစ္စည်း" ဖြစ်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။ သူ၏မယုံကြည်နိုင်လောက်အောင်ခိုင်မာသည့် ဝိညာဉ်မှပေး သည့်အမိန့်များကို ဆန်းလျှန်၏ခန္ဓာကိုယ်က တိကျစွာ လိုက်နာဆောင်ရွက်သည်။ အားမပြည့်သေးသည့်အတွက် သူ စုစည်းထားသည့်အတွင်းအားများကို အလေအလွင့်မရှိအောင် သုံးရသည်။

သူအာရုံစူးစိုက်လိုက်သည့်အခါ သူ့ခန္ဓာကိုယ်တစ်ခုလုံးသို့ စီး ဆင်းသွားသည့်သွေးများမှာသွေးကြောထဲတွင် မြစ်တစ်စင်းစီး ဆင်းသွားသကဲ့သို့ပင်။ သူ့ကိုယ်သူလည်းဒဏ်ရာမရအောင်ကာ ကွယ်ရသည်။ ထို့ပြင် လူသားခန္ဓာဗေဒအကြောင်းသိခဲ့ရသည့် သူ၏ အသိပညာကြောင့် ကုလုံ၏ဝတ္ထုထဲမှ သိုင်းလောကသား

များကဲ့သို့ ရန်သူများကို ရိုက်ချက်တစ်ချက်တည်းဖြင့် သူ့ဘက်က ချက်ချင်းတုန့်ပြန်နိုင်သည်။

သူ၏ခန္ဓာကိုယ်အားနည်းမှုကြောင့် လူတစ်ရာခန့်ကို တစ်ယောက်တည်းတော့ တိုက်ခိုက်နိုင်မည်မဟုတ်သေးပေ။ သိုင်းလောကသားများနှင့်နှိုင်းယှဉ်ကြည့်ရလျှင် အဖျက်စွမ်းအားအလွန်များသည်ကိုတွေ့ရမည်ဖြစ်လေသည်။ ရန်သူသည် ရွှေဒိုင်းနှင့်သံချပ်ကာဝတ်ဆင်ထားသလို အကာအကွယ်ရှိနေသည့်တိုင် သူတို့၏အားနည်းချက်ကို ဆန်းလျှန်အနေဖြင့် မရှာနိုင်လျှင် ရှက်စရာပင်ကောင်းနေပေလိမ့်မည်။

သူ၏ခန့်မှန်းချက်များမှာ ဆူမိုနပမ်းသမားကြီးဆီသို့ပြေးသွားသည့် ကလေးတစ်ယောက်နှင့်အလားသဏ္ဌာန်တူလေ သည်။ သူ့တွင်လွတ်မြောက်ရန်ရွေးခြယ်စရာလမ်းမရှိ။ အိမ်တော်ထိန်းဝူနှင့်ချက်ချင်းပြန်လိုက်သွားရန် ဆန်းလျှန်ငြင်းဆန်လိုက်သော်လည်း နှစ်ရက်အတွင်းပြန်လိုက်မည် ဟုပြောခဲ့သည့်

ကတိကိုတော့သူတည်ရမည်ဖြစ်လေသည်။ သူ့ကိုယ်သူကာ ကွယ်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုများကို လုပ်ထားရလေ သည်။

ကျင့်စဉ်စာအုပ်ကို သူကောက်ယူလိုက်ပြီး ဆီမီးအိမ်ထဲတွင် မီးရှို့လိုက်လေသည်။ မီးတောက်ကြီးမှာ တစ်ခန်းလုံး ထိန်လင်း သွားပြီး စာအုပ်ပြာများကြမ်းပြင်ပေါ်သို့ကျသွားလေသည်။ ဆန်းလျန်ထိုင်လိုက်ပြီး ပြာများကိုစစ်ဆေးကြည့်လိုက်သည်။ စာအုပ်အပိုင်းအစဟူ၍ တစ်ခုမှမကျန်တော့။

အစွမ်းထက်လွန်းသည့် ကျင့်စဉ်ကိုရေးသားသွားသည့်ဆန်းလျ န်၏ဖခင်သည် အကောင်းစားစာရွက်ကိုသုံးကာ ရေးသားသွား သည်မှာ အံ့သြစရာမရှိတော့ပါ။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှာ တကယ်ပင်ကောင်းကင်ဘုံနှင့်သက်ဆိုင်သည့် စာအုပ်ဖြစ်ကောင်းဖြစ်သည်မဟုတ်ပါလား။

စာအုပ်တွင်အခြားအကြောင်းအရာရှိမရှိကိုစစ်ဆေးကြည့်သည့်အခါ ဆန်းလျန်က အစိပ္ပါယ်အားလုံးကို သိနေလေသည်။ ထိုစာအုပ်မှာ ဝိညာဉ်အားဖြည့်ခြင်းအပိုင်းပြီးလျှင်နိဂုံးချုပ်သည့်အပိုင်းသို့ရောက်သွားပြီး တခြားမည်သည့်အကြောင်းအရာမျှမရှိတော့ချေ။

သို့သော်လည်း ဆန်းလျန်စိတ်မပျက်သည့်အပြင် သူ့ကိုယ်သူကံကောင်းသည်ဟုပင် တွေးမိသေးသည်။

အချိန်နှင့်နေရာကြား အချိန်ခရီးသွားသည့်ဖြစ်ရပ်များတွင် လူတိုင်းနီးပါးမှာ တိရိစ္ဆာန် သို့မဟုတ် မိန်းကလေးဘဝဖြင့်အဆုံးသတ်သွားတတ်စမြဲဖြစ်လေသည်။ သူကတော့ယော

ကျားလေးတစ်ယောက်ဖြစ်နေသေးသည့်အတွက် ဝမ်းသာစရာ ပင်ဖြစ်နေခဲ့သည်။

သူ့အဘယ်ကြောင့်ကျင့်စဉ်စာအုပ်ကိုမီးရှို့လိုက်ရသနည်း။ ထိုကိစ္စကရိုးရှင်းလွန်းပါသည်။ စာအုပ်တစ်အုပ်လုံးကိုသူ့ မှတ်ဉာဏ်ထဲတွင်အလွတ်မှတ်သားထားပြီးဖြစ်သောကြောင့် ဖြစ်သည်။ ထို့ပြင် သူနှင့်ဆန်းမိသားစု၏ ဆွေမျိုး တော်ဆပ်မှုမှာလည်း တကယ်တမ်းပြောရလျှင်ဘာမှမကက်မောလောက်စရာ မရှိပေ။

ဝတ္ထုတွေထဲကအတိုင်း လျှို့ဝှက်ကျင့်စဉ်ကျမ်းစာအုပ်ကြီးကို သယ်ဆောင်ကာ ဆရာလိုက်ရှာသည့်အလုပ်ကို သူမလုပ်ချင်။ ပြီးတော့ အခြားသူများက သူ၏ကျင့်ကြံမှုလမ်းစဉ်ကိုသိသွားလျှင် မည်သည့်အကျိုးကျေးဇူးမျှမရှိနိုင်ဟု သူယူဆထားသည်။ ထို့ကြောင့် စာအုပ်ကို ပြာဖြစ်သည့်တိုင်မီးရှို့ဖျက်စီးပစ်ဖို့သူဆုံးဖြတ်ခဲ့ခြင်းဖြစ်လေသည်။

အမှတ်တရအနေဖြင့်လည်းစာအုပ်ကိုသူသိမ်းမထားချင်။ သူကဇာတ်လမ်းထဲမှသူရဲကောင်းတစ်ယောက်မဟုတ်။ သူကဆန့်ကျင်သူတစ်ယောက်ဖြစ်ဖို့သာရည်ရွယ်သည်။ သို့သော်သူက သူနှင့်ဝိညာဉ်စွမ်းအားညီမျှသည့် သူရဲ ကောင်းတစ်ယောက်ကိုတော့မလိုချင်ပါ။

သူရဲကောင်းတစ်ယောက်ရိုက်တာခံရဖို့တော့ သူတွေးတောင်မတွေးကြည့်ချင်။

သူပိတ်မိနေသည့် ခန္ဓာကိုယ်ပိုင်ရှင်၏ဖခင်ဖြစ်သူ ချန်ထားခဲ့သည့်စာအုပ်ဖြစ်သော်လည်း အနာဂတ်တွင်သူ့ဖခင်ကို ရှာဖွေတွေ့နိုင်ရန်အတွက်လည်းစာအုပ်ကိုသိမ်းဆည်းမထားချင်။

အခန်း (၄)

ဆန်းအိမ်တော်

သူ့ခန္ဓာကိုယ်ပြန်လည်နေကောင်းလာပြီးနောက်ပိုင်း သူ၏ရုပ်ပိုင်းဆိုင်ရာအခြေအနေမှာ သာမာန်လူ တစ်ယောက်ကဲ့သို့ကျန်းမာသန်စွမ်းလာသည်။ သို့သော် သူဆုံးရှုံးခဲ့ရသည့် အတွင်းအားများကိုတော့ ပြန်လည်ရရှိနိုင်ခြင်းမရှိသေးပေ။ ဆန်းအိမ်တော်မှာ လယ်ယာမြေများစွာကိုပိုင်ဆိုင်သည့်အတွက် အဖိုးတန်ဆေးပင်များကိုရှာဖွေ ရန်လွယ်ကူနိုင်မည်ဖြစ်လေသည်။ ထို့ကြောင့်ပင် အိမ်တော်ထိန်းဝူလာရောက်ခေါ်ဆောင်ခြင်းမရှိသည့်တိုင် ဆန်းလျန်က ဆန်းအိမ်တော်သို့ ပြန်သွားရန်စိတ်ကူးနေခဲ့လေသည်။

“ပညာသင်ကြားခြင်းကလူအားလုံးအတွက် သိုင်းပညာသင်ကြားခြင်းကငွေကြေးချမ်းသာသူများအတွက်” ဆိုသည့်ဆိုရိုးအတိုင်း ကျင့်စဉ်လမ်းကိုလျှောက်ခြင်းမှာလည်း ထိုနည်းတူပင်ဖြစ်လေသည်။

ကမ္ဘာပေါ်ရှိ ရှေးဟောင်းခေတ်ကိုပြန်ကြည့်မည်ဆိုလျှင်ပင် ကျော်ကြားသောတာအိုဆရာများမှာ ချမ်းသာကြွယ်ဝ သည့် မိသားစုများမှဖြစ်ကြလေသည်။ ကျင့်ကြံသူလမ်းစဉ်ကိုစ တည်တည်ထောင်ခဲ့သည့် ဆရာသခင် ကျန်းတောက်လင်မှာ ကြွယ်ဝချမ်းသာသည့်မိသားစုမှာဆင်းသက်လာသူတစ် ယောက်ဖြစ်လေသည်။ လူသိများသည့် ကျင့်ကြံသူဆရာသခင် ဆန်းအန်းမှာလည်း မျိုးရိုးကောင်းသည့်မိသားစုမှဆင်းသက် လာသူ ဖြစ်လေသည်။ မင်းမျိုးမင်းနွယ်တစ်ယောက်ဖြစ်သည့် ကောဟုန်ပင်လျှင် တာအိုဟုန်ကျင်း၏ “တောင်များကိုအုပ်ချုပ် သူ” အဖြစ် လူသိများကျော်ကြားလေသည်။

သူတို့၏ကျင့်ကြံမှုလမ်းစဉ်များနှင့်အောင်မြင်မှုများကို လျစ်လျူရှုထားသည့်တိုင်ဤတာအိုလမ်းစဉ်ကျင့်ကြံသူများမှာ များစွာကြွယ်ဝချမ်းသာကြသူများဖြစ်ကြလေသည်။ သူတို့သည် မည်မျှပင်ပါရမီရှိသူများဖြစ်ကြပါစေ ဘဝရပ်တည်မှုအတွက် အခြေခံထောက်ပံ့မှုများမရှိဘဲ အောင်မြင်နိုင်မည်မဟုတ်ပေ။

တကယ့်ဆန်းလျန်အစစ်မှာ ရေတွင်းထဲမှဖားတစ်ကောင်ကဲ့သို့ဖြစ်နေခဲ့သည်။ ဆရာများ၏လမ်းညွှန်ပေးမှု မရှိသောကြောင့်လျှို့ဝှက်ကျင့်စဉ်ကိုပြင်းပြင်းထန်ထန်လေ့ကျင့်လျှင် တစ်နေ့တွင်ဆရာတစ်ဆူဖြစ်လာလိမ့်မည်ဟု ထင်မှတ်မှားနေခဲ့သည်။ တာအိုကျင့်စဉ်လမ်းနှင့်သိုင်းပညာလေ့ကျင့်ခြင်းမှာ တစ်ဦးချင်းစီ၏တိုးတက်မှုအပေါ်တွင် အာရုံစိုက်ရသည်။ ခေတ်အဆက်ဆက်မှအသိပညာများကိုစုဆောင်းရသည်။ ဆန်းလျန်ကတော့ ကျင့်ကြံသည့်လမ်းစဉ်မှာ လူတစ်ယောက်၏ စိတ်ကို

ထိန်းချုပ်ခြင်းထက် အများကြီးပို၍လိုအပ်သေးသည်ဟု သိရှိထားသည်။ ထို့ပြင် အသိပညာနှင့်အင်အားကို ပေါင်းစည်းနိုင်ရန်မှာလည်း အရေးကြီးလေသည်။

ခေတ်သစ်ကာလတွင်တော့ ရိုးရှင်းသည့်သိပ္ပံစမ်းသပ်မှုစီမံကိန်းများတွင်ပင် နိုင်ငံတကာမှပူးပေါင်းလုပ်ဆောင်ကြလေသည်။ တိုးတက်ပြောင်းလဲမှုလမ်းကြောင်းအတွက် တိကျရှင်းလင်းသည့်လမ်းညွှန်မှုရရှိရန်မှာ ဆန်းလျန်တစ်ယောက်တည်းပြုလုပ်၍မရနိုင်သည့်ကိစ္စဖြစ်လေသည်။

“နည်းလမ်း ၊ လက်တွဲဖော် ၊ အရင်းအမြစ် နှင့် မြေယာ” ဟု ရှေးလူကြီးများပြောခဲ့ကြသည်။
သူသိပ်နားမလည်သော်လည်း “နည်းလမ်း” ဟုပြောလျှင် ကျင့်ကြံသည့်လမ်းစဉ်ကို သူသတိပြုမိသည်။

“လက်တွဲဖော်” ဆိုသည်မှာ ကျင့်စဉ်လမ်းကြောင်းတွင်သူတွေ့ရမည့် ဝိညာဉ်များကိုပြောခြင်းဖြစ်နိုင်သည်။ သို့မဟုတ် သူ့ကိုသင်ကြားပေးမည့် ကွန်ဖူးဆရာအကျော်အမော်များကိုပြောခြင်းလည်းဖြစ်နိုင်သည်။ အတွေ့အကြုံနှင့် သတင်းများကိုမျှဝေပေးသည့် မိတ်ဆွေသူငယ်ချင်းများလည်းဖြစ်နိုင်သည်။ ခေတ်ပေါ်ကာလတွင်တော့ သိပ္ပံပညာရှင် များမှာ ညီလာခံများတက်ရောက်ကြပြီး တက္ကသိုလ်များတွင်လည်းလေ့လာဆည်းပူးကြသည်။

“အရင်းအမြစ်” ဆိုသည်မှာ တာအိုဝါဒကျင့်စဉ်ကိုပြောခြင်းဖြစ်နိုင်သည်။ အသိညာဏ်မရှိပါက ကျင့်စဉ်လမ်းကြောင်း နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို သိရှိနိုင်မည်မဟုတ်။

“မြေယာ” ဆိုသည်မှာတော့ အန္တရယ်ကင်းပြီးတိတ်ဆိတ်ငြိမ်းသက်သည့် အခန်းနေရာရှိရမည်ဖြစ်လေသည်။ သူလိုချင်သည့်အရာအားလုံး သူ့ဆီတွင်ရှိနေသည်ကတော့အမှန်ပင်။ သို့သော်

တိုးတက်ဖို့အတွက်တော့ အများကြီးလိုအပ်နေသေးသည်။ လက်ရှိအချိန်တွင်တော့ အရေးအကြီးဆုံးအချက်မှာ ကျင့်စဉ်လေ့ကျင့်ခြင်းထက် လက်တွဲဖော်လိုအပ်နေခြင်းဖြစ်လေသည်။

ခေတ်ပေါ်ကာလတစ်ခုမှရောက်လာသည့်လူတစ်ယောက်အနေဖြင့် "အဖော်မရှိဘဲတစ်ယောက်တည်းသင်ယူနေခြင်း ကအခြားသူများ၏လျစ်လျူရှုမှုကိုခံရနိုင်သည်" ဆိုသည့်ဆိုရိုးကိုဆန်းလျှန်လက်ခံလေသည်။

တကယ့်ဆန်းလျန်အစစ်မှာ သူ့ကိုညွှန်ပြပေးမည့်ဆရာသာရှိခဲ့လျှင် အားအင်ကုန်ခန်းပြီးအသက်ဆုံးသွားစရာ အကြောင်းမရှိပေ။ ကျင့်စဉ်ပညာရှင်များစုစည်းထားသည့် ကျင့်ကြံသူကျောင်းတော်များစွာလည်း ရှိနိုင်လေသည်။ တကယ့်ဆန်းလျန်အစစ်၏မှတ်ဉာဏ်များအရ ကျင့်စဉ်လမ်းကိုလေ့ကျင့်မည့်

သူများမှာ ကျင့်ကြံသူကျောင်းတော် များတွင်ပညာသင်ပြီးမှ အဆင့်တစ်ခုသို့ရောက်ရှိနိုင်သည်ကို သတိပြုမိလေသည်။

လွတ်လပ်စွာတစ်ယောက်တည်းလေ့လာဆည်းပူးသည့်အလုပ်ကိုမလုပ်ခင် ကျင့်ကြံသူကျောင်းတော်များတွင် အရင်သင်ယူသင့်လေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အကြောင်းအရာများကိုအခြေခံပြီး မည်သို့ဆက်လုပ်ရမည်ကို ဆန်းလျှန်နားလည် ထားသည်။

ရေရှည်အတွက်ဆိုလျှင်တော့ ကျင့်ကြံသူကျောင်းတော်တစ်ခုကိုဝင်ခွင့်ရနိုင်ရန်မှာ အကောင်းဆုံးဖြစ်ပေမည်။

လက်ရှိမှာတော့ သူ့ခန္ဓာကိုယ်ကျန်းမာရန်နှင့် ကြံ့ခိုင်သန်စွမ်းရန်လုပ်ရမည်ဖြစ်လေသည်။

သူ့ခန္ဓာကိုယ်ကအားနည်းနေသော်လည်း ပုံမှန်လေ့ကျင့်ထားသည့်အတွက် ခိုင်မာသည့်ဝိညာဉ်ကိုပိုင်ဆိုင်ထားလေ သည်။

သူက သေးငယ်သည့်အစိတ်အပိုင်းလေးများကိုပင် အာရုံခံနိုင်စွမ်းရှိသည်။သူလေ့ကျင့်ထားသည်များကို အတိုင်းအတာတစ်ခုအထိ ကောင်းကောင်းအသုံးချနိုင်လေသည်။ ထို့ကြောင့်ပင် သူ့ခန္ဓာကိုယ်ကို ထိခိုက်မှုမရှိစေဘဲ အမြင့်ဆုံးစွမ်းအင်ကို အသုံးချနိုင်လေသည်။ တစ်နေ့ပြီးတစ်နေ့လေ့ကျင့်မှုများ ပြုလုပ်ပြီးသည့်နောက်ပိုင်း လက်နှင့်မျက်လုံးပူးပေါင်းလုပ်ဆောင်မှုနှင့် အာရုံခံ အစိတ်အပိုင်းများ၏လုပ်ဆောင်မှုများမှာ ထိပ်တန်းအဆင့်သို့ရောက်ရှိနေပြီဖြစ်လေသည်။

သူသာယခုအချိန်တွင် လက်ရှိခေတ်သို့ပြန်လည်ရောက်ရှိသွားမည်ဆိုပါက အွန်လိုင်းဂိမ်းများကို မယုံကြည်နိုင် လောက်အောင်ဆော့နိုင်မည်ဖြစ်လေသည်။ အချိန်တရွေ့ရွေ့ကုန်ဆုံးသွားပြီး သူထွက်ခွာရမည့်နံနက်သို့ရောက်ရှိလာသည်။

အိမ်တော်ထိန်းဝူမောင်းသည့်မြင်းရထားထဲတွင် သက်တောင့်သက်သာထိုင်ပြီးလိုက်လာရသည့် ချောမွေ့သည့်ခရီးစဉ်မှာ ဆန်းလျန်အတွက် အခက်အခဲအလျဉ်းမရှိခဲ့။ သူ့အနေဖြင့် ဆန်းအိမ်တော်ကိုလည်းကျေးဇူးတင်ရ မည်ဖြစ်သည်။ ဆန်းအိမ်တော်မှာကူးသန်းရောင်းဝယ်ရေးကိုလုပ်ကိုင်ကြသည့်အလျှောက် ဒေသတဝိုက်လမ်းပန်းဆက်သွယ်ရေးများကို ကောင်းမွန်အောင်ဆောင်ရွက်ထားလေသည်။

ဆန်းအိမ်တော်မှ လမ်းများပြုပြင်ခြင်းနှင့်တံတားများခင်းခြင်းအတွက် ငွေအကြေးအမြောက်အများသုံးဆွဲထားသည် မှာ ရေရှည်အကျိုးကိုကြည့်ပြီး စရိတ်ကုန်ကျခံထားခြင်းပင်ဖြစ်သည်။ ချင်ပြည်နယ်မြို့တော်တွင် ဆန်းအိမ်တော်၏ ဂုဏ်သတင်းမှာ ထင်ရှားကျော်ကြားလှသည်။ ပြည်နယ်တာဝန်ရှိသူများကပင် ဂုဏ်ပြုမှတ်တမ်းတင်ထားကြရ လေသည်။

ထို့ပြင် ဆန်းအိမ်တော်အတွက်လည်း နှစ်ဦးနှစ်ဖက်အဆင်ပြေ လေသည်။

ဤလုပ်ငန်းများအားလုံးကို ဆန်းသခင်ကြီးကဦးဆောင်ပြီး လုပ်ကိုင်နေခြင်းဖြစ်သည်။ ဆန်းလျန်၏ဦးလေးများ က သဘောမတူသော်လည်း ဆန်းသခင်ကြီးကတော့ သူ၏လုပ်ဆောင်မှုအတွက် များစွာဂုဏ်ယူလေသည်။ ထိုသို့ သောကိစ္စများလုပ်ခဲ့သည့်အတွက် ဆန်းသခင်ကြီးမှာ လေးစား ဖွယ်ရာကောင်းကြောင်း မှတ်ချက်ချနိုင်သည်။ ဆန်းသခင်ကြီး မှာ စိတ်ရင်းကောင်းပြီး တိကျပြတ်သားသူဖြစ်သောကြောင့် ဆန်းမိသားစုမှာ ကြွယ်ဝချမ်းသာ သည်ထက်ချမ်းသာလာ သည်မှာ အံ့သြစရာတော့မရှိ။

တကယ့်ဆန်းလျန်အစစ်၏မှတ်ဉာဏ်များနှင့် သူ၏သုံးသပ်မှု များကိုပေါင်းစပ်ပြီး ဆန်းသခင်ကြီးအကြောင်းကို ဆန်းလျန် တွေးတောနေမိသည်။ ဤသို့ဆက်စပ်တွေးတောနိုင်သည်မှာ

လည်း ဝိညာဉ်စွမ်းအားမြင့်မားသောကြောင့်ဖြစ်လေသည်။

သူ၏ကျိုးကြောင်း ဆက်စပ်တွေးနိုင်သည့်စွမ်းရည်မှာ သိသိသာသာပင်တိုးတက်လာခဲ့လေသည်။

သူ၏ဝိညာဉ်စွမ်းအားမြင့်မားခြင်းနှင့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကြောင့် သူပိုပြီးတည်ငြိမ်လာပြီး ထက်မြက်လာခဲ့လေသည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်အဖုံးမှ နတ်သမီးပုံကိုသူရေးဆွဲသည့်အခါတိုင်း သူ၏စိတ်ပူပန်မှုများမှာ ပျောက်ကွယ်သွားစမြဲပင်ဖြစ်လေသည်။

……

ချင်ပြည်နယ်မြို့တော်မှာ လူများနှင့်စည်ကားလျှက်ရှိလေသည်။ မည်သူမျှသတိမထားမိသော်လည်း ခမ်းနားသည့်မြင်းရထားတစ်စီးသည် ဂုဏ်သရေရှိဆန်းအိမ်တော်ရှေ့သို့ ရောက်ရှိလာခဲ့သည်။

“အိမ်တော်ထိန်းဝူ တတိယသခင်လေးကိုအိမ်ကိုပြန်ခေါ်လာ

တာလား”

တံခါးစောင့်ကနှုတ်ဆက်လိုက်သည်နှင့် မြင်းရထားကရပ်တန့်

သွားသည်။

“ဟုတ်တယ်”

အိမ်တော်ထိန်းဝူကပြန်ပြောလိုက်သည်။

ဆန်းလျန်က မြင်းရထားထဲမှဖြည်းဖြည်းချင်းဆင်းလာလိုက်

သည်။ တကယ့်ဆန်းလျန်အစစ်အိမ်ပြန်မလာသည်မှာ ခြောက်

နှစ်ခုနစ်နှစ်ခန့်ရှိပြီဖြစ်လေသည်။ သို့သော် သူ့မှတ်ဉာဏ်များ

ကိုကြည့်လိုက်သည့်အခါတွင်တော့ ဆန်းအိမ်တော်မှာ အများ

ကြီးပြောင်းလဲသွားခြင်းတော့မရှိ။

သို့သော် တံခါးတစ်ဖက်တစ်ချက်ဆီမှ ခြသေ့်ရုပ်ကြီးနှစ်ခုမှာ

တော့ အချိန်ကာလာကြာလာသည်နှင့်အမျှ ပွန်းပဲ့နေကြပြီဖြစ်

လေသည်။ တံခါးမကြီးပွင့်လာပြီး သက်လတ်ပိုင်းအရွယ်လူ တစ်ယောက်ထွက်လာသည်။ ထိုသူမှ ဆန်းလျန်၏ဒုတိယ ဦးလေး ဆန်းချင်စန်းဖြစ်လေသည်။

ဆန်းချင်းစန်းမှာငယ်စဉ်က သိုင်းပညာလေ့ကျင့်ဖူးသူ ဖြစ်သည်။ သူကကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရင်း ဓားပြ ဂိုဏ်းတစ်ဂိုဏ်းကို ဓားမပါဘဲနှိမ်နင်းခဲ့ဖူးသည်ဟု ပြောသည် ကိုကြားဖူးလေသည်။ ချင်ပြည်နယ်မြို့တော်တွင်ဆန်းချင်းစန်း မှာ ရဲစွမ်းသတ္တိနှင့်ပြည့်ဝသည့်လူတစ်ယောက်အဖြစ် လူသိ များလေသည်။

အသက်အရွယ်ရလာမှုကြောင့် ဆန်းချင်းစန်းမှာ အနည်းငယ် ဝလာသည့်တိုင် ကြွက်သားများကတော့ အရင်အတိုင်း သန်မာ ဆဲဖြစ်လေသည်။ သူ့မျက်လုံးများကတောက်ပနေပြီး သာမာန် လူတစ်ယောက်ထက် စူးရှထက်မြက်နေလေ သည်။

ဆန်းချင်းစန်းကတူဖြစ်သူကိုတစ်ချက်ကြည့်လိုက်သည်။ သူက ဆန်းလျန်မှာပိန်လွန်းပြီး သူငယ်ငယ်ကလိုသန်မာခြင်းမရှိ ဟုတွေးနေမိလေသည်။ ဒီနှစ်များအတွင်းတွင် ဆန်းလျန်မှာပိုပြီးပိန်လာပြီး ဝါးလုံးလေးတစ်လုံး ထောင်ထားသည်နှင့်ပင်တူနေလေတော့သည်။

ဆန်းချင်းစန်း၏ဆုံးပါးသွားပြီဖြစ်သည့်ညီမ ၊ဆန်းလျန်၏မိခင်နှင့် ဆန်းလျန်မှာအလွန်ဆင်တူသည်ကိုတော့ ဆန်းချင်းစန်းသတိပြုလိုက်မိသည်။

ဆန်းချင်းစန်းမှာ အစ်ကိုကြီးဖြစ်သူထက်ပိုပြီး ညီမဖြစ်သူနှင့်ရင်းနှီးလေသည်။ သူ့အစ်ကိုကြီး ပညာသင်ရန်အတွက် အဝေးသို့သွားနေသည့်အချိန်တွင် သူတို့မောင်နှမနှစ်ယောက်သာ အိမ်တွင်အတူတူနေခဲ့ရသည်။

သူသိုင်းပညာသင်ယူရန်အတွက် အိမ်မှခုနစ်နှစ်ကြာထွက်ခွာသွားခဲ့သည့်အချိန်တွင်မှ သူတို့မောင်နှမနှစ်ယောက် ခွဲခွာခဲ့ရခြင်းဖြစ်လေသည်။ သူပြန်လာသည့်အချိန်တွင်တော့ ညီမဖြစ်သူမှာ လက်ထပ်ထိမ်းမြားခြင်းမရှိဘဲ ကိုယ်ဝန်ရှိနေခြင်းက သူ့အတွက်အလွန်အရှက်ရစရာဖြစ်ခဲ့သည်။

အခန်း (၅)

ငွေကြေးနှင့်ဂုဏ်ပကာသန

ဆန်းချင်းစန်းကထိုသို့တွေးခဲ့သော်လည်း သူ၏သမီးအရင်းများထက်ပင် ဆန်းလျန်နှင့်ပိုပြီး ရင်းနှီးခင်မင်သူဖြစ်လေသည်။ ဆန်းလျန်ကသူ့ကိုထိလိုက်တော့မှ သူကဆန်းလျန်ကို

ကြည့်လိုက်မိသည်။ သူဆန်းလျန်ကို အတော်ကြာအောင် ငေး ကြည့်နေမိပုံရလေသည်။

"လာ ကလေး... အထဲကိုဝင်ရအောင်"

ဆန်းချင်းစန်းက ဆန်းလျန်ကို တင်းကြပ်စွာဖက်လိုက်ပြီး...

"မင်းရဲ့အစ်ကိုဝမ်းကွဲတွေကိုသွားကြည့်ကြမယ်"

သက်ပြင်းချရင်းပြောလိုက်လေသည်။

ဆန်းချင်းစန်းမှာ သူ၏တူများနှင့်သိပ်ပြီးရင်းနှီးခြင်းမရှိသည့် တိုင် သူတို့လူ့လောကမှရုတ်တရက်ထွက်ခွာသွားခြင်းအတွက် တော့ အမှန်တကယ်စိတ်မကောင်းဖြစ်နေမိလေသည်။ ဆန်းလျန်မှာဆန်းချင်းစန်းနှင့်ဦးလေးတော်စပ်သော်လည်း ခေတ်ပေါ်ကမ္ဘာတွင်တော့သူက ဦးလေးရှိခဲ့သူမဟုတ်ခဲ့။ ဆန်း လျန်ဘဝဖြင့်အသက်ရှင်ရန်ဆုံးဖြတ်ခဲ့ပြီးသည့်နောက် တကယ့် ဆန်းလျန်အစစ်၏ခန္ဓာကိုယ်ကို ရယူထားရခြင်းအတွက်

အပြစ်ရှိသလိုမခံစားရသော်လည်းသူကစိတ်ပိုင်းဆိုင်ရာတွင် အရှုံးပေးနေသူတစ်ယောက်ဖြစ်သည့် အတွက် ပြောင်းလဲမှုကိုတော့ ချက်ချင်းလက်ခံ၍မရပေ။

ထို့ပြင် ဆန်းချင်းစန်းမှာ ကြံ့ခိုင်သူတစ်ယောက်ဖြစ်သောကြောင့် အားနည်းနေသည့်ဆန်းလျန်အတွက် သူ၏ပွေ့ဖက် ခြင်းမှာ မွန်းကြပ်ပြီး စိတ်မသက်မသာဖြစ်စေလေသည်။

ဆန်းလျန်အသက်မရှူနိုင်တော့ဘဲ ချောင်းများဆိုးလာလေတော့သည်။ ဆန်းချင်းစန်းယခုမှသတိပြုမိပြီး သံလိုမာကျောသည့်ဆုပ်ကိုင်ထားမှုကို လွှတ်ပေးလိုက်လေသည်။

"မင်းကြည့်ရတာပိန်သွားလိုက်တာ မင်းတောင်ပေါ်မှာေနေမကောင်းဖြစ်နေတာဖြစ်ရမယ်… မင်းဆီကို တစ်ခေါက်မှလာမ

ကြည့်မိတာဦးလေးအပြစ်ပါပဲ… ဦးလေးလည်း တခြားကိစ္စ တွေနဲ့အလုပ်ရှုတ်နေတာ"

ဆန်းချင်းစန်းကတောင်းပန်စကားပြောလိုက်သည်။ ဆန်းလျန် ကတော့ဘာပြန်ပြောရမှန်းမသိဖြစ်နေလေသည်။ သူ့အားနည်း နေသည်ကို ဖြစ်နိုင်လျှင် သူဝန်မခံချင်ပါ။ သူ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်အားပြည့်လာအောင်လုပ်ဖို့ ဆုံးဖြတ်ထားသည်။ ယခု သူ၏ဝိညာဉ် ၊ ဉာဏ်စွမ်းရည်နှင့် မှတ်ဉာဏ်များမှာ မည်မျှအား ပြည့်နေကြောင်း သိနိုင်လေသည်။ ကျန်းကျော့မေလန်လို လူမျိုးနှင်ပင် ပြိုင်ပြီးငြင်းခုံနိုင် သည့်အနေအထားတွင်ရှိနေ လေသည်။ သို့သော်လည်း သူ့ခန္ဓာကိုယ်အားနည်းနေခြင်းကို တော့အလွန်မုန်းတီးမိလေသည်။

ဆန်းချင်းစန်းနောက်မှသူလိုက်သွားပြီးနောက် သတိပြုမိသည် က ဆန်းအိမ်တော်အတွင်းပိုင်းမှာ မည်မျှရိုးရှင်းသည်ဆိုသည် ကိုပင်။ ခမ်းနားကြီးကျယ်ခြင်းအလျဉ်းမရှိဘဲ သပ်သပ်ရပ်ရပ်

ရှိရုံမျှသာဖြစ်လေသည်။ ဆန်းအိမ်တော်မှာ နန်းတော်ကြီးတစ်ဆောင်အလား ကြီးကျယ်ခမ်းနားနေမည်ဆိုလျှင်တောင်မှ ဆန်းလျန်က အထင်ကြီးမိမည်မဟုတ်ပေ။ ခေတ်ပေါ်လောကတွင် အရွယ်ရောက်ပြီးသောသူတစ်ယောက်ဖြစ်သည့်ဆန်းလျန်မှာသူ့ဟာနှင့်သူတော့ အတွေ့အကြုံများသူဖြစ်လေသည်။

ဆန်းလျန်၏တည်ငြိမ်မှုကို ဆန်းချင်းစန်းက သတိမထားမိဘဲမနေနိုင်။ ဆန်းလျန်သည် ပတ်ဝန်းကျင်ကို ယောက်ယက်ခတ်အောင်လိုက်ကြည့်နေခြင်းမရှိဘဲ ဆန်းချင်းစန်းနောက်မှ အိမ်ခြေရရနှင့်လိုက်ပါလာလေသည်။ ဆန်းလျန်၏မျက်လောက်တည်ငြိမ်နေသည်ကို ဆန်းချင်းစန်းမှာ မလေးစားဘဲမနေနိုင်။ တာအိုကျင့်စဉ်ကိုလေ့ကျင့် နေသည့်အတွက်ဖြစ်လိမ့်မည်ဟုတွေးမိလိုက်သည်။ သို့သော် သူ့အသက်အရွယ်လောက်နှင့်ယခုလောက် တည်ငြိမ်သည့်အဆင့်ရောက်နေသည်ကတော့ ရှာမှရှားပင်ဖြစ်လေသည်။

"အဘိုးကြီးရဲ့ အရှူးထတဲ့အကြံက နောက်ဆုံးတော့ အကြံကောင်းဖြစ်သွားတယ်"

သူကတွေးလိုက်မိသည်။ ဆန်းလျန်နှင့် ဆန်းချင်းစန်းတို့ ခန်းမကြီးအတိုင်းလမ်းလျှောက်လာကြသည်။ သူတို့ကို ဆံပင်များတစ်ခေါင်းလုံး ဖြူဖွေးနေသည့်အဘိုးအိုတစ်ဦးက အကြည့်ဖြင့်နှုတ်ဆက်လိုက်သည်။ အဖိုးအိုမှာထက်မြက်သည့်ပုံသဏ္ဍာန်ရှိပြီး နွမ်းလျနေသည့်ပုံလုံးဝမပေါက်ပေ။ ဆန်းလျန်၏အဘွားဖြစ်သူ ဆန်းသခင်ကြီး၏ဇနီး ကွယ်လွန်သွားသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်လေသည်။ ဆန်းသခင်ကြီး၏ပုံစံမှာ အာဏာရှိမှုတွင် အထီးကျန်မှုများထပ်လောင်းထားသလို ဖြစ်နေလေသည်။

ဆန်းလျန်မှာ ဆန်းသခင်ကြီး၏တည်ကြည်သမာဓိရှိမှုကို လေးစားမိသည်။ မြေးနှစ်ယောက်လုံးကိုဆုံးရှုံးထားသည့်တိုင်

ဝမ်းနည်းပူဆွေးနေသောအမူအရာလုံးဝမရှိ။ ကျောက်သားလို မာကျောသောနှလုံးသားပိုင်ရှင် ဖြစ်လေသည်။

ဆန်းလျန်မှာသူ၏မိခင်နှင့်ရုပ်ချင်းဆင်သောကြောင့်လားမ သိ...

ဆန်းသခင်ကြီးမှာ ခန်းမထဲတွင် ဆန်းလျန်ကိုတွေ့သည့်အခါ အနည်းငယ်သက်သောင့်သက်သာရှိသည့်ပုံ ဖြစ်နေ လေသည်။

"ဒီကလေးကသူ့အမေနဲ့သိပ်တူတာပဲကိုး"

ဟု ဆန်းသခင်ကြီးကမှတ်ချက်ပြုလိုက်သည်။ ဆန်းသခင်ကြီး ကိုဦးညွှန်အရိုသေးပေးပြီးနောက် ဆန်းလျန်ကပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်သည်။ ဆန်းသခင်ကြီး၏ဘေးတွင် ရပ်နေသော သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးကိုတွေ့ လိုက်ရသည်။ ထိုသူမှာဆန်းလျန်၏ဦးလေးအကြီးဖြစ်သူ ဆန်း ချင်းရှိဖြစ်လေသည်။ ဆန်းချင်းရှိ၏မျက်နှာတစ်ခုလုံးမှာ ဝမ်းနည်းပူဆွေးမှုများ ဖြင့်ပြည့်နက်နေလေသည်။

သူ၏မျက်လုံးများမှာနီရဲနေပြီး သူ၏ပုံစံမှာအလွန်ပင်အားနည်း
သည့်ပုံပေါက်နေရာ ဆန်းလျန်မှာ သူ့ထက်ပင်အားနည်း
နေသည်လားဟုပင် ထင်မှားမိသည်အထိဖြစ်ရလေသည်။
ဆန်းချင်းရှိမှာ ကောင်းစွာအနားယူရသည့်ပုံမပေါ်သေးပေ။

ဆန်းချင်းရှိ၏ဘေးတွင်တော့လှပသည့်အမျိုးသမီးတစ်ဦး
ရပ်နေလေသည်။ နှုတ်ခမ်းပါးများကိုတင်းတင်းစေ့ထားသော
သူမ၏ပုံစံမှာသဘောထားသေးသည့်ပုံပေါက်သည်ဟု ဆန်း
လျန်တွေးလိုက်မိသည်။ ထိုအမျိုးသမီးက ဆန်းလျန်ကို
အထင်မကြီး အရေးမစိုက်သည့်ပုံနှင့်ရပ်နေလေသည်။ သူမ
သည် ဆန်းချင်းရှိ၏ဇနီးဖြစ်သူ ဆန်းလျန်၏အဒေါ် ရှီသခင်မ
ပင်ဖြစ်လေသည်။
သူမကိုကြည့်ရသည်မှာ ဝမ်းနည်းသည့်ပုံတော့သိပ်မပေါက်
ပေ။ အဘယ်ကြောင့်ဆိုသော် ဆုံးပါးသွားသည့် ဆန်းလျ

န်၏အစ်ကိုဝမ်းကွဲနှစ်ယောက်မှာ သူမ၏သားအရင်းများ
မဟုတ်သောကြောင့်ပင်။

ခန်းမ၏တစ်ဖက်တွင်တော့ သားအမိနှစ်ယောက်ရပ်နေကြလေ
သည်။ အမေဖြစ်သူမှာ အသက်အရွယ်ကြီးရင့်ပုံရပြီး ရိုးရှင်း
စွာပင်ဝတ်ဆင်ထားသည်။ သူမ၏မျက်ခုံးမွှေးများမှာပါးလျား
ပြီး သူမပုံစံမှာမိခင် တစ်ယောက်နှင့်တူလေသည်။
သူမ၏မျက်လုံးထောင့်တွင် အရေးအကြောင်းလေးများရှိနေ
ပြီး သက်ကြီးပိုင်း အမျိုးသမီးတစ်ယောက်၏ရင့်ကျက်မှုကို
တွေ့ရလေသည်။

သူမကမိန်းကလေးတစ်ယောက်၏လက်ကိုကိုင်ထားသည်။
မိန်းကလေးမှာ ဆန်းလျန်ထက်အသက်အနည်းငယ် ကြီးပုံရ
သည်။ သူမက ရိုးရှင်းသည့်အစိမ်းနုရောင်အင်္ကျီကိုဝတ်ဆင်
ထားသည်။ ပွင့်လုဆဲဆဲကြာပန်းလေးကဲ့သို့ မိန်းမပျို၏ပုံစံမှာ

လန်းဆန်းပြီးဆွဲဆောင်မှုရှိနေလေသည်။ သူမကိုမြင်လိုက်သည်နှင့် ဆန်းလျန်ဒိတ်ခနဲရင်ခုန်သွားမိသည်။ မိန်းမလှလေးတွေအများကြီးကို မြင်ဖူးခဲ့ပါသော်လည်း ရိုးရာဝတ်စုံကိုဝတ်ဆင်ထားသည့်မိန်းမပျို၏ပုံစံလေး မှာသူ့ကိုဖမ်းစားထားလေတော့သည်။

ခေတ်ပေါ်လောကတွင် လှပသောမိန်းကလေးအများစုမှာခွဲစိတ်ပြုပြင်ထားသည့်သူများဖြစ်လေသည်။ နှိုင်းယှဉ်ကြည့်ရလျှင် မိန်းကလေး၏ပုံစံမှာ အရမ်းထက်မြက်လှပသည့်ပုံစံမရှိသလို လက်ရှိခေတ် မိန်းကလေးများကဲ့သို့ ကြွေရုပ်လေးလိုပြည့်စုံစွာလှပနေသည့်ပုံစံလည်းမရှိပေ။ သို့သော် သူမကိုမြင်ရသည်မှာ လတ်ဆတ်သောလေပြေလေးကို ရှူရှိုက်လိုက်ရသလိုခံစားလိုက်ရလေသည်။ ချမ်းသာကြွယ်ဝသည့်မိသားစုတွင်မွေးဖွားခဲ့ခြင်းဖြစ်သည့်အတွက် သူမတွင်ဖြူစင်သော

အသားအရေရှိလေသည်။ ခြေဆုံးခေါင်းဆုံး ငေးကြည့်ချင် စ ဖွယ်ပင်။

သူမသည်ခေတ်ပေါ်မိန်းကလေးများနှင့် ကွာခြားသော်လည်း သူ့ခေတ်သူ့အခါနှင့်ဆိုလျှင် အဆင့်အတန်းမြင့်သူ တစ် ယောက်ဖြစ်လေသည်။ သူမအသက်အရွယ်က လက်ထပ်ရ မည့်အသက်အရွယ်သို့ရောက်နေပြီဖြစ်သည်။ ဆန်းသခင်ကြီး ကသာ ဆန်းလျန်၏မိခင်ကို တုန်နေအောင်မချစ်ခဲ့လျှင် သူ၏မိခင်မှာလည်း အသက်ဆယ့်ခုနစ်နှစ်အထိလက်မထပ်ဘဲ နေရမည်မဟုတ်ပေ။

ထိုသားအမိနှစ်ယောက်မှာ ဆန်းလျန်၏ဒုတိယအဒေါ် ချန် သခင်မနှင့် သူ၏ဝမ်းကွဲအစ်မ ဆန်းရော့ရှီဖြစ်လေသည်။ နှစ် ပေါင်းများစွာဝေးကွာနေကြသည့်အတွက် ဆန်းမိသားစုမှာ ဆန်းလျန်ကိုမည်သို့ဆက်ဆံရမှန်းမသိဖြစ်နေလေ သည်။ သူ့

ကိုမွေးဖွားခဲ့သည့်အခြေအနေကလည်း အကဲဆတ်သည့် အခြေအနေဖြစ်ခဲ့သောကြောင့်ဖြစ်လေသည်။

ဆန်းသခင်ကြီးကအဘယ်ကြောင့် ဆန်းလျန်ကိုပြန်လာရန်ခေါ်ခဲ့ရသနည်း။ သူ့တွင်အကြံအစည်ရှိရမည်မှာမလွဲပေ။ ဆန်းချင်းရှိမှာလည်း ဆန်းချင်းစန်းကဲ့သို့ပင် သားသမီးရနိုင်သောကြောင့် ဆန်းအိမ်တော်တွင် အမွေဆက်ခံမည့်သူ မရှိတော့။ ဆန်းလျန်မှာ ဆန်းအိမ်တော်နှင့်ဖခင်မျိုးရိုးဘက်မှ ပတ်သက်မှုမရှိသလို ဆန်းရှော့ရှီမှာလည်းယောကျ်ားလေးမဟုတ်သောကြောင့် ဆန်းသခင်ကြီးမှာ အခက်တွေ့နေပုံရလေသည်။

ဆန်းလျန်မှာအရွယ်ရောက်ပြီးသူတစ်ယောက်ဖြစ်သည့် ဆန်းလျန်မှာသူ၏အပြုအမူများကို အထူးသတိထားနေရလေသည်။ ဆန်းသခင်ကြီးက ဆန်းလျန်အပေါ်ဂရုစိုက်ချစ်ခင်မှု

သိပ်မပြပေ။ သူကအစတည်းကခင်တည်တည်နေတတ်သူ ဖြစ်သောကြောင့်ဖြစ်ကောင်းဖြစ်နိုင်သလို သူ၏မြေးများကိုဆုံးရှုံးထားရသည့်အတွက်လည်းဖြစ်နိုင်လေသည်။

ဆန်းသခင်ကြီး သူ့အခန်းသို့အနားယူရန်ပြန်သွားသည့်အခါ ဆန်းလျန်၏အဒေါ်ဖြစ်သူ ရှီသခင်မက ဆန်းလျန်ကို မုန်းတီးသောအကြည့်ဖြင့်ကြည့်လိုက်သည်။ ဆန်းလျန်သာပြန်မလာခဲ့လျှင် ရှီသခင်မသဘောကျလိမ့်မည်ဖြစ်သည်။ သူသာပြန်မလာခဲ့လျှင် ဆန်းသခင်ကြီးကလည်းသူ့ကိုများစွာအရေးစိုက်တော့မည်မဟုတ်ပေ။

ထို့ပြင် ဆန်းလျန်၏ဦးလေးအကြီးမှာ သားများအားလုံးဆုံးရှုံးသွားရသည့်အတွက် သူ၏မျိုးဆက်တွင် အမွေဆက်ခံမည့်သူလုံးဝမရှိတော့သည့် အခြေအနေသို့ရောက်ရှိသွားလေသည်။

သူတို့၏အမွေများအားလုံးကို ဆန်းလျန်ကသာ ဆက်ခံနိုင်ဖွယ်ရာရှိလေသည်။

အစေခံတစ်ယောက်ကဆန်းလျန်ကိုသူ့အခန်းဆီသို့ခေါ်သွားသည်။ နှစ်ပေါင်းဒီလောက်ကြာခဲ့သည့်တိုင် သူ့အခန်းမှာ အရင်အတိုင်းရှိနေသည့်အတွက် ဆန်းလျန်မှာအံ့သြနေမိလေသည်။

အစေခံတစ်ယောက်ကသူ့ကိုဂျင်ဆင်းလက်ဖက်ရည်တစ်ခွက်လာပေးလေသည်။ သူကခန္ဓကိုယ်အလေးချိန်တက်လာစေရန်သွေးပူလေ့ကျင့်ခန်းလုပ်ရန်စဉ်းစားလိုက်သည်။

ကိုယ်ခန္ဓာအလေးချိန်တက်ရန်လေ့ကျင့်ခန်းမှာ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးလှုပ်ရှားရသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းမျိုးဖြစ်လေသည်။ စက်ပစ္စည်းအလုပ်လုပ်လျှင်စက်အစိတ်အပိုင်းအားလုံးအလုပ်လုပ်သကဲ့သို့ ခန္ဓာကိုယ်ရှိအစိတ်အပိုင်းအားလုံး တစ်ချိန်တည်းမှာပင် လှုပ်ရှားရမည်ဖြစ်လေသည်။

တစ်စုံတစ်ယောက်သာအခန်းထဲဝင်လာမည်ဆိုလျှင် ဆန်းလျန်လေ့ကျင့်ခန်းလုပ်နေသည်ကို တွေ့ရမည်ဖြစ်လေသည်။ သူ့လက်များကအိပ်ယာကိုမြဲမြဲစွာကိုင်ထားပြီး လက်မောင်းများကို ကွေးနိုင်သမျှကွေးလိုက် ဆန့်လိုက်လုပ်နေသည်။ ဝမ်းဗိုက်ကိုအိမ်ယာအစွန်းနှင့်ထိသည်အထိ တွန်းကန်လိုက်သည်။ ထို့နောက် သူ့လက်မောင်းများကို ပြန်လည်ဆန့်တန်းလိုက်ပြီး ပုံမှန်အနေအထားသို့ပြန်ရောက်သွားသည်။ ထိုလေ့ကျင့်ခန်းမှာ လူပြောများသည့်လေ့ကျင့်ခန်းတစ်ခုဖြစ်လေသည်။

ဤလေ့ကျင့်ခန်းမှာ ခေတ်ပေါ်ကမ္ဘာတွင်ဆန်းလျန်နေခဲ့စဉ်က ကိုယ်အလေးချိန်တက်ပြီး ကြွက်သားများသန်မာစေ ရန်ပြု လုပ်လေ့ရှိသည့်လေ့ကျင့်ခန်းဖြစ်သည်။ ထိုလေ့ကျင့်ခန်းပြီး သွားသည့်အခါတွင်တော့ နောက်ထပ်လေ့ကျင့် ခန်းတစ်ခုထပ်လုပ်သည်။

လေ့ကျင့်ခန်းလုပ်ပြီးသွားသည့်အခါ သူ့ခန္ဓာကိုယ်မှသွေးများ ပူနွေးလာပြီး ကိုယ်ခန္ဓာတစ်ခုလုံးသို့ ပျံ့နှံ့သွားလေ သည်။ခုန သူသောက်ခဲ့သည့် ဂျင်ဆင်းလက်ဖက်ရည်၏အစွမ်းကြောင့် ပင်ဖြစ်လေသည်။

အခန်း (၆)

ဆန်းရော့ရှီ

ဆန်းလျန်မှာ ရုပ်ပိုင်းဆိုင်ရာတွင် မည်သည့်အခါမျှ ကောင်းမွန်ခဲ့ခြင်းမရှိခဲ့ပေ။ သို့သော် သူသတိထားမိသည်မှာ ကြွက်သား များလှုပ်ရှားတိုင်း အာရုံခံနိုင်သည့်အစွမ်း ရှိနေခြင်းပင်

ဖြစ်သည်။ သူ့ခန္ဓာကိုယ်ထဲတွင်စီးဆင်းနေသည့် အတွင်းမှာ အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်နိုင်သောကြောင့် ဆန်းလျန်ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ အွန်လိုင်းဂိမ်းများဆော့၍ အဆင့်များတက်လာသည့်အခါရရှိသည့် ဝမ်းသာပီတိမျိုးဖြစ်လေသည်။

အရေးမပါလှသောအတွေ့အကြုံလေးများကတော့ မပြောပလောက်ပေ။ တိုးတက်မှုများကို ရှင်းလင်းစွာသတိပြုပြီး လိုအပ်နေသည်များကို ဆက်လက်လေ့ကျင့်ရန်လိုလေသည်။ လူအများစုက လေ့ကျင့်မှုပြုလုပ်ခြင်းကိုစွန့်လွှတ်လိုက်ခြင်းမှာ ရည်မှန်းချက်မပြတ်သားခြင်း၊ အားတက်မှုမရှိခြင်းနှင့် သူတို့၏ခန္ဓာကိုယ်ကို နားလည်နိုင်စွမ်းမရှိခြင်းတို့ကြောင့်ဖြစ်လေသည်။

ဆန်းလျန်မှာသူတို့အားလုံးထက်ကံကောင်းသည်ဟု ဆိုရမည်။ ကြိုးစားခဲ့သည့် အကျိုးကျေးဇူးကိုခံစားရပြီး ကျေနပ် အားရ

ပျော်ရွှင်ရလေသည်။ ထိုခံစားချက်ကသူ့ကိုရှေ့ဆက်ရန် တွန်းအားပေးသည်။ လေ့ကျင့်ခန်းလုပ်ပြီး မောပန်း နွမ်းနယ်ခြင်းများပြေပျောက်သွားသည့်တိုင် ချွေးစက်များကတော့ ဆုလာဘ်ဖြစ်လေသည်။

ချင်းရှကျောင်းတော်တွင် အထောက်အပံ့နည်းပါးမှုကြောင့် ဆန်းလျန်မှာ လေ့ကျင့်မှုကို ကောင်းကောင်းမလုပ်နိုင်ခဲ့။ သူ၏ရုပ်ပိုင်းဆိုင်ရာအားနည်းနေမှုကြောင့် သူ၏စမ်းသပ်မှုများကို ရပ်တန့်ထားရသည်။ အနည်းငယ်ပိုပြီးလေ့ကျင့်ခဲ့မိလျှင်တောင်မှ ဂျင်ဆင်းလက်ဖက်ရည်ကဲ့သို့သောအားပြည့်စေသည့်ဆေးဝါးများမရှိသည့်အတွက် ဒုက္ခရောက်သွားနိုင်လေသည်။

အားဆေးကြောင့်ဖြစ်ပေါ်လာသည့်အတွင်းအားစီးဆင်းမှုကြောင့် ထုံကျဉ်နေသည့်ခံစားမှုထဲတွင်သူ့ကိုယ်သူနှစ်မြှုပ်ထားလိုက်သည်။ သူ့ခန္ဓာကိုယ်ထဲမှအတွင်းအားများတည်ငြိမ်သွား

တော့မှသစ်သားရေချိုးစည်အတွင်းသို့ဝင်ကာ ရေနွေးဖြင့်ရေချိုးလိုက်သည်။

ဤအခွင့်အရေးမျိုးမှာ ဆန်းအိမ်တော်သို့ ပြန်လာသည့်အတွက် ရရှိသည့် ရတောင့်ရခဲအခွင့်အရေးဖြစ်လေသည်။ ချင်းရှကျောင်းတော်မှာသာဆိုလျှင် သူကဟိုဟိုဒီဒီကိစ္စများနှင့်သာအလုပ်ရှုတ်နေရသည်ကများလေသည်။ ရေချိုးရသည်မှ သက်သောင့်သက်သာရှိလှသည်။ ဆန်းလျန်စိတ်အာရုံများကို ဖြည်းဖြည်းချင်းဖြေလျှော့လိုက်သည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်စာအုပ်ထဲမှ စိတ်အာရုံဖြေလျှော့သည့်ကျင့်စဉ်ဖြစ်လေသည်။ "မရှိမှု" မှမွေးဖွားလာခဲ့သည့် နတ်သမီးမှာ မယုံကြည်နိုင်လောက်အောင် စွဲထင်ကျန်ရစ်လေသည်။ နတ်သမီးပုံကို ပန်းချီဆွဲခြင်းသည် သူ့ဝိညာဉ်ကို အားမဖြည့်နိုင်သော်လည်း စိတ်ရှုတ်ထွေးမှုများကို

တော့ ရှင်းလင်းသွားစေသည်။ စိတ်ဝိညဉ်သန့်စင်ခြင်းက သူ့ကို ငြိမ်သက်ပျော်ရွှင်စေသည်။ စိတ်ဝိညာဉ်ငြိမ်းချမ်းမှုကြောင့်ရရှိသည့်ပျော်ရွှင်မှုမှာ ရုပ်ဝတ္ထုပစ္စည်းများကြောင့်ပျော်ရွှင်ရခြင်းထက် များစွာသာလွန် လေသည်။

"နှိမ့်ချသောစိတ်ထားဖြင့်ရိုးရှင်းသောဘဝကိုဖြတ်သန်းနေသော်လည်း ယန်ဟွေ့မှာပျော်ရွှင် သည့်လူတစ်ယောက်ဖြစ်သည်" ဆိုသည့် ပညာရှိကြီးကွန်ဖြူးရှပ်၏စကားလိုပင်ဖြစ်သည်။ ဆန်းလျန်မှာလည်း သူ၏အခက်အခဲပြဿနာများကို ယန်ဟွေ့ကဲ့သို့ရိုးရှင်းစွာပြင် ရှုမြင်ထားသည်။ ဆန်းလျန်မှာ ယန်ဟွေ့ကဲ့သို့ သူတော်စင်တစ်ယောက် မဟုတ်သည့်အတွက် အမြဲတမ်းတော့စိတ်ကိုငြိမ်းချမ်းစွာမထားနိုင်။

သို့သော်လည်း သမိုင်းတစ်လျှောက်အောင်မြင်ခဲ့သည့်သူများမှာ စိတ်တည်ငြိမ်အေးချမ်းသည့်သူများဖြစ်ကြလေသည်။

စိတ်ငြိမ်းချမ်းသည့်အတွက် ပြင်ပမှစိတ်ရှုတ်ထွေးစရာများဝင်ရောက်ခြင်းမရှိသောကြောင့် ကြီးမြတ်သည့် အောင်မြင်မှုကိုရလေသည်။ ရုတ်တရက် အခန်းတံခါးခေါက်သံကြားလိုက်ရလေသည်။ တံခါးခေါက်သံကြောင့် သူ၏စိတ်အေးချမ်းနေမှုများ ပျောက်ကွယ်သွားသည်။

တံခါးခေါက်သူမှ အစေခံတစ်ယောက်မဟုတ်နိုင်။ ခုနကတည်းကပင် အစေခံများကို အဝေးသို့သွားရန် ဆန်းလျန် ပြောခဲ့ပြီးပြီ။ ထို့ကြောင့် တံခါးခေါက်သူမှ ဆန်းမိသားစုမှ တစ်စုံတစ်ယောက်ဖြစ်နိုင်လေသည်။

အနှောင့်အယှက်ဖြစ်သွားရသည့်အတွက် ဆန်းလျန်သိပ်တော့စိတ်မကြည်။ တာအိုကျင့်စဉ်များကိုကျင့်သည့်သူများ သည် အဘယ်ကြောင့်လူသူမရှိသည့်တောင်ပေါ်တွင်သာနေကြသည်ကို သူနားလည်သွားရတော့သည်။ ယခုကဲ့သို့ အနှောင့်အယှက်မျိုးကိုသည်းမခံနိုင်ကြသောကြောင့်ဖြစ်လေသည်။

"ဘယ်သူလဲ"

စိတ်မကြည်သော်လည်း ဆန်းလျန်မေးလိုက်သည်။

"ကျွန်မပါ..."

ရင်းနှီးနေသလိုရှိသည့်မိန်းကလေးသံတစ်သံ...

ဝမ်းကွဲအစ်မဆန်းရော့ရှီ၏အသံဟု ဆန်းလျန်သိလိုက်သည်။

"ခဏလေးနော်..."

ဆန်းလျန်ရေများကိုအလျင်အမြန်သုတ်လိုက်ပြီး အင်္ကျီဝတ်လိုက်သည်။ ဆန်းရော့ရှီကအလျင်လိုနေသော်လည်း ဆန်းလျန်ကတော့အလျင်စလိုမလုပ်...

သူတို့နှစ်ယောက်မှာ ဆွေမျိုးတော်စပ်သော်လည်း ဆန်းရော့ရှီအနေဖြင့် ယောကျာ်းလေးတစ်ယောက်၏အခန်းသို့ ယခုကဲ့သို့လာရောက်သည်မှာမသင့်တော်လှပေ။ ဆန်းရော့ရှီမှာ မစောင့်နိုင်တော့သောကြောင့် တံခါးကိုတွန်းဖွင့်လိုက်လေသည်။

ရေချိုးပြီးကာစအချိန်လေးတွင် မိန်းမလှလေးတစ်ယောက်က

အခန်းရှေ့တွင်စောင့်နေသည်မှာ အလွန်ပင်ကြည်နူး စရာ

ကောင်းလေသည်။

သို့သော်...

သူမ၏လူသတ်ချင်လောက်အောင်မုန်းတီးနေသည့်အကြည့်

များကို တွေ့လိုက်မိသည့်အခါတွင်တော့...

ကြည်နူးစရာလေးမှ ဆန်းလျန်အတွက် သိပ်မသေချာတော့...

ဆန်းရော့ရှီမှာ ရုပ်ပိုင်းဆိုင်ရာအရ သူနှင့်သက်တူရွယ်တူခန့်

ဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာကတော့ ဆန်းလျန်နှင့်တူညီ

နိုင်မည်မဟုတ်ပေ။ ဆန်းရော့ရှီတို့အရွယ်မိန်းကလေးအများစု

မှာ အရွယ်ရောက်ပြီးသူများကဲ့သို့ မရင့်ကျက်နိုင်သေးဟု ဆန်း

လျန်တွေးလိုက်မိသည်။

ဆန်းရော့ရှီရုတ်တရက်ရောက်လာခြင်းမှာ လျှို့ဝှက်ကိစ္စတစ်ခု

ကြောင့်ဖြစ်သည်ကို ဆန်းလျန်ကရိပ်မိခြင်းမရှိ။

"ဘာကိစ္စများရှိလို့ရောက်လာတာလဲ"

ဆန်းလျန်ကပွင့်ပွင့်လင်းလင်းပင်မေးလိုက်သည်။ ဆန်းလျန်မှာ မိသားစုဝင်များနှင့်အရမ်းမရင်းနှီးသလို သူမနှင့်လည်းသိပ်မရင်းနှီးပေ။ ထို့ပြင် ဆန်းရော့ရှီနှင့် ဆန်းလျန်တို့မှာ ကလေးဘဝကတည်းကသူငယ်ချင်းများလည်းမဟုတ်ခဲ့ကြ။ ထို့ကြောင့် သူ့အတွက် ပုံမှန်ထက်နီးနီး စပ်စပ်နေရန်မှာမဖြစ်နိုင်ပေ။

ဆန်းလျန်ထိုသို့တည့်တိုးမေးလိမ့်မည်ဟု ဆန်းရော့ရှီက မျှော်လင့်မထားခဲ့။ ဆန်းလျန်၏လေသံနှင့်တည်ငြိမ်သည့်ပုံစံကြောင့် ဆန်းရော့ရှီမှာ ကလေးတစ်ယောက်က လူကြီးတစ်ယောက်နှင့် တွေ့ဆုံရသလိုခံစားလိုက်ရသည်။ ထို့ကြောင့်ပင် ဝမ်းရော့ရှီမှာ သိမ်ငယ်ပြီးအရေးမပါသလိုခံစားလိုက်ရလေသည်။ ဆန်းရော့ရှီ တံခါးခေါက်ပြီးအတင်းဝင်လာသည့်ပုံစံက စိတ်အလိုမကျဖြစ်နေသည့် ကလေးငယ်တစ်ယောက်နှင့်တူ နေလေသည်။

"ရှင်အခန်းထဲမှာဘာလုပ်နေတာလဲ မကောင်းတာတစ်ခုခုများ လုပ်နေတာလား"

ဆန်းရှော့ရှီကမေးလိုက်သည်။

"ကျွန်တော့်ဆံပင်တွေရေစိုနေတာမမြင်ဘူးလား တကယ်တော့ ကျွန်တော်ရေချိုးနေတာ ခင်ဗျားကအရမ်းဝင်လာ တော့ ကျွန်တော်ဘာလုပ်ရမှန်းတောင်မသိတော့ဘူး"

နီးနီးကပ်ကပ်ကြည့်လိုက်မိတော့မှ ဆန်းလျန်မှာတကယ်ပင် ရေချိုးထားသည်ကို ရှော့ရှီသိလိုက်ရသည်။ ဆပ်ပြာရနံ့ လေးကို သူမရလိုက်သည်မဟုတ်ပါလား။

ဆန်းရှော့ရှီမှာ ဆန်းလျန်ထက်ပိုပြီးထွားသောကြောင့် အသက် ပိုကြီးသလိုထင်ရလေသည်။ သူမကချမ်းသားကြွယ်ဝ သည့် မိသားစုတွင်မွေးဖွားလာရပြီး အာဟာရပြည့်ဝစွာစားသောက်ရ သောကြောင့် ဖြစ်လေသည်။ ဆန်းလျန်မှာတော့ ကျဉ့်စဉ်ကို

အားစိုက်လေ့ကျင့်ခဲ့သည့်အတွက် ကြီးထွားမှုနှုန်းမှာရပ်တန့်သွားခဲ့ရခြင်းဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်မှာ ရော့ရှီထက်အနည်းငယ် ငယ်နေသယောင်ထင်ရခြင်းဖြစ်လေသည်။

ဆန်းလျန်၏မျက်ဝန်းများကလှပလေသည်။ နတ်ဘုရားကိုယ်တိုင်ဖန်ဆင်းထားသည့်မျက်ဝန်းများကဲ့သို့ပင်ဖြစ်လေသည်။ ရော့ရှီကဆန်းလျန်၏မျက်ဝန်းများကိုတည့်တည့်ကြည့်လိုက်မိသည့်အခါတွင်တော့ ညဘက်တွင် သူမကြည့် လေ့ရှိသည့် ကြယ်များကိုသတိရမိသွားလေသည်။ သူတို့နှစ်ယောက်အကြည့်ချင်းဆုံမိသည့်အခါ ဆန်းလျန်ကရှက်အမ်းအမ်းဖြစ်သွားပြီး အကြည့်ကိုက်ရှောင်လွှဲခြင်း မျိုးမလုပ်ခဲ့ပါ။

မျက်လုံးမှာလူတစ်ယောက်၏စိတ်ဝိညာဉ်တံခါးဖြစ်သည်ဟုပြောကြသည်မဟုတ်ပါလား။

ဆန်းလျန်မှာ ဝိညာဉ်စွမ်းအားပြည့်ဝသူဖြစ်လေသည်။ သူလုပ်ချင်သည်ဆိုလျှင် အရွယ်ရောက်ပြီးလူတစ်ယောက်ကို ပင်အကြည့်တစ်ချက်တည်းနှင့်ကြောက်သွားအောင်လုပ်လို့ရလေသည်။ ရှော့ရှီလိုငယ်ရွယ်သည့်မိန်းကလေးမျိုးကား ဆိုဖွယ်ရာမရှိတော့။ သူနှင့် ဆန်းရှော့ရှီ၏ကိစ္စကမပြီးသေး။ ရှော့ရှီမှာဆန်းလျန်၏အကြည့်တွင်ခဏတာမျှပျောက်ဆုံးသွားပြီးအချိန်အတန်ကြာအောင် မလှုပ်မယှက်ဖြစ်ပြီးမှ...

"ရှင်ကျွန်မကိုဘာလို့ကြည့်နေတာလဲ ရှင့်ကိုကျွန်မသတိပေးထားမယ် ရှင့်ကိုကျွန်မလက်ထပ်လိမ့်မယ်လို့ စိတ်ကူးထဲတောင်ထည့်မထားနဲ့"

သူမကဒေါသတကြီးဖြင့်အော်ပြောလိုက်သည်။ ထို့နောက် သူမရှက်သွေးဖြာပြီး သူမပြေးထွက်သွားတော့သည်။ သူမကိုကြည့်ရသည်မှ ပျာယာခတ်နေလေသည်။ တကယ်တမ်းတွင် သူမကဘယ်တော့မှဆန်းလျန်၏ဇနီးဖြစ်မလာ နိုင်ကြောင်းသိအောင်

လုပ်ပြီး ဆန်းလျန်ကိုအရှက်ခွဲရန်ရည်ရွယ်ထားခဲ့သည်။ ယခု တော့သူမဘာဖြစ်သွားသည်ကို မိုးနတ်မင်း သာသိပေလိမ့်မည်။ သူစိတ်ထဲရှိသည့်စကားများကို သူမထုတ်ပြောလိုက်သည်။ သူမကခြေတစ်လှမ်းနှစ်လှမ်းခန့်သွားပြီးမှ ဆန်းလျန်တစ်ခုခုလုပ်မည်ကိုစိုးရိမ်သည့်အလား ရုတ်တရက်လှည့်ကြည့်လိုက်ပြီး...

"ကျွန်မကိုလှည့်စားမယ်တော့မကြံနဲ့နော်"

ဟု သတိပေးသလိုပြောလိုက်လေသည်။

"မဟုတ်လို့ကတော့ ရှင့်ဘဝတစ်လျှောက်လုံးနောင်တရအောင်လုပ်ပစ်မယ်"

သူမကတစ်ချက်ကြည့်လိုက်ပြီး လက်သီးဆုပ်ကာဝေ့ယမ်းပြသွားလေသည်။

သူမပုံလေးက စိတ်ကူးယဉ်ဆန်ဆန်ကဗျာလေးတစ်ပုဒ်ကိုသတိရမိစေသည်။

"သူမကအဝေးကိုထွက်ပြေးဖို့ကြိုးစားတယ်

ဘယ်တော့မှမရပ်ဘူး

ဒါပေမယ့် သူမပြန်လှည့်ကြည့်ပြီး

တံခါးဝမှာမီနေလိုက်တယ်

ပန်းပွင့်လေးတွေကိုနောက်တစ်ကြိမ်နမ်းရှိုက်ဖို့

သူမဟန်ဆောင်နေခဲ့တယ်"

လက်ရှိအခြေအနေမှာ အလွန်ပင်ရယ်စရာကောင်းနေသည်ဟု

ဆန်းလျန်ထင်မိလေသည်။

"ဘာမှမရှိသည့်ဂူထဲတွင် လေသည်အကြောင်းမဲ့မတိုက်ခတ်"

ဆိုသော တရုတ်စကားပုံတစ်ခုကဲ့သို့ပင်မီးမရှိဘဲ မီးခိုးမထွက်

နိုင်ကြောင်းဆန်းလျန်သိသည်။ ဆန်းမိသားစုက သူ့ကို ဆန်း

ရော့ရှီနှင့်လက်ဆက်ပေးပြီး ဆန်းမိသားစု အတွက်သားသမီး

မျိုးဆက်များရရှိစေလိုသော ရည်ရွယ်ချက်ရှိနေလေသည်။

အခန်း (၇)

အချိန်တွေကုန်မြန်လိုက်တာ

ခေတ်ပေါ်ကမ္ဘာနှင့်မတူသည်မှာ ယခုရောက်ရှိနေသည့်ကမ္ဘာမှာ ဆွေမျိုးတော်စပ်သူအချင်းချင်းလက်ထပ်ကြခြင်းကို ကန့်သတ်ထားခြင်းမရှိပေ။ ထို့ကြောင့်ပင် ဆန်းမိသာစုအတွက် အပြင်လူများဝင်ရောက်လာခြင်းကိုကာကွယ်နိုင်ခြင်းလေသည်။

သူ၏ဦးလေးနှစ်ယောက်လုံးမှာဤမင်္ဂလာကိစ္စကိုသဘောတူထားပြီးဖြစ်ပုံရလေသည်။ ပြီးတော့ ဆန်းရော့ရှီမှာ ဆန်းလျန်ကို အထင်သေးသောကြောင့်ဖြစ်စေ အခြားတစ်ယောက်နှင့် ချစ်ကြိုက်နေသောကြောင့်ဖြစ်စေ ကိစ္စမရှိပေ။ မိသားစု၏ဆန္ဒအတိုင်းလိုက်နာရမည်ဖြစ်လေသည်။

ပြီးတော့ ဆန်းမိသားစု၏ဆန္ဒဆိုသည်မှာလည်း ဆန်းသခင်ကြီး၏ဆန္ဒပင်ဖြစ်လေသည်။ ဆန်းသခင်ကြီး၏ဆန္ဒကို မည်သူမျှမလွန်ဆန်နိုင်။ ထို့ကြောင့်ပင် ဆန်းသခင်ကြီး၏စရိုက်လက္ခဏာမှာမည်သို့ရှိကြောင်း ဆန်းလျန်သိခွင့်ရခဲ့လေသည်။ ထိုသို့သော အခြေအနေများကြောင့် ဆန်းသခင်ကြီးကဆန်းလျန်ကို ချက်ချင်းပြန်ခေါ်စေခဲ့ခြင်းဖြစ်လေသည်။

ဆန်းသခင်ကြီးမှာ လေးစားစရာကောင်းလောက်အောင် တိကျပြတ်သားသူတစ်ယောက်ဖြစ်သည့်အတွက် အသက် အရွယ်မည်မျှကြီးရင့်နေပြီဖြစ်နေပါစေ အားလုံးကောင်းဖို့အတွက်စီစဉ်မည်ပင်ဖြစ်လေသည်။ ဆန်းလျန် ဆန်းအိမ်တော်သို့ပြန်လိုက်ခဲ့ဖို့ငြင်းဆိုလျှင်တောင်မှ သူ့ကိုအတင်းအကြပ်ပြန်ခေါ်မည့်သဘောမှာ ရှိလေသည်။

ဆန်းလျန်က သာမာန်လူတစ်ယောက်ဆိုလျှင်တော့ ဤမင်္ဂလာ
ကိစ္စကို လက်ခံလိုက်မည်ဖြစ်လေသည်။ ရလဒ်ကတော့ လှပ
သောကံကြမ္မာလေးထဲတွင် ဆန်းလျန်မှာအရုပ်တစ်ရုပ်ဘဝသို့
ရောက်ရမည်ဖြစ်လေသည်။

ဆန်းသခင်ကြီး၏မျက်လုံးထဲတွင်တော့ ဆန်းလျန်
ကောင်းကျိုးအတွက်လုပ်ပေးခြင်းဖြစ်သည်ဟု မြင်နေမည်
ဖြစ်ကောင်းဖြစ်သော်လည်း ဆန်းလျန်ကိုယ်တိုင်ကတော့
အခြားသူများအမြင်တွင် အရုပ်တစ်ရုပ်လိုမဖြစ်ချင်။

မင်္ဂလာပွဲအစီအစဉ်မှာဆန်းလျန်အတွက် အကျိုးရှိသည်
ဆိုသည်ကိုတော့ သံသယဝင်စရာမရှိနိုင်။ သို့သော် သူ့ဘက်က
ငြင်းလိုက်လျှင်တော့ ဂုဏ်သိက္ခာတက်ပေလိမ့်မည်။ ဆန်းလျန်
ကမျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး လက်သီးကိုတင်းတင်း

ဆုပ်လိုက်သည်။ သူ့မှာအပြည့်အဝကျန်းမာကြံ့ခိုင်ခြင်းမရှိသေး။

ဆန်းအိမ်တော်မှ သူ့ကိုစောင့်ကြည့်နေသည်ကိုလည်း သူမအံ့သြတော့ပါ။ ဆန်းရော့ရှီက ဆန်းလျန်မည်မျှအေးဆေးတည်ငြိမ်သည်နှင့် မည်မျှမျက်လုံးလျင်သည်ကို သိရှိသွားပြီးသည့်နောက် သူမ၏ရွှေဆံထိုးလေးကို ဆန်းလျန်ဆီသို့ပစ်လွှတ်လိုက်လေသည်။

သူမသည်လက်တည့်သူတစ်ယောက်ဖြစ်ပြီး သူမ၏အစွမ်းကိုကောင်းကောင်းယုံကြည်လေသည်။ ဆယ်ကြိမ်တွင်ကိုးကြိမ်ကတော့ ပစ်မှတ်ကိုထိသည်ချည်းပင်။ ဆံထိုးသေးသေးမျှင်မျှင်လေးဖြင့် မည်သည့်နေရာကို မဆိုချိန်ရွယ်ပစ်ခတ်နိုင်လေသည်။ သူမ၏ဆံထိုးလေးမှာ ဆန်းလျန်၏မျက်နှာတည့်တည့်

ကိုထိသွားလိမ့်မည်ဟု သူမယုံကြည်ထားပြီး ဆန်းလျန်ဒေါသ

ထွက်သွားမည်ကို စောင့်ကြည့်နေမိလေသည်။

မိန်းကလေးများမှာသူတို့၏ရုပ်ရည်သွင်ပြင်ကိုအထူးဂရုစိုက်

ကြပြီး သူတို့မျက်နှာဒဏ်ရာရပျက်စီးမည်ကို အထူး ကာကွယ်

ကြလေသည်။ ထို့ကြောင့်ပင် ဆန်းရော့ရှီက ဆန်းလျ

န်၏မျက်နှာကိုတိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ သူမ၏

အားနည်းချက်ကို ဆန်းလျန်တွင်ထင်ဟပ်စေလိုက်ခြင်းဖြစ်

လေသည်။

ဆန်းလျန်၏သပ်သပ်ရပ်ရပ်ရှိပြီးနူးညံ့သည့်မျက်နှာသွင်ပြင်မှာ

ဆန်းရော့ရှီကိုဒေါသထွက်စေပြီး သူ့မျက်နှာကိုပျက်စီး သွားစေ

လိုစိတ်များဖြစ်ပေါ်နေလေတော့သည်။ သို့သော်ဖြစ်ပျက်သွား

သည့်အဖြစ်အပျက်များကြောင့် ဆန်းရော့ရှီမှာပါးစပ်

အပောင်းသားဖြစ်သွားရလေသည်။ သူမ၏ရွှေဆံထိုးလေးကို

ဆန်းလျန်ကလက်ညှိုးနှင့်လက်ခလယ်ညှပ်ကာ ဖမ်းယူလိုက်လေသည်။

ဆန်းလျန်တွင်ဒီလိုအရည်အချင်းရှိလိမ့်မည်ဟု ဆန်းရှော့ရှီမျှော်လင့်မထားမိပေ။ ယခုတော့ သူမ၏ဆံထိုးလေးကို ဆန်းလျန်ဖမ်းလိုက်နိုင်သည်မှာ ထင်ရှားနေသည်။ ဆန်းလျန်က မျက်မှောင်ကြုတ်လိုက်ပြီး ရှော့ရှီကိုစိုက်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်လေထုမှာ အေးစိမ့်သွားလေ သည်။

သူကရွှေဆံထိုးလေးကိုနူးညံ့ငြင်သာစွာပင် ရှော့ရှီထံသို့ပြန်ပစ်လိုက်သည်။ ဆံထိုးလေးမှာ ရှော့ရှီအရင်က ထိုးစိုက် ထားသည့်ဆံနွယ်ထက်တွင် ကျကျနနနေရာပြန်ယူသွားလေသည်။ "ဆန်းရှော့ရှီ ဒီတစ်ခါတော့မင်းကိုငါအလွတ်ပေးလိုက်မယ် နောက်တစ်ခါဆိုရင်တော့ မင်းမျက်နှာပေါ်မှာပန်းပုံစံ ဆေး မင်ကြောင်ထိုးပစ်မယ်"

သူ့စကားသံက ဟိတ်ကြီးဟန်ကြီးမရှိသလို ခြိမ်းခြောက်သည့် အသံလည်းမပေါက်။ သို့သော် သူ၏မျက်နှာကိုကြည့် ရသည်မှ အတည်ကြီးပြောနေသည့်ဟန်။ နောက်ထပ်ဖြစ်လာသည့် ကိစ္စကတော့မျှော်လင့်မထားသည့်ကိစ္စဖြစ်လေသည်။

"ရှင်ကအနိုင်ကျင့်တတ်တဲ့သူပဲ"

ဆန်းရော့ရှီအော်ဟစ်လိုက်ပြီး မျက်ရည်များစီးကျလာလေသည်။ သူမမှာစကားပြောရင်းမျက်ရည်များလည်း တသွင်သွင်စီးကျနေသည့်အတွက် အနီးအနားမှအစေခံများပင် သတိပြု မိကုန်ကြသည်။ ဆန်းရော့ရှီက သူမမျက်နှာကိုလက်နှစ်ဖက်ဖြင့်အုပ်ပြီးပြေးထွက်သွားတော့သည်။ ဆန်းလျန်မှာ တားချိန်ပင် မရလိုက်။

ဆန်းလျန်မှာ ရုတ်တရက်အံ့သြမင်သက်ပြီးကျန်ရစ်ခဲ့ရလေ
သည်။ မိန်းကလေးတိုင်းအနိုင်ကျင့်ခံရလျှင် ထိုသို့ပင်ငိုကြ
သည်မှာ ပုံမှန်ပင်ဖြစ်မည်ဟု ဆန်းလျန်တွေးလိုက်မိသည်။
ဆန်းရှော့ရှီကို သခင်လေးဆန်းလျန်က အနိုင်ကျင့်သည်
ဟူသောသတင်းမှာ အိမ်အိမ်တော်တစ်ခုလုံး ပြန့်နှံ့သွားလေ
တော့သည်။ ထိုအကြောင်းကို အမျိုးမျိုးပြောနေကြ
သော်လည်း ဆန်းလျန်ကတော့ဂရုမစိုက်ပေ။

ဆန်းအိမ်တော်၏အိမ်ရှေ့တွင် ပန်းဥယျာဉ်တစ်ခုရှိလေသည်။
ဆန်းသခင်ကြီးကထိုဥယျာဉ်ထဲတွင် ညတိုင်း လမ်းလျှောက်
လေ့ရှိသည်။ ပန်းဥယျာဉ်မှာ စိတ်အပန်းဖြေသည့်နေရာတော့
မဟုတ်။ အရေးကြီးသည့်ဧည့်သည်များ ကိုလက်ခံတွေ့ဆုံ
သည့်နေရာဖြစ်လေသည်။

ပန်းဥယျာဉ်မြေကွက်လပ်မှာ ချင်ပြည်နယ်မြို့တော်ကိစ္စများ အပါအဝင်အရေးကြီးသည့်ဆုံးဖြတ်ချက်များချမှတ်သည့် နေရာတစ်နေရာပင်ဖြစ်လေသည်။

သစ်ရွက်များပေါ်တွင် ဖြာကျနေသည့်နေရောင်ခြည်က သစ်ရွက်များပေါ်တွင်တွဲခိုနေသည့်ရေစက်လေးများကိုခြောက်သွေ့သွားစေပြီး နွေးထွေးမှုကကျန်ရစ်ခဲ့လေသည်။

ကဗျာဆန်လွန်းလှလေသည်။

ဆန်းသခင်ကြီးက ဥယျာဉ်ထဲတွင် ရေကရားလေးကိုကိုင်ကာ ပန်းပင်များကိုရေလောင်းနေလေသည်။ ပန်းပင်လေး များကို စိုက်ပျိုးခဲ့သူမှ ဆန်းလျန်၏အဘွားဖြစ်လေသည်။ ပန်းပင်လေးများမှာ ပွင့်လန်းရှင်သန်နေဆဲဖြစ်သော်လည်း ဆန်းလျန်၏အဖွားမှာတော့ ဆုံးပါးသွားသည်မှာကြာခဲ့ပြီဖြစ်သည်။

"မင်းရော့ရှီကိုငိုအောင်လုပ်လိုက်တယ်ဆို"

ဆန်းသခင်ကြီးကနောက်သို့လှည့်မကြည့်ဘဲ ဆန်းလျန်ကိုမေး လိုက်သည်။ တခြားသောသက်ကြီးရွယ်အိုများကဲ့သို့ သခင် ကြီး၏လက်မှာ တုန်ယင်နေခြင်းမရှိပေ။ ရေကရားထဲမှရေများ မှာ ပန်းပင်လေးများဆီသို့တည်ငြိမ်စွာပင်စီးဆင်းသွားပြီး ရေ တစ်စက်မျှဖိတ်စင်ခြင်းအလျဉ်းမရှိ။

"အဘိုးကျွန်တော့်ကိုအဲဒီလောက်စိတ်ဝင်စားလိမ့်မယ်လို့ ထင်မ ထားမိဘူး"

ဆန်းလျန်ပြုံးရင်းပြောလိုက်သည်။ အခြားသောဆန်းမိသားစု ဝင်များနှင့်မတူညီစွာ ဆန်းလျန်ကတော့ ဆန်းသခင်ကြီးကို ပွင့် ပွင့်လင်းလင်းနှင့် ပုံမှန်ပင် ဆက်ဆံလေသည်။

"ရှော့ရှီကဆိုးတယ် ဒါပေမယ့်သူမကကြင်နာတတ်တဲ့ မိန်းကလေးပါ ၊ မင်းမှတ်မိသေးလား ငယ်ငယ်က သူ့မှာ မုန့် တစ်ခုရတိုင်း မင်းအတွက်ချန်ထားပေးတာလေ"

ဆန်းသခင်ကြီးက ပျော့ပြောင်းသည့်လေသံဖြင့်ပြောလိုက်သည်။ ထိုအဖြစ်အပျက်များကို ဆန်းလျန်မှာမှတ်မိခြင်းမရှိတော့။ တကယ့်ဆန်းလျန်အစစ်၏မှတ်ဉာဏ်များကို သူကသိနေသည့်တိုင် အသေးစိတ်တစ်ခုမကျန်ကိုတော့မှတ်မိနိုင်ခြင်းမရှိပေ။ ထို့ပြင် ကလေးဘဝမှတ်ဉာဏ်များဆိုသည်က ယေဘူယျအားဖြင့်ခပ်ရေးရေးမျှသာ မှတ်မိတတ်သည်မဟုတ်ပါလား။

ငယ်စဉ်ဘဝက ခင်မင်ရင်းနှီးခဲ့ကြသော်လည်း ကြီးလာသည့်အခါတွင်တော့ ခွဲခွာကြရသည့် ဖြစ်ရပ်များလည်း ရှိသည်ပဲလေ။ ဆန်းသခင်ကြီးတွေးနေသည့်အကြောင်းအရာများကို ဆန်းလျန်သိလေသည်။ သို့သော် လိုက်တော့ပြောနိုင်ခြင်းမရှိ။ ဆန်းလျန်မှာ တကယ့်ဆန်းလျန်အစစ်အကြောင်းကို အများကြီးတော့သိထားသူမဟုတ်ပေ။ သူဘာမှမသိသည့် နေရာတစ်

ခုတွင် စတင်ရသည်မှ သူ့အတွက် သဘောကျစရာတော့ ကောင်းသည်ဟု တွေးနေမိသည်။
"ကျွန်တော်ကသူ့အစ်ကိုပါ သူကကျွန်တော့်ညီမလေးပဲ အဲဒါက မပြောပလောက်ပါဘူး"
ဆန်းလျန်က ရှော့ရှီကို ညီမလေးတစ်ယောက်လိုသာ သဘောထားကြောင်း သိသာစေရန်ပြောလိုက်လေသည်။

"ဒီရေကရားကိုမင်းကိုပေးလိုက်မယ် ပန်းပင်လေးတွေကို ရေလောင်းတာမလောင်းတာကတော့ မင်းအပိုင်းပဲ" ဆန်းသခင်ကြီးက ဆန်းလျန်ကိုခပ်ကြာကြာတစ်ချက်စိုက်ကြည့်လိုက်ပြီး ရေကရားလေးကိုပေးလိုက်လေသည်။ ဆန်းလျန်က ရေကရားလေးကိုယူလိုက်ပြီး သခင်ကြီးဆိုလိုသည့်အဓိပ္ပါယ်ကိုနားလည်လိုက်သည်။ ဆန်းလျန်က ဆန်းသခင်ကြီးကိုအရိုအသေပေးလိုက်ပြီး စကားစဖြတ်လိုက်လေသည်။ ဆန်းလျန်ထွက်

သွားတော့မှ ပန်းဥယျာဉ်တစ်ဘက်ဆီမှ ဆန်းချင်းစန်းကသခင်ကြီးဆီသို့ရောက်လာသည်။

"ဒီကလေးကဘယ်တုန်းကမှဉာဏ်သိပ်မကောင်းခဲ့ဘူး ဒါပေမယ့် တောင်ပေါ်မှာနှစ်နှစ်သွားနေလိုက်တာ အသိဉာဏ်ပညာတွေတိုးတက်လာပုံရတယ် သူက ကျူးအယ်နဲ့ဝေ့အယ်ထက်တောင်သာနေသေးတယ်"

ကျူးအယ်နှင့်ဝေ့အယ်ဆိုသည်မှ ဆန်းလျန်၏အစ်ကိုဝမ်းကွဲနှစ်ယောက်၏နာမည်ဖြစ်လေသည်။

"မနက်ဖန် သူတို့နှစ်ယောက်ဇာပနအခမ်းအနားနေ့ပဲ"

ဆန်းသခင်ကြီးကပြောလိုက်ပြီး ပန်းပွင့်ချပ်လွှာလေးများပေါ်မှ ရေစက်လေးများကို ငေးကြည့်နေလေသည်။

"လိုအပ်တာတွေအားလုံးကျွန်တော်စီစဉ်ပြီးပါပြီ"

ဆန်းချင်းစန်းလည်းငေးငိုင်နေရင်းမှပြန်ပြောလိုက်လေသည်။

"ကျန်းဟူကလူတစ်ယောက် ဝါးရွက်စိမ်းဂိုဏ်းနဲ့မနက်ဖန်အဆက်အသွယ်လုပ်လိမ့်မယ်"

ဆန်းသခင်ကြီးကအေးစက်စွာပြောလိုက်လေသည်။

ထို့နောက် သူကဥယျာဉ်ထဲမှ ထွက်ခွာသွားလေတော့သည်။

ဆန်းလျန်က နောက်သို့လှည့်ကာ ဆန်းသခင်ကြီးကို ကြည့်လိုက်မိသည်။ ပန်းဥယျာဉ်ထဲတွင် ခြောက်သွေ့သည့်လေထုကဖုံးလွှမ်းသွားလေတော့သည်။

တစ်ယောက်ကတော့သူ့ဘဝကံကြမ္မာအတွက်စဉ်းစားနေပြီးနောက်တစ်ယောက်ကတော့ အမွေဆက်ခံမည့် မျိုးဆက်ရရှိရေးအတွက် တခြားတစ်ယောက်၏ဘဝကိုအသုံးချဖို့ကြံစည်နေလေသည်။ ဤသည်မှာ ဆန်းလျန်လိုချင် သည့်ဘဝမျိုးမဟုတ်ပေ။ သူ့စိတ်ထဲတွင်ရှိနေသည်က သူ၏အားနည်းနေသောခန္ဓာကိုယ်ကိုအားပြည့်အောင်လေ့ကျင့်ပေးပြီး ဆန်း

မိသားစုကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆန့်ကျင်ရန်ဖြစ်လေသည်။

အခန်း (၈)

သူရဲကောင်းဖြစ်တာစိတ်ညစ်စရာမဟုတ်

ဆန်းချင်းစန်းမှာသူ၏တူများ၏သေဆုံးခြင်းအကြောင်း

စဉ်းစားစားမိသည်အခါ နာကျည်းခါးသီးမှုများ တလိမ့်လိမ့်

တက်လာသလိုခံစားလိုက်ရသည်။

"မမျှောင်လင့်ဘဲ ဆိုးရွားလိုက်တဲ့ကံတရားပဲ"

ဟုသူတွေးလိုက်မိသည်။

ချင်ပြည်နယ်မြို့တော်တွင် ပြောလေ့ရှိသည့်စကားတစ်ခုရှိသည်။

"ချင်ပြည်နယ်မြို့တော်တွင် ဆန်းအိမ်တော်မသိသည့်ကိစ္စမရှိ" ဟူ၍ဖြစ်လေသည်။

ထိုသို့ပြောလေ့ရှိသည်မှာ နည်းနည်းတော့ချဲ့ကားပြောဆိုရာရောက်ပြီး အားလုံးတော့မမှန်ပေ။ ဆန်းအိမ်တော်၏ ဩဇာအာဏာကြီးမားပုံကိုဖော်ပြလိုခြင်းသာဖြစ်လေသည်။

ပြည်နယ်မြို့တော်ဝင်အထိပင် ဆန်းအိမ်တော်က သူ့နည်းသူ့ဟန်နှင့်ပေါက်ရောက်လေသည်။

အပြင်လူများကတော့ ဆန်းအိမ်တော်မှသခင်လေးနှစ်ပါးမှာ ပြင်းထန်သည့်အဖျားရောဂါကြောင့်သေဆုံးသွားသည် ဟုသိထားကြလေသည်။

ငယ်ရွယ်သည့်သခင်လေးနှစ်ပါးဆုံးပါးသွားမှုအတွက် လူအများမှာလည်း စိတ်ကောင်းဖြစ်ကာ ဝမ်းနည်းပူဆွေးကြရလေသည်။ သို့သော် ဆန်းသခင်ကြီးကတော့ ထိုသို့သေဆုံးရသည်ကို လက်မခံနိုင်ပါ။ သူကချင်ပြည်နယ်မြို့တော်တွင် အတွေ့အကြုံရှိသည့်စုံစမ်းစစ်ဆေးရေးအရာရှိတစ်ယောက်ကို ရှာဖွေကာ အမှန်တကယ်သေဆုံးရသည့် အကြောင်းရင်းကို စုံစမ်းခိုင်းလေသည်။ စုံစမ်းစစ်ဆေးရေးအရာရှိမှာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည့်အလျှောက် သံသယဖြစ်စရာကို ရှာဖွေတွေ့ရှိခဲ့လေသည်။

သခင်လေးနှစ်ပါးမှာ အဖျားရောဂါကြောင့်သေဆုံးသည်မဟုတ်။ တစ်စုံတစ်ယောက်က အတွင်းအားအသုံးပြုပြီး အတွင်းဒဏ်ရာအောင်လုပ်ကာ သတ်ခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် သခင်လေးများမှာ သွေးများအန်ပြီး သေဆုံးခဲ့ရခြင်းဖြစ်လေသည်။

စုံစမ်းစစ်ဆေးရေးအရာရှိပြောစကားအရ လူသတ်သမားမှာ အလွန်အတွေ့အကြုံများပြီး လူသတ်ရာ၌ ပိရိကျွမ်းကျင် သူတစ်ယောက်ဖြစ်ကြောင်းသိရလေသည်။ တိုက်ခိုက်ခံရပြီး ရက်ပေါင်းအတန်ကြာမှ အသတ်ခံရသူကသေဆုံးရ မည်ဖြစ်လေသည်။ အသတ်ခံရသူသေဆုံးသည့်အချိန်တွင်တော့ လူသတ်သမားမှာ အဝေးသို့လွတ်မြောက် ထွက်ပြေးသွားရန် အချိန်လုံလောက်စွာရလေသည်။

ထိုသို့သောစွမ်းရည်ထက်မြက်သူများမှာ လူစွမ်းကောင်းများ တော့မဟုတ်။ သူတို့က သူများနှင့်မတူသည့်နည်းလမ်း များဖြင့်လုပ်ဆောင်လေသည်။ သူတို့က "ကျန်းဟူ" ဆိုသည့် သီးသန့်နေရာတွင်နေထိုင်ကြသည်။

ကျန်းဟူတွင် အရာအားလုံးရှိသည်။

ကျန်းဟူမှာ လျှို့ဝှက်သောသီးသန့်နေရာတစ်ခုဖြစ်လေသည်။ လူသတ်သမားမှာသိုင်းပညာမြင့်မားပြီး ထိပ်တန်းအဆင့် မဟုတ်သည့်တိုင်အောင်မှ သိုင်းပညာ အတော်အတန် မြင့်မားသော အနေအထားရှိရမည်ဟု စုံစမ်းစစ်ဆေးရေး အရာရှိကပြောသည်။

သို့သော်လည်း ယခုအချိန်တွင်တော့ လူသတ်သမားနောက်သို့ လိုက်ရန်မှာ လမ်းစပျောက်နေပြီဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ လူသတ်သမားသည် ဤလောကတွင်အသက်ရှင်နေသေးသရွေ့ ဆန်းအိမ်တော်ကတော့ တစ်ခု မဟုတ်တစ်ခုလုပ်မည် ဖြစ်လေသည်။

ဆန်းမိသားစုက ရန်ပွဲတစ်ခုဖြစ်ပျက်ခဲ့သည့်နေ့တစ်နေ့မှစတင်ပြီး အကြောင်းအရာများကို ပြန်ရှာကြည့်ခဲ့သည်။ သခင်လေးနှစ်ပါးမှာ အစိမ်းရောင်ဝတ်ဆင်ထားသည့်လူတစ်ယောက်နှင့်

အချင်းများခဲ့ကြသည်။ ဆန်းအိမ်တော်၏ဂုဏ်သတင်းကြောင့် စားသောက်ဆိုင်တွင် သီးသန့်အခန်းရဖို့ကို ထိုသူဘက်မှအလျှော့ပေးလိုက်ရ သော်လည်း ထိုသူမထွက်ခွာခင် သခင်လေးနှစ်ပါးကို လက်ဖြင့်တွန်းခဲ့လေသည်။

ထိုသို့လက်ဖြင့်တွန်းလိုက်ခြင်းကြောင့်ပင် သခင်လေးနှစ်ပါး အသက်ဆုံးသည်အထိဖြစ်ခဲ့ရလေသည်။ ထိုအကြောင်းကို ဆန်းအိမ်တော်သိသွားသည်နှင့် သံသယရှိသူစာရင်းကိုပြုလုပ်ခဲ့သည်။ လူသတ်သမားမည်သူမည်ဝါ ဖြစ်သည်ကို အတည်ပြုရန်အတွက် ဝါးရွက်စိမ်းဂိုဏ်းကကူညီပေးခဲ့လေသည်။

ဝါးရွက်စိမ်းဂိုဏ်းမှာ ကျန်းဟူတွင် ဩဇာသက်ရောက်မှုရှိသည့်ဂိုဏ်းတစ်ဂိုဏ်းဖြစ်လေသည်။ သူတို့ကမြို့တော်သို့ အလုပ်သမားပို့ဆောင်ပေးသည် အလုပ်သမားဈေးကွက်ကို ချုပ်ကိုင်ထားသည့်ဂိုဏ်းဖြစ်လေသည်။

ဆန်းအိမ်တော်ကအလင်းရောင်ဖြစ်လျှင် ဝါးရွက်စိမ်းဂိုဏ်းက အရိပ်တစ်ခုဖြစ်လေသည်။ အနှောင်အဖွဲ့မရှိဘဲ အတူတကွ ရပ်တည်ကြလေသည်။ ကျန်းဟူမှဖြစ်သော်လည်း ဝါးရွက်စိမ်း ဂိုဏ်းမှာ ငွေကြေးအဓိကထားသည့်ဂိုဏ်းဖြစ်သည့်အတွက် ဆန်းအိမ်တော်နှင့် ပြဿနာမဖြစ်အောင်နေလေသည်။ ကျန်းဟူတွင် အခြားသောဆန့်ကျင်ဘက်လူများမှာ အစိမ်း ရောင်ဝတ်ဆင်ထားသည့်လူကဲ့သို့သော လူများဖြစ်လေသည်။ ထိုသူများက ညဏ်ရည်ထက်မြက်ပြီး စွမ်းအင်ပြည့်ဝသည့် ဘဝပုံစံဖြင့်နေထိုင်ကြသည်။ သူတို့ကငွေကြေးချမ်းသာသူများ ထံမှခိုးယူပြီး ဆင်းရဲသားများကိုပေးကမ်းသည်။ ဂုဏ်သိက္ခာ တက်လာသည်နှင့်အမျှ ငွေများလည်းရလာကြလေသည်။

ထိုသို့ပြုလုပ်သည်က အန္တရယ်တော့များသည်။ သို့သော် သူတို့ ကသူတို့အလုပ်နှင့်ပတ်သက်လျှင် ကျွမ်းကျင်သူများ ဖြစ်ကြ လေသည်။ ထို့ပြင် သူတို့ကခားပြတိုက်သည့်အခါတွင်လည်း

သူသေကိုယ်သေတိုက်ခိုက်ခြင်းမရှိပေ။ သူတို့အလုပ်မှာ ပိုက်ဆံယူရန်သာဖြစ်ပြီး လူသတ်ရန်မဟုတ်ပေ။

အစိမ်းရောင်ဝတ်ပုဂ္ဂိုလ်ကဲ့သို့သောလူများမှာစွမ်းရည် ထက်မြက်ကြသည့်အတွက် ရန်လိုတတ်ပြီး အထိမ်းအချုပ်မဲ့ ကြလေသည်။ ဒေါသထွက်လာလျှင် တုန့်ဆိုင်းမနေဘဲ သတ်ဖြတ်တတ်ကြလေသည်။ ထိုအကြောင်းများကြောင့်ပင် ကျန်းဟူတွင်ရော ကျန်းဟူအပြင်ဘက်တွင်ပါ ရန်သူများ ဝိုင်းဝိုင်းလည်နေကြလေသည်။

ဆန်းအိမ်တော်မှ သခင်လေးနှစ်ပါးရင်ဆိုင်တွေ့မိသည့်သူမှာ ထိုသို့သောလူမျိုးဖြစ်လေသည်။ ကျန်းဟူမှလူစွမ်းကောင်းများ မှာ လျှို့ဝှက်ပြီး နားလည်ရန်ခက်သည်။ သူတို့က လူအ ယောက်တစ်ရာခန့်ကို အသာလေးဖမ်းခေါ်သွားနိုင်ပြီး ဘာမှမ လုပ်ဘဲလည်းပြန်လွှတ်ပေးတတ်ကြလေသည်။

အစိမ်းရောင်ဝတ်လူမှာ သူ၏သိုင်းပညာစွမ်းဖြင့် သူလုပ်ချင်တာကိုလုပ်သူဖြစ်လေသည်။ သခင်လေးနှစ်ပါးကို သတ်ပြီးသည့်နောက် လွတ်မြောက်နေပြန်လေသည်။ ပုန်ကန်ထကြွခြင်းသို့မဟုတ် မြို့တော်ဝန်ကိုသတ်ဖြတ်ခြင်းတို့ ကဲ့သို့ကြီးမားသည့်ကိစ္စမဟုတ်သောကြောင့် သူကသူလုပ်ချင်တာကိုလုပ်လိုက်ခြင်းပင်။ သို့သော် ဆန်းအိမ်တော်ကတော့ လက်စားချေမည်ဖြစ်လေသည်။ အစိမ်းရောင်ဝတ်လူမှာ ဝါးရွက်စိမ်းဂိုဏ်းနှင့် သိပ်အဆင်ပြေသည့်သူတော့မဟုတ်။

ဝါးရွက်စိမ်းဂိုဏ်းနှင့်ပြဿနာဖြစ်နေခြင်းက ထင်ရှားသည့်သက်သေပင်ဖြစ်လေသည်။

ထို့ပြင် အစိမ်းရောင်ဝတ်လူမှာ ချင်ပြည်နယ်မြို့တော်နှင့်သိပ်ပြီးရင်းနှီးသူလည်းမဟုတ်ပေ။ သူသတ်လိုက်မိသည့် လူငယ်လေးနှစ်ယောက်မှာ ဆန်းအိမ်တော်မှသခင်လေးနှစ်ပါးမှန်းသိလျှင် သူကပတ်သက်မိလိမ့်မည်မဟုတ်ပေ။

....

ဆန်းသခင်ကြီးက ခေါင်းတလားနှစ်ခုကို သူ၏တောင်ဝှေးဖြင့် ခေါက်လိုက်သည်။ ခေါက်သံမှာ ခန်းမထဲတွင်ပဲ့တင်သံ ထပ်သွားသည်။ အသက်ကြီးသူက အသက်ငယ်သူများ၏ ဇာပနကို ပို့ဆောင်ပေးရသည့်အခါ သူတို့၏ခေါင်းတလားကိုခေါက်ရသည့် ဓလေ့ထုံးတမ်းရှိလေသည်။ အသက်ကြီးသူထက် စော၍သေဆုံးသွားခြင်းအတွက် သားသမီးဝတ်တရားမကျေပွန်ဟု မဖြစ်ရလေအောင် အချက်ပြရသည့်သဘောဖြစ်လေသည်။

ယခုနှစ်များတွင် ဆန်းသခင်ကြီးမှာ သူ၏မျိုးဆက်များ၏ဇာပနကိုလိုက်ပို့ရသည်မှာ နှစ်ကြိမ်ပင်ရှိပြီဖြစ်လေသည်။ သူမည်မျှဝမ်းနည်းစိတ်မကောင်းဖြစ်ရမည်ကို စကားလုံးဖြင့်ပင်ဖော်ပြ၍မရနိုင်ပေ။ သခင်ကြီးကသူ၏ခံစားချက်များကိုစကားဖြင့်မည်သည့်အခါမျှထုတ်ဖော်မပြောတတ်

သလို ပွင့်ပွင့်လင်းလင်းဖော်ပြတတ်သည့်အကျင့်လည်းမရှိပေ။ မကျေနပ်ချက်များကိုလည်း ရင်ထဲတွင်သာသိမ်းဆည်းထား တတ်သူဖြစ်လေသည်။

အစပိုင်းကတည်းက ဆန်းသခင်ကြီးသည် အခက်အခဲများကို ဦးဆောင်ဖြေရှင်းခဲ့ပြီး သူ့လက်များသွေးစွန်းစေခဲ့ သည်က အမှန်ပင်။ ယခုအချိန်တွင်တော့ လက်ရှိသူရင်ဆိုင်နေရသည့် အခက်အခဲများမှာ ကံတရားအတိုင်းဟုသာ သူယုံကြည်နေ မိသည်။ မိမိစိုက်သည့်အသီးအနှံကိုမိမိပင်ပြန်ရိတ်သိမ်းရ သည်မဟုတ်ပါလား။

သို့တိုင်အောင် သူလုပ်ခဲ့သည့်အရာများအတွက် နောင်တမရခဲ့ ပါ။ သာမာန်အဖြစ်အပျက်များဟုသာသူကခံယူထား သည်။ ခေါင်းတလားများကို ဆန်းအိမ်တော်မှထုတ်လာကြသည်။ ဆန်းသခင်ကြီးကတော့လိုက်မပို့တော့ပေ။ နံနက် အရုဏ်ဦး

နေရောင်က သူ့မျက်နှာပေါ်တွင်ဖြာကျနေသောကြောင့် သူ့မျက်နှာပေါ်မှ အစက်အပျောက်များကို မြင်နေရသည်။ သူ့တောင်ဝှေးကိုချထားလိုက်ပြီး နံနက်ခင်းလေပြေကိုရှူရှိုက်လိုက်သည်။ သူ့ပုံစံက အသက်အရွယ်ကြီးရင့်သွားသည့်တိုင်အောင် ဘာမထီစိတ်ထားဖြင့် မည်သည့်အရာကိုမျှ အရှုံးမပေးသေးသည့်ပုံစံမျိုးဖြစ်လေသည်။

"နောက်ဆုံးဇာပနပွဲကို ဆန်းလျန်ဘာလို့မလာတာလဲ"

"သခင်လေးဆန်းလျန်က အရမ်းစိတ်မကောင်းဖြစ်ရမှာစိုးလို့မလာတော့ဘူးတဲ့ တာအိုဆရာလေးအဖြစ်နဲ့ သခင်ကြီးအတွက် သူစုဆောင်းထားတဲ့ ကောင်းမွန်တဲ့ဆုတောင်းတွေကို ဖြုန်းတီးမပစ်ချင်ဘူးတဲ့"

အိမ်တော်ထိန်းဝူကပြန်ပြောလိုက်သည်။

သူက ဆန်းသခင်ကြီးကို တစ်ခုမကျအသေးစိတ်ပြောပြလိုက်ခြင်းဖြစ်လေသည်။

"ဒီအသက်အရွယ်ရောက်နေပြီ ဘာကောင်းမွန်တဲ့ဆုတောင်းမှ ငါမလိုချင်တော့ပါဘူး ငရဲသွားရမယ်ဆိုရင်တောင်မှ ကောင်းကောင်းအသက်ရှင်ခဲ့ပြီးပြီပဲလေ ၊ သူဘာတွေတွေးနေလည်းဆိုတာငါနားလည်ပါတယ် ၊ ငါတို့နှစ်ယောက် ကြားမှာ ဝေးကွာနေကြတုန်းပဲကိုး"

ဆန်းသခင်ကြီးသက်ပြင်းချလိုက်လေသည်။ ဆန်းသခင်ကြီးက မိသားစုမျိုးဆက်ရရှိနိုင်ရေးအတွက် သူ့တွင်ရှိသည့်အရာအားလုံးကို ဆန်းလျန်ကိုကိုပေးရန် ဝန်မလေးခဲ့ပေ။ သို့သော်လည်း ဆန်းလျန်က ငြင်းဆိုခဲ့လေသည်။ သူကသူ့အမေကဲ့သို့ပင်ဖြစ်လေသည်။

ဆန်းသခင်ကြီးမှာလည်း မာနကြီးသူတစ်ယောက်ဖြစ်လေသည်။ သို့သော် သူ၏သားနှစ်ယောက်ကတော့ နာခံမှု ရှိကြသည့်သူတွေဖြစ်ကြသည်။ သို့သော် သူ့မျက်လုံးထဲတွင်တော့

ဆန်းလျှန်ကိုမြင်မိလေသည်။ ဆန်းလျှန်မာန ကြီးပုံက သူ့
အတွက်တော့ နှစ်သက်စရာကောင်းသလို ဒေါသထွက်စရာ
လည်းကောင်းနေလေတော့သည်။

သူ၏ဘဝအတွေ့အကြုံအရ မာနမရှိဘဲ ဘဝတွင်ကြီးမြတ်
သည့်အောင်မြင်မှုကိုမရနိုင်ဟူ၍ဖြစ်လေသည်။ အရည်အချင်း
ရှိသည့်လူဆိုသည်မှာ သူ့ကိုယ်သူအကောင်းဆုံးထိန်းချုပ်နိုင်
သည့်သူပင်ဖြစ်လေသည်။ သို့သော် အဆုံးသတ်တွင်တော့
ထိန်းမနိုင်သိမ်းမရမြင်းရိုင်းလေးဆန်းလျှန်ကို လှည့်စား
သွေးဆောင်လို့လည်းမရ သည်းခံလို့လည်းမရ ဖြစ်နေရလေ
တော့သည်။ မည်မျှပင်ကြီးမြတ်သည့်လူတစ်ယောက်ဖြစ်ပါစေ
ဆန်းသခင်ကြီးအတွက်တော့ နောက်ဆုံးအချိန်ကနီးကပ်လာ
နေပြီ ဖြစ်သည်။

"ပြောစရာတစ်ခုရှိပါတယ် သခင်လေးဆန်းလျန်ခုနအပြင် ထွက်သွားတယ်၊ ဆန်းဒုတိယသခင်က သူ့ကိုလျှို့ဝှက် ကာ ကွယ်ပေးဖို့ လူတွေလွှတ်ထားတယ်၊ ဘာမှတော့မဖြစ်လောက် ပါဘူး"

အိမ်တော်ထိန်းဝူကပြောလိုက်တော့ ဆန်းသခင်ကြီးစိတ်အေး သွားရသည်။

"ကောင်းပြီလေ ဒီနေ့တော့ရှိစေတော့"

အိမ်တော်ထိန်းဝူက ဦးညွတ်လိုက်ပြီး တိတ်ဆိတ်စွာပဲနေလိုက် လေသည်။ ဆန်းသခင်ကြီးမှာ ငွေကြေးအမြောက်အများ အကုန်အကျခံပြီး ချင်ပြည်နယ်မြို့တော်မှ စစ်သည်တော် ထောင်ပေါင်းများစွာကိုခေါ်ယူထားလေသည်။ ဓားပြများရန်မှ ကြောက်ရွံ့သောကြောင့်ဟု တရားဝင်ပြောထားသော်လည်း အဓိကအချက်မှာ အစိမ်းရောင်ဝတ်လူကြောင့်ဖြစ်လေသည်။

ဝါးရှက်စိမ်းဂိုဏ်းမှလည်း ထိုကိစ္စကို လျှို့ဝှက်စွာစုံစမ်းနေလေ
သည်။ ကြည့်ရသည်မှာ အစိမ်းရောင်ဝတ်လူမှာ ဝါးရှက်စိမ်း
ဂိုဏ်းမှ အရေးတကြီးလိုချင်နေသည့်သူတစ်ယောက်လည်းဖြစ်
လေသည်။ ထို့ကြောင့်ပင် သူတို့က ဆန်းအိမ်တော်နှင့်ပူးပေါင်း
လုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်လေသည်။ အလုပ်ကြီး
အကိုင်ကြီးများသည် အမြဲတမ်း ငွေကုန်ကြေးကျများလေ
သည်။ စစ်သည်တော်ပေါင်းတစ်ထောင်ခန့်ပါဝင်နေသည့်တိုင်
အချိန်တိုအတွင်းဖမ်းမိနိုင်ရန်မှာ မလွယ်ကူလှပေ။ ငွေကြေး
ပမာဏများစွာကိုအသုံးပြုပြီးဆက်သွယ်ရှာဖွေနေ
သည့်အတွက် အိမ်တော်ထိန်းဝူမှာ စိတ်မကောင်းပင် ဖြစ်မိလေ
သည်။

အစိမ်းရောင်ဝတ်လူမှာ ကျန်းဟူတွင် လူသိများထင်ရှားသည့်
သူတစ်ဦးဖြစ်လေသည်။ တခြားမြို့တော်များတွင်လည်း သူက
များစွာသောပြစ်မှုများကိုကျူးလွန်ပြီး ထွက်ပြေးလွတ်မြောက်

နေသူဖြစ်လေသည်။ တရားဥပဒေဆိုင်ရာက သူ့ကိုဖမ်းရန်
အတွက်များစွာအားထုတ်ခြင်းမပြုကြ။ သူတို့ကဟန်ပြသာ
လုပ်ကြခြင်းဖြစ်လေသည်။

တရားဝင်စာရင်းဝင်သွားသည်ကတော့ ပြစ်မှုကျူးလွန်သူကို
ရဲရင့်စွာတိုက်ခိုက်ဖမ်းဆီးကြသော်လည်း လွတ်မြောက် သွား
ပြီး လွတ်မြောက်သွားသောတရားခံမှာ အခြားခရိုင်ပြည်နယ်
တွင်ဖမ်းဆီးထိန်းသိမ်းခံလိုက်ရသည်ဟူ၍ဖြစ်လေတော့သည်။

အခန်း (၉)

ခက်ခဲကြမ်းတမ်းသောလောက

မနက်စောစော ဆန်းလျန်ထွက်သွားရသည့်အကြောင်းအရင်း
မှာ အေးဆေးတိတ်ဆိတ်စွာနေချင်သောကြောင့် ဖြစ်လေ
သည်။ သို့သော်လည်း ဆန်းအိမ်တော်မှသက်တော်စောင့်နှစ်
ယောက်မှာ သူ့နောက်မှလိုက်လာကြလေသည်။

ချင်ပြည်နယ်မြို့တော်၏စီးပွားရေးလုပ်ငန်းတစ်ဝက်ခန့်ကို
ဆန်းအိမ်တော်မှပိုင်ဆိုင်ထားသည်ကို သိရှိပြီးသည့် နောက်ပိုင်း
တွင်တော့ ဆန်းလျန်မှာ မင်းမျိုးမင်းနွယ်တစ်ယောက်
အလည်အပတ်ထွက်သလို ခံစားလိုက်မိလေသည်။

အမြတ်အများဆုံးသောလုပ်ငန်းများကို ဆန်းအိမ်တော်တစ်ဦး
တည်းကသိမ်းပိုက်ထားလေသည်။ အသက်မွေး ဝမ်းကျောင်း
ပြုရန်အတွက် ဆန်းအိမ်တော်နှင့်ကင်းလွတ်သည့်သူ ဟူ၍မရှိ

သလောက်ပင်ဖြစ်လေသည်။ ထို့ကြောင့် ဆန်းအိမ်တော်ကို မြို့တော်၏ ဘုရင်ဟုခေါ်ဝေါ်ပါကမှားမည်မဟုတ်ပေ။

သူကဆန်းအိမ်တော်၏တရားဝင်အမွေဆက်ခံမည့်သူဖြစ်သော်လည်း မင်းမျိုးမင်းနွယ်တစ်ယောက်အလည်အပတ်ထွက်သည်နှင့်နှိုင်းယှဉ်မည်ဆိုလျှင်တော့ လုံးဝသင့်တော်မည်မဟုတ်ပေ။ အဆင့်အတန်းရှိပြီး အပြစ်ကင်းသည့် မိန်းကလေးတစ်ယောက်ကိုစနောက်လိုက်ရသည်မှာ ပျော်စရာကောင်းသော်လည်း သူတစ်ပါးကိုအနိုင်ကျင့်ရသည်ကိုတော့ သူကမကြိုက်ပေ။

ချင်ပြည်နယ်မြို့တော်ကို မြို့တွင်းနှင့်မြို့ပြင်ဟု နှစ်ပိုင်းခွဲထားလေသည်။ မြို့တွင်းကတော့ တံတိုင်းအမြင့်ကြီးများ ကာရံထားပြီး မြို့ပြင်ကတော့ ဈေးနှင့်ဈေးဆိုင်များရှိလေသည်။ ဤအချက်မှာ မြို့တော်၏ထင်ရှားသည့်အချက် ဖြစ်လေသည်။

မြို့တွင်းတွင်နေထိုင်သူများက မြို့ပြင်တွင်နေထိုင်သူများထက် ပိုသာသည်ဟု ခံယူထားကြလေ သည်။

မြို့ပြင်တွင်နေထိုင်ကြသူများကလည်း မြို့တွင်းသို့ရောက်ရန် အတွက် ဘာမဆို သူတို့ကလုပ်မည်ဖြစ်သည်။ မြို့တွင်းတွင်ရှိ သောအိမ်များမှာ မြို့ပြင်တွင်ရှိသောအိမ်များထက် သေးလေ သည်။ သို့သော် မြို့ပြင်ရှိအိမ်များထက် အဆပေါင်းများစွာ တန်ဖိုးကြီးမားလေသည်။
မြို့တွင်းရှိအိမ်အများစုမှာ ဆန်းအိမ်တော်မှ ဆောက်လုပ်ထား ခြင်းဖြစ်သည်။ ထိုအိမ်များကို အဖိုးနှုန်းမြင့်မားစွာဖြင့် ရောင်းချသည်။ ဆန်းအိမ်တော်မှာ မြေများစွာကိုပိုင်ဆိုင် သည်မှာ ထင်ရှားလျှက်ရှိလေသည်။

ဆန်းလျန်မှာ ဆန်းသခင်ကြီး၏စီးပွားရေးအကွက်မြင်မှုကို မ လေးစားဘဲမနေနိုင်။ ဆန်းသခင်ကြီးမှာ ဆန်းလျန် လာခဲ့သည့်

ခေတ်ပေါ်ကမ္ဘာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် များစွာဆင်တူလေသည်။ အမှန်တော့ ငှက်ဆိုလျှင်အမွေးရှိမည်ဆိုသကဲ့သို့ စိတ်နေစိတ်ထားစရိုက်များ တူညီကြခြင်းဖြစ်ဟန်တူသည်။

မြို့တွင်းမှမြို့ပြင်သို့ ဆန်းလျှန်ထွက်သွားပြီးမြို့အပိုင်းနှစ်ခု၏အရွယ်အစားကိုသတိပြုလိုက်မိသည်။ မြို့ပြင်ပိုင်းမှာ မြို့တွင်းပိုင်းလိုမျိုးစုစုစည်းစည်းမရှိ။ လူအများပြားပန်းခတ်လှုပ်ရှားစည်ကားနေသည်ကို တွေ့ရလေသည်။ သူက မြို့တွင်းအရှေ့တံခါးမှအပြင်သို့ထွက်လာခဲ့ခြင်းဖြစ်လေသည်။ အရှေ့ဘက်ပိုင်းမှာတောင်တစ်လုံးရှိသော်လည်း မြေပြန့်လွင်ပြင်ကသာများသည်ကိုတွေ့ရပြီး ကုန်သည်များအတွက် အရေးပါသည့်ကုန်သွယ်လမ်းမကြီး လည်းဖြစ်သည်။ စားသောက်ဆိုင်နှင့်တည်းခိုခန်းများမှာ လူများပြည့်နက်လျှက်ရှိလေသည်။

ဆန်းလျန်အရှေ့တံခါးမှထွက်သွားရသည်မှာ ဆန်းအိမ်တော်မှ သခင်လေးများ၏ဇာပနအခမ်းအနားကို ရှောင်ချင်သောကြောင့်ဖြစ်သည်။

ဆန်းအိမ်တော်မှ မနက်အစောကြီးထွက်လာခြင်းဖြစ်သည့်အတွက် မနက်စာလည်းမစားခဲ့ရပေ။ ထို့ကြောင့် မွှေးပျံ့သော လမုန့်ရနံ့ရသည့်အခါသူဗိုက်ဆာလာလေတော့သည်။ သို့သော်သူကမုန့်မဝယ်တော့ဘဲ သူကတည်းခိုရိပ်သာတစ်ခုသို့သာသွားလိုက်သည်။ ယွဲ့ခယ်လိုင်ဆိုသည့်တည်းခိုရိပ်သာဖြစ်လေသည်။

တည်းခိုခန်းအမည်မှာ ပိုင်ရှင်မှတည်းခိုသူများကို ဝမ်းမြောက်ဝမ်းသာကြိုဆိုသည်ဆိုသည် ဆိုသောအဓိပ္ပါယ် ဖြစ်လေသည်။ နာမည်မှာထူးဆန်းနေသော်လည်း ရိုးရှင်းပွင့်လင်းမှုရှိသည်။ ဆန်းလျန်မှာပိုက်ဆံယူမလာခဲ့မိပေ။ သို့သော်

သူ၏သက်တော်စောင့်များက ပိုက်ဆံယူလာမည်ဖြစ်ကြောင်း သူသိလိုက်သည်။

ဆန်းလျန်က သီးသန့်ခန်းတွင်စားသောက်လိုခြင်းမရှိသောကြောင့် အခန်းကျယ်ဆီသို့ပင်သွားလိုက်သည်။ နေ့လည်စာစားချိန်မဟုတ်သည့်အတွက် ဆိုင်မှာလူရှင်းနေသည်။ ဆန်းလျန်ကထိုင်ခုံတွင်ဝင်ထိုင်လိုက်ပြီး အရသာရှိသည့်ဟင်းလျာများစွာကို စားပွဲအပြည့်မှာကြားလိုက်လေသည်။

ဆန်းလျန်မှာတန်ဖိုးကြီးသည့်အဝတ်အစားများကိုဝတ်ဆင်ထားသော်လည်း စားပွဲထိုးလေးမှာ အစားအသောက် များစွာမှာယူသည့်အတွက် သက်ာမကင်းဖြစ်နေလေသည်။ ဆန်းလျန်ငွေမရှင်းနိုင်မှာကို စိတ်ပူနေပုံရလေသည်။ စားပွဲထိုးလေးက ဆိုင်ရှင်ကိုမေးရန်ပြင်လိုက်စဉ်မှာပင် ဆိုင်ရှင်ကပြုံးလိုက်ပြီး

အထူးဟင်းလျာများကိုချက်ပြုတ်ရန် စားဖိုမှူးကိုပြောလိုက်လေသည်။

ဆိုင်ရှင်က ဆန်းလျန်ကိုအကြာကြီးမစောင့်စေချင်ကြောင့်အထူးကောင်းမွန်သောမုန့်များနှင့် အရက်တစ်အိုးလာချပေးလိုက်သည်။ ဆန်းလျန်က အရက်သောက်ရသည်ကိုကြိုက်နှစ်သက်သော်လည်း သူ၏ခန္ဓာကိုယ်မှာ အားနည်းနေသေးသည့်အတွက် မသောက်ရန်ဆုံးဖြတ်လိုက်ပြီးလက်ဖက်ရည်တစ်အိုးသာမှာလိုက်သည်။ ဆန်းလျန်၏သက်တော်စောင့် နှစ်ယောက်က ဆန်းလျန်နှင့်အတူမထိုင်ဘဲ မနီးမဝေးရှိစားပွဲတစ်ခုတွင်ထိုင်လိုက်ကြလေသည်။

ဆန်းလျန်မုန့်တစ်ခုကိုကောက်ယူလိုက်ချိန်တွင် အနောက်မှအစိမ်းရောင်အရိပ်တစ်ခု ရောက်လာသည်ကိုတွေ့လိုက် ရသည်။ ထိုသူက ညစ်ပတ်ပြီးမသပ်မရပ်ဖြစ်နေသော အစိမ်း

ရောင်အဝတ်များကို ဝတ်ဆင်ထားသည့်လူတစ်ယောက်ဖြစ်သည်။

သူအကျီမလဲသည်မှာဘယ်လောက်ကြာပြီလဲဟု ဆန်းလျန်တွေးလိုက်မိသည်။ သူ့မျက်နှာတွင်မုတ်ဆိတ်မွေး နှုတ်ခမ်းမွှေးများအနည်းငယ်ပေါက်နေပြီး သူ့ပုံစံမှာရိုင်းစိုင်းပြီးထီမထင်သည့်ပုံဖြစ်လေသည်။ သူ၏ထင်ရှားသောသွင်ပြင်လက္ခဏာမှာ ကောက်နေသောနှာခေါင်းနှင့် တောက်ပသောမျက်လုံးများပင်ဖြစ်လေသည်။ အရပ်တော့သိပ်မြင့်မားသည့်အထဲတွင်မပါပေ။

သာမာန်လူတစ်ယောက်ပင်လျှင် ထိုသူမှာထူးခြားနေသည်ဟုခံစားမိမည်ဖြစ်ပြီး ဆန်းလျန်အနေနှင့် ပိုပြီးအာရုံခံ၍ရလေသည်။ ဆန်းလျန် အန္တရယ်အငွေ့အသက်များကိုရလိုက်သည်။

ဆိုင်ပိုင်ရှင်က အစိမ်းရောင်ဝတ်လူသွားမည့်လမ်းကို မ
ကြောက်မရွံ့တားလိုက်သည်

"ခင်ဗျားအခန်းခမပေးတာသုံးရက်တောင်ရှိနေပြီ ဘယ်တော့
ပေးမှာလဲ"

ဆိုင်ရှင်ကမေးလိုက်သည်။

"အသေးအဖွဲ့တွေကိုပြောမနေဘဲ ဟင်းတွေသာယူခဲ့ ဗိုက်ဖြည့်
ပြီးမှကျန်တာဆက်ပြောမယ်"

အစိမ်းရောင်ဝတ်လူကပြန်ပြောလိုက်သည်။

"မင်းက အဖေကိုသဂြိုလ်စရာငွေမရှိလို့ ကိုယ့်ကိုကိုယ်ကျွန်
အဖြစ်ရောင်းနေတဲ့သူကိုကူညီဖို့ကျတော့ ပိုက်ဆံရှိပြီး အခန်းခ
ပေးဖို့ကျတော့ပိုက်ဆံမရှိဘူးလား ပြီးတော့ခုလည်း ထမင်း
အလကားစားဦးမယ် မင်းရဲ့အတွေးအခေါ်ကဘယ်လိုမျိုးလဲ"

ဆိုင်ပိုင်ရှင်ကပြောလိုက်သည်။

"သူ့ကိုပိုက်ဆံအလကားပေးလိုက်တာမဟုတ်ဘူး ကျုပ်ကသူ့ကိုအစေခံအဖြစ် ဝယ်လိုက်တာ အခန်းခကျန်တာအတွက်လည်းစိတ်မပူနဲ့ ကျုပ်ရဲ့အစေခံကိုအလုပ်လုပ်ခိုင်းပြီးရင်ပေးမယ်"

"စာချုပ်လည်းမရှိဘဲနဲ့ သူဘယ်မှာနေလဲဆိုတာလဲမသိဘဲနဲ့ သူလိမ်သွားတယ်ဆိုရင်ဘယ်လိုလုပ်မလဲ မင်းလိုလူမျိုးမို့လို့ ဒီလိုကိစ္စတွေကိုယုံနေတယ်"

ဆိုင်ပိုင်ရှင်က ရွဲ့ပြီးပြောလိုက်ခြင်းဖြစ်လေသည်။

"သုံးရက်အတွင်းသူ့ကိုပြန်လာဖို့ပြောထားတယ် သူကတိဖျက်မှာမဟုတ်ဘူး"

အစိမ်းရောင်ဝတ်လူကပြန်ပြောလိုက်သည်။

"မနေ့ကလည်း မင်းဒီစကားပဲပြောခဲ့တာပဲ"

"ဒါပေမယ့် ဒီနေ့က မနေ့ကနဲ့မတူဘူးလေ"

ထိုခဏလေးအတွင်းမှာပဲ စားပွဲထိုးလေးကမီးဖိုဆောင်ထဲမှ အစားအသောက်များသယ်လာလေသည်။ မွှေးကြိုင်သော ဟင်းရနံ့များမှာ အခန်းတစ်ခုလုံးသို့ပျံ့နှံ့သွားသည်။ ဆန်းလျ န်၏စားပွဲပေါ်သို့ ဟင်းလျာများရောက်ရှိလာသည့်အခါတွင် တော့ အစိမ်းရောင်ဝတ်လူက ဆန်းလျန်နှင့် မျက်နှာချင်းဆိုင် တွင်ဝင်ထိုင်လိုက်သည်။ သူကအသားတစ်ဖတ်ကိုယူကာ ပါးစပ်ထဲသို့ထည့်လိုက်သည်။

ဆန်းလျန်၏စားပွဲပေါ်မှ ဟင်းလျာမှာပူကြွပ်နေသည့်အမဲသား ဟင်းဖြစ်ပြီး ဆီများပင်ပွက်ပွက်ဆူနေသေးသည်။ သို့သော် အစိမ်းရောင်ဝတ်လူက တစ်ချက်ပင်မတွန့်ဘဲ မြိုချလိုက်လေ သည်။ အစိမ်းရောင်ဝတ်လူက ဆန်းလျန်၏စားပွဲတွင် ဝင်ထိုင် လိုက်သည့်အတွက် ဆိုင်ပိုင်ရှင်မှာ အံ့ဩသွားရပြီး ထိုသူကို ဖယ်ထုတ်ရန်အနားသို့ တိုးကပ်လာသည်။ ဆိုင်ရှင်ဘာမှမလုပ် ရသေးခင်မှာပင် ဆန်းလျန်ကပြောလိုက်သည်။

"နောက်ထပ်တူတစ်စုံယူလာပေးပါ ပြီးတော့ သူစားတဲ့ အစားအသောက်တွေနဲ့အခန်းခကိုလည်း ကျုပ်ရှင်းပေးမယ်" ဆိုင်ရှင်မှာ ဆန်းလျန်ကိုမသိပေ။ သို့သော် ဆန်းလျန်နှင့်ပါလာသည့် သက်တော်စောင့်နှစ်ယောက်မှာ ဆန်းအိမ်တော်မှ ဖြစ်သည်ကိုတော့ သိလေသည်။ ထို့ကြောင့်ပင် အမြန်ထွက်သွားပြီး ဆန်းလျန်ပြောသည့်အတိုင်း လုပ်ဆောင်ပေးလိုက်လေသည်။ ဆန်းအိမ်တော်မှာ အရှိန်အဝါကြီးမားသောကြောင့် ဆန်းလျန်ငွေပေးချေမည်ဆိုလျှင် လက်မခံနိုင်စရာအကြောင်းမရှိပေ။ ပြီးတော့ အစိမ်းရောင်ဝတ်လူမှာလည်း သူနှင့်ရန်ငြိုးရှိသူမဟုတ်။သူကပိုက်ဆံပဲလိုချင်တာဖြစ်သည်။

ဆန်းအိမ်တော်တွင် အပေါ်များဆုံးအရာမှာ ငွေကြေးပင်ဖြစ်လေသည်။ အစားအသောက်များစားပြီးသည့်နောက် အစိမ်းရောင်ဝတ်လူက အရက်တစ်အိုးကိုယူလိုက်သည်။ သူက

အရက်ကို စက္ကန့်ပိုင်းအတွင်းမှာပင် ကုန်စင်အောင်တစ်ရှိန်ထိုး မော့သောက်လိုက်သည်။

"ဆိုင်ရှင် အရက်အိုးထဲမှာအရက်ကတော်တော်နည်းတာပဲ ပို ကြီးတဲ့အရက်အိုးပေးစမ်းပါ ဆယ်အိုးလောက်ယူလာခဲ့" အစိမ်းရောင်ဝတ်လူကပြောလိုက်သည်။ ဆိုင်ရှင်ကဆန်းလျန် ကိုတစ်ချက်ကြည့်လိုက်သည်။ ဆန်းလျန်ကသဘောတူသည့် အနေဖြင့် ခေါင်းညိတ်ပြလိုက်လေ သည်။ သိပ်မကြာခင် မှာပင် ဆိုင်ရှင်ကအရက်အိုးဆယ်အိုးယူလာလေသည်။

"ဒါဘာတွေလဲ ရေတွေယူလာတာလား မင်း ကျုပ်ကိုအရူးလုပ် နေတာလား ငါမှာတာ အရက်အိုးဆယ်အိုးနော်"

အရက်ကိုအနံ့ခံကြည့်ပြီး အစိမ်းရောင်ဝတ်လူကအော်ဟစ် လိုက်သည်။

"ခုနအရက်က လျှို့ဝှက်နည်းနဲ့ဖော်စပ်ထားတဲ့ ဟွားသျောင် အရက်ပါ ကျွန်တော်တို့ဆီမှာ လက်ကျန်သိပ်မရှိတော့ ပါဘူး"

ဆိုင်ရှင်က ချိုသာသည့်လေသံဖြင့်ပြောလိုက်လေသည်။ သို့သော် စိတ်ထဲတွင်တော့ အစိမ်းရောင်ဝတ်လူကို ကျိန်ဆဲ နေမိလေသည်။

"ဘာလဲ အဘိုးကြီး ဒီသခင်လေးက အရက်ဖိုးမပေးနိုင်မှာ စိတ်ပူနေတာလား"

အစိမ်းရောင်ဝတ်လူက ဆန်းလျန်ကိုလက်ညိုးထိုးပြပြီး ပြော လိုက်သည်။

"ခုနအရက်မျိုးယူလာခဲ့ပါ လက်ကျန်ရှိသလောက်ယူလာခဲ့"

ဆန်းလျန်ကပြောလိုက်လေသည်။ ဆိုင်ရှင်ကခေါင်းတစ်ချက် ညိတ်လိုက်ပြီး စားပွဲထိုးလေးအား သူယူလာသည့်အရက်များ ကိုပြန်သိမ်းခိုင်းလိုက်ကာ ဟွားသျောင်အရက်များယူလာ ခိုင်းလိုက်လေသည်။

"လူငယ်လေး မင်းကတကယ်ယဉ်ကျေးသိမ်မွေ့တဲ့သူပဲ မင်းမှာ ဒီလိုမြင့်မြတ်တဲ့စိတ်ထားမျိုးရှိမယ်လို့ဘယ်သူက ထင်မှာလဲ ၊ ဒီလိုလူငယ်လေးမျိုးနဲ့စောစောမတွေ့ခဲ့ရတာ တကယ်စိတ်မကောင်းဘူး"

အစိမ်းရောင်ဝတ်လူက ခေါင်းကိုခါယမ်းရင်းပြောလိုက်သည်။

"ခင်ဗျားကိုအစားအသောက်ဖိုးပိုက်ဆံရှင်းပေးတာက ကျုပ်မှာ ပိုက်ဆံရှိလို့ရှင်းပေးတာပဲ ၊ ပိုက်ဆံတစ်ထောင်ရှိနေလို့ တစ်ကျပ်လောက်ကိုပေးတဲ့သဘောပဲ ဒါပေမယ့် တစ်ကျပ်ပဲရှိတဲ့အချိန်မှာတစ်ကျပ်ကိုပေးလှူလိုက်တဲ့သူနဲ့ ယှဉ်လိုက်ရင် ငွေပမာဏတူပေမယ့် ထားတဲ့စေတနာကွဲပြားတယ်လေ လောကကြီးကခက်ခဲကြမ်းတမ်းတယ် ၊ ကျုပ်ကိုမြင့်မြတ်တယ်လို့ထင်စရာအကြောင်းမရှိပါဘူး"

ဆန်းလျန်က ပြုံးပြီးပြန်ပြောလိုက်သည်။

အစိမ်းရောင်ဝတ်လူ၏မျက်ဝန်းများအရောင်လက်သွားကြပြီး သူကပန်းကန်လုံးကိုတူနှင့်တစ်ချက်ခေါက်လိုက်ပြီး ပြတ်သားသောအသံဖြင့်...

"လောကကြီးကခက်ခဲကြမ်းတမ်းတာအမှန်ပဲ ၊ မင်းလောက်အသက်ငယ်ငယ်လေးနဲ့ ဒီလိုအသိဉာဏ်မျိုးရှိလိမ့်မယ်လို့ ထင်မထားမိဘူး"

ဟုပြောလိုက်လေသည်။

"ဒါ ကျုပ်စကားတွေမဟုတ်ပါဘူး ကုလုံလို့ခေါ်တဲ့လူတစ်ယောက်ရဲ့စာအုပ်ထဲကစကားတွေပါ ၊ ကျုန်တဲ့စကားတွေ ကိုရော ခင်ဗျားနားထောင်ချင်သေးလား"

"ခဏနေပါဦး ဒီလိုပညာရှိစကားမျိုးဆိုတာ အရက်လေးနဲ့မှကောင်းတာ အရက်လာတဲ့အထိစောင့်ရအောင်"

အခန်း (၁၀)

ပြန်ပေးဆပ်ရမည့်အချိန်

စားပွဲထိုးလေးက အရက်အိုးလေးအိုးကို အမြန်သယ်လာလေသည်။ ထိုအရက်အိုးများမှာ ခုနဆိုင်ရှင်ယူလာသည့် အရက်အိုးများထက်သေးငယ်သော်လည်း ပိုပြီးနှစ်သက်ဖွယ်ရာပုံစံရှိလေသည်။ အစိမ်းရောင်ဝတ်လူမပြောခင်မှာပင် ဆန်းလျန်ကစာပိုဒ်တစ်ပိုဒ်ကိုရွတ်လိုက်သည်။

"နွေဦးရာသီနှောင်းပိုင်းမှာ မြက်ပင်တွေကရှည်လျားပြီးသိုးတွေကပျော်ရွှင်နေကြတယ်

ဒီလိုအေးခဲနေတဲ့ရာသီဥတုမှာ ဝံပုလွေတွေကိုဘယ်သူကအစာလာကျွေးမှာတဲ့လဲ

လူသားတွေက သိုးတွေကိုတော့ချစ်ကြပေမယ့် အထီးကျန်ဝံပုလွေကိုတော့ ချစ်နိုင်ကြပါ့မလား ဘာကိုမှခန့်မှန်းလို့မရနိုင်တဲ့ ခက်ခဲတဲ့ကမ္ဘာလောကကြီးပါပဲ"

ဆန်းလျန်က ဖြည်းဖြည်းချင်းရွတ်ဆိုနေသော်လည်း အစိမ်းရောင်ဝတ်လူကတော့ အရက်ကိုတစ်ရှိန်ထိုး မော့သောက်နေလေသည်။

ဆန်းလျန်က "နွေဦးရာသီနှောင်းပိုင်းမှာ မြက်တွေကရှည်လျားပြီးသိုးတွေကပျော်ရွှင်နေကြတယ်" ဟု ရွတ်ဆို နေချိန်တွင် အစိမ်းရောင်ဝတ်လူမှာ အရက်တစ်အိုးကုန်သွားပြီဖြစ်လေသည်။

နောက်ထပ်စာကြောင်းတစ်ကြောင်းဖြစ်သည့် "ဒီလိုအေးခဲနေတဲ့ရာသီဥတုမှာ ဝံပုလွေတွေကိုဘယ်သူကအစာလာ ကျွေးမှာ

တဲ့လဲ" ဆိုသည့်အချိန်တွင် အစိမ်းရောင်ဝတ်လူမှာဒုတိယ အရက်အိုးကို အကုန်သောက်ပစ်လိုက်လေသည်။ နောက်စာကြောင်းတစ်ကြောင်းရွတ်သည့်အခါတွင်တော့ ဆန်းလျန်က အရှိန်ကိုမြှင့်လိုက်သည်။ "လူသားတွေက သိုးတွေကို တော့ချစ်ကြပေမယ့် အထီးကျန်ဝံပုလွေကိုတော့ ချစ်နိုင်ကြပါ့မလား"

သို့သော် သူက အစိမ်းရောင်ဝတ်လူ တတိယအရက်အိုး ကုန်သည်အထိစောင့်ပြီးမှ စာကြောင်းကိုပြီးဆုံးအောင်ရွတ်လိုက်သည်။ နောက်ဆုံးစာကြောင်းကိုတော့ဆန်လျန်က ပိုပြီး မြန်အောင်ရွတ်လိုက်သည်။

"ဘာကိုမှခန့်မှန်းလို့မရနိုင်တဲ့ ခက်ခဲတဲ့ကမ္ဘာလောကကြီးပါပဲ" သို့သော်သူက အရှန်ကိုပြန်လျှော့ချလိုက်ပြီး တစ်လုံးချင်းပြန် ရွတ်လိုက်လေသည်။

အစိမ်းရောင်ဝတ်လူကတော့ သူ့အရှန်အတိုင်း အရက်များကို ပါးစပ်နှင့်အပြည့်သောက်နေလေသည်။ ဆန်းလျန်ရွတ်ဆိုလို့ ပြီးသွားသည့်အခါ အစိမ်းရောင်ဝတ်လူမှာလည်း အရက်အိုး လေးအိုးလုံးသောက်ပြီးသွားပြီ ဖြစ်လေသည်။

အရက်အိုးတစ်အိုးလျှင် အရက်ခွက်ရာနှင့်ချီပြီးဆန့်လေသည်။ အရာသာကသန့်စင်ပြီးငြင်သာသော်လည်း စွမ်းအားကတော့ ပြင်းသည်။ အမြဲတမ်းသောက်နေသည့်အရက်သမားပင် ယခုကဲ့သို့သောက်လျှင် ခံနိုင်ရည်ရှိမည်မဟုတ်ပေ။ အစိမ်းရောင်ဝတ်လူမှာတော့ အရင်အတိုင်းပင် လန်းလန်းဆန်းဆန်းရှိ နေလေသည်။ သူ့မျက်လုံးများမှာ ညအမှောင်တွင်လင်းလက်နေသည့် ကြယ်စင်များကဲ့သို့ပင် တောက်ပကြည်လင်နေဆဲပင်။

"လူငယ်လေး မင်းကငါ့ကိုအစားအသောက်တွေဝယ်ကျွေးတယ် ပြီးတော့ငါ့ပုံစံကိုလည်းမကဲ့ရဲ့ဘူး မင်းရဲ့မြင့်မြတ် တဲ့စိတ်ထားကိုလေးစားပေမယ့် ကျေးဇူးတော့မတင်နိုင်ဘူးနော် ပြောရတာစိတ်တော့မကောင်းပါဘူး ဒီချင်ပြည်နယ်မြို့တော်မှာ ဘယ်သူမှကျုပ်ကိုအစားသောက်တွေဝယ်မကျွေးဘူး"

အစိမ်းရောင်ဝတ်လူကပြောလိုက်သည်။ ဆန်းလျန်က အစိမ်းရောင်ဝတ်လူဆက်ပြောမည့်စကားကို တိတ်ဆိတ်စွာနားထောင်နေလေသည်။

"ဒီလူ ဒီလောက်မောက်မာတာ သူ့မှာသာအံ့ဩစရာသိုင်းစွမ်းမရှိရင် ခုချိန်ထိ အသက်ရှင်နေနိုင်မှာတောင်မဟုတ် ဘူး"

ဟုဆန်းလျန်တွေးနေမိလေသည်။

"မင်းပြောခဲ့သလိုပဲ "လူသားတွေက သိုးတွေကိုတော့ချစ်ကြပေမယ့် အထီးကျန်ဝံပုလွေကိုတော့ ချစ်နိုင်ကြပါ့မလား" အဲဒီ

စကားက ကျုပ်နဲ့တော်တော်သင့်တော်တာပဲ ဒါပေမယ့် မင်းကို တော့ကျေးဇူးမတင်နိုင်ပါဘူး"

အစိမ်းရောင်ဝတ်လူကဆက်ပြောလိုက်သည်။

"နောက်ဆုံးစာကြောင်းကိုကျုပ်ကဖြည်းဖြည်းရွတ်ပေးတဲ့ အတွက် ခင်ဗျားအရက်ကိုအမြန်ကြီးသောက်စရာမလိုတော့ တာကိုတော့ကျေးဇူးတင်သင့်တယ်မဟုတ်လား"

ဆန်းလျန်ကပြုံးရင်းပြန်ပြောလိုက်သည်။

"အမှန်ပဲ အပြစ်မရှိတဲ့သူတွေကိုသတ်လိုက်မိရင် ကျုပ်ကကျုပ် အပြစ်ကိုဝန်ခံတတ်တယ်၊ ကျုပ်ရဲ့အားနည်းချက်က မာနကြီး တာပဲ၊ ဒီအရက်ကတော်တော်ပြင်းတယ် နောက်ဆုံးတစ်အိုးကို သာ အရမ်းမြန်မြန်ကြီးသောက်လိုက်ရင် ကျုပ်မထိန်းနိုင်ဘဲမူး လဲနေမှာပဲ၊ ဒီနေ့လည်းတခြားနေ့တွေလိုပဲအဆင်ပြေမှာပါ ဒါ ပေမယ့် ဒီနေ့ပစ္စည်းလေးနည်းနည်းခိုးဖို့ရှိ တယ်၊ ကျုပ်ရဲ့

အစေခံအသစ်လေးနဲ့အတူလုပ်ဖို့ပြောထားတာ ဒီကိစ္စကိုဂရုမစိုက်လို့မရဘူး"

"နောက်ဆုံးစာကြောင်းနှစ်ကြောင်းကိုသာ ကျုပ်အမြန်ရွတ်လိုက်ရင် ခင်ဗျားဘာဖြစ်သွားနိုင်လဲ"

ဆန်းလျန်က အလျင်မလိုဘဲ ဖြည်းဖြည်းပင်မေးလိုက်သည်။

"အဲဒါဆိုရင် ကျုပ်ကအရက်နှစ်အိုးကို အမြန်မော့သောက်ရတော့မှာပေါ့ သောက်ပြီးတာနဲ့ မင်းရဲ့ခေါင်းပြုတ်ပြီပဲ"

သူကပြောရင်း ဆန်းလျန်၏သက်တော်စောင့်နှစ်ယောက်ကို အထင်သေးလို တစ်ချက်လှမ်းကြည့်လိုက်သည်။

"မင်းသူ့ရဲ့ဆံချည်တစ်ပင်ကိုတောင် ထိရဲရင်ထိကြည့်လိုက် မင်းဒီနေရာကနေလမ်းလျှောက်ထွက်သွားလို့ရမယ်မထင်နဲ့"

သက်တော်စောင့်နှစ်ယောက်က စားပွဲကိုထုပြီးအော်ဟစ်ပြောလိုက်လေသည်။ ဆန်းလျန်ကိုကာကွယ်ပေးရန်မှာ သူ

တို့၏တာဝန်ဖြစ်လေသည်။ လူတစ်ယောက်က ဆန်းလျှန်ကို စော်ကားနေသည် ကိုသူတို့က ဘာမှမလုပ်ဘဲနေလျှင် ဆန်းသခင်ကြီးသိရှိသွားပါက သူတို့အားအသုံးမကျသူများဟု ထင်သွားပေလိမ့် မည်။

သူတို့က ဆန်းလျှန်ကမလုပ်စေချင်သည့်တိုင်အောင် အစိမ်းရောင်ဝတ်လူကို ပညာတော့ပြလိုက်ချင်သည်။ သူတို့နှစ်ယောက်နေရာမှထလိုက်ကြပြီး အစိမ်းရောင်ဝတ်လူကို လက်သီးဖြင့်တဝုန်းဝုန်းထိုးလိုက်ကြသည်။ သိုင်းစွမ်းရည်မြင့်မားသူတစ်ယောက်က ပြောသည်မှာ "လက်သီးတစ်ချက်၏အသံကို ရွှေဖြင့်ပင်မဝယ်နိုင်" ဟု၍ ဖြစ်လေသည်။

လက်သီးချက်များမှထွက်လာသည့် တဝုန်းဝုန်းအသံမှာ လေထုလှုပ်ရှားမှုကြောင့်ထွက်ပေါ်လာသည်မဟုတ်။ အရိုးများ၏တုန်ခါမှုကြောင့်ထွက်ပေါ်လာခြင်းဖြစ်လေသည်။ မယုံနိုင်စရာ

ကောင်းသောစွမ်းအားနှင့်လျင်မြန်မှုမှာ လက်သီးချက်ပိုင်ရှင်၏ သိုင်းစွမ်းရည်အဆင့်အတန်းကိုဖော်ပြလေသည်။ ထိုသို့သောလက်သီးချက်မျိုးကို ခုခံရန်မှာ ခက်ခဲလှသည်။ ဆန်းလျန်မှာသိုင်းပညာမြင့်မားသူတစ်ယောက်မဟုတ်ပါ။ သို့သော် သူကလေ့လာမှုစွမ်းရည်အလွန်ကောင်းလေ သည်။

ဗလတောင့်တောင့်သက်တော်စောင့်နှစ်ယောက်၏ တိုက်ခိုက်သည့်ကိုယ်ဟန်အနေအထားမှာ မြားပစ်တော့မည့် လေးသည်တော်တစ်ယောက်၏ကိုယ်နေဟန်နှင့်ဆင်တူလေသည်။ အစိမ်းရောင်ဝတ်လူ၏နံရိုးဆီသို့လက်သီးတစ်ချက်နှင့် ပခုံးသို့လက်သီးတစ်ချက် သူတို့ကထိုးလိုက်ကြလေသည်။ ထို့နောက်လက်သီးချက်များကအဆက်မပြတ်ကျရောက်လာသည်။ သူတို့နှစ်ယောက်မှာ သိုင်းပညာအတူတူလေ့ကျင့်ခဲ့သူများဖြစ်နိုင်လေသည်။ သူတို့၏ ပူးပေါင်းလုပ်ဆောင်မှုနှင့် အချိန်အဆမှာ စင်းလုံးချောပြည့်စုံလေသည်။

အစိမ်းရောင်ဝတ်လူက ရယ်မောလိုက်ပြီး သူတို့၏လက်သီးချက်များကို အားပင်မသုံးဘဲ ဖမ်းဆုပ်လိုက်သည်။ သူ၏ ပခုံးကိုထိုးသည့်လက်သီးချက်ကိုအရင်ဖမ်းယူလိုက်ပြီး အသံကျယ်လောင်စွာမြည်သွားလေသည်။ အသံမှာလက်သီးနှစ်ခုထိမိခြင်းမှထွက်ပေါ်လာခြင်းဖြစ်ပြီး အရိုးများကျေမွသွားသည့်အသံဖြစ်လေသည်။

ထို့နောက် အစိမ်းရောင်ဝတ်လူက သက်တော်စောင့်နှစ်ယောက်ကို အသာလေးတွန်းထုတ်လိုက်သည်။ သက်တော်စောင့်နှစ်ယောက်မှာ ခန်းမထဲမှလွင့်စင်ထွက်သွားလေတော့သည်။ တိုက်ခိုက်မှုများကြောင့် စားပွဲနှင့်ကုလားထိုင်များမှာလည်း ကျိုးပဲ့ကုန်ကြလေသည်။ အခန်းထဲရှိလူများမှာ အသံပင်မထွက်ရဲကြပေ။ သက်တော်စောင့်နှစ်ယောက်မှာ သေဆုံးသွားပြီဖြစ်လေသည်။

ဆန်းလျန် မျက်ခွံများကိုမှိတ်ထားလိုက်သည်။ စိတ်အာရုံစူး စိုက်နိုင်ရန်ကြိုးစားလိုက်သော်လည်း သူ၏သက်တော်စောင့် နှစ်ယောက် ရုတ်တရက်ပြင်းထန်စွာတိုက်ခိုက်ခံလိုက်ရမှုက သူ့ တုန်လှုပ်သွားစေသည်။ အစိမ်းရောင်ဝတ်လူက ဘာမှမဖြစ် သလိုပင် သူ၏အစားအသောက်များကို တူဖြင့်ညှပ်ကာ အေးဆေးစွာစားသောက်နေလေသည်။ သက်တော်စောင့်နှစ် ယောက်သေသွားသည်ကိုလည်း သူဂရုမစိုက်။ သူ့အတွက် တော့ ထိုသူများသည် စိတ်အနှောင့်အယှက်ဖြစ်စေသည့် ယင်ကောင်များလောက်သာအဆင့်ရှိလေသည်။

ဆိုင်ပိုင်ရှင်နှင့်စားပွဲထိုးလေးမှာ ကြောက်လွန်းသဖြင့် တစ် ယောက်နှင့်တစ်ယောက်ဖက်ကာ တုန်နေကြလေသည်။ ဆန်း လျန်ကတော့ မည်သည့်စကားမျှမပြောဘဲ အစိမ်းရောင်ဝတ်လူ ကို စိုက်ကြည့်နေလိုက်သည်။

"သခင်ကအရှက်ခွဲခံရရင် ကျွန်တွေသေသင့်တယ် ၊ သူတို့က ကောင်းတဲ့ရည်ရွယ်ချက်နဲ့သေသွားတာပါ ၊ မင်းတို့လိုချမ်းသာတဲ့မိသားစုကလူတွေက သူတို့ရဲ့မိသားစုတွေကို လျော်ကြေးငွေကောင်းကောင်းပေးနိုင်တာပဲလေ၊ အဲဒီကိစ္စကိုစိတ်ထဲသိပ်မထားပါနဲ့"

အစိမ်းရောင်ဝတ်လူက တူကိုပြန်ချလိုက်ပြီး ပြောလိုက်လေသည်။

"မင်းပြောနေတာလူတွေရဲ့အသက်နော် ကျုပ်ဘယ်လိုလုပ်စိတ်ထဲမထားဘဲနေနိုင်မှာလဲ ၊ ကျုပ်ကလူတွေရဲ့အသက်ကိုတန်ဖိုးထားတယ် မင်းကတော့ ဂရုမစိုက်ဘဲသတ်ဖြတ်တယ် ကျုပ်တို့ကိုယ်ပိုင်အသက်တွေဆိုရင်တော့ ဘာအရေးလဲ၊ ဒါပေမယ့်အသက်ဆိုတာတစ်ခါပဲရှင်သန်ခွင့်ရတာ"

"ဒါဆိုအခုကျုပ်ဘာလုပ်သင့်သလဲ"

"မင်းကျုပ်ကိုအကြွေးတင်သွားပြီ ဟုတ်တယ်မလား"

"ဟုတ်တယ်"

"အခု ပြန်ပေးဆပ်ရမယ့်အချိန်ပဲ"

ဆန်းလျန်က ခပ်တိုတိုနှင့် တင်းတင်းမာမာပြောလိုက်လေတော့သည်။ အစိမ်းရောင်ဝတ်လူက ဆန်းလျန်ကိုဒေါသတကြီးဖြင့်ကြည့်လိုက်သည်။ သူ့ပုံစံမှာ ဆန်းလျန်ကို တစ်စစီ စုတ်ဖြဲပစ် ချင်နေသည့်ပုံဖြစ်လေသည်။

ဆန်းလျန်ကလည်းအကြောက်အလန့်ရှိသူမဟုတ်...

သူကအေးဆေးတည်ငြိမ်သူဖြစ်လေသည်။ သူ့စိတ်ဝိညာဉ်က ပုံမှန်အတိုင်းပင်တည်ငြိမ်သည်။ သူက မလုပ်ဘူးဆိုလျှင်လည်း မလုပ်ဘူး ၊ လုပ်ပြီဆိုလျှင်လည်း နောင်တမရတတ်...

သူက အရုပ်တစ်ရုပ်လိုအသုံးချခံမဖြစ်ချင်သည့်အတွက် ဆန်းသခင်ကြီး၏ အကျိုးအမြတ်များလှသည့်ကမ်းလှမ်းမှု ကိုငြင်းပယ်ခဲ့သည်။ လူသားဆန်ပြီး မာကျောသည့်နှလုံးသားမရှိသောေကာင့် မထင်ရှားသည့်သက်တော်စောင့်နှစ်ဦးအတွက်

သူပြောဆိုပေးသည် အစိမ်းရောင်ဝတ်လူက သူ့လက်ချက်ဖြင့် ပင်သေဆုံးသွားရသည့် သူ၏ဆရာနှင့်ပြောခဲ့သည့် စကားများကို ပြန်စဉ်းစားလိုက်မိသည်။

"လောကမှာ စွမ်းအားနဲ့အရည်အချင်းမရှိပေမယ့် စိတ်တန်ခိုးစွမ်းအားကြီးမားတဲ့သူတွေရှိတယ်၊ အဲဒီသူတွေက တကယ့်ကိုအံ့သြစရာဖြစ်ရပ်တွေကိုဖန်တီးနိုင်ကြတယ်"

သူကသူ့ဆရာကို သူလည်းထိုသို့သောလူမျိုးလားဟုမေးခဲ့ဖူးလေသည်။

သို့သော် သူ့ဆရာက သူကထိုသို့သောသူမျိုးမဟုတ်၊ အံ့သြစရာဖြစ်ရပ်တွေကိုမည်သည့်အခါမျှဖန်တီးနိုင်မည်မဟုတ်သည့်အပြင် ချန်ဆန်းတံခါးဝကိုမည်သည့်အခါမှရှာဖွေတွေ့ရှိလိမ့်မည်မဟုတ်ဟု ပြောခဲ့လေသည်။

ဆန်းလျန်မှာ မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် တည်ငြိမ်အေးဆေးနေလေသည်။ သူ၏ တည်ငြိမ်မှုအဆင့် ကဝိညာဉ်ရေးရာအဆင့်ရောက်နေပြီဖြစ်လေသည်။ အစိမ်းရောင်ဝတ်လူမှာ ဆန်းလျန်ထက်အဆပေါင်းများစွာ သန်မာသောသူဖြစ်လေသည်။ သူ့အနေဖြင့် ဆန်းလျန်ကို သတ်မည်ဆိုလျှင် ပုရွက်ဆိတ်လေးတစ်ကောင်သတ်သလို လွယ်လွယ်ပင်သတ်နိုင်လေသည်။

သို့သော် သူကဆန်းလျန်၏မျက်ဝန်းများထဲမှ တည်ငြိမ်မှုကို လျစ်လျူမရှုရဲပေ။ ဆန်းလျန်တွင်မည်သို့သော အားကိုး ရာရှိနေသည်ဆိုသည်ကို သူသိချင်နေမိသည်။ ဆန်းလျန်သည် မမြင်နိုင်သည့်စိတ်ဝိညာဉ်တန်ခိုးစွမ်းအားများ ရှိနေလေသလား။ အစိမ်းရောင်ဝတ်လူပြောသည့်အချက်တစ်ခုတော့မှန်လေသည်။ သူပြောခဲ့သည့်အတိုင်းပင်

"သူကအပြစ်မရှိတဲ့သူတွေကိုသတ်မိရင် သူ့အပြစ်ကိုသူဝန်ခံတတ်သည်၊ သူ၏အားနည်းချက်မှာသူ၏မာနတရား ပင်" ဖြစ်လေသည်။ ထို့ကြောင့်ပင် အစိမ်းရောင်ဝတ်လူက သူ၏ရင်ဝကို သူ့ကိုယ်သူပြန်ရိုက်လိုက်လေသည်။ သူ့နှုတ်ခမ်းထောင့်တွင် သွေးများစီးကျလာလေသည်။ သို့သော်သူကသွေးများကိုသုတ်ပစ်ခြင်းမရှိ။

"ဒီလိုလုပ်ပြီး မင်းအပေါ်တင်နေတဲ့အကြွေးကိုကျုပ်ပြန်ဆပ်ပါ့မယ်"

ဟုသူကပြန်ပြောလိုက်လေတော့သည်။

အခန်း (၁၁)

ဓား

အစိမ်းရောင်ဝတ်လူ၏အသံကပေါ့ပါးနေသော်လည်း သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ နေရောင်အောက်တွင် ရေခဲတမျှ အေးစက်နေလေသည်။ သူ့ဦးခေါင်းထက်ဆီမှ အဖြူရောင် အငွေ့များထွက်နေပြီး အလွန်အမင်းလှူသတ်လိုသော အရိပ်အယောင်များဖြစ်ပေါ်နေလေသည်။ အခန်းထဲရှိလူအား လုံးမှာအရိုးထိအောင် အေးစက်သည့်အငွေ့အသက်များကို ခံစားလိုက်ရလေသည်။

ဆန်းလျန်မှာအလွန်အေးဆေးတည်ငြိမ်နေလေသည်။ သူ၏တည်ငြိမ်လွန်းသည့်အမူအရာကြောင့် အစိမ်းရောင်ဝတ် လူမှာနားလည်ရခက်ခဲနေလေတော့သည်။ သူ့စိတ်ထဲသို့ဝင်

ရောက်လာသည့်အတွေးမှာ ဆန်းလျန်ကသူ့ကို တကယ်ပင် သတ်တော့မလားဟုတွေးနေမိလေသည်။

ထိုသို့သော သူ၏ခံစားချက်ကိုပင် သူနားမလည်နိုင်ဖြစ်နေရသည်။ ယုန်တစ်ကောင်က ခြင်္သေ့တစ်ကောင်ကို ဖမ်းထားသည့် ခံစားချက်မျိုးဖြစ်နေလေသည်။ ထိုယုန်မှာ ချက်ချင်းပင်ကျား တစ်ကောင်ဖြစ်သွားနိုင်ကြောင်း သူနားလည်ထားသည်။ ဆန်းလျန်၏ခန္ဓာကိုယ်မှာ ကျန်းမာရေးကောင်းသည့်ပုံမပေါ်ပေ။ သူ့တွင်အတွင်းအားလည်းမရှိပေ။ သူ့တွင်ရှည်သွယ်သည့်လက်ချောင်းများရှိသော်လည်း သူ့လက်ထဲတွင်မည်သည့် လက်နက်မျှမရှိ။

ဆန်းလျန်က ပိန်သွယ်ပြီး ယဉ်ကျေးသိမ်မွေ့သည့်ဟန်ရှိလေသည်။ သူ့မျက်နှာမှာလည်းဖြူဖျော့နေပြီး သူ့ပုံစံမှာ လေတိုက်လျှင်ပင်လဲသွားနိုင်သည့်ပုံစံဖြစ်သည်။ သို့သော် သူ၏ကိုယ်

ဟန်အနေအထားကတော့ ခြိမ်းခြောက်မှုများဖြင့်ပြည့်နေလေသည်။ ဆန်းလျန်တွင်ထူးခြားချက်တစ်ခုရှိလေသည်။ သူ၏မျက်လုံးများပင်ဖြစ်လေသည်။ ထိုမျက်လုံးများသည် ဝိညာဉ်တံခါးပေါက်များဖြစ်လေသည်။ ဆန်းလျန်၏တည်ငြိမ်သည့်အကြည့်ကြောင့်အစိမ်းရောင်ဝတ်လူမှာ သိမ်ငယ်လာသလို ခံစားလိုက်ရပြီး စိတ်အနှောင့်အယှက်ဖြစ်နေလေတော့သည်။

ဆန်းလျန်၏စိတ်မှာအလွန်တည်ငြိမ်နေလေသည်။ မွေးရာပါသြဇာလွှမ်းမိုးမှုကိုပေးသည့် နတ်မင်းရှုယိ၏တောင်ဝှေး သည် ဝိညာဉ်ပင်လယ်တွင် တဖြည်းဖြည်းပေါ်ပေါက်လာလေသည်။ ဤသည်မှာ ဝိညာဉ်စွမ်းအားရှိသူ၏ ဆွဲဆောင်မှုအမွေအနှစ်တစ်ခုပင်ဖြစ်သည်။ အထီးကျန်သော်လည်း ထာဝရရှင်သန်သည်။ အရှိန်အဝါကြီးများပြီး ကြောက်လန့်ခြင်းကင်းမဲ့သည်။

သူ၏လက်နှစ်ဖက်မှာ ပုံမှန်အတိုင်းပင်ချထားလေသည်။ သူက ဒီတိုင်းပင်ထိုင်နေခြင်းဖြစ်သည်။ စားပွဲတစ်ဖက်တွင် တော့ အစိမ်းရောင်ဝတ်လူမှာ ဆန်းလျန်၏လက်ထဲမှာ နှစ်လက်မခန့် ရှိသည့်ဓားပျံတစ်စင်းရှိနေမည်လားဟု ထင်ယောင်ထင်မှားဖြစ် နေရလေသည်။

သေးငယ်သည့်ဓားပျံလေး ...

ထိုဓားပျံလေးမှာ ဆန်းလျန်ကခုခံကာကွယ်ရန် ဆောင်ထား ခြင်းဖြစ်လေသည်။ သူ၏ဝိညာဉ်ဆိုင်ရာအာရုံခံမှုကိုအမိန့်ပေး ပြီး ဝိညာဉ်စွမ်းအားကိုထိန်းချုပ်လိုက်ပါက ထိုဓားပျံငယ်လေး ကို ခြေလှမ်းဆယ်လှမ်းပတ်လည်အတွင်း အသုံးပြုနိုင်မည်ဖြစ် လေသည်။ ထိုအရာက အစိမ်းရောင်ဝတ်လူအပေါ် အကျိုး သက်ရောက်မည်လား သူမသိပါ။ လူတစ်ယောက်ကိုသတ်ရန် အတွက်ထိုဓားပျံလေးကို သူတစ်ခါမှအသုံးမပြုဖူးခဲ့။

သူက သူ့ကိုယ်သူကာကွယ်ရန်သာရည်ရွယ်ပြီး လူသတ်ရန်
ဆောင်ထားခြင်းမဟုတ်ပေ။

အစိမ်းရောင်ဝတ်လူမှာ အတွင်းအားကောင်းမွန်ပြီး အာရုံငါးပါး
ထက်မြက်သူတစ်ယောက်ဖြစ်လေသည်။ သူက ဆန်းလျ
န်၏ဓားပျံလေးကိုမမြင်ရသော်လည်း ငေးကြည့်နေမိသည်။ သူ့
ထက်အရပ်နိမ့်ပုံရသည့် ဆန်းလျန်ကို မျက်တောင်မခတ် စိုက်
ကြည့်နေလေသည်။

အခန်းတစ်ခုလုံးမှာ အပ်ကျသံပင်မကြားရလောက်အောင်
တိတ်ဆိတ်နေလေသည်။ သို့သော် တိတ်ဆိတ်ခြင်းကို ခြေသံ
တစ်သံက ဖြိုခွင်းလိုက်လေသည်။

အပြင်မှ သူတောင်းစားလေးတစ်ယောက်မှာ တံခါးကိုဖြတ်ပြီး
ဆိုင်ထဲသို့ဝင်ရောက်လာလေသည်။ ထိုသူမှာ သူတောင်းစား
ဟုတ်ချင်မှလည်းဟုတ်မည်။ သူ၏အဝတ်များမှာ စုတ်ပြတ်နေ

ပြီး သူ့ခန္ဓာကိုယ်လုံးရုံမျှသာရှိသော ကြောင့် သူတောင်းစားဟု ထင်ရခြင်းဖြစ်နိုင်သည်။

သူ့ကိုကြည့်ရသည်မှာ အသက်ဆယ့်သုံးနှစ် ဆယ့်လေးနှစ်ခန့် ပင်ရှိဦးမည်။ ထို့ထက်လည်းပိုပြီးလည်း အသက်ကြီးကောင်း ကြီးနိုင်လေသည်။ အာဟာရပြတ်လတ်မှုကြောင့် ကြီးထွားမှု နှေးကွေးနေသည်လည်း ဖြစ်နိုင်လေသည်။

သို့သော် ဆန်းလျန်၏ပုံစံနှင့်ယှဉ်လျှင် ထိုသူတောင်းစားလေး ကပင် ပိုပြီးတောင့်တင်းသန်မာသယောင်ထင်ရလေသည်။ သူတောင်းစားလေး၏မျက်ခုံးနှင့်နှာခေါင်းများမှာ အစိမ်းရောင် ဝတ်လူနှင့်ဆင်တူလေသည်။

အစိမ်းရောင်ဝတ်လူ၏ လူသတ်လိုသည့်အရိပ်အငွေ့များ ချက်ချင်းပျောက်ကွယ်သွားပြီး သူ့မျက်နှာပေါ်တွင်နူးညံ့ သိမ်မွေ့သည့်အရိပ်အယောင်များပေါ်လာလေသည်။

သူတောင်းစားလေးက အစိမ်းရောင်ဝတ်လူ၏ဘေးသို့ ရောက်လာသည်။ သူကပိတ်စအထုပ်လေးတစ်ခုကိုထုတ်ယူလိုက်ပြီး တစ်လွှာချင်းဂရုတစိုက်ဖြည်လိုက်သည်။ ပိတ်စထုပ်လေးထဲမှ သူ၏လက်သီးစုပ်လောက်ပင်မရှိသည့် အထုပ်သေးလေးတစ်ထုပ်ထွက်ပေါ်လာလေသည်။ သူကပဲစေ့သာသာရှိသည့်ငွေတုံးလေးများကို အိတ်လေးထဲမှထုတ်လိုက်ပြီး အစိမ်းရောင်ဝတ်လူကိုပေးလိုက်သည်။

"သနားတတ်တဲ့ဆရာ ဆရာပေးတဲ့ပိုက်ဆံတွေကို အဖေ့ကိုသင်္ဂြိုလ်ပေးဖို့အတွက် ရွာကလူတွေကိုပေးလိုက်ပြီ ဒါတွေကပိုနေသေးတဲ့ပိုက်ဆံတွေပါ"

အစိမ်းရောင်ဝတ်လူက အသိအမှတ်ပြုသည့်အနေဖြင့် သူတောင်းစားလေး၏ခေါင်းကိုအသာပွတ်လိုက်ရင်း...

"ဒီငွေတွေနဲ့မင်းကိုဝယ်လိုက်ပြီလို့ပြောပြီးသွားပြီလေ ခုချိန်က စပြီး ငါ့ကမင်းရဲ့ဆရာဖြစ်သွားပြီ"

သူတောင်းစားလေး၏ဆံပင်များမှာ ခြောက်သွေ့ပြီးဝါကျင့်ကျင့်ဖြစ်နေသည်သာမက ချေးညော်များအထပ်ထပ်နှင့် ဖြစ်နေသော်လည်း အစိမ်းရောင်ဝတ်လူက ဂရုမစိုက်ပါ။

သူတောင်းစားလေး၏မျက်ဝန်းတွင်မျက်ရည်များပြည့်လာပြီး...

"ဟုတ်ကဲ့ပါဆရာ"

ပြောလိုက်လေသည်။

အစိမ်းရောင်ဝတ်လူက...

"မင်းကြည့်ရတာ ဘာမှစားရပုံမပေါ်သေးဘူး ဒီမှာအရင်စားလိုက်ဦး ၊ မင်းစားပြီးတာနဲ့ငါတို့သွားကြမယ်"

သူတောင်းစားလေးက ဆန်းလျှန်ကိုစပ်စုသလိုတစ်ချက်ကြည့်လိုက်ပြီး ဒီလူငယ်လေးက နတ်သူငယ်လေးလိုပဲ ကြည့်ကောင်း

လိုက်တာဟုတွေးလိုက်လေသည်။ သူကစကားအများကြီးမ
ပြောရဲတော့ဘဲ ဟင်းလျာများဖြင့်ပြည့်နေသည့်စားပွဲကို တစ်
ချက်ကြည့်လိုက်သည်။ တံတွေးတစ်ချက်မြိုချလိုက်ပြီး မည်
သည့်ဟင်းကို အရင်စနှိုက်ရမှန်းမသိဖြစ်နေလေသည်။
သို့သော် အစိမ်းရောင်ဝတ်လူမှာ သူတောင်းစားလေးစားမည့်
ဟင်းလျာများကို အာရုံမစိုက်နိုင်တော့။

အဘယ်ကြောင့်ဆိုသော် ဆိုင်တံခါးဝသို့လူတစ်ယောက် ထပ်မံ
ရောက်ရှိလာသောကြောင့်ဖြစ်လေတော့သည်။ နေမင်းကြီးမှာ
ကောင်းကင်အလည်သို့ရွေ့လျားသွားပြီဖြစ်သောကြောင့် ဆိုင်
တွင်းသို့ဝင်ရောက်လာသူ၏အရိပ်မှာ အနည်းငယ်ပိုရှည်နေ
လေသည်။ ထိုလူရိပ်မှာဆိုင်တွင်းသို့ဖြည်းဖြည်းချင်းဝင်
ရောက်လာပြီး ခြေသံကလည်း လေးလံပြီးနှေးကွေးလေသည်။
သူ၏ခြေသံလေးလေးကြီးမှာ အခန်းထဲရှိလူအား
လုံး၏နှလုံးသားကို ထုရိုက်နေသကဲ့သို့ဖြစ်နေလေတော့သည်။

ဒုန်း .... ဒုန်း.... ဒုန်း ....

အခန်းထဲမှစားသောက်နေသူများမှာတော့ ဝမ်းနည်းစွာဖြင့်ပင် နောင်တရနေကြလေသည်။ ဘာဖြစ်လို့ ဒီနေရာကိုမှ လာပြီး ထမင်းစားခဲ့မိကြပါလိမ့်။ ထိုလူစိမ်းက သူ့ခါးနောက်တွင်ထိုး ထားသည့် ဓားကောက်တစ်လက်ကို ဆွဲထုတ်လိုက်သည်။ ထို ဓားမှာရွှေရောင်တောက်ပနေလေသည်။ အပြာရောင်ကြွေပြား ကြမ်းခင်းပေါ်တွင် ဓားကိုဒရွတ်ဆွဲလာသောကြောင့် မီးပွား လေးများပင်ပွင့်ကုန်ကြလေသည်။ ဝင်လာသည့်လူစိမ်းသည် အစိမ်းရောင်ဝတ်လူနှင့်ခြေလှမ်းငါးလှမ်းခန့်အကွာတွင် ရပ်တန့်လိုက်လေသည်။ အစိမ်းရောင်ဝတ်လူက ဖြည်းညင်း စာပြောလိုက်သည်။

"ကျုပ် ဝါးရွက်စိမ်းဂိုဏ်းကိုသုံးရက်အချိန်ပေးထားတယ် ၊ သူ တို့မင်းကိုလာရှာလိမ့်မယ် ရွှေဓားဘုရင် ၊ မင်းရဲ့သေတမ်းစာ

သာရေးထားတော့၊ ဒါပေမယ့် သူတို့ကငါ့ကိုတော့အတည်မယူ ပါဘူးကွာ"

ကျန်းဟူမှလူများမှာ လူတို့၏သွင်ပြင်လက္ခဏာကိုကြည့်ပြီး အမည်တပ်ခေါ်ဝေါ်ကြလေသည်။ အရပ်မြင့်မြင့်နှင့်ခန္ဓာကိုယ် ကြီးမားပြီး ဓားကောက်ကြီးကိုဆွဲထားသည့်သူမှာ ရွှေဓား ဘုရင်ဟု လူသိများသောသူ တစ်ယောက်ဖြစ်လေသည်။

ကောလဟာလများအရတော့ ထိုသူက အခြားသူများထက် သာလွန်သည့် မွေးရာပါစွမ်းအားများရှိပြီး လက်နှစ်ဖက်မှာ အလွန်ပင်မှစွမ်းအားမြင့်မားလေသည်။ သူ၏ဓားကောက်ကြီး မှာလည်း တောင်းတန်းနှင့်မြစ်များကို အပိုင်းပိုင်းဖြတ်ပစ် နိုင်သည်ဟု ဆိုကြသည်။

ရွှေဓားဘုရင်ဆိုသောဂုဏ်ပုဒ်နှင့်အလွန်မှကိုက်ညီလေသည်။

"ကျုပ်လည်းမင်းရဲ့နာမည်ကိုကြားဖူးပါတယ် နတ်သက်ခြွေဓား ၊ မင်းကမင်းရဲ့ဆရာကိုတောင် "ရှေးဟောင်းဓားကျမ်း" ရဖို့ သတ်ပစ်ခဲ့တယ်ဆို ၊ လူကြီးတွေပြောကြတာကတော့ တာအို ဆရာသခင်လင်ချုန်းရှောင်က မင်းကိုနှိမ်နင်းဖို့မင်းနောက်ကို ငါးနှစ်တောင် လိုက်ခဲ့တယ်ဆိုပဲ ၊ ပြီးတော့မင်းကို ကောပိ သဲကန္တာရထဲမှာတစ်ယောက်တည်း ပိတ်ထားခဲ့တာ ၊ မင်းက ဘယ်လိုလုပ်ပြန်ရောက်လာရတာလဲ"

ရွှေဓားဘုရင်ဆိုသူက မျက်ခုံးကိုပင့်ပြီးမေးလိုက်သည်။

"တကယ်တော့ ကျုပ်ကသူ့ကိုသတ်ဖို့ပြန်လာတာ"

သူကပြန်ပြောလိုက်ရင်း ခေါင်မိုးပေါ်သို့မော့ကြည့်လိုက်လေသည်။

"မင်းမစောင့်နိုင်တော့မှာစိုးရိမ်မိပါရဲ့"

ခေါင်မိုးပေါက်ထွက်သွားပြီး ခေါင်မိုးမှအုတ်ကြွပ်အစများနှင့် အတူ လူတစ်ယောက်ခုန်ဆင်းလာလေသည်။ ထိုသူမှာ သွေး

သွယ်ပိန်လှီသည့်အဘိုးအိုတစ်ယောက်ဖြစ်ပြီး ငွေရောင်ချိတ်ကောက်နှစ်ခုကိုကိုင်ထားလေသည်။

သူဆင်းသက်လာပုံမှာ ငှက်မွေးလေးတစ်ခုလိုပေါ့ပါးလွန်းလေသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး သူတောင်းစားလေးမှာ အံ့သြမင်သက်သွားရလေသည်။ အစိမ်းရောင်ဝတ်လူက သူ၏ပခုံး ကိုအသာပုတ်လိုက်ပြီး...

"ထမင်းစားလေ..."

ဟုပြောလိုက်လေသည်။

ဆန်းလျန်ကတော့ အခြေအနေကိုကြည့်ရင်း စိတ်ကိုတည်ငြိမ်အောင် ထိန်းသိမ်းထားလေသည်။

ရှေ့စားဘုရင်ပဲဖြစ်ဖြစ် အဘိုးအိုလေးပဲဖြစ်ဖြစ် အစိမ်းရောင်ဝတ်လူပဲဖြစ်ဖြစ် အားလုံးမှာ သာမာန်လူများမဟုတ်ကြ သည့်အပြင် သူတို့ဆီမှာ အန္တရယ်အငွေ့အသက်များရနေလေသည်။

သူတို့အားလုံးမှာ ထူးခြားသောစွမ်းရည်များရှိကြသည်။

ဆန်းလျှန်မှာ ကြောက်လန့်နေခြင်းမရှိပါ။ သူကဝမ်းပင်သာနေ

သေးသည်။

ဤကမ္ဘာလောကမှာ ပုံမှန်ကမ္ဘာလောကတစ်ခုတော့မဟုတ်။

သိုင်းပညာနှင့် ဝိညာဉ်စွမ်းအားကျင့်ကြံသူများသာမက မွေးရာ

ပါစွမ်းအားကြီးမားသူများလည်းရှိနေလေသည်။

သူတို့စကားပြောသည့်လေသံနှင့် "ရှေးဟောင်းဓားကျမ်း"

အကြောင်းပြောသည်ကို ကြားရသည်မှာ သူတို့ကြားတွင်

ပတ်သက်နေသည့် ကိစ္စတစ်ခုရှိမည်ဖြစ်လေသည်။ ကျန်းဟူမှ

လူစွမ်းကောင်းများမှာ ဆန်းလျှန်ဖတ်ခဲ့ဖူးသည့် ဝူရှသိုင်းဝတ္ထု

များထဲမှာလူများနှင့် ဆင်တူနေလေသည်။

သူတောင်းစားလေးက အစိမ်းရောင်ဝတ်လူအမိန့်ပေးသည့်

အတိုင်း အစားအသောက်များကိုစတင်စားသောက်လိုက်သည်။

သူကိုယ်တိုင်ကလည်းဆာလောင်နေသောကြောင့် စားလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်က သူတောင်းစားလေးစားနေသည်ကိုကြည့်ရင်း ဤကလေးမှာ အစိမ်းရောင်ဝတ်လူနှင့်တွေ့သည်မှာ ကံကောင်းသည်ဟုတွေးနေမိသည်။ အစိမ်းရောင်ဝတ်လူမှာ သိုင်းပညာတော်သည့်အပြင် သူတောင်းစားလေး အပေါ်တွင်လည်း ကောင်းကောင်းမွန်မွန်ဆက်ဆံလေသည်။

ဝူရှသိုင်းဝတ္ထုများထဲတွင် ထိုသို့သောလူမျိုးမှာ အမိက ဇာတ်ဆောင်ဖြစ်တတ်လေသည်။

ဆန်းလျန်ကထိုသို့တွေးမိသော်လည်း ရွှေစားဘုရင်နှင့် အဘိုးအိုကိုလည်း လျစ်လျူရှုထား၍မရပေ။

ဝန်ခံရလျှင် သူတို့မှာ ကိုယ့်ကိုယ်ကိုယုံကြည်မှုလွန်ကဲသူများဖြစ်ကြသည်။ မည်မျှအဆင့်အတန်းမြင့်သူဖြစ်နေပါစေ သူတို့

ကဆန့်ကျင်ဖို့ဝန်လေးသည့်သူများမဟုတ်။ သူတို့ဆန့်ကျင်လို သည့်စိတ်အပေါ်မှာသာမူတည်လေသည်။

ဆန်းလျင်၏အသက်အရွယ်နှင့်အပြုအမူတို့ကြောင့် သူတို့က ဆန်းလျန်ကို အန္တရယ်ရှိသည်ဟု မထင်ကြပေ။

အစိမ်းရောင်ဝတ်လူကသာ ရွှေဓားဘုရင်နှင့် အဘိုးအိုလေးတို့ ကို အာရုံစိုက်နေသည့်တိုင် ဆန်းလျန်ကိုလည်း တစ်ချက်တစ် ချက်အာရုံထားလေသည်။

ထိုသူများမှာ နာမည်ရှိသူများဖြစ်သောကြောင့် သူကမည်မျှပင် ထောင်လွှားမောက်မာသောသူဖြစ်ပါစေ သတိမထား ဘဲတော့ နေလို့မဖြစ်ပေ။

အစိမ်းရောင်ဝတ်လူက ထိုင်နေလေသည်။

သူကမတုန်မလှုပ်ထိုင်နေခြင်းဖြစ်သော်လည်း အသင့် အနေအထားတွင်ရှိနေလေသည်။ သူ၏သိုင်းစွမ်းရည် အလွန်

မြင့်မားခြင်းမရှိလျှင်ဖြစ်စေ ၊ သူ့တွင်သတ္တိမရှိလျှင်ဖြစ်စေ ထိုသို့နေလိမ့်မည်မဟုတ်ပေ။

ထို့ကြောင့်ပင် ရွှေဓားဘုရင်က သူ့ကိုသတ်ရန်အတွက် လှုပ်ရှားမှုမပြုသေးခြင်းဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူမှာ အညာအတာကင်းမဲ့သလို သိုင်းပညာလည်းမြင့်မားလေသည်။ သူ ဝါးရွက်စိမ်းဂိုဏ်းမှယူသွား သည့်ပစ္စည်းကိုပြန်ရယူရန်မှာ ခက်ခဲသည့်ကိစ္စပင်ဖြစ်လေသည်။

ထို့ကြောင့်လည်း ရွှေဓားဘုရင်က လှုပ်ရှားမှုမပြုသေးတာဖြစ် လေသည်။

ဝါးရွက်စိမ်းဂိုဏ်းက အစိမ်းရောင်ဝတ်လူမှာ ငွေညှစ်ရန် အတွက် ဆက်သွယ်လာလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း ဟာသတစ်ခုလိုဖြစ်သွားခဲ့လေသည်။

ရွှေဓားဘုရင်မှာ အသက်လေးဆယ်ခန့်ရှိပြီဖြစ်သည်။ သူ၏ ကြွယ်ဝချမ်းသာမှုနှင့်နာမည်ကျော်ကြားမှုမှာ ကြာမြင့်ပြီဖြစ်

လေသည်။ သူ့ကိုဆွဲဆောင်သည့်အရာမှာ အဆင့်အတန်းမြင့်မားခြင်းနှင့် အသက်ရှည်ခြင်းဖြစ်လေသည်။

အခန်း (၁၂)

နတ်သက်ခြွေစား

အရပ်ပုပြီး ပိန်ပိန်းပါးပါးဖြစ်သည့်အဖိုးအိုလေးမှာ အသက်သာကြီးသော်လည်း ဒေါသအလွန်ကြီးလေသည်။

ငွေချိတ်ကောက်နှစ်ခုသည် သူ့လက်နှစ်ဖက်မှထွက်လာပြီး လက်ခနဲငွေရောင်တောက်ပသွားသည်မှာ လေထဲတွင် လရောင်ထွန်းလင်းလာသည်နှင့်ပင်တူလေသည်။

ထိုအရာမှာဆွဲဆောင်မှုရှိသလို အမှန်ပင်အထင်ကြီးစရာလည်းကောင်းလေသည်။

ငွေချိတ်ကောက်က လျှင်မြန်စွာဝင်ရောက်လာသည့်တိုင် အစိမ်းရောင်ဝတ်လူလောက်တော့ လျှင်မြန်ခြင်းမရှိပေ။

သစ်သားတူတစ်ချောင်းက ငွေချိတ်ကောက်များနှင့် အသာလေးထိတွေ့သွားပြီးငွေချိတ်ကောက်များမှာ လာရာလမ်းအတိုင်း လမ်းကြောင်းပြောင်းသွားလေတော့သည်။

အဘိုးအိုလေးက သီသီလေးရှောင်တိမ်းလိုက်သော်လည်း သူ့ဝမ်းဗိုက်တွင် ဒဏ်ရာနှစ်ခုရသွားပြီ သွေးများစီးကျလာလေသည်။

သူကဝမ်းဗိုက်ကိုလက်ချောင်းများဖြင့်ဖိထားရင်း ဆေးပုလင်းလေးတစ်လုံးကိုထုတ်ယူကာ ဆေးလုံးအချို့ကိုပါးစပ်ထဲသို့ထည့်လိုက်သည်။

အဘိုးအိုလေးမှာ အလွန်မှရက်စက်ကြမ်းကြုတ်သူဖြစ်လေသည်။ သူ၏ငွေချိတ်ကောက်များတွင် အဆိပ်များ သုတ်လိမ်းထားခြင်းသာဖြစ်လေသည်။ ထိုအဆိပ်များမှာ သွေးထဲရောက်သွားသည်နှင့် လူကိုသေစေနိုင်ပြီး အချိန်တိုအတွင်းဖြေဆေးရမှပင် အသက်ရှင်နိုင်မည်ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူမှာ တိုက်ခိုက်မှုကို တစ်ချက်တည်းကိုခုခံလိုက်ပြီး သူ၏စွမ်းရည်ကိုပြသလိုက်ခြင်းဖြစ်လေသည်။

ရွှေစားဘုရင်မှာ အဘိုးအိုလေးအား လျစ်လျူရှုထားလိုက်ပြီး သူ၏ခြေထောက်များကို လူသုံးယောက်ဆီသို့ ဦးတည် လိုက်သည်။ စားကောက်ကြီးကို ကြမ်းပြင်တစ်လျှောက်မွှေ့ယမ်း

လိုက်ရာ လေးဘက်လေးတန်တွင် နက်ရှိုင်းသောဓားရာများ ထင်ကျန်သွားလေတော့သည်။

ရွှေဓားဘုရင်မှာ လမ်းကိုမြန်သည်ထက်မြန်အောင်လျှောက်လာလေသည်။ သူ့ဦးခေါင်းထက်မှ အဖြူရောင်မီးခိုးငွေ့များထွက်လာပြီး မထင်မှတ်စွာပင် ပုံရိပ်ယောင်များစွာထွက်ပေါ်လာလေသည်။ မည်သူကအစစ်ဖြစ်သည်ကို ခွဲခြား၍ မရ။

ရုတ်တရက် အဖြူရောင်အငွေ့များကိုဖြတ်သန်းပြီး ဓားရောင်တစ်ချက်လက်သွားလေသည်။

အစိမ်းရောင်ဝတ်လူက မျက်ခုံးကိုပင့်လိုက်သည်။ ထိုဓားသိုင်းပညာမှာ ဓား၏လှုပ်ရှားမှုအရင်းအမြစ်ကို အခြေခံပြီး မြစ်ရေအလျင်ကဲ့သို့ အဆုံးမရှိတိုက်ခိုက်ခြင်းဖြစ်လေသည်။ ဓားချက်များမှာ အံ့သြစရာကောင်းသလို အဆုံးလည်းမရှိပေ။

ရွှေဓားဘုရင်သည် သူမတူသောမွေးရာပါအစွမ်းများရှိသူဖြစ်လေသည်။ သူ၏သိုင်းစွမ်းရည်မှာ အတွင်းရော အပြင်ရော

လေးနက်သိမ်မွေ့ပြီး နားလည်ရခက်လေသည်။ ကျန်းဟူတွင်

သူကထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ပြီး

လျှော့တွက်၍မရသည့်အထဲတွင်ပါလေသည်။

အရပ်ပုပု ပိန်ပိန်သေးသေးအဘိုးအိုလေးမှာတော့ မ

ကောင်းသောဂုဏ်သတင်းဖြင့်ကျော်ကြားသူတစ်ယောက်ဖြစ်

လေသည်။ သို့သော် သူ၏ငွေချိတ်ကောက်သိုင်းပညာမှာ

အလွန်အဆင့်အတန်းမြင့်သည့်သိုင်းပညာဖြစ်လေသည်။

သူ၏သိုင်းစွမ်းမြင့်မားသော်လည်း ရွှေဓားဘုရင်နှင့်ယှဉ်လိုက်

လျှင်တော့ သိုင်းပညာရေအတွင်းအားပါ မိုးနှင့်မြေလိုကွာခြား

လေသည်။

ယခုနှစ်များအတွင်းတွင် အစိမ်းရောင်ဝတ်လူ၏ သိုင်းပညာမှာ

ပိုပြီးသိမ်မွေ့ကာတိုးတက်လာခဲ့သည်။ ကောပိ သဲကန္တာရတွင်မ

ပိတ်မိခင်အချိန်တုန်းက သူ၏သိုင်းစွမ်းကထိုမျှတိုးတက်ခြင်း

မရှိသေးပေ။

ကောပိကန္တာရထဲတွင် သဘာဝတရားနှင့် အသက်သေခြင်းနှင့် ရှင်ခြင်းကြား ရုန်းကန်တိုက်ခိုက်ခဲ့ရခြင်းများကြောင့် သိုင်းပညာတိုးတက်လာခဲ့လေသည်။ အတိုချုပ်ပြောရလျှင် သူ၏ရှုတ်ထွေးသည့်သိုင်းပညာမှာ ရိုးရှင်းသည့်သိုင်းပညာအဖြစ်သို့ကူးပြောင်းသွားခဲ့သည်။ ထို့ကြောင့်ပင် အဖိုးအိုလေး၏ လက်ကနဲသာမြင်လိုက်ရသည့် ငွေချိတ်ကောက်များ၏အားနည်းချက်ကိုတွေ့ရှိခဲ့ခြင်းဖြစ်လေသည်။

ငွေချိတ်ကောက်များကို တူတစ်ချောင်းဖြင့်လမ်းကြောင်းပြောင်းသွားစေသည်မှာ အမှတ်မထင်ဖြစ်သွားသည်ဟု ထင်ရသော်လည်း ထိုသို့ဖြစ်ရသည်မှာ သူ၏ထူးခြားသောသိုင်းစွမ်းရည်ကြောင့်ပင်ဖြစ်သည်။

ရွှေစားဘုရင်မှာ တားဆီးနိုင်မည့်သူတစ်ယောက်မဟုတ်။ သူ၏ရွှေဓာတွင်စီးဆင်းနေသည့်အတွင်းအားမှာ ပင်လယ်ထဲသို့

စီးဝင်နေသည့် ချန်ကျန်းမြစ်ရေကဲ့သို့ဖြစ်လေသည်။ လုံးဝ ပြန်လမ်းမရှိပေ။

ရွှေဓားဘုရင်၏ဓားရိပ်များမှာအလွန်လျှင်မြန်သော်လည်း အစိမ်းရောင်ဝတ်လူကပို၍ပြီးလျှင်မြန်လေသည်။ လက်တစ်ဖက်က သူတောင်းစားလေးကိုကိုင်လိုက်ပြီး ကျန်လက်တစ်ဖက် ခုံရှည်တစ်လုံးကိုကောက်ကိုင်လိုက်သည်။

ရွှေဓားဘုရင်၏ဓားကရှည်လျားသော်လည်း အစိမ်းရောင်ဝတ်လူကောက်ကိုင်လိုက်သည့်ခုံရှည်လောက်တော့ ရှည်လျားခြင်းမရှိပေ။

အစိမ်းရောင်ဝတ်လူက ခုံရှည်ဆီသို့ အတွင်းအားကိုစီးဆင်းစေလိုက်သည်။ ထိုအခါ ခုံရှည်မှာ သတ္တုတစ်ခုကဲ့သို့ မာကျော သွားပြီး ဝင်လာသည့်ဓားချက်ကို ခုခံလိုက်လေတော့သည်။

လေနှင့်မိုးကိုအမိန့်ပေးရန်အတွက် ပင်လယ်ထဲမှနဂါးမင်းထွက်ပေါ်လာသည်နှင့်ပင်တူလေသည်။

သူကခုံရှည်ကိုလက်နက်အဖြစ်အသုံးပြုနေခြင်းဖြစ်သော်လည်း သူကဓားကိုအသုံးပြုသည့်အတိုင်း အသုံးပြုနေခြင်း ဖြစ်လေသည်။ ခုံရှည်က ရှေ့သို့သာဦးတည်သွားနေသော်လည်း အားနည်းချက်ကိုတိုက်ခိုက်နိုင်သည့် အပြောင်းအလဲများကိုလုပ်ဆောင်နေသည်။

ရွှေဓားဘုရင်၏ဓားရိပ်က အစားအသောက်များတင်ထားသည့်စားပွဲကိုခုတ်ချလိုက်သည့်အချိန်တွင် ခုံရှည်က ဓားကို ခုခံတားဆီးလိုက်လေသည်။ ထို့နောက် အစိမ်းရောင်ဝတ်လူမှာ သူတောင်းစားလေးကိုခေါ်ပြီး တံခါးနှင့်ခြေလှမ်းဆယ်လှမ်းအကွာသို့ ရောက်ရှိသွားလေသည်။

ဆန်းလျှန်ကသတိရှိနေသူပီပီ ဘေးသို့တိမ်းရှောင်ထွက်လိုက်ပြီး ဓားရိပ်များကိုရှောင်လိုက်သည်။

သို့သော် အစိမ်းရောင်ဝတ်လူမှာ စားသောက်ဆိုင်အပြင်ဘက်သို့ထွက်ခွာသွားနိုင်ခြင်းမရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော

ဓားငါးချောင်းမှာ သူ၏ခန္ဓာကိုယ်အစိတ်အပိုင်းငါးခုကို ချိန်ရွယ်ထားသောကြောင့်ဖြစ်လေသည်။ သူ၏ ခြေနှစ်ဖက် လက်နှစ်ဖက်နှင့် ဦးခေါင်းတို့ကို ဟန်ချက်ညီညီ ချိန်ရွယ်ထားကြလေသည်။

အစိမ်းရောင်ဝတ်လူက နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်ပြီး လက်တစ်ဖက်ဖြင့်ကာလိုက်သည်။ အေးစိမ့်သည့်လေ များ ရုတ်တရက်တိုက်ခတ်လာပြီး အော်သံများကြားလိုက်ရလေသည်။ ထိုအော်သံများထဲမှအသံတစ်ခုမှာ "နတ်သက်ခြေဓား" ဟုခေါ်လိုက်သည်သည့်အသံပင်ဖြစ်လေသည်။

သူတောင်းစားလေးကိုကိုင်ထားသည့်အစိမ်းရောင်ဝတ် လူ၏နောက်တွင် ရွှေဓားဘုရင်ရပ်နေလေသည်။

သူ၏ရှေ့တွင်တော့ ဆင်တူဝတ်စုံများဝတ်ဆင်ထားသည့် ဓားသမားငါးယောက်ရှိနေလေသည်။

ထိုလူငါးယောက်ကိုဦးဆောင်သူမှာ ဦးခေါင်းထက်တွင် အစိမ်း
ရောင်ခေါင်းပေါင်းပေါင်းထားသည့် သက်လတ်ပိုင်း အရွယ်
လူရွယ်တစ်ယောက်ဖြစ်လေသည်။ ထိုသူမှ ဝါးရွက်စိမ်း
ဂိုဏ်း၏ဂိုဏ်းချုပ်ပင်ဖြစ်လေသည်။
ရုတ်တရက် လူငါးယောက်လုံး၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်
ဖြစ်သွားကြလေသည်။ ဝါးရွက်စိမ်းဂိုဏ်းချုပ်မဟုတ်သည့်
ကျန်သည့်လူလေးယောက်မှာ ဒူးထောက်ကျသွားပြီး သူ
တို့၏ခေါင်းများကိုလက်ဖြင့် ကိုင်ထားလိုက်ကြလေသည်။ သူ
တို့၏ဓားများမှာ လက်ထဲမှလွင့်ထွက်သွားကြလေသည်။
နာကျင်မှုကသူတို့ကိုလွှမ်းမိုးသွားလေသည်။
အစိမ်းရောင်ဝတ်လူမှာ သူ့ဘဝတစ်ခုလုံးဂုဏ်အယူဆုံးဖြစ်
သည့် သိုင်းပညာကိုအသုံးပြုလိုက်ခြင်းဖြစ်လေသည်။
"နတ်သက်ခြွေဓား" သိုင်းပညာပင်ဖြစ်လေတော့သည်။

အစိမ်းရောင်ဝတ်လူသည် ရှင်ဘုရင်တစ်ပါးကဲ့သို့မတ်တပ်ရပ်နေလေသည်။ ဝါးရှက်စိမ်းဂိုဏ်း၏ထိပ်တန်းဂိုဏ်းသား ငါးယောက်ကိုသိုင်းကွက်တစ်ကွက်တည်းဖြင့် အတွင်းဒဏ်ပြင်းပြင်းထန်ထန်ရသွားအောင် တိုက်ခိုက်နိုင်ခြင်းမှာ လွယ်ကူသည့်ကိစ္စတော့မဟုတ်ပေ။

ထိုသူမှာ မာနကြီးမည်ဆိုလျှင်လည်း ကြီးလောက်ပါပေသည်ဟု ဆန်းလျန်တွေးလိုက်မိလေသည်။

တစ်ချိန်တည်းမှာပင် သူသည် အံ့ဩမှုဖြင့် ကြက်သေသေသွားရလေသည်။

အစိမ်းရောင်ဝတ်လူမှာ သူ့ကိုယ်သူဒဏ်ရာရအောင်လုပ်ထားသည့်အတွက် သူ၏အခြေအနေက အကောင်းဆုံး အခြေအနေတော့မဟုတ်ပေ။

ရွှေဓားဘုရင်သည် အစိမ်းရောင်ဝတ်လူ၏နောက်တွင် ဓားကိုဆွဲကာရပ်နေဆဲဖြစ်လေသည်။ သို့သော် သူက နောက်ကျောမှ

တိုက်ခိုက်ခြင်းကို ရှုံ့ရှာအထင်သေးသည့်သူတစ်ယောက်ဖြစ်လေသည်။ သူသည်ဂုဏ်သိက္ခာရှိသူတစ်ယောက်ဖြစ်သည့်အပြင် သူ၏သိုင်းပညာမှာလည်း မြင့်မားလေသည်။ လူတစ်ယောက်ကိုနောက်ကျောမှ တိုက်ခိုက်သည့် ရှက်စရာကောင်းသောအလုပ်ကို သူမည်သည့်အခါမျှ လုပ်မည်မဟုတ်ပေ။

"နတ်သက်ခြေဓား" ဆိုသည့်အသံကိုကြားသည်နှင့် သူလည်းနောက်သို့တစ်ချက်ဆုတ်လိုက်လေသည်။ အစိမ်းရောင် ဝတ်လူမှာ နတ်သက်ခြေဓားသိုင်းနှင့်လက်ဝါးသိုင်းကိုပေါင်းစပ်အသုံးပြုလိမ့်မည်ဟု သူထင်မထားခဲ့ပေ။ ထိုသိုင်းပညာနှစ်မျိုးကို ပေါင်းစည်းနိုင်ရန်နည်းလမ်းမရှိပေ။

သူကအသိပညာကြွယ်ဝပြီး သိုင်းပညာ၏အမြဲတမ်းပြောင်းလဲနေမှုကို ကောင်းစွာနားလည်သူဖြစ်လေသည်။ လက်ဝါးသိုင်းမှာ ဓားသိုင်းနှင့်ယှဉ်တွဲလို့မရပေ။ ထို့ပြင် ကျန်းဟူတွင် နတ်

သက်ခြေ့စားသိုင်းမှာ လူအနည်းငယ်သာသိကြသည့်စားသိုင်း

ပညာဖြစ်လေသည်။

ရှေးဆရာကြီးများလက်ဆင့်ကမ်းခဲ့ကြပြီး ပျောက်ကွယ်လုနီး

နီးဖြစ်နေသည့် စားသိုင်းပညာဖြစ်လေသည်။ ပညာကို

ထိန်းသိမ်းရန်အတွက်သာ လက်ဆင့်ကမ်းခဲ့ကြပြီး လေ့ကျင့်

ရန်အတွက်ခွင့်ပြုထားခြင်းမရှိပေ။

အစိမ်းရောင်ဝတ်လူမှာ ပြိုင်ဘက်မရှိအောင်တော်သူဖြစ်

သော်လည်း သူ၏ဂိုဏ်းတူအစ်ကိုလင်ချုန်းရှောင်လောက်

တော့တော်ခြင်းမရှိပေ။ ထို့ကြောင့်ပင် သူကမကျေမနပ်ဖြစ်ပြီး

ဆရာဖြစ်သူကိုသတ်ကာ ရှေးဟောင်းလျှို့ဝှက်စားကျမ်းဖြစ်

သည့် "နတ်သက်ခြေ့စားကျမ်း" ကိုရယူခဲ့ခြင်းဖြစ်လေသည်။

"နတ်သက်ခြေ့ စားသိုင်း" ဟူသည့်အမည် အတိုင်းပင် စားသိုင်း

ပညာ၏လျှို့ဝှက်ချက်များ များစွာပါဝင်လေသည်။ စား

ကျမ်း၏အစွမ်းမှာကျယ်ပြန့်လွန်းပြီး သာမာန်လူများလေ့ကျင့်

ရန်မဖြစ်နိုင်ပေ။ အစိမ်းရောင်ဝတ်လူကတော့ အချိန်တို အတွင်းမှာပင် လေ့ကျင့်အောင်မြင်ခဲ့လေသည်။ ဆရာဖြစ်သူ အတွက်လက်စားချေလိုသည့် သူ၏ညီအစ်ကိုအချို့ကိုလည်း သူကသတ်ပစ်ခဲ့သည်။ သူ၏ဂိုဏ်းတူအစ်ကို လင်ချုန်းရှောင် ပင်လယ်တစ်ဖက်ဆီမှာပြန်လာပြီး သူ့ကိုနှိမ်နင်းကာ ကောပိ ကန္တာရသို့ နှင်ထုတ်ခဲ့သည့်အချိန်ထိဖြစ်လေသည်။

သို့သော်လည်း လွန်ခဲ့သည့်နှစ်က အစိမ်းရောင်ဝတ်လူမှာ ကော ပိကန္တာရထဲမှပြန်ရောက်လာပြီး မြို့တော်ကြီးများ တွင် ကြီးမား သည့်ပြစ်မှုများကို ကျူးလွန်လျှက်ရှိလေသည်။ တရားရေး ဆိုင်ရာမှအရာရှိများပင် သတိပြုမိသည်အထိ ဖြစ်သွားကြလေ သည်။ သို့သော် သိုင်းစွမ်းရည်မြင့်မားသည့်မင်းမှုထမ်းများပင် သူ့ကိုဖမ်းဆီးနိုင်ခြင်းမရှိခဲ့ပေ။

အစိမ်းရောင်ဝတ်လူ၏ဂိုဏ်းတူအစ်ကိုလင်ချုန်းရှောင်မှာ ဓား ကိုစွန့်လွှတ်ကာ တာအိုကျင့်စဉ်လမ်းသို့ ဝင်ရောက်ခဲ့ လေ

သည်။ သူမည်သည့်နေရာသို့ရောက်နေသည်ဆိုသည်ကိုသိရှိ

သည့်သူ အနည်းငယ်မျှသာရှိလေသည်။

သူတို့နှစ်ယောက်ကြားတွင် သမုဒ္ဒရာတမျှနက်ရှိုင်းသည့်အမုန်း

တရားများရှိခဲ့ပြီး အပြင်းအထန်တိုက်ခိုက်ခဲ့ကြခြင်း လေ

သည်။

လင်ချန်းရှောင်၏သိုင်းပညာမှာ အထွဋ်ထိပ်အဆင့်သို့ရောက်

ရှိနေပြီးဟု ကျန်းဟူတွင်ပြောစမှတ်ပြုကြလေသည်။ လင်ချန်း

ရှောင်မှာ တာအိုပညာများနှင့်မမြင်နိုင်သည့်စွမ်းအားများကိုပင်

သိရှိခဲ့ပြီး သူသာရှိမည်ဆိုလျှင် အစိမ်းရောင်ဝတ်လူမှာ ကောပိ

ကန္တာရထဲမှ ထွက်လာရဲမည်မဟုတ်ပေ။

ယခုအချိန်တွင်တော့ အစိမ်းရောင်ဝတ်လူမှာ နတ်သက်ခြွေခြားး

သိုင်းပညာကို လက်ဝါးသိုင်းပညာနှင့်ပင် ပေါင်းစပ် နိုင်နေပြီ

ဖြစ်လေသည်။ သူ၏သိုင်းပညာမှာ အလွန်မြင့်မားနေပြီး

ထိပ်တန်းသိုင်းသမားငါးယောက်ကိုပင် သိုင်းကွက် တစ်ကွက်

တည်းဖြင့် ဒဏ်ရာရအောင် တိုက်ခိုက်နိုင်သည်မှာ ထိတ်လန့်စရာပင်ဖြစ်လေသည်။

သိုင်းစွမ်းရည်မည်မျှပင်မြင့်မားနေပါစေ အများနှင့်တစ်ယောက်ယှဉ်လျှင်တော့ ရှုံးနိမ့်မှာအသေအချာပင်ဖြစ်လေသည်။

သို့သော် ဝါးရွက်စိမ်းဂိုဏ်းမှထိပ်တန်းသိုင်းသမားငါးယောက်ကို သိုင်းကွက်တစ်ကွက်တည်းဖြင့် တိုက်ခိုက်နိုင်သည် မှာတော့ ကြောက်ခမန်းလိလိအစွမ်းပင်ဖြစ်ပေသည်။

ရွှေစားဘုရင်မှာလည်း ရင်ထိတ်သွားရလေသည်။ သူရှုံးနိမ့်သွားခြင်းမရှိသေးသော်လည်း နတ်သက်ခြေစား၏အစွမ်းကြောင့် ဝင်တိုက်ခိုက်ဖို့ခက်ခဲသွားလေတော့သည်။

အကြောင်းရင်းမှာ လက်ဝါးရိုက်ချက်အချို့ထပ်မံထွက်ပေါ်လာလျှင်တောင်မှ တိမ်မြုပ်နေသည့်ရေခဲလက်ဝါးသိုင်း ဖြစ်နေနိုင်လေသည်။ ထို့ပြင် လူငါးယောက်ကို ဒဏ်ရာရပြီးလဲကျသွား

စေနိုင်သည့်အတွင်းအားမျိုးမှာလည်း ရှာမှရှားအတွင်းအားမျိုး ပင်ဖြစ်လေသည်။

ဝါးရွက်စိမ်း၏ဂိုဏ်းချုပ်မှာ မတ်တပ်ရပ်နေသေးသည့်တိုင် သူ၏ခန္ဓာကိုယ်မှာ တုန်ယင်နေပြီး သူ၏ဓားကိုတောင် ကောင်း စွာကိုင်နိုင်ခြင်းမရှိတော့ပေ။

ဝါးရွက်စိမ်းဂိုဏ်းချုပ်အနေဖြင့် အဆိုးဆုံးဖြစ်မသွားသည့်မှာ သူ၏အတွင်းအားများကို အမြန်ဆုံးစုစည်းလိုက်နိုင်ခြင်း ကြောင့်ဖြစ်လေသည်။ အစိမ်းရောင်ဝတ်လူ၏လက်ဝါးရိုက် ချက်မှာ မော်ဆန်လွန်းလှပေသည်။ ဝါးရွက်စိမ်း ဂိုဏ်းချုပ်မှာ ခေါင်းများနာကျင်နေပြီး အာရုံစိုက်နိုင်ခြင်းမရှိတော့။

နတ်သက်ခွေ့ခြဓားသိုင်းကြောင့်ဖြစ်သည်ကိုသူကောင်းစွာသိ လိုက်လေသည်။ သို့သော် သူကနာကျင်မှုကိုခံစားနေရပြီး ဘာ ဖြစ်သွားသည်ကိုအတိအကျအဖြေရှာ၍မရနိုင်ဖြစ်နေလေ သည်။

ဆန်းလျှန်မှာ အလွန်ဝေးသည့်ထောင့်တစ်ထောင့်တွင်ကပ်နေလေသည်။ တခြားသူများ၏အာရုံစိုက်မှုကိုမခံချင် သောကြောင့် သူ့ဟာသူရှောင်နေလိုက်ခြင်းဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူအသုံးပြုလိုက်သည့် လက်ဝါးရိုက်ချက်ကို သူမြင်လိုက်ပြီး မေးခွန်းတစ်ခုသူ့ခေါင်းထဲသို့ဝင်လာ လေသည်။

လက်ဝါးရိုက်ချက်ဆိုသည်မှာ အမှန်တော့ဝိညာဉ်စွမ်းအားပင်ဖြစ်လေသည်။ အစိမ်းရောင်ဝတ်လူမှာ အခြားသူများကို တိုက်ခိုက်ရန်အတွက် သူ၏ဝိညာဉ်စွမ်းအားကို အသုံးပြုလိုက်သည်လားဆိုသည့် မေးခွန်းပင်ဖြစ်လေသည်။

အခန်း (၁၃)

ဖန်ဆင်းခြင်းနှင့်ဖျက်စီးခြင်းကြားမှပြောင်းလဲခြင်း
ဆန်လျှန်မှာ အာရုံခံခြင်းကိုတစ်ဖက်ကမ်းခတ်အောင်
တတ်ကျွမ်းလေသည်။ သူ၏ဝိညာဉ်မှာ ကြံ့ခိုင်ပြီး ရုပ်ခန္ဓာမှ
ထွက်ခွာသွားလုနီးပါးအထိဖြစ်ခဲ့ဖူးလေသည်။
ဝိညာဉ်မှာ ရုပ်ခန္ဓာထဲမှ ထွက်ခွာနိုင်သည်ဆိုလျှင် သဘာဝလွန်
စွမ်းအားများရသည်အထိ ကျင့်ကြံမှုပေါက်ရောက်ပြီ ဖြစ်လေ
သည်။ အစဦးပိုင်းအချိန်ကတည်းကပင် သမိုင်းတစ်လျှောက်
တွင် ဂုဏ်သိက္ခာထွန်းလင်းခြင်း သို့မဟုတ် ငြိမ်းချမ်းမှုကိုဖျက်
စီးခြင်း နှစ်ခုလုံးမှာ စွမ်းအားများကြောင့်ဖြစ်ကြလေသည်။
ဝိညာဉ်မှာ ရုပ်ခန္ဓာနှင့်ပေါင်းစပ်ထားသည့် "အသက်ရှင်သူ" ဟု
မှတ်ယူနိုင်ပေသည်။
ရှင်သန်နေသည့်ဝိညာဉ်မှာ သက်ရှိခန္ဓာကိုယ်၏ကာကွယ်မှု
အောက်မှ ငြိမ်းချမ်းစွာထွက်ခွာသွားလျှင် အမျိုးမျိုးသော

သဘာဝလွန်စွမ်းအားများကြားတွင် ပြောင်းလဲမှုကင်းမဲ့သွား

လေသည်။

ဆန်းလျန်မှာ သူ၏ဝိညာဉ် ရုပ်ခန္ဓာမှထွက်ခွာသွားအောင်

ကြိုးစားကြည့်ခြင်းမရှိခဲ့ဖူးပေ။ သို့သော်လည်း သူ၏ဝိညာဉ်

စွမ်းအားမှာ သာမာန်လူထက်တော့မြင့်မားနေသည်ကို သူသိ

လေသည်။

ဝိညာဉ်လွှင့်ခြင်းကအကျိုးရှိသော်လည်း တစ်ချိန်တည်းမှာပင်

သူ၏ခန္ဓာကိုယ်ကို အတွင်းဒဏ်မရအောင် ကာကွယ် ရန်မှာ မ

ဖြစ်နိုင်သည့်ကိစ္စဖြစ်နေလေသည်။

သူက ရန်သူများကို ဓားပျံဖြင့်ချိန်ပြီး မလွဲအောင် ပစ်ခတ်နိုင်

သော်လည်း ရန်သူဆယ်ယောက်သာတစ်ပြိုင်တည်း ချဉ်းကပ်

လာပါက သူ့အနေဖြင့် တစ်ယောက်ပြီးတစ်ယောက်ကို ထိ

အောင်ပစ်ခတ်နိုင်တော့မည်မဟုတ်ပေ။

သူကလူမသတ်ချင်သည့်အတွက် ဓားပျံဖြင့် လူတစ်ယောက်ကို သတ်ရန် လုံးဝဆန္ဒမရှိပေ။

အကယ်၍ သူသာ အစိမ်းရောင်ဝတ်လူကိုတိုက်ခိုက်ရန်ဆန္ဒရှိပါက သူရရှိသည့်အခွင့်အရေးကို အမိအရအသုံးချမည်ဖြစ်လေသည်။ သူ့တွင် သူ့ကိုယ်သူကာကွယ်ရန်အတွက် အခြားနည်းလမ်းများလည်းရှိသေးသည်။

အစိမ်းရောင်ဝတ်လူက ယခုပဲ ဝိညာဉ်စွမ်းအားကိုအသုံးပြုခဲ့သည်။ ဆန်းလျန်အနေဖြင့်တော့ ထိုအရာက ဘာမှမဟုတ်ပါ။ လက်တွေ့ယှဉ်ပြိုင်ဖူးခြင်းမရှိသော်လည်း ဆန်းလျန်က သူ့ကိုယ်သူလျှော့တွက်မထားပါ။ အစိမ်းရောင်ဝတ်လူ၏ဝိညာဉ်စွမ်းအားမှာ သူ၏ဝိညာဉ်စွမ်းအားလောက် ကြံ့ခိုင်ခြင်းမရှိကြောင်း သူခန့်မှန်းမိထားပြီး ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူမှာ ကြီးမားသောစွမ်းအားကိုခြေခံပြီး မိုးကောင်းကင်ချည်တိုင်နှင့်ဆက်စပ်နေသည့် စိတ်အာရုံ

မြင်ကွင်းကိုအသုံးပြုနိုင်သော်လည်း လျှင်မြန်ခြင်းမရှိပေ။

တစ်ချိန်တည်းမှာပင် သူက လူသားများနှင့်သက်ဆိုင်ခြင်းမရှိ

သည့် မိုးကောင်းကင်ကျောင်းတော်များမှ ကျင့်စဉ်များနှင့်ဆင်

တူသောပြောင်းလဲမှုများစွာကိုပြုလုပ်နိုင်လေသည်။

အစိမ်းရောင်ဝတ်လူမှာ သူ၏အစွမ်းကိုပြနိုင်ခဲ့သော်လည်း ရှေ

ဆားဘုရင်မှာ လက်မလျှော့သေးပေ။

နတ်သက်ခြေဆားဟုခေါ်သည့်ထိုလူကို လွှတ်ပေးလိုက်ရန်မှာ

သူ့အတွက်လွယ်ကူသည်မဟုတ်ပေ။

ဆန်းလျန်၏ဝိညာဉ်မှာ ဖြည်းဖြည်းချင်းအားလျော့လာသလို

ခံစားလိုက်ရလေသည်။

ရုတ်တရက်ပင် လေးဖက်လေးတန်မှ မြင်းခွာသံများကြားလိုက်

ရလေသည်။

အစိမ်းရောင်ဝတ်လူက နှုတ်ခမ်းကိုတင်းတင်းစေ့လိုက်ပြီး

သူ၏လက်ဝါးကို ဝါးရွက်စိမ်းဂိုဏ်းချုပ်ဆီသို့ ရိုက်ထုတ် လိုက်

ပြီး…

"ကျုပ် ခင်ဗျားကိုလျှော့တွက်လိုက်မိတယ်"

ဟုပြောလိုက်လေတော့သည်။

ဝါးရွက်စိမ်းဂိုဏ်းမှာ ချင်ပြည်နယ် လက်ရွေးစင်တပ်မတော်ကို

အမိန့်ပေးစေခိုင်းနိုင်လိမ့်မည်ဟု အစိမ်းရောင်ဝတ်လူ မျှော်လင့်

မထားခဲ့မိပေ။

သာမာန်လူအုပ်စုတစ်စုဖြစ်လျှင် သူထိတ်လန့်မိမည်မဟုတ်

ပေ။ သို့သော် ရောက်လာသည့်စစ်သည်တော်များမှာ အမည်မ

သိသူများဖြစ်သော်လည်း နတ်သက်ခြွေဓားသိုင်းကိုလေ့ကျင့်ခဲ့

သည့်အတွက် စိတ်ဝိညာဉ်ထက်မြက်သူ တစ်ယောက်အနေဖြင့်

အပြင်ဘက်မှအတွင်းအားလှိုင်းများ စတင်ရိုက်ခတ်လာသည်

ကို ခံစားလိုက်ရလေသည်။

လက်ရှိအခြေအနေမှာ သူ၏ဝှက်ဖဲဖြစ်သည့် နတ်သက်ခြွေစား သိုင်းကိုအသုံးပြုရန် အလွန်ခက်ခဲသည့် အခြေအနေဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ဝိညာဉ်စွမ်းအားမှာ အတွင်းအားနှင့်အတူ မြင့်မားလာရခြင်းဖြစ်ပြီး တစ်ချိန်တည်းမှာပင် အတွင်းအားလျော့သွားပါက ဝိညာဉ်စွမ်းအားလည်း လျော့သွားတတ်ပေသည်။ ဤသည်မှာ ယင်နှင့်ယန်၏ ထူးဆန်း သည့်ဘက်ညီမှုပင်ဖြစ်လေသည်။ ဖန်ဆင်းခြင်းနှင့်ဖျက်စီးခြင်း သဘောတရားနှစ်ခုကြား ဆက်စပ်နေသည့် သဘာဝ တရားပင်ဖြစ်လေသည်။

စစ်သည်တော်များ ရာထောင်ချီပြီးရှိနေလျှင် အတွင်းအားများမှာလည်းပေါင်းစည်းပြီး တွန်းအားတစ်ရပ်ဖြစ်ပေါ်လာကာ ထိန်းချုပ်ရန်ခက်သည့် မီးတောက်ကြီးကဲ့သို့ ဖြစ်သွားမည်ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူ၏ဝိညာဉ်သာ ရုပ်ခန္ဓာမှထွက်ခွာသွားမည်ဆိုလျှင် မီးထဲသို့ ဆီလောင်းထည့်လိုက်သလိုဖြစ်သွား ပြီး သူ၏ဝိညာဉ်ပျက်စီးသွားနိုင်လေသည်။

ဝါးရွက်စိမ်းဂိုဏ်းချုပ်က အစိမ်းရောင်ဝတ်လူ၏ ပြင်းထန်သောလက်ဝါးရိုက်ချက်ကို အသာလေးရှောင်တိမ်းလိုက်သည်။

အစိမ်းရောင်ဝတ်လူကလည်းလွတ်မြောက်ရန်လမ်းရှာလိုက်ခြင်းသာဖြစ်ပြီး တကယ်တိုက်ခိုက်လိုက်ခြင်း မဟုတ်ပေ။

စစ်သည်တော်များသူ့ကိုဝန်းရံထားသည့်အခြေအနေသို့ရောက်လျှင် သူ့အနေဖြင့် လွတ်မြောက်ရန်လမ်းရှာနိုင်မည်မဟုတ်ပေ။

ရွှေဓားဘုရင်က ဟားတိုက်ရယ်မောလိုက်သည်။

"မင်းဒီနေ့လွတ်မယ်များထင်နေလား"

ရွှေဓားဘုရင်မှာ သိုင်းပညာတစ်ဖက်ကမ်းခတ်တော်သည့် လူတစ်ယောက်ဖြစ်ရကား အစိမ်းရောင်ဝတ်လူ၏စိတ်မှာ တိုက်ပွဲ

အတွင်းတွင်မရှိတော့ကြောင်း ရိပ်မိလိုက်လေသည်။ သို့သော် ရွှေဓားဘုရင် သူ့ကိုအလွတ်မပေးနိုင်။ လွတ်သွားခဲ့လျှင် လည်း သူက ချင်ပြည်နယ်မှထွက်ခွာပြီး မိုးအဆုံးမြေအဆုံးလိုက်လံ ရှာဖွေမည်ပင် မဟုတ်ပါလား။

ရုတ်တရက် ဓားရောင်တစ်ချက်လက်သွာပြီး လေထဲတွင် မီးပန်းဖောက်သကဲ့သို့ ဓားရိပ်များဖြာကျသွားလေသည်။ ထို ဓားချက်များမှာ အစိမ်းရောင်ဝတ်လူနှင့်သူတောင်းစားလေး ပေါ်သို့ ကျရောက်သွားလေသည်။

အစိမ်းရောင်ဝတ်လူမှာ အများကြီးဂရုစိုက်မိသည့်အတွက် သူ့ ကိုယ်သူ မုန်းလိုက်မိလေသည်။ ထိုသူတောင်းစားလေး ၏စိတ် ကိုစမ်းသပ်ရန်အတွက် မလိုအပ်ဘဲ အချိန်တွေဘာကြောင့် ဖြုန်းခဲ့မိပါလိမ့်။

အစိမ်းရောင်ဝတ်လူမှာ နုပျိုသည်ဟုဆိုနိုင်သော်လည်း အသက်ငါးဆယ်ကျော်ပြီဖြစ်လေသည်။

ယခုမှတော့ နောက်ပြန်လှည့်၍မရနိုင်တော့။

ဝါးရွက်စိမ်းဂိုဏ်းမှ ထိုပစ္စည်းကိုသူယူခဲ့လျှင်တောင်မှ နတ်ဘုရားတစ်ပါးဖြစ်လာနိုင်မည့်ကံတရားနှင့် အသက်ရှည် မည့်ကျင့်စဉ်လမ်းကို သူရရှိနိုင်မည်မဟုတ်ပေ။

သို့သော်လည်း အနည်းဆုံးတော့ နေရာတစ်နေရာတော့ရခဲ့လေသည်။

သူတောင်းစားလေးမှာ အရည်အချင်းကောင်းများရှိပြီး အသက်ငယ်ငယ်နှင့်ပင် အလုပ်ကိုမည်သို့အဆုံးသတ်ရမည် ကိုနားလည်သည့် အတွေ့အကြုံရှိလေသည်။

ထို့ကြောင့်ပင် အစိမ်းရောင်ဝတ်လူက သူတောင်းစားလေး၏စိတ်ကို စမ်းသပ်သည့်အနေဖြင့် သူ၏အစေခံအဖြစ်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ဖခင်ဖြစ်သူ၏ဈာပနပြီးပါက ပြန်လာရန်ပြောခဲ့ခြင်းဖြစ်လေသည်။ သူပြန်လာမည်လား မလာမည် လားကို စောင့်ကြည့်ချင်သောကြောင့်ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူမှာ ဖြောင့်မတ်သည့်လူတစ်ယောက်မဟုတ်သောလည်း

"စကားဆိုလျှင် အများကယုံကြည်လက်ခံရမည်

လုပ်ဆောင်မှုတိုင်းကပကတိသတ္တိရှိရမည်

ကတိပေးထားလျှင်ကတိတည်ရမည်"

ဟု သွနသင်ဆုံးမပေးသည့်နေရာတွင် သိုင်းပညာလေ့ကျင့်ခဲ့သူဖြစ်လေသည်။

သူတောင်းစားလေးသာ ယနေ့ပြန်လာခဲ့ခြင်းမရှိခဲ့လျှင် သူကထိုကောင်လေးကိုသတ်ပြီး တခြားနေရာသို့ ထွက်ခွာ သွားမည်ဖြစ်လေသည်။

ဆန်းလျန်နှင့်ကတော့ အမှတ်မထင်ဆုံတွေ့ခဲ့ရခြင်းဖြစ်လေသည်။ ဆန်းလျန်၏ အေးဆေးတည်ငြိမ်မှုနှင့် မျက်နှာအမူအရာမှာ သူ၏ဂိုဏ်းတူအစ်ကိုလင်ချုန်းရှောင်ကို အမှတ်ရစေလေသည်။ ဆန်းလျန်သာ သိုင်းပညာလေ့ကျင့် မည်ဆိုလျှင်

သူ့တွင်တောက်ပသည့်အနာဂတ်ရှိမှာ အသေအချာပင်ဖြစ်လေသည်။

သူ့ထက်အမြဲတမ်းခြေတစ်လှမ်းသာနေသည့် လင်ချုန်းရှောင်ကို ရွံရှာမုန်းတီးမိသော်လည်း တကယ်တမ်းတွင် လင်ချုန်းရှောင်မှာ သူ့ထက်ပိုပြီးတော်သည်ကိုတော့ သူဝန်ခံရမည်ဖြစ်လေသည်။ သူတောင်းစားလေးကိုသာ တပည့် အဖြစ်လက်ခံဖို့မဆုံးဖြတ်ရသေးလျှင် သူကဆန်းလျန်ကိုတပည့်အဖြစ်လက်ခံမိမည်ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူ၏အတွေးများရပ်တန့်သွားပြီး မထင်မှတ်သည့် အလှည့်အပြောင်းတစ်ခုကြောင့် သူ့ခန္ဓာကိုယ်ကချက်ချင်းပင်တုန့်ပြန်လိုက်သည်။ ရှေ့သို့သွားနေသည့်ခန္ဓာကိုယ်မှာ အပေါ်သို့တစ်ပတ်လည်တက်သွားပြီး သူ၏ခြေဖျားများမှာ ဓားသွားပေါ်သို့ကျသွားလေသည်။

အရှုန်အဟုတ်ပြင်းသောအားတစ်ခုသည် ဓားသွားဆီမှ ဖြတ်သန်းစီးဆင်းသွားပြီး ရွှေဓားဘုရင်၏လက်ချောင်းများမှာ ထုံကျဉ်သွားရလေသည်။

ရွှေဓားဘုရင်မှာ သူ၏ဓားချက်တွင် အားအပြည့်သုံးထားခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် သူက အစိမ်းရောင် ဝတ်လူကို ထွက်မသွားစေလိုသောကြောင့်သာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူ၏သိုင်းပညာမှ ထိုမျှ အံ့သြစရာကောင်း လိမ့်မည်ဟု သူထင်မထားခဲ့ပေ။

အစိမ်းရောင်ဝတ်လူမှာ ရွှေဓားဘုရင်၏ရည်ရွယ်ချက်ကိုသိနေပြီး သူ၏ပုံရိပ်ရောင်များကိုလည်း ပျောက်ကွယ်သွားစေကာ မီးခိုးငွေ့များထဲမှသူ၏ဓားချက်ကို ရှောင်လွှဲနိုင်ခဲ့လေသည်။

အစိမ်းရောင်ဝတ်လူမှာ ဓားသွားပေါ်တွင်ခြေဖျားထောက်ပြီး ခေါင်မိုးပေါ်သို့ရောက်ရှိသွားပြီဖြစ်လေသည်။ သူနှင့်အတူ

သူတောင်းစားလေးကိုပါခေါ်သွားခဲ့ပြီး အဆုံးမဲ့ကောင်းကင်ကြီးဆီသို့ ခုန်ထွက်ကာ ပျောက်ကွယ်သွား လေတော့သည်။

ထင်မှတ်မထားစွာပင် ပတ်ဝန်းကျင်လေးဖက်လေးတန်မှ မြားစစ်သည်များထွက်ပေါ်လာပြီး မြားအစင်းထောင်ပေါင်း များစွာကို တစ်ပြိုင်တည်းပစ်လွှတ်လိုက်လေတော့သည်။

အစိမ်းရောင်ဝတ်လူမှာ ရှောင်တိမ်းခုန်ထွက်သွားပြီး အတွင်းအားဖြင့် သူ့ခန္ဓာကိုယ်တစ်ခုလုံးအားကာကွယ်လိုက်သောကြောင့်မြားချက်များမှာ သူ့ဘေးမှဖြတ်ကျော်သွားကြလေသည်။

သူက ခေါင်မိုးပေါ်မှဆင်းလိုက်ပြီး မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ရှိ အိမ်တစ်အိမ်၏ခေါင်မိုးပေါ်သို့ တဟုန်ထိုး ခုန်တက်သွားလေသည်။ ထိုသို့ပြုလုပ်လိုက်ခြင်းကြောင့် ပတ်ပတ်လည်ဝန်းရံနေသော စစ်သည်တော်များကြားသို့ သူရောက်ရှိသွားရလေတော့သည်။

ရွှေဓားဘုရင်မှာ အရမ်းဝင်မတိုက်ခိုက်ရဲပေ။

ပထမအချက်အနေဖြင့် သူကစစ်သည်တော်များကိုမသိပေ။

ဒုတိယအချက်မှာ သူက ဂုဏ်သရေရှိအိမ်တော်မှ လူတစ်ယောက်ဖြစ်သည့်အတွက် စစ်သည်တော်များက သူ့ကိုရန်သူဟုထင်သွားလျှင် ခက်ပေလိမ့်မည်။

သူလှုပ်ရှားမှုပြုသင့် မပြုသင့်စဉ်းစားနေမိလေသည်။

အမှုထမ်းအရာထမ်းများကိုသတ်ဖြတ်သည်မှာ နိုင်ငံတော်ပုန်ကန်မှုဖြစ်လေသည်။ ဝရမ်းထုတ်ခံထားရသည့် အစိမ်းရောင်ဝတ်လူကဲ့သို့ သူကနာမည်ပျက်ဖြင့် သူ့ဘဝကို အဆုံးမသတ်ချင်ပါ။

ထိုအချိန် မြင်းများစီးလာသည့်လူတစ်စုသည် ယွဲ့ခယ်လိုင်စားသောက်ဆိုင်တွင်းသို့ ရေးကြီးသုတ်ပြာနှင့် ဝင်ရောက်လာကြလေသည်။ လူအုပ်ကိုဦးဆောင်သူမှ ဆန်းချင်းစန်းဖြစ်လေသည်။

သူကဆန်းလျန်ကိုတွေ့သည်နှင့် အမြန်သွားလိုက်ပြီး...

"မင်းကဒီမှာဘာလုပ်နေတာလဲ ၊ ဘယ်လောက်အန္တရယ်များလဲ မင်းသိရဲ့လား"

ဆန်းအိမ်တော်မှာ သတင်းပေးသူများရှိလေရာ ဆန်းလျန်မှာ အစိမ်းရောင်ဝတ်လူနှင့် စားသောက်ဆိုင်တစ်ခုတည်း တွင် အတူတူရှိနေသည်ကိုသိသည်နှင့် ဆန်းချင်စန်းမှာ အံ့သြပြီး ဒေါသထွက်သွားရလေသည်။

သူက ဆန်းလျန်ကိုကာကွယ်ရန် သက်တော်စောင့်များထည့်ပေးလိုက်သော်လည်း ဆန်းလျန် ဤနေရာသို့လာလိမ့် မည်ဟု သူထင်မထားခဲ့ပေ။

သူသိသွားသည့်အခါတွင်တော့ နောက်ကျသွားပြီဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူ စားသောက်ဆိုင်ထဲမှာ မထွက်ခွာသွားခင် ယွဲ့ခယ်လိုင်ကို စစ်သည်တော်များဝိုင်းထားသည့် အချိန်မှာပင်

သူကဆန်းလျန်ကိုကာကွယ်ပေးရန် အတင်းဝင်ရောက်လာခဲ့ခြင်းဖြစ်လေသည်။

"ငါ့ရဲ့ဒုတိယဦးလေးက ငါ့အပေါ်တကယ်ဂရုစိုက်တာပဲ"

ဟုတွေးလိုက်မိလေသည်။

တစ်ချိန်တည်းမှာပဲ ဆန်းလျန်ကမေးလိုက်လေသည်။

"ဒီမှာဘာလာလုပ်တာလဲ ဒုတိယဦးလေး"

ဆန်းချင်းစန်းမှာ ဆန်းလျန်ကိုလျှို့ဝှက်မထားတော့ဘဲ...

"အဲဒီအစိမ်းရောင်ဝတ်လူက မင်းရဲ့အစ်ကိုဝမ်းကွဲနှစ်ယောက်ကို သတ်လိုက်တဲ့သူပဲ... ဆန်းအိမ်တော်က သူ့ကို အလွတ်ပေးမှာမဟုတ်ဘူး"

ထိုအချိန်တွင် ဝါးရွက်စိမ်းဂိုဏ်းချုပ်ရောက်လာပြီး ရယ်မောလိုက်ရင်း...

"ဆန်းဒုတိယသခင် သူကဘယ်သူလဲ"

ဆန်းချင်းစန်းက...

"ဒါ ကျုပ်တူလေး ဆန်းလျန်ပါ"

ဟုဖြေလိုက်လေသည်။

သူကဆန်းလျန်ဘက်သို့လှည့်လိုက်ပြီး...

"ဒီလူကဝါးရွက်စိမ်းဂိုဏ်းချုပ် အန်းဂိုဏ်းချုပ်ပဲ"

ဟုမိတ်ဆက်ပေးလိုက်လေသည်။

ဝါးရွက်စိမ်းဂိုဏ်းနှင့်ဆန်းအိမ်တော်မှာ အဖြူနှင့်အမဲပမာဖြစ်လေသည်။ ပိုပြီး ကြွယ်ဝချမ်းသာပြီး စွမ်းအားကြီးသူမှာ ဆန်းအိမ်တော်ပင်ဖြစ်လေသည်။ အန်းဂိုဏ်းချုပ်က ဆန်းလျန်ကို စူးစမ်းသလိုကြည့်လိုက်ပြီး...

"ကောလဟာလတွေပြောနေကြတဲ့ အဖေဘယ်သူမှန်းမသိမွေးခဲ့တဲ့သားလား"

ဟုမေးလိုက်လေသည်။

ဆန်းလျန်ပုံစံက နူးညံ့သိမ်မွေ့ပြီး ကျက်သရေရှိလေသည်။ ဆန်းလျန်မှာ ထိုကဲ့သို့ကိစ္စမျိုးကို မေးခြင်းခံလိုက် ရ

သော်လည်း အခြားသောလူငယ်များကဲ့သို့ ထိတ်လန့်သွားခြင်း
မျိုးမရှိသည်ကိုကြည့်ရင်း အန်းဂိုဏ်းချုပ်မှာ ဆန်းလျန်ကို
အထင်ကြီးသွားမိလေသည်။

အခန်း (၁၄)

ကန့်သတ်ချက်များ

အန်းဝမ်လီဆိုသည်မှာ အန်းဂိုဏ်းချုပ်၏နာမည်အပြည့်အစုံ
ဖြစ်လေသည်။ အန္တရာယ်အရိပ်အငွေ့များမရှိသော်လည်း ရဲရင့်

သောသူတစ်ယောက်ဖြစ်လေသည်။ အစိမ်းရောင်ဝတ်လူ၏လက်ဝါးရိုက်ချက်တွင် ရပ်တည်နိုင်ခဲ့ခြင်းက သူ၏စရိုက်ကိုဖော်ပြနေလေသည်။

ဆန်းလျန်မှာ သူ၏အဆင့်နှင့် အန်းဝမ်လီ ၊ ရွှေဓားဘုရင်နှင့် ဆန်းချင်းစန်း တို့၏ကြား တွင်ဝင်ရောက်ပတ်သက်နိုင်ခြင်းမရှိပေ။ အပြန်အလှန်သဘောတူညီမှုယူပြီးသည်နှင့် ရွှေဓားဘုရင် ၊ အန်းဝမ်လီနှင့် ငွေချိတ် ကောက်များကိုင်ဆောင်သည့်အဖိုးအိုလေးတို့မှာ ဆိုင်အတွင်းမှ ထွက်ခွာသွားကြလေသည်။

လမ်းမပေါ်တွင်ဓားချင်းထိခတ်သံများသည် တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

အစိမ်းရောင်ဝတ်လူကမည်သို့ပင်စွမ်းအားကြီးပါစေစစ်သည်တော်များစွာကိုတော့မခုခံနိုင်ဘဲ အမှန်တရားကို ရင်ဆိုင်လိုက်ရလေတော့သည်။

အစိမ်းရောင်ဝတ်လူ၏ ခန္ဓာကိုယ်မှာ မည်မျှကြံ့ခိုင်သန်စွမ်း

သည်ကို ဆန်းလျန်သိလေသည်။ ယခုတော့ သူ၏ ဦးခေါင်းမှ

ခြေဖျားအထိ ဓားဒဏ်ရာများနှင့် သွေးအစင်းကြောင်းများ

ပြည့်နေလေသည်။ သူ၏လည်ပင်းတွင်လည်း သံကြိုးများဖြင့်

ချည်နှောင်ထားပြီး သံမဏိဖြင့်ပြုလုပ်ထားသည့်အကျဉ်း

လှည်းထဲတွင် ဖမ်းဆီးခံသွားရလေသည်။

"တကယ်ကောင်းတဲ့အစီအစဉ်ပဲ ၊ သူတို့တွေဒီလိုဖြစ်လာ

အောင်အကွက်ချစီစဉ်ထားတာပဲ"

မြင်ကွင်းကိုကြည့်ရင်း ဆန်းလျန်တွေးလိုက်မိသည်။

ဆန်းလျန်သိသည်မှာ အနည်းအကျဉ်းမျှပင်ရှိသေးသည်။ ဤ

ကိစ္စတစ်ခုလုံးကို ဆန်းမိသားစုက ရက်အနည်းငယ်အတွင်းမှာ

ပင်စီစဉ်ခဲ့သည်ကို ဆန်းလျင်သိခဲ့လျှင် ဆန်းအိမ်

တော်၏အရှိန်အဝါကို ပိုပြီးအံ့သြမိမည်ဖြစ်လေသည်။

အရာအားလုံးတိတ်ဆိတ်ငြိမ်သက်သွားသည်နှင့် ဆန်းလျန်မှာ ဆန်းချင်းစန်းနှင့်အတူ အိမ်သို့ပြန်လိုက်သွားလေ သည်။ သူကစိတ်မကောင်းဖြစ်ခြင်းလည်းမရှိသလို အစိမ်းရောင်ဝတ်လူကို လေးစားခြင်းလည်းမရှိပါ။ သို့သော် ဤနေ့ကိုတော့ သတိရနေမည်ဖြစ်လေသည်။

လက်ရှိ အဖြစ်အပျက်များကိုကြည့်ပြီး ဆန်းလျန်နားလည်လိုက်သည်မှာ မည်မျှပင်စွမ်းရည်ထက်မြက်ပါစေ ၊ မည်မျှပင် အရှိန်အဝါကြီးမားသည့် ကျန်းဟူမှလူစွမ်းကောင်းကြီးဖြစ်ပါစေ လူပေါင်းများစွာနှင့်ရင်ဆိုင်တိုက်ခိုက်ရသည့် အခါတွင်တော့ ဖမ်းဆီးခံရသည့်အဖြစ်သို့ ရောက်ရှိသွားရခြင်းပင်ဖြစ်လေသည်။

"ရုပ်ခန္ဓာက ရရှိနိုင်သည့်စွမ်းရည်ဟာ ကန့်သတ်ချက်ရှိတာပဲ" ဟု ဆန်းလျန်တွေးလိုက်မိလေသည်။

တစ်ချိန်တည်းမှာပင် သူ့ကို နတ်သက်ခြွေဓားက သဘောကျ သည်ကို သတိရသွားမိသည်။ ထိုအချက်က သူ့အမြင် များကို ရှင်းလင်းသွားစေခဲ့သည်။ ထိုအရာသည် အစိမ်းရောင်ဝတ်လူ ထံမှ ဆန်းလျန်မျှော်လင့်သော အရာဖြစ်လေ သည်။

နေ့စဉ်နေ့တိုင်း ဆန်းချင်းစန်းက ဆန်းသခင်ကြီးကို တင်ပြစရာ ရှိသည်များ တင်ပြရသည်။ သိပြီးသားကိစ္စများကိုပင် ဆန်း သခင်ကြီးက စိတ်ရှည်စွာနားထောင်လေသည်။

သူ့တွင် အကြောင်းပြချက်ရှိလေသည်။ အိမ်တော်အပြင်ဘက် တွင် ဖြစ်ခဲ့သည့်ကိစ္စများအတွက် သူသိသလောက် အခြေအနေများကိုသူကလက်မခံနိုင်။ သို့သော်လည်း တခြား သူများထံမှ တင်ပြသည်များကိုနားထောင်ပြီး စီစစ်သုံးသပ်ကာ မည်သို့ဖြစ်ရသည်ကိုနားထောင်ပြီးမှ ရှုထောင့်မျိုးစုံမှ သုံးသပ် လေသည်။

သူ၏အောင်မြင်မှုအတွက်လျှို့ဝှက်ချက်တစ်ခုမှာ "ဘက်လိုက်မှုမရှိခြင်းက အမြင်ကိုရှင်းလင်းစေသည်" ဟူ၍ပင် ဖြစ်လေသည်။

ဆန်းသခင်ကြီးက အန်းဂိုဏ်းချုပ်ကဆီမှ အစိမ်းရောင်ဝတ်လူယူသွားသည့်ပစ္စည်းအကြောင်းကို နားထောင်နေလေသည်။ အခင်းဖြစ်ပွားရာနေရာတွင် ဆန်းလျန်ရှိနေသည်ကိုလည်း နားထောင်နေလေသည်။

ဆန်းသခင်ကြီးက စကားတစ်လုံးမှမပြောပါ။ သို့သော် ဆန်းသခင်ကြီး မကျေမနပ်ဖြစ်နေသည်ကိုတော့ ဆန်းချင်းစန်းရိပ်မိလေသည်။ ဤသည်မှာ ဆန်းလျန်အတွက် ကောင်းသည့်လက္ခဏာမဟုတ်ပေ။

ထို့ကြောင့်ပင်လျှင် ဆန်းလျန်မှာ ယခုရက်ပိုင်းတွင် ထိန်းချုပ်ခံထားရလေသည်။

သို့သော် သူကဒေါသမထွက်ပါ။ ထိန်းချုပ်ခံထားရသည်ဟု ပင်မထင်ဘဲ ပုံမှန်အတိုင်းပင်နေထိုင်လေသည်။ သူ့ကို အစောင့်အကြပ်များက စောင့်ကြည့်နေသည့်တိုင်အောင် နေ့စဉ် လုပ်နေကျ ခန္ဓာကိုယ်အလေးချိန်တက်စေသည့် လေ့ကျင့်ခန်း လုပ်သည်။

နေ့စဉ်စားသောက်စရာများနှင့် အားဖြည့်အစာများကို မှာ ယူစားသောက်သည်။

ထိုနေ့မှစပြီး ဆန်းလျန်နှင့်ဆန်းသခင်ကြီးမှာ တစ်ယောက်နှင့် တစ်ယောက် တွေ့ဆုံရခြင်းမရှိသေးပေ။ ဆန်းလျန်မှာ သူ၏အဆောင်ထဲတွင်ပင် ထိန်းချုပ်ခံထားရခြင်းဖြစ်ပြီး မည်သူမျှသူ့ကို ဆန်းအိမ်တော်၏သခင်လေးဟု မမှတ်မိကြ ပေ။

ထိုသို့ဖြင့် အချိန်တစ်လခန့်ကြာသွားခဲ့လေသည်။

ဆန်းလျန်မှာ ကိုယ်အလေးချိန်များစွာတိုးတက်လာခြင်းမရှိ
သေးသော်လည်း အသားအရည်များစိုပြေလာလေသည်။
သူက သူ့အမှားကို ဆန်းသခင်ကြီးဆီသို့ ဝန်မခံခဲ့ပေ။ ဆန်း
သခင်ကြီးကလည်း ဆန်းလျန်လာရောက်တောင်းပန်သည်ကို
မျှော်လင့်နေခြင်းဖြစ်လေသည်။
လွန်ခဲ့သည့်တစ်လလုံးလုံး ဆန်းလျန်အတွက် အကျိုးကျေးဇူး
များစွာရလေသည်။ ဆန်းအိမ်တော်၏ဘဏ္ဍာရေး အခြေအနေ
မှာတောင့်တင်းသောကြောင့် သူ၏ခန္ဓာကိုယ်မှာလည်း
တစ်နေ့တခြားတိုးတက်မှုများ ဖြစ်လာရလေ သည်။ ဆန်း
မိသားစုမှထောက်ပံ့ပေးသည့် အားဖြည့်ဆေးများ
အစားအသောက်များဖြင့် လွန်ခဲ့သည့်နှစ်နှစ်ခန့်က သနားစရာ
အားပြတ်နေခဲ့ရသည့် သူ၏ခန္ဓာကိုယ်ကို အားဖြည့်လေသည်။

သူ၏ခန္ဓာကိုယ်မှာ လုံလောက်သောအင်အားမရှိသေးသည့်တိုင် သူ၏ကိုယ်တွင်းစွမ်းအားတိုးတက်လာသည် ကိုတော့ သူသတိထားမိလေသည်။

ခန္ဓာကိုယ်အလေးချိန်တက်စေသည့်လေ့ကျင့်ခန်းမှာ အန္တရယ်မရှိသောကြောင့် နေ့စဉ်လုပ်ဆောင်နိုင်လေသည်။

ခေတ်ပေါ်လောကမှ ဆေးပညာများဖြင့် ပေါင်းစပ်ဖြည့်စည်းပြီး ဤဒေသတစ်ဝိုက်တွင်ရှိသည့် ကျန်းဟူမှလူစွမ်း ကောင်းများထက်ပင် သူ့အခြေအနေကပိုကောင်းနေသေးသည်။

လက်ရှိအခြေအနေအရ ဆန်းလျန်မှာ ရွှေစားဘုရင်နှင့် အန်းဂိုဏ်းချုပ်တို့နည်းတူ ကျန်းမာသန်စွမ်းနေပြီ ဖြစ်လေသည်။

သို့သော်လည်း အတွင်းအားကတော့လိုအပ်နေသေးသည်။

သူတရားထိုင်နေစဉ် ပြတင်းတံခါးမှ လေပြေလေးတိုက်ခတ်လာသောကြောင့် ဖယောင်းတိုင်မီးလေးမှာ ယိမ်းထိုးသွား လေသည်။ မီးရောင်ကအနှောင့်အယှက်ဖြစ်နေသောကြောင့် ဆန်း

လျှန်က ဖယောင်းတိုင်မီးကိုမှုတ်ပစ်လိုက်ကာ တရားထိုင်ခြင်း

ကိုရပ်နားလိုက်လေသည်။

တိမ်များအုံ့ဆိုင်းနေသည့် ညဖြစ်သည့်အတွက် ဖယောင်းတိုင်မ

ရှိလျှင် မြင်ရဖို့ခဲယဉ်းလေသည်။

အိပ်ယာထက်တွင်ထိုင်ရင်း ဆန်းလျှန်အသက်ရှူနေလိုက်သည်။

တရားထိုင်ပြီးသည့်နောက် စွမ်းအင်များပြည့်လာ သလိုခံစား

လိုက်ရသည်။

"ငါတို့တွေက ငါတို့ရုပ်ခန္ဓာထဲမှာ ထွက်ပေါက်မရှိ ပိတ်မိနေကြ

တာ ၊ ဒါပေမယ့် အဲဒီကနေလွတ်မြောက်သွားမယ် ဆိုရင် ပို

ကောင်းလာနိုင်မလား ၊ လှောင်အိမ်ထဲကကျားလိုမျိုး ရှင်သန်ဖို့

အတွက် စိတ်ပူနေမလား ၊ လက်တွေ့ဘဝရဲ့ ကြမ်းတမ်းခြင်း

တွေကို ရင်ဆိုင်နိုင်ပါ့မလား ၊ ဆောင်းတွင်းမှာအစာရှာနိုင်ပါ့မ

လား ၊ ကျားဆိုသည်က ကြောင်အကြီးစားဖြစ်လို့ သူ့ရဲ့

ပင်ကိုယ်စရိုက်တွေဆုံးရှုံးသွားနိုင်မလား"

ရုပ်ခန္ဓာမှထွက်ခွာခြင်းအတွက် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ဆန်းလျန်မှာ မသေမချာဖြစ်နေရလေသည်။ သူနေရာဝင်ယူထားသည့်တကယ့်ဆန်းလျန်အစစ်ကဲ့သို့ ဝိညာဉ်နယ်ထဲတွင်လွင့်မျောကာ ဘဝဆုံးရမည်လား။

အချိန်ကုန်မြန်နေသည်နှင့်အမျှ သူလည်းဆုံးဖြတ်ချက်မြန်မြန်ချရမည်ဖြစ်လေသည်။ ပြီးတော့ ဆန်းသခင်ကြီး ကလည်း သူ့ကိုအလွတ်ပေးမည့်ပုံမပေါ်ပေ။

လောကတွင်ဖုံးကွယ်ထားသည့် ထူးခြားဆန်းပြားသည့်ဖြစ်ရပ်များ၏ ဖြစ်တန်စွမ်းကို ဆန်းလျန်မငြင်းနိုင်ပေ။ အထူးသဖြင့် ဆန်းမိသားစုပိုင်ဆိုင်သည့် ကြွယ်ဝချမ်းသာမှုနှင့် အရှိန်အဝါများက သက်သေဖြစ်လေသည်။

သူ၏ကျင့်စဉ်လေ့ကျင့်မှုအတွက် ဆန်းအိမ်တော်မှအကူအညီရယူမည်ဆိုလျှင် သူ့အနေဖြင့် ကန့်သတ်ချက်များ ရှိနေလိမ့်မည်ဖြစ်လေသည်။

ထို့ကြောင့် သူ့အနေဖြင့်အမြန်လုပ်ဆောင်ရမည်ဖြစ်လေသည်။

သို့သော်လည်း ရေပေါ်တွင်အရုပ်ရေးသလို အရာမထင်လည်း

ဖြစ်ကောင်းဖြစ်သွားနိုင်လေသည်။

ဆန်းအိမ်တော်၏အကူအညီမပါဘဲ သူမြန်မြန်ကျန်းမာလာ

မည်မဟုတ်ပေ။ ထို့ကြောင့် ဆန်းအိမ်တော်ကို သူအထူး

ကျေးဇူးတင်မိပါသည်။ သို့သော် ထိုကိစ္စများကြောင့် သူက

ဆန်းသခင်ကြီး၏သဘောထားကို သဘောတူမည်တော့

မဟုတ်။

သူ၏စိဝိညာဉ်ကိုနေရာချလိုက်သည်။ အလယ်အလတ်

လမ်းစဉ်ကို ရှာဖွေသည်။ စိတ်ရှုတ်ထွေးမှုများမှ ကင်းလွတ်

အောင်နေသည်။

ဝိညာဉ်နှင့် စိတ်ဝိညာဉ်...

ထိုအရာနှစ်ခုမှာ ခွဲခြား၍ရည့်အရာများမဟုတ်ပေ။

ထိုအရာများမှာ မျှော်စင်ပေါ်မှတွဲလောင်းချထားသည့် လက်ကိုင်ကြိုးလိုမျိုးပင်ဖြစ်သည်။ ကြိုးကိုကိုင်ထားမှ အထက်သို့ တက်နိုင်မည်ဖြစ်လေသည်။ မြေဆွဲအားရှိသည့်တိုင် သူကအပေါ်သို့ တက်နိုင်လေသည်။

ကြိုးကပိုပြီးခိုင်မာသောကြောင့်ဖြစ်လေသည်။

ခေတ်ပေါ်လောကမှ ဒုံးပျံကဲ့သို့ပင်ဖြစ်လေသည်။

စိတ်ဝိညာဉ်ကဆင်းသက်လိုက်သည်နှင့် ခန္ဓာကိုယ်မှစွမ်းအင်များက ဝိညာဉ်အဝေးသို့ထွက်ခွာရန်အတွက် လောင်ကျွမ်းသွားရသည်။ ခန္ဓာကိုယ်မှစွမ်းအင်မှာ လွတ်မြောက်ခြင်းအတွက် သော့ချက်ပင်ဖြစ်လေသည်။ ထိုစွမ်းအင်မရှိဘဲ ကျင့်စဉ်လေ့ကျင့်ခြင်းမှာ အချည်းနှီးပင်ဖြစ်လေသည်။

ဆန်းလျန်က ထိုနိယာမကိုနားလည်သည်။

သူ၏ခံယူချက် တဖြည်းဖြည်းမြင့်မားလာသည်နှင့်အမျှ သူ့ကိုယ်သူထားရှိသည့်သံသယများ လျော့ပါးသွားလေသည်။ သူ့

စိတ်လွတ်မြောက်သွားသည့်အခါ လောကကြီးကိုရှုမြင်ပုံ

ပြောင်းလဲသွားလေသည်။

သူ့ကိုယ်သူပြန်မြင်နိုင်လေသည်။

မှန်ထဲတွင် ကိုယ့်ပုံရိပ်ကိုယ် ပြန်မြင်သလိုမျိုးတော့မဟုတ်ပေ။

သူ၏ပုံစံအစစ်အမှန်ကိုဖြစ်လေသည်။

ခန္ဓာကိုယ်က ပိန်သွယ်ပြီး ပါးများကချိုင့်နေလေသည်။

တိတ်ဆိတ်ခြင်းများထဲတွင် တရားထိုင်နေသည့်ခန္ဓာကိုယ်မှာ

ပေါ့ပါးသွားသလိုခံစားလိုက်ရသည်။

သို့သော် သူကလေထဲတွင်ရပ်တန့်နေသည်။

"လွတ်မြောက်ပြီ... အလင်းရောင်နဲ့လေလိုပဲ"

ထိုခဏတာဖြစ်ပျက်သွားသည့် သူ့အခြေအနေကို ထိုထက်ပို

ပြီးဖော်ပြနိုင်သည့်ဥပမာမရှိနိုင်ပေ။

စိတ်ဝိညာဉ်အနေဖြင့် စိတ်ခံစားမှုများကြောင့် အနှောင့်အယှက်

မဖြစ်တော့။

ငြိမ်းချမ်းငြိမ်းသက်ပြီး တိတ်ဆိတ်တည်ငြိမ်သွားလေ

တော့သည်။

အခန်း (၁၅)

မျောလွင့်နေတဲ့တိမ်တိုက်များ

အပြင်သို့မထွက်ခွာမီ ဆန်းလျန် သူ၏ရုပ်ခန္ဓာကို နောက်ဆုံး

အနေဖြင့်တစ်ချက်ကြည့်လိုက်သည်။ တံခါးပေါက်များက

ဆန်းလျန်ကိုမထားဆီးနိုင်ခဲ့… ခြံဝန်းတံတိုင်းအတွင်းမှာ လျှပ်တပြက်အတွင်း သူထွက်ခွာသွား လေသည်။

တိမ်များက လမင်းဆီသို့ရွေ့လျားနေကြသည်။ မက်မွန်ပွင့်များက သူတို့၏အရိပ်များနှင့်အတူ ကခုန်နေကြသည်။

ကောင်းကင်က ကြယ်ပွင့်လေးများဖြင့်တောက်ပနေသည်။

ကြယ်ပွင့်လေးများက သန့်ရှင်းဖြူစင်နေသည့်

လပြည့်ဝန်း၏အလှတရားကို ပြည့်စုံအောင်ဖြည့်ဆည်းပေးနေကြလေသည်။ မိုးကောင်းကင်မှ လူ့လောကသို့ မြူနှင်းငွေ့များရွာကျပေးနေသလို ခံစားရလေသည်။

ဆန်းလျန်၏ဝိညာဉ်မှာ လေထုထဲတွင် ပေါ့ပါးမှုကိုခံစားနေမိလေသည်။

ဆန်းလျန်ရုတ်တရက်တွေးလိုက်မိသည်။ လရောင်ကိုသူ့ထံသို့မြစ်တစ်စင်းကဲ့သို့စီးဆင်းခွင့်ပေးလိုက်လျှင် ဘာဖြစ် လာမည်လဲ ၊ လရောင်ကို သူစုပ်ယူနိုင်မည်လား။လရောင်က ဆန်းလျန်

အနားတွင်ဖြာကျနေသည်။ ငှက်မွေးအကြည်ရောင်များကဲ့သို့ သူ့ကိုဝန်းရံထားသည်။

အပူရှိန်ကို ဆန်းလျန်ခံစားလိုက်ရသည်။ နေ့လည်ဘက် နေရောင်အောက်တွင် အပူရှိန်ကိုခံစားရသလိုမျိုးဖြစ်လေသည်။

မည်သည့်အရာမှမရှိသည့်ခြံဝန်းထဲတွင် အရိပ်တစ်ခု တောက်ပနေသည်။ ထိုအရာက ခန္ဓာလောကတွင် ရယူခြင်းနှင့်ရယူခြင်း မရှိမှုတို့အကြား စီးဆင်းနေသည့်ပုံရိပ်ဖြစ်သည်။ မျက်နှာနှင့်ဆံပင်များမှာ ဝိညာဉ်ငွေ့များဖြင့် မှုန်ဝါးနေသည်။ ဆန်းသခင်ကြီးလွှတ်ထားသည့်အစောင့်များက ဆန်းလျန်၏အခန်းကို စောင့်ကြပ်နေကြသည်။ ညဘက် တာဝန်ကျသည့်အစောင့် နှစ်ယောက်မှာ လေတိုက်သက်သာစေရန် တံခါးကိုမှီပြီးအကာအကွယ်ယူရင်း အိပ်ပျော် နေကြသည်။ သူတို့ထဲမှတစ်ယောက်မျက်လုံးဖွင့်လိုက်မိသည့်အခါတွင်တော့

တောက်ပနေသည့်အရိပ်ကိုတွေ့ပြီး အော်ဟစ်လိုက်လေ တော့သည်။ သူ၏အော်သံကြောင့် သူ့ဘေးမှအစောင့်မှာလည်း လန့်သွားရလေသည်။

ဆန်းလျန် ပြဿနာမဖြစ်ချင်ပါ။ ထို့ကြောင့် သူ့ဝိညာဉ်ကိုဝန်းရံ နေသည့်လရောင်များကို အဝေးသို့လွင့်ပျောက်သွား အောင် လုပ်လိုက်သည်။ဝိညာဉ်မှာ ရုပ်ခန္ဓာမရှိသည့်အတွက် လူသား များမှာ မျက်လုံးဖြင့်မြင်တွေ့နိုင်ရန်မှာ မလွယ်ကူပေ။

ဘေးမှအစောင့်က မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါတွင် တော့ မည်သည့်အရာမျှ တွေ့မြင်ခြင်းမရှိတော့ပေ။ ထို့ကြောင့် လန့်ပြီးအော်သောအစောင့်ကိုအပြစ်တင်လိုက်ပြီး ပြန်အိပ် လိုက်လေသည်။ ဆန်းလျန်ကိုမြင်တွေ့လိုက်ရသည့်အစောင့်မှာ တော့ မယုံကြည်နိုင်စွာဖြင့် သူ့မျက်လုံးကိုပွတ်လိုက်ပြီးထပ် ကြည့်လိုကလေသည်။ သို့သော် မည်သည့်ထူးဆန်းသည့်အရာ

မှ မတွေ့ရတော့သဖြင့် သူမျက်စိအထင်မှားခြင်းဖြစ်မည်ဟုပင် တွေးလိုက်မိလေတော့သည်။လရောင်များဝန်းရံနေခြင်းမရှိတော့သောကြောင့် ဆန်းလျန်မှာ လေထဲတွင် ယိမ်းထိုးနေလေသည်။

လေထုအေးထဲတွင် အဝတ်မပါဘဲ ရပ်နေရသကဲ့သို့ဖြစ်နေလေသည်။ လေနှင့်နှင်းများမှာဓားသွားသဖွယ် သူ့ကို တိုက်ခိုက်နေကြလေသည်။

ဆန်းလျန်မှာ ခံစားချက်ဗလာနတ္ထိဖြစ်နေလေသည်။ ဝိညာဉ်ခန္ဓာကို ခံစားချက်များက လုံးဝအနှောင့်အယှက်မပေးနိုင် ပေ။ ရုပ်ခန္ဓာအပြင်ဘက်မှအတွေ့အကြုံမှာ အရင်ကတွေ့ကြုံဖူးသည့်အတွေ့အကြုံများနှင့် လုံးဝမတူသည်ကို သူနားလည် လာရလေသည်။ ပျော်ရွှင်စရာဖြစ်သော်လည်း အန္တရယ်များလေသည်။

ညအချိန်ဖြစ်သောကြောင့်သာ အဆင်ပြေနိုင်ခြင်းဖြစ်သော်လည်း နေ့ဘက်တွင် ဤသို့ပြုလုပ်မည်ဆိုပါက သူ့ဝိညာဉ်မည်မျှအဆင့်မြင့်ပါစေ နေရောင်ခြည်အောက်တွင်တော့ ရပ်တည်နိုင်စွမ်းရှိမည်မဟုတ်ပေ။တစ္ဆေများမှာ ညဘက်တွင်သာခြောက်လှေ့ရှိပြီး နေ့ဘက်တွင်မတွေ့ရသည်မှာ ထို့ကြောင့်ပင်ဖြစ်ပေလိမ့်မည်။

အတွေ့အကြုံမရှိဘဲ ရုပ်ခန္ဓာမှထွက်ခွာခြင်းမှာ အန္တရယ်များသည့်အတွက် ဆန်းလျန်မှာ အထူးသတိထားရလေသည်။ သူကရေခွဲလှောပါးလေးထဲတွင်လမ်းလျှောက်နေသကဲ့သို့ဖြစ်ပြီး သတိကြီးစွာထားရမည်ကိုသူသိလေသည်။ သူ၏ရုပ်ခန္ဓာနှင့်အဆက်အသွယ်ရှိနေသည့်အတွက် သူဝမ်းသာမိသည်။ အနည်းဆုံးတော့ ခက်ခဲကြမ်းတမ်းသော လောကကြီးထဲတွင် သူတစ်ယောက်တည်းမဟုတ်ကြောင်း သိခွင့်ရခဲ့လေပြီ။

ဝိညာဉ်လွှင့်ခြင်းမှာ စွန်လွှတ်ခြင်းနှင့်ဆင်တူလေသည်။

သူ၏ဝိညာဉ်နှင့်ရုပ်ခန္ဓာမှာ ကြိုးတစ်ချောင်းဖြင့် အမျှင်တန်း

နေသကဲ့သို့ဖြစ်ရကား ဝိညာဉ်လောကထဲသို့မျောလွင့်သွားမည်

ကို စိုးရိမ်စရာမရှိပေ။

ရုပ်ခန္ဓာကအကျဉ်းထောင်တစ်ခုသဖွယ်ဖြစ်လေသည်။

သို့သော် ရုပ်ခန္ဓာမှာ လူ့လောက၏အခက်အခဲများကြားတွင်

ရှက်လွှင့်နေသည့် ဝါးဖောင်တစ်ခုနှင့်တူလေသည်။ အကောင်း

အဆိုးဒွန်တွဲနေလေသည်။

"တောင်အနောက်ဘက်တွင်မျောလွင့်နေသည့်တိမ်တိုက်များ ...

သူတို့ပြန်လာပါတော့မလားဆိုတာ ငှက်ငယ်လေးတွေ သာသိ

နိုင်လိမ့်မည်..."

ဆိုသည့် ကဗျာလေးကဲ့သို့ပင် ...

ရုပ်ခန္ဓာမှထွက်ခွာလာသော ဝိညာဉ်မှာ လုံးဝလွတ်လပ်နေလေ

သည်။ သို့သော်လည်း...

ငှက်များမှာအချိန်တန်လျှင် အသိုက်သို့ပြန်ရသကဲ့သို့ ဝိညာသ်မှာလည်း ရုပ်ခန္ဓာသို့ပြန်ရန် လိုအပ်လေသည်။

ဆန်းလျန်က သူ၏ဝိညာဉ်ကို ထိန်းချုပ်ဖို့ကြိုးစားလိုက်ပြီး ဖြစ်စဉ်များကိုစမ်းသပ်ကြည့်လိုက်သည်။

သူနားလည်လိုက်သည်က ဝိညာဉ်၏ထူးခြားမှုများပင်ဖြစ်လေသည်။ ဝိညာဉ်သည် ရုပ်ဝတ္ထုများကို ထိုးဖောက်ဖြတ်ကျော်သွားနိုင်လေသည်။

လရောင်အောက်တွင်သူလုပ်ခဲ့သည့်အရာများကို ပြန်လည်ဖန်တီးကြည့်လိုက်သည်။ လေကိုသူ၏ဝိညာဉ်နှင့် ပေါင်း စည်းရန်ကြိုးစားကြည့်လိုက်သည်။ လေထဲတွင် သူ၏ဝိညာဉ်မှာ အရည်ပျော်သွားသကဲ့သို့ ခံစားလိုက်ရပြီး လေ၏ ဖိအားနှင့်မျောလွင့်သွားလေသည်။

သူလေထုထဲမှာ သူ့ကိုယ်သူခွဲထွက်လိုက်သည့်အခါတွင်တော့ မြေဆွဲအားကိုခံစားရခြင်းမရှိတော့ပေ။

သူကမြေပြင်ပေါ်တွင် ပေါလောမျောနေလေသည်။

ရုပ်ခန္ဓာမှထွက်ခွာခြင်းအစိကအချက်အလက်များကို သိရှိပြီး

သည့်နောက် သူ၏လုပ်ဆောင်မှုကို ပိုပြီးကျယ်ပြန့်စေ လိုက်

လေသည်။

သူက အဆောက်အဦးနှင့်နံရံများကို အတားအဆီးမရှိ ဖြတ်

ကျော်သွားလာနေလိုက်လေသည်။

သူရောက်နေသည့်ကမ္ဘာမှာ လျှပ်စစ်မီးနှင့် လျှပ်စစ်မီးအိမ်များ

လည်းမရှိသဖြင့် လူများမှာ စောစောအိပ်ယာဝင်ကြ သည့်

အလေ့အကျင့်ရှိကြလေသည်။

ထို့ကြောင့် အလင်းရောင်တစ်ခုခုရှိနေလျှင် မြင်သာထင်သာ

ဖြစ်နေတတ်လေသည်။

သူက ရုပ်ခန္ဓာမှထွက်ခွာသည့်အတွေ့အကြုံကို စမ်းသပ်ပြုလုပ်

ကြည့်ခြင်းမျှာဖြစ်ပြီး မည်သည့်ရည်ရွယ်ချက်မှမရှိခဲ့ပါ။

သို့သော် အခန်းတစ်ခန်းထဲမှ မီးရောင်လင်းနေသည်ကို မြင်လိုက်ရသည့်အတွက် အခန်းထဲသို့ဝင်ကြည့်ရန် ဆန်းလျန်ဆုံးဖြတ်လိုက်လေသည်။

သူအခန်းထဲသို့အတားအဆီးမဲ့စွာဝင်လိုက်သည်။ အမျိုးသမီးတစ်ယောက်၏ငိုသံကိုသူကြားလိုက်ရလေသည်။

အမျိုးသမီးမှာ ယူကျုံးမရဖြစ်ကာ ဝမ်းနည်းပက်လက်ငိုကြွေးနေခြင်းဖြစ်လေသည်။

"ဘာလို့ငိုနေရတာလဲကွယ်၊ ရှော့ရှီကနေမကောင်းဖြစ်နေတာပါ၊ သူ့ကိုနည်းနည်းပိုပြီး ဂရုစိုက်ပေးလိုက်ရင် နေကောင်းသွားမှာပါ"

ဆန်းချင်းစန်း၏အသံကို ဆန်းလျန်ကြားလိုက်ရလေသည်။

"ဒါပေမယ့် သူမတစ်နေ့တခြားပိန်ပိန်လာတယ်၊ စကားလည်းမပြော ထမင်းလည်းမစားနဲ့၊ သမားတော်တွေလည်း လက်လျှော့လိုက်ပြီ၊ ကျွန်မစိတ်မပူဘဲ ဘယ်နေနိုင်မှာလဲ၊ ဆန်းလျန်က

သွားလေရာရာမှာ ကံကြမ္မာဆိုးတွေပဲ သယ်ဆောင်လာတယ်လို့ ရှင်မထင်ဘူးလားဟင်၊ ပထမဆုံး သူ့အမေကသူ့ကြောင့်သေရတယ်၊ ခုလည်း ရော့ရှီကို ဖြည်းဖြည်းချင်းသတ်နေပြန်ပြီ၊ သူမကိုသာဆန်းလျန်နဲ့ပေးစားဖို့ မစီစဉ်ဘူးဆိုရင် ရော့ရှီ ဒီလိုမျိုးနေမကောင်း ဖြစ်မှာမဟုတ်ဘူး"

အမျိုးသမီးက ဆန်းချင်းစန်းကိုပြောရင်းမျက်ရည်များကို သုတ်လိုက်သည်။

ဆန်းလျန်မှာ အခန်းထဲသို့ရောက်နေပြီဖြစ်သောကြောင့် ဆန်းချင်းစန်းနှင့် သူ၏ဇနီး ချန်သခင်မပြောသောစကားများ ကို အတိုင်းသားကြားနေရလေသည်။

ဆန်းချင်းစန်းမှာ မျက်မှောင်ကြုတ်ထားပြီး ချန်သခင်မကတော့ သူနှင့်ဆန့်ကျင်ဘက်တွင် ထိုင်နေလေသည်။

"ဒါဆို ဆန်းရော့ရှီ နေမကောင်းဖြစ်နေတာပေါ့"

ဟု ဆန်းလျန်တွေးလိုက်မိသည်။

ချန်သခင်မ၏စွပ်စွဲပြောဆိုမှုများကိုတော့ သူ... လုံးဝငြင်းဆန်လိုခြင်းမရှိတော့ပါ။ ပုံမှန်နေ့ရက်များတွင်ပင် သူက အမြဲတမ်းစွပ်ဆွဲပြောဆိုခံနေရသူဖြစ်သည့်အပြင် သူ၏ဝိညာဉ်ခန္ဓာမှာလည်း ခံစားချက်ဗလာနတ္ထိဖြစ်နေသော ကြောင့်ဖြစ်လေသည်။ သူထိန်းသိမ်းခံထားရသည်မှာ တစ်လခန့်ပင်ရှိပြီးဖြစ်သောကြောင့် ပြင်ပလောကနှင့် အဆက်အသွယ်ပြတ်နေခဲ့လေသည်။ ထို့ကြောင့် ဆန်းရော့ရှီနေမကောင်းဖြစ်နေသည်ကို သူမသိခဲ့ရပေ။

"ဆန်းလျန်ကိုထိန်းချုပ်ထားတာ တစ်လလောက်တောင်ရှိနေပြီ ၊ ပြီးတော့ ရော့ရှီက လွန်ခဲ့တဲ့ ငါးရက် ခြောက်ရက် လောက်ကမှ စပြီးနေမကောင်းဖြစ်တာလေ ၊ အဲဒါဆန်းလျန်နဲ့ဘာဆိုင်လို့လဲ ၊ မင်းလင်ညီအစ်မရဲ့ စကားတွေကိုနားထောင်မနေစမ်းပါနဲ့"

ဆန်းလျန်မှာ ဆန်းချင်းစန်းနှင့်တော့ သဘောထားကွဲလွဲလေသည်။ ဆန်းသခင်ကြီး၏ လွှမ်းမိုးမှုအောက်တွင်နေရ

သည့်အတွက် ဆန်းချင်းစန်းကမိန်းကလေးများကို ယောကျာ်း
လေးများထက်တစ်ဆင့်နိမ့်သည်ဟု လက်ခံထားသူဖြစ်လေ
သည်။ ထို့ပြင် ဆန်းလျန်ကိုသာလက်ထပ်လျှင် သူ၏သမီးဖြစ်
သူမှာ အနိုင်ကျင့်ခံရမည် မဟုတ်ကြောင်းကို သူသိထားလေ
သည်။

ချန်သခင်မကတော့ သူမ၏စွပ်စွဲချက်ကို လျှော့မပေးပါ။

"ဆန်းလျန်က လူကောင်းဖြစ်ဖြစ် လူဆိုးဖြစ်ဖြစ် ကျွန်မဂရုမ
စိုက်ဘူး ၊ ဒါပေမယ့် သူ့ကိုလည်းကြည့်လိုက်စမ်းပါဦး ၊ သူက
အမြဲတမ်းအားလုံးနဲ့ ခွဲခြား ခွဲခြားနဲ့နေနေတာ ၊ သူကသူ့အတွေး
နဲ့သူနေနေတာ ၊ ရှင်ကသူ့ကိုဖြောင့်မတ်တဲ့စိတ် နဲ့ဆက်ဆံမယ်
ဆိုရင်တောင်မှ သူကရှင့်ကို ကျေးဇူးတင်မှာမဟုတ်ဘူး"

"မင်းတော့မှားနေပြီ ၊ ဆန်းလျန်က တခြားသူတွေထက်ပိုပြီး
စိတ်ချရပါတယ်ကွာ ၊ မင်းသာသူ့အပေါ်ကောင်းရင် ပါးစပ်က

ထုတ်ပြီးကျေးဇူးမတင်ရတောင်မှ သူ့ရင်ထဲမှာ မှတ်ထားမယ့်
သူမျိုးပါ"
ဆန်းချင်းစန်းကပြောလိုက်သည်။
စားသောက်ဆိုင်ထဲတွင် သူသိခဲ့ရသည့်အဖြစ်အပျက်ကို
သတိရလိုက်မိသည်။
ဆန်းလျန်နှင့်အစိမ်းရောင်ဝတ်လူ စားသောက်ဆိုင်ထဲတွင် ဖြစ်ပျက်ခဲ့သည်များကို သူစုံစမ်းပြီးပြီဖြစ်လေသည်။ ဆန်းလျန်ကို စောင့်ရှောက်ရန်ထည့်ပေးလိုက်သည့် သက်တော်စောင့်နှစ်ယောက်ကို အစိမ်းရောင်ဝတ်လူက သတ်ပစ်ခဲ့လေသည်။ သူ အံ့သြရသည်မှာ ထိုနေ့က ဆန်းလျန်၏အပြုအမူကိုပင်ဖြစ်လေသည်။
"မင်းပြောနေတာလူတွေရဲ့အသက်နော် ကျုပ်ဘယ်လိုလုပ်စိတ်ထဲမထားဘဲနေနိုင်မှာလဲ ၊ ကျုပ်ကလူတွေရဲ့အသက် ကိုတန်ဖိုးထားတယ် မင်းကတော့ ဂရုမစိုက်ဘဲသတ်ဖြတ်တယ် ကျုပ်တို့

ကိုယ်ပိုင်အသက်တွေဆိုရင်တော့ ဘာအရေးလဲ၊ ဒါပေမယ့်
အသက်ဆိုတာတစ်ခါပဲရှင်သန်ခွင့်ရတာ"
ဆန်းလျန်ပြောခဲ့သည့်စကားများကို ယွဲ့ခယ်လိုင်
စားသောက်ဆိုင်မှ ဆိုင်ပိုင်ရှင်ပြန်ပြောပြခဲ့ခြင်းဖြစ်လေသည်။
ဆန်းချင်းစန်းယုံကြည်သည်မှာ ထိုစကားလုံးတိုင်းမှာ ဆန်းလျ
န်၏ရင်တွင်းမှ စစ်မှန်သည့်စကားလုံးများဖြစ်သည် ဆိုသည်ကို
ပင်။

ဆန်းလျန်မှာ ထင်ရှားကျော်ကြားခြင်းမရှိသည့် သာမန်
သက်တော်စောင့်လေးနှစ်ယောက်ဘက်မှ ရပ်တည်ပေးခဲ့ပြီး
အစိမ်းရောင်ဝတ်လူကို အကြောက်အလန့်မရှိရင်ဆိုင်ခဲ့သည်။
ဆန်းချင်းစန်းမှာ ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ်နှင့် ဤကဲ့သို့
အပြုအမူမျိုးပြုလုပ်သည်ကို တစ်ခါမှ မမြင်တွေ့ခဲ့ဖူး ပေ။
ဆန်းလျန်နှင့်ကျမှမြင်တွေ့ခဲ့ရခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ ယုံကြည်ထိုက်ပြီး တာဝန်ယူတတ်သူတစ်ဦးဖြစ်သောကြောင့် ဆန်းအိမ်တော်အနေဖြင့် ဆန်းလျန် ကဲ့သို့သောသူကို လက်လွှတ်ရန် မဖြစ်နိုင်ပေ။

ဆန်းချင်းစန်းမှာ သူ၏အားနည်းချက်ကိုသိသည်။ သူက ဆန်းအိမ်တော်ကို ပိုပြီးတိုးတက်မြင့်မားလာအောင် ဦးဆောင်နိုင်မည့်သူမဟုတ်။ ထို့ပြင် သူ၏အစ်ကိုဖြစ်သူမှာလည်း သူ့လောက်ပင်စွမ်းဆောင်နိုင်သူမဟုတ်ပေ။

ထိုအခြေအနေကြောင့်ပင် ဆန်းလျန်မှာ ဆန်းချင်းစန်းပြောသည့်စကားများနှင့်ပတ်သက်ပြီး သိပ်ပြီးဝမ်းသာမိခြင်း တော့မရှိခဲ့ပေ။ သို့သော်လည်း သူ၏ဦးလေးပြောသည့် သူနှင့်ပတ်သက်သည့်အကြောင်းများမှာ အမှန်များပင်ဖြစ်လေသည်။

အခန်း (၁၆)

သဲလွန်စမကျန်ဘဲအိပ်မက်မက်ခြင်း

နောက်ထပ်မြင်လိုက်ရသည့်အရာကြောင့် ဆန်းလျန်အံ့သြ တုန်လှုပ်သွားရလေသည်။ ထိုအရာမှာ ဝိညာဉ်ငွေ့လေး တစ်ခု ဖြစ်လေသည်။ ပန်းရောင်အငွေ့များဖြင့်ဖုံးလွှမ်းနေပြီး မက်မွန် ပန်းလေးသဏ္ဌာန်နှင့်ဆင်တူလေသည်။
ထိုဝိညာဉ်ငွေ့လေးမှာအခန်းထဲမှထွက်လာခြင်းဖြစ်သည်ကို ဆန်းလျန်မြင်လိုက်ရလေသည်။ ဆန်းချင်းစန်းကထိုဝိညာဉ်

ငယ်ကို မမြင်နိုင်သော်လည်း ဆန်းလျန်ကတော့မြင်နိုင်လေ

သည်။

ဆန်းလျန်အနည်းငယ်လှုပ်ရှားလိုက်ပြီး ပန်းရောင်ဝိညာဉ်ငယ်

လေးကိုဖမ်းလိုက်သည်။ ပေါင်ဒါမှုန့်လေးများလို ထိုဝိညာဉ်

ငယ်လေးကဆန်းလျန်ဆီသို့ပျော်ဝင်သွားသည်။ အချိန်

အနည်းငယ်မျှသာကြာလေသည်။ ဆန်းလျန်၏ ရင်ထဲတွင်

ကြီးမားသည့်ခံစားချက်လှိုင်းလုံးကြီး မြင့်တက်လာလေသည်။

မိန်းမပျိုလေးတစ်ယောက်၏ ခံစားချက်များပင်ဖြစ်လေ

သည်။

ဆန်းလျန်သူ၏ဝိညာဉ်ကို ငြိမ်သက်အောင်လုပ်လိုက်ပြီး

ပန်းရောင်ဝိညာဉ်စွမ်းအားငယ်လေးကို ဖယ်ထုတ်ပစ်လိုက်

သည်။ သူ၏ဝိညာဉ်စွမ်းအားမှာမြင့်မားကြောင်းဆန်းလျန်သိ

လေသည်။ သို့သော် သူ့ဝိညာဉ်မှာ ခံစားချက်ကင်းမဲ့နေသည့်

ဝိညာဉ်တစ်ခု မဟုတ်တော့ပေ။ အနိမ့်အမြင့်အတက်အကျ ခံစားချက်များကို သူခံစားနေရလေသည်။

"လက်တွေ့ကစာတွေ့ထက်ပိုကောင်းသည်" ဆိုသည့် ဆိုရိုးအတိုင်းပင်။

ယခုအတွေ့အကြုံအရဆိုလျှင် ဆန်းလျန်မှာ အခြားတစ်ယောက်၏ဝိညာဉ်ငယ်များအား စုပ်ယူနိုင်စွမ်းရှိလေသည်။ “စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း” ကျင့်စဉ်ကိုလေ့ကျင့်ခဲ့သည့်အတွက် ဆန်းလျန်၏ဝိညာဉ်စွမ်းအားမှာ သန့်စင်လေသည်။ သူ့နှလုံးသားမှာ လိုချင်မှုဆန္ဒများမှကင်းဝေးပြီး သူ၏စိတ်ဝိညာဉ်မှာ သန့်ရှင်းနေလေသည်။ ထို့ကြောင့်ပင် သူသည် မကောင်းမှုလမ်းကြောင်းသို့ရောက်ရှိသွားနိုင်လေသည်။ အခြားသောဝိညာဉ်စွမ်းအားငယ်လေးများလည်း ရှိနေသေးသည်။ ဘယ်ဘယ်တွင်ရှိနေပြီး အခန်းထဲသို့ဝင်လိုက်ထွက်လိုက်လုပ်နေလေသည်။

ဆန်းချင်းစန်းနှင့် သူ၏ဇနီးဖြစ်သူချန်သခင်မကို သူလျစ်လျူ ရှုလိုက်ပြီး တံခါးကိုဖြတ်ကျော်ကာ အခန်းထဲသို့ဝင်သွား လိုက် လေသည်။

သူအခန်းထဲသို့ရောက်တော့ အိပ်ယာဘေးတွင် အစေခံ မိန်းကလေးငယ်တစ်ယောက်ကို တွေ့ရလေသည်။ အိပ်ယာ ကို လွှမ်းခြုံထားသည့် ဇာပုဝါခြင်ထောင်ပါးအောက်တွင်တော့ မိန်းကလေးတစ်ယောက် လဲလျောင်းနေလေသည်။ အသားအရေမှာဖြူဖျော့နေပြီး အိပ်ပျော်မောကျနေပုံရလေသည်။ ဝိညာဉ်စွမ်းအားငယ်လေးများမှာ သူမဆီမှထွက်နေကြခြင်းဖြစ် လေသည်။

ထိုမိန်းကလေးမှာ ဆန်းရှော့ရှီပင်ဖြစ်လေသည်။

လူတစ်ယောက်၏ဝိညာဉ်မှာ သူ၏ရုပ်ခန္ဓာနှင့်ချည်နှောင် ချိတ်ဆက်ထားသည့်အရာဖြစ်လေသည်။ ဝိညာဉ်စွမ်းအား ငယ်လေးများမှာတော့ လူတစ်ယောက်အိပ်ပျော်နေချိန်တွင်

မသိစိတ်မှဖြစ်ပေါ်လာသည့် အိပ်မက်ကဲ့သို့သော စွမ်းအားငယ်
လေးများဖြစ်လေသည်။
ထို့ကြောင့်ပင် လူတစ်ယောက်မှာ အိပ်ပျော်နေချိန်အတွင်း သူ
တို့ကိုယ်သူတို့ ပြန်မြင်ကြရခြင်းဖြစ်လေသည်။
အိမ်မက်မက်သည့်အကြောင်းရင်းမှာ ဝိညာဉ်စွမ်းအားငယ်များ
မှာ ခန္ဓာကိုယ်မှ ထွက်ခွာသွားခြင်းဖြစ်လေသည်။
သို့သော် ထိုဖြစ်ရပ်မှာ ဆန်းလျှန်ပြုလုပ်သည့်ခန္ဓာကိုယ်မှ
ဝိညာဉ်လွှင့်ခြင်းနှင့်တော့ လုံးဝတူညီခြင်းမရှိပေ။ ဆန်းလျှ
န်၏ဝိညာဉ်က လွတ်လပ်ပြီးပြည့်စုံသည်။ သူမြင်သမျှ ကြား
သမျှကို ရှင်းလင်းစွာခံစားသိမြင်နိုင်သည်။ ပြတ်သားသည့်
ဆုံးဖြတ်ချက်များပင် ဆန်းလျှန်ကချမှတ်နိုင်လေသည်။
သို့သော် ဝိညာဉ်စွမ်းအားငယ်လေးများ ထွက်ခွာခြင်းကတော့
လွတ်လပ်ခြင်းမရှိသလို သတိရှိခြင်းလည်းမရှိပေ။

ဆန်းလျန်ကဲ့သို့ဝိညာဉ်လွှင့်သူများအနေဖြင့် လူများအိပ်ပျော်နေသည့်အချိန်တွင် အိပ်မက်မက်ခြင်းကြောင့် ထွက်ပေါ်လာကြသည့် ဝိညာဉ်စွမ်းအားငယ်လေးများကို စုပ်ယူမိလျှင် ဝိညာဉ်စွမ်းအား အားကောင်းလာစေလေသည်။

ဆန်းလျန်၏မျက်ဝန်းထဲတွင် ဆန်းရှော့ရှီမှာ ဖြူဖျော့နေရုံသာမက သူမ၏မျက်ခုံးနှစ်ခုကြားတွင် အစိမ်းရောင်မျဉ်း ကြောင်းလေးတစ်ခုကိုတွေ့လိုက်ရလေသည်။ ထိုမျဉ်းကြောင်းလေးဖြစ်ပေါ်လာရသည့်အရင်းအမြစ်ကို ဆန်းလျန် မသိပါ။

"သူကငါ့ရဲ့ညီမဝမ်းကွဲဖြစ်နေမှတော့ သူဘယ်လိုမကောင်းမှုမျိုးကြောင့် နေမကောင်းဖြစ်နေတာလဲ ကြည့်ပေးလိုက် မယ်"

ဟု ဆန်းလျန်တွေးလိုက်လေသည်။

ဆန်းလျန်၏ဝိညာဉ်မှာ ဆန်းရှော့ရှီအပေါ်တွင် ရစ်ဝဲနေလေသည်။ သူကစိတ်စွမ်းအားကိုစုစည်းလိုက်ပြီး ဓားလေးတစ်ချောင်းကိုအသုံးပြုနေသည်ဟု အာရုံစိုက်လိုက်ကာ အစိမ်း

ရောင်မျဉ်းကြောင်းလေးကို ဖြတ်တောက် လိုက်သည်။ တစ်ချိန်တည်းမှာပင် ဆန်းလျန်၏ဝိညာဉ်ခန္ဓာသည် မျက်ခုံးနှစ်ခုကြားမှတစ်ဆင့် ဆန်းရော့ရှီ၏ အတွေးများထဲသို့ဝင်ရောက်သွားလေတော့သည်။

ဆန်းရော့ရှီမှာ နေ့ခင်းပိုင်း အလည်အပတ်ခရီးတစ်ခုမှပြန်လာပြီးကတည်းက မအီမသာဖြစ်နေခြင်းဖြစ်လေသည်။ အလွန်လည်း မောပန်းနွမ်းနယ်နေသောကြောင့် အိပ်ယာထက်တွင်လှဲနေရလေသည်။

အရွယ်ကောင်းသောမိန်းမပျိုလေးမှာ ဆောင်းဦးရွက်ကြွေတစ်ရွက်လို ဖျော့တော့ခြောက်သွေ့နေရလေသည်။ ထိုနေ့ညတွင်သူမ အိပ်တစ်ဝက်နိုးတစ်ဝက်နှင့်ဖြစ်နေပြီး အိပ်ပျော်သွားလေတော့သည်။

သူမအိပ်ပျော်နေစဉ်အတွင်း သူမ၏ဝိညာဉ်မှာ ရုပ်ခန္ဓာမှာထွက်ခွာသွားလေသည်။ သူမလန်းဆန်းသွားသလို ခံစားလိုက်ရသည်။

ဆန်းရော့ရှိ မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ အခန်းထဲတွင် မည်သူမျှရှိမနေသည်ကို တွေ့လိုက်ရလေသည်။

နေရောင်ခြည်က သူမအခန်းထဲသို့ဖြာကျနေလေသည်။

သူမ အစေခံများကို ခေါ်ယူချင်စိတ်မရှိ။ နှစ်ရက်ခန့် အိပ်ယာထဲတွင်လှဲနေရသဖြင့် ညစ်ပတ်နေသလိုလည်း ခံစားနေရသောကြောင့် အိပ်ယာထက်မှထလိုက်လေသည်။

ထိုအခါ သူမဝတ်ထားသည်မှာ ပါးလွှာသည့်အဝတ်လေးဖြစ်ကြောင်း သူမသိလိုက်ရသည်။

သူမအခန်းထဲမှထွက်လိုက်သည်နှင့် ပျံသန်းနေသော ငှက်များနှင့်လိပ်ပြာလေးများကို တွေ့လိုက်ရသည်။

ဆော့ကစားချင်စိတ်များဖြစ်ပေါ်လာပြီး သူမလိပ်ပြာလေးများ

လိုက်ဖမ်းနေမိလေသည်။

လိပ်ပြာလေးများမှာ လွန်စွာမှလျှင်မြန်ကြသည်။ ဆန်းရော့ရှီ

လက်ထဲမှာ နှစ်ခါလောက် လွတ်ထွက်သွားကြလေ သည်။

ဆန်းရော့ရှီမှာ သတိပြုမိခြင်းမရှိဘဲ ဥယျာဉ်တစ်ခုထဲသို့

ရောက်ရှိလာလေသည်။

သူမမှာ တိမ်ဆိုင်ထဲတွင်လမ်းလျှောက်နေရသလို ယိမ်းယိုင်နေ

သကဲ့သို့ ခံစားနေရလေသည်။ ရှေ့နားတွင် အဆောက်အဦး

တစ်ခုကိုတွေ့လိုက်ရလေသည်။ ထိုအဆောက်အဦးကြီးမှာ

နေရောင်အောက်တွင် တောက်ပလင်းလက်နေလေသည်။

ပြတိုက်၏ဘေးနားတွင် ရေကန်ငယ်လေးတစ်ခုရှိလေသည်။

ရေညှိတက်နေသည့်ကျောက်တုံးများဖြင့်ဝန်းရံထား သည်။

နေရာတိုင်းမှာ ရှင်သန်မှုများနှင့်ပြည်နေလေသည်။

သူမရပ်နေသည်မှာ နူးညံ့သည့်မြက်လေးများပေါ်တွင်ရပ်နေခြင်းဖြစ်ကြောင်း ဆန်းရော့ရှီသတိပြုမိလိုက်သည်။

ဒီလောက်ထူးဆန်းကောင်းမွန်သောနေရာလေး သူမတို့အိမ်တွင်ရှိနေသည်ကို သူမ ဘာဖြစ်လို့များမသိခဲ့ရပါလိမ့်ဟု ဆန်းရော့ရှီတွေးလိုက်မိသည်။

လှပသောရှုမျှော်ခင်းများနှင့် အံ့သြဖွယ်ကောင်းသောစရာအချိန်လေးမှာ သူမနစ်မျောသွားရလေသည်။

ထိုနေရာတွင် သူမ၏ စိတ်ပူပပန်စရာများအားလုံး ကင်းစင်လွင့်ပျောက်သွားရလေသည်။

အဆောက်အဦးများစွာကို သူမဖြတ်သန်းရင်း အတန်ကြာလမ်းလျှောက်သွားပြီးနောက် အကြောင်းပြချက်မယ်မယ်ရရမရှိပါဘဲ သူမဝမ်းနည်းလာမိလေသည်။ လှပသောရှုမျှော်ခင်းများဖြင့်ဝန်းရံနေသော်လည်း သူမမှာ တစ်ယောက်တည်းအထီးကျန်နေသလိုခံစားလာရသည်။

"ငါ သူများရဲ့ဥယျာဉ်ထဲကို လမ်းမှားပြီးရောက်လာတာဖြစ်ရမယ်၊ အခု ငါဘယ်လိုပြန်ရတော့မလဲ"

သူမတွေးလိုက်မိသည်။

ဆန်းရော့ရှီမှာ မည်သည့်နေရာသို့ရောက်နေမှန်းမသိတော့ဘဲ ကြောက်လန့်လာလေတော့သည်။

သူမရှေ့တည့်တည့်တွင် မိုးမခပင်တစ်ပင်ရှိနေပြီး အကိုင်းအခက်များနှင့်အရွက်များ တွဲလောင်းကျနေကာ အစိမ်းရောင်လှိုင်းများကဲ့သို့ဖြစ်နေလေသည်။

မိုးမခပင်နောက်တွင်တော့ ချောမောလှပသော စာပေသမားလူငယ်လေးတစ်ယောက် ရပ်နေလေသည်။ သူ့မျက်ဝန်း များကအနက်ရောင်ဖြစ်ပြီး နက်ရှိုင်းမှုများဖြင့်ပြည့်နေလေသည်။

သူ့ပုံစံမှာ ထက်မြက်သည့်ပုံရပြီး ကျောက်ဆစ်ရုပ်တု တစ်ခုနှင့်တူလေသည်။

စာပေသမားလူငယ်က ခပ်အေးအေးနှင့်ပင် မိုးမခပင်၏အကိုင်းတစ်ကိုင်းကို ချိုးယူလိုက်သည်။ ရုတ်တရက် လူတစ်ယောက်က သူ၏ပခုံးကိုလာကိုင်လိုက်လေသည်။ ချောမောသည့်လူငယ်တစ်ယောက် သူ့ဘေး တွင်ရပ်နေသည်ကိုကြည့်ရင်း စာပေသမားလူငယ် အံ့ဩသွားရလေသည်။ ထိုလူငယ်က တည်ငြိမ်အေးဆေးစွာဖြင့်ပင် သူ့ကိုစိုက်ကြည့်နေလေသည်။ စာပေသမားလူငယ်လေးမှာ စိုက်ကြည့်ခံနေရပြီး ရပ်နေ သည့်နေရာမှ တစ်လက်မပင်ရွေ့လို့မရဖြစ်နေလေသည်။

လူငယ်လေးမှာ ဆန်းလျန်ပင်ဖြစ်လေသည်။ စိတ်ဝိညာဉ်မှာ သူ၏စိတ်ဆန္ဒအတိုင်းလိုက်လံပြောင်းလဲနိုင်သည့် အတွက် ဆန်းလျန်၏ပုံစံမှာ သူ၏တကယ့်အရုပ်ထက် ပိုပြီးမြင့်မားနေလေသည်။

စာပေသမားလေးက ဆန်းလျန်ကို ပြုံးပြလိုက်ပြီး

သည့်နောက်...

အနက်ရောင်လေပွေတစ်ချက်ကို ဆန်းလျန်၏ကိုယ်ပေါ်သို့

အရှိန်ဖြင့်တိုက်ခတ်လာလေသည်။

ဆန်းလျန်မှာ ရှုတ်ထွေးသည့်ခံစားချက်များကို ရုတ်တရက်

ခံစားလိုက်ရသည်။ ပျော်ရွှင်မှု ၊ ဒေါသ ၊ သောက ၊ ဝမ်းမြောက်

ဝမ်းသာဖြစ်ခြင်း ၊ တုန်လှုပ်ခြင်း ၊ ကြောက်လန့်ခြင်းများကို

တစ်ပြိုင်တည်းခံစားလိုက်ရလေသည်။ သူ၏ဝိညာဉ်မှာ ခံစား

ချက် ဒီရေလှိုင်းများ၏ တိုက်စားခြင်းကိုခံလိုက်ရသည်။

ဆန်းလျန်က သူဆွဲလေ့ရှိသည့် နတ်သမီးပုံကို ပုံဖော်ကြည့်

လိုက်သည်။ ခံစားချက်ဒီရေလှိုင်းများမှာ ဆန်းလျန်အပေါ်တွင်

သက်ရောက်မှုမရှိတော့။ သူရပ်တည်နေသည်မှာ လှိုင်းနှင့်ဒီရေ

များမရောက်နိုင်သည့် ကျောက်ဆောင်ပေါ်တွင် ရပ်တည်နေ

သကဲ့သို့ဖြစ်လေသည်။

ဆန်းလျန်ကိုဒုက္ခမပေးနိုင်မှန်းသိသွားသည်နှင့် အနက်ရောင်လေပွေမှာ ပျောက်ကွယ်လေသည်။

ချင်ပြည်နယ်မြို့တော်၏တစ်နေရာ ....

ခြံဝန်းတစ်ခုထဲတွင် ဝတ်ကျောင်းတော်သေးသေးလေးတစ်ခုရှိလေသည်။

ထိုဝတ်ကျောင်းတော်ထဲတွင် နတ်ရုပ်တုငါးခုရှိလေသည်။

ရုပ်တုများရှေ့တွင် ယာဇ်ပူဇော်သည့် နေရာကိုလည်းတွေ့နိုင်လေသည်။ နတ်ရုပ်တုများမှာ အနီရောင်ဝတ်ရုံများကိုဝတ်ဆင်ထားကြပြီး ရက်ဆက်ကြမ်းကြုတ်သည့်ပုံသဏ္ဍာန်များရှိကြသည်။

ဘယ်ဘက်တွင်ရှိသည့် ရုပ်တုတစ်ခုမှ အသံများထွက်ပေါ်နေလေသည်။ ကြာပွတ်နှင့်အရိုက်ခံရသည့်အတွက် မြင်းများဟီနေသည့်အသံမျိုးဖြစ်လေသည်။

အတွေ့အကြုံကြွယ်ဝသည့်လူတစ်ယောက်ဖြစ်လျှင် ဤ ဝတ်ကျောင်းတော်မှာ မကောင်းမိစ္ဆာကိုလျှို့ဝှက်ကိုးကွယ်မှု ပြုလုပ်သည့် ဝတ်ကျောင်းတော်ဖြစ်ကြောင်းသိရှိမည်မှာမလွဲ ပေ။

ဆန်းလျန်မှာ ဝိညာဉ်ဆိုင်ရာတိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိသူမဟုတ်ပေ။ သို့သော် သူ့ကိုယ်သူ တော့ အပြည့်အဝကာကွယ်နိုင်လေသည်။ မကောင်းမိစ္ဆာများကို အဝေးသို့တိုက်ထုတ်နိုင်လေသည်။

ချောမောသောစာပေသမားအသွင်းပြောင်းထားသည့်မကောင်း မိစ္ဆာတစ်ကောင် ဆန်းရော့ရှီ၏အိပ်မက်ထဲသို့ ရောက်ရှိ နေသည်မှာမှာ ကောင်းသည့်ကိစ္စတော့မဟုတ်ပေ။

ဆန်းလျန်အချိန်မီရောက်ရှိလာပြီး ထိုအရာကို မောင်းထုတ် လိုက်နိုင်သည်မှာ ကံကောင်းထောက်မသောကြောင့် ဖြစ်လေ သည်။

မကောင်းမိစွာပျောက်သွားသည်နှင့် ဆန်းရော့ရှီက သူ့ထံသို့ လျှောက်လာလေသည်။

"ဆန်းလျန်"

သူမကအံ့သြစွာဖြင့်အော်ခေါ်လိုက်သည်။

ထိုအချိန်ခဏအတွင်းမှာပင် အိပ်မက်ကမ္ဘာမှာ အပိုင်းပိုင်း ကွဲကြေသွားပြီး လုပသောရှုခင်းများမှာလည်း ပြိုကျပျက်စီး သွားရကာ အမှုန်များဖြစ်သွားလေတော့သည်။

ဆန်းလျန်မှာ ဆန်းရော့ရှီ၏အိပ်မက်ထဲမှ လွတ်မြောက်သွား လေသည်။

ဆန်းရော့ရှီမှာ စူးရှစွာအော်ဟစ်ရင်း အိပ်မက်မှနိုးထလာလေ သည်။ သူမနဖူးပြင်တွင် ချွေးများရွှဲနေပြီး အပြင်းအထန်နေမ ကောင်းဖြစ်နေရာမှ နိုးထလာခြင်းဖြစ်သောကြောင့် သူမ ခန္ဓာကိုယ်မှာလည်း အားမရှိသလို ခံစားနေရလေသည်။

အစေခံမိန်းကလေးငယ်မှာ ဆန်းရော့ရှို အိပ်ယာထဲတွင် ထ ထိုင်သည်ကိုမြင်လိုက်ရသည့်အခါ အလွန်ပျော်ရွှင် သွားရ သည်။ ဆန်းရော့ရှိုက ဆန်းလျန်၏နာမည်ကိုခေါ်လိုက်သည် ကတော့ ထူးဆန်းနေလေသည်။ ဒါမှမဟုတ် သူမများ နားကြား များသည်လား။

သို့မဟုတ် သခင်မလေးဆန်းရော့ရှိုမှာ ဆန်းလျန်အကြောင်း အိပ်မက်မက်နေသည်လား။ မည်သို့ပင်ဆိုစေကာမူ သူမက သခင်မလေးသတိရပြီဆိုသည့်အကြောင်းကို သခင်နှင့်သခင်မ ကို သွား၍အကြောင်းကြားရမည်ဖြစ်လေ သည်။

သို့သော် သူမမသွားခင်မှာပင် ဆန်းချင်းစန်းနှင့်ချန်သခင်မ အခန်းထဲသို့ အလောတကြီးဝင်ရောက်လာကြလေတော့ သည်။

ဆန်းရော့ရှိုမှာ တကယ်ပင်အားနည်းနေလေသည်။ သို့သော် သူမဘေးမှလူများအားလုံးကို မှတ်မိလေသည်။

"အမေ သမီးဗိုက်ဆာတယ်"

မိဘများကိုတွေ့သည်နှင့် သူမကတီးတိုးပြောလိုက်လေ

တော့သည်။

"ချင်းစန်း ... ရှော့ရှီက မိုက်ဆာလို့တဲ့"

ချန်သခင်မ ဝမ်းသာအားရပြောလိုက်လေတော့သည်။

ထိုအဖြစ်အပျက်များကိုကြည့်ပြီး ဆန်းလျန်၏ဝိညာဉ်မှာ ခံစား

ချက်ကင်းမဲ့နေသည့်တိုင်အောင် ကျေနပ်မှုဖြင့်ပျော်ရွှင် သွားရ

လေသည်။ သူပြုံးလိုက်မိလေသည်။

"ဆန်းလျန်..."

သူပြုံးနေသည်ကိုတွေ့သည့်အလား ဆန်းရှော့ရှီက ရေရွတ်

လိုက်လေသည်။

ဆန်းလျန်မှာ ဆန်းရှော့ရှီ သူ့ကိုမြင်သွားပြီလားဟု အလန့်

တခြားဖြစ်သွားရကာ နံရံများကိုဖြတ်ကျော်ပြီးထွက်ခွာသွား

လိုက်မိလေတော့သည်။

အခန်း (၁၇)

ဝူထုန်

ချန်သမခင်မမှာ သူမ၏သမီးဖြစ်သူက "ဆန်းလျန်" ဆိုသည့် နာမည်ကို ရေရွတ်လိုက်သောကြောင့် ထူးဆန်းသွားရ လေ သည်။

ဆန်းရော့ရှိမှာ ဆန်းလျန်ကအတားအဆီးမရှိ နံရံကိုဖြတ်ကျော် ပြီးထွက်ခွာသွားသည်ကို မြင်လိုက်ရသောကြောင့် ပါးစပ် အဟောင်းသားဖြစ်သွားရလေတော့သည်။ သူမအလွန်ပင် ထိတ်လန့်တုန်လှုပ်သွားရလေသည်။

ချန်သခင်မက ဆန်းရှော့ရှီ၏နဖူးကိုစမ်းသပ်ကြည့်လိုက်တော့ သမီးဖြစ်သူမှာ ဖျားနေဆဲဖြစ်လေသည်။

"ခုဘာမှလျှောက်တွေးမနေနဲ့နော် ၊ ကောင်းကောင်းအနားယူလိုက်နော်"

ချန်သခင်မကပြောလိုက်သည်။

"အမေ သမီးဆန်းလျန်ကိုတွေ့လိုက်မိသလိုပဲ"

"သမီးဖျားနေတာ... ပြီးတော့ သူ့ကိုအရှေ့ဘက်ခြံထဲမှာ ထိန်းချုပ်ထားတုန်းပဲ ၊ အခု အရမ်းလည်းမိုးချုပ်နေပြီ"

သမီးဖြစ်သူမှ ဖျားနေသည့်အတွက်ကြောင့် ထင်ယောင်ထင်မှားဖြစ်နေခြင်းဖြစ်သည်ဟု ချန်သခင်မက ယူဆလိုက် လေသည်။

ချန်သခင်မက ဆန်းရှော့ရှီအတွက် ဆန်ပြုတ်လုပ်ပေးနေသည့် အချိန်တွင်တော့ ဆန်းလျန်မှာသူ၏အခန်းသို့ ပြန်သွား ပြီဖြစ် လေသည်။

သူကအိပ်ယာထက်တွင် ဖြည်းညင်းစွာအသက်ရှူနေသည့် သူ့ရုပ်ခန္ဓာကိုကြည့်လိုက်ပြီး ခုန်ဝင်လိုက်လေသည်။

ဆန်းလျှန်မျက်လုံးများကိုဖြည်းဖြည်းချင်းဖွင့်လိုက်သည်။ သူ့တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်ကာ မောပန်းသလိုခံစား နေရလေသည်။ သူအိပ်ပျော်သွားတော့မည်ဟု ထင်နေမိလေသည်။ သူ့မျက်လုံးကို ထပ်ဖွင့်ကြည့်လိုက်တော့ သူ့တစ်ကိုယ်လုံးကိုဖြတ်သန်းစီးဆင်းသွားသည့် ပင်ပန်းနွမ်းနယ်မှုကြီးကို ခံစားလိုက်ရသည်။ ရုပ်ခန္ဓာထဲမှထွက်ခွာသည့်အတွေ့အကြုံနှင့်ယှဉ်လျှင် သူ၏အာရုံခံစားမှုနှင့်ရုပ်ခန္ဓာမှာခြားနားနေကြောင်း သတိပြုလိုက်မိလေသည်။

အတန်ကြာမှ ပင်ပန်းသည်များသက်သာသွားလေသည်။ သူစောင်ကိုလည်ပင်းထိရောက်အောင်ခြုံလိုက်ကာ အိပ်ပျော်သွားလေတော့သည်။

အိပ်မက်မရှိသောညတစ်ညကိုဖြတ်သန်းလိုက်ပြီး နောက်တစ်နေ့သို့ရောက်ရှိလာခဲ့လေသည်။

ဆန်းလျန်တံခါးကိုဖွင့်လိုက်သည့်အချိန်တွင် နေအတော်မြင့်နေပြီဖြစ်လေသည်။ သူယခုကဲ့သို့ နေမြင့်သည်အထိ မအိပ်သည်မှာ ဆန်းလျန်အတွက်ကြာခဲ့ပြီဖြစ်သည်။အိပ်ယာမှနိုးလာသည်နှင့် မူလအရင်းခံစွမ်းအားများကိုရရှိထားသကဲ့သို့ သူခံစားနေရသည်။

ဆန်းလျန်တံခါးဖွင့်လိုက်သည်နှင့် အစေခံမိန်းကလေးတစ်ယောက်က မျက်နှာသစ်ရန်အတွက် ရေနွေးယူလာပေးလေသည်။

ဆန်းလျန်ကရေနွေးဝတ်ဖြင့်ကိုယ်လက်သန့်စင်နေသည်ကို အစေခံမိန်းကလေး ကြည့်နေရင်း မိုးကောင်းကင်မှ ကောင်းမြတ်သည့်အငွေ့အသက်များရနေသလို ခံစားလိုက်ရ

လေသည်။ ဆန်းလျန်၏ဆံနွယ်များနှင့်မျက်နှာပုံစံမှာ နတ်သား လေးတစ်ပါးနှင့်ပင်တူနေလေသည်။

သူမတွေးလိုက်သည်မှာ ဆန်းလျန်မင်္ဂလာဆောင်ပြီးကလေး များရသည့်တိုင် သူမကိုအနားမှထားလျှင် ဘယ်လောက် ကောင်းမည်လဲ ဟုတွေးလိုက်မိပြီး အစေခံမိန်းကလေးမှာရှက် သွေးဖြာသွားရလေသည်။

ဆန်းလျန်မှာ ပုံမှန်အားဖြင့် မည်သူနှင့်မျှ ရင်းရင်းနှီးနှီးနေလေ့မ ရှိပေ။ သူကမကောင်းသောစိတ်ထားမရှိသလို ခပ်လွယ်လွယ် လူစားတစ်ယောက်လည်းမဟုတ်ပါ။ ဆောင်းရာသီတွင် နေရောင်ခြည်မှာ ပူပြင်းခြင်းမရှိသော်လည်း မြင့်မားပြီး နှစ်သက်ဖွယ်ရာကဲ့သို့ဖြစ်လေသည်။

အစေခံမိန်းကလေးတွေးတောနေသလို ဆန်းလျန်ကအများ ကြီးလျှောက်တွေးထားခြင်းမျိုးမရှိ။ သူက တောင်တန်းများ၊

ရေကန်များနှင့်သာယာသည့်လောကကြီးကို ခံစားလိုခြင်းသာဖြစ်လေသည်။

ရှုခင်းတွေကလှပတယ်...

အကြောင်းကိစ္စတွေကတော့ ဆက်စပ်နေတယ်...

ထို့ပြင် နက္ခတ်ညီခြင်းမရှိသည့်တိုင်အောင် သူက ဝိညာဉ်စွမ်းအားနှင့်အာရုံခံနိုင်စွမ်းအားကိုအသုံးပြုနိုင်သူ ဖြစ်လေသည်။

သို့သော် ရန်သူများနှင့်ရင်ဆိုင်ရသည့်အခါ ဝိညာဉ်စွမ်းအားကိုလက်နက်သဖွယ်မည်သို့ပြောင်းလဲအသုံးပြုရမည်ကို သူမသိသေးပေ။ သူ့တွင်ထပ်မံသိရှိရမည့်အသိပညာများမရှိဘဲနှင့် နေနှင့်လတို့၏စွမ်းအားများကိုလည်း သူစုပ်မယူရဲ သေးပေ။

အစိမ်းရောင်ဝတ်လူထံတွင်ရှိသည့် "နတ်သက်ခြေခြားကျမ်း" ကိုအမှန်ပင်လိုချင်မိသည်။ ဤအဆင့်တွင် ဓားသိုင်း ပညာက

သာ အမြင့်ဆုံးလုပ်ဆောင်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းဖြစ်လေသည်။

.....

ပြည်နယ်မြို့တော်တွင် ဆန်းအိမ်တော်မှာ အချမ်းသာဆုံးနှင့်ဩဇာအကြီးမားဆုံးဖြစ်လေသည်။ သို့သော် ပြည်နယ်တွင် သူတို့တစ်ဦးတည်း စီးပွားရေးလုပ်နေသည်တော့မဟုတ်ပေ။ ဆန်းအိမ်တော်က မြေယာများစွာပိုင်ဆိုင်သည့်အလျှောက် အိမ်ထောင်စုများက ဆန်းအိမ်တော်မှ ဆောက်လုပ်ထားသည့် အိမ်ယာများကိုဝယ်ယူကြသည်။ ဆန်းအိမ်တော်ကလည်း အမြတ်ရရှိသည့် မည်သည့် စီးပွားရေးလုပ်ငန်းကိုမဆိုလုပ်ကိုင်လေသည်။

သို့သော် အမြတ်များစွာရရှိသည့်တိုင် ဆန်းမိသားစုလုပ်ကိုင်ခြင်းမရှိသည့် လုပ်ငန်းတစ်ခုရှိလေသည်။ ထိုလုပ်ငန်းမှာ ပစ္စည်းအပေါင်ယူကာငွေတိုးချေးသည့်အလုပ်ပင်ဖြစ်လေသည်။

ချင်ပြည်နယ်မြို့တော်တွင် အပေါင်ခံငွေချေးသည့်အလုပ်လုပ်သည့်အိမ်တော်မှာ ရှီအိမ်တော်ဖြစ်လေသည်။

ထိုအလုပ်ကို ရှီအိမ်တော်မှလွဲ၍ မည်သူမှ လုပ်ကိုင်ခြင်းမရှိ။ စီးပွားရေးကိုတစ်ဦးတည်းချုပ်ကိုင်ထားသောကြောင့် အကျိုးအမြတ်များစွာရရှိသည့် အလုပ်ဖြစ်လေသည်။

ရှီအိမ်တော်မှာ ဆန်းအိမ်တော်လောက်တော့ ချမ်းသာကြွယ်ဝခြင်းမရှိပေ။ သို့သော်လည်း သူတို့၏ကြွယ်ဝချမ်းသာမှု ကို မည်သူမျှလျှော့မတွက်ရဲကြပေ။

ထိုထက်ပိုသည့်အချက်မှာ ချင်ပြည်နယ်မြို့တော်၏တစ်မိုးအောက်တွင် ဆန်းအိမ်တော်မှာ ရှီအိမ်တော်ကို မည်သည့်အခါမျှ ဆန့်ကျင်ဘက်လုပ်လေ့မရှိပေ။ အဘယ်ကြောင့်ဆိုသော် အိမ်တော်နှစ်ခုမှာ လက်ထပ်ထိမ်းမြား ခြင်းဖြင့်ဆွေမျိုးတော်စပ်ထားသောကြောင့်ဖြစ်လေသည်။

ဆန်းလျန်၏ပထမဦးလေး ဆန်းချင်းရှိက ရှီအိမ်တော်တော်မှ သမီးဖြစ်သူနှင့်လက်ဆက်ထားခြင်းဖြစ်လေသည်။ သူမသည် ဆန်းလျန်ကို မလိုမုန်းထားဖြစ်နေသည့် ဆန်းလျန်နှင့်အဒေါ် တော်စပ်သူလည်းဖြစ်လေသည်။

တကယ်တော့ ရှီအိမ်တော်ကစီးပွားရေးလောကသို့ စတင်ဝင် ရောက်သည့်အချိန်မှာ ဆန်းအိမ်တော်ထက် များစွာ စောလေ သည်။ သို့သော် ဆန်းသခင်ကြီး၏ကြိုးစားအားထုတ်မှုများ ကြောင့် ဆန်းအိမ်တော်မှာ ရှီအိမ်တော်ကိုအမီလိုက်နိုင်လာခဲ့ လေသည်။

ရှီသခင်ကြီးကလည်း ဆန်းသခင်ကြီးကို အကူအညီများစွာ ပေးခဲ့ဖူးလေသည်။ သို့သော် မိသားစုနှစ်စု၏မင်္ဂလာကိစ္စစီစဉ် နေဆဲမှာပင် ရှီသခင်ကြီးကွယ်လွန်သွားခဲ့ရလေသည်။

ရှီသခင်ကြီး ကွယ်လွန်ရခြင်းမှာ ဝမ်းနည်းစရာပင်ဖြစ်လေ သည်။

ရှီအိမ်တော်နှင့်ဆန်းအိမ်တော်လက်ထပ်ပေါင်းစည်းသည်ကို ရှီ
သခင်ကြီးမှာ မမြင်လိုက်ရရှာပေ။ သူကူညီခဲ့ရသည့် ဆန်း
သခင်ကြီးမှာ ယခုအခါတွင်တော့ ချင်ပြည်နယ်မြို့တော်တွင် မ
ရှိမဖြစ်အရေးပါသည့်သြဇာကြီးမားသူ တစ်ယောက်ဖြစ်နေ
လိမ့်မည်ဟု ရှီသခင်ကြီးမျှော်လင့်ထားခဲ့မည်မဟုတ်ပေ။
ဆန်းချင်းရှိ၏ဇနီး ရှီသခင်မမှာ ကလေးမရနိုင်သည့်
မိန်းကလေးတစ်ယောက်ဖြစ်လေသည်။ ထိုသို့ဖြစ်သွားရသည့်
အကြောင်းမှာ ရှီသခင်ကြီးကွယ်လွန်သွားပြီးနောက် ရှီ
သခင်မ၏အစ်ကိုကြီးဖြစ်သူ ရှီဟုန်မှာ ရှီအိမ်တော်၏
အကြီးအကဲဖြစ်လာခဲ့သည်။ ရှီဟုန်မှာ အထက်လမ်း ကျင့်စဉ်
မှလမ်းလွဲကာ နတ်မိစ္ဆာကိုးကွယ်သူတစ်ယောက်ဖြစ်လာခဲ့လေ
သည်။ ထိုသို့ကိုးကွယ်စည်းကပ်ပါက ရှီအိမ်တော်စီးပွားတိုး
တက်မည်ဟု သူကတွေးထင်ခဲ့သော ကြောင့်ဖြစ်လေသည်။

နတ်မိစ္ဆာများမှာလည်း သူ့အစွမ်းနှင့်သူတော့ တန်ခိုးစွမ်းအားရှိကြလေသည်။ ဝူထုန်နတ်ဘုရားများမှာ ကြွယ်ဝ ချမ်းသာခြင်းကိုပိုင်စိုးသည့် နတ်ဘုရားများဖြစ်ကြသော်လည်းသူတို့က နတ်မိစ္ဆာဘုရားများ ဖြစ်ကြလေသည်။

ဝူထုန်နတ်ဘုရားများမှာ သူတို့ကိုကိုးကွယ်ယုံကြည်သူများ၏ ဇနီးနှင့်သားသမီးများကို အတင်းအဓမ္မပြုကျင့်ရသည်ကို နှစ်သက်လေသည်။ ရှီအိမ်တော်မှာ ဝူထုန်နတ်ဘုရားများကို စတင်ကိုးကွယ်သည့်နောက်ပိုင်း ရှီသခင်မမှာ သူတို့၏ လက်ချက်ဖြင့်များစွာ နာကျင်ခံစားခဲ့ရသည်။ ထို့ပြင် သူမမှာ ကျန်းမာရေးလည်းမကောင်းခဲ့သဖြင့် တဖြည်းဖြည်း သားသမီးမရနိုင်သည့်ဘဝသို့ရောက်ရှိခဲ့ရခြင်းဖြစ်လေသည်။

ရှီအိမ်တော်ခြံဝန်း၏အနောက် ဘက်အခန်းတစ်ခုဆီမှ နာကျင်စွာဖြင့်ညည်းတွားသံများ ထွက်ပေါ်လာလေသည်။ အခန်း

ပတ်ဝန်းကျင်တွင်လည်း မည်သူမျှရှိမနေပေ။ ထိုအခန်းမှာ ရှီ ဟုန်၏ဇနီးဖြစ်သူ ယန်သခင်မ၏အခန်းပင်ဖြစ်လေသည်။ ညည်းတွားသံများနှင့် အသက်ရှူသံပြင်းပြင်းများ လုံးဝရပ်တန့် သွားသည့်အခါတွင်တော့ အခန်းထဲမှလူငယ် တစ်ယောက် ထွက်လာလေသည်။ လူငယ်မှာ ရတနာစားကိုကိုင်ထားပြီး ဂုဏ်သရေရှိမင်းမျိုးမင်းနွယ်တစ်ယောက်နှင့် ဆင်တူလေ သည်။

ဆန်းလျန်သာထိုနေရာတွင်ရှိမည်ဆိုလျှင် ထိုသူမှာ ဆန်းရော့ ရှီ၏အိပ်မက်ထဲမှ စာပေသမားမိစ္ဆာဖြစ်သည်ဟု ချက်ချင်း မှတ်မိသွားမည်ဖြစ်သည်။

လူငယ်ထွက်ခွာသွားသည်နှင့် ရှီဟုန်က ဘေးတံခါးပေါက်မှနေ ပြီး ယန်သခင်မ၏အခန်းထဲသို့ဝင်သွားလေသည်။ အိပ်ယာ ထက်တွင် ငြိမ်သက်နေသောဇနီးဖြစ်သူယန်သခင်မကိုကြည့်

ရင်း ရှီဟုန်မှာအပြစ်ရှိသလိုခံစားလိုက်ရသည်။ သူက ဇနီးဖြစ်သူအား သက်သာရာရစေရန် နှစ်သိမ့်ပေးလိုက်လေသည်။
နတ်မိစ္ဆာထိုသို့ပြုလုပ်ပြီးသည်နှင့် ရက်ပေါင်းများစွာ လပေါင်းများစွာ ငြိမ်းငြိမ်းချမ်းချမ်းနေရလေသည်။
ဤသို့ဖြစ်ရသည်မှာ နတ်မိစ္ဆာအတင်းအဓမ္မအနိုင်ကျင့်ရန်အတွက် မိန်းမပျိုလေးများကို ရှီဟုန်က ရှာမပေးနိုင်သောကြောင့်မဟုတ်ပါ။ နတ်မိစ္ဆာကိုယ်တိုင်ကသူတို့အား ယုံကြည်ကိုးကွယ်သူများ၏ ဇနီးမယားများနှင့် လက်မထပ်ရသေးသည့်သမီးပျိုများကိုသာ သဘောကျသောကြောင့်ဖြစ်လေသည်။
ရှီဟုန်၏ညီမဖြစ်သူလက်ထပ်သွားပြီးနောက်ပိုင်း ရှီဟုန်တွင် ချောမောလှပသည့် ဇနီးပေါင်းများစွာရှိလေသည်။

ထိုဇနီးများထဲတွင် ယန်သခင်မမှာ အသက်အငယ်ဆုံးဖြစ်ပြီး ရှီဟုန်မှာ သူမကိုလွန်စွာမှချစ်ခင်နှစ်သက်လေသည်။ သို့သော် သူကဝူထုန်နတ်ဘုရားများ၏ဆန္ဒကိုမဆန့်ကျင်ရဲခဲ့ပေ။ ယန်သခင်မမှာချောမောလှပသောကြောင့် လူငယ်နတ်မိစ္ဆာက သူမကို သဘောကျနေရခြင်းဖြစ်လေသည်။ သူမနှင့် ကြမ်းတမ်းစွာပျော်ပါးပြီးသည့်နောက် ထိုလူငယ်နတ်မိစ္ဆာက သူမကို ပြန်လည်နေကောင်းလာသည်အထိ အချိန်ပေး တတ်လေသည်။

ယန်သခင်မမှာ အိပ်ယာထက်တွင် အသက်မျှင်းမျှင်းလေးရှူနေလေသည်။ သူမ၏လှပသောခန္ဓာကိုယ်မှာ အရှိုးရာ များဖြင့် ပြည့်နေပြီး ဖြူစင်သောအသားအရည်တွင် ညိုမဲစွဲနေသည့် အကွက်များရှိနေလေသည်။

ရှီဟုန်မှာ နောင်တရဝမ်းနည်းနေပြီး ဒေါသလည်းထွက်နေလေသည်။ ဒေါသကြောင့်ပင် သူက ယန်သခင်မ၏ဒဏ်ရာ များအတွက်စိတ်မပူတော့ဘဲ သူမနှင့်အတူနေလိုက်လေသည်။ ယန်သခင်မသတိလစ်သွားတော့မှသာ သူလည်းရပ်တန့်လိုက်လေသည်။

ယန်သခင်မသတိရလာသည့်အထိ ရှီဟုန်မှာခံပြင်းခြင်း ၊ စိတ်ပျက်ခြင်းများနှင့်အတူ သူ့ကိုယ်သူ လည်းအရှက်ရနေမိလေသည်။

ရှီဟုန်သက်ပြင်းတစ်ချက်ချလိုက်ပြီး စတင်ငိုကြွေးလိုက်လေသည်။ ထို့နောက် သူ့တွင်ရှိသမျှအားများကိုစုစည်းပြီး သူ့ကိုယ်သူ အဆက်မပြတ်ထုရိုက်လိုက်လေသည်။

"သခင်ကြီး... ရှင့်ကိုယ်ရှင်ဒီလိုမလုပ်ပါနဲ့"

ယန်သခင်မက ရှီဟုန်ကို နူးညံ့စွာပြောလိုက်သည်။

ယန်သခင်မအနေဖြင့် ရှီမိသားစု၏ချမ်းသာကြွယ်ဝသည့်

လူနေမှုအဆင့်အတန်းကို စွန့်ခွာသွားရန်မှာမဖြစ်နိုင်ပါ။

ထုရိုက်နေခြင်းကို ရှီဟုန်ရပ်တန့်လိုက်သည်။

“သူမလာတာနှစ်ဝက်လောက်တောင်ရှိပြီပဲ ၊ ဘာလို့သူထပ်

ရောက်လာရတာလဲ”

"ရှင်မေ့သွားပြီလား ရှင့်ရဲ့ညီမက ဟိုတစ်နေ့အပြင်ထွက်လည်

တုန်းက ဆန်းမိန်းကလေးကိုလှည့်စားပြီးတော့ အဲဒီနတ်မိစ္ဆာရဲ့

ဝတ်ကျောင်းတော်မှာဝတ်ပြုခိုင်းခဲ့တာလေ ၊ သူလည်းဆန်း

မိန်းကလေးကို တွေ့လိုက်ရမှာပဲ"

ယန်သခင်မမှာ အားနည်းနေသော်လည်း တိုက်ဆိုင်မှုကိုတော့

အတိုချုပ်ပြီးရှင်းပြလိုက်လေသည်။

"သူကဆန်းရှော့ရှီကို သူ့နည်းသူ့ဟန်နဲ့ရယူဖို့ကြိုးစားမှာပဲ ၊ ဒါ

ပေမယ့် အခွင့်မသာဘူးဖြစ်သွားတာနေမယ်"

ရှီဟုန်တွေးလိုက်မိသည်။

ရှီဟုန်မှာ သူ၏အပြစ်များအတွက် ဆိုးဆိုးရွားရွားခံစားနေရလေသည်။

ရှီအိမ်တော်မှ ဝူထုန်နတ်ဘုရားများကိုလျှို့ဝှက်ကိုးကွယ်နေခြင်းဖြစ်လေသည်။မဟုတ်ပါက သူ့မိသားစု အရှက်ရမည်ဖြစ်လေသည်။ ဆန်းအိမ်တော်မှာကား ရှီအိမ်တော်ကဲ့သို့ ဝတ်ပြုကိုးကွယ်ဆုတောင်းခြင်းများကို ပြုလုပ်လေ့မရှိပေ။

ထို့ကြောင့် ဆန်းအိမ်တော်က ရှီအိမ်တော်မှကိစ္စများကိုရိပ်မိခြင်းမရှိပေ။

ရှီအိမ်တော်အကြောင်းကိုသိရှိသည့်သူ တစ်စုံတစ်ယောက် ရှိသည်ဆိုလျှင်တောင်မှ မည်သူမျှ ဆန်းသခင်ကြီး ၊ ဆန်းချင်းရှိနှင့် ဆန်းချင်းစန်းတို့ကို သွားရောက်ပြောကြားရဲလိမ့်မည်မဟုတ်ပေ။

အခန်း (၁၈)

မြို့တော်ခန်းမအပြင်ဘက်မှလူငယ်

ဆန်းအိမ်တော်မှာ အရှိန်အဝါကြီးကြောင်း ရှီဟုန်သိလေသည်။ နတ်မိစ္ဆာငါးပါးကို နှိမ်နင်းနိုင်မည့်လူတစ်ယောက်ယောက်များ ရှိနိုင်မလားဟု ရှီဟုန်သိချင်နေမိသည်။ ရှိလျှင်တော့အလွန်ကောင်းမည်ဖြစ်လေသည်။

သူ၏ညီမဖြစ်သူက အဘယ်ကြောင့် ဆန်းရော့ရှီကို နတ်မိစ္ဆာကျောင်းတောင်သို့ခေါ်သွားရသနည်း။ မနာလိုမှုကြောင့် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့မဟုတ် ဆန်းအိမ်တော်တွင် ကိစ္စတစ်ခုခုရှိသောကြောင့် ဖြစ်ပေလိမ့်မည်။

ရှီဟုန်မှာ ညီမဖြစ်သူနှင့် ထိုကိစ္စကိုတိုင်ပင်ချင်နေမိလေသည်။ နတ်မိစ္ဆာများကိုစိန်ခေါ်ရဲသည့်သူမှာ မည်သူဖြစ် ကြောင်းကို သိရှိချင်နေမိလေသည်။

....
ဆန်းရော့ရှိမှာ ဆန်းသခင်ကြီး၏တစ်ဦးတည်းသောမြေးမ
လေးဖြစ်သည့်အတွက် ဆန်းသခင်ကြီးမှာ သူမကိုလွန်စွာမှပင်
ချစ်မြတ်နိုးလေသည်။ သူမနေပြန်ကောင်းလာသည့်
သတင်းကြားသည်နှင့် ဆန်းသခင်ကြီးမှာ အလွန်ပျော်ရွှင်
သောကြောင့် နံနက်စာဆန်ပြုတ်ကို တစ်ခွက်ပင်ပိုပြီးသောက်
လိုက်လေသည်။
စိတ်ကြည်လင်နေသည့်အတွက် ဆန်းလျန်အကြောင်းကိုလည်း
မေးကြည့်လိုက်လေသည်။
အိမ်တော်ထိန်းဝူမှာ အချိန်ကောင်းရောက်ပြီဟုတွေးမိပြီး ဆန်း
သခင်ကြီးအား ဆန်းလျန်အကြောင်းများအားလုံးကို ပြောပြ
လိုက်လေသည်။
ခန္ဓာကိုယ်အလေးချိန်တိုးစေသည့်လေ့ကျင့်ခန်းလုပ်ပြီးသည်
နှင့် ဆန်းလျန်မှာ သူ၏အခန်းထဲတွင် စာရေးလိုက် စာဖတ်
လိုက်လုပ်နေတတ်လေသည်။

အိမ်တော်ထိန်းဝူမှာ ဆန်းလျန်တွင် ပုံများနှင့်စာများကို တစ်ခါ ကြည့်ရုံဖြင့်အသေးစိတ်မှတ်မိသည့် မှတ်ဉာဏ်ရှိ ကြောင်းမ သိရှိပေ။ ဤရက်များအတွင်းတွင် ဆန်းလျန်မှာ သူ၏ခြံဝန်း အတွင်းတွေ့သမျှစာအုပ်များအားလုံးကိုဖတ်နေခြင်းဖြစ်လေ သည်။ ဆန်းလျန်မှာ ထိုစာအုပ်များအားလုံးကို အလွတ်ရနေပြီ ဖြစ်ပြီး စာအုပ်များက လောကကြီးအကြောင်း ပိုပြီးနားလည် လာအောင်ကူညီပေးလေသည်။

"ဒီကလေးက တကယ်တော်တာပဲ ၊ သည်းခံနိုင်စွမ်းလည်းရှိ တယ်"

ဆန်းသခင်ကြီးမှာ သူစီစဉ်သည့်အတိုင်း မလိုက်နာ သည့်အတွက် ဆန်းလျန်ကို စိတ်မဆိုးနိုင်တော့ပေ။ သူက ဆန်း လျန်ကိုလေးစားနေမိလေသည်။

သူဆန်းလျှန်အပေါ်တွင် အထင်ကြီးလေးစားလာသည်နှင့်အမျှ

သူ့အမွေအနှစ်များကို ဆန်းလျှန်ကိုပေးရန် မျှော်လင့် ထားမိ

လေသည်။

သို့သော်လည်း ဆန်းလျှန်မှာ ဆန်းအိမ်တော်၏ကြွယ်ဝ

ချမ်းသာမှုများအပေါ် စိတ်ဝင်စားမှုမရှိပေ။

ထိုအချက်ကဆန်းသခင်ကြီးကို အောင့်သက်သက်ဖြစ်စေလေ

သည်။ သူတန်ဖိုးထားသည့်အရာများမှာ ဆန်းလျှန်၏ မျက်လုံး

ထဲတွင်တော့ ဘာမှမဟုတ်သည့်အရာများဖြစ်နေသည်မဟုတ်

ပါလား။

သူက ဆန်းလျှန်ကိုခေါ်လာခဲ့ရန် အိမ်တော်ထိန်းဝူကိုပြောလိုက်

လေသည်။

သူစီးပွားရေးလုပ်သည့်ကာလတစ်လျှောက်လုံး မည်သည့်အခါ

မှ အရှုံးမရှိခဲ့ပေ။ ဒီတစ်ကြိမ်ကတော့ ပထမဆုံး အကြိမ်ရှုံး

ခြင်းဖြစ်နိုင်သော်လည်း နောက်ဆုံးအကြိမ်ရှုံးနိမ့်ခြင်းတော့မ ဖြစ်နိုင်သေးပေ။

ဆန်းသခင်ကြီး၏စာကြည့်ခန်းထဲတွင် ဆန်းလျန်နှင့်တွေ့ဆုံ လိုက်သည်။သူငယ်စဉ်ဘဝတွင် စာပေပညာ သင်ကြားရန် မတတ်နိုင်ခဲ့သည့်အတွက် ယခုအသက်အရွယ်တွင် သင်ယူနိုင် စွမ်းမရှိတော့သည့်တိုင် သူကစာအုပ်များကို ဝယ်ပြီးစုထား တတ်လေသည်။

"ကဗျာစာပေများဆိုသည်မှာ မိသားစုအမွေအနှစ်ပင်ဖြစ်သည်" ဆိုသည့်အယူအဆကို သူကလက်ခံလေသည်။

ထို့ကြောင့်ပင် ဆန်းအိမ်တော်ရှိမိသားစုဝင်တိုင်းတွင် သူတို့ ကိုယ်ပိုင်စာကြည့်ခန်းများရှိကြလေသည်။ ဆန်းရော့ရှီ တွင်ပင် လျှင် ကိုယ်ပိုင်စာကြည့်ခန်းရှိလေသည်။

တစ်ယောက်နှစ်တစ်ယောက်မတွေ့ရသည်မှာ တစ်လခန့်ကြာသွားပြီးသည့်နောက် ဆန်းသခင်ကြီးက ဆန်းလျန်ကို စောင့်ကြည့်ထားသည်မှာ မှားပြီလားဟုတွေးနေမိလေသည်။

တစ်လအတွင်းမှာပင် ဆန်းလျန်မှာ များစွာပြောင်းလဲသွားလေသည်။

တခြားသူ၏အိမ်တွင်ကြီးပြင်းခဲ့သည့် သစ်ခွပန်းများနှင့်ကျောက်စိမ်းသစ်ပင်များကဲ့သို့ပင်ဖြစ်လေသည်။

"မင်းအများကြီး ကြိုးစားပြီးလေ့လာသင်ယူနေတယ်လို့ကြားတယ်"

ဆန်းသခင်ကြီးကစကားစလိုက်သည်။

"ကျွန်တော်ကြိုးစားပြီးလေ့လာသင်ယူနေတယ်လို့ပြောလို့မရပါဘူး ၊ ဘာလို့လဲဆိုတော့ ကျွန်တော်က စာမေးပွဲ ဖြေမယ့်သူမှ မဟုတ်တာ"

ဆန်းလျန်ကသူ၏ပုလဲသွယ်ကဲ့သို့သောသွားဖြူဖြူလေးများ
ပေါ်သည်အထိပြုံးပြရင်း ပြောလိုက်လေသည်။ လူငယ်လေး
ဆီမှာ ထူးခြားသည့်အငွေ့အသက်များထွက်ပေါ်နေလေသည်။

"ငါတို့လိုချမ်းသာတဲ့မိသားစုထဲမှာမွေးဖွားလာတဲ့သူတွေအဖို့
အများကြီးလေ့လာစရာမလိုပါဘူးလေ"

ဆန်းသခင်ကြီးကပြောလိုက်သည်။

လေ့လာသင်ယူသည်မှာကောင်းပါသည်။ သို့သော် ပိုသွားလျှင်
တော့မကောင်းပေ။ ရှေးရိုးစွဲဖြစ်သွားတတ်ပြီး ရိုးရာဓလေ့များ
ထဲမှ ရုန်းမထွက်နိုင်ဖြစ်သွားတတ်သည်။

"ကျွန်တော်မနက်ဖန် အပြင်ထွက်ချင်ပါတယ်"

ဆန်းလျန်ကပြောလိုက်လေသည်။

"မင်းလွန်ခဲ့တဲ့တစ်လလုံး အပြင်သွားဖို့မပြောဘဲနဲ့ အခုကျမှ
ဘာလို့ရုတ်တရက်တောင်းဆိုရတာလဲ"

ဆန်းသခင်ကြီးကမေးလိုက်သည်။

ဆန်းသခင်ကြီးက ဆန်းလျန်၏ အေးဆေးတည်ငြိမ်မှုနှင့် သမာဓိကို ထိန်းသိမ်းထားသင့်သည်ဟုတွေးနေမိလေသည်။

"ကျွန်တော့်အမေကို ချယ်လန်းဝတ်ကျောင်းတော်မှာ မြှုပ်နှံထားတာဆိုတော့ အမေ့ကိုသွားပြီး ဂါရဝပြုချင်လို့ပါ"

ဆန်းလျန်က တည်တည်ငြိမ်ငြိမ်ပဲပြန်ပြောလိုက်လေသည်။

ဆန်းသခင်ကြီး ထူးထူးခြားခြားမတွေးမိတော့ပါ။ ဆန်းလျန်၏အကြောင်းပြချက်မှာ သဘာဝကျသည်မဟုတ်ပါလား။

"ဒါပေမယ့် ဒီအကြောင်းပြချက်ကမခိုင်လုံသေးဘူး"

ဆုံးပါးသွားသည့်သမီးဖြစ်သူကိုချစ်သည့်အတွက် ဆန်းသခင်ကြီးက ဆန်းလျန်တောင်းဆိုသည်ကို ချက်ချင်းပင်သဘောတူလိုက်ချင်သော်လည်း စီးပွားရေးသမားတစ်ယောက်ဖြစ်သောကြောင့် သဘောတူညီမှုမပြီးဆုံးမီ သံသယလေးတော့ထားလိုက်ချင်လေသည်။

"ကျွန်တော်ပြန်လာရင်ပြောပြပါ့မယ်"

ဆန်းလျန်က မဆိုင်းမတွပင်ပြန်ဖြေလိုက်လေသည်။

"ဒါဖြင့်လဲ သွားပါ"

ဆန်းသခင်ကြီးက ဆန်းလျန်အား "ဘာပြောပြမှာလဲ" ဟု မမေးခဲ့ပေ။ သူတို့နှစ်ယောက်လုံး အကြောင်းသိနေကြ သောကြောင့်ဖြစ်လေသည်။

ဆန်းလျန်မှာ ကတိတည်သူတစ်ယောက်ဖြစ်ကြောင်း ဆန်းသခင်ကြီးသိလေသည်။ ကတိမတည်ခဲ့လျှင်လည်း ဆန်းသခင်ကြီးမှာ ဆန်းလျန်နှင့်ပတ်သက်ပြီး သူ၏ထင်မြင်ချက်များယွင်းသွားပြီဖြစ်ကြောင်း သက်သေခိုင်ခိုင်မာမာ နှင့် သိရှိသွားမည်ဖြစ်လေသည်။ ထိုသို့ဖြစ်သွားပါက ဆန်းလျန်မှာ ဆန်းသခင်ကြီး၏ အရေးကြီးသည့်အခန်းကဏ္ဍတစ်ခု အဖြစ်နေရာယူနိုင်တော့မည်မဟုတ်ပေ။

ယခုနှစ်များအတွင်းတွင် ဆန်းသခင်ကြီးမှာ သူယခင်က နားမလည်သည့်ကိစ္စများကို နားလည်လာရသည်။

ဆန်းလျန်ကတော့ အပြင်သို့ထွက်ရန် ခွင့်ပြုချက်ရရှိသွားပြီး ဤသည်မှာ သူ့အတွက် အခွင့်အရေးဖြစ်ကြောင်း သိထားလေသည်။

အစိမ်းရောင်ဝတ်လူမှာ မြို့တော်ခန်းမထဲရှိ အချုပ်ခန်းထဲတွင် အကျဉ်းချခံထားရသည့်အကြောင်းကို အိမ်တော်ထိန်းဝူဆီမှ ဆန်းလျန် သိခဲ့ရလေသည်။

အိမ်တော်ထိန်းဝူမှာ သတင်းနှင့်နည်းပညာပေါက်ကွဲထွက်နေသည့် ခေတ်ပေါ်လောကမှရောက်လာသူတစ်ယောက် ဖြစ်သည့် ဆန်းလျန်လောက် အသိပညာမြင့်မားခြင်းမရှိပေ။ စကားပြောခြင်းအနုပညာကို အိမ်တော်ထိန်းဝူက လုံးဝမသိရှိပေ။ လူတစ်ယောက်က ကိစ္စရပ်တစ်ခုကို လုံးဝပြောမပြသည့်တိုင်အောင် ကျန်တစ်ယောက်က စကားစမြည်ပြောရင်း နှင့်ပင် မိမိလိုချင်သည့်သတင်းအချက်အလက်များကို အစ်ထုတ်နိုင်လေသည်။

......

ပြည်နယ်မြို့တော်၏မြို့တော်ခန်းမကြီးမှာ ကြီးမားပြီး
အဆင့်အတန်းမြင့်လေသည်။ ကောလဟာလများအရတော့
အနောက်ဘက်တောင်နှင့် ချင်ပြည်နယ်မြို့တော်၏အပြင်ဘက်
ရှိတောင်များအားလုံးမှ သစ်ပင်များအားလုံးပြောင် သည်အထိ
ဤမျှကြီးကျယ်ခမ်းနားသည့် မြို့တော်ခန်းမကြီးကို
ဆောက်လုပ်ထားသည်ဟူ၍ပင်ဖြစ်လေသည်။
ထိုသို့ပြောကြခြင်းမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးလက်အောက်ရှိ
ပြည်နယ်အရာရှိများအားလုံး လာဘ်စားကြသောကြောင့်
လျှောင်ပြောင်ပြောဆိုကြခြင်းဖြစ်လေသည်။
မြက်ပင်များနှင့်သစ်ပင်များမှာနေရာတိုင်းတွင်ပေါက်ရောက်နေ
လေသည်။ မြို့တော်ခန်းမအပြင်ဘက်ရှိ သစ်ပင်ကြီး များ
အောက်ရှိ ကျောက်တုံးအက်ကွဲများကြားတွင်လည်း သစ်ပင်
ငယ်များပေါက်နေလေသည်။

ထို့ကြောင့်ပင် ရှုမျှော်ခင်းမှာ အစိမ်းရောင်များဖြင့်ပြည့်နေလေတော့သည်။

ရာသီဥတုကတော့သိပ်မကောင်းလှပါ။ ညို့မှိုင်းပြီး တိမ်ထူထပ်နေလေသည်။ အချိန်မရွေးမိုးရွာချလာနိုင်သည့် အနေအထားဖြစ်လေသည်။ မြို့တော်ခန်းမအပြင်ဘက်တွင် လူငယ်လေးတစ်ယောက်ရပ်နေလေသည်။ ကိန်းကြီးခမ်းကြီးမဟုတ်သော်လည်း ကောင်းမွန်သပ်ရပ်စွာဝတ်စားဆင်ယင်ထားလေသည်။ သို့သော် ကျွမ်းကျင်သည့်အကျႌချုပ်သမားကိုမေးကြည့်မည်ဆိုလျှင်တော့ သူဝတ်ထားသည့်အဝတ်အစားများမှာလက်မှုပညာဖြင့်အနုစိတ်ခြယ်မှုန်းထားပြီး အထူးကောင်းမွန်သောပိတ်စကိုအသုံးပြုထားသည့် တန်ဖိုးကြီးမားသော အဝတ်အစားများဖြစ်ကြောင်း ပြောနိုင်မည်ဖြစ်လေသည်။

ဆန်းလျှန်၏စကားဖြင့်ပြောရမည်ဆိုလျှင်တော့ တန်ဖိုးကြီး
အဝတ်အစားများကို ဝတ်ဆင်ထားသည့်တိုင် လူများအာရုံမ
စိုက်မိသည့်ပုံစံမျိုးဖြစ်လေသည်။

သူက အမြဲတမ်းပျော်ရွှင်နေဖို့ စိတ်ထဲမရှိသော်လည်း ဆင်းရဲ
ဒုက္ခများကိုလည်း မခံစားချင်ပါ။

"ရုပ်ဝတ္ထုဝါဒဆိုသည်မှာ ပစ္စည်းတစ်ခုပင်ဖြစ်လေသည်။
သို့သော် ထိုအရာအတွက်တော့ လူတစ်ယောက်သည် ကျွန်မခံ
သင့်ပေ" ဟူသည့် ခံယူချက်ကို သူ့ဘဝနှစ်ခုလုံးတွင်ခံယူထားခဲ့
လေသည်။

သူ ဆန်းအိမ်တော်မှထွက်ခွာလာတော့ သက်တော်စောင့်များစွာ
သူ့နောက်မှလိုက်လာကြလေသည်။ သို့သော် လည်း
လမ်းထောင့်ချိုးတစ်ခုအရောက်တွင်တော့ သူ
သက်တော်စောင့်များကို ခြေရာဖျောက်လိုက်လေသည်။

သူ့နောက်သို့လိုက်လာသည့် သက်တော်စောင့်များမှာ မယုံကြည်နိုင်စွာဖြင့် ကြည့်နေကြလေသည်။ နေ့ခင်းကြောင်တောင် ဘယ်လိုလုပ် ဒီလောက်မြန်မြန်ပျောက်သွားရပါလိမ့်။

ထိုသက်တော်စောင့်များ ဆန်းသခင်ကြီးကို မည်သို့ဖြေရှင်းချက်ပေးမည်ကို ဆန်းလျန်ဂရုမစိုက်ပါ။ သူ့အတွက် အစိမ်းရောင်ဝတ်လူကို တွေ့ရဖို့သာလိုအပ်လေသည်။

ချင်ပြည်နယ်မြို့တော်၏ ပြည်နယ်အုပ်ချုပ်ရေးမှူးတွင် အလွန်ထူခြားသောမျိုးရိုးနာမည်ရှိလေသည်။ သူက သူ၏ မျိုးရိုးနာမည်မှာ "စော ကော် လေ့လေ့" မှ "စော" ဖြစ်ကြောင်း အမြဲတမ်းရှင်းပြလေ့ရှိသည်။ အဓိပ္ပါယ်မှာ "ကောင်းမွန်သည့်အကျိုးကျေးဇူး" ဟူ၍ဖြစ်လေသည်။ သို့သော်လည်း ဒေသခံများက သူ၏နောက်ကွယ်တွင် "စောရှူ" ဟုခေါ်ကြလေသည်။ "စောရှူ" ဆိုသည်မှာ "ခြံုတိုးကြွက်စုတ်" ဟုအဓိပ္ပါယ်ရလေ

သည်။ ပြည်နယ်အုပ်ချုပ် ရေးမှူးစောမှာ အမျိုးသမီးများကြား တွင် တစ်ညလုံးအိပ်နေခဲ့လေသည်။ အစေခံများက "တွေ့မည့် ညော့်သည်လာ သည်" ပြောသည့်အချိန်အထိ သူ၏မိန်ကလေး အသစ်နှင့် အိပ်ယာထဲတွင်ရှိနေဆဲဖြစ်လေသည်။

သူက ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးရရှိသည့်အခါ သူ၏မိသားစုကို ချင်ပြည်နယ်မြို့တော်သို့ ခေါ်မလာခဲ့ပေ။ ထို့ပြင် ယခုကဲ့သို့ကျူးလွန်နေခြင်းအတွက်လည်း စိတ်မသန့်မ ဖြစ်ခဲ့ပေ။

"ဘယ်သူလဲ ၊ ဒီလောက်အစောကြီးငါ့ကိုဘယ်သူကတွေ့ချင်နေ တာလဲ"

"လူငယ်လေးတစ်ယောက်ပါသခင်ကြီး"

"ကလေးတစ်ယောက်နဲ့အချိန်ဖြုန်းဖို့ ငါ့မှာအချိန်မရှိဘူး"

လှပသောလက်လေးတစ်ဖက်က ပြည်နယ်အုပ်ချုပ်ရေးမှူး စော၏လက်ကို အနောက်မှလှမ်းကိုင်လိုက်သည်။ ထို့နောက်

လက်မောင်းတစ်လျှောက်ပွတ်သပ်နေသောကြောင့် ပြည်နယ်

အုပ်ချုပ်ရေးမှူးစောမှာ နောက်တစ်ကြိမ် အတွက်မစောင့်နိုင်

တော့။

"သူ့ရဲ့မျိုးရိုးနာမည်က "ဆန်း" လို့ပြောပါတယ်"

"သူ့မျိုးရိုးနာမည်က "ချန်" ဆိုရင်တောင်မှ ဂရုမစိုက်ဘူးကွ"

"ချန်" ဆိုသည်မှာ နန်းတွင်းတော်ဝင်ဘုရင်မင်းမြတ်၏ မျိုးနွယ်

ဖြစ်လေသည်။

"သခင်ကြီး အဲဒီကောင်လေးကိုတွေ့မှဖြစ်မယ် ၊ သူက ဆန်း

အိမ်တော်ကလူပါ"

အိမ်တော်ထိန်းက အချိုသာဆုံးလေသံဖြင့်ပြောလိုက်လေ

သည်။

"ဘယ် "ဆန်း" မျိုးရိုးကလာရပြန်တာလဲ"

ပြည်နယ်အုပ်ချုပ်ရေးမှူးစောက တံခါးအပြင်ဘက်ရှိအိမ်တော်

ထိန်းအား အော်ဟစ်၍မေးလိုက်လေသည်။

"သခင်ကြီး ၊ ချင်ပြည်နယ်မြို့တော်မှာ ဆန်းအိမ်တော်ဆိုတာ တစ်ခုပဲရှိတယ်လေ"

"ဒါဖြင့်လည်း သူ့ကိုတွေ့ရတာပေါ့ကွာ"

အိမ်တော်ထိန်း၏စကားက ပြည်နယ်အုပ်ချုပ်ရေးမှူးစောကို အိပ်ယာမှထရန် တွန်းအားအများကြီးပေးလိုက်သကဲ့သို့ ဖြစ်သွားရလေသည်။ သူက ကလူ၏သို့ မြူ၏သို့လုပ်နေသည့် မိန်းမပျိုလေးကိုတွန်းထုတ်လိုက်ပြီး အင်္ကျီအမြန် ဝတ်လိုက်သည်။

သူ့အနေဖြင့် ဆန်းအိမ်တော်ကို ကြောက်ရွံ့ခြင်းမရှိပါ။ သို့သော် မလေးမစားတော့မလုပ်ရဲပေ။ မဟုတ်ပါက ချင်ပြည်နယ် မြို့တော်တွင် အစိုးရချမှတ်သည့်မူဝါများနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်၍ရတော့မည်မဟုတ်သည့်အပြင် သူ၏ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးကိုပင် ထိခိုက်လာနိုင်ဖွယ် ရှိလေသည်။

ထို့ပြင် "ဆန်း" မျိုးနွယ်လူငယ်လေးတစ်ယောက်ဆိုသည်နှင့် ထိုလူငယ်လေးမှာ မည်သူဖြစ်သည်ကို သူချက်ချင်း ရိပ်မိလိုက်လေတော့သည်။

အခန်း (၁၉)

ထူးဆန်းသည့်တုံးခေါက်သံ

ဆန်းလျန်ထိုင်ခုံတွင်ထိုင်လိုက်သည့်အချိန်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာလည်း ခန်းမထဲသို့ဝင်ရောက်လာ လေသည်။

ဆန်းလျန်က လက်ဖက်ရည်ပန်းကန်ကိုကိုင်ပြီး အရသာကို ဂရုတစိုက် မြည်းကြည့်လိုက်သည်။ လက်ဖက်ရည် ပန်းကန်မှ အငွေ့လေးများထွက်နေလေသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ ပညာတတ်တစ်ယောက်ဖြစ်သောကြောင့် အငွေ့ထွက်နေသည့်ရေနွေးပန်းကန် လေးကို "အငွေ့ပျံသွားသည့်ကျောက်စိမ်း" ဟု ကဗျာလေးတစ်ကြောင်းဖြင့် တင်စားလိုက်မိသည်။

သူက နန်းတွင်းအဆင့်မြင့်စာမေးပွဲကိုအောင်မြင်ခဲ့သူဖြစ်လေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ပြည်နယ် အုပ်ချုပ်ရေးမှူးစောမှာ အရည်အချင်းရှိပြီး ဂုဏ်သရေရှိမိသားစုမှ ဆင်းသက်လာသူတစ်ယောက်ဖြစ်ကြောင်း မပြော ဘဲနှင့်သိနိုင်လေသည်။

ဆန်းလျန်ထက်ပိုပြီးကြည့်ကောင်းသောသူများ လောကတွင်များစွာရှိနိုင်ပါသည်။ သို့သော် မည်သူမျှ ဆန်းလျန်လိုထက်မြက်သည့်ပုံမပေါက်ပေ။

ဆန်းလျန်ထက်ရင့်ကျက်သည့်လူငယ်များလည်း လောကတွင်များစွာရှိပါသည်။ သို့သော် ဆန်းလျန်ကဲ့သို့ လွတ်လပ် ပြီးဂရုမစိုက်တတ်သည့်ပုံစံမျိုးကတော့ ရှားပါးလေသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောက စာအုပ်တစ်အုပ်၏အဖုံးကိုကြည့်ရုံမျှဖြင့် ဝေဖန်ခြင်းမပြုနိုင်ကြောင်းသိရှိလေသည်။ သို့သော် ပထမဆုံးတွေ့ဆုံသည့်အချိန်တွင်ပင် သူကဆန်းလျန်ကို သဘောကျသွားလေသည်။ ဆန်းလျန်မှာ ဆန်းအိမ်တော်မှမဟုတ်ခဲ့လျှင်တောင်မှသူက ဆန်းလျန်နှင့်မိတ်ဆွေဖြစ်ချင်စိတ်ဖြစ်မိလေသည်။

ဆန်းလျန်က ပြည်နယ်အုပ်ချုပ်ရေးမှူးစောကိုတွေ့လိုက်

သည်နှင့် လက်ဖက်ရည်ပန်းကန်ကိုအသာချထားလိုက်ပြီး

ယဉ်ကျေးသိမ်မွေ့စွာ ပြုံးပြလိုက်သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ မိတ်ဟောင်းဆွေဟောင်းတစ်

ယောက်နှင့်ပြန်တွေ့သလို ခံစားလိုက်ရပြီး တင့်တယ်စွာဖြင့်

ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။

“လူငယ်လေး ကျုပ်ရဲ့မြို့တော်ခန်းမမှာ ဘာလာလုပ်တာလဲ”

ပြည်နယ်အုပ်ချုပ်ရေးမှူးစောကမေးလိုက်လေသည်။

“ကျွန်တော်က ခင်ဗျားကိုကယ်ဖို့ရောက်လာတာပါ”

ဆန်းလျန် နူးညံ့သိမ်မွေ့စွာပြောလိုက်သည်။ သူ့အသံကတိုး

သော်လည်း စကားလုံးများက ရှင်းလင်းပြတ်သားလေ သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ ကြားလိုက်ရသောစကား

ကြောင့် မကျေမနပ်ဖြစ်သွားရသည်။ ပထမဆုံးအကြိမ် တွေ့

တွေ့ချင်းဆန်းလျန်ကိုသဘောကျမိခြင်းမရှိလျှင် ၊ထို့ပြင် ဆန်း

လျှန်၏နောက်ခံမိသားစုကြောင့်သာမဟုတ်လျှင် သူက ဒေါသ

တကြီးတုန့်ပြန်မိမည်ဖြစ်လေသည်။

အခန်းအပြင်ဘက်တွင်စောင့်နေသည့် အိမ်တော်ထိန်းမှာ

ကျယ်လောင်သောကြိုးဝါးသံကြီးတစ်သံကြားလိုက်ရပြီး ဘာ

များဖြစ်ပြီလဲဟု သိချင်နေမိလေသည်။ သူဝင်သွားရမည်လား

မဝင်ရဘူးလား မသေမချာဖြစ်နေလေသည်။

ထို့နောက်တွင်တော့ ခဏတာမျှတိတ်ဆိတ်သွားလေသည်။

အိမ်တော်ထိန်းမှာတော့ စိတ်များရှုတ်ထွေးလျှက် ရှိလေ

တော့သည်။ နောက်ဆုံးတွင်တော့ ပြည်နယ်အုပ်ချုပ်ရေးမှူး

စောမှာ အလွန်မှကျေနပ်ပျော်ရွှင်ပုံရနေသည့် မျက်နှာထားနှင့်

ဆန်းလျှန်နှင့်အတူခန်းမထဲမှထွက်လာလေသည်။ အုပ်ချုပ်ရေး

မှူးက အိမ်တော်ထိန်းအား စာရွက်လေးတစ်ရွက် ကမ်း

ပေးလိုက်ပြီး ဆန်းလျှန်ကို လျှို့ဝှက်အကျဉ်းထောင်သို့ ခေါ်

သွားပေးရန် အမိန့်ပေးလိုက်လေတော့သည်။

အိမ်တော်ထိန်းမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးစောထံမှ မီးကျွမ်းသည့်ရနံ့ရနေပြီး သူ၏ပြည့်ဖောင်းသောလက်ပေါ်တွင် လည်းပြာများကိုတွေ့လိုက်ရလေသည်။

....

ချင်ပြည်နယ်မြို့တော်၏အကျဉ်းထောင်မှာ ညစ်ပတ်ပြီးအနံ့အသက်လည်းမကောင်းပေ။ ထောင်မှူးများပင် နည်းနည်းလေးမျှ မနေချင်ကြသည့်နေရာဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ ထောင်မှူးနောက်မှ

အေးအေးဆေးဆေးပင်လိုက်ပါသွားပြီး စိတ်အနှောင့်အယှက်ဖြစ် သည့်ပုံစိုးစဉ်းမျှပင်မရှိပေ။

ရှည်လျားသည့်စြင်္ကန်လမ်းအတိုင်းဖြတ်သွားပြီးနောက်

အကျဉ်းထောင်၏နောက်ဘက်အကျဆုံးထောင့်တစ်ခုသို့

ရောက်ရှိလာလေသည်။

ထိုနေရာမှာ ကြမ်းကြုတ်ပြီးအန္တရယ်ရှိသည့် အပြစ်သားများကိုထားသည့် သံမဏိအကျဉ်းခန်းဖြစ်လေသည်။

သံမဏိအကျဉ်းတံခါးတွင် သော့ဂလောက်ကိုးခုခတ်ထားလေ

သည်။ ရွှေသားဆင်ဝင်နှင့်ကျောက်စိမ်းသော့ဂလောက် များဟု

လူသိများကြလေသည်။

အလွန်တော်သောသူခိုးများပင်လျှင် ထိုသော့များကိုဖျက်ရန်

အတွက် အနည်းဆုံး ဆယ့်ငါးမိနစ်ခန့်ကြာမည်ဖြစ်လေသည်။

သံမဏိအကျဉ်းတံခါးကြီးဖြည်းဖြည်းချင်းပွင့်သွားလေသည်။

အံ့သြစရာကောင်းစွာပင် အခန်းထဲတွင် အနံ့ဆိုးများ ရှိမနေ

ပေ။ သို့သော် ပိတ်လှောင်နေပြီး လေကောင်းလေသန့်ရရှိခြင်း

တော့မရှိ။

ဤသည်မှာ ဆန်းလျန်နှင့်အစိမ်းရောင်ဝတ်လူ ဒုတိယအကြိမ်

တွေ့ဆုံခြင်းပင်ဖြစ်လေသည်။

သူတို့နောက်ဆုံးအကြိမ်တွေ့ခဲ့သည်ကိုပြန်စဉ်းစားကြည့်လျှင်

မနေ့တစ်နေ့ကလိုပင် သူ့စိတ်ထဲတွင် ခံစားနေရသေးသည်။

အစိမ်းရောင်ဝတ်လူမှ မည်မျှမာနကြီးပြီးမောက်မာသည်ကို သူ မှတ်မိနေလေသည်။
အစိမ်းရောင်ဝတ်လူ၏လည်ပင်းညှပ်ရိုးများနေရာတွင် သံကြိုးကြီးနှစ်ခုဖြင့်ချည်နှောင်ထားပြီး သူ၏ခြေနှင့်လက်များတွင်လည်းလက်ထိပ်ခြေထိပ်များခတ်ထားလေသည်။
ထောင်မှူးက ဆီမီးအိမ်ထွန်းလိုက်သည့်အတွက် အခန်းတွင်း၌ လင်းလင်းချင်းချင်းဖြစ်သွားလေသည်။ အစိမ်းရောင်ဝတ်လူ၏ မျက်နှာပေါ်တွင် မုတ်ဆိတ်မွှေး ပါးသိုင်းမွှေးများက ရှည်လျားကာ မသေမသပ်ဖြစ်နေပြီး ဆံပင်များမှာလည်း ရှုတ်ပွလျှက်ရှိလေသည်။
ဆန်းလျန်ကရှေ့သို့ခြေတစ်လှမ်းတိုးလိုက်တော့ ထောင်မှူးက တားလိုက်သည်။

“လူငယ်လေး အနားသိပ်မကပ်နဲ့၊ ဒီလထဲမှာ လူခြောက်ယောက်အဖွဲ့လာကြည့်ကြသေးတယ်၊ သူတို့အားလုံးသေကုန်လို့ ဒီအခန်းထဲကနေ သယ်ထုတ်သွားလိုက်ရတယ်”

ထောင်မှူးကပြောလိုက်သည်။

ဆန်းလျန်က အကျဉ်းခန်းကိုတစ်ချက်ဝေ့ကြည့်လိုက်သည်။ အခန်းထဲတွင်အနံ့ဆိုးမထွက်ရသည့်အကြောင်းရင်းမှာ အခန်း၏အရွယ်အစားကြောင့်ဖြစ်လေသည်။ အခန်းမှာအလွန်ကျယ်ဝန်းပြီး အကျဉ်းခန်းဆိုသည်ထက် ခန်းမတစ်ခု နှင့်ပိုပြီးတူနေလေသည်။

“ဒီလောက်သံမဏိလက်ထိပ်တွေခတ်ထားတာတောင်မှ သူက တခြားသူတွေကို သတ်နိုင်သေးတာလား"

ဆန်းလျန်ကမေးလိုက်သည်။

အမှန်တော့ ဆန်းလျန်ကအဖြေကိုသိပြီးသားဖြစ်လေသည်။ သို့သော် တခြားသူများသံသယမဝင်စေရန်အတွက် သူကမေးလိုက်ခြင်းဖြစ်သည်။

"ဒီလူကမှော်ပညာတတ်တယ်ထင်တယ် ၊ သူ့အနားကိုကပ်လာတာနဲ့ လဲကျသွားအောင်လုပ်တော့တာပဲ ၊ သူ့ကိုဘယ်လိုများဖမ်းမိလာလဲဆိုတာသိချင်လိုက်တာ"

ထောင်မှူးကခေါင်းညိတ်ရင်း ပြန်ဖြေလိုက်သည်။

အမှန်တော့ ထောင်မှူးမှာကြောက်နေခြင်းဖြစ်လေသည်။ ဤအကျဉ်းသားအားဖမ်းမိကတည်းက ကျန်းဟူမှလူစွမ်း ကောင်းများစွာရောက်လာကြလေသည်။ သူတို့အားလုံးအကျဉ်းထောင်ထဲတွင် သေခဲ့ရသည်ချည်းပင်။ ထောင်မှူးများနှင့် အကျဉ်းထောင်စောင့်များမှာလည်း အလောင်းများကောက်သည့်အလုပ်သာ လုပ်နေကြရလေ သည်။

သို့သော် အစိမ်းရောင်ဝတ်လူက စတင်တိုက်ခိုက်ခြင်းတော့ မဟုတ်ပါ။ ခြေလှမ်းသုံးဆယ်မှ ငါးဆယ်အတွင်း အကွာအဝေး တွင်ဆိုလျှင် သူကအန္တရာယ်မပြုပေ။

အမှန်တော့ ဆန်းအိမ်တော်က အစိမ်းရောင်ဝတ်လူကို သေဒဏ် ပေးကွက်မျက်စေချင်လေသည်။ သို့သော် အစိမ်းရောင်ဝတ် လူ၏အနားသို့ မည်သူမျှကပ်၍မရပေ။

အံ့သြစရာကောင်းသည်မှာ အစိမ်းရောင်ဝတ်လူမှာ တစ်လလုံး အစားလည်းမစား ၊ ရေလည်းမသောက်ရဘဲ အသက်ရှင်နေနိုင် ခြင်းဖြစ်လေသည်။

ထောင်မှူးပြောပြသည့်စကားများအရ အစိမ်းရောင်ဝတ်လူ ကဲ့သို့ ကျန်းဟူမှလူစွမ်းကောင်းများမှာ အထူးလေ့ကျင့် ထား သည့် စွမ်းရည်များရှိကြသည်ဟူ၍ဖြစ်လေသည်။ ထိုသို့သော လူများသည် အချိန်ကာလကြာရှည်စွာ အစားအသောက်စား သောက်ခြင်း မရှိဘဲ အသက်ရှင်နေနိုင်ကြသည်။ ဝက်ဝံများ

မြေမွများကဲ့သို့တိရိစ္ဆာန်များဆောင်းခိုကြလျှင် စွမ်းအင်ထိန်းသိမ်းထားသလို သူတို့၏စွမ်းအင်များကို ထိန်းထားနိုင်ကြသည်။

သို့သော် ထိုကဲ့သို့လူစွမ်းကောင်းများမှာ ဝက်ဝံများ မြေမွများထက်ပိုပြီး စွမ်းအားကြီးမားကြလေသည်။ တစ်လကြာမျှအစားအစာနှင့်ရေမရရှိသည့်တိုင် အခြားသူများ၏အသက်ကိုနှုတ်ယူနိုင်သေးသည်။

ထို့ပြင် အစိမ်းရောင်ဝတ်လူကို ဘုရင့်နေပြည်တော်သို့ ခေါ်ယူခဲ့ရန်အတွက် ပြည်နယ်အုပ်ချုပ်ရေးမှူးအား အထက်မှလျှို့ဝှက်အမိန့်ပေးထားလေသည်။ ထို့ကြောင့် ထိုသူကိုဘာမှမလုပ်ဘဲထားခြင်းဖြစ်လေသည်။ အားလုံးမှာ ထိုလူကိုခေါ်ဆောင်သွားမည့်ဘုရင့်နေပြည်တော်မှ လာမည့်လူများကိုသာ စောင့်နေကြလေသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးပေးလိုက်သည့်စာသာမပါလျှင် ထေင်မှူးမှာ ဆန်းလျန်ကို ဤနေရာသို့ လိုက်ပို့မည်မဟုတ်ပေ။

အစိမ်းရောင်ဝတ်လူက မျက်လုံးများကိုဖွင့်ကြည့်လိုက်သည်။ ညအမှောင်တွင်တောက်ပနေသည့် ကြယ်စင်များကဲ့ သို့ မျက်ဝန်းများကတောက်ပနေလေသည်။ ထိုမျက်ဝန်းများတွင် မကျေနပ်မှုများနှင့်ပြည့်နေလေသည်။

ဆန်းလျန်ရင်ထဲ လှုပ်ခနဲတစ်ချက်ဖြစ်သွားရသည်။ ထိုသူမှာ သူတို့နောက်ဆုံးတွေ့ခဲ့သည့်အချိန်ကထက်ပင် ပိုပြီး အစွမ်းထက်နေသေးသည်။

ဤသည်မှာ ဆန်းလျန်က စိတ်စွမ်းအင်မြင့်မားသောကြောင့်သာ သိလိုက်ရခြင်းဖြစ်လေသည်။ မဟုတ်ပါက ထိုသို့ ခန့်မှန်းမိရန်ခက်ခဲပေလိမ့်မည်။

ဆန်းလျန်အေးတွင်ရပ်နေသည့်ထောင်မှူးမှာ အစိမ်းရောင်ဝတ်လူ၏ဓားသွားကဲ့သို့ စူးရှသည့်အကြည့်ကိုမြင်လိုက်ရ သည်နှင့်လဲကျသွားလေတော့သည်။

ဆန်းလျန်ယခင်နေခဲ့သည့် ခေတ်ပေါ်ကမ္ဘာတွင် ဤစွမ်းအားကို "လူသတ်မျက်လုံး" ဟုခေါ်ကြသည်။ ဝတ္ထုများ ထဲတွင် ဆန်းလျန်သိခဲ့ရခြင်းဖြစ်လေသည်။ ယခုတော့ "လူသတ်မျက်လုံး" မှာ အမှန်တကယ်ဖြစ်ကြောင်း သိရှိရပြီဖြစ် လေသည်။

ဆန်းလျန်လည်းထိုသို့ပြုလုပ်နိုင်လေသည်။ သို့သော် သူအရင်ဆုံးလိုအပ်သည့်အရာတစ်ခုရှိနေလေသည်။

ဆန်းလျန်မှာ မယုံကြည်နိုင်လောက်အောင်များပြားသည့် ကြွယ်ဝချမ်းသာမှုရှိသော်လည်း မည်သို့အသုံးပြုရမည်ကို မသိသောလူတစ်ယောက်ကဲ့သို့ ဖြစ်နေရခြင်းဖြစ်လေသည်။

ကြွယ်ဝချမ်းသာမှုများမှာ သုံးစွဲပစ်ဖို့လိုအပ်သည်မဟုတ်ပါလား။

ထောင်မှူးမှာ ယခုလက်ရှိရပ်နေသည့်အကွာအဝေးမှာ အန္တရယ်ကင်းလောက်သည်ဟု ထင်မိခဲ့သော်လည်း အစိမ်းရောင်ဝတ်လူ၏စွမ်းအားကပိုပြီးတိုးတက်လာခြင်းဖြစ်လေသည်။ သူ၏ “နတ်သက်ခြေခြွဲသိုင်း” မှာ အကွာအဝေးအတော်များများသို့ရောက်ရှိနေနိုင်ပြီဖြစ်လေသည်။ သို့သော် ထိုကိစ္စကပြဿနာမဟုတ်ပါ။

အခြားဖြစ်နိုင်ချေများမှာ ....

အစိမ်းရောင်ဝတ်လူတွင် လျှို့ဝှက်ချက်တစ်ခုရှိသည်လည်းဖြစ်နိုင်လေသည်။

ယခုတော့ အခန်းထဲတွင် ဆန်းလျန်နှင့် အစိမ်းရောင်ဝတ်လူ နှစ်ယောက်သာကျန်ခဲ့လေတော့သည်။

“မင်းကဘယ်သူများလဲ”

“ကျုပ်နာမည်ကဆန်းလျန်ပါ၊ ခင်ဗျားကို ဒီလိုဖမ်းချုပ်ထားတာကျုပ်အဖိုးပေါ့”

"ချင်ပြည်နယ် ဆန်းအိမ်တော်ကလား"

အစိမ်းရောင်ဝတ်လူက ဒေါသတကြီးဖြင့်မေးလိုက်သည်။ သူ့ကိုကြည့်ရသည်မှာ ခြောက်သွေ့နေပြီး သူ့နှုတ်ခမ်းနှင့် လျှာများမှာ အက်ကွဲနေလေသည်။

"ခင်ဗျား ကျုပ်တို့အကြောင်းအရင်ကကြားဖူးတယ်ပေါ့"

"ကျုပ်ဘယ်တုန်းကမှ ဆန်းအိမ်တော်နဲ့မပတ်သက်ခဲ့ဖူးဘူး ၊ ဆန်းအိမ်တော်ကလည်း ကျန်းဟူနဲ့သိပ်ပြီးမပတ်သက်ပါ ဘူး"

"လွန်ခဲ့တဲ့တစ်လလောက်က ခင်ဗျားသတ်ခဲ့တဲ့လူငယ်လေးနှစ်ယောက်ကိုမှတ်မိသေးလား ၊ အဲဒါ ကျုပ်အဖိုးရဲ့မြေး တွေပဲ ၊ ကျုပ်အစ်ကိုဝမ်းကွဲတွေပေါ့"

"အော် ဒါကြောင့်ကိုး ၊ ကျုပ်နားလည်ပါပြီ"

အစိမ်းရောင်ဝတ်လူမှာ သူ့အားအချိန်အကြာကြီး စိတ်အနှောင့်အယှက်ပေးနေသည့် မေးခွန်း၏အဖြေကို သိသွားပြီဖြစ်လေသည်။

“မင်းကတော့ငါ့ကိုသိပ်မုန်းတဲ့ပုံမပေါ်ပါဘူး”

ဆန်းလျှန်လည်း ထိုအကြောင်းကိုပဲ သိချင်နေမိတာဖြစ်လေသည်။

သူက ဆန်းအိမ်တော်နှင့်ပတ်သက်သော်လည်း အစိမ်းရောင်ဝတ်လူက သူ့ကိုဒေါသထွက်သည့်ပုံမပေါ်က်ပေ။

“လူတွေက ကျုပ်ကိုသတ်ဖို့ရောက်လာကြတယ် ဒါပေမယ့်ကျုပ်ကပြန်သတ်ပစ်လိုက်တယ်၊ မုန်းနေစရာဘာရှိ လို့လဲ၊ ကျုပ်ကလူတစ်ယောက်ကိုပဲမုန်းတာ၊ ကျုပ်အမုန်းတွေနဲ့ထိုက်တန်တဲ့သူ၊ တခြားသူတွေကိုတော့ စိတ်ထဲ တောင်မထားဘူး”

အစိမ်းရောင်ဝတ်လူက အရေးမထားသလိုပြောလိုက်သည်။

“ဒါကြောင့်ပဲသူကအရမ်းကိုစိတ်ဓာတ်ခိုင်မာတဲ့သူဖြစ်နေတာကိုး”

ဆန်းလျှန်တွေးလိုက်မိလေသည်။

“ကျုပ်ဘာလို့ဒီကိုလာရလဲ ခင်ဗျားသိရဲ့လား”

“နတ်သက်ခြေခြားသိုင်းကို ကျုပ်မင်းကိုလွှဲပြောင်းပေးနိုင်တယ် ၊ မင်းရောက်မလာဘူးဆိုရင်တောင်မှ ဒီရက်တွေမှာ ကျုပ်က မင်းကိုရှာတော့မလို့ပဲ”

“ဘာဖြစ်လို့လဲ”

ဒီတစ်ကြိမ်တွင်တော့ မေးခွန်းမေးရသည့်သူက ဆန်းလျန်ဖြစ်သွားရလေသည်။ ယခုကဲ့သို့ ပြဿနာပေါင်းများစွာဖြစ် ပြီးသည့်နောက် “နတ်သက်ခြေခြားသိုင်း” သင်ပေးရန်အတွက် အစိမ်းရောင်ဝတ်လူက သူ့ကိုရှာမည်ဆိုသည့်အချက် မှာ သူလုံးဝမျှော်လင့်မထားသည့်အချက်ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူအနေဖြင့် သံမဏိကြိုးများ ၊ လက်ထိပ်ခြေထိပ်များခတ်ထားခြင်းမရှိလျှင် ထောင်ကိုဖောက်ထွင်း ပြီး ထွက်ပြေးနိုင်မည့်သူတစ်ယောက်ဖြစ်လေသည်။

ဆန်းလျှန်မှာ ကျန်းဟူမှလူစွမ်းကောင်းများအကြောင်းကို သိပ်ပြီးသိရှိခြင်းမရှိပေ။

ဤအခြေအနေမှာ ဝူရှသိုင်းဝတ္ထုထဲမှအခြေအနေနှင့်မတူပါ။

ဤလောကမှာ ဆန်းကျယ်ထူးခြားလွန်းသည့် သိုင်းစွမ်း များ ၊ ဝိညာဉ်စွမ်းအားများနှင့်ပြည့်နေသည့် လောကတစ်ခုဖြစ်လေသည်။

သူအရင်ကဖတ်ခဲ့ဖူးသည့် ဝူရှသိုင်းဝတ္ထုနှင့် ရှန်းရှသိုင်းဝတ္ထုများမှာ လက်ရှိအခြေအနေတွင် များစွာအထောက်အကူ ပြုမည်မဟုတ်ပေ။

ထိုအချိန် မည်သည့်နေရာမှထွက်လာမှန်းမသိသည့် ထူးဆန်းသည့်တုံးခေါက်သံကို ဆန်းလျှန်ကြားလိုက်ရလေ သည်။ ငြင်သာပြီးစည်းချက်ကျသည့် တုံးခေါက်သံဖြစ်လေသည်။

သို့သော် မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို တော့ဆန်းလျှန်မသိပေ။

အခန်း (၂၀)

ချယ်လန်းဝတ်ကျောင်းတော်မှမိုးစက်များ

“သစ်သားဖြင့်လုပ်ထားသည့်ငါးပုံ ၊ သစ်သားပေါ်တွင်ငါး ပုံသဏ္ဌာန်ထွင်းထားသည့်ပုံ ၊ အတွင်း၌အခေါင်းပေါက်ရှိပြီး ခေါက်လိုက်လျှင်အသံထွက်လာသည် ၊ ဗုဒ္ဓဘာသာ ဝတ်ကျောင်းတော်များတွင် ပရိတ်ရွတ်ဖတ်သည့်အခါ အသုံးပြုကြသည်”

ဝမ်မင်ကျဲ့၏ဆန်းချိုင်တူဟော့ (ဝမ်မင်ကျဲ့၏လောကသုံးပါး စာအုပ်)

အစိမ်းရောင်ဝတ်လူမှာ သစ်သားငါးရုပ်တုံးခေါက်သံကို ကြား ဖူးနေကျဖြစ်ဟန်တူလေသည်။ သူ၏မျက်လုံးများထဲ တွင်စိတ် ရှုတ်ထွေးနေသည်ကို ဆန်းလျှန်မြင်နေရလေသည်။ အစိမ်းရောင်ဝတ်လူ၏ခံစားချက်များကို ဆန်းလျှန်ဖတ်ရန် ကြိုးစားနေခြင်းမဟုတ်ပါ။ သူ၏မျက်ဝန်းထဲမှ စိတ်ရှုတ်ထွေး သည့်ခံစားချက်များကသိသာနေခြင်းဖြစ်လေသည်။

“မင်းကဘာဖြစ်လို့လဲလို့မေးတယ်နော် ၊ မင်းကိုကျုပ်ပြောပြ မယ် ၊ ကျုပ်လူတစ်ယောက်နဲ့ သူသေကိုယ်သေတိုက်ဖို့ရှိ တယ်၊ ကျုပ်သေသွားရင် ကျုပ်ဘဝတစ်လျှောက်လုံး သင်ယူခဲ့တဲ့ ပညာတွေကို အလကားမဖြစ်စေချင်ဘူး ၊ ကျုပ်ရဲ့ပညာတွေကို လူငယ်တစ်ယောက်ကိုလက်လွှဲပေးချင်မိတယ် ၊ ဒါပေမယ့် သူ ကကံမကောင်းခဲ့ဘူး”

အစိမ်းရောင်ဝတ်လူက တစ်လုံးချင်းပြောနေလေသည်။

သူ၏လေသံက ဂရုမစိုက်သလို တည်ငြိမ်သည့်လေသံမျိုး။

"သစ်သားငါးရုပ်တုံးခေါက်နေတဲ့သူက ခင်ဗျားနဲ့တိုက်ခိုက်ရမယ့်သူလား"

ဆန်းလျန်ကလည်း စိတ်ရှုတ်ထွေးစွာဖြင့် ပြန်မေးလိုက်လေသည်။

သစ်သားငါးရုပ်မှာ များသောအားဖြင့် ဗုဒ္ဓဘာသာများအသုံးပြုကြလေသည်။ သို့သော် မူလဆင်းသက်လာသည်မှာ တာအိုဝါဒမှဆင်းသက်လာခြင်းဖြစ်လေသည်။ ထို့ကြောင့် သစ်သားငါးရုပ်တုံးခေါက်နေသည့်သူမှာ ဗုဒ္ဓဘာသာဝင် လား ၊ တာအိုကျင့်စဉ်ကျင့်ကြံသူလား ဆန်းလျန်မှာ ဝေခွဲမရဖြစ်နေခြင်းဖြစ်လေသည်။

“ထိုက်ဝေ့ရဲ့ဝိညာဉ်ငြိမ်းချမ်းသံစဉ်ကို မင်းကြားရတယ်ဆိုရင်တော့ တကယ့်ရှားပါးဖြစ်ရပ်ပဲ ၊ သာမာန်လူ တစ်ယောက်က အဲဒီအသံကိုကြားနိုင်မှာမဟုတ်ဘူး”

အစိမ်းရောင်ဝတ်လူက ပြုံးပြီးပြောလိုက်လေသည်။

ဆန်လျန်မှာ မျှော်လင့်ချက်များပိုပြီးရှိလာလေတော့သည်။

“လင်ချုန်းရှောင်ရာ လင်ချုန်းရှောင်... မင်းဘယ်လောက်ပဲ အစွမ်းရှိရှိ ဆန်းလျန်လိုလူတစ်ယောက်ကိုတော့ နောက်ဘယ်တော့မှရှာတွေ့နိုင်မှာမဟုတ်ဘူး”

“လင်ချုန်းရှောင်” ဆိုသည့်နာမည်ကိုကြားလိုက်ရသည်နှင့် ဆန်းလျန်သိချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာလေတော့သည်။ အစိမ်းရောင်ဝတ်လူကဲ့သို့မာနကြီးသည့်လူတစ်ယောက်က “အစွမ်းရှိသည်” ဟု ဝန်ခံရသည့်လူမျိုးမှာ သေချာပေါက်ရှားပါးသည့်ဖြစ်ရပ်ပင်ဖြစ်လေသည်။

လင်ချုန်းရှောင်ဆိုသည်မှာ မည်သို့သောလူစားမျိုးဖြစ်ပါ သနည်း။ အစိမ်းရောင်ဝတ်လူ မတားဆီးနိုင်သည့် လူမျိုးဖြစ် ပေလိမ့်မည်။ ထိုသူက အစိမ်းရောင်ဝတ်လူကို မုန်းတီးနေသည့် လူတစ်ယောက်လား။

မုန်းဆကြည့်ခြင်းမျှသာဖြစ်သော်လည်း သူ၏မုန်းဆမှုများမှာ ရှစ်ဆယ်ရာခိုင်နှုန်းမှန်ကန်တတ်ကြောင်း သူ့ကိုယ်သူ သိလေ သည်။

အစိမ်းရောင်ဝတ်လူဝတ်ဆင်ထားသည့် အဝတ်အစားများမှာ စတင်ပြီးဖောင်းပွလာလေသည်။ ပူဖောင်းတစ်လုံးကဲ့သို့ ဖောင်းပွလာပြီး လှိုင်းများထလာလေသည်။ အကျဉ်းခန်းထဲ တွင် လေပြင်းများတိုက်ခတ်နေသည်ကို ဆန်းလျှန်ခံစား နေရ လေသည်။ သူ့ခြေထောက်များပင် လေထဲမြောက်တက်သွား တော့မလိုဖြစ်ရလေသည်။

ပေါက်ကွဲသည့်အသံကဲ့သို့ တဖြောက်ဖြောက်မြည်သံများထွက်ပေါ်လာပြီး ဆယ်မိနစ်ခန့်အကြာတွင်တော့ ပြန်လည်တိတ်ဆိတ်သွားလေသည်။

ဤနေရာမှာ အကျဉ်းထောင်၏ နောက်ပိုင်းအကျဆုံးအပိုင်းဖြစ်သဖြင့် အပြင်ဘက်ရှိလူများမှာ ထိုအသံများကို သတိထားမိခြင်းမရှိပေ။

ဆီမီးအိမ်မှမီးတောက်လေးမှာ လေပြင်းများကြောင့် ယိမ်းထိုးနေလေသည်။ မီးတောက်လေးငြိမ်းသွားသည့်အခါတွင် တော့ လေပြင်းတိုက်ခတ်မှုလည်းရပ်တန့်သွားလေသည်။ အစိမ်းရောင်ဝတ်လူ၏ခြေထိပ်လက်ထိပ်များမှာ ကြမ်းပြင်ပေါ်သို့ကျသွားပြီး အစိတ်စိတ်အမွှာမွှာကွဲကြေသွားကြလေသည။

ခြေထိပ်လက်ထိပ်များမှာ သံမဏိဖြင့်ပြုလုပ်ထားခြင်းဖြစ်သောကြောင့် အလွန့်အလွန်မာကျောလှလေသည်။ သို့သော်

အစိမ်းရောင်ဝတ်လူကတော့ တစ်စစီဖြစ်အောင် လုပ်လိုက်ပြီ

ဖြစ်လေသည်။

သူ၏သိုင်းစွမ်းအားမှာ အဆင့်လွန်မြင့်မားနေပြီဖြစ်လေသည်။

သာမာန်လူများမလုပ်နိုင်သည့်အရာများကို သူက လုပ်ဆောင်

နိုင်နေပြီ။

သို့သော် အစိမ်းရောင်ဝတ်လူမှာ သူ၏လည်ပင်းညှပ်ရိုးဆီမှာ

သံကြိုးများကိုတော့ ဖြတ်တောက်ပစ်နိုင်ခြင်းမရှိပေ။

သူ၏လက်ဖြင့်လည်းသံကြိုးများကိုဖယ်ရှားပစ်ခြင်းမပြုပေ။

ကြီးမားသော သံမဏိကြိုးကြီးများမှာ သူ့ပခုံးများအောက်

တွင်ချည်နှောင်ထားဆဲဖြစ်လေသည်။ ထိတ်လန့်ဖွယ်မြင်ကွင်း

ဖြစ်သောကြောင့် သူ၏ပုံစံကိုမြင်သည့်လူတိုင်း အကြောက်

လွန်သွားနိုင်ပေသည်။

အစိမ်းရောင်ဝတ်လူမှာ လက်ထိပ်ခြေထိပ်များမှလွတ်သွား

သည့်အတွက် ဝမ်းသာသည့်ပုံတော့မပေါ်ပေ။ သူကရေခဲ တမျှ

အေးခဲသောအကြည့်များဖြင့် စိုက်ကြည့်နေလေသည်။

သူ၏အေးစက်လွန်းသောအကြည့်ကို ခြေလှမ်းတစ်ရာ ခန့်အထိ ပို့ထားလေသည်။

ဆန်းလျန်ကသူ၏ပင်ကိုယ်သိစိတ်ဖြင့် သူ့ကိုယ်သူကာကွယ်လိုက်လေသည်။ အလင်းရောင်တစ်ချက် လက်ခနဲဖြစ် သွားပြီး ဓားမြှောင်ငယ်တစ်လက်မှာ အစိမ်းရောင်ဝတ်လူ၏ပခုံးကို စိုက်ဝင်သွားလေသည်။ အစိမ်းရောင်ဝတ်လူကအရေးမစိုက်သည့်ပုံစံဖြင့် ပခုံးတစ်ချက်လှုပ်ခါလိုက်တော့ ဓားမြှောင်မှာ သူ၏ ပခုံးအသားထဲမှ လွင့်စင်ထွက်သွားပြီး ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။

"ကောင်းတယ်ကောင်လေး... ကျန်းဟူမှာဆိုရင် ကျုပ်ကို ဒဏ်ရာရအောင်လုပ်နိုင်တဲ့လက်နက်ဆိုလို့ သုံးခုထက်ပိုမရှိဘူး ၊ မင်းရဲ့ ဓားပျံအစွမ်းလေးက ကိုယ့်ကိုကိုယ်ကာကွယ်ဖို့ တော့လုံလောက်ပါတယ် ၊ ဒါပေမယ့် ဒီနေ့တိုက်ပွဲမှာ ကျုပ်သေ

ပါစေလို့သာဆုတောင်းပေတော့ ၊ မဟုတ်ရင် ကျုပ်ကိုဒဏ်ရာ ရအောင်လုပ်တဲ့အတွက် မင်းပြန်ပေးဆပ်ရ မယ်"

အစိမ်းရောင်ဝတ်လူက ဆန်းလျန်၏ရှေ့တွင်ရပ်လိုက်ပြီး ပြော လိုက်လေသည်။

ပြောပြီးသည့်နောက် သူက အော်ဟစ်ရယ်မောလိုက်လေသည်။ သူ၏ရယ်သံမှာ ကျယ်လောင်ပြီး နဂါးတစ်ကောင်၏ ကြုံးဝါး သံကဲ့သို့ဖြစ်လေသည်။ ထိုနောက်တွင်တော့ အလင်းကဲ့သို့ လျှင်မြန်လွန်းသည့်အရှိန်ဖြင့် ဆန်းလျန်ကို အကျဉ်းထောင် အပြင်သို့ ခေါ်ထုတ်သွားလေသည်။

အစိမ်းရောင်ဝတ်လူမှာ တစ်လအတွင်း ဝိညာဉ်စွမ်းအားကျဉ့် စဉ်ကို ကျင့်ကြံအောင်မြင်ခဲ့လေသည်။ သို့သော် သူက နတ် ဘုရားတစ်ပါးဖြစ်လာခြင်းမဟုတ်သည့်အပြင် ထိုသို့ဖြစ်ရန် အတွက်လည်း မနီးစပ်နိုင်သေးပေ။ ယခင်ကာလများ နှင့်ယှဉ်

လျှင် သိသိသာသာပြောင်းလဲတိုးတက်လာသည့်အဆင့်မျှသာ ရှိလေသည်။

ယခင်အချိန်များတွင် သူကကျန်းဟူမှသိုင်းစွမ်းရည်မြင့်မားသည့် လူတစ်ယောက်သာဖြစ်လေသည်။ သူ၏သိုင်းစွမ်း မှာ ရွှေဓားဘုရင်တို့အဖွဲ့ထက် မြင့်မားသည်ဟုသာဆိုနိုင်လေသည်။ သူကျန်းဟူတွင်သွားလာလှုပ်ရှားနေသည်မှာ သူ၏နတ်သက်ခြေဓားသိုင်းအားကိုကြောင့် ဖြစ်လေသည်။

သို့သော် သူ၏အတွင်းအားမှာ ပေါက်ကွဲပြီးအထွဋ်ထိပ်အဆင့်သို့ရောက်ရှိသွားလေသည်။

တာအိုလမ်းစဉ်လိုက်သူများမှာ အစားအသောက်စားသုံးခြင်းကို ဖြည်းဖြည်းချင်းရပ်လိုက်ပြီး ကျင့်စဉ်အောင်မြင်သည်အထိ ဘဝကိုတစ်ယောက်တည်းနေထိုင်ကျင့်ကြံသွားကြရလေသည်။

ဤသည်မှာ အစိမ်းရောင်ဝတ်လူအနေဖြင့် အစားမစား ၊ ရေ
လည်းမသောက်ရဘဲ တစ်လကြာသည်အထိ အသက်ရှင်နိုင်
သည့်အပြင် သိုင်းပညာပါ မြင့်မားတိုးတက်လာရသည့်
အကြောင်းဖြစ်လေသည်။

သူအတွင်းအားစကျင့်လိုက်သည့်အချိန်တွင် သူ၏ခန္ဓာကိုယ်ရှိ
အထင်ရှုထိပ်ရှစ်နေရာမှာ ဆုံမှတ်နှစ်ခုဖြစ်သည့် အတွေးအမြင်
ပိုင်းနှင့် အုပ်ချုပ်မှုပိုင်းကိုဖြတ်ကျော်ပြီး ပွင့်ထွက်သွားလေ
သည်။

အစိမ်းရောင်ဝတ်လူအား ချင်ပြည်နယ် လက်ရွေးစင်
တပ်မတော် ၊ ဝါးရွက်စိမ်းဂိုဏ်းနှင့် ရွှေဓားဘုရင်တို့ဝိုင်းဝန်း
တိုက်ခိုက်ကြပြီးနောက် ဒဏ်ရာအပြင်းအထန်ဖြင့် အသက်ရှင်
လျက်ဖမ်းဆီးရမိခြင်းဖြစ်လေသည်။ သူတောင်းစားလေးကို
ပင် သူအကာအကွယ်မပေးနိုင်ခဲ့ပေ။

အကျဉ်းထောင်ထဲတွင် သေလုမျောပါးအခြေအနေဖြင့် သူနိုး

ထလာသည့်အချိန်တွင်တော့ သူက သူ၏ဒဏ်ရာများကို

အတွင်းအားဖြင့်ကုသရန်ကြိုးစားလိုက်သည်။

ထို့ကြောင့်ပင် သူ၏ ဟော့ရင်းသွေးကြောဆုံမှတ်မှာ မထင်မှတ်

ဘဲ ပွင့်ထွက်သွားပြီး ဝမ်းဗိုက်ပိုင်းရှိဟော့ရင်းဆုံမှတ်နှင့်

နောက်ကျောဘက်ရှိဟော့ရင်းဆုံမှတ်တို့မှာ တစ်ခုတည်း

ပေါင်းစည်းသွားကြလေသည်။ အတွင်းအားများမှာ ဟော့ရင်း

ဆုံမှတ်မှနေပြီး ချန်းချန်ဆုံမှတ်သို့စီးဆင်းသွားကြလေသည်။

ဟော့ရင်းဆုံမှတ်နှင့်ချန်းချန်ဆုံမှတ်တိုပမှာ နီးကပ်ကြ

သော်လည်း တစ်ခုမှာအတွေးအမြင်ပိုင်းဖြစ်ပြီး တစ်ခုမှာ

အုပ်ချုပ်မှုပိုင်းဖြစ်သည့်အတွက် ဆက်စပ်မှုမရှိပေ။

သို့သော်လည်း သူတို့နှစ်ခုလုံးပွင့်သွားသည့်အတွက် အတွင်း

အားများမှာ ခန္ဓာကိုယ်တစ်ခုလုံးဆီသို့ အဆုံးမရှိစီးဆင်းသွား

လေတော့သည်။

ကျန်းဟူမှလူစွမ်းကောင်းတစ်သိုက်မှာ အစိမ်းရောင်ဝတ်လူ၏ နတ်သက်ခြွေဓားသိုင်းကိုလိုချင်သောကြောင့် လာခဲ့ကြ ခြင်း ဖြစ်လေသည်။ သို့သော် သူတို့လိုချင်သည့် နတ်သက်ခြွေဓား သိုင်းကြောင့်ပင် သူတို့သေရမည်ကိုတော့ မသိကြရှာပေ။ ထိုသူတို့မှာ နတ်သက်ခြွေဓားသိုင်းမှာ အတွင်းအားနှင့်သုံးခြင်း မဟုတ် ဝိညာဉ်စွမ်းအားနှင့်သုံးခြင်းဖြစ်သည်ကို မသိကြပေ။ သူတို့အဖွဲ့မှာ ကိုယ့်သေတွင် ကိုယ်တူးသလိုဖြစ်သွားသည်ကို ပင် သိမသွားကြရှာပေ။

နောက်ဘဝတွင် လူအဖြစ်ပြန်လည်မွေးဖွားလာဦးမည်ဆိုလျှင် တောင်မှ ငတုံးများအဖြစ်သာ ပြန်လည်မွေးဖွားလာကြမည့် သူများဖြစ်လေသည်။

ထိုသူများ၏နှောင့်ယှက်မှုကြောင့် အစိမ်းရောင်ဝတ်လူမှ နတ် သက်ခြွေဓားသိုင်း၏ ဆိုးကျိုးများပေါင်းစည်းခံစားလိုက် ရ လေသည်။

"သင့်ရဲ့ရန်သူနဲ့သဘောတူမှုပြုလုပ်မယ်ဆိုရင် သဘောတူညီမှု ပျက်စီးသွားပါက ရှစ်ဆယ်ရာခိုင်နှုန်းထိခိုက် နစ်နာမည့်သူမှာ သင်ပင်ဖြစ်သည်"

ဟူသည့်စကားပုံအတိုင်း အစိမ်းရောင်ဝတ်လူ၏ ဝိညာဉ် စွမ်းအားများ ပျက်စီးသွားရလေသည်။

လွန်ခဲ့သည့်တစ်လခန့်က လင်ချုန်းရှောင်ကသာ ထိုက်ဝေ့ ဝိညာဉ်ငြိမ်းချမ်းသံစဉ်ဖြင့် သူ့ဝိညာဉ်ကိုမကုသပေးခဲ့လျှင် သူ့ အနေဖြင့် ဤအကျဉ်းထောင်မှ ထိုးဖောက်ထွက်နိုင်မည်မဟုတ် ပေ။

ထိုက်ဝေ့ဆိုသည်မှာ လင်ချုန်းရှောင်၏ သစ်သားငါးရုပ်တုံး လေး၏အမည်ဖြစ်လေသည်။ ထိုအရာလေးမှာ လင်ချုန်း ရှောင်တို့ဂိုဏ်းတွင်အသုံးပြုသည့် စိတ်ဝိညာဉ်ကိုအေးချမ်း ငြိမ်းသက်စေသော ရတနာတစ်ပါးဖြစ်လေသည်။ နတ်သက်

ခြေခွဲစားသိုင်းကြောင့် ပျက်စီးသွားသည့်စိတ်ဝိညာဉ်ကို ပြန်ပြီး ကုသပေးနိုင်လေသည်။

နတ်သက်ခြေခွဲစားသိုင်းမှာ လူတစ်ယောက်၏ဝိညာဉ်ကို တိုက်တိုက်ခိုက်ခြင်းဖြစ်ပြီး မိုးမြေ၏ဆန္ဒသဘောထားနှင့် ဆန့်ကျင်လေသည်။ လင်ချုန်းရှောင်က သူ၏ဂိုဏ်းသားများကို နတ်သက်ခြေခွဲစားသိုင်းကျင့်ကြံခြင်းကို တားမြစ်ထားလေသည်။ သူက အရည်အချင်းမရှိသည့် လူဆိုလျှင်တောင်မှ ရိုးသားဖြောင့်မတ်သူဖြစ်လျှင် ဂိုဏ်းသားအဖြစ်လက်ခံလေသည်။

နတ်သက်ခြေခွဲစားသိုင်းကိုသုံးသည့်အကြိမ်တိုင်း အသုံးပြုသူ၏ဝိညာဉ်စွမ်းအားပျက်စီးရလေသည်။ မကြာခဏ အသုံးပြုမည်ဆိုလျှင် ဝိညာဉ်စွမ်းအားပြန်ကောင်းလာစေရန် လနှင့်ချီ သို့မဟုတ် နှစ်နှင့်ချီပြီးကြာမည်ဖြစ်လေသည်။

နတ်သက်ခြေခွဲဓားသိုင်း၏ဆိုးကျိုးကိုသိသည့်အတွက် အစိမ်း
ရောင်ဝတ်လူမှာ နှစ်ကြိမ်ခန့်သာလျှင် အသုံးပြုခဲ့ဖူးလေ သည်။
လင်ချုန်းရှောင်၏အတွေးကို အစိမ်းရောင်ဝတ်လူကနားလည်
လေသည်။ လင်ချုန်းရှောင်မှာ လူတစ်ယောက်ကိုသတ်တော့
မည်ဆိုလျှင် ထိုသူ၏ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာအခြေအနေမှာ
အကောင်းဆုံးအနေအထားတွင်ရှိကြောင်း သေချာမှသတ်
တတ်လေသည်။ သူ၏ပြိုင်ဘက် အဆင်သင့်မဖြစ်သေးလျှင်
သူကတိုက်ခိုက်တတ်သူမဟုတ်ပေ။
ဆန်းလျန်ကို အစိမ်းရောင်ဝတ်လူမှာ လက်တစ်ဖက်တည်းဖြင့်
ဆွဲခေါ်သွားလေသည်။ သူ့နားထဲတွင် လေတိုးသံများ ကိုတဝီဝီ
ကြားနေရလေသည်။ တိမ်နှင့်မီးခိုးငွေ့များကြားတွင် ပျံသန်းနေ
ရသလိုဖြစ်နေလေသည်။

ထိုသူက အကျဉ်းထောင်အပြင်ဘက်ရောက်သည်အထိ ရပ်တန့်မသွားဘဲ ဆက်သွားနေလေသည်။ ဆန်းလျန်မှာ အိမ်ခေါင်မိုးများကို ရိပ်ခနဲ ရိပ်ခနဲသာမြင်တွေ့နေရလေသည်။ တုံးခေါက်သံကိုထပ်မကြားရတော့ပါ။ တုန်လှုပ်ခြောက်ခြား စရာကောင်းပြီး ရှုတ်ထွေးသည့် စာပိုဒ်ရှုတ်သံများကို ကြားနေရလေသည်။ စာပိုဒ်မှာ ရှုတ်ထွေးသည့်ရှေးစာလုံးများပါဝင် လေသည်။

စာပိုဒ်တစ်ခုလုံးတွင် စကားလုံး တစ်ရာ့ရှစ်လုံးပါဝင်လေသည်။ ဆန်းလျန်၏မှတ်ဉာဏ်စွမ်းအားကြောင့်သာ ထိုသို့ မှတ်မိနိုင် ခြင်းဖြစ်လေသည်။ သို့သော် ထိုစာလုံးများ သူ့မှတ်ဉာဏ် အတွင်းသို့ဝင်ရောက်သွားသည်နှင့် အလင်းပွင့်သွားပြီး စွမ်းအားများတိုးတက်လာသကဲ့သို့ခံစားလိုက်ရလေသည်။ ရုတ်တရက် အလောင်းစင်တစ်ခုပေါ်မှ မော်ဝင်ဓားတစ်ချောင်း သူ့ဆီသို့ပျံသန်းလာသည်ကိုတွေ့လိုက်ရပြီး ထိုဓားက ဆန်းလျ

န်ကိုရိုက်ချလိုက်လေသည်။ သူ့တစ်ကိုယ်လုံးအေးစက်သည့်

ချွေးများထက်လာပြီး သူ၏နဖူးမှာရေခဲကဲ့သို့ အေးစက်သွား

လေသည်။

အစိမ်းရောင်ဝတ်လူမှာ လှုပ်ရှားနေရာမှ ရပ်တန့်လိုက်သည်။

မိုးရေများထဲတွင် ရှေးဟောင်းဝတ်ကျောင်းတော်ကြီးတစ်ခုကို

တွေ့ရလေသည်။ မိုးကောင်းကင်တစ်ခုလုံးမှာလည်း မိုးခိုး

ရောင်များဖြင့် ညိုမှိုင်းအုံ့ဆိုင်းနေလေသည်။

ဆန်းလျန်မှာ ဤနေရာကိုသိလေသည်။ သူတို့ရောက်နေသည့်

နေရာမှာ ပြည်နယ်၏တောင်ဘက်တွင်ရှိသည့် တောင်ထိပ်တစ်

ခုတွင်ဖြစ်လေသည်။ အကျဉ်းထောင်မှာ ဆယ်မိုင်ခန့်အဝေး

တွင်ကျန်ခဲ့ပြီဖြစ်လေသည်။

ဆန်းလျန်ကသူ့ခန္ဓာကိုယ်ထဲမှ အတွင်းအားစီးဆင်းမှုကိုကြည့်

လိုက်ပြီး အကြမ်းအားဖြင့် ဆယ့်ငါးမိနစ်ခန့် ကြာခဲ့ပြီဟု သိ

လိုက်လေသည်။

ထို့ပြင် ရှေးဟောင်းဝတ်ကျောင်းတော်ကြီးကိုလည်းသူမှတ်မိလေသည်။ ထိုဝတ်ကျောင်းတော်ကြီးမှာ ချင်ပြည်နယ်မြို့တော်၏အပြင်ဘက်တွင်တည်ရှိသည့် ချယ်လန်းဝတ်ကျောင်းတော်ကြီးပင်ဖြစ်လေသည်။

အခန်း (၂၁)

ခေါင်းပြောင်သွားသလိုအစွမ်းလည်းထက်လာတယ်

ချယ်လန်းဝတ်ကျောင်းတော်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အထဲတွင် မည်သူမျှရှိသည့်ပုံမပေါ်ပေ။ ဗုဒ္ဓဘုရားသို့ဝတ်ပြုပရိတ်ရွတ်သည့်အသံများလည်းမကြားရ ၊ သစ်သားငါးရုပ်တုံးခေါက်သံကိုလည်းမကြားရပေ။

အစိမ်းရောင်ဝတ်လူက ဆန်းလျှန်ကိုခေါ်ပြီး ဝတ်ကျောင်းတော်ကြီးတံခါးဝမှဝင်သွားလေသည်။ သူတို့ ဝတ်ကျောင်းတော်ခန်းမကျယ်ကြီး တစ်ခုဆီသို့ရောက်လာလေသည်။

ခန်းမထဲတွင် ချယ်လန်းဆယ့်ရှစ်ပါးရုပ်တုများကို တစ်ဖက်တစ်ချက်စီတွင် တန်းစီထားလေသည်။ မေယင်း ၊ ဖန်းယင်း ၊ ထျန်းကူး ၊ ထန်းမြောင် ၊ ထန်းမေ ၊ မော့မြောင် ၊ လေ့ယင်း ၊ စစ်ကျီး ၊ မြောင်ထန်း ၊ ဖန်းရှန်း ၊ ရန်ယင်း ၊ ဖော်နု ၊ စုန့်သယ် ၊ ကွမ်းမု ၊ မြောင်ယန် ၊ ချယ်ထင်း ၊ ချယ်ရှစ် နှင့် ပြန့်ရှစ်နတ်ဘုရားရုပ်တုများဖြစ်လေသည်။

ချယ်လန်းဝတ်ကျောင်းတော်မှာ ငြိမ်သက်အေးချမ်းသောနေရာ

တစ်ခုဖြစ်လေသည်။ လူတစ်ယောက်သည် ကံသုံးပါး

ကျူးလွန်ထားမှုမှလွတ်မြောက်လိုလျှင် ၊ အာရုံခြောက်ပါးကို

သန့်စင်လိုလျှင် ၊ သဘာဝအတိုင်းငြိမ်သက်စွာနေလိုလျှင်

သို့မဟုတ် ငြိမ်းချမ်းမှုကိုရှာဖွေလိုလျှင် ချယ်လန်းဝတ်ကျောင်း

တော်တွင်တရားထိုင်ကျင့်ကြံနိုင်လေသည်။

ဗုဒ္ဓ၏သွန်သင်ဆုံးမမှုများကို တာအိုဝါဒနှင့်ပေါင်းစပ်ထား

သည့် ကျင့်စဉ်ဖြစ်လေသည်။

ခန်းမကြီးထဲတွင် လူတစ်ယောက်ရှိနေလေသည်။ ထိုသူမှာ

လက်ထဲတွင် သစ်သားငါးရုပ်တုံးလေးကိုကိုင်ထား သည်။

သစ်သားငါးရုပ်တုံးလေးမှာ မီးခိုးရောင်သန်းသည့်ငွေရောင်ရှိ

ပြီး ငါးတစ်ကောင်၏အရွယ်အစားရှိလေသည်။ ငါးရုပ်ပုံကို

ပန်းပုထုထားသည်မှာ အသက်ဝင်ပြီးသဘာဝကျလွန်းလှလေ

သည်။

ထိုသူမှ အသက်သုံးဆယ်ခန့်အရွယ်ဟုထင်ရလေသည်။ တစ်ချိန်တည်းမှာပင် အသက်နှစ်ဆယ်ခန့်ဟူ၍လည်း ထင်နေရပြန်သည်။ သူ့မျက်နှာတွင် မုတ်ဆိတ်မွေး ပါးသိုင်းမွေးများနှင့် အစက်အပြောက်များမရှိ။ သူ၏မျက်ခုံးများမှာ ပိုးစာကောင်ကဲ့သို့ကွေးညွတ်နေကြပြီး အသက်ဓာတ်နှင့်ပြည့်ဝကာ သက်ဝင်လှုပ်ရှားနေသကဲ့သို့ပင်။

သို့သော် ထိုသူ၏မျက်ခုံးများမှာ တကယ်တမ်းမျက်စိကို ဖမ်းစားနိုင်သည့်အစိတ်အပိုင်းတော့မဟုတ်ခဲ့ပါ။ သတိမပြုဘဲ မနေနိုင်အောင် ဖမ်းစားနိုင်လွန်းသည့်အစိတ်အပိုင်းမှာ ထိုသူ၏ဦးခေါင်းဖြစ်လေသည်။ ထိုသူ၏ဦးခေါင်းတွင် ဆံပင်တစ်ပင်မျှမရှိပေ။

ပုံမှန်အားဖြင့် ဘုန်းတော်ကြီးများပင်လျှင် ဦးခေါင်းထက်တွင် ပြန်ပေါက်နေသည့်ဆံပင်ငုတ်တိုလေးများရှိနေကြသေး သည်။

ထိုသူ၏ဦးခေါင်းကတော့ ချောမွတ်ပြီးပြောင်ရှင်းနေလေ
သည်။ ကြည့်ရသည်မှာ ဆံပင်လုံးဝမပေါက်တော့သည့် ပုံမျိုး
ဖြစ်လေသည်။ ဆံပင်မွေးနှင့်တူသည့်အရာဟူ၍ တစ်မွေးတစ်
မျှင်မျှရှိမနေပေ။

ထိုသူ၏ဦးခေါင်းမှာ အလွန်ပြောင်လက်နေပြီး အနာအဆာလုံး
ဝမရှိသည်ကို ဆန်းလျှန်သတိပြုမိလေသည်။

ထိုသူမှာ အစိမ်းရောင်ဝတ်လူပြောသည့် လင်ချူန်းရှောင်ပင်
ဖြစ်ရမည်ဟု ဆန်းလျှန်တွေးလိုက်မိသည်။ အမှန်ပင် ထူးခြား
သည့်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လေသည်။

"လင်ချူန်းရှောင်ရာ ... လင်ချူန်းရှောင် ၊ မင်းတော့ခေါင်းတုံး
ပြောင်ကြီးဖြစ်နေပါပေါ့လား"

အစိမ်းရောင်ဝတ်လူကသူမြင်တွေ့လိုက်သည့်မြင်ကွင်းကြောင့်
အံ့သြတကြီးနှင့်ပြောလိုက်ပြီးနောက် ရယ်မောလိုက် လေ
တော့သည်။

"ငါက ခေါင်းပြောင်သွားသလို အစွမ်းလည်းထက်လာတယ်လေ"

လင်ချုန်းရှောင်က စိတ်မဆိုးသည့်အပြင် ပုံမှန်လေသံဖြင့် ပြန်ပြောလိုက်လေသည်။

အစိမ်းရောင်ဝတ်လူကဆန်းလျန်ကို ရုတ်တရက်တွန်းထုတ်လိုက်လေသည်။ ထို့ကြောင့်ဆန်းလျန်မှာ အခန်းထောင့် တစ်နေရာသို့လွင့်စင်ထွက်သွားပြီး အဝေးဆုံးတွင်ရှိသည့် ချယ်လန်းနတ်ရုပ်တုတစ်ဆူအောက်သို့ ကျရောက်သွားရ လေသည်။

ဆန်းလျန်၏ခါးမှာ နတ်ရုပ်တုနှင့်ရိုက်မိသွားသည့်အတွက် မလှုပ်နိုင်တော့ပေ။ သို့သော် သူရောက်ရှိနေသည့်အနေ အထားမှာ ခန်းမတစ်ခုလုံးကို ကောင်းစွာမြင်ရသည့်အနေအထားဖြစ်နေလေသည်။

"မင်းကအထွင်ဋ္ဌထိပ်ဆုံမှတ်ကိုပွင့်အောင်လေ့ကျင့်လိုက်နိုင်ပြီပဲ ၊ တာအိုကျဉ္စစဉ်အရပြောရရင် "ကျားဖြူကိုယဉ်ပါး အောင် လုပ်တဲ့အဆင့်" လို့ခေါ်တာပေါ့ ၊ ဒါဘာများအထင်ကြီးစရာရှိ လို့လဲ"

အစိမ်းရောင်ဝတ်လူက ဟက်ခနဲတစ်ချက်ရယ်မောရင်းပြော လိုက်လေသည်။

ဆံပင်များမှာ အတွင်းအား၏ထိပ်ဖျားပိုင်းများဖြစ်လေသည်။ တာအိုကျဉ္စစဉ်တွင် "ကျားဖြူကိုယဉ်ပါးအောင်လုပ်သည့် အဆင့်" ကို ကျင့်ပြီးသွားလျှင် ဆံပင်များအကုန် ကျွတ်ကုန် လေသည်။ မွေးညင်းပေါက်များပိတ်သွားပြီး အိုမင်းရင့်ရော် ခြင်းမှာလည်း နှေးကွေးသွားလေသည်။ အသက်တစ်ရာ ၊ တစ် ရာ့လေးဆယ် ၊ တစ်ရာ့ငါးဆယ် ရှိသည့် တိုင် လူငယ်လေးတစ် ယောက်ပမာ နုပျိုနေမည်ဖြစ်ပေလိမ့်မည်။

ယောကျာ်းလေးတစ်ယောက် ထိုအဆင့်သို့ရောက်ရှိသွားပြီဆို

လျှင် "ကျားဖြူကိုယဉ်ပါးအောင်လုပ်သည့်အဆင့်" ဟုခေါ်ပြီး

မိန်းကလေးများထိုအဆင့်သို့ရောက်အောင်လေ့ကျင့်လျှင်တော့

"နဂါးနီကိုသတ်ဖြတ်သည့်အဆင့်" ဟု ခေါ်ကြလေသည်။

လူတစ်ယောက်ထိုအဆင့်သို့ရောက်ရှိသွားလျှင် အလွန်

စွမ်းအားကြီးသည့်အဆင့်သို့ရောက်ရှိခြင်းမဟုတ်သည့်တိုင်

သာမာန်လူတစ်ယောက်နှင့်တော့မတူတော့ပေ။ ဤအဆင့်မှာ

တာအိုကျင့်စဉ်အခြေခံအုတ်မြစ်၏ပထမအဆင့်သို့ တက်လှမ်း

သည့် အဆင့်ပင်ဖြစ်လေသည်။ "အခြေခံအုတ်မြစ်

တည်ဆောက်ခြင်းအဆင့်" ဟူ၍လည်းပြောကြသည်။

ထို့ပြင် "အခြေခံအုတ်မြစ်တည်ဆောက်ခြင်းအဆင့်" မှာ

အခြားသော ကွန်ဖူးပညာအဆင့်များ နှင့်လည်းတူညီလေ

သည်။ ရာနှင့်ထောင်နှင့်ချီသောကျင့်ကြံသူများတွင် ဤအဆင့်

သို့ရောက်ရှိသူမှာ တစ်ယောက်ရှိနိုင်ရန်ပင် ခဲယဉ်းလှလေ

သည်။ ဤအဆင့်ထိလေ့လာနိုင်ရန်အတွက် မိုးကောင်းကင်နှင့်

အထုံပါရမီရှိမှရရှိနိုင်မည်ဖြစ်လေသည်။

လင်ချုန်းရှောင်နှင့်အစိမ်းရောင်ဝတ်လူသိုင်းပညာသင်ယူခဲ့

သည့်ဂိုဏ်းမှာ ကျန်းဟူမှသိုင်းဂိုဏ်းတစ်ဂိုဏ်းဖြစ်လေ သည်။

တာအိုဝါဒကိုအခြေခံခဲ့သော်လည်း မိုးကောင်းကင်နှင့်

ပတ်သက်သည့်ဝါဒ၏အစိတ်ပိုင်းတော့မဟုတ်ပေ။ ထို့ကြောင့်

သူ၏အောင်မြင်မှုမှာ ဖခင်ကရှာသူကြီးဖြစ်သည့်အတွက် သား

ကအုပ်ချုပ်ရေးပိုင်းတွင်ရာထူး အလိုလိုရသွားသည့်သဘော

နှင့်ခပ်ဆင်ဆင်တူနေလေသည်။ နဂါးတိုင်းပြည်မှ ငါးကြင်း

တစ်ကောင်ခုန်ထွက်လာသကဲ့သို့ပင်ဖြစ်လေသည်။

"ငါ့ကိုယ်ငါဘာလို့အထင်ကြီးနေရမှာလဲ ၊ ဆရာကငါ့ကို "ထိုက်

ဝေ့"ကိုပေးတုန်းကပြောခဲ့တဲ့စကားကို မင်းမှတ်မိ သေးလား ၊

ငါဟာတာအိုကျင့်စဉ်ကိုလေ့ကျင့်နေတဲ့သူဆိုတာ အမြဲအမှတ်ရ

နေအောင် ထိုက်ဝေ့ကိုသွားလေရာတိုင်း ကိုယူသွားပါတဲ့ ၊ ငါး

တွေကညာဘက်မှာတောင်မျက်လုံးမှိတ်လေ့မရှိဘူး ၊ ကျင့်ကြံသူတွေကလည်း သူတို့ရဲ့ကျင့်စဉ် ကျင့်ကြံမှုနဲ့လေ့ကျင့်မှုတွေကို နေ့ရောညရော မရပ်မနားလေ့ကျင့်ကြရတယ်"

လင်ချုန်းဟိုင်ပြောသောစကားများမှာ တကယ်ပင်မှတ်သားဖွယ်ရာ ပညာရှိစကားများဖြစ်ကြောင်း ဆန်းလျန် သိရှိ လိုက်လေသည်။ ငါးများကညအချိန်မှာပင် မျက်လုံမမှတ်သကဲ့သို့သစ်သားငါးရုပ်တုံးလေးကလည်း ကျင့်စဉ်လေ့ ကျင့်ရာတွင် မပျင်းရိဖို့သတိပေးနေသလိုပင်။ လူတစ်ယောက်သည် ကျင့်ကြံသူလမ်းစဉ်သို့လိုက်တော့မည်ဟု ဆုံးဖြတ်ပြီသည်နှင့် အောင်မြင်မှုမရမချင်း နောက်မဆုတ်သင့်ပေ။

"လူသားတွေရဲ့နှလုံးသားက သစ္စာမဲ့တယ် ၊ တာအိုလမ်းစဉ်လိုက်သူတွေရဲ့စိတ်ကတော့ နက်နဲသိမ်မွေ့လွန်းတယ်" ဟူသောဆိုရိုးစကားအတိုင်း ပြန်လမ်းမရှိသည့် ကျင့်စဉ်လမ်းမှားသို့မလိုက်မိစေရန် အထူးသတိထားကျင့်ကြံရလေသည်။

"ငါကဆရာသက်ရှိထင်ရှားရှိစဉ်တုန်းကတောင် ဆရာ့စကား နားမထောင်တဲ့ကောင်ပဲ၊ ဆရာသေမှငါကဆရာ့စကား နားထောင်မယ်များ ထင်နေလား ၊ ဆရာ့ကိုလဲငါ့လက်နဲ့သတ် လိုက်တာပဲ"

အစိမ်းရောင်ဝတ်လူက မဲ့ပြုံးတစ်ချက်ပြုံးပြီးပြောလိုက်သည်။ သူ့မျက်လုံးထဲတွင် ဆရာသမားဘိုးဘေးများကို သတ်ခြင်းမှာ အရေးမကြီးသကဲ့သို့ပင် ၊ သူ့တွင်အပြစ်ရှိသည်ဟု ခံစားမိခြင်း မရှိပေ။

"မင်းစိတ်ထဲရှိတဲ့အတိုင်းလုပ်မယ် ၊ လူတွေလျှောက်သတ်မယ် ဆိုရင် တာအိုကျင့်စဉ်ရဲ့အနှစ်သာရကိုနားလည်မယ် လို့မင်းက ထင်နေတာလား ၊ မင်းမသိသေးတာက လွတ်လပ်မှုဆိုတာ မင်းလုပ်ချင်တာတွေလျှောက်လုပ်ဖို့ မဟုတ်ဘူး ၊ မလုပ်သင့်တဲ့ အရာတွေကိုမလုပ်ဖို့ မင်းမှာရွေးခြယ်ပိုင်ခွင့်ရှိတာကိုပြောချင် တာပဲ"

လင်ချုန်းရှောင်က ဒေါသမရှိဘဲ သိမ်မွေ့စွာဖြင့်ပင် အစိမ်းရောင်ဝတ်လူကို စိတ်ရှည်လက်ရှည် ရှင်းပြနေလေသည်။

"ခုချိန်ထိမင်းကငါ့ရဲ့ဂိုဏ်းတူအစ်ကိုလို့ထင်နေတုန်းပဲလား ၊ မင်းကိုယ်မင်းငါ့ရဲ့ဂိုဏ်းတူအစ်ကိုလို့ သတ်မှတ်ထား တုန်းပဲလား"

"ဒီကျောင်းတော်မှာဆရာ့ရဲ့အရိုးပြာအိုးရှိတယ် ၊ မင်းသေသွားတဲ့အခါကျရင်လည်း မင်းရဲ့အရိုးပြာတွေကို ငါကလေထဲလွှင့်ပစ်မယ်များထင်နေလား ၊ မင်းရဲ့အရိုးပြာအိုးကို ဆရာနဲ့အတူထားပြီး ဆရာ့ကိုအဖော်ပြုခိုင်းမယ် ၊ ဒါမှ မင်းနောက်ဘဝမှာဆရာ့ကိုတောင်းပန်လို့ရမှာပေါ့"

လင်ချုန်းရှောင်က သက်ပြင်းတစ်ချက်ချရင်းပြောလိုက်သည်။ သူ၏လေသံမှာ အစိမ်းရောင်ဝတ်လူမှာ ကျိန်းသေသေရမည့်သူတစ်ယောက်ဖြစ်နေလေသည်။

"ကောင်းတယ် လင်ချုန်းရှောင်၊ ငါမင်းလက်နဲ့သေရမယ်ဆိုရင် ငါ့ရဲ့သိုင်းပညာကို သူ့ကိုလွှဲပြောင်းပေးခဲ့မယ်၊ မင်းသဘောတူရဲ့လား"

ထိုစကားအဆုံးပွဲတွင် အစိမ်းရောင်ဝတ်လူက လင်ချုန်းရှောင်မှာ သူ့ထက်သာသည်ဟု ဝန်ခံလိုက်ခြင်းဖြစ်ပြီး ဆန်းလျန်အပေါ်ထားသည့် သူ၏ရည်ရွယ်ချက်ကိုလည်း အရဲစွန့်ပြီးပြောလိုက်ခြင်းဖြစ်လေသည်။

"အလားအလာရှိတဲ့သူကိုပညာလက်ဆင့်ကမ်းပေးတယ်ဆိုတာ လောကမှာဝမ်းမြောက်စရာအကောင်းဆုံးကိစ္စပါပဲ"

လင်ချုန်းရှောင်က တည်ငြိမ်စွာပင်ပြန်ပြောလိုက်သည်။

"ဆန်းလျန် ဒီပြိုင်ပွဲမှာ ကျုပ်ရှုံးသွားခဲ့ရင် မင်းလည်းအနာဂတ်မှာတတ်နိုင်မယ်ဆိုရင် ငါ့အတွက် လင်ချုန်းရှောင်ကို လက်စားချေပေးနိုင်မလား၊ မင်းသဘောတူတယ်ဆိုရင် မျက်တောင်သုံးချက်ခတ်ပြပါ"

အစိမ်းရောင်ဝတ်လူကပြောလိုက်သည်။

ဆန်းလျန်က မျက်တောင်တစ်ကြိမ်တောင်မခတ်ပေ။

"ကြည့်ရတာ မင်းရဲ့မိတ်ဆွေလေးက မင်းပြောတာကိုသဘောမတူဘူးထင်တယ်"

လင်ချုန်းရှောင်က ဆန်းလျန်ကိုတစ်ချက်ကြည့်လိုက်ပြီး ခပ်တည်တည်ပင်ပြောလိုက်သည်။

"မင်းကသူ့ကိုသိပ်အထင်သေးတာကိုး ၊ သူကငါ့ကိုသိပ်ချစ်ခင်နေတဲ့သူတော့မဟုတ်ဘူးကွ ၊ ဒါပေမယ့် သူဖြစ်ချင်တာက မင်းကိုငါ့လက်နဲ့သတ်စေချင်နေတာ"

အစိမ်းရောင်ဝတ်လူက အလောတကြီးပြောလိုက်လေသည်။

"ဒီလူက ကောက်ကျစ်ယုတ်မာပေမယ့် အကွက်စေ့အောင်တော့တွေးထားတတ်တဲ့သူပဲ"

ဟုဆန်းလျန်တွေးလိုက်မိသည်။

လင်ချူန်းရှောင်ပြောသည့်စကားမှာမှန်လေသည်။ ထိုစကားမှာ သူ့စိတ်ထဲတွင်ရှိသည်နှင့်လုံးဝတူညီလေသည်။ သို့သော် ဆန်းလျန်က အစိမ်းရောင်ဝတ်လူကို မေတ္တာမထားနိုင်သောကြောင့် မဟုတ်ပါ။

ဆန်းလျန်က အခြားတစ်ယောက်အဖြစ် မရပ်တည်ချင်သောကြောင့်ဖြစ်လေသည်။ သူက "ဆန်းလျန်" ဖြစ်သည်။ သူ့ကိုယ်သူသာဖြစ်စေချင်လေသည်။

အစိမ်းရောင်ဝတ်လူကလည်း ထိုအချက်ကို ရိပ်မိလေသည်။ ထိုအချက်က သူ့အကြောင်းကိုအများကြီးလှစ်ဟ ပြသွားလေသည်။ ကောက်ကျစ်ယုတ်မာလွန်းသည့် လူတစ်ယောက်ဖြစ်သည့်တိုင် သူက တုတ်ထိုးအိုးပေါက် ပွင့်ပွင့်လင်းလင်းရှိသည့် လူတစ်ယောက်ဖြစ်လေသည်။

ဆန်းလျန်တွေးနေစဉ်မှာပင် ခန်းမထဲတွင် ကျယ်လောင်သည့် ကြိုးဝါးသံများဖြင့် ပြည့်နက်သွားလေသည်။

အပြင်ဘက်တွင် မိုးကသည်းထန်စွာရွာနေသည်။

ဂိုဏ်းတူညီအစ်ကိုနှစ်ယောက်၏ သူသေကိုယ်သေတိုက်ပွဲကို ဖုံးကွယ်ထားပေးသည့်အလား မိုးစက်များက သဲကြီးမဲကြီး ရွာသွန်းနေကြခြင်းဖြစ်လေသည်။

သူတို့နှစ်ယောက်မှာ ဂိုဏ်းတူညီအစ်ကိုများဖြစ်ကြသည့်အလျောက် တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်း သိကြလေသည်။

လင်ချုန်းဟိုင်မှာ မည်မျှအေးဆေးတည်ငြိမ်သူဖြစ်ပါစေ သူက လျှပ်စီးလက်သလိုတိုက်ခိုက်လေသည်။ သူ၏မြင့်မားသော အတွင်းအားကြောင့် သူ့ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ကျောက်သားကြမ်းပြင်ပေါ်တွင် အက်ကြောင်းများ ထင်ကျန်ခဲ့လေသည်။ ဤအချက်က သူ၏လက်စားချေလိုစိတ်နှင့် စွမ်းအား မည်မျှပြင်းထန်ကြောင်းကိုဖော်ပြနေလေသည်။

လင်ချုန်းဟိုင်၏ သိုင်းကွက်များမှာ စည်းချက်ညီသော်လည်း ကိုယ့်ယို့ကားယားဖြစ်နေလေသည်။ သူကရေကဲ့သို့ အဟုန်ဖြင့် ရွေ့လျားပြီး လုံးဝရပ်တန့်ခြင်းမရှိပေ။

သူ၏လက်ဝါးရိုက်ချက်များမှာလည်း လှိုင်းများကဲ့သို့ဖြစ်လေ သည်။ လှိုင်းတစ်ခုနောက်သို့ နောက်ထပ်လှိုင်းတစ်ခုက ထပ် ချပ်မကွာလိုက်လာပြီး လုံးဝရပ်တန့်ခြင်းမရှိပေ။

လင်ချုန်းရှောင်၏လျင်မြန်မှုအဟုန်မှာ "ကျားဖြူကိုယ်ဉ်ပါး အောင်လုပ်သည့်ကျင့်စဉ်" ပင်ဖြစ်လေသည်။ သူ၏အတွင်း အားများမှာ သူ့ကိုယ်ထဲတွင်ချုပ်ကိုင်ထားပြီး သူ၏သိုင်းကွက် များမှာ နားလည်နိုင်သည့်အဆင့်ထက် ကျော်လွန်နေ လေ သည်။

အစိမ်းရောင်ဝတ်လူကတော့ ထိုသို့မဟုတ်ပေ။ သူ၏တိုက်ခိုက် မှုက ရက်စက်ပြီးကြောက်စရာကောင်းသည်။ သို့သော် ကန္တာရ ထဲတွင်ကြာရှည်စွာနေခဲ့ရသည့်နောက်ပိုင်း သူကလောက

အကြောင်းကို ကောင်းကောင်းသိမြင် နားလည်လာခဲ့လေ

သည်။

သဲကန္တာရထဲမှ သဘာဝဘေးအန္တရယ်များကို မည်သည့်သိုင်း

ပညာကမှ မယှဉ်ပြိုင်နိုင်ပေ။

သဲမုန်တိုင်းတိုက်ခိုက်ပါက နွားအုပ်များ ၊ သိုးအုပ်များ ၊ မြင်း

အုပ်များသာမက စစ်တပ်ကြီးတစ်ခုလုံးပင် ထိုသဲမုန်တိုင်း

ကိုရင်မဆိုင်နိုင်ပေ။

သဲမုန်တိုင်းထဲတွင် ထိခိုက်ဒဏ်ရာမရအောင်နေနိုင်သည့် တစ်ခု

တည်းသောနည်းလမ်းမှာ လေနှင့်အတူပေါင်းစပ်ပြီး အပူရှိန်နှင့်

ဖုန်မှုန်းများကို အလိုက်သင့်ပွေ့ဖက်ထားဖို့ပင်ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူက သူ့ကိုယ်သူ လေနှင့်အတူလွင့်မျောခွင့်

ပေးလိုက်ပြီး လင်ချုန်းရှောင်၏အားပါသော တိုက်ခိုက် မှုများ

ကြားတွင် လေပြေလေးလိုအလိုက်သင့်မျောလွင့်နေလိုက်လေ

သည်။

သူ့ကိုကြည့်ရသည်မှာ အစိမ်းရောင်လိပ်ပြာလေးနှင့်ပင်တူနေ လေသည်။ လေနှင်ရာအတိုင်းလိုက်လံကခုန်နေ သကဲ့သို့ပင်။ သူတို့၏လှုပ်ရှားမှုများကိုယှဉ်ကြည့်လျှင် တစ်ယောက်ကအား အပြည့်နှင့်တိုက်ခိုက်နေပြီး တစ်ယောက်က အလိုက်သင့်လေး မျောပါနေလေသည်။ သူတို့၏လှုပ်ရှားမှုများထဲတွင် တာအို ဝါဒ၏အနှစ်သာရကို တွေ့မြင်နိုင်လေ သည်။ သူ တို့၏သိုင်းကွက်များမှာ သဘာဝကျပြီးလွတ်လပ်လေသည်။ ပုံ မှန်သိုင်းကွက်များကဲ့သို့ စည်းဘောင်များ အတွင်းတွင်ရှိမနေ ပေ။

အခန်း (၂၂)

အထီးကျန်လိပ်ပြာ

ဆန်းလျန်မှာ တိုက်ပွဲကို မျက်တောင်မခတ်ကြည့်နေလေသည်။

ကျန်းဟူမှအဆင့်မြင့်သိုင်းသမားနှစ်ယောက်၏ အပြန်အလှန် တိုက်ခိုက်နေကြသည့် တိုက်ပွဲကိုကြည့်ရင်း သူများစွာသင်ယူခဲ့ လေသည်။

သူ၏ဝိညာဉ်မှာ ထိုသူနှစ်ယောက်ထက်မြင့်မားသည့်အစွမ်းရှိ ပြီး ခန္ဓာကိုယ်ထဲမှပင် ထွက်ခွာနိုင်လေသည်။

သူကတိုက်ခိုက်မှုများကို မျက်လုံးနှင့်ကြည့်ခြင်းထက် ဝိညာဉ် စွမ်းအားဖြင့် မြင်အောင်ကြည့်ခြင်းဖြစ်သောကြောင့် ထိုသူနှစ် ယောက်လုံး၏ အားနည်းချက်နှင့်အားသာချက်များကို ယှဉ်တွဲ ပြီးသိမြင်နိုင်လေသည်။

လေပြင်းမုန်တိုင်းနှင့်မိုးများသည်းထန်စွာရွာသွန်းပြီးသွားလျှင် သဘာဝအရှိတရားသာ ကျန်ရစ်ခဲ့မည်ဖြစ်လေသည်။

လင်ချုန်းရှောင်၏သန့်စင်သည့်သိုင်းစွမ်းရည်ကို
သူ၏သိုင်းကွက်တိုင်းတွင်တွေ့ရသည်။ သူ့တွင် ကျားတစ်
ကောင်ကဲ့သို့သောအစွမ်းမျိုး ၊ ကျားသစ်တစ်ကောင်ကဲ့သို့
သောအစွမ်းမျိုး ၊ ရိုင်းစိုင်းသည့်ဝံပုလွေကဲ့သို့သောအစွမ်းမျိုး
ဖြင့်ပြည့်စုံပြီး သူ၏စွမ်းအားမှာ မြင့်မားလွန်းသောတောင်
ထက်မှ အရှိန်ဖြင့်စီးဆင်းလာသည့်ရေတံခွန်ကဲ့သို့ ထိုးဖောက်
နိုင်ရန် ခက်ခဲလေသည်။ အားနည်းချက်ဟူ၍မရှိသလောက်
ပင်။

ဤအတိုင်းဆိုလျှင် အစိမ်းရောင်ဝတ်လူမှာ ကြာရှည်တိုက်ခိုက်
နိုင်ခြင်းမရှိဘဲ ရှုံးနိမ့်သွားမည်မှာ သေချာသလောက်ရှိ လေ
သည်။ သို့သော် အစိမ်းရောင်ဝတ်လူက ပြန်လည်တိုက်ခိုက်
ခြင်းမရှိ။ သူက လင်ချုန်းရှောင်၏တိုက်ခိုက်မှုအောက်တွင်
အသားတကျစီးမျောနေခြင်းဖြစ်လေသည်။ ဤသည်မှာ

ပင့်ကူအိမ်ထဲသို့တိုးဝင်မိသည့် လိပ်ပြာလေးတစ်
ကောင်၏အဖြစ်နှင့်တူလေသည်။ လွတ်လမ်းမရှိနိုင်ပေ။
ဆန်းလျန်မှာ အစိမ်းရောင်ဝတ်လူကိုစိတ်အားထက်သန်စွာ
ကြည့်နေမိရာမှ သူ၏ဝိညာဉ်အာရုံခံမှုမှာ ကန့်သတ်မှုကို ကျော်
လွန်သွားလေသည်။ အစိမ်းရောင်ဝတ်လူ၏ဝိညာဉ်မှာ တိုက်ပွဲ
ကြာလာသည်နှင့်အမျှ ပို၍ပို၍ ပြင်းထန်လာ သည်ဟု ဆန်းလျ
န်ခံစားလိုက်ရလေသည်။

ဤသို့ဖြစ်ရခြင်းမှာ သဲကန္တာရထဲတွင် သဲမုန်တိုင်းများကို
ရင်ဆိုင်ခဲ့ရခြင်း၏အကျိုးကျေးဇူးများကြောင့် ဖြစ်လေသည်။
အစိမ်းရောင်ဝတ်လူကသူ့ကိုယ်သူ သန့်စင်အောင်လုပ်နိုင်ခဲ့ပြီး
အခက်အခဲဘေးဒုက္ခများကိုရင်ဆိုင်ခဲ့ရခြင်းကြောင့် သူ၏စွမ်း
ရည်များမှာ ပွင့်ထွက်သွားလေသည်။

အထူးသဖြင့် သေလုမျောပါးအခြေအနေနှင့်ရင်ဆိုင်ရသည့်
အခါ သူ့တွင် ဆင့်ကဲပြောင်းလဲမှုများဖြစ်ပေါ်ခဲ့လေသည်။

သူ၏ကျောတွင် ကြွက်တစ်ကောင်အရွယ်အစားရှိသည့် လေအိတ်များဖြစ်လာပြီး သူ၏ကိုယ်တွင်းအင်္ဂါများမှာ မိုးခြိမ်းသံကဲ့သို့ အသံ၏တုန်ခါနှုန်းများကိုလည်းခံစားနိုင်စွမ်းရှိလေသည်။

အစိမ်းရောင်ဝတ်လူ၏အတွင်းအားမှာ သူ့ခန္ဓာကိုယ်တစ်ခုလုံးသို့ဖြတ်သန်းစီးဆင်းသွားပြီး ရပ်တန့်သွားခြင်းမရှိဘဲ မြင့်တက်လျှက်ရှိနေသည်ကို ဆန်းလျန်ရိပ်မိလိုက်လေသည်။ သူ့လည်ပင်းညှပ်ရိုးများတွင်ချည်နှောင်ထားသည့်သံမဏိကြိုးချိတ်ကြီးများမှာ ကျယ်လောင်သောအသံဖြင့် ပြုတ်ထွက်သွားပြီးထိုသံမဏိချိတ်နှစ်ခုမှာ လူသတ်လိုသည့်အလင်းရောင်နှစ်ခုအဖြစ် လင်းချူန်းရှောင်ဆီသို့ ပျံသန်းသွားလေတော့သည်။ သံမဏိချိတ်ကြီးနှစ်ခုမှာ လျှင်မြန်သောအရှိန်ဖြင့်လည်နေလေသည်။

ဆန်းလျန်ကသူ၏ဝိညာဉ်စွမ်းအားကို အာရုံစိုက်လိုက်သည်။ သူ၏မျက်ခုံးနှစ်ခုကြားရှိ "ကျူချောင့်"နေရာတွင် အဖြူရောင်အလင်းတန်းတစ်ခုပေါ်လာပြီး တတိယမျက်ဆဋ္ဌမအာရုံလုံးကဲ့သို့ဖြစ်သွားလေသည်။

သူ၏ဝိညာဉ်မှာ သူ့ခန္ဓာကိုယ်ထဲမှာ ထွက်သွားသကဲ့သို့ခံစားလိုက်ရသော်လည်း တကယ်တမ်းတွင် ထွက်ခွာသွား ခြင်းမရှိပေ။

သူ၏ဝိညာဉ်စွမ်းအားများမှာ ပြင်ပကမ္ဘာထဲတွင် အဆုံးမရှိဆွဲဆန့်ထားခြင်းခံရပြီး ငွေဖြူရောင်အဖြစ်ပြောင်းလဲသွားလေသည်။ သူ၏အာရုံခံထဲတွင် သံမဏိချိတ်ကြီးနှစ်ခုမှာ နှေးကွေးသွားလေသည်။ ထိုသံမဏိချိတ်များ ပေါ်တွင်ရှိနေသည့် သွေးစများကိုပင် သူမြင်နေရလေသည်။ အရာအားလုံးမှာ ငွေဖြူရောင်ဖြစ်နေသော်လည်း အခြားသော အရောင်များကိုတော့ ခွဲခြားမြင်ရလေသည်။

"ကျောက်ပြည်နယ်ကလူစွမ်းကောင်းတွေဟာခေါင်းပေါင်း

အစင်းတွေကိုပေါင်းထားတယ်....

ဝူကော်လို့ခေါ်တဲ့ဓားကောက်ထိပ်ဖျားဟာနှင်းဖြူတွေလို

တောက်ပနေတယ်...

 ခြေဆယ်လှမ်းမှာတစ်ခါ လူတစ်ယောက်ကိုသတ်တယ်....

ပြီးတော့ မိုင်တစ်ရာခရီးကိုမရပ်မနားခရီးဆက်သွားခဲ့ကြ

တယ်...."

အစိမ်းရောင်ဝတ်လူမှာ အရင်ကကြုံတွေ့ခဲ့ဖူးခြင်းမရှိသည့်

အဆင့်သို့ရောက်ရှိလာလေသည်။ သူ၏ဝိညာဉ်စွမ်းအား မှာ

ထိပ်ဆုံးအဆင့်သို့ရောက်နေလေသည်။ သူ၏ဝိညာဉ်စွမ်းအား

မှာ မိုးကောင်းကင်ထက်ဆီမှ လပေါ်သို့ရောက်ရှိရန် ကြိုးစားနေ

သကဲ့သို့ဖြစ်နေလေသည်။

လတစ်စင်းတည်း... လူသူဝေးရာတွင်အထီးကျန်တည်ရှိနေရ

သည်။

လူတစ်ယောက်သည် အမူးပြေနေသည့်အချိန်တွင် ပန်းပွင့်များ နှင့်အတူထိုင်လေ့ရှိသော်လည်း အရက်မူးသည့် အချိန်တွင် တော့ လရောင်အောက်တွင်ထိုင်နေလေ့ရှိလေသည်။

အစိမ်းရောင်ဝတ်လူမှာ အရက်မူးနေသည့် လိပ်ပြာလေးကဲ့သို့ ယိုင်တိယိုင်တိုင်ဖြစ်နေလေသည်။ သူက လှိုင်းများ အတိုင်း နိမ့် လိုက်မြင့်လိုက် စီးမျောလျှက်ရှိလေသည်။

အစိမ်းရောင်ဝတ်လူက သဲကန္တာရထဲမှနေ့ရက်များကဲ့သို့ပင် သူ့၏လှုပ်ရှားမှုများကို ထိန်းညှိထားသည်။ ထိုသိုင်းကွက်မှာ သူ့အတွေ့အကြုံကိုအခြေခံပြီး တီထွင်ထားသည့် အခြေခံ လူသတ်တိုက်ကွက် ဖြစ်လေသည်။ ပြိုင်ဘက်ကမည်မျှ အင်အားကြီးမားပါစေ ၊ ဤတိုက်ကွက်ဖြင့်အနိုင်ယူနိုင်လေ သည်။ သေမည့်ဘေးမှလွတ်လမ်းမရှိ။

ထိုသိုင်းကွက်ကို "မုန်တိုင်းထဲမှလိပ်ပြာ" ဟု သူကအမည်ပေး ထားလေသည်။

သိုင်းပညာအဆင့်မြင့်သူများ၏တိုက်ပွဲမှာ နေ့ပေါင်းများစွာ ည ပေါင်းများစွာတိုက်ခိုက်သည့်တိုင် မပြီးဆုံးနိုင်ပါ။ တိကျ ပြတ်သားသောသိုင်းကွက်များဖြင့် ပုံမှန်အတိုင်းတိုက်ခိုက်ကြ လေသည်။

သို့သော် ယခုတိုက်ခိုက်နေသည့်လူနှစ်ဦးနှင့်တော့မတူပါ။ လင် ချုန်းရှောင်မှာအထွဋ်ထိပ်ဆုံမှတ်ပွင့်သွားပြီး "ကျား ဖြူကို ယဉ်ပါးအောင်လုပ်သည့်ကျင့်စဉ်" ကိုအောင်မြင်ထားသူဖြစ် လေသည်။ ထို့ကြောင့် သူ၏အတွင်းအားနှင့် သိုင်းစွမ်းမှာ နားလည်နိုင်သည်ထက်ပိုပြီး သာလွန်မြင့်မားနေပြီဖြစ်လေ သည်။ သူ၏ထူးဆန်းသည့်စွမ်းအားများကို စကားလုံးဖြင့် ဖော်ပြရန်ပင် ခက်ခဲလွန်းလှသည်။

အစိမ်းရောင်ဝတ်လူမှာလည်း အထဋ်ထိပ်ရှစ်နေရာမှာ ဆုံမှတ် နှစ်ခုဖြစ်သည့် အတွေးအမြင်ပိုင်းနှင့် အုပ်ချုပ်မှုပိုင်း ပွင့်နေသူ ဖြစ်လေသည်။ သူ့ကိုယ်ထဲတွင် အဆုံးမရှိသည့်အတွင်းအား

ပတ်လမ်းစီးဆင်းနေပြီး အလွန်ကြီးမားသည့် ခံနိုင်ရည်

စွမ်းအားများရှိနေလေသည်။ ထိုစွမ်းအားများနှင့်

သူ၏သိုင်းကွက်များပေါင်းစပ်ထားသောကြောင့် ယခုလောက်

အကြာကြီး ခုခံတိုက်ခိုက်နေနိုင်ခြင်းပင်ဖြစ်လေသည်။

သို့သော် အစိမ်းရောင်ဝတ်လူမှာ သူတိုးဝင်မိသည့်အနေအထား

ကို သူ့ကိုယ်သူရိပ်မိလေသည်။ သူ၏ဝိညာဉ် ပင်ပန်းနွမ်းနယ်

နေသည့်အချိန်တွင် သူ့အနေဖြင့် နတ်သက်ခြေခွဲဓားသိုင်းကို

အသုံးပြု၍ရနိုင်မည်မဟုတ်ပေ။

သူက မျက်ကန်းတစ္ဆေမကြောက်လုပ်တတ်သူမဟုတ်။

သူ၏စွမ်းအားနှင့်လင်ချုန်းရှောင်၏စွမ်းအား မတူညီမှုကို

ကောင်းကောင်းသဘောပေါက်ထားလေသည်။

သူ၏အတွင်းအားမှာ အထင်မှထိပ်ရှစ်နေရာမှ ဆုံမှတ်နှစ်ခုဖြစ်

သည့် အတွေးအမြင်ပိုင်းနှင့်အုပ်ချုပ်မှုပိုင်းတွင် အဆုံးမရှိ စီး

ဆင်းနေသည့်အချိန်တွင် သံမဏိချိတ်ကြီးများမှာ

သူ၏လည်ပင်းညှပ်ရိုးတွင်ချိတ်မိနေပြီး တုန်ခါနေလေသည်။

သူ၏စိတ်နှင့်ဝိညာဉ်စွမ်းအားမှာ ခန့်မှန်း၍မရနိုင်သည့်

အံ့အားသင့်ဖွယ်ရာအခြေအနေသို့ရောက်ရှိနေလေသည်။

သူ့ခန္ဓာကိုယ်မှာလည်း လိပ်ပြာတစ်ကောင်အလားဖြစ်နေပြီး

ပေါ့ပါးဖျတ်လတ်နေလေသည်။

သူကစည်းချက်ညီညီ ဖျတ်လတ်စွာစည်းမျောရင်း လင်ချုန်း

ဟိုင်၏အတွင်းအားဖြင့် ရိုက်ခတ်မိသွားသည့်အချိန်....

သံမဏိချိတ်ကြီးနှစ်ခုမှာလည်း လင်ချုန်းဟိုင်ဆီသို့ရောက်ရှိ

သွားလေသည်။ သူ့ပါးစပ်ထဲမှ အဖြူရောင်အငွေ့များ ထွက်

လာပြီး သံမဏိချိတ်ကြီးနှစ်ခုမှာ အောက်သို့ပြုတ်ကျသွားလေ

သည်။ သံချင်းရိုက်ခတ်သံများထွက်ပေါ်လာပြီး သံမဏိချိတ်

များမှာ ကွဲကြေသွားလေတော့သည်။

ဆန်းလျန်မှာ အံ့ဩတုန်လှုပ်သွားရလေသည်။ လူသားတစ်ယောက်၏စွမ်းအားဖြင့် ဤသို့သောအဆင့်ထိ လုပ်ဆောင်နိုင်လိမ့်မည်ဟု သူမျှော်လင့်မထားမိပေ။

ဤလူသားနှစ်ဦးမှာ မိုးကောင်းကင်ကျင့်စဉ်များနှင့်သက်ဆိုင်သည့်သူများမဟုတ်။

ဆန်းလျန်က သူလုပ်နိုင်သည့်အရာများကိုတွေးကြည့်လိုက်သည်။ သူကလရောင်အောက်တွင် တောက်ပနေသည့် ဝိညာဉ်ခန္ဓာကိုဖန်ဆင်းနိုင်လေသည်။ အကယ်၍များ ရုပ်ဝတ္ထုများကိုသူဖန်ဆင်းနိုင်ပြီဆိုပါက မိုးကောင်းကင်ကျင့်စဉ် လမ်းသို့လိုက်နိုင်မည်ဖြစ်လေသည်။

ကျန်းဟူမှလူစွမ်းကောင်းများ မည်မျှပင်အစွမ်းထက်ပါစေ ရုပ်ပိုင်းဆိုင်ရာတည်ရှိမှုကို ရယူထားခြင်းမရှိသည့်ဝိညာဉ်စွမ်းအားကိုတော့ ဖျက်စီးနိုင်ခြင်းရှိမည်မဟုတ်ပေ။

ဆန်းလျန်က "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကို လေ့ကျင့်နေသူဖြစ်လေသည်။ အမှန်တော့ တကယ့်ဆန်းလျန် အစစ်က အချိန်နှစ်နှစ်ခန့်လေ့ကျင့်ခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့်သူ၏ဝိညာဉ်စွမ်းအားမှာ လင်ချုန်းရှောင်နှင့် အစိမ်း ရောင်ဝတ်လူထက်များစွာ အဆင့်မြင့်လေသည်။ "စိတ်အာရုံ များကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်တွင် မူလအရင်းခံအကြောင်း ရှိကောင်းရှိနိုင်မည်ဖြစ်လေသည်။

လင်ချုန်းရှောင်သာ ဝိညာဉ်လွှင့်နိုင်သည့်အစွမ်းရှိလျှင် သူ၏အသက်အရွယ်နှင့်အတွေ့အကြုံအရ သဘာဝလွန် စွမ်းအားများရရှိလာနိုင်မည်ဖြစ်ကြောင်း ဆန်းလျန်ရိပ်မိလေ သည်။ ထိုသို့သောအစွမ်းများသာ ရရှိသွားလျှင် အစိမ်းရောင် ဝတ်လူနှင့် သူသေကိုယ်သေ တိုက်ခိုက်နေစရာမလိုတော့ပေ။

ဆန်းလျန်က သူ၏အတွေးများကိုဆင်ခြင်လိုက်ပြီး

သည့်နောက် ထိုသူနှစ်ယောက်၏တိုက်ပွဲကို အံ့သြနေခြင်း မရှိ

တော့ပေ။

သို့သော် တိုက်ပွဲအခြေအနေမှာ ဆန်းလျန်၏အတွေးများ

ကြောင့်တော့ ပြောင်းလဲသွားခြင်းမရှိသေးပေ။

လင်ချုန်းရှောင်၏လက်ဝါးသိုင်းမှာ ရှုတ်ထွေးခြင်းသိပ်မရှိလှ။

ကျန်းဟူတွင်အသုံးပြုနေကြသည့် သိုင်းကွက်သာ ဖြစ်လေ

သည်။ "ချန်ကျန်း၏လှိုင်းသုံးဆင့်" သိုင်းကွက်ဖြစ်လေသည်။

သူ၏သိုင်းစွမ်းရည်မြင့်မားလွန်းမှုကြောင့်သာ ပြိုင်ဘက်

အတွက်အခက်တွေ့ရခြင်းဖြစ်လေသည်။ သာမာန်သိုင်းကွက်

တစ်ခုဖြစ်သောချန်ကျန်း၏လှိုင်းသုံးဆင့်သိုင်းကွက်မှာ လင်

ချုန်းရှောင်အသုံးပြုလိုက်သည့်အခါတွင်တော့ မှော်ပညာ တစ်

ခုအလားဖြစ်သွားရလေသည်။ ပထမလှိုင်းမပြီးသေးခင်မှာပင်

ဒုတိယလှိုင်းက ထပ်မံဖြစ်ပေါ်လာသည်။ လှိုင်းတစ်ခုက

နောက်ထပ်လှိုင်းတစ်ခုထက် အားပိုကြီးလာပြီး အဆုံးမရှိသော သိုင်းကွက်ဖြစ်လေသည်။

လင်ချုန်းရှောင်နှင့် အစိမ်းရောင်ဝတ်လူ၏ကြားထဲတွင် ခြေလှမ်းငါးလှမ်းခန့်သာကွာဝေးလေသည်။ သို့သော် အစိမ်းရောင်ဝတ်လူက ခြေလှမ်းဆယ်လှမ်းကျော်ခန့်ခုန်ဝင်လိုက်ပြီးမှ လင်ချုန်းရှောင်ရှေ့သို့ရောက်လာလေသည်။

"အနောက်ဘက်မိုးကောင်းကင်ကဘယ်လောက်ဝေးဝေး... မိုးခြိမ်းသံကြားရရင် အချိန်ကျပြီ"

သူတို့နှစ်ဦးကြားအကွာအဝေးအနည်းငယ်မျှလောက်လေးက ဘာဖြစ်လာမည်လဲ။

အစိမ်းရောင်ဝတ်လူနီးလာသည်နှင့်အမျှ အတွင်းအားလှိုင်းများ ပိုများလာလေသည်။

သူက ခြေလှမ်းတစ်လှမ်းခန့်မျှ အကွာအဝေးသို့ရောက်လာ သည့်အချိန်တွင်တော့ သူ့ပခုံးများကို တစ်ချက်လှုပ်ရှား လိုက်

သည်။ လိပ်ပြာများအဝေးသို့ပျံသန်းမသွားခင် တောင်ပံခတ်သလိုဖြစ်လေသည်။ ထိုသိုင်းကွက်မှာ လေပြင်း မုန်တိုင်းကို ရင်ဆိုင်တိုက်ခိုက်သည့်သိုင်းကွက်ဖြစ်ပြီး ထိုသိုင်းကွက် အသုံးပြုရန်အတွက် သူ၏ဝိညာဉ်စွမ်းအား အားလုံးကို အသုံးပြုလိုက်ရလေသည်။

အစိမ်းရောင်ဝတ်လူက သူ၏ညာလက်ကိုဆန့်ထုတ်လိုက်သည့် အခါလက်ချောင်းများက ဓားသွားသဖွယ် ထက်မြက်နေလေသည်။

သူ၏အဆင့်မြင့်လွန်းသည့်သိုင်းစွမ်းရည်ကြောင့် သူ၏လက်ချောင်းများမှာ တကယ့်သံမဏိဓားအစစ်ကိုပင် ယှဉ်ပြိုင် တိုက်ခိုက်နိုင်လောက်အောင် မာကျောလေသည်။

သူ၏ဓားကသဲလွန်စမကျန်ခဲ့။ တောင်ဆိတ်တစ်ကောင်၏ဦးချိုကို ရှောင်တိမ်းရန်ခက်သကဲ့သို့ သူ၏ဓားကို လည်း ရှောင်တိမ်းရန်ခက်လေသည်။

လင်ချျန်းရှောင်ကလက်ဝါးသိုင်းဖြင့်မတိုက်ခိုက်မီ အစိမ်း

ရောင်ဝတ်လူက လင်ချျန်းရှောင်၏လက်ဖဝါးအလယ်တွင် ရှိ

သော လောင်ကုန်းဆုံချက်ကို ထောက်ထားရန်လုပ်လိုက်သည်။

အစိမ်းရောင်ဝတ်လူ၏ဓားစွမ်းအားများမှာ လင်ချျန်း

ရှောင်၏လက်မောင်းတစ်လျှောက်စီးဆင်းသွားပြီး ထိုစွမ်းအား

က သူ၏လက်မောင်းတစ်လျှောက်ရှိ သွေးကြောဆုံချက်များ

ကို ဖျက်စီးပစ်နိုင်သောကြောင့် လက်တစ်ခုလုံးပျက်စီးသွားရ

မည်ဖြစ်လေသည်။

သို့သော် လင်ချျန်းရှောင်ကလည်း သူ၏လက်ဝါးရိုက်ချက်မ

တိုက်ခိုက်မီလမ်းတစ်ဝက်တွင် သူ့လက်ကိုလျှော့ချလိုက် ပြီး

အစိမ်းရောင်ဝတ်လူ၏လက်ကောက်ဝတ်ကို မြွေတစ်ကောင်

ကဲ့သို့ရစ်ပတ်လိုက်သည်။

အစိမ်းရောင်ဝတ်လူမှာ "မုန်တိုင်းထဲမှလိပ်ပြာ" သိုင်းကွက်ကို

အသုံးပြုပြီး လင်ချျန်းရှောင်အနားသို့တိုးကပ်သွား

ကတည်းက သူသေကိုယ်သေထိပ်တိုက်ရင်ဆိုင်လိုက်ခြင်းဖြစ်လေသည်။ ထိုသိုင်းကွက်က မည်သူ့ကိုမျှ မရှုံးနိမ့်ဖူးသေးပေ။

အစိမ်းရောင်ဝတ်လူ၏မျက်ဝန်းများမှ အစိမ်းရောင်အလင်းများထွက်ပေါ်လာလေသည်။ သူ၏အကြည့်မှာ အစိမ်းရောင်မီးအိမ်ထွန်းညှိထားသကဲ့သို့ တောက်ပနေလေသည်။

အစိမ်းရောင်အလင်းများ လင်ချုန်းရှောင်အပေါ်သို့ဖြာကျသွားသည့်အချိန်တွင်တော့ သူ့မျက်ဝန်းများဆီမှ သွေးများ စီးကျလာလေသည်။

ရုတ်တရက်ပင် လင်ချုန်းဟိုင်၏လှပသောမျက်ခုံးများပေါ်တွင်ရေများအေးခဲသွားလေသည်။

အစိမ်းရောင်ဝတ်လူက လင်ချုန်းရှောင်ကို ခဏတာမျှ အေးခဲအောင်လုပ်လိုက်ခြင်းဖြစ်ကြောင်း ဆန်းလျန် ရိပ်မိလိုက်သည်။ ထိုသို့လုပ်လိုက်သောကြောင့် အစိမ်းရောင်ဝတ်လူ၏ဝိညာဉ်မှာ များစွာထိခိုက်ပြီးပျက်စီးသွားရလေသည်။

တိုက်ပွဲအဆုံးသတ်ရမည့်အချိန်သို့ရောက်လာပြီဖြစ်လေသည်။ အစိမ်းရောင်ဝတ်လူမှာ ရှုံးပွဲမရှိ အနိုင်ရခဲ့သူဖြစ် လေသည်။ သို့သော် သူကရှုံးနိမ့်ရန်အတွက်လည်း ပြင်ဆင်ထားခဲ့လေသည်။ သူ၏ညာလက်ကို လင်ချုန်းရှောင် ချုပ်ကိုင်ထားသောကြောင့် ဘယ်လက်ဖြင့် သူကတိုက်ခိုက်လိုက်သည်။ ထိုလက်ဝါးရိုက်ချက်ကို "မီးလျှံထဲမှသစ်အယ်ပင်" ဟု အမည်ပေးထားလေသည်။

ပစ်မှတ်ကမီးထဲတွင်ဖြစ်နေလျှင်တောင်မှ ထိုပစ်မှတ်ကို လျှပ်ပြက်သလိုအလျှင်ဖြင့် တိုက်ခိုက်နိုင်သည့် သိုင်းကွက် ဖြစ်လေသည်။

ထိုလက်ဝါးသိုင်းကွက်ကိုအောင်မြင်ပါက ကျင့်ကြံသူ၏လက်တစ်ခုလုံးမှာ မီးလျှံကဲ့သို့ဖြစ်နေမည်ဖြစ်ပြီး တုန့်ဆိုင်းခြင်းမရှိဘဲ တိုက်ခိုက်ရမည်ဖြစ်လေသည်။

အခန်း (၂၃)

ချိုမြသောသွေးရနံ့

ဆန်းလျှန်ဆက်ပင်မကြည့်နိုင်တော့ပေ။ အစိမ်းရောင်ဝတ်လူမှာ အလွန်ပင်ရက်ဆက်ကြမ်းကြုတ်သူတစ်ယောက်ဖြစ်သည်။ လင်ချုန်းရှောင်မှာ သိပ်မကြာခင် ရှုံးနိမ့်ရတော့မည်ဖြစ်လေသည်။

ထိုအချိန်မှာပင် လင်ချုန်းရှောင်၏ဝမ်းဗိုက်အောက်ပိုင်းမှာ ချိုင့်ဝင်သွားပြီး စက္ကူစလေးတစ်ခုအလား ပါးလွှာသွားလေသည်။

အစိမ်းရောင်ဝတ်လူကဲ့သို့အဆင့်မြင့်သိုင်းသမားများပင်လျှင်

ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်သည့်အခါ သိုင်းကွက်ရွေ့လျားမှုကို

တွက်ချက်ကြရပြီး တိကျပြတ်သားသည့်သတ်မှတ်ချက်ထားရ

လေသည်။

သို့သော် သူ၏ "မီးလျှံထဲမှသစ်အယ်ပင်" သိုင်းကွက်ကို လင်

ချုန်းရှောင်က ထိုသို့တုန့်ပြန်လိုက်မည်ဟု အစိမ်းရောင် ဝတ်လူ

က လုံးဝထင်မထားမိပေ။

သူ၏လက်ဝါးရိုက်ချက်မှာ လေကိုသာရိုက်မိလိုက်ပြီး လင်

ချုန်းရှောင်၏ခန္ဓာကိုယ်ကို ထိမိခြင်းမရှိတော့။

ကြောက်စရာကောင်းသည့်လက်ဝါးရိုက်ချက်မှာ လင်ချုန်း

ရှောင်၏တုန့်ပြန်မှုတွင် ပျောက်ကွယ်သွားရလေသည်။

လက်ဝါးရိုက်ချက်မှာ သဲထဲသို့ရိုက်မိသွားသကဲ့သို့ဖြစ်သွားရ

လေသည်။

ဆန်းလျန်ရန့်တစ်ခုရလိုက်သည်။

ထူးဆန်းပြီးနှစ်လိုဖွယ်ကောင်းသည့်ရနံ့....။
ချိုမြသည့်ရနံ့...။
လင်ချုန်းရှောင်၏ အစိမ်းရောင်မျက်ခုံးများမှာ အနီရောင်သို့ ပြောင်းသွားပြီး မျက်ခုံးမွှေးများပေါ်တွင် အနီရောင် သွေးစက်လေးများဖြစ်တည်လာလေသည်။
ဆန်းလျှန်ရရှိလိုက်သည့်ရနံ့မှာ ထိုသွေးစက်လေးများမှထွက်ပေါ်လာသည့်ရနံ့ဖြစ်လေသည်။ သူ၏အတွင်းအားနှင့် သွေးအားသိပ်သည်းဆပေါင်းစပ်သွားက ပေါက်ကွဲမှုဖြစ်သွားခြင်းဖြစ်လေသည်။
"ကျားဖြူကိုယ်ဥ်ပါးအောင်လုပ်သည့်ကျင့်စဉ်" ကိုအောင်မြင်ထားသောကြောင့် သူ၏အတွင်းအားကို ထိန်းချုပ်ထား ရာမှ လွှတ်ပေးလိုက်ခြင်းပင်။
ဤသည်မှာ လင်ချုန်းရှောင်၏ အလွန်ကြီးမားသောစွမ်းအားများ စတင်ထွက်ပေါ်လာသည့် နိမိတ်ပင်ဖြစ်လေသည်။

လင်ချူန်းရှောင်က သူ၏လက်ဝါးရိုက်ချက်ကို လက်သီးချက်
အဖြစ်ပြောင်းလိုက်ပြီး လုံတစ်စင်းကဲ့သို့ လေထုထဲသို့ တည့်
တည့်မတ်မတ် ထိုးသွင်းလိုက်လေသည်။

အဖြစ်အပျက်များမှာ မြန်ဆန်လွန်းလှသည့်အတွက် ဆန်းလျန်
မှာ လိုက်၍ပင်မမီဖြစ်သွားရသည်။ တိုက်ပွဲတွင် အနိုင်ရရှိသွား
သူမှာ ဒီလောက်မြန်မြန်ကြီးထွက်ပေါ်လာလိမ့်မည်ဟု ဆန်းလျ
န်တွေးထင်မထားခဲ့။ အံ့သြတုန်လှုပ် စရာကောင်းသောအနိုင်ရ
မှုပင်ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူမှာ စွန်လေးတစ်ခုလွင့်ထွက်သွားသည့်ပမာ
ခန်းမထဲမှလွင့်စင်ထွက်သွားပြီး မိုးရေထဲသို့ရောက်ရှိသွားလေ
တော့သည်။

တစ်ချိန်တုန်းက လူပေါင်းများစွာကို မရေမတွက်နိုင်အောင်
သတ်ဖြတ်ခဲ့သည့် အစိမ်းရောင်ဝတ်လူသည် ယခုအချိန်တွင်

တော့ ကံကြမ္မာတစ်လှည့်ပြန်ကာ အသတ်ခံလိုက်ရပြီဖြစ်လေ

သည်။

အစိမ်းရောင်ဝတ်လူ၏မျက်လုံးများတွင် သွေးများဖြင့်ပြည့်နေ

လေသည်။ သို့သော် သူ၏မျက်နှာတွင်တော့ ထိတ်လန့်

ကြောက်ရွံ့သည့်အရိပ်အယောင် လားလားမျှမရှိပေ။

သူ၏မျက်နှာပေါ်တွင် သူတိုက်ခိုက်လိုက်သည့်နောက်ဆုံး

သိုင်းကွက်အတွက် များစွာကျေနပ်ပီတိဖြစ်နေကြောင်း

ပေါ်လွင်နေလေသည်။

သို့သော် သူရှုံးနိမ့်ခဲ့ပြီဆိုသည်ကိုတော့ ငြင်းဆန်၍မရနိုင်တော့

ပေ။ သူလုံးဝနှိမ်နင်းခံလိုက်ရပြီး ရှုံးနိမ့်သွားခဲ့လေပြီ။

အစိမ်းရောင်ဝတ်လူ၏ခန္ဓာကိုယ်ဆီမှ အစိမ်းရောင်အငွေ့တန်း

လေးထွက်ပေါ်လာပြီး မိုးရေထဲသို့လွင့်မျောသွားလေ သည်။

ထိုအငွေ့တန်းလေးသည်သွေးစက်များနှင့်ရောနှောသွားပြီး

မုန်တိုင်းတိုက်ခတ်လျှင်ပင် ပျောက်ကွယ် မသွားနိုင်တော့သည့် ပုံမျိုးဖြစ်သွားလေသည်။

သစ်သားငါးရုပ်တုံးခေါက်သံတစ်ချက်ထွက်ပေါ်လာလေသည်။ တစ်တုံတုံထွက်ပေါ်နေသည့် သစ်သားငါးရုပ်တုံးခေါက်သံမှာ အောင်ပွဲခံနေသကဲ့သို့ဖြစ်လေသည်။ တုံးခေါက်သံ၏တုန်ခါမှု အောက်တွင် အစိမ်းရောင်အငွေ့တန်းလေး ပျောက်ကွယ် သွားလေသည်။ တဖြည်းဖြည်း ထိုအစိမ်းရောင်အငွေ့တန်းလေးမှာ အစိမ်းရောင်ဝတ်လူ၏ခန္ဓာကိုယ်ထဲသို့ ပြန်ဝင်သွားပြီး မည်သည့်ထူးဆန်းသည့်အရာမှဖြစ်ပေါ်လာခြင်းမရှိတော့ပေ။ ဆန်းလျန်ဆက်မကြည့်နိုင်တော့ပါ။ သူက အစိမ်းရောင်ဝတ်လူကို သနားမိခြင်းမရှိသော်လည်း သူ၏ရင်ထဲတွင် အမည်မဖော်နိုင်သည့်ဝေဒနာတစ်ခုကိုခံစားနေရလေသည်။

အရာရာတိုင်းကိုအစကသာပြန်စနိုင်မည်ဆိုလျှင် အစိမ်းရောင်ဝတ်လူသည် လမ်းမှန်သို့ပြန်ရောက်နိုင်မည်လားဟု ဆန်းလျန်စဉ်းစားနေမိ သည်။

အခြားသူများ၏အသက်ကိုအလေးမထားရုံမျှမက မိမိကိုယ်တိုင်၏အသက်ကိုလည်း တန်ဖိုးမထားသည့် ဘာမထီစိတ်ထားနှင့် အစိမ်းရောင်ဝတ်လူ....

သူအသက်ရှည်ရှည်မနေရသည့်အကြောင်းအရင်းမှာ ထိုသို့အလေးမထားသည့်အချက်ကြောင့်ပင်ဖြစ်လေသည်။

ဆန်းလျန်ခန္ဓာကိုယ်ထဲမှာ အပူလှိုင်းတစ်ခုထွက်ပေါ်လာပြီး သူ့တစ်ကိုယ်လုံးသို့ပျံ့နှံ့သွားသလိုခံစားလိုက်ရသည်။

အဖျားတက်သည့်ပုံစံမျိုးဖြစ်လေသည်။ ဆန်းလျန် သူ၏စိတ်များကိုတည်ငြိမ်အောင်ပြန်လည်စုစည်းလိုက်ပြီး မတ်တပ်ရပ်လိုက်လေသည်။

လင်ချူန်းရှောင်၏အစိမ်းရောင်မျက်ခုံးများမှာ အနီရောင်ဖြစ်နေလေသည်။ သူ၏ပုံစံမှာ ရက်စက်သည့်လူတစ်ယောက် နှင့်တော့မတူပါ။ သူ၏အကြည့်များမှာ ကြမ်းတမ်းလွန်းသည့်လောကထဲတွင် တာအိုကျင့်စဉ်ကို စိတ်ရှည်သည်းခံ ကျင့်ကြံနေသည့် ထိပ်တန်းတာအိုဆရာလေးတစ်ပါးနှင့်တူနေလေသည်။

မိစ္ဆာဝိညာဉ်များကြားတွင် အေးချမ်းတည်ငြိမ်စွာနေထိုင်နိုင်သည့် ဗောဓိသကျ"တိကျန်"ကဲ့သို့ပင်ဖြစ်လေသည်။

ထို့ပြင် လင်ချူန်းရှောင်၏ဦးခေါင်းမှာ ဆံပင်မရှိဘဲပြောင်နေသောကြောင့် သူ့၏ပုံသဏ္ဍာန်မှာ တရားအလင်းရထား သည့်ဘုန်းတော်ကြီးတစ်ပါးနှင့်တူနေလေသည်။

ဆန်းလျန်ကတစ်ချက်ရယ်လိုက်မိလေသည်။

သူကလင်ချုန်းရှောင်၏ဦးခေါင်းပြောင်ပြောင်ကိုငေးကြည့်နေခြင်းဖြစ်သောကြောင့် လင်ချုန်းရှောင်ကလည်း သူ့ကိုသတိပြုမိသွားသည်။

"ခေါင်းပြေင်ပြောင် ခေါင်းပြောင်ပြောင် မိုးရွာလည်းစိတ်ပူစရာမရှိ ... သူများတွေထီးဆောင်းကြလည်း ကျုပ်ကတော့ခေါင်းပြောင်ပြောင်နဲ့ပါပဲ... ၊ ကလေး ... မင်းလူကြီးကို မလေးမစားမလုပ်သင့်ဘူးနော်"

လင်ချုန်းရှောင်က ဆန်းလျန်၏ခေါင်းကိုအသာပွတ်သပ်လိုက်ပြီး သီချင်းညည်းရင်းပြောလိုက်လေသည်။

"အာ ကျွန်တော်ကကလေးမဟုတ်ဘူးဗျ ၊ ပြီးတော့ ခင်ဗျားလည်းသီချင်းညည်းလို့မရဘူးလေ"

ဆန်းလျန်က တည်ငြိမ်သည့်လေသံဖြင့်ပြန်ပြောလိုက်သည်။

"ကလေးတွေက သူတို့ကိုကလေးလို့ခေါ်ရင်မကြိုက်ကြဘူး"

လင်ချုန်းရှောင်က ပြုံးပြီးပြောလိုက်သည်။

လင်ချုန်းရှောင်နောက်ပြောင်လိုက်မှုကြောင့် ဆန်းလျန်စိတ်တို သွားရလေသည်။

လင်ချုန်းရှောင်၏မျက်လုံးများမှာ မိုးရေထဲရှိ အစိမ်းရောင် ဝတ်လူ၏အလောင်းကို မျက်တောင်မခတ် ကြည့်နေလေ သည်။ သူ၏ခံစားချက်များမပေါ်အောင် ထိန်းနေသည့်ပုံရလေ သည်။

အမှန်တော့ အစိမ်းရောင်ဝတ်လူမှာ လင်ချုန်းရှောင်၏ဂိုဏ်း တူညီလေးမဟုတ်ပါလား။ နှစ်ပေါင်းများစွာ အတူတကွ ပညာသင်ကြားခဲ့ကြသည့် ဂိုဏ်းတူညီအစ်ကိုများဖြစ်လေ သည်။

အစိမ်းရောင်ဝတ်လူက အကြင်နာတရားကင်းမဲ့သော်လည်း လင်းချုန်းရှောင်ကတော့ ထိုသို့မဟုတ်ပါ။ ဤသည်မှာ အစိမ်း ရောင်ဝတ်လူနှင့် လင်ချုန်းရှောင်၏မတူညီသောအချက်ပင် ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူက တာအိုကျင့်စဉ်မှလွဲ၍ မည်သူ့ကိုမျှ

သံယောဇဉ်ထားသူမဟုတ်ပေ။ သူကလောကကြီးတစ်ခု လုံးကို

ဂရုမစိုက်ပေ။ ထို့ကြောင့်ပင် ချစ်ခင်ရမည့်သူမရှိသည့်

ယုတ်မာသည့်လူတစ်ယောက်ဖြစ်လာရလေသည်။

သို့သော် လင်ချူန်းရှောင်ကတော့ သူ့ကိုလူသားတစ်ယောက်ဟု

ရှုမြင်သည်။ပျော်ရွှင်မှု ၊ ဒေါသ ၊ သောက ပူဆွေးမှုနှင့်

စိတ်ရွှင်လန်းရခြင်းများကို ခံစားနားလည်သည်။ အချစ် ၊

အမုန်း ၊ သံယောဇဉ်နှင့် လက်စားချေခြင်းများကိုလက်ခံ

သည်။

တာအိုကျင့်စဉ်လမ်းအတွက် မည်သူကပိုပြီးသင့်တော်သည့်သူ

ဖြစ်သည်လဲတော့ မပြောလိုပါ။ သို့သော် လင်ချူန်းရှောင်မှာ

တာအိုကျဥ့်စဉ်လမ်းတွင် တကယ်တမ်းထိပ်တန်းအဆင့် မ

ရောက်သေးသည့်တိုင် အစိမ်းရောင်ဝတ်လူထက်တော့ ပိုပြီး

နီးစပ်မှုရှိသည်မှာ သေချာလေသည်။

....

ဆန်းသခင်ကြီးမှာ အစိမ်းရောင်ဝတ်လူပျောက်ဆုံးသွားသည်ကို အချိန်တိုအတွင်းမှာပင် သိရှိသွားလေသည်။ မြေကွက် ရိုက်ပြီးမှ အသက်ရှင်လျှက်ချန်ထားခြင်းမှာ ကိုယ့်သေတွင်းကိုယ်တူးသကဲ့သို့ဖြစ်ကြောင်းကို ဆန်းသခင်ကြီး ကောင်းစွာနားလည်လေသည်။

သတင်းကြားကြားချင်းပင် ဆန်းအိမ်တော်မှာ တံခါးများကိုအလုံပိတ်ထားလိုက်ကြလေသည်။

ဆန်းသခင်ကြီးပို၍စိတ်ပူနေသည်မှာ ဆန်းလျန်ကိုပင်ဖြစ်လေသည်။

ထူးဆန်းသည့်ကိစ္စများဖြစ်တော့မည်ကို ဆန်းသခင်ကြီးသိလေသည်။ အသေးစိတ်ကိုဂရုစိုက်တတ်သည့်လူတစ်ယောက်ဖြစ်သောကြောင့် တစ်ခုခုဖြစ်နေပြီဆိုသည်ကိုတော့ သူသိလိုက်လေသည်။

အစိမ်းရောင်ဝတ်လူကိုဝင်ရောက်တွေ့ဆုံသည့် ဆန်းလျန်မှာ လွတ်လမ်းမရှိတော့ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးက ထင်လိုက်မိလေသည်။

ထို့ကြောင့်ပင် ပြည်နယ်အုပ်ချုပ်ရေးမှူးစောက ဆန်းသခင်ကြီး ဆန်းလျန်အကြောင်းကို သိမသိ စမ်းသပ်သည့်အနေ ဖြင့် သတင်းပို့သူကို လွှတ်လိုက်ခြင်းဖြစ်လေသည်။ ဆန်းလျန်မှာ အကျဉ်းထောင်ထဲတွင်ရှိနေပြီး အစိမ်းရောင်ဝတ် လူနှင့်အတူ ပျောက်ကွယ်သွားသည်ကိုတော့ ဆန်းသခင်ကြီးကို သူ ဘယ်တော့မှပြောမည်မဟုတ်ပေ။

ဆန်းလျန် သေလား ရှင်လား ဆိုသည်ကို ပြည်နယ်အုပ်ချုပ်ရေးမှူးစော မသိပါ။ ဆန်းလျန်သူ့ဆီသို့လာပြီး အစိမ်းရောင်ဝတ်လူကိုတွေ့ခွင့်တောင်းသည့်ကိစ္စကို ဆန်းအိမ်တော်မသိအောင် ဖုံးကွယ်ထားရုံသာရှိလေသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ စိတ်ထဲလေးလံနေခဲ့ရသည်မှာ ဆန်းလျန်တစ်ယောက် မသေမပျောက်ဘဲ အန္တရာယ်ကင်းကင်းဖြင့် ဆန်းအိမ်တော်သို့ပြန်ရောက်လာသည့် သတင်းကြားရသည့်နေ့အထိပင် ဖြစ်လေတော့သည်။

ယခုမှပင် ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ စိတ်သက်သာရာရသွားလေသည်။ သူသိချင်သည်မှာ အစိမ်းရောင် ဝတ်လူဘာဖြစ်သွားလဲဆိုသည့်အချက်ပင်။ ဆန်းလျန်ကထိုအကြောင်းကိုသိမည်ဖြစ်သော်လည်း သူကမေးရန် အခွင့်မသာဖြစ်နေလေသည်။

နောက်နေ့များတွင်တော့ အုပ်ချုပ်ရေးမှူးစောအတွက် အခွင့်အရေးရလာခဲ့လေသည်။

မြို့ထဲတွင်ဆန်းသခင်ကြီးပိုင်ဆိုင်သည့် အကြီးဆုံးတည်းခိုရိပ်သာကို ဆန်းလျန်သို့လွှဲပေးလိုက်လေသည်။ တုန်းဖူ

တည်းခိုရိပ်သာမှာ ယခုအခါ ဆန်းလျန်၏စီမံခန့်ခွဲမှုအောက်သို့ ရောက်ရှိသွားပြီဖြစ်လေသည်။

ဆန်းသခင်ကြီးမှာ ဆန်းလျန်အား ဆန်းအိမ်တော်၏ဆက်ခံသူ အဖြစ်သတ်မှတ်လိုက်ပြီဆိုသည့်အချက်မှာ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ထင်ရှားနေပြီဖြစ်လေသည်။

ထိုနေ့ကအဖြစ်အပျက်များကိုပြန်ပြောရမည်ဆိုလျှင် မိခင်ဖြစ်သူအတွက်သွားရောက် ဝတ်ပြုဆုေတောင်းပေးနေသည့် ဆန်းလျန်တစ်ယောက် ညနေပိုင်းရောက်မှ ဆန်းအိမ်တော်သို့ ပြန်ရောက်လာခဲ့လေသည်။ ထိုအချိန်တွင် ဆန်းအိမ်တော်တစ်ခုလုံးမှာ သော့များခတ်ထားလျှက်ရှိလေသည်။

ဆန်းသခင်ကြီးနှင့်ဆန်းချင်းစန်းတို့မှာလည်း ဆန်းလျန်ပြန်ရောက်လာမှပင် စိတ်သက်သာရာရလေတော့သည်။

ထိုအချိန်မှာပဲ ဆန်းလျန်နောက်သို့လိုက်သွားကြသည့် သက်တော်စောင့်များမှာလည်းပြန်ရောက်လာကြလေသည်။

သူတို့က ဆန်းလျန်နောက်သို့တိတ်တဆိတ်လိုက်သွားကြရင်း ဆန်းလျန်ကို မျက်ခြေပြတ်သွားသည့်အတွက် အပြစ်ပေးခံရမည်ကိုကြောက်ရွံ့ပြီး ချယ်လန်းဝတ်ကျောင်းတော်တွင် ဆန်းလျန်ကို သွားရောက်ရှာဖွေကြလေသည်။

နောက်ဆုံးတော့ မိုးရေများစိုရွှဲနေသည့်ဆန်းလျန်ကို တောင်ပေါ်တွင် ရှာတွေ့သွားကြလေသည်။ ဆန်းလျန်၏ဘေးနားတွင်လည်း ကြည်ညိုဖွယ်ကောင်းသည့် ဘုန်းတော်ကြီးတစ်ပါးကို တွေ့ရလေသည်။ သူတို့နှစ်ယောက်မှာ တောင်ပေါ်လမ်းလေး အတိုင်းလမ်းလျှောက်လာကြခြင်းဖြစ်လေသည်။

သက်တော်စောင့်များဆန်းလျန်ရှေ့သို့ရောက်လာသည့်အခါတွင်တော့ ဘုန်းတော်ကြီးက မည်သည့်စကားမျှမဆိုဘဲတစ်ချက်မျှသာကြည့်ကာထွက်ခွာသွားလေသည်။

ထိုနေ့ကမိုးသည်းထန်သောနေ့ဖြစ်သောကြောင့် တောင်ပေါ်လမ်းမှ ချောနေသော်လည်း ဘုန်းတော်ကြီးကမူသည့် ပုံမရှိ

ပေ။ သူကခပ်မြန်မြန်ပင်လျှောက်သွားသောကြောင့် တစ်ခဏ အတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားလေ သည်။ စပ်စုတတ်သည့်သက်တော်စောင့်တစ်ယောက်က ဆန်းလျန်ကို ဘုန်းတော်ကြီးအကြောင်းမေးကြည့်သော်လည်း ဆန်းလျန်က ပြုံးပင်ပြုံးနေလိုက်ပြီး ပြန်တော့မဖြေ။ သူကသက်တောင် စောင့်များနှင့်အတူ ဆန်းအိမ်တော်သို့ ပြန်လိုက်ခဲ့လေသည်။ ဆန်းအိမ်တော်သို့ပြန်ရောက်တော့ ဆန်းလျန်က အစိမ်းရောင် ဝတ်လူသေဆုံးသွားပြီဖြစ်ကြောင်းပြောပြလိုက်သည်။ အသေးစိတ်ကိုတော့ပြောပြခြင်းမရှိသလို ဆန်းသခင်ကြီးက လည်းသူပြောပြသည့်အကြောင်းအရာထက်ပိုပြီး မမေးပေ။ ထို့နောက်တွင်တော့ ဆန်းသခင်ကြီးတောင်းဆိုသည့်အတိုင်း တည်းခိုရိပ်သာတစ်ခုကိုစီမံအုပ်ချုပ်ပေးရန် ဆန်းလျန် သဘောတူလိုက်လေသည်။ ဆန်းသခင်ကြီးမှာ အရှိန်အဝါကြီး သည့်လူတစ်ယောက်ဖြစ်သည့်အတွက် ဆန်းလျန် ငြင်းဆန်ဖို့

လက်လျှော့လိုက်ပြီး မိသားစုစီးပွားရေးသို့ ဝင်ရောက်လုပ်ကိုင်လိုက်ရခြင်းဖြစ်လေသည်။

ဤသည်မှာ ဆန်းလျန်တစ်ယောက် မြို့ထဲတွင်အကြီးဆုံးနှင့်သက်တမ်းအရင့်ဆုံးတုန်းဖူတည်းခိုရိပ်သာကို လက်လွှဲယူလိုက်ရသည့်အကြောင်းရင်းပင်ဖြစ်လေသည်။

အခန်း (၂၄)

ပင်လယ်တစ်ဖက်ဆီမှနတ်ဘုရားများ၏တောင်

တည်းခိုရိပ်သာမှာ လူအလွန်ထူထပ်သည့်နေရာတစ်ခုဖြစ်လေသည်။ ထိုနေရာမှာ လောကကြီးတစ်ခုလုံးရှိ လိုချင်ဆန္ဒများ၊ လောဘရမ္မက်များဖြင့်ပြည့်နေလေသည်။

တည်းခိုရိပ်သာသို့ရောက်ရှိလာကြသည့်လူများမှာ ဆန်းလျန်အတွက် လူမှုဆက်ဆံရေးပိုင်းဆိုင်ရာသင်ယူနိုင်သည့်အကောင်းဆုံးနေသင်တန်းကျောင်းကြီးကဲ့သို့ပင်ဖြစ်နေတော့သည်။ ဆန်းသခင်ကြီးကလည်း ထိုရည်ရွယ်ချက်ဖြင့်ပင် ဆန်းလျန်ကို တည်းခိုရိပ်သာကို ဦးစီးရန်ပို့လိုက်ခြင်းဖြစ်လေသည်။

ညသန်းခေါင်ယံအချိန်...

လမင်းကထိန်ထိန်သာနေလေသည်....

ဇာမဏီသစ်ပင်တစ်ပင်....

ဇာမဏီသစ်ပင်ပေါ်တွင် မည်သည့်ဇာမဏီငှက်မှ မရှိပါ။

လရောင်ကသာဖြာကျနေလေသည်။

လခြမ်းကွေးလေးက ကောင်းကင်ထက်တွင်တွဲလဲခိုနေလေ သည်။ လပြည့်ဝန်းက ဇာမဏီသစ်ပင်၏ သစ်ကိုင်း များထက် ဆီတွင်ရှိနေလေသည်။

လပြည့်နေ့မဟုတ်ပါ...

ထိုအရာမှာ လူတစ်ယောက်၏ဦးခေါင်းသာဖြစ်လေသည်။ လရောင်အောက်တွင် လပြည့်ဝန်းနှင့်တူသည့် လူတစ် ယောက်၏ပြောင်လက်နေသည့် ဦးခေါင်းဖြစ်လေသည်။ သူ့ဘေးနားတွင် လူငယ်လေးတစ်ယောက်ရပ်နေသည်။ လေအဝေ့တွင် သူ၏ပိန်ပါးသွယ်လျသောခန္ဓာကိုယ်မှာ အနည်းငယ်ယိမ်းယိုင်သွားသယောင်ထင်ရသည်။ သို့သော် သူ့ ခြေထောက်များကတော့ မြေပြင်ထက်တွင် မြဲမြံစွာရပ်တည်နေ ဆဲဖြစ်လေသည်။

လေထဲတွင် ဝါးပင်စိမ်းစိမ်းများက ယိမ်းထိုးလှုပ်ရှားနေသည်။

ဆန်းလျန် အသက်ကိုရှူထုတ်လိုက်တော့ အဖြူရောင်အငွေ့များ ထွက်လာလေလေသည်။ ထိုအငွေ့များမှာ ရှည်လျားပြီးသိပ်သည်း မှုရှိသည်။

"ဒီချိကုန်းကျင့်စဉ်ကို ဆန်းကျူကျင့်စဉ်ကျမ်းလို့လည်းခေါ်တယ် ၊ ကျန်းဟူမှာအနက်နဲ့အသိမ်မွေ့ဆုံးပညာရပ်ပဲ ၊ မသေမျိုးဖြစ်တဲ့နတ်မျိုးနတ်နွယ်ဖြစ်ဖို့နည်းလမ်းရှာဖွေနေတဲ့အချိန်တုန်းက ငါ့ရဲ့ဆရာက အဲဒီပညာကိုလေ့ကျင့်ခဲ့တယ်"

ဆန်းလျန်အသက်ရှူထုတ်ပြီးသည်နှင့် လင်ချုန်းရှောင်ကပြောလိုက်သည်။

ယခင်က အစိမ်းရောင်ဝတ်လူနှင့်အတူ ဤကျမ်းပိုဒ်ရွတ်ဆိုသံကိုကြားကတည်းက ဆန်းလျန်က နားလည်ထားပြီးဖြစ် လေသည်။

ဆန်းကျူကျမ်းမှ "ကျူ" ဆိုသည့်စာလုံးမှာ "ခြေထောက်" ဆိုသည့်အဓိပ္ပါယ်မဟုတ်ပါ။ "အတွင်းအားပြည့်ဝခြင်း" ဟု အဓိပ္ပါယ်ရလေသည်။

"ပြိုင်ဘက်ကတော့ သူဖြစ်ချင်တဲ့အတိုင်း ရက်ရက်စက်စက် တိုက်ခိုက်မှာပဲ ၊ ဒါပေမယ့် ငါတို့လိုအပ်တာက လုံလောက်တဲ့ အတွင်းအားရရှိအောင် အသက်ကိုအဝရှူဖို့ပဲလိုတယ်"

ချိုကုန်းကျမ်းပိုဒ်ကိုရွတ်ဆိုဖို့မှာ အလွန်ပင်လွယ်ကူလေသည်။ နားလည်ရန်လွယ်ကူသလောက် လက်တွေ့လေ့ကျင့် သည့်အခါ အလွန်ခက်လေသည်။ ပထမအဆင့်အောင်မြင်ဖို့အတွက် လူတစ်ယောက်မှာ လောကီကိစ္စများနှင့်ကင်းလွတ်နေဖို့လိုသည်။ ထိုသို့လေ့ကျင့်မှသာ လူတစ်ယောက်၏ မွေးရာပါဖြစ်သော ် အတွင်းအားကို ခံစား၍ရမည်ဖြစ်လေသည်။

ပြောသည်မှာလွယ်သော်လည်း စိတ်အာရုံစူးစိုက်မှုမှတစ်ဆင့် စိတ်ဝိညာဉ်အေးချမ်းမှုကိုရရှိသည့် အဆင့်ထိကျင့်ကြံ နိုင်

သည့်သူ ဤလောကတွင် မရှိသလောက်ပင်။ လောကီကိစ္စရပ်များမှ ကင်းလွတ်ဖို့ဆိုသည်မှာ လူတစ်ယောက် အတွက် အဘယ်မှာလွယ်ကူပါမည်နည်း။

နှစ်ပေါင်းများစွာကျင့်ကြံခဲ့သည့် တရားအလင်းရထားသည့် ဘုန်းတော်ကြီးတစ်ပါးပင်လျှင် လိုအပ်သည့်အချိန်တွင် စိတ်ဝိညာဉ်အေးချမ်းမှုအခြေအနေသို့ ချက်ချင်းမဝင်ရောက်နိုင်ပေ။

သို့သော် ဆန်းလျန်အတွက်တော့ ခက်ခဲသည့်အရာမဟုတ်ပေ။ သူက လမ်းညွှန်မှုအတိုင်းလေ့ကျင့်ပြီး သူ၏အသက်ရှူသွင်းရှူထုတ်ခြင်းကို ပြုပြင်လိုက်သည်။ လေပြေနှင့်လရောင် ကြားတွင်ရောက်ရှိနေသောသူ၏စိတ်ထဲတွင် လေးလံနေသည့်အရာဘာမှမရှိပေ။

လင်ချုန်းရှောင်က ဆန်းလျန်မှာ အလားအလာများစွာရှိသည့် လူငယ်တစ်ယောက်ဖြစ်ကြောင်းသိနေသည့်တိုင် အဆမတန်အံ့ဩခြင်းဖြစ်ရသည်မှာတော့ အမှန်ပင်ဖြစ်လေသည်။

တကယ်တော့အံ့ဩစရာမရှိပါ။ ဤသို့ဖြစ်ရသည်မှာ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျမ်းစာအုပ်ကြောင့်ဖြစ်လေသည်။

စိတ်အာရုံစူးစိုက်မှုအဆင့်မှ စိတ်ဝိညာဉ်အေးငြိမ်းသည့်အဆင့်သို့ ရောက်လာခဲ့လေသည်။ အတွင်းအားများက သူ့ကိုယ်ထဲတွင် လှည့်ပတ်နေပြီး အထွင့်ထိပ်ဆုံချက်နေရာများကို ပြုပြင်ပေးသည်။ ထိုအဆင့်မှာ သူ၏ခြေလက်များလှုပ်ရှားသကဲ့သို့ပင် အလွန်လွယ်ကူနေလေသည်။

ဆန်းလျန်မှာ ကြံ့ခိုင်သည့်လူတစ်ယောက်မဟုတ်ပါ။ သူ၏အထွင့်ထိပ်နေရာများတွင် သွေးများကပိတ်ဆို့နေလေ သည်။

သို့သော် သူကအတွင်းအားကိုကောင်းကောင်းထိန်းချုပ်လိုက်

ပြီး ပထမဆုံးအကြိမ်လေ့ကျင့်ခြင်းတွင်ပင် နှလုံးအထွင့်မှုထိပ်
နေရာဖြစ်သည့် ရှောင်ယင်းနေရာကို ဖွင့်ထုတ်လိုက်နိုင်လေ
သည်။
စိတ်ဝိညာဉ်အေးငြိမ်းသည့်အဆင့်သို့ဆန်းလျန် ရောက်သွား
သည်ကို လင်ချုန်းရှောင်မသိလိုက်ပေ။ ဆန်းလျန် အသက်ကို
ရှည်ကြာစွာရှူထုတ်လိုက်သည်ကို ကြည့်နေရင်း ဆန်းလျန်မှာ
သိုင်းပညာသင်ယူရန်အတွက် ထူးခြားရှားပါးသည့်ပါရမီရှိကြော
င်း သူသိလိုက်လေသည်။
"ခင်ဗျားရဲ့ဂိုဏ်းနာမည်ကိုကျွန်တော်အခုထိမသိရသေးဘူး"
ဆန်းလျန်ကမေးလိုက်လေသည်။
"မင်းကမေးပြီဆိုတော့ ငါ့ရဲ့ဆရာအကြောင်း မင်းကိုပြောပြ
မယ် ၊ သူကပညာရှိတစ်ယောက်ဖြစ်ချင်ခဲ့တာ၊ ဒါပေမယ့် နန်း
တွင်းအဆင့်မြင့်စာမေးပွဲမှာ သူမအောင်ခဲ့ဘူး ၊ သူကစိတ်မ
ကောင်းဖြစ်ပြီး တာအိုကျင့်စဉ်ကနေ မသေမျိုး ဖြစ်အောင်

လေ့ကျင့်ဖို့ဆုံဖြတ်ခဲ့တယ် ၊ ဒီလိုနတ်ဘုရားဖြစ်ဖို့အတွက် ကျင့်စဉ်တွေကျင့်ဖို့ လောကလူ့အဖွဲ့အစည်းကို စွန့်ခွာမှရမယ် ၊ သာမာန်လူတွေက ဘယ်လေ့ကျင့်နိုင်မှာလဲ ၊ တစ်နှစ်လောက်ကြာတော့ နတ်ဘုရားတွေဟာ ပင်လယ်တစ်ဖက်မှာနေတယ်ဆိုတဲ့သတင်းကို ဆရာကြားခဲ့ရတယ် ၊ သူကတစ်ယောက်တည်းထွက်ခွာသွားခဲ့တယ်၊ အဲဒီလိုနဲ့ ဆရာပင်လယ်ပြင်မှာမုန်တိုင်းမိခဲ့တယ် ၊

ဒါပေမယ့်ဆရာကမသေခဲ့ဘူး ၊ သစ်သားတုံးကိုကိုင်ပြီး ကမ်းခြေတစ်ခုကို မျောသွားခဲ့တယ် ၊

အရမ်းကျယ်ပြန့်လွန်းတဲ့ကျွန်းကြီးတစ်ကျွန်းရဲ့ကမ်းခြေပဲ ၊

အဲဒကျွန်းရဲ့အလယ်တည့်တည့်မှာ မြူခိုးတွေဝန်းရံနေတဲ့ တောင်တစ်တောင်ရှိတယ် ၊

ဆရာက အဲဒီတောင်ကြီးရဲ့ခမ်းနားမှုကိုသဘောကျပြီး ကမ်းခြေကနေ တစ်နေကုန်လမ်းလျှောက်ပြီးသွားခဲ့တယ် ၊ သူ

တောင်ခြေကိုရောက်တော့ ကောင်းကင်ထိမြင့်တဲ့ကျောက်နံရံ
ကြီးတစ်ခုကို တွေ့လိုက်ရတယ် ၊ အဲဒီကျောက်နံရံကြီး ပေါ်မှာ
"ချင်း ရှမ်" ဆိုတဲ့စာလုံးနှစ်လုံးရေးထားတယ်၊
ကျောက်နံရံကြီးရဲ့မျက်နှာပြင်ကချောမွေ့နေလို့ အဲဒီစာလုံးနှစ်
လုံးကို ဘယ်လိုများရေးထွင်းထားလဲ ဆရာကမသိနိုင် ခဲ့ဘူး ၊
စာလုံးတစ်လုံးရဲ့အရှည်က ပေတစ်ရာလောက်ရှိပြီး အကျယ်
က ခုနစ်ပေလောက်ရှိမယ် ၊ စာလုံးကသဘာဝအတိုင်းဖြစ်ပေါ်
နေသလိုမျိုးပဲ ၊ စာလုံးတွေကိုရေးထွင်းထားတာမဟုတ်ဘူး ၊
ဆရာက ဒီလောက်အံ့သြစရာ ၊ လေးစားစရာ စာလုံးတွေကို
ရေးထားတဲ့သူဟာ မသေမျိုးတွေဖြစ်တဲ့နတ်တွေလုပ်တာသာ
မဟုတ်ရင် ဘယ်သူရှိဦးမှာလဲလို့ တွေးလိုက်တယ် ၊
ဆရာက တောင်ကျောတစ်လျှောက်လမ်းလျှောက်သွားခဲ့တယ်
၊ တောင်ကအရမ်းကြီးပြီး တောကလည်းနက်တော့ သူလမ်း
ပျောက်သွားပြီး စားမိစားရာအသီးတွေလျှောက်စားပြီး ဗိုက်

ဖြည့်ရတယ် ၊ ဒါပေမယ့် ကံကောင်းတာက ဆရာက အန္တရယ်ရှိ

တဲ့တိရိစ္ဆာန်တွေ ၊ အဆိပ်ရှိတဲ့မြွေတွေနဲ့မတွေ့ခဲ့ရဘူး"

"နောက်ဆုံးမှာတော့ သူကနတ်မင်းတစ်ပါးနဲ့တွေ့ခဲ့ပြီး လျှို့ဝှက်

ကျင့်စဉ်စာအုပ်ရခဲ့တာလား"

ဆန်းလျန်ပြုံးပြီးမေးလိုက်သည်။

ဇာတ်လမ်းကမှန်းဆလို့မရနိုင်ပေ။ ဖြစ်နိုင်သည်များမှာ ဆန်း

လျန်စိတ်ထဲသို့ မကြာခဏဝင်ရောက်လာသည်။

"အဲဒီလောက်မရိုးရှင်းဘူး ၊ ဆရာကပုလွေသံတစ်သံကြားလိုက်

ရတယ် ၊ နောက်ဆုံးတော့ လူတစ်ယောက်တော့ တွေ့ရပြီဆိုပြီး

ဝမ်းသာသွားတာ၊ ဆရာတောထဲမှာလမ်းပျောက်နေတာ အကြာ

ကြီးပဲလေ ၊ သူတွေ့ခဲ့တဲ့ ကျောက်နံရံကြီးဆီကို ပြန်မသွားတတ်

တော့ဘူး၊

ဆရာက နတ်ဘုရားတွေနဲ့တွေ့ဖို့လည်းမမျှော်လင့်တော့ပါဘူး ။

သူကတောထဲမှာမျက်စိလည်နေတာကနေ လွတ်မြောက်ချင်နေပြီ ။

ညဘက်ရောက်တော့ လရောင်ကဖြာကျနေတယ် ၊ ဒါပေမယ့်တောထဲမှာဆိုတော့အရမ်းအေးတယ် ၊ ဆရာ့လိုသိုင်းပညာတော်တဲ့သူတောင်မှ အဲဒီအအေးဒဏ်ကိုမခံနိုင်ခဲ့ဘူး ၊

ဆရာကပုလွေသံကြားတော့ အသံလာတဲ့နေရာကိုမှန်းပြီးလမ်းလျှောက်လာခဲ့တယ်၊

ပုလွေသံစဉ်ကထူးဆန်းတယ် ၊ အဲဒီလိုသံစဉ်မျိုး အရင်ကတစ်ခါမှမကြားဖူးဘူး ၊ သံစဉ်ကတိုးလျပြီး စိတ်ကို ပြေလျော့စေတယ် ၊ အရမ်းလည်းသိမ်မွေ့နူးညံ့တယ် ၊

ဆရာက ပုလွေသံနောက်ကိုဘယ်လောက်ကြာအောင် လိုက်နေခဲ့လည်းမသိဘူး ၊

သူအံ့သြလာတယ်၊ သူတစ်ခါမှဒီလောက်အဝေးကြီးလမ်းမ
လျှောက်ဖူးဘူး၊ သူလျှောက်လာတာ တစ်မိုင်ကျော်ကျော်
လောက်ရှိနေပြီ၊ ဂီတသံကအရင်အတိုင်းမပြောင်းမလဲရှိနေ
တုန်းပဲ၊ နီးလည်းမသွားသလို ဝေးလည်းမသွားဘူး၊
ဆရာကခြေတစ်လှမ်းရွှေ့တိုင်း ဂီတသံကလည်းခြေတစ်လှမ်း
လိုက်ရွှေ့နေသလိုမျိုးပဲ၊

ဆရာက ရနံ့တစ်ခုရလိုက်တယ်၊ မက်မွန်ပန်းရနံ့ပဲ၊ ဒါနဲ့ သူ
လည်းရှေ့ကို နည်းနည်းဆက်သွားလိုက်တယ်၊ သူ့ ဘေးနှစ်
ဖက်လုံးကသစ်ပင်တွေက မက်မွန်ပန်းပင်တွေဖြစ်နေတယ်၊
သူရှေ့ကိုဆက်သွားလိုက်တော့ အစိမ်းရောင်ကျောက်တုံးလေး
တွေနဲ့ခင်းထားတဲ့ လမ်းကျဉ်းလေးတစ်ခုကိုတွေ့ရ တယ်၊
ပုလွေသံကပိုပြီး စူးရှလာတယ်၊ လေထဲမှာဆော့ကစားရင်း
အရမ်းကိုပျော်ရွှင်နေသလိုမျိုး ခံစားလိုက်ရတယ်၊

ဆရာက လမ်းကျဉ်းလေးအတိုင်းလျှောက်သွားလိုက်တယ် ၊ လရောင်က ကျောက်တုံးအစိမ်းလေးတွေပေါ်ကို ဖြာကျနေတာ ကိုကြည့်ရတာ ကြည်လင်နေတဲ့စမ်းချောင်းလေးနဲ့တောင်တူနေ တယ် ၊

ပန်းရနံ့လေးတွေကလည်း လူကိုလန်းဆန်းသွားစေတယ် ၊ ဆ ရာ့ရဲ့ပင်ပန်းနွမ်းနယ်မှုတွေအားလုံး ယူပစ်လိုက်သလို ပျောက် သွားတယ် ၊

ဆရာက မက်မွန်ပင်အကြီးကြီးတစ်ပင်ကိုမြင်လိုက်ရတယ် ၊ အဲဒီအပင်ကြီးက လမ်းကျဉ်းလေးရဲ့အလယ်တည့်တည့် မှာ ပေါက်နေတာ ၊ ဘယ်လောက်သက်တမ်းရှိပြီလဲဆိုတာမသိနိုင် ဘူး ၊ သစ်ကိုင်းတွေမှာ အရွက်တွေမရှိတော့ဘူး၊ ညဘက် ကောင်းကင်မှာ ကြယ်လေးတွေ ဟိုတစ်စ ဒီတစ်စ ရှိနေသလို သစ်ရွက်မရှိတဲ့သစ်ကိုင်းထက်မှာ မက်မွန်ပန်း လေးတွေဟိုတစ် စ ဒီတစ်စပွင့်နေတယ် ၊

ဆရာက မက်မွန်ပင်ကြီးရဲ့ပင်စည်နားကိုတိုးကပ်သွားလိုက်တယ် ၊ ပင်စည်ပေါ်မှာ ကဗျာတစ်ပုဒ်ရေးထားတာတွေ့ရတယ်"

"အဲဒီကဗျာကဘာတဲ့လဲ"

ဆန်းလျန်က သိချင်စိတ်ပြင်းပြစွာဖြင့်မေးလိုက်သည်။ သူကြားနေရသည့်အကြောင်းအရာမှာ ရှန်းရှုဝတ္ထုတစ်ပုဒ် ထက်ပင် စိတ်ဝင်စားစရာကောင်းနေလေသည်။

ထူးဆန်းသည့်ပုလွေသံ...

တောနက်ကြီးအတွင်းရှိ မက်မွန်ပင်ကြီးနှင့်...

မက်မွန်ပင်ကြီးပေါ်တွင်ရေးထွင်းထားသည့် ကဗျာတစ်ပုဒ်....

"ကဗျာကအရမ်းကိုနက်နဲတယ်"

လင်ချုန်းရှောင်၏မျက်ဝန်းထဲတွင် လရောင်ကတောက်ပနေသည်။

သူက ကဗျာကိုခပ်တိုးတိုးရွတ်ဆိုလိုက်သည်။

" ကျုံးနန်တောင်က ချုန်းယန် ....

လောကကြီးကဆရာသခင်ကို ရှုနေပြီလို့ထင်ကြလိမ့်မယ်...

လွတ်လပ်ပေါ့ပါး ဂရုမထားဘဲ သူနေထိုင်ခဲ့လို့...

သေခြင်းတရားကနေ လွတ်မြောက်စေခဲ့တယ် ...

တိမ်နဲ့ရေကိုအဖော်ပြုလို့ ...

မရှိမှုတရားနဲ့မိတ်ဆွေဖွဲ့မယ်....

လောကအကြောင်းအမှန်တရားကိုသိမြင်တဲ့အခါ...

ရမ္မက်ဆန္ဒတွေရဲ့ရှုတ်ထွေးမှုဆိုတာမရှိတော့ပါ ...."

"တိမ်နဲ့ရေကိုအဖော်ပြုလို့ ...မရှိမှုတရားနဲ့မိတ်ဆွေဖွဲ့မယ်...."

ဆိုသည့်စာကြောင်းကိုကြားရသည့်အခါ ဆန်းလျန်မှာ အံ့သြ

တုန်လှုပ်သွားရလေသည်။ ကဗျာ၏သိမ်မွေ့နက်နဲမှုကြောင့်

မဟုတ်။ အရင်ကပင် ထိုကဗျာစာကြောင်းကို ရင်းနှီးနေ

သောကြောင့်ဖြစ်လေသည်။

ပျင်းစရာကောင်းလွန်းသည့် နှစ်တစ်နှစ်ကို သူသတိရမိသည်။

သူကကဗျာဆရာဝမ်ချျန်းယန်၏ကဗျာများကို လျှောက်ဖတ်

နေမိသည့်အချိန် ၊ ကဗျာစာကြောင်းတစ်ကြောင်းက သူ့ရင်ကို ထိစေခဲ့သည်။

ဝမ်းချုန်းယန်၏ ကွမ်ကျန်းကျောင်းတော်ကြီးမှာ ဤလောက တွင် တကယ်ရှိလိမ့်မည်ဆိုသည်ကိုတော့ သူမျှော်လင့်ထားခဲ့မိ ခြင်းမရှိပေ။

အခန်း (၂၅)

“အန်း” တည်းခိုရိပ်သာ

"ဘာဖြစ်လို့လဲ ဒီကဗျာကိုမင်းကြားဖူးနေလို့လား"

ဆန်လျန်၏မျက်နှာအမူအရာကိုကြည့်ပြီး လင်ချုန်းရှောင်က မေးလိုက်လေသည်။

"ကြားဖူးတယ် ၊ ဝမ်မျိုးရိုးတာအိုဆရာတစ်ယောက်ရေးတာ

မဟုတ်လား"

"အဲဒါတော့မသေချာဘူး ၊ ဆရာပြောတာတွေကိုပြန်စဉ်းစား

ကြည့်လိုက်ရင် ကဗျာအဆုံးမှာ စာလုံးသေးသေးလေး တွေကို

သူမြင်ခဲ့တယ်တဲ့ ၊ အဲဒါက "ငါ့ရဲ့သူငယ်ချင်းဟောင်းအဝါ

ရောင်ကထွက်ခွာသွားပြီ ၊ ဒါပေမယ့် သူ့စကားတွေ ကကျန်ရစ်

ခဲ့တယ် ၊ ငါ့နှလုံးသားကလဲ အဲဒီကျိကျီလိုပဲဖြစ်နေလိမ့်မယ်"

တဲ့ ၊ ဒါပေမယ့် စကားလုံးတွေရေးခဲ့တဲ့သူက "လီ"လို့

လက်မှတ်ထိုးထားခဲ့တယ်"

ဆရာဖြစ်သူက ထိုကဗျာမှာ "အဝါရောင်" အမည်ရှိသည့်လူ

တစ်ယောက်က ရေးထားခဲ့သည်ဟု တွေးခဲ့ခြင်းဖြစ်ပေ

လိမ့်မည်။ "လီ"ဟု လက်မှတ်ထားခဲ့သည့်သူမှာလည်း အဝါ

ရောင်၏ မိတ်ဆွေဟောင်းဖြစ်ပေးလိမ့်ည်။ ကျိကျီဆို သည်

ကတော့ ဘာမှန်းမသိခဲ့ပေ။

ထိုအချိန် မက်မွန်ပွင့်များဆီမှ သွေးရနံ့ကိုရလိုက်သည်။ သူ နောက်လှည့်ကြည့်လိုက်သည့်အခါ သူ၏ခြေလက်များမှာ ကြောက်လန့်မှုကြောင့် ပျော့ခွေသွားရလေသည်။ သူ့ နောက်တွင် ရောက်နေသည့်သတ္တဝါမှာ ကျားကြီးတစ်ကောင် ဖြစ်နေလေသည်။

နဂါးကတိမ်တွေကြားမှာနေတယ် ၊ ကျားကတောလေထဲမှာနေ တယ်။

ကျား၏မျက်လုံးထောင့်များမှာ အပေါ်သို့ကော့တက်နေပြီး သူ၏နဖူးတွင်လည်း အဖြူရောင်အစင်းများရှိလေသည်။ ကျားကဆရာဖြစ်သူကို စိုက်ကြည့်နေပြီး ခုန်အုပ်လိုက်လေ တော့သည်။

ဆရာမှာ ကြောက်လွန်းသောကြောင့် နောက်သို့ခြေလှမ်း အနည်းငယ် ဆုတ်လိုက်လေသည်။ သို့သော် အဖြစ်အပျက် များကအံ့သြစရာကောင်းလှသည်။ ကျားကြီးမှာ တကယ်တမ်း

သူ့ကိုခုန်မအုပ်နိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် မမြင်ရသောကြိုးဖြင့်လှမ်းဆွဲလိုက်သလို လေထဲတွင်တန်းလန်းကြီးဖြစ်နေသောကြောင့်ဖြစ်လေသည်။

"ရှင်ကဘယ်သူလဲ ဘာလို့ဒီကိုရောက်လာတာလဲ"

အသံသေးသေးလေးဖြင့် ကလေးတစ်ယောက်ကမေးလိုက ခြင်းဖြစ်လေသည်။

ကျားကြီးမှာ ငြိမ်ကုပ်ပြီးဝပ်နေလေသေည်။ မိန်းကလေးငယ်လေးတစ်ယောက်က ကျားကြီး၏ကျောပေါ်တွင်ထိုင်နေလေသည်။ မိန်းကလေးငယ်လေးက သူမ၏ဆံပင်များကိုချည်နှောင်ထားပြီး ကျောက်စိမ်းပုလွေတစ်ချောင်းကိုကိုင်ထားသည်။

သူမအသက်မှာ ခြောက်နှစ်ခုနစ်နှစ်မျှသာရှိဦးမည်ဖြစ်သည်။ သူမ၏အသားအရေမှာ ကြည်လင်နေပြီး နှင်းကဲ့သို့ ဖြူဝင်းနေလေသည်။ သူမကိုကြည့်ရသည်မှာ တိတ်ဆိတ်သည့်ညနက်

နက်တွင် ထိန်ထိန်သာနေသည့် လမင်းနှင့်ပင် တူနေလေသည်။
သူမစကားပြောပုံဆိုပုံကတော့ လူကြီးတစ်ယောက်ကဲ့သို့ဖြစ်ပြီး လက်ထဲတွင်လည်းပုလွေ တစ်ချောင်းကိုင်ထားလေသည်။
"ခုနပုလွေမှုတ်နေတာမင်းလား"
ဆရာက သိချင်စိတ်ဖြင့် မေးလိုက်သည်။
"အား ရှင်က တောင်ပေါ်ကိုမတော်တဆရောက်လာတဲ့ သာမာန်လူတစ်ယောက်ပဲ ၊ နောက်မှရှင်နဲ့ဆက်ပြောတော့ မယ်"
ရုတ်တရက်ဆိုသလို အနောက်မြောက်ဘက်ကောင်းကင်မှ အနီရောင်မျဉ်းကြောင်းများပေါ်လာလေသည်။
"လီချင်းဆွေ ၊ မင်းကိုဒီနေ့တော့ သံသရာစက်ဝန်းထဲကို ငါပြန်ပို့မှဖြစ်တော့မယ်"
အနီရောင်မျဉ်းကြောင်းများအလယ်မှလူကပြောလိုက်လေသည်။

မိန်းကလေးငယ်က အနီရောင်မျဉ်းကြောင်းများကို စိုက်ကြည့်

နေပြီး ဆရာဖြစ်သူကို တစ်ချက်လှမ်းကြည့်လိုက် သည်။ သူမ

ထိုင်နေသည့်ကျားကြီး၏အောက်တွင် အနက်ရောင်တိမ်တိုက်

တစ်ခုပေါ်လာပြီး အနီရောင်မျဉ်းကြောင်း များဆီသို့ပျံသန်း

သွားလေတော့သည်။

ကောင်းကင်၏အနောက်မြောက်ဘက်တွင် မိုးခြိမ်းသံများ

ထွက်ပေါ်လာလေသည်။ အရောင်ငါးမျိုးရှိသည့်ရောင်ခြည်

တန်းများက အနီရောင်မျဉ်းကြောင်းများကို ကန့်လန့်ဖြတ်သွား

သည်ကိုတွေ့လိုက်ရလေသည်။

နေမထွက်ခင်လေးမှာပင် ဆူညံနေသောအသံများရပ်တန့်သွား

ကြလေသည်။

ဆရာဖြစ်သူမှာ မက်မွန်တောထဲရှိ ကျောက်တုံးအိမ်လေးတစ်ခု

ထဲသို့ဝင်နေပြီး နေထွက်လာသည်ကိုစောင့်နေလိုက် သည်။

မိန်းကလေးငယ်လေးကိုလည်း မတွေ့ရတော့ပါ။ သို့သော်

ကျောက်တုံးအိမ်လေးထဲတွင် ပန်းချီကားလိပ်တစ်ခု ၊ ကျမ်းစာ အုပ်သုံးအုပ်နှင့် သစ်သားငါးရုပ်တုံးတစ်ခုကို တွေ့ရလေသည်။ မိန်းကလေးငယ်လေးက ပြန်ပေါ်မလာတော့ပါ။ ဆရာဖြစ်သူက သူတွေ့သည့်ပစ္စည်းများကိုယူပြီး အိမ်လေး ထဲမှထွက်လာခဲ့ လေသည်။ သူကအနောက်မြောက်ဘက်သို့မသွားဘဲ အရှေ့တောင်ဘက်သို့သွားလိုက်လေသည်။ တောင်ကြီးက ဘယ်လောက်ထိကြီးမားသလဲဆိုသည်ကို သူမသိပါ။ သို့သော် အရှေ့တောင်ဘက်ရှိ ပင်လယ်ပြင် ကိုပြန်ရောက်ရန်အတွက် ဆယ်ရက်ကျော်လမ်းလျှောက်ခဲ့ရလေသည်။ သူကကမ်းခြေ တွင် သိုင်းပညာလေ့ကျင့်ရင်း အဆင့်တစ်ခုထိရောက်ရှိခဲ့ပြီး သည့်အခါတွင်တော့ ဝါးဖောင်လေးတစ်ခုပြုလုပ်ကာ ပြည်မ သို့ပြန်ခဲ့လေသည်။

“ခုဆိုရင် ဆန်းကျူကျမ်းစာအုပ်ဘယ်လိုရလာလဲမင်းသိပြီပေါ့” လင်ချုန်းရှောင်ကပြုံးပြီးပြောလိုက်သည်။

"ဆန်းကျူကျမ်းစာအုပ်က သူရခဲ့တဲ့ လျှို့ဝှက်စာအုပ်တွေထဲက တစ်ခုမဟုတ်လား၊ သစ်သားငါးရုပ်တုံးကတော့ ခင်ဗျားကိုင်ထားတဲ့ဟာမလား"

ဆန်းလျန်ကမေးလိုက်သည်။

"အမှန်ပဲ၊ ကျမ်းစာအုပ်သုံးအုပ်မှာ တစ်အုပ်က မင်ယွိသိုင်းကျမ်း၊ နောက်တစ်ခုက ဆန်းကျူကျင့်စဉ်ကျမ်း၊ အဲဒီကျမ်းစာအုပ်နှစ်အုပ်မှာ တူညီတဲ့အချက်တွေရှိတယ်၊ ဒါပေမယ့် မင်ယွိသိုင်းကျမ်းက ပိုပြီးကြောက်စရာကောင်းတယ်၊ စာအုပ်နှစ်အုပ်လုံးက ကျင့်ကြံသူတွေအတွက်ကောင်းတဲ့စာအုပ်တွေပဲ၊ ဒါပေမယ့် ပိုပြီးအစွမ်းထက်တဲ့ မင်ယွိသိုင်းကျမ်းကမပြည့်စုံဘူးဖြစ်နေတယ်၊ အစိမ်းရောင်ဝတ်ညီလေးက ဆရာကအမြဲတမ်း ငါ့ကိုပိုပြီးမျက်နှာသာပေး တယ်လို့ထင်နေတာ၊ ဒါပေမယ့် သူ့ကိုအမြဲတမ်းနားလည်ခဲ့တဲ့သူကဆရာပဲ၊ သူက ရန်လိုတတ်ပြီးအစွန်းရောက်တယ်၊ သူသာ မင်ယွိသိုင်း

ကျမ်းကိုကျင့်မယ်ဆိုရင် သူ့အတွက်ဒဏ်ရာအပြင်းအထန်ရ တာမျိုးပဲဖြစ်လာမယ် ၊ သူ့အတွက်ကောင်းမလာနိုင်ဘူး၊ ဒါကြောင့်ဆရာက ပိုပြီးပြည့်စုံတဲ့ဆန်းကျူကျင့်စဉ်ကိုပဲ သူ့ကို လေ့ကျင့်စေခဲ့တာ ၊

သူ့ထက်ငါကပိုပြီးအလားအလာရှိတယ်ဆိုတာတော့ ငြင်းလို့မ ရပါဘူး ၊ ဆရာက ဒီသိုင်းပညာကိုငါကသာအောင်မြင် အောင် လေ့ကျင့်နိုင်ခဲ့ရင် နောင်လာနောက်သားတပည့်တွေကို လက်ဆင့်ကမ်းပေးဖို့မျှော်လင့်ခဲ့တယ် ၊

ဒီနှစ်တွေအတွင်းမှာ ငါလည်းအချို့အရာတွေသင်ယူခဲ့တယ် ၊ ဒီသိုင်းပညာလေ့ကျင့်ရင်းနဲ့ပဲ တာအိုကျင့်စဉ်ရဲ့ “ကျားဖြူကို ယဉ်ပါးအောင်လုပ်တဲ့အဆင့်” ထိ ကျင့်စဉ်အောင်မြင်ခဲ့တယ် ၊ ငါ့ရဲ့ငယ်ရွယ်နုပျိုမှုတွေကိုထိန်းထား နိုင်ခဲ့တယ် ၊ ဒါပေမယ့် ဒီ သိုင်းကျမ်းကိုပြည့်စုံအောင်ဖြည့်စွက်ဖို့ကတော့ ငါမစွမ်းနိုင်တဲ့ အရာပဲ ၊

ငါအဲဒါကိုဖြည့်စွက်နိုင်ဖို့ အချိန်တွေအများကြီးကုန်ခဲ့ရတယ် ၊

ဒါကြောင့် မင်ယွိသိုင်းကျမ်းကို မင်းကိုမသင်ပေးချင် တာ ၊

မင်းရဲ့အချိန်တွေအလကားဖြုန်းတီးသလိုဖြစ်မှာစိုးရိမ်မိတယ်

၊

ငါ့ရဲ့အတွေ့အကြုံအရပြောရရင် မင်ယွိသိုင်းကျမ်းကသိမ်မွေ့

နက်နဲလွန်းပေမယ့် ဆန်းကျူကျင့်စဉ်ကျမ်းနဲ့ အခြေခံ

သဘောသဘာဝချင်းတူညီတယ် ၊ နှစ်ကျမ်းလုံးက စစ်မှန်တဲ့

ကျမ်းတွေပါပဲ၊

မင်းသာ ဆန်းကျူကျင့်စဉ်ကို အမြင့်ဆုံးအဆင့်ထိလေ့ကျင့်နိုင်

ရင် အကျိုးကျေးဇူးတွေအများကြီးရမယ် ၊ မသေမျိုးဖြစ်တဲ့

နတ်ဘုရားတစ်ပါးဖြစ်လာဖို့ အလှမ်းမဝေးတော့ဘူး”

လင်ချန်းရှောင်ပြောသည့်စကားများကိုနားထောင်ပြီး

သည့်နောက် ကျင်းယံ၏ဝတ္ထုများထဲမှ ဆန်းကျူကျမ်းစာအုပ်

ကို ဆန်းလျန်သတိရလိုက်မိသည်။ “ဝူရှုလောကသို့တာအိုဝါဒ

စီးဝင်လာခြင်း” ဆိုသောစာအုပ်ဖြစ်လေသည်။ ဝတ္ထုထဲမှ အဓိကဇာတ်ဆောင်က ဆန်းကျူကျင့်စဉ်ကျမ်းကို ဖန်တီးခဲ့ခြင်းဖြစ်လေသည်။

သူကထိုဝတ္ထုကိုသဘောကျသော်လည်း အတွဲသုံးတွဲသာဖတ်ခဲ့ရလေသည်။

ထိုဝတ္ထုကိုသာအဆုံးထိထုတ်ဝေမည်ဆိုလျှင် သူဖတ်ချင်လှသည်။ သို့သော် ထိုသို့ထုတ်ဝေခွင့်ရလိုက်သည့်ပုံ မပေါ်ပေ။

ထိုအချက်များအားလုံးမှာ ဆက်စပ်နေမည်လားဟု သူသိချင်နေမိသည်။

သို့သော်...

ဝတ္ထုဇာတ်လမ်းနှင့် လက်ရှိရင်ဆိုင်နေရသည့်ပြဿနာကို အံဝင်ခွင်ကျဖြစ်အောင် မည်သို့လုပ်ဆောင်နိုင်မည်လဲ။ ယုံရခက်ခက်ကြီးဖြစ်နေလေတော့သည်။

ဝတ္ထုစာအုပ်ဆိုသည်က ဖန်တီးမှုတစ်ခုသာဖြစ်သည်။ သို့သော် သူရောက်ရှိနေသည့် တခြားသောလောကတွင်တော့ တကယ့်ဖြစ်ရပ်မှန်ဖြစ်နေခဲ့သည်။

"တတိယကျမ်းစာအုပ်ကတော့ နတ်သက်ခြွေခြားသိုင်း မဟုတ်လား"

ဆန်းလျန်က ဖြည်းဖြည်းချင်းမေးလိုက်သည်။

"အမှန်ပဲ ၊ နတ်သက်ခြွေခြားသိုင်းက ပြင်းထန်တယ် ၊ ကျန်းဟူမှာလေ့ကျင့်နေကြတဲ့သိုင်းပညာတွေထက် သာလွန် တယ် ၊ ပြောရမယ်ဆိုရင် နတ်ဘုရားတွေရဲ့သိုင်းပညာမျိုးနဲ့ပိုတူတယ် ၊ ဆရာကကြို့မြင်ခဲ့တာက အဲဒီသိုင်းကျမ်းကို လေ့ကျင့်တဲ့သူတိုင်း သဘာဝလွန်နည်းလမ်းတွေနဲ့သေရလိမ့်မယ်ဆိုတာပဲ ၊ ဒါကြောင့် တပည့်တွေကို အဲဒီသိုင်းကို မကျင့်ဖို့တားမြစ်ထားခဲ့တယ် ၊ အစိမ်းရောင်ဝတ်ညီလေးက မင်းကိုသင်ပေးချင်ခဲ့တယ်ဆိုတာက ဒီခြားသိုင်းကို တိမ်မြုပ်ပျောက်ကွယ်သွားတာ

မျိုး မဖြစ်စေချင်လို့ပဲ၊ သူကမကောင်းတဲ့လူတစ်ယောက်ဖြစ်

ပေမယ့် မကောင်းတဲ့စိတ် နဲ့တော့မင်းကိုသင်ပေးချင်တာ

မဟုတ်ပါဘူး”

လင်ချုန်းရှောင်က သူ့အတွေးနှင့်သူရယ်မောလိုက်သည်။ ဒီ

လောကမှာ သူကသာလျှင် အစိမ်းရောင်ဝတ်လူကို နားလည်

ပေးနိုင်ဆုံးလူမဟုတ်ပါလား။ အစိမ်းရောင်ဝတ်လူ ဂိုဏ်းမှ

ထွက်သွားပြီးသည့်နောက်ပိုင်း သူကဂိုဏ်းကို ပြန်ပြီးမ

တည်ထောင်တော့ပါ။ ဆန်းလျုန်နှင့်တွေ့ဆုံခဲ့ရသည်ကတော့

ကံတရားအတိုင်းပင်ဖြစ်လေသည်။ သူကသူ၏သိုင်းပညာများ

ကို ဆန်းလျုန်ကိုလက်ဆင့်ကမ်းသင်ပေးချင်မိသည်။

သူ၏ဂိုဏ်းမှပညာများကို တိမ်မြုပ် ပျောက်ကွယ်သွားစေလို

သောဆန္ဒသူ့တွင်မရှိပါ။

“ကံကြမ္မာကိုကျွန်တော်မကြောက်သလို ဓလေ့ထုံးတမ်းတွေနဲ့

လည်း ကျွန်တော့်ကို ချည်နှောင်ထားလို့မရပါဘူး”

ဆန်းလျန်ကပြောလိုက်သည်။

နတ်သက်ခြေခြားသိုင်းကိုကျင့်တဲ့သူတွေ သဘာဝလွန်နည်း လမ်းတွေနဲ့သေရသည်ဆိုသည်မှာ ဝိညာဉ်စွမ်းအား နည်းပါးသောကြောင့်ဖြစ်လေသည်။ သိုင်းပညာကျွမ်းကျင်မှု ကိုသာမှီခိုလွန်းသောကြောင့် တကယ်တမ်း အင်အား ကြီးမား သည့်ရန်သူနှင့်ရင်ဆိုင်ရသည်အခါ သူတို့၏ဝိညာဉ်မှာ ပြန်မ ကောင်းနိုင်တော့သည့်အခြေအနေအထိ ပျက်စီးသွားကြရလေ သည်။ သူတို့၏ဝိညာဉ်စွမ်းအားများပြန်လည်ကောင်းမွန်လာ စေရန်အတွက် မည်သည့်အရာကိုမဆိုလုပ်လာကြပြီး အစွန်းရောက်သမားဖြစ်ဖြစ်လာကြကာ အဆုံးသတ်တွင်တော့ သူတို့ကိုယ်တိုင်ရော လောကကြီးကိုပါဖျက်စီးသည့်သူများ ဖြစ်လာရလေသည်။

အစိမ်းရောင်ဝတ်လူ၏အစွန်းရောက်လွန်းသည့်ပုံစံမှာ ထို အကြောင်းကြောင့်ပင်ဖြစ်လေသည်။

ကျင့်စဉ်လေ့ကျင့်သည်ဆိုသည်မှာ ကိုယ့်ကိုကိုယ် ကာကွယ်ခြင်းပင်ဖြစ်သည်။ လူသတ်ခြင်းနှင့် အနိုင်ရခြင်းတို့ အပေါ်တွင် စွဲလန်းမွေ့လျော်ဖို့မဟုတ်ပေ။ ကျင့်စဉ်လေ့ကျင့် တော့မည်ဆိုလျှင် စိတ်နှလုံးကိုလည်းအရင်လေ့ကျင့်ထားဖို့လို သည်။ စိတ်ကိုမထိန်းချုပ်ဘဲ လုပ်ချင်တာလုပ်ခွင့်ပေးထား လျှင် မသေမျိုးဖြစ်သည့်နတ်ဘုရားတို့၏လမ်းစဉ်မှသွေဖယ် သွားမည်သာဖြစ်လေသည်။

လင်ချုန်းရှောင်က ဆန်းလျန်ကို ကျင့်စဉ်ကျင့်ကြံခြင်းများကို သုံးညဆက်တိုက်သင်ပြပေးပြီးသည့်နောက် စာလေးတစ်စောင် သာချန်ထားခဲ့ပြီး နှုတ်ဆက်စကားပင်မဆိုဘဲ ထွက်ခွာသွား လေတော့သည်။ သူ့ကိုလာရောက်ရှာဖွေနိုင်သည့်နေရာကိုပင် ပြောမသွားခဲ့ပေ။

ဆန်းလျန်၏တည်းခိုရိပ်သာဖွင့်ပွဲကျင်းပသည့်နံနက်ခင်း...

ဖွင့်ပွဲအခမ်းအနားက ခမ်းနားကြီးကျယ်လွန်းသောပွဲကြီးတော့

မဟုတ်ပါ။

“တုန်းဖူ” တည်းခိုရိပ်သာကို “အန်း” တည်းခိုရိပ်သာဟု အမည်

ပြောင်းလဲလိုက်ခြင်းဖြစ်လေသည်။

တံခါးမကြီး၏ ညာဘက်တံခါးတိုင်လုံးတွင်ရေးထား

သည်မှာ…

“ယဉ်ကျေးသိမ်မွေ့သောဧည့်သည်များသာ မကြာခဏလာကြ

သည်”

ဟူ၍ဖြစ်လေသည်။

ဘယ်ဘက်တံခါးတိုင်လုံးတွင်ရေးထားသည်မှာတော့…

“ယဉ်ကျေးသိမ်မွေ့ခြင်းမရှိသောဧည့်သည်များကိုလည်း

အမြဲတမ်းကြိုဆိုလျှက်ပါ”

ဟူ၍ဖြစ်လေတော့သည်။

အခန်း (၂၆)

ရွှမ်းမင်ခရိုင်

“မင်းပြောတော့ တုန်းဖူတည်းခိုရိပ်သာဆို ၊ နာမည်ကလွဲနေ
သလိုပဲ”

တည်းခိုခန်းအပြင်ဘက်တွင်ရပ်နေရင်း လူနှစ်ယောက်ပြောနေ
ကြသည်။

ထိုသူနှစ်ယောက်အနက် တစ်ယောက်မှာ ပြည်နယ်အုပ်ချုပ်
ရေးမှူးစောပင်ဖြစ်လေသည်။

သူကသာမန်အဝတ်အစားများကိုဝတ်ဆင်ထားပြီး စိတ်ရှုတ်နေပုံလည်းရသည်။ သူ့ဘေးတွင်ရပ်နေသည့်လူကတော့ အနက်ရောင်ဝတ်ဆင်ထားပြီး ထိုသူ၏မျက်လုံးများမှာ တောက်ပနက်မှောင်နေကြသည်။ သူ၏ဆံပင်ရှည်များမှာမျက်နှာတစ်ဝက်ကိုဖုံးအုပ်ထားလေသည်။ သူ့ပုံစံမှာအေးစက်စက်နှင့်ဘာကိုမှဂရုမစိုက်သည့်ပုံဖြစ်လေသည်။ အသက်ကတော့သုံးဆယ်လောက်ရှိမည်ဟု ခန့်မှန်းရလေသည်။

"ဒီနေရာဆိုတာသေချာပါတယ်၊ နာမည်ပြောင်းလိုက်တာဖြစ်မယ်၊ အထဲအရင်ဝင်ပြီးမှ ဆက်စုံစမ်းကြည့်ကြတာပေါ့"

ပြည်နယ်အုပ်ချုပ်ရေးမှူးစောကပြောလိုက်သည်။

"မင်းလူတွေက သောက်လုပ်မလုပ်ဘဲ ပိုက်ဆံယူနေကြတာပဲ၊ ဒီလိုကိစ္စအသေးအဖွဲ့လေးတွေကိုတောင် မသိကြဘူး လား"

အနက်ရောင်ဝတ်လူက အေးစက်စက်လေသံဖြင့်ပြောလိုက်သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောက ရှက်ရှက်နှင့်ပင်ရယ်နေလိုက်လေသည်။

“မင်းကရှမ်းမင်ခရိုင်ကအရာရှိတစ်ယောက်ပဲ ၊ ဘုရင့်နောက်လိုက်ခွေးအဆင့်ပဲရှိတာ ၊ ဘာတွေများမောက်မာနေရတာလဲ”

ပြည်နယ်အုပ်ချုပ်ရေးမှူးစောကစိတ်ထဲမှပြောလိုက်သည်။ စိတ်ထဲတွင်ကျိန်ဆဲနေသော်လည်းပဲ မျက်နှာပေါ်တွင်တော့ မကျေနပ်ချက်ကိုမဖော်ပြရဲပေ။ ရာထူးအဆင့်အရပြောရလျှင်သူတို့နှစ်ယောက်မှာရာထူးအတူတူပင်ဖြစ်လေသည်။ သို့သော်ထိုသူကတော့ ဘုရင့်လက်အောက်တွင် အမှုထမ်းရသူဖြစ်လေသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ဘုရင့်နေပြည်တော်မှစောင့်ကြည့်နေသည့် အစောင့်ခွေးလိုပင်။ ထိုကဲ့သို့သောလူမျိုးနှင့် ပြဿနာမဖြစ်သည်မှာ အကောင်းဆုံးပင်ဖြစ်လေသည်။

သူ့ကိုနောက်ပြောင်ပြီးခေါ်ကြသလို ပြည်နယ်အုပ်ချုပ်ရေးမှူး စောမှာ "စောရှု" ဟူသည့် ခြုံတိုးကြွက်စုတ်ပင် ဖြစ်ချင် စိတ်ပေါက်နေမိသည်။ သူကရုံးလုပ်ငန်းများကိုသာ အေးအေးဆေးဆေးလုပ်ချင်သူဖြစ်သည်။ ၏ရည်မှန်းချက်မှာ သူ့ဘဝတစ်ခုလုံး ကောင်းကောင်းရပ်တည်နိုင်သည့် လစာ ကောင်းကောင်းရရှိရန်ပင် ဖြစ်လေသည်။ နိုင်ငံရေးကိစ္စများ တွင် သူကအများကြီးတွေးတောစဉ်းစားချင်သူမဟုတ်ပေ။ ရှမ်းမင်ခရိုင်မှအရာရှိမှာ အစိမ်းရောင်ဝတ်လူကိုခေါ်ရန် အတွက် ဘုရင့်နေပြည်တော်မှ ရောက်လာခြင်းဖြစ်လေသည်။ အကြောင်းကြောင်းကြောင့် အနည်းငယ်နောက်ကျသွားရခြင်း ဖြစ်လေသည်။ ပြည်နယ်အစိုးရက အစိမ်းရောင်ဝတ်လူ အကြောင်းတိုင်ကြားအစီရင်ခံပြီးသည်နှင့် ထိုအရာရှိကို ချက်ချင်းစေလွှတ်ရန်ဖြစ်သော်လည်း ရှမ်းမင်ခရိုင်မှ တာဝန်

လွှဲပြောင်းမှုအဆင့်ဆင့်ကြောင့် ရက်အနည်းငယ်ကျန့်ကြာသွား ရကာ ယခုမှရောက်ရှိလာရခြင်းပင်။

ဆန်းလျန်မှာ အစိမ်းရောင်ဝတ်လူကိုနောက်ဆုံးမြင်တွေ့ခဲ့သူ ဖြစ်ပြီး ဆန်းအိမ်တော်သို့ အန္တရယ်ကင်းစွာပြန်ရောက် လာ သည့်သူဖြစ်လေသည်။ ထို့ကြောင့် အစိမ်းရောင်ဝတ်လူ ပျောက်ဆုံးသွားသည့်ကိစ္စနှင့်ပတ်သက်ပြီး ရှွမ်းမင်မှအရာရှိမှာ ဆန်းလျန်နှင့် စကားပြောလိုသည်မှာသဘာဝကျလေသည်။ သို့သော် ဆန်းအိမ်တော်မှာ ချင်ပြည်နယ်တွင် အလွန်ပင်ဂုဏ် သတင်းကျော်စောသောကြောင့် ဆန်းလျန်ကို မြို့တော်ခန်းမ သို့ဆင့်ခေါ်လျှင် ဆန်းအိမ်တော်အနေဖြင့် အထင်လွဲသွားနိုင် လေသည်။ ထိုကဲ့သို့သောကိစ္စများတွင် အတွေ့အကြုံရှိသော ပြည်နယ်အုပ်ချုပ်ရေးမှူးစောက ပြဿနာတော့အဖြစ်မခံလို ပေ။

ထို့ကြောင့် ရွှမ်းမင်မှအရာရှိကိုပင် ဆန်းလျန်ရှိသည့် တည်းခို ရိပ်သာသို့ လှည့်ပတ်ခေါ်ဆောင်လာရခြင်းဖြစ်လေသည်။ ထို့ပြင် ရွှမ်းမင်မှအရာရှိမှာလည်း ထိုကိစ္စများကို လျှို့ဝှက်ပြီး လူသိမခံချင်ပေ။ သူကိုယ်တိုင်မှာလည်း ရွှမ်းမင်ခရိုင် နှင့် တရားရေးဝန်ကြီးရုံးမှ တောက်လျှောက်စုံစမ်းနေသည့် ရက်စက်ယုတ်မာလွန်းသည့် ရာဇဝတ်သားအတွက် အတော်ပင် စိတ်အနှောင့်အယှက်ဖြစ်နေရလေသည်။

ရွှမ်းမင်ခရိုင်မှအရာရှိများမှာ ကျန်းဟူနှင့်အဆက်အသွယ်ရှိကြ သည်ကများလေသည်။ ယခုအရာရှိမှာလည်း ကျန်းဟူ ရှိသိုင်း ဂိုဏ်းတစ်ဂိုဏ်းမှဖြစ်လေသည်။ သူက အစိမ်းရောင်ဝတ်လူကို လာခေါ်သည်မှာ ရုံးအလုပ်ကိစ္စအပြင်သူ၏ကိုယ်ရေးကိုယ်တာ ကိစ္စလည်းရှိနေလေသည်။ သူက အစိမ်းရောင်ဝတ် လူ၏ဇစ်မြစ်ကိုအကုန်သိသောသူဖြစ်သော ကြောင့် နတ်သက် ခြွေခြားသိုင်းနှင့် ဆန်းကျူကျင့်စဉ်ကျမ်းတို့ကို စိတ်မဝင်စား

ဘူးဟုပြောလျှင် ပေါ်တင်ကြီး လိမ်လည်ရာရောက်ပေ

လိမ့်မည်။

....

စာရွက်စာတမ်းများအရ ဆန်းလျန်မှာ တည်းခို

ရိပ်သာ၏ပိုင်ရှင်ဖြစ်သော်လည်း တကယ်တမ်း အလုပ်လုပ်ရ

သည့်သူ မှာအိမ်တော်ထိန်းဝူဖြစ်လေသည်။

နှစ်ပေါင်းရာကျော်တိုင်အောင်မပြောင်းမလဲရှိခဲ့သည့် တည်းခို

ရိပ်သာ၏နာမည်ကို ဆန်းလျန်ကပြောင်းလိုက်သော ကြောင့်

အိမ်တော်ထိန်းဝူမှာ စိတ်စနိုးစနောင့်ဖြစ်နေရလေသည်။ ဆန်း

အိမ်တော်မှာ အမြတ်များသည့်စီးပွားရေး လုပ်ငန်းများစွာကို

ပိုင်ဆိုင်လေသည်။ တည်းခိုရိပ်သာမှာတော့ အမြတ်ရရှိရုံ

သက်သက်လုပ်ဆောင်နေခြင်း မဟုတ်ပေ။

ဘိုးစဉ်ဘောင်ဆက် အမွေဆက်ခံခဲ့သည့် ချမ်းသာကြွယ်ဝ

မှု၏သင်္ကေတအဖြစ် လုပ်ကိုင်နေခြင်းဖြစ်လေ သည်။

ဆန်းသခင်ကြီးက တည်းခိုရိပ်သာမှာ ဆန်းလျန်၏လက်ထဲသို့ လုံးဝရောက်ရှိသွားပြီ ဟုအားလုံးကို ပြတ်ပြတ် သားသားပြော ကြားပြီးသည့်နောက်ပိုင်း ဆန်းလျန်ဘာလုပ်လုပ် အပြစ်မဆို သာတော့ပေ။

တည်းခိုရိပ်သာ၏မြေယာနာမည်ပင်လျှင် ဆန်းလျန်နာမည်နှင့် ဖြစ်နေပြီဖြစ်လေသည်။

တည်းခိုရိပ်သာမှာ ဆန်းလျန်ပိုင်ဆိုင်သည့် သီးသန့်ပိုင်ဆိုင်မှု ဖြစ်လေသည်။ အိမ်တော်ထိန်းဝူက ဘာလုပ်သင့်သူဟု ဝင်ပြော မည်ဆိုလျှင်လည်း ဆန်းလျန်၏ အေးဆေးတည်ငြိမ်သော အပြုံးနှင့်သာရင်ဆိုင်ရမည်ဖြစ်လေသည်။

တည်းခိုရိပ်သာမှာ သုံးထပ်ဖြစ်လေသည်။ ဆန်းလျန်မှာ အပေါ် ဆုံးထပ်တွင်နေလေသည်။ ထိုနေရာက အပြင်လူ ဝင်ခွင့်မရှိ ပေ။

တည်းခိုရိပ်သာမှာ လမ်းမကိုမျက်နှာမူထားပြီး မြို့၏အ
စည်ကားဆုံးအပိုင်းတွင်တည်ရှိလေသည်။ တစ်ခေတ်မှာ
တစ်ခါကြံုရလောက်သည့် ဂန္ထဝင်အဆောက်အဦးကြီးဟု
သတ်မှတ်နိုင်လေသည်။ အဆောက်အဦးနှင့်မျက်နှာချင်း ဆိုင်
မှနေရောင်ခြည်သည် ပြတင်းပေါက်များမှတစ်ဆင့် ဆန်းလျှန်
ဆီသို့ဝင်ရောက်လာပြီး ငြိမ်းချမ်းငြိမ်သက်ဖွယ်ရာ ရှုခင်းကို
မြင်ရလေသည်။

သူအချိန်ခရီးသွားပြီးကတည်းက သူ့ဘဝတွင် ပထမဆုံး
အကြိမ်ပျော်ရွှင်ခဲ့ရသည့်အချိန်ဖြစ်လေသည်။

သူလာခဲ့သည့် ရင်တထိတ်ထိတ်နှင့်နေရသည့် ခေတ်ပေါ်ကမ္ဘာ
နှင့်တော့ကွာခြားလေသည်။ ဤနေရာတွင် ဆိုရှယ်မီဒီယာများ
မှတစ်ဆင့် နည်းပညာများဖြင့်တုန့်ပြန်မှုမျိုးထက်
မျက်နှာချင်းဆိုင်စကားပြောဆိုကြရသည်ကများ လေသည်။

အိမ်နီနားချင်းများမှာလည်း ဆန်းလျန်ငွေဇွန်းကိုက်မွေးလာ
သည့်အတွက် အတင်းအဖျင်းပြောဆိုခြင်းများမရှိကြဘဲ သူ
မွေးဖွားခဲ့သည့်အခြေအနေကိုပင် သနားနေကြသေးသည်။
လွန်ခဲ့သည့်သုံးရက်ခန့်က "အန်း" တည်းခိုရိပ်သာဖွင့်ပွဲကျင်းပ
စဉ်အတွင်း အိမ်နီးချင်းများက များစွာကူညီကြလေ သည်။
ဆန်းလျန်မှာ လက်မထပ်ရသေးခင်မွေးလာသည့်သားတစ်
ယောက် ဖြစ်သောကြောင့် မိသားစုထဲမှ ပ ထုတ် ခံလိုက်ရခြင်း
ဖြစ်ပြီး တည်းခိုရိပ်သာကိုဦးစီးခိုင်းသည်မှာ ဟန်ပြသက်သက်
သာဖြစ်သည်ဟု အကြောင်းမသိသူများက တွေးထင်ကြလေ
သည်။

ဤသည်မှာ ရေသောက်သလိုမျိုးပင်ဖြစ်လေသည်။
ရေကိုသောက်သည့်သူသာလျှင် သူသောက်သည့်သူမှာ ရေနွေး
လား ရေအေးလား ခွဲခြားသိနိုင်ပေလိမ့်မည်။

ခြေသံများကြောင့် ဆန်းလျန်အတွေးစများ ပြတ်တောက်သွား ရသည်။ အိမ်တော်ထိန်းဝူနှင့်အတူ ညှော့သည် နှစ်ယောက် ပါလာဟန်ရှိလေသည်။

ဆန်းလျန်မှာ ချက်ချင်းပင်သူ၏ပင်ကိုယ်သိစိတ်နှင့်တုန့်ပြန် လိုက်ပြီး အံ့သြသွားရလေသည်။ လူနှစ်ယောက်အနက် တစ် ယောက်မှာ သိုင်းပညာအဆင့် မြင့်သူဖြစ်လေသည်။

ထိုသူ၏ခြေသံမှာညင်သာလွန်းသောကြောင့် ဆန်းလျန်မှာသာ ထူးခြားသောအရည်အချင်းများမရှိလျှင် ကြားရနိုင်ဖွယ်မရှိ ပေ။

တံခါးခေါက်သံကြားလိုက်ရသည်။

"ဝင်လာပါ"

ဆန်းလျန်မှာ ပြတင်းပေါက်ဖက်သို့ မျက်နှာမူနေဆဲဖြစ်ပြီး တံခါးမကြီးမှာ သူ၏ကျောဘက်တွင်ရှိနေခြင်းဖြစ်လေ သည်။

"သခင်လေး ၊ လူကြီးလူကောင်းတွေရောက်လာကြပါတယ်"

အိမ်တော်ထိန်းဝူမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးစောကိုတွေ့သည့်အခါ များစွာအံ့ဩသွားခဲ့ရလေသည်။ ပြည်နယ် အုပ်ချုပ်ရေးမှူးစောလိုလူမျိုး လာရောက်လည်ပတ်လိမ့်မည်ဟု အိမ်တော်ထိန်းဝူက မျှော်လင့်မထားမိပေ။ ဆန်းအိမ်တော်မှာ ပြည်နယ်အရာရှိများထက်ပိုပြီး သြဇာအရှိန်အဝါကြီးသည်မဟုတ်ပါလား။

သို့သော် အိမ်တော်ထိန်းဝူမှာ ချင်ပြည်နယ်မြို့တော်၏အရှိန်အဝါအကြီးဆုံး အရာရှိအရာခံတစ်ဦးကို မော့၍ပင် မကြည့်ရဲပါ။ အိမ်တော်ထိန်းဝူမှာ အစေခံတစ်ယောက်မျှသာဖြစ်သောကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးစောကို ကြောက်လန့်မိသည်မှာ သဘာဝကျလေသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောသာ လျှို့ဝှက်ပြီးရောက်လာခြင်းမဟုတ်လျှင် ဆန်းလျန်မှာလည်း အောက်ထပ်ထိ ဆင်းပြီးယဉ်ကျေးပျူငှာစွာကြိုဆိုမိမည်ဖြစ်လေသည်။

“သွားလို့ရပြီ”

ဆန်းလျန်က အိမ်တော်ထိန်းဝူကို လက်ဝေ့ယမ်းပြရင်းပြော လိုက်သည်။

အိမ်တော်ထိန်းဝူမှာ မနီးမဝေးတွင် ရပ်နေသေးသောကြောင့် ဆန်းလျန်က အဝေးသို့သွားရန် တစ်ချက်ကြည့်ပြီး သတိပေး လိုက်ရလေသည်။

ဆန်းလျန်မှာငယ်ရွယ်သော်လည်း မောက်မာခက်ထန်သူမဟုတ် ပါ။ သူကပုံမှန်ဆိုလျှင် အိမ်တော်ထိန်းဝူကို ဆူပူခြင်း လည်းမရှိ ပါ။ သို့သော် ဆန်းလျန်ကအမိန့်ပေးလျှင်တော့ သူကလိုက်နာရ မည်သာဖြစ်လေသည်။ သူဆန်းလျန်အနား သို့သွားသည့် အချိန်တိုင်း ဆန်းလျန်မှာ ပုံမှန်အတိုင်းခပ်တည်တည်ဖြစ်နေ လျှင် သူအထွန့်မတက်ရဲပေ။

ဆန်းလျန်က ပြည်နယ်အုပ်ချုပ်ရေးမှူးစောကို တစ်ချက်ကြည့် လိုက်ပြီး ရွှမ်းမင်ခရိုင်မှအရာရှိကိုလှမ်းကြည့်လိုက် သည်။

ထိုသူမှာ အနက်ရောင်ဝတ်ဆင်ဓားပြီး ဓားတစ်ချောင်းကိုင်ဆောင်ထားလေသည်။ သူ၏မျက်ဝန်းများမှာလည်း သွေးဆာနေသည့်အရိပ်အရောင်များနှင့်ပြည့်နက်နေသဖြင့် ဆန်းလျန်စိတ်မသက်မသာဖြစ်သွားရသည်။

“မိတ်ဆွေလေးဆန်းလျန် နေကောင်းပါရဲ့လား ၊ ပြီးခဲ့တဲ့တစ်ခေါက်တုန်းက ကျေးဇူးတင်စကားတောင် သေချာမပြော လိုက်ရဘူး ၊ အော် ဒါက ဘုရင့်နေပြည်တော် ရွှမ်းမင်ခရိုင်က ဆရာမုန့်ဟန်ပါ ၊ သူက မိတ်ဆွေလေးကို မေးစရာရှိလို့ တဲ့”

သူ့စကားလုံးများကပညာသားပါလေသည်။ သူကဆန်းလျန်နှင့်တွေ့ခဲ့ဖူးသည်ကိုအမှတ်ရပြီး ပြဿနာရှာဖို့အတွက် လာခြင်းမဟုတ်ဘဲ စုံစမ်းစရာကိစ္စရှိ၍သာ လာခြင်းဖြစ်ကြောင်းသွယ်ဝိုက်ပြောလိုက်ခြင်းဖြစ်လေသည်။

စုံစမ်းစရာကိစ္စရှိသည်ဆိုလျှင် မည်သည့်ကိုပြောသည်ဆိုသည်ကို ဆန်းလျန်အတိအကျရိပ်မိလေသည်။

မုန့်ဟာန်၏ရာထူးကိုလည်း ပြောပြလိုက်သည့်အတွက် ဆန်းလျ
န်အနေဖြင့် မည်သို့ပြုမူနေထိုင်ရမည်ကို သတိပြုလိုက်မိလေ
သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ ဆန်းလျန်နှင့်အပေးအယူလုပ်
ခဲ့ဖူးသည့်အတွက် ဆန်းလျန်မှာ အသက်ငယ် သော်လည်း ခပ်
ပေါ့ပေါ့လူငယ်တစ်ယောက်မဟုတ်ကြောင်း ကောင်းကောင်းသိ
လေသည်။

ဆန်းလျန်သာ သာမန်လူတစ်ယောက်ဆိုလျှင် ပြည်နယ်
အုပ်ချုပ်ရေးမှူးစောမှာလည်း အရေးပေးဆက်ဆံနေမည်
မဟုတ်ပေ။

မုန့်ဟာန်မှာလည်း ပထမဆုံးအကြိမ်ဆန်းလျန်ကိုမြင်လိုက်
သည်နှင့် စိတ်ထဲမှကြိတ်၍ချီးကျူးလိုက်မိလေသည်။ ဆန်းလျ
န်ကဲ့သို့သောလူငယ်လေးမျိုးကို တောကျသည့်ချင်ပြည်နယ်

မြို့တော်တွင်ရှိလိမ့်မည်ဟု သူမျှော်လင့်မထားမိ သည်ကတော့ အမှန်ပင်။

သို့သော်လည်း....

"ကလေး... ယန်ရှမ်နဲ့ပတ်သက်တဲ့အရာအားလုံး ကျုပ်ကိုပြောပြရင်ကောင်းလိမ့်မယ်"

ဟု အေးစက်စွာဖြင့် ပြောလိုက်လေတော့သည်။

အခန်း (၂၇)

တစ်ချက်တည်းဖြင့်လဲကျသွားခြင်း

ယန်ရွှမ်ဆိုသည်မှာ အစိမ်းရောင်ဝတ်လူ၏နာမည်အရင်းပင်

ဖြစ်လေသည်။ ဆန်းလျန်မှာ လင်ချုန်းရှောင်က ပြောပြ ထား

သည့်အတွက်သိနေခြင်းပင်ဖြစ်လေသည်။

သို့သော် အရာရှိဆိုသည့်လူမှာ အစိမ်းရောင်ဝတ်လူ၏အမည်

ရင်းကိုသိနေခြင်းအားဖြင့် ရွှမ်းမင်ခရိုင်မှာ တတင်းရယူ မှုမည်

မျှတော်ကြောင်းကို သက်သေပြလိုက်ခြင်းပင်ဖြစ်လေသည်။

"လူကြီးမင်း… ကျွန်တော်ကလူကြီးမင်းရဲ့အကျဉ်းသားလား ၊

ဒါမှမဟုတ် လက်အောက်ငယ်သားလား"

ရွှမ်းမင်ခရိုင်မှအရာရှိမုန့်ဟန်ကို ဆန်းလျန်ကစိုက်ကြည့်ပြီးမေး

လိုက်သည်။ သူကငယ်ရွယ်ပုံရပြီး မျက်နှာမှာ အနည်းငယ်

ကလေးဆန်နေသော်လည်း သူ၏စိုက်ကြည့်နေသည့်အကြည့်

ကတော့ နက်နဲလွန်းလေသည်။

အရာရှိမုန့်ယောင်မှာ အနောက်သို့ခြေတစ်လှမ်းခန့်ဆုတ်မိသွား

လေသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ ဟင် ခနဲအသံထွက်မိသည်ထိ

ပင် အံ့သြသွားရလေသည်။

အခန်းတစ်ခုလုံးမှာ ထိတ်လန့်စရာကောင်းလောက်အောင်ပင်

တိတ်ဆိတ်သွားသည်။ အပ်ကျသံပင် မကြားရတော့လောက်

အောင်တိတ်ဆိတ်သွားခြင်းဖြစ်လေသည်။

မုန့်ဟန်မှာလည်း အံ့သြသွားရလေသည်။ သူနောက်သို့ခြေတစ်

လှမ်းဆုတ်မိသည့်အတွက် ရှက်သွားမိလေသည်။ သူ့မျက်နှာ

မှာ သံပူချောင်းကဲ့သို့ နီရဲနေလေတော့သည်။

ရွှမ်းမင်ခရိုင်တွင် တာဝန်မထမ်းဆောင်စဉ်က မုန့်ဟန်မှာ

နာမည်ဂုဏ်သတင်းကျော်ကြားသည့် သိုင်းဂိုဏ်းတစ်ဂိုဏ်းဖြစ်

သည့် ချီးယန်ဂိုဏ်းမှတပည့်တစ်ယောက်ဖြစ်လေသည်။

ချီးယန်ဂိုဏ်းမှာ ဘုရင်အပေါ်သစ္စာစောင့်သိသည့်သိုင်းဂိုဏ်း

တစ်ခုဖြစ်သောကြောင့် ဘုရင့်နန်းတော်မှ သဘောကျ နှစ်သက်

မှုကိုခံရပြီး သစ္စာရှိလုပ်ရပ်များအတွက် ဘွဲ့ထူးဂုဏ်ထူးများ

ပေးအပ်ထားခြင်းခံထားရသည့် သိုင်းဂိုဏ်းတစ်ခုဖြစ်လေသည်။

ချီးယန်ဂိုဏ်းမှာ ကျန်းဟူတွင်သာမက ဘုရင့်နန်းတော်ထိပါ ပေါက်ရောက်သည့် အဆင့်မြင့်သိုင်းဂိုဏ်းတစ်ခုပင်ဖြစ်သည်။ မုန့်ဟန်မှာ ရှမ်းမင်ခရိုင်တွင်အရာရှိမဖြစ်ခင်က ချီးယန်ဂိုဏ်းမှ ကြယ်တစ်ပွင့်ဖြစ်ခဲ့လေသည်။ သူ၏အရည်အချင်းကြောင့် ရှမ်းမင်ခရိုင်တွင်လည်း လေးစားခံရလေသည်။ ထိုအကြောင်းများကြောင့်ပင် သူကလည်းလွန်စွာမှမာနကြီးလေသည်။ သို့သော် ယခုကဲ့သို့ခြေတစ်လှမ်းဆုတ်မိသည့်သတင်းသာ သိုင်းလောကသားများနှင့် သူ၏လုပ်ဖော်ကိုင်ဖက်များကြားတွင် ပျံ့နှံ့သွားပါက တွေးရဲစရာပင်မရှိချေ။

ဆန်းလျန်မှာ ခေတ်ပေါ်လောကတွင်နေစဉ်အချိန်က ဆေးခန်းတစ်ခုပိုင်ဆိုင်ခဲ့သူဖြစ်သည်။ လူပေါင်းများစွာနှင့်ဆက်ဆံရ

သည့်အတွေ့အကြုံရှိသောကြောင့် မုန့်ဟာန်စိတ်ထဲမည်သို့ဖြစ်သွားသည်ကို ရိပ်မိလိုက်လေသည်။

မုန့်ဟာန်ကဲ့သို့သောလူစားများမှာ အလျှော့ပေးတတ်သူများမဟုတ်ပေ။ ထို့ပြင် သူတို့က အာဏာကိုအသုံးပြုပြီးအနိုင်ကျင့်တတ်သည့်သူများလည်းဖြစ်လေသည်။ ဆန်းလျန်အနေဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးစောကို ကိုင်တွယ်သလို မုန့်ဟာန်ကို ကိုင်တွယ်လို့ရမည်မဟုတ်ပေ။ သည်လိုလူမျိုးများသည် ကျိုးသင့်ကြောင်းသင့်ရှင်းပြသည်ကိုလည်း လက်ခံမည့် သူများမဟုတ်။

ထို့ကြောင့်ပင် ဆန်းလျန်ကလည်း မိမိအနေအထားကိုသိအောင် တမင်သက်သက်ပညာပြလိုက်ခြင်းဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူချန်ခဲ့သည့်သိုင်းကျမ်းကြောင့်သိုင်းလောကတွင် ရှုတ်ထွေးမှုများဖြစ်ပေါ်လာနိုင်သည်။

ဆန်းလျန်တွင် နတ်သက်ခြေဓားသိုင်းနှင့် ဆန်းကျူကျင့်စဉ် ကျမ်းမရှိပါဟုပြောလျှင်လည်း မည်သူမျှယုံမည်မဟုတ်ပေ။ ထို့ပြင် ထိုကျမ်းစာအုပ်များကလည်း ဆန်းလျန်တွင်တကယ်ရှိ နေလေသည်။

မုန့်ဟန်မှာ ပထမဆုံးရောက်လာသည့်သူဖြစ်သော်လည်း နောက်ထပ်လူပေါင်းများစွာ ဆန်းလျန်ဆီသို့ရောက်လာကြဦး မည်မှာ မလွဲကေန်ပင်ဖြစ်လေသည်။

ဤအကြောင်းများကြောင့်ပင် ဆန်းလျန်မှာ ဆန်းအိမ်တော်မှ ထွက်ခွာလာခဲ့ရခြင်းဖြစ်လေသည်။ ဆန်းအိမ်တော်ကို ပြဿနာများစွာသယ်ဆောင်လာသကဲ့သို့ဖြစ်မည်ကို ဆန်းလျန် မဖြစ်စေချင်ပါ။

ထို့ပြင် သူကနာမည်ဂုဏ်သတင်းရှိသူတစ်ယောက်မဟုတ် သောကြောင့် သူ့ကိုမည်သူမျှကြောက်မည်မဟုတ်ပေ။ သူ့ကို

ဒုက္ခပေးရန်အတွက် လူပေါင်းများစွာရောက်လာကြမည်ဖြစ်လေသည်။

ခြေတစ်လှမ်းဆုတ်လိုက်ပြီးနောက် မုန့်ဟန်က သူ့ကိုယ်သူအားတင်းလိုက်သည်။ ကလေးတစ်ယောက်ကို သူကကြောက်နေမိသည်တဲ့လား။

"ကျုပ်ကအစိမ်းရောင်ဝတ်လူနဲ့ဖြစ်ခဲ့တဲ့ကိစ္စတွေကိုသိချင်တာပါ ၊ မင်းအပေါ်ကြမ်းကြမ်းတမ်းတမ်းလုပ်ဖို့ မရည်ရွယ်ပါဘူး"

မုန့်ဟန်က ဒေါသကိုဖုံးကွယ်ပြီး အေးဆေးစွာပြောလိုက်သည်။ ဒေါသကိုဖုံးကွယ်ထားသည့်မည်သူမဆို ထိုသို့သောစကားမျိုးကိုသာပြောမည်ဖြစ်လေသည်။

"ကျုပ်ကမပြောဘူးဆိုရင်ရော"

ဆန်းလျန်က အကြောက်အလန့်မရှိ ပြန်ပြောလိုက်သည်။

"ကျုပ်တောင်းဆိုတာကိုမင်းမှာငြင်းပိုင်ခွင့်မရှိဘူး ၊ ကောင်လေး... မင်းကအသာတကြည်မပြောမှတော့ ပြောအောင် လုပ်ရတော့မယ်"

"ဆန်းလျန် ၊ ဒီကိစ္စကအရေးမကြီးပါဘူး ၊ မင်းပြောပြလိုက်ပါ ၊ လူကြီးတွေအခက်တွေ့အောင်မလုပ်ပါနဲ့"

ပြည်နယ်အုပ်ချုပ်ရေးမှူးစောကဝင်ပြောလိုက်သည်။

"ဒီကိစ္စက ရွှမ်းမင်ခရိုင်ရဲ့ကိစ္စ ၊ မင်းလိုပြည်နယ်အုပ်ချုပ်ရေးမှူးအဆင့်က ဝင်ပြောစရာမလိုဘူး"

မုန့်ဟာန်က ပြည်နယ်အုပ်ချုပ်ရေးမှူးစောကို တစ်ချက်ကြည့်ရင်းပြောလိုက်သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ ဒေါသကိုမျိုသိပ်ထားလိုက်ရလေသည်။ သူတို့အားလုံးမှာ ဘုရင်တစ်ပါးတည်း၏ လက်အောက်တွင်အမှုထမ်းကြသူဖြစ်ပြီး သူကလည်း နန်းတွင်းအဆင့်မြင့်စာမေးပွဲ အောင်မြင်ခဲ့သည့်သူ တစ်ယောက်

ဖြစ်လေသည်။ ရှမ်းမင်ခရိုင်မှ ရှံ့စရာလူများကတော့ မိမိတို့

ကဲ့သို့ ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ဝက်တွေ ခွေးတွေလို

ဆက်ဆံနေကြသည်ဟု တွေးနေမိသည်။

"အတူတူပါပဲ ၊ ကျုပ်ကိစ္စတွေမှာလည်း မုန့်လူကြီးမင်းဝင်ပြော

ဖို့ မလိုပါဘူး"

ဆန်းလျန်က ပြုံးပြီးပြောလိုက်လေသည်။

"တော်တော် တော်တဲ့ကလေးပဲ"

မုန့်ဟန်မှာ အလွန်ဒေါသထွက်နေလေပြီ။ သူက ကလေးတစ်

ယောက်ပေါ်တွင် အကြမ်းပတမ်းလုပ်ဖို့ မရည်ရွယ်ခဲ့ ပေ။

သို့သော် ဆန်းလျန်က မလုပ်လုပ်အောင်တွန်းပို့နေသလိုဖြစ်နေ

လေသည်။ ထို့ကြောင့်ပင် သူ့ဒေါသကို ထိန်းမထားနိုင်တော့

ပေ။

သူ့ဓားကိုဆွဲထုတ်လိုက်ပြီး အတွင်းအားကိုဖြည်းဖြည်းချင်း

ထည့်လိုက်သည်။ သံမဏိဖြင့်ပြုလုပ်ထားသည့်ဓားမှာ

ပူလောင်လာပြီး အနီရောင်သို့ပြောင်းသွားလေသည်။

ချီးယန်ဂိုဏ်း၏အတွင်းအားမှာ ပြင်းထန်သော "ယန်"စွမ်းအား

ကို အခြေခံထားခြင်းဖြစ်လေသည်။ ထို့ကြောင့် ချီးယန်ဂိုဏ်းက

သူတို့၏တပည့်များကို ဟန် ၊ ပင်း ၊ ယင် ၊ လန် စသည့်စာလုံး

များပါဝင်သောနာမည် နာမည်များပေးထားကြခြင်းဖြစ်လေ

သည်။ ထိုသို့နာမည်ပေးထားခြင်း အားဖြင့် တပည့်များမှာ သူ

တို့၏မာနနှင့်ဒေါသကိုထိန်းချုပ်နိုင်ရန်အတွက် အစဉ်အမြဲ

သတိရနေကြလိမ့်မည်ဖြစ်လေသည်။

မုန့်ဟန်၏နာမည်မှာ "အေးချမ်းမှု" ဟု အဓိပ္ပါယ်ရသည့် "ဟန်"

ဆိုသည့်စာလုံးကိုပေးထားသော်လည်း မုန့်ဟန်၏ရင်ထဲမှ

ဒေါသကတော့ထိန်း၍မရတော့ပေ။ ဒေါသကြောင့်

သူ၏အတွင်းအားများပွင့်ထွက်ကုန်ပြီး ဆန်းလျန်ကို ပညာပေးရန် ဆုံးဖြတ်လိုက်လေတော့သည်။

သူ့ဓားကိုပင် သတိမပြုမိဘဲ ဆွဲထုတ်မိခြင်းဖြစ်လေသည်။ ဓားက ဆန်းလျန်ဆီသို့တိုးဝင်သွားသည်။

ထိုသိုင်းကွက်ကို "လည်မျိုထိုးသွင်း" သိုင်းကွက်ဟုခေါ်ပြီး ဓားမှာ ဆန်းလျန်၏လည်မျိုတည့်တည့်သို့ တိုးဝင်သွား လေသည်။

သို့သော် မုန့်ဟန်မှာ ဆင်ခြင်နိုင်စွမ်းတော့ ရှိနေသေးသည်။

သူ၏ဓားချက်တွင် အားအပြည့်သုံးမထားသည့်တိုင် ဤဓားချက်သာထိလျှင် ဆန်းလျန်မှာ လပေါင်းများစွာ အစားမစားနိုင်၊ စကားမပြောနိုင်ဖြစ်သွားပေလိမ့်မည်။

ဆန်းလျန်သာစကားမပြောနိုင်တော့လျှင် အစိမ်းရောင်ဝတ်လူအကြောင်း သူသိရတော့မည်မဟုတ်ပေ။

ထို့ကြောင့်ပင် သူ၏ဓားသွားကို လည်မျိုသို့ဦးတည်နေရာမှ အောက်ဘက်သို့လမ်းကြောင်းပြောင်းလိုက်လေသည်။

ဆန်းလျန်က သူ၏ဓားချက်ကို မတုန့်ပြန်ပေ။ ရုတ်တရက် အစိမ်းရောင်အလင်းတန်းတစ်ခုလက်ခနဲဖြစ်သွားပြီး မုန့်ဟန်၏ဓားချက်မှာ ရပ်တန့်သွားရလေသည်။ ဆန်းလျန်၏လက်ထဲတွင် အစိမ်းရောင်သစ်ပင်ဖြင့်ပြုလုပ်ထားသော သစ်သားဓားတစ်လက်ရှိနေပြီး ထိုဓားဖြင့် မုန့်ဟန်၏ လျယ်ခွျဲ့ဆုံချက်ကို တိုက်ခိုက်လိုက်လိုက်ခြင်းဖြစ်လေသည်။ လျယ်ခွျဲ့ဆုံချက်မှာ လူတစ်ယောက်၏လက်တွင်ရှိလေသည်။ လက်ဆစ်စုံချက်နေရာ အထက်နား လက်ကောက်ဝတ်မှ နှစ်လက်မခန့်အကွာတွင်ရှိသည်။လက်၏ကြွက်သားနေရာနှင့် လက်ဖြန်ကြွက်သား နေရာကြားတွင်ဆက်သွယ်ပေးထားသည့် "အယူအဆပိုင်းဆိုင်ရာဆုံချက်" ဖြစ်လေသည်။ ဆန်းလျန်၏လှုပ်ရှားမှုကနှေးကွေးသော်လည်း တိကျပြီး အချိန်ကိုက်လှုပ်ရှားနိုင်လေသည်။ ပြိုင်ဘက်၏တိုက်ခိုက်မှု

ထက်နောက်ကျပြီးမှ ပြန်လည်တိုက်ခိုက်လိုက်ခြင်းဖြစ်သည့်

တိုင် ရန်သူ၏သိုင်းကွက်အပေါ်တွင် လွှမ်းမိုးသွားလေ သည်။

ဆန်းလျန်မှာ အတွင်းအားရော အတွေ့အကြုံပါနည်းပါး

သည့်အတွက် မုန့်ဟန်ကိုတော့ နိုင်အောင်တိုက်ခိုက်နိုင်မည်

မဟုတ်ပါ။ သို့သော် သူယခုတိုက်လိုက်သည့်သိုင်းကွက်မှာ

အတွင်းအားပေါ်တွင်မူတည်ခြင်းမရှိပေ။ ဝိညာဉ်စွမ်းအား ပြည့်

ဝသည့် နတ်သက်ခြေဓားသိုင်း အရိပ်အယောင်မျှဖြင့်သာ မုန့်

ဟန်ကိုတိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

စိတ်ဝိညာဉ်နှင့်အတွင်းအားမှာ အတူတူအလုပ်လုပ်ကြခြင်းဖြစ်

လေသည်။ ဆန်းလျန်၏ဓားချက်မှာ မုန့်ဟန်၏ လျယ်ချွဲဆုံ

မှတ်ကို တည့်တည့်ထိသွားပြီး မုန့်ဟန်၏စိတ်ဝိညာဉ်မှာ ထိခိုက်

သွားရလေတော့သည်။ လျယ်ချွဲသွေးကြောပိတ်သွား

သည့်အတွက် မုန့်ဟန်၏အတွင်းအားများရှုတ်ထွေးကုန်သည်။

မုန့်ဟန်မှာဒေါသလည်းထွက်နေသလို အံ့သြတုန်လှုပ်၍လည်း သွားရလေသည်။ ဆန်းလျန် သူ့ကိုအနိုင်ရလိမ့်မည်ဟု သူထင်မထားခဲ့မိပေ။

သူ၏အတွေးများမှာ ပရမ်းပတာဖြစ်ကုန်ပြီး ဓားချက်ကိုဆက်ပြီးထိုးသွင်းလိုက်သည်။

သူ့အတွင်းအားများရှုတ်ထွေးနေသည်ကို သူကိုယ်တိုင်ပင်မသိနိုင်တော့။

ဆန်းလျန်၏ဓားကလည်း အရှိန်ဖြင့်ဆက်ရွေ့လျားသွားပြီး မုန့်ဟန်ကိုအသာပင်ရိုက်ချလိုက်လေသည်။ မုန့်ဟန်၏ဓားက အရှိန်ဖြင့်တိုးဝင်လာချိန်တွင် ဆန်းလျန်ကထိုသို့ရိုက်ချလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန် အားပင်မသုံးလိုက်ရဘဲ မုန့်ဟန်မှာ တတိယထပ်ရှိ ပြတင်းပေါက်မှ အပြင်ဘက်သို့လွင့်စင်ထွက်သွားလေတော့သည်။

ဒုတိယထပ်တွင် လသာဆောင်လေးတစ်ခုရှိလေသည်။ မုန့်ဟာန်မှာ ထိုလသာဆောင်ပေါ်သို့ ပြုတ်ကျသွားသည့်အသံကို ကျယ်လောင်စွာကြားလိုက်ရလေသည်။

လသာဆောင်မှာ သစ်သားကောင်းဖြင့်ပြုလုပ်ထားသည့်အတွက် မုန့်ဟာန်ပြုတ်ကျသွားသည့်တိုင်တစ်စစီပျက်စီးသွားခြင်းမျိုးမရှိဘဲ ထက်ပိုင်းသာကျိုးသွားလေသည်။

မုန့်ဟာန် ပြတင်းပေါက်မှလွင့်စင်ထွက်သွားသည်ကို ဆန်းလျန်တစ်ချက်လှမ်းကြည့်လိုက်သည်။ သူကဓားကိုတစ်ချက် ဝေ့ယမ်းလိုက်သည့်အခါတွင်တော့ လေအေးတစ်ချက်က မုန့်ဟာန်ကိုသွားရောက်တိုက်ခတ်လေငဘ်. မုန့်ဟာန်မှာ သူ၏ဦးခေါင်းပေါ်သို့ အေးစက်သည့်ရေတစ်ခွက်လောင်းချလိုက်သလိုခံစားလိုက်ရသည်။ အေးစက်ခြင်းများမှ တစ်ဆင့် ရုတ်တရက်နာကျင်ခြင်းကို ခံစားလိုက်ရပြီး မုန့်ဟာန်မှာ လသာဆောင်ပေါ်တွင် သတိလစ်သွားလေတော့သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောနှင့် ဆန်းလျန်တို့ ဒုတိယထပ်သို့ ဆင်းလာကြပြီး စပ်စပ်စုစုနှင့်ဝိုင်းကြည့်နေကြသည့် လူများကို မောင်းထုတ်လိုက်ကြသည်။

“ပြည်နယ်အုပ်ချုပ်ရေးမှူးစော ၊ မုန့်လူကြီးမင်းကြောင့် ကျုပ်တည်းခိုခန်းပျက်စီးသွားပြီ ၊ အပျက်အစီးတွေအတွက် လျော်ကြေးငွေကို မြို့တော်ခန်းမရုံးကလျော်ပေးနိုင်မလား”

ပျက်စီးနေသောလသာဆောင်ကိုကြည့်ပြီး ဆန်းလျန်ကပြော လိုက်ခြင်းဖြစ်လေသည်။

“ပြောစမ်းပါဦး ၊ မင်းဘာလုပ်လိုက်တယ်များထင်နေလဲဟင် ၊ ရှမ်းမင်ခရိုင်ကလူနဲ့ဘာလို့သွားပတ်သက်ရတာလဲ”

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ မုန့်ဟန်၏ပုံစံကို ကြည့်ရင်း အလွန်မှ စိတ်မသက်မသာဖြစ်နေသည့်ပုံရလေသည်။ သူ့မှာ ပြောရင်းသီးပင်သီးသွားရသည်။

“ကျွန်တော်သွားပတ်သက်မိသွားပြီပဲ ၊ ဘာပဲဖြစ်လာဖြစ်လာပေါ့”

ဆန်းလျန်ကအရေးမထားသလို ခပ်တည်တည်ပင်ပြန်ပြောလိုက်သည်။

“ဒါပေါ့ ၊ မင်းကတော့ကျန်းဟူကထူးဆန်းတဲ့သိုင်းပညာတွေသင်ထားပြီးပြီဆိုတော့ မင်းသွားချင်တဲ့နေရာသွားလို့ ရတာပေါ့ ၊ ဒါပေမယ့် ဆန်းအိမ်တော်ကိုကျတော့ဘယ်လိုလုပ်မလဲ”

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ ဆန်းလျန်မည်သူ့ထံမှ ပညာသင်ကြားခဲ့သည်ကို ကောင်းကောင်းသိသည်ဆိုသည့် ပုံစံဖြင့် ပြောနေခြင်းဖြစ်လေသည်။ သူက ဆန်းလျန်မှာ အစိမ်းရောင်ဝတ်လူနှင့် ကျိန်းသေပတ်သက်လိမ့်မည်ဟု တစ်ထစ်ချယုံကြည်ထားလေသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ သိုင်းလောကအကြောင်းကိုသိသော်လည်း သိုင်းပညာနှင့် တာအိုကျင့်စဉ်များအကြောင်းကို

တော့ ကောင်းစွာမသိပါ။ ထို့ကြောင့်ပင် ဆန်းလျန်က မုန့်ဟာန် ကိုသိုင်းကွက်တစ်ကွက်တည်းဖြင့် အနိုင်တိုက်ခိုက်လိုက်သည့် အခါ အံ့သြတုန်လှုပ်သွားရခြင်းဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်မှာလွန်စွာမှငယ်ရွယ်သူတစ်ယောက်ဖြစ်လေ သည်။ ဤသတင်းသာပျံ့နှံ့သွားပါ မုန့်ဟာန်မှာ သိုင်းလောက အတွင်းတွယ် အဘယ်မျှအရှက်ရစရာဖြစ်မည်ကို မသိနိုင်ပေ။

"ဒီကိစ္စတွေဒီလောက်မြန်မြန်ကြီးဖြစ်သွားတာ ၊ စဉ်းစားနေဖို့ တောင် အချိန်မရလိုက်ဘူး ၊ ကျုပ်ကခင်ဗျားနဲ့ မတူဘူး ပြည်နယ်အုပ်ချုပ်ရေးမှူးစော ၊ ကျုပ်ကနောက်ဆက်တွဲ ပြဿနာတွေကို စိတ်မဝင်စားဘူး ၊ ကျုပ်က "အပေးနဲ့အယူပဲ" သိတယ်"

ဆန်းလျန်ကပြောလိုက်သည်။

အရင်ပေးပါ ၊ ပြီးရင်တော့ ပြန်ယူပါ။

လူတစ်ယောက်အတွက် ပေးပြီးနောက် ပြန်လည်ရယူသည်မှာ သဘာဝကျပေသည်။

အပေးသာရှိပြီးအယူမရှိခြင်းနှင့် အယူသာရှိပြီး အပေးမရှိခြင်း ကသာ သဘာဝမကျခြင်းဖြစ်လေသည်။

“မင်းလိုလူမျိုးရှိနေတာ ဆန်းအိမ်တော်အတွက် ကံဆိုးတာလား ကံကောင်းတာလားတောင်မသိတော့ပါဘူး ၊ ကျုပ်ကစာပေ ပညာရှင်ပဲ စကားပုံရှိတယ်လေ “ဘာမှမမြဲတဲ့ဒီလောကကြီးထဲ မှာ သားသမီးဝတ်မကျေတဲ့သူနဲ့သစ္စာမစောင့်သိတဲ့သူဟာ နတ်ပြည်မရောက်နိုင်ဘူးတဲ့” မင်းဒီစကားကိုနားလည်လိမ့်မယ် ထင်ပါတယ်”

ပြည်နယ်အုပ်ချုပ်ရေးမှူးစောက ပြောလိုက်လေသည်။

အခန်း (၂၈)

ကျင့်စဉ်ကျင့်ကြံခြင်းအစနှင့်အဆုံး

ပြည်နယ်အုပ်ချုပ်ရေးမှူးစော၏စကားများကို ထူးဆန်းသည်ဟု ဆန်းလျှန်မထင်မိပါ။ သူက ကြယ်ငါးပွင့်အနီရောင်အလံတော်အောက်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်တွင် မွေးဖွားခဲ့သူဖြစ်လေသည်။

သူကနည်းနည်းပါးပါးတော့ သားသမီးဝတ်ကျေခဲ့မည်ထင်သည်။ သို့သော် သစ္စာမစောင့်သိခြင်းကိုတော့ သူစိတ်မဝင်စားခဲ့ပေ။

သူက ပြည်နယ်အုပ်ချုပ်ရေးမှူးစောကို ဘာမှမပြောဘဲ ပြုံးပြလိုက်သည်။

ခံယူချက်မတူညီသည့်လူနှစ်ယောက်မှာ ရပ်တည်ချက်လည်း
တူညီမည်မဟုတ်ပေ။ ဘာလို့စိတ်အနှောင့်အယှက် အဖြစ်ခံပြီး
ရှင်းပြနေတော့မည်နည်း။
ပြည်နယ်အုပ်ချုပ်ရေးမှူးစောက မုန့်ဟန်ကိုခေါ်ရန်အတွက်
လွှတ်လိုက်သည့်လူရောက်လာသည့်အချိန်မှာတော့ နေ့လည်
ခင်းအချိန်သို့ပင်ရောက်ရှိနေပြီဖြစ်လေသည်။
လမ်းတစ်ဝက်တွင်ပင် မုန့်ဟန်မှာ သတိရလာလေသည်။
သို့သော် သူကသတိမေ့ချင်ယောင်ဆက်ဆောင်နေလိုက် လေ
သည်။ အဘယ်ကြောင့်ဆိုသော လမ်းသွားလမ်းလာများဝိုင်း
ကြည့်ကြသည်ကို ရှက်သောကြောင့်ဖြစ်လေသည်။
တစ်ချိန်တည်းမှာပင် မုန့်ဟန်ကိုအနိုင်တိုက်ခိုက်ခဲ့သည့်ဆန်း
လျန်၏သတင်းမှာ သိုင်းလောကတစ်ခုလုံးသို့ပျံ့နှံ့သွားပြီး
အားလုံးမှာ ဆန်းလျန်အကြောင်းကို ပြောနေကြလေ
တော့သည်။

မုန့်ဟန်မှာ သိုင်းလောကအတော်ဆုံးသိုင်းသမားဖြစ်သည့်ယန်ယင်းကို မမီသည့်တိုင်အောင် သိုင်းလောကတွင် နာမည်တစ်လုံးနှင့်ထင်ရှားသည့်လူတစ်ယောက်မဟုတ်ပါလား။ ချယ်ရီပန်းရနံ့ရေနွေးနွေးလေးဖြင့် ဆန်းလျန်ရေချိုးလိုက်သည်။ သူကတည်းခိုရိပ်သာ၏နေ့စဉ်လုပ်ငန်းများဖြင့်ခေါင်းရှုတ်မခံပေ။ ထို့ကြောင့် အပြင်သို့တစ်ယောက်တည်းထွက်လာခဲ့သည်။

ချင်ပြည်နယ်မြို့တော်မှာ ကြီးမားသည့်မြို့ကြီးတစ်ခုမဟုတ်သော်လည်း သေးငယ်သည့်မြို့တစ်မြို့တော့မဟုတ်ပေ။ ဆန်းလျန်စိတ်ကြည်ကြည်လင်လင်နှင့်လမ်းလျှောက်ထွက်လာခဲ့သည်။ သူ့ကိုမည်သူမျှ ဂရုစိုက်မိသည့်ပုံမပေါ်ပေ။ လမ်းပေါ်မှ ကျောက်တုံးများမှလွဲပြီး သူ့ကို ရိုက်မည့်သူ ၊ လှည့်စားမည့်သူမရှိပေ။

"အဲဒါဆန်းလျန်လား"

သိပ်မရင်းနှီးသည့်အသံတစ်သံ....

သို့သော် သူ့နာမည်ကိုပြောနေခြင်းဖြစ်လေသည်။ ထို့ကြောင့်

သူနှင့်သိကျွမ်းသည့်သူတစ်ယောက်ဖြစ်နိုင်လေသည်။

ဆန်းလျန်အသံလာရာဆီသို့လှည့်ကြည့်လိုက်တော့ သူ့အား

ကြည့်နေသည့် သက်လတ်ပိုင်းအရွယ်အမျိုးသားတစ်ဦး ကို

တွေ့ရလေသည်။

ဆန်းလျန်၏ခေါင်းထဲတွင် နာမည်တစ်ခုပေါ်လာလေသည်။ ထို

သူမှာ သူ့ပထမဒေါ်လေး၏အစ်ကိုဖြစ်သူ ရှီဟုန်ပင် ဖြစ်လေ

သည်။

သူ့အဒေါ်ဖြစ်သူ ရှီသခင်မမှာ သူ့ကို သဘောကျသည့်သူမ

ဟုတ်ပါ။ ဆန်းလျန်မှာလည်း ရှီဟုန်ကို ငယ်စဉ်က နှစ်ကြိမ် ခန့်

မျှသာတွေ့ဖူးလေသည်။

ရှီဟုန်အနေဖြင့် ဆန်းလျန်ကို သေချာအမှတ်မထားလျှင်မှတ်မိ

နိုင်စရာအကြောင်းမရှိပေ။

ရှီဟုန်၏ဘေးတွင်ရပ်နေသည့် အစိမ်းရောင်ဝတ်ဆင်ထားသည့် အစေခံမိန်းကလေးကိုမြင်လိုက်ရသည့်အတွက် ဆန်းလျန်အတွေးများရပ်တန့်သွားသည်။ ဆန်းလျန်အမှတ်မမှားဘူးဆိုလျှင် ထိုအစေခံမိန်းကလေးမှာ သူ၏ဦးလေး ဖြစ်သူဆန်းချင်းရှိ၏နေအိမ်မှဖြစ်လေသည်။

နာမည်အတိအကျမသိသော်လည်း သူမ၏မျက်နှာကို အသေအချာမှတ်မိနေခဲ့သည်။

"ဒီနေ့ မင်းရဲ့တည်းခိုးရိပ်သာဖွင့်ပွဲနေ့လို့သတင်းကြားတယ် ၊ မင်းကဘယ်လိုဖြစ်လို့လျှောက်သွားနေရတာလဲ"

ရှီဟုန်ကပြုံးပြရင်းမေးလိုက်သည်။

"အဲဒီတည်းခိုရိပ်သာအလုပ်တွေက ကျွန်တော်စိတ်ပူရမယ့် အလုပ်တွေမဟုတ်ပါဘူး ဦးလေးရှီ ၊ ဦးလေးအပေါင်ဆိုင် တွေ အသစ်ဖွင့်တိုင်းလည်း ဦးလေးအလုပ်တွေများနေတာ ကျွန်တော်မတွေ့မိပါဘူး"

ဆန်းလျန်ကကိုယ်ကိုအရှေ့သို့အနည်းငယ်ကွေးညွှတ်ဂါရဝပြု လိုက်ပြီး မတိုးမကျယ်လေသံဖြင့်ပြောလိုက်သည်။

“ဟား ဟား မင်းကတော့ကွာ ၊ မင်းကြည့်ရတာ နောက်ဆုံးတစ်ခေါက်တွေ့တုန်းကထက်ဆာရင် တော်တော် စကားတတ်လာတာပဲ ၊ အရင်တုန်းက မင်းကဘယ်သူ့ကိုမှစကားပြောတာမဟုတ်ဘူး ၊ ဦးလေးတို့ဆုံဖြစ်ကြတဲ့အချိန် သိပ်မရှိတော့ အိမ်ကိုလည်းလာလည်ဦးလေ”

လမ်းပေါ်တွင်လမ်းလျှောက်နေသည့် စွဲဆောင်မှုရှိသည့်လူငယ်လေးမှာ ဆန်းလျန်ဟု အစေခံမိန်းကလေးက ပြောကတည်းက ရှယ်ဟုန်အိမ်အလည်မခေါ်ဘဲ မနေနိုင်ဖြစ်သွားရလေသည်။

ဝူထုန်နတ်ဘုရားများမှာ ဆန်းအိမ်တော်သို့ဝင်ရောက်နိုင်ခြင်းမရှိခဲ့ပေ။ သူ၏ညီမဖြစ်သူ ရှီသခင်မ၏ပြောပုံအရ ဆိုလျှင် ဆန်းလျန် ကလွဲပြီး သံသယဝင်ရမည့်သူမရှိပေ။

ဆန်းလျန်၏တည်းခိုရိပ်သာဖွင့်သည့်သတင်းကြားတော့ ရှီဟုန်ကလက်ဆောင်များပို့ပေးခဲ့သည်။ သို့သော်လည်း သူကအကြီးတစ်ယောက်ဖြစ်သောကြောင့် ဖွင့်ပွဲကိုတော့ကိုယ်တိုင်မလာခဲ့ပေ။

ထို့ပြင် တည်းခိုရိပ်သာတစ်ခုမှာ ဆန်းအိမ်တော်၏များပြားလှသည့်စီးပွားရေးလုပ်ငန်းများနှင့်ယှဉ်လျှင် ဘာမှမပြောပလောက်ပေ။ တည်းခိုရိပ်သာမှာ သက်တမ်းရှည်ကြာလှပြီဖြစ်သည့်လုပ်ငန်းတစ်ခုဖြစ်သည့်တိုင် သိပ်တော့အရေးမပါလှပေ။ ဆန်းလျန်၏ဦးလေးဖြစ်သည့် ဆန်းချင်းစန်းကိုယ်တိုင်ပင်ထိုသို့တွေးထားလေသည်။

ရှီဟုန် ဆန်းအိမ်တော်မှ ပြန်လာပြီးနောက် ဆန်းလျန်အကြောင်းစုံစမ်းရန်အတွက် နည်းလမ်းရှာနေခဲ့သည်။ တစ်ချိန်တည်းမှာပင် ရှီသခင်မကလည်း အစေခံမိန်းကလေးကိုဆန်းအိမ်တော်ပိုင်ဆိုင်သည့် ဆိုင်တစ်ဆိုင်သို့သွားခိုင်းလိုက်

လေသည်။ ပြည်နယ်မြို့တော်၏ ယန်ဆွေ့အလှကုန်ဆိုင်မှ အသစ်ထွက်သည့် ပေါင်ဒါမှုန့်များဝယ်ခိုင်းရန်အတွက်ဖြစ်လေသည်။ ရှီဟုန်မှာလည်း ဇနီးဖြစ်သူအတွက် အလှကုန်ပစ္စည်း လက်ဆောင်ဝယ်သွားရန် အကြံရလိုက်သည်။

ရှီဟုန်မှာ ချင်ပြည်နယ်မြို့တော်တွင် မွေးဖွားကြီးပြင်းခဲ့သည့် သူတစ်ယောက်ဖြစ်ပြီး အဆင့်အတန်းမြင့်မြင့်ဖြင့် ယဉ်ကျေးစွာနေတတ်သူမဟုတ်ပေ။ သူကလမ်းလျှောက်နေရင်း အစေခံမိန်းကလေးကို ညစ်ညမ်းသည့် ရိသဲ့သဲ့စကားများဖြင့် မခံချင်အောင်ပြောနေခဲ့လေသည်။

အစေခံမိန်းကလေးမှာ ဆန်းအိမ်တော်၏ ငယ်မွေးခြံပေါက် အစေခံမျိုးရိုးမှ ဆင်းသက်လာော အစေခံတစ်ယောက် မဟုတ်ပါ။ သူမတွင်လည်း သူမဂုဏ်သိက္ခာနှင့်သူမရှိလေသည်။

သူမက ဆန်းလျန်ကို မြင်လိုက်သည့်အခါတွင်တော့ ဝမ်းသာ
သွားရလေသည်။ ဆန်းရော့ရှီမှလွဲပြီး ဆန်းအိမ်တော်မှ
အသက်နှစ်ဆယ်အောက် မိန်းကလေးတိုင်းမှာ ဆန်းလျန်ကို သူ
တို့၏ချစ်သူအဖြစ် စိတ်ကူးယဉ်ထားကြလေသည်။ ဆန်းလျန်
က ချောမောလှပပြီး ကြင်နာတတ်သူဖြစ်သောကြောင့်ပင်။
ထို့ပြင် ဆန်းလျန်မှာ ဆွဲဆောင်မှုအလွန်ရှိပြီး ချစ်စရာ
ကောင်းသော လူငယ်လေးတစ်ယောက်ဖြစ်လေသည်။
ဆန်းလျန်နှင့်ပတ်သက်ပြီး အစေခံမိန်းကလေးများအချင်းချင်း
နောက်ပြောင်ပြောဆိုကြသည့်အချိန်တိုင်း သူမက တစ်နေ့တွင်
ပုံပြင်ထဲမှ ရွှေမင်းသမီးလေးလို ဆန်းလျန်နှင့်လက်ထပ်ခွင့်ရ
လိမ့်မည်ဟု စိတ်ကူးယဉ်နေမိတတ်လေသည်။ ထို့ပြင် ဆန်းလျ
န်အနားတွင်ရှိသည့်အတွက်ကြောင့် ရှီဟုန်မှာလည်း
လက်လွတ်စပယ်မလုပ်ရဲတော့ပေ။

ခေတ်ပေါ်လောကတွင် သူလုပ်နေကျအကျင့်အတိုင်း ဆန်းလျှန်က အစေခံမိန်းကလေးကို ခေါင်းညိတ်နှုတ်ဆက်လိုက်လေသည်။ မည်သူ့ကိုမဆို ဆန်းလျှန်ကယဉ်ကျေးစွာနှုတ်ဆက်တတ်လေသည်။ သူကအဆင့်အတန်းမခွဲခြား တတ်သလို တန်းတူညီမျှဆက်ဆံခြင်းကိုယုံကြည်လက်ခံသည့်လူတစ်ယောက်ဖြစ်လေသည်။

သို့သော် သူ၏ခေါင်းညိတ်နှုတ်ဆက်လိုက်ခြင်းကြောင့် အစေခံမိန်းကလေးမှာ အပျော်လွန်ကာ ရင်ထဲပင်တလှပ်လှပ်ဖြစ်သွားရလေသည်။ တစ်ကြိမ်မျှသာဆုံခဲ့ဖူးသည့် သခင်လေးက သူမကိုမှတ်မိနေသည့်အတွက် စိတ်လှုပ်ရှားနေမိလေသည်။ သူမမှာ အလွန်ပင်ဝမ်းသာရွှင်မြူးနေလေတော့သည်။ သူမ၏သူငယ်ချင်းများ မနာလိုဖြစ်အောင် ဤအကြောင်းကို ပြန်ပြောပြရဦးမည်ဟုတွေးနေမိလေသည်။

ပျော်ရွှင်မှုကြောင့် ရှီဟုန်ပြောခဲ့သည့် ရိသဲ့သဲ့စကားများ ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်များပါ ပျောက် ကွယ်သွားရလေသည်။ ဆန်းလျန်က သူတစ်ပါး၏စိတ်ကို ဖတ် တတ်သူတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် သူမ၏စိတ်ထဲတွင် ဖြစ်နေသည်များကို ဆန်းလျန်မရိပ်မိပါ။ ဆန်းလျန်မှာ တစ်ခါ တွေ့ဖူး မြင်ဖူးရုံနှင့်ပင် မှတ်မိနေတတ်သည့် မှတ်ဉာဏ်မျိုးကို ပိုင်ဆိုင်ထားသူဖြစ်ကြောင့် အစေခံမိန်းကလေးသာ သိရှိသွား ပါက သူမအနေဖြင့် ထိုမျှလောက်ပျော်နိုင်မည် မဟုတ်တော့ ပါ။

အစေခံမိန်းကလေး၏ ရင်ထဲမှခံစားချက်များကို ဆန်းလျန်မ သိပါ။ သို့သော် ရှီဟုန်ဆီမှ မကောင်းသည့်အငွေ့အသက်များ ထွက်ပေါ်နေသည်ကိုတော့ သူသတိထားလိုက်မိလေသည်။ ထို့ကြောင့် သိချင်စိတ်များတဖွားဖွား ဖြစ်ပေါ်လာရလေ တော့သည်။

"ကျွန်တော်လည်း အားနေတာနဲ့အတော်ပဲ ၊ ဦးလေးအိမ်ကို ခဏလိုက်လည်မယ်လေ"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ဆန်းရော့ရှီ၏ အိပ်မက်ထဲမှ နတ်မိစ္ဆာကို ဆန်းလျန်အမှတ်ရ သွားမိလေသည်။

ရှီဟုန်ဆီမှရသည့် မကောင်းသည့် အငွေ့အသက်များမှာ ထို နတ်မိစ္ဆာဆီမှရသည့် မကောင်းသည့်အငွေ့အသက်များနှင့် အတူတူပင်ဖြစ်နေလေသည်။

"အလှကုန်ပစ္စည်းတွေဝယ်ပြီးရင် သွားကြတာပေါ့ ၊ ဆန်းအိမ် တော်လောက် မချမ်းသာပေမယ့် ဦးလေးတို့ရှီအိမ်တော်က လည်း စားကောင်းသောက်ဖွယ်တွေနဲ့ဧည့်ခံနိုင်ပါတယ်ကွ"

ရှီဟုန်မှာ မကြွားဘဲမနေနိုင်သဖြင့် ကြွားနေလိုက်သေးသည်။

သူက ညီမဖြစ်သူ ရှီသခင်မ၏ စကားများကြောင့် ဆန်းလျန် ကို အိမ်သို့အလည်လာရန် ဖိတ်ခေါ်နေခြင်းဖြစ်လေသည်။

ဆန်းလျန်ကလွဲပြီး တခြားသူမရှိနိုင်ဟု ရှီသခင်မက ပြောလိုက်လေသည်။

ဆန်းရော့ရှီ နေပြန်ကောင်းလာသည့်နေ့က သူမက ဆန်းလျန်၏နာမည်ကို ခေါ်ခဲ့သည် မဟုတ်ပါလား။

အခြားသူများအနေဖြင့်တော့ ဆန်းရော့ရှီ အိပ်မက်မက်နေသည်ဟုပင် ထင်မည်ဖြစ်လေသည်။

သို့သော် ရှီဟုန်နှင့် ရှီသခင်မကတော့ ဆန်းရော့ရှီနေမကောင်းဖြစ်ရသည်မှာ နတ်မိစ္ဆာပြုစားထားသောကြောင့်ဖြစ် ကြောင်းသိကြလေသည်။ ထို့ကြောင့် သူမမြင်မက်သည့်အိပ်မက်မှာ သာမန်အိပ်မက်မျိုး မဟုတ်နိုင်ပေ။ သူမက ဆန်းလျန်၏နာမည်ကိုခေါ်လိုက်သည်မှာ အကြောင်းတစ်ခုခုကြောင့်ဖြစ်သည်မှာသေချာလေသည်။

တည်းခိုရိပ်သာဖွင့်ပွဲတွင် ရှီဟုန်မှာ ဆန်းလျန်ကို သွားတွေ့ဆုံလိုခြင်းမရှိပါ။ သူ့တွေးထားသည့်အစီအစဉ်ကတစ်မျိုး ဖြစ်

သော်လည်း အမှတ်မထင် လမ်းတွင် ဆန်းလျန်နှင်ဆုံမိခြင်း ဖြစ်လေသည်။ ဆန်းကျယ်လိုက်သည့် ကံကြမ္မာပင်။ သူတို့နှစ်ယောက်လုံး သတိမထားမိသည့်အချက်မှာ ရှီဟုန်က ဝူထုန်နတ်မိစ္ဆာများကို နာကျင်စိတ်ဆိုးအောင်လုပ်သည့် လူအကြောင်းကိုစုံစမ်းနေခြင်းဖြစ်ပြီး ဆန်းလျန်ကလည်း ဆန်းရော့ ရှီ၏ အိပ်မက်ထဲမှ နတ်မိစ္ဆာအကြောင်းကို သိချင်နေသူဖြစ် လေသည်။

ဆန်းလျန်တွင် နတ်သက်ခွဲခြားသိုင်းရှိသော်လည်း ထိုသိုင်း ကျမ်းမှာ တာအိုကျင့်စဉ်နှင့် မည်သို့ဆက်စပ်နေသည်ကို နားမလည်နိုင်ဖြစ်နေလေသည်။ ဆန်းကျူကျင့်စဉ်ကျမ်းက သူ၏အတွင်းအားကိုတိုးတက်စေပြီး ရုပ်ပိုင်းဆိုင်ရာ စွမ်းအားများကို ရရှိစေသော်လည်း နတ်ဘုရားတစ်ပါးဖြစ်လာသည် အထိကျင့်ကြံရမည့်တာအိုကျင့်စဉ်၏ အခြေခံအဆင့်ကိုပင် မရောက်နိုင်သေးပေ။

ကျမ်းစာအုပ်များမှာ ချင်းရှမ်တောင်မှ နတ်ဘုရားများနှင့် သက်ဆိုင်သည့် စာအုပ်များဖြစ်သော်လည်း အနှစ်သာရမှာတော့ သိုင်းပညာကိုပင် အခြေခံထားခြင်းဖြစ်လေသည်။ လင်ချုန်းရှောင်၏ တပည့်အားလုံးမှာ တာအိုကျင့်စဉ်ကျင့်ကြံရန်နှင့် နတ်ဘုရားတို့၏လမ်းစဉ် ကိုလိုက်ရန် ဤကျမ်းစာအုပ်များကို အားမကိုးခဲ့ကြပေ။ ကျင့်စဉ်တိုင်းတွင် အစနှင့်အဆုံးဆိုသည်မှာ ရှိရစမြဲဖြစ်လေသည်။ လင်ချုန်းရှောင်၏သင်ပြပေးမှုဖြင့် "စိတ်အာရုံများကိုထိန်းချုပ်ခြင်း" စာအုပ်နှင့် "နတ်သက်ခြေ့စားသိုင်း" နှစ်ခုလုံးကို ဆန်းလျန်မှာအခြေခံနှင့် အနှစ်သာရကိုနားလည်ခဲ့သော်လည်း လင်ချုန်းရှောင် မသိသည့် အချက်များလည်း ရှိနေသေးသည်။ ပထမတွင် လင်ချုန်းရှောင်က ဆန်းလျန်၏မေးခွန်းများကို ဖြေရန်ဆန္ဒမရှိခဲ့ပေ။

သို့သော်...

နတ်မိစ္ဆာကတော့ လူသားများ၏အိပ်မက်ထဲသို့ဘဝင်ရောက် နှောက်ယှက်နိုင်သည်အထိ မိစ္ဆာအတတ်ကိုကျင့်ကြံ အောင်မြင်ထားလေသည်။ ကျင့်စဉ်ပိုင်းနှင့်ပတ်သက်လျှင် နတ်မစ္ဆာကပို ပြီးသိရှိနိုင်သည်ဟု ဆန်းလျန်တွေးမိလေသည်။

ဆန်းလျန်သာ ရှီဟုန်၏အိမ်သို့လိုက်သွားပြီး သဲလွန်စတစ်ခုခု ရခဲ့မည်ဆိုလျှင် ဤကဲ့သို့သော အခွင့်အရေးမျိုးမှာ လက်လွှတ်မခံသင့်သည့်အခွင့်အရေးမျိုးပင် ဖြစ်လေသည်။

သူတို့နှစ်ယောက်လုံးမှာ သူတို့သိချင်နေသည့်အရာများကို သိတော့မည်ဟုဆိုကာ ကိုယ့်အတွေးနှင့်ကိုယ်ကျေနပ်နေကြလေတော့သည်။

အစေခံမိန်းကလေးမှာ အလှကုန်ပစ္စည်းများဝယ်ပြီး ဆန်းအိမ်တော်သို့ ပြန်ရမည်ကို မပြန်ချင်ဖြစ်နေရလေသည်။

ဆန်းလျန်ကတော့ သူမခံစားချက်များကို သတိမထားမိဘဲ ရှီဟုန်နှင့်အတူ ရှီအိမ်တော်သို့လိုက်ပါသွားလေတော့သည်။

အခန်း (၂၉)

နှလုံးသားမှစကားသံ

ရှီအိမ်တော်မှာ ဆန်းအိမ်တော်ထက်ပင်ပိုပြီး ခမ်းနားလေသည်။ တံခါးဝတွင် ခြင်္သေ့ရုပ်ကြီးများဖြင့် အလှဆင်ထားသည်။

အိမ်တော်ထဲတွင် သစ်ပင်ပန်းမာန်များတော့မရှိပေ။ သာမာန်ထက်ပိုပြီး အသုံးအဖြုန်းကြီးသည့် မိသားစုတစ်ခု ဖြစ်ပုံရလေသည်။ ဘာကြောင့်မှန်းမသိ ဆန်းလျန်မှာ စိတ်ကသိကအောက်ဖြင့် ဒေါသထွက်နေမိသည်။

သို့သော် သူက စိတ်ကိုထိန်းကာ ဒေါသထွက်သည့်ဟန်တော့မပြပေ။

ရှီအိမ်တော်မှာ ဆန်းအိမ်တော်ထက်စေပြီး တည်ထောင်ခဲ့သည့် အိမ်တော်တစ်ခုဖြစ်လေသည်။ အိမ်တော်ကြီး မှာ အလွန်ကြီးမားခမ်းနားလှသည်။ ဆန်းအိမ်တော်ထက်ပင်ပိုပြီးခမ်းနားလေသည်။ သို့သော် ဗိသုကာပိုင်းတွင်တော့ သိပ်ပြီးပညာမပါလှပေ။

အိမ်တော်ထဲသို့ဝင်မိလေ ဆန်းလျန်မှာပိုပြီးဒေါသထွက်လာမိလေဖြစ်လေသည်။ အိမ်ထဲရှိလေထုမှာ သစ္စာမရှိခြင်း ၊ ဖောက်ပြန်ပျက်စီးခြင်းအရိပ်အငွေ့များဖြင့်ပြည့်နက်နေလေသည်။ ထိုအရိပ်အငွေ့များက မသတီစရာကောင်းစွာ ဆန်းလျန်ကို တိုက်ခိုက်နေကြလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ ဆန်းလျန်မှာ မကောင်းမိစ္ဆာများနှင့်ပတ်သက်လျှင် အာရုံခံစားမှု အလွန်ကောင်းသည့်အတွက် ဖြစ်လေသည်။ သူ့နှလုံးသားထဲတွင် စိတ်အာရုံလွှဲပြောင်း၍မရလောက်အောင် ဖြစ်နေပြီး ရှီအိမ်တော်မှ မိစ္ဆာအငွေ့ အသက်များမှာ သူ၏အာရုံကို များစွာနှောင့်ယှက်နေလေသည်။

ထို့ပြင် သာမန်လူများမှာ သူတို့၏ လောဘနှင့်ရမ္မက်စိတ်များကို မည်သို့ထိန်းချုပ်ရမည်ကိုမသိကြပေ။ ထိုသူများကို နတ်မိစ္ဆာများက နှောက်ယှက်လျှင်တောင်မှ သိပ်ပြီးသတိမထားမိကြသည့်မဟုတ်ပေ။

အနည်းငယ်ဆက်သွားလိုက်တော့ ပန်းချီပြခန်းတစ်ခုသို့ရောက်ရှိလာလေသည်။ ထိုအခန်းထဲတွင် ဆန်းလျန် တိတ် ဆိတ်စွာ ထိုင်နေလိုက်သည်။ ထိုသို့ထိုင်နေစဉ် အရှေ့တောင်ဘက်တွင် အနက်ရောင်မြူခိုးငွေ့များ ရစ်သိုင်းနေသည် ကို ဆန်းလျန်တွေ့လိုက်ရလေသည်။

ထိုအနက်ရောင်အငွေ့များကို သာမန်လူတစ်ယောက်ဆိုလျှင် မြင်ရမည်မဟုတ်ပေ။ ဆန်းလျန်၏စိတ်အာရုံခံနိုင်သည့် အစွမ်းကြောင့်သာ ထိုမိစ္ဆာငွေ့များကို မြင်ရခြင်းဖြစ်လေသည်။

အမှန်တော့ သာမန်မျက်လုံးဖြင့်မြင်သည့်အရာများကို ဦးနှောက်မှအဆုံးအဖြတ်ပေးလေသည်။ ထို့ကြောင့် မျက်လုံးမှ အမှန်တကယ်မြင်ခြင်းနှင့် လက်တွေ့ဖြစ်ရပ်မှာ အနည်းငယ် ကွာခြားတတ်လေသည်။

လောကတွင် မြင်တွေ့ရခြင်းနှင့်ကြားသိရခြင်းများမှာ လွန်စွာမှ ရှုတ်ထွေးလှလေသည်။ နတ်ဘုရားများပင်လျှင် အရာအားလုံးကို အမှန်အတိုင်းမသိမြင်နိုင်ကြပေ။

ထို့ပြင် လုပ်ဆောင်ရသည့်အချက်အလက်များပြားသွားလျှင် ဦးနှောက်မှာဝန်ပိပြီး ရပ်တန့်သွားတတ်လေသည်။

သို့သော် လူတစ်ယောက်၏နှလုံးသားကတော့ ဦးနှောက်ကဲ့သို့ အချက်အလက်များစွာလက်ခံထားနိုင်ခြင်းမရှိပေ။ သို့သော် နှလုံးသားကတော့ မတူညီသည့်ရှုထောင့်မှ သိမြင့်ခံစားနိုင်သည့်စွမ်းရည်ရှိလေသည်။

ရှီဟုန်က ပန်းချီပြခန်းထဲသို့ အသက်သုံးဆယ်ခန့်အမျိုးသမီးတစ်ဦးနှင့်အတူ ပြန်လည်ရောက်ရှိလာလေသည်။

အမျိုးသမီးမှာ သေးသွယ်သောခါး ၊ လှပသောပခုံးများနှင့် ဖြူစင်သောအသားအရည်ရှိလေသည်။ သူမကပြုံးပြလိုက်

သည့်အခါတွင် မျက်ဝန်းများ၏အလှကပိုပြီးပေါ်လွင်သွားရလေသည်။

လှပသောအမျိုးသမီးမှာ ယောကျ်ားပီသပြီးချောမောသော ဆန်းလျန်ကိုမြင်တွေ့လိုက်ရသည့်အခါ ရင်ခုန်သွားရလေသည်။

"မင်းကိုစောင့်ခိုင်းထားရတာတောင်ပန်ပါတယ် ၊ အဲဒါမင်းအဒေါ်ကြောင့်ပဲပေါ့ ၊ မင်းလာတယ်ဆိုတာနဲ့ သူမက ဝတ်စားပြင်ဆင်နေတာမပြီးတော့ဘူး ၊ မင်းကငါတို့မိသားစုဝင်ပါပဲ ၊ ဒီလောက်ပြင်ဆင်နေဖို့မလိုဘူးပြောလည်းမရဘူး လေ ၊ မင်းကမိသားစုဝင်ဖြစ်လို့ ပိုပြီးအလေးထားရမယ်လို့ သူကပြောနေတာ"

ရှီဟုန်က ဇနီးဖြစ်သူအတွက် ဂုဏ်ယူသည့်လေသံနှင့်ပြောလိုက်သည်။ မည်သူမဆို ယခုလိုချောမောလှပသည့် ဇနီး တစ်ယောက်ကိုပိုင်ဆိုင်ထားလျှင် ဂုဏ်ယူမည်ဖြစ်ပေသည်။

ရှီဟုန်မှာ ဂူထုန်နတ်ဘုရားများကိုမေ့လျော့နေခဲ့လေသည်။ လှပသောအမျိုးသမီး၏ခန္ဓာကိုယ်မှ သင်းရနံ့လေးက သူမ၏ခံစားချက်များကို ဖော်ပြနေလေသည်။ ဆန်းလျန်မှာ ထိုအချက်ကို လုံးဝသဘောမကျမိပေ။ သူ့စိတ်များမှာ ပိုပြီး ကသိကအောက်ဖြစ်ကာ မကြည်မလင်ဖြစ်နေရလေသည်။ ရှီဟုန်၏ဇနီးဖြစ်သူ ယန်သခင်မ ဆီမှထွက်ပေါ်နေသည့် မိစ္ဆာအငွေ့အသက်များမှာ ရှီဟုန်ဆီမှ ထွက်ပေါ်နေသည့် မိစ္ဆာအငွေ့အသက်များထက်ပင်ပိုပြီး ပြင်းထန်နေသေးသည်မဟုတ်ပါလား။

ဆန်းလျန်က ရှီဟုန်နှင့်သူ၏ဇနီးဖြစ်သူကို အေးဆေးစွာပင် ကြည့်လိုက်သည်။ နတ်ဆိုးမိစ္ဆာမှာ ရှီအိမ်တော်တွင်ရှိနေသည်မှာသေချာနေလေပြီ။

"ဦးလေးရှိရဲ့အိမ်တော်ကြီးကတကယ်အကြီးကြီးပဲ ၊ ကျွန်တော်လျှောက်ကြည့်လို့ရမလား ၊ တောင်ဘက်ပိုင်း က နေရာတွေကိုကြည့်ရတာ အေးချမ်းဆိတ်ငြိမ်မယ့်ပုံပဲ"

တောင်ဘက်ပိုင်းနေရာများမှာ မကောင်းသည့်အငွေ့အသက်များကို အပြင်းထန်ဆုံးခံစားနေရသည့်နေရာ ဖြစ်လေသည်။ အနက်ရောင်မြူခိုးငွေ့များမှာ ထိုနေရာတွင်အလွန်ထူထပ်နေလေသည်။ ကြည့်ရသည်မှာ မကောင်းဆိုးဝါး ပုန်းခိုနေသည့်နေရာဖြစ်ပုံရလေသည်။

ထိုနေရာတွင် လူသံလည်းမကြားရသည့်အပြင် ကျေးငှက်များ၏အော်သံပင်မကြားရပေ။ ငှက်များပင်ထိုနေရာသို့ ပျံသန်းသွားရောက်ကြသည့်ပုံမပေါ်ပေ။ ထိုနေရာတွင် ခေါင်မိုးတစ်ခု၏ထောင့်စွန်းလေးကိုမြင်နေရပြီး ဝတ်ကျောင်းတော်တစ်ခု၏အမိုးနှင့်ဆင်တူလေသည်။

ဆန်းလျန်စကားကြောင့် ယန်သခင်မ၏ပန်းနုရောင်မျက်နှာ

လေးမှာ သွေးစုတ်ဖြူလျော်သွားပြီး ရှီဟုန်မှာလည်း အံ့သြ

တုန်လှုပ်သွားရလေသည်။

“ဆန်းလျန်ကတောင်ပေါ်မှာနှစ်နှစ်လောက် ကျင့်စဉ်တွေ

ကျင့်ကြံလာတာ ၊ သူ့ကြည့်ရတာဘာအစွမ်းအစမှမရှိသေး တဲ့

လူငယ်လေးလို့ထင်ရပေမယ့် ဂူထုန်နတ်ဘုရားတွေရဲ့နေရာကို

တောင် သိနေပါပေါ့လား”

ဟု ရှီဟုန်တွေးလိုက်မိလေသည်။

ဆန်းလျန်သာနတ်ဘုရားများနှင့်ပတ်သက်ပြီး အပြစ်

တစ်စုံတစ်ရာပြုမိပါက ဆန်းလျန် ဆန်းအိမ်တော်သို့ပြန်သွား

သည်နှင့် အပြစ်ပေးခံရမည့်သူမှာ ရှီဟုန်သာဖြစ်လေသည်။

ဆန်းလျန်မှာလည်း တာအိုကျင့်စဉ်ကျင့်ကြံခဲ့သည့်နှစ်နှစ်

အချိန်လေးဖြင့် နတ်ဆိုးများကိုနှိမ်နင်းနိုင်ရန်မှာ အလွန်ပင်

အသက်ငယ်နေသောကြောင့် ယုံရခက်ဖြစ် နေရလေသည်။

ဆန်းလျန်ကို ကူညီမည့်သူရှိကောင်းရှိပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ အခြေအနေကိုစောင့်ကြည့်ရန် ရှီဟုန်ဆုံးဖြတ်လိုက်လေသည်။ ဆန်းလျန်မှာ ရှီအိမ်တော်မှနတ်ဆိုးများကို တကယ်ပင်မောင်းထုတ်နိုင်မည်ဆိုလျှင်တော့ သူတို့အတွက်ဝမ်းသာစရာပင်ဖြစ်လေသည်။

"အိမ်ကြီးကအရမ်းကြီးပြီး နေတဲ့သူကနည်းတယ်လေ ၊ အဲဒီအရှေ့တောင်ဘက်က လူမနေဘူး ၊ မင်းကြည့်ချင်တယ် ဆိုရင်တော့ အစားအသောက်တွေစားပြီးရင် သွားကြည့်လို့ရပါတယ်"

ရှီဟုန်က ပြုံးပြီးပြောလိုက်လေသည်။

ယန်သခင်မက ရှီဟုန်၏လက်များကိုတင်းကြပ်စွာစုပ်ကိုင်ထားလိုက်သည်။ သူမနဖူးထက်တွင် ချွေးဆေးများပျံနေ လေသည်။

ဆန်းလျန်က တောင်ဘက်ပိုင်းကိုမသွားလျှင်တောင်မှ ရှီဟုန်ကတော့ ဆန်းလျန်ကို အတင်းသွားခိုင်းမည်ဟု ဆုံးဖြတ် ထားလိုက်လေတော့သည်။

ရှီအိမ်တော်မှ အစားအသောက်များ အလွန်ကောင်းသည်ဆိုသည့်စကားမှာ ရှီဟုန်က ကြွားဝါပြောဆိုခြင်းမဟုတ်ပါ။ တကယ်ပင်ကောင်းမွန်ခြင်းဖြစ်လေသည်။

တူညီနေသည့်ဟင်းတစ်မျိုးတည်းကိုပင် လှီးဖြတ်ထားသည့်ပုံစံမတူ ၊ မီးအပူပေးခြင်းမတူဘဲနှင့် အရသာနှစ်မျိုးကွဲ ပြားအောင် ထူးကဲစွာချက်ပြုထားလေသည်။

အမဲသားကိုပင်လျှင် အလတ်ဆတ်ဆုံးအသားနှင့်အချိုဆုံးအသားနှစ်မျိုးခွဲချက်ထားလေသည်။ အသားအနံ့မွှေးနေ စေရန်လည်း အထူးပြုလုပ်ထားပြီး မီးအပူညီမျှစွာဖြင့် ချက်ပြုတ်ထားသောကြောင့် အသားမှာအရမ်းနူးအိနေခြင်းမရှိသည့်တိုင်ရှားပါးသည့်အရသာမျိုးကို ခံစားရလေသည်။

အသားဖတ်မှာ လျှာထဲသို့ပျော်ဝင်သွားပြီး အသားကိုမျိုချ လိုက်သည့်တိုင် မွှေးရနံ့ကလျှာပေါ်တွင်စွဲထင်နေသေးသည်။ ဆန်းလျန်မှာ ဤမျှကောင်းမွန်သည့်အစားအသောက်များကို သူ့ဘဝနှစ်ခုလုံးတွင်မစားခဲ့ဖူးပေ။ ဟင်းလျာများမှာ တကယ် ပင် စွဲမက်စရာဖြစ်လေသည်။

ကောင်းသည်ဆိုသည်ထက်ပင်ပိုလေသည်။

"ထမင်းစားတုန်း ဘာလို့ဓားကြီးကိုင်ထားရတာလဲ ၊ စားရတာ ဘယ်အဆင်ပြေပါ့မလဲ"

ယန်သခင်မကမေးလိုက်သည်။

ဆန်းလျန်၏ခါးတွင်ချိတ်ထားသည့် နှစ်ပေကျော်ခန့်ရှည်သည့် ဓားကို သူမကကြည့်ပြီးပြောလိုက်ခြင်းဖြစ်လေသည်။ ဓားရိုး မှာ အစိမ်းရောင်ဖြစ်ပြီပြီး မည်သည့်အမှတ်အသားမှမရှိပေ။ ဓားအသစ်တစ်လက်ဖြစ်ဟန်တူလေသည်။

ရှိဟုန်မှာလည်း ထိုဓားကိုအစကတည်းကပင်သတိထားမိနေခြင်းဖြစ်ပြီး ယန်သခင်မအမေးကိုစောင့်နေခြင်းဖြစ်လေသည်။

"ဒီဓားကတကယ်တော့သစ်သားနဲ့လုပ်ထားတာပါ"

ဆန်းလျန်က ဓားကိုဓားအိမ်ထဲမှထုတ်လိုက်သည်။ တကယ်ပင်သစ်သားဓားတစ်ချောင်းဖြစ်ပြီး စန္ဒကူးရနံ့သင်းပျံ့နေ လေသည်။

"မင်းကခုထိသစ်သားဓားနဲ့ကစားနေသေးတာလား"

ယန်သခင်မကသူမပါးစပ်ကိုလက်နှင့်အုပ်ကာရယ်မောလိုက်လေသည်။

"ယောကျ်ားကောင်းတွေကဓားကိုင်ကြတယ်မလား၊ ကျွန်တော်လည်းသူတို့ကိုအတုခိုးထားတာပေါ့"

ဆန်းလျန်က ပုံမှန်အတိုင်းပင်ပြန်ပြောလိုက်သော်လည်း မယဉ်ကျေးသည့်ပုံစံမျိုးတော့မဟုတ်ပါ။ သူ၏ကလေး တစ်

ယောက်ပမာ နုနယ်သောမျက်နှာလေးကိုကြည့်ပြီး ယန်သခင်မ ရယ်မောလိုက်မိလေတော့သည်။

“အချစ်လေး ဘာများရယ်စရာရှိလို့လဲ"

စူးရှရှယောကျ်ားသံတစ်သံကမေးလိုက်ခြင်းဖြစ်လေသည်။ ထို အသံကြောင့် အခန်းတစ်ခုလုံးမှာ အေးစက်သွားပြီး အခန်း တွင်းအပူချိန်များချက်ချင်းလျော့ကျသွားသလိုခံစားလိုက်ရ လေသည်။

ရုပ်ရည်ချောမောလှပသည့် စာပေသမားလူငယ်တစ်ယောက် အခန်းထဲသို့ဝင်လာလေသည်။ ထိုလူငယ်ကိုတွေ့သည် နှင့်ယန် သခင်မမှာ ကြောက်လန့်နေလေတော့သည်။

ရှီဟုန်မှာတော့ များစွာတုန်လှုပ်သွားပုံရလေသည်။ ဝူထုန်နတ် ဘုရားတစ်ပါးဖြစ်သည့် ကပ်ရောဂါနတ်ဘုရား ရောက်လာ လိမ့်မည်ဟု သူမျှော်လင့်မထားမိပေ။

လူငယ်မှာအလွန်မောက်မာပုံရလေသည်။ သူက ယန်သခင်မ၏သေးသွယ်လှပသောခါးလေးကိုလှမ်းဖက်လိုက်ပြီး ရှီဟုန်ကိုတော့ ခြေထောက်ဖြင့်ကန်ထုတ်လိုက်သည်။ သူက ရိုင်းစိုင်းစွာဖြင့် စားပွဲပေါ်သို့တက်ထိုင်လိုက်လေသည်။ သူ၏အပြုအမူများမှာ စာပေသမားတစ်ယောက်နှင့် လားလားမျှမတူပါ။ ဓားပြတစ်ယောက်နှင့်ပင်တူနေလေသည်။ အဖြစ်အပျက်များက ရုတ်တရက်ဖြစ်ပျက်သွားခြင်းဖြစ်ပြီး ဆန်းလျန်ကတော့ကြောက်လန့်သွားခြင်းမရှိခဲ့ပါ။ သူ့ရင်ထဲတွင်တော့ စိတ်ကသိကအောက်ဖြစ်ကာ မကြည်မလင်ခံစားနေရဆဲဖြစ်လေသည်။

“မင်းသိလား ၊ ကျုပ်က ထမင်းစားနေတုန်းနှောင့်ယှက်တာကို မကြိုက်ဘူး”

ဆန်းလျန်က လူငယ်ကိုခပ်အေးအေးပင်ပြောလိုက်သည်။

ရှီဟုန်မှာ ကြမ်းပြင်ပေါ်တွင် နာကျင်စွာဖြင့်အော်ဟစ်ရင်းလဲကျ နေပြီး ယန်သခင်မ၏မျက်နှာတွင်တော့ ကြောက်ရွံ့မှု က အထင်းသားပေါ်လွင်နေလေသည်။ သို့သော် ဆန်းလျန်ကတော့ မည်သို့မျှမဖြစ်ပေ။

အိပ်မက်ထဲတွင်သူတို့ပထမအကြိမ်တိုက်ခိုက်ခဲ့ဖူးကြစဉ်က အနိုင်အရှုံးမသဲကွဲခဲ့သော်လည်း ဆန်းလျန်ကတော့အသာစီးရ ခဲ့လေသည်။

ယခုတော့ သူတို့နှစ်ယောက်မျက်နှာချင်းဆိုင်တွေ့ကြပြီ။ ဆန်း လျန်က လူငယ်ထံမှ မည်သည့်ဖိအားကိုမျှမခံစားရပေ။ စိတ် အနှောင့်အယှက်ဖြစ်ခြင်းကိုသာခံစားနေရလေသည်။

ထိုခံစားချက်ကြီးကို ဆန်းလျန်မကြိုက်ပေ။

ကျင့်ကြံသူတစ်ယောက်၏အတွေးများမှာ ရှင်းလင်းနေသင့် သည်။ တောင်တွေးမြောက်တွေးဖြင့် စိတ်များရှုတ်ထွေး နေ ခြင်းမျိုးမဖြစ်သင့်ပေ။ ကျင့်ကြံသူတစ်ယောက်မှာ စိတ်အလို

သို့မလိုက်ဘဲ ထိန်းချုပ်သင့်လေသည်။ အစွဲအလန်း

များ၏နှောင့်ယှက်ခြင်းမခံရသင့်ပေ။

လူငယ်၏စိတ်ဝိညာဉ်မှာ အားကောင်းသော်လည်း မကောင်း

မိစ္ဆာရမ္မက်ဆန္ဒများဖြင့်ပြည့်နေလေသည်။ မကောင်း သည့်

အငွေ့အသက်များ သူ့ထံမှထွက်ပေါ်နေလေသည်။

ထိုလူငယ်မှ ဘာကြောင့်ရူးသွပ်သွားခြင်းမရှိသေးသည်ကို

ဆန်းလျှန်နားမလည်နိုင်ဖြစ်နေရသည်။ သူ၏အာရုံခြောက်ပါး

မှာ မသန့်စင်သည့်တိုင်အောင် စိတ်အာရုံပျံ့လွင့်ခြင်းများကို

တော့ ထိန်းချုပ်ထားနိုင်ပုံရလေ သည်။

အခန်း (၃၀)

မျက်ဝန်းထဲကနတ်ဘုရား

ဆန်းလျန်က သူကိုယ်တိုင်လုပ်ထားသည့် စန္ဒကူးဓားကိုကိုင်ထားဆဲဖြစ်လေသည်။ စန္ဒကူးရနံ့ကသူ့စိတ်ကို ငြိမ်းချမ်းစေသည်။

သို့သော် သူစိတ်အနှောင့်အယှက်ဖြစ်နေဆဲဖြစ်လေသည်။ အခန်းတစ်ခုလုံးက အေးစိမ့်နေသည့်တိုင်အောင် ပူလောင်ခြင်းကလည်းရောယှက်နေလေသည်။ နွေခေါင်ခေါင်မှာ ရေခဲနေသကဲ့သို့ပင်။

လူငယ်၏လက်က ယန်သခင်မ၏ခန္ဓာကိုယ်ကိုပွတ်သတ်နေလေသည်။ လူငယ်၏အထိအတွေ့တွင် ယန်သခင်မမှာ ရှက်သွေးဖြာနေပြီး အလိုလိုပင်ညည်းတွားနေမိလေသည်။ လူငယ်

ကသူ၏စွမ်းအားကိုသုံးလိုက်ပြီး ကြမ်းတမ်းစွာ လုပ်လိုက်သည့်အတွက် ယန်သခင်မက မကျေမနပ်ဖြင့် တစ်ချက်အော်လိုက်လေသည်။

“မင်းဆရာကဘယ်သူလဲ ၊ ငါတို့နောက်ဆုံးတွေ့ခဲ့ကြတုန်းက မင်းငါ့ကိုထိခိုက်အောင်လုပ်တာ လက်စားမချေရသေး ဘူး”

လူငယ်ကပြောလိုက်သည်။

လူငယ်၏မျက်လုံးထောင့်တွင် အနက်ရောင်အစင်းကြောင်းများရှိနေပြီး မိစ္ဆာအရိပ်အငွေ့လက္ခဏာဖြစ်လေသည်။

“တော်တော်စကားများတာပဲ”

ဆန်းလျန်ကပြောလိုက်ပြီး သစ်သားဓားကိုဝှေ့ယမ်းလိုက်သည်။ သူ၏ဓားချက်မှာ လေနှင့်မိုးများသည်း ထန်လာသလို အရှိန်အဟုန်ပြင်းထန်လေသည်။

ဆန်းလျန်မှာ ဓားသိုင်းပညာကို မည်သူ့ထံကမှ မသင်ခဲ့ဖူးပေ။ ထို့ပြင် သူကတကယ်တမ်း သိုင်းကွက်ထုတ်ပြီး တိုက်ခိုက်

လိုက်ခြင်းမဟုတ်သောကြောင့် သူ၏ဓားချက်မှာ ကလေး ကစားသကဲ့သို့ပင်ဖြစ်လေသည်။

သို့သော် လူငယ်၏မျက်ဝန်းထဲတွင်တော့ ထိုတိုက်ခိုက်မှုက ထူးခြားနေလေသည်။ ဓားသွားမှာတုန်ခါနေပြီး အလင်း စက်ကလေးများဖြာထွက်နေလေသည်။

ထိုအလင်းစက်ကလေးများမှာ တောက်ပပြီးသန့်စင်လေသည်။ ဆန်းလျန်၏မျက်ဝန်းအရောင်ကတဖြည်းဖြည်းမှေးမှိန်လာပြီး အလင်းစက်ကလေးများကတော့ ပိုပြီးများပြားလာကာ တောက်ပလာကြလေသည်။

ထိုအလင်းစက်ကလေးများကို တခြားသူများမမြင်ရပေ။ စာပေသမားလူငယ်တစ်ယောက်သာမြင်ရခြင်းဖြစ်လေ သည်။ ဤသည်မှာ နတ်သက်ခြေဓားသိုင်း၏ထူးခြားဆန်းပြားသော အစွမ်းပင်ဖြစ်လေသည်။ ထိုဓားသိုင်းက ဝိညာဉ်များကို ပင် ဖမ်းဆီးသတ်ဖြတ်နိုင်လေသည်။ ထိုဓားသိုင်းမှာ သာမန်ဓား

သိုင်းမတတ်ခုမဟုတ်ပေ။ ထို့ပြင် ထိုဓားသိုင်းကို အသုံးပြုရန် အတွက် အတွင်းအားလည်းလိုအပ်ခြင်းမရှိပေ။ ထိုဓားသိုင်းက ကျောက်တုံးများကိုဖြိုခွင်းနိုင်ပြီး သံမဏိ ကိုပိုင်းဖြတ်နိုင်ခြင်း လည်းမရှိပေ။ သို့သော် စာပေသမားလူငယ်အတွက်တော့ ထို ဓားသိုင်းမှာ များစွာကြောက်စရာ ကောင်းနေလေတော့သည်။

လူသားတိုင်းတွင် ဝိညာဉ်နှင့်စိတ်ဝိညာဉ်နှစ်ခုရှိလေသည်။ နှလုံးသားကဖြစ်ပေါ်သည့်ဆန္ဒတိုင်းက အတွေးစိတ်ကူး များ အဖြစ်သို့ ကူးပြောင်းသွားသည်။ တစ်ချို့အချိန်များတွင် အတွေးစိတ်ကူးများမှာ မပျက်စီးဘဲတည်ရှိနေပြီး သူတို့ ကိုယ် သူတို့ပြန်လည်တိုက်ခိုက်ကြလေသည်။ အချိန်ကာလတစ်ခု ကြာလာသည့်အခါတွင်တော့ ထိုအတွေးစိတ်ကူး များက ထိုး ဖောက်ထွက်ပေါ်လာပြီး နတ်ဘုရား သို့မဟုတ် မိစ္ဆာများ ပေါ်ပေါက်လာရလေသည်။

စာပေသမားလူငယ်ဖြစ်တည်လာရခြင်းမှာ ထိုသို့သောလူ
တို့၏အတွေးများကြောင့်ဖြစ်လေသည်။ လိုချင်လောဘနှင့်
ရမ္မက်ဆန္ဒများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်လေသည်။
ထို့ကြောင့် လူငယ်၏ဝိညာဉ်စွမ်းအားမှာ မသန့်စင်သည့်တိုင်
စွမ်းအားပြည့်ဝလျှက်ရှိပြီး လွတ်လပ်စွာတည်ရှိနိုင်ခြင်းဖြစ်
လေသည်။

ထိုလူငယ်ကြောင့် ဆန်းလျန်ပင် စိတ်မကြည်မလင်ဖြစ်နေခဲ့ရ
သည်မဟုတ်ပါလား။ဤသို့ဖြစ်ရသည်မှာ ဒေါသအမျက်
အတွေးစိတ်ကူးကြောင့်ဖြစ်လာရခြင်းဖြစ်လေသည်။
ဆန်းလျန်၏စိတ်က အတွေးစိတ်ကူးများ၏နှောင့်ယှက်ခြင်းမှ
ကင်းလွတ်လေသည်။ ထို့ကြောင့်သူ၏ဝိညာဉ်ကသန့်စင်နေ
ခြင်း ဖြစ်လေသည်။

ထို့ကြောင့် မိစ္ဆာလွှမ်းမိုးမှုဝင်ရောက်နိုင်ခြင်းမရှိပေ။

စာပေသမားလူငယ်မှာ လွန်ခဲ့သည့်ပေါင်းများစွာက တွေ့ခဲ့ဖူး သည့် လူတစ်ယောက်ကို သတိရလိုက်မိသည်။ ထိုသူမှာ ဆန်းလျန်ကဲ့သို့ပင်ဖြစ်လေသည်။

ထိုသူမှ သာမန်လူသားတစ်ယောက်ပင်ဖြစ်ပြီး စာပေးသမား တစ်ယောက်လည်းဖြစ်လေသည်။ သူ့အတွေးများက မြင့်မြတ်ပြီး အာရုံစူးစိုက်မှုအားကောင်းလေသည်။

ထိုသူက သူတို့ညီအစ်ကိုငါးယောက်၏ဝတ်ကျောင်းတော်ကို ဖျက်စီးပစ်ခဲ့သည့်အပြင် သူတို့ပုံသဏ္ဍာန်ရွှေရုပ်တုများကို ပါ ဖျက်စီးပစ်ခဲ့လေသည်။ ထို့ကြောင့်ပင် သူတို့မှာ လောက အလယ်တွင် ဦးတည်ရာမဲ့လျှောက်သွားနေခဲ့ရသည်။ ယခုမှ ရှီဟုန်ကိုလှည့်စားပြီး တဖြည်းဖြည်း အခြေကျအောင်ကြိုးစား နေရခြင်းဖြစ်လေသည်။

ဆန်းလျှန်၏တိုက်ခိုက်မှုမှာ လက်တွေ့မကျလှပါ။ သိုင်းပညာ

ကျွမ်းကျင်သည့်သိုင်းလောကသားတစ်ယောက်သာတွေ့ သွား

ပါက နှာခေါင်းရှုံ့ချင်စရာသိုင်းကွက်မျိုးဖြစ်လေသည်။

သို့သော်…

သူ၏သိုင်းကွက်တွင် ကောင်းမြတ်ခြင်းတန်ခိုးများရှိနေသလို

ထူးခြားသည့်အရှိန်အဟုန်လည်းရှိနေလေသည်။

သိုင်းလောကသားနှစ်ယောက်တိုက်ခိုက်သည်ဆိုရာဝယ်

သိုင်းကွက်ကအဓိကမကျပေ။ ပြိုင်ဘက်ကို အနိုင်ရသည့် သူ

ကသာအတော်ဆုံးသိုင်းသမားဖြစ်လေသည်။

"အစိမ်းရောင်သစ်သီးခူး" သိုင်းကွက်ကဲ့သို့ ရိုးရှင်းသည့်

သိုင်းကွက်ကို အသုံးပြုမည်ဆိုပါက ထိုသိုင်းကွက်မှာ အစိမ်း

ရောင်နာနတ်သီးပင်များရှိရာတောင်ထိပ်တွင် နူးညံ့စွာ

တိုက်ခတ်သွားသည့် လေပြေလေးကဲ့သို့ နူးညံ့ဖြည်းညင်းသည့်

သိုင်းကွက် ဖြစ်လေသည်။ သို့သော်သော် ထိုသိုင်းကွက်တွင်
လှည့်ကွက်ပေါင်းများစွာပါဝင်လေသည်။
သို့သော် ထိုသိုင်းကွက်ကို စတင်တိုက်ခိုက်သည့်အချိန်တွင်
အသုံးပြုမည်ဆိုပါက ပြိုင်ဘက်ကအလွယ်တကူပင် ခုခံနိုင်ပေ
လိမ့်မည်။
အဘယ်ကြောင့်ဆိုသော် ထိုသိုင်းကွက်တွင်းသို့ အတွင်းအား
ထည့်နေသည့်အချိန်မှာပင် ဖြည်းညင်းသည့်သိုင်းကွက် ဖြစ်
သည့်အတွက်ကြောင့် တိုက်ခိုက်ရန် ခက်ခဲသွားပြီး အရှုံးနှင့်
ရင်ဆိုင်ရမည်ဖြစ်လေသည်။
သိုင်းသမားတစ်ယောက်သည် အချိန်ကိုက်လှုပ်ရှားမှုက
အရေးကြီးလေသည်။ နှောင့်နှေးနေမည်ဆိုလျှင် ပြိုင်ဘက်၏
တိုက်ခိုက်မှုက တရစပ်ဝင်ရောက်လာမည်ဖြစ်လေသည်။
တရစပ်တိုက်ခိုက်မှုအရှိန်ရလာလျှင်တော့ “အစိမ်းရောင်

သစ်သီးခူး”သိုင်းကွက်မှာ “လူတစ်ယောက်၏တိုက်စစ်” အဖြစ်
သို့ကူးပြောင်းသွားပေလိမ့်မည်။
ဆန်းလျန်၏သိုင်းကွက်မှာ နာမည်ပင်မရှိပေ။ ထင်ရှားသည့်
သိုင်းကွက်ပြောင်းလဲမှုလည်းမရှိပေ။ သို့သော် တုန်ခါနေ သည့်
ဓားသွားမှာအရိပ်များဖြာထွက်နေလေသည်။ မည်သည်က
ဓားသွားအစစ်အမှန်ဖြစ်ပြီး မည်သည်ကဓားရိပ် ဖြစ်သည်ကို
ပင် ခွဲခြား၍မရနိုင်ပေ။ ထို့ကြောင့် ဆန်းလျန်မှာ ဘက်ပေါင်းစုံ
မှ တိုက်ခိုက်လာနိုင်လေသည်။
စာပေသမားလူငယ်က ယန်သခင်မကိုဆွဲယူလိုက်ကာ
သူ၏ရှေ့တွင် ဒိုင်းသဖွယ်ကာထားလိုက်လေသည်။
သူကနတ်မိစ္ဆာတစ်ပါးဖြစ်ပြီး လူ့ကျင့်ဝတ် ၊ တရားမျှတမှု ၊
ဖြောင့်မတ်ခြင်းနှင့် ဂုဏ်သိက္ခာတရားများကို ဂရုစိုက်သည့်
သူမဟုတ်ပေ။ တရားမျှတမှု ၊ စိတ်ထားမြင့်မြတ်မှုနှင့် လူသား

ဆန်မှုတို့ သူ့တွင်မရှိပေ။ သူ့ကိုယ်သူသာ ဂရုစိုက်သူ ဖြစ်လေသည်။

သစ်သားဓားမှာလေထုထဲတွင် တစ်ဖြောက်ဖြောက်အသံများ ထွက်နေလေသည်။ ထိုအသံမှာ ရွှေနှင့်ကျောက်တုံး တိုက်ခတ်မိသည့်အသံကဲ့သို့ ရှင်းလင်းပြီးတိကျလေသည်။

ဓားသွားမှာ ယန်သခင်မ၏ရင်ဝကိုမထိုးမိခင်မှာပင် ရပ်တန့်သွားလေသည်။

လူငယ်စာပေသမားက ကောက်ကျစ်စွာပြုံးလိုက်သည်။ သူက ဆန်းလျန်ကို သူ၏လက်မှထွက်ပေါ်လာသည့် အနက်ရောင်အငွေ့များဖြင့် ဗျတ်စောင်းတစ်ခုဖန်တီးကာ တီးခတ်လိုက်လေသည်။

ဆန်းလျန်၏ ဓားသွားဆီမှ အလင်းစက်ကလေးများမှာ ကြယ်များကြွေသကဲ့သို့ အစုလိုက် အပြုံလိုက်တောက်ပလာကြလေသည်။

မိုးလေကင်းစင်ပြီး တောက်ပနေသည့် မိုးကောင်းကင်ကဲ့သို့ပင်။

ဆန်းလျှန်၏ဓားမှာ သစ်သားဓားလေးတစ်ချောင်းမျှသာဖြစ်သော်လည်း အေးစိမ့်စိမ့်အငွေ့ပအသက်များ လွှမ်းခြုံနေသောကြောင့် ယန်သခင်မမှာ ကျောထဲစိမ့်သည်အထိ ကြောက်ရွံ့သွားကာ သတိလစ်သွားရလေသည်။

သို့သော် အလင်းရောင်စက်ကလေးများမှာ ယန်သခင်မကို ထိခိုက်ခြင်းမရှိခဲ့ပါ။ ထိုအရာလေးများသည် လူငယ် စာပေသမား၏ အနက်ရောင်အငွေ့များဖြင့်ဖန်တီးထားသည့် ဗျတ်ဆောင်းဆီသို့ဦးတည်တိုက်ခိုက်လိုက်လေသည်။ ထိုမိစ္ဆာဗျတ်စောင်းမှာ လူတို့၏ အတွေးစိတ်ကူးများမှာ ဖြစ်ပေါ်လာသည့် အရာဖြစ်သောကြောင့် ထိုဗျတ်စောင်းသံမှာ လူတစ်ယောက်ကို ရူးသွပ်သွားစေနိုင်ပြီး အသိစိတ်ကင်းမဲ့သွားစေလေသည်။

သို့သော် အလင်းရောင်စက်လေးများမှာ သန့်စင်မြင့်မြတ်သည့် အရာဖြစ်သောကြောင့် အနက်ရောင်အငွေ့များကို နှင်းနှင့်ရေခဲကဲ့သို့ ဖွေးဖွေးဖြူအောင် သန့်စင်ပစ်လိုက်လေသည်။

"ဒီကောင်လေးရဲ့စိတ်ဝိညာဉ်ကအင်မတန်သန့်စင်တာပဲ ၊ ငါသာသူ့ကိုစုပ်ယူလိုက်မယ်ဆိုရင်...."

လူငယ်စာပေသမားကတွေးလိုက်လေသည်။

ထိုသို့တွေးလိုက်မိသည်နှင့် သူ၏လောဘတရားမှာ အထွဋ်ထိပ်သို့ရောက်ရှိသွားလေသည်။ ဤမျှသန့်စင်သည့် ဝိညာဉ်ကိုသူ့ဘဝတွင် ပထမဆုံးအကြိမ်တွေ့ဖူးခြင်းဖြစ်လေသည်။ သူအရင်ကတွေ့ခဲ့ဖူးသည့် သူတို့အားဖျက်စီးခဲ့ဖူး သော မြင့်မြတ်သောစာပေသမား၏ဝိညာဉ်နှင့်လည်းမတူညီပေ။ မြင့်မြတ်သည့်စာပေသမား၏ဝိညာဉ်မှာ နေရောင်ကဲ့သို့ ပူလောင်လွန်းလေသည်။

ဆန်းလျန်၏အတွေးအာရုံများက ဤအတိုင်းသန့်စင်နေခြင်း

ဖြစ်သလို သူ၏ဝိညာဉ်စွမ်းအားကလည်းမြင့်မားလေသည်။

သူ၏ဝိညာဉ်မှာ များစွာသောကျင့်စဉ်များကို ကျင့်ကြံထားခြင်း

မရှိသေးသလို ရောနှောပေါင်းစပ်ထားမှုများလည်း မရှိသေး

ပေ။

စာပေသမားလူငယ်သာ ဒီလိုဝိညာဉ်မျိုးရခဲ့လျှင် သူ၏အစွမ်း

များမှာ သိသိသာသာတိုးတက်သွားမည်ဖြစ်လေသည်။

သူ့အကျိုးအတွက်သာတွေးနေသောစာပေသမားလူငယ်သည်

ဝတ်ကျောင်းတော်တွင် အတူတူကျင့်စဉ်ကျင့်ကြံ ကြသည့်

သူ၏အစ်ကိုလေးယောက်ကိုပင် အကြောင်းမကြားတော့ရန်

ဆုံးဖြတ်လိုက်လေသည်။

ရုတ်တရက် အနက်ရောင်မြူခိုးများသည် အခန်းတစ်ခုလုံး

ပြည့်နက်သွားလေသည်။ ရှည်လျားသည့်အစွယ်ကြီးနှစ်ခု

ထွက်နေသည့်ဝက်ခေါင်းကြီးတစ်ခု အခန်းထဲတွင်ပေါ်လာလေ

သည်။

ထိုအရာမှာ တောဝက်သိုးကြီးတစ်ကောင်ဖြစ်ကြောင်း ဆန်းလျ

န်ကောင်းကောင်းသိလေသည်။ ရှည်လျားသော အမွေးများရှိ

နေပြီး ထိုအမွေးများမှာ သံမဏိကဲ့သို့မာကျောနေလေသည်။

အစွယ်များမှာလည်း မပျက်စီးဘဲထက်မြက်နေကြ လေသည်။

အမှန်တော့ စာပေသမားလူငယ်မှာ တောင်ပေါ်မှ တောဝက်သိုး

ကြီးတစ်ကောင်ဖြစ်လေသည်။ သူကအခြားသောသူများ၏ဝိ

ညဉ်များကိုစုပ်ယူပြီး အလင်းဓာတ်ရရှိလာခဲ့လေသည်။

ထို့နောက်တွင်တော့ သူ၏ညီအစ်ကိုလေးယောက်နှင့်ဆုံတွေ့ပြီး

ကျင့်ကြံသူတစ်ဦးချန်ထား ခဲ့သည့်ဝတ်ကျောင်းတော်တစ်ခု

တွင်နေထိုင်ကာ သူတို့၏ဝိညာဉ်စွမ်းအားများ မြင့်မားလာရန်

အတွက် လူများ၏အတွေးစိတ်ကူးများကိုစတင်စုပ်ယူခဲ့ကြ

လေသည်။ အံ့သြစရာအစွမ်းထက်လွန်းသည့် တန်ခိုးစွမ်းအား များကို သူတို့ရရှိခဲ့ကြလေသည်။

သူတို့ကရွာများတွင်လှည့်လည်နေထိုင်ပြီး အသိဉာဏ်မြင့်မား ခြင်းမရှိသည့် ရွာသားများကို ဖမ်းစားကာ နေထိုင်ကြလေ သည်။ သူတို့၏အတောမသတ်နိုင်သည့်လောဘရမ္မက်များနှင့် လူ့အဖွဲ့အစည်းတွင် စတင်နေထိုင်ရန် ကြိုးစားခဲ့ ကြလေသည်။ ထို့နောက်တွင်တော့ လူများက ဂူထုန်နတ်ဘုရားများဟု သိလာ ကြလေသည်။

လူတို့၏စိတ်ကို မကောင်းသောအတွေးများကပ်ညိစေသည့် ကပ်ရောဂါဆိုက်ကပ်စေသည့် နတ်မိစ္ဆာငါးပါးဟုလည်း သိလာ ကြလေသည်။

သို့သော်လည်း အချို့လူများကတော့ သူတို့အတွက် ဂူထုန် ဝတ်ကျောင်းတော်ဆောက်လုပ်ကိုးကွယ်ကြပြန်သည်။ ထို

ကဲ့သို့ကိုးကွယ်သူများကြောင့်ပင် သူတို့အတွက်ပိုပြီး

အခွင့်အရေးများရရှိနေခဲ့ခြင်းဖြစ်လေသည်။

သူတို့၏လွှမ်းမိုးမှုကြီးထွားလာသည့်တိုင် သူတို့တွင်

ကောင်းမွန်မြင့်မြတ်သည့်တန်ခိုးစွမ်းအားများတော့မရရှိကြ

ပေ။ သို့သော် သူတို့သည် လူများ၏အိပ်မက်တွင်းသို့ဝင်

ရောက်နိုင်သည့် အစွမ်းရှိလေသည်။

လူသားများ၏အတွေးစိတ်ကူးများကိုစုပ်ယူလေ သူတို့ကပိုပြီး

လူသားအသွင်ဖန်ဆင်းနိုင်လာလေဖြစ်လေသည်။ ထိုသို့

ဖန်ဆင်းနိုင်လာသည့်အတွက် လူသားများကိုပိုပြီးပြုစားနိုင်

လာကြလေသည်။

သို့သော် သူတို့မှာ နတ်ဆိုးမိစ္ဆာများသာဖြစ်ကြသည့်အတွက်

လူ့လောကကောင်းကျိုးကို ဂရုစိုက်ခြင်းမရှိကြပါ။

အထူးသဖြင့်စာပေသမားလူငယ်အသွင်ယူထားသည့်နတ်ဆိုး

မှာ အပြစ်မရှိသည့်မိန်းကလေးပေါင်းများစွာကို အနိုင် ကျင့်

ဖျက်စီးခဲ့လေသည်။ ထို့ကြောင့်ပင် မြင့်မြတ်သည့်စာပေး

သမားက သူတို့ကိုနှိမ်နင်းဖို့ မျက်စိကျခဲ့ခြင်းဖြစ်လေ သည်။

ဝူထုန်နတ်မိစ္ဆာငါးပါးမှာ တိရိစ္ဆာန်များဖြစ်ကြလေသည်။

တန်ခိုးစွမ်းအားများရရှိလာပြီးနောက်ပိုင်း သူတို့က သူတို့ဘဝ

အစစ်အမှန်ကို မေ့သွားကြလေသည်။

သို့သော် မြင့်မြတ်သည့်စာပေသမားကိုတော့ သူတို့၏တန်ခိုး

အစွမ်းများက လွှမ်းမိုးနိုင်ခြင်းမရှိခဲ့ပါ။ သူတို့၏နတ်ရုပ် တု

များမှာ တစ်စစီရိုက်ချိုးခံခဲ့ရပြီး သူတို့မှာလည်း ဒဏ်ရာများ

နှင့် ခွေးပြေးဝက်ပြေးပြေးခဲ့ရလေသည်။

လူငယ်စာပေသမားနတ်မိစ္ဆာမှာ ဒဏ်ရာသိပ်ပြီး

ပြင်းပြင်းထန်ထန်ရရှိခဲ့ခြင်းမရှိပေ။ ထို့ကြောင့်သူက လျင်မြန်

စွာပင် ပြန်လည်နေကောင်းလာခဲ့လေသည်။ ထို့နောက်တွင်

တော့ ရှီအိမ်တော်ကို ပြုစားကာဒုက္ခပေးခဲ့ခြင်းဖြစ်လေသည်။

ဝူထုန်နတ်ဘုရားငါးပါးတွင် စာပေသမားလူငယ်
အသွင်ဖန်ဆင်းထားသည့် ဝက်သိုးနတ်မိစ္ဆာမှာ အဆိုးဆုံး
နတ်မိစ္ဆာ ဖြစ်လေသည်။
ထို့ကြောင့်ပင် သူကဆန်းရှော့ရှီ၏အိပ်မက်ထဲသို့ဝင်ပြီး ပြုစား
ခဲ့ခြင်းဖြစ်လေသည်။ သူကဆန်းအိမ်တော်ကို လွှမ်းမိုး
ချုပ်ကိုင်ပြီး သူ၏ကျင့်စဉ်အတွက်အကျိုးအမြတ်ရရန်
အသုံးချလိုခြင်းဖြစ်လေသည်။
အနက်ရောင်မြူခိုးများကြားမှ ဝက်သိုးရိုင်းကြီးမှာ ဆန်းလျန်
ဆီသို့တန်းတန်းမတ်မတ်ပြေးလာလေသည်။
ဆန်းလျန်က ရုပ်တုတစ်ခုအလား သူ့နေရာတွင်ရပ်နေပြီး လုံးဝ
ရွေ့လျားခြင်းမရှိပေ။
ရုတ်တရက်ပင် ဆန်းလျန်နှစ်ယောက်ဖြစ်သွားပြီး တစ်ယောက်
မှာ ဓားကိုကိုင်ကာမလှုပ်မယှက်ရပ်နေပြီး နောက်တစ်ယောက်

ကတော့ မြေပြင်မှအထက်သို့ လွင့်မျောပျံတက်သွားလေ

တော့သည်။

အခန်း (၃၁) မှောင်စပျိုးချိန်တွင်မက်မွန်ပွင့်လေးရဲ့သိမ်မွေ့

သောရနံ့

ဆန်းလျန်၏ခန္ဓာကိုယ်မှာလှုပ်ရှားမှုမရှိ။ မျက်လုံးများကလည်း

သေနေပြီး ခန္ဓာကိုယ်ကလည်းတောင့်တင်းနေလေ သည်။ သူ့

မျက်နှာကတော့ ရှင်းသန့်ကြည်လင်နေလေသည်။

သို့သော် လေထဲတွင်လွင့်မျောနေသည့် ဆန်းလျန်၏ပုံရိပ်

ကတော့ ဆန့်ကျင်ဘက်ဖြစ်လေသည်။

အချိန်မှာ မှောင်စပျိုးနေပြီဖြစ်လေသည်။ နေဝင်သွားပြီဖြစ်ပြီး

ကောင်းကင်ကပုဇွန်ဆီရောင်သန်းနေသည်။

အခန်းထဲတွင် အမှောင်ထုကကြီးဆိုးနေသည့်အတွက် သာမန်

လူမျက်လုံးဖြင့်ဆိုလျှင် မည်သည့်အရာကိုမျှ မြင်နိုင်စွမ်းရှိမည်

မဟုတ်တော့ပေ။

ရှိဟုန်မှာ ကြောက်ရွံ့လွန်းသောကြောင့် တုန်ယင်နေပြီး တိုင်လုံးတစ်ခုကို ဖက်ထားလေသည်။ လေထဲတွင်လွင့်မျော နေသည့်ဒုတိယဆန်းလျန်မှာ ငြိမ်သက်နေသည့် ပထမဆန်းလျန်ရှေ့တွင်ပေါ်လာလေသည်။ မှိန်ပျပျနေရောင် အောက်တွင်သူ၏ခန္ဓာကိုယ်အကြည်ဓာတ်ကို ထိုးဖောက်ပြီးမြင်နေရသည်။ မွေးပျံ့သည့်စန္ဒကူးသားရနံ့မှာ နေဝင်ချိန်နေရောင်ခြင်နှင့်ထိတွေ့ပြီး ပြည့်စုံလှပသည့်ပုံရိပ်တစ်ခုဖြစ်နေလေသည်။

လေပြင်းတစ်ချက်တိုက်ခတ်လာပြီး ဆန်းလျန်က အနက်ရောင်တောဝက်သိုးကြီးဆီသို့တိုးဝင်တိုက်ခိုက်လိုက်သည်။ သူ့လက်ထဲတွင် ဓားရှိမနေပါ။ သို့သော် သူ့နှလုံးသားထဲတွင်တော့ နက်ရှိုင်းလှပသည့်ဓားတစ်လက်ရှိနေလေသည်။

ထိုတစ်ခဏတွင် ဆန်းလျန်မှာ ခံစားချက်ကင်းမဲ့နေလေသည်။ တစ်ချိန်တည်းမှာပင် နတ်သက်ခြွေဓားသိုင်းဖြင့် ရန်သူကိုတိုက်ခိုက်လိုက်သည်။ ထိုသို့တိုက်ခိုက်လိုက်ခြင်းမှာ မိမိ

ကိုယ်တိုင်လည်း အခန့်မသင့်လျှင် ဒဏ်ရာရရှိ သွားနိုင်လေ
သည်။ မိမိကိုယ်တိုင်၏ဝိညာဉ်ကို ဓားတစ်လက်ကဲ့သို့အသုံးပြု
ပြီး ရန်သူ၏ဝိညာဉ်ကို တိုက်ခိုက်ရသည့် တိုက်ကွက်ဖြစ်လေ
သည်။

ဆန်းလျန်ကတစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်လိုက်သည်။

သေခြင်းနှင့်ရှင်ခြင်းမှာ ကံတရားပေါ်တွင်မူတည်လေသည်။

အစိမ်းရောင်ဝတ်လူမှာ နတ်သက်ခြေဓားသိုင်းကိုအသုံးပြုပြီး
သွားလျှင် ဝိညာဉ်စွမ်းအားပြန်ပြည့်ရန် အချိန်အတိုင်း အတာ
တစ်ခုလိုအပ်လေသည်။ သူ၏တိုက်ခိုက်မှုတွင်အသုံးပြုသည့်
စွမ်းအားပမာဏအပေါ်မူတည်ပြီး သူ့တွင်လည်း တန်ပြန်
ထိခိုက်ပြီး ဒဏ်ရာရသောကြောင့်ဖြစ်လေသည်။

စိတ်ဝိညာဉ်နှင့်လူသားခန္ဓာမှာ အချင်းချင်းတိုက်ဖျက်မိ
သောကြောင့် ဒဏ်ရာရရခြင်းဖြစ်လေသည်။

ဆန်းလျန်၏အတွေးစိတ်ကူးများမှာ အဆုံးစွန်ထိပြင်းထန်နေပြီး ဝိညာဉ်အာရုံစက်ကွင်းများဖြစ်ပေါ်နေလေသည်။ တောဝက်သိုးကြီးကို သူသတ်ပစ်ချင်နေသည်။ သို့သော် ထိုသို့သောမကောင်းသည့်အတွေးများသည် သူ့နှလုံးသားထဲတွင် တစ်ခဏချင်းမှာပင် သန့်စင်သွားပြီး ခံစားချက်များမှ လွတ်မြောက်သွားပြန်လေသည်။

သို့သော် မရေရာမသေချာမှုဆီသို့ သူပြန်လည်ရောက်ရှိသွားပြီး သူ၏စိတ်အခြေအနေမှာ အကြင်နာတရားကင်းမဲ့ သွားပြန်လေသည်။

တင်းပုတ်ကိုင်ထားသောနတ်မင်းတစ်ပါးပမာ ဆန်းလျန်မှာ အသွင်ကူးပြောင်းသွားလေသည်။ စန္ဒကူးရနံ့မှာ နေရောင်ခြည်နှင့်ပေါင်းစပ်ပြီး ဆန်းလျန်၏ဝိညာဉ်အတွင်းသို့စီးဝင်သွားသည်။ ပူလောင်သည့်စွမ်းအင်မျိုး မဟုတ်သည့်တိုင်အောင် တဖြည်းဖြည်းပူနွေးလာလေသည်။

နေကဝင်လုဆဲဆဲ ...

လကထွက်လာသည့်အချိန်...

“ယင်” နှင့် “ယန်” အတူတကွတည်ရှိနေသည့် ခဏတာသော

အချိန်လေး...

ဆန်းလျန်မှာ “စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း” စာအုပ်ထဲမှ

အဓိပ္ပါယ်များကို တစ်ခဏချင်းတွင်နားလည်သွားလေသည်။

ထိန်းချုပ်ထားသည့်စိတ်ဝိညာဉ်နှင့် စွမ်းအားထက်မြက်သည့်

ဝိညာဉ်တို့မှာ အတွေးအာရုံဆီမှ မြစ်ဖျားခံလာခြင်းဖြစ်လေ

သည်။ ကျောက်သားသံမဏိများကိုပင် ဖျက်စီးနိုင်စွမ်းရှိသည့်

ဝရဇိန်လက်နက်ကဲ့သို့စွမ်းအားကြီးမားလေသည်။

ဆန်းလျန်၏စိတ်အာရုံမှာ အမှောင်နယ်ပယ်ထဲမှ လွတ်မြောက်

သွားပြီးစွမ်းအားအသစ်များရရှိလာလေသည်။

သူက တောဝက်သိုးကြီးဆီသို့တစ်ရှိန်ထိုးဝင်ရောက်တိုက်ခိုက်

လိုက်သည်။

တောဝက်သိုးကြီးမှာ နာကျင်စွာဖြင့်ညည်းညူသံကြားလိုက်ရသည်။

ထို့နောက်တွင်တော့ တောဝက်သိုးကြီးမှာ မြေပြင်ပေါ်တွင် လဲကျနေပြီဖြစ်လေသည်။

မျက်ဆံများမှာအဖြူရောင်သို့ပြောင်းလဲသွားပြီး အသက်ကင်းမဲ့နေလေပြီ။

ရှီဟုန်မှာ ယခုမှပင် ထိုနတ်ဘုရားကို တောဝက်သိုးနတ်ဆိုးကြီးမှန်းသိရလေသည်။ သူ၏ချစ်ဇနီးယန်သခင်မမှာ ဤကဲ့သို့သောမကောင်းဆိုးဝါးကြီး၏အစေမှကျင့်ခြင်းခံရသည့်အတွက် စိတ်ထဲတွင် စက်စုပ်ဝမ်းနည်းနေမိလေတော့သည်။

ဆန်းလျန်က တောဝက်သိုးကြီးကိုတစ်ချက်ကြည့်လိုက်သည်။ တောဝက်သိုးကြီးတွင် တောက်ပသောအနက် ရောင်အမွှေးများရှိလေသည်။ သို့သော် သာမာန်ဝက်သိုးတစ်ကောင်တော့မဟုတ်

ပေ။ ဤကဲ့သို့သော ထူးဆန်းသည့် သတ္တဝါ၏အသားမှာ အရသာမည်သို့ရှိမည်ကို ဆန်းလျန်သိချင်နေမိသည်။ ဆန်းလျန်ကြားဖူးသည်ကတော့ဤကဲ့သို့သောသတ္တဝါ များ၏အသားမှာ အာဟာရပြည့်ဝပြီး အသက်ဓာတ်အတွက် အလွန်ကောင်းလေသည်။

စွမ်းအားများကိုအသုံးပြုလုပ်လိုက်ရသည့်အတွက် ဆန်းလျန် မှာလည်း ပြန်လည်အားဖြည့်ဖို့လိုအပ်သည်မဟုတ်ပါ လား။ ယန်သခင်မသတိရလာသည့်အခါတွင်တော့ ရှီဟုန်က နတ်ဆိုး ငါးကောင်အကြောင်းကိုပြောပြလိုက်သည်။ ထို့နောက် ရှီဟုန် က ကြောက်လန့်စွာဖြင့်ပြောလိုက်သည်။

"တခြားနတ်ဆိုးတွေရောက်လာရင်ဘယ်လိုလုပ်မလဲ"

နတ်ဘုရားအသွင်ဖန်ဆင်းထားသည့် တောဝက်သိုးကြီးကို ဆန်းလျန်ကနှိမ်နင်းလိုက်နိုင်သော်လည်း အခြားသော နတ်မိစ္ဆာ လေးပါးကျန်ရှိနေသေးသည်။ဆန်းလျန်မှာ ကျန်သည့်နတ်ဆိုး

များကို နိုင်အောင်မတိုက်ခိုက်နိုင်လျှင် ဒုက္ခ ရောက်တော့မည်ဟု ရှီဟုန်က စိုးရိမ်နေခြင်းဖြစ်လေသည်။

ညဦးပိုင်းအချိန် လမင်းကထိန်ထိန်သာနေသည်။

ဆန်းလျန်မှာ ညစ်ပတ်ပေရေနေပြီး ကျောက်စိမ်းအရိုင်းတုံးလေးတစ်တုံးနှင့်ပင်တူနေလေသည်။ မိစ္ဆာဝိညာဉ်ဆိုးကိုနှိမ်နင်းထားသည့်အတွက် အနက်ရောင်မြူခိုးငွေ့များ သူ့ဘေးတွင်ဝန်းရံနေကြသည်။ ဆန်းလျန်ကိုကြည့်ရသည်မှာ မိုးကောင်းကင်မှဆင်းသက်လာသည့် နတ်ဘုရားတစ်ပါးနှင့်ပင်တူနေလေတော့သည်။

ရှီဟုန်မှာ သူပြောခဲ့သည့်စကားများအတွက် နောင်တရနေမိလေသည်။ ဆန်းလျန်အကို မလေးမစားပြုမိသလိုဖြစ် သွားသည့်အတွက် ကြောက်လန့်နေမိသည်။

သို့သော် နောက်ဆုံးတွင်တော့ သူက စကားစပြောလိုက်လေသည်။

“ဒါပေမယ့် မင်းရှိနေရင် ငါတို့မကြောက်တော့ပါဘူး”

ဆန်းလျန်မှာ ရှီဟုန်ပြောသည့်စကားများကို စိတ်ထဲမထား

သည့်အပြင် ရယ်မောလိုက်ရင်း…

“အဲဒီနတ်ဆိုးတွေလာတဲ့အထိ မစောင့်နိုင်တော့ဘူး ၊ သူတို့ကို

သွားရှာလိုက်တော့မယ်”

ဟုပြောလိုက်လေတော့သည်။

တောဝက်သိုးကြီးကိုနှိမ်နင်းပြီးသည့်နောက် မည်သည့်အရာမျှ

သူ့ကိုလှုပ်မ်းမိုးနိုင်ခြင်းမရှိတော့သလို ဆန်းလျန်ခံစား နေရ

သည်။ သူကသွက်လက်နေပြီး စွမ်းအားနှင့်ပြည့်နေလေသည်။

သူ့ကိုမည်သည့်အရာကမှ မတားဆီးနိုင်ပေ။

ဆန်းလျန်အခန်းထဲမှထွက်ခွာသွားလေသည်။ သူ့ကိုယ်ပေါ်သို့

ဖြာကျနေသည့် လရောင်ကြောင့် သူ၏ဝတ်ရုံမှာငွေရောင်များ

တောက်ပနေလေသည်။ သူ့ကိုကြည့်ရသည်မှာ

ကိုယ်ရောင်ကိုယ်ဝါတောက်ပပြီး ကျက်သရေအပေါင်း နှင့် ပြည့်စုံနေလေတော့သည်။

သိပ်မကြာခင်တွင် ရှီအိမ်တော်အရှေ့တောင်ဘက်ရှိ ဝတ်ကျောင်းတော်ထဲမှဝက်အော်သံများနှင့် မြင်းဟီသံများ ထွက်ပေါ်လာလေသည်။

ရှီဟုန်ကအစေခံများစေလွှတ်ကာ အခြေအနေကိုစုံစမ်း ခိုင်းလိုက်လေသည်။ အစေခံများပြန်ရောက်လာပြီး သခင် လေးဆန်းလျန်က လူတစ်စုကို နှိမ်နင်းတိုက်ခိုက်နေသည်ကို တွေ့ခဲ့ရကြောင်း ပြန်ပြောကြလေသည်။

အရှေ့တောင်ဘက်အဆောင်များဆီသို့ ရှီဟုန်နှင့်သူ၏လူများ ရောက်လာကြသည့်အခါတွင်တော့ ဝတ်ကျောင်းတော် တစ်ခု လုံးမှာ ပျက်စီးနေပြီဖြစ်လေသည်။ ဆန်းလျန်က ရှီဟုန်ကို မြင်သည်နှင့် ဝက်တစ်ကောင်နှင့်မြင်းတစ်ကောင်ကို လက်ညိုး ထိုးပြလိုက်ပြီး...

“ဦးလေးရှီ ၊ ဒီဝက်ရယ် ၊ မြင်းရယ် ၊ ပြီးတော့ ခုနအခန်းထဲက ဝက်သိုးကြီးရယ် ကျွန်တော့်တည်းခိုရိပ်သာကို ပို့ပေးပါလား ၊ ပြီးတော့ ဦးလေးရဲ့စားဖို့မှူးကိုလည်း ရက်နည်းနည်းလောက် ငှားနိုင်မလား”

ဟုပြောလိုက်လေတော့သည်။

“ငှားမနေပါနဲ့တော့ မင်းကိုလက်ဆောင်အဖြစ်ပေးလိုက်မယ် ၊ ခေါ်သာသွားပါ”

ရှီဟုန်ကဝမ်းသာအားရဖြင့်ပြောလိုက်လေတော့သည်။

ယန်သခင်မက ရှီဟုန်၏အင်္ကျီစကိုလှမ်းဆွဲလိုက်ပြီး…

“အဲဒါကနှစ်ကောင်ပဲရှိသေးတာပဲ ၊ ဝက်သိုးကြီးနဲ့ပေါင်းမှသုံးကောင်၊ ကျန်တဲ့နှစ်ကောင်ကရော”

ဟုမေးလိုက်လေသည်။

သူမက နတ်ဆိုးငါးကောင်မှာ အလောင်းသုံးလောင်းသာရှိပြီး နှစ်လောင်းပျောက်နေသောကြောင့် ပြောလိုက်ခြင်းဖြစ် လေသည်။

ရှီဟုန်မှာခေါင်းများပင်မူးသွားပြီး အဖြေကိုသိချင်ဇောဖြင့်မေး လိုက်လေသည်။

“တူလေး… ကျန်တဲ့မိစ္ဆာနှစ်ကောင်ရဲ့အလောင်းတွေရော ၊ ပြီး တော့ ဒီအလောင်းတွေကို မင်းရဲ့တည်းခိုခန်းကို ဘယ်လိုပို့ပေး ရမလဲ”

“ကျန်တဲ့နှစ်ကောင်က အတောင်တွေပါတော့ ပျံပြေးသွားကြ တာ”

ဆန်းလျန်က စိတ်မကောင်းသည့်ပုံစံဖြင့်ပြောလိုက်လေသည်။

ဆန်းလျန်က မြေလျှိုးမိုးပျံအတတ်ပညာကိုမတတ်သေးပေ။ ထို့ပြင် ဝိညာဉ်စွမ်းအားဖြင့်သွားမည်ဆိုပါကလည်း သူ၏ ဝိညာဉ်မှာ ရုပ်ခန္ဓာနှင့်အဝေးကြီးသို့ခွဲခွာပြီးမသွားနိုင်သေးပေ။

သူက ဝိညာဉ်လောကတွင်အစွမ်းထက်သော်လည်း သူ၏ဝိညာဉ်မှာ ရုပ်ခန္ဓာကိုလည်း ကာကွယ်ပေးနေရသေးသည်။

"အိမ်မှာနှစ်ရက်လောက်နေပါဦးလား ၊ မင်းဦးလေးငါကအရမ်းကိုကြောက်နေလို့ပါ ၊ ဒီလိုကိစ္စတွေကို ငါအရမ်း ကြောက်တာပဲ"

ရှီဟုန်က ခါးခါးသီးသီးပြောလိုက်လေသည်။ သူက လွတ်မြောက်သွားသည့်မိစ္ဆာနှစ်ကောင် ပြန်လာပြီးလက်စားချေမည်ကိုကြောက်ရွံ့နေခြင်းဖြစ်လေသည်။ ဆန်းလျန်မရှိလျှင် သူတို့မှာ ဒုက္ခရောက်ရမည်ဖြစ်လေသည်။

"ညဥ့်နက်နေပြီ ၊ ကျွန်တော်တည်းခိုရိပ်သာကိုပြန်မှဖြစ်မယ် ၊ ဦးလေးရှီ မနက်ဖန်တော့ ဒီအကောင်တွေပို့ပေးဖို့ မမေ့နဲ့နော် ၊ သူတို့ခြေထောက်တစ်ဖက်တောင်မပျောက်စေနဲ့"

ဆန်းလျန်က ရှီဟုန်၏တောင်းဆိုမှုကို ပြန်မဖြေဘဲ ပြောလိုက်ခြင်းဖြစ်လေသည်။ ထို့နောက်သူ၏စန္ဒကူးဓားကိုသိမ်း လိုက်ပြီးထွက်ခွာသွားလေတော့သည်။

ရှီဟုန်မှာ ဆန်းလျန်ကိုတားချင်သော်လည်း ဆန်းလျန်ဆီမှ စွမ်းအားရိုက်ခတ်မှုကြောင့် နောက်သို့ဆုတ်လိုက်ရ လေသည်။

သူလှုပ်ရှား၍မရတော့ဘဲ ဆန်းလျန်လေထဲတွင်လွင့်မျောထွက်ခွာသွားသည်ကိုသာ ငေးကြည့်နေရလေ သည်။

ဆန်းလျန်ကသူ၏ခံစားချက်များကိုထိန်းချုပ်မထားတော့ဘဲ စိတ်လွတ်ကိုယ်လွတ်ဖြင့် သီချင်းဆိုလိုက်လေသည်။

"မြင့်မားတဲ့အဆောက်အဦးထက်ဆီက....

မြို့တော်ကိုငုံ့ကြည့်လိုက်ရင်း...

လပြည့်ဝန်းနားမှာတိမ်လေးတွေက

ဟိုဟိုဒီဒီပြေးလွှားလို့...

လောကထဲကလူပေါင်းများစွာထဲမှာ...

ဘယ်သူကအစစ်အမှန်လဲဆိုတာ....”

ဆန်းလျှန်ကိုယ်တိုင်ကတော့ အဆောက်အဦး၏အမြင့်ဆုံး

ထိပ်ဖျားတွင်မဟုတ်ပါ။ သို့သော် သူ၏ဝိညာဉ်ကတော့

မြင့်မားသောအဆောက်အဦးများထက်ပင် ပိုမိုမြင့်မားသည့်

နေရာသို့ သွားရောက်နိုင်လေသည်။

“လောကထဲကလူပေါင်းများစွာထဲမှာ...

ဘယ်သူကအစစ်အမှန်လဲဆိုတာ....”

ဆိုသည့်သီချင်းစာပိုဒ်လေးကြောင့် ရှီဟုန်မှာ ဝမ်းနည်းမှုကို

ပြင်းပြင်းထန်ထန်ခံစားလိုက်ရလေတော့သည်။

....

တည်းခိုရိပ်သာ....

အနီရောင်မီးပုံးများချိတ်ဆွဲထားလေသည်။ ယနေ့ကသူတို့

တည်းခိုရိပ်သာ စတင်ဖွင့်လှစ်သည့်နေ့ဖြစ်လေသည်။ အိမ်

တော်ထိန်းဝူမှာ မီးအိမ်များအောက်တွင်ထိုင်နေလေသည်။ သူ

ကစာရင်းစာအုပ်များကိုစစ်ဆေးရင်း သက်ပြင်း တစ်ချက်ချ

လိုက်သည်။

“ဒီလောက်နှစ်ပေါင်းများစွာရှိပြီ ၊ ပေးထားတဲ့နာမည်ကိုမ

ပြောင်းသင့်ပါဘူး ၊ ခုတော့ ဧည့်သည်တောင် သိပ်မလာ တော့

ဘူး”

ဆန်းအိမ်တော်မှာ ကံတရားကို အစိုးရသူများမဟုတ်ပေ။

ထို့ပြင် တည်းခိုရိပ်သာမှာလည်း ဆန်းလျှန်ကိုအပိုင်ပေး လိုက်

ပြီဖြစ်လေသည်။ ဆန်းအိမ်တော်မှ မိသားစုဝင်များမှာ ဆန်းလျ

န်၏လုပ်ငန်းကို ဝိုင်းဝန်းကူညီကြလေသည်။

သိပ်ပြီးတန်ဖိုးမကြီးသည့်တိုင် သူတို့ကဆန်းလျှန်ပေးသည့်

လက်ဆောင်ပစ္စည်းများကိုလည်းလိုချင်ကြသောကြောင့် ဖြစ်

လေသည်။ ဤအချက်က လူတွေမည်မျှ ပစ္စည်းမက်ကြသည်

ကို ဖော်ပြနေလေသည်။

ဆန်းလျန်က တည်းခိုရိပ်သာထဲသို့ဝင်လိုက်ပြီး အိမ်တော်ထိန်း ဝူဘေးတွင်ရပ်လိုက်သည်။ သူက အိမ်တော်ထိန်းဝူ လက်ထဲမ စာရင်းစာအုပ်ကို တစ်ချက်ကြည့်လိုက်ပြီးပြုံးလိုက်ရင်း...

"ဦးလေးဝူ ၊ ဒီနေ့ပင်ပန်းသွားပြီ"

ဟုပြောလိုက်လေသည်။

အိမ်တော်ထိန်းဝူကရယ်မောလိုက်ပြီး...

"လျန်သခင်လေး... ဒီနေ့ညည့်သည်တောင်မရှိဘူး ၊ ဘယ်လို လုပ်ပင်ပန်းမှာလဲ"

"ဒီလိုကိုး ၊ မနက်ဖန်ဦးလေး ရှီဟုန်ဒီမှာလာနေလိမ့်မယ် ၊ အဲဒီ အခါကျ သူ့ဆီကတစ်နေ့ကိုငွေသားတစ်ထောင်တောင်းလိုက် မယ်၊ ဒါဆိုညည့်သည်မလာလဲ ဘာမှပူစရာမရှိတော့ဘူး ၊ ပိုက်ဆံကအလိုလိုနေရင်းရနေတော့မှာ ၊ မကောင်းဘူးလား"

ဟု ဆန်းလျန်က ပြောလိုက်လေတော့သည်။

အခန်း (၃၂)

လေ့ကျင့်ခြင်းကပြည့်စုံလာစေနိုင်သည်

“တော်စမ်းပါ လျန်သခင်လေးရယ် ၊ ရှီသခင်ကြီးမှာ အိမ်မရှိတာပဲ ၊ ဘာလို့ကျုပ်တို့တည်းခိုခန်းမှာလာနေရမှာလဲ ၊ ပြီးတော့တစ်နေ့ကိုငွေသားတစ်ထောင်ပေးရအောင် သူကရူးနေလို့လား”

အိမ်တော်ထိန်းဝူက ပွစိပွစိပြောလိုက်လေသည်။

ဆန်းလျန်က လူကောင်းတစ်ယောက်ဖြစ်သော်လည်း နည်းနည်းတော့အပျင်းထူတတ်ပြီး တစ်ခါတစ်လေတော့ ခပ်တည်တည်နှင့် နောက်တတ်ပြောင်တတ်သူဖြစ်လေသည်။

“စိတ်မပူနဲ့၊ မနက်ဖန်သူတကယ်ဒီကိုလာမှာ၊ ကျွန်တော်အိပ်ချင်လို့အခန်းပြန်တော့မယ်၊ ကျွန်တော့်ကိုဘယ်သူမှ မနှောင့်ယှက်စေနဲ့နော်”

ဆန်းလျန်ကလက်ဝေ့ယမ်းပြလိုက်ပြီး လှေကားပေါ်သို့တက်သွားလေတော့သည်။ သူ၏အခန်းမှာ တတိယထပ်ရှိ ပထမဆုံးအခန်းဖြစ်ပြီး သူကထိုအခန်ကို “ခေါင်းဆောင်ကြီး၏အခန်း” ဟု ပျော်စေပျက်စေဖြင့် နာမည်ပေးထားလေ သည်။

ဆန်းလျန်ကပြတင်းပေါက်တံခါးကိုဖွင့်လိုက်သည်။ လရောင်က အခန်းတွင်းသို့ ဖြာကျနေပြီး သူက အိပ်ယာထက်တင်ပျဉ်ခွေကာထိုင်လိုက်သည်။

သူ့မျက်ခွံများကိုဖြည်းညင်းစွာမှိတ်လိုက်သည်။ အထီးကျန်မှုအာရုံက သူ့ပေါ်သို့တွားသွားတက်လာသလိုခံစားလိုက်ရသည်။

“မိုးကောင်းကင်ထက်မြင့်တဲ့အရာမရှိဘူး ၊ ဒါပေမယ့် လူတစ်ယောက်ရဲ့ဝိညာဉ်ကတော့ အမြင့်ဆုံးပါပဲ”

ရှေးလူကြီးများပြောသည့်ဆိုရိုးတစ်ခုရှိလေသည်။

“အနန္တရယ်များသည့်တောင်တစ်တောင်ကမြင်သာနိုင်ပေမယ့် အသူရာချောက်တမျှနက်ရှိုင်းတဲ့လူတွေရဲ့နှလုံးသားကို မြင်ဖို့ခက်တယ် ၊ အမျိုးမျိုးပြောင်းလဲနိုင်တဲ့ လူတစ်ယောက်ရဲ့နှလုံးသားကို သိမြင်နိုင်ဖို့ခက်လွန်းတယ်”

ဟူ၍ဖြစ်လေသည်။

ဆန်းလျန်၏စိတ်အာရုံများတစ်ဖြည်းဖြည်းငြိမ်သက်သွားလေသည်။ ပုဇဉ်းရင်ကွဲအော်သံများမှာလည်းတိုးတိတ်သွား ပြီး လေသံများလည်းပျောက်ကွယ်သွားလေသည်။

စိတ်ပျံ့လွင့်ခြင်းများမရှိလျှင် နှလုံးသားကငြိမ်းချမ်းနေလေသည်။ လရောင်က ဆန်းလျန်ပေါ်သို့ ဖြာကျနေပြီး ဆန်းလျန်မှာ ငွေရောင်တောက်ပနေလေသည်။

သူ့ခေါင်းထဲသို့ အတွေးတစ်စဝင်ရောက်လာသည်။

"ခန္ဓာကိုယ်အစိတ်အပိုင်းများ ကြီးထွားလာသကဲ့သို့ လရောင်ကအပြည့်အဝလိုက်ပြီးကြီးထွားနိုင်မည်လား"

ဟုဆန်လျန်တွေးလိုက်မိသည်။

ငွေရောင်အလင်းစက်ဝန်းတစ်ခုမှာ အဝါဖျော့ရောင်သို့ ပြောင်းလဲသွားပြီး လရောင်ကို စုပ်ယူလိုက်လေသည်။

အလင်းရောင်စက်ဝန်းမှာ တဖြည်းဖြည်းသေးသွားပြီး ကြေးနီရောင်မီးအိမ်လေးဆီသို့ လွင့်မျောသွားသည်။ ထို အလင်းစက်ဝန်းလေးက မီးအိမ်ထဲသို့တိုးဝင်သွားသည့်အချိန်တွင်တော့ အခန်းတစ်ခုလုံးလင်းထိန်သွားလေတော့ သည်။

မီးအိမ်မှာ ငါးတစ်ကောင်ကိုစားနေသည့်ဖျိုင်းတစ်ကောင်၏ပုံသဏ္ဍာန်ဖြစ်လေသည်။ ငါး၏ဝမ်းဗိုက်နှင့် ဖျိုင်း၏ လည်ပင်းက ချိတ်ဆက်ထားလေသည်။

ငါး၏ဝမ်းဗိုက်ထဲတွင် ရေဖြည့်ထားသောကြောင့် မီးအိမ်မှ ထွက်သည့်ဆီချေးငွေ့များမှာ ဗျိုင်း၏လည်ပင်းမှစီးဆင်း သွားပြီးရေထဲသို့ ရောက်ရှိသွားလေသည်။ ထိုသို့လုပ်ထားခြင်းဖြင့် မီးအိမ်မှမီးခိုးငွေ့နှင့်ညော်နံ့များထွက်ခြင်းကိုကာကွယ်ပေးပြီး အခန်းတွင်း၌သန့်ရှင်းနေစေလေသည်။

ထိုမီးအိမ်မျိုး ဤလောကတွင်မရှိပေ။

မီးအိမ်ကိုတီထွင်ထားသူမှာ ဆန်းလျန်ကိုယ်တိုင်ဖြစ်လေသည်။ "တရုတ်ရိုးရာဗျိုင်းနှင့်ငါးကြေးနီမီးအိမ်" ဟု သူက အမည်ပေး ထားလေသည်။

အိမ်တော်ထိန်းဝူမှာ မီးအိမ်ပုံစံကိုသဘောကျသော်လည်း မီးအိမ်၏ထူးခြားသည့်လုပ်ဆောင်မှုကိုတော့ သတိမပြုမိ ပေ။ မီးအိမ်မှဆီချေးငွေ့များမှာ ရေထဲသို့စီးဝင်သွားသည့်အတွက် လေထုညစ်ညမ်းမှုများ မဖြစ်တော့ပေ။ ဤသည်မှာ တရားထိုင် ခြင်းအယူအဆတစ်ခုလည်းဖြစ်လေသည်။ မီးအိမ်လေးကို

ကြည့်လိုက်တိုင်း ဆန်းလျန်၏စိတ်ကိုသန့်စင် ရန် သတိပေးနေလေတော့သည်။

လရောင်၏သိပ်သည်းမှုစွမ်းအားများဖြင့် မီးအိမ်ကိုလင်းလက်သွားစေခြင်းဖြစ်လေသည်။ မီးတောက်မှာ သိပ်ပြီးကြီးလှသည်မဟုတ်သော်လည်း ဆန်းလျန်အတွက်တော့မှတ်ကျောက်တင်နိုင်သည့် လုပ်ဆောင်မှုတစ်ခုဖြစ်လေသည်။ သိုင်းပညာကိုကျော်လွန်သွားပြီး မှော်ပညာအသွင်သို့ကူးပြောင်းသွားလေသည်။

"တကယ်လို့ ပိုက်ကွန်ထဲမှာသာဒီလိုမျိုးလုပ်နိုင်ရင် မီးဘောလုံးတွေထွက်လာမလားပဲ ၊ ဒါဆိုမှော်ပညာနဲ့တူသွားပြီ" ဟု ဆန်းလျန်တွေးလိုက်မိပြီး သူ့အတွေးကိုသူ သဘောကျကာပြုံးနေမိလေသည်။

ဆန်းကျူကျင့်စဉ်ကျမ်းကိုသူလေ့ကျင့်သည့်အချိန်တိုင်းမှော်ပညာရောသိုင်းပညာပါ တွဲဖက်လေ့ကျင့်ရလေသည်။

လေပြေလေးကတိုက်ခတ်လာသည့်အတွက် မီးအိမ်လေးမှာ ဆန်းလျန်၏အကျီစအနားဆီသို့ ယိမ်းယိုင်လှုပ်ခတ်သွား လေသည်။ လေပြေလေးက ဆန်းလျန်ကိုအိပ်ယာထက်မှထကာ လမင်းကိုကြည့်ရန်ဆွဲဆောင်နေလေသည်။

သူ့တွင်မျော်အစွမ်းများရှိနေပါသည်။ မျော်မန္တန်များလည်း သူ လေ့လာသင်ယူထားလေသည်။ သို့သော် သူလိုချင်သည် က လမင်းကဲ့သို့ ထာဝရတည်ရှိရှင်သန်နိုင်ရန်ပင်ဖြစ်လေသည်။

....

နွေရာသီကုန်ဆုံးသွားပြီးနောက် ဆောင်းဦးရာသီသို့ဝင် ရောက်လာလေသည်။ အချိန်တို့က လျှင်မြန်စွာကုန်ဆုံးသွား ကြသည်။

ဆန်းလျန်၏အသက်မှာ ဆယ့်ငါးနှစ်ရှိပြီဖြစ်လေသည်။ သူက တဟုန်ထိုးကြီးပြင်းလာပြီး ကျောက်စိမ်းကဲ့သို့ ချောမော ကျက်သရေရှိလာလေသည်။ သူ့ကိုစိတ်မဝင်စားကြသည့် မိန်းကလေးဟူ၍မရှိပေ။ အကယ်၍ သူသာအရင်ကလို နေမ

ကောင်းဖြစ်ပြီးအားနည်းနေဦးမည်ဆိုလျှင် လူတွေကသူ့ကို လျှောင်ပြောင်ကြဦးမှာဖြစ်လေသည်။

ဆန်းလျန် ဝူထုန်မကောင်းဆိုးဝါးများကို နှိမ်နင်းပြီးနောက် တစ်နေ့တွင် အကြောက်လွန်နေသော ရှီဟုန်မှာ တည်းခိုရိပ်သာသို့ ရောက်လာလေသည်။ ငွေပမာဏများစွာပေးရမည်ဆိုလျှင် တောင်မှ သူက ဆန်းလျန်၏ "အန်းတည်းခိုရိပ်သာ" နေထိုင်ရန် ဆုံဖြတ်ထားလေသည်။ လွတ်မြောက်သွားသည့် နတ်ဆိုးမိစ္ဆာ နှစ်ကောင် ပြန်လာပြီးလက်စားချေမည်ကို လွန်စွာမှ ကြောက်လန့်နေလေတော့သည်။

လူများက ရှီဟုန်ရူးသွပ်သွားပြီဟု ထင်နေကြလေသည်။ တကယ့်အဖြစ်အပျက်ကိုသိသူမှ ရှီအိမ်တော်မှ လူလေးငါး ယောက်သာ ရှိလေသည်။ ထိုလူများကိုလည်း ရှီဟုန်က သတင်းမပေါက်ကြားစေရန် နှုတ်ပိတ်ထားလိုက်သည်။

ဆန်းလျန်၏အဒေါ် ဖြစ်သူ ရှီသခင်မကတော့ အဖြစ်အပျက်အားလုံးကို သိရှိထားလေသည်။ တရုတ်နှစ်သစ်ကူးပွဲတော် နေ့တွင်တော့ သူမက ဆန်းလျန်ကို အန်ပေါင်းမုန့်ဖိုးများစွာပေးလေသည်။ သူမ ရုတ်တရက်ကြီး ဆန်းလျန်အပေါ်ကောင်းကောင်းမွန်မွန်ဆက်ဆံနေသည့်အတွက် အစေခံများမှာ နားမလည်နိုင်ဖြစ်နေကြရလေသည်။ အဘယ်ကြောင့်ဆိုသော် သူမသည် မည်သူ့ကိုမဆို မောက်မာကြမ်းတမ်းစွာဆက်ဆံတတ်သောကြောင့်ဖြစ်လေသည်။ အစေခံများမှာ ဆန်းလျန်ကို အံ့သြနေကြလေတော့သည်။

ရှီဟုန်မှာ ဆန်းလျန်၏တည်းခိုရိပ်သာတွင် ခြောက်လခန့်နေပြီးသည့်နောက် ဝူထုန်နတ်ဘုရားများ ပြန်မလာသည်မှာသေချာတော့မှ သူ၏အိမ်တော်သို့ပြန်သွားလေသည်။

သို့သော် ရှီဟုန်၏ဆန်းကျယ်သောအပြုအမူကြောင့် ချင်ပြည်နယ်မြို့တော်မှလူများမှာ စပ်စုလိုစိတ်များ ထိန်းမနိုင်

သိမ်းမရဖြစ်နေကြလေတော့သည်။ ထို့ပြင် ဆန်းလျှန်၏ တီထွင်ပြုလုပ်ထားသည့် ထူးဆန်းသည့် "တရုတ်ရိုးရာဇျိုင်း နှင့်ငါးကြေးနီမီးအိမ်" မှာလည်း သူ၏တည်းခိုရိပ်သာတွင် လွန်စွာမှ နာမည်ကြီးကာ လူအများစိတ်ဝင်စားခြင်းကိုခံရလေ သည်။

ထို့ကြောင့်ပင် လာရောက်တည်းခိုသူများ တစ်နေ့တခြား များပြားလာကြပြီး တည်းခိုရိပ်သာမှာ ခရီးသွားများ ၊ လာ ရောက်စပ်စုသည့်သူများ ၊ လာရောက်လေ့လာသည့်သူများနှင့် မပြတ်စည်ကားနေလေတော့သည်။

အိမ်တော်ထိန်းဝူမှာ ထိုသို့ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထား ခြင်းမရှိပေ။ တည်းခိုရိပ်သာ နာမည်ပြောင်းပြီး စတင်ဖွင့်လှစ် သည့် ရက်အနည်းငယ်သာ ဧည့်သည်နည်းပါးခဲ့ပြီး ယခု နောက်ပိုင်းတစ်လျှောက်လုံးတွင် ဧည့်သည်ပြတ်သည်ဟူ၍ မရှိ တော့ပေ။ အိမ်တော်ထိန်းဝူမှာ ပျော်ရွှင်နေရသော်လည်း

အလုပ်များနေရလေသည်။ ဆန်းလျန်က လစဉ် တည်းခို ရိပ်သာ မှရရှိသည့်အမြတ်ငွေ၏တစ်ဝက်ကို သူ့ကိုပေးမည်ဟု ကတိပေးထားလေသည်။ သူရရှိမည့်ငွေပမာဏမှာ မက် လောက်စရာငွေပမာဏဖြစ်နေလေသည်။

အခြားဘက်တွင်လည်း ဆန်းလျန်မှာ စီးပွားရေးကို သိပ်ပြီးဂရု မထားနိုင်ပေ။ သူကနေ့ဘက်တွင် သိုင်းပညာ လေ့ကျင့်ရပြီး ညဘက်တွင် ဝိညာဉ်းစွမ်းအားတိုးတက်ရန်အတွက် လေ့ကျင့်ရ လေသည်။

ဆန်းကျူကျင့်စဉ်ကျမ်းမှာ လေ့လာရန်လွယ်ကူသော်လည်း လက်တွေ့ကျင့်ကြံရန်မှာ လွန်စွာမှခက်ခဲလေသည်။ အစိမ်း ရောင်ဝတ်လူကဲ့သို့ အရည်အချင်းရှိသည့်လူပင်လျှင် နှစ်ပေါင်း သုံးဆယ်ကြာအောင်ကျင့်ကြံပြီးမှ အထင်ရှုထိပ်ရှစ်နေရာမှ အတွေးအမြင်ပိုင်းနှင့်အုပ်ချုပ်မှုပိုင်းဆုံချက်နှစ်ခု ပွင့်အောင် လေ့ကျင့်နိုင်ခဲ့ခြင်းဖြစ်လေသည်။

အခြားသူများနှင့်ယှဉ်လျှင် အားကောင်းသည့်ဝိညာဉ်စွမ်းအား ကို ပိုင်ဆိုင်ထားပြီး နာရီပေါင်းများစွာလေ့ကျင့်သည့် တိုင်ပင်ပ န်းနွယ်းနယ်ခြင်းမရှိ ၊ အတွင်းအားကိုလည်း ကောင်းစွာ အသုံးချနိုင်နေပြီဖြစ်သည့် ဆန်းလျန်မှာ ယခုအချိန်ထိ နောက်ဆုံးအထွဋ်ထိပ်ဆုံချက်ကို ပွင့်အောင်မကျင့်နိုင်သေး ပေ။

ထို့ပြင် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှကျင့်စဉ် များကို လွန်ခဲ့သည့်ခြောက်လက ပြန်လည်စတင်ကာ လေ့ကျင့် ခဲ့လေသည်။ တိမ်ထူထပ်သည့်အချိန် ၊ မြူခိုးများဝေနေည့် အချိန်နှင့် ညအချိန်များတွင် သူ့ရုပ်ခန္ဓာမှ စိတ်ဝိညာဉ်လွှင့် သည့်ကျင့်စဉ်ကိုလေ့ကျင့်လေသည်။

နေ့ဘက်တွင်တော့ ပူပြင်းသည့်နေရောင်ခြင်ကြောင့် ဆန်းလျန် မှာ အပူဒဏ်အောက်တွင် ကြာရှည်စွာလေ့ကျင့်နိုင် ခြင်းမရှိ ပေ။

ချင်ပြည်နယ်တိုင်းပြည်မှာ အနောက်မြောက်ဘက်ဒေသတွင်
တည်ရှိလေသည်။ အရမ်းအေးသည့်ဒေသမဟုတ်သည့် တိုင်
ဆောင်းတွင်းဆိုလျှင်တော့ ရာသီဥတုက မခံနိုင်အောင်အေး
လွန်းလေသည်။
သုံးရက်ဆက်တိုက်နှင်းများကျဆင်းမှုကြောင့် မြို့ထဲရှိသစ်ပင်
များမှာ နှင်းများဖြင့်ဖုံးလွှမ်းနေကြလေသည်။ တည်းခို ရိပ်သာ
ထဲတွင် မီးဖိုထားသည့်တိုင်း အအေးဓာတ်ကတော့ရှိနေဆဲဖြစ်
လေသည်။
ဆန်းလျန်က သူ၏ကျင့်စဉ်လေ့ကျင့်မှုကို နေ့စဉ်ပြုလုပ်လေ
သည်။ အလွန်အကျွံမလေ့ကျင့်ဖြစ်အောင်တော့ သူ့ကိုယ် သူ
ထိန်းနိုင်အောင်ကြိုးစားလေသည်။
လွန်ခဲ့သည့်နှစ်ရက်ခန့်က သူကကျင့်စဉ်လေ့ကျင့်ရင်း စိတ်မ
ရှည်တော့သည့်အတွက် သူ့ကိုယ်သူအဆင့်တက်ပြီး လေ့ကျင့်
ရန် ဖိအားပေးလိုက်သည်။ ဖောက်ပြန်ခြင်းကိုခံစားရပြီး ဝူထုန်

နတ်ဘုရားများနှင့် တိုက်ခိုက်သည့်အချိန်ကထက်ပင် ဆိုးရွား

သွားလေသည်။

အိမ်တော်ထိန်းဝူမှာ သူ၏အေးစက်စက်အပြုအမူနှင့်ဒေါသ

ထွက်နေပုံကိုကြည့်ကာ သတိပင်လစ်မတတ်ကြောက်ရွံ့

တုန်လှုပ်သွားရလေသည်။ သူ၏စိတ်နေသဘောထားဘာ

ကြောင့်ပြောင်းလဲသွားရသည်ကို သူကိုယ်တိုင်လည်း နားမ

လည်ပေ။ သူသာ ကျင့်စဉ်ကို အဆက်မပြတ်နှင့်အလွန်အကျွံ

ထပ်မံလေ့ကျင့်ပါက အစိမ်းရောင်ဝတ်လူကဲ့သို့ အစွန်းရောက်

သမားဖြစ်ကာ သူသွားရာလမ်းအတိုင်း မြန်းရမည်ဖြစ်လေ

သည်။

ထို့ကြောင့် ဆန်းလျန်က သူ့ရှေ့မှမှားယွင်းသွားသောသူ

နောက်သို့ မလိုက်မိစေရန် သူ့ကိုယ်သူအချိန်ပြည့် သတိပေး နေ

ခဲ့လေသည်။ အတွေ့အကြုံမရှိခြင်းနှင့် လမ်းပြသင်ကြားပေး

မည့်သူမရှိခြင်းကြောင့် အစိမ်းရောင်ဝတ်လူမှာ လမ်းများသို့

ရောက်ကာ ကျရှုံးရခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ သူကိုယ်တိုင် ထိုသို့ဖြစ်လာလိမ့်မည်ဟု

ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပေ။ ကိုယ့်ကိုယ်ကိုသာ

အပြစ်တင်ရမည် ဖြစ်လေသည်။ လင်ချုန်းရှောင်၏သင်ကြား

ပြသပေးမှုနှင့် သူလေ့လာထားသည်များကိုပေါင်းစပ်ကာ

လေ့ကျင့်နိုင်လိမ့်မည်ဟု တွေးထင်ထားခဲ့မိလေသည်။

သူ၏ အတွေ့အကြုံများကြောင့်သာသူဆက်ပြီးအသက်ရှင်နိုင်

ခဲ့ခြင်းဖြစ်လေသည်။ မဟုတ်ပါက မကျန်းမမာဖြစ်ကာ

ဒုက္ခရောက်သွားနိုင်လေသည်။

ဓားသွားကဲ့သို့ထက်မြက်သည့် အေးစိမ့်စိမ့်လေက ပြတင်း

တံခါးအက်ကွဲကြောင်းမှတိုးဝင်လာပြီး တံခါးခေါက်သံတစ်ခု

ထွက်ပေါ်လာလေသည်။

အခန်း (၃၃)

ကျောက်စိမ်းသခင်လေး

တံခါးကိုပိတ်ထားရခြင်းမှာ နှင်းမုန်တိုင်းတိုက်ခတ်နေ

သောကြောင့် ဖြစ်လေသည်။

တံခါးကြားမှ အေးစိမ့်သောလေက ဓားတစ်လက်ကဲ့သို့ပင်

အခန်းထဲသို့ဖြတ်သန်းဝင်ရောက်လာလေသည်။

သူတို့ပထမဆုံးမြင်လိုက်ရသည့်အရာမှာ လူတစ်ယောက်မ ဟုတ်ဘဲ ခြေထောက်လေးတစ်ဖက်ဖြစ်လေသည်။

အေးစက်သည့်လေကအခန်းထဲသို့ဝင်ရောက်တိုက်ခတ်လာ သော်လည်း ခြေထောက်လေးကတော့ နှလုံးသားထဲထိ နွေး ထွေးသွားစေလေသည်။

ဆန်းလျှန်မှလွဲပြီး တခြားသူများအားလုံး အသက်ပင်မရှူနိုင် ဖြစ်သွားရလေသည်။

နောက်ထပ်ခြေတစ်လှမ်းဝင်ရောက်လာပြန်သည်။ သူတို့တွေ့ ကြရသည်မှာ ပိုးသားကဲ့သို့ချောမွေ့သည့် ကျောက်စိမ်း သား ကဲ့သို့သော ခြေထောက်လှလှလေးများပင်။

ရေခဲတမျှအေးစက်နေသည့်အပြင်ဘက်မှ ဝင်ရောက်လာသည့် ခြေထောက်လေးတစ်စုံ....

သို့သော် ထိုခြေထောက်လေးတစ်စုံတွင် ဒဏ်ရာများ ၊ နှင်း

ကိုက်ထားသည့်အနာများလုံးဝမရှိပေ။ ခြေထောက်လေးများ

မှာ ဖြူဖွေးနူးညံ့နေပြီး ကြွေသားကဲ့သို့သန့်စင်နေလေသည်။

ထိုကဲ့သို့သောခြေထောက်လေးများရှိနေသောမိန်းကလေးမှာ

ရုပ်လည်းဆိုးမည်မထင်ပေ။ ပုရိသများကို အလွန်မှ စွဲဆောင်မှု

ရှိသည့်မိန်းကလေးမျိုးဖြစ်မှာ သေချာလေသည်။

ထို့ပြင် ထိုကဲ့သို့လှပလွန်းသောခြေထောက်လေးများကို

ပိုင်ဆိုင်သည့်သူမှာ ယောကျ်ားလေးတစ်ယောက်မည်သို့မျှ မ

ဖြစ်နိုင်ပေ။

အမှန်ပင်ဖြစ်လေသည်။

အားလုံးမျှော်လင့်ထားကြသည့်အတိုင်းပင် တည်းခိုရိပ်သာ

တွင်းသို့ဝင်လာသူမှာ မိန်းကလေးတစ်ယောက်ဖြစ်နေလေ

သည်။

နှင်းမုန်တိုင်းများကြားမှရောက်လာသောမိန်းကလေးမှာ အနီရောင်ဝတ်ရုံပါးတစ်ထည်ကိုသာဝတ်ဆင်ထားပြီး မီးခိုး ရောင်အထုပ်တစ်ထုပ်ကိုလွယ်ထားလေသည်။

အထုပ်မှာရှည်လျားသည့်ပုံစံရှိလေသည်။ အပြင်ဘက်မှကြည့်လျှင် ထိုအရာမှာ သံချောင်းတစ်ချောင်း သို့မဟုတ် ဓားတစ်လက် သို့မဟုတ် ဓားရှည်တစ်ချောင်းဖြစ်နိုင်လေသည်။

မိန်းကလေးကအဝတ်အစားများကို လုံလုံခြုံခြုံဝတ်ထားပြီး သူမ၏ခန္ဓာကိုယ်အစိတ်အပိုင်းများကို မြင်တွေ့ရခြင်းမရှိ ပေ။ ဖြူစင်သည့်ခြေထောက်လေးများကိုပင်မြင်တွေ့ရခြင်းဖြစ်ပြီး ထိုခြေထောက်လှလှလေးများကပင် အားလုံးကိုစွဲဆောင်ထားလေတော့သည်။ ခြေထောက်လေးများမှာ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း အသက်ရှူမှားလောက် အောင်လှပလွန်းလေသည်။

“ညီလေးလျှန်… ခြေထောက်လေးတွေကိုကြည့်လိုက်စမ်းပါဦး ၊ အမလေး ဘုရားရေ ၊ အဲဒါလေးတွေနဲ့ တစ်နှစ်လုံး တောင် ကစားနေနိုင်တယ်”

ဝါးရွက်စိမ်းဂိုဏ်းမှအသက်နှစ်ဆယ်ခန့်ရှိပြီဖြစ်သည့် အန်းရန် ကျယ်ဆိုသည့် လူငယ်လေးကပြောလိုက်ခြင်းဖြစ်လေ သည်။ အန်းရန်ကျယ်မှာတခြားသူမဟုတ်ပါ။ ဝါးရွက်စိမ်းဂိုဏ်းချုပ် အန်းဝမ်လီ၏ တစ်ဦးတည်းသောသားဖြစ်လေသည်။

ဆန်းလျှန်မှာ အစိမ်းရောင်ဝတ်လူ၏ ဆက်ခံသူတစ်ယောက် အဖြစ် သတ်မှတ်ခံရသည်မှာမထူးဆန်းပါ။ လင်ချူန်းရှောင်ပင် လျှင် ထိုအချက်ကိုသဘောတူခဲ့လေသည်။

သို့သော် အစိမ်းရောင်ဝတ်လူနှင့်ရင်ဆိုင်ဖူးသူမှာ လွန်စွာမှ နည်းပါးလေသည်။ ထို့ကြောင့် သိုင်းလောကသားများမှာ ဆန်း လျှန်ဆီမှ အစိမ်းရောင်ဝတ်လူ၏သိုင်းပညာများကို လေ့လာ ချင်ကြသည်။ သိုင်းလောကသားအများစုမှာ ချင်ပြည်နယ်

တိုင်းပြည်သို့ရောက်လာကြပြီး မည်သည့်အခါမှ ပြန်လာခြင်းမရှိတော့ပေ။

အစပိုင်းတွင် ရောက်လာသည့်လူများမှာ သဘောထားတင်းမာကြလေသည်။ သူတို့ထဲမှအများစုမှာ သိုင်းလောက တွင်ဂုဏ်သတင်းထင်ရှားသူများဖြစ်ကြလေသည်။

နောက်ပိုင်းတွင်တော့ သူတို့အားလုံးမှာ ဆန်းလျန်ကိုရှုံးနိမ့်ရခြင်းကို ကျေကျေနပ်နပ်ပင်လက်ခံသွားကြလေသည်။

သိုင်းလောကသားများမှာ များသောအားဖြင့် စည်းမဲ့ကမ်းမဲ့များဖြစ်လေသည်။ သူတို့ထဲမှ လူနည်းစုလောက်သာ ကောင်းသည့်အလုပ်များကိုလုပ်ကြခြင်းဖြစ်လေသည်။ လင်ချုန်းရှောင်ကဲ့သို့သော လူမျိုးများပင် ဖြစ်လေသည်။

သူတို့က နှစ်ခါသေရမည်ဆိုလျှင်တောင်မှ နောက်ထပ်ဆယ်နှစ်လေ့ကျင့်ပြီးလျှင် ပညာပြိုင်ဖို့ပြန်လာကြ မည့် လူစား မျိုးတွေဖြစ်လေသည်။

ဆန်းလျန်မှာတော့ ထိုသူများနှင့် မတူခြားနားသောလူတစ်ယောက်ဖြစ်လေသည်။ သူကအသက်ငယ်ရွယ်လွန်းသည့် တိုင်အခြားသူများ အသက်နှစ်ဆယ် ၊ သုံးဆယ်လောက်မှ လေ့ကျင့်အောင်မြင်နိုင်သည့် သိုင်းစွမ်းရည်များကိုရရှိနေပြီဖြစ်လေသည်။ ထို့ကြောင့် သူ့ကိုယှဉ်ပြိုင်နိုင်သည့် သိုင်းလောကသားပေါ်ပေါက်လာနိုင်မည် မဟုတ်တော့ ပေ။ သိုင်းလောကသားများအတွက် ပိုပြီးစိတ်ညစ်စရာကောင်းသည်မှာ ဆန်းလျန်မှာ စန္ဒကူးသားဖြင့်ပြုလုပ်ထားသည့် သစ်သားဓားကိုသာအသုံးပြုပြီးသူတို့ကို အနိုင်ယူသွားခြင်းဖြစ်လေသည်။

အဘယ်ကြောင့် ဆန်းလန်မှာ သစ်သားဓားကိုသာကိုင်ရပါသနည်း။ လွန်ခဲ့သောနှစ်ဝက်ခန့်က နွေဦးရာသီတွင် ဆန်းလျန်နှင့်ရွှေဓားဘုရင်တို့မှာ ချင်ပြည်နယ်မြို့တော်အပြင်ဘက်ရှိ ချယ်လန်းဝတ်ကျောင်းတော်တွင် ဆုံတွေ့ခဲ့ကြ လေသည်။

ရွှေစားဘုရင်မှာ အသက်ကြီးပြီဖြစ်ပြီး သူက ဆန်းလျန်နှင့် သိုင်းပညာလာရောက်ယှဉ်ပြိုင်ခြင်းမှာ အတွေ့အကြုံလိုချင်သောကြောင့် ဖြစ်လေသည်။ ဂုဏ်သိက္ခာနှင့် ကျော်ကြားဖို့အတွက်လာရောက်ယှဉ်ပြိုင်ခြင်းမဟုတ်ပေ။

ဓနဥစ္စာ ၊ ရမ္မက် နှင့် စွမ်းအား...

သူကအားလုံးကိုရရှိအောင်ကြိုးစားခဲ့ပြီး ထိုအရာအားလုံးကို ပြန်လည်စွန့်လွှတ်ခဲ့သူဖြစ်လေသည်။ သူမစွန့်လွှတ်နိုင် သည့် တစ်ခုတည်းသောအရာမှာ သိုင်းပညာပင်ဖြစ်လေသည်။

သူဆန်းလျန်ကိုရှုံးနိမ့်ခဲ့ရလေသည်။ အမှန်တော့ သူ့ဘဝတွင် ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်လေသည်။

သိုင်းလောကသားများ ဆန်းလျန်ကိုလာရောက် သိုင်းပညာ ယှဉ်ပြိုင်ကြခြင်းမှာ လင်ချုန်းရှောင်နှင့် သိုင်းသမား အယောက်လေးဆယ် ပြည်နယ်လေးဆယ်တွင် သိုင်းပြိုင်ကြ

သည့် ထင်ရှားကျော်ကြားလွန်းသည့် သမိုင်းတွင်သည့် ဖြစ်ရပ်ကို စံချိန်ချိုးသွားခဲ့လေသည်။

ဆန်းလျန်မှာ လင်ချုန်းရှောင်ထက်အသက်များစွာငယ်သည့် အရွယ်မှာပင် ဓားသိုင်းကိုကောင်းကောင်းအသုံးပြုနိုင် နေပြီဖြစ်လေသည်။

ထို့ပြင် လင်ချုန်းရှောင်ကိုစိန်ခေါ်ခဲ့ကြသည့် သိုင်းသမားအယောက်လေးဆယ်မှာ ရွှေဓားဘုရင်ကိုပင် အနိုင်ရအောင် တိုက်ခိုက်နိုင်ကြသည့် သူများမဟုတ်ကြပေ။

ထိုအကြောင်းများကြောင့် ဆန်းလျန်မှာ သိုင်းလောကတွင် တဖြည်းဖြည်းနာမည်ကြီးလာလေသည်။ သူက သိုင်းလောကထဲလှည့်လည်သွားလာနေသည့်သူမဟုတ်သလို လူတွေနှင့် ပြဿနာဖြစ်ချင်သူတစ်ယောက်လည်း မဟုတပေ။

အစိမ်းရောင်ဝတ်လူမှာ လူပေါင်းများစွာကိုသတ်ခဲ့သည့်တိုင် သူ့ကိုသွားပြီးရန်စချင်သည့် သိုင်းသမားများကရှိနေ သေးသည်။

ဆန်းလျန်က သူ့ကိုရန်လာစသည့်တိုင် မည်သူ့ကိုမျှသတ်ဖြတ်ခဲ့ခြင်းမရှိပေ။

အန်းရန်ကျယ်မှာ ဝါးရွက်စိမ်းဂိုဏ်းတွင် မွေးဖွားခဲ့သည့်သူဖြစ်ပြီး ဆန်းလျန်ထက် အသက်အနည်းငယ်ကြီးလေသည်။

ဆန်းလျန်၏ "အန်းတည်းခိုရိပ်သာ" မှာသူ၏အိမ်ထက်ပိုပြီး နေလို့ကောင်းနေသည့်အတွက် သူကအိမ်သို့မပြန်တော့ ဘဲတည်းခိုးရိပ်သာတွင် လာရောက်နေထိုင်ခြင်းဖြစ်လေသည်။

သူပြောနေကျစကားမှာ

"တည်းခိုရိပ်သာကအခန်းနဲ့ယှဉ်လိုက်ရင် ငါ့အိမ်ကတော့ ခွေးတွေနေတဲ့အသိုက်ကျနေတာပဲ"

ဟူ၍ဖြစ်လေသည်။

သူ၏စကားကိုသူ့အဖေအန်းဝမ်လီသာကြားသွားပါက သူ ဤ

နေရာတွင် ယခုကဲ့သို့ အေးအေးဆေးဆေးထိုင်၍ နေနိုင်မည်

မဟုတ်တော့ပေ။

တကယ်တော့ တစ်နေ့ကို ငွေသားတစ်ထောင်သာမပေးရလျှင်

ရှီဟုန်မှာလည်း တည်းခိုရိပ်သာမှ ပြန်မည့်သူမဟုတ်ပေ။

ရှီဟုန်က ဆန်းလျန်ကိုဈေးလျှော့ပေးဖို့ပြောတော့ ဆန်းလျန်က

ရယ်မောပြီး ဈေးမလျှော့နိုင်ကြောင်း ငြင်းလိုက်လေ သည်။

ထို့ပြင် ထိုဈေးနှုန်းက ရှီဟုန်အတွက် အထူးလျှော့ဈေးဟုပင်

ပြောလိုက်သေးသည်။

"ငါဆိုရင်တော့ အဲဒီခြေထောက်လေးတွေနဲ့ ကစားမှာမဟုတ်

ဘူး"

ဆန်းလျန်ကလေသံကိုနှိမ့်ပြီး ပြန်ပြောလိုက်လေသည်။

သို့သော် အန်းရန်ကျယ်မှာ ဆန်းလျန်ပြောသည်ကို မကြား

တော့ပါ။

လှုပလွန်းသောခြေထောက်ပိုင်ရှင်လေးက စကားပြောလိုက်

သောကြောင့်ဖြစ်လေသည်။

သူမက နောက်သို့ပြန်လှည့်ပြီးတံခါးကို ပြန်ပိတ်လိုက်သည်။

သူမ၏လှုပ်ရှားမှုတိုင်းမှာ ဖော်မပြနိုင်လောက်အောင် စွဲဆောင်

မှုရှိနေလေတော့သည်။

သူမအသက်အရွယ်မှာသုံးဆယ်ကျော်ခန့်ရှိလောက်ပြီဖြစ်

သော်လည်း မျက်လုံးများကဖန်သားကဲ့သို့ ကြည်လင်

တောက်ပနေကြလေသည်။ ပျော်ရွှင်တက်ကြွစေသည့်

အငွေ့အသက်များသူမထံမှရနေသည်။ အသက် ဆယ့်ခြောက်

နှစ် ၊ ဆယ့်ရှစ်နှစ်မိန်းမပျိုလေးများပင် သူမကိုယှဉ်နိုင်မည်

မဟုတ်ပေ။

မိန်းကလေး၏လည်ပင်းတွင်စည်းထားသည့် ပိုးသားပုဝါမှာ

သူမ၏ဖြူစင်သောလည်ပင်းသားလေးများကို ဖုံးကွယ် ထား

လေသည်။ ရာသီဥတုအေးအေးတွင် သူမဝတ်စားဆင်ယင်

ထားပုံမှာလည်း ငြီးငွေ့စရာကောင်းလှသည်။ ပန်းများပွင့်လန်း ဝေဆာနေသည့် နွေဦးရာသီကိုသာ လူအများကသတိရနေကြ လေတော့သည်။

“တည်းခိုရိပ်သာပိုင်ရှင်ကဘယ်သူများလဲ”

သူမက ပြုံးလိုက်ပြီးမေးလိုက်သည်။

ဆောင်းရာသီအေးအေးတွင် နေရောင်ခြည်ထွက်ပေါ်လာ သကဲ့သို့ အပြုံးလေးက လှလွန်းလေသည်။

သူမကဲ့သို့သောမိန်းကလေးတစ်ယောက်မှာ ဤကဲ့သို့သော ကြမ်းတမ်းသည့်ဆောင်းရာသီတွင် အပြင်သို့ထွက်မလာ သင့် ပေ။ ပူနွေးပြီး ပန်းများပွင့်လန်းနေသည့် နွေဦးရာသီနှင့်သာ သူမအလှကသင့်တော်လေသည်။

“ပိုင်ရှင်ကတော့ကျုပ်ပါပဲ ၊ ဘာများကူညီပေးရမလဲ ၊ ကျုပ်တို့ တည်းခိုခန်းမှာအခန်းတော့မရှိတော့ဘူး ၊ ဒါပေမယ့် စိတ်မရှိ ဘူးဆိုရင်တော့ ခင်ဗျား ကျုပ်အခန်းမှာနေလို့ရပါတယ်”

အန်းရန်ကျယ် မိန်းကလေးအနားသွားကာ စကားခင်းလိုက်လေတော့သည်။ သူ့ကြည့်ရသည်မှာ ကို့ယို့ကားရားပုံစံ ဖြစ်နေလေသည်။ထို့ပြင် အန်းရန်ကျယ်မှာ သိုင်းပညာလည်းတော်သည့်သူတစ်ယောက်မဟုတ်ပေ။

သူသာ သိုင်းပညာကိုစိတ်ဝင်တစားလေ့ကျင့်မည်ဆိုလျှင် သူ၏ဖခင်ဖြစ်သူ အန်းဝမ်လီထက်ပင် သာဦးမည်ဖြစ်လေသည်။ သိုင်းပညာတော်ခြင်းဆိုသည်မှာ ပင်ကိုယ်အရည်အချင်းနှင့်မဆိုင်ကြောင်း သူကသက်သေပြနေလေသည်။

“မင်းကပိုင်ရှင်မဟုတ်ဘူး”

“ဘာလို့မဟုတ်ရမှာလဲ”

အန်းရန်ကျယ်မှာ သူမ၏လှပလွန်းသည့်ခြေထောက်လေးများကိုကြည့်ပြီး ဆာလောင်လာလေတော့သည်။

ထူးဆန်းလိုက်တာ…

သူခုနပဲ ထမင်းစားပြီးနေပြီဖြစ်လေသည်။

“ဘာလို့လဲဆိုတော့ ဒီတည်းခိုရိပ်သာပိုင်ရှင်က ယွိသခင်လေးပဲ ၊ ကျူးသခင်လေးမဟုတ်ဘူး”

(ယွိ = ကျောက်စိမ်း ၊ ကျူး = ဝက်)

မိန်းကလေး၏အသံမှာသာယာသော်လည်း ကျေးငှက်ငယ်လေးအော်သံကဲ့သို့ နူးညံ့သိမ်မွေ့ခြင်းတော့မရှိပေ။

ထို့ပြင် သူမ၏အသံမှာ နွေဦးရာသီတွင် ကျောက်ဆောင်များကိုဖြတ်သန်းကာ စီးဆင်းနေသည့်စမ်းချောင်းကဲ့သို့ ကြည်လင်ပြတ်သားမှုရှိလေသည်။

“ယွိသခင်လေး” ဆိုသည်မှာ ဆန်းလျန်ကိုပြောခြင်းဖြစ်လေသည်။ သိုင်းလောကသားများက ဆန်းလျန်၏လူကြီးလူကောင်းဆန်သည့်အပြုအမူများကြောင့် ထိုကဲ့သို့ခေါ်ကြခြင်းဖြစ်လေသည်။ ကျောက်စိမ်းသခင်လေးဟု အစိပ်ပွါယ်ရ လေသည်။

“မိန်းကလေး မင်းကတော်တော်ရယ်ရတာပဲ ၊ ကျုပ်မျိုးနွယ်က လည်း ကျူးမဟုတ်ပါဘူး ၊ ပြီးတော့ ယွိသခင်လေးဆို တာလည်း ဒီမှာမရှိဘူး”

အန်းရန်ကျယ်မှာ သိုင်းလောကနှင့်ပတ်သက်ပြီးအလှမ်းဝေးသူ ဖြစ်သဖြင့် ဆန်းလျန်ကို သိုင်းလောကသားများ ခေါ်ကြသည့် အမည်ကို မသိပေ။

အန်းရန်ကျယ်၏ဖခင် အန်းဝမ်လီမှာ ဆန်းလျန်၏နောက်ခံ အခြေအနေကြောင့် သူ၏သား ဆန်းလျန်ဆီတွင် ရောက် ရှိနေခြင်းကိုစိတ်ချထားလေသည်။ အနည်းဆုံးတော့ တစ်စက်မျှ သုံးစားမရသောသားဖြစ်သူကို တစ်ခုခုအသုံးကျတာ တော့ရှိ လာဦးမည်ဟု မျှော်လင့်ထားလေသည်။

“ကျွန်မပြောတဲ့ကျူးဆိုတာက ဝက်ကိုပြောတာနော် ၊ ပုလဲ ရတနာလို့အစိပ်ပွါယ်ရတဲ့ ကျူးကိုပြောတာမဟုတ်ဘူး”

(ကျူး = ဝက် (သို့) ပုလဲ သံတူကြောင်းကွဲစာလုံး)

မိန်းကလေးက ချိုသာစွာပြောလိုက်လေသည်။

သူမအသံမှာကျယ်လောင်ခြင်းမရှိသော်လည်း အခန်းထဲမှ

လူအားလုံးကတော့ ကြားလိုက်ရလေသည်။

အခန်းထဲရှိလူအားလုံးရယ်မောလိုက်ကြလေသည်။ ဆန်းလျန်

မှာလည်းရယ်မောလိုက်မိလေတော့သည်။

အခန်း (၃၄)

ရှင်းစစ်စစ်နျန်

“ရှင်က ကျွန်မရှေ့မှာဒီလိုမျိုးလုပ်ရဲတယ်ပေါ့လေ"

မိန်းကလေး၏လက်က အန်းရန်ကျယ်ဆီသို့ရောက်လာပြီး
စက်ဝိုင်းပုံစံပွတ်သပ်လိုက်သည်။ သူမ၏လက်များမှာ
သူမ၏ခြေထောက်လေးများကဲ့သို့ပင်လှပလေသည်။
သူမ၏နူးညံ့သောအထိအတွေ့တွင် အန်းရန်ကျယ်မှာ နတ်ပြည်
သို့တက်နေတော့သည်။
ရုတ်တရက် မိန်းကလေး၏ အရိုးရှိသည်၏မထင်ရလောက်
အောင် ပျော့ပျောင်းသည့်ခြေထောက်လှလှလေးများက မြင့်
တက်လာလေသည်။ အန်းရန်ကျယ်က ခေါင်းငုံ့လိုက်ပြီး
ခြေထောက်လေးများကို ကြည့်လိုက်သည့်အချိန်… ထို
ခြေထောက်လှလှလေးများက သူ၏ရင်ဝသို့ ကန်ထည့်လိုက်
လေတော့သည်။
နတ်ပြည်သို့တက်နေသော အန်းရန်ကျယ်မှာ ယခုတော့ အဝေး
သို့လွင့်စင်ထွက်သွားပြီဖြစ်လေသည်။

မြေပြင်နှင့်အလွန်အလွန်ဝေးသောနေရာသို့ လွင့်ထွက်သွားခြင်း

ဖြစ်လေသည်။ အန်းရန်ကျယ်မှာကြောက်ရွံ့တုန်လှုပ်နေလေ

တော့သည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် အလွန်အလွန်

မြင့်မားသော ခေါင်မိုးထုတ်တန်းပေါ်သို့ရောက်ရှိသွားခြင်းဖြစ်

လေသည်။ ထိုမျှမြင့်မားသောနေရာမှ ပြုတ်ကျလိုက်လျှင်

ကျိန်းသေအသက်ရှင်နိုင်မည်မဟုတ်ပေ။

သို့သော် သူပြုတ်ကျသွားလေသည်။

ပြုတ်ကျလာသော်လည်း အသက်ရှင်နေသေးသည့်အပြင်

ထိခိုက်ဒဏ်ရာလေးတစ်ခုပင်မရပေ။

အဘယ်ကြောင့်ဆိုသော် သူပြုတ်ကျလာမည့်နေရာတွင် ဓား

တစ်ချောင်းက မွေ့ယာသဖွင့် ထိန်းပေးထားသော ကြောင့်ဖြစ်

လေသည်။

နာမည်ကျော်ပန်းချီဆရာက အပြောင်မြောက်ဆုံးပန်းချီ

လက်ရာကို ဖန်တီးသကဲ့သို့ ဆန်းလျန်ကလည်း သူ၏စွမ်းအား

များကို စန္ဒကူးစားဆီသို့ ကျွမ်းကျင်စွာစီးဆင်းစေလိုက်ခြင်း

ဖြစ်လေသည်။

အန်းရန်ကျယ်မှာ ပြုတ်ကျလာပြီး ယိုင်တိယိုင်တိုင်ဖြင့် စားပွဲ

တစ်ခုဆီသို့လျှောက်သွားလိုက်လေတော့သည်။ မိန်းကလေး

အနားသို့ထပ်မကပ်ရဲတော့ပေ။ မိန်းကလေးမှာ ခပ်လွယ်လွယ်

မဟုတ်မှန်းသူသိလိုက်ရပြီဖြစ်လေသည်။

သာမာန်မိန်းကလေးတစ်ယောက်သာဆိုလျှင် ထိုမျှလောက်

အပြစ်ကင်းစင်ပြီးချောမောနိုင်လိမ့်မည်မဟုတ်ပေ။ အနာရွတ်

လေးတစ်ခုပင်မရှိ ။ အစက်အပျောက်တစ်ခုပင်မရှိ သန့်စင်

ပြီးချောမောလှပလွန်းနေသည်မှာ ထူးဆန်းဖွယ် ပင်။

ထို့ပြင်သူမမှာ မည်သည့်မျက်နှာချေ ပေါင်ဒါမှုန့်မှလည်း လိမ်း

ချယ်ထားခြင်းမရှိပေ။

"ကျားဖြူကိုယဉ်ပါးအောင်လုပ်သည့်ကျင့်စဉ်" သို့မဟုတ်

"နဂါးနီကိုသတ်ဖြတ်သည့်ကျင့်စဉ်" ကိုအောင်မြင်ထားခြင်း မရှိ

ဘဲ ထိုကဲ့သို့ နုပျိုလှပနေနိုင်လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ပါက သူမသည် သာမန်မိန်းကလေးတစ်ယောက် မဟုတ် သည်မှာ သေချာသလောက်ရှိနေလေတော့သည်။

"ရှင်က ကျောက်စိမ်းသခင်လေးလား"

သူမက ချစ်စရာကောင်းသည့်မျက်နှာပေးလေးဖြင့်မေးလိုက်သည်။

သူမမေးသည့်ပုံစံ ရိုးရှင်းပြီး ဟန်ဆောင်မှုကင်းလေသည်။

"ကျုပ်ရဲ့မျိုးရိုးနာမည်ကတော့ ဆန်းမျိုးရိုးပါ ၊ ဒါပေမယ့် ခင်ဗျားရှာနေတဲ့ ကျောက်စိမ်းသခင်လေးဆိုလဲ မမှားပါဘူး"

"ဒါဖြင့် ရှင့်ရဲ့မျိုးရိုးနာမည်က ဆန်းမျိုးရိုးပေါ့ ၊ ဘာဖြစ်လို့များ သူတို့တွေက ကျောက်စိမ်းသခင်လေးလို့ခေါ်ကြပါလိမ့် ၊ ဒါပေမယ့် ကျွန်မကဗျာတစ်ပုဒ်ကြားဖူးတာရှိတယ် "ကျောက်စိမ်းမြင်းတစ်ကောင်လိုပဲ ခမ်းနားတဲ့လူစိမ်းတစ်ယောက် ၊ ဒီလောကမှာ သူ့လိုလူမျိုးနောက်တစ်ယောက်မရှိနိုင်ဘူး" ဒီ

ကဗျာလေးက ကျောက်စိမ်းသခင်လေး အတွက်များ ရေးဖွဲ့ထားသလားလို့ ကျွန်မတော့ထင်မိတာပါပဲ"

သူမက ဆန်းလျန်၏မျက်နှာတွင် ထူးခြားချက်တစ်ခုရှိနေသည့်အလား သေသေချာချာလေ့လာနေလေသည်။ သူမ မျက်လုံးတွင်လေးစားချစ်ခင်သည့်အရိပ်အယောင်များရှိနေသော်လည်း အကြည့်များကရိုင်းရိုင်းစိုင်းစိုင်းတော့မဟုတ် ပေ။

"ခင်ဗျားကဘယ်သူလဲ ၊ ဘာလို့ကျုပ်ကိုလာရှာရတာလဲ"

ဆန်းလျန်မှာ မိန်းကလေးတစ်ယောက်က စေ့စေ့စပ်စပ်ကြည့်ရှုနေသည့်အတွက် ရှက်ကိုးရှက်ကန်းဖြစ်သွားခြင်း မရှိသည့်အပြင် အေးဆေးစွာပင်မေးလိုက်လေသည်။

သူက သူမ၏ဇစ်မြစ်ကိုသိအောင် ကြိုးစားနေသော်လည်း အဖြေမပေါ်နိုင်ဖြစ်နေရလေသည်။ သူ၏စိတ်အာရုံတွင် သူမကို အန္တရယ်ရှိသည်ဟုတွေးထင်နေမိသော်လည်း စိတ်အနှောင့်အယှက်တော့မဖြစ်မိပေ။

"ကျွန်မနာမည်က ရှင်းစစ်စစ်နျန် ပါ၊ ကျွန်မအဖေကရှင့်ကို ဖိတ်ကြားဖို့လွှတ်လိုက်တာပါ"

"ဒီကိုလာဖို့အတွက် နှင်းတောထဲလမ်းလျှောက်လာတာလား" ဆန်းလျန်ကပြတ်သားသည့်လေသံဖြင့်မေးလိုက်သည်။

"ဟုတ်တာပေါ့၊ နှင်းတောထဲလမ်းလျှောက်မလာလို့ ကျွန်မက နှင်းတွေမကျအောင်တားဆီးနိုင်တဲ့အစွမ်းမှမရှိတာ"

ရှင်းစစ်စစ်နျန်မှာ အလွန်ပွင့်လင်းပြီးတည့်ထိုးပြောတတ်သည့် သူတစ်ယောက် ဖြစ်ပုံရလေသည်။

သူမက အန်းရန်ကျယ်ကို "ကျုံးသခင်လေး" ဟုခေါ်လိုက်သည်မှာလည်း သူ့ကိုစော်ကားလိုသောကြောင့်မဟုတ်ပါ။ အန်းရန်ကျယ်ကိုမြင်လိုက်သည်နှင့် ဝက်တစ်ကောင်ကိုသတိရသွားမိသောကြောင့် စိတ်ထဲရှိသည့်အတိုင်းခေါ်လိုက်ခြင်းဖြစ်လေသည်။

ပြီးတော့ သူမက အန်းရန်ကျယ်၏ မထိတထိပြောသည့်စကား

ကို ကာကွယ်လိုက်ခြင်းလည်းဖြစ်လေသည်။

"ကျုပ်တွေးမိသလောက် ခင်ဗျားရဲ့အဖေရော ခင်ဗျားရောက

လူသားတွေမဖြစ်နိုင်ဘူး"

ဆန်းလျန်က အခိုင်အမာပြောလိုက်လေသည်။

ရှင်းစစ်စစ်နျန်မှာ နှင်းတောထဲဖြတ်ကျော်ပြီးရောက်ရှိလာခြင်း

ဖြစ်သော်လည်း သူမကိုယ်ပေါ်တွင် နှင်းစက်များ ပေကျံနေ

ခြင်းမရှိပေ။ သာမန်သိုင်းသမားတစ်ယောက်ဆိုလျှင် ထိုသို့ဖြစ်

လိမ့်မည်မဟုတ်။

သိုင်းပညာအလွန်တော်သောသူတစ်ယောက်ပင်လျှင် ဤကဲ့သို့

ခရီးရှည်ကြီးကို နှင်းတောထဲဖြတ်သန်းလာရောက်ရန် မှာ

လွန်စွာမှ ခက်ခဲမည်ဖြစ်လေသည်။

ထို့ပြင် မိန်းကလေးမှာ မြင်းစီးလာသည့်လက္ခဏာလည်းမတွေ့

ရပေ။ အနီးအနားတွင် မြင်းတစ်ကောင်တစ်လေမှ ရှိမနေပါ။

ရှင်းစစ်စစ်နျန်မှာ လမ်းလျှောက်လာသည်ဟုသာ ယူဆ၍ရလေသည်။

ထို့ပြင် သူမက သိုင်းပညာကိုအသုံးပြုပြီး နှင်းတောထဲသို့ ဖြတ်သန်းလာသည်ဆိုပါက ရောက်လာသည့်အချိန်တွင် ထိုမျှလောက်အားပြည့်နေပြီး အေးဆေးတည်ငြိမ်နေမည်မဟုတ်ပေ။

သူမ အန်းရန်ကျယ်ကိုကန်လိုက်သည့်ကန်ချက်မှာ ရိုးရိုးအားသာသုံးပြီးကန်လိုက်ခြင်းဖြစ်ပြီး အတွင်းအားအသုံးပြုထားခြင်းမရှိပေ။

သာမန်မိန်းကလေးတစ်ယောက်ဆိုလျှင် သူမကဲ့သို့ သနားကမားပုံလေးနှင့် ထိုမျှလောက် စွမ်းအားရှိမည်မဟုတ်ပေ။

ထိုအကြောင်းအရာများအားလုံးကို ထောက်ကြည့်ခြင်း

အားဖြင့် သူမမှာ လူသားမဟုတ်သည်မှာ သေချာနေလေသည်။

သူမ၏အဖေဆိုသည်မှာလည်း လူသားမဟုတ်နိုင်တော့ပေ။

"ဒါပေါ့ ကျွန်မကလူသားမဟုတ်ဘူး ၊ တစ်ချက်တည်းကြည့်ပြီး

ဒီလိုပြောနိုင်တာ ရှင်ကတကယ်တော်တာပဲ"

"ကျုပ်က ကြည့်ပြီးပြောတာမဟုတ်ပါဘူး ၊ မှန်းကြည့်တာပါ"

ဆန်းလျန်က ရိုးရိုးသားသားပင်ဝန်ခံလိုက်သည်။ သူက သူ့

ကိုယ်သူ ဂုဏ်ယူလိုခြင်းအလျဉ်းမရှိပါ။

"ရှိသလောက်ကိုသာစားပါ" ဟူသော ရှေးဟောင်းစကားပုံတစ်

ခုရှိသည့်မဟုတ်ပါလား။

"ဒါဖြင့် ရှင်ကတကယ်ညဏ်ကောင်းတာပဲ"

မိန်းကလေးကပြောလိုက်သည်။

"ဒါကိုတော့မငြင်းတော့ပါဘူး"

ဆန်းလျန်က နွေဦးလေပြေလေးလိုပြုံးရင် ပြန်ပြောလိုက်လေသည်။

"ဒီလဆယ့်ငါးရက်နေ့မှာ ကျွန်မအဖေက ချယ်လန်းဝတ်ကျောင်းတော်မှာ ရှင်နဲ့တွေ့ဖို့ဖိတ်ခိုင်းလိုက်ပါတယ်၊ အဲဒီနေ့က ကျွန်မမွေးနေ့လည်းဖြစ်လို့ လက်ဆောင်မပါဘဲနဲ့တော့မလာခဲ့နဲ့ပေါ့"

မိန်းကလေးမှာ ထွက်ခွာသွားပြီဖြစ်သည့်အတွက် သူမအသံမှာလည်း တဖြည်းဖြည်းတိုးဝင်ပျောက်ကွယ်သွားလေ သည်။

အန်းရန်ကျယ်က ရှင်းစစ်စစ်နျန်ကန်လိုက်သည့်ဝမ်းဗိုက်နေရာကိုလက်ဖြင့်ဖိရင်း ...

"ညီလေးလျန်... ဒီမိန်းကလေးကဘာများလဲ ၊ ရုပ်လေးလှသလောက် ကြမ်းတမ်းရက်စက်လိုက်တာလွန်ပါရော"

"သူမကလူသားမဟုတ်ဘူးလို့ ငါပြောလိုက်တယ်လေ ၊ မင်းမကြားဘူးလား"

"လူသားမဟုတ်ဘူးဟုတ်လား ၊ ဒါဆိုမကောင်းဆိုးဝါးပေါ့"

သူ့ကိုသာမကန်ခဲ့ဘူးဆိုလျှင် အန်းရန်ကျယ်က သူမကို မကောင်းဆိုးဝါးဟုမပြောဘဲ နတ်သမီးလေးဟုပြောမှာဖြစ်လေသည်။ ယခုတော့ ပွင့်ပွင့်လင်းလင်းနှင့်ပင် မကောင်းဆိုးဝါးဟု ပြောလိုက်လေတော့သည်။

"ငါလည်းသေချာမသိဘူးလေ ၊ လင်ချုန်းရှောင်က ချယ်လန်းဝတ်ကျောင်းတော်က ဘုန်းတော်ကြီးတွေကို အဝေး ထွက်သွားခိုင်းလိုက်ကတည်းက အဲဒီနေရာမှာ ဘယ်သူမှနေမယ့်သူမရှိတော့ဘူး၊ သူတို့သားအဖ ချယ်လန်းဝတ်ကျောင်းတော်မှာ နေတယ်လို့လည်း သတင်းမကြားမိပါဘူး ၊ ဦးလေးဝူ အဲဒီ အကြောင်းကိုများ သိမလား"

သူ့ဘေးတွင်ရပ်နေသည့် အိမ်တော်ထိန်းဝူကို ဆန်းလျန်ကမေးလိုက်လေသည်။

"ချယ်လန်းဝတ်ကျောင်းတော်မှာ လူတွေနေတယ်လို့တော့မ ကြားမိပါဘူး ၊ ကောလဟာလပြောနေကြတာကတော့ အဲဒီနား တစ်ဝိုက်မှာ ထူးဆန်းတဲ့အသံတွေကြားရတယ်ဆိုပဲ ၊ အဲဒီကို သွားရင် သက်တော်စောင့်တွေခေါ်သွားကြတယ် တဲ့ ၊ အထဲကို လည်း ဘယ်သူမှမဝင်ရဲဘူးတဲ့ ၊ သခင်လေးပြောပုံအရဆိုရင် သူမကလည်း လူသားမဟုတ်ဘူးဆိုတော့ ဝတ်ကျောင်းတော် ထဲလာနေတဲ့မိစ္ဆာတွေပဲဖြစ်မှာပေါ့"

သူ့အတွေးနှင့်သူ အိမ်တော်ထိန်းဝူမှာ ကြောက်လန့်သွားရလေ သည်။ ရှင်းစစ်စစ်နျန်မှာ သိုင်းလောကသား တစ်ယောက်ဖြစ် လျှောင်ပင်တော်ဦးမည်။ မိစ္ဆာများဖြစ်နေလျှင်တော့.... သူကဆန်းလျန်ကို ဖိတ်ကြားသည့်နေရာသို့မသွားရန် အကြံပေးဖို့ စိတ်ကူးလိုက်မိလေသည်။

"ဒါဖြင့် သူမဖိတ်ကြားတာကိုလက်ခံရမလား"

ဆန်းလျန်က သူ့အတွေးနှင့်သူ ရေရွတ်လိုက်ခြင်းဖြစ်သည်။

သို့သော် သူ့ဘေးမှလူများကို မေးသလိုဖြစ်သွားရလေ သည်။

"မသွားနဲ့"

"သွားသင့်တာပေါ့"

"မသွားနဲ့" ဟုပြောသူမှာ အိမ်တော်ထိန်းဝူ ဖြစ်ပြီး "သွားသင့်

တာပေါ့" ပြောလိုက်သူမှာ အန်းရန်ကျယ်ဖြစ်လေသည်။

"ထားလိုက်ပါ ၊ သွားသင့်မသွားသင့် ကိုယ့်ဟာကိုယ်ပဲဆုံးဖြတ်

မယ်"

"ညီလေးလျန် ၊ မင်းသွားရင် ငါလည်းလိုက်ခဲ့မယ်လေ"

အန်းရန်ကျယ်က ပြုံးပြီးပြောလိုက်လေသည်။ အမြီးသာရှိ

လျှင် အမြီးနှံ့နေဦးမည့်ရုပ်မျိုးဖြစ်လေသည်။

"မင်းမှာ အတိတ်မေ့ရောဂါများရှိလား ၊ ခုနဖြစ်တာကိုလည်း

ပြန်တွေးကြည့်စမ်းပါဦး ၊ ငါသာမကယ်ရင် မင်းတော့ သုံးလ

လောက်အိပ်ယာထဲကထနိုင်မှာမဟုတ်ဘူး"

"ဒါပေမယ့် မင်းတစ်ယောက်လုံးရှိနေတာပဲလေ၊ အဖေပြော

သလို မင်းက သိုင်းလောကနံပါတ်တစ်ပြိုင်ဘက်ကင်း သိုင်း

သမားပဲကို"

"မင်းတို့ဂိုဏ်းကရတနာကိုပေးရင် ငါမင်းကိုခေါ်သွားမယ်"

"ဟာ အဲဒါအဘိုးကြီးရဲ့အသက်ကွ ၊ ငါသာအဲဒါကိုသွားခိုးရင်

သေအောင်အရိုက်ခံရလိမ့်မယ်"

ဟု အန်းရန်ကျယ်က ပြောလိုက်လေတော့သည်။

အခန်း (၃၅)

တာအိုဆရာသခင်ထိုက်ယီ

ဝါးရွက်စိမ်းဂိုဏ်းတွင်သိမ်းဆည်းထားသည့်ရတနာမှာ လွန်ခဲ့သည့်အချိန်များက အစိမ်းရောင်ဝတ်လူ ခိုးယူခဲ့သည့် ရတနာပင်ဖြစ်လေသည်။ ထိုရတနာမှာ မိုးကောင်းကင်နှင့်ဆိုင်သည့်ရတနာတစ်ခုဖြစ်လေသည်။

ဆန်းလျန်ကထိုပစ္စည်းမှာမည်သို့သောပစ္စည်းဖြစ်သည်ကိုသိချင်နေသော်လည်း ထိုအရာကို ပိုင်ဆိုင်လိုခြင်းတော့အလျဉ်းမရှိပါ။

လောဘကြီးခြင်းမှာကောင်းသောအရာမဟုတ်ပေ။

"လွတ်လပ်ခြင်း" ခြင်းဆိုသည်မှာ ကိုယ်လုပ်ချင်တာကိုလုပ်ခြင်းမဟုတ်။ ကိုယ်လုပ်ချင်သည့်အရာများနှင့်ဖောက်ပြန်သည့်ဆန္ဒများကိုထိန်းချုပ်ခြင်းဖြစ်လေသည်။

သို့သော် ယခုတော့ အန်းရန်ကျယ်က ထိုပစ္စည်းကိုအတင်းလာပေးနေသောကြောင့် ဆန်းလျန်လည်းငြင်းမနေ တော့ဘဲယူလိုက်ရလေတော့သည်။

"မင်းဒီလိုလုပ်ရဲမယ်လို့ငါထင်မထားမိဘူး ၊ ခုမှဆယ်ရက်နေ့ပဲရှိသေးတယ် ၊ ဆယ့်ငါးရက်နေ့ထိစောင့်ပြီးမှ သွားသင့် မသွားသင့်ဆုံးဖြတ်ကြတာပေါ့ ၊ ငါသွားရမလား မသွားရဘူးလားခုထိမဆုံးဖြတ်ရသေးဘူး"

ဆန်းလျန်က အပြင်ဘက်မှဝင်လာသည့် လေအေးများ၏ဒဏ်ကိုရှောင်ရှားရန်အတွက် မျက်လုံးကိုအနည်းငယ် မှေးစင်းလိုက်ရင်းပြောလိုက်လေသည်။ နှင်းမုန်တိုင်းသည်ရပ်တန့်သွားမည့်အနေအထားမရှိပေ။

……

ချင်ပြည်နယ်မြို့တော်၏ နှင်းများဖြင့်ဖုံးလွှမ်းနေသည့် ရှုမျှော်ခင်းမှာ လှပသော်လည်း ချယ်လန်းတောင်ပေါ်သို့ သွားရမည့်ခရီးကတော့ မလွယ်ကူလှပေ။

ချင်ပြည်နယ်မြို့တော်တစ်ခုလုံးမှာ နှင်းတောထဲတွင် ဖြတ်သန်း

သွားလာထားကြသည့် ခြေရာများဖြင့် အသက်ဝင် လျှက်ရှိ

လေသည်။

ချယ်လန်းတောင်သို့သွားသည့်လမ်းမှာတော့ လူအရိပ်အ

ယောင်မျှပင်မတွေ့ရပေ။

ရှင်းစစ်စစ်နျန် တည်းခိုရိပ်သာသို့ လမ်းလျှောက်လာသည့်

အချိန်က နှင်းများကသူမကိုရှောင်ကွင်းသွားကြခြင်းပေ လား

သို့မဟုတ် မမြင်ရသည့်အလွှာပါးတစ်ခုက သူမကိုကာကွယ်

ပေးထားသောကြောင့်လားမသိ။သူမမှာ နှင်းလုံးဝမစိုဘဲ

တည်းခို ရိပ်သာသို့ရောက်လာခြင်းဖြစ်လေသည်။

ထို့ပြင် သူမခြေရာများမှာလည်း နှင်းတောထဲတွင်ထင်ကျန်ရစ်

ခြင်းအလျဉ်းမရှိပေ။

ခေါင်မိုများပေါ်တွင် နှင်များမှာ တွဲလဲခိုနေကြလေသည်။

နှစ်ရှည်မက်မွန်ပင်ကြီးများမှာ အေးစက်သည့်ရာသီဥတုကို

အန်တုကာ မားမားမတ်မတ်ရပ်တည်နေကြပြီး လေတိုက်လိုက်

တိုင်း သင်းရနံ့လေးက လေထဲတွင်ပျံ့လွင့်နေလေသည်။

ရှင်းစစ်စစ်နျန်မှာ မက်မွန်ပွင့်များကို အလွန်ချစ်လေသည်။

သူမက ပန်းများကိုခူးရန်ပြင်လိုက်စဉ်မှာပင် လက်တစ်ဖက်က

သူမကိုတားလိုက်သည်။

သူမ၏နူးညံ့ချောမွေ့နေသည့်လက်ကလေးများနှင့်မတူဘဲ

ခြောက်သွေ့ပြီး အရိုးများငေါထွက်နေသည့်လက်တစ်စုံ...

ထိုလက်များမှာ ခြောက်သွေ့နေသည့်မက်မွန်ကိုင်းခြောက်များ

နှင့်ပင်တူနေလေသည်။

သို့သော် ထိုလက်များက ရှင်းစစ်စစ်နျန်၏ လက်ကောက်ဝတ်

ကို မြဲမြဲစွာစုပ်ကိုင်ထားလိုက်လေသည်။

ရှင်းစစ်စစ်နျန်က ထိုလက်များပိုင်ရှင်ကိုမော့ကြည့်လိုက်ပြီး...

"အဖေ ... ဘာလို့ အပြင်ကိုထွက်လာတာလဲ"

ဟုမေးလိုက်လေသည်။

"အဖေအိပ်ယာကနိုးလာတော့ သမီးပန်းတွေခူးတော့မယ်ဆို

တာသိနေလို့"

ခေါင်းတစ်ခုလုံးဆံပင်များဖြူဖွေးနေသည့် အသက်အရွယ်

ကြီးရင့်ပြီဖြစ်သည့် အဘိုးကြီးတစ်ယောက်က ပြန်ပြောလိုက်

လေသည်။ သူ့ပုံစံမှာ ပိန်ခြောက်နေပြီး တကယ်ပင်

အသက်အရွယ်ကြီးရင့်လွန်းသည့်ပုံ ပေါက်နေလေ သည်။

"သမီးပန်းခူးပါရစေ အဖေရယ် ၊ နောက်နှစ်ကျတော့ပြန်ပွင့်လာ

မှာပဲကို ၊ သမီးက အပင်ကိုအမြစ်ကတူးထုတ်နေတာမှမဟုတ်

တာ"

သူမစကားကြောင့် မက်မွန်ပန်းပင်ကြီးမှာ ယိမ်းထိုးလှုပ်ခတ်

သွားလေသည်။

"မင်းပန်းခူးလိုက်တိုင်း သူ့မှာနာကျင်ရတယ် ၊ မင်းဘာလို့သူ့ကို

နာကျင်အောင်လုပ်ချင်ရတာလဲ"

အဘိုးအိုက ရှင်းစစ်စစ်နျန်၏ခေါင်းလေးကို အသာလေးပုတ်ကာ ပြောလိုက်ရင်း သူမကိုခန်းမထဲသို့ ခေါ်ဆောင်သွား လေသည်။

ခန်းမထဲတွင် ဘာမှမရှိဘဲ ရှင်းလင်းနေသည်။ သို့သော် ကောလဟလများထွက်နေသကဲ့သို့ လူမနေသည့်ပုံတော့ မပေါ်ပေ။ လင်ချုန်းရှောင်နှင့် အစိမ်းရောင်ဝတ်လူတို့တိုက်ခိုက်ခဲ့ကြသည့် လက္ခဏာများကတော့ တစ်စွန်းတစ်စကျန်ရစ်နေသေးသည်။ ချယ်လန်းနတ်ဘုရားဆယ့်ရှစ်ပါးရုပ်တုများမှာလည်း သူ့နေရာနှင့်သူ ခန်းမတစ်ဖက်တစ်ချက်တွင်မျက်နှာချင်းဆိုင်ရှိနေကြလေသည်။

"ကောင်လေးနဲ့တွေ့ဖို့ပြင်ဆင်ပြီးသွားပြီလား"

အဘိုးအိုကမေးလိုက်သည်။

"ဟုတ် ပြင်ဆင်ပြီးသွားပြီ ၊ သူကအရမ်းလှတာပဲ ၊ သမီးတို့လိုပဲ"

ရှင်းစစ်စစ်နျန်က သူမ၏လက်ချောင်းလေးများကိုကိုက်ရင်း ပြောလိုက်လေသည်။

"သူ့မှာထူးခြားတဲ့အရည်အချင်းတွေရှိတယ်လို့ကြားတယ်၊ သမီးသူ့ကိုစမ်းသပ်ကြည့်ပြီးပြီလား"

"သူ့ဓားနဲ့တော့ပညာတစ်ခုပြလိုက်တယ် ၊ အတွင်းအားကိုဓား ထဲကိုစီးဝင်အောင်လုပ်လိုက်တာ ၊ အဲဒါက တကယ် တော်တဲ့ အချက်ပဲ ၊ သူ့မှာ ဝိညာဉ်လှွင့်နိုင်စွမ်းရှိပုံရတယ်"

ရှင်းစစ်စစ်နျန်က အထင်ကြီးလေးစားသည့်ပုံဖြင့် ပြောလိုက် လေသည်။

သူမ၏စကားများကိုသာ ဆန်းလျန်ကြားပါက မူးမေ့သတိလစ် သွားလောက်ပေသည်။ ဆန်းလျန်ကသာ ရှင်းစစ်စစ်နျန် အကြောင်းသေချာမသိသော်လည်း သူမကတော့ အကြည့်တစ် ချက်နှင့်ပင် ဆန်းလျန်၏အစွမ်းများကို သိနေလေသည်။

"ပြိုင်ဘက်ကင်းလူသားတွေပဲ ၊ နွေမိုးဆောင်းတွေပြောင်းလဲသွားလို့ နောက်ဆယ်နှစ်လောက်နေရင်တော့ သူက ဘယ်နတ်ဘုရားတွေရဲ့အကူအညီမှမပါဘဲ ကျင့်ကြံမှုတွေအောင်မြင်သွားချင်သွားမှာပေါ့"

အဘိုးအိုကသက်ပြင်းချရင်းပြောလိုက်လေသည်။

"သမီးက လူသားတွေကိုမနာလိုမရှိပါဘူး ၊ နှစ်ပေါင်းလေးဆယ်လောက်ဆို သူတို့ကသေသွားကြမှာပဲ"

ရှင်းစစ်စစ်နျန်မှာ ဆန်းလျန်၏စွမ်းရည်များကိုလေးစားသော်လည်း မနာလိုဖြစ်မိခြင်းတော့မရှိပေ။ ထို့ပြင် သူမက လူသားထက်ကျော်လွန်သောဖြစ်တည်မှုတစ်ခုဖြစ်လေသည်။

"အဖေတို့ကအသက်ရှည်တယ် ၊ ဒါပေမယ့် တရားရဖို့တော့ခက်တယ် ၊ လူတွေကတော့ အသက်တိုပေမယ့် တာအိုကျင့်စဥ်လမ်းကိုကျင့်ဖို့လွယ်ကူလွန်းတယ် ၊ အဖေကအသက်ကြီးပြီ ၊ အဖေမျှော်လင့်တာက သမီးကို တာအိုလမ်းကို

လျှောက်လှမ်းနိုင်စေဖို့ပဲ ၊ ဒီကောင်လေးရဲ့လမ်းဖြောင့်ဖြူးလေ

သူကသမီးကိုကူညီနိုင်လေပဲ ၊ သမီးက လိမ်လိမ်မာမာနေရ

မယ် ၊ သူ့ကိုကလန်ကဆန်မလုပ်ရဘူးနော်"

အဘိုးအိုကပြောလိုက်လေသည်။

"သူက အဲဒီလောက်တော့မတော်ပါဘူး ၊ ဘယ်လိုလုပ်သမီးကို

ကူညီနိုင်မှာလဲ၊ သူ့လိုလူမျိုးဆယ်ယောက်လောက် တောင်

သမီးကတစ်ပြိုင်ထဲတိုက်နိုင်သေးတယ်"

ရှင်းစစ်စစ်နျန်က လက်ပိုက်လိုက်ပြီး ထိုင်ခုံတွင်ထိုင်လိုက်ကာ

ပြောလိုက်လေသည်။ သူမကတစ်ခါတစ်လေ ဖခင် ဖြစ်

သူ၏စကားကိုအရေးမစိုက်တတ်ပေ။

"ဒီကောင်လေးကဘာကျင့်စဉ်ကိုလေ့ကျင့်နေလဲတော့ အဖေမ

သိဘူး ၊ ဒါပေမယ့်သူ့ရဲ့အတွင်းအားသုံးပုံကိုကြည့်ရ တာတာ

အိုဆရာသခင်ထိုက်ယီ လူ့လောကကိုပထမဆုံးအကြိမ်ဆင်း

လာတုန်းကနဲ့သိပ်တူနေတယ် ၊ ဆန်းလျန်က နတ်ဘုရားဆရာ

သခင်တွေဆီကသင်ယူထားတာမျိုးမဟုတ်ပေမယ့် သူ့ရဲ့ ကျင့်စဉ်နည်းလမ်းတွေက ချင်းရှမ်ကျင့်စဉ် တွေနဲ့သိပ်တူနေတယ် ၊ ချင်းရှမ်နတ်တံခါးက နှစ်ငါးဆယ်နေမှတစ်ခါဖွင့်တာ ၊ တစ်ခါဖွင့်တိုင်းအသက်နှစ်ဆယ် အရွယ်တပည့်ဆယ်ယောက် ကိုပဲလက်ခံတာ။

ချင်းရှမ်နတ်တံခါးကိုဖြတ်ဝင်ဖို့အတွက် လူတစ်ယောက်ဟာ ပင်ကိုယ်အရည်အချင်းနဲ့ ထိုးထွင်းသိနိုင်မှုတွေလိုတယ် ၊ လင်ချုန်းရှောင်တောင်မှ ချင်းရှမ်တပည့်ဖြစ်ဖို့ အခွင့်အရေးမရခဲ့ဘူး ၊ ဆန်းလျန်ကတော့ ချင်းရှမ်နတ်တံခါးကိုရှာဖွေနေတဲ့သူဆိုရင် သူ့အတွက်အခွင့်ရေးရှိနေသေးတယ် ၊ သူက တဖြည်းဖြည်းနဲ့ သိုင်းလောကမှာဆရာတစ်ဆူဖြစ်လာနိုင်ပါတယ် ၊ ဒါပေမယ့် အဲဒီသိုင်းစွမ်းကို ချင်းရှမ်နတ်တံခါးကို ရှာဖွေဖို့ သူကြိုးစားမှဖြစ်မယ်။

တကယ်လို့ ချင်းရွှမ်နတ်တံခါးကဆရာသခင်မဟုတ်တဲ့သူတစ်ယောက်သာ သူ့ရဲ့မင်ယွိသိုင်းပညာကိုသိသွားခဲ့ရင် သူ့ကိုသတ်ပစ်လိမ့်မယ်၊ သူအသက်ရှည်ရှည်နေနိုင်မှာမဟုတ်တော့ဘူး။ နောက်နှစ်ကျရင် ချင်းရွှမ်နတ်တံခါးဖွင့်ပြီး တပည့်အသစ်တွေခေါ်လိမ့်မယ်၊ ဒီကောင်လေးရဲ့သိုင်းပညာက တာအို ဆရာသခင်ထိုက်ယီနဲ့သိပ်တူတော့ရွေးခြယ်ခံရမှာသေချာတယ်...

တကယ်လို့ သူ့ခရီးလမ်းဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ ချင်းရွှမ်ရဲ့တပည့်တစ်ယောက်ဖြစ်လာခဲ့ရင် ချင်းရွှမ်နတ်တံခါးနောက် မှာရှိတဲ့ ချင်းဖုန်းနတ်သမီးရဲ့ဂါထာကိုသာရအောင်ယူနိုင်ခဲ့ရင် သူသမီးကိုကူညီနိုင်ပြီပဲ၊ အဲဒီဂါထာကိုသာဖတ်ရှုခွင့်ရရင် သမီးလည်းတရားအလင်းရနိုင်လိမ့်မယ်"

အဘိုးအိုက ချင်းရွှမ်၏လျှို့ဝှက်ချက်များကို ပွင့်ပွင့်လင်းလင်းပင်ပြောပြလိုက်သည်။ ချင်းရွှမ်မှာဆန်းကျယ်လွန်းသည့်နေရာဖြစ်ပြီး လင်ချန်းရှောင်ပင်လျှင် သူ့ကို ဘယ်ကြောင့်

တပည့်အဖြစ်လက်မခံခဲ့သည်ကို ကောင်းကောင်းမသိခဲ့ပေ။ ထို့ပြင် သူလေ့ကျင့်ခဲ့သည့် မင်ယွိသိုင်းပညာကသူ့ကိုကယ်တင်ခဲ့သည်ကိုလည်း သူမသိခဲ့ပေ။

"ဒဏ္ဍာရီတွေမှာပြောကြတာကတော့ တာအိုဆရာသခင်ထိုက်ယီဟာ ဟိုး...ကမ္ဘာဦးအစကတည်းက ရှေးကျတဲ့ နတ်မျိုးနွယ်တစ်ပါးပဲ ၊ တာအိုဆရာသခင်ထိုင်ယီနဲ့ချင်းဖုန်းနတ်သမီးတို့ ပူးပေါင်းပြီး ထိုက်ယီရဲ့ကျင့်စဉ်ကိုဆက်ခံဖို့အတွက် ချင်းရှမ်နတ်တံခါးကနေ တပည့်ခေါ်ဖို့ကြေငြာလိုက်တယ်လို့ ကြားဖူးတာပဲ၊ အဖေကဘာလို့သူတို့ဆီကိုယ်တိုင်သွားပြီး ဂါထာကိုမယူရတာလဲ ၊ သူတို့က အဖေ့ဒဏ်ရာတွေကိုတောင်ကုသပေးခဲ့သေးတာပဲ"

ချင်းဖုန်းနတ်သမီး၏ဂါထာဆိုသည့်အသံကိုကြားသည်နှင့် ရှင်းစစ်စစ်နျန်၏မျက်ဝန်းတွင် မျှော်လင့်ချက်များဖြင့် တောက်ပလာလေသည်။ ချင်းဖုန်းနတ်သမီး၏ဂါထာဆိုသည်မှာ ချင်းရှ

မ်နတ်တံခါးနောက်တွင်ရှိသည့် နတ်မျိုးနွယ်များအန္တရယ်ကင်း စေရန် ရေးထားသည့်စာတစ်ပုဒ်ဖြစ်လေသည်။ ချင်းဖုန်း နတ်သမီးမှာ နတ်မျိုးနွယ်များကြားတွင် အဆင့်အတန်းမြင့်မား သည့် နတ်ဒေဝါတစ်ပါးဖြစ်ပြီး မကောင်းမှုများမှကင်းလွတ်သူ ၊ စြက်ဝဠာတစ်ခုလုံးသို့ အတားအဆီးမရှိသွားလာ နိုင်သူဖြစ် လေသည်။

ထိုဂါထာကိုရပါက ရှင်းစစ်စစ်နှန်၏ဖခင်မှာ သေဖို့စောင့်နေရ သည့်အခြေအနေမှလွတ်မြောက်နိုင်လိမ့်မည်ဖြစ်လေသည်။

"အဲဒီလောက်လွယ်မယ်ဆိုရင်ကောင်းတာပေါ့၊ ချင်းရှမ်နတ် တံခါးကနတ်မျိုးနွယ်တွေကလည်း တာအိုဆရာသခင် ထိုက်ယီ ကိုပဲသိကြတာ၊ ချင်းဖုန်းနတ်သမီးကိုသိပ်မသိကြဘူးလေ၊ ပြီးတော့ အဖေတို့ကလည်း ချင်းဖုန်းနတ်သမီးရဲ့ အနွယ်တော် တွေမှမဟုတ်တာ၊ သူတို့ကဘယ်ကူညီမှာလဲ၊ အဲဒီဂါထာက ချ င်းရှမ်မှာတော့ဘာမှမပြောပလောက်ပေ မယ့်အဖေတို့

အတွက်ကျတော့တစ်ကမ္ဘာလောက်အရေးကြီးတယ်ကွယ်၊ တကယ်လို့ ဒီကောင်လေးသာ ဒါကိုလုပ် နိုင်ခဲ့ရင် အဖေတို့ကို အဲဒီဂါထာကို တန်ဖိုးလည်းအများကြီးမပေးရဘဲ သူ့ဆီက ခဏလောက်ငှားနိုင်မယ်ဆိုရင် ကောင်းတာပေါ့၊ သူမလုပ်နိုင်ဘူဆိုတော့လည်း နောက်တစ်နည်းစဉ်းစားကြတာပေါ့ကွယ်"

"ဒါပေမယ့် အဖေ့မှာ အချိန်မရှိတော့မှာ သမီးစိတ်ပူတယ်"

"လူသားတွေဆိုတာ သိပ်လက်တွေ့ကျပြီး သင်ယူနိုင်စွမ်းလည်း အရမ်းမြန်ကြတယ်၊ အဲဒီကောင်လေးမှာသာ တကယ် အရည်အချင်းရှိရင် တာအိုကျင့်စဉ်ကျင့်ပြီး နှစ်တစ်ရာအတွင်း နတ်မျိုးနွယ်တစ်ပါးဖြစ်လာမှာပဲ၊ အဖေက နောက်ထပ်နှစ် ပေါင်းတစ်ရာနှစ်ရာလောက်တော့စောင့်နိုင်ပါသေးတယ်ကွယ်၊ အဖေနေပြန်ကောင်းလာရင် ဒီထက် တောင်နည်းနည်းအသက် ပိုရှည်နိုင်သေးတယ်၊ ဒါပေမယ့် သမီးသာတရားအလင်းရသွားပြီး တာအိုဆရာသခင်ထိုက်ယီကိုတွေ့ခွင့်ရမယ်ဆိုရင်အဖေ

အသက်ပြန်ရှင်ခွင့်ရဖို့သူ့ကိုတောင်းပန်ပေးပေါ့၊ အဲဒါလည်း ဘယ်လောက်ခက်ခဲဦးမလဲမသိဘူးကွယ်"

ဟုအဘိုးအိုကပြောလိုက်လေသည်။

အခန်း (၃၆)

မြင့်မြတ်သောစိတ်ထားနှင့်ရက်စက်ခြင်း

နှင်းကျခြင်းကရပ်တန့်မသွားပေ။ ဤနေ့တွင်လည်း နှင်းများ

က ကျဆင်းနေဆဲဖြစ်လေသည်။

အန်းရန်ကျယ်က...

"ဝူအဘိုးကြီး ၊ တည်းခိုရိပ်သာတံခါးကိုပြင်သင့်နေပြီ ၊ ခင်ဗျား

တို့ဆန်းသခင်လေးအတွက် ဒီလောက်ငွေလေးကို နှမျောနေ

သေးတယ်"

ဟု အိမ်တော်ထိန်းဝူကိုအော်ပြောလိုက်လေသည်။

"အန်းသခင်လေး ၊ ဒီတံခါးကနှစ်ပေါင်းတစ်ရာလောက်ရှိနေပြီ ၊

ဒီတံခါးကို ကျန်းလုန်သစ်သားနဲ့ထွင်းထုပြီးလုပ် ထားရတာ ၊ ဒီ

တံခါးရဲ့တန်ဖိုးက ရွှေစင်ရွှေသားတစ်ထောင်မကတန်တယ် ၊

ဒါက ကျုပ်တို့တည်းခိုရိပ်သာရဲ့ပြယုဂ်တစ်ခုပဲ"

အိမ်တော်ထိန်းဝူက ဂုဏ်ယူသောမျက်နှာထားဖြင့်ပြန်ပြော

လိုက်သည်။

ဤတံခါးကြီးမှာ နှစ်ပေါင်းများစွာကြာနေပြီဖြစ်လေသည်။

တည်းခိုရိပ်သာလုပ်ငန်းစတင်လုပ်ကိုင်ကတည်းက ဆန်းသခင်

ကြီးကလက်ဆောင်ပေးခဲ့ခြင်းဖြစ်လေသည်။

တံခါးကြီးမှာ ရွှေစင်ရွှေသားတစ်ထောင်တန်သည်ဆိုသည်

ကတော့ အပိုပြောခြင်းဖြစ်လေသည်။ သို့သော် တကယ်ပင်

တန်ဖိုးကြီးမားသည့်တံခါးကြီးဖြစ်သည်ကိုတော့ ငြင်း၍မရ

ပေ။

ကျန်းလုန်သစ်သားမှာ သစ်ပင်ကြီးထွားမှုနှုန်းကအလွန်နှေး

ကွေးလေသည်။ သစ်သားမှာခိုင်ခန့်မာကျောပြီး ကျုံ့နိုင် ချဲ့နိုင်

စွမ်းရှိလေသည်။ သစ်သားမျက်နှာပြင်မှာ ချောမွေ့ကောင်းမွန်

ပြီး တော်ရုံနှင့်မပျက်စီးနိုင်ပေ။ အလွန်ပြင်းထန် သည့်အားနှင့်

ထိခိုက်မိလျှင်တောင်မှ ကျိုးသွားခြင်းမျိုးမရှိဘဲ ဓားရှည်ကဲ့သို့

ကွေးညွှတ်သွားမှာဖြစ်လေသည်။ သစ်သား၏အစွန်းနှစ်ဖက်

မှာလည်း ဓားသွားကဲ့သို့ထက်မြက်လေသည်။

ကျန်းလုန်သစ်သား၏ထူးခြားသည့်အချက်မှာ သစ်သားမှရနံ့

လေးမွှေးနေပြီး ထိုရနံ့လေးကို အဆိပ်ရှိသည့်ပိုးကောင် များက

ကြောက်ကြခြင်းဖြစ်လေသည်။ မည်သည့်ပိုးမွှားမဆို တံခါး

နားရောက်သည်နှင့် အဝေးသို့ပြေးကြသည်သာဖြစ်လေသည်။

အန်းရန်ကျယ်မှာ မာနကြီးသော်လည်း အသုံးမကျပေ။ သူက

ကျန်းလုန်သစ်သား၏အဖိုးတန်ပုံကို မသိပေ။ သို့သော် အိမ်

တော်ထိန်းဝူမှာ လျှောက်ပြီးအာချောင်တတ်သည့်သူတစ်

ယောက်မဟုတ်ကြောင်းကိုတော့ သူသိလေသည်။ တံခါးကြီး

ကိုကြည့်ရသည်မှာ တန်ဖိုးတော့ရှိမည့်ပုံပဲဟု အန်းရန်ကျယ်

တွေးလိုက်မိသည်။

"ဒီတံခါးကဒီလောက်တန်ဖိုးကြီးနေရင် သူများတွေခိုးသွားမှာမ

ကြောက်ဘူးလား"

အန်းရန်ကျယ်က ရွဲ့ပြီးပြောလိုက်ခြင်းဖြစ်လေသည်။

"အန်းသခင်လေးကတော့နောက်နေပြန်ပါပြီ ၊ ချင်ပြည်နယ် မြို့တော်က ဘယ်သူခိုးက ဆန်းအိမ်တော်ပိုင်ဆိုင်တဲ့ တည်းခို ရိပ်သာကတံခါးကိုခိုးရဲမှာလဲ"

"ဦးလေးဝူတို့နှစ်ယောက် တော်ကြတော့ ၊ တံခါးအပြင်မှာ လူ တစ်ယောက်လဲကျနေတယ် ၊ ဦးလေးဝူ အလုပ်သမား နှစ် ယောက်လောက်လွှတ်ပြီး အဲဒီလူကို သယ်လာခိုင်းလိုက်ဦး"

ဆန်းလျန်က မျက်မှောက်အနည်းငယ်ကျုံ့ရင်းပြောလိုက် သည်။

ပြဿနာဆိုသည်မှာ အချိန်ကိုက်ရောက်လာတတ်သည့်အရာ ပင်ဖြစ်သေလည်း။

ဆန်းလျန်က သွေးနံ့ကိုအာရုံခံမိ သောကြောင့်ပြောလိုက်ခြင်း ဖြစ်လေသည်။

အိမ်တော်ထိန်းဝူမှာ မြင်ခြင်းကြားခြင်းမရှိပါဘဲ စိတ်အာရုံဖြင့် သိနေတတ်သည့် ဆန်းလျန်၏စိတ်စွမ်းအားနှင့် အသားကျနေ

ပြီဖြစ်လေသည်။ သူက ဆန်းလျန်ပြောသည့်အတိုင်း အလုပ်သမားနှစ်ယောက်ကို ခိုင်းလိုက်လေသည်။ တံခါးနှင့်မနီးမဝေးတွင်လူတစ်ယောက်လဲကျနေသည်ကို တွေ့လိုက်ရလေတော့သည်။

အလုပ်သမားနှစ်ယောက်က ထိုလူကို တည်းခိုးရိပ်သာအတွင်းသို့ သယ်လာကြလေသည်။ ထိုလူက အရာရှိငယ်များ ဝတ်ဆင်လေ့ရှိသည့် အဝတ်အစားကိုဝတ်ဆင်ထားလေသည်။ အသက်နှစ်ဆယ်ခန့်သာရှိဦးမည်ဖြစ်ပြီး မျက်လုံးများ ကမှိတ်နေလေသည်။ သတိလစ်နေသည်မှာ ထင်ရှားလေသည်။

သူဝတ်ဆင်ထားသည့် နှင်းကာအကျႌမှာ အနည်းငယ်စိုနေလေသည်။ သူကကြမ်းပြင်ပေါ်တွင်သတိမေ့နေလေသည်။ ဆန်းလျန်က အစေခံများကို ရေနွေးဇလုံတစ်ခုယူလာခိုင်းလိုက်သည်။

ဆန်းလျန်က ထိုလူငယ်၏နဖူးကိုစမ်းကြည့်လိုက်တော့ ခြစ်ခြစ်တောက်ပူနေလေသည်။

ဆန်းလျန်၏မျက်လုံးများက ထိုသူ၏ ဝမ်းဗိုက်အောက်ပိုင်းကို ကြည့်လိုက်သည်။ သိပ်ပြီးထင်ရှားခြင်းမရှိသည့် အပ်ရာသုံးခုကို ထိုလူငယ်၏အဝတ်များပေါ်တွင်တွေ့လိုက်ရလေသည်။ သွေးနံ့မှာ ထိုနေရာမှထွက်နေခြင်းဖြစ်လေသည်။

"တကယ်တော်တဲ့ လက်နက်ပုန်းပညာပဲ ၊ အပ်တွေအားလုံးက အဓိကသွေးကြောနေရာတွေကိုထိထားတာ ၊ တစ်နေရာမှ တောင်မလွဲဘူး ၊ တစ်ချက်တည်းနဲ့ဒီလိုထိအောင်ပစ်နိုင်တာတကယ့်ကိုအထင်ကြီးစရာပုဂ္ဂိုလ်ပါပဲ"

ဆန်းလျန်ကပြောလိုက်လေသည်။

သိုင်းလောကမှ အဆင့်မြင့်သိုင်းသမားများသာ ထိုသို့အဓိကသွေးကြောနေရာများကို တိုက်ခိုက်နိုင်လေသည်။ သို့သော် ထိုသို့သောအဓိကသွေးကြောနေရာများကို လက်နက်ပုန်းဖြင့်

ဤမျှလောက်တိတိကျကျပစ်ခတ်နိုင်ခြင်းမှာ တကယ့်ကို

အရည်အချင်းရှိပြီး လေ့ကျင့်မှုအားကောင်းမှသာလျှင် ဖြစ်နိုင်

ပေလိမ့်မည်။

ထိုသူ၏ခန္ဓာကိုယ်ထဲတွင်လည်း အတွင်းအားလှိုင်းတစ်ခုစီး

ဝင်နေလေသည်။ ထိုအတွင်းအားလှိုင်းမှာ ထိန်းချုပ်၍မရဘဲ

ဖောက်ပြန်နေလေသည်။ ထိုအတွင်းအားလှိုင်းမငြိမ်သက်မှု

ကြောင့် ထိုသူ၏ ကိုယ်မှာခြစ်ခြစ်တောက်ပူနေရခြင်းဖြစ်လေ

သည်။ ထိုသို့ပူလောင်နေသည့်အတွက် နှင်းတောထဲတွင်

အသက်ရှင်နိုင်ခဲ့ခြင်းဖြစ်လေသည်။

ဤကဲ့သို့သောရာသီဥတုမျိုးတွင် ခရီးထွက်မည်ဆိုလျှင်

အဆင့်မြင့်သိုင်းသမားများပင် လုံလောက်သည့်အတွင်းအား ရှိ

ရန်လိုအပ်လေသည်။ မည်သူမျှ ရှင်းစစ်စစ်နျှန်ကဲ့သို့ နှင်းတော

ထဲသာသာယာယာလမ်းလျှောက်လာနိုင်မည့်သူ မရှိပေ။ သူမက

လူသားမဟုတ်သောကြောင့် ထိုသို့ပြုမူနိုင်ခြင်းဖြစ်လေသည်။

"သခင်လေး ၊ ရေနွေးရပါပြီ"

တည်းခိုရိပ်သာ ခန်းမထဲတွင် ဧည့်သည်များစွာလည်းရှိနေလေသည်။ ဤရာသီဥတုမျိုးတွင် ချက်ချင်းလာပြီး ချက်ချင်းပြန်သွားရန်မှာလည်း သူတို့မှာ ရှင်းစစ်စစ်နျန်ကဲ့သို့မဟုတ်ကြပေ။

လူအားလုံးက သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြလေသည်။ မည်သို့ဖြစ်လာမည်လဲဟု သိချင်စိတ်ဖြင့် စောင့်နေကြခြင်းဖြစ်လေသည်။

"မိတ်ဆွေတို့ ကျုပ်လူအသက်ကယ်မလို့ပါ ၊ ဝိုင်းကြည့်မနေကြပါနဲ့ ၊ ကျေးဇူးပြုပြီး ကိုယ့်နေရာကိုယ်ပြန်သွားပေးကြ ပါလား"

"ဆန်းသခင်လေး ၊ ကျွန်တော်တို့ကြည့်ရုံပဲကြည့်မှာပါ ၊ မနှောင့်ယှက်ပါဘူး"

"ဟုတ်တယ် ဟုတ်တယ်၊ ဆန်းသခင်လေးက ဆေးပညာလည်း သိပ်တော်တယ်ကြားတယ်၊ ခုမှပဲ လက်တွေ့မြင်ခွင့် ရတော့မယ်"

ဆန်းလျန်မှာ စိတ်အနှောင့်အယှက်ဖြစ်သည့်ပုံမပေါ်ပါ။ သူက ပြုံးပင်ပြုံးလိုက်မိလေသည်။ ဆန်းလျန်က လေကဲ့သို့ လျှင်မြန်စွာလှုပ်ရှားလိုက်လေသည်။ သူ၏လှုပ်ရှားမှုမှာလျှင်မြန်လွန်းသောကြောင့် လူများမှာ အရိပ်မျှသာမြင်လိုက် ကြရလေသည်။ ဆန်းလျန်၏အရိပ်မှာ ရပ်ကြည့်နေကြသည့်လူများကို ပတ်ပတ်လည်လှည့်ပတ်သွားပြီး အားလုံးမှာ သူတို့ ရပ်နေသည့်နေရာတွင်ပင် အတောင့်လိုက်ကြီးဖြစ်နေကြကာ လှုပ်ရှား၍မရကြတော့ပေ။

ယခုတော့ဆန်းသခင်လေးမှာ ခေသူမဟုတ်ကြောင်း ဧည့်သည်များအားလုံး သဘောပေါက်သွားကြလေသည်။

"ညော်သည်တို့က ကျွန်တော်ပြောတာနားမထောင်လို့ ဒီလိုလုပ်လိုက်ရတာပါ ၊ ဒီလိုကိုယ်ထိလက်ရောက်လုပ်လိုက် ရတဲ့အတွက် ကျုပ်ကိုခွင့်လွှတ်ပေးကြဖို့လည်းတောင်းပန်ပါတယ်"

ဆန်းလျန်က လက်ခုပ်နှစ်ချက်တီးလိုက်ပြီး အေးအေးဆေးဆေးပင်ပြောလိုက်သည်။ အလွန်ပင်ယဉ်ကျေးသိမ်မွေ့လှ လေသည်။

"အားလုံးပဲ ကျုပ်ပြောတဲ့အတိုင်းလိုက်နာမယ်ဆိုရင် မျက်တောင်ခတ်ပြကြပါ ၊ ခင်ဗျားတို့ကိုအကြောပြန်ဖွင့်ပေးပါ့မယ်"

ဆန်းလျန်ကဆက်ပြောလိုက်လေသည်။

ထိုသို့ပြောလိုက်တော့ အားလုံးက မျက်တောင်ခတ်ပြကြလေသည်။

"သိပ်ကောင်းတယ် ၊ ကျုပ်နောက်တစ်ခုပြောဖို့ကျန်သေးတယ်"

ရပ်နေသူများမှာ ဆန်းလျန်က သူတို့ကိုတစ်ခုခုထပ်လုပ်မည်ကို ကြောက်ရွံ့နေကြလေသည်။ သို့သော် ယခုအချိန် တွင်သူတို့မှာ စကားလည်းမပြောနိုင် ၊ လှုပ်ရှားလို့လည်းမရနိုင်ကြပေ။ သူတို့ကအမှားကိုဝန်ခံချင်သော်လည်း မဖြစ် နိုင်ကြပေ။

"ကျုပ်အကြောဖွင့်ပေးပြီးလို့ ဒီကိစ္စအပေါ်မကျေနပ်တဲ့သူရှိရင် ကျေနပ်တဲ့သူတွေက သူ့ကိုဝိုင်းအပြစ်တင်လို့ရပါတယ် ၊ ဒီကိစ္စကို ခင်ဗျားတို့အားလုံးလက်မခံနိုင်စရာမရှိဘူးလို့ထင်ပါတယ်"

ပြောပြီးသည်နှင့် ဆန်းလျန်က ကတိပေးထားသည့်အတိုင်း အားလုံးကိုအကြောများပြန်ဖွင့်ပေးလိုက်လေသည်။

မကျေနပ်သည့်သူ နှစ်ယောက်ခန့်ရှိသော်လည်း အခြားသူများက ဝိုင်းအပြစ်တင်မည်ကို ကြောက်ကြသောကြောင့် ဘာမှမပြောဘဲ ငြိမ်နေကြလေသည်။

အားလုံးမှာ ကိုယ့်နေရာကိုယ်ပြန်သွားကြလေသည်။ အားလုံးမှာ ယခုတော့ ဆန်းလျန်ကိုဖြို့သွားကြပြီး လေးစား သွားကြလေသည်။ သူတို့က ဟင်းလျာများနှင့်အရက်များမှာယူကြပြီး သူတို့နေရာတွင်ပင် စားသောက်နေလိုက်ကြ လေသည်။

လူ့သဘောသဘာဝအရ အားနည်းသောသူများကို အနိုင်ကျင့်တတ်ကြပြီး အားကြီးသည့်သူများကိုတော့ ကြောက်ရွံ့ တတ်ကြလေသည်။ ဤသည်မှာ အာဏာနှင့်အရှိန်အဝါကိုတော့ ကြောက်ကြပြီး လူလူချင်းတန်းတူဆက်ဆံမှု ကိုတော့ တန်ဖိုးမထားကြသောကြောင့်ဖြစ်လေသည်။

ဆန်းလျန်မှာ ကြင်နာသနားတတ်သောနှလုံးသားပိုင်ရှင်တစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ယခုသူလုပ်လိုက် သည့်လုပ်ရပ်မှာ အနည်းငယ်ပြင်းထန်သွားလေသည်။

ဆန်းလျန်ကလူဆိုးတစ်ယောက်မဟုတ်ပါ။ သို့သော် သူက လူပျော့လူညံ့တစ်ယောက်လည်းမဟုတ်ပါ။ ကွမ်ယင်

မယ်တော်ပင်လျှင် ဂရုဏာတရားကြီးမားသော်လည်း

အမြဲတမ်းတော့ သဘောကောင်းနေသည်မဟုတ်ပေ။ သူမက

မိစ္ဆာပေါင်းတစ်သောင်းကျော်ကို နှိမ်နင်းခဲ့လေသည်။ သို့သော်

ဂရုဏာတရားမရှိသောကြောင့်တော့ မဟုတ်ပေ။

ညှော်သည်များကို ဤသို့ပြုမူလိုက်ခြင်းအတွက် တည်းခို

ရိပ်သာစီးပွားရေးလုပ်ငန်းကို ထိခိုက်နိုင်လေသည်။ သို့သော်

ဆန်းလျန်က ထိုအချက်ကိုထည့်မတွက်ပါ။ သူကတစ်ခါသာ

အသက်ရှင်ရသည့်လောကတွင် ချမ်းသာကြွယ်ဝမှုနှင့်

ကျော်ကြားမှုများကို ဂရုစိုက်သည့်သူမဟုတ်ပေ။ ထိုအရာများ

ကို သူ့စိတ်ထဲသို့ပင် ထည့်မထားပေ။

အရာရှိငယ်အဝတ်အစားဝတ်ဆင်ထားသည့် လူငယ်ဆီသို့

ဆန်းလျန်အာရုံပြန်စိုက်လိုက်သည်။ သူ့ကိုကြည့်ရ သည်မှာ တ

ကယ့်အရာရှိငယ်တစ်ယောက်တော့ဟုတ်ပုံမပေါ်ပေ။ ထို့ပြင်သူ့

ခန္ဓာကိုယ်တွင်တွေ့ရသော အမှတ် အသားများအရ ထိုလူငယ်မှာ ဝရမ်းပြေးတစ်ယောက်ဖြစ်နိုင်ဖွယ်ရှိလေသည်။ ညာဘက်လက်မနှင့်လက်သားကြွယ်တွင် အသားမာများတက်နေသည်ကို ကြည့်ခြင်းအားဖြင့် ဓားသိုင်းကို နှစ်ရှည်လာများလေ့ကျင့်ခဲ့ပုံရလေသည်။ သို့သော် သူ့ထံတွင် မည်သည့်လက်နက်မျှမတွေ့ရပေ။ သတိလစ်နေသည့်အချိန်တွင် သူ၏ဓားပျောက်ဆုံးသွားခြင်းလည်းဖြစ်နိုင်လေသည်။ ထို့ပြင် သူ့အင်္ကျီစပေါ်တွင်သာ အပ်သုံးချောင်းရာရှိခြင်းဖြစ်ပြီး တကယ်တမ်းတွင် မည်သည့်ဒဏ်ရာမှမရှိချေ။ ကြည့်ရသည်မှာ လက်နက်ပုန်းနှင့် ပစ်ခတ်ခံရပြီးပြီးချင်း ထိုလူငယ်မှာ ထွက်ပြေးလွတ်မြောက်လာခြင်းဖြစ်ဟန်တူလေသည်။ ထိုလူငယ်၏ဓားပျောက်ဆုံးသွားရခြင်းမှာ တိုက်ဆိုင်မှုတော့မဖြစ်နိုင်ပေ။ အပြန်အလှန်တိုက်ခိုက်ကြရင်း သူက လည်းတစ်ဖက်လူကို ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ဟန်တူလေသည်။ အရာရှိ

ငယ်ဝတ်စုံဝတ်ထားသည့်လူငယ်၏ ရန်သူမှာ လျှင်မြန်ပြီး တိကျသူတစ်ယောက်ဖြစ်သည်ကိုတော့ မှန်းဆကြည့်နိုင်လေသည်။

သိုင်းလောကသားများ အချင်းချင်းရန်ငြိုးကြောင့် တိုက်ခိုက်ကြသည်ဟု ယူဆနိုင်ဖွယ်ရာရှိလေသည်။ ထို့ပြင် ဤလူငယ်မှာ တခြားနေရာသို့မသွားဘဲ ဤတည်းခိုရိပ်သာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည်မှာလည်း ဆန်းလျန်ကြောင့်ပင်ဖြစ်နိုင်လေသည်။

ဆန်းလျန်မှာ ယခုအချိန်တွင် သိုင်းလောကတွင် နာမည်တစ်လုံးနှင့်ရပ်တည်နေနိုင်ပြီ မဟုတ်ပါလား။

ဤအချက်များအားလုံးမှာ ဆန်းလျန်၏မှန်းဆချက်များသာဖြစ်ပြီး အတိအကျတော့မမှန်ကန်နိုင်ပေ။ ဆန်းလျန်မှာ ထိုလူငယ်အားမကူညီဘဲ သေချင်လည်းသေပါစေဟူ၍လက်လွှတ်စပယ်လုပ်မည်မဟုတ်ပါ။

သူကတာအိုကျင့်စဉ်ကိုကျင့်ကြံသူဖြစ်ပြီး သူ၏လူသားဆန်မှုများမှာ ပျောက်ဆုံးသွားခြင်းမရှိပါ။ သူ့မျက်စိရှေ့တွင် လူတစ်ယောက်အသက်ဆုံးသည်ကိုထိုင်ကြည့်နေရမည်မှာ သူ့အတွက်အလွန်ပင်ခက်ခဲလေသည်။

ဆန်းလျန်မှာ ဥပေက္ခာလမ်းစဉ်ကိုလိုက်နေသည့်သူတစ်ယောက်ဖြစ်သော်လည်း သူက လူသားတစ်ယောက်ဖြစ်လေသည်။ သူက လူသားဆန်လွန်းသောလူသားတစ်ယောက်ဖြစ်လေသည်။

အချိန်ခဏကြာသွားသည့်အခါတွင်တော့ လူငယ်ကအနည်းထထိုင်လိုက်ပြီး ရေဇလုံထဲသို့ သွေးများအန်ထုတ်လိုက် သည်။ အန်ထုတ်လိုက်သည့်သွေးများမှာ သွေးခဲများဖြစ်ပြီး အနက်ရောင်ဘက်သို့သွားသော ညိုပုပ်ပုပ်အရောင်များ ဖြစ်နေလေသည်။ အဆိပ်မိထားသည့်လက္ခဏာဖြစ်သည်။

သွေးများက ရေနွေးဇလုံထဲသို့ပျော်ဝင်သွားကြသည်။ သို့သော်

လူငယ်ထံမှ သွေးနံ့ရနေဆဲဖြစ်လေသည်။

ထိုသွေးနံ့ကြောင့် ဆန်းလျန်မှာ အနည်းငယ်စိတ်

အနှောင့်အယှက်ဖြစ်သွားရသည်။

သွေးခဲ့များမှာ ရေနွေးဇလုံထဲတွင် ပျော်ဝင်သွားခြင်းမရှိပါက

သွေးနံ့ကပိုပြီးပြင်းထန်လာမည်ဖြစ်ပြီး ထိုသွေးနံ့ကို ရသည့်သူ

တိုင်း စိတ်မသက်မသာ ခံစားရမည်ဖြစ်လေသည်။

အခန်း (၃၇)

သူတော်စင်စောရပိုင်ယွိဖေး

ဆန်းကျူကျင့်စဉ်ကျမ်းတွင် အတွင်းအားပညာကို "ယင်" လား "ယန်" လား ခွဲခြားပြထားခြင်းမရှိပေ။ သို့သော် အတွင်းအားက ကျောရိုးတစ်လျှောက်နှင့် အထွဋ်ထိပ်ဆုံမှတ်များကို စီးဆင်းသွားသည့်အခါ "ယင်" ဖြစ်ဖြစ် "ယန်" ဖြစ်ဖြစ် ပြောင်းလဲသွားနိုင်လေသည်။

ဤအချက်ကိုဆန်းလျန်ကိုယ်တိုင်စမ်းသပ်ကြည့်ထားခြင်းဖြစ်လေသည်။ သူ၏ဝိညာဉ်စွမ်းအားမှာ အလွန်စွမ်းအားကြီးမားသောကြောင့် သူ့ကိုယ်တွင်းရှိအတွင်းအားမှာလည်း အလွန်မြင့်မားလေသည်။ ထိန်းချုပ်နိုင်ရန်ပင်ခက်ခဲလေသည်။ အတွေ့အကြုံရှိသည့် သင်ပြပေးမည့်သူမရှိဘဲ ဆန်းလျန်မှာ ကြိုးစားခဲ့ရခြင်းဖြစ်လေသည်။

သူရောက်နေသည့်အခြေနေမှာ ခေတ်ပေါ်လောကနှင့်သွားတူနေလေသည်။ သူအထက်တန်းကျောင်းသားဘဝတုန်း က သင်္ချာကိုသူ့ဟာသူလေ့လာခဲ့သည်။ ထိုသို့လေ့လာခြင်းမှာ အကျိုးရှိသော်လည်း ကျောင်းတွင်သင်ယူလေ့လာ ခြင်းနှင့် ယှဉ်လိုက်လျှင် အချိန်များစွာဖြုန်းတီးမိသလိုဖြစ်ရလေသည်။ ယခုလည်း ဆန်းလျန်မှာ ထိုကဲ့သို့သောပြဿနာမျိုးကိုရင်ဆိုင်နေရလေသည်။ ကျင့်စဉ်များကိုအပြည့်အဝသင်ကြား ပေးသည့် နတ်ဘုရားများ၏ဂိုဏ်းများကိုလည်း သူကဆက်သွယ်နိုင်ခြင်းမရှိသေးပေ။

လင်ချုန်းရှောင်က ထိုအချက်ကိုနားလည်ကောင်းနားလည်ပေးလိမ့်မည်။ သို့သော် သူနှင့်လင်ချုန်းရှောင်တို့မှာ တကယ်တမ်းခင်မင်ရင်းနှီးခဲ့ခြင်းလည်းမရှိခဲ့သလို ယခုအချိန်တွင် လင်ချုန်းရှောင် မည်သည့်နေရာသို့ရောက်ရှိနေ သည်ကိုလည်း မသိရတော့ပေ။

အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့် အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက် တစ်နှစ်အတွင်းချိတ်ဆက်မိခြင်းအဆင့်သို့သာ မရောက်ခဲ့လျှင် ဆန်းလျန်မှာ နတ်ဘုရားများ၏တာအိုကျင့်စဉ်သင်ကြားပေးမှုများကို လိုက်လံရှာဖွေမိမည်ဖြစ်ပေသည်။

သို့သော် လက်ရှိမှာတော့ ဆန်းလျန်မှာ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်သည့် အနေအထားတွင် ရှိနေလေသည်။

ဆန်းလျန်၏ဆေးပညာမှာ သေလူများကိုအသက်ပြန်သွင်းနိုင်ခြင်းမရှိသည့်တိုင် အထူးကုသမားတော်ဟု ပြောနိုင် သည့် အနေအထားတွင်ရှိလေသည်။

သူကခေတ်ပေါ်ကမ္ဘာတွင်လည်း ဆရာဝန်တစ်ယောက်ဖြစ်ခဲ့သည့်အပြင် ယခုအခါတွင်လည်း ဝိညာဉ်စွမ်းအားပညာ ရပ်များကိုလေ့ကျင့်ခဲ့သည့်အတွက် သူ၏အတွေးအာရုံများမှာ စူးရှထက်မြက်နေသောကြောင့် အခြားသောသမား တော်များထက်တော့ သာလွန်သည့်အဆင့်တွင်ရှိလေသည်။

သူက အတွင်းအားကို အနုစိတ်ထိန်းချုပ်နိုင်ပြီး ထိုအတွင်း

အားကို "ယင်"စွမ်းအားအဖြစ်သို့ပြောင်းလဲနိုင်လေသည်။ ဆန်း

လျန်က သူ၏အတွင်းအားကို အရာရှိငယ်ဝတ်စုံဝတ်ဆင်ထား

သောလူငယ်၏ကိုယ်ထဲသို့ စီးဆင်းစေပြီး ဖောက်ပြန်နေသည့်

အတွင်းအားလှိုင်းများ ကိုဖယ်ရှားပေးလိုက်လေသည်။

လူငယ်မှာသတိတစ်ချက်ရလာပြီး ပြန်သတိလစ်သွားလေ

သည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်က သူ၏ ဟွမ်စွေ့

သွေးကြောနေရာကို ထိုးပိတ်လိုက်သောကြောင့် အိပ်ပျော်သွား

ရခြင်းဖြစ်လေသည်။

......

ပိုင်ယွီဖေးမျက်လုံးများတဖြည်းဖြည်းပွင့်လာသည်။ သူက

နူးညံ့သည့်အိပ်ယာတစ်ခုထက်တွင်လဲလျောင်းနေခြင်း ဖြစ်

လေသည်။ ဤမျှနူးညံ့သည့်အိပ်ယာမျိုးသူ့ဘဝတွင် တစ်ခါမှမ

အိပ်ဖူးချေ။ သူကဘာတွေဖြစ်ခဲ့သည်လည်းဆိုသည်ကို ပြန်

မှတ်မိရန်စဉ်းစားလိုက်သည်။ "အန်းတည်းခိုရိပ်သာ" ရှေ့တွင် သူသတိလစ်မေ့မျောသွားပြီး တစ်စုံတစ်ယောက်က သူ့ကို အထဲသို့ခေါ်သွားကာ ဆေးကုပေးသည်ကို မှတ်မိလိုက်လေသည်။

ပိုင်ယွီဖေးက သူ၏အတွင်းအားကိုတစ်ချက်လှည့်ပတ်ကြည့်လိုက်သည်။ အတွင်းအားမှာ အနည်းငယ်နေးနေသော်လည်း ထျန်းချိ ၊ ချီမုန် နှင့် ကျွီးချွဲ့ သွေးကြောနေရာများသို့ လျောလျောလျူလျူပြင်စီးဆင်းသွားလေသည်။ ထိုနေရာများမှာ အဆိပ်အပ်ထိခဲ့သည့် သွေးကြောနေရာများပင်ဖြစ်လေသည်။ အတွင်းအားမှာသူ၏ရွှေပြဒါးအမြုတေဆီသို့ပြန်လည်စီးဝင်သွားပြီး ထိုသွေးကြောသုံးနေရာ အားနှင့်တွန်းကြည့် လိုက်လေသည်။ စိုက်ဝင်နေသည့်ရွှေအပ်များမှာ မရှိတော့ကြောင်းသိလိုက်ရလေသည်။

ထိုအချိန် အပြင်ဘက်ဆီမှ ဗျတ်စောင်းသံကိုကြားလိုက်ရလေသည်။ ဗျတ်စောင်းသံမှာ အေးစိမ့်သည့်ဆောင်းရာသီတွင်ဖြည်းညင်းစွာစီးဆင်း နေသည့်စမ်းချောင်းလေးကဲ့သို့ အေးမြပြီးလန်းဆန်းသွားစေလေသည်။

ပိုင်ယွီဖေး အိပ်ယာထက်မှထလိုက်ပြီး တံခါးကိုဖွင့်ကာ အပြင်သို့ထွက်လိုက်သည်။ ဗျတ်စောင်းသံမှာ စြက်နှလမ်းတစ်လျှောက်ထွက်ပေါ်လာနေခြင်းဖြစ်ပြီး တိုးလိုက်ကျယ်လိုက်ဖြစ်နေလေသည်။

သူက အကြားအာရုံထက်မြက်သည့်သူတစ်ယောက်ဖြစ်သည့်အတွက် ဗျတ်စောင်းသံမည်သည့်နေရာက ထွက်လာသည်ကို ချက်ချင်းပင်သိလိုက်လေသည်။

ဗျတ်စောင်းသံစဉ်မှာကောင်းမွန်သော်လည်း တီးခတ်သူကတော့ ကျွမ်းကျင်အဆင့်တီးခတ်နိုင်သူမဟုတ်ကြောင်း သူသိလိုက်သည်။ ပိုင်ယွီဖေးမှာ ချင်းကွမ်း၏သံစဉ်တီးခတ်မှုကို

ဘုရင့်နေပြည်တော်ရှိ ကျွေးရှန်းထိုင်တွင် နားထောင်ခဲ့ဖူးလေသည်။

ကျွေးရှင်းထိုင်မှဗျတ်စောင်းသံစဉ်နှင့်ယှဉ်လျှင် လက်ရှိတီးခတ်နေသည့် ဗျတ်စောင်းသံကို ပိုင်ယွီဖေးက ပိုပြီးနှစ်သက်မိလေသည်။ ထိုဗျတ်စောင်းသံက သူ့ကိုပို၍ လွတ်မြောက်နေစေသလိုခံစားရပြီး ချင်းကွမ်းတီးခတ်သည့်သံစဉ်ကဲ့သို့ ပြင်းထန်လွန်းခြင်းမရှိပေ။

နောက်ဆုံးတော့ ဗျတ်စောင်းသံထွက်လာသည့်အခန်းရှေ့သို့ ပိုင်ယွီဖေးရောက်လာခဲ့သည်။ ထိုအခန်းမှာ အခြားအခန်းများနှင့်ခပ်ဝေးဝေးတွင် သီးသန့်တည်ရှိလေသည်။

အခန်းတံခါးမှာစေ့ရုံသာစေ့ထားပြီး မည်သူမျှ အနီးအနားတွင်မရှိပေ။

ပိုင်ယွီဖေး တံခါးဝသို့ရောက်ရှိလာသည်နှင့် ဗျတ်ဆောင်းသံကရပ်တန့်သွားလေသည်။

"အသစ်ဖော်စပ်ထားတဲ့အရက်က အစိမ်းရောင်အမြှုပ်လေး

တွေနဲ့...

မီးအိမ်အနီရောင်လေးရယ်... အနွေးဓာတ်ရဖို့အတွက် မီးဖို

သေးသေးလေးရယ်...

ညနေခင်းရောက်လာတော့ ကောင်းကင်မှာနှင်းရိပ်တွေဝေလို့...

မင်းများ ငါနဲ့အတူအရက်လာသောက်မလား... သိချင်မိတယ်"

ကဗျာလေးမှာ ရိုးရှင်းသည့်ကဗျာလေးတစ်ပုဒ်ပင်ဖြစ်လေ

သည်။ သို့သော် ပိုင်ယွီဖေးကတော့ ထူးခြားသည်ဟု ခံစား

လိုက်မိသည်။

ထိုကဗျာလေးမှာ သာမာန်ဓားသိုင်းကွက်တစ်ခုကိုပင် ကြော်

စရာကောင်းသည့်ဓားကွက်ဖြစ်လာအောင် အသုံးပြုလိုက်

သကဲ့သို့ ဖြစ်လေသည်။

ထို့ပြင် ကဗျာမှာ ဗျတ်စောင်းသံစဉ်နှင့်သွားတူနေလေသည်။ ပြောမပြနိုင်သော်လည်း အေးချမ်းမှုများဖြင့်ပြည့်နေလေသည်။

"ရောက်လာမှတော့ ဘာလို့အခန်းထဲမဝင်ရတာလဲ"

ငယ်ရွယ်သည့်အသံတစ်သံကို ပိုင်ယွီဖေးကြားလိုက်ရသည်။ အသံမှာ အတော်ပင်ငယ်ရွယ်နေသေးပြီး မရင့်ကျက် သေးသည့်ပုံလည်းပေါက်လေသည်။ အသံမှာ သာယာနာပျော်ဖွယ်တော့မဟုတ်ပါ ။ ထိုအသံသည် အသံမျှသာ ဖြစ်လေသည်။ ပိုင်ယွီဖေးအနေဖြင့် ဝင်မသွားနိုင်စရာအကြောင်းမရှိပါ။ ထိုအခန်းမှာ အခြားအခန်းများကဲ့သို့ ဝါးကုလားကာများကာ ထားသည့် အခန်းတစ်ခုပင်ဖြစ်လေ သည်။

သူကဝါးကုလားကိုအသာမလိုက်တော့ သန့်စင်ရှင်းလင်းနေသည့်အခန်းတစ်ခုကိုမြင်ရလေသည်။ အခန်းထဲတွင် ဘာမှရှိမနေဘဲ နံရံများကအဖြူရောင်ဆေးသုတ်ထားလေသည်။ အခန်း

အလယ်တွင် လက်ဖက်ရည်စားပွဲတစ်ခုရှိနေ ပြီး မနီးမဝေးတွင်

ဗျတ်စောင်းတစ်ခုရှိနေလေသည်။

လက်ဖက်ရည်စားပွဲလေးရှေ့တွင် ချောမောနူးညံ့သည့်လူငယ်

လေးတစ်ယောက် တင်ပျဉ်ခွေချိတ်ကာထိုင်နေလေ သည်။

လူငယ်လေး၏အသက်မှာ ဆယ့်ငါးနှစ်မျှပင်ရှိဦးမည်ဖြစ်ပြီး

ပန်းချီကားတစ်ချပ်နှင့်ဆင်တူလေသည်။

စားပွဲပေါ်တွင်လက်ဖက်ရည်ရှိမနေပါ။ သို့သော် အရက်တော့ရှိ

နေလေသည်။

အရက်၏မျက်နှာပြင်ပေါ်တွင် အစိမ်းရောင်အမြှုပ်လေးများရှိ

နေလေသည်။ အစိမ်းရောင် အမြှုပ်လေးများမှာ အစိမ်းရောင်

ပရွက်ဆိတ်လေးများနှင့်ပင်တူနေလေသည်။

အရက်အိုးတစ်အိုးနှင့် အရက်ခွက်နှစ်ခွက်ရှိလေသည်။

ကဗျာ၏နောက်ဆုံးစာပိုဒ်ဖြစ်သော "မင်းများ ငါနဲ့အတူအရက်လာသောက်မလား... သိချင်မိတယ်" ဆိုသည့် စာကြောင်းကို ပိုင်ယွီဖေးနားလည်သွားရလေသည်။

ပိုင်ယွီဖေးက လူငယ်လေးနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ သူ့အရပ်မှာ လူငယ်လေး၏အရပ်လောက်ပင်ဖြစ်သည်ကိုသူသိရှိသွားရလေသည်။ လူငယ်လေးမှာ ငယ်ရွယ်နုပျိုနေသောကြောင့်သာ သူ့ထက်အရပ်နိမ့်သည်ဟု ထင်နေမိခြင်းဖြစ်လေသည်။ ထိုလူငယ်လေးကိုမြင်ရသည်မှာ လူတစ်ယောက်ကိုသတိရသွားစေသည်။ သူ့ကိုဒဏ်ရာရအောင် လုပ်လိုက်သည့်လူပင်ဖြစ်လေသည်။

"ကျုပ်နာမည်က ပိုင်ယွီဖေးပါ ၊ သခင်လေးကယ်တင်ခဲ့တာကျေးဇူးတင်ပါတယ်"

"ခင်ဗျားကတကယ့်လူပဲ ၊ ကျုပ်ကခင်ဗျားကိုကယ်တင်နိုင်မယ်ဆိုတာသိလို့ ဒီနေရာကိုလာဖို့ ရွေးခြယ်လိုက်တာမလား"

ဆန်းလျန်ကရယ်မောရင်းပြောလိုက်သည်။

အပြင်ဘက်တွင်တော့ ညနေခင်းနှင်းများက စတင်ကျဆင်းနေပြီဖြစ်လေသည်။

ပြတင်းတံခါးမှာဖွင့်ထားသောကြောင့် မီးဖိုလေးတစ်ခုဖိုထားသည့်တိုင် အခန်းထဲတွင် အနည်းငယ်အေးစိမ်းနေလေသည်။

သို့သော် ဆန်းလျန်မှာ အအေးဒဏ်ကိုခံစားရသည့်ပုံမပေါ်ပေ။

သူဝတ်ထားသည့်အဝတ်များမှာ ခပ်ပါးပါးပင်ဖြစ်လေ သည်။

ပိုင်ယွီဖေးမှာလည်းအအေးဒဏ်ကိုကြောက်သူမဟုတ်ပါ။

သို့သော် သူကဒဏ်ရာရထားသောကြောင့် အအေးဒဏ် ကိုမခံနိုင်ဖြစ်နေရလေသည်။ လေအေးများတိုက်ခတ်လာသည့်အချိန်တွင်တော့ သူကချမ်းတုန်လာပြီး ချောင်းများ ဆိုးလာလေတော့သည်။

ဆန်းလျန်ကခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး လက်တစ်ချက်ဝေ့ယမ်းလိုက်သောကြောင့် ပြတင်းတံခါးများ ပိတ်သွား လေသည်။

ပိုင်ယွင်ဖေးက ဆန်းလျန်ကို စိတ်ထဲမှကြိတ်ပြီးချီးကျူးလိုက်သည်။ တံခါးကို အတွင်းအားသုံးကာ လက်တစ်ချက်ဝေ့ယမ်းရုံဖြင့် လှမ်းပိတ်နိုင်သည်မှာ သိုင်းလောကသားများအတွက်အဆန်းမဟုတ်ပါ။ ပိုင်ယွီဖေးမှာလည်း ဒဏ်ရာသာမရထားလျှင် ထိုသို့လုပ်နိုင်မည် ဖြစ်လေသည်။

သို့သော် ပေနှစ်ဆယ်လောက်အကွာတွင်ရှိသည့် တံခါးတစ်ချပ်ကို ထိုသို့လှမ်းပြီးပိတ်လိုက်နိုင်ခြင်းကတော့ ရှားပါးသည့်လုပ်ရပ်ပင်ဖြစ်သည်မဟုတ်ပါလား။

ထို့ပြင် ဆန်းလျန်မှာ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သိုင်းပညာဉာဏ်မျှမြင့်မားနေခြင်းမှာ အပြင်းအထန်လေ့ကျင့် ခဲ့သည်မှာ ထင်ရှားနေလေသည်။ မာနကြီးလွန်းသည့် ရွှေဓားဘုရင်ပင်

လျှင် ဆန်းလျှန်ကိုရှုံးနိမ့်ပါသည်ဟု ဝန်ခံသွား သည်ကို ပိုင်ယွီဖေး မအံ့သြတော့ပေ။

"ဒီကိုရောက်လာပြီး ခင်ဗျားကို ဒုက္ခပေးမိတာ အားနာမိပါတယ် ၊ ခင်ဗျားမကြိုက်ဘူးဆိုရင် ကျုပ်ခုချက်ချင်းပြန်သွား ပါ့မယ် ၊ ဒါပေမယ့် ကျုပ်ခုလိုအသက်ရှင်နေတာတော့ ကံကောင်းတာပဲ ၊ ကျုပ်အသက်ကိုကယ်ခဲ့တဲ့အတွက် တစ်နေ့ကျပြန်ပေးဆပ်ပါ့ မယ်"

ပိုင်ယွီဖေးက လက်နှစ်ဖက်ယှက်ဂါရဝပြုရင်းပြောလိုက်လေ သည်။

"ခင်ဗျားရဲ့လေသံကိုကြည့်ရတာ ယန်ပြည်နယ်ဘက်ကလေသံ မျိုးပဲ ၊ ဒါပေမယ့် ဒီလောက်အေးနေတဲ့ဆောင်းရာသီ ကြီးမှာ ချင်ပြည်နယ်ကို ဘာလာလုပ်တာလဲဆိုတာ ကျုပ်သိခွင့်ရှိမ လား"

"ခင်ဗျားက သိုင်းလောကအကြောင်းသိပ်မသိဘူးထင်တယ် ၊ ကျုပ်လည်း သိုင်းလောကမှာနာမည်ရှိတဲ့သူတစ်ယောက်ပါပဲ ၊ ကျုပ်ငွေကြေးလေးနည်းနည်းလိုရင် ခင်ဗျားတို့လိုလူတွေဆီက နည်းနည်းပါးပါး ပိုက်ဆံချေးတတ်တယ် ၊ ရိုင်းရိုင်းပြပြလုပ်တာမဟုတ်ပါဘူး ၊ ကျွန်တော်က ပိုင်ရှင်ကိုအရင်ပြောပြီးမှ လုပ်တာပါ ၊ ပြီး တော့ ဘယ်တော့မှပြန်မပေးဘဲလည်းမနေပါဘူး ၊ သိုင်းလောကသားတွေက ကျုပ်ကိုချစ်ကြပါတယ် ၊ အဲဒါကြောင့် သူတော်စင်စောရလို့နာမည်ပေးထားကြတာ ၊ အဲဒီဂုဏ်ပုဒ်ကိုအပျက်မခံဝံ့ပါဘူး"

ပိုင်ယွီဖေးက သူ့ကိုယ်သူအတိုချုပ်မိတ်ဆက်လိုက်သည်။

"ခင်ဗျားသူတော်စင်စောရကိုး ၊ အရင်က ခင်ဗျားနာမည်ကို ပိုင်ယွီဖေးလို့မသိခဲ့ဘူး ၊ ကျွန်တော်မှန်းတာမမှားဘူးဆို ရင် အစ်ကိုပိုင်ကသိုင်းစွမ်းထက်ရုံတင်မကဘူး ဓားရေးမှာလည်း

ထိပ်တန်းပဲတဲ့ ၊ စိတ်မရှိဘူးဆိုရင် မေးပါရစေ ၊ ဘယ်လိုလူမျိုး

က ခင်ဗျားကိုဒီလိုဖြစ်အောင် တိုက်ခိုက်ခဲ့တာလဲ"

ဆန်းလျန်မှာ သိုင်းလောကမှုကိစ္စများကို သိပ်ပြီးသိရှိခြင်းမရှိ

သည်မှာ အမှန်ပင်ဖြစ်လေသည်။ သို့သော် နှစ်နှစ်အတွင်း

ရုတ်တရက် ကျော်ကြားလာသည့်သူတော်စင်စောရအကြောင်း

ကိုတော့ သူကောင်းကောင်းကြားဖူးလေသည်။

ပိုင်ယွီဖေးမှာ ချူလျိုရှမ်းကဲ့သို့ ရည်ရည်မွန်မွန်နှင့် ခင်မင်ဖွယ်

ကောင်းသည့် သခင်လေးတစ်ယောက်ပင်ဖြစ်လေ သည်။

ဆန်းလျန်က သူတော်စင်စောရဆိုသူမှာ တောသားပုံစံနှင့်

သာမန်ရုပ်ရည်မျှသာရှိသောလူတစ်ယောက်ဟု ထင်မှတ်ထား

ခြင်းဖြစ်ပြီးရည်ရည်မွန်မွန်ရှိသည့် ပိုင်ယွီဖေးမှာ နာမည်ကြီးနေ

သည့် သူတော်စင်စောရဖြစ်နေမည်ဟု မျှော်လင့်မထားခဲ့ပေ။

သိုင်းလောကရှိစောရအမည်ရှိသူအများစုမှာ သာမန်သူလို

ကိုယ်လိုပုံဖြင့်ပင် နေကြလေသည်။ သို့မှသာ တခြားသူ များက

သူတို့ကို အာရုံမစိုက်မိကြမှာဖြစ်လေသည်။ သို့သော် ချူလျို ရှမ်းကဲ့သို့ ရည်ရည်မွန်မွန်နှင့် ခင်မင်ဖွယ်ကောင်း သည့်ပုံစံမျိုးကတော့ စောရများထဲတွင် ခပ်ရှားရှားဖြစ်လေသည်။

အခန်း (၃၈)

အပြန်အလှန်

"ကျုပ်ကိုဒုက္ခပေးချင်တဲ့သူတွေအများကြီးပါ၊ ဥပမာ ခင်ဗျား လိုမျိုးပေါ့၊ ခင်ဗျားသာ ကျုပ်နဲ့အပေးအယူလုပ်မယ်ဆိုရင် ကျုပ်ကခင်ဗျားကိုတိုက်ခိုက်စရာအကြောင်းမရှိပါဘူး"

ပိုင်ယွီဖေးက အရက်ကို မော့သောက်လိုက်ရင်းပြောလိုက်သည်။ အရက်၏ချိုမြသည့်အရသာသည် သူ့လျှာထွက် တွင်စွဲကျန်သွားးလေသည်။

ပိုင်ယွီဖေးကရယ်မောလိုက်ရင်း...

"ဒါက ဆန်အရက်ပဲ ၊ ဘယ်စမ်းရေကိုသုံးပြီး ဒီအရက်ကိုချက်ထားတာလဲ"

"တောင်ပေါ်စမ်းချောင်းက ရိုးရိုးစမ်းရေပါပဲ ၊ မသိတာလည်းမဟုတ်ဘဲနဲ့ စကားလမ်းကြောင်းမလွှဲပါနဲ့၊ ခင်ဗျားကို ဒဏ်ရာရအောင်ဘယ်သူလုပ်လိုက်တာလဲ"

ဆန်းလျန်က အရက်ခွက်ကိုလက်ဖြင့်လှည့်နေရင်း မေးလိုက်သည်။ သူကအရက်ခွက်ကိုလှည့်နေသော်လည်း အရက် တစ်စက်မှ ဖိတ်စင်သွားးခြင်းမရှိပေ။

"ကျုပ်ရဲ့သိုင်းပညာက ခင်ဗျားပြောသလောက်လဲ မဟုတ်ပါဘူးဗျာ ၊ သိုင်းစွမ်းတော့နည်းနည်းထက်ပေမယ့် ဓားသိုင်း

ပညာဘက်မှာတော့ ပုံမှန်ပါပဲ ၊ သူတော်စင်စောရဆိုတဲ့နာမည် တစ်လုံးရတာတောင် မခံယူဝံ့ပါဘူး ၊ ပြီးတော့ ဘယ်လောက်ပဲ အသိဉာဏ်တွေရှိရှိ ၊ ဘယ်လောက်ပဲတော်တော် ကိုယ့်ထက် တော်တဲ့သူဆိုတာတော့ ပေါ်လာစမြဲပဲ မဟုတ်လား ၊ ကျုပ် ထက်သာတဲ့လူတွေ လောကမှာတစ်ပုံကြီးရှိတယ် ၊ ကျုပ်က ဘာမှမဟုတ်ပါဘူး ၊ မင်ကျန်းတောင်က သူတို့ရဲ့ "အတိတ် မေ့ဆေးမှုန့်"ပျောက်သွားတာကို ကျုပ်ခိုးတယ်လို့ထင်ပြီး ကျုပ် နောက်ကိုလိုက်တာ ၊ ယန်ပြည်နယ် ကနေချင်ပြည်နယ် မြို့တော်ကိုရောက်တဲ့အထိ တစ်လမ်းလုံးပဲ ၊ မင်ကျန်းတောင် က သခင်လေးကိုယ်တိုင်တောင် လိုက်လာသေးတယ် ၊ သူ့ မျက်နှာတော့သေချာမမှတ်မိလိုက်ဘူး ၊ ကျုပ်ခြားလဲဆုံးရှုံး လိုက်ရပြီး သူ့ရဲ့ထူးဆန်းတဲ့ လက်နက်ပုန်းကြောင့်ဒဏ်ရာရခဲ့ တာ ၊ ခင်ဗျားကတော့ ကျုပ်ကိုလက်ခံထားလောက်မယ်ထင် ပြီး ဒီနေရာထိပြေးလာရတာပဲ"

"သိုင်းလောကထဲရောက်ပြီဆိုမှတော့ သေခြင်းရှင်ခြင်းက ကံ

တရားအတိုင်းပဲ ၊ ကျုပ်ခင်ဗျားကို သေတွင်းပို့လိုက်မှာ ခင်ဗျား

မကြောက်ဘူးလား"

ဆန်းလျန်က ခပ်ဖြည်းဖြည်းပင်မေးလိုက်သည်။

"သေလုနီးပါးဖြစ်နေတာ ကျုပ်မှာအများကြီးစဉ်းစားဖို့အချိန်မ

ရှိဘူးလေ ၊ ကံကောင်းတာက ခင်ဗျားကိုကြည့်ရတာ လည်း

အဲဒီလိုလူစားမျိုးဟုတ်ပုံမရပါဘူး"

သူကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များအတွက် ပိုင်ယွီဖေးမှာ

ကြောက်လန့်နေဆဲဖြစ်လေသည်။ သူ့ဘဝတွင် တကယ်ပင်

ဘေးဒုက္ခဆိုးကိုကြုံခဲ့ရသည့်အချိန်ဖြစ်လေသည်။

ဆန်းလျန်က သူ့ကိုကယ်တင်မည်ဟုလည်း သူကတစ်ထစ်ချ

ယုံကြည်မထားခဲ့ပါ။ သိုင်းလောကသားများမှာ လူ တစ်

ယောက်သေမည်ဆိုလျှင်လည်း ကြည့်နေတတ်ကြသည့်သူများ

ပင်မဟုတ်ပါလား။

လူတစ်ယောက်အန္တရယ်ကျ သည့်အချိန်တွင် အခွင့်ကောင်းယူ တတ်ကြသည့်သူများဖြစ်လေသည်။

"အပြန်အလှန်ပဲပေါ့ ၊ ခင်ဗျားကိုကျုပ်ကယ်ခဲ့တာဆိုတော့ ခင်ဗျားကိုကျုပ်ပိုင်သွားပြီ ၊ သဘောတူချင်တူ မတူချင်နေ ပေါ့ ၊ ဒါပေမယ့် အဲဒီလိုဆန္ဒမရှိဘူးဆိုရင်တော့ အခုထွက်သွားလို့ရ ပါတယ် ၊ နောက်မှ ပြန်လာပြီး ဒီအကြွေးကိုဆပ် လို့ရပါတယ်" ဆန်းလျန်မှာ လူဆိုးတစ်ယောက်မဟုတ်ပါ ။ သို့သော် သူက စေတနာဗလပွနှင့်တော့အလကားမကူညီနိုင်ပေ။ လူတစ် ယောက်အပေါ်တွင် အကျိုးမျှော်ကိုးပြီးကူညီသည်မှာ ကောင်း သည့်အရာတော့မဟုတ်သည်ကို ဆန်းလျန် သိထားပါသည်။ သို့သော် ဤလောကတွင် ကိုယ်ကျိုးမဖက်သည့် သူရဲကောင်း ဆို၍လက်တစ်စုပ်စာလောက်ပင်ရှိမည်ဖြစ်လေသည်။ လူအ များစုကတော့ အခြားသူများကိုကူညီပြီးလျှင် ပြန်လည်ရယူဖို့ မျှော်လင့်ကြသည်ချည်းပင်။

ပိုင်ယွီဖေးက ကြိုးစားပြီးပြုံးလိုက်သည်။

"ကျုပ်ဘဝက ခင်ဗျားအတွက်ပါပဲ ၊ အသုံးဝင်မယ်ထင်ရင်သုံးပါ"

"ဒါဖြင့် ဒီမှာကြိုက်သလောက်နေပါ ၊ ခင်ဗျားနေဖို့စားဖို့ အတွက်ငွေကြေးပေးစရာမလိုဘူး ၊ စားဖို့အိပ်ဖို့အားလုံးစီစဉ် ပေးမယ် ၊ ဒါပေမယ့် အရက်ဖိုးတော့ပေးရမယ် ၊ မင်းရဲ့ပုံကို ကြည့်ရတာ အလုပ်တော့လုပ်နိုင်မယ်ထင်တယ် ၊ မနက်ဖန် အလုပ်စလုပ်တော့"

"ခုတော့ ခင်ဗျားကတကယ့်တည်းခိုရိပ်သာပိုင်ရှင် စီးပွားရေးသမားဆိုတာ ကျုပ်ယုံပါပြီဗျာ"

ပိုင်ယွီဖေးမှာ ရယ်မောရင်းပြောလိုက်လေတော့သည်။

လက်ရှိအခြေအနေအရ သူကဲ့သို့သောလူမျိုးမှာ ချမ်းသာ ကြွယ်ဝမှုများကို ဂရုထားနေရသည်မှာ ကြောင်တောင်တောင် တော့နိုင်လေသည်။ အရက်ကောင်းကောင်း ရှိခြင်း မရှိခြင်းကို

သူကဂရုမစိုက်ပါ။ သူတကယ်စိတ်ဝင်စားသည်က ဆန်းလျန် ဆိုသည့် လူငယ်လေးကိုပင်ဖြစ်လေသည်။ လူတစ်ယောက်နှင့် တစ်ယောက်ဆက်ဆံရေးတွင် ပွင့်ပွင့်လင်းလင်းရှိသည် ဆိုသည်မှာ ရှားလွန်းလေသည်။ ပိုင်ယွီဖေး နှင့်ဆန်းလျ န်၏ဆက်ဆံရေးမှာလည်း ပွင့်ပွင့်လင်းလင်းမရှိပါ။ သို့သော် သူတို့ဆက်ဆံရေးမှာ ငွေကြေးနှင့်အရှိန်အဝါကြောင့် ဆက်ဆံရ သည့် ဆက်ဆံရေးမျိုးတော့မဟုတ်ခဲ့ပါ။

ပိုင်ယွီဖေးပြန်သွားသည်နှင့် ဆန်းလျန်က ပြတင်းတံခါးကို ပြန်ဖွင့်လိုက်သည်။ ပြတင်းတံခါးဆီမှ မြို့တော်အပြင်ဘက်ရှိ တောင်စိမ်းစိမ်းများကို မြင်နိုင်လေသည်။ တောင်ထိပ်များမှာ နှင်းများဖြင့်ဖုံးလွှမ်းနေပြီး တောက်ပနေသည့်လမင်းက ကောင်းကင်ထက်သို့မြင့်တက်လာလေသည်။ အမှုမဲ့အမှတ်မဲ့ နှင့်ပင် သူ ဤလောက သို့ရောက်ရှိလာသည်မှာ သုံးနှစ်ပြည့် တော့မည်ဖြစ်လေသည်။

ပိုင်ယွီဖေးကို တည်းခိုရိပ်သာတွင်နေရန်အတွက် သူမည်သည့်ပ

ရိယာယ်မှ အသုံးမပြုခဲ့ပေ။ ပိုင်ယွီဖေးမှာ ယုံကြည် ထိုက်သည့်

သိုင်းသမားတစ်ဦးဖြစ်သည်ဟု သူကသတ်မှတ်ထားမိသည်။

သို့သော် ပိုင်ယွီဖေးက ကတိပျက်ခဲ့လျှင်လည်း ဆန်းလျှန်က

ဂရုစိုက်မည်မဟုတ်ပါ။

ဘဝဆိုသည်မှာ ဝင်ရောက်လာသူများနှင့် ပြန်လည်ထွက်ခွာ

သွားသူများ များစွာပင်ရှိသည်မဟုတ်ပါလား။ အခြားသူများ

အပေါ်တွင် အထင်နှင့်အမြင်မှားယွင်းဆုံးဖြတ်ခဲ့မိလျှင်လည်း

သိပ်တော့အရေးမကြီးလှပါ။

သို့သော် ရှင်းစစ်စစ်နျန်အတွက် လက်ဆောင်တစ်ခုပေးဖို့တော့

လိုလေသည်။ သူမက လူသားတစ်ယောက်မဟုတ်

သည့်အတွက် ကမ္ဘာပေါ်မှပစ္စည်းများကို လက်ခံကောင်းလက်ခံ

နိုင်မည်ဆိုသော်လည်း သာမန်မဟုတ်သည့်သူများက သာမန်

မဟုတ်သည့်ပစ္စည်းများကို သဘောကျကြလေသည်။ သူမ သဘောကျနိုင်သည့် ပစ္စည်းဘာများဖြစ်နိုင်မည် လဲ။

လရောင်အောက်တွင် မြို့တော်၏လမ်းများပေါ်ရှိနှင်းများမှာ နေ့ခင်းအချိန်ကဲ့သို့ပင် ဖွေးဖွေးလှုပ်နေလေသည်။ နှင်းများပေါ်တွင် ရှည်လျားသည့်အရာတစ်ခု ရွေ့လျားနေလေသည်။ သေချာကြည့်မည်ဆိုလျှင် ဝေါယဉ်တစ်ခုဖြစ် ကြောင်းသိရှိနိုင်လေသည်။

လူနှစ်ယောက်က အစိမ်းရောင်ဝေါယဉ်ကို ထမ်းလာကြလေသည်။ ထိုလူနှစ်ယောက်မှာလည်း အစိမ်းရောင်အဝတ်အစားများကိုဝတ်ဆင်ထားကြလေသည်။ သူတို့ကိုကြည့်ရသည်မှာ ငယ်ရွယ်သော်လည်း သိုင်းပညာအဆင့်မြင့်သည့်ပုံရလေသည်။

နှင်းထုထဲသို့မြုပ်ဝင်သွားသည့် သူတို့၏ခြေရာများမှာ တစ်ညီတည်းဖြစ်နေလေသည်။ ဝေါယဉ်ကိုသယ်ဆောင်သူများ မှာ ပျံ

ဝဲတက်ပြီး မြေပြင်ပေါ်သို့ပြန်ချေချလိုက်သည်နှင့် ပေငါးဆယ်

ခြောက်ဆယ် အကွာအဝေးသို့ ရောက်ရှိသွား လေသည်။

ထို့ကြောင့်ဆယ့်ငါးမိနစ်အတွင်းတွင် သုံးမိုင်ခန့်ထိခရီး

ပေါက်သွားလေသည်။

ထိုဝေါယဉ်မှာ ချယ်လန်းတောင်ခြေတွင်ရပ်တန့်သွားသည်။

ချယ်လန်းတောင်၏တစ်ဖက်တွင်တော့ ချင်ပြည်နယ်မြို့တော်

ရှိလေသည်။

"သခင်လေး ဒါချယ်လန်းတောင်ပါပဲ ၊ လင်ချုန်းရှောင်က ယန်

ရှမ်ကိုသတ်ခဲ့တဲ့နေရာပေါ့ ၊ တောင်ပေါ်ကို တက်တဲ့ လမ်းနဲ့

ဆင်းတဲ့လမ်းက တစ်လမ်းပဲရှိပါတယ် ၊ ဒါပေမယ့် လမ်းက

အရမ်းကိုဝေးပါတယ်"

အရှေ့ဘက်မှအထမ်းသမားက ခပ်အေးအေးပင်ပြောလိုက်

လေသည်။ သူ့အသံက ကျောက်သားနှင့်သံမဏိရိုက်ခတ်မိ

သည့်အသံကဲ့သို့ အသံသြဇာနှင့်ပြည့်ဝပြီး အားပါလေသည်။

သူ့ခန္ဓာကိုယ်က ခပ်မတ်မတ်ဖြစ်ပြီး သူ၏ခါးတွင် အစိမ်းရောင်သံမဏိဓားတစ်လက်ကိုချိတ်ဆွဲထားလေသည်။ မှောင်မဲအေးစက်နေသည့်ရာသီဥတုတွင် သူ့ကိုကြည့်ရသည်မှာ နည်းနည်းလေးမျှချမ်းစိမ့်သည့်ပုံမပေါ်ပေ။ အနောက်ဘက်မှ အထမ်းသမားမှာလည်းထိုကဲ့သို့ပင်ဖြစ်လေသည်။

"ကောလဟာလတွေအရတော့ လင်ချုန်းရှောင်က ကျင့်စဉ်လမ်းကိုရောက်နိုင်လုနီးပါးဖြစ်ခဲ့တယ်၊ သူ့ရဲ့ဂိုဏ်းတူညီ ယန်ရွှမ်ကလည်း သူ့ခေတ်သူ့အခါက ဆရာတစ်ဆူပဲ၊ သူက ကောပီကန္တာရထဲက ရှီပိခန်းကိုတောင် ဖြတ်ကျော်ရဲတဲ့ သူပဲ၊ လင်ချုန်းရှောင်ကတောင် ယန်ရွှမ်ကိုသတ်နိုင်သေးတာ၊ ငါကကျတော့ဘာလို့ ပိုင်ယွီဖေးကို မသတ်နိုင်ရသေးတာလဲ၊ ငါ့အထင်သူ့ကိုသတ်ဖို့ဆိုရင် နတ်ဘုရားကျောင်းတော်တွေကိုဝင်ခွင့်ရတဲ့အထိ စောင့်ရမယ်ထင်တယ်၊ ဒါပေမယ့် အဲဒီအချိန်ကျရင်တော့ လင်ချုန်းရှောင် ငါ့ကိုအပြစ်မယူလောက်တော့ပါဘူး"

ဝေါယဉ်ထဲမှထွက်လာသည့်အသံမှာ ယောကျ်ားလေးတစ်ယောက်၏အသံဖြစ်လေသည်။ သူ့အသံမှာ နက်ရှိုင်းပြီး ရှုတ်ထွေးနေလေသည်။

"အဲဒီ ပိုင်ယွီဖေးဆိုတဲ့သူက သိုင်းပညာလည်းဒီလောက်မတော်ပါဘူး ဒါပေမယ့် သူ့ရဲ့အတွင်းအားကတော့ တကယ် ကောင်းတယ်၊ သူ့သိုင်းပညာတော်လို့ သခင်လေးသူ့ကိုမသတ်နိုင်တာမှမဟုတ်တာ၊ လင်ချုန်းရှောင်ကလည်း သခင်လေးရဲ့အသက်အရွယ်လောက်တုန်းက သခင်လေးနဲ့ဘယ်ယှဉ်လို့ရမှာလဲ၊ သခင်လေးက မသေနိုင်တဲ့ကျင့်စဉ်လမ်းကို အနှေးနဲ့အမြန်လျှောက်လှမ်းနိုင်တော့မှာပါ၊ ဒီလိုသာဆိုရင် သူ့ကိုကောင်းကောင်းနှိမ်နင်းနိုင်ပြီ"

"မင်းကစကားအတော်ပြောတတ်တာပဲ ကျန်းရှီစန်း၊ ကျန်းရှီစစ် ကျန်းရှီစန်းပြောတဲ့စကားတွေကို မင်းဘယ်လို သဘောရလဲ"

သခင်လေးဆိုသူကမေးလိုက်လေသည်။

သခင်လေး၏စကားအရဆိုလျှင် အရှေ့မှဝေါယဉ်ထမ်းသူမှ ကျန်းရှီစန်းဖြစ်ပြီး အနောက်မှဝေါယဉ်ထမ်းသူမှာ ကျန်းရှီစစ်ဖြစ်လေသည်။

"မသိဘူး"

စကားလုံးသုံးလုံးက ပြတ်တောင်းတောင်းနှင့်ထွက်ပေါ်လာလေသည်။

ထိုစကားလုံးသုံးလုံးပြောပြီးသည်နှင့် သူကတစ်နေ့လုံးစာ ပြောစရာစကားလုံလောက်သွားသကဲ့သို့ ပါးစပ်ကို ပိတ်ထားလိုက်လေသည်။

"အိုး မင်းကတော့ ... ကျန်းရှီစစ်ရေ အမြဲတမ်းအေးစက်စက်နဲ့၊ ဒါကြောင့် မိန်းမမရတာနေမှာ"

ဝေါယဉ်ထဲမှလူမှာ သူ၏အစေခံနှစ်ယောက်ကို စနောက်ရင်းပျော်ရွှင်လာပုံရလေသည်။

"သခင်လေး ၊ ကျွန်တော်တို့တောင်ပေါ်ကိုအခုတက်ပြီး မနက်ဖန်မှ မြို့တော်ထဲကိုဝင်မလား"

ကျန်းရှီစန်းကမေးလိုက်လေသည်။

"တောင်ပေါ်မှာတစ်ညအိပ်ကြတာပေါ့ ၊ မနက်ဖန်ကျရင်တော့ ဝါးရွက်စိမ်းဂိုဏ်းကပစ္စည်းကိုယူရင်း ပိုင်ယွီဖေး ကိစ္စပါရှင်းလိုက်ကြတာပေါ့"

"ဝါးရွက်စိမ်းဂိုဏ်းက ချင်ပြည်နယ်မြို့တော်မှာ ဘာအဆင့်မှမရှိဘူး ၊ ဒါပေမယ့် ဆန်းအိမ်တော်ကဆန်းလျန်ကတော့ အသက်ငယ်ငယ်လေးနဲ့ တော်တော်အစွမ်းထက်တယ်ဆိုပဲ ၊ သူက ယန်ရှမ်ဆီကသိုင်းပညာသင်ယူထားတာဆိုပေမယ့် ယန်ရှမ်ထက်သာတယ် ၊ သခင်လေး အဲဒီလူငယ်လေးကိုရော သွားတွေ့ဦးမလား"

"အဲဒီဆန်းလျန်ဆိုတဲ့သူအကြောင်းကိုကြားဖူးပါတယ် ၊ လေနတ်ဘုရားရှီးချယ်ပြောပြဖူးတယ် ၊ သူ့ကိုတွေ့လိုက်ရတဲ့သူ

တိုင်း သူ့ကိုမမေ့နိုင်ဖြစ်ရတယ်တဲ့ ၊ ငါတို့ဒီကိုရောက်လာမှ

တော့ သူ့ကိုမတွေ့စရာ အကြောင်းမရှိပါဘူး"

ဝေါယဉ်ထဲမှလူက ပြောရင်း ပေါ့ပေါ့ပါးပါးပင် ရယ်မောလိုက်

လေသည်။

တောင်ပေါ်လမ်းမှာ မတ်ဆောက်ပြီး လမ်းချော်နိုင်လေသည်။

ကျန်းရှီစန်းနှင့်ကျန်းရှီစစ်မှာ ချောမွေ့သည့်မြေပြင်ပေါ်တွင်

လမ်းလျှောက်လာသည့်အလား ဝေါယဉ်ကိုသယ်လာကြလေ

သည်။

တောင်ထိပ်တွင် ဝတ်ကျောင်းတော်ကြီးတစ်ခုကိုတွေ့လိုက်ရ

လေသည်။

ထိုဝတ်ကျောင်းတော်ကြီးမှာ ချယ်လန်းဝတ်ကျောင်းတော်ကြီး

ပင်ဖြစ်လေသည်။

ကျောက်တုံးလှေကားထစ်များတွင် နှင်းများကဖုံးလွှမ်းနေလေ
သည်။ တောက်ပသည့်လရောင်မှာ လူသားတိုင်းစွဲမက်ဖွယ်ရာ
ပင်။

ဝတ်ကျောင်းတော်အတွင်းမှ မီးရောင်မှိန်မှိန်လေးထွက်နေလေ
သည်။ ဝတ်ကျောင်းတော်ကြီးကိုကြည့်ရသည်မှာ အေးချမ်း
လွန်းလှလေသည်။

"သခင်လေး အထဲမှာလူရှိမယ်ထင်တယ်၊ ကျွန်တော်သွား
စုံစမ်းလိုက်ဦးမယ်၊ ကျန်းရှီစစ် မင်းကတော့ဒီမှာနေခဲ့"
ကျန်းရှီစစ်က နားလည်သည့်သဘောဖြင့်အသံပြုလိုက်သည်။
ဝေါယဉ်ထဲမှလူကတော့ မည်သည့်ထင်မြင်ချက်မှ မပေးဘဲငြိမ်
သက်နေလေသည်။

ကျန်းရှီစန်းက လှေကားထစ်လေးများအတိုင်းတက်သွားပြီး
ရှေးဟောင်းဝတ်ကျောင်းတော်ကြီးအတွင်းသို့ ဝင်သွားလိုက်
သည်။ လည်စည်းအနီရောင်ကိုဝတ်ဆင်ထားသည့် လှပသည့်

မိန်းမပျိုတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေ

သည်။

သူမမှာ ရှင်းစစ်စစ်နျန်ပင်ဖြစ်လေသည်။

"ဒီမှာတစ်ညလောက်တည်းခိုဖို့ရောက်လာတာလား ၊ အနောက်

ဘက်ခြံဝန်းမှာတည်းခိုလို့ရပါတယ်"

သူမကပြောလိုက်လေသည်။

ကျန်းရှီစန်းက...

"ဟုတ်ပါတယ် ကျုပ်တို့တစ်ညလောက်တည်းခိုချင်လို့ပါ ၊

ကျေးဇူးအများကြီးတင်ပါတယ် မိန်းကလေး"

ဟုပြောလိုက်လေသည်။

ရှင်းစစ်စစ်နျန်မှာ ခန်းမထဲမှထွက်လာခြင်းဖြစ်ပြီး လုံးဝခြေရာ

ထင်ကျန်ခြင်းမရှိသည်ကို ကျန်းရှီစန်းသတိပြုလိုက်မိလေ

သည်။

အခန်း (၃၉)

ပုံမှန်မဟုတ်သည့်သိုင်းလောကလမ်း

ခြေရာမထင်ဘဲလမ်းလျှောက်နိုင်သည်မှာ ကိုယ်ဖော့ပညာ

ကောင်းသူများသာဖြစ်လေသည်။ သို့သော် အကြောင်းမရှိဘဲ

မည်သူမျှ ခြံဝန်းထဲတွင် ကိုယ်ဖော့ပညာသုံးပြီးသွားနေသည်မှာ

တော့ မဟုတ်ပေ။

ဤသည်မှာ ပုံမှန်သမရိုးကျဖြစ်ရပ်မဟုတ်သည့်အပြင် သိုင်း

ပညာလည်းမဖြစ်နိုင်ပေ။

ကျန်းရှီစန်းမှာ မင်ကျန်းတောင်တွင်မွေးဖွားခဲ့သူဖြစ်ပြီး သူ၏အသိပညာကြွယ်ဝသူတစ်ယောက်ဖြစ်လေသည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့် အတွေးအမြင်ပိုင်းဆိုင်ရာဆုံ ချက်တို့ ချိတ်ဆက်ထားမိသူ ဆိုလျှင်တောင်မှ ထိုသို့ ခြေရာမ ထင်အောင်လမ်းလျှောက်နိုင်ဖို့မဖြစ်နိုင်ပေ။ အလွန်အဆင့်မြင့် သည့် အတွင်းအားပိုင်ရှင် တစ်ယောက်ဆိုလျှင်လည်း ထိုသို့ ခြေရာမထင်အောင်လမ်းလျှောက်ဖို့မဖြစ်နိုင်ပေ။

လင်ချုန်းရှောင်တွင်ပင်လျှင် ထိုကဲ့သို့သောစွမ်းရည်မျိုးမရှိ ပေ။

ဤမိန်းကလေးမှာ ကိုယ်အလေးချိန်မရှိမှသာ ထိုသို့ဖြစ်နိုင်ပေ မည်။ သို့မဟုတ် လူသားတစ်ယောက်မဟုတ်မှသာ ဖြစ်နိုင်ပေ လိမ့်မည်။

ရှင်းစစ်စစ်နျန်မှာ ကျန်းရှီစန်း၏မျက်ဝန်းထဲမှ တုန့်ဆိုင်းအံ့သြ သွားသည့်အရိပ်အယောင်ကိုတွေ့လိုက်လေသည်။ သို့သော်

သူမက အံ့ဩမနေပါ။ သူမကလူ့လောကတွင် ရည်ရွယ်ချက်ရှိ ရှိဖြင့် မိန်းကလေးတစ်ယောက်ပုံစံ ဖန်းဆင်း နေခြင်း ဖြစ်သည်။ သူမအတွက်အလုပ်များမပြီးသေးပေ။

"ရှင်ဘာလုပ်မှာလဲ နေချင်လည်းရတယ် ထွက်သွားချင်လည်းရ တယ်"

ရှင်းစစ်စစ်နျန်က လေသံမာမာဖြင့်ပြောလိုက်လေသည်။

ရှင်းစစ်စစ်နျန်မှာ အဖက်မလုပ်ချင်၍ဖြစ်နိုင်သလို ရာသီဥတု အေးသောကြောင့်လည်းထိုသို့ပြောလိုက်ခြင်းဖြစ်ဟန် တူလေ သည်။ ကျန်းရှီဆန်းမှာ ဘာကြောင့်မှန်းမသိတုန်လှုပ်သွားပြီး သူ့ကျောရိုးတစ်လျှောက်စိမ့်တက်သွားသလိုခံစားလိုက်ရ သည်။ ဤချောမောလှပလွန်းသောမိန်းမပျိုလေးမှာ သူ့ဘဝ တစ်လျှောက်လုံးတွင် ရင်ဆိုင်ခဲ့ရသည့်မကောင်းဆိုးဝါးများ ထက်ပင် ကြောက်စရာကောင်းသည်ဟု သူခံစားလိုက်ရလေ တော့သည်။

ကျန်းရှီစန်း ပင့်သက်တစ်ချက်ရှိုက်လိုက်သည်။ ကြောက်စိတ်ကိုမျိုသိပ်လိုက်ပြီး လေးလေးစားစားဖြင့်ပင် ပြောလိုက်လေသည်။

"ကျွန်တော့်ရဲ့သခင်လေး အပြင်မှာရှိနေပါတယ် ၊ မိန်းကလေးစိတ်မရှိဘူးဆိုရင် သူ့ကိုသွားပြောလိုက်ဦးမယ်နော်"

"ကျွန်မက စိတ်ဆိုးတယ်ဆိုရင်ရှင်ကသွားမပြောဘဲနေမှာမို့လို့လား ၊ အချိန်မဖြုန်းနဲ့ အမြန်သွားပြီး အမြန်ပြန်ခဲ့"

ရှင်းစစ်စစ်နျန်မှာ စိတ်မရှည်စွာဖြင့်ပြောလိုက်လေတော့သည်။

.....

"မင်းပြောတာက ဝတ်ကျောင်းတော်ထဲမှာ မိန်းကလေးတစ်ယောက်ရှိပြီး အဲဒီမိန်းကလေးက လမ်းလျှောက်ရင် ခြေရာမထင်ဘူး ၊ အဲဒီလိုလား"

ဝေါယဉ်ထဲမှသခင်လေးက အေးအေးဆေးဆေးပင်မေးလိုက်လေသည်။

"ဟုတ်ပါတယ် ပြောကြတာကတော့ ဒီဝတ်ကျောင်းတော်ကြီး က လူမနေတာကြာပြီတဲ့ ၊ ခုတွေ့ရတဲ့မိန်းလေးက လူမဖြစ်နိုင်ဘူး ၊ ဒီမိန်းကလေးကထူးဆန်းတယ် သခင်လေး ၊ ကျွန်တော်တို့ အထဲကိုဝင်ရမလား ၊ မဝင်ရဘူးလား"

ကျန်းရှီစန်းမှာ ရှင်းစစ်စစ်နျန်မည်သူဖြစ်သည်ကိုသေချာမသိပါ။ သူ၏အတွေ့အကြုံအရသာ ခန့်မှန်းပြီးပြောလိုက်ခြင်းဖြစ်လေသည်။ သို့သော် သခင်လေးဆိုသူမှာ မာနကြီးသူဖြစ်သည့်အတွက် သူကသာ မဝင်ဖို့အကြံပေးလျှင် ဆန့်ကျင်ဘက်လုပ်ပြီး ဝင်တော့မည်ကို သူကသိနေလေသည်။

"ကျန်းရှီစစ် ၊ ငါတို့ဝင်သင့်လား မဝင်သင့်ဘူးလား"

"သခင်လေးသဘောပဲ"

ဤတစ်ကြိမ်တွင်တော့ စကားခြောက်လုံးပြောလိုက်လေသည်။ ပြတ်တောင်းတောင်းလေသံနှင့်ပင်ဖြစ်လေသည်။

"ကောင်းတယ် ကျန်းရှီစစ် ၊ ကျုပ်ရဲ့အိမ်တော်မှာအစေခံလုပ်ရတာ မင်းအချိန်တွေအလကားဖြစ်ကုန်ဦးမယ်"

ထို့နောက်ဝေါယဉ်ထဲမှ သခင်လေးဆိုသူက လက်ခုပ်တစ်ချက်တီးလိုက်ပြီး ဝေါယဉ်ကိုဆက်သွားရန် အချက်ပြလိုက်လေသည်။ ကျန်းရှီစန်း သက်ပြင်းချလိုက်မိသည်။ သူလည်း မည်သို့မျှမတတ်နိုင်ဘဲ သခင်လေး ဆန္ဒအတိုင်းလုပ်ရန်သာ ရှိလေတော့သည်။

ဝတ်ကျောင်းတော်ထဲသို့ဝင်သွားသည့်အခါတွင်တော့ ရှင်းစစ်စစ်နျန်ရှိမနေတော့ပါ။

"အဝေးကလာတဲ့ဧည့်သည်တွေကိုကြိုဆိုပါတယ် ၊ အနောက်ဘက်ခြံဝန်းကို ကြွကြပါ"

ထိုအသံမှာ မိန်းကလေးသံမဟုတ်တော့ပါ။ အဘိုးအိုတစ်ယောက်၏အသံဖြစ်နေလေသည်။

အသံမှာ စြက်န်လမ်းထဲမှ ထွက်လာခြင်းဖြစ်လေသည်။

မြက်ပင်လေးစိမ်းစိမ်းလေးများပေါ်တွင် အဖြူရောင်နှင်းစက်လေးများတွဲခိုနေခြင်းက မြက်ပင်လေးများ၏ အလှတရားကို ပျောက်မသွားစေပါ။ နှင်းများအရည်ပျော်သွားလျှင် မြက်ပင်စိမ်းစိမ်းလေးများ ပြန်ပေါ်လာမည်ပင်ဖြစ်လေသည်။ လရောင်ကလည်း ဖြာကျနေလေသည်။

လမ်းလေးအတိုင်းလျှောက်သွားပြီးနောက် ကျန်းရှီစန်းမှာ အရှေ့မှလျှောက်ရသူဖြစ်သည့်အတွက် အမြင်အာရုံကို ဖြန့်ကျက်ထားလိုက်လေသည်။ မက်မွန်ပင်အိုကြီး၏ ယိမ်းထိုးလှုပ်ရှားသံကို လေသံနှင့်အတူကြားနေရသည်။ မက်မွန်ပင်ကြီးထိပ်ဖျားတွင်ပွင့်လန်းနေသည့် မက်မွန်ပန်းလေးများမှ မွှေးရနံ့လေးက သူတို့ဆီသို့တိုးဝင်လာလေသည်။

ဝေါယဉ်ကရပ်တန့်သွားပြီး ဝေါယဉ်ကိုကာထားသည့်လိုက်ကာပွင့်လာပြီး သခင်လေးဆိုသူထွက်ပေါ်လာလေသည်။

သူ၏နှုတ်ခမ်းများမှာ သဘာဝအတိုင်းနီရဲနေပြီး မျက်နှာပုံစံမှာ

ချောမောခန့်ညားလေသည်။ သူ၏မျက်ဝန်းများမှာလည်း ရေကန်ထဲမှရေကဲ့သို့ ကြည်လင်နေလေသည်။ သူ၏မျက်ခုံး နှစ်ခုကြားတွင်အနီရောင်အစက်တစ်စက်ရှိလေသည်။ သူ့ကို ကြည့်ရသည်မှာ ရေကန်ထဲတွင်ထင်နေသည့်လရိပ်ကဲ့သို့ ကျက်သရေရှိလေသည်။ မွေးဖွားလာကတည်းက ကြီးကျယ် မြင့်မြတ်သည့်မိသားစုတွင် မွေးဖွားလာခြင်းဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာနှင့်ပြည့်စုံလေသည်။

ထိုလူငယ်မှာ မင်ကျန်းတောင်မှ သခင်လေးပင်ဖြစ်လေသည်။ ထူးချွန်ထက်မြက်သည့် သိုင်းလောက၏ မျိုးဆက်သစ်တစ် ယောက်ဖြစ်လေသည်။

သူ၏ရုပ်ရည်နှင့် သိုင်းစွမ်းရည်ကြောင့် မိန်းကလေးတိုင်း၏ စိတ်ကူးယဉ်အိပ်မက်ထဲတွင် သူတို့၏ချစ်သူအဖြစ် တွေးထား ကြလေသည်။

ဤကဲ့သို့သောဘာဝမျိုးက နောင်တရစရာမရှိပေ။

ဘုရင့်နန်းတော်မှ မင်းသားတစ်ပါးဆိုလျှင်တောင် သိုင်း

လောကရှိထင်ရှားသည့် မင်ကျန်းတောင်မှ သခင်လေးတစ်ပါး

ကဲ့သို့ လွတ်လပ်ပေါ့ပါးစွာနေထိုင်နိုင်မည်မဟုတ်ပေ။ ထို့ပြင်

သူက မင်ကျန်းတောင်သခင်ကြီး၏ တစ်ဦးတည်းသောသား

လေးဖြစ်လေသည်။

သို့သော် မိုးကောင်းကင်ကတရားမျှတပါသည်။

သခင်လေးဆိုသူမှာ ဝေါယဉ်ထဲမှလမ်းလျှောက်ထွက်လာခြင်း

မဟုတ်ပါ။ ဘီးတပ်ကုလားထိုင်ဖြင့် ခပ်ဖြည်းဖြည်း ထွက်လာ

ခဲ့ခြင်းဖြစ်လေသည်။

သူကကောင်းကင်ကိုမော့ကြည့်ပြီးပြောလိုက်သည်။

"လသာနေတာလှလိုက်တာ"

သူကခေါင်းကိုပြန်ငုံ့လိုက်ပြီး...

"နှင်းတွေကလည်းလှတယ်"

ထို့နောက်သူက မက်မွန်ပန်းပင်ကြီးကိုတစ်ချက်ကြည့်လိုက်ပြီး…

"လှလိုက်တဲ့မက်မွန်ပန်းတွေ…"

ထိုအချိန်တွင် ရှင်းစစ်စစ်နျန် ရုတ်တရက်ရောက်လာလေသည်။

သခင်လေးဆိုသူမှာ သူမကိုငေးကြည့်နေမိပြီး မည်သည့်စကားသံမျှ ထွက်လာခြင်းမရှိတော့ပေ။

ရှင်းစစ်စစ်နျန်က ခါးထောက်လိုက်ပြီး …

"ဘယ်လိုဖြစ်တာလဲ ကောင်လေး ၊ ရှင့်လျှာကိုကြောင်စားသွားပြီလား ၊ "လှတယ်" လို့သုံးခါပြောပြီးတော့ ကျွန်မကို မြင်တော့ဘာမှမပြောတော့တာ ကျွန်မကမလှလို့များလား၊ ကျွန်မက လမင်းကြီးလောက်မလှဘူးလား ၊ ဒါမှမဟုတ် နှင်းတွေ ၊ မက်မွန်ပန်းတွေလောက်မလှလို့လား"

သူမ၏နောက်ဆုံးပြောလိုက်သည့်စကားကြောင့် မက်မွန်ပင်ကြီးက ရှင်းစစ်စစ်နျန် သူ့ကိုစိတ်ဆိုးသွားမည်ကို ကြောက်ရွံ့သည့်အလား ယိမ်းထိုးလှုပ်ရှားသွားလေသည်။ သစ်ပင်များတွင် အသိဉာဏ်ရှိသည်ဆိုသည်မှာ ရှားပါးဖြစ်ရပ်ပင်ဖြစ်လေသည်။ ထိုကဲ့သို့အသိဉာဏ်ရရှိဖို့မှာလည်း မလွယ်ကူလှပေ။ မက်မွန်ပင်ကြီးသာ လူသားအသွင်ကူးပြောင်းနိုင်မည်ဆိုလျှင် သူ၏သစ္စာရှိမှုကိုပြသသည့်အနေဖြင့် ရှင်းစစ်စစ်နျန်ရှေ့တွင် ဒူးထောက်ဝပ်တွားနေမည်ဖြစ်လေသည်။

ထန်လွန်းသည့်လေနှင့် အေးစက်လွန်းသည့်နှင်းများပင်လျှင် ရှင်းစစ်စစ်နျန်လောက် ကြောက်ဖို့ကောင်းမည် မဟုတ်ပေ။ သခင်လေးဆိုသူ ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်နေသည်ကို ကြည့်ပြီး ရှင်းစစ်စစ်နျန်မှာ သနားခြင်း သို့မဟုတ် လျောင်ပြောင်ကဲ့ရဲ့လိုခြင်းကဲ့သို့သော မည်သည့်တုန့်ပြန်မရှိ

သည်ကို သခင်လေးဆိုသူ သတိထားလိုက်မိလေသည်။

သို့သော် ထိုသို့သောအခြေအနေကို သူသဘောကျမိလေသည်။

ရှင်းစစ်စစ်နျန်၏ပုံစံမှာ သူ့ဘဝတစ်လျှောက်လုံးတွင်တွေ့ခဲ့ရ

သည့် မိန်းကလေးများနှင့် လုံးဝမတူပါ။

"ဘာလို့လဲဆိုတော့ "လှတယ်" ဆိုတဲ့စကားလုံးနဲ့ ဖော်ပြလို့မရ

နိုင်လောက်အောင် မင်းကသိပ်လှလွန်းနေလို့ပါ၊ မက်မွန်ပန်း

တွေ ၊ လရောင်နဲ့ နှင်းတွေနဲ့မယှဉ်နိုင်လောက်အောင်ကို မင်းရဲ့

အလှတရားက ကျက်သရေရှိလွန်းလို့ပါ"

သခင်လေးဆိုသူက နူးညံ့စွာပြောလိုက်သည်။

"လူငယ်လေး ၊ မင်းသူမကိုသိပ်မြှောက်ပင့်မနေနဲ့ ၊ သူအရမ်းကို

မြောက်နေလိမ့်မယ် ၊ ကံတရားအတိုင်းတွေ့ဆုံကြမှတော့

စကားလေးဘာလေး လာပြောပါဦး"

ထိုအသံမှာ စောစောကကြားရသည့် အဘိုးအို၏အသံဖြစ်လေ

သည်။

"ကောင်းပါပြီ ဆရာကြီး ၊ အသက်ကြီးသူစကားကို လူငယ်တွေ ကမလိုက်နာနိုင်စရာမရှိပါဘူး"

သူတို့အိမ်ထဲသို့ဝင်လိုက်ကြလေသည်။ ထိုအရာမှာ တရားထိုင်သည့်အဆောင်လေးဖြစ်ပြီး သန့်ရှင်းတောက်ပြောင်နေလေသည်။

အဘိုးအို၏အဝတ်အစားများမှာ သန့်ရှင်းသပ်ရပ်ပြီး ဆံပင်များက ငွေရောင်ကဲ့သို့ဖြူဖွေးနေလေသည်။ ယဉ်ကျေးသိမ်မွေ့သည့် စာပေသမားပုံစံပေါက်လေသည်။ အဘိုးအိုမှာ ရှင်းစစ်စစ်နျန်၏ ခန့်မှန်းရခက်သည့်ပုံစံနှင့် ဆန့်ကျင်ဘက်ဖြစ်နေလေသည်။

ဓားသမားနှစ်ယောက်က သခင်လေး၏ ဘေး တစ်ဖက်တစ်ချက်တွင်ရပ်နေပြီး ရှင်းစစ်စစ်နျန်ကတော့ အဘိုးအို၏ နောက်တွင်ရပ်နေလေသည်။

အဘိုးအိုက...

"ကျုပ်က ရှင်းမျိုးနွယ်ပါ ၊ သူကတော့ ကျုပ်ရဲ့သမီးလေး ရှင်းစစ်စစ်နျန်ပါ ၊ ဒီလောက်နှင်တွေကျနေတဲ့ညမှာ ခရီးထွက်လာတာ ၊ လူငယ်လေးက ထူးခြားတဲ့သူပဲ ၊ ဘယ်ကနေများ ရောက်လာတာလဲ"

"ကျုပ်နာမည်က ရဲ့လျိုယွင်ပါ ၊ ရှင်းဆရာကြီးနဲ့တွေ့ရတာ ဝမ်းသာမိပါတယ်"

"ဒါဖြင့် မင်းက မင်ကျန်းတောင်က သခင်လေးပေါ့ ၊ ဒီလောက်ယဉ်ကျေးပြီး ကျက်သရေရှိနေတာ မအံ့သြတော့ပါဘူး"

ရဲ့လျိုယွင်ကတွေးလိုက်သည်။

"ကျန်းဟူမှာဆိုရိုးစကားရှိတယ် ၊ လူသုံးမျိုးကိုသတိထားရမယ်တဲ့ ၊ သက်ကြီးရွယ်အိုတွေရယ် ၊ မိန်းကလေးတွေရယ် ၊ ကလေးတွေရယ် တဲ့ ၊ ဒီသားအဖနှစ်ယောက်က ဆိုရိုးထဲကလူနှစ်မျိုးထဲမှာပါနေတယ် ၊ တစ်ချက်ထဲနဲ့ငါ့ရဲ့အကြောင်းကို သိနေတာ စိတ်ဝင်စားစရာကောင်းတယ်"

"ရှေးလူကြီးတွေ ကျုပ်နာမည်ကိုသိနေလိမ့်မယ်လို့ မထင်ခဲ့မိဘူး ၊ တကယ့်ကိုဂုဏ်ယူမိပါတယ် ၊ စိတ်မရှိဘူးဆိုရင် မေးပါရစေ ၊ အဘိုးကဘယ်သူများလဲ ၊ ဒီလိုမေးလိုက်လို့ ရိုင်းပြသွားရင် ခွင့်လွှတ်ပါ"

အဘိုးအိုက ပြုံးရုံသာပြုံးလိုက်ပြီး အဖြေမပေးပါ။ သူက အရက်ခွက်ကိုကိုင်လိုက်လေသည်။

ရဲ့လျိုယွင်မှာ အရက်သောက်နိုင်သူတစ်ယောက်ဖြစ်လေသည်။ သို့သော် ယခုတော့ အရက်အနည်းငယ်သောက်ပြီးသည်နှင့် ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်လာကာ ဘာမှန်းမသိလောက်အောင် သတိမေ့သွားရလေတော့သည်။

သူသတိပြန်ရလာသည့်အခါတွင်တော့ နံနက်ခင်းသို့ရောက်နေပြီဖြစ်ပြီး ဝေါယဉ်ထဲသို့လည်း ပြန်ရောက်နေပြီ ဖြစ်လေသည်။ သူကလိုက်ကာကိုဖွင့်ကြည့်လိုက်တော့ ထိတ်လန့်တကြားဖြစ်နေကြသည့် ကျန်းရှီစစ်နှင့် ကျန်းရှီစန်းကိုတွေ့လိုက်ရသည်။

သူတို့မှာ တောင်ဆင်းလမ်းတစ်နေရာတွင်ရှိနေကြခြင်းဖြစ်ပြီး ချင်ပြည်နယ်မြို့တော်ကိုပင် လှမ်းမြင်နေရပြီဖြစ်လေသည်။

"မနေ့ညက ဘာဖြစ်ခဲ့တာလဲ"

ရဲ့လျိုယွင်ကမေးလိုက်သည်။

ကျန်းရှီစန်းက...

"မနေ့ညက ဝတ်ကျောင်းတောင်တစ်ခုထဲကိုဝင်ပြီး တစ်ညအိပ်တယ်ထင်တာပဲ ၊ ဘယ်လိုလုပ်ဒီနေရာကိုရောက်နေရတာလဲ"

ကျန်းရှီစစ်က ပါးစပ်ပိတ်နေလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ကျန်းရှီစန်းပြောသည်နှင့် သူသိသည်မှာ အတူတူဖြစ်နေသောကြောင့် ထပ်ပြောစရာမလိုတော့ပေ။

ရဲ့လျိုယွင်က မနေ့ညကအဖြစ်အပျက်များကိုပြန်စဉ်းစားလိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"လူတွေမသိနိုင်တဲ့တခြားလောကသားတွေရှိသေးတယ်ဆိုတာ အမှန်ပဲကိုး ၊ မနေ့ညကတွေ့ခဲ့ရတဲ့သားအဖနှစ်ယောက်က နတ်

ဘုရားတွေဖြစ်ရင်ဖြစ် မဟုတ်ရင် နတ်မိစ္ဆာတွေပဲဖြစ်ရမယ်၊ ဒါပေမယ့် ဘာလို့ငါတို့ကို လှည့်စားရတာလဲ"

"မကောင်းတာတစ်ခုခု လုပ်မသွားတာပဲတော်သေးတာပေါ့"

"လူ့လောကထဲမှ နတ်မိစ္ဆာတွေကတော့ မဟုတ်တာမလုပ်ရဲ လောက်ပါဘူး၊ ချင်ပြည်နယ်မြို့တော်ထဲကိုသွားကြစို့၊ မသိနိုင်တာတွေထားလိုက်ပြီး ငါတို့ပစ္စည်းပြန်ယူကြမယ်"

ရဲ့လျိုယွင် ဆုံးဖြတ်ချက်ချလိုက်လေသည်။ ပြီးခဲ့သည့်ကိစ္စများသည် နောက်ထပ်ရှုတ်ထွေးလာစရာအကြောင်းမရှိဟု တွေးလိုက်မိလေသည်။

အခန်း (၄၀)

 ပြည့်စုံသူနှင့် မပြည့်စုံသူ

ရက်ပေါင်းများစွာကျဆင်းနေခဲ့သည့်နှင်းများမှာ ယခုတော့ ရပ်တန့်သွားပြီဖြစ်ကာ နေရောင်ပေါ်ထွက်လာပြီဖြစ်လေသည်။ နေရောင်ပေါ်ထွက်လာပြီဖြစ်သည့်အတွက် လောကကြီးတစ်ခုလုံး ပုံမှန်ပြန်ဖြစ်သွားလေသည်။

သို့သော်… ဤနေ့ကတော့ ထူးခြားသည့်နေ့တစ်နေ့ဖြစ်လေသည်။

ပိုင်ယွိဖေးမှာ ခန်းမထဲရှိစားပွဲများကို အဝတ်တစ်ထည်ဖြင့် သုတ်နေလေသည်။ အလုပ်လုပ်နေရသည့်အတွက် သူ့မှာ အချိန်အားသည်ဟု မရှိသလောက်ပင်။ အိမ်တော်ထိန်းဝူမှာ သူ့ကိုကြည့်ပြီး မျက်လုံးများတောက်ပသွားသည်။ တကယ်တမ်း

အလုပ်ဖြုတ်ပစ်သင့်သည့်သူမှာ ဆန်းလျန်ဖြစ်သည်ဟု အိမ်တော်ထိန်းဝူကစဉ်းစားနေမိလေသည်။

အိမ်တော်ထိန်းဝူတွေးသည်မှာ မမှားပေ။ ဆန်းလျန်မှာ မည်သည့်အလုပ်မျှ လုပ်ခြင်းမရှိပါ။ လက်ဖက်ရည်ထိုင်သောက်နေလေသည်။ ပုံမှန်လက်ဖက်ခြောက်ကိုပင် နံနက်ခင်းနှင်းရည်နှင့်ဖျော်ထားသည့် လက်ဖက်ရည်ဖြစ်လေသည်။

လက်ဖက်ရည်ပန်းကန်မှ အငွေ့လေးများထွက်နေလေသည်။ ဘေးမှကြည့်နေသည့်သာမန်လူများကတော့ ပိုင်ယွိဖေးကိုအလုပ်ကြိုးစားသူတစ်ယောက်ဟုမြင်ပြီး ဆန်းလျန်ကတော့ ပိုင်ယွိဖေး အလုပ်လုပ်နေသည်မှာ သိုင်းပညာလေ့ကျင့်နေခြင်းဖြစ်သည်ဟု မြင်မိလေသည်။

သူ၏ခန္ဓာကိုယ်မှ ဆွဲအားမှာ သာမန်လူများထက်နည်းနေလေသည်။ သူ့ခြေတစ်ဖက်ချလိုက်သည်နှင့် သူ၏ခြေဖနောင့်ရိုးဖြင့်အရင်ချလိုက် ကိုယ်ကအရှေ့သို့ရောက်သွားလေသည်။

သူ၏လှုပ်ရှားပုံမှာ ထူးဆန်းလေသည်။ သို့သော် မည်သူမျှ
သတိပြုမိကြခြင်းမရှိပေ။

ထိုကဲ့သို့သောသိုင်းပညာမျိုးမှာ ခန္ဓာကိုယ်လှုပ်ရှားမှုအပေါ်တွင်
မူတည်ပြီး ဟန်ချက်ညီအောင်လေ့ကျင့်ရသည့် သိုင်းပညာမျိုး
ဖြစ်လေသည်။

ရှေးဟောင်းဆိုရိုးတစ်ခုရှိလေသည်။

"သိုင်းပညာလေ့ကျင့်ပါ ၊ တိုင်းပြည်ကိုသစ္စာတရားနှင့်အုပ်ချုပ်
ပါ ၊ စကြာဝဠာကြီးတစ်ခုလုံးငြိမ်းချမ်းပါလိမ့်မည် ၊ ထို
ငြိမ်းချမ်းခြင်းဆိုသည်မှာ ဟန်ချက်ညီခြင်းမှဖြစ်ပေါ်လာသည်"
ဟူ၍ဖြစ်လေသည်။

လောကကြီးတစ်ခုလုံး ဟန်ချက်ညီနေနိုင်ဖို့ကတော့ ရှားပါး
သည့်ကိစ္စဖြစ်လေသည်။

ထိုသို့သော ခန္ဓာကိုယ် ဟန်ချက်ညီညီလှုပ်ရှားနေမှုမှာ ပိုင်ယွိ
ဖေးနှင့်အံ့ဝင်ခွင်ကျဖြစ်နေလေသည်။ အဘယ်ကြောင့်ဆိုသော်

ပိုင်ယွိဖေး၏ ကျောရိုးဖွဲ့စည်းပုံမှာ သာမန်လူများထက်

ထူးခြားသောကြောင့်ဖြစ်လေသည်။ ထို့ကြောင့် သူ၏ကိုယ်

ဖော့ပညာမှာ အခြားသူများနှင့်မတူဘဲ ထူးခြားနေခြင်းဖြစ်လေ

သည်။ သူ့ကိုယ်သူဟန်ချက်ညီအောင်ကြိုးစားနေရင်း

ဟန်ချက်မညီသလိုဖြစ်နေသည့်ပုံမျိုးဖြစ်လေသည်။ သို့သော်

သူ၏သိုင်းပညာနှင့်တော့ တသားထဲကျနေလေသည်။

"သူ့ဓားချက်ကလျှင်မြန်မှုမရှိဘူး ၊ ဒါပေမယ့် သူ့အစွမ်းနဲ့

ပေါင်းစပ်လိုက်ရင်တော့ အရမ်းကိုလျှင်မြန်သွားမှာပဲ"

ပိုင်ယွိဖေး၏လှုပ်ရှားမှုများကိုကြည့်ပြီး ဆန်းလျန်ပုံဖော်နေမိ

ခြင်းဖြစ်လေသည်။ သူ၏ဓားသိုင်းပညာမှာ ကွင်းဆက်များ

ကဲ့သို့ချိတ်ဆက်နေပြီး ရှောင်တိမ်းဖို့ခက်ခဲမည်ဖြစ်လေသည်။

သို့သော် ပိုင်ယွိဖေး၏ဓားသိုင်းပညာမှာ ဓားနှင့်လူတစ်ထပ်

တည်းကျသည်အထိ အဆင့်မမြင့်သေးသောကြောင့်

ခန္ဓာကိုယ်လှုပ်ရှားမှုနှင့် ဓားသိုင်းပေါင်းစပ်မှုမှာ ပြည့်စုံခြင်းမရှိသေးကြောင်း ဆန်းလျန်ရိပ်မိလိုက်လေသည်။

ပိုင်ယွိဖေးမှာ အလုပ်များလုပ်နေရသော်လည်း ပင်ပန်းသည့်ပုံမပေါ်ပေ။ သူ့ဘဝတစ်ခုလုံးတွင် မည်သည့်အလုပ်မျှ လုပ်ခဲ့ဖူးခြင်းမရှိပေ။ မည်သည့်အခါမှလည်း နေထိုင်စားသောက်ဖို့အတွက် ဝင်ငွေရသည့်အလုပ် မလုပ်ခဲ့ဖူးပေ။ သူသိုင်းလောကသို့ဝင်ရောက်လာပြီး သူစိတ်တိုင်းကျနေခဲ့ခြင်းဖြစ်လေသည်။ သို့သော် သူ့တွင်အန္တရယ်ရှိသည်ဟု ခံစားနေရပြီး ဆန်းလျန်ရှိနေသည့်အတွက် အကာအကွယ်ရှိသလိုခံစားနေရသည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် ထိုကဲ့သို့ခံစားမိခြင်းဖြစ်လေသည်။ ဆန်းလျန်မှာ လေးစားထိုက်သူတစ်ယောက်ဟူ၍လည်း သူခံစားနေရသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်မှာ အခြားသူများတွင်မရှိသည့် အစွမ်းအစများရှိသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်မှာ တွေးရင်း အတွေးထဲနစ်မျောကာ ငေးနေမိသလို ပိုင်ယွိဖေးမှာလည်း ထိုနည်းတူပင်ဖြစ်လေသည်။ သူတို့ မျက်လုံးများထဲတွင် မည်သည့်မနာလိုစိတ်မှ ကိန်းအောင်းမနေကြပေ။

ပိုင်ယွိဖေးမှာ သိုင်းလောကထဲတွင် လှည့်လည်သွားလာနေပြီး လူပေါင်းများစွာနှင့်တွေ့ဖူးလေသည်။ ဆန်းလျန်မှာ ထိုသူများနှင့်မတူဘဲ အလွန်ထူးခြားသည့်လူတစ်ယောက်ဖြစ်ပြီး သူ့ကိုယ်ပိုင်ဟန်ဖြင့်အသက်ရှင်သူဖြစ်လေသည်။

"သခင်လေး ၊ သခင်ကြီးသိပ်နေမကောင်းဘူး ၊ သခင်လေး အမြန်ပြန်သွားကြည့်သင့်တယ်"

မီးခိုးရောင်ဝတ်ဆင်ထားသူတစ်ယောက်က တံခါးဝမှအော်ပြောလိုက်သည်။ ထိုသူမှာ ဝါးရွက်စိမ်းဂိုဏ်းမှ ဂိုဏ်းသားတစ်ယောက်ဖြစ်ပြီး သူက "သခင်လေး" ဟုခေါ်လိုက်သည့်သူမှာ

ဆန်းလျန်ကိုခေါ်ခြင်းမဟုတ်ဘဲ အန်းရန်ကျယ်ကိုခေါ်လိုက်ခြင်းဖြစ်လေသည်။

"အဘိုးကြီးက နေမကောင်းချင်ယောင်ဆောင်ပြီး ငါ့ကိုပြန်လာအောင်လှည့်စားနေတာမဟုတ်လား"

အန်းရန်ကျယ်က ပြန်အော်ပြောလိုက်လေသည်။

"ဒီတစ်ခါတကယ်အရေးကြီးပါတယ် သခင်လေး ၊ မင်ကျန်းတောင်က သခင်လေးရောက်လာပြီး ဂိုဏ်းရဲ့ရတနာကို ယူသွားပါတယ် ၊ ဂိုဏ်းချုပ်လည်းဒဏ်ရာရသွားပါတယ် ၊ သခင်လေးပြန်လိုက်ခဲ့သင့်တယ်"

ဝါးရွက်စိမ်းဂိုဏ်းသားကပြောလိုက်လေသည်။

အန်းရန်ကျယ် မျက်နှာပျက်သွားလေသည်။ သူက သိုင်းလောကမှုကိစ္စများကို စိတ်ဝင်စားသူမဟုတ်သော်လည်း မင်ကျန်းတောင်အကြောင်းကိုတော့ သူကောင်းကောင်းသိလေသည်။

ပိုင်ယွိဖေးမှာလည်း မျက်နှာပျက်သွားလေသည်။

"နောက်ဆုံးတော့ သူတို့လိုက်လာပြီပေါ့"

ဟုပြောလိုက်လေသည်။

"ပန်းချီကားကို သိမ်းမထားသင့်ဘူးလို့ငါပြောသားပဲ ၊ အဲဒါကို မီးရှို့ပစ်လိုက်ရင် ကိစ္စပြတ်ပြီ ၊ ဒါပေမယ့် အဘိုးကြီးက အဲဒါကိုရတနာတစ်ပါးလိုတန်ဖိုးထားနေတာ ၊ အဲဒီပစ္စည်းက နတ်ဘုရားတွေနဲ့ ပတ်သက်နေတယ်ဆိုရင်တောင် ငါတို့မိသားစုထဲမှာ ဒီလောက်နှစ်တွေကြာနေပြီ ဘယ်သူမှနတ်ဘုရားဖြစ်မလာကြဘူး ၊ ငါ့မှာလည်း ဘာစွမ်းအားမှရမလာဘူး ၊ ခုတော့ အဲဒီပစ္စည်းဆုံးရှုံးလိုက်ရပြီ ၊ အဲဒါကောင်းတာပေါ့ ၊ ဘယ်သူလာယူမလဲဆိုတာ ကြောက်နေစရာမလိုတော့ဘူး"

အန်းရန်ကျယ်ကိုကြည့်ရသည်မှာ ဒေါသမထွက်သည့်အပြင် ဝမ်းတောင်သာနေသည့်ပုံဖြစ်လေသည်။

သူက ဆန်းလျန်ကိုလှည့်ပြောလိုက်သည်။

"ဆန်းသခင်လေး ၊ အဲဒီလိုပစ္စည်းမျိုးကို မင်းစိတ်ဝင်စားတယ် မလား ၊ ခုတော့အခွင့်အရေးရပြီ ၊ အဲဒီပစ္စည်းကို မင်းယူလိုက်ရင် အဘိုးကြီးက မင်းဆီကပြန်တောင်းရဲမှာမဟုတ်တော့ဘူး"

"ရှာနေဖို့မလိုပါဘူးကွာ ၊ သူ့ဟာသူရောက်လာမှာပါ"

ဆန်းလျန်က တည်ငြိမ်စွာပြောရင်း ပြုံးလိုက်လေသည်။

ရယူခြင်းနှင့်ဆုံးရှုံးခြင်းမှာ ခန့်မှန်းရခက်လေသည်။ အရာအားလုံးသည် ကံတရားအတိုင်းသာဖြစ်လေသည်။

ကံကောင်းခြင်းဆိုသည်မှာလည်း ကံတရားအတိုင်းပင်ဖြစ်သလို ကံဆိုးခြင်းဆိုသည်မှာလည်း ကံတရားအတိုင်းပင် ဖြစ်လေသည်။ တွေ့ဆုံခြင်းဆိုသည်မှာလည်း ကံတရားအတိုင်းပင်ဖြစ်ပြီး ခွဲခွာရခြင်းမှာလည်း ကံတရားအတိုင်းပင်ဖြစ်လေသည်။ မည်သူမျှ ကံတရားကို မသိနိုင်ပေ။

မီးခိုးရောင်ဝတ်ဂိုဏ်းသား၏မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်မှုများ အထင်းသားပေါ်လွင်သွားလေသည်။

သူကအရှေ့ဘက်သို့လက်ညိုးညွှန်ပြရင်း...

"သခင်လေး ၊ အဲဒီဝေါယဉ်က မင်ကျန်းတောင်သခင်လေးရဲ့ ဝေါယဉ်ပဲ"

အစိမ်းရောင်ဝေါယဉ်မှာ မြေပြင်မှလည်းလာခြင်းမဟုတ်သလို နှင်းတောထဲမှ ဖြတ်လာခြင်းလည်းမဟုတ်ပါ။ ကောင်းကင်ပေါ်မှရောက်လာခြင်းဖြစ်လေသည်။

အစိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားကြသည့် ဓားသမားနှစ်ယောက်က ဝေါယဉ်ကိုထမ်းကာ ပျံသန်းလာကြခြင်းဖြစ်လေသည်။ ဝေါယဉ်မှာ မြေပြင်ပေါ်သို့ဖြည်းညင်းစွာ ဆိုက်ရောက်လာသည်။ နေရောင်မှာ လင်းလက်တောက်ပနေသောကြောင့် သူတို့၏အရိပ်များမှာထင်ရှားနေလေသည်။ ထိုအရိပ်များက တည်းခိုရိပ်သာ၏ တံခါးဝင်ပေါက်ကို ပိတ်ဆို့သွားလေသည်။

"သခင်လေး ၊ ဒီနေရာက "အန်းတည်းခိုရိပ်သာ" ပါပဲ"

အရှေ့ဘက်မှဝေါယဉ်ထမ်းသူ ကျန်းရှီစန်းက ပြောလိုက်သည်။

“ယဉ်ကျေးသိမ်မွေ့သောညော့်သည်များသာ မကြာခဏလာကြ

သည်”

ယဉ်ကျေးသိမ်မွေ့ခြင်းမရှိသောညော့်သည်များကိုလည်း

အမြဲတမ်းကြိုဆိုလျှက်ပါ”

တံခါးတိုင်များတွင် ရေးသားထားသည့်ကဗျာက ဆွဲဆောင်မှုရှိ

လေသည်။

ဒီဆန်းလျှန်ဆိုသည့်လူက ကဗျာရေးလည်းတော်သည်ဟု ကျ

န်းရှီစန်းတွေးလိုက်မိလေသည်။

"ပိုင်ယွိဖေးလည်း ဒီမှာရောက်နေတာကိုး"

ကျန်းရှီစစ်ကပြောလိုက်ခြင်းဖြစ်လေသည်။ ပိုင်ယွိဖေးကို သူ

လေးစားသည်မှာ ထင်ရှားနေလေသည်။

အမှန်တော့ ကျန်းရှီစန်းနှင့် ကျန်းရှီစစ်တို့နှစ်ယောက်မှာ ပိုင်ယွိ

ဖေးကို ချင်ပြည်နယ် နယ်စပ်အထိ လိုက်လံတိုက်ခိုက်ခဲ့ကြ

သည့်လူများဖြစ်လေသည်။

……

မင်ကျန်းတောင်သခင်လေးမှာ ဘီးတပ်ကုလားထိုင်နှင့် သွားလာနေရသည့်လူတစ်ယောက်ဟု မည်သူမျှ ထင်မည် မဟုတ်ပေ။

ပိုင်ယွိဖေးမှာ ရဲ့လျိုယွင်ကိုတွေ့လိုက်ရသည်နှင့် သူ့ကိုဒဏ်ရာ ရအောင်လုပ်ခဲ့သည့်အတွက် မုန်းတီးမိသည့် အာဃာတတရား များမှာ မီးခိုးငွေ့ကဲ့သို့လွင့်စင်ပပျောက်သွားရလေသည်။

ရဲ့လျိုယွင်မှာ မိသားစုနောက်ခံအသိုင်းအဝိုင်းကောင်းမွန်ပြီး ရုပ်ရည်လည်းချောမောသလို သူ၏သိုင်းစွမ်းမှာလည်း အလွန် ထက်မြက်လေသည်။ ထိုသို့ပြည့်စုံလွန်းသည့်အတွက် နတ် ဘုရားများက မနာလိုဖြစ်သောကြောင့်ဤသို့ဖြစ်ရသည်လား ဟုတွေးစရာပင်။

လုံးဝပြည့်စုံနေသည့်လူတစ်ယောက်ပင်လျှင် ပြစ်ချက်ကတော့ ရှိနေစမြဲပင်။ ရှောင်လွှဲ၍မရသော ကံတရားပင်ဖြစ်လေသည်။

ကံတရားဆိုသည်မှာ စိတ်ဝိညာဉ်အပေါ်တွင်မူတည်ပြီး

ရုပ်ဝတ္ထုပစ္စည်းများနှင့်မသက်ဆိုင်ပေ။

သာမန်ကျောက်တုံးတစ်တုံးတွင် အပြစ်အနာအဆာလေးရှိပါ

က မည်သူမျှ အရေးထားလိမ့်မည်မဟုတ်ပေ။

သို့သော် … တန်ဖိုးကြီးကျောက်စိမ်းတစ်တုံးတွင် အပြစ်အနာ

အဆာလေးရှိနေပါက အားလုံးက စိတ်မကောင်းဖြစ်ကြမည်

ဖြစ်လေသည်။

ပိုင်ယွိဖေးကရဲ့လျိုယွင်ကို သနားနေချိန်တွင် အန်းရန်ကျယ်

ကတော့ သတိလစ်သွားပြီဖြစ်လေသည်။

အန်းရန်ကျယ်ကို သတင်းလာပေးသည့် မီးခိုးရောင်ဝတ်ဂိုဏ်း

သာမှာ ရဲ့လျိုယွင်ကို မမြင်ဖူးပါ။ အဘယ်ကြောင့်ဆိုသော် ဝါး

ရွက်စိမ်းဂိုဏ်းကို ကျန်းရှီစန်းတစ်ယောက်တည်း တိုက်ခိုက်ရုံ

ဖြင့် အနိုင်ရခဲ့သောကြောင့် ဖြစ်လေသည်။

"အစ်ကိုပိုင် ၊ အဲဒီနေ့က မင်းအမြန်ထွက်သွားတာနဲ့ နှုတ်ဆက်စကားတောင် မပြောလိုက်ရဘူး ၊ မင်းရဲ့ဓားလည်းကျန်ခဲ့တယ်လေ ၊ ဓားဆိုတာသူ့ပိုင်ရှင်ဆီကိုပြန်သွားရမှာပဲ ၊ ဒီနေ့တော့ ဓားပိုင်ရှင်ကို ရှာတွေ့ပြီ"

ရဲ့လျိုယွင်၏လက်ထဲတွင် အဖြူရောင်ဓားတစ်လက်ကို ကိုင်ထားလေသည်။ အဖြူရောင်ဓားဆိုသော်လည်း လက်ကိုင်ဓားရိုးကတော့ အနက်ရောင်ဖြစ်လေသည်။ ဓားမှာ ရဲ့လျိုယွင်၏လက်ထဲတွင် အလင်းတန်းလေးတစ်ခုကိုင်ထားသလိုဖြစ်နေလေသည်။

ဤကဲ့သို့သောဓားမျိုးကို ညဘက်ကိုင်လျှင် အလွန်ပင်သိသာထင်ရှားမည်ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ပိုင်ယွိဖေးမှာစောရတစ်ယောက်ဖြစ်သော်လည်း သိုင်းပညာယှဉ်ပြိုင်သည့်အခါတွင်တော့ မည်သည့်အခါမှ ခိုးကြောင်ခိုးဝှက်တိုက်ခိုက်ခြင်းမျိုးမလုပ်ပေ။

အလင်းရောင်တစ်ချက်လက်ခနဲဖြစ်သွားပြီး ပိုင်ယွိဖေးက သူ၏ဓားကို ဖမ်းယူလိုက်လေသည်။

သူ၏ဓားကိုကြည့်ရင်း ပိုင်ယွိဖေးမှာ တိတ်ဆိတ်ငြိမ်သက်သွားရလေသည်။

ဓားအိမ်ပေါ်တွင် "ပိုင်ယွိ" စာလုံးလေးနှစ်လုံးရေးထွင်းထားလေသည်။

ယခုတော့ထိုစာလုံးနှစ်လုံးမှာ "ပိုင်ယွိ" မဟုတ်တော့ဘဲ "စွေ့ယွိ" ဟူ၍ဖြစ်နေလေသည်။

"စွေ့ယွိ" မှ "စွေ့" ဆိုသည့်စကားလုံးမှာ စာလုံးဆွဲချက်တိုင်းတွင် နက်နက်ရှိုင်းရှိုင်းဖြစ်နေလေသည်။

ဓားအိမ်ပေါ်ရှိ မူလစာလုံးဖြစ်သည့် "ပိုင်" ဆိုသည့်စာလုံးကို ဖျက်ပြီးရေးထားခြင်းမျိုးမဟုတ်ဘဲ "ပိုင်" ဆိုသည့် စာလုံးပေါ်တွင် ထပ်ပြီး ရေးထားခြင်းဖြစ်လေသည်။

အဖြူရောင်ကျောက်စိမ်း ပျက်စီးသွားခဲ့လေသည်။ ဘာလုပ်ရ တော့မည်နည်း။

(မှတ်ချက် - ပိုင်ယွီ = အဖြူရောင်ကျောက်စိမ်း ၊ စွေ့ယွီ = ပျက်စီးသွားသောကျောက်စိမ်း)

"ဘာများဖြစ်လို့လဲ အစ်ကိုပိုင် ၊ ဓားအိမ်ပေါ်ကစာသားတွေကမ ကောင်းလို့လား ၊ "စွေ့ယွီ" ဆိုတဲ့စာသားက မကောင်းဘူးဆိုရင် ကိုယ့်ဟာကိုယ်ပဲပြန်ပြင်ရေးလိုက်လေ ၊ ဒါမှမဟုတ် တခြားသူ တွေကို ကူရေးခိုင်းလိုက်ပေါ့"

ဓားကို တကယ့်သံမဏိကောင်းဖြင့်ပြုလုပ်ထားခြင်းဖြစ်လေ သည်။ တာ့လိကျင်းကန်းကဲ့သို့သော လက်ရေးသိုင်း အားကောင်းသူသာလျှင် ဓားပေါ်တွင်ရေးထွင်းနိုင်မည်ဖြစ်လေ သည်။ လူတစ်ယောက်၏ သာမန်သိုင်းစွမ်းအားဖြင့် ရေးနိုင် မည်မဟုတ်ပေ။

ရဲ့လျိုယွင်ပြောလိုက်သည့် "အခြားသူတွေကို ကူရေးခိုင်းလိုက်ပေါ့" ဟူသည့်စကားမှာ ဆန်းလျန်ကိုရည်ညွှန်းပြီး ပြောလိုက်ခြင်းဖြစ်လေသည်။

အစပိုင်းတွင်တော့ ရဲ့လျိုယွင်က ဆန်းလျန်ကို စိတ်ဝင်စားခဲ့လေသည်။

တကယ်တမ်းတွင်တော့ ဆန်းလျန်၏ပုံစံမှာ ရဲ့လျိုယွင်၏အတုမရှိပြိုင်ဘက်ကင်းသည့် ပုံစံနှင့် တစ်ပုံတည်းတူနေလေသည်။ ဆန်းလျန်မှာ ခြေထောက်များကျိုးနေခြင်းမရှိသည့် ရဲ့လျိုယွင်၏ ပြည့်စုံလွန်းသည့် ပုံရိပ်ဟုပင်ထင်ရလောက်ပေတော့သည်။

အခန်း (၄၁)

ဓားချင်းထိခတ်သံ

ဆန်းလျန်နှင့် ရဲ့လျိုယွင်တို့နှစ်ယောက်မှာ ချောမောခန့်ညားမှု ၊ ကျက်သရေရှိမှုနှင့် သိုင်းပညာထူးချွန်မှုများတွင် အင်မတန်မှ တူညီလေသည်။

ဆန်းလျန်ကတစ်ချက်ပြုံးလိုက်ရင်း...

"နတ်ဘုရားတွေရဲ့ဓားမှာ လက်ရေးနဲ့ရေးထွင်းဖို့ဆိုတာ သိုင်းလောကမှာဒီလိုလုပ်နိုင်တဲ့သူခပ်ရှားရှားရယ် ၊ကျုပ်စာလုံးကို ပြန်ပြင်ရေးလို့မရဘူးဆိုရင် ၊ ယွိဖေးသခင်လေးကို ဓားပြန်ပေးလိုက်မယ် ၊ အဲဒါကို ပြန်ပြင်ရေးပေးဖို့ မင်းကူညီလိုက်ပေါ့"

ဆန်းလျန်က သူ့လက်ကိုအနည်းငယ်ဆန့်တန်းလိုက်ပြီး ပိုင်ယွိဖေး၏ဓားကိုယူလိုက်လေသည်။

ဆန်းလျန်က သူ့အတွက်ပြောပေးနေခြင်းဖြစ်သည်ကို ပိုင်ယွိဖေးရင်ထဲမှနားလည်လိုက်လေသည်။ မည်သို့ကျေးဇူးတင်ရမှန်းမသိဖြစ်မိလေသည်။ ဤလောကတွင် မင်ကျန်းတောင်သခင်လေးကိုဆန့်ကျင်ပြီး မည်သူက ပိုင်ယွိဖေးကိုကူညီပေးပါမည်နည်း။

ပိုင်ယွိဖေး၏ ဓားမှာဆန်းလျန်လက်ထဲသို့ရောက်ရှိနေပြီဖြစ်လေသည်။ ဓားနာမည်မှာ "ပိုင်ယွိ" ဖြစ်စေ ၊ "စွေ့ယွိ" ဖြစ်စေ ဓားကတော့အလွန်ထက်မြက်သည့်ဓားကောင်းတစ်လက်ဖြစ်လေသည်။

ဓားမှာသာမန်ဓားများထက်ပိုပြီးပါးလွှာလေသည်။

အကြည်ဓာတ်တစ်ခုဖြင့် ဖောက်မြင်နေရသည့်အလား အလွန်

ပင် ပါးလှသာသည့်ဓားတစ်ချောင်းဖြစ်ပြီး နေမင်းကိုပင်ထိုးခွဲနိုင်မည့်အလားသဏ္ဍာန် ထက်မြက်လွန်းလေသည်။

"ဘာလဲ မင်းက ငါ့လည်ပင်းကိုဓားနဲ့ထောက်ပြီး ခြိမ်းခြောက်တော့မလို့လား"

ရဲ့လျိုယွင်က နှုတ်ခမ်းကိုတင်းတင်းစေ့ထားရာမှ လှောင်ပြောင်သလိုအပြုံးမျိုးပြုံးပြီး မေးလိုက်လေသည်။

ဆန်းလျန်ကလည်းပြုံးလိုက်ရင်း...

"သခင်လေးမကြားဖူးဘူးလား ၊စည်းရုံးသိမ်းသွင်းတယ်ဆိုတာဓားနဲ့ထောက်ပြီး ခြိမ်းခြောက်တာနဲ့အတူတူပဲတဲ့"

"ဒါဖြင့် ဓားကကျိုးသွားရင်ရော"

ရဲ့လျိုယွင်က သူ၏မျက်လုံးများကို အနည်းငယ်မှေးစင်းလိုက်သည်။ ထိုမျက်လုံးများဆီမှ ခက်ထန်အေးဆက်သည့် အရောင်များထွက်နေလေသည်။

"မင်းကဘာဖြစ်လာမယ်လို့ထင်လဲ"

ဆန်းလျန်က ရိုးရိုးရှင်းရှင်းပင်ပြန်မေးလိုက်သည်။
ညနေစောင်းပြီဖြစ်သောကြောင့် ဝေါယဉ်၏အရိပ်က ရဲ့လျိုယွ
င်အပေါ်သို့ကျရောက်နေကာ ဆန်းလျန်ကိုပင် ထိုအရိပ်က ထိ
လုနီးပါးဖြစ်နေလေသည်။
နေရောင်မှာ ဆန်းလျန်၏ကိုယ်ပေါ်သို့ဖြာကျနေသည်။
အရည်ပျော်ကျနေသည့်နှင်းရည်များမှာ ကြည်လင်နေပြီး
ရေတံခွန်ငယ်လေးကဲ့သို့ တိတ်ဆိတ်စွာစီးဆင်းနေလေသည်။
ပိုင်ယွိဖေးနှင့် အန်းရန်ကျယ်မှာ ခပ်ဝေးဝေးသို့ဆုတ်သွားကြ
လေသည်။ သူတို့ဆန်းလျန်ကိုအနှောင့်အယှက်မပေးချင်
သောကြောင့်ဖြစ်လေသည်။
ရဲ့လျိုယွင်က ခပ်မဆိတ်နေလိုက်လေသည်။ သူပြောသင့်တာ
ကိုပြောပြီးပြီဖြစ်လေသည်။ နောက်ထပ် ထပ်ပြောစရာစကားမ
ရှိတော့ပေ။

ကျန်းရှီစန်းနှင့် ကျန်းရှီစစ်တို့မှာ ရဲ့လျိုယွင်၏ ဘေး

တစ်ဖက်တစ်ချက်ဆီတွင်ရပ်လိုက်ကြသည်။ ဤသည်မှာ

သက်တော်စောင့်ကျေးကျွန်များလုပ်ရမည့်အလုပ်ပင်မဟုတ်ပါ

လား။

မင်ကျန်းတောင်၏ဓားသိုင်းပညာမှာ အလွန်ပင်အစွမ်းထက်

လေသည်။ သို့သော် ရဲ့လျိုယွင်မှာ ဓားကိုင်ဆောင်ထားခြင်းမရှိ

ပေ။ ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်နေရသည့် လူတစ်

ယောက်၏ဓားသိုင်းပညာမှာ အခြားသူများနှင့်တော့တူနိုင်မည်

မဟုတ်ပေ။

သို့သော်... ရဲ့လျိုယွင်ကိုယှဉ်ပြိုင်နိုင်ရန်အတွက်

သူ၏သက်တော်စောင့်နှစ်ယောက်ကို ကျော်လွန်နိုင်မှသာ ဖြစ်

ပေလိမ့်မည်။

ရဲ့လျိုယွင်ကသာဓားကိုင်ထားခြင်းမရှိသော်လည်း သူ၏သက်တော်စောင့်နှစ်ယောက်၏ဓားမှာတော့ ဓားအိမ်ထဲမှ ထွက်လာကြပြီဖြစ်လေသည်။

ပထမဆုံးစတင်တိုက်ခိုက်လိုက်သူမှာ ကျန်းရှီစန်းဖြစ်လေ သည်။

ကျန်းရှီစန်းက ဆန်းလျန်ဆီသို့ထိုးသွင်းလိုက်သည့်ဓားချက်မှာ စမ်းချောင်းတွင်စီးဆင်းနေသည့်ရေကဲ့သို့ တည့်မတ်နေပြီး အတိုင်းအဆမရှိသော စွမ်းအားနှင့်ပြည့်နေလေသည်။

ထိုသိုင်းကွက်မှာ “အဆုံးမရှိစမ်းရေ” ဆိုသော သိုင်းကွက်ပင် ဖြစ်လေသည်။ စီးဆင်းနေသည့်ရေအလျဉ်ကို ဖြတ်တောက်ရန် ခက်ခဲသကဲ့သို့ ဓားချက်က တရကြမ်းတိုးဝင်လာခြင်းဖြစ်လေ သည်။

ဆန်းလျန်က နေရာမှပင်ရွေ့လျားခြင်းမရှိပါ။ သူ၏မျက်လုံး များမှာ ပိုပြီးတောက်ပလာလေသည်။

ကျန်းရှီစန်းမျာ နေရောင်အောက်တွင် ဆန်းလျန်၏ပုံရိပ်များစွာ

ကို နေရာတိုင်းတွင်မြင်နေရလေသည်။ မည်သူက ဆန်းလျန်

အစစ်ဖြစ်သည်ကို ဝေခွဲ၍မရဖြစ်နေလေသည်။

"ပြဒါးပုံရိပ်သိုင်းကွက်"

ကျန်းရှီစစ်ကအေးစက်စွာ ရေရွတ်လိုက်လေသည်။

ရဲ့လျိုယွင်ကသက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မဟုတ်ဘူး"

ဟုပြန်ပြောလိုက်လေသည်။

"ပြဒါးပုံရိပ်သိုင်းကွက်" မှာ ကိုယ်ခန္ဓာကို လျှင်မြန်စွာလှုပ်ရှား

ရာမှ ပုံရိပ်ယောင်များကျန်ခဲ့အောင် ဖန်တီးသည့် သိုင်းကွက်

ဖြစ်လေသည်။ လျှင်မြန်လွန်းသည့်အတွက် ရန်သူ့မျက်လုံးထဲ

တွင် အရိပ်များစွာဖြစ်နေသကဲ့သို့ ထင်ယောင်ထင်မှားဖြစ်သွား

ပြီးမည်သည့်ပုံရိပ်ကအစစ်အမှန်ကို ခွဲခြားနိုင်ခြင်းမရှိတော့

ပေ။

ဆန်းလျန်က ထိုသိုင်းကွက်ကို အသုံးပြုနေခြင်းမဟုတ်ပါ။ ကိုယ်ခန္ဓာကို လျှင်မြန်စွာလှုပ်ရှားရာမှ ပုံရိပ်ယောင်များကျန်ခဲ့အောင် ဖန်တီးသည့် "ပြဒါးပုံရိပ်သိုင်းကွက်" ကိုသုံးနေခြင်းမဟုတ်ပါ။ သူကဝိညာဉ်စွမ်းအားကိုအသုံးပြုပြီး အခြားသူများကို လှည့်စားနေခြင်းဖြစ်လေသည်။

ရဲ့လျိုယွင်နှင့် ကျန်းရှီစစ်တို့နှစ်ယောက်မှာ ဆန်းလျန်၏သုံးသည့်သိုင်းကွက်ကို မတူညီသည့် ရှုထောင့်မှ ကြည့်နေကြလေသည်။

တကယ်တမ်းတွင် ဆန်းလျန်မှာ မည်သည့်လှုပ်ရှားမှုမျှ ပြုလုပ်နေခြင်းမရှိပေ။ သူက ငြိမ်သက်စွာ ရပ်နေခြင်းဖြစ်လေသည်။ သို့သော် ကျန်းရှီစန်းမှာတော့ ဘာလုပ်ရမှန်းမသိဖြစ်နေရလေတော့သည်။

ကျန်းရှီစန်း၏ဓားချက်မှာ စီးဆင်းနေသည့်ရေအလျဉ်ကဲ့သို့ တရကြမ်းတိုးဝင်လာခြင်းဖြစ်လေရာ တိုက်ခိုက်ရန်အတွက် ဦးတည်ချက် တိတိကျကျရှိရန်လိုအပ်လေသည်။

သို့သော်...

မည်သည့်ပုံရိပ်ကိုဦးတည်ရမှန်းမသိသည့်အခါ သူ၏ဓားချက် ကလွဲချော်သွားပြီး ကျန်းရှီစန်းမှာ နှင်းတောထဲသို့လဲကျသွားရလေသည်။

ရဲ့လျိုယွင်က တအံ့တသြဖြင့် စိတ်ပူသည့်ပုံမဖြစ်သွားပါ။

ညနေခင်းလေပြေလေးကတိုက်ခတ်လာပြီး နှင်းမှုံလေးများကျနေသည်မှာ မြူခိုးများဝေနေသကဲ့သို့ပင်ဖြစ်နေလေသည်။

ထိုမြူခိုးများက သူ့ကိုဝန်းရံထားလေသည်။

တည်တည်ငြိမ်ငြိမ်နှင့် အထိတ်တလန့်မဖြစ်သည့်သူ နောက်တစ်ယောက်ရှိသေးသည်။ ထိုသူမှာ ကျန်းရှီစစ်ဖြစ်လေသည်။

ကျန်းရှီစစ်၏သိုင်းပညာမှာ ကျန်းရှီစန်းထက်သာလွန်ခြင်းမရှိပါ။ သို့သော် တကယ့်သေရေးရှင်ရေးရင်ဆိုင်ရလျှင် ကျန်းရှီစစ်ကအသက်ရှင်နိုင်မည့်အခွင့်အလမ်းပိုများလေသည်။

အဘယ်ကြောင့်ဆိုသော် ကျန်းရှီစစ်မှာ သူ့ဓားကိုဆွဲထုတ်လိုက်တိုင်း တည်တည်ငြိမ်ငြိမ်တိုက်ခိုက်လေ့ရှိပြီး မသေချာလျှင် စတင်တိုက်ခိုက်ခြင်းမပြုတတ်ပေ။

သို့သော်... ယခုအချိန်မှာတော့ သေချာမှုမရှိသည့်တိုင် ကျန်းရှီစစ်မှာ သူ၏ဓားကိုဆွဲထုတ်ရတော့မည် ဖြစ်လေသည်။ ရဲ့လျို ယွင် ဆန်းလျန်၏သိုင်းပညာကိုလေ့လာနိုင်ရန်အတွက် သူကတိုက်ခိုက်ရမည်ဖြစ်လေသည်။

ဆန်းလျန်က သူ၏ဓားကိုအသုံးမပြုချင်ပါ။ ထို့အတူ နတ်သက်ခြွေဓားသိုင်းကိုလည်း အသုံးမပြုချင်ပါ။

နတ်သက်ခြွေဓားသိုင်းမှာ လူနှင့်ဝိညာဉ်နှစ်မျိုးလုံးကိုထိခိုက်သည့် သိုင်းပညာဖြစ်သည့်အတွက် တကယ်မလိုအပ်ဘဲ အသုံး

မပြုချင်ပေ။ ဆန်းလျှန်အနေဖြင့် ထိုသိုင်းပညာကို သုံးခဲ့လေသည်။ ထို့ပြင် ဆန်းလျှန်မှာ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကိုလေ့ကျင့်နေသည့်အတွက် စိတ်ဝိညာဉ်ငြိမ်းချမ်းခြင်းနှင့် အားဖြည့်ခြင်းအဆင့်များကို အောင်မြင်ထားသူဖြစ်လေရာ သူ၏ဝိညာဉ်စွမ်းအားဖြင့် အခြားသူ၏ဝိညာဉ်ကို တိုက်ခိုက်နိုင်လေသည်။ ထို့ကြောင့် နတ်သက်ခြေဓားသိုင်းကို အသုံးပြုသည့်အကြိမ်အရေအတွက်များပါက သူ၏ဝိညာဉ်ကိုထိခိုက်နိုင်သည့်အတွက် ကောင်းခြင်းထက်ဆိုးခြင်းသာဖြစ်လာနိုင်လေသည်။

ထို့ပြင် သူ၏ဓားသိုင်းကိုအသုံးမပြုခြင်းမှာ သူ၏ပုံရိပ်ယောင်များကို ထွင်းဖောက်ပြီး သူ၏သိုင်းစွမ်းအားများကို မင်ကျန်းတောင်မှသခင်လေးမြင်တွေ့သွားစေလိုခြင်း မရှိသောကြောင့်ဖြစ်လေသည်။

ဆန်းလျှန်အမြင်မမှားဘူးဆိုလျှင် မင်ကျန်းတောင်သခင်လေး

မှာ ဝိညာဉ်စွမ်းအားရော အတွင်းအားရော ပြည့်ဝသူတစ်

ယောက်ဖြစ်လေသည်။ သူ၏အသက်ရှူသံက လေးနက်

ရှည်လျားလေသည်။ အသက်ရှူသံမှာ

ပြတ်တောင်းပြတ်တောင်းဖြစ်ခြင်းမျိုးမရှိပေ။ ဤသည်မှာ

အတွင်းအားအလွန်မြင့်မားကြောင်းဖော်ပြနေလေသည်။

ခြေထောက်နှစ်ဖက်မကောင်းသည့်တိုင် သိုင်းပညာဤမျှအထိ

အဆင့်မြင့်အောင်လေ့ကျင့်နိုင်ခြင်းမှာ ရည်မှန်းချက် အလွန်

ကြီးမားသောကြောင့်ဖြစ်နိုင်လေသည်။

ကျန်းရှီစန်း၏ဓားချက်မှာ စီးဆင်းနေသည့်ရေအလျင်ကဲ့သို့

ဖြစ်သော်လည်း ကျန်းရှီစစ်၏ဓားမှာတော့ ရေကန်ထဲမှ

ရေသေကဲ့သို့ဖြစ်လေသည်။

ဓားချက်မှာ လုံးဝလှိုင်းဂယက်မရှိ ၊ အပြောင်းအလဲမရှိ ၊ ရိုးရိုး

ရှင်းရှင်းပင်တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ထိုသိုင်းကွက်ကို အကြိမ်ပေါင်း ရာနှင့်ထောင်နှင့်ချီပြီးလေ့ကျင့်သည့်တိုင် သိုင်းကွက်၏သဘောတရားက ရိုးရှင်းလွန်းလေသည်။ ထိုသိုင်းကွက်ကို ဖော်ပြရန်အတွက် စကားလုံးမရှိပေ။

ရွေးခြယ်စရာမရှိတော့သောကြောင့် သူသေကိုယ်သေ

တိုက်တိုက်ခိုက်သည့် တိုက်ကွက်မျိုးလည်းမဟုတ်ပါ။ သို့သော်

အနည်းငယ်တော့ဆင်တူသယောင်ရှိလေသည်။

အောင်မြင်ဖို့အတွက် နည်းလမ်းများစွာရှိလေသည်။ သို့သော်

ထိုနည်းလမ်းတိုင်းတွင် ဖြတ်လမ်းဟူ၍မရှိပါ။

ဆန်းလျန်သက်ပြင်းတစ်ချက် ကြိတ်၍ချလိုက်သည်။ ဆန်းလျန်အနေဖြင့် ဝီရိယရှိရှိတိုက်ခိုက်နေသော ထိုဓားသမားကို ပြန်လည်တိုက်ခိုက်လိုခြင်းမရှိပါ။

သို့သော်... သနားညှာတာနေ၍ရမည်မဟုတ်မှန်း သူသိလေသည်။ သူ့ဘက်ကလည်း ဂုဏ်သိက္ခာကျဆင်းခံပြီး အလျှော့ပေးရန်မှာ မဖြစ်နိုင်ပေ။

ကျန်းရှီစစ်၏ဓားချက်ကို ခုခံရန်အတွက် ဆန်းလျန် ဓားကို ထုတ်ရန်ဆုံးဖြတ်လိုက်ရလေတော့သည်။

ကျန်းရှီစစ်မှာ သူ၏ဓားကိုထုတ်လိုက်သည်နှင့် ဦးတည်ချက်ကို အသေသတ်မှတ်လိုက်လေသည်။ ပြင်ပအနှောင့်အယှက်များကြောင့် သူ၏ဦးတည်ချက်ပျက်စီးမခံနိုင်ပါ။

ဆန်းလျန်သုံးနေသည့် ဝိညာဉ်စွမ်းအားမှာ သိသိသာသာ လျော့ကျသွားလေသည်။ ကျန်းရှီစစ်မှာ သူ၏အစိမ်းရောင် သံမဏိဓားဆီသို့ အတွင်းအားအကုန်လုံးကို ပို့လွှတ်ထားလိုက်လေသည်။ ထို့ကြောင့် ဓားသွားမှာ အစိမ်းရောင် တောက်ပနေလေသည်။ သူ၏ဦးတည်ချက်ရှိရာသို့ တိုးဝင်တိုက်ခိုက်လိုက်သည့် ဓားသိုင်းမှာ လွန်စွာမှလျှင်မြန်လေသည်။

သူ၏ဓားသွားတွင်အစိမ်းရောင်တောက်ပနေခြင်းမှာ ဝိညာဉ်စွမ်းအားနှင့်အတွင်းအားပေါင်းစပ်ထားသောကြောင့်ဖြစ်လေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျင့်စဉ်ကျင့်ကြံမှုကြောင့်မဟုတ်

ပါ။ အတွင်းအားနှင့်ဝိညာဉ်မှာ ရုတ်တရက်ပေါင်းစည်းမိသွား ပြီး အလင်းဓာတ်ထွက်ပေါ်လာရခြင်းမျှသာဖြစ်လေသည်။

"ခုတိုက်ခိုက်နေရတဲ့တိုက်ပွဲမှာ နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ် စေ ကျန်းရှီစစ်ဟာ မင်ကျန်းတောင်မှာ အစေခံမလုပ်သင့်တော့ ဘူး"

ရဲ့လျိုယွင်တွေးနေလိုက်မိလေသည်။

ကျန်းရှီစစ်၏ဓားစွမ်းမှာ သိုင်းလောကတွင်ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်လေသည်။ ထိုကဲ့သို့ ဓားစွမ်းထက်မြက်သူ တစ်ယောက်အနေဖြင့် အစေခံတစ်ယောက်အဖြစ် တာဝန်ထမ်း ဆောင်ရန်မသင့်တော်တော့ပေ။ သူ့ကိုအစေခံဆက်လုပ်ခိုင်းနေ လျှင် သူ၏ဓားသိုင်းပညာနှင့်သိုင်းစွမ်းအားကို မလေးစားရာ ရောက်ပေမည်။

ရဲ့လျိုယွင်အနေဖြင့် နောင်အနာဂတ်တွင်တောက်ပလာမည့် ပုလဲတစ်ပွင့်ကို ရွှံ့ထဲတွင် နှစ်မြှုပ်မထားနိုင်ပါ။

ထိုအတွေးမှာ ရဲ့လျှိုယွင် ဖျတ်ခနဲတွေးလိုက်မိသည့် အတွေးစ တစ်စသာဖြစ်လေသည်။

ကျန်းရှီစစ်၏ဓားချက်မှာ နှေးကွေးခြင်းမရှိပါ။ ကျန်းရှီစစ်၏ပုံ ရိပ်မှာ ဆန်းလျန်၏မျက်ဝန်းထဲတွင် တဖြည်းဖြည်းကြီးထွား လာလေသည်။

ဖြောင့်တန်းနေသည့်ဓားသွားမှာ ယိမ်းယိုင်သွားခြင်းမရှိဘဲ ဦးတည်ရာသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာလေသည်။

ရုတ်တရက် ဆန်းလျန်၏လက်ထဲမှဓားမှာ ပျံသန်းသွားလေ သည်။

ထိုဓားမှာ ထူးခြားစွာ ထက်မြက်နေသည့်ဓားတစ်လက်ဖြစ်နေ လေသည်။

အဆင့်မြင့်သိုင်းသမားများ မထင်မှတ်ဘဲဆုံတွေ့ကြလျှင် ဓား ဖြင့်တိုက်ခိုက်မည့်သူနှင့် ဓားမပါဘဲတိုက်ခိုက်မည့်သူဟူ၍ နှစ် မျိုးရှိလေသည်။ ဓားဖြင့်တိုက်ခိုက်မည့်သူနှင့် ဓားမပါဘဲ

တိုက်ခိုက်မည့်သူ၏ သိုင်းစွမ်းရည်မှာလည်း များစွာကွာခြား မည်ဖြစ်လေသည်။

ဆန်းလျန်၏လက်ထဲမှဓားမှာ ပျံသန်းထွက်ခွာသွားသလို ဆန်းလျန်မှာလည်း ရုတ်တရက်ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်ကိုလေထဲတွင်လည်းမတွေ့ရ...

မြေကြီးတွင်းသို့ဝင်သွားသည်လည်းမဟုတ်...

အနိုင်အရှုံးဆိုသည်မှာ ချက်ချင်းပင်အဖြေထွက်သွားလေသည်။ ယှဉ်ပြိုင်တိုက်ခိုက်သူနှစ်ယောက်ကြားတွင် အချိန်သည်အဓိပ္ပါယ်မရှိပေ။ ပြိုင်ဘက်ရန်သူကို တိုက်ခိုက်နေသည့်အချိန်တွင် ရုတ်တရက်ပြောင်းလဲလိုက်နိုင်သည့် ဓားသွားခြင်းထိခတ်မှုကသာ အဖြေဖြစ်လေသည်။

ဆန်းလျန်မှာ ရုတ်တရက်ပျောက်ကွယ်သွားခြင်းမဟုတ်ပါ။ သူက လျှင်မြန်လွန်းနေခြင်းဖြစ်လေသည်။ သူ၏လျှင်မြန်မှုက ဓား၏လျှင်မြန်မှုကို ကျော်လွန်သွားလေသည်။

သူက ပြိုင်ဘက်ရန်သူ၏မျက်လုံးနှင့်မြင်နိုင်စွမ်းရှိသည်ထက်ပို ပြီး လျင်မြန်နေခြင်းဖြစ်လေသည်။ ထို့ကြောင့် ပျောက်ကွယ် သွားသကဲ့သို့ အထင်လွဲမှားသွားရခြင်းဖြစ်လေသည်။ လောကတွင် အလျှင်မြန်ဆုံးအရာမှာ “အလင်း” ဖြစ်လေသည်။ ဆန်းလျန်မှာ အလင်းထက်လျှင်မြန်သည်ကတော့ မဖြစ်နိုင် ပေ။ သို့သော် သူက ကျန်းရှီစစ်၏ဓားချက်ထက်တော့ လျှင် မြန်နေလေသည်။ ထို့ကြောင့် ကျန်းရှီစစ်မှာ ဓားရောင်တစ်ချက် ဖျတ်ခနဲလက်သွားသည်ကိုသာမြင်လိုက်ရပြီး သူ၏ဓားချက် ကတော့ လေကိုသာခုတ်မိသွားလေသည်။

အခန်း (၄၂)

လရောင်ကဲ့သို့ဓားသွား

ဆန်းလျန်မှာ ဓားရောင်တစ်ချက်လက်ခနဲဖြစ်သွားပြီး ပျောက်ကွယ်သွားလေသည်။ အနိုင်အရှုံးကွဲပြားသွားပြီဖြစ်လေသည်။ မျှော်လင့်ထားသည့်အတိုင်းပင် အနိုင်ရရှိသူမှာ ဆန်းလျန်ပင်ဖြစ်လေသည်။ ကျန်းရှီစစ်၏ဓားမှာ ထက်ပိုင်းကျိုးနေပြီဖြစ်သလို ဆန်းလျန်၏ဓားမှာလည်း ထက်ပိုင်းကျိုးနေလေသည်။

သို့သော် ဓားကျိုးသော်လည်း ဓားသမားစိတ်ဓာတ်ကိုတော့ ချိုးနှိမ်၍ရမည်မဟုတ်ပေ။

ပြိုင်ဘက်ရန်သူကိုသာ အနိုင်ယူနိုင်မည်။ ပြိုင်ဘက်ရန်သူ၏ ဓားသမားစိတ်ဓာတ်ကိုတော့ အနိုင်ယူနိုင်မည်မဟုတ်ပေ။

ထိုသို့လည်းလုပ်ရန်မလိုအပ်ပါ။

ပျက်စီးသွားသည့်အရာအတွက် အသစ်တစ်ခုပြန်လည်ဖန်တီးရုံသာရှိလေသည်။

ကျန်းရှီစစ်တွင် ဓားသမားတစ်ယောက်၏ ပြင်းထန်သော စိတ်ဓာတ်ရှိလေသည်။

ကျန်းရှီစစ်မှာ နှင်းများပေါ်တွင် ဒူးထောက်ကျသွားလေသည်။ နှင်းများမှာ အရည်ပျော်နေကြသည်။ သို့သော် အရည်မပျော်သေးဘဲ ရေခဲကဲ့သို့မာကျောနေသည့် နှင်းခဲများလည်းရှိနေသေးသည်။

ရေခဲပြင်မှာ သံမဏိကဲ့သို့ပင် မာကျောနေလေသည်။

ကျန်းရှီစစ်မှာ သံမဏိပေါ်တွင်တွားသွားသည့်သိုင်းပညာမျိုးကို မလေ့ကျင့်ခဲ့ဘူးပါ။ သို့သော် သူ၏လက်နှစ်ဖက်လုံးမှာ ရေခဲထဲသို့နှစ်မြုပ်နေသည်အထိ ကုတ်ထားလေသည်။ ရေခဲပြင်ပေါ်တွင် သွေးကွက်များကို မြင်နိုင်လေသည်။ ထိုသွေးများမှာ ကျန်းရှီစစ်၏လက်များမှ ထွက်လာသည့်သွေးများဖြစ်လေသည်။

သူက ကျိုးနေပြီဖြစ်သည့်ဓားငုတ်တိုလေးကို လွှင့်ပစ်လိုက်ပြီး ကျန်းရှီစန်းကို တွဲခေါ်ကာ အနောက်သို့ ဆုတ်သွားလေတော့သည်။

သူ၏အင်္ကျီတွင် ဓားရာလေးတစ်ခုကျန်ခဲ့လေသည်။ နှလုံးသားနေရာတည့်တည့်တွင်ဖြစ်လေသည်။ အရာလေးမှာ တစ်လက်မခန့်ရှည်လေသည်။

"မင်းကဓားထုတ်လိုက်ပြီ ၊ ဒါပေမယ့် ကျုပ်ရဲ့ဓားကိုတော့ မင်းမမြင်ရသေးဘူး ၊ မင်းကျုပ်နဲ့ဆက်ပြီး တိုက်ခိုက်ချင်သေးလား"

ရွှေဓားဘုရင် သို့မဟုတ် အစိမ်းရောင်ဝတ်လူကိုယ်တိုင်ပင်လျှင် လက်ရှိ ဆန်းလျန်၏ အဆင့်အတန်းမြင့်မားလွန်းသော ဓားသိုင်းကိုမြင်လျှင် သတိလစ်မတတ်ဖြစ်သွားနိုင်ပေသည်။ ဆန်းလျန်နှင့်ယှဉ်လျှင် သူတို့ကိုယ်သူတို့ ယုံကြည်မှုမရှိ ဖြစ်သွားနိုင်လေသည်။

သို့သော် ရဲ့လျိုယွင်ကတော့ အကြောက်အလန့်တစ်စက်မှမရှိ ပေ။ အဘယ်ကြောင့်ဆိုသော် သူ၏ပြိုင်ဘက်မှာ အဘယ်မျှ လောက်ထိသိုင်းစွမ်းထက်သည်ကို သူနားလည်နေသောကြောင့် ဖြစ်လေသည်။ သို့သော် သူ၏ပြိုင်ဘက်ကတော့ ရဲ့လျိုယွ င်၏သိုင်းစွမ်းကို တစ်ဝက်မျှပင် ခန့်မှန်းမိမည်ဖြစ်လေသည်။ ပြိုင်ဘက်ရန်သူကို ကြောက်ရွံ့တုန်လှုပ်စေသည့်အချက်မှာ "မ သိမှု" ပင်ဖြစ်လေသည်။ ရဲ့လျိုယွင်၏ဓားမှာ မည်ကဲ့သို့သော အရာဆိုသည်ကို ယခုချိန်ထိ မသိရသေးပေ။

လျိုယွင်၏ဓားကို မြင်ဖူးသည့်သူတိုင်း အသက်မရှင်ကြပေ။

ယနေ့တွင်လည်း ခြွင်းချက်ရှိမည်မဟုတ်ပေ။

ဆန်းလျန်က ရဲ့လျိုယွင်ကိုစိုက်ကြည့်နေလေသည်။ သူ့ကို ကြည့်ရသည်မှာ အလွန်တည်ငြိမ်နေလေသည်။

သူ၏တည်ငြိမ်မှုမှာ လုပ်ယူထားခြင်းမဟုတ်။ နှလုံးသားထဲမှ လာသည့်တည်ငြိမ်မှုဖြစ်လေသည်။

"ကျုပ်မှာဓားတစ်လက်ပဲရှိတယ်လို့ မင်းထင်နေတာလား"
ဆန်းလျန်ကရယ်မောရင်းပြောလိုက်လေသည်။
သူက တစ်ဝက်ကျိုးနေသောဓားလေးကို ပစ်လွှတ်လိုက်သည်။
ရဲ့လျိုယွင်ဆီသို့ ပစ်လွှတ်လိုက်ခြင်းဖြစ်လေသည်။ ရဲ့လျှိုယွင်
က ထိုဓားကျိုးကို သူ၏လက်ညိုးနှင့်လက်ခလယ်ညှပ်ပြီးဖမ်း
လိုက်သည်။
ဆန်းလျန်က ဓားကျိုးလေးကို အားမပါဘဲ ပစ်လွှတ်လိုက်ခြင်း
ဖြစ်သောကြောင့် ရဲ့လျိုယွင်အနေဖြင့် မဖမ်းနိုင်စရာ
အကြောင်းမရှိပေ။
ရဲ့လျိုယွင်က ဓားကျိုးကို မြေပေါ်သို့ပစ်ချလိုက်သည်။ သူ့
အကြည့်ကတော့ ဆန်းလျန်ဆီမှ မခွာပေ။ အဘယ်ကြောင့်ဆို
သော် ဆန်းလျန်ဘက်မှ လက်ဦးမှုရယူသွားမည်ကို သူမ
လိုလားပေ။ သူသတိကြီးစွာထားရမည်ဖြစ်လေသည်။

သူဆန်းလျန်ဆီမှ အကြည့်မခွာရဲပေ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏စကားအရ ဆန်းလျန်တွင် ဓားတစ်လက်တည်းရှိသည်မဟုတ်။ သို့မဟုတ် ကျိုးသွားသည့်ဓားမှာ သူ၏တစ်ချောင်းတည်းသောဓားလည်း ဖြစ်နိုင်ပေသည်။

ဆန်းလျန်ထံတွင် မြင်တွေ့လိုက်ရသည်က ထူးဆန်းသည့်ဓားပျံလေးတစ်ချောင်းဖြစ်လေသည်။

နေဝင်သွားပြီဖြစ်ပြီး ကောင်းကင်တွင်ပုဇွန်ဆီရောင်တောက်ပနေသည်။ လမင်းက ကောင်းကင်ထက်တွင် နေရာယူစပြုနေပြီး အလင်းများကို ဖြန့်ဝေပေးနေလေသည်။

ရဲ့လျိုယွင်နှင့် ဆန်းလျန်မှာ တစ်ယောက်နှင့်တစ်ယောက် အတန်ကြာအောင် စိုက်ကြည့်နေကြလေသည်။ လေထုမှာ လေးလံနေပြီး ပတ်ဝန်းကျင်ရှိလူများမှာ အသက်ပင်မရှူရဲကြသလို စကားလည်းတစ်ခွန်းမှ မပြောရဲကြပေ။

ရဲ့လျိုယွင်က ဆန်းလျန်၏လက်ကိုကြည့်လိုက်သည်။ ထိုလက်ထဲတွင် ဓားပျံလေးတစ်ချောင်းကို ကိုင်ထားလေသည်။

ဆန်းလျန်သတိထားမိသည်ကတော့ ရဲ့လျိုယွင်၏ ဘယ်ဘက်အင်္ကျီလက်ဖြစ်လေသည်။

ထိုအချိန်မှာပင် လေနုအေးလေးကဖြတ်တိုက်လာသည်။ ဘယ်ဘက်အင်္ကျီလက်မှာ ညာဘက်အင်္ကျီလက်ထက် လေးလံနေသယောင် ထင်ရလေသည်။

"မင်းရဲ့ဓားဘယ်မှာလဲဆိုတာ ကျုပ်သိပြီ"

ဆန်းလျန်က ကိုယ့်ကိုကိုယ်ယုံကြည်မှုအပြည့်ဖြင့်ပြောလိုက်သည်။ ထိုသို့ယုံကြည်မှုရှိသည့်ပုံမှာ ရဲ့လျိုယွင်နှင့်တစ်ပုံစံတည်းဖြစ်နေလေသည်။

"အမှန်ပဲ"

ရဲ့လျိုယွင် မတတ်သာဘဲ ဝန်ခံလိုက်ရလေသည်။ ဆန်းလျန်၏အမြင်အာရုံစူးရှမှုကို အသိအမှတ်မပြုဘဲ မနေနိုင်ပေ။

ရဲ့လျိုယွင်၏ဓားသိုင်းမှာ အကျီလက်ထဲတွင် ဓားကိုထားပြီး တိုက်ခိုက်သည့် ဓားသိုင်းဖြစ်လေသည်။ လက်နက်ပုန်းပညာ မှာ အရံပညာမျှသာဖြစ်ပြီး ဓားသိုင်းကတော့ သူစွဲစွဲလန်းလန်း လေ့ကျင့်ခဲ့သည့်ပညာဖြစ်လေသည်။ ထိုဓားသိုင်းပညာမှာ မင် ကျန်းတောင်၏ အထင်ကရပညာရပ်တစ်ခုလည်းဖြစ်လေ သည်။

သူက ဓားသိုင်းပညာကို အသုံးပြုသည့်အပြင် ရွှေအပ် လက်နက်ပုန်းလေးများကိုလည်း အသုံးပြုလေသည်။

သူက ပိုင်ယွီဖေးလိုလူမျိုးကို "ဓားဖြင့်တိုက်ခိုက်ရန်မလို" ဟု တွေးမိသည့်အတွက်ကြောင့် ရွှေအပ်လေးများကို အသုံးပြုပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်လေသည်။ ဓားကိုသာအသုံးပြုခဲ့ပါက ပိုင် ယွီဖေး ယခုအချိန်ထိ အသက်ရှင်နိုင်မည်မဟုတ်ပေ။

"ကျုပ်ဘယ်အချိန်မှာ ဓားကိုသုံးမလဲဆိုတာ မင်းမမှန်းဆနိုင် ဘူးမလား"

ဆန်းလျန်ကကျေနပ်စွာပြုံးရင်းပြောလိုက်သည်။

"အမှန်ပဲ"

ရဲ့လျိုယွင်က အေးစက်စွာပြန်ဖြေလိုက်သည်။

"ဒါဆို မင်းရှုံးသွားပြီလို့ပြောလို့ရလား"

ဆန်းလျန်မျက်လုံးများမှာ တစ်လက်လက်တောက်ပနေလေ

သည်။ ကောင်းကင်ထက်ရှိကြယ်စင်များထက်ပင် လင်းလက်

နေသေးသည်။

"မရဘူး"

ရဲ့လျိုယွင်က ခပ်ဖြည်းဖြည်းပြန်ဖြေလိုက်သည်။

သူကဆန်းလျန်၏ဓားကိုမခန့်မှန်းနိုင်သလို ဆန်းလျန်ကလည်း

သူ၏ဓားကိုမခန့်မှန်းနိုင်ပါ။

ကျန်းရှီစစ်သည် သူတို့နှစ်ယောက်ကို စူးစိုက်ကြည့်နေလေ

သည်။ သူ့ကိုကြည့်ရသည်မှာ အလွန်အမင်းစိတ်လှုပ်ရှားနေပုံရ

လေသည်။

မည်သူမျှ ထိုသူနှစ်ယောက်ကို သူ့လောက်အသေးစိတ်ကျကျ နားမည်နိုင်မည်မဟုတ်ပါ။

ဆန်းလျန်ဓားကိုအသုံးမပြုသည်မှာကြာပြီဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ဝိညာဉ်စွမ်းအားမှာ ထိပ်ဆုံးအဆင့်သို့မရောက်သေးသလို ဓားကိုအသုံးပြုရန် အခွင့်အရေးကောင်းလည်း မကြုံသေးသောကြောင့် ဖြစ်လေသည်။

သို့သော် ယခုတော့ ဓားကိုအသုံးပြုရတော့မည်ဖြစ်လေသည်။ မဟုတ်လျှင် မည်သည့်အခါမျှ ဓားကိုအသုံးပြုနိုင်တော့မည် မဟုတ်ပေ။

စတင်တိုက်ခိုက်ရန်မှာ ဆန်းလျန်၏ဦးတည်ချက်အတိုင်းသာ ဖြစ်လေသည်။ သို့သော် စတင်တိုက်ခိုက်လိုက်သည်နှင့် ဆန်းလျန်ထိန်းချုပ်နိုင်ခြင်းရှိတော့မည်မဟုတ်ပေ။

ထို့ကြောင့်ဆန်းလျန်အနေဖြင့် အခွင့်ကောင်းကိုစောင့်ရန်လို အပ်လေသည်။

ဆန်းလျန်၏ဓားပျံလေးမှာ လက်နက်ပုန်းတစ်ခုမဟုတ်ပါ။ သူ၏ဝိညာဉ်ကို အထောက်အပံ့ပေးသည့်အရာလေးသာ ဖြစ်လေသည်။

သူပစ်လိုက်သည့်ပစ်မှတ်ကို လွဲချော်သွားခဲ့လျှင် သူ့တွင် နောက်ထပ်အခွင့်အရေးလုံးဝရနိုင်မည်မဟုတ်တော့ချေ။

"မင်းရှုံးတော့မယ်ဆိုတာ မင်းသိသင့်တယ် ၊ ဘာလို့လဲဆိုတော့ မင်းရဲ့အားနည်းချက်ကို ကျုပ်သိသွားလို့ပဲ"

ဆန်းလျန်က ပုံမှန်လေသံဖြင့်ပြောလိုက်လေသည်။

ထိုစကားကြောင့် ကျန်းရှီစစ်မှာ မိုးကြိုးပစ်ခံရသလိုဖြစ်သွားလေသည်။ သူက ရဲ့လျိုယွင်၏ အားနည်းချက်ကို ချက်ချင်းစဉ်းစားလိုက်သည်။

ရဲ့လျိုယွင်၏အားနည်းချက်မှာ ယုံကြည်မှုလွန်ကဲနေခြင်းဖြစ်လေသည်။ သူက ဆန်းလျန်၏ဓားပျံကိုလွတ်အောင်ရှောင်နိုင်လိမ့်မည်ဟုယုံကြည်ထားသလို သူ၏အင်္ကျီလက်ထဲမှဓားဖြင့်

လည်း ဆန်းလျန်ကိုအပြီးသတ် အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော် သူမသိသည့်အကြောင်းအရာတစ်ခုရှိလေသည်။ ထို အကြောင်းအရာမှာ ဆန်းလျန်မှာ အမှန်တကယ်ပင် ဓားပျံလေး တစ်ခုတည်းကိုသာ အားကိုးနေသည်လားဆိုသည့်အချက်ပင် ဖြစ်လေသည်။

ဆန်းလျန်သည် ပျံသန်းထွက်ခွာသွားလေသည်။

တည်းခိုရိပ်သာတံခါးဝရှိ ဝင်ပေါက်နေရာတွင် မီးပုံးများ ချိတ်ဆွဲထားလေသည်။

ဆန်းလျန်မှာ မီးပုံးများထိပ်တွင် ရပ်နေလေသည်။ လမင်းမှာ သူနှင့်အလွန်နီးကပ်နေသယောင်ထင်ရလေသည်။

ကောင်းကင်ထက်တွင်ဆန်းလျန်တစ်ယောက်ရှိနေပြီး မြေပြင် ထက်တွင်လည်း ဆန်းလျန်တစ်ယောက်ရှိနေလေသည်။

ဆန်းလျန်၏ဝိညာဉ်မှာ သူ၏ရုပ်ခန္ဓာမှထွက်ခွာပြီး လေထဲတွင် လွင့်မျောနေလေသည်။ လမ်းမတစ်လျှောက်လွင့်မျောနေလေသည်။ စစ်မြေပြင်တွင် "ပွဲသိမ်းတိုက်ခိုက်သည့်" အနေအထားမျိုးဖြစ်လေသည်။ ဆန်းလျန်၏လက်ထဲတွင် စစ်ဗျူဟာမြေပုံ ရှိနေပြီးသားဖြစ်လေသည်။

ဆန်းလျန်မှာ ဝိညာဉ်လွှင့်ခြင်းကျင့်စဉ်ကို ကျင့်ကြံထားလိမ့်မည်ဟု ရဲ့လျိုယွင် လုံးဝထင်မထားခဲ့မိပေ။ ရဲ့လျိုယွင်ပင်လျှင် "အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်" နှင့် "အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်" ချိတ်ဆက်မိသည့်အဆင့်အထိရောက်အောင် ကျင့်ကြံနိုင်ခြင်းမရှိသေးပေ။

ဝိညာဉ်လွှင့်ခြင်းကျင့်စဉ်မှာ "အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်" နှင့် "အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်" ချိတ်ဆက်မိသည့် အဆင့်ထက် ဆယ်ဆပိုပြီးခက်ခဲသော ကျင့်စဉ်ဖြစ်လေသည်။

ဆန်းလျှန်၏အသက်အရွယ်အရ သူ၏ဝိညာဉ်စွမ်းအားနှင့် အတွင်းအားမှာ ဤမျှအထိအဆင့်မြင့်နေခြင်းမှာ တကယ်ပင် အံ့သြတုန်လှုပ်ဖွယ်ရာဖြစ်လေသည်။ အခြားအရာများကို ပြော နေစရာပင်မလိုတော့ပေ။

မြို့တော်၏တောင်ဘက်တွင် လူမနေတော့သည့် တာအို ဝတ်ကျောင်းတော်ကြီးတစ်ခုရှိလေသည်။

ထိုကျောင်းတော်ထဲတွင် လင်ချုန်းရှောင်နေထိုင်လေသည်။

ယခုအချိန်တွင်တော့ လင်ချုန်းရှောင်မှာ ဆန်းလျှန်ကဲ့သို့ပင် လရောင်အောက်သို့ရောက်ရှိနေလေသည်။

သူ၏ဦးခေါင်းမှာပြောင်နေသောကြောင့် ဘုန်းကြီးတစ်ပါး ဟန်ဆောင်ထားသည့် တာအိုဆရာတစ်ပါးပုံပေါက်နေလေ သည်။

သူ့ရှေ့တွင်ရှိသည့်လူမှာ ဆံပင်အနည်းငယ်တိုတိုနှင့်ဖြစ်လေ သည်။ ထိုသူကတကယ့်ဘုန်းတော်ကြီးတစ်ပါးဖြစ်လေသည်။

"မင်းက သိပ်ပြီးပျင်းစရာကောင်းတာပဲ ကူဟော့။ မင်းက ကျုပ်နဲ့သိုင်းပြိုင်ဖို့ ပြန်လာတာမဟုတ်လား"

လင်ချုန်းရှောင်က သမ်းဝေလိုက်ရင်းပြောလိုက်သည်။

သူ့မျက်နှာတွင် အလွန်အမင်းအိပ်ချင်နေသည့်အရိပ်အယောင်များ ပေါ်ထွက်နေလေသည်။

"ကျုပ်အရမ်းကောင်းတဲ့ လက်ဝါးသိုင်းပညာတစ်မျိုးသယ်ယူခဲ့တယ်၊ အရမ်းကိုစိတ်လှုပ်ရှားနေတယ်၊ ဒါကြောင့်မို့လို့ ဒကာကြီးလင်ချုန်းရှောင်နဲ့ပြိုင်ချင်လို့ ရောက်လာရတာပဲ"

လင်ချုန်းရှောင်က ကူဟော့ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ပျင်းရိပျင်းတွဲဖြင့်ပြန်ပြောလိုက်သည်။

"မင်းကဘုရားသားတော်ပဲ၊ မင်းကိုကျုပ်ကသေအောင်သတ်လို့မှမရတာ"

"သေလည်းအေးတာပဲ ဒကာကြီးလင်ချုန်းရှောင်၊ နောက်ဘဝကျမှ နတ်ဘုရားတွေရဲ့ကျင့်စဉ်လမ်းလိုက်ပြီး နတ်ဘုရား

တစ်ပါးဖြစ်လာဖို့မျှော်လင့်နိုင်မယ် ၊ ဒါဆို ဘုန်းကြီးဝတ်နေ

စရာမလိုတော့ဘူး"

ကူဟွေ့က ဝမ်းသာအားရပြောလိုက်လေသည်။

"ဗုဒ္ဓဘာသာက အင်မတန်မှကျယ်ပြန့်နက်နဲတဲ့လမ်းပဲ ၊ လူတိုင်း

လည်းကျင့်ကြံနိုင်တယ် ၊ နတ်ဘုရားဖြစ်အောင် ကျင့်ကြံရတာ

က ဗုဒ္ဓဘာသာလောက်ဘယ်ကောင်းမှာလဲ"

လင်ချုန်းရှောင်က ပြောလိုက်လေသည်။

"ဒါဖြင့် မင်းကကျတော့ဘာလို့ ဘုန်းကြီးမဝတ်သလဲ"

"ကျုပ်က ကိုယ်လုပ်ချင်တာလုပ်တဲ့သူပဲ ၊ အဲဒါ မင်းနဲ့ဘာဆိုင်

လဲ"

လင်ချုန်းရှောင်က အပြစ်တင်လိုက်လေသည်။

လင်ချုန်းရှောင်မှာ စကားအားဖြင့်သာ နတ်ဘုရားကျင့်စဉ်

လမ်းကို နှိမ့်ချပြီးပြောလိုက်ရသော်လည်း သူ၏ရည်မှန်းချက်

မှာ နတ်ဘုရားတစ်ပါးဖြစ်လာအောင် ကျင့်ကြံနိုင်ဖို့ပင်ဖြစ်လေ

သည်။

သို့သော် သူကကံမကောင်းခဲ့ပါ။ ဗုဒ္ဓ၏လမ်းစဉ်သို့လိုက်မည်

ဆိုပါက လူတိုင်းတရားရနိုင်သော်လည်း တကယ်တမ်း တရား

ရရန်မှာတော့ လွန်စွာမှခက်ခဲသည့်အလုပ်ဖြစ်လေသည်။

ထို့ပြင် တရားရသည်ဆိုရာ၌လည်း ချက်ချင်းတရားရသွား

နိုင်သည်မဟုတ်ပေ။ နိဗ္ဗာန်ရောက်သည်အထိကျင့်ကြံ

အားထုတ်နိုင်သူမှာ လွန်စွာမှရှားပါးလွန်းလှပေသည်။

သို့သော် နတ်ဘုရားလမ်းစဉ်လိုက်သူများမှာလည်း

အနည်းငယ်သာ ကျင့်ကြံအောင်မြင်ကြသော်လည်း နိဗ္ဗာန်

ရောက်ကြောင်းတရားကို ကျင့်ကြံပေါက်ရောက်သွားသူ

အရေအတွက်ထက်တော့ ပိုပြီးများလေသည်။

ဗုဒ္ဓဘာသာမှာ ကျမ်းစာအုပ်များဖတ်ခြင်းထက် နားလည်

သဘောပေါက်အောင် ကျင့်ကြံအားထုတ်ရသည့်လမ်းစဉ်ဖြစ်

လေသည်။ နတ်ဘုရားများထံတပည့်ခံရခြင်းထက် ပိုပြီး

အရည်အချင်းရှိရန် လိုအပ်လေသည်။

ဉာဏ်ပညာအရင်းခံမရှိဘဲ ၊ အသိဉာဏ်နှံ့နဲ့သည့်သူဖြစ်နေပါက

တရားရပြီး နိဗ္ဗာန်သို့ဝင်ရန် မဖြစ်နိုင်ပေ။

အခန်း (၄၃)

ရှူယိအသွင်ပြောင်းသိုင်းပညာ

ပတ်ဝန်းကျင်တစ်ခုလုံးတွင် ဖုန်မှုန့်များပလူပျံသွားလေသည်။ လင်ချုန်းရှောင်၏ဦးခေါင်းပြောင်ပြောင်မှာ ဖုန်မှုန့်များကြောင့် မိုးခိုးရောင်ပြောင်းသွားလေသည်။ ဖုန်မှုန့်များကြားမှ လင်ချုန်းရှောင်ကထွက်လာပြီး...

"မင်းဘာသိုင်းပညာသုံးလိုက်တာလဲ ၊ ကျုပ်ရှောင်ချိန်တောင်မရလိုက်ဘူး"

လင်ချုန်းရှောင် ကျိန်ဆဲလိုက်လေသည်။

"ရှူယိအသွင်းပြောင်းသိုင်းကွ ၊ ကျုပ်စိတ်ထဲရှိတဲ့အတိုင်းလုပ်လို့ရတယ် ၊ ကျုပ်ဘုန်းကြီးတော့ ကံကောင်းတာပဲ ၊ ဘယ်သူက ရှူယိအသွင်ပြောင်းသိုင်းကို ခုခံနိုင်မှာလဲ"

ကူပော့က ဝမ်းသာအားရလေသံဖြင့်ပြောလိုက်လေသည်။

ဗုဒ္ဓဘာသာတွင် ထူးဆန်းသည့်စွမ်းအားငါးမျိုးရှိလေသည်။ တရားထိုင်ခြင်းဖြင့် စိတ်ထဲကတွေးထင်သည့်အတိုင်း လက်တွေ့တွင်ဖြစ်ပေါ်လာခြင်းဖြစ်လေသည်။ မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင်အစွမ်းထက်လေသည်။ ရှုယိအသွင်ပြောင်းပညာမှာ ထိုစွမ်းအားငါးမျိုးထဲမှ တစ်ခုဖြစ်လေသည်။ ကူပေ့ဟွမှာ ဆယ်နှစ်ကြာမျှ ကျင့်ကြံအားထုတ်ပြီးမှ အစပိုင်းလေးမျှကိုသာ နားလည်သဘောပေါက်ခြင်းရှိသေးသည်။ သူ၏အစွမ်းကိုအသုံးချပြီး လက်ကလေးတစ်ချက်လှုပ်ရှားရုံမျှနှင့်ပင် လင်ချုန်းရှောင်ကို ဒုက္ခကောင်းကောင်းပေးလိုက်ခြင်းဖြစ်လေသည်။

"မင်းအသက်အရွယ်နဲ့ ဒီလိုပညာမျိုးနဲ့ကြုံခွင့်ရတာ ဂုဏ်ယူသင့်တယ်၊ ကျုပ်တပည့်တွေကိုလည်း ဒီပညာသင်ပေးထားတယ် ၊ နောက်တစ်နှစ်နှစ်နှစ်ဆိုရင် ကျုပ်တပည့်တွေတောင် မင်းကိုကောင်းကောင်းယှဉ်ပြိုင်နိုင်ပြီ"

ကူဟော့၏ စကားကြီးစကားကျယ်များကြောင့် လင်ချုန်းရှောင်မှာ ဒေါသထွက်ပြီး အကြီးအကျယ်မကျေမနပ် ဖြစ်နေလေတော့သည်။

"ဒီလောက်ကျယ်ပြောတဲ့လောကကြီးမှာ နတ်ဘုရားကျင့်စဉ်တွေနဲ့ ကျမ်းစာအုပ်တွေက နတ်ဘုရားတွေ ရွေးခြယ်ထားတဲ့တပည့်တွေပဲသင်ခွင့်ရတာ ၊ လူအများစုကတော့ သိုင်းပညာပဲလေ့ကျင့်ကြတာ ၊ နတ်ဘုရားဖြစ်လာဖို့ဆိုတာက လွယ်တာမှတ်လို့ ၊ ဒါပေမယ့် သိုင်းပညာမှာတော့ ပြိုင်ဘက်ကင်းအဆင့်ရောက်အောင်လေ့ကျင့်နိုင်တာပဲလေ၊ ပြီးတော့ ဟို မင်ကျန်းတောင်က ရဲ့လျိုယွင်ဆိုတာရှိသေးတယ် ၊ အဲဒီသိုင်းလောကက နောက်ပေါက်လေးတွေ ကျုပ်ကို နိုင်မှာမဟုတ်ပါဘူး ၊ မဟုတ်လို့ကတော့ သူတို့လည်း သဲမုန်တိုင်းနဲ့တွေ့သွားမယ်"

ကူဟော့က သိမ်မွေ့သည့်လေသံဖြင့်ပြောလိုက်လေသည်။

စကားဆုံးသွားသည်နှင့် သူကလင်ချူန်းရှောင်၏ ဖုန်များသဲ

များဖြင့် ပေတူးနေသည့်ပုံကိုကြည့်ကာ မရယ်ဘဲမနေနိုင်

အောင် ဖြစ်သွားရလေသည်။

လင်ချူန်းရှောင်မှာ ဒေါသထွက်နေလေသည်။ သူက ကူ

ဟွေ့၏ရင်ပတ်နေရာဆီသို့ လက်ချောင်းများဖြင့်ထောက်ကာ

တိုက်ခိုက်လိုက်သည်။ သူ၏တိုက်ခိုက်မှုကို ကူဟွေ့က အသာ

လေးရှောင်ထွက်သွားလေသည်။

ကူဟွေ့လုပ်သလိုလုပ်နိုင်သည့်သူ သိပ်မရှိလှပေ။ ပြိုင်ဘက်

ကတိုက်ခိုက်ပြီးမှ ရှောင်ထွက်သွားသည့်သိုင်းကွက်ဖြစ်လေ

သည်။ ပြိုင်ဘက်ကတိုက်ခိုက်လိုက်သည့်အချိန်နှင့် ရှောင်

ထွက်လိုက်သည့်အချိန်မှာ စက္ကန့်ပိုင်းမျှသာကွာလေသည်။

သို့သော် ကူဟွေ့မှာလည်း လွယ်လွယ်ကူကူနှင့်ရှောင်ထွက်

လိုက်နိုင်ခြင်းမဟုတ်ပါ။ သူ၏နဖူးတွင် ချွေးသီးချွေးပေါက်

များကျနေလေသည်။

လင်ချုန်းရှောင်မှာ "ကျားဖြူကိုယဉ်ပါးအောင်လုပ်သည့်အဆင့်" ထိ ကျင့်စဉ်အောင်မြင်ထားသူဖြစ်သည့်အတွက်ကြောင့် သူ၏သိုင်းအားမှာအလွန်ပြင်းထန်လေသည်။ ထို့ပြင် သူ၏အတွင်းအားများမှာ အမြဲတမ်းစီးဆင်းနေပြီး သူသာ အပြင်းအထန်တိုက်ခိုက်မည်ဆိုလျှင် ပြိုင်ဘက်ရန်သူကို ကျိန်းသေအနိုင်ရမည်ဖြစ်လေသည်။

"ဒီနေ့တော့ဒီလောက်ပဲ ၊ ပျင်းစရာကောင်းလာပြီ ၊ တကယ်တော့ မင်ကျန်းတောင်က ရဲ့လျိုယွင်ဆိုတာ တကယ့်ပါရမီရှင်လေးပါပဲ ၊ ဒါပေမယ့် ကျုပ်သိတဲ့ကောင်လေးတစ်ယောက်က ပိုတော်တယ်"

လင်ချုန်းရှောင်ကပြောလိုက်လေသည်။

လင်ချုန်းရှောင်မှာ တကယ်ပင်ပျင်းရိနေခြင်းဖြစ်လေသည်။ သူ၏အသက်အရွယ်အရ သူလုပ်ချင်သည့်အရာများကိုသာ လုပ်ချင်သည့်ဆန္ဒရှိလေသည်။ သူမရနိုင်သေးသည့်အရာများ

ကို ရအောင်ကြိုးစားကြည့်ချင်သည်။ ထိုအရာများကို ရချင်မှ လည်းရမည်ဖြစ်လေသည်။

“ဒကာကြီးလင်ချုန်းရှောင် ၊ မင်းဘယ်သူ့ကိုပြောနေတာလဲ ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျုပ်တို့ ရဲ့လျိုယွင်အရွယ်ကဆို ရင် ရဲ့လျိုယွင်လောက် မတော်တာတော့အမှန်ပဲလေ”

ကူဟော့က သိချင်စိတ်ပြင်းပြစွာဖြင့်မေးလိုက်သည်။

လင်ချုန်းရှောင်မှာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်လေ သည်။ နတ်ဘုရားကျင့်စဉ်လမ်းသို့တက်ရောက်နိုင်ခြင်းမရှိ သည်မှာ ပါရမီမရှိခြင်းနှင့် အခွင့်အရေးမရခြင်းကြောင့်သာ ဖြစ်လေသည်။ မဟုတ်လျှင် ယခုအချိန်တွင် လင်ချုန်းရှောင် မှာ နတ်ဘုရားတစ်ပါး ဖြစ်နေလောက်ပြီဖြစ်သည်။

မည်မျှပင်ဉာဏ်ရည်ထက်မြက်သည့်သူတစ်ယောက်ဖြစ်ပါစေ ကျိုးကြောင်းမညီညွတ်ပါက နတ်ဘုရားလမ်းစဉ်သို့လိုက်ရန်မှာ မဖြစ်နိုင်ပေ။ကျင့်စဉ်နည်းလမ်းများကိုနားမလည်ဘဲ နတ်

ဘုရားလမ်းစဉ်သို့လိုက်ပါကလည်း ပြဿနာများစွာကိုအဖြေ ရှာရင်းနှင့်ပင် တဖြည်းဖြည်းနှင့်အချိန်ကုန်ကာ သေဆုံးသွားရ မည်ဖြစ်လေသည်။ ကျင့်စဉ်နည်းလမ်းများကို ရှေးဟောင်း စာအုပ်များတွင် ရှာဖွေတွေ့ရှိနိုင်လေသည်။ သို့သော် တကယ် ကျင့်ကြံမည်ဆိုလျှင်တော့ လေထဲတိုက်အိမ်ဆောက်သလိုဖြစ် နေပေလိမ့်မည်။ အတွေ့အကြုံနှင့် အခြေခံကောင်းမရှိဘဲ မည်သူမျှ တာအိုကျင့်စဉ်ကိုကျင့်ကြံနိုင်မည်မဟုတ်ပေ။

"သူ့နာမည်ကဆန်းလျန်လို့ခေါ်တယ်၊ သူကကျင့်စဉ်လမ်းနဲ့ ပတ်သက်ပြီးပါရမီရှိတဲ့သူတစ်ယောက်ပဲ၊ ခုဆိုရင် နတ်ဘုရား ကျင့်စဉ်လမ်းကိုလိုက်ဖို့အတွက် နည်းလမ်းတောင်ရှာတွေ့နေ လောက်ပြီ"

လင်ချုန်းရှောင်က ပြောလိုက်လေသည်။ လွန်ခဲ့သည့်အချိန် များတုန်းက သူက ဆန်းလျန်ကို ချင်းရွှမ်လမ်းစဉ်အကြောင်း ကို ပြောမပြဖို့ဆုံးဖြတ်ထားခဲ့သည်။

ပါရမီရှင်အစစ်အမှန်ဆိုသည်က လူတစ်သန်းတွင် တစ်ယောက် လောက်သာရှိလေသည်။ လူပေါင်းများစွာနေထိုင်သည့် လောကကြီးတွင် ပါရမီရှင်တစ်ယောက်၏အယူအဆများ ကတော့ တမူထူးခြားဆန်းသစ်နေမည်ဖြစ်လေသည်။ သို့သော် အတွင်းအားကိုလေ့ကျင့်ရန်ပင် အခွင့်အရေးမရခဲ့ကြ သည့် ပါရမီရှင်များလည်းရှိလေသည်။ ဘဝတစ်လျှောက်လုံး သူတို့၏အရည်အချင်းများကို မတွေ့ရှိနိုင်သည့်အခြေအနေ များလည်းရှိလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ပါရမီရှင်ဖြစ်ခြင်းသာမက ကံ တရားမှာလည်း အရေးပါသောအချက်ဖြစ်လေသည်။

"မင်းပြောသလိုသာ သူကတကယ်အရည်အချင်းရှိတဲ့သူတစ် ယောက်ဆိုရင် ၊ မင်းသူ့ကိုတစ်ချက်လေးတောင်မကူညီတာ တော်တော်ရက်စက်ရာရောက်တာပဲ"

ကူဟော္ဂကသက်ပြင်းချရင်းပြောလိုက်လေသည်။

“သူနဲ့ဘာမှပတ်သက်စရာမှမရှိတာ ၊ ကျုပ်စိတ်ရောကိုယ်ရော နှစ်ပြီး ကူညီတော့ရော ဘာများကောင်းတာရှိမှာမို့လို့လဲ ၊ ကျုပ်ဆရာနဲ့ ညီလေးကိုပဲကြည့်လေ ၊ ကျုပ်ကတာဝန်ကျေကျေနဲ့သူ့ကို သိုင်းပညာသင်ပေးခဲ့တယ် ၊ ခုတော့ သူဘယ်လို အဆုံးသတ်သွားရလဲ ၊ ကျုပ်လက်နဲ့သူ့ကိုသတ်လိုက်ရတယ်”

လင်ချုန်းရှောင်က အေးစက်စွာပြောလိုက်လေသည်။

“မဟုတ်ဘူး ၊ မင်းကကျုပ်ကိုစိတ်ဝင်စားအောင်လုပ်လိုက်ပြီ ၊ ကျုပ်သူ့ကိုသွားတွေ့ပြီး ဘယ်လိုပုံစံလဲဆိုတာကြည့်ရမယ်”

ကူဟော့မှာ သိချင်စိတ်ကိုထိန်းချုပ်၍မရဖြစ်နေလေသည်။ ကူဟော့မှာ လင်ချုန်းရှောင်နှင့်မတူပေ။ သူကလင်ချုန်းရှောင်ကဲ့သို့ ဂိုဏ်းတွင်းပြဿနာများနှင့် ဝမ်းနည်းကြေကွဲစရာဖြစ်ရပ်များကိုရင်ဆိုင်ခဲ့ရသူမဟုတ်ပေ။ လင်ချုန်းရှောင်ပြောသလို ဆန်းလျန်မှာ တကယ်အရည်အချင်းရှိသူဖြစ်ပါက သူ့

တွင်လည်းဆရာမရှိသေးဘူးဆိုလျှင် သူ၏ပညာများကိုအမွေ
ပေးချင်မိလေသည်။

ဗုဒ္ဓဘာသာက သံသရာလည်ခြင်းကိုယုံကြည်လေသည်။
ထို့ကြောင့် ကူဝေ့မှာလည်း သံသရာလည်ခြင်းနှင့်ကံ
ကံ၏အကျိုးကို ယုံကြည်သူတစ်ယောက်ဖြစ်လေသည်။ ဆန်း
လျန်သာ တာအိုကျင့်စဉ်ကျင့်ကြံမှုအောင်မြင်သွားလျှင် သူ့ကို
လည်း ဆရာတပည့်သံယောဇဉ်ဖြင့် သံသရာစက်ဝန်းမှ ကယ်
ထုတ်သွားနိုင်မည်ဖြစ်လေသည်။

လင်ချုန်းရှောင် မဟုတ်တန်းတရားလျှောက်ပြောခြင်းဖြစ်လျှင်
တောင်မှ သွားရောက်လည်ပတ်ကြည့်ရုံဖြင့် သူ့အတွက်အရှုံးမ
ရှိနိုင်ပေ။

ကူဟွေ့မှာ သာမန်ဘုန်းတော်ကြီးတစ်ပါးမဟုတ်ပေ။ ဘုရင့်
နန်းတော်မှ ဘုရင့်နန်းတော်၏မင်းဆရာဖြစ်သောကြောင့်
“ဆန်းလျန်” ဆိုသည့်နာမည်တစ်လုံးတည်းကိုသာသိထားသည့်

တိုင်ဆန်းလျန်အကြောင်းစုံစမ်းရန်မှာ ခက်ခဲသည့်ကိစ္စတော့

မဟုတ်ပေ။

မိုင်ပေါင်းခြောက်ဆယ်အကွာအဝေးမှ ဘုန်းတော်ကြီးတစ်ပါး

မှာ ဆန်းလျန်ကိုစိတ်ဝင်စားနေပြီဖြစ်သည်ကို ဆန်းလျန်

ကတော့မသိရှာပေ။ သူ၏ဝိညာဉ်မှာ လောကကြီးတစ်ခုလုံးကို

ဂရုမစိုက်ဘဲ ကောင်းကင်ထက်တွင် စီးမျောနေလေသည်။

သူကနတ်ဘုရားတစ်ပါးကဲ့သို့ကောင်းကင်ထက်မှဆင်းသက်

လာလေသည်။

ရဲ့လျိုယွင်မှာ ကောင်းကင်ထက်တွင် လရောင်နှင့်အတူ စီးမျော

နေသည့် ဆန်းလျန်၏ဝိညာဉ်ကို ပီပီပြင်ပြင်မမြင်ရပါ။

ရဲ့လျိုယွင်၏ အင်္ကျီလက်ထဲမှဓားမှာ လှစ်ခနဲထွက်လာလေ

သည်။ အင်္ကျီထဲမှ အဖြူရောင်ဓားရိပ်ထွက်လာပြီး မြွေတစ်

ကောင်ကဲ့သို့ လှည့်ပတ်နေလေသည်။ လေထဲတွင် ဓား၏အရိပ်

မှာ မည်သည့်နေရာမှထွက်လာမှန်းမသိရပေ။

အတွင်းအားအလွန်အဆင့်မြင့်သည့် အဆင့်လွန်သိုင်းသမား တစ်ယောက်မှသာလျှင် "နဂါးဖမ်းကြိုးကြာလမ်း" ဓားသိုင်းကို အသုံးပြုနိုင်မည်ဖြစ်လေသည်။ ဓားကိုလက်ဖြင့်ထိတွေ့ ကိုင်တွယ်ခြင်းမရှိဘဲ အတွင်းအားဖြင့် လိုသလိုထိန်းချုပ်သည့် သိုင်းပညာဖြစ်လေသည်။

အဖြူရောင်အလင်းတန်းမှာ ဆန်းလျန်၏ဝိညာဉ်အနားမှ ဖြတ်ကျော်သွားလေသည်။

ဓားကမည်သည့်အကွာအဝေးသို့သွားပါစေ ခန္ဓာကိုယ်အတွင်းရှိ ထိုက်ပိုင်ကန်းကျင်းအတွင်းအားဖြင့် ထိန်းချုပ်ထားခြင်းဖြစ်လေသည်။ နတ်ဘုရားများ၏ဓားသိုင်းပညာကဲ့သို့ဖြစ်လေသည်။

ဤကဲ့သို့သောသိုင်းပညာမှာ လျှို့ဝှက်သိုင်းပညာဖြစ်လေသည်။ သာမန်လူများသင်ယူနိုင်ခြင်းမရှိပေ။ အကယ်၍ သာမန်လူတစ်ယောက်လေ့ကျင့်မည်ဆိုပါကလည်း အတွင်း

အားမလုံလောက်မှုကြောင့် အတွင်းဒဏ်ရရှိနိုင်သည့်

အနေအထားတွင်ရှိလေသည်။

“သခင်လေး သတိထား”

ကျန်းရှီစစ်ကအော်ဟစ်သတိပေးလိုက်သည်။

ဆန်းလျန်၏ဝိညာဉ်မှာ အစိမ်းရောင်အခိုးအငွေ့များအဖြစ်သို့

ပြောင်းလဲသွားသလို အဖြူရောင်ဓားရိပ်မှာလည်း လွှဲချော်သွား

လေသည်။ အဖြူရောင်ဓားရိပ်မှာ လျိုယွင်၏အတွင်းအားနှင့်

ပြန်လည်ချိတ်ဆက်၍မရတော့ပေ။

အစိမ်းရောင်အခိုးအငွေ့များမှာ လေထဲတွင်မြားတစ်စင်းကဲ့သို့

ဖြစ်သွားပြီး ရဲ့လျိုယွင်၏မျက်ခုံးနှစ်ခုကြား အလည်တည့်

တည့်သို့ တိုက်ခိုက်လိုက်လေတော့သည်။

ရဲ့လျိုယွင်မှာ လောကကြီးတစ်ခုလုံးချာချာလည်သွားသလို

ခံစားလိုက်ရပြီး တဖြည်းဖြည်းသတိလစ်သွားလေတော့သည်။

ရုတ်တရက် ရဲ့လျိုယွင်ကိုယ်တွင်းမှ အနီရောင်အလင်းတန်း
တစ်ခုထွက်ပေါ်လာလေသည်။အနီရောင်အလင်းတန်းအလယ်
တွင် ရှေးဟောင်းစာလုံးတစ်လုံးပေါ်လာလေသည်။ ဆန်းလျ
န်၏အစိမ်းရောင်ဝိညာဉ်အခိုးအငွေ့များမှာ တွန်းထုတ်ခံလိုက်ရ
ပြီး ဆန်းလျန်၏ဝိညာဉ်မှာ သူ၏ခန္ဓာကိုယ်ထဲသို့ပြန်လည်
ရောက်ရှိသွားလေတော့သည်။

ဆန်းလျန် သူ၏မျက်လုံးများကိုဖွင့်ကြည့်လိုက်သည်။ သူ့တွင်
မည်သည့်ဒဏ်ရာမှ ရရှိထားခြင်းမရှိပေ။ သို့သော် ရဲ့လျိုယွင်
မှာတော့ သတိလစ်နေပြီဖြစ်လေသည်။

ဆန်းလျန်မှာ သူ၏ဝိညာဉ်စွမ်းအားကိုအသုံးပြုကာ မည်သူ့ကို
မျှနာကျင်အောင်လုပ်ရန်ရည်ရွယ်ထားခြင်းမရှိပါ။ သို့သော် ရဲ့
လျိုယွင်မှာ စွမ်းအားထက်မြက်သူတစ်ယောက်ဖြစ်နေ
သည့်အတွက် မဖြစ်မနေတိုက်ခိုက်လိုက်ရခြင်းသာ ဖြစ်လေ
သည်။

ဤသို့တိုက်ခိုက်ခြင်းက သူတို့နှစ်ယောက်လုံး ဒဏ်ရာရနိုင်လေသည်။ သို့သော် ရဲ့လျိုယွင်ကတော့ ပိုပြီးအခြေအနေဆိုးသွားနိုင်လေသည်။

ဆန်းလျန်က ရဲ့လျိုယွင်ကို ဒဏ်ရာရစေရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခဲ့ခြင်းမဟုတ်ပါ။ ရဲ့လျိုယွင်မှာ စိတ်စွမ်းအားကြီးမားပြီး အတွေးအမြင်နှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်များ ပွင့်နေသည့်လူငယ်တစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်၏တိုက်ခိုက်မှုကြောင့် ရဲ့လျိုယွင် မည်သည့်အတိုင်းအတာအထိ အခြေအနေဆိုးသွားနိုင်သည်ကို ဆန်းလျန်လည်း သေချာမသိပေ။

ဝူထုန်နတ်မိစ္ဆာများမှာလည်း ဝိညာဉ်စွမ်းအားကြီးမားသူများဖြစ်လေသည်။ သို့သော် သူတို့၏ ဝိညာဉ်စွမ်းအားက စနစ်တကျမရှိပေ။

ရဲ့လျိုယွင်၏ဝိညာဉ်ကတော့ အခြားသူများထက်ပိုပြီး ဝိညာဉ်စွမ်အားကြီးမားလေသည်။ သူ၏အတွေးစိတ်ကူးများက ဖျက်စီး၍မရနိုင်လောက်အောင် ခိုင်မာခြင်းရှိလေသည်။

ရဲ့လျိုယွင်၏ဝိညာဉ်စွမ်းအားမှာ ဝူထုန်နတ်မိစ္ဆာများထက် များစွာမြင့်မားလေသည်။

အနီးရောင်အလင်းတန်းမှာ ဝိညာဉ်ကို တိုက်ရိုက်တိုက်ခိုက်ခံရမှုမှ ကာကွယ်ပေးထားလေသည်။ အလွန်ပင်အံ့သြစရာကောင်းသော ပညာရပ်တစ်ခုဖြင့် စီရင်ထားခြင်းဖြစ်လေသည်။ မည်သူ့ထံမှပညာလည်းဆိုသည်မှာ သိရန်ခက်ခဲလေသည်။

“ကောင်လေး ၊ မင်းကစိတ်ဝိညာဉ်ငြိမ်းအေးခြင်းအဆင့်မှာနတ်ဘုရားတွေလို နောက်ဆုံးအဆင့်ထိမရောက်သေးဘဲနဲ့ လူတစ်ဖက်သားကို ဝိညာဉ်စွမ်းအားနဲ့ ဒီလိုမထီမဲ့မြင်ပြုရဲသလား ၊ မင်းက သူ့ရဲ့စိတ်ဝိညာဉ်ကိုတိုက်ခိုက်တဲ့အပြင် သူ့ရဲ့ဝိညာဉ်

ကိုလည်း တိုက်ရိုက်တိုက်ခိုက်ဖို့ ကြိုးစားသေးတယ် ၊ မင်းသေ
သွားချင်လို့လား”

အနီရောင်အလင်းတန်းမှာ ရဲ့လျိုယွင်၏ကိုယ်ပေါ်မှလှုပ်ရှား
သွားပြီး ဆန်းလျန်၏နားထဲတွင် ထိုစကားသံကို ကြားလိုက်ရ
လေသည်။

အခန်း (၄၄)

နှလုံးသားဖြင့်အသက်ရှင်နေထိုင်ပါ

"မင်းကဘယ်သူလဲ"

"ကျုပ်က ကျုပ်ရဲ့သမီးကိုလွှတ်ပြီး မင်းကိုဖိတ်ခိုင်းလိုက်တဲ့သူ ပဲ ၊ ဆယ့်ငါးရက်နေ့မှာပြန်ဆုံကြတာပေါ့"

အနီရောင်အလင်းတန်းမှာ တစ်ချက်လှုပ်ရှားသွားပြီး ရဲ့လျိုယွင်၏ခန္ဓာကိုယ်ကိုဖောက်ထွက်သွားလေသည်။ ထို့နောက် ပန်းချီကားလိပ်တစ်ခုကဲ့သို့ ကောင်းကင်ပေါ်သို့ပျံတက်သွားကာ တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

အနီရောင်အလင်းတန်းဆီမှ စကားသံကို ဆန်းလျန် တစ်ယောက်တည်းသာ ကြားလိုက်ရခြင်းဖြစ်လေသည်။

ကျန်းရှီစန်းနှင့် ကျန်းရှီစစ်တို့မှာ ရဲ့လျိုယွင်၏ဘေးသို့ ချက်ချင်းရောက်လာကြပြီး လရောင်ကဖောက်ထွင်းနိုင် လောက်အောင် ကြည်လင်နေသည့် ရွှေရောင်ဆေးလုံးလေး တစ်ခုကို ရဲ့လျိုယွင်၏ပါးစပ်ထဲသို့ ထည့်လိုက်ကြလေသည်။

ရဲ့လျိုယွင် တဖြည်းဖြည်းသတိရလာလေသည်။ သူ၏ဝိညာဉ်

တစ်ခုလုံးမှာတုန်ခါနေပြီး ထိုသို့တုန်ခါသွားခြင်းကြောင့်ပင်

သတိလစ်သွားရခြင်းဖြစ်လေသည်။ သူသတိရလာသည်မှာ

ဆေးသောက်လိုက်သည့်အတွက် သတိရလာခြင်းမဟုတ်

ကြောင်းကိုလည်း ရဲ့လျိုယွင် ကောင်းကောင်းသိလိုက်လေ

သည်။

“ငါ့ဘာမှမဖြစ်ဘူး ၊ မင်းတို့နှစ်ယောက်စိတ်မပူကြနဲ့”

ထို့နောက် သူ၏ရင်ပတ်ကို လက်ဖြင့်ထိကြည့်ရင်း

သူ၏မျက်နှာအမူအရာပြောင်းလဲသွားလေသည်။ ကျန်းရှီစန်း

က သူ၏နားနားသို့ကပ်ကာ တစ်စုံတစ်ခုပြောကြားလိုက်လေ

သည်။

ထိုအခါမှ ရဲ့လျိုယွင်မှ စိတ်သက်သာရာရသည့်ပုံဖြစ်သွားပြီး

ခပ်ဖြည်းဖြည်းပြောလိုက်လေသည်။

“မင်းတကယ်ပဲတော်ပါတယ် ဆန်းသခင်လေး ၊ ကျုပ်တကယ်ပဲမင်းကိုလေးစားပါတယ်”

“အစ်ကိုရဲ့ မင်း ပိုင်ယွိဖေးကိစ္စနဲ့ ဝါးရှကျစိမ်းဂိုဏ်းကိစ္စကို ကျေအေးပေးမှာလား”

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

“ဒါမြင့် မင်းနဲ့ကျုပ်ရဲ့ကိစ္စကရော…”

“မင်းကြိုက်တဲ့အချိန်ခေါ်လိုက်ပါ”

“နောက်နှစ်နွေဦးရာသီရောက်ရင် မင်းကို မင်ကျန်းတောင်ထိပ်မှာစောင့်နေမယ်”

ရဲ့လျိုယွင်ကပြောလိုက်လေသည်။

ထို့နောက် သူက ဘီးတပ်ကုလားထိုင်ဘေးရှိလက်ကိုင်ကိုကိုင်လိုက်လေသည်။ ဘီးတပ်ကုလားထိုင်မှာ တုန်ခါသွားပြီး မြေပြင်မှ ဝေါယဉ်ထဲသို့ပျံသန်းဝင်ရောက်သွားလေသည်။

ကျန်းရှီစန်းနှင့် ကျန်းရှီစစ်တို့မှာ ဝေါယဉ်ကိုထမ်းလိုက်ပြီး ည

အမှောင်ထဲသို့တိုးဝင်ပျောက်ကွယ်သွားကြလေတော့သည်။

"သခင်လေး ၊ မင်ကျန်းတောင်ကိုသွားတယ်ဆိုတာ မြွေပွေး

သိုက်ထဲတိုးဝင်သလိုပဲ ၊ ဘာလို့သူပြောတာကို သဘောတူ

လိုက်ရတာလဲ"

ပိုင်ယွိဖေးက ချက်ချင်းပင်မေးလိုက်လေသည်။

"ငါသာဆိုရင်တော့ ဒီလိုမောက်မာတဲ့အကောင်ကို ဒီအတိုင်း

လွှတ်မပေးလိုက်ဘူး"

အန်းရန်ကျယ်က စိတ်ဆိုးမာန်ဆိုးဖြင့်ပြောလိုက်လေသည်။

"နွေဦးရာသီဆိုတာ မင်ကျန်းတောင်ကိုသွားဖို့အချိန်ကောင်းပဲ ၊

ရှုခင်းတွေကလည်းလှပတယ် ၊ ဘာမှအန္တရာယ်ရှိမှာ မဟုတ်ပါ

ဘူးလေ"

ဆန်းလျန်က ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း ပြုံးလိုက်မိလေ

သည်။

သိုင်းလောကတွင် ချစ်ခြင်းမုန်းခြင်းဆိုသည်မှာ အိပ်မက်လိုပင် ဖြစ်သည်။ "မင်းကငါ့ကိုသတ်တဲ့အတွက် ငါကမင်းကို ပြန်သတ်မယ်" ဟု အဆုံးမသတ်နိုင်သော ရန်ကြွေးသံသရာလည် နေရသည့် လောကဖြစ်လေသည်။

ထိုအရာများကို ဆန်းလျန်က စိတ်မဝင်စားပါ။ လူသတ်ခြင်းဖြင့် လောကကြီးမှပြဿနာများပြေလည်သွားမည်ဆိုလျှင် လောကကြီးတစ်ခုလုံး စစ်မြေပြင်ဖြစ်သွားပေလိမ့်မည်။

"ဦးလေးဝူ ၊ ကျွန်တော့်ကိုပစ္စည်းလေးတွေပြင်ဆင်ပေးပါဦး ၊ မနက်ဖန် ဆန်းအိမ်တော်ကိုပြန်မလို့"

ဆန်းလျန်ကပြောလိုက်လေသည်။

ထို့နောက်သူက အေးအေးဆေးဆေးပင် တည်းခိုရိပ်သာထဲသို့ ပြန်ဝင်သွားလေသည်။ မင်ကျန်းတောင်မှသခင်လေးနှင့် တိုက်ခိုက်ရသည်မှာ အလွန်စိတ်လှုပ်ရှားဖွယ်ကိစ္စရပ်ဖြစ်သည့်

တိုင် ဆန်းလျန်ကတော့ ပုံမှန်အတိုင်း အေးအေးဆေးဆေးပင်ဖြစ်လေသည်။

....

တစ်နေ့ပြီးတစ်နေ့ကုန်ဆုံးသွားသလို ဆန်းသခင်ကြီးမှာလည်း အသက်အရွယ်ကြီးရင့်လာခဲ့လေသည်။ သူက နေထွက်သည်ကိုမြင်ရသည့်တိုင် နေဝင်သည်ကိုမြင်ရမည်မှာ မသေချာတော့သည့် အခြေအနေမျိုးဖြစ်နေလေသည်။

ကုန်လွန်ခဲ့သည့်နှစ်နှစ်တာကာလာအတွင်း မည်သည့်ကိစ္စများမှလည်း ကြီးကြီးမားမားမရှိခဲ့ပါ။ အသုံးမကျသည့် သူ၏သားကြီးနှင့်ရှီသခင်မရသည့်ကလေးကို လွန်ခဲ့သည့်နှစ်လက မွေးဖွားခဲ့လေသည်။ ကလေးမွေးသည့်သတင်းကို ဆန်းလျန်ကိုလုံးဝအသိမပေးခဲ့ပေ။ ဆန်းလျန်နှင့်အနီးကပ်နေသည့် အိမ်တော်ထိန်းဝူကိုပင် ထိုအကြောင်းကိုမပြောခဲ့ပေ။

သို့သော် ဆန်းအိမ်တော်တစ်ခုလုံးမှာလည်း ပျော်ရွှင်ခြင်းမရှိကြပေ။ ဆန်းသခင်ကြီးမှာလည်း မြေးလေးရသည့်အတွက် ပျော်ရွှင်သည့်ပုံသိပ်မပြပေ။

သို့သော် ယနေ့ဆန်းလျန်အိမ်သို့ပြန်ရောက်လာသည့်အချိန်တွင်တော့ ဆန်းသခင်ကြီးမျက်နှာမှာ ရွှင်ပြနေပြီး ပျော်ရွှင်စွာရယ်မောနေလေတော့သည်။ သူက ပုံမှန်ထက် ထမင်းတစ်ပန်းကန်ပင်ပိုစားလေသည်။

ဆန်းသခင်ကြီးမှာ မွေးဖွားလာသည့် မြေးအသစ်လေးကို တစ်ချက်ပင်လှည့်မကြည့်သလို မွေးကတည်းက ချီ၍ပင်မကြည့်ပေ။

ဆန်းသခင်ကြီးမှာ သမီးဖြစ်သူကမွေးသည့်မြေးကို သားဖြစ်သူကမွေးသည့်မြေးထက်အရေးပေးနေသောကြောင့်ဆန်းအိမ်တော်တစ်ခုလုံးမှာ သူ၏အပြုအမူကို နားမလည်နိုင်ဖြစ်နေကြ

လေသည်။ဤသည်မှာ အင်မတန်ထူးဆန်းသည့်ကိစ္စဖြစ်
နေသည်မဟုတ်ပါလား။
ဆန်းလျန်၏မျိုးရိုးနာမည်မှာ ဆန်းကိုယူထားသော်လည်း
တကယ်တမ်းတွင် သူကဆန်းအိမ်တော်၏မျိုးနွယ်ကို ဆက်ခံရ
မည့်သူမဟုတ်ပေ။
ဆန်းသခင်ကြီးစိတ်များရှုတ်ထွေးနေသောကြောင့် ထိုသို့ဖြစ်
နေခြင်းဖြစ်နိုင်လေသည်။
ဆန်းလျန်က ဆန်းသခင်ကြီးနှင့်အတူ ဥယျာဉ်ထဲတွင်
လမ်းလျှောက်နေလေသည်။ ပန်းဥယျာဉ်ထဲရှိ ပန်းပင်များနှင့်
သစ်ခက်များကြားတွင် နှင်းများက ဟိုတစ်စု ဒီတစ်စု
ကွက်တိကွက်ကျားရှိနေကြလေသည်။
"အပျင်းထူတဲ့ကောင် ၊ မင်းဘာလို့လျန်သခင်လေးအတွက်
အနွေးထည်လေးတစ်ထည်တောင်ယူမလာရတာလဲ ၊ ကျုပ်ရဲ့
မြေးလိမ္မာလေးနေမကောင်းဖြစ်ရင် မင်းတော့နာပြီသာမှတ်"

ဆန်းသခင်ကြီးက ဆန်းလျန်နှင့်အတူပါလာသည့်အစေခံကို

အပြစ်တင်လိုက်သည်။

သူ့ကိုကြည့်ရသည်မှာ တကယ်ပင်ဒေါသထွက်နေသည့်ပုံရလေ

သည်။ ဆန်းလျန်မှာ ပါးလွှာသည့်အဝတ်လေးတစ်ထပ်သာ

ဝတ်ထားသည့်အတွက် ဆန်းသခင်ကြီးမှာ မြေးဖြစ်သူကိုကြည့်

မိရုံနှင့်ပင် အအေးဓာတ်ကိုခံစားနေရလေသည်။

"ဘိုးဘိုး ၊ ကျွန်တော်ဘာမှမဖြစ်ပါဘူး ၊ ကျွန်တော်ကအတွင်း

အားကောင်းတယ်လေ ၊ ဒီလောက်လေးအေးတာက ပြဿနာမ

ရှိပါဘူး"

ဆန်းလျန်ကပြုံးပြီးပြောလိုက်သည်။

"အဘိုးမေ့နေတာပဲ ၊ မင်းကသိုင်းပညာသင်ထားတာပဲ ၊ ခုမင်း

ပုံစံကလည်း အရင်ကထက်ပိုကြည့်ကောင်းလာတယ် ၊ အန်း

ဝမ်လီကျုပ်ကိုလာတွေ့တိုင်း မင်းအကြောင်းတွေပြောမဆုံးဘူး

၊ သူ့သားတောင်မင်းနဲ့ပေါင်းမှ တော်တော်လေး လူကြီးဆန်လာ

တယ်လို့ပြောတယ် ၊ ဒါတင်မကသေးဘူး ၊ ဟို အဆင့်မရှိတဲ့ ရှီ မိသားစုကတောင် မင်းကိုချီးကျူးနေတာမပြီးတော့ဘူး ၊ ဟို အလုပ်ထွက်သွားတဲ့ပြည်နယ်အုပ်ချုပ်ရေးမှူးစောကလည်း နှုတ်ထွက်စာမတင်ခင် မင်းဘယ်လောက် တော်ကြောင်း တဖွဖွ ပြောသွားသေးတယ်"

ထိုစကားများကိုပြောနေချိန်တွင် ဆန်းသခင်ကြီး၏မျက်နှာမှာ ပြုံးနေလေသည်။ မြေးတစ်ယောက် အဘယ်မျှ တော်ကြောင်း တတ်ကြောင်းကြားရသည့် မည်သည့်အဘိုးမဆို မပျော်ဘဲနေ နိုင်ပါမည်နည်း။

ဆန်းလျန်၏အောင်မြင်မှုများမှာ သာမန်လူတစ်ယောက် အတွက်တော့ အံ့သြ၍ပင်မကုန်နိုင်ဖြစ်ရလေသည်။ ယခုကဲ့သို့ ထူးချွန်သည့်မျိုးဆက်ကိုပိုင်ဆိုင်ထားရသည်မှာ အဘယ်မျှ ကြည်နူးဝမ်းမြောက်ဖွယ်ကောင်းပါသနည်း။

"သူတို့က အဘိုးကိုလေးစားတော့ လျှောက်ပြောတာနေမှာပါ"

"ဆန်းချင်းရှိနဲ့ ဆန်းချင်းစန်းအကြောင်း သူတို့တွေ တစ်ခါမှ အဲဒီလိုမချီးကျူးပါဘူးကွာ ၊ ဆန်းချင်းရှိဆိုရင် အသုံးမကျတဲ့ အကြောင်းတောင်ကြားရသေးတယ်"

ဆန်းသခင်ကြီးမှာ သူ၏သားကြီးဖြစ်သူ ဆန်းချင်းရှိ အကြောင်းပြောသည့်အခါတွင်တော့ ဒေါသသံများပါလာလေ သည်။

"လက်ဖဝါးနဲ့လက်ဖမိုးဆိုတာ အသားချင်းအတူတူပါပဲ ၊ ဘာ လို့ ဘိုးဘိုးကစိတ်တိုနေရတာလဲ ၊ ခုမှအသစ်မွေးလာတဲ့ ကျွန် တော့်ရဲ့ညီလေးကြောင့်လား ၊ အဲဒီလိုဆိုရင်တော့ ဒေါသမ ထွက်ပါနဲ့ ဘိုးဘိုးရယ်"

ဆန်းလျန်က နူးညံ့အေးဆေးစွာဖြင့်ပြောလိုက်လေသည်။

"ဆန်းလျန် ၊ မင်းကသိပ်ညဏ်ကောင်းတယ်"

အဘိုးအိုက သက်ပြင်းချရင်းပြောလိုက်လေသည်။

ဆန်းသခင်ကြီးက လက်တစ်ချက်ပြလိုက်ပြီး သူတို့ အနောက်သို့လမ်းပြန်လျှောက်လာကြသည်။

"မင်းဘယ်လိုလုပ်သိသွားတာလဲ"

"ဘိုးဘိုး ၊ ခုထိမသိသေးဘူးလား ၊ ကျွန်တော့်ရဲ့ဆေးပညာက ဒီချင်ပြည်နယ်မြို့တော်က သမားတော်တွေနဲ့ယှဉ်ရင် မညံ့ပါဘူး ၊ ပထမဦးလေးနဲ့သူ့ဇနီးက ကလေးမရနိုင်ဘူးဆိုတာ ကျွန်တော်သိတယ်လေ"

ဆန်းလျန်က ဆန်းသခင်ကြီးအား အကြာကြီးကြည့်နေလိုက်မိသည်။ တကယ်တော့ သူပြန်လာခြင်းမှာ ဆန်းချင်းရှိနှင့် ဆန်းချင်းစန်းတို့မိသားစုများအပြင် သူ၏ညီလေးကိုတွေ့ရန်လည်းပြန်လာခြင်းဖြစ်လေသည်။ ရှီသခင်မမှာ ဆန်းလျန်ကို မဝံ့မရဲဖြစ်နေသည့်တိုင် ဝမ်းသာနေသည့်ပုံတော့ရလေသည်။

သို့သော် ဆန်းလျန်ကတော့ မည်သည့်အမူအရာမျှမပြခဲ့ပေ။

သူက အခြေခံနေအရ ဦးလေးနှင့်အဒေါ်ဖြစ်သူကို အဆင်ပြေ

အောင်သာနေခဲ့လေသည်။

သူ၏ဆေးပညာစွမ်းဖြင့် သူတို့နှစ်ယောက်တွင် ချို့ယွင်းချက်

လေးခုကိုတွေ့ရှိခဲ့သော်လည်း သူ၏ညီလေးမှာ ဆန်း

မိသားစု၏ တရားဝင်သားဖြစ်သည်လား မဖြစ်သည်လားတော့

သူလည်းမသိနိုင်ပါ။

"မင်းတခြားသူတွေကိုပြောထားသေးလား"

ဆန်းသခင်ကြီးက ရုတ်တရက်မေးလိုက်လေသည်။

"အဘိုးကပြောမယ်ထင်နေလို့လား"

"မင်းတခြားသူတွေကိုလျှောက်မပြောဘူးလို့တော့ ဘိုးဘိုးထင်

တာပဲ ၊ မင်းက ဆန်းအိမ်တော်ရဲ့ဆက်ခံသူပဲလေ"

ဆန်းသခင်ကြီးကပြန်ပြောလိုက်လေသည်။

ဆန်းသခင်ကြီးမှာ လွန်စွာမှထက်မြက်သည့်လူတစ်ယောက်

ဖြစ်လေသည်။ မွေးလာသည့်ကလေးနှင့်ပတ်သက်ပြီး ဆန်းလျ

န်စဉ်းစားမည့်အကြောင်းကို သူကနားလည်ထားလေသည်။

သူက ဆန်းလျန်စိတ်မဝင်စားသည့် ဆန်းအိမ်တော်၏ကြွယ်ဝ

ချမ်းသာမှုများကို လုံးဝထည့်မပြောခဲ့ပေ။

"ကျင်းလင်ကို ရေကန်လေးထဲမှာချုပ်ထားလို့ဘယ်ရမလဲ ၊

တစ်နေ့မှာ နဂါးဖြစ်လာပြီး မိုးတွေလေတွေရှိရာ အရပ်ကိုသွား

မှာပဲ ၊ ချင်ပြည်နယ်မြို့တော်ဟာ မင်းအတွက် သေးငယ်လွန်း

ပါတယ် ၊ မင်းထွက်မသွားခင် ဒီအဘိုးကြီးကိုလာကြည့်တာပဲ

တော်လှပါပြီ"

ဆန်းသခင်ကြီးမှာ ပြောရင်းစကားသံတိမ်ဝင်သွားလေသည်။

သူကဆန်းလျန်ကို နှစ်နှစ်လောက်ပစ်ထားခဲ့မိပြီး ထိုကောင်

လေးက ယခုတော့ မုန်တိုင်းကိုပင်မကြောက်တော့သည့်

လူငယ်တစ်ယောက်ဖြစ်လာခဲ့ပြီ။

"ချင်ပြည်နယ်မြို့တော်က သေးငယ်လို့မဟုတ်ပါဘူး ၊ ဒါပေ
မယ့် တခြားလုပ်ချင်တာတွေရှိသေးလို့ပါ ၊ ဘဝဆိုတာ ရင်ထဲ
ကဆန္ဒအတိုင်းပဲလျှောက်လှမ်းတာကောင်းတယ်မဟုတ်လား"
ဆန်းသခင်ကြီးကိုယ်တိုင် ပွင့်ပွင့်လင်းလင်းပြောမှတော့ ဆန်း
လျန်လည်း ဖုံးကွယ်ထားလိုစိတ်မရှိတော့ပေ။

တစ်ချိန်တည်းမှာပင် သူက အဘိုးဖြစ်သူအတွက် စိတ်မ
ကောင်းသလိုခံစားလိုက်ရလေသည်။ သူ့ဘဝအတွေ့အကြုံ
အရ အဘိုးဖြစ်သူမှာ အခြားသောသက်ကြီးရွယ်အိုများနှင့်မ
တူသည်ကိုသတိထားမိလေသည်။

"ထားလိုက်ပါ ၊ အဘိုးမင်းကိုမတားပါဘူး ၊ ဘယ်အရာကများ
မင်းကိုတားဆီးနိုင်မှာလဲ ၊ ဒါပေမယ့် ဘယ်နေရာပဲရောက်
ရောက် မင်းက ဆန်းမိသားစုကဆိုတာတော့ မမေ့နဲ့နော်"

ဆန်းအဘိုးအိုမှာ အလွန်ပင်အိုမင်းနေပြီဖြစ်လေသည်။ သူကပို
ပြီးနားလည်မှုရှိလာလေသည်။ ဘဝနေဝင်ချိန်နီးကပ်လာ
သည်နှင့်အမျှ မာန်လည်းကျနေပြီဖြစ်လေသည်။
ဆန်းလျန်က အဘိုးဖြစ်သူကို အသာအယာဖက်လိုက်သည်။
ဆန်းလျန်မှာ အကျႌပါးပါးလေးဝတ်ထားသော်လည်း အအေး
ဒဏ်ကိုမခံစားရပါ။ သူ၏နွေးထွေးမှုက ဆန်းသခင်ကြီး
ဝတ်ဆင်ထားသည့် အကျႌအထူကြီးကိုပင် ဖောက်ဝင်သွားလေ
သည်။
ထို့နောက်ဆန်းလျန်က ပြုံးလိုက်ပြီး အဘိုးဖြစ်သူ၏မျက်နှာကို
ကြည့်ကာပြောလိုက်သည်။
"ဘိုးဘိုး ၊ ဘိုးဘိုး ကျွန်တော့်အပေါ်ကောင်းတာတွေကို
အမြဲတမ်းမှတ်ထားပါ့မယ် ၊ ပြီးတော့ ကျွန်တော်က အမြဲတမ်း
ဆန်းလျန်ပါပဲ"

ဆန်းလျှန် နေင်တတရားကင်းမဲ့စွာဖြင့် ပန်းဥယျာဉ်ထဲမှ လှည့်ထွက်လာခဲ့လေတော့သည်။

အခန်း (၄၅)

မက်မွန်ပန်းနှင်ချယ်ရီပန်းကဗျာ

ဆန်းလျန်ဥယျာဉ်ထဲမှထွက်ခွာလိုက်သည်နှင့် ဥယျာဉ်နားတွင် ရပ်နေသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေ သည်။ သူမကိုဆန်းလျန်သိပါသည်။ ဆန်းရော့ရှီပင်ဖြစ်လေ သည်။

ဆန်းလျန်မှာ တည်းခိုရိပ်သာကိုဦးစီးပြီးသည့်နောက်ပိုင်း ဆန်း အိမ်တော်သို့ မကြာခဏပြန်လာလေ့မရှိသော်လည်း သူ၏ဂုဏ် သတင်းကတော့ ဆန်းအိမ်တော်တွင် ပြောမဆုံးဖြစ်နေရလေ သည်။ ဦးလေးများဖြစ်သော ဆန်းချင်းရှိနှင့် ဆန်းချင်းစန်းတို့ ပင် ဆန်းလျန်ကို လေးလေးစားစားဆက်ဆံလာကြလေသည်။ ဆန်းလျန်က မာနကြီးခြင်းမရှိသော်လည်း သူ၏အရှိန်အဝါက ကြီးများလာသောကြောင့် အခြားသူများက လေးစားလာကြ ခြင်းဖြစ်လေသည်။

ဆန်းရော့ရှီမှာ အစပိုင်းတွင် ဆန်းလျန်အား အကြောင်းမရှိဘဲ အမြင်ကတ်နေမိသော်လည်း ယခုအချိန်တွင်တော့ ဆန်းလျန်

ကိုနားလည်သွားပြီဖြစ်လေသည်။ ထို့ပြင် သိုင်းလောကတွင် ဆန်းလျန်၏ ဂုဏ်သတင်းကျော်ကြားမှုများကြောင့် သူမက ဆန်းလျန်ကို ချစ်ခင်လေးစားနေမိပြီဖြစ်လေသည်။
ဂူထုန်နတ်မိစ္ဆာ၏အိပ်မက်ထောင်ခြောက်အတွင်းမှ သူမကို ကယ်တင်ခဲ့သည့်သူမှာ ဆန်းလျန်မှန်း သူမယခုချိန်ထိ သိရှိခြင်းမရှိသေးပေ။ အချိန်တွေလည်းများစွာကုန်လွန်ခဲ့ပြီဖြစ်သလို ထိုအဖြစ်အပျက်ကို ပြန်လည်မှတ်မိ သတိရဦးမည်ဆိုလျှင်တောင်မှ မှုန်ဝါးဝါးပင်ဖြစ်နေပေတော့မည်။
ထို့ပြင် သူမကိုယ်တိုင်လည်း အစအဆုံးဖြစ်ပျက်ခဲ့သည့်ကိစ္စများကို မသိရှိခဲ့ပေ။
“ရော့ရှီ ၊ ငါ့ကိုစောင့်နေတာလား”
ဆန်းလျန်က သူမကို အရင်စပြီးနှုတ်ဆက်လိုက်သည်။ ဆန်းရော့ရှီ၏အသက်မှာ ဆယ့်ခြောက်နှစ်ခန့်ရှိပြီဖြစ်လေသည်။ အရွယ်ကောင်းလေးဖြစ်ပြီး သူမမတ်တပ်ရပ်နေသည့်ပုံစံမှာ

ပွင့်လန်းနေသည့် ကြာပန်းလေးတစ်ပွင့်ကဲ့သို့ ကျက်သရေရှိလှ ပေသည်။

“ငါကဝင်လာမလို့ပဲ ၊ အဘိုးကဝင်ခွင့်မပေးဘူးလေ ၊ ဒါကြောင့် ဒီမှာလာစောင့်နေတာ”

ဆန်းရော့ရှီက သူမ၏အောက်နှုတ်ခမ်းကိုကိုက်လိုက်ရင်းပြော လိုက်လေသည်။ ဆန်းရော့ရှီထံမှ ရေမွှေးရနံ့လေးက သင်းပျံ့ နေပြီး သူတို့နှစ်ယောက်လုံး တိတ်ဆိတ်နေမိကြလေသည်။

ဆန်းလျန်၏မျက်ဝန်းထဲတွင်တော့ ဆန်းရော့ရှီ၏အသားအရေ မှာအလွန်နူးညံ့သည့်တိုင် ရှင်းစစ်စစ်နျန်လောက်တော့ အပြစ် ကင်းစွာ နူးညံ့ပြည့်စုံနေခြင်းမရှိပေ။ သို့သော် ဆန်းရော့ရှီက ပို ပြီး အစစ်အမှန်ကဲ့သို့ခံစားရလေသည်။

ထို့ပြင် ဆန်းလျန်မှာ ခေတ်ပေါ်ကမ္ဘာတွင်နေခဲ့သည့်အချိန်တုန်း က ကလေးတစ်ယောက်သာယူရမည်ဆိုသည့်

တိုင်းပြည်၏ဥပဒေကြောင့် သူ့တွင် မောင်နှမမရှိပေ။ သူက မောင်နှမအလွန်လိုချင်ခဲ့သူဖြစ်လေသည်။

ဆန်းလျန်မှာ ဆန်းရော့ရှီနှင့် အမှန်တကယ် သွေးသားတော် ဆပ်ခြင်းမရှိသည့်တိုင် သူ၏စိတ်ထဲတွင် ဆန်းရော့ရှီကို တကယ့်ညီမလေးအရင်းတစ်ယောက်လိုခံစားနေရလေသည်။ ဆန်းရော့ရှီ သူ့အပေါ်ဆက်ဆံပုံမှာလည်း သူဆန်းအိမ်တော်သို့ ပထမဆုံးအကြိမ် ပြန်လာသည့်အချိန်ကနှင့် မတူတော့ပေ။

“ကိစ္စတစ်ခုခုများရှိလို့လား”

ဆန်းလျန်က သွယ်ဝိုက်မနေတော့ပဲ တည့်တည့်ပင်မေးလိုက်လေသည်။ သူက ကျင့်ကြံသူလမ်းစဉ်သို့ လျှောက်လှမ်းပြီး မသေမျိုးဖြစ်သည့်နတ်ဘုရားတစ်ပါးဖြစ်အောင် ကျင့်ကြံတော့မည်ဖြစ်သည့်အတွက်ကြောင့် လက်ရှိဘဝကို သူပြန်မရောက်ချင်တော့ပေ။ ဆန်းရော့ရှီတွင် တောင်းဆိုစရာရှိခဲ့လျှင်လည်း သူတတ်နိုင်သည့်ကိစ္စဆိုလျှင် ကူညီမည်ဖြစ်လေသည်။

"မက်မွန်ပန်းတွေကိုချစ်လို့ ကဗျာလေးတွေစပချင်လို့"

ဆန်းရော့ရှိက ခြေဖျားလေးထောက်ကာ ပန်းကိုခူးလိုက်ရင်း ပြောလိုက်သည်။ ဆန်းရော့ရှိမှာ မိန်းကလေးဆန်ပြီး နူးညံ့ သိမ်မွေ့လွန်းလေသည်။

"စပ်လေ ၊ ကဗျာစပ်တာနဲ့တော့ ဦးလေးက မင်းကို သမီးအဖြစ် ကစွန့်လွှတ်မှာမဟုတ်လောက်ပါဘူး"

ဆန်းလျန်ပြုံးရင်း ပြောလိုက်လေသည်။

"ဒါပေမယ့် ငါက ကဗျာစပ်တာ သိပ်မတတ်ဘူးလေ ၊ နင်များ ကူညီပေးနိုင်မလားလို့"

ဆန်းရော့ရှိက ဆန်းလျန်၏အင်္ကျီလက်ကို ဆွဲရင်းပြောလိုက် သည်။

"ငါလည်း ကဗျာရေးတာသိပ်မတတ်ပါဘူး ၊ နင့်ကိုအားနာလိုက် တာ"

ဆန်းလျန်ကခေါင်းခါယမ်းရင်းပြောလိုက်လေသည်။

"ဘာလို့မရေးတတ်ရမှာလဲ ၊ တကယ်ဆိုရင် ငါ့ကိုတော့သင်ပေး သင့်တယ်မလား"

ဆန်းရော့ရှီမှာ ဆန်းလျန်၏လက်မောင်းကို ဖက်လိုက်တော့ မည့်အလား ကိုင်လှုပ်ရင်း ပြောလိုက်လေသည်။

လောလောဆယ် သူမက အလယ်ခေတ်သူရဲကောင်းများ အကြောင်း ဝတ္ထုများကိုဖတ်နေသည့်အတွက် ထိုစာအုပ်များကို အတုခိုးကာ ကဗျာရေးချင်နေခြင်းဖြစ်လေသည်။

"ငါတကယ်ပဲကဗျာမရေးတတ်ပါဘူး ၊ ဒါပေမယ့် တခြားသူ တွေရေးတဲ့ကဗျာတွေတော့သိတယ် ၊ နင်အဲဒီကဗျာတွေကို ရေးမယ်ဆိုရင် ဘယ်သူမှ မသိစေရဘူးလို့အာမခံတယ်"

ဆန်းလျန် ပုံမှန်ပင်ပြောလိုက်လေသည်။

"တကယ်လား"

ဆန်းရော့ရှီက မသက်ာသလိုမော့ကြည့်ရင်းပြောလိုက်သည်။

သူမစာသိပ်မဖတ်နိုင်သည့်အတွက် ဆန်းလျန်က သူမကို

လှည့်စားမည်ကို စိတ်ပူနေလေသည်။

"တကယ်ပေါ့ ၊ နင်ယုံချင်မှယုံနော် ၊ မယုံချင်လည်းရတယ်"

ဆန်းလျန်က ထွက်သွားမည့်ဟန်ပြင်ရင်းပြောလိုက်သည်။

"ကောင်းပြီ ၊ ငါနင့်ကိုယုံပါတယ် ၊ နင့်မှာတစ်ခါဖတ်ဖူးတာနဲ့

မှတ်မိတဲ့မှတ်ဉာဏ်မျိုးရှိတာပဲ ၊ ဒါဆို နင်ပြောတဲ့ကဗျာကိုယူ

ပြီး လူတွေကို ငါကဗျာရေးတယ်ဆိုပြီး လျှောက်ပြောလို့ရပြီ"

ဆန်းလျန်၏မှတ်ဉာဏ်အကြောင်းကို ဆန်းရော့ရှီက မထင်မှတ်

ဘဲ သိရှိခဲ့ခြင်းဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်က သူမ စာသင်နေစဉ် သူမကိုသင်ပေးသည့်

ဆရာက မေးခွန်းတစ်ခုမေးလေသည်။ ထိုမေးခွန်းကိုသူမကမ

ဖြေနိုင်သောကြောင့် ဆရာဖြစ်သူက အဖြေကိုစာအုပ်များထဲမှ

ရှာကာ အကြိမ်တစ်ရာရေးခိုင်းခဲ့သည်။ အမှတ်မထင် ထိုနေ့က
ဆန်းလျန် ဆန်းအိမ်တော်သို့ အလည်ရောက်လာလေသည်။
ဆန်းလျန်က သူ၏အတွင်းအားကိုအသုံးပြုကာ ဆန်းရှော့ရှီကို
စိတ်ချင်းဆက်သွယ်ပြီး အဖြေမှာ မည်သည့်စာအုပ် ၊
စာကြောင်းရေဘယ်လောက်မှ အကြောင်းအရာဖြစ်သည်ကို
သူမကိုပြောပြခဲ့လေသည်။
ဆရာဖြစ်သူကမေးသည့်မေးခွန်း မည်သည့်စာအုပ်ထဲတွင်ရှိ
သည်ကို ဆန်းလျန် ချက်ချင်းသိနေသည်မှာ အံ့သြစရာပင်ဖြစ်
လေသည်။
ထို့ကြောင့် ဆန်းလျန်၏ အလွန်ကောင်းသောမှတ်ဉာဏ်ကို
သူမသိခဲ့ရခြင်းဖြစ်လေသည်။
ဆန်းအိမ်တော်မှာ စာပေပညာတွင် တော်သည့်အထဲတွင်မ
ပါဝင်ပါ။ သို့သော် ချင်ပြည်နယ်မြို့တော်တွင် စာအုပ်အများ

ဆုံး ဝယ်ယူစုစောင်းထားသည်မှာ ဆန်းအိမ်တော်တစ်ခုသာရှိလေသည်။

ဆန်းလျန်မှာ စာအုပ်များ မည်သည့်စာအုပ်က မည်သည့်နေရာတွင်ထားသည်ကအစ မှတ်မိနေသည်ကို ဆန်းရော့ရှီ သိလေသည်။ ထို့ကြောင့်ပင် ဆန်းလျန်အနေဖြင့် သိပ်ပြီးမထင်ရှားသည့် ကဗျာများကို မှတ်မိနေသည်ဆိုပါကလည်း အံ့သြစရာတော့မရှိပေ။

ထို့ပြင် ဆန်းလျန်မှာ ဆန်းအိမ်တော်မှ စုဆောင်းထားသည့်စာအုပ်များအားလုံးကို ဖတ်ထားခြင်းမရှိသည့်တိုင် သူကအခြားသူများမသိသည့် ထူးဆန်းသောသတင်းများနှင့် ဆန်ကျယ်သည့်အဖြစ်အပျက်များကိုသိလေသည်။

"သေချာနားထောင်၊ ငါတစ်ခါပဲဆိုပြမှာ"

ဆန်းလျန်က ဆန်းရော့ရှီ ခေါင်းလေးကိုပုတ်ရင်းပြောလိုက်သည်။

"အရှည်ကြီးတော့မလုပ်နဲ့နော် ၊ ငါသိပ်ပြီးမမှတ်နိုင်ဘူး"

"တိုတိုလေးရယ်..."

"ဒါဖြင့် အမြန်ပြောတော့"

ဆန်းလျန်မှာ စာဖတ်အားကောင်းသူဖြစ်လေသည်။ သူနေထိုင်ခဲ့သည့် ခေတ်ပေါ်ကမ္ဘာမှာ ကဗျာစာပေများနှင့်အလှမ်းဝေးသည့်တိုင် သူကတော့စာပေနှင့်စိမ်းသူမဟုတ်ခဲ့ပေ။

သူ ဆန်းရှော့ရှီကို ဆိုပြမည့်ကမ္ဘာမှာ ခေတ်ပေါ်ကမ္ဘာမှ ကဗျာတစ်ပုဒ်ဖြစ်လေသည်။

သူရောက်ရှိနေသည့်လောကနှင့် ခေတ်ပေါ်ကမ္ဘာမှ ယဉ်ကျေးမှုများမှာ အနည်းငယ်ဆင်တူသည့်အတွက် စာပေများမှာလည်း အနည်းငယ်ဆင်တူသလိုဖြစ်နေသောကြောင့် အဆင်ပြေနေလေသည်။

ထိုကဗျာလေးမှာ မက်မွန်ပန်းအကြောင်းရေးထားသည့် ကဗျာ

လေးတစ်ပုဒ်ဖြစ်လေသည်။ ဆန်းလျန်က အလွတ်ရွတ်ပြလိုက်

လေသည်။

“ဆောင်းတွင်းကာလ တောထဲမှာပွင့်လန်းနေတဲ့ မက်မွန်ပန်း

တွေ...

ကြုံတောင့်ကြုံခဲ ပွင့်နေကြတဲ့ မက်မွန်ပွင့်တွေနဲ့ ချယ်ရီပွင့်တွေ

ဟာ မတူညီပါဘူး...

ရုတ်တရက် ညကိုဖြတ်သန်းလာတဲ့လေပြေလေးနဲ့

မွှေးရနံ့လေးတွေမျောပါလာတော့....

နွေဦးကဖြည်းညင်းစွာဝင်ရောက်လာပါရောလား..."

ဆန်းလျန်မှာ အတွင်းအားပြည့်ဝသူတစ်ယောက်ဖြစ်လေ

သည်။ သူက ကဗျာကိုခပ်တိုးတိုးရွတ်နေခြင်းဖြစ်သော်လည်း

သူ့ကဗျာရွတ်ဟန်က တကယ့်ကဗျာရွတ်ကျွမ်းကျင်သည့်

အနုပညာရှင် တစ်ယောက်နှင့်ပင် တူနေလေသည်။

ကဗျာမှာ အရမ်းကောင်းသောကဗျာတစ်ပုဒ်တော့မဟုတ်ပေ။ သို့သော် မူလအရင်းအမြစ်အဓိပ္ပါယ်ကမြင့်မားပြီး အယူအဆကထက်မြက်လေသည်။ ထိုကဗျာမှာ ဆန်းလျ န်၏အရည်အချင်းနှင့် တစ်ထပ်တည်းကျနေလေသည်။ ကဗျာဆုံးသွားတော့ ဆန်းလျန်က အသက်တစ်ချက်ရှူလိုက်လေသည်။ သူ၏အာရုံနှင့် စိတ်များထိခတ်သွားသလိုခံစားလိုက်ရပြီး ဆုံချက်များမှ စီးဆင်းသွားသော စွမ်းအားများကိုရုတ်တရက်ခံစားလိုက်ရလေသည်။

"ဒီကဗျာကအလုပ်မဖြစ်ဘူး"

ဆန်းရော့ရှီကပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဒီကဗျာကကောင်းလွန်းနေတော့ တခြားသူတွေက ငါရေးတာမဟုတ်ဘူးဆိုတာသိကုန်မှာပေါ့၊ ဒါပေမယ့် နင်က ဒီကဗျာ

လေးကိုလက်ဆောင်ပေးတာဆိုရင်တော့ ငါ့ဟာငါပဲသိမ်းထား လိုက်ပါ့မယ်”

ဤကဗျာမှာ ဆန်းရှော့ရှီရေးသားနိုင်သည်ထက်ပိုနေသည်မှန် သော်လည်း လွယ်လွယ်ကူကူနှင့် နားလည်နိုင်သည့် ကဗျာတစ် ပုဒ်ဖြစ်လေသည်။ ထို့ပြင် ကာရံလည်းညီလေသည်။ တကယ် ကောင်းသည့်ကဗျာလေးတစ်ပုဒ်ဖြစ်ပြီး လူများလည်းနားလည် လွယ်မည်ဖြစ်လေသည်။

“နင်ငါ့ကိုယုံတယ်ဆိုရင် သုံးပေါ့ ၊ မဟုတ်ရင်လည်း မသုံးနဲ့ တော့၊ နင့်ဟာနင်နောက်တစ်ပုဒ်ထပ်စဉ်းစားလိုက်ပေါ့”

“ကောင်းပြီလေ ၊ ဒီကဗျာက နင်ရေးတဲ့ကဗျာလို့ပဲပြောလိုက် မယ် ၊ ပေါ်သွားတော့လဲ နင်ပဲနာမည်ပျက်မှာပေါ့”

ဆန်းရှော့ရှီက စူပုပ်ပုပ်ဖြင့်ပြောလိုက်သည်။

“ပေါ်သွားပါစေလို့တောင် ငါကဆုတောင်းနေသေးတယ်”

ဆန်းလျှန်က သူ့ဟာသူတွေးလိုက်ခြင်းဖြစ်လေသည်။ ဆန်းရော့ရှိကြောင့်ပင် လင်ချူန်းရှောင်ပြောပြသည့် စာလုံးငါးလုံးဖြင့် ဝမ်ချူန်းယန်၏ကဗျာကိုသတိရသွားမိသေးသည်။ လင်ချူန်းရှောင်ပြောပြသည့် လျှို့ဝှက်နေရာမှာ မည်သည့်နေရာလည်းကို သူသိချင်နေမိသည်။

....

အချိန်များတရွေ့ရွေ့ကုန်ဆုံးသွားပြီး ဆယ့်ငါးရက်နေ့သို့ရောက်လာခဲ့လေသည်။ ရာသီဥတုကတော့ သာသာယာယာမရှိလှပေ။ နှစ်ရက်လောက်သာ ရာသီဥတုကြည်ကြည့်လင်လင်ဖြစ်နေပြီး ယခုတော့ လေအေးများကဝင်ရောက်လာပြန်သည်။ ကြယ်ရော လရော အလင်းရောင်မတောက်ပနိုင်တော့ဘဲ မီးအိမ်များသာထွန်းညှိထားကြရလေသည်။ ချယ်လန်းဝတ်ကျောင်းတော်ကြီးမှာတော့ မီးများထိန်ထိန်လင်းကာ နေ့ခင်းဘက်ထက်ပင် တောက်ပနေသေးသည်။

ဆန်းလျှန် ရှင်းစစ်စစ်ချန်နှင့် ဒုတိယအကြိမ်တွေ့ဆုံသည်မှာ

တော့ ချယ်လန်းတောင်ပေါ်ရှိ ချယ်လန်းဝတ်ကျောင်းတော်

ကြီး၏ ခြံဝန်းအတွင်းတွင်ဖြစ်လေသည်။

အလင်းရောင်မှာ လင်းထိန်နေပြီး ရေများစီးဆင်းသလို တံခါးဝ

မှပင်ဖြာထွက်နေပြီး ထိုအလင်းရောင်မှာ နှင်းများနှင့်ပေါင်းစပ်

သွားသည့်အခါ ရေကဲ့သို့ပင် ကြည်လင်နေလေတော့သည်။

ဟိုနည်းနည်း ဒီနည်းနည်းပွင့်လန်းနေသည့် မက်မွန်ပန်းပွင့်များ

နှင့်ညှို့ယူဖမ်းစားနိုင်သည့် မိန်းမလှလေးတစ်ယောက်....

ပန်းနုရောင်မက်မွန်ပွင့်များနှင့် အနီရောင်ဝတ်စုံဝတ်ဆင်ထား

သည့်မိန်းကလေး...

"မင်းကဒီကိုရောက်နေတော့ ပန်းလေးတွေကိုကြည့်ရမှာလား

မိန်းမလှလေးကိုကြည့်ရမှာလား မသိတော့ဘူး"

ဆန်းလျှန်ကပြုံးရင်းပြောလိုက်လေသည်။

လလည်းမသာ ကြယ်လည်းမမြင်ရသည့် တောထဲတောင်ထဲ တွင်ပင် ဆန်းလျန်မှာ အေးအေးဆေးဆေးရှိလှလေသည်။

"တစ်အချက်အနေနဲ့ ကျွန်မကလူသားမဟုတ်ဘူး ၊ နှစ်အချက် အနေနဲ့ မက်မွန်ပန်းတွေက ကျွန်မလောက်မလှဘူး ၊ ဆန်း သခင်လေးကတကယ့်ကိုမဆီလျော်ဘူးပဲ"

ရှင်းစစ်စစ်နျန်ကရယ်မောရင်းပြောလိုက်လေသည်။

"မက်မွန်ပန်းတွေကလည်းလှပလွန်းပါတယ် ၊ နှင်းတွေက လည်းလှတယ် ၊ နှစ်ခုလုံးကတကယ့်ကိုလှပတာပါပဲ၊ ငေး ကြည့်နေရလောက်အောင်ကိုလှတာပါ"

"ကျွန်မ ရဲ့ လျိုယွင်နဲ့တွေ့တုန်းက သူကရှင့်လိုပဲတကယ် သဘောကောင်းတယ်လို့ထင်မိတယ် ၊ ဒါပေမယ့် ခုတော့ ရှင်က သူ့လောက်သဘောမကောင်းတော့ဘူး"

သူမကပြောရင်း မက်မွန်ပန်းလေးတစ်ပွင့်ကို လက်ချောင်းလေးဖြင့်တို့လိုက်လေသည်။ မက်မွန်ပင်ကြီး၏သစ်ကိုင်းများမှာ ယိမ်းထိုးလှုပ်ခတ်သွားကြလေသည်။

"အိုး ကျုပ်ကဘာလို့သဘောမကောင်းရတာလဲ"

ဆန်းလျန်ကမေးလိုက်လေသည်။

"ရဲ့လျိုယွင်က ရှင့်လိုအကန်းတစ်ယောက်မဟုတ်ဘူးလေ"

"ကျုပ်ဘဝမှာတွေ့ခဲ့ဖူးသမျှမိန်းကလေးတွေထဲမှာ မင်းက စိတ်ဝင်စားစရာအကောင်းဆုံးပဲ"

ဆန်းလျန်က ရယ်မောရင်းပြောလိုက်သည်။

"ဒါပေမယ့် ရှင်ကစိတ်မဝင်စားဘူးလေ ၊ ရှင်က အဘိုးအိုလေးကျနေတာပဲ ၊ ဒါနဲ့ ရှင်ကျွန်မမွေးနေ့မှာ လက်ဆောင်ယူလာမယ်လို့ပြောထားတာ လက်ဆောင်ရောပါခဲ့ရဲ့လား"

ရှင်းစစ်စစ်နျန်က သူမ၏လက်နှစ်ဖက်ကိုဆန့်တန်းရင်းပြောလိုက်လေသည်။

သူမ၏အမူအရာမှာ ဆန်းလျှန်က သူမလိုချင်သည့် လက်ဆောင်ကိုပေးမှာလား မပေးဘူးလားဆိုသည့် ပုံမျိုးဖြစ်နေလေတော့သည်။

အခန်း (၄၆)

မသိသောကြောင့်လမ်းလွှဲလိုက်မိခြင်း

"မင်းကိုဘာလက်ဆောင်ပေးရမလဲစဉ်းစားရတာ ခေါင်းတောင်ကိုက်တယ်၊ ရတနာပစ္စည်းတစ်ခုခုကို ကျုပ်လွယ်လွယ်နဲ့ဝယ်ပေးလိုက်လို့ရတာပဲ၊ ဒါပေမယ့် အဲဒါကလုံးဝသာမန်ဖြစ်နေတယ်၊ သိုင်းကျမ်းစာအုပ်တွေ ဝယ်ပေးပြန်ရင်လည်း မင်းလို

လူမျိုးအတွက် အသုံးဝင်မှာမဟုတ်ဘူး ၊ ဒါကြောင့် မင်းကိုဘာ
ပေးရမလဲ အများကြီးစဉ်းစားခဲ့ရတယ်၊ ပြီးတော့ မင်းရဲ့အဖေ
ကလည်း ကျုပ်ကို ဒီကိုလာဖို့ဖိတ်ထားတယ်ဆိုတော့ မင်းတို့
ကျုပ်ကို တောင်းဆိုချင်တာရှိရင် အဲဒါကိုဖြည့်ဆည်းပေးလိုက်
တာက အကောင်းဆုံးလက်ဆောင်လို့ ကျုပ်ကယူဆမိတာပဲ"
ဆန်းလျန်က ပြုံးလိုက်ပြီး ခန္ဓာကိုယ်ကို ကိုင်းညွတ်ကာ
အရိုအသေပေးရင်းပြောလိုက်လေသည်။

"လူငယ်လေး ၊ မင်းကတကယ်ဉာဏ်ကောင်းတာပဲ ၊ စစ်စစ်နျန်
၊ သူ့ကိုအခက်တွေ့အောင်လုပ်မနေနဲ့တော့"
ရယ်မောရင်းနှင့်ပြောလိုက်သည့် အဘိုးအိုတစ်ယောက်၏အသံ
ကိုကြားလိုက်ရလေသည်။

ရှင်းစစ်စစ်နျန်မှာ မျက်လုံးကိုတစ်ချက်ပုတ်ခတ်ပုတ်ခတ်လုပ်
လိုက်ပြီး မက်မွန်ပင်ကြီးကိုတစ်ချက်ရိုက်လိုက်ကာ
ဝတ်ကျောင်းတော်အတွင်းသို့ဝင်သွားလေတော့သည်။

ဝတ်ကျောင်းတော်ထဲတွင် ဆန်းလျှန်ပထမဆုံးတွေ့ရသည့်သူ မှာ ရှင်းစစ်စစ်နျန်နှင့်ခပ်ဆင်ဆင်တူသည့် အဘိုးအိုတစ် ယောက်ဖြစ်လေသည်။ အဘိုးအိုဆီမှ ဉာဏ်ပညာကြီးမားသည့် အငွေ့အသက်များရနေလေသည်။ ဘဝတွင်အချိန်ပေါင်းများ စွာဖြတ်သန်းခဲ့သည့်ပုံရလေသည်။ သူ၏အကြည့်များက ဆန်း သခင်ကြီး၏အကြည့်များထက်ပင် တည်ကြည်လေးနက်နေ သေးသည်။

အသိဉာဏ်ပညာကြီးမားသူများမှာ လောကကြီး၏သစ္စာမဲ့မှု များကို အတွေ့အကြုံများစွာရှိကြလေသည်။ သူတို့ဝိညာဉ်ကို ငြိမ်အေးအောင်လေ့ကျင့်ထားမှုမရှိသည့်တိုင် အေးအေးဆေးဆေးနှင့်တည်တည်ငြိမ်ငြိမ်နေထိုင်နိုင်ကြလေ သည်။

အဘိုးအို၏အတွေ့အကြုံများအရ မြင့်မားသည့်တောင်ကြီး တစ်ခုလုံး သူ့မျက်စိရှေ့တွင်ပြိုကျသည့်တိုင် တုန်လှုပ်မည့်ပုံမ ပေါက်ပေ။

ဤသည်ကိုကြည့်ခြင်းအားဖြင့် အဘိုးအို၏တရားအလင်း ဓာတ်မှာ အလွန်မြင့်မားသည့်အဆင့်သို့ရောက်ရှိနေပြီဖြစ်လေ သည်။ အဘိုးအိုမှာ နတ်ဘုရားတစ်ပါးမဖြစ်နိုင်သလို တရား ဓမ္မကျင့်ကြံအောင်မြင်သွားသည့်သူတစ်ယောက်လည်းမဟုတ် ပါ။ သို့သော် သူက လောကီကိစ္စများမှ ကင်းလွတ်နေသည့်ပုံရ လေသည်။

ထိုကဲ့သို့ဝိညာဉ်ရေးရာငြိမ်းအေးမှုမှာ ဝိညာဉ်စွမ်းအားမ ကောင်းဘဲနှင့်တော့ ရရှိနိုင်ခြင်းမရှိပေ။ ဘဝတစ်လျှောက်လုံး တွင် ရယူပိုင်ဆိုင်ခဲ့ပြီးသလို ရယူခဲ့သည်များကိုလည်း စွန့်လွှတ်နိုင်စွမ်းရှိရမည်ဖြစ်လေသည်။

ဆန်းလျန်မှာ အလွန်ပင်တည်ငြိမ်သည့် လူငယ်တစ်ယောက်ဖြစ်လေသည်။ သို့သော် ဝိညာဉ်ရေးရာငြိမ်းအေးမှုတွင်တော့ ဆန်းသခင်ကြီးနှင့် သူ၏ရှေ့တွင်ရှိနေသည့်အဘိုးအိုတို့ကို ယှဉ်နိုင်ခြင်းမရှိပေ။

အဘိုးအိုမှာ ဟန်ဆောင်မှုကင်းစင်လေသည်။ သူကခေါင်းကို အသာညိတ်ပြလိုက်သည့် ရိုးရှင်းသည့်ဟန်အမူအရာက သူ့ကို ပိုပြီး အသက်ကြီးဟန်နှင့်အားနည်းဟန်ပေါ်စေလေသည်။

ဆန်းလျန်မှာ သင်ယူနေဆဲလူငယ်တစ်ယောက်မျှသာဖြစ်လေသည်။ အသက်ကြီးသူများထံမှ ပညာများလေ့လာသင်ယူရဦးမည် ဖြစ်လေသည်။ အသက်ကြီးသူများမှာ အသက်ရှစ်ဆယ် ၊ ကိုးဆယ်ရှိလျှင် စွမ်းအားပြည့်ဝပြီး အေးဆေးတည်ငြိမ်ကြလေသည်။ အငြင်းပွားကြသည့်အချိန်တွင်ပင် အေးအေးဆေးဆေးနှင့် မတူညီသည့်အကြောင်းအရာကို ပြောဆိုကြလေသည်။

"ဆန်းလျှန်ဂါရဝပြုပါတယ် အဘိုး"

ဆန်းလျှန် ရှိသေစွာဖြင့်ပြောလိုက်လေသည်။

"လူငယ်လေး ၊ မင်းနှင်းတောထဲကိုဖြတ်ပြီး အဝေးကြီးခရီးနှင်ခဲ့ရတာ ၊ ကျုပ်တို့ကနည်းနည်းလေး မောက်မာသလိုဖြစ်သွားပေမယ့် မင်းရဲ့သတ္တိရှိမှုကို စမ်းသပ်ချင်လို့ပါ ၊ မင်းဟာတကယ့်ကို ကျောက်စိမ်းကောင်းတစ်ခုလို သိပ်တည်ငြိမ်တာပဲ ၊ ကျုပ်လူရွေးတာမှန်သွားပြီ"

အဘိုးအိုက ဆန်းလျှန်ကို ထိုင်ရန်အချက်ပြလိုက်သည်။

ဆောင်းညတွင်တိုက်ခတ်လာသည့်လေမှာ အေးစက်လွန်းလှလေသည်။ သို့သော် အဘိုးအိုနှင့် ဆန်းလျှန်ကတော့ ဂရုမစိုက်ပါ။ မီးလင်းဖိုနံဘေးတွင်ထိုင်ပြီး စကားစမြည်ပြောနေကြလေသည်။

ရှင်းစစ်စစ်နျန်က သူတို့အတွက် လက်ဖက်ရည်ယူလာလေသည်။ လက်ဖက်ရည်မှာ ကြည်လင်နေသော်လည်း ပွက်ပွက်စူနေကာ အလွန်ပူသောလက်ဖက်ရည်ဖြစ်လေသည်။

ဆန်းလျန်က လက်ဖက်ရည်ကို အနည်းငယ်သောက်ပြီး အပူချိန်ကိုစမ်းသပ်ကြည့်လိုက်သည်။ လက်ဖက်ရည်မှာ သိပ်ပူလွန်းခြင်းမရှိသဖြင့် တုန့်ဆိုင်းခြင်းမရှိဘဲ အကုန်သောက်ချလိုက်လေတော့သည်။ သောက်ပြီးသွားသည်နှင့် သူ့ဝမ်းဗိုက်ထဲတွင်နွေးထွေးသွားရပြီး ထိုခံစားချက်မှာ အလွန်ပင်ကောင်းလေသည်။

"လက်ဖက်ရည်ထဲမှာ အဆိပ်ခတ်ထားမှာမကြောက်ဘူးလား"

ရှင်းစစ်စစ်နျန်က မထိတထိမေးလိုက်လေသည်။

"မင်းအဖေ ရဲ့လျို့ယွင်ကိုလုပ်ခဲ့တာက လုံးဝခန့်မှန်းရခက်တယ်၊ ကျုပ်က သတိထားနေတယ်ဆိုရင်တောင်မှ မင်းအဖေက

ကျုပ်ကိုဒုက္ခပေးချင်တယ်ဆိုရင် တားဆီးလို့ရမှာမဟုတ်ဘူး၊ ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသားပဲ ပြောပြတာပါ"

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။

ဆန်းလျန်နှင့်အဘိုးအိုမှာ ပညာပိုင်းဆိုင်ရာတွင် များစွာကွာခြားလေသည်။ အဘိုးအိုကိုလှည့်စား၍မရနိုင်ပေ။ ထို့ကြောင့် ယဉ်ယဉ်ကျေးကျေးပင် ပြုံးမှုနေထိုင်လိုက်လေသည်။

"ဒီရေနွေးက ဝိညာဉ်ကိုနိုးထစေတဲ့ဆေးရည်ပါ ၊ ဆုံးသွားတဲ့ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်က ဒီဆေးကျိုနည်းကို သင်ပေးခဲ့တာ ၊ မင်းကအရမ်းကြိုးစားပြီး စိတ်ဝိညာဉ်ကသန့်စင်နေတယ်ဆိုပေမယ့် မင်းရဲ့ခန္ဓာကိုယ်က မင်းရဲ့စိတ်အတိုင်း လိုက်မလုပ်နိုင်တာမျိုးတွေရှိတယ်လေ ၊ နာမ်လောကထဲကိုမင်းလည်း ရောက်ဖူးတာပဲ ၊ ဒါပေမယ့် အဆင့်လွန်အခြေအနေမျိုးထိ မင်းမှာအတွေ့အကြုံမရှိသေးဘူး ၊ ဒီတိုင်းသာမင်းဆက်သွားနေ

မယ်ဆိုရင် သိပ်မကြာခင် နာမ်လောကထဲမှာ ပိတ်မိနေလိမ့်

မယ်"

အဘိုးအိုမှာ ဆန်းလျန်ကို ထိုးဖောက်မြင်နိုင်သည့် စွမ်းအားရှိ

နေသကဲ့သို့ပင် ပြောလိုက်လေသည်။

ဆရာမရှိဘဲ သူ့ဟာသူလေ့ကျင့်နေခြင်းက အနေးနဲ့အမြန်

ဒုက္ခရောက်တော့မည်ကို ဆန်းလျန်ကိုယ်တိုင်လည်း သိနေခဲ့

ပါသည်။ သူကအဆက်မပြတ်သတိထားပြီးလေ့ကျင့်နေလျှင်

အဆင်ပြေသွားနိုင်သည်ဟု မျှော်လင့်ထားသော်လည်း

ရှောင်လွှဲမရနိုင်သည့်အခြေအနေများစွာက စောင့်ကြိုနေမည်

ဖြစ်လေသည်။

အဘိုးအိုက စကားကိုသွယ်ဝိုက်ပြောနေခြင်းဖြစ်သော်လည်း

သူ့စကားများမှာ အမှန်တရားများပင်ဖြစ်လေသည်။

ယခင်တစ်နေ့က ဆန်းရှော့ရှီကို မက်မွန်ပန်းအကြောင်း ကဗျာ

ရွတ်ပြနေစဉ် ရုတ်တရက်ဆုံချက်များကိုဖြတ်ကာ စီးဆင်းမှု

တစ်ခုဖြစ်သည်ကို သူရုတ်တရက်ခံစားလိုက်မိလေသည်။

သူ၏စိတ်အာရုံစူးစိုက်မှုကိုအသုံးပြုပြီး ဖြစ်ချင်သည့်ဆန္ဒများကို ချုံးနှိမ်ဖိနှိပ်ထားပါက သူ၏ကိုယ်တွင်းမှ စွမ်းအားများကို ထိန်းချုပ်ရန် ခက်ခဲကြောင်း သူရိပ်မိထားလေသည်။

ကဗျာမှာ သူ၏စိတ်နေသဘောထားကို ထင်ဟပ်စေသည့်တိုင် သူ၏ကိုယ်တွင်းစွမ်းအာများကို ထိုကဲ့သို့ ကြီးကြီးမားမား သက်ရောက်ရလောက်သည်အထိတော့ မဖြစ်သင့်ပေ။

ဤသည်မှာ တာအိုလမ်းစဉ်၏လှည့်စားမှုပင်ဖြစ်လေသည်။ စိတ်ဝိညာဉ်ကိုထိန်းချုပ်ရန်ထက် ကိုယ်တွင်းမှစွမ်းအားကို ထိန်းချုပ်ရန်က ပိုပြီးခက်ခဲလေသည်။

ဆန်းလျန်မှာ တာအိုပါရမီရှင်တစ်ယောက်အဖြစ်မွေးဖွားလာသည့်သူမဟုတ်ပါ။ တိုက်ဆိုင်မှုနှင့် အခွင့်အရေးများရခဲ့သည့်အတွက်သာ သူလက်ရှိရောက်နေသည့် အဆင့်သို့ ရောက်လာခြင်းဖြစ်လေသည်။

ကံကောင်းသည်မှာ သူ၏စိတ်မှာ အရင်လူဖြစ်သည့်ဆန်းလျန်

အပေါင်းနှင့်ယှဉ်လျှင် ပိုပြီးတည်ငြိမ်ခြင်းပင်ဖြစ်လေသည်။

သူ၏စိတ်တည်ငြိမ်ခြင်းကပင် သူ့ကိုဒုက္ခမရောက်အောင်

ကယ်တင်ထားခြင်းဖြစ်လေသည်။

"ကျွန်တော့်ကိုသင်ပြပေးပါဦး အဘိုး"

ဆန်းလျန်က သူရင်ဆိုင်နေရသည့်ပြဿနာကို ဖြေရှင်းနိုင်ရန်

အတွက် အဘိုးအိုဆီမှ သင်ကြားပေးမှုကို တောင်းခံလိုက်လေ

သည်။

"လူငယ်လေး ၊ ကျုပ်ကမင်းထက်အသက်အများကြီးကြီးပေ

မယ့် တာအိုလမ်းစဉ်မှာတော့ သိပ်ပြီးမကျွမ်းကျင်ပါဘူး ၊ ဒါ

ကြောင့် ကျုပ်နာမည်ကိုပဲခေါ်ပါ ၊ ကျုပ်မျိုးနွယ်ကရှင်းမျိုးနွယ်

ပါ ၊ စစ်စစ်နျန်က ကျုပ်ရဲ့ဆယ့်လေးယောက်မြောက် သမီး

လေ ၊ ဒါကြောင့် သူ့ကို စစ်စစ်နျန်လို့ခေါ်တာပေါ့ ၊ ပြီးတော့

ကျုပ်လူ့လောကထဲမှာ ခြေဦးတည့်ရာလျှောက်သွားနေတုန်း

ကျုပ်ကိုယ်ကျုပ် ရှင်းချိပင်းကျိရှောင်အန်း လို့နာမည်ပေးထား

တယ်"

ရှင်းချိပင်းက နွေးထွေးစွာဖြင့်ပြောလိုက်လေသည်။

(စစ်စစ်နျန် = ဆယ့်လေးယောက်မြောက်မိန်းကလေးဟု

အဓိပ္ပါယ်ရ)

"ဒါဖြင့် ကျွန်တော်က အဘိုးကို ရှောင်အန်းသခင်ကြီးလို့ ခေါ်လို့

ရတာပေါ့ ၊ ဒါနဲ့ခုနပြောလိုက်တဲ့ အဆင့်လွန်အခြေအနေဆိုတာ

ကို ရှင်းပြပေးလို့ရမလား"

"ပွင့်ပွင့်လင်းလင်းပြောရရင် ကျုပ်လည်းလူတစ်ယောက်ပြော

တာကြားဖူးတာ ၊ အသေးစိတ်ကိုသေချာမသိဘူး ၊ ဒါပေမယ့်

လူငယ်လေး ၊ မင်းကကျောက်စိမ်းအရိုင်းတုံးလေးလိုပဲ ၊ မင်း

ဟာ နတ်ဘုရားတွေရဲ့တံခါးကို ရောက်နိုင်မယ့်သူလို့ ကျုပ်

ယုံကြည်နေတယ် ၊ ချင်းရွှမ်နတ်တံခါးဟာ ကျုပ်လိုဝံပုလွေ

တစ်ကောင်ထက်ပိုပြီး အများကြီး အစွမ်းထက်ပါတယ် ၊ ပြီး

တော့ မင်းမေးတဲ့မေးခွန်းအတွက် အဖြေက သူတို့ဆီမှာရှိလိမ့်မယ်"

ရှင်းချိပင်းက ပြုံးရင်းပြောလိုက်လေသည်။

သူ၏လေ့ကျင့်မှုအတွက် ကံကောင်းခြင်းတစ်ခုတော့တွေ့ရပြီဟု ဆန်းလျန်သိလိုက်လေသည်။ ဤသည်မှာ သူ၏စိတ်ဝိညာဉ်နှင့်ရုပ်ခန္ဓာကောင်းစွာမပေါင်းစပ်နိုင်သည့်အကြောင်းရင်းဖြစ်ရမည်ဟုတွေးနေမိလေသည်။ ထို့ပြင် သူ့ကိုယ်သူဝံပုလွေတစ်ကောင်ဟုပြောနေသည့်အဘိုးအိုမှာ ဆန်းလျန်ကို လွယ်ကူစွာပင်ထိုးဖောက်သိမြင်နိုင်လေသည် ၊ အဘိုးအိုမှာ နှစ်ရာပေါင်းများစွာ ကျင့်ကြံအားထုတ်နေခဲ့သည့်ဝံပုလွေနတ်ဘုရားများဖြစ်နေမည်လားဟု သူတွေးနေမိလေသည်။

"ရှောင်အန်းသခင်ကြီး ၊ ခင်ဗျားက နတ်ဘုရားကျင့်စဉ်တွေ အကြောင်းပြောနေပေမယ့် ကျွန်တော် ခင်ဗျားပြောတာတွေ တစ်ခုမှနားမလည်သေးဘူး"

ဆန်းလျန်က တည့်တည့်ပင်ပြောလိုက်လေသည်။ သူတို့တွေ့ဆုံကြခြင်းမှာလည်း ဤအကြောင်းကိစ္စကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

"သိုင်းလောကမှာ သိုင်းဂိုဏ်းတွေအများကြီးရှိသလို ၊ နတ်ဘုရားကျင့်စဉ်ကျင့်ကြံတဲ့အခါမှာလည်း ဂိုဏ်းတွေအများကြီး ပဲရှိတယ် ၊ ဒါပေမယ့် နတ်ဘုရားတွေကတော့ သိုင်းလောကသားတွေလို သူတို့အစွမ်းတွေကို ထုတ်ဖော်ပြသခြင်း သိပ်မရှိကြဘူး"

ရှင်းချိပင်းကျိရှောင်အန်းကပြောလိုက်လေသည်။

အသက်ရှင်ခြင်းနှင့်သေခြင်းအလွန်တွင် လောကတစ်ခုရှိသေးသည်ဟု ဆန်းလျန်တွေးထားခဲ့လေသည်။ သူက လင်ချျန်း

ရှောင်ထံမှ ကြားခဲ့ဖူးသလို ယခုအဘိုးအိုထံမှာလည်းကြားရ ပြန်ပြီဖြစ်လေသည်။ အဘိုးအိုမှာ နတ်ဘုရားကျင့်စဉ်လမ်းနှင့် ကျိန်းသေပတ်သက်မှုရှိရမည်ဟု ဆန်းလျန်တွေးနေမိသည်။ မသေမျိုးဖြစ်ပြီး အသက်ရှည်ရှည်နေရန်အတွက် အခွင့်အရေးမှာ နတ်ဘုရားလမ်းစဉ်တံခါးများနောက်ကွယ်တွင်သာရှိမည် ဖြစ်လေသည်။ ထို့ပြင် ကျင့်စဉ်နည်းလမ်းမှားယွင်းသွားပါက လည်း သေလမ်းသို့ ကျိန်းသေစံမြန်းရမည်ဖြစ်လေသည်။

"ကြည့်ရတာ ရှောင်အန်းသခင်ကြီးက နတ်ဘုရားလမ်းစဉ် တံခါးကို သိနေတဲ့ပုံပဲ ၊ ဒါနဲ့များဘာဖြစ်လို့ ကျွန်တော့် အကူအညီတောင်းနေရသေးတာလဲ"

ဆန်းလျန်က အကြောင်းမရှိဘဲ စေတနာထားနေခြင်းကို မယုံကြည်နိုင်ပါ။ အဘိုးအိုမှာ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံနေသည်မှာ အကြောင်းတစ်ခုတော့ရှိမည်ဖြစ်လေ သည်။

ဝိညာဉ်နိုးထစေသည့်ဆေးရည်မှာ တကယ်ပင်တန်ဖိုးရှိလေ

သည်။ ထိုကဲ့သို့တန်ဖိုးရှိသည့်ဆေးရည်မျိုးကို ဘာဖြစ်လို့ သူ

ကဲ့သို့သောလူစိမ်းတစ်ယောက်ကို တိုက်ရပါသနည်း။ အဘိုးအို

တွင် ဖုံးကွယ်ထားသည့်အကြောင်းတစ်ခုတော့ရှိမည်ဟု ဆန်း

လျန်ယုံကြည်ထားလေသည်။

အဘိုးအို ဆန်းလျန်ကိုလာရှာရခြင်းမှာ သူမလုပ်နိုင်သည့်

အလုပ်တစ်ခုကို ပြီးမြောက်အောင်လုပ်ခိုင်းရန်အတွက်

ဖြစ်သည်ကို ဆန်းလျန်သိနေလေသည်။ ထို့ကြောင့် သူက အ

ဘိုးအိုနှင့်တွေ့ဆုံခြင်းနှင့်ပတ်သက်ပြီး စိတ်ထဲတွင်အရမ်းတင်း

ကြပ်နေခြင်းမရှိခဲ့ပါ။

တစ်နည်းပြောရလျှင် သေနေသောဝက်တစ်ကောင်သည်

ရေနွေးပူထဲထည့်ပြုတ်လျှင်လည်း ကြောက်မည်မဟုတ်ပေ။

"မင်းသာ နတ်ဘုရားလမ်းစဉ်တံခါးကို ဝင်ရောက်နိုင်သွားရင်

ကျုပ်ဖြစ်ချင်တဲ့ဆန္ဒလည်းပြည့်သွားမှာပဲ ၊ ခုချိန်မှာ အဲဒီကိစ္စ

ကို စဉ်းစားစရာမလိုသေးပါဘူးလေ၊ ဒါပေမယ့် ဒီပစ္စည်းလေး

ကိုတော့ကြည့်လိုက်ပါ"

အဘိုးအိုသည် သူ၏အင်္ကျီလက်ထဲမှ ပန်းချီကားလိပ်လေးတစ်

ချပ်ကိုထုတ်ပြီး ဆန်းလျန်ကို ပြလိုက်လေတော့သည်။

အခန်း (၄၇)

နောက်နှစ်ပေါင်းတစ်ရာမှာပြန်ဆုံကြမယ်

ပန်းချီကားချပ်လိပ်လေးကိုဖွင့်လိုက်သည့်အခါတွင်တော့ ဆန်းလျန်က သိချင်စိတ်ဖြင့်ကြည့်ရှုလိုက်လေသည်။ သို့သော် ပန်းချီကားချပ်လေးမှာ အဖြူရောင်သက်သက် ပန်းချီကား တစ်ခုဖြစ်နေလေသည်။

“ဒီပန်းချီကားက ဝါးရွက်စိမ်းဂိုဏ်းကဟိုပစ္စည်းလား”

ဆန်းလျန်က မသင်္ကာသလိုမေးလိုက်လေသည်။

“အမှန်ပဲ ၊ ဒီပစ္စည်းကိုလင်ချန်းရှောင်က ချင်းရွှမ်နတ်တံခါးက နေယူလာတာပဲ”

ရှင်းချွိပင်းကျိရှောင်အန်းက ပေါ့ပေါ့ပါးပါးရယ်မောရင်းပြော လိုက်လေသည်။

“ဒီပန်းချီကားရဲ့နောက်ကွယ်ကထူးခြားချက်ကဘာများလဲ”

ဆန်းလျန်က သိချင်စိတ်ဖြင့်စပ်စုလိုက်သည်။ ဤပန်းချီကား ကို အစိမ်းရောင်ဝတ်လူကလည်း လက်မလွှတ်နိုင်ဖြစ်ခဲ့ရ

သည်မဟုတ်ပါလား။ အဖြူရောင်ပြောင်ဖြစ်နေသည့်တိုင် လျှို့ဝှက်ချက်တစ်ခုတော့ရှိရမည်ဖြစ်လေသည်။

ရှင်းချိပင်း၏မျက်နှာတည်သွားပြီး ပန်းချီကားကို မီးလင်းဖိုထဲသို့ပစ်ထည့်လိုက်လေသည်။

မီးတောက်များကြားတွင်လောင်ကျွမ်းနေသည့် ပန်းချီကားကို ကြည့်နေရင်း ဆန်းလျန်မျက်နှာတွင် အံ့သြမှုများဖြင့် ပြည့်နက်သွားလေသည်။

မီးလင်းဖိုထဲမှ မီးတောက်များမှာ ပန်းချီကားကိုလောင်ကျွမ်းသွားခြင်းမရှိပါ။ ပန်းချီကားကို မည်သည့်ပညာဖြင့်စီရင်ထားသည်ကို ဆန်းလျန်သိချင်နေမိသည်။

ရှင်းချိပင်းကျိရှောင်အန်းက မီးလင်းဖိုထဲမှ ပန်းချီကားကို ပြန်ယူလိုက်သည်။

“ဆန်းသခင်လေး ၊ မင်းရဲ့ဓားပျံလေးကိုထုတ်ပြီး ဒီပန်းချီကား ပေါ်ထိုးကြည့်လိုက်ပါ ၊ ဒီလိုလုပ်တဲ့အချိန်မှာ မင်းရဲ့အတွင်း အားကိုအသုံးပြုဖို့မမေ့ပါနဲ့”

အဘိုးအိုကပြောလိုက်လေသည်။

အဘိုးအိုပြောသည့်အတိုင်းဆန်းလျန်ကလုပ်လိုက်လေသည်။ ဆန်းလျန်၏ဓားပျံလေးမှာ သာမာန်သံမဏိဖြင့်သာ ပြုလုပ် ထားခြင်း ဖြစ်သော်လည်း အလွန်ပင်ထက်မြက်လေသည်။ ဆန်းလျန်၏အတွင်းအားမှာတော့ အလွန်ပင်မြင့်မားသည့် အနေအထားတွင်ရှိလေသည်။ သူကအာရုံစူးစိုက်လိုက်ပြီး အတွင်းအားကိုအသုံးပြုလိုက်သည့်အတွက် သူ၏အတွင်းအား မှာ အလွန်ပြင်းထန်သည့်အဆင့်သို့ရောက်ရှိသွားလေသည်။ ဤမျှမြင့်မားသောအတွင်းအားနှင့်ဆိုလျှင် ကျောက်ဆောင် ကြီးများကိုပင် သခွားသီးကိုလှီးဖြတ်သကဲ့သို့ ခုတ်ဖြတ်နိုင် မည်ဖြစ်လေသည်။

သို့သော် ဆန်းလျှန်၏စားပွဲလေးမှာ ပန်းချီကားပေါ်သို့ထောက်လိုက်မိသည်နှင့် ခြစ်ရာလေးတစ်ခုပင် ထင်ခြင်းမရှိပေ။

“ဒါတကယ့်ကိုထူးခြားတဲ့ပစ္စည်းပဲ ၊ နတ်ဘုရားတွေနဲ့ပတ်သက်နေတယ်ဆိုတာ မအံ့ဩတော့ပါဘူး”

ဆန်းလျှန်ကလေးလေးနက်နက်ဖြင့်ပြောလိုက်လေသည်။

“ဒီပန်းချီကားက ချင်းရှမ်နတ်တံခါးကပန်းချီကားပဲ ၊ ဒါပေမယ့် ဘယ်သူမှ ဒီပစ္စည်းကိုအလေးမထားကြဘူး ၊ မင်းက ဆန်းကျူကျင့်စဉ်ကျမ်းကိုစပြီးကျင့်တဲ့အတွက်တာအိုကျင့်စဉ်လမ်းဘက်ကို ရောက်ရှိသွားပေမယ့် အခု မင်းရောက်နေတဲ့ အဆင့်က ဘာမှသုံးလို့မရသေးဘူး ၊ အဲဒီလိုပဲ မသိရင်ဘာမှလုပ်လို့မရဘူး၊ ဒီပန်းချီကားကို လင်ချုန်းရှောင်တို့ဂိုဏ်းက တပည့်တစ်ယောက်က ဘာမှမစဉ်းစားဘဲ ဝါးရွက်စိမ်းဂိုဏ်းကိုလက်ဆောင်ပေးခဲ့တာ ၊ ကျုပ်လူ့လောကထဲလျှောက်သွားနေတုန်း ဒီသတင်းတွေကိုကြားခဲ့တာ”

မီးနဲ့လည်းဖျက်စီးလို့မရ ၊ ရေနှင့်လည်းဖျက်စီးလို့မရ ၊ ဓားဖြင့်လည်းဖျက်စီးလို့မရသည့် ပန်းချီကားတစ်ချပ်၏ နောက်ကွယ်တွင် မည်သည့်ထူးခြားဆန်းကျယ်မှုများရှိနေပါသနည်း။

အစိမ်းရောင်ဝတ်လူယန်ရှမ်သာ ဤပစ္စည်းကို ဝါးရှက်စိမ်းဂိုဏ်းမှာ သွားမခိုးဘူးဆိုလျှင် မည်သူမျှ ထိုအကြောင်းကို သိရှိကြမည်မဟုတ်ပေ။

ဝါးရှက်စိမ်းဂိုဏ်းမှာ ချင်ပြည်နယ်မြို့တော်တွင် အင်အားကြီးမားသည့် ဂိုဏ်းတစ်ခုဖြစ်လေသည်။ အန်းဝမ်လီမှာ အတွေ့အကြုံများပြီး ဦးဆောင်နိုင်စွမ်းရှိသည့် အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်လေသည်။ သူက ပန်းချီကားအကြောင်း ကောင်းကောင်းမသိသည့်တိုင် ပန်းချီကားကိုလျှို့ဝှက်စွာဖြင့် သိမ်းဆည်းထားခဲ့လေသည်။

ရဲ့လျိုယွင်ကသာ အန်းဝမ်းလီထံတွင်ရှိသည့် ပန်းချီကားအကြောင်း သတင်းရခဲ့ခြင်းဖြစ်လေသည်။ သို့သော် ထိုပန်းချီ

ကားရရုံမျှနှင့် သိုင်းလောကအဆင့်(၁) သိုင်းသမားအဖြစ်

ချက်ချင်းဖြစ်သွားမည်တော့ မဟုတ်ပေ။

“ကျုပ်အထင် အန်းဝမ်လီက ပန်းချီကားကို မကာကွယ်နိုင်မှာ

တော်တော်စိတ်ပူခဲ့တဲ့ပုံပဲ ၊ ဒါပေမယ့် အခုတော့ ပန်းချီကားမှာ

ဝါးရွက်စိမ်းဂိုဏ်းမှာ မရှိတော့ပါဘူးလေ"

ရှင်းချိုပင်းက ဇာတ်ရည်လည်အောင် ဆန်းလျန်ကို ရှင်းပြလိုက်

လေသည်။ ရှင်းချိုပင်းသိထားသည့် လျှို့ဝှက်ချက်များ မည်မျှ

ရှိနေဦးမည်ကို မည်သူမျှမသိနိုင်ပေ။

“ရှောင်အန်းသခင်ကြီး ၊ ဒီပန်းချီကားရဲ့ထူးခြားချက်ကို သိနေမှ

တော့ ဘာလို့စောစောကတည်းကရှာပြီး လေ့လာမထားရတာလဲ ၊

ဘာလို့ ရဲ့လျိုယွင်က ဝါးရွက်စိမ်းဂိုဏ်းကိုလာယူတာကိုစောင့်

နေပြီးမှ ဘာလို့သူ့ဆီက ပြန်ယူထားရတာလဲ”

ဆန်းလျန်က အဓိကသော့ချက်ကိုမေးလိုက်ခြင်းဖြစ်လေ

သည်။ ဝံပုလွေနတ်ဘုရားတစ်ပါးဖြစ်သည့် ရှင်းချိုပင်းကျိ

ရှောင်အန်းကဲ့သို့ပုဂ္ဂိုလ်မျိုးက ပန်းချီကားကို ကိုယ်တိုင်မယူဘဲ ရဲ့လျို့ယွင်ထံမှတစ်ဆင့် ပြန်လည်ခိုးယူထားသည်ကို ဆန်းလျန်နားမလည်နိုင်ပါ။ ရှင်းချိုပင်း စိုးရိမ်သည့်ကိစ္စတစ်ခုခုများရှိနေမည်လားဟု ဆန်းလျန်တွေးနေမိလေသည်။

"နောက်တော့မင်းနားလည်လာမှာပါ ၊ ပန်းချီကားရဲ့ နောက်ကွယ်မှာ တကယ်ထူးဆန်းတဲ့ကိစ္စတွေရှိတယ် ၊ တစ်ချို့ကိစ္စတွေကို ချင်းရှမ်နတ်တံခါးကတပည့်တွေတောင်မသိလောက်ဘူး၊ ကျုပ်လည်းပန်းချီကားအကြောင်း အမှတ်မထင်သိခွင့်ရခဲ့တာ ၊ ဒါပေမယ့် ဒီပန်းချီကားက ကျုပ်အတွက်တော့ အသုံးမဝင်ဘူး ၊ မင်းအတွက်တော့ အလွန်မှတန်ဖိုးရှိတယ်"

"ခင်ဗျားက ဒီပန်းချီကားကို ကျွန်တော့်ကိုပေးမလို့လား"

ဆန်းလျန်က ပြုံးရင်းမေးလိုက်လေသည်။

"အဲဒါက ရှင့်ရဲ့အဖြစ်ချင်ဆုံးအိပ်မက်ပဲမဟုတ်ဘူးလား"

ရှင်းစစ်စစ်နျန်က အလိုမကျသည့်ဟန်ဖြင့် ဝင်ပြောလိုက်လေသည်။

“ကျုပ် မင်းကိုဒီပန်းချီကားပေးလည်း ကိစ္စမရှိပါဘူး ၊ ဒါပေမယ့် အချိန်ကောင်းမဟုတ်သေးဘူး ၊ နတ်ဘုရားလမ်းစဉ်ကို ကျင့်ကြံအားထုတ်တယ်ဆိုတာ နည်းလမ်းမျိုးစုံရှိတယ် ၊ မင်းနဲ့အသင့်တော်ဆုံးကတော့ ချင်းရှမ်နတ်တံခါးပါပဲ ၊ ဘာလို့လည်းဆိုတော့ လင်ချျန်းရှောင်လည်း မင်းကိုပြောပြဖူးတယ်လေ၊ အဲဒီနေရာက မင်းနဲ့နီးစပ်မှုရှိတယ် ၊ နောက်နှစ် ကိုးလပိုင်းကိုးရက်နေ့ဆိုရင် ချင်းရှမ်နတ်တံခါးဖွင့်လိမ့်မယ် ၊ ခြောက်လတိတိ တပည့်အသစ်ရွေးခြယ်တဲ့ပွဲကိုကျင်းပလိမ့်မယ် ၊ မင်းဒီအကြောင်းကိုအသေးစိတ်သိချင်ရင်တော့ ရဲ့လျိုယွင်ကိုသာသွားရှာပါ”

ရှင်းချိုပင်းကျိရှောင်အန်းမှာ နောက်ဆုံးတော့ ယနေ့ဆန်းလျန်နှင့်တွေ့ဆုံရသည့်အကြောင်းကို ထုတ်ဖော်ပြောလိုက်ပြီဖြစ်လေသည်။

"ကျွန်တော် နတ်ဘုရားလမ်းစဉ်ကိုလျှောက်ပြီးရင် ဘာလုပ်ရမလဲ မသိသေးဘူး ၊ ခင်ဗျားပြောတာတွေကို ကျွန်တော် အကြမ်းဖျင်းတော့နားလည်ပါတယ် ၊ ဒါပေမယ့် ခင်ဗျားက ကျွန်တော့်ဆီက ဘာအကူအညီလိုချင်လို့ ကျွန်တော့်ကို ဒီလိုကူညီပေးနေတာလဲဆိုတာ မသိရသေးဘူး"

"မင်းသာချင်းရွှမ်နတ်တံခါးကိုရောက်သွားရင် ကျုပ်မှာ တကယ့်ကိုလိုအပ်နေတဲ့ အကူအညီတစ်ခု တောင်းစရာရှိပါတယ် ၊ ဒါပေမယ့် အရမ်းခက်ခဲတဲ့ကိစ္စတော့မဟုတ်ပါဘူး၊ မင်းချင်းရွှမ်နတ်တံခါးကိုရောက်သွားလို့ ကျုပ်ကိုပြန်လှည့်မကြည့်ဘူးဆိုရင်လည်း ကျုပ်ဘာတတ်နိုင်မှာလဲ ၊ ဒါပေမယ့် မင်းကအဲဒီလိုလူစားမျိုးမဟုတ်ဘူးဆိုတာ ကျုပ်ယုံတယ်"

ရှင်းချိုပင်းက ဆန်းလျန်ကို ယုံကြည်ထားပုံရလေသည်။ ဆန်းလျန်မှာ ကိုယ်ကျင့်တရားကောင်းသူတစ်ယောက်အဖြစ် သူသိထားလေသည်။ သူကဆန်းလျန်ကို လွန်ခဲ့သည့်ရက်များကတည်းက လေ့လာထားခြင်းဖြစ်လေသည်။

ထို့ကြောင့် သူက ရှင်းစစ်စစ်နျန်ကို တောင်ပေါ်သို့ ချက်ချင်းလာခဲ့ဖို့ ဆန်းလျန်ကို ဖိတ်ခေါ်ခိုင်းခြင်းမျိုးမလုပ်ခဲ့ဘဲ ဆယ့်ငါးရက်နေမှ ဖိတ်ခေါ်ခိုင်းခဲ့ခြင်းဖြစ်လေသည်။ ထိုသို့လုပ်ခြင်းအားဖြင့် ဆန်းလျန်ရော ရှင်းချိုပင်းပါ ပြင်ဆင်ချိန် ရမည်ဖြစ်လေသည်။

"ကျွန်တော့်ကိုယုံပါ အဘိုး ၊ ခင်ဗျားက ကျွန်တော့်ကို ဒုက္ခရောက်အောင်လုပ်မှာမဟုတ်သလို ၊ ကျွန်တော်ကလည်း ခင်ဗျားကို မေ့မထားပါဘူး ၊ ဒါပေမယ့် ကျွန်တော်ကြားခဲ့တာတွေကို ပြန်သုံးသပ်ဖို့ အချိန်နည်းနည်းတော့လိုအပ်ပါတယ်"

ဆန်းလျန်က တောင်းပန်သည့်လေသံဖြင့်ပြောလိုက်လေသည်။

"ရှင်ကလည်း မပြတ်မသားနဲ့၊ ဝေ့လည်ကြောင်ပတ်လုပ်နေ

တယ်"

ရှင်းစစ်စစ်နျန်က အေးစက်စက်ဖြင့်ပြောလိုက်လေသည်။

"ဘဝဆိုတာရွေးခြယ်စရာတွေအများကြီးရှိတယ်လေ၊ ကျုပ်

ဘယ်လိုလုပ် လွယ်လွယ်နဲ့ဆုံးဖြတ်ချက်ချနိုင်မှာလဲ၊ ပြီးတော့

ကျုပ်က ကျုပ်ဆန္ဒမရှိတဲ့အလုပ်ဆို လုပ်လေ့မရှိဘူး"

ဆန်းလျန်က ရှင်းစစ်စစ်နျန်ကို အေးဆေးတည်ငြိမ်စွာဖြင့်

ပြန်ပြောလိုက်လေသည်။

"ဒီလိုကိစ္စတွေဖြစ်လာမှတော့ မင်းကိုဒီညဒီမှာနေဖို့လည်းမ

တိုက်တွန်းတော့ပါဘူး၊ သခင်လေးပြန်ချင်ရင်ပြန်လို့ရပါ

တယ်"

ရှင်းချိုပင်းကျိုရှောင်အန်းကပြောလိုက်လေသည်။

ဆန်းလျန်ကလည်း လက်ကြီးဗလာတော့ထွက်မသွားနိုင်ပါ။

ဝံပုလွေနတ်ဘုရားသားအဖက သူ့ကို “ဝိညာဉ်နှိုးထစေသည့် ဆေးရည်” ဖော်ဆပ်နည်းကိုပေးလိုက်ကြလေသည်။

ယနေ့ညတွင် သူတို့စကားတွေအများကြီးပြောခဲ့ကြသော်လည်း အဓိကအကြောင်းအရာမှာ နတ်ဘုရားကျင့်စဉ်လမ်းသို့ လိုက်လျှောက်ရန်ကိစ္စဖြစ်လေသည်။

ဝံပုလွေနတ်ဘုရားများက သူ့ကိုဒုက္ခရောက်စေလိုသည့် ရည်ရွယ်ချက်မရှိသည်ကိုသိသည့်တိုင် မရိုးမသားကိစ္စတစ်ခုရှိနေသည်ဟုတော့ ဆန်းလျန် ခံစားနေမိလေသည်။

ရှင်းစစ်စစ်နျန်နှင့် ရှင်းချိုပင်းကျိရှောင်အန်းတို့နှစ်ယောက်လုံးမှာ နားလည်ရန်လွန်စွာမှခက်ခဲသည့်သူများဖြစ်သည် မဟုတ်ပါလား။

ဆန်းလျန် သူ့ကိုယ်သူမေးခွန်းထုတ်နေမိသည်။ သူတို့သာ ဆန်းလျန်ကို ဒုက္ခပေးလိုစိတ်ရှိလျှင် အားစိုက်စရာမလိုဘဲ အလိုလိုပျက်စီးသွားအောင်လုပ်၍ရလေသည်။

ထူးခြားသည့်အချက်မှာ ထိုဝိပုလေ့နတ်ဘုရား၏ စိတ်ခံစား ချက်များမှာ နက်နက်ရှိုင်းရှိုင်းရှိလှလေသည်။ သူတို့က သာမန် နတ်မိစ္ဆာများတော့တော့မဟုတ်ပေ။ ထို့ပြင် ဉာဏ်ပညာအဆင့် မြင့်လည်းလွန်းလေသည်။

ဆန်းလျန်က ချယ်လန်းတောင်ကြီးကို နောက်ပြန်လှည့်ကြည့် လိုက်မိသည့်အခါတွင်တော့ ရှင်းချိုပင်း၏ လေးနက်သည့် အကြည့်များနှင့် ရှင်းစစ်စစ်နျန်၏လှပသည့်မျက်နှာလေးကို တွေ့လိုက်ရလေသည်။

ဆန်းလျန်၏မျက်နှာမှာ တည်ငြိမ်နေသော်လည်း သူ၏စိတ်ထဲ တွင်တော့ အတွေးများစွာလွှမ်းမိုးနေလေသည်။ ရှင်းချိုပင်းသာ လိမ်ပြောခြင်းမဟုတ်လျှင် ချင်းရှမ်နတ်တံခါးဖွင့်သည့်အချိန် မှာ သူ့အတွက်အခွင့်အရေးကောင်းပင် ဖြစ်လေသည်။

ကျင့်စဉ်လမ်းမှန်ကို မည်သို့ကျင့်ကြံရမည်ကို သိရှိရန် အကောင်းဆုံးနည်းလမ်းမှာ နတ်ဘုရားတံခါးသို့ ဝင်ရောက်နိုင်အောင်ကြိုးစားခြင်းပင်ဖြစ်လေသည်။

သွားရမည့်ခရီးလမ်းမှာ တောအထပ်ထပ် တောင်အသွယ်သွယ်ကိုဖြတ်သန်းကော်းဖြတ်သန်းရမည်ဖြစ်လေသည်။ နှစ်ပေါင်းတစ်ရာခန်းလည်းကြာချင်ကြာသွားနိုင်လေသည်။ သို့သော် ဆန်းလျန် မည်သည့်အခါမျှ နောင်တရလိမ့်မည် မဟုတ်ပါ။ ဆန်းလျန်မှာ အပျင်းကြီးသူတစ်ယောက်ဖြစ်သော်လည်း သူလုပ်မည်ဟုဆုံးဖြတ်လိုက်ပြီဆိုလျှင်တော့ နောက်ပြန်လှည့်မကြည့်စတမ်းလုပ်တတ်သူဖြစ်လေသည်။

နတ်ဘုရားကျင့်စဉ်လမ်းမှာ အတိုင်းအတာမရှိသည့်လမ်းဖြစ်လေသည်။ အခွင့်အရေးနည်းသည်ဖြစ်စေ ၊ များသည်ဖြစ်စေ မည်သည့်အခွင့်အရေးကိုမဆို သူလက်လွှတ်မခံနိုင်ပေ။

ဆန်းလျန်တည်းခိုရိပ်သာသို့ပြန်လည်ရောက်ရှိသည့်အချိန်တွင် အလွန်ပင်ညဥ့်နက်နေပြီဖြစ်လေသည်။

ညဥ့်နက်သည်ထိမအိပ်တတ်ဘဲ အလုပ်ကြိုးသည့်အိမ်တော်ထိန်းဝူပင်လျှင် ဆန်းလျန်ပြန်ရောက်သည့်အချိန်တွင် အိပ်ပျော်နေပြီဖြစ်လေသည်။

ဆန်းလျန်တည်းခိုရိပ်သာအတွင်းသို့ဝင်လိုက်သည်နှင့် အိမ်တော်ထိန်းဝူအစား ပိုင်ယွီဖေးကိုတွေ့လိုက်ရလေသည်။

“ဒီနေ့ည ညပိုင်းအလုပ်လုပ်ရတာလား”

ဆန်းလျန်ကမေးလိုက်လေသည်။ အိမ်တော်ထိန်းဝူကသာ ညဘက်တွင် လုပ်ရမည့်အလုပ်များကို အစီအစဉ်ရေးဆွဲနေတတ်ပြီး ပိုင်ယွီဖေးညဘက်အလုပ်လုပ်သည်ကို သူတစ်ခါမှမမြင်မိပေ။

“ညပိုင်းအလုပ်မဟုတ်ပါဘူး ၊ မင်းပြန်လာတာကိုစောင့်နေတာ” ပိုင်ယွီဖေးက ပြုံးပြလိုက်ရင်း အဖြေပေးလိုက်လေသည်။

“မင်း ငါ့ကိုပြောစရာရှိလို့လား”

“မင်းမကြာခင်ခရီးထွက်တော့မှာ ငါသိနေလို့ ၊ မင်းကိုအရက်ဝယ်တိုက်မလို့ အိမ်တော်ထိန်းဝူဆီက လစာကြိုထုတ်ထားတယ် ၊ မင်းငါနဲ့အတူအရက်သောက်မလား”

“အလကားသောက်ရတာပဲ ငြင်းစရာလားကွ”

ဆန်းလျန်ကပြုံးရင်းပြန်ပြောလိုက်လေသည်။

ပိုင်ယွိဖေးမှာ တကယ်တော်သည့်လူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် တည်းခိုရိပ်သာတွင် ပိုင်ယွိဖေးရှိနေပါက ဆန်းလျန်အနေဖြင့် စိတ်ချနိုင်မည်ဖြစ်လေသည်။

“ဘာမှတော့မဟုတ်ပါဘူးကွာ ၊ မင်းနဲ့အရက်သောက်ချင်ရုံလေးပါ ၊ မင်းကိုတစ်ခါလောက် မူးအောင်တိုက်လိုက်ချင်တာ”

ပိုင်ယွိဖေးက ရယ်မောရင်းပြောလိုက်လေသည်။

အခန်း (၄၈)

အရက်မူးသည့်ည

“ဒီအရက်က ဓားတစ်လက်လိုပဲ ၊ မျိုချလိုက်တိုင်း မင်းရဲ့ လည်ပင်းထဲ ပူဆင်းသွားလိမ့်မယ်”

“မီးဓား” ဆိုသည်မှာ အလွန်စျေးကြီးသောအရက်၏ အမည်ဖြစ်လေသည်။

သာမန်အားဖြင့် အရက်ကောင်းများမှာ စျေးကြီးပြီး မကောင်းသည့်အရက်များက စျေးပေါသည်ဟု လူအများစုသိထားကြသည်။ သို့သော် ထိုယူဆချက်က အမြဲတမ်းလည်းမမှန်ကန်နိုင်

ပါ။ သောက်၍မကောင်းပါက စျေးကြီးသည့်တိုင် အရက်ကောင်းဟုမခေါ်နိုင်ပေ။

ဆန်းလျန်က အရက်သောက်လေ့ရှိပါသည်။ သို့သော် သူက အစိမ်းရောင်အမြှုပ်လေးများပါသည့် "လွိုယီ" ဆန်အရက်ကို သာသောက်တတ်လေသည်။ ထိုအရက်က အရက်ပမာဏ ပါဝင်မှုနည်းလေသည်။

လည်ချောင်းထဲသို့ မီးစကြီးတိုးဝင်သွားသလို စီးဝင်သွားသည့် အရက်မှာ လုံးဝသောက်၍ကောင်းသည့်အရက်မဟုတ်ပေ။ ထို့ပြင် "မီးဓား" အရက်မှာ အရက်ပါဝင်မှုနှုန်းအလွန်မြင့်မား လေသည်။

သို့သော် ဆန်းလျန်ကတော့ ထိုအရက်ကို အငမ်းမရသောက်ချလိုက်လေတော့သည်။ နူးညံ့သိမ်မွေ့စွာနေတတ်သည့် ဆန်းလျန်ကဲ့သို့သောလူမျိုးသည် ထိုကဲ့သို့အသောက်ကြမ်းလိမ့်မည်ဟု

မည်သူမျှထင်ကြလိမ့်မည်မဟုတ်ပေ။ ပိုင်ယွိဖေးမှာ အလွန်ပင်

အံ့အားသင့်နေလေတော့သည်။

သူက ဆန်းလျန်အတွက် အရက်နှင့်မြေပဲကြော်သာဝယ်ထား

ခြင်းဖြစ်လေသည်။

သူရသည့်လစာနှင့် ထိုမျှလောက်ပဲတတ်နိုင်သောကြောင့်ဖြစ်

လေသည်။

ဆန်းလျန်မှာ တည်းခိုရိပ်သာပိုင်ရှင်ဖြစ်သောကြောင့် သူစား

ချင်သည့် ဟင်းလျာများကို မှာယူစားသောက်လို့ရလေသည်။

သို့သော် သူက ပိုင်ယွိဖေးဝယ်ကျွေးသည့် အရက်နှင့်မြေပဲ

ကြော်ကိုသာ စားဖို့ဆုံးဖြတ်ထားလေသည်။

ပိုင်ယွိဖေးမှာလည်း ထို့အတူပင်ဖြစ်လေသည်။

“မင်းဒီလောက်အသောက်ကြမ်းမယ်လို့ ငါထင်မထားဘူး”

ပိုင်ယွိဖေးက ဆန်းလျန်၏ပခုံးကိုပုတ်ရင်းပြောလိုက်လေ

သည်။ ပိုင်ယွိဖေးမှာ အခြားသူများနှင့်လည်း အရက်သောက်

ဖူးပါသည်။ သို့သော် ဆန်းလျန်နှင့်အရက်သောက်ရသည်က တမူထူးခြားလေသည်။ ဆန်းလျန်မှာ အရှိန်အဝါကြီးမားသူ တစ်ယောက်ဖြစ်ပြီး သူ့အနားတွင်ရှိသည့်လူများကို စိတ်ငြိမ်းချမ်းစေသည့်ခံစားချက်ကို ပေးစွမ်းနိုင်လေသည်။ ဆန်းလျန်နှင့်သာသူငယ်ချင်းဖြစ်ခွင့်ရပါက သူ့ကိုအမြဲတမ်းမီခိုသွားနိုင်သည့် မိတ်ဆွေကောင်းမျိုးဖြစ်လေသည်။

ပိုင်ယွိဖေးမှာ အခြားသူများနှင့်အရက်သောက်လျှင် အထူးသတိထားလေသည်။ သို့သော် ဆန်းလျန်နှင့်ဆိုလျှင်တော့ သတိထားစရာမလိုပေ။ အားလုံးက အဆင်ပြေသွားမည်ဖြစ်လေသည်။ ဆန်းလျန်ဆိုသည်မှာ စကြဝဠာတစ်ခုလုံးတွင် တစ်ယောက်တည်းရှိသည့်ဆန်းလျန်ဖြစ်သည် မဟုတ်ပါလား။

“ငါဘယ်မှာအသောက်ကြမ်းလို့လဲ”

ဆန်းလျန်က ခပ်ထွေထွေဖြင့်မေးလိုက်သည်။ အရက်မူးနေ

သည့်တိုင် သူ၏မျက်ဝန်းများကတော့ စူးရှထက်မြက်နေဆဲ

ဖြစ်လေသည်။

"အေးပါ မင်းအသောက်မကြမ်းပါဘူးကွာ"

ပိုင်ယွိဖေးက ရယ်ရင်းပြန်ပြောလိုက်သည်။

"ဒါဖြင့် မင်းကရော...."

ဆန်းလျန်က ပြန်မေးလိုက်သည်။

"ဘာတုန်း...."

ပိုင်ယွိဖေးမှာလည်း မူးနေပြီဖြစ်လေသည်။

သူ့ဘေးတွင် အရက်အိုးဆယ်အိုးခန့်တန်းစီနေလေသည်။

သာမန်လူတစ်ယောက် အရက်အိုးဆယ်အိုးခန့်သောက်ထားပါ

က ကျိန်းသေမှောက်နေမည်ဖြစ်လေသည်။

သို့သော် ပိုင်ယွိဖေးမှာတော့ မတ်မတ်ရပ်နိုင်သည့်အနေအထား

ရှိနေသေးသည်။ သူကကိုယ်ဖော့ပညာအလွန်တော်

သည့်အတွက် အရက်မူးနေသည့်တိုင် ဟန်ချက်ညီညီရပ်နေနိုင်ခြင်းဖြစ်လေသည်။

“မင်းလည်းအသောက်ကြမ်းတဲ့ကောင်ပဲမဟုတ်လားလို့ငါမေးနေတာ”

ဆန်းလျန်က အသံကျယ်ကျယ်ဖြင့် ထပ်မေးလိုက်လေသည်။ ဒီတစ်ခါတော့ ဆန်းလျန်မေးသည့်မေးခွန်းကို ပိုင်ယွိဖေးသေချာကြားရပြီဖြစ်လေသည်။

“ငါက အသောက်မကြမ်းရဲပါဘူးကွာ”

ပိုင်ယွိဖေးက ရယ်မောရင်းပြန်ဖြေလိုက်လေသည်။ အရက်မူးနေသည့်အချိန်တွင် အလိုအပ်ဘဲနှင့် အသံကပိုပြီးကျယ်ကြလေသည်။ ထို့ကြောင့် ဆန်းလျန်မှာလည်း ပိုင်ယွိဖေး၏အဖြေကို ရှင်းရှင်းလင်းလင်းကြားလိုက်ရလေသည်။

ဆန်းလျန်က ဘာမှမပြောတော့ဘဲ ပိုင်ယွိဖေး၏ပခုံးကိုလှမ်းပုတ်လိုက်သည်။ သူတို့ကြားတွင်ပြောစရာစကားသိပ်မရှိတော့။ အရက်ဆက်သောက်ကြရန်သာရှိလေသည်။

ဆန်းလျန်မှာ တကယ်ပင်မူးနေပြီဖြစ်လေသည်။

အရက်မူးအောင်သောက်ရသည့်ညတစ်ည၏အရသာမှာ ကမ္ဘာကြီးကိုအုပ်ဆိုးရသည်ထက်ပင် ကောင်းသေးသည်။

သူပိုင်သည့်တည်းခိုရိပ်သာတွင် သူ့ဆိုင်မှ အလုပ်သမားတစ်ယောက်နှင့်အတူ မူးနေရသည့် အရာသာမှာ ပို၍ကောင်းလေသည်။

ပိုင်ယွိဖေးတွင် မည်သည့်လျှို့ဝှက်အကြံအစည်မှရှိမနေပါ။ သူက ဆန်းလျန်နှင့် အရက်အတူသောက်ချင်သည့် ဆန္ဒတစ်ခုတည်းသာရှိခြင်းဖြစ်လေသည်။ ထို့ကြောင့်လည်း ဆန်းလျန်က သူနှင့်အတူအရက်သောက်ခြင်းဖြစ်လေသည်။

ဆန်းလျှန်က မည်သည့်အခါမှ အရက်မူးအောင်မသောက်တတ်ပေ။ အဘယ်ကြောင့်ဆိုသော် သတိထားခြင်းက မှားသည်ဟူ၍မရှိဟု သူကခံယူထားသောကြောင့်ဖြစ်လေသည်။ ပိုင်ယွိဖေးမှာတော့ အရက်အလွန်အသောက်ကြမ်းသည့်သူတစ်ယောက်ဖြစ်လေသည်။ သို့သော် သူ့တွင် မိတ်ဆွေအပေါင်းအသင်းအများကြီးမရှိပေ။ ရန်သူသာလျှင်ရှိလေသည်။ ထို့ကြောင့် သူက မူးအောင်မသောက်ရဲခြင်း ဖြစ်လေသည်။ တစ်ခါလောက်အရက်မူးအောင်သောက်လိုက်မိသည်နှင့် နောက်တစ်ခါသောက်ခွင့်မရတော့အောင် အသက်ပျောက်သွားနိုင်ချေရှိလေသည်။

သို့သော် ယနေ့ညတော့ ထိုသူနှစ်ယောက်မှာ အမူးလွန်အောင်သောက်နေကြလေတော့သည်။

ဆန်းလျှန်သူ့မျက်လုံးများကိုဖွင့်ကြည့်လိုက်သည့်အချိန်တွင်တော့ နေ့လည်ခင်းအချိန်သို့ပင်ရောက်နေပြီဖြစ်လေသည်။

နှစ်နှစ်အတွင်းတွင် ပထမဆုံးအကြိမ် နေဖင်ထိုးသည်အထိ အိပ်မိခြင်းဖြစ်လေသည်။ အသက်အမှူးလွန်ပြီး မအီမသာဖြစ်နေရလေသည်။

မနေ့ညက သူအရက်အလွန်အကျွံသောက်ခဲ့သည်ကို သတိရလိုက်မိသည်။

ပိုင်ယွိဖေးမှာ အရက်ဆယ့်နှစ်အိုးသောက်ပြီးသည့်အချိန်တွင်တော့ မူးပြီးမှောက်သွားလေသည်။ ပိုင်ယွိဖေးမှောက်သွားသည့်အချိန်ထိ ဆန်းလျန်မှာ အေးအေးဆေးဆေးပင်ရှိနေသေးသည်။

သို့သော် ဘယ်လောက်ထိသောက်ပြီးမှ မှောက်သွားသည်လည်းဆိုသည်ကိုတော့ ဆန်းလျန်ကိုယ်တိုင်လည်း မသိတော့ပေ။

ဆန်းလျန်တစ်ခုသိလိုက်သည်မှာ ပိုင်ယွိဖေးတစ်ယောက်တည်း

သာ အရက်ကိုဒဏ်ခံသည်မဟုတ်။ အိမ်တော်ထိန်းဝူကလည်း

ပိုက်ဆံပေးထားသေးသည်ဆိုသည့်အချက်ပင်။

အိပ်ယာမှာ အလွန်နူးညံ့ပြီး သက်တောင့်သက်သာရှိလေသည်။

သို့သော် အပြင်ဘက်တွင်တော့ ရာသီဥတုက အလွန်အေးစိမ့်

နေလေသည်။

ဤကဲ့သို့သော ရာသီဥတုမျိုးတွင် လူအများစုမှာ အိပ်ယာထဲ

တွင်သာ အနေများကြလေသည်။

အလွန်နာမည်ကြီးသည့် ဆိုရိုးစကားတစ်ခုရှိလေသည်။

"သေလျှင်ထာဝရအိပ်ရမည်ဖြစ်သောကြောင့် အကြာကြီးအိပ်

မနေသင့်"

ဟူသည့်စကားပုံဖြစ်လေသည်။

အမှန်တော့ ဆန်းလျန်မှာ အအိပ်အနေနည်းသည့် လူတစ်

ယောက်ဖြစ်လေသည်။

သူတည်းခိုရိပ်သာသို့ ဆင်းလာသည့်အချိန်တွင်တော့ ပိုင်ယွိ ဖေးမှာ အလုပ်ပင်လုပ်နေပြီဖြစ်လေသည်။ သူက အလုပ် ကြိုးစားသူတစ်ယောက်ဖြစ်ပြီး မည်သူမျှသူ့ကို သိုင်းလောက တွင်ကျော်ကြားသည့် စောရတစ်ယောက်ဟု ထင်မည်မဟုတ် ပေ။

အမြင့်သို့ရောက်လေ ကိုယ့်ကိုယ်ကိုနှိမ့်ချလေဆိုသည့်စကား နှင့် ပိုင်ယွိဖေးမှာ ကိုက်ညီလေသည်။

ပိုင်ယွိဖေးမှာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ် သော်လည်း ထိပ်ဆုံးအဆင့်သို့ရောက်ရှိခြင်းမရှိသေးပေ။ သို့သော် နောက်ထပ် ဆယ်နှစ် ၊ အနှစ်နှစ်ဆယ်ကြိုးစား လိုက်ပါက ထိပ်ဆုံးအဆင့်သို့ရောက်ရှိနိုင်မည်ဟု ဆန်းလျန် ယုံကြည်ထားလေသည်။

ပိုင်ယှိဖေးမှာ တာအိုကျင့်စဉ်လမ်းနှင့် ကံမစပ်သည်မှာတော့ စိတ်မကောင်းစရာပင်ဖြစ်လေသည်။ သို့သော် တကယ်တမ်း တွေးကြည့်လျှင် စိတ်မကောင်းစရာလည်းမရှိပါ။

တာအိုကျင့်စဉ်လမ်းရော ၊ သိုင်းလောကလမ်းကိုပါ မလျှောက် နိုင်သည့်သူတွေ တစ်ပုံကြီးရှိလေသည်။ သာမန်ဘဝဖြင့်ပင် နေထိုင်သွားကြသည့်လူများမှာ ဒုနှင့်ဒေးဖြစ်လေသည်။

အိမ်တော်ထိန်းဝူက ဆန်းလျန်ကို ဖိတ်စာလေးတစ်စောင်လာ ပေးလေသည်။ ဆန်းရော့ရှီ၏ကဗျာစုစည်းမှု ပြပွဲလေးအတွက် ဖိတ်စာဖြစ်လေသည်။

ဖိတ်စာလေးမှာခရမ်းရောင်လေးဖြစ်နေလေသည်။

ခရမ်းရောင်ဖိတ်စာဆိုသည်မှာ အထူးဧည့်သည်တော်များကို ဖိတ်သည့် ဖိတ်စာဖြစ်လေသည်။

ဆန်းရော့ရှီ၏ကဗျာစုစည်းမှုပြပွဲလေးမှာ ချင်ပြည်နယ် မြို့တော်တွင် သတင်းကြီးနေလေတော့သည်။

တကယ်တော့ ဆန်းရော့ရှိက သူမ၏ကဗျာစုစည်းမှု ပြပွဲလေး အတွက် မိသားစုနှစ်စုလောက်ကိုသာဖိတ်ကြားထားခြင်းဖြစ် လေသည်။ သို့သော်လည်း လူများအလည်တွင် မထင်မှတ်ဘဲ ရေပန်းစားသွားပြီး နာမည်ကြီးသွားခဲ့ခြင်းဖြစ်လေသည်။ မက်မွန်ပန်းပွဲတော်နှင့်ကဗျာစုစည်းမှုပြပွဲလေးကို ဆန်းအိမ် တော်တွင်ပြုလုပ်မည်ဖြစ်လေသည်။ လမ်းပေါ်တွင် မြင်းလှည်း များဖြင့်ပြည့်နေပြီး လူပေါင်းများစွာစည်ကားလျှက်ရှိလေ သည်။

အရည်အချင်းရှိသောယောကျ်ားလေးများကတော့ ချမ်းသာ သည့်ကုန်သည်သူဌေးကြီး၏အိမ်မှ လှပသည့်မိန်းကလေးကို ပိုးပန်းရန်အတွက်ရောက်လာကြလေသည်။ သို့သော် မင်းမျိုးမင်းနွယ်များတော့ ရောက်လာကြခြင်းမရှိပါ။ လူဆင်းရဲများမှာ မင်းမျိုးမင်းနွယ်များကဲ့သို့ တိုင်းပြည်ကိစ္စ များကိုစိတ်မဝင်စားနိုင်ပေ။ ဖျော်ဖြေရေးပွဲများလည်း မရှိ

သောကြောင့် ငြီးငွေ့စရာကောင်းသော ဘဝကိုပိုင်ဆိုင်ထားကြ
ရလေသည်။ လူတစ်ယောက်သည် ဆင်းရဲပြီဆိုလျှင် အသား
တစ်တုံးနှင့် အရက်တစ်ခွက်မျှစားသောက်ရလျှင်လည်း ပျော်
ရွှင်စရာပင်ဖြစ်လေသည်။

ဆန်းရော့ရှီမှာ ချမ်းသာသည့်မိသားစုမှ သမီးပျိုတစ်ယောက်
ဖြစ်လေသည်။ သူမ၏ဘဝတစ်ယောက်လုံး ဆင်းရဲချို့တဲ့ခြင်း
ကိုမသိမြင်ခဲ့ရပေ။

မိန်းမပျိုလေးများမှာ များသောအားဖြင့် ကဗျာများကို
စိတ်ဝင်စားကြလေသည်။ သို့သော် ဆင်းရဲသည့်မိသားစုမှ
မိန်းမပျိုလေးများမှာတော့ ကဗျာစာပေများကို စိတ်ဝင်စား
သည့်တိုင် လိုက်စားနိုင်ခြင်းမရှိကြပေ။

ဆန်းရော့ရှီမှာ အလွန်ကံကောင်းသည့်မိန်းကလေးပင်ဖြစ်လေ
သည်။ သူမက ကိုယ်ပိုင်ကဗျာရေးစပ်နိုင်စွမ်းရှိလေသည်။

သို့မဟုတ် သူမအတွက် ကဗျာရေးပေးမည့် လူတစ်ယောက်ရှိ

လေသည်။

ချင်ပြည်နယ်မှာ စာပေပညာအားနည်းသည့်ဒေသတစ်ခုဖြစ်

လေသည်။ ကဗျာစုစည်းမှုပြပွဲလေးပြီးသွားသည့်အချိန်တွင်

တော့ မည်သူမျှ ကဗျာစာပေများကို သိပ်ပြီးနားလည်သုံးသပ်

နိုင်ကြသည့်ပုံမပေါ်ပေ။ သို့သော်လည်း အားလုံးမှာ စိတ်များ

ပျော်ရွှင်နေကြသည်မှာတော့သိသာလေသည်။

“ဆောင်းတွင်းကာလ တောထဲမှာပွင့်လန်းနေတဲ့ မက်မွန်ပန်း

တွေ...

ကြိုးတောင့်ကြိုးခဲ ပွင့်နေကြတဲ့ မက်မွန်ပွင့်တွေနဲ့ ချယ်ရီပွင့်တွေ

ဟာ မတူညီပါဘူး...

ရုတ်တရက် ညကိုဖြတ်သန်းလာတဲ့လေပြေလေးနဲ့

မွှေးရနံ့လေးတွေမျှောပါလာတော့....

နွေဦးကဖြည်းညင်းစွာဝင်ရောက်လာပါရောလား..."

ဆန်းရော့ရှိက ကဗျာလေးကိုဖြည်းဖြည်းမှန်မှန်ဖြင့် အလွတ်ရွတ်ဆိုသွားခြင်းဖြစ်လေသည်။ သို့သော်လည်း ကဗျာ၏ရသမြောက်ခြင်းမှာပေါ်လွင်နေလေသည်။

ကဗျာကိုကြားသည်နှင့် နားထောင်နေကြသည့် လူအုပ်ကြီး၏မျက်နှာတွင် ကြည်နူးပီတိဖြစ်သည့်အရိပ်အယောင်များဖြင့် ဖုံးလွှမ်းသွားလေသည်။

စာပေပညာရှင်လူငယ်နှစ်ယောက်လောက်က ဤသို့အသက်ငယ်ငယ်ရွယ်ရွယ်နှင့်မိန်းကလေးတစ်ယောက်က ဤမျှကောင်းမွန်သောကဗျာကို ရွတ်ဆိုရေးဖွဲ့နိုင်သည့်အတွက် အထင်ကြီးလေးစားစွာဖြင့် ဦးညွှတ်အရိုအသေပေးသွားကြလေသည်။

ကဗျာ၏အဓိပ္ပါယ်က စွဲဆောင်မှုရှိရုံသာမက ကဗျာ၏ယဉ်ကျေးမှုအဆင့်အတန်းလည်းမြင့်မားလေသည်။

လူဆိုသည်က မွေးဖွားလာစတွင် ဖြူစင်ကြသည့်တိုင် ဥစ္စာဓန ကြွယ်ဝလာကြသည့် အခါတွင်တော့ စိတ်ကြီးဝင် မာန်တက် လာတတ်ကြလေသည်။

သို့သော် နှစ်ပေါင်းများစွာကြာရှည်ခံသည့် သီချင်းကဗျာတစ်ပုဒ်၏အနှစ်သာရကတော့ လူသားဆန်မှုကို ပြန်လည် သယ်ဆောင်ပေးလေသည်။

ဆန်းရော့ရှီမှာ စင်မြင့်ထက်တွင် မျက်နှာကိုပုဝါစလေးဖြင့် ဖုံးထားပြီး ရပ်နေလေသည်။ သူမက ဆန်းလျန်သင်ပေးသွားသည့် ထိုမက်မွန်ပန်း ကဗျာလေးကို နောက်ဆုံးကျမှ ရွတ်ခြင်းဖြစ်လေသည်။

ကဗျာဖွဲ့စည်းပုံမှာ ငြိမ်သက်ပြီးအေးဆေးလေသည်။ လူများက ကဗျာကို အလွန်နှစ်သက်ကြလေသည်။ ဆန်းရော့ရှီမှာ ဆန်းလျန်ကဗျာလေးကို ဒုတိယအကြိမ်ရွတ်ပြသည်ကို ထပ်ပြီး ကြားချင်နေမိသည်။

ထိုကဗျာလေးက သူမ၏အစ်ကိုဝမ်းကွဲဖြစ်သူကို ပိုပြီး နားလည်လာသလိုခံစားလိုက်ရသည်။

သို့သော် ဆန်းလျန်ကတော့ သူမအနားတွင်ရှိမနေခဲ့ပါ။ လူအုပ်ထဲတွင် ဆန်းလျန်ကိုများတွေ့ရမလားဟု သူမရှာကြည့်လိုက်မိလေသည်။

သို့သော် သူမကိုလက်ဝှေ့ယမ်းပြသွားပြီး ဆောင်းညအမှောင်ထဲတွင်ပျောက်ကွယ်သွားသည့်လူတစ်ယောက်ကိုတော့ သူမ သတိပြုမိလိုက်ခြင်းမရှိပါ။

တရုတ်နှစ်ဆယ့်နှစ်လမှာ ကုန်ဆုံးခါနီးပြီဖြစ်ပြီး သိပ်မကြာခင် နွေဦးသို့ရောက်တော့မည်ဖြစ်လေသည်။

အခန်း (၄၉)

ရေခဲကျောက်စိမ်း

နောက်ထပ်တစ်ကြိမ် ဆန်းလျန် ချယ်လန်းတောင်ပေါ်သို့သွား သည့်အခါတွင်တော့ ဝံပုလွေနတ်ဘုရားသားအဖမှာ သဲလွန်စ လေးတစ်ခုပင်မချန်ခဲ့ဘဲ ပျောက်ကွယ်သွားကြပြီဖြစ်လေ သည်။ သူတို့ ချယ်လန်းဝတ်ကျောင်းတော်ထဲတွင် နေခဲ့ဖူးသည့် အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါချေ။

ချယ်လန်းဝတ်ကျောင်းတော်ကြီးမှာ အိုဟောင်းပြီး လူသူတစ် ယောက်မျှမရှိသည့်အတွက် ပင့်ကူအိမ်များပင် တက်နေပြီဖြစ် လေသည်။

ဆန်းလျန်သွားရောက်လည်ပတ်စဉ်က သန့်ရှင်းသပ်ရပ်နေ သည့် ဝတ်ကျောင်းတော်ကြီး၏အပြင်အဆင်များမှာ ဖန်ဆင်း ထားခြင်းများသာဖြစ်လေသည်။ ဤသည်ကိုကြည့်ခြင်း

အားဖြင့် ဝံပုလွေနတ်ဘုရားအဘိုးကြီး၏ တန်ခိုးမှာ မည်မျှ ကြီးမားသည်ကို သိရှိနိုင်လေသည်။

ဝံပုလွေနတ်ဘုရားသားအဖ ထွက်ခွာသွားကြပြီဖြစ်သော်လည်း သူတို့ သိပ်မကြာခင်ပြန်လည်ဆုံတွေ့ကြဦးမည်ဟု ဆန်းလျန်က မျှော်လင့်ထားလေသည်။ ဆန်းလျန်ကတော့ သူ၏နတ်ဘုရားကျင့်စဉ်လမ်းကို စတင်ရတော့မည်ဖြစ်လေသည်။

မင်ကျန်းတောင်မှာ မြောက်ဘက်ပိုင်းအစွန်တွင်ရှိသည့် တောင်တစ်တောင်ဖြစ်လေသည်။ မင်ကျန်းတောင်နှင့် ချင်ပြည်နယ်မြို့တော်မှာ မိုင်ပေါင်းသုံးထောင်ခန့်ကွာဝေးလေသည်။ သို့သော် ဖြတ်သန်းသွားလာရမည့် ရေလမ်းခရီးမရှိသဖြင့် ဆန်းလျန်အနေဖြင့် ကုန်းလမ်းခရီးမှပင် သွားရောက်နိုင်လေသည်။

ဆန်းလျန်မှာ တာ့ဝေ့ဟုခေါ်သောတိုင်းပြည်တစ်ခုသို့ရောက်ရှိလာလေသည်။ ထိုတိုင်းပြည်၏မြို့တော်မှာ မြောက်ဘက်

အစွန်းပိုင်းတွင်ရှိလေသည်။ ယဉ်ကျေးမှုထွန်းကားပြီး စာပေ

ပညာတတ်မြောက်သူများလည်းပေါများလေသည်။ အခြား

နယ်များမှ စာပေသမားများမှာလည်း တာ့ဝေ့တိုင်းပြည်တွင်

လာရောက်ပညာသင်ကြားကြလေလေသည်။

ဆန်းလျန်မှာ ခါးတွင်ဓားတစ်လက်ကိုချိတ်ထားလေသည်။ သူ့

မျက်နှာကတော့ကြည်လင်ရှင်းသန့်လျှက်ရှိလေသည်။ သူ့ပုံစံ

ကိုကြည့်လိုက်သည်နှင့် ချမ်းသာကြွယ်ဝသည့်မိသားစုမှ

ဆင်းသက်လာသည့် သခင်လေးတစ်ပါးဟု တန်းသိနိုင်လေ

သည်။

သို့သော် သူ့တွင် နောက်ပါအခြွေအရံများတော့ ပါလာခြင်းမရှိ

ပေ။

ဆန်းလျန်က ရွှေစက္ကူများမှလွဲပြီး မည်သည့်ပစ္စည်းမျှ များ

များစားစားသယ်ယူလာခြင်းမရှိသောကြောင့်သူ၏ခရီးသွား

ဟန်မှာ အထုပ်အပိုးများသိပ်မပါဘဲ ပေါ့ပေါ့ပါးပါးဖြစ်နေလေသည်။

မိုင်သုံးရာခန့်ခရီးသွားပြီးသည့်အခါတွင်တော့ ရုတ်တရက် မိုးသဲကြီးမဲကြီးရွာချလိုက်လေသည်။ ဆန်းလျန်ကခရီးကို အလျင်စလိုသွားစရာမလိုသောကြောင့် မိုးခိုရန်အတွင် နေရာတစ်ခုရှာလိုက်လေသည်။

သူမိုးခိုလိုက်သည့်နေရာမှာ "စူးကျားပေါင်" ဟု စာလုံးသုံးလုံးရေးထိုးထားသည့်နေရာတစ်ခုဖြစ်နေလေသည်။

ဆန်းလျန်က ရေးထိုးထားသည့်စာလုံးသုံးလုံးကိုကြည့်လိုက်သည်နှင့် စိတ်ဝင်စားသွားရလေသည်။ စာလုံးသုံးလုံးရေးထိုးထားပုံမှာ ဓားဖြင့်ထွင်းထားခြင်းမဟုတ်ပေ။

တိမ်များမျောလွင့်ပြီး စမ်းချောင်းများစီးဆင်းနေသကဲ့သို့ သဘာဝကျကျ လက်ရေးဖြင့် စီးမျောပြီး ရေးထိုးထားခြင်းဖြစ်လေသည်။

"ဒီအိမ်တော်မှာနေတဲ့သူတွေက သိုင်းလောကသားတွေပဲဖြစ်ရမယ်"

ဆန်းလျန်တွေးလိုက်မိသည်။

သိုင်းလောကမှမဟုတ်သည့်တိုင်အောင် အလွန်ပင်အတွင်းအားကောင်းသည့်သူဖြစ်ရမည်ဟု ဆန်းလျန်တွေးနေမိလေသည်။ ထိုကဲ့သို့သောသူမျိုးသာလျှင် စာလုံးများကို ဤကဲ့သို့ရေးထွင်းနိုင်မည်ဖြစ်လေသည်။ စာလုံးများကို သဘာဝကျကျရေးထိုးနိုင်ဖို့ဆိုသည်မှာ လွယ်သည့်ကိစ္စတော့မဟုတ်ပေ။

"သိုင်းပညာသင်ယူမှု၏လမ်းဆုံးမှာ နတ်ဘုရားကျင့်စဉ်လမ်းအစပင်ဖြစ်လေသည်" ဟု ဆန်းလျန် တွေးလိုက်မိလေသည်။

ဆန်းလျန်ကဲ့သို့ အာရုံခံစားမှုကောင်းသည့်လူသာလျှင် ထိုစာလုံးသုံးလုံး၏ စီးဆင်းမှုနှင့်အလှတရားကို ခံစားနိုင်မည်ဖြစ်လေသည်။ လက်ရေးလှစာလုံးရှုထောင့်မှကြည့်ပြီးဝေဖန်မည်ဆိုလျှင်တော့ ထိုစာလုံးသုံးလုံးမှာ သာမန်မျှသာဖြစ်လေသည်။

ဆန်းလျန်မှာ စူးကျားပေါင်ခန်းမထဲသို့ ဝင်လိုက်လေသည်။ အခြားသူများမှာလည်း မိုးခိုရန်အတွက် ဝင်ရောက်လာကြလေသည်။

နွေဦးတွင်ရွာသည့်မိုးမှာ အလွန်ပင်အေးလေသည်။ စိတ်ထားကောင်းသည့် အိမ်ရှင်က အခန်းထဲတွင် နွေးထွေးမှုရှိစေရန် မီးများပင်ဖိုပေးနေသေးသည်။

သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားကြပြီးခါးတွင်ဓားများချိတ်ထားကြသည့် လူတစ်စုမှာလည်း မိုးဝင်ခိုကြလေသည်။ ထိုသူတို့မှာ ယောကျ်ားပီသပြီး ကြည့်ကောင်းကြသည့်သူများဖြစ်လေသည်။

သူတို့လူစု၏ခေါင်းဆောင်ဖြစ်ဟန်တူသူမှာ အသက်နှစ်ဆယ်ကျော်ဝန်းကျင်ခန့်ရှိပြီဖြစ်ပြီး အခြားသူများက သူ့ကိုဝန်းရံပြီး ထိုင်နေကြလေသည်။ ထိုသူကိုယ်ဟန်နေထားကတော့ အရမ်းထွားကျိုင်းသည့်ပုံမရှိပေ။ သို့သော် သူ့ကိုကြည့်ရသည်မှာ

အရှိန်အဝါကြီးပုံရလေသည်။ ဆန်းလျန်က သူ့ကိုတစ်ချက်ကြည့်ပြီး အာရုံခံကြည့်လိုက်လေသည်။

အခန်းထဲတွင် မီဖိုထားလေသည်။ သို့သော် ဆန်းလျန်အခန်းထဲတွင် ထိုင်လိုက်မိသည်နှင့် မီးဖိုကဲ့သို့ စွမ်အားနှင့်ပြည့်နေသည့် ထိုလူကို သတိထားလိုက်မိခြင်းဖြစ်လေသည်။

ထိုလူငယ်ကိုကြည့်ရသည်မှာ လင်ချုန်းရှောင်ကဲ့သို့ပင်ဖြစ်လေသည်။ သူက သူ၏စွမ်းအားများကို ဖိနှိပ်ထားပြီး သာမန်လူတစ်ယောက်နှင့်တူနေသော်လည်း စွမ်းအားများက စိမ့်ထွက်နေသည်ကို ခံစားကြည့်နိုင်လေသည်။ သူ၏ စွမ်းအားများပေါက်ထွက်လာပါက အလွန်စွမ်းအားမြင့်မားသည့်အဆင့်သို့ ရောက်ရှိသွားမည်ဖြစ်လေသည်။

လင်ချုန်းရှောင်ကတော့ ပိုပြီးမြင့်မားသည့်အဆင့်သို့ရောက်နေသည်မှာမှန်လေသည်။ လူငယ်မှာ အဆင့်မြင့်သိုင်းသမား

တစ်ယောက်ဖြစ်သည့်တိုင် လင်ချူန်းရှောင် နှင့်ယှဉ်လျှင်တော့ အနည်းငယ် လိုအပ်နေဦးမည် မှာအမှန်ပင်။

ထို့ပြင် ထိုလူအုပ်ထဲတွင် ဆံပင်တိုတိုနှင့်ဘုန်းတော်ကြီးတစ်ပါး လည်းပါဝင်လေသည်။

ဆန်းလျန်က ထိုဘုန်းတော်ကြီးကို သတိထားလိုက်မိသည်နှင့် ထိုဘုန်းတော်ကြီးကလည်း သူ့ကိုပြန်ပြုံးပြလိုက်လေသည်။

အခန်းထဲတွင် မည်သူမှန်းမသိသည့် လူသုံးယောက်လည်းရှိ လေသည်။ သူတို့မျက်နှာများက ခက်ထန်ကြမ်းကြုတ်နေကြ လေသည်။

ထိုသူသုံးယောက် က လူများဝိုင်းရံနေသည့်အလယ်တွင်ရှိ သည့် လူငယ်ကို အကဲခတ်နေကြလေသည်။

သူတို့ ထိုသူကိုသတ်ချက်ဖြတ်ချင်သည့်အရိပ်အယောင်များ ပေါ်ထွက်နေသည့် အကြည့်စူးစူးများဖြင့် ကြည့်နေကြခြင်းဖြစ်

လေသည်။ မကြာခင်ပင်ထပြီး သတ်တော့မည့်ပုံမျိုးဖြစ်လေ

သည်။

တစ်ချိန်တည်းမှာပင် လူငယ်ကလည်း ထိုသူသုံးယောက်ကို

အေးစက်စက်အကြည့်များဖြင့် ပြန်ကြည့်နေလေသည်။

သူတို့ကြည့်ရသည်မှာ တစ်စုံတစ်ခုဖြစ်တော့မည့်အနေအထား

ဖြစ်နေလေသည်။ တိုက်ခိုက်ရန် အဆင်သင့်ဖြစ်နေကြသလို

ပင်။

အပြင်ဘက်တွင်မိုးများခြိမ်းနေလေသည်။

ထိုအချိန် ဆယ်ကျော်သက်အရွယ် လူငယ်လေးတစ်ယောက်

ခန်းမထဲသို့ဝင်ရောက်လာလေသည်။

ရာသီဥတုမှာ အလွန်အေးနေသော်လည်း ထိုလူငယ်လေးမှာ

ယပ်တောင်တစ်ချောင်းကိုကိုင်ကာ တဖျပ်ဖျပ်ခပ်နေလေ

သည်။ ထိုလူငယ်လေးမှာ အလွန်ချောမောခန့်ညားသော

အသွင်အပြင်ရှိလေသည်။

ထိုလူငယ်လေးမှာ ဆန်းလျန်နှင့် သက်တူရွယ်တူခန့်ဖြစ်လေသည်။ သို့သော် ထိုလူငယ်လေးတွင် နူးညံ့သိမ်မွေ့မှုနှင့် ကြမ်းတမ်းရိုင်းစိုင်းမှုများကို တစ်ချိန်တည်းမှာပင်တွေ့ရလေသည်။

ထိုလူငယ်လေး အခန်းထဲသို့ဝင်လာသည်နှင့် ဒေါသထွက်နေသည့်မျက်နှာထားများနှင့် လူသုံးယောက်မှာ စိတ်သက်သာရာရသွားသည့်ပုံဖြစ်သွားကြလေသည်။

ထိုလူသုံးယောက်က ရုတ်တရက်မတ်တပ်ထရပ်လိုက်ပြီး တခြားဘက်မှဝိုင်းထိုင်နေကြသည့်လူစုကလည်း မတ်တပ်ရပ်လိုက်ကြလေသည်။

လေထုမှာရုတ်တရက်အေးစက်သွားလေသည်။

လူငယ်က ဝင်လာသည့်လူငယ်လေးကို လက်ညှိုးထိုးလိုက်သည်။ သူ၏လက်ချောင်းများမှာ အဖြူရောင်ကျောက်စိမ်းကဲ့သို့ဖြစ်နေလေသည်။ မီးရောင်အောက်တွင် လက်ချောင်း

များတွင်ပေါ်နေသည့် သွေးကြောစိမ်းစိမ်းများကို ဝိုးတဝါးမြင်တွေ့နိုင်လေသည်။ သေစေလောက်သော သိုင်းပညာတစ်မျိုးကိုပိုင်ဆိုင်ထားခြင်းဖြစ်လေသည်။

"မင်းကလီကျွမ်းပဲဖြစ်ရမယ်"

လူငယ်လေး၏အသံကစူးရှပြီးပြတ်သားလေသည်။ ထို့ပြင်ကျောက်စိမ်းပေါ်တွင်တည်ရှိနေသည့် ရေစက်များကဲ့သို့ပင်ကြည်သင်သည့်အသံပိုင်ရှင်ဖြစ်လေသည်။

"ဟုတ်တယ် ၊ ကျုပ်ပါပဲ ၊ ကျုပ်က ရွှမ်ဖုန်းအာမခံပို့ဆောင်ရေးက လီကျွမ်းပါ၊ မင်းဘယ်သူလဲဆိုတာ ကျုပ်မသိဘူး ၊ ဒါပေမယ့် ဒီလူသုံးယောက်ကျုပ်နောက်ကိုလိုက်နေတာတော့ မင်းနဲ့ပတ်သက်နေမယ်ထင်တယ်"

လီကျွမ်းက အသံသြဇာပြည့်ဝစွာဖြင့်ပြန်ပြောလိုက်သည်။ လီကျွမ်းမှာ သြဇာတိက္ကမနှင့်ပြည့်စုံသူတစ်ယောက်ဖြစ်လေသည်။

"ဒီသောက်ရူးသုံးကောင်က ကျုပ်နဲ့ပတ်သက်နေမယ်လို့ မင်းကို ဘယ်သူပြောလဲ"

လူငယ်လေးက ပျင်းရိပျင်းတွဲလေသံဖြင့်ပြောလိုက်လေသည်။ အရုပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့် ကြောက်စရာလူသန်ကြီးသုံးယောက်မှာ သိုင်းလောကတွင် ကောပီသုံးဖော်ဟုနာမည်ကြီးသူများဖြစ်လေသည်။ တရားရေးမှထိပ်ဆုံးအဆင့်လိုချင်နေကြသည့် ဝရမ်းပြေးများလည်းဖြစ်လေသည်။ သူတို့သုံးဖော်မှာ ညီအစ်ကိုအရင်းများမဟုတ်ကြသော်လည်း အတူတူကြီးပြင်းခဲ့ကြသည့် သွေးသောက်ညီနောင်များဖြစ်သည်။ သူတို့၏သိုင်းပညာမှာထူးခြားလှပြီး သူတို့ကိုယှဉ်ပြိုင်တိုက်ခိုက်နိုင်သည့်သူမှာ အနည်းငယ်မျှသာရှိလေသည်။

လွန်ခဲ့သည့်ငါးနှစ်ခန့်ကတော့ သူတို့သုံးဖော်ငြိမ်သွားကြလေသည်။ ကောလဟာလများအရတော့ လင်ချုန်းရှောင်က သူတို့

ကို နှိမ်နင်းလိုက်သည်ဟုပြောကြလေသည်။ ယခုတော့ သူတို့

သုံးယောက် ကောင်းကောင်းမွန်မွန်အသက်ရှင်နေသည်ဟု

မည်သူသိနိုင်ပါမည်နည်း။

လီကျွမ်းမှာ ယခင်တုန်းကတော့ ကောပီသုံးဖော်ကို သိရှိခြင်းမ

ရှိပေ။

သို့သော် ကောပီသုံးဖော်၏တိုက်ခိုက်မှုဖြင့် သူ၏ညီအစ်ကိုနှစ်

ယောက် အသက်ဆုံးခဲ့ရလေသည်။ ထိုအချိန်တုန်းက သူက

ဒေါသကိုတတ်နိုင်သမျှ ထိန်းချုပ်ထားခဲ့ရလေသည်။ အား

မတန်သဖြင့် မာန်လျှော့ရသည့်သဘောပင်။

ယခုအချိန်ထိ ထိုစဉ်တုန်းက သူတို့၏အာမခံဌာနကို ကောပီ

သုံးဖော်အဘယ်ကြောင့်တိုက်ခိုက်ခဲ့သည်ကို လီကျွမ်းမသိခဲ့

ပါ။

ယခု ဤလူငယ်လေးရောက်လာတော့မှ ယခင်ဖြစ်ခဲ့သည့်

အကြောင်းများကို ပြန်ပြီးသတိရသွားမိလေသည်။

သူ့အနေဖြင့် လောလောဆယ် တိုက်ခိုက်၍မဖြစ်နိုင်ပေ။

သူ၏လူများရောက်လာသည့်အချိန်ထိ အချိန်ဆွဲထားရန်သာ ရှိလေသည်။

"ကောပီသုံးဖော်ကိုခွင့်လွှတ်ပေးလိုက်ပါ ၊ သူတို့က သိုင်းပညာတော်ရင်တော်မယ် ၊ ဒါပေမယ့် သူတို့က ကျုပ်တို့အာမခံဌာနကို တိုက်ခိုက်ရဲတဲ့သတ္တိမရှိဘူးထင်တယ်"

လီကျွမ်းကပြောလိုက်ရင်း လူငယ်လေး၏အကြောင်းကိုသိရန်ကြိုးစားနေလိုက်လေသည်။

"ဟင့် မင်ကျန်းတောင်ကို ဘာဂရုစိုက်နေရမှာလဲ ၊ ငါတို့သခင်လေးက နှစ်တစ်ထောင်ရေခဲကျောက်စိမ်းကို လိုချင်တာ ၊ မင်းအခြေအနေကိုနားလည်တယ်ဆိုရင် ခုပဲ ပစ္စည်းကိုကောင်းကောင်းထုတ်ပေးစမ်း"

ကောပီသုံးဖော်ထဲမှ အကြီးဆုံးလူကပြောလိုက်လေသည်။

လီကျွမ်းကရယ်မောလိုက်ရင်း....

"ကောပီသုံးဖော်ကိုတောင် တောက်တိုမယ်ရတွေခိုင်းနေတဲ့ ဒီသခင်လေးက ဘယ်သူလဲဆိုတာ ကျုပ်ကသိချင်နေတာ" ဟုမေးလိုက်လေသည်။

လူငယ်လေးကပြုံးလိုက်ရင်း...

"မေးခွန်းမေးနေတဲ့သူကရော ဘယ်သူများလဲ ၊ ဒီနှစ်တစ်ထောင်ရေခဲကျောက်စိမ်းက တကယ်တော့ တန်ဖိုးရှိတဲ့ပစ္စည်းမဟုတ်ပါဘူး ၊ အဲဒီရဲ့လျှိုယွင်ဆိုတဲ့လူကလည်း ဝမ်ရှင်းလမ်းမတစ်လျှောက် ရေခဲကျောက်စိမ်းကို ယူသွားဖို့သတ္တိမရှိဘူးထင်တယ် ၊ ဘာသိုင်းလောကပထမလဲ ၊ ထင်သလောက်လည်း မတော်ပါဘူးလေ"

"သခင်လေးလျှိုယွင်ကို ထိပ်တန်းသိုင်းသမားမဟုတ်ဘူးလို့ ကျုပ်မပြောရဲပါဘူး ၊ ဝမ်ရှင်းလမ်းမအကြောင်းလည်း ကျုပ်မသိဘူး ၊ ဒါပေမယ့် သူက ပညာဉာဏ်ကြီးပြီး အလုပ်ကြိုးစားတယ် ၊ စိတ်ဓာတ်အဆင့်အတန်းလည်းမြင့်တယ် ၊ အဲဒီ

အရည်အချင်းတွေကြောင့် သူ့ကိုကျုပ်လေးစားတယ်၊ မင်းသူ့ကိုအထင်လွဲနေတာဖြစ်ပါလိမ့်မယ်"

လီကျွမ်းက တည်ငြိမ်စွာပင် ပြန်ပြောလိုက်လေသည်။

"ကျုပ်ကဘာကိုအထင်လွဲရမှာလဲ၊ သူနဲ့တောင်တွေ့ဖူးတာမဟုတ်ဘူး၊ ပေါက်ကရတွေပြောမနေနဲ့တော့၊ မင်းက ဖူမော့ကျောင်းတော်ကတပည့်လို့သိရတယ်၊ ပြီးတော့ အသက်သုံးဆယ်မကျော်ခင် တောင်ဖြိုလက်ဝါးသိုင်းကို ကျင့်ကြံအောင်မြင်ခဲ့တယ်ဆိုပဲ၊ နှစ်ပေါင်းနှစ်ရာအတွင်း မင်းလိုလူမျိုးမရှိခဲ့ဖူးဘူးတဲ့၊ ပြီးတော့ မင်းက ရွှေရောင်တံတိုင်းသိုင်းပညာကိုလေ့ကျင့်နေတာလည်း ဆဋ္ဌမအဆင့်ရောက်နေပြီလို့သိရတယ်၊ ဘယ်လိုလဲ၊ မင်းကျုပ်ကိုလက်ဝါးတစ်ချက်လောက်ရိုက်ကြည့်စမ်းပါ ကျုပ်ရဲ့ခန္ဓာကိုယ်က မင်းလေ့ကျင့်ထားတဲ့ ရွှေရောင်တံတိုင်း သိုင်းပညာထက်ပိုပြီး ခံနိုင်ရည်ရှိမလားဆိုတာကြည့်ရအောင်၊ မင်းလက်ဝါးရိုက်ချက်ကြောင့် ကျုပ်

ဒဏ်ရာမရဘူးဆိုရင် နောက်တစ်ချက်ထပ်ရိုက်နိုင်တယ်၊ ဒါ ပေမယ့် မင်းဒဏ်ရာရသွားတယ်ဆိုရင်တော့ ရေခဲကျောက်စိမ်း ကိုကျုပ်ကိုပေးရမယ်၊ တရားမျှတပါတယ်နော်"

လူငယ်လေးက ရှည်လျားစွာဖြင့်ပြောလိုက်လေတော့သည်။

အခန်း (၅၀)

သိုင်းလောကမှအပေးအယူ

ဤမျှလောက်အခြေအနေတင်းမာနေသည့်အချိန်တွင် စူးကျား ပေါင်အိမ်ပိုင်ရှင်ကို မည်သည့်နေရာတွင်မှ မတွေ့ရသည်မှာ ထူးဆန်းသည်ဟု ဆန်းလျန် ခံစားနေရလေသည်။

သိုင်းလောကသားများကိုကြောက်သောကြောင့် တစ်နေရာတွင် သွားရောက်ပုန်းအောင်းနေသည်လား။

အခြေအနေများအပေါ်တွင် ဆန်းလျန်မှာ အဖြေရှာမရဖြစ်နေရလေသည်။ သူက ဆံပင်တိုတိုနှင့်ဘုန်းတော်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သို့သော် ဘုန်းတော်ကြီးက တစ်ချက်လေးပင်ပြန်မကြည့်ပါ။ ဖြစ်ပျက်နေသည့်အခြေအနေများမှာ သူနှင့်မဆိုင်သလို မျက်လုံးများကို မှိတ်ထားလေသည်။

လီကျွမ်းမှာ "သခင်လေး" ဆိုသည့်လူငယ်လေးက သူ၏အကြောင်းများကိုသိနေသည့်အတွက် အံ့သြနေလေသည်။ လူငယ်လေးတစ်ယောက်က သူ့ကိုလာပြီး ခြိမ်းခြောက်နေသည် မဟုတ်ပါလား။

သူ၏တောင်ဖြိုလက်ဝါးသိုင်းမှာ ထိပ်ဆုံးအဆင့်သို့ရောက်ရှိနေပြီး ကျောက်တုံးကြီးများကိုပင် ရိုက်ခွဲနိုင်လေသည်။ တစ်ခါရိုက်လျှင် အုတ်အချပ်သုံးဆယ်ကို ရိုက်ချိုးနိုင်လေသည်။

သခင်လေးဆိုသူမှာ သံဖြင့်ပြုလုပ်ထားသည့်သူမဟုတ်

သည့်အတွက် အဘယ်သို့ခုခံနိုင်ပါမည်နည်း။ ထို့ပြင် ထိုသခင်

လေးဆိုသူ၏အမည်ကိုပင် သူက သိရှိရခြင်းမရှိသေးပေ။

သူ၏ ရွှေရောင်တံတိုင်းသိုင်းပညာမှာလည်း ဆဋ္ဌမသို့ရောက်ရှိ

နေပြီဖြစ်သည့်အတွက် ဓားဖြင့်ထိုးလျှင်ပင် သူ့ကိုထိခိုက်နိုင်

မည်မဟုတ်ပေ။

သူ့တွင် ဤကဲ့သို့သောအရည်အချင်းများမရှိလျှင် ရွှမ်းဖုန်း

အာမခံဌာနကို သူဦးဆောင်နိုင်မည်မဟုတ်ပေ။

ယခုတော့ သူ၏ပြိုင်ဘက်က စိန်ခေါ်လိုက်ပြီဖြစ်သောကြောင့်

စိန်ခေါ်ခြင်းကိုလက်မခံလျှင် သိုင်းလောကတွင် သိက္ခာကျရ

မည်ဖြစ်လေသည်။

သို့သော် အကြောင်းမသိဘဲ တိုက်ခိုက်ရသည်မှာလည်း

မိုက်ရူးရဲဆန်ရာကျလေသည်။ ထို့ပြင် ပြိုင်ဘက်အုပ်စုက သူ့

ကိုကလိမ်ကကျစ်လုပ်နိုင်သည်များလည်းရှိလေသည်။

လီကျွမ်း သူ့စိတ်ကိုပြောင်းလိုက်သည်။ သူက လက်နှစ်ဖက်စုပ်ပြီးအရိုအသေပေးလိုက်ရင်း…

"တိုက်ခိုက်တယ်ဆိုတာ မျက်ကန်းတစ္ဆေမကြောက်တိုက်ခိုက်ရတာ ၊ တကယ်လို့များ ကျုပ်ကြောင့်မင်းဒဏ်ရာရသွားရင် ဘယ်လိုလုပ်မလဲ ၊ ဒါဆိုရင် ကျုပ်အတွက်လည်းမကောင်းဘူးလေ ၊ ဒီတိုင်း ရိုးရိုးလေးပဲ သိုင်းပြိုင်ကြရင် မကောင်းဘူးလား ၊ မင်းကကျုပ်ထက်သာတယ်ဆိုတာသေချာရင် ကျုပ်ဘက်က အရှုံးပေးရလည်း မခက်ပါဘူး"

လီကျွမ်းကပြောလိုက်လေသည်။

သူက အချိန်ဆွဲရန်ကြိုးစားနေခြင်းဖြစ်လေသည်။ ပြိုင်ဘက်ရန်သူက သူ၏တောင်းဆိုမှုကို ငြင်းလိုက်လျှင်တော့ ရွေးခြယ်စရာမရှိတော့ဘဲ တိုက်ခိုက်ရမည်ဖြစ်လေသည်။

မင်ကျန်းတောင်က ရေခဲကျောက်စိမ်းကို အန္တရယ်ကင်းကင်းနှင့်ယူဆောင်လာရန် သူတို့အာမခံဌာနကို တာဝန်ပေးခဲ့လေ

သည်။ သူသာ တာဝန်မကျေလျှင် သူ၏ရှမ်းဖုန်းအာမခံဌာနနှင့် ဖူမော့ကျောင်းတော်၏ ဂုဏ်သိက္ခာမှာလည်း ရစရာရှိတော့မည် မဟုတ်ပေ။

"သခင်လေး" ဆိုသူက ပန်းလေးတစ်ပွင့်ပွင့်လန်းလာသည့် အလား လှပစွာပြုံးလိုက်လေသည်။ သူ့အပြုံးကြောင့် အခန်း တစ်ခုလုံးလင်းထိန်သွားသလိုပင် ခံစားလိုက်ရလေသည်။ လီကျွမ်းမှာ ထိတ်လန့်တုန်လှုပ်သွားမိလေသည်။ သူ့ကို ဒုက္ခ ပေးနေသည့်သူမှာ မိန်းကလေးတစ်ယောက်များဖြစ်နေမည် လားဟု တွေးမိသည်အထိပင်။

ရန်သူနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့နေရသည့်အချိန်မှာပင် သူကထို ကဲ့သို့တွေးလိုက်ခြင်းဖြစ်လေသည်။ ထို "သခင်လေး" ဆိုသူမှာ မည်မျှအန္တရာယ်ရှိကြောင်း လီကျွမ်းသိပါသည်။

"ထားလိုက်ပါတော့ ၊ မင်းကဘယ်လိုလူမျိုးလဲ ၊ ကျုပ်က ကောင်းပြနေတာတောင် မင်းက လက်မခံချင်ဘူးလား"

သခင်လေးဆိုသူ ယပ်တောင်ကို တဖျတ်ဖျတ်ခပ်လိုက်ရင်းပြုံး ပြီးပြောလိုက်သည်။ သူ၏အပြုံးမှာပျောက်ကွယ်သွားပြီး အေးစက်ခြင်းဆီသို့ကူးပြောင်းသွားလေသည်။

ခုနစ်လပိုင်းတွင် နွေးထွေးနေသည့် နေရောင်ခြည်မှာ ဆယ့်နှစ်လပိုင်းတွင် ချက်ချင်းအေးခဲသွားသကဲ့သို့ပင်ဖြစ်လေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် အမူအရာက ပြောင်းလဲသွားခြင်းဖြစ်လေသည်။

သူကိုင်ထားသည့် ယပ်တောင်မှာ ရွှေရောင်ဖြစ်လေသည်။

အလွန်ပင်ဂန္ထဝင်ဆန်သည့်ယပ်တောင်ဖြစ်ပြီး သခင်လေးဆို သူ၏ဖြူစင်သောအသားအရေနှင့် လိုက်ဖက်ညီလျှက်ရှိလေသည်။

လီကျွမ်းမှာ သတိတစ်ချက်မှ မလစ်ရဲပေ။ သခင်လေးဆိုသူမှာ မည်သူဖြစ်သည်ကို သူအလွန်အမင်းသိချင်နေပြီဖြစ်လေသည်။

"တောင်ဖြိုလက်ဝါးသိုင်းက ကျုပ်ကို ဘယ်လိုထိခိုက်အောင် လုပ်မလဲဆိုတာ အားလုံးသိအောင် ပြလိုက်လေ"

သခင်လေးဆိုသူ နှုတ်ခမ်းကိုတွန့်ပြီး လှပစွာတစ်ချက်ပြုံး လိုက်ရင်းပြောလိုက်လေသည်။

သခင်လေးဆိုသူက သူ့ဦးတည်ချက်ကိုပြောင်းလိုက်ပြီး သူ၏ပုံရိပ်များမှာ တစ်ခုနှင့်တစ်ခုထပ်နေသော ပုံရိပ်များ အဖြစ်ပြောင်းလဲသွားသည်ကို လီကျွမ်းမြင်လိုက်ရလေသည်။ လီကျွမ်းမှာ ကောပီသုံးဖော်ကို အထင်မသေးရဲပါ။ သူနှင့် တိုက်ခိုက်ခဲ့ဖူးသည့်အတွေ့အကြုံအရ ပြိုင်ဘက်မှာ လွန်စွာမှ အဆင့်မြင့်သည့် ထိပ်တန်းသိုင်းသမားတစ်ဦးဖြစ်လေသည်။ လီကျွမ်းက သူ၏ရွှေပြဒါးအမြုတေမှအတွင်းအားကို သူ၏လက်များဆီသို့ပို့ဆောင်လိုက်သည်။ ဤသည်မှာ သူနှစ် ပေါင်းများစွာလေ့ကျင့်ခဲ့ရသည့် တောင်ဖြိုလက်ဝါးသိုင်းပင် ဖြစ်လေသည်။ ဒေါသထန်နေသည့် ဒီရေလှိုင်းများအလား

သူ၏လက်ဝါးနှစ်ဖက်လုံးကို အားအကုန်သုံးကာ တွန်းထုတ်လိုက်လေတော့သည်။

အဝေးတွင်ရပ်ပြီး တိုက်ပွဲကိုကြည့်နေသော ဆန်းလျန်မှာ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားရလေသည်။

တောင်ဖြိုလက်ဝါးသိုင်းမှာ သန့်စင်သည့်အတွင်းအားကို အသုံးပြုပြီးတိုက်ခိုက်သည့်နည်းလမ်းပင်ဖြစ်လေသည်။ သို့သော် ရုပ်ပိုင်းဆိုင်ရာကိုချည်းအသုံးပြုသည့် သိုင်းပညာလည်းမဟုတ်ပြန်ပေ။ ထိုသိုင်းပညာမှာ ခန္ဓာကိုယ်ရှိ အတွင်းအားနှင့် အပြင်အားကို အချိုးညီစွာပေါင်းစပ်တည်ဆောက်ထားသည့် သိုင်းပညာဖြစ်လေသည်။

"တောင်ဖြိုလက်ဝါးသိုင်း" အောင်မြင်သွားပါက တာအိုကျင့်စဉ်မှ "ကျားဖြူကိုယဉ်ပါးအောင်လုပ်သည့်အဆင့်" အောင်မြင်သွားသကဲ့သို့ပင် လွန်စွာမှ စွမ်းအားကြီးလေသည်။

ကျင့်စဉ်နှစ်ခုလုံးမှာ အတွင်းအားကို အဓိကထားပြီး ကျင့်ရသည့်ကျင့်စဉ်များဖြစ်လေသည်။

လီကျွမ်းမှာ တောင်ဖြိုလက်ဝါးသိုင်းကို ရွှေရောင်တံတိုင်းသိုင်းပညာနှင့်ပေါင်းစပ်လိုက်သည့်အတွက် သူ၏လက်ဝါးရိုက်ချက်မှာ အဆင့်လွန်သည့်အခြေအနေသို့ရောက်သွားကာ စွမ်းအားအလွန်မြင့်မားသွားလေသည်။

သခင်လေးဆိုသူ၏ ပုံရိပ်မှာပျောက်ကွယ်သွားပြီး ရွှေရောင်တံတိုင်းနှင့် လက်ဝါးရိုက်ချက်ကြားတွင် ပြန်လည်ပေါ်ပေါက်လာပြန်လေသည်။

ပြင်းထန်သောလက်ဝါးရိုက်ချက်များမှာ သခင်လေးကို ထိခိုက်နိုင်ခြင်းမရှိဘဲ ဝန်းရံနေကြလေသည်။ မမြင်နိုင်သော အလွှာလေးတစ်ခုက သခင်လေးကို ကာကွယ်ပေးထားသကဲ့သို့ဖြစ်နေလေသည်။

လက်ဝါးရိုက်ချက်တစ်ချက်က သခင်လေးကိုယ်ပေါ်သို့ကျ ရောက်လုနီးနီးအချိန်တွင် သခင်လေးက ပျောက်ကွယ်သွားပြန်လေသည်။

"ကန်းချီအကာအကွယ်ပညာ ၊ ဒါဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

လီကျွမ်း တုန်လှုပ်ခြောက်ခြားစွာဖြင့်ရေရွတ်လိုက်မိလေသည်။ လီကျွမ်းမှာ သခင်လေးဆိုသူက ဤမျှထောင်လွှားဝါကြွားနေပြီး သူ၏ တောင်ဖြိုလက်ဝါးသိုင်းကို စမ်းသပ်ကြည့်ချင်နေသည်ကို သဘောပေါက်သွားပြီဖြစ်လေသည်။ ဒဏ္ဍာရီဆန်လွန်းသော "ကန်းချီအကာအကွယ်ပညာ" ကို သခင်လေးဆိုသူက သင်ယူတတ်မြောက်ထားခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ အာရုံခံစားမှု၌ တစ်ဖက်ကမ်းခတ်အောင်တော်သူဖြစ်လေရာ သူက သခင်လေးဆိုသူနှင့်ပတ်သက်ပြီး မကောင်းသည့်အငွေ့အသက်များကိုရနေမိလေသည်။ ထိုလူငယ်အသုံးပြုနေသည့် ကန်းချီအကာအကွယ်ပညာမှာ စတင်

အသုံးပြုစဉ်ကတည်းက မပြေမပြစ်နှင့်
ပြတ်တောင်းပြတ်တောင်းဖြစ်နေသလို ခံစားနေရလေသည်။
ထိုသိုင်းပညာကိုအသုံးပြုနေသည်မှာ အားထုတ်မှုလည်းသိပ်မ
ရှိသလို ဝိညာဉ်စွမ်းအားကိုလည်း အသုံးပြုထားခြင်းမရှိပေ။
ပြန်စဉ်းစားကြည့်မည်ဆိုလျှင် အစိမ်းရောင်ဝတ်လူယန်ရွှမ်မှာ
လည်း ကန်းချိအကာအကွယ်ပညာကို တတ်မြောက်သူဖြစ်လေ
သည်။ သို့သော် သူက ချင်ပြည်နယ်လက်ရွေးစင်တပ်မတော်မှ
စစ်သည်တော်ပေါင်းများစွာ ကိုရင်ဆိုင်ခဲ့ရစဉ်က လက်ရွေးစင်
စစ်သည်တော်များပစ်လွှတ်လိုက်သည့်မြားများကိုကာကွယ်ရန်
ကန်းချိအကာအကွယ်ပညာကိုသုံးခဲ့ခြင်းဖြစ်လေသည်။ ကန်း
ချိအကာအကွယ်ပညာကိုသုံးခြင်းအားဖြင့် အတွင်းအားများစွာ
ကုန်ဆုံးသွားနိုင်လေသည်။
ထို့ကြောင့် ကန်းချိအကာအကွယ်ပညာကို အသုံးပြုမည်ဆို
လျှင် အတွင်းအားအလွန်အဆင့်မြင့်သူမှသာလျှင်

အသုံးပြု၍ရမည်ဖြစ်လေသည်။ စစ်တပ်ကြီးတစ်တပ်လုံးကို မည်သည့်အားမျှစိုက်ထုတ်ခြင်းမရှိဘဲ ရင်ဆိုင်နိုင်ရန်မှာ နတ်ဘုရားတစ်ပါးဖြစ်မှသာလျှင် တတ်နိုင်မည်ဖြစ်လေသည်။ သူ၏လက်ဝါးရိုက်ချက်များက အရာမထင်သည်ကိုသိလိုက်ရသည့်အခါ လီကျွမ်းဘေးသို့ခုန်ထွက်လိုက်လေသည်။ အာမခံဌာနလုပ်ငန်းလုပ်ကိုင်သူတစ်ယောက်အနေဖြင့် သူတို့ပို့ဆောင်ပေးရမည့်ပစ္စည်း၏လုံခြုံစိတ်ချရမှုမှာ အသက်ထက်ပင်အရေးကြီးလေသည်။

လီကျွမ်းမှာ ထိတ်လန့်တုန်လှုပ်လျှက်ရှိလေသည်။ သခင်လေးဆိုသူ၏အဆင့်မြင့်လှသည့် ကိုယ်ဖော့ပညာမှ သူမည်သို့လွတ်မြောက်နိုင်ပါမည်နည်း။

သခင်လေးဆိုသူက ကလေးဆန်ဆန်ပြုံးလိုက်လေသည်။ လက်တစ်ဖက်က ယပ်တောင်ကိုကိုင်ထားရင်း သူ၏ပုံရိပ်က

လီကျွမ်းနောက်သို့လိုက်ပါသွားလေသည်။ လီကျွမ်းအနေဖြင့်
လွတ်မြောက်ရန်လမ်းမရှိတော့ပေ။

လီကျွမ်းက နှစ်ကြိမ်မျှလောက် တံခါးမှပြေးထွက်ရန်ကြိုးစား
လိုက်သော်လည်း သခင်လေးဆိုသူက သူ့ကို ပြန်လည်တားဆီး
ထားလိုက်လေသည်။ ကြောင်ကကြွက်ကို ကစားနေသလိုမျိုး
ဖြစ်လေသည်။

လီကျွမ်းက လွတ်မြောက်ဖို့ကြိုးစားလိုက် သခင်လေးဆိုသူက
အနားရောက်လာလိုက်ဖြစ်နေလေသည်။ လီကျွမ်း၏လူများမှာ
လည်း ကောပီညီနောင်သုံးဖော်၏ တိုက်ခိုက်ခြင်းကို ခံနေရ
လေသည်။ တစ်ဖက်သတ်တိုက်ခိုက်ခံရပြီး လုံးဝရှုံးနိမ့်နေရ
သည့်အဖြစ်မျိုးဖြစ်လေသည်။

ကောပီသုံးဖော်မှာ အလွန်မှ ရက်ဆက်ကြမ်းကြုတ်သူများဖြစ်
လေသည်။ မြင်သမျှလူတိုင်းကို ခြေဆစ်လက်ဆစ်များကို ဆွဲ

ဖြုတ်ကာ တိုက်ခိုက်နေကြခြင်းဖြစ်သောကြောင့် တိုက်ခိုက်ခံရ

သူများမှာ နာကျင်ခံစားရပြီးမှ သေကြရလေသည်။

သန့်ရှင်းနေသည့်အခန်းကျယ်မှာ ယခုတော့ လူသတ်ပွဲအဖြစ်

သို့ ကူးပြောင်းသွားရလေတော့သည်။

ဆံပင်တိုနှင့်ဘုန်းတော်ကြီးမှာတော့ အိပ်ပျော်နေသည့်ပုံရပြီး

လှုပ်ရှားမှုလုံဝမရှိပေ။

လီကျွမ်းမှာ ဒေါသထွက်လျှက်ရှိပြီး သူ၏လူများကိုကူညီရန်

ကြိုးစားလိုက်လေသည်။ သို့သော် ရွှေရောင်ယပ်တောင်လေး

က သူ့ရှေ့တွင်ပေါ်လာပြန်လေသည်။

တုတ်တစ်ချောင်းက ဖရဲသီးကို ရိုက်ခွဲလိုက်သကဲ့သို့

ယပ်တောင်ကလည်း သူ၏ဦးခေါင်းခွံကို ရိုက်ခွဲလိုက်လေ

သည်။ လီကျွမ်း၏ဦးခေါင်းကွဲအက်သွားပြီး ဦးနှောက်များ

ပေါက်ထွက်လာလေတော့သည်။

လီကျွမ်း၏ ရှေးရောင်တံတိုင်းအကာအကွယ်ပညာမှာ ပြင်ပမှ အားများကိုသာ ကာကွယ်ပေးခြင်းဖြစ်လေသည်။ ထို့ပြင် ဦးခေါင်းဆိုသည်မှာ ခန္ဓာကိုယ်တစ်ခုလုံးတွင် အကာအကွယ် အကြီးမားဆုံးသောအပိုင်းလည်းဖြစ်လေသည်။ သို့သော် သခင်လေးဆိုသူ၏ ယပ်တောင်ဖြင့် ခပ်ဖွဖွရိုက်လိုက်ရုံမျှဖြင့် အသက်ပျောက်ခဲ့ရပြီဖြစ်လေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် လူတစ်ယောက်မှ အတွင်းအား မည်မျှကောင်းပါစေ ဖန်သား၊ သစ်သား၊ ဝါး သို့မဟုတ် ကျောက်တုံးများကဲ့သို့ အတွင်းအားကို အမျိုးမျိုးပုံစံပြောင်း အသုံးပြုနိုင်သည်ဟူသော သဘောကို သိရှိလိုက်ရလေသည်။ အချိန်ခဏလေးအတွင်းမှာပင် ရှမ်းဖုန်းအာမခံဌာနမှ လီကျွမ်း နှင့် သူ၏လူများအားလုံးမှာ သေဆုံးသွားကြရပြီဖြစ်လေ သည်။

အခန်းတစ်ခုလုံး သွေးညှီနံ့များဖြင့်ဖုံးလွှမ်းနေပြီး အနံ့များမှာ အန်ချင်စရာပင်ကောင်းလေသည်။

ကောပီသုံးဖော်၏ခန္ဓာကိုယ်ထက်တွင် သွေးများပေကျံနေလေသည်။ သူတို့၏သွေးများတော့မဟုတ်ပါ။ သူတို့သတ်ခဲ့သည့် လူများ၏သွေးများ ပေကျံနေခြင်းဖြစ်လေသည်။

သခင်လေးဆိုသူက လီကျွမ်း၏အင်္ကျီရင်ပတ်ထဲမှ ဗူးလေး တစ်ဗူးကို သတိကြီးစွာထားပြီး ထုတ်ယူလိုက်လေသည်။

ကောပီသုံးဖော်က သူ့အနားသို့ရောက်လာပြီး...

"သခင်လေး ၊ ကျုပ်တို့တာဝန်ကျေပါတယ်နော်"

ဟုပြောလိုက်လေသည်။

သခင်လေးဆိုသူက ဗူးလေးကို ဖွင့်လိုက်ခြင်းမရှိပါ။ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ သွေး အလိမ်းလိမ်း အလောင်းအထပ်ထပ်ဖြစ်နေသည့်မြင်ကွင်း ကြောင့် သူတစ်ချက်လေးမျှပင် တုန်လှုပ်သွားခြင်းမရှိပါ။

သူက ဆန်းလျန်နှင့် ဆံပင်တိုဘုန်းတော်ကြီးကို တွေ့လိုက်

သည်နှင့်...

"မျက်လုံးနဲ့နှာတွေရှိတဲ့သူမှန်သမျှ သတ်ပစ်ဖို့ မင်းတို့ကို ကျုပ်

ပြောထားတယ်လေ"

ကောပီညီနောင်သုံးဖော်မှာ လွန်စွာမှ ရက်စက်ကြမ်းကြုတ်

သူများဖြစ်လေသည်။သို့သော် သူတို့က အပြစ်မရှိသူများကို

တော့ မည်သည့်အခါမျှ သတ်လေ့မရှိပေ။

သူတို့က သခင်လေးဆိုသူ၏စကားကို သိပ်တော့မကျေနပ်ကြ

သော်လည်း ဆန်းလျန်ဘက်သို့လှည့်ကာ ပြုံးလိုက်ရင်း...

"ဒီနေ့တော့ ကံဆိုးတာပဲကောင်လေးရေ"

ဟုပြောလိုက်လေသည်။

အပြစ်မရှိသူများထံမှ အနိုင်ကျင့်ဓားပြတိုက်သည့်ကိစ္စမျိုးဆို

လျှင် ဆန်းလျန်၏စိတ်ရင်းဖြင့်ဝင်ပါမိမည်ဖြစ်လေသည်။

သို့သော် ရှမ်းဖုန်းအာမခံဌာန ၊ ကောပီသုံးဖော်နှင့် သခင်လေး ဖြစ်သူတို့၏ကိစ္စမှာ သိုင်းလောကသားအချင်းချင်း အငြင်းပွား ကြသည့် ကိစ္စဖြစ်လေသည်။

မည်သူကမှားပြီး မည်သူကမှန်သည်ကို မပြောနိုင်ပေ။ ဆန်းလျ န်မှာ စိတ်ထားကောင်းမွန်သည့်သူတစ်ယောက်ဖြစ်သော်လည်း သိုင်းလောကသားအချင်းချင်းသတ်ဖြတ်သည့်ကိစ္စများနှင့် ပတ်သက်ပြီး အချိန်ကုန်မခံနိုင်ပေ။

သို့သော် ယခုတော့ မမျှော်လင့်စွာဖြင့်ပင် ဤကိစ္စထဲတွင် ပါဝင် ပတ်သက်ရတော့မည်ဖြစ်လေသည်။

သိုင်းလောကတွင် ရန်ငြိုးနှင့် အာဃာတတရားများ ကြီးကြ လေသည်။ မပတ်သက်အောင်နေသည့်ကြားမှပင် ပြဿနာက ရောက်လာပြီဖြစ်လေသည်။

ဆန်းလျန်မှာ ပြဿနာရှာရသည်ကို သဘောကျသည့်လူမျိုး မဟုတ်သလို ပြဿနာဖြစ်ရသည်ကိုလည်း မကြိုက်ပေ။

"ကျုပ်ကိုလာရှုပ်ရင်တော့ မင်းတို့တွေဒုက္ခရောက်တော့မယ်"

ဆန်းလျန် သက်ပြင်းချရင်းပြောလိုက်လေသည်။

သခင်လေးဆိုသူက ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး ဆံပင်တိုနှင့် ဘုန်းတော်ကြီးဆီသို့ အကြည့်ကို ရွှေ့လိုက်လေသည်။ ဆံပင်တိုနှင့်ဘုန်းတော်ကြီးမှာ တစ်ခုခုရင်းနှီးနေသယောင် သူခံစားလိုက်ရလေသည်။

အမှန်တော့ သခင်လေးဆိုသူအနေဖြင့် ခရီးထွက်လာရသည်မှာ လွယ်ကူလွန်းလှလေသည်။ ရေခဲကျောက်စိမ်းဆိုသည့်ပစ္စည်းမှာလည်း သူ့အတွက် အရေးမကြီးလှပေ။ သို့သော် ထိုပစ္စည်းမှာ ရဲ့လျှို့ယွင်အတွက် အရေးကြီးသည်ဆိုလျှင် ရပြီဖြစ်လေသည်။

အခန်း (၅၁)

သခင်လေးဆိုသူ "ရှောင်းကျူ"

ကောပီညီနောင်သုံးဖော်မှာ ဆန်းလျန်ကို တိုက်ခိုက်တော့မည့် အချိန်တွင် ဆန်းလျန်ဆီမှထွက်ပေါ်လာသောစကားသံကြောင့် တစ်ချက်တုန့်ဆိုင်းသွားကြလေသည်။

သို့သော် ချက်ချင်းပင် သူတို့က ဆန်းလျန်ရှိရာသို့တဟုန်ထိုး ဝင်ရောက်ကာ ပြိုင်တူတိုက်ခိုက်လိုက်ကြလေသည်။ ခေါင်မိုးထက်ဆီမှ တဝုန်းဝုန်းအသံများကို ကြားလိုက်ရပြီး မိုးသံများလား ၊ သို့မဟုတ် ကောပီသုံးဖော်၏ စွမ်းအားပြည့်ဝသည့်အသံများလားမသဲကွဲပေ။

ကောပီညီနောင်သုံးဖော်....

စွမ်းအားကြီးမားသည့်လက်သီးချက်ခြောက်ချက်....

နွားတစ်ကောင်ကိုပင် ချက်ချင်းလဲသေသွားစေနိုင်သကဲ့သို့

ပြင်းထန်လွန်းသည့် လက်သီးချက်များဖြစ်လေသည်။

ကောပီသုံဖော်ကိုရင်ဆိုင်ရန်အတွက် ဆန်းလျန်မှာ စိတ်မပါ

လက်မပါဖြစ်နေသည့်ပုံပေါက်နေလေသည်။

လက်သီးချက်ခြောက်ချက်မှာ ဆန်းလျန်ထံသို့ ဝင်ရောက်လာ

ကြသည်နှင့် ဆန်းလျန်က ကိုယ်ကိုအနည်းငယ် ကိုင်းညွတ်ကာ

ရှောင်တိမ်းပေးလိုက်လေသည်။ သူ့လက်များက အရက်မူး

သမားတစ်ယောက်လို ဘေးသို့တွဲလောင်းကျနေလေသည်။

သူက သာမန်မျှသာလှုပ်ရှားပြီး လက်သီးချက်များကို

ရှောင်တိမ်းလိုက်ခြင်းဖြစ်လေသည်။

အမှန်တော့ ထိုအမူသမားသိုင်းကွက်ကို ပိုင်ယွိဖေးဆီမှ

အတုခိုးထားခြင်းဖြစ်လေသည်။ အယူအဆပိုင်းဆိုင်ရာ

အနည်းငယ် ကွဲလွဲသည့်တိုင် သိုင်းကွက်၏အခြေခံ

သဘောတရားက အတူတူပင်ဖြစ်လေသည်။ "ဟန်ချက်ညီခြင်း" အပေါ်တွင် အခြေခံထားသည့် သိုင်းကွက်ဖြစ်လေသည်။

ကောပီသုံးဖော်၏လက်သီးချက်များမှာ လေကိုသာထိုးမိသွားလေသည်။

ဆန်းလျန်က ကောပီသုံးဖော်ထဲမှတစ်ယောက်၏ပခုံးကို အသာရိုက်ချလိုက်ပြီး တစ်ဆက်တည်းမှာပင် နောက်တစ်ယောက်ကိုတော့ ခြေထောက်ဖြင့် ကန်ထုတ်လိုက်လေသည်။

သူကန်ထုတ်လိုက်သည့်သူမှာ ရပ်နေသည့်နောက်တစ်ယောက်ကို သွားပြီးထိမှန်လေသည်။

ကောပီသုံးဖော်မှာ ရုပ်သေးရုပ်ပြပွဲမှ အရုပ်ကလေးများလို တွန်းထုတ်ခံလိုက်ရပြီး တစ်ယောက်နှင့်တစ်ယောက်တိုက်မိပြီး လုံးထွေးကာ မြေကြီးပေါ်သို့ ကျသွားလေတော့သည်။

ကောပီသုံးဖော်မှာ မြေပြင်ပေါ်သို့ အသားလုံးကြီးလိုမျိုး လိမ့်ဆင်းသွားလေတော့သည်။

ကောပီသုံးဖော်မှာ သိုင်းလောကတွင် အလွန်မှ နာမည်ကြီး
သူများဖြစ်လေသည်။ သို့သော် ဆန်းလျန်က သူတို့ကို အား
ပင်မသုံးပဲ နှိမ်နင်းလိုက်ပြီဖြစ်လေသည်။ သခင်လေးဆိုသူမှာ
ထိုသို့ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့ခြင်းမရှိပါ။
သခင်လေးက ဆံပင်တိုနှင့်ဘုန်းတော်ကြီးကို တိုက်ခိုက်ရန်ပြင်
နေစဉ်မှာပင် ကောပီသုံးဖော် အမှိုက်စလေးများလို လွင့်စင်
သွားရသည်ကို တွေ့လိုက်ရလေသည်။
ကောပီသုံးဖော်၏စွမ်းအားမှာ နတ်ဘုရားများထံမှလာသည်ဟု
ပြောစမှတ်ပြုရလောက်နောင် သိုင်းလောကတွင် ထင်ရှားလေ
သည်။ သို့သော် ဆန်းလျန်ကတော့ နတ်ဘုရားများ
ကောင်းချီးပေးခြင်းခံထားရသည့်သူဖြစ်ပုံရလေသည်။ လွယ်
လွယ်ကူကူနှင့်ပင် ကောပီသုံးဖော်ကို အနိုင်ယူလိုက်နိုင်လေ
သည်။

"မင်းက သာမန်လူတစ်ယောက်မဟုတ်ဘူးပဲ ၊ မင်းရဲ့နာမည်လေးများသိရမလား"

သခင်လေးဆိုသူက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး အလေးအနက်ပုံစံဖြင့်မေးလိုက်လေသည်။ သူ၏မျက်လုံးများမှာ ဆွဲဆောင်မှုရှိသည့်မျက်တောင်ရှည်ကြီးများအောက်တွင် တလက်လက်တောက်ပနေကြလေသည်။

"ကျုပ်ပြောပြရင်လည်း မင်းကသိမှာမဟုတ်ပါဘူး ၊ ကျုပ်လည်းမင်းကိုမသိချင်တဲ့အတွက် မင်းလည်းကျုပ်ကို မသိချင်ပါနဲ့"

ဆန်းလျန်က တည်ငြိမ်စွာပင်ပြန်ပြောလိုက်လေသည်။

သို့သော် သူက သခင်လေးဆိုသူကို သတိထားနေရလေသည်။

အချိန်မရွေး တိုက်ခိုက်လာနိုင်သည်မဟုတ်ပါလား။

ဆန်းလျန်က သခင်လေးဆိုသူကို အယုံအကြည်မရှိပေ။
အဘယ်ကြောင့်ဆိုသော် လီကျွမ်းအပေါ်တွင် လှည့်ကွက်များ
အသုံးပြုပြီး တိုက်ခိုက်ခဲ့သောကြောင့်ဖြစ်လေသည်။
ဆန်းလျန်ကလည်း နတ်သက်ခြွေဓားသိုင်းကို မလိုအပ်ဘဲ
ထုတ်သုံးချင်သူမဟုတ်ပေ။ ဝံဘုလွေနတ်ဘုရားအဘိုးအို
သတိပေးထားပြီးသည့်နောက်ပိုင်း သူကဝိညာဉ်စွမ်းအားနှင့်
ပတ်သက်လျှင် အစစအရာရာ သတိထားနေမိလေသည်။
သို့သော် လောကတွင် ကိုယ်ဖြစ်ချင်သည့်အတိုင်း ဖြစ်လာဖို့မှာ
လည်း ခဲယဉ်းလွန်းသည် မဟုတ်ပါလား။
"ကောင်းပြီ ၊ မင်းပြောပြစရာမလိုပါဘူး ၊ မင်းက ဆန်းအိမ်
တော်ကဆိုတာ ကျုပ်သိပြီးသားပါ"
သခင်လေးဆိုသူက ပြုံးရင်းပြောလိုက်လေသည်။

"ကျုပ်လည်းမင်းကိုသိပြီးသားပါ ၊ မင်းက ရှောင်းကျူပဲ ၊ ကွေးယွင်စန်းကျွမ်းတောင်က ဆက်ခံသူရှောင်းကျူပဲ မဟုတ်လား"

စကားကိုပြောလိုက်သူမှ ဆန်းလျန်မဟုတ်ပါ။ တစ်ချိန်လုံးမျက်လုံးမှိတ်ကာ အိပ်နေသည့် ဆံပင်တိုနှင့်ဘုန်းတော်ကြီးဖြစ်လေသည်။

မင်းကျန်းတောင်နှင့် ကွေးယွင်စန်းကျွမ်းတောင်တို့မှာ တာ့ဝေ့တိုင်းပြည်၏ မြောက်ဘက်နှင့် တောင်ဘက်တွင် တည်ရှိကြသည့်တောင်များဖြစ်လေသည်။ တောင်နှစ်တောင်လုံးမှာ သိုင်းပညာထိပ်တန်းအဆင့်ရှိကြသည့် အထက်လမ်းဂိုဏ်းများဖြစ်ကြလေသည်။

တာ့ဝေ့တိုင်းပြည်၏ သမိုင်းကြောင်းတစ်လျှောက် နှစ်ထောင်ပေါင်းများစွာ ထင်ရှားကျော်ကြားခဲ့သည့် တောင်များဖြစ်လေသည်။

ဆန်းလျန်မှာ မင်ကျန်းတောင်မှသခင်လေးနှင့် ကွေးယွင်စန်း ကျွမ်းတောင်မှသခင်လေးများဖြစ်သည့် ရဲ့လျိုယွင်နှင့် ရှောင်းကျူတို့ကို ယခုကဲ့သို့ တွေ့ကြုံရမည်ဟု စိတ်ပင်ကူးမထားခဲ့မိပေ။

ကွေးယွင်စန်းကျွမ်းမှ သခင်လေးတစ်ပါးအနေဖြင့် ဆန်းလျန်၏အကြောင်းကို လွယ်ကူစွာပင် စုံစမ်းသိရှိနိုင်သည်မဟုတ်ပါလား။

ရှောင်းကျူက ယပ်တောင်ဖြင့် သူ့လက်ဝါးကို တစ်ချက်မျှရိုက်လိုက်ပြီး ခေါင်းကိုမော့ကာ ရယ်မောလိုက်လေသည်။

"ဒါဖြင့် ဒီကဆရာတော်က ကူဟော့ဆရာတော်ပဲဖြစ်ရမယ် ၊ ကျုပ်ရဲ့ကင်ပွန်းတပ်ပွဲတုန်းက ခင်ဗျားတက်ရောက်ခဲ့တယ်မဟုတ်လား၊ ခင်ဗျား ကျုပ်ကို ပုတီးတစ်ကုံးတောင်လက်ဆောင်ပေးခဲ့သေးတယ်လေ ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်စိတ်ထဲရင်းနှီးနေတယ်လို့ခံစားရတာ"

"ပြောကြတာတော့ မင်းကမွေးကတည်းကအဖြစ်အပျက်တွေကိုမှတ်မိနေတယ်တဲ့ ၊ အဲဒါ ရယ်စရာပြောကြတယ် ထင်နေတာ ၊ ဒါပေမယ့် ဒါကတကယ်ပဲကိုး"

ကူဟွေ့က ခပ်ဖြည်းဖြည်းပြောလိုက်လေသည်။

"ခင်ဗျား လွန်ခဲ့တဲ့သုံးနှစ်လောက်က ရဲ့လျိုယွင်နဲ့လည်း တွေ့ခဲ့သေးတယ်လို့ကြားတယ် ၊ ကျုပ်နဲ့ယှဉ်ရင် ဘယ်သူကသာမယ်ထင်လဲ"

ရှောင်းကျူကမေးလိုက်လေသည်။

သူက လက်ဖဝါးကို ယင်တောင်နှင့်ရပ်နေသည်ကို ရပ်လိုက်ပြီး အဖြေကို သိချင်စိတ်ဖြင့်စောင့်နေလေသည်။ ရဲ့လျိုယွင်က သူ့ထက်သာနေမည်လားဆိုသည်ကို စိတ်ဝင်စားနေမိလေသည်။

"မင်းသာ ကျင်းကန်းဖူအင်းချပ်ကိုမသုံးဘူးဆိုရင် မင်းလိုလူမျိုးနှစ်ယောက်ရှိနေရင်တောင် ရဲ့လျိုယွင်ကို နိုင်မှာမဟုတ်ဘူး ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်က တကယ်လိုက်ဖက်ညီကြ

တဲ့စုံတွဲတွေပဲ ၊ မင်းတို့အတူတူသာပေါင်းလိုက်ရင် ပိုပြီး

အစွမ်းထက်မှာ"

ကူဟော့က ပြုံးရင်း ပြောလိုက်လေသည်။

ကူဟော့၏စကားကိုကြားတော့မှ ရှောင်းကျူမှာ မိန်းကလေး

တစ်ယောက်ဖြစ်ကြောင်း ဆန်းလျန်သဘောပေါက် သွားရလေ

သည်။ ကွေးယွင်စန်းကျွမ်းနှင့် မင်ကျန်းတောင်တို့တွင် မည်

သည့်ရန်ငြိုးရန်စမှမရှိသည့်အပြင် ဆွေမျိုးပင် တော်စပ်ဖို့ရှိနေ

လေသည်။

လီကျွမ်းနှင့်တိုက်ခိုက်စဉ်က လီကျွမ်း၏တောင်ဖြိုလက်ဝါး

သိုင်းမှာ ရှောင်းကျူ၏အကျီစကိုပင် ထိခိုက်မိခြင်းမရှိသည်မှာ

ကျင်းကန်းဖူအင်းချပ်ပညာကို အသုံးပြုထားခြင်းကြောင့်ဖြစ်

လေသည်။ ထိုအင်းချပ်ပညာမှာ နတ်ဘုရားများနှင့်သက်ဆိုင်

သည့် ပညာတစ်ခုဖြစ်လေသည်။

"ဒီကျင်းကန်းဖူအင်းပညာက ကျွန်မတို့အိမ်တော်ရဲ့သိုင်းပညာ ပဲ ၊ ခုတော့ ကျွန်မလည်း ကောင်းကောင်းသင်ယူတတ်မြောက် ထားတယ်၊ ကျွန်မကို ဓားသိုင်းလာပြီးတိုက်ခိုက်မယ်ဆိုရင် ကျွန်မက ဘာဖြစ်လို့ ဒီအင်းပညာကို အသုံးမပြုဘဲနေရမှာလဲ" ရှောင်းကျူုက သဘောမတူသည့်ဟန်ဖြင့် ကူဟွေ့ကို ပြန်မေး လိုက်လေသည်။

"ဒီမိန်းကလေးရဲ့စိတ်ထဲမှာ အသက်တွေကိုတန်ဖိုးမထားဘူးပဲ ၊ ရဲ့လျိုယွင်သာ သူနဲ့လက်ထပ်မယ်ဆိုရင် ကျိန်းသေ စိတ် သောကရောက်ရလိမ့်မယ်"

ရဲ့လျိုယွင်၏မာနကြီးပြီးသီးသန့်နေတတ်သည့် အမူအကျင့်နှင့် ရှောင်းကျူု၏တစ်ဖက်သားကို အရေးမထားတတ်သည့် စိတ်ဓာတ်တို့ပေါင်းစည်းမိပါက မည်ကဲ့သို့ဖြစ်လာမည်ကို ဆန်းလျှန် စိတ်ကူးကြည့်၍ပင် မရပေ။

"ရဲ့လျှို့ယွင်အကြောင်းမပြောနဲ့တော့ ၊ မင်းက ကျင်းကန်းဖူ

အင်းပညာကိုအသုံးပြုမယ်ဆိုရင်တောင်မှ ဆန်းလျန်ကိုတော့

နိုင်အောင်တိုက်ခိုက်နိုင်မှာမဟုတ်ဘူး"

ကူဟွေ့က ဆန်းလျန်ကို လက်ညှိုးထိုးပြရင်း ပြုံးနေလိုက်လေ

သည်။

"ဒီကောင်လေးက ဘယ်လောက်တော်နေလို့လဲ ၊ လင်ချုန်း

ရှောင်တောင်မှ ကျင်းကန်းဖူအင်းပညာကို နိုင်အောင်မ

တိုက်ခိုက်နိုင်ခဲ့ဘူး"

ရှောင်းကျူုက အေးစက်စွာဖြင့်ပြောလိုက်လေသည်။

ဆန်းလျန်မှာ သူမ၏အကြည့်အောက်တွင် အေးခဲသွားမလား

ပင် ထင်မှတ်ရလေသည်။

အင်းချုပ်ပညာမှာ မသေမျိုးဖြစ်သည့် နတ်ဘုရားများထံမှ

ဆင်းသက်လာည့် အတတ်ပညာဖြစ်လေသည်။ ထို့ကြောင့် ထို

ပညာကိုအသုံးပြုရန်အတွက် အတွင်းအားအသုံးပြုစရာမလို

ပေ။

စိတ်အာရုံနှင့် စိတ်ဝိညာဉ်ကိုပေါင်းစပ်စုစည်းပြီး အရုံအတား

ကိုဖန်းဆင်းရသည့် ပညာဖြစ်လေသည်။ သာမာန်ပညာ

လောက်နှင့် ထိုအင်းချပ်ပညာကို ဖျက်စီးနိုင်မည်မဟုတ်ပေ။

ထို့ပြင် အတွင်းအားကိုအသုံးပြုပြီး တိုက်ခိုက်မိလျှင် မမြင်ရ

သော ကျင်းကန်းဖူအရုံအတားကြောင့် အတွင်းအားများ

ပျက်စီးခြင်းဖြစ်နိုင်လေသည်။

အင်းအရုံအတားမှာ ပြိုင်ဘက်ရန်သူ၏ အတွင်းအားကိုစုပ်ယူ

နိုင်သည့် သဘာဝလည်းရှိလေသည်။

အင်းအရုံအတားက အတွင်းအားကိုစုပ်ယူလိုက်သည်နှင့် အင်း

ပညာကိုအသုံးပြုသူမှာ အတွင်းအားများ တိုးတက်မြင့်မားလာ

ရလေသည်။

နတ်ဘုရားတို့၏လောကတွင်ပင် ထိုအင်းပညာကို အလွန်တန်ဖိုးရှိသည့် ပညာတစ်ခုအဖြစ် သတ်မှတ်ထားကြလေသည်။

"သူက နတ်သက်ခြေဓားသိုင်းကို ကျင့်ကြံအောင်မြင်ထားတဲ့သူပဲ ၊ မင်းဘာပြောချင်သေးလဲ"

ကူပော့က ဖြေးညင်းစွာပြောလိုက်လေသည်။

"ကြည့်ရတာ နတ်သက်ခြေဓားသိုင်းကိစ္စကတော့ လူတိုင်းသိကုန်ကြပြီ ၊ ဒါပေမယ့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်အကြောင်းကိုတော့ ဘယ်သူမှမသိလောက်သေးဘူး"

ဆန်းလျန် တွေးနေလိုက်မိလေသည်။

သိုင်းလောကတွင် စိတ်ဝိညာဉ်ကျင့်စဉ်ကိုလေ့ကျင့်သည့်သူကရှားပါးလေသည်။ နတ်ဘုရားလမ်းစဉ်သို့ လျှောက်လှမ်းလိုသည့်သူများသာ စိတ်စွမ်းအားနှင့် စိတ်ဝိညာဉ်ကျင့်စဉ်များကိုကျင့်ကြံကြခြင်းဖြစ်လေသည်။

"စိတ်ဝိညာဉ်များကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်၏ဇစ်မြစ်ကို ဆန်းလျန်လည်းမသိပါ။ သို့သော် ထိုပညာကိုလေ့ကျင့်ခြင်းက သာမန်ကျင့်စဉ်များထက် များစွာထူးခြားလေသည်။

ရှောင်းကျူက ဆန်းလျန်ကို တစ်ချက်အကဲခတ်လိုက်ပြီး...

"ဟိုအရှုးကောင် ယန်ရွှမ်အပြင် ဒီသိုင်းပညာကိုကျင့်တဲ့သူရှိသေးတာလား ၊ ဘာလို့ လင်ချူန်းရှောင်က သူ့ကို အသက်ရှင်ခွင့်ပေးထားရတာလဲ ၊ အသက်ရှင်ခွင့်ပေးတဲ့အပြင် သိုင်းပညာတောင်သင်ပေးလိုက်သေးတယ်"

"နတ်သက်ခြေဆွဲသိုင်းကိုကျင့်ကြတဲ့လူအများစုဟာ စောစောစီးစီးသေသွားကြတာပဲ ၊ မဟုတ်ရင်လည်း ယန်ရွှမ်လိုမျိုး မိစ္ဆာလမ်းကိုရောက်သွားကြတယ် ၊ ဒါပေမယ့် ဆန်းလျန်ကတော့ချွင်းချက်ပဲ ၊ သူကတော့မတူဘူး"

ကူဟော့ကပြောလိုက်လေသည်။

"ကျွန်မက ရှင့်စကားကိုဘာလို့ယုံရမှာလဲ"

ရှောင်းကျူက အေးစက်စွာပြုံးရင်း ပြောလိုက်လေသည်။

"ဒါဖြင့် မင်းစမ်းကြည့်လိုက်လေ"

ကူဟော့ကပြောလိုက်လေသည်။

"အာ ဆန်းသခင်လေး ၊ မင်းတကယ်ပဲ နတ်သက်ခြွေဓားသိုင်း ကျင့်စဉ် အောင်မြင်ထားတာ ဟုတ်ပါတယ်နော်"

ရှောင်းကျူက ဆန်းလျန်ဘက်သို့ လှည့်ကြည့်ရင်းမေးလိုက်လေသည်။

"ထင်တာပဲ..."

ဆန်းလျန်ကပြောလိုက်လေသည်။

"ထင်တာပဲ ဆိုတဲ့စကားက ဘာအဓိပ္ပါယ်လဲ"

ရှောင်းကျူမှာ မျက်ဝန်းနက်နက်များဖြင့် ဆန်းလျန်ကို စိုက်ကြည့်ရင်းမေးလိုက်လေသည်။

"ကျုပ်က နတ်သက်ခြွေဓားသိုင်းကို ကောင်းကောင်းတတ်ပါတယ် ၊ နတ်သက်ခြွေဓားသိုင်းနဲ့ မင်းရဲ့ဝိညာဉ်တိုက်ခိုက်ခံရ

မယ်ဆိုရင်တော့ ကျင်းကန်းဖူအင်းပညာက မင်းကိုကာကွယ်ပေးနိုင်မှာမဟုတ်ဘူး ၊ မင်းကို ကျုပ်သေချာပေါက်အနိုင်ရမှာပဲ"

ဆန်းလျန်က ခပ်ဖြည်းဖြည်းပဲရှင်းပြလိုက်လေသည်။

ရှောင်းကျူမှာ ရဲ့လျိုယွင်နှင့်စေ့စပ်ကြောင်းလမ်းထားသည့် မိန်းကလေးတစ်ယောက်ဖြစ်သောကြောင့် ဆန်းလျန်အနေဖြင့် ပြဿနာဖြစ်ချင်စိတ်မရှိပေ။ သူက ရဲ့လျိုယွင်ဆီမှ ချင်းရွှမ်နတ်တံခါးတွင် တပည့်သစ်ခေါ်သည့် လူရွေးပွဲအကြောင်း မေးမြန်းစုံစမ်းရဦးမည်မဟုတ်ပါလား။

ရှောင်းကျူက ရဲ့လျိုယွင်ကို အဘယ်ကြောင့် ပြဿနာရှာချင်နေရသည်ကိုတော့ ဆန်းလျန်လည်း မသိပါ။

ထိုအချိန်တွင် ချောင်းဟန့်သံတစ်ချက်ထွက်ပေါ်လာသည်ကို သူတို့သုံးယောက်စလုံး ကြားလိုက်ရလေသည်။

အခန်း (၅၂)

စူးကျားပေါင်အိမ်ပိုင်ရှင်

မိုးများရုတ်တရက်ရွာလာသည့်အချိန်တွင် မိုးခိုရန်အတွက် ဆန်းလျန်ကိုခေါ်လာသူမှာ အစေခံအဘိုးအိုတစ်ယောက်ဖြစ်လေသည်။ အစေခံအဘိုးအိုကို ယခုတော့မတွေ့ရတော့ပေ။ သူတို့ရောက်ရှိနေသည့်အခန်းမှာ စူးကျားပေါင်အိမ်ပိုင်ရှင်မှ ခရီးသွားများဝင်ရောက်နားနေရန် ဆောက်လုပ်ပေးထားသည့် အဆောင်တစ်ခုမျှသာဖြစ်လေသည်။ အနည်းငယ်ပိုပြီး တောင့်

တောင့်တင်းတင်း ကောင်းကောင်းမွန်ဆောက်လုပ်ပေး ထားသည်မှာတော့ ပိုင်ရှင်၏စေတနာပင်ဖြစ်လေသည်။ ဆန်းလျန်မှာ "စူးကျားပေါင်" ဆိုသော စာလုံးများရေးသားထားခြင်းကို စိတ်ဝင်စားနေမိပြီး အခြားအသေးစိတ် အကြောင်းအရာများကိုသိချင်စိတ်မရှိပါ။ သို့သော် ထူးဆန်းသည့်အရာအချို့ကိုတော့ ဆန်းလျန်သတိထားမိလေသည်။ ချောမောခန့်ညားသောလူတစ်ယောက် အခန်းထဲသို့ဝင်လာလေသည်။ ချောင်းဟန့်သံပြုလုပ်သည့်သူမှာ ထိုလူပင်ဖြစ်လေသည်။ သူ၏မျက်နှာမှာ ကျောက်ပန်းချီမှ ပြန်လည်ကူးရေးထားသကဲ့သို့ စင်းလုံးချောဖြစ်နေလေသည်။ ထိုသူက တန်ဖိုးကြီးသောအဝတ်အစားများကိုဝတ်ဆင်ထားပြီး ဆန်းလျန်တစ်ခါမှ မမြင်ဘူးသည့်ပုံစံဖြင့် အကျႌကိုချုပ်လုပ်ထားခြင်းဖြစ်လေသည်။

သူ၏အသားအရေမှာ မိန်းကလေးဖြစ်သည့် ရှောင်းကျူထက် ပင် လှပနေသေးသည်။ သူ၏လက်ချောင်းများမှာ ရှည်လျား ပြီးသွယ်လျနေလေသည်။ ဓားသိုင်းကစားခြင်းထက် ဗျတ် စောင်းတီးခတ်ခြင်းကသာ သင့်တော်မည်း လက်မျိုးဖြစ်လေ သည်။

သို့သော် ထိုသူက သူ၏ပါးစပ်ကို ပိုးသားပုဝါတစ်ခုဖြင့်အုပ် ထားလေသသည်။ ချောင်းဆိုးနေသောကြောင့် အုပ်ထားခြင်း ဖြစ်နိုင်လေသည်။

ချောင်းဆိုးနေခြင်းကြောင့် ပုဝါစည်းထားခြင်းမဟုတ်လျှင် တော့ ဆန်းလျန်အာရုံခံမိသည့်အတိုင်းဖြစ်မည်မှာ သေချာလေ သည်။

လှုပ်ရှားမှုပြုလုပ်သည့်တိုင် ဤကဲ့သို့ အသံတစ်စက်မှမထွက် အောင်ပြုလုပ်နိုင်သည့်သူကို ပထမဆုံအကြိမ် ဆန်းလျန် တွေ့ ဖူးခြင်းဖြစ်လေသည်။ ဆန်းလျန်မှာ နားပါးသူတစ်ယောက်ဖြစ်

လေသည်။ သို့သော် သူမည်သည့်အသံမျှမကြားခဲ့ရပါ။ ထိုသူ ဝင်လာသည့်ခြေသံနှင့် ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာသည့် အဆစ်အမြစ်များလှုပ်ရှားသည့်အသံတို့ကို လုံးဝကြားခဲ့ရခြင်း မရှိပါ။

ကူဟော့၏မျက်နှာမှာလည်း စိတ်ပူသည့်လက္ခဏာများစတင် ပေါ်ပေါက်လာလေသည်။

ရုတ်တရက်ဖြစ်ပေါ်လာသည့်အခြေအနေကြောင့် မည်သူမျှမ လှုပ်မရှားဘဲ တောင့်တောင့်ကြီးတွေဖြစ်နေမိကြလေ တော့သည်။

မိုးဆဲသွားပြီဖြစ်ပြီး ခေါင်မိုးထက်မှ ရေစက်လေးများက တစ် စက်စက်ကျနေလေသည်။

ထိုသူက အခန်းထဲမှ လူသုံးယောက်ကို တစ်ချက်ဝေ့ကြည့် လိုက်သည်။

ဘာကြောင့်မှန်းမသိ ရှောင်းကျူက သူမ၏ယပ်တောင်ကိုဖွင့်ပြီးတဖျတ်ဖျတ်ခပ်နေလေသည်။ သူမ၏ပုံစံမှာ အလွန်ပင်တည်ငြိမ်နေလေသည်။ သို့သော် သူမ၏လက်များက ယပ်တောင်လက်ကိုင်ကို တင်းကြပ်စွာ စုပ်ကိုင်ထားသည်မှာ အကြောများကိုပင် မြင်နေရလေသည်။ သူမပုံစံက တည်ငြိမ်နေသည့်တိုင် စိတ်ထဲတွင်တော့ မတည်မငြိမ်ဖြစ်နေသည်မှာ သေချာလေသည်။

ဆန်းလျန်က အစပိုင်းတွင် အနည်းငယ်တုန်လှုပ်သွားသည့်တိုင် နောက်ပိုင်းတွင်တော့ တည်ငြိမ်သွားလေသည်။

စိတ်အာရုံများကိုထိန်းချုပ်သည့်ကျင့်စဉ်ကြောင့် သိလိုက်ရသည်မှာ ထိုသူ၏အကြည့်မှာ ပုံမှန်မဟုတ်ဆိုသည့်အချက်ပင်။ သူ၏အကြည့်မှာ အိပ်ပျော်ရာမှနိုးလာသည့် ကျားတစ်ကောင်နှင့်တူနေလေသည်။ ရက်ဆက်ကြမ်းကြုတ်သည့်အကြည့်မျိုး

တော့မဟုတ်ပေ။ သို့သော် အမိန့်ကိုနာခံစေတတ်သည့် ဘုရင်တစ်ပါး၏ အရှိန်အဝါကြီးသော အကြည့်မျိုးဖြစ်လေသည်။

"ရှင်ကဘယ်သူလဲ"

ရှောင်းကျူမှာ ပထမဆုံး တည်ငြိမ်မှုပျက်ယွင်းသွားသည့်သူဖြစ်လေသည်။

ဆန်းလျန်သက်ပြင်းချလိုက်မိလေသည်။ ရှောင်းကျူမှာ ရဲ့လျိုယွင်လောက် ထက်မြက်ပြီးတည်ငြိမ်ခြင်းမရှိပေ။

ဆန်းလျန်မှာ ရဲ့လျိုယွင်အားအနိုင်ရခဲ့သည့်တိုင်အောင် လျှော့မတွက်ခဲ့ပါ။ သူတွေ့ခဲ့သမျှလူတွေထဲတွင် ရဲ့လျိုယွင်မှာအရည်အချင်းအရှိဆုံးလူတစ်ယောက်ဖြစ်လေသည်။

ထိုသူမှာ မည်သူပင်ဖြစ်ပါစေ ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်နေသည့် ရဲ့လျိုယွင်ထက်တော့ သာနိုင်မည်မထင်ပေ။

"ကျုပ်က ဒီနေရာရဲ့ပိုင်ရှင်ပါပဲ"

ထိုသူက ပြောလိုက်လေသည်။

"ကျွန်မက ရှင့်ရဲ့နာမည်မေးနေတာ"

ရှောင်းကျူက မေးမြန်းလိုက်လေသည်။

"ဒီနေရာကို စူးကျားပေါင်လို့ခေါ်တယ်လေ ၊ ဒီတော့ ကျုပ်ရဲ့ မျိုးနွယ်က စူးဆိုတာထင်ရှားနေတာပဲ ၊ ကျုပ်နာမည် အရင်းကို တော့မပြောပြချင်ဘူး ၊ ပြောလည်း မင်းတို့သိမှာမဟုတ်ပါဘူး ၊ နာမည်ဆိုတာ ကိုယ်စားပြုမှုတစ်ခုပါပဲ ၊ ဒါပေမယ့် ဒီနေ့ဆုံ တွေ့ကြရတာတော့ ကံတရားအတိုင်းပါပဲ ၊ မိုးတောင်ချုပ်တော့ မယ် ၊ ခင်ဗျားတို့ ညစာစားသွားကြပါလား ၊ ခရီးမဆက်ခင် ဒီမှာတစ်ညလောက်တည်းလည်းရပါတယ်"

"တောင်းပန်ပါတယ် ဦးလေး ၊ ကျွန်မအမေက ညစာကို အိမ်မှာ ပဲပြန်စားဖို့ပြောထားလို့ပါ"

ရှောင်းကျူက လှပစွာပြုံးရင်းပြောလိုက်လေသည်။ ဘောလုံး ကဲ့သို့ လုံးထွေးကာ ငြိမ်သက်သွားကြပြီဖြစ်သည့် ကောပီသုံး ဖော်ကို သူမအရေးမစိုက်တော့ပါ။

သူမက ခြေဖျားကိုထောက်လိုက်ကာ တိမ်လွှာလေးတစ်စ မျော လွင့်သွားသလို တံခါးဝဆီသို့ ပျံသန်းသွားလိုက်လေသည်။ သူမ၏လှုပ်ရှားမှုမှာ လွန်စွာမှ တင့်တယ်လှပလွန်းလေသည်။ ရှောင်းကျူမှာ ဉာဏ်ရည်ထက်မြက်သူဖြစ်ပြီး သူမလိုချင် သည့်ရည်မှန်းချက်ကို ရောက်အောင်သွားတတ်သည့်သူဖြစ် လေသည်။ သူမက ဤနေရာတွင် ကူဟွေ့၊ ဆန်းလျန်နှင့် အမည်မသိအိမ်ပိုင်ရှင်တို့နှင့်အတူ အချိန်မဖြုန်းလိုတော့ပေ။ ထိုသို့အချိန်ဖြုန်းလို့လည်း သူမအတွက် အကျိုးမရှိနိုင်ပေ။ သူမမှာ မိန်းကလေးတစ်ယောက်ဖြစ်သည့်အတွက် ဤကဲ့သို့ သောအခြေအနေတွင် အဝေးသို့ရှောင်ထွက်သွားခြင်းအတွက် သိုင်းလောကတွင် သိက္ခာကျစရာအကြောင်းလည်းမရှိပေ။ ရှောင်းကျူမှာလွန်စွာမှလျှင်မြန်လွန်းပါသည်။ သို့သော် စူး ကျားပေါင်အိမ်ပိုင်ရှင်က သူမသွားမည့်လမ်းတွင် ပိတ်ဆို့ ရပ်တန့်ထားလိုက်ပြီဖြစ်လေသည်။

သူမက လှုပ်ရှားမှုကိုရပ်တန့်လိုက်ပြီး ယပ်တောင်ကို ရှပ်ခနဲဆွဲဖွင့်ကာ တိုက်ခိုက်လိုက်လေသည်။ ပျံလွှားငှက်လေးပျံသန်းနေရာမှ လေထဲတွင် ရုတ်တရက်ရပ်တန့်သွားသည်နှင့်ပင်တူလေသည်။

ဤကဲ့သို့သောတိုက်ခိုက်မှုမျိုးမှာ ကိုယ်ခန္ဓာဟန်ချက်ညီမှုနှင့်အတွင်းအားကိုထိန်းချုပ်နိုင်မှု အချိုးညီစွာရှိနိုင်ဖို့ လိုအပ်လေသည်။ ထို့ကြောင့် တိုက်ခိုက်မှုမှာပြင်းထန်သည့်တိုင် ကိုယ်ဟန်အနေအထားကတော့ ကြည့်ချင်စဖွယ် လှပတင့်တယ်နေခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ မြင်ကွင်းကို မျက်တောင်မခတ်ကြည့်နေလေသည်။ ဆန်းလျန်မှာ သိုင်းပညာတော်သည့်မိန်းကလေးများကိုလေးစားမိလေသည်။ မိန်းကလေးများမှာ သိုင်းပညာသင်ယူသည့်အခါ ယောကျ်ားလေးများထက်ပိုပြီး အံဝင်ခွင်ကျဖြစ်နေတတ်လေသည်။

အကောင်းနှင့်အဆိုးမှာ ဒွန်တွဲနေမြဲပင်မဟုတ်ပါလား။

ရှောင်းကျူ၏ရွှေရောင်ယပ်တောင်မှာ သိုင်းပညာအဆင့်မြင့်သည့် လီကျွမ်း၏ဦးခေါင်းကို လွယ်လွယ်ကူကူပင် ရိုက်ခွဲနိုင်ခဲ့လေသည်။ ယခု ရှောင်းကျူတိုက်ခိုက်နေသည်မှာ လီကျွမ်းကိုတိုက်ခိုက်သည်ထက်ပိုပြီး အားသုံးကာ တိုက်ခိုက်နေခြင်းဖြစ်လေသည်။

အချိန်ခဏလေးအတွင်းမှာပင် သူမ၏တိုက်ခိုက်မှုကို ဆန်းလျန်ကိုယ်တိုင်ပင် ရှောင်နိုင်မည်မဟုတ်ဟု တွေးလိုက်မိလေသည်။

သူ၏ပခုံးကိုလာရောက်ထိခိုက်သည့် ရွှေယပ်တောင်ကို စူးကျားပေါင်အိမ်ပိုင်ရှင်က ရှောင်တိမ်းခြင်းမရှိပါ။ ဆန်းလျန်အသံတစ်သံကြားလိုက်ရလေသည်။ ပူဖောင်းလေးများပေါက်သွားသည့်အသံမျိုးဖြစ်လေသည်။

စူးကျားပေါင်အိမ်ပိုင်ရှင်မှာ ရေအိုင်တစ်ခုအလားအသွင် ပြောင်းသွားလေသည်။ ဆန်းလျန်မှာ အလွန်ပင်စိတ်လှုပ်ရှား သွားရလေသည်။ ဤသည်မှာ မိုးကောင်းကင်နှင့်ဆိုင်သည့် တန်ခိုးစွမ်းအားတစ်ခုပင် ဖြစ်နေသည်မဟုတ်ပါလား။ ရေဖြင့်ပြုလုပ်ထားသောခန္ဓာကိုယ်မှာ ပျံ့နှံ့သွားပြီး နေရာတစ်ခုလုံးကိုဖုံးလွှမ်းသွားလေသည်။

ရှောင်းကျူက ကျင်းကန်းဖူအင်းချပ်အရံအတားပညာကို အသုံးပြုလိုက်လေသည်။ ကျင်းကန်းဖူအင်းချပ်မှာ အသုံးပြုသူအန္တရာယ်ရှိသည့်အချိန်တွင် အလိုလိုထွက်ပေါ်လာခြင်းဖြစ်လေသည်။

လေထဲမှရေစက်များမှာ တဖြည်းဖြည်း အောက်သို့စီးဆင်းလာလေသည်။

အဖြူရောင်အလင်းတန်းတစ်ခု ရုတ်တရက်ပေါ်လာပြီး ကျင်းကန်းဖူအင်းချပ်အရံအတားကို လွယ်ကူစွာပင် ဖြတ်သန်းထိုး

ဖောက်သွားလေသည်။ လွယ်လွယ်ကူကူပင် ထိုးဖောက်သွား ခြင်းဖြစ်လေသည်။

ရှောင်းကျူ့ အံ့သြတုန်လှုပ်စွာဖြင့် စူးရှစွာအော်ဟစ်လိုက်လေ သည်။

အဖြူရောင်အလင်းတန်းမှာ ကျင်းကန်းဖူအရံအတားအတွင်း သို့ဝင်ရောက်ကာ ရှောင်းကျူ့ကို လှည့်ပတ်နေလေသည်။

ထို့နောက် သူမကို ချုပ်ထားလိုက်လေတော့သည်။

စူးကျားပေါင်အိမ်ရှင်မှပြောင်းလဲသွားသည့် ရေများမှာတော့ မြေပြင်ပေါ်သို့စီးဆင်းသွားပြီး သွေးများဖြင့် ရောနှောသွားလေ သည်။ ထိုခဏအတွင်းမှာပင် အလောင်းများမှာ ရေဗွက်အိုင် များကဲ့သို့ ဖြစ်သွားကြလေသည်။

ရေဗွက်အိုင်များမှာ ဘောလုံးကြီးတစ်ခုသဏ္ဍာန်ဖြစ်သွားပြီး ရေ ငန်းသီးပင်တစ်ပင်အောက်သို့ လိမ့်ဆင်းသွားလေသည်။

ထို့နောက် ရေငန်းသီးပင်ခြေရင်းရှိ မြေကြီးထဲသို့ဝင်ကာ

ပျောက်ကွယ်သွားလေတော့သည်။

ရေစီးကြောင်းမှာ လုံးထွေးနေသည့် ကောပီသုံးဖော်ကို

ရှောင်ရှားပြီးစီးဆင်းသွားခြင်းဖြစ်လေသည်။

ဆန်းလျန်က မျက်စိရှင်သူတစ်ယောက်ဖြစ်လေသည်။

ခြောက်သွေ့ညိုးနွမ်းနေသော ရေငန်းသီးပင်မှာ ချက်ချင်းပင်

ရှင်သန်လာလေသည်။

ထိုကိစ္စများဖြစ်ပျက်သွားပြီးနောက် စူးကျားပေါင်အိမ်ပိုင်ရှင်

ကတော့ မူလရပ်နေသည့်နေရာသို့ ချက်ချင်းပြန်ရောက်သွား

လေသည်။ တစ်လက်မပင် နေရာမှမရွှေ့ပေ။

သူက ရေငန်းသီးပင်ကို ဆန်းလျန်စိုက်ကြည့်နေသည်ကိုတွေ့

သွားလေသည်။

"ရေငန်းသီးပင်က ကျုပ်ဇနီးစိုက်သွားတာလေ ၊ သူမဆုံးသွား

တော့ ကျုပ်က နောက်မိန်းမတစ်ယောက်ယူခဲ့တယ် ၊ သူက

အဲဒီရေငန်းသီးပင်ကို ခုတ်ပစ်ဖို့ပြောတယ်၊ ဒါနဲ့ပဲ အဲဒီအပင်ကို ဒီနေရာကို ရွှေ့စိုက်ထားလိုက်တာ၊ မြေသြဇာလေးဘာလေး ပေးလိုက်တော့ နောက်နှစ်ဆိုရင် အသီးတွေသီးတော့မှာပဲ၊ ကံမကောင်းတာက မင်းတို့သုံးယောက်က နောက်နှစ်ထိ ရေငန်းသီးအရက်သောက်ဖို့ မစောင့်နိုင်တော့တာပဲ"

သူက ပြောရင်းရယ်မောလိုက်လေသည်။

လူသေအလောင်းများကို မြေသြဇာအဖြစ်အသုံးပြုသည်မှာ ကြောက်စရာကောင်းလွန်းသည်ဟု ကူပော့တွေးနေမိလေသည်။

ရှောင်းကျူက တစ်ချက်စောင်းကြည့်လိုက်ပြီး ပြုံးလိုက်ရင်း...

"ဦးလေး၊ ဒီနေ့ ကျွန်မမိဘတွေအိမ်မှာမရှိကြဘူးဆိုတာသတိရသွားလို့၊ ဦးလေးဆီမှာပဲ ညစာစားလိုက်တော့မယ်၊ ကျွန်မအိမ်မပြန်တော့ဘူးနော်"

ဟုပြောလိုက်လေတော့သည်။

"ကျုပ်က မင်းကို စနောက်လိုက်တာပါ ၊ မင်းလိုချစ်စရာ ကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို နာကျင်စေလိုတဲ့ဆန္ဒမ ရှိပါဘူး"

စူးကျားပေါင်အိမ်ပိုင်ရှင်က ခပ်ဖြည်းဖြည်းပင် ပြောလိုက်လေ သည်။

သူက လက်တစ်ဖက်ကို ဆန့်တန်းလိုက်ပြီး ချိတ်ကောက်တစ်ခု ကို ဖန်ဆင်းလိုက်လေသည်။ ရှောင်းကျူကို ဖမ်းချုပ်ထား သည့် အဖြူရောင်အလင်းတန်းမှာ မြွေတစ်ကောင်ကဲ့သို့ စူး ကျားပေါင်အိမ်ပိုင်ရှင်၏လက်များဆီသို့ရောက်ရှိသွားကာ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

"စူးကျားပေါင်အိမ်ပိုင်ရှင်က သာမန်လူတော့မဖြစ်နိုင်ဘူး ၊ သူနဲ့ ရှင်းအဘိုးအိုတို့သားအဖဆိုရင် ဘယ်သူကပိုသာမလဲမသိဘူး" ဟု ဆန်းလျန်က တွေးနေမိလေသည်။

ဝံပုလွေနတ်ဘုရားအဘိုးအိုရော စူးကျားပေါင်အိမ်ပိုင်ရှင်ရော မှာဆန်းလျန်အတွက် နားလည်ရခက်သည့်လူများဖြစ်လေသည်။ သူတို့၏စွမ်းရည်များကို သိမြင်နိုင်ခြင်းဌာ ဆန်းလျန်မှာမတတ်နိုင်ပါ။

ရှောင်းကျူမှာ ထွက်မသွားရဲတော့ပေ။ သူမက ကုတ်ကုတ်ကလေးလမ်းလျှောက်လာကာ ဆန်းလျန်အနားတွင် မတ်တပ်ရပ်နေလိုက်လေတော့သည်။

အခန်း (၅၃)

တမလွန်ကြေကွဲသံစဉ်

ဆန်းလျှန်၏မပြောင်းလဲသောဆန္ဒမှာ မသေမျိုးဖြစ်သည့် နတ်ဘုရားတစ်ပါးဖြစ်လိုခြင်းပင်ဖြစ်လေသည်။ သို့သော် သာမာန်ထက်ပိုပြီး ထူးခြားသည့် စွမ်းအားရှိသူ စူးကျားပေါင်အိမ်ပိုင်ရှင်နှင့်တွေ့ရသည့် အခါတွင်တော့ သူကြောက်ရွံ့တုန်လှုပ်သွားမိလေသည်။ ထို့ကြောင့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ထဲမှ ကျင့်စဉ်များအတိုင်း အာရုံပြန်စူးစိုက်ပြီး စိတ်ကို တည်ငြိမ်အေးချမ်းအောင်လုပ်ရလေသည်။

သူ့ခေါင်းထဲသို့အတွေးတစ်ခုဝင်ရောက်လာလေသည်။ သူက အိမ်ပိုင်ရှင်ထက် ထိုသူ၏စွမ်းအားကို ပိုပြီးကြောက်ရွံ့မိခြင်းဖြစ်လေသည်။ ထိုစွမ်းအားက သူ့ကိုလမ်းလွဲသွားစေသည်ဟု ခံစားလိုက်ရလေသည်။

ဆန်းလျန်၏ စိတ်အာရုံများမှာ စုစည်း၍မရအောင် ဖြစ်နေရလေသည်။

ဆန်းလျန်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည့်အခါတွင်တော့ သူတို့အားလုံး မိုးခိုသည့်အခန်းထဲတွင်ရှိမနေတော့ပါ။

ဆန်းလျန်မှာ စူးကျားပေါင်အိမ်ပိုင်ရှင်နောက်သို့ လိုက်ပါသွားနေခြင်းဖြစ်လေသည်။ သူ၏ရှေ့တွင် ကူဟော့ဆရာတော်နှင့် ရှောင်းကျူတို့ လည်း အိမ်ပိုင်ရှင် ဦးဆောင်ရာနောက်သို့လိုက်သွားနေကြလေသည်။

ရှေ့မှဦးဆောင်သွားသည့် အိမ်ပိုင်ရှင်နောက်သို့ သူတို့အားလုံးမှာ သိစိတ်လွတ်ပြီး လိုက်ပါသွားကြခြင်းပင် ဖြစ်လေသည်။ တိရိစ္ဆာန်များအုပ်စုဖွဲ့သွားလာခြင်းဖြင့်ပင် သဏ္ဍာန်တူနေလေသည်။

အသိစိတ်လွတ်ပြီး ဦးဆောင်သည့်သူနောက်သို့သာ လိုက်နေ သည့် ပုံစံမျိုးဖြစ်လေသည်။

ကူပေ့ဆွဲဆရာတော်၊ ဆန်းလျန်နှင့် ရှောင်းကျူတို့သုံး ယောက်လုံးမှာ စိတ်စွမ်းအားအလွန်ကောင်းသူများဖြစ်ကြလေ သည်။ သို့သော် စူးကျားပေါင်အိမ်ပိုင်ရှင်မှာ သူတို့၏စိတ်များ ကို လွှမ်းမိုးထိန်းချုပ်ပြီး ဦးဆောင်ခေါ်သွားနိုင်လေသည်။ စူး ကျားပေါင်အိမ်ပိုင်ရှင်၏အစွမ်းကို ဆန်းလျန်မှာ အံ့သြနေမိ လေတော့သည်။

အခြားသူများ အသိစိတ်ပြန်မဝင်သည့်တိုင် ဆန်းလျန်က အသိစိတ်ပြန်ဝင်လာခြင်းဖြစ်လေသည်။ သူ စိတ်ကိုတည်ငြိမ် အောင်ထိန်းလိုက်နိုင်သည့်တိုင် သူ၏စိတ်ဝိညာဉ်ကတော့ မ ငြိမ်သက်နိုင်သေးပေ။

ဝံပုလွေနတ်ဘုရားအဘိုးအိုပြောခဲ့သလိုပင် သူ၏ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ်မှာ တစ်သားတည်းမကျသေးပေ။ ထိုသို့ဖြစ်

သောကြောင့် သူ၏စိတ်ဝိညာဉ်နှင့်ဝိညာဉ်စွမ်းအားမှာ တစ်ပေါင်းတစည်းတည်းမဖြစ်နိုင် ဖြစ်နေရခြင်းဖြစ်လေသည်။ ထို့ကြောင့် သူကဝိညာဉ်လွှင့်နိုင်သည့်တိုင် တစ်စုံတစ်ခုက သူ့ကိုပြန်ဆွဲခေါ်နေသကဲ့သို့ ခံစားနေရခြင်းဖြစ်လေသည်။ သာမန်ကျင့်ကြံသူများဆိုလျှင် ထိုအဆင့်သို့ရောက်အောင်လေ့ကျင့်နိုင်ရန် အချိန်များစွာယူရမည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့မတူပေ။ တိုက်ခိုက်နေစဉ်အတွင်းမှာပင် သူ၏ဝိညာဉ်နှင့် ရုပ်ခန္ဓာမှာ အတူတကွ ဟန်ချက်ညီနေလေသည်။

ဆန်းလျန်မှာ အသိစိတ်ပြန်ဝင်နေပြီဖြစ်သော်လည်း အိမ်ပိုင်ရှင်နောက်သို့လိုက်နေခြေလှမ်းများကို ရပ်တန့်၍မရဖြစ်နေရလေသည်။ ထို့ကြောင့် အလိုက်သင့်ပင် ဆက်လိုက်သွားလိုက်ရလေသည်။

ဆန်းလျန်၏စီးဆင်းနေသည့်အတွင်းအားနှင့် ရုပ်ခန္ဓာမှာ အလို
အလျှောက် ဟန်ချက်ညီစွာဆက်သွယ်လျှက်ရှိနေလေသည်။
သူက အိမ်ပိုင်ရှင်ရုပ်တန့်လိုက်မှသာ ရုပ်တန့်နိုင်မည်ဟု
နားလည်သဘောပေါက်လိုက်လေသည်။
ဆန်းလျန်က သူ၏ "ကြမ်းတမ်းသည့်စွမ်းအား" များဝင်
ရောက်လာခြင်းမရှိစေရန် ကြိုးစားနေလေသည်။ ထိုစွမ်းအား
က သူ၏ဝိညာဉ်နှင့်စိတ်စွမ်းအားကို တိုက်ခိုက်တတ်ပြီး
အခြေအနေကိုပိုပြီးဆိုးစေလေသည်။
ထိုအရာက ဟန်ချက်ညီနေသည့် စိတ်စွမ်းအားနှင့်စိဝိညာဉ်
ကြားထဲတွင် ဗလာနယ်တစ်ခုကိုဖြစ်ပေါ်စေလေသည်။
သို့သော် ထိုကဲ့သို့ဟန်ချက်ပျက်သွားသည့်အတွက်ပင် သူပြန်
ပြီး အသိစိတ်ဝင်လာခြင်းဖြစ်လေသည်။
ပတ်ဝန်းကျင်တစ်ခုလုံးမှာ မြူခိုးများဖြင့်ဖုံးလွှမ်းနေပြီး သူတို့
ရောက်ရှိနေသည့်နေရာမှာ မည်သည့်နေရာမှန်းမသိရပေ။

အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် မည်သည့်နေရာသို့

ဦးတည်ပြီးသွားနေသည်လည်းဆိုသည်ကိုလည်း မသိနိုင်ပါ။

ရုတ်တရက်ပင် မြူခိုးများကြားတွင်ပင် ရှုခင်းပုံရိပ်များက

ပြောင်းလဲသွားလေသည်။ ဘေးဘက်တွင် စီးဆင်းနေသည့်

စမ်းချောင်းလေးတစ်ခုကိုတွေ့ရသည်။

မြူခိုးများပျောက်ကွယ်သွားပြီး လမ်းကျဉ်းလေးတစ်ခုပေါ်လာ

လေသည်။

စမ်းချောင်းလေးအပြင် မြက်ပင်များနှင့် ဝါးပင်များပါတွေ့မြင်

ရလေသည်။ ညလေအေးကတိုက်ခတ်လာသည့်အတွက်

သစ်ကိုင်းများတစ်ခုနှင့်တစ်ခုပွတ်တိုက်နေသည့်အသံများကို

ကြားနေရသည်။

မြူခိုးများအနည်းငယ်ဖုံးလွှမ်းနေသည့် နေရာတစ်ခုတွင်

ဥယျာဉ်ငယ်လေးတစ်ခုကို တွေ့လိုက်ရလေသည်။

သူတို့အားလုံးမှာ ထိုင်ခုံများတွင် အလိုလိုဝင်ထိုင်လိုက်ကြပြီး ယခုအချိန်မှပင် ဆန်းလျန်မှာ သူ၏ရုပ်ခန္ဓာကို ထိန်းချုပ်၍ရသွားလေသည်။

ရှောင်းကျူနှင့် ကူပော့ဆရာတော်တို့မှာ ယခုအချိန်ထိ ဘာဖြစ်လို့ဖြစ်သွားသည်ကိုမသိကြသေးပေ။ သူတို့ထိုင်ခုံများတွင်ထိုင်ရင်း အိပ်မက်မှနိုးထလာသူကဲ့သို့ ဖြစ်နေကြလေသည်။

"ဒါဘယ်နေရာလဲ"

ရှောင်းကျူကမေးလိုက်သည်။ သူမက စူးကျားပေါင်အိမ်ပိုင်ရှင်ကို ဒီမှာပဲညစာစားမည်ဟု သဘောတူပြီးသည့်နောက် ခဏတာအိပ်ပျော်သွားသကဲ့သို့ဖြစ်သွားကာ ယခုမှ နိုးထလာသကဲ့သို့ခံစားနေရခြင်းဖြစ်လေသည်။ သူမသည် ထိုင်နေသည့်နေရာမှာ မည်သည့်နေရာမှန်းလည်းမသိရပေ။

"ဒီနေရာက ကျုပ်ရဲ့ဥယျာဉ်လေးပါ၊ အားလုံးပဲ မစိုးရိမ်ကြပါနဲ့"

စူးကျားပေါက်အိမ်ပိုင်ရှင်က ပြုံးပြီးပြောလိုက်လေသည်။

ထို့နောက်လက်ခုပ်တစ်ချက်တီးလိုက်ရာ လှပသောမိန်းကလေး အစေခံများ ရောက်လာကြလေသည်။ ပထမရောက်လာသည့် မိန်းကလေးအစေခံရှစ်ယောက်မှာ မည်သည့်အရာကို ချက်ပြုတ်ထားမှန်းမသိသည့် ဟင်းလျာပန်းကန်များကို သယ်ဆောင်လာကြလေသည်။

နောက်ထပ်ရောက်လာသည့်မိန်းကလေးလေးယောက်ကတော့ ငွေရောင်အရက်အိုးများနှင့် အရက်ခွက်လေးများကို သယ်ဆောင်လာကြလေသည်။

စားပွဲမှာထောင့်လေးထောင့်ရှိသည့်စားပွဲဖြစ်ပြီး သူတို့အားလုံး က ထိုင်ခုံတစ်ခုစီတွင်ထိုင်နေကြခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ စူးကျားပေါင်အိမ်ပိုင်ရှင်နှင့် မျက်နှာချင်းဆိုင် တွင်ထိုင်နေလေသည်။

အစားအသောက်နှင့်ယမကာများပြင်ဆင်ပေးသည့်အစေခံများ ထွက်သွားပြီးနောက်တွင်တော့ အစေခံနှစ်ယောက် ထပ်မံဝင်ရောက်လာလေသည်။

တစ်ယောက်က ဗျတ်စောင်းကိုကိုင်ထားပြီး နောက်တစ်ယောက်က ပုလွေကိုကိုင်ထားလေသည်။

"ဘယ်သီချင်းကိုတီးမှုတ်ပေးရမလဲ သခင်ကြီး"

အစေခံမိန်းကလေးတစ်ယောက်က မေးလိုက်လေသည်။

သူမ၏အသံမှာ နူးညံ့ပြီးသာယာလေသည်။ သို့သော် အသက်ကင်းမဲ့နေလေသည်။

ဆန်းလျန်မက အစေခံမိန်းကလေးများကို အကဲခတ်နေလိုက်သည်။ သူတို့အားလုံးမှာ လွန်စွာမှချောမောလှပကြလေသည်။ သို့သော် မျက်ဝန်းများကတော့အသက်မဲ့နေကြသည်။

သူခေတ်ပေါ်ကမ္ဘာတွင်နေခဲ့စဉ်က ဖယောင်းရုပ်ပြတိုက်ကိုသွားရောက်လည်ပတ်သည်ကို သတိရမိလေသည်။ နာမည်ကြီး

သူများ ၊ အနုပညာရှင်များကို ဖယောင်းရုပ်အဖြစ်ထုလုပ်ထားသည်မှာ အလွန်ပင် အစစ်အမှန်နှင့်တူကြလေသည်။

သို့သော် တကယ်တမ်းတော့ ထိုဖယောင်းရုပ်များက အသက်မရှိပေ။

ထိုသို့ ဖယောင်းရုပ်တုများနှင့်တူသည့် အစေခံမိန်းကလေးနှစ်ယောက်မှာ တိတ်ဆိတ်စွာဖြင့် မတ်တပ်ရပ်နေကြလေသည်။

လုံးဝအသက်မဲ့နေသည့်ပုံစံမျိုးဖြစ်လေသည်။

လှပသောအစေခံမိန်းကလေးအားလုံးမှာ လှုပ်ရှားသွားလာနိုင်ကြသည့် ဖယောင်းရုပ်လေးများနှင့် သဏ္ဍာန်တူနေလေတော့သည်။

“ချန်ဆန်းတံခါးဝမှာ ဘဝမကူးနိုင်တဲ့သူတွေတစ်ပုံကြီးပဲ ၊ ဒီတော့ “တမလွန်ကြေကွဲသံစဉ်” ဆိုတဲ့သီချင်းကို တီးခတ်ပါ” စူးကျားပေါင်အိမ်ပိုင်ရှင်က ညွှတ်သည်များကိုပင် မေးမြန်းခြင်းမရှိဘဲ ဆုံးဖြတ်ချက်ချလိုက်လေသည်။

ပန်းဥယျာဉ်ငယ်လေးထဲရှိ ဂီတဖျော်ဖြေပွဲနှင့် ညစာစားပွဲ...

ဆန်းလျန်က အလိုက်အထိုက်ပင်နေလိုက်သည်။

ကူဟွေ့ဆရာတောကတော့ ရှောင်းကျူနှင့်စကားအနည်းငယ်

ပြောနေလေသည်။

ဆန်းလျန် ၊ ရှောင်းကျူ နှင့် ကူဟွေ့ဆရာတော်တို့မှာ မိတ်ဆွေ

များမဟုတ်ကြပါ။ သို့သော်လည်း အချင်းချင်းနားလည်မှု ရှိ

ကြလေသည်။

စူးကျားပေါင်အိမ်ပိုင်ရှင်မှာ အလွန်ပင်ထူးခြားဆန်းကြယ်သော

သူတစ်ယောက်ဖြစ်လေသည်။ နတ်ဘုရားတစ်ပါးပင် ဖြစ်နေ

နိုင်လေသည်။ ဤကဲ့သို့သောအခြေအနေမျိုးတွင် သူတို့သုံး

ယောက်မှာ တစ်ယောက်အသက်ကို တစ်ယောက် ကယ်တင်ဖို့

ကြိုးစားရမည်ဖြစ်လေသည်။

ကူဟွေ့ဆရာတော်မှာ သိပ်ပြီးစကားအများကြီးပြောခြင်းမရှိ

ပေ။ ဆန်းလျန် ကူဟွေ့ဆရာတော်ကို သဘောကျမိလေသည်။

စူးကျားပေါင်အိမ်ပိုင်ရှင်မှာ အေးအေးဆေးဆေး သက်တောင့်သက်သာပုံစံဖြင့် ထိုင်နေလေသည်။ သူ့ပုံစံကိုကြည့်ပြီး သူ့စိတ်ထဲတွင်တွေးနေသည့် အကြောင်းအရာကို ခန့်မှန်းရသည်မှာ မလွယ်ကူလှပေ။ ဆန်းလျန်ပင်လျှင် သူ့ကိုခန့်မှန်း၍မရနိုင်ဖြစ်နေရလေသည်။

သူက အာရုံခံကြည့်ရန်အတွက် စူကျားပေါင်အိမ်ပိုင်ရှင်ဆီသို့ သူ၏ဝိညာဉ်စွမ်းအား အာရုံစူးစိုက် စေလွှတ်လိုက်တိုင်း မမြင်ရသောတံတိုင်းတစ်ခုဖြင့်ကာရံထားသကဲ့သို့ဖြစ်နေလေသည်။

အရက်မှာ အဝင်မဆိုးသည့် အရက်ကောင်းတစ်မျိုးပင်ဖြစ်လေသည်။ အစားအသောက်များမှာလည်း လွန်စွာမှ အရသာရှိလေသည်။ ငွေဇွန်းကိုက်ပြီးမွေးဖွားလာသူဖြစ်သည့် သခင်မလေးရှောင်းကျူပင်လျှင် ဤမျှကောင်းမွန်သောအစားအသောက်များကို တစ်ခါမျှ မစားဖူးပေ။

သို့သော် လက်ရှိအခြေအနေအရ သူမမှာ အလွန်စိတ်ညစ်နေလေသည်။ ထူးဆန်းသည့်နေရာတွင် ထူးဆန်းသည့်လူတစ်ယောက်နှင့် ညစာအတူစားနေရသည်မှာ သူမကို စိတ်မသက်မသာဖြစ်စေသည်။

သူမက အရသာရှိသည့်အစားအသောက်များကို စိတ်မပါလက်မပါနှင့်စားနေလေသည်။

သူမက အခြားသူများကို တစ်ချက်အကဲခတ်လိုက်သည်။ ကူဟော့ဆရာတော်ကတော့ အစားအသောက်များကို အားပါးတရစားသောက်နေလေသည်။

ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး အသားစား ၊ အရက်သောက်နေသောကြောင့် ဝိနည်းမစောင့်ထိန်းသည့် ဘုန်းတော်ကြီးတစ်ပါးပဲဟု ရှောင်းကျူုစိတ်ထဲမှ အပြစ်တင်နေမိသည်။

ထို့ပြင် ကူဟော့ဆရာတော်မှာ သူမမွေးဖွားသည့်အချိန်မှ ယခုအချိန်ထိ သိုင်းလောကတွင် နှစ်ပေါင်းများစွာကြာကြာ

အသက်ရှည်အောင် ဘယ်လိုများနေထိုင်ခဲ့ပါလိမ့်ဟု သူမ
စဉ်းစားနေမိလေသည်။ သိုင်းလောကတွင် အချိန်အကြာကြီး
အသက်ရှည်ရှည်နေထိုင်နိုင်သည့် အဆင့်မြင့်သိုင်းသမား
ဆိုသည်မှာ သိုင်းစွမ်းရည်ထက်မြက်ရုံနှင့်တော့မဖြစ်နိုင်ပေ။
အသိဉာဏ်ပြည့်ဝပြီး ပါးနပ်သူဖြစ်မှရပေလိမ့်မည်။
သိုင်းလောကတွင် သက်တမ်းစေ့ရပ်တည်နေထိုင်နိုင်သူမှာ
အင်မတန်မှ ထူးခြားဆန်းကျယ်သူပင် ဖြစ်လေသည်။
ကူဟော့ဆရာတော်မှာ အလွန်အိုမင်းနေခြင်းမရှိသည့်တိုင်
အသက်အရွယ်ကြီးရင့်နေပြီဖြစ်လေသည်။
ဤနေရာမှ အန္တရယ်ကင်းကင်းဖြင့် ထွက်ခွာသွားလိုလျှင် ဤ
ဘုန်းကြီးအိုကြီးကို ကပ်ထားမှဖြစ်မည်ဟု ရှောင်းကျုံတွေး
လိုက်မိလေသည်။ ကူဟော့ဆရာတော်တွင် လွတ်မြောက်ရန်
အတွက် အကြံကောင်းရှိရမည်ဟု ရှောင်းကျုံယုံကြည်ထား
လေသည်။ ထို့ပြင် ကူဟော့ဆရာတော်မှာ သူတို့သုံးယောက်ထဲ

တွင် အသက်အရွယ်အကြီးဆုံးဖြစ်သလို အတွေ့အကြုံများသူ
လည်း ဖြစ်လေသည်။

ဆန်းလျန်မှာလည်း အစားအသောက်များကို စားနေလေသည်။
သူက သိမ်သိမ်မွေ့မွေ့ စည်းကမ်းတကျစားသောက်နေခြင်းဖြစ်
လေသည်။ အစားအသောက်ဝါးသည်ကိုပင် ပါးစပ်ပိတ်ပြီးဝါး
နေခြင်းဖြစ်လေသည်။ အသံမြည်အောင်လည်းမစားဘဲ
တိတ်ဆိတ်စွာစားသောက်နေလေသည်။

အစားအသောက်များကို မလိုအပ်ဘဲ ပန်းကန်ထဲ ခပ်ထည့်ထား
ခြင်းမျိုးလည်းသူကမလုပ်ပေ။ သူ့ကိုကြည့်ရသည်မှာ
အရှိန်အဝါတစ်ခုရှိနေလေသည်။

မွေးရာပါအရှိန်အဝါတစ်ခုဖြစ်ပြီး လုပ်ယူထားခြင်းမျိုးမဟုတ်
ပေ။ သူကအစားအသောက်များကို နှစ်သက်သည့်တိုင် အိန္ဒြေ
ရရစားသောက်နေလေသည်။

ဤသည်မှာ စိတ်ဆန္ဒကိုထိန်းချုပ်ပြီး အနေအထိုင်စည်းကမ်းရှိခြင်းပင်ဖြစ်လေသည်။

"ကိုယ်လုပ်ချင်ရာလုပ်သည်" မှာ လွတ်လပ်မှုပင်ဖြစ်သည်ဟု အချို့သူများက ခံယူထားကြသည်။

ထိုသူများမှာ "ကိုယ့်ကိုကိုယ်ထိန်းချုပ်နိုင်စွမ်း" ဆိုသည့် စစ်မှန်သည့်လွတ်လပ်မှုကို ဂရုမထားမိသူများဖြစ်ကြလေသည်။

ချောမောလှပသောအစေခံမလေးများက ဗျတ်စောင်းနှင့်ပုလွေကို စည်းချက်ညီညီတီးမှုတ်နေကြလေသည်။ "တမလွန်ကြေကွဲသံစဉ်" တေးသွားမှာ အမှန်တကယ်ပင်ဝမ်းနည်းစရာကောင်းလွန်းလှလေသည်။

ဂီတသံစဉ်တွင် "ဝမ်းနည်းမှု" ကိုပေါ်လွင်စေပြီး "စိတ်ပျက်ခြင်း" ကိုမပေါ်လွင်စေရန် သတိထားပြီးတီးမှုတ်နေကြလေသည်။ ထိုမှသာ တေးသွားအရသာပေါ်မည်ဖြစ်လေသည်။

"ဒီသီချင်းဘာယ်လိုနေလဲ"

စူးကျားပေါင်အိမ်ပိုင်ရှင်က မေးလိုက်လေသည်။

ကူဟွေ့ဆရာတော်က တူကိုချလိုက်ပြီး...

“ဒီလိုဂီတမျိုးဟာ လူ့လောကမှာမရှိနိုင်ဘူး ၊ မိုးကောင်းကင်မှာ

ပဲနားဆင်ရမယ့်ဂီတမျိုးပဲ”

ဟုပြောလိုက်လေသည်။

“အင်း နားထောင်လို့ကောင်းပါတယ်”

ရှောင်းကျူက ဝတ်ကျေတန်းကျေပြန်ပြောလိုက်လေသည်။

သူမပြန်ဖြေပုံမှာ သူမ နေထိုင်ကြီးပြင်းလာသည့် ဧါဂုဏ်သရေ

ရှိအဆင့်အတန်းနှင့်ပင် မလိုက်ဖက်လှပေ။

လောကတွင် မြှောက်ပင့်ပြောဆိုသည်ကို လူတိုင်းသဘောကျ

ကြကြောင်း ရှောင်းကျူသိရှိထားလေသည်။

သူမသည်လှပချောမောသူတစ်ယောက်ဖြစ်လေသည်။

သို့သော် ယောကျ်ားများက လှပချောမောသည့်မျက်နှာထက်

ချိုသာသည့်စကားသံကိုပိုပြီးသဘောကျကြကြောင်း သူမ

ကောင်းကောင်းသိလေသည်။

“သီချင်းကအရမ်းကောင်းသလို တီးခတ်တဲ့သူတွေကလည်း

တကယ်တော်တာပဲ ၊ ဒါပေမယ့်တစ်ခုလိုနေတယ်”

ဆန်းလျန်ကပြောလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်ပြောလိုက်သည့်စကားကို စူးကျားပေါင်အိမ်ပိုင်ရှင်

က သဘောကျသည့်ပုံမပေါ်ပါ။

“ကြည့်ရတာ မင်းရဲ့အမြင်ကတစ်မျိုးဖြစ်နေတယ်ထင်တယ် ၊

ဘုရင့်တော်ဝင်နန်းတော်မှာတောင် သူတို့လောက်တော်တဲ့ ဂီတ

ပညာရှင်တွေမရှိဘူးဆိုတာ မင်းသိရဲ့လား"

စကားပြောရင်းဖြင့် အိမ်ပိုင်ရှင်မှာ ချောင်းများဆိုးနေပြန်လေ

သည်။ ကြည့်ရသည်မှာ စူးကျားပေါင်အိမ်ပိုင်ရှင်မှာ

ကျန်းမာရေးကောင်းသည့်ပုံမပေါ်ပေ။

အခန်း (၅၄)

စိန်ခေါ်ခြင်း

"အမှန်ပါပဲ ၊ ဗျတ်စောင်းနဲ့ပုလွေကိုတီးခတ်သွားတာကတော့ ကတယ့်ကို ထိတ်တန်းအဆင့်ပါပဲ ၊ ဒါပေမယ့် အနှစ်သာရမရှိဘူးဖြစ်နေတယ်"

ဆန်းလျန်က အရက်ခွက်ကိုကိုင်ရင်း သိမ်မွေ့စွာပြောလိုက်လေသည်။

"ဘာအနှစ်သာရမရှိတာလဲ"

စူးကျားပေါင်အိမ်ပိုင်ရှင်က မေးလိုက်လေသည်။

“တစ်စုံတစ်ခုကို ကြားနိုင်တယ် ၊ အနံ့ခံနိုင်တယ် ၊ ဒါပေမယ့် နှလုံးသားနဲ့ခံစားနိုင်ဖို့လည်းလိုအပ်တယ်”

ဆန်းလျန်က ပြောလိုက်ရင်း ဗျတ်စောင်းတီးခတ်သည့်မိန်းမပျို ဘက်သို့လှည့်ကြည့်လိုက်သည်။

“မိန်းကလေး ၊ မင်းရဲ့ဗျတ်စောင်းကိုခဏငှားလို့ရမလား ၊ မင်း တို့ရဲ့သခင်ကြီးကို ဂီတအနှစ်သာရဆိုတာဘာလဲ ပြချင်လို့” ဟုပြောလိုက်လေသည်။

လှပသောမိန်းမပျိုလေးမှာ ဆန်းလျန်ပြောနေသည့်စကားကို မည်သည့်တုန့်ပြန်မှုမျှ မပြုလုပ်ပေ။

စူးကျားပေါင်အိမ်ပိုင်ရှင်ကခေါင်းတစ်ချက်ညိတ်လိုက်ပြီး မျက်လုံးများဖြင့် မိန်းမပျိုကို အချက်ပြလိုက်လေသည်။

ထိုအခါမှ အစေခံမိန်းကလေးက ဗျတ်စောင်းကို ဆန်းလျန် လက်ထဲသို့ထည့်ပေးလိုက်လေသည်။

ဆန်းလျန်က အာရုံကိုစုစည်းပြီး ဗျတ်စောင်းကို တီးခတ်လိုက်လေသည်။

ဆန်းလျန် အစေခံမိန်းကလေးကို စကားပြောလိုက်သည့်အချိန်နှင့် သူမက ဗျတ်စောင်းကို ဆန်းလျန်လက်ထဲသို့ ထည့်ပေးလိုက်သည့်အချိန်ထိ သူမ၏မျက်နှာအမူအရာက ပြောင်းလဲသွားခြင်းမရှိပါ။ မျက်လုံးများကလည်း အသက်မဲ့နေလေသည်။ ခေတ်ပေါ်လောကမှ စက်ရုပ်နှင့်ပင် ဆင်တူနေလေသည်။

ဗျတ်စောင်းမှာ ကြိုးခုနစ်ကြိုးပါလေသည်။ ဆန်းလျန်၏လှပသောလက်ချောင်းများက ကြိုးခုနစ်ကြိုးပေါ်တွင် အသာလေးပြေးလွှားနေလေသည်။ လှပသည့်တေးသွားသံစဉ်လေးမှာ စမ်းချောင်းလေးတစ်ခုစီးဆင်းသည့်အလား ထွက်ပေါ်လာလေသည်။

ဗျတ်စောင်းကိုတီးခတ်နေသည့် ဆန်းလျန်၏လက်များမှာ မြန်သည်ထက်မြန်လာလေသည်။ ဂီတသံစဉ်၏အရှိန်မှာလည်း တဖြည်းဖြည်း မြင့်တက်လာလေသည်။ ဆန်းလျန်မှာ ဗျတ်စောင်းကို အလွန်ကျွမ်းကျင်စွာတီးခတ်တတ်သူတော့မဟုတ်ပါ။ သူတီးခတ်နေသည့်ပုံစံမှာလည်း မည်သည့်ထူးခြားချက်မှ မရှိပါ။ မည်သူမျှလည်း ဆန်းလျန်ပြောသည့် ဂီတအနှစ်သာရကို မခံစားရပါ။

ဆန်းလျန်၏ဗျတ်စောင်းတီးခတ်နေမှု အမြင့်ဆုံးအဆင့်သို့ရောက်ရှိသွားလေသည်။ ရှောင်းကျူရော ကူဟွေ့ဆရာတော်ပါ မည်သည့်တေးသံမျှ ကြားရခြင်းမရှိတော့ပေ။

သို့သော် ဆန်းလျန်၏လက်ချောင်းများမှာတော့ ဗျတ်စောင်းထက်တွင် တီးခတ်နေဆဲပင်ဖြစ်လေသည်။ မယုံနိုင်လောက်အောင်မြန်ဆန်စွာတီးခတ်နေပြီး အလင်းရောင်များပင်ထွက်ပေါ်လာကာ အသံစက်ဝန်းတစ်ခုဖြစ်ပေါ်လာလေသည်။

ဆန်းလျန်၏လက်ချောင်းများမှာ လွန်စွာမှနာကျင်နေပြီဖြစ်လေသည်။သို့သော် ဆန်းလျန်ကတီးခတ်နေခြင်းကို မရပ်တန့်ဘဲ ဆက်လက်တီးခတ်နေဆဲဖြစ်လေသည်။

လှပသောအစေခံမိန်းမပျိုများ၏ရုပ်ခန္ဓာများမှာ တဖြည်းဖြည်းစတင်တုန်ခါလာကာ ရုပ်ပျက်လာလေသည်။

စားပွဲပေါ်ရှိ ပန်းကန်များမှာလည်း အနည်းငယ်တုန်ခါနေလေသည်။

"ဂီတအနှစ်သာရ" ကိုပြချင်သည်ဆိုသည်မှာ ဆန်းလျန်လိမ်ပြောလိုက်ခြင်းဖြစ်လေသည်။ သူ့တွင် ဗျတ်စောင်းတီးခတ်သည့်ပညာနှင့်ပတ်သက်ပြီး မည်သည့်ဂီတအနှစ်သာရမှ ပြစရာမရှိပေ။

သို့သော် သူယခုရောက်ရှိနေသည့်လောကမှာ သူနေခဲ့သည့်ခေတ်ပေါ်လောကနှင့်ယှဉ်လျှင် မယုံကြည်နိုင်စရာကောင်းလောက် ထူးဆန်းမှုများနှင့်ပြည့်နက်နေသည့်တိုင်အောင်

ခေတ်ပေါ်လောကကဲ့သို့ သတင်းအချက်အလက်နည်းပညာနှင့်

သိပ္ပံပညာရပ်များရှိမနေပါ။

ဆန်းလျန်မှာ ခေတ်ပေါ်လောကတွင်နေစဉ်က ရူပဗေဒ

သဘောတရားများကို လေ့လာဖူးလေသည်။ အသံ၏ကြိမ်နှုန်း

မှာ ထိပ်ဆုံးအဆင့်သို့ရောက်သွားသည့်အခါ မည်သည့်လူသား

မျှ ထိုအသံကို ကြားနိုင်ခြင်းမရှိတော့ပေ။

ထိုသို့ဖြစ်ရခြင်းမှာ “အလျင်” က “အသံ” ထက်ပိုပြီး မြန်ဆန်

သွားပြီး "ကြိမ်နှုန်းမြင့်အသံလှိုင်းများ" ဖြစ်ပေါ်လာ

သောကြောင့်ဖြစ်လေသည်။ လင်းနို့များအသံကို ထုတ်လွှတ်

ခြင်းသဘောတရားကဲ့သို့ဖြစ်လေသည်။

ဆန်းလျန်က "ကြိမ်နှုန်းမြင့်အသံလှိုင်းများ" ကိုသာမက

အတွင်းအားကိုလည်း အမြင့်ဆုံးအသုံးပြုထားလေသည်။

ဆန်းလျှန်မှာ သူ၏ရုပ်ခန္ဓာကတတ်စွမ်းနိုင်သည်ထက်ပိုပြီး ကြိမ်နှုန်းမြင့်အသံလှိုင်းများကို အတင်းအားဖြင့်ပေါင်းစပ်ကာ ထုတ်လွှတ်နေခြင်းဖြစ်လေသည်။

အစေခံမိန်းကလေးများမှာ တကယ့်အစစ်အမှန်များမဟုတ်ကြပေ။

ကြိမ်နှုန်းမြင့်အသံလှိုင်းများမှာ သူတို့၏ခန္ဓာကိုယ်ကို ဖြတ်သန်းသွားသည့်အခါတွင်တော့ သူတို့၏ရုပ်ခန္ဓာများမှာ စတင်တုန်ခါလာလေတော့သည်။

ထို့နောက် ရေပူဖောင်းလေးများကဲ့သို့ပေါက်ကွဲသွားကြပြီး ပန်းဥယျာဉ်ငယ်လေးထဲတွင် ရေများဖြင့်စိုရွှဲသွားလေတော့သည်။

မိန်းမလှလေးများမှာ ရေများဖြင့်ဖန်ဆင်းထားသည့် ရုပ်ခန္ဓာများပင်ဖြစ်လေသည်။ အလွန်မှပင် ဒဏ္ဍာရီဆန်လွန်းလှပေသည်။

ဗျတ်စောင်းမှာကြိုးများပြတ်ထွက်သွားပြီး ဆန်းလျန်၏လက်များမှာ သွေးချင်းချင်းနီရဲနေလေသည်။

ဆန်းလျန်က ဗျတ်စောင်းတီခတ်ခြင်းကိုရပ်တန့်လိုက်သည်။ သူ့လက်များကို ကြည့်ပင်မကြည့်ဘဲ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

စူးကျားပေါင်အိမ်ပိုင်ရှင်၏မျက်နှာမှာ သိသိသာသာပျက်ယွင်းနေလေသည်။

“ကောင်လေး ၊ မင်းကိုကျုပ်အပြစ်ပေးမှာမကြောက်ဘူးလား”

“ခင်ဗျားနဲ့ယှဉ်လိုက်ရင် ကျုပ်ကဘာမှမပြောပလောက်ပါဘူး ၊ သိမ်းငှက်နဲ့စာကလေးလိုပါပဲ ၊ ခင်ဗျားကျုပ်ကို မကျေနပ်ဘူးဆိုရင်တောင်မှ ကျုပ်ကိုအာရုံစိုက်ပြီး ဒေါသထွက်နေစရာမရှိပါဘူး”

ဆန်းလျန်ကပြောလိုက်လေသည်။

သူ၏လက်ချောင်းများမှသွေးများမှာ သူဝတ်ဆင်ထားသည့်
ဝတ်ရုံပေါ်သို့ တစ်စက်စက်ကျနေလေသည်။ ဆန်းလျန်က
သွေးကြောအချို့ကို ပိတ်လိုက်တော့မှ သွေးများကျဆင်းနေ
ခြင်းမှာ ရပ်တန့်သွားလေသည်။
သွေးများပေကျံနေသည့် ဆန်းလျန်၏ပုံစံမှာ ကြောက်မက်
ဖွယ်ရာမြင်ကွင်းတစ်ခုကဲ့သို့ဖြစ်နေပြီး တစ်စုံတစ်ယောက်သာ
ထိုမြင်ကွင်းကိုမြင်ပါက ကျောရိုးထဲသို့စိမ့်သွားသည်အထိ
ကြောက်ရွံ့သွားမည်ဖြစ်လေသည်။
ဆန်းလျန် အဘယ်ကြောင့်ထိုသို့လုပ်ရသည်ကို ရှောင်းကျူနား
မလည်နိုင်ဖြစ်နေရလေသည်။ စူးကျားပေါင်အိမ်ပိုင်ရှင်မှာ နတ်
ဘုရား (သို့မဟုတ်) တရားရှာဖွေသူ မဟုတ်ပါက နတ်မိစ္ဆာ
တစ်ပါးသာလျှင် ဖြစ်နိုင်လေသည်။ အိမ်ပိုင်ရှင်ကို ဆန့်ကျင်မိ
ပါက တစ်ချက်တည်းဖြင့် နောက်ဘဝသို့ကူးသွားနိုင်လေ
သည်။

"ဒီလိုညစ်ညမ်းလှတဲ့လူ့လောကကြီးထဲမှာ ကျင့်ကြံမှုမျိုးစေ့ ရှင်သန်နေတဲ့ပါရမီရှင်ဆိုတာ အင်မတန်မှရှားပါးလွန်းတယ်၊ ကောင်လေး မင်းရဲ့နာမည်ဘယ်လိုခေါ်လဲ"

စူးကျားပေါင်အိမ်ပိုင်ရှင်က မေးလိုက်လေတော့သည်။

လောကတွင်အလကားရသည့်အရာတိုင်းမှာ ပြန်လည်ပေးဆပ်ရစမြဲဖြစ်လေသည်။ သူတို့အားလုံးမှ အစမှအဆုံးထိ စူးကျားပေါင်အိမ်ရှင်ပြောသည့်အတိုင်း လိုက်လုပ်နေရခြင်းမှာ အိမ်ပိုင်ရှင်ကို မလွန်ဆန်ရဲသောကြောင့်ဖြစ်လေသည်။

စွမ်းအားဆိုသည်မှာ အမှန်တရားပင်ဖြစ်လေသည်။ စွမ်းအားရှိသူက အရာရာကိုအောင်နိုင်သည်မဟုတ်ပါလား။

သူတို့သုံးယောက်စလုံးမှာ ဂီတနှင့်ပတ်သက်ပြီး သိပ်ပြီးရင်းနှီးချင်းမရှိကြပေ။

ထို့ပြင် စူးကျားပေါင်အိမ်ပိုင်ရှင်က သူ၏ဆန္ဒကို မဆန့်ကျင်နိုင်ရန် သူတို့၏နှလုံးသားကို ချုပ်ကိုင်ထားလေသည်။

သို့သော် ကျင့်စဉ်လမ်းသို့လိုက်သည်ဆိုရာဝယ် ဤကဲ့သို့ အန္တ
ရယ်ကျရောက်သည့်အချိန်တွင် ကြောက်လန့်ဖို့မဟုတ်ဘဲ
သတိနှင့်ရင်ဆိုင်ဖို့ပင်ဖြစ်လေသည်။
မိမိ၏နှလုံးသားကိုဆုံးရှုံးရပြီဆိုလျှင်တော့ သိုင်းပညာ
ကျင့်သည်ဖြစ်စေ ၊ တန်ခိုးရှင်တစ်ယောက်ဖြစ်လာရန် ကျင့်ကြံ
သည့်လမ်းစဉ်သို့လိုက်သည်ဖြစ်စေ အချည်းအနှီးပင်ဖြစ်ရမည်
ဖြစ်လေသည်။
ဆန်းလျန်မှာ နှလုံးသား၏ဆန္ဒအတိုင်း ကျင့်ကြံသူလမ်းစဉ်ကို
လျှောက်လှမ်းခဲ့ခြင်းဖြစ်လေသည်။
မဟုတ်ပါက ချမ်းသာကြွယ်ဝစွာဖြင့် ငြိမ်းငြိမ်းချမ်းချမ်းနေရ
မည့် ဆန်းအိမ်တော်လိုနေရာမျိုးမှ ထွက်ခွာလာမည်မဟုတ်
ပေ။ ဆန်းအိမ်တော်ထက် ပိုကောင်းသောနေရာ သူ့အတွက်ရှိ
နိုင်မည်မဟုတ်ပေ။

သူယခင်အသက်ရှင်ခဲ့သည့် ခေတ်ပေါ်ကမ္ဘာတွင် လူများက ရိုင်းစိုင်းကြမ်းတမ်းကြပြီး သေဆုံးခြင်းကို အဖြေဟု သတ်မှတ်ထားကြလေသည်။

သူပြောခဲ့သလိုပင် လောကနှစ်ခုမှာသိမ်းငှက်နှင့်စာကလေးကွဲသို့ ကွာခြားလွန်းလေသည်။

ကွာခြားမှုမှာ ကောင်းကင်နှင့်မြေကြီးကွဲသို့ပင်ဖြစ်လေသည်။

စူးကျားပေါင်အိမ်ပိုင်ရှင်က သူ့ကိုဒုက္ခရောက်အောင် လုပ်မည်ဆိုလျှင်ပင် ဆန်းလျန်ကတော့ ထွက်ပြေးမည်မဟုတ်ပါ။ သူယခုကွဲသို့ လုပ်လိုက်ရခြင်းမှာ ရန်သူအကြောင်းကိုမသိဘဲ ထိပ်တိုက်ရင်ဆိုင်ရသည်ထက် ရန်သူ၏၏ရည်ရွယ်ချက်ကို သိရှိနားလည်ပြီးရင်ဆိုင်တိုက်ခိုက်ရသည်က ပိုပြီးကောင်းသည်ဟု ခံယူထားသောကြောင့်ဖြစ်လေသည်။

"မင်းပြောတဲ့စကားတွေကို ကျုပ်သဘောကျတယ် ကောင်လေး ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်ကတော့ သာမန်ပုဂ္ဂိုလ်တွေပဲ ၊

မင်းတို့သွားလို့ရပြီ ၊ ဒါပေမယ့် ဒီကောင်လေးကတော့နေခဲ့ရမယ်”

စူးကျားပေါင်အိမ်ပိုင်ရှင်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်နှင့် ရှောင်းကျူးနှင့် ကူဟော့ဆရာတော်တို့မှာ အမည်မသိနေရာတစ်ခုသို့ရောက်ရှိသွားလေသည်။ သူတို့နှစ်ယောက်မှာလေထဲတွင် မျောလွင့်သွားသကဲ့သို့ လွင့်စင်ထွက်သွားလေတော့သည်။

ပန်းဥယျာဉ်လေးထဲတွင်တော့ စူးကျားပေါင်အိမ်ပိုင်ရှင်နှင့်ဆန်းလျန်သာကျန်ရစ်ခဲ့လေသည်။

“လွန်ခဲ့တဲ့နှစ်တွေတုန်းက ကျုပ်ကလူတစ်ယောက်ကိုအကြွေးတင်သွားခဲ့တယ် ၊ သူ့အကြွေးကိုဆပ်ဖို့ မင်းကိုဓားသိုင်းသင်ပေးရမယ်လို့ အဲဒီလူက ကျုပ်ကိုတောင်းဆိုခဲ့တယ် ၊ အဲဒါသိပ်တော့မလွယ်လှဘူးလေ၊ မင်းကိုစမ်းသပ်ဖို့လိုတယ် ၊ ဟုတ် တခြားလူနှစ်ယောက်ကတော့ ကံတရားအတိုင်းပဲပေါ့ ၊ မင်း

တို့သုံးယောက်လုံးသာ ကျုပ်စမ်းသပ်တာကိုအောင်မြင်ခဲ့ရင်

မင်းတို့သုံးယောက်လုံးကို ဓားသိုင်းပညာသင်ပေးဖို့ဆုံးဖြတ်

ထားခဲ့တာ ၊ မင်းလည်းစမ်းသပ်မှုကိုမအောင်မြင်ဘူးဆိုရင်

မင်းကိုဓားသိုင်းသင်ပေးဖို့ပြောထားတဲ့သူကို ကျုပ်က

လျှောင်ပြောင်မိမှာပဲ”

စူးကျားပေါင်အိမ်ပိုင်ရှင်က ဆန်းလျန်ကိုဓားသိုင်းသင်ပေးရန်

တောင်းဆိုခဲ့သည့်ပုဂ္ဂိုလ်ကို သဘောမကျသလိုပုံစံဖြင့်

အေးစက်စက်ဖြင့်ရယ်မောလိုက်လေသည်။

“ဓားသိုင်းသင်ဖို့ကို ကျုပ်ဘက်ကငြင်းလို့မရဘူးလား”

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။

“ကောင်လေး ၊ အားလုံးကို မင်းဆန္ဒအတိုင်းလုပ်လို့မရဘူး ၊

မင်းက ကိုယ်သာလျှင် ကိုယ့်ဘဝသခင် ဖြစ်ချင်တယ်ဆိုရင်

အဲဒီအဆင့်ရောက်ဖို့ မင်းအများကြီးလိုသေးတယ်ကွဲ့”

အိမ်ပိုင်ရှင်က ဆန်းလျန်ကို အထင်သေးသည့်ပုံစံဖြင့်ပြော

လိုက်လေသည်။

“ဒါဖြင့်လည်း အခုသင်ပေးတော့လေ ၊ ဘာလို့အချိန်ဖြုန်းနေမှာ

လဲ”

ဆန်းလျန်က အိမ်ပိုင်ရှင်ကို အကြောက်အလန့်မရှိ စူးစိုက်

ကြည့်လိုက်ပြီး ပြောလိုက်လေတော့သည်။

“ကျုပ်ရဲ့ဓားသိုင်းပညာကို လွယ်တယ်များမင်းကထင်နေတာ

လား ၊ အပေါ်ယံလေးသိဖို့တောင်မလွယ်ကူလှဘူး ၊ ကျင့်စဉ်

လမ်းကိုလေ့ကျင့်နိုင်ဖို့ အန္တရာယ်ကင်းကင်းနဲ့ အသက်ရှင်နိုင်ဖို့

လိုတယ်မဟုတ်လား ၊ ကျုပ်က မင်းစိတ်ကိုစမ်းသပ်ပြီးပြီပဲ ၊

မင်းက သတ္တိမရှိတဲ့ကောင်ဖြစ်နေရင်တောင်မှ ကိုယ့်အသက်

ကိုယ်တော့ ကာကွယ်နိုင်ဖို့လိုတယ်လေ"

အိမ်ပိုင်ရှင်မှာ ပြောရင်းချောင်းများဆိုးလာပြန်လေသည်။

“ခင်ဗျားကြည့်ရတာနေမကောင်းသလိုပဲ ၊ ခင်ဗျားရောဂါ တစ်ခုခုခံစားနေရတာများလား"

“မင်းဘာနားလည်လို့လဲ ၊ ကျင့်ကြံသူဆယ်ယောက်မှာ ကိုးယောက်က ကျုပ်လိုမျိုးရောဂါရပါစေလို့ ဆုတောင်းနေကြတာ၊ လူ့လောကကြီးကမကောင်းမှုတွေနဲ့ညစ်ပေနေတာ ၊ ကျုပ်တို့လို သန့်စင်တဲ့အဆင့်မြင့်ကျင့်စဉ်လမ်းကိုရောက်နေတဲ့သူတွေအတွက် နေဖို့မသင့်တော်ဘူး၊ ဒီလောကရဲ့ ညစ်ညမ်းတဲ့လေတွေကိုရှူရှိုက်ရတာ တကယ်ပဲမကောင်းဘူး ၊ ပြီးတော့ မင်းက တကယ့်ပါရမီရှင်ပဲ ၊ ဘယ်ကျင့်စဉ်လမ်းကိုပဲရွေးရွေး မင်းအနေနဲ့ အောင်မြင်ဖို့မခဲယဉ်းဘူးဆိုတာ အာမခံရဲတယ် ၊ ဒါပေမယ့် မင်းဘဝတစ်လျှောက်လုံးကြိုးစားရင်တောင် ကျုပ်ခြေဖျားကိုမီမယ်မထင်နဲ့”

ထိုစကားကိုပြောနေချိန်တွင် စူးကျားပေါင်အိမ်ပိုင်ရှင်မှာ ကြွားဝါပြောဆိုသည့်ပုံမပေါက်ဘဲ ပုံမှန်အတိုင်းပင်ပြောနေခြင်းဖြစ်လေသည်။

"အပြောကတော့ကြီးလိုက်တာ ၊ ဒါပေမယ့် သူ့ကိုကြည့်ရတာ ကျင့်ကြံသူလောကမှာအတော်နာမည်ကြီးမယ့်ပုံပဲ ၊ သူ့ကို ငါ့အတွက်စားသိုင်းသင်ပေးဖို့ဘယ်သူကများတောင်းဆိုလိုက်ပါလိမ့် ၊ ဟို ရှင်းမျိုးနွယ်သားအဖများဖြစ်နေမလားမသိဘူး" ဟုဆန်းလျန်တွေးတောနေမိလိုက်လေသည်။

ဆန်းလျန်မှာ ကျင့်ကြံသူလောကတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ သိရှိခြင်းမရှိပေ။ သူ့ရှေ့တွင်ထိုင်နေသည့် ပုဂ္ဂိုလ်မှာလည်း မည်မျှအစွမ်းထက်ကြောင်း သူမသိပေ။ ရှင်းစစ်စစ်နျန်တို့သားအဖ၏စွမ်းရည်မှာလည်းမည်မျှထက်မြက်ကြောင်း သူမခန့်မှန်းတတ်ပေ။

“ကျုပ်မှာရွေးခြယ်စရာမရှိဘူးဆိုရင်လည်း ဆက်ပြီးသာလုပ်ပါတော့”

ဆန်းလျန်ကပြုံးရင်းပြောလိုက်လေတော့သည်။

....

စန်းကျားခံတပ်နှင့်မိုင်သုံးဆယ်အကွာတွင် တောင်ကုန်းလေးတစ်ခုရှိလေသည်။

ထိုတောင်ကုန်းလေးနားတွင် ကောပီသုံးဖော်ရောက်နေကြလေသည်။ ကောပီသုံးဖော်နှင့်မနီးမဝေးသို့ ရှောင်းကျူနှင့် ကူဟော့ဆရာတော်တို့ ရောက်လာကြလေသည်။

“ဆရာတော်ကူဟော့၊ ရှင့်ဘဝမှာ လူပေါင်းများစွာနဲ့ကြုံတွေ့ခဲ့ဖူးတာပဲ၊ အဲဒီလူက ဘယ်သူလဲဆိုတာရှင်သိလား”

ရှောင်းကျူက အေးစက်စက်ဖြင့်မေးလိုက်လေသည်။

“ရှောင်းမိန်းကလေး၊ မင်းတို့မိသားစုက တောင်ပင်လယ်ဖေးရှန်းနတ်ဘုရားကျွန်းစွယ်ရဲ့မျိုးဆက်တွေပဲ၊ မင်းကကျုပ်ထက်ပိုသိမှာပေါ့”

ဟု ကူပော့ဆရာတော်က ပြန်ပြောလိုက်လေသည်။

အခန်း (၅၅)

တံခါးလေးခု

"အခြားသူတွေတော့မလုပ်နိုင်ဘူး ၊ ဒါပေမယ့် ကျုပ်ရဲ့စွမ်းရည်နဲ့ဆိုရင်တော့ လုပ်ပေးနိုင်မှာသေချာတယ် ၊ မင်းဘယ်လိုထင်လဲ ညီမလေးကျူ"

တောင်ကုန်းထက်မှထွက်ပေါ်လာသည့် တည်ငြိမ်သည့်အသံတစ်ခုကိုကြားလိုက်ရလေသည်။

ရှောင်းကျူမှာ ရုတ်တရက်အံ့သြတုန်လှုပ်သွားရလေသည်။
သူမမော့ကြည့်လိုက်သည့်အခါတွင်တော့ လေများတိုက်နေ
သည့် တောင်ကုန်းထက်တွင် ဘီတပ်ကုလားထိုင်ဖြင့်ထိုင်နေ
သည့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။
သူ၏အဝတ်အစားများမှာ လေထဲတွင်လွင့်နေပြီး သူ၏မျက်ခုံး
နှစ်ခုကြားရှိ အနီရောင်အစက်လေးမှာ ကြယ်စင်ကဲ့သို့
တောက်ပနေလေသည်။
"ရဲ့လျိုယွင်"
ရှောင်းကျူ နာမည်တစ်ခုကို ရေရွတ်လိုက်မိလေသည်။
ရဲ့လျိုယွင်သည် သူ၏ဇနီးလောင်းဖြစ်သူ ရှောင်းကျူကို စိုက်
ကြည့်နေလေသည်။
ဘီးတပ်ကုလားထိုင်လက်ကိုင်ထဲမှာ ငွေရောင်ချိတ်ကောက်နှစ်
ခု ပျံသန်းထွက်ပေါ်လာပြီး ရှောင်းကျူရှေ့ရှိ မြေကြီးပေါ်တွင်
စိုက်ဝင်သွားလေသည်။မျက်စိတစ်မှိတ်အတွင်းမှာပင် ရဲ့လျို

ယွင်သည် ရှောင်းကျူရှေ့သို့ရောက်ရှိလာလေတော့သည်။

ထို့နောက် ရဲ့လျိုယွင်က ချိတ်ကောက်များကို ပြန်သိမ်းလိုက်လေသည်။

ရှောင်းကျူမှာ သာမန်မိန်းကလေးများထက် အရပ်အနည်းငယ်ပိုမြင့်လေသည်။ ရဲ့လျိုယွင်သူမကို ကြည့်သည့်အခါ အနည်းငယ်မော့၍ကြည့်ရလေသည်။

သူကသက်ပြင်းတစ်ချက်ချလိုက်ရင်း....

"မင်းအရင်ကတည်းက ကျုပ်ကိုအမြဲလိုက်နှောင့်ယှက်နေတာပဲ ၊ ကျုပ်တစ်ခါမှစိတ်မဆိုးခဲ့ဘူး ၊ ဒီတစ်ခါတော့ ရေခဲကျောက်စိမ်းကိုမင်းယူသွားတာ ကျုပ်ကို ချင်းရွှမ်နတ်တံခါးရဲ့တပည့်ရွေးပွဲမှာ ကျရှုံးစေချင်လို့လား"

"ရှင်ကအမြဲတမ်း နတ်ဘုရားတစ်ပါးဖြစ်ဖို့အလားလာကောင်းတွေနဲ့ မွေးဖွားလာတယ်လို့ပြောလေ့ရှိတယ် ၊ ဒါဆိုရင် တပည့်ရွေးပွဲမှာဘယ်လိုလုပ်ကျရှုံးနိုင်မှာလဲ"

ရှောင်းကျူက ရဲ့လျိုယွင်ကို ငုံ့ကြည့်လိုက်ရင်း ပြောလိုက်လေသည်။

သူမ၏မျက်နှာကပြုံးထားသော်လည်း သူမ၏မျက်ဝန်းများက ရဲ့လျိုယွင်၏ခြေထောက်များဆီမှ မခွာနိုင်ဖြစ်နေလေသည်။

ခြေထောက်မသန်သည့်လူတစ်ယောက်အတွက် ခြေထောက်ကို စိုက်ကြည့်ခြင်းမှာ စော်ကားခြင်းပင်ဖြစ်လေသည်။

သို့သော် ရဲ့လျိုယွင်က စိတ်ဆိုးဒေါသထွက်ခြင်းမရှိပါ။

"ပွဲမဝင်ခင်ပြင်ဆင်ထားတော့ သိပ်ပြီးစိတ်မပူရတော့ဘူးပေါ့ ၊ ပြီးတော့ ဒီတပည့်ရွေးပွဲကို တစ်ခါမှ ကြုံဖူးတာမျိုး မဟုတ်ဘူးလေ ၊ အဲဒါက ဘယ်လောက်ခက်ခဲမလဲဆိုတာ ဘယ်သိနိုင်မှာလဲ ၊ တကယ်လို့များ နောက်ဆုံးအဆင့်မှာ ခြေချော်လက်ချော်ဖြစ်ခဲ့ရင်တောင် ရေခဲကျောက်စိမ်းက ကျုပ်ကိုကူညီနိုင်တယ်လေ"

"အဲဒီပစ္စည်းနဲ့ဆိုရင် ရှင်လမ်းလျှောက်နိုင်မှာလား"

ရှောင်းကျူ၏ချောမောလှပသည့်မျက်နှာလေးတွင် မထီမဲ့မြင်အမူအရာများဖြတ်သန်းသွားလေသည်။

"ဒေါသထွက်မနေနဲ့တော့ ၊ ရေခဲကျောက်စိမ်းကျုပ်ကိုပေးပါ"

ရဲ့လျိုယွင်က ဦးညွတ်လိုက်ရင်းပြောလိုက်လေသည်။ ရဲ့လျိုယွင်မှာ မည်သူ့ကိုမျှ ဦးမညွတ်တတ်ပေ။ သို့သော် ရှောင်းကျူကတော့ အခြားသူများနှင့်မတူဘဲ ခြားနားလေသည်။

"ဒါဖြင့်ကျွန်မရှင့်ကိုကျောက်စိမ်းပြန်ပေးမယ် ၊ ရှင့်ဘက်က ကျွန်မနဲ့စေ့စပ်ထားတာကို ဖျက်သိမ်းပေးရမယ်"

"ဒါဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းကရှောင်းကျူ ၊ ကျုပ်ကရဲ့လျိုယွင် ၊ ကျုပ်တို့ပန်းတိုင်က အတူတကွလျှောက်လှမ်းဖို့ပဲ"

ရဲ့လျိုယွင်က မော့ကြည့်ပြီးပြောလိုက်လေသည်။

သူက သူ့မကိုငေးကြည့်နေမိလေသည်။ သူ၏မျက်ဝန်းများမှာ ရေကန်နက်နက်နှစ်ခုကဲ့သို့ နက်ရှိုင်းလွန်းနေလေသည်။ ထို မျက်ဝန်းများနောက်ကွယ်တွင် မည်သူမျှမသိနိုင်သည့် လျှို့ဝှက်ချက်များကို ဖုံးကွယ်ထားပြီး ဝမ်းနည်းရိပ်များသန်း နေလေသည်။

ကမ္ဘာပေါ်ရှိ ကိုးဆယ့်ကိုးရာခိုင်နှုန်းရှိသောမိန်းကလေးများမှာ ရဲ့လျိုယွင်၏အကြည့်ကို တွန်းလှန်နိုင်ခြင်းရှိမည်မဟုတ်ပေ။ သို့သော် ရှောင်းကျူဆိုသည်က ကျောက်သားကဲ့သို့ အသည်းနှလုံးမာကျောသောမိန်းကလေးဖြစ်လေသည်။

"ရဲ့လျိုယွင် ၊ ကမ္ဘာပေါ်မှာရှိသမျှမိန်းကလေးတိုင်းက ရှင့်ကို သဘောကျကြမယ် ၊ ရှင့်ကိုသနားကြမယ်လို့ ရှင်ထင်ချင်ထင် နေမှာပေါ့ ၊ ဒါပေမယ့် ရှင့်ကိုပြောပြမယ် ၊ ကျွန်မကတော့အဲဒီ လိုမဟုတ်ဘူး ၊ ကျွန်မမှာ သဘောကျတဲ့သူတစ်ယောက်ရှိ တယ်"

"အဲဒီလူကဘယ်သူလဲ ၊ ကျုပ်သူ့ကိုသတ်ပစ်မယ်"

ရဲ့လျိုယွင်က တစ်လုံးချင်းပြောလိုက်လေသည်။

သို့သော် ရှောင်းကျူထံမှ ထိုကဲ့သို့သောစကားမျိုးကိုကြားရ

သည့်တိုင် သူက ရှောင်းကျူကို ဒေါသမထွက်နိုင်ခဲ့ပါ။

"သူ့နာမည်က ဆန်းလျန်တဲ့"

ရှောင်းကျူက ချစ်စဖွယ်ပြုံးရင်းပြောလိုက်လေသည်။

"သူဆိုရင်တော့ ကျုပ်မအံ့သြတော့ပါဘူး ၊ ဒါနဲ့ မင်းတို့နှစ်

ယောက် ဘယ်လိုဆုံဖြစ်ကြတာလဲ"

ရှောင်းကျူက စူးကျားပေါင်တည်ရှိရာအရပ်ကို လက်ညိုးထိုး

ပြလိုက်လေသည်။

"အဲဒီနေရာမှာရောက်နေတဲ့သူ့ကို ရှင်သွားပြီး စိန်ခေါ်ရဲသလား"

သူမညွှန်ပြည့်နေရာတွင် စူးကျားပေါင်အိမ်တော်၏အလံ

လွှင့်တင်ထားသည်ကို မြင်တွေ့နိုင်လေသည်။

ကူပြော့ဆရာတော်က သူ၏လက်နှစ်ဖက်ကို ပွတ်သပ်လိုက်ရင်း ဝင်ပြောလိုက်လေသည်။

"ရဲ့သခင်လေး ၊ ရှောင်းမိန်းကလေးရဲ့ အစိပ်ပွါယ်မရှိတဲ့စကား တွေကို နားမထောင်ပါနဲ့ ၊ သူက ဒီနေ့မှ ဆန်းလျန်နဲ့ စတွေ့ဖူးကြ တာပါ ၊ ပြီးတော့ အဲဒီနေရာမှာ အရမ်းထူးဆန်းတဲ့လူတစ် ယောက်ရှိတယ် ၊ ကြည့်ရတာ နတ်ဘုရားတစ်ပါးဖြစ်ပုံရတယ်"

ရဲ့လျိုယွင်မှာ မာနကြီးသူတစ်ယောက်ဖြစ်သည်ကို ကူပြော့ ဆရာတော်က ကောင်းကောင်းသိလေသည်။ သူ့ကို "မလုပ်နဲ့" ဟု ပြောသည့်ကိစ္စကို ကျိန်းသေဖြစ်အောင်လုပ်တတ်လေ သည်။ ထို့ကြောင့် သူကိုယ်တိုင်ဆုံဖြတ်ချက်ချခိုင်းခြင်းက ပို ပြီးသင့်တော်လေသည်။

ရဲ့လျိုယွင်က ကူပြော့ဆရာတော်ကိုလှမ်းကြည့်လိုက်ပြီး ရယ်မောလိုက်လေသည်။

"ကိုယ်ရေးကိုယ်တာကိစ္စတွေရှုတ်ထွေးနေတာနဲ့ပဲ ဆရာတော်ကိုတောင် မန္တလေးဆက်နိုင်ဘူးဖြစ်သွားတယ် ၊ ကျွန်တော်ရိုင်းပြသွားရင် တောင်းပန်ပါတယ် ကူဟွေ့ဆရာတော်"

"တောင်းပန်စရာမလိုပါဘူး ၊ ကျုပ်တို့ကခင်မင်ကြတာပဲ ၊ ဒီနှလုံးသားရေးရာကိစ္စတွေကို နားလည်မှုရှိပါတယ်"

ကူဟွေ့ဆရာတော်မှာ ခပ်မတ်မတ်မတ်တပ်ရပ်နေခြင်းဖြစ်ပြီး သူ၏ဘုန်းတော်ကြီးဆောင်းဦးထုပ်မှာ လေထဲတွင် တဖျတ်ဖျတ်လွင့်နေလေသည်။ သူက ဆန်းလျန်၏အခြေအနေကို သိချင်နေမိလေသည်။ ဆန်းလျန်မှာ စူးကျားပေါင်အိမ်ပိုင်ရှင်ထံမှ သင်ကြားမှုကို ရရှိနိုင်ပါမည်လား စဉ်းစားနေမိလေသည်။

သိုင်းပညာနှင့်ကျင့်ကြံသူလမ်းစဉ်မှာ များစွာကြိုးစားအားထုတ်ရလေသည်။ မိသားစုနောက်ခံအင်အားမှာလည်း အရေးကြီးသည့်အချက်တစ်ချက်အဖြစ်ပါဝင်လေသည်။

"ကောင်းပြီလေ ၊ အဲဒီလူက ပိုပြီးအစွမ်းရှိတာနဲ့ ရှင်ကအဲဒီကိုမ

သွားရဲတော့ဘူးပေါ့"

ရှောင်းကျူကပြောလိုက်လေသည်။

ရဲ့လျိုယွင်က စူးကျားပေါင်အိမ်ရှိရာနေရာကို ငေးကြည့်ရင်း...

"အဲဒီနေရာကို ကျုပ်သိပါတယ် ၊ အဲဒီနေရာက ပုံမှန်ဆို ဘာမှမ

ရှိတဲ့လယ်ကွင်းကြီးပဲ"

ဟုပြောလိုက်လေသည်။

ရှောင်းကျူကရယ်မောလိုက်ပြီး...

"ရှင်က သူရဲဘောကြောင်တဲ့သူပဲ"

ဟုပြောဆိုလိုက်လေသည်။

"ဒါပေမယ့် အဲဒီနေရာမှာ တစ်ခုခုဖြစ်နေတယ်ဆိုရင် ကျုပ်က

ဘာလို့မသွားရဲရမှာလဲ"

စကားပြောနေရင်းနှင့်ပင် ရဲ့လျိုယွင်၏လက်ချောင်းများက
အလင်းကဲ့သို့လျှင်မြန်စွာလှုပ်ရှားသွားပြီး ရှောင်းကျူး
ခန္ဓာကိုယ်ရှိသွေးကြောများကို ပိတ်လိုက်လေတော့သည်။
သူ၏သိုင်းပညာမှာ ဆန်းလျန်နှင့် နောက်ဆုံးအကြိမ်ယှဉ်ပြိုင်ခဲ့
ပြီးသည့်နောက်ပိုင်း မယုံကြည်နိုင်လောက်အောင် တိုးတက်
လာခဲ့လေသည်။ ရှောင်းကျူးမှာ ခေါင်းထဲတွင်မိုက်ခနဲတစ်ချက်
ဖြစ်သွားပြီး သတိလစ်သွားလေတော့သည်။ သူမသည် ရဲ့လျို
ယွင်၏ထိန်းချုပ်မှုအောက်သို့ လုံးဝကျရောက်သွားလေ
တော့သည်။

ကူဟော့ဆရာတော်က ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။
လူငယ်နှစ်ယောက်လုံးမှာ နတ်ဘုရားကျင့်စဉ်လမ်းသို့
သွားရောက်မည့်သူများဖြစ်လေသည်။ သူတို့နှစ်ယောက်
ရင်ဆိုင်တိုက်ခိုက်သည်ကိုကြည့်ရန်အတွက် အခွင့်အရေး
ကောင်းကို လက်လွှတ်ခံရန် မဖြစ်နိုင်ပေ။
......

အထီးကျန်နေသည့် ပန်းဥယျဉ်ငယ်လေးပေါ်တွင် လမင်းက ထွန်းလင်းနေလေသည်။ လရောင်သည် ရေတွင်းထဲတွင် မပီမပြင်အရိပ်ထင်နေလေသည်။

ဆန်းလျန်မှာ ပန်းဥယျာဉ်ထဲမှ ထွက်ခွာသွားလေသည်။ ဆန်းလျန်အတွက် ဒုတိယစမ်းသပ်မှုမှာ ပန်းဥယျာဉ်ထဲမှ ထွက်ခွာသွားရန်ဖြစ်လေသည်။

ဆန်းလျန်မှာ သူ၏သွေးခုန်နှုန်းကိုခံစားနေရလေသည်။ နာရီလက်တံသွားနေသကဲ့သို့ စက္ကန့်တိုင်း ၊ မိနစ်တိုင်း ဖြတ်သန်းသွားနေကြလေသည်။

သူတို့သုံးယောက်ကို ထမင်းစားဖိတ်ပြီးသည့်နောက်ပိုင်း ဒုတိယစမ်းသပ်မှုက အချိန်လိုအပ်သည်ဟု စူးကျားပေါင် အိမ်ပိုင်ရှင်ကပြောခဲ့လေသည်။

ဆန်းလျန်အတွက်ဘာမှလုပ်စရာမလိုပါ။ စောင့်ရန်သာလိုအပ်လေသည်။

သူက ညပိုင်းအချိန်ကိုဖြတ်သန်းပြီး နံနက်နေထွက်လာသည်ကို စောင့်ရန်သာဖြစ်လေသည်။

အိမ်ပိုင်ရှင်ထွက်သွားပြီးသည့်နောက်ပိုင်း သူ့တွင်ဆယ့်ရှစ်နာရီ အချိန်ရလေသည်။

သူစားထားခဲ့သည့် ညစာမှာ တဖြည်းဖြည်း အစာကျေလာပြီ ဖြစ်လေသည်။

သို့သော် လမှာ ပျောက်ကွယ်သွားခြင်းတော့မရှိသေးပေ။

လရောင်ပျောက်ကွယ်သွားလျှင်ပင် အရုဏ်ဦးနေထွက်ချိန်သို့ ရောက်မည့်ပုံမပေါ်သေးပေ။

ပန်းဥယျာဉ်ငယ်လေးတစ်ခုလုံးမှာ တကယ်ပင်အစစ်အမှန်ဖြစ် လေသည်။ မြက်ရနံ့များနှင့်ပန်းရနံ့များ ၊ ရေစီးနေသံများမှာ စိတ်ကူးပုံဖော်ထားခြင်းနှင့်မတူညီပေ။

သို့သော် ထူးဆန်းသည့်ကိစ္စတစ်ခုရှိလေသည်။ မည်သည့် ပိုးကောင်မွှားကောင် အော်မြည်သံကိုမျှ မကြားရခြင်းဖြစ်လေ သည်။

ပိုးကောင်မွှားကောင်ဆို၍ ပုရွက်ဆိတ်တစ်ကောင်ပင်မရှိပေ။ ဆန်းလျန်၏ဝိညာဉ်မျက်လုံးမှာ အသေးမွှားဆုံးသောအရာကို ပင် မြင်တွေ့နိုင်လေသည်။ သို့သော မည်သည့်သက်ရှိသတ္တဝါ ကိုမှ သူမြင်တွေ့ရခြင်းမရှိပေ။

တစ်ချက်တစ်ချက် လေတိုက်သံမှလွဲပြီး မည်သည့်အသံမျှ ကြားရခြင်းမရှိပေ။

ထိုသို့သောအခြေအနေတွင် တစ်နာရီမျှနေရခြင်းကပင် စိတ်မ သက်မသာဖြစ်စေလေသည်။ ဆယ့်ရှစ်နာရီကြာမျှ တောင့် ခံထားရမည့် ဆန်းလျန်အတွက်တော့ ပြောစရာပင်မရှိတော့ ပေ။

ဆန်းလျှန် တရားထိုင်ရန်ကြိုးစားလိုက်သည်။ သို့သော် သူ့စိမ်များမှာ အလွန်အမင်းကြည်လင်နေပြီး တရားထိုင်ချင်သည့်စိတ်လည်းမရှိပေ။

အထီးကျန်မှုက ဆန်းလျှန်၏နှလုံးသားထဲသို့စိမ့်ဝင်လာလေသည်။ ဤကဲ့သို့သောအခြေအနေတွင် သူကိုယ်တိုင်မှာလည်း အခြားသော သက်မဲ့အရာများဖြစ်သည့် မြက်ပင်များ ၊ သစ်ပင်များ ၊ ဝါးပင်များ ၊ ကျောက်တုံးများကဲ့သို့ပင် ခြားနားမှုမရှိ ဖြစ်နေလေသည်။

အလွန်အမင်းတိတ်ဆိတ်ငြိမ်သက်နေခြင်းက ပျင်းစရာလည်းကောင်းလေသည်။ လူတစ်ယောက်အတွက် ကြောက်စရာအကောင်းဆုံးရန်သူမှာ "အထီးကျန်ခြင်း" ပင်ဖြစ်လေသည်။

ဆန်းလျှန်မှာ သူ့အနားတွင် စကားပြောရန်တစ်ယောက်ယောက်ကို တောင့်တနေမိလေည်။ အနည်းဆုံးတော့ ကြောင်တစ်ကောင် သို့မဟုတ် ပိုးမွှားလေးတစ်ကောင်ဖြစ်ဖြစ်ပေါ့လေ။

သူ့အတွက်အဖော်ပြုပေးမည့်သူ လိုအပ်နေခြင်းဖြစ်လေသည်။

သို့သော် သူ့ကိုအဖော်ပြုပေးနေသည့်အရာများမှာလရောင်နှင့် တိုက်ခတ်လာသည့်လေသာရှိလေသည်။

လရောင်အနည်းငယ်ပြောင်းလဲသွားသည်မှလွဲ၍ ပန်းဥယျာဉ်လေးထဲတွင် မည်သည့်ပြောင်းလဲမှုမှ မရှိပါ။

လေမှာအရပ်လေးမျက်နှာမှ တိုက်ခတ်နေခြင်းဖြစ်လေသည်။

တိုက်ခတ်နေသည့်လေ၏အရှိန်မှာလည်း ခြားနားမှုမရှိ အတူတူပင်ဖြစ်လေသည်။

အတိအကျပြောရလျှင် ပန်းဥယျာဉ်လေး၏လေးဖက်လေးတန်မှ ရှုမျှော်ခင်းများမှာလည်း အတူတူပင်ဖြစ်လေသည်။ မတူညီ

သည့်အချက်မှာ လရောင်ကဦးတည်ရာပြောင်းလဲသွားခြင်း

ကြောင့် လရိပ်များပြောင်းလဲသွားရခြင်းသာဖြစ်လေသည်။

ဆန်းလျန်ထိုင်ရာမှထလိုက်ပြီး အရပ်မျက်နှာတစ်ခုဆီသို့

လမ်းလျှောက်သွားလိုက်သည်။ သူကပန်းပင်များနှင့်ခြုံပုတ်

များကို ဖြတ်သန်းသွားလိုက်သည့်အခါတွင်တော့ ထူထပ်သည့်

မြူခိုးများကို မြင်ရလေသည်။

သူ့ခြေထောက်အောက်တွင်တော့ အစိမ်းရောက်စြက်လမ်း

လေးတစ်ခုကိုတွေ့ရလေသည်။ သူက တည်ငြိမ်သည့် ခြေလှမ်း

များဖြင့်ရှေ့ဆက်လှမ်းလိုက်သည်။

ထူထပ်သည့်မြူခိုးများနောက်ကွယ်တွင်တော့ တံခါးပေါက်

လေးခုရှိနေလေသည်။

အခန်း (၅၆)

ကျန့်သောက်တုကျွင်းဓားသိုင်း

တံခါးလေးခုလုံးမှာ ပုံသဏ္ဍာန်အတူတူပင်ဖြစ်လေသည်။

တံခါးအားလုံးမှာပွင့်နေကြလေသည်။ တံခါးအနောက်ဘက်

တွင် ရှိသည့်အရာများကို မြင်တွေ့နိုင်လေသည်။

တံခါးကိုမဝင်ခင် စကြ်ာန်လမ်းအပြင်ဘက်မှပင် တံခါးများ

အတွင်းသို့မြင်နိုင်လေသည်။

ဘယ်ဘက်မှ ပထမဆုံးတံခါးမှာ ရုတ်တရက်ပိတ်သွားပြီး

ဒုတိယတံခါးက ပွင့်နေလေသည်။ ဆန်းလျန် တစ်ခဏမျှ

စဉ်းစားလိုက်ပြီး ဒုတိယတံခါးဆီသို့ လမ်းလျှောက်ဝင်သွား

လေတော့သည်။

မြင်ကွင်းမှာတောက်ပနေပြီး အပြင်ဘက်တွင်သူမြင်တွေ့ခဲ့ရ
သည့် စြက်န်လမ်းကိုပင် မြင်တွေ့လိုက်ရလေသည်။
ထူးထူးခြားခြားရင်းနှီးသည့်ပုံစံရှိသည့်လူတစ်ယောက်သည် စြ်
ကန်လမ်းပေါ်တွင်ထိုင်နေလေသည်။ သူက တင်ပျဉ်ခွေချိတ်ပြီး
ထိုင်နေခြင်းဖြစ်လေသည်။
ထိုသူမှာ မည်သူဖြစ်သည်ဟုသိလိုက်ရသည့်အချိန်တွင်တော့
ဆန်းလျန်မှာ အံ့သြတုန်လှုပ်သွားရလေသည်။ ထိုသူမှာ သူ
ကိုယ်တိုင်ပင်ဖြစ်နေသည်မဟုတ်ပါလား။ သို့သော်
ဆယ်ကျော်သက်လူငယ်တစ်ယောက်တော့မဟုတ်တော့။
လူကြီးတစ်ယောက်ဖြစ်နေပြီဖြစ်လေသည်။
ထိုသူက မျက်လုံးကိုဖွင့်ကြည့်လိုက်ပြီး ဆန်းလျန်ရောက်ရှိ
နေသည်ကို သတိထားမိသွားသည်။

"လွန်ခဲ့တဲ့ဆယ်နှစ်လုံးလုံး ကျုပ်ဘယ်သူ့ကိုမှ စကားမပြောခဲ့ဘူး ၊ ကျုပ်စပြီးစကားပြောခွင့်ရတဲ့သူက ကျုပ်ကိုယ်တိုင် ဖြစ်နေလိမ့်မယ်လို့ ထင်မထားမိဘူး"

ထိုသူက အံ့သြသည့်ဟန်မပြဘဲ ခပ်ဖြည်းဖြည်းပြောလိုက်လေသည်။

ဆန်းလျန်က ကောင်းကင်ထက်ရှိလမင်းကို တစ်ချက်ကြည့်လိုက်သည်။ လေနှင့်မြက်ပင်များ၏လှုပ်ရှားသံကို တစ်ချက်နားထောင်လိုက်သည်။

"ဒါဖြင့် ဒီပန်းဥယျာဉ်ထဲက ကျုပ်မှာလွတ်လမ်းမရှိတော့ဘူးလို့ပြောချင်တာပေါ့"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

"အမှန်ပဲ ၊ ကျုပ်တို့မှာ လွတ်လမ်းမရှိဘူး"

"ခင်ဗျားက တကယ်ပဲကျုပ်သာဆိုရင် ဘာလို့ ကိုယ့်ကိုကိုယ်လိမ်နေရတာလဲ"

ဆန်းလျန်က တည်ငြိမ်စွာပြောလိုက်လေသည်။

"ဘာလို့လမင်းကမရွေ့လျားတာလဲ ၊ ဘာလို့အရုပ်လေးမျက်နှာ ကတိုက်ခတ်လာတဲ့လေတွေက တူညီနေရတာလဲ ၊ လေတိုက် ခတ်ရာအရုပ်နဲ့လမင်းရဲ့တည်ရှိမှုက သက်ဆိုင်မှုမရှိသလို မှန်းဆလို့လည်းမရဘူး ၊ မင်းဒီနေရာကိုပဲ ပြန်ရောက်လာမှာပဲ"

ထိုသူက ဆန်းလျန်ကို နီးကပ်စွာစိုက်ကြည့်ရင်းပြောလိုက်လေ သည်။

သူ၏မျက်ဝန်းထဲတွင် ဝမ်းနည်းကြေကွဲမှု ၊ စိတ်ရှုတ်ထွေးမှု များဖြင့်ပြည့်နေလေသည်။

"ဒါဆို ဆယ်နှစ်လုံးလုံး ကျုပ်ဘယ်လိုအသက်ရှင်နေတာလဲ"

"ဒီလိုနေရာက အစာမရှိ ရေမရှိလဲအသက်ရှင်သန်လို့ရတဲ့နေရာ ဖြစ်နေလို့ပေါ့"

ထိုသူက ပြန်ပြောလိုက်လေသည်။

"ဒီနားပတ်ဝန်းကျင်ကအပင်တွေက စားလို့ရတယ်လေ ၊ ရေလည်းရှိတယ် ၊ အစားအသောက်အတွက်ဘာများပူစရာရှိလို့လဲ"

ဆန်းလျန်က ပြောလိုက်လေသည်။

ထိုသူက ကျောက်တုံးတစ်တုံးကိုကောက်ယူလိုက်ပြီး ပန်းဥယျာဉ်ထဲသို့ ပစ်ပေါက်လိုက်သည်။ ကျောက်တုံးမှာ ကောင်းကင်ထက်ပျံဝဲသွားပြီး ခြုံပုတ်နှင့်ပန်းပင်များပေါ်သို့ကျသွားလေသည်။ သို့သော် မည်သည့်အပင်မျှ ပျက်စီးကြေမွသွားခြင်းမျိုးမရှိပေ။

ပန်းပွင့်လွှာများ ၊ သစ်ကိုင်းများကြားမှ ရေထဲသို့လိမ့်ဆင်းသွားသည့် ကျောက်တုံးကို ဆန်းလျန်ကြည့်နေလေသည်။ ကျောက်တုံးက ရေထဲသို့ကျရောက်သွားသည့်တိုင် ရေပြင်က လှိုင်းဂယက်ထခြင်းမျိုးမရှိပေ။

ပန်းဥယျာဉ်လေးမှာ သုံးဖက်မြင်ဖန်ဆင်းထားသည့် ပုံရိပ်

နယ်ပယ်တစ်ခုမျှသာဖြစ်လေသည်။

"ဒါတွေအားလုံးက အတုအယောင်တွေပဲ"

ဆန်းလျန်ကပြောလိုက်လေသည်။

"ကျုပ်ကတော့ အစစ်အမှန်ပါ ၊ ပြီးတော့ ကျုပ်နောက်ထပ်ဘာ

လုပ်မလဲမင်းသိလား"

ထိုသူက ဆန်းလျန်ကိုမေးလိုက်လေသည်။

"ခင်ဗျားမိုက်ဆာရင်တော့ စားချင်တဲ့ဟာရှိရင် ရှာစားမှာပေါ့"

ဆန်းလျန်ကပြန်ပြောလိုက်သည်။

"ဒါပေမယ့် ဒီမှာ အားလုံးကအတုအယောင်တွေချည်းပဲလေ"

ထိုသူက ဆန်းလျန်ကို အလေးအနက်ပြောလိုက်လေသည်။

"ကျုပ်ကတော့အစစ်အမှန်ပါပဲ၊ ဒီတော့ ခင်ဗျားကျုပ်ကို စား

လို့ရတယ်လေ"

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။

ထိုသူမှာ နောက်ဆယ်နှစ်အသက်ကြီးသွားသည့် ဆန်းလျန်ကိုယ်တိုင်သာဖြစ်နေလျှင် ထိုသူသာ ဆန်းလျန်ကို ပြန်စားလျှင် ကိုယ့်ကိုကိုယ်ပြန်စားနေခြင်းပင်ဖြစ်နေမည်ဟု တွေးမိကာ ရယ်မောလိုက်မိခြင်းဖြစ်လေသည်။

ထိုအချက်မှာ အလွန်မှ မဆီလျော်သောအချက်ဖြစ်လေသည်။

လူသားစားသည်ဆိုသည့်အချက်မှာ အင်မတန်မှ ယုတ်မာရာကျလေရာ ကိုယ့်ကိုကိုယ်ပြန်စားမည်ဆိုလျှင် မည်သို့ရှိမည်နည်း။

ထိုသူမှာ တင်ပျဉ်ခွေချိတ်ထိုင်နေရင်း လေထဲတွင်ပျံ့ဝဲသွားလေသည်။

သူ၏လက်နှစ်ဖက်တွင် လက်သည်းအရှည်များထွက်ပေါ်လာပြီး သူ့လက်ဖဝါးမှာ ဟောင်းလောင်းပေါက်ကြီး ဖြစ်နေလေသည်။ မမြင်ရသည့်လေဖိအားတစ်ခု ရုတ်တရက်ဖြစ်ပေါ်လာလေသည်။

ထိုလေဖိအားက ဆန်းလျှန်၏အကျီများကို ဆွဲယူနေသလို ခံစားလိုက်ရသည်။ ထိုလေဖိအားက ဆန်းလျှန်ကို ထို သူ၏လက်သည်းများရှိရာသို့ ရောက်အောင် ဆွဲခေါ်သွားလေ သည်။

ဆန်းလျှန်မှာ လေသယ်ဆောင်ရာသို့ပါသွားပြီး ပြန်လည်ခုခံ တိုက်ခိုက်၍မရသောကြောင့် အံ့သြတုန်လှုပ်သွားရလေသည်။ လေသံမှာအလွန်တိုးလျှနေပြီး အနီရောင်အလင်းတန်းတစ်ခုကို မြင်တွေ့ရလေသည်။ ထိုအလင်းတန်းမှာ လေနှင့်ရုပ်ခန္ဓာ အရာ ဝတ္ထုနှစ်ခုပြင်းထန်စွာပွတ်တိုက်မိခြင်းကြောင့်ဖြစ်ပေါ်လာ သည့် အလင်းတန်းဖြစ်လေသည်။

လေဖိအားမှာ အလယ်တွင် မုန်တိုင်းထန်သကဲ့သို့ဖြစ်နေပြီး လက်သည်းအရှည်ကြီးများမှာ ဆန်းလျှန်၏ဝမ်းဗိုက်ဆီသို့ ထိုး စိုက်လာလေသည်။

ဆန်းလျန်၏ဝမ်းဗိုက်မှာ ပွင့်ထွက်သွားလေသည်။ သွေး

ချင်းချင်းနီရဲနေသည့် ဆန်းလျန်၏နှလုံးမှာ ပွင့်ထွက်လာလေ

သည်။

ထိုသူက လက်သည်းရှည်များဖြင့် နှလုံးကိုထုတ်ယူလိုက်ပြီး

ကမ္ဘာပေါ်တွင် အရသာအရှိဆုံးအစားအသောက်ကို မြင်တွေ့

ရသကဲ့သို့ စိုက်ကြည့်နေလေသည်။

ထိုသူက ဆန်းလျန်၏နှလုံးကို ကိုင်ထားပြီး သစ်တော်သီးတစ်

ခုအလား ကိုက်စားလိုက်လေသည်။ နှလုံးမှ သွေးများမှာ ပန်း

ထွက်လာလေသည်။

"အရသာရှိလိုက်တာ"

ထိုသူက စားရင်းပြောလိုက်လေသည်။

"အဲဒါကြီးကိုစားပြီး အရသာရှိတယ်လို့ ဟန်ဆောင်ရတာ

တော်တော်ခက်မှာပဲနော်"

ဆန်းလျန်က ပြုံးလိုက်ပြီး ငေါ့တော့တော့လေသံဖြင့်ပြောလိုက်လေသည်။

ထိုသူမှာ တဖြည်းဖြည်းရေစက်များအသွင်ပြောင်းလဲသွားပြီး ပျောက်ကွယ်သွားလေတော့သည်။

အလင်းရောင်တစ်ချက်လက်ခနဲ ဖြစ်သွားပြီး အရာအားလုံးမှာ ပုံမှန်အတိုင်းပြန်ဖြစ်သွားလေသည်။

ဆန်းလျန် မှာ ပန်းဥယျာဉ်ငယ်လေးထဲတွင် မူလအတိုင်းပင် ပြန်လည်ရောက်ရှိနေလေသည်။

သို့သော် စြက်ံနလမ်းကြမ်းပြင်မှာ သန့်ရှင်းနေပြီး မည်သည့်ရေများမှ ရှိမနေပါ။

ဆန်းလျန်ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်သည်။ ထိန်ထိန်သာနေသည့် လမင်းမှာလည်း ယခင်ကနေရာမှာပင်တည်ရှိနေလေသည်။

အရပ်လေးမျက်နှာမှ လေတိုက်ခတ်နေသည့်ပုံသဏ္ဍာန်မှာလည်း အတူတူပင်ဖြစ်နေလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် သူလက်ရှိနေရာမှ လုံးဝထွက်သွားခဲ့ခြင်းမရှိသကဲ့သို့ဖြစ်နေလေတော့သည်။

စိတ်ကို ထင်ယောင်ထင်မှားဖြစ်ပြီးခြောက်ခြားအောင် လုပ်နေခြင်းဖြစ်ကောင်းဖြစ်မည်ဖြစ်လေသည်။

ဆန်းလျန်၏ဘေးတွင် စူးကျားပေါင်အိမ်ပိုင်ရှင်ပေါ်လာလေသည်။

"ဒါတွေကို တကယ်မဟုတ်ဘူးလို့ မင်းထင်နေတာလား"

သူက ပြုံးရင်းမေးလိုက်သည်။

"ပထမတံခါးပေါက်က သတ္တိဘယ်လောက်ရှိလဲဆိုတာကို စစ်ဆေးတာဖြစ်ရမယ်၊ ဘာလို့လဲဆိုတော့ ကျုပ်က သတ္တိရှိကြောင်း သက်သေပြနိုင်ခဲ့တယ်လေ၊ အဲဒါကြောင့် အဲဒီတံခါး

က အလိုလိုပိတ်သွားခဲ့တာ ၊ ဒုတိယတံခါးကတော့ ဉာဏ်ပညာ ကို စစ်ဆေးတာဖြစ်ရမယ်"

ဆန်းလျန်မှာ စစ်ဆေးချက်များကိုအောင်မြင်အောင် အသေးစိတ်ပြင်ဆင်ထားခြင်းမျိုးမရှိပါ။ ဘာကအစစ်အမှန် ဖြစ်ပြီး ဘာကအစစ်အမှန်မဟုတ်ဘူးဆိုသည်ကို ဉာဏ်ပညာ ဖြင့်ဆုံးဖြတ်နိုင်ခဲ့ခြင်းဖြစ်လေသည်။

"မင်းမှာ သူများတွေနဲ့မတူတဲ့အမြင်ရှိတယ်ဆိုတာ ကျုပ်သိ သွားပြီ"

ဆရာဖြစ်သူက ဆန်းလျန်၏ဉာဏ်ပညာကို စစ်ဆေးခဲ့ခြင်းဖြစ် လေသည်။ သူတကယ်ပင် ဆန်းလျန်ကိုအံ့သြမိလေသည်။

"ကျုပ်ဘယ်လောက်တောင်တုံးလဲဆိုတာ သိလိုက်ရပြီ ၊ ကျုပ် ဘာလို့ ခင်ဗျားပြောသမျှကို ယုံခဲ့ရတာလဲ ၊ ခင်ဗျားပြောခဲ့ တယ်လေ ၊ ဒုတိယစမ်းသပ်မှုက ဒီဥယျာဉ်ထဲက ထွက်သွားနိုင် ရမယ်လို့ ပြောခဲ့တယ်လေ ၊ ဒါပေမယ့် ဒီနေရာက ဘာမှမရှိတဲ့

ဗလာနယ်ကြီးပဲ ၊ ဘယ်လိုလုပ်ထွက်သွားလို့ရမှာလဲ ၊ ဒီနေရာ
က တကယ့်အစစ်အမှန်မဟုတ်မှတော့ ကျုပ်က ခြေတစ်လှမ်း
တောင်ရွှေ့လို့ရမှာမဟုတ်ဘူးလေ"

ဆန်းလျန်က အေးအေးဆေးဆေးပင်ပြောလိုက်လေသည်။

စူးကျားပေါင်အိမ်ပိုင်ရှင်က လက်ခုပ်တစ်ချက်တီးလိုက်သည့်
အခါတွင်တော့ ဥယျာဉ်ငယ်လေးမှာ သူ၏အင်္ကျီလင်အတွင်း
ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ အင်္ကျီလက်ဆီမှ ရေ
များစီးကျနေလေသည်။ လမင်းကထိန်ထိန်သာနေသည်မှလွဲ
ပြီး မည်သည့်အရာမှမရှိတော့ပေ။

"မင်းက သတ္တိလည်းရှိတယ် ၊ အစစ်အမှန်နဲ့ အတုအယောင်
ကြားက မတူညီမှုကိုလည်း နားလည်တယ် ၊ ဒါကြောင့် ကျုပ်ရဲ့
ဓားသိုင်းပညာကိုသင်ယူဖို့ မင်းမှာ အရည်အချင်းပြည့်စုံတယ် ၊
သဘာဝအတိုင်း ဒီလိုဖြစ်တည်နေတဲ့ အသိပညာဆိုတာ တက
ယ့်ကိုတန်ဖိုးကြီးတာပဲ"

စူးကျားပေါင် အိမ်ပိုင်ရှင်က ရယ်မောရင်းပြောလိုက်လေသည်။

"သင်ပြပေးတာကျေးဇူးတင်ပါတယ်"

ဆန်းလျန်က ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။ စူးကျားပေါင် အိမ်ပိုင်ရှင်မှာ မာနကြီးပြီး မောက်မာလွန်းသည်ဟု ဆန်းလျန်မခံစားရတော့ပါ။ ထိုကဲ့သို့ ဘယ်အရာက အစစ်အမှန် ဘယ်အရာကအတုအယောင်ဆိုပြီး ခွဲခြားနိုင်သည့်တိုင် စူးကျားပေါင်အိမ်ပိုင်ရှင်ကဲ့သို့ ဖန်ဆင်းပြနိုင်ဖို့ကိုတော့ နှစ်ပေါင်းများစွာ သူလေ့ကျင့်ရဦးမည်ဖြစ်လေသည်။

ပညာရပ်တစ်ခုကို ကျွမ်းကျင်အဆင့်သို့ရောက်ရှိသွားမှသာ ဆရာတစ်စူဖြစ်လာနိုင်လေသည်။ စူးကျားပေါင်အိမ်ပိုင်ရှင်ကဲ့သို့သော ဆရာတစ်စူထံမှ ပညာသင်ယူရမည်မှာ ရတောင့်ရခဲအခွင့်အရေးဖြစ်သည့်အတွက် ဆန်းလျန်ပျော်ရွှင်နေမိလေသည်။

"ကျုပ်ရဲ့မျိုးနွယ်က စူးဆိုတာမင်းသိတယ်မလား ၊ ဒီတော့ ကျုပ်ကို ဆရာစူးလို့ခေါ်ပေါ့"

ဆရာစူးက ဝမ်းမြောက်ဝမ်းသာလေသံဖြင့်ပြောလိုက်လေသည်။ သို့သော် သူ၏နာမည်အမှန်ကိုတော့ ပြောပြခြင်းမရှိသေးပေ။

"ကောင်းပါပြီ"

"အရင်တုန်းက ဘာကျင့်စဉ်တွေများလေ့ကျင့်ဖူးသလဲ"

ခုနကဲ့သို့ ဝမ်းမြောက်ဝမ်းသာလေသံမျိုးမဟုတ်တော့ဘဲ တည်ကြည်လေးနက်သည့်လေသံဖြင့် ဆရာစူးကမေးလိုက်လေသည်။

"ကျွန်တော် စိတ်ဝိညာဉ်ငြိမ်းအေးခြင်းအဆင့်ထိ လေ့ကျင့်ဖူးပါတယ် ၊ ပြီးတော့ သိုင်းလည်းလေ့ကျင့်ဖူးတယ်"

ဆန်းလျန်ကပြောလိုက်သော်လည်း "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်အကြောင်းကိုတော့ ထည့်မပြောခဲ့

ပေ။ သို့သော် ထိုစာအုပ်ထဲတွင်ပါသည့် "စိတ်ဝိညာဉ်ငြိမ်းအေး ခြင်းသို့ဝင်ရောက်ခြင်းကျင့်စဉ်" ဆိုသည့် ခေါင်းစဉ်ကိုတော့ ပြောပြလိုက်လေသည်။

"မင်းရဲ့စိတ်ဝိညာဉ်က သာမန်လူတွေထက် ပိုပြီးအားကောင်း တယ်ဆိုတာ ကျုပ်ရိပ်မိပါတယ်၊ ပြီးတော့ မင်းက တကယ့်ကို တာအိုကျင့်စဉ်ကို ကျင့်ကြံလိုစိတ်ရှိတဲ့သူပဲ၊ ဒါပေမယ့် သိုင်း ပညာအခြေခံကျင့်စဉ်တွေလေ့ကျင့်ထားတာကတော့ အကောင်းဆုံးအဆင့်မရောက်သေးဘူး၊ မင်းလေ့ကျင့်ခဲ့တဲ့ ကျင့်စဉ်တွေက ချင်းရှမ်ကကျင့်စဉ်တွေနဲ့တူနေတယ်၊ ဒီ လောကမှာချင်းရှမ်လမ်းစဉ်ကို လိုက်နာခြင်းကသာလျှင် အစစ်မှန်ဆုံးပဲ၊ ကျုပ်ပြောပြလို့ မင်းဒီလိုမျိုးသိခွင့်ရတာ ကံကောင်းတယ်မှတ်"

ဆရာစူးကပြောလိုက်လေသည်။

"ကျွန်တော်လေ့ကျင့်ခဲ့တဲ့ကျင့်စဉ်တွေက တကယ်တမ်းတော့ ချင်းရှမ်လမ်းစဉ်နဲ့ဆက်စပ်နေတာတွေပဲမဟုတ်လား"

ဆန်းလျန်က ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

"ဟွန်း ချင်းရှမ်လမ်းစဉ်က ကောင်းတာတော့ဟုတ်တယ်၊ ဒါပေမယ့်အရှည်ကြီးသွားရတယ်၊ အဲဒါထားလိုက်၊ သတ္တဝါတိုင်းက ကျင့်စဉ်တွေလေ့ကျင့်နိုင်တာပဲ၊ ဒါပေမယ့် ကျန့်သောက်တုကျွင်းဓားသိုင်း ကတော့ တကယ်ကောင်းတဲ့ဓားသိုင်းပဲ"

ဆရာစူးပြောသည့်လေသံတွင် ဂုဏ်ယူသည့်အသံများပါနေလေသည်။ ထို့ကြောင့်ပင် ဆရာစူးမှာ အားလုံးကို အထင်သေးသည့်မျက်လုံးဖြင့် ကြည့်တတ်ခြင်းဖြစ်လေသည်။

"ကျုပ်က ကြွားလုံးတွေထုတ်နေတယ်လို့ မင်းထင်လို့လား"

ဆန်းလျန်၏ပုံစံက မယုံသလိုဖြစ်နေသောကြောင့် ဆရာစူးက မေးမြန်းလိုက်လေသည်။

"ဆန်းလျှန် မထင်ရဲပါဘူး"

"မင်းက ဉာဏ်ကောင်းတဲ့လူတစ်ယောက်ပဲ ၊ သတ္တဝါတိုင်းက ကျင့်စဉ်လမ်းကိုလျှောက်လှမ်းနိုင်တယ် ၊ အားလုံးမှာ တန်းတူ အခွင့်အရေးရှိတယ် ၊ ပညာတတ်တွေဟာ လူ့လောကမှာ အထင်ကြီးလေးစားခြင်းကိုခံရတယ်ဆိုတာ တောရွာကလူတွေတောင် သိကြတယ် ၊ ဒါကြောင့် ကျန့်သောက်တုကျွင်းဓားသိုင်းပညာနဲ့ပတ်သက်ပြီး ချဲ့ကားပြောနေတာမဟုတ်ဘူး"

ဆရာစူးက ရိုးရိုးပင်ပြောလိုက်လေသည်။ လရောင်ကသူ့မျက်နှာပေါ်သို့ဖြာကျနေလေသည်။

အခန်း (၅၇)

ရှိခြင်းမရှိခြင်းဓား

ဆန်းလျန်ကတော့ နားဖြင့်ကြားရခြင်းထက် မျက်စိဖြင့်မြင်တွေ့မှ ယုံကြည်တတ်သည့်သူဖြစ်လေသည်။

ဆရာစူးပြောနေသည့် ကျန့်သောက်တုကျွင်းဓားသိုင်းနှင့်ပတ်သက်ပြီး လောလောဆယ်အခြေအနေအရ သူအယုံအကြည်သိပ်မရှိသေးပေ။

ဆရာစူးမှာလည်း ဆန်းလျန်အမြင်များကို အပြောဖြင့်ပြောင်းလဲပစ်ရန်မတတ်နိုင်ပါ။ သို့သော် သူပြောပြသည့် ကျန့်သောက်တုကျွင်းဓားသိုင်းပညာမှာလည်း အတုအယောင်ဓားသိုင်းပညာတစ်ခုမဟုတ်ပေ။

လူတစ်ယောက်သည် သူသင်ယူမည့် ဓားသိုင်းပညာအပေါ် ယုံကြည်မှုမရှိပါက အထွဋ်ထိပ်သို့ရောက်နိုင်မည်မဟုတ်ပေ။

နောက်ဆုံးအချိန်၌ ဂါထာမန္တန်များနှင့် တန်ခိုးစွမ်းအားများ အားလုံးမှာ တာအိုကျင့်စဉ်လမ်းနှင့်ယှဉ်လျှင် ဘာမျှမဟုတ်တော့ပေ။ ဓားသိုင်းကတော့ ထာဝရတည်မြဲသည့်ပညာတစ်ခု ဖြစ်လေသည်။

လရောင်က ရုတ်တရက် ရွေ့လျားသွားပြီး ဆရာစူး၏လက်ပေါ် သို့ကျရောက်လာလေသည်။

ထိုအရာက လရောင်မဟုတ်တော့ပါ။ ဆရာစူး၏လက်ထဲတွင် ဓားတစ်လက်အဖြစ်ပြောင်းလဲသွားလေသည်။ အရောင်မှာ အဝါရောင်ဖြစ်ပြီး အသားမှာ ကျောက်စိမ်းသားနှင့်တူလေသည်။ ဓားမှာ သုံးဆယ့်ငါးလက်မခန့်ရှည်လျားပြီး ဓားအရင်း အမှအဖျားထိ ပြေပြေပြစ်ပြစ်ပုံစံနှင့်သဘာဝကျလေသည်။ ဓားရိုးမှစပြီး ဓား၏ပုံစံတစ်ခုလုံးမှာ တကယ့်ဓားအစစ်နှင့်မခြားပေ။

ဆရာစူးက ဓားကို ဓားရိုးမှကိုင်ပြီး အရှေ့သို့ထိုးလိုက်သည်။

ထိုဓား၏ပျော့ပြောင်းလှပပုံကို စကားလုံးဖြင့်ပေါ်ဖော်ပြ၍မရနိုင်ပေ။

ဓား၏အရိပ်မှာ လေထဲတွင် ပင့်ကူမျှင်လေးများကဲ့သို့ ပျံ့လွင့်နေလေသည်။

ဓားရောင်က ဆန်းလျန်ဆီသို့ အရှိန်ဖြင့်ဝင်ရောက်လာလေသည်။ ဆန်းလျန်က သူ၏စန္ဒကူးသစ်သားဓားကို ထုတ်လိုက်ပြီး လရိပ်ဓားဆီသို့ ချိန်ရွယ်ထားလိုက်သည်။

ဆန်းလျန် ဓားကိုထုတ်ပြီး တိုက်ခိုက်လိုက်သည့်ပုံစံမှာ ပြတ်တောက်နေခြင်းမရှိဘဲ အစီအစဉ်တကျနှင့် သဘာဝကျကျလှပလေသည်။

သို့သော် လရိပ်ဓားမှာ ဆန်လျန်၏ဓားနှင့်ထိပ်တိုက်မတွေ့ခင်မှာပင် ပျောက်ကွယ်သွားလေသည်။

လရိပ်ဓားရဲ့စွမ်းအားမှာ အဆုံးသတ်သွားသည်ဟုထင်ရ သော်လည်း ပိုပြီးပြင်းထန်သောအားတစ်ရပ်ကို ပြန်လည် ယူဆောင်လာသည့်ပုံစံမျိုးဖြစ်လေသည်။

ထိုဓားမှာ ထူးဆန်းသည့်ဓားတစ်လက်ဖြစ်ကြောင်း ဆန်းလျန် ရိပ်မိလိုက်လေသည်။ ဓားချင်းထိခတ်သံတစ်ချက် ကြားလိုက် ရသောကြောင့် ဆန်းလျန်နောက်သို့လှည့်ကြည့်လိုက်လေ သည်။ သူ၏နောက်ဘက် ငါးပေးအကွာတွင် ဓားတစ်လက်ကို တွေ့လိုက်ရလေသည်။

စောစောကပျောက်ကွယ်သွားသည့် လရိပ်ဓားပင်ဖြစ်နေလေ သည်။

“ဒီဓားကို “ရှိခြင်းမရှိခြင်းဓား” လို့ခေါ်တယ် ၊ မင်းလည်း ကျင့်စဉ်လေ့ကျင့်ထားတဲ့အတွေ့အကြုံတွေရှိတာပဲ ၊ မင်းနည်း နည်းလောက်တော့သဘောပေါက်မှာပါ ၊ ဒီဓားကအရေးပေါ် အချိန်မှာ မင်းကိုကယ်တင်နိုင်လိမ့်မယ်”

ဆရာစူးက ပြတ်ပြတ်သားသား ပြောလိုက်လေသည်။

ရှိခြင်းမရှိခြင်းဓား....

မမြင်ရသည့်ဓားကို ခုခံတိုက်ခိုက်ရန်မှာ အလွန်ပင်ခက်ခဲသည့်

ကိစ္စတစ်ခုဖြစ်လေသည်။

....

သိုင်းလောကတွင် ထိပ်တန်းအဆင့်သိုင်းသမားများသာလျှင်

ဓားကိုလိုသလိုထိန်းချုပ်နိုင် လေသည်။ ဓားကိုလိုသလို

ထိန်းချုပ်ပြီး ဓားကိုပျောက်ကွယ်သွားအောင်လုပ်ဖို့ဆိုသည်

ကတော့ အင်မတန်မှခက်ခဲသည့် အလုပ်ဖြစ်လေသည်။

လေ့ကျင့်ခြင်းကပြည့်စုံစေနိုင်သည်ဟု ဆန်းလျန်ယုံကြည်လေ

သည်။

အကြိမ်တစ်ထောင်လေ့ကျင့်လို့မှ မအောင်မြင်လျှင် ဆန်းလျန်

က အကြိမ်တစ်သောင်းလေ့ကျင့်မှာ ဖြစ်လေသည်။ မည်သို့မျှ

လေ့ကျင့်၍မရလျှင် နောက်ထပ်နည်းလမ်းတစ်ခုရှာမှာဖြစ်လေ

သည်။

ဆရာစူးအတွက်တော့ ရှိခြင်းမရှိခြင်းဓားကို ထိန်းချုပ်ရ
သည်မှာ သာမန်မျှပင်ဖြစ်လေသည်။
သို့သော် ဆန်းလျှန်မှာတော့ ဆရာစူးကဲ့သို့ ထိပ်တန်းအဆင့်သို့
ရောက်နိုင်ရန်အတွက် ဓားသိုင်းကို အများကြီးလေ့ကျင့်ရဦး
မည်ဖြစ်လေသည်။
မည်မျှပင်ရှုတ်ထွေးပါစေ ကမ္ဘာပေါ်ရှိဓားသိုင်းပညာအားလုံးမှာ
အခြေခံအားဖြင့် ဆယ့်လေးမျိုးသာရှိလေသည်။ ထိုဆယ့်လေး
မျိုးကိုပင် ပြောင်းလဲအသုံးချသွားခြင်းဖြစ်လေသည်။
လူတစ်ယောက်သည် မိုင်တစ်ရာခန့်အကွာအဝေးမှလူတစ်
ယောက်ကို ဓားပျံတစ်ချောင်းနှင့်သတ်လိုလျှင်တောင်မှ ထို
အခြေခံဆယ့်လေးမျိုးမှ သွေဖယ်ပြီး တိုက်ခိုက်၍ မရနိုင်ပေ။
ရှိခြင်းမရှိခြင်းဓားမှာ ဓားကိုအသုံးပြုသူ၏ကိုယ်ထဲမှ
ထူးခြားသောစွမ်းအား၏ပုံရိပ်ကို အသွင်ယူထားခြင်းဖြစ်လေ
သည်။

ရွှေပြဒါးအမြုတေအတွင်းအားနှင့်ချိတ်ဆက်ပြီး အဆင့်မြင့်အတွင်းအားများကို ခန္ဓာကိုယ်ထဲတွင် ဖော်ထုတ်ရမည်ဖြစ်လေသည်။ ထို့နောက် ထိုအတွင်းအားပုံသဏ္ဍာန်တိုင်း ဓားသွားကိုအသုံးရမည်ဖြစ်လေသည်။

အတွင်းအားကိုစီးဆင်းစေပြီးမှ ဓားသွားကိုရုပ်လုံးပေါ်စေခြင်းဖြစ်လေသည်။

ရှိခြင်းမရှိခြင်းဓားမှာ အတွင်းအားစီးဆင်းမှုဖြင့် ပုံသဏ္ဍာန်ယူထားခြင်းဖြစ်သော်လည်း သာမန်အတွင်းအားစီးဆင်းမှုဖြင့်တော့ မရနိုင်ပေ။ ခန္ဓာကိုယ်ရှိဆုံချက်သုံးဆယ့်ငါးခုလုံးကိုအတွင်းအားဖြတ်သန်းစီးဆင်းနိုင်မှသာလျှင် ဓားကိုပုံသဏ္ဍာန်ယူ၍ရနိုင်မည်ဖြစ်လေသည်။

ထိုဓားကိုအသုံးပြုပြီးတိုက်ခိုက်မည်ဆိုပါက အခက်ခဲဆုံးအဆင့်မှာ ဓားဖြင့်ထိုးသည့်တိုက်ကွက်ကို သုံးသည့်အဆင့်ပင်ဖြစ်လေသည်။

တိကျမှန်ကန်သည့် သိုင်းကွက်တစ်ခုကိုဖော်ဆောင်နိုင်ရန် အတွက် ဓားပုံသဏ္ဍာန်မှာ တိကျထင်ရှားရန်လိုလေသည်။ ရှိခြင်းမရှိခြင်းဓားမှာ ရုတ်ချည်းပျောက်ကွယ်သွားနိုင်လေ သည်။ သို့သော် သိုင်းကွက်အသုံးပြုရာ၌ နက်နဲလွန်းလေ သည်။

သို့သော် ဆန်းလျှန်မှာ ထိုသို့သောသိုင်းပညာမျိုးတွင် အတွေ့အကြုံ အလုံအလောက်မရှိသေးပေ။ အထပ်ထပ် အခါခါ လေ့ကျင့်ရဦးမည်ဖြစ်လေသည်။

ဓားသိုင်းပညာကို ထိပ်တန်းအဆင့်ထိရောက်အောင်လေ့ကျင့် ရန်မှာ ဓားကို တစ်နေရာမှ တစ်နေရာသို့ လိုသလိုအသုံးပြုလို့ရ သည့် အဆင့်ထိရောက်အောင် ထိန်းချုပ်နိုင်ရန် လေ့ကျင့်ရ မည်ဖြစ်လေသည်။

အချိန်နှင့်နေရာ၏ဆန်းကျယ်မှုမှာ ဖြေရှင်းရန်ခက်ခဲသည့် ပြဿနာတစ်ရပ်ဖြစ်လေသည်။ ထိပ်တန်းအဆင့်ဓားသိုင်း

အသုံးပြုမည်ဆိုပါက အချိန်နှင့်နေရာ၏ဆန်းကျယ်မှုပါဝင်နေမြဲဖြစ်လေသည်။ ဆန်းလျှန်လုပ်ရမည်မှာ စွမ်းအားကိုမြှင့်တင်ပြီး ဓားနှင့်လူနှင့်တစ်သားတည်းကျသည့်အဆင့်ထိလေ့ကျင့်ရန်ဖြစ်လေသည်။

ကမ္ဘာပေါ်ရှိကျင့်ကြံသူများမှာ ထိုအဆင့်သို့ရောက်သည်အထိလေ့ကျင့်နိုင်ရန် ကြိုးစားနေကြခြင်းဖြစ်လေသည်။ သူတို့က ဆရာစူးကဲ့သို့သော စွမ်းရည်ရှိသူများကို လေးစားကြရုံသာမက ကြောက်လည်းကြောက်ရွံ့ကြလေသည်။

ထိုအရာမှာ ခေတ်ပေါ်လောကမှ အနုမြူစွမ်းအင်ဖော်စပ်ခြင်းနှင့်ဆင်တူလေသည်။ အလယ်တန်းကျောင်းသားတိုင်း ပုံသေနည်းကို နားလည်ကြလေသည်။ သို့သော် ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်သွားလျှင်ပင် ထိုပုံသေနည်းဖြင့်ကိုယ်တိုင်လက်တွေ့လုပ်ဆောင်နိုင်ရန် မဖြစ်နိုင်ပေ။

ဆန်းလျန်မှာတော့ လောလောဆယ်တွင် ရှိခြင်းမရှိခြင်း

ဓားရဲ့အရေးကြီးဆုံးသော အယူအဆတစ်ချက်ကိုပင်

နားလည်သဘောပေါက်ခြင်းမရှိသေးပေ။

သူက ဓားဖြင့်သိုင်းကွက်ဖော်ထုတ်ရာတွင် သပ်သပ်ရပ်ရပ်နှင့်

ပြတ်ပြတ်သားသားဖော်ထုတ်နိုင်လေသည်။

ဆန်းလျန်နှင့် ဆရာစုးမှာမတူညီသည့်အချက် များစွာရှိလေ

သည်။

သို့သော် ဆန်းလျန်၏ကိုယ်ဟန်အနေအထားက ဆရာစုးနှင့်

ဆင်တူလေသည်။ ကိုယ်နေဟန် ၊ ဓားသိုင်းကွက်အသုံးပြုပုံ

များမှာ ထပ်တူနီးပါးတူညီလေသည်။

ဆန်းလျန်က ဓားသိုင်းကိုလေ့ကျင့်ရန်အတွင် အတွင်းအားကို

ပြန်လည် အားစိုက်လိုက်သည်။

သို့သော် သူကဓားရိပ်ကိုဖော်ထုတ်လိုက်နိုင်သည့်တိုင် ထိုဓားကို ပျောက်ကွယ်သွားအောင်လုပ်နိုင်သည့်အဆင့်သို့ မရောက်နိုင်ဖြစ်နေလေသည်။

သူက စိတ်ရှည်ရှည်ထားပြီးလေ့ကျင့်လေသည်။ သူက သိုင်းကွက်ကို အရမ်းကာရော အသုံးပြုခြင်းမပြုလုပ်ပေ။ ထို့ပြင် သူ၏ဝိညာဉ်စွမ်းအားဖြင့် မတူညီသည့်ဓားသိုင်းများကို ပုံဖော်ကာ ဓားရိပ်ကိုပြောင်းလဲကြည့်လေသည်။

ထိုသို့လေ့ကျင့်ရသည်မှာ ခြောက်ကပ်ကပ်နှင့်ပျင်းစရာကောင်းသည့်အဆင့်ဖြစ်လေသည်။ သို့သော် ထိုအဆင့်က ကျော်သွားလို့ရသည့်အဆင့်မဟုတ်ပေ။

ခေတ်ပေါ်လောကမှ သိပ္ပံပညာဆိုင်ရာသုတေသနများနှင့်ဆင်တူလေသည်။ ရူပဗေဒညီမျှခြင်းများကို အထပ်ထပ်တွက်ချက်ပြီး မဆုံးနိုင်သည့်စမ်းမှုများကိုပြုလုပ်ရလေသည်။

လူတစ်ယောက်သည် ကိစ္စရပ်တစ်ခုကို ပြီးပြည့်စုံအောင်

တတ်မြောက်သွားပြီဆိုလျှင် အချိန်တိုလေးအတွင်းမှာပင်

ကိုယ့်ကိုကိုယ်ပြန်သုံးသပ်နိုင်လေသည်။

စားခြင်းနှင့်သောက်ခြင်းမှလွဲပြီး ဆန်းလျန်မှာ အိပ်ပင်မအိပ်ဘဲ

ဓားသိုင်းကိုလေ့ကျင့်နေလေသည်။

သူ့ကိုထောက်ပံ့ပေးနေသည့် ဝိညာဉ်စွမ်းအားမှာ မြင့်မားလွန်း

သည့်အတွက် အချိန်ကြာမြင့်စွာ မအိပ်စက်ဘဲ သူနေနိုင်လေ

သည်။

သူ၏စန္ဒကူးဓားကိုဝေ့ယမ်းရင်း မည်မျှကြာအောင် လေ့ကျင့်

နေမိသည်ကို ဆန်းလျန်ကိုယ်တိုင်ပင် မမှတ်မိတော့ပါ။

ဓား၏မျက်နှာပြင်မှာ အဖုအထစ်များဖြင့်ကြမ်းတမ်းနေလေ

သည်။ ဓားမှာ ကျိုးပင်ကျိုးခါနီးနေပြီဖြစ်လေသည်။

ဆန်းလျန်၏ပုံစံမှာ ဖရိုဖရဲကပိုကရိုပုံနှင့်ဖြစ်နေလေပြီ။

သူ၏ချောမောနူးညံ့သည့်မျက်နှာလေးမှာလည်း ပျောက်ကွယ်

သွားပြီး မျက်လုံးများမှာလည်း တောက်ပမှုမရှိတော့ပေ။

သူက လေထုထဲသို့ ဓားကိုထိုးသွင်းလိုက်သည်။ “ဝှစ်” ခနဲနေ

သည့်ဓားသံကိုကြားလိုက်ရသည်။ ထို့နောက် ဆန်းလျန်

အသက်ရှူရန်ပင်မေ့လျော့သွားလေသည်။

ဓားမှာသူ၏ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြစ်လာသကဲ့သို့

ဆန်းလျန်ခံစားလိုက်ရလေသည်။ ဓားမှထူးခြားသည့်စွမ်းအား

များပေါ်ထွက်လာပြီး ဓားကိုယ်တိုင်မှာ ဆန်းလျ

န်၏အသွေးအသားများကဲ့သို့ဖြစ်လာလေသည်။

ထိုခံစားချက်က သိသာထင်ရှားလွန်းလေသည်။

အသွေးအသားများသည် ဝိညာဉ်ကိုအားပြည့်စေလေသည်။

အသွေးအသားများကလည်း ဝိညာဉ်ကိုအားပြည့်စေလေ

သည်။ အပြန်အလှန်မှီတည်နေကြခြင်းဖြစ်လေသည်။

ဖော်ပြ၍မရနိုင်သည့် ဆက်သွယ်မှုတစ်ခုသည် သူနှင့်

သူ၏စန္ဒကူးဓားကြားတွင် ဖြစ်ပေါ်လာလေသည်။ သူနှင့်ဓားမှာ

ကွဲခြားနေခြင်းမရှိတော့။ တစ်သားထဲကျသွားလေသည်။ ဓား

ထဲတွင် သူ့ကိုယ်သူပြန်ရှာတွေ့နိုင်ပြီး အပြန်အလှန်အားဖြင့် သူ့

ကိုယ်ထဲတွင်လည်း ဓားကိုရှာတွေ့နိုင်လေသည်။

သူလေ့ကျင့်နေသည့် ဓားသိုင်းကွက်များကို စကားဖြင့်ပင် ပုံ

ဖော်၍မရအောင် နက်နဲလွန်းလေသည်။

သူ၏ဓားဖျားထိပ်တွင် ပင့်ကူမျှင်များနှင့်ဆင်တူသည့် ဓားရိပ်

တစ်ခုပေါ်ထွက်လာပြီး ချက်ချင်းပင် ပျောက်ကွယ်သွားလေ

သည်။ သဲနှင့်ဖုန်မှုန့်များ လွင့်စင်ပျောက်ကွယ်သွားပြီး ဓားချက်

ကိုရှင်းလင်းစွာ မြင်လိုက်ရလေသည်။

ထို့ထက်ပိုပြီးအရေးကြီးသည်မှာ ဆန်းလျှန်၏ အထွဋ်ထိပ်ဆုံ

ချက်ရှစ်နေရာလုံး ပွင့်ထွက်သွားခြင်းပင်ဖြစ်လေသည်။

အတွင်းအားမှာ အတားအဆီးမရှိတော့ဘဲ ခန္ဓာကိုယ်ရှိ ဆုံချက်အားလုံးကို ဖြတ်သန်းစီးဆင်းသွားလေတော့သည်။

သွေးကြောထဲတွင်သွေးများစီးဆင်းနေသည့်အသံကိုကြားရပြီး လွတ်လပ်စွာစီးဆင်းနေသည့် မြစ်တစ်စင်းနှင့်ပင်တူလေသည်။ ဆန်းလျန်၏ပျော်ရွှင်သွားမှုကို စကားလုံးနှင့်ပင်ဖော်ပြ၍မရပေ။

လက်ခုပ်တီးခတ်သံကို ဆန်းလျန်ကြားလိုက်ရလေသည်။

"လဝက်အတွင်းမှာ ရှိခြင်းမရှိခြင်းဓားပညာကိုလေ့ကျင့်နိုင်ရုံသာမကဘူး ကျင့်စဉ်လမ်းမှာလည်း အဆင့်တက်သွားပြီ" ဘယ်နေရာမှပေါ်လာမှန်းမသိသည့် ဆရာစူးကပြောလိုက်လေသည်။

ဆန်းလျန်မှာ အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့် အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်တို့ အစကတည်းက ပွင့်နေသောသူ ဖြစ်သည့်အတွက် ယခုကဲ့သို့ အထွဋ်ထိပ်ဆုံချက်ရှစ်နေရာလုံးပွင့်

သွားသည်ကို ဆရာစူးကအံ့ဩခြင်းမရှိပါ။ ထို့ပြင် အထွဋ်ထိပ်ဆုံချက်များအားလုံးကိုပွင့်အောင်လေ့ကျင့်နိုင်သည့် အခြားသောပါရမီရှင်များကိုလည်း အရင်ကတည်းက ဆရာစူးတွေ့ခဲ့ဖူးလေသည်။

ကျန့်သောက်တုကျွင်းဓားသိုင်းမှ "ရှိခြင်းမရှိခြင်းဓားပညာ" ကိုသာ ဆန်းလျန်ကို အောင်မြင်အောင်လေ့ကျင့်စေလိုသည့်ဆန္ဒဆရာစူးတွင်ရှိခဲ့လေသည်။

ယခုတော့ ဆန်းလျန်မှာ ရှိခြင်းမရှိခြင်းဓားသိုင်းပညာကို အချိန်ခဏလေးအတွင်းမှာပင် မထင်မှတ်ဘဲ လေ့ကျင့်အောင်မြင်သွားသည့်အတွက် ဆရာစူးမှာ အံ့ဩဝမ်းသာဖြစ်နေရလေသည်။

ဆန်းလျန်သာ ဤကဲ့သို့ မဆုတ်မနစ်သောဇွဲလုံ့လဖြင့် ကြိုးစားသွားမည်ဆိုပါက အနှေးနှင့်အမြန်ပင် ဆရာတစ်စူ ဖြစ်လာမည်ဖြစ်လေသည်။

အခန်း (၅၈)

လင်းလက်နေဆဲလရောင်

ဆန်းလျှန်သတိရလာသည့်အချိန်တွင်တော့ သူ၏ခြေလက်များမှာ အားမရှိသလိုခံစားနေရလေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ပင်ပန်းနွမ်းနယ်နေလေသည်။

လူတစ်ယောက်သည် အလုပ်တစ်ခုကို အာရုံစိုက်ပြီးလုပ်နေပါက စိတ်အာရုံကစူးစိုက်ထားနိုင်သော်လည်း ရုပ်ခန္ဓာကတော့အကန့်အသတ်ရှိလေသည်။

လုပ်နေသည့်အလုပ်ပြီးသွားပါက ရုပ်ခန္ဓာမှာ ရုတ်တရက် ပင်ပန်းနွမ်းနယ်သွားတတ်လေသည်။

အပြင်းအထန်အာရုံစိုက်ကာ လေ့ကျင့်လိုက်သည့်အတွက် ဆန်းလျန်သတိလစ်သွားရခြင်းဖြစ်လေသည်။

"ငါဆိုရင် ဒီလိုပင်ပန်းတဲ့ဒဏ်မခံရတာတောင် အတော်လေး ကြာခဲ့ပြီ"

ဆရာစူးက တွေးရင်း ပြုံးလိုက်မိလေသည်။

ရုတ်တရက် စူးကျားပေါင်ခြံဝန်းအတွင်းမှ ရေငန်းသီးပင်မှာ ယိမ်းထိုးလှုပ်ရှားလာလေသည်။ မမြင်ရသည့်အရာများကို ကြောက်လန့်နေသောကြောင့် တုန်လှုပ်နေသည်နှင့်ပင်တူလေ သည်။

ဆရာစူးက ဆန်းလျန်အနားမှထကာ မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။

“မကောင်းဆိုးဝါးကောင် ၊ လူ့လောကမှာပျော်ပါးလို့မဝသေးတဲ့ အပြင် သားတစ်ယောက်တောင်ခေါ်လာသေးတယ်ပေါ့လေ”

အမျိုးသမီးအသံတစ်သံက ပြောလိုက်လေသည်။

“မင်းရဲ့ဦးနှောက်က တော်တော်ဖွံ့ဖြိုးလာတာပဲ ၊ ကျုပ်သွားတာ တစ်နှစ်ပဲရှိသေးတယ်လေ ၊ ဒီလိုဆယ်ကျော်သယ်အရွယ် သားတစ်ယောက် ဘယ်လိုလုပ်ရနိုင်မှာလဲ”

ဆရာစူးက ပြုံးရင်းပြောလိုက်လေသည်။

“အရင်တုန်းကရထားတဲ့ကလေးဖြစ်မှာပေါ့”

အမျိုးသမီးအသံက မကျေနပ်သလို ဟင့်ခနဲတစ်ချက်ရယ်မော ရင်းပြောလိုက်လေသည်။ အသံသာကြားရပြီး လူကိုမြင်တွေ့ရ ခြင်းမရှိပေ။

“ကျုပ်သာကလေးယူမယ်ဆိုရင် မင်းနဲ့ပဲယူမှာပေါ့ကွာ”

“တော်စမ်းပါ ၊ ရှင်နဲ့ကလေးလိုချင်တယ်လို့ ကျွန်မပြောခဲ့ဖူးလို့လား ၊ ပြီးတော့ ဒီကောင်လေးကိုသတ်မပစ်ဘူးဆိုရင် ရှင့်စကားကို ကျွန်မ မယုံနိုင်ဘူး”

“ဒါကဘယ်အလုပ်ဖြစ်မှာလဲ ၊ ကျုပ်ဟာလေ ဘာလို့ဒီရေငန်းသီးပင်ကို ခုတ်မပစ်မိပါလိမ့် ၊ ဒါဆို မင်းကျုပ်ကို အပြစ်တင်နိုင်မှာမဟုတ်တော့ဘူး”

ဆရာစူးက အသက်ဝင်နေသည့် ရေငန်းသီးပင်ကို တစ်ချက်ကြည့်ရင်းပြောလိုက်လေသည်။

ရေငန်းသီးပင်၏အဖျားပိုင်းများမှာ ကြောက်ရွံ့မှုကြောင့် ကွေးညွတ်သွားကြလေသည်။

“ခုတ်လိုက်တော့ရောဘာဖြစ်သေးလဲ ၊ မီးဖိုအတွက်ထင်းရတာပေါ့ ၊ ကျွန်မက ဒီကောင်လေးကို သဘောမကျလို့ ပြောနေတာ” အမျိုးသမီးအသံက ခပ်တိုးတိုးဖြင့်ပြန်ပြောလိုက်လေသည်။

ထိုအချိန် ကောင်းကင်ပေါ်တွင် အနီရောင်အလင်းတန်းတစ်ခု ဖြတ်သန်းသွားလေသည်။ မီးတောက်နေသည့် ဇာမဏီငှက်တစ်ကောင် ပျံသန်းသွားခြင်းဖြစ်လေသည်။ ဇာမဏီငှက်အော်သံကိုလည်းကြားလိုက်ရလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တစ်ဝက်ခန့်အရည်ပျော်သွားပြီး သိမ့်ခနဲတုန်လှုပ်သွားလေသည်။

ရေငန်းသီးပင်ကိုခုတ်ပစ်မည်ဟု ပြောခြင်းမှာ ဆရာစူးက တမင်သက်သက်ပြောလိုက်ခြင်းပင်ဖြစ်လေသည်။ သူ့ဇနီးဖြစ်သူငြိမ်သွားစေရန်အတွက် ခြောက်လှန့်လိုက်ခြင်းသာဖြစ်လေသည်။ ထိုသို့ပြောလိုက်လျှင် သူ၏ဇနီးဖြစ်သူမှာ ဒေါသမထွက်တော့ဘဲ ငြိမ်သက်သွားတတ်မြဲဖြစ်လေသည်။

ထို့ပြင် သူကဆန်းလျှန်ကိုလည်း သတ်လိုစိတ်မရှိပါ။ သူက ကြောက်တတ်သည့်လူတစ်ယောက်မဟုတ်သော်လည်း အများကိုတော့မလုပ်ချင်သည့်လူတစ်ယောက်ဖြစ်လေသည်။

ဆရာစူးက အကျႌလက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်ပြီး ဇာမဏီ

ငှက်ကို အကျႌလက်ထဲသို့ စုပ်ယူလိုက်လေသည်။

သို့သော် မထင်မှတ်စွာပင် အကျႌလက်မှာ မီးလောင်သွားလေ

သည်။

“သူမက နန်မင်မီးကျင့်စဉ်ကိုဒါကြောင့်လေ့ကျင့်ထားတာကိုး ၊

နောက်နှစ်ပေါင်းတစ်ရာလောက်ဆိုရင် ငါ့ကိုတောင်

ကောင်းကောင်းအနိုင်ယူတော့မယ်"

ဆရာစူးက ကြိတ်ပြီးတွေးလိုက်လေသည်။

သူထိုသို့တွေးလိုက်မိသည်နှင့် ချက်ချင်းပင် တစ်ကိုယ်တည်း

နေချင်သည့်စိတ်များ ဖြစ်သွားမိလေတော့သည်။ စကားလုံးနှင့်

သာ အနိုင်ပြောနိုင်သော်လည်း တကယ်တမ်းတွင် ဆရာစူးမှာ

သူ၏ဇနီးဖြစ်သူကို နိုင်သည့်သူမဟုတ်ပေ။ သေတာကပင်

ကောင်းဦးမည်ဖြစ်လေသည်။

ရုတ်တရက်ပင် သူကဆန်းလျှန်ကို အဝေးသို့ တွန်းထုတ်ပစ်လိုက်လေသည်။ ဆန်းလျှန်မှာ အဖြူရောင်လေထုထဲတွင် မျောလွင့်သွားပြီး ပျောက်ကွယ်သွားလေတော့သည်။

ပန်းဥယျာဉ်ထဲတွင်တော့ ဇာမဏီငှက်အော်သံများထွက်ပေါ်လာလေသည်။

အလင်းတန်းတစ်ခုနှင့်အတူ နန်းဝတ်နန်းစားများဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက်ပေါ်လာလေသည်။

သူမ၏မျက်ခုံးနှစ်ခုကြားတွင် မီးဇာမဏီငှက်ပုံစံအမှတ်အသားတည်ရှိနေလေသည်။

"လူ့လောကမှာတော်တော်ပျော်နေတယ်ပေါ့လေ ၊ ဒီလောက်ညစ်ပတ်တဲ့နေရာမှာ ရှင်မို့လို့နေနိုင်တယ် ၊ ထျန်းဟယ်မြစ်ရေနဲ့သန့်စင်မလာဘဲနဲ့ အိမ်ပြန်လာဖို့မစဉ်းစားနဲ့"

သူမက လူ့လောကကို ရွံရှာလွန်းသူတစ်ယောက်ပမာ နှာခေါင်းကိုလက်ဖြင့်အုပ်ရင်းပြောလိုက်လေသည်။

ထို့နောက် ဆရာစူးကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ပျောက်ကွယ်သွားလေသည်။ ဆန်းလျန်အကြောင်းကိုပင် မေးမနေတော့ပေ။

တကယ်တော့ ဆန်းလျန်မှာ ဆရာစူး၏သား မဟုတ်မှန်း သူမသိပါသည်။ တမင်တကာ ပြောနေခြင်းသာဖြစ်လေသည်။

"ဘယ်ပြောလို့ရမလဲ ၊ တစ်နေ့ကျရင် သူမဒေါသထွက်ပြီး မင်းကိုမီးရှို့ပစ်ချင်ပစ်မှာ ၊ ဒါပေမယ့် အခု ဒီဥယျာဉ်လေးကတော့ မင်းအတွက်ပါပဲ"

ဆရာစူးက ရေငန်းသီးပင်ကိုပွတ်သပ်ပေးရင်းပြောလိုက်လေသည်။ ထို့နောက် ခေါင်းကိုခါယမ်းလိုက်မိလေတော့သည်။

ရုတ်တရက် စူးကျားပေါင်အိမ်မှာ လက်ဖဝါးစာအရွယ်မျှသေးငယ်သွားပြီး ဆရာစူး၏လက်ထဲတွင် အရုပ်ကလေးတစ်ရုပ်ပမာ ရှိနေလေသည်။

ရေကန်းသီးပင်မှာ ဆရာစူး၏ဘေးတွင်ရှိနေလေသည်။ ဆရာစူးက လက်ဖဝါးပေါ်မှ စူးကျားပေါင်အိမ်အရုပ်ကလေးကို ရေကန်းသီးပင် အကိုင်းများပေါ်သို့တင်ပေးလိုက်လေသည်။

ထို့နောက် ဆရာစူးမှာ သက်တန့်ရောင်စဉ်အသွင်းပြောင်းလဲသွားပြီး တိမ်များပေါ်သို့တိုးဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

....

ဆန်းလျန်သတိရလာလေသည်။ သူ့တစ်ကိုယ်လုံးမှာချမ်းတုန်နေလေသည်။ ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်တော့ ရေကန်တစ်ခုထဲသို့ ရောက်ရှိနေခြင်းဖြစ်လေသည်။

ဆောင်းအကုန် နွေဦးကာလဖြစ်သောကြောင့် ရာသီဥတုကလည်း အနည်းငယ်အေးနေသေးသည့်အပြင် ရေကန်ထဲမှရေမှာလည်း အေးစိမ့်နေလေသည်။

အေးလွန်းသောကြောင့် သူတစ်ချက်နှာချေလိုက်မိသည်။

သူ၏ရုပ်ပိုင်းဆိုင်ရာအခြေအနေမှာ အပူဒဏ် ၊ အအေးဒဏ်များကိုခံနိုင်ရည်ရှိလေသည်။ ယခုတော့ သူဘာလို့ နာချေနေသလဲ စဉ်းစား၍မရပေ။

သူရေထဲမှာကြာရှည်နေမိသောကြောင့် အတွင်းအားနှင့်သွေးလည်ပတ်မှုများမှာလည်း ချောမွေ့ခြင်းမရှိဖြစ်နေလေသည်။ သူ၏ခြေထောက်နှင့်လက်များမှာ အေးခဲနေပြီး အတွင်းအားနှင့်သွေးလည်ပတ်မှုများမှာလည်း နှေးကွေးနေလေသည်။ အအေးဓာတ်များက သူ့ကိုယ်ထဲသို့ စိမ့်ဝင်နေသလိုခံစားနေရလေသည်။

ရေကန်ထဲမှ ကမ်းခြေသို့ရောက်အောင် ဆန်းလျန်ကြိုးစားပြီး ကူးခတ်လာလေသည်။

နောက်တစ်နေ့နေမထွက်ခင်မှာပင် သူမင်ကျန်းတောင်ထိပ်သို့ ရောက်ရှိလာခဲ့လေသည်။ သူရောက်ရှိနေခဲ့သည့်ရေကန်မှာ မှန်သားပြင်ရေကန်ဟုခေါ်သည့် ရေကန်တစ်ခုဖြစ်လေသည်။

လရောင်အောက်တွင် ရေကန်၏မျက်နှာပြင်မှာ မျက်စိစူး

လောက်အောင်တောက်ပနေပြီး မှန်သားကဲ့သို့ ကြည်လင်နေ

လေသည်။

မင်ကျန်းတောင်သခင်ကြီးမှာ သဘောထားကြီးသောလူတစ်

ယောက်ဖြစ်လေသည်။ မင်ကျန်းတောင်ပတ်ဝန်းကျင်တွင်

နေထိုင်ကြသော ရွာသားများအားလုံးမျှ မင်ကျန်းတောင်

သခင်ကြီးကို လွန်စွာမှ လေးစားကြလေသည်။

လက်ရှိမင်ကျန်းတောင်သခင်ကြီးမှာ ပညာတတ်တစ်ဦးဖြစ်

သော်လည်း တရားဝင်စာပေပညာဘွဲ့ရထားခြင်းတော့မရှိပေ။

ထို့ပြင် သူ့ဘဝတွင် မည်သူနှင့်မျှ တိုက်ခိုက်ဖူးခြင်းလည်းမရှိ

ပေ။

ကောလဟာလများအရတော့ ရဲ့သခင်ကြီးမှာ သိုင်းပညာမတတ်

သည့် သာမန်စာပေသမားတစ်ယောက်မျှသာဖြစ်သည်ဟု ဆို

ကြလေသည်။

မင်ကျန်းတောင်ထိပ်၏ကိစ္စအဝဝကို စီစဉ်နေသူမှာ ရဲ့လျိုယွင်သာဖြစ်လေသည်။

ထို့ကြောင့် ရဲ့သခင်ကြီးမှာ လက်ရှိတွင် အေးအေးချမ်းချမ်းပင် အပူအပင်မရှိနေထိုင်လေသည်။

ဤနေ့က ရာသီဥတုအေးစိမ့်သည့်နေ့တစ်နေ့ဖြစ်လေသည်။

သို့သော် လဆန်းဆယ့်ငါးရက်နီးပြီဖြစ်သောကြောင့် ဖြစ်သောကြောင့် လမင်းကတောက်ပနေလေသည်။

လူငယ်တစ်ယောက်ဖြစ်သော်လည်း ရဲ့လျိုယွင်က နေသာသည့်နေ့များကို မနှစ်သက်ပေ။ သူက အခြားသူတွေ သူ၏ပုံသဏ္ဍာန်ကို ရှင်းရှင်းလင်းလင်းမြင်နေရသည်ကို မနှစ်သက်သောကြောင့်ဖြစ်လေသည်။

သို့သော် ယခုအချိန်တွင်တော့ သူဂရုမစိုက်တော့ပါ။ ကမ္ဘာပေါ်တွင် သူ့ထက်သာသောသူမှာ အနည်းငယ်မျှသာ ရှိသည်မဟုတ်ပါလား။

သူ မင်ကျန်းတောင်၏ကို စတင်ဦးဆောင်ခဲ့ကတည်းက မအောင်မြင်သည့်ကိစ္စဆို၍ မရှိခဲ့ပေ။

သူ၏ဂုဏ်သတင်းမှာကျော်ကြားလွန်းပြီး လေးစားစရာကောင်းသောအလုပ်များကိုလုပ်ခဲ့သည့်တိုင် သူ၏အသက်မှာဆယ့်ရှစ်နှစ်ပင်မပြည့်သေးပေ။ သူ့အသက်က ဆန်းလျန်နှင့်မတိမ်းမယိမ်းဖြစ်လေသည်။

သူ၏အစွမ်းအစနှင့်ရင့်ကျက်မှုကြောင့် လူအများစုမှာ သူ၏အသက်ကိုမေ့နေကြပြီး အသက်နှစ်ဆယ်ကျော်ခန့်ရှိပြီဟု တွေးထင်မိတတ်ကြလေသည်။

အသက်ဆယ့်ရှစ်နှစ်ဆိုသည့်အရွယ်မှာ လွတ်လွတ်လပ်လပ်နေချင်သည့်အရွယ်ဖြစ်လေသည်။ သို့သော် ရဲ့လျိုယွင်၏ဘဝမှာ သာမန်လူငယ်တစ်ယောက်ကဲ့သို့ မဟုတ်ခဲ့ပေ။

ရဲ့လျိုယွင်က လက်ဖက်ရည်သောက်ရသည်ကို နှစ်သက်ပြီး အေးအေးဆေးဆေးလေး နေချင်သည့်သူတစ်ယောက် ဖြစ်လေသည်။

ရဲ့လျိုယွင်နှင့် ရှောင်းကျူကို နှိုင်းယှဉ်ကြည့်ပါက ရှောင်းကျူက ပိုပြီး ကလေးဆန်လေသည်။ သူမက သူမအတွက်သာ စဉ်းစားတတ်ပြီး မည်သည့်အရာကိုမျှ အလေးမထားတတ်ပေ။ သူမက အဆင့်အတန်းမြင့်သည့်မိသားစုမှ မွေးဖွားလာသည့် သခင်မလေးတစ်ပါးဖြစ်သည့်အပြင် အပြုအမူများကလည်း ခန့်မှန်းရခက်လေသည်။

ရှောင်းကျူဘဝတွင် အမုန်းဆုံးအရာမှာ ရဲ့လျိုယွင်နှင့်အတူ လက်ဖက်ရည်သောက်ရခြင်းပင်ဖြစ်လေသည်။

ယခုတော့ ရှောင်းကျူမှာ ရဲ့လျိုယွင်နှင့်အတူ လက်ဖက်ရည်သောက်နေရလေသည်။

ရှောင်းကျုံနှင့်ရဲ့လျိုယွင်တို့ကြားတွင် လက်ဖက်ရည်ငွေ့လေးများ တစ်ထောင်ထောင်းထနေလေသည်။ လရောင်ကဖြာကျနေပြီး စမ်းချောင်းလေးက စီးဆင်းနေလေသည်။ အလင်းရောင်ကလည်း ထူးဆန်းစွာထွက်ပေါ်နေလေသည်။

“ဆောင်းတွင်းကာလ တောထဲမှာပွင့်လန်းနေတဲ့ မက်မွန်ပန်းတွေ...

ကြံ့ကြံ့တောင့်ကြံ့ခံ ပွင့်နေကြတဲ့ မက်မွန်ပွင့်တွေနဲ့ ချယ်ရီပွင့်တွေဟာ မတူညီပါဘူး...

ရုတ်တရက် ညကိုဖြတ်သန်းလာတဲ့လေပြေလေးနဲ့ မွှေးရနံ့လေးတွေမျောပါလာတော့....

နွေဦးကဖြည်းညင်းစွာဝင်ရောက်လာပါရောလား..."

"ဒီကဗျာလေးကို မင်းဘယ်လိုသဘောရလဲ"

ရဲ့လျိုယွင်က ကဗျာလေးကိုရွတ်ပြရင်းမေးလိုက်လေသည်။

"ကောင်းသားပဲ"

ရှောင်းကျူက တစ်ချက်သမ်းဝေလိုက်ရင်း ပြောလိုက်လေသည်။

"ဒီကဗျာလေးကို မင်းရဲ့ချစ်သူလေးဆန်းလျန်ကရေးခဲ့တာလေ ၊ အဖေကတော့အရမ်းကိုသဘောကျနေလေရဲ့ ၊ မက်မွန်ပန်းတွေအကြောင်းကို နှောင်ဆယ်နှစ်အတွင်း ဒီလောက်ကောင်းတဲ့ကဗျာကို ရေးနိုင်တဲ့သူမျိုးပေါ်ထွက်လာမှာ မဟုတ်ဘူးလို့ ထင်နေလေရဲ့ ၊ ပြီးတော့ ကျုပ်လည်း ဒီကဗျာလေးကို သဘောကျပါတယ်"

ရဲ့လျိုယွင်က ရှင်လန်းသည့်လေသံဖြင့်ပင် ပြောလိုက်လေသည်။

ထိုအချိန်....

"အေးစိမ့်တဲ့ညချမ်းမှာ...

အရက်အစားလက်ဖက်ရည်နွေးနွေးသောက်မယ်...

ဝါးမီးဖိုလေးကမီးတွေရဲရဲတောက်လို့...

ပြတင်းပေါက်မှာလရောင်ကထိန်ထိန်သာလို့...

မက်မွန်ပန်းလေးရဲ့အလှကလည်းလင်းလက်တောက်ပလို့

ပေါ့...."

"အစ်ကိုရဲ့ ၊ ဒီကဗျာလေးနဲ့ခုနကဗျာလေးနဲ့ ဘယ်ကဗျာပို

ကောင်းတယ်ထင်လဲ"

စကားသံဆုံးသည်နှင့် လူရိပ်တစ်ခုရုတ်တရက်ပေါ်လာကာ

ပြတင်းတံခါးဝမှဖြာကျနေသော လရောင်ကို ထိုလူရိပ်က

ဖုံးကွယ်သွားလေသည်။

အခန်း (၅၉)

မျှောလွင့်နေတဲ့တိမ်

"ပြတင်းပေါက်မှာလရောင်ကထိန်ထိန်သာလို့...

မက်မွန်ပန်းလေးရဲ့အလှကလည်းလင်းလက်တောက်ပလို့

ပေါ့...."

ထိုစာကြောင်းက အကြောင်းအရာတစ်ခုကို ဖော်ပြထားခြင်း

ဖြစ်လေသည်။ ဆန်းလျန်တစ်ခုခုပြောင်းလဲသွားသည်ဟု ရဲ့

လျိုယွင် ခံစားနေရလေသည်။ ဆန်းလျန်မှာ အရင်ကထက်ပို

ပြီး ကျင့်စဉ်လမ်းတွင် အောင်မြင်နေသည့်လူတစ်ယောက်နှင့်

တူနေလေသည်။

"ကဗျာနှစ်ပုဒ်လုံးက အတူတူပဲ ကောင်းကြပါတယ် အစ်ကို

ဆန်း ၊ ခင်ဗျားရဲ့စာပေပညာကို တကယ့်ကိုလေးစားမိပါတယ်"

ဆန်းလျန်က တံခါးကိုတွန်းဖွင့်ပြီး ဝင်လာလေသည်။ သူ့ပုံစံက

အလွန်ပင်တည်ငြိမ်လွန်းသည့် ပုံသဏ္ဍာန်ဖြစ်နေလေသည်။

"အစ်ကိုရဲ့ ၊ ဒီကဗျာနှစ်ပုဒ်လုံးက ကျုပ်ရေးတာမဟုတ်ပါဘူး ၊ အခြေအနေနဲ့ကိုက်ညီနေလို့ ကျုပ်က ရွတ်ပြတာပါ"

ဆန်းလျန်က ပုံမှန်ပင်ပြန်ဖြေလိုက်လေသည်။

ရဲ့လျိုယွင်မှာ များစွာအံ့သြသွားရလေသည်။ သူက သူ့ကိုယ်သူစာပေပါရမီရှင်ဟု ထင်ခဲ့မိသည်။ မင်ကျန်းတောင်ထိပ်တွင် ဆန်းအိမ်တော်မှာထက်ပိုပြီး စာအုပ်များစွာရှိလေသည်။ သို့သော် ဤကဲ့သို့သော ကဗျာကောင်းများကိုသူတစ်ခါမှ ဖတ်ဖူးခြင်းမရှိပေ။ ထို့ပြင် တစ်ခါမှလည်းကြားဖူးခြင်းမရှိပေ။ ထိုကဗျာနှစ်ပုဒ်လုံးကို ဆန်းလျန်ရေးသားခြင်းမဟုတ်လျှင် စာအုပ်တစ်အုပ်အုပ်ထဲတွင်တော့ သူတွေ့ဖူးရမည်ဖြစ်လေသည်။ သို့မဟုတ်ပါက လျှို့ဝှက်ရေးစပ်ထားသော ကဗျာများပင်ဖြစ်ရပေမည်။

ထို့ပြင် အလွန်ထူးချွန်သည့်စာပေပညာရှင်တစ်ယောက်ဖြစ်သည့် သူ၏ဖခင်ဖြစ်သူမှာပင် ထိုကဗျာ၏စာကြောင်း တစ်ကြောင်းတစ်လေကိုမျှပင် ကြားဖူးခြင်းမရှိပေ။

ဆန်းအိမ်တော်မှာ ကြွယ်ဝချမ်းသာသည်မှန်သော်လည်း မင်ကျန်းတောင်နှင့်ယှဉ်လျှင် တောအရပ်မှ စာပေပညာမတတ်သည့် မြေပိုင်ရှင်များသာဖြစ်လေသည်။

ဆန်းအိမ်တော်တွင်ရှိသည့်စာအုပ်တိုင်း မင်ကျန်းတောင်တွင်ရှိလေသည်။ ဆန်းအိမ်တော်တွင် မရှိသည့် စာအုပ်ပေါင်းများစွာပင် မင်ကျန်းတောင်မှာ များစွာရှိနေသေးသည်။

ထိုကဗျာနှစ်ပုဒ်ကို ဆန်းလျန်ရေးစပ်ခြင်းမဟုတ်ပါက မည်သည့်နေရာမှ ကဗျာများပါလိမ့်။

ထိုကဗျာနှစ်ပုဒ်လုံးမှာ လျှို့ဝှက်ကဗျာတွေများဖြစ်နေသလား။

ဆန်းလျန်မှာ နတ်သက်ခြေခွဲဆိုင်းကို အစွန်းရောက်လမ်းများမရောက်အောင် ထိမ်းသိမ်းပြီးလေ့ကျင့်နိုင်ခဲ့သူဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်မှာ လျှို့ဝှက်ချက်များဖြင့် ပြည့်နက်နေသည့် လူသားတစ်ယောက်ဖြစ်လေသည်။

ရှောင်းကျူကသူတို့နှစ်ယောက်ကို ဘေးမှထိုင်ကြည့်ရင်း ရဲ့ လျိုယွင်မှာ ဆန်းလျန်နှင့်အလွန်ဆင်တူသည်ဟု သတိပြုလိုက်မိလေသည်။ သူတို့နှစ်ယောက်လုံးမှာ အတွေးကိုယ်စီနှင့်ငြိမ်သက်နေကြလေသည်။ ရှောင်းကျူမှာ သူတို့နှစ်ယောက်ကြားတွင် လုံးဝမတူညီသည့်အချက်ကို ရှာ၍မရ ဖြစ်နေလေသည်။

"ကံတရားအတိုင်းတွေ့ဆုံရတယ်၊ ကံတရားအတိုင်းခွဲခွာရတယ်၊ ဘဝဆိုတာဒီလိုပါပဲ၊ ကျုပ်က ဘဝမှာ တစ်ခါမှ ရှုံးနိမ့်ခဲ့ဖူးတဲ့သူမဟုတ်ဘူး။ ဒါကြောင့် မင်းနဲ့ယှဉ်တိုင်းရှုံးနေရတာသိပ်ကို စိတ်အနှောင့်အယှက်ဖြစ်ရတယ်၊ ဒါကြောင့် ပန်းတွေပွင့်လန်းနေတဲ့ နွေဦးရာသီမှာ မင်းနဲ့တွေ့ဖို့ပြောခဲ့တာပဲ"

ရဲ့လျှိုယွင်က ဆန်းလျှန်ကို မယှဉ်နိုင်ကြောင်း ပွင့်ပွင့်လင်း
လင်းပင် ဝန်ခံလိုက်သော်လည်း သူ၏ခမ်းနားမှုနှင့် အရှိန်အဝါ
မှာတော့ လျော့ကျသွားခြင်းမရှိပေ။
သို့သော် ရှောင်းကျူအတွက်တော့ ထိုပုံစံက အလုပ်မဖြစ်ပါ။
"ပန်းတွေပွင့်လန်းနေတဲ့နွေဦးရာသီမှာ ရှင်တို့နှစ်ယောက်ဒီနေ့
တွေ့ဆုံဖို့ပြောထားကြတာပဲ ၊ ဒီနေ့မှာတွေ့ဖို့ပြောထားကြတာမှ
မဟုတ်တာ ၊ ကိုယ့်ကတိကိုယ်ထိန်းကြပြီး နောက်နှစ်ရက်
လောက်နေမှ ပြန်တွေ့ကြပေါ့"
ရှောင်းကျူက မထီမဲ့မြင်အမူအရာနှင့်ပြောလိုက်လေသည်။
သူမကမျက်စောင်းတစ်ချက်ထိုးလိုက်ရင်း စကားပြောခြင်းကို
ရပ်တန့်လိုက်လေသည်။
ရှောင်းကျူပြောသည်မှာ ထူးဆန်းသော်လည်း သဘာဝတော့
ကျလေသည်။ သူမဖြစ်ချင်သည့်ဆန္ဒက သူတို့နှစ်ယောက်လုံး
ကို မထီလေးစားလုပ်ရန်သာဖြစ်လေသည်။

"ကျုပ်တို့လိုအဆင့်တွေက တခြားသူတွေအတွက် သေလောက်အောင်အေးနေတဲ့ရာသီဥတုမျိုးမှာတောင် နွေးနေဖန်တီးထားလို့ရတယ်၊ ပန်းတွေကတော့ ကျုပ်တို့နှလုံးသားထဲမှာ ပွင့်လန်းနေကြတာပဲ၊ ကျုပ်တို့နှစ်ယောက်တွေ့ဆုံဖို့အတွက် အချိန်နဲ့နေရာက အတားအဆီးမဟုတ်ပါဘူး၊ ကျုပ်တော့အဲဒီလိုမျိုးခံစားမိတာပဲ၊ ပြီးတော့ ကျုပ်က မင်းတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲကိုလည်း တက်ရောက်ချင်သေးတယ်လေ"

ဆန်းလျန်က ပွင့်ပွင့်လင်းလင်းနှင့် အမှန်ကိုပင်ပြောလိုက်လေသည်။

ဆန်းလျန်စကားကြောင့် ရှောင်းကျူမျက်နှာမှာနီရဲသွားပြီး...

"ကိုယ်ရေးကိုယ်တာကိစ္စတွေက ဘာလို့ပါလာရပြန်တာလဲ၊ ကျွန်မတို့သုံးယောက်အတူတူနေတော့ရော ဘာဖြစ်လဲ"

ကက်ကက်လန်အောင်ပြန်လည်ချေပလိုက်လေသည်။

သူမက ဆန်းလျန်ကို စိုက်ကြည့်လိုက်သည်။ သူမ ဆန်းလျန်ကို အရှုံးမပေးချင်ပေ။

ခေတ်ပေါ်လောကတွင် နေခဲ့စဉ်က ဆန်းလျန်မှာ လူမှုကွန်ယက် စာမျက်နှာများနှင့် အင်တာနက်ကို အသုံးပြုပြီး ဟိုဟိုဒီဒီတွေ ကိုရှာဖွေတတ်သူဖြစ်လေသည်။ ထို့ကြောင့် သူက မိန်းကလေး များအကြောင်းကို ကောင်းကောင်းသိလေသည်။ ထို့ကြောင့် ရှောင်းကျူုစကားကို သူကအံ့သြခြင်းမဖြစ်မိပါ။

"ကူပော့ဆရာတော်၊ ဘာလို့ချောင်းနားထောင်နေရတာလဲ၊ ထွက်လာပြီး ကျွန်တော်တို့နဲ့စကားပြောလို့ရပါတယ်"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

"အော်မီတော်ဖော်၊ ဆန်းလူငယ်လေး နောက်ပြောင်မနေပါနဲ့၊ လောကီကိစ္စတွေက ကျုပ်နဲ့မဆိုင်ပါဘူး၊ ကျုပ်က ဒီလိုမျိုး ကိစ္စတွေမှာ ပါဝင်ပတ်သက်လိုခြင်းမရှိဘူး"

"ညဥ့်ကလည်းနက်နေပြီ ၊ လကလည်းသာနေလိုက်တာ ၊ ပိုပြီး ကောင်းတဲ့နေရာတစ်ခုကိုသွားပြီး ကျုပ်တို့ဆက်ပြောကြရင် မကောင်းဘူးလား"

ရဲ့လျိုယွင်က ရယ်မောရင်းပြောလိုက်လေသည်။

ဆန်းလျန်ကခေါင်းညိတ်လိုက်လေသည်။

အရေးကြီးကိစ္စတစ်ခုခုတော့ဖြစ်တော့မည်ဟု ရှောင်းကျူသိလိုက်လေသည်။ ရဲ့လျိုယွင်နှင့် ဆန်းလျန်မှာ သိုင်းလောကတွင်ဂန္ထဝင်ဖြစ်မည့် တိုက်ပွဲတစ်ပွဲကို ဆင်နွှဲကြတော့မည်မဟုတ်ပါလား။

ဆန်းလျန်ရော ရဲ့လျိုယွင်ပါ ပြိုင်တူလှုပ်ရှားလိုက်ကြလေသည်။

သူတို့နှစ်ယောက်စလုံး တံခါးဝမှ ရှေ့ဆင့်နောက်ဆင့်ထွက်ခွာသွားကြလေသည်။

သူတို့နှစ်ယောက်လုံးထွက်ခွာသွားကြပုံမှာ ကြယ်ကြွေသကဲ့သို့ မြန်ဆန်လွန်းလှသည့်အတွက်ကြောင့် ရှောင်းကျူပင်လျှင် ဖြတ်ခနဲမျှသာမြင်လိုက်ရလေသည်။

လရောင်အောက်တွင် ဘီးတပ်ကုလားထိုင်မှ ဘီးရာများကိုသာ မြေကြီးပေါ်တွင်မြင်တွေ့လိုက်ရလေသည်။ ထိုဘီးရာများက ရဲ့ လျိုယွင်နှင့် ဆန်းလျန်မည်သည့်နေရာတွင်ရှိနေကြောင်း ညွှန်ပြပေးလေသည်။

"စိတ်ရှုတ်စရာကောင်းလိုက်တာ ၊ ရဲ့လျိုယွင်က ဘီးတပ် ကုလားထိုင်နဲ့သွားတာတောင် ဘာလို့ဒီလောက်မြန်နေရတာလဲ" ရှောင်းကျူ မနာလိုသည့်လေသံဖြင့်ပြောလိုက်လေသည်။

ကူဟော့ဆရာတော်က သူမဘေးမှနေပြီး အသံမထွက်ဘဲ လေထဲတွင်လွင့်မျောဖြတ်သန်းသွားလေသည်။ တိမ်နှင့်လေလို မြူခိုးငွေ့များသာ ပျံ့ဝဲပြီးကျန်ရစ်ခဲ့လေသည်။

"ရှောင်းမိန်းကလေး ၊ ကျုပ်ပြောချင်တာအဲဒါပါပဲ ၊ သူက ခြေထောက်မသန်လို့ မင်းကသူ့ကိုသဘောမကျဘူး၊ သူနဲ့ လက်ထပ်ရင် မင်းဒုက္ခရောက်မယ်လို့ မင်းကထင်နေတယ် ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်လက်ထပ်လိုက်ရင် ကံကောင်းတဲ့သူက ရဲ့လျိုယွင်တစ်ယောက်တည်း မဟုတ်ပါဘူး"

လွင့်မျောသွားသည့် ကူဟော့ဆရာတော်က တီးတိုးပြောကြားသွားလေသည်။

"ကံကောင်းတဲ့သူက ရဲ့လျိုယွင်တစ်ယောက်တည်း မဟုတ်ပါဘူး" ဆိုသည့်စကား၏နောက်ကွယ်မှ အဓိပ္ပါယ်ကို ရှောင်းကျုုသိနေခဲ့ပါသည်။ ထိုအဓိပ္ပါယ်က ရဲ့လျိုယွင်ကို လက်ထပ်ရသည့်အတွက် သူမလည်းကံကောင်းသည့်သူတစ်ယောက်ဖြစ်သည်ဟု ဆိုလိုနေခြင်းပင်မဟုတ်ပါလား။

ရှောင်းကျုုမှာ အနည်းငယ်တော့အံ့သြနေမိလေသည်။ သူမက ကွေးယွင်စန်းကျွမ်းတွင် အားလုံး၏အလိုလိုက်ခြင်းကို ခံထား

ရသည့်သခင်မလေးတစ်ယောက်ဖြစ်လေသည်။ သူမက
အရည်အချင်းအလွန်ရှိပြီး အစစအရာရာပြီးပြည့်စုံနေသည့်
သူရဲကောင်းတစ်ယောက်နှင့် လက်ထပ်ရန် စိတ်ကူးယဉ်ထား
လေသည်။ ထို့ကြောင့် မသန်စွမ်းဖြစ်နေသည့် ရဲ့လျိုယွင်ကို
မုန်းတီးနေရခြင်းဖြစ်လေသည်။ သူမက ရဲ့လျိုယွင်အပေါ်
သနားစိတ်ကလေး တစ်စက်ပင်မရှိပါ။
ခြေမသန်သည့်လူတစ်ယောက်ကို လက်ထပ်ရမည်ဆိုသည့်
အချက်ကို သူမအလွန်မှပင် မုန်းတီးမိလေသည်။
သူမက ရဲ့လျိုယွင်ဘက်မှ စဉ်းစားပေးခြင်းလုံးဝမရှိခဲ့သည့်
အပြင် ရဲ့လျိုယွင်ရရှိသည့်အောင်မြင်မှုများမှာ မိသားစု
နောက်ခံ အားကောင်းသည့်အတွက်သာဖြစ်သည်ဟု ထင်ခဲ့မိ
လေသည်။ ရဲ့လျိုယွင်၏မိသားစုနောက်ခံအင်အားကြောင့် သူ
ကဘဝတွင်အလကားလူတစ်ယောက်အဖြစ်နေလျှင်ပင် ထမင်း
မငတ်နိုင်သည့်အခြေအနေဖြစ်လေသည်။ သူ့ကို အသုံးမကျဟု

အပြစ်တင်မည့်သူမရှိသလို သနားပင်သနားကြဦးမည်ဖြစ်လေ

သည်။

မင်ကျန်းတောင်၏အောင်မြင်ခဲ့ကြသည့် ဘိုးဘေးများတွင် ရဲ့

လျှိုယွင်မှာအတော်ဆုံးဖြစ်သည်ဟု ရှောင်းကျူ၏ဖခင်ဖြစ်သူ

ကပင် ထောက်ခံခဲ့လေသည်။

ထိုအချက်က သူမနှလုံးသားကို ကြာပွတ်ဖြင့်ရိုက်သကဲ့သို့

ခံစားနေရလေသည်။

"ကျွန်မမမှားဘူး"

ရှောင်းကျူက မုန်းတီးသည့်လေသံဖြင့် ပြောလိုက်လေ

တော့သည်။

ကူဟော့ဆရာတော် ထွက်ခွာသွားသည်မှာ ကြာပြီဖြစ်လေသည်။

ကူဟော့ဆရာတော်မှာ ဗုဒ္ဓကျင့်စဉ်လမ်းအတိုင်းလိုက်လျှောက်

ရင်း ရှူယိအသွင်ပြောင်းသိုင်းပညာကိုလေ့ကျင့်ခဲ့သည်မှာ

ဆယ်နှစ်ကျော်ပြီဖြစ်လေသည်။ ထို့ကြောင့်သူက တစ်နေ့

တည်းဖြင့် မိုင်ထောင်ပေါင်းများစွာ ခရီးနှင်နိုင်သူဖြစ်လေ

သည်။ ထိုကျင့်စဉ်မှာ တာအိုကျင့်စဉ်တစ်ခုဖြစ်သည့် ဆန်ရှင်း

ကျင့်စဉ်နှင့်ဆင်တူလေသည်။

သို့သော်လည်း ကူဟွေ့ဆရာတော် မည်မျှပင် လျှင်မြန်သည်ဟု

ဆိုစေကာမူ ရဲ့လျိုယွင်နှင့် ဆန်းလျန်နောက်တွင် တော့ကျန်ခဲ့

သည်ပဲဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်

ယောက်က အရင်ထွက်ခွာသွားသူများဖြစ်သည့်အပြင် တော

လမ်းတောင်လမ်းကလည်း ရှုတ်ထွေးလွန်းလေသည်။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်နှင့် ရဲ့လျိုယွ

င်၏အရည်အချင်းမှာ ထိပ်တန်းအဆင့်ထက်ကျော်လွန်နေ

ကြောင်း ပြသနေလေတော့သည်။

....

ဆန်းလျန်မှာ ရဲ့လျိုယွင်လိုလူမျိုးကို သူ့ဘဝတွင် တစ်ကြိမ်

တစ်ခါမှ တွေ့မြင်ဖူးခြင်းမရှိပေ။ သူက ရဲ့လျိုယွင်ကို အလွန်

လေးစားမိသူဖြစ်လေသည်။

ဆန်းလျန်က သူသွားနေသည့်အရှိန်ကို နှေးလိုက်ခြင်းမရှိပါ။ သို့သော် သူက ရဲ့လျိုယွင်နှင့်မျက်ခြေပြတ်မသွားအောင် သွားနေလေသည်။

ရဲ့လျိုယွင်က အလွန်ပင်အာရုံစူးစိုက်နိုင်သူဖြစ်လေသည်။ သူ့ဘဝတွင် ဆန်းလျန်ကို တစ်ကြိမ်ရှုံးနိမ့်ခဲ့ပြီးပြီ။ ဒီတစ်ကြိမ်တွင်တော့ ဆန်းလျန်ကို အနိုင်ရအောင် တိုက်ခိုက်နိုင်မည်ဟု ဆုံးဖြတ်ထားလေသည်။

ဆန်းလျန် အဖြစ်ချင်ဆုံးဆန္ဒမှာတော့ ချင်းရွှမ်နတ်တံခါးအကြောင်း ပိုပြီးသိချင်နေခြင်းဖြစ်လေသည်။ သို့သော် ရဲ့လျိုယွင်နှင့်တိုက်ခိုက်ခြင်းမပြုဘဲ သူသိချင်သည့်အချက်အလက်များ ဘာတစ်ခုမှသိရမည်မဟုတ်သည်ကိုလည်း နားလည်လက်ခံထားလေသည်။

မက်မွန်ပန်းပင်များသာမက ရာနှင့်ချီသည့်ပန်းအမျိုးအစားပေါင်းများစွာ မင်ကျန်းတောင်ထိပ်တွင်ရှိလေသည်။

တောထဲတွင်တော့ မက်မွန်ပန်းပင်များရော ချယ်ရီပန်းပင်များ

ရော ပွင့်လန်းနေကြလေသည်။

ရဲ့လျိုယွင်မှာတော့ ထိုနေရာနှင့် ရင်းနှီးမှုရှိနေသည့်ပုံရလေ

သည်။ ထို့ကြောင့် မည်သည့်နေရာတွင်ယှဉ်ပြိုင်မည်ကို ဆန်း

လျန်က ဆုံးဖြတ်လိုက်လေသည်။

ဆန်းလျန်ရပ်လိုက်သည့်နေရာတွင် ယှဉ်ပြိုင်မှုစတင်ကြမည်

ဖြစ်လေသည်။

ဆန်းလျန်မှာ ရဲ့လျိုယွင်ကို သက်ညှာလိုစိတ်မရှိပါ။

သူ၏ဝိညာဉ်စွမ်းအားမှာမြင့်တက်လာပြီး သူ၏စိတ်လှုပ်ရှားမှု

နှင့် စွမ်းအားများမှာ သူ၏လက်ကောက်ဝတ်မှတစ်ဆင့် သူကိုင်

ထားသည့် စန္ဒကူးဓားဆီသို့ စီးဝင်သွားလေသည်။

စန္ဒကူးဓား....

သစ်သားဓားတစ်လက်ဖြစ်သော်လည်း ဓားတစ်လက်ဂုဏ်

တော့ရှိလေသည်။

ဓားတစ်လက်၏အခြေခံဂုဏ်သိက္ခာများကတော့ မပြောင်းမလဲ တည်ရှိနေလေသည်။ ထိုဓားဖြင့် ပြိုင်ဘက်ကို ကောင်းကောင်း ယှဉ်ပြိုင်အနိုင်ယူနိုင်လေသည်။

မြေပြင်ပေါ်ရှိ ရဲ့လျိုယွင်၏ ဘီးတပ်ကုလားထိုင်ဘီးရာများမှာ လည်း တဖြည်းဖြည်း တိမ်သွားပြီး ပျောက်ကွယ်သွားလေ သည်။ အဘယ်ကြောင့်ဆိုသော် ရဲ့လျိုယွင်က ပျံသန်းလိုက်ပြီး မြေပြင်ပေါ်သို့ရောက်လာသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်မှာ လေနှင်ရာမျောလွင့်နေသည့်တိမ်တစ်စလို လေထဲ တွင် မျောလွင့်နေလေသည်။ သူ့ကိုယ်တွင်းမှ အတွင်းအားစီး ဆင်းမှုအရှိန်အဟုန်မှာ မြင့်တက်နေလေသည်။ ထို့ကြောင့် မြေ ဆွဲအားက သူ့အပေါ်သက်ရောက်မှု မရှိတော့ပေ။

သူက မြေဆွဲအားကိုဆန့်ကျင်ပြီး လေထဲတွင်ရပ်တန့်လိုက်လေ သည်။

"မှန်သားပြင်ရေကန်" မှာ သူတို့ရှေ့တွင်ရှိနေလေသည်။ လရောင်အောက်တွင် ရေကန်၏မျက်နှာပြင်မှာ တစ်လက်လက်တောက်ပနေလေသည်။ လမှာ ကောင်းကင်အလည်တည့်တည့်တွင်ရှိနေလေသည်။ လမင်းက သူရဲကောင်းနှစ်ယောက်၏တိုက်ပွဲကို စောင့်ကြည့်နေသကဲ့သို့ပင် ဖြစ်နေလေသည်။

လေပြေလေးတိုက်ခတ်လာလေသည်။ ကန်ရေပြင်မှာ လှိုင်းကြက်ခွပ်လေးများလှုပ်ရှားသွားလေသည်။

ရဲ့လျိုယွင်က မြေပြင်ထက်တွင် နေရာယူထားပြီး ထိုအချိန်တွင်ပင် ကောင်းကင်ထက်တွင် တိမ်ညိုများဖုံးလွှမ်းလာလေသည်။

ထိုတိမ်ညိုများက လမင်းကို တဖြည်းဖြည်းဖုံးကွယ်သွားလေသည်။

လောကတစ်ခုလုံးမှာ အမှောင်ထုအတွင်းသို့ ကျရောက်သွားလေတော့သည်။

အခန်း (၆၀)

ယှဉ်ပြိုင်ပွဲ

မျက်စိကျိန်းလောက်အောင် တစ်လက်လက်တောက်ပနေသည့် "မှန်သားပြင်ရေကန်" မှာ ယခုတော့ မှောင်မိုက်တိတ်ဆိတ်သွားပြီဖြစ်လေသည်။

"မှန်သားပြင်ရေကန်" မှာ အလင်းကိုအရောင်ပြန်နိုင်သည့် အစွမ်းသာရှိပြီး ကိုယ်ပိုင်တောက်ပနိုင်သည့်စွမ်းအားနှင့် အပူရှိန်ကို ထုတ်လွှတ်နိုင်စွမ်းတော့ မရှိပေ။

သာမန်လူများအတွက်တော့ လောကကြီးတစ်ခုလုံး အမှောင်ကျနေမည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်နှင့် ရဲ့လျိုယွင်အတွက်တော့ အမှောင်တရားက သူတို့၏စိတ်အာရုံ အလင်းများကို အမှောင်ချမပစ်နိုင်ပေ။ မှုန်ဝါးဝါးဖြစ်နေသည့် တိုင် ရဲ့လျိုယွင်၏လက်ထဲတွင် ဓားတစ်လက်ကိုင်ထားသည် ကို ဆန်းလျန်မြင်နေရလေသည်။

ဓားမှာ နှစ်ဆယ့်ခုနစ်လက်မခန့်ရှည်လျားပြီး ရေခဲကဲ့သို့ ကြည်လင်ကာ စိမ်းမြမြအရောင်တောက်ပနေလေသည်။

ဆန်းလျန်က မျက်လုံးများကို မှိတ်လိုက်သည်။ ရဲ့လျိုယွင်၏ဓားကို အာရုံခံကြည့်လိုက်သည်။

ဆန်းလျှန်မျက်လုံးကို မှိတ်လိုက်သည်နှင့် အစိမ်းရောင်ဓားက သူ့ထံသို့ဦးတည်လာသည်ကို ခံစားလိုက်ရသည်။

ကူပေ့ဆရာတော်နှင့် ရှောင်းကျူမှာမှာလည်း လေထဲတွင် ပျံဝဲလာသည့်ဓားကို မြင်တွေ့လိုက်ရလေသည်။

ကူပေ့ဆရာတော်မှာ များစွာအံ့သြသွားရလေသည်။ သူကနတ်ဘုရားဓားသိုင်းအကြောင်းကို ကြားဖူးလေသည်။ သူကိုယ်တိုင်က ခြေလှမ်းဆယ်လှမ်းအတွင်း ပြိုင်ဘက်ကိုအနိုင်ယူနိုင်ခြင်းရှိသလို သဲလွန်စမကျန်ဘဲ မိုင်ပေါင်းများစွာ ခရီးသွားနိုင်လေသည်။ သို့သော် ရဲ့လျိုယွင်မှာ နတ်ဘုရားကျင့်စဉ်လမ်းသို့လိုက်မလျှောက်သေးသည့်တိုင် ဤကဲ့သို့ ဓားသိုင်းပညာကို တတ်မြောက်နေခြင်းကို မယုံကြည်နိုင်ဖြစ်နေရလေသည်။

ရှောင်းကျူမှာ သူမနှင့် ရဲ့လျိုယွင်၏ မတူညီမှုများကို သတိပြုမိလာပြီဖြစ်လေသည်။ ရဲ့လျိုယွင်မှာ သူမထက်များစွာ

စွမ်းအားပြည့်ဝပြီးသာလွန်နေသည့်တိုင် သူကိုတမင်

သက်သက်အလျှော့ပေးနေခဲ့ခြင်းဖြစ်လေသည်။

ဆန်းလျန်က နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည့်အတွက်

ရဲ့လျိုယွင်၏ဓားချက်မှာ လွဲချော်သွားရလေသည်။ သို့သော်

ဓားကပြန်လှည့်လာပြီး အခြားတစ်ဖက်မှနေပြီး ဆန်းလျန်ကို

ထပ်မံတိုက်ခိုက်လိုက်လေသည်။

ဆန်းလျန်က ပုံမှန်အတိုင်းရွေ့လျားနေလေသည်။ ပျံသန်းနေ

သည့်လေထုထဲမှဓားမှာ ဆန်းလျန်ကို မထင်မှတ်သည့် ထောင့်

မျိုးစုံမှ ဝင်ရောက်တိုက်ခိုက်နေလေသည်။

လမင်းမှာ တိမ်ညိုများကြားမှ တဖြည်းဖြည်းပြန်လည်ထွက်

ပေါ်လာလေသည်။ ဆန်းလျန်၏ပုံရိပ်မှာ ရေကန်ထဲတွင် အရိပ်

ထင်နေလေသည်။ ရေကန်ထဲသို့ ကျောက်တုံးတစ်တုံးကျသွား

လေသည်။

ထိုအခါတွင်တော့ အရာရေကန်မှာ လှုပ်ရှားပြောင်းလဲသွားလေသည်။

ကျန့်သောက်တုကျွင်းဓားသိုင်းပညာဖြစ်သည့် "ရှိခြင်းမရှိခြင်း" ဓားသိုင်းကို လေ့ကျင့်ခဲ့သည့် အကျိုးကျေးဇူးကို ဆန်းလျန်ခံစားနေရလေသည်။ ထိုဓားသိုင်းပညာကြောင့် သူ၏စွမ်းအားများကို လိုသလိုထိန်းချုပ်နိုင်လာပြီး စိတ်အာရုံစူးစိုက်မှုမှာလည်း မြင့်တက်လာလေသည်။

ထိုသို့အာရုံစူးစိုက်မှုရှိသည့်လူသားများမှာ အံ့သြစရာကောင်းသူများဖြစ်လေသည်။ အာရုံစူးစိုက်မှုမှတစ်ဆင့် အဆုံးမရှိသောဖြစ်နိုင်ချေများကို မြင်တွေ့နိုင်ပြီး စွမ်းအားများကို ကြိုပြီးသိမြင်နိုင်လေသည်။

ဆန်းလျန်၏နှလုံးသားမှာ ရေကန်အောက်ခြေသို့နစ်ဝင်သွားသလိုခံစားလိုက်ရသည်။ သူ၏ အဆုံးစွန်ထိအာရုံစူးစိုက်မှုနှင့် အတူ ရဲ့လျိုယွင်၏ ပျံသန်းနေသည့်အစိမ်းရောင်ဓား၏

လမ်းကြောင်း ၊ အရှိန်နှင့် ပြောင်းလဲမှုများကို အာရုံခံကြည့်လိုက်လေသည်။

ဆန်းလျန်၏လှုပ်ရှားမှုများက အရမ်းမများသေးပါ။ ရဲ့လျိုယွင်၏ပျံသန်းနေသည့်ဓားမှ လွတ်သည်ဆိုရုံလေး ရှောင်တိမ်းနေခြင်းမျှသာဖြစ်လေသည်။

သူ၏ပုံစံမှာ ဓားတောင်နှင့်မီးပင်လယ်ကိုဖြတ်ရသည့်တိုင် ချောမွေ့နေသည့် မြေပြင်ထွက်ဖြတ်သန်းသွားလာနေသကဲ့သို့ ပေါ့ပေါ့ပါးပါးဖြစ်နေလေသည်။

ရှောင်းကျူနှင့် ကူပေ့ဆရာတော်မှာ ရဲ့လျိုယွင်က ပျံသန်းနေသောအစိမ်းရောင်ဓားကို အဝေးမှ အတွင်းအားသုံးကာ ထိန်းချုပ်နေကြောင်း သိရှိထားလေသည်။ ထိုသိုင်းပညာမှာ "နဂါးဖမ်းကြိုးကြာလမ်း" သိုင်းကွက်ဖြစ်လေသည်။

ထိုဓားသိုင်းပညာမှာ ဓားသိုင်းပညာ၏အခြေခံဆယ့်လေးဆယ့်ကို အကြိမ်တစ်သောင်းမက ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်

လေသည်။ အရည်အသွေးပြည့်ဝပြီးအဆင့်အတန်းမြင့်သည့် ဓားသိုင်းပညာဖြစ်လေသည်။

ထိုသို့အဆင့်အတန်းမြင့်သည့်ဓားသိုင်းကို အတွင်းအားဖြင့် ပေါင်းစပ်ပြီး ထိန်းချုပ်ပျံသန်းလိုက်သည့်အခါ ခုခံရန်အလွန်မှ ခက်ခဲသည့် ကြောက်မက်ဖွယ်ရာဓားသိုင်းအဖြစ်သို့ ကူးပြောင်းသွားလေသည်။

ဆန်းလျန်မှာ ပျံသန်းနေသည့်ဓားကို သူ၏မြင့်မားသည့်ဝိညာဉ် စွမ်းအားကိုအသုံးပြုကာ သီသီလေးရှောင်တိမ်းနေရင်း စိတ် အာရုံကိုပိုပြီးစူးစိုက်လိုက်လေသည်။ သူ၏အာရုံစူးစိုက်နိုင်မှု ကြောင့် အန္တရာယ်အတွင်း ကျရောက်သွားခြင်းမျိုး မရှိခြင်းဖြစ် လေသည်။

ဤကဲ့သို့သော ယှဉ်ပြိုင်တိုက်ခိုက်မှုမှာ အမှားတစ်ခုလုပ် မိသည်နှင့် ကိုယ့်သေတွင်းကိုယ်တူးသကဲ့သို့ ဖြစ်သွားနိုင်လေ သည်။

သူ၏စိတ်မှာ လွန်စွာမှ အေးချမ်းတည်ငြိမ်နေလေသည်။ အန္တ ရယ်များသည့်တိုက်ပွဲတစ်ခုနှင့်ရင်ဆိုင်နေရသည်ကိုပင် မေ့နေ သကဲ့သို့ဖြစ်နေလေသည်။

သူက ရဲ့လျိုယွင်၏အတွင်းအားပြောင်းလဲသွားမှုကို လေ့လာ နေလေသည်။

ရဲ့လျိုယွင်မှာ အတွင်းအားပြည့်ဝနေဆဲဖြစ်လေသည်။ သူ့ထံမှ အသက်ရှူသံတစ်ချက်ပင် ထွက်မလာပေ။

ပျံသန်းနေသောဓားမှာ ရေခဲကဲ့သို့ကြည်လင်တောက်ပနေလေ သည်။ ဓားပေါ်တွင် ဓားရိပ်များက ဖုံးလွှမ်းနေလေသည်။

ဆန်းလျန်အတွက် ပြန်လည်တိုက်ခိုက်နိုင်သည့်အခွင့်အရေးမှာ လည်း နည်းသည်ထက်နည်းလာလေသည်။

တစ်ချိန်တည်းမှာပင် သူ၏လှုပ်ရှားမှုများကလည်း ရှင်းလင်း တိကျလာလေသည်။

"အနှစ်နှစ်ဆယ်လောက်ကြိုပြီးတော့သာ ဒီကလေးတွေမွေးလာခဲ့ရင် ခုချိန်လောက်ဆို သူတို့နှစ်ယောက်လုံး မြင့်မြတ်တဲ့နတ်ဘုရားတန်ခိုးရှင်တွေဖြစ်နေလောက်ပြီ"

ကူဟော့ကသက်ပြင်းတစ်ချက်ချရင်းပြောလိုက်လေသည်။

နတ်ဘုရားကျောင်းတော်များမှာ သူတို့၏အဆင့်အတန်းနှင့်ကိုက်ညီသည့် တပည့်များကို ရှာဖွေနေမြဲဖြစ်လေသည်။

သို့သော် ယခုကဲ့သို့ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းကတော့ အရည်အချင်းနှင့်ဖြစ်နိုင်ချေများ တိုးပွားလာမည့်ကိစ္စတော့ မဟုတ်ပေ။

မသေမျိုးဖြစ်သည့်နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် ကျင့်စဉ်လမ်းမှာ အပြင်းအထန်မလေ့ကျင့်ဘဲနှင့်တော့ မယ်တော်ကွမ်ရင်ထံမှ ဆုချီးမြှင့်မှုကို မည်သည့်အခါမှခံစားရမည်မဟုတ်ပေ။

တိမ်ညိုများဖုံးအုပ်နေသည့်လမင်းမှာ ထွက်ပေါ်လာပြီဖြစ်လေသည်။ လရောင်မှာ "မှန်သားရောင်ကန်ရေပြင်" တွင်ရောင်ပြန်ဟပ်နေသည့်အတွက် ပတ်ဝန်းကျင်တစ်ခုလုံးမှာလင်းထိန်လျှက်ရှိနေလေသည်။

ရဲ့လျိုယွင်၏နဖူးပေါ်တွင် ချွေးစက်များတွဲခိုနေသည်ကိုရှောင်းကျူမြင်လိုက်ရလေသည်။ သူ၏ပုံစံမှာ တည်ကြည်လေးနက်နေပြီး ခက်ထန်နေလေသည်။

ယခုနှစ်များအတွင်းတွင် ရဲ့လျိုယွင် ဤမျှတည်ကြည်လေးနက်နေသောပုံစံဖြင့် မြင်တွေ့ရသည်မှာ ရှောင်းကျူအတွက် ပထမဆုံးအကြိမ်ဖြစ်လေသည်။

ယခုအကြိမ်တွင်တော့ သူမက ဝင်ရောက်နှောင့်ယှက်ခြင်းမရှိတော့ပါ။ တိုက်ပွဲကိုသာ တိတ်ဆိတ်စွာဖြင့် မျက်တောင်မခတ်ကြည့်နေလေသည်။

သူမစိတ်ဝင်စားသည့်ဆန်းလျန်ကို မကြည့်နိုင်ဘဲ ရဲ့လျိုယွင်ကို
သာ ကြည့်နေမိသည့်အတွက် သူမကိုယ်သူမလည်း နားမလည်
နိုင်အောင်ဖြစ်နေရလေသည်။

"နက်နက်ရှိုင်းရှိုင်းမုန်းနေသည်မှာ နက်နက်ရှိုင်းရှိုင်းချစ်နေမိ
သောကြောင့်ဖြစ်သည်"

ဆိုသည့် ဆိုရိုးစကားကို ရှောင်းကျုံသတိမမူမိဖြစ်နေခြင်းဖြစ်
လေသည်။

ထိုစကားပုံမှာ အချစ်ရေးတွင် အလွန်မှ စိတ်ကူးယဉ်ဆန်လွန်း
သည့် ဆိုရိုးစကားဖြစ်လေသည်။

ကောင်းကင်တွင် တိမ်ညိုများလုံးဝကင်းစင်သွားပြီဖြစ်လေ
သည်။ ဆန်းလျန်ရော ရဲ့လျိုယွင်ရော နှစ်ယောက်လုံး
တိတိကျကျယှဉ်ပြိုင်တိုက်ခိုက်ရမည့်အချိန်ရောက်ပြီ
ဖြစ်ကြောင်းသိလိုက်လေသည်။

ဆန်းလျန်က စန္ဒကူးဓားကိုဆွဲထုတ်လိုက်သည်။ ဓားမှာ ဟောင်းနွမ်းနေပြီး ဓားမျက်နှာပြင်မှာလည်း ကြမ်းတမ်းနေလေသည်။ ပဲပြားကိုပင်လှီးနိုင်မည်မဟုတ်သည့် ဓားစုတ်တစ်လက်နှင့်တူနေလေသည်။

သို့သော် ဆန်းလျန်ဓားကိုဆွဲထုတ်လိုက်သည့်ဟန်က လျှပ်စီးလက်သလိုလျှင်မြန်လွန်းလှလေသည်။ သိုင်းကွက်တိုင်းမှာလည်းတိကျပြတ်သားလွန်းနေလေသည်။

လူတစ်ယောက်သည် ကြီးမားသည့်ရေတံခွန်ကြီးတစ်ခုအောက်တွင် မတ်တပ်ရပ်နေပြီး ရေများက သူ့အပေါ်တဟုန်ထိုးစီးဆင်းနေသည့်မြင်ကွင်းကဲ့သို့ လှပလွန်းလှလေသည်။

ဆန်းလျန်ဓားကိုဆွဲထုတ်လိုက်သည်နှင့် ဓားမှာ ရုတ်တရက်အသက်ဝင်လာလေသည်။

နက်နဲလှသည့်သိုင်းကွက်ထုတ်ဖော်ပုံနှင့်အတူ စန္ဒကူးဓားမှာ လေကိုထိုးခွင်းဖြတ်သန်းသွားလေသည်။

ထိုအချိန်မှာပင် ဆံချည်မျှတမျှသေးသွယ်သည့် ငွေအပ်လေး

များသည် မုန်တိုင်းတစ်ခုတိုက်ခတ်သည့်အလား ဆန်းလျန်

ထံသို့ ပြင်းထန်စွာဝင်ရောက်လာလေသည်။

ဆန်းလျန်က ထိုငွေအပ်လေးများအားလုံးကို စန္ဒကူးဓားဖြင့်

အသာအယာခတ်ထုတ်လိုက်လေသည်။

သစ်ရွက်ကြွေများကို လေပြင်းကတိုက်ထုတ်လိုက်သကဲ့သို့ ငွေ

အပ်လေးများမှာလည်း အဝေးသို့လွင့်စင်ထွက်သွားလေသည်။

"ထန်း" ခနဲ ဓားမှအသံထွက်လာပြီး "ရှိခြင်းမရှိခြင်း" ဓား

သိုင်း၏ အဖြူရောင်ဓားဝိညာဉ်မှာ လျှပ်စီးလက်သည့်အလား

ထွက်ပေါ်လာလေသည်။

ဓား၏ဦးတည်ရာ....

ဝေးကွာလှခြင်းမရှိသည့်နေရာတစ်ခုတွင်ရှိနေသည့် "ရဲ့လျိုယွ

င်"....

ဆန်းလျှန် ကြိတ်ပြီးသက်ပြင်းတစ်ချက်ချလိုက်မိလေသည်။ သူနောက်ပြန်ဆုတ်လို့မဖြစ်တော့ပေ။ သေခြင်းနှင့်ရှင်ခြင်း ဆိုသည်မှာ ခန့်မှန်း၍မရသလို ထိန်းချုပ်၍လည်းရသည့် ကိစ္စ မဟုတ်ပေ။

ရဲ့လျိုယွင်၏ငွေအပ်လက်နက်ပုန်းပညာမှာ ထိပ်တန်း လက်နက်ပုန်းပညာတစ်ခုဖြစ်လေသည်။ ထိုလက်နက်ပုန်း ပညာကို "ငွေရောင်မုန်တိုင်း" ဟုခေါ်လေသည်။ ငွေအပ်တစ် ချောင်းချင်းစီတိုင်းတွင် စွမ်းအားရှိသောအတွင်းအားများနှင့် ပြည့်နေလေသည်။ ထိုငွေအပ်များကို လွယ်လွယ်ကူကူ ကျော် ဖြတ်၍ရမည်ဟုလည်း ဆန်းလျှန်တွေးမထားခဲ့ပါချေ။ "ရှိခြင်းမရှိခြင်း" ဓားသိုင်းကိုသာ သင်ယူထားခြင်းမရှိလျှင် ထို ငွေအပ်လက်နက်ပုန်းလေးများကြောင့် ဆန်းလျှန်ဒဏ်ရာရရှိ သွားမည်မှာ သေချာသလောက်ရှိလေသည်။

"ရှိခြင်းမရှိခြင်း" ဓားသိုင်းပညာကြောင့်ဖြစ်ပေါ်လာသည့် ဓားဝိညာဉ်မှာ လွန်စွာမှ နက်နဲလွန်းလှပြီး သိုင်းလောကရှိ ဓားသိုင်းပညာများအားလုံးထက်သာလွန်လေသည်။ ထိုဓားသိုင်းမှာ တာအိုကျင့်စဉ်လမ်း၏ပညာရပ်တစ်ခု (သို့မဟုတ်) နတ်ဘုရားတို့ တန်ခိုးနှင့်ဆိုင်သည့် ဓားသိုင်းတစ်ခုဖြစ်နိုင်လေသည်။

ဆန်းလျန်က သူ၏စွမ်အားတစ်ခုလုံးကိုအသုံးပြုပြီး အတွင်းအားများကို ရှိခြင်းမရှိခြင်းဓားဝိညာဉ်ဆီသို့ စီးဆင်းစေလိုက်သည်။ သူ၏ဓားဝိညာဉ်ကိုအသုံးပြုလိုက်ခြင်းအတွက် ရဲ့လျိုယွင် အသက်ရှင်မည် ၊ သေမည်ကိုတော့ ဆန်းလျန်အာမခံနိုင်ခြင်းမရှိပေ။

ရဲ့လျိုယွင်၏ပျံသန်းနေသည့်အစိမ်းရောင်ဓားမှာ ဆန်းလျန်၏ရှိခြင်းမရှိခြင်းဓားဝိညာဉ်ဆီသို့ ပျံသန်းရင်းတိုးဝင်လာလေသည်။ ပျံသန်းနေသည့်ဓားက ဓားဝိညာဉ်ကို ထိုးခုတ်လိုက်ရင်းတားဆီးရန်ကြိုးစားလိုက်သည်။

ဓားဝိဉာဉ်ကိုအသုံးပြုနေသည့်အတွက် ဆန်းလျန်၏ဝိဉာဉ်စွမ်းအားမှာလျော့နည်းနေသည်ဟု ရဲ့လျိုယွင်က တွေးထင်လိုက်မိလေသည်။ ထို့ပြင်ဓားဝိဉာဉ်မှာ လွန်စွာအန္တရယ်များကြောင်း ရဲ့လျိုယွင်ရိပ်မိလိုက်သည်။ ထို့ကြောင့် အခွင့်အရေးရသည်နှင့် ထူးဆန်းသည့်ဓားဝိဉာဉ်ကို တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

သို့သော် ရဲ့လျိုယွင်ထင်သည်မှာ မှားယွင်းသွားခဲ့လေသည်။ သူ၏ပျံသန်းနေသည့်အစိမ်းရောင်ဓား ဘာမှမလုပ်နိုင်ခင်မှာပင် ဓားဝိဉာဉ်မှာ ပျောက်ကွယ်သွားလေသည်။ ထို့နောက် ရဲ့လျိုယွင်ထိုးခုတ်ရန်အတွက် အနီးဆုံးနေရာတွင် ပြန်ပေါ်လာလေသည်။

ပိုပြီးကြောက်စရာကောင်းသည်မှာ ဓားဝိဉာဉ်မှာ အမှန်ပင်ထိုးခုတ်သတ်ဖြတ်ရန်ဝင်ရောက်လာခြင်းဖြစ်လေသည်။ ရဲ့လျိုယွင်ကိုယ်တိုင်မှာ နေရာမှရွှေ့လျား၍မရနိုင်လောက်အောင်

ထိန်းချုပ်ခံထားရကြောင်း တုန်လှုပ်စွာဖြင့် သိလိုက်ရလေ တော့သည်။

သို့သော် သူဝတ်ဆင်ထားသည့် ရေခဲကျောက်စိမ်းမှာ ရေခဲ အသက်ငွေ့များက သူ၏ဝိညာဉ်ထဲသို့စိမ့်ဝင်သွားပြီး ပြန် လှုပ်ရှား၍ရလာလေသည်။ သူချက်ချင်းပင် မြန်နိုင်သမျှမြန် မြန်လှုပ်ရှားလိုက်လေသည်။

သူ့လက်တစ်ဖက်ကို မြှောက်လိုက်လေသည်။

အဆုံးသတ်တွင်တော့ သူ၏အသွေးအသားများကို ဖြတ် တောက်မည့် ၊ သံမဏိကိုပင်ဖြတ်တောက်ပစ်နိုင်မည့် ဓား ဝိညာဉ်ကို ရဲ့လျှိုယွင် ရင်ဆိုင်လိုက်ရလေတော့သည်။

အခန်း (၆၁)

နေဦးရာသီပန်းတွေပွင့်တဲ့အချိန်

ထိုသိုင်းကွက်မှာ အလွန်မှ ရက်စက်ပြင်းထန်သည့် သိုင်းကွက်ဖြစ်လေသည်။ သို့သော် ဆန်းလျန်တွင် ရွေးခြယ်စရာမရှိ။ ရဲ့လျိုယွင် သူတတ်နိုင်သမျှသော နောက်ဆုံးသိုင်းကွက်ကို ထုတ်လိုက်လေသည်။

သို့သော်...

မည်သည့်သိုင်းကွက်ကိုမျှ အသုံးပြုနိုင်စွမ်း သူ့တွင်မရှိတော့။ ဆန်းလျန်၏ ပျောက်ကွယ်သွားပြီး ပြန်ပေါ်လာသည့် ဓား ဝိညာဉ်မှာ ရဲ့လျိုယွင် လုံးဝ မျှော်လင့်ထားခြင်းမရှိသည့် သိုင်းပညာဖြစ်လေသည်။

ရေခဲကျောက်စိမ်း၏အကူအညီနှင့်ဆိုလျှင် ဆန်းလျန်၏ နတ်သက်ခြေဓားသိုင်းကို ရဲ့လျိုယွင် ကောင်းကောင်း ရင်ဆိုင်နိုင်

မည်ဖြစ်လေသည်။ သို့သော် ရှိခြင်းမရှိခြင်းဓားဝိညာဉ်က သူ့ကို ချုပ်နှောင်ထားသည်ကိုတော့ သူမည်သို့မျှ တွန်းလှန်နိုင်ခြင်းမရှိပါ။

ဆန်းလျန်၏သိုင်းကွက်မှာ သူ မျှော်လင့်ထားသည်ထက် ကျော်လွန်နေလေသည်။ ဓားတစ်လက်မှာ မည်သည့်နေရာသို့ပျောက်ကွယ်မှန်းမသိ လေထဲတွင်ပျောက်ကွယ်သွားပြီး သူနှင့်အနီးဆုံးတွင် မထင်မှတ်စွာ ပြန်ပေါ်လာမည်ဟု မည်သူမျှ တွေးထင်မိမည်မဟုတ်ပေ။

ရဲ့လျိုယွင် အကောင်းဆုံး တိုက်ခိုက်ခဲ့ပါသည်။ သို့သော်ဆန်းလျန်မှာ သူနားလည်နိုင်သည်ထက်ပိုပြီး စွမ်းရည်ထက်မြက်နေခြင်းဖြစ်လေသည်။

ရဲ့လျိုယွင်အသုံးပြုလိုက်သည့် လက်ဝါးရိုက်ချက်မှာ ဓားဝိညာဉ်ကို ကာကွယ်နိုင်စွမ်းမရှိသည့်အပြင် တန်ပြန်အားဖြင့်သူ့ကိုယ်သူ ပြန်ထိသွားရလေသည်။ ဓားဝိညာဉ်မှာ

သူ၏ခန္ဓာကိုယ်ဆီသို့ ထိုးစိုက်ရန် ဝင်ရောက်လာလေ

တော့သည်။

ကမန်းကတန်းနှင့် ဖြစ်သလို တိုက်ခိုက်လိုက်သည့် ရဲ့လျိုယွ

င်၏လက်ဝါးရိုက်ချက်မှာ အားသိပ်မပါလှပါ။

ရဲ့လျိုယွင်မှာ အတွင်းအားလျော့နည်းနေပြီဖြစ်လေသည်။

ဓားဝိညာဉ်မှာလည်း သူ၏နှလုံးသားနေရာသို့ တိုးဝင်လာလေ

သည်။

ထိုအချိန်မှာပင် လှစ်ခနဲတိုးဝင်လာသည့် လူရိပ်တစ်ရိပ်.....

ဓားဝိညာဉ်၏ဓားဦးသည် ထိုလူရိပ်ကို စိုက်ဝင်သွားလေသည်။

ဓားဝိညာဉ်မှာ အရှိန်ဖြင့် အရှေ့တည့်တည့်သို့

ထိုးစိုက်လိုက်သလို ရဲ့လျိုယွင်ကလည်း ဓားဝိညာဉ်ကို

လက်ဝါးရိုက်ချက်တစ်ခုဖြင့် ခုခံကာကွယ်လိုက်လေသည်။

ထိုသို့ လူနှစ်ယောက်၏ သိုင်းကွက်နှစ်ခုအလယ်သို့ဝင်

ရောက်လာသော ထိုလူရိပ်၏ သေးသွယ်သော ခန္ဓာကိုယ်လေး မှာ ရဲ့လျိုယွင်၏ ရင်ခွင်ထဲသို့ လဲကျသွားရလေသည်။

ထိုလူရိပ်၏ဆံပင်ရှည်များမှာ သွေးရန့်နှင့်အတူ ရဲ့လျိုယွင်၏မျက်နှာပေါ်တွင် လွင့်ဝဲကျသွားလေသည်။

ထိုလူရိပ်မှာ.....

ရှောင်းကျူဖြစ်လေသည်။

ရဲ့လျိုယွင်ကို ထိခိုက်မိတော့မည့် ဓားချက်ကို သူမက ဝင်ရောက်ကာကွယ်ပေးလိုက်ခြင်း ဖြစ်လေသည်။

အဘယ်ကြောင့် ထိုသို့ပြုမူမိသည်ကို ရှောင်းကျူကိုယ်တိုင်လည်း မသိပါ။ ရဲ့လျိုယွင်မှာ ဓားဝိညာဉ်ထိုးစိုက်လာသည့် သိုင်းကွက်ကို ရှောင်တိမ်းနိုင်စွမ်းမရှိဟု ရှောင်းကျူက ထင်လိုမိသောကြောင့် သူမက ရဲ့လျိုယွင်ကို ကာကွယ်ပေးရန် ပြေးဝင်လာခြင်းဖြစ်လေသည်။

ဆန်းလျန်အနေဖြင့် ခေတ်ပေါ်လောကနှင့်လက်ရှိသူရောက်ရှိ
နေသည့် လောကနှစ်ခုလုံးတွင် ပထမဆုံးအကြိမ် လူတစ်
ယောက်ကို သတ်မိခြင်းဖြစ်လေသည်။

ထိုသူမှာလည်း မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့လေသည်။

သို့သော် သူမကို အမှန်တကယ်ထိခိုက်စေသည်က ဆန်းလျ
န်၏စားဝိညာဉ်လား... ရဲ့လျိုယွင်၏ လက်ဝါးရိုက်ချက်ကြောင့်
လား ဆိုသည်ကတော့ ပြောရခက်လေသည်။

ထို့ပြင် လောလောဆယ်အခြေအနေတွင် ရှောင်းကျူမှာလည်း
သေဆုံးသွားခြင်းမရှိသေးပါ။

ရှောင်းကျူ ယခုကဲ့သို့ ရဲ့လျိုယွင်အစား ဝင်ခံပေးလိမ့်မည်ဟု
ဆန်းလျန်ကလည်း တွေးမထားမိပါ။

ရှောင်းကျူမှာ လူ့အသက်တစ်ချောင်းကို တန်ဖိုးမထားဘဲ
ရက်ဆက်တတ်သူမဟုတ်ပါလား။

ကွေးယွင်စန်းကျွမ်းမှ သခင်မလေးဖြစ်သည့်အလျှောက် သူမ
က မာနကြီးပြီး လုပ်ချင်ရာလုပ်တတ်သူဖြစ်လေသည်။ သူမ၏
အတ္တကြီးမှုကြောင့် ရွှမ်းဖုန်းအာမခံဌာနတစ်ဖွဲ့လုံးနှင့် အဖွဲ့
ခေါင်းဆောင်လီကျွမ်း အသက်သေဆုံးခဲ့ရခြင်းဖြစ်လေသည်။
ဆန်းလျန်က သူမကို ချစ်ခင်မိခြင်းမရှိပါ။ သို့သော် သူမကို
သေစေလိုသည့် ဆန္ဒလည်း မရှိပါ။

ထို့ပြင် သူက တမင်ရည်ရွယ်ပြီး သေစေလိုသည့်ဆန္ဒနှင့် လုပ်ခဲ့
ခြင်းမဟုတ်ပါ။

အမှန်တော့ ရဲ့လျိုယွင်ကို ထိုးစိုက်မည့် ဓားဝိညာဉ်ကို ရှောင်း
ကျူက ကိုယ်စားဝင်ခံလိမ့်မည်ဟု မည်သူမျှတွေးထင်ထားပါ
မည်နည်း။

လောကတွင် ရဲ့လျိုယွင်အတွက် အသက်ပေးချင်ကြသူ များ
စွာရှိလေသည်။

အနည်းဆုံးတော့ မင်ကျန်းတောင်မှအစေခံများဖြစ်ကြသည့်

ကျန်းရှီစန်းနှင့် ကျန်းရှီစစ်တို့ကဲ့သို့ ရဲ့လျိုယွင်အတွက်ဆိုလျှင်

အသက်စွန့်ချင်ကြသည့် လူပေါင်းများစွာရှိလေသည်။

သို့သော် ရဲ့လျိုယွင်အတွက် အသက်ပေးချင်စိတ်မရှိသူများကို

ပြောပါဆိုလျှင် ရှောင်းကျူမှာ ထိပ်ဆုံးစာရင်းတွင်ပါဝင်မည်

ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော ရှောင်းကျူလောက်

ရဲ့လျိုယွင်ကို မုန်းတီးနေသည့်သူ လောကတွင် မရှိ

သောကြောင့်ဖြစ်လေသည်။

ဆန်းလျန်မှာ များစွာအံ့ဩတုန်လှုပ်သွားရလေသည်။ သို့သော်

ရဲ့လျိုယွင်မှာတော့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်သွားရ

လေသည်။

သူက ဆန်းလျန်ကိုတိုက်ခိုက်ရန်ပင် သတိမရတော့။

သူ၏အတွင်းအားဖြင့်ထိန်းချုပ်ထားသည့် ပျံသန်းနေသည့်

အစိမ်းရောင်ဓားမှာ "မှန်သားပြင်ရေကန်" ထဲသို့ ပြုတ်ကျသွား

လေသည်။

သူ၏အဖိုးတန်ဓားကို ပြန်ရှာရန်လည်း ရဲ့လျိုယွင်၏ ခေါင်းထဲ

တွင်မရှိတော့ပေ။

ရှောင်းကျူမှာ အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်လေသည်။

ထို့ကြောင့် ချက်ချင်းတော့ သေမသွားခဲ့ပေ။

ရဲ့လျိုယွင်က ရှောင်းကျူကိုယ်ထဲသို့ အတွင်းအားထည့်သွင်း

ပေးရင်း သူမအသက်ဆက်နိုင်အောင် ကြိုးစားပေးနေလေ

သည်။

"တောင်းပန်ပါတယ်"

ရှောင်းကျူက ရဲ့လျိုယွင်ကိုတောင်းပန်စကားပြောရင်း ရဲ့လျို

ယွင်၏ရင်ခွင်ထဲသို့ လဲကျသွားလေသည်။

ရှောင်းကျူတောင်းပန်ရသည့်အကြောင်းအရင်းကို ရဲ့လျိုယွင်

တစ်ယောက်သာ နားလည်လေသည်။ လွန်ခဲ့သည့်နှစ်များ

အတွင်းတွင် ရှောင်းကျူမှာ ရဲ့လျိုယွင်ကို တောက်လျှောက်လိုက်ပြီး နှောင့်ယှက်နေခဲ့ခြင်းဖြစ်လေသည်။ ရဲ့လျိုယွင်မှာ သူမကြောင့် အသက်အန္တရာယ်ပင်ရင်ဆိုင်ရသည့်အခါများလည်း ရှိခဲ့လေသည်။

"စကားမပြောနဲ့၊ တောင်ပေါ်ကိုပြန်ကြမယ်၊ မင်ကျန်းတောင်မှာ ဆေးဝါးတွေအများကြီးရှိတယ်၊ မင်းကျိန်းသေနေပြန်ကောင်းလာမှာပါ"

ရဲ့လျိုယွင်မှာ ဝမ်းနည်းကြေကွဲသည့်စိတ်ကို ထိန်းထားရင်းတတ်နိုင်သမျှ တည်ငြိမ်အောင် ကြိုးစားနေလေသည်။

"ကျွန်မရဲ့ဒဏ်ရာဘယ်လောက်ပြင်းထန်တယ်ဆိုတာ ကျွန်မသိပါတယ်၊ တာ့လော်စန်ရှန်းတန်ခိုးရှင်တွေတောင် ကျွန်မကိုကယ်နိုင်မှာမဟုတ်တော့ဘူး၊ ကျွန်မပြောတာနားထောင်ပါနော်"

ရှောင်းကျူက ပြောရင်းမောလာလေသည်။

ဆန်းလျန်မှာ ရုတ်တရက်ဖြစ်သွားသည့်အခြေအနေကြောင့်

ဘာလုပ်ရမှန်းမသိဖြစ်နေလေသည်။

သူ့ဘက်ကမှားယွင်းခြင်းမရှိသည့်တိုင်အောင် သူ့အပြစ်မကင်း

ဟု ခံစားနေရလေသည်။

သူက ရဲ့လျိုယွင်ကို မနာလိုပင်ဖြစ်မိလေသည်။ မိန်းကလေး

တစ်ယောက်ကတောင် အသက်ပေးပြီး ချစ်နေသည် မဟုတ်ပါ

လား။

ရဲ့လျိုယွင်မှာ အမြဲတမ်းသတိရှိပြီး ဆင်ခြင်

ဉာဏ်ကောင်းသော လူငယ်တစ်ယောက်ဖြစ်လေသည်။

သူ၏ဆုံးဖြတ်ချက်များသည် အမြဲတမ်းတိကျပြတ်သားလေ

သည်။

သူကရှုံးနိမ့်ခဲ့မည်ဆိုလျှင်တောင် သူ၏ဆုံးဖြတ်ချက်အတွက်

နောင်တရတတ်သည့်သူမဟုတ်ပေ။

ရဲ့လျိုယွင် ချီတုံချတုံဖြစ်နေသည်ကိုကြည့်ကာ ရှောင်းကျူက တောက်ပစွာပြုံးလိုက်လေသည်။

"ခုအချိန်ခဏလေးမှာ ရှင် ကျွန်မကိုဘယ်လောက်တောင်ချစ်လဲဆိုတာ သိရပါပြီ ၊ ရှင်ကျွန်မကို လက်ထပ်ချင်တယ်ဆိုတာ စေ့စပ်ထားတဲ့ကိစ္စတစ်ခုတည်းကြောင့် မဟုတ်ဘူးဘဲ ၊ ကျွန်မက သိပ်ပြီးမိုက်မဲတာပဲ"

ရှောင်းကျူက ပြောလိုက်လေသည်။

စေ့စပ်ကြောင်းလမ်းခဲ့သည့်ကိစ္စကြောင့် ရဲ့လျိုယွင်ကဲ့သို့ မသန်စွမ်းတစ်ယောက်ကို လက်ထပ်ရမည်ကို ရှောင်းကျူ လွန်စွာမှ မကျေမနပ်ဖြစ်ခဲ့ရလေသည်။

ထို့ပြင် ရဲ့လျိုယွက်အနေဖြင့် စေ့စပ်ပွဲကြောင့် သူမကို လက်ထပ်ရခြင်းမျိုးမဟုတ်ဘဲ သူမကိုချစ်သောကြောင့်သာ လက်ထပ်ခြင်းမျိုး ဖြစ်စေချင်ခဲ့လေသည်။

ရဲ့လျိုယွင်မှာ သူမကို ဘယ်တုန်းကမှ စိတ်မပျက်ခဲ့ပါ။ ဤနှစ်များအတွင်းတွင် ရဲ့လျိုယွင်မှာ မည်သို့သောလူစားမျိုးဖြစ်ကြောင်းကိုလည်း သူမသိလာရလေသည်။

ဆန်းလျန်မှာ ချစ်သူနှစ်ယောက်စကားပြောနေသည်ကို မနှောင့်ရှက်လိုပါ။ ထို့ကြောင့် ကူဟော့ဆရာတော်၏ဘေးတွင်သွားရပ်နေလိုက်လေသည်။

သူက ချင်းရွှမ်နတ်တံခါးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရဲ့လျိုယွင်ကို မမေးတော့ဖို့ ဆုံးဖြတ်လိုက်လေသည်။ သူ့ကိုကူညီနိုင်မည် အခြားနည်းလမ်းကိုသာ ထပ်မံရှာဖွေရန် ဆုံးဖြတ်လိုက်လေသည်။ သူကမမှားသည့်တိုင်အောင် သူ၏အပြစ်မကင်းသလိုခံစားနေရသောကြောင့် ထိုသို့ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

ဤသည်မှာ လူ့လောက၏မာယာပင်ဖြစ်လေသည်။

တစ်ခါတစ်ရံတွင် အမှန်နှင့်အမှား ၊ အဖြူနှင့်အမဲ မကွဲပြား

သည့် ကိစ္စများမှာ များစွာရှိတတ်လေသည်။

ဆန်းလျန်မှာ မည်သည့်အခါမှ အရှုံးပေးမည့်သူတော့မဟုတ်

ပေ။ အထူးသဖြင့် နတ်ဘုရားကျင့်စဉ်လမ်းကို ရှာဖွေတွေ့ရှိရန်

အတွက် သူလုံးဝအရှုံးပေးမည် မဟုတ်ပေ။

....

အရှ့လေတိုက်ခတ်လာလေပြီ....

စမ်းချောင်းလေးများစီးဆင်းလာပြီး ပန်းများလည်း ပွင့်လန်း

လာပြီဖြစ်လေသည်။

ထိုနေ့...

ယှဉ်ပြိုင်ပွဲနေ့တွင် ရှောင်းကျူမှာ သေဆုံးသွားခဲ့ရလေသည်။

သူမကို ချယ်ရီပန်းပင်ကြီးတစ်ပင်၏အောက်တွင် မြှုပ်နှံထား

လေသည်။ သူမ၏ဝိညာဉ်မှာ ချယ်ရီပန်းများနှင့်အတူ ပျော်မွေ့

နေတော့မည်ဖြစ်လေသည်။

မင်ကျန်းတောင်မှ အဆင့်မြင့်ဆေးဝါးများကပင် သူမအသက်ကို တစ်ရက်ပိုရှည်အောင် ကုသမပေးနိုင်ခဲ့ပါ။

ရဲ့လျိုယွင်မှာ မည်သူနှင့်မျှ စကားမပြောတော့ပါ။ ဆန်းလျန်ကိုလည်း လက်စားချေလိုစိတ်မရှိတော့ပါ။

သူက ရှောင်းကျူ၏အုတ်ဂူနံဘေးတွင် အိမ်လေးတစ်လုံး ဆောက်ကာ နေထိုင်လေသည်။

ဆန်းလျန်က ရဲ့လျိုယွင်၏ဖခင်ဖြစ်သူ မင်ကျန်းတောင်သခင်ကြီးနှင့် တွေ့ဆုံခွင့်ရခဲ့လေသည်။

မင်ကျန်းတောင်သခင်ကြီးမှာ ထူးခြားသူတစ်ဦးဖြစ်လေသည်။ နားသယ်စပ်များမှာ ဖြူဖွေးနေပြီဖြစ်သည့်တိုင် ကျန်းမာသည့်ဟန်တော့ရှိလေသည်။

သူ၏မျက်လုံးများက ထူးခြားလေသည်။ ထိုမျက်လုံးများက လောကအကြောင်းကိုကောင်းစွာနားလည်ထားပြီး လူ့ဘဝဆိုသည်မှာ ရေပွက်ပမာ တစ်ခဏချင်းတွင်ပင် ဖြစ်တတ် ၊

ပျက်တတ်သည့် သဘောတရားများအားလုံးကို နားလည်

လက်ခံထားပုံရလေသည်။

ရဲ့သခင်ကြီးဝတ်ဆင်ထားသည့်အဝတ်အစားများမှာ သာမန်မျှ

သာဖြစ်လေသည်။ သူ့ကိုလမ်းပေါ်တွင်သာ အမှတ်မထင်တွေ့

လျှင် စာပေသမားအဘိုးအိုတစ်ယောက်ဟုပင် ထင်မှတ်မိကြ

မှာဖြစ်လေသည်။

သူ၏အမည်ရင်းမှာ ရဲ့ချိုးဖုန်းဖြစ်လေသည်။

နာမည်၏အဓိပ္ပါယ်မှာ ဆောင်းဦးသစ်ရွက်ဟု အဓိပ္ပါယ်ရလေ

သည်။

"ရဲ့သခင်ကြီး... အစ်ကိုလျိုယွင် ဘယ်လိုနေသေးလဲ"

"သူ အဆင်ပြေပါတယ်... အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး ကိုယ့်ကို

ကိုယ်အပြစ်တင်မနေနဲ့တော့ ၊ အဲဒီနေ့က အဖြစ်အပျက်တွေ

အားလုံးကို ကူဟွေ့ဆရာတော် ပြောပြပြီးပါပြီ"

ဘာပြန်ပြောရမှန်းမသိသည့် အတွက် ဆန်းလျန် ငြိမ်သက်၍နေလိုက်လေသည်။

သူ့ကိုယ်သူ အပြစ်မတင်ဘဲ မည်သို့နေနိုင်မည်နည်း။ သို့သော် ထိုနေ့က အဖြစ်အပျက်များကို အစမှ ပြန်ပြီး စတင်နိုင်မည်ဆိုလျှင်တောင် အဆုံးသတ်ရလဒ်ကတော့ အတူတူပင် ဖြစ်ပေလိမ့်မည်။ အရာရာက ကံစီမံရာအတိုင်း ဖြစ်လေသည်။

"လျိုယွင်က မင်းကို ပစ္စည်းတစ်ခုပေးခိုင်းလိုက်တယ်၊ ဒါကြောင့် ကျုပ် မင်းကို တွေ့ချင်နေတာ"

ဆန်းလျန်၏ ဘေးကြပ်နံကြပ်ဖြစ်နေပုံကို သခင်ကြီးရဲ့ချိုးဖုန်းက သတိထားမိပုံရလေသည်။

ရဲ့လျိုယွင်ပေးလိုက်သည့် ပစ္စည်းမှာ စာတစ်စောင်ဖြစ်လေသည်။ ထိုစာထဲတွင် ချင်းရွှမ်နတ်တံခါးသို့ ဝင်ခွင့်ရအောင် မည်သို့ပြင်ဆင်ရမည်ကို အသေးစိတ်တိကျစွာ ရေးသားပေးထားလေသည်။

ရဲ့လျိုယွင်မှာ အလွန်ညဏ်ထက်မြက်သူတစ်ယောက်ဖြစ်လေ
သည်။ ဆန်းလျန်က ထုတ်မပြောသည့်တိုင် သူက ဆန်းလျန်
ဖြစ်ချင်နေသည့် ရည်ရွယ်ချက်ကို ကောင်းစွာနားလည်
သဘောပေါက်လေသည်။

ထိုစာကိုဖတ်ပြီးသည်နှင့် ထူးဆန်းသည့်ခံစားချက်များ ဆန်း
လျန်၏ ရင်ထဲတွင် တလိမ့်လိမ့်တက်လာလေသည်။
သူယှဉ်ပြိုင်ပွဲတွင် အနိုင်ရခဲ့ပါသည်။ သို့သော် တစ်ချိန်တည်း
မှာပင် သူရှုံးနိမ့်ခဲ့လေသည်။

ထိုစာကို ကြည့်ချင်းအားဖြင့် ရဲ့လျိုယွင်မှာ ယူကျုံးမရ အရှုံးမီး
ဝိုင်း ကြေကွဲခံစားနေသည့်သူတစ်ယောက်မဟုတ်သည်ကို
သက်သေပြနေလေသည်။ သူက မင်ကျန်းတောင်မှ တည်ငြိမ်
သည့် သခင်လေးတစ်ပါး ဖြစ်နေဆဲပင်မဟုတ်ပါလား။
ဆန်းလျန်က ရဲ့လျိုယွင်ကို သွားရောက်နှုတ်ဆက်ခြင်း မ
ပြုလုပ်တော့ဘဲ မင်ကျန်းတောင်မှ ထွက်ခွာလာခဲ့လေသည်။

အနာဂတ်တစ်ချိန်ချိန်တွင် သူတို့ ပြန်လည်တွေ့ဆုံကြဦးမည်ဟု သူယုံကြည်ထားသည်။

မည်သူသိနိုင်မှာလဲ.....

သူတို့တွေ ပြန်လည်ဆုံတွေ့သည့်အချိန်တွင် ရန်သူတွေလည်း ဖြစ်ကောင်းဖြစ်နေနိုင်မည်။

သို့မဟုတ်....

အတိတ်ရန်ငြိုးများကို သင်ပုန်းချေပြီး အပြုံးဖြင့်လည်း နှုတ်ဆက်ချင် နှုတ်ဆက်နိုင်ကြမည်ဖြစ်လေသည်။

အခန်း (၆၂)

ခုနစ်လပိုင်းဆယ့်ငါးရက်

သဘော်သားတစ်ယောက်က ယင်ကျိုးနယ်အကြောင်းကို ပြောပြဖူးလေသည်။ မြူခိုးများ ထူထပ်နေသည့် ပင်လယ်ပြင်ထဲတွင်တည်ရှိသည့် ကျွန်းတစ်ကျွန်းအကြောင်းဖြစ်လေသည်။ သို့သော် လက်ရှိဆန်းလျန်ရောက်ရှိနေသည့်လောကတွင် ပင်လယ်တစ်ဖက်ကမ်း၌ ယင်ကျိုးနယ်ဟူ၍မရှိပေ။ သို့သော် ချင်းရှမ်နတ်တံခါးတော့ တည်ရှိလေသည်။

ဆန်းလျန်မှာ ပင်လယ်ပြင်ကို ဖြတ်ပြီးခရီးထွက်လာခြင်းဖြစ်လေသည်။

တာ့ဝေ့တိုင်းပြည်နှင့် မိုင်ထောင်ပေါင်းများစွာဝေးကွာသော အရပ်သို့ရောက်ရှိနေပြီဖြစ်လေသည်။

ရဲ့လျိုယွင်သာ ပင်လယ်လမ်းပြမြေပုံနှင့် ပင်လယ်အကြောင်းကျွမ်းကျင်သည့် သဘော်သားတစ်ယောက်ထည့်ပေးလိုက်ခြင်း

မရှိလျှင် ဆန်းလျန်အနေဖြင့် ချင်းရှမ်နတ်တံခါးသို့ရောက်ရန်

လွယ်ကူမည်မဟုတ်ပေ။

ကြိုတင်ပြင်ဆင်မှုများလုပ်လာသည့်တိုင်အောင် ချင်းရှမ်နတ်

တံခါးကိုရောက်ရန်အတွက် အခက်အခဲပေါင်းများစွာကို

ရင်ဆိုင်ရလေသည်။

လွန်စွာမှပင် သွားရလာရခက်ခဲသည့်ဒေသဖြစ်သောကြောင့် ချ

င်းရှမ်နတ်တံခါးသို့ အမှတ်မထင်ရောက်ရှိသွားသူသာ ရှိခဲ့ပါက

ထိုသူမှာ အလွန်ကံကောင်းသည့်သူပင်ဖြစ်လေသည်။

ထို့ပြင် ချင်းရှမ်နတ်တံခါးသို့ဝင်ခွင့်ရရန်မှာ လူပေါင်းတစ်

သောင်းတွင် တစ်ယောက်ပင် ရရှိဖို့ရန်မလွယ်ကူသည့်

အခွင့်အရေးဖြစ်သည်ဟု ရဲ့လျိုယွင်၏စာထဲတွင် ဖော်ပြထား

လေသည်။

ကမ္ဘာလောကကြီးက ကျယ်ပြန့်လွန်းပြီး တာ့ဝေ့တိုင်းပြည်မှာ
ထိုကမ္ဘာလောကကြီး၏ သေးငယ်လှသည့်အစိတ်အပိုင်းလေး
တစ်ခုမျှသာဖြစ်လေသည်။
နတ်ဘုရားတို့၏ကျင့်စဉ်လမ်းမှာ သမိုင်းရှည်ကြီးတစ်ခုဖြစ်
လေသည်။ နတ်ဘုရားကျင့်စဉ်လမ်းလိုက်ရန်အတွက်
နည်းဥပဒေနှင့်လိုအပ်ချက်များကို မျိုးဆက်အလိုက်
လက်ဆင့်ကမ်းခဲ့ကြလေသည်။
ရဲ့လျိုယွင်၏စာထဲတွင်ဖော်ပြထားသည်မှာ လောကတွင် ချင်း
ရှမ်နတ်တံခါးအပြင် အခြားသောနတ်ဘုရားကျောင်းတော်
ပေါင်း မြောက်မြားစွာရှိသေးသည်။ သို့သော် ချင်းရှမ်နတ်
တံခါးကဲ့သို့ အထင်ကရဖြစ်သည့် ကျောင်းတော်ကတော့ လူသူ
မနီးသည့်နေရာတွင် တည်ရှိတတ်သည်ဟူ၍ ဖြစ်လေသည်။
တောင်ပင်လယ်ဖေးရှန်းနတ်ဘုရားကျွန်းစွယ်ကဲ့သို့သောနတ်
ဘုရားကျောင်းတော်များကတော့ သီးသန့်နေထိုင်တတ်ကြပြီး

သူတို့၏လမ်းစဉ်ကို ကျင့်ကြံနိုင်ရန်အတွက် နှစ်ထောင်ပေါင်းများစွာအတွင်း အပြင်မှလူတစ်ယောက်ကိုပင် တပည့်အဖြစ်လက်မခံခဲ့ပေ။ ကိုယ်နှင့်သက်ဆိုင်သည့် အနွယ်တော်များထဲမှသာ ကျင့်စဉ်လမ်းကို ဆက်ခံရန် ခေါ်ယူတတ်ကြလေသည်။ နတ်ဘုရားကျောင်းတော်အများစုမှာ တစ်နည်းမဟုတ်တစ်နည်း ချင်းရွှမ်နတ်တံခါးနှင့်ဆက်နွယ်နေကြသည်ချည်းပင်ဖြစ်လေသည်။ အချို့ဆိုလျှင် ချင်းရွှမ်နတ်တံခါးတွင် တပည့်ဖြစ်ခဲ့ဖူးသူများဖြစ်လေသည်။ တာအိုကျင့်စဉ်ကျင့်ကြံရင်း မအောင်မြင်သည့်သူများသည် ချင်းရွှမ်မှ ထွက်ခွာလာပြီး နတ်ဘုရားကျောင်းတော် တည်ထောင်ကြလေသည်။ သို့သော် ချင်းရွှမ်နတ်တံခါးကတော့ ထိုသို့သောအပြင်လူများကို အသိအမှတ်ပြုခြင်းမရှိပေ။

သို့သော် ထိုကဲ့သို့သောသူများ၏အနွယ်တော်များက အခြားသူများထက် ချင်းရှမ်နတ်တံခါးကို မည်သို့ဝင်ရမည်ကို သိရှိလေသည်။

ကွေးယွင်စန်းကျွမ်းမှာ တောင်ပင်လယ်ဖေးရှန်းနတ်ဘုရားကျွန်းဆွယ်၏အနွယ်တော်ဖြစ်သလို မင်ကျန်းတောင်မှာလည်းအခြားသောနတ်ဘုရားကျောင်းတော်တစ်ခု၏အနွယ်တော်ဖြစ်လေသည်။

ထိုနတ်ဘုရားကျောင်းတော်များမှာ လောကလူသားများနှင့်သီးသန့်ခွဲထွက်ရပ်တည်နေကြပြီး သူတို့၏တပည့်များမှာ လင်ချုန်းရှောင်ကဲ့သို့ အဆင့်အတန်းရှိသူများဖြစ်လေသည်။

ကျင့်စဉ်လမ်းတစ်ခု (သို့မဟုတ်) နှစ်ခုကို ကျင့်ကြံအောင်မြင်ထားသည့်သူများဖြစ်လေသည်။ သူတို့က သိုင်းလောကရှိသာမန်ဂိုဏ်းများထက် အဆင့်မြင့်ကျင့်စဉ်များလေ့ကျင့်ထားသည့်သူများကို သဘောကျလေသည်။ ထိုသို့ လူ့လောကတွင်

ကျင့်ကြံသူလမ်းစဉ်ကိုလိုက်နေသည့်သူတို့ကို လူသားတစ်ဝက်၊ နတ်ဘုရားတစ်ဝက်ဟု ခေါ်ဆို၍ရလေသည်။

ထိုသို့သော ကျင့်စဉ်လမ်းကို ကျင့်ကြံဖူးသူများက သာမန်လူများထက်ပိုပြီး ချင်းရှမ်နတ်တံခါးကို ဝင်ခွင့်ရရန် နီးစပ်လေသည်။

"ချန်ဆန်းတံခါးဝမှာ ဘဝမကူးနိုင်တဲ့သူတွေတစ်ပုံကြီးပဲ" ဟူသည့် စကားအတိုင်းပင် သဂြိုလ်ပေးမည့်သူမရှိဘဲ ဖြစ်သလိုသေဆုံးခဲ့ကြရသည့်ဝိညာဉ်များမှာ မကျွတ်မလွတ်နိုင်ဖြစ်နေကြလေသည်။ ထို့အတူ ကျင့်ကြံသူလမ်းစဉ်တွင် ချင်းရှမ်နတ်တံခါးကို ဝင်ရောက်နိုင်ရန်ကြိုးစားနေသည့်သူတွေများစွာရှိကြလေသည်။

ဆန်းလျန်ရောက်လာသည့်နေရာမှာ ကြီးမားလွန်းသည့် ကျွန်းကြီးတစ်ကျွန်းဖြစ်လေသည်။ ကျွန်းပေါ်တွင် တောင်ကြီးတစ်

တောင်ရှိနေပြီး ရောင်စုံတိမ်တိုက်များက တောင်ကြီးကို ဝန်းရံ

ထားလေသည်။

ဆန်းလျန်က သူ့ကိုယ်ထဲတွင်စီးဆင်းနေသည့်အတွင်းအားနှင့်

သွေးလည်ပတ်မှုကိုဆင်ခြင်လိုက်ပြီး ခုနစ်လပိုင်းသို့ရောက်ရှိ

နေပြီဖြစ်ကြောင်း ခန့်မှန်းလိုက်မိလေသည်။ ဝံပုလွေနတ်ဘုရား

အဘိုးအို ရှင်းချိပင်းကျိရှောင်အန်းပြောလိုက်သည့်အတိုင်းဆို

လျှင် ကိုးလပိုင်းကိုးရက်နေ့တွင် ချင်းရွှမ်နတ်တံခါးဖွင့်မည်

ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်မှာ နှစ်လမျှ စောပြီးရောက်နေခြင်းဖြစ်

လေသည်။

ဆန်းလျန်က လှေကြီးပေါ်မှ လှေသေးသေးလေးဖြင့်ခွဲထွက်ပြီး

ချင်းရွှမ်သို့ ခရီးဆက်လာခဲ့ခြင်းဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် လှေကြီးမှာ ကျွန်းစွယ်အတွင်းသို့ဝင်

လို့မရသည့်အပြင် လှေထိုးသမားကိုလည်း ချင်းရွှ
မ်၏တည်နေရာကို မသိစေချင်သောကြောင့်ဖြစ်လေသည်။
သူက ကျွန်းပေါ်သို့ရောက်သည်နှင့် ပတ်ဝန်းကျင်ကို တစ်ချက်
အကဲခတ်လိုက်သည်။ ရှုမျှော်ခင်းများမှာ လင်ချုန်းရှောင်ပြော
ပြခဲ့သည့်အကြောင်းအရာနှင့်ကိုက်ညီသလို ရဲ့လျိုယွင်
ပေးလိုက်သည့် မြေပုံနှင့်လည်း ကိုက်ညီလေသည်။
ဆန်းလျန်က သူရောက်ရှိလာသည့်နေရာမှာ မှန်ကန်သည်ဟု
ယုံကြည်လိုက်လေသည်။
သူရောက်ရှိသည့်အချိန်က အနည်းငယ်စောနေသည့်အတွက်
ချင်းရွှမ်နတ်တံခါးကို တွေ့ခွင့်ရမည်မဟုတ်သေးဟု တွေးထင်
ထားလေသည်။
သူ့ရှေ့တွင် မြစ်တစ်စင်းကိုတွေ့ရလေသည်။ မြင်းကမ်းနံဘေး
တွင် မြက်ပင်လေးများပေါက်ရောက်နေကြလေသည်။

ထူးဆန်းသည်မှာ ငှက်များ၏အော်သံနှင့် ပိုးကောင်မွှားကောင်များ၏ အော်မြည်သံများ မကြားရခြင်းပင်ဖြစ်လေသည်။ လေတိုက်သည့်အသံ ၊ မြက်ပင်လေးများယိမ်းနွဲ့သည့်အသံနှင့် စီးဆင်းနေသည့်မြစ်ရေပြင်၏ အသံကလွဲ၍ မည်သည့်အသံကိုမျှ ဆန်းလျန်မကြားရပေ။

နေကအလွန်ပူပြင်းသောကြောင့် အတွင်းအားပြည့်ဝသည့် အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်သည့်တိုင် ဆန်းလျန်မှာ ပင်ပန်းနွမ်းနယ်လာသလို ခံစားနေရလေသည်။

သူက သတိရှိသူတစ်ယောက်ဖြစ်သည့်အတွက် မြစ်ထဲတွင် ရေချိုးခြင်းကို မပြုလုပ်ပါ။ ရဲ့လျိုယွင်၏စာထဲတွင် တောင်ခြေတွင် မြို့လေးတစ်မြို့ရှိပြီး ထိုမြို့လေးမှာ ချင်းရွှမ်နတ်တံခါးသို့ဝင်သည့် တံခါးပေါက်ဖြစ်သည်ဟု ရေးသားထားလေသည်။ မြို့လေးဆုံးသွားသည်နှင့် လမ်းတစ်ခုရှိပြီး ထို

လမ်းက ချင်းရှမ်သို့ဝင်သည့် တံခါးဝပင်ဖြစ်လေသည်။ ထို

လမ်းကို "ဝမ့်ရှင်း" လမ်းဟုခေါ်လေသည်။

ထိုလမ်းကို နတ်ဘုရားများက တန်ခိုးဖြင့်ဖန်ဆင်းထားခြင်းဖြစ်

လေသည်။ ထိုလမ်းမှာ ချင်းရှမ်နတ်တံခါးသို့ဝင်ရန်အတွက်

အရည်အချင်းစစ်သည့်လမ်းပင်ဖြစ်လေသည်။

"လူတစ်ယောက်၏အပြုအမူကို မကြည့်မီ ၊ ထိုသူ၏နှလုံးသား

ကို ကြည့်ရမည်ဖြစ်လေသည်။"

ချင်းရှမ်နတ်တံခါးလူရွေးပွဲအတွက် နှစ်လအချိန်ရသေးသည်။

ထို့ကြောင့်ဆန်းလျန်မှာ တောင်ခြေရှိမြို့လေးတွင် နေထိုင်ရန်

ဆုံးဖြတ်လိုက်လေသည်။

ဆန်းလျန်မှာ စိတ်ပူခြင်း လုံးဝမဖြစ်မိပါ။

တောင်ခြေမြို့လေးမှာ တောင်ဘက်ပိုင်းတွင်ရှိလေသည်။

မြစ်ကြောင်းအတိုင်း ဆန်တက်သသွားလျှင် ရွာသားများ

နေထိုင်သည့်မြို့လေးကိုတွေ့ရမည်ဖြစ်လေသည်။

မြစ်မှာနက်ရှိုင်းပြီး ရေထဲသို့ထိုးဖောက်ကြည့်၍မရပေ။ သို့သော် ခေတ်ပေါ်ကမ္ဘာမှ မြစ်ရေများကဲ့သို့ ညစ်ပတ်နေခြင်းမျိုးလည်းမဟုတ်ပါ။

ဆန်းလျန်မှာ မြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့လေသည်။ သူက သုံးရက်ခန့် လမ်းလျှောက်လာခဲ့လေသည်။ ဆန်းလျန်က စားစရာနှင့်ရေများကို သယ်ဆောင်လာလေသည်။ သူကဲ့သို့ ကျင့်စဉ်လမ်းအဆင့်တစ်ခုသို့ ရောက်ရှိနေသည့်လူများမှာ အစားအသောက်များစွာစားရန်မလိုပေ။ သူက ပတ်ဝန်းကျင်မှ အစားအသောက်များကိုတော့ စားသောက်ခြင်းမပြုမိအောင် သတိထားကာ ရှောင်ကြဉ်လေသည်။

ဆန်းလျန်က နေ့ဘက်တွင်ခရီးဆက်ပြီး ညဘက်တွင် စိတ်ဝိညာဉ်ငြိမ်းအေးခြင်း ကျဥ့်စဉ်ကို ကျင့်ကြံလေသည်။ ယခုအချိန်ထိ သစ်ပင်များမှလွဲပြီး အခြားသောသက်ရှိဟူ၍ မတွေ့ရပေ။

မြစ်လေးက တိတ်ဆိတ်စွာစီးဆင်းနေလေသည်။

နံနက်ခင်းတစ်ခုတွင်တော့ သက်ရှိသတ္တဝါတစ်ဦးကို ဆန်းလျှန် တွေ့လိုက်ရလေသည်။ ပိုပြီးတိတိကျကျပြောရလျှင် လူသား တစ်ဦးကို တွေ့လိုက်ရလေသည်။

မြစ်ကမ်းအခြားဘက်တွင် မိန်းကလေးတစ်ယောက် ငြိမ်သက် စွာမတ်တပ်ရပ်နေလေသည်။

သူမက ခရမ်းရောင်အဝတ်အစားများကိုဝတ်ဆင်ထားပြီး ထို အဝတ်အစားများမှာ သူမ၏ခန္ဓာကိုယ်ကို ပေါ်လွင်စေလေ သည်။

သူမမှာ လွန်စွာမှလှပသူတစ်ယောက်ဖြစ်သည်ကိုတော့ မငြင်း နိုင်ပါ။

လေကတိုက်ခတ်သည့်အခါ သူမ၏ခါးတွင်ချည်နှောင်ထား သည့် ခရမ်းရောင်ခေါင်းလောင်းလေးများမှ ခေါင်းလောင်း မြည်သံများထွက်နေလေသည်။ ခေါင်းလောင်းလေးများမှာ

လေတိုက်ခတ်သည်နှင့် လှုပ်ရှားသွားပြီး အသံမြည်နေကြခြင်း ဖြစ်လေသည်။

လူတစ်ယောက်ကိုတွေ့ရသည့်အတွက် ဆန်းလျန်မှာ စိတ် လှုပ်ရှားသွားလေသည်။

သူက သူမကို နှုတ်ဆက်ရန် ကြိုးစားလိုက်လေသည်။ သို့သော် မိန်းကလေးက သူ့ကိုတစ်ချက်စိုက်ကြည့်ပြီး ပျောက်ကွယ် သွားလေသည်။

ခေါင်းလောင်းသံလေးများကတော့ လေထဲတွင် ပျံ့လွင့်နေဆဲ ဖြစ်လေသည်။

လူတစ်ယောက်ကိုတွေ့ပြီဆိုမှတော့ ဤနေရာမှာ လူသူမရှိသည့် နေရာမဟုတ်ဟု ဆန်းလျန်ယူဆလိုက်လေသည်။ ရှေ့ဆက် သွားရင်း နောက်ထပ်လူတစ်ယောက်ကို တွေ့ကောင်းတွေ့နိုင်ဦး မည်ဖြစ်လေသည်။

သိပ်မကြာခင်မှာပင် ဆန်းလျန် နောက်ထပ်လူတစ်ယောက်ကို တွေ့ခဲ့လေသည်။

ညသန်းခေါင်ယံအချိန်....

လပြည့်နီးသောကြောင့် လမင်းက ထိန်ထိန်သာနေလေသည်။

ကြယ်စင်များက တောက်ပနေပြီး လမင်းက ကောင်းကင်ထက်တွင် ဖြည်းဖြည်းချင်းရွေ့လျားနေသည်။

ဆန်းလျန်က ကျောက်ဆောင်တစ်ခုပေါ်တွင် တင်ပျဉ်ခွေထိုင်နေလေသည်။ ထုံးစံအတိုင်း နံနက်နေထွက်လာမည့်အချိန်ကို စောင့်မျှော်နေခြင်းဖြစ်လေသည်။

ထိုအချိန်...

မြစ်တွင်း၌မြူများအုံ့ဆိုင်းလာလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း လရောင်ကဖြာကျနေလေသည်။

ဆန်းလျန်နှင့် ပေသုံးရာခန့်အကွာတွင် အလင်းတန်းတစ်ခုထွက်ပေါ်လာလေသည်။ ထိုအလင်းတန်းမှာ လရောင်နှင့် မြစ်ရေပေါင်းစပ်ပြီး မြူခိုးများဝေနေလေသည်။

ခုနစ်လပိုင်းဆယ့်ငါးရက်နေ့ရောက်နေပြီဟု ဆန်းလျန်ခန့်မှန်းကြည့်လိုက်လေသည်။

ထိုနေ့က တစ္ဆေကြီးပွဲတော်နေ့ဖြစ်လေသည်။

ဆန်းလျန်မြင်တွေ့ရသည့်အလင်းရောင်မှာ မီးအိမ်တစ်ခုမှထွက်ပေါ်လာသည့်အလင်းရောင်ဖြစ်လေသည်။ ထိုမီးအိမ်ကိုလှေတစ်ခုတွင် ချိတ်ဆွဲထားခြင်းဖြစ်လေသည်။

လှေမှာအဖြူရောင်ဖြစ်ပြီး လှေပေါ်တွင် အဖြူရောင်ဝတ်ဆင်ထားသည့် လူတစ်ယောက် မတ်တပ်ရပ်နေလေသည်။ မြူခိုးများဝေနေပြီး အလင်းရောင်ကလည်း မှိန်ဖျော့နေသည့်အတွက်ကြောင့် ထိုသူကို ရှင်းလင်းစွာမမြင်ရပေ။

အဖြူရောင်ဝတ်ဆင်ထားသည့်သူမှာ မီးအိမ်တစ်လုံးကိုကိုင်ထားလေသည်။ အသုဘအခမ်းအနားများတွင် ဝိညာဉ်မီးအိမ်ကိုကိုင်ထားသည်နှင့်ဆင်တူလေသည်။

မြစ်ရေက ဖြည်းညင်းစွာစီးဆင်းနေလေသည်။ မြစ်ထဲမှအဖြူရောင်လှေမှာ လှော်တက်ဖြင့်လှော်ခတ်ခြင်းမရှိဘဲ မြစ်ရေစီးကြောင်းအတိုင်း လိုက်ပါသွားလေသည်။

တစ်စုံတစ်ယောက်၏ငိုသံ ၊ သို့မဟုတ် သီချင်းဆိုသံကဲ့သို့သော အသံကို ဆန်းလျန်ကြားလိုက်ရလေသည်။

အသုဘ ဧယဉ်ကျူးနေသည့် သီချင်းသံဖြစ်လေသည်။ ဆန်းလျန်မှာ ကြက်သီးများပင် ထလာလေသည်။

ငှက်အော်သံများ ၊ ပိုးမွှားကောင်လေးများ၏အော်ဟစ်သံများပင်မကြားရဘဲ တိတ်ဆိတ်လွန်းသည့်ညတစ်ညတွင် အသုဘသီချင်းဆိုသံကြားလိုက်ရခြင်းမှာ တော်ရုံစိတ်မခိုင်သည့်သူဆိုလျှင် သတိလစ်သွားမည်ဖြစ်လေသည်။

သို့သော် ဆန်းလျန်က သတိလစ်သွားခြင်းမရှိပါ။ သီချင်းသံမှာ တန်ခိုးနှင့်ပြည့်ဝနေသည်ဟု ခံထားရပြီး ဆန်းလျန်၏ ရုပ်ခန္ဓာမှာ လင်းလက်သွားသလိုခံစားလိုက်ရလေသည်။

ဆန်းလျန်သူ့ကိုယ်သူပြန်ပြီးမြင်တွေ့နေရလေသည်။

အတင်းလုပ်ယူခြင်းမဟုတ်ဘဲ ပထမဆုံးအကြိမ် အလိုအလျောက် ဝိညာဉ်လွှင့်မိခြင်းဖြစ်လေသည်။

အဖြူရောင်ဝတ်လူက မီးအိမ်လေးကို ဝှေ့ယမ်းလိုက်သည်နှင့် မြစ်ကမ်းတစ်လျှောက်မှ အလင်းရောင်ဘောလုံးများထွက်ပေါ်လာပြီး အဖြူရောင်လှေဆီသို့ဦးတည်ပြီး သွားနေကြလေတော့သည်။

မြစ်ကြောင်းတစ်လျှောက်အတွင် သက်ရှိသတ္တဝါများကို အဘယ်ကြောင့်မတွေ့ရသည်ကို ဆန်းလျန်သဘောပေါက်သွားလေသည်။

အဘယ်ကြောင့်ဆိုသော သတ္တဝါတိုင်း၏ဝိညာဉ်များကို မီးအိမ်ကိုင်ထားသည့်အဖြူရောင်ဝတ်လူက ဆင့်ခေါ်သွားသောကြောင့်ဖြစ်လေသည်။

တောက်ပနေသည့်အလင်းရောင် ဘောလုံးများမှာ မြစ်ကမ်းတစ်လျှောက်တွင် လောလောဆယ်အသက်ရှင်နေသည့် သတ္တဝါများ၏ ဝိညာဉ်များပင်ဖြစ်လေသည်။

ထိုသို့ဖြစ်ပျက်နေသည်ကို သူအရင်က လုံးဝသတိထားမိခြင်းမရှိပေ။

အခန်း (၆၃)

ပထမဆုံးတွေ့ဆုံခွင့်

ထိုအဖြူရောင်ဝတ်လူနှင့် ဝိညာဉ်များဆင့်ခေါ် ခြင်းကြောင့်

ဆန်းလျန်မှာ စိတ်အနှောင့်အယှက်ဖြစ်သွားခြင်းမရှိပါ။

သို့သော် ပြဿနာမှာ အဖြူရောင်မီးအိမ်က သူ၏ဝိညာဉ်ကို

လည်း ဆင့်ခေါ်နေခြင်းပင်ဖြစ်လေသည်။

သူ၏ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ်တို့၏ဆက်နွယ်မှုမှာ

တဖြည်းဖြည်းအားနည်း၍လာလေသည်။ ဆန်းလျန် မည်သို့မျှ

ထိန်းချုပ်၍မရတော့။ သူ၏ရုပ်ခန္ဓာနှင့်စိတ်ဝိညာဉ်မှာ

ဟန်ချက်မညီတော့ပေ။ သူ၏ဝိညာဉ်လွှင့်သည့်ကျင့်စဉ်နှင့်

နတ်သက်ခြေဗြာသိုင်းတို့မှာလည်း လုံးဝအသုံးမဝင်တော့သည့်

အခြေအနေဖြစ်လေသည်။

သူ၏ရုပ်ခန္ဓာနှင့်စိတ်ဝိညာဉ်သာ ဟန်ချက်ညီနေပါက
သူ၏ဝိညာဉ်ကို ရုပ်ခန္ဓာထဲမှ ဆွဲထုတ်သွားရန်မှာ လွယ်ကူသည့်
အချက်မဟုတ်ပေ။

ထိုအချိန်တွင် ဆန်းလျန်၏ခါးတွင်ချိတ်ထားသည့် စန္ဒကူးဓား
မှ အရောင်များတောက်ပလာလေသည်။ ထိုဓားက အဖြူရောင်
မီးအိမ်မှ ဝိညာဉ်ကိုဆင့်ခေါ်နေသည့်ဆွဲအားကို တိုက်ဖျက်
လိုက်လေသည်။

ဆန်းလျန်က ဆရာစူးပြောသည့် ရှိခြင်းမရှိခြင်းဓားကျင့်စဉ်
များကို ပြန်လည်သတိရနေမိလေသည်။

စန္ဒကူးဓားမှာ ထူးခြားသည့်စွမ်းအားမရှိသည့်တိုင် ဆန်းလျ
န်၏စွမ်းအားများနှင့်ပေါင်းစပ်လိုက်သည့်အခါတွင်တော့ ဆန်း
လျန်တစ်ယောက်တည်းအတွက် သီးသန့်ကာကွယ်ပေးသည့်
ဓားဝိညာဉ်တစ်ခုဖြစ်လာခဲ့လေသည်။

စန္ဒကူးဓားမှာ ဆန်းလျန်၏အသွေးအသားကဲ့သို့ ဆန်းလျန်နှင့် တစ်သားတည်းဖြစ်နေလေသည်။ ထို့ပြင် ထိုဓား၏ဝိညာဉ်မှာလည်း ဆန်းလျန်ဝိညာဉ်၏ အစိတ်အပိုင်းဖြစ်နေလေသည်။ စန္ဒကူးဓားဝိညာဉ်နှင့် ဆန်းလျန်၏ဝိညာဉ်တို့၏ဆက်နွယ်မှုမှာ ဆန်းလျန်၏ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ်တို့ဆက်သွယ်ထားမှုထက်ပင် အားကောင်းနေသေးသည်။

စန္ဒကူးဓားမှာ သာမန်သစ်သားဓားတစ်လက်မျှသာဖြစ်လေသည်။ သို့သော် ဆန်းလျန်က ကျန့်သောက်တုကျွင်းဓားသိုင်း၏ "ရှိခြင်းမရှိခြင်း" ဓားပညာကို ထိုစန္ဒကူးဓားဖြင့် လေ့ကျင့်ခဲ့သည့်အတွက် ထိုဓား၏ဓားဝိညာဉ်မှာ အသက်ဝင်လာပြီး ဆန်းလျန်ကို သခင်အဖြစ်အသိအမှတ်ပြုထားလေသည်။ ထိုဓားမှာ ဆန်းလျန်၏အစိတ်အပိုင်းတစ်ခုအလားခိုင်မာစွာတည်ရှိနေလေတော့သည်။

အဖြူရောင်လေ့ငယ်မှာ မြစ်ရေစီးကြောင်းအတိုင်း စုန်ဆင်းလာပြီး ဆန်းလျန်အနားသို့ရောက်ရှိလာလေသည်။ ဆန်းလျန်နှင့်နီးကပ်လာသည်နှင့်အမျှ အဖြူရောင်မီးအိမ်မှ ဆွဲအားကလည်း ပိုပြီးပြင်းထန်လာလေသည်။

ဆန်းလျန်၏ခါးတွင် ချိတ်ဆွဲထားသည့် စန္ဒကူးဓားမှာ အရောင်များတောက်ပကာ တုန်ခါလျှက်ရှိလေသည်။ ဓားမှာ ပျံဝဲသွားတော့မည့်အလား ရုန်းကြွနေလေတော့သည်။

လေ့ပေါ်မှ အဖြူရောင်ဝတ်လူမှာ အသုဘသီချင်းကိုသာ ညည်းဆိုနေပြီး ဆန်းလျန်ကို သတိပြုမိခြင်းမရှိပေ။ အဖြူရောင်မီးအိမ်လှုပ်ရှားနေခြင်းမှာ သဘာဝအတိုင်းလှုပ်ရှားနေခြင်းဖြစ်ပြီး တောက်ပနေသည့် ဝိညာဉ်ဘောလုံးများမှာ ထိုမီးအိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။

လေ့လေးမှာ ဆန်းလျန်နှင့်နီးကပ်လာလေသည်။ ထိုအခါမှ လေ့မှာ အဘယ်ကြောင့်အဖြူရောင်ဖြစ်နေရသည်ကို ဆန်းလျ

န် သဘောပေါက်သွားရလေသည်။ ထိုလှေမှာ စက္ကူလှေတစ်စင်းဖြစ်နေသောကြောင့်ပင်။

လရောင်အောက်တွင် အထီးကျန်လွင့်မျောနေသည့်မီးအိမ်လေးတစ်အိမ်နှင့် လွင့်မျောနေသည့်လူတစ်ယောက်...

ထိုအဖြူရောင်ဝတ်လူမှာ နှာခေါင်းလည်းမရှိ၊ နားလည်းမရှိ၊ မျက်လုံးလည်းမရှိ....

ခြေထောက်များပင်မရှိကြောင်းကို ဆန်းလျန်တွေ့လိုက်ရလေသည်။

ဆန်းလျန်နှင့် အဖြူရောင်ဝတ်လူမှာ အနီးဆုံးနေရာသို့ရောက်ရှိလာလေသည်။ ဆန်းလျန်သာရှေ့သို့ဆက်သွားမည်ဆိုလျှင် ထိုသူကလည်း မြစ်ကြောင်းအတိုင်း စုန်ဆင်းသွားမည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်က ရှေ့ဆက်သွားခြင်းမရှိလျှင် အခြားသောဝိညာဉ်ဘောလုံးများကဲ့သို့ အဖြူရောင်မီးအိမ်ဆီသို့ ဆွဲယူခံရမည် ဖြစ်လေသည်။

ကြေကွဲစရာအသုဘသီချင်းမှာ ဆန်းလျန်မသိသည့်
ဘာသာစကားတစ်မျိုးဖြင့် ညည်းဆိုနေခြင်းဖြစ်လေသည်။
ဆန်းလျန်က ထိုသီချင်းသံကို အာရုံလွှဲရန်အတွက် သူလုပ်
နေကျအတိုင်း နတ်သမီးရုပ်ပုံကို စိတ်ထဲတွင် ပန်းချီဆွဲကြည့်
ရန် ကြိုးစားလိုက်လေသည်။ သို့သော် သူ၏စိတ်တည်ငြိမ်မှုကို
သီချင်းသံက အနှောင့်အယှက်ပေးနေလေသည်။
အဖြူရောင်မီးအိမ်မှ ဆွဲငင်အားက ပြင်းထန်သည်ထက်
ပြင်းထန်လာလေသည်။ ဆန်းလျန်ခုခံရန်မတတ်နိုင်တော့သလို
ခံစားလိုက်ရသည်။
သူက စန္ဒကူးဓားနှင့်သူ၏စိတ်ဝိညာဉ်ကြားမှ ဆက်သွယ်မှု
စွမ်းအားကို နောက်ဆုံးအကြိမ်အဖြစ် အာရုံစိုက်လိုက်သည်။
စန္ဒကူးဓားမှာ လေထဲသို့ ပျံတက်သွားပြီး ဆန်းလျန်၏ဝိညာဉ်
ကို သယ်ဆောင်သွားလေသည်။ ဓားက အဖြူရောင်မီးအိမ်ဆီ

သို့ ဦးတည်ပျံသန်းသွားလေသည်။ "ရှိခြင်းမရှိခြင်း"ဓားဝိညာဉ် ပေါ်ထွက်လာလေသည်။

ဆန်းလျန်ကလည်း သူ၏ဝိညာဉ်ကို ဓားအဖြစ်အသုံးပြုလိုက်လိုက်ပြီး ဝိညာဉ်နှစ်ခုပေါင်းစပ်ကာ တိုက်ခိုက်ရန်အသင့်ပြင်လိုက်သည်။

အဆင့်လွန်ကျင့်စဉ်များကို လေ့ကျင့်ထားခြင်းမရှိသေးသည့် ဆန်းလျန်အနေဖြင့် ထိုကဲ့သို့ တိုက်ခိုက်ရန်အသင့်ပြင်လိုက်သည်မှာ အလွန်မှအန္တရယ်များသည့်အခြေအနေဖြစ်လေသည်။ သူ၏ဝိညာဉ်နှင့် "ရှိခြင်းမရှိခြင်း"ဓားဝိညာဉ်တို့ ပေါင်းစည်းသွားပြီး အဖြူရောင်မီးအိမ်ဆီမှ ဆွဲအားကို ဖျက်စီးလိုက်လေသည်။

ထိုသို့လုပ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့်အကျိုးဆက်ကို ဆန်းလျန်မသိပါ။

"ရှိခြင်းမရှိခြင်း" ဓားဝိညာဉ်မှာ ရုတ်တရက်ပျောက်ကွယ်သွားပြီး မည်သည့်နေရာသို့ပျောက်ကွယ်သွားသည်လည်း ဆန်းလျှန်မသိပါ။

သူက သူ၏အတွင်းအားကိုအသုံးပြုပြီး သူ၏ဝိညာဉ်ကို ဓားတစ်လက်အဖြစ် အသွင်ပြောင်းလိုက်သည်။

ရုတ်တရက်ပင် ခေါင်းလောင်းသံများထွက်ပေါ်လာလေသည်။

ထိုခေါင်းလောင်းသံများကို ဆန်းလျှန်မှတ်မိလိုက်သည်။

သူယခင်က မြစ်ကမ်းနံဘေးတွင်တွေ့ခဲ့သည့် ခရမ်းရောင်ဝတ်မိန်းကလေးဆီမှ ကြားခဲ့ရသည့် ခေါင်းလောင်းသံများဖြစ်လေသည်။

မြစ်ရေပြင်မှာ စီးဆင်းနေရာမှ ရပ်တန့်သွားပြီး နေရာလပ်မကျန်အောင် အေးခဲသွားလေသည်။ ဆန်းလျှန်မှာ ပတ်ဝန်းကျင်တစ်ခုလုံးကိုမေ့လျော့သွားပြီး အသိစိတ်လွတ်သလိုဖြစ်သွားလေသည်။

သူအသိစိတ်ပြန်ဝင်လာသည့်အချိန်တွင်တော့ ဆန်းလျန်မှာ မြစ်ကမ်းနံဘေးတွင်ရောက်ရှိနေလေသည်။ သူ၏စိတ်ဝိညာဉ် မှာလည်း ရုပ်ခန္ဓာနှင့် ပြန်လည်ပေါင်းစည်းမိနေပြီဖြစ်လေ သည်။ အေးစက်စက်လေပြေကတိုက်ခတ်နေပြီး လမင်းက ကြည်လင်စွာ တောက်ပနေလေသည်။

စက္ကူလှေ ...

အဖြူရောင်မီးအိမ်...

လှေပေါ်မှ ထူးဆန်းသည့်သူ ....

အားလုံးမှာ မည်သည့်နေရာသို့ရောက်မှန်းမသိ ပျောက်ကွယ် သွားကြလေပြီ။

စန္ဒကူးဓားမှာ သူ့ရှေ့တွင်ကျနေပြီး ရေများစိုရွှဲနေလေသည်။

ဆန်းလျန်က ဓားကို အသာလေးလှမ်းကိုင်လိုက်သည်။

သူ၏လက်က ဓားပေါ်မှ ရေနှင့်ထိသွားသည်နှင့် သူ့လက်ဖျား

ဆီမှ အစိမ်းရောင်အငွေ့များထွက်ပေါ်လာလေသည်။ စူးရှသည့်နာကျင်မှုကို ရုတ်တရက်ခံစားလိုက်ရလေသည်။ ရုပ်ခန္ဓာနာကျင်မှုမျိုးမဟုတ်ပါ။ သူ၏စိတ်ဝိညာဉ်မှ ထွက်ပေါ်လာသည့်နာကျင်မှုဖြစ်လေသည်။ သူ၏ဝိညာဉ်မှာ စန္ဒကူးဓားပေါ်ရှိရေစက်များဆီသို့ ပျော်ဝင်သွားခြင်းကြောင့် ဝိညာဉ်နာကျင်မှုကို ခံစားလိုက်ရခြင်းဖြစ်လေသည်။

ခရီးစဉ်တစ်လျှောက် သူမြစ်ရေကို မထိခဲ့သည်မှန် လွန်စွာမှမှန်ကန်လေသည်။ ထိုမြစ်ရေမှာ သက်ရှိတစ်ယောက်၏ဝိညာဉ်ကို အရည်ပျော်သွားစေနိုင်သည့်အစွမ်းရှိနေသည် မဟုတ်ပါလား။

ဆန်းလျန်က ဓားကိုခြောက်သွေ့သွားသည်အထိ စောင့်နေလိုက်ပြီးမှ ထပ်မံပြီးထိကြည့်လိုက်သည်။ ယခုအကြိမ်တွင်တော့ သူ၏ဝိညာဉ်ပျော်ဝင်သွားသည့်ခံစားချက်မျိုးမခံစားရတော့ပါ။

ယခုမှပင် ဆန်းလျန် စိတ်အေးလက်အေးဖြစ်သွားရလေ

တော့သည်။

သို့သော် စန္ဒကူးဓားမှာ ပိုပြီးနက်မှောင်ကာ လေးလံလာပြီး ဓား

အသစ်တစ်လက်ကဲ့သို့ဖြစ်နေသည်ကို ဆန်းလျန် သတိထား

လိုက်မိလေသည်။

ယခင်စန္ဒကူးဓားနှင့်တူညီသည့်အရာဆို၍ ဆန်းလျန်၏ဝိညာဉ်

နှင့်ဓား၏ဝိညာဉ် ဆက်နွယ်မှုသာ ကျန်ရှိလေတော့သည်။

ဓားကိုကိုင်လိုက်မိသည်နှင့် စန္ဒကူးဓားမှာ သူ၏

အသွေးအသားအစိတ်အပိုင်းတစ်ခုအလား ခံစားလိုက်ရလေ

သည်။

ထိုကဲ့သို့ဖြစ်ပျက်ပြီးသည့်နောက်ပိုင်း ဆန်းလျန် မြစ်ကြောင်း

တစ်လျှောက် ခရီးဆက်ခြင်းကို ရပ်တန့်လိုက်လေသည်။ သူက

မြစ်နှင့်ဝေးနိုင်သမျှဝေးဝေးသို့ သွားရောက်လိုက်လေသည်။

ဆန်းလျန်က အမြဲတမ်းသတိရှိနေသည့် လူတစ်ယောက်ဖြစ်လေသည်။ မြစ်ရေမှာ ထူးဆန်းသည့် အန္တရယ်တစ်ခုခုရှိနေသည့်အတွက် မြစ်နှင့်အဝေးတွင်နေသင့်သည်ကို သူနားလည်ထားလေသည်။ သူက မြစ်ကြောင်းအတိုင်းဆန်တက်ပြီးခရီးမဆက်သင့်တော့သလို မြစ်ကမ်းနံဘေးတွင်လည်း တရားထိုင်ခြင်းအလုပ်ကို မလုပ်တော့ပေ။

မြစ်ရေတွင် မှော်ဝင်စွမ်းအားတစ်မျိုးရှိနေပြီး သူ၏စိတ်အာရုံများကို ထုံကျဉ်စေလေသည်။ သူ့အတွက် အန္တရယ်ဖြစ်စေမည်မှာ သေချာလေသည်။

မြစ်ကြောင်းတစ်လျှောက် ဆန်တက်ပြီးမသွားရန်ဆုံးဖြတ်လိုက်ပြီးသည့်နောက် ဆန်းလျန်မှာ မြစ်နှင့်ဝေးနိုင်သမျှဝေးရန်အတွက် တောင်ဘက်အရပ်သို့ဦးတည်လိုက်လေသည်။

နောက်တစ်နေ့ နေမဝင်ခင်အချိန်တွင် သူ၏ရှေ့တွင် မတ်စောက်သော ကျောက်နံရံကြီးတစ်ခုကို တွေ့လိုက်ရလေသည်။

ကျောက်နံရံကြီးပေါ်တွင် ဓားရာများကိုတွေ့ရပြီး ထိုဓားချက်များမှာ လွန်စွာမှ အနုစိတ်လေသည်။ အစွမ်းထက်မြက်ပြီး ဒဏ္ဍာရီဆန်သည့်ဓားမျိုးသာ ထိုကဲ့သို့သော ဓားချက်များကို ပြုလုပ်နိုင်လိမ့်မည်ဖြစ်လေသည်။

ထိုဓားချက်များကိုကြည့်ပြီး....

သူ့ရင်ထဲသို့ တိုးဝင်လာသည့်ခံစားချက်တစ်ခု...

သူခံစားလိုက်ရသည့် ခံစားမှုကို စကားလုံးဖြင့်ဖော်ပြ၍မရနိုင်ပေ။ ထိုကဲ့သို့ခံစားမှုမျိုးကို ခံစားဖူးသူအချင်းချင်းသာ နားလည်နိုင်မည်ဖြစ်လေသည်။

ထိုစားချက်များကို ဖြစ်ပေါ်စေသည့်သူမှာ လူသားလား ၊ နတ်

ဘုရားတန်ခိုးရှင်လား ၊ သို့မဟုတ် သဘာဝအတိုင်းထင်ကျန်နေ

သည့်စားချက်များလား ပြောရခက်လေသည်။

ထိုအချိန်...

ကျောက်ဆောင်ကြီး၏ထိပ်တွင် လူတစ်ယောက်၏အရိပ်ကို

မြင်ရလေသည်။

သူမက ခရမ်းရောင်အဝတ်များကို ဝတ်ဆင်ထားလေသည်။

သူမ၏ဆံနွယ်များက လေထဲတွင်လွင့်မျောနေလေသည်။

ဆံပင်အချို့မှာသူမ၏မျက်နှာနှင့် လှပသောနှုတ်ခမ်းများပေါ်

တွင် လွင့်ဝဲနေကြလေသည်။

"သူမက လူသားလား ၊ တစ္ဆေလား ၊ ဒါမှမဟုတ် နတ်ဘုရား

တစ်ယောက်များလား ၊ ပြီးတော့ လူသားအသွင်ယူထားတဲ့

မိစ္ဆာတစ်ကောင်လည်း ဖြစ်နိုင်တာပဲ"

ဆန်းလျန် တွေးလိုက်မိလေသည်။

ထိုမိန်းမပျိုက သူမကို စိုက်ကြည့်နေလေသည်။ သို့သော် မည်သည့်စကားမှ ပြောကြားခြင်းမရှိပေ။

သို့သော် ကျောက်ဆောင်ပေါ်တွင် မိန်းမပျိုရပ်တန့်နေသည့်ပုံစံမှာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ပင် ရပ်တန့်နိုင်ခြင်းမရှိသည့် အနေအထားဖြစ်လေသည်။

သိုင်းလောကတွင် ဆန်းလျန်၏ စွမ်းရည်မှာ အလွန်းအဆင့်အတန်းမြင့်သည့်အထဲတွင် ပါဝင်လေသည်။ သို့သော် ဆန်းလျန်တွင်ပင် ထိုကဲ့သို့ ရပ်တန့်နိုင်သည့် အစွမ်းမရှိသေးပါ။

ကျောက်ဆောင်ထိပ်မှ မိန်းမပျိုက သူ၏စိတ်ထဲအထိ ထိုးဖောက်သိမြင်နေသည့်အလား ဆန်းလျန်ကို စူးစိုက်ကြည့်နေလေသည်။

ထိုအချိန်ခဏလေးမှာ ဆန်းလျန်အတွက် မမေ့နိုင်ဖွယ်ရာ ခဏတာလေးဖြစ်လေသည်။

နေဝင်ချိန်....

ကျောက်ဆောင်ထက်မှ လှပသည့်မိန်းမပျိုလေးတစ်ယောက်က သူ့ကို စိုက်ကြည့်နေလေသည်။

သူမ၏အကြည့်များက သန့်စင်လွန်းသည်။

သို့သော် ဆန်းလျန်က သူမဘက်မှ စကားစတင်ပြောလာလိမ့်မည်ဟု လုံးဝမမျှော်လင့်မထားမိပေ။

"မင်းကဘယ်အိမ်က ကလေးလဲ ၊ မြစ်နားကိုဘာလို့သွားရတာလဲ၊ မင်းမိဘတွေက မြစ်နားကိုမသွားဖို့ ဆုံးမမထားဘူးလား"

ဆန်းလျန်မှာ ဆယ်ကျော်သက်လူငယ်လေးတစ်ယောက်ဖြစ်လေသည်။

သို့သော် ကျောက်ဆောင်ထိပ်မှမိန်းမပျိုလေးမှာ သူနှင့်သက်တူရွယ်တူခန့်သာရှိဦးမည်ဖြစ်လေသည်။ သို့သော် သူ့ကိုကလေးတစ်ယောက်ကို ဆက်ဆံသကဲ့သို့ စကားပြောနေလေသည်။

သူမအသံမှာလည်း ပုံမှန်အတိုင်းသဘာဝကျကျ ပြောနေခြင်း ဖြစ်လေသည်။ တမင်တကာ လူကြီးဟန်ပန် လုပ်ယူထားခြင်း မျိုးမဟုတ်ပေ။

"နေပါဦး ၊ မင်းက နန်ခယ်မြို့ကမဟုတ်ဘူးလား ၊ မင်းက ဆန်း ကျူကျင့်စဉ်ကျမ်းကို ဘယ်လိုလုပ်လေ့ကျင့်ထားရတာလဲ၊ အိုး လက်စသတ်တော့ ဒီနှစ်ပဲကိုး ၊ ငါ့ရဲ့ဂိုဏ်းတူတူလေးက နတ် တံခါးဖွင့်မယ့်အကြောင်း ငါ့ကိုပြောမထားဘူးပဲ"

သူမက ကြည်လင်ပြတ်သားစွာဖြင့်ပြောလိုက်လေသည်။

သူမ၏နောက်ဆုံးစကားတစ်ခွန်းတွင် ဒေါသသံများပါနေသည် ကို ဆန်းလျန်ရိပ်မိလိုက်လေသည်။ ဆန်းကျူကျင့်စဉ်ကျမ်း အကြောင်း သူမပြောလိုက်သည့်အတွက် သူမသည် ချင်းရွှမ် နတ်တံခါးနှင့် ကျိန်းသေပတ်သက်နေရမည်ဟု ဆန်းလျန်တွေး လိုက်မိလေသည်။

အခန်း (၆၄)

ယန့်ပုကွေး - ပြန်မလာတော့သောပျံလွှားငှက်များ

"မင်း ငါနဲ့တွေ့တာကံကောင်းတယ်မှတ် ၊ မဟုတ်ရင် လပေါင်းများစွာကြာအောင်ရှာနေလည်း နတ်တံခါးကိုတွေ့နိုင်မှာမဟုတ်ဘူး"

မိန်မပျိုက ပြုံးရင်းပြောလိုက်လေသည်။

ဆန်းလျန်မှာ သူ၏မျက်လုံးကိုပင် မယုံနိုင်ဖြစ်သွားရလေသည်။ မိန်းမပျိုမှာ မတ်ဆောက်လွန်းသည့် ကျောက်နံရံကြီးဆီမှာ လှေကားထစ်များမှ ဆင်းလာသကဲ့သို့ ခြေတစ်လှမ်းချင်း

လှမ်းပြီး ဆင်းလာလေသည်။ မသိလျှင် ကျောက်နံရံကြီးတွင် မမြင်ရသည့်လှေကားထစ်များ ရှိနေသကဲ့သို့ပင်။

သို့သော် တကယ်တမ်းတွင်တော့ မည်သည့်လှေကားထစ်မှရှိမနေပါ။ အမြင့်ပေထောင်ပေါင်းများစွာမြင့်သည့် မတ်ဆောက်သည့်ကျောက်ဆောင်တစ်ခုမျှသာဖြစ်လေသည်။

မိန်းမပျို၏မျက်နှာပြင်တွင် မည်သည့်ခံစားချက်မှ ရှိမနေပါ။ သူမ၏အင်္ကျီလက်များမှာ လေထဲတွင် လွင့်မျောနေကြလေသည်။ သူမသည် နတ်ဘုရားတစ်ပါးမဖြစ်နိုင်ပါ။ နတ်ဘုရားတစ်ပါးထက်ပင် ပိုပြီးအစွမ်းထက်မြက်သည့်သူ ဖြစ်ပုံရလေသည်။

ရုတ်တရက် လတ်ဆတ်သည့်မွှေးရနံ့တစ်ခုကို ဆန်းလျန်ရလိုက်လေသည်။ သန့်စင်သည့်မွှေးရနံ့တစ်ခုဖြစ်လေသည့်အတွက် ဆန်းလျန်စိတ်အစဉ်မှာ တိမ်များကင်းစင်သည့်ကောင်းကင်ကဲ့သို့ ကြည်လင်သွားရလေသည်။

မိန်းမပျိုမှာ ဆန်းလျန်နှင့်တဖြည်းဖြည်းနီးကပ်လာလေသည်။

သူမ၏လှပသောလက်ချောင်းလေးများဖြင့် ဆန်းလျန်ကို

ရုတ်တရက်ထိလိုက်လေသည်။

ရုတ်တရက်...

ဆန်းလျန်၏ခြေထောက်အောက်တွင် တိမ်တိုက်တစ်ခုပေါ်လာ

ပြီး တိမ်တိုက်မှာ မြင့်သည်ထက်မြင့်တက်သွားလေ

တော့သည်။

နောက်မှသိရှိလိုက်ရသည်မှာ သူမအသုံးပြုသည့်ပညာမှာ

"မြင့်မြတ်သည့်ရှောင်ကျူးတိမ်တိုက်" ကျင့်စဉ်ပညာဖြစ်လေ

သည်။

အချိန်တိုလေးအတွင်းမှာပင် ဆန်းလျန်မှာ ကောင်းကင်ထက်

သို့ ရောက်ရှိသွားပြီဖြစ်လေသည်။ ပင်လယ်နှင့်ကောင်းကင် ၊

ချင်းရွှမ်တောင်ကြီးကိုပါ ပိုပြီးထင်ရှားစွာ အပေါ်စီးမှ တွေ့မြင်

နေရလေသည်။

ပုဇွန်ဆီရောင်သမ်းနေသည့် ညနေခင်းတွင် ကောင်းကင်အမြင့်ထက်မှ မြင်ကွင်းများမှာ အကန့်အသတ်မရှိ လှပလွန်းလေသည်။

တိမ်စီးသည်ဆိုသည်မှာ ဒဏ္ဍာရီထဲတွင်သာကြားဖူးသည့် နတ်တန်ခိုးရှင်တို့၏ နည်းလမ်းဖြစ်လေသည်။ ဆန်းလျန်မှာ ယခုမှ ပထမဆုံးအကြိမ် ကြုံတွေ့ရခြင်းဖြစ်သည့်အတွက် ရင်သပ်ရှုမောဖြစ်နေရကာ နတ်ဘုရားတစ်ပါးဖြစ်ချင်သည့် စိတ်များ ပို၍ပို၍ပြင်းထန်လာလေသည်။

ဆန်းလျန်အတွေးများမဆုံးသေးခင်မှာပင် တိမ်တိုက်ကဆန်းလျန်ကို မြေပြင်ထက်တစ်နေရာတွင် ချထားပေးလိုက်လေသည်။ ထို့နောက် တိမ်တိုက်က လွင့်စင်ပျောက်ပျယ်သွားလေသည်။

သူ၏ရှေ့တွင် လူများသွားလာလှုပ်ရှားနေသည့် မြို့လေးတစ်မြို့ကို တွေ့လိုက်ရလေသည်။

ဆန်းလျှန်က ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်ပြီး ခရမ်းရောင် ဝတ်မိန်းမပျိုကို ရှာဖွေလိုက်သော်လည်း မတွေ့ရတော့ပါ။ သူမ၏တန်ခိုးများကိုကြည့်ခြင်းအားဖြင့် မိန်းမပျိုမှာ ချင်းရွှမ် နတ်တံခါးမှ နတ်ဒေဝါတစ်ပါးဖြစ်ကြောင်း ဆန်းလျှန်သိလိုက် လေသည်။ စိတ်ဆန္ဒရှိသည့်အတိုင်း သွားလာပျောက်ကွယ်နိုင် သည့် သူမ၏တန်ခိုးများကို ဆန်းလျှန်မှာ များစွာအားကျမိလေ သည်။ ဤသို့သောတန်ခိုးများရရှိရန်မှာ မသေမျိုးဖြစ်သည့် နတ်ဘုရားတစ်ပါးဖြစ်ခြင်းနှင့် တာအိုကျင့်စဉ်ကျင့်ကြံခြင်းကို အဆင့်လွန်လေ့ကျင့်နိုင်မှသာဖြစ်ပေမည်။

မြို့အဝင်ဆိုင်းဘုတ်လေးတွင် "နန်ခယ်မြို့" ဟုရေးသားထား လေသည်။

ရေးထားသည့်စာလုံးများ၏စုတ်ချက်များကို ကြည့်လိုက် သည်နှင့် မြို့လေး၏သမိုင်းကြောင်းကို ခန့်မှန်းနိုင်လေသည်။

မြို့ဟုခေါ်ရသည့်တိုင် မြို့ထဲတွင် လမ်းတစ်လမ်းသာရှိပြီး အိမ်ခြေမှာလည်းအနည်းငယ်သာရှိလေသည်။ ရွာလေးတစ်ရွာ လောက်ပင် လူဦးရေများပြားခြင်းမရှိပေ။

မြို့ထဲသို့ အပြင်လူများ အရောက်အပေါက်နည်းသည့်ပုံလည်း ရှိလေသည်။ သို့သော် မြို့ထဲမှလူများမှာ ဆန်းလျှန်ကဲ့သို့ အပြင်လူများရောက်ရှိလာသည်ကိုလည်း အံ့သြသည့်ပုံမပြကြ ပေ။

သတိရှိရှိနေရန် ဆန်းလျှန်သူ့ကိုယ်သူ သတိပေးလိုက်လေ သည်။

ဤလောကရှိလူများမှာ သူယခင်နေခဲ့သည့်ခေတ်ပေါ်ကမ္ဘာမှလူ များနှင့်မတူပေ။ ရှေးကျသည့်အချိန်အခါဖြစ်သည့်အတွက် လူ များမှာ သူတို့မွေးဖွားရဒေသတွင်ပင် ခေါင်းချလေ့ရှိကြလေ သည်။ တခြားနေရာများသို့ လှည့်လည်သွားလာခြင်းများ မရှိ ကြပေ။

"မွေးရပ်မြေကိုခွဲခွာရန်မှာ ခက်ခဲလှသည်" ဟု ထိုခေတ်ထိုအခါက လူများက အမြဲပြောဆိုကြသည်မဟုတ်ပါလား။ ထို့ကြောင့်ပင် ထိုသို့သောရှေးခေတ်မှလူများသည့် သူတို့ဒေသသို့ လူစိမ်းသူစိမ်းရောက်ရှိလာပါက အထူးအဆန်းဖြစ်ကာ စပ်စုလိုကြလေသည်။

စပ်စုသည်ဆိုသည်မှာ လူ့သဘာဝပင်ဖြစ်လေသည်။

သို့သော် နန်ခယ်မြို့မှလူများကတော့ စပ်စုခြင်းအလျဉ်းမရှိပါ။

ထို့ကြောင့်ပင် ဆန်းလျန်မှာ မယုံကြည်နိုင်ဖြစ်နေရလေသည်။

လမ်းပေါ်တွင်လူအများကြီးရှိမနေပါ။ လူသုံးဆယ်လေးဆယ်ခန့်သာ သွားလာနေကြလေသည်။ ထိုသူများ၏တစ်ဝက်ခန့်မှာ ကလေးများနှင့် ဆယ်ကျော်သက်လူငယ်များဖြစ်ကြလေသည်။

မည်သူမျှ ဆန်းလျန်ကို လာရောက်စကားပြောဆိုခြင်းမပြုကြပါ။ ဆန်းလျန်ကို မကြာခင် သေရတော့မည့်လူတစ်ယောက်ပုံစံ

ဖြင့်သာ ကြည့်သွားကြလေသည်။ ဆန်းလျန်မှာလည်း သူတို့ကို စကားစတင်ပြောဆိုခြင်းမရှိပါ။

မြို့ထဲရှိလူများမှာ သိုင်းပညာတတ်ကြသည်ကို ဆန်းလျန်ရိပ်မိထားလေသည်။ ဆန်းကျူကျင့်စဉ်ကျမ်းကိုလေ့ကျင့်ထားသည့် လူတစ်ယောက်နှစ်ယောက်မျှကို ဆန်းလျန်အာရုံရလိုက်လေသည်။

ဆန်းကျူကျင့်စဉ်ကျမ်းမှာ ဝိညာဉ်စွမ်းအားနှင့်သိုင်းပညာကို ပေါင်းစပ်ထားသည့် ကျင့်စဉ်ကျမ်းတစ်ခုဖြစ်လေည်။ ဆန်းလျန်ကိုယ်တိုင်မှာလည်း ထိုကျမ်းကိုလေ့ကျင့်ခဲ့သည့်အတွက် သူကဲ့သို့သောလေ့ကျင့်ထားသည့်သူများကို အာရုံခံ၍ရလေသည်။

ခရမ်းရောင်ဝတ်နတ်မိမယ်၏ "ဘယ်အိမ်ကကလေးလဲ" ဟု သူ့ကိုမေးခဲ့သည်ကို သူသဘောပေါက်သွားလေသည်။

ဆန်းလျန်မှာ ဆန်းကျူကျင့်စဉ်ကျမ်းကို အဆင့်အမြင့်ဆုံးထိ ရောက်အောင် ကျင့်ကြံအောင်မြင်ထားသူဖြစ်လေသည်။

ထို့ပြင် အထွဋ်ထိပ်ဆုံချက်ရှစ်နေရာမှာလည်း ပွင့်နေသူဖြစ်လေသည်။ အကယ်၍ ဆန်းလျန်သာ ရည်ရွယ်ချက်ရှိရှိဖြင့် သူ၏ကျင့်စဉ်ကို ဖုံးကွယ်ထားမည်ဆိုလျှင် သူကျင့်ထားသည့် ကျင့်စဉ်ကို သာမန်လူတစ်ယောက်က ခန့်မှန်းနိုင်မည်မဟုတ်ပေ။

နန်ခယ်မြို့ရှိလူများမှာ သိုင်းပညာတတ်ကြသော်လည်း မည်သူမျှ အထွဋ်ထိပ်ဆုံချက်ရှစ်နေရာပွင့်နေသည့်လူများ မရှိသေးပေ။

အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့် အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်နှစ်ခုပွင့်နေလျှင်ပင် ကျင့်စဉ်လမ်းလျှောက်လှမ်းရန် အတွက် အခြေခံအဆင့်သို့ဝင်ရောက်နိုင်ပြီဟု သတ်မှတ်၍ရလေသည်။

ဝိညာဉ်စွမ်းအားကောင်းသူတစ်ယောက်ပင်လျှင် ထိုကဲ့သို့
အခြေခံအဆင့်ကိုရောက်အောင် ကျင့်ကြံနိုင်ဖို့မှာ လွယ်ကူ
သည်မဟုတ်ပေ။ ထို့ပြင် အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့်
အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်ကို သက်လတ်ပိုင်းအရွယ်ထိ
ပွင့်အောင်မကျင့်ကြံနိုင်ခဲ့လျှင် ထိုကျင့်စဉ်ကို အောင်မြင်ဖို့ရန်
မှာ တဖြည်းဖြည်းခက်ခဲလာမည် ဖြစ်လေသည်။
အစိမ်းရောင်ဝတ်လူယန်ရှမ်ပင်လျှင် ထိုဆုံချက်နှစ်ခုကို
သက်လတ်ပိုင်းအရွယ်ရောက်မှ ပွင့်အောင်လေ့ကျင့်နိုင်ခဲ့
သည်မှာ အမှတ်မထင်ကိစ္စဖြစ်လေသည်။
ဆန်းလျန်လေ့လာမိသလောက် နန်ခယ်မြို့တွင် အိမ်ခြေ
အနည်းငယ်နှင့် တည်းခိုခန်းတစ်ခုသာရှိလေသည်။
တည်းခိုခန်းနာမည်မှာ "ယန့်ပုကွေး" ဟူ၍ဖြစ်လေသည်။
အဓိပ္ပါယ်မှာ "ပြန်မလာတော့သောပျံလွှားငှက်များ" ဟု
အဓိပ္ပါယ်ရလေသည်။

ဆန်းလျန်တည်းခိုခန်းတွင်းသို့ဝင်လိုက်သည်နှင့် စားပွဲထိုးတစ်ယောက် သူ့အနားသို့ ရောက်လာလေသည်။

"ဧည့်သည် ဘာများသုံးဆောင်ချင်ပါသလဲ"

စားပွဲထိုးက ခင်မင်ဖွယ်ရာလေသံဖြင့်မေးလိုက်သည်။

"ဒီနေရာမှာ ဒီရွှေစလေးတွေများသုံးလို့ရနိုင်မလား"

ဆန်းလျန်က ရွှေရွက်လေးတစ်ရွက်ထုတ်ပြရင်းပြောလိုက်လေသည်။ မည်သည့်နေရာတွင်မဆို ရွှေကအဖိုးတန်သည့် ပစ္စည်းပင်မဟုတ်ပါလား။

"ဒီလိုအချိန်မှာရောက်လာတဲ့ဧည့်သည်တွေအတွက် ပိုက်ဆံပေးစရာမလိုပါဘူး"

စားပွဲထိုးကပြောလိုက်လေသည်။

စားပွဲထိုးမှာ အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိပြီဖြစ်လေသည်။ ပခုံးပေါ်တွင် သဘက်တစ်ခုကိုတင်ထားလေသည်။ သူ၏ပုံစံမှာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ပုံစံမျိုးဖြစ်ပြီး သိုင်း

လောကတွင်သာဆိုလျှင် နာမည်ကျော်ကြားသည့် သိုင်းသမား တစ်ယောက်ဖြစ်လာနိုင်ပေသည်။ သို့သော် နန်ခယ်မြို့တွင် တော့ သူက စားပွဲထိုးတစ်ယောက်မျှသာဖြစ်လေသည်။

"ဘာလို့ပိုက်ဆံမယူတာလဲ"

ဆန်းလျန်ကမေးလိုက်လေသည်။

"ခုနေပြောလိုက်ရင် ခင်ဗျားစိတ်ပျက်သွားမှာပေါ့"

စားပွဲထိုးက ရယ်မောရင်းပြောလိုက်လေသည်။

"ကျုပ်က စိတ်မပျက်တတ်ပါဘူး ၊ ပြောသာပြောပါ"

"ဒါဖြင့်လည်းပြောရတာပေါ့ ၊ တည်းခိုခန်းပိုင်ရှင်ပြောတာက ခင်ဗျားတို့အားလုံးက မကြာခင်သေတော့မှာတဲ့ ၊ အဲဒီတော့ မ သေခင်လေး ဝဝလင်လင် အလကားစားခွင့်ပြုရတာပေါ့ဗျာ"

စားပွဲထိုးက ဝမ်းမြောက်ဝမ်းသာပြောလိုက်လေသည်။

"ကောင်းပါပြီ ၊ သေရတော့မယ်ဆိုတော့လည်း ခင်ဗျားတို့ဆီမှာ ရှိတဲ့ အကောင်းဆုံးအရက်နဲ့ အကောင်းဆုံးဟင်းလျာတွေသာ ကျုပ်ကိုချပေးပါတော့"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေတော့သည်။

စားပွဲထိုးက ဆန်းလျန်စကားကို ချက်ချင်းပြန်ပြောခြင်းမရှိပေ။ သူက ဆန်းလျန်၏ပခုံးထက်ဆီသို့သူ့လက်ကို ဆန့်တန်းလိုက်လေသည်။ သူ့လက်ချောင်းများမှာ အနည်းငယ်ကွေးညွတ်နေလေသည်။ စွမ်းအားကြီးမားသည့် ဖမ်းချုပ်တိုက်ခိုက်မှုတစ်မျိုးပင်ဖြစ်လေသည်။ စားပွဲထိုး၏အတွင်းအားမှာ နှစ်ပေါင်းနှစ်ဆယ်သုံးဆယ်ခန့် ကျင့်ကြံမှရနိုင်မည့် အတွင်းအားမျိုးဖြစ်လေသည်။

ဆန်းလျန်က နောက်သို့ခြေတစ်လှမ်းဆုတ်ကာ စားပွဲထိုး၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။

စားပွဲထိုးက အံ့ဩစွာဖြင့်...

"ခင်ဗျားရဲ့ပခုံးပေါ်မှာ ဖုန်တွေပေနေတာမြင်လို့ ကျုပ်က ခါပေး မလို့ပါ ၊ တခြားရည်ရွယ်ချက်မရှိပါဘူး"

စားပွဲထိုးကပြောလိုက်လေသည်။

ဆန်းလျန်က သူ့ပခုံးပေါ်မှ ဖုန်မှုန့်များကို ခါလိုက်ရင်း...

"ကောင်းပါပြီ ၊ ကျုပ်အတွက် အရက်နဲ့စားစရာတွေသာပေးပါ"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

စားပွဲထိုးထွက်ခွာသွားသည့်အခါတွင်တော့ ဆန်းလျန်က ထိုင် ရန်နေရာရှာလိုက်လေသည်။

တည်းခိုရိပ်သာမှာ သေးငယ်သည့်တည်းခိုရိပ်သာတစ်ခုမဟုတ် ပါ။ စားပွဲနှင့်ထိုင်ခုံများ အများအပြားရှိနေလေသည်။ ထိုင်ခုံ များတွင်လည်း သူ့နေရာနှင့်သူထိုင်ပြီး စားသောက်နေကြသည့် သူများလည်း ရှိနေလေသည်။

စားသောက်နေကြသည့်သူအားလုံးမှာ ကောင်းမွန်သေသပ်စွာ ဝတ်ဆင်ထားကြသည့်သူများဖြစ်ပြီး သူလိုကိုယ်လို ဝတ်ဆင်ထားသည့်သူတစ်ယောက်မျှမရှိပါ။

စားသောက်နေသူများမှာ သူတို့ဖာသာသူတို့ထိုင်ပြီးစားသောက်နေကြခြင်းဖြစ်ပြီး အချို့မှာဆန်းလျန်ကဲ့သို့ အဖော်မပါ တစ်ယောက်တည်းပင်ဖြစ်ကြလေသည်။

အုပ်စုလိုက်စားနေကြသူများကလည်း ဆန်းလျန်ကို တစ်ချက်မျှကြည့်လိုက်ပြီး တစ်ယောက်တည်း ခရီးသွားကြသည့်သူများကလည်း သူ့ကို လှမ်းကြည့်ကြလေသည်။

ဆန်းလျန်က လူများကိုရေတွက်ကြည့်လိုက်သည်။

သူကဲ့သို့တစ်ယောက်တည်းလာသည့်သူမှာ လေးယောက်ရှိပြီး အုပ်စုလိုက်စားသောက်နေကြသည့်သူများက ငါးဖွဲ့ရှိလေသည်။

သူတို့အားလုံးမှာ ဆန်းလျန်နှင့် သက်တူရွယ်တူများဖြစ်ကြလေသည်။ သူတို့ထဲတွင် သက်လတ်ပိုင်းအရွယ်အမျိုးသား သုံးဦးခန့်ပါလေသည်။ ထိုသူများ၏အကြည့်များက စူးရှတောက်ပနေကြလေသည်။ ကြည့်ရသည်မှာ အဆင့်မြင့်သိုင်းသမားများဖြစ်ပုံရလေသည်။

ရဲ့လျိုယွင်၏စာထဲတွင်ရေးထားသည်မှာ အသက်နှစ်ဆယ်အောက်ဖြစ်မှသာ ချင်းရွှမ်နတ်တံခါးက တပည့်အဖြစ်လက်ခံမည်ဖြစ်လေသည်။ ထိုအချက်ကို ခြွင်းချက်ထားခြင်းမရှိပေ။ ထိုသက်လတ်ပိုင်းလူရွယ်များမှာ ချင်းရွှမ်နတ်တံခါးအကြောင်းကို သိရှိသည့် သိုင်းလောကရှိ ကျော်ကြားသည့်အိမ်တော်များမှ ချင်းရွှမ်နတ်တံခါး၏လူရွေးပွဲကို လေ့လာရန်ရောက်ရှိနေကြသူများဖြစ်နိုင်သလို တောင်ပင်လယ်ဖေးရှုန်းနတ်ဘုရားကျွန်းကဲ့သို့သော လျှို့ဝှက်နတ်ဘုရားကျောင်းတော်

များမှ လာရောက်လေ့လာသည့် သူများလည်းဖြစ်နိုင်လေ

သည်။

တစ်ယောက်တည်းရောက်နေကြသည့်သူများမှာ ဆန်းလျှန်

ကဲ့သို့သောသူများပင်ဖြစ်နိုင်လေသည်။ သူတို့က ကျွန်းပေါ်သို့

ချင်းရှမ်နတ်တံခါးတပည့်ရွေးပွဲတွင်ပါဝင်ရန်

တစ်ယောက်တည်းလာခဲ့ကြသူများဖြစ်နိုင်သလို

မျက်စိလည်လမ်းမှားပြီး ရောက်လာသူများလည်း ဖြစ်နိုင်လေ

သည်။

အခန်း (၆၅)

ဆောင်းဦးလေပြေ

ယန့်ပုကွေးတည်းခိုခန်းတွင် ဆန်းလျန်သုံးရက်ခန့်တည်းခိုနေပြီး မြို့ထဲတွင် လည်ပတ်ရင်းအချိန်ဖြုန်းနေလေသည်။ ထိုသို့အချိန်ဖြုန်းရင်း ကိစ္စအချို့ကို သိလာရလေသည်။

မြို့ထဲတွင်နေထိုင်သူအများစုမှာ ချင်းရွှမ်နတ်တံခါးရှိ တပည့်များ၏ မျိုးနွယ်များဖြစ်ကြလေသည်။ ထို့ပြင် မျက်စိလည်လမ်းမှားပြီးရောက်လာရင်း မပြန်တော့ဘဲ နန်ခယ်မြို့တွင်ပင် အခြေချနေထိုင်ရန် ဆုံးဖြတ်လိုက်သည့်သူများလည်း ပါဝင်လေသည်။

နန်ခယ်မြို့တွင်နေထိုင်သူများမှာ ချင်းရွှမ်နတ်တံခါးသို့ဝင်ခွင့်ရရန် အခွင့်အရေးများစွာရှိလေသည်။ ယခုလက်ရှိ နတ်တံခါးဖွင့်သည့်အချိန်တွင်ပင် ပါဝင်ရန်စီစဉ်နေကြသည့် လူငယ်အချို့ရှိ

လေသည်။ သို့သော် သူတို့မှာအလားအလာနည်းပါးသည့် အပြင် ချင်းရွှမ်ကျင့်စဉ်အချို့ကိုပင် လေ့ကျင့်ထားခြင်းမရှိကြပေ။

သိုင်းလောကရှိ ထင်ရှားသည့်အိမ်တော်များမှ ချင်းရွှမ်သို့ စေလွှတ်လိုက်သည့်လူငယ်များနှင့် အခြားသော နတ်ဘုရားကျောင်းတော်များမှစေလွှတ်လိုက်သည့်လူငယ်များမှာလည်း များသောအားဖြင့် ချင်းရွှမ်နတ်တံခါးမှ အနွယ်တော်များနှင့် ပတ်သက်သည့်သူများဖြစ်ကြလေသည်။

ချင်းရွှမ်လမ်းစဉ်သို့လိုက်ရန် မအောင်မြင်ပါကလည်း သူတို့က သူတို့အိမ်သို့ ပြန်သွားကြမည့်သူများဖြစ်လေသည်။ သူတို့ထဲမှ အချို့ဆိုလျှင် လက်ထပ်ပြီးမိသားစုများပင်ရှိနေကြလေသည်။ အချို့မှာလည်း အပျော်သဘောဖြင့် လာရောက်လေ့လာကြခြင်းဖြစ်လေသည်။

သူတို့မှာ ချင်းရှမ်ကျင့်စဉ်များကိုပင် ကျင့်ကြံထားခြင်းမရှိ သည့်အပြင် သိုင်းပညာအနည်းငယ်သာ တတ်သည့်သူများပင် ပါဝင်ကြလေသည်။

သူတို့က လူ့လောကတွင် မွေ့လျော်နေသူများဖြစ်ကြ သည့်အတွက် အချိန်တန်လျှင် သေဆုံးသွားကြမည့်သူများသာ ဖြစ်လေသည်။

သို့သော် တာအိုကျင့်စဉ်လမ်းအတိုင်းကျင့်ကြံရင်း နတ်ဘုရား ကျင့်စဉ်လမ်းကို အမှန်တကယ် လိုက်လျှောက်ချင်သူများ လည်း ရှိလေသည်။ ထို့ပြင် တောင်ပင်လယ်ဖေးရှန်းနတ်ဘုရား ကျွန်းမှ ကျင့်စဉ်များကို ကျင့်ကြံထားကြသည့်သူများလည်း လာရောက်သြည့်သူများထဲတွင် ပါဝင်လေသည်။

သို့သော် သူတို့၏ကျင့်စဉ်မှာ နတ်သက်ခြွေဓားသိုင်းလောက် ကောင်းမွန်ခြင်းမရှိပါ။

အဘယ်ကြောင့်ဆိုသော် နတ်ဘုရားကျောင်းတော်များက လူ့လောကသို့ချထားပေးသည့် ကျင့်စဉ်များမှာ သိပ်ပြီးအရေးပါလှသောကျင့်စဉ်များမဟုတ်ပေ။

ဆန်းလျန်တွေ့ခဲ့သည့် ခရမ်းရောင်နတ်မိမယ်မှာ အမှန်တကယ်ရှိသည့်နတ်မိမယ်တစ်ပါးဖြစ်လေသည်။

ခေတ်ပေါ်လောကမှ ဤလောကသို့ ဆန်းလျန်အချိန်ခရီးဖြင့်ရောက်လာခဲ့ပြီးသည့်နောက်ပိုင်း အစွမ်းထက်သည့် လူမျိုးပေါင်းစုံနှင့်တွေ့ခဲ့ရပါသည်။ သို့သော် နတ်ဘုရားကျင့်စဉ်လမ်းကို တကယ်လေးစားအားကျသွားရအောင်လုပ်ပေးလိုက်သည့်သူကတော့ ထိုခရမ်းရောင်နတ်မိမယ်ပင်ဖြစ်လေသည်။ ချင်းရှမ်တွင် သူမ၏အဆင့်အတန်းမှာ မည်မျှရှိသည်ကို ဆန်းလျန်သိချင်နေမိလေသည်။

ယန့်ပုကွေးတည်းခိုခန်းပိုင်ရှင်မှာ တစ်ခါမျှ မျက်နှာထွက်ပြခြင်းမရှိပါ။ သို့သော် စားပွဲထိုးကတော့ အင်မတန်မှ

သဘောကောင်းပြီး သတင်းများကိုလည်း ပြောပြတတ်လေ

သည်။ ဆန်းလျှန်သိရသည့် သတင်းအများစုမှာ ထိုစားပွဲထိုးဆီ

မှဖြစ်လေသည်။

တိမ်များဖြင့်ရစ်သိုင်းနေသည့် နန်ခယ်မြို့လမ်းမရှည်

ကြီး၏အဆုံးနေရာကို ဆန်းလျှန်ငေးကြည့်နေမိလေသည်။

လမ်းအဆုံးမှာ နီးသည်ဟုထင်ရသည့်တိုင် အလွန်မှာဝေးကွာ

လေသည်။ လမ်းအဆုံးရှိတိမ်တိုက်များကို "နယ်ခြား

တိမ်တိုက်"ဟုခေါ်လေသည်။ လူ့လောကနှင့် နတ်ဒေဝါများနေ

သည့်နေရာကို စည်းခြားထားသည့် တိမ်တိုက်များဖြစ်လေ

သည်။

ချင်းရှမ်နတ်တံခါးမှ နတ်ဘုရားများအနေဖြင့် စိတ်တိုင်းကျဝင်

ထွက်သွားလာခွင့်ရသော်လည်း လူသားများအနေဖြင့်

ထူးခြားသောအခြေအနေမရှိဘဲ ထိုနေရာသို့ ဝင်ခွင့်မရပေ။

ထို့ပြင် နန်ခယ်မြို့တွင် နေထိုင်သည့်လူများအကျိုးကိုရှေ့ရှုပြီး ချင်းရှမ်နတ်တံခါးက နှစ်ငါးဆယ်တွင်တစ်ခါ တပည့်အသစ်ဆယ်ရောက်ရွေးခြယ်သည့်ပွဲကိုပြုလုပ်ပေးလေသည်။

သို့သော် အရည်အချင်းမပြည့်မီပါက လာရောက်ရွေးခြယ်ခံသည့်သူ မည်မျှများပြားနေပါစေ တစ်ဦးတစ်ယောက်ကိုမျှ တပည့်အဖြစ်ရွေးခြယ်ခြင်းမရှိပေ။

နတ်ဘုရားလမ်းစဉ်လိုက်ရန်အတွက် ရင်ဆိုင်ရမည့်အခက်အခဲများကို မည်သူမျှအသေးစိတ်မသိကြပေ။

သို့သော် မည်သူမျှ ချင်းရှမ်နတ်တံခါးတွင် တပည့်ဖြစ်ရမည့်အခွင့်အရေးကို လက်လွှတ်မခံလိုကြပေ။

တစ်နေ့ပြီးတစ်နေ့ကုန်ဆုံးလာသည်နှင့်အမျှ နန်ခယ်မြို့သို့ လူများတဖွဲဖွဲရောက်ရှိလာကြလေသည်။ ဆန်းလျန်မှာတော့ သူ၏အတွင်းအားနှင့် ကျင့်စဉ်များကို ပုံမှန်လေ့ကျင့်နေခဲ့လေသည်။

ချင်းရွှမ်နတ်တံခါးမှ တပည့်ဆယ်ယောက်သာလက်ခံမည်ကို အားလုံးသိထားကြလေသည်။ သို့သော် အရည်အချင်းပြည့်မီသူက တစ်ယောက်သာရှိလျှင်တော့ ထိုတစ်ယောက်ကိုသာ ချင်းရွှမ်နတ်တံခါးက တပည့်အဖြစ်လက်ခံမည်ဖြစ်လေသည်။ ဝမ့်ရှင်းလမ်းမှာ နောက်ဆုံးကျန်ရစ်မည့် လက်ရွေးစင်ဆယ်ယောက်အတွက် အရည်အချင်းစစ်ထုတ်မည့် လမ်းဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးမဖွင့်မီ ပြိုင်ဘက်များကို အနိုင်ယူအပြတ်ရှင်းနိုင်ပါက ထိုသူမှာ ချင်းရွှမ်နတ်တံခါးကို ဝင်ခွင့်ရရန် နီးစပ်နိုင်သည်ဟု အားလုံးက ထင်မြင်ယူဆကြလေသည်။ သို့သော် အထက်မှာပြောခဲ့သည့်အကြောင်းအရာများမှာ ကောလဟာလများသာဖြစ်လေသည်။ တကယ်တမ်း ချင်းရွှမ်နတ်တံခါးမှ တရားဝင်ထုတ်ပြန်ထားသည့်စည်းကမ်းများကို မည်သူမျှမသိပေ။ သို့သော် ပြိုင်ပွဲဝင်မည့်လူအားလုံးမှာ

အစွမ်းကုန် ကြိုးစားနေကြသလို အချင်းချင်းလည်း သတ်ဖြတ်နေကြလေသည်။

ထို့ကြောင့် စားပွဲထိုးက သူတို့အားလုံးကို "မကြာခင်သေတော့မည့်သူများ" ဟု ပြောခြင်းဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ ကောလဟာလစကားများကို ယုံကြည်ခြင်းမရှိပါ။ သို့သော် ယုံကြည်သည့်သူများလည်း များစွာရှိနေပြန်လေသည်။

မိမိအောင်မြင်ရေးအတွက် သူတစ်ပါးကိုသတ်ဖြတ်သည်မှာ အလုပ်ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် ထိုလုပ်ရပ်မှာ တစ်ကိုယ်ကောင်းဆန်ပြီး လောဘကြီးရာရောက်လေသည်။

ဆန်းလျန်ကဲ့သို့ တစ်ယောက်တည်းရောက်လာသူများမှာ အထူးသဖြင့် ပစ်မှတ်ထားခံကြရလေသည်။

သို့သော် အုပ်စုဖြင့်ရောက်လာကြသည့်သူများမှာလည်း စိတ်တူကိုယ်တူမဖြစ်နိုင်ပေ။ လူဆယ်ယောက်ရှိလျှင် စိတ်ဆယ်မျိုးရှိမည်ဖြစ်သောကြောင့် မည်သူ့ကိုမျှ ယုံကြည်၍မရနိုင်ပေ။ ထိုကဲ့သို့ သတ်ဖြတ်ရန်ကြံစည်နေသည့်သူများကိုလည်း အရူးများဟု မဆိုသာပေ။ သူတို့အားလုံးမှာ သူတို့ရရှိမည့်အခွင့်အရေးကိုလက်လွှတ်မခံနိုင်ကြပေ။

သို့သော် အလျင်စလိုပြုမူခြင်းမှာ ပညာဉာဏ်မရှိရာရောက်ပေသည်။ တွေ့တွေ့ချင်းတိုက်ခိုက်သည့်သူများမှာ ဦးနှောက်မရှိသူများဖြစ်ကြလေသည်။

ဆောင်းဦးလေပြေက တိုက်ခတ်လာလေသည်။

လောကကြီးတစ်ခုလုံးမှာ သတ်ချင်ဖြတ်ချင်စိတ်များဖြင့် ခြောက်ခြားစရာကောင်းလောက်အောင် ငြိမ်သက်တိတ်ဆိတ်နေလေသည်။

ဆန်းလျန်မှာ တည်းခိုခန်းရှိသူ၏အခန်းထဲတွင်ရှိနေလေသည်။
သူ့အခန်းထဲမှ ထွက်လိုက်သည်နှင့် သတ်ချင်ဖြတ်ချင်သည့်
သူများက သူ့ဆီသို့ဦးတည်လာကြတော့မည် ဖြစ်လေသည်။
အနည်းဆုံးတော့ သူ့ကိုလာသတ်မည့်သူ တစ်ယောက်ရှိ
နေသည်ဟု မျှော်လင့်ထားရလေသည်။ သို့သော် သတ်ဖို့
အတွက် စောင့်နေသောသူဖြစ်ပါက ပို၍သတိထားရလေသည်။
သတ်ဖို့အတွက် ဉာဏ်ဆင်ရန် စောင့်နေပြီဆိုလျှင်တော့ သာမန်
လူတစ်ယောက် မဖြစ်နိုင်တော့ပေ။
ဆန်းလျန်စပြီးရောက်သည့်နေ့ကတည်းက နန်ခယ်မြို့သို့ နေ့
တိုင်းပင် လူများတဖွဲဖွဲရောက်လာကြလေသည်။ သို့သော်
လူဦးရေမှာ တိုးလာခြင်းမရှိပေ။
၎င်းသည်ကို ကြည့်ခြင်းအားဖြင့် တစ်နေ့တစ်နေ့ အသတ်ခံရ
သည့်သူများမှာ မည်မျှများပြားကြောင်း ဖော်ပြနေလေ
တော့သည်။

ဆန်းလျန်မှာ အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့်အတွေးအမြင် ပိုင်းဆိုင်ရာဆုံချက်တို့ ပွင့်နေသူဖြစ်လေသည်။ ထို့ကြောင့် သူ၏တည်ငြိမ်အေးဆေးသည့် လုပ်ရှားမှုတိုင်းက အခြား သူများကို ကြောက်ရွံ့နေစေလေသည်။

တည်းခိုခန်းတွင် အဆင့်လွန်သိုင်းသမားတစ်ယောက်အဖြစ် အသိအမှတ်ပြုခံထားရသည့် စာရင်းထဲတွင် ဆန်းလျန်က ထိပ် ဆုံးမှပါဝင်လေသည်။ ဆန်းလျန်၏အကြောင်းကိုသိသည့် လူအချို့ပင် တည်းခိုခန်းတွင်နေထိုင်သူများထဲတွင် ပါဝင်လေ သည်။

အန္တရယ်များဝိုင်းဝိုင်းလည်နေခြင်းအတွက်လည်း ဆန်းလျန်က စိတ်အနှောင့်အယှက်မဖြစ်မိပါ။ သူ့ကိုလာရောက်တိုက်ခိုက်ပါ က သူပင်သိုင်းပညာလေ့ကျင့်ခွင့်ရသည်ဟု ရှုမြင်ထားသေး သည်။

သို့သော် ထိုသို့သတိထားနေရခြင်းနှင့် တိုက်ခိုက်နေရခြင်းများကြောင့် သူ၏ဝိညာဉ်စွမ်းအားမှာ များစွာတိုးတက်လာခြင်းမရှိပါ။ စိတ်လိုက်မာန်ပါမလုပ်မိဘဲ စဉ်းစားဆင်ခြင်ရသည်ကများသောကြောင့် ပိုပြီးတည်ငြိမ်လာရသည်ကတော့အမှန်ပင်ဖြစ်လေသည်။ နန်ခယ်မြို့သို့ရောက်နေသည့် ကာလအတွင်း သူ၏အတွင်းအားကတော့ ပိုပြီးသန့်စင်လာကာ တိုးတက်လာခဲ့လေသည်။

သီးသန့်နေတတ်သည့်ဆန်းလျန်မှာ အခြားသူများအမြင်တွင်တော့ မာနကြီးသည့် တစ်ကိုယ်တော်သိုင်းသမားတစ်ယောက်ဖြစ်နေလေတော့သည်။

တည်းခိုခန်းခြံဝင်းအတွင်းတွင် သစ်ရွက်ကြွေများရှိနေလေသည်။ သစ်ရွက်များကြွေသည့်အသံအပြင် ခြေသံပြင်းပြင်း တစ်ချက်ကိုလည်း ကြားလိုက်ရလေသည်။

အမှန်တော့ ခြေသံလုံလုံဖြင့်လျှောက်လာလျှင်လည်းရနိုင်ပေ

သည်။ သို့သော် တမင်သက်သက်ခြေသံပြင်းပြင်းနှင့်လျှောက်

လာခြင်းပင်။ ဆန်းလျန်ကို စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှု ဖြစ်

စေချင်သောကြောင့်ထိုသို့လျှောက်လာခြင်းဖြစ်လေသည်။

ခြေသံတစ်သံတည်းမဟုတ်...

စုစုပေါင်းလူသုံးယောက်...

ထုန်းရွှမ်ကျင့်စဉ်ကိုအောင်မြင်ထားသည့်သူတစ်ယောက်သည်

ခြေသံကိုကြားရုံမျှဖြင့် ခြေသံပိုင်ရှင်၏ သိုင်းပညာကို သိနိုင်

စွမ်းရှိလေသည်။

(ထုံးရွှမ်ကျင့်စဉ် = အဆင့်လွန်သိုင်းပညာကျင့်စဉ်တစ်ခု)

ဆန်းလျန်မှာ သိုင်းပညာနှင့်ပတ်သက်သည့်အခေါ်အဝေါ်များ

ကို သိပ်ပြီးသိရှိသူမဟုတ်ပါ။ ထို့ပြင် သူက ခြေသံကြားရုံမျှ

ဖြင့် ထိုသူ၏သိုင်းပညာကို တိတိကျကျပြောဆိုနိုင်ခြင်းလည်း

မရှိပါ။ သို့သော် သူက အာရုံခံနိုင်စွမ်းအလွန်ကောင်းသည့်သူ
တစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် သူ့ထံသို့လာသောသူများမှာ မည်သူမည်ဝါ
ဖြစ်သည်ကိုတော့ သူကောင်းစွာသိနိုင်လေသည်။ ထိုသူများမှာ
ရှောင်းအိမ်တော်မှ လူများဖြစ်ကြလေသည်။ တောင်ပင်လယ်
ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှအနွယ်တော်များဖြစ်နိုင်သလို
ကွေးယွင်စန်းကျွမ်းမှ လူများလည်းဖြစ်နိုင်လေသည်။
သူတို့၏အတွင်းအားမှာ ရှောင်းကျို၏အတွင်းအားနှင့်ဆင်တူ
လေသည်။

ရှောင်းကျိုအကြောင်းစဉ်းစားလိုက်မိတော့ ဆန်းလျန်မှာ ရဲ့
လျိုယွင်ကို သတိရလိုက်မိလေသည်။ သို့သော် ရောက်လာသူ
မှာ ရဲ့လျိုယွင်တော့မဟုတ်ခဲ့ပါ။

ရဲ့လျိုယွင် ချင်းရှမ်သို့လာတော့မည်မဟုတ်ကြောင်း ဆန်းလျန်
သိနေခဲ့လေသည်။

ချင်းရှမ်နတ်တံခါး၏တပည့်လောင်းများထဲတွင် ရဲ့လျိုယွင်နှင့် ဆန်းလျန်ကဲ့သို့ ထိပ်တန်းအဆင့်သိုင်းသမားမှာ အနည်းငယ် သာပါဝင်လေသည်။ သို့သော် သူတို့၏ကိုယ်ရည်ကိုယ်သွေး များမှာတော့ ရဲ့လျိုယွင်ကို မီသည့်သူ တစ်ယောက်မျှမရှိပေ။ ဆန်းလျန်တွေးမိသည်မှာ သူသာ ရဲ့လျိုယွင်ကဲ့သို့ ခြေထောက် မသန်သည့်ဒုက္ခိတတစ်ယောက်ဖြစ်ခဲ့ပါက ရဲ့လျိုယွင်ကဲ့သို့ စိတ်ဓာတ်မျိုးဖြင့် ကြိုးစားရင်း အောင်မြင်သူတစ်ယောက် ဖြစ်လာနိုင်မည်မဟုတ်ပေ။

အောင်မြင်မှု၏နောက်ကွယ်တွင် အခက်အခဲပေါင်းများစွာရှိ မည်ဖြစ်လေသည်။

လူများက အောင်မြင်မှုအသီးအပွင့်များကိုသာ မြင်တွေ့ကြ ခြင်းဖြစ်ပြီး ထိုအောင်မြင်မှုနောက်ကွယ်မှ ကြိုးစားရုန်းကန်ခဲ့ရ ခြင်း ၊ ပေးဆပ်ခဲ့ရခြင်း ၊ ကျခဲ့ရသည့်မျက်ရည်များ ၊ ထွက်ခဲ့ရ သည့်သွေးများကိုတော့ မမြင်နိုင်ကြပေ။

ထိုစာသားများမှာ ခေတ်ပေါ်ကမ္ဘာတွင်သူနေခဲ့စဉ်က

"ကဗျာဆရာကြီးပင်းရှင်း" ရေးခဲ့သည့်စာအုပ်ထဲမှ စာသားများ

ဖြစ်လေသည်။ သို့သော် ထိုစားသားများကို သက်သေပြခဲ့

သည့်သူကတော့ ရဲ့လျိုယွင်ပင်ဖြစ်လေသည်။

လေတိုက်ခတ်ခြင်းမရှိဘဲ တံခါးက ပွင့်သွားလေသည်။

တံခါးဝတွင်ဆန်းလျန်ရပ်နေလေသည်။

သူ့ကိုစိုက်ကြည့်နေသည့်လူသုံးယောက်ကို ဆန်းလျန်ကလည်း

ပြန်စိုက်ကြည့်လိုက်သည်။

"ဆန်းလျန် ၊ ကျုပ်ရဲ့ညီမဝမ်းကွဲကိုသတ်ခဲ့တဲ့အတွက် ပြန်

ပေးဆပ်ဖို့အချိန်တန်ပြီ"

စကားပြောလိုက်သည့်လူ၏မျက်နှာပေါက်မှာ ရှောင်းကျူနှင့်

ဆင်တူလေသည်။

အလင်းရောင်နှစ်ချက်လက်ခနဲဖြစ်သွားပြီး ထိုသူစကားပြော

နေစဥ်မှာပင် ကျန်လူနှစ်ယောက်က ဆန်းလျန်ကို တိုက်ခိုက်

လိုက်လေသည်။

တစ်ယောက်က ဓားကောက်အရှည်ကိုအသုံးပြုပြီး အခြားတစ်

ယောက်ကတော့ အနည်းငယ်ကွေးနေသည့်ဓားမျိုးကို

အသုံးပြုလေသည်။

ဓားကောက်ရှည်သိုင်းကွက်မှာ လှည့်ကွက်များစွာပါဝင်ပြီး ခုခံ

နိုင်ရန်ခက်ခဲလေသည်။

သို့သော် ဓားကွေးသိုင်းကွက်များက ပိုပြီးအန္တရယ်ကြီးမားလေ

သည်။ ရန်သူမှာလည်း သန်မာပြီး လျှင်မြန်သောသူ များဖြစ်

လေသည်။

ဓားက လေကိုထိုးခွင်းကာ ဝင်ရောက်လာလေသည်။ လေထုက

အေးခဲနေလေသည်။

ဓားချက်လက်ခနဲဖြစ်သွားသည်ကို ကြည့်ခြင်းအားဖြင့် အဆင့်မြင့်ဓားသမားများဖြစ်ကြောင်း သိနိုင်လေသည်။

ထိုသူနှစ်ယောက်လုံးမှာ အသက်နှစ်ဆယ်ကျော်ပတ်ဝန်းကျင်မျှရှိလေသည်။ အသက်ငယ်ငယ်နှင့် ထိုကဲ့သို့အဆင့်မြင့်သိုင်းသမားများ ဖြစ်လာခြင်းမှာ တော်လွန်းသောကြောင့်တော့မဟုတ်ပေ။ ဆရာကောင်းတွေ့ပြီး စနစ်တကျလေ့ကျင့်ခွင့်ရခဲ့သောကြောင့်သာဖြစ်လေသည်။ ထို့ပြင် သိုင်းစွမ်းအားကောင်းရန်အတွက် ဆေးစွမ်းကောင်းများလည်း ရှိသောကြောင့်ဖြစ်လေသည်။ အခြေခံကောင်းများ ရရှိသည့်အတွက်သာ ထိပ်တန်းသိုင်းသမားများဖြစ်လာကြသည့်သူများဖြစ်လေသည်။

သို့သော် သူတို့ကိုကြည့်ရသည်မှာ အတွေ့အကြုံတော့ အလွန်နည်းသည့်ပုံဖြစ်လေသည်။

ဆန်းလျန်က သူ၏လက်ကိုဝှေ့ယမ်းလိုက်လေသည်။ သူက ဓားဖြင့်တိုက်ခိုက်လာသည့်သူများကို လက်ဗလာဖြင့် ပြန်လည် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်နှင့်စကားပြောသည့်သူကတော့ တိုက်ခိုက်ခြင်းမရှိ သေးပါ။ သူက တိုက်ခိုက်ရန်အခွင့်ကောင်းကို စောင့်နေလေ သည်။ သူ၏အဖော်နှစ်ယောက် ဆန်းလျန်ကို လွှမ်းမိုးနိုင်သည့် အချိန်ကျမှ ဝင်ရောက်တိုက်ခိုက်ရန် စောင့်နေခြင်းဖြစ်လေ သည်။ သူက နောက်ဆုံးပွဲသိမ်းတိုက်ခိုက်ရန် ဆုံးဖြတ်ထားပုံရ လေသည်။

သူတို့၏အစီအစဉ်မှာ ကောင်းပါသည်။ သို့သော် လောကတွင် စီစဉ်ထားသည့်အတိုင်း ဖြစ်သည်က ရှားလေသည်။

ရုတ်တရက် အဖြူရောင်အလင်းတန်းတစ်ခု လက်ခနဲဖြစ်သွား ပြီး ဘာဖြစ်သွားသည်ကို မည်သူမျှ မသိလိုက်ပေ။

ထိုသူနှစ်ယောက်လုံး၏ဓားများမှာ ဆန်းလျန်ကို ထိမိခြင်းမရှိပါ။ ထိုဓားနှစ်လက်ကို အခြားသောဓားတစ်လက်က ခုခံတိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

သူတို့၏ဓားနှစ်လက်လုံးမှာ ထက်မြက်သည့်ဓားကောင်းများဖြစ်ကြလေသည်။

သို့သော် သူတို့၏ဓားနှစ်လက်လုံးမှာ ထက်ပိုင်းကျိုးသွားကြလေသည်။

ဆန်းလျန်က သူတို့၏အားနည်းချက်ကို သိလေသည်။

လောကတွင် အရာရာတိုင်း၌အားနည်းချက်ရှိသည်မဟုတ်ပါလား။ တာအိုကျင့်စဉ်လမ်းနှင့် နတ်ဘုရားကျင့်စဉ်များမှာပင် အားနည်းချက် ရှိလေသည်။

သို့သော်... အားနည်းချက်ကိုသိခြင်းနှင့် အားနည်းချက်ကိုသိပြီး အသုံးချတတ်ခြင်းမှာ ကွဲပြားလေသည်။

ဆန်းလျန်၏လေ့လာအားကောင်းမှုနှင့် အရည်အချင်းမှာ အံ့သြဖွယ်ရာပင်ဖြစ်လေသည်။

ဆန်းလျန်မှာ ထိုသူသုံးယောက်ကို လက်တစ်ဖက်ဝှေ့ယမ်းရုံမျှဖြင့် အနိုင်ရခဲ့လေသည်။

သို့သော် သူက ထိုလူသုံးယောက်ကို မသတ်ပါ။

ထိုလူသုံးယောက်ကို ဆန်းလျန်မသတ်ခြင်းမှာ အကြင်နာတရားရှိလွန်း၍တော့မဟုတ်ပေ။ ရှောင်းကျူကို မတော်တဆသတ်ခဲ့သလိုဖြစ်မိခြင်းအတွက် အပြစ်ရှိသလိုခံစားရသောကြောင့် ဖြစ်လေသည်။

သို့သော် ထိုသူသုံးယောက်ကို အပြစ်တော့ပေးရမည်ဖြစ်လေသည်။

သိုင်းလောကသားများကို အပြစ်ပေးမည်ဆိုလျှင် သူတို့၏လက်မောင်းရှိသွေးကြောကိုဖြတ်ကာ ရွှေပြဒါးအမြုတေအတွင်းအားစီးဆင်းမှုကို ရပ်တန့်စေလိုက်ခြင်းပင်ဖြစ်လေ

သည်။ သူတို့၏လက်များစားမကိုင်နိုင်တော့ခြင်းလောက်
ရက်စက်သည့်အပြစ်ပေးမှုမျိုး ရှိတော့မည်မဟုတ်ပေ။
ဆန်းလျန်ကဲ့သို့ လူတစ်ယောက်ကို လွယ်လွယ်နှင့်မသတ်သည့်
သိုင်းလောကသားမှာ လောကတွင် လွန်စွာမှ ရှားပါးလေသည်။
သို့သော် ဆန်းလျန်အနေဖြင့် ထိုသုံးယောက်ကို မသတ်ဘဲ
လွှတ်ပေးလိုက်ရသည်မှာ လွယ်ကူသည့်လုပ်ရပ်တော့မဟုတ်ခဲ့
ပါ။ အဘယ်ကြောင့်ဆိုသော နောင်တစ်ချိန်တွင် လက်စားချေ
ရန်အတွက် ပြန်လည်ကြိုးစားလာနိုင်လေသည်။
သို့သော် ကိုးလပိုင်းတပည့်ရွေးပွဲမတိုင်ခင်အထိတော့ မည်သူ
မျှဆန်းလျန်ကို မထိရဲကြတော့ပေ။

အခန်း (၆၆)

တောင်ပေါ်သို့

ကိုးဂဏန်းမှာ မိုးနှင့်မြေတွင် ကိုးနဝင်းကျေသည့်ဂဏန်းဖြစ်လေသည်။ ထို့ကြောင့် ချင်းရှမ်နတ်တံခါးက ကိုးလပိုင်းကိုးရက်နေ့တွင် နတ်တံခါးကိုဖွင့်ရန် ဆုံးဖြတ်ခြင်းဖြစ်လေသည်။

ပြိုင်ဘက်အချင်းချင်းသတ်ဖြတ်ကြပြီးသည့်နောက် နတ်တံခါးဖွင့်သည့်အချိန်တွင် ပြိုင်ပွဲဝင်မည့်သူ သုံးဆယ်ခန့်သာ ကျန်လေတော့သည်။

ထိုကျန်ရစ်ခဲ့သည့် လူသုံးဆယ်မှာ အလားအလာအကောင်းဆုံးသူများနှင့် ကိုယ်ရေကိုယ်သွေးကောင်းသူများ ဖြစ်လေသည်။

သူတို့ထဲမှ အများစုမှာ ဂုဏ်သရေရှိအိမ်တော်များမှ မျိုးဆက်

များဖြစ်ကြပြီး ထိပ်တန်းသိုင်းသမား သက်တော်စောင့်များက

သူတို့ကို ကာကွယ်ပေးထားကြလေသည်။

ဆန်းလျှန်မှာ ပထမဆုံးရောက်ရှိလာသည့်သူမဟုတ်သလို

နောက်ဆုံးမှရောက်လာသည့်သူလည်းမဟုတ်ပါ။

နံနက်ခင်းနေထွက်လာပြီဖြစ်လေသည်...

ဝမ့်ရှင်းလမ်းအဆုံးရှိ နယ်ခြားတိမ်တိုက်များမှာ တဖြည်းဖြည်း

ပျောက်ကွယ်သွားပြီး တောင်ပေါ်သို့သွားရာလမ်းမှာ

တဖြည်းဖြည်းပေါ်လာလေသည်။

ပထမဆုံးဝင်ခွင့်ရသည့်သူမှာ "လူ"ဟူသည့် မျိုးနွယ်နာမည်ရှိ

သည့် စာပေသမားတစ်ယောက်ဖြစ်လေသည်။

ထိုလူငယ်မှာ ဂုဏ်သရေရှိအိမ်တော်များမှ မျိုးဆက်တစ်

ယောက်မဟုတ်ပါ။ သူ၏ဇစ်မြစ်ကိုလည်း မည်သူမျှ မသိကြ

ပါ။ ပြိုင်ပွဲဝင်များထဲတွင် အလွန်မှထူးဆန်းသည့် ထိပ်တန်း

ကျင့်ကြံသူသုံးဦးပါဝင်လေသည်။ ထိုသုံးဦးထဲတွင် ဆန်းလျှန်

မှာလည်းတစ်ဦးအပါအဝင်ဖြစ်သလို ထို "လူ" မျိုးနွယ်စာပေ

သမားမှာလည်း တစ်ဦးအပါအဝင်ဖြစ်လေသည်။

အခြားသောပြိုင်ဘက်များက သူ့ကိုသတ်ဖြတ်ရန်ကြိုးစား

သော်လည်း သူ၏အကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်းမ

ရှိကြပေ။ သူ့ကို လာရောက်စိန်ခေါ်သူများမှာ အရှက်ကွဲပြီး

ပြန်သွားရသည်ချည်းပင်။

ဆန်းလျန်က ထို စာပေသမား"လူ" မှာ ဝိညာဉ်စွမ်းအားဖြင့်

တိုက်ခိုက်သည့် ထူးဆန်းသည့်ပညာတတ်ထားသည်ဟု

သံသယဝင်မိလေသည်။

စာပေသမားတစ်ယောက်ဖြစ်သည့်တိုင် "လူ" မှာ အရပ်မြင့်မြင့်

နှင့်ထောင်ထောင်မောင်းမောင်းဖြစ်လေသည်။ သူ့ကြည့်ရ

သည်မှာ စာပေသမားထက် သိုင်းလောကသားသူရဲကောင်း

တစ်ယောက်နှင့်ပိုတူလေသည်။ သို့သော် သူ၏မျက်နှာမှာ

အမြဲတမ်းသုန်သုန်မှုန်မှုန်နှင့်ဖြစ်လေသည်။

စာပေသမား"လူ" တောင်ပေါ်လမ်းသို့စတင်ဝင်ရောက်သွား

သည့်အချိန်တွင်တော့ မည်သည့်ထူးဆန်းမှုမျိုးမှ ဖြစ်မလာပေ။

အလွန်ထူးဆန်းသည့် ထိပ်တန်းကျင့်ကြံသူဟုသတ်မှတ်ခံထား

ရသည့်နောက်တစ်ဦးမှာ အားနည်းပြီး ပိန်ပိန်ပါးပါး ပုံသဏ္ဍာန်ရှိ

သည့် လူငယ်တစ်ယောက်ဖြစ်လေသည်။ သူ၏ပုံစံမှာ သာမန်

လူငယ်တစ်ယောက်၏ပုံမျိုးမျှသာဖြစ်လေသည်။ ထို့ပြင်

အသံပင်ကျယ်ကျယ်ပြောနိုင်လောက်အောင် အားရှိသည့်ပုံ

ပင်မပေါ်ပေ။

သို့သော် ထိုလူငယ်တွင် ထူးခြားချက်တစ်ခုရှိလေသည်။ သူက

အရာရာကို ကြိုပြီးသိမြင်လေသည်။

ထမင်းစားသည့်အချိန်တိုင်း ထိုလူငယ် ဆန်းလျန်ဘေးတွင်

လာထိုင်သည့်အချိန်တိုင်း ဆန်းလျန်မှာ အံ့သြရစမြဲပင်ဖြစ်လေ

သည်။

သို့သော် ဆန်းလျန်သာသေချာလေ့လာထားခြင်းမရှိလျှင် ထို ပိန်ပိန်ပါးပါးလူငယ်ကို ဆန်းလျန်မှာ သတိထားမိမည် မဟုတ် ပေ။

လူတစ်ယောက်ကို သတိထားခြင်းမရှိလျှင် ထိုသူ၏အပြုအမူ များကိုလည်း သတိပြုမိမည်မဟုတ်ပေ။

ထို့ပြင် ဆန်းလျန်နှင့်အခြားလူအနည်းငယ်သာ ထိုပိန်ပိန်ပါးပါး လူငယ်ပြုလုပ်သည့် ထူးဆန်းသည့်လှည့်ကွက်များကို သတိထားမိကြလေသည်။

အလွန်ထူးဆန်းသည့် ထိပ်တန်းကျင့်ကြံသူသုံးယောက်တွင် အပါအဝင်ဖြစ်သည့် ထိုပိန်ပိန်ပါးပါးလူငယ်မှာလည်း ဂုဏ် သရေရှိအသိုင်းအဝိုင်းမှမဟုတ်ပါ။

ဆန်းလျန်သွားရမည့်အလှည့်သို့ရောက်လာလေသည်။ သူက ပတ်ဝန်းကျင်ကိုလေ့လာတတ်သည့်အကျင့်ရှိသည့်အတွက် ဟို ကြည့် ဒီကြည့်ဖြင့် လမ်းလျှောက်လာလေသည်။ ပထမဆုံး

အကြိမ်မဟုတ်သည့်တိုင် ထိုပိန်ပိန်ပါးပါးလူငယ်ကို မြင်လိုက်ရသည့်အခါတွင်တော့ သူအံ့သြနေမိဆဲဖြစ်လေသည်။

ထိုပိန်ပိန်ပါးပါးလူငယ်က ခပ်မြန်မြန်သွားခြင်းမရှိပါ။ သူ့ကိုကြည့်ရသည်မှာ သိုင်းပညာတတ်သည့်ပုံမပေါ်ပါ။ သွားရင်းနှင့်ချော်ပင်လဲလိုက်သေးသည်။

သို့သော်သူက သူ့အတိုင်းအတာနှင့်သူ ကျောက်လှေကားထစ်များအတိုင်း ဖြည်းဖြည်းချင်းတက်နေလေသည်။

မြူများက ထူထပ်စွာဖြင့် အုံ့ဆိုင်းနေလေသည်။ တောင်တက်လမ်းတစ်လျှောက် သွားနေသူများမှာ တစ်ယောက်နှင့်တစ်ယောက် တွေ့မြင်ရခြင်းမရှိတော့ပေ။

တောင်တက်လမ်းအတိုင်းသွားသည့် လူငယ်အယောက်သုံးဆယ်မှာ လမ်းသို့စတင်ဝင်ရောက်ကတည်းက အတူတူဝင်ရောက်ကြခြင်းမဟုတ်ဘဲ တစ်ယောက်နှင့်တစ်ယောက်အနည်းငယ်ခြားပြီး ဝင်ရောက်သွားကြခြင်းဖြစ်လေသည်။

ထို့ကြောင့် မြူများထူထပ်လာသည့်အခါ တစ်ယောက်နှင့်တစ်ယောက် အလှမ်းဝေးသွားကြလေသည်။

တောင်တက်လမ်းအပြင်ဘက်တွင်ကျန်ရစ်ခဲ့သည့်သူများမှာလည်း လမ်းထဲတွင် ဖြစ်ပျက်နေသည်များကို မြင်တွေ့ရခြင်းမရှိပါ။ တောက်တက်လမ်းသို့ဝင်ရောက်သွားကြသည့်လူများမှာလည်း အခြားလူများဘာဖြစ်နေသည်ကို မြင်တွေ့ရခြင်းမရှိပါ။

ပထမနေ့မှာပင် တောင်တက်လမ်းမှပြုတ်ကျပြီး ဒဏ်ရာရသူများစွာရှိလေသည်။

ထိုသို့ပြုတ်ကျသောသူများကိုကြည့်မည်ဆိုလျှင် နန်ခယ်မြို့တွင် ပြိုင်ဘက်များကို သတ်ဖြတ်ခဲ့ကြသည့်သူများဖြစ်နေသည်ကို တွေ့ရမည်ဖြစ်လေသည်။

စုစုပေါင်းပြုတ်ကျသူမှာ နှစ်ဆယ့်နှစ်ယောက်ရှိလေသည်။

ထို့ကြောင့် တကယ်တမ်းတောင်တက်လမ်းအတိုင်းဆက်သွားနိုင်သူများမှာ ဆယ်ယောက်ပင်မပြည့်တော့ပေ။ သို့သော် လူအ

များစုမသိကြသည့်အချက်မှာ ဝမ့်ရှင်းလမ်းမှာ နှစ်ဝက်တိတိ ဖွင့်ထားသည်ဆိုသည့်အချက်ပင်ဖြစ်လေသည်။

ချင်းရွှမ်တောင်ထိပ်တွင် နတ်ရေကန်တစ်ခုရှိလေသည်။ ထို ရေကန်မှ ရေခဲတမျှအေးသည့် ရေခဲငွေ့များထွက်နေပြီး မြူခိုး များသဖွယ်ဖြစ်နေလေသည်။

ထိုရေကန်နားတွင် အဘိုးအိုနှစ်ယောက် စစ်တုရင်ကစားနေကြ လေသည်။ အဘိုးအိုတစ်ယောက်မှာ အနီရောင်ဝတ်ဆင်ထား ပြီး အခြားအဘိုးအိုတစ်ယောက်မှာ မီးခိုးရောင်ဝတ်ဆင်ထား လေသည်။

ဆန်းလျန်မှာ ချင်းရွှမ်တောင်ပေါ်သို့ပထမဆုံးရောက်ရှိလာ သည့်သူဖြစ်လေသည်။ သို့သော် သူ့ကိုယ်သူအံ့ဩမိခြင်းမရှိ ပါ။ သူ၏မြင့်မားသည့်ဝိညာဉ်စွမ်းအားနှင့် "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်ထဲမှ ကျင့်စဉ်များကြောင့်ဤသို့စော စီးစွာရောက်လာရခြင်း ဖြစ်လေသည်။ ဝမ့်ရှင်းလမ်း

တစ်လျှောက်ရှိ ပုံရိပ်ယောင်များကို သူ့စိတ်ထဲတွင်စိတ်အာရုံ ဖြင့် ပန်းချီဆွဲပုံဖော်ထားသည့် နတ်သမီးပုံကိုစဉ်းစားပြီး စိတ် တည်ငြိမ်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့လေသည်။

ဝမ့်ရှင်းလမ်းတစ်လျှောက်ကြုံတွေ့ရသည့်အတားအဆီးများမှာ ပုံရိပ်ယောင်များသာဖြစ်လေသည်။

ထို့ပြင် ဝမ့်ရှင်းလမ်းတစ်လျှောက်စမ်းသပ်မှုများမှာ တင်းကြပ် ခြင်းမရှိသလို တောင်ထိပ်ထိရောက်အောင် တက်လာနိုင်သည့် သူများကိုလည်း ချင်းရွှမ်နတ်တံခါးမှ တပည့်အဖြစ်သတ်မှတ် ခြင်းမရှိသေးပါ။

ဆန်းလျန်မှာ စစ်တုရင်ကစားနေသည့် အဘိုးအိုနှစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ သို့သော်ထိုအဘိုးအိုနှစ်ယောက် ကတော့ ဆန်းလျန်ကို ဂရုပင်မစိုက်ပါ။ စစ်တုရင်ကစားပွဲကို သာ အာရုံစိုက်ပြီး ကစားနေကြလေသည်။

သုံးရက်နှင့်သုံးညလုံးလုံး ဆန်းလျန်မှာ လူတစ်ဦးတစ်ယောက်ကိုမျှ မြင်တွေ့ခဲ့ရခြင်းမရှိပေ။

အစောဆုံးတောင်ပေါ်သို့ရောက်လာသည့်အတွက် အခြားလူတစ်ယောက်ဆိုလျှင်တော့ မာန်တက်နေမည်ဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ ထိုသို့မဟုတ်ပါ။ သူက အစွမ်းအစနှင့်အကန့်အသတ်ကို နားလည်သူတစ်ယောက်ဖြစ်လေသည်။

ချင်းရှမ်တောင်ထိပ်မှာလည်း တကယ်တမ်းတွင် သက်တောင့်သက်သာရှိသည့်နေရာတစ်ခုမဟုတ်ပါ။ နတ်ရေကန်မှထွက်လာသည့် ရေခဲငွေ့များကြောင့် အေးစိမ့်နေလေသည်။ ဆန်းလျန်မှာ အအေးဒဏ်ကိုခံနိုင်ရန်အတွက် အတွင်းအားကိုအသုံးပြုကာ တောင့်ခံထားရလေသည်။

ဆန်းလျန်မှာ အထွဋ်ထိပ်ဆုံချက်ရှစ်နေရာလုံးပွင့်နေပြီး သွေးလည်ပတ်မှုနှင့်အတွင်းအားစီးဆင်းမှု အလွန်ကောင်းသည့်တိုင်

သုံးရက်ခန့်အစားအသောက်စားရခြင်းမရှိသဖြင့် အတွင်းအား မှာ လျော့နည်းနေလေသည်။

မိုးနှင့်မြေမှထွက်ပေါ်လာသည့် အသက်ဓာတ်စွမ်းအားများကို သာ အနည်းငယ်စုပ်ယူထားမိခြင်းရှိသော်လည်း ထိုစွမ်းအားက လုံလောက်မှုမရှိပေ။ ဝမ့်ရှင်းလမ်းအတိုင်း မနားမနေတက်လာ ရသည့်အတွက်လည်း အတွင်းအားမှာ ကုန်ခမ်းနေရလေသည်။ သူက အဘိုးအိုနှစ်ယောက်ကို စကားပြောရန်ကြိုးစားကြည့် သော်လည်း သူမေးမြန်းသည်ကို အဘိုးအိုများက ပြန်လည် ဖြေကြားခြင်းမရှိပေ။ အချိန်မည်မျှကြာအောင်စောင့်ရမှန်းမသိ ဖြစ်နေရလေသည်။

ထို့ပြင် ချင်းရှမ်တောင်ပေါ်သို့တက်သည့်လမ်းမှာ ဝမ့်ရှင်းလမ်း မှလွဲပြီး အခြားလမ်းမရှိပေ။ ထိုနေရာကို နတ်ကျုံးတစ်ခုဖြင့် ကာရံထားသည့်အတွက် ဆန်းလျန်မှာ အခြားနေရာသို့လည်း ထွက်ခွာသွား၍မရသည့် အခြေအနေမျိုးဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်မှာ မည်ကဲ့သို့ပျံသန်းရမည်ကိုလည်း သိသူ
တစ်ယောက်မဟုတ်ပေ။

စူးရှအေးစက်သည့်တောင်ပေါ်လေကလည်း တိုက်ခတ်နေ
သောကြောင့် ဝိညာဉ်လွှင့်ခြင်းအတတ်ပညာကိုလည်း ဆန်းလျ
န်အသုံးမပြုရဲပေ။ သူ၏ဝိညာဉ်မှာ နတ်လေပြေဖြင့်လွင့်ထွက်
မည်ကို စိုးရိမ်နေမိလေသည်။

စောင့်ရသည်မှ စိတ်ညစ်စရာမရှိပါ။

သို့သော် မည်မျှကြာအောင် စောင့်ရမည်မှန်းမသိသည်ကတော့
အလွန်စိတ်ညစ်စရာကောင်းလေသည်။

အတော်ဆုံးသူရဲကောင်းများပင် ထိုသို့စောင့်ဆိုင်းရပါက
စိတ်ပျက်လက်ပျက်ဖြစ်ကုန်ကြမည် ဖြစ်လေသည်။

ဆန်းလျန်မှာ နှလုံးသားနှင့်ခံစားတတ်သည့် လူသားတစ်
ယောက်ဖြစ်လေသည်။ သူ၏အကြီးမားဆုံးစိတ်ပျက်မှုမှာ သူ့
ကိုစိတ်မရှည်အောင်တွန်းပို့နေခြင်းပင်ဖြစ်လေသည်။

သို့သော် သူ၏စဉ်းစားဆင်ခြင်တတ်သောစိတ်က စိတ်လိုက်မာန်ပါမလုပ်ဘဲ တည်ငြိမ်စွာနေရန် သတိပေးနေလေသည်။

သူ့ရင်ထဲတွင်ပူလောင်နေသည့်တိုင် ခေါင်းကိုတော့ အေးအေးထားနိုင်အောင် ကြိုးစားလိုက်လေသည်။

သည်းခံနိုင်မှုအတိုင်းအတာကကုန်လွန်နေပြီဖြစ်လေသည်။ဝမ့်ရှင်းလမ်းအတိုင်း တောင်အောက်သို့ ပြန်ဆင်းသွားချင်စိတ်များတဖွားဖွားဖြစ်ပေါ်နေလေသည်။ သို့သော် သူ့ခေါင်းထဲတွင်သိနေသည်က ယခုအချိန် တောင်အောက်သို့ပြန်ဆင်းသွားလျှင် မည်သည့်အခါမျှ နတ်ဘုရားကျင့်စဉ်လမ်းကိုလိုက်လျှောက်နိုင်ရန်အခွင့်အရေးရတော့မည်မဟုတ်ပေ။

သို့သော် နောက်ထပ်အတွေးတစ်ခုဝင်ရောက်လာပြန်သည်။ ချင်းရွှမ်နတ်တံခါးမှာ လောကတွင်တစ်ခုတည်းရှိသည့် နတ်ဘုရားကျောင်းတော်တစ်ခုမဟုတ်ပေ။ သူတောင်အောက်သို့

ပြန်ဆင်းသွားလျှင် အခြားသောနတ်ဘုရားကျောင်းတော်များ

တွင်လည်း ဝင်ခွင့်ရနိုင်သည် မဟုတ်ပါလား။

အဘိုးအိုနှစ်ယောက် စစ်တုရင်ကစားနေသည်ကို ဆန်းလျန်

တိတ်ဆိတ်စွာဖြင့် ကြည့်နေမိလေသည်။ သူ၏တည်ငြိမ်မှု

နောက်ကွယ်မှ ပေါက်ကွဲထွက်တော့မတတ်ဖြစ်နေသည့် ဒေါသ

ကို မည်သူမျှ မရိပ်မိနိုင်ပေ။

ဆန်းလျန်က စစ်တုရင်ခုံသို့ အာရုံပြောင်းပြီးကြည့်လိုက်သည်။

အဘိုးအိုနှစ်ယောက်မှာ စစ်တုရင်တစ်ကွက် မရွှေ့ခင်မှာပင်

အချိန်အကြာကြီးစဉ်းစားနေကြလေသည်။

ဆန်းလျန်မှာ စစ်တုရင် ကျွမ်းကျင်စွာကစားတတ်သည့်သူတစ်

ယောက်တော့မဟုတ်ပါ။ သို့သော် စစ်တုရင်အကြောင်းတော့

ပြောနိုင်လေသည်။ စစ်တုရင်အနက်ရုပ်လေးများနှင့် အဖြူရုပ်

လေးများမှာ အားပြိုင်နေကြလေသည်။

စစ်တုရင်ကစားနည်းမှာ လွန်စွာမှ ရှုတ်ထွေးလေသည်။ စစ်တုရင်တစ်ကွက်ရွှေ့လိုက်သည်နှင့် အနိုင်အရှုံးပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိလေသည်။ အတွင်းအားကျင့်စဉ်ကျင့်ကြံရခြင်းထက်ပင် ရှုတ်ထွေးသည့် ကစားနည်းတစ်ခုဖြစ်လေသည်။

ဆန်းလျန်စကားမပြောတော့ပါ။ စစ်တုရင်ခုံကိုသာ အာရုံစိုက်ပြီးကြည့်နေလေသည်။

စစ်တုရင်ခုံပေါ်တွင် စစ်တုရင်ရုပ်လေးများ တဖြည်းဖြည်းနည်းလာကြလေသည်။ ပြိုင်ပွဲကပြီးဆုံးတော့မည့်တိုင် မည်သူကနိုင်မည်ကို ပြော၍မရသည့် အနေအထားဖြစ်လေသည်။

သို့သော် စစ်တုရင်ရုပ်တစ်ခုတိုင်းကို ဆန်းလျန်လိုက်ကြည့်နေမိရင်းသူ၏ခန္ဓာကိုယ်တွင်းရှိ သွေးကြောဆုံမှတ်များမှာ သွေးခုန်နှုန်းများမြင့်တက်လာသည်ကို ရိပ်မိလိုက်လေသည်။

တစ်ခါတစ်ရံတွင် အနက် ၊ တစ်ခါတစ်ရံတွင် အဖြူ…

သူက စစ်တုရင်အနက်ရုပ်နှင့်အဖြူရုပ်များကို ဆက်စပ်ကြည့်လိုက်သည့်အခါမျိုးတွင် သူ၏ခန္ဓာကိုယ်တွင်းရှိ သွေးကြောဆုံမှတ်များမှာလည်း ဆက်စပ်သွားကြပြီး ထူးဆန်းသည့်သွေးလည်ပတ်မှုကို ဖန်တီးပေးလေသည်။

လူသားခန္ဓာကိုယ်တွင် သွေးကြောပေါင်းများစွာရှိလေသည်။

သွေးကြောအားလုံး၏လုပ်ဆောင်ချက်အားလုံးကို မည်သူမျှမသိနိုင်ကြပေ။

ဆန်းလျန်က စစ်တုရင်ရုပ်လေးများနှင့် သူ၏သွေးကြောဆုံမှတ်များကို အပြန်အလှန်ဆက်စပ်ကြည့်နေလေသည်။

သွေးကြောပေါင်းသုံးရာကျော်ရှိသည့်အနက် သွေးကြောပေါင်းတစ်ရာကျော်ခန့်မှာ စစ်တုရင်ရုပ်လေးများနှင့် သွားရောက်ဆက်စပ်နေလေသည်။ သူ့ကိုယ်တွင်းမှအတွင်းအားများမှာ တဖြည်းဖြည်းငြိမ်သက်လာပြီး ထွက်နေသည့်ဒေါသများမှာလည်း လွင့်စင်ပျောက်ပျက်သွားရလေသည်။

ဆန်းလျန်မှာ စစ်တုရင်ကစားပွဲနောက်ကွယ်မှ လျှို့ဝှက်ချက်ကို နားလည်သွားလေသည်။ ထိုစစ်တုရင်ကစားပွဲတွင် အတွင်း အားစီးဆင်းမှုအတွက် ကျင့်စဉ်တစ်ခုပါဝင်နေလေသည်။ သို့သော် စစ်တုရင်ကစားပွဲမပြီးသေးခင်မှာပင် အနီရောင်ဝတ် ထားသည့်အဘိုးအိုက လက်တစ်ဖက်ဝေ့ယမ်းလိုက်ပြီး စစ်တုရင်ကစားပွဲကို ဖျက်စီးပစ်လိုက်လေတော့သည်။

"မင်းရှုံးခါနီးကျမှ ဒါကဘာလုပ်တာလဲ"

မီးခိုးရောင်ဝတ်ဆင်ထားသည့်အဘိုးအိုက ပြောလိုက်လေ သည်။

"ဒီပြိုင်ပွဲရဲ့မျိုးစေ့သုံးခုက နေရာကျသွားပြီ ၊ အခုပဲ ဆရာ သခင်ကို သွားပြောသင့်ပြီ"

အနီရောင်ဝတ်ဆင်ထားသည့်အဘိုးအိုက ပြုံးပြီးပြောလိုက် လေသည်။

အနီရောင်ဝတ်အဘိုးအိုက မကျေမနပ်ဖြစ်နေသည့် မီးခိုးရောင်ဝတ်အဘိုးအိုကို အရေးပင်မလုပ်ပေ။

မီးခိုးရောင်ဝတ်အဘိုးအိုက သူ့ဘေးသို့ကြည့်လိုက်သည်။

ဆန်းလျန်နှင့်အတူ ဆန်းလျန်နောက်တွင်ရပ်နေသည့် ပိန်ပိန်ပါးပါးအားနည်းနေသည့်လူငယ်နှင့် စာပေသမား "လူ" တို့ကိုတွေ့လိုက်ရလေသည်။

သူတို့သုံးယောက်မှလွဲပြီး အခြားသူများမှာ ဝမ့်ရှင်းလမ်းတွင်ကျရှုံးခဲ့လေပြီ။

ဝမ့်ရှင်းလမ်းဖွင့်ထားသည့် နှစ်ဝက်အချိန်အတွင်းတွင်နောက်ထပ်အရည်အချင်းပြည့်မီသည့် တပည့်ခုနစ်ဦးရောက်လာဦးမည်လားဆိုသည်ကတော့ ပြောရန် ခက်ခဲလွန်းလေသည်။

အခန်း (၆၇)

စက္ကူကြိုးကြာများဖြင့်ပျံသန်းခြင်း

စာပေသမား"လူ" ရှေ့သို့ထွက်လိုက်လေသည်။ သူက

ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်သောကြောင့် အခြားသူများ

ထက် ထွားနေလေသည်။ သူက အဘိုးအိုနှစ်ယောက်ရှေ့သို့

သွားလိုက်ပြီး...

"ဆရာကြီးတို့၊ ဆရာကြီးတို့နှစ်ယောက်က ချင်းရှမ်ကနတ်ဒေ

ဝါတွေများလား"

သူက လက်နှစ်ဖက်စုပ်အရိုအသေပြုလိုက်ရင်း

လေးလေးစားစားဖြင့်မေးလိုက်လေသည်။

"နတ်ဘုရားဖြစ်ဖို့ဆိုတာ လွယ်တယ်မှတ်လို့၊ ဒါပေမယ့် မင်းတို့သုံးယောက်ကတော့ ကျော်ဖြတ်လာနိုင်ကြတာပေါ့လေ"

အနီရောင်ဝတ်အဘိုးအိုက စာပေသမား"လူ" ကိုကြည့်ရင်းပြောလိုက်လေသည်။

သူက သူ၏အင်္ကျီလက်ထဲမှ စက္ကူစွန်သုံးခုကိုထုတ်ယူလိုက်လေသည်။ စွန်များမှာ လေထဲတွင် ပျံသန်းသွားကာ လူတစ်ယောက်၏အရပ်ထက်ဝက်ခန့်လောက်ထိ ကြီးထွားလာကြလေသည်။ ထိုစွန်များက မြေပေါ်တွင်ရပ်တန့်နေပြီး သူတို့၏အတောင်များကို ဖြန့်လိုက်လေသည်။ သေသေချာချာမကြည့်လျှင် ထိုစက္ကူစွန်များကို အဖြူရောင်ကြိုးကြာငှက်များဟု ထင်မှတ်မိမည်ဖြစ်လေသည်။

ဆန်းလျန်နှင့် စာပေသမား"လူ" တို့နှစ်ယောက်လုံးမှာ သတ္တိရှိကြသူများဖြစ်ကြလေသည်။ သူတို့က ထိုစက္ကူစွန်များကိုကြည့်ကာ ကြောက်လန့်သွားခြင်းမျိုးမရှိဘဲ တစ်ယောက်နှင့်

တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြလေသည်။ သူတို့၏တွေ့ဆုံမှုမှာ ကံတရားအတိုင်းသာဖြစ်ပြီး ယခုအချိန်မှစတင်ကာ အတူတူပညာသင်ကြားရတော့မည့်သူများ ဖြစ်လေသည်။

စာပေသမား"လူ" မှာ စာပေသမားတစ်ယောက်ဖြစ်သည့်တိုင် ပိုပြီးသန်မာပုံရလေသည်။ ဆန်းလျန်မှာတော့ နူးညံ့သိမ်မွေ့ပုံရသော်လည်း အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်လေသည်။

သို့သော် အားနည်းနေသည့်ပိန်ပိန်ပါးပါးလူငယ်မှာတော့ စက္ကူစွန်များပေါ်သို့တက်ရန် မဝံ့မရဲဖြစ်နေလေသည်။

ဝမ့်ရှင်းလမ်းတစ်လျှောက် အန္တရယ်များကို မည်သို့ဖြတ်ကျော်လာသည်မသိပေ။ သူ့ပုံစံက အားအင်ချည့်နဲ့နေကာ ကြောက်ရွံ့တုန်လှုပ်သည့်ပုံပေါက်နေလေသည်။

ဆန်းလျန် ထိုလူငယ်ကိုလေ့လာနေသည်မှာ ကြာပြီဖြစ်လေသည်။ ထိုသူမှ သိုင်းပညာလုံးဝလေ့ကျင့်ဖူးခြင်းမရှိသည့်

အားနည်းနေသည့်လူငယ်တစ်ယောက်ဖြစ်လေသည်။ ထို့ပြင်

တာအိုကျင့်စဉ်များကိုလည်း ကျင့်ကြံထားခြင်းမရှိပေ။

သူ စက္ကူကြိုးကြာရုပ်များကိုကြောက်နေသည်မှာ ဟန်ဆောင်

နေခြင်းမဟုတ်ပေ။

"ကောင်လေး ၊ မင်းကြောက်နေတာလား"

အနီရောင်ဝတ်အဘိုးအိုက ပြုံးပြီးမေးလိုက်လေသည်။

"ကျွန်တော်က ကောင်လေးမဟုတ်ပါဘူး ၊ ကျွန်တော့်နာမည်က

ရှောင်ပေားပါ"

လူငယ်လေးက တိုးလျှစွာပြောလိုက်လေသည်။

သူက ခေါင်းကိုငုံ့ထားလိုက်ပြီး အနီရောင်ဝတ်အဘိုးအိုကို မော့

မကြည့်ရဲတော့ပေ။

"ဟား ဟား ၊ ကောင်လေးရေ ၊ ဒီကြိုးကြာရုပ်တောင်မစီးရဲဘဲနဲ့

ချင်းရွှမ်နတ်တံခါးကို ဘယ်လိုရောက်လာတာလဲ"

"ကျွန်တော်က နတ်ဘုရားကျင့်စဉ်တွေကို သင်ယူချင်လို့ပါ ၊ ဒါ ဆိုရင် ချင်းရွှမ်နတ်တံခါးကို ဆက်သွယ်ရမှာမလား"

လူငယ်လေး၏မျက်ဝန်းတွင် ခိုင်မာသည့်ဆုံးဖြတ်ချက်များ ဖြင့် တစ်လက်လက်တောက်ပနေလေသည်။ ထိုမျက်လုံးများ မှာ သူ၏အားနည်းနေသည့်ပုံသဏ္ဍာန်နှင့်ပင် မလိုက်ဖက်ပေ။

"မင်းက နတ်ဘုရားကျင့်စဉ်တွေကိုပဲ သင်ယူချင်တာလား ၊ ထာဝရအသက်ရှင်ဖို့ကိုရော မလိုချင်ဘူးလား"

မီးခိုးရောင်ဝတ်အဘိုးအိုက ထိုလူငယ်လေးကို တစ်ချက်ကြည့် လိုက်ပြီး အလေးအနက် မေးလိုက်လေသည်။

အဘိုးအို၏အကြည့်ကြောင့် လူငယ်လေးမှာ လဲကျသွား လုမတတ်ပင်ဖြစ်သွားရလေသည်။

"ကျွန်တော်က နတ်ဘုရားကျင့်စဉ်တွေကိုပဲ သင်ယူချင်တာပါ ၊ အစွမ်းအထက်ဆုံးနတ်ဘုရားကျင့်စဉ်ကို သင်ယူချင်တာပါ"

လူငယ်လေးကလည်း လေးနက်စွာပြန်ပြောလိုက်လေသည်။

"ဘာကြောင့်လဲ"

မီးခိုးရောင်ဝတ်အဘိုးအိုက ခပ်တည်တည်ဖြင့်မေးလိုက်လေသည်။

"ကျွန်တော် လက်စားချေချင်လို့ပါ"

"ဒါဆို နတ်ဘုရားကျင့်စဉ်တွေကျင့်ကြံအောင်မြင်ပြီးလို့ လက်စားလည်းချေပြီးသွားပါပြီတဲ့၊ မင်းဘာဆက်လုပ်မှာလဲ"

မီးခိုးရောင်ဝတ်အဘိုးအိုက စူးစမ်းသလိုမေးလိုက်သည်။

"ကျွန်တော်မသိပါဘူး"

လူငယ်လေးက ခေါင်းကိုခါယမ်းရင်း ဖြေလိုက်လေသည်။

"ကောင်လေး၊ မင်းကျုပ်ကို ဂါရဝသုံးကြိမ်ပြုစမ်း"

မီးခိုးရောင်ဝတ်အဘိုးအိုက သူ၏အင်္ကျီလက်ကိုဝေ့ယမ်းရင်း ပြောလိုက်လေသည်။

ဘာကြောင့်ထိုသို့ပြောလိုက်မှန်းမည်သူမျှမသိပေ။ အားလုံးမှာ အံ့အားသင့်သွားကြလေသည်။

"ဂိုဏ်းတူအစ်ကို"ကယ်" ဘာလို့ဒီလိုလုပ်ရတာလဲ ၊ ဆရာသခင်ရှေ့မှာ "ထျန်းတိကျန်း" နဲ့ သူတို့ဇစ်မြစ်နဲ့စိတ်ရင်းကို စစ်ဆေးမှုမခံရသေးခင် မင်း တပည့်မွေးလို့မရဘူးလေ"

အနီရောင်ဝတ်အဘိုးအိုက မျက်ခုံးတစ်ချက်ပင့်ရင်းပြောလိုက်လေသည်။

"ထျန်းတိကျန်း" ဆိုသည်မှာ ချင်းရှမ်နတ်တံခါး၏ရတနာပစ္စည်းတစ်ခုဖြစ်လေသည်။ တန်ခိုးနှင့်ပြည့်ဝသည့်လူတစ်ယောက်သာအသုံးပြုလျှင် ဘုံကိုးခုနှင့် လောကဆယ်ပါးကိုမြင်တွေ့နိုင်လေသည်။ အလွန်မှအစွမ်းထက်သည့် ပစ္စည်းတစ်မျိုးဖြစ်လေသည်။

"တရားမဝင်တပည့်လက်ခံပြီး တန်ခိုးစွမ်းအားတွေကို သင်ပေးနေတဲ့သူတွေလည်း ရှိတာပဲလေ"

မီးခိုးရောင်ဝတ်အဘိုးအိုက အနီရောင်ဝတ်အဘိုးအိုကို ကြည့်ရင်းပြောလိုက်လေသည်။

ထို့နောက် သူ၏အကြည့်က ဆန်းလျန်ဆီသို့ရောက်သွားလေသည်။

ဆန်းလျန်မှာ သိုင်းပညာလည်းတော်သလို အတွင်းအားကျင့်စဉ်တွင်လည်း အဆင့်မြင့်သူတစ်ယောက်ဖြစ်လေသည်။ စစ်တုရင်ခုံမှကျင့်စဉ်မှာ အနီရောင်ဝတ်အဘိုးအိုက ဆန်းလျန်အတွက် အဓိကထားပြီး သင်ကြားပေးခဲ့ခြင်းဖြစ်လေသည်။ အဘိုးအိုများမှာ နတ်ဒေဝါများဖြစ်သည့်အလျှောက် အမှတ်မထင်ပြုလုပ်ကြခြင်းမဟုတ်ပေ။

အဘိုအိုနှစ်ယောက်မှာ စစ်တုရင်ကစားကွက်ထဲတွင် ကျင့်စဉ်နည်းစနစ်ကို မည်ကဲ့သို့ထည့်သွားထားသည်ကို ဆန်းလျန်အံ့သြနေမိလေသည်။ အမှန်တကယ်ပင် လေးစားစရာ ပညာရပ်ဖြစ်လေသည်။

သို့သော် အနီရောင်ဝတ်အဘိုးအို၏စကားကြောင့် ဆန်းလျန်ကိုစိတ်ရှုတ်ထွေးသွားရပြန်လေသည်။

"ကျုပ်ဘယ်သူ့ကိုမှ ဘာမှသင်မပေးပါဘူး"

အနီရောင်ဝတ်အဘိုးအိုက ကမန်းကတန်းငြင်းလိုက်လေသည်။

"မင်းမှာနာမည်ရှိမှတော့ မင်းကို ရှောင်ပေးလို့ပဲ ခုချိန်ကစပြီး ခေါ်တော့မယ် ၊ မင်းကျုပ်ကိုသုံးကြိမ်ဂါရဝပြုပါ ၊ ကျုပ်မင်းကို နတ်ဘုရားကျင့်စဉ်တွေသင်ပေးမယ်"

မီးခိုးရောင်ဝတ်အဘိုးအိုမှာ တည်ကြည်လေးနက်သည့်ပုဂ္ဂိုလ် တစ်ဦးဖြစ်သော်လည်း ရှောင်ပေးကို ကြင်ကြင်နာနာနှင့် ပြောဆိုနေလေသည်။ မီးခိုးရောင်ဝတ်အဘိုးအိုက အနီရောင် ဝတ်အဘိုးအိုကိုတော့ အရေးပင်မလုပ်တော့ပေ။

အနီရောင်ဝတ်အဘိုးအိုကလည်း ဤတစ်ကြိမ်တွင်တော့ တားဆီးခြင်းမပြုတော့ပါ။

တပည့်ဆိုသည်က ဆရာကောင်းကိုရှာရစမြဲဖြစ်လေသည်။

ဆရာကောင်းဆိုသည်ကလည်း မိမိမွေးချင်သည့်တပည့်မျိုးကို

ရှာဖွေရပေမည်။ သူတို့သုံးယောက် ဤနေရာသို့ရောက်လာကြ

ခြင်းမှာ ကံတရားအတိုင်းပင်ဖြစ်လေသည်။

သူတို့သုံးယောက်မှာ စည်းမျဉ်းစည်းကမ်းအတိုင်း "ထျန်းတိ

ကျန်း" ရတနာပစ္စည်းဖြင့် စစ်ဆေးမှုခံယူဖို့ိလိုအပ်နေသေး

သည်။

ချင်းရွှမ်နတ်တံခါးမှာ စည်းကမ်းတင်းကြပ်ခြင်းမရှိ

သော်လည်း မည်သူမှ စည်းကမ်းဖောက်ဖျက်ပြီး ပြဿနာမရှာ

ကြပေ။

"ထျန်းတိကျန်း" နှင့် စစ်ဆေးခြင်းဆိုသည်မှာလည်း ရှေးယခင်

ကတည်းကရှိသည့် ချင်းရွှမ်နတ်တံခါး၏ စည်းကမ်းမဟုတ်

ပေ။

လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာခန့်ကမှာ ထိုစည်းကမ်းချက်ကို

ဖြည့်စွက်ထားခဲ့ခြင်းဖြစ်လေသည်။

ထိုစည်းကမ်းထပ်မံဖြည့်စွက်ခဲ့ရခြင်းအတွက် အနီရောင်ဝတ် အဘိုးအိုတို့ကဲ့သို့ နှစ်ရှည်ကျင့်ကြံနေသူများပင် စိတ်မသက်မသာဖြစ်ခဲ့ရလေသည်။ ထိုအဖြစ်အပျက်ကို သူပြန်ပြီးမတွေးချင်ပါ။

လူငယ်လေးက မီးခိုးရောင်ဝတ်အဘိုးအိုကို သုံးကြိမ်ဂါရဝပြုလိုက်လေတော့သည်။

လေပြင်းတစ်ချက်တိုက်ခတ်သွားပြီး စက္ကူကြိုးကြာရုပ်များမှာ ကောင်းကင်ထက်သို့ ပျံသန်းသွားကြလေသည်။

ထောင်ထောင်မောင်းမောင်းဖြစ်သည့် စာပေသမား"လူ" မှာ သူ၏အလေးချိန်ကြောင့် ပြုတ်ကျမည်ကို စိုးရိမ်သည့်အလား စက္ကူကြိုးကြာရုပ်ကို သေချာစွာကိုင်ထားလေသည်။

နတ်ဒေဝါအဘိုးအိုနှစ်ပါးရှိနေသည့်ကြားကပင် သူ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်နေလေသည်။

ထို့ပြင် သူရောက်ရှိနေသည့်နေရာမှာ မြေပြင်နှင့် ပေ

ထောင်ပေါင်းများစွာ အမြင့်သို့ရောက်ရှိနေခြင်းဖြစ်လေသည်။

ကောင်းကင်ထက်တွင် စူးရှသည့်လေအေးကလည်း တိုက်ခတ်

နေသည့်အတွက် သူ့မှာ သတိကြီးစွာထားနေရလေသည်။

ဆန်းလျန်ကတော့ စိတ်ဝိညာဉ်ငြိမ်းအေးခြင်းအဆင့်ကို

ကျင့်ကြံအောင်မြင်ထားသည့်သူဖြစ်သောကြောင့် ကြောက်ရွံ့

ခြင်းမဖြစ်မိပါ။ သူက ရှေ့တွင်ရှိသော တိမ်ဆိုင်များကို ငေး

ကြည့်နေရင်း ရှေ့လျှောက်ရင်ဆိုင်ရမည့်အကြောင်းအရာများ

ကို တွေးတောစဉ်းစားလျှက်ရှိလေတော့သည်။

မီးခိုးရောင်ဝတ်အဘိုးအိုမှာ ခပ်တည်တည်နေသည့်တိုင် ရောင်

ပြောင်းကိုတော့ အထူးဂရုစိုက်လေသည်။ နှစ်ပေါင်းများစွာ

ပျောက်ဆုံးနေသည့် သူ၏သားငယ်ကို ပြန်တွေ့ရသကဲ့သို့ ဖြစ်

လေသည်။ ရောင်ပြောင်းစီးနေသည့် စက္ကူကြိုးကြာတွင် အတူတူ

လိုက်စီးကာ ကာကွယ်ပေးနေသည်သာမက စက္ကူကြိုးကြာ

တည်ငြိမ်မှုရှိစေရန် ထိန်းပေးသည့်တိမ်တိုက်များကိုလည်း ဖန်ဆင်းပေးထားလေသည်။ ထို့ကြောင့် ရှောင်ဟေး၏စက္ကူကြိုးကြာမှာ ကောင်းကင်ထက်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် ရွက်လွှင့်နေနိုင်လေသည်။

ထိုအခြေအနေတွင်ပင် ကြောက်လန့်နေသောရှောင်ဟေးမှာ မီးခိုးရောင်ဝတ်အဘိုးအို၏အကျႌစ မလွှတ်တမ်း စုပ်ကိုင်ထားလေသည်။

ရှောင်ဟေးကဲ့သို့သော လူငယ်လေးမျိုးကို တပည့်အဖြစ်လက်ခံရန်အတွက် မီးခိုးရောင်ဝတ်အဘိုးအို အဘယ်ကြောင့် ဆုံးဖြတ်လိုက်သည်ကို မည်သူမျှ မသိပေ။

လူ့လောကအပြင်ဘက်တွင်တည်ရှိသည့် ချင်းရွှမ်နတ်တံခါးမှာ တန်ခိုးဖြင့်ဖန်ဆင်းထားသော နတ်ဘုံနတ်နန်းတစ်ခုဖြစ်လေသည်။ ချင်းရွှမ်တောင်ထိပ်တွင် အလွန်ကြီးမားခမ်းနားသည့် နတ်ဘုံနတ်နန်းကြီးကို မြင်တွေ့ရမည်ဖြစ်လေသည်။ ကမ္ဘာပေါ်

ရှိတိုက်ကြီးများအားလုံး ပေါင်းစည်းထားသည်ဟု ထင်ရ

လောက်အောင် ကျယ်ပြန့်လွန်းလေသည်။ သို့သော် ပင်လယ်

ပြင်ကိုတော့ တွေ့မြင်ရခြင်းမရှိပေ။

ဆယ်မိနစ်ခန့်ကြာသည့်အခါတွင်တော့ စက္ကူကြိုးကြာများကို

ထိန်းပေးထားသည့် တိမ်များရုတ်တရက်ရပ်တန့်သွားပြီး

လေပြင်းတစ်ချက်တိုက်ခတ်လာလေသည်။ ထိုလေပြင်း

ကြောင့်ဆန်းလျန်နှင့် စာပေသမား"လူ" စီးနင်းလာသည့် စက္ကူ

ကြိုးကြာများမှာ မှောက်တော့မလိုပင်ဖြစ်သွားရလေသည်။

ထို့နောက်တွင်တော့ စက္ကူကြိုးကြာများမှာ ချင်းရှမ်

တောင်ထိပ်တွင် ဆင်းသက်လိုက်ကြလေသည်။

တောင်ထိပ်သို့ရောက်သည်နှင့် လေနုအေးလေးက သူတို့ကို

ဆီးကြိုနှုတ်ဆက်လေသည်။ ဆန်းလျန် အသက်ကို ခပ်ပြင်း

ပြင်း ရှူသွင်းလိုက်လေသည်။ စက္ကူကြိုးကြာကိုစီးလာရ

သည့်အတွက် မူးဝေနေခြင်းများမှာချက်ချင်းပင်ပျောက်ကွယ်

သွားလေသည်။ စာပေသမား "လူ" မှာလည်း စက္ကူကြိုးကြာ ပေါ်မှ ဆင်းလိုက်ပြီး ကျောက်တုံးတစ်ခုကို ကိုင်ထားရင်း အသက်ကို ခပ်ပြင်းပြင်းရှူနေလေသည်။

သူတို့အားလုံးမှာ လူသားများဖြစ်ကြလေသည်။ သူတို့၏ခန္ဓာကိုယ်များမှာ စက္ကူကြိုးကြာကို သေလုမျောပါးစီးခဲ့ရသည့်အတွက် ပင်ပန်းမှုဒဏ်ကို ခံစားနေကြရလေသည်။

ချင်းရွှမ်တောင်ထိပ်တွင် မိုးနှင့်မြေ၏စွမ်းအားများပြည့်ဝနေလေသည်။ သာမန်လူတစ်ယောက်ဖြစ်လင့်ကစား ဤနေရာတွင်နေထိုင်မည်ဆိုလျှင် နှစ်ပေါင်းနှစ်ဆယ်ခန့် ပိုပြီးအသက်ရှည်နိုင်မည်ဖြစ်လေသည်။

မီးခိုးရောင်ဝတ်အဘိုးအိုက တိမ်တိုက်များကို ပြန်သိမ်းလိုက်ပြီး အနီရောင်ဝတ်အဘိုးအိုကလည်း စက္ကူကြိုးကြာများကို အင်္ကျီလက်အတွင်းသို့ ပြန်သိမ်းလိုက်လေသည်။

နတ်ဒေဝါအဘိုးအိုနှစ်ယောက်ဦးဆောင်သည့်နောက်သို့ သူတို့လိုက်သွားကြလေသည်။ တောင်ကုန်းအချို့ကိုတက်ပြီး လမ်းချိုးအနည်းငယ်သွားပြီးသည့်နောက် ခန်းမကျယ်ကြီးတစ်ခုရှေ့သို့ သူတို့ရောက်လာလေသည်။

ဆန်းလျှန်ခေါင်းမော့ကြည့်လိုက်တော့ ကျောက်ပြားတစ်ချပ်ပေါ်တွင် "ချင်းရှမ်" ဟုရေးထိုးထားသည်ကို တွေ့လိုက်ရလေသည်။

ထိုအချိန်မှာပင်...

ခန်းမတံခါးကြီးပွင့်သွားပြီး တာအိုဆရာလေးတစ်ပါးထွက်လာလေသည်။

"ဆရာဦးလေးတို့၊ ဆရာသခင်က ဆရာဦးလေးတို့ကို တံခါးဖွင့်ပေးဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ"

တာအိုဆရာလေးက ကြည့်လင်သည့်လေသံဖြင့်ပြောလိုက်လေသည်။

"ဒီလိုထပ်လုပ်ပြန်ပြီ ၊ ဂိုဏ်းတူအစ်ကိုကြီးဟာ ဒီလိုလုပ်ရတာကို ဘယ်တော့မှမျှားမောမလဲမသိဘူး"

အနီရောင်ဝတ်အဘိုးအိုက ရေရွတ်လိုက်လေသည်။

ဆရာသခင်ဆိုသူက အဘိုးအိုနှစ်ယောက်ရောက်လာမည်ကို ကြိုတင်သိမြင်နေသည့်အတွက် တာအိုဆရာလေးကို တံခါးဖွင့်ခိုင်းလိုက်ခြင်းဖြစ်လေသည်။ ထိုသို့သော အကြားအမြင်ပညာကို တစ်ကြိမ်တစ်ခါဆိုလျှင်တော့ လူအများက အံ့သြကြမည်ဖြစ်လေသည်။ သို့သော် အဘိုးအိုနှစ်ယောက်မှာ မကြာခဏကြုံတွေ့နေရသောကြောင့် အံ့သြခြင်းအလျဉ်းမရှိတော့ပေ။

ဆရာသခင်ဆိုသူကလည်း သူ၏ဂိုဏ်းတူညီအစ်ကိုများကို ပျော်စေပျက်စေ စနောက်ခြင်းဖြစ်လေသည်။

မီးခိုးရောင်ဝတ်အဘိုးအိုက ချောင်တစ်ချက်ဟန့်လိုက်ပြီး လူငယ်လေးရှောင်ဟေး၏ခေါင်းကို တစ်ချက်ပွတ်သပ်

ပေးလိုက်သည်။ သူ့ကိုမကြောက်ရန်သတိပေးလိုက်ခြင်းဖြစ်လေသည်။

ခန်းမကြီးမှာ အလွန်ကျယ်ဝန်းပြီး အစိမ်းရောင်တိုင်လုံးကြီးနှစ်တိုင်စိုက်ထူထားလေသည်။ ခန်းမ၏ဘေးတစ်ဖက်တစ်ချက်စီတွင်တော့ တိုင်လုံးကြီးခုနစ်တိုင်စီရှိနေပြီး ထိုတိုင်လုံးကြီးများပေါ်တွင် ရှေးဟောင်းပန်းပုလက်ရာများ ထွင်းထုထားလေသည်။

ခန်းမထဲတွင် ကျောက်သားသလွန်တစ်ခုမှလွဲပြီး မည်သည့်အရာမျှ ရှိမနေပါ။ တာအိုဆရာကြီးတစ်ပါးက ထိုကျောက်သားသလွန်ပေါ်တွင်ထိုင်နေလေသည်။ ဆံပင်များက ဖွေးဖွေးဖြူနေသလို ၊ မုတ်ဆိတ်များကလည်း ဖွေးဖွေးဖြူနေလေသည်။ မျက်နှာက ပန်းနုရောင်သန်းနေလေသည်။ မျက်ခုံးနှစ်ဖက်နားတွင် ရှိနေသည့်အရေးအကြောင်းများက အသက်အရွယ်ကြီးရင့်မှုကိုဖော်ပြနေလေသည်။

သူ၏ပုံစံမှာ ပန်းချီကားများထဲတွင် တွေ့ရလေ့ရှိသည့် တာအို ဆရာသခင်များနှင့် ဆင်တူလေသည်။

"ဆရာသခင် ၊ ဆရာသခင်ခန့်မှန်းသလိုပဲ ကလေးသုံးယောက် ရောက်လာပါတယ်"

အဘိုးအိုနှစ်ယောက်က ဂါရဝပြုရင်း ပြိုင်တူပြောလိုက်ကြလေသည်။

ခရမ်းရောင်နှင့်ရွှေရောင်ပေါင်းစပ်ထားသည့် တာအိုဝတ်စုံကို ဝတ်ဆင်ထားသည့် ဆရာသခင်သည် မျက်လုံးကို ဖွင့်ကြည့် လိုက်ပြီး ဆန်းလျန်တို့သုံးယောက်ကို လှမ်းကြည့်လိုက်လေ တော့သည်။

အခန်း (၆၈)

ရေမှန်ရင်တော့စီးဆင်းနေမှာပဲ

တာအိုဆရာသခင်၏မျက်လုံးများမှာ စူးရှတောက်ပနေခြင်းမရှိ

သလို မှုန်မှိုင်းနေခြင်းလည်းမရှိပါ။ ကံတရားအတိုင်း ဖြစ်ခြင်း

ပျက်ခြင်းတရားများကို နားလည်လက်ခံထားသည့် မျက်ဝန်း

များဖြစ်လေသည်။

ဆရာသခင်၏မျက်ဝန်းများမှာ ရှင်းချိပင်းကျိရှောင်

အန်း၏မျက်ဝန်းများနှင့်လည်းမတူညီပါ။

ဆရာသခင်၏ပုံစံမှာ ကြည်ညိုဖွယ်ရာအပြည့်ရှိလေသည်။

သို့သော် ဆရာစူး၏ပုံစံနှင့်လည်း နှိုင်းယှဉ်၍မရပြန်ပေ။

ဆန်းလျန်၏မသိစိတ်တွင် ဆရာသခင်မှာ ခန့်မှန်း၍မရနိုင်သည့် ထူးဆန်းသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု လက်ခံယုံကြည်နေမိလေသည်။ ကိုးကွယ်ဆည်းကပ်ထိုက်သူတစ်ယောက်အဖြစ်ကြည်ညိုလေးစားနေမိလေတော့သည်။

ဆရာသခင်က မျက်လုံးတစ်ချက်ပြန်မှိတ်လိုက်ပြီး သူ၏ခန္ဓာကိုယ်မှ ကိုယ်ရောင်ကိုယ်ဝါများ တောက်ပလာလေသည်။

အပူလှိုင်းတစ်ခုမှာ ဆန်းလျန်၏ ကျောရိုးတစ်လျှောက်စီးဆင်းသွားပြီး ဦးခေါင်းထက်ရှိ အထွဋ်ထိပ်ဆုံမှတ်နေရာသို့ရောက်ရှိသွားလေသည်။

ဆန်းလျန်၏စိတ်အာရုံထဲတွင် သူရေးဆွဲနေကျ နတ်သမီးရုပ်ပုံပေါ်၍လာလေသည်။ စီးဝင်လာသည့်အပူလှိုင်းမှာ တစ်စုံတစ်ခုကို ကြောက်ရွံ့တုန်လှုပ်သွားသည့်အလား ချက်ချင်းပင်ပျောက်ကွယ်သွားလေသည်။

ဆန်းလျန် မစဉ်းစားလိုက်နိုင်ခင်မှာပင် မမြင်နိုင်သည့်စွမ်းအား တစ်ခုက သူ့ကိုတွန်းထုတ်လိုက်သောကြောင့် အခန်းထောင့် တစ်နေရာသို့ လွင့်ထွက်သွားကာ အနောက်ဘက်ရှိ တိုင်လုံး တစ်ခုနှင့် သွားရိုက်မိလေသည်။

ရှေ့တည့်တည့်သို့ကြည့်လိုက်မိတော့ ရှောင်ပေါ့ကို တွေ့လိုက်ရလေသည်။ ရှောင်ပေါ့တစ်ကိုယ်လုံးမှာ အနက်ရောင်မီးတောက်များဖြင့် ဝန်းရံနေလေသည်။ သူ၏ဦးခေါင်းထက်နားတွင် ကြေးမုံမှန်တစ်ချပ်က တောက်ပနေလေသည်။ ကြေးမုံမှန်မှအလင်းရောင်များမှာ ရှောင်ပေါ့ကိုယ်ပေါ်သို့ ဖြာကျနေလေသည်။ သို့သော် အမြင်ရသည့်စွမ်းအားများက သူ့ထံမှ စိမ့်ထွက်နေဆဲဖြစ်လေသည်။

အနီရောင်ဝတ်အဘိုးအိုနှင့် မီးခိုးရောင်ဝတ်အဘိုးအိုတို့မှာ လက်ညိုးနှင့်လက်ခလယ်ကိုအသုံးပြုကာ ရောင်စဉ်တန်းများကို ဖန်ဆင်းလိုက်ကြလေသည်။ သူတို့၏လက်ညိုးနှင့်

လက်ခလယ်တွင် မိုးနှင့်မြေမှစွမ်းအားများ စုစည်းလာကြလေသည်။

ထိုစွမ်းအားများ၏ကြီးမားလွန်းသောကြောင့် ဆန်းလျန်စိတ်ကူးကြည့်နိုင်စွမ်းထက်ပင် ကျော်လွန်လေသည်။

မိုးနှင့်မြေရှိစွမ်းအားများအားလုံး စုစည်းရောက်ရှိလာသကဲ့သို့ပင် ဆန်းလျန်ခံစားလိုက်ရလေသည်။ နတ်ဒေဝါအဘိုးအိုနှစ်ယောက်၏ ကြောက်မက်ဖွယ်ရာ တန်ခိုးများကိုလည်း သူရှင်းလင်းစွာမြင်တွေ့လိုက်ရလေသည်။

အဘိုးအိုနှစ်ယောက်၏စွမ်းအားများမှာ ကြေးမုံမှန်ဆီသို့ စိမ့်ဝင်သွားပြီး ရှောင်ဟေးကိုယ်ပေါ်တွင် လောင်ကျွမ်းနေသည့် အနက်ရောင်မီးတောက်များမှာ တဖြည်းဖြည်းအားနည်းသွားလေသည်။ နောက်ဆုံးတွင်တော့ အနက်ရောင်မီးတောက်မှာ ငြိမ်းသွားလေတော့သည်။

အဘိုးအိုနှစ်ယောက် ပင့်သက်ရှိုက်လိုက်သည့်အသံကို ဆန်းလျန်ကြားလိုက်ရပြီး စောစောကဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များက သူတို့ကိုတုန်လှုပ်သွားစေကြောင်း ဆန်းလျန်သိလိုက်ရလေသည်။

ထူးဆန်းသည်မှာ ချင်းရှမ်တာအိုဆရာသခင်သည် ကျောက်သလွန်ထက်တွင် တင်ပျဉ်ခွေထိုင်နေပြီး တစ်ချက်ကလေးမျှပင် အဘိုးအိုနှစ်ယောက်ကို ကူညီခြင်းမရှိပေ။

ကြေးမုံမှန်မှာ ဆရာသခင်၏ အင်္ကျီလက်တွင်းသို့ ပြန်လည်ဝင်ရောက်သွားလေသည်။ ထို့နောက်ဆရာသခင်က အင်းချပ်တစ်ခုရေးကာ လူငယ်လေးရှောင်ဟေး၏နဖူးထက်သို့ အင်းချပ်ကို ပစ်လွှတ်လိုက်လေသည်။

ဆန်းလျန်နှင့် စာပေသမား"လူ" မှာ အရှေ့သို့လျှောက်သွားလိုက်လေသည်။ လူငယ်လေး၏လက်မောင်းထက်တွင် အနက်ရောင်အစင်းကြောင်းများကို ဆန်းလျန်မြင်တွေ့လိုက်ရလေ

သည်။ အင်းချပ်က လူငယ်လေး၏နဖူးတွင် ထိကပ်သွားသည့် အချိန်တွင်တော့ ထိုအနက်ရောင်အစင်းများမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

"ကျင်းချင်း ၊ ဆန်းလျန်နဲ့ လူစောယိကို အနားယူဖို့ ဝါးအိမ် လေးဆီကို လိုက်ပို့ပေးလိုက်"

ဆရာသခင်က ဖြည်းညင်းစွာပြောလိုက်လေသည်။

တာအိုဆရာသခင်မှာ ဆန်းလျန်နှင့် စာပေသမား"လူ" ၏နာမည်များကို မမေးဘဲနှင့် သိနေလေသည်။ ထို့ကြောင့်ပင် ဆန်းလျန်မှာ နတ်ဘုရားကျင့်စဉ်လမ်းများကို အထင်ကြီး လေးစားခြင်းဖြစ်လေသည်။ သို့သော် ဆန်းလျန် "စိတ်အာရုံ များကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ကျင့်စဉ်များကို ကျင့်ကြံခဲ့ သည်ကို တာအိုဆရာသခင် သိရှိသွားခဲ့သည်လားဆိုသည်ကို တော့ ဆန်းလျန်မသိပါ။

ကျောင်းချင်းဆိုသည်မှာ ဆန်းလျန်တို့ကို တံခါးလာဖွင့်ပေးသည့် တာအိုဆရာလေး၏ အမည်ဖြစ်လေသည်။

ရှောင်ဟေးလူငယ်လေး၏ဇစ်မြစ်မှာ ပြဿနာရှိနေကြောင်း ဆန်းလျန်နှင့် စာပေသမား"လူ" ရိပ်မိလိုက်လေသည်။ တာအို ဆရာသခင်က ထိုလူငယ်လေး၏အကြောင်းကို မီးခိုးရောင် ဝတ်အဘိုးအိုနှင့် အနီရောင်ဝတ်အဘိုးအိုတို့နှင့်အတူ ဆက်လက်ဆွေးနွေးလိုသည့်အတွက် သူတို့ကို အနားယူဖို့သွား ခိုင်းလိုက်ခြင်းဖြစ်ကြောင်း သူတို့နှစ်ယောက်လုံးရိပ်မိလေ သည်။

ခန်းမထဲမှထွက်လာကြသည့်နောက် တာအိုဆရာလေးကျောင်း ချင်းက ဆန်းလျန်နှင့်လူစောယိကို ပြုံးပြလိုက်လေသည်။ ထို့နောက် ကျောင်းချင်းမှာ အစိမ်းရောင်စပါးအုံးမြွေကြီးအသွင် ကူးပြောင်းသွားလေသည်။ မြွေကြီး၏ကျောပြင်တစ်လျှောက် တွင် အမြီးထိရှည်လျားသည့် ရွှေရောင်အစင်းကြောင်းတစ်ခုရှိ

လေသည်။ ပိုပြီးထူးဆန်းသည်မှာ စပါးအုံးမြွေကြီးတွင်

အတောင်ပံတစ်စုံရှိနေခြင်းပင်ဖြစ်လေသည်။

"ဂိုဏ်းတူအစ်ကိုနှစ်ယောက် ၊ ကျွန်တော့်ကျောပေါ်မှာ ထိုင်

လိုက်ပါ"

အစိမ်းရောင်မြွေကြီးမှ လူစကားပြောလိုက်ခြင်းဖြစ်ပြီး

သူ၏အသံမှာ ကျင်းချင်း၏အသံပင်ဖြစ်လေသည်။

"ဒီမြွေကြီးက ခြေထောက်မပါပေမယ့် ပျံလို့ရတယ် ၊ တာအို

ဆရာလေးရဲ့ ပုံသဏ္ဌာန်အစစ်အမှန်ပဲဖြစ်ရမယ် ၊ ဒီတာအို

ဆရာလေးက မြွေမိစ္ဆာဖြစ်နေမယ်လို့ ဘယ်သူထင်မှာလဲ"

ဆန်းလျန်က တွေးနေလိုက်မိလေသည်။

ထိုကဲ့သို့သောမြွေမျိုးနွယ်မှာ ဒဏ္ဍာရီထဲတွင်သာရှိသည့် "မြွေ

ပျံ" နှင့်ပုံသဏ္ဌာန်ဆင်တူလေသည်။

မြွေကြီး၏ကျောပေါ်တွင် ဆန်းလျန်နှင့် လူစောယိတို့ ထိုင်

လိုက်မိသည်နှင့် တိမ်တိုက်တစ်ခုက သူတို့ကိုဝန်းရံလာပြီး

ပျံသန်းသွားလေတော့သည်။ အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် မည်သည့်အရပ်မျက်နှာသို့ပျံသန်းသွားသည်ကို သူတို့ မခွဲခြားနိုင်ပါ။

နောက်ဆုံးတွင်တော့ အဆောက်အဦးတစ်ခုရှေ့တွင် သူတို့ ဆင်းသက်လိုက်ကြလေသည်။ ထိုအဆောက်အဦးမှာ နေချင်စဖွယ် ဝါးအိမ်လေးတစ်လုံးဖြစ်လေသည်။

တိမ်များကပျံ့လွင့်နေပြီး အရောင်မျိုးစုံပြောင်းလဲနေလေသည်။ ဝါးရွက်များက လေထဲတွင် ယိမ်းထိုးလှုပ်ရှားနေကြလေသည်။

ဝါးအိမ်လေးနှင့်မနီးမဝေးတွင် ဝါးရုံတောတစ်ခုရှိလေသည်။ ဝါးအိမ်လေးမှာ တောင်ကုန်းနံဘေးတွင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး တောင်မှာ အလွန်မြင့်မားသော တောင်တစ်တောင်ဖြစ်လေသည်။ တိမ်များပင်လျှင် တောင်ပတ်လည်တွင် ပျံဝဲနေကြလေသည်။

သူတို့ရောက်ရှိနေသည့်နေရာမှာ အလွန်မြင့်မားသည့် တောင်တစ်တောင်ထိပ်တွင်ဖြစ်လေသည်။

ဆန်းလျန်နှင့် လူစောယိတို့ စပါးအုံးမြွေကြီး၏ကျောပြင်ထက်မှ ဆင်းသက်လိုက်ကြလေသည်။ မြွေကြီးက လူသားပုံသဏ္ဍာန်ပြန်ပြောင်းလိုက်လေသည်။

"ဂိုဏ်းတူအစ်ကိုတို့၊ ကျွန်တော်တို့ချင်းရွှမ်မှာ တောင်ငါးလုံးရှိတယ်၊ နာမည်တွေကတော့ ထိုက်ယီ၊ ချင်းလျန်၊ ကျီဖူ၊ ထျန်းယွမ် နဲ့ ယိုယန်တောင်တွေပါပဲ၊ အဓိကတောင်မကြီးကတော့ ထိုက်ယီတောင်ပါ၊ အခု ကျွန်တော်တို့ရောက်နေတာက ချင်းလျန်တောင်က ရှယွမ့်အဆောင်မှာရောက်နေတာပါ"

ချင်းကျင်းက ရှင်းပြလိုက်လေသည်။

"ရှယွမ့်ဆောင်ဆိုတော့ စန့်ယွမ့်အဆောင်လည်းရှိဦးမှာပေါ့"

(ရှယွမ့် = အနိမ့်ဆောင်၊ စန့်ယွမ့် = အမြင့်ဆောင်)

လူစောယိက စပ်စုလိုက်လေသည်။

လူစောယိမှာ တည့်ထိုးမေးတတ်သူတစ်ဦးဖြစ်ပြီး မည်သည့်အခါမျှ စဉ်းစားခြင်းမပြုဘဲ ပြောဆိုတတ်လေသည်။

"သေချာတာပေါ့"

ကျင်းချင်းက ခေါင်းတစ်ချက်ညိတ်ရင်းပြောလိုက်လေသည်။

"ရှယွမ့်အဆောင်နဲ့ စန့်ယွင့်အဆောင်က ဘာကွာတာလဲ ၊ စန့်ယွမ့်အဆောင်ကပိုကောင်းတဲ့နေရာပဲဖြစ်ရမယ်"

လူစောယိက မကျေမနပ်ဖြင့်ပြောလိုက်လေသည်။

ချင်းရှမ်နတ်တံကဲ့သို့သော နတ်ဘုရားကျောင်းတော်တစ်ခုတွင် အဆင့်အတန်းခွဲခြားမှုရှိနေသည်လားဟု တွေးမိပြီး လူစောယိမှာ များစွာစိတ်ပျက်သွားရလေသည်။

"စန့်ယွမ့်အဆောင်မှာနေတဲ့သူတွေကလည်း ချင်းရှမ်နတ်တံခါးက တပည့်တွေပါပဲ ၊ ဒါပေမယ့် သူတို့ထဲက အများစုက ဒီက ကျင့်ကြံသူတွေနဲ့ ပတ်သက်မှုတွေရှိကြတယ် ၊ တစ်ချို့ဆို ဆွေမျိုးတောင်တော်ကြသေးတယ် ၊ အချို့တွေကတော့ မိတ်

ဟောင်းဆွေဟောင်းတွေရဲ့ အနွယ်တော်တွေပေါ့ ၊ သူတို့တွေက နတ်ဘုရားကျင့်စဉ်လမ်းမှာ အလားအလာရှိတဲ့သူတွေမို့လို့ ချင်းရွှမ်နတ်တံခါးက လက်ခံထားတာ ၊ ဒါပေမယ့် စန့်ယွမ့်အဆောင်နဲ့ ရှယွမ့်အဆောင်ရဲ့ ဝန်ဆောင်မှုကတော့ သိပ်ပြီး မကွာခြားလှပါဘူး ၊ အရင်တုန်းက ဂိုဏ်းတူအစ်ကိုတစ်ယောက်က ဒီကိစ္စကို အရင်မျိုးဆက်ရဲ့ဆရာသခင်ကို တက်တိုင်ဘူးတယ် ၊ သူက ဘာလို့ ကျင့်ကြံသူတွေကို အဆင့်အနိမ့်အမြင့်ခွဲနေရတာလဲတဲ့ ၊ အဲဒါနဲ့ အရင်ဆရာသခင်က သူ့ကို ဝါးရုံတောထဲမှာ လေ့ကျင့်ဖို့ ခုနစ်နှစ်ပို့လိုက်တယ် ၊ အရင်ဆရာသခင်ပြောတာက အဲဒီတပည့်က ကိုယ်ရရှိထားတဲ့ ကံကောင်းခြင်းတွေကို ကောင်းကောင်းအသုံးမချတတ်ဘူးတဲ့ ၊ ကျင့်ကြံသူတစ်ယောက်အတွက်အရေးကြီးတာက သူရရှိတဲ့တန်းခိုးစွမ်းအားပဲ ၊ အဆင့်အနိမ့်အမြင့်ဆိုတာက အရေးမကြီးဘူးတဲ့ "

မြွေမိစ္ဆာပင်ဖြစ်လင့်ကစား ကျင်းချင်းမှာ သိမ်မွေ့ပြီး ရည်ရည်မွန်မွန်ရှိလေသည်။

ကျင်းချင်း၏မြွေပုံသဏ္ဍာန်ကိုမြင်လျှင် ဆန်းလျန်မှာ ဝူထုန်နတ်မိစ္ဆာများကို သတိရပြီး စိတ်မသက်မသာခံစားမိလေသည်။ သို့သော် ကျင်းချင်းထံမှ ဝူထုန်နတ်မိစ္ဆာများကဲ့သို့ မကောင်းသည့်အငွေ့အသက်များရရှိခြင်းတော့မရှိပေ။

"ကြည့်ရတာ ဂိုဏ်းတူအစ်ကိုနားမလည်နိုင်သေးဘူးထင်တယ် ၊ အနိမ့်အမြင့်ဘယ်လိုပဲရှိပါစေ ၊ ရေမှန်ရင်တော့စီးဆင်းနေမှာပါပဲ ၊ တကယ်တော့အားလုံးကအတူတူပါပဲ ၊ အမည်နာမသာကွဲပြားတာပါ ၊ ဒါကြောင့် အရင်ဆရာသခင်က ခုနတပည့်ကိုကံကောင်းခြင်းကို တန်ဖိုးမထားတဲ့သူလို့ ပြောခဲ့တာပေါ့"

ဆန်းလျန်က ရုတ်တရက်ဝင်ပြောလိုက်မိလေသည်။

ဆန်းလျန်တွေးနေမိသည်။ အရင်ဆရာသခင်ကလည်း "အဆင့်အနိမ့်အမြင့်" ခွဲခြားမှုကို လျစ်လျူရှုထားပုံရလေသည်။ ရေ

ဆိုသည်မှာ စီးဆင်းနေပြီး အရာအားလုံးကို သူနှင့်အတူ သယ်ဆောင်သွားသည်ပဲ မဟုတ်ပါလား။

"ရေ" မှာ ကျင့်ကြံသူလမ်းစဉ်နှင့်ဆင်တူလေသည်။ "ရေ" ဆိုသည်မှာ အမြင့်ကိုလည်းမရှောင် အနိမ့်ကိုလည်းမရှောင် စီးဆင်းသွားမြဲဖြစ်လေသည်။ ထို့ပြင် ရေထဲတွင်နေထိုင်သည့် ထောင်ပေါင်းများစွာသော ရေသတ္တဝါများကို ဖမ်းဆီးချုပ်နှောင်ခြင်းမရှိဘဲ ခိုလှုံခွင့်ပေးသလို ကံတရားနှင့်အောင်မြင်ကျော်ကြားမှုများကိုလည်း ရယူခြင်းမရှိဘဲ ကျင့်စဉ်လမ်းကိုသာ တစ်စိုက်မတ်မတ်ကျင့်ကြံနေထိုင်သွားရန်ဖြစ်လေသည်။ ကျင့်ကြံသည့်လမ်းစဉ်သို့လိုက်မည်ဆိုလျှင် အဆင့်အနိမ့် အမြင့်ကွဲပြားမှုမှာ အရေးမပါဘဲ ကျင့်ကြံမှုကသာ အရေးပါသည်မဟုတ်ပါလား။

ဆန်းလျန်စကားကြောင့် ကျင်းချင်းမှာ အံ့သြသွားရလေသည်။

"အရင်ဆရာသခင်ပြောတဲ့စကားကို ဘယ်သူမှနားမလည်ခဲ့ကြဘူး ၊ ဒါပေမယ့် နားလည်တဲ့သူတစ်ယောက်ပဲရှိခဲ့တယ် ၊ အခုလည်း ဂိုဏ်းတူအစ်ကိုရဲ့စကားတွေက အဲဒီလူရဲ့စကားတွေနဲ့ တစ်ထပ်တည်းပဲ"

ကျင်းချင်ကပြောလိုက်လေသည်။

လူစောယိမှာ စပ်စုတတ်သူတစ်ယောက်ဖြစ်လေသည်။ သူက ဂန္ထဝင်စာအုပ်ပေါင်းများစွာကို ဖတ်ဖူးလေသည်။ စာပေပညာကိုလည်း လေ့လာဖူးသည်။ သို့သော် တာအိုကျင့်စဉ်လမ်းနှင့်ပတ်သက်လျှင်တော့ သူက သိပ်ပြီးလေ့လာဖူးခြင်းမရှိပါ။ သူက တာအိုကျင့်စဉ်လမ်းသို့ လျှောက်လှမ်းရန်ဆုံးဖြတ်ခဲ့ခြင်းမှာ မသေမျိုးဖြစ်သည့် နတ်ဘုရားတစ်ပါးဖြစ်လိုသောကြောင့်သာဖြစ်လေသည်။

ဆန်းလျန်ပြောခဲ့သည့် "ရေမှန်ရင်တော့ စီးဆင်းနေမှာပဲ" ဆိုသည့်စကားမှာ ကျင်းချင်းပြောပြသည့် "ကံကောင်းခြင်းကို

တန်ဖိုးမထားတတ်သည့်တပည့်" နှင့်မည်သို့ဆက်စပ်နေသည်ကို လူစောယိနားမလည်နိုင်ဖြစ်နေလေသည်။

ထို့ပြင် ကျင်းချင်းကလည်း "အရင်ဆရာသခင်ပြောတဲ့စကားကို ဘယ်သူမှနားမလည်ခဲ့ကြဘူး ၊ ဒါပေမယ့် နားလည်တဲ့သူတစ်ယောက်ပဲရှိခဲ့တယ် " ဟုပြောသည့်စကားမှာလည်း စိတ်ဝင်စားစရာကောင်းနေလေသည်။

"အရင်ဆရာသခင်ပြောတဲ့စကားကို နားလည်ခဲ့တဲ့တစ်ယောက်တည်းသောသူက ဘယ်သူများလဲ ၊ သူက ဒီလောကမှာ သက်ရှိထင်ရှားရှိနေသေးလား"

လူစောယိက စပ်စုလိုက်ပြန်လေသည်။

"အဲဒီလူရဲ့အမည်နာမကိုတော့ ကျွန်တော်ထုတ်ဖော်မပြောနိုင်ပါဘူး ၊ ဒါပေမယ့် ချင်းရှမ်နတ်တံခါးရဲ့သမိုင်းကြောင်းတစ်လျှောက်မှာ အဲဒီတန်ခိုးရှင်ဟာ ထိပ်တန်းသုံးပါးထဲမှာ

တစ်ပါးအပါအဝင်ဖြစ်ခဲ့တယ် ၊ သူက အခုလောကကြီးရဲ့တစ်

နေရာမှာ ရှိနေပါတယ်"

ကျင်းချင်းက ပြန်ပြောလိုက်လေသည်။

ကျင်းချင်း၏ နုနယ်သည့်မျက်နှာလေးတွင် စိတ်ရှုတ်ထွေး

သည့်ပုံများပေါ်နေသောကြောင့် လူစောယိက ရယ်ချင်စိတ်ကို

ထိန်းမရဖြစ်သွားရလေသည်။

အမှန်တော့ ကျင်းချင်းမှာ မြွေမိစ္ဆာတစ်ယောက်ဖြစ်ပြီး လူစော

ယိ၏ ဘိုးဘေးများထက်ပင် အသက်ကြီးသည့်သူတစ်ယောက်

ဖြစ်လေသည်။

"အဲဒီလူကိုထားလိုက်ပါ ၊ ဝါးရုံတောထဲမှာ ခုနစ်နှစ်လေ့ကျင့်ဖို့

အပို့ခံလိုက်ရတဲ့သူကရော ဘယ်သူလဲသိကြလား"

ကျင်းချင်းက ပြုံးရင်းမေးလိုက်လေသည်။

"ဘယ်သူလဲ"

လူစောယိက မေးလိုက်လေသည်။

ဆန်းလျန်က မေးမြန်းခြင်းမရှိပါ။ သူက အဖြေကိုသိပြီးသား ဖြစ်နေသောကြောင့် စိတ်ထဲတွင် ရယ်မောနေလိုက်မိလေသည်။

"အစ်ကိုတို့နှစ်ယောက်လုံးနဲ့ ခုနပဲတွေ့ခဲ့တဲ့သူပေါ့"

ကျင်းချင်းက ပြုံးပြီးပြောလိုက်ရင်း စပါးအုံးမြေကြီးအသွင်သို့ ပြန်လည်ကူးပြောင်းသွားလေတော့သည်။ သူက အမြီးကိုခါလိုက်သည့်အတွက်ကြောင့် ပတ်ဝန်းကျင်တွင် ဖုန်များ သဲများ ပလူပျံသွားရလေသည်။

ထို့နောက် ကောင်းကင်ထက်သို့ပျံတက်ကာ တိမ်ဆိုင်များကြားတွင် ပျောက်ကွယ်သွားလေတော့သည်။

"အစ်ကိုဆန်း၊ အဲဒီလူက ဘယ်သူများလဲ၊ အနီရောင်ဝတ်အဘိုးကြီးလား၊ မီးခိုးရောင်ဝတ်အဘိုးကြီးလား၊ ဒါမှမဟုတ် ဆရာသခင်ကိုယ်တိုင်ပဲလား"

လူစောယိက ဆန်းလျန်ကိုမေးလိုက်လေသည်။

"အစ်ကိုလူ ၊ ဝမ့်ရှင်းလမ်းတစ်လျှောက်လည်းပင်ပန်း ၊ တောင်ပေါ်ရောက်တော့လည်းပင်ပန်းနဲ့၊ ဒီကညီလေးက ပင်ပန်းလို့သေတော့မယ် ၊ တရေးတမောလောက်အိပ်ဖို့များ ဆန္ဒမရှိဘူးလားဟင်"

ဆန်းလျန်က လူစောယိ၏အမေးကို စကားလမ်းကြောင်းပြောင်းကာ ရှောင်လွှဲလိုက်လေတော့သည်။

အခန်း (၆၉)

ပြတင်းတံခါးဆီမှဝါးရွက်များ

ဝါးလုံးအိမ်လေးမှာ နေချင်စဖွယ်ပုံလေးဖြစ်လေသည်။ ဆန်းလျန်နှင့် လူစောယိတို့ တံခါးဝသို့ရောက်သည်နှင့် တံခါးက အလိုလိုပွင့်သွားလေသည်။ မီးခိုးရောင်ဆံပင်များနှင့် လူတစ်ယောက်က တံခါးဝတွင်ရပ်နေလေသည်။ သူ၏တာအိုဝတ်စုံမှာ ဟောင်းနွမ်းနေပြီဖြစ်ပြီး ညာဘက်လက်မှာ လက်မောင်းမှုစပြီးပြတ်နေလေသည်။

ထိုသူမှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်ကြောင်း ဆန်းလျန်ရိပ်မိလိုက်လေသည်။ သူ၏ပုံစံမှာ တာအိုဆရာသခင်ရော သူတို့ကို ဤနေရာသို့ခေါ်လာသည့် အဘိုးအိုနှစ်ယောက်နှင့်ရော တူညီခြင်းမရှိပါ။ သူ၏ခန္ဓာကိုယ်မှာ အသက်မဲ့နေသလိုမျိုးဖြစ်နေလေသည်။

အဘိုးအိုကိုကြည့်ရသည်မှာ နေဝင်ချိန်ကို ခံစားရသကဲ့သို့ဖြစ်နေသည်ဟု ဆန်းလျန်တွေးလိုက်မိလေသည်။

"ဂိုဏ်းတူညီလေးနှစ်ယောက် ၊ ကျုပ်နောက်လိုက်ခဲ့ကြပါ"

အဘိုးအိုက ဆန်းလျှန်နှင့် လူစောယိတို့ကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။ သူတို့မည်သူမည်ဝါဖြစ်သည်ကို ကြိုတင်သိနေပုံရလေသည်။

ကျင်းချင်းက အဘိုးအိုကို သတင်းပေးထားခြင်းဖြစ်မည်ဟု ဆန်းလျှန်က တွေးလိုက်မိသည်။

ချင်းရှမ်နတ်တံခါးမှ လူများမှာ ဆန်းကြယ်သည်ကတော့အမှန်ပင်ဖြစ်လေသည်။ ကျင်းချင်းက ဤနေရာထိရောက်လာပြီးမှာ အဘိုးအိုအားနှုတ်ပင်မဆက်ဘဲ အဘယ်ကြောင့် ပြန်သွားရပါသနည်း။

နတ်ဘုရားများမှာ လူသားများကဲ့သို့ လောကဝတ်မပြုတတ်သူတွေများလားဟု ဆန်းလျှန်တွေးတောနေမိသည်။

ဝါးအိမ်လေးမှာ အိမ်တစ်ခုလုံးကို ဝါးလုံးများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သော်လည်း သေးငယ်သည့်အိမ်လေးတစ်လုံး

တော့မဟုတ်ပေ။ မည်သည့်ဝါးအမျိုးအစားကိုသုံးထားမှန်း မသိသော်လည်း ဝါးများမှာ မာကျောတောင့်တင်းလေသည်။

စြက်န်လမ်းအရှည်ကြီးအတိုင်း သူတို့လျှောက်ခဲ့ကြလေသည်။

စြက်န်လမ်းအောက်တွင် စမ်းချောင်းလေးတစ်ခုက တသွင်သွင် စီးဆင်းနေလေသည်။

လူစောယိမှာ ဆန်းလျန်ထက်ပင် တက်တက်ကြွကြွရှိနေလေသည်။

"ဂိုဏ်းတူအစ်ကိုကြီး ၊ အစ်ကိုကြီးနာမည်လေးများ မသိရဘူးလား"

စြက်န်လမ်းတွင် လမ်းလျှောက်နေရင်း လူစောယိက မေးလိုက်ခြင်းဖြစ်လေသည်။

"မင်းကျုပ်ကို စန်းဝမ့်လို့ခေါ်လို့ရပါတယ်"

(စန်းဝမ့် = မေးခွန်းသုံးခုဟုအဓိပ္ပါယ်ရ - ဘာသာပြန်ဆိုသူ)

အဘိုးအိုက ပြန်ဖြေလိုက်လေသည်။

"ဂိုဏ်းတူအစ်ကိုကြီးစန်းဝမ့် ၊ ဒီရှယွမ့်အဆောင်မှာ တပည့် ဘယ်နှစ်ယောက်ရှိတာလဲ"

လူစောယိက မေးလိုက်လေသည်။

"မင်းတို့နှစ်ယောက်နဲ့ဆိုရင် လေးယောက်ရှိတယ်"

အဘိုးအိုက တည်ငြိမ်စွာပင်ပြန်ဖြေလိုက်လေသည်။

"ချင်းရှမ်နတ်တံခါးက နှစ်ပေါင်းငါးဆယ်မှတစ်ခါ တပည့်ရွေး ပွဲကျင်းပတာ ၊ ဂိုဏ်းတူအစ်ကိုစန်းဝမ့်က လွန်ခဲ့တဲ့နှစ်ငါးဆယ် က တပည့်အဖြစ်အရွေးခံရတဲ့သူလား"

လူစောယိက သူ့ထုံးစံအတိုင်း စပ်စုစိန်လုပ်နေလေသည်။

နှစ်ပေါင်းငါးဆယ်မျှ ကျင့်ကြံနေသည်ဆိုလျှင် စန်းဝမ့်မှာ အဘယ်ကြောင့် အသက်များစွာကြီးရင့်နေရသနည်းဟု လူစော ယိတွေးနေမိလေသည်။ တာအိုကျင့်စဉ်များမှာ လွန်စွာမှ ခက်ခဲ သောကြောင့်များ ဤမျှအိုစာသွားလေသလား။

"ကျုပ်က ချင်းရှမ်နတ်တံခါးကို လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာက ရောက်လာတာပါ"

အဘိုးအိုက ခေါင်းကိုခါယမ်းရင်း ပြောလိုက်လေသည်။

"ကျွန်တော်တို့ဘယ်တော့လောက်ပညာစသင်ရမှာလဲ"

လူစောယိက ထပ်မေးလိုက်ပြန်သည်။

"ကျုပ်ကိုဘာလို့ စန်းဝမ့်လို့ခေါ်လဲ မင်းသိလား ၊ ဘာလို့လဲဆို တော့ ကျုပ်က တစ်နေ့ကို မေးခွန်းသုံးခုပဲ ဖြေလို့ပဲ"

စန်းဝမ့်က လူစောယိကို တစ်ချက်လှမ်းကြည့်ရင်းပြောလိုက် လေသည်။

ရေခဲတမျှအေးစက်သည့်မျက်ဝန်းများကို ရင်ဆိုင်လိုက်ရ သည့်အတွက် လူစောယိမှာ ဆက်မမေးရဲတော့ဘဲ ရပ်တန့်သွား လေသည်။

ဆန်းလျန်ကတော့ အစကတည်းကပင် စကားတစ်ခွန်းမျှမပြော ဘဲ လိုက်ပါလာခြင်းဖြစ်လေသည်။ သူက ပတ်ဝန်းကျင်ကို လေ့လာနေလေသည်။

အတိအကျပြောရလျှင် မိုးမြေစွမ်းအားများမှာ ဤနေရာတွင် လွန်စွာမှအားကောင်းနေလေသည်။

ဝါးအိမ်လေးမှာ ရေလျောင်တမံနှင့်ခပ်ဆင်ဆင်တူလေသည်။ ပြင်ပကမ္ဘာမှ စွမ်းအားများကို အတွင်းသို့စိမ့်ဝင်စေပြီး အိမ်ထဲ မှ လူများကို စွမ်းအားများဖြန့်ဝေပေးနေလေသည်။ ဝါးအိမ် လေးအောက်တွင် စီးဆင်းနေသည့် စမ်းချောင်းလေးဆီမှာ လည်း စွမ်းအင်များထွက်ပေါ်နေသည်ကို ဆန်းလျန်ခံစားရလေ သည်။ စမ်းချောင်းလေးမှာ ကြည်လင်ပြီး တသွင်သွင်စီးဆင်း နေလေသည်။

ဆန်းလျန်က စွမ်းအားများကိုခံစားမိသည်နှင့် အနည်းငယ်စုပ် ယူကြည့်ရန် ကြိုးစားလိုက်သည်။

ဆန်းလျန်မှာ အတွေးအမြင်ပိုင်ဆိုင်ရာဆုံချက်နှင့် အုပ်ချုပ်မှု ပိုင်းဆိုင်ရာဆုံချက် ပွင့်နေသည့်သူဖြစ်သည့်အတွက် မိုးမြေ စွမ်းအားများကို စုပ်ယူနိုင်စွမ်းရှိလေသည်။ ထို့ကြောင့်ပင် သူက အစားအသောက်မစားဘဲ ကြာရှည်စွာနေထိုင်နိုင်လေ သည်။

ထို့ပြင် စမ်းချောင်းလေးမှ ပျံ့လွင့်လာသည့်ရေငွေ့မှာ သူ၏ရုပ် ခန္ဓာကို အားပြည့်စေလေသည်။ အချိန်အနည်းငယ်ကြာလာ သည်နှင့်အမျှ မသိမသာပြောင်းလဲလာမှုကိုလည်း ခံစားလာရ လေသည်။

ဤကဲ့သို့သောနေရာမျိုးတွင်သာနေရလျှင် စန်းဝမ့်ကဲ့သို့နှစ် ပေါင်းတစ်ရာအသက်ရှည်ရလျှင်ပင် အိုမင်းသွားမည် မဟုတ် ပေ။

ချင်းရှမ်နတ်တံခါးမှာ ကောင်းကင်ဘုံမဟုတ်ကြောင်း ဆန်းလျန် သိပါသည်။ လူ့လောကနှင့်လုံးဝကွဲထွက်နေသည့် နေရာတစ်ခု မဟုတ်ပေ။

ဆန်းလျန်မှာ လွတ်လွတ်လပ်လပ်နေတတ်ပြီး ယှဉ်ပြိုင်ရခြင်းကို မနှစ်သက်သည့် စရိုက်ရှိသောကြောင့် အခြားသောကျင့်ကြံသူများမှာလည်း ဆန်းလျန်ကဲ့သို့စရိုက်ရှိမည်ဟု တစ်ထစ်ချပြော၍မရသကဲ့သို့ဖြစ်လေသည်။ ခံစားချက်ဆိုသည်မှာ သဘာဝအတိုင်း နှလုံးသားမှ ဖြစ်တည်လာသည့်အရာမဟုတ်ပါလား။

ကျင့်ကြံသူလမ်းစဉ်တွင် လူမျိုးပေါင်းစုံပါဝင်နိုင်လေသည်။ မည်သူကမှားပြီး မည်သူက မှန်သည်ကို ပြောရန် ခက်ခဲလွန်းသည်။

ထို့ပြင် ဆန်းလျန်က သိမြင်နားလည်နိုင်စွမ်းမြင့်မားသူတစ်ယောက်ဖြစ်လေသည်။အစကတည်းက စိတ်မဝင်စားသည့်လူ

တစ်ယောက်ကို တာအိုကျင့်စဉ်လမ်းသို့လိုက်ပြီး နတ်ဘုရား
တစ်ပါးဖြစ်လာအောင် ကျင့်ကြံဖို့ပြောလျှင်လည်း လက်ခံမည်
မဟုတ်ပေ။

ထို့ပြင် နတ်ဘုရားကျင့်စဉ်လမ်းကိုလိုက်လျှောက်ချင်စိတ်
ပြင်းပြလွန်းပြီး ကျင့်စဉ်လမ်းကိုလိုက်လေဆောက်ရန်အတွက်
ဘာပဲလုပ်ရလုပ်ရလုပ်မည်ဟုဆုံးဖြတ်ကာ အခြားသူများ
အပေါ်အေးစက်မာကျောပြီး နှလုံးသားကင်းမဲ့ပါကလည်း
သူ၏နှလုံးသားကင်းမဲ့မှုကြောင့်ပင် နတ်ဘုရားတစ်ပါးဖြစ်လာ
နိုင်မည်မဟုတ်ပေ။

မသေမျိုးဖြစ်သည့် နတ်ဘုရားဖြစ်ခြင်းဆိုသည်မှာ အရာ
အားလုံးကို ငြိမ်းချမ်းစွာဖြင့်လက်ခံပြီး မဆုံးနိုင်သည့် ပြုပြင်
ပြောင်းလဲမှုများရှိနေရမည်ဖြစ်လေသည်။ နှစ်ပေါင်းရာနှင့်
ထောင်နှင့်ချီကြာသည့်တိုင်အောင် မပြောင်းလဲဘဲ နေ့တိုင်း

တည်မြဲနေမည်ဆိုပါက ဘဝဆိုသည်မှာ ကျောက်တောင်များ နှင့်မခြားဖြစ်နေမည်သာ ဖြစ်လေသည်။

ထို့ပြင် ဆန်းလျှန်ယခုအချိန်ထိတွေ့ကြုံခဲ့ရသည့်လူများထဲ တွင် အနီရောင်ဝတ်အဘိုးအို ၊ မီးခိုးရောင်ဝတ်အဘိုးအို ၊ ချင်း ရှမ်ဆရာသခင် နှင့် ကျင်းချင်းတို့မှာ ထူးခြားသည့် စရိုက် လက္ခဏာရှိသူများဖြစ်ကြလေသည်။

ကျင့်ကြံသူဆိုသည်မှာ အသက်ရှည်ရှည်နေရဖို့ ကျင့်ကြံခြင်း လည်းဖြစ်ကောင်းဖြစ်နိုင်လေသည်။

သို့သော် နတ်ဘုရားကျင့်စဉ်မှာ ဆိုလိုရင်းကို ဆန်းလျှန်ယခု အချိန်ထိ ပုံဖော်ကြည့်၍မရသေးပါ။

ဝါးအိမ်လေး၏စြက်န်လမ်းမှာ ရှည်လျားပြီး တစ်သမတ်တည်း ဖြောင့်တန်းခြင်းမရှိပါ။ အချိုးအကွေ့များလည်း ရှိလေသည်။ လမ်းတစ်လျှောက်တွင် တာအိုကျင့်ကြံသူများနေထိုင်သည့် အခန်းလေးများကို တွေ့နိုင်လေသည်။

အခန်းလေးများမှာ ခပ်ဆင်ဆင်ဖြစ်ကြပြီး လူမနေသည်မှာ

လွန်စွာမှ ကြာမြင့်နေသည့်ပုံရလေသည်။

တစ်နေရာအရောက်တွင်တော့ ကပ်လျက်တည်ရှိနေသည့်

အခန်းလေးနှစ်ခန်းကိုတွေ့ရလေသည်။

"မင်းတို့နှစ်ယောက် ကြိုက်တဲ့အခန်းမှာနေကြ ၊ ဆရာသခင်က

သူ့ကိစ္စတွေပြီးသွားရင် မင်းတို့နှစ်ယောက်အတွက် စီစဉ်စရာရှိ

တာ စီစဉ်ပေးလိမ့်မယ်"

စန်းဝမ့်က ပြောလိုက်လေသည်။

စကားဆုံးသည်နှင့် စန်းဝမ့်က အဝေးသို့လွင့်မျောပျောက်ကွယ်

သွားလေသည်။

"ဒီတောင်ပေါ်မှာ တွေ့ရတဲ့သူတွေက တစ်ယောက်ပြီးတစ်

ယောက် ထူးဆန်းသည်ထက် ထူးဆန်းနေတော့တာပဲ"

လူစောယိက ခေါင်းခါယမ်းရင်းပြောလိုက်လေသည်။

"မင်းဘယ်အခန်းကိုကြိုက်လဲ"

လူစောယိပြောနေသည့်စကားကိုလျစ်လျူရှုပြီး ဆန်းလျန်က

အခန်းနှစ်ခန်းကို ညွှန်ပြပြီးမေးလိုက်လေသည်။

"ကောင်းပြီ ၊ ငါညာဘက်ကအခန်းကိုယူမယ်"

လူစောယိက ပြန်ဖြေလိုက်လေသည်။

အခန်းလေးထဲတွင် ဝါးကွပ်ပျစ်လေးတစ်ခုမှလွဲပြီး မည်သည့်

အရာမျှ ရှိမနေပေ။

ဆန်းလျန်မှာ ချက်ချင်းအိပ်မပျော်ပါ။ သူကတံခါးကိုပိတ်လိုက်

ပြီး ဝါးကွပ်ပျစ်လေးပေါ်တွင် တရားထိုင်နေလေသည်။

တစ်ဖက်ခန်းမှ လူစောယိတစ်ယောက်အိပ်ပျော်သွားသံကို သူ

ကြားနေရလေသည်။ ဆန်းလျန်က စိတ်အာရုံစူးစိုက်မှု ကျင့်စဉ်

ကိုကျင့်နေရင်း စိတ်အာရုံးငြိမ်းအေးခြင်းအဆင့်သို့ ရောက်ရှိ

သွားလေသည်။

သူ့စိတ်ထဲတွင် ဘာမှမရှိ။ ဗလာကျင်းသွားလေသည်။ ဤတစ်

ခေါက်တွင်တော့ ဆန်းလျန်က စိတ်ကူးဖြင့်ဆွဲနေကျ နတ်သမီး

ရုပ်တုပုံကို စိတ်ကူးမကြည့်တော့ပါ။ သူ့ဦးနှောက်ထဲတွင် ကြီးမားသည့် စစ်တုရင်ခုံကို စိတ်ကူးကြည့်လိုက်လေသည်။ စစ်တုရင်အဖြူရုပ်လေးများ၏ ရွှေ့ကွက်များမှာ စစ်တုရင် အနက်ရုပ်လေးများနောက်သို့ လိုက်နေကြလေသည်။ သိပ်မကြာခင်မှာပင် စစ်တုရင်ခုံတွင် စစ်တုရင် အရုပ်လေးများဖြင့် ပြည့်သွားလေသည်။

ဆန်းလျန်က မှတ်ဉာဏ်အလွန်ကောင်းသူတစ်ယောက်ဖြစ်လေသည်။ ထိုသို့ဉာဏ်ကောင်းသည်မှာ သူ၏ဝိဉာဉ်စွမ်းအား ကောင်းသောကြောင့်လား ၊ တစ်ခါဖတ်ရုံနှင့်မှတ်မိသည့် မှတ်ဉာဏ်ကြောင့်လားဆိုသည်ကိုတော့ သူမသိပါ။ သူက အာရုံပျံ့လွင့်ခြင်းမရှိအောင် စိတ်အာရုံအကြာကြီးအာရုံစူးစိုက်ပြီး သူ၏မှတ်ဉာဏ်များအားလုံးကို ပြန်ပြီးမှတ်မိနိုင်လေသည်။

စစ်တုရင်ခုံမှာ လွန်စွာမှရှုတ်ထွေးလေသည်။ သို့သော် ဆန်းလျန်က အသေးစိတ်အတိအကျကို ပြန်ပြီး မှတ်မိနေလေသည်။ တောင်ပေါ်စရောက်သည့်အချိန်ကို ပြန်ကြည့်မည်ဆိုလျှင် သူက စစ်တုရင်ခုံကို ဘာမှန်းမသိဘဲ ကြည့်နေခဲ့ခြင်းဖြစ်လေသည်။ ယခုတော့ ထိုစစ်တုရင်ခုံမှ ပညာကို လေးလေးစားစားဖြင့် တန်ဖိုးထားရမှန်း သိခဲ့ပြီ။

ဆန်းလျန်က အမြဲတမ်းပင် မိုးမြေစွမ်းအားများကို စုပ်ယူတတ်လေသည်။ ဖြည်းဖြည်းချင်းမိုးမြေစွမ်းအားများကို စုပ်ယူခြင်းက သဘာဝအထောက်အပံ့နှင့် လွတ်လပ်မှုကို တိုးတက်လာစေလေသည်။ သို့သော် မိုးမြေစွမ်းအားများအကြောင်းနှင့် ပတ်သက်ပြီး သူ၏နားလည်နိုင်စွမ်းကတော့ အလွန်မှ နည်းပါးနေသေးသည်။

စစ်တုရင်ခုံပေါ်မှ သိုင်းပညာကျင့်စဉ်မှာ ရှမ်ကျိသိုင်းပညာဖြစ်လေသည်။ လူသားခန္ဓာကိုယ်အတွင်းရှိ မတူညီသည့်

သွေးကြောဆုံမှတ်များကို ဆက်သွယ်ပေးခြင်းဖြစ်လေသည်။ ထိုသို့ဆက်သွယ်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်ရှိသွေးကြောများမှာ လျှပ်စီးကြောင်းများကဲ့သို့ဖြစ်သွားလေသည်။ မတူညီသည့်ဆုံချက်များ ဆက်စပ်သွားမှုကြောင့် မိုးမြေစွမ်းအားများ ကိုယ်တွင်းသို့စိမ့်ဝင်သွားသည့်အခါ မမျှော်လင့်နိုင်သည့်ရလဒ်ကောင်းများရရှိလာရလေသည်။

ဆန်းလျန်၏ခန္ဓာကိုယ်မှာ စွမ်းအားစီးဆင်းရာနေရာတစ်ခုဖြစ်လာလေသည်။ မိုးမြေစွမ်းအားများသည် သူ၏ခန္ဓာကိုယ်သို့ ဝင်ရောက်လာနိုင်သလို ထွက်ခွာ၍လည်း သွားနိုင်လေသည်။ စွမ်းအားများကို သူထိန်းချုပ်၍မရနိုင်ပေ။ ထိုသို့ဖြစ်နေခြင်းကြောင့် သူ၏ခန္ဓာကိုယ်အတွက် သိပ်ပြီးအကျိုးမပြုနိုင်ဖြစ်နေရလေသည်။

ဆန်းလျန်က ရွှမ်ကျိကျင့်စဉ်ဖြင့် အတွင်းအားစီးဆင်းမှုများကိုလေ့ကျင့်လိုက်ပြီး မိုးမြေစွမ်းအားများ၏ အကျိုးသက်ရောက်

မှုကိုရှာဖွေလိုက်သည်။ တစ်ချိန်တည်းမှာပင် မိုးမြေစွမ်းအား
များ သူ၏ကိုယ်ထဲသို့စီးဝင်လာလေသည်။

ယခင်တုန်းက မိုးမြေစွမ်းအားကို ဆန်းလျန်မှာ အနည်းငယ်သာ
ထိန်းချုပ်နိုင်လေသည်။ ယခုတော့ ပိုပြီးထိန်းချုပ်နိုင်လာလေ
သည်။

သူ၏ဝိညာဉ်စွမ်းအားမှာလည်း သူ၏ခန္ဓာကိုယ်တစ်ခုလုံးနှင့်
ခြေလက်များပါမကျန် ပျံ့နှံ့သွားလေသည်။ သူ၏ရုပ်ခန္ဓာကို
ယခင်ကထက်ပိုပြီး အသေးစိတ်သိမြင်လာရလေသည်။

ယခု ဆန်းလျန်ကျင့်စဉ်ကျင့်နေသည့်အချိန် တစ်စုံတစ်ယောက်
ကသာ တွေ့မြင်သွားမည်ဆိုလျှင် သူ၏ခန္ဓာကိုယ်တစ်ခုလုံး
တွင် မြူလွှာအပါးလေးဖြင့် ဖုံးလွှမ်းထားသလိုဖြစ်နေမည်ကို
မြင်တွေ့ကြရမည်ဖြစ်လေသည်။

ကျင့်ကြံသူအဆောင်တစ်ခုတွင် ကျင့်ကြံသူတစ်ဦးနှင့် တာအို
ဆရာတစ်ပါးထိုင်နေကြလေသည်။

ကျင့်ကြံသူလူငယ်မှာ တာအိုဆရာထက် အသက်ငယ်ရွယ်ပုံရ လေသည်။ ထိုကျင့်ကြံသူမှာ အသက်သုံးဆယ်ဝန်းကျင်ခန့်မျှ ရှိဦးမည်ဖြစ်ပြီး မျက်ခုံးကောင်းကောင်း ၊ မျက်ဝန်းများက လည်း ဝိုင်းစက်လှပနေလေသည်။ ထိုလူငယ်က အစိမ်းရောင် အဝတ်ကို ဝတ်ဆင်ထားလေသည်။

"ဒီလောက်နှစ်တွေကြာပြီးမှ နောက်ဆုံးတော့ ကျိဝေ့တုန်း ကျင့်စဉ်အဖြေကိုလေ့ကျင့်နိုင်မယ့် တပည့်တစ်ယောက်ကို ဆရာဦးလေးဟုန် ရှာဖွေတွေ့ရှိသွားပြီပေါ့ ၊ ဒါကြောင့်လည်း အဲဒီဆန်းလျှန်က ရှမ်ကျိကျင့်စဉ်ကို ခဏလေးနဲ့ နားလည် သဘောပေါက်ခဲ့တာပဲကိုး"

ကျင့်ကြံသူလူငယ်က ပြောလိုက်လေသည်။

"ပြီးတော့ နှစ်ပေါင်းသုံးထောင်အတွင်း ဝမ့်ရှင်းလမ်းကို ဒီ လောက်အချိန်တိုတိုနဲ့ဖြတ်ကျော်နိုင်တာ ဆန်းလျှန်တစ် ယောက်ပဲရှိသေးတယ် ၊ ဒါက သူ့ရဲ့စိတ်စွမ်းအားနဲ့ ဝိညာဉ်

စွမ်းအား ဘယ်လောက်ထက်မြက်နေသလဲဆိုတာ ပြနေတာပဲ ၊ သူဟာ ကျိုဝေ့တုန်းကျင့်စဉ်အဖြေကို အကောင်းဆုံးလေ့ကျင့်နိုင်မယ့်သူပဲ ၊ ဆရာဦးလေးဟုန်တော့ တကယ့်ကို စိတ်လှုပ်ရှားနေတော့မှာ အသေအချာပဲ"

တာအိုဆရာစန်းဝမ့်က ပြောလိုက်လေသည်။

"ဆရာဦးလေးက ဘယ်လိုလူမျိုးလဲ သိချင်မိတယ် ၊ ဆရာဦးလေးက အစ်ကိုစန်းဝမ့်ရဲ့လက်ကို ဖြတ်ခဲ့တာတောင်မှ သူ့ကို နည်းနည်းလေးမှ ဒေါသမဖြစ်ဘူးလား"

ကျင့်ကြံသူလူငယ်က မေးလိုက်လေသည်။

အခန်း (၇၀)

အိပ်မက်မျှသာ

"ဂိုဏ်းတူအစ်ကိုစန်းဝမ့် ၊ ခင်ဗျားရဲ့ဘဝကအဆုံးသတ်ခါနီးနေပြီ ၊ ဘာလို့ဆရာသခင်ဆီမှာ ဓာတ်လုံးသွားမတောင်းရတာလဲ ၊ ဓာတ်လုံးသာရရင်နောက်ထပ်အနှစ်သုံးရာလောက် ဆက်ပြီးအသက်ရှည်နိုင်ဦးမှာ"

ကျင့်ကြံသူလူငယ်က အလေးအနက်ပုံစံဖြင့်ပြောလိုက်လေသည်။

"ဓာတ်လုံးနဲ့ဆိုရင်တောင်မှ ခဏပဲအသက်ရှင်နိုင်မှာပါ ၊ ဒီတော့လူဝင်စားဘဝနဲ့ပြန်လာခဲ့မယ်"

တာအိုဆရာစန်းဝမ့်က အေးစက်စွာဖြင့်ပြောလိုက်လေသည်။

"လူပြန်ဝင်စားတယ်ဆိုတာ တကယ်ရှောအလုပ်ဖြစ်ပါ့မလား ၊ ကျုပ်ကတော့ဒီဘဝကိုပဲသဘောကျတယ် ၊ နောက်ဘဝမ လိုချင်ဘူး"

ကျင့်ကြံသူလူငယ်ကပြောရင်း မတ်တပ်ရပ်လိုက်ပြီး အခန်းထဲ မှ ထွက်ခွာသွားလေသည်။

လရောင်မှာ အခန်းတွင်းသို့ဖြာကျနေပြီး တာအိုဆရာစန်းဝ မ့်၏ခြေထောက်များပေါ်သို့ ကျရောက်နေလေသည်။

လရောင်မှာ သဲများကဲ့သို့ ပေါင်းစည်းသွားပြီး တဖြည်းဖြည်း နှင့် လူတစ်ယောက်၏ပုံသဏ္ဍာန်ဖြစ်ပေါ်လာလေသည်။ ထိုလူပုံ သဏ္ဍာန်မှာ တာအိုဆရာစန်းဝမ့်နှင့် တစ်ထေရာတည်းတူနေလေ တော့သည်။ အကျီစပင် လွဲချော်ခြင်းမရှိပေ။

သူက အခန်းတံခါးကိုပိတ်လိုက်သည်။ လရောင်မှာပျောက် ကွယ်သွားပြီး အခန်းထဲတွင် မှောင်မိုက်တိတ်ဆိတ်သွားလေ သည်။

ဝိညာဉ်လွှင့်သည့်ပညာရပ်တွင် လရောင်ကိုစုစည်းပြီး လူသား အသွင်ဖန်ဆင်းနိုင်လေသည်။ စန်းဝမ့်၏ဝိညာဉ်မှာ ဆန်းလျ န်၏ဝိညာဉ်နှင့်ယှဉ်လျှင် မည်သူ၏ဝိညာဉ်စွမ်းအားက ပို ကြီးမားသည်ကို စန်းဝမ့်သိချင်နေမိလေသည်။

ဆန်းလျန်မှာလည်း မိုးမြေစွမ်းအားများကို စုပ်ယူနိုင်သည့်သူ တစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် လရောင်ကိုလည်း စုပ် ယူနိုင်လေသည်။ သို့သော် သူ၏လူသားပုံသဏ္ဍာန်ကိုတော့ ကြာရှည်စွာ ထိန်းသိမ်းထားနိုင်မည် မဟုတ်ပေ။ ထိုအဆင့်သို့ ရောက်ရှိနိုင်ရန်အတွက် လွန်စွာမှခက်ခဲဦးမည်ဖြစ်လေသည်။ သို့သော် သူတို့နှစ်ယောက်လုံး၏ ဝိညာဉ်စွမ်းအားမှာ မူလ အနှစ်သာရတော့ တူညီလေသည်။

ဆန်းလျန်မှာ ဤနေရာတွင်ဖြစ်ပျက်နေသည့် အခြေအနေများ ကို သိမြင်နိုင်ခြင်းမရှိပါ။

မိုးမြေစွမ်းအားများ ဆန်းလျန်၏ခန္ဓာကိုယ်တွင်းသို့ စုစည်းဝင်ရောက်လာပြီး သူ၏ဝိညာဉ်စွမ်းအားမှာမြင့်တက်လာကာ သူ၏ရုပ်ခန္ဓာတွင်လည်း အပြောင်းအလဲများဖြစ်ပေါ်လာလေသည်။

သဲကန္တာရထဲတွင်လှည့်လည်သွားလာရင်း သေလုနီးပါးရေငတ်နေသည့်အချိန် ရေတွေ့လိုက်ရပြီး ရေကိုအငမ်းမရသောက်သုံးရသည့်ခံစားချက်မျိုးဖြစ်လေသည်။

မိုးမြေစွမ်းအားအားလုံးမှာ သူ့ဝိညာဉ်အတွင်းသို့စိမ့်ဝင်သည်မဟုတ်။ အချို့မှာလည်း ပြန်လည်စိမ့်ထွက်သွားကြလေသည်။

ဆန်းလျန်၏ဝိညာဉ်မှာ စွမ်းအားများကြားတွင် လွတ်မြောက်နေသကဲ့သို့ ခံစားနေရလေသည်။

ထိုခံစားချက်မှာ ဝိညာဉ်လွှင့်သည့်ခံစားချက်နှင့်လည်းမတူညီပေ။ ကမ္ဘာလောကကြီးတစ်ခုလုံးကို သူ့မျက်လုံးဖြင့် လေ့လာသိမြင်နိုင်သည်ထက်ပိုပြီး ထူးခြားနေလေသည်။

ဝါးအိမ်လေးအတွင်းမှ မိုးမြေစွမ်းအားများမှာ အခြားနေရာများ ရှိစွမ်းအားများထက်ပိုပြီး သိပ်သည်းပုံရလေသည်။ ဆန်းလျန်မှာ သူ့ကိုယ်သူမှန်ဘီလူးတစ်ခုအောက်ရောက်နေသည့်အလား ခံစားနေရလေသည်။

ထိုခံစားချက်ကြောင့်ပင် လောကကြီးမှာ မိုးမြေစွမ်းအားများသာမက ဒြပ်စင်စွမ်းအားရှစ်ခုနှင့်ဖွဲ့စည်းထားသည်ဟု သိမြင်လာလေသည်။

ပြောပြရန်တော့ လွန်စွာမှခက်ခဲလေသည်။ ကောင်းကင်ထက်သို့ပျော်ဝင်သွားပြီဟု ခံစားလိုက်ရပြီးနောက် ချက်ချင်းပင် မြေပြင်ပေါ်တွင် အစိုင်အခဲဖြစ်နေသည်ဟု ခံစားရပြန်သည်။ မြေပြင်ကြီးတစ်ခုလုံးမြင့်တက်လာသည်ကို သူမြင်တွေ့နေရပြီး မြေမှုန်များပေါင်းစည်းသွားကာ တောင်တစ်တောင်ဖြစ်သွားသည်ကိုလည်းတွေ့မြင်နေရလေသည်။ ဘုံကိုးခုမှ မိုးနှင့်လေ ၊ မိုးကြိုးများကိုလည်း မြင်တွေ့နေရလေသည်။ ရေကန်နှင့်

ပင်လယ်များမှာ တဖြည်းဖြည်းပေါင်းစည်းသွားပြီး မြေပြင်

တစ်ခုလုံး ရေထဲတွင် မျောနေသည်ကိုလည်း မြင်ရလေသည်။

သစ်တောများဖြင့်ဖုံးလွှမ်းနေသည့် မြေပြင်၊ ထို့နောက်

သစ်တောများအားလုံးကို မီးကလောင်ကျွမ်းသွားသည်ကို

လည်း မြင်တွေ့ရလေသည်။

"ပြောင်းလဲခြင်းသဘောတရား" စာအုပ်အကြောင်းကို သူတွေး

လိုက်မိသည်။

ကောင်းကင်၊ မြေကြီး၊ တောင်၊ ရွှံ့နွံ၊ ရေ၊ မီး၊ လေ နှင့်

လျှပ်စီး...

ထိုဒြပ်စင်စွမ်းအားရှစ်ခုမှာ မိုးမြေစွမ်းအားများနှင့် ချိတ်ဆက်

နေလေသည်။ ထိုအရာများက အဆုံးမရှိပြောင်းလဲဖြစ်ပေါ်နေ

ခြင်းအားဖြင့် လူ့လောကကြီးတည်ရှိနေခြင်းဖြစ်လေသည်။

ပြောင်းလဲခြင်းနောက်ကွယ်မှနိယာမကိုတော့ ဆန်းလျှန်

လုံးလုံးလျားလျားနားလည်ခြင်းမရှိသေးပါ။

ထိုဒြပ်စင်စွမ်းအားရှစ်မျိုးကိုလည်း ကောင်းကောင်းအသုံးမချနိုင်သေးပါ။

သူ့ခန္ဓာကိုယ်မှ ပြန်စိမ့်ထွက်သွားသည့်စွမ်းအားများမှာလည်း သဘာဝတရားအဖြစ်ပြောင်းလဲသွားပြီး မိုးမြေစွမ်းအားများနှင့် ပြန်လည်ပေါင်းစည်းသွားလေသည်။ သူ၏ဝိညာဉ်မှာလည်း ပုံမှန်အနေအထားပြန်ဖြစ်သွားလေသည်။

လရောင်ကိုစုပ်ယူထားသည့် ဆန်းလျန်၏ဝိညာဉ်မှာ လရောင်နှင့်ပေါင်းစပ်ပြီး မီးတောက်တစ်ခုအလား တောက်ပလာလေသည်။

ဝိညာဉ်က ဆန်းလျန်ရှေ့သို့ ဆင်းသက်လာလေသည်။ ဆန်းလျန်က သူ၏မျက်လုံးများကိုဖွင့်လိုက်ပြီး အသက်ရှူထုတ်လိုက်သည်။ ဝိညာဉ်မှာ သူ၏ခန္ဓာကိုယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာပြီး ယခင်ကကြီးမားလာသည့် ဝိညာဉ်စွမ်းအားများကို ခံစားလိုက်ရလေသည်။

………………

နောက်တစ်နေ့နံနက်တွင်တော့ လူစောယိက ဆန်းလျန်၏တံခါး

ကို လာခေါက်လေသည်။

သူ့ကိုကြည့်ရသည်မှာ တစ်ညလုံးကောင်းကောင်းအိပ်စက်ထား

သည့်အတွက် အားအင်ပြည့်ပြီး လန်းဆန်းနေလေသည်။

"အစ်ကိုဆန်း ၊ တစ်ခုခုများစားဖို့အစီအစဉ်မရှိတော့ဘူးလား"

စြက်န်လမ်းအတိုင်းလမ်းလျှောက်ရင်း လူစောယိကပြောလိုက်

လေသည်။

"ကျုပ်လည်းဒီနေရာတစ်ခါမှမရောက်ဖူးဘူး ၊ အစ်ကိုလူလည်း

ဝမ့်ရှင်းလမ်းတစ်လျှောက်လုံး ဘာမှမစားရသေးဘူးဆိုတော့

ဗိုက်ဆာနေရောပေါ့ ၊ ကျုပ်တို့ ဒီတောင်ပေါ်လျှောက်ကြည့်

ရအောင်လေ ၊ မကောင်းဘူးလား"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ချင်းရွှမ်နတ်တံခါးသို့ဝင်ရောက်လာနိုင်သူများမှာ အလကားလူ

များတော့မဟုတ်ကြကြောင်း လူစောယိ သိရှိလာပြီဖြစ်လေ

သည်။ ဝမ့်ရှင်းလမ်းမှ အခက်အခဲအန္တရယ်များမှာ ဆန်းလျန်ကဲ့သို့လူမျိုးအတွက်တော့ ကြီးမားသည့် အခက်အခဲမျိုးမဟုတ်ပေ။ အရာအားလုံးမှာ ပုံရိပ်ယောင်များဖြစ်ကြောင်းသိရှိနေပြီး အစစ်အမှန်ဖြင့် ခွဲထုတ်နိုင်ရန်သာလိုအပ်လေသည်။

"အစ်ကိုဆန်းမသိဘူး ၊ ကျုပ်က မင်းနဲ့မတူဘူး ၊ ငယ်ငယ်ကတည်းက အတွင်းအားမလေ့ကျင့်ဘဲ စာအုပ်တွေပဲ ဖတ်ခဲ့တာ ၊ ကျုပ်အသက်ဆယ့်နှစ်နှစ်မှာ မြို့နယ်စာပေပညာစာမေးပွဲအောင်မြင်ပြီးနေပြီ ၊ မနှစ်က ကျုပ်အသက်ဆယ့်ခုနစ်နှစ်မှာ နန်းတွင်းအဆင့်စာမေးပွဲဖြေဖို့ အဆင်သင့်ဖြစ်နေပြီ ၊ ဘုရင့်နန်းတွင်းစာမေးပွဲဖြေဖို့သွားနေရင်း တည်းခိုခန်းတစ်ခုမှာ အဖြစ်အပျက်တစ်ခုသာမဖြစ်ခဲ့ဘူးဆိုရင် ခုလောက်ဆို ဘုရင့်နန်းတွင်းစာမေးပွဲမှာ ရွှေတံဆိပ်ဆုတောင်ရနေလောက်ပြီ"

ဆန်းလျန်ကို ထိုအကြောင်းများပြောပြနေသည့်အချိန်တွင် လူစောယိ၏မျက်နှာမှာ ထူးခြားနေလေသည်။

"ဘယ်လိုအရာမျိုးက အစ်ကိုလူကို တာအိုကျင့်စဉ်လမ်းဘက် ရောက်စေခဲ့တာလဲ သိခွင့်များရနိုင်မလား"

ဆန်းလျန်က အေးဆေးစွာပင်မေးလိုက်လေသည်။

"ကျုပ်တည်းခိုခန်းမှာတည်းနေတုန်း ၊ အဲဒီတည်းခိုခန်းက ရွှေရောင်ထမင်းက တကယ့်နာမည်ကြီးပဲ ၊ ဒါနဲ့ ကျုပ်လည်း စားကြည့်ဖို့ဆုံးဖြတ်လိုက်တယ် ၊ တည်းခိုခန်းကိုရောက်တာနဲ့ ရွှေရောင်ထမင်းတစ်ပန်းကန်မှာလိုက်တယ် ၊ ရွှေရောင်ထမင်း ကို မှာတဲ့သူလာမှ ချက်ချင်းချက်ပေးတာ ၊ အဲဒါမှ အရသာက ပိုကောင်းမှာလေ ၊ ကျုပ်လည်း စားဖို့စောင့်နေတုန်း စားပွဲတစ် လုံးမှာိုင်နေတဲ့ တာအိုဆရာကြီးတစ်ပါးကိုတွေ့လိုက်တယ်"

"တကယ်တော့ ကျုပ်ကတော်တော်ပင်ပန်းနေတာ ၊ အရမ်း လည်းအိပ်ချင်နေပြီ ၊ တာအိုဆရာကြီးက ကျုပ်အိပ်ဖို့အတွက် နူးညံ့တဲ့ခေါင်းအုံးတစ်လုံးလာပေးတယ် ၊ ကျုပ်က ခေါင်းအုံး ကိုစားပွဲပေါ်တင်ပြီး ခေါင်းအုံးနဲ့ခေါင်းထိလိုက်တာနဲ့ အိပ်ပျော်

သွားတော့တာပဲ ၊ အိပ်မက်ကလည်းကောင်းလိုက်တာ ၊ အိပ်မက်ထဲမှာ ကျုပ်က ငွေကြေးချမ်းသာပြီး ဂုဏ်သရေရှိတဲ့ ဘုရင့်အမှုထမ်းဖြစ်နေတာ ၊ အားလုံးက လေးစားအားကျရတဲ့ ဘဝမျိုးပဲ ၊ ကျုပ်အိပ်ယာကနိုးလာတဲ့အထိတောင် ရွှေရောင် ထမင်းက ရောက်မလာသေးဘူး"

"ပွင့်ပွင့်လင်းလင်းပြောရရင်ဗျာ ၊ ကျုပ်ကငယ်ငယ်ရွယ်ရွယ်နဲ့ ကျော်ကြားချင်တယ် ၊ ဂုဏ်သရေရှိပြီး ငွေကြေးချမ်းသာတဲ့သူ တစ်ယောက်ဖြစ်ချင်ခဲ့တယ် ၊ ဒါပေမယ့် အဲဒီအိပ်မက်လည်း မက်ပြီးရော အဲဒါတွေအားလုံးကို မလိုချင်တော့ဘူး"

"အဲဒီအချိန်ကစပြီး တာအိုကျင့်စဉ်လမ်းကို စိတ်ဝင်စားမိတော့ တာပဲ ၊ ကျုပ်ကကျင့်စဉ်လမ်းကိုလိုက်ပြီး အမှန်တရားကို ရှာဖွေချင်တယ် ၊ လူ့ဘဝဆိုတာအိပ်မက်တစ်ခုမျှပဲလားဆိုတာ ကျုပ်သိချင်မိတယ်"

လူစောယိမှာ အကြာကြီးမျိုသိပ်ထားခဲ့ရသည်များကို ဖွင့်ပြော လိုက်ရသည့်အတွက် များစွာကျေနပ်နေပုံရလေသည်။ ဆန်းလျှန်၏ရင်ထဲတွင် ပြုံးလိုက်မိလေသည်။ သူခေတ်ပေါ် ကမ္ဘာတွင်နေထိုင်ခဲ့စဉ်က သတင်းအချို့ကို သတိရလိုက် မိသည်။ ကျောင်းသားလေးတစ်ယောက်မှာ ဝတ္ထုဖတ်ရင်း ဝတ္ထုထဲမှ အဓိကဇာတ်ကောင်က အိပ်မက်ထဲသို့ရောက်လာကာ တာအိုကျင့်စဉ်ကျင့်ကြံပြီး အမှန်တရားကိုရှာဖွေရန်တိုက်တွန်း လေသည်။ ထိုကျောင်းသားလေးလည်း အနီးဆုံးတာအို ဝတ်ကျောင်းကျောင်းတော်တစ်ခုသို့သွားကာ တာအိုကျင့်စဉ် ကျင့်မည်ဟု ပြောဆိုလေသည်။ သို့သော် ဝတ်ကျောင်းတော်မှ တာအိုဆရာက ကျောင်းသားလေး၏မိဘများကို လှမ်းပြီးတိုင် သည့်အတွက် နောက်ဆုံးတွင် မိဘများ ရိုက်သည်ကို ခံလိုက်ရ လေတော့သည်။

လူစောယိမှာ လူကောင်သာထွားနေခြင်းဖြစ်ပြီး အသက်ကတော့အလွန်ငယ်ရွယ်သေးသည်။ သူအိမ်မှထွက်လာပြီး ချင်းရှမ်နတ်တံခါးသို့ရောက်ရှိနေသည်ကို သူ၏မိဘများတောင်သိပါရဲ့လားဟု ဆန်းလျှန်တွေးနေမိလေသည်။

အကယ်၍ လူစောယိသာ ဘုရင့်နန်းတွင်းစာမေးပွဲကို အသက်ငယ်ငယ်နှင့်ဖြေဆိုအောင်မြင်ခဲ့လျှင် သူ၏အနာဂတ်မှာ ရွှေရောင်တောက်ပနေလိမ့်မည်ဖြစ်လေသည်။ ထို့ပြင် ဘုရင့်နန်းတွင်းစာပေဘွဲ့ဖြစ်သည့် ကျွမ်းယွမ်ဘွဲ့ကိုရရှိသူအများစုမှာ ဂုဏ်သရေရှိအိမ်တော်များမှ ဖြစ်ကြလေသည်။ ဘုရင့်နန်းတွင်းစာမေးပွဲဖြေဆိုရန်မှာ လွယ်ကူသည်မဟုတ်ပေ။ သာမန်မိသားစုများမှ သားသမီးများမှာ ဂုဏ်သရေရှိမိသားစုများမှ သားသမီးများကဲ့သို့ အဆင့်မြင့်ပညာများသင်ယူရန် အခွင့်အရေး နည်းပါးကြလေသည်။ ဂုဏ်သရေရှိပြီး ကြွယ်ဝချမ်းသာသည့် မိသားစုများကသာ သူတို့၏သားသမီးများ

အတွက် ဆရာကောင်းများငှားယမ်းကာ ဘုရင့်နန်းတွင်း စာမေးပွဲဖြေဆိုရန်အတွက် သေချာသင်ကြားပေးကြခြင်းဖြစ်လေသည်။ သာမန်မိသားစုမှသားသမီးများမှာ မည်သို့တတ်နိုင်ပါမည်နည်း။

လူစောယိပြောသည့်စကားများကိုနားထောင်ပြီး ဆန်းလျန်မှာလည်း သူ့အကြောင်းများကို ပြန်စဉ်းစားနေမိလေသည်။ ဆန်းလျန်မှာလည်း တာဝန်မသိတတ်သည့် သားသမီးတစ်ယောက်ပင်ဖြစ်လေသည်။ တာအိုကျင့်စဉ်လမ်းသို့လိုက်လျှောက်ရန်အတွက် အိမ်မှထွက်လာခဲ့သည်မဟုတ်ပါလား။ သူနှင့် လူစောယိမှာ ထူးမခြားနားပင်ဖြစ်လေသည်။

"အစ်ကိုဆန်း ၊ ဘာလို့ရယ်နေတာလဲ"

ဆန်းလျန်ရယ်နေသည်ကိုတွေ့လိုက်ရသည့်အတွက် လူစောယိက မေးလိုက်ခြင်းဖြစ်လေသည်။

"မင်းဒီလောက်အဝေးကြီးထွက်လာတာ မင်းမိသားစုကစိတ်ပူနေမှာပဲလို့ တွေးမိလို့ပါ"

ဆန်းလျန်က တစ်ချက်ပြုံးရင်း ပြောလိုက်လေသည်။

"ဒီလို ချင်းရှမ်နတ်တံခါးကိုရောက်လာရတာက အိပ်မက်တစ်ခုသာမဟုတ်ဘူးဆိုရင် ကျုပ်ကျင့်ကြံအားထုတ်လို့ အောင်မြင်ခဲ့ရင် ကျုပ်ရဲ့မိဘတွေကိုလည်း မသေမျိုးဖြစ်တဲ့နတ်ဒေဝါတွေဖြစ်လာအောင် ကူညီဖို့ ဆုံးဖြတ်ထားတယ်၊ ကျုပ်တရားရနိုင်ဖို့ဆယ်နှစ်ကြာနိုင်မလား ၊ သူတို့စိတ်မပူအောင်လို့ ကျုပ်အကြောင်းအသေးစိတ်ရေးပြထားတဲ့ စာတစ်စောင်ချန်ထားပေးခဲ့ပါတယ် ၊ ကျုပ်ရဲ့မိဘတွေ နားလည်နိုင်လိမ့်မယ်ထင်ပါတယ်"

လူစောယိက လေးနက်စွာပြောလိုက်လေသည်။

"ဂိုဏ်းတူညီလေးက ယုံကြည်မှုလွန်ကဲနေပြီပဲ ၊ ဆယ်နှစ်လေ့ကျင့်ရုံနဲ့တရားရနိုင်မယ်တဲ့လား ၊ ဗောဓိသဿကျန့် တာအို

ဆရာသခင်ကြီးတွေတောင် တရားရဖို့ ဆယ်နှစ်မကကျင့်ကြံခဲ့

ကြရတာ"

စြက်န်လမ်းဘေးတစ်ဖက်တွင် တိုင်တစ်လုံးကိုမှီပြီး ရပ်နေ

သည့် လူငယ်ကျင့်ကြံသူတစ်ယောက်ကိုတွေ့လိုက်ရလေသည်။

သူကလက်ပိုက်ရပ်နေပြီး ဆန်းလျန်နှင့်လူစောယိကို

ပြုံး၍ကြည့်နေလေသည်။

အခန်း (၇၁)

သက်တမ်းတစ်ဝက်ကျင့်ကြံခဲ့သည့်တိုင်

ရှယွမ့်အဆောင်တွင် လူလေးယောက်နေသည်ဟု တာအိုဆရာ

စန်းဝမ့်ပြောခဲ့လေသည်။ ထိုလူငယ်ကျင့်ကြံသူမှာ ရှယွမ့်

အဆောင်တွင်နေထိုင်သည့် နောက်ထပ်တပည့်တစ်ယောက်ဖြစ်

မည်ဟု ခန့်မှန်းရလေသည်။

"ကျင့်စဉ်လမ်းဆိုတာက အဆုံးမရှိဘူး ၊ အောင်မြင်ဖို့ဆိုတာ

အလှမ်းဝေးမှာပဲ ၊ အစ်ကိုလူကလည်း သူ့ရဲ့မိဘတွေကို ကူညီ

နိုင်မယ့်အချိန်ကို ပြောနေတာပါ ၊ ဆယ်နှစ်ဆိုတာ အချိန်ခဏ

လေးဖြစ်ချင်ဖြစ်နေမှာပေါ့ ၊ ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုတာ မရှိ

ပါဘူးလေ"

လူစောယိ၏ ခံစားချက်ကို နားလည်နေသည့် ဆန်းလျန်ကပေါ့

ပေါ့ပါးပါးပင်ပြောလိုက်လေသည်။

"ဂိုဏ်းတူညီလေးဆန်းက ကျင့်စဉ်လမ်းကိုတော်တော်အလေး

အနက်ထားတာပဲ ၊ ကျင့်စဉ်လမ်းကို အဆုံးမရှိဘူးလို့တော့

အစွဲမထားသင့်ပါဘူး ၊ မင်းကမြေပြန့်မှာဆိုရင် အရှေ့ပင်လယ်ကိုမြင်နိုင်မယ် ၊ အရှေ့ပင်လယ်ကိုကြည့်ရတာ အဆုံးမရှိဘူးလို့ မင်းထင်လိမ့်မယ် ၊ ဒါပေမယ့် မိုးကောင်းကင်အထက် ပေထောင်ပေါင်းများစွာမြင့်တဲ့တောင်ပေါ်ကနေကြည့်ရင်တော့ အရှေ့ပင်လယ်ဆိုတာ ရွှံ့အိုင်လေးသာသာလောက်ပါပဲ ၊ ကျင့်စဉ်လမ်းအောင်မြင်သွားရင် ဘာတွေဖြစ်လာမလဲဆိုတာ မင်းယုံနိုင်မှာတောင်မဟုတ်ဘူး"

လူငယ်ကျင့်ကြံသူက ရယ်မောရင်းပြောလိုက်လေသည်။

"ဂိုဏ်းတူအစ်ကိုက ဒီလိုဝေဖန်နေမှတော့ အရှေ့ပင်လယ်ကို ရွှံ့အိုင်လေးလိုမြင်နိုင်တဲ့အဆင့်ထိ ကျင့်ကြံမှုအောင်မြင်နေပြီထင်တယ်"

လူစောယိကလည်း ရယ်မောရင်းပြောလိုက်လေသည်။

လူစောယိ၏စကားကြောင့် လူငယ်ကျင့်ကြံသူမှာ အနည်းငယ် မျက်မှောင်ကြုံ့သွားလေသည်။ သူ၏မျက်ခုံးနှစ်ဖက်မှာ ဓား ထက်ထက်နှစ်လက်နှင့်တူလေသည်။

သူ၏လက်နှစ်ဖက်ကို ရင်ပတ်ရှေ့တွင်ယှက်လိုက်ပြီး လေပြင်း တစ်ချက်ဖန်ဆင်းလိုက်လေသည်။ အတွင်းအားပြောင်းလဲမှုကို ဆန်းလျှန်ခံစားလိုက်ရလေသည်။ ပုံသဏ္ဍာန်မရှိသည့် လေဆင်နှာမောင်းတစ်ခုလေထုထဲမှထွက်ပေါ်လာပြီး လူစော ယိထံသို့ ဦးတည်သွားလေသည်။

လူငယ်ကျင့်ကြံသူမှာ "အပြောမဟုတ် ၊ အလုပ်နှင့်သက်သေပြ မည်" ဆိုသည့်လူမျိုးဖြစ်ကြောင်း ဆန်းလျှန်ရိပ်မိလိုက်လေ သည်။

လူငယ်ကျင့်ကြံသူက လူစောယိ၏ဒေါသကို စွပေးလိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်က လူစောယိကို ကူညီရန်စဉ်းစားမိသော်လည်း မကူညီဘဲရပ်တန်လိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် လူစောယိမှာ ပင်လယ်ပြင်ကိုကျော်ဖြတ်ကာချင်းရွှမ်နတ်တံခါးကိုခရီးနှင်နိုင်ခဲ့သည့်အပြင် နန်ခယ်မြို့တွင် အချင်းချင်းသတ်ဖြတ်နေသည့်အချိန်တွင်လည်း မည်သူမျှလူစောယိ၏အကျိုးစကိုပင် မထိနိုင်ခဲ့ကြပေ။ ထို့ပြင် သာမန်စာပေသမားတစ်ယောက်မှာ ဝမ့်ရှင်းလမ်းကိုဖြတ်ကျော်လာသည်ဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်သည့် ကိစ္စပင်ဖြစ်လေသည်။ လူစောယိက ဆန်းလျန်ကို သူ၏အကြောင်းများပြောပြခဲ့သော်လည်း အဓိကအကြောင်းအရာအချို့ကိုတော့ မပြောဘဲချန်ထားခဲ့ပုံရလေသည်။

ဆန်းလျန်ငြိမ်နေစဉ်မှာပင် လူစောယိက ချက်ချင်းလှူပ်ရှားလိုက်လေသည်။

လူစောယိမှာ ကောင်းကင်ထက်သို့ပျံတက်သွားလေသည်။

သို့သော် သိပ်တော့မမြင့်ပေ။ လူငယ်ကျင့်ကြံသူ ထုတ်

လွှတ်လိုက်သည့် လေဆင်နှာမောင်းထိပ်ပိုင်းမှာ မမြင်ရသည့်

စူးချွန်ကဲ့သို့ ချွန်ထက်နေလေသည်။

လူစောယိ၏ခန္ဓာကိုယ်ဝန်းကျင်တွင် ဝါဂွမ်းကဲ့သို့အလွှာတစ်ခု

နှင့် လေထုအလွှာတစ်ခုပေါ်ပေါက်လာလေသည်။ ထိုအရာများ

က သူ၏ခန္ဓာကိုယ်ကို လေထဲတွင် ဟန်ချက်ညီနေစေပြီး မြေ

ဆွဲအားမှ ကာကွယ်ပေးထားလေသည်။

သူက ဝင်ရောက်လာသည့်လေဆင်နှာမောင်းကို တိုက်ဖျက်

လိုက်လေသည်။ လူစောယိက ပုဇင်းတစ်ကောင် တောင်ပံခတ်

နေသည့်ပုံမျိုးနှင့် စကြာ်နံလမ်းတစ်လျှောက်ပျံသန်းသွားလိုက်

ပြီး သူ၏ခြေထောက်များက လူငယ်ကျင့်ကြံသူ၏ဦးခေါင်းကို

ကန်ထုတ်လိုက်လေသည်။

လူငယ်ကျင့်ကြံသူကလည်း ကြောက်လန့်သွားခြင်းမရှိပါ။ သူ၏လက်နှစ်ဖက်ကို ရင်ပတ်ရှေ့တွင်ပင် စက်ဝိုင်းပုံသဏ္ဍာန် လှည့်ပတ်လိုက်လေသည်။ ထို့နောက် သူ့ခေါင်းကိုအသာ စောင်းကာ လူစောယိ၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။ လူစောယိက နောက်ထပ်ခြေထောင်တစ်ဖက်ဖြင့် ထပ်ကန် လိုက်လေသည်။ သို့သော် လူငယ်ကျင့်ကြံသူကို ထိအောင်ကန် နိုင်ခြင်းမရှိပါ။

လူစောယိမှာ အရှိန်ကုန်သွားသကဲ့သို့ဖြစ်သွားပြီး လူငယ် ကျင့်ကြံသူဆီသို့ ခန္ဓာကိုယ်တစ်ခုလုံးဖြင့် တိုးဝင်ကာ တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်ပုံမှာ ထူးခြားလေသည်။

လူငယ်ကျင့်ကြံသူ၏ဝမ်းဗိုက်ဆီသို့ လူစောယိက ဒူးနှစ်ဖက် လုံးဖြင့် ပစ်ဝင်လိုက်သည်။ တံတောင်ဆစ်များက ရင်ပတ်ဆီ

သို့ တိုက်ခိုက်လိုက်ပြီး လက်များက လည်ပင်းကို ညှစ်ရန် ဦးတည်လိုက်လေသည်။

ထိုသို့သောထူးဆန်းသည့်သိုင်းကွက်မျိုးကို ခပ်သွက်သွက် လှုပ်ရှားနိုင်ရန်မှာ လွယ်ကူမည်မဟုတ်ပေ။ သို့သော် လူစောယိကတော့ လျှပ်စီးလက်သကဲ့သို့ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။ သူ၏တိုက်ကွက်ကို ခုခံရန် ခက်ခဲလွန်းလေသည်။

လူစောယိက သိုင်းကွက်တစ်ကွက်တည်းဖြင့် အားလုံးကို အံ့သြသွားစေလေသည်။ သို့သော် သူ၏သိုင်းကွက်တွင် ဆန်းလျှန်ကတော့ ဟာကွက်ကိုတွေ့မြင်နိုင်လေသည်။ ထို့ကြောင့် ဆန်းလျှန်က သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

လူငယ်ကျင့်ကြံသူမှာ ရုတ်တရက်ပင် ပျောက်ကွယ်သွားလေသည်။ ထို့ကြောင့် လူစောယိမှာ လူငယ်ကျင့်ကြံသူမှီပြီး ရပ်နေသည့် တိုင်လုံးကို ဖက်မိလျက်သား ကားယားကြီး ဖြစ်သွားရလေသည်။

လူစောယိ၏ပုံစံမှာ ကို့ယို့ကားယားဖြစ်နေပြီး တိုင်လုံးကိုဖက်ထားမိသည်ကို သိသိချင်း လူစောယိက ရှက်ကိုးရှက်ကန်းဖြင့် တိုင်လုံးကို ဖက်ထားရာမှ ချက်ချင်းလွှတ်လိုက်မိလေသည်။ ထို့ကြောင့်ပင် လူစောယိမှာ တိုင်ထက်မှ ပြုတ်ကျတော့မလို ဖြစ်သွားရလေသည်။ သို့သော် သူ၏ခန္ဓာကိုယ်က ထွားကျိုင်းသန်မာပြီး ကိုယ်ဟန်အနေအထားကို ဟန်ချက်ညီအောင် ထိန်းလိုက်နိုင်သည့်အတွက် ပုံပျက်ပန်းပျက်ပြုတ်ကျခြင်းမရှိဘဲ စြ် ကန်လမ်းပေါ်သို့ ခြေထောက်တစ်ဖက်တည်းဖြင့် လှလှပပဆင်းသက်လာနိုင်လေသည်။

လူငယ်ကျင့်ကြံသူမှာတော့ မျက်နှာချင်းဆိုင်ရှိ တိုင်လုံးကို မှီပြီးရပ်ရင်း ရယ်မောနေလေသည်။

"တာအိုဆရာသခင်ပိုင်ရှီရဲ့ "အဆင့်ရှစ်ဆင့်သိုင်းပညာ" ကတကယ်စိတ်ဝင်စားစရာကောင်းတာပဲကိုး ၊ ဆရာသခင်ပိုင်ရှီမင်းရဲ့အသက်အရွယ်လောက်တုန်းက အနောက်အရပ်ကက

ကြေးနီအရေခွံနဲ့သံမဏိအရိုးရှိတဲ့ မိစ္ဆာလမ်းစဉ်ကျင့်ကြံသူတွေကို ဒီသိုင်းကွက်နဲ့ နှိမ်နင်းခဲ့တာပေါ့၊ ဒါပေမယ့် မင်းကတော့ အခု အဲဒီသိုင်းကွက်နဲ့ သစ်သားတိုင်လုံးကို ကားယားခွတော့မလို့လား"

လူငယ်ကျင့်ကြံသူ၏စကားကြောင့် လူစောယိ၏မျက်နှာမှာ နီရဲသွားလေသည်။ လူစောယိမှာ တစ်ဖက်သားနာကျင်မည်ကို စိုးရိမ်သောကြောင့် သိုင်းကွက်တွင် အားအကုန်ထည့်ပြီး မတိုက်ခိုက်ခဲ့ပေ။ သို့သော် ယခုတော့ လူငယ်ကျင့်ကြံသူ အရှုံးလုပ်သည်ကို ခံလိုက်ရပြီဖြစ်လေသည်။ သို့သော် လူစောယိက သိုင်းကွက်ကို အားကုန်ထုတ်ပြီး တိုက်ခိုက်ခဲ့မည်ဆိုလျှင်လည်း လူငယ်ကျင့်ကြံသူကို အနိုင်ရမည်မဟုတ်ပေ။

လူစောယိမှာ ထိုသိုင်းကွက်ဖြင့်ပင် အမြဲတမ်းအနိုင်ရခဲ့သူဖြစ်လေသည်။ ထို့ပြင် ထိုသိုင်းကွက်မှာ သိုင်းပညာနှင့် ကိုယ်ဖော့ပညာပေါင်းစပ်ထားသည့် သိုင်းကွက်တစ်ခုဖြစ်လေသည်။

သူက ချင်းရှမ်သို့လာသည့်လမ်းတစ်လျှောက်လုံး ထို သိုင်းကွက်ဖြင့်ပင် ကိုယ့်ကိုကိုယ်ကာကွယ်ခဲ့ခြင်းဖြစ်လေ သည်။ သို့သော် ထိုသိုင်းကွက်မှာ ချင်းရှမ်နတ်တံခါးမှ လူငယ် ကျင့်ကြံသူ၏ အကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်းမရှိခဲ့ ပေ။

ထိုသိုင်းကွက်မှာ လွယ်ကူသည့်သိုင်းကွက်တော့မဟုတ်ပါ။ ထို သိုင်းကွက်ကိုအသုံးပြုရန်အတွက် သူ၏ဝိညာဉ်စွမ်းအားကို ရန်သူဆီသို့ ဦးတည်ပြီးအာရုံစိုက်ထားရန်လိုအပ်လေသည်။ ထို့နောက်မှ တိုက်ခိုက်ရခြင်းဖြစ်လေသည်။ လူငယ်ကျင့်ကြံသူ ကတော့ လူစောယိ၏ဝိညာဉ်စွမ်းအားကို လှည့်စားနိုင်ခဲ့လေ သည်။

လူစောယိမှာ "အဆင့်ရှစ်ဆင့်သိုင်းပညာ" ကို အိပ်မက်ထဲမှ တာ အိုဆရာက သင်ကြားပေးခဲ့ခြင်းဖြစ်လေသည်။ ထိုသိုင်းပညာ

ကိုသင်ကြားပေးသည့် တာအိုဆရာကပင် ချင်းရွှမ်နတ်တံခါး

သို့သွားရောက်ဖို့ အကြံပေးခဲ့ခြင်းဖြစ်လေသည်။

"ဂိုဏ်းတူအစ်ကိုက ကျုပ်ထက် နှစ်ပေါင်းနည်းနည်းလောက်ပဲ

စောပြီး ကျင့်စဉ်ကျင့်ကြံခဲ့တာပဲ ၊ ကျုပ်သာ ခင်ဗျား

အသက်အရွယ်လောက်ရောက်ရင် ခင်ဗျားထက်တော့သာမှာပဲ"

ဟု လူစောယိကပြောလိုက်လေသည်။

လူစောယိ၏စကာကြောင့် လူငယ်ကျင့်ကြံသူက အော်ဟာစ်

ရယ်မောလိုက်လေတော့သည်။

"ချူးစန်းအဆင့်ရောက်ဖို့တောင်မလွယ်တာ ၊ ရှဟွအဆင့်

ရောက်ဖို့ဆိုတာကတော့ ပြောမနေနဲ့တော့၊ သံသယတွေများနေ

သရွေ့ ဒုက္ခရောက်နေလိမ့်မယ် ၊ သစ္စာတရားကိုလည်း

နားလည်နိုင်မှာမဟုတ်ဘူး"

ပြောပြီးသည်နှင့် လူငယ်ကျင့်ကြံသူမှာ ပျောက်ကွယ်သွားလေ

သည်။

စြက်န်းလမ်းတစ်လျှောက် ဓမ္မတေးသံတစ်ပုဒ်က ပျံ့လွင့်

ကျန်ရစ်ခဲ့လေသည်။

လူစောယိက ဆန်းလျန်ကို လှမ်းကြည့်လိုက်ပြီး...

"အဲဒါဘာတွေပြောသွားတာလဲ"

ဆန်းလျန်က ခေါင်းခါယမ်းလိုက်လေသည်။

ဆန်းလျန်က သူ့ဘေးတွင် မည်သည့်အချိန်ကရောက်နေမှန်းမ

သိသည့် တာအိုဆရာစန်းဝမ့်ဘက်သို့လှည့်ကာ မေးလိုက်လေ

သည်။

"ဂိုဏ်းတူအစ်ကိုစန်းဝမ့် ၊ အဲဒီဂိုဏ်းတူအစ်ကိုက ဘယ်သူများ

လဲ ၊ သူပြောတဲ့စကားတွေကရော ဘာအဓိပ္ပါယ်လဲ"

လူစောယိမှာ ယခုမှ တာအိုဆရာစန်းဝမ့်ရောက်ရှိနေသည်ကို

သတိထားလိုက်မိလေသည်။ စန်းဝမ့်မှာ တိတ်တဆိတ်ရောက်ရှိ

နေခြင်းဖြစ်ပြီး လူစောယိမှာ လုံးဝသတိထားမိခြင်းမရှိပေ။

ချင်းရွှမ်နတ်တံခါးတွင် တန်ခိုးစွမ်းအားထက်မြက်သူ များစွာရှိလေသည်။ လူစောယိက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူနှင့်သက်တူရွယ်တူဖြစ်သည့် ဤလူငယ်လေးမှာ ချင်းရွှမ်နတ်တံခါးမှ အခြားသူများထက်ပိုပြီး ထူးဆန်းနေသကဲ့သို့ ခံစားလိုက်ရလေသည်။ သို့သော် သူကိုယ်တိုင်ကလည်း ဆန်းလျန်ထက်တော့ မညံ့နိုင်ဟု တွေးလိုက်မိလေသည်။

"မင်းတို့မမေးရင်တောင်မှ အချိန်တန်ရင် တစ်ယောက်ယောက်က ဒီအဓိပ္ပါယ်ကိုရှင်းပြမှာပါ ၊ ဒါပေမယ့် မေးလာပြီဆိုတော့လည်း မင်းတို့နှစ်ယောက်ကို ပြောမပြနိုင်စရာအကြောင်းတော့မရှိပါဘူး ၊ ဂိုဏ်းတူညီလေးချန်ပြောသွားတဲ့ "ချူးစန်း"အဆင့်နဲ့ "ရှဟွ"အဆင့်ဆိုတာက ကျင့်စဉ်လမ်းရဲ့ အခြေအနေနှစ်ရပ်ကိုပြောသွားတာပဲ"

"ကျင့်စဉ်လမ်းကိုစတင်ပြီဆိုတာနဲ့ ကျင့်ကြံဖို့အတွက် ထောင်ပေါင်းများစွာသောတရားဓမ္မတွေရှိတယ်၊ အဲဒါတွေ အားလုံးကို စိတ်ထဲမှာ မှတ်သားနိုင်ဖို့မလွယ်ကူလှဘူး၊ ပြီး တော့ အဲဒီတရားတွေကို အစဉ်အတိုင်းသိဖို့လည်းမလိုသေးဘူး ၊ ဆရာသခင်ဖြန့်ဝေပေးတဲ့တရားဓမ္မက ကျင့်ကြံမှုအခြေအနေ ကိုဆုံးဖြတ်ပေးပြီး ကျုပ်တို့တာအိုကျောင်းတော်မှာ ကျင့်ကြံရ မယ့်လမ်းစဉ်ကို ခွဲခြားပေးသွားလိမ့်မယ်၊ အဲဒီအချိန်ကစပြီး ကျုပ်တို့နတ်ဘုရားကျောင်းတော်က ဆရာသခင်ချမှတ်ပေးတဲ့ ကျင့်စဉ်လမ်းကြောင်းအတိုင်း လောကမှာ ကျင့်ကြံနေထိုင် သွားရမယ်၊ ဒီလိုလုပ်ဆောင်တာဟာ ကျင့်ကြံသူလောကရဲ့ ပုံသေစည်းကမ်းလို့ အားလုံးသိထားကြတယ်"

"အသက်ရှည်ခြင်းအဆင့်ကိုမရရှိသေးခင်မှာ အဆင့်ကိုးဆင့် လေ့ကျင့်ရမယ်၊ အဲဒါတွေကတော့ ယန်ချီဆိုတဲ့ မိုးမြေ စွမ်းအားလေ့ကျင့်တဲ့အဆင့်၊ ထုံမိုက်ဆိုတဲ့ အထွဋ်ထိပ်ဆုံ

ချက်တွေဖွင့်တဲ့အဆင့် ၊ ချောင့်တုန့်လို့ခေါ်တဲ့ အုပ်ချုပ်မှုပိုင်း ဆိုင်ရာအဆင့် ၊ ယွင့်ဟွင်လို့ခေါ်တဲ့ ဝိညာဉ်စွမ်းအားစုစည်းတဲ့ အဆင့် ၊ ချူးစန်းလို့ခေါ်တဲ့ မသိစိတ်တွင်းကိုဝင်ရောက်တဲ့ အဆင့် ၊ ရှုဟွလို့ခေါ်တဲ့ တရားသိမြင်တဲ့အဆင့် ၊ ဟိုင်သန်းလို့ ခေါ်တဲ့ ရွှေပြဒါးအမြုတေအဆင့် ၊ ပုရှီးလို့ခေါ်တဲ့ စွန့်ပယ်တဲ့ အဆင့်နဲ့ ဖော့ဝမ့်လို့ခေါ်တဲ့ ချိုးဖျက်တဲ့အဆင့်တွေပါပဲ"

"ဖော့ဝမ့်အဆင့်အောင်မြင်အောင်လေ့ကျင့်နိုင်မှသာ နတ်ဘုရား တစ်ပါးလို့သတ်မှတ်နိုင်ပြီး ဘယ်တော့မှ မသေဘဲ အသက်ရှင် နိုင်မှာဖြစ်တယ်"

"ဂိုဏ်းတူညီလေးချန်ရဲ့နာမည်ရင်းက ချန်ကျုံးရှင့်လို့ခေါ်တဲ့ ၊ ဒါပေမယ့်ဒီမှာတော့သူ့ကို ချန်ကျန့်မေလို့ခေါ်ကြတယ် ၊ သူက လွန်ခဲ့တဲ့နှစ်ငါးဆယ်တပည့်ရွေးပွဲတုန်းက ချင်းရွှမ်ကို ရောက်လာခဲ့တာပေါ့ ၊ သူ့မှာ ဘာကျင့်ကြံမှုအခြေခံမှမရှိခဲ့ဘူး ၊ ဒါပေမယ့် သုံးနှစ်အတွင်းမှာပဲ အဆင့်ငါးဆင့်ကိုအောင်မြင်

အောင်လေ့ကျင့်နိုင်ပြီး ချူးစန်းအဆင့်ကိုရောက်လာခဲ့တယ် ၊ နောက်ဆယ်နှစ်ထပ်လေ့ကျင့်ပြီးတော့ ရှဟွာအဆင့်ကိုရောက်ခဲ့တယ် ၊ လောလောဆယ်တော့ သူက "သဏ္ဍာန်မဲ့ဓားပညာ" ကို လေ့ကျင့်နေတယ် ၊ သူက ဟိုင်သန်းအဆင့်ကိုတက်လှမ်းနိုင်ဖို့ လမ်းတစ်ဝက်မှာရောက်နေပြီ ၊ ဟိုင်သန်းအဆင့်ရဲ့ပုံပြောင်းအဆင့်ကိုးဆင့်ကိုကျင့်ကြံအောင်မြင်ရင်တော့ သူဟာ နတ်ဒေဝါတစ်ပါးဖြစ်လာဖို့ နီးစပ်ပြီပဲ ၊ ခုန ကျန့်မေက မင်းတို့ကို စနောက်နေတာပါ ၊ သူသာတကယ်လုပ်မယ်ဆိုရင် ကျုပ်တောင်တားလို့ရမှာမဟုတ်ဘူး"

"ဆရာသခင်က မိုးကောင်းကင်ပေါ်သွားတော့မယ့်နတ်ဘုရားတစ်ပါးပဲ ၊ ပြီးတော့ "ထျန်းတိကျန်း" ကို ထိန်းချုပ်နိုင်တဲ့သူပဲ ၊ ထျန်းတိကျန်းက အနာဂတ်ကိုပြောနိုင်တယ် ၊ ထျန်းတိကျန်းက ဆရာသခင်ကိုပြောတာက "လူတစ်ယောက်က သူ့ဘဝရဲ့ သက်တမ်းတစ်ဝက်ကို ကျင့်ကြံရင်းကုန်ဆုံးခဲ့တာကို ဘယ်သူမှ

မသိနိုင်ဘူး ၊ တစ်ချိန် အောင်မြင်မှုရသွားမှသာ လောကကြီးက အံ့သြကြမယ်" တဲ့ ၊ ဒါကြောင့်မို့လို့ ချင်းရွှမ်နတ်တံခါးက အကြီးအကဲတွေက ကျန့်မေရဲ့ဟိုင်သန်းအဆင့်အောင်မြင်မယ့် အချိန်ကိုစောင့်နေကြတာ ၊ သူအောင်မြင်တဲ့တစ်နေ့ တောင် အောက်ကိုဆင်းသွားရင် ချင်းရွှမ်နတ်တံခါးရဲ့ ဂုဏ်သိက္ခာ တက်မယ့်အချိန်ကို စောင့်နေကြတာ"

"ဒါပေမယ့် သူက ရုပ်ပွားအဆင့်ကိုလေ့ကျင့်နေတာ နှစ်ပေါင်း လေးဆယ်ရှိတော့မယ် ၊ ခုချိန်ထိ ဟိုင်သန်းအဆင့်ကို မရောက် နိုင်သေးဘူး ၊ ဒါကြောင့် တောင်ပေါ်မှာ သူ့ကိုပြောနေကြတာက သူကစောစောပွင့်ပြီးမြန်မြန်ကြွေမယ့်ပန်းတစ်ပွင့်ပဲတဲ့ ၊ ဆရာ သခင်ရဲ့မျှော်လင့်ချက်တွေကို စိတ်ပျက်စေမှာပဲတဲ့ ၊ ဒီလို သွားပုပ်လေလွင့်လျှောက်ပြောတဲ့စကားတွေကို ကျန့်မေလည်း ပြန်ကြားတာပဲလေ ၊ ဒါကြောင့် ဂိုဏ်းတူညီလေးလူရဲ့စကား

တွေက သူ့ကိုရန်စသလိုဖြစ်သွားတော့ သူကပြန်ပညာပြလိုက်တာပါပဲ"

"ပြီးတော့ သူ့ရဲ့စရိုက်အရဆိုရင် သူကဒီလောက် စိတ်မြန်လက်မြန်မရှိပါဘူး ၊ ဒါပေမယ့် ဒေါသတွေကိုခံစားရတာများလာတော့လည်း သူ့ကိုယ်သူထိန်းချုပ်ဖို့ ခက်သွားတယ်ထင်ပါရဲ့"

တာအိုဆရာစန်းဝမ့်က ရှည်လျားစွာရှင်းပြလိုက်လေတော့သည်။

အခန်း (၇၂)

အခက်ခဲဆုံးကျင့်စဉ်လမ်း

ဆန်းလျန်မှာ ဂိုဏ်းတူအစ်ကို ချန်ကျန့်မေအကြောင်းကို အနည်းငယ်နားလည်သွားရလေသည်။ ကျင့်စဉ်လမ်းကို မြန်ဆန်စွာလျှောက်လှမ်းနိုင်ပြီး သာမန်ကျင့်ကြံသူများတစ်ဘဝလုံးကျင့်ကြံလျှင်ပင် မရနိုင်သည့်အဆင့်ကို တက်လှမ်းနိုင်ခဲ့သော်လည်း အဆင့်တစ်ခုတွင် နှစ်ပေါင်းလေးဆယ်ကြာမြင့်နေသည့်တိုင် ရှေ့မဆက်နိုင်ဘဲဖြစ်နေသည့်အတွက် အလောင်ပြောင်ခံနေရသည့် ခံစားချက်ကို ဆန်းလျန် နားလည်မိပါသည်။

ထိုအချက်ကြောင့် ချန်ကျန့်မေမှာ စိတ်ဖိစီးမှုများစွာရှိနေမည်ဖြစ်လေသည်။ အပြင်လူများအတွက်ဆိုလျှင်တော့ ရင်ဆိုင်နိုင်မည်မဟုတ်သည့် စိတ်ဖိစီးမှုမျိုးဖြစ်လေသည်။

နှစ်ပေါင်းလေးဆယ်ဆိုသည်မှာ နည်းသည့်အချိန်မဟုတ်ပေ။ လူ့လောကတွင်ဆိုလျှင် ဘဝအတွေ့အကြုံအတော်ပင်ရနေပြီ ဖြစ်လေသည်။ ထို့ပြင် လူ့လောကတွင် အသက်တို သည့်အတွက်ကြောင့် အသက်လေးဆယ်အထိပင် မနေရသည့် သူပေါင်းများစွာရှိလေသည်။

နှစ်ပေါင်းလေးဆယ်လုံးလုံးကျင့်ကြံသည့်တိုင် တိုးတက်မှုမရှိ ဘဲ မည်သို့ရှေ့ဆက်ရမည်မသိဖြစ်နေသည်မှာ တကယ်ပင် နာကျင်ခံခက်မည်ဖြစ်လေသည်။ ကျင့်စဉ်လမ်းဆိုသည်မှာ ညတာရှည်လျားသည့် ညတစ်ညနှင့်တူလေသည်။ မည်သည့် အချိန်တွင် အာရုံတက်မည်မှန်းမသိနိုင်ပေ။

ချန်ကျန့်မေနှစ်ပေါင်းလေးဆယ်ရှုန်းကန်နေရခြင်းမှာ တကယ့် ကိုခက်ခဲသည့်အခြေအနေပင်ဖြစ်လေသည်။

သူ၏ကိုယ်ကျင့်တရားကောင်းမွန်မှုကြောင့်သာ သူ၏ဒေါသကို ထိန်းသိမ်းပြီး စိတ်လိုက်မာန်ပါ မလုပ်မိခြင်းဖြစ်လေသည်။

"ဒါဖြင့် ဂိုဏ်းတူအစ်ကိုပြောခဲ့တဲ့အတိုင်းဆိုရင် ဟိုင်သန်း
အဆင့်ကိုရောက်အောင်ကျင့်ဖို့ဆိုတာ အရမ်းပဲခက်ခဲတာလား"
ဆန်းလျန်က မေးလိုက်လေသည်။

စန်းဝမ့်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ယန်ချီအဆင့်ကနေ ရှဟွာအဆင့်ထိက အရည်အချင်းနဲ့ဆန္ဒအ
လျှောက် အနှေးနဲ့အမြန် အောင်မြင်သွားမှာပဲ ၊ ဒါပေမယ့် ဟိုင်
သန်းအဆင့်ကတော့ အဲဒီအဆင့်တွေနဲ့ကွာခြားလွန်းတယ် ၊
အဲဒီ ဟိုင်သန်းအဆင့်ကို "အခက်ခဲဆုံးကျင့်စဉ်လမ်း" လို့
တောင်ပြောလေ့ရှိကြတယ် ၊ ဟိုင်သန်းအဆင့်ရဲ့ပုံပြောင်း
အဆင့်ကိုးဆင့်ကို အောင်မြင်ဖို့ထားလိုက်ဦး အဆင့်ခြောက်
ဆင့်ကိုအောင်မြင်နိုင်ရင်တောင် အသက်ရှည်တဲ့နတ်တစ်ပါး
ဖြစ်လာနိုင်ဖို့ အလားအလာရှိသေးတယ် "

"ဟိုင်သန်းကျင့်စဉ်လမ်းမှာ ကျင့်စဉ်တစ်မျိုးတည်းကိုပဲ အားကိုးလို့မရဘူး ၊ အဲဒီကျင့်စဉ်ကျင့်ဖို့အတွက် နည်းလမ်းသုံး ခုရှိတယ်"

"ပထမလမ်းက လူတစ်ယောက်ရဲ့ "ယင်" ဝိညာဉ်စွမ်းအားကို "ပြင်ပပြဒါးရှင်" အဖြစ်ပြောင်းလဲရမယ် ၊ အဲဒါကို ပူနွေးအောင် လုပ်ပြီး ခန္ဓာကိုယ်ထဲကိုဝင်ခွင့်ပေးရမယ် ၊အဲဒါက အသက်ကို နှစ်ပေါင်းသုံးရာပိုရှည်စေတယ် ၊ ဒါပေမယ့် အဲဒီနည်းလမ်းကို လိုက်ရင် အခြားတိုးတက်မှုမရှိတော့ဘူး ၊ နှစ်ပေါင်းသုံးရာကြာ တာနဲ့ ခန္ဓာကိုယ်ဟာ ပြာအဖြစ်ပြောင်းလဲသွားလိမ့်မယ်၊ ပြင်ပ ပြဒါးရှင်ဟာ "ယင်"ဝိညာဉ်စွမ်းအားအဖြစ်ပြန်လည်ထွက်ခွာ သွားပြီး နတ်တန်ခိုးတွေအားလုံး တဖြည်းဖြည်းဆုံးရှုံးသွားရ လိမ့်မယ် ၊ ဘာဖြစ်လို့လဲဆိုတော့ မူလအရင်းမြစ်တွေက မ တူညီလို့ပဲ ၊ အဲဒီလိုဖြစ်သွားရင် နောက်ဘဝရောက်ရင်တောင် ကျင့်စဉ်လမ်းကိုလျှောက်ဖို့ ခက်သွားလိမ့်မယ်"

"ဒုတိယနည်းလမ်းကတော့ "နတ်ဒေဝါအမြုတေ" ကို တန်ခိုးစွမ်းအားအဖြစ်စုစည်းတာပဲ ၊ အဲဒီအမြုတေနဲ့ ပြောင်းလဲခြင်းတွေ လုပ်လို့ရတယ် ၊ ပြောင်းလဲခြင်းတိုင်းက နတ်ဒေဝါအမြုတေရဲ့ အရည်အသွေးအနိမ့်အမြင့်နဲ့လည်းဆိုင်တယ် ၊ ဒါပေမယ့် ပြောင်းလဲမှုခြောက်မျိုးလုံးပြုလုပ်နိုင်မယ့် နတ်ဒေဝါအမြုတေကိုရဖို့ဆိုတာ အင်မတန်မှခက်ခဲတဲ့ကိစ္စပဲ ၊ ပြောင်းလဲမှု ကိုးမျိုးအတွက် နတ်ဒေဝါအမြုတေဆိုတာ ဒဏ္ဍာရီထဲမှာတောင် မကြားဖူးဘူး"

"တတိယနည်းလမ်းကတော့ ကိုယ့်ရဲ့ဝိညာဉ်နဲ့ရွှေပြဒါးအမြုတေကို ဟန်ချက်ညီအောင်ပေါင်းစပ်ရမယ် ၊ အဲဒီလိုပေါင်းစပ်နိုင်သွားရင် ပြောင်းလဲခြင်းခုနစ်မျိုးကိုအောင်မြင်နိုင်ပြီး မိုးနဲ့မြေ ၊ နေနဲ့လအထိ လွှမ်းမိုးနိုင်မယ် ၊ အဲဒီလိုကျင့်ကြံသွားရင်း ပြောင်းလဲခြင်းကိုးမျိုးအထိ အောင်မြင်အောင်ကျင့်ကြံနိုင်ခဲ့ရင်တော့ ဟိုင်သန်းအဆင့်ကို အောင်မြင်ပြီပဲ ၊

အဲဒီအဆင့်ထိအောင်မြင်ရင်တော့ "ရှေ့ပြေဒါးအမြုတေ" ပြီးမြောက်တဲ့အဆင့်လို့ သတ်မှတ်လို့ရပြီ"

"ပထမနည်းလမ်းနဲ့ဒုတိယနည်းလမ်းကမှ ဖြစ်နိုင်ချေရှိသေးတယ်၊ တတိယနည်းလမ်းကတော့ လမ်းစတောင်မမြင်နိုင်ဘူး၊ ဒီတော့ ဟိုင်သန်းအဆင့်ကိုဖြတ်ကျော်ဖို့အတွက် သုံးနှစ်လား၊ ငါးနှစ်လား၊ နှစ်ပေါင်းတစ်ရာလား မပြောနိုင်ဘူး၊ နေ့နေ့ညညကြိုးစားလေ့ကျင့်ရင်တောင်မှ အောင်မြင်ဖို့ခက်ခဲလွန်းတယ်"

"အချို့တွေဆိုရင် ရှုဟွအဆင့်ကိုတောင် နှစ်ပေါင်းနှစ်ဆယ်၊ သုံးဆယ်ကျင့်ကြံကြရတာ၊ အဲဒီလောက်အချိန်တွေကြာနေမှတော့ ဟိုင်သန်းအဆင့်လည်းရောက်ရော ဘာမှဆက်လုပ်လို့မရတော့ဘူး၊ ကျင့်ကြံပုံနည်းလမ်းအဆင့်ဆင့်တွေတော့ရှိတာပေါ့လေ၊ ဒါပေမယ့် စာထဲမှာသာလွယ်တာ ၊လက်တွေ့မှာကျ

ဟိုင်သန်းအဆင့်ကို ဘယ်လိုအဆုံးသတ်နိုင်မလဲဆိုတာ ဘယ်သူမှမသိကြဘူး"

စန်းဝမ့်၏စကားဆုံးသွားသည်နှင့် လူစောယိက သိချင်စိတ်ဖြင့်မေးခွန်းထုတ်လိုက်သည်။

"နတ်ဘုရားလမ်းစဉ်တွေက ကျင့်ကြံဖို့ဒီလောက်ခက်ခဲနေမှတော့ တကယ့်လက်တွေ့မှာ ဟိုင်သန်းအဆင့်ကိုအောင်မြင်အောင်ကျင့်ကြံပြီး နတ်ဘုရားဖြစ်သွားတဲ့သူရော ရှိနိုင်ပါဦးမလား"

ထိုမေးခွန်းကြောင့် တာအိုဆရာစန်းဝမ့်က စိတ်ထဲတွင် ကြိတ်ပြီးတွေးလိုက်မိသည်။

"ကျင့်ကြံအောင်မြင်တဲ့သူရှိမယ်ဆိုရင်တောင်မှ သူပဲဖြစ်လိမ့်မယ်"

ထိုသူအကြောင်းကိုစဉ်းစားလိုက်မိသည့်အခါတွင်တော့ ထိုသူကို ကြောက်ရွံ့ရမည်လား ၊ လေးစားရမည်လား ၊ သို့မဟုတ်

ကြောက်လည်းကြောက် လေးလည်းလေးစားရမည်လား သူ့စိတ်ထဲတွင် မသဲမကွဲဖြစ်နေရလေတော့သည်။

"နတ်ဘုရားတွေတောင်မှ မင်းက ဟိုင်သန်းအဆင့်ကို အောင်မြင်မလား ၊ မအောင်မြင်ဘူးလားဆိုတာ ကြိုမပြောနိုင်ဘူး ၊ ဒါပေမယ့် ရုပ်ပွအဆင့်ကို သုံးနှစ် ၊ ငါးနှစ် ၊ ဆယ်နှစ်နဲ့ အောင်မြင်မယ်ဆိုရင်တော့ မင်းမှာ အလားအလာရှိတယ်လို့ ပြောလို့ရနိုင်တယ်"

တာအိုဆရာစန်းဝမ့်က ခံစားချက်မဲ့စွာဖြင့်ပြောလိုက်လေသည်။

ထို့နောက်တွင်တော့ စန်းဝမ့်၏မျက်နှာအမူအရာအနည်းငယ်ပြောင်းလဲသွားပြီး...

"အပြင်ကိုသွားကြရအောင် ၊ ဆရာသခင်က မင်းတို့နှစ်ယောက်ကို တွေ့ချင်နေတယ်"

ဟုပြောလိုက်လေသည်။

သူတို့သုံးယောက် ဝါးအဆောင်လေးထဲမှ ထွက်ခွာလာခဲ့လေ
သည်။ အပြင်ဘက်တွင်တော့ ကျင်းချင်းအဖြစ် လူယောင်
ဖန်ဆင်းထားသည့် မြွေပျံကြီးက စောင့်နေသည်ကို တွေ့ကြရ
လေသည်။

ကျင်းချင်းက စန်းဝမ့်ကို နှုတ်ဆက်စကားဆိုခြင်းမရှိပါ။
သို့သော် မနေ့ကဖြစ်ပျက်ခဲ့သည့်အတွေ့အကြုံများအရ လူစော
ယိမှာလည်း အံ့သြနေခြင်းမရှိတော့ပါ။

တာအိုဆရာစန်းဝမ့်ကလည်း ကျင်းချင်း၏ကျောပေါ်သို့တက်
ကာ ဆရာသခင်ဆီသို့ ဆန်းလျန်နှင့်လူစောယိကို လိုက်ပါ
ပို့ဆောင်ပေးလေသည်။

တိမ်များကြားသို့ရောက်သည့်အခါတွင်တော့ ကျင်းချင်းက
ပျင်းရိပျင်းတွဲလေသံဖြင့်...

"ရှောင်စန်းအော် ၊ မင်းကျုပ်ကျောပေါ်မှာထိုင်တာဟာ
နောက်ဆုံးအကြိမ်ဖြစ်မှာ စိုးရိမ်မိပါရဲ့ ၊ မင်းရဲ့ဆရာ ၊ ပြီးတော့

မင်းရဲ့ဆရာဘိုးဘိုး ၊ သူတို့တွေအားလုံးသေကုန်ကြပြီပဲ ၊ မင်းလည်းသူတို့နဲ့မခြားပါဘူးကွာ"

ဟု စန်းဝမ့်ကိုပြောလိုက်လေသည်။

လူစောယိမှာ ရယ်ချင်စိတ်ကိုထိန်းထားရလေသည်။ ကျင်းချင်းမှာ ဆန်းလျန်နှင့်သူ့ကိုတော့ ဂိုဏ်းတူအစ်ကိုများဟု ခေါ်ပြီး တာအိုဆရာစန်းဝမ့်ကိုကျတော့ "ရှောင်စန်းအော်" ဟုခေါ်နေသောကြောင့်ဖြစ်လေသည်။ ရှောင်စန်းအော်၏ အဓိပ္ပါယ်မှာ "သားလေးစန်း" ဟု အဓိပ္ပါယ်ရလေသည်။

သို့သော် လူစောယိမသိသေးသည့်အချက်မှာ ချင်းရွှမ်နတ်တံခါးမှတပည့်များတွင် ကြီးစဉ်ငယ်လိုက် အခေါ်အဝေါ်များနှင့်ပတ်သက်ပြီး စည်းကမ်းတင်းတင်းကြပ်ကြပ် သတ်မှတ်ထားခြင်းမရှိဆိုသည့် အချက်ပင်ဖြစ်လေသည်။ ထို့ပြင် ကျင်းချင်းမှာလည်း ချင်းရွှမ်နတ်တံခါးမှ တပည့်တစ်ယောက်မဟုတ်ပါ။ သူက တောင်ကိုစောင့်ရှောက်ရသည့် မြွေနတ်မိစ္ဆာတစ်

ကောင်သာ ဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးတွင် ဘိုးစဉ်ဘောင်ဆက်နေထိုင်လာပြီး အသက်မှာလည်းကြီးသည် ထက်ကြီးလာလေသည်။ ထို့ကြောင့် သူက ဆရာသခင်၏အမိန့်ကိုသာ နာခံသူဖြစ်ပြီး ကြီးစဉ်ငယ်လိုက်အခေါ်အဝေါ်များက သူ့အတွက်တော့ အရေးမကြီးလှပေ။ သူ့အနေဖြင့် ဂိုဏ်းတူအစ်ကိုဟုပဲခေါ်ခေါ်၊ အရူးကောင်ဟုပဲ ခေါ်ခေါ် အရေးမကြီးပေ။ သူခေါ်ချင်သလိုသာ ခေါ်မည်ဖြစ်လေသည်။

သို့သော် သူက တာအိုဆရာစန်းဝမ့်ကိုတော့ "ရှောင်စန်းအော်" ဟုသာခေါ်တတ်လေသည်။

မြွေ၏သဘောသဘာဝမှာ အန္တရာယ်ပြုတတ်သည့် သွေးအေးသတ္တဝါဖြစ်လေသည်။ ထို့ပြင် ပင်ကိုယ်ကပင် အခြားသူများ၏ကိစ္စများကို စိတ်မဝင်စားတတ်ပေ။ ကျင်းချင်းမှာ ချင်းရွှမ်နတ်တံခါးတွင် ကျင့်ကြံသူများနှင့်အတူ

နေထိုင်သည့်အတွက် လူတစ်ယောက်ကဲ့သို့ ပြုမူသည့်

အလေ့အကျင့်ရှိနေခြင်းပင်ဖြစ်လေသည်။ ထို့ကြောင့်လည်းသူ

က စန်းဝမ့်၏နောက်ဆုံးအချိန်နီးကပ်လာသည်ကို စိတ်ပူသည့်

အနေဖြင့် မေးမြန်းလိုက်ခြင်းဖြစ်လေသည်။

ထိုအကြောင်းများကိုမသိသေးသည့် ဆန်းလျန်နှင့် လူစောယိ

တို့မှာတော့ နားမလည်နိုင်ဖြစ်နေရလေသည်။

တာအိုဆရာစန်းဝမ့်မှာ ချင်းရွှမ်တောင်မှ သစ်ပင်ပန်းမာန်များ

ကအစ သံယောဇဉ်ရှိသူတစ်ယောက်ဖြစ်သည့်အတွက်ကြောင့်

ဤနေရာကို ခွဲခွာသွားလိုသည့်ဆန္ဒအလျဉ်းမရှိပါ။ ကျင်းချင်း

ကတော့ ခံစားချက်သိပ်မရှိသည့် မြွေမိစ္ဆာတစ်ကောင်မျှသာ

ဖြစ်သော်လည်း လူနှင့်အနေနီးသည့်အတွက် စန်းဝမ့်အတွက်

ရင်ထဲတွင် စိတ်ပူမိသလိုဖြစ်နေလေသည်။

မြွေပျော့ကြီးမှာ တိမ်များကြားတွင်ပျံသန်းနေရင်းမှ ရုတ်တရက်

ရပ်တန့်လိုက်ပြီး…

"ရှောင်စန်းအော် ၊ မိစ္ဆာနတ်မိမယ် ရောက်လာတော့မယ် ၊ ငါ တော့ပြေးရတော့မယ် ၊ ဒီနှစ်ယောက်ကို ဆရာသခင်ဆီ မင်းပဲ ခေါ်သွားလိုက်တော့"

လူစောယိနှင့်ဆန်းလျန်မှာ မြွေပျော့ကြီး၏ကျောပေါ်တွင်ထိုင်နေကြခြင်းဖြစ်ပြီး မြွေပျော့ကြီးက သူ၏ခန္ဓာကိုယ်ကို ခါယမ်းလိုက်သည့်အခါ ပြုတ်ကျမည်စိုးသောကြောင့် ထိတ်လန့်တုန်လှုပ်သွားကြရလေသည်။ ခန္ဓာကိုယ်ကို တစ်ချက်ခါယမ်းလိုက်ကာ ကျင်းချင်းမှာ တိမ်ဆိုင်များထဲတွင် ပျောက်ကွယ်သွားလေပြီ။ သံမဏိဖြင့်လုပ်ထားသည့်ခန္ဓာကိုယ်ပင်ဖြစ်ပါစေ ဤမျှမြင့်မားသည့် ကောင်းကင်အလယ်မှ ပြုတ်ကျမည်ဆိုပါက အရိုးတခြား အသားတခြားဖြစ်သွားမည်မှာ ကျိန်းသေလေသည်။ သို့သော် တာအိုဆရာစန်းဝမ့်၏လက်တစ်ဖက်ပြုတ်ပြီး တွဲလောင်းကျနေသည့် အင်္ကျီလက်က သူတို့နှစ်ယောက်လုံးကို နွယ်ပင်တစ်ခုကဲ့သို့ ရစ်ပတ်လိုက်လေသည်။

စန်းဝမ့်က သူတို့ကို တိမ်လှေတစ်စင်းပေါ်သို့တင်ပေးလိုက်လေသည်။

ထိုအချိန် ….

ကောင်းကင်ထက်မှ ကြည်လင်သည့်အသံတစ်သံထွက်ပေါ်လာလေသည်။

"ဒီမြေစုတ်ကတော့ ၊ ငါက မင်းဆီက အမြုတေလေးခဏငှားချင်တာကို ၊ ဘယ်လိုဖြစ်လို့ဆတ်ဆတ်ထိမခံဖြစ်နေလဲမသိဘူး ၊ ဒီတစ်ခါမဖမ်းမိလည်းရှိစေတော့ ၊ နောက်တစ်ခါ ဖမ်းမိလို့ကတော့ မင်းငါ့ဆီကခိုးစားသွားတဲ့ နှစ်တစ်ထောင်ခရမ်းရောင်သစ်သီးပြန်အန်ထွက်တဲ့အထိ လုပ်ပစ်ဦးမယ်"

ဆန်းလျန်မှာ ထိုအသံကိုမှတ်မိလိုက်လေသည်။ သို့သော် တိမ်ဆိုင်တိမ်လိပ်များကြားထဲတွင် အသံပိုင်ရှင်ကို မြင်တွေ့ရခြင်းမရှိပေ။

"ဒီအသံက မြစ်ကမ်းနံဘေးမှာတွေ့ခဲ့တဲ့ ခရမ်းရောင်နတ်မိမယ်ရဲ့အသံနဲ့တူလိုက်တာ" ဟု ဆန်းလျန်တွေးနေမိလေသည်။

တာအိုဆရာစန်းဝမ့်၏တန်ခိုးဖြင့်ထိန်းသိမ်းထားသည့်တိုင်တိမ်တိုက်လေ့မှာ ကောင်းကင်ထက်တွင် ယိမ်းထိုးနေလေသည်။

ဟိုဘက်ယိမ်း ဒီဘက်ယိမ်းဖြင့်ပင် နောက်ဆုံးတော့ ထိုက်ယီတောင်ထိပ်သို့ရောက်ရှိသွားလေသည်။

စန်းဝမ့်မှာ လမ်းများကိုကျွမ်းကျင်သူဖြစ်သည့်အတွက် သူတို့နှစ်ယောက်ကို ခန်းမကြီးဆီသို့ လမ်းပြခေါ်ဆောင်သွားလေသည်။

ဤတစ်ကြိမ်တွင်တော့ တံခါးလာဖွင့်ပေးမည့် ကျင်းချင်းရှိမနေတော့ပါ။ တာအိုဆရာစန်းဝမ့်က ခန်းမကြီး၏တံခါးကို တွန်းဖွင့်ကာ အတွင်းသို့ဝင်ရောက်သွားလေသည်။

ယခင်တစ်ခေါက်တွေ့ဆုံခဲ့စဉ်က တာအိုဆရာသခင်မှာ
ကျောက်သလွန်ထက်တွင် ကြာပန်းပုံသဏ္ဍာန် တင်ပျဉ်ခွေထိုင်
နေခဲ့လေသည်။
သို့သော် ယနေ့တွေ့ရသည့် တာအိုဆရာသခင်ကတော့ မနေ့က
တွေ့ရသည့်တာအိုဆရာသခင်ထက်ပိုပြီး ငယ်ရွယ်နုပျိုနေလေ
သည်။
တာအိုဆရာစန်းဝမ့်က တအံ့တသြဖြင့်....
"မနေ့ကတစ်ခုခုများဖြစ်ခဲ့သလားမသိဘူး"
ဟုပြောလိုက်လေသည်။
ဆရာသခင်မှ မနေ့ကထက်ငယ်ရွယ်နုပျိုနေသည်မှာ ဒဏ်ရာ
အပြင်းအထန်ရထားသောကြောင့်ဖြစ်ကြောင်း စန်းဝမ့်က ရိပ်မိ
လိုက်လေသည်။
ဤသို့ဖြစ်ရခြင်းမှာ ဆရာသခင်မှာ လွန်ခဲ့သောနှစ်ပေါင်းတစ်
ရာခန့်က ဒဏ်ရာအပြင်းအထန်ရခဲ့ဖူးလေသည်။ သူက

လျှို့ဝှက်ကျင့်စဉ်တစ်ခုကိုလေ့ကျင့်ခဲ့ပြီး အသက်ဓာတ်ကို သူ၏ကိုယ်ထဲတွင် တံဆိပ်ခတ်ထားပြီး အပြင်သို့ မထွက်အောင် စီမံထားခဲ့လေသည်။ ထို့ကြောင့်သူ၏ပုံသဏ္ဍာန်မှာ အိုမင်းနေခြင်းဖြစ်ပြီး ကျောင်းတော်မှ အခြားဆရာသခင်များ၏ပုံသဏ္ဍာန်နှင့် ကွဲပြားနေခြင်းဖြစ်လေသည်။ သူ၏ပုံသဏ္ဍာန်ပြန်လည်နုပျိုလာသည်မှာ ဒဏ်ရာရသည့်အတွက် သူ၏ကိုယ်ထဲတွင် ထိန်းသိမ်းထားသည့် အသက်ဓာတ်မှာ အပြင်သို့ထွက်ပေါ်လာခြင်းကြောင့် ဖြစ်လေသည်။

အခန်း (၇၃)

ခန်းမထဲမှဂါရဝဦးသုံးကြိမ်

ဆရာသခင်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်ရင်း...

"ဘာကိစ္စမှတော့မရှိပါဘူး ၊ ဆန်းလျန်နဲ့လူစောယိတို့ကို ပြော စရာလေးတွေရှိလို့ပါ"

ဟုပြောလိုက်လေသည်။

တာအိုဆရာစန်းဝမ့်ကဘေးတွင်အသာရပ်နေလိုက်သည်။ သူ့ ဘဝတစ်ခုလုံးတွင် လေးစားခဲ့ရသည့်ပုဂ္ဂိုလ်မှာ ဆရာသခင်ပင် ဖြစ်လေသည်။ စန်းဝမ့်မှာ ဆရာသခင်၏တပည့်ရင်းတစ် ယောက် မဟုတ်ပေ။ သို့သော် စန်းဝမ့်၏ဆရာနှင့် ဆရာဘိုးဘိုး တို့ဆုံးပါးသွားပြီးနောက်ပိုင်း သူ၏ကျင့်စဉ်လမ်းတွင် ရင်ဆိုင် နေရသည့်အခက်အခဲများကို ဆရာသခင်က ဆက်လက် သင်ကြားပြသပေးခဲ့လေသည်။

စန်းဝမ့်မှာ နာမည်ကျော်ကြားသည့်ကျင့်ကြံသူတစ်ဦးမဟုတ်ပါ။ သို့သော် ဆရာသခင်က သူ့ကိုစေတနာထားကာ များစွာသင်ကြားပြသပေးခဲ့လေသည်။

ဆန်းလျန်နှင့်လူစောယိတို့ ဆရာသခင်၏ရှေ့တွင် မတ်တပ်ရပ်နေကြသည်။

ဆရာသခင်က တည်ကြည်လေးနက်သောမျက်နှာထားဖြင့် စတင်စကားပြောလိုက်သည်။

"ဟိုးအရင် အစပိုင်းတုန်းက ကျင့်စဉ်လမ်းကို ဘယ်သူမှ စိတ်မဝင်စားခဲ့ကြဘူး ၊ ဗောဓိသဿကျန့် သူ့ရဲ့တပည့်နတ်ဒေဝါတွေ ကျင့်ကြံမှုအောင်မြင်ပြီး တရားရသွားတဲ့အခါမှာတော့ တရားရှာချင်တဲ့လူသားတွေအတွက် မျှော်လင့်ချက်ရှိလာခဲ့တယ် ၊ အဲဒီနောက်မှာတော့ တာအိုဆရာသခင်ထိုက်ယီဟာ ကျင့်စဉ်လမ်းအဆင့်ကိုးဆင့်ကို စတင်သတ်မှတ်ပေးခဲ့တယ် ၊ တာအို

ကျောင်းတော်တွေမှာ အဲဒီအဆင့်ကိုးဆင့်အတိုင်း တရား

ကျင့်ကြံကြရတယ်"

"ကျုပ်တို့ဆရာဘိုးဘိုးယွမ်ချင်းက ဆရာသခင်ထိုက်ယီဆီက

နေ ကျင့်စဉ်လမ်းကို သင်ယူခဲ့တဲ့ တပည့်တစ်ယောက်ပဲ ၊ ဆရာ

ဘိုးဘိုးယွမ်ချင်းကိုပညာသင်ပေးပြီးနောက်ပိုင်း ဆရာသခင်ထို

က်ယီဟာ ပျောက်ကွယ်သွားတော့တာပဲ ၊ အဲဒီနောက်တော့ ဒီ

နေရာမှာ ချင်းရှမ်းနတ်တံခါးကို စတင်တည်ထောင်ခဲ့တယ်"

"ဒီချင်းရှမ်တောင်ရဲ့တောင်ငါးလုံးမှာ ဆရာသခင်ထိုက်ယီရဲ့

အရိပ်အငွေ့တွေရှိနေတယ် ၊ ဆရာသခင်နဲ့ရေစက်ရှိသူတွေဟာ

ဒီမှာတပည့်အဖြစ်ကျင့်ကြံသူတွေဖြစ်လာတယ်"

"ဆရာဘိုးဘိုးယွမ်ချင်းမရှိတော့တဲ့နောက်ပိုင်းမှာလည်း ချင်းရှ

မ်နတ်တံခါးမှာ ကျင့်ကြံသူမျိုးဆက်သုံးဆယ့်သုံးဆက်အထိ

ဆက်လက်ရှိနေခဲ့တယ် ၊ ကျင့်စဉ်အောင်မြင်ပြီးတရားရသွား

တဲ့သူက အယောက်လေးဆယ် ရှိတယ်၊ သူတို့ရဲ့ပုံတူတွေ ထိုက်ဝေ့ထိုင်ခန်းမထဲမှာရှိတယ်"

"တစ်ချို့နတ်ဘုရားတွေက လူတွေကိုကယ်တင်နေကြတယ်၊ တစ်ချို့ကျတော့လည်း တောင်တွေ မြစ်တွေမှာ လှည့်လည် နေထိုင်ကြတယ်၊ တစ်ချို့ကျတော့လည်း ကြယ်စင်တွေဆီ အထိ ခရီးနှင်ကြတယ်"

"ခုတော့ တောင်ကိုစောင့်နေတဲ့ နတ်ဘုရားတစ်ပါးပဲရှိတော့ တယ်၊ မင်းတို့ တပည့်အစစ်အမှန်ဖြစ်လာတဲ့တစ်နေ့ကျရင် သူ့ ကိုတွေ့ခွင့်ရလိမ့်မယ်"

လူစောယိက...

"တပည့်အစစ်အမှန်ဖြစ်တယ်ဆိုတာ ဘာကိုကြည့်ပြီးဆုံးဖြတ် တာလဲ"

ဟုမေးလိုက်လေသည်။

"မင်းတို့ရဲ့ကြိုးစားမှုနဲ့ ဟိုင်သန်းအဆင့်ကိုတက်ရောက်နိုင်တဲ့ အခါကျရင် တပည့်အစစ်အမှန်အဖြစ်သတ်မှတ်နိုင်တယ်၊ နောက်တစ်မျိုးပြောရရင် အဲဒီလိုအဆင့်ရောက်ပြီဆိုတာနဲ့ ချင်းရှမ်လမ်းစဉ်ကိုဆက်ခံနိုင်တဲ့ တကယ့်တပည့်အစစ်အမှန်ဖြစ်ပြီပဲ"

ဆရာသခင်ဖြစ်သူက ခပ်ဖြည်းဖြည်းပြောကြားလိုက်လေသည်။

"တပည့်အစစ်အမှန်နဲ့ သာမန်တပည့်ကရော ဘယ်လိုကွာခြားတာပါလဲ ဆရာသခင်"

ဆန်းလျန်က ရုတ်တရက်မေးလိုက်လေသည်။

သူက ယခုအချိန်အတောအတွင်းတွင် သူ့အကြောင်းအားလုံးကိုလှစ်ဟပြခြင်းမရှိသေးပေ။ သူက ချင်းရှမ်နတ်တံခါးကို တိတ်တဆိတ်လေ့လာနေခြင်းဖြစ်လေသည်။

ဆန်းလျှန်မှာလည်း အရာရာကိုသိမြင်နိုင်သူမဟုတ်ပါ။

ထို့ကြောင့် စန်းဝမ့်နှင့် ဆရာသခင်တို့၏ကျင့်ကြံမှုအဆင့်

ဘယ်အထိရောက်နေသည်ကို မသိနိုင်ပေ။

ဆရာသခင်က သူ၏မုတ်ဆိတ်မွေးများကို အသာအယာသပ်

လိုက်ရင်း ရယ်မောလိုက်လေသည်။

"ဆန်းလျှန် ၊ ကွာခြားချက်ကဘာလို့ မင်းထင်သလဲ"

ဆန်းလျှန်က ဆရာသခင်ကို ပေါ့ပေါ့ပါးပါးပင်လှမ်းကြည့်

လိုက်ပြီး...

"လုပ်ဆောင်ချက်ကလွဲပြီး ကွာခြားချက်မရှိဘူးလို့ပဲထင်မိပါ

တယ်"

ဆန်းလျှန်အဖြေကြောင့် ဆရာသခင်၏မျက်နှာတွင် မည်သည့်

အမူအရာမှ ဖြစ်ပေါ်သွားခြင်းမရှိပါ။

"ဆန်းလျှန် ၊ ဂိုဏ်းတူညီလေးဟုန်ရဲ့ ရွှမ်ကျိုကျင့်စဉ်ပညာကို

မင်းနားလည်ခဲ့တယ်လို့ကြားတယ် ၊ အဲဒီတော့ မင်းကတခြား

ထပ်ပြီးကျင့်ကြံစရာမလိုတော့ဘူး ၊ ဒါနဲ့ ခုတလော နတ်တံခါး

မှာ မှော်ကျောက်စိမ်းတွေသိပ်မကျန်တော့ဘူး ၊ ဝိညာဉ်မြစ်နား

ကိုသွားပြီး တစ်လကိုမှော်ကျောက်စိမ်းအလုံးနှစ်ဆယ်ကောက်

ပေးနိုင်မလား ၊ ပြီးရင် ကျုပ်ဆီလာပေးပေါ့"

ဆရာသခင်၏စကားကြောင့် စန်းဝမ့်က မဝံ့မရဲဖြင့်ဝင်ပြော

လိုက်သည်။

"ဆရာသခင် ၊ မှော်ကျောက်စိမ်းအလုံးနှစ်ဆယ်ကောက်ခိုင်း

တာ မများလွန်းဘူးလား"

"များသွားလို့လား ၊ ဒါဖြင့် နောက်ထပ်ဆယ်လုံးထပ်ပေါင်းပြီး

အလုံးသုံးဆယ်ကောက်ခဲ့..."

ဆရာသခင်က သိမ်မွေ့စွာပြောလိုက်လေသည်။

တာအိုဆရာစန်းဝမ့်မှာ နောက်ထပ်စကားမပြောရဲတော့ပေ။

ဆန်းလျန်ကတော့ မည်သည့်ခံစားချက်ကိုမှ ထုတ်ဖော်ပြသ

ခြင်းမရှိပေ။

တာအိုဆရာစန်းဝမ့်က ဆန်းလျန်၏မျက်နှာကိုကြည့်လိုက်ရင်း ခေါင်းကိုခါယမ်းလိုက်လေသည်။ ဒီလူငယ်လေးမှာ ဝိညာဉ် မြစ်၏ရက်စက်မှုများအကြောင်းကို သိပုံမပေါ်သေးဟု တွေး လိုက်မိလေသည်။ သူ့ကို ဝိညာဉ်မြစ်နံဘေးတွင် မှောက် ကျောက်စိမ်းအလုံးသုံးဆယ်ကောက်ခိုင်းခြင်းမှာ တကယ့်ကို နာကျင်စေမှာဖြစ်လေသည်။ ဆန်းလျန်မှာ အမှားလုပ်မိ သောကြောင့် ဆရာသခင်က ဤမျှခက်ခဲသည့်စမ်းသပ်မှုဖြင့် အပြစ်ပေးလေသလားဟုပင် စန်းဝမ့်တွေးတောနေမိလေသည်။

"ဆန်းလျန် ၊ မင်းလုပ်ချင်စိတ်ရှောရှိရဲ့လား"

ဆရာသခင်ကမေးလိုက်လေသည်။

ဆန်းလျန်က ခေါင်းညိတ်ပြလိုက်လေသည်။

ဆရာသခင်က လူစောယိဘက်သို့လှည့်ကြည့်လိုက်လေသည်။

"ဆရာပိုင်ရှီက ကျုပ်ကိုအကြောင်းကြားပြီးပါပြီ ၊ ပြီးတော့ မင်းကလည်း ဝမ့်ရှင်းလမ်းကို ကျော်ဖြတ်လာနိုင်ခဲ့တဲ့သူဆို

တော့ မင်းရဲ့ကိုယ်ရည်ကိုယ်သွေးကိုလည်း သိမြင်ဖို့လုံလောက်ပါပြီ ၊ ခုချိန်ကစပြီး ကျုပ်ရဲ့အဆောင်မှာ ကျင့်စဉ်လမ်းတွေ သင်ယူတဲ့တပည့်တစ်ယောက်အဖြစ်လက်ခံလိုက်ပြီ ၊ ချင်းရှမ်နတ်တံခါးရဲ့ ဥပဒေအရတော့ မင်းက ရှယွမ့်အဆောင်မှာပဲနေရလိမ့်မယ်"

လူစောယိမှာ ဆရာသခင်၏စကားကြောင့် အလွန်ပျော်ရွှင်သွားလေသည်။ သို့သော် သူကဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး...

"ဆရာသခင် ၊ ညီလေးဆန်းကိုရော ဆရာ့ရဲ့တပည့်အဖြစ်လက်မခံဘူးလား ၊ သူကအရည်အချင်းရှိသလို နားလည်နိုင်စွမ်းလည်းမြင့်မားတယ် ၊ ကျွန်တော့်ထက်လည်းသာတယ် ၊ ပြီးတော့ သူကကျင့်စဉ်လမ်းအတွက် အခြေခံကျင့်စဉ်တွေကိုလည်း တတ်မြောက်ထားသေးတယ်"

လူစောယိမှာ စိတ်မြန်လက်မြန်ဖြင့် ဆန်းလျန်အတွက် ဝင်ပြော

ပေးမိပြီးမှ ထိတ်လန့်သွားပြီး ပါးစပ်ကိုပိတ်ထားလိုက်လေ

သည်။

"မင်းအတွက်ပဲမင်းစိတ်ပူသင့်တယ် ၊ မင်းဆန်းလျန်ကို ဒီ

လောက်အထင်ကြီးလေးစားနေတယ်ဆိုရင် ကျုပ်က ပညာသင်

ပေးစရာမလိုတော့ဘူးလား"

ဆရာသခင်က ပြန်ပြောလိုက်လေသည်။

ထို့နောက် ဆရာသခင်က လက်ဝှေ့ယမ်းလိုက်ပြီး...

"မင်းတို့နှစ်ယောက် အပြင်မှာစောင့်နေကြ ၊ စန်းဝမ့်ခဏနေခဲ့

ဦး"

ဆန်းလျန်နှင့် လူစောယိတို့ထွက်ခွာသွားကြလေသည်။

လူစောယိနှင့်ဆန်းလျန်မှာ ခန်းမအပြင်ဘက်တွင်စောင့်နေကြ

လေသည်။

လူစောယိက...

"ညီလေးဆန်း ၊ ကျုပ်က ဆရာသခင်ကို ကျုပ်ရဲ့ဆရာရင်း

ဖြစ်လာမယ်လို့ မျှော်လင့်မထားခဲ့မိဘူး"

ဟုပြောလိုက်လေသည်။

ဆန်းလျန်က အနည်းငယ်ပြုံးလိုက်ရင်း...

"မင်း ဒီအခွင့်အရေးကိုအပြည့်အဝယူပြီး ဟိုင်သန်းအဆင့်ထိ

တက်လှမ်းနိုင်အောင်ကျင့်ကြံပါ ၊ ဒါမှ ဘယ်တော့မှ မသေတဲ့

နတ်ဘုရားတစ်ပါးဖြစ်လာမှာ"

ဟုပြောလိုက်လေသည်။

"ဒါပေမယ့် ဆရာသခင်က မင်းကိုတော့တပည့်အဖြစ်လက်မခံ

ဘူး ၊ ကြည့်ရတာ ဝတ်ရုံနီအဘိုးအိုကများ မင်းရဲ့ဆရာဖြစ်လာ

မလားမသိဘူး"

လူစောယိကပြောလိုက်လေသည်။

"ဘယ်သိနိုင်မလဲလေ ၊ ချင်းရှမ်နတ်တံခါးကိုဝင်ရောက်နိုင်ပြီး ကျင့်စဉ်လမ်းကိုလျှောက်လှမ်းနိုင်တာကိုပဲ ကျုပ်က ကျေနပ်လှပါပြီ"

ဆရာသခင်၏ရက်စက်သည့်ဆက်ဆံမှုများအပေါ်တွင် ဆန်းလျန်က တကယ်ပင် မေ့ယူခဲ့သူမဟုတ်ပါ။ ဆရာသခင်ကို မနှစ်သက်ခြင်းလည်းမဖြစ်မိပါ။

ချင်းရှမ်နတ်တံခါးမှ ဆရာသခင်မှာ ဆန်းလျန်ကဲ့သို့သာမန်လူငယ်လေးတစ်ယောက်ကို မုန်းတီးနေသည်မှာ အဘယ်သို့ဖြစ်နိုင်ပါမည်နည်း။ ဆရာသခင်ထံတွင် အကြောင်းပြချက်တော့ရှိမည်ဖြစ်လေသည်။

ဆရာသခင်၏တပည့်ရင်းတစ်ယောက်ဖြစ်သည်နှင့်ပင် ဟိုင်သန်းအဆင့်၏ပြောင်းလဲခြင်းတရားကိုးခုကိုကျင့်ကြံအောင်မြင်နိုင်မည်ဆိုပါက ချင်းရှမ်နတ်တံခါးမှ တပည့်တိုင်းမှာ နတ်ဘုရားမဖြစ်မည့်သူ ရှိမည်မဟုတ်တော့ပေ။

ဂိုဏ်းတူအစ်ကို ချန်ကျန်းမေသည်ပင်လျှင် ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်ရန်အတွက် နှစ်ပေါင်းလေးဆယ်ကျင့်ကြံခဲ့ သည့်တိုင် မတက်ရောက်နိုင်ဖြစ်နေရသည်မဟုတ်ပါလား။ ဆန်းလျန် ချင်းရွှမ်နတ်တံခါးသို့လာရောက်ခြင်းမှာ ကျင့်ကြံမှု လမ်းစဥ်ကို ပိုပြီးနားလည်ချင်သောကြောင့်သာဖြစ်လေသည်။ ဆန်းလျန်က သူလိုချင်သည့်အချက်ကို ကောင်းစွာသိမြင်ထား သူဖြစ်လေသည်။

....

"ဆရာသခင်ကြည့်ရတာ ဆန်းလျန်ကို သဘောမကျဘူးလား" စန်းဝမ့်ကမေးလိုက်လေသည်။

"ဒီကလေး ဝမ့်ရှင်းလမ်းကိုဖြတ်ကျော်လာကတည်းက ကျုပ် သူ့ကိုလေ့လာနေခဲ့တာ ၊ သူ့ရဲ့စိတ်ကဖြူစင်သန့်ရှင်းလွန်းတယ် ၊ သိပ်ကိုအလားလာကောင်းရှိတဲ့လူငယ်လေးပဲ ၊ ဂိုဏ်းတူညီ လေးဟုန်ကလေည်း ဆန်းလျန်ကို တပည့်အဖြစ်လက်ခံဖို့ ပြော ခဲ့သေးတယ် ၊ ဒါပေမယ့် ကျုပ်လက်မခံခဲ့ဘူး"

"ဘာဖြစ်လို့များလဲ"

တာအိုဆရာစန်းဝမ့်မှာ နားမလည်နိုင်ဖြစ်နေရလေသည်။

ကျင့်စဉ်လမ်းတွင် အလားအလာကောင်းရှိခြင်းက အရေးပါ

သည့်အချက်တော့မဟုတ်ပါ။ သို့သော် အနည်းဆုံးတော့

အလားအလာရှိသူများက အောင်မြင့်နိုင်သည့် အရည်အသွေး

ရှိကြသည်သာဖြစ်လေသည်။ ထို့ပြင် ဆန်းလျန်၏စိတ်ဝိညာဉ်

မှာ စွမ်းအားကြီးမားပြီး သူ၏ကိုယ်ရည်ကိုယ်သွေးကလည်း

ကောင်းမွန်လေသည်။ ဆရာဦးလေးဟုန်၏ ကျိဝေ့တုန်း

ကျင့်စဉ်အဖြေကိုသာ ဆန်းလျန်ကျင့်ကြံနိုင်ခွင့်ရခဲ့လျှင် ရှဟွ

အဆင့်မှ ဟိုင်သန်းအဆင့်သို့ တစ်ခါတည်းတက်လှမ်းနိုင်သွား

မည်ဖြစ်လေသည်။ ဟိုင်သန်းအဆင့်၏ ပြောင်းလဲခြင်းအဆင့်

ခြောက်ခုကိုပင် အောင်မြင်လျှင် ဆန်းလျန်မှာ ပြိုင်ဘက်ကင်း

တစ်ယောက်ဖြစ်သွားနိုင်လေသည်။

"နတ်ဘုရားတွေဟာ ကိုယ်ထင်ပြလေ့မရှိဘူး"

ဆရာသခင်က အနည်းငယ်ပြုံးရင်းပြောလိုက်လေသည်။ ထို အပြုံးကိုနားလည်ရန်မှာ ခက်ခဲလွန်းလှလေသည်။

"ဒါနဲ့ ဆရာသခင်က ဆရာပိုင်ရှီကို လူစောယိကို တပည့်အဖြစ် လက်ခံဖို့ ဘာလို့ကတိပေးခဲ့ရတာလဲ"

တာအိုဆရာစန်းဝမ့်မှာ ထိုအချက်ကိုလည်း နားလည်နိုင်ခြင်းမရှိပါ။ ဆရာသခင်မှာ လူစောယိကို တပည့်အဖြစ် လက်ခံလိုက်သည်မှာ အလွန်မှမြန်ဆန်နေသည်ဟု ထင်နေမိလေသည်။ အမှန်တော့ ဆရာသခင်၏တပည့်ရင်းဆို၍ ယခုအချိန်ထိ နှစ်ယောက်သာရှိသေးသည်။

"လူစောယိက ဖြောင့်မတ်မှန်ကန်တဲ့သူတစ်ယောက်ပဲ ၊ သူ့စိတ်ကဖြူစင်တယ် ၊ သူဟာအနာဂတ်မှာ ကျန်းမေထက်တောင်သာသွားနိုင်တယ် ၊ "လူတစ်ယောက်က သူ့ဘဝရဲ့သက်တမ်းတစ်ဝက်ကို ကျင့်ကြံရင်းကုန်ဆုံးခဲ့တာကို ဘယ်သူမှမသိနိုင်ဘူး ၊ တစ်ချိန် အောင်မြင်မှုရသွားမှသာ လောကကြီးကအံ့သြ

ကြမယ်" ဆိုတဲ့နိမိတ်စကားက ကျန်းမေအတွက်ပဲ ၊ ဒါပေမယ့်

သူကလွယ်လွယ်နဲ့ထိရှလွယ်တယ် ၊ အဲဒါက သိပ်ကိုသနားစရာ

ကောင်းတဲ့အချက်ပဲ"

စန်းဝမ့်မှာ ဆရာသခင်က လူစောယိကိုချန်ကျန်းမေထက်သာ

မည်ဟု ပြောလိုက်သည့်အတွက် အံ့သြနေရလေသည်။ သူက

ဆရာသခင်ထိုသို့ ပြောလိမ့်မည်ဟု မျှော်လင့်မထားခဲ့ပါ။

"ဒီကိစ္စတွေထားလိုက်ပါတော့လေ ၊ အခုမင်းအလှည့်ရောက်ပြီ"

ဆရာသခင်ကပြောလိုက်လေသည်။

"တပည့်မခံယူဝံ့ပါဘူး ဆရာဦးလေး"

တာအိုဆရာစန်းဝမ့်က ခေါင်းငုံ့ရင်းပြောလိုက်လေသည်။

"ကျုပ်ဆီက ပြဒါးရှင်လုံးလိုချင်တယ်ဆိုရင် ခုပဲမင်းကိုပေး

မယ် ၊ ဒီကျောင်းတော်မှာ ဒီပစ္စည်းက ကန့်သတ်ပစ္စည်းဆိုပေ

မယ့် မင်းကိုတစ်ခုလောက်တော့ပေးလို့ရပါတယ်"

ဆရာသခင်က စန်းဝမ့်ကိုတစ်ချက်လှမ်းကြည့်ရင်း

သက်ပြင်းချလိုက်လေသည်။

"ကျွန်တော်သာလက်ခံရင် စန့်ယွမ့်အဆောင်ကဂိုဏ်းတူအစ်ကို

တွေက ဘယ်ကျေနပ်ကြပါ့မလဲ ၊ နောက်ထပ် နှစ်ပေါင်းသုံးရာ

ထပ်နေနိုင်မယ့်အခွင့်အရေးကို ဘယ်သူက မလိုချင်ပဲရှိပါ့မလဲ

၊ ကျွန်တော် နောင်ဘဝမှာပဲ ချင်းရွှမ်နတ်တံခါးကို ပြန်လာပါ

တော့မယ်"

"ဒေါသကြီးတဲ့လူတွေဟာ မီးလိုပဲ ၊ အရာအားလုံးကို

လောင်ကျွမ်းသွားစေတယ် ၊ ရေခဲလိုအေးစက်မာကျောတဲ့လူ

တွေကတော့ သူတို့နဲ့တွေ့သမျှကို သေစေလိမ့်မယ် ၊ မာနကြီး

ပြီးခေါင်းမာတဲ့သူတွေကတော့ ရေပုပ်ထဲကသစ်သားချောင်းလို

ပဲ ၊ ရှင်သန်ဖို့မဖြစ်နိုင်ဘူး ၊ အဲဒီလူသုံးမျိုးဟာ ကျင့်စဉ်လမ်း

ကို မအောင်မြင်နိုင်ဘူး ၊ မင်းကသိပ်ပြီးခေါင်းမာတာပဲကိုး ၊

ကောင်းပြီလေ မင်းစိတ်ကျေနပ်သလိုသာ လုပ်ပါ"

တာအိုဆရာစန်းဝမ့် ဒူးထောက်ချလိုက်လေသည်။ သူက ကြမ်းပြင်နှင့်ဦးခေါင်းကို ပြင်းထန်စွာထိလိုက်ပြီး ဆရာသခင်ကို ဦးသုံးကြိမ်ချလိုက်လေသည်။

သူ့နဖူးထက်မှ သွေးများပင်ထွက်လာလေသည်။

ဆရာသခင်က စန်းဝမ့်ကိုတားဆီးခြင်းမရှိပါ။ ဦးသုံးကြိမ်ချသည်ကို ခံယူလိုက်လေသည်။

အခန်း (၇၄)

ကျောင်းတော်သို့ဝင်ရောက်ခြင်း

ဆန်းလျန်နှင့် လူစောယိမှာ ခန်းမအပြင်ဘက်တွင်ရပ်နေပြီး ခန်းမထဲတွင် ဘာဖြစ်နေသည်ကို မသိကြပါ။ ခဏစောင့်နေပြီး သည့်နောက် ဆန်းလျန်တစ်ယောက်တည်းကိုဝင်လာခိုင်းသည့် ဆရာသခင်၏အသံကို ကြားလိုက်ရလေသည်။

ဆရာသခင်က သူ၏တပည့်အသစ် လူစောယိကို ဆန်းလျန်နှင့် အတူဝင်လာခွင့်မပြုပေ။

ဆန်းလျန် ခန်းမထဲသို့ရောက်သည်နှင့် တာအိုဆရာစန်းဝမ့်ကို မတွေ့ရတော့ပေ။ဆန်းလျန်၏အာရုံခံစားမှုအားကောင်းသည့် တိုင် ထိုထူးခြားသည့်အခြေအနေအတွက် တုန့်ပြန်မှုမပြုဘဲနေ လိုက်လေသည်။

ဆရာသခင်က ကျောက်သလွန်ထက်တွင်ထိုင်နေလေသည်။ ထိုင်နေရာမှ ထလာခြင်းအလျဉ်းမရှိပါ။ သို့သော်

သူ၏လက်ခလယ်က ဆန်းလျန်၏မျက်ခုံးနှစ်ခုအလည်သို့ ထိလိုက်လေသည်။ ဝေးကွာလှသောနေရာမှ လှမ်းထိလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်၏မျက်ခုံးနှစ်ခုကြားတွင် လေအေးတစ်ချက်ထိတွေ့သွားသည်ကို ခံစားလိုက်ရပြီး စာပိုဒ်တစ်ပိုဒ်နှင့် ရုပ်ပုံတစ်ပုံသူ၏စိတ်ထဲတွင်ပေါ်လာလေသည်။ ထိုစာရွက်နှင့်ရုပ်ပုံမှာ ဆန်းလျန် စစ်တုရင်ခုံပေါ်မှ သင်ယူလေ့ကျင့်ခဲ့သည့် ရှမ်ကျိကျင့်စဉ်အပြည့်အစုံဖြစ်လေသည်။ သူ့အာရုံတွင်းသို့ဝင်လာသည့် စာရွက်နှင့်ရုပ်ပုံတွင် ရှမ်ကျိကျင့်စဉ်အကြောင်း ပိုပြီးပြည့်စုံသည့်မှတ်ချက်များနှင့် ပညာရပ်များပါဝင်လေသည်။

"ထုံးတမ်းစဉ်လာများမှာ ရေးမှတ်ထားခြင်းမရှိ" ဆိုသည့် ဆိုရိုးစကားတစ်ခုရှိလေသည်။ ဆိုလိုသည်မှာ ထုံးတမ်းစဉ်လာများမှာ ရေးသားထားခြင်းမရှိသည့်တိုင် အစဉ်အဆက်

လိုက်နာကျင့်သုံးသွားကြမဲ့ဖြစ်လေသည်။ ယခုတော့ ဆန်းလျ
န်မှာ ထိုသို့သောအခြေအနေနှင့် ကြုံတွေ့ရပြီဖြစ်လေသည်။
ဆန်းလျန်မှာ ပျော်ရမည်လား အံ့သြရမည်လားပင်မသိတော့။
သူက "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကို အချိန်
ကြာမြင့်စွာ လေ့ကျင့်ခဲ့သူဖြစ်လေသည်။ ထိုကျင့်စဉ်များက
သူ့ကို စိတ်အာရုံစုစည်းစေပြီး စိတ်ကိုတည်ငြိမ်စေလေသည်။
မည်သို့သော ကြီးမားသည့်ကိစ္စများ ၊ အခက်အခဲများနှင့်
ရင်ဆိုင်ရပါစေ သူက အေးဆေးတည်ငြိမ်စွာပင် ရင်ဆိုင်ခဲ့သူ
ဖြစ်လေသည်။

ဆန်းလျန်က မျက်လုံးများကို ခဏမှိတ်လိုက်ပြီးမှ ပြန်ဖွင့်
ကြည့်လိုက်လေသည်။ သူက ဆရာသခင်ကို ဦးညွှတ်လိုက်
သည်။ အစွမ်းသတ္တိနှင့် ပညာဖြန့်ဝေပေးသူကို ရှိသေလေးစား
ရမည်မဟုတ်ပါလား။

ဆရာသခင်၏မျက်နှာတွင် လေးစားသည့်အမူအရာများ

ပေါ်ပေါက်လာပြီး...

"အကြောင်းမရှိဘဲ ဒေါသမထွက်တတ်ဘူး ၊ ရန်သူကိုတွေ့ရင်

လည်း မကြောက်လန့်တတ်ဘူး ၊ ဆန်းလျန် ... မင်းမှာ

အလွန့်အလွန်နက်နဲသိမ်မွေ့တဲ့စရိုက်လက္ခဏာရှိတာပဲကိုး"

ဟုပြောလိုက်လေသည်။

"ဆရာသခင် ကျွန်တော့်ကို တစ်ယောက်တည်းတွေ့ဖို့ခေါ်တာ

ချီးကျူးရုံသက်သက်အတွက် မဟုတ်မှာ စိုးရိမ်မိပါတယ်"

ဆန်းလျန်ကပြောလိုက်လေသည်။

သူ၏မျက်နှာမှာ ပကတိတည်ငြိမ်အေးချမ်းနေလေသည်။

ကျင့်ကြံသူတစ်ယောက်မှန်းဆကြည်နိုင်ရန်မှာ ခက်ခက်လှလေ

သည်။ သို့သော် စိတ်ခံစားမှုများကို ကြာရှည်ခံစားနေလျှင်

မည်သည့်အခါမျှ ပြီးဆုံးနိုင်မည်မဟုတ်တော့ပေ။

ဆန်းလျန်က ဝမ့်ရှင်းလမ်းကို အမြန်ဆုံးကျော်ဖြတ်လာနိုင်ခဲ့သူ တစ်ယောက်ဖြစ်လေသည်။ အနီရောင်ဝတ်အဘိုးအိုမှာပင် အံ့ဩမင်သက်ဖြစ်ရကာ သူ့ကိုတပည့်အဖြစ်သတ်မှတ်ရန် အတွက် ချက်ချင်းပင်ကျင့်စဉ်တစ်ခုသင်ပေးခဲ့သည်။ ထိုကျင့်စဉ်ကို ဆန်းလျန်ကလည်း နားလည်းသဘောပေါက်ပြီး ကျင့်ကြံနိုင်ခဲ့သည်။ ဤအချက်များကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်တွင် အလွန်ကောင်းသည့် အလားအလာရှိသည်ကို သိရှိနိုင်လေသည်။ ဆရာသခင်မှာ ချင်းရွှမ်နတ်တံခါးကို အုပ်ချုပ်သည့် တာအိုဆရာသခင် တစ်ပါးဖြစ်လေသည်။ ဆန်းလျန်ကို ရောက်ရောက်ချင်း စတင်နှိပ်စက်သည်မှာ အကြောင်းမရှိဘဲ မဖြစ်နိုင်ပေ။ ထိုအချက်ကို ဆန်းလျန်သေချာစွာသိထားလေသည်။

လူသားဖြစ်စေ ၊ မိစ္ဆာဖြစ်စေ ၊ အခြားသောသက်ရှိသတ္တဝါမည်သူမဆို စိတ်ခံစားမှုရှိကြမည်သာဖြစ်လေသည်။ သူတို့

အားလုံးတွင် လိုချင်မှုဆန္ဒများစွာရှိကြလေသည်။ ဤသည်မှာ သဘာဝပင်ဖြစ်ပြီး ကျင့်ကြံသူများမှာလည်း ထိုအတိုင်းပင်ဖြစ်လေသည်။ သို့သော် ဆန်းလျန်မှာ သူ့ဘာဝအတွက် ရယူခြင်းနှင့်ဆုံးရှုံးခြင်းများအပေါ်တွင် စိုးရိမ်ပူပန်တတ်သူမဟုတ်ပါ။

ဝံပုလွေနတ်ဘုရားအဘိုးအိုရှင်းက တွေ့ဆုံရန်ဖိတ်ကြားခဲ့စဉ်ကပင် အနိုင်အရှုံးကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ သူသွားရောက်တွေ့ဆုံခဲ့လေသည်။

အနိုင်အရှုံးတွက်ချက်ခြင်းမရှိမှသာ ဆက်ဆံရေးက ကြာရှည်တည်မြဲမည်ဖြစ်လေသည်။

"ကျုပ်တို့သက်တမ်းကျင့်ကြံသူတွေမှာ ကျုပ်ကို အထင်ကြီးတဲ့သူတွေရှိသလို အထင်သေးတဲ့သူတွေလည်း ရှိတာပဲ ၊ ဒါတွေအားလုံးက တိမ်ခိုးတွေလို ပျောက်ပျက်သွားကြတာပါပဲ ၊ မှန်တဲ့သူလည်းရှိသလို မှားတဲ့သူလည်း ရှိတာပဲလေ ၊

ချင်းရွှမ်နတ်တံခါးက နှစ်ငါးဆယ်မှတစ်ခါဖွင့်တယ်၊ တပည့်ဆယ်ယောက်ကိုလက်ခံတယ်၊ ဒါဟာ ကံတရားအတိုင်းရွေးခြယ်တာဆိုပေမယ့်လည်း ချင်းရွှမ်လမ်းစဉ်အတွက်သွေးသစ်လောင်းတာပါပဲ၊ မင်းလိုဝိညာဉ်လွှင့်နိုင်တဲ့ ချောင့်တုန့်အဆင့်ထိရောက်နေတဲ့ လူငယ်မျိုးကတော့ တကယ့်ကိုရှားပါးတယ်၊ ချင်းရွှမ်နတ်တံခါးမဟုတ်တဲ့ တခြားနတ်ဘုရားကျောင်းတော်တွေကလည်း မင်းလိုလူငယ်မျိုးကို တပည့်အဖြစ် လိုချင်နေကြမှာပဲ"

ဆရာသခင်၏မျက်နှာမှာတည်ငြိမ်နေသော်လည်း ဆရာသခင်၏စကားများက ဆန်းလျန်ကို ချီးမွမ်းနေသည်ထက်ပင်ပိုနေလေသည်။

"ချင်းရွှမ်နတ်တံခါးမှာ ပညာသင်ဖို့ရွေးခြယ်ပြီးကတည်းကတခြားနေရာကိုသွားဖို့ ဆန္ဒမရှိတော့ပါဘူး"

ဆန်းလျန်က ပြန်ဖြေလိုက်လေသည်။

"တကယ်တော့ မင်းလိုလူငယ်လေးမျိုးက အရင်ဘဝ ကတည်းက ဟိုင်သန်းအဆင့်ကိုကျော်လွန်အောင် ကျင့်ကြံနိုင် ခဲ့သူဖြစ်လိမ့်မယ်၊ ဒါကြောင့် ဒီဘဝကို ပါရမီပါလာတာပဲ၊ ဒါ မှမဟုတ်ရင် တခြားထူးခြားတဲ့ကျင့်စဉ်တစ်ခုခုကို ကျင့်ကြံခဲ့ လို့ဖြစ်ရမယ်၊ ချင်းရှမ်ကဆရာဘိုးဘိုးယွမ်ချင်းပြောသလို ပြောရရင် "ချင်းရှမ်နတ်တံခါးကိုရောက်လာမှတော့ မင်းရဲ့ အတိတ်ကိုမမေးလိုဘူး" ဆိုတဲ့အတိုင်းပါပဲ၊ ဒါကြောင့် မင်းရဲ့ လျှို့ဝှက်ချက်ကို ကျုပ်မမေးတော့ပါဘူး၊ ဝိညာဉ်မြစ်ကိုသွား ပြီး မော်ကျောက်စိမ်းကောက်ခိုင်းတာကလည်း မင်းကိုအခက် တွေ့အောင်လုပ်တာတော့မဟုတ်ဘူး၊ အချိန်တန်ရင် ကျုပ်ရဲ့ ရည်ရွယ်ချက်ကို မင်းနားလည်လာပါလိမ့်မယ်"

ဆရာသခင်ကပြောလိုက်လေသည်။

ဆရာသခင်မှာ အမြဲတမ်းပင် နားလည်ရခက်သူတစ်ယောက် ဖြစ်သည်မဟုတ်ပါလား။

…………………

ဝိညာဉ်မြစ်မှာ ချင်းရှမ်နတ်တံခါးနှင့် အလွန်ဝေးကွာသည့်
နေရာတွင်တည်ရှိလေသည်။ ထိုမြစ်တွင်းမှရေမှာ မြစ်ချောင်း၊
ပင်လယ်များထဲမှရေကဲ့သို့မဟုတ်ပါ။ အသူရာချောက်မှလာ
သည့်ရေဖြစ်လေသည်။ ထိုမြစ်အတွင်းမှရေမှာ ရေပုံသဏ္ဌာန်
ဖြစ်သော်လည်း ထိတွေ့ကိုင်တွယ်၍မရပေ။

ထိုရေထဲသို့ ငှက်မွေးလေးတစ်ချောင်းကျလျှင်ပင် နစ်မြုပ်သွား
မည်ဖြစ်လေသည်။ ထို့ပြင် ရေထဲတွင်ပေါက်ရောက်နေသည့်
သစ်ပင်များကိုလည်း တွေ့ရမည်မဟုတ်ပါ။

ဤသည်မှာ ချင်းရှမ်နတ်တံခါး၏ ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ
ဆန်းလျန်ကြားခဲ့ရသည့် ဝိညာဉ်မြစ်အကြောင်း သတင်းများ
ဖြစ်လေသည်။

ထို့ကြောင့် ဝိညာဉ်မြစ်သို့မသွားခင် ဆန်းလျန် အလုပ်သုံးခု
လုပ်လိုက်လေသည်။

ပထမဆုံးအလုပ်မှာ ဆရာဘိုးဘိုးများ၏ခန်းမဆောင်သို့သွားကာ ကျင့်စဉ်ပြီးမြောက်အောင်မြင်ခဲ့သည့် ရှေ့ဆောင်လမ်းပြ ဆရာသခင်ယွမ်ချင်းကို ဂါရဝပြုလိုက်လေသည်။ တစ်ချိန်ထဲမှာပင် သူ၏အသက်ဝိညာဉ်မီးအိမ်ကို မြှင့်တင်လိုက်သည်။ ဤသည်မှာ ခရီးဝေးသွားကြမည့် ချင်းရှမ်းနတ်တံခါးမှ တပည့်များ လမ်းကိုသိရန်အသုံးပြုသည့် အရေးကြီးသည့် နည်းလမ်းဖြစ်လေသည်။

ဒုတိယအလုပ်မှာ ထျန်းယွမ်တောင်ရှိ "စည်းကမ်းဆောင်" သို့သွားကာ ချင်းရှမ်းနတ်တံခါးမှ စည်းကမ်းများကို ဖတ်ရှုခြင်းဖြစ်လေသည်။ "စည်းကမ်းဆောင်" မှ စည်းကမ်းထိန်းသိမ်းရေးမှူးမှာ မီးခိုးရောင်ဝတ်အဘိုးအိုဖြစ်လေသည်။ အဘိုးအို၏နာမည်မှာ "ကယ်ယွမ်း" ဖြစ်ပြီး ချင်းရှမ်းနတ်တံခါးမှ ဟိုင်သန်းအဆင့်ကျင့်ကြံသူ တစ်ပါးဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်ကိုတွေ့တွေ့ချင်းပင်

တပည့်တော်ချင်ခဲ့သည့် အနီရောင်ဝတ်အဘိုးအို၏အမည်မှာ

ဟုန်ချန်းယာဖြစ်ကြောင်းသိရှိခဲ့ရလေသည်။ ထိုအဘိုးအိုမှာ

လည်း ချင်းရှမ်နတ်တံခါးမှ ဟိုင်သန်းအဆင့်ကျင့်ကြံ

သူတစ်ပါးဖြစ်ပြီး ထျန်းယွမ်တောင်ရှိ "စန့်ကုန်းထန်"

အဆောင်၏အကြီးအကဲလည်းဖြစ်လေသည်။ "စန့်ကုန်းထန်"

အဆောင်မှာ ကျင့်စဉ်များအားလုံး၏အရင်းအမြစ်ဖြစ်ရာ

အဆောင်ဖြစ်လေသည်။ ဆရာသခင်မှအစပြုပြီး သာမန်

တပည့်ငယ်များအထိ စန့်ကုန်းထန်အဆောင်တွင် ပညာများ

ဆွေးနွေးလေ့လာနိုင်လေသည်။ ကျင့်ကြံမှုတိုးတက်လာအောင်

မည်သို့လုပ်ဆောင်ရမည်ကို တိုင်ပင်ဆွေးနွေးကြလေသည်။

ကျင့်စဉ်အဆင့်ဆင့်သို့ရောက်ရှိနေသည့်တပည့်များအားလုံး

“စန့်ကုန်းထန်”အဆောင်တွင် တစ်လတစ်ကြိမ်တွေ့ဆုံကြလေ

သည်။

ထို့ပြင် ဤသို့ဆွေးနွေးခြင်းအားဖြင့် ချင်းရှမ်နတ်တံခါးမှ တပည့်များအချင်းချင်းကူညီနိုင်ကြလေသည်။

ချင်းရှမ်နတ်တံခါးတွင် တောင်ငါးလုံးရှိရာ အဓိကတောင်မကြီး ထိုက်ယီတွင် ဆရာသခင်နေထိုင်လေသည်။ အခြား တောင် လေးလုံးတွင် အခြားကျင့်ကြံသူများနေထိုင်ကြလေသည်။

ချင်းလန်တောင်မှာတော့ ရှယွမ့်အဆောင်တပည့်များနေထိုင်ရပြီး ယွိယန်တောင်တွင်တော့ စန့်ယွမ့်အဆောင် တပည့်များ နေထိုင်ကြလေသည်။

တောင်များကို မိုးမြေစွမ်းအားအနည်းအများပေါ်တွင်အခြေခံပြီး ခွဲခြားထားခြင်းဖြစ်လေသည်။ မိုးမြေစွမ်းအားနည်းရာမှ များရာအတိုင်း ချင်းလန်း ၊ ယွိယန် ၊ ထျန်းယွမ် ၊ ကျီဖူ ဟူ၍ အစဉ်အတိုင်းသွားလေသည်။

ဟိုင်သန်းအဆင့်နှင့်အထက်ကျင့်ကြံသူများကတော့ ထျန်းယွမ် နှင့်ကျီဖူတောင်ရှိ ဂူများထဲတွင်နေထိုင်ကြလေသည်။

ရှယွမ့်အဆောင်တွင်နေထိုင်သည့် တပည့်အရေအတွက်မှာ နည်းပါးသလို ချင်းလန်တောင်ရှိ မိုးမြေစွမ်းအားမှာလည်း အနည်းပါးဆုံးဖြစ်လေသည်။ သို့သော် ကောင်းသည့်အချက် တစ်ခုမှာ ရှယွမ့်အဆောင်မှတပည့်များမှာ ထျန်းယွမ်တောင်နှင့် ကျီဖူတောင်များတွင်နေထိုင်သည့် ဟိုင်သန်းအဆင့်ကျင့်ကြံ သူများနှင့် အချိန်မရွေး တိုက်ရိုက်ဆက်သွယ်ခွင့်ရနိုင်ခြင်းပင် ဖြစ်လေသည်။

စန့်ယွမ့်အဆောင်တပည့်များမှာ ထိုသို့ဆက်သွယ်ခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော် စန့်ယွမ့်အဆောင်မှ တပည့်အများစု မှာ ချင်းရှမ်နတ်တံခါးမှ တပည့်များနှင့်ဆွေမျိုးတော်စပ်သည့် သူများဖြစ်ကြသည့်အတွက် သူတို့၏ဆွေမျိုးအကြီးအကဲများ က သူတို့ကို နေ့စဉ် ပညာသင်ပြပေးသောကြောင့်ဖြစ်လေ သည်။

ထို့ပြင် နှစ်လတစ်ကြိမ် ချင်းရွှမ်နတ်တံခါးမှ အကြီးအကဲများ က တပည့်များမရှင်းလင်းသည့် ပြဿနာမေးခွန်းများကိုလည်း ဖြေကြားပေးလေသည်။

ချင်းရွှမ်နတ်တံခါးတွင် စည်းကမ်းပေါင်းများစွာရှိသော်လည်း အရေးကြီးဆုံးသောစည်းကမ်းတစ်ချက်မှာ “တပည့် အချင်းချင်းရန်မဖြစ်ရ” ဟူသောအချက်ဖြစ်လေသည်။ ထို အပြစ်ကိုကျူးလွန်သည်ကို သိရှိပါက "စည်းကမ်းဆောင်" တွင် အပြစ်ပေးခံရမည်ဖြစ်လေသည်။

ဆန်းလျန်နားမလည်သည့်အချက်တစ်ချက်ရှိလေသည်။ ဆန်း လျန်တို့နှင့်အတူ ဝမ့်ရှင်းလမ်းကိုဖြတ်သန်းလာသည့် ပိန်ပိန်း ပါးပါး ရှောင်ဟောဆိုသည့် လူငယ်လေးအကြောင်းပင်ဖြစ်လေ သည်။ အမှန်ဆိုလျှင် ရှောင်ဟောမှာ သူတို့နှင့်အတူ ရှယွမ့် အဆောင်တွင်နေရမည့်တပည့်တစ်ယောက်ဖြစ်လေသည်။

သို့သော် ကောလဟာလများကြားရသည်မှာ အဘိုးအိုကယ်

ယွမ်းက ထိုကောင်လေးကိုသူနေထိုင်သည့် ဂူအတွင်းသို့ခေါ်

ဆောင်သွားကာ ကျင့်စဉ်များသင်ကြားပေးနေသည်ဆိုသည့်

အချက်ပင်ဖြစ်လေသည်။

ဆရာသခင်ကယ်ယွမ်းမှာ စည်းကမ်းဆောင်၏ စည်းကမ်း

ထိန်းသိမ်းရေးမှူးဖြစ်သည့်အပြင် ထျန်းယွမ်တောင်၏

အကြီးအကဲလည်းဖြစ်လေသည်။ ဟိုင်သန်းအဆင့် ပြောင်းလဲ

ခြင်းတရားကိုးခုတွင် ခုနစ်ခုကိုအောင်မြင်ထားသူလည်းဖြစ်

လေသည်။

ထျန်းယွမ်တောင်တွင် ဆရာသခင်ကယ်ယွမ်းမှာ အဆင့်အမြင့်

ဆုံးကျင့်ကြံသူဖြစ်ပြီး နတ်ဘုရားတစ်ပါးဖြစ်လာရန် အလွန်မှ

နီးစပ်နေပြီဖြစ်လေသည်။

အခြားသော ဟိုင်သန်းအဆင့်ကျင့်ကြံသူများစွာလည်းရှိလေ

သည်။ သို့သော် ဆရာသခင်ကယ်ယွမ်းကဲ့သို့ ကိုယ်ပိုင်ကျင့်ကြံ

မှုနှင့်အဆင့်မြင့်ကျင့်စဉ်သို့တက်လှမ်းနိုင်သူမှာ လွန်စွာမှရှားပါး

လေသည်။ ထို့ပြင် ဟိုင်သန်းအဆင့် ပြောင်းလဲခြင်းတရားခုနစ်ချက်အထိ လေ့ကျင့်နိုင်သည်မှာ အလွန်ထူးချွန်သည်ဟု ပြောနိုင်လေသည်။

ဆရာသခင်ဟုန်ချန်းယာမှာ နတ်ဘုရားအမြုတေကိုအသုံးပြုကာ ပြောင်းလဲခြင်းတရားခြောက်ခုအထိ ကျင့်ကြံအောင်မြင်ခဲ့သူဖြစ်လေသည်။ သို့သော် ဆရာသခင်ကယ်ယွမ်းက သူ့ထက်သာလွန်လေသည်။

သူတို့နှစ်ယောက်လုံးမှာ နှစ်ပေါင်းရာချီကျင့်ကြံပြီးမှသာ ဟိုင်သန်းအဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့်သူတို့မှာ အိုမင်းသည့်ပုံပေါက်နေကြခြင်းဖြစ်လေသည်။

သို့သော် ကျင့်ကြံသူတစ်ယောက်အတွက် အိုမင်းခြင်း ၊ နုပျိုခြင်းကအရေးမကြီးပါ။ ဟိုင်သန်းအဆင့်သို့ရောက်အောင်ကျင့်ကြံနိုင်သည်နှင့် သူတို့၏ငယ်ရွယ်နုပျိုသည့် ပုံသဏ္ဍာန်ကို

ပြန်လည်ဖန်ဆင်းနိုင်လေသည်။ သို့သော် အဘိုးအိုနှစ်ယောက်လုံးက ထိုသို့ဖန်ဆင်းထားခြင်းမရှိကြပေ။

ကျီဖူတောင်ရှိ မိုးမြေစွမ်းအားများမှာ အလွန်များပြားလေသည်။ အဓိကတောင်မကြီး ထိုက်ယီပြီးလျှင် မိုးမြေစွမ်းအားအများဆုံးတောင်ဖြစ်လေသည်။ ထိုတောင်တွင်လည်း ဟိုင်သန်းအဆင့်ကျင့်ကြံသူများစွာရှိလေသည်။

ထိုက်ဝေ့ထိုင်ခန်းမကြီးတွင် ရှေးဟောင်းစာအုပ်များနှင့်မှတ်တမ်းများသိမ်းဆည်းထားပြီး ကျင့်စဉ်လမ်းကိုအောင်မြင်သူ နတ်ဘုရားများ၏ ပုံတူပန်းချီကားများကိုလည်း ထားရှိလေသည်။ သို့သော် ထိုက်ဝေ့ထိုင်ခန်းမကြီး၏ဒုတိယထပ်ကိုတော့ ဟိုင်သန်းအဆင့်ကျင့်ကြံသူများသာမက ဟိုင်သန်းအဆင့်ထက် အမြင့်ကိုတက်လှမ်းနေသည့် ကျင့်ကြံသူများပင် ဝင်ခွင့်မရကြပေ။

ထိုနေရာမှာ ဝင်ခွင့်ပိတ်ပင်ထားသည့် တားမြစ်နယ်မြေဖြစ်လေသည်။

အခန်း (၇၅)

စိတ်ဝိညာဉ်ပြင်းထန်စွာနာကျင်ခြင်း

ဆန်းလျှန်လုပ်သည့် တတိယမြောက်အလုပ်မှာ ထိုက်ဝေ့ထိုင်ခန်းမဆောင်ပထမထပ်သို့သွားကာ ကျင့်ကြံသူလောက၏အကြောင်းများကို လေ့လာခြင်းဖြစ်လေသည်။

လောကတွင် နတ်ဘုရားကျောင်းတော်ပေါင်းများစွာရှိ သော်လည်း နတ်ဘုရားဖြစ်သည်အထိ ကျင့်စဉ်လမ်း အောင်မြင်သွားသည်ဟု နာမည်ကျော်သည့် ကျောင်းတော်များ မှာတော့ လက်ချိုးရေတွက်၍ပင် ရလေသည်။

ထို့ပြင် နတ်ဘုရားများကိုယ်တိုင် စောင့်ရှောက်မှုပေးနေသည့် နတ်ဘုရားကျောင်းတော်များမှာ နည်းသည်ထက်နည်းလာပြီ ဖြစ်သည်။ ထိုသို့ နတ်ဘုရားကိုယ်တိုင် စောင့်ရှောက်နေသည့် ကျောင်းတော်များကသာ စစ်မှန်သည့် ကျောင်းတော်များ အဖြစ်သတ်မှတ်နိုင်လေသည်။ နှစ်ပေါင်းတစ်သောင်းကြာသည့် တိုင်အောင် မပြိုမလဲ ရပ်တည်နေကြသည့် နတ်ဘုရားကျင့်စဉ် ကျောင်းတော် လေးခုသာရှိလေသည်။ ထိုကျောင်းတော်လေးခု တွင် ချင်းရှမ်နတ်တံခါးမှာလည်း တစ်ခုအပါအဝင်ဖြစ်လေ သည်။

ဗုဒ္ဓဘာသာကျင့်စဉ်နှင့် တာအိုဝါဒကျင့်စဉ်များတွင် ကွဲပြားမှုများရှိလေသည်။ ဗုဒ္ဓကျင့်စဉ်မှာ တောနက်ကြီးတစ်ခုပမာ နက်ရှိုင်းပြီး ကောင်းကင်မှကြယ်စင်များကဲ့သို့အလှမ်းဝေးလေသည်။ စစ်မှန်သည့် ဗုဒ္ဓကျင့်စဉ်လမ်းကို သင်ပြပေးနိုင်သည့် ကျောင်းတော်များမှာလည်း ဝင်ရန်ခက်ခဲလှလေသည်။ ဗုဒ္ဓကျင့်စဉ်အစစ်အမှန်ကို သင်ကြားပေးသည့် ကျောင်းတော်(၈)ခု ရှိလေသည်။

ပထမအဆင့်ကျောင်းတော်မှာ ဆန်းလွမ်ကျောင်းတော် (ဖူ့ရှင်းဂိုဏ်း)၊ ဒုတိယအဆင့်ကျောင်းတော်များမှာ ယွိကျားကျောင်းတော် (ဖူ့ရှန်းဂိုဏ်း)၊ တတိယအဆင့်ကျောင်းတော်မှာ ထျန်းထိုင်ကျောင်းတော်၊ စတုတ္ထအဆင့်ကျောင်းတော်မှာ ရှန်းရှီးကျောင်းတော် (ဟွာယန်ဂိုဏ်း)၊ ပဉ္စမအဆင့်ကျောင်းတော်မှာ ချန်ကျောင်းတော်၊ ဆဌမကျောင်းတော်မှာ ကျင်းထူကျောင်းတော်၊ သတ္တမမြောက်ကျောင်းတော်မှာ လွိကျောင်းတော်၊

အဌမမြောက်ကျောင်းတော်မှ မီကျောင်းတော်(ကျန်းယန်ကျောင်းတော်) တို့ဖြစ်လေသည်။

ကျောင်းတော်အမည်များကို အတိုကောက်မှတ်မိရန်အတွက် “ရှင်း ၊ ရှန်း ၊ ထိုင် ၊ ရှန်း ၊ ချန် ၊ ကျင်း ၊ လို့ နှင့် မီ” ဟု အတိုကောက်မှတ်သားနိုင်လေသည်။

ဗုဒ္ဓကျင့်စဉ်လမ်းမှာ သစ္စာတရားကို ရှာဖွေသည့် တစ်ခုတည်းသောကျင့်စဉ်ဖြစ်လေသည်။ သို့သော် အသိဉာဏ်ပညာမတူညီမှု ၊ ကံတရားမတူညီမှု ၊ ကိုယ်ရေကိုယ်သွေးမတူညီမှု ၊ ပါရမီဆတ်ခံမတူညီမှုများအပေါ်တွင် အခြေခံပြီး ကျောင်းတော်(၈)ခုကွဲပြားသွားခြင်းဖြစ်လေသည်။

ထိုအဓိကကျောင်းတော်ကြီး(၈)ခုတွင် ဆရာသခင်များစွာရှိလေသည်။ ထိုကျောင်းတော်ကြီးရှစ်ခုအကြောင်းကို

ဆရာတော်တစ်ပါးက ကဗျာပင်ရေးစပ်ထားလေသည်။ ထို

ကဗျာမှာ....

ကြွယ်ဝခြင်းအတွက် မီကျောင်းတော်ချိုးခြံခြွေတာခြင်း

အတွက် ချန်ကျောင်းတော်

လူတိုင်းအတွက် ကျင်းကျောင်းတော် သည်းခံခြင်းတရားများ

နှင့် ဆန်းလွမ် ဉာဏ်ပညာနှင့်အမှန်တရားအတွက် ယွိကျား ဟွာ

ယန်ကတော့ ရိုးရာကိုလေးစားပြီး စည်းကမ်းတင်းကြပ်တာ

ကတော့ ရှန်းရှီး စုစည်းမှုအားကောင်းတဲ့ ထျန်းထိုင်ဟူ၍ဖြစ်

လေသည်။

သို့သော် ကျောင်းတော်ကြီးရှစ်ခုလုံး၏ အန္တိမရည်ရွယ်ချက်မှာ

နိဗ္ဗာန်လမ်းကိုလျှောက်လှမ်းနိုင်ရန်ပင်ဖြစ်လေသည်။ တာအို

ဝါဒ၏နောက်ဆုံးဦးတည်ရာမှာလည်း ဗုဒ္ဓကျင့်စဉ်လမ်းနှင့်

အလွန်ပင်ဆင်တူလေသည်။

မသေမျိုးဖြစ်သည့်နတ်ဘုရားများကို တိရှန်း ၊ ရန်ရှန်း ၊ ဆန်းရှန်း ၊ ကွေ့ရှန်း ဟူ၍ခွဲခြားထားလေသည်။ ချင်းရှမ်လမ်းစဉ် အတိုင်းကျင့်ကြံပြီး ဖော့ဝမ့်အဆင့်အောင်မြင်သွားပါက တိရှန်းအဆင့်နတ်ဘုရားတစ်ပါး ဖြစ်လာမည်ဖြစ်လေသည်။

ရန်ရှန်း ၊ ဆန်းရှန်း နှင့် ကွေ့ရှန်းအဆင့်နတ်ဘုရားများမှာ အဆင့်နိမ့်နတ်ဘုရားများဖြစ်ကြလေသည်။ သူတို့က ကျင့်ကြံခြင်းအဆင့်ကိုးဆင့်အရင်းအမြစ်ကို မရရှိနိုင်သည့်သူများဖြစ်ကြသည်။ ထိုအကြောင်းအရာများကို ထိုက်ဝေ့ထိုင်ခန်းမဆောင်၏ ပထမထပ်တွင် အသေးစိတ်ရေးသားထားခြင်းမရှိပေ။

ကျင့်ကြံသူဖြစ်လာလျှင် မှတ်ဉာဏ်ချို့တဲ့သူဟူ၍မရှိသလောက်ပင်ဖြစ်လေသည်။ ထို့ကြောင့် ထိုက်ဝေ့ထိုင်ပထမထပ်မှ စာရွက်စာတမ်းများကို ပြင်ပသို့ငှားယမ်းခွင့်မရှိပေ။

သာမန်တပည့်ငယ်များပင်လျှင် သိချင်သည့်ကိစ္စရပ်များရှိပါ က ခန်းမဆောင်သို့ပင်လာကာ တစ်ရက်တန်သည် နှစ်ရက်တန်သည် သိချင်သည်များကို မှတ်သားရလေသည်။ ထိုသို့ မှတ်သားလေ့လာရင်း အဆင့်မြင့်တက်လှမ်းနေကြသည့် ဂိုဏ်းတူအစ်ကိုများ ၊ ဆရာသခင်များနှင့် တွေ့ဆုံသည့်အခါတွင် လည်း ကျင့်ကြံမှုလမ်းစဉ်အတွက် ဆွေးနွေးနိုင်လေသည်။ တာအိုကျောင်းတော်များ ၊ ဗုဒ္ဓဘာသာကျောင်းတော်များအပြင် မိစ္ဆာကျင့်စဉ်ကိုးလမ်းရှိပြီး မိစ္ဆာကျင့်စဉ်ကျောင်းတော်ငါးခု လည်းရှိလေသည်။ သို့သော် ထိုကျောင်းတော်များမှာ ထင်ရှား ကျော်ကြားခြင်းတော့မရှိလှပါ။

ထိုင်ဝေ့ထိုင်ခန်းမဆောင်ပထမထပ်တွင် ကျင့်စဉ်ကျမ်းများနှင့် ဓားသိုင်းပညာကျမ်းများစွာရှိလေသည်။ သို့သော် ဆန်းလျန်က ထိုကျမ်းစာများကို သိပ်ပြီးစိတ်ဝင်စားခြင်းမရှိပါ။ ထိုပညာ များမှာ သူလေ့ကျင့်လိုသည့်အချိန်ရောက်လျှင် တစ်ကြိမ်မျှ

ဖတ်ရှုမှတ်သားပြီး လေ့ကျင့်လိုက်သည်နှင့်ရလေသည်။ ယခု လက်ရှိအချိန်တွင်တော့ သူသိချင်နေသည်က ဝိညာဉ်မြစ်မှ မှော်ကျောက်စိမ်းအကြောင်းပင်ဖြစ်လေသည်။

ဆရာသခင်က တစ်လလျှင် ဝိညာဉ်မြစ်ကမ်းနံဘေးမှ မှော်ကျောက်စိမ်း အလုံးသုံးဆယ်ကောက်ခဲ့ရန် အမိန့်ရှိထားလေသည်။ သို့သော် ထိုလုပ်ဆောင်ချက်မအောင်မြင်လျှင် မည်သို့ဖြစ်မည်ကိုတော့ ဆရာသခင်ကပြောပြထားခြင်းမရှိသလို ဆန်းလျန်ကလည်းမသိချင်ခဲ့ပါ။

ဝိညာဉ်မြစ်မှာ ချီဖူတောင်အနောက်ဘက်တွင်တည်ရှိလေသည်။ ချီဖူတောင်မှာ အဓိကတောင်မကြီးဖြစ်သည့် ထိုက်ယီတောင်အနီးတွင်တည်ရှိလေသည်။ ဝိညာဉ်မြစ်၏ စတင်မြစ်ဖျားခံရာနှင့်အဆုံးသတ်ရာနေရာကို မည်သူမျှ မသိကြပေ။

ချင်းရှမ်သို့စတင်ရောက်ရှိသည့်အချိန်တုန်းက စက္ကူလှေပေါ်မှ အဖြူရောင်ဝတ်လူမှာ အသူရာချောက်ကိုးထပ်မှ ဝိညာဉ်ဆင့်ခေါ်သူဖြစ်လေသည်။ ထိုသူမှာ နေဝင်သည်နှင့် ဝိညာဉ်မြစ်ကြောင်းတစ်လျှောက်စုန်ဆင်းလာပြီး အနီးအနားရှိဝိညာဉ်များကို ဆင့်ခေါ်ပြီး ပျောက်ကွယ်သွားမြဲဖြစ်လေသည်။

အသူရာချောက်ကိုးထပ်မှာ လွန်စွာမှ ထူးခြားဆန်းကျယ်သည့်နေရာတစ်ခုဖြစ်လေသည်။ ဆန်းလျန်က ထိုနေရာအကြောင်းကို ရှာဖွေဖတ်ရှုသော်လည်း အကျဉ်းချုပ်မျှ ရေးသားဖော်ပြထားသည်ကလွဲပြီး ကျန်သည့်အချက်အလက်များကိုမတွေ့ရပေ။

ဝိညာဉ်မြစ်မှထွက်ပေါ်လာသည့် မှော်ဝိညာဉ်၏အစွမ်းကြောင့် မြစ်ရေမှ ကျောက်တုံးလေးများဖြစ်ပေါ်လာလေသည်။ ထိုကျောက်တုံးလေးများကို မှော်ကျောက်စိမ်းဟု ခေါ်ခြင်းဖြစ်လေသည်။

မှော်ကျောက်စိမ်းကို လူတစ်ယောက်၏ကိုယ်ပေါ်တွင် မှော်ကျောက်စိမ်းမန္တန်အဖြစ်အသုံးပြုနိုင်လေသည်။ ထိုကျောက်စိမ်းတွင် စိတ်ကိုတည်ငြိမ်စေသည့်အစွမ်းရှိသောကြောင့် ထိုကျောက်စိမ်းကိုအဆောင်ထားပြီး အတွင်းအားလေ့ကျင့်ပါက အတွင်းအားဖောက်လွှဲဖောက်ပြန်ဖြစ်ခြင်းကို ကာကွယ်ပေးလေသည်။

မှော်ကျောက်စိမ်းကိုဝိညာဉ်မြစ်ထဲမှာမရှာဖွေဘဲ ပြုလုပ်မည်ဆိုပါကလည်း ပြုလုပ်၍ရလေသည်။ သို့သော်ဟိုင်သန်းအဆင့်ကျင့်ကြံသူမှသာ မှော်ကျောက်စိမ်းကို လုပ်ဆောင်နိုင်မည်ဖြစ်လေသည်။ ထို့ကြောင့် မှော်ကျောက်စိမ်းတစ်ခုကို စီမံနိုင်ရန်မှာ အလွန်ခက်ခဲသည့်ကိစ္စဖြစ်လေသည်။

ထို့ပြင် ဟိုင်သန်းအဆင့်ကျင့်ကြံသူများမှာလည်း သူတို့၏ဂိုဏ်းတူညီငယ်များအတွက် မှော်ကျောက်စိမ်းပြုလုပ်ပေးရန် အချိန်ရောစွမ်းအားရော အကုန်မခံနိုင်ကြပါ။ သူတို့မှာ

လည်း သူတို့ကျင့်ကြံမှုနှင့်သူတို့ မအားရအောင်ဖြစ်နေကြသူများဖြစ်လေသည်။

ယခုတော့ ဆန်းလျန်မှာ ဝိညာဉ်မြစ်ကမ်းနံဘေးတွင် မှော်ကျောက်စိမ်းစုဆောင်းရန်အတွက် တာဝန်ပေးခြင်းခံရပြီဖြစ်လေသည်။ ဆန်းလျန်မှာ သူလုပ်သည့်အလုပ်မှာ လွန်စွာမှ မှန်ကန်သည့်အလုပ်ဟု ခံစားနေမိသည်။

ချင်းရွှမ်နတ်တံခါးသို့ရောက်သည့်နေ့က သူ၏စန္ဒကူးဓားပေါ်တွင်စိုနေသည့် ဝိညာဉ်မြစ်ရေကိုထိမိသည့်အတွက် သူ၏ဝိညာဉ်နာကျင်ခံစားရသည်ကို ဆန်းလျန်မှတ်မိနေလေသည်။

မှော်ကျောက်စိမ်းများမှာ ဝိညာဉ်မြစ်ရေအောက်တွင်ရှိခြင်းဖြစ်လေသည်။ သူ၏စန္ဒကူးဓားကိုအသုံးပြုပြီး လှမ်းကောက်ယူ၍ပင်မရနိုင်ပေ။

စားကိုအသုံးပြုပြီးကောက်ယူ၍ရမည်ဆိုလျှင်လည်း ဆန်းလျ
န်ကကောက်ယူမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူ့ကို
မော်ကျောက်စိမ်းကောက်ခိုင်းရသည့် ဆရာ
သခင်၏ရည်ရွယ်ချက်ကို သူနားလည်သွားသောကြောင့်ဖြစ်
လေသည်။

ဆန်းလျန် သူ၏အဝတ်များကိုချွတ်ကာ ဝိညာဉ်မြစ်တွင်းသို့
ခုန်ချလိုက်လေသည်။ ဝိညာဉ်မြစ်ရေများက သူ့ခန္ဓာကိုယ်တွင်း
သို့စိမ့်ဝင်သွားပြီး သူ၏ဝိညာဉ်ကို တိုက်စားသွားကြလေသည်။
ဆန်းလျန်မှာ ရုပ်ခန္ဓာ၏နာကျင်မှုကို ဝိညာဉ်စွမ်းအားဖြင့်
တားဆီးနိုင်သော်လည်း စိတ်ဝိညာဉ်ပြင်းထန်စွာ နာကျင်ခြင်း
ကိုတော့ တားဆီးနိုင်ခြင်းမရှိပါ။ သူတတ်နိုင်သမျှ အောင့်ခံ
ထားလေသည်။

ဆန်းလျန်မြစ်ရေထဲသို့ခုန်ချလိုက်သည်နှင့် ပြင်းထန်သည့်
နာကျင်မှုကိုခံစားရလေသည်။ သို့သော် သူကစိတ်ကိုကြံ့ကြံ့ခံ

ထားပြီး သူ၏ဝိညာဉ်ကို ခန္ဓာကိုယ်တစ်ခုလုံးရှိဆုံချက်နေရာ

များနှင့် အထွင်ဋ္ဌထိပ်နေရာများသို့ အတွင်းအားပို့လွှတ်သကဲ့သို့

ပို့လွှတ်ကြည့်လိုက်လေသည်။ ထိုအခါ သူ၏ဝိညာဉ်မှာ

သူ၏ကိုယ်တွင်းသွေးအသားများအထိစီးဆင်းသွားပြီး

အတွင်းအားများကိုစုပ်ယူလိုက်သောကြောင့် မြစ်ရေကတိုက်

စားသွားသည့် ဝိညာဉ်မှာ ပြန်လည်အားပြည့်လာလေသည်။

ဝိညာဉ်မြစ်ကမ်းနံဘေးတွင် မှော်ကျောက်တုံးသွားကောက်

သည့်အချိန်တိုင်း သူ၏ဝိညာဉ်မှာ အားနည်းသွားရလေသည်။

သို့သော် သူ၏သွေးသားရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ်ဆက်စပ်မှု

ကတော့ ပိုပြီးခိုင်မာလာလေသည်။

အခက်ခဲဆုံးအပိုင်းမှာ ဝိညာဉ်မြစ်ရေအောက်အတွင်းမှ မှော်

ကျောက်စိမ်းကိုရှာဖွေရခြင်းဖြစ်လေသည်။

သူ၏သွေးသားရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ်ပေါင်းစည်းသွား
သည့်အတွက် ဝိညာဉ်မှာပြန်လည်အားပြည့်လာသည့်တိုင်
နာကျင်မှုကတော့ခံစားနေရဆဲဖြစ်လေသည်။
သူ၏ဝိညာဉ်မှာ အတွင်းအားများကိုစုပ်ယူနိုင်ခြင်းမရှိလောက်
အောင် အားနည်းသွားသည့်အခါတွင်တော့ ဝိညာဉ်
အရင်းအမြစ်အထိ နာကျင်ခြင်းကိုခံစားရလေသည်။ ထိုအခါ
မျိုးတွင်တော့ မြစ်ရေထဲတွင်တစ်ခဏပင် ဆက်ပြီးနေနိုင်ခြင်း
မရှိတော့ပေ။
ထို့ကြောင့် မော်ကျောက်စိမ်းတစ်တုံးမျှရှာတွေ့သည်နှင့် ဆန်း
လျန်မှာ မခံနိုင်တော့ဘဲ ကမ်းခြေသို့ ပြန်လည်ကူးခတ်လာရမြဲ
ဖြစ်လေသည်။
ဝိညာဉ်မြစ်ရေမှာ ငှက်မွေးတစ်ချောင်းကိုပင် နစ်မြုပ်စေသည့်
စွမ်းအားရှိသည့်အတွက် သူမြစ်လယ်ခေါင်သို့ ရောက်နေသည့်
အချိန်တွင် သူ၏ခန္ဓာကိုယ်ကိုရေပေါ်တွင် ကိုယ်ဖော့

ထား၍လည်းမရသည့်အတွက် အမြဲတမ်းပင် ကူးခတ်နေရလေသည်။

မည်သူတစ်ဦးတစ်လျှောက်မျှ ဝိညာဉ်မြစ်တွင် ရေကူးလေ့ကျင့်ချင်ကြမည်တော့မဟုတ်ပေ။

ကန်းချီအကာအကွယ်ပညာဖြင့် သူ့ခန္ဓာကိုယ်တစ်ခုလုံးကိုကာကွယ်ထားမည်ဆိုလျှင်တောင်မှ ဝိညာဉ်မြစ်ရေကိုတော့ ကာကွယ်နိုင်မည်မဟုတ်ပေ။ ဟိုင်သန်းအဆင့်ကျင့်ကြံသူများ၏အစွမ်းထက်မြက်လွန်းသည့် ဝိညာဉ်ဆိုလျှင်ရော ဝိညာဉ်မြစ်ရေနှင့်ထိတွေ့လျှင် နာကျင်မှုခံစားရမည်လားဟု ဆန်းလျန်တွေးတောကြည့်နေမိသည်။

သူကမ်းခြေသို့ပြန်ကူးခတ်လာသည့်အချိန်တိုင်း အတွင်းအားများမှာလည်း မရှိသလောက်ကုန်ခန်းသွားရလေသည်။ ချင်းရှမ်နတ်တံခါးတွင် အခြားနေရာများထက် မိုးမြေစွမ်းအားများ

မြင့်မားနေသည့်အတွက်သာ ဆန်းလျှန် ကံကောင်းခြင်းဖြစ်

လေသည်။

ဆန်းလျှန်က ရှမ်ကျိုကျင့်စဉ်ကိုကျင့်ကြံလိုက်ပြီး မိုးမြေ

စွမ်းအားများကို သူ၏ကိုယ်ထဲသို့ စီးဝင်စေလိုက်လေသည်။

သူ၏အထွဋ်ထိပ်ဆုံချက်ရှစ်နေရာလုံးမှာ သန့်စင်သွားပြီး ရှမ်

ကျိုကျင့်စဉ်က သူ့ကိုယ်ထဲတွင် နိုးထလာလေသည်။ ထို့နောက်

သူ၏အထွဋ်ထိပ်ဆုံချက်များအားလုံးကို ကွန်ယက်သဖွယ်

ချိတ်ဆက်ပေးလေသည်။ ထိုသို့ချိတ်ဆက်ပေးခြင်းကြောင့်

သူ၏အတွင်းအားများမှာ လုံးဝသန့်စင်သည့်အတွင်းအားများ

ဖြစ်လာရလေသည်။

သူ၏ဆုံချက်နေရာများအားလုံး ဆက်သွယ်သွားပြီး ထုံမိုက်

အဆင့်ကိုကျော်လွန်ကာ သာမန်ချောင့်တုန့်အဆင့်ပင် မဟုတ်

တော့ဘဲ "ဉာဏ်အလင်းပွင့်" သကဲ့သို့ဖြစ်လာလေသည်။ ထိုသို့

ဖြစ်ခြင်းကို "ရှင်ခြင်းနှင့်သေခြင်းကိုသိမြင်ခြင်း" ဟု ခေါ်ကြလေသည်။

ကျင့်စဉ်ကျမ်းများတွင် "တရားအလင်းတစ်ခုကိုနားလည်သွားလျှင် အခြားတရားအလင်းများကိုပါနားလည်သွားလိမ့်မည် ၊ တစ်ခါ သိမြင်နားလည်တိုင်း တရားအလင်းတစ်ခုရလိမ့်မည်" ဟု ပါရှိလေသည်။ "ဉာဏ်အလင်းပွင့်ခြင်း" ဆိုသည်မှာ ထိုအဓိပ္ပါယ်ပင်ဖြစ်လေသည်။

ဤသို့ "ဉာဏ်အလင်းပွင့်ခြင်း" အဆင့်သို့ရောက်အောက်လေ့ကျင့်ရသည်မှာ အဆင့်ကိုးဆင့်ကျင့်စဉ်လမ်းတွင် ဟိုင်သန်းအဆင့်နှင့် ဖော့ဝမ့်အဆင့်ပြီးလျှင် အခက်ခဲဆုံးအဆင့်ဖြစ်လေသည်။

ထိုအဆင့်မှာ အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့် အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်ကို ဖွင့်လှစ်သည့် ထုံမိုက်အဆင့်ပြီး နောက်တစ်ဆင့်ဖြင့်သည့် ချောင့်တုန့်အဆင့်ပင်ဖြစ်လေသည်။

သေခြင်းနှင့်ရှင်ခြင်းကို ရှင်းလင်းစွာသိမြင်ရန်မှာ အလွန်မှ ခက်ခဲလေသည်။ အဘယ်ကြောင့်ဆိုသော် ရှိခြင်းနှင့်မရှိ ခြင်းကြားတွင် မည်သည့်အရာမျှ ပုံသေသတ်မှတ်ထားခြင်း မ ရှိသောကြောင့်ဖြစ်လေသည်။

"ဉာဏ်အလင်းပွင့်ခြင်း" ကျင့်စဉ်ကို အချို့က ခြေဖျားပိုင်းမှ စတင် စတင်နိုးထအလင်းရကြပြီးအချို့က လက်မှစတင်နိုးထ အလင်းရကြလေသည်။ သို့သော် မည်သည့်နေရာကစတင်နိုး ထရမည်ဟု ဥပဒေသတ်မှတ်ထားခြင်းမျိုးမရှိပေ။

"ဉာဏ်အလင်းပွင့်ခြင်း" ကျင့်စဉ်အတွက် နည်းလမ်းတစ်ခု တည်းသာရှိပြီး ခန္ဓာကိုယ်အတွင်းရှိ တံခါးဝအားလုံးပွင့်သွား သည့်အချိန်တွင်တော့ "သေခြင်းရှင်ခြင်းကိုသိမြင်ခြင်း" က ပေါ်ပေါက်လာမည်ဖြစ်လေသည်။ ရှေးယခင်ကျင့်ကြံ အောင်မြင်ခဲ့သူများတွင် ထိုသို့ပင် အတွေ့အကြုံရှိခဲ့ကြလေ သည်။

ရွှမ်ကျိုကျင့်စဉ်မှာ ရာပေါင်းများစွာသော တရားအလင်းများကို ဖွင့်ပေးနိုင်သည့်အတွက်ကြောင့် "သေခြင်းရှင်ခြင်းကိုသိမြင်ခြင်း" အလင်းတရားပွင့်လာနိုင်ရန်အတွက် များစွာနီးစပ်လေသည်။

ဝိညာဉ်မြစ်သို့ဆန်းလျန်သွားသည့်အချိန်တိုင်း သူ၏အတွင်းအားများပြန်ပြည့်လာရန်အတွက် သုံးနာရီခန့် အချိန်ယူရလေသည်။ ထို့ကြောင့် ဆန်းလျန် မြစ်ကမ်းနံဘေးမှ ရှယွမ့်အဆောင်သို့ပြန်လာသည့်အချိန်တွင်နေအတော်ပင် စောင်းနေပြီဖြစ်လေသည်။

လူစောယိမှာ ဆန်းလျန်အတွက်စိုးရိမ်နေရန် အချိန်ပင်မရှိတော့ပါ။ သူက ဆရာသခင်ဆီမှ ကျင့်စဉ်များသင်ယူနေရပြီဖြစ်လေသည်။ ဆန်းလျန်နေ့တိုင်းနာကျင်ခံစားနေရသည်များကို လူစောယိတစ်ယောက် ရိပ်ပင်မရိပ်မိပေ။

အခန်း (၇၆)

ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းကျင့်စဉ်

လူစောယိမှာလည်း ဆန်းလျန်ကိုဂရုစိုက်ရန်အတွက် အားပင်မ ရှိတော့ပါ။ သူလေ့ကျင့်နေရသည့် ကျင့်စဉ်များမှာလည်း လွယ်ကူသည့်ကျင့်စဉ်များမဟုတ်သည့်အပြင် လူစောယိမှာ မည်သည့်အခြေခံကျင့်စဉ်ကိုမျှ သင်ယူခဲ့ဖူးခြင်းမရှိ သည့်အတွက် ပိုပြီးအားစိုက်ထုတ်နေရလေသည်။ ချင်းရွှမ်နတ်တံခါး၏ဆောင်ပုဒ်မှာ "လူတစ်ယောက်သည် ကျင့်ကြံသူတစ်ယောက်ဖြစ်လိုပါက စိတ်နှလုံးကိုအရင်ပြင်

ဆင်ရမည်" ဟူ၍ဖြစ်လေသည်။ လူစောယိမှာ စိတ်ထားဖြူစင်သူတစ်ဦးဖြစ်သည့်အတွက် ထိုဆောင်ပုဒ်အတိုင်းလိုက်နာရန် မခက်ခဲပါ။ ထို့ကြောင့်ပင် ဆရာသခင်က လူစောယိ၏အနာဂတ်အတွက် သံသယမဝင်ခဲ့ခြင်းဖြစ်လေသည်။

"အားလုံးကိုအခြေခံမှစတင်ရပြီး အခြေခံကောင်းတစ်ခုရဖို့ဆိုသည်မှာလည်း လွယ်ကူခြင်းမရှိ" ဆိုသည့် ဆိုရိုးစကားကဲ့သို့ပင်ဖြစ်လေသည်။

လူစောယိမှာ "အတွေးကိုရုပ်လုံးဖော်ခြင်းကျင့်စဉ်" ကို စတင်သင်ယူနေရလေသည်။ စိတ်ကူးထဲတွင် နေနှင့်လတစ်ပြိုင်တည်းတည်ရှိမှုကို စိတ်ကူးပုံဖော်နေရလေသည်။ သူ့ဘဝတွင် ထိုကဲ့သို့သော ခက်ခဲသည့်ကျင့်စဉ်များကို တစ်ခါမှမလေ့ကျင့်ခဲ့ဖူးပေ။

ကျင့်စဉ်စတင်လေ့ကျင့်ပြီး ငါးရက်မြောက်နေ့တွင်ပင် လူစောယိပုံစံမှာ စုတ်ပြတ်သပ်နေပြီး ဦးနှောက်အရည်ပျော်မတတ်

လေ့ကျင့်နေရလေသည်။ ထိုသို့လေ့ကျင့်နေသည့်တိုင် တစ်စက်ကလေးမျှတိုးတက်ခြင်းမရှိသေးပေ။

ချင်းရွှမ်နတ်တံခါးမှာ နှစ်ဝက်ခန့်အထိ ဖွင့်ထားသည့်အတွက်ကြောင့် ရှယွမ့်အဆောင်သို့ နောက်ထပ်တပည့်အသစ် သုံးယောက်ထပ်ရောက်လာလေသည်။ ဆန်းလျန်မှာတော့ မနက်အရုဏ်တက်သည်နှင့် ဝိညာဉ်မြစ်ကမ်းနံဘေးသို့ ထွက်ခွာသွားရပြီး ညမိုးချုပ်မှပင် ပြန်ရောက်လာတတ်လေသည်။ ပြန်လာသည့်အချိန်တွင် သူ၏ဝိညာဉ်အရင်းအမြစ်တည်ငြိမ်မှုရှိစေရန်အတွက် သူပုံဖော်နေကျ နတ်သမီးရုပ်တုကို စိတ်ထဲတွင် ပုံဖော်ကြည့်လေ့ရှိလေသည်။ ထို့ကြောင့် အသစ်ရောက်လာသည့်တပည့်များအပေါ်အာရုံစိုက်ရန် သူ့တွင် လုံးဝအချိန်မရှိခဲ့ပေ။ ဆန်းလျန်မှာ တဖြည်းဖြည်းပိန်လာပြီး အရိုးမျှသာကျန်တော့လေသည်။

မျက်လုံးများမှာလည်း တောက်ပကြည်လင်ခြင်းမရှိတော့ဘဲ နီ ရဲယောင်ကိုင်းကာ ရီဝေဝေဖြစ်နေလေသည်။

"နိဗ္ဗာန်ရောက်ရန်အတွက် အပင်ပန်းခံကျင့်ကြံရမည်" ဆိုသည့် ဗုဒ္ဓဘာသာကျမ်းစာတွင်ရေးသားထားသည့် ကျမ်းပိုဒ်အတိုင်း ပင်ဖြစ်လေသည်။ ဗုဒ္ဓလမ်းစဉ်ကျင့်ကြံသူတစ်ယောက်မှာ ဒုက္ခ သစ္စာတရားကိုနားလည်ရန်အတွက် များစွာကျင့်ကြံရမည်ဖြစ် လေသည်။

နတ်ဘုရားတစ်ပါးဖြစ်လာရန်မှာလည်း ထိုကဲ့သို့ပင်ဖြစ်လေ သည်။ ခက်ခဲစွာကျင့်ကြံပြီးမှသာ အကျိုးအမြတ်အသီးအပွင့် ကို ခံစားရမည်ဖြစ်လေသည်။

အကျိုးအမြတ်အသီးအပွင့်ကိုရရှိရန်အတွက် ကျင့်စဉ် လမ်းတွင် သစ်ပင်စိုက်ရသည်မှာ လွန်စွာမှပင်ပန်းဆင်းရဲခံပြီး မနားမနေကြိုးစားမှသာ ရမည်ဖြစ်လေသည်။

နတ်ဘုရားဘဝသို့ရောက်ရှိခဲ့သူအားလုံးမှာလည်း ထိုကဲ့သို့ပင် မနားမနေကြိုးစားခဲ့ရသည်ချည်းပင်ဖြစ်လေသည်။

ဆန်းလျန်မှာ ခေတ်ပေါ်လောကတွင်နေထိုင်ခဲ့စဉ်ကရော ၊ ယခု လက်ရှိဘဝတွင်ရော သက်သောင့်သက်သာနှင့် အန္တရာယ်ကင်း သည့်ဘဝတွင်သာနေထိုင်ခဲ့ခြင်းဖြစ်လေသည်။ ယခုကဲ့သို့ ဝိညာဉ်မြစ်ထဲသို့ဆင်းကာ မှော်ကျောက်စိမ်း ရှာဖွေသည်မှာ သူ့ အတွက်ပထမဆုံးအကြိမ် ပြင်းထန်စွာ နာကျင်သည့်ဒဏ်ကို သည်းခံပြီး လေ့ကျင့်ခြင်းပင်ဖြစ်လေသည်။

သို့သော် ဝိညာဉ်မြစ်ရေ၏တိုက်စားခြင်းကို ပြင်းထန်စွာခံစားရ သည့်တိုင် သူ၏ဝိညာဉ်မှာ လန်းဆန်းနေဆဲဖြစ်လေသည်။

ဝိညာဉ်မြစ်ရေတိုက်စားခြင်းကြောင့် သူ၏ဝိညာဉ်မှာ စူးရှ နာကျင်ခံစားမှုကိုခံစားရသော်လည်း မြစ်ထဲမှပြန်တက်လာ သည့်အချိန်တိုင်း အသစ်မွေးဖွားလာသူတစ်ယောက်လို ခံစားရ လေသည်။

သူ၏နူးညံ့ဖြိုးစင်သည့်အသားအရေမှာ ယခုတော့ ညိုမဲနေပြီ

ဖြစ်လေသည်။

သူ၏ဝိညာဉ်ပြန်လည်ရှင်သန်လာရန်အတွက် သူ၏ရုပ်ခန္ဓာ

အသွေးအသားများကို စတေးခဲ့ရသောကြောင့်ဖြစ်လေသည်။

ထို့ကြောင့်ပင် ရုပ်ခန္ဓာအားနည်းနေသည့်တိုင် သူ၏စိတ်ဝိညာဉ်

ကတော့ တည်ငြိမ်အေးဆေးနေခြင်းဖြစ်လေသည်။

နတ်ဘုရားကျင့်စဉ်များမှာ ပထမဆုံးအတွင်းအားကိုလေ့ကျင့်

ရပြီး နောက်ပိုင်းတွင် စိတ်ဝိညာဉ်ကိုသန့်စင်အောင် လေ့ကျင့်ရ

လေသည်။

လူစောယိမှာ ဆရာသခင်ကိုယ်တိုင်သိုင်းပညာများသင်ကြား

ပေးနေသည့်တိုင် "အတွေးကိုရုပ်လုံးဖော်ခြင်းကျင့်စဉ်" မှ

အဆင့်တက်ခြင်းမရှိသည့်အပြင် ဝိညာဉ်အားဖြည့်ခြင်းအဆင့်

နှင့်ပင် အလှမ်းဝေးနေသေးသည်။ ထို့ကြောင့်ပင် လူစောယိမှာ

သူ၏ကျင့်စဉ်များကို အသဲအသန်လေ့ကျင့်နေလေတော့သည်။

“စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း” စာအုပ်မှ “စိတ်ဝိညာဉ်မြှင့်တင်ခြင်းကျင့်စဉ်” ကို တိုက်ရိုက်လေ့ကျင့်လိုက်သည့်အတွက် ယခင်ဆန်းလျန်အစစ်၏ဝိညာဉ်မှာ ဝိညာဉ်နယ်ထဲသို့ လွင့်မျောသွားရခြင်းဖြစ်လေသည်။

သူက ခေတ်ပေါ်ကမ္ဘာမှရောက်လာပြီး ဤလောကတွင် ဆန်းလျန်၏ခန္ဓာကိုယ်ဖြင့် ဘဝအသစ်ရလာသည့်အချိန်တွင်တော့ “စိတ်ဝိညာဉ်များကိုထိန်းချုပ်နိုင်ခြင်း” စာအုပ်ကို လေ့ကျင့်ခြင်းကိုရပ်တန့်လိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျင့်စဉ်ကြောင့် သူ၏အသွေးအသားနှင့်အသက်ဓာတ်များဆုံးရှုံးရမည်ကို စိုးရိမ်သောကြောင့်ဖြစ်လေသည်။

သို့သော် ဝိညာဉ်လွှင့်ခြင်းကျင့်စဉ်ကပင် သူ့ကိုအခြေခံကောင်းများပေးခဲ့လေသည်။ ထို့ပြင် ဆန်းလျန်နှင့် ယခင်ဆန်းလျန်အစစ်၏စိတ်စွမ်းအားများပေါင်းစပ်သွားသောကြောင့် သူက

လွယ်လွယ်ကူကူ ဝိညာဉ်လွှင့်သည့်ကျင့်စဉ်ကို အောင်မြင်ခဲ့ခြင်းဖြစ်လေသည်။

အစပိုင်းတွင်တော့ ထိုဝိညာဉ်လွင့်ခြင်းကျင့်စဉ်မှာ ကောင်းသလိုရှိသော်လည်း ရေရှည်တွင်တော့မကောင်းသည့်အရာဖြစ်လေသည်။

ရုပ်ခန္ဓာမှ စိတ်ဝိညာဉ်မခွာနိုင်လျှင် ဝိညာဉ်စွမ်းအားမရှိတော့ သကဲ့သို့ ဖြစ်ပေါ်လာမည်ဖြစ်လေသည်။

ဝူထုန်နတ်မိစ္ဆာများမှာ ထိုလမ်းကိုလျှောက်ခဲ့ခြင်းဖြစ်လေသည်။ ထိုလမ်းမှာ အချိန်ကြာမြင့်လျှင် အစွန်းရောက်သွားတတ်ပြီး လောဘနှင့်ရမ္မက်ဆန္ဒများ များပြားလာမည်ဖြစ်လေသည်။ စိတ်ဝိညာဉ်ကစွမ်းအားကြီးမားသော်လည်း ရုပ်ခန္ဓာနှင့်ပေါင်းစည်းခြင်းမရှိသည့်အတွက် ဒြပ်စင်မဖြစ်လာနိုင်ပေ။

ဝိညာဉ်မြစ်မှ ဝိညာဉ်စားသည့်မြစ်ရေသည် ဆန်းလျန်၏ဝိညာဉ်ကို နက်နက်ရှိုင်းရှိုင်းပျက်စီးစေသော်လည်း ဆန်း

လျန်အား သဘာဝတရားအတိုင်းထိတွေ့ပြီး အသက်ဓာတ်

ကိုရှင်သန်စေလေသည်။

ဥပမာပြောရလျှင် တစ်ပတ်ရစ်ပြန်ဝယ်ထားသည့်အိမ်တစ်လုံး

မှာ နေထိုင်ရန်အဆင်မပြေနိုင်ပေ။ သို့သော် ဝယ်ယူသူက

စိတ်တိုင်းကျ ပြန်လည်ပြုပြင်တည်ဆောက်လိုက်သည့်အခါ

တွင်တော့ နေထိုင်ရန်အဆင်ပြေသွားသည့် သဘောမျိုးဖြစ်

လေသည်။

သူ၏ရုပ်ခန္ဓာနှင့်စိတ်ဝိညာဉ်စတင်ပေါင်းစည်းလာသည်ကို

ဆန်းလျန်ခံစားမိလေသည်။ ထိုသို့သောအခြေအနေကို

လက်လွှတ်မခံသင့်ကြောင်းဆန်းလျန်သဘောပေါက်လေ

သည်။

နှစ်ဆယ့်ခုနစ်ရက်ကြာခဲ့ပြီးသည့်နောက်တွင်တော့ ဆန်းလျန်

မှာ မော်ကျောက်စိမ်းအလုံးသုံးဆယ် ရှာဖွေတွေ့ရှိသွားပြီဖြစ်

လေသည်။ တစ်နေ့တစ်လုံးရှာဖွေသည့်စံချိန်နှင့်တွက်လျှင်

ဆန်းလျန်က သုံးရက်ပင်စောနေသေးသည်။

မော်ကျောက်စိမ်းနောက်ဆုံးတစ်လုံးကိုရှာဖွေပြီးသွားသည့်

အခါတွင်တော့ ဆန်းလျန်မှာ မြစ်ကမ်းနံဘေးသို့ပြန်လည်ကူး

ခတ်လာပြီး သူ့ကိုယ်တွင်စိုနေသည့် ဝိညာဉ်မြစ်ရေများကို ခါ

ထုတ်လိုက်လေသည်။

သူ၏စန္ဒကူးဓားမှာလည်း ဝိညာဉ်မြစ်ရေများကို နှစ်ဆယ့်ခုနစ်

ရက်တိုင်တိုင် အတိုင်းအဆမဲ့စုပ်ယူထားခြင်းကြောင့် ညို့မှိုင်း

နေပြီဖြစ်လေသည်။

လွန်ခဲ့သည့်သုံးရက်ခန့်က စန္ဒကူးဓားမှာ အစာဝသွားသကဲ့သို့

မြစ်ရေများကို စုပ်ယူခြင်းမရှိတော့ပေ။

ဆန်းလျန်မှာ ဓားကိုကိုင်ထားရင်းထူးဆန်းသည့်ခံစားချက်တစ်

ခုကို ခံစားလိုက်ရလေသည်။ ဓားမှာ အသက်ဝင်နေပြီး မိုးမြေ

စွမ်းအားများကိုပင် စုပ်ယူနိုင်နေပြီဖြစ်လေသည်။ ထို့ကြောင့် ဓားမှာ လေးလံသကဲ့သို့ခံစားနေရခြင်းဖြစ်လေသည်။

ဆန်းလျန်က မော်ကျောက်စိမ်းအလုံးသုံးဆယ်ကို ဆရာသခင်ဆီသို့ အပ်နှံလိုက်လေသည်။ ယခုတော့ ဆန်းလျန်မှာ ဆရာသခင်၏အမည်နာမကိုလည်း သိခွင့်ရခဲ့ပြီ။ ဆရာသခင်၏နာမည်မှာ ကျန်းရော့ရှီး ဟူ၍ဖြစ်လေသည်။

ဆရာသခင်၏အသက်မှာ လက်ရှိတွင် အသက်ခြောက်ရာရှိပြီဖြစ်ပြီး လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာခန့်ကပင် လောဘနှင့်လိုချင်ဆန္ဒများကိုပယ်ရှားနိုင်သည့် သူတော်စင်တစ်ပါးဖြစ်လာခဲ့ပြီးဖြစ်လေသည်။ ထိုအဆင့်မှာ နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် နောက်ဆုံးအဆင့်ဖြစ်လေသည်။

သူတော်စင်ဆိုသည်မှာ ကမ်းတစ်ဖက်ကိုကူးခတ်နေသည့် ငါးတစ်ကောင်နှင့်တူလေသည်။ သို့သော် လိုချင်ဆန္ဒများကို

ပယ်ရှားနိုင်သည့်သူတော်စင်တစ်ပါးမှာ လုံးဝနတ်ဘုရား

တစ်ပါးဖြစ်လာခြင်းတော့မရှိသေးပေ။

ထိုအကြောင်းကိုသိရှိလိုက်ရသည်နှင့် ဆန်းလျန်မှာ ဆရာ

သခင်ကျန်းရော့ရှီးကို ပိုပြီးလေးစားသွားမိလေသည်။

သူ၏ကျင့်ကြံအားထုတ်မှုနှင့်ပေးဆပ်မှုများကိုလည်း များစွာ

လေးစားနေမိလေသည်။

ထို့ပြင် ဆရာသခင်ကျန်းရော့ရှီးမှာ သူ၏အပြစ်များကို

ထောက်ပြပြီး ကျော်လွှားနိုင်ရန် လမ်းပြပေးသည့်အတွက်

လည်း များစွာစိတ်ကျေနပ်နေမိလေသည်။

ဆန်းလျန်၏ဝိညာဉ်မှာ ရုပ်ခန္ဓာမှထွက်ခွာသည့်အချိန်တွင် အ

ရင်ကထက်များစွာအားနည်းနေသော်လည်း "အတွေးကို

ရုပ်လုံးဖော်ခြင်းကျင့်စဉ်" ပြန်လည်လေ့ကျင့်သည့်အခါ များစွာ

ကြည်လင်ပြတ်သားနေလေသည်။

သူ၏ဝိညာဉ်က ယခင်ကထက်အားနည်းနေသော်လည်း ရုပ်ခန္ဓာနှင့်စိတ်ဝိညာဉ်ပေါင်းစပ်လိုက်သည့်အခါတွင်တော့ ယခင်ကထက်ပိုပြီး စွမ်းအားကြီးမားနေသလို ခံစားနေရလေသည်။

ချင်းရွှမ်ခန်းမဆောင်ထဲတွင် ဆရာသခင်ကျန်းရော့ရှီးက ဆန်းလျန်ယူလာသည့် မော်ကျောက်စိမ်းများကို လက်ခံလိုက်ပြီး ဘေးနားတွင်အသာချထားလိုက်လေသည်။ သူက ဆန်းလျန်ကို ကျေနပ်စွာဖြင့်တစ်ချက်ကြည့်လိုက်လေသည်။ ဤလူငယ်လေးမှာ အလင်းပွင့်သွားပြီဖြစ်လေသည်။ သို့သော် သူ၏စိတ်ဝိညာဉ်ကတော့ တည်ငြိမ်အေးချမ်းနေပြီး မထိုးဖောက်နိုင်သည့်ဒြပ်စင်တစ်ခုအလားဖြစ်နေလေသည်။

ဆရာသခင်ထိုသို့ခံစားမိသူတစ်ယောက်ရှိလေသည်။ ထိုသူမှ ရွှမ်ထျန်းကျောင်းတော်မှ လုကျိုးယွမ်ပင်ဖြစ်လေသည်။ ထိုသူမှ နတ်ဘုရားများကြားတွင် ထိပ်တန်းနတ်ဘုရားတစ်ပါးအဖြစ် အသိအမှတ်ပြုခံရသူဖြစ်လေသည်။

သူတော်စင်တစ်ပါးဖြစ်လာလျှင် လောဘ ၊ ဒေါသ ၊ မောဟ များကို ပယ်သတ်နိုင်မှရပေမည်။ သို့သော် စိတ်ခံစားမှုများရှိနေသရွေ့ ဒေါသနှင့်ရမ္မက်ကိုရှောင်ရှားနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဖွဲ့ရှိရှိနှင့်ကျင့်ကြံအားထုတ်ခြင်းမပြုဘဲ နတ်ဘုရားဖြစ်ချင်သည်ဟုပြောနေခြင်းမှာ အပြောသက်သက်မျှသာဖြစ်လေသည်။

"ဒီလိုဆိုမှတော့ မင်းက ကျိုဝေ့တုန်းကျင့်စဉ်ကိုကျင့်ဖို့ သင့်တော်တဲ့သူပဲ ၊ အဲဒီကျင့်စဉ်က ဆရာသခင်ထိုက်ယီရဲ့ ရန်အားလုံးကိုအောင်နိုင်တဲ့ ကျင့်စဉ်နည်းလမ်းပဲ"

ဆရာသခင်ကျန်းရော့ရှီး၏စိတ်ထဲတွင် ထူးဆန်းခြင်းနှင့်ပျော်ရွှင်ခြင်းကို တစ်ပြိုင်တည်းခံစားလိုက်ရလေသည်။

"ဆရာသခင် ၊ ကျွန်တော်နောက်တစ်ဆင့်ဘာဆက်လုပ်ရပါမလဲ"

ဆန်းလျန်အနေဖြင့် ကိုယ်တိုင်ကျင့်ကြံခြင်းထက် ဆရာသခင်ဆီမှအကြံဉာဏ်တောင်းခြင်းက ပိုကောင်းသည်ဟု ခံစားမိလေသည်။

ကျန်းရော့ရှီးမျာ ကျင့်ကြံသူများထဲတွင် ဆရာတစ်ဆူဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်က ကွေ့ပတ်မနေတော့ဘဲ သူ့အကျင့်အတိုင်း တည့်တိုးမေးလိုက်ခြင်းပင်ဖြစ်လေသည်။

"ကျင့်စဉ်လမ်းဆိုတာ မသိမြင်နိုင်ပါဘူး၊ဝိညာဉ်မြစ်ကမ်းမှာကျင့်တဲ့ကျင့်စဉ်က အောင်မြင်သွားခဲ့ပြီ ၊ မင်းရဲ့ရုပ်ခန္ဓာမှာဝိညာဉ်စွမ်းအားတွေထင်ရှားနေပြီ ၊ မင်းရဲ့ဝိညာဉ်ကလည်း ရုပ်ခန္ဓာနဲ့ပေါင်းစည်းနေပြီ ၊ ဒီ ချောင့်တုန့်အဆင့်မှာတော့ မင်းနားလည်နိုင်မှာမဟုတ်သေးဘူး ၊ ဒါပေမယ့် ချူုးစန်းအဆင့်ကိုရောက်တဲ့အခါမှာတော့ ထူးခြားချက်ကို မင်းနားလည်လာလိမ့်မယ် ၊ မင်းလေ့ကျင့်ခဲ့တဲ့ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းကျင့်စဉ်က ဘာကျင့်စဉ်လဲဆိုတာ ကျုပ်တာကယ်ပဲသိချင်မိတယ် ၊

ဝိညာဉ်မြစ်ရေနဲ့ဒီလောက်ထိတွေ့တာတောင်မှ မင်းရဲ့ဝိညာဉ်က ပျက်စီးမသွားခဲ့ဘူး”

“ကျုပ်ကမင်းကို မှော်ကျောက်တုံးအလုံးသုံးဆယ်ကောက်ခိုင်းခဲ့တယ်၊ ဒါပေမယ့် မင်းဒါကိုပြီးဆုံးအောင်လုပ်နိုင်မယ်လို့ ကျုပ်မထင်ခဲ့တာအမှန်ပဲ၊ မင်းမလုပ်နိုင်တဲ့အလုပ်ကိုလုပ်ခိုင်းပြီး မင်းရဲ့အကန့်အသတ်ကိုသိစေချင်ခဲ့တာ၊ မင်းမလုပ်နိုင်တော့တဲ့အချိန်ကျရင်တော့ ကျုပ်ကမင်းကိုလာကယ်တင်ဖို့ စီစဉ်ထားပြီးသားပါ၊ ဒါပေမယ့် မင်းက ကျုပ်ထင်ထားတာထက်ပိုပြီးတော်နေတာပဲ”

ဆရာသခင်ကျန်းရှော့ရှီးကပြောရင်း ပြုံးလိုက်မိလေသည်။ ဝိညာဉ်မြစ်ရေများနှင့်ထိတွေ့ရသည့်အတွက် ဆန်းလျန်၏မျက်နှာမှာ မဲသဲပြီးပြာနှမ်းနေလေသည်။ ဆန်းလျန်မှာ ကျင့်ကြံသူလမ်းစဉ်နှင့်ပတ်သက်ပြီး အနည်းငယ်သာသိသောသူဖြစ်လေသည်။ အကယ်၍သာ ဝိညာဉ်မြစ်ရေမှာ ကျင့်ကြံမှု

အတွက်ကောင်းမည်ဆိုလျှင် ချင်းရွှမ်နတ်တံခါးမှ တပည့်များ
မှာ မလေ့ကျင့်ဘဲနေကြမည်မဟုတ်ပေ။
ဝိညာဉ်တစ်ခုပျက်စီးသွားသည်ဆိုလျှင် ပြန်လည်ကုသရန်
အတွက် အချိန်များစွာလိုအပ်လေသည်။ ဆန်းလျန်သာ
ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းကျင့်စဉ်ကို ကျင့်ကြံထားခြင်းမရှိ
လျှင် ဝိညာဉ်စွမ်းအားမည်မျှကောင်းသောသူဖြစ်ပါစေ
သူ၏ဝိညာဉ်မှာ ဝိညာဉ်အရင်းအမြစ်မှစတင်ပြီး ပျက်စီးသွားရ
လိမ့်မည်ဖြစ်လေသည်။
ဆရာသခင်ဆန်းရှော့ရှီးမှာ ဆန်းလျန် မြစ်ထဲတွင်မှော်ကျောက်
တုံးရှာနေသည့်အချိန်တိုင်း ထျန်းတိကျန်းဖြင့် တိတ်တဆိတ်
စောင့်ကြည့်နေခဲ့ခြင်းဖြစ်လေသည်။ အကယ်၍ဆန်းလျန်သာ
ဝိညာဉ်မြစ်ရေထဲတွင် တစ်ခုခုဖြစ်လျှင် ကယ်တင်နိုင်ရန်
အတွက် ထိုသို့စောင့်ကြည့်နေခြင်းပင်ဖြစ်လေသည်။

အခန်း (၇၇)

ပြန်လည်အပ်နှင်းခြင်း

“ကျွန်တော်လေ့ကျင့်ခဲ့တဲ့ ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်း

ကျင့်စဉ်ကိုဆရာသခင်သိချင်ပါသလား”

ဆန်းလျန်ကခပ်တိုးတိုးမေးလိုက်လေသည်။

“မင်းကရောပြောလိုစိတ်ရှိရဲ့လား”

ဆရာသခင် ကျန်းရော့ရှီးက ပြုံးရင်းပြန်ပြန်မေးလိုက်လေသည်။

"ဟုတ်ကဲ့ ၊ ကျွန်တော်ပြောချင်ပါတယ်"

ဆန်းလျန်ကသွက်လက်စွာပြန်ဖြေလိုက်လေသည်။

ဆန်းလျန်အနေဖြင့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်၏ဇစ်မြစ်မှာမည်မျှထူးဆန်းနေပါစေ ပြဿနာမရှိပါ။

ထိုစာအုပ်မှ ကျင့်စဉ်တစ်ခုမျှသာဖြစ်လေသည်။ ထိုစာအုပ်က သူ့ကိုနတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် များစွာကူညီပေးမည်မဟုတ်ပေ။

ချင်းရွှမ်နတ်တံခါးမှ နတ်ဘုရားကျင့်စဉ်များကသာ သူ့ကိုနတ်ဘုရားတစ်ပါးဖြစ်လာသည့်အထိ ကျင့်ကြံနိုင်အောင် ကူညီနိုင်မည်ဖြစ်လေသည်။

ထို့ပြင် ချင်းရွှမ်နတ်တံခါးမှာအလှူမဏ္ဍပ်တစ်ခုမဟုတ်ပါ။

တပည့်များကိုအကန့်အသတ်ဖြင့်ရွေးခြယ်ခြင်းဖြစ်လေသည်။

နတ်ဘုရားများမှာလောဘနှင့်ကင်းစင်ကြသော်လည်း

သူတော်စင်များမှာတော့ စိတ်ခံစားချက် အနည်းနှင့်အများရှိနေ

ဦးမည်ဖြစ်လေသည်။

"ငါ့ကိုသဘော်သီးပေးရင် မင်းကိုကျောက်စိမ်းပြန်ပေးမယ်" ဟု

သောတရုတ်စကားပုံတစ်ခုရှိလေသည်။

ဆန်းလျန်ကိုဆရာသခင်ကျန်းရော့ရှီးက လမ်းမှန်သို့ညွှန်ကြား

ပြသပေးသည်မှာသဘော်သီးပေးခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့်ဆန်းလျန်အနေဖြင့် "ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်း

ကျင့်စဉ်" ကို ပြန်ပြောပြသင့်ပေသည်။ ဆန်းလျန်ပြန်ပေးရ

သည့်တန်ဖိုးမှာများပြားနေသည်ဟုထင်ရဖွယ်ရှိလေသည်။

သို့သော်သူကပေးချင်သည့်စိတ်ဆန္ဒအမှန်တကယ်ပင်ရှိ

ပါသည်။ ထိုသို့ပေးလိုက်သည့်အတွက်လည်းချင်းရွှမ်နတ်

တံခါး၏ တပည့်ရင်းတစ်ယောက်ဖြစ်လာမည်ဟု ဆန်းလျန်

ခံစားရသောကြောင့်ဖြစ်လေသည်။

လောကတွင် ချစ်ခြင်း ၊ မုန်းခြင်းဆိုသည်မှာအကြောင်းမရှိဘဲ ဖြစ်ပေါ်လာသည်မဟုတ်ပေ။ အပြန်အလှန်ပေးဆပ်ခြင်း ကတော့ အချင်းချင်းပိုပြီးရင်းနှီးမှုရစေလေသည်။ သို့သော် အပြောမဟုတ် အလုပ်နှင့်သက်သေပြရန်လည်း လိုအပ်လေသည်။

ထို့ကြောင့်ဆန်းလျန်က “ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းကျင့်စဉ်” ကို ပြောပြပါမည်ဟု ပွင့်လင်းစွာပြောလိုက်သည့်အခါတွင် တော့ ဆရာသခင်ကျန်းရော့ရှီးမှာ များစွာကျေနပ်ဝမ်းမြောက် သွားရလေသည်။

လေထဲတွင် စာရွက်ဖြူတစ်ရွက်ပေါ်လာလေသည်။

ထို့နောက် ဆန်းလျန်ရှေ့တွင် မင်အိုး ၊ စုတ်တံနှင့်အတူ လေးထောင့်စားပွဲငယ်တစ်ခုလည်းပေါ်လာလေသည်။ စက္ကူ ဖြူလေးမှာလေ့ထောင့်စားပွဲငယ်ပေါ်သို့ ငြင်သာစွာဖြင့်ကျလာ လေသည်။

ဆန်းလျန်ကအံ့ဩသွားရပြီး...

“ဒီအရာတွေက ကြိုတင်ပြင်ဆင်ထားတာလား ၊ ချက်ချင်းပဲ ဖန်ဆင်းလိုက်တာလား”

ဟုမေးလိုက်မိလေသည်။

“ဒါတွေကချက်ချင်းပဲဖန်ဆင်းလို့ရတယ် ၊ အားလုံးကိုဝိညာဉ် စွမ်းအားနဲ့ဖန်ဆင်းလို့ရတယ် ၊ လောဘနဲ့ဆန္ဒတွေက လွတ်မြောက်သွားပြီဆိုရင် အစစ်ပဲဖြစ်ဖြစ် ၊ ဖန်ဆင်းတာပဲ ဖြစ်ဖြစ် အရေးမကြီးတော့ပါဘူး"

ဆရာသခင်က ပြုံးရင်းပြန်ပြောလိုက်လေသည်။

“ဒါဟာနတ်ဘုရားကျင့်စဉ်ပဲပေါ့ ၊ ဒါဖြင့် ဆရာသခင်က ကျောက်တုံးကိုရောရွှေဖြစ်အောင်လုပ်လို့ရသလား”

ဆန်းလျန်ကသိချင်စိတ်ဖြင့်မေးလိုက်လေသည်။

"ပုလဲတို့ ၊ ရွှေတို့ ၊ ကျောက်စိမ်းတို့ဆိုတာစုတ်တံ ၊ မင်ရည်နဲ့ စာရွက်တို့နဲ့ ဘာများကွာခြားလို့လဲ ၊ တန်ခိုးနည်းနည်းလောက်ပို သုံးရတာပဲရှိတာ"

ကျန်းရော့ရှီးကတည်ကြည်စွာဖြင့်ပြန်ပြောလိုက်လေသည်။

"သူ့ဘဝတစ်လျှောက်လုံးရှာဖွေနေတဲ့ပစ္စည်းဥစ္စာတွေကိုဆရာ သခင်ကလွယ်လွယ်နဲ့ဖန်ဆင်းနိုင်တာကိုသာ ငါ့အဘိုးသိရင် ဘယ်လိုနေမလဲမသိဘူး"

ဟုဆန်းလျန်တွေးလိုက်မိသည်။

ဆန်းသခင်ကြီးမှာသူ၏စိတ်ပျက်စရာကောင်းသည့်မြေးလေး ကသူ့ကိုလှောင်ပြောင်နေသည်ကိုမသိရှာ၍သာတော် တော့သည်။

ဆန်းလျန်ဆက်မတွေးတော့ဘဲစုတ်တံကိုမင်နှင့်တို့လိုက်ပြီးသူ အလွတ်မှတ်မိနေသည့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကို ဖြည်းဖြည်းချင်းချရေးလိုက်လေတော့သည်။

ရုပ်ခန္ဓာကိုဖြေလျှော့ပြီးထိုင်ပါ ... စိတ်ကိုတည်ငြိမ်အောင်ထား ပါ...

ဆန်းလျန်ကစုတ်တံကိုကိုင်ပြီးစတင်ရေးလိုက်လေသည်။

သို့သော်ပထမစုတ်ချက်ရေးပြီးချိန်မှာပင် မင်ကပျောက်ပြယ် သွားလေသည်။

ကျန်းရော့ရှီး၏ မျက်နှာအမူအရာမှာပြောင်းလဲသွားလေသည်။

ဆန်းလျန်ကထပ်မံရေးသားရန် ကြိုးစားလိုက်လေသည်။

သို့သော် စာလုံးလေးတစ်လုံးပင် ရေးလို့မရပေ။

ဆန်းလျန်အနေဖြင့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကိုမီးရှို့ဖျက်စီးလိုက်ပြီးကတည်းကလူတစ်ဦးတစ် ယောက်ရှေ့တွင် ပြောဆိုခြင်း ၊ ရေးသားဖော်ပြခြင်းမျိုးတစ်ခါ မှပြုလုပ်ခဲ့ခြင်းမရှိပေ။ ယခုဆရာသခင်ရှေ့တွင် ပထမဆုံးရေး ခြင်းဖြစ်လေသည်။

ကျန်းရော့ရှီးက...

"ဆက်ရေးပါ ၊ သိပ်အများကြီးမစဉ်းစားနဲ့"

ဟုပြောလိုက်လေသည်။

ပထမစုတ်ချက်ရေးပြီးသည်နှင့် ဒုတိယစုတ်ချက်ကိုဆန်းလျန်ကဆက်ရေးလိုက်သည်။ သို့သော် မည်သို့ပင်ကြိုးစားသည့်တိုင် ရေး၍မရဖြစ်နေလေသည်။

"မရေးနဲ့တော့ ၊ ပါးစပ်ကပဲရွတ်ပြနိုင်မလား"

ဆန်းလျန်မှာလွန်စွာမှအံ့သြနေလေသည်။ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်တွင် အလွန်ဆန်းကျယ်သည့်နောက်ခံဇာတ်လမ်းတစ်ခုရှိရပေမည်။

ဆန်းလျန်ကစာကိုရွတ်ဆိုရန်အတွက် ပါးစပ်ကိုဖွင့်လိုက်သည်နှင့် မည်သို့အသံထွက်ရမှန်းမသိဖြစ်သွားရလေသည်။

ဆန်းလျန်မှာစကားမပြောနိုင်ဖြစ်နေရလေတော့သည်။

ကျန်းရှော့ရှီးကကြေးမုံမှန်တစ်ချပ် ပစ်လွှတ်လိုက်လေသည်။

ထိုကြေးမုံမှန်ထဲတွင် လူနှစ်ယောက်ပုံပေါ်လာလေသည်။

ဆန်းလျန်မှာ ထိုသူနှစ်ယောက်မှာ သူ့ကိုနှောင့်ယှက်နေသူများ ဟုမခံစားရပါ။ သူ့ကိုကာကွယ်နေသူများဟုခံစားလိုက်ရလေသည်။

ထျန်းတိကျန်းမှာချင်းရှမ်မှ အဖိုးတန်ရတနာတစ်ပါးဖြစ်လေသည်။ မိုးနှင့်မြေလောကတစ်ခွင်ကိုမြင်ရရုံသာမကလူတစ်ယောက်၏ ရုပ်နှင့်နာမ်ကိုလည်း မြင်နိုင်လေသည်။

ကျန်းရော့ရှီးကသက်ပြင်းချလိုက်လေသည်။

"တာအိုဆရာတစ်ပါးကကာကွယ်ပေးထားတာပဲ ၊ ဒါကြောင့် မင်း ကျင့်စဉ်ကိုပြောပြလို့မရဖြစ်နေတာ"

ဆန်းလျန်၏မျက်နှာအမူအရာပြောင်းလဲသွားလေသည်။ သူ စိတ်ရှုတ်ထွေးစွာဖြင့်မေးလိုက်သည်။

"အဲဒါဘာလဲ"

"ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းကျင့်စဉ်ကိုစပြီးလေ့ကျင့်တော့ မင်းမှာကျင့်စဉ်နဲ့ပတ်သက်တဲ့အခြေခံမရှိခဲ့ဘူးမလား"

ကျန်းရော့ရှီးကမေးလိုက်လေသည်။

ဆန်းလျန်ကခေါင်းညိတ်ပြလိုက်သည်။

ကျန်းရော့ရှီးကမျှော်လင့်ထားသည့်အတိုင်းဖြစ်လာသည် ဆို

သည့်ပုံမျိုးဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

"ကျုပ်ထင်တာမမှားဘူးဆိုရင် ၊ ဒီကျင့်စဉ်ကိုတားမြစ်ထားတာ

ဖြစ်လိမ့်မယ် ၊ အဲဒီလိုတားမြစ်ထားတဲ့အတွက်

တစ်စုံတစ်ယောက်ကအဲဒီကျင့်စဉ်ကိုလေ့ကျင့်မိရင်တောင် ပြန်

ပြီးသင်ပြပေးဖို့နဲ့ ချရေးဖို့ကိုခွင့်မပြုတာဖြစ်လိမ့်မယ်"

"ဒါပေမယ့် ကျွန်တော်ပထမဆုံးစပြီးလေ့ကျင့်တော့ အဲဒါက

စာအုပ်တစ်အုပ်နဲ့ရေးထားတာပဲ"

ကျန်းရော့ရှီးကတစ်ချက်ပြုံးလိုက်ပြီး...

"အဲဒီစာအုပ်ရှိသေးလား"

"ကျွန်တော် မီးရှို့ပစ်ခဲ့မိတယ်"

ဆန်းလျန်ကနောင်တရသည့်လေသံဖြင့် ခပ်တိုးတိုးပြောလိုက်လေသည်။ သူ့ကိုကြည့်ရသည်မှာစိတ်ညစ်နေသည့်ပုံပေါက်နေလေသည်။

"မီးရှို့လိုက်လည်းဘာမှမဖြစ်ပါဘူး ၊ မင်းအသက်ကြီးလာပြီးကျင့်စဉ်လမ်းမှာအောင်မြင်လာရင် ဒီဝိညာဉ်စွမ်းအားမြှင့်တင်တဲ့ကျင့်စဉ်ကိုအခြားသူတွေကိုပြန်သင်ပေးနိုင်တဲ့နည်းလမ်းတွေမှာပါ ၊ အဲဒီအခါကျ ကျုပ်တို့ကျောင်းတော်မှာလည်းတပည့်တွေကိုလက်ဆင့်ကမ်းပေးနိုင်တဲ့ ကျင့်စဉ်တစ်ခုတိုးတာပေါ့"

ကျန်းရော့ရှီးကစိတ်လက်ပေါ့ပါးစွာဖြင့်ပင်ပြောလိုက်လေသည်။

ပထမတွင် ကျန်းရော့ရှီးထင်မိသည်ကဆန်းလျန်က ကျင့်စဉ်ပညာများကို လျှို့ဝှက်ထားသည်ဟု ထင်မိလေသည်။ သို့သော်ထိုကျင့်စဉ်များမှာ "တားမြစ်ထားသည့်ကျင့်စဉ်များ" ဖြစ်နေ

လိမ့်မည်ဟု သူမထင်ခဲ့မိပေ။ ချင်းရွှမ်နတ်တံခါး၏နှစ်ပေါင်း တစ်သောင်းအတွင်းထိုသို့ အခြားသူမသိစေရန် "တားမြစ်ထား" နိုင်သည့်စွမ်းရည်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ဖူးပေ။ ထိုပညာမှာအလွန်အဆင့်မြင့်သည့်ပညာဖြစ်ပြီးတားမြစ်ထားသည့်ပုဂ္ဂိုလ်မှာ ဝိညာဉ်နယ်ပယ်တွင် လွန်စွာမှ အဆင့်မြင့်သောသူ ဖြစ်ရမည်ဖြစ်လေသည်။

ကျန်းရော့ရှီးမှာတားမြစ်ထားသည့်ကျင့်စဉ်အကြောင်းကိုမပြောတော့ဘဲစကားလမ်းကြောင်းပြောင်းကာဆန်းလျန်ကို အခြေခံကျင့်စဉ်များအကြောင်းရှင်းပြနေလိုက်လေသည်။

ဆရာသခင်မှာစိတ်ကူးညဏ်ကောင်းသူတစ်ယောက်ဖြစ်သည့်အတွက် စကားအနည်းငယ်ပြောပြီးသည်နှင့် ဆန်းလျန်မှာပျော်ပျော်ရွှင်ရွှင် ဖြစ်လာရလေတော့သည်။

သူဆန်းလျန်ကိုနောက်ဆုံးအကြံပေးလိုက်သည်က ပြဿနာကို အလောတကြီးအဖြေမရှာရန်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်မှာ ဝိညာဉ်အားဖြည့်သည့် ကျင့်စဉ်ကိုကျင့်စရာမလိုတော့သောကြောင့် ဖြစ်လေသည်။ သူ၏စိတ်ဝိညာဉ်မှာ စွမ်းအားမြှင့်တင်ပြီးသားဖြစ် သည့်အတွက်ဝိညာဉ်အားဖြည့်သည့်ကျင့်စဉ်ကိုကျင့်မည်ဆို လျှင်လည်းမည်သည့်ထူးခြားမှုမျှ ဖြစ်ပေါ်လာမည်မဟုတ်ပေ။ ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းကျင့်စဉ်နှင့် အတွင်းအားကျင့်စဉ် တွင် မည်သည့်ကျင့်စဉ်ကိုအရင်စပြီးလေ့ကျင့်သည်ဖြစ်စေ အရေးမကြီးပါ။ သဘာဝတရားကိုနားလည်ရန်အတွက်သာ လေ့ကျင့်ခြင်းဖြစ်လေသည်။

ကျန်းရော့ရှီးကဆန်းလျှန်ကို ထိုက်ဝေ့ထိုင်ခန်းမဆောင်သို့သွား ပြီး အင်းနှင့်မန္တန်ပညာကိုလေ့လာရန် ပြောလိုက်လေသည်။ ထို့ပြင် ကျင့်စဉ်ဘက်တွင် အာရုံစိုက်ပြီးဓားသိုင်းပညာဘက် တွင်လည်း ပေါ့လျော့မနေရန် တိုက်တွန်းလိုက်လေသည်။

အင်းချပ်နှင့်မန္တန်ပညာမှာမိုးနှင့်မြေကြားတွင် ကြားခံသဖွယ် ဆပ်စပ်ပေးသည့် ပထမဆုံးပညာရပ်ဖြစ်လေသည်။ အင်းနှင့် မန္တန်ပညာတွင် ရေ ၊ မီး ၊ လေ နှင့်မိုးကြိုးတို့ကဲ့သို့ သဘာဝ စွမ်းအားများကို နှိုးစွပေးနိုင်သည့် စွမ်းအားရှိလေသည်။ ရှေး အကျဆုံးတန်ခိုးစွမ်းအားဟုပြော၍ရလေသည်။

တာအိုကျင့်စဉ်လမ်းတွင်အသုံးပြုသည့် အင်းနှင့်မန္တန်ပညာမှာ ရှေးဟောင်းကျင့်စဉ်များနှင့် တူညီခြင်းတော့မရှိပေ။ သို့သော် သင်ယူလေ့လာပြီးနားလည်သွားသည်ဆိုလျှင်တော့ ထိုပညာ များမှာတူညီသည့်သဘောတရားမှ ဆင်းသက်လာခြင်း ဖြစ်ကြောင်း သိရှိနိုင်လေသည်။

ချန်ကျန်းမေနှင့်ဆန်းလျန်တို့၏ မတူညီသည့်အချက်မှာချန် ကျန်းမေကအရည်အချင်းရှိပြီးသတ္တိလည်းရှိလေသည်။ သူ၏ကောင်းမွန်သောအလားအလာကြောင့် ကျင့်စဉ်လမ်းကို လျှင်လျှင်မြန်မြန်နှင့် တစ်ဆင့်ပြီးတစ်ဆင့်တက်လှမ်းနိုင်ခဲ့လေ

သည်။ ဆယ်နှစ်အတွင်း လျှင်မြန်စွာလေ့ကျင့်နိုင်ခဲ့ပြီးနောက်
ဖြည်းဖြည်းချင်းသာသွားနေတော့သည်။
နှစ်ဖက်သွားစားကအရှိန်အဟုန်နှင့်သွားသည့်တိုင် မက်မွန်ပန်း
များကတော့ ဆောင်းရာသီမှသာပွင့်လန်းမည်ဖြစ်လေသည်။
ချန်ကျန်းမေမှာတဖြည်းဖြည်းနှင့်တော့ ဟိုင်သန်းအဆင့်သို့
ရောက်အောင် ကျင့်ကြံနိုင်မည်ဟုဆရာသခင် ကျန်းရော့ရှီးက
ယုံကြည်ထားလေသည်။
သို့သော် ဆန်းလျန်ကတော့ မတူညီပါ။ ဝိညာဉ်မြစ်ထဲတွင်
ဆန်းလျန်ဒုက္ခခံနိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်မှာ
အခြေခံကျင့်စဉ်များကိုထပ်မံလေ့ကျင့်ရန် လိုအပ်ခြင်းမရှိ
တော့ပေ။ သို့သော် ဆန်းလျန်လိုအပ်သည်မှာအတွေ့အကြုံများ
ကိုအခြေခံပြီးပိုမိုပြည့်စုံသည့်ကျင့်စဉ်များကိုသာ လေ့ကျင့်
ရန်လိုတော့သည်ဟုကျန်းရော့ရှီးကယူဆမိလေသည်။

ကျင့်စဉ်လမ်းအဆင့်ကိုးဆင့်မှာကျင့်ကြံသူများတွက် အတိုဆုံး ကျင့်စဉ်လမ်းပင်ဖြစ်လေသည်။

အချို့ကျင့်ကြံသူများကအသက်သိပ်မရှည်နိုင်ကြ သည့်အတွက် အပြင်းအထန် လေ့ကျင့်ကြလေသည်။ ဆန်းလျ န်အနေဖြင့်တော့ အလျင်လိုစရာမလိုပါ။ ဖြည်းဖြည်းနှင့်မှန်မှန် လေ့ကျင့်သွားနိုင်ဖို့သာလိုလေသည်။

ကျန်းရော့ရှီးကထိုအကြောင်းကို ဆန်းလျန်အား ရှင်းပြလိုက် ခြင်းမရှိပါ။ သို့သော် သူကအခြားအရေးကြီးသည့်အချက်များ ကိုတော့ ဆန်းလျန်ကို ကျေနပ်စွာဖြင့်ပင်ရှင်းပြလိုက်လေ သည်။

အခန်း (၇၈)

အခြေခံအင်းနှင့်မန္တန်ပညာ

ကျန်းရော့ရှီးမှာ ချင်းရှမ်နတ်တံခါးမှ အကြီးဆုံးဂိုဏ်းချုပ်ဆရာသခင်တစ်ပါးဖြစ်လေသည်။ သို့သော် အလွန်မှ ကိုယ့်ကိုယ်နှိမ့်ချတတ်ပြီး ကူညီတတ်သူဖြစ်လေသည်။ ကျင့်စဉ်လမ်းတွင် ဆန်းလျန် အခက်အခဲတွေ့တိုင်း ကူညီတတ်လေသည်။

ထို့ကြောင့်ပင် ဆန်းလျန်က အခွင့်အရေးရတိုင်း ကျင့်စဉ်လမ်းနှင့်ပတ်သက်သည်များကို ဆရာသခင်ကျန်းရော့ရှီးကို မေးလေ့ရှိလေသည်။ သူမေးသမျှကိုလည်း ကျန်းရော့ရှီးက စိတ်ရှည်လက်ရှည်ဖြေကြားပေးလေ့ရှိသည်။ ဆရာသခင်ကျန်းရော့ရှီးနှင့် တစ်ကြိမ်တွေ့ဆုံရန်မှာလည်း လွယ်ကူခြင်းမရှိပါ။ ထို့ကြောင့် တွေ့ခွင့်ရသည့်အချိန်တွင် အချိန်မဖြုန်းဘဲ သိချင်သည်များကို မေးမြန်းရလေသည်။

ဆရာသခင်ကျန်းရှော့ရှီးက ပြောစရာရှိသည်များပြောပြီး ဆန်းလျန်ကို ပြန်လှတ်တော့မည့်အချိန်မျိုးတွင် ဆန်းလျန်က သူမေးချင်သည့်မေးခွန်းများကို တန်းပြီးမေးတတ်လေသည်။

ထိုသို့အချိန်ကိုင်လုပ်မှသာ ဆရာသခင်ကို မေးလိုသည်များ မေးခွင့်ရမည်ကို ဆန်းလျန်က ကောင်းကောင်းသိထားလေသည်။

ဆရာသခင်ကျန်းရှော့ရှီးသည် ကျောက်သလွန်ထက်တွင် လွန်ခဲ့သည့်နှစ်တစ်ရာခန့်ကပုံစံအတိုင်းပင် ထိုင်နေလေသည်။

အမှန်တော့ သူထိုသို့ မလှုပ်မယှက်ထိုင်နေရသည်မှာ လှုပ်၍မရသောကြောင့်ဖြစ်လေသည်။

သူက ထျန်းတိကျန်းကို အသာအယာ တစ်ချက်ပွတ်သပ်လိုက်သည်။

“အထီးကျန်ခြင်း”

တိုးလျှသည့်အသံဖြင့် ဆရာသခင်ကျန်းရှော့ရှီးက ရေရွတ်လိုက်သည်။

ထိုအချိန် ကျင်းချင်းက ခန်းမတွင်းသို့ဝင်လာလေသည်။

ကျန်းရှော့ရှီးက မျက်မှောင်တစ်ချက်ကျုတ်လိုက်ရင်း....

“မင်းဒဏ်ရာရလာသေးလား"

ဟုမေးလိုက်လေသည်။

“နောက်ဆုံးတော့ မိစ္ဆာနတ်မိမယ် လက်လျှော့သွားတာပါပဲ”

ကျင်းချင်းက ပြုံးရင်းပြောလိုက်လေသည်။

“ဆရာဦးလေးပြန်လာပြီး ကျင့်စဉ်တွေပြန်လေ့ကျင့်တော့မယ် ဆိုတော့.... “ဖော့ဝမ့်” အဆင့်ကိုရောက်ဖို့အတွက် ခက်ခဲနေမှာပေါ့၊ သူမကြိုးစားအားထုတ်ခဲ့သမျှ အသီးအပွင့်ကိုခံစားရဖို့ မျှော်လင့်မိပါတယ်လေ”

ကျန်းရှော့ရှီးက သက်ပြင်းချရင်းပြောလိုက်လေသည်။

“ဒုတိယအကြိမ်ဖော့ဝမ့်အဆင့်ကိုကျင့်ရတာက ပထမအကြိမ်ကျင့်တုန်းကထက် ဆယ်ဆလောက်ပိုခက်လာတယ်၊ သူသာအဲဒါကိုအောင်မြင်ခဲ့ရင် မိုးနဲ့မြေကိုကျော်လွန်နိုင်ပြီပဲ”

ကျင်းချင်းက လေးစားမှုများဖြင့် အမှတ်မထင်ပြောလိုက်မိလေသည်။

ကျင်းချင်းမှာ သမိုင်းတစ်လျှောက် အသက်ရှည်ခဲ့သော်လည်း လူသားဘဝရရှိရန်အတွက် ခက်ခဲနေဆဲဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးပျက်စီးသွားလျှင်တောင်မှ သူကတော့ လူသားတစ်ယောက်ဖြစ်အောင် ကျင့်ကြံနိုင်မည့်လမ်းစဉ် ရှာလို့တွေ့နိုင်မည်မဟုတ်သေးပါ။

....

ကျိဖူတောင်တွင် မိုးမြေစွမ်းအားများ လွန်စွာမှ အားကောင်းနေလေသည်။ တိမ်ဆိုင်များက တောင်တစ်ခုလုံးကို ဖုံးလွှမ်းနေလေသည်။ တောင်ထိပ်မှ လန်းဆန်းသည့် ဝိညာဉ်စွမ်းအားများ စိမ့်ထွက်နေလေသည်။

ကျီဖူတောင်ထိပ်၏ မိုးမြေစွမ်းအားများမှာ လွန်စွာအားကောင်း သော်လည်း အသက်ဓာတ်မှာတော့ ရှယွမ့်အဆောင် ဝါးအိမ် လေးလောက် အားကောင်းခြင်းမရှိပါ။

ကျင့်ကြံသူများက စွမ်းအင်အဟောင်းများကို ထုတ်လွှတ်ပြီး စွမ်းအင်အသစ်များကို စုပ်ယူကြလေသည်။ ထို့ကြောင့် မိုးမြေ အသက်ဓာတ်များမှာ ကျင့်ကြံသူများရှိသည့်နေရာတွင် တည်ရှိနေကြခြင်းဖြစ်လေသည်။ ကျင့်ကြံသူများက "ဖုန်းဆွေ" ကျင့်စဉ်ကိုကျင့်ကြံနိုင်ရန်အတွက် တောင်များပေါ်တွင် မိုးမြေ စွမ်းအားများနှင့်အသက်ဓာတ်များကို စုပ်ယူလေ့ရှိကြလေ သည်။ ထိုသို့ပြုလုပ်ခြင်းက ကျင့်ကြံမှုကို လျင်မြန်စွာ တိုးတက်နိုင်စေလေသည်။

ကျီဖူတောင်နှင့် ထျန်းယွမ်တောင်ရှိ မိုးမြေစွမ်းအားများမှာ ယွိ ယန်တောင်နှင့်ချင်းလန်တောင်ရှိ မိုးမြေစွမ်းအားများထက် ပို ပြီးများပြားလေသည်။ ထို့ကြောင့် ထိုနေရာများတွင် မိုးမြေ

စွမ်းအားမှာ စန့်ယွမ့်အဆောင်နှင့် ရှယွမ့်အဆောင်မှာထက်ပိုပြီး

များပြားလေသည်။

ထိုနေရာအားလုံးမှာ “နတ်ဘုရားကျင့်စဉ်စွမ်းအားပြည့်ဝရာ

မြေ” အဖြစ် အများအားဖြင့်သိကြပြီး ထိုနေရာများတွင်

ကျင့်ကြံမှုများကို ပြုလုပ်လေ့ရှိကြလေသည်။

ဆန်းလျန်ကဲ့သို့သော သာမန်တပည့်ငယ်လေးများမှာ ကျီဖူ

တောင်နှင့်ထျန်းယွမ်တောင်တို့သို့သွားရောက်ပြီး ကျင့်ကြံခွင့်မ

ရကြပါ။ ထိုတောင်များကိုသွားရောက်ကျင့်ကြံရန်အတွက်

သာမန်တပည့်ငယ်များကို တားမြစ်ထားလေသည်။

ဤသို့တားမြစ်ရခြင်းမှာ ဆရာသခင်များနှင့် ဂိုဏ်းတူအစ်ကို

များ ကျင့်စဉ်လေ့ကျင့်နေသည်ကို အနှောင့်အယှက်မဖြစ်စေ

ရန်ဖြစ်လေသည်။

အခြားသော နတ်ဘုရားကျင့်စဉ်ကျောင်းတော်များမှာလည်း ချ

င်းရွှမ်နတ်တံခါးကဲ့သို့ပင်ဖြစ်မည်လားဟု ဆန်းလျန် သိချင်နေ

မိလေသည်။ အမှန်တော့ ချင်းရှမ်နတ်တံခါးမှာ စည်းကမ်းအလွန်တင်းကြပ်ခြင်းမရှိပါ။ တင်းတင်းကြပ်ကြပ်ထုတ်ပြန်ထားသည့် စည်းကမ်းနှစ်ခုသာရှိလေသည်။ "အခြားသူများကိုမနှောင့်ယှက်ရန်နှင့် အချင်းချင်းရန်မဖြစ်ရန်" ဆိုသည့်စည်းကမ်းနှင့် "ချင်းရှမ်နတ်တံခါးကိုသစ္စာမပျက်ရန်" ဆိုသည့်စည်းကမ်းနှစ်ခုသာဖြစ်လေသည်။

ချင်းရှမ်နတ်တံခါး၏ တောင်ပေါ်လမ်းများမှာလည်း လေထန်လွန်းပြီး ပုဇဉ်းရင်ကွဲအော်မြည်သံများမှလွဲ၍ မည်သည့်အသံမျှ ကြားရခြင်းမရှိပေ။ တစ်ခါတစ်ရံတော့ ကြည်လင်ငြိမ်သက်နေသည့်ရေကန်ထဲတွင် မျောနေသည့် ဝါးဖောင်အချို့ကိုတွေ့ရမည်ဖြစ်လေသည်။ အဆင့်မြင့်ကျင့်ကြံသူများနေထိုင်သည့် ဂူများနှင့် ဝါးဖြင့်ဆောက်လုပ်ထားသည့် ကျင့်ကြံသူအဆောင်များကိုလည်း တွေ့နိုင်လေသည်။

ထိုအဆောင်များမှာ အေးမြသည့်ညတွင် ပျော့ကျဆုံးနေသည့်
ကြယ်စင်များကဲ့သို့ဟိုတစ်စု သည်တစ်စုပြန့်ကျဲနေလေသည်။
ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာ ကျီဖူတောင်ထိပ်တွင်တည်ရှိလေ
သည်။ သီးခြားတည်ရှိသည့်အဆောက်အဦးတစ်ခုဖြစ်ပြီး
အထပ်ပေါင်းသုံးထပ်ရှိလေသည်။

ထိုက်ဝေ့ထိုင်မှာ ဟောင်းနွမ်းနေသည့် အဆောက်အဦးအိုကြီး
တစ်ခုနှင့်မတူပါ။ သို့သော် အသက်ဓာတ်အတိတ်နိမိတ်များ
ဖြင့်ပြည့်နေလေသည်။

ဆန်းလျန်သည် ခေတ်ပေါ်လောကတွင်နေထိုင်ခဲ့သည့်အတိတ်
ဘဝတုန်းက ကန့်သတ်ထားသည့်ရှေးဟောင်းမြို့တော်သို့
သွားရောက်လည်ပတ်ခဲ့ဖူးလေသည်။ထိုမြို့တော်ကြီးမှာ နှစ်
ပေါင်းများစွာကြာအောင် တိတ်ဆိတ်နေခဲ့သည်ကို ခံစား
နားလည်ခဲ့ရလေသည်။ သို့သော် ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာ
ထိုသို့တိတ်ဆိတ်နေခြင်းမျိုးလဲမဟုတ်ပါ။ ထိုက်ဝေ့ထိုင်မှ

လူသားဆန်သည့်အငွေ့အသက်များ ၊ အသက်ဓာတ်များ

တသွင်သွင်စီးထွက်နေသကဲ့သို့ ခံစားရလေသည်။ အလွန်မှ အံ့

ဩဖွယ်ရာနေရာဟု ဆန်းလျန်တွေးလိုက်မိလေသည်။

လူတစ်ယောက်သည် သင်ယူလိုစိတ်သာရှိလျှင် မည်သည့်

နေရာတွင်မဆိုသင်ယူနိုင်လေသည်။

ထိုက်ဝေ့ထိုင်ခန်းမကြီးမှာ ချင်းရွှမ်နတ်တံခါးမှ ကျင့်ကြံ

သူများအတွက်တော့ အကြောင်းအရာများစွာကို သင်ယူနိုင်

သည့် နေရာတစ်ခုပင်ဖြစ်လေသည်။

သို့သော် ထိုက်ဝေ့ထိုင်သို့ မည်သူမျှနေ့တိုင်းလာပြီး မလေ့လာ

နိုင်ကြပေ။ ဆန်းလျန် ထိုက်ဝေ့ထိုင်သို့ရောက်လာတိုင်း ထို

နေရာကိုစောင့်ရှောက်သည့်အဘိုးအိုမှလွဲပြီး မည်သည့်ကျင့်ကြံ

သူကိုမှ တွေ့မြင်ရခြင်းမရှိပေ။

ထိုက်ဝေ့ထိုင်ခန်းမကြီးကိုစောင့်ရှောက်နေသည့်အဘိုးအိုမှာ

တာအိုဆရာတစ်ပါးဖြစ်ပြီး ဗုဒ္ဓဘာသာကျင့်စဉ် တရားထိုင်

နည်းများနှင့်ချိတ်ဆက်ပြီး တာအိုကျင့်စဉ်များကို အထူးပြု လေ့လာနေသူတစ်ဦးဖြစ်လေသည်။ ထိုအဘိုးအို၏အသက် မည်မျှရှိနေပြီကို မည်သူမျှ ပြောပြနိုင်ခြင်းမရှိကြပေ။ သူ၏ဝိညာဉ်စွမ်းအားမှာ မည်သည့်အခါမျှ သေဆုံးနိုင်ခြင်းမရှိ သူတစ်ယောက်ကဲ့သို့ စွမ်းအားကြီးမားလှသည်။ သူ၏နဖူးထက်တွင် အစက်အပြောက်အချို့ရှိနေပြီး ထို အစက်အပြောက်များမှာ ထူးဆန်းသည့် အင်းချပ်တစ်ခုနှင့် ဆင်တူလေသည်။

ထိုတာအိုဆရာအဘိုးအိုက ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင်လာ ရောက်လေ့လာသည့် တပည့်များကို စစ်ဆေးမေးမြန်းခြင်းမရှိ ပါ။ ထိုက်ဝေ့ထိုင်တွင် မိမိကိုယ်ရေးအချက်အလက်ကို တစ်ခါ ပြောပြပြီးသွားသည်နှင့် ကြိုက်သည့်အချိန်တွင် အဝင်အထွက် ပြုလုပ်ပြီး ကျင့်စဉ်စာပေများကို လေ့လာနိုင်လေသည်။

သို့သော်....

ထိုက်ဝေ့ထိုင်ဒုတိယထပ်ကိုတော့ မည်သူ့ကိုမျှဝင်ခွင့်မပြုပေ။

ဆန်းလျန် ထိုက်ဝေ့ထိုင်ခန်းမဆောင်အတွင်းသို့ဝင်လာသည့်

အချိန်တွင် တာအိုဆရာအဘိုးအိုမှာ ဆန်းလျန်ကို တစ်ချက်

လေးပင်လှည့်မကြည့်ပေ။ ထိုတာအိုဆရာအဘိုးအို အိပ်ပျော်

နေလား ၊ နိုးနေသည်လားဟု မသိရလောက်အောင်ပင်

အသက်ရှူသံပင် မကြားရဘဲ ငြိမ်သက်နေလေသည်။

အသက်ရှူခြင်းနှင့်အတွင်းအားလေ့ကျင့်မှုကျင့်စဉ်ပေါင်းစပ်

လိုက်လျှင် အသက်ရှည်သည့်ကျင့်စဉ်တစ်ခုဖြစ်လာလေသည်။

ထိုကျင့်စဉ်မှာ တာအိုကျင့်စဉ်လမ်းတော့မဟုတ်ပေ။ သို့သော်

ထိုကျင့်စဉ်ကို ကျန်းရော့ရှီးထံမှ ဆန်းလျန်မေးမြန်းထားခြင်း

ဖြစ်လေသည်။

သို့သော် ထိုက်ဝေ့ထိုင်ရှိ တာအိုဆရာအဘိုးအိုကတော့ လွန်စွာ

မှ နားလည်ရန်ခက်ခဲလေသည်။

မိုးမြေစွမ်းအားများမှာ ကိုယ်ခန္ဓာကို အားဖြည့်ပေးသလို စိတ်ဝိညာဉ်ကိုလည်း အထောက်အပံ့ကောင်းများ ပေးလေသည်။ သို့သော် ရုပ်ခန္ဓာနှင့်စိတ်ဝိညာဉ်မှာ နက်နဲသည့်စက်ပစ္စည်းတစ်ခုနှင့်ဆင်တူလေသည်။ မည်မျှပင် အသက်ရှည်အောင် အထောက်အပံ့ကောင်းများဖြင့် ကာကွယ်ထားပါစေ အချိန်တန်လျှင်တော့ ပျက်စီးရမည်ပင်ဖြစ်လေသည်။

နေ ၊ လ ၊ ကြယ် နှင့်လောကကြီးတစ်ခုလုံးပင်လျှင် ထာဝရ တည်မြဲနိုင်သည့်အရာများမဟုတ်ဘဲ အချိန်တန်လျှင် ပျက်စီးရမည်မဟုတ်ပါလား။

သို့သော် ဤတာအိုဆရာအဘိုးအို ကျင့်ကြံနေသည့်ကျင့်စဉ်မှာ မည်သည့်ကျင့်စဉ်ဖြစ်ကြောင်းကို ဆန်းလျန်စဉ်းစား၍ မရရနိုင်ပါ။သို့သော် ကျင့်စဉ်တစ်ခုကို အလွန်အကျွံလေ့ကျင့်ခြင်းက အန္တရယ်ရှိကြောင်း ဆန်းလျန် ကောင်းကောင်း သိလေသည်။

ထိုက်ဝေ့ထိုင်ပထမထပ်ရှိ စာအုပ်နှင့်စာရွက်စာတမ်းပစ္စည်း

များကို စင်များဖြင့်ထားခြင်းဖြစ်လေသည်။ အသုံးပြုထား

သည့်စာရွက်များမှာလည်း အထူးကောင်းမွန်သည့် စာရွက်များ

ဖြစ်လေသည်။ လူ့လောကရှိ စာရွက်များကဲ့သို့ အချိန်တန်လျှင်

ဝါကျင့်ကျင့်ဖြစ်သွားကာ ဆွေးမြေ့သွားတတ်သည့် စာအုပ်မျိုး

မဟုတ်ပေ။

သို့သော် ချင်းရှမ်နတ်တံခါး၏အခြေခံကျင့်စဉ်များမှာတော့

စာအုပ်နှင့်လည်းရေးသားထားခြင်း မရှိသလို အထူး

သိမ်းဆည်းထားခြင်းလည်းမရှိပါ။

ထို့ပြင် "စွမ်းရည်ကိုသင်ကြားပေးရန်အဆင်ပြေသည့်တိုင်

ဂါထာမန္တန်ကိုသင်ကြားပေးလျှင်တော့ အထူးဂရုစိုက်ပါ" ဆို

သည့်စကားကို ချင်းရှမ်နတ်တံခါးက လိုက်နာလေသည်။

ဆန်းလျန် စစ်တုရင်ခုံပေါ်မှ ရှမ်ကျိကျင့်စဉ်ကို ကျင့်ကြံနိုင်ခဲ့

သည့်တိုင် သူရရှိခဲ့သည့်ပညာမှာ ကျင့်ကြံရုံမျှသာ လုံလောက်ခဲ့

ပြီး နောက်ထပ်အဆင့်တစ်ခုသို့တက်လှမ်းနိုင်ရန်အတွက် မ
လိုလောက်ခဲ့ပေ။

ထိုက်ဝေ့ထိုင်ပထမထပ်ရှိ ကျင့်စဉ်ဆိုင်ရာပစ္စည်းများမှာလည်း ဟိုင်သန်းအဆင့်ကျင့်ကြံသူများသာ အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်လေသည်။ ဟိုင်သန်းအဆင့်တွင် အသက်ဓာတ်စီးဆင်းမှုအတွက် လေ့ကျင့်ခြင်းနှင့် ကျင့်ကြံခြင်းဆိုပြီး နှစ်ပိုင်းကွဲသွားလေသည်။ ဟိုင်သန်းအဆင့်အောင်မြင်သည်အထိ ကျင့်ကြံပြီးသွားပါက နတ်ဘုရားတစ်ပါးကဲ့သို့ဖြစ်သွားပြီး တန်ခိုးစွမ်းအားများ အပြည့်အဝရရှိမည်ဖြစ်လေသည်။ ထို တန်ခိုးစွမ်းအားများကို လူသားတစ်ယောက်အနေဖြင့် စိတ်ကူးကြည့်၍ပင် မရနိုင်ပေ။

ဆရာသခင်တုန်းလင်ကျီရေးသားပြုစုခဲ့သည့် "အခြေခံအင်းနှင့်မန္တန်ပညာ" ဆိုသည့်ကျမ်းစာအုပ်ကို ဆန်းလျန် ရှာဖွေတွေ့ရှိခဲ့လေသည်။

ကျမ်းစာအုပ်၏ကျမ်းဦးစကားတွင်ရေးထားသည်မှာ -

"မိုးနှင့်မြေတွင် ထူးဆန်းသည့်ဒြပ်စင်ရှစ်ခုတည်ရှိလေသည်။ ထိုအရာများမှာ မိုး ၊ မြေ ၊ တောင် ၊ ရွံ့နွံ ၊ မိုးကြိုး ၊ မီး ၊ ရေ နှင့် လေ တို့ဖြစ်လေသည်။ အင်းနှင့်မန္တန်ပညာဆိုသည်မှာ ထိုဒြပ်စင်များ၏စွမ်းအားများကို ထုတ်ယူရရှိနိုင်ရန်အတွက် ကြားခံဆက်သွယ်ပေးသည့်အရာပင်ဖြစ်လေသည်။ ထိုပညာကို ဆေးကုသပေးခြင်းနှင့် လူ့အသက်ကယ်တင်ခြင်းတို့တွင် အသုံးပြုနိုင်သည့်အပြင် နတ်မိစ္ဆာများကိုနှိမ်နင်းခြင်းနှင့် ကျင့်ကြံမှုကိုတိုးတက်စေခြင်းတို့အတွက် အသုံးပြုနိုင်သည်"

"အင်းနှင့်မန္တန်အစီအရင်ပညာတွင် မတူကွဲပြားသည့် လုပ်ဆောင်ချက်ပေါင်း များစွာရှိလေသည်။ ကျင့်ကြံသူများက လိုအပ်သလိုခွဲခြားအသုံးပြုနိုင်သည်။"

"အင်းနှင့်မန္တန်အစီအရင်ပညာနှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာများကို ဤစာအုပ်ထဲတွင် ဖော်ပြထားသည်။ ဤစာအုပ်

ကိုလေ့လာခြင်းဖြင့် ကျင့်ကြံသူတစ်ယောက်သည် အင်းနှင့်မန္တန်ပညာမျိုးစေ့ကိုအသုံးပြုပြီး ဟိုင်သန်းအဆင့်ထိတက်ရောက်နိုင်ကာ နတ်ဘုရားတစ်ပါးဖြစ်လာနိုင်သည်ကို သိရှိနိုင်ပေမည်။ "

ထိုခေတ်ကကျင့်ကြံသူများမှာ ယနေ့ခေတ်ကျင့်ကြံသူများနှင့်တော့ မတူပေ။ သို့သော် စာရေးသူဆရာသခင်က ထိုအကြောင်းများကို များစွာပြောပြထားခြင်းမရှိပေ။ ဆရာသခင်တုန်းလင်ကျီ၏အဆိုအရ အင်းနှင့်မန္တန်ပညာမှာ ဒြပ်စင်များအကြောင်း အထူးပြုလေ့လာသည့်ပညာရပ်ဖြစ်ပြီး ထိုပညာဖြင့် မိုးမြေစွမ်းအားများကို ရယူအသုံးပြုနိုင်မည် ဖြစ်လေသည်။

ဆရာသခင်တုန်းလင်ကျီက စာအုပ်ကိုပိုပြီးစိတ်ဝင်စားမှုရှိစေရန် ထိုအချက်ကို ထည့်သွင်းရေးသားထားခြင်း ဖြစ်နိုင်လေသည်။

ဆန်းလျန်က စာရွက်များကို ဟိုလှန်ဒီလှန်လှန်လိုက်ပြီး "အင်းနှင့်မန္တန်ပညာကျင့်စဉ်" ဆိုသည့်အခန်းသို့ ရောက်ရှိသွားလေသည်။

"အင်းနှင့်မန္တန်ပညာကျင့်စဉ်" ကိုသင်ယူရသည်မှာ စာလုံးလှလက်ရေးသင်ယူရသည်နှင့် အလွန်တူညီလေသည်။

စာလုံးလှလက်ရေးအဆင့်မြင့်သင်ယူထားသူတစ်ယောက်မှာ စိတ်ချက်၏အားနှင့်ကာရံညီမှုကို အလွန်အလေးထားရလေသည်။

"အင်းနှင့်မန္တန်ပညာကျင့်စဉ်" ကို အင်းချပ်ရေးဆွဲသည့်သူ၏အစွမ်းပေါ်တွင်မူတည်ပြီး နားလည်မှုကလည်း ပြောင်းလဲသွားနိုင်လေသည်။

ထိုပညာကို စတင်လေ့လာတော့မည်ဆိုပါက အခြေခံကျကျစတင်လေ့လာသင့်ပေသည်။

ဆရာသခင်တုန်းလင်ကျီ၏စာအုပ်တွင် သာမန်အင်းချပ်ရေးဆွဲ
ပုံသုံးမျိုးကို မိတ်ဆက်သင်ပြပေးထားလေသည်။

အခန်း (၇၉)

ရယူခြင်းနှင့်ဆုံးရှုံးခြင်း

ပထမအမျိုးအစားအင်းပုံစံမှာ "ကောင်းကင်လက်ရေး" အင်း
ချပ်ဖြစ်လေသည်။ ထိုအင်းချပ်က ကိစ္စရပ်တစ်ခု၏ မူလ

အကြောင်းခံကိုရှာဖွေနိုင်လေသည်။ ထိုအင်းချပ်ကိုအသုံးပြုပါက ရိုးရာဝိညာဉ်စွမ်းအား ရှစ်ခုကိုပေးစွမ်းနိုင်လေသည်။

ထိုအင်းချပ်အမျိုးအစားမှာ တာအိုဆရာသခင်ချန်ရစ်ခဲ့သည့် အပိုင်းအစများဖြစ်လေသည်။ နတ်ဘုရားရေးသည့်အင်းချပ်ကို နတ်ဘုရားများသာနားလည်နိုင်မည်ဖြစ်လေသည်။

အင်းချပ်အမျိုးအစားနာမည်မှာ "ကောင်းကင်ဘုံလက်ရေး" ဟု ပေးထားရခြင်းမှာ ထိုအင်းချပ်ကို "အဆုံးမရှိတွင်းနက်သို့မိုး နတ်မင်း၏အင်းချပ်လက်ရေး" ဆိုသည့်အခန်းတွင် မှတ်တမ်းတင်ထားသောကြောင့်ဖြစ်လေသည်။

"အခြေခံအင်းနှင့်မန္တန်ပညာ" ကျမ်းစာအုပ်တွင် ဟန်ချက်ညီခြင်းမှာ ကျင့်စဉ်လမ်းအတွက် အရေးပါဆုံးအချက်ဖြစ်သည် ဟု ရေးသားထားလေသည်။

ဒုတိယအမျိုးအစားအင်းပုံစံမှာ "နဂါးဇာမဏီတံဆိပ်တော်" အင်းချပ်ဖြစ်လေသည်။ ထိုအင်းချပ်ကို ရှေးဟောင်းတရား

ကျင့်သူများက တီထွင်ခဲ့ကြခြင်းဖြစ်ပြီး နဂါးနှင့်ဇာမဏီ ငှက်၏စွမ်းအားများပါဝင်လေသည်။ သို့သော် ထိုအင်းချပ်မှာ "ကောင်းကင်ဘုံလက်ရေး" အင်းချပ်လောက် စွမ်းအား ထက်မြက်ခြင်းမရှိပေ။ ထိုအင်းချပ်က မြင့်မြတ်သောနတ် ဘုရားများထံမှ အကြံဉာဏ်ရယူခြင်းများအတွက် များစွာ အသုံးဝင်လေသည်။

တတိယအမျိုးအစားအင်းပုံစံမှာ "တိမ်နှင့်မိုးကြိုးအင်းတံဆိပ် တော်" ဖြစ်လေသည်။ ကျင့်စဉ်လမ်း၏ ယင်နှင့်ယန် စွမ်းအား များ သဘာဝအတိုင်းအပြောင်းအလဲကို ပုံဖော်ထားခြင်းဖြစ် လေသည်။ ထိုအင်းချပ်သင်္ကေတများကို စာရွက် (သို့မဟုတ်)ပန်းသစ်သားကို ကြားခံအဖြစ်အသုံးပြုပြီးရေးဆွဲ ကာ အင်းချပ်၏အစွမ်းကို ရယူနိုင်လေသည်။ ထိုအင်းချပ်မှာ ယနေ့ခေတ်အသုံးပြုနေသော အင်းချပ်များ၏မူရင်းပုံစံဖြစ် လေသည်။

"အခြေခံအင်းနှင့်မန္တန်ပညာ" စာအုပ်တွင် ထိုအင်းချပ်ပုံစံသုံး မျိုးကိုသာဖော်ပြထားပြီး "တိမ်နှင့်မိုးကြိုးအင်းတံဆိပ်တော်" အင်းချပ်ရေးဆွဲပုံ တစ်ခုကိုသာ ရှင်းပြပေးထားလေသည်။ ချင်းရွှမ်နတ်တံခါးမှ ဆရာသခင်များကရော "ကောင်းကင်ဘုံ လက်ရေး" အင်းချပ်နှင့် "နဂါးဇာမဏီတံဆိပ်တော်" အင်းချပ် များ၏ အသေးစိတ်ရေးဆွဲပုံကို သိရှိပါမည်လားဟု ဆန်းလျှန် တွေးတောနေမိလေသည်။

ကျင့်ကြံသူအများစုမှာ အင်းချပ်ပညာကို အနည်းငယ်သာသိ ကြလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ကျင့်စဉ်များ ကို အဆင့်မြှင့်နိုင်ရန်အတွက် ခက်ခဲစွာကျင့်ကြံနေရ သောကြောင့်ဖြစ်လေသည်။

ကျင့်ကြံသူတစ်ယောက်သည် အင်းနှင့်မန္တန်ပညာကိုလေ့ကျင့် မည်ဆိုပါက တိုက်ခိုက်မှုစွမ်းအားသိပ်ပြီးရှိနိုင်မည် မဟုတ်ပေ။ အင်းနှင့်မန္တန်ပညာမှာ ဓားသိုင်းပညာလောက်တော့ ကောင်းမွန်

ခြင်းမရှိပါ။ သို့သော် ဂိုဏ်းတစ်ဂိုဏ်းတွင် စွမ်းအားမြင့်မား

သည့်ဆရာသခင်များသည် အင်းနှင့်မန္တန်ပညာများကိုလည်း

တတ်မြောက်ထားခြင်းရှိကြလေသည်။

လက်ရှိအချိန်တွင်တော့ အင်းနှင့်မန္တန်ပညာကို ကျင့်ကြံသူများ

ခရီးသွားလာသည့်အခါတွင် အကာအကွယ်အဖြစ်အသုံးပြုကြ

လေသည်။ ထို့ပြင် အင်းချပ်ပညာမှာ ပြဒါးရှင်လုံးကိုအသုံးပြု

ရသည်ထက် ပိုပြီးလွယ်ကူလေသည်။

ထို့ပြင် အချို့သောအင်းချပ်များမှာ မိုးမြေစွမ်းအားများကို စုပ်

ယူပေးနိုင်သည့်အတွက် ကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းစေလေ

သည်။ ထိုအင်းချပ်များက ဖျားနာမှုနှင့်ကင်းဝေးစေပြီး

အသက်ကိုရှည်စေလေသည်။

အချို့နတ်ဘုရားများကတော့ အင်းပညာဖြင့် လူသူမနေသည့်

မြေများမှ မြစ်ချောင်းအင်းအိုင် မြေအနေအထားများကိုပြုပြင်

ပြီး ကိုယ်ပိုင်နတ်ဘုရားကျောင်းတော်များ တည်ထောင်ကြလေသည်။

ဆန်းလျန်မှာ မှတ်ဉာဏ်စွမ်းအားမြင့်မားသည့်လူငယ်တစ်ယောက်ဖြစ်သည့်အတွက် တစ်ချက်ကြည့်ရုံမျှဖြင့် အားလုံးကို မှတ်မိနိုင်လေသည်။ သို့သော် "တိမ်နှင့်မိုးကြိုးအင်းတံဆိပ်တော်" ကိုတော့ သူလွယ်လွယ်ကူကူနှင့် မှတ်မိနိုင်ခြင်းမရှိပေ။ သူက ထိုအင်းချပ်ကို မှတ်မိအောင်ကြိုးစားတိုင်း စာအုပ်နှင့် ပြန်လည်တိုက်ဆိုင်ပြီး အတည်ပြုနေရလေသည်။ ထိုသို့ပြန်တိုက်ဆိုက်ကြည့်တိုင်းလည်း လွဲနေရလေသည်။ အင်းချပ်ပုံစံစုတ်ချက်များမှာ အချိန်တိုင်းပြောင်းလဲနေသကဲ့သို့ဖြစ်နေလေသည်။

သူ၏မှတ်ဉာဏ်မှာအလွန်အားကောင်းသည့်တိုင် အင်းချပ်ပုံစံအသေးစိတ်ကို မမှတ်မိနိုင်ဖြစ်နေရလေသည်။

နောက်ဆုံးတော့ ဆန်းလျန်မှာ စာရွက်တစ်ရွက်ကိုယူကာ ချ

ရေးလိုက်ရလေသည်။

သို့သော် အင်းချပ်ပုံစံများကို စာရွက်ပေါ်တွင်လည်း သူချမရေး

နိုင်ဘဲဖြစ်နေလေသည်။

ဆန်းလျန်က လက်လျှော့သွားခြင်းမရှိပါ။ ဘာဖြစ်သည်လဲကို

ရှာဖွေအဖြေထုတ်ရန် ကြိုးစားနေလေသည်။

အချိန်များစွာကုန်ဆုံးသွားပြီး နေဝင်သွားခဲ့ပြီဖြစ်လေသည်။

ဆန်းလျန်၏ ကျောရိုးတစ်လျှောက်စိမ့်တက်သွားပြီး သူ

ထိန်းသိမ်းနိုင်ခြင်းမရှိသောစွမ်းအားတစ်ခုက ဝင်ရောက်လာ

လေသည်။ သူ့ခန္ဓာကိုယ်ကိုပင် သူမထိန်းနိုင်တော့ပေ။

သူ၏ခန္ဓာကိုယ်မှာ တိမ်စလေးတစ်စကဲ့သို့အပေါ်သို့ပျံတက်

သွားပြီး ကြမ်းပြင်ပေါ်သို့ အရှိန်ဖြင့်ပြန်ပြုတ်ကျသွားရလေ

သည်။ သူက လက်တစ်ဖက်ဖြင့်အမြန်ထောက်ထားလိုက်နိုင်

သည့်အတွက်သာ ကြမ်းပြင်ပေါ်သို့ မျက်နှာအပ်ကာ အကျမနာခြင်းဖြစ်လေသည်။

သူ့ကိုထိုသို့ဖြစ်အောင်လုပ်သည်မှာ ထိုက်ဝေ့ထိုင်ကိုစောင့်ရှောက်နေသည့် တာအိုဆရာအဘိုးအိုဖြစ်ကြောင်း ဆန်းလျန်ကောင်းကောင်းသိလိုက်လေသည်။ အဘိုးအိုက စကားဖြင့်မပြောသော်လည်း ပြန်ရန်အချိန်ကျပြီဟု သတိပေးခြင်းဖြစ်လေသည်။ "ထိုမျှအထိလုပ်ရန်လိုလို့လား" ဟု ဆန်းလျန်တွေးလိုက်မိလေသည်။

သို့သော် ထိုသို့တွေးလိုက်မိသည့်အတွက် ဆန်းလျန်မှာလန့်သွားရလေသည်။ သူ့အတွေးများကို အဘိုးအိုသိနေလျှင်မည်သို့လုပ်မည်လဲ ။ ထိုကဲ့သို့ဆရာသခင်အဆင့်သူတော်စင်များဖြင့် သူက ပြဿနာတက်လိုခြင်းမရှိပါ။

ဆန်းလျန်အင်းချပ်ပညာလေ့ကျင့်နေသည်မှာ တိုးတက်လာသည်ဟု သူ့ကိုယ်သူ ခံစားမိလေသည်။ "တိမ်နှင့်မိုးကြိုးအင်း

တံဆိပ်တော်" ကို သူ၏စိတ်ထဲတွင် ယခုချိန်ထိ မမှတ်မိသေး

သော်လည်း အနည်းငယ်တော့သိနေပြီဖြစ်လေသည်။

အင်းချပ်ပညာမှာ တရားထိုင်ခြင်းနှင့် အတွင်းအားကျင့်ခြင်း

ထက်ပင် စိတ်ဝင်စားစရာကောင်းသည်ဟု ဆန်းလျန်ခံစားနေရ

လေသည်။

ထိုသို့ခံစားရခြင်းမှာ ဆန်းလျန်၏အာရုံခံနိုင်မှုအစွမ်း

မြင့်မားသောကြောင့်ဖြစ်လေသည်။ ထို့ပြင် တရားထိုင်ခြင်းနှင့်

အတွင်းအားကျင့်ကြံခြင်းတို့မှာ သူ့အတွက်

ထမင်းစားရေသောက်ကဲ့သို့ လွယ်ကူလွန်းနေပြီး လမ်းလျှောက်

ရင်း ၊ ထိုင်ရင်း ၊ အိပ်နေရင်းနှင့်ပင် အတွင်းအားကို ခန္ဓာကိုယ်

နေရာအနှံ့သို့ပျံ့နှံ့သွားအောင် လေ့ကျင့်နိုင်လေသည်။

သို့သော် အင်းချပ်တစ်ခုကို အာရုံစူးစိုက်ပြီးရေးဆွဲနေရသည်

လောက် စိတ်ဝင်စားစရာမကောင်းလှပေ။

ယခုရက်များအတွင်း ဆန်းလျန်နှင့်လူစောယိမှာ မတွေ့ဖြစ်သည်မှာ ကြာပြီဖြစ်လေသည်။

ယနေ့တော့ ရှယွမ့်အဆောင်သို့ ဆန်းလျန်ပြန်လာသည့်အချိန်တွင် လူစောယိကို တွေ့လိုက်ရလေသည်။ လူစောယိကိုတွေ့လိုက်ရသည့်အတွက် ဆန်းလျန်မှာ များစွာအံ့ဩသွားရလေသည်။

လူစောယိ၏ပုံစံမှာ အရိုးဂေါင်ဂင်နှင့်ပိန်ချုံးနေပြီး ဆံပင်များမှာလည်း အဝါရောင်သန်းနေလေသည်။ အဝတ်အစားများမှာလည်း ညစ်ပတ်နေပြီး ရည်မွန်သည့်စာပေသမားလေးတစ်ယောက်ပုံ မဟုတ်တော့ပေ။ သူ့ပုံစံမှာ သူတောင်းစားတစ်ယောက်သာသာ ဖြစ်နေလေသည်။

တံခါးဝတွင်ထိုင်နေသည့် လူစောယိ၏ပခုံးကို ဆန်းလျန်က အသာပုတ်လိုက်လေသည်။ လူစောယိက စိတ်ရှုတ်ပြီး

လေးကန်နေသည့်အကြည့်များဖြင့် ဆန်းလျန်ကို ကြည့်လိုက်

လေသည်။

"အစ်ကိုလူ ၊ မင်းဘာတွေဖြစ်နေတာလဲ"

ဆန်းလျန်က အတွင်းအားကိုအသုံးပြုကာ လူစောယိ

တစ်ယောက်တည်းသာကြားနိုင်အောင် အသံကို လူစောယိနား

သို့ ပို့ဆောင်ပြီးပြောလိုက်လေသည်။

လူစောယိ အသိစိတ်ပြန်ဝင်လာပြီး သူ့ခေါင်းကိုပွတ်လိုက်

ရင်း...

"အစ်ကိုဆန်း ၊ မဟုတ်ဘူး ဂိုဏ်းတူညီလေးဆန်း ၊ မင်း မှော်

ကျောက်စိမ်းတုံးတွေကောက်ပြီးသွားပြီလား"

ဟုမေးလိုက်လေသည်။

သူတို့နှစ်ယောက်မှာ အတူတူပညာသင်ကြားနေကြသည့်ဂိုဏ်း

တူညီအစ်ကိုများဖြစ်သည့်အပြင် အချင်းချင်းလည်း ညီအစ်ကို

ပမာ ခင်မင်ကြလေသည်။

ဆန်းလျန်မှာ လူစောယိထက် အသက်အနည်းငယ် ငယ်သည့်အတွက် ညီတစ်ယောက်အဖြစ် လူစောယိက သတ်မှတ်ထားလေသည်။

"ကျောက်တုံးတွေကောက်တဲ့အလုပ်ပြီးသွားပြီ ၊ ထပ်ပြီးကောက်စရာမလိုတော့ဘူး ၊ ဒါနဲ့ ဆရာသခင်က မင်းကိုအခြေခံကျင့်စဉ်တွေသင်မပေးဘူးလား ၊ မင်းကျင့်စဉ်တွေရောဘယ်အခြေအနေရောက်နေပြီလဲ"

လူစောယိပုံစံကိုကြည့်ပြီး ကျင့်စဉ်များကျင့်၍မရဖြစ်နေ၍စိတ်ပျက်နေခြင်းဖြစ်ကြောင်း ဆန်းလျန် ရိပ်မိပါသည်။

သို့သော် သူက လူစောယိ စိတ်ညစ်သွားမည်စိုးသောကြောင့်ထိုအကြောင်းကိုမပြောဘဲနေလိုက်လေသည်။

လူစောယိမှာ အထွဋ်ထိပ်မဏ္ဍိုင်ပွင့်နေပြီဖြစ်ကြောင်း ဆန်းလျန်ရိပ်မိလိုက်လေသည်။ သို့သော် သူ့ကိုကြည့်ရသည်မှာကျင့်စဉ်ကိုတော့အောင်မြင်သည့်ပုံမပေါ်သေးပေ။ ကိုယ့်ကို

ကိုယ်ထိန်းချုပ်နိုင်ရန်အတွက် မနည်းရုန်းကန်နေရသည့်ပုံမျိုး ဖြစ်နေလေသည်။

"ဆရာက ငါ့ကို "အတွေးကိုရုပ်လုံးဖော်ခြင်းကျင့်စဉ်" ကို လေ့ကျင့်ခိုင်းတယ် ၊ ငါက စိတ်ပျံ့လွင့်လွယ်တယ်လေ ၊ ပထမတော့ ကျင့်စဉ်ကအဆင်ပြေတယ်၊ ငါ့အတွင်းအားတွေလည်း တိုးတက်လာတယ် ၊ ဒါပေမယ့် ငါဘယ်လောက်ပဲကြိုးစား ကြိုးစား အဲဒီကျင့်စဉ်ကို အောင်မြင်အောင် မလေ့ကျင့်နိုင်ဘူး" လူစောယိက အသံတိုးတိုးဖြင့်ပြန်ပြောလိုက်လေသည်။ သူ့ကို ကြည့်ရသည်မှာ အလွန်အားနည်းနေပုံရသည်။

"မင်းဒီရက်တွေ ထမင်းရောစားရဲ့လား"

ဆန်းလျန် က မေးလိုက်သည်။

ဆန်းလျန်မှာ မိုးမြေစွမ်းအားများကို သူ့ကိုယ်တွင်းသို့ စုပ်ယူနိုင်လေသည်။ ထို့ကြောင့် အစားအသောက်မစားရလျှင်လည်း အတော်အတန်တော့ ခံနိုင်ရည်ရှိလေသည်။ သို့သော် လူစောယိ

မှာတော ဆန်းလျန်ကဲ့သို့ အရည်အချင်းရှိသူတစ်ယောက်မ

ဟုတ်ပါ။ ယခု သူ၏ပုံမှာ တုတ်တစ်ချောင်းထောင်ထား

သကဲ့သို့ အရိုးငေါ်ငင်ဖြစ်နေခြင်းမှာ အစားအသောက်မစား

သောကြောင့် ဖြစ်နိုင်လေသည်။ အစာငတ်ပြီး မသေသေး

သည်မှာပင် ထူးဆန်းနေပြီဖြစ်လေသည်။

"ခုနပဲ ပြဒါးဆေးလုံးတစ်လုံးသောက်ထားတယ် ၊ အဲဒါသောက်

ထားရင် ဆယ်ရက်လောက် ဘာမှမစားဘဲလည်း နေနိုင်တယ်

လေ"

လူစောယိက ပြန်ပြောလိုက်လေသည်။

"ငါတို့နှစ်ယောက် ထိုက်ယီတောင်ကပြန်လာတာ တစ်လ

လောက်ရှိနေပြီလေ ၊ မင်းအဲဒါကိုရော သတိရရဲ့လား"

ဆန်းလျန်က မေးလိုက်လေသည်။

"ဟုတ်လား...."

ယောင်တောင်တောင်ဖြစ်နေသည့် လူစောယိက ပြန်မေးလိုက်လေသည်။

"တစ်လတောင်ရှိနေပြီ ၊ အစ်ကိုလူက အခြေခံကျင့်စဉ်လေးတွေတောင် ရအောင်မကျင့်နိုင်သေးဘူး ၊ ဆရာသခင်ရဲ့ တပည့်ရင်းတစ်ယောက်အနေနဲ့ မဖြစ်သင့်တဲ့အချက်ပဲ"

ဖြတ်သွားသည့် ကျင့်ကြံသူတစ်ယောက်က ခပ်အေးအေးပင် ပြောရင်း သူတို့ဘေးမှ ဖြတ်သွားလေသည်။

ထိုကျင့်ကြံသူမှာ အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး ဓားရှည်ကိုကိုင်ထားလေသည်။ သူ့ပုံစံမှာ အလွန်ပင် ကြည့်ကောင်းလှလေသည်။ သူ၏မျက်ခုံးများမှာ နက်မှောင်ပြီး မျက်ဝန်းများက ကြယ်စင်ကဲ့သို့ တောက်ပနေကြလေသည်။ နှာတံမှာလည်း ဖြောင့်စင်း၍ ချောမောလှပသူတစ်ယောက်ဖြစ်လေသည်။

စွမ်းအားနှင့် ပြည့်ဝပြီး လန်းဆန်းတက်ကြွနေသည့် သဏ္ဍာန်ဖြစ်လေသည်။

ရှယွမ့်အဆောင်တွင် ထိုသူကဲ့သို့ ချောမောသည့် ဓားသမား ကျင့်ကြံသူမှာ ချန်ကျန်းမေမှလွဲပြီး မည်သူမှ မရှိနိုင်ပေ။ သို့သော် ယခုလူငယ်မှာလည်း အမှန်တကယ်ပင် စွဲဆောင်မှုရှိပါသည်။

သို့သော် သူ၏စကားများကတော့ လူစောယိရင်ထဲသို့ စူးတစ်ချောင်းစိုက်ဝင်သွားသကဲ့သို့ ဖြစ်သွားရလေသည်။

ဆရာသခင်က သူ့ကိုတပည့်အဖြစ်လက်ခံသည်မှာ သူ့တွင် အလားအလာကောင်းရှိသောကြောင့်ဖြစ်သည်ကို လူစောယိ ရိပ်မိပါသည်။ ဆရာသခင်၏တပည့်ရင်းဖြစ်လာရခြင်းမှာ အမှန်ပင် ဂုဏ်ယူစရာဖြစ်လေသည်။ သူသာ ယခုကဲ့သို့ ကျင့်စဉ်လေ့ကျင့်နိုင်ခြင်းမရှိလျှင် အခြားသူများက သူ့အပေါ် မည်သို့ထင်မြင်ကြမည်နည်း။

လူစောယိမှာ ငတုံးတစ်ယောက်မဟုတ်ပါ။

ထိုအဖြူရောင်ဝတ်လူငယ်မှာ ရှယွမ့်အဆောင်သို့နောက်ထပ်ရောက်ရှိလာသည့် တပည့်အသစ်များထဲမှ တစ်ယောက်ဖြစ်ရမည်ဟု သိလိုက်လေသည်။

"ကြည့်ရတာ ဂိုဏ်းတူညီလေးမှာ ကျုပ်ကိုပေးစရာအကြံဉာဏ်တစ်ခုခုရှိနေတယ်ထင်တယ် ၊ ဘာများလဲ သိပါရစေလား"

ဟု တည့်ထိုးပင် မေးလိုက်လေတော့သည်။

အခန်း (၈၀)

စိတ်ဆန္ဒသမုဒ္ဒရာ

"ဆရာသခင်ရဲ့တပည့်တစ်ယောက်အနေနဲ့ မင်းလိုလူမျိုးရှိနေတာ ချင်းရွှမ်နတ်တံခါး သိက္ခာကျတာပေါ့၊ ခုချိန်ထိ အခြေခံကျင့်စဉ်တွေကိုတောင် မကျင့်နိုင်သေးရင် ဒီနေရာက ထွက်သွားတာပဲကောင်းလိမ့်မယ်"

အဖြူရောင်ဝတ်လူငယ်က ပြန်ပြောလိုက်လေသည်။

ထိုလူငယ်မှာ လူစောယိကို လှောင်ပြောင်နေသည်မှာ သေချာလေသည်။

ထိုလူငယ်မှာ ချင်းရွှမ်နှင့်မိုင်ပေါင်းသုံးထောင်ဝေးကွာသည့်အရပ်မှရောက်လာသည့် မင်းသားတစ်ပါးဖြစ်လေသည်။ ချင်းရွှမ်သို့ရောက်လာသည်မှာ မကြာသေးပေ။ သို့သော် ကျင့်စဉ်လမ်းတွင်တော့ များစွာတိုးတက်မှုရရှိနေလေသည်။ သို့သော်သူက ဆရာသခင်၏တပည့်ရင်းတစ်ယောက်မဟုတ်ပါ။

အခြားသော ဆရာသခင်က သူ့ကိုပညာသင်ကြားပေးရန်တာဝန်ယူခဲ့သည့်အတွက် ထိုအချက်ကို မကျေမနပ်ဖြစ်နေသူ

ဖြစ်လေသည်။ လူစောယိကို မကျေမနပ်ဖြစ်နေသည်မှာလည်း ဆရာသခင်က လူစောယိကို တပည့်ရင်းအဖြစ်လက်ခံထားသောကြောင့် ဖြစ်လေသည်။

ဆရာသခင်ကျန်းရှော့ရှီးမှာ နတ်ဘုရားတစ်ပါးမဟုတ်သေးသည့်တိုင်အောင် ကျင့်ကြံသူလမ်းစဉ်တွင်တော့ ထိပ်တန်းကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ လူစောယိလိုလူမျိုးက အဘယ့်ကြောင့် ဆရာသခင်၏တပည့်ဖြစ်နေပြီး သူကတော့အဘယ့်ကြောင့်မဖြစ်ရပါသနည်း။ ထိုအချက်က အဖြူရောင်ဝတ်လူငယ် မကျေမနပ်ဖြစ်နေရသည့် အဓိကအချက်ပင်ဖြစ်လေသည်။

ထို့ပြင် လူစောယိကဲ့သို့သော အရည်အချင်း ၊ အသိဉာဏ်မျှလောက်ဖြင့် ချင်းရွှမ်နတ်တံခါးမှ ဆရာသခင်နေရာကို မည်သို့မျှ ဆက်ခံနိုင်ခြင်းရှိမည်မဟုတ်ဟု သူက ယူဆထားလေသည်။

ဆန်းလျန်က ရယ်မောလိုက်လေသည်။

"အစ်ကိုလူက ဆရာသခင်ရဲ့တပည့်မဖြစ်ထိုက်ဘူးဆိုရင် ဆရာသခင်ကို မင်းကိုယ်တိုင်သွားပြောပါလား၊ သူက မင်းကို တပည့်အဖြစ်မရွေးဘဲ အစ်ကိုလူကိုဘာလို့တပည့်အဖြစ်ရွေးခဲ့တာလဲလို့ သွားမေးပါလား"

ဆန်းလျန်စကားကြောင့် အဖြူရောင်ဝတ်လူက ဒေါသထွက်သွားခြင်းမရှိပါ။

သူက အေးအေးဆေးဆေးပင်ပြန်ပြောလိုက်လေသည်။

"ဒီချင်းရှမ်နတ်တံခါးမှာ ရှယွမ့်ဆောင်မှာပဲဖြစ်ဖြစ် စန့်ယွမ့်ဆောင်မှာပဲဖြစ်ဖြစ် ကျုပ်နဲ့သက်တူရွယ်တူတွေထဲမှာ ကျုပ်ထက်သာတဲ့သူ တစ်ယောက်မှမရှိဘူး၊ ကျုပ်သာဒီလိုမကျေမနပ်ဖြစ်နေတာ ဆရာသခင်သိသွားရင် သူ့ဆုံးဖြတ်ချက်ကို ပြန်ပြင်ပေးမှာပဲ"

"မင်းက တပည့်တစ်ယောက်ရော ဟုတ်ရဲ့လား"

ဆန်းလျန်က ပြန်ပြီးမေးခွန်းထုတ်လိုက်လေသည်။

ထိုမေးခွန်းကြောင့် အဖြူရောင်ဝတ်လူငယ်မှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

ဆန်းလျန်က ခပ်ပါးပါးလေးပြုံးလိုက်ရင်း...

"မင်းရဲ့ပုံကိုကြည့်ရတာ တပည့်အဖြစ်သတ်မှတ်ခံရပြီး ဆရာဖြစ်သူကို ကန်တော့ချင်ကန်တော့ထားမှာပေါ့၊ ဒါပေမယ့် ကျုပ်သာမင်းရဲ့ဆရာဆိုရင်တော့ မင်းလိုတပည့်မျိုးကို နှင်ထုတ်မိမှာပဲ"

ဟုပြောလိုက်လေသည်။

"ကျုပ်ရဲ့ဆရာကို မကောင်းဘူးလို့ ကျုပ်ပြောနေတာမဟုတ်ပါဘူး၊ ကျုပ်က အစ်ကိုလူကို မကျေနပ်တာပါ၊ သူသာသတ္တိရှိမယ်ဆိုရင် ပြိုင်ကြရအောင်လေ၊ နောက်နှစ်ဆိုရင် ကျင့်ကြံသူစာမေးပွဲရှိတယ်၊ ဘယ်သူက အဆင့်မြင့်မြင့်နဲ့အောင်မလဲဆိုတာ ကြည့်ကြတာပေါ့"

အဖြူရောင်ဝတ်လူငယ်က စိန်ခေါ်လိုက်လေသည်။

"မင်းစိန်ခေါ်တာကို ငါလက်ခံတယ်၊ ကျုပ်ရှုံးခဲ့ရင် ကျုပ်က ဆရာသခင်ရဲ့တပည့်တစ်ယောက်မဖြစ်ထိုက်တဲ့သူပဲ၊ ဒါပေမယ့် မင်းရှုံးခဲ့ရင်တော့ မင်းကျုပ်ကို တောင်းပန်ရမယ်၊ ဘယ်လိုလဲ"

"ကောင်းပြီ၊ ကျုပ်လက်ခံပါတယ်၊ ကျုပ်နာမည်က ကျောက်စစ်မင်ပါ၊ အဲဒီနာမည်ကိုသာ မှတ်ထားလိုက်ပါ"

အဖြူရောင်ဝတ်လူငယ်က ရယ်မောရင်းထွက်ခွာသွားလေသည်။

လရောင်က ဖြာကျနေလေသည်။

လူစောယိက တံခါးကို လက်သီးဖြင့်ထိုးချလိုက်သည့်အတွက် တံခါးဖြင့် အရိုးများထိတွေ့သည့်အသံများ ထွက်လာလေသည်။

"အစ်ကိုလူ၊ ငါက မင်းတို့ အခုပဲ တိုက်ခိုက်ကြတော့မယ် ထင်နေတာ"

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။

"ငါက စည်းကမ်းဆောင်က စည်းကမ်းတွေကို အလွတ်ကျက်ထားတာ ၊ အချင်းချင်းရန်ဖြစ်တာကို တားမြစ်ထားတယ်"

လူစောယိက ဖြောင့်မတ်မှန်ကန်သည့် လူတစ်ယောက်ပုံစံမျိုးဖြင့်ပြောလိုက်လေသည်။

"မင်းက သူ့ထက်တော့မညံ့ပါဘူးကွာ ၊ တကယ်တော့ မင်းသာပြောမယ်ဆိုရင် ငါသူနဲ့ချမှာ ၊ ငါသူ့ကိုအရမ်းတော့ မတိုက်ခိုက်ပါဘူး ၊ ရန်ဖြစ်လို့အပြစ်ပေးခံရမယ်ဆိုရင် အပြစ်ပေးခံရတာနည်းနည်းလောက်ကတော့ ငါခံနိုင်ရည်ရှိပါတယ်"

ဆန်းလျန်က အလေးအနက်ပြောလိုက်လေသည်။

လူရှိနေသည့်အရပ်တွင် ရန်ဖြစ်မည်ပဲဖြစ်လေသည်။

စည်းကမ်းများဆိုသည်က တပည့်များကြားမှ အငြင်းပွားမှုများကို တားဆီးထားနိုင်မည်မဟုတ်ပေ။ ချန်ကျန်းမေသည်ပင်

လျှင် အစပိုင်း၌ သည်းခံနေသော်လည်း နောက်ပိုင်းတွင်တော့ သည်းမခံနိုင်ဖြစ်ရသည်ပဲ မဟုတ်ပါလား။

စည်းကမ်းဆိုသည်မှာ ဖိနှိပ်ရန်အတွက် ထုတ်ပြန်ထားခြင်း မဟုတ်ပါ။ လူများကို စည်းကမ်းလိုက်နာပြီး အပြုအမူများကို ထိန်းသိမ်းရန်ထုတ်ပြန်ထားခြင်းဖြစ်လေသည်။

လူစောယိက ကျယ်လောင်စွာရယ်မောလိုက်လေသည်။ ဆန်းလျန်မှာ ထိုမျှရယ်စရာကောင်းလိမ့်မည်ဟု သူမထင်မိပါချေ။

လူစောယိအရယ်ရပ်သွားမှ ဆန်းလျန်က ဆက်ပြောလိုက်သည်။

"အစ်ကိုလူ ၊ ငါမင်းကိုပြောပြမယ် ၊ ကျင့်စဉ်ကျင့်ကြံတဲ့နေရာမှာ သူ့သဘာဝအတိုင်းပဲသွားရတယ် ၊ အခြားသူတွေရဲ့ အထင်အမြင်တွေကို ဂရုစိုက်ပြီး မင်းကိုယ်မင်းဖိအားတွေပေး နေမယ်ဆိုရင် ဆုံးရှုံးရလိမ့်မယ် ၊ မခံချင်စိတ်နဲ့ကြိုးစားလို့

အောင်မြင်ခဲ့တယ်ဆိုရင်တောင်မှ အနာဂတ်မှာ အကျိုးမရှိနိုင်ဘူး"

"ငါနားလည်ပါတယ်ကွာ ၊ ငါဒေါသထွက်နေတုန်းမို့လို့ပါ ၊ ဒီပြဿနာကို ငါဖြေရှင်းနိုင်မှာပါ"

လူစောယိက ခေါင်းခါရမ်းရင်းပြောလိုက်လေသည်။ ထိုအကြောင်းအရာများကိုသာ သူသိရှိခဲ့ခြင်းမရှိပါက သူ့စိတ်ဝိညာဉ်မည်မျှပင် သန့်စင်ပါစေ ဆရာသခင်ကျန်းရှော့ရှီးက သူ့ကိုတပည့်အဖြစ်လက်ခံမည်မဟုတ်ပေ။

ဆန်းလျန်မှာ ပြောစရာစကားများပျောက်ဆုံးသွားရလေသည်။ သူ၏ကျင့်ကြံမှုအဆင့် ယခုကဲ့သို့တိုးတက်လာခြင်းမှာ သူ၏သဘာဝအတိုင်း စိတ်တည်ငြိမ်အေးချမ်းမှုနှင့် ကိုယ်ရည်ကိုယ်သွေးကြောင့်ဖြစ်လေသည်။ ထိုကိုယ်ရည်ကိုယ်သွေးမှာ ကျင့်စဉ်လမ်းတွင် အလွန်တန်ဖိုးရှိသည့်အချက်ဖြစ်လေသည်။ ထို့ပြင် "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ

ကျင့်စဉ်များကိုလည်း လေ့ကျင့်ခဲ့သည့်အတွက် ကြီးမားသည့် အောင်မြင်မှုများ ရရှိခဲ့ခြင်းပင် ဖြစ်လေသည်။

မိုးနှင့်မြေတွင် ရည်မှန်းချက်ရှိကြသည့် လူပေါင်းများစွာရှိလေသည်။ သို့သော် သူတို့ထဲက ဘယ်လောက်များများက လမ်းတစ်ဝက်တွင်စိတ်ပျက်အားလျော့သွားကြပါသနည်း။

စိတ်ဆန္ဒဆိုသည်မှာ သမုဒ္ဒရာကဲ့သို့ပင်ဖြစ်လေသည်။ လေပြေလေးတိုက်ခတ်ရုံမျှဖြင့် လှိုင်းထနိုင်လေသည်။ လောကဓံကို ကြံ့ကြံ့ခံနိုင်ဖို့ဆိုသည်မှာ ယာယီမျှသာဖြစ်နိုင်လေသည်။

ဆန်းလျန်က လူစောယိကို တစ်ချက်ကြည့်လိုက်သည်။

သူ၏ဆံပင်များမှာ ရှုတ်ပွနေပြီး မျက်နှာမှာလည်း ညစ်ပေနေလေသည်။ သူ၏စွမ်းအားများမှာလည်း လျော့နည်းနေကြသည်။ သို့သော် ဆန်းလျန် လူစောယိကို လျှော့တွက်မထားပါပေ။ ယှဉ်ပြိုင်ခြင်းနှင့်အဆင့်သတ်မှတ်ခြင်းဆိုသည်မှာ

လောကတွင် သိပ်ပြီးအရေးမပါလှသည့် အရာများပင်ဖြစ်လေသည်။

....

လူတိုင်းတွင် အားနည်းချက်နှင့်အားသာချက်ကိုယ်စီရှိကြလေသည်။

ဆန်းလျန်အနေဖြင့် လူစောယိကို ဝေဖန်လိုခြင်းအလျဉ်းမရှိပါ။ သို့သော် သူကတော့ လူစောယိနှင့်ယှဉ်လျှင် အရာအားလုံးချောမောစွာအောင်မြင်နေလေသည်။ ထိုအချက်က သူ့ကိုကိုင်လှုပ်လိုက်သလိုခံစားလိုက်ရလေသည်။

ထိုသို့တွေးလိုက်မိသည်နှင့် ဆန်းလျန်က လူစောယိကို ချက်ချင်းပင် အရိုအသေပေးလိုက်လေသည်။

လူစောယိက စိတ်ရှုတ်ထွေးသည့်ပုံစံဖြင့်မေးလိုက်သည်။

"ဂိုဏ်းတူညီလေးဆန်း ၊ မင်းဘာလုပ်တာလဲ"

"ကိုယ်ကလက်ညိုးတစ်ချောင်းထိုးရင် ၊ ကိုယ့်ကိုအခြားလက်သုံးချောင်းက ပြန်ထိုးနေမှာပဲ ၊ ခုန ငါတကယ့်ကို

အသိဉာဏ်မရှိတဲ့အလုပ်ကို လုပ်ခဲ့မိတယ်၊ ငါ့ကိုနားလည်

အောင်လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဆန်းလျန်က အေးချမ်းစွာပြောလိုက်လေသည်။

ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ရန် တုန့်ဆိုင်းမနေသင့်

ပေ။

လူစောယိက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ငါတော့မင်းကိုတကယ်လေးစားမိပြီ ညီလေးဆန်း၊ မင်းက

သိပ်ပြီးတည်ငြိမ်ပြီး စံနမူနာထားစရာတွေလည်း အများကြီးရှိ

တယ်"

ဟုပြောလိုက်လေသည်။

ဆန်းလျန်က ခေါင်းတစ်ချက်ဆတ်လိုက်ပြီး...

"ငါပင်ပန်းနေပြီ၊ နောက်နေ့မှတွေ့ကြတာပေါ့"

ဆက်နေ၍လည်းအကျိုးမရှိသည့်အတွက် ဆန်းလျန်က

အဆောင်တွင်းသို့ဝင်ကာ အနားယူရန်ဆုံးဖြတ်လိုက်လေသည်။

လူစောယိမှာလည်း ပင်ပန်းနေပြီဖြစ်လေသည်။ စောစောက ဖြစ်ခဲ့သည့်အဖြစ်အပျက်များကြောင့် ဆက်ပြီး ကျင့်စဉ် လေ့ကျင့်ဖို့လည်း စိတ်မပါတော့ပေ။ သူလည်း အခန်းသို့ပြန် ကာ အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

ဝါးအဆောင်လေးထဲတွင် ဆန်းလျန်တရားထိုင်နေလိုက်လေ သည်။ သူက "အတွေးကိုရုပ်လုံးဖော်ခြင်းကျင့်စဉ်" ဖြင့် သူပုံ ဖော်နေကျ ကျိုင်းကိုကိုင်ထားသည့်နတ်သမီးရုပ်တုပုံကိုပုံဖော် ကြည့်လိုက်လေသည်။ သူ၏မြင်ကွင်းများမှာ သာမန်ထက် ကြည်လင်နေပြီး ပတ်ဝန်းကျင်ရှိလေထုအတွင်းမှ စွမ်းအား တစ်ခုကို ခံစားလိုက်ရလေသည်။

သူက ပိုပြီးရှင်းလင်းအောင် အနီးကပ်အာရုံခံကြည့်လိုက်သည့် အခါတွင်တော့ ပုံရိပ်များမှာ လှုပ်ရှားသွားပြီး မူလပုံကိုပင် မြင် ရန်ခက်ခဲသွားပြန်လေသည်။

ဆရာသခင်ကျန်းရော့ရှီးထံမှ လမ်းညွှန်မှုများရယူပြီး

သည့်နောက် ဆန်းလျန်၏ "အတွေးကိုရုပ်လုံးဖော်ခြင်း

ကျင့်စဉ်" မှာ အံ့သြစရာကောင်းလောက်အောင် တိုးတက်လာ

လေသည်။ အမြင်များရှင်းလင်းလာပြီး ပိုပြီးလက်တွေ့ကျလာ

လေသည်။ သူ့ဝိညာဉ်ခန္ဓာတွင် ဗလာနယ်ကို ခံစားရခြင်းမရှိ

တော့ပေ။

သူက ပုံဖော်ထားသည့်နတ်သမီးရုပ်တုကို အင်းချပ်များကဲ့သို့

ရေးဆွဲကြည့်လိုက်သည်။ အင်းချပ်နှင့်နတ်သမီးရုပ်တု နှစ်ခု

လုံးမှာ ပြောင်းလဲသွားပြီး ဆန်းလျန်၏စိတ်စွမ်းအား မည်မျှ

ကောင်းပါစေ မြင်နေကျနတ်သမီးရုပ်တုကို ပုံမဖော်နိုင်တော့ဘဲ

အတွေးစိတ်ထဲတွင် နစ်မြုပ်သွားလေသည်။

သူက ယခင်ကအတွေးပုံဖော်ခဲ့သည့် နတ်သမီးရုပ်တုပုံကို

မှတ်ဉာဏ်များထဲမှ ပြန်ခေါ်ကြည့်လိုက်လေသည်။ သို့သော်

သူ၏မှတ်ဉာဏ်မဟုတ်သည့်အစိတ်အပိုင်းမဟုတ်ဘဲ အပြင်မှ

တစ်စုံတစ်ယောက်က သူ့မှတ်ဉာဏ်များကို ဝင်ရောက်ရေးသား

နေသကဲ့သို့ ခံစားနေရလေသည်။

....

ချင်းရှမ်ခန်းမဆောင်ထဲတွင် ထျန်းတိကျန်းမှာ လေထဲတွင်

လွင့်မျောနေလေသည်။ ထိုမှန်ထဲတွင် လူစောယိနှင့် ဆန်းလျန်

တို့၏ ပြီးခဲ့သည့်အဖြစ်အပျက်များပေါ်နေလေသည်။

ချန်ကျန်းမင်မှာလည်း ခန်းမဆောင်ထဲတွင်ရှိလေသည်။ သူက

ဆရာသခင်ကျန်းရှော့ရှီးရှေ့တွင် ရပ်နေလေသည်။

"ဆရာက လူစောယိကိုတပည့်အဖြစ်လက်ခံလိုက်ပေမယ့်

အခြေခံကျင့်စဉ်တွေကို သေချာရှင်းမပြဘဲ လေ့ကျင့်ခိုင်းလိုက်

တာလေ ၊ ကျွန်တော့်အထင် ဆရာသူ့ကို ကောင်းကောင်းဂရုမ

စိုက်ဘူးပဲ"

ချန်ကျန်းမေက ပြောလိုက်လေသည်။

"ဆန်းလျန်က လွတ်လွတ်လပ်လပ်နဲ့ ပျော်ပျော်နေတတ်တယ် ၊

ဒါက ချင်းရှမ်နတ်တံခါးရဲ့ သဘောတရားနဲ့ ကိုက်ညီတယ် ၊

မင်းက သူ့ကိုပြုပြင်ဖို့ကြိုးစားမယ်ဆိုရင်လည်း ထိရောက်မှာ
မဟုတ်ဘူး ၊ သူလိုအပ်တာက သူ့စိတ်အာရုံမိုးကုပ်စက်ဝန်းကို
ဖြန့်ကျက်ပြီး တူညီချက်တွေကို နှိုင်းဆဆင်ခြင်နိုင်ဖို့ပဲ ၊ အဲဒီ
လိုသူ့အယူအဆနဲ့သူ လုပ်သွားတာက အချိန်နည်းနည်းတော့
ကြာလိမ့်မယ် ၊ ဒါပေမယ့် အနာဂတ်မှာ ဟိုင်သန်းအဆင့်နဲ့ ဖော့
ဝမ့်အဆင့်ကို တက်လှမ်းတဲ့အခါ သိပ်ကိုမြန်ဆန်သွားနိုင်တယ်"
"လူစောယိကတော့ ငယ်ငယ်ကတည်းက စာပေပညာကို
လေ့လာခဲ့တဲ့ အလားအလာရှိတဲ့ စာပေသမားတစ်ယောက်ပဲ ၊
ဒါပေမယ့် သူက စာပေတွေချည်းလေ့လာခဲ့တဲ့အတွက်
ကျင့်ကြံမှုလမ်းစဉ်မှာ ဘာတစ်ခုမှ သိတာမရှိဘူး ၊ ဒါကြောင့် ဒီ
လို ရှင်းမပြဘဲ ကျင့်စဉ်တွေပေးလိုက်တာ သူ့ကောင်းကျိုး
အတွက်ပါပဲ ၊ သူ့ကိုသာတွန်းအားမပေးဘူးဆိုရင် သူ့အတွက်
ဟိုင်သန်းအဆင့်ဆိုတာ စာရွက်ပေါ်မှာပဲ မြင်ဖူးတဲ့အဆင့်ထက်

မပိုဘူးဖြစ်သွားလိမ့်မယ် ၊ မသေမျိုးဖြစ်တဲ့နတ်ဘုရားဘဝ ဘယ်တော့မှ ရနိုင်မှာမဟုတ်တော့ဘူး"

ဆရာသခင် ကျန်းရှော့ရှီးက လူငယ်နှစ်ယောက်၏ မတူညီသည့်အချက်ကို ရှင်းလင်းပြောပြလိုက်လေသည်။

အခန်း (၈၁)

တိတ်တဆိတ်ခရီး

ဆန်းလျန်ကျင့်စဉ်ကျင့်ပြီးသွားသည့်အချိန် မျက်လုံးကို အသာအယာဖွင့်ကြည့်လိုက်လေသည်။ အပြင်ဘက်တွင် မိုးကသည်းထန်စွာရွာသွန်းနေလေသည်။

မိုးသံများက ဂီတသံစဉ်တစ်ခုအလား တဖျောက်ဖျောက်ကျနေ
လေသည်။

ဆန်းလျန်က မိုးသံကိုသာမက လူစောယိ၏အသက်ရှူသံကိုပါ
ကြားနေရလေသည်။ သူ၏အသက်ရှူသံမှာ လိုက်ကာစကို
လေတိုးသည့်အသံကဲ့သို့ ဖြစ်နေလေသည်။ မှန်းကြည့်စရာ
ပင်မလိုပေ။ လူစောယိမှာ စိတ်ဝိညာဉ် ငြိမ်သက်ခြင်းအဆင့်သို့
ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရှိနိုင်လေသည်။

ဆန်းလျန်၏ထက်မြက်သည့်အမြင်အရဆိုလျှင် လူစောယိ
ထိုသို့ ငြိမ်သက်ခြင်းအဆင့်ကို အဘယ်ကြောင့် မြန်မြန်ဆန်
ဆန်ရောက်သွားရသည်ကို နားလည်လိုက်လေသည်။ လူစော
ယိမှာ စိတ်ပိုင်ဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ အဆိုးဆုံးအခြေအနေ
ဖြစ်နေသောကြောင့် သူ၏အကန့်အသတ်ပြည့်သွားခြင်းဖြစ်
လေသည်။

"ခန္ဓာကိုယ်အားနည်းနေချိန်တွင် အတွင်းအားက စီးဆင်းသွားသည်၊ နှလုံးခုန်ရပ်သွားသည့်အချိန်တွင် စိဝိညာဉ်က နိုးထလာသည်" ဆိုသည့်စကားကဲ့သို့ပင်ဖြစ်လေသည်။

လူစောယိမှာ ညဘက်အနားယူသည့်အချိန်တွင် လူကအိပ်ပျော်နေပြီး ရုပ်ခန္ဓာကငြိမ်သက်နေသည့်တိုင် အတွင်းအားများကတော့ စီးဆင်းနေခြင်းဖြစ်လေသည်။ စိတ်ပင်ပန်းနေသည့်အတွက် သူ၏စိတ်နှလုံးမှာ အလုပ်မလုပ်တော့သော်လည်း စိတ်ဝိညာဉ်ကတော့ နိုးထနေလေသည်။ လူစောယိ၏ မရပ်မနားလေ့ကျင့်နေသည့် ကျင့်စဉ်ရပ်နားထားသည့်အချိန်တွင် ထိုကဲ့သို့ဖြစ်နေခြင်းပင်ဖြစ်လေသည်။

ကျင့်ကြံခြင်းလမ်းစဉ်ဆိုသည်က ရှေ့လျှောက်ဘာဖြစ်မည်ကို မျှော်မှန်းမရနိုင်ပေ။ စိတ်ဆန္ဒရှိသည့်အတိုင်းကျင့်ကြံတိုင်းလည်း အောင်မြင်ချင်မှအောင်မြင်မည်ဖြစ်သလို မထင်မှတ်ဘဲ အောင်မြင်သွားသည်မျိုးလည်း ရှိနိုင်လေသည်။

ဆန်းလျန်ခေါင်းခါယမ်းရင်း တစ်ချက်ရယ်မောလိုက်လေ

သည်။

သူ ရှယွမ့်အဆောင်ထဲမှ ထွက်ခွာလာပြီး မိုးရေထဲတွင်

လမ်းလျှောက်နေလိုက်သည်။ ကောင်းကင်တစ်ခုလုံးအုံ့မှိုင်းနေ

လေသည်။ ရှယွမ့်အဆောင်အနီးရှိ ဝါးရုံတောကြီးမှာလည်း မိုး

စက်များအောက်တွင် အုံ့မှိုင်းနေလေသည်။ သူက ထိုက်ဝေ့

ထိုင်ခန်းမဆောင်သို့ သွားချင်သော်လည်း မိုးရွာနေ

သည့်အတွက်ကြောင့် မသွားတော့ဘဲ ချင်းလျန်တောင်တစ်ခွင်

သို့ လျှောက်ကြည့်ရန်ဆုံးဖြတ်လိုက်လေသည်။

သူက ဝါးရုံတောအတွင်းသို့ ဝင်လာခဲ့လိုက်လေသည်။

"သစ်ရွက်ပေါ်ကိုမိုးရေတွေကျတဲ့အသံထိုင်နားထောင်နေမယ့်

အစား ၊ အဲဒီသစ်ရွက်လေးတွေကို တိတ်တဆိတ် သွားကြည့်

သင့်တာပေါ့"

ဟု ဆန်းလျန် တွေးလိုက်မိသည်။

သစ်ရွက်ကြွေလေးများကိုကြည့်ရင်း ဆန်းလျန် ဝမ်းနည်းလာ
သလိုခံစားလိုက်ရလေသည်။ သစ်ရွက်လေးများပေါ်တွင်
မိုးရေစက်လေးများက ထင်ကျန်နေလေသည်။

ဝါးရုံတောကြီးမှာ မည်မျှကြီးပြီးနက်ရှိုင်းသည်ကို ဆန်းလျန်မ
သိပါ။ သူက မိုးရည်ထဲတွင် ခပ်ဖြည်းဖြည်းလမ်းလျှောက် လာ
ခဲ့လေသည်။

သူက ဦးတည်ရာမရှိလျှောက်သွားနေပြီး ရှုမျှော်ခင်းများကို
ကြည့်ရှုနေလေသည်။

ဝါးရုံတောမှာ လူများသွားလာခြင်းမရှိသဖြင့် လမ်းလည်းမရှိ
ပေ။ မြေကြီးမှာ ပျော့နေပြီး ရွှံ့ဗွက်များဖြစ်နေလေသည်။
ဆန်းလျန်မှာ သပ်သပ်ရပ်ရပ်နေတတ်သူတစ်ယောက်ဖြစ်သည့်
တိုင် ရွှံ့ဗွက်များပေမည်ကို ကြောက်ရွံ့ခြင်းမရှိပါ။
သူက နွန်းမြေများကြားတွင်လျှောက်သွားရင်း ခြေထောက်များ
ပေကျံကုန်လေသည်။ သူက ဝါးရုံတောအတွင်းသို့ ဆက်ဝင်

သွားလိုက်သည်။ ခန္ဓာကိုယ်ရှိ သွေးကြောဆုံမှတ်များတွင် ထိန်းချုပ်ရန်ခက်ခဲသည့် သွေးကြောဆုံမှတ်များမှာ ခြေဖဝါးရှိ သွေးကြောဆုံမှတ်များပင်ဖြစ်လေသည်။ ခြေဖဝါးတွင် သွေးကြောဆုံမှတ်များစွာရှိပြီး ထိုသွေးကြောများကို ထိန်းချုပ်ရန် အလွန်ခက်ခဲလေသည်။

ဆန်းလျန်က သူ၏အတွင်းအားကို ခြေဖဝါးသို့ပို့ဆောင်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ရှံ့ဗွက်ထဲတွင်လမ်းလျှောက်ရသည်မှာပုံမှန်လမ်းလျှောက်ရသည်ထက် ပိုပြီးခက်ခဲလေသည်။ သူ၏အတွင်းအားအတော်များများကို သုံးလိုက်ရလေသည်။ သို့သော် သူထိုသို့လျှောက်သွားနေခြင်းက အချိန်အလကား ဖြုန်းနေရာမရောက်ကြောင်း သိပ်မကြာခင်မှာပင် သိရှိလိုကရလေသည်။

အဘယ်ကြောင့်ဆိုသော် ဝါးရုံတောအလယ်တွင် မြေကွက်လပ်တစ်ခုကို မြင်တွေ့လိုက်ရသောကြောင့်ဖြစ်လေသည်။ ထို

မြေကွက်လပ်မှာ သန့်ရှင်းနေပြီး မိုးရေများကျဆင်းနေခြင်းမရှိပါ။ မိုးသည်းထန်စွာရွာနေသည့် နေ့တစ်နေ့ဖြစ်သည့်တိုင် ထိုမြေကွက်လပ်တွင် ရေလည်းမရှိ ၊ လေလည်းမတိုက်ဘဲ သီးခြားနေရာလေးတစ်ခုလို ဖြစ်နေလေသည်။

ထိုမြေကွက်လပ်နေရာမှာ လောကကြီး၏ သဘာဝရာသီဥတုများမှ ကင်းလွတ်နေသည့်နေရာလား ၊ သို့မဟုတ် ထိုသို့ကင်းလွတ်နေအောင် အစီအမံဖြင့်လုပ်ထားသည့်နေရာလား မသိနိုင်ပါ။

ထိုမြေကွက်လပ်အလယ်တွင် စားပွဲခုံတစ်လုံးရှိနေပြီး ထိုစားပွဲခုံတွင် မုတ်ဆိတ်မွေးများထူထပ်စွာပေါက်ရောက်နေသည့် လူတစ်ယောက်ထိုင်နေလေသည်။ သူ့ကိုကြည့်ရသည်မှာ လေးစားစရာကောင်းသည့် ပုံပန်းသဏ္ဌာန်ရှိပြီး လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ယန်မင်းဆက်ခေတ်နှင့် ကျောက်မင်းဆက်ခေတ်မှ လူတစ်ယောက်နှင့် ဆင်တူလေသည်။

စားပွဲပေါ်တွင် အရက်အိုးတစ်အိုးရှိနေလေသည်။ သို့သော်
အရက်ခွက်တော့ရှိမနေပါ။ အရက်အိုးထဲမှ အရက်များက ထို
သူ၏ပါးစပ်အတွင်းသို့ စီးဆင်းဝင်ရောက်သွားကြလေသည်။
သူကအရက်ကိုပါးစပ်အပြည့်ဖြင့် တစ်ငုံသောက်လိုက်ပြီးတော့
မှ ဆန်းလျန်ရောက်နေသည်ကို သတိထားလိုက်မိပြီး တစ်ချက်
ရယ်မောလိုက်လေသည်။

"ကောင်လေး ၊ ကျုပ်နဲ့အရက်လာသောက်ပါလား"

မည်သူမျှ တစ်ယောက်တည်းအရက်သောက်ရသည်ကို
ကြိုက်နှစ်သက်မည်မထင်ပါ။ အဖော်မရှိ၍သာ
တစ်ယောက်တည်းသောက်ရခြင်းဖြစ်လေသည်။ ထိုမုတ်ဆိတ်
မွေးများနှင့်လူမှာလည်း အရက်သောက်မည့်အဖော် မရှိ
သောကြောင့် တစ်ယောက်တည်းသောက်နေရခြင်း ဖြစ်ဟန်တူ
လေသည်။ ထို့ကြောင့် ဆန်းလျန်ကိုတွေ့သည့်အခါ အရက်

အတူတူသောက်ရန် ချက်ချင်းပင်ဖိတ်ခေါ်လိုက်လေ

တော့သည်။

ထိုသူမှာ နတ်မိစ္ဆာတစ်ပါးဖြစ်မည်ဆိုလျှင်လည်း ချင်းရှမ်နတ်

တံခါးမှ နတ်မိစ္ဆာဖြစ်ရမည်ဖြစ်ပြီး လူသားဆိုလျှင်လည်း ဆန်း

လျန်၏ဂိုဏ်းတူအစ်ကိုဖြစ်ရမည်ဖြစ်လေသည်။ သို့မဟုတ်

ဆရာသခင်တစ်ပါးလည်း ဖြစ်နိုင်လေသည်။

ချင်းရှမ်နတ်တံခါးသည် တင်းကြပ်စွာအစောင့်အကြပ်များ

ချထားသည့် နေရာတစ်ခုမဟုတ်ပါ။ သို့သော်

တစ်စုံတစ်ယောက် ကျူးကျော်ဝင်ရောက်လာရန်မှာတော့ လုံးဝ

မလွယ်ကူသည့်ကိစ္စဖြစ်လေသည်။

အစောင့်အကြပ်များမရှိသည့်တိုင် တောင်ပေါ်သို့

တိတ်တဆိတ်ကျူးကျော်ဝင်ရောက်မှုများရှိခဲ့ပါက ဆရာသခင်

ကျန်းရော့ရှီး၏ အရာအားလုံးကိုသိမြင်နိုင်သည့် ထျန်းတိ

ကျန်းကြေးမုံမှန်၏ လက်မှလွတ်မြောက်နိုင်မည်မဟုတ်ပါ။ ထျ

န်းတိကျန်းမှာ မည်သည့်နေရာတွင် မည်သို့ဖြစ်ပျက်နေသည်ကို

အားလုံးသိနိုင်လေသည်။

ဝါးရုံတောအလယ်မှ မြေကွက်လပ်လေးကို မမြင်ရသည့်

အရံအတားတစ်ခုဖြင့် ကာရံထားခြင်းဖြစ်လေသည်။ ထို

မြေကွက်လပ်အတွင်းသို့ဝင်လိုက်သည်နှင့် ဆန်းလျန်ကိုယ်ထဲမှ

အတွင်းအားအနည်းငယ် စီးထွက်သွားသလို ခံစားလိုက်ရလေ

သည်။ ဆပ်ပြာပူပေါင်းကဲ့သို့သော ပူပေါင်းတစ်ခုအတွင်းသို့

ဝင်သွားရသကဲ့သို့ဖြစ်လေသည်။ မြေကွက်လပ်ထဲတွင် မိုး

လည်းရွာသွန်းခြင်းမရှိပေ။

ထိုသူက ရယ်မောလိုက်ပြီး...

"တော်လိုက်တဲ့ ကောင်လေး ၊ မင်းရဲ့အတွင်းအားက

တော်တော်တိုးတက်လာတာပဲ"

ဟုပြောလိုက်လေသည်။

"ကျွန်တော့်ကိုသိလို့လား"

ဆန်းလျန်က လေးလေးစားစားပင် ပြန်မေးလိုက်လေသည်။

"မင်းနှစ်လလောက် ကျုပ်ဆီကအရက်တွေအလကားသောက်

သွားတာ ၊ မင်းကိုမသိဘဲနေမလား"

မုတ်ဆိတ်မွေးများနှင့်လူက ပြုံးရင်းပြောလိုက်လေသည်။

သူ၏မုတ်ဆိတ်မွေးများမှာ တကယ်ပင် ထူထပ်စွာ

ပေါက်ရောက်နေခြင်းဖြစ်လေသည်။ သူ၏ခန္ဓာကိုယ်မှာလည်း

လူသန်ကြီးအလား ထွားကျိုင်းသန်မာ လွန်းလေသည်။ ဓား

ထုတ်ပြစရာပင်မလိုဘဲ မြင်လိုက်သည်နှင့် ရှိန်သွားနိုင်လောက်

သည့် ဟိတ်ဟန်ရှိလေသည်။

"ခင်ဗျားက ယန့်ပုကွေးတည်းခိုရိပ်သာပိုင်ရှင်လား"

ဆန်းလျန်မေးလိုက်လေသည်။

နန်ခယ်မြို့ရှိ ယန့်ပုကွေးတည်းခိုရိပ်သာ ပိုင်ရှင်မှာ ချင်းရွှမ်

နတ်တံခါးသို့ရောက်နေလိမ့်မည်ဟု ဆန်းလျန်လုံးဝထင်မထား

မိပေ။ ယန့်ပုကွေးတည်းခိုရိပ်သာပိုင်ရှင်မှာ ချင်းရွှမ်နှင့်မည်သို့

ပတ်သက်မှုရှိပါသနည်း။ ချင်းရွှမ်မှ တပည့်တစ်ယောက်များ

လား။

"မင်းအံ့သြသွားတာလား"

ထိုသူကမေးလိုက်လေသည်။

"သိပ်တော့မအံ့သြပါဘူး ၊ ယန့်ပုကွေးဆိုတဲ့နာမည်က ခင်ဗျားနဲ့

တကယ်လိုက်ဖက်တာပဲ၊ တကယ့်သိုင်းလောကသားတစ်

ယောက်ပုံမျိုးပဲ"

ဆန်းလျန်က ယန့်ပုကွေး၏ မုတ်ဆိတ်များကိုကြည့်ရင်း မနေ

နိုင်တော့ဘဲ ရယ်မောလိုက်မိလေသည်။

"ကျုပ်က တကယ်တော့သိုင်းလောကသားတစ်ယောက်ပါပဲ

လေ ၊ မထူးဆန်းပါဘူး ၊ လူတစ်ယောက်က ကျုပ်ကို ကျင့်ကြံ

သူလမ်းစဉ်လိုက်ဖို့ပြောတော့ ကျုပ်လည်းသူ့ကိုမနိုင်တဲ့အဆုံး

သူနဲ့အတူ တောင်ပေါ်လိုက်လာခဲ့တယ် ၊ တောင်ပေါ်မှာ

ဘယ်လောက်တောင်ပျင်းစရာကောင်းလဲ မင်းသိရဲ့လား ၊ ဒါနဲ့ပဲ

နန့်ခယ်မြို့လေးမှာ စီးပွားရေးလေးလုပ်တယ် ၊ နေဦး မင်းကို ပြောစရာတစ်ခုရှိသေးတယ်"

မှတ်ဆိတ်နှင့်လူက ဆန်းလျန်ကို တည့်တည့်ကြည့်လိုက်သည်။ လေထဲတွင်လက်ဟန်ဖြင့် စာလုံးများကိုရေးသားလိုက်ပြီး ဆန်းလျန်ဘေးရှိနေရာတစ်ခုကို ညွှန်ပြလိုက်သည်။

ထို့နောက် ထိုသူက တစ်ချက်ပြုံးလိုက်လေသည်။

ဆန်းလျန်ငုံ့ကြည့်လိုက်တော့ သူ့နံဘေးတွင် သစ်သားထိုင်ခုံလေးတစ်ခုရောက်နေသည်ကို တွေ့လိုက်ရလေသည်။ ထိုထိုင်ခုံလေးမှာ ခွေးခြေထိုင်ခုံပုလေး တစ်ခုနှင့်ဆင်တူလေသည်။ ကျင့်ကြံသူများ၏တန်ခိုးစွမ်းအားများကို ဆန်းလျန် အမြဲတမ်း အံ့သြရစမြဲဖြစ်လေသည်။

"ဘာများလဲ"

ဆန်းလျန်က သစ်သားတုံးခုံပုလေးပေါ်တွင်ထိုင်ရင်း မေးလိုက်လေသည်။

"တကယ်တော့ ယန့်ပုကွေးတည်းခိုရိပ်သာမှာ မင်းသောက်ခဲ့တဲ့ အရက်တွေက အရက်မဟုတ်ဘူး ၊ ရေတွေကွ ၊ ကျုပ်က ရေတွင်းထဲကို အင်းချပ်တစ်ခုထည့်ထားလိုက်တာ ၊ အဲဒီအချိန် ကတည်းက ရေတွင်းထဲကရေတွေကို သောက်မိတဲ့သူတိုင်းက အရက်လို့ပဲထင်နေကြတာ"

မုတ်ဆိတ်နှင့်လူက ရယ်မောရင်းပြောလိုက်လေသည်။

"ဒါလည်းကောင်းတာပဲ ၊ အရက်အရသာနဲ့ရေတွေဆိုတော့ သောက်တဲ့သူတွေ ကျန်းမာရေးမထိခိုက်တော့ဘူးပေါ့ ၊ ဒီ အရက်တွေကအတုနဲ့တူနေတယ်လို့တော့ ကျွန်တော်ထင်မိသား ပဲ"

ဆန်းလျန်က မုတ်ဆိတ်မွေးနှင့်လူကိုကြည့်ရင်း ခပ်တည်တည် ဖြင့်ပြောလိုက်လေသည်။

"ကောင်းပါလေ့ ၊ နောက်တစ်ခွက်လောက်ထပ်သောက်ကြ ရအောင်"

ပြောရင်း မုတ်ဆိတ်နှင့်လူက အရက်အိုးကို လက်ဖြင့်တစ်ချက် ညွှန်လိုက်လေသည်။ ထိုအခါ အရက်အိုးထဲမှအရက်များမှာ ကောင်းကင်သို့ ပျံဝဲတက်သွားကြပြီး ကောင်းကင်ထက်တွင် ရပ်တန့်နေလေသည်။ ထို့နောက် အရက်များကဝဲကန်တော့ အသွင် ဖြစ်သွားပြီး ထိုသူ၏ပါးစပ်အတွင်းသို့ စီးဝင်သွားကြ လေသည်။ ထိုသူက ပါးစပ်နှင့်အပြည့် တစ်ငုံသောက်လိုက်ပြီး မျိုချလိုက်လေသည်။

ထိုသူက မိုးမြေစွမ်းအားများကို လိုသလိုအသုံးချနိုင်သည့် အစွမ်းရှိလေသည်။

ထိုသူသည် ကျင့်စဉ်လမ်းတွင် မည်သည့်အဆင့်သို့ရောက် နေသည်လဲ ဆန်းလျန်မှန်းဆ၍မရပါ။ သို့သော် အဆင့်တော့ အတော်မြင့်ပုံရလေသည်။

"ခု ဒီအရက်ကတော့ တကယ့်အရက်အစစ်ပါ၊ ကျုပ်တိုက်ပါ့ မယ်"

ထိုသူက ပါးစပ်အပြည့်နှင့်အရက်များကို မျိုချလိုက်ရင်း ဆန်းလျန်ကို ပြောလိုက်လေသည်။

ဆန်းလျန်က မုတ်ဆိတ်နှင့်လူကဲ့သို့ အရက်ကိုစုပ်ယူသောက်ရန်အတွက် အတွင်းအားကိုအသုံးမပြုသလို အခြားသောထူးဆန်းသည့်နည်းလမ်းများကိုလည်း အသုံးမပြုပါ။

အဘယ်ကြောင့်ဆိုသော် အရက်များမှောက်ကာ ပေပွပြီး တလွဲတွေဖြစ်ကုန်ပါက ထိုသူရှေ့တွင် အရှက်ကွဲမည်စိုးသောကြောင့် ဖြစ်လေသည်။

သူက အရက်ကိုးကိုလက်ဖြင့်လှမ်းယူလိုက်ပြီး မော့သောက်လိုက်လေသည်။ စတင်သောက်လိုက်သည့်အချိန်တွင်တော့ အရက်ကပါးစပ်အတွင်းသို့ ပူနွေးသည့်အရသာဖြင့် လျောလျောလျူလျူစီးဝင်သွားလေသည်။ သို့သော် နောက်ပိုင်းတွင်တော့ မီးတောက်တစ်ခုအလားပူလောင်လာလေသည်။ ထို

မီးတောက်က သူ့တစ်ကိုယ်လုံးရှိ အတွင်းအားများကို စုပ်ယူ

တော့မည်ကဲ့သို့ ခံစားလိုက်ရလေသည်။

ဆန်းလျန်၏ "စိတ်အာရုံများကိုထိန်းချုပ်နိုင်သည့်" ကျင့်စဉ်

များက ရုတ်တရက်ပေါ်ထွက်လာပြီး ဝိညာဉ်စွမ်းအားများထွက်

ပေါ်လာကာ ထိုမီးတောက်ကို ဝါးမြိုပစ်လိုက်လေတော့သည်။

အခန်း (၈၂)

စိတ်ဝိညာဉ်ကိုပွဲကိုင်နိုင်သည့်ဓား

"ကောင်းလိုက်တဲ့အရက်"

ဆန်းလျန်က ပြောလိုက်လေသည်။

မုတ်ဆိတ်နှင့်လူကရယ်မောနေပြီး မည်သည့်စကားမျှ မဆိုပါ။

မကောင်းသည့်အရက်ဖြစ်ပါက သူလည်းသောက်နေမည်

မဟုတ်ပေ။

"ဒီအရက်ကို "နွေဦးမီးတောက်အရက်" လို့ခေါ်တယ် ၊ ဒီအရက်

က ယွင့်ဟွင်လို့ခေါ်တဲ့ ဝိညာဉ်စွမ်းအားစုစည်းတဲ့အဆင့်ကို

စတင်ကျင့်ကြံနေတဲ့ ကလေးတွေအတွက် တကယ်သင့်တော်

တဲ့အရက်ပဲ၊ မင်းရဲ့ အတွင်းအားနဲ့ဝိညာဉ်စွမ်းအား

အနေအထားပေါ်မူတည်ပြီး အရက်ကောင်းတစ်ခုလို အရသာခံ

ပြီး သောက်လို့လဲရပါတယ်"

ထိုသူက ပြောလိုက်လေသည်။

ဆန်းလျန်က ခေါင်းအသာညိတ်ပြလိုက်သည်။ မုတ်ဆိတ်များ

နှင့်လူပြောသည်မှာ အမှန်ပဲဖြစ်လေသည်။ ပြင်ပမှစွမ်းအား

များမှာလည်း ကျင့်ကြံမှုလမ်းစဉ်တွင် ကူညီပေးနိုင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့သော်…

ထိုသို့သော ပြင်ပစွမ်းအားများအပေါ်တွင် အလွန်အကျွံ မှီခိုခြင်းတော့ မပြုလုပ်သင့်ပေ။ ကိုယ်တိုင်ကျင့်ကြံသည်ထက် ပြင်ပစွမ်းအားများကို မှီခိုလွန်းသောသူများမှာ ကျရှုံးမှုနှင့် နီးစပ်လေသည်။

"ခင်ဗျားက ရှယွမ့်အဆောင်က ဂိုဏ်းတူအစ်ကိုများလား"

ဆန်းလျန်က သူ့ကိုစိုက်ကြည့်ပြီးမေးလိုက်လေသည်။

ထိုသူ၏မျက်လုံးများမှာ အစိမ်းရောင်အလွှာပါးလေးမြင့်ဖုံးကာထားသလိုဖြစ်နေလေသည်။ ထိုမျက်ဝန်းများတွင် ညှို့ယူဖမ်းစားနိုင်သည့် စွမ်းအားတစ်ခုရှိနေလေသည်။

တာအိုဆရာစန်းဝမ့်၏ တည်ကြည်သည့်အကြည့်နှင့်လည်းမတူ ၊ ချန်ကျန်းမေ၏ထက်မြက်သည့်အကြည့်နှင့်လည်းမတူ

ပေါ့။ ထိုအကြည့်များက သတ္တဝါကြီးတစ်ကောင်၏ မွေးရာပါ ရိုင်းစိုင်းသည့် အကြည့်များနှင့်တူနေလေသည်။

လက်သည်းကိုဝှက်ထားသည့်တိုင် ထိုသူကိုလျှော့တွက်၍မရပေ။

"မင်းကကျုပ်ကို ဂိုဏ်းတူအစ်ကိုလို့ခေါ်လည်းရတယ်၊ ကျုပ်နာမည်ပဲခေါ်လည်းရပါတယ်၊ အခေါ်အဝေါ်တွေက ကျုပ်အတွက်အရေးမကြီးပါဘူး၊ ကျုပ်က ကျင့်စဉ်ကျင့်လမ်းကိုလိုက်ခဲ့တယ်ဆိုပေမယ့် အသက်ရှည်ဖို့မဟုတ်ဘူး၊ ကျုပ်က ဘဝမှာပျော်ပျော်ပဲနေချင်ခဲ့တာပါ၊ နတ်ဘုရားကျင့်စဉ်လမ်းရဲ့ အဆင့်ကိုးဆင့်ကိုမင်းကျင့်ကြံအောင်မြင်ခဲ့ရင်တောင်မှ နေ၊ လ၊ ကြယ်စင်တွေလောက် တောက်ပနိုင်ပါ့မလား၊ နေ၊ လ၊ ကြယ်စင်တွေလို ထာဝရတည်မြဲနိုင်ပါ့မလား”

သူပြောနေသည့်ပုံစံကိုကြည့်ရသည်မှာ လုံးဝစိတ်ပျက်နေသည့်ပုံပေါက်လေသည်။

ထိုမျှစိတ်ပျက်နေလျှင် ထိုသူမှာ အဘယ်ကြောင့် ချင်းရွှမ်နတ်တံခါးမှ ထွက်ခွာသွားခြင်းမရှိပါသနည်းဟု ဆန်းလျန် တွေးနေမိလေသည်။ သို့သော် ထိုသူက ချင်းရွှမ်နတ်တံခါးတွင် နေသည်ဖြစ်စေ ၊ ချင်းရွှမ်နတ်တံခါးမှ ထွက်သွားသည်ဖြစ်စေ သူ့အကြောင်းနှင့်သူ ရှိပေလိမ့်မည်။

သူက ပြောပြမည်ဆိုလျှင်တော့ ဆန်းလျန်က နားထောင်ပေးမည်ဖြစ်ပြီး ပြောချင်စိတ်မရှိ ဆိုလျှင်လည်း ဆန်းလျန်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းမရှိပါ။

"ကျုပ်က ထာဝရအသက်ရှင်သန်ချင်တဲ့စိတ်တော့မရှိပါဘူး ၊ ဒါပေမယ့် နည်းနည်းတော့အသက်ပိုရှည်ချင်တယ် ၊ ခုနကပဲ မင်းက မိုးမြေစွမ်းအားတွေကို လွတ်လွတ်လပ်လပ်နဲ့ အကန့်အသတ်မရှိ ထိန်းချုပ်သွားတာ ကျုပ်မြင်လိုက်တယ် ၊ အဲဒါမင်းရဲ့ကျင့်စဉ်လမ်းအတွေ့အကြုံနဲ့လုပ်လိုက်တာလား ၊

ဒါမှမဟုတ် အခြားကျင့်စဉ်တစ်ခုခုများ မင်းလေ့ကျင့်ထား

သေးတာလား"

မုတ်ဆိတ်များနှင့်လူကမေးလိုက်လေသည်။

ထိုမေးခွန်းကြောင့် ဆန်းလျန် စိတ်များရှုတ်ထွေးသွားရသည်။

သူက မိုးမြေစွမ်းအားများကို ထိန်းချုပ်ခြင်း ၊ စုပ်ယူခြင်းများ

ပြုလုပ်နိုင်သည့်တိုင် မုတ်ဆိတ်နှင့်လူကဲ့သို့ မိုးမြေစွမ်းအားကို

လိုသလိုအသုံးချနိုင်ခြင်း အလျဉ်းမရှိသေးပေ။

"ဒါက ကျင့်စဉ်လမ်းအတွေ့အကြုံလည်းဖြစ်နိုင်ပါတယ် ၊ ဒါပေ

မယ့် မင်းရဲ့ကျင့်ကြံမှုအဆင့်က အဲဒီအဆင့်ထိရောက်ပြီဆိုရင်

တော့ မိုးမြေစွမ်းအားတွေကို ကျုပ်အသုံးချသလို မင်းလည်း

ထိန်းချုပ်နိုင်ရမှာပေါ့"

မုတ်ဆိတ်များနှင့်လူက ပြုံးရင်းပြောလိုက်လေသည်။

ဆန်းလျန်က ခဏကြာမျှ နက်နက်နဲနဲစဉ်းစားနေလိုက်သည်။

ပြီးမှ...

"ဒီလိုမျိုးလုပ်ဖို့ကတော့ အရမ်းခက်ခဲမယ်ထင်တယ်၊
ကျွန်တော်ကအခုမှ အင်းပညာစပြီးလေ့လာနေတုန်းပဲရှိသေး
တယ်၊ ဒါပေမယ့် အင်းချပ်တစ်ခုကိုတောင် ခုထိမဆွဲနိုင်သေး
ဘူး၊ ခင်ဗျား ခုန ခွေးခြေထိုင်ခုံပုလေးဖန်ဆင်းလိုက်တာ အင်း
ချပ်ပညာကို အသုံးပြုလိုက်တာပဲမဟုတ်လား"
ဟုမေးလိုက်လေသည်။
"မင်းက အင်းချပ်ပညာကိုလေ့လာနေမှတော့ ကျုပ်ဖန်ဆင်း
လိုက်တာကို သတိပြုမိတာကို အံ့သြစရာမရှိတော့ပါဘူး၊ အဲဒါ
က ရိုးရိုးနည်းလမ်းလေးပါ၊ ချင်းရွှမ်နတ်တံခါးမှာ အင်းပညာနဲ့
ပတ်သက်လာရင် ကျုပ်ကိုယ်ကျုပ် အတော်ဆုံးလို့ မပြောလိုပါ
ဘူး၊ ဒါပေမယ့် မင်းသိချင်တယ်ဆိုရင်တော့ ကျုပ်ကမင်းကို
ပြောပြပေးနိုင်ပါတယ်"
မုတ်ဆိတ်နှင့်လူက ပြုံးပြီးပြောလိုက်ပြန်လေသည်။

သူ့အပြုံးကိုကြည့်ရသည်မှာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိ

နေသည့်ပုံရလေသည်။

"ခင်ဗျား ကျွန်တော့်ကို သင်ပေးနိုင်မလား"

ဆန်းလျန်က ပြန်မေးလိုက်လေသည်။

"ဒါပေါ့ ကျုပ်မင်းကိုသင်ပေးနိုင်ပါတယ် ၊ ဒါပေမယ့် မင်းကျုပ်

ကိုဘာပြန်ပေးမလဲ"

မုတ်ဆိတ်များနှင့်လူက သူ့ရှေ့ရှိ အေးဆေးသန့်စင်သည့်

လူငယ်လေးကို စျေးစကားပြောလိုက်လေသည်။

ချင်းရွှမ်နတ်တံခါးမှာ လူတော်များမရှိသည်မှာ ကြာပြီဖြစ်လေ

သည်။ နောက်ဆုံးတော့ တန်ဖိုးရှိသည့်လူငယ်လေးတစ်

ယောက်ကို သူတွေ့ခဲ့ရပြီ။ သို့သော် ကျင့်စဉ်လမ်းဆိုသည်က

ကိုယ်ကျင့်မှကိုယ်ရမည်ဖြစ်ပြီး သင်ပြပေးမည့်သူအပေါ်တွင်

အရမ်းမှီခို၍ရသည့်ကိစ္စတော့ မဟုတ်ပေ။ ကမ္ဘာပေါ်တွင်

အရည်အချင်းအရှိဆုံးသူဖြစ်လင့်ကစား ကိုယ်တိုင်အားစိုက်ထုတ်မှုမရှိလျှင် အလကားပင်ဖြစ်လေသည်။
ကိုယ်တိုင်ကြိုးစားအားထုတ်မှုရှိလျှင်တော့ တစ်နေ့တွင်လက်တွေ့အောင်မြင်နိုင်မည်ဖြစ်လေသည်။
"ဒါတော့ ခင်ဗျားတောင်းဆိုတဲ့အပေါ်မှာမူတည်ပါတယ် ၊ ကျွန်တော့်ဘက်က အကောင်းဆုံးပြန်ပေးနိုင်အောင်ကြိုးစားပါ့မယ် ၊ ကျွန်တော်မလုပ်ပေးနိုင်တဲ့အရာမျိုးဖြစ်နေရင်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ”
ဆန်းလျန်က သူ့အတွေးထဲရှိသည့်အတိုင်း ရိုးရိုးသားသားပင်ပြောလိုက်လေသည်။ မုတ်ဆိတ်များနှင့်လူကလည်း သူကဲ့သို့ပင် ပွင့်ပွင့်လင်းလင်းပြောလိမ့်မည်ဟု မျှော်လင့်ထားလေသည်။
သူတို့နှစ်ယောက်သည် ဆွေမျိုးတော်စပ်ခြင်းလည်းမရှိသလို ၊ မိတ်ဆွေများလည်းမဟုတ်ခဲ့ပါ။ သူတို့မှာ ရှယွမ့်အဆောင်မှ

ပညာသင်ဖက်များသာဖြစ်လေသည်။ ပညာသင်ဖက်

အချင်းချင်း ပညာပြန်သင်ပေးသည့်ကိစ္စမှာ လွန်စွာမှရိုးရှင်း

လေသည်။

သို့သော် တကယ်တမ်းတွင် ကျင့်စဉ်လမ်းကိုလျှောက်လှမ်းနေ

သည့်တပည့်အချင်းချင်း ပညာသင်ပေးလေ့မရှိကြပေ။ ထို့ပြင်

မည်သူမျှလည်း သူတို့သိသမျှကို ပြန်လည်မျှဝေပေးလိုစိတ်မ

ရှိကြပေ။

ဆန်းလျန် ခေတ်ပေါ်လောကတွင်နေထိုင်ခဲ့စဉ်ကလည်း အလုပ်

နှင့်ပတ်သက်သည့်ဆွေးနွေးဖလှယ်ပွဲများ များစွာပြုလုပ်ကြ

သည့်တိုင် တကယ်တမ်းအရေးပါသည့်ကိစ္စများကိုတော့

မည်သူမျှ တစ်ပါးသူကို ပြန်လည်မျှဝေပေးခြင်းမရှိကြပေ။

ကျင့်ကြံသူလောကတွင်တော့ ပြောစရာပင်မလိုတော့ပေ။

သို့သော် ကျင့်စဉ်လမ်းကိုလျှောက်လှမ်းရန် ဆွဲဆောင်သည့်

အခါတွင်တော့ ပညာရပ်များကို သင်ကြားပေးကြလေသည်။

"ကျုပ်မလုပ်နိုင်တဲ့ကိစ္စတစ်ခုကို လုပ်ဖို့ဆန္ဒရှိနေတယ်၊ အဲဒါကို ကျုပ်ကိုယ်တိုင်လည်းမလုပ်နိုင်သလို မင်းလည်း မင်းရဲ့လက်ရှိစွမ်းအားနဲ့ ကျုပ်ကိုကူညီဖို့မဖြစ်နိုင်ဘူး၊ ဒါပေမယ့် မင်းကိုယ်ပေါ်ကဓားကို ကျုပ်ကိုပေးမယ်ဆိုရင် မင်းကိုအင်းချုပ်ပညာသင်ပေးမယ်၊ မင်းဘယ်လောက်တတ်မြောက်နိုင်မလဲဆိုတာကတော့ မင်းရဲ့နားလည်နိုင်စွမ်းအပေါ်မှာပဲ မူတည်တယ်"

မှတ်ဆိတ်များနှင့်လူက ဆန်းလျန်ခါးတွင်ချိတ်ထားသည့် စန္ဒကူးဓားကို စိတ်ဝင်စားစွာ စိုက်ကြည့်ရင်းပြောလိုက်လေသည်။

ဆန်းလျန်၏မျက်နှာအမူအရာမှာ ခံစားချက်ကင်းမဲ့နေလေသည်။ သူက ပုံမှန်အတိုင်းပင် တည်ငြိမ်စွာဖြင့် ပြန်မေးခွန်းထုတ်လိုက်လေသည်။

"ဒီဓားကဘာမှတန်ဖိုးမရှိလှပါဘူး ၊ ဒီဓားကိုဘာလို့လိုချင်ရတာလဲ"

မှတ်ဆိတ်များနှင့်လူက အရက်အိုးကိုကောက်ကိုင်ကာ "နွေဦးမီးတောက်အရက်" ကို မော့သောက်လိုက်လေသည်။ သူတို့နှစ်ယောက်ကြားတွင် မည်သည့်ကိစ္စမျှ ရှိမနေပါ။ လေပင်တိုက်ခတ်ခြင်းမရှိသကဲ့သို့ တိတ်ဆိတ်မှုက ကြီးစိုးသွားလေသည်။

"ဘာမှတော့မဟုတ်ပါဘူးကွာ ၊ လောလောဆယ်မှာတော့လည်း ပြောမပြနိုင်သေးဘူး ၊ အနာဂတ်မှာ မင်းပိုပြီး အသိပညာတွေ ကြွယ်ဝလာတဲ့အခါ မင်းနားလည်လာပါလိမ့်မယ် ၊ ပြီးတော့ ဒီဓားကိုကြည့်ရတာ ဓားကတော့ တန်ဖိုးမရှိပါဘူး ၊ ဒါပေမယ့် ဒီဓားမှာ ဓားဝိညာဉ်မွေ့ဖွားလာခဲ့ပြီ ၊ သဘာဝအတိုင်းဖြစ်တည်လာတဲ့ ဓားဝိညာဉ်ပဲ ၊ အဲဒီဓားဝိညာဉ်က စိတ်ဝိညာဉ်တစ်ခုကိုပဲ့ကိုင်ပေးနိုင်တယ်လေ"

မှတ်ဆိတ်နှင့်လူကပြောလိုက်လေသည်။

"စိတ်ဝိညာဉ်ကိုပဲ့ကိုင်ခြင်း" ဆိုသည်ကို ဆန်းလျန် နားလည်ပါသည်။ ဆန်းလျန်သာ အင်းပညာကိုလေ့ကျင့်နိုင်ခဲ့လျှင် ကျင့်စဉ်လမ်းတွင် အဆင့်တစ်ခုသို့ တက်လှမ်းနိုင်မည်ဖြစ်လေသည်။ ပြဒါးနှင့် သစ်နက်တို့ကိုလည်း စိတ်ဝိညာဉ်ပဲ့ကိုင်သည့် ကြားခံနယ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်လေသည်။ အင်းပညာကိုအသုံးပြုပြီး မိုးနှင့်လေကိုဆင့်ခေါ်နိုင်မည်ဖြစ်လေသည်။ အင်းပညာအမျိုးအစားပေါ်မူတည်ပြီး အသုံးပြုပုံအမျိုးမျိုးကို ကွဲပြားသွားမည်ဖြစ်လေသည်။

ကျင့်စဉ်လမ်းတွင် အဆင့်တစ်ခုသို့တက်လှမ်းနိုင်သည့်အချိန်တွင် စိတ်ဝိညာဉ်ပဲ့ကိုင်သည့် ကြားခံနယ်ကို အသုံးမပြု ဆိုလျှင်လည်း ရပါသည်။ သို့သော် တန်ခိုးစွမ်းအားကတော့ အနည်းငယ်လျော့နည်းမည်ဖြစ်လေသည်။

မုတ်ဆိတ်နှင့်လူထိုင်နေသည့် ဝါးရုံတောထဲမှ မြေကွက်လပ်လေးသည် လေနှင့်မိုးများ ဒဏ်ကို ကာကွယ်ထားနိုင်သည့် နေရာတစ်ခုဖြစ်လေသည်။ မုတ်ဆိတ်များနှင့်လူမှာ အင်းပညာတွင် ဆရာတစ်ဆူဖြစ်ပုံရလေသည်။ ထို့ကြောင့် လေနှင့်မိုးကို ကာကွယ်သည့် အင်းအစီအရင်ကို စီရင်ထားခြင်းဖြစ်နိုင်လေသည်။

စိတ်ဝိညာဉ်ပုံ့ကိုင်ခြင်းအတွက် အသုံးပြုရန် ပစ္စည်းပေါင်းများစွာရှိပါသည်။

အဘယ်ကြောင့် သူ၏စန္ဒကူးဓားကိုမှ မုတ်ဆိတ်များနှင့်လူက စိတ်ဝိညာဉ်ပုံ့ကိုင်ခြင်း ကြားခံပစ္စည်းအဖြစ် အသုံးပြုချင်နေရပါသနည်း။ ထိုသူ၏အဆင့်ဖြင့်ဆိုလျှင် ဆန်းလျန်၏စန္ဒကူးဓားထက်ပိုပြီး တန်ဖိုးရှိသည့်ပစ္စည်းများစွာကို အသုံးပြုနိုင်လေသည်။

ဆန်းလျန်မှာ စန္ဒကူးဓားဖြင့် "ရှိခြင်းမရှိခြင်း" ဓားပညာကို ကျင့်ကြံအောင်မြင်ခဲ့သူဖြစ်လေသည်။ ထို့ကြောင့်သူက စန္ဒကူး ဓားကဲ့သို့သော နောက်ထပ်ဓားတစ်လက်ကိုလည်း ထပ်မံ ဖန်တီးနိုင်လေသည်။

မုတ်ဆိတ်များနှင့်လူက ဓားဝိညာဉ်ဆိုသည်မှာ သဘာဝအတိုင်း ဖြစ်တည်လာသည်ဟုပြောခဲ့လေသည်။ "ရှိခြင်းမရှိခြင်း" ဓားမှ ဓားဝိညာဉ်မှာ မပြောင်းလဲသောလောက၏သဘာဝပင်ဖြစ်လေ သည်။ ထိုသူက ထိုအချက်ကို မှန်းဆမိပုံရလေသည်။

တစ်ချိန်တည်းမှာပင် ဆရာစူးမှာ အလွန်မှထူးဆန်းလှသည့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်ဟု ဆန်းလျန်တွေးလိုက်မိသည်။

ဆန်းလျန်ကလည်း မလိုအပ်လျှင် "ရှိခြင်းမရှိခြင်း" ဓားပညာ ကို အသုံးပြုခြင်းမရှိပါ။ ချင်းရှမ်နတ်တံခါးတွင် ကျင့်ကြံသူ တပည့်များမှာ တစ်ယောက်နှင့်တစ်ယောက် သတ်ဖြတ်သည့် အဆင့်ထိ မည်သူမျှ မတိုက်ခိုက်ကြပါ။ တပည့်အချင်းချင်း

ခင်ခင်မင်မင်ပင် နေထိုင်ကြသည်ဖြစ်သောကြောင့် ဓားပညာ

ကို အသုံးပြုရန် မလိုပါ။

သို့သော်...

စန္ဒကူးဓားမှာ အသုံးဝင်သည့်ပစ္စည်းတစ်ခုမဟုတ်လျှင်တောင်

မှ ဆန်းလျန်က မည်သူ့ကိုမျှ ပေးပစ်နိုင်မည် မဟုတ်ပါ။

"ဒီဓားက အဖိုးတန်ဓားတစ်လက်ဖြစ်နေတယ်ဆိုရင်တော့ ဒီဓား

နဲ့အလဲအလှယ်လုပ်ခံရတယ်ဆိုတာ ဝမ်းသာစရာပါပဲ ၊ ဒါပေ

မယ့် ဒီဓားက နေ့နေ့ညည ကျွန်တော်နဲ့အတူတူရှိနေခဲ့တာ ၊

ကျွန်တော့်ရဲ့အစိတ်အပိုင်းတစ်ခုလိုဖြစ်နေပြီ ၊ ဒီနေ့ဒီဓားကို

ခင်ဗျားကိုသာပေးလိုက်မယ်ဆိုရင် ၊ နောက်တစ်နေ့မှာလည်း

ကျုပ်ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို လွယ်လွယ်နဲ့ပေးတဲ့

သူဖြစ်သွားလိမ့်မယ် ၊ ဒါဆို သိပ်မကြာခင်မှာ ကျွန်တော်ဆိုတာ

ပျောက်ကွယ်သွားမှာပဲ"

ဆန်းလျန်က ပြောလိုက်လေသည်။

"လူသားခန္ဓာကိုယ်ဆိုတာ အခွံတစ်ခုပါပဲကွာ ၊ နောက်ကျရင် မင်းရဲ့အမြင်တွေပြောင်းလဲလာပါလိမ့်မယ် ၊ ဒါပေမယ့် မင်းကို အတင်းအကြပ်မတောင်းဆိုပါဘူး"

မုတ်ဆိတ်များနှင့်လူက ပွင့်ပွင့်လင်းလင်းပင်ပြောလိုက်လေသည်။

ဆန်းလျန်သာဆန္ဒမရှိဘူးဆိုလျှင် သူကလည်း အတင်းအကြပ်လုပ်ယူမည်မဟုတ်ပါ။

သူက စန္ဒကူးဓားကိုလိုချင်မိသည်မှာ လေ့လာရုံသက်သက်မျှသာဖြစ်လေသည်။ ထိုဓားမှာ သူ၏ကျင့်စဥ်လမ်းအတွက် များစွာအထောက်အကူပြုသည့်ပစ္စည်းတော့မဟုတ်ပေ။

အခန်း (၈၃)

ဖြတ်သန်းရမည့်အဆင့်ပေါင်းများစွာ

အရာရာက တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

သူတို့နှစ်ယောက်လုံးမှာ သူစိမ်းများသာဖြစ်ကြလေသည်။

ထို့ကြောင့် ပြောစရာစကားသိပ်မရှိလှပေ။ မုတ်ဆိတ်များနှင့်

လူက အရက်ဆက်သောက်နေလေသည်။

မိုးဆဲသွားပြီဖြစ်ပြီး နေရောင်ခြည်က ဝါးရွက်လေးများပေါ်

တွင် တောက်ပနေလေသည်။ လန်းဆန်းနေသည့် မြက်စိမ်းစိမ်း

လေးများဆီမှ လတ်ဆတ်သည့်ရနံ့ကိုရရှိနေလေသည်။

မြေကွက်လပ်လေးကိုကာရံထားသည့် မမြင်ရသည့်

အရံအတားမှာ ပျောက်ကွယ်သွားပြီဖြစ်လေသည်။ လတ်ဆတ်

သည့်လေထုကဝင်ရောက်လာသည့်အတွက် ဆန်းလျန်

ခန္ဓာကိုယ်တစ်ခုလုံးအေးစိမ့်သွားရသည်။

ထိုအချိန် ....

ဝါးရွက်လေးနှစ်ရွက်မှာ စားပွဲပေါ်သို့ပြုတ်ကျလာလေသည်။

ဆန်းလျန်က ဝါးရွက်လေးများ၏ပုံစံကို အာရုံစိုက်ပြီးကြည့်

လိုက်သည်။ ဝါးရွက်လေးများဖြစ်တည်လာခြင်းတွင် ဥပဒေသ

မရှိပါ။ဝါးရွက်ပေါ်ရှိ အစင်းလေးများက သိသိသာသာပင် ပုံစံ

မတူညီဘဲကွဲပြားနေကြလေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း....

"ဒီဝါးရွက်လေးနှစ်ရွက်ကို တူတယ်လို့ခင်ဗျားထင်လား"

သူကမေးလိုက်လေသည်။

"ဘယ်တူနိုင်မှာလဲ"

မုတ်ဆိတ်များနှင့်လူက ပြန်ဖြေလိုက်သည်။

"ဒါဖြင့် အင်းချပ်ပညာကရော"

ဆန်းလျန်က နောက်ထပ်မေးခွန်းတစ်ခုထပ်မေးလိုက်လေ

သည်။

မုတ်ဆိတ်များနှင့်လူက အဖြေမပေးဘဲ ဆိတ်ဆိတ်နေလိုက်

လေသည်။ သို့သော် ဆန်းလျန်က အဖြေကိုသိနေခဲ့ပြီး ဖြစ်လေ

သည်။

ဆန်းလျန်မတ်တပ်ရပ်လိုက်ပြီး သူ၏စန္ဒကူးဓားကိုဆွဲထုတ်

လိုက်လေသည်။ သူက မြေကွက်လပ်အတွင်းတွင် ရှေ့သို့

အနည်းငယ်လျှောက်လိုက်ပြီး သူ၏ဝိညာဉ်စွမ်းအားများကို

ဓားအတွင်းသို့စီးဝင်စေလိုက်သည်။ သူ့တွင် တတိယမျက်လုံး

သာရှိလျှင် ဓား၏ပတ်ဝန်းကျင်တွင်လွင့်ပျံနေသည့် မိုးမြေ

စွမ်းအားများကို လှပစွာမြင်တွေ့ရမည်ဖြစ်လေသည်။

ပတ်ဝန်းကျင်မှ မိုးမြေစွမ်းအားများမှာ ဓား၏ပတ်လည်တွင်

ဝန်းရံနေကြလေသည်။ ရုတ်တရက်ပင် တိမ်ပုပ်တစ်ခုမှ မိုး

အနည်းငယ်က မြေကွက်လပ်အတွင်းသို့ ရွာချလိုက်လေသည်။

ဝါးပင်ရှည်ကြီးများတွင် ဝါးရွက်များကြွေသွားသည့်တိုင်

အသစ်သောဝါးရွက်လေးများက အညှောင့်ထွက်လာကြလေ

သည်။

မုတ်ဆိတ်များနှင့်လူ လက်ဟန်ဖြင့် ပြုလုပ်သည့် အင်းချပ်

လက်ဟန်အတိုင်း ဆန်းလျန်က စန္ဒကူးဓားဖြင့် ရေးဆွဲလိုက်

လေသည်။

မုတ်ဆိတ်များနှင့်လူမှာ အစွမ်းထက်သူတစ်ယောက်ဖြစ်ပြီး

လေနှင့်မိုးကိုပင် ပြောင်းလဲပစ်နိုင်သူဖြစ်လေသည်။ အခြေခံ

အားဖြင့် ထိုသို့လုပ်ဆောင်နိုင်သည်မှာ မိုးမြေစွမ်းအားကို အာရုံ

စူးစိုက်နိုင်ခြင်းကြောင့်ဖြစ်လေသည်။

ထပ်တူကျအောင်တူညီနိုင်သည့် ဝါးရွက်ဆို၍မရှိနိုင်ပါ။ အင်း

ချပ်ပညာမှာလည်း ထို့အတူပင်ဖြစ်လေသည်။ သို့သော် လူများ

က ဝါးရွက်ကိုတွေ့လျှင်နှင့် ဝါးရွက်တစ်ရွက်ဟု သိမြင်နိုင်ကြ

သည်။ ဝါးရွက်ပုံစံများမတူညီကြသည်ကို သတိထားမိမည်

မဟုတ်ဘဲ ဝါးရွက်ကို ဝါးရွက်ဟုပဲ ပြောမည်ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သစ်ရွက်အမျိုးအစားတူညီနေသောကြောင့် ဖြစ်လေသည်။

အင်းချပ်ပညာမှာလည်း အရာဝတ္ထုတစ်ခုမဟုတ်ပါ။ ဖော်ပြချက်တစ်ခုသာဖြစ်လေသည်။ လူတစ်ယောက်၏ မိုးမြေစွမ်းအားများကို အသုံးပြုပြီးပြုလုပ်သည့်ဖော်ပြချက်ကို လောကကြီးအတွင်းသို့ ထုတ်လွှတ်ခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့် အင်းချပ်တတစ်ချပ်ကို မှတ်မိရန်မှာမ လွယ်ကူနိုင်ပါ။ “အခြေခံအင်းနှင့်မန္တန်ပညာ” ကျမ်းစာအုပ်က ရှုတ်ထွေးခြင်းမရှိပါ။ ကျမ်းပြုသူဆရာသခင်တုန်းလင်ကျိဳက တပည့်ငယ်များက “အနှစ်သာရာကိုသာနားလည်အောင်လုပ်ပြီး ပုံသဏ္ဍာန်မေ့ထားရန်” စာအုပ်တွင်ဖော်ပြခဲ့လေသည်။

ကျမ်းစာအုပ်အစတွင် “ကောင်းကင်ဘုံလက်ရေး” အင်းချပ်အကြောင်းကို ရှင်းပြခဲ့ပြီး ထိုအင်းချပ်မှာ ကျင့်စဉ်လမ်း

အနှစ်သာရပုံစံဖြစ်လေသည်။ “နဂါးဇာမဏီတံဆိပ်တော်” အင်းချပ်တွင်တော့ ဘုရားသာလျှင် ရှင်းပြနိုင်မည်ဟု ပြောခဲ့လေသည်။ ထိုအင်းချပ်နှစ်ခုမှာ မည်မျှအစွမ်းထက်သည်ကိုတော့ ဖော်ပြထားခြင်းမရှိပေ။ သို့သော် အင်းချပ်တစ်ခု၏အခြေခံမှာ ဖော်ပြချက်တစ်ခုပင်ဖြစ်သည်ကိုတော့ ရှင်းပြထားခဲ့လေသည်။

စန္ဒကူးဓားက စုတ်တံဆိုလျှင် ဝိညာဉ်စွမ်းအားက မင်ရည်ဖြစ်လေသည်။ အင်းချပ်ပညာ၏အနှစ်သာရကိုနားလည်သွားလျှင် အင်းချပ်ပညာ၏တံခါးဝသို့ဝင်ရောက်နိုင်ပြီဖြစ်လေသည်။ တကယ်စွမ်းအားထက်မြက်သည့် အင်းချပ် သို့မဟုတ် မန္တန်တစ်ခုဆိုသည်မှာ အင်းချပ်ပညာအခြေခံစွမ်းအားမှပင် ဖြစ်တည်လာခြင်းဖြစ်လေသည်။

ထိုအရာက "စကားလုံးများ" နှင့်ဆင်တူလေသည်။ ကြီးမြတ်သည့်ကဗျာဆရာလက်ထဲသို့ရောက်သွားလျှင် စာလုံးများ၏အဓိပ္ပါယ်က လှပစွာဖြင့် ကာရန်ညီသွားမည်ပဲဖြစ်လေသည်။ ဆရာသခင်ကျန်းရှော့ရှီးက ဆန်းလျန်ကို အင်းနှင့်မန္တန်ပညာကို လေ့လာစေချင်ခဲ့သည်။ ထိုသို့လေ့လာစေချင်ခဲ့သည်မှာ ဆန်းလျန်ကို အင်းချပ်ပညာဆရာတစ်ဆူဖြစ်လာစေချင်သည့်အတွက် မဟုတ်ခဲ့ပါ။ မိုးမြေသဘာဝတရားတစ်ခုလုံးနှင့်ဆက်နွယ်တည်ရှိမှုများကို နားလည်စေချင်သောကြောင့်ဖြစ်လေသည်။

ထို့ပြင် ထိုကျင့်ကြံမှုလမ်းစဉ်က ဆန်းလျန်နှင့်သင့်တော်လေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏ဝိညာဉ်စွမ်းအားမှာ အခြားသော ကျင့်ကြံသူများထက် ပိုပြီးစွမ်းအားကြီးနေသောကြောင့်ဖြစ်လေသည်။ သူက အတွင်းအားနှင့်မိုးမြေ

စွမ်းအားများကို ထိန်းချုပ်နိုင်ပြီး အာရုံခံစားနိုင်စွမ်းလည်း ကောင်းသောကြောင့်ဖြစ်လေသည်။

မုတ်ဆိတ်များနှင့်လူမှာ သူ၏မျက်လုံးဖြင့်သာ ကိုယ်တိုင်မြင် တွေ့ခြင်းမရှိလျှင် အင်းချပ်နှင့်မန္တန်ပညာတံခါးဝသို့ ဤမျှ လောက် မြန်မြန်ဆန်ဆန် ဝင်ရောက်သွားနိုင်သည့် ဆန်းလျန် ကဲ့သို့သောလူတစ်ယောက်ရှိသည်ဆိုသည်ကို ယုံနိုင်မည် မဟုတ်ပေ။

ပျမ်းမျှအားဖြင့် သဘောတရားကိုနားလည်ရန်နှင့် ၊ အင်းချပ် ပညာ၏အနှစ်သာရကိုနားလည်ပြီး မိုးမြေစွမ်းအားများနှင့် ချိတ်ဆက်နိုင်သည့်အဆင့်အထိအယူအဆကိုနားလည်ရန်ပင် များစွာကြိုးစား အားထုတ်ကြရလေသည်။

ဆန်းလျန်ကတော့ ထိုမျှလောက် ခက်ခက်ခဲခဲ မကြိုးစားလိုက်ရ ပါ။ ကလေးတစ်ယောက် ကဗျာတစ်ပုဒ်သင်ယူသလိုပင် ဆန်း လျန်က သင်ယူခဲ့ခြင်းဖြစ်လေသည်။

ဆန်းလျှန်မှာ ပါရမီရှင်တစ်ယောက်အဆင့်ကိုပင် ကျော်လွန်သွားပြီး ကြောက်မက်ဖွယ်ရာပင်ကောင်းသည့် လူငယ်တစ်ယောက်ဖြစ်လေသည်။

ဆန်းလျှန်အတွက်တော့ ထိုသို့မယုံကြည်နိုင်စရာကောင်းလောက်အောင် နားလည်နိုင်စွမ်းမြင့်မားနေခြင်းမှာ မှန်းဆ၍မရသည့်တိုင် လက်ခံနိုင်သည့်အနေအထားဖြစ်လေသည်။

သူ၏ဝိညာဉ်စွမ်းအားကိုလေ့ကျင့်ပေးသည့် အကောင်းဆုံးကျင့်စဉ်မရှိဘဲ သူ၏စိတ်ဝိညာဉ်မှ ထိုမျှ အစွမ်းထက်လိမ့်မည်မဟုတ်ပေ။ သူ၏စိတ်ဝိညာဉ်အစွမ်းမထက်ပါက ကျန့်သောက်တုကျွင်းဓားသိုင်း၏ "ရှိခြင်းမရှိခြင်း" ဓားသိုင်းကိုပင် သင်ယူနိုင်မည်မဟုတ်ပေ။ ထိုသို့သင်ယူနိုင်ခြင်းမရှိပါက သူ၏စန္ဒကူးဓားမှာလည်း ဓားဝိညာဉ်ထွက်ပေါ်လာခြင်းမရှိဘဲ "စိတ်ဝိညာဉ်ကိုပဲ့ကိုင်နိုင်သည့်ဓားတစ်လက်" ဖြစ်လာနိုင်မည်မဟုတ်တော့ပေ။

ဤသို့သောအရာများအားလုံးကို လုပ်ဆောင်နိုင်ခြင်း၏အဓိက အကြောင်းရင်းမှာ “စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း” စာအုပ်မှ ကျင့်စဉ်များကြောင့်ပင် ဖြစ်ပေတော့သည်။

အခြားသူများကနားလည်နိုင်မည်မဟုတ်ပါ။ သို့သော် ဆန်းလျန်ကတော့ ကာယကံရှင်ဖြစ်သည့်အတွက် သတိပြုမိလေသည်။ ထို့ပြင် သူ၏ဖခင်ဖြစ်သူမှာ မည်သူဖြစ်သည်ကိုလည်း သိချင်စိတ်ဖြစ်လာမိလေသည်။

ယခုကဲ့သို့ အင်းချုပ်ပညာ၏အနှစ်သာရသဘောတရားကို နားလည်သွားသည့်အတွက် ဆန်းလျန်မှာ ထိုက်ဝေ့ထိုင်ခန်းမဆောင်သို့သွားကာ “အခြေခံအင်းချုပ်နှင့်မန္တန်ပညာ” ကျမ်းစာအုပ်ကို ထပ်မံဖတ်ချက်စိတ်များ တဖွားဖွားပေါ်ပေါက်လာလေတော့သည်။

ဆန်းလျန်က မုတ်ဆိတ်များနှင့်လူကို တစ်ချက်ပြုံးပြရင်း…

“ကျေးဇူးအများကြီးတင်ပါတယ်”

ဟုပြောလိုက်လေသည်။

ပြောပြီးသည်နှင့် ဆန်းလျန်သည် ချက်ချင်းပင်လှည့်ထွက်သွားကာ အဝေးသို့ရောက်ရှိသွားလေတော့သည်။

"ဒီကောင်စုတ်လေးကတော့...."

မုတ်ဆိတ်များနှင့်လူမှာ ရေရွတ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

ချင်းရှမ်းနတ်တံခါးမှဆရာသခင်အဆက်ဆက်တွင်

အရည်အချင်းရှိသောပါရမီရှင်များစွာကို သူတွေ့ဖူးခဲ့ပါသည်။

အင်းပညာနှင့်ပတ်သက်သည့် ပညာရှင်ဆရာသခင်များစွာလည်းရှိခဲ့ပါသည်။ သို့သော် ဆန်းလျန်ကဲ့သို့ လျှင်မြန်စွာနားလည်သွားသူ တစ်ယောက်ကိုမျှ မတွေ့ခဲ့ဖူးပေ။

ထို့ပြင် ဆန်းလျန်က အခြားသူများကဲ့သို့ ကျင့်စဉ်လမ်းကိုတစ်ဆင့်ချင်းသွားသည့်သူမဟုတ်ပေ။ သူက

သူ၏သဘောပေါက်နားလည်မှုဖြင့် လွတ်လပ်စွာ ကျင့်စဉ်လမ်းကိုလျှောက်လှမ်းသည့် လူငယ်တစ်ယောက်ဖြစ်လေသည်။

....

ဆန်းလျန်မှာ ထိုနေ့က ထိုက်ဝေ့ထိုင်သို့သွားပြီး ပြန်လာသည့်
အချိန်မှစကာ နေ့မအား ညမအား ခြောက်လတိတိ အင်းနှင့်
မန္တန်ပညာကို ကျင့်စဉ်များနှင့်ပေါင်းစပ်ကာ ကျင့်ကြံနေခဲ့လေ
သည်။ တစ်လနှစ်ကြိမ်ပြုလုပ်သည့် ဂိုဏ်းတူအစ်ကိုများနှင့်
တွေ့ဆုံရမည့် အစည်းအဝေးပွဲသို့ပင် သူမသွားခဲ့ပေ။
သူ၏ တစ်ယောက်တည်းရှိသည့် ကိုယ်ပိုင်အခန်းလေးထဲတွင်
အလုံပိတ်ပြီး "မနှောင့်ယှက်ရ" ဟု စာတမ်းကပ်ကာ သူ့
အကန့်အသတ်နှင့်သူ အပတ်တကုတ်ကြိုးစားနေလေ
တော့သည်။ ပြင်ပကမ္ဘာမှ မိုးမြေစွမ်းအားများသည် ဆန်းလျ
န်၏အလုံပိတ်အခန်းလေးအတွင်းသို့ တဖြည်းဖြည်းစီးဆင်းဝင်
ရောက်လာကြလေသည်။ အစပိုင်းတွင်တော့ တိမ်ခိုးငွေ့လေးမျှ
သာဖြစ်ပြီး သိသာထင်ရှားမှုမရှိပေ။ သို့သော် ဆန်းလျန်က
သူ၏စန္ဒကူးဓားကို "စိတ်ဝိညာဉ်ကိုပဲ့ကိုင်နိုင်သည့်ပစ္စည်း"
အဖြစ်အသုံးပြုလိုက်သည့်အခါတွင်တော့ မိုးမြေစွမ်းအားများ

မှာ အရောင်(၈)မျိုးခွဲဖြာထွက်သွားလေတော့သည်။ ထိုမိုးမြေ

စွမ်းအားအရောင်ရှစ်(၈)မျိုးတွင် စွမ်းအား(၈)ခုပါဝင်လေ

သည်။ မိုး ၊ မြေ ၊ တောင် ၊ ရွှံ့နွံ ၊ ရေ ၊ မီး ၊ လေ နှင့် လျှပ်စီး

စွမ်းအား(၈)မျိုးပင်ဖြစ်လေသည်။

ထိုစွမ်းအား(၈)မျိုးမှာ အချင်းချင်းပေါင်းစည်းသွားပြီး ပြင်ပ

ကမ္ဘာနှင့် အပြန်အလှန်အကျိုးသက်ရောက်မှုများဖြစ်သွားလေ

သည်။ တစ်ခုက မြင့်တက်သွားလျှင် အခြားတစ်ခုကလည်း

ချက်ချင်းတုန့်ပြန်လေသည်။ ထိုသို့ဖြင့် စွမ်းအားသံသရာလည်

ပတ်လျှက်ရှိပြီး ဆန်းလျန်၏ခန္ဓာကိုယ်အတွင်းတွင် လှည့်ပတ်

လျှက်ရှိနေလေတော့သည်။

လူသားခန္ဓာကိုယ်တွင်ရှိသော သွေးကြောဆုံမှတ်များမှာ

လွန်စွာမှ ရှုတ်ထွေးလေသည်။ ရွှမ်ကျိကျင့်စဉ်ကိုလေ့ကျင့်

သည့်တိုင် ဆန်းလျန်မှာ ထိုဆုံမှတ်များအားလုံးကို နားလည်

သဘောပေါက်ခြင်းမရှိနိုင်သေးပေ။ ဆန်းလျန်က သွေးကြော

ဆုံမှတ်အားလုံးဆီသို့ အတွင်းအားကို ထပ်ခါထပ်ခါ ပို့လွှတ်ပြီး ကြိုးစားကြည့်လေသည်။ သို့သော် သူက "သေခြင်းရှင်ခြင်းကို သိမြင်ခြင်းဆုံချက်" ကိုဖွင့်နိုင်ရန်အတွက်တော့ အတင်းအဓမ္မ ကြိုးစားအားထုတ်ခြင်း မပြုလုပ်ပေ။

သူက တစ်သမတ်တည်းလေ့ကျင့်သွားခြင်းဖြစ်လေသည်။

သို့သော် သဘာဝအတိုင်းကျင့်ကြံမှုမှာလည်း

တစ်သမတ်တည်းပင်သွားလေသည်။

မိုးမြေစွမ်းအားများတွင် မတူညီသည့်စွမ်းအင်များပါရှိလေသည်။ အချို့မှာ မူလစွမ်းအင်ကောင်းကြသည်။ အချို့မှာ အဆုံးမရှိတည်ငြိမ်ကြသည်။ အချို့မှာ လျှင်မြန်ဖြတ်လတ်ကြသည်။ အချို့မှာ နက်နဲသည့်စွမ်းအင်အစိုင်အခဲအဖြစ်တည်ရှိနေကြသည်။

အင်းနှင့်မန္တန်ပညာမှာ ထိုမတူကွဲပြားသည့် မိုးမြေစွမ်းအားများ ကို လူ၏ဝိညာဉ်စွမ်းအားနှင့် ဆက်သွယ်ပေးသည့် ကြားခံ ပညာရပ် တစ်ခုပင်ဖြစ်လေသည်။

ဆန်းလျန်မှာ တစ်နေ့တခြား စွမ်းအားများမြင့်တက်လာသည် ကို ခံစားမိလေသည်။ သို့သော် ကျင့်စဉ်လမ်းအဆင့်ကိုးဆင့်မှ နောက်တစ်ဆင့်ကိုတော့ ထပ်မံတက်လှမ်းနိုင်ခြင်းမရှိသေးပေ။ မပြောင်းမလဲတည်ရှိနေသည်ကတော့ သူ၏စိတ်အာရုံထဲမှ ကျိုင်းကိုင်ထားသည့် နတ်ဘုရားရုပ်တုပုံပင်ဖြစ်လေသည်။ ပုံ မှန်အတိုင်းဖြစ်သည့်တိုင် ထူးခြားဆန်းကျယ်စွာတည်ရှိနေလေ သည်။

သူ၏ကျင့်စဉ်အဆင့်မြင့်တက်လာလေ ထိုနတ်ဘုရားရုပ်တုက ပိုပြီး ထူးခြားဆန်းကျယ်လာလေဖြစ်လေသည်။ ထိုအရာမှာ အမှန်တရားသို့သွားရလမ်းကဲ့သို့ ဖြစ်နေလေသည်။ သိတာများ လေ နားလည်နိုင်စွမ်းလျော့နည်းလေ ဖြစ်နေရလေသည်။

ဆန်းလျန်မှာ သူ၏နေ့ရက်များကို ကျင့်စဉ်ကျင့်ကြံရင်း ပျော်ရွှင်စွာဖြတ်သန်းနေလေတော့သည်။ အခြားသူများအတွက်တော့ ထိုသို့တံခါးပိတ်ကျင့်စဉ်ကျင့်ကြံရသည်မှာ စိတ်ညစ်စရာပင်ဖြစ်လေသည်။ ထိုသို့တစ်ယောက်တည်း ကျင့်ကြံရဖန်များလာလျှင် အထီးကျန်ခြင်းကို ခံစားကြရမြဲပင်ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့ ထိုသို့ခံစားရခြင်းမရှိပါ။ သို့သော် ဆန်းလျန်အတွက်တော့ လူမှုရေးကိစ္စများက မရှိမဖြစ်လိုအပ်သည့်ကိစ္စများမဟုတ်ပါ။ ထို့ကြောင့် တစ်ယောက်တည်းကျင့်ကြံရသည့်အလုပ်ကို တစ်ဘဝလုံးလုပ်ဆိုလျှင်လည်း လုပ်နိုင်ပေသည်။

ဆန်းလျန်၏ခန္ဓာကိုယ်တစ်ခုလုံး အတွင်းအားများဖြင့် ပြည့်ဝနေလေသည်။ အတွင်းအားများသည် သူ့ခန္ဓာကိုယ်တစ်ခုလုံးတွင် မြစ်တစ်စင်းကဲ့သို့လှည့်ပတ်စီးဆင်းနေလေသည်။ လုံးဝေ

ချောမွေ့စွာစီးဆင်းနေခြင်းဖြစ်ပြီး မည်သည့်နေရာတွင်မှ ပိတ်ဆို့နေခြင်းမျိုးမရှိပေ။

ကျင့်ကြံခြင်းဆိုသည်မှာ "စွမ်းအားလှည့်ပတ်ခြင်းကိုမြှင့်တင်ခြင်း" ဟု ဆိုနိုင်ပေသည်။ အထွဋ်ထိပ်ဆုံချက်ရှစ်နေရာမှ အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်နှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်များသို့ စွမ်းအားစီးဝင်နိုင်လေ စွမ်းအားပိုကောင်းလာလေဖြစ်လေသည်။

သူ၏ကျင့်ကြံမှုပိုပြီးနက်ရှိုင်းလာသည်နှင့်အမျှ အဓိကသွေးကြောဆုံချက်များမှ သေးငယ်သည့်သွေးကြောလေးများပင် ပွင့်ထွက်ကုန်လေသည်။ ဆန်းလျန်သာ ဟိုင်သန်းအဆင့်သို့ ရောက်အောင်ကျင့်ကြံနိုင်သွားပါက သူ၏သွေးကြောအားလုံးမှာ ရှင်းလင်းစွာ ပွင့်ထွက်သွားပြီးပြုမှုလှုပ်ရှားမှုတိုင်းတွင် စွမ်းအားနှင့်ပြည့်ကာ တင့်တယ်လှပနေမည်ဖြစ်လေသည်။

ဝိညာဉ်မြစ်တွင်လေ့ကျင့်ပြီးသည့်နောက် ဆန်းလျှန်၏ဝိညာဉ်စွမ်းအားများမှာ လုံးဝသိပ်သည်းကျစ်လျစ်နေလေသည်။ သို့သော် သူက "သေခြင်းရှင်ခြင်းကိုသိမြင်ခြင်းဆုံချက်" ကိုဖွင့်ရန်အတွက် အတင်းအဓမ္မကြိုးစားခြင်းမရှိပါ။ ထို့နောက် သူက အင်းနှင့်မန္တန်ပညာကို ကောင်းစွာလေ့ကျင့်နိုင်ခဲ့လေသည်။ ထို့နောက် ခြောက်လတာမျှ တံခါးပိတ်လေ့ကျင့်နေခဲ့လေသည်။ ယခုတော့ မိုးမြေစွမ်းအားများမှာ သူ၏သွေးကြောများအတွင်းသို့ လွတ်လပ်စွာ စီးဝင်ပြီး သူ၏ခန္ဓာကိုယ်နှင့်ပေါင်းစည်းနေပြီဖြစ်လေသည်။

သူ၏ကျင့်စဉ်အောင်မြင်မှုကို နားလည်လိုက်သည့်တစ်ခဏအတွင်းမှာပင် သူ အော်ဟစ်လိုက်မိလေတော့သည်။

အခန်း (၈၄)

တရားရှာကိုယ်မှာတွေ့

ကျင့်ကြံသူတစ်ယောက်အနေဖြင့် လိုအပ်သည့်အဆင့်တစ်ခုကို ဆန်းလျှန်ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်လေသည်။

လူ့လောကမှ လူသားများမှာ နှစ်ပေါင်းများစွာလေ့ကျင့်ကြသည့်တိုင် ယခုဆန်းလျှန်ရောက်သည့်အဆင့်သို့ ရောက်နိုင်ဖို့ခဲယဉ်းလေသည်။ ထိုသို့နားလည်သဘောပေါက်လိုက်သည့်အတွက်ကြောင့် ဆန်းလျှန်အော်ဟစ်လိုက်သံမှာ မိုင်ပေါင်းများစွာအထိ ပျံ့နှံ့သွားလေတော့သည်။

ဆန်းလျှန် ထိုသို့အော်ဟစ်လိုက်သံမှာ အဆုံးမရှိကျယ်ပျံ့သွားပြီး လေများပင်တိုက်ခတ်လာကာ ရေများပင် ပြင်းထန်စွာလှုပ်ခတ်ကုန်ကြလေသည်။

အပြင်ဘက်မှလူများမှာ ဆန်းလျှန်၏ အဆောင်၏ခေါင်မိုး ထက်တွင် မိုးမြေစွမ်းအားများပေါင်းစုပြီး တိမ်တိုက်တစ်ခု ဖြစ်ပေါ်လာသည်ကိုတွေ့ကြရလေသည်။ ထိုတိမ်တိုက်သည် မည်သည့်နေရာသို့မျှ ရွေ့လျားသွားခြင်းမရှိဘဲ ဆန်းလျှန်နေသည့် အဆောင်လေး၏ခေါင်မိုးထက်တွင်သာ တည်တန့်နေလေသည်။

ဆန်းလျှန်အော်ဟစ်လိုက်သည့်အသံ၏တုန်ခါမှုကြောင့် ချင်းလျှန်တောင်ရှိလူအားလုံးမှာ အံ့သြတုန်လှုပ်သွားကြရလေသည်။ ဆန်းလျှန်အခန်းရှေ့သို့ ပထမဆုံးရောက်လာသူမှာ ချန်ကျန်းမေဖြစ်လေသည်။ ဓားတစ်စင်းကဲ့သို့ လျှင်မြန်သည့်အရှိန်ဖြင့် ရောက်လာခြင်းဖြစ်လေသည်။

ချန်ကျန်းမေရောက်လာပြီးမှ မရှေးမနှောင်းမှာပင် ယန့်ပုကွေး ရောက်လာလေသည်။

ရှယွမ့်အဆောင်တွင် ယခုကဲ့သို့ ထူးခြားချက်ဖြစ်ပေါ်ခြင်း မရှိသည်မှာ ကြာပြီဖြစ်လေသည်။ သူတို့က ဂိုဏ်းအတူအစ်ကိုများထဲမှ တစ်ယောက်ယောက် ကျင့်စဉ်အောင်မြင်သွားပြီဟု ထင်မှတ်လိုက်မိကြလေသည်။

သူတို့က ထိုဂိုဏ်းတူအစ်ကိုကို အားကျသွားမိလေသည်။

သို့သော် ထိုထူးခြားချက်မှာ ဆန်းလျန်၏အခန်းဆီမှ ထွက်ပေါ်လာခြင်းဖြစ်နေသည်ကို တွေ့လိုက်ရသည့်အခါတွင်တော့ လွန်စွာမှ အံ့သြသွားကြရလေတော့သည်။

ဆန်းလျန် ဝမ့်ရှင်းလမ်းကို ဖြတ်သန်းလာသည့်အချိန်မှာ စံချိန်တင်လောက်အောင် တိုတောင်းလွန်းလေသည်။ ထို့ကြောင့် ဆန်းလျန်၏ နာမည်ဂုဏ်သတင်းမှာ ရှယွမ့်အဆောင်တွင်သာမက စန့်ယွမ့်အဆောင်တွင်သာ ကျော်ကြားနေလေသည်။

သို့သော် မည်သူမျှ ဆန်းလျန်ကို တပည့်အဖြစ်လက်ခံခြင်းမရှိခဲ့သည်ကလည်း ထူးဆန်းနေလေသည်။ သူက ကျင့်ကြံမှု

လမ်းကြောင်းကို တစ်ယောက်တည်း ကြိုးစားရှာဖွေခဲ့ရသူဖြစ်လေသည်။ သူက နှစ်လတစ်ကြိမ်ပြုလုပ်သည့်ဂိုဏ်းတူအစ်ကိုများနှင့်တွေ့ဆုံသည့် အစည်းအဝေးပွဲသို့ပင် တက်ရောက်ခြင်းမရှိသည့်အတွက် သူ့ကို မည်သူမျှလည်း သိပ်ပြီးတွေ့မြင်ဖူးခြင်းမရှိကြပေ။

အခြားသူများအနေဖြင့် သူ၏ကျင့်စဉ်လမ်းမှာ မည်သည့်အဆင့်သို့ရောက်နေပြီလဲ ဆိုသည်ကို မမှန်းဆနိုင်ကြပေ။

ယေဘူယျအားဖြင့် အသက်နှစ်ဆယ်အောက်သာရှိသေးသည့်ချင်းရှမ်မှတပည့်များအားလုံးမှာ အရည်အချင်းပြည့်ဝကြသည့်သူတွေချည်းပင်ဖြစ်လေသည်။ သို့တိုင်အောင် ကျင့်စဉ်လမ်းတွင် ဆန်းလျန်ကဲ့သို့ မြန်မြန်ဆန်ဆန်နှင့် အဆင့်မြင့်မြင့်သို့တက်လှမ်းသွားနိုင်သည့်သူ တစ်ယောက်မျှမရှိသေးပေ။

မိုးမြေစွမ်းအားများစုစည်းကာ တိမ်တိုက်တစ်ခုသဖွယ်ဖြစ်တည်လာကတည်းက တစ်စုံတစ်ယောက်ကတော့ ကျင့်စဉ်

လမ်းတွင် ထူးခြားစွာအောင်မြင်တော့မည့် နိမိတ်ဖြစ်သည်ကို အားလုံးရိပ်မိကြလေသည်။

ချန်ကျန်းမေနှင့် ယန်ပုကွေးတို့ နှစ်ယောက်လုံးမှာ များစွာအံ့ဩနေကြလေသည်။ ချင်းရှမ်နတ်တံခါးတည်ရှိခဲ့သည့် နှစ်ပေါင်းများစွာအတွင်းဤမျှ အသက်ငယ်ငယ်နှင့်တရားအလင်းရကာ စွမ်းအားများပွင့်ထွက်သွားသည့် ပါရမီရှင်လူငယ်မျိုးကို မတွေ့ဖူးကြသေးပေ။ မိုးမြေစွမ်းအားများမှာ တန်ခိုးအဖြစ်သို့ ပြောင်းလဲသွားလေသည်။ သဘာဝအတိုင်း ဝိညာဉ်စွမ်းအားများပေါက်ထွက်လာသည်အထိ ကျင့်ကြံနိုင် ကျင့်ကြံနိုင်သူမှာလည်း မရှိသလောက်ရှားလေသည်။

ထိုအချက်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်မှာအခြေခံကျင့်စဉ်လမ်း ပြီးမြောက်အောင်မြင်သွားပြီဟု ပြောနိုင်လေသည်။ အခြေခံကျင့်စဉ်လမ်းအောင်မြင်သည်နှင့် တန်ခိုးစွမ်းအားက ဖြစ်တည်လာမည်ဖြစ်လေသည်။ ထိုတန်ခိုးစွမ်းအားအတွက်

သိုင်းပညာကို သတိထားပြီးရွေးခြယ်ရန်လည်းလိုအပ်လေ
သည်။ ဆုံးဖြတ်ချက်များယွင်းသွားပါက အကောင်းထက်
အဆိုးကပိုများမည်ဖြစ်လေသည်။

ဆန်းလျန်ကတော့ လွန်စွာမှ ကောင်းသည့်အနေအထားတွင်ရှိ
လေသည်။ သူက မိုးမြေစွမ်းအားများကို အဆင့်အမြင့်ဆုံး
အမိန့်ပေးနိုင်သူဖြစ်လာပြီဖြစ်လေသည်။

မိုးမြေစွမ်းအားများကို အမိန့်ပေးနိုင်ရန်မှာ သိုင်းပညာအပေါ်
တွင်မူတည်သကဲ့သို့ ခန္ဓာကိုယ်စွမ်းအားပြည့်ဝရန်နှင့် ဝိညာဉ်
စွမ်းအားပြည့်ဝရန်လည်း လိုအပ်လေသည်။

ထို့ကြောင့် ယခုကြုံတွေ့နေရသည့်အခြေအနေမှာ ပိဿာတစ်
ထောင်ခန့်အလေးချိန်ရှိသည့် ကျောက်တုံးကြီးတစ်တုံးကို
ကလေးတစ်ယောက်က "မ" ပြနေသကဲ့သို့ပင် ဖြစ်နေလေ
တော့သည်။

ဆန်းလျန်ပတ်ဝန်းကျင်တွင်ဖြစ်တည်နေသည့် မိုးမြေစွမ်းအား များမှာ မည်မျှအားကောင်းကြောင်းကို ချန်ကျန်းမေနှင့် ယန့်ပု ကွေးတို့ နှစ်ယောက်လုံးရိပ်မိကြလေသည်။

အမှန်တော့ ချူးစန်းအဆင့်သို့ရောက်နိုင်ရန်အတွက် ကျင့်ကြံ သူများမှာ အပြင်းအထန်ကြိုးစားကြရလေသည်။

ဆန်းလျန်က ပုံမှန်အတိုင်းတွေးခေါ်ယူဆလေ့ရှိသူမဟုတ်ပါ။ ထို့ပြင် သူက အတွင်းအားပညာမလေ့ကျင့်ခင်မှာပင် ဝိညာဉ် စွမ်းအားကို လေ့ကျင့်ခဲ့သည့်သူဖြစ်လေသည်။

ဆန်းလျန်၏ အော်ဟစ်လိုက်သံမှာ တဖြည်းဖြည်းပျောက်ကွယ် သွားလေသည်။

အပြင်ဘက်တွင် ဖြစ်နေသည့်ကိစ္စများကို ဆန်းလျန်က အာရုံစိုက်ခြင်းမရှိပါ။ မိုးမြေစွမ်းအားများက သူ၏ကိုယ်တွင်း သို့ စီးဝင်သွားလေသည်။ အားလုံးကိုမစုပ်ယူနိုင်သည့်တိုင် စွမ်းအားများက ဆန်းလျန်ဆီသို့သာ စီးဝင်နေကြလေသည်။

ဆန်းလျှန်က တင်ပျဉ်ခွေထိုင်နေလေသည်။ သူ၏ခန္ဓာကိုယ်မှာ ပေါ့ပါးနေပြီး ဝမ်းနည်းခြင်း ၊ ဝမ်းသာခြင်း မည်သည့်ခံစား ချက်မျှရှိမနေပေ။

ဝဲကန်တော့တစ်ခုက သူ၏ခန္ဓာကိုယ်ထဲတွင် ဖြစ်ပေါ်လာလေ သည်။ ထိုအရာမှာ ပွင့်ထွက်သွားသည့်စွမ်းအားအလင်းတရား ပင်ဖြစ်လေသည်။ ထိုဝဲကန်တော့က သူ၏သွေးကြောများထဲ တွင် လှည့်လည်နေလေသည်။ ထိုဝဲကန်တော့လှည့်လည် သွားလာနေသည့်နေရာတိုင်းသို့ မိုးမြေစွမ်းအား ၊ အတွင်းအား နှင့် ဝိညာဉ်စွမ်းအားများကလည်း လိုက်ပါလှည့်လည်လာကြ လေသည်။ ထိုသို့ဖြင့် မိုးမြေစွမ်းအား ၊ အတွင်းအားနှင့် ဝိညာဉ် စွမ်းအားတို့၏ အံ့သြဖွယ်ရာ ပေါင်းစည်းမှုကြီး ဖြစ်ပေါ်လာ လေတော့သည်။

ထိုစွမ်းအားစုမှာ ပိုပြီးသိပ်သည်းလာလေ ပိုပြီးထူးခြားသည့် စွမ်းအားများ ထုတ်လွှတ်နိုင်လေဖြစ်လာလေသည်။

ထိုထူးခြားသည့်စွမ်းအားထုမှာ အသက်ဓာတ်စွမ်းအားဖြစ်ပြောင်းလဲသွားသည့်အခါတွင်တော့ လှည့်လည်နေသည့် ဝဲကန်တော့က ပျောက်ကွယ်သွားလေသည်။ ထို့နောက် စွမ်းအားအချို့က သွေးကြောများထဲတွင် စီးဆင်းနေပြီး တဖြည်းဖြည်းရပ်တန့်သွားလေသည်။

သူ၏ဝိညာဉ်မှာ လွန်စွာမှ သန့်ရှင်းကြည်လင်နေသည်ဟု ဆန်းလျန်ခံစားလိုက်ရလေသည်။ ဖုံများပေးနေသည့် မှန်ကို ဖုံသုတ်လိုက်သည့်အခါတွင် ကြည်လင်နေသကဲ့သို့ဖြစ်လေသည်။

ရုတ်တရက် ဆန်းလျန် မျက်လုံးများကို ဖွင့်ကြည့်လိုက်လေသည်။

မိုးမြေစွမ်းအားများမှာ တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

"ခန္ဓာကိုယ်မှာတရားရရင် နှလုံးသားက မှန်လိုကြည်လင်တယ် ၊ ဝိရိယရှိရှိနဲ့နေ့စဉ်သန့်စင်ပေးဖို့လိုတယ် ၊ ဘယ်တော့မှ ကိလေသာမြူမှုန်တွေပြန်မတက်စေနဲ့တော့"

ဆန်းလျန်က တရားစာပိုဒ်တစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။ တာအိုဆရာသခင်ထိုက်ယီသည် ကျင့်စဉ်လမ်းတွင် အဆင့်ကိုး ဆင့်သတ်မှတ်ပေးခဲ့သည်ကို ဆန်းလျန် နားလည်သွားရပြီဖြစ်လေသည်။ တရားအလင်းစွမ်းအားပွင့်ထွက်သွားသည်နှင့် မိုးမြေစွမ်းအား ၊ အတွင်းအားနှင့် ဝိညာဉ်စွမ်းအား သုံးခုမှာ ပေါင်းစပ်သွားပြီး ခန္ဓာကိုယ်ထဲတွင် ထူးခြားသည့်စွမ်းအားတစ်မျိုးပေါ်ထွက်လာလေသည်။ ထိုစွမ်းအားမှာ ပြင်းထန်ပြီး မိုးမြေစွမ်းအားများကို စုပ်ယူလေသည်။ ထိုသို့စုပ်ယူခြင်းက စိတ်ဝိညာဉ်ကို သန့်စင်သွားစေလေသည်။ စိတ်ဝိညာဉ်သန့်စင်သွားလျှင် စွမ်းအားက ပိုပြီးကြီးမားလာလေသည်။ ထိုအဆင့်ကို

ဝိညာဉ်စွမ်းအားစုစည်းသည့်အဆင့် "ယွင့်ဟွင်" ဟု ခေါ်လေသည်။

ကျင့်ကြံသူများမှာ "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ကျင့်စဉ်များကို ကျင့်ကြံထားခြင်းမရှိနိုင်ပေ။ ထိုစာအုပ်မှ ကျင့်စဉ်များကို လေ့ကျင့်ထားပါက မိုးမြေစွမ်းအားများမှ ဝိညာဉ်စွမ်းအားများကို ထောက်ပံ့ပေးနိုင်မည် ဖြစ်လေသည်။

နောက်တစ်နည်းမှာ အခြားသူများ၏အိပ်မက်အတွင်းသို့ဝင်ရောက်ပြီး ထိုသူကို လှွမ်းမိုးကာ စွမ်းအားပေးခြင်းဖြစ်လေသည်။ ထိုသို့ပြုလုပ်ရန်မှာ ဝိညာဉ်ခန္ဓာလွှင့်နိုင်မှ ရမည်ဖြစ်လေသည်။

ထို့ပြင် လူသားများ၏အိပ်မက်များတွင် မသန့်စင်မှုများစွာရှိလေသည်။ အိပ်မက်အတွင်းသို့ဝင်ရောက်လွှမ်းမိုးခြင်းမှာ အကောင်းထက် အဆိုးဖြစ်လာဖို့က များပေသည်။

"ယွင့်ဟွင်" အဆင့်မှာ ကျင့်စဉ်လမ်းတွင် ခက်ခဲသည့်အပိုင်း တစ်ခုဖြစ်လေသည်။ ထိုကျင့်စဉ်အတိုင်းကျင့်မည်ဆိုလျှင် ဝိညာဉ်စွမ်းအားကို အရင်ကြီးမားအောင်လေ့ကျင့်ရပေမည်။ ထို့နောက် ထိုဝိညာဉ်စွမ်းအားကို ခန္ဓာကိုယ်နှင့် ပေါင်းစည်းနိုင်ရမည်။

"ယွင့်ဟွင်" အဆင့်အောင်မြင်သွားလျှင်တော့ "ချူးစန်း" အဆင့်သို့တက်လှမ်းနိုင်ရန် မခက်တော့ပေ။ ထိုအဆင့်နှစ်ခု၏ သဘောသဘာဝမှာ ကွာခြားခြင်းသိပ်မရှိလှပေ။

ဆန်းလျန်မှာ အစကတည်းကပင် "ယွင့်ဟွင်" အဆင့်ကို ရောက်လုနီးပါးဖြစ်နေသူဖြစ်လေသည်။ သို့သော် သဘာဝတန်ခိုးစွမ်းအားနှင့်မတူညီသည်မှာ သူ၏အသက်ဓာတ်စွမ်းအားက သူ၏ဝိညာဉ်စွမ်းအားကို စုပ်ယူနိုင်ခြင်းပင်ဖြစ်လေသည်။

……………………

ဆန်းလျန်ကျင့်စဉ်အောင်မြင်သည့်အဖြစ်အပျက်များဖြစ်ပျက်ပြီးနောက်…

နေ့ရက်ပေါင်းများစွာကြာခဲ့လေသည်။ ဆန်းလျန်၏အခန်းရှေ့တွင် အုပ်စုဖွဲ့နေကြသည့်လူများမှာလည်း ပြန်သွားကြပြီဖြစ်လေသည်။ သို့သော် ချန်ကျန်းမေကတော့ ပြန်သွားခြင်းမရှိသေးပါ။

ချန်ကျန်းမေက အသံတိုးတိုးဖြင့်ရွတ်လိုက်သည်။

"ဝိရိယရှိရှိနဲ့နေ့စဉ်သန့်စင်ပေးဖို့လိုတယ် ၊ ဘယ်တော့မှ ကိလေသာမြူမှုန်တွေပြန်မတက်စေနဲ့တော့ ၊ ကောင်းလိုက်တဲ့စာသား"

ဆန်းလျန် အခန်းထဲတွင်ရွတ်ဆိုခဲ့သည့် တရားစာပိုဒ်ကို ချန်ကျန်းမေ ကြားခဲ့ရခြင်းဖြစ်လေသည်။

သူက မည်သူမျှမကြားအောင် ခပ်တိုးတိုးလေးရွတ်လိုက်ပြီး ဆန်းလျန်၏အခန်းရှေ့မှထွက်ခွာသွားလေသည်။

နောက်တစ်နေ့တွင်တော့ ဆန်းလျန်ကို မြွေမိစ္ဆာကြီးကျင်းချင်းက ဆရာသခင်ထံသို့သွားရန် လာရောက်ခေါ်ဆောင်သွားလေသည်။

ဆရာသခင်ကျန်းရှော့ရှီးကိုတွေ့လိုက်ရသည့်အခါတွင်တော့ ဆန်းလျန်မှာ များစွာအံ့သြသွားရလေသည်။

ဆရာသခင်ကျန်းရှော့ရှီးမှာ များစွာငယ်ရွယ်နုပျိုနေလေသည်။

ဆံပင်များပင်အနက်ရောင်ဖြစ်နေပြီး မျက်နှာမှာလည်း ငယ်ရွယ်ကာ ယောကျ်ားပီသစွာဖြင့်ချောမောနေလေသည်။

လူ့လောကတွင်သာဖြစ်ပါက မိန်းကလေးများ ဝိုင်းဝိုင်းလည်နေမည့် ရုပ်ရည်မျိုးဖြစ်လေသည်။

ဆန်းလျန်အံ့သြသွားသည်ကို ဆရာသခင်ကျန်းရှော့ရှီးက မသိချင်ယောင်ဆောင်နေလိုက်လေသည်။

သူက ဆန်းလျန်ကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

ဆန်းလျှန်က ဆရာသခင်က သူ့ကိုဘာကြောင့်ခေါ်သည်ကို နား မလည်သေးပါ။ ထို့ကြောင့် မေးမြန်းလိုက်လေသည်။

"ဒီနေ့ ကျွန်တော့်ကိုဘာလို့ခေါ်ရတာလဲ ဆရာသခင်"

"တောင်ပင်လယ်ဖေးရှန်းနတ်ဘုရားကျွန်စွယ်ဆိုတာ ချင်းရှမ် နတ်တံခါးက ယခင်မျိုးဆက်ဆရာသခင်ရဲ့ အနွယ်တော်တွေ နေတဲ့နေရာပဲ ၊ အခုတလော အဲဒီမှာ မိစ္ဆာဝိညာဉ်တွေပေါ်နေ တယ်ကြားတယ် ၊ အထူသဖြင့် ကလေးတွေကိုစားတဲ့မိစ္ဆာ ဝိညာဉ်တွေပဲ ၊ ဖေးရှန်းကျွန်းစွယ်က ဘယ်ကျင့်ကြံသူမှ မ နှိမ်နင်းနိုင်ဘူးဖြစ်နေတယ် ၊ မင်းသူတို့ကိုသွားကူပေးဖို့ ကျုပ် က တောင်းဆိုချင်လို့ပါ"

ဆရာသခင်ကျန်းရော့ရှီးက အေးဆေးစွာပြောလိုက်လေသည်။ လူ့ကျင့်ဝတ်များကို အသိအမှတ်မပြုလျှင်ရသော်လည်း လက်ရှိအချိန်တွင် ချင်းရှမ်နတ်တံခါးမှာ အင်အားနည်းနေ သည့်အချိန်ဖြစ်နေလေသည်။ ဖေးရှန်းကျွန်းစွယ်မှ မိစ္ဆာများကို

နှိမ်နင်းနိုင်ခြင်းမရှိပါက ချင်းရှမ်နတ်တံခါးအနေဖြင့် အရှက်ရ စရာကိစ္စတစ်ခု ဖြစ်လာနိုင်လေသည်။

ထို့ပြင် ထိုကိစ္စကို ကိုင်တွယ်ရန်မှာ ဆန်းလျန်က အသင့်တော် ဆုံးပင်ဖြစ်လေသည်။ ဆန်းလျန်က ချင်းရှမ်နတ်တံခါးသို့ ရောက်လာသည်မှာ မကြာသေးပေ။ ထို့ကြောင့် သူရှုံးနိမ့်ခဲ့ လျှင်လည်း ပြဿနာမရှိပါ။ သူအောင်မြင်ခဲ့လျှင်လည်း ချင်းရှ မ်နတ်တံခါးအတွက် ဂုဏ်တက်စရာဖြစ်ပေလိမ့်မည်။

"ဟုတ်ကဲ့ပါ ဆရာသခင်"

ဆန်းလျန်က သဘောတူလိုက်လေသည်။

"မင်းကအခုပဲ တရားအလင်းစွမ်းအားရထားတဲ့သူ ၊ ဆက်ပြီး ကျင့်စဉ်တွေလေ့ကျင့်သင့်တယ် ၊ ဒါပေမယ့် ဒီကိစ္စကိုတော့ အ ရင်ဆောင်ရွက်စေချင်တယ် ၊ မင်းပြန်လာမှ ကျင့်စဉ်ဆက် လေ့ကျင့်လည်း နောက်မကျနိုင်သေးပါဘူး"

ဆရာသခင်က ဆက်လက်ရှင်းပြလိုက်လေသည်။

ဆန်းလျန်မှာ ကျင့်စဉ်တစ်ဆင့်အောင်မြင်ပြီးသူဖြစ်လေသည်။
ခဏတော့နားနေသင့်လေသည်။ ထိုသို့ နားနေခြင်းမှာ ကျင့်စဉ်
လမ်းအတွက် လိုအပ်သည့်အရာပင်ဖြစ်လေသည်။

အခန်း (၈၅)

စိတ်နှစ်မျိုးနှင့်နတ်မိမယ်

"ကျွန်တော် ဘယ်တော့လောက်သွားရမလဲ"

ဆန်းလျန်က မေးလိုက်လေသည်။

ဆရာသခင်ကျန်းရှော့ရှီးက သူ၏လက်ခလယ်ကို အသုံးပြု ကာ ပုံတစ်ပုံဆွဲလိုက်လေသည်။ မီးခိုးရောင်အငွေ့များမှ မြေပုံ တစ်ခုဖြစ်တည်လာလေသည်။ မြေပုံတွင် မီးခိုးရောင်အရင့် ပိုင်းနှင့်မီးခိုးရောင်အနုပိုင်း နှစ်ပိုင်းပါလေသည်။ မီးခိုးရောင် အနုပိုင်းမှာ ပင်လယ်ဖြစ်ပုံရပြီး မီးခိုးရောင်အရင့်ပိုင်းကတော့ ဖေးရှန်းကျွန်းစွယ်ဖြစ်လေသည်။

ထိုသို့မြေပုံရေးဆွဲနိုင်ခြင်းမှာ ဆရာသခင်ကျန်းရှော့ရှီး၏ ကျင့်စဉ်တန်ခိုးစွမ်းအားပင်ဖြစ်လေသည်။ ဖေးရှန်းကျွန်း စွယ်၏မြေပုံကို ရေးဆွဲပြခြင်းဖြစ်လေသည်။ ပါးစပ်ဖြင့်ပြော ခြင်းထက် ထိုသို့ရေးဆွဲပြခြင်းက ပိုပြီး အဆင်ပြေလေသည်။

ဆရာသခင်ကျန်းရှော့ရှီးရေးဆွဲပြသည့်မြေပုံကို ဆန်းလျန်က စိတ်ထဲတွင် ချက်ချင်းမှတ်သားထားလိုက်လေသည်။

ဆရာသခင်က ဖြစ်နိုင်လျှင် မြန်နိုင်သမျှမြန်မြန်သွားစေချင်ပုံရလေသည်။ ဆန်းလျန်မှာ မတိုက်ခိုက်ရသည်မှာ ကြာပြီဖြစ်လည်း သူက ထိုတာဝန်ကို ထမ်းဆောင်ရန် အမှန်ပင်ဆန္ဒရှိနေမိလေသည်။

ညနေခင်းမြူနှင်းများက ဆန်းလျန်မျက်နှာကို ရိုက်ခတ်နေလေသည်။ ဆန်းလျန် ချင်းရွှမ်နတတံခါးမှ ထွက်ခွာလာခဲ့ပြီး ပင်လယ်ကမ်းစပ်သို့ရောက်ရှိလာခဲ့လေသည်။

“ဂိုဏ်းတူအစ်ကို ၊ ခဏလောက်စောင့်ပါဦး ၊ ဆရာသခင်က ဂိုဏ်းတူအစ်ကိုအတွက် အမှာစကားပါးလိုက်တယ်”

ဆန်းလျန် အသံတစ်သံကြားလိုက်ရလေသည်။

မြေမြွေမိစ္ဆာကြီး ကျင်းချင်း၏အသံဖြစ်လေသည်။

ကျင်းချင်းမှာ လူသားများနှင့်ယှဉ်လျှင် ကျင့်စဉ်လမ်းတွင် ဟိုင်သန်းအဆင့်သို့ ရောက်ရှိနေသူဖြစ်လေသည်။ ကျင်းချင်းမှာ သူတစ်ပါးကို ရန်ပြုတတ်သူမဟုတ်ပါ။ သို့သော် ချင်းရွှမ်နတ်

တံခါးမှ အပြင်လောကသို့ ထွက်လာမည်ဆိုပါက "နတ်မိစ္ဆာ

ဘုရင်" တစ်ပါးကဲ့သို့ စွမ်းအားကြီးမားမည်ဖြစ်လေသည်။

ထို့ကြောင့် ကျင်းချင်းက ဆန်းလျန်ကို ဂိုဏ်းတူအစ်ကိုဟုခေါ်

တိုင်း ဆန်းလျန်မှာ ရယ်ချင်နေမိလေသည်။

ဆန်းလျန်လှည့်ကြည့်လိုက်တော့ ကောင်းကင်ထက်မှဆင်းလာ

သည့် ကျင်းချင်းကိုတွေ့လိုက်ရလေသည်။ သူက လူသား

အသွင်ဖြင့် ဆန်းလျန်ရှေ့တွင် ရပ်နေလိုက်လေသည်။

"ဆရာသခင်ကမှာလိုက်တယ်၊ သွားရမယ့်ခရီးကရှည်တယ်၊

ဒါကြောင့် ခရီးသွားဖို့ ပျံသန်းနိုင်တဲ့ပစ္စည်းတစ်ခု သုံးခွင့်ပြု

တယ်တဲ့၊ ဂိုဏ်းတူအစ်ကိုပြန်လာမှ ဆရာသခင်ကိုပြန်ပေးပါ

တဲ့"

ဆန်းလျန်ရယ်မောလိုက်လေသည်။ ဆရာသခင်မှာ

အသေးအဖွဲ့ကိစ္စလေးများကိုပင် မမေ့လျော့ဘဲ အလေးထား

တတ်လေသည်။ ဤသည်မှာ ဆန်လျန်၏ကျင့်စဉ်လမ်းအဆင့်
တက်သွားသည့်နောက်ပိုင်း စမ်းသပ်မှုတစ်ခုပင်ဖြစ်လေသည်။
ကျင်းချင်းက ဆန်းလျန်ကိုတစ်ချက်မျှ လှေ့လာလိုက်သည်။
ဆန်းလျန် ချင်းရွှမ်နတ်တံခါးသို့စတင်ရောက်ရှိလာသည့်အချိန်
နှင့် နှိုင်းယှဉ်လျှင် အရင်ကနှင့်မတူတော့ဘဲ ပြောင်းလဲသွားပြီ
ဖြစ်လေသည်။ သူရပ်နေသည့် ကိုယ်နေဟန်ထားမှာပင် နက်နဲမှု
များဖြင့် ပြည့်နေလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆန်းလျန်
ရောက်ရှိနေသည့် ကျင့်စဉ်လမ်းအဆင့်မြင့်မားသည်ဆိုခြင်း
ထက် ညနေခင်းမြူနှင်းများက မိုးမြေစွမ်းအားများဖြင့်
ပေါင်းစပ်ကာ ကိုယ်ရောင်ကိုယ်ဝါများတောက်ပလျှက်ရှိ
သောကြောင့်ဖြစ်လေသည်။

တကယ့်လက်တွေ့တွင် ဆန်းလျန်မှာ လုံးဝပြီးပြည့်စုံသည့်
အဆင့်သို့မရောက်သေးပါ။ သို့သော် သူ၏လေးနက်သိမ်မွေ့မှု
များက ထိုအဆင့်သို့ဦးတည်နေပြီဖြစ်လေသည်။

"ဆရာသခင်ကို ကျေးဇူးတင်ကြောင်းပြောပေးပါနော် ၊ ဒါက ပင်လယ်ခရီးတစ်ခုပဲဖြစ်လို့ ကျွန်တော့်အတွက်တော့ အပန်းမကြီးလှပါဘူး"

ဆန်းလျန်က အေးချမ်းစွာပြန်ပြောလိုက်လေသည်။

ရုတ်တရက်လေပြင်းတစ်ချက်တိုက်ခတ်လာလေသည်။ ဆန်းလျန်က စန္ဒကူးဓားကိုဆွဲထုတ်လိုက်ပြီး ဓားပေါ်တွင် အင်းချပ်သင်္ကေတပုံသဏ္ဍာန်အချို့ကို လက်ဖြင့်ရေးဆွဲလိုက်သည်။ အင်းချပ်စွမ်းအားကြောင့် မိုးမြေစွမ်းအားများ စုစည်းသွားပြီး ဆန်းလျန်၏ခန္ဓာကိုယ်မှာ ကြိုးကြာငှက်လေးတစ်ကောင် အလား လေထဲသို့ပျံဝဲတက်သွားလေသည်။ ထို့နောက် မိုးမြေစွမ်းအားများစုစည်းထားသည့် မြူခိုးများဝန်းရံကာ ပင်လယ်လှိုင်းများထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်က "တိမ်နှင့်မိုးကြိုးအင်းတံဆိပ်တော်" ၏ အစိတ်အပိုင်းအင်းချပ်ပညာရပ်ကို အသုံးပြုလိုက်ခြင်းဖြစ်

လေသည်။ ထိုအင်းချပ်ပညာကို သူ၏စွမ်းအားဖြင့်ပေါင်းစပ
အသုံးပြုလိုက်ခြင်းဖြစ်လေသည်။ ထိုသို့ပြုလုပ်လိုက်ခြင်းက
စွမ်းအားအလွန်ထက်မြက်ခြင်းတော့မရှိပါ။ သို့သော်
သူ၏ခန္ဓာကိုယ်ကို လေနှင့်လှိုင်းများကြားတွင် သယ်ဆောင်
သွားနိုင်သည်အထိတော့ တန်ခိုးစွမ်းအားလုံလောက်လေသည်။
ဆန်းလျန်အသုံးပြုလိုက်သည့်ပညာကို အင်းချပ်ပညာဟု
ပြော၍ရသလို ကျင့်စဉ်ပညာရပ်ဟူ၍လည်းပြော၍ရလေ
သည်။ မိုးမြေစွမ်းအားကိုအသုံးပြုကာ လေနှင့်လှိုင်းများကြား
တွင် ခရီးသွားခြင်းဖြစ်လေသည်။

ဆန်းလျန် ယခင်က ထိုကဲ့သို့ သွားလာဖူးခြင်းမရှိပါ။ ယခု
စမ်းသပ်ကြည့်သည်မှာ ပထမဆုံးအကြိမ်ဖြစ်လေသည်။
သို့သော် သူ၏စွမ်းအားကို သူယုံကြည်လေသည်။

နေဝင်ချိန်အလှတရားအောက်တွင် ဆန်းလျန်၏ပုံရိပ်ကို ကျင်းချင်း ငေးမောကြည့်နေမိလေသည်။ ပင်လယ်လှိုင်းများက ဟိုမှသည်မှ လှုပစွာရိုက်ခတ်လှုပ်ရှားနေလေသည်။

"ဒီလိုထူးဆန်းတဲ့လူနှစ်ယောက်ကို မသေခင်တွေ့ရတာ ငါ့သိပ်ကံကောင်းတာပဲ"

ဟု ကျင်းချင်းရေရွတ်လိုက်မိလေသည်။

ထို့နောက် ကျင်းချင်းက ချင်းရွှမ်တောင်ပေါ်သို့ပြန်ရန်ဆုံးဖြတ်လိုက်လေသည်။ ထိုစဉ်မှာပင် ကျောက်စောင်တစ်ခုထက်တွင် လှပသည့်မိန်းမပျိုတစ်ယောက်ကိုမြင်တွေ့လိုက်ရလေသည်။ ထိုမိန်းမပျိုမှာ နေဝင်ဆည်းဆာအောက်တွင် ခရမ်းရောင်ဝတ်စုံဖြင့် လွန်စွာမှ လှပနေလေသည်။ လေအဝေ့တွင် သူမ၏ခါးတွင်ချည်ထားသည့် ခေါင်းလောင်းလေးများမှ သာယာသည့်ခေါင်းလောင်းသံများ ထွက်ပေါ်နေလေသည်။

ကျင်းချင်းမှာ သူမကိုတွေ့လိုက်သည်နှင့် အံ့သြတုန်လှုပ်သွားရလေသည်။ မြွေဆိုသည်က သွေးအေးသတ္တဝါဖြစ်လေသည်။ သူ့ပတ်ဝန်းကျင်တွင် မည်သည့်အရာများဖြစ်ပျက်နေပါစေ ထိတ်လန့်တုန်လှုပ်တတ်ခြင်းမျိုး မရှိပါ။ သို့သော် ယခုတော့ ချွေးများပင်ပျံလာပြီး ကြောက်လွန်းသောကြောင့် နေရာမှပင် မရွေ့ရဲတော့ပေ။

“မြွေလေး ၊ ဘာတွေကြောက်နေတာလဲ ၊ ငါလည်းမင်းကို ဘာမှ မလုပ်ရသေးပါဘူး”

သူမ၏အသံက ခေါင်းလောင်းသံများထက်ပင် ပိုပြီး သာယာနာပျော်ဖွယ်ရှိလေသည်။ တီးတိုးသံလေးမျှသာဖြစ်သော်လည်း နှလုံးသားတစ်ခုလုံးကွဲကြေမတတ် ခံစားရနိုင်လေသည်။ ကျောက်ဆောင်ပေါ်မှ ခရမ်းရောင်နတ်မိမယ်က ကျင်းချင်းရှေ့သို့ရောက်ရှိလာသည့်အတွက် ကျင်းချင်းခြေလှမ်းများရပ်တန့်သွားရလေသည်။

ကျင်းချင်းက ပြုံးလိုက်ရင်း...

"နတ်မိမယ် ရှုခင်းကြည့်နေတာကို ကျွန်တော်က မနှောင့်ယှက်ချင်လို့ပါ"

ဟုပြောလိုက်လေသည်။

ခရမ်းရောင်နတ်မိမယ်က...

"နင်ငါ့ကို ကြောက်စရာမလိုပါဘူး၊ ငါကျင့်စဉ်အောင်မြင်ပြီးသွားကတည်းက ငါဖြစ်ချင်တာတွေအကုန်လုံးကို လုပ်နိုင်စွမ်းရှိတယ်၊ ဒါပေမယ့် ငါကနင့်ကိုမနှောင့်ယှက်ချင်လို့ပါ၊ မဟုတ်ရင် အဲဒီနေ့ကတည်းက မင်းမြွေကင် ဖြစ်ပြီးနေလောက်ပြီ"

ဟုပြောလိုက်လေသည်။

ကျင်းချင်းက ခရမ်းရောင်နတ်မိမယ်ကို သေသေချာချာလေ့လာကြည့်လိုက်သည်။ သူမ၏ပုံစံက အကြမ်းဖက်မည့်ပုံစံတော့မရှိပေ။ ကျင့်စဉ်အောင်မြင်သွားသည့်နောက်ပိုင်း

သူမ၏စိတ်မှာနှစ်မျိုးဖြစ်နေသည်ဟု ကျင်းချင်းကောင်းစွာ နားလည်ထားလေသည်။

တစ်ခါတစ်ရံတွင် သူမသည် အေးစက်ပြီး ရက်စက်တတ်လေသည်။ သူမရှေ့ရှိအရာအားလုံးကို သတ်ချင်ဖြတ်ချင်ဖြစ်နေတတ်လေသည်။ တစ်ခါတစ်ရံတွင်တော့ သူမက မည်သည့်အရာကိုမှ စိတ်မဝင်စားပဲ အေးချမ်းစွာရှိနေတတ်ပြန်သည်။ ထိုသို့ဖြစ်နေရသည်မှာ ချင်းရွှမ်နတ်တံခါးမှ ဆရာသခင်တစ်ပါးက သူမနှင့် သူမကို စိတ်ရိုင်းဝင်စေသည့် ရတနာပစ္စည်းကို ထိန်းချုပ်ထားသောကြောင့်ဖြစ်လေသည်။ ယခုအချိန်ထိတော့ သူမက အန္တရာယ်ပြုခြင်းမရှိသေးပေ။

ထို့ကြောင့် စိတ်နှစ်မျိုးကြားတွင် သူမမှာ သားကောင်သဖွယ်ဖြစ်နေရလေသည်။

ထိုသို့ စိတ်နှစ်မျိုးဖြစ်နေခြင်းကို သူမကိုယ်တိုင်လည်း မ ထိန်းချုပ်နိုင်ပေ။ ကျင့်စဉ်ကိုအောင်မြင်သွားပြီးနောက် သူမ ထိုသို့ဖြစ်သွားခြင်းဖြစ်လေသည်။

“ချင်းရွှမ်ကိုပြန်ပါ ၊ ငါ့ကိုနောက်တစ်ခါမလှောင်ပြောင်စေရ တော့ဘူး ၊ ငါသွားဖို့အချိန်တန်ပြီ ၊ ဒါပေမယ့် အားလုံးကို နှုတ်ဆက်စကားပြောဖို့ ပျင်းနေသေးတာနဲ့ မသွားဖြစ်သေးဘူး ၊ဒါပေမယ့် ငါမကြာခင်ထွက်သွားတော့မယ်ဆိုတာ ဆရာသခင် သိမှာတဲ့လား ၊ ဆရာသခင်ကိုပြောလိုက်ပါ ၊ ငါပြန်လာရင် သူမသေသေးဖို့မျှော်လင့်ပါတယ်လို့ ၊ ငါပြန်လာတဲ့တစ်နေ့ကျ ရင် နတ်ဘုရားကျောင်းတော်ကိုလာပြီး သူ့အလောင်းလာယူမယ် လို့ပြောလိုက်”

သူမ၏အသံမှာ အေးစက်ပြီး ကြောက်မက်ဖွယ်ရာကောင်းနေ လေသည်။

ကျင်းချင်းမှာ သူမအသံကိုနားထောင်ပြီး ကမ္ဘာလောကကြီး တစ်ခုလုံးမှာ ရေခဲလွှာဖြင့်ဖုံးအုပ်သွားသလို ခံစားလိုက်ရလေသည်။

ကောင်းကင်ပေါ်သို့ ခရမ်းရောင် ရောင်စဉ်တန်းတစ်ခု ပျံတက်သွားပြီး ခရမ်းရောင်နတ်မိမယ် ပျောက်ကွယ်သွားလေသည်။ ခရမ်းရောင်ရောင်စဉ်တန်းပျောက်သွားသည်နှင့် အစိမ်းရောင် ရောင်စဉ်တန်းလေးတစ်ခုပေါ်လာလေသည်။

နေဝင်သွားပြီဖြစ်သည့်အတွက် ရာသီဥတုက အေးစိမ့်နေလေသည်။

....

တောင်ပင်လယ်ဖေးရှန်းနတ်ဘုရားကျွန်းစွယ်ကိုတည်ထောင်သူ ဆရာသခင်၏မျိုးနွယ်မှာ "ရှောင်း" ဖြစ်လေသည်။ သူက ချင်းရွှမ်နတ်တံခါးတွင်ပညာသင်ရင်း နတ်ဘုရားတစ်ပါးဖြစ်လာရန် မျှော်လင့်ချက်မရှိတော့သည့်အချိန်တွင် လူ့လောကထဲသို့ပြန်လာခဲ့လေသည်။ ထိုသို့ပြန်လာရင်း ဖေးရှ

န်းနတ်ဘုရားကျွန်းစွယ်ကိုရောက်ရှိသွားပြီး ထိုနေရာတွင်ပင် အခြေချနေထိုင်ရင်း တပည့်အနည်းငယ်ကို ပညာသင်ကြား ပေးခဲ့လေသည်။

ဆရာသခင်ရှောင်းက တပည့်အနည်းငယ်လက်ခံထား သော်လည်း ဖေးရှန်းနတ်ဘုရားကျွန်းစွယ်၏ အုပ်ချုပ်သူများ ကတော့ ရှောင်းမိသားစုပင်ဖြစ်လေသည်။ နောက်ပိုင်းတွင် တော့ ကွေးယွင်စန်းကျွမ်းမှာလည်း တောင်ပင်လယ်ဖေးရှန်း နတ်ဘုရားကျွန်းစွယ်မှ ခွဲထွက်သွားသည့် ဂိုဏ်းခွဲတစ်ခုဖြစ်လာ လေသည်။

ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှာ ပင်လယ်အခြားတစ်ဖက်ရှိ ကျွန်းစွယ်တစ်ခုဖြစ်လေသည်။ အချင်းချင်းကူညီကြပြီး ကြွယ်ဝချမ်းသာမှုများနှင့် ရှားပါးသယံဇာတများကိုလည်း မျှဝေခံစားကြလေသည်။

ဖေးရှန်းနတ်ဘုရားကျွန်းစွယ်၏ တည်နေရာအနေအထားအရ နတ်မိစ္ဆာများလာရောက်တိုက်ခိုက်ခြင်းခံရပါက ခုခံကာကွယ်ရန် ခက်ခဲလေသည်။ ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှ ကျင့်ကြံသူများကလည်း ထိုအကြောင်းကို သိသည့်အတွက်ကြောင့် ချင်းရွှမ်နတ်တံခါး၏အထောက်အပံ့ကို ရယူထားကြလေသည်။ ဖေးရှန်းနတ်ဘုရားကျွန်းစွယ်က ချင်းရွှမ်နတ်တံခါးကို ထောက်ပံ့မှုများပေးထားလေသည်။ သို့သော် သူတို့၏ထောက်ပံ့မှုများမှာ ချင်းရွှမ်နတ်တံခါးအတွက်တော့ မပြောပလောက်ပါ။ သို့သော် ယခင်အချိန်ပတ်သက်ဆက်နွယ်မှုများကို ထောက်ထားခြင်းအားဖြင့် ချင်းရွှမ်နတ်တံခါးကလည်း ဖေးရှန်းကျွန်းစွယ် အကူအညီလိုအပ်လာလျှင် လျစ်လျူရှုလေ့မရှိပေ။

ထို့ပြင် ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှ ကျင့်ကြံသူတပည့်များမှာလည်း တစ်ခါတစ်လေတွင် ချင်းရွှမ်နတ်တံခါးသို့ ဝင်

ရောက်ခွင့်ရကြလေသည်။ သို့သော် နောက်ပိုင်းတွင်တော့ နတ်တံခါးဖွင့်သည့်အချိန်တိုင်း ဖေးရှန်းကျွန်းစွယ်မှ တပည့်များဝင်ခွင့်မရကြတော့သည်မှာ နှစ်ပေါင်းတစ်ရာခန့်ရှိပြီဖြစ်လေသည်။ ဂိုဏ်းနှစ်ဂိုဏ်း၏ဆက်ဆံရေးမှာလည်း ပျက်ပြယ်တော့မည်ကဲ့သို့ ဖြစ်နေရလေသည်။

ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှ တပည့်များ ချင်းရွှမ်နတ်တံခါးသို့ဝင်ခွင့်ရကြလျှင်လည်း စန့်ယွမ့်အဆောင်တွင် နေခွင့်ရကြလေသည်။ သို့သော် စန့်ယွမ့်အဆောင်တွင်နေသည်ဖြစ်စေ ၊ ရှယွမ့်အဆောင်တွင်နေသည်ဖြစ်စေ ၊ ဟိုင်သန်းအဆင့်သို့တက်လှမ်းနိုင်ရန်မှာတော့ မလွယ်ကူကြပေ။ အစပိုင်းတွင်တော့ ဖေးရှန်းနတ်ဘုရားကျွန်းမှ ကျင့်ကြံသူတပည့်တစ်ယောက်က ကံကောင်းစွာဖြင့် "နတ်ဘုရားအမြုတေ" တစ်ခုရရှိပြီး ဟိုင်သန်းအဆင့်အထိ ကျင့်ကြံနိုင်ဖူးလေသည်။

သို့သော် လွန်ခဲ့သည့်နှစ်တစ်ရာခန့်က ဝမ်းနည်းစရာဖြစ်ရပ်တစ်ခု ချင်းရှမ်နတ်တံခါးတွင် ဖြစ်ပျက်ခဲ့လေသည်။ အရည်အချင်းပြည့်ဝသည့် နတ်ဘုရားကျင့်စဉ်ကျင့်ကြံသူများစွာအသတ်ခံခဲ့ရပြီး ရှောင်းအိမ်တော်မှ ဟိုင်းသန်းအဆင့်ကျင့်ကြံသူမှာလည်း အသတ်ခံရသည့်အထဲတွင် ပါဝင်သွားခဲ့ရလေသည်။

အခန်း (၈၆)

လူသားစားနတ်မိစ္ဆာ

ဤလောကတွင် အဆုံးမရှိအောင် ကြွယ်ဝချမ်းသာသည့် ဂိုဏ်းဟူ၍ မရှိသလောက်ရှားပါးလေသည်။

သို့သော်...

ဖေးရှန်းနတ်ဘုရားကျွန်းစွယ်ကတော့ သိုင်းပညာနှင့် ကြွယ်ဝချမ်းသာမှုများဖြင့် ကျော်ကြားသည့် နတ်ဘုရားနယ်မြေတစ်ခုဖြစ်လေသည်။

ထို့ပြင် ဖေးရှန်းနတ်ဘုရားကျွန်းတွင်လည်း မသေမျိုးဖြစ်သည့်နတ်ဘုရားကျင့်စဥ်အောင်မြင်သူများ ပေါ်ထွန်းလာသည့်အတွက် ချင်းရွှမ်နတ်တံခါးကို အားကိုးနေစရာမလိုတော့ပေ။ ချင်းရွှမ်နတ်တံခါးမှာလည်း ယခုနောက်ပိုင်း နတ်ဘုရားကျင့်စဥ်အောင်မြင်သူများ မရှိသလောက်နည်းပါးလာလေသည်။ အဘယ်ကြောင့်ဆိုသော် ဘာမှမရှိသည့် တောင်ပေါ်တွင် တရားကျင့်ကြံရန်မှာ များစွာခက်ခဲသည့်ကိစ္စပင်ဖြစ်သည်မဟုတ်ပါလား။

သို့သော် ....

လူ့လောကတွင် လူများနှင့်ပေါင်းသင်းဆက်ဆံကာနေမည်ဆို လျှင်တော့ ထာဝရချမ်းသာသုခရရှိနိုင်သည့် နေရာဟူ၍ ရှိနိုင် မည်မဟုတ်ပါ။ ထို့ပြင် နတ်မိစ္ဆာကျင့်စဉ်ကိုကျင့်ကြံကြသည့် နတ်မိစ္ဆာဂိုဏ်းများမှာလည်း လောကတွင် များစွာရှိနေလေ သည်။

သန့်ရှင်းတိတ်ဆိတ်ပြီး လူသူကင်းဝေးသည့်နေရာတွင်တည်ရှိ သည့် ချင်းရွှမ်နတ်တံခါးပင်လျှင် သွေးချောင်းစီးခဲ့ရသည့် ဖြစ်ရပ်က သာဓကပြနေခဲ့လေသည်။

နေ့ဘက်ဖြစ်သော်ငြားလည်း တောင်ပင်လယ်ဖေးရှန်းနတ် ဘုရားကျွန်းစွယ်တွင် လူသူတိတ်ဆိတ်နေလေသည်။

ဖေးရှန်းနတ်ဘုရားကျွန်းစွယ်တွင် မျိုးရိုးစဉ်ဆက်နေထိုင်လာခဲ့ ကြသည့် တစ်လျှောက်လုံး အဝတ်အထည်နှင့် အစားအသောက် ပြတ်လတ်သည်ဟူ၍ မရှိခဲ့ပေ။ ဈေးမှာအမြဲ

စည်ကားနေတတ်လေသည်။ လူနေထူထပ်သည့်အတွက် ကျွန်း
စွယ်ပေါ်တွင် တစ်နှစ်လျှင် မြို့တစ်မြို့တည်ထောင်နိုင်လေ
သည်။ မြို့နှစ်မြို့တည်ထောင်ပြီးပါက မြို့တော်တစ်ခုဖြစ်လာ
လေသည်။ မြို့တော်နှစ်ခုတည်ထောင်ပြီးပါက မြို့ပြကြီးတစ်
ခုဖြစ်လာလေသည်။ ထိုသို့ဖြင့် အစဉ်သဖြင့် တိုးတက်ပျံ့ပွား
နေသည့် ကျွန်းစွယ်တစ်ခုဖြစ်လေသည်။

သို့သော်…

ယခုအချိန်တွင်တော့ အိမ်တံခါးများအားလုံးပိတ်ထားကြကာ
လမ်းပေါ်တွင်လည်း လူသူမရှိသလောက်ဖြစ်နေရလေသည်။
နေရာအနှံ့တွက် သွေးကွက်များ ၊ လူများ၏ခြေပြတ်
လက်ပြတ်များမှာ ပျံ့နှံ့နေလေသည်။ နတ်ဘုရားကျွန်းစွယ်
တွင် အကြီးဆုံးအိမ်တော်မှာ ကျွန်းစွယ်ကိုအုပ်ချုပ်သည့်
ရှောင်းအိမ်တော် ဖြစ်လေသည်။ သို့သော် ယခုတော့ လူများ

အားလုံးအိမ်ထဲတွင်သာ ပုန်းအောင်းနေကြပြီး လေထုတစ်ခု

လုံးမှာလည်း လေးလံနေလေသည်။

လေးလံသည့်လေထုအောက်တွင် မည်မျှဆိုးသည့်ကလေးဖြစ်

ပါစေ အသံတစ်စက်ပင်မထွက်ရဲကြတော့ပေ။

ကလေးများသာမက လူကြီးများပင် အိမ်ထဲမှအိမ်ပြင်မထွက်ရဲ

ကြပေ။

လူအချို့ကို ဆိတ်များ ၊ ဝက်များကဲ့သို့လှောင်အိမ်ကြီးတစ်ခု

ထဲတွင်ချုပ်နှောင်ထားလေသည်။ သူတို့၏မျက်ဝန်းများမှာ သူ

တို့ကိုကယ်တင်ရန် တောင်းပန်နေကြသည့်အလား သနားစဖွယ်

ဖြစ်နေကြလေသည်။ သူတို့အားလုံးမှာ နတ်မိစ္ဆာ၏လက်အတွ

က်းသို့ သက်ဆင်းရတော့မည်ဖြစ်လေသည်။

သူတို့အားလုံး အမွှေးတိုင်လေးကို ကြည့်နေကြလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုအမွှေးတိုင်လေးမှာ သူတို့၏

နောက်ဆုံးမျှော်လင့်ချက်ဖြစ်သောကြောင့် ဖြစ်လေသည်။

ဖေးရှန်းကျွန်းစွယ်၏အကြီးအုပ်ချုပ်သူ ပြောစကားအရ ထို အမွေးတိုင်ထွန်းလိုက်သည်နှင့် ချင်းရွှမ်နတ်တံခါးမှ အကူအညီစေလွှတ်မည်ဟူ၍ဖြစ်လေသည်။ ချင်းရွှမ်နတ် တံခါးမှ အစွမ်းထက်ဆုံးကျင့်ကြံသူတန်ခိုးရှင်ရောက်လာလျှင် တော့ စွမ်းအားအကြီးမားဆုံး နတ်မိစ္ဆာကိုပင် ရင်ဆိုင်နိုင်မည် ဖြစ်လေသည်။

သို့သော် ယခုရင်ဆိုင်နေရသည့် နတ်မိစ္ဆာမှာတော့ အလွန် ထူးခြားသည့်နတ်မိစ္ဆာပင်ဖြစ်လေသည်။ ထိုမိစ္ဆာက ကလေး များ၏အသွေးနှင့်အသားကိုသာ စားသုံးလေသည်။ ထိုနတ်ဆိုး အတွက် အရွယ်ရောက်ပြီးသူများ၏ အသွေးနှင့်အသားမှာ အရသာဆိုးရွားပြီး ကြမ်းတမ်းလွန်းနေလေသည်။

နတ်မိစ္ဆာကပြောသေးသည်မှာ....

အရွယ်ရောက်သူများကို နောက်ထပ်ကလေးငယ်များမွေးခိုင်းပြီး ချိုချိုနုနုကလေးအသားများကို စားသုံးဦးမည်ဟူ၍ ဖြစ်လေသည်။

နတ်ဆိုးက လူသားများကို ဝက်များ ဆိတ်များကဲ့သို့ သဘောထားနေခြင်းဖြစ်လေသည်။ သူက လူသားများကို အစာအဖြစ် ဝက်ပေါက် ဆိတ်ပေါက်များကဲ့သို့ လူသားပေါက်လေးများ မွေးခိုင်းရန်ပင် တွေးတောစီစဉ်ထားလေသည်။ သို့သော် လူသားများကိုထိုသို့ပြုလုပ်ရန်မှာ လွယ်ကူလှခြင်းမရှိပေ။

အရွယ်ရောက်ပြီးသူများ၏အရသာမှ ဆိုးရွားသည့်တိုင် ထိုအရွယ်ရောက်ပြီးသူများမှာ ချိုချိုနုနုနှင့်စားကောင်းမည့်ကလေးငယ်များဖန်တီးပေးနိုင်မည်ဟု ယုံကြည်သည့်အတွက် ယခုကဲ့သို့ လှောင်အိမ်ထဲထည့်ကာ ဖမ်းဆီးထားခြင်းဖြစ်လေသည်။

သူတို့မှာ လှောင်အိမ်ထဲတွင် သုံးရက်မျှ အချုပ်အနှောင်ခံထား ရခြင်းဖြစ်လေသည်။ ပထမရက်တွင်တော့ သေကြေ ဒဏ်ရာရ သည့်သူသိပ်မရှိပါ။ သို့သော် နောက်တစ်နေ့တွင်တော့ ပထမ ဆုံးလွတ်မြောက်ရန်ကြိုးစားသူမှာ သေဆုံးသွားရလေသည်။ ထိုထွက်ပြေးရန်ကြိုးစားသူမှာ အနီရောင်လျှပ်စီးတန်းကဲ့သို့ သော အရာကြီးဖြင့်အပစ်ခတ်ခံလိုက်ရသောကြောင့်ဖြစ်လေ သည်။

"ရှောင်ချီး"

အမျိုးသမီးတစ်ယောက်က ယူကျုံးမရစွာ အော်ဟစ်လိုက်လေ သည်။

ရှောင်ချီးဆိုသည်မှာ သူမသမီးငယ်လေး၏ နာမည်ဖြစ်လေ သည်။ သို့သော် သူမ၏ယူကျုံးမရအော်ဟစ်ငိုကြွေးသံကို မည်သူမျှ အရေးတယူမရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ယခု

ရက်များတွင် ထိုကဲ့သို့သောငိုကျွေးသံမျိုးမှာ အမြဲလိုလိုကြား
နေကြရသောကြောင့်ဖြစ်လေသည်။

အခြားသော အသက်ရှင်ကျန်ရစ်နေသေးသည့် ကလေးငယ်
များ၏ မိဘများမှာတော့ ချင်းရွှမ်မှ ကျင့်ကြံသူတန်ခိုးရှင်
ရောက်ရှိလာရန်အတွက်သာ တိတ်ဆိတ်စွာဖြင့်ပင် ဆုတောင်း
နေကြရလေသည်။

ဆယ်ကျော်သက်လူငယ်လေးများမှာ သူတို့၏လက်သီးများကို
ကျစ်ကျစ်ပါအောင်ဆုပ်ထားကြပြီး မည်သို့မျှ မတတ်နိုင်စွာ
ကြည့်နေကြရလေသည်။ ဤဖြစ်ရပ်များပြီးဆုံးသွားပါက
ကျင့်စဉ်လမ်းကိုလျှောက်လှမ်းပြီး တန်ခိုးစွမ်းအားများ
ရအောင် ကျင့်ကြံတော့မည်ဟု ဆုံးဖြတ်လိုက်ကြလေသည်။

ချိုင်းထောက်နှင့်လူငယ်တစ်ယောက်မှာ ပတ်ဝန်းကျင်ကို
တိတ်ဆိတ်စွာအကဲခတ်နေလေသည်။ သူက ချင်းရွှမ်နတ်
တံခါးတွင် တပည့်တစ်ယောက်ဖြစ်လာရန် အခွင့်အရေးရှိခဲ့

ပါသည်။ သို့သော် သူ၏မျှော်လင့်ချက်များ ဆုံးရှုံးခဲ့ရလေ
သည်။

သူက ရှောင်းမိသားစု၏အနွယ်တော်တစ်ယောက်ဖြစ်ပြီး နန်ခ
ယ်မြို့တွင် ဆန်းလျန်နှင့်တိုက်ခိုက်ရင်း သိုင်းပညာဖျက်စီးခံခဲ့
ရသည့် လူငယ်ဖြစ်လေသည်။ သူက သူ၏မျိုးဆက်တွင်တော့
တော်သည်ဟု သတ်မှတ်ခံထားရသည့် လူငယ်တစ်ယောက်ဖြစ်
လေသည်။

သူက ဆန်းလျန်ကို အလွန်မုန်းတီးနေသူဖြစ်လေသည်။
ထို့အတူ သူ့ကိုယ်သူလည်း အလွန်မုန်းတီးမိလေသည်။
အနီရောင်အတန်းကြီးမှာ ကလေးငယ်ရှောင်ချီး၏ကိုယ်ပေါ်
တွင် ရစ်ပတ်ထားလေသည်။ ထိုအရာအပေါ်တွင် ရွှံစရာ
ကောင်းသည့် ချွဲပျစ်ကပ်စေးနေသည့်အရည်များ ရှိနေပြီး
အနံ့အသက်မှာလည်း ရွံလျှာဖွယ်ဖြစ်လေသည်။ ရှောင်ချီးဆို
သည့်ကလေးငယ်လေးက စူးရှစွာအော်ဟစ်လိုက်လေသည်။

ကလေးငယ်၏အော်ဟစ်သံကို အခြားအသံတစ်ခုက လွှမ်းမိုးသွားလေသည်။ မိုးခြိမ်းသံတစ်ခုထွက်ပေါ်လာခြင်းဖြစ်လေသည်။ ထိုမိုးခြိမ်းသံမှာ ကောင်းကင်ပေါ်မှထွက်ပေါ်လာခြင်းမဟုတ်ပါ။ ကလေးငယ်အနီးမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

ထိုအသံမှာ တရုတ်နှစ်သစ်ကူးပွဲတော်တွင် ဖောက်သည့် ဗျောက်အိုးဖောက်သံထက် ကျယ်လောင်လေသည်။ အိမ်များအတွင်းတွင် ပုန်းအောင်းနေသည့်သူများပင် ထိုအသံကိုကြားလိုက်ရလေသည်။

မိုးခြိမ်းသံနှင့်အတူအဖြူရောင်အလင်းတန်းတစ်ခုထွက်ပေါ်လာလေသည်။

"ဒါမိုးကြိုးကျင့်စဉ်ပဲ ၊ ချင်းရွှမ်နတ်တံခါးက ကျင့်ကြံသူတန်ခိုးရှင်ရောက်လာပြီ"

ဆံပင်များဖြူဖွေးနေသည့်အဖိုးအိုတစ်ယောက်က ပြောလိုက်လေသည်။

ထိုအဘိုးအိုမှာ သူ့ခေတ်သူ့အခါကတော့ အလွန်တော်သည့်သိုင်းသမားတစ်ယောက်ဖြစ်ခဲ့လေသည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့် အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်များပွင့်သည်အထိ ကျင့်ကြံနိုင်ခဲ့လေသည်။ သို့သော် လက်ရှိအချိန်တွင်တော့ သူလည်းမည်သို့မျှ မတတ်နိုင်ခဲ့ပေ။

ဖေးရှန်းနတ်ဘုရားကျွန်းစွယ်တွင် "သေခြင်းရှင်ခြင်းကိုသိမြင်ခြင်းဆုံချက်" ပွင့်သည်အထိ ကျင့်ကြံမှုအောင်မြင်ထားသည့်အဘိုးအိုတစ်ယောက်ရှိလေသည်။ သို့သော် ထိုအဘိုးအိုမှာလည်း ယခုအချိန်တွင်တော့ နတ်မိစ္ဆာ၏လက်ချက်ဖြင့်သေဆုံးခဲ့ရပြီဖြစ်လေသည်။

ထိုအဘိုးအိုပြောဖူးသည်မှာ ကျင့်စဉ်လမ်းများမှာ တစ်ခုနှင့်တစ်ခုတူညီခြင်းမရှိကြပေ။ ထို့ကြောင့် စွမ်းအားများမှာလည်း

မတူညီဘဲ ကွဲပြားကြလေသည်။ ကျင့်ကြံသူများအတွက် အခက်ခဲဆုံးမှာ မိုးကြိုးကျင့်စဉ် ပင်ဖြစ်လေသည်။ မိုးကြိုးကျင့်စဉ်ကို အောင်မြင်အောင်ကျင့်ကြံနိုင်သည့် ကျင့်ကြံသူမှာ စွမ်းအားအကြီးမားဆုံး ကျင့်ကြံသူဖြစ်လေသည်။

ကလေးငယ်ရှောင်ချီးကို လေပြေလေးတစ်ခုက သယ်ဆောင်သွားပြီး မြေပြင်ပေါ်သို့ ဖြည်းညင်းစွာချပေးလိုက်လေသည်။ အနီရောင်အတန်းကြီးမှာ သူမကိုယ်ပေါ်တွင် ရစ်ပတ်နေဆဲဖြစ်လေသည်။

"မလှုပ်နဲ့နော်"

နူးညံ့သည့်အသံတစ်သံက ကလေးငယ်၏နားသို့ ကပ်ပြောလိုက်သည်။

ကလေးမလေးက ခေါင်းကိုမော့ကြည့်လိုက်သည့်အခါတွင်တော့ အပြုံနုရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုလူငယ်ဝတ်ဆင်ထားသည့်အပြာနု

ရောင်မှာ ပင်လယ်နှင့်တူပြီး လေအဝေ့တွင် တဖျတ်ဖျတ်လွင့်
မျောနေလေသည်။ လေတိုက်ခတ်နေသဖြင့် ပင်လယ်လှိုင်းများ
လှုပ်ရှားနေသည်ကို မြင်တွေ့ရသည်နှင့်ပင်တူလေသည်။ ထို
လှူငယ်၏ဆံပင်အနက်ရောင်များမှာလည်း လေထဲတွင်လွင့်
မျောနေပြီး ဘေးတိုက်အနေအထားဖြင့် တွေ့မြင်လိုက်ရသည့်
မျက်နှာအမူအရာမှာ တောင်ကျစမ်းချောင်းလေးတစ်ခုအလား
ကြည်လင်ရှင်းသန့်နေလေသည်။

မြေပြင်တစ်ခုလုံးတွင် လက်ပြတ်ခြေပြတ်များ၊ ကလီစာများ၊
အရိုးများ၊ သွေးကွက်များဖြင့် ဖုံးလွှမ်းနေလေသည်။

အနံ့အသက်မှာလည်း မသတီစရာ အော့အန်ချင်စရာကောင်း
လှလေသည်။

ထိုလူငယ်မှာ အသက်ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်မျှသာ ရှိ
ဦးမည်ဖြစ်လေသည်။

သို့သော် ထိုလူငယ်လေး၏ပုံစံမှာ ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှ သူမ၏ဂိုဏ်းတူအစ်ကိုများနှင့်မတူဘဲ လုံးဝထူးခြားနေလေသည်။ သူမ၏ငယ်ရွယ်လွန်းသည့် မသိနားမလည်သေးသည့် ခံစားချက်လေးဖြင့် ထိုလူငယ်၏ ထူးခြားမှုကို ပုံဖော်မပြတတ်ပေ။

ထိုလူငယ်လေး၏ အေးချမ်းတည်ငြိမ်သည့်အသံက သူမ၏ကြောက်လန့်မှုများကို လွင့်ပါးသွားစေလေသည်။

မနီးမဝေးတွင် ဖားပြုတ်ကြီးတစ်ကောင်ရှိနေလေသည်။ ဆယ့်နှစ်ပေအကွာတွင်ရှိနေပြီး သူ့ကိုကြည့်ရသည်မှာ ကြောက်စရာကောင်းသည့် ပုံသဏ္ဌာန်ရှိလေသည်။ ဖားပြုကြီးမှာဝပ်နေခြင်းဖြစ်ပြီး ထိုသို့ဝပ်နေသည့် အနေအထားဖြင့်ပင် လူသန်ကြီးတစ်ယောက်ထက် အရပ်ရှည်နေလေသည်။

အနီရောင်တန်းကြီးမှာ ထိုဖားပြုတ်ကြီး၏ လျှာကြီးဖြစ်လေသည်။ ထိုလျှာကြီးကို ဆန်းလျန်က အဖြူရောင်မိုးကြိုးနှင့် ပစ်

ချလိုက်သည့်အတွက် ပြတ်တောက်သွားသည့်တိုင် ထိုလျှာကြီးမှာ ချက်ချင်းပင် အသစ်ပြန်ထွက်လာလေသည်။

ထိုဖားပြုတ်ကြီး၏အရေခွံမှာ အညိုရောင်ဖြစ်ပြီး အရေခွံပေါ်ရှိ ဖြုတ်များမှာ ဆူးများကဲ့သို့ပင်ဖြစ်လေသည်။ နေ့အလင်းရောင်အောက်တွင်ပင် ထိုဖားပြုတ်ကြီးပုံစံမှာ မသတီစရာပုံစံကြီးဖြစ်လေသည်။

ဖားပြုတ်ကြီးက ဆန်းလျန်ကို မျက်လုံးပြူးကြီးများဖြင့် စူးရှစွာစိုက်ကြည့်လိုက်လေသည်။

"ကျုပ်က ဟာလီကျိုးပဲ ၊ ခေါင်းကိုးလုံးမင်းကြီးအတွက် တာဝန်ထမ်းဆောင်ပေးနေတာ ၊ မင်းနေရာကိုမင်းသိသင့်တယ် ကောင်လေး"

ဖားပြုတ်ကြီးက မည်သည့်နေရာကရောက်လာမှန်းမသိသည့်ကျင့်ကြံသူလူငယ်လေးကို ပြောလိုက်လေသည်။

ဖားပြုတ်ကြီးမှာ အသိဉာဏ်မရှိသည့် သတ္တဝါကြီးမဟုတ်ပါ။ မိုးကြိုးကျင့်စဉ်ကို အသုံးပြုနိုင်သည့် ကျင့်ကြံသူအချို့၏ တန်ခိုးစွမ်းအားကို သူကောင်းကောင်းသိပါသည်။

ဖားပြုတ်ကြီး "ဟာလီကျိုး" ပြောသည့် ခေါင်းကိုးလုံးမင်းကြီးမှာ ဖေးရှန်းနတ်ဘုရားကျွန်းစွယ်နှင့် မိုင်ငါးထောင်အကွာ ပင်လယ်ထဲတွင်နေထိုင်သည့် နတ်မိစ္ဆာဘုရင်ကြီးတစ်ပါးဖြစ်လေသည်။ ထိုနတ်မိစ္ဆာဘုရင်ကြီးမှာ တန်ခိုးစွမ်းအားကြီးမားသူဖြစ်ပြီး အထက်လမ်းဂိုဏ်းသားများပင် ကြောက်ရွံ့ကြရလေသည်။

အချို့ကျင့်ကြံသူများဆိုလျှင် သူ၏မွေးနေ့တွင်ပင် သွားရောက်ဂါရဝပြု တွေ့ဆုံကြလေသည်။

ထို့ကြောင့် ဆန်းလျန်၏မိုးကြိုးကျင့်စဉ်တန်ခိုးစွမ်းအားကိုသိသည့်တိုင် ဖားပြုတ်ကြီးက သူ၏သခင်အားကိုးဖြင့် ဆန်းလျန်ကို မကြောက်ခြင်းဖြစ်လေသည်။ ထို့ပြင် ခေါင်းကိုးလုံး

မင်းကြီးက သူ၏ကလေးများအား သူ၏နာမည်ကိုပြောရန် အမြဲတမ်းမှာကြားထားလေသည်။ သို့မှသာ ကျင့်ကြံသူများက သခင်၏အရှိန်ဖြင့် သူ၏တပည့်များကို မနှိမ်နင်းဘဲ နေမည် ဖြစ်လေသည်။

သို့သော်... ခေါင်းကိုးလုံးမင်းကြီးက ထိုစကားကို တခြား နတ်ဆိုးမိစ္ဆာဘုရင်များဖြင့်အရက်သောက်ရင်း မူးပြီးပြောခဲ့ ခြင်းဖြစ်လေသည်။

ဟာလီကျီးက ထိုစကားကို မှတ်သားထားခဲ့လေသည်။ သူက တန်ခိုးစွမ်းအားကြီးမားသည့် ကျင့်ကြံသူများနှင့်တွေ့တိုင်း ခေါင်းကိုးလုံးမင်းကြီးဆိုသည့်အမည်ကို ထုတ်ပြောတတ်လေ သည်။ ထိုသို့ပြောလိုက်ခြင်းကလည်း အမြဲတမ်း အလုပ်ဖြစ်ခဲ့ လေသည်။

ကျင့်ကြံသူအားလုံးမှာ ခေါင်းကိုးလုံးမင်းကြီးအကြောင်းကို ကြားဖူးကြသူများချည်းသာ ဖြစ်လေသည်။ ထို့ကြောင့် သူတို့

က ခေါင်းကိုးလုံးမင်းကြီးအရှိန်ဖြင့် ဟာလီကျူးကို မနှိမ်နင်းရဲ

ကြတော့ပေ။

သို့သော် ဟာလီကျူး ဖေးရှန်းကျွန်းစွယ်သို့ရောက်လာခြင်းမှာ

ရေလမ်းကြောင်းမှားယွင်းပြီး ရောက်လာခြင်းဖြစ်လေသည်။

သူသတိမထားမိခင်မှာပင် ရေလမ်းကြောင်းမှားယွင်းသွားပြီး

မိုင်ပေါင်းငါးထောင်ဝေးသည့် ဖေးရှန်းကျွန်းစွယ်သို့ လူသား

စားဖားပြုတ်ကြီးမှာ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ခြင်း

ပင် ဖြစ်လေတော့သည်။

အခန်း (၈၇)

အလုပ်ပြီးသည်နှင့်ချက်ခြင်းပြန်ခဲ့သူ

ဆန်းလျန်က တည်ငြိမ်စွာပင် ရပ်နေလေသည်။ သူက ဟာလီ ကျီးကို မကြောက်မရွံ့စိုက်ကြည့်နေလိုက်သည်။ ဆန်းလျန် အနေဖြင့် ခေါင်းကိုးလုံးမင်းကြီးဆိုသည်ကို တစ်ခါမှ မကြား ဘူးပါ။ ထိုသူမှာ အလွန်စွမ်းအားကြီးမားသည့် နတ်ဆိုးမိစ္ဆာ ဘုရင်ကြီးတစ်ပါးဖြစ်ကောင်းဖြစ်နိုင်လေသည်။ သို့သော် ဆန်း လျန်အတွက်တော့ထူးခြားမနေပါ။

သူက ဖားပြုတ်မိစ္ဆာနှင့် စကားစမြည်ပြောမနေတော့ဘဲ စန္ဒကူး ဓားကို ဆွဲထုတ်လိုက်လေသည်။ ဓားသွားထက်ဝယ် နေရောင်ခြည်များစုစည်းဖြာထွက်နေလေသည်။ ဓားသွားမှာ လင်းလက်နေပြီး အပူရှိန်ကိုလည်း ခံစားနေရလေသည်။

ဓားကလေထဲတွင်ဝှေ့ယမ်းလိုက်သည်နှင့် ဖြစ်ပေါ်လာသည့် မီး
ဘောလုံးလေးများက ဟာလီကျီးဆီသို့ ဝင်ရောက်တိုက်ခိုက်
လိုက်လေသည်။

ဆန်းလျန် ထိုမျှ မြန်မြန်ဆန်ဆန်တိုက်ခိုက်လိုက်လိမ့်မည်ဟု
ဟာလီကျီး မျှော်လင့်မထားမိပေ။ ဟာလီကျီးမှာလည်း
ကျင့်ကြံခြင်းအဆင့်မနိမ့်သည့်သူတစ်ယောက်ဖြစ်
သည့်အတွက် အမြန်ရှောင်တိမ်းလိုက်နိုင်လေသည်။ သူက
ခရမ်းရောင်အရည်များကို မီးဘောလုံးများဆီသို့ အန်ထုတ်
လိုက်လေသည်။ မီးဘောလုံးများမှာ ခရမ်းရောင်ပြောင်းသွား
လေသည်။ ထိုခရမ်းရောင်ဘောလုံးများမှာ ဆန်းလျန်ထံသို့
ပြန်လည်ဦးတည်သွားကြလေသည်။

ပုံသဏ္ဍာန်မြင်တွေ့ရခြင်းမရှိသည့် မိုးမြေစွမ်းအားများမှာ ဆန်း
လျန်၏ခန္ဓာကိုယ်ပတ်လည်တွင် ဝန်းရံဖြစ်တည်လာလေသည်။
ဆန်းလျန်၏ခန္ဓာကိုယ်တစ်ခုလုံးကို မြူနှင်းများဝန်းရံနေ

သကဲ့သို့ ဖြစ်နေလေသည်။ ခရမ်းရောင်အဆိပ်ရည်မီးဘောလုံး များမှာ ထိုမြူများနှင့်ထိတွေ့သည့်အခါ ပေါက်ကွဲပြီး ပြာမှုန့် များဖြစ်သွားလေတော့သည်။

သို့သော် ပေါက်ကွဲသွားခြင်းအတွက် မည်သည့်အသံမျှ မကြား ရပါ။ အသံတိတ်ပေါက်ကွဲသွားလေသည်။

သစ်ပင်ကြီးတစ်ပင်နားတွင်ရပ်နေသည့် ရှောင်ချီးအနားသို့ ဆန်းလျန်က သွားလိုက်ပြီး ကိုယ်ကိုကိုင်းညွှတ်လိုက်ရင်း...

“မကြောက်နဲ့နော်”

ဟုပြောလိုက်လေသည်။

ထို့နောက်.... ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး စန္ဒကူးဓားဖြင့် ဟာလီကျီးကို ထိုးစိုက်လိုက်လေသည်။ လေထဲတွင် တဝီဝီ မြည်သံများထွက်ပေါ်လာပြီး ဟာလီကျီး၏လျှာမှာ လျှပ်ပြက် သည့်အလား လျှင်မြန်သောအရှိန်ဖြင့် ထွက်လာလေသည်။

လျှင်မြန်လွန်းသောကြောင့် အနီရောင်အရိပ်တစ်ရိပ်အဖြစ်ဖြင့်သာ မြင်နိုင်လေသည်။

သာမန်ဖားများပင်လျှင် မျက်စိတစ်မှိတ်အတွင်းတွင် လျှာဖြင့်ပိုးကောင်ငယ်များကို ဖမ်းယူစားသုံးနိုင်လေသည်။ နှစ်ပေါင်းရာနှင့်ချီပြီးကျင့်ကြံခဲ့သည့် နတ်မိစ္ဆာဖားဖြစ်သည့် ဟာလီကျီးမှာတော့ ပြောနေစရာပင်မလိုတော့ပေ။ ကျင့်ကြံသူတစ်ယောက်ကိုပင် လျှာဖြင့်ဖမ်းယူစားသောက်နိုင်လေသည်။

ဟာလီကျီး၏လျှာဖြင့်ထိုးဖမ်းလိုက်သည့်အရှိန်မှာ လူသားတစ်ယောက်၏မျက်လုံးထဲတွင် အလွန်လျှင်မြန်နေမည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့ လှုပ်ရှားမှုအသေးစိတ်ကိုတွေ့မြင်နိုင်လေသည်။

သူအောင်မြင်ခဲ့သည့်ကျင့်စဉ်အဆင့်အရ သူက မိုးမြေစွမ်းအားများကိုထိန်းချုပ်နိုင်ရုံသာမက မိုးမြေစွမ်းအားများမှ တန်ခိုးကိုလည်းရရှိနိုင်လေသည်။ သို့သော် ထိုစွမ်းအားက သူ၏လူသား

ခန္ဓာကိုယ်ကိုလည်း ပြောင်းလဲစေလေသည်။ အထူးသဖြင့် သူ၏ရုပ်ခန္ဓာရှိ ဆုံချက်များဆက်သွယ်သွားသည့်အခါတွင်ဖြစ်လေသည်။ သူ၏ခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်စွမ်းမှာ မြင့်မား၍လာလေသည်။

ဆန်းလျန်က လေထဲတွင် သူ၏ကိုယ်ကိုတစ်ပတ်လှည့်လိုက်ပြီး သူ၏ဓားမှာ မိုးမြေစွမ်းအားများဖြင့် သိပ်သည်းလာလေသည်။ ထိုသို့လေထဲတွင်တစ်ပတ်လှည့်လိုက်ခြင်းဖြင့် ဟာလီကျီး၏လျှပ်ပြက်သကဲ့သို့ တိုက်ခိုက်လာသည့် လျှာကို ရှောင်ရှားပြီးသားဖြစ်သွားလေသည်။ လျှာအနီကြီးမှာလည်း ချက်ချင်းပင်ပြန်ဝင်သွားလေသည်။ ဆန်းလျန်က ပိုပြီးလျှင်မြန်သည့်ရှိန်ကိုအသုံးပြုကာ စန္ဒကူးဓားဖြင့် ဟာလီကျီးကို ထိုးစိုက်ချလိုက်လေသည်။

သူက ဓားဖြင့်ထိုးရင်း မိုးမြေစွမ်းအားများကိုအသုံးပြုကာ အင်းချုပ်တစ်ခုဖန်ဆင်းလိုက်လေသည်။ ပညာကဘာမှမဟုတ်

သလိုထင်ရသော်လည်း အထင်ကြီးစရာတော့ကောင်းလေ

သည်။

လေထဲတွင် အလင်းရောင်များ လင်းလက်သွားပြီး ထို

အလင်းရောင်များက ဟာလီကျီး၏အမြင်အာရုံကို ထိခိုက်

သွားစေလေသည်။ နတ်ဆိုးမိစ္ဆာဖြစ်သည့်အတွက် ဟာလီကျီး

မှာ မိုးခြိမ်းသံနှင့်အလင်းရောင်ကိုတော့ ကြောက်လေသည်။

ရုတ်တရက် လျှပ်စီးတစ်ချက်လက်ကာ သူ၏မျက်လုံးများမှာ

အမှောင်ကျသွားလေသည်။ သူက မျက်လုံးဖွင့်မရဘဲ ဖြစ်န

လေသည်။

သူ့မျက်လုံးများထဲတွင် အေးစိမ့်မှုကိုခံစားနေရပြီး အဆုံးမရှိ

သည့်အမှောင်ကိုသာမြင်နေရလေသည်။

သူ၏အမြင်အာရုံပျက်စီးသွားရခြင်းမှာ ဆန်းလျန်၏လျှပ်စီး

ကြောင့်ဖြစ်မှန်း ဟာလီကျီးကောင်းကောင်းသိလေသည်။

ထို့ကြောင့်သူက အခြားသောအာရုံများကို ဖြန့်ကျက်လိုက်ပြီး လေထု၏လှုပ်ရှားမှုကို နားစွင့်လိုက်လေသည်။ မြက်ပင်များ ၊ ပန်းများ ၊ သစ်ပင်များမှ ရိုက်ခတ်သည့်လှိုင်းများကို နားထောင်နေလိုက်လေသည်။ သို့သော် ဆန်းလျန်၏လှုပ်ရှားမှုအသံကို စိုးစဉ်းမျှ ကြားရခြင်းမရှိပေ။

ကိုယ့်ကိုကိုယ်ကာကွယ်သည့်အနေဖြင့် သူ၏လှံျာကို လျှင်မြန်စွာထုတ်လိုက်ကာ ပတ်ဝန်းကျင်တစ်ခုလုံးသို့ ဝေ့ယမ်းပစ်လိုက်လေသည်။

ဟာလီကျိုးမှာ ထိန်းမနိုင်သိမ်းမရဖြစ်နေပြီး သူ၏လှံျာကို အိမ်ခြံဝန်းများဆီသို့ လှည့်ပတ်ဝေ့ယမ်းပစ်နေလေသည်။ သူက ဆန်းလျန်ကိုမည်သို့မျှ မတိုက်ခိုက်နိုင်လျှင် ရသမျှလူကိုသတ်ကာ ဆန်းလျန်၏ဒေါသကိုဆွပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်နေခြင်းဖြစ်လေသည်။

သူလှုပ်ရှားမှုများပြုလုပ်နေရင်း ဆန်းလျန်၏ဓားဝိညာဉ်အနံ့ကို ရလိုက်လေသည်။

သူက ရှောင်ရှားရန်မကြိုးစားဘဲ ဓားဝိညာဉ်တိုးဝင်လာရာ အရပ်သို့လှည့်ကာ ရင်ဆိုင်လိုက်လေသည်။ ထိုအချိန်မှာပင် သူ၏ဝမ်းဗိုက်အောက်ပိုင်းကို လျှင်မြန်သောအရှိန်ဖြင့် ဖြန့်ကား လိုက်လေသည်။ ကျယ်လောင်သည့် အသံကြီးထွက်ပေါ်လာ ပြီး ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်သွားလေသည်။

ဟာလီကျီး၏ပါးစပ်အတွင်းမှ အလင်းလုံးတစ်လုံးထွက်လာပြီး ဓားဝိညာဉ်ကို တိုက်ခိုက်လိုက်လေသည်။

ကလေးမလေးရှောင်ချီးမှာ သစ်ပင်အကွယ်မှနေပြီး ထူးဆန်း သည့်မြင်ကွင်းကို ငေးကြည့်နေလေသည်။ ဟာလီကျီး၏ ပါးစပ်အတွင်းမှ အလင်းရောင်အလုံးမှာ ဆန်းလျန်ဆီသို့အရှိန် ဖြင့်တိုးဝင်သွားပြီး ကျယ်လောင်သည့်အသံကြီး ထွက်ပေါ်လာ

သည့်အခါတွင်တော့ ထိုအလင်းရောင်အလုံးမှာ နွေးကွေးသွား ရလေသည်။

ဆန်းလျန်က နောက်သို့ဆက်တိုက်ဆုတ်သွားလိုက်ပြီး ဓား ဝိညာဉ်က အလင်းရောင်အလုံးကြီးအပေါ်သို့ ကျရောက်သွား လေသည်။ ဆန်းလျန်က နောက်သို့အနည်းငယ်ထပ်ဆုတ်လိုက် ပြီး ဓားဝိညာဉ်ဖြင့်ထိတွေ့သွားသည့် အလင်းရောင်အလုံးကြီး မှာ မြေပြင်ပေါ်သို့ ကျသွားလေသည်။

ထိုကဲ့သို့ဖြစ်ပျက်သွားသည့်ဖြစ်စဉ်မှာကြာသည်ဟု ထင်ရ သော်လည်း ထိုအချင်းအရာများမှာ မျက်စိတစ်မှိတ်အတွင်း ဖြစ်ပျက်သွားခြင်းဖြစ်လေသည်။

ဟာလီကျိုးမှာ လူသားကျင့်ကြံသူတစ်ယောက်က တန်ခိုး စွမ်းအားကို ထိုမျှလောက် မြန်ဆန်စွာအသုံးပြုနိုင်မည်ဟု ထင်မှတ်မထားခဲ့မိပေ။

သူ၏အလင်းရောင်တန်ခိုးအား အချိန်တိုလေးအတွင်းမှာပင် တိုက်ခိုက်လိုက်နိုင်ခြင်းမှာ ဆန်းလျန်တွင် အလွန်မြင့်မားသော သဘာဝလွန်တန်ခိုးများရှိနေ၍ဖြစ်မည်ဟု တွေးလိုက်မိလေသည်။ ဆန်းလျန်က စွမ်းအားထက်မြက်သည့် မန္တန်များ အသုံးပြုကာ သူ့ကိုနှိမ်နင်းလိုက်မည်ကို စိတ်ပူသွားမိလေသည်။

ဆန်းလျန်မှာ သာမာန်ကျင့်ကြံသူများကဲ့သို့မဟုတ်ဘဲ ကျင့်စဉ်လမ်းကြောင်းအစဉ်အလာများကို ဖောက်ထွက်သွားသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်ကြောင်းကို ဟာလီကျီးက မသိပေ။ ဆန်းလျန်မှာ ဟိုင်သန်းအဆင့်သို့မရောက်ခင် ချူုးစန်းအဆင့်မှာပင် သွေးကြောဆုံချက်များအားလုံးက ဟိုင်သန်းအဆင့်ကျင့်ကြံသူကဲ့သို့ ပွင့်ထွက်နေသူတစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် အသက်ရှူလိုက်ရုံမျှဖြင့် တန်ခိုးစွမ်းအားက ရှိနေလေသည်။ ထို့ကြောင့် သူနှင့်အဆင့်တူ ကျင့်ကြံသူများထက် တန်ခိုးစွမ်းအားကို အသုံးပြုသည့်အခါ မြန်ဆန်လေသည်။ သူ၏တန်ခိုးစွမ်းအား သိပ်သည်းကျစ်လျစ်မှုကလည်း သာမန်အဆင့်အတိုင်းသွားနေသည့် ကျင့်ကြံသူများထက် သိသိသာသာပင် သိပ်သည်းမှုရှိနေလေသည်။ ထို့ကြောင့် အင်းချပ်ပင်ဖြစ်စေ ၊ မန္တန်ပင်ဖြစ်စေ ၊ ဓားဝိညာဉ်ပင်ဖြစ်စေ အလွယ်တကူ မြန်ဆန်စွာဖြင့် တိုက်ပွဲအတွင်းတွင် အသုံးပြုနိုင်လေသည်။

အလင်းရောင်အလုံးကြီးမြေပြင်ပေါ်သို့ကျသွားသည်နှင့် ဟာလီကျီး၏မိုးမြေစွမ်းအားစုစည်းမှုမှာ ပျက်စီးသွားရပြီး တန်ခိုးစွမ်းအားများ ခြောက်သွေ့သွားလေတော့သည်။

ဆန်းလျန်က ဓားဝိညာဉ်ကို ဟာလီကျီးထံသို့ ပစ်လွှတ်လိုက်လေတော့သည်။

ဟာလီကျီးမှာ လွတ်လမ်းမရှိတော့ပေ။

ဟာလီကျီးမှာ ဆန်းလျန်၏ဓားချက်ထိပြီးနောက် ဆန်းလျန် ထပ်မံပစ်လွှတ်လိုက်သည့် မီးအင်းချပ်ကြောင့် အသွေးအသား များအားလုံး လောင်ကျွမ်းပျက်စီးသွားလေတော့သည်။ တစ်ချိန်တည်းမှာပင် ဟာလီကျီး၏ ရွှေပြဒါးအမြုတေကို ဆန်းလျန်က သိမ်းယူလိုက်လေသည်။ ချင်းရွှမ်နတ်တံခါးသို့ပြန်ရောက်လျှင် ဟာလီကျီးကို နှိမ်နင်းခဲ့သည့်သက်သေအဖြစ်ပြရမည် ဖြစ်သလို ထူးဆန်းသည့်အရာဖြစ်သည့်အတွက် သူ့အတွက် လည်း အကျိုးရှိနိုင်သည်ဟု ဆန်းလျန်ကတွေးလိုက်မိလေ သည်။

ဟာလီကျီး၏ဝိညာဉ်မှာ အစိမ်းရောင်အခိုးအငွေ့များအဖြစ် ပြောင်းလဲသွားပြီး ဆန်းလျန်က ထိုအခိုးအငွေ့များကိုပါ သုတ်သင်ပစ်လိုက်လေသည်။

ထိုဖားပြုတ်ကြီး၏အသွေးအသားများမှာ အတွင်းအားကောင်းစေသည့် အားဆေးကဲ့သို့ပင်ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကဲ့သို့ မိုးမြေစွမ်းအားများကို ထိန်းချုပ်နိုင်သည့် ကျင့်ကြံသူတစ်ယောက်အနေဖြင့်တော့ ထိုအသားကို စားသောက်ရန်လည်း မလိုတော့ပေ။ မိုးမြေစွမ်းအားများမှာ ထိုဖားပြုတ်ကြီးထံမှရသည့်စွမ်းအားထက် ပိုပြီးသန့်စင်လေသည်။

ထို့ပြင် ဆန်းလျန်မှာ ဟာလီကျီးက ကလေးငယ်များစွာ၏အသွေးအသားကို စားသုံးထားသည့်အတွက် စိတ်ထဲတွင် မသတီသလိုလည်းဖြစ်နေမိလေသည်။

ဆန်းလျန်မှာ တောင်ပင်လယ် ဖေးရှန်းနတ်ဘုရားကျွန်းစွယ်နှင့်လည်း မကျေလည်မှုများရှိခဲ့သဖြင့် ကိစ္စပြီးသည်နှင့် ချက်ချင်းပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

သစ်ပင်ပေါ်တက်ပြီးပုန်းနေသည့် ကလေးမလေးရှောင်ချီး

သည် ရုတ်တရက်ပင် သစ်ပင်ပေါ်မှ ခုန်ချလာလေသည်။ ဆန်း

လျန်မှာ သူမကို လျှင်မြန်စွာဖမ်းလိုက်ရလေသည်။

"အစ်ကိုကြီး ၊ သမီးကို အစ်ကိုကြီးကျင့်ကြံတဲ့ ကျင့်စဉ်တွေ

သင်ပေးနော်"

ကလေးမလေးက ဆန်းလျန်၏အင်္ကျီလက်ကို ဆွဲကာပြော

လိုက်လေသည်။

သူမကမှာ ကလေးငယ်တစ်ယောက်ဖြစ်သော်လည်း ဖေးရှန်း

နတ်ဘုရားကျွန်းစွယ်မှ ကလေးငယ်ဖြစ်သည့်အတွက် ကျင့်ကြံ

သူများအကြောင်းကို ကောင်းစွာသိလေသည်။

"အစ်ကိုကြီးကိုယ်တိုင်တောင် ဘာအဆင့်မှမရှိသေးတယ် သမီး

ကို ဘယ်လိုလုပ်သင်ပေးနိုင်မှာလဲ"

ဆန်းလျန်က ကလေးများအပေါ်တွင် အေးစက်စွာမဆက်ဆံ

တတ်ပါ။

သူက ကလေးမလေးအား မြေပြင်ထက်သို့ အသာချပေးလိုက်ရင်း ပြန်ပြောလိုက်လေသည်။

ထိုအချိန် ခြံဝန်းတံခါးပွင့်လာပြီး ကလေးမလေး၏မိခင်ထွက်လာလေသည်။

"နောက်မှတွေ့မယ်နော်"

ဆန်းလျန်က ကလေးမလေးကို ပြုံးပြရင်းတီးတိုးနှုတ်ဆက်လိုက်လေသည်။

လေပြင်းတစ်ချက်တိုက်ခတ်သွားပြီး ဆန်းလျန်မှာ မိုးကုတ်စက်ဝိုင်းဆီသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။ မြေပြင်ပေါ်တွင် ဖားပြုတ်မိစ္ဆာနှင့်ဆန်းလျန်တို့၏တိုက်ပွဲ၏အကြွင်းအကျန်အစအနများ ကျန်ခဲ့လေသည်။ ထိုအစအနများက တိုက်ပွဲဖြစ်သွားခြင်း၏သက်သေမျှသာဖြစ်ပြီး ကျန်သည့်အရာများမှာ မည်သို့မျှမဖြစ်ခဲ့သလို ပုံမှန်အတိုင်းပင်ဖြစ်နေလေသည်။

ဆန်းလျန်ကြောင့် သိုင်းပညာများပျက်စီးသွားရသည့် ရှောင်းအိမ်တော်မှ လူငယ်မှာ ဆန်းလျန်၏ကျောပြင်ကိုသာ မြင်လိုက်ရလေသည်။ သူက ဆန်းလျန်ကို မှတ်မိသွားပြီး ဒေါသများအလိပ်လိုက်ထွက်လာလေသည်။ သူက ဆန်းလျန်ကိုမုန်းသည့်အတွက်ဒေါသထွက်လာခြင်းမဟုတ်ပါ။ မနာလိုစိတ်ကြောင့်သာ ဒေါသထွက်နေခြင်းဖြစ်လေသည်။ သူ့တွင်သာသိုင်းစွမ်းရည်များရှိနေသေးလျှင် ယခုအချိန်ဆိုလျှင်လွတ်လပ်သည့်ကျင့်ကြံသူတစ်ယောက်ဖြစ်နေမည်ဖြစ်လေသည်။ ယခုကဲ့သို့ ပုန်းအောင်းနေရသည့် သတ္တိကြောင်သူတစ်ယောက်ဖြစ်နေမည်မဟုတ်ပေ။

ထိုအချိန်....

ဘယ်နေရာမှ ထွက်လာမှန်းမသိသည့် အသံတစ်သံကိုကြားလိုက်ရလေသည်။ ထိုစကားသံမှ လေထဲမှပျံ့လွင့်လာ

ခြင်းဖြစ်ပြီး ငရဲပြည်ကိုးထပ်မှ နတ်ဆိုးရယ်သံကဲ့သို့ပင်ဖြစ်

လေသည်။

"မင်းအစွမ်းတွေပြန်ရချင်သလား"

ထိုမေးခွန်းလေးတွင်ပင် သွေးဆောင်ဖြားယောင်းမှုများက

အပြည့်အဝပါဝင်နေလေသည်။ လူငယ်မှာ ငြင်းဆန်လိုစိတ်

လုံးဝမရှိတော့ပေ။

"ဟုတ်ကဲ့"

လူငယ်က တုန့်ဆိုင်းခြင်းမရှိဘဲ ပြန်ပြောလိုက်လေသည်။

နေရာတစ်ခုလုံးမှာ ဆူညံနေသည့်အတွက် သူပြောလိုက်သံကို

မည်သူမျှ ကြားလိုက်ခြင်းမရှိပေ။

ထိုထူးဆန်းသည့်အသံကို "ဟုတ်ကဲ့" ဟု ပြန်ပြောလိုက်

သည်နှင့် သူ၏မျက်ခုံးနှစ်ခုမြင့်တက်သွားပြီး သူ၏ကျောရိုး

တစ်လျှောက် တွားသွားဝင်ရောက်လာသည့်အရာတစ်ခုကို

ခံစားလိုက်မိလေသည်။

သူ၏မျက်လုံးများ ရုတ်တရက်အနီရောင်တစ်ချက်လက်ခနဲ ဖြစ်သွားသည်ကို မည်သူမျှ သတိမထားလိုက်မိကြပေ။ သူ၏အငွေ့အသက်များမှာ ကြောက်မက်ဖွယ်ရာအငွေ့အသက် များဖြစ်သွားပြီး လူငယ်၏ပုံစံမှာ နောက်ထပ်လူတစ်ယောက် အလား ဟန်အမူအရာများ ပြောင်းလဲသွားလေတော့သည်။

အခန်း (၈၈)

မိစ္ဆာဆန်သောမိန်းကလေးစကားသံ

သန့်စင်မြင့်မြတ်သည့်မိန်းကလေးတစ်ယောက်အလားပင်လယ်ပြင်က တိတ်ဆိတ်ငြိမ်သက်နေလေသည်။ တည်ငြိမ်လှပသည့်အပြာရောင်ပင်လယ်ရေပြင်ကို ကြည့်မိသည့်သူတိုင်းနှလုံးသားတစ်ခုလုံး ပင်လယ်ပြင်ကြီးနှင့်ထပ်တူ စီးဆင်းခံစားသွားမည်ဖြစ်လေသည်။

အဆုံးမရှိ....

အကန့်အသတ်မရှိ....

မိုးနှင့်မြေတစ်ခွင်လုံးသို့ စီးဆင်းသွားမည်ဖြစ်လေသည်။

ဆန်းလျန်မှာ ပင်လယ်ပြင်တွင် စီးမျောလာလေသည်။ သူကရေစီးဖြင့်မျောပါသွားခြင်းမျိုးမဟုတ်ဘဲ ချင်းရွှမ်နတ်တံခါးတည်ရှိရာအရပ်သို့ ဦးတည်လာခြင်းဖြစ်လေသည်။

ပင်လယ်ထဲတွင် "ယင်" စွမ်းအားရေစီးကြောင်းနှင့် "ယန်" စွမ်းအားရေစီးကြောင်းများရှိလေသည်။ ယင်နှင့်ယန်စွမ်းအားများမှာ ပင်လယ်ထဲတွင် ရောနှောစီးဆင်းနေကြလေသည်။

ယင်နှင့်ယန်စွမ်းအားရောနှောနေသည့် ရေစီးကြောင်းများကို ထိန်းချုပ်ကာ ဆန်းလျန်က ပင်လယ်ပြင်တွင် ခရီးနှင်လာခြင်း ဖြစ်လေသည်။ သူကအနည်းငယ်လေးအားစိုက်ထုတ်လိုက်ရုံဖြင့် ပင်လယ်ပြင်နှင့်သမုဒ္ဒရာကို ထိန်းချုပ်ပြီး လိုရာသို့ သွားရောက်နိုင်လေသည်။

ဆန်းလျန်ထိုသို့ခရီးသွားသည်မှာ တန်ခိုးစွမ်းအားမဟုတ်ပါ။ သဘာဝစွမ်းအားများ၏အရင်းအမြစ်ကိုလေ့လာပြီး အသုံးချခြင်းပင်ဖြစ်လေသည်။ လူနှင့်တိရိစ္ဆာန်ရိုင်းများကြားတွင် ခြားနားမှုတစ်ခုမှာ လူက ဖန်တီးနိုင်မှုစွမ်းရည်ရှိခြင်းပင်ဖြစ်လေသည်။ လူကရေကူးနိုင်ခြင်းမရှိပါ။ သို့သော် လှေများ ၊ သင်္ဘောများကို တီထွင်နိုင်လေသည်။ သယံဇာတများနှင့် ဉာဏ်စွမ်းဉာဏ်စများကို အသုံးချနိုင်သူမှာ လူသားများသာ ဖြစ်လေသည်။

ဗုဒ္ဓကျမ်းစာများထဲတွင် ပူပန်စရာများကိုလွှတ်ချထားလိုက်

လျှင် တရားကိုသိမြင်လာမည်ဟူ၍ပါရှိလေသည်။

အရည်အချင်းမရှိသောတန်ခိုးစွမ်းအားဆိုသည်မှာ အသိဉာဏ်

ကင်းမဲ့သော တန်ခိုးစွမ်းအားဖြစ်လေသည်။ ထိုတန်ခိုးမျိုးရ

လျှင် ဘုံသုံးပါးကို အတားအဆီးမရှိသွားနိုင်ပြီး ဒြပ်စင်ငါးပါး

နှင့် အင်းမန္တန်ရှစ်မျိုးမှ ကင်းလွတ်လေသည်။

ဆန်းလျန်က တရားကိုသိမြင်ခြင်းကိုတော့ အသေးစိတ်မ

ဆင်ခြင်နိုင်သေးပါ။ သို့သော် တရားကိုသိမြင်နိုင်ရန်အတွက် မ

နားမနေကြိုးစားမည်ဆိုသည့် ရည်မှန်းချက်တော့ရှိလေသည်။

သူ့အတွက်နောက်ဆုံးကျင့်စဉ်လမ်းအောင်မြင်ပြီး ကျင့်ကြံစရာ

မရှိတော့သည့်တိုင် သူကတော့ ကျင့်စဉ်လမ်းအတွက် ရပ်တန့်

နေမည့်သူတစ်ယောက်မဟုတ်ပါ။

သူက အင်းချပ်ပညာနှင့် အသက်ဓာတ်စွမ်းအားများကို

ထိန်းချုပ်နိုင်ရန်အတွက် လေ့လာမှုများပြုလုပ်ချင်နေလေ

သည်။ သူက ငှက်များပျံသန်းပုံကိုလေ့လာချင်သည်။ ငါးလေ

များရေထဲတွင် ကူးခတ်သည်ကိုလည်း လေ့လာချင်သည်။

လေထု၏ဖွဲ့စည်းပုံများနှင့် အပူအအေးဓာတ်သဘောများ

အကြောင်းကိုလည်း လေ့လာချင်သေးသည်။

ကျင့်စဉ်လမ်းမှာ ကျဉ်းမြောင်းသည့်လမ်းလည်းမဟုတ်သလို

လွယ်ကူသည့်နည်းလမ်းလည်းမဟုတ်ပါ။ သို့သော် လူသား

တို့၏ပတ်ဝန်းကျင်နေရာတိုင်းတွင် လေ့လာစရာများစွာရှိလေ

သည်။

ဆန်းလျန်၏ကျင့်စဉ်လမ်းမှာ ခေတ်ပေါ်ကမ္ဘာတွင်သူနေထိုင်ခဲ့

သည့်အတိတ်ဘဝမှ အသိပညာများကိုပါ ထည့်သွင်းထားနိုင်

ခြင်းဖြစ်လေသည်။ အင်တာနက်ပေါ်မှသူရရှိထားသည့်

အသိပညာများမှာ မည်သည့်ခေတ်နှင့်မျှ နှိုင်းယှဉ်၍မရနိုင်

ပေ။

အင်တာနက်ဆက်သွယ်ရေးလမ်းကြောင်းများနှင့် အင်တာနက် အသုံးပြုနိုင်သည့် ကွန်ပျူတာ ၊ မိုဘိုင်းဖုန်းစသည့် ပစ္စည်းများ မှတစ်ဆင့် လေ့လာသင်ယူစရာများကိုလေ့လာ၍ရသည့်အပြင် လူသန်းပေါင်းများစွာဖြင့်လည်း ချိတ်ဆက်ပေးနိုင်လေသည်။ ထိုအင်တာနက်နည်းစနစ်က ဆန်းလျန်၏ကျင့်စဉ်လမ်း အတွက် တိုက်ရိုက်အထောက်အကူပြုခြင်းတော့မရှိခဲ့ပါ။ သို့သော် ထိုအင်တာနက်နည်းစနစ်များက လူတစ် ယောက်၏အမြင်များကိုပြောင်းလဲစေပြီး အတွေးအခေါ် အသစ်များကိုရရှိစေလေသည်။

ထိုအချက်က ကျင့်စဉ်လမ်းတွင် အဆင့်တစ်ခုမှတစ်ခုသို့တက် သွားသည်နှင့်ဆင်တူလေသည်။ ဆန်းလျန်က ကျင့်စဉ်များ လည်းကျင့်ကြံသကဲ့သို့ တွေးခေါ်သည့်အလုပ်ကိုလည်းလုပ် လေသည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှာ အခြေခံ ကောင်းများကိုပေးလေသည်။ သချ်ာပညာရှင်တစ်ယောက်မှာ ကိန်းကဏန်းများနှင့် ပုံသေနည်းများကို မှတ်သားထားနိုင် သကဲ့သို့ပင် ထိုစာအုပ်က ဝိညာဉ်စွမ်းအားနှင့်ပတ်သက်လျှင် အခြေခံကျလေသည်။

ကြီးမြတ်သည့်ကျင့်ကြံသူတစ်ယောက်ဆိုသည်မှာ အရာ အားလုံးကိုလေ့လာသင်ယူနိုင်စွမ်းရှိသည့် စိတ်ဝိညာဉ်ရှိရမည် မဟုတ်ပါလား။

ဆန်းလျန်၏မျက်နှာသည် တန်ခိုးရှင်တစ်ယောက်အလား လင်း လက်တောက်ပနေလေသည်။

ရုတ်တရက်…

သီချင်းဆိုသံတစ်သံကို သာယာနာပျော်ဖွယ်ကြားလိုက်ရလေ သည်။ သို့သော် ထိုသီချင်းသံစဉ်မှာ ဆန်းလျန်နေထိုင်သည့် လောကမှသီချင်းမျိုးမဟုတ်ပါ။

ပင်လယ်ပြင်တွင်ခရီးနှင်လာသည့် ဆန်းလျန်၏နောက်ဖက်တွင် လှိုင်းလုံးများမှာ မြင့်တက်လာလေသည်။ ထိုသို့ဖြစ်ပျက်လာခြင်းမှာ သဘာဝတရားအရ ပုံမှန်ဖြစ်ပျက်လာခြင်းမျိုးမဟုတ်ပါ။ ထိုသို့လှိုင်းလုံးကြီးများမြင့်တက်လာမည့် ပင်လယ်ပြင်အနေအထား ရာသီဥတု မည်သည့်အရာနှင့်မျှသက်ဆိုင်ခြင်းမရှိဘဲ ရုတ်တရက်ထူးဆန်းစွာဖြစ်ပေါ်လာခြင်းဖြစ်လေသည်။

ဆန်းလျန်၏အကျႌများမှာ လေထုကြောင့်ဖောင်းပွလာလေသည်။ သူက မိုးမြေစွမ်းအားများကို စုစည်းရန်ကြိုးစားလိုက်သည်။

သို့သော် သူ့အမြဲတမ်း သူ့အမြဲတမ်းလွယ်ကူစွာဖြင့် စုစည်းနိုင်သည့် မိုးမြေစွမ်းအားများမှာ ယခုအကြိမ်တွင်တော့ထူးဆန်းနေလေသည်။ သူစုစည်းသည့်အတိုင်းဖြစ်ပေါ်လာရမည့်အစားပျောက်ကွယ်သွားကြလေသည်။

ဆန်းလျန်မှာ မည်သို့ဖြစ်သည်ကို တွေးချိန်ပင်မရလိုက်ပါ။

လှိုင်းလုံးကြီးက သူ့ခြေထောက်အောက်ရှိစုစည်းထားသည့်

စွမ်းအားများကို ရိုက်ချိုးလိုက်လေတော့သည်။

ဆန်းလျန်မှာ ဟန်ချက်ပျက်သွားပြီး လှိုင်းများကြားထဲသို့ပြုတ်

ကျသွားကာ ရေစီးကြောင်းဖြင့် မျောပါသွားလေတော့သည်။

....

ဆန်းလျန်မျက်လုံးများကို အသာဖွင့်ကြည့်လိုက်မိလေသည်။

အမည်မသိ ကျွန်းတစ်ကျွန်းပေါ်သို့ရောက်ရှိနေကာ သူ့တစ်

ကိုယ်လုံးရေများစိုရွှဲနေလေသည်။

ဆန်းလျန်နှင့်သိပ်မဝေးသည့်ပင်လယ်ပြင်ထဲတွင် ကျောက်တိုင်

ကြီးတစ်ခုကို တွေ့မြင်နိုင်လေသည်။ ထိုကျောက်တိုင်ကြီး

အောက်ခြေရှိရေထဲတွင် မျက်နှာပြင်ချောမွေ့နေသည့် အနက်

ရောက် ကျောက်ဆောင်ကြီးတစ်ခု ရှိလေသည်။ ထို

ကျောက်ဆောင်ကြီးမှာ ကေပေါင်းများစွာ ကြီးမားကျယ်ပြန့်

သည့်ပုံရလေသည်။

ထိုကျောက်ဆောင်ကြီးက နိမ့်လိုက်မြင့်လိုက်ဖြစ်နေ

သည့်အတွက်ကြောင့် ပင်လယ်ကမ်းခြေသို့ လှိုင်းလုံးများက

လည်း ရိုက်ခတ်နေလေသည်။

လှိုင်းများရိုက်ခတ်နေသည့်အတွက် ဆန်းလျန်၏ခြေထောက်

များမှာ ရေများစိုရွှဲနေလေသည်။

ထူးဆန်းသည့်သီချင်းဆိုသံကို ထွက်ပေါ်လာပြန်လေသည်။

ကြီးမားသည့်ကျောက်ဆောင်ကြီးမှာ အမှန်တော့ သတ္တဝါကြီး

တစ်ကောင်၏ကျောပြင်ကြီးဖြစ်ကြောင်းကို ဆန်းလျန်

သဘောပေါက်သွားလေသည်။ ထိုသတ္တဝါကြီးမှာ ပင်လယ်ထဲ

ရှိ ကျောက်တိုင်ကြီးကို ထမ်းပိုးထားရခြင်းဖြစ်လေသည်။

ထူးဆန်းသည့်သီချင်းဆိုသံမှာ ပင်လယ်သတ္တဝါကြီး၏

အသက်ရှူသံပင်ဖြစ်လေသည်။

ပို၍ကြောက်စရာကောင်းသည်မှာ ထိုသတ္တဝါကြီးပတ်ဝန်းကျင်

တွင် မိုးမြေစွမ်းအားများစုစည်း၍မရခြင်းပင်ဖြစ်လေသည်။

စွမ်းအားဆို၍ အသက်ရှူသွင်း ၊ ရှူထုတ်ပြုလုပ်ခြင်းသာ ပြုလုပ်၍ရလေသည်။

သတ္တဝါကြီးက အလွန်ကြီးမားသောကြောင့် သူစုပ်ယူထားသည့် မိုးမြေစွမ်းအားများမှာလည်း များပြားလွန်းလေသည်။ အကောင်ကြီးမားသည့်အတွက် တန်ခိုးစွမ်းအားအဆင့်နိမ့်သည့် အတိုင် ဆန်းလျန်ထက် ဆယ်ဆသာနိုင်လေသည်။

ပင်လယ်သတ္တဝါကြီးမှာ ဝေလငါးနှင့် ပုံသဏ္ဍာန်ဆင်တူလေသည်။ ဝေလငါးတစ်ကောင်လည်းဖြစ်နိုင်လေသည်။ ကျင့်စဉ်လမ်းကို သိနေသည့် ဝေလငါးကြီးတစ်ကောင်လည်း ဖြစ်နေနိုင်လေသည်။

ဆန်းလျန်ပင်လယ်ထဲသို့ အရမ်းကာရော ထွက်ခွာသွားဖို့ မဆုံဖြတ်ရဲတော့ပါ။ ထိုသတ္တဝါကြီးထံမှာသီချင်းဆိုသံ ထွက်လာသည်နှင့် ဆန်းလျန်ကိုယ်ထဲမှ စွမ်းအားများမှာ လှုပ်ခတ်သွားရလေသည်။

ဆန်းလျန်က ပင်လယ်သတ္တဝါကြီး ထွက်ခွာသွားသည်အထိ နေစရာရှာပြီး ကျွန်းပေါ်တွင်ခိုလှုံနေရန် ဆုံးဖြတ်လိုက်လေသည်။ ထို့ကြောင့် ကျွန်းပေါ်သို့ လမ်းလျှောက်ပြီး ဝင်လာလိုက်လေသည်။ ကျွန်းပေါ်တွင် ရှုခင်းများမှာ သာယာကြည်နူးဖွယ်ကောင်းလေသည်။ ပန်းရနံ့များလည်း သင်းပျံ့နေလေသည်။ ကျွန်းပေါ်တွင် ပန်းတစ်မျိုးသာရှိလေသည်။ ထိုပန်းတစ်မျိုးတည်းကပင် အရောင်ငါးမျိုးကွဲနေလေသည်။ ကျွန်းပေါ်မှ သစ်ပင်များမှာ သာမန်ထက် ကြီးမားကြလေသည်။ ဆန်းလျန်ကျွန်းအတွင်းပိုင်းအထိ လမ်းလျှောက်ရင်း ဝင်သွားမိလေသည်။ ပင်လယ်သတ္တဝါကြီး၏ သီချင်းဆိုသံမှာ တိုးလျ၍ကျန်ခဲ့လေပြီ။ ထိုအခန်မှ ဆန်းလျန်မှာ မိုးမြေစွမ်းအားများကို ပြန်လည်စုစည်း၍ရလာလေသည်။

ပင်လယ်သတ္တဝါကြီး၏သီချင်းဆိုသံမှာ ဆန်းလျှန် လောလောဆယ်ကျင့်ကြံထားသည့် အင်းချုပ်ပညာထက်ပင် မိုးမြေစွမ်းအားများကို စုစည်းနိုင်စွမ်းရှိနေလေသည်။ အခွင့်အရေးရမည်ဆိုလျှင် ထိုသတ္တဝါကြီး၏နည်းလမ်းကို ဆန်းလျှန်လေ့လာကြည့်ချင်မိသေးသည်။

ပင်လယ်သတ္တဝါကြီးမှာ ထူးဆန်းသည့်သတ္တဝါကြီးဖြစ်သလို ဆန်းလျှန်ရောက်ရှိနေသည့်ကျွန်းမှာလည်း ရိုးရှင်းခြင်းမရှိလှပါ။

သူလျှောက်လာသည့် လမ်းတစ်လျှောက်တွင် လူဟူ၍အရိပ်အယောင်ပင် မမြင်ရပေ။ အခြားသောသက်ရှိသတ္တဝါများကိုလည်း မြင်တွေ့ရခြင်းမရှိပေ။ ပန်းများက လှပစွာပွင့်လန်းနေကြသည့်တိုင် ပျားနှင့်လိပ်ပြာများကို တစ်ကောင်တစ်လေပင် မတွေ့ရပေ။ တောတစ်ခုလုံးမှာလည်း တိတ်ဆိတ်လျှက်ရှိလေသည်။

မြင်ကွင်းတစ်ခုမှာ ဆန်းလျှန်ကို ဖမ်းစားလိုက်လေသည်။

အလွန်ကြီးမားသည့် သစ်ပင်ကြီးတစ်ပင်ဖြစ်လေသည်။ ထို

သစ်ပင်၏ပင်စည်မှာ လူဆယ်ယောက်ဖက်ထားနိုင်ရလောက်

အောင် ကြီးမားလေသည်။

ထိုစဉ်.....

နူးညံ့သိမ်မွေ့သည့် စကားသံတစ်သံကိုကြားလိုက်ရလေသည်။

ထိုအသံမှာ အဝါရောင်ငှက်ငယ်လေး၏သီချင်းဆိုသံကဲ့သို့ ဖြစ်

လေသည်။

အသံလေးမှာ သာယာလှသည့်အတွက် အသံပိုင်ရှင်ကိုမမြင်ရ

သေးခင်မှာပင် ဆန်းလျှန်းမှာ သဘောကျနေမိပြီဖြစ်လေ

သည်။

"သခင်လေး ၊ ရှင်လည်း ပန်းလှလှလေးတွေကို လာကြည့်တာ

လား"

ဆန်းလျန်က လှုပ်ရှားခြင်းမရှိပါ။ သူကအသံရာလာဆီသို့ ခေါင်းကို အသာလေးလှည့်ကြည့်လိုက်လေသည်။ အသံမှာ ပန်းရုံတစ်ရုံအတွင်းမှ ထွက်လာခြင်းဖြစ်လေသည်။ ထိုပန်းရုံ အတွင်းမှ ရောင်စုံအင်္ကျီကိုဝတ်ဆင်ထားသည့် မိန်းမလှလေး တစ်ယောက် လမ်းလျှောက်ပြီးထွက်လာလေသည်။ သူမမှာ အပြစ်တစ်စက်ကလေးမှပြောစရာမရှိနော်င် ချောမောလှပသူ ဖြစ်လေသည်။ သို့သော် ထိုကဲ့သို့သောမိန်းကလေးမျိုးကို ဆန်း လျန်မြင်ဖူးသည်မှာ ပထမဆုံးအကြိမ်မဟုတ်ပါ။ ရှင်းစစ်စစ်နျ န်ကို ဆန်းလျန်သတိရလိုက်မိလေသည်။ သူမမှာ ရှင်းစစ်စစ်နျ န်ကဲ့သို့ အပြစ်ပြောရက်စရာမရှိအောင် လှပသူတစ်ဦး ဖြစ်နေ လေသည်။

ရှင်းစစ်စစ်နျန်မှာ ဆောင်းရာသီတွင်သန့်စင်သည့် အငွေ့အသက်များဖြင့်ပြည့်နေပြီး အနီရောင်ကိုသာဝတ်ဆင် ထားသူဖြစ်သော်လည်း ယခုတွေ့ရသည့်မိန်းကလေးကတော့

ရောင်စုံအဝတ်အစားများကိုဝတ်ဆင်ထားပြီး လှပစွာ လမ်းလျှောက်လာနေလေသည်။ သူမ၏ခန္ဓာကိုယ် ကောက်ကြောင်းများမှာ မငေးကြည့်ဘဲ မနေနိုင်စရာဖြစ်လေ သည်။ နက်မှောင်ရှည်လျားသော ဆံနွယ်များနှင့် ကြွေသား လေးကဲ့သို့သော လည်ပင်းဖြူဖြူလေးမှာ ဆွဲဆောင်မှုရှိလွန်း လှလေသည်။

မိန်းကလေးက ဆန်းလျန်ကို စူးစိုက်ကြည့်ပြီး အကဲခတ်လိုက် သည်။ သူမကိုကြည့်ရသည်မှာ ချောမောလှပသည့် လူငယ် လေးကို စိတ်ဝင်စားနေပုံရလေသည်။

သူမ၏အရပ်မှာ သာမန်မိန်းကလေးတစ်ယောက်ထက်ပိုပြီး မြင့်လေသည်။ သို့သော် ဆန်းလျန်ထက်တော့ အနည်းငယ်နိမ့် နေလေသည်။ သူမလမ်းလျှောက်လာချိန်တွင် သူမ၏ခန္ဓာကိုယ်ဆီမှာ သင်းရနံ့လေးများ ထွက်ပေါ်လာလေ သည်။ ထိုရနံ့မှာ ပန်းရနံ့များနှင့်လည်းမတူသလို အမွှေးနံ့သာ

လိမ်းကျံထားခြင်းမျိုးလည်း မဟုတ်ပါ။ ထိုရနံ့လေးက ဆန်းလျန်နှာခေါင်းဝသို့ တိုးဝှေ့လာလေသည်။

ဆန်းလျန်၏တည်ငြိမ်သည့်မျက်ဝန်းများမှာယခုတော့မတည်မငြိမ်ဖြစ်လာရလေသည်။ သူ၏ရင်ထဲတွင် မီးတောက်တစ်ခု တောက်လောင်နေသလိုခံစားလိုက်ရလေသည်။ ရမ္မက်မီးဖြစ်လေသည်။

သူ့ရင်ထဲသို့ရောက်ရှိလာသည့် ရမ္မက်ဆန္ဒများကို ဆန်းလျန် ချက်ချင်း ဖယ်ရှားပစ်နိုင်ခြင်းမရှိပါ။

"မင်းဘယ်ကနေရောက်လာတာလဲ မိန်းကလေး"

ဆန်းလျန် ပြုံးရင်းမေးလိုက်လေသည်။

"ကျွန်မက ဟိုင်သခင်ကြီးရဲ့ ကိုယ်လုပ်တော်တစ်ယောက်ပါ ၊ သူက သူ့မိတ်ဆွေဆီလာလည်တာလေ ၊ ကျွန်မကပန်းတွေပွင့်နေတာကြည့်ချင်တာနဲ့ သူနဲ့လိုက်မသွားဘဲ ဒီမှာနေခဲ့ဖို့ဆုံးဖြတ်လိုက်တာ ၊ ရှင့်အသံမကြားခင်အထိ ကျွန်မအရမ်းပျင်းနေမိ

တာ ၊ ရှင့်အသံကိုကြားမိတော့ ရှင့်ကိုလာကြည့်ချင်စိတ်တွေဖြစ်သွားမိတာနဲ့ လာကြည့်မိတာပါ ၊ အနှောင့်အယှက်ဖြစ်သွားရင်တောင်းပန်ပါတယ်နော်"

သူမက ဆန်းလျန်ကိုကြည့်ပြီး ပြောလိုက်လေသည်။

သူမပြောနေသည့်စကားများမှာ မိန်းကလေးနှင့်ယောကျ်ားလေး သာမန်ပြောနေသည့် စကားများပင်ဖြစ်လေသည်။

သို့သော် သူမနှုတ်ဖျားမှထွက်လာသည့်အသံများကတော့ မြူဆွယ်ဖျားယောင်းသည့်အသံများဖြစ်နေလေသည်။

အခန်း (၈၉)

မတွေ့မဝေတိုက်ခိုက်ခြင်း

"ကျုပ်အတွက် အနှောင့်အယှက်ဖြစ်သွားတယ်ဆိုရင်ရော"

ဆန်းလျန်က ပုံမှန်ပင်ပြန်ပြောလိုက်လေသည်။

"ရှင်ကအတော်နောက်တတ်တဲ့သူပဲ"

မိန်းကလေးက ရောင်စုံဝတ်စုံအကျႌလက်ဖြင့် သူမပါးစပ်ကို

ကာလိုက်ရင်း ရယ်မောကာပြောလိုက်လေသည်။

ဆန်းလျန်သက်ပြင်းချလိုက်ပြီး သူ၏ညာလက်ကိုအသာဖြန့်ပြ

လိုက်သည်။ ထိုလက်ထဲတွင် သစ်ရွက်လေးတစ်ရွက်ရှိနေလေ

သည်။ ထိုသစ်ရွက်လေးမှာ သူ့လက်ပေါ်ကြွေကျလာ

သောကြောင့် ဖမ်းယူထားခဲ့မိသည့်သစ်ရွက်လေးဖြစ်လေ

သည်။

ထိုသစ်ရွက်လေးပေါ်တွင် ဆန်းလျန်က "လေပြင်းတိုက်ခတ်

အင်းသင်္ကေတ" ကို ရေးသားထားလေသည်။

အတွင်းအားကောင်းသည့် သိုင်းသမားတိုင်းမှာ သူ

တို့၏ပတ်ဝန်းကျင်ရှိ မည်သည့်အရာကိုမဆို လူသတ်သည့်

လက်နက်အဖြစ် အသုံးပြုနိုင်ကြလေသည်။ မြက်ပင်လေးတစ်ပင် ၊ သစ်သားစလေးတစ်စ ၊ ဝါးလုံးတစ်လုံး သို့မဟုတ် ကျောက်ခဲလေးတစ်လုံးပင်ဖြစ်ပါစေ သူတို့အတွက် လူသတ်လက်နက်ဖြစ်သွားနိုင်လေသည်။

စွမ်းအားကောင်းသည့်ကျင့်ကြံသူတစ်ယောက်ဖြစ်သည့် ဆန်းလျန်မှာလည်း သစ်ရွက်လေးတစ်ရွက်ပေါ်တွင်ပင် အင်းချပ်သင်္ကေတကို ရေးထားနိုင်လေသည်။

"လေပြင်းတိုက်ခတ်အင်းသင်္ကေတ" မှာ ကျင့်စဉ်အခြေခံအင်းချပ်တစ်ခုပင်ဖြစ်လေသည်။ သို့သော် ဆန်းလျန်က ထိုအင်းချပ်ကိုသစ်ရွက်လေးတစ်ရွက်ပေါ်တွင် ခပ်မြန်မြန်ပင်ရေးဆွဲနိုင်ခဲ့ခြင်းကတော့ လွန်စွာမှ အံ့သြစရာကောင်းသည့်အချက်ပင်ဖြစ်လေသည်။ ထိုသစ်ရွက်လေးကို ဆန်းလျန်က အသံတစ်စက်ပင်မထွက်ဘဲ ရောင်စုံအင်္ကျီဝတ်ဆင်ထားသည့် မိန်းကလေးဆီသို့ ပစ်လွှတ်လိုက်လေသည်။ ထိုသစ်ရွက်လေး

နောက်တွင် မမြင်ရသည့် မိုးမြေစွမ်းအားများကလည်း အတူ

လိုက်ပါသွားလေသည်။ ထို့ကြောင့် သစ်ရွက်လေး၏အရှိန်မှာ

အလွန်လျှင်မြန်လွန်းလေသည်။ သစ်ရွက်လေးမှာ လေထဲတွင်

တစ်ပတ်လည်သွားပြီး ရောင်စုံအင်္ကျီဝတ်ဆင်ထားသည့်

မိန်းကလေး၏ လည်ပင်းဆီသို့ဦးတည်သွားလေတော့သည်။

ထိုသစ်ရွက်လေးက ရောင်စုံအင်္ကျီဝတ်မိန်းကလေး၏

လည်တိုင်လှလှလေးကို ဖြတ်တောက်ပစ်ရန် အရှိန်ဖြင့်ဝင်

ရောက်လာလေသည်။

သို့သော် ရောင်စုံအင်္ကျီဝတ်မိန်းကလေးက လျှင်မြန်စွာ

ရှောင်တိမ်းလိုက်လေသည်။

သူမ၏ရှောင်တိမ်းလိုက်ပုံက ထူးဆန်းလွန်းလေသည်။

သူမ၏လှပကျော့ရှင်းသည့်လည်တိုင်လေးမှာ အရိုးမရှိ

သကဲ့သို့ စက်ဝိုင်းပုံသဏ္ဌာန်တစ်ပတ်လည်ကာ ဆန်းလျန်ပစ်

လွှတ်လိုက်သည့် သစ်ရွက်လေးကို ရှောင်တိမ်းလိုက်ခြင်းဖြစ်

လေသည်။ထိုကဲ့သို့ရှောင်တိမ်းလိုက်ပုံမှာ လူသားတစ်ယောက်နှင့်မတူအောင် မြန်ဆန်လွန်းလှပြီး မျက်စိတစ်မှိတ်အတွင်းမှာပင် သူမ၏လည်ပင်းမှာ ပုံမှန်အနေအထားအတိုင်း ပြန်ဖြစ်သွားလေသည်။

သာမန်လူတစ်ယောက်ဆိုလျှင်တော့ သူမလှုပ်ရှားမှုများကိုသတိထားမိမည်မဟုတ်ပါ။ သို့သော် ဆန်းလျန်ကတော့ သူမမည်သို့ရှောင်တိမ်းလိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။ ဆန်းလျန်တွေ့မြင်လိုက်သည်ဆိုသော်လည်း အပြည့်အဝတွေ့မြင်လိုက်ရခြင်းတော့မရှိပါ။ ဤအချက်ကိုကြည့်ခြင်းအားဖြင့်သူမ၏လှုပ်ရှားမည်မျှမြန်ဆန်သည်ကို သက်သေပြနေလေတော့သည်။

သူမ၏အနက်ရောင်တောက်တောက်မျက်ဝန်းများမှာ အစိမ်းရောင်သို့ပြောင်းလဲသွားလေသည်။ ထိုအစိမ်းရောင် မျက်ဝန်းများမှ အရောင်လဲ့လဲ့လေးတောက်ပနေလေသည်။ ထိုမျက်ဝန်း

များဖြင့်အကြည့်ခံရသူတိုင်း ကျောရိုးတစ်လျှောက်စိမ့်တက်သွားမတတ် ခံစားရမည်ဖြစ်လေသည်။

ဆန်းလျန်က သူမ၏အကြည့်များကို ရင်ဆိုင်လိုက်သည်။ တစ်ချိန်ထဲမှာပင် မိန်းကလေးက ဆန်းလျန်ပစ်လွှတ်လိုက်သည့် သစ်ရွက်လေးကို သူမ၏အနီရောင်နှုတ်ခမ်းနှစ်လွှာဖြင့် ကိုက်ထားလေသည်။ ထိုမြင်ကွင်းလေးမှာ ရင်ကို တထိတ်ထိတ်ခုန်စေသည့် မြင်ကွင်းမျိုးပင်ဖြစ်လေသည်။

သူမက သစ်ရွက်လေးကို မျိုချလိုက်ပြီးသူမ၏နှုတ်ခမ်းသားများကို လျှာနီနီလေးဖြင့် တစ်ချက်သပ်လိုက်လေသည်။ လွန်စွာမှ ညို့ငင်ဆွဲဆောင်နိုင်စွမ်းရှိသည့် မြင်ကွင်းဖြစ်လေသည်။

လူတစ်ယောက်သာ သူမ၏အကြည့်ဖြင့် ညို့ယူခြင်းကိုခံရပါက ရမ္မက်ဆန္ဒများထကြွလာပြီး ဒုက္ခလှလှရောက်မည်ဖြစ်လေသည်။

ဆန်းလျှန်တွင် ပြောစရာစကားမရှိတော့ပါ။ သူက မိန်းမ ပျို၏လည်ပင်းများကို စူးစိုက်ကြည့်နေလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုလည်ပင်းများကသာ သူမကို အကောင်းဆုံးတိုက်ခိုက်နိုင်ရန်အတွက် အားနည်းချက်အရှိဆုံး နေရာ ဖြစ်သောကြောင့်ဖြစ်လေသည်။

သူ၏ရန်သူမှာ လူသားတစ်ယောက်မဟုတ်သောကြောင့် ဆန်း လျှန် ထိုသို့အားနည်းချက်ရှာကာ တိုက်ခိုက်နေရခြင်း ဖြစ်လေ သည်။ သူမဆီမှ ရက်စက်ပြီးသွေးအေးသည့် အငွေ့အသက် များထွက်နေလေသည်။

သူမ၏လှပပြည့်စုံလွန်းသည့်မျက်နှာလေးက သူမကိုယ်မှထွက် နေသည့် အန္တရာယ်အငွေ့အသက်များကို ဖုံးလွှမ်းထားနိုင်ခြင်းမ ရှိပေ။

သစ်ရွက်လေးပေါ်တွင် အင်းချပ်ရေးပြီး ပစ်လွှတ်လိုက်ခြင်းမှာ

ဆန်းလျှန်က သူမကို စမ်းသပ်လိုက်ခြင်းသာဖြစ်လေသည်။

ဆန်းလျှန်၏အဓိက ရည်ရွယ်ချက် မဟုတ်သေးပေ။

သို့သော် ....

ယခုတော့ ဆန်းလျှန်၏သံသယများက ပိုပြီးခိုင်မာသွားပြီဖြစ်

လေသည်။

"ကျွန်မကို ရှင်နဲ့ပျော်ခွင့်ပေးမယ်ဆိုရင် ရှင့်အသက်ကို

ချမ်းသာပေးမယ် ၊ ဘာလို့လဲဆိုတော့ ရှင်က လူချောလေးတစ်

ယောက်ဖြစ်နေလို့ပဲ ၊ ဒါပေမယ့် မဟုတ်ဘူးဆိုရင်တော့ ကျွန်မ

ကို ရက်စက်တယ်လို့မပြောနဲ့နော်"

ရောင်စုံအင်္ကျီဝတ်မိန်းကလေးက တစ်ချက်လှုပ်ရှားလိုက်ပြီး

လေပြင်းတစ်ချက်တိုက်ခတ်လာလေသည်။

ရုတ်တရက် ....

ကြီးမားသည့် မြွေကြီးတစ်ကောင် အခွေလိုက်ကြီး ဆန်းလျန်ရှေ့တွင်ပေါ်လာလေသည်။

အံ့သြစရာမြင်ကွင်းတစ်ခုဖြစ်သော်လည်း ထိုမြွေကြီးကိုကြည့်ရသည်မှာ ကျင်းချင်းလောက်တော့ စွမ်းအားကြီးပုံမရပေ။

ကျင်းချင်း၏မူလပုံစံဖြစ်သည့် မြွေမိစ္ဆာပုံသဏ္ဍာန်မှာ ယခုတွေ့မြင်ရသည့်မြွေကြီးထက် ပိုပြီး ကြောက်မက်ဖွယ်ရာကောင်းလေသည်။

မိစ္ဆာတစ်ကောင်လူပုံသဏ္ဍာန်ပြောင်းရန်အတွက် တန်ခိုးစွမ်းအားများစွာလိုအပ်လေသည်။ ရောင်စုံအကျႌဝတ်ဆင်ထားသည့် မိန်းကလေးမှ မြွေမိစ္ဆာပုံသဏ္ဍာန်ပြောင်းလဲလိုက်သည့်အတွက် ပတ်ဝန်းကျင်တွင် အသက်ဓာတ်စွမ်းအားများမှာ လျော့နည်းသွားလေသည်။

ဆန်းလျန် မြွေမိစ္ဆာကြီးကိုရင်ဆိုင်လိုက်လေသည်။ ဆန်းလျန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး မြွေမိစ္ဆာကြီးကို လက်ဖြင့်တစ်ချက် ညွှန်လိုက်လေသည်။

မြွေသတ္တဝါများမှာ သွေးအေးသတ္တဝါများဖြစ်ကြလေသည်။ သို့သော် ဆန်းလျန်ရှေ့ရှိ မြွေမိစ္ဆာကြီးမှာ သူ၏ဝိညာဉ်နာကျင်သွားမှုကြောင့် ခန္ဓာကိုယ်ကြီးမှာ တုန်ခါသွားလေသည်။ ထိုမြွေမိစ္ဆာကြီးက ဆန်းလျန်ကို ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိတော့ပါ။

ပြင်ပကမ္ဘာတွင်တော့ မြွေသတ္တဝါကြီးများငြိမ်သက်သွားလျှင် တဒင်္ဂမျှသာဖြစ်လေသည်။

ဆန်းလျန်က အာရုံငါးပါးကို စူးရှထက်မြက်နေအောင် အာရုံများဖြန့်ကျက်ထားလိုက်သည်။ သူက နတ်သက်ခြေဓားသိုင်းကို အသုံးမပြုသည်မှာ ကြာပြီဖြစ်လေသည်။ ယခုအသုံးပြု

လိုက်သည့်အခါတွင်တော့ သူမျှော်လင့်ထားသည်ထက် ထိရောက်မှုရှိနေကြောင်း တွေ့ရလေသည်။

ဆန်းလျန်၏ဝိညာဉ်မှာ ဓားတစ်စင်းကဲ့သို့ဖြစ်နေပြီး မြွေမိစ္ဆာကြီး၏ နှလုံးသားနှင့်ဝိညာဉ်ဆီသို့ ထိုးသွင်းလိုက်လေသည်။

အမှန်တော့ သူထိုသိုင်းပညာကိုအသုံးပြုလိုက်ခြင်းမှာ ရည်ရွယ်ချက်ရှိရှိဖြင့်အသုံးပြုလိုက်ခြင်းမဟုတ်ဘဲ အလိုအလျောက် အသုံးပြုမိသွားခြင်းသာဖြစ်လေသည်။

ထို့နောက် သူက စန္ဒကူးဓားဖြင့် မြွေကြီး၏ခေါင်းပိုင်းသုံးပုံတစ်ပုံနေရာကို ချိန်ရွယ်ထားလိုက်လေသည်။ ထိုနေရာမှာ မြွေမိစ္ဆာကြီး၏အားနည်းချက်တည်ရှိရာ လည်တိုင်နေရာဖြစ်လေသည်။

ဦးခေါင်းပိုင်းသုံးပုံတစ်ပုံနေရာမှာ ဆန်းလျန်နှင့်သိပ်ဝေးသည့်နေရာတွင်မရှိပါ။ ထိုနေရာမှာ မြွေတစ်ကောင်၏ ကျောရိုးတွင် အားအနည်းဆုံးနှင့်ပျက်စီးအလွယ်ဆုံးအပိုင်းဖြစ်လေသည်။

ဆန်းလျန်က ထိုနေရာကို အရွယ်အစားဖြင့်တိုင်းတာသတ်မှတ်ထားခြင်းမဟုတ်ပါ။ မြေမိစ္ဆာကြီး၏ သွေးလှည့်ပတ်နှုန်းကို မှတ်သားထားခြင်းဖြစ်လေသည်။

ထိုသို့သွေးလည်ပတ်နှုန်းကိုမှတ်သားပြီး ခန့်မှန်းနိုင်သည်မှာ ခက်ခဲလွန်းသည့်ကိစ္စမဟုတ်ပါ။ ဆန်းလျန်ကျင့်ကြံခဲ့သည့် ကျင့်စဉ်များကြောင့်လွယ်ကူစွာသိနိုင်လေသည်။ ထို့အပြင် ခေတ်ပေါ်ကမ္ဘာတွင်နေထိုင်ခဲ့စဉ် သူက ဆရာဝန်တစ်ယောက်ဖြစ်ခဲ့သည့်အတွက် သွေးလည်ပတ်စီးဆင်းမှုများအကြောင်းကို နားလည်သင့်သလောက်နားလည်လေသည်။

စန္ဒကူးဓားမှာ သစ်သားဓားတစ်လက်ဖြစ်သည့်အတွက် သံမဏိဓားကဲ့သို့ ထက်မြက်ခြင်းမရှိပါ။ သို့သော် ထိုစန္ဒကူးဓားထဲသို့ ဆန်းလျန်၏တန်ခိုးများစီးဝင်သွားသည့်အခါတွင်တော့ ကမ္ဘာပေါ်ရှိ အထက်မြက်ဆုံးဓားများထက်ပင် ထက်မြက်နေ

လေတော့သည်။ မြွေမိစ္ဆာကြီး၏ဦးခေါင်းကို တစ်ချက်ထဲဖြင့် ခုတ်ဖြတ်လိုက်လေတော့သည်။

မြွေမိစ္ဆာခေါင်းပြတ်ကြီးမှာ မျက်လုံးများပွင့်နေဆဲဖြစ်လေသည်။ သေဆုံးသွားသည့်တိုင် မယုံကြည်နိုင်ခြင်းများကို ထိုမျက်လုံးများထဲတွင် တွေ့မြင်ရလေသည်။ ထိုမျှလောက် ငယ်ရွယ်သည့် ကျင့်ကြံသူလူငယ်လေးက ထိုမျှလောက် တန်ခိုးစွမ်းအားများထက်မြက်နေသည်ကို မယုံကြည်နိုင်ဖြစ်နေခြင်းဖြစ်လေသည်။

ငယ်ရွယ်သည့် ကျင့်ကြံသူလူငယ်လေးများစွာကို မြွေမိစ္ဆာကြီး တွေ့ဆုံခဲ့ဖူးပါသည်။ သူမ၏ကိုယ်ပေါ်တွင် ခြစ်ရာလေးတစ်ရာ ထင်အောင်ပင် တိုက်ခိုက်နိုင်ခြင်းမရှိကြပေ။ ဆန်းလျှန်မှာ သူမတွေ့ဖူးသည့် ကျင့်ကြံသူလူငယ်လေးများထက်ပင် ငယ်ရွယ်ပုံရလေသည်။ သို့သော် သူ၏တန်ခိုးစွမ်းအားကတော့ လွန်စွာမှ မြင့်မားနေလေသည်။

ဆန်းလျှန်မှာ ငယ်ရွယ်သည့်အသက်အရွယ်တွင်ပင် ကျင့်စဉ်လမ်းတွင် အဆင့်များစွာအောင်မြင်ခဲ့ပြီဖြစ်လေသည်။ ထိုကဲ့သို့သော ကျင့်ကြံသူဆိုသည်မှာ ရှာမှရှားသည့်ကျင့်ကြံသူပင်ဖြစ်လေသည်။

ထို့ထက်ပိုပြီးထူးဆန်းသည်မှာ ဆန်းလျှန်မှာ ဟိုင်သခင်ကြီးဆိုသည့်အမည်ကိုကြားသည့်တိုင် တစ်စက်ကလေးပင် ဂရုမစိုက်ခြင်းပင်ဖြစ်လေသည်။ အခြားသောကျင့်ကြံသူများဆိုလျှင် ဟိုင်သခင်ကြီးဆိုသည့်အမည်ကြားသည်နှင့် ဆက်လက်တိုက်ခိုက်ခြင်းမရှိတော့ပေ။

မြွေမိစ္ဆာမှာ ထိုမေးခွန်းများ၏အဖြေများကို မရရှိဘဲ သေဆုံးသွားခဲ့ရပြီဖြစ်လေသည်။

မြွေမိစ္ဆာကြီးမှာလည်း သိရခက်နေသည်းမေးခွန်းများရှိနေသလို ဆန်းလျှန်တွင်လည်း မေးခွန်းများစွာရှိနေပါသည်။ မြွေမိ

စွာကြီးသေသွားသည့်တိုင် ထိုအရာကြီး၏ဆီမှ မည်သည့်

ဝိညာဉ်စွမ်းအားမှ ပေါ်ထွက်မလာပေ။

ဖြစ်စဉ်အရဆိုလျှင် နတ်မိစ္ဆာတစ်ကောင် သေဆုံးသွားသည်နှင့်

ဝိညာဉ်နှင့်စိတ်ဝိညာဉ်မှာ အရပ်လေးမျက်နှာသို့ ပျံ့နှံ့သွားရ

သည်ချည်းဖြစ်လေသည်။

အတွင်းအား ၊ သွေး နှင့် ရှေပြေဒါးအမြုတေွအားလုံးမှာ မြွေမိစ္ဆာ

ကြီး၏ခန္ဓာကိုယ်ထဲတွင် မတွေ့ရပါ။

ဟာလီကျီးနှင့်ယှဉ်လျှင်မြွေမိစ္ဆာကြီး၏အစွမ်းမှာ လွန်စွာမှ

ညံ့ဖျင်းလှလေသည်။ သို့သော် အံ့သြစရာကောင်းသည်မှာ

သူမ၏လူသားပုံသဏ္ဍာန်ပြောင်းလဲထားခြင်းမှာလည်း လှည့်စား

ထားခြင်းမဟုတ်ဘဲ တန်ခိုးစွမ်းအားဖြင့် အမှန်တကယ် အသွင်

ပြောင်း ဖန်ဆင်းထားခြင်းဖြစ်နေလေသည်။

....

ပင်လယ်ပြင်မျက်နှာပြင်ဆိုသည်က သိမြင်စရာများများစား

စားမရှိလှပါ။ သို့သော်... ရေအောက်ကမ္ဘာကတော့ ထူးခြား

သည့်နေရာတစ်ခုဖြစ်လေသည်။ ထိုရေအောက်ကမ္ဘာမှာ စိတ်ဝင်စားစရာကောင်းပြီး ထိုရေအောက်ကမ္ဘာတွင် ဖြစ်ပျက်နေသမျှသည် ရေမျက်နှာပြင်ပေါ်သို့ ပေါ်ထွက်လာခြင်းမရှိပါ။ ရေအောက်ကမ္ဘာတွင် ငါးအမျိုးအစားပေါင်းများစွာ ရှိလေသည်။ တစ်ခါတစ်ရံတွင် ပင်လယ်သတ္တဝါကြီးများနှင့် ပင်လယ်နတ်ဆိုးများတိုက်ခိုက်ကြသည့်အခါ သာမန်ငါး သတ္တဝါများက အချောင်ခံကြရလေသည်။ သို့သော် လောကတွင်က တစ်ချိန်တည်းမှာပင် သတ္တဝါများစွာသေဆုံးနေပြီး သတ္တဝါများစွာကလည်း မွေးဖွားဖြစ်တည်နေသည့် သဘောရှိလေသည်။

ပင်လယ်ရေအောက် မိုင်သုံးရာပတ်လည်တွင်နေထိုင်ကြသည့် ရေသတ္တဝါများပိုင်နက်ကို မိစ္ဆာဘုရင်ကြီးတစ်ပါးဖြစ်သူ ခေါင်းကိုးလုံးမင်းကြီးက ပိုင်ဆိုင်လေသည်။

နတ်ဆိုးမိစ္ဆာများမှာ အခြားသူတို့၏အသက်ကို တန်ဖိုးမထား

တတ်ကြပေ။ ခေါင်းကိုးလုံးမင်းကြီးမှာလည်း ဘုရင်တစ်ပါး

ဖြစ်သည့်တိုင် နတ်မိစ္ဆာတစ်ပါးပင်ဖြစ်လေသည်။ ထို့ကြောင့်

အခြားသူတို့၏အသက်ကို ဂရုစိုက်တတ်သူ မဟုတ်ပေ။

ရေအောက်ကမ္ဘာရှိခေါင်းကိုးလုံးမင်းကြီး၏နန်းတော်မှာ

လွန်စွာမှ ခမ်းနားကြီးကျယ်လေသည်။ သူကကျင့်စဉ်ကျင့်ကြံ

အောင်မြင်သည်မှာ နှစ်ပေါင်းတစ်ထောင်ခန့်ရှိပြီဖြစ်လေသည်။

သို့သော် ရေအောက်နန်းတော်ကြီးကို တည်ထောင်ခဲ့သူတော့

မဟုတ်ခဲ့ပါ။ ထိုရေအောက်နန်းတော်ကြီးကို နဂါးမင်းတစ်ပါး

ထံမှ လုယူထားခြင်းဖြစ်လေသည်။

နဂါးအနွယ်များမှာ ပင်လယ်လေးခုတွင် အချမ်းသာဆုံးအနွယ်

ဝင်များဖြစ်ကြလေသည် ထို့ကြောင့် နဂါးမင်း၏ရေအောက်

နန်းတော်မှာ လွန်စွာမှခမ်းနားလေသည်။ လူသား

ဘုရင်၏နန်းတော်ထက်ပင် ခမ်းနားလေသည်။

ရေအောက်နန်းတော်တွင် အဆုံးမရှိသည့် ဂီတသံစဉ်များ လွင့်ပျံနေလေသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းကိုးလုံးမင်းကြီးက အထူးညှော့သည်တော်တစ်ယောက်ကို ညှော့ခံနေသောကြောင့် ဖြစ်လေသည်။

အထူးညှော့သည်တော်မှာ ဂုဏ်သရေရှိညှော့သည်တော်တစ်ယောက်ဖြစ်လေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ ရွှေရောင်အနားကွပ်ထားသည့် ခရမ်းရောင်ဝတ်ရုံရှည်ကို ရွှေရောင်ခါးစည်းကြိုးနှင့် တွဲဖက်ဝတ်ဆင်ထားသည့်အတွက် မိစ္ဆာစစ်သည်တော်များမှာ ဂုဏ်သရေရှိညှော့သည်ရောက်နေမှန်း ကြိုတင်သိထားကြလေသည်။ အဘယ်ကြောင့်ဆိုသော် မင်းကြီးမှာ ထိုဝတ်စုံကို ဝတ်ခဲသောကြောင့်ဖြစ်လေသည်။

ပို၍ထူးခြားသည်မှာ ခေါင်းကိုးလုံးမင်းကြီးမှာ လူသားအသွင်ဖြင့်နေလျှင်လည်း ခေါင်းကိုးလုံးလုံးကို ဖော်ပြထားလေ့ရှိလေ

သည်။ ထိုသို့ပြထားခြင်းအားဖြင့် သူ၏တန်ခိုးအာဏာကို ကြောက်ရွံ့နေစေရန်ဖြစ်လေသည်။ ယနေ့တော့ ထူးခြားစွာပင် အခြားသောခေါင်းရှစ်လုံးကို ဖုံးကွယ်ထားလေသည်။

မင်းညီမင်းသားပုံသဏ္ဍာန်လူသားအသွင် ဦးခေါင်းတစ်လုံးကို သာ ဖန်ဆင်းထားလေသည်။

နတ်မိစ္ဆာစစ်သည်တော်များမှာ လူသားမင်းညီမင်းသားများပုံ ကို မြင်ဖူးခြင်းမရှိပါ။ သူတို့ဘုရင်ကြီးက ပြောသောကြောင့် သာ သိရှိရခြင်းဖြစ်လေသည်။

နတ်မိစ္ဆာများမှာ သာမန်လူသားကျင့်ကြံသူများထက် အသက် ရှည်ကြလေသည်။ ထို့ပြင် ကျင့်ကြံမှုမှာလည်း လူသားများ ထက် အဆတစ်ရာလျှင်မြန်အောင်ကျင့်ကြံနိုင်ကြလေသည်။

ထို့ကြောင့် အချို့သောစွမ်းအားကြီးမားသည့် နတ်ဆိုးမိစ္ဆာ ဘုရင်များမှာ လူသားကျင့်ကြံသူများကို ဂရုပင်မစိုက်ကြပေ။

သို့သော် သူတို့က ပျော်ရွှင်ရခြင်းနှင့် မိတ်ဆွေအပေါင်းအသင်း ထားရခြင်းများကိုတော့ နှစ်သက်ကြလေသည်။

စွမ်းအားကြီးမားသည့်မိတ်ဆွေများရရှိလေ သူတို့ကဂုဏ်ယူလေဖြစ်လေသည်။

ယနေ့ သူ့ထံသို့လာရောက်မည့်အထူးဧည့်သည်တော်မှာ အမှန်ပင် စွမ်းအားကြီးမားသည့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လေသည်။ လူသားများပြောသကဲ့သို့ပြောရလျှင်…

"ဧည့်သည်တော်ရောက်ရှိလာခြင်းအတွက် အလွန်ပင် ဂုဏ်ယူသည်" ဟု ပြောရမည်ဖြစ်လေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာလည်း ထိုကဲ့သို့ပင် ခံစားနေရလေသည်။

အခန်း (၉၀)

ယွဲ့ကွမ်းဗောဓိသဿကျ

ဟိုင်သခင်ကြီး၏မျိုးနွယ်မှာ "ဟိုင်" မျိုးရိုးမဟုတ်ပါ။ သို့သော် သူ၏နာမည်အရင်းကို မည်သူမျှမသိကြပါ။ ထို့ပြင် သူက အခြားသောဒေသများတွင်သာ အနေအထိုင်များသူဖြစ်လေသည်။ ထို့ကြောင့် သူ့ကို ဟိုင်သခင်ကြီးဟုသာ သိထားကြလေသည်။

သူကအမြဲတမ်းရွှေရောင်ဝတ်ရုံကိုဝတ်ဆင်ထားတတ်ပြီး ဦးခေါင်းရှိဆံပင်ထက်တွင် ကျောက်စိမ်းဆံထိုးတစ်ခုထိုးထားလေသည်။ သူ၏နားသယ်စပ်မှ ဆံပင်ရှည်နှစ်စကိုလည်း

ချထားလေသည်။ နက်မှောင်သောမျက်ခုံးမွှေးများရှိပြီး နှာခေါင်းမှာတော့ နှာယောင်ကောက်ကောက်နှင့်ဖြစ်လေသည်။ သူ၏မျက်နှာက အမြဲတမ်းပြုံးနေသယောင်ဖြစ်နေပြီး လွန်စွာဆွဲဆောင်မှုရှိလေသည်။

သို့သော်...

တကယ်တမ်းအနီးကပ်လေ့လာကြည့်လျှင်တော့ သူက တကယ်တမ်း ပြုံးနေခြင်းမဟုတ်ပါ။

လူ့လောကတွင်ဆိုလျှင် ဟိုင်သခင်ကြီး၏ပုံစံမျိုးကို ဂုဏ်သရေရှိအိမ်တော်များမှ သခင်ကြီးတစ်ယောက်အလား ထင်မှတ်ကြမည်ဖြစ်လေသည်။

ပယ်လယ်၏မိုင်သုံးရာပတ်လည်ကို ခေါင်းကိုးလုံးမင်းကြီးက သိမ်းပိုက်လိုက်သည့်သတင်းကြားသည့်အခါတွင်တော့ ဟိုင်သခင်ကြီးက ဝမ်းမြောက်ဝမ်းသာဖြင့် ဂုဏ်ပြုခဲ့လေသည်။ ဟိုင်သခင်ကြီးမှာ အလွန်အသက်ရှည်သူဖြစ်လေသည်။ သို့သော်

သူ၏အသက်ကို မည်သူမျှ မခန့်မှန်းနိုင်ကြပေ။

အဘယ်ကြောင့်ဆိုသော် သူ၏ပုံပန်းသဏ္ဍာန်မှာ အသက်ကြီး

ရင်းသွားခြင်းမရှိဘဲ တစ်သမတ်တည်းဖြစ်နေသောကြောင့်

ပင်။

ဟိုင်သခင်ကြီးဆိုသူမှာ နတ်မိစ္ဆာတစ်ပါးဖြစ်နိုင်သလို အဆင့်

မြင့်ကျင့်ကြံသူတစ်ယောက်လည်း ဖြစ်နိုင်လေသည်။ အများစု

ကတော့ ဟိုင်သခင်ကြီးမှာ မည်သည့်နတ်ဘုရားဂိုဏ်းနှင့်မှမ

ပတ်သက်သလို လူသားတစ်ယောက်လည်းမဟုတ်ဟု ပြောဆို

ကြလေသည်။ မည်သူမျှလည်း ဟိုင်သခင်ကြီး၏ မူလရုပ်ပုံ

အစစ်အမှန်ကို မမြင်ဖူးကြပေ။ စွမ်းအားကြီးမားသည်ကတော့

ပြောစရာမရှိပေ။ စွမ်းအားကြီးမားသည့် ရန်သူများစွာကို အား

တစ်ချက်ပင်မထုတ်ဘဲ အနိုင်ယူခဲ့သည်ချည်းပင်ဖြစ်လေ

သည်။ ထို့ကြောင့် မည်သူမျှ သူ့ကိုအထင်မသေးဝံ့ကြပေ။

ဟိုင်သခင်ကြီး ခရီးထွက်သွားသည်မှာ နှစ်ပေါင်းနှစ်ဆယ်ခန့်ရှိ ပြီဖြစ်လေသည်။ အချို့သူများကတော့ ကမ္ဘာပေါ်ရှိ အခြား ဒေသကြီးများသို့ ခရီးနှင်နေသည်ဟု ပြောကြလေသည်။ အချို့သူများကတော့ တိတ်တဆိတ်ကျင့်စဉ်လေ့ကျင့်နေသည် ဟု ပြောကြလေသည်။ လွန်ခဲ့သည့်တစ်နှစ်ခန့်ကတော့ ဟိုင် သခင်ကြီး ပြန်ရောက်လာလေသည်။ မည်သည့်နေရာက ပြန် ရောက်လာသည်လည်းဆိုသည်ကိုတော့ မည်သူမျှ မပြောနိုင် ကြပါ။

ဟိုင်သခင်ကြီး ရောက်လာသည့်အခါတိုင်း သူ၏စီးတော်ယဉ် က ပါစမြဲဖြစ်လေသည်။ သူ၏စီးတော်ယဉ်ဆိုသည်မှာ အလွန် ကြီးမားသည့် ဝေလငါးကြီးတစ်ကောင်ဖြစ်လေသည်။ ရှေးဟောင်းဒဏ္ဍာရီလာ ကွင်းဖိန်မျိုးနွယ်ဝေလငါးကြီးဖြစ်လေ သည်။ ထိုဝေလငါးကြီးမှာ လူသားအသွင်သို့ ကူးပြောင်းနိုင်

ခြင်းမရှိသည့်တိုင် သူ၏တန်ခိုးစွမ်းအားမှာ သာမန်အဆင့်နတ်ဘုရားများထက်တော့မနိမ့်ပေ။

ထိုရောမဝေလငါးကြီး အသက်ရှူသွင်း ရှူထုတ်လိုက်သည်နှင့်မိုင်တစ်ထောင်ပတ်လည်ရှိ အဆင့်မြင့်ကျင့်ကြံသူများပင်ခံစားမိကြလေသည်။ ထိုသို့ခံစားမိသည်နှင့် ဟိုင်သခင်ကြီးလာပြီဆိုသည်ကို ရိပ်မိသိရှိနိုင်ကြလေသည်။

ဟိုင်သခင်ကြီးက ခေါင်းကိုးလုံးမင်းကြီးထံသို့လာလည်သည့်အချိန်တွင် သူ၏စီးတော်ဝေလငါးကြီးကို ခေါ်လာ၍မရပေ။အဘယ်ကြောင့်ဆိုသော် ဝေလငါးကြီးမှာ အလွန်ကြီးမားသောကြောင့်ဖြစ်လေသည်။

ရေအောက်နန်းတော်တွင် မိစ္ဆာနတ်သမီးအကအဖွဲ့မှ ကခုန်နေကြလေသည်။ သူတို့၏လက်များမှာ လှပလွန်းပြီး ခြေထောက်လေးများမှာလည်း သွယ်လျနေကြလေသည်။ သူမတို့ကခုန်

လိုက်သည်နှင့် ပေါင်တွင်းသားဖြူဖြူလေးများကို မြင်တွေ့နေရလေသည်။

ဘေးတစ်ဖက်တစ်ချက်စီတွင် ရေအောက်စစ်သည်တော်များနှင့် ဂဏန်းစစ်သည်တော်များ အတန်းနှစ်တန်း တန်းစီပြီးနေရာယူထားကြလေသည်။ သူတို့မှာ မိန်းကလေးများကခုန်သည်ကို ကြည့်ချင်စိတ်များဖြစ်ပေါ်နေမိကြလေသည်။

ခေါင်းကိုးလုံးမင်းကြီးနှင့် ဟိုင်သခင်ကြီးတို့မှာ အရက်သောက်ရင်း စကားစမြည်ပြောဆိုနေကြသည်။

ဟိုင်သခင်ကြီးမှာ ယဉ်ကျေးသိမ်မွေ့သူဖြစ်လေသည်။ ခေါင်းကိုးလုံးမင်းကြီးက ကြမ်းတမ်းရိုင်းစိုင်းသူဖြစ်လေသည်။

သို့သော် ယခုအချိန်မှာတော့ သူတို့နှစ်ယောက်မှာ လေပေးဖြောင့်နေကြလေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ ဟိုင်သခင်ကြီးနှင့်စကားပြောရင်းပျော်ရွှင်နေလေတော့သည်။ ဟိုင်သခင်ကြီးမှာ အတွေးအကြုံ

များပြီး အသိပညာလည်းကြွယ်ဝသူဖြစ်လေသည်။ သူက
ထူးခြားဆန်းကြယ်သည့်အကြောင်းအရာများစွာကို သိလေ
သည်။

ရုတ်တရက် ဟိုင်သခင်ကြီးက မျက်မှောင်တစ်ချက်တွန့်သွား
လေသည်။

ခေါင်းကိုးလုံးမင်းကြီးက သတိထားမိပြီး ချက်ချင်းမေးလိုက်
သည်။

"ဘာများဖြစ်လို့လဲ နောင်တော်"

ဟိုင်သခင်ကြီးက တစ်ချက်ပြုံးလိုက်ပြီး အရက်တစ်ငုံသောက်
လိုက်ရင်း...

"ဘာမှတော့မဟုတ်ပါဘူး ၊ ကျုပ်ရဲ့ကိုယ်လုပ်တော်တစ်
ယောက်အသတ်ခံလိုက်ရတယ်"

ဟု အေးအေးဆေးဆေးပင်ပြန်ပြောလိုက်လေသည်။

"တစ်ခုခုများဖြစ်သလားလို့ပါ ၊ မိန်းမတစ်ယောက်ကတော့ဘာ အရေးလဲ ၊ နောင်တော်ရဲ့အစွမ်းနဲ့ဆိုရင် မိုးပေါ်ကနတ်အပျိုစင် တွေကိုတောင် ရအောင်ယူနိုင်တာပဲကို ၊ ဒါပေမယ့် နောင်တော် စိတ်ဆိုးတယ်ဆိုရင်တော့ သတ်သွားတဲ့ကောင်ကို နောင်တော် အတွက် ဒီကညီတော်က အဲဒီလူသတ်သမားကိုဖမ်းပြီး ပညာ ပေးပစ်လိုက်မယ်"

ခေါင်းကိုးလုံးမင်းကြီးက ရယ်မောရင်းပြောလိုက်လေသည်။

"မိန်းမတစ်ယောက်တောင်မဟုတ်ပါဘူးကွာ ၊ မြွေလေးတစ် ကောင်ကို ပုံစံပြောင်းနည်းလေးသင်ပေးထားတာ ၊ အသတ်မခံ ရရင်တောင် နောင်နှစ်တစ်ရာ နှစ်ရာလောက်ဆို သေသွားမှာပါ ၊ ဒီကိစ္စအတွက် ခေါင်းရှုတ်မခံနဲ့၊ ဒီတစ်ခါတွေ့ဆုံပွဲပြီးရင် ညီ တော်ခေါင်းကိုးလုံးနဲ့ နောက်တစ်ခေါက်ဆုံဖို့မလွယ်တော့ဘူး ၊ ကျုပ်က ညီတော်ဆီက အကူအညီတောင်းစရာရှိသေးတယ်"

ဟိုင်သခင်ကြီးက ခေါင်းကိုးလုံးမင်းကြီးထံ လာရောက်လည်ပတ်ရသည့် အစိကအကြောင်းအရင်းကို ပြောလိုက်လေသည်။

မြွေမိစ္ဆာမတစ်ကောင်သည် လူသားများနှင့်အတူ နှစ်ပေါင်းများစွာနေခဲ့သည့်အတွက် ဝိညာဉ်စွမ်းအားများကောင်းလာပြီး လူလိုနားလည်နိုင်သည့်အသိဉာဏ်လည်းရလာလေသည်။ ထို့ပြင် သူမက ညို့ယူခြင်းကျင့်စဉ်အချို့ကိုသင်ယူခဲ့လေသည်။ သူမ ဟိုင်သခင်ကြီးနှင့် အမှတ်မထင်တွေ့ဆုံခဲ့လေသည်။ ဟိုင်သခင်ကြီးက သူမကို လူသားအသွင်ဖန်ဆင်းနိုင်ရန် ကူညီပေးခဲ့လေသည်။

သာမန်နတ်မိစ္ဆာတစ်ကောင် လူသားအသွင်ကူးပြောင်းနိုင်ရန်မှာ ကျင့်စဉ်အဆင့်မြင့်မားမှသာရမည်ဖြစ်လေသည်။ အချို့ကျင့်ကြံသူဂိုဏ်းများပင်လျှင် တောင်ပေါ်မှာ နတ်မိစ္ဆာများအား ခေါ်ယူပြီး ဂိုဏ်းအစောင့်အဖြစ် ထားတတ်ကြလေသည်။

သို့မဟုတ် သူတို့ဂိုဏ်းမှ ကျင့်ကြံသူတပည့်များအတွက် ကိုယ်ရံတော်များအဖြစ် ထားရှိပေးကြလေသည်။

ထိုသို့သောအလုပ်များကို နတ်မိစ္ဆာဘုရင်ကြီးများက ပို၍ပြုလုပ်လေ့ရှိကြလေသည်။ ထိုနတ်မိစ္ဆာများမှာ ဝိညာဉ်စွမ်းအားနှင့်အသိဉာဏ်နိမ့်ကျသည့်အတွက် လူသားပုံသဏ္ဍာန်ပြောင်းလဲပြီးသည့်တိုင်အောင် သူတို့၏ တိရိစ္ဆာန်စရိုက်များက ပေါ်လွင်နေလေသည်။

ထိုသို့သော သတ္တဝါများမှာ နတ်မိစ္ဆာဘုရင်တစ်ယောက်ဖြစ်လာနိုင်သည့် အလားအလာမရှိလှပေ။

ဟိုင်သခင်ကြီးတွင် ကိုယ်လုပ်တော်များစွာရှိလေသည်။ ထို့ကြောင့် ကိုယ်လုပ်တော်တစ်ယောက်သေဆုံးသွားရခြင်းက သူ့အတွက်အရေးမကြီးပါ။ ထိုမြွေမိစ္ဆာမလေးမှာ သူ၏ ကိုယ်လုပ်တော်အသစ်တစ်ယောက်ဖြစ်သည့်တိုင်အောင် သူ့အတွက်အရေးမကြီးလှပေ။

ချင်းရှမ်နတ်တံခါးမှာ သာမာန်အားဖြင့် နတ်မိစ္ဆာစစ်သည်တော်အစောင့်အကြပ်များရှိမနေတတ်ပါ။ ဆန်းလျန်ဖတ်ခဲ့သည့်စာအုပ်များထဲတွင်လည်း ကျင့်ကြံသူလောကနှင့်ပတ်သက်ပြီး အများကြီးရေးသားထားခြင်းမရှိပါ။ ထို့ကြောင့် နတ်မိစ္ဆာသတ္တဝါများမှာ ကိုယ်ပိုင်အစွမ်းအစမရှိသည့်တိုင် ပြင်ပအကူအညီဖြင့် လူသားအသွင်ပြောင်း၍ရသည်ကို ဆန်းလျန်က မသိခဲ့ခြင်းဖြစ်လေသည်။

ခေါင်းကိုးလုံးမင်းကြီး၏မျက်နှာမှာ တည်ကြည်လေးနက်နေလေသည်။ ဟိုင်သခင်ကြီးမှာ စွမ်းအားကြီးမားသည့်အပြင်အကန့်အသတ်မရှိသော တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်လေသည်။ ထို့ကြောင့် သူ့ကို အကူအညီတောင်းမည်ဆိုသည့်ကိစ္စမှာ တကယ့်အရေးကြီးကိစ္စဖြစ်ရမည်ဖြစ်လေသည်။

အမှန်တော့ ဟိုင်သခင်ကြီးနှင့် ခေါင်းကိုးလုံးမင်းကြီးတို့နှစ်ယောက်မှာ ရင်းနှီးသူများတော့မဟုတ်ကြပေ။ ထို့ကြောင့် သူ

တို့ဆက်ဆံရေးကို မထိခိုက်နိုင်ဘူးဆိုလျှင် ဟိုင်သခင်ကြီး တောင်းသည့်အကူအညီကို ငြင်းပယ်ရန် ခေါင်းကိုးလုံးမင်းကြီး က တွေးထားလေသည်။

"နောင်တော် ၊ ဘာများအကူအညီလိုလဲ သိပါရစေ"

ခေါင်းကိုးလုံးမင်းကြီးမှာ သူ့စိတ်ထဲတွင်တွေးထားပြီးဖြစ် သော်လည်း နှုတ်ကတော့အကူအညီပေးချင်ဟန်ဖြင့် တုန့်ဆိုင်း ခြင်းမရှိဘဲ ချက်ချင်းပင်မေးမြန်းလိုက်လေသည်။

"မင်းတို့ ငတုံးတွေ ၊ ငါဒီမှာ ဟိုင်သခင်ကြီးနဲ့ အရေးကြီးကိစ္စ တိုင်ပင်နေတာ မင်းတို့မတွေ့ကြဘူးလား ၊ အားလုံးဒီနေရာက ထွက်သွားကြစမ်း"

သူက နန်းဆောင်အတွင်းရှိ နတ်မိစ္ဆာများနှင့် မိစ္ဆာနတ်သမီးများ အားလုံးကို နှင်ထုတ်လိုက်လေသည်။

သူ၏အသံမှာ ကြမ်းတမ်းပြီး နန်းဆောင်ထဲတွင် ပဲ့တင်ထပ် သွားလေသည်။ သိပ်မကြာခင်မှာပင် နတ်မိစ္ဆာများနှင့် မိစ္ဆာနတ်

သမီးများမှာ နန်းဆောင်အတွင်းမှ ထွက်ခွာသွားကြလေ

တော့သည်။ နန်းဆောင်တစ်ခုလုံးမှာ ရှင်းလင်းသွားလေသည်။

ဟိုင်သခင်ကြီးက အလွန်အံ့သြသည့်မျက်နှာထားဖြင့်...

"ညီတော်ခေါင်းကိုးလုံး ၊ မင်းရဲ့ကတန်ခိုးစွမ်းအားက အတော်

အားကောင်းလာတာပဲ ၊ မင်းလောက်တန်ခိုးစွမ်းအားကြီးတဲ့

တန်ခိုးရှင် ဒီလောကမှာ မရှိနိုင်တော့ဘူး"

ဟု ချီးကျူးစကားပြောလိုက်လေသည်။

စွမ်းအားကြီးမားသည့် နတ်မိစ္ဆာများနှင့် နတ်ဆိုးများသာလျှင်

"တန်ခိုးရှင်" ဟူသည့် ဝေါဟာရကို နားလည်နိုင်လေသည်။ ထို

"တန်ခိုးရှင်" ဆိုသည့်စကားမှာ ဗုဒ္ဓဘုရားနှင့် ကျင့်စဉ်လမ်း

အောင်မြင်ပြီးမြောက်သည့် နတ်ဘုရားဆရာသခင်များမှလွဲ၍

မည်သူ့ကိုမှ ဦးမညွှတ်သူကို ဆိုလိုခြင်းဖြစ်လေသည်။

"ဒီလိုများများပြောက်ပြောနေပြီဆိုရင်တော့ ငြင်းဖို့ခက်ကုန်

တော့မှာပဲ ၊ ငါ့ကိုသာ အကူအညီတောင်းရင် ဒီတစ်ခါတော့

ငြင်းဖို့ခက်ပြီ"

ဟု ခေါင်းကိုးလုံးမင်းကြီးက တွေးနေမိလေသည်။

သူတို့နှစ်ယောက် စကားအနည်းငယ်ပြောပြီးသည့်နောက် ဟိုင်

သခင်ကြီးက ....

"ညီတော်ခေါင်းကိုးလုံး ၊ "ယွဲ့ထော်" တိုင်းပြည်အကြောင်း မင်း

ကြားဖူးသလား"

မေးလိုက်လေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ ခေသူတစ်ယောက်မဟုတ်

သည့်အတွက် သူ့ကိုအရှူးလုပ်၍ရမည်မဟုတ်ကြောင်း ဟိုင်

သခင်ကြီးကောင်းစွာသိလေသည်။

"သိတာပေါ့ ၊ လွန်ခဲ့တဲ့နှစ်ပေါင်းငါးထောင်လောက်က အဲဒီ

တိုင်းပြည်မှာ ဗောဓိသဿကျတစ်ပါးပွင့်ခဲ့ပြီး အလွန့်အလွန်

ထူးခြားတဲ့တ တရားတွေဟောပြောချန်ထားရစ်ခဲ့တယ်ဆိုပဲ ၊ အဲဒီတိုင်းပြည်က ကျင်းကွမ်းဝတ်ကျောင်းတော်မှာ သတင်းသုံးခဲ့တာတဲ့ ၊ ခုတော့ အဲဒီဝတ်ကျောင်းတော်မှာ ဆရာတော်ကြီးပေါင်ယွဲ့ သတင်းသုံးနေပြီး အင်မတန်တန်ခိုးစွမ်းအားကြီးမားတယ်လို့ဆိုကြတယ် ၊ ကောင်းကင်မှာပျံသန်းကျက်စားနေတဲ့ သိန်းငှက်သခင်တောင် အခု အဲဒီဆရာတော်ထံ ခစားနေတယ်လို့ကြားတယ်"

ဟု ခေါင်းကိုးလုံးမင်းကြီးက ပြန်ပြောလိုက်လေသည်။

"ညီတော်ခေါင်းကိုးလုံး ၊ မင်းပြောတာမမှားဘူး ၊ ဒါပေမယ့် မင်းမသိသေးတာက အဲဒီယွဲ့ကွမ်းဗောဓိသကျက ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမတွေအတိုင်းကျင့်ကြံခဲ့လို့ တရားအလင်းရခဲ့တာတဲ့ ၊ သူက ဗုဒ္ဓကျင့်စဉ်လမ်းတွေကို အကုန်နားလည်သဘောပေါက်ခဲ့တယ် ၊ ကျုပ်က ယွဲ့ကွမ်းဗောဓိသကျရဲ့ ဓာတ်တော်မွေတော်တွေကို လိုချင်နေတာ၊ အဲဒီ

ဓာတ်တော်မွေတော်တွေသာရရင် ကျုပ်ရဲ့ကျင့်စဉ်လမ်း

အောင်မြင်နိုင်ပြီလို့ မျှော်လင့်မိတယ် ၊ ဒါပေမယ့် ပေါင်ယွဲ့

ဆရာတော်က လွယ်တဲ့ပုဂ္ဂိုလ်တော့မဟုတ်ဘူး ၊ ဒါကြောင့်

ကျုပ်က မင်းရဲ့အကူအညီလိုတာပဲ ၊ ကျုပ်တို့သာ ယွဲ့ကွမ်းဗော

ဓိသယကျရဲ့ ဓာတ်တွေမွေတော်တွေကိုရရင် အတူတူလေ့လာပြီး

ကျင့်စဉ်လမ်းတိုးတက်အောင် လေ့ကျင့်ကြမယ်လေ"

ဟု ဟိုင်သခင်ကြီးက လျှို့ဝှက်ချက်အသေးစိတ်ကို ပြောပြ

လိုက်လေတော့သည်။

သူက လက်ထဲတွင်ကိုင်ထားသည့်အရက်ခွက်ကိုကြည့်နေရင်း

ခေါင်းကိုးလုံးမင်းကြီးထံမှ အဖြေစကားကို စောင့်နေလိုက်လေ

သည်။

ခေါင်းကိုးလုံးမင်းကြီးကလည်း ဟိုင်သခင်ကြီးပြောသမျှကို

တကယ်တမ်းတွင် ယုံကြည်ခြင်းမရှိပါ။ သို့သော် ယွဲ့ကွမ်းဗော

ဓိသယကျ၏ ဓာတ်တော်မွေတော်များနှင့်ပတ်သက်သည့်ကိစ္စ

ကတော့ သံသယဝင်စရာမရှိပေ။ အဘယ်ကြောင့်ဆိုသော်

ခေတ်အဆက်ဆက် ကျင်းကွမ်းဝတ်ကျောင်းတော်ကို

စောင့်ရှောက်ခဲ့ကြသည့် ဘုန်းတော်ကြီးတိုင်းမှာ များစွာ

အစွမ်းထက်ကြသူများဖြစ်လေသည်။

ဗုဒ္ဓကျင့်စဉ်များမှာ တာအိုကျင့်စဉ်များကဲ့သို့ပင် လွန်စွာမှ

စွမ်းအားကြီးမားလေသည်။ သို့သော် ကျင့်ကြံနိုင်ရန် ခက်ခဲ

သည့်အတွက်သာ လူအနည်းငယ်သာ ကျင့်ကြံနိုင်ကြခြင်းဖြစ်

လေသည်။ တာအိုကျင့်စဉ်ကတော့ ဆရာသခင်က တစ်ဆင့်ပြီး

တစ်ဆင့် အဆင့်ကိုးဆင့်ကို သင်ပြပေးသည့်အတွက် တစ်ဆင့်

ချင်းတက်လှမ်းနိုင်လေသည်။

မည်သို့ပင်ဖြစ်စေကာမူ ဗုဒ္ဓကျင့်စဉ်များမှာ လူတို့၏ကိုးကွယ်

ရာဖြစ်ပြီး မည်သူမျှ ငြင်းဆန်၍မရသည့် အမှန်တရားများပင်

ဖြစ်လေသည်။ ထို့ကြောင့် ခေတ်အဆက်ဆက် တရားအလင်း

ရသည့် ဘုန်းတော်ကြီးများ ၊ ဆရာတော်ကြီးများ ရှိနေခဲ့ကြ

ခြင်းပင်ဖြစ်လေသည်။

အခန်း (၉၁)

သွေးဓားကျင့်စဉ် (မလိုတဲ့စွမ်းအားကိုလျှော့ချပြီးလိုတဲ့

စွမ်းအားကိုစုပ်ယူခြင်း)

ဗုဒ္ဓဘာသာဖြစ်ပါစေ ၊ တာအိုဝါဒဖြစ်ပါစေ ဟန်ချက်ညီမှုများ

ဖြင့် တည်ဆောက်ထားသည့် ကျင့်စဉ်လမ်းများပင်ဖြစ်လေ

သည်။ သို့သော် ထိုကျင့်စဉ်လမ်းနှစ်ရပ်လုံးမှ သူတော်စင်များ

မှာ မကောင်းမှုနှင့် မိစ္ဆာနတ်ဆိုးများကို နှိမ်နင်းရန်အတွက် အမှန်တရားဘက်မှရပ်တည်ကြသူများချည်းပင်ဖြစ်လေသည်။

ထို့ပြင် တောတောင်ရေမြေ သဘာဝတရားများများက ကျင့်ကြံသူ၏ကျင့်စဉ်များအပေါ်တွင် အကျိုးသက်ရောက်မှုရှိသလို နတ်မိစ္ဆာများ ကျင့်ကြံသည့်ကျင့်စဉ်များအတွက်လည်း အကျိုးသက်ရောက်လေသည်။ နှစ်ပေါင်းများစွာအတွင်းတွင် သူတော်စင်ကျင့်ကြံသူများ၏နှိမ်နင်းမှုများကြောင့်လည်းကောင်း၊ အရည်အချင်းပြည့်ဝသည့် ကျင့်ကြံသူလူငယ်များကြောင့်လည်းကောင်း၊ မိစ္ဆာဂိုဏ်းများမှာ အားနည်းလာကြရလေသည်။ နတ်မိစ္ဆာဘုရင်တစ်ပါးတည်းဖြင့် နတ်မိစ္ဆာဂိုဏ်းများကို ဦးမဆောင်နိုင်တော့ပေ။ ထို့ကြောင့် နတ်မိစ္ဆာဘုရင်များ အချင်းချင်းပူးပေါင်းလာကြရလေသည်။

အရည်အချင်းပြည့်ဝသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်ရန် အတွက် နှစ်ပေါင်းနှစ်ရာနီးပါးကျင့်ကြံကြရလေသည်။ သို့သော် နတ်မိစ္ဆာဂိုဏ်းတစ်ခုတွင် နတ်မိစ္ဆာဘုရင်တစ်ပါးဖြစ် ရန်အတွက် နှစ်ပေါင်းတစ်ထောင်ကြာအောင် ကြိုးစားရလေ သည်။ ထိုနတ်မိစ္ဆာဂိုဏ်းမှာ ကြီးမားခြင်းမရှိလျှင် ထိုဂိုဏ်းကြီး ထွားလာရန်အတွက် နောက်ထပ်နှစ်ပေါင်း တစ်သောင်းက ထပ်မံကြိုးစားကြရပြန်လေသည်။

ထို့ကြောင့် မိစ္ဆာဂိုဏ်းများထဲတွင် စွမ်းအားကြီးမားသည့် ဂိုဏ်း များလည်း ရှိနေခြင်းပင်ဖြစ်လေသည်။ သို့သော် ကျင့်ကြံသူ လောကတွင် စည်းရှိလေသည်။ မိစ္ဆာဂိုဏ်းကြီးမည်မျှကြီးပါစေ လူ့လောကကို ထိခိုက်အောင်ပြုလုပ်ခြင်းမရှိသရွေ့ ကျင့်ကြံ သူများကလည်း သူတို့ကိုစတင်တိုက်ခိုက်ခြင်း မပြုလုပ်ကြ ပေ။ နတ်မိစ္ဆာများလည်း သူတို့ဂိုဏ်းနှင့်သူတို့နေကြပြီး

ကျင့်ကြံသူများကလည်း ကိုယ့်လမ်းကိုယ်လျှောက်ကြလေ

သည်။

ဗုဒ္ဓဘာသာဂိုဏ်းများမှာ နည်းပါးသည့်တိုင် စွမ်းအားကြီးမား

ကြလေသည်။ သို့သော် ခေါင်းကိုးလုံးမင်းကြီးကတော့ ကျင်း

ကွမ်းဝတ်ကျောင်းတော်ကို ကြောက်ရွံ့ခြင်းမရှိပေ။

သို့သော် ... သူက ဟိုင်သခင်ကြီးကိုလည်း မယုံကြည်နိုင်သေး

ပေ။

ခေါင်းကိုးလုံးမင်းကြီး တုန့်ဆိုင်းနေခြင်းကို ဟိုင်သခင်ကြီးက

အံ့သြခြင်းမရှိပါ။

နတ်မိစ္ဆာဘုရင်တစ်ပါးဖြစ်လာရန်အတွက် နတ်မိစ္ဆာတစ်

ယောက်မှာ အခက်အခဲများစွာဖြတ်သန်းကြရမည်ဖြစ်လေ

သည်။ နတ်မိစ္ဆာတစ်ယောက်မှာ လူသားအသွင်ဖန်ဆင်းနိုင်

သည့် တန်ခိုးစွမ်းအားရရှိရန်အတွက်ပင် လွန်စွာမှ ခက်ခဲစွာ

ကျင့်ကြံကြိုးစားကြရလေသည်။ ထို့ကြောင့် ရှိရင်းစွဲ

အနေအထားပျက်ကာ သူတော်စင်များနှိမ်နင်းခြင်းခံရမည့် အဖြစ်ကို မည်သည့် နတ်မိစ္ဆာဘုရင်မှ မလိုလားကြပေ။ သို့သော် ခေါင်းကိုးလုံးမင်းကြီး တဖြည်းဖြည်းနှင့်သဘောတူ လက်ခံလာမည်ဟု ဟိုင်သခင်ကြီးက ယုံကြည်ထားလေသည်။ နတ်မိစ္ဆာဘုရင်များမှာ ရွေးခြယ်စဉ်းစားရသည့်အလုပ်များကို သိပ်ပြီးကြိုက်နှစ်သက်ကြခြင်းမရှိပေ။ သို့သော် ရွေးခြယ်မှုမှန် ကန်ရန်တော့ လိုအပ်လေသည်။ လူသားအသွင်ရရှိသည်အထိ ခက်ခဲစွာလေ့ကျင့်ပြီးနောက်ပိုင်း ကျင့်စဉ်လမ်းတွင် ပိုပြီးမြင့် မားသည့်အဆင့်သို့ တက်လှမ်းလိုကြလေသည်။ ခေါင်းကိုးလုံးမင်းကြီးမှာ လက်ရှိနတ်မိစ္ဆာဘုရင်ကြီးတစ်ပါး အဖြစ် နေရာရရှိထားခြင်းမှာ ခပ်လွယ်လွယ်ဖြင့် ကံကောင်း လွန်းသောကြောင့်ရရှိထားခြင်းမဟုတ်ပေ။

ထို့ကြောင့် ပိုပြီးမြင့်မားသည့် ကျင့်စဉ်လမ်းကို တက်လှမ်းနိုင်မည်ဆိုသည့် ဟိုင်သခင်ကြီး၏ကမ်းလှမ်းချက်ကို ငြင်းဆန်ရန်မှာ ခက်ခဲနေလေသည်။

"နောင်တော် ၊ ကျုပ်ကမင်းကိုမယုံတာမဟုတ်ပါဘူး ၊ ကျုပ်က သက်သေအထောက်အထားမရှိဘဲ အပြောသက်သက်နဲ့တော့ မလုပ်နိုင်ဘူးလေ ၊ ကျုပ်မှာခေါင်းကိုးလုံးရှိတယ်ဆိုပေမယ့် ကျုပ်ခေါင်းတစ်လုံးတောင် အဆုံးရှုံးခံချင်တာမဟုတ်ဘူး" ခေါင်းကိုးလုံးမင်းကြီးက ပြောလိုက်လေသည်။

သူ၏ဦးခေါင်းကိုးလုံးမှာ ဦးခေါင်းတစ်လုံးလျှင် အသက်တစ်ချောင်းဖြစ်လေသည်။ ထိုအချက်က သူ့အတွက် အသက်အာမခံပင်ဖြစ်လေသည်။ ထိုသို့ ဦးခေါင်းကိုးလုံး အသက်ကိုးချောင်းဖြင့်မွေးဖွားလာခြင်းမှာ သူ၏မွေးရာပါ ကံကောင်းခြင်းတန်ခိုးစွမ်းအားပင်ဖြစ်လေသည်။ ထို့အတွက်လည်း သူကများစွာဂုဏ်ယူထားသူဖြစ်လေသည်။ အသက်ကိုး

ချောင်းရှိသည့် နတ်မိစ္ဆာဆိုသည်မှာ ရှားပါးလွန်းသည်မဟုတ်ပါလား။

တစ်ချိန်တည်းမှာပင် သူက ဟိုင်သခင်ကြီး သူ့ကိုလှည့်စားမည်ကိုလည်း စိုးရိမ်နေမိလေသည်။

ဟိုင်သခင်ကြီး ခေါင်းကိုမော့ပြီး ခေါင်းကိုးလုံးမင်းကြီးကို တစ်ချက်ကြည့်လိုက်သည်။

"ညီတော်ခေါင်းကိုးလုံးက ကျုပ်ကိုမယုံဘူးဆိုရင် ၊ ကျုပ်က မိုးမြေသက်သေနဲ့ကျိန်ဆိုပါ့မယ်"

ဟု ဟိုင်သခင်ကြီးက အေးဆေးစွာပြောလိုက်လေသည်။

ထိုစကားကိုကြားလိုက်ရသည့်အခါတွင်တော့ ခေါင်းကိုးလုံးမင်းကြီးမှာ အနည်းငယ်စိတ်သက်သာရာရသွားလေသည်။ မိုးမြေသက်သေဖြင့် ကျိန်ဆိုခြင်းဆိုသည်မှာ ဝိညာဉ်စွမ်းအားများကို သက်သေခေါ်ယူခြင်းပင်ဖြစ်လေသည်။ ထိုသို့ကျိန်ဆိုခြင်းမှာ ကျင့်စဉ်လမ်းနှင့်လည်းပတ်သက်ဆက်နွယ်နေလေသည်။

ထိုသို့ကျိန်ဆိုခြင်းအားဖြင့် ဟိုင်သခင်ကြီး၏စိတ်ရင်းအမှန်ကို ပေါ်လွင်စေမည်ဖြစ်လေသည်။ လူတစ်ယောက်၏စိတ်ဆိုသည်က ခန့်မှန်းရခက်လေသည်။ သို့သော် ယုံကြည်နိုင်လောက်သည့် အာမခံချက်ရမည်ဆိုလျှင်တော့ သံသယများကို ကျော်လွှားနိုင်မည်ဖြစ်လေသည်။

ထို့နောက်တွင်တော့ ခေါင်းကိုးလုံးမင်းကြီးနှင့် ဟိုင်သခင်ကြီးတို့သည် မိုးမြေသစ္စာကျိန်ဆိုလိုက်ကြလေသည်။ ကျင်းကွမ်းဝတ်ကျောင်းတော်တွင် အမှန်တကယ်ယွဲ့ကွမ်းဗောဓိသကျ၏ဓာတ်တော်ရှိမည်ဆိုပါက အတူတကွ ရယူရန်နှင့် ရရှိလာမည့်တန်ခိုးစွမ်းအားကို မျှတစွာခွဲဝေယူရန် ၊ သစ္စာထားလုပ်ဆောင်ရန် သူတို့နှစ်ယောက်ကျိန်ဆိုလိုက်ကြလေသည်။

....

မြေ့မိစ္ဆာမကိုသတ်ပြီးပြီးချင်းပင် ဆန်းလျန်ထွက်ခွာလာခဲ့လေသည်။ ဆန်းလျန်မှာ မြေ့မိစ္ဆာမပြောသည့် ဟိုင်သခင်ကြီးဆိုသူကို သိရှိခြင်းမရှိပါ။ သို့သော် မြေ့မိစ္ဆာမကိုသတ်ပြီး

သည့်နောက် ဆန်းလျန်က ထိုနေရာတွင်ဆက်နေသည်အထိ တော့ မမိုက်မဲခဲ့ပေ။

ကျွန်းမှာအလွန်ကြီးမားသည့် ကျွန်းတစ်ကျွန်းမဟုတ်ပေ။ ဆန်းလျန်က ကျွန်းတစ်ဖက်ဆီသို့ အမြန်သွားလိုက်လေသည်။

ထို့နောက် မိုးမြေစွမ်းအားများကိုစုစည်းကို ပင်လယ်ပြင်ကို ဖြတ်သန်း ခရီးနှင်ခဲ့လေတော့သည်။

ဆန်းလျန်ထွက်သွားပြီး နေ့တစ်ဝက်လောက်အကြာတွင်တော့ သေဆုံးနေသည့်မြွေမိစ္ဆာမ၏ဘေးနားတွင် ရွှေရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက်ပေါ်လာလေသည်။ ထိုသူမှာ ဟိုင်သခင်ကြီးပင်ဖြစ်လေသည်။

ဟိုင်သခင်ကြီးသည် မြေပြင်ကိုကြည့်ကာ ဂါထာမန္တန်တစ်ပုဒ်ကိုရွတ်ဆိုလိုက်လေသည်။ ထိုဂါထာမှာ ခက်ခဲနက်နဲပြီး ရှုတ်ထွေးသည့်ဂါထာတစ်ပုဒ်ဖြစ်လေသည်။ ထို့နောက် သူကလေ

ထဲတွင် စက်ဝိုင်းပုံသဏ္ဍာန်တစ်ခုကို ရေးဆွဲလိုက်လေသည်။

ထိုအခါ လေထုထဲတွင် မှန်တစ်ချပ်ပေါ်လာလေသည်။

ဟိုင်သခင်ကြီးအသုံးပြုလိုက်သည့်တန်ခိုးစွမ်းအားမှာ "ယွမ်ကွမ်းခြေရာခံပညာ" ဖြစ်လေသည်။ ဖြစ်ခဲ့သည့်အကြောင်းအရာများအားလုံးကို ပြန်မြင်နိုင်လေသည်။

ဟိုင်သခင်ကြီးက မှန်ကိုကြည့်လိုက်သည်။ ဆန်းလျန်က သူ၏လက်ကို မြွေမိစ္ဆာကြီး၏ လည်ပင်းကိုချိန်ရွယ်ထားပြီး မေမြွေမိစ္ဆာကြီးမှာ ငြိမ်သက်နေသည်ကို တွေ့လိုက်ရလေသည်။

"ချင်းရှမ်နတ်တံခါးက နတ်သက်ခြွေဓားသိုင်းလား ၊ မဖြစ်နိုင်ဘူး ၊ ဒီဓားသိုင်းက အခြေခံအဆင့်သာသာရယ် ၊ ဒါပေမယ့် သူက ဒီဓားသိုင်းကိုအသုံးပြုပြီး စိတ်ဝိညာဉ်ကို တိုက်ခိုက်ခဲ့တာပဲ ၊ ဒီဓားသိုင်းကို ဝေဖန်လို့မရပါလား"

ဟုရေရွတ်လိုက်လေသည်။

ဆန်းလျန်သော ချင်းရွှမ်နတ်တံခါးကဲ့သို့သော နေရာမျိုးမှ မဟုတ်လျှင် ဟိုင်သခင်ကြီးမှာ ချက်ချင်းပင် ဆန်းလျန်ကို ဖမ်းဆီးသတ်ဖြတ်ပစ်မည်ဖြစ်လေသည်။ သို့သော် သူ့တွင် လုပ်စရာကိစ္စကြီးလည်းရှိနေသေးသည့်အတွက် မလိုအပ်ဘဲ ရန်မီးမပွားလိုသေးပေ။

ချင်းရွှမ်းနတ်တံခါးမှာ ရှေးယခင်နှစ်များတုန်းကကဲ့သို့ အင်အားကြီးမားခြင်းမရှိတော့သည့်တိုင် နှစ်ပေါင်းထောင်နှင့်ချီကာ ရပ်တည်နေသည့် ကြီးမားသည့် နတ်ဘုရားကျောင်းတော်ကြီးတစ်ခုဖြစ်လေသည်။ ထို့ပြင် ထိုကျောင်းတော်ကို စောင့်ရှောက်ပေးနေသည့် နတ်ဘုရားများလည်း ရှိနေနိုင်သည် မဟုတ်ပါလား။

ဟိုင်သခင်ကြီးက လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်လေသည်။ ချက်ချင်းပင် တောအုပ်တစ်ခုလုံးတွင် မြူများဖြင့်အုံ့ဆိုင်းသွားလေသည်။ ထိုမြူများသည် ကျွန်းတစ်ခုလုံးသို့တဖြည်းဖြည်း

ဖုံးလွှမ်းသွားလေသည်။ နောက်ဆုံးတွင်တော့ ကျွန်းကြီးတစ်ခု လုံး ထူးဆန်းစွာပျောက်ကွယ်သွားလေတော့သည်။ အပြင်ဘက်မှကြည့်လျှင် မည်သည့်ကျွန်းကိုမျှ တွေ့ရမည်မဟုတ်တော့ပေ။

ပင်လယ်သတ္တဝါဝေလငါးကြီးသာ ပင်လယ်ထဲတွင် ရှိနေလေသည်။ ထိုပင်လယ်သတ္တဝါကြီးက သီချင်းသီဆိုနေဆဲဖြစ်လေသည်။

....

ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါး၏အရှိန်အဝါကြောင့်သာ အသက်အန္တရယ်မှကင်းလွတ်ခဲ့သည်ကို မသိခဲ့ပါ။ သူက ချင်းရွှမ်နတ်တံခါးသို့ အပြန်လမ်းကြောင်းကိုမှတ်မိသော်လည်း ရေစီးကြောင်းလမ်းကြောင်းအမှန်ကိုသိရန် အတော်ကြိုးစားလိုက်ရလေသည်။

ဆန်းလျန် ချင်းရွှမ်နတ်တံခါးသို့ပြန်ရောက်လာသည့်အခါတွင်တော့ အချိန်တစ်လတိတိကြာမြင့်ခဲ့ပြီဖြစ်လေသည်။

ထိုက်ယီတောင်ထိပ်တွင် ပုံမှန်အတိုင်းပင် တိမ်တိုက်များနှင့် မြူခိုးများဝန်းရံနေလေသည်။

ဆရာသခင်ကျန်းရော့ရှီးမှာ ကျောက်သလွန်ထက်တွင် တင်ပျဉ်ခွေချိတ်ထိုင်နေပြီး ဆန်းလျန်ပြန်လာမည်ကို မျှော်နေလေသည်။

အချိန်တိုအတွင်းမှာပင် ပြောင်းလဲမှုများစွာဖြစ်သွားသည့်အတွက် ကျန်းရော့ရှီးမှာလည်း ဆန်းလျန်၏ကျင့်စဉ်လမ်းအပေါ်တွင် ခန့်မှန်းတွက်ချက်၍မရနိုင် ဖြစ်နေရလေသည်။

"တောင်ပင်လယ်ဖေးရှန်းကျွန်းစွယ်က လူတွေအားလုံးနီးပါး အသတ်ခံလိုက်ရတာ မင်းမသိလိုက်ဘူးလား"

ဆရာသခင်ကျန်းရော့ရှီးက သက်ပြင်းတစ်ချက်ချရင်းပြောလိုက်လေသည်။

"ဘာများဖြစ်ခဲ့လို့လဲ ၊ နတ်မိစ္ဆာကို ကျွန်တော်နှိမ်နင်းခဲ့တာပဲ"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

သူကြားလိုက်ရသည့်သတင်းအတွက် မကျေမနပ်ဖြစ်သွားရသလို မယုံကြည်နိုင်လည်း ဖြစ်သွားရလေသည်။

"သွေးဓားကျင့်စဉ်ကိုကျင့်ကြံထားတဲ့ ကျင့်ကြံသူတစ်ယောက်က မိုးမြေစွမ်းအားနဲ့ သွေးကိုပေါင်းစပ်ပြီး အားလုံးကို သတ်ပစ်ခဲ့တာပဲ ၊ မိန်းကလေးငယ်လေးတစ်ယောက်ပဲ အသက်ရှင်ကျန်ရစ်ခဲ့တယ် ၊ အဲဒီကလေးမလေးကို ကျုပ်ရဲ့ဦးလေးက ကယ်တင်ခဲ့တယ်"

ဆရာသခင်ကျန်းရှော့ရှီးက အသေးစိတ်ရှင်းပြလိုက်လေသည်။

"သွေးဓားကျင့်စဉ် ဟုတ်လား"

ဆန်းလျန်စိတ်များ ရှုတ်ထွေးသွားရလေသည်။

"သွေးဓားကျင့်စဉ်" အကြောင်းကို သူမည်သည့်စာအုပ်ထဲတွင်မျှ ဖတ်ဖူးခြင်းမရှိပေ။ ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင်လည်း

ထိုသွေးဓားကျင့်စဉ်အကြောင်း မှတ်တမ်းထင်ထားသည်ကို မတွေ့ရှိရပေ။

"အဲဒီဓားသိုင်းက တန်ခိုးစွမ်းအားတစ်ခုပဲ ၊ အခြားသူတွေရဲ့အတွင်းအားနဲ့သွေးတွေကို စုပ်ယူစားသုံးတာပဲ ၊ အဲဒီလို စုပ်ယူစားသုံးတဲ့အတွက် ကျင့်ကြံမှုအဆင့်မြင့်တက်သွားရတယ် ၊ မလိုတဲ့စွမ်းအားကိုလျှော့ချပြီး လိုတဲ့စွမ်းအားကို စုပ်ယူလို့ရတယ် ၊ ကျင့်စဉ်လမ်းကို အဲဒီဓားသိုင်းပညာနဲ့အဆင့်တက်လို့ရတယ်"

ကျန်းရှော့ရှီးက ဆန်းလျန်၏မျက်နှာအမူအရာကို တစ်ချက်အကဲခတ်လိုက်ရင်းပြောလိုက်လေသည်။

"အဲဒီကျင့်စဉ်နဲ့ နတ်ဘုရားတစ်ပါးဖြစ်လာမယ်ဆိုရင် အခြားဘေးတွက်ဆိုးကျိုးမရှိနိုင်ဘူးလား"

ဆန်းလျန်က မေးလိုက်လေသည်။

"မရှိနိုင်ပါဘူး ၊ ဒါပေမယ့် နောက်ပိုင်းမှာတော့ ဒုက္ခရောက်လိမ့်မယ် ၊ ဘာလို့လဲဆိုတော့ အခြားသူတွေကိုသတ်ပြီးမှ စွမ်းအားစုပ်ယူတဲ့ကျင့်စဉ်ဖြစ်တဲ့အတွက် ဟိုင်သန်းအဆင့်ကို ခပ်မြန်မြန်နဲ့ နှစ်ပေါင်းနှစ်ဆယ်အတွင်းရောက်သွားနိုင်တယ် ၊ နှစ်ပေါင်းငါးဆယ်အတွင်းကျင့်စဉ်အားလုံးပြီးမြောက်အောင်မြင်သွားလိမ့်မယ် ၊ ဒါပေမယ့် အဲဒီလိုအောင်မြင်ပြီး နတ်ဘုရားတစ်ပါးဖြစ်လာပြီဆိုရင်တော့ သူလုပ်ခဲ့တဲ့အပြစ်တွေအတွက် မိုးကောင်းကင်တံခါးဝကိုရောက်တာနဲ့ အပြစ်စီရင်တာကို ခံရလိမ့်မယ်"

ဆရာသခင်ကျန်းရှော့ရှီးက ပြောပြလိုက်လေသည်။

"ဒါဆို အဲဒီဓားသိုင်းကို အရင်ကလေ့ကျင့်ဖူးတဲ့သူတွေရောရှိလား"

ဆန်းလျန်က ဓားသိုင်းအကြောင်းကို ချိန်ဆတွေးတောရင်း မေးလိုက်လေသည်။

"အဲဒီကျင့်စဉ်ကိုသင်ကြားပေးတဲ့ ဂိုဏ်းတစ်ဂိုဏ်းရှိတယ် ၊ နောက်ဆုံးတော့ အဲဒီဂိုဏ်းတစ်ခုလုံး အမြတ်ပြတ်သုတ်သင်ခံလိုက်ရတယ်၊ အသက်ရှင်ကျန်ရစ်သူတစ်ယောက်ကိုလည်း ကျင့်ကြံသူငါးယောက်က သတ်ဖြတ်လိုက်ကြတယ် ၊ အဲဒီလူရဲ့ ဝိညာဉ်ကိုပါ သုတ်သင်ပစ်လိုက်ကြတယ်"

ဆရာသခင်ကျန်းရှော့ရှီးက ဆန်းလျန်ကို သေသေချာချာရှင်းပြလိုက်လေသည်။

အခန်း (၉၂)

တစ်ကြိမ်ကျင့်စဉ်အောင်မြင်ခြင်း

ဆန်းလျန်ပြုံးလိုက်လေသည်။

"ဒီကျင့်စဉ်က နတ်ဘုရားတစ်ပါးဖြစ်ဖို့ ဒီလောက်တောင်မြန်တယ်ဆိုရင် နတ်ဆိုးတွေကိုအုပ်စုလိုက်မွေးပြီး စွမ်းအားတွေစုပ်ယူလို့ရတာပဲ ၊ အဲဒီနတ်ဆိုးတွေဆိုတာက မကောင်းတဲ့သူတွေပဲမဟုတ်ဘူးလား"

ဆန်းလျန်ပြောလိုက်လေသည်။

ဆရာသခင်ကျန်းရှော့ရှီးက ဆန်းလျန်ကို အဓိပ္ပါယ်ပါပါ တစ်ချက်ကြည့်လိုက်သည်။

"နတ်ဆိုးတွေကိုအုပ်စုလိုက်မွေးပြီးသတ်ဖြတ်တာနဲ့ အခြားသက်ရှိတွေကို အုပ်စုလိုက်မွေးပြီးသတ်ဖြတ်တာဟာ အတူတူပါပဲ ၊ အားလုံးဟာ အသက်တွေပဲလေ ၊ အဲဒီကျင့်စဉ်ဟာ အရမ်းကိုလွယ်ကူလွန်းတယ် ၊ ဘာလို့လဲဆိုတော့ အခြားသူတွေရဲ့ သွေးနဲ့အတွင်းအားကိုစုပ်ယူတာနဲ့ ကျင့်စဉ်လမ်းအဆင့်

တက်နိုင်လို့ပဲ ၊ ဒါပေမယ့် အဲဒီကျင့်စဉ်ကို ကျင့်တဲ့သူဟာ လောကဓမ္မနဲ့ဆန့်ကျင်သွားလိမ့်မယ် ၊ သွေးအေးအေးနဲ့ လူသတ်နိုင်ဖို့ဆိုတာ ဘယ်လွယ်မှာလဲ ၊ မိုးကောင်းကင်က တရားမစီရင်ဘူးဆိုရင်တောင်မှ အဲဒီလိုလူသတ်သမားဟာ စိတ်ဖောက်ပြန်သွားမှာပဲ ၊ စိတ်ဖောက်ပြန်မသွားဘဲနဲ့ ကြံ့ကြံ့ခံပြီး နတ်ဘုရားတစ်ပါးဖြစ်လာရင်လည်း မိုးကောင်းကင်က အပြစ်ပေးတာကိုခံရမှာပဲ"

ကျန်းရော့ရှီးက ပြောပြလိုက်လေသည်။

"ဆရာသခင် ၊ ဘာလို့ဒီအကြောင်းတွေ ကျွန်တော့်ကို အသေးစိတ်ရှင်းပြနေရတာလဲ ၊ အဲဒီလမ်းကိုကျွန်တော် လျှောက်လှမ်းမိမှာကို ဆရာသခင်စိတ်ပူနေတာလား"

ဆန်းလျန်က မေးလိုက်လေသည်။

"မင်းကဒီလိုပြောမှတော့ လူ့စိတ်နေသဘောထားဆိုတာ မှန်းဆရခက်တယ် ၊ တစ်ခါတစ်လေမှာ ဖြစ်ချင်တဲ့ဆန္ဒတွေကြီးမား

လာရင် လူသားဆန်မှုတွေပျောက်ဆုံးသွားတတ်တယ် ၊ မင်းက စွမ်းအားအရမ်းမြင့်မားတဲ့တပည့်တစ်ယောက်ပဲ ၊ မင်းလမ်းမှား ကိုရောက်သွားမှာ ကျုပ်စိုးရိမ်မိတယ်"

ဆရာသခင်က သက်ပြင်းတစ်ချက်ချရင်းပြောလိုက်လေသည်။

ချင်းရွှမ်နတ်တံခါး၏ ယခင်မျိုးဆက်မှ ဆရာသခင်ကသာ ယခုကဲ့သို့သေချာရှင်းပြမည်ဆိုလျှင် ထိုသူသည် လမ်းမှားသို့ ရောက်မည်မဟုတ်ပေ။ ထိုသို့လမ်းမှားသို့မရောက်လျှင် ချင်းရွှမ်နတ်တံခါးမှာလည်း လွန်ခဲ့သည့်နှစ်ပေါင်း တစ်ရာခန့်က သွေးချောင်းစီးသတ်ဖြတ်ခံရမည်မဟုတ်ပေ။

ဆန်းလျန်တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ဆရာသခင်သည် သူ၏စိတ်နေသဘောထားကို လုံးဝဥဿုံနားလည်နိုင်မည်ဟု ဆန်းလျန်မျှော်လင့်မထားပါ။ သူက သွေးဓားကျင့်စဉ် အကြောင်းကိုမေးမြန်းခြင်းမှာ သိချင်သောကြောင့်သာ ဖြစ်

သေလည်း။ သူက လူသတ်သည့်နည်းလမ်းဖြင့်တော့ ကျင့်စဉ်လမ်းကို လျှောက်လှမ်းမည့်သူတစ်ယောက်မဟုတ်ပါ။ လက်ရှိအခြေအနေအတွက်တော့ ဆန်းလျန် အာမခံချက်ပေးနိုင်မည်ဖြစ်လေသည်။ သို့သော် အနာဂတ်ဆိုသည်က မည်သို့ဖြစ်လာမည်လဲဆိုသည်ကို မည်သူမျှမသိရှိနိုင်ပါ။ အရာအားလုံးက ကံတရားအတိုင်းပင်ဖြစ်လာမည်ဖြစ်ပြီး မသိမှုများဖြင့်သာပြည့်နက်နေသည်မဟုတ်ပါလား။ အရာရာသည် မိုးကောင်းကင်၏ဆန္ဒအတိုင်းသာဆိုလျှင်တော့ အရာအားလုံးဖြစ်ပျက်မလာခင် ကြိုတင်တားဆီးနိုင်မည်ပဲဖြစ်လေသည်။ ဤလောကတွင်နေထိုင်သည့် သက်ရှိသတ္တဝါများအားလုံးမှာ အားကြီးသူက အားနည်းသူကို အနိုင်ကျင့်တတ်ကြစမြဲပင်ဖြစ်လေသည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် အမြဲတမ်းအပြန်အလှန်သတ်ဖြတ်နေကြမည်ဆိုလျှင်တော့ နောက်ဆုံး

တွင် လောကကြီးတစ်ခုလုံး ပျက်သုဉ်းသွားရမည်ဖြစ်လေသည်။ စီးဆင်းစရာမြစ်တစ်စင်းပင် ကျန်မည်မဟုတ်တော့ပေ။ ကျင့်ကြံသူအစစ်အမှန်ဆိုသည်မှာ သန့်စင်သည့် မိုးမြေစွမ်းအားများကိုစုပ်ယူပြီး စြက်ာဝဠာအဆုံးထိသွားနိုင်အောင် ကျင့်ကြံသူသာဖြစ်လေသည်။ ထိုသို့ ကျင့်စဉ်အဆင့်မှန်ကန်စွာသွားခြင်းသည်သာ စစ်မှန်သည့်နည်းလမ်းဖြစ်ပြီး "သေွးဓား ကျင့်စဉ်" မှာတော့ လေ့ကျင့်ရန်မသင့်တော်သည့် ပညာရပ်တစ်ခုဖြစ်ကြောင်း ဆန်းလျန်ကောင်းစွာ နားလည်ထားပါသည်။

"တပည့်မှာပြောစရာစကားတစ်ခွန်းရှိပါတယ် ၊ ယေကျ်ားကောင်းဆိုတာ လောကမှာအောင်မြင်မှုကိုရှာဖွေဖို့ထက် ကိုယ့်အနားကမိန်းကလေးတစ်ယောက်ကို စောင့်ရှောက်ပေးရပါတယ်"

ဆန်းလျန်က ကိုယ်ကိုမတ်လိုက်ရင်း ဆရာသခင်ကို တရိုတသေဖြင့်ဦးညွှတ်လိုက်လေသည်။ ဆရာသခင်ကျန်းရော့

ရှီးက သူ့ကိုချစ်ခင်သည်ကိုသိသည့်အတွက် ထိုသို့ဦးညွှတ်ကာ အရိုအသေပေးလိုက်ခြင်းဖြစ်လေသည်။ ထို့ပြင် ဆရာသခင်ကို သူ၏လူသားဆန်မှုကို ပြသချင်သောကြောင့်လည်းဖြစ်လေသည်။

ယောကျ်ားကောင်းဆိုသည်မှာ လောကတွင်အောင်မြင်မှုကိုရှာဖွေဖို့ထက် အနာဂတ်တွင် လူအများလေးစားစရာ လုပ်ရပ်ကိုသာလုပ်ဆောင်ရမည်ဖြစ်လေသည်။ ထိုသို့လုပ်ဆောင်ခြင်းမှာ တွန့်ဆုတ်ခြင်းမဟုတ်ပါ။ ကျင့်စဉ်လမ်းကို ဒုက္ခဆင်းရဲခံပြီးတော့သာ လျှောက်လှမ်းချင်ပါသည်။ သို့သော် ရှိနေသည့်စွမ်းရည်များကိုတော့ ထိန်းချုပ်ထားရန် မလိုအပ်ပါ။

ဆရာသခင်ကျန်းရော့ရှီးမှာ ဆန်းလျန်ကို ငေးကြည့်နေမိလေသည်။ သူ့အနေဖြင့် ဆန်းလျန်အပေါ်ကျေနပ်သည်လား ၊ မကျေနပ်သည်လား ဝေခွဲ၍မရပေ။ ဆန်းလျန်၏စွမ်းအားမှာ သူ့ကိုထောက်ပြရန်ခက်ခဲသည့် စွမ်းရည်ပင်ဖြစ်လေသည်။ ဆန်း

လျှန်၏ရပ်တည်ချက်မှာ ရှင်းလင်းပြတ်သားလေသည်။ သို့သော် ထိုရပ်တည်ချက်နှင့် ဆန့်ကျင်ဘက်လည်းဖြစ်သွားနိုင်လေသည်။ သူတို့နှစ်ဦး၏ဆရာတပည့်ဆက်ဆံရေးက ကျေနပ်စရာတော့ သိပ်မရှိပေ။ သူတို့၏ဆက်ဆံရေးမှာ ဆရာတပည့်ဆိုသည်ထက် ကျင့်စဉ်လမ်းတွင်အတူလျှောက်လှမ်းသည့် မိတ်ဆွေများနှင့်တူနေလေသည်။

ရှုတ်တရက်...

ဓားခြိမ်းသံကြီးတစ်သံကို ဆန်းလျှန်ကြားလိုက်ရလေသည်။ ထိုအသံမှာ နဂါးတစ်ကောင်၏အသံနှင့်တူသလို ကျားတစ်ကောင်၏အသံနှင့်လည်း တူလေသည်။ ချင်းရွှမ်ခန်းမဆောင်ကဲ့သို့ တားမြစ်နယ်မြေတွင်ပင် ထိုဓားခြိမ်းသံကြီးမှာ အတားအဆီးမရှိဝင်ရောက်လာလေသည်။

ဆရာသခင်ကျန်းရော့ရှီးမှာ ထိုအသံကြောင့် အံ့သြသွားခြင်းမရှိပါ။ ထို့ပြင် ဆရာသခင်မှာ ထိုအသံကြောင့် ကျေနပ်နေသည့်ပုံပေါ်နေလေသည်။

"သူ့ဘဝရဲ့သက်တမ်းတစ်ဝက်ကို "သဏ္ဍာန်မဲ့ဓားပညာ" ကို လေ့ကျင့်ရင်းအချိန်ဖြုန်းနေတာ ၊ အခုတော့ ဓားကိုအသုံးပြုခွင့်ရတော့မယ်ထင်တယ် ၊ ဒီနေ့တော့ အဲဒီဓားသိုင်းအောင်မြင်ခဲ့ပြီ ၊ တရားမျှတမှုကိုယူဆောင်လာတော့မယ်"

ဆရာသခင်ကျန်းရော့ရှီးက ပျော်ရွှင်စွာဖြင့် လက်ဖြင့်ပေါင်ကိုတစ်ချက်ပုတ်လိုက်လေသည်။

ဆရာသခင်၏စကားဆုံးသွားသည်နှင့် သူ၏အင်္ကျီလက်ထဲမှထျန်းတိကျန်းကြေးမုံမှန် ပျံဝဲလွင့်ထွက်လာလေသည်။ အစိမ်းရောင်အရိပ်မှာ ရေပြင်ကဲ့သို့ ကြည်လင်နေလေသည်။ ထိုမှန်ကကြမ်းပြင်ထက်သို့အသာလေးကျသွားပြီး အစိမ်းရောင်ဖန်သားပြင်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်။ ကောင်းကင်ပြာ

ပြာ ၊ တိမ်ဖြူဖြူများကြားတွင် တောင်ထိပ်တစ်ခုကို မြင်တွေ့ရလေသည်။ ထိုတောင်ထိပ်မှာ ချင်းလန်တောင်ဖြစ်လေသည်။ တောင်ထိပ်တစ်နေရာတွင် မိုးတိမ်များစုစည်းနေလေသည်။ ထိုတိမ်တိုက်များ၏ပုံသဏ္ဌာန်မှာ ကျားနှင့်နဂါးပုံသဏ္ဌာန် ဖြစ်လေသည်။ ထိုတိမ်တိုက်များကြားတွင် ရောင်စင်ငါးခုဖြာထွက်နေပြီး ထိုရောင်စဉ်များမှာ မပြောင်းမလဲတည်ရှိနေလေသည်။ မြင့်မြတ်ထူးကဲသည့် ဓားဝိညာဉ်မှာ ကောင်းကင်ဆီသို့ဖြတ်သန်းသွားပြီး အရံအတားများအားလုံးကို ကျော်ဖြတ်သွားလေသည်။ ထိုဓားဝိညာဉ်သည် မရှိမှုဆီသို့ ဦးတည်နေလေသည်။

ဓားခြိမ်းသံကြီးမှာ ကျားတစ်ကောင်၏မာန်ဖီသံကဲ့သို့ဖြစ်သလိုနဂါးတစ်ကောင်၏ဟိန်းသံနှင့်လည်း တူနေလေသည်။ ထိုခဏအတွင်းမှာပင် ဆန်းလျန်၏ဝိညာဉ်မှာ တုန်လှုပ်သွားသလိုခံစား

လိုက်ရလေသည်။ ထိုအသံက သူ့ကို ညှို့ယူဖမ်းစားထားသလို ခံစားလိုက်ရလေသည်။

ခြောက်သွေ့နေသည့်စမ်းချောင်းလေးမှာ ရေများပြန်လည်စီး ဝင်လာသည့်အလား ခံစားလိုက်ရလေသည်။ အဘယ်ကြောင့် ထိုသို့ခံစားရသည်လည်း ဆန်းလျန်လည်းမသိပါ။ ဘဝတစ်ခု အတွက် ခံစားချက်ပေါင်းများစွာ ရောနှောမွှေနှောက်ထား သကဲ့သို့ ဘဝတစ်ခုမွေးဖွားလာသကဲ့သို့ဖြစ်လေသည်။

မရေတွက်နိုင်သည့် ကျင့်စဉ်လမ်းစည်းမျဉ်းများစွာရှိပါ သော်လည်း ထိုစည်းမျဉ်းများအားလုံးကို အလွှာပါးလေးဖြင့် သာ စည်းခြားထားခြင်းဖြစ်လေသည်။

လေနှင့်တိမ်မှာ ကောင်းကင်ထက်တွင် စုစည်းလိုက် ရွေ့လျား လိုက်နှင့်ဖြစ်နေလေသည်။

ဓားခြိမ်းသံကြီးကိုနားထောင်ရင်း ဆန်းလျန်မှာ သူမြင်တွေ့နေရ သည့်မြင်ကွင်းကိုပင် မေ့လျော့နေလေသည်။ ဆရာသခင်ကျန်း

ရော့ရှီးသာလျှင် ချင်းလန်တောင်ထိပ်မြင်ကွင်းကို စူးစိုက်ကြည့်နေလေသည်။

ဓားခြိမ်းသံကြီးမှာ ချင်းရွှမ်ခန်းမဆောင်ထဲတွင် စူးရှစွာပျံ့လွင့်နေလေသည်။ ထိုအသံမှာ မိုးမြေတစ်ခွင်လုံးတွင် ပဲ့တင်ထပ်နေလေသည်။ သံသယရှိစရာမရှိပါ။ ဆန်းလျန်၏ဂိုဏ်းတူအစ်ကို ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်ကို အောင်မြင်သွားပြီဖြစ်လေသည်။

ကျန်းရော့ရှီးတွေးတောနေသည့်အချက်မှာ ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်၏ပုံပြောင်းအဆင့်ရှစ်ခုရရှိမည်လား ၊ ကိုးခုရရှိမည်လားဆိုသည်ကိုပင်ဖြစ်လေသည်။

နှစ်ပေါင်းများစွာကြာပြီးသည့်နောက်မှ ချင်းရွှမ်နတ်တံခါးတွင် ပထမဆုံးအကြိမ်ကိုယ်ပိုင်စွမ်းအားဖြင့် ဟိုင်သန်းအဆင့်ကို အောင်မြင်သည့် ကျင့်ကြံသူတစ်ယောက်ပေါ်ထွက်လာရခြင်းဖြစ်လေသည်။ ဤအချက်က ချင်းရွှမ်နတ်

တံခါး၏ဂုဏ်သိက္ခာနှင့်ကြီးကျယ်မြင့်မြတ်မှုများကို ပြန်လည်မြင့်တက်လာစေမည်ဖြစ်လေသည်။

ဟိုင်သန်းအဆင့်သို့တက်ရောက်နိုင်သည့်မည်သည့်တပည့်ကိုမဆို ဆရာသခင်သည် နောင်တမရှိဘဲ လက်ခံမည်ဖြစ်လေသည်။

ဟိုင်သန်းအဆင့်အောင်မြင်ရန် လမ်းတစ်ဝက်တွင် အချိန်များစွာကုန်ဆုံးနေခဲ့ရသည့် ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်ကိုအောင်မြင်ရန်အတွက် မျှော်လင့်ချက်မရှိသလောက်ဖြစ်နေခဲ့ရလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ သူ၏စိတ်နှလုံးသား မဖြူစင်သောကြောင့်မဟုတ်ပါ။ သူ၏ရုပ်ခန္ဓာနှင့်စိတ်ဝိညာဉ်မှာ ဟိုင်သန်းအဆင့်အောင်မြင်အောင် မလိုက်နိုင်ဖြစ်နေသောကြောင့်ဖြစ်လေသည်။

ထို့ကြောင့် ချန်ကျန့်မေမှာ မည်သို့မျှ မတတ်နိုင်ဖြစ်နေရခြင်းဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါး၏ ရည်ရွယ်ချက်မှာ ရုပ်ပိုင်းဆိုင်ရာထက် စိတ်နှလုံးကိုပြုပြင်ပြီး ကျင့်ကြံရသည့်လမ်းစဉ်ဖြစ်လေသည်။ ပြည့်ဝဖြူစင်သည့်စိတ်နှလုံးသည် ကျင့်စဉ်လမ်းတွင် အောင်မြင်နိုင်သည့်အဓိကအချက်ပင်ဖြစ်လေသည်။ သို့သော် ကျင့်စဉ်လမ်းအခြေခံပျက်စီးပါက ပြည့်ဝဖြူစင်သည့် နှလုံးသားရှိသည့်တိုင် ကျင့်စဉ်အဆင့်မတက်နိုင်ဘဲ ရှိရလေသည်။ ထိုအခါမျိုးတွင် ဟိုင်သန်းအဆင့်ရရှိနိုင်ရန်အတွက် နတ်ဘုရားအမြုတေကို အကူအညီရယူရလေသည်။

ဆရာသခင်ကျန်းရော့ရှီးမှာသူ၏ကျင့်စဉ်လမ်းအဆုံးသတ်ပြီး မိုးကောင်းကင်သို့မဝင်ခင် ချင်းရွှမ်နတ်တံခါးကို တည်တည်ငြိမ်ငြိမ်နှင့် ဆက်လက်တည်တန့်အောင် ဆောင်ရွက်ပေးခဲ့ချင်လေသည်။ ထိုမှသာ ချင်းရွှမ်နတ်တံခါးကို တည်ထောင်ခဲ့သူ ဆရာဘိုးဘိုးယွမ်ချင်းအပေါ်တွင် တာဝန်ကျေနိုင်မည်ဖြစ်လေသည်။

ငါးရက်မြောက်နေ့တွင်တော့ ဓားခြိမ်းသံကြီးကိုနားထောင်ရင်း မိန်းမောနေသည့် ဆန်းလျန်မှာ သတိပြန်ဝင်လာလေသည်။ သူ၏မျက်ကြည်လွှာပေါ်တွင် အလွှာပါးလေးတစ်ခုရှိနေ သကဲ့သို့ခံစားလိုက်ရလေသည်။ ထိုအလွှာပါးလေးမှာ ပြဒါး အလွှာလေးကဲ့သို့ဖြစ်လေသည်။ ခဏကြာတော့မှ သူ့မြင်ကွင်း များမှာကြည်ကြည်လင်လင်ပြန်ဖြစ်လာလေသည်။

ထိုအချိန်အထိ မိုးမြေတစ်ခွင်ပဲ့တင်သံထပ်နေသည့် ဓားခြိမ်း သံကြီမှာ အဆုံးမသတ်သေးပေ။ ထူးဆန်းသည့် ဓားခြိမ်း သံကြီးမှာ ပိုပြီးရှည်လျားလာလေသည်။ သို့သော်အစပိုင်း အသံလောက်တော့ ကျယ်လောင်ခြင်းမရှိတော့ပေ။

"ဟိုင်သန်းအဆင့်အောင်မြင်သွားတဲ့အတွက် မိုးမြေတစ်ခွင် ပဲ့တင်ထပ်နေတဲ့ အသံကို မင်းငါးရက်လုံးလုံးနားထောင်နေခဲ့ တာ ၊ ကျင့်စဉ်လမ်းမှာ ဟိုင်သန်းအဆင့်ရောက်ဖို့အတွက် ပြင်

ပပြဒါးရှင်ကို အသုံးပြုနိုင်တယ် ၊ နှစ်ပေါင်းတစ်ထောင်အတွင်း မှာ ဒုတိယအကြိမ်ပေါ်ထွက်လာတဲ့ ပါရမီရှင်ကျင့်ကြံသူပဲ" ဆရာသခင်ကျန်းရော့ရှီးက ဆန်းလျန်ကို ပြောလိုက်လေသည်။

ဆန်းလျန်က စိတ်ထဲတွင် ပြုံးလိုက်မိလေသည်။ နှစ်ပေါင်းတစ်ထောင်အတွင်းမှာမှ နှစ်ယောက်သာပေါ်ထွက်ခဲ့သည်လား။

ဆန်းလျန်က သူ့ကို ဆရာသခင်ကျန်းရော့ရှီးက နောက်ပြောင်နေသည်ဟု ထင်ခဲ့မိလေသည်။ သို့သော် ဆရာသခင်၏လေသံမှာ တည်တည်ငြိမ်ငြိမ်ဖြင့်ပြောနေခြင်းဖြစ်လေသည်။

ဆန်းလျန် သူ့ကိုယ်သူအပြစ်တင်လိုက်မိလေသည်။ သို့သော် ဒေါသတော့မထွက်ခဲ့ပါ။

မိုးမြေတစ်ခွင်ပဲ့တင်ထပ်နေသည့်အသံမှာ တကယ့်အစစ်အမှန်ပင်ဖြစ်လေသည်။ သို့သော် ချန်ကျန့်မေမှာ "သဏ္ဍာန်မဲ့ဓားပညာ" ကိုလေ့ကျင့်ခဲ့ခြင်းဖြစ်ပြီး ထိုဓားသိုင်းကိုကျင့်ကြံ

အောင်မြင်ခဲ့ခြင်းကြောင့် မန္တန်စွမ်းအားများနှင့် တန်ခိုးစွမ်းအား များကို ရရှိခဲ့လေသည်။

ဓားသိုင်းပညာမှာ လွန်စွာမှ စွမ်းအားထက်လေသည်။ သို့သော် စိတ်ဆန္ဒနှင့်အတွေးများကင်းစင်လေသည်။ ဟိုင်သန်းအဆင့် ကျင့်ကြံအောင်မြင်သည့်အတွက် မိုးမြေတစ်ခွင်ပဲ့တင်ထပ် သည့်အသံကို ရှင်းလင်းစွာကြားသိနိုင်ရန်မှာ လွန်စွာမှ ကြားရခဲ လေသည်။ ထိုသို့ဆိုလျှင် ဆန်းလျန်၏ ကျန့်သောက်တုကျွင်း ဓားသိုင်းပညာ၏ "ရှိခြင်းမရှိခြင်းဓားဝိညာဉ်" မှာလည်း ကျင့်စဉ်အဆင့်တစ်ခုသို့ ထပ်မံတက်လှမ်းနိုင်အောင် ကူညီ ကောင်းကူညီနိုင်မည်ဖြစ်လေသည်။ ကျင့်စဉ် လမ်း၏လုပ်ငန်းစဉ်အချို့ကို ဆန်းလျန် ရေးရေး သဘောပေါက်လာပြီဖြစ်လေသည်။

"ဓားဝိညာဉ်" ကိုယ်တိုင်မှာ ကျင့်စဉ်အခြေခံပညာတစ်ခုပင်ဖြစ် လေသည်။

သင်္ချာသဘောတရားအတိုင်းပြောမည်ဆိုလျှင် မူလအခြေခံ ကိန်းဂဏန်းတစ်ခုတွင် အပေါင်း ၊ အနှုတ် ၊ အမြှောက် ၊ အစား လိုရာကို လုပ်ယူ၍ရလေသည်။ ဒဿမနေရာမှာလည်း ဆယ်လုံးမှ အလုံးတစ်ရာထိရှိနိုင်သလို အဆုံးမရှိလည်းဖြစ်နိုင်လေသည်။

တာအိုကျင့်စဉ်လမ်းမှာအဆုံးမရှိပေ။ ထို့အတူ ဓားသိုင်းပညာမှာလည်း အဆုံးမရှိပေ။

ချင်းရှမ်ခန်းမဆောင်တွင် ဆရာသခင်ကျန်းရော့ရှီးနှင့် ဆန်းလျန်မှာ ဟိုင်သန်းအဆင့် မိုးမြေပဲ့တင်သံကို ဆုံးသည်အထိ နားထောင်နေကြလေသည်။ အချိန်ငါးရက်ကြာခဲ့ပြီဖြစ်လေသည်။ ထိုအသံမှာ ပုံမှန်အားဖြင့် ရှစ်ညနှင့်ကိုးရက်တိုင်တိုင် ကြာတတ်လေသည်။

ကိုးညနှင့်ကိုးရက်ကြာသွားလျှင်တော့ ဆရာသခင်ကျန်းရော့ရှီး သိပ်ပြီးမကြိုက်ချင်တော့ပါ။ ကိုးညနှင့်ကိုးရက်ဖြစ်သွားလျှင်

ကိုးဂဏန်းအစွန်းရောက်သွားခြင်းဖြစ်လေသည်။ ဟိုင်သန်း အဆင့်၏ပုံပြောင်းခြင်းအဆင့် ကိုးခုအောင်မြင်လျှင်ပင် ရှစ်ည နှင့်ကိုးရက်အထိသာ မိုးမြေပဲ့တင်သံကိုကြားရမည်ဖြစ်လေ သည်။

ဟိုင်သန်းအဆင့်၏ပုံပြောင်းခြင်းအဆင့် ရှစ်ခုရသည်ဖြစ်စေ ၊ ကိုးခုရသည်ဖြစ်စေ သိပ်ပြီးတော့ ထူးခြားခြင်းမရှိပါ။ သို့သော် ချန်ကျန့်မေကဲ့သို့ မာနကြီးသူတစ်ယောက်အနေဖြင့် ရှစ်ခုသာ အောင်မြင်ခဲ့လျှင် လည်ပင်းတွင် ငါးရိုးစူးနေသကဲ့သို့ ခံရခက် နေမည်ဖြစ်လေသည်။ ထိုသို့ခံရခက်ခက်ဖြစ်နေပါက ရှေ့ဆက် ရမည့် ကျင့်စဉ်လမ်းအတွက် အနှောင့်အယှက်ဖြစ်နိုင်လေ သည်။

မည်သို့ပင်ဖြစ်စေ ချင်းရွှမ်နတ်တံခါးမှ စစ်မှန်သည့်တစ်ပည့် အသစ်တစ်ယောက် ပေါ်ထွက်လာသည်မှာ များစွာ ဂုဏ်ယူစရာ ပင်ဖြစ်လေသည်။

စစ်မှန်သည့်တပည့်အဖြစ်သတ်မှတ်ခံရပြီဆိုလျှင်တော့ ပညာရှင်အဆင့်ရောက်သွားပြီဖြစ်ပြီး ဆရာသခင်တစ်ပါး အဖြစ် စာရင်းဝင်သွားပြီဖြစ်လေသည်။ အကြောင်းအမျိုးမျိုး ကြောင့် သေဆုံးသွားရသည့် ဆရာသခင်များ၏နေရာတွင် စစ် မှန်သည့်တပည့်က ဆရာသခင်အဖြစ်နေရာဝင်ယူရလေသည်။ ထိုသို့ ဆရာသခင်နေရာသို့ရယူရန်အတွက် စစ်မှန်သည့်တပည့် က ငြင်းဆန်ပါက အခြားစစ်မှန်သည့်တပည့်တစ်ယောက် ထပ်မံပေါ်ပေါက်လာမှသာ နေရာပေးရန် ဆုံးဖြတ်လေ့ရှိလေ သည်။

အခန်း (၉၃)

အထီးကျန်သည်ဖြစ်စေ အောင်မြင်သည်ဖြစ်စေ ရည်ရွယ်ချက်ကိုယ်စီဖြင့်

မည်သို့ပင်ဖြစ်စေ စစ်မှန်သည့်တပည့်တစ်ယောက်ဖြစ်လာလျှင် ချင်းရွှမ်နတ်တံခါး၏ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်လေသည်။

ဟိုင်သန်းအဆင့်ကို ကိုယ်ပိုင်အစွမ်းအစဖြင့် ကျင့်ကြံအောင်မြင်သည့် ကျင့်ကြံသူတစ်ယောက်အနေဖြင့် မိုးမြေသဘာဝတရားများကို ကိုယ်ပိုင်စွမ်းအားနှင့်နားလည်လေသည်။ ထိုသို့သောသူမျိုးက သူကျင့်ကြံခဲ့သည့် သိုင်းပညာကို အခြေခံပြီး ကိုယ်ပိုင်နတ်ဘုရားကျောင်းတော်တစ်ခု တည်ထောင်မည်ဆိုလျှင်တောင်မှ တည်ထောင်၍ရလေသည်။

အငယ်တန်းကျင့်ကြံသူများကိုလည်း အတွေ့အကြုံများစွာကို ပြောပြနိုင်လေသည်။

ထိုကဲ့သို့အရည်အချင်းရှိသူမျိုးမှာ အသစ်သောကျင့်စဉ် လမ်းကြောင်းတစ်ခုလည်း ဖောက်ထွက်နိုင်သလို မတူညီသည့် ကျင့်စဉ်အသစ်များကိုလည်း ဖန်တီးနိုင်လေသည်။

သို့သော် ကျင့်စဉ်အသစ်များဖန်တီးရာတွင် အကောင်းဆုံး ဖန်တီးနိုင်သည့်သူဟူ၍မရှိပါ။ ကိုယ်နှင့်ကိုက်ညီသည့် ကျင့်စဉ် ကိုသာ ရွေးခြယ်ဖန်တီးကြခြင်းဖြစ်လေသည်။ လူတိုင်းကမ တူညီနိုင်ပါ။ သင်ကြားမှု အထောက်အပံ့ပစ္စည်းများသည်ပင် လျှင် ကျင့်ကြံသူများ၏အရည်အချင်းနှင့်လိုက်ပြီး ကွဲပြားနိုင် လေသည်။

ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်ကိုအောင်မြင်သွားပြီဖြစ်လေ သည်။ ထို့ကြောင့် ချင်းရှမ်နတ်တံခါးမှ ခေါင်းလောင်းထိုးသံ ခုနစ်ချက်ထွက်ပေါ်လာလေသည်။ မသေမျိုးဖြစ်သည့်နတ်

ဘုရားတစ်ပါးဖြစ်သည်အထိ ကျင့်စဉ် အောင်မြင်သွားလျှင်

တော့ ခေါင်းလောင်းကိုးကြိမ်တီးခတ်လေသည်။ လူ့လောကမှ

မိုးကောင်းကင်တံခါးသို့ သွားတော့မည့်ဆရာသခင်များ

အတွက်တော့ ခေါင်းလောင်းလေ့ဆယ့်ကိုးကြိမ်တီးခတ်လေ

သည်။

ခေါင်းလောင်းထိုးသံကိုးကြိမ် မကြားခဲ့ရသည်မှာ နှစ်

အနည်းငယ်ရှိပြီဖြစ်လေသည်။ သို့သော် ခေါင်းလောင်းထိုးသံ

ခုနစ်ကြိမ်မကြားခဲ့ရသည်မှာတော့ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ

ဖြစ်လေသည်။

အတိအကျပြောရလျှင် ခေါင်းလောင်းထိုးသံခုနစ်ချက်မကြား

ခဲ့ရသည်မှာ နှစ်ပေါင်းတစ်ရာပင် ရှိပြီဖြစ်လေသည်။

ထို့ကြောင့် ချင်းရှမ်နတ်တံခါးမှ တပည့်များမှာ

ခေါင်းလောင်းထိုးသံထွက်ပေါ်လာသည့် အဓိပ္ပါယ်ကို နားမ

လည်နိုင်ဖြစ်နေကြလေသည်။ ချင်းရှမ်နတ်တံခါးတွင်နေသည်

မှာကြာပြီဖြစ်သည့် တပည့်ကြီးများနှင့် ဆရာသခင်များက သူတို့ကို ပြန်လည်ရှင်းပြနေရလေသည်။

ထိုခေါင်းလောင်းထိုးသံခုနစ်ချက်ကြောင့် ချင်းရွှမ်နတ်တံခါးမှ ဆရာသခင်များနှင့် ကျင့်ကြံသူတပည့်များအားလုံး ထိုက်ယီတောင်ထိပ်သို့ရောက်ရှိလာကြလေသည်။ သူတို့အားလုံးတိုးဝှေ့ရောက်ရှိလာကြခြင်းဖြစ်လေသည်။ ဟိုင်သန်းအဆင့်ကို တတိယနည်းလမ်းဖြစ်သည့် "ရွှေပြဒါးအမြုတေ" ပြီးမြောက်ခြင်းအဆင့်ဖြင့်အောင်မြင်ခဲ့သည့် ကျင့်ကြံသူကို ကြည့်ရှုရန် ထိုက်ယီတောင်ထိပ်ဆီသို့ အလုအယက်ရောက်လာကြလေသည်။

ထိုအချိန်တွင် ဆန်းလျန်မှာ ချင်းရွှမ်ခန်းမဆောင်ထဲတွင် ဆရာသခင်နှင့်အတူရှိနေလေသည်။ ပထမဆုံးရောက်လာသည့်သူမှာ မီးခိုးရောင်ဝတ်အဘိုးအိုကယ်ယွမ်းဖြစ်လေသည်။ အဘိုးအိုကယ်ယွမ်းနောက်တွင် ယောကျ်ားပီသစွာချောမောသည့်

လူငယ်လေးတစ်ယောက်လိုက်ပါလာလေသည်။ ထိုလူငယ်လေးမှာ ဆန်းလျန် ၊ လူစောယိတို့နှင့်အတူတူ ဝမ့်ရှင်းလမ်းကိုဖြတ်ကျော်ပြီး ချင်းရှမ်နတ်တံခါးကိုဝင်ရောက်နိုင်ခဲ့သည့် ပိန်ပိန်ပါးပါးလူငယ်လေး ရှောင်ဟောပင်ဖြစ်လေသည်။

ထိုလူငယ်လေးကိုမြင်တိုင်း ဆန်းလျန်မှာ လျှို့ဝှက်ချက်တစ်ခုရှိနေသလို ခံစားနေရလေသည်။ ဆန်းလျန်မှာ သူ့ကိုမြင်တွေ့နေရသော်လည်း သူ၏တည်ရှိမှုကို မခံစားရပါ။ သူ၏အာရုံခံစွမ်းအားနှင့် ထိုလူငယ်လေးကို အာရုံခံကြည့်လိုက်သည့်အခါမည်သည့်အရာကိုမျှ ခံစား၍မရပါ။

ရုတ်တရက် အဘိုးအိုကယ်ယွမ်းက ဆန်းလျန်ကို စိုက်ကြည့်လိုက်သည့်အတွက်ကြောင့် ဆန်းလျန်ကျောရိုးတစ်လျှောက်စိမ့်ခနဲဖြစ်သွားရလေသည်။

အဘိုးအိုကယ်ယွမ်းမှာလည်း ဟိုင်သန်းအဆင့်အောင်မြင်ထားသည့် ဆရာသခင်တစ်ပါးဖြစ်သောကြောင့် ခန့်မှန်း၍မရ

လောက်အောင် တန်ခိုးစွမ်းအားကြီးမားသူဖြစ်လေသည်။ သို့သော် လက်ရှိဟိုင်သန်းအဆင့် အောင်မြင်သွားသည့် ချန်ကျန့်မေနှင့်ယှဉ်လျှင် အဆင့်အတန်းမှာ များစွာကွာခြားသွားပြီဖြစ်လေသည်။

ရှောင်ဟေးမှာ ကျွမ်းကျင်သည့်လူသတ်သမားသူလျှိုတစ်ယောက်ဖြစ်နေခဲ့လျှင် ပြဿနာများဖြစ်ကုန်တော့မည်ဟု ဆန်းလျန်တွေးလိုက်မိလေသည်။ အထူးသဖြင့် သူ့ကိုပညာသင်ပေးနေသည့် ဟိုင်သန်းအဆင့်ဆရာသခင်မှာ ပြဿနာအကြီးအကျယ်တက်မည်ဖြစ်လေသည်။

ဟိုင်သန်းအဆင့်ကျင့်ကြံသူများမှာ အာရုံငါးပါးဖြန့်ကျက်ခံစားခြင်းထက် ဝိညာဉ်စွမ်းအားကို ပိုပြီးအသုံးပြုကြလေသည်။ ဆန်းလျန်ပင်လျှင် ထိုလူငယ်လေးကို အာရုံခံ၍မရလျှင် ဟိုင်သန်းအဆင့်သို့ရောက်ရှိခြင်းမရှိသည့် အခြားသောကျင့်ကြံသူတပည့်များမှာလည်း သူ့ကို အာရုံခံ၍ရနိုင်မည်မဟုတ်ပေ။

ချင်းရွှမ်ခန်းမကြီးမှာ ရောက်ရှိလာသည့် လူအင်အား အရေအတွက်အတိုင်းလိုက်ပြီး ကျယ်ပြန့်သွားလေသည်။ လူများစွာရောက်ရှိလာသည့်တိုင် လူအားလုံးဝင်၍ရနေသည့် အပြင် နေရာလွတ်အများအပြားပင်ရှိနေသေးသည်။

ခန်းမတစ်ဖက်တစ်ချက်တွင် တစ်ယောက်ထိုင်ကြမ်းခင်း အဝတ်လေးများပေါ်လာလေသည်။

ဆရာသခင်အဆင့်ကျင့်ကြံသူများသာလျှင် ထိုကြမ်းခင်း အဝတ်များအပေါ်တွင် ထိုင်ခွင့်ရှိလေသည်။ စုစုပေါင်း ကြမ်းခင်းအဝတ် ဆယ့်နှစ်ခုပေါ်လာလေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဟိုင်သန်းအဆင့်နှင့်အထက် ကျင့်စဉ်လမ်း ကိုလျှောက်လှမ်းနေသည့် ကျင့်ကြံသူဆရာသခင် ဆယ့်နှစ်ပါး ရှိသည်ဟု ဆိုလိုခြင်းဖြစ်လေသည်။ သူတို့ဆယ့်နှစ်ပါးမှာ ချင်း ရွှမ်နတ်တံခါးကို ကျောရိုးသဖွယ်ထောက်ပံ့ပေးထားသူများ ဖြစ်ကြလေသည်။

တည်ရှိမှုကိုမခန့်မှန်းနိုင်သည့် ဆရာသခင်နှစ်ပါးက ရှေ့ဆုံးတွင် ထိုင်လိုက်ကြလေသည်။ သူတို့နောက်မှ အဘိုးအိုကယ်ယွမ်းနှင့် အဘိုးအိုဟုန်ချန်းယာတို့က ထိုင်လိုက်ကြလေသည်။ အဘိုးအိုဟုန်ချန်းယာက ဆန်းလျန်ကို ပြုံးပြန္နုတ်ဆက်လိုက်သည်။ သူက တွေ့စကတည်းကပင် ဆန်းလျန်ကို လေးစားချစ်ခင်သူဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးတွင် ကျင့်စဉ်ပေါင်းတစ်ရာ့ရှစ်ခုရှိလေသည်။ သို့သော် ဆရာသခင်ကတော့ ဆယ့်နှစ်ပါးသာရှိလေသည်။ ဆရာသခင်နှင့် ကျင့်ကြံသူတပည့်အရေအတွက်ကိုကြည့်မည်ဆိုလျှင် တပည့်များမှာ မည်သူမျှ ကောင်းကောင်းမွန်မွန် လေ့လာသင်ယူခြင်းမရှိကြဟုပင် ထင်စရာရှိနိုင်လေသည်။

ကျင့်စဉ်ပေါင်းတစ်ရာ့ရှစ်ခုရှိသည့်တိုင် ကျင့်စဉ်အားလုံးကိုလေ့ကျင့်နိုင်သည့်ဘက်စုံထူးချွန်သည့်ကျင့်ကြံသူမှာ

အနည်းငယ်သာရှိလေသည်။ အများစုမှာ ကိုယ်နှင့်သင့်တော်
သည့် ကျင့်စဉ်တစ်ခုကိုသာ ရွေးခြယ်လေ့ကျင့်ကြလေသည်။
ထိုကျင့်စဉ်ပေါင်းတစ်ရာ့ရှစ်ခုလုံးမှာလည်း ဆရာဘိုးဘိုးယွမ်
ချင်းသင်ကြားပေးခဲ့သည့် ကျင့်စဉ်များမဟုတ်ကြပါ။ အချို့
ကျင့်စဉ်များမှာ အချို့သောဆရာသခင်များကဖန်တီးပြီး
ထပ်မံဖြည့်စွက်ခဲ့ကြသည့် ကျင့်စဉ်များဖြစ်လေသည်။
တာအိုကျင့်စဉ်များကို အဆင့်သတ်မှတ်၍မရပါ။ ကိုယ်နှင့်
သင့်တော်လျှင် သင့်တော်သလို တန်ခိုးစွမ်းအားရသွားကြသည်
ချည်းပင်ဖြစ်လေသည်။

သို့သော် ကျင့်ကြံသူတစ်ယောက်သည် ကျင့်စဉ်များများပို
လေ့ကျင့်လေ ဆင်ခြင်နိုင်မှုစွမ်းအား ပိုများလေဖြစ်လေသည်။
သို့သော် ထိုသို့ဆင်ခြင်နိုင်ရန်မှာလည်း မွေးရာပါ ဉာဏ်ရည်
ထက်မြက်မှုရှိရန် လိုအပ်လေသည်။

ထို့ပြင် ကျင့်ကြံသူတစ်ယောက်သည် ကျင့်စဉ်များများပို

လေ့ကျင့်လေ ပြိုင်ဘက်ရန်သူကို တိုက်ပွဲတွင် အနိုင်ရနိုင်ချေ

များလေဖြစ်လေသည်။

နောက်ဆုံးတွင်တော့ အမှန်တရားကိုရှာဖွေသည့်ကျင့်စဉ်လမ်း

မှာ တန်ဖိုးကြီးမားပြီး အန္တရယ်များလွန်းလေသည်။ မသေမျိုး

ဖြစ်သည့်နတ်ဘုရားတစ်ပါးဖြစ်မလာမချင်း ကျင့်ကြံသူတစ်

ယောက်၏ဘဝသည် နေရာမကျဖြစ်နိုင်လေသည်။

ထို့ပြင် အသက်ရှည်သည့်ကျင့်ကြံသူဆိုသည်မှာလည်း ထာဝရ

မသေနိုင်သောစွမ်းအားကို မရနိုင်သေးပေ။

ဆရာသခင်တိုင်း၏နောက်တွင် တပည့်အနည်းငယ်ဆီလိုက်ပါ

သွားကြလေသည်။ ဆန်းလျန်နှင့်လူစောယိမှလွဲပြီး ရှယွမ့်

အဆောင်မှတပည့်များမှာ သူတို့ဆရာများနောက်သို့ လိုက်ပါ

သွားကြလေသည်။ စန့်ယွမ့်အဆောင်မှ တပည့်များကတော့

အဆင်ပြေသလို ရောနှောနေလိုက်ကြလေသည်။

တည်ရှိမှုကိုမခန့်မှန်းနိုင်သည့် ရှေ့ဆုံးမှဆရာသခင်နှစ်ပါး အနက် တစ်ပါး၏နောက်တွင် ယန့်ပုကွေးကိုတွေ့ရလေသည်။ ယန့်ပုကွေး၏ဘေးတွင်တော့ လူစောယိနှင့်စကားများခဲ့သည့် ခပ်ချောချော အဖြူရောင်ဝတ်လူငယ်ကိုတွေ့ရလေသည်။ ဤ သည်ကိုကြည့်ခြင်းအားဖြင့် ယန့်ပုကွေးနှင့် ထိုလူငယ်မှာ ဆရာ တစ်ပါးတည်း၏ တပည့်များဖြစ်ကြောင်း သိရှိနိုင်လေသည်။ ထိုဆရာသခင်မှာ ကျောထက်တွင် အနီရောင်ဘူးသီးခြောက် တစ်လုံးကိုလွယ်ထားလေသည်။ ထိုအထဲတွင် အရက်များ ထည့်ထားခြင်းဖြစ်နိုင်သည်ဟု ဆန်းလျန်ခန့်မှန်းကြည့်လိုက် လေသည်။ ထိုဆရာသခင်၏ပုံစံမှာ ချင်းရွှမ်ခန်းမဆောင် အတွင်းသို့ မတတ်သာ၍ရောက်လာရသည့်မှာ ထင်ရှားနေလေ သည်။

အရက်အပြည့်ထည့်ထားသည့် ဘူးသီးခြောက်ကိုလွယ်ထားသည်ကို ကြည့်ခြင်းအားဖြင့် ယန့်ပုကွေး၏ဆရာဖြစ်ရမည်မှာ သေချာလွန်းလေသည်။

နောက်ဆုံးကြမ်းခင်းအဝတ်နေရာမှာ လူမရှိဘဲ လွတ်နေလေသည်။ ထိုကြမ်းခင်းအဝတ်အရောင်မှာ အစိမ်းရောင်နှင့်ခရမ်းရောင်စပ်ထားလေသည်။ ထိုအခင်းကိုကြည့်ရသည်မှာ ထူးခြားနေလေသည်။ ထိုကြမ်းခင်းအဝတ်ပေါ်တွင် မည်သူမျှထိုင်နေခြင်းမရှိပါ။ သို့သော် ထိုကြမ်းခင်းအဝတ်နောက်တွင် မိန်းကလေးတစ်ယောက်ရပ်နေလေသည်။

သူမကိုကြည့်ရသည်မှာ နူးညံ့သိမ်မွေ့သည့်ဟန်ရှိလေသည်။ သူမ၏မျက်နှာမှာ ချောမောလွန်းသည်ဟုမပြောနိုင်သော်လည်း သူမခန္ဓာကိုယ်မှထွက်နေသည့် အငွေ့အသက်များက ထူးခြားလေသည်။

သူမမှာ ရှယွမ့်အဆောင်မှ တစ်ခါမှတွေ့မြင်ဖူးခြင်းမရှိသည့်

ဂိုဏ်းတူအစ်မဖြစ်ရမည်ဟု ဆန်းလျန် တွေးလိုက်မိလေသည်။

ဆန်းလျန်မှာ မည်သည့်ဆရာသခင်ကမှ တပည့်အဖြစ်

သတ်မှတ်ခံရခြင်းမရှိသေးပါ။ အဘိုးအိုဟုန်ချင်းယာက ဆန်း

လျန်ကို တပည့်အဖြစ်လိုချင်ခဲ့သည့်တိုင် ဆရာသခင်ကျန်း

ရော့ရှီးက ထိုကိစ္စနှင့်ပတ်သက်ပြီး ပြောကြားခြင်းမရှိခဲ့ပေ။

ဆန်းလျန်မှာ ဆရာသခင်ကျန်းရော့ရှီး၏ဘေးတွင် ရပ်နေ၍မ

ဖြစ်ပါ။ ထိုသို့ရပ်နေပါက အခြားသူများအာရုံစိုက်ခြင်းကို ခံရ

မည်ဖြစ်လေသည်။ ထို့ကြောင့် သူက အဘိုးအိုဟုန်ချင်းယာ

အနားသို့သာ သွားနေလိုက်လေတော့သည်။

အဘိုးအိုဟုန်ချင်းယာနောက်တွင်ရပ်နေည့် တပည့်သုံးယောက်

ရှိလေသည်။ သူတို့၏အဆင့်မှာ ချောင့်တုန့်အဆင့်မျှသာရှိကြ

သေးသည်။ သူတို့က ဆန်းလျန်ကို မကြာခဏခိုးကြည့်နေကြ

လေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်အကြောင်းကို

အဘိုးအိုဟုန်ချင်းယာက မကြာခဏပြောသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်မှာ သိုသိုသိပ်သိပ်နှင့်ရိုးရိုးရှင်းရှင်းပင်နေတတ်သည့် အပြင် သူ၏ကျင့်စဉ်များဖြင့် သူ့ဟာသူအချိန်မအားလပ်နိုင် ဖြစ်နေသောကြောင့် သူတို့မှာ ဆန်းလျန်ကို မြင်ဖူးကြခြင်းမရှိပါ။ ယခုမှသာ မြင်ဖူးကြခြင်းဖြစ်လေသည်။

လူစောယိနှင့်ကျင်းချင်းတို့မှာ ဆရာသခင်ကျန်းရှော့ရှီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ရပ်နေကြလေသည်။ ချင်းရှမ် ခန်းမဆောင်အတွင်းရှိလူအားလုံးမှာ ကျင့်ကြံသူများဖြစ်ကြလေသည်။ ထို့ကြောင့် လူ့လောကရှိလူများ အုပ်စုဖွဲ့လျှင် စကားများကြွပ်ကြွပ်ညံအောင် ပြောနေတတ်သော်လည်း ကျင့်ကြံသူများကတော့ တိတ်တိတ်ဆိတ်ဆိတ်နှင့် စည်းကမ်းတကျစုဝေးနေကြလေသည်။

နောက်ဆုံးတွင်တော့ ခန်းမထဲတွင် ဓားရောင်တစ်ချက်လက်လာလေသည်။ လက်ခနဲသာဖြစ်သွားပြီး ပြန်လည်ပျောက်ကွယ်သွားလေသည်။

ခန်းမဆောင်တံခါးဝတွင် တာအိုဆရာတစ်ပါးမတ်တပ်ရပ်နေလေသည်။ သို့သော် သူ၏ပုံစံက တာအိုဆရာတစ်ပါးကဲ့သို့ဝတ်ဆင်ထားခြင်းမရှိပါ။ ဆံပင်ကိုလည်း တာအိုဆရာတစ်ပါးကဲ့သို့ ထုံးဖွဲ့ထားခြင်းမရှိပါ။

သူ၏မျက်ခုံးနှစ်ဖက်မှာ ဓားသွားကဲ့သို့ထက်ရှနေလေသည်။ သူ၏မျက်ဝန်းများမှာ ကြယ်စင်ကဲ့သို့ တဖျတ်ဖျတ် တောက်ပနေလေသည်။ သူ၏လက်ထဲတွင် ဓားရှည်တစ်လက်ကိုကိုင်ဆောင်ထားလေသည်။

သူခန်းမဆောင်တွင်းသို့လှမ်းဝင်လာသည့်ပုံမှာ ယုံကြည်ချက်အပြည့်နှင့်ဖြစ်ပြီး ခမ်းနားလွန်းလှလေသည်။ နတ်ဘုရားဓားကို

ကိုင်ဆောင်ထားသည့် သူ့ကို ခန်းမအတွင်းရှိလူအားလုံးက လေးစားစွာဖြင့် ကြည့်နေကြလေသည်။

ထိုသူမှာ ချန်ကျန့်မေပင်ဖြစ်လေသည်။ သူ၏ပုံစံမှာ အေးဆေးတည်ငြိမ်နေပြီး သူက ဆရာသခင်ကျန်းရော့ရှီးထံသို့ ဖြည်းညင်းစွာ လမ်းလျှောက်လာလေသည်။

ခန်းမအတွင်းရှိလူအားလုံးမှာ ချန်ကျန့်မေ၏လက်ထဲမှဓားမှာ သူတို့ထံသို့ ဝင်ရောက်လာတော့မည့်အလား မျက်လုံးများကို မှိတ်ထားလိုက်မိကြလေသည်။ ချန်ကျန့်မေလက်ထဲမှ ဓားကို မည်သူမျှ လျစ်လျူမရှုရဲကြပေ။

သူ့ဘဝအချိန်တစ်ဝက်အကုန်ခံကာ ရရှိလာခဲ့သည့် အထက်မြက်ဆုံးဓားတစ်လက်ဖြစ်လေသည်။ ကမ္ဘာလောကကြီးမှလူများသာ ထိုဓားကိုတွေ့မြင်မည်ဆိုလျှင် ထိုဓား၏ထက်မြက်မှုကို အံ့သြမကုန် ၊ ချီးမွမ်းမကုန် ဖြစ်ကြမည်ဖြစ်လေသည်။

ချန်ကျန်းမေက ဆရာသခင်ကျန်းရှော့ရှီးကို ရိုသေစွာဖြင့် ဦးညွှတ်ဂါရဝပြုလိုက်လေသည်။ ဤနှစ်များအတွင်းတွင် သူက ချင်းရွှမ်နတ်တံခါးမှထွက်ခွာသွားရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည့်တိုင် ဆရာသခင်ကျန်းရှော့ရှီးက သူ့ကို တားမြစ်ခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် ချန်ကျန့်မေမှာ သူ၏သဏ္ဍာန်မဲ့ဓားကို ဆရာသခင်ကျန်းရှော့ရှီးကိုပြရန် အသင့်မဖြစ်သေးကြောင်း ဆရာသခင်က သိမြင်သည့်အတွက်ကြောင့်ဖြစ်လေသည်။

ညပေါင်းများစွာကို သူတစ်ယောက်တည်းဖြတ်ကျော်ခဲ့လေသည်။ ထိုညများမှာ အထီးကျန်ဆန်လွန်းလှလေသည်။

"သဏ္ဍာန်မဲ့ဓားသိုင်းပညာ" မှာ ချင်းရွှမ်နတ်တံခါးမှ ကျင့်စဉ်တစ်ရာ့ရှစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်လေသည်။

ထို "သဏ္ဍာန်မဲ့ဓားသိုင်းပညာ" ကိုတီထွင်ခဲ့သည့် ဆရာသခင်ပြီးလျှင် အလွှာရှစ်လွှာတွင် ချန်ကျန့်မေမှာ ထိုဓားသိုင်းကို ပထမဆုံး ကျင့်ကြံအောင်မြင်ခဲ့သူဖြစ်လေသည်။

ထို့ပြင် သိသာထင်ရှားသည့်အချက်တစ်ခုမှာ ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်ကို အဆင့်အမြင့်ဆုံး ကျင့်ကြံအောင်မြင်ခဲ့သည့်သူဖြစ်လေသည်။ သာမန်ကျင့်ကြံသူများမှာ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် ငါးခုမျှလောက်ဖြင့်သာ အောင်မြင်ကြသည်ချည်းဖြစ်လေသည်။

သို့သော်…

မည်သူမျှ ထိုကိစ္စများကို မသိမြင်နိုင်ပါ။ ချန်ကျန့်မေမှာ သူ့ကိုသူ သာမန်တပည့်တစ်ယောက်အဖြစ် ဘယ်တုန်းကမှ ခံယူထားခြင်းမရှိပါ။ သူကအမှန်တကယ်ကြိုးစားခဲ့သည့် ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး မည်သူမျှ သူ၏ကျင့်စဉ်လမ်းကို တားဆီးနိုင်ခြင်းမရှိပေ။

ယခုတော့ ဆရာသခင်များပင်လျှင် သူ့ကိုစိန်ခေါ်ရဲမည်မဟုတ်

တော့ပေ။

ဓားသိုင်းပညာကိုလေ့ကျင့်ခဲ့ကြသည့်သူများအတွက် ယှဉ်ပြိုင်

ဘက်ကောင်းမရှိသည့်အတွက် အထီးကျန်ခြင်းကို ခံစားရမည်

သာဖြစ်ပေသည်။

သဏ္ဍာန်မဲ့ဓားသိုင်းကို သူ့ဘဝ၏သက်တမ်းတစ်ဝက်ကျင့်ကြံခဲ့

ရလေသည်။ နောက်ဆုံးတော့ အောင်မြင်ခဲ့ပြီဖြစ်လေသည်။

ချန်ကျန့်မေကိုယ်တိုင်မှလွဲ၍ မည်သူမျှ သူ၏ခံစားချက်ကို

နားလည်နိုင်မည်မဟုတ်ပါ။ ဆရာသခင်ကျန်းရှော့ရှီးပင်လျှင်

နားလည်နိုင်မည်မဟုတ်ပါ။

ဆရာသခင်ကျန်းရှော့ရှီးက လက်ကိုဆန့်တန်းလိုက်ပြီး သူ့ကို

ဦးညွှတ်ဂါရဝပြုနေသည့် ချန်ကျန့်မေ၏ ဦးခေါင်းကို ပွတ်သပ်

လိုက်လေသည်။ ထို့နောက် ဆရာသခင်က သူ၏ဆံပင်များကို

တာအိုဆရာသခင်တစ်ပါးကဲ့သို့ ထုံးဖွဲ့ပေးလိုက်လေသည်။ ထို

ဆံပင်ပုံစံကိုကြည့်ခြင်းအားဖြင့် တရားဒေသနာများသင်ကြား ပြသပေးနိုင်သည့် ဆရာသခင်တစ်ပါးဖြစ်ထိုက်သူ ဖြစ်သွားပြီ ဖြစ်လေသည်။

ဤသည်မှာ ချင်းရှမ်နတ်တံခါး၏ အစဉ်အလာပင်ဖြစ်လေ သည်။

ထို့နောက် ဆရာသခင်ကျန်းရော့ရှီးက ချန်ကျန့်မေ၏နဖူးထက် တွင် ထူးဆန်းသည့် အင်းချပ်တစ်ခုကို ရေးဆွဲပေးလိုက်လေ သည်။ ထိုအင်းချပ်သင်္ကေတမှာ ဓားပုံသင်္ကေတဖြစ်ပြီး တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

ထိုသို့ပြုလုပ်လိုက်ခြင်းအားဖြင့် မိုးကောင်းကင်တံခါးသို့ ရောက်ရှိနေသည့် ဆရာဘိုးဘိုးယွမ်ချင်းအပါအဝင် အခြား သော နတ်ဘုရားအားလုံးမှာ ချင်းရှမ်နတ်တံခါးတွင် အသစ် သော စစ်မှန်သည့်တပည့်တစ်ယောက်ပေါ်ထွက်လာသည်ကို သိရှိခံစားနိုင်မည် ဖြစ်လေသည်။

ထို့ပြင် ထိုသို့ပြုလုပ်လိုက်သည့်အတွက် ဆရာဘိုးဘိုးယွမ်ချင်းနှင့် ချန်ကျန့်မေတို့မှာ ဆက်သွယ်နိုင်သွားမည်ဖြစ်လေသည်။ ထိုသို့ဆက်သွယ်ခြင်းမှာလည်း ချန်ကျန့်မေနှင့်သာသက်ဆိုင်လေသည်။ ဆရာဘိုးဘိုယွမ်ချင်းဆက်သွယ်လာပါက ထိုသို့ဆက်သွယ်လာခြင်းကို ချန်ကျန့်မေကသာပြောပြခြင်းမရှိလျှင် မည်သူမျှ သိရှိနိုင်မည်မဟုတ်ပေ။

အခန်း (၉၄)

ထိုက်ရှီးနည်းဗျူဟာ

ချင်းရွှမ်ခန်းမဆောင်အတွင်းရှိ ကျင့်ကြံသူများအားလုံး၏ ခန္ဓာကိုယ်များမှာ တစ်ဆတ်ဆတ်တုန်ယင်နေကြလေသည်။ ဖော်မပြနိုင်သည့်ခံစားချက်များက သူတို့နှလုံးသားကို တုန်လှုပ်စေလေသည်။ အားလုံးက ချန်ကျန့်မေကို ငေးမောကြည့်ရှုနေကြလေသည်။

ချန်ကျန့်မေက မတ်တပ်ရပ်နေလေသည်။ သူက မိုးနှင့်မြေကို ကျော်လွန်သွားနိုင်သကဲ့သို့ အားလုံးက ခံစားနေကြရလေသည်။

ထိုခံစားချက်များက သိပ်တော့မကြာလိုက်ပါ။ ခဏအတွင်း ပျောက်ကွယ်သွားလေသည်။

ထိုသို့ခံစားရသည်မှာ ဆရာဘိုးဘိုးယွမ်ချင်းမှာ ခန်းမဆောင်အတွင်းသို့ ကြွရောက်လာသောကြောင့်ဖြစ်ကြောင်းကို အားလုံးက သိလိုက်ကြလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆရာဘိုးဘိုးယွမ်ချင်းမှာ မိုးကောင်းကင်တံခါးဝတွင်ရှိနေပြီး ချင်းရှမ်နတ်တံခါး၏ ကျင့်စဉ်လမ်းများကို လမ်းညွှန်ပြသပေးနေဆဲဖြစ်ကြောင်းကို သိရှိနိုင်လေသည်။ သူက ချင်းရှမ်နတ်တံခါးကို ယခုထိတိုင် စောင့်ရှောက်ပေးနေဆဲဖြစ်လေသည်။

ချန်ကျန့်မေ၏မျက်နှာမှာ ပျော်ရွှင်သည့်ပုံပေါက်မနေပါ။ ကျင့်စဉ်လမ်းကိုလျှောက်လှမ်းခဲ့သူမှာ သူတစ်ယောက်တည်း မဟုတ်ပါ။ သူကဲ့သို့ တစ်ယောက်တည်းအထီးကျန်စွာဖြင့် ကျင့်စဉ်လမ်းကိုလျှောက်လှမ်းခဲ့ရသူ အချင်းချင်းသာ သူ၏ခံစားချက်ကိုနားလည်နိုင်မည်ဖြစ်လေသည်။ ဂုဏ်သိက္ခာ ဆိုသည်မှာ ခက်ခဲပင်ပန်းစွာကျင့်ကြံခဲ့ရသည့်အချိန်များ အတွက် အသိအမှတ်ပြုခံရသည့်အချိန်ခဏတာလေးပင်ဖြစ် လေသည်။

ဟိုင်သန်းအဆင့်ကို ခက်ခဲပင်ပန်းစွာလေ့ကျင့်ခဲ့ရပြီး များစွာ
နာကျင်ခံစားခဲ့ကြရသည့်အတွက် သူတို့ကျင့်စဉ်အောင်မြင်
သွားသည့်တိုင် သူတို့ကိုယ်သူတို့ အောင်မြင်သည်ဟု မ
ယုံကြည်နိုင်ဖြစ်နေကြသည်က များလေသည်။
ထို့ကြောင့် ကျင့်ကြံသူအများစုမှာ ဟိုင်သန်းအဆင့်ကို
ကိုယ်ပိုင်စွမ်းအားဖြင့် ရရှိနိုင်သူများစွာမရှိကြခြင်းဖြစ်လေ
သည်။ သူတို့အများစုမှာ တာအိုဆရာစန်းဝမ့်ကဲ့သို့ပင် ကျင့်ကြံ
ရင်း သေဆုံးသွားကြရသည့်သူများသာ များပြားလေသည်။
ဟိုင်သန်းအဆင့်အောင်မြင်သွားသည့် ဆရာသခင်အများစုမှာ
"ပြင်ပပြဒါးရှင်"ပြောင်းလဲသည့်နည်းလမ်းနှင့် "နတ်ဒေဝါ
အမြုတေ" ကို စွမ်းအားအဖြစ်ပြန်လည်စုစည်းသည့် နည်းလမ်
များဖြင့်သာ အောင်မြင်နိုင်သည့်သူ များလေသည်။ ထိုနည်း
လမ်းများမှာ မလွယ်ကူသည့်တိုင်အောင် အနည်းဆုံးတော့
မည်သို့ကျင့်ကြံရမည်ဆိုသည့် လမ်းကြောင်းကို သိနိုင်လေ

သည်။ ထို့ကြောင့် စိတ်နှလုံးဖြူစင်ခြင်းနှင့် ကျင့်စဉ်လမ်းကို ဦးစားပေးသော ချင်းရှမ်နတ်တံခါးကဲ့သို့သော နတ်ဘုရားကျောင်းတော်ကြီးများတွင်ပင် ထိုနည်းလမ်းနှစ်ခုဖြင့်သာ ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်သည့်သူများပြားလေသည်။ ယနေ့ ချန်ကျန့်မေ၏အောင်မြင်မှုကိုကြည့်ပြီးနောက်ပိုင်း ကျင့်ကြံသူတပည့်များမှာလည်း ကျင့်စဉ်လမ်းအောင်မြင်ပြီး တရားအလင်းရရန်စိတ်များ ထက်သန်လျှက်ရှိကြလေတော့သည်။ သူတို့က ချန်ကျန့်မေကို စံပြပုဂ္ဂိုလ်အဖြစ် သတ်မှတ်ကာ ကြိုးစားလိုစိတ်များဖြစ်ပေါ်လျှက်ရှိနေကြလေသည်။ သူတို့အားလုံးတွင်လည်း ဟိုင်သန်းအဆင့်အောင်မြင်အောင်ကျင့်ကြံနိုင်ပြီး ချင်းရှမ်နတ်တံခါး၏စစ်မှန်သည့် တပည့်များဖြစ်လာရန်အတွက် အခွင့်အရေးများစွာရှိနေသည် မဟုတ်ပါလား။ ဟိုင်သန်းအဆင့်အောင်မြင်ပြီး ပိုမိုမြင့်မား

သည့်အဆင့်များသို့ တက်လှမ်းနိုင်ရန်အတွက် ပုံပြောင်းအဆင့် ခြောက်ဆင့်အနည်းဆုံးရရှိရမည်ဖြစ်လေသည်။

လူစောယိနှင့်ပြဿနာဖြစ်ခဲ့သည့် အဖြူရောင်ဝတ်လူငယ် ကျောက်စစ်မင်ကတွေးလိုက်မိလေသည်။

"ဒီပုံစံမျိုးဟာ တကယ့်ယောကျ်ားကောင်းတစ်ယောက် လျှောက်လှမ်းရမယ့်ပုံစံမျိုးပဲ"

ထိုသို့တွေးလိုက်မိသောကြောင့် သူက ကျင့်စဉ်လမ်းကို အပြင်းအထန်ကြိုးစားကျင့်ကြံချင်သည့်စိတ်များ ဖြစ်ပေါ်လာလေတော့သည်။

ကျင့်စဉ်လမ်းတွင် နေထိုင်ပြုမူမှုများကလည်းများစွာအရေးပါလေသည်။ ချင်းရွှမ်ခန်းမဆောင်ထဲတွင်ရှိနေကြသည့် ကျင့်ကြံသူတပည့်များတွင် မတူညီသည့် ပင်ကိုယ်စရိုက်နေထိုင်ပြုမူမှုများရှိကြလေသည်။ သို့သော် ကျင့်ကြံသူများ ဖြစ်

သည့်အတွက် သူတို့မျက်နှာများကတော့ တည်ငြိမ်အေးချမ်းနေကြလေသည်။

……………………………………

ချန်ကျန့်မေ ဟိုင်သန်းအဆင့်အောင်မြင်သွားပြီးနောက် သုံးရက်ကြာခဲ့ပြီဖြစ်လေသည်။ ထိုက်ယီတောင်တွင် ယောက်ယက်ခတ်သွားလာနေကြသည့် ကျင့်ကြံသူများမှာလည်း တဖြည်းဖြည်းနည်းပါးသွားကြလေသည်။ ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်အောင်မြင်သွားပြီးနောက် ထိုက်ယီတောင်နှင့် ကျီဖူတောင်တွင်နေထိုင်ရန် မရွေးခြယ်ခဲ့သည်မှာ အံ့သြစရာကိစ္စတစ်ခုဖြစ်ခဲ့လေသည်။ သူက ချင်းရှမ်နတ်တံခါးမှထွက်ခွာသွားရန် ရွေးခြယ်ခဲ့လေသည်။

ဆရာသခင်ကျန်းရှော့ရှီးက အကန့်အသတ်မရှိသည့် လောကမ္ဘာအကြောင်းကို ချန်ကျန့်မေကို ရှင်းပြခဲ့လေသည်။ သို့သော် ထိုကမ္ဘာလောကကြီးဆီသို့ ချန်ကျန့်မေခြေဆန့်မည့် ကိစ္စကိုတော့ တားမြစ်စရာအကြောင်းမရှိတော့ပါ။

ဆန်းလျန်ကတော့ ချန်ကျန့်မေ ချင်းရှမ်နတ်တံခါးမှ ထွက်ခွာသွားခြင်း၏နောက်ကွယ်တွင် အခြားသောအကြောင်းအရာများရှိနိုင်သေးသည်ဟု တွေးနေမိလေသည်။ ထိုနောက်ကွယ်မှ အကြောင်းအရာကို ဆရာသခင်ကျန်းရော့ရှီး သိနိုင်လေသည်။ သို့သော် ဆန်းလျန်မေးမြန်းလျှင်တောင်မှ ဆရာသခင်ကျန်းရော့ရှီးက ပြောပြလိမ့်မည်မထင်ပါ။

ချန်ကျန့်မေဘယ်နေရာသို့သွားမည်ကို စိတ်ပူနေရန်အတွက် ဆန်းလျန်မှာလည်း အချိန်မရှိပါ။ သူက "ပြင်ပပြဒါးရှင်" အကြောင်းကို လွန်စွာမှစိတ်ဝင်စားနေမိလေသည်။

ကျီဖူတောင်ထိပ်သို့ဆန်းလျန်ရောက်ဖူးသည်မှာ ပထမဆုံးအကြိမ်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ချင်းရှမ်နတ်တံခါး၏ ကျင့်စဉ်နည်းလမ်းများနှင့် နတ်ဘုရားအဆင့်အောင်မြင်သူများ၏ ပုံတူပန်းချီကားများကို ကျီဖူတောင်ရှိ ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင် သိမ်းဆည်းထားသောကြောင့်

ဖြစ်လေည်။ စွမ်းအာမြင့်မားပြီး နားလည်ရခက်သည့် တာအို ဆရာအဘိုးအိုတစ်ယောက်က ထိုက်ဝေ့ထိုင်ကို ထိန်းသိမ်း စောင့်ရှောက်ပေးနေလေသည်။

ဆန်းလျန်မှာ ကျီဖူတောင်ရှိ ကျင့်စဉ်အဆောင်တစ်ခုတွင်ရောက် နေလေသည်။ ထိုအဆောင်မှာ ကျောက်နံရံများကာရံထားသည့် အဆောင်တစ်ခုဖြစ်သည့်အတွက်ကြောင့် အဆောင်ဟုပြောရ မည်ထက် ခန်းမတစ်ခုဟုပြောလျှင် ပိုမှန်နိုင်မည်ဖြစ်လေ သည်။

ထိုခန်းမထဲတွင် ပုံတူပန်းချီကားတစ်ချပ်ကို ချိတ်ဆွဲထားလေ သည်။ ထိုပန်းချီကားထဲတွင် ကြည်လင်သည့်ရေများဖြင့် ပြည့် နေသည့်ရေကန်တစ်ခုကိုတွေ့မြင်နိုင်လေသည်။ တိမ်ဖြူများ လွင့်မျောနေသည်ကိုလည်း မြင်နိုင်လေသည်။ အနီးကပ် လေ့လာကြည့်မည်ဆိုလျှင် ရေကန်ထဲမှရေများက ငြိမ်သက်နေ ပြီး တိမ်များကလည်း ရွေ့လျားနေမည်ကို တွေ့ရမည်ဖြစ်လေ

သည်။ ဤသည်မှာ ကျင့်စဉ်လမ်း၏ ငြိမ်သက်ခြင်းနှင့် ရွေ့လျားပြောင်းလဲ ခြင်းသဘောတရားကို ပြသနေခြင်းဖြစ်လေသည်။

ထိုပန်းချီကားကိုကြည့်ပြီး လူတစ်ယောက်က တစ်စုံတစ်ရာကို သိမြင်သွားမည်ဟု အခြားတစ်ယောက်က ထင်နိုင်ဖွယ်ရှိလေသည်။ နက်နက်နဲနဲ စဉ်းဟားချင့်ချိန်ပြီးသည့်အခါတွင်တော့ မည်သည့်အရာကိုမျှ နားမလည်နိုင်သေးကြောင်း သိရှိရလေသည်။

မိန်းကလေး၏ဦးဆောင်မှုနောက်သို့ ဆန်းလျန်လိုက်လာကာ ခန်းမအတွင်းသို့ဝင်လိုက်လေသည်။ ထိုမိန်းကလေးမှာ ချန်ကျန့်မေ ဟိုင်သန်းအဆင့်အောင်မြင်သည့်နေ့တွင် ချင်းရှမ်ခန်းမဆောင်ထဲတွင်တွေ့ရသည့် ဆန်းလျန်၏ ဂိုဏ်းတူအစ်မဖြစ်လေသည်။ သူမ၏နာမည်မှာ ကူးချိုင်ဝေ့ ဖြစ်လေသည်။ ဆရာသခင် ကျန်းရော့ရှီးက ကူးချိုင်ဝေ့အား သူမ၏ဆရာသခင်

ကိုယ်စားတပည့်အဖြစ်လက်ခံပေးရန် ပြောဆိုခဲ့လေသည်။ ကူး

ချိုင်ဝေ့၏ဆရာသခင်မှာ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာခန့်က

ကျင့်စဉ်လမ်းတွင် လမ်းမှားခဲ့လေသည်။ ထိုဆရာခ်မှာ ဆန်း

လျန် ကျွန်းပေါ်သို့ရောက်ရောင်ချင်း ဆုံတွေ့ခဲ့ရသည့်

ခရမ်းရောင်ဝတ်နတ်မိမယ်ပင် ဖြစ်လေသည်။

ခရမ်းရောင်ဝတ်နတ်မိမယ်မှာ ပြီးခဲ့သည့် မျိုးဆက်မှ နတ်

ဘုရားတစ်ပါးဖြစ်လေသည်။ သူမ၏ နတ်ဘုရားနာမည်မှာ

"ကျိုလင်" ဖြစ်လေသည်။ သူမက မိုးကောင်းကင်တရားစီရင်မှု

တစ်ခုဖြင့်ရင်ဆိုင်ခဲ့ရပြီး လူသားအဖြစ်ပြန်ဝင်စားကာ ကျင့်စဉ်

လမ်းသို့ ဝင်ခဲ့ရလေသည်။ ထို့ကြောင့် သူမကို ဆရာသခင်

ကျန်းရှော့ရှီးက ဆရာဒေါ်လေးဟုခေါ် ခြင်းဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးတွင် အချင်းခေါ်ဝေါ်သည့် ဆရာတပည့်

အခေါ်အဝေါ်များကို များစွာအသုံးပြုကြခြင်းတော့မရှိပေ။

ဟိုင်သန်းအဆင့်ထက်နိမ့်သည့် ကျင့်ကြံသူများကတော့ ဟိုင်သန်းအဆင့်နှင့်အထက် အောင်မြင်သည့်ကျင့်ကြံသူများကို ဆရာဦးလေးဟု ခေါ်ကြလေသည်။ မသေမျိုးဖြစ်သွားသည့် နတ်ဘုရားများကိုတော့ ဆရာဘိုးဘိုးဟု ခေါ်ကြလေသည်။ ဤသည်မှာ ချင်းရွှမ်နတ်တံခါး၏ ယေဘူယျ အခေါ်အဝေါ်များပင် ဖြစ်လေသည်။

ဟိုင်သန်းအဆင့်အောင်မြင်သွားသည့် ဆရာသခင်များနှင့် အဆင့်မြင့်နတ်ဘုရားများမှာ အခြားသူများကို ဒေသနာ ဟောကြား သင်ပြပေးနိုင်သည့် အရည်အချင်းရှိလေသည်။ ထို့ကြောင့် နတ်ဘုရားကျောင်းတော်များမှာ အခေါ်အဝေါ်များ အပေါ်တွင် သိပ်ပြီး အရေးမထားကြခြင်းဖြစ်လေသည်။ ယခုတော့ ဆန်းလျန်မှာ ဆရာသခင်ကျိုလင်ထံမှ "ထိုက်ရှီး နည်းဗျူဟာ" ကို သင်ယူရမည်ဖြစ်လေသည်။ ထိုနည်းဗျူဟာ ကျင့်စဉ်မှာ ချင်းရွှမ်နတ်တံခါး စတင်တည်ထောင်ခဲ့စဉ်ကပင်

တည်ရှိခဲ့သည့် ကျင့်စဉ်ဖြစ်လေသည်။ ထိုကျင့်စဉ်ကိုကျင့်ကြံပြီး နတ်ဘုရားအဆင့်ထိတက်လှမ်းနိုင်သူဟူ၍ နှစ်ပေါင်းတစ်သောင်းတွင် နှစ်ဦးသာရှိလေသည်။ ထိုနှစ်ယောက်တွင် တစ်ဦးမှာ ခရမ်းရောင်ဝတ် ကျိုလင်နတ်သမီးဖြစ်လေသည်။

သို့သော် သူမ၏မျိုးဆက်တွင် ထိုက်ရှီးနည်းဗျူဟာကိုကျင့်ကြံပြီး နတ်ဘုရားဖြစ်ခဲ့သူမှာ သူမတစ်ဦးတည်းသာ ရှိလေသည်။ ထို့ကြောင့် ထိုကျင့်စဉ်ကို သင်ပြပေးမည့် ဆရာသခင်ထံတွင် တပည့်ခံမည်ဆိုပါက အသေးစိတ်ရှင်းပြပြီးမှသာ တပည့်အဖြစ်လက်ခံခိုင်းလေသည်။

ထိုအကြောင်းအရာများအားလုံးကို ဆန်းလျန်မှာသိရှိပြီးဖြစ်ပါသည်။ သို့သော် သူက ထိုက်ရှီးကျင့်စဉ်ကို ကျင့်ကြံရန် ရွေးခြယ်ခဲ့လေသည်။

ဆန်းလျန်အနေဖြင့် ထိုကျင့်စဉ်ကို ကျင့်ကြံနိုင်ပါမည်လားဟု သူ့ကိုယ်သူ သံသယဝင်မိသည့်တိုင် ဆရာသခင်ကျန်းရော့ရှီး

ကိုယ်တိုင်က ရွေးခြယ်ပေးခဲ့ခြင်းဖြစ်သည့်အတွက် သူက ဆရာသခင်အပေါ်တွင် ယုံကြည်မှုရှိလေသည်။ ထို့ပြင် ဆရာသခင် ကျန်းရော့ရှီးမှာ ကျင့်စဉ်လမ်းနှင့်ပတ်သက်လျှင် အထူးကျွမ်းကျင်သူတစ်ဦးဖြစ်လေသည်။ ထို့ထက်ပိုသည့်အချက်မှာ ဆရာသခင်ကရွေးခြယ်ပေးခြင်းမရှိလျှင် သူလည်းမည်သည့် ကျင့်စဉ်ကျင့်ရမှန်းမသိသည့် အနေအထားဖြစ်နေသောကြောင့် လက်ခံလိုက်ခြင်းလည်း ဖြစ်လေသည်။

ဆန်းလျန်မှာ ကျင့်စဉ်လမ်းနှင့်ပတ်သက်လျှင် တိကျပြတ်သားသူ တစ်ဦးဖြစ်လေသည်။ ကူးချိုင်ဝေ့ကလည်း ထိုအချက်ကို သဘောတူလေသည်။ ကူးချိုင်ဝေ့မှာ ဆရာသခင် ကျန်းရော့ရှီးကို သူမ၏ရင်ထဲ နှလုံးသားထဲမှ လေးစားသူဖြစ်ကြောင်း ဆန်းလျန်ရိပ်မိလေသည်။

သူမတင်မဟုတ်ပေ။ တာအိုဆရာစန်းဝမ့်နှင့် ချန့်ကျန့်မေ အပါအဝင် ရှယွမ့်အဆောင်မှ ဂိုဏ်းတူညီအစ်ကိုများအားလုံး

မှာလည်း ဆရာသခင်ကျန်းရော့ရှီးကို လေးစားကြသည်ပဲ ဖြစ်လေသည်။ ယခုအချိန်ထိ အတူတကွ ဖြတ်သန်းခဲ့ကြသည့် အချိန်များအတွင်း ဆန်းလျန်ကိုယ်တိုင်မှာလည်း ဆရာသခင် ကျန်းရော့ရှီးကို များစွာလေးစားခဲ့သူ ဖြစ်လေသည်။ကျန်းရော့ရှီးကြောင့်သာမဟုတ်လျှင် ချင်းရွှမ်နတ်တံခါးသို့မရောက်မီ ကျင့်ကြံခဲ့သည့်ကျင့်စဉ်များအတွက် စိတ်ပူနေရဦးမည်ဖြစ်လေသည်။

ဆန်းလျန်က ခန်းမထဲတွင် ချိတ်ဆွဲထားသည့် ပန်းချီကားကို သေချာအာရုံစိုက်ကာ ကြည့်နေလေသည်။ ကြည့်နေရင်းဖြင့် ကျင့်စဉ်လမ်းကို သူစတင်လျှောက်လှမ်းခဲ့သည့်အချိန်မှစပြီး ယနေ့အထိ သူဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို ရုတ်တရက် ပြန်စဉ်းစားသွားမိလေသည်။

ခဏအကြာတွင် ပစ္စည်းတစ်ခုကိုကိုင်ပြီး ကူးချိုင်ဝေ့ ပြန်ရောက်လာလေသည်။ ထိုပစ္စည်းမှာ သားမွေးအကျီတစ်ထည်

ဖြစ်ပြီး ဖုန်များပင်တက်နေလေသည်။ အသုံးမပြုဘဲထားသည်မှာ ကြာပြီဖြစ်ပုံရလေသည်။

"အစ်မတို့ဆရာဆီမှာ ယောကျ်ားလေးတပည့်မရှိတာကြာခဲ့ပြီ ၊ ဒီဝတ်ရုံက ဆရာ့ရဲ့နောက်ဆုံးယောကျ်ားလေးတပည့်ဖြစ်တဲ့ အစ်မတို့ရဲ့ ဂိုဏ်းတူအစ်ကို ဝတ်ဆင်ခဲ့တဲ့ ဝတ်ရုံပေါ့ ၊ မင်းဝတ်ကြည့်ပါလား..."

ကူးချိုင်ဝေ့ကပြုံးပြီးပြောလိုက်လေသည်။

သူမ၏ဆရာကိုယ်စား ဆန်းလျန်ကို တပည့်အဖြစ်သတ်မှတ်ရသည့်တိုင် အစဥ်အလာများကိုတော့ လိုက်နာရမည်ဖြစ်လေသည်။

ကူးချိုင်ဝေ့မှာ ဝတ်ရုံကို ဆန်းလျန်ထံသို့ပေးလိုက်ပြီး ဆန်းလျန်ကို ကျောခိုင်းထားလိုက်လေသည်။ သို့သော် သူမကြိတ်ပြီးရယ်လိုက်သည့်အသံကို ဆန်းလျန်ကြားလိုက်ရလေသည်။

ဆန်းလျန်ကတော့ သူ၏ဂိုဏ်းတူအစ်မမှာ ရယ်စရာအကြောင်း ရှိ၍သာ ရယ်ခြင်းဖြစ်မည်ဟု တွေးလိုက်မိလေသည်။

ကူးချိုင်ဝေ့မှာ ဆန်းလျန်ကို ကျောခိုင်းလိုက်သည့်တိုင် သူမ အတွက်က ထူးခြားမှုမရှိပေ။ သူမသာ ဆန်းလျန် အကျီလဲ သည်ကို ကြည့်ချင်သည်ဆိုလျှင်အခန်းအပြင်ဘက်သို့ထွက်နေ သည့်တိုင်အောင် ကြည့်နိုင်သည့် စွမ်းအားရှိလေသည်။

ဆန်းလျန်မှာလည်း ကူးချိုင်ဝေ့ရှိနေသည့်အတွက် စိတ် အနှောင့်အယှက်မဖြစ်မိပါ။ ခေတ်ပေါ်ကမ္ဘာတွင် သူနေထိုင်ခဲ့ စဉ်က အရေးအကြောင်းဆိုလျှင် လူများအကြားတွင်ပင် အကျီ လဲရသည်ပဲ ဖြစ်လေသည်။

ဆန်းလျန် ဝတ်ရုံကိုဝတ်ပြီးသည်နှင့် သူ၏တန်ခိုးစွမ်းအားကို အသုံးပြုရန် ကြိုးစားလိုက်လေသည်။ သားမွေးဝတ်ရုံမှာ ကျင့်စဉ်လမ်းနှင့်ဆိုင်သည့် ပစ္စည်းတစ်ခုဖြစ်မှန်း ဆန်းလျန် ရိပ်မိလိုက်လေသည်။ သူ၏တန်ခိုးစွမ်းအားများ ဝတ်ရုံအတွင်း

သို့ စီးဝင်သွားသည်နှင့် သစ်ရွက်လေးတစ်ရွက်လို ပေါ့ပါးသွား လေသည်။ ထို့ပြင် အင်္ကျီလက်များမှာလည်း အလွန်ပွယောင်း နေလေသည်။ လက်ဝှေ့ယမ်းလိုက်လျှင် ငှက်တစ်ကောင် ပျံသန်းသကဲ့သို့ ဖြစ်နေလေသည်။

သို့သော်.... သူက ပျံသန်းဖို့တော့ မကြိုးစားမိပါ။ ကူးချိုင်ဝှေ့ မှာ ဆန်းလျန်ကိုကြည့်ပြီး ရယ်မောလိုက်လေသည်။

ဆန်းလျန်က ဝတ်ရုံမှ ဖုန်မှုန့်များကို ခါထုတ်လိုက်လေသည်။ သူတစ်ကိုယ်လုံး သန့်ရှင်းသွားလေသည်။

"ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို စတင်ဖန်တီးခဲ့တဲ့သူကတော့ အယောက်နှစ်ဆယ်မြောက် အဆင့်မြင့် နတ်ဘုရား လီချင်း ဆွေပါ၊ အဲဒီကျင့်စဉ်က ချင်းရှမ်နတ်တံခါးက ကျင့်စဉ်တစ်ရာ့ ရှစ်ခုအနက် ထိပ်တန်းကျင့်စဉ်သုံးဆယ့်ခြောက်ခုမှာ တစ်ခု အပါအဝင်ဖြစ်တယ်၊ ဒီကျင့်စဉ်ကို လေ့ကျင့်မယ်ဆိုရင် အခက်အခဲတွေအများကြီးနဲ့ ရင်ဆိုင်ရလိမ့်မယ်၊ ဒီနေ့တော့

ဆရာသခင် ကျိုလင်နတ်သမီးကိုယ်စား မင်းကို ဆရာ့ရဲ့တပည့်

အဖြစ် တရားဝင်အသိအမှတ်ပြုလိုက်ပြီ ၊ ဒါကို မင်း

သဘောတူပါသလား"

ဟု ကူးချိုင်ဝေ့က တည်ကြည်လေးနက်သော အသံဖြင့်ပြော

လိုက်လေတော့သည်။

အခန်း (၉၅)

လောကကိုကျော်လွန်သည့်ကျင့်စဉ်

ကူးချိုင်ဝေ့ ထိုသို့ပြောလိုက်သည်မှာ အစဉ်အလာသဘော အရသာဖြစ်လေသည်။ ဆန်းလျန်ကလည်း သဘောမတူနိုင် စရာမရှိပါ။

"ကျွန်တော် ဆရာသခင်ရဲ့တပည့်အဖြစ် သဘောတူပါတယ်" ဆန်းလျန် ခေါင်းညိတ်ရင်းပြောလိုက်လေသည်။

ကူးချိုင်ဝေ့က တစ်ချက်ပြုံးလိုက်သည်။ သူမသည် ယခင်က ဤကဲ့သို့ အစဉ်အလာအတိုင်း တပည့်တစ်ယောက်ကို လက်ခံပေးခဲ့ခြင်းမျိုး မလုပ်ခဲ့ဖူးပေ။ ယခု ဆရာသခင်၏ကိုယ်စား လုပ်ဆောင်ပေးရသည့်တိုင် သူမက စိတ်ပါဝင်စားစွာ လုပ်ဆောင်နေမိလေသည်။ သူမက လက်တစ်ဖက်ဝေ့ယမ်းလိုက်သည့်အခါတွင်တော့ အငွေ့များတထောင်းထောင်းထနေသည့် လက်ဖက်ရည်ပန်းကန်လေးတစ်လုံး လေထဲတွင်ပေါ်လာလေသည်။ သူမကထိုလက်ဖက်ရည်ပန်းကန်လေးကို ဆန်းလျ

န်ထံသို့ပေးလိုက်ပြီး သူမကို ထိုပန်းကန်လေးပြန်ပေးရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်လေသည်။

ဆန်းလျန်မှာ ဘာကြောင့်ထိုသို့ပြုလုပ်မှန်း နားမလည်ပေ။ ချင်းရှမ်နတ်တံခါးမှာ သဘာဝအတိုင်းဖြစ်တည်မှုကိုသာ အာရုံစိုက်ပြီး ဤကဲ့သို့သော စည်းကမ်းမျိုးရှိသည်ဟု မကြားခဲ့ဖူးပေ။ သို့သော် ဂိုဏ်းတူအစ်မကူးချိုင်ဝေ့ဆီတွင် ပညာသင်ကြားရတော့မည်ဆိုမှတော့ သူမ လုပ်ခိုင်းသည့်အတိုင်း လိုက်လုပ်ရန်သာရှိလေသည်။

သူက လက်ဖက်ရည်ပန်းကန်ကို သူမဆီသို့ လေးလေးစားစားဖြင့်ပင် ပြန်ကမ်းပေးလိုက်လေသည်။ ကူးချိုင်ဝေ့က ထိုလက်ဖက်ရည်ကို သောက်လိုက်လေသည်။

ဆန်းလျန်က ဆရာကိုလေးစားသည့်သဘောဖြင့် ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ခုချိန်ကစပြီး မင်းနဲ့အစ်မဟာ ဆရာတစ်ပါးတည်းရဲ့ တပည့်တွေဖြစ်သွားပြီ ၊ ကျင့်စဉ်လမ်းမှာ အချင်းချင်းကူညီကြရမယ်" ကူးချိုင်ဝေ့ကပြောလိုက်လေသည်။

"ဒီပန်းချီကားချပ်က မူရင်းပန်းချီကားချပ်တော့မဟုတ်ဘူး ၊ ဒါပေမယ့် ဆရာဘွားဘွားလီချင်းဆွေရေးဆွဲခဲ့တဲ့မူရင်းပန်းချီကားနဲ့တော့ အနီးစပ်ဆုံးတူညီပါတယ် ၊ ဆရာဘွားဘွား ကျင့်စဉ်လမ်းအောင်မြင်သွားတော့ ဒီပန်းချီကားကို ရေးဆွဲခဲ့တယ် ၊ အစ်မတို့ရဲ့ဆရာက ဒီပန်းချီကားရဲ့ အဓိပ္ပါယ်ကို ဆရာဘွားဘွားကို မေးခဲ့တယ် ၊ ဆရာဘွားဘွားက ဒီပန်းချီကားဟာ လီချင်းဆွေရဲ့ "ထိုက်ရှီး" ကျင့်စဉ်ကို သရုပ်ဖော်ထားတာလို့ ပြောခဲ့တယ် ၊ ဂိုဏ်းတူမောင်လေး ၊ ဒီပန်းချီကားကို ဆရာဘွားဘွားက ဘာရည်ရွယ်ချက်နဲ့ရေးဆွဲခဲ့လည်းဆိုတာ မှန်းကြည့်နိုင်မလား"

ကူးချိုင်ဝေ့က ချိတ်ဆွဲထားသည့် ပန်းချီကားကို ညွှန်ပြရင်း မေးလိုက်လေသည်။

ဆန်းလျန်က တစ်ခဏမျှတွေးလိုက်ပြီး...

"ထိုက်ရှီးကျင့်စဉ်... ရုပ်ပိုင်းဆိုင်ရာသဏ္ဍာန်ပေါ့၊ ကြည့်ရတာ ဆရာဘွားဘွားက ကျင့်စဉ်လမ်းအောင်မြင်သွားတာ တိမ်တွေ ရေတွေနဲ့များ သက်ဆိုင်နေမလား"

ဆန်းလျန်က ပြန်ဖြေပေးလိုက်လေသည်။

"တကယ်တော့ ဒီမေးခွန်းအတွက် အဖြေမရှိပါဘူး၊ ဆရာ ဘွားဘွားက ဒီပန်းချီကားချပ်အကြောင်းကို ရှင်းပြမသွားခဲ့ဘူး ၊ ဆရာကလည်း အစ်မကို တပည့်အဖြစ်လက်ခံတော့ ဒီလို မေးခွန်းမျိုးမေးဖူးတယ်၊ ဒါကြောင့် အစ်မကလည်း မင်းကို ပြန်မေးတာ၊ ဆရာ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုး ဆင့်လုံးအောင်မြင်ပြီး တက်ရောက်ခဲ့တာ၊ ဂိုဏ်းတူအစ်ကိုချန် ကျန့်မေကလည်း အင်မတန်မှ တော်တဲ့သူပါ၊ ဒါပေမယ့် အစ်မ

တို့ဆရာလောက် မတော်သေးဘူး ၊ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကိုကျင့်ကြံတဲ့အခါ အခက်အခဲတွေရှိတယ်ဆိုပေမယ့် ဒီကျင့်စဉ်ဟာ လောကမှာ အကောင်းဆုံးကျင့်စဉ်ပါပဲ" ကူးချိုင်ဝေ့က ရှင်းပြလိုက်လေသည်။

လက်ရှိအချိန်တွင် ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်အောင်မြင်ပြီးသူဖြစ်သဖြင့် သူမ၏ ဆရာဦးလေးဖြစ်သွားပြီဖြစ်လေသည်။ သို့သော် သူမက နှစ်ပေါင်းများစွာ နှုတ်ကျိုးနေသဖြင့် ဂိုဏ်းတူအစ်ကိုဟု ခေါ်လိုက်ခြင်းဖြစ်လေသည်။

သူမ၏စကားသံများတွင် ဂုဏ်ယူခြင်းများ ပါဝင်နေလေသည်။ ထိုက်ရှီးနည်းဗျူဟာကိုလေ့ကျင့်ရမည်မှာ ခက်ခဲမည်ဖြစ်ကြောင်း ဆန်းလျန်နားလည်ထားပါသည်။ သို့သော် မည်သည့်ကျင့်စဉ်အပိုင်းတွင်ခက်ခဲမည်ကိုသာ မသိရှိခြင်းဖြစ်လေသည်။ ချင်းရှမ်နတ်တံခါးတွင် အရည်အချင်းရှိသူ များစွာရှိပါသည်။ သို့သော် ဟိုင်သန်းအဆင့်သို့ ထိုက်ရှီးနည်းဗျူဟာ

ကျင့်စဉ်ဖြင့် တက်ရောက်ခြင်းကိုတော့ ဆရာဘိုးဘိုးယွမ်ချင်း၊ ဆရာဘွားဘွားလီချင်းဆွေ နှင့် လက်ရှိဆရာဖြစ်သည့် ကျိုလင်နတ်သမီး သို့မဟုတ် ပိယွင် ကပါ ကန့်သတ်ထားလေသည်။

"ဂိုဏ်းတူအစ်မ၊ ထိုက်ရှီးနည်းဗျူဟာနဲ့ အခြားကျင့်စဉ်နည်းလမ်းတွေက ဘာများကွာခြားလို့လဲ၊ ဘာလို့ထိုက်ရှီးနည်းဗျူဟာက ခက်ခဲရတာလဲ"

ဆန်းလျန်က မေးလိုက်လေသည်။

ကျင့်စဉ်လမ်းဆိုသည်က လူတစ်ယောက်ကို မိုးမြေစွမ်းအားများဖြင့် ဆက်သွယ်ပေးခြင်းဖြစ်ပြီး ထိုသို့ဆက်သွယ်နိုင်မှုကို နားလည်အောင် လေ့ကျင့်ရခြင်းဖြစ်လေသည်။ ကျင့်စဉ်လမ်းတွင် အဆင့်ပေါင်းများစွာနှင့် အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ရလေသည်။ သို့သော် ကျင့်ကြံနိုင်သည့်သူ မရှိလောက်အောင် ခက်ခဲသည့်ကျင့်စဉ်တော့ မရှိပေ။

ဆန်းလျှန်၏မေးခွန်းကြောင့် ကူးချိုင်ဝေ့၏ မျက်နှာမှ နူးညံ့သိမ်မွေ့ခြင်းများ ပျောက်ကွယ်သွားလေသည်။ သူမမျက်နှာက တည်ကြည်လေးနက်သွားပြီး....

"ဒီကျင့်စဉ်က စွမ်းအားကိုအာရုံစူးစိုက်ရတဲ့ ကျင့်စဉ်ပဲ ၊ ဂိုဏ်းတူအစ်ကိုယန်ပုကွေးရဲ့ "မိုးလေဆင့်ခေါ် ခြင်းကျင့်စဉ်" ၊ ဂိုဏ်းတူအစ်ကို ချန်ကျန့်မေရဲ့ "သဏ္ဍာန်မဲ့ဓားပညာ" ၊ ပြီးတော့ ဆရာဦးလေးဟုန်ရဲ့ "ကျိဝေ့တုန်းကျင့်စဉ်အဖြေ" တွေကလည်း ခက်ခဲပင်ပန်းတဲ့ ကျင့်စဉ်တွေပါပဲ"

"သူတို့က လောကအမှန်တရားတွေအကြောင်း သင်ယူကြရတယ် ၊ ဒါကြောင့် ကျင့်စဉ်အောင်မြင်တဲ့အခါ မသေမျိုးဖြစ်တဲ့ နတ်ဒေဝါတွေဖြစ်ကြရတာပေါ့ ၊ ဒါပေမယ့် မိုးနဲ့မြေမှာ အတုမရှိကျင့်ကြံသူဖြစ်ချင်ရင်တော့ အဲဒီကျင့်စဉ်တွေက မလုံလောက်နိုင်ဘူး"

"နောက်တစ်ခုက "ထိုက်ရှီးနည်းဗျူဟာ" ကျင့်စဉ်ကိုလေ့ကျင့်မယ်ဆိုရင် မိုးမြေအဆုံး အတုမရှိ ကျင့်ကြံသူဖြစ်နိုင်တဲ့အပြင် လောကကိုလည်း ကျော်လွန်နိုင်တဲ့ကျင့်စဉ်တစ်ခုဖြစ်တယ်၊ ဒီကျင့်စဉ်ရဲ့ထူးခြားမှုကို စကားနဲ့ပြောပြလို့မရနိုင်ဘူး၊ အစ်မလည်း ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်လေ့ကျင့်မှုအပိုင်းမှာ အဆင့်အများကြီး မတက်လှမ်းနိုင်သေးပါဘူး၊ ဒါပေမယ့် ဒီကျင့်စဉ်အကြောင်း မင်းကိုပြောပြပေးနိုင်လောက်အောင်တော့ နားလည်ထားပါတယ်"

ကူးချိုင်ဝေ့က ပြောလိုက်လေသည်။

ကျင့်စဉ်ကို ခန်းမထဲတွင် လက်တွေ့ပြသ၍မရပေ။ မဟုတ်လျှင် ဝရုန်းသုန်းကားဖြစ်ကာ ဆရာသခင်ကို စိတ်ရှုတ်စေလိမ့်မည် ဖြစ်လေသည်။

ခန်းမ အပြင်ဘက်ရှိ ကျောက်နံရံကြီးမှာ ကြီးမားကျယ်ပြန့်လွန်းလေသည်။ ထိုနေရာတွင် လူသူတစ်ဦးတစ်ယောက်မျှ

လည်းမရှိပါ။ အသက်ဓာတ်စွမ်းအားများကတော့ နည်းပါးနေလေသည်။ သို့သော် အရာအားလုံးက သူ့ဟာနှင့်သူ အဆင်ပြေပြေ ရှိနေကြလေသည်။

ဆန်းလျန်က ကူးချိုင်ဝေ့နှင့်အတူ ခန်းမအပြင်ဘက်သို့ ထွက်လိုက်သည်။ ကူးချိုင်ဝေ့သည် ကျောက်နံရံအစွန်းပေါ်တွင် အေးအေးဆေးဆေးပင် ရပ်နေလေသည်။ သူမ၏အင်္ကျီလက်များမှာ လေထဲတွင် လွင့်မျောနေလေသည်။ သူမ၏ပုံစံကို ကြည့်ရသည်မှာ ကမ္ဘာလောကတစ်ခုလုံးတွင် တစ်ယောက်တည်း ခိုင်မြဲတည်တန့်စွာရပ်တည်နေသည့်သူတစ်ယောက်နှင့် တူနေလေသည်။

ကူးချိုင်ဝေ့က အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်သည်။ ထို့နောက်ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ သူမကိုကြည့်ရသည်မှာ လူ့လောကနှင့်မသက်ဆိုင်သည့် နတ်ဒေဝီတစ်ပါးအလားပင်ဖြစ်လေသည်။

ဆန်းလျန်က ချန်ကျန့်မေ ၊ ယန့်ပုကွေး နှင့် တာအိုဆရာစန်းဝမ့်

တို့သုံးယောက်ကို နှိုင်းယှဉ်ကြည့်လိုက်မိသည်။ ချန်ကျန့်မေ

ဟိုင်သန်းအဆင့်အောင်မြင်သွားသည်ကို မြင်တွေ့ရသည့်တိုင်

ဆန်းလျန်အတွက် ထူးခြားပြီး ခံစားရခြင်းမရှိပါ။

သို့သော် ကျောက်နံရံထက်ရှိ ကူးချိုင်ဝေ့၏ နတ်ဒေဝါအလား

သဏ္ဍာန်ကတော့ ဆန်းလျန်ကို စိတ်လှုပ်ရှားအားကျမှုများ ဖြစ်

ပေါ်စေလေသည်။

ကူးချိုင်ဝေ့၏ဝိညာဉ်စွမ်းအားမှာ ကြံ့ခိုင်မှုသိပ်မရှိကြောင်း

ဆန်းလျန်ရိပ်မိလိုက်လေသည်။ ထို့ကြောင့် ဆန်းလျန်နှင့် သူမ

သာယှဉ်ပြိုင်လျှင် သူသာအနိုင်ရမည်ဟု ဆန်းလျန်တွေးလိုက်

မိလေသည်။

"ဂိုဏ်းတူမောင်လေး... မင်းက အင်းနဲ့မန္တန်ပညာမှာ အင်မတန်

တော်တယ်လို့ သတင်းရတယ် ၊ မင်းရှိသမျှအားကုန်သုံးပြီး

အစ်မကို တိုက်ခိုက်ပါ"

ကူးချိုင်ဝေ့က ပေါ့ပါးသောလေသံဖြင့် ဆန်းလျန်ကို ပြော လိုက်လေသည်။

ဆန်းလျန်ကခည်း တုန့်ဆိုင်းနေခြင်းမရှိပါ။ သို့သော် ကူးချိုင် ဝေ့မှာ မိန်းကလေးတစ်ယောက်ဖြစ်နေသည့်အတွက် အထင်သေးခြင်းလည်း မဖြစ်မိပါ။

သို့သော်... သူကလည်း အစပိုင်းတွင် ကျင့်ကြံမှုများအောင်မြင် ခဲ့သူပီပီ လေထဲတွင် အင်းချပ်ပုံသဏ္ဍာန်တစ်ခုရေးဆွဲလိုက်လေ သည်။ ထိုအင်းချပ်တွင် အတွင်းအားအပြည့်ပါဝင်လေသည်။ အတွင်းအားက "လေပြင်းတိုက်ခတ်" အင်းချပ်ဖြင့်ဆက်သွယ် သွားပြီး အရှိန်ဖြင့် ကူးချိုင်ဝေ့ထံသို့ လွင့်ပျံသွားလေသည်။ အင်းချပ်မှာ လေထဲတွင် အစိမ်းရောင်ဓားတစ်လက်အဖြစ် ပြောင်းလဲသွားလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဓားတွင် ဆန်းလျန်၏ တန်ခိုးစွမ်းအား ပါဝင်သွားသောကြောင့်ဖြစ်လေ သည်။

ကူးချိုင်ဝေ့က လေထဲမှ ဓားကိုမြင်သည်နှင့် သူမ၏အင်္ကျီ လက်ကိုတစ်ချက်ဝေ့ယမ်းလိုက်လေသည်။ ဆန်းလျန်၏ လေ ထဲမှဓားမှာ ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။ ဆန်းလျန်မှာ "လေပြင်းတိုက်ခတ်" အင်းချုပ်ကို သူ၏တန်ခိုး စွမ်းအားဖြင့်ပေါင်းစပ်ကာ ဓားအသွင်ပြောင်းထားခြင်းဖြစ် သည့်အတွက် ဓားပျောက်ကွယ်သွားသည်ကို ချက်ချင်းသိ လိုက်လေသည်။ တစ်ချိန်တည်းမှာပင် ကူးချိုင်ဝေ့၏ ဝိညာဉ် စွမ်းအားမှာ သိသိသာသာပြောင်းလဲသွားခြင်းမရှိကြောင်း လည်း သတိထားလိုက်မိလေသည်။

ကျောက်နံရံထက်မှ မိုးခြိမ်းသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရုတ်တရက် မြေနှင့်သဲမှုန့်များစုစည်း သွားပြီး ကောင်းကင်ကိုထိုးဖောက်ကာ ဓားရှည်တစ်ချောင်း ပေါ်လာလေသည်။ ထိုဓားမှ ရောင်ခြည်များဖြာထွက်နေလေ သည်။

ဆန်းလျန်နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်လေသည်။ ဆန်းလျန်က သူ့ဘဝတစ်လျှောက်လုံးကျင့်ကြံခဲ့သည့် ပညာများဖြင့် အကောင်းဆုံးတိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။ သို့သော် ဆန်းလျန်သင်ယူခဲ့သည့် မည်သည့်ကျင့်စဉ်မဆို ကူးချိုင်ဝေ့ အပေါ်တွင် သက်ရောက်မှုမရှိပေ။

ဆန်းလျန်မှာ "ရှိခြင်းမရှိခြင်းဓားဝိညာဉ်" ကိုသာ အသုံးပြုရန်ကျန်တော့သည်။

"နတ်သက်ခြေဓားသိုင်း" ကိုလည်း သူအသုံးမပြုရသေးပါ။ သူက ကူးချိုင်ဝေ့၏ ဝိညာဉ်နှင့် နှလုံးသားကို နာကျင်စေလိုခြင်း အလျဉ်းမရှိပါ။ ထို့ကြောင့် သူက "နတ်သက်ခြေဓားသိုင်း" ကို အသုံးမပြုခြင်း ဖြစ်လေသည်။

ထို့ပြင် ယခုတိုက်ခိုက်နေသည်မှာ တကယ့်တိုက်ပွဲတစ်ခု မဟုတ်ပါ။ ကူးချိုင်ဝေ့က ထိုက်ရှီးနည်းဗျူဟာကို ဆန်းလျန်ကို ပြသနေခြင်းသာ ဖြစ်လေသည်။

ဆန်းလျန်၏နဖူးထက်တွင် ချွေးစလေးများ ထွက်လာလေ

သည်။ သူ၏ ပညာများအားလုံး ထုတ်သုံး၍ မရနိုင်အောင် ဖြစ်

နေရသည် မဟုတ်ပါလား။

သူ၏အစွမ်းများ အသုံးမပြုနိုင်မီမှာပင် ကူးချိုင်ဝေ့၏ အစွမ်း

က တားဆီးထားခြင်းဖြစ်လေသည်။ထို့ကြောင့် ကျောက်နံရံ

ကြီးထက်တွင် တိုက်ခိုက်သည့် လက္ခဏာကိုပင် မတွေ့ရပေ။

ကူးချိုင်ဝေ့က ရှေ့သို့လျှောက်လာပြီး...

"ဒါတောင် အစ်မက ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ရဲ့အခြေ

အဆင့်လောက်ကိုပဲ သိသေးတာ ၊ မင်းလေ့ကျင့်ခဲ့တဲ့ ကျင့်စဉ်

ပညာတွေရော သိုင်းပညာတွေရောက အစ်မကို ဘာမှထိခိုက်

အောင် လုပ်လို့မရဘူး ၊ မင်းသာထိုက်ရှီးကျင့်စဉ်ကျင့်ကြံပြီး

ဟိုင်သန်းအဆင့်ကိုတက်ရောက်နိုင်ရင် ဒီလောကကတစ်ခွင်မှာ

မင်းကို ယှဉ်နိုင်တဲ့သူ ဘယ်သူမှရှိမှာမဟုတ်တော့ဘူး"

သူမက ပြောလိုက်လေသည်။

"ထိုက်ရှီးနည်းဗျူဟာကိုကျင့်ကြံပြီး နတ်ဘုရားတစ်ပါးဖြစ်လာခဲ့ရင် ဘာတွေဖြစ်လာနိုင်သလဲ"

ဆန်းလျန်က သူ့စိတ်ထဲသိချင်နေသည့်အချက်ကို နှစ်ခါမစဉ်းစားဘဲ မေးလိုက်လေသည်။

ကူးချိုင်ဝေ့က သူ၏ကျင့်စဉ်တန်ခိုးများအားလုံးကို တားဆီးထားနိုင်လျှင် ဆန်းလျန်လည်း အတုခိုးပြီး လိုက်လံ ပြုလုပ်နိုင်ရမည်ဖြစ်လေသည်။ သို့သော် သူမက အင်္ဂါလက်တစ်ဖက်ကိုသာ ဝေ့ယမ်းလိုက်ခြင်းဖြစ်ပြီး မည်သည့်ပညာမျှ အသုံးပြုခြင်းမရှိပါ။ အင်းချပ်အသုံးပြုခြင်း ၊ မန္တန်ရွတ်ဆိုခြင်း မည်သည့်အရာကိုမျှ ပြုလုပ်ခြင်းမရှိပေ။ တန်ခိုးစွမ်းအားနှင့်အတွင်းအားကို အသုံးပြုသည်ကိုလည်း မတွေ့ရပါ။ သို့သော် ထိုသို့လက်တစ်ဖက်ဝေ့ယမ်းရုံမျှဖြင့် ဆန်းလျန်၏ ကျင့်စဉ်ပညာများနှင့် အင်းချပ်ပညာများအားလုံး အသုံးမဝင်ဖြစ်သွားရလေသည်။

ကူးချိုင်ဝေ့မှာ ဟိုင်သန်းအဆင့်သို့ရောက်ရှိသူ မဟုတ်သေးပါ။ သို့သော် သူမရောက်ရှိနေသည့်အဆင့်ကို ခန့်မှန်းရန် ခက်ခဲနေလေသည်။ ဟိုင်သန်းအဆင့်သာအောင်မြင်ခဲ့လျှင် သို့မဟုတ်အဆင့်မြင့်နတ်ဘုရားတစ်ပါးဖြစ်လာခဲ့လျှင် မည်ကဲ့သို့သောအစွမ်းမျိုးရလာနိုင်မည်လဲဟု ဆန်းလျန်စဉ်းစားနေမိလေသည်။

ကူးချိုင်ဝေ့က ဆန်းလျန်၏ မေးခွန်းကို တိုက်ရိုက်ပြန်မဖြေပါ။

"ပြန်ပြောရမယ်ဆိုရင် ဆရာဘွားဘွားလီချင်းဆွေဟာ ဂုဏ်သတင်းလည်းအရမ်းကြီးသလို ရန်သူလည်း အရမ်းများခဲ့တယ် ၊ တန်ခိုးစွမ်းအားကြီးမားတဲ့အုပ်စုတစ်စုက ဝိုင်းပြီးတိုက်ခိုက်တာကိုတောင်ခံခဲ့ရတယ်၊ ဒါပေမယ့် အဲဒီရန်သူတွေအားလုံးကို ဆရာဘွားဘွားက တစ်ယောက်တည်းနဲ့ အနိုင်ယူလိုက်တယ် ၊ အဲဒီအချိန်တုန်းက ဆရာဘွားဘွားဟာ ထိုက်ရှီးနည်းဗျူဟာကိုတောင် အပြည့်အဝကျင့်ကြံအောင်မြင်ခြင်း မရှိ

သေးဘူး"

ကူးချိုင်ဝေ့က ပြန်ပြောလိုက်လေသည်။

သူမပြောပြပုံအရဆိုလျှင် ကူးချိုင်ဝေ့မှာ ဆရာဘွားဘွားကို များစွာ လေးစားပုံရလေသည်။ သူမကဲ့သို့နူးညံ့သိမ်မွေ့ဟန်ရှိသည့်မိန်းကလေးမှာ လောကကိုကျော်လွန်သည့် ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်သွားသည့် ဆရာဘွားဘွားအကြောင်း ပြောပြရသည်ကို များစွာ စိတ်လှုပ်ရှားနေပုံရလေသည်။

အခန်း (၉၆)

ဒီတောင်တွေကြား နေ့ရက်တွေတောင်မမှတ်သားမိတော့ ဆရာဘွားဘွားလီချင်းဆွေကို ဝိုင်းဝန်းတိုက်ခိုက်ကြသည့် တန်ခိုးစွမ်းအားကြီးမားသည့်အုပ်စုမှာ မည်မျှတန်ခိုးကြီးမား ကြကြောင်း ကူးချိုင်ဝေ့ မသိပါ။ သို့သော် ထိုသူများမှာ ဟိုင် သန်းအဆင့်ထက်မနိမ့်သည့်သူများဖြစ်ကြောင်းကိုတော့ သူမ ကောင်းစွာသိလေသည်။ ထိုသူများမှာ အဆင့်မြင့်နတ်ဘုရား များမဟုတ်သည့်တိုင် နတ်ဘုရားများကဲ့သို့ တန်ခိုးစွမ်းအား ကြီးကြသည့် လောကနတ်ဘုရားများဖြစ်ကြလေသည်။

ကျင့်စဉ်လမ်းတွင် ကျင့်စဉ်နည်းလမ်းပေါင်းများစွာရှိလေ သည်။ ထို့ကြောင့် ကျင့်စဉ်လမ်းမတူညီသည့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချင်းချင်းပြဿ

နာဖြစ်ကြသည်များကတော့ ရှိစမြဲပင်ဖြစ်လေသည်။

သို့သော်...တစ်ယောက်တည်းဖြင့် အဆင့်မြင့်ကျင့်ကြံသူများ စွာကို နှိမ်နင်းလိုက်လျှင်တော့ ကျင့်စဉ်လမ်းအထွဋ်ထိပ်ရောက်

ရှိနေသည့်သူ ဖြစ်လေသည်။ ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး အပြစ်ဆိုစရာမရှိတော့လောက်အောင် အဆင့်မြင့်နေပြီဖြစ်လေသည်။

ထိုသို့သောကျင့်ကြံသူမျိုးကို မိုးမြေက အသိအမှတ်မပြုဘဲ မနေနိုင်ပေ။

"ဂိုဏ်းတူအစ်မ ၊ ထိုက်ရှီးနည်းဗျူဟာကို ဘယ်လိုအသုံးပြုရတာလဲ"

ဆန်းလျန်က မေးလိုက်လေသည်။

"ဂိုဏ်းတူမောင်လေး ၊ မင်းအတွင်းအားလေ့ကျင့်တဲ့အခါ ဘာကိုစဉ်းစားပြီး အတွင်းအားလေ့ကျင့်တာလဲ"

ကူးချိုင်ဝေ့က ပြန်မေးလိုက်လေသည်။

သူမ၏အကြည့်များက ရေကဲ့သို့ကြည်လင်ပြီး နူးညံ့နေလေသည်။

"ဂိုဏ်းတူအစ်မပြောချင်တာက မိုး ၊ မြေ ၊ တောင်တန်း ၊ ရွှံ့နွံ ၊ ရေ ၊ မီး ၊ လေနဲ့ လျှပ်စီးဆိုတဲ့ သဘာဝဒြပ်စင်စွမ်းအားရှစ်မျိုးကိုပြောချင်တာလား ၊ အဲဒါတွေက လောကမှာ ဖြစ်တည်နေတဲ့ ဒြပ်စင်တွေပဲ ဖြစ်ပြီး ကျွန်တော်တို့သိမြင်နိုင်တာပဲ"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ထိုဒြပ်စင်စွမ်းအားရှစ်မျိုးကို ရှယွမ့်အဆောင် ဝါးလုံးအိမ်လေးထဲတွင် မိုးမြေစွမ်းအားများကို လေ့ကျင့်ရင်း ဆန်းလျန်သိရှိနားလည်ခဲ့ပြီးဖြစ်လေသည်။ အင်းနှင့်မန္တန်ပညာကို သူဆက်လက်လေ့လာသည့်အခါတွင်တော့ ထိုဒြပ်စင်စွမ်းအားရှစ်မျိုးကို အတွင်းအားနှင့်ပေါင်းစပ်ကာ အင်းပညာကိုအစွမ်းထက်မြက်စွာ အသုံးပြုနိုင်ခဲ့ခြင်းဖြစ်လေသည်။

သူ ကူးချိုင်ဝေ့ကို တိုက်ခိုက်ရန်အတွက်အသုံးပြုခဲ့သည့် "လေပြင်းတိုက်ခတ်" အင်းချပ်သည်ပင်လျှင် ထိုဒြပ်စင်စွမ်းအားရှစ်ခုနှင့် ပေါင်းစပ်ထားခြင်းဖြစ်လေသည်။ အခြား

သောကျောင်းကြီးသူများ၏ တန်ခိုးစွမ်းအားဆိုသည်မှာလည်း ထို ဒြပ်စင်စွမ်းအားရှစ်မျိုးကိုပင် အခြေခံထားကြခြင်းပင်ဖြစ်လေ သည်။

"မင်းက အခုမှ အင်းပညာကိုစတင်လေ့လာထားတဲ့သူမို့လို့ မင်း နားလည်တာက သာမန်အဆင့်ပဲရှိသေးတယ် ၊ ထိုက်ရှီး နည်းဗျူဟာရဲ့ပထမအဆင့်က အဲဒီဒြပ်စင်စွမ်းအားရှစ်မျိုးကို ကျင့်ကြံသူရဲ့ခန္ဓာကိုယ်ထဲကို ဝင်ရောက်စေပြီး ကြိုးပမာ ချိတ်ဆက်ပြီး စွမ်းအားကိုနားလည်အောင်လေ့ကျင့်ရတာမျိုးပဲ ၊ ဒီလိုလေ့ကျင့်ခြင်းအားဖြင့် ရုပ်ပွအဆင့်မှာတင် ဟိုင်သန်း အဆင့်တက်လှမ်းနိုင်ဖို့ အခြေခံကောင်းတွေရရှိလိမ့်မယ်" ကူးချိုင်ဝေ့က ရှင်းပြလေသည်။

ရုပ်ပွအဆင့်သို့ရောက်ရှိသည့် ကျင့်ကြံသူများသည် ဝိညာဉ် စွမ်းအားကို ကောင်းကောင်းနားလည်ပြီဖြစ်လေသည်။ ရုပ်ပွ အဆင့်သို့ရောက်ရှိသည်နှင့် သူတို့၏ဝိညာဉ်စွမ်းအားက စတင်

မြင့်တက်လာပြီဖြစ်လေသည်။ ထိုအခြေအနေသို့ရောက်ရှိလျှင် မည်သည့်ကျင့်စဉ်ကိုမဆို အတားအဆီးမရှိ ကျင့်ကြံနိုင်မည် ဖြစ်လေသည်။

ထို့ကြောင့် ယန့်ပုကွေးမှာ မရှိမှုမှပင် အင်းချပ်တစ်ခုကို ဖန်တီး ရေးဆွဲနိုင်ခြင်းဖြစ်သလို မီးမရှိဘဲနှင့်လည်း အလင်းကို ဖန်ဆင်းနိုင်ခြင်းဖြစ်လေသည်။

သို့သော်... အသုံးပြုသည့်နည်းလမ်းကတော့ ကွာခြားလေ သည်။ အင်းချပ်အသုံးပြုသည့်သူချင်းအတူတူ ဆန်းလျန်မှာ အင်းချပ်သင်္ကေတစ်မျိုးတည်းကိုသာအသုံးပြုနိုင်သည့်တိုင် ယန့်ပုကွေးကတော့ အင်းချပ်သင်္ကေတ သုံးမျိုး သို့မဟုတ် လေးမျိုးခန့် အသုံးပြုနိုင်မည်ဖြစ်လေသည်။

ရှုပ်ထွေးအဆင့်သို့ရောက်ရှိသည့် ကျင့်ကြံသူများမှာ အင်းချပ် ၊ မန္တန်နှင့် တန်ခိုးစွမ်းအားများကို ကြိုက်သလိုအသုံးပြုနိုင်မည်

ဖြစ်ပြီး နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် ဗီဇစတင်ရရှိပြီ ဖြစ်လေသည်။

....

ဒီတောင်တွေကြား....

နေ့ရက်တွေတောင်မမှတ်သားမိတော့....

အေးခဲမတတ်...

တိုက်ခတ်နေတဲ့လေကိုလည်းဂရုမစိုက်....

နှစ်တွေဘယ်လောက်ကြာခဲ့ပြီလဲ....

နှစ်ပေါင်းဆယ့်ငါးနှစ်ပင်ကြာခဲ့ပြီဖြစ်လေသည်....။

ချင်းရွှမ်နတ်တံခါးတွင် တပည့်များအတွက် ငါးနှစ်တစ်ကြိမ် အရည်အချင်းစစ်စာမေးပွဲ ပြုလုပ်ပေးလေသည်။ ထို အရည်အချင်းစစ်ပွဲတိုင်းတွင် ပထမ ၊ ဒုတိယ နှင့် တတိယ နေရာရသူများမှာ ကူးချိုင်ဝေ့ ၊ ယန့်ပုကွေး နှင့် ဆန်းလျန်တို့ သုံးယောက်သာ ဖြစ်ကြလေသည်။

သို့သော်လည်း ဟိုင်သန်းအဆင့်သို့တက်လှမ်းနိုင်ခြင်းမရှိသေး သည့်တပည့်များထဲတွင် ဆန်းလျန်မှာ နာမည်အကြီးဆုံး တပည့်ဖြစ်လေသည်။ ထိုသို့နာမည်ကြီးရခြင်းမှာ သူ၏ပင်ကိုယ်စိတ်ထား ကောင်းမွန်ခြင်းကြောင်းလည်း ဖြစ် လေသည်။ တံခါးပိတ်ကျင့်စဉ်ကျင့်ကြံနေခြင်းမရှိသည့်အချိန် များတွင် သူ့ကို ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး အခြားတပည့် များက မေးမြန်းကြလျှင် သူက ပွင့်ပွင့်လင်းလင်းဖြင့်ပင် ကူညီ ပေးတတ်လေသည်။

စန့်ယွမ့်အဆောင်မှတပည့်များမှာ ဆရာသခင်များ၏ အနွယ် တော်များ ဖြစ်ကြလေသည်။ သူတို့၏ ကျင့်စဉ်လမ်းနှင့် ပတ်သက်၍လည်း ဆရာသခင်များ၏ ကြပ်မတ်ပေးမှုက အားကောင်းလေသည်။ သို့သော် ဘယ်ကရောက်လာမှန်းမသိ ၊ ဘာကောင်မှလည်းမဟုတ်သည့် ဆန်းလျန်က ယခုကဲ့သို့ နာမည်ကြီးနေခြင်းအတွက် မနာလိုဖြစ်နေကြသည်ကတော့

အမှန်ပင်ဖြစ်လေသည်။ ဆန်းလျန်မှာ လူမှုဆက်ဆံရေးပိုင်း
တွင် အလွန်တော်သူတစ်ဦးမဟုတ်သည့်တိုင် လူတစ်ဖက်သား
ကို အထင်သေးအမြင်သေးဖြင့် မဆက်ဆံတတ်သလို
ဘက်လိုက်ပြီး အစွဲထားတတ်သည့်သူမျိုးလည်း မဟုတ်ပေ။
ဆန်းလျန်ကို စိန်ခေါ်သည့်တပည့်များရှိသော်လည်း ဆန်းလျန်
ကပင် အမြဲတမ်းအနိုင်ရခဲ့သည်ချည်းပင်ဖြစ်လေသည်။
သို့သော် ဆန်းလျန်က သူအနိုင်ရခဲ့သည့်အကြောင်းကို မည်သူ့
ရှေ့တွင်မျှ ကြွားဝါပြီးမပြောတတ်ပေ။
ထိုအကြောင်းကြောင့်ပင် စိန်ခေါ်သည့် တပည့်များမှာ သူ
တို့၏လုပ်ရပ်အတွက် အရှက်ရသွားကြသည်ချည်းပင်။
ထို့ကြောင့်ပင် သူတို့က "စည်းကမ်းဆောင်" သို့ကိုယ်တိုင်
သွားရောက်ကာ အပြစ်ဝန်ခံတတ်ကြလေသည်။

လူစောယိနှင့် လောင်းကြေးထပ်ခဲ့သည့် အဖြူရောင်ဝတ်

လူငယ် ကျောက်စစ်မင်မှာ လူစောယိကို ရှုံးနိမ့်သွားခဲ့လေ

သည်။

လူစောယိမှာ တစ်ညအတွင်းမှာပင် ကျင့်စဉ်ကိုနားလည်သွား

ကာ ဝိညာဉ်စွမ်းအားများ တိုးတက်လာခဲ့လေသည်။ ယခုဆို

လျှင် လူစောယိမှာ ချူးစန်းအဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်

လေသည်။ ရုပ်ဟွအဆင့်သို့တက်လှမ်းနိုင်ရန်အတွက် တစ်ဆင့်

သာလိုတော့လေသည်။ လူစောယိမှာ ချန်ကျန့်မေလောက်တော့

တော်ခြင်းမရှိသည့်တိုင် ဆရာသခင်၏ တပည့်ရင်းဖြစ်

သည့်အတွက် မည်သူကမျှ သူ့ကို ရန်မစရဲကြပေ။

ဆန်းလျန် ၊ လူစောယိတို့နှင့်အတူ ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်

ခဲ့သည့် ပိန်ပိန်ပါးပါးလူငယ်လေး "ရှောင်ဟေး" ၊ မီးခိုးရောင်

ဝတ်အဘိုးအိုကယ်ယွမ်းက သူ့ကို တပည့်အဖြစ် လက်ခံခဲ့လေ

သည်။ ထိုလူငယ်လေး၏နာမည်မှာ ယခု ကျောက်ဝူကျိ ဆို

သည့် နာမည်အသစ်ပင် ရနေပြီဖြစ်လေသည်။ သို့သော်... ထို လူငယ်က မည်သည့် ဂိုဏ်းတူမောင်နှမများနှင့်မှ အဆက်အဆံ မလုပ်သလို သူကျင့်ကြံသည့်ကျင့်စဉ်မှာလည်း ချင်းရွှမ်နတ် တံခါးမှ ကျင့်စဉ်တစ်ရာ့ရှစ်မျိုးမှ ကျင့်စဉ်များ မဟုတ်ပေ။ ဆရာသခင်ကယ်ယွမ်းကိုယ်တိုင်ကပင် သူ့ကိုအခြားသူများရှေ့ တွင် သူကျင့်သည့်ကျင့်စဉ်ကို မဖော်ပြရန်လည်း မှာကြားထား လေသည်။

ထိုအကြောင်းများကြောင့်ပင် အချို့သော ဂိုဏ်းတူအစ်ကိုများ က ကျောက်ဝူကျိနှင့်တိုက်ခိုက်ရန် စိန်ခေါ်ခဲ့ကြလေသည်။ သို့သော်... ဖြစ်ပျက်သွားသည့် အကြောင်းအရာများက အံ့သြ စရာကောင်းလွန်းလှလေသည်။

သူ့ကိုတိုက်ခိုက်ကြသည့် ဂိုဏ်းတူအစ်ကိုသုံးယောက်မှာ ကျင့်ကြံထားသည့်ကျင့်စဉ်များအားလုံး ပျက်စီးတော့မတတ် ခံစားလိုက်ရပြီး ကျောက်ဝူကျိကတော့ မည်သည့်ထိခိုက်မှုမျှ မ

ဖြစ်ခဲ့ပေ။ ထိုကိစ္စကြောင့် အခြားသောဆရာသခင်နှစ်ပါးက မ ကျေမနပ်ဖြစ်ကာ ဆရာသခင်ကယ်ယွမ်းဆီသို့ရောက်လာခဲ့ကြ လေသည်။ သို့သော် ဆရာသခင်ကယ်ယွမ်း၏အစွမ်းကို သူတို့ များစွာ အံ့သြခဲ့ကြရလေသည်။

မည်သူမှမသိသည့်အချိန်မှာပင် ဆရာသခင်ကယ်ယွမ်းမှာ မည် သည့် ပစ္စည်း ၊ မည်သည့်မန္တန်ကိုမှ အသုံးမပြုဘဲ "ပုရှီး" အဆင့်ကို အောင်မြင်သွားပြီဖြစ်လေသည်။ သူက မြေဆွဲအား ကိုဆန့်ကျင်ပြီး လေထဲတွင် ရပ်တည်နိုင်သည့်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်လေသည်။ သူက ရောက်ရှိလာသည့် ဟိုင် သန်းအဆင့် ဆရာသခင်နှစ်ပါးကို အားပင်မသုံးဘဲ အနိုင်ယူ လိုက်လေသည်။

ဆရာသခင်ကယ်ယွမ်းဆီသို့ရောက်လာကြသည့် ဟိုင်သန်း အဆင့်ဆရာသခင်နှစ်ပါးမှာ "ဟိုင်သန်း" အဆင့်သို့ "ပြင်ပ ပြေဒါးရှင်" ကိုအသွင်ပြောင်းသည့် ကျင့်စဉ်ဖြင့် အောင်မြင်ခဲ့ကြ

သူများဖြစ်လေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆရာ

သခင်ကယ်ယွမ်းမှာ မည်မျှ စွမ်းအားမြင့်မားနေကြောင်းကို သိ

နိုင်လေသည်။

ဆယ့်ငါးနှစ်ကြာခဲ့သည့်တိုင်အောင်....

ချန်ကျန့်မေသည် ချင်းရွှမ်နတ်တံခါးသို့ ပြန်လာခဲ့ခြင်းမရှိ

တော့ပါ။ သို့သော် ချင်းရွှမ်နတ်တံခါးနှင့် အလွန်ဝေးကွာသည့်

အနောက်ဘက်ဒေသတစ်ခုတွင် ဓားတန်ခိုးရှင်တစ်ယောက်

ပေါ်ထွက်လာလေသည်။ ထိုဓားတန်ခိုးရှင်ကထိုဒေသရှိ

နတ်မိစ္ဆာနှင့် မကောင်းဆိုးဝါးများကို သုတ်သင်နှိမ်နင်းပြီး တာ

အိုကျောင်းတော်တစ်ခု တည်ထောင်ခဲ့လေသည်။

ထိုကျောင်းတော်၏အမည်ကို "သေစေခြင်းကျောင်းတော်" ဟု

အမည်ပေးခဲ့သည့်အတွက် အားလုံးမှာ အံ့ဩကြရလေသည်။

ဆရာသခင်ကျန်းရှော့ရှီးကတော့ "သေစေခြင်းကျောင်းတော်" မှာ ချင်းရှမ်နတ်တံခါး၏ အနွယ်တော်ဂိုဏ်းခွဲတစ်ခုဖြစ်သည် ဟု ဝန်ခံခဲ့လေသည်။

ဆယ့်ငါးနှစ်အတွင်းတွင် ထိုကဲ့သို့သော ကိစ္စများစွာ ဖြစ်ပျက်ခဲ့သည့်တိုင် ဆန်းလျန်က ထိုကိစ္စများကို စိတ်မဝင်စားပါ။

သူ၏ "ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်း" ကျင့်စဉ်တွင်လည်း အခက်အခဲတစ်စုံတစ်ရာမရှိခဲ့ပါ။သူက ချူးစန်းအဆင့် အောင်မြင်ခဲ့ပြီးကတည်းက ဝိညာဉ်အလင်းတရားကို ရရှိခဲ့ပြီ ဖြစ်လေသည်။

ထိုသို့ ဝိညာဉ်အလင်းတရားရရှိခြင်းမှာ ဟိုင်သန်းအဆင့်ဆရာသခင်များသာ ရရှိကြခြင်း ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ကျင့်စဉ်များကြောင့် ချူးစန်းအဆင့်မှာပင် ကြိုတင်ပြီး ဝိညာဉ်အလင်းတရားရခဲ့ခြင်းဖြစ်လေသည်။

ထိုအချက်ကြောင့်ပင် ဟိုင်သန်းအဆင့်မအောင်မြင်သေးသည့် တပည့်များကြားတွင် ဆန်းလျန်က တစ်ပန်းသာနေခဲ့ခြင်း ဖြစ်လေသည်။

သို့သော်... ထိုသို့ဖြစ်ရခြင်းကြောင့် ဆန်းလျန်မှာ ပျော်ရွှင်ခြင်းတော့ မဖြစ်မိပါ။ သူက ယခုအချိန်ထိ ဒြပ်စင်စွမ်းအားရှစ်မျိုးကိုယ် ခန္ဓာကိုယ်အတွင်းသို့ ပေါင်းစည်းစေသည့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ ပထမအဆင့်ကိုပင် အောင်မြင်နိုင်ခြင်းမရှိသေးပါ။ ဒြပ်စင်စွမ်းအားရှစ်မျိုးကို ခန္ဓာကိုယ်အတွင်းသို့ ပေါင်းစည်းစေပြီး တန်ခိုးစွမ်းအားဖြစ်ပေါ်လာအောင် ကျင့်ကြံရမည်ဖြစ်လေသည်။ ထိုသို့ကျင့်ကြံသည့်အခါ ခန္ဓာကိုယ်တွင်းတွင် တန်ခိုးစွမ်းအား ရှစ်ခုပေါ်ထွက်လာမည်ဖြစ်လေသည်။ ထိုတန်ခိုးစွမ်းအား ရှစ်မျိုးတွင် နှစ်မျိုး သုံးမျိုးခန့်မှာ တစ်ခုနှင့်တစ်ခု တွန်းကန်တတ်သောကြောင့် အဆင်မပြေမှုများဖြစ်တတ်ကြလေသည်။

ဆန်းလျှန်ကျင့်စဉ်မအောင်မြင်နိုင်ဖြစ်နေရခြင်းမှာ သူ၏ဝိညာဉ်စွမ်းအားနည်းပါးခြင်းကြောင့် မဟုတ်သလို ဒြပ်စင်စွမ်းအားများ တွန်းကန်သောကြောင်းလည်း မဟုတ်ပေ။ သူ့ကိုယ်တွင်းသို့ ဒြပ်စင်စွမ်းအားများ စီးဝင်ပေါင်းစည်းလိုက်သည်နှင့် ဒဏ်ရာအပြင်းအထန်ရလုနီးပါး ဖြစ်သွားတတ်သောကြောင့်ဖြစ်လေသည်။

ထို့ကြောင့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံသူ များ များစားစား မရှိခြင်းဖြစ်လေသည်။

ထို့ပြင် ဒြပ်စင်စွမ်းအားရှစ်ခုမှာ "ယင်" စွမ်းအား နှင့် "ယွမ်" စွမ်းအား ကွဲပြားနေသေးသည်။ ထို့ကြောင့် "ယင်" နှင့် "ယန်" မညီမျှမှုဖြစ်ပါက သူ့ခန္ဓာကိုယ်တစ်ခုလုံး မီးရှို့ခံရသကဲ့သို့ ပူလောင်ခြင်းကို ခံစားရလေသည်။ "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ကျင့်စဉ်များကို ကျင့်ကြံပြီး ပြန်လည်ငြိမ်းချမ်းစေရန်ကြိုးစားသည့်တိုင် အတော်အတန်

ကြာအောင် ကြိုးစားရလေသည်။ ထို့ကြောင့် ယခင်ကကဲ့သို့ လွတ်လပ်ပေါ့ပါးမှုများကို သူ မခံစားရတော့ပေ။ ကူးချိုင်ဝေ့မှာ အမြဲတမ်း နူးညံ့သိမ်မွေ့နေသည်ကို ယခုတော့ ဆန်းလျန်သဘောပေါက်သွားပြီဖြစ်လေသည်။ သူမက စိတ်ငြိမ်းချမ်းအောင် အမြဲတမ်းထိန်းသိမ်းထားခြင်းဖြစ်လေသည်။ ထိုသို့ထိန်းသိမ်းထားနိုင်မှသာ သူမကိုယ်တွင်းရှိ တန်ခိုးစွမ်းအားများ အားပြိုင်ခြင်းကို ထိန်းချုပ်ထားနိုင်မည်ဖြစ်လေသည်။

ဆန်းလျန်မှာ ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး အခြားသူများကို အကြံဉာဏ်ပေးရန်အတွက် မည်သည့်အခါမျှ ပင်ပန်းသည်ဟု မခံစားရပါ။ ကျင့်စဉ်လမ်းဆိုသည်မှာ စိတ်ကိုလေ့ကျင့်ခြင်းပင်ဖြစ်လေသည်။ ထို့ပြင် အခြားသူများ၏ ကျင့်စဉ်များကို သိမြင်ရခြင်းဖြင့် သူ့အတွက်လည်း ပညာတိုးလေသည်။ ထိုသို့

ပညာတိုးလေ ဒြပ်စင်စွမ်းအားရှစ်မျိုး သူ့ကိုယ်တွင်းသို့ စီးဝင်ပေါင်းစပ်နိုင်မည့် နည်းလမ်းကို ရှာဖွေနိုင်မည် ဖြစ်လေသည်။ ကူးချိုင်ဝေ့ကလည်း ဆန်းလျှန်အပေါ်ကျင့်စဉ်သင်ကြားပေးရာတွင် ဆရာစားချန်ထားခြင်းမျိုးမရှိပေ။ သို့သော် ဒြပ်စင်စွမ်းအားရှစ်ခု ခန္ဓာ ကိုယ်တွင်းသို့ စီးဝင်ပေါင်းစပ်ခြင်းတွင် တစ်ဦးနှင့်တစ်ဦး ဖြစ်စဉ် မတူညီနိုင်ပေ။ ထို့ကြောင့် ထပ်တူကျအောင် သင်ကြားပေး၍လည်း မဖြစ်နိုင်ပေ။

ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှာ ဆန်းလျှန်နှင့်သင့်တော်သည်ဟု ဆရာသခင်ကျန်းရော့ရှီးပြောခဲ့သည်မှာ မမှားပေ။ ထိုက်ရှီးကျင့်စဉ်ဆိုသည်မှာ စွမ်းအားများနှင့် ကျင့်စဉ်ကို အတိုချုပ်ထားခြင်းဖြစ်ပြီး လောကကို ကျော်လွန်သည့် ကျင့်စဉ်ဖြစ်လေသည်။

ဆန်းလျန်မှာ "စိတ်ဝိညာဉ်မြင့်တင်ခြင်း" ကျင့်စဉ်ကို အကောင်း ဆုံးကျင့်ကြံထားသူဖြစ်လေသည်။ ထို့ကြောင့် မိုးမြေစွမ်းအား များနှင့် ကျင့်စဉ်ပညာကို ကောင်းစွာနားလည်လေသည်။ ဝိညာဉ်မြစ်မှာ ခါတိုင်းကဲ့သို့ပင် တိတ်ဆိတ်စွာ စီးဆင်းနေလေ သည်။ ဆန်းလျန်က ဝိညာဉ်မြစ်ထဲတွင် စိမ်နေလေသည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်မြစ်ရေတွင် စိမ်နေ သည့်အတွက် ဖြစ်ပေါ်လာသည့် စိတ်ဝိညာဉ်နာကျင်မှုက သူ၏ကျင့်စဉ်လမ်းတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို မေ့ပျောက်စေလေသည်။

ထိုအချိန်... ကမ်းခြေတွင် လူရိပ်တစ်ရိပ်ကို မြင်လိုက်ရလေ သည်။

"ဂိုဏ်းတူအစ်မ ၊ အစ်မက အသက်ကြီးနေပြီဆိုတာတော့ သိပါ တယ် ၊ ဒါပေမယ့် ကျွန်တော်က ယောကျ်ားလေး ၊ အစ်မက မိန်းကလေးလေ ၊ ကျွန်တော် အင်္ကျီဝတ်မထားတဲ့အချိန်ဆို

ကျွန်တော့်ဆီမလာသင့်ဘူး ၊ မကောင်းဘူး မဟုတ်လား"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်၏ စကားကြောင့် ကူးချိုင်ဝေ့က ရယ်မောလိုက်သည်။

"ဒါဖြင့် နောက်တစ်ခါ အစ်မရေချိုးတော့ မင်းလာကြည့်လိုက်ပေါ့"

ဟု ပြန်ပြောလိုက်လေသည်။

"ကျွန်တော့ကို မသတ်ဘူးလို့ ကတိပေးလေ"

ဆန်းလျန်က ပြောလိုက်သည်။

"ဒါတော့ ကတိမပေးနိုင်ဘူး ၊ ဒါနဲ့ ဆယ့်ငါးနှစ်တောင်ကြာခဲ့ပြီနော် ၊ မင်းဟာ ခုထိ အရှူးထနေနိုင်သေးတာ အံ့သြလို့မဆုံးဘူး"

ကူးချိုင်ဝေ့က ပြောလိုက်လေသည်။

အခန်း (၉၇)

လူ့လောကသို့အပြန်ခရီး

ဆန်းလျန်ရေထဲမှ မတ်တပ်ထရပ်လိုက်သည့် အခါတွင်တော့ ကူးချိုင်ဝေ့က ခေါင်းကိုနောက်သို့လှည့်ထားလိုက်လေသည်။ ကမ်းခြေပေါ်သို့ရောက်သည်နှင့် ဆန်းလျန်မှာ သားမွေးဝတ်ရုံကို ဝတ်ပြီးသားဖြစ်သွားလေသည်။ ထိုသို့ပြုလုပ်နိုင်ရန် အတွက် ဂါထာတစ်ခုကို အသုံးပြုထားခြင်းဖြစ်ပြီး ထိုဂါထာမှာလည်း ထူးခြားသည့် ဂါထာတစ်ပုဒ်တော့ မဟုတ်ပါ။

သူ့ဝတ်ရုံကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဖြန့်လိုက်သည့်အခါ သူ၏ခန္ဓာကိုယ်ပတ်ဝန်းကျင်တွင် အနက်ရောင်မီးခိုးငွေ့များ ဝန်းရံနေလေသည်။ နောက်မှ လေနှင့်အတူ လွင့်မျော ပျောက်ကွယ်သွားလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဝိညာဉ်မြစ်ရေမှရေ

များ အငွေ့ပျံသွားခြင်းဖြစ်လေသည်။ ထို အနက်ရောင်အငွေ့

များမှာ ဝိညာဉ်ငွေ့များဖြစ်လေသည်။

ဆန်းလျန်၏ အသက်မှာ ယခုဆိုလျှင် သုံးဆယ်ရှိပြီဖြစ်လေ

သည်။ သို့သော် သူ၏ပုံစံမှာ ချင်းရွှမ်နတ်တံခါးသို့ စတင်

ရောက်ရှိလာသည့်အချိန်ကအတိုင်းပင် ဆယ်ကျော်သက်

လူငယ်လေးသဖွယ် နုပျိုနေဆဲဖြစ်လေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး ရာသီအလီလီ ဖြတ်သန်းခဲ့

သည့်တိုင် ဆန်းလျန်၏ ပုံစံကတော့ ပြောင်းလဲ ခြင်းမရှိခဲ့ပါ။

ကူးချိုင်ဝေ့မှာလည်း ပြောင်းလဲခြင်းမရှိပါ။ သို့သော် ဆန်းလျန်

ရော ကူးချိုင်ဝေ့ပါ ထာဝရရှင်သန်သည့် အသက်တော့ မရရှိ

သေးကြပါ။ မည်မျှပင် နုပျိုအောင် ကျင့်စဉ်ကျင့်ကြံထားပါစေ

ကျင့်စဉ်လမ်းအောင်မြင်ခြင်းမရှိလျှင်တော့ နောက်ဆုံးအချိန်

တွင် သေဆုံးရကာ အရိုးစုဘဝ ရောက်ရမည်ဖြစ်လေသည်။

ဆန်းလျန်ကိုယ်တိုင်မှာလည်း ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ အခြေခံအဆင့်ကိုပင် မအောင်မြင်နိုင်သေးပေ။ ကူးချိုင်ဝေ့မှာလည်း သူ့ကို မည်သို့မျှ ကူညီနိုင်ခြင်းမရှိပါ။

အခြေခံအဆင့်မှာပင် ဤမျှလောက်ခက်ခဲနေလျှင် ဟိုင်သန်း အဆင့်အထိ တက်ရောက်ရမည်ဆိုပါက မည်မျှခက်ခဲမည် ဖြစ်ကြောင်း တွေးပင် မကြည့်ဝံ့ပေ။

သို့သော်... ဤလမ်းကိုလျှောက်ရန် သူကိုယ်တိုင်ရွေးခြယ်ခဲ့ ခြင်းဖြစ်သည့်အတွက် ဆန်းလျန်အနေဖြင့် မည်သူ့ကိုမျှအပြစ် မတင်လိုပါ။

ထို့ပြင် သူ့မှာ ဆယ့်ငါးနှစ်ခန့် ဟိုမရောက် ဒီမရောက်ဖြစ်နေရ ပြီး အခြားသောကျင့်စဉ်အပိုင်းများတွင်လည်း မတိုးတက်နိုင် ဖြစ်နေရလေသည်။

ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် နှစ်ပေါင်းလေးဆယ် ကျင့်ကြံခဲ့ရလေသည်။ ထိုသို့ဒုက္ခခံပြီး မ

ဖြစ်မနေ ကျင့်ကြံနေသည်ကို ယခင်က ဆန်းလျန် နားမလည်နိုင်ခဲ့ပေ။ ဆန်းလျန်မှာ ယနေ့ချိန်ထိတိုင် "စိတ်ဝိညာဉ်များကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ကျင့်စဉ်များကို ဆက်လက်လေ့ကျင့်နေဆဲဖြစ်လေသည်။ သူက "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ကျင့်စဉ်များကို အမြင့်ဆုံးအဆင့်သို့ရောက်အောင် ဆက်လက်လေ့ကျင့်နေလေသည်။ ထိုသို့ လေ့ကျင့်ခြင်းကြောင့် ယခင်ဆန်းလျန်ကဲ့သို့ သေဆုံးသွားပါကလည်း သူ့ဝိညာဉ်သည် နောက်ထပ်အခြားကမ္ဘာတစ်ခုသို့ ရောက်ရှိသွားရန်သာရှိလေသည်။ ထို့ထက်ပိုပြီး ဘာမှဆုံးရှုံးစရာမရှိတော့ပါ။

သို့သော် သူထိုကျင့်စဉ်များကို နက်နက်ရှိုင်းရှိုင်းလေ့ကျင့်တိုင်းဝမ်းနည်းခြင်း ၊ ပျော်ရွှင်ခြင်းကင်းလွတ်သည့် ဗလာနယ်တွင်းသို့ရောက်ရှိသွားလေသည်။ သူခံစားရသည်မှာ တစ်ယောက်တည်းလွင့်မျောနေသကဲ့သို့ ခံစားရလေသည်။

ထိုသို့သောဗလာနယ်မှ သူ့ကိုယ်သူပြန်ဆွဲထုတ်ရန် ကြိုးစားတိုင်း တွန်းကန်သကဲ့သို့ ခံစားရလေသည်။ သို့သော် သူက ဆက်လက်လေ့ကျင့်နေမြဲဖြစ်လေသည်။ ခန္ဓာကိုယ်အတွင်းသို့ ဒြပ်စင်စွမ်းအားရှစ်မျိုး စီးဝင်ပေါင်းစည်းခြင်းကို "စိတ်ဝိညာဉ် မြှင့်တင်ခြင်း" ကျဉ့်စဉ်ဖြင့် ကျော်လွှားနိုင်မည်ဟု သူယုံကြည်ထားသောကြောင့်ဖြစ်လေသည်။

သူ့အဖြစ်မှာ ဘေးကြပ်နံကြပ် အခြေအနေပင်ဖြစ်လေသည်။ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကို အောင်မြင်နိုင်မှသာ ပြဿနာများအားလုံးကို ဖြေရှင်းနိုင်မည် ဖြစ်လေသည်။

ယခုအချိန်မှ အခြားကျင့်စဉ်တစ်ခု ပြောင်းလဲလေ့ကျင့်တော့မည်ဟု ပြောပြန်လျှင်တော့ လွန်စွာမှ ဟာသမြောက်ကုန်မည်ဖြစ်လေသည်။

ကျင့်စဉ်လမ်းတွင် အခက်အခဲနှင့် မကြုံတွေ့ရသည့် ကျင့်စဉ်ဟူ၍ မရှိပေ။ ယခုမှ နောက်သို့ပြန်ဆုတ်လျှင် နောက်ထပ်

အခက်များနှင့် ထပ်မံရင်ဆိုင်ရမည် ဖြစ်လေသည်။ ထို့နောက် မည်သည့်အောင်မြင်မှုမျှမရရှိတော့ဘဲ အသက်အရွယ်ကြီးရင့်လာကာ သေဆုံးသွားရမည်ဖြစ်လေသည်။

ဆန်းလျန်မှာ သူရင်ဆိုင်နေရသည့် ဘေးကြပ်နံကြပ် အခြေအနေကို ကောင်းစွာနားလည်ထားလေသည်။ ကျင့်စဉ်လမ်းကို စတင်လျှောက်လှမ်းတော့မည်ဟု စတင်ဆုံးဖြတ်ခဲ့သည့်နေ့ကတည်းက ကျင့်စဉ်လမ်းမှာ လွယ်ကူမည်မဟုတ်ကြောင်း သူ ကောင်းကောင်းသိလေသည်။

လက်ရှိရင်ဆိုင်နေရသည့်အခက်အခဲများမှာ သူတွေးထင်ထားသည့် အဆိုးဆုံးအခြေအနေများဖြင့်ယှဉ်လျှင် တော်သေးသည်ဟု ဆိုရပေမည်။

ကူးချိုင်ဝေ့မှာ ဆန်းလျန်နှင့်မျက်နှာချင်းဆိုင်တွင် ရပ်နေလေသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် သူမက ဆန်းလျန်ကို ဆရာဖြစ်သူကိုယ်စား တပည့်အဖြစ်လက်ခံပေးခဲ့ရခြင်းမှာ

ဆရာသခင်ကျန်းရှော့ရှီးက တောင်းဆိုသောကြောင့်ဖြစ်လေ

သည်။ သူမကလည်း ဆရာသခင်ကျန်းရှော့ရှီးကို လွန်စွာမှ

လေးစားသောကြောင့် ဆရာသခင်၏သဘောအတိုင်း လိုက်နာ

ခဲ့ခြင်း ဖြစ်လေသည်။

သို့သော်....ဆန်းလျန်မှာလည်း ကိုယ်ပိုင် အစွမ်းအစရှိကြောင်း

ကို ကူးချိုင်ဝေ့ သိမြင်ခဲ့ရလေသည်။ ထိုအစွမ်းအစကြောင့်ပင်

အရည်အချင်းရှိပြီး အလားအလာကောင်းမွန်သည့် ကျင့်ကြံ

သူများထဲတွင် ဆန်းလျန်က ထူးခြားသောသူတစ်ယောက်ဖြစ်

နေခြင်းပင် ဖြစ်လေသည်။

ယေဘူယျအားဖြင့် ကျင့်ကြံသူအများစုမှာ မိုးကောင်းကင်

တံခါးဝတွင် နတ်ဘုရားဖြစ်လိုသည့်အတွက် ကျင့်စဉ်လမ်းကို

လျှောက်ခဲ့ကြခြင်းဖြစ်လေသည်။ ထို့ကြောင့် သူတို့၏အချိန်

တိုင်းသည် စက္ကန့်နှင့်အမျှ တန်ဖိုးရှိနေသည့်အတွက် အခြား

သူများအတွက် အချိန်အကုန်မခံလိုကြပေ။

ထို့ပြင် ဟိုင်သန်းအဆင့်သို့မတက်ရောက်နိုင်သေးသည့် ကျင့်ကြံသူတစ်ယောက်အတွက်ဆိုလျှင် သူကြုံတွေ့နေရသည့် ကျင့်စဉ်လမ်းအခက်အခဲများနှင့်ပင် မအားရအောင် ရှိနေသောကြောင့် မလိုအပ်ဘဲနှင့် အခြားသူများ၏ ကျင့်ကြံမှုကို သင်ပြပေးရင်း အချိန်မဖြုန်းချင်ကြပေ။

အကူအညီတောင်းခံရသည့်အတွက် မဖြစ်မနေအခြားသူများကို သင်ကြားပြသပေးရလျှင်လည်း သူတို့က ဆရာစားချန်ကာ သင်ပြပေးတတ်ကြလေသည်။ အခြားသူများကိုသင်ပြမပေးမီ သူတို့သင်ပြပေးရမည့်သူ၏ အရည်အချင်းနှင့် အလားအလာကိုလေ့လာပြီးမှ ပညာကုန်မပေးဘဲ နေတတ်ကြလေသည်။

ဆန်းလျန်ကတော့ တစ်ယောက်တည်း တံခါးပိတ်လေ့ကျင့်ခြင်းမရှိသည့် အချိန်များတွင် အခြားသူများတောင်းသည့် အကူအညီများကို ပေးလေ့ရှိလေသည်။ ဆန်းလျန်က သူ့စိတ်ထဲသိသည့်အရာများကို သင်ပြပေးခြင်းမျိုးမဟုတ်ဘဲ ကျိုး

ကြောင်းဆင်ခြင်နိုင်မှုကိုသာ သိရှိအောင် စိတ်ရှည်စွာဖြင့် ပြောပြပေးလေ့ရှိလေသည်။

သူတို့၏ ကျင့်စဉ်လမ်းနှင့်ပတ်သက်သည့်အတွေ့အကြုံများကိုတော့ ဆန်းလျန်က စိတ်မဝင်စားပါ။ သူက အားလုံးကို ယဉ်ကျေးစွာဆက်ဆံတတ်သည့်တိုင် အားလုံးနှင့် ခပ်ကင်းကင်းနေသူဖြစ်လေသည်။ သူက သူနှင့်ခင်မင်ရင်းနှီးသည့် လူအနည်းငယ်ဖြင့်သာ ပေါင်းသင်းဆက်ဆံတတ်သူဖြစ်လေသည်။

သူ့ဆီသို့ ကျင့်စဉ်လမ်းနှင့်ပတ်သက်၍ လာရောက်မေးမြန်းသူများတွင် ကျင့်ကြံသူအဆင့် နိမ့်ပါးနေသေးသည့်လူများကိုလည်း သူက အလေးအနက်မထား နှိမ့်ချ ဆက်ဆံတတ်ခြင်းမျိုးမရှိပေ။ လေးစားစားဖြင့်ပင် ကူညီတတ်လေသည်။

ထိုအချက်များကိုကြည့်ပြီး ဆန်းလျှန်ထံတွင် ဆရာသခင်ကျန်းရှော့ရှီး၏ ပုံရိပ်ကိုတွေ့မြင်ရသကဲ့သို့ ကူးချိုင်ဝေ့ ခံစားရလေသည်။

ဆရာသခင်ကျန်းရှော့ရှီးမှာ ချင်းရွှမ်နတ်တံခါးတွင် အစွမ်းထက်ဆုံး ကျင့်ကြံသူတစ်ယောက်မဟုတ်ပါ။ ထို့ပြင် တော်လွန်းသည့် ခေါင်းဆောင်တစ်ယောက်လည်း မဟုတ်ပါ။ သို့သော်... ဆရာသခင်ကျန်းရှော့ရှီးမှာ အကောင်းဆုံးသော ခေါင်းဆောင်တစ်ယောက်ဖြစ်လေသည်။

ပျောက်ကင်းနိုင်ခြင်းမရှိသည့် အတွင်းဒဏ်ရာသာမရခဲ့လျှင် ကျင့်စဉ်လမ်းနောက်ဆုံးအဆင့်ထိတိုင် အောင်မြင်နိုင်မည်ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဆရာသခင်ကျန်းရှော့ရှီးမှာ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာတွင် ပြဿနာမရှိခဲ့ဘဲ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာကြောင့်သာ ကျင့်စဉ်ပိုင်းတွင် အခက်အခဲရင်ဆိုင်ခဲ့ရခြင်း ဖြစ်လေသည်။

"ဂိုဏ်းတူအစ်မ ၊ ဘာတွေစဉ်းစားနေတာလဲ"

ဆန်းလျန်က သိမ်မွေ့စွာ မေးလိုက်သည်။

"ဘာမှ မစဉ်းစားပါဘူး ၊ ဆရာသခင်ကျန်းရှော့ရှီးက အမှာ

စကားပါးလိုက်လို့ပါ"

ခဏတာတိတ်ဆိတ်နေပြီးမှ ကူးချိုင်ဝေ့က ပြန်ပြောလိုက်လေ

သည်။

"ဆရာသခင်က ကျွန်တော့်ကို အရေးမစိုက်တာပဲ အချိန်အကြာ

ကြီးရှိနေပြီ ၊ ခုဘာလို့ခေါ်ရတာလဲမသိဘူး"

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ရင်း ပြန်ပြောလိုက်လေ

သည်။

"အစ်မ ထိုက်ရှီးကျင့်စဉ်ပထမအဆင့်ကို အောင်မြင်ခဲ့တာဟာ

ဆရာဘွားဘွားပေးခဲ့တဲ့အခြေခံအချက်တွေရယ် ၊ ပြီးတော့

ဆရာသခင်ကျန်းရှော့ရှီးပေးခဲ့တဲ့ အကြံဉာဏ်တွေကြောင့်ပဲ ၊

မင်းက အစ်မထက် အလားအလာအများကြီးကောင်းတာပဲ ၊

ထိုက်ရှီးကျင့်စဉ်ပထမအဆင့်ကို မအောင်မြင်နိုင်ဖြစ်နေရတာ
က အစ်မကိုယ်တိုင်က ကျင့်စဉ်နဲ့ပတ်သက်ပြီး နားမလည်တာ
တွေအများကြီးရှိနေတော့ မင်းကိုလည်း လုံလောက်တဲ့ သင်ပြ
မှု လုပ်မပေးနိုင်ခဲ့ဘူး ၊ ဆရာသခင်ကျန်းရော့ရှီးက ထိုက်ရှီး
နည်းဗျူဟာ ကျင့်စဉ်ကို ကျင့်ကြံဖူးတဲ့သူ မဟုတ်ပေမယ့်
သူက မင်းကို အကြံညဏ်နည်းနည်းတော့ ပေးနိုင်မှာပါ ၊ အစ်မ
က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်အကျဉ်းချုပ်နဲ့ အစ်မရဲ့
ကျင့်စဉ်လမ်းတစ်လျှောက် နားလည်ခဲ့တာတွေကို ဆရာသခင်
ကို ပြောပြထားတယ် ၊ ဒါကြောင့် မင်းကြုံတွေ့နေရတဲ့
အခက်အခဲတွေနဲ့ပတ်သက်ပြီး တိုက်ရိုက်မဟုတ်ရင်တောင်မှ
သွယ်ဝိုက်ပြီးတော့ သင်ပြပေးနိုင်ပါတယ် ၊ အခု ဆရာသခင်
ကျန်းရော့ရှီး မင်းကိုပြောလိုက်တာက "တောင်ပေါ်ကထွက်
သွားပါ ၊ ဟိုင်သန်းအဆင့်မအောင်မြင်မချင်း ပြန်မလာခဲ့နဲ့" တဲ့"

ဆရာသခင်က ဆန်းလျန်ကိုတောင်ပေါ်မှဆင်းသွားခိုင်းပြီး ဟိုင်သန်းအဆင့်မအောင်မြင်မချင်းပြန်မလာနှင့် ဟု ပြောလိုက်သည်မှာ ထူးဆန်းသည်ဟု ကူးချိုင်ဝေ့ ခံစားနေရလေသည်။

ချန်ကျန့်မေ အခက်အခဲနှင့် ရင်ဆိုင်နေရချိန်တွင် ဆရာသခင်ကျန်းရော့ရှီးက တောင်ပေါ်မှ ဆင်းမသွားရန် တားမြစ်ခဲ့လေသည်။ ချန်ကျန့်မေက တောင်ပေါ်မှဆင်းကာ အခြားအတွေ့အကြုံများရှာဖွေရင်း ဟိုင်သန်းအဆင့်တက်လှမ်းနိုင်ရန်ရည်ရွယ်ခဲ့သည့်တိုင် ဆရာသခင်က ခွင့်မပြုခဲ့ပေ။

နှစ်ပေါင်းလေးဆယ်ကြာ ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ပြီးသည့်နောက် အောင်မြင်မှုကို ရရှိခဲ့လေသည်။

ထို့အတူပင် ဆန်းလျန် အခက်အခဲနှင့်ရင်ဆိုင်ရသည့်အချိန်တွင်တော့ ဆန်းလျန်က တောင်ပေါ်တွင်ပင် တိတ်တဆိတ်ကျင့်ကြံချင်သည့်တိုင် ဆရာသခင်က တောင်ပေါ်မှ ဆင်းသွားရန် ပြောခဲ့လေပြီ။

ချန်ကျန့်မေရော ဆန်းလျန်ပါ ဆရာသခင်၏ မတူညီသည့် တုန့်ပြန်မှုများဖြင့် ရင်ဆိုင်ခဲ့ရသူများဖြစ်လေသည်။

"ကျွန်တော့်ကိုတောင် မတွေ့ရသေးဘဲနဲ့ ဆရာသခင်က ဘာလို့ ဒီလိုပြောရတာလဲ ၊ ကျွန်တော်ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ဆရာသခင် သိသွားလို့လား"

ဆန်းလျန်က သူ့ထင်မြင်ချက်ကို ပြောလိုက်လေသည်။

"မင်းအဲဒီလိုမေးမယ်ဆိုတာလည်း ဆရာသခင်သိပါတယ် ၊ ဒါကြောင့် ဆရာသခင် ထပ်ပြောလိုက်တာက မင်းရင်ဆိုင်နေရတဲ့ အခက်အခဲတွေက မင်းရဲ့ ကိုယ်တွင်းမှာပဲရှိတယ် ၊ ပြင်ပက လာတာမဟုတ်ဘူးတဲ့ ၊ ဒါကြောင့် မင်းက တောင်ပေါ်က ဆင်းသွားဖို့ ငြင်းဆန်ခဲ့ရင် အစ်မကိုယ်တိုင်မင်းကို တောင်ပေါ်က ဆင်းဖို့ တိုက်ခိုက်ပြီးမောင်းထုတ်ရမယ်တဲ့"

ကူးချိုင်ဝေ့က ထပ်မံပြောပြလိုက်လေသည်။

နောက်ဆုံးစကားကို ပြောလိုက်ချိန်တွင် ကူးချိုင်ဝေ့မျက်နှာမှာ ပြုံးသွားလေသည်။ အမှန်တော့ ဆန်းလျန်မှာ ရှဟွအဆင့်သို့ ရောက်ရှိနေခဲ့ပြီဖြစ်လေသည်။ သို့တိုင်အောင် ကူးချိုင်ဝေ့မှာ လည်း ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်ခြင်း မရှိသေးပေ။ ထို့ပြင် ကူးချိုင်ဝေ့မှ သူမ၏ ဂိုဏ်းတူမောင်လေးအပေါ်တွင် တိုက်ခိုက်ဖို့နေနေသာသာ လက်ဖြင့်ပင်မရွယ်ရက်ပေ။ သို့သော် ဆန်းလျန်သာ သူ့ကို ခုခံတိုက်ခိုက်မည်ဆိုပါက ဆန်းလျန်ကို မ မေ့နိုင်သည့် အတွေ့အကြုံတစ်ခုလောက်တော့ ပေးလိုက်မည် ဟု တွေးထားမိလေသည်။

ဆန်းလျန်ကလည်း ကူးချိုင်ဝေ့စိတ်ထဲ ဘာစဉ်းစားနေသည်ကို တန်းသိလေသည်။ ထို့ကြောင့် သူမဖြစ်ချင်သည့်ဆန္ဒအတိုင်း အကောင်အထည်မဖော်နိုင်အောင်လုပ်မည်ဟုဆုံးဖြတ်လိုက် လေသည်။

"ဒါဖြင့်လည်း ဆရာသခင်ရဲ့စကားကို ကျွန်တော် နားထောင်ပါ့မယ်"

ဟု ဆန်းလျန်က ပြောလိုက်လေတော့သည်။

ဆန်းလျန်တွင် ပစ္စည်း များများစားစားမရှိပါ။ သူသွားလေရာ ယူဆောင်သွားသည့် စန္ဒကူးဓားလေးသာရှိလေသည်။ အခြား ထုပ်ပိုးသိမ်းဆည်းစရာ မည်သည့်ပစ္စည်းမျှမရှိပေ။

သူက ဂိုဏ်းတူအစ်မ ကူးချိုင်ဝေ့ကို နှုတ်ဆက်စကားပြောလိုက်ပြီး ဆရာသခင်ကျန်းရော့ရှီးကိုပင် သွားမတွေ့တော့ဘဲ ချင်းရှမ်နတ်တံခါးမှ ထွက်ခွာလာခဲ့လေတော့သည်။

ဤသည်မှာ သူချင်းရှမ်နတ်တံခါးမှ ဒုတိယအကြိမ် ထွက်ခွာလာခဲ့ခြင်းဖြစ်လေသည်။ ပထမအကြိမ်နှင့်မတူညီသည်မှာ ယခုတစ်ခါထွက်ခွာသွားရခြင်းသည် မည်သည့်အချိန်မှ ပြန်လာနိုင်မည်လဲ ဆိုသည်မှာ မသေချာလှပေ။ သူ့ဘဝ

တစ်လျှောက်လုံး ပြန်လာချင်မှလည်း ပြန်လာနိုင်ပေတော့မည်။

ဘဝဆိုသည်မှာ ထိုသို့ပင်ဖြစ်လေသည်။ လက်ချည်းဗလာဝင်ရောက်လာပြီး လက်ချည်းဗလာပင် ပြန်လည်ထွက်ခွာသွားကြရသည် မဟုတ်ပါလား။

ဆန်းလျန်မှာ ပုံမှန်အားဖြင့် သံယောဇဉ်တွယ်တတ်သည့်သူတစ်ယောက်မဟုတ်ပါ။ သို့သော် အကန့်အသတ်မရှိကျယ်ပြောသော လူ့လောကကြီးသို့ ပြန်လည်ထွက်ခွာလာရသည့်အခါတွင်တော့ ချင်းရှမ်နတ်တံခါးကို လွမ်းမောမိသည်ကတော့ အမှန်ပင်ဖြစ်လေသည်။ ချင်းရှမ်နတ်တံခါးမှာ အပြစ်ဆိုစရာမရှိသည့် ပျော်ရွှင်စရာ ကျင့်ကြံသူတို့နေရာပင် ဖြစ်လေသည်။

ဆန်းလျန်တောင်တွေးမြောက်တွေး တွေးနေသည်များကို ရပ်တန့်လိုက်လေသည်။ ဆန်းလျန်ပထမဆုံး ဆန်းအိမ်တော်ကို သတိရမိလေသည်။ ယခုအချိန်တွင် ဆန်းအိမ်တော်ကို

သွားရောက်လည်ပတ်သင့်သည့် အချိန်ဖြစ်လေသည်။ ဆန်းမိသားစုမှာ သူ၏ဆွေမျိုးသားချင်းများပင်ဖြစ်သည် မဟုတ်ပါလား။

ဆယ့်ခြောက်နှစ်ကြာခဲ့ပြီဖြစ်သည့်တိုင်....

ပင်လယ်ပြင်ကြီးကတော့ မပြောင်းမလဲ တည်ရှိနေမြဲ ဖြစ်လေသည်။ လူ့လောကအတွက်တော့ ပင်လယ်ပြင်တစ်ခုပြောင်းလဲရန်မှာ အချိန်များစွာ ကြာမည်ဖြစ်လေသည်။

အကြီးမားဆုံးပြောင်းလဲမှုမှာ တာ့ဝေ့တိုင်းပြည်မှ တာ့ဝေ့မင်းဆက်ပျက်စီးသွားပြီး ကျိုးမင်းဆက်အုပ်ချုပ်သည့် ခေတ်သို့ ရောက်ရှိသွားပြီဖြစ်လေသည်။

လောကကြီးမှာ အဆုံးမရှိကျယ်ပြောလှလေသည်။ ချင်းရှမ်နတ်တံခါးရှိစာအုပ်တစ်အုပ်ထဲတွင် မိုးမြေစွမ်းအားကျင့်ကြံသူတစ်ယောက်သည် သူ၏ဓားကိုစီးနှင်က ဦးတည်ရာမဲ့ပျံသန်းနေခဲ့လေသည်။ နှစ်ပေါင်းတစ်ရာခန့် ပျံသန်းပြီးသွားသည့်အခါ

တွင်တော့ သူက အိုမင်းပြီး သေဆုံးသွားခဲ့လေသည်။ သို့

တိုင်အောင် သူက ကမ္ဘာလောကအဆုံးထိ ခရီးနှင်နိုင်ခဲ့ခြင်းမရှိ

ပါ။

တာ့ဝေ့တိုင်းပြည်မှာ မိုင်ထောင်ပေါင်းများစွာကျယ်ဝန်းသည့်

တိုက်ကြီးတစ်တိုက်ပေါ်တွင်တည်ရှိသည့် တိုင်းပြည်တစ်ခုဖြစ်

လေသည်။

ချင်းရှမ်နတ်တံခါးရှိ စာအုပ်များထဲတွင် ရေးသားထားသည်မှာ

ထိုတိုက်ကြီးမှာ "ယွမ်" ဟု အမည်ရသည့် တိုက်ကြီးဟု သိရ

လေသည်။ ထိုတိုက်ပေါ်တွင်နေထိုင်ကြသည့်လူများမှာ အခြား

တိုက်တစ်ခုတွင် နေထိုင်ကြသည့်လူများကို သူတို့ဘဝ

တစ်လျှောက်တွင် မြင်တွေ့ဖူးခြင်းမရှိကြပေ။

တန်ခိုးစွမ်းအားရှိသည့်နတ်ဘုရားများသာလျှင် အလှမ်းဝေး

လွန်းသည့် ကုန်းမြေတိုက်ကြီးများကို ကျော်လွန်ကာ သွားလာ

နိုင်ကြခြင်းဖြစ်လေသည်။

အခန်း (၉၈)

မူလနေရာသို့နောက်တစ်ဖန်ပြန်အလာ

လူ့လောကတွင် အသက်ဓာတ်စွမ်းအားနှင့် မိုးမြေစွမ်းအားများမှာ များစွာ နည်းပါးလေသည်။ ချင်းရွှမ်နတ်တံခါးတွင် နှစ်ပေါင်းများစွာနေထိုင်ပြီးသည့်နောက် လူ့လောကသို့ ပြန်လာရသည်မှာ လွန်စွာမှ ခက်ခဲလေသည်။ သူ့ရုပ်ခန္ဓာသန့်စင်ရန် နေ့စဉ်ကျင့်ကြံသည့် အတွင်းအားကျင့်စဉ်ကိုပင် စွမ်းအားအပြည့်ဖြင့်ကျင့်ကြံရန် ခက်ခဲနေလေသည်။

ထို့ကြောင့် ကျင့်ကြံသူများမှာ လူသားများနှင့်ဝေးရာ တောနှင့်တောင်များတွင်ပင် တရားကျင့်ကြံအားထုတ်ကြခြင်းဖြစ်လေသည်။

သို့သော် လူ့လောကမှာ စွမ်းအားကျင့်စဉ်အတွက် မကောင်းသည့်တိုင် စိတ်ကျင့်စဉ်အတွက်တော့ ကောင်းမွန်လေသည်။ ကျင့်စဉ်ဆိုသည်က နှလုံးသားထဲမှ ဉာဏ်ပညာဖြင့် ရရှိလာခြင်းဖြစ်လေသည်။ လူ့လောကတွင်တော့ စိတ်ကိုထိန်းချုပ်နိုင်ရန်မှာ လွန်စွာမှ ခက်ခဲလေသည်။

ကြီးမားကျယ်ပြန့်လွန်းသည့် "ယွမ်" တိုက်ကြီးပေါ်တွင်တည်ရှိသည့် တာ့ဝေ့တိုင်းပြည်မှာ ကြီးမားသည့်တိုင်းပြည်တစ်ခုဖြစ်လေသည်။ တာ့ဝေ့တိုင်းပြည်အနီးအနားတွင် တိုင်းပြည်အချို့လည်းရှိသေးသည်။ သို့သော် ထိုတိုင်းပြည်များမှာ တာ့ဝေ့တိုင်းပြည်လောက် မကြီးမားကြပေ။ ထို့ကြောင့် ထိုတိုင်းပြည်

ငယ်များကလည်း တာ့ဝေ့တိုင်းပြည်ကိုသာ သစ္စာခံကြလေသည်။

ကျင့်ကြံသူများမှာ တန်ခိုးစွမ်းအားကြီးမားကြသည့်တိုင် လူ့လောကရှိ မင်းပြောင်းမင်းလွဲ ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိကြပါ။ အာဏာဆိုသည်က လူတို့၏စိတ်ကို ချည်နှောင်သည့်အရာပင် ဖြစ်လေသည်။ ဘုရင်ဆိုသည်က နဂါးဝိညာဉ်ရှိသူဖြစ်လေသည်။ သူပြောသည့်စကား ၊ သူလုပ်သည့်အပြုအမူတိုင်းမှာ လေးစားစရာကောင်းလေသည်။

ထို့ကြောင့်ပင်....

"ဘုရင်မင်းမြတ်ပေးသည့် ဆုလာဘ်ဖြစ်စေ ၊ အပြစ်ဒဏ်ဖြစ်စေ သင့်အတွက် ကံကောင်းခြင်းမင်္ဂလာဖြစ်သည်"

ဟု ဆိုရိုးစကားရှိခြင်းပင်ဖြစ်လေသည်။

နတ်ဘုရားတစ်ပါးကတော့ ရုပ်တုအဖြစ် နှစ်ပေါင်းများစွာ တည်ထားကိုးကွယ်ခြင်းခံရလေသည်။ ရှင်ဘုရင်ဆိုသည်

ကတော့ လူသားတစ်ယောက်၏ နှလုံးသားထဲတွင် တည်ရှိနိုင်သလောက်သော ကိုးကွယ်ခြင်းခံရလေသည်။

သို့သော် ပြည်သူများကို ရင်ဝယ်သားသဖွယ်အုပ်ချုပ်သည့် မင်းကောင်းမင်းမြတ်ကိုတော့ နတ်ဘုရားများကပင် လေးစားကြရလေသည်။

သမိုင်းမှတ်တမ်းစာအုပ်များထဲတွင် ဆန်းလျှန် ဖတ်ထားမိသည်မှာ ရှေးခေတ်အချိန်အခါကတည်းက အချို့သောဘုရင်များမှာ မည်သည့်ကျင့်စဉ်လမ်းကိုမှ မလိုက်ဘဲနှင့် တရားစီရင်ရေးများတွင် ဘုန်းတန်ခိုးကြီးမားပြီး တန်ခိုးအာဏာဖြင့် ပြည့်ဝကြသည် ဟူ၍ဖြစ်လေသည်။

တာ့ဝေ့တိုင်းပြည်ကဲ့သို့သောတိုင်းပြည်ကြီးတွင် မင်းပြောင်းမင်းလွဲ ဖြစ်သွားသည်မှာ အလွန်အရေးကြီးသည့် ကိစ္စဖြစ်လေသည်။ သို့သော် အချို့သော ပြည်နယ်မြို့တော်များမှာတော့ အပြောင်းအလဲ သိပ်မဖြစ်ကြပေ။

တာ့ဝေ့တိုင်းပြည်၏ ဘုရင့်မျိုးနွယ်မှာ "ကျော့က်" ဖြစ်လေ

သည်။ သို့သော် နောက်ဆုံးဘုရင်မင်းမြတ်မှာ အားနည်းပြီး

ကျန်းမာရေးမကောင်းသဖြင့် မိဖုရားခေါင်ကြီးက တိုင်းပြည်ကို

စီမံအုပ်ချုပ်လေသည်။ ဘုရင်မင်းမြတ်နတ်ရွာစံသည့်အခါ

တွင်တော့ မိဖုရားခေါင်ကြီးက ဘုရင်မင်းမြတ်ကိုယ်စား

အုပ်ချုပ်လေသည်။ ပြည်သူအများက သူမကို လေးစားသော

အားဖြင့် "မြင့်မြတ်သည့်မိဖုရားကြီး" ဟု ခေါ်ကြလေသည်။

"မြင့်မြတ်သည့်မိဖုရားကြီး" မှာ လွန်စွာမှ လောဘကြီးပြီး မည်

သည့်အခါမျှ ရောင့်ရဲနိုင်ခြင်းမရှိပေ။ လက်ရှိအချိန်တွင်

သူမ၏ သားတော်အရင်းကိုပင် ထီးနန်းချကာ "ဘုရင်မ"

အရိုက်အရာကို ရယူလိုက်လေသည်။ ထို့ကြောင့် တာ့ဝေ့

တိုင်းပြည်မှာ တာ့ကျိုးတိုင်းပြည်ဟု အမည်ပြောင်းလဲ သွား

ခြင်းဖြစ်လေသည်။

ဘုရင်မကြီးတိုင်းပြည်ကို ထိန်းချုပ်နေသည်မှာ နှစ်ပေါင်းသုံး ဆယ်ခန့်ရှိပြီ ဖြစ်လေသည်။ မိဖုရားခေါင်ကြီးရာထူးဖြင့် ထိန်းချုပ်ခဲ့ပြီး ယခုတော့ ဘုရင်မအဖြစ်တရားဝင် အရိုက်အရာခံယူကာ ထိန်းချုပ်နေပြီဖြစ်လေသည်။

သူမ၏ကြံရာပါအပေါင်းအဖော်များမှာ နေရာတိုင်းတွင်ရှိလေ သည်။ သူတို့က တိုင်းပြည်တွင် အမြစ်တွယ်နေကြပြီဖြစ်လေ သည်။ ထို့ကြောင့် တိုင်းပြည်တွင် မင်းပြောင်းမင်းလွဲဖြစ်သည့် တိုင် အုတ်အော်သောင်းနင်းဖြစ်ခြင်းများ မရှိခဲ့ပေ။

သို့သော် ချင်ပြည်နယ်အပါအဝင် အနောက်မြောက်ပိုင်း ပြည်နယ်သုံးခုကတော့ ဘုရင့်မျိုးနွယ်မင်းသားတစ်ပါးမှ ဦးဆောင်ကာ ပုန်ကန်ခဲ့ကြလေသည်။

အချို့သောတိုင်းပြည်များက "ဘုရင်မ" အုပ်ချုပ်ခြင်းကို လက်မခံပေ။ အချို့သော တိုင်းပြည်များတွင်တော့ ဘုရင်မ

အုပ်ချုပ်သည့်စနစ်ကို လက်ခံကြလေသည်။ အချို့တိုင်းပြည်များကတော့ ဘုရင်ရော ဘုရင်မပါ အုပ်ချုပ်ကြလေသည်။ သို့သော် တာ့ဝေ့တိုင်းပြည်တွင် ဘုရင်မအုပ်ချုပ်ခြင်းကတော့ ပထမဆုံးအကြိမ်ဖြစ်လေသည်။ လွန်ခဲ့သည့်သမိုင်းတွင် ဘုရင်မင်းမြတ်ဆုံးပါးသွားသည့်အတွက် ယာယီထီးထန်းကိုယူရသည့် ဂုဏ်ထူးဆောင်ဘုရင်မများရှိခဲ့သော်လည်း နောက်ပိုင်းတွင် နန်းမွေကို အရိုက်အရာထံသို့သာ ပြန်လည် လွှဲပြောင်းပေးခဲ့သည်ချည်းပင် ဖြစ်လေသည်။

ဘုရင်မကြီးနန်းတက်ပြီးနောက် ပုန်ကန်သည့် ဘုရင့်အနွယ်တော်များမှာ သုတ်သင်ခံကြရလေသည်။ သို့သော်လည်း လောကကြီးမှာ ကျယ်ပြန့်လှသည့်အတွက် ထွက်ပြေးလွတ်မြောက်သွားသူများလည်း ရှိလေသည်။

လူသားတိုင်းသည် လူနေမှုအဆင့်အတန်း မြင့်မားလိုကြလေသည်။ အနောက်မြောက်အရပ်ရှိ ပြည်နယ်သုံးခုမှာ ဘုရင့်

နေပြည်တော်နှင့် အလှမ်းဝေးသော နေရာများဖြစ်လေသည်။

ထို့ပြင် ဘုရင့်တပ်မတော်နှင့် ပုန်ကန်သူများကို ဦးဆောင်သူမှာ

တာ့ဝေ့တိုင်းပြည်ကိုတည်ထောင်ခဲ့သည့် မင်းကြီး၏ညီဖြစ်သူ

ဘက်မှ အနွယ်တော်တစ်ပါးဖြစ်လေသည်။ သူ၏နာမည်မှာ

မင်းသားချင်းဟယ်ကျွမ်းဝမ် ဖြစ်လေသည်။

ချင်းဟယ်ကျွမ်းဝမ်မှာ ပုန်ကန်မှုကို ဦးဆောင်ပြီး ပုန်ကန်ရန်

အတွက် မဲဆွယ်တရားများလည်း များစွာဟောပြောလေသည်။

ဘုရင်မကြီးမှာ မိန်းကလေးတစ်ယောက်ဖြစ်သော်လည်း ယော

ကျ်ားလေးများထက် အဆတစ်ရာခန့် ရည်မှန်းချက်ကြီးမားသူ

ဖြစ်လေသည်။ သူမက ဘုရင့်နေပြည်တော်တွင် အခြေစိုက်ပြီး

ဘုရင့်တပ်မတော်ကြီး သုံးခုကို အမိန့်ပေးနေခြင်းဖြစ်လေ

သည်။ တစ်လအတွင်းမှာပင် ချင်းဟယ်ကျွမ်းဝမ်ဦးဆောင်

သည့် သူပုန်တပ်များကို တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့လေသည်။

ဘုရင်မကြီး အလုပ်လုပ်သည် လျှပ်စီးလက်သကဲ့သို့လျှင်မြန်လွန်းပြီး အစီအစဉ်ကောင်းလွန်းလေသည်။

ဆန်လျန်ပြန်လာသည့် လမ်းတစ်လျှောက်တွင် ချင်ပြည်နယ်၏ စိတ်ပျက်စရာ အခြေအနေများကိုသာ မြင်တွေ့နေရလေသည်။ တပ်သားများမှာ လူရမ်းကားများကဲ့သို့သွားလာနေကြလေသည်။ ထိုသူများမှာ ဘုရင့်တပ်မတော်မှ တပ်သားတွေလား ၊ သူပုန်ဘက်မှတပ်သားတွေလား မသိနိုင်ပါ။ သို့သော်လည်း ထိုတပ်သားများရောက်လာလျှင် အပြစ်ရှိရှိ မရှိရှိ ပြည်သူများမှာ များစွာ နာကျင်ခံစားကြရလေသည်။

ထို့ပြင် သူပုန်စစ်တပ်မှာ အင်အားမများလှသည့်တိုင် အမြစ်ပြတ်ချေမှုန်းနိုင်ရန်မှာလည်း ခက်ခဲလေသည်။ သူပုန်တပ်မှ ပြေးလွှားပုန်းအောင်းနေကြသည့် တပ်သားများမှာလည်း လူများကို အခက်တွေ့စေလေသည်။ ဆန်းလျန်ရောက်သည့်နေရာ

တိုင်းတွင် ငိုကြွေးနေသည့် ပြည်သူများကို တွေ့မြင်နေရလေ

သည်။

ဆန်းလျန်လုပ်နိုင်သည်မှာ ပြည်သူများကို အနိုင်ကျင့်နေသည့်

တပ်သားများကို နှိမ်နင်းခြင်းနှင့် နိုင်ငံရေးအခြေအနေပေါ်တွင်

အခွင့်ကောင်းယူကာ ဓားပြတိုက်နေကြသည့်သူများကို

သုတ်သင်ခြင်းပင် ဖြစ်လေသည်။

ဤသည်မှာ ဆန်းလျန်အတွက် ပထမဆုံးအကြိမ်

ရည်ရွယ်ချက်ရှိရှိဖြင့် လူသတ်မိခြင်းပင် ဖြစ်လေသည်။

သို့သော် ထိုသို့သော ဆိုးသွမ်းသူများကို သတ်ရသည့်အတွက်

သူ မည်သို့မျှ မခံစားရပါ။ သူ၏ကျင့်စဉ်လမ်းအခြေအနေ

တိုးတက်မှုကြောင့် အလောင်းများဖြင့်ပြည့်နေသည့်တောင်နှင့်

သွေးပင်လယ်ကိုမြင်ရသောကာမှ သူ၏စိတ်အစဉ်က တည်ငြိမ်

နေလေသည်။ သာမန်လူများမှာတော့ လူသတ်မိလျှင်

ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့် အိပ်မက်ဆိုးမက်ခြင်းများကို ခံစားရမည် ဖြစ်လေသည်။

ဆန်းလျန်ဖြတ်သန်းလာသည့်လမ်းမကြီးမှာ ကုန်သွယ်ရေးလုပ်ငန်းအတွက် ဆန်းသခင်ကြီးဖောက်လုပ်ထားခဲ့သည့်လမ်းမကြီးဖြစ်လေသည်။

ဆန်းလျန်၏ပုံစံမှာ တည်ငြိမ်အေးဆေးနေသည့်တိုင် သူလမ်းလျှောက်သည်မှာ လျှင်မြန်လွန်းသည့်အတွက် လမ်းမတစ်လျှောက် တိမ်ခိုးမျှသာအရိပ်ထင်ကျန်ရစ်ခဲ့လေသည်။

သူက လမ်းတစ်လျှောက် အပြစ်မဲ့သူများကို အနိုင်ကျင့်သည့်သူများကို သုတ်သင်ခြင်းကိုလည်း မရပ်မနားလုပ်ဆောင်သွားလေသည်။

ကျင့်ကြံသူအများစုမှာ ဤကဲ့သို့သော ဖြစ်ရပ်များနှင့်ကြုံလျှင် မသိချင်ယောင်ဆောင်သွားကြသည်က များလေသည်။

လောကကြီးက ကျယ်ပြောလွန်းပြီး မတရားမှုများကလည်း

နေရာအနှံ့တွင် များပြားလေရာ မကောင်းမှုမြင်တိုင်းဝင်ရောက်စွက်ဖက်နေပါက သူတို့၏ အချိန်များကို ဆုံးရှုံးမခံနိုင်သောကြောင့်ဖြစ်လေသည်။

ဆန်းလျန်ကတော့ လိုအပ်၍လုပ်သည်ဟု ယူဆလေသည်။

သို့သော် တရားမျှတမှုကိုယူဆောင်ပေးသည့်တိုင် သူက မင်းမျိုးမင်းနွယ်တစ်ပါးမဟုတ်ပါ။

ချင်ပြည်နယ်မြို့တော်သို့ ရောက်ရှိလာပြီဖြစ်လေသည်။

မြို့တော်မှာလည်း အခြားနေရာများကဲ့သို့ မနှစ်မြို့စရာဖြစ်နေပြီး လူများမှာလည်း အခြားနေရာများကဲ့သို့ပင် ငိုကြွေးနေကြလေသည်။

သူက မြို့ထဲသို့ တိတ်တဆိတ်ဝင်ရောက်လာပြီး ဆန်းအိမ်တော်သို့ ပြန်လာလေသည်။ သူမြင်တွေ့လိုက်ရသည့်မြင်ကွင်းမှာ ပြိုကျနေသည့်နံရံများနှင့် ပျက်စီးနေသည့် တိုင်လုံးများသာ ဖြစ်လေသည်။

ထိုမြင်ကွင်းကိုကြည့်ရင်း ဆန်းလျန်မှာ စိတ်မသက်မသာခံစားလိုက်ရလေသည်။

သူ၏အမွေများအားလုံးကို ဆန်းလျန်အား ဆက်ခံစေလိုသည့် အဘိုးအို ဆန်းသခင်ကြီး ၊ သူ၏အကြည့်တစ်ချက်ကိုပင် စိတ်မကြည်မသာဖြစ်ရရှာသည့် ဆယ်ကျော်သက်မိန်းကလေးငယ် ဆန်းရော့ရှီ ၊ အားလုံးမှာ မနေ့တစ်နေ့ကအတိုင်းပင် ရှင်းလင်းစွာ အမှတ်ရနေမိဆဲ ဖြစ်လေသည်။

ဆန်းလျန်မှာ ခံစားချက်လုံးဝကင်းမဲ့နေသောသူမဟုတ်ရကား သူမြင်ရသည့်မြင်ကွင်းကြောင့် အနည်းငယ် ဝမ်းနည်းခံစားရသည်ကတော့ အမှန်ပင်ဖြစ်လေသည်။ သူက မိသားစုကို ဂရုမစိုက်ဘဲ အရာအားလုံးကို စွန့်လွှတ်ကာ ကျင့်စဉ်လမ်းကို လျှောက်ရန် ရွေးခြယ်ခဲ့သူဖြစ်လေသည်။

လမ်းတစ်လျှောက်တွင် အပြစ်မဲ့သူများကို သုတ်သင်ခဲ့သည့်အတွက် သူ့ကိုယ်သူ ဂုဏ်ယူခဲ့မိခြင်းမှာ ယခုတော့ ရယ်စရာဟာသတစ်ခုကဲ့သို့ ဖြစ်ခဲ့လေပြီ။

သူ့ဘက်က မမှားယွင်းခဲ့သည့်တိုင် ဆန်းအိမ်တော်ကို ကာကွယ်မပေးနိုင်ခဲ့ခြင်းအတွက် အပြစ်ရှိသလိုခံစားနေရလေသည်။

ဆန်းလျန်က စက္ကူတစ်ရွက်ဖန်ဆင်းလိုက်ပြီး ထိုစက္ကူက သူ၏ ဘယ်ဘက်လက်ပေါ်သို့ ကျလာလေသည်။ သူ၏ ညာဘက်လက်ခလယ်ကို ညာဘက်လက်မမှ လက်သည်းဖြင့် ဖိဖြတ်လိုက်ပြီး သွေးစက်များကျလာလေသည်။ သူက သွေးစက်များကို မင်အဖြစ်အသုံးပြုကာ သွေးအင်းသင်္ကေတတစ်ခုကို စာရွက်ပေါ်တွင် ရေးဆွဲလိုက်လေသည်။

သူ၏ ဘယ်ဘက်လက်ကို ဝေ့ယမ်းလိုက်ပြီး စက္ကူအင်းချပ်လေးကို လေထဲသို့ ပစ်လွှတ်လိုက်လေသည်။ စက္ကူအင်းချပ်

လေးမှာ လေထဲတွင်တစ်ပတ်လည်သွားပြီးမှ ဦးတည်ရာသို့
တည့်တည့်မတ်မတ်ရောက်သွားလေတော့သည်။

ထိုအင်းချပ်လေးကို ကြည့်ရင်း ဆန်းလျန် ခန္ဓာကိုယ်မှာ
ဆတ်ခနဲတုန်ခါသွားရလေသည်။ သူကလေထဲသို့ပျံသန်းသွား
သည့်အခါ သူဝတ်ထားသည့် သားမွေးအကျႌလက်များမှာ ငှက်
တစ်ကောင်၏ အတောင်ပံအလားဖြစ်သွားလေသည်။ ဆန်းလျ
န်က ကြိုးကြာငှက်လေးတစ်ကောင်အလား စက္ကူအင်းချပ်
နောက်သို့ ပျံသန်းလိုက်ပါသွားလေတော့သည်။

ဆန်းလျန်ထိုကဲ့သို့သွားလာနေသည်ကို သာမန်လူများမြင်နိုင်
စွမ်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် အခြားသူများ အာရုံစိုက်မိ
မည်ကိုမလိုလားသောကြောင့် သူက "အမြင်မှားမန္တန်" ကိုသုံး
ကာ ကိုယ်ဖျောက်ထားသောကြောင့် ဖြစ်လေသည်။

စက္ကူအင်းချပ်လေးမှာ ဆန်းအိမ်တော်မှ အသက်ရှင်ကျန်ရစ်
သူများဆီသို့ ဆန်းလျန်ကို ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

အင်းချပ်ပေါ်တွင် ဆန်းလျန်၏သွေးဖြင့်ရေးထားသည့်အတွက်
သူနှင့်သွေးစပ်သူ အသက်ရှင်ကျန်ရစ်နေပါက ထိုသူ၏ ဝိညာဉ်
ကို ရှာဖွေနိုင်မည်ဖြစ်လေသည်။

………………….

ချင်းရှတောင်မှာ ဆန်းအိမ်တော် ပိုင်ဆိုင်သည့် မြေနေရာများ
ထဲမှ တစ်ခုဖြစ်လေသည်။ ဆန်းလျန်မရှိတော့သည့်နောက်ပိုင်း
ချင်းရှတောင်ပေါ်မှ ဆန်းလျန်နေထိုင်ခဲ့သည့် "ချင်းရှကျောင်း
တော်" ကိုလည်း မည်သူမျှ ဂရုမစိုက်ကြတော့ပေ။
ချင်ပြည်နယ်မြို့တော်တွင် စီးပွားရေးကောင်းလာခဲ့သည့်အချိန်
တွင် ချင်းရှတောင်ခြေတွင်နေထိုင်သည့် ရွာသူရွာသားများမှာ
လည်း မြို့တော်အတွင်းသို့ ပြောင်းရွှေ့နေထိုင်လာကြလေ
သည်။ လယ်ယာစိုက်ပျိုးသည်ထက် မြို့တော်တွင် အလုပ်လုပ်
ခြင်းက ငွေကြေးပိုမိုရရှိသောကြောင့် ဖြစ်လေသည်။
ထို့ကြောင့် ချင်းရှတောင်ခြေမှာလည်း လူသူမရှိ တိတ်ဆိတ်လျှ
က်ရှိလေသည်။

လွန်ခဲ့သည့်နှစ်နှစ်ခန့်က နောက်ဆုံးကျန်ရစ်သည့် မိသားစု ပြောင်းရွှေ့သွားကြပြီးသည့်နောက်ပိုင်း မည်သူမျှ မရှိကြတော့ပေ။

ချင်းရှတောင်နှင့် ချင်းရှတောင်ခြေရှိမြေယာများမှာ ဆန်းအိမ်တော်ပိုင်ဆိုင်သည့် မြေယာများဖြစ်ကြောင်း မည်သူမျှ မမှတ်မိကြတော့ပါ။

တောင်ပေါ်သို့တက်သည့် ကျောက်လှေကားထစ်လေးများတွင် ရေညှိများ ဖုံးလွှမ်းနေလေသည်။ ထို့ပြင် လှေကားထစ်များမှာ အရင်ကနှင့်မတူဘဲ ပြိုကျပျက်စီးနေပြီဖြစ်လေသည်။ တောင်တက်လမ်းတစ်လျှောက် ကျောက်တုံးများသာသာ ဖြစ်နေလေတော့သည်။

တောင်ပေါ်ရှိ တာအိုကျောင်းတော်သို့ သွားသည့် ကျောက်လှေကားလမ်းဟု မည်သူမျှ မှတ်မိတော့မည် မဟုတ်ပေ။

ချင်းရှကျောင်းတော်မှာလည်း ပျက်စီးနေပြီဖြစ်လေသည်။ လေမိုးတိုက်ခတ်မှုများကြောင့် ကျောင်းတော်ခေါင်မိုးများပင် မရှိတော့ပေ။

စက္ကူအင်းချပ်လေးမှာ ကောင်းကင်ထက်မှ ချင်းရှကျောင်းတော်၏ ပြိုကျနေသည့်နံရံဟောင်းများဆီသို့ ဆင်းသက်သွားလေသည်။ ဆန်းလျန်က ထိုနံရံများဆီသို့ အသာတိုးကပ်သွားလိုက်သည်။ ထို့နောက် သူရပ်တန့်လိုက်လေသည်။ နံရံများနောက်တွင် ဖုံများသဲများ ပေကျံနေသည့် မိန်းကလေးငယ်လေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ သူမသည် နံရံထောင့်တွင်ကပ်ကာ သနားစဖွယ် ငုတ်တုတ်လေးထိုင်နေလေသည်။

အခန်း (၉၉)

မိုး လေ လျှပ်စီး တို့ဖြင့်မပတ်သက်နိုင်တော့

မိန်းကလေးငယ်လေးမှာ ဖုံများသဲများပေကျံနေသော်လည်း

မျက်ဝန်းလေးများကတော့ ကြယ်စင်အလားတောက်ပနေကြ

လေသည်။ တောက်ပဖြူစင်သည့် မျက်ဝန်းလေးများပင်။

မိန်းကလေးငယ်လေးက ဆန်းလျှန်ကိုကြည့်လိုက်ရင်း....

"ကိုကိုကလည်း ဟိုလူဆိုးတွေလိုပဲ သမီးကို ဖမ်းဖို့လာတာလား ၊ သမီးကို စားမပစ်ပါနဲ့နော် ၊ သမီးကတ အားကို ညစ်ပတ်တာ"

ဟု ပြောလိုက်လေသည်။

သူမပုံစံလေးမှာ ကြောက်ရွံ့တုန်ယင်နေလေသည်။

ဆန်းလျန် ကလေးမလေးကိုကြည့်ကာ ရယ်ချင်မိသော်လည်း မရယ်ရက်ခဲ့ပါ။ ကလေးမလေး၏ မျက်ခုံးမျက်လုံးများမှာ ဆန်းရော့ရှီနှင့် လွန်စွာဆင်တူလေသည်။ ထို့အတူ ဆန်းလျန်နှင့် လည်းဆင်တူလေသည်။ သူတို့မောင်နှမနှစ်ယောက်မှာ ရုပ် ချင်းဆင်ကြသည် မဟုတ်ပါလား။

ဆန်းလျန်က ခေါင်းကိုငုံ့လိုက်ပြီး မိန်းကလေးငယ်လေးကို လက်ကမ်းပေးလိုက်သည်။ ကလေးမလေးမှ ဆန်းလျ န်၏လက်ကို စုပ်ကိုင်လိုက်သည့်တိုင် ကြောက်ရွံ့နေသေး သည်။

"ကိုကိုက လူဆိုးမဟုတ်ပါဘူး ၊ ဒါနဲ့ သမီးကရော ဒီနေရာကို ဘယ်လိုလုပ်ရောက်နေတာလဲ"

ဆန်းလျန်က နူးညံ့စွာမေးလိုက်လေသည်။

ဆန်းလျန်မှာရန်သူတစ်ယောက်မဟုတ်ကြောင်း မိန်းကလေး ငယ်၏ စိတ်တွင်းမှ ခံစားမိနေလေသည်။

"ဦးလေးပိုင်က သမီးကိုခေါ်လာတာ"

"သူအခုဘယ်မှာလဲ"

"လူဆိုးတွေအများကြီးပဲ သမီးကို လိုက်ဖမ်းနေကြတာ ၊ ဦးလေးပိုင်က လူဆိုးတွေကို မျှားခေါ်သွားမယ်ဆိုပြီးထွက်သွား တာ ၊ ဒါပေမယ့် သူပြန်မလာတော့ဘူး ၊ ကိုကိုက ဦးလေးပိုင်ကို ရှာပေးပါလားဟင်"

မိန်းကလေးငယ်က ဆန်းလျန်၏လက်ကို လှုပ်ရမ်းလိုက်ရင်း တောင်းပန်သည့်ပုံစံဖြင့်ပြောလိုက်လေသည်။

ဆန်းလျန်မှာ သူမကိုဖမ်းဆီးရန်လာသည့်သူမဟုတ်ကြောင်း သူမသိနေလေသည်။

ဆန်းလျန်က သူမနဖူးထက်မှ ဆံပင်လေးများကို အသာပွတ်သပ်ပေးလိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

....

မိန်းကလေးငယ်လေးမှာ မည်သူဆိုသည်ကို ဆန်းလျန်သိရှိသွားပြီဖြစ်လေသည်။ ဆန်းရှော့ရှီမှာ ဘုရင့်အနွယ်တော်မင်းသား ချင်းဟယ်ကျွမ်းဝမ်နှင့် လက်ဆက်ခဲ့ခြင်း ဖြစ်လေသည်။ ချင်းဟယ်ကျွမ်းဝမ်တို့မိသားစုမှာ အနောက်မြောက်ပိုင်းတွင် အချမ်းသာဆုံးမိသားစု ဖြစ်လေသည်။ ထို့ကြောင့် ချင်းဟယ်ကျွမ်းဝမ်က ပုန်ကန်သည့်အခါတွင် ဆန်းအိမ်တော်ကပါ အလိုတူအလိုပါ ဖြစ်ရလေတော့သည်။

ဆန်းရှော့ရှီနှင့် ချင်းဟယ်ကျွမ်းဝမ်တို့၏ မင်္ဂလာကိစ္စကိုစီစဉ်သူမှာ ဆန်းသခင်ကြီး မဟုတ်ပါ။ ဆန်းသခင်ကြီးမှာ ဆန်းလျန်ထွက်ခွာသွားပြီး နောက်တစ်နှစ်တွင် ဆုံးပါးသွားခဲ့လေသည်။

လေးစားစရာကောင်းသူတစ်ဦးသည်

အသက်အရွယ်ကြီးရင့်လာပြီး ကံတရားကို မလွန်ဆန်နိုင်ခဲ့ပေ။

သူ့ဘဝတွင်ရရှိခဲ့သည့် အောင်မြင်မှုနှင့် ငွေကြေးချမ်းသာ

ကြွယ်ဝမှုများကို တစ်လက်မမျှပင် သယ်ဆောင်သွားနိုင်စွမ်း

မရှိခဲ့ရှာပေ။

ဆန်းသခင်ကြီးမှာ လူကောင်းတစ်ယောက် ဟူ၍တော့ ပြော၍မ

ရပေ။ အဘယ်ကြောင့်ဆိုသော် ဆန်းအိမ်တော်၏ပိုင်ဆိုင်သည့်

ငွေကြေးများတွင် မသန့်ရှင်းသည့်ငွေများလည်း ပါ

သောကြောင့်ဖြစ်လေသည်။ သွေးစွန်းသော ငွေများလည်း

ပါဝင်လေသည်။

သူသည်ဖခင်ကောင်းတစ်ယောက်လည်း ဖြစ်ချင်မှဖြစ်ခဲ့ပေ

လိမ့်မည်။ သို့သော် သူ မကွယ်လွန်မီအချိန်လေးတွင်တော့

"အန်း" တည်းခိုရိပ်သာသို့ မကြာခဏသွားလေ့ရှိပြီး ဆန်းလျန်

နေထိုင်သည့် အခန်းထဲတွင် ထိုင်နေတတ်လေသည်။ သူ

ကွယ်လွန်သည့်အခါတွင်လည်း ဆန်းလျန်၏အခန်းထဲတွင်ပင် ကွယ်လွန်ခဲ့ခြင်းဖြစ်လေသည်။

ဆန်းအဘိုးအိုအနေဖြင့် ဆန်းလျန်ကို ချစ်ခင်သည့်အတွက် ကြောင့် ထိုသို့ပြုလုပ်ခြင်းဖြစ်နိုင်သလို ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးခဲ့ရသည့် သမီးဖြစ်သူ ၊ ဆန်းလျန်၏ မိခင်ကို သတိရ သောကြောင့်လည်း ထိုသို့ပြုလုပ်ခြင်း ဖြစ်နိုင်လေသည်။

လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ခန့်က ဆန်းရော့ရှီမှာ ချင်းဟယ်ကျွမ်း ဝမ်နှင့် လက်ဆက်ခဲ့လေသည်။ လက်ထပ်ပြီး ခုနစ်နှစ်ကြာမှ သူမတွင် ကိုယ်ဝန်ရှိလာပြီး မိန်းကလေးငယ်လေးကို မွေးဖွားခဲ့ ခြင်းဖြစ်လေသည်။ သို့သော်... ဆန်းရော့ရှီမှာ မီးတွင်းထဲမှာပင် အသက်ဆုံးခဲ့ရရှာလေသည်။ ထို့ကြောင့် မိန်းကလေးငယ်လေး မှာ ချင်းဟယ်ကျွမ်းဝမ်၏ တစ်ဦးတည်းသောသမီးလေး ဖြစ် လေသည်။ ချင်းဟယ်ကျွမ်းဝမ်သည် ဆန်းရော့ရှီကို လွန်စွာမှ ချစ်ခင်ကြင်နာလေသည်။ ထိုသို့ချစ်ခင်သည်မှာလည်း ငွေ

တွင်းကြီးသဖွယ် ကြွယ်ဝချမ်းသာသည့် ဆန်းအိမ်တော်၏ မျက်နှာကြောင့် ဖြစ်လေသည်။

ထို့နောက် ချင်းဟယ်ကျွမ်းဝမ်က ဘုရင်မကြီးကို စတင်ပုန်ကန်ရန် စီစဉ်ခဲ့လေသည်။ သို့သော်... ပုန်ကန်မှု အရေးနိမ့်ခဲ့ရပြီး သူ၏တပ်များကို ချင်ပြည်နယ်သို့ ပြန်လည်ဆုတ်ခွာလာခဲ့လေသည်။ ထိုသို့ဆုတ်ခွာလာသည့်အချိန်တွင်ပင် သူ၏တပ်တွင်းမှာပင် သစ္စာဖောက်မှုဖြစ်ပွားခဲ့ပြီး ချင်ပြည်နယ်မြို့တော်သို့ မရောက်မီမှာပင် သစ္စာဖောက်လက်အောက်ငယ်သားတစ်ဦး၏ ခေါင်းဖြတ်သတ်ခြင်းကို ခံခဲ့ရလေသည်။ ဆန်းအိမ်တော်မှ လူများအားလုံးလည်း ထိုသို့ပင် အသတ်ခံခဲ့ရလေသည်။ ဆန်းလျန်၏မိတ်ဆွေ သူတော်စင်စောရ "ပိုင်ယွိဖေး" ကယ်တင်ပေးခဲ့သည့် ချင်းဟယ်ကျွမ်းဝမ်၏သမီးလေးမှာ တစ်ဦးတည်းသော အသက်ရှင်ကျန်ရစ်သူဖြစ်လေသည်။

ပိုင်ယွိဖေးမှာ ဆန်းအိမ်တော်အကြောင်း အတွင်းသိအစင်းသိ

တစ်ယောက်ဖြစ်လေသည်။ ထို့ပြင် မိန်းကလေးငယ်မှာ ဆန်း

အိမ်တော်၏ နောက်ဆုံးမျိုးဆက်ဖြစ်လေသည်။

ဆန်းလျန်က ဒဏ်ရာအပြင်းအထန်ရနေသည့် ပိုင်ယွိဖေးကို

ကယ်တင်ရင်း ထိုအကြောင်းအရာများအားလုံးကို သိခဲ့ရခြင်း

ဖြစ်လေသည်။ ဆန်းလျန်က ပိုင်ယွိဖေး၏ ဒဏ်ရာများကို ကု

သပေးခဲ့လေသည်။

မိန်းကလေးငယ်လေးကိုရှာတွေ့သွားသူမှာ ဆန်းလျန်ဖြစ်နေ

သည့်အတွက် ပိုင်ယွိဖေးမှာ စိတ်အေးသွားရလေသည်။ သူ့

တွင် နတ်ဘုရားကျင့်စဉ်လမ်းလျှောက်လှမ်းရန်အတွက် ပါရမီ

မရှိကြောင်း ပိုင်ယွိဖေးနားလည်သည့်အပြင် သူ၏လက်ကျန်

ဘဝကိုလည်း ငြိမ်းငြိမ်းချမ်းချမ်းပင် ဖြတ်သန်းချင်မိလေ

သည်။ ထို့ကြောင့် သူက ဆန်းလျန်ကို နှုတ်ဆက်စကားပြော

ကာ လမ်းခွဲခဲ့လေသည်။ နေရာအသစ်တွင် စိတ်သစ်လူသစ်

ဖြင့် ဘဝအသစ်ပြန်စရန် သူက စဉ်းစားထားလေသည်။

ပိုင်ယွိဖေးထွက်ခွာသွားသည့် ညတွင်ပင် ဆန်းလျန်က

ကိုယ်ကျိုးအတွက် သခင်အပေါ်သစ္စာပျက်ခဲ့သည့် သူပုန်တပ်မှ

သစ္စာဖောက်ကို လိုက်လံရှာဖွေကာ သုတ်သင်ခဲ့လေသည်။

ဆန်းမိသားစုတစ်ခုလုံးကို သတ်ဖြတ်ရန်အမိန့်ပေးခဲ့သူမှာ

လည်း ထိုသူပင်ဖြစ်လေသည်။

ထိုသူအား လက်စားချေပြီးသည့်တိုင် ဆန်းလျန်ရင်ထဲတွင် မ

ကျေနပ်နိုင်ပါ။ သို့သော်လည်း

သစ္စာဖောက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် အခြားသူများကို

တော့ ဆန်းလျန်က လွှတ်ပေးခဲ့လေသည်။

ချင်းဟယ်ကျွမ်းဝမ်နှင့် ဆန်းရှော့ရှီတို့၏ သမီးဖြစ်သူ

မိန်းကလေးငယ်လေး၏ အမည်မှာလည်း "ရှော့ရှီ" ဟူ၍ပင်ဖြစ်

လေသည်။ သူမ၏မိခင်ဆန်းရော့ရှီ၏ နာမည်ကိုပင် ပြန်ပေး

ထားခြင်းဖြစ်လေသည်။

ရော့ရှီလေးမှာ ဆန်းလျန်က သူမ၏ဦးလေးဖြစ်သည်ဆို၍ အံ့

သြနေရလေသည်။ အဘယ်ကြောင့်ဆိုသော် ငယ်ရွယ်နုပျိုမှုကို

ထိန်းထားသည့် ဆန်းလျန်မှာ သူမ၏ အစ်ကိုအရွယ် ဖြစ်နေ

သောကြောင့် ဖြစ်လေသည်။ ထို့ကြောင့်သူမက ဆန်းလျန်ကို

"ကိုကို" ဟုပင် ခေါ်လေသည်။

သူမ၏ ဦးလေးပိုင်က ဆန်းလျန်နှင့်သာအတူရှိနေလျှင် မည်သူ့

ကိုမျှ ကြောက်စရာမရှိတော့ကြောင်း မှာကြားသွားခဲ့လေသည်။

သို့သော် ကလေးမလေးမှာ သူမ၏ ဖခင်ဖြစ်သူသခင်ကြီးနှင့်

အဘိုးအဘွားများကို လွမ်းဆွတ်သတိရနေမိလေတော့သည်။

ဦးလေးပိုင်က ဆန်းလျန်မှာ နတ်ဘုရားတစ်ပါးဖြစ်သည်ဟု

ပြောကြားသွားခဲ့လေသည်။ ထို့ကြောင့် သူမကို ဖခင်ဖြစ်သူထံ

ခေါ်ဆောင်သွားပေးဖို့ ဆန်းလျန်ကို တောင်းဆိုကြည့်လေ

သည်။

သို့သော် ဆန်းလျန်က "ထိုသို့ပြုလုပ်နိုင်စွမ်း သူ့တွင်မရှိ" ဟု

ပြောခဲ့လေသည်။ ရှော့ရှီလေးနားလည်ထားသည်က နတ်

ဘုရားဆိုသည်မှာ မြေလျှိုးမိုးပျံနိုင်ပြီး သွားလိုသည့်နေရာ

တိုင်းကို သွားနိုင်သည်ဟူ၍ ဖြစ်လေသည်။

ရှော့ရှီလေးမှာ နတ်ဘုရားကိုကိုက သူ့ကို လိမ်ပြောသည်ဟု

ထင်နေမိလေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်မှာ

ကောင်းကင်ထက်တွင် ပျံသန်းနိုင်သော်လည်း သူမကို ဖခင်

ဖြစ်သူထံ ခေါ်သွားမပေးသည့်အတွက် ဖြစ်လေသည်။

သို့သော် နတ်ဘုရားကိုကိုမှာ ထူးဆန်းသောသူဖြစ်ကြောင်း

သူမ သတိပြုမိလေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်

မှာ အရာဝတ္ထုများကို ဖန်ဆင်းနိုင်စွမ်းရှိကြောင်း သူမသိခဲ့ရ

လေသည်။ ထိုသို့ဖန်ဆင်းသည်ကို သူမဘာဝတွင် တစ်ခါမျှ မ

တွေ့ခဲ့ဖူးပေ။

တဖြည်းဖြည်းနှင့် ဆန်းလျန်နှင့်အတူနေရသည်ကို ရော့ရှိလေး

သဘောကျလာလေတော့သည်။

သူမက ဖခင်ဖြစ်သူ၏ အိမ်တော်နှင့် အဘိုးဖြစ်သူ၏ ဆန်းအိမ်

တော်တွင် နေသည်က များလေသည်။ သူမက ပြင်ပလောက

သို့ တစ်ခါမျှ မရောက်ခဲ့ဖူးပါ။ သူမက မျက်လှည့်ပြပွဲများကို

သဘောကျသည့်အတွက် သူမ၏ဖခင်က သူမကိုဖျော်ဖြေရန်

အတွက် မျက်လှည့်အဖွဲ့တစ်ဖွဲ့ငှါးထားပေးလေသည်။ သို့သော်

သူမက မျက်လှည့်ပွဲထက် စိတ်လှုပ်ရှား ခံစားရသည်ကို

သဘောကျခြင်းဖြစ်လေသည်။ သူမကိုထိန်းသည့်ကလေးထိန်း

အဒေါ်ကြီးက သူမကို အိမ်တော်အပြင်ဘက်သို့ ခိုးပြီးခေါ်သွား

ဖူးလေသည်။ သူမက ပြင်ပလောကကြီးကို အလွန်သဘောကျ

လေသည်။ သွားလာဆူညံနေကြသည့် လူအုပ်ကြီးကိုသူမ

သဘောကျလေသည်။ သူမ၏ဖခင်ဖြစ်သူ၏ အိမ်နှင့် အဘိုးဖြစ်သူ၏ဆန်းအိမ်တော်မှာ ကြီးမားလှပြီး သူမအတွက် အထီးကျန်ဆန်လွန်းလေသည်။

သို့သော်... သူမကိုအပြင်သို့ ခိုးပြီးခေါ်သွားသည့် ကလေးထိန်း အဒေါ်ကြီးကို ထိုနေ့ကတည်းက မတွေ့ရတော့ပါ။ သူမလည်း အပြင်သို့ ထွက်ခွင့်မရတော့ပေ။

နတ်ဘုရားကိုကိုနှင့်အတူလိုက်ပါသွားရခြင်းက သူမအတွက် နေ့စဉ်နေ့တိုင်း လူပေါင်းများစွာဖြင့်ကြုံတွေ့ရလေသည်။ လူထူထပ်ပြီး ဆူညံသည့်နေရာများသို့လည်းသွားနိုင်သလို မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ လျှောက်သွား ဆော့ကစား၍ရလေသည်။

တစ်နေ့တွင်တော့ နတ်ဘုရားကိုကိုက သူမကို "ဆန်းတု" ဆိုသည့် မြို့တစ်မြို့သို့ ခေါ်ဆောင်ရလေသည်။ ထိုမြို့မှာ အလွန်မှ လူစည်ကားသည့် မြို့တစ်မြို့ဖြစ်လေသည်။

ဆန်းတုမြို့တော်မှာ ကြီးမားပြီး လူနေထူထပ်လေသည်။ ပျော်ရွှင်စရာများလည်း များစွာရှိလေသည်။ လှပသည့် အဝတ်အထည်များစွာလည်း ရှိလေသည်။ သူမသဘောအကျဆုံးမှာ "ထန်ဟူလူ" ဟုခေါ်သည့် တုတ်ထိုးမုန့်များပင် ဖြစ်လေသည်။

သို့သော်... နတ်ဘုရားကိုကိုက သူမကို တစ်နေ့တစ်ခုသာ ဝယ်ကျွေးလေသည်။

ထို ဆန်းတုမြို့တော်တွင် သူတို့ အခြေချနေထိုင်ပြီး ဆေးခန်းလေးတစ်ခု ဖွင့်လိုက်လေသည်။

ဆေးခန်းဆိုသည်မှာ နေမကောင်းသည့်သူများကို ဆေးကုသပေးသည့်နေရာမှန်း သူမ သိပါသည်။ သို့သော်... ဆေးခန်းဖွင့်ထားသည့်တိုင် မည်သူမျှ ဆေးလာရောက်ကုသခြင်း မရှိပေ။ လူအများပြောနေသံကြားသည်မှာ ဆန်းလျန်မှာ သမားတော်

တစ်ယောက်ဖြစ်ရန်အတွက် အလွန်ငယ်ရွယ်နေသေးသည်

ဟူ၍ ဖြစ်လေသည်။

ထိုစကားများကြောင့် ရှော့ရှီလေးမှာ ဒေါသထွက်ရသော်လည်း

သူမ၏နတ်ဘုရားကိုကတော့ စိတ်ဆာတ်ခိုင်မာပြီး အစွမ်းထက်

သူဖြစ်လေသည်။ ထိုသူများက သူမ၏ နတ်ဘုရားကိုကို၏

အစွမ်းများကို မသိခြင်းသာ ဖြစ်လေသည်။

"သူမဖခင်ဆီလိုက်မပို့နိုင်" ဟု လိမ်ပြောခြင်းနှင့် သူမကို ထန်

ဟူလူတုတ်ထိုးမုန့်ဝယ်မကျွေးခြင်းကြောင့်သာလျှင် သူမက

ဆန်းလျန်ကို မကျေနပ်ခြင်းဖြစ်လေသည်။

လက်ရှိအချိန်တွင်တော့ သူမက စာပေသင်ယူနေရပြီး စာရေး

သားခြင်းကို လေ့ကျင့်နေလေသည်။

စာပေသင်ယူရခြင်းကို သူမ အလွန် မုန်းတီးလေသည်။ စာရေး

သားရခြင်းကိုလည်း သူမသဘောမကျပါ။သူမ၏ ဖခင်ဖြစ်သူ

ကို သတိရနေမိပြီး ကျန်သည့်အချိန်များတွင် သူမက စားဖို့နှင့် ကစားဖို့သာ စဉ်းစားနေသူဖြစ်လေသည်။

ဆန်းလျန်စိတ်ဆိုးမည်ကိုတော့ သူမကြောက်လေသည်။ သို့သော်.... ဆန်းလျန်က သူမဖခင်ကဲ့သို့ စိတ်ဆိုးဒေါသထွက်တတ်သူတစ်ယောက်မဟုတ်ပါ။

သူမရေးသားနေသည့် စာလုံးများမှာ မှတ်ရလွယ်လေသည်။ တစ်ချက်ကြည့်ရုံဖြင့်ပင် သူမ မှတ်မိလေသည်။ သူမ စာလုံးများကိုလည်း ကူးရေးနိုင်လေသည်။ သို့သော် ဆန်းလျန်က သူမရေးသည့်စာလုံးများကို မှားသည်ဟုပင် ပြောနေလေသည်။

နောက်ဆုံးတွင်တော့ သူမကို စာလုံးများ မရေးခိုင်းတော့ပေ။ စာလုံးတစ်လုံးတည်းကိုသာ ရေးခိုင်းလေသည်။ "ထာဝရ" ဟု အဓိပ္ပါယ်ရသည့် "ယုန့်" ဆိုသည့် စာလုံးဖြစ်လေသည်။

ဆန်းလျန်ရေးပြသည့်အတိုင်း သူမက လိုက်ရေးရခြင်းဖြစ်လေ

သည်။

သူမက "ယုန့်" ဆိုသည့်စာလုံးကို စာရွက်ဖြင့်အပြည့်ရေးပြီး

ဆန်းလျန်ကို ပြလိုက်လေသည်။

ဆန်းလျန်က သူမရေးသားထားသည့်စာလုံးများကို သေချာ

စစ်ဆေးပေးပြီးသည့်နောက် စာရွက်မှာ ပျောက်ကွယ်သွားလေ

သည်။

ရှော့ရှီလေးမှာ အံ့သြမနေတော့ပါ။ သူမက ဆန်းလျန်၏

တန်ခိုးစွမ်းအားများဖြင့် ကျင့်သားရနေပြီ ဖြစ်လေသည်။

ဆန်းလျန်က သူမရေးသားထားသည့် စာလုံးများအပေါ်တွင်

ဘာမှဝေဖန်ပြောကြားခြင်း မရှိပေ။ ထို့ကြောင့် ရှော့ရှီလေးမှာ

စိတ်ပျက်သွားရလေသည်။

ရှော့ရှီလေးမှာ သူမ၏မိခင်နှင့် ရုပ်ချင်းဆင်သည်ဟု ဆန်းလျန်

တွေးမိလေသည်။ သို့သော် မျက်လုံးမျက်ခုံးများကတော့

သူမ၏မိခင်နှင့်သာမက ဆန်းလျန်နှင့် အလွန်ပင်ဆင်တူလေ

သည်။ ရှော့ရှီလေးက ဆန်းလျန်ကို "ကိုကို" ဟုသာခေါ်သကဲ့သို့

အခြားသောသူများကလည်း သူတို့နှစ်ယောက်ကို မောင်နှမဟု

ပင် ထင်မှတ်နေကြလေသည်။

ဆန်းလျန်ကလည်း ရှင်းပြမနေတော့ပါ။ ရှော့ရှီခေါ်နေသည့်

"ကိုကို" ဆိုသည်ကိုလည်း ပြင်ပေး၍ မရတော့ပေ။ ထို့ကြောင့်

ပင် ဆန်းလျန်လည်း အရာအားလုံး ထိုအတိုင်းပင် ရှိစေတော့

ဟုဆိုကာ ထားလိုက်လေတော့သည်။

ဆန်းအိမ်တော်အတွက် တာဝန်မကျေသလို ခံစားနေရ

သည့်အတွက် ရှော့ရှီလေးကို လူလားမြောက်အောင်

စောင့်ရှောက်မည်ဟု ဆန်းလျန် စိတ်ပိုင်းဖြတ်ထားလိုက်လေ

တော့သည်

အခန်း (၁၀၀)

အစီအစဉ်တကျရေးဆွဲထားခြင်း

ဆန်းလျန်မှာ ဆန်းအိမ်တော်အတွက် တာဝန်ရှိသည်ဟု ခံစား

နေရသလို သူ၏ကိုယ်ထဲတွင် စီးဆင်းနေသည်ကလည်း ဆန်း

မိသားစု၏ သွေးများဖြစ်လေသည်။

သူက သံယောဇဉ်များအားလုံးကို ဖြတ်တောက်နိုင်သူ ဖြစ်နေ

လျှင်တော့ မည်သည့်အရာကိုမျှ သံယောဇဉ်ထားမိမည်မဟုတ်

ပေ။ သို့သော်... သူက အသည်းမာနိုင်သူ တစ်ယောက်မဟုတ်ခဲ့

ပါ။ ထို့ကြောင့်ပင် သူက သူ၏သွေးသားရင်းချာကို

စောင့်ရှောက်ပေးနေခြင်းဖြစ်လေသည်။

ယခုတော့ ချင်းရှမ်နတ်တံခါးတွင် စန့်ယွမ့်အဆောင်ထားရှိရ

ခြင်းကို သဘောပေါက်သွားပြီဖြစ်လေသည်။ ကျင့်စဉ်

လမ်းတွင် အောင်မြင်သွားသည့် ဆရာသခင်များသည် သူတို့၏

ချစ်ခင်ရသော အနွယ်တော်များကို မဖြတ်တောက်နိုင်

သည့်အတွက် စောင့်ရှောက်ရန် ခေါ်ထားခြင်း ဖြစ်လေသည်။

သူတို့၏ ချစ်ခင်ရသူအနွယ်တော် ဆွေမျိုးသားချင်းများကို သူ

တို့က ကျင့်စဉ်များသင်ကြားပေးလေသည်။ သူတို့ဟိုင်သန်း

အဆင့်သို့ မတက်ရောက်နိုင်ခဲ့လျှင်တော့ ကံတရားအတိုင်းသာ

ဖြစ်လေသည်။ တဖြည်းဖြည်းနှင့် အသက်သေဆုံးကာ မြေမှုန့်

ဘဝရောက်သွားရမည် ဖြစ်ပေသည်။

ဟိုင်သန်းအဆင့်မတက်ရောက်နိုင်သူများကို ချင်းရှမ်နတ်

တံခါးက တပည့်အစ်အမှန်အဖြစ် သတ်မှတ်ခြင်းမရှိပါ။

မဟုတ်ပါက ချင်းရှမ်နတ်တံခါးကို အကာအကွယ်ယူပြီး

ပတ်သက်ရာပတ်သက်ကြောင်း မိသားစုဝင်များကို အားလုံးက ခေါ်လာကြလိမ့်မည်ဖြစ်လေသည်။

"ပြင်ပပြဒါးရှင်" သို့မဟုတ် "နတ်ဒေဝါအမြုတေ" ဖြင့် ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်လျှင်တောင်မှ နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် အာမခံချက် မရှိလှပေ။ ထိုအရာများမှာ ရရှိရန်လည်း ခက်ခဲလှပေသည်။

စနစ်တစ်ခုဆိုသည်က အားနည်းချက်ရှိစမြဲပင် ဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးကို စတင်တည်ထောင်ခဲ့စဉ်က မိသားစုဝင်များကိုပါ လက်ခံသည့် ဥပဒေကို ကျင့်သုံးခဲ့လေသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ထိုသို့ပြုလုပ်ခြင်းက အလုပ်မဖြစ်ကြောင်း သိလာရလေသည်။

"သမီးရဲ့လက်မှာ မင်တွေပေနေပြီ... ရေဆေးလိုက်ဦး"

ဆန်းလျန်က ချင်းရွှမ်နတ်တံခါးအကြောင်း စဉ်းစားနေရင်းမှ ပြောလိုက်လေသည်။

ဆန်းလျန်က ပြောရင်းဖြင့်ပင် သူတို့အနားတွင်ရှိသည့် ရေဇလုံ လေးကို အင်းသကော်တတစ်ခု အသုံးပြုကာ ရေဖြည့်ပေးလိုက် လေသည်။

ယခုတစ်ကြိမ်လည်း ရော့ရှီလေးက အံ့သြမနေတော့ပါ။ ဆန်း လျန်က သူမ၏ အင်္ကျီလက်လေးများကို အသာခေါက်တင် ပေးလိုက်သည့်အခါ သူမက ရေဇလုံထဲတွင် လက်များကိုနှစ် ကာ မင်များအားလုံး သန့်ရှင်းသွားအောင် ဆေးကြောလိုက် လေသည်။

ရေဇလုံတွင်းမှ ကြည်လင်သည့်ရေများမှာ မင်များကြောင့် အနက်ရောင်ပြောင်းသွားလေသည်။ သူမက ရေဇလုံကို အပြင် သို့ယူသွားပြီး သွန်ပစ်လိုက်လေသည်။

အရင်အချိန်များကတော့ သူမလက်ဆေးသည့်ရေဇလုံကို သူမ ကိုယ်တိုင် သွားသွန်စရာမလိုပေ။ အစေခံမိန်းကလေးများက

သွန်ပေးကြသည်ချည်းပင် ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့ သူမကို ထိုသို့ပြုလုပ်ပေးပြီး မဖျက်စီးလိုပေ။ အစပိုင်းတွင်တော့ ဆန်းလျန်အပေါ်သူမ အထင်လွဲနိုင်လေသည်။ နောက်ပိုင်းတွင်တော့ စည်းကမ်းဖြင့် အသားကျသွားမည်ဖြစ်လေသည်။

သူမက ရေကို အပြင်သို့ သွန်လိုက်လေသည်။ ရုတ်တရက် အော်သံတစ်သံကို ကြားလိုက်ရလေသည်။ အသံမှာ ခပ်သြသြ အသံတစ်ခု ဖြစ်လေသည်။

"ဒီကောင်မစုတ်လေးကတော့ ၊ နင့်မှာမျက်လုံးမပါဘူးလား"

ထို့နောက်တွင်တော့ ကြာပွတ်သံတစ်ချက်ကြားလိုက်ရလေသည်။

သို့သော် ကြာပွတ်က ရှော့ရှီလေး၏ ကိုယ်ပေါ်သို့ မကျရောက်မီ လူငယ်လေးတစ်ယောက်က ကြာပွတ်ကို ဖမ်းယူလိုက်လေသည်။

ထိုလူငယ်လေးမှာ ဆန်းလျန်ပင် ဖြစ်လေသည်။ သူက ရှော့ရှီ လေးအနားသို့ရောက်လာလေသည်။ ဆန်းလျန်ကိုတွေ့လိုက်ရ သည့်အတွက် ရှော့ရှီလေးမှာ ကြောက်ရွံ့ခြင်းမရှိတော့ပါ။ သူ့ ရိုက်ကြာပွတ်ဖြင့် ရိုက်သည့်လူကို ခပ်တည်တည်ပင် စိုက် ကြည့်ပစ်လိုက်လေသည်။

ထိုသူမှာ လူရည်သန့်တစ်ဦးဖြစ်ပြီး မြင်းတစ်ကောင်ကို စီးထား လေသည်။ သူ၏ ဖိနပ်များတွင် ရေများစိုနေလေသည်။

သူ့ဘေးနားရှိ နောက်ထပ်မြင်းတစ်ကောင်ပေါ်တွင် ရဲစွမ်းသတ္တိ ရှိပုံရသည့် လူငယ်တစ်ယောက် ရှိနေလေသည်။

"ဒီအရိုင်းအစိုင်းမလေးက မင်းအမျိုးလား"

ထိုသူက အသံသြသြဖြင့်မေးလိုက်လေသည်။

"သူကကလေးပဲရှိသေးတာ ၊ ဘာနားလည်မှာလဲ ၊ ဘာလို့ ဒီ လောက်ဒေါသထွက်နေရတာလဲ"

ဆန်းလျန်က ထိုလူကို တစ်ချက်ကြည့်လိုက်ပြီး ပုံမှန်လေသံဖြင့် ပြောလိုက်လေသည်။ သူ့လက်ထဲတွင် ကြာပွတ်ကို ကိုင်ထားဆဲ ဖြစ်လေသည်။ ဆန်းလျန်က ကြာပွတ်အဖျားလေးကို လက်ချောင်းနှစ်ဖက်ဖြင့်ညှပ်ပြီး အသာလေးကိုင်ထားခြင်းဖြစ်လေသည်။

ထိုလူက သူ၏ မြင်းရိုက်ကြာပွတ်ကို ဆန်းလျန်၏လက်ထဲမှ ပြန်စောင့်ဆွဲကာ ယူလိုက်သော်လည်း အရာမထင်ပေ။ သူက ကြာပွတ်ကို လွှတ်ချရန် ကြိုးစားလိုက်သော်လည်း ကြာပွတ်က သူ့လက်တွင် ကော်နှင့်ကပ်ထားသကဲ့သို့ ဖြစ်နေလေသည်။ ကြာပွတ်လက်ကိုင်မှာ သံနှင့်ပြုလုပ်ထားခြင်းဖြစ်သော်လည်း သူမည်သို့ပင်ကြိုးစားပြီး လွှတ်ချပါစေ သူ့လက်တွင် ကပ်နေမြဲ ဖြစ်လေသည်။

သူ၏နဖူးဆီမှာ ချွေးသီးချွေးပေါက်များကျလာလေသည်။ သူ စကားတစ်လုံးမျှ မပြောနိုင်တော့ပါ။

ရဲစွမ်းသတ္တိရှိသည့်ပုံရသည့် လူငယ်လေးမှာ သူတို့ရင်ဆိုင်နေရသည်မှာ ပညာရှင်တစ်ယောက်မှန်းသိလိုက်လေသည်။

"ညီငယ်လေး ၊ ကျုပ်ရဲ့အစေခံက ရိုင်းစိုင်းမိပါတယ် ၊ သူ့ကိုယ်စားကျုပ်ကပဲ တောင်းပန်ပါတယ် ၊ ဒီကိစ္စကို ထားလိုက်ကြရအောင်ပါဗျာ"

သူက ဆန်းလျန်ကို လက်နှစ်ဖက်စုပ်ကာ အရိုအသေပေးရင်းပြောလိုက်လေသည်။

ဆန်းလျန်က ကြာပွတ်ကိုင်ထားသည့်လူကို တစ်ချက်ကြည့်လိုက်ပြီးမှ ရဲစွမ်းသတ္တိရှိပုံရသည့် လူငယ်ကို ပြုံးပြလိုက်ပြီး ကြာပွတ်ကို လွှတ်ပေးလိုက်လေသည်။

လူငယ်လေးက ဆန်းလျန်၏ ဆေးခန်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"ညီငယ်လေးက ဆေးခန်းဖွင့်ထားတာလား ၊ ဆေးခန်းနာမည်က "ရှင်သန်ခြင်းမရဏ" ဆိုပဲ ၊ စိတ်ဝင်စားစရာကောင်းလိုက်တာ"

ဆန်းလျန်မှာ သူ၏ ဆေးခန်းအမည်ကို "ရှင်သန်ခြင်းမရဏ" ဟု အမည်ပေးထားလေသည်။

"သေလုမျောပါးရောဂါတွေအတွက် ဆေးကုသပေးမည်....

ကံမကုန်သေးတဲ့သူကတော့ ရှင်သန်နိုင်မည်"

ဟူသော ကဗျာလေးနှစ်ကြောင်းကိုလည်း ရေးစပ်ထားလေသည်။

ဆန်းတုမြို့တွင် လူများစွာမှာ အတုအယောင်များဖြစ်လေသည်။ ဆန်းလျန်၏ ပုံစံမှာ အလွန်ငယ်ရွယ်သည့်ပုံပေါက်နေသည့်အပြင် မြို့ထဲတွင် အခြားသော ဆေးခန်းများလည်း များစွာရှိကြသောကြောင့် ဆန်းလျန်၏ ဆေးခန်းတွင် ဆေးကုသသည့်သူ တစ်ယောက်မျှ မရှိပေ။

ဖျားနာ ခေါင်းကိုက်ခြင်းကြောင့် ရောက်လာကြသည့်

အိမ်နီးချင်း တစ်ယောက် နှစ်ယောက်သာ ရှိလေသည်။ သူတို့

က မောင်နှမနှစ်ယောက်ကို အားပေးသည့် သဘောဖြင့်သာ

လာရောက်ကုသကြခြင်းဖြစ်လေသည်။ သို့သော် ဆန်းလျန်က

ထိုသို့သော ရောဂါ အသေးအမွှားလေးများကို ကုသပေးရန်

ငြင်းဆန်လိုက်လေသည်။

ထိုသို့ ငြင်းဆန်လိုက်ခြင်းက သူ့ကို သမားတော်တစ်ယောက်မ

ဟုတ်ဟု ပိုပြီး သံသယ ဝင်လာစေလေသည်။

ထိုသတင်းက ပျံ့နှံ့သွားသည့်အခါ ဆေးကုသရန် လာရောက်

စုံစမ်းမေးမြန်းသည့်သူပင် တစ်ယောက်မျှ မရှိတော့ပေ။

ထို့ပြင် ဆန်းလျန်၏ ဆေးခန်းလေးမှာ မြို့လယ်ခေါင်တွင်

တည်ရှိခြင်းမဟုတ်ပါ။ သေသေချာချာ အာရုံမစိုက်မိပါက

ဆေးခန်းကို သတိပြုမိမည်ပင် မဟုတ်ပါ။

ဆန်းလျန်က ထွေရာလေးပါးစကားများကို ပြောချင်စိတ်မရှိပါ။ ထို့ကြောင့် သူက ရော့ရှီလေးကို အိမ်ထဲသို့ ပြန်ခေါ်လာလိုက်လေသည်။

ရဲစွမ်းသတ္တိရှိပုံရသည့် လူငယ်လေးက ဆန်းလျန်ကို နှောင့်ယှက်မနေတော့ပါ။

"သွားကြရအောင်"

သူက သူ၏အစေခံကို ပြောလိုက်လေသည်။

အစေခံဖြစ်သူမှာ သင်ခန်းစာကောင်းကောင်းရသွားပြီ ဖြစ်လေသည်။ သူက ယခုချိန်ထိ အသက်ကို ပြင်းပြင်း ရှူနေရသေးသည်။

လူငယ်လေးမှာ အသိဉာဏ်ကင်းမဲ့သည့်သူ တစ်ယောက်မဟုတ်ပါ။ ဆန်းလျန်မှာ သာမန်လူတစ်ယောက်မဟုတ်ကြောင်း သူရိပ်မိလိုက်လေသည်။ ထို့ပြင် သူက ဤကိစ္စနှင့် ထပ်မံမ

ပတ်သက်လိုတော့ပါ။ သူက ပြဿနာ မဖြစ်ချင်သူတစ်ယောက်ဖြစ်လေသည်။

"ဒီဆန်းတုမြို့တော်ကတော့ တကယ့်ကို ဝပ်နေတဲ့ကျားတွေ ၊ ပုန်းနေတဲ့နဂါးတွေနဲ့ ပြည့်နေတော့တာပဲ"

လူငယ်က ပြောရင်း ထွက်ခွာသွားလေတော့သည်။

"သခင်လေး ၊ အဲဒီလိုလူမျိုးတွေ ကျွန်တော်တို့လိုအပ်နေတာမလား ၊ ခုနကောင်လေးက တကယ်တော်တာပဲ ၊ ကျော်ကြားတဲ့ကူဟွေ့ဆရာတော်ရဲ့ တပည့်တွေတောင်မှ ကျွန်တော့်ကို ဒီလိုဖြစ်အောင် မလုပ်နိုင်ဘူး ၊ ကျွန်တော် သူ့နောက်ကြောင်းကိုစုံစမ်းကြည့်ပြီး ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးမလားဆိုတာ စုံစမ်းကြည့်သင့်တယ် ၊ သူကတကယ် အသုံးဝင်မှာပဲ"

အစေခံဖြစ်သူက လူငယ်လေးကို အကြံပေးလိုက်လေသည်။

“ခုန ဒီလိုမျိုးဖြစ်ပျက်ခဲ့တာတောင် မင်းက ဒီလိုအကြံမျိုးပေးနိုင်တာ ကျုပ်တကယ် ဝမ်းသာတယ် ၊ ဒါပေမယ့် ကျုပ်တို့

ဆန်းတုမြို့တော်မှာ လူမသိ သူမသိနေတာပဲကောင်းတယ်၊ ဒါနဲ့ ချီးဝမ်မင်းသားက ဒီနေ့ ကျုပ်တို့ကို ညစာစားပွဲဖိတ်တာကို မင်း ဘယ်လိုသဘောရလဲ၊ သူက ကျုပ်တို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မလို့များလား"

လူငယ်လေးက မဲ့ပြုံးတစ်ချက်ပြုံးရင်း ပြောလိုက်လေသည်။

....

ဆန်းလျန်က သူ့ရှေ့တွင်ရပ်နေသည့် ရှော့ရှီလေးကို ကြည့်လိုက်သည်။

"သမီးဘာမှ ကြောက်နေစရာမလိုတော့ဘူးနော်၊ ကြည့်ပါဦး သမီးက ခုတလော သိပ်ကို ထွားလာတယ်"

ဟု ဆန်းလျန်က ပြောလိုက်လေသည်။

"ကိုကိုသာရှိရင် သမီး ဘာကိုမှ မကြောက်ပါဘူး"

ရှော့ရှီလေးက ဆန်းလျန်ကို မော့ကြည့်ရင်း ပြောလိုက်လေသည်။

ဆန်းလျန်က သူမ၏ ခေါင်းလေးကို ပွတ်သပ်ပေးလိုက်သည်။

"ကိုကိုက ဘဝတစ်လျှောက်လုံး သမီးကို ပြုစုစောင့်ရှောက်သွားဖို့က မဖြစ်နိုင်ဘူးကွယ်"

ထိုစကားကို ဆန်းလျန်စိတ်ထဲမှ ပြောလိုက်ခြင်းဖြစ်လေသည်။ သို့သော်... သူ့ပါးစပ်ကတော့ ထုတ်မပြောမိပါ။ ထိုစကားများက မိန်းကလေးငယ်လေးကို နာကျင်သွားစေမည် မဟုတ်ပါလား။

သူက ဖုန်းဆွေပညာဖြင့် ကြည့်လိုက်သည့်အခါ ခရမ်းရောင်အငွေ့များ လူငယ်ထံမှ ထွက်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။ ထိုလူငယ်မှာ အရေးပါသည့်မျိုးရိုးမြင့်သည့် လူငယ်တစ်ယောက်ဖြစ်ပြီး သူ့အကြောင်းကို လူမသိအောင် ဖုံးကွယ်ထားသူ တစ်ယောက်ဖြစ်ကြောင်း ဆန်းလျန်ရိပ်မိလိုက်လေသည်။

ဆန်းတုမြို့တော်တွင် နေ့ခင်းပိုင်းတွင်ပင် ဘုရင်မကြီး၏ နဂါး

အရိပ်အငွေ့များမှာ ပြင်းထန်စွာ ပေါ်ထွက်လျှက်ရှိလေသည်။

သို့သော် နဂါးအရိပ်အငွေ့တွင် စိတ်ဓာတ်ကျသည့်

အရိပ်အယောင်များပါဝင်နေပြီး အထွဋ်ထိပ်ရောက်မှ ပြန်လည်

အားပျော့သွားတတ်လေသည်။

ဆန်းလျန်မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်နှင့်ပတ်သက်ပြီး

ဆက်လက်ကျင့်ကြံနိုင်ခြင်း မရှိသေးပါ။ သူက ကျင့်စဉ်

လွယ်ကူချောမောစေရန်အတွက် အခြေခံတွေးခေါ်ဆင်ခြင်မှု

များကို ပြုလုပ်နေလေသည်။

အမှန်တော့ ဆန်းတုမြို့မှာ ဘုရင့်နေပြည်တော် မြို့တော်ဖြစ်

လေသည်။ထို့ကြောင့် တန်ခိုးစွမ်းအားများနှင့် ပြည့်နေလေ

သည်။ ထိုတန်ခိုးစွမ်းအားများမှာ မိုင်တစ်ထောင်ပတ်လည်သို့

တိုင်အောင် ရောက်လေသည်။

တာ့ကျိုးတိုင်းပြည်၏ ပထဝီအနေအထားအရ အလယ်ဗဟို ကျသော ဆန်းတုမြို့တော်မှာ တန်ခိုးစွမ်းအားများဖြင့် ပြည့်ဝလေသည်။ စွမ်းအားစုများမှာ ထိုနေရာတွင် လာစုံခြင်းဖြစ်လေသည်။ သို့သော် မြေစွမ်းအားက အရပ်လေးမျက်နှာမှ စွမ်းအားများ ဆန်းတုမြို့သို့ အပြင်းအထန်ဝင်ရောက်လာမည်ကို တားမြစ်ထားလေသည်။ တစ်ချိန်တည်းမှာပင် ထိုမြေစွမ်းအားက ဂရုတစိုက်အစီအစဉ်တကျ ဖြစ်နေပြန်လေသည်။
တစ်စုံတစ်ယောက်က ထိုသို့ဖြစ်အောင် အစီအစဉ်တကျ ရေးဆွဲထားခြင်းဖြစ်လေသည်။ လျို့ဝှက်စွာဖြင့် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ထားခြင်း ဖြစ်ပုံရသေည်။
မြစ်နှင့်တောင်များကဲ့သို့ သဘာဝတရားကို ကြိုးကိုင်ခြယ်လှယ်နိုင်သည့် လူဆိုသည်မှာ မြင့်မြတ်သည့် နတ်ဘုရားတစ်ပါးပင်ဖြစ်မည်ဟုဆန်းလျန်တွေးလိုက်မိလေသည်။

အသိဉာဏ်ကွန့်မြူးစေရန်အတွက် ထိုနောက်ကွယ်မှ အကြောင်းအရာများကို သိအောင် စုံစမ်းရန်ဆုံးဖြတ်လိုက်လေသည်။ ထိုအကြောင်းအရာများကို သိရှိပါက သူ၏ကိုယ်ထဲသို့ ဒြပ်စင်စွမ်းအားရှစ်မျိုးကို အစီအစဉ်တကျ ရောက်ရှိသွားအောင် ကျင့်ကြံကောင်း ကျင့်ကြံနိုင်မည်ဖြစ်လေသည်။ ဒြပ်စင်စွမ်းအားများ ခန္ဓာကိုယ်ထဲတွင် အချင်းချင်းတိုက်ခိုက်ကြသည်များကို ပြေရှင်းနိုင်မည်ဟု မျှော်လင့်မိလေသည်။ ဤသည်မှာ ဆန်းတုမြို့တော်တွင် ဆန်းလျန်လာရောက်နေထိုင်ရသည့် အကြောင်းရင်းပင် ဖြစ်လေသည်။ ထို့ပြင် ဘုရင်မကြီးမှာ ဗုဒ္ဓဘာသာကို လွန်စွာမှ သက်ဝင်ယုံကြည်သူဖြစ်ပြီး ကူဟော့ဆရာတော်မှာ ဆန်းတုမြို့တော်တွင် အလွန်ကျော်ကြားသည့် ဆရာတော်တစ်ပါးဖြစ်လေသည်။

"မနက်ဖန် သမီးကို အတွင်းအားကျင့်စဉ် စပြီးသင်ပေးမယ်၊ သမီးကို ချင်းရှမ်နတ်တံခါးက ကျင့်စဉ်တစ်ရာ့ရှစ်မျိုးကို သင်

မပေးနိုင်ပေမယ့် သမီးအနေနဲ့ ကျင့်စဉ်လမ်းကိုလျှောက်ဖို့ အဆင်သင့်ဖြစ်ပြီဆိုရင် ကိုကိုလည်း တောင်ပေါ်ကို ပြန်တော့ မယ်၊ ဒါကြောင့် သမီးအတွက် အနာဂတ်မှာ အခြေခံကောင်း ရအောင် စပြီး တည်ဆောက်ပေးထားရမယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်၏စကားများမှာ သူ့ကိုယ်သူ အားပေးနေခြင်းမျှသာ ဖြစ်လေသည်။ ထို့ကြောင့် ရှော့ရှီလေးမှာ တစ်လုံးမှ နားမလည် နိုင်ဖြစ်နေရလေတော့သည်။

အခန်း (၁၀၁)

နဂါးငွေ့တန်းဆီသို့

ညအချိန်ဖြစ်လေသည်။

ရော့ရှီနှင့်ဆန်းလျန်မှာ ဆေးခန်းခေါင်မိုးထက်တွင် အတူတူ ထိုင်နေကြလေသည်။ နွေရာသီရောက်ပြီဖြစ်သောကြောင့် မိုးသားများကင်းစင်ကာ ကြယ်စင်များက တောက်ပနေလေ သည်။ သိပ်မဝေးသည့်နေရာတွင် စီးဆင်းနေသည့် မြစ်တစ် စင်းကိုလည်း မြင်နိုင်ပေသည်။

ဆန်းလျန်က မြစ်ကို ငေးကြည့်နေမိလေသည်။ ရှေးဟောင်း တာအိုကျင့်စဉ်စာအုပ်များတွင် "မြစ်" ကို "နဂါးငွေ့တန်း" ဟု တင်စားပြောဆိုကြလေသည်။

လွန်လေခဲ့သည့် မျိုးဆက်တွင် နဂါးငွေ့တန်းသို့ ကံကောင်းစွာ ဖြင့်ရောက်ရှိသွားသည့် နတ်ဘုရားတစ်ပါး ရှိခဲ့လေသည်။ သူက နဂါးငွေ့တန်းဓားသိုင်းကို တီထွင်ခဲ့ပြီး တာအိုဂိုဏ်းတစ်

ဂိုဏ်းကို တည်ထောင်ခဲ့လေသည်။ ထိုခေတ်ထိုအခါက တစ်ချိန်တည်းမှာပင် အဆင့်မြင့်နတ်ဘုရား ငါးပါးပေါ်ထွက်ခဲ့သည့်အချိန်ဖြစ်လေသည်။ လွန်စွာမှ နတ်ဘုရားတို့ ထွန်းကားခဲ့သောခေတ်ဟု ဆိုနိုင်လေသည်။

သို့သော်....

မည်သည့်အကြောင်းကြောင့်မှန်း မသိရဘဲ နတ်ဘုရားအချင်းချင်း သဘောထားမတိုက်ဆိုင်မှုများ ဖြစ်ပွားခဲ့ပြီး အဓိကတာအိုကျောင်းတော်ကြီးလေးခု ကျဆုံးသွားခဲ့ရလေသည်။ ထိုကျောင်းတော်ကြီးများမှ မျိုးဆက်များ ကျန်ရှိနေသေးသည်လား မရှိတော့ဘူးလားဆိုသည်ကိုတော့ မည်သူမျှ မသိကြပါ။

နဂါးငွေ့တန်းဓားသိုင်းမှာ မူလကျင့်စဉ်ပညာတစ်ခုဖြစ်ပြီး မည်သူမျှ ထိုဓားသိုင်းကို လက်ဆင့်ကမ်း ဆက်ခံသွားနိုင်ခြင်းမရှိခဲ့ပေ။ ပြောရမည်ဆိုလျှင် နဂါးငွေ့တန်းဓားသိုင်းမှာ ချန်ကျ

နံ့မေ၏ သဏ္ဍာန်မဲ့ဓားသိုင်းထက် အဆင့်မြင့်မားလေသည်။

အဘယ်ကြောင့်ဆိုသော် နဂါးငွေ့တန်းဓားသိုင်းကို တီထွင်ခဲ့သူမှာ စြက်ာဝဋ္ဌာနေရာအနှံ့သွားရောက်နိုင်သည့် နတ်ဘုရားတစ်ပါးဖြစ်သောကြောင့်ပင်။ ထိုနတ်ဘုရားမှာ လောကတွင် အတော်ဆုံး နတ်ဘုရားတစ်ပါးဖြစ်လေသည်။

"ကိုကို ၊ ပုံပြင်နားထောင်ချင်တယ်"

ရှော့ရှီက ပူဆာလိုက်လေသည်။

"ဒါဖြင့် ဒီနေ့ ဘာပုံပြင် နားထောင်ချင်လဲ"

ဆန်းလျန်က နူးညံ့စွာမေးလိုက်သည်။

"ကောင်းကင်ပေါ်က မြစ်တွေ အကြောင်း နားထောင်ချင်တာ...."

ရှော့ရှီလေးက မိုးပေါ်သို့လက်ညှိုးညွှန်ပြရင်း ပြောလိုက်လေသည်။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ပြီး....

"ကောင်းပြီလေ... ပြောပြမယ်၊ ဟိုးရှေးရှေးတုန်းက လီ လို့ခေါ်တဲ့ နွားကျောင်းသားလေးတစ်ယောက်ရှိသတဲ့၊ သူငယ်ငယ်ကတည်းက မိဘတွေမရှိကြတော့ဘူး၊ လူတွေက သူ့ကို လီအော်ဝါး လို့ခေါ်ကြတယ်၊ သူ့မှာ မိဘတွေ အမွေပေးခဲ့တဲ့ နွားထီးကြီးတစ်ကောင် ရှိတယ် တဲ့"

"သူ့မှာ အစ်ကိုတစ်ယောက်လည်းရှိသေးတယ်၊ သူ့ အစ်ကိုမှာ မိန်းမရှိတယ်၊ သူ့အစ်ကိုရဲ့မိန်းမက လီအော်ဝါးကို ကြည့်မရဘူး၊ ဘယ်တော့မှ ထမင်းလည်းဝအောင် မကျွေးဘူး၊ အိပ်ရင်လည်း နွားတင်းကုတ်ထဲမှာပဲ အိပ်ခိုင်းတယ်"

"တစ်နေ့ကျတော့ သူ့အစ်ကိုရဲ့မိန်းမက သူ့ကိုနှင်ထုတ်လိုက်တော့ သူအမွေရထားတဲ့နွားကြီးနဲ့အတူအိမ်ကနေထွက်သွားရရှာသတဲ့၊ လီအော်ဝါးက သူ့နွားကြီးကို မရောင်းချင်ဘူး၊ အဲဒါနဲ့သူက နွားကြီးကိုပြောတယ် တဲ့၊ 'အစ်ကိုနွားကြီးရေ၊ ငါတော့မင်းကို မရောင်းချင်ဘူး၊ မင်းကိုရောင်းလိုက်ရင် အခြား

သူတွေက မင်းကို သတ်စားကြလိမ့်မယ်၊ ဒါကြောင့် မင်း ဒီ

နေရာကနေ ထွက်ပြေးတော့နော်' တဲ့"

ဆန်းလျန်က ပြောရင်းခဏနားလိုက်သည်။ ရှော့ရှီလေးမှာ သူမ

ပြောခိုင်းသည့် မြစ်များအကြောင်း ပုံပြင်ထဲတွင် မပါသည့်တိုင်

ပုံပြင်ကို စိတ်ဝင်တစား နားထောင်နေလေသည်။

"ကိုကို၊ နွားကြီးထွက်သွားတော့ နွားကျောင်းသားလေး ဘာ

ဖြစ်သွားလဲဟင်၊ သူ့အစ်ကိုနဲ့ သူ့အစ်ကိုရဲ့ မိန်းမကရော သူ့ကို

မချစ်ကြဘူးလားဟင်"

ရှော့ရှီလေးက သိချင်စိတ်ဖြင့် ခပ်မြန်မြန်မေးလိုက်လေသည်။

နောင်တစ်ချိန် သူမ၏ ကိုကို အိမ်ထောင်ကျသွားပါက ထို

မိန်းကလေးက သူမကို သဘောမကျဘဲ နှိပ်စက်ကာ အိမ်မှ

နှင်ထုတ်မည်ကို သူမက စိတ်ပူပန်နေခြင်း ဖြစ်လေသည်။

"အဲဒီအချိန်မှာပဲ သူမွေးထားတဲ့ နွားထီးကြီးက လူစကားပြော

တယ် တဲ့၊ 'မင်းနဲ့ငါက ခွဲလို့မရဘူး၊ ငါကလည်း မင်းကိုထား

ပြီး စွန့်ပစ်သွားမှာ မဟုတ်ဘူး' တဲ့ ၊ နွားကြီးက လူစကားပြော

တော့ နွားကျောင်းသားလေးလည်း အရမ်းလန့်သွားတာပေါ့ ၊

ဒါပေမယ့် သူက နွားကြီးနဲ့ အတူနေတာကြာပြီဆိုတော့ နွားကြီး

က မိတ္ထာတစ်ကောင်ဖြစ်နေရင်တောင် သူက မကြောက်ပါဘူး"

"အမှန်တော့ နွားကြီးက တန်ခိုးကြီးတဲ့ နတ်မိတ္ထာတစ်ပါးပဲ ၊

သူက လီအော်ဝါးကို နတ်ဘုရားကျင့်စဉ်အချို့ သင်ပေးခဲ့တယ်

၊ ဒါပေမယ့် သိပ်မကြာပါဘူး ၊ နတ်ဘုရားတစ်ပါးရောက်လာ

ပြီး နွားကြီးကို ဖမ်းခေါ်သွားရောတဲ့"

"အဲဒီအချိန်မှာ လီအော်ဝါးက မိုးပေါ်ပျံတဲ့ပညာကို သင်ယူပြီး

နေပြီ ၊ အဲဒါကြောင့် သူကသူ့ရဲ့နွားကြီးကိုဖမ်းသွားတဲ့ နတ်

ဘုရားနောက်ကို လိုက်တာပေါ့ ၊ ဟိုနတ်ဘုရားက လိုက်လာမှန်း

သိလို့ လက်တစ်ဖက်ဝှေ့ယမ်းလိုက်တာနဲ့ လီအော်ဝါးဟာ

ပူလောင်လာရောတဲ့ ၊ အဲဒီအချိန် ကောင်းကင်ပေါ်မှာ

နဂါးငွေ့တန်းတစ်ခုပေါ်လာတယ်တဲ့ ၊ အဲဒီနဂါးငွေ့တန်းဟာ

ကြီးမားလွန်းလို့ တစ်ဖက်ကမ်းကိုတောင် မမြင်ရဘူး တဲ့ ၊

သူက ခြေကုန်လက်ပန်းကျတဲ့အထိ နဂါးငွေ့တန်းထဲမှာ ပျံသန်း

နေရင်း နောက်ဆုံးတော့ မပျံနိုင်တော့ဘဲ ပြုတ်ကျသွားပါလေ

ရော"

ဆန်းလျန်က ပုံပြင်ကို ဆက်ပြောပြလိုက်လေသည်။

"ပြီးတော့ ဘာဖြစ်သွားလဲဟင် ၊ အဲဒီနွားကျောင်းသားလေး

နဂါးငွေ့တန်းက ပြုတ်ကျသွားပြီးတော့လေ"

ရှော့ရှီလေးမှာ ပုံပြင်နားထောင်ရင်း လွန်စွာမှ စိတ်လှုပ်ရှားနေ

လေသည်။ သူမက ပုံပြင်များကို အမြဲတမ်း စိတ်ဝင်တစား

နားထောင်တတ်သူ ဖြစ်လေသည်။

ဆန်းလျန်က ဆက်ပြောလိုက်သည်။

"သူက နဂါးငွေ့တန်းထဲကျသွားပေမယ့် နစ်မြုပ်မသွားဘူး ၊

အနီရောင်ငါးကြီးတစ်ကောင်က သူ့ကိုကယ်လိုက်တယ် ၊

နောက်ကျ အဲဒီငါးကြီးက နတ်သမီးတစ်ပါးဖြစ်သွားရောတဲ့ ၊

သူက အဲဒီနတ်သမီးလေးနဲ့ လက်ထပ်လိုက်ပြီး လူ့လောကကို ပြန်လာခဲ့တယ်"

"ဒါဖြင့် နွားကြီးကရော ဘာဖြစ်သွားလဲဟင်၊ နွားကျောင်းသားလေးက သူ့ကို သွားမကယ်တော့ဘူးလား၊ အဲဒီနွားကြီးကို ဟို နတ်ဘုရားက စားပစ်လိုက်သလားဟင်၊ နတ်ဘုရားတွေက အသားစားတတ်လို့လား"

ရှော့ရှီမှာ နွားကြီးအတွက် အမှန်ပင် စိတ်ပူပန်ကာ မေးလိုက်မိလေသည်။

"နွားကျောင်းသားလေးကတော့ နတ်သမီးလေးနဲ့ ပျော်ပျော်ရွှင်ရွှင်နေသွားကြပြီး နွားကြီးကို တဖြည်းဖြည်း မေ့သွားမှာပေါ့၊ နွားကြီးကတော့ မိုးကောင်းကင်တံခါးမှာ သူ့ကိုများ လာကယ်မလားဆိုပြီး နွားကျောင်းသားလေးကို စောင့်ချင်စောင့်နေမှာပေါ့၊ ဘယ်သိနိုင်မလဲလေ"

ဆန်းလျန်က ရှော့ရှီလေးကို ကျောပြင်သေးသေးလေးကို သပ်ပေးရင်း ပြောလိုက်လေသည်။

"ဒါဖြင့် နောက်ဆုံးတော့ ဘာဖြစ်သွားရောလဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကိုကိုလည်း အဆုံးသတ်ကို မသိပါဘူး ၊ နွားကြီးက သူ့ကိုလာကယ်မယ့်အချိန်ကို စောင့်နေမှာပေါ့ကွယ်"

ထိုပုံပြင်မှာ တစ်ဝက်မှန်လေသည်။ နဂါးငွေ့တန်းထဲသို့ကျသွားသည့် တာအိုဆရာဆိုသည်မှာ တကယ့် အဖြစ်အပျက်ဖြစ်ပြီး နွားကြီးနှင့် နတ်သမီးလေးကတော့ ဆန်းလျန်ဖန်တီးထားခြင်းဖြစ်လေသည်။

"ကိုကို ၊ သမီးမှာ ပြောစရာတစ်ခုရှိတယ်"

ရှော့ရှီက ဆန်းလျန်၏ မျက်နှာကိုကြည့်လိုက်ပြီး တည်ကြည်လေးနက်သည့်လေသံဖြင့် ပြောလိုက်လေသည်။

"ဘာများမေးမလို့လဲ"

ဆန်းလျန်က ပြန်မေးလိုက်သည်။

ကလေးငယ်များမှာ ပေါက်ပေါက်ရှာရှာမေးခွန်းများကို လွန်စွာမှ မေးတတ်ကြလေသည်။ သို့သော် ဆန်းလျန်က ကလေးများအပေါ် အမြဲတမ်း စိတ်ရှည်ရှည်ဖြင့် ဖြေကြားပေးလေ့ရှိလေသည်။

"ကိုကို မိန်းမမယူရဘူးနော်၊ သမီးကြီးလာရင် ကိုကိုနဲ့ လက်ထပ်မယ်၊ ဒါဆို ကိုကို့မိန်းမက သမီးကို သဘောမကျဘဲ နှိပ်စက်ပြီးနှင်ထုတ်တာမျိုး မခံရတော့ဘူးပေါ့"

သူမမှာ တကယ်ပင် ဝမ်းနည်းနေပုံရပြီး မျက်ဝန်းတောက်တောက်လေးများတွင် မျက်ရည်များပင် ဝဲနေလေသည်။

ဆန်းလျန်က သူမနှခေါင်းလေးကို လိမ်ဆွဲလိုက်ပြီး....

"ဒီကလေးမလေးကတော့ ပေါက်ကရတွေ တွေးပြန်ပါပြီ၊ မနက်ဖန် စာလုံးတွေရေးတာ လေ့ကျင့်ရဦးမယ်နော်"

ရော့ရှီလေးက ဆန်းလျန်၏ အင်္ကျီလက်ကို ဆွဲလိုက်ပြီး....

"ကိုကို သမီးကို ကတိပေးလေ"

ရော့ရှီလေးမှာ သူမလိုချင်သည့် အဖြေမရသောကြောင့် မကျေမနပ်ဖြစ်နေပုံရလေသည်။

"ကောင်းပါပြီ ၊ ဘယ်သူမှ သမီးကို နှင်မထုတ်စေရဘူးလို့ ကိုကို ကတိပေးပါတယ် ၊ ဟုတ်ပြီလား"

ဆန်းလျန်က အမှုမဲ့အမှတ်မဲ့ဖြင့်ပင် ကတိပေးလိုက်လေသည်။ ဒီကလေးမလေးသည် ခြေခြေမြစ်မြစ်မဟုတ်သည့် ပုံပြင်လေးတစ်ပုဒ်အပေါ်တွင် အဘယ်ကြောင့် အလေးအနက်ထားကာ ခံစားနေရပါသနည်း။ ထို့ပြင် ဆန်းလျန်မှာလည်း ကျင့်စဉ်လမ်းအတွက်သာ ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ထားသည့်အတွက် လက်ထပ်ဖို့အတွက် အချိန်မပေးနိုင်ပေ။ သူက ခေတ်ပေါ်ကမ္ဘာနှင့် လက်ရှိကမ္ဘာတွင်ပင် တစ်ယောက်တည်း အချိန်အကြာကြီး အသက်ရှင်နေထိုင်ခဲ့ပြီ ဖြစ်လေသည်။ သာမန်လူတစ်ယောက်

ဆိုလျှင်တော့ အချစ်စစ်ကိုရှာဖွေပြီး မိသားစုဘဝဖြင့်ပျော်ရွှင်

စွာနေထိုင်ရင်း ဘဝကို အဆုံးသတ်သွားမည် ဖြစ်လေသည်။

ရော့ရှီလေးမှာတော့ အစ်ကိုဖြစ်သူ၏ဇနီးက သူမကို မနှိပ်စက်

ရေးက အဓိက ဖြစ်နေလေသည်။ အသက်ကြီးလာပြီး

သူမ၏ကိုကို ကို သူမပြန်လက်ထပ်မည့်ကိစ္စက နောက်ကိစ္စဖြစ်

လေသည်။

သူမတဖြည်းဖြည်း အိပ်ငိုက်လာပြီး ဆန်းလျန်၏ ရင်ခွင်ထဲ

တွင်ပင် အိပ်ပျော်သွားရှာလေတော့သည်။

ညလေအေးက တိုက်ခတ်နေလေသည်။

ထိုညလေအေးကို ဖြတ်သန်းလာသည့် ဓားသံအချို့ကို

ကြားလိုက်ရလေသည်။ လျှင်မြန်ပြီး တိုတောင်းသည့် အသံ

ဖြစ်လေသည်။

ဆန်းလျန်မှာ မအိပ်ဘဲနေသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ထို့ပြင်

အတွင်းအားလေ့ကျင့်ရန်လည်း ပျင်းနေခဲ့လေသည်။ သူက

ခုတလောတွင် အချိန်များ အလဟာသ ဖြုန်းတီးနေမိလေသည်။ ထို့ကြောင့် ယခုတော့ သူက တိုက်ပွဲတစ်ပွဲလောက်ကြည့်ခွင့်ရတော့မည်ဟု တွေးလိုက်မိလေသည်။

သူက ကလေးမလေးကို ပွေ့ချီထားရသည့်တိုင် သူ၏ခန္ဓာကိုယ်မှာ ငှက်မွေးလေးအလား ပေါ့ပါးနေဆဲဖြစ်လေသည်။ သူက အိပ်ပျော်နေသည့် ရော့ရှီလေးကို နိုးမသွားစေချင်သောကြောင့် ခန္ဓာကိုယ်ကို တည်ငြိမ်အောင်လုပ်ကာ ဓားသံကြားရာအရပ်သို့ ထွက်ခွာလာလိုက်လေသည်။

မဟူရာကောင်းကင်အောက်တွင် လရောင်ဝိုးတဝါးဖြင့် လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရလေသည်။ ထိုလူရိပ်က လေထဲတွင် တစ်ချက်ခုန်လိုက်ပြီး လမ်းပေါ်သို့ ရောက်သွားလေသည်။ လမ်းပေါ်တွင် လူသူတိတ်ဆိတ်လျှက်ရှိလေသည်။ ညအချိန်ဖြစ်သည့်အတွက် အပ်ကျသံပင်မကြားရလောက်အောင် တိတ်ဆိတ်နေလေသည်။

လမ်းပေါ်မှ လူရိပ်မှာ လူငယ်လေးတစ်ယောက်ဖြစ်ပြီး သူ့နောက်မှ အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက်လိုက်လာကြလေသည်။

လူငယ်၏ ခန္ဓာကိုယ်ပေါ်တွင် ဓားဒဏ်ရာငါးချက်ရှိနေပြီး နှစ်ချက်မှာ ကျောပေါ်တွင်ဖြစ်ပြီး ကျန်သုံးချက်မှာ ညာဘက်လက်တွင် ဖြစ်လေသည်။

လူငယ်က သူ၏ဓားရှည်ကို ဘယ်လက်ဖြင့် ကိုင်ထားပြီး နောက်ဆုံးအကြိမ်အဖြစ် အပြင်းအထန်တိုက်ခိုက်လိုက်လေသည်။

လူငယ်မှာ အဖြူရောင်ဝတ်ဆင်ထားပြီး ဂုဏ်သရေရှိသခင်လေးတစ်ပါး၏ ပုံစံမျိုး ဖြစ်လေသည်။

အနက်ရောင်ဝတ်လူတစ်ယောက်က...

"ကောင်လေး ၊ စမ်းရေဓားကျမ်းကို ထုတ်ပေးစမ်း ၊ မဟုတ်လို့ကတော့ တစ်စစီဖြစ်ပြီး အသက်ထွက်သွားမယ်"

ဟု ပြောလိုက်လေသည်။

"မပေးနိုင်ဘူး"

လူငယ်က မေးကြောများထောင်လာသည်အထိ အံတစ်ချက်ကြိတ်ရင်း ပြောလိုက်လေသည်။

နောက်ထပ်အနက်ရောင်ဝတ်လူတစ်ယောက်က....

"ဆရာ ၊ သူနဲ့အပိုတွေပြောမနေနဲ့တော့ ၊ သူ့ကိုဖမ်းပြီးမှ ရှာကြည့်ကြတာပေါ့"

ဟု ပြောလိုက်လေသည်။

အနက်ရောင်ဝတ်လူ ငါးယောက်မှာ ဓားများကိုကိုင်ထားကြပြီး သူတို့အသုံးပြုသည့် သိုင်းမှာ ငါးယောက်စုပေါင်းတိုက်ခိုက်ရသည့် သိုင်းကွက် ပုံသဏ္ဍာန်မျိုး ဖြစ်လေသည်။ သူတို့၏ တိုက်ခိုက်ပုံမှာ အပြစ်ဆိုစရာမရှိအောင် သပ်ရပ်ကောင်းမွန်လေသည်။

အဖြူရောင်ဝတ်လူငယ်မှာတော့ လှောင်အိမ်ထဲတွင် ပိတ်မိနေ သည့် သားရဲတစ်ကောင်အလား ဖြစ်နေလေတော့သည်။

"ယား...."

အသံနှင့်အတူ လူငယ်၏ပတ်ဝန်းကျင်တွင် ပိတ်ဆို့နေသည့် လေထုမှာ တစ်စစီခွဲဖြာထွက်သွားလေသည်။

ရုတ်တရက်ပင် လူငယ်က ရှေ့သို့ခုန်ဝင်လိုက်ကာ တိုက်ခိုက် လိုက်လေသည်။ အနက်ရောင်ဝတ်လူငါးယောက်မှာ ခဏမျှ တုန့်ဆိုင်း သွားကြလေသည်။ သူတို့က လူငယ်ကို အရှင်ဖမ်းလို ခြင်း ဖြစ်လေသည်။ သို့မှသာ သူတိုလိုချင်သည့် လျို့ဝှက် သိုင်းကြမ်းကို ရရှိနိုင်မည်ဖြစ်လေသည်။

အနက်ရောင်ဝတ်လူငါးယောက် တုန့်ဆိုင်းသွားချိန်တွင် လူငယ် က ရုတ်တရက် ခုန်ဝင်လိုက်ပြီး ဓားရှည်ကို စက်ဝိုင်းပုံသဏ္ဍာန် ဝှေ့ယမ်းကာ ထိုလူငါးယောက်ဆီသို့ ထိုးစိုက်ချလိုက်လေ သည်။

လူငယ်အသုံးပြုလိုက်သည့် သိုင်းကွက်မှာ သာမန်သိုင်းကွက်

တစ်ကွက်မျှသာ ဖြစ်လေသည်။ သို့သော် အနက်ရောင်ဝတ်လူ

နှစ်ယောက်မှာ ထိုဓားချက်ကို မရှောင်နိုင်ဖြစ်သွားရလေသည်။

ထိုဓားချက်မှာ အနက်ရောင်ဝတ်လူနှစ်ယောက်၏ ချီမန်

သွေးကြောစုံချက်ကို ထိခိုက်သွားခြင်းဖြစ်လေသည်။ ထို

သွေးကြောဆုံချက်မှာ လူ

သားခန္ဓာကိုယ်ပေါ်ရှိ အရေးကြီးသည့်ဆုံချက်တစ်ခုဖြစ်ပြီး ထို

နေရာကို တိုက်ခိုက်ခံရပါက လူတစ်ကိုယ်လုံး ပျော့ခွေ ကျသွား

မည်ဖြစ်လေသည်။

လူငယ်က ဓားကိုဝှေ့ယမ်းကာ ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

လူငယ်၏ ဓားပညာမှာ သာမန်မျှသာဖြစ်ပြီး ထူးခြားမှုမရှိပါ။

သို့သော် အနက်ရောင်ဝတ်လူများ၏ အင်္ကျီများတွင် ဓားရာ

များအထင်းသားပေါ်လွင်နေပြီး လဲကျသွားကြလေတော့သည်။

အခန်း (၁၀၂)

ကျင့်စဉ်လမ်းကိုနားမလည်

"ကျုပ်အသက်ကိုကယ်တာကျေးဇူးတင်ပါတယ်"

လူငယ်က မြေပြင်ပေါ်တွင် လဲကျနေရင်းမှ ပြောလိုက်လေ

သည်။ သွေးအိုင်ထဲတွင်လဲကျနေပြီး အားတင်းကာဖြင့်

ကျေးဇူးတင်စကား ပြောလိုက်ရခြင်းဖြစ်လေသည်။

မည်သည့်တုန့်ပြန်သံမှ မကြားရပါ။ သို့သော် ရယ်သံသဲ့သဲ့ကို

သာ ကြားလိုက်ရလေသည်။ လရောင်အောက်တွင် လေနှင့်လွင့်

မျောသွားသည့် လူရိပ်တစ်ရိပ်ကိုသာ မြင်လိုက်ရလေသည်။

ထိုလူရိပ်မှာ မိန်းကလေးငယ်လေးတစ်ယောက်ကိုလည်း ပွေ့ချီ

ထားသေးသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ထိုလူရိပ်က

ပျောက်ကွယ်သွားလေတော့သည်။

လူငယ်လေးမှာ လမ်းပေါ်တွင် ဒယိမ်းဒရိုင်ဖြင့်လမ်းလျှောက်ရင်း ထိုလူရိုပ်အကြောင်းကို စဉ်းစားနေမိလေသည်။ ထိုလူရိုပ်သာ တိတ်တဆိတ် မကူညီခဲ့လျှင် အနက်ရောင်ဝတ်လူများကို တိုက်ခိုက်နိုင်မည်မဟုတ်ပါ။

သို့သော် ထိုလူရိုပ်ကိုရှာဖွေနိုင်ဖို့ သူ့တွင် အချိန်မရှိသေးပါ။

....

ဆန်းလျန်က ထိုလူငယ်လေးအား ကြံ့၍ကူညီလိုက်ခြင်း ဖြစ်လေသည်။ သူ့ဘဝက သူအသက်ငယ်စဉ်က စိတ်ကူးယဉ်ခဲ့သည့်အတိုင်း ဖြစ်လာသည့်အတွက်လည်း ကျေနပ်နေမိလေသည်။

ဆယ်ကျော်သက်အရွယ်တွင် ကောင်းကင်တွင်ပျံသန်းပြီး တန်ခိုးစွမ်းအားများရရှိမည်ဟု စိတ်ကူးယဉ်မိခဲ့လေသည်။ ယခုတော့ စိတ်ကူးအိပ်မက်များ တကယ်ဖြစ်လာခဲ့လေပြီ။ သို့သော် ထိုသို့အိပ်မက်များတကယ်ဖြစ်လာရန်အတွက်

ဆယ်ကျော်သက်အရွယ်တွင်ပင် မနေမနား ကြိုးစားခဲ့ရလေသည်။

သူက ဆေးခန်းထဲသို့ ဖြည်းညင်းစွာဝင်လိုက်ပြီး ရှော့ရှီလေးကို အိပ်ယာပေါ်တင်ပေးကာ စောင်ခြုံပေးလိုက်လေသည်။

ဆန်းလျန်ကတော့ အခန်းထဲတွင် ကြိုးတစ်ချောင်းတန်းလိုက်ကာ ထိုကြိုးပေါ်တွင် ကိုယ်တစောင်း လဲလျောင်းလိုက်လေသည်။

အမှန်တော့ သူက ခေတ်ပေါ်ကမ္ဘာမှ သူ၏ ဘဝဟောင်းအတိုင်း ရှင်သန်ခြင်းပင်ဖြစ်လေသည်။ ခေတ်ပေါ်ကမ္ဘာတွင် သူ၏စိတ်နေစိတ်ထားမှာ ကြည်လင်ပြီး စိတ်ထားဖြူစင်သူတစ်ယောက်ဖြစ်လေသည်။

ရှုတ်ထွေးလှသည့် လူ့လောကသို့ ရောက်လာပြီးကတည်းက တရားလည်းမထိုင်ဖြစ်သလို အတွင်းအားလည်း မလေ့ကျင့်

ဖြစ်ခဲ့ပေ။ ထို့ကြောင့် သူက ကြိုးတန်းပေါ်တွင် အိပ်ကြည့်ရန် စိတ်ကူးရခဲ့လေသည်။

အစပိုင်း စိတ်ဝိညာဉ်ငြိမ်းအေးခြင်းအဆင့်သို့ မရောက်မီ တိုင်အောင် သူ၏ရုပ်ခန္ဓာကို စိတ်ဖြင့်ထိန်းချုပ်ထားရလေသည်။

တဖြည်းဖြည်းနှင့် ကျင့်သားရလာသည့်အခါတွင်တော့ ထိုသို့ ထိန်းချုပ်နေစရာမလိုတော့ပေ။ သူကဟာန်ချက်ညီခြင်းကို လေ့ကျင့်ထားသည့်အတွက် သူ၏ခန္ဓာကိုယ်ကို မြေဆွဲအား ဗဟိုချက်တွင် မပြောင်းမလဲ တည်ရှိအောင် ထားနိုင်လေသည်။ လေထဲတွင်ဟာန်ချက်ထိန်းရင်း "စိတ်ဝိညာဉ်ငြိမ်းအေးခြင်း" အဆင့်သို့ သူရောက်ရှိသွားလေသည်။ သူ၏ဝိညာဉ်စွမ်းအားမှ "ယင်" ဝိညာဉ်စွမ်းအားအဖြစ်ပြောင်းလဲသွားလေသည်။ အတု အယောက်မဟုတ်ဘဲ အစစ်အမှန်ပြောင်းလဲသွားခြင်းဖြစ်လေသည်။

ဝိညာဉ်ငွေ့များကဲ့သို့မဟုတ်သော်လည်း သူ၏ပုံရိပ်မှာ ဝိုးတဝါး
ဖြစ်လာလေသည်။
သူပိုပြီး အာရုံစူးစိုက်မိလေ မြေအောက်မှ ခေါ်သံတစ်ခုကို
ခံစားမိလေ ဖြစ်လေသည်။ ထိုခေါ်သံမှာ မြေအောက်လောကမှ
လည်းမဟုတ်ပါ။ အမည်မသိလောကတစ်ခုမှ ခေါ်သံလိုမျိုး
ဖြစ်နေလေသည်။ ထိုနေရာတွင် မှောင်မိုက်နေပြီး ရေစီးသံကို
ကြားနေရလေသည်။ အနိမ့်အမြင့်မရှိသည့် ငိုကြွေးသံကဲ့သို့
သောအသံကို အချိန်နှင့်အမျှ ကြားနေရလေသည်။
ထိုအသံက သူ့ကို အနှောင့်အယှက်မဖြစ်စေပါ။ သေ
သူများ၏လောကတွင်းသို့ သူ၏ စိတ်ကဝင်ရောက်သွား
သည့်အတွက် တိတ်ဆိတ်ငြိမ်သက်သွားသည့်အချိန်တွင် ထို
အသံများကြားရခြင်းလည်း ဖြစ်နိုင်လေသည်။
သူကြုံတွေ့နေရသည့်အခြေအနေမှာ ကျင့်စဉ်လမ်းအဆင့်ကိုး
ဆင့်မှ ချူးစန်းအဆင့် နိမိတ်လက္ခဏာများနှင့် ဆင်တူနေသည့်

တိုင် ချူးစန်းအဆင့်၏ နိမိတ်လက္ခဏာများ မဟုတ်သည်ကို သူကောင်းကောင်းသိလေသည်။

ဤအခြေအနေမှာ "မြေအောက်ကမ္ဘာနှင့်ဆက်သွယ်ခြင်း" အခြေအနေဖြစ်ကြောင်း ယေဘူယျအားဖြင့် ဆန်းလျန်နားလည်ထားလေသည်။ သို့သော် သေသေချာချာမသိသေးသည့်အတွက် ဆန်းလျန်အတည်မပြုနိုင်သေးပါ။

ထိုသို့သော အခြေအနေနှင့်ပတ်သက်ပြီး ချင်းရွှမ်နတ်တံခါးရှိ ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင် ရေးသားထားသည့် စာအုပ်စာတမ်းများကိုလည်း မတွေ့ရပေ။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်၏ ကြောက်စရာအပိုင်းတွင် ရေးသားထားသည်မှာ ကျင့်ကြံခြင်း တပြေးညီဖြစ်နေစဉ်တွင် နောက်တစ်ဆင့်ထိတိုင်အောင် လျောလျောလျူလျူ ဆက်သွားနေလိမ့်မည်ဟု ပါရှိလေသည်။ နောက်တစ်ဆင့်သို့ရောက်သည့်အခါတွင်တော့ လွယ်ကူခြင်းလည်းရှိနိုင်သလို

ခက်ခဲခင်းလည်းရှိနိုင်ပေမည်။ တိတိကျကျ မပြောနိုင်ပေ။
တစ်ဆင့်ခြင်းလေ့ကျင့်သွားရန်သာလိုအပ်ပြီး တစ်နေ့တွင်
တော့ ပင်လယ်ထဲသို့စီးဝင်သည့်မြစ်ရေပမာ သေခြင်းကင်းမဲ့
ရာ အရပ်သို့ ရောက်ရှိမည်ဖြစ်လေသည်။

သို့သော်.... လွယ်မလိုနှင့် ခက်နေသည့် ထိုက်ရှီးနည်းဗျူဟာ
ကျင့်စဉ်ကြောင့်သာ ဆန်းလျန်မှာ အခက်တွေ့နေရခြင်းဖြစ်
လေသည်။ သူ့မှာ အဆုံးသတ်ကိုပင် မမြင်မစမ်း စမ်းတဝါးဝါး
ဖြစ်နေရသည်။ ပျော်ရွှင်ခြင်း ၊ ဝမ်းနည်းခြင်းများမရှိသည့်
တည်ရှိမှုတစ်ခုကဲ့သို့ ဖြစ်နေလေသည်။ ဤသည်မှာ သူရယူလို
သည့် နတ်ဘုရားတစ်ပါး၏ ဘဝမျိုး မဟုတ်ပေ။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်များနှင့် "ထိုက်ရှီး
နည်းဗျူဟာ" ကျင့်စဉ်တို့မှာ
သူ့ဘဝတွင် ဝိရောဓိဖြစ်နေလေတော့သည်။

ထိုအချက်ကြောင့်ပင် သူက လူ့လောကနှင့် ကင်းကွာနေသူတစ်ယောက်ပမာ ဖြစ်နေရလေသည်။

ကလေးငယ်များမှာ စောစောအိပ်ကြပြီး စောစောလည်း ထတတ်ကြလေသည်။ အရုဏ်တက်သည်နှင့် ရှော့ရှီလေးမှာ အိပ်ယာမှနိုးလာပြီး မျက်နှာသစ်နေလေသည်။ ဆန်းလျန်မှာတော့ အိပ်သည့်သူမဟုတ်သည့်အတွက် သူမအရင် စောစီးစွာပင် နိုးထနေပြီ ဖြစ်လေသည်။

ဆန်းလျန်က သူမနေ့စဉ်လုပ်ရမည့် အလုပ်များကို ကူညီလုပ်ကိုင်ပေးခြင်းမရှိပါ။ မနက်မှညအထိ ကလေးတို့သဘာဝအတိုင်း ကိုယ့်အသိစိတ်နှင့်ကိုယ်လုပ်ရန် လွှတ်ထားပေးလေသည်။ အလွန်ခက်ခဲသည့်ကိစ္စများတွင်သာ ဆန်းလျန်က ကူညီပေးလေသည်။

ကျင့်ကြံသူတစ်ယောက်ရှာဖွေနေသည်မှာ မသေမျိုးဖြစ်သည့်နတ်ဘုရားတစ်ပါးသွားရာလမ်းစဉ် ဖြစ်လေသည်။ ထိုလမ်းကို

လျှောက်လှမ်းနိုင်ရန်အတွက် အသက်ရှင်သန်ဖို့လိုအပ်လေ
သည်။ အဘယ်ကြောင့်ဆိုသော် လုပ်စရာအလုပ်များက မရေမ
တွက်နိုင်အောင်ရှိနေသလို နားလည်သိမြင်စရာများကလည်း မ
ရေမတွက်နိုင်အောင် ရှိနေသည် မဟုတ်ပါလား။
ဘဝကိုတန်ဖိုးထားရန်နှင့် ချစ်မြတ်နိုးရန် လိုအပ်လေသည်။ သို့
မှသာ ကျင့်စဉ်လမ်းကို ဆက်လက်လျှောက်လှမ်းရန်အတွက်
အားအင်အသစ်များ ရရှိမည်ဖြစ်လေသည်။
ဆန်းလျန်က ထိုကဲ့သို့ပင် ခံယူထားလေသည်။ သူ၏ကျင့်စဉ်
လမ်းမှာ ခြောက်သွေ့ပြီး ပျင်းရိငြီးငွေ့စရာ ကောင်းနေသည့်တိုင်
ရရှိလာမည့် အကျိုးကျေးဇူးကို သူမည်သည့်အခါမှ မမေ့ခဲ့ပေ။
သာမန်လူသားဘဝမှာ ဆန်းလျန်အတွက်တော့ ပုရွက်ဆိတ်
လေးများနှင့် တူလေသည်။ သစ်ပင်တစ်ပင်၏ အောက်ခြေ
တွင် ရွေ့လျားနေကြသည့် ပုရွက်ဆိတ်လေးများကို မည်သူမျှ

အရေးလုပ်မည်မဟုတ်ပေ။ ဘဝဦးတည်ချက်ဆိုသည်က အမှန်တရားကို ရှာဖွေရန်ပင် ဖြစ်လေသည်။

ဗျတ်စောင်းသံက ခြံဝန်းထဲတွင် လွင့်ပျံနေလေသည်။ ရှော့ရှီမှာ ဗျတ်စောင်းသံစဉ်ထဲတွင်ပါဝင်သည့် "လူများ ခမ်းနားစွာ လှံတံများဖြင့် ချီတက်နေကြသည့်" အဓိပ္ပါယ်ကို မခံစားတတ်ပါ။ သူမက သူမ၏ ကိုကိုရှိနေလျှင် သူမဘဝ အန္တရယ်ကင်းနေသည်ဟုသာ ရိုးရှင်းစွာ ယုံကြည်ထားလေသည်။

ဂီတသံစဉ်အဆုံးသတ်သွားသည်နှင့် ဆန်းလျန်က ပြောလိုက်လေသည်။

"ဒီနေ့သမီးကို ကျင့်စဉ်နည်းလမ်းတွေသင်ပေးမယ်၊ ချင်းရွှမ်နတ်တံခါးရဲ့စည်းကမ်းအရ ကိုကို့မှာ တပည့်မွေးခွင့် မရှိသေးဘူး၊ ဒါပေမယ့် ကျင့်စဉ်လေးနည်းနည်းတော့ သင်ပေးလို့ရပါတယ်"

ရော့ရှီလေး၏အပြစ်ကင်းစင်သည့် မျက်ဝန်းများမှာ စိတ်ရှုတ်ထွေးသည့် ပုံဖြစ်သွားလေသည်။ ကျင်ကြီသူတို့လမ်းစဉ်ကို နားလည်သည့်သူများသာဆိုလျှင် ဆန်းလျန်ထံမှ ပညာသင်ယူနိုင်ရေးအတွက် အချင်းချင်း သတ်ကြဖြတ်သည်အထိ ဖြစ်ကြပေလိမ့်မည်။

သို့သော် ရော့ရှီလေးကတော့ ဘာမှ နားမလည်ရှာပါ။

သူမ၏ကိုကိုမှာ နတ်ဘုရားကျင့်စဉ်လမ်းကို လျှောက်လှမ်းရန်အတွက် ဆန်းအိမ်တော်ကို ကျောခိုင်းခဲ့ပြီး အလွန်ဝေးကွာသည့်အရပ်မှ ချင်းရွှမ်နတ်တံခါးသို့ ရောက်အောင်သွားခဲ့ သည်ဆိုသည့်အချက်ကိုပင် သူမက သိရှိခဲ့ခြင်းမရှိပါ။

ကျင့်စဉ်လမ်းအတွက် အခြေခံကျင့်စဉ်များကပင် လွယ်ကူခြင်းမရှိပါ။ ထို့ပြင် လင်ချုန်းရှောင်ကဲ့သို့ ကျင့်စဉ်လမ်းသို့ လိုက်လျှောက်ရန်

ကုသိုလ်ကံမရှိပါကလည်း မည်သို့မျှ မတတ်နိုင်ပါ။ တစ်ဘဝ

လုံး စိတ်ပျက်ရမည်သာဖြစ်လေသည်။

"ကျင့်စဉ်နည်းလမ်းတွေဆိုတာ ဘာကိုပြောတာလဲ"

ရှော့ရှီလေးက မေးလိုက်လေသည်။

ကလေးတစ်ယောက်၏ အပြစ်ကင်းစင်သည့် မေးခွန်းမှာ

လူကြီးများကိုပင် တစ်ခါတစ်ရံ အံ့သြမိစေလေသည်။

ရှော့ရှီလေး၏မေးခွန်းကြောင့် ဆန်းလျန်မပြုံးမိဘဲ မနေနိုင်ဖြစ်

ရလေသည်။

"သမီးကဒီလိုမေးတော့ ကိုကိုက ဘယ်လိုရှင်းပြရမလဲတောင်

မသိတော့ဘူး"

ဆန်းလျန်၏စကားကြောင့် ရှော့ရှီလေးက "အိုး" ဟုပင် ရေရွတ်

လိုက်လေသည်။ သူမက သူ၏ကိုကိုက "မသိဘူး" ဟု ပြော

သည့်အတွက် မကျေမနပ်ဖြစ်သွားရလေသည်။ ထို့ပြင်

သူမ၏ကိုကိုမှာ အရာအားလုံးကို သိမြင်ခြင်းမရှိဟု တွေးလိုက်မိသည့်အတွက် စိတ်လည်းပျက်သွားရလေသည်။

အစ်ကိုမှာ အစ်ကိုသာဖြစ်ပြီး စံပြပုဂ္ဂိုလ်မဟုတ်ပါ။ ထို့ကြောင့် ဆန်းလျန်အပေါ် စံပြထားနေသည့် ကလေးမလေး၏ ခံစားချက်မှာ ပျက်စီးသွားရလေသည်။

"ဒီကလေးမက အရမ်းငယ်သေးတယ်၊ သူ့ကို အများကြီးပြောပြလိုက်ရင် စိတ်ရှုတ်သွားလိမ့်မယ်၊ ပြောနေမယ့်အစား သင်ပေးလိုက်တာပဲကောင်းမယ်"

ဟု ဆန်းလျန်က တွေးလိုက်မိလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်မှာလည်း ဗောဓိသကျ မဟုတ်သလို ရှော့ရှီမှာလည်း မျောက်တစ်ကောင်မဟုတ်ကြောင်း သိမြင်နိုင်လေသည်။ သူမ၏စိတ်နှလုံးဖြူစင်မှုနှင့် ခန္ဓာကိုယ်တည်ဆောက်ပုံမှာ ကျင့်စဉ်လမ်းသို့လိုက်ရန် သင့်တော်လှလေသည်။

ရှော့ရှီလေးမှာ အခြားသောသာမန်လူများထက် အလားအလာ ရှိသည့်တိုင် စိတ်တည်ငြိမ်ရန်အတွက် စာလုံးရေးသည်ကတော့ လေ့ကျင့်နေရလေသည်။ ထို့ပြင် သူမ၏အတွင်းအား အခြေအနေမည်သို့ရှိသည်ကိုလည်း အပြည့်အဝ နားလည်နိုင် သေးသူ မဟုတ်ပေ။

သို့သော်.... မျောက်ပဲဖြစ်ဖြစ် ၊ ပါရမီရှင် ချန်ကျန့်မေကဲ့သို့ သောလူပဲဖြစ်ဖြစ် ကျင့်စဉ်လမ်းသို့ လိုက်နိုင်သည့်သူမှာ ရှားပါးလွန်းလှပါသည်။

လဝက်ခန့်အကြာတွင်တော့ သူမ၏ကိုကို သင်ပြပေးသည့် အတွင်းအားဆိုသည့်အရာကို ရှော့ရှီလေး ခံစားနားလည်မိပြီ ဖြစ်လေသည်။ သို့သော် ဆန်းလျန်က နားလည်ရုံအထိသာ ခွင့် ပြုထားပြီး အခြားမည်သည့်အရာကိုမျှ လုပ်ဆောင်ခိုင်းခြင်း မ ရှိပေ။

ရော့ရှီလေးနောက်ထပ်လုပ်ရသည့်အလုပ်မှာ "ယုန့်" ဆိုသည့် စာလုံးကို ရေးရခြင်းဖြစ်လေသည်။ ဆန်းလျန်ရေးပြသည့် "ယုန့်" ဆိုသည့်စာလုံးမှာ သိပ်ပြီး မရိုးရှင်းလှပေ။

ဆေးခန်းထဲတွင်သူမက အိမ်စာကို အလေးအနက်ထားကာ လုပ်နေလေသည်။

ထိုအချိန်...

ဆေးခန်းအတွင်းသို့ လူငယ်တစ်ယောက်ဝင်လာလေသည်။ ထိုလူငယ်ကို သူမမှတ်မိလေသည်။ သူမရေနှင့်ပက်လိုက်မိ သူ၏ဘေးတွင် ရှိနေသည့် လူငယ်ပင်ဖြစ်လေသည်။

ုထိုလူငယ်မှာ သူမ၏ကိုကိုလောက် ချောမောလှပခြင်းမရှိဟု ရော့ရှီလေးက တွေးလိုက်မိလေသည်။ အမှန်တော့ ထိုလူငယ်မှာ ဆန်းလျန်လောက်ချောမောလှပခြင်းမရှိသလို ရော့ရှီလောက်လည်းချောမောလှပခြင်းမရှိပေ။

အခန်း (၁၀၃)

သမားတော်အကူအညီဖွေရှာသူ

လူငယ်၏ပုံပန်းသဏ္ဍာန်မှာ ဝင့်ဝင့်ကြွားကြွားရှိလေသည်။ ရှော့ရှီလေးက နူးညံ့လှပသည့်ပုံစံမျိုးလေးဖြစ်ပြီး ဆန်းလျန်ကတော့ လွတ်လပ်သည့်ဟန်ပန်နှင့် ကျက်သရေရှိစွာ ချောမောသူ ဖြစ်လေသည်။ ဤသည်မှာ ဆန်းလျန်နှင့်ရှော့ရှီကို လူငယ်နှင့် နှိုင်းယှဉ်ကြည့်ခြင်းပင် ဖြစ်လေသည်။

လူငယ်က ဆေးခန်းထဲသို့ဝင်လာပြီး သူ့ကိုယ်သူ မိတ်ဆက်လိုက်လေသည်။ လူငယ်၏ မျိုးနွယ်မှာ "ကျောက်" ဖြစ်ပြီး

အမည်မှာ "ရှန့်" ဖြစ်လေသည်။ "ကျောက်ရှန့်" ဟု အမည်ရလေသည်။ သူက ဆန်းလျန်၏ အမည်ကိုလည်း မေးလေသည်။ သူမေးသည့်ပုံမှာ ယဉ်ကျေးနိမ့်ချသည့် ပုံစံဖြင့် မေးခြင်းဖြစ်သောကြောင့် မည်သူမဆို သူ့ကို နှစ်သက်မိကြမည် ဖြစ်လေသည်။

ဆန်းလျန်က မသိသည့်သူကို လေ့လာစူးစမ်းတတ်သည့် အလေ့အကျင့်ရှိလေသည်။ လူငယ်ဆီမှ ခရမ်းရောင်စွမ်းအားများ စီးထွက်နေသည်ကို ဆန်းလျန် သတိပြုလိုက်မိသည်။ ထိုစွမ်းအားများကို သာမန်မျက်စိဖြင့် မမြင်တွေ့နိုင်ပါ။ စိတ်စွမ်းအားဖြင့် ခံစားကြည့်မှသာ မြင်နိုင်မည် ဖြစ်လေသည်။

ထိုစွမ်းအားများမှာ "ဘုရင့်စွမ်းအား" ဟု ပြော၍ရလေသည်။ တိုင်းပြည်များစတင်တည်ထောင်ကြသည့် ဘုရင်များတွင် ထိုကဲ့သို့သော စွမ်းအား အငွေ့အသက်မျိုး ရှိကြလေသည်။သူတို့မှာ နယမင်းမျိုးမင်းနွယ်မဟုတ်သလို အခွင့်အာဏာများမရှိကြ

လှျှင်တောင်မှ လူများက သူတို့ကို အလိုလိုဦးညွှတ်ကြလေ

သည်။

ဆန်းလျန်၏ အာရုံခံစွမ်းအားမှာ အတုမရှိ မြင့်မားလွန်းလေ

သည်။ သူ၏စိတ်ဝိညာဉ်မှာ လွန်စွာ စူးရှထက်မြက်လေသည်။

လူငယ်ထံတွင် မကောင်းသည့် အရိပ်အငွေ့တော့ မတွေ့ရပါ။

သို့သော် တာအိုကျင့်စဉ်ကဲ့သို့ စိတ်ကိုကြည်လင်စေသည့်

အငွေ့အသက်မျိုးကိုတော့ တွေ့ရလေသည်။

ဆန်းလျန်က လူတစ်ယောက်ကို အကောင်းအဆိုးမသိဘဲ

ရန်လိုတတ်သည့်သူတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် သူတို့

နှစ်ယောက်ကြားတွင် နှစ်လိုဖွယ်ကောင်းသည့် ခံစားချက်များ

သာ ဖြစ်ပေါ်လာခဲ့လေသည်။

ဆန်းလျန်က ကျောက်ရှန့်မှာ မင်းမျိုးမင်းနွယ်တစ်ပါးဖြစ်ရ

မည်ဟု ကောက်ချက်ချလိုက်လေသည်။ ထို့ကြောင့်

ခရမ်းရောင်နဂါးစွမ်းအားကို တွေ့မြင်ရခြင်းဖြစ်လေသည်။

ဤသည်မှာ ကျောက်ရှန့်အပေါ်တွင် တွေ့တွေ့ချင်း ဆန်းလျန် ဝေဖန်သုံးသပ်မိခြင်းဖြစ်လေသည်။ ကျောက်ရှန့်ထံမှ ခရမ်းရောင်စွမ်းမှာ အလွန်အားကောင်းခြင်းတော့မရှိပါ။ သို့သော် စွမ်းအားမှာ တည်ငြိမ်ပြီး စိမ့်ထွက်နေလေသည်။ ကြိုတင်သိမြင်နိုင်ခြင်းမရှိသည့် စွမ်းအားအချို့ကိုလည်း သူ့ထံတွင် တွေ့ရလေသည်။

ယနေ့ ကျောက်ရှန့်က ဆန်းလျန်ကို လာရောက်ရှာဖွေခြင်းမှာ တာအိုကျင့်စဉ်လမ်းအကြောင်း ဆွေးနွေးရန်ဖြစ်လေသည်။ တာ့ဝေ့တိုင်းပြည်တွင် တာအိုဝါဒနှင့် ဗုဒ္ဓဘာသာနှစ်မျိုးစလုံး ကိုးကွယ်ယုံကြည်ကြသည့်တိုင် ဘုရင်မကြီးက ဗုဒ္ဓဘာသာကို ပို၍ သက်ဝင်ယုံကြည်လေသည်။ ကိုယ်ရေးကိုယ်တာအရ ကိုးကွယ်ယုံကြည်သည့်အပြင် နိုင်ငံရေးကိစ္စများအတွက်လည်း ကိုးကွယ်ဆည်းကပ်ခြင်းဖြစ်လေသည်။

ယခုတော့ ဗုဒ္ဓဘာသာကျောင်းတော်ကြီး ရှစ်ခုအပြင် နောက်ထပ်ကျောင်းတော် နှစ်ခုပင် ထပ်မံပေါ်ပေါက်လာပြီ ဖြစ်လေသည်။ ကျင်းတု ကျောင်းတော်နှင့် ဖော်ရှင်းကျောင်တော် နှစ်ခု ဖြစ်လေသည်။

ဖော်ရှင်းကျောင်းတော်မှာ ဗုဒ္ဓဘာသာကျောင်းတော်ဆိုသည့် တိုင် သင်ကြားပြသပေးမှုများမှာ တာအိုကျင့်စဉ်များနှင့် နီးစပ်လေသည်။ လက်ရှိအချိန်ကာလမှာလည်း တာအိုဝါဒရော ဗုဒ္ဓဘာသာပါ ထွန်းတောက်နေသည့်ခေတ်ဖြစ်သောကြောင့် ဖော်ရှင်းကျောင်းတော်မှာ တာအိုဝါဒကိုးကွယ်သူများအတွက်လည်း ကြွယ်ဝမှုနှင့် ဩဇာအာဏာကို ပေးစွမ်းလေသည်။

ကျောက်ရှန့်က ခက်ခဲနက်နဲသည့် ကျင့်စဉ်များအကြောင်းကို ဆန်းလျန်နှင့် ဆွေးနွေးလေ့ရှိလေသည်။ ဆန်းလျန်မှာလည်း ကျင့်စဉ်လမ်းကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သည့်သူတစ်ယောက် ဖြစ်သည့်အတွက် ခက်ခဲနက်နဲသည့် ကျင့်စဉ်များကို

ပြန်လည်ဆွေးနွေးပေးနိုင်လေသည်။ ထို့ပြင်သူက ရှေးဟောင်း အတွေးအခေါ်ပညာရှင်ကြီးများ၏ အယူအဆများကိုပါ ကိုးကားဆွေးနွေးလေသည်။ သူက ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲနေသည့် ကျောက်ရှန့်၏ ကျင့်စဉ်လမ်းအယူအဆများကို တစ်စုတစ်စည်းတည်းပေါင်းစပ်မိသွားအောင် ပါရမီရှင်ပီသစွာ လမ်းပြပေးနိုင်လေသည်။

သူတို့သုံးရက်ခန့်ဆွေးနွေးနေခဲ့ကြလေသည်။ ကျောက်ရှန့်က မနက်စောစောရောက်လာလေ့ရှိပြီး နေမွန်းမတည့်ခင် ပြန်သွားတတ်လေသည်။

ကျောက်ရှန့်မှာ သူ၏သရုပ်မှန်ကို ဆန်းလျန်ကို ပြောပြခြင်းမရှိသေးပါ။ သို့သော် ကျောက်ရှန့်မှာ အလွန်မှ စိတ်ရှည်သူတစ်ယောက်ဖြစ်ကြောင်း ဆန်းလျန် ရိပ်မိထားလေသည်။

ယနေ့တွင်တော့ ကျောက်ရှန့်က ဆန်းလျန်ကို တစ်စုံတစ်ခု တောင်းဆိုခဲ့လေသည်။

ထိုတောင်းဆိုမှုကြောင့်ပင် ဆန်းတုမြို့တော်တွင် ဆန်းလျန် ပထမဆုံးဆေးကုသပေးရမည့် လူနာတစ်ယောက် ရရှိခဲ့လေသည်။

ဘုရင့်မြို့နေပြည်တော်တွင် နက်နဲသိမ်မွေ့မှုများရှိသလို အနှစ်သာရကင်းမဲ့မှုများလည်းရှိလေသည်။ ဆန်းလျန် သမိုင်းစာအုပ်များကို လေ့လာထားခဲ့ခြင်းက မင်းမျိုးမင်းနွယ်များဖြင့် ပတ်သက်ဆက်နွယ်လာသည့်အခါ အသုံးဝင်လာလေသည်။ မင်းကြီးဟွမ်တီက ကွမ်းချန်ကျိ ထံတွင် တာအိုဝါဒအကြောင်း မေးမြန်းခဲ့သည်။ ဟန်တိုင်းပြည်ဘုရင်မင်းမြတ်ကို တာအိုဆရာကျန်းလျန်က ကူညီခဲ့သည်။ လျိုပန်း ၊ ကျိုးထျန်နှင့် ကျန်းဆန်းဖုန်းတို့မှာလည်း "မင်" မင်းဆက်နှစ်ဆက်လုံးကို ကူညီခဲ့ဖူးလေသည်။

နာမည်ကျော်ကြားမှုကို မလိုချင်ကြသည့် ထိုတာအိုဆရာများ မှာ အဘယ်ကြောင့် မင်းမျိုးမင်းနွယ်များနှင့် ပတ်သက်ရသည် ကို ဆန်းလျှန် သေချာ နားမလည်နိုင်ပါ။

မိုးမြေစွမ်းအားများ ပြောင်းလဲသွားခြင်းက တိုင်းပြည် အပြောင်းအလဲကို ဦးတည်စေလေသည်။ ဘုရင့်အမိန့်ကိုနာခံ ရန် ၊ ကံတရားအတိုင်းလက်ခံရန်မှာ လောကတွင် အရေးပါ သည့် အချက်များဖြစ်လေသည်။

ဆန်းတုမြို့တော်၏ ဖုန်းဆွေဖွဲ့စည်းပုံမှာ သဘာဝအတိုင်းပင် အဆင့်မြင့်မားလွန်းလေသည်။ စွမ်းအားအလွှာလိုက်တည်ရှိ နေသည်မှာ လည်း လူများနားလည်နိုင်စွမ်းထက်သာလွန်လေ သည်။ ထိုသို့ဖုန်းဆွေဖွဲ့စည်းပုံမျိုးမှာ တစ်နေ့နေ့တစ်ချိန်ချိန် တွင်တော့ မြို့တော်ကို သက်ရောက်မှုရှိမည်ဖြစ်လေသည်။

ထိုသို့ဖွဲ့စည်းပုံ အဆင့်မြင့်မှုကြောင့် သဘာဝတရားကို စုပ်ကိုင်

နိုင်ပြီး ဒြပ်စင်စွမ်းအားရှစ်ခုမှာ ဟန်ချက်ညီစွာ တည်ရှိနေရ ခြင်း ဖြစ်လေသည်။

ဆန်းလျန်ထံသို့ ကျောက်ရှန့်တစ်ယောက် ရောက်လာသည့် အချိန်မှစပြီး ထိုစွမ်းအားများကိုလေ့လာရန် အခွင့်အရေးရခဲ့ လေသည်။ ဆန်းလျန်အနေဖြင့် တာအိုဆရာကျန်းလျန်က ဟန် တိုင်းပြည်ဘုရင်မင်းမြတ်ကိုကူညီခဲ့သလို ကျောက်ရှန့်အတွက် လည်း မကူညီနိုင်စရာ အကြောင်းမရှိပါ။

ထို့ပြင် ရှော့ရှီလေးမှာ ကျောက်မျိုးနွယ် အနွယ်တော်မင်းသား တစ်ပါးဖြစ်သည့် ချင်းဟယ်ကျွမ်းဝမ်၏ သမီးလေးဖြစ်နေ သောကြောင့် ရှော့ရှီလေး၏ သွေးထဲတွင်လည်း ကျောက်မျိုး နွယ် သွေးများ စီးဆင်းနေသည် မဟုတ်ပါလား။

ဆန်းလျန်က စိတ်ထဲတွင် ထိုသို့ရည်ရွယ်ထားသော်လည်း နှုတ် က ထုတ်ဖော်ပြောကြားခြင်းတော့မရှိပါ။

ကျောက်ရှန့်က ဆန်းလျန်၏ ဗျတ်စောင်းကို ခဏယူကာ တီးခတ်လေသည်။ လူငယ်မှာ ခန့်ညားလှသလို တီးခတ်သည့် "ချင်" သံစဉ်မှာလည်း အလွန်မှ နားထောင်၍ ကောင်းလေသည်။ မြင့်မြတ်သည့် ရာဇသွေးဟန် အပြည့်ပင်ဖြစ်လေသည်။

ရှော့ရှီလေးကတော့ ဗျတ်စောင်းသံမှာ နားထောင်၍ ကောင်းသည်ဟု မထင်မိပါ။ အဘယ်ကြောင့်ဆိုသော် သူမက ကျောက်ရှန့်ကို သဘောမကျသောကြောင့် ဖြစ်လေသည်။

သို့သော်... ကျောက်ရှန့်ကတော့ ရှော့ရှီလေးကို ချစ်ခင်ပါသည်။ သူ ဆန်းလျန်ဆီသို့ လာရောက်လည်ပတ်သည့် အခါတိုင်း ရှော့ရှီလေးအတွက် လက်ဆောင်များယူလာလေ့ရှိလေသည်။

ကျောက်ရှန့်တီးခတ်နေသည့် "ချင်" သံစဉ်မှာ အနည်းငယ် ရှုတ်ထွေးသွားပြီး ဗျတ်စောင်းမှ ကြိုးတစ်ချောင်း ပြတ်တောက်သွားရလေသည်။

ကျောက်ရှန့်က ဆန်းလျန်ကို တောင်းပန်သည့် အကြည့်ဖြင့်ကြည့်လိုက်သည်။ အဘယ်ကြောင့် စိတ်ရှုတ်ထွေးပြီး စောင်းကြိုးပြတ်သည်အထိ ဖြစ်ရသည်ကို ဆန်းလျန်များ မေးခွန်းထုတ်လေမည်လားဟု သူမျှော်လင့်နေမိသည်။

သို့သော်.... ကျောက်ရှန့် မျှော်လင့်ထားသလို ဆန်းလျန်က မည်သည့်မေးခွန်းမျှ မထုတ်ခဲ့ပါ။

နေ့ရာသီက ခြစ်ခြစ်တောက် ပူပြင်းနေလေသည်။ သို့သော်.... ဆန်းလျန်၏ ခြံဝန်းလေးမှာတော့ အေးမြနေလေသည်။ ကျောက်စိမ်းရောင် ကျီထန်းရှုပင်များကိုလည်း စိုက်ပျိုးထားသောကြောင့် လွန်စွာမှ မျက်စိပသာဒဖြစ်ရလေသည်။

ကျောက်ရှန့်မှာ ဆန်းလျန်၏ ခြံဝန်းအတွင်းသို့ရောက်လာတိုင်း အခြားနေရာများနှင့်မတူ ထူးခြားမှုကို ခံစားရလေသည်။ ထို့ကြောင့်ပင် ဆန်းလျန်မှာ သူ့ကိုကူညီနိုင်မည့်သူဖြစ်လိမ့်မည်ဟု ပို၍ ပို၍ ခံစားနေမိလေတော့သည်။

"စောင်းကြိုးလေးပြတ်တာပဲ ၊ စိတ်ထဲထားမနေပါနဲ့"

ဆန်းလျန်က ပြုံးရင်း ပေါ့ပေါ့ပါးပါးပင် ပြောလိုက်လေသည်။ ကျောက်ရှန့်မှာ စောင်းကြိုးပြတ်ရသည့် အကြောင်းရင်းကို ဆန်းလျန်မေးလျှင် ဖြေရန်အသင့်ပြင်ထားလေသည်။ သို့သော် ဆန်းလျန်က ထိုသို့ပြောလိမ့်မည်ဟုတော့ မျှော်လင့်မထားခဲ့ပေ။

သို့သော်... ဆန်းလျန်၏မျက်နှာနှင့် မျက်ဝန်းများတွင် နောက်ပြောင်လိုသည့် အရိပ်အယောင်များကို တွေ့လိုက်ရလေသည်။ ဆန်းလျန်မှာ လွန်စွာမှ ဉာဏ်ကောင်းသူဖြစ်ပြီး ကျောက်ရှန့်က သူ့အားမေးခွန်းမေးစေချင်နေသည်ကို အစကတည်းက

ကြိုတင်သိနှင့်နေပြီးသားဖြစ်လေသည်။ ထို့ကြောင့် တမင်
သက်သက် ကျောက်ရှန့်ဖြစ်ချင်သည့်ဆန္ဒဖြစ်မလာအောင်
လုပ်လိုက်ခြင်းဖြစ်လေသည်။

"ချင်းရှ ၊ တကယ်ဆိုရင် စောင်းကြိုးပြတ်သွားတာ ဘာကြောင့်
လဲဆိုတာ မင်းမေးသင့်တာပေါ့"

ကျောက်ရှန့်မှာ တိကျပြတ်သားသူ တစ်ယောက်ဖြစ်လေသည်။
သူက တိုက်ရိုက်အကူအညီတောင်းလိုက်လျှင် ဆန်းလျန်က
ကူညီမည်မဟုတ်ဟု တွေးထင်ထားလေသည်။ မကူညီသည့်
အပြင် အခြေအနေပင် ဆိုးသွားနိုင်လေသည်။

ခုတော့ အခြေအနေတွေက ပြောင်းလဲသွားခဲ့ပြီ။
အနေးနှင့်အမြန် ဆုံးဖြတ်ချက်ချရတော့မည်ဖြစ်လေသည်။
ကျောက်ရှန့်ခေါ်လိုက်သည့် "ချင်းရှ" ဆိုသည့်နာမည်မှာ ဆန်း
လျန် အသုံးပြုသည့် အခြားနာမည်တစ်ခုဖြစ်လေသည်။ ထို

နာမည်က သူနေထိုင်ခဲ့သည့် ချင်ပြည်နယ်မြို့တော်မှ "ချင်းရှ" တောင်ကို အမှတ်ရစေလေသည်။

"ဒါဖြင့် ဘာအကြောင်းများရှိလို့လဲဗျာ"

ဆန်းလျန်က သူ့အကျင့်အတိုင်း တည့်တည့်ပင်မေးလိုက်လေသည်။

"ကျုပ်ဖခင် နေမကောင်းဖြစ်နေတာကြာပြီ ၊ ရောဂါကလည်း ထူးဆန်းတယ် ၊ သမားတော်တွေလည်းစုံနေပြီ ၊ သူ့ရောဂါကို မကုသနိုင်ကြဘူး ၊ ပြီးတော့ သူ့အခြေအနေက တစ်နေ့တခြား ဆိုးဝါးလာတယ် ၊ မင်းများ သူ့ကို ဆေးကုပေးနိုင်မလားလို့"

ကျောက်ရှန့်က နောက်ဆုံးတော့ဝန်ခံလိုက်ရလေသည်။

သို့သော် သူ၏ဖခင်ခံစားနေရသည်မှာ မည်သည့်ရောဂါ ဆိုသည်ကိုတော့ ပြောပြခြင်းမရှိပါ။ ဆန်းလျန်က သမိုင်းတင်လောက်အောင် တော်သူတစ်ဦးဖြစ်သည့်အပြင် "သေသူကိုပင် အသက်ပြန်သွင်းပေးမည်" ဟု ဝင့်ကြွားနိုင်သည်အထိ သူ၏

ပညာကို ယုံကြည်မှုရှိလေ
သည်။ ယခုတော့ သူ၏ကံတရားအတွက် ရွေးခြယ်ခြင်း
ပြုလုပ်ရမည့်အချိန်တန်ခဲ့ပြီ။
ကျောက်ရှန့်မှာ ဆန်းလျန်အကြောင်းကို တိတ်တဆိတ်စုံစမ်းခဲ့
လေသည်။ သို့သော် ဆန်းလျန်မှာ လေထဲမှ ရုတ်တရက် ဘွား
ကနဲ ပေါ်လာသူတစ်ယောက်ပမာ နောက်ကြောင်းကို ခြေရာခံမ
ရ ဖြစ်နေရလေသည်။ ရွှမ်းမင်ခရိုင်တွင် လွန်ခဲ့သည့်ဆယ့်
ခြောက်နှစ်က ဆန်းလျန်အကြောင်း အမှုတွဲတစ်ခုရှိခဲ့ဖူး
သော်လည်း ထိုအမှုတွဲကို ဆန်းလျန်ကိုယ်တိုင်က ဖျောက်ဖျက်
ပစ်ခဲ့ပြီးလေပြီ။
လူတစ်ယောက်မှာ မည်သူမည်ဝါဖြစ်သည်ဆိုသည့် ဇာစ်မြစ်
ကတော့ ရှိရမည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်၏ဇာစ်မြစ်
ကတော့ မည်သို့မျှ ရှာမရဖြစ်နေရလေသည်။ ဤသည်ကို

ကြည့်ခြင်းအားဖြင့် ဆန်းလျန်မှာ အလွန်ထူးဆန်းသူဖြစ်သည်ဟု ကျောက်ရှန့် ကောက်ချက်ချလိုက်လေသည်။

ဆန်းလျန်၏ ဆေးပညာအရည်အချင်းကိုတော့ ကျောက်ရှန့် မြင်တွေ့ဖူးခြင်း မရှိပါ။ သို့သော် သူက ဆန်းလျန်ကို ယုံကြည်နေမိလေသည်။ ထို့ပြင် သူ၏ဖခင်မှာလည်း သမားတော်တိုင်းက လက်လျှော့ရသည့် အခြေအနေသို့ရောက်နေပြီ မဟုတ်ပါလား။

"ဒါဖြင့် မင်းက "မျှော်လင့်ချက်မရှိတော့မှ မြက်တစ်ပင်လှမ်းဆွဲ" တဲ့ သဘောပေါ့ ၊ မင်းရဲ့ဖခင်ကို ကယ်နိုင်သည်ဖြစ်စေ မကယ်နိုင်သည် အရေးမကြီးဘူးပေါ့"

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။ ကျောက်ရှန့်၏ရည်ရွယ်ချက်ကို သနားညှာတာမှုကင်းမဲ့စွာ ဖော်ပြလိုက်ခြင်းဖြစ်လေသည်။

ကျောက်ရှန့်မှာ မျက်နှာတစ်ချက်ပျက်သွားရပြီး....

"ကျုပ်သည်းမခံနိုင်တော့ဘူး"

ဟု ပြောလိုက်လေတော့သည်။

ဆန်းလျန်က....

"ကျုပ်ဒီဆေးခန်းဖွင့်ထားတာ လူတွေအသက်ကယ်ပေးဖို့ပါ ၊ မင်းအဖေကို ဒီကိုခေါ်လာမယ်ဆိုရင်တော့ ကျုပ်ဆေးကုပေးပါ့မယ်"

"ဒါတော့ မဖြစ်နိုင်ဘူး ၊ မင်းကျုပ်အိမ်ကိုလိုက်ခဲ့လို့မရဘူးလား ၊ ကျုပ်ဖခင်က ဒီကိုလာနိုင်ဖို့ ခက်ခဲမယ်ထင်တယ်"

ကျောက်ရှန့်၏ အကြည့်များတွင် ဝမ်းနည်းရိပ်များ သန်းနေလေသည်။

"သာမန်လူတစ်ယောက်က နန်းတော်ထဲကို ဝင်ခွင့်မရှိဘူးလေ ၊ ဒါကြောင့် ကျုပ်က မသွားလိုတာပါ ၊ ဒါကြောင့် မင်းကပဲ မင်းရဲ့ဖခင်ဖြစ်တဲ့ အိမ်ရှေ့စံမင်းသားကို ဒီကိုလာဖို့ ပြောကြည့်ပေါ့"

ဆန်းလျန် တည်ငြိမ်အေးချမ်းစွာ ပြောလိုက်သည့်စကားက ကျောက်ရှန့်၏ အရှိုက်ကိုတန်းထိသွားလေသည်။ ဆန်းလျန်မှာ ကျောက်ရှန့်မည်သူမည်ဝါဖြစ်သည်ကို သိနေနှင့်သည် မဟုတ်ပါလား။

ဆန်းလျန်အတွက်တော့ သုံးရက်ဆိုသည့်အချိန်က လူတစ်ယောက်သည် မည်သူမည်ဝါဖြစ်ကြောင်းကို အာရုံခံနိုင်ရန် လုံလောက်လေသည်။

ကျောက်ရှန့်က ကြိုးစားပြီး ပြုံးလိုက်သည်။

"ချင်းရှုက ကျုပ်ဘယ်သူဘယ်ဝါဆိုတာ သိနေလိမ့်မယ်လို့ ထင်မထားခဲ့မိဘူး ၊ ကျုပ် မင်းကို အပြစ်မတင်ပါဘူး ၊ ဒါပေမယ့် ဘယ်လိုလုပ် ကျုပ်အကြောင်းကို သိသွားရတာလဲ"

ကျောက်ရှန့်က ဆန်းလျန်ကို သူမည်သူမည်ဝါဖြစ်ကြောင်း ပြောပြရန် တွေးထားမိသော်လည်း ဆန်းလျန်က သိနှင့်နေမည်ဟုတော့ ထင်မထားမိပေ။ ယခုတော့ ဆန်းလျန်က သူ့ကို

အိမ်ရှေ့မင်းသား၏ သားတော်ဖြစ်ကြောင်း သိနေသည့်တိုင်

ပြောဆိုဆက်ဆံပုံ မပြောင်းလဲခဲ့ပေ။ ရှာမှရှားသည့် ဆန်းလျှန်

ပင် ဖြစ်လေသည်။

အိမ်ရှေ့မင်းသားဖြစ်သူ သူ၏ဖခင်မှာ ကြောက်မက်ဖွယ်ရာ

အခြေအနေဆိုးနှင့် ရင်ဆိုင်နေရသည့်တိုင် သူက ဘုရင့်မျိုး

နွယ် တစ်ပါးဖြစ်နေသေးသည်။

ကူပေ့ဆရာတော်ပင်လျှင် သူ့ကို ထိုသို့ မဆက်ဆံရဲပေ။

အခန်း (၁၀၄)

နက်ရှိုင်းစွာစီးဆင်းနေဆဲရေပြင်

ကျောက်ရှန့်မှာ ဆန်းလျန်ကို အမှန်ပင် အံ့ဩမိလေပြီ။

ကျောက်ရှန့်က ဆန်းလျန်ကို လှည့်စားခဲ့မိသည့်အတွက် ရှင်းပြ

ရန် ကြိုးစားလိုက်လေသည်။

သို့သော် သူ မရှင်းပြနိုင်မီမှာပင် ဆန်းလျန်က စကားဆက်ပြော

လိုက်လေသည်။

"ယခင် ဘုရင်မင်းမြတ်မှာ သားတော်ငါးပါးရှိတယ်လို့ကြားဖူး

တယ် ၊ သားတော်ငါးပါးမှာ သုံးပါက အိမ်ရှေ့မင်းသားဖြစ်ဖို့

အလားအလာရှိတယ် ၊

ပထမဆုံး အိမ်ရှေ့စံက တကယ့်ကိုပါရမီရှင်ပဲ ၊ ဒါပေမယ့်

ထူးဆန်းစွာသေဆုံးခဲ့ရတယ် ၊ ဒုတိယအိမ်ရှေ့စံဖြစ်တဲ့ မင်းရဲ့

ဦးရီးတော်ကလည်း အခုဆို နန်းချခံထားရပြီး ထိန်းသိမ်း

ခံထားရတယ်လို့ကြားတယ် ၊ မင်းရဲ့ဖခင် တတိယသားတော်

ကတော့ ဘုရင်မင်းမြတ်ရဲ့ ချစ်ခင်ခြင်းကို မခံခဲ့ရဘူး ၊ ဒါပေ

မယ့် အိမ်ရှေ့မင်းသားအရိုက်အရာအတွက် သူပဲကျန်တော့တယ်၊ ပြီးတော့ ခုအတိုင်းသာဆိုရင် အိမ်ရှေ့စံနေရာဟာ ဘယ်လောက်တောင် အန္တရယ်များတဲ့နေရာဖြစ်နေပြီလဲ၊ မင်းရဲ့ဖခင်ဟာ အိမ်ရှေ့စံရာထူးကို စွန့်လွှတ်သင့်ပေမယ့် သူကလက်ခံထားဆဲပဲ၊ ဒါကြောင့်လမ်းပေါ်မှ ပြောဆိုနေကြတာကြားတာတော့ မင်းရဲ့ဖခင်ဟာ အသုံးမကျ အရမ်းမိုက်မဲတာပဲတဲ့၊ မင်းကရော မင်းရဲ့ဖခင်ကို ဘယ်လိုထင်လဲ"

ကျောက်ရှန့်မှာ ဆန်းလျန်၏ စကားများကြောင့် အသက်ပင်အောင့်ထားမိလေသည်။ သူက ငယ်ငယ်ကတည်းကပင် ရဲစွမ်းသတ္တိရှိပြီး ပြတ်သားသူတစ်ယောက်ဖြစ်လေသည်။ အကြင်နာတရားကင်းမဲ့သည့် သူ၏ဘွားတော်ဘုရင်မကြီးပင်လျှင် သူ့ကို မလေးစားဘဲ မနေရဲပေ။ ဘွားတော်က သူမ၏ဖခင်ကို အေးစက်စက်ဆက်ဆံသည့်တိုင် သူ့ကိုတော့ တလေးတစားရှိခဲ့လေသည်။

သူ၏ဖခင် အိမ်ရှေ့မင်းသားအရာ ရရှိခြင်းမှာ ဘွားတော်က သူ့ကို ချစ်ခင်၍ဖြစ်သည်ဟုပင် လူအများက ပြောဆိုနေကြသေးသည်။ သို့သော်... ငယ်စဉ်ကပင် သမိုင်းပညာကို လေ့လာသင်ယူခဲ့သူပီပီ နန်းတွင်းအခြေအနေ မည်မျှ ရှုတ်ထွေးနေကြောင်း သူ နားလည်ထားပါသည်။ ထိုအရှုတ်အထွေးများထဲသို့ တိုးမဝင်သင့်ကြောင်းလည်း သူနားလည်ထားပါသည်။ သို့သော်... သူ၏ဖခင်ကတော့ အိမ်ရှေ့မင်းသားအရာ ပေးအပ်ခံရသည့်အခါ မငြင်းဆန်ခဲ့ပါ။ သူက ဝမ်းမြောက်ဝမ်းသာပင် ထိုရာထူးကို လက်ခံခဲ့လေသည်။

ယခုအချိန်များတွင်တော့ ဘုရင့်နန်းတော်တွင် သူနေထိုင်ရသည့်အနေအထားမှာ ရေခဲအလွှာပါးလေးပေါ်တွင် လမ်းလျှောက်နေရသကဲ့သို့ အန္တရယ်များလှလေသည်။ ထို့ပြင် ဖခင်ဖြစ်သူမှာလည်း ထူးဆန်းစွာ ရောဂါစွဲကပ်လာရသည်။ မည်သည့်သမားတော်မှလည်း ထိုရောဂါကို ကုသမပေးနိုင်ပေ။

ထို့ပြင် သူ၏ဘွားတော်မှာလည်း ဖခင်ဖြစ်သူ၏ ကျန်းမာရေး အခြေအနေကို တစ်ခွန်းမျှပင် မေးမြန်းခြင်းမရှိပေ။ သူက ဘုရင့်အနွယ်တော်တစ်ပါးဖြစ်သည့်တိုင် ငယ်ရွယ်လွန်းသူ ဖြစ်သည့်အတွက် စိတ်ရှုတ်ကာ ဒုက္ခတွေ့နေရလေတော့သည်။ ထိုသို့ မဟုတ်လျှင် သူ ဆန်းလျန်ကို လာရှာမိမည်မဟုတ်ပေ။

ဆန်းလျန်မေးသည့်မေးခွန်းကို ဖြေကြားရန်အတွက်... သားတစ်ယောက်အနေဖြင့် ဖခင်ဖြစ်သူကို အပြည့်အဝနားလည်ထားပါသည်။ သူ၏ဖခင်မှာ အလွန်ထက်မြက်သူတစ်ယောက် မဟုတ်သည့်အပြင် သူ၏မိခင်ရင်းမှ သူ့ကို ချစ်ခင်လာအောင်လည်း ပြုမူနေထိုင်းခြင်းမျိုး မရှိခဲ့ရှာပေ။ ထို့ကြောင့် ကျောက်ရှန့်ကိုယ်တိုင်ကလည်း လူမသိ သူမသိသာ သွားလာနေထိုင်ခဲ့လေသည်။ သူက နန်းတွင်းတွင် အခြားသူများနှင့် အလိုက်အထိုက်သာ နေထိုင်ခဲ့ပြီး သူ၏

သဘောထားအမြင်များကို ထုတ်ဖော်ပြောဆိုခြင်းမျိုး မပြုလုပ်ခဲ့ပေ။

သို့သော်.... ယခုတော့ စဉ်းစားရတော့မည်။ သူတို့မိသားစုက နှစ်ပေါင်းများစွာ အေးချမ်းစွာနေခဲ့ကြသည့် မိသားစု ဖြစ်လေသည်။

ကျောက်ရှန့်မှာ ဉာဏ်ကောင်းသူ ဖြစ်သည့်အတွက် ဆန်းလျန်ဆိုလိုသည့် အဓိပ္ပါယ်ကို ကောင်းစွာ သဘောပေါက်လေသည်။ သူက ဆန်းလျန်မှာ ကြောက်ရွံ့သောကြောင့် မကူညီခြင်းဖြစ်မည်ဟု ရုတ်တရက်တွေးလိုက်မိသော်လည်း တကယ်တမ်း ဆန်းလျန်၏ ပုံစံကို ကြည့်ရသည်မှာ ထိုသို့ မဟုတ်ပေ။ ဆန်းလျန်၏ပုံစံမှာ လူတိုင်းက ရှိန်ရလောက်အောင် စွမ်းအားပြည့်ဝပြီး ဗဟုသုတလည်း ကြွယ်ဝလွန်းလေသည်။ ဆန်းလျန်ရင်ထဲမှ အတွေးများကို မည်သူ ခန့်မှန်းနိုင်မည်လဲလေ။

သို့သော်... သူက သူ့ရင်ထဲမှ မရေရာမှုများကို ဆန်းလျန်ကို ထုတ်မမေးတော့ဘဲ မျိုသိပ်ထားလိုက်လေသည်။ သူ့မျက်နှာတွင် မည်သည့်ခံစားချက်မှ မပေါ်အောင် ထိန်းသိမ်းထားလိုက်သည်။

သူတို့ခဏတာ စကားစမြည်ပြောဆိုကြပြီးနောက် ကျောက်ရှန့် ပြန်သွားလေသည်။

ကျောက်ရှန့်ထွက်ခွာသွားသည်ကို ဆန်းလျန် ကြည့်နေပြီးမှ သူ့အကြည့်ကို ဘုရင့်နန်းမြို့တော်ဆီသို့ ကူးပြောင်းလိုက်သည်။ ကြွယ်ချမ်းသာခြင်းနှင့် ဂုဏ်အသရေများမှာ လေးလံလွန်းလှပေစွ။

"ကိုကို ၊ သမီး ဗိုက်ဆာတယ်"

သူ့နောက်မှ ရှော့ရှီ၏ အသံလေး ထွက်လာလေသည်။

ဆန်းလျန်က သူမကို ကောက်ချီလိုက်ရင်း ရယ်မောလိုက်လေသည်။

"ဒီနေ့တော့ အပြင်လျှောက်သွားပြီး မုန့်ဝေတဲ့နေရာတွေက မုန့်တွေသွားမယူတော့ဘူးလား"

"သမီးကို ဒီနေ့ စားကောင်းတာ တစ်ခုခုဝယ်ကျွေးပါလား"

ရှော့ရှီလေးက ပြောရင်းနှင့်ပင် ဆန်းလျန်၏ မေးဖျားလေးကို ကိုင်လိုက်ရင်း...

"ရှီအော်ရဲ့ ကိုကိုက သိပ်ချောပြီး ကြည့်ကောင်းတာပဲ"

ဟု ထပ်ပြောလိုက်လေသည်။

"ဟုတ်ပါပြီ ၊ ဒါဖြင့်လည်း "ဖူမန်လော်" မှာ ဘဲကင်သွားစားကြမယ်လေ ၊ ပြီးတော့ အရက်ရော သောက်ချင်သေးလား"

ဆန်းလျန်က မေးလိုက်လေသည်။

"ရှီအော်က အရမ်းငယ်သေးတယ် ၊ အရက်သောက်လို့မရဘူး ၊ ကိုကိုလည်း မသောက်ရဘူးနော်"

ရှော့ရှီလေးက ဆန်းလျန်ဆံပင်များကို စည်းနှောင်ထားသည့် ကြိုးကို လှမ်းဆွဲရင်း ပြောလိုက်လေသည်။

....

ဖူမန်လော်တွင် သီးသန့်အခန်း မရှိပါ။ ဖူမန်လော်မှာ ဆန်းလျန်တို့နေသည့်နေရာနှင့် တစ်လမ်းထဲတွင် တည်ရှိလေသည်။ လမ်းနံဘေးတွင် စီးဆင်းနေသည့် မြစ်တစ်စင်းကို တွေ့နိုင်သည်။ ထိုမြစ်ကို အန်းဖင်တူးမြောင်းဟု ခေါ်လေသည်။ ထိုမြစ်မှာလည်း ဆန်းတုမြို့တွင်

အကြီးဆုံးမြစ်ဖြစ်ပြီး ပေနှစ်ရာခန့် ကျယ်ပြန့်လေသည်။

အမှန်တော့ ထိုမြစ်မှာ မြစ်အစစ်မဟုတ်ပါ။ ဘုရင်မကြီးအမိန့်ဖြင့် တူးဖော်ထားသည့် မြစ်ဖြစ်လေသည်။ ထိုမြစ်မှ မြို့တော်အပြင်ဘက်ရှိ စိုက်ခင်းများကို ရေပေးဝေရန်ဖြစ်လေသည်။ ထိုမြစ်မတူးဖော်ခင်က မြို့တော်တွင် ဆန်စျေး ကြီးမြင့်ပြီး ရပ်တည်ရခက်ခဲလေသည်။ အန်းဖင်တူးမြောင်း ဖောက်လုပ်ပြီးသည့်နောက်ပိုင်း ဘုရင်မကြီးက သူ၏လူများကို ဆန်မျိုးကောင်းမျိုးသန့်များရရှိအောင် စိုက်ပျိုးရန် ညွှန်ကြားလေ

သည်။ ထို့နောက်ပိုင်းတွင်တော့ ဆန်းတုမြို့တော်တွင် ဆန်စျေးမှာ သိသိသာသာ ကျဆင်းသွားရလေသည်။

ဘုရင်မကြီးလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများမှာ များစွာရှိသေးသည်။ ဘုရင်မကြီးပြုလုပ်ခဲ့သည့်အရာများမှာ သာမန်လူများအတွက်တော့ ကျေနပ်စရာရှိလောက်ပေသည်။

ဖူမန်လော်မှာ စားသောက်ဆိုင်တစ်ဆိုင် မဟုတ်ပါ။ အန်းဖင်တူးမြောင်းနံဘေးတွင် ဖွင့်လှစ်ထားသည့် တည်းခိုရိပ်သာ တစ်ခုဖြစ်လေသည်။

တည်းခိုရိပ်သာပိုင်ရှင်မှာ ချောမောလှပသည့် အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦး ဖြစ်လေသည်။ သူမ၏အလှကို ခဏတာမြင်ရဖို့အတွက် ဖူမန်လော်တွင် လာရောက်စားသောက်ကြသည့် လူများလည်း ရှိလေသည်။

လူအများပြောကြသည်ကတော့ သူမက မုဆိုးမတစ်ယောက်ဖြစ်ပြီး သူမက ပျော်ရွှင်စရာ မိသားစုဘဝလေးတည်ဆောက်

ချင်ခဲ့သူ ဖြစ်လေသည်။ သူက ဖူမန်လော်တည်းခိုရိပ်သာကို

လည်း ဖူမန်လော် စားသောက်ဆိုင်လေးအဖြစ် ပြောင်းလဲ ဖွင့်

လှစ်ချင်နေသူ ဖြစ်လေသည်။

ဖူမန်လော်မှာ အမြဲတမ်းတော့ လူပြည့်မနေပါ။ ပိုင်ရှင်

အမျိုးသမီးအပေါ် အသားယူရန် လာကြသည့်သူများမှာလည်း

သူမကို ထိ၍မရကြောင်း သိသွားသည့်နောက်ပိုင်း လာရောက်

စားသောက်ခြင်း မရှိကြတော့ပေ။

သို့သော် ပိုင်ရှင်အမျိုးသမီးမှာ ချောမောလှပရုံသာမက

အချက်အပြုတ်လည်း တော်သူဖြစ်လေသည်။ ထို့ကြောင့်ပင်

စားသုံးသူဧည့်သည်များကို ထိန်းထားနိုင်ခြင်းဖြစ်လေသည်။

သို့သော် သူမ၏ ဆိုင်တွင် ဧည့်သည်မမြဲပေ။ အဘယ်ကြောင့်

ဆိုသော် သူမချက်သည့်အစားအသောက်များမှာ ကောင်းသည့်

အခါကောင်းသလို ဆိုးသည့်အခါလည်း ဆိုးသောကြောင့်ဖြစ်

လေသည်။

သူမလက်ရာကောင်းလျှင် ဘုရင့်စားဖို့မှူးထက်ပင်သာလေ သည်။ သူမလက်ရာဆိုးလျှင်တော့ ဝက်စာလောက်ပင် အရသာ မရှိပေ။

သူမချက်သည့် ဟင်းများ၏ ပုံသဏ္ဍာန်ကိုကြည့်ပြီး ကောင်း မည် မကောင်းမည်ကိုလည်း ခန့်မှန်း၍ မရပေ။ စားကြည့်မှသာ အကောင်းအဆိုး သိနိုင်လေသည်။

လွန်ခဲ့သည့်နှစ်လခန့်က ဖူမန်လော်တွင် ဆန်းလျန်လာရောက် စားသောက်ဖူးလေသည်။ ဆန်းလျန်မှာ ကံကောင်း၍ ဖြစ်မည် ထင်သည်။ ထိုနေ့က စားရသောဘဲကင်အရသာမှာ လွန်စွာမှ ထူးကဲကောင်းမွန်လေသည်။ ယနေ့တိုင်အောင်တောင် ဆန်းလျ န်မှာ မမေ့နိုင်သေးပေ။

ယခု တစ်ကြိမ် ဖူမန်လော်သို့ ရောက်လာသည့်အခါတွင်တော့ ဆန်းလျန်မှာ အံ့သြသွားရလေသည်။ အဘယ်ကြောင့်ဆိုသော်

ဆိုင်တွင် ညော့်သည်တစ်ယောက်မှ မရှိသောကြောင့် ဖြစ်လေသည်။

ပိုင်ရှင်အမျိုးသမီးမှာ အသက်သုံးဆယ်ခန့်ရှိပြီဖြစ်ပြီး ကျက်သရေရှိစွာ လှပနေဆဲ ဖြစ်လေသည်။ ဆန်းလျန်ကိုတွေ့သည့်အခါ ဝမ်းသာအားရဖြင့် ကြိုဆိုလိုက်လေသည်။ သူမ၏ သေးသွယ်သည့် ခါးလေးမှာ လေထဲမှ ကျူပင်လေးအလား ယိမ်းနွဲ့နေလေသည်။ သူမ၏ သွယ်လျသည့် ခန္ဓာကိုယ်မှာ လွန်စွာမှ လှပလေသည်။

"ဘာများသုံးဆောင်ချင်ပါသလဲ သခင်လေး"

သူမက မေးလိုက်သည်။

ဆန်းလျန်မဖြေမီ ရှော့ရှီက ဝင်ပြောလိုက်လေသည်။

"ဘဲကင်နှစ်ကောင်ပေးပါ၊ အရက်မယူဘူးနော်"

ပိုင်ရှင်အမျိုးသမီးက ရယ်မောလိုက်လေသည်။ သူမက ရှော့ရှီလေးကို သဘောကျသွားပြီး ဆန်းလျန်ကို တစ်ချက်လှမ်း

ကြည့်လိုက်သည်။ ဆန်းလျန်က သဘောတူသည့်အနေဖြင့် ခေါင်း ညိတ်ပြလိုက်လေသည်။

"ရှောင်ပိုင် ၊ စားပွဲအမြန်လာသုတ်ပေးစမ်း ၊ ငါ သွားပြီး ချက်ပြုတ်လိုက်ဦးမယ်"

ပိုင်ရှင် အမျိုးသမီးက အော်ပြောလိုက်လေသည်။

ထိုသို့ပြောပြီးသည်နှင့် သူမက မီးဖိုချောင်အတွင်းသို့ တန်းဝင် သွားလေသည်။

ဆိုင်ထောင့်တစ်ထောင့်တစ်ထောင့်တွင် အိပ်ငိုက်နေသည့် ရှောင်ပိုင်ဆိုသည့် စားပွဲထိုးလေးမှာ ဆိုင်ပိုင်ရှင်၏ အသံ ကြောင့် ခေါင်းထောင်ကြည့်လိုက်လေသည်။

ရှောင်ပိုင်မှာ လူငယ်လေးတစ်ယောက်ဖြစ်လေသည်။ သို့သော် မျက်နှာထားကတော့ တစ်လောကလုံး သူ့လုပ်စာထိုင်စားနေ သကဲ့သို့ တင်းမာခက်ထန်နေလေသည်။ သူက ဆန်းလျန်ကို

မြင်တော့ အနည်းငယ် တုန့်ဆိုင်းသွားသည်။ သို့သော် ဆန်းလျှ
န်ကတော့ မည်သည့် တုန့်ပြန်မှုမျှ မရှိပါ။

ရှောင်ပိုင်မှာ အမှောင်ညတစ်ညတွင် လမ်းပေါ်၌ အနက်ရောင်
ဝတ်လူတစ်စုဝိုင်းဝန်း တိုက်ခိုက်ခြင်းကိုခံခဲ့ရစဉ်တွင် ဆန်းလျှ
န် ကူညီပေးခဲ့သည့် အဖြူရောင်ဝတ် လူငယ်လေးဖြစ်လေ
သည်။

သူ၏နာမည်အရင်းမှာ ပိုင်ရှောက်လျို ဖြစ်လေသည်။ ထိုနေ့ည
က သူက ဒဏ်ရာအပြင်းအထန်ရပြီး ဖူမန်လော်တည်းခိုရိပ်သာ
ရှေ့တွင် သတိလစ်မေ့မျောသွားခဲ့ခြင်းဖြစ်လေသည်။ သူ့ကို
ပိုင်ရှင်အမျိုးသမီးက ကယ်တင်ထားခဲ့ ခြင်းဖြစ်လေသည်။

ပိုင်ရှောက်လျို၏ စိတ်ထဲတွင် ဆန်းလျှန်ကို ရင်းနှီးသလို ဖြစ်
နေမိလေသည်။ သို့သော် သူက ဆန်းလျှန်ကို မမှတ်မိပါ။ ထိုနေ့
ညက ဖြစ်ခဲ့သည့် အဖြစ်အပျက်များမှာ ဝိုးတဝါးဖြစ်နေ
သည့်အတွက် ဆန်းလျှန်ကို မမှတ်မိနိုင်ဖြစ်နေရလေသည်။

ခဏကြာသည့်အခါတွင်တော့ ဘဲကင်များပြင်ဆင်ပြီး စားပွဲ
ပေါ်သို့ ရောက်လာလေသည်။ ဘဲကင်အချပ်လေးများမှာ
ညီညာနေလေသည်။ သာမန်လူကတော့ လှပစွာတည်ခင်း
ထားသည်ဟု မြင်မည်ဖြစ်သော်လည်း ဆန်းလျန်၏
မျက်ဝန်းထဲတွင်တော့ သပ်ရပ်သည့် ဓားသိုင်းကျွမ်းကျင်မှုတစ်
ခုဟု မြင်မိလေသည်။

ဘဲကင်ကို အလွန်သပ်ရပ်စွာ ပြင်ဆင်ထားပြီး အရိုးများအသား
များကို ညီညာစွာ ပိုင်းဖြတ်ထားလေသည်။

အမှန်တော့ လူအများ သတိမထားမိသည်မှာ ဆိုင်ပိုင်ရှင်
အမျိုးသမီး၏ လက်လေးများပင်ဖြစ်လေသည်။ သူမ၏ လက်
များမှာ ဖြူစင်ပြီး နူးညံ့ချောမွေ့နေလေသည်။

ဆိုင်ပိုင်ရှင် အမျိုးသမီးက ထူးခြားသည့်တိုင် ဆန်းလျန် ဆိုင်
ကိုလာသည်ကတော့ အစားအသောက်စားရန်အတွက်သာဖြစ်
လေသည်။ အခြားအကြောင်းထူးကိစ္စမရှိပေ။

ပန်းကန်ထဲရှိ ဘဲကင်များကုန်သွားသည့်တိုင် သူထပ်ပြီး စား

ချင်စိတ်ဖြစ်နေမိလေသည်။

ယခုတစ်ခေါက်ဘဲကင်မှာ ယခင်တစ်ခေါက်ကထက်ပင် ပိုပြီး

စားကောင်းနေသေးသည်။ ပိုင်ရှင်အမျိုးသမီးကလည်း သူမ

နေရာတွင် စားသောက်နေလေသည်။ ပိုင်ရှောက်လျိုကတော့

တံခါးကိုမှီပြီး နေပူစာလှုံနေလေသည်။ ဧည့်သည်များကိုလည်း

အရေးမလုပ်ပေ။ ဆိုင်ပိုင်ရှင်အမျိုးသမီးကလည်း သူ့ကို ဘာမှ

ပြောကြားခြင်းမရှိပေ။

နေ့ခင်းအချိန်ဖြစ်သည့်တိုင် မြစ်ရေပြင်ဆီမှ အေးမြခြင်းကို

ခံစားနေရလေသည်။

ဆန်းလျန်ကလည်း ဤလမ်းပေါ်တွင်ပင် ဆေးခန်းဖွင့်ထားခြင်း

ဖြစ်ပြီး သူ၏ဆေးခန်းက ဤစားသောက်ဆိုင်ထက်ပင် ပို၍

နေရာကျသေးသည်။

ရော့ရှီမှာ အမှန်တကယ်စားသုံးသူဖြစ်လေသည်။ သူမက ဘဲကင် တစ်ချပ်ပြီးတစ်ချပ် အငမ်းမရစားနေပြီး ဆန်းလျန်ထက်ပင် ပိုစားနိုင်နေသေးသည်။

ရုတ်တရက်....

ပိုင်ရှောက်လျိုမှာ ဆိုင်အတွင်းသို့ လွင့်စင်လာလေသည်။ သူ လွင့်စင်လာသည်မှာ

ဆန်းလျန်၏ စားပွဲတည့်တည့်ဆီသို့ဖြစ်လေသည်။

ကံကောင်းသည်မှာ ပိုင်ရှောက်လျိုက သူ့ခန္ဓာကိုယ်ကို အချိန်မီ ထိန်းလိုက်နိုင်သည့်အတွက် ဆန်းလျန်တို့ထိုင်နေသည့် စားပွဲသို့ မရောက်ခင် ဘေးနားရှိစားပွဲပေါ်သို့ ပြုတ်ကျသွားရလေသည်။

ရော့ရှီလေးမှာတော့ သူမ၏ ဘဲကင်ပန်းကန်အတွင်းသို့ ဖုန်မှုန်းများလွင့်စင်လာသည့်အတွက် မကျေမနပ်ဖြစ်သွားရလေတော့သည်။

အခန်း (၁၀၅)

စမ်းရေစားကျမ်း

ဖူမန်လော်စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်နေသည့် နေရောင်မှာ တဖြည်းဖြည်း မှေးမှိန်သွားလေသည်။ တံခါးဝတွင် ဝါးခမောက်တစ်လုံးဆောင်းထားသည့် လူတစ်ယောက်ရပ်နေလေသည်။ သူ၏ဝတ်ရုံတွင် ရွှေပန်းပွင့်များထိုးထားလေသည်။ သူ၏ခန္ဓာကိုယ်မှာ ထွားကျိုင်းသန်မာ လွန်းသောကြောင့် စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်နေသည့် နေရောင်ကို ဖုံးကွယ်သွားရခြင်းဖြစ်လေသည်။

"ကောင်လေး ၊ ပစ္စည်းထုတ်ပေးစမ်း ၊ မင်းကို အသက်ချမ်းသာပေးမယ်"

သူ၏အသံမှာ ကြားနိုင်ရုံလောက်သာဖြစ်ပြီး အသက်အရွယ်အိုမင်းနေပြီဖြစ်ကြောင်း အသံကြားရုံဖြင့် သိနိုင်လေသည်။ ပိုင်ရှောက်လျိုက ဖြည်းဖြည်းချင်း မတ်တပ်ထရပ်လိုက်သည်။ သူ၏ခန္ဓာကိုယ်မှာ အနည်းငယ် ဒယိမ်းဒယိုင်ဖြစ်နေလေသည်။ ထိုသူ၏သိုင်းပညာမှာ မြင့်မားသည့်အတွက် ပိုင်ရှောက်လျိုအနေဖြင့် ယှဉ်နိုင်မည်မဟုတ်ပါ။ ထိုသူ၏ လက်ဝါးရိုက်ချက်တစ်ချက်တည်းဖြင့်ပင် သူမှာ လွင့်စင် ထွက်သွားရသည် မဟုတ်ပါလား။

ချောမောလှပသည့်ဆိုင်ရှင်အမျိုးသမီးက ငွေသိမ်းစားပွဲရှေ့တွင် မတ်တပ်ရပ်နေလေသည်။ သူမ၏ လှပသည့်မျက်ဝန်းများ တစ်ချက်မျှ ကျဉ်းမြောင်းသွားသည်ကလွဲ၍ သူမက စကားတစ်ခွန်းမျှ မဆိုသလို ကြောက်လန့်သွားခြင်းလည်း မရှိပါ။

သူမ၏လှုပနူးညံ့သည့်လက်လေးများအကြောင်းကို ဆန်းလျန်သာသိလေသည်။ ဆန်းတုမြို့တော်တွင် သူမကြောက်သည့်သူ သိပ်မရှိပါ။ ထို့ကြောင့် ဝါးခမောက်ဆောင်းထားသူကိုလည်း သူမ လုံးဝကြောက်လန့်ခြင်းမရှိပေ။

ရှော့ရှီလေးက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး...

"ကိုကို ၊ ဘဲကင်တွေ ညစ်ပတ်ကုန်ပြီ ၊ သမီးမစားချင်တော့ဘူး"

ဟု အသံသေးသေးလေးဖြင့် ပြောလိုက်လေသည်။

သူမက သူမရှော့ရှီ ဘဲကင်ပန်းကန်ကို ညွှန်ပြလိုက်သည်။ ဘဲအရေခွံပေါ်တွင် ဖုန်မှုန့်များပေကျံနေလေသည်။ သို့သော် ဘဲကင်မှာ တစ်ချပ်သာကျန်တော့သည်။

ဆန်းလျန်က သူမ၏ခေါင်းလေးကို အသာပုတ်လိုက်လေသည်။ ထို့နောက် ပိုးလက်ကိုင်ပုဝါလေးတစ်ထည်ထုတ်ပေး

လိုက်ပြီး ပါးစပ်နှင့် လက်များကို သန့်ရှင်းသွားအောင် သုတ်ခိုင်းလိုက်လေသည်။

အခြားဘက်တွင်တော့ ပိုင်ရှောက်လျို မှာ ဝါးခမောက်ဆောင်းထားသည့်လူကိုကြည့်ကာ ကြက်သေသေနေလေသည်။

အတန်ကြာမှ...

"မပေးနိုင်ဘူး"

ဟု တစ်လုံးချင်းပြောလိုက်လေသည်။

ဝါးခမောက်နှင့်လူက သက်ပြင်းတစ်ချက်ချလိုက်ပြီး မည်သည့်စကားမျှ မပြောတော့ပေ။ ထို့နောက် ရှေ့သို့လှမ်းလာသည့် ခြေသံကို ကြားလိုက်ရလေသည်။ ထိုခြေသံများမှာ လေးလံခြင်းမရှိပါ။ ခြေလှမ်းများက ခပ်နွေးနွေးဖြစ်သည့်တိုင် ထက်ရှသည့်ဓားသွားတစ်လက်က လူတစ်ဦးဝမ်းဗိုက်ကို ထိုးခွဲလိုက်သလို ခံစားရလေသည်။

ပိုင်ရှောက်လျို နဖူးထက်တွင် ချွေးစများပျံလာလေပြီ။ ဝါး ခမောက်နှင့်လူက ခြေသံတွင် ထူးခြားသည့်အတွင်းအား စွမ်းအင်တစ်မျိုးထည့်သွင်းထားလေသည်။ ထိုသို့ပြုလုပ်ခြင်း က ပိုင်ရှောက်လျို တစ်ယောက်တည်းအတွက်သာ ပြုလုပ်ခြင်း ဖြစ်လေသည်။ အခြားမည်သည့်လက်နက်မျှ အသုံးပြုခြင်းမရှိ သည့်တိုင် ခြေတစ်ချက်လှမ်းတိုင်း ထွက်ပေါ်လာသည့် စွမ်းအားက ပိုင်ရှောက်လျို၏ အတွင်းအားနှင့် သွေးလည်ပတ် မှုကို ရိုက်ခတ်နေလေသည်။ ထိုသို့ ရိုက်ခတ်မှုက သူ၏ အသား ကို ဓားဖြင့်မွှန်းနေသကဲ့သို့ နာကျင်ခံစားရလေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဝါးခမောက်နှင့်လူမှာ ပိုင်ရှော က်လျိုကို မသတ်ခင်တွင် သူ့ထံသို့ အလိုလို ဝပ်တွားလာ အောင် လုပ်ဆောင်နေသည်မှာ ထင်ရှားနေပေသည်။ ရှော့ရှီလေးက သူမ၏ ပါးစပ်နှင့်လက်များကို အမြန်သုတ် လိုက်သည်။ ထို့နောက် ရှိရှိသေသေဖြင့်ပင် ပိုးလက်ကိုင်ပုဝါ

လေးကို သူမ၏ကိုကိုထံသို့ ပြန်ပေးလိုက်လေသည်။ ဆန်းလျန်က လက်ကိုင်ပုဝါလေးကို ခပ်အေးအေးပင် ပြန်ယူလိုက်ရင်း...

"ရွှေဓားဘုရင်၊ ကျုပ်တို့မတွေ့တာ ဆယ့်ခုနစ်နှစ်ရှိပြီ၊ ခုထိ ကလေးတွေကို အနိုင်ကျင့်တတ်တုန်းပဲလား"

ဟု ပြောလိုက်လေတော့သည်။

ဆန်းလျန်၏ အသံမှာ ကျယ်လောင်ခြင်းမရှိပါ။ သို့သော် ဝင်ရောက်လာသည့် ခြေသံကိုတော့ လွှမ်းမိုးသွားနိုင်စွမ်းရှိလေသည်။ ထိုအသံမှာ အရပ်လေးမျက်နှာသို့ ပျံ့နှံ့ထိုးဖောက်သွားလေသည်။

ဝါးခမောက်ဆောင်းထားသူ၏ ခြေလှမ်းများ ရပ်တန့်သွားလေသည်။ ဆန်းလျန်မှာ သူ့ကို ကျောပေးထားခြင်းဖြစ်သောကြောင့် သူက ဆန်းလျန်၏ မျက်နှာကို မမြင်ရပါ။ သို့သော် ပြောလိုက်သည့်စကားသံရော မြင်နေရသည့် နောက်ကျောခိုင်း အနေအထားရောမှာ ရင်းနှီးနေသလို ခံစားရ

လေသည်။ သူသိသည့် တစ်စုံတစ်ယောက်များဖြစ်နေမည်လား ဟု တွေးမိလိုက်သည့်တစ်ဒင်္ဂ..... သူ မယုံကြည်နိုင်ဖြစ်သွားရလေသည်။

လူငယ်လေးပိုင်ရှောက်လျှိုမှာတော့ တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲစိုနေလေပြီ။ ခြေသံပျောက်ကွယ်သွားသည့်အခါတွင်တော့ ပိုင်ရှောက်လျှိုမှာ ကြမ်းပြင်ပေါ်သို့ကျသွားပြီး အသက်ကို မနည်းရှူနေရှာလေတော့သည်။

ဝါးခမောက်နှင့်လူက လူငယ်လေးကို တစ်ချက်ကြည့်လိုက်ပြီး ဆန်းလျန်ဘက်သို့လှည့်ကြည့်လိုက်သည်။ ထို့နောက် သူ ဆောင်းလာသည့် ဝါးခမောက်ကို ဖြည်းဖြည်းချင်း ချွတ်လိုက်လေသည်။ ထိုအခါ ဦးခေါင်းထက်ရှိ ဖြူဖွေးနေသည့်ဆံပင်များနှင့် မျက်နှာထက်ရှိငွေရောင် မုတ်ဆိတ်မွေးများကို ရှင်းရှင်းလင်းလင်း မြင်ရလေတော့သည်။ သူ၏ခန္ဓာကိုယ်ကြီး

မှာတော့ ဝက်သစ်ချပင်ကြီးကဲ့သို့ ထောင်ထောင်မောင်းမောင်း

နှင့် အားကောင်းသန်မာနေဆဲပင်။

သို့သော်... လွန်ခဲ့သည့်ဆယ်နှစ်ကျော်က ကိုင်ဆောင်ထားသည့်

ဓားကောက်ကြီးကိုတော့ ကိုင်ထားခြင်းမရှိပါ။ သူဓားမကိုင်

တော့သည်မှာ ကြာပြီဖြစ်လေသည်။

ဆယ်စုနှစ်တစ်ခုကျော်သည့်တိုင် သူ့မျက်နှာမှာ သိသိသာသာ

အိုမင်းသွားခြင်းမရှိသလို အရေးအကြောင်းများ ထင်နေခြင်း

လည်း မရှိသေးပေ။

"မင်းက ဆန်းလျန်လား"

ရွှေဓားဘုရင်က မေးလိုက်လေသည်။

ရွှေဓားဘုရင်မှာ နားမလည်နိုင်ဖြစ်နေရသည်။ ဆန်းလျန်မှာ

ယခုဆိုလျှင် အသက်သုံးဆယ်ကျော်ခန့်ရှိလောက်ပြီဖြစ်လေ

သည်။ သို့သော်...

ယခုတွေ့ရသည့်ဆန်းလျန်မှာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်က သူ

တွေ့ခဲ့ရသည့်ဆန်းလျန်နှင့် တစ်ပုံစံတည်း မပြောင်းမလဲ ငယ်ရွယ်နုပျိုနေဆဲ ဖြစ်နေလေသည်။ သူက နှလုံးသားမရှိသည့်လူသားတစ်ယောက်ဖြစ်ခဲ့သည့်တိုင် ဆန်းလျန်အပေါ်တော့ ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့သူ ဖြစ်လေသည်။

တစ်စုံတစ်ရာကို ရွှေဓားဘုရင် သတိပြုလိုက်မိလေသည်။ သူဓားကို စွန့်လွှတ်ခဲ့ပြီးသည့်နောက် သိုင်းပညာမှ အဆင့်တက်ကာ ကျင့်စဉ်လမ်းကို လိုက်ခဲ့လေသည်။ ကျင့်စဉ်လမ်းသို့ လိုက်ခဲ့ပြီးနောက်ပိုင်း သူ၏ စိတ်အာရုံများမှာ များစွာထက်မြက်လာခဲ့သလို သိုင်းစွမ်းမှာလည်း ဆယ်ဆခန့်ပိုပြီး အစွမ်းထက်လာခဲ့လေသည်။

သူ၏စိတ်တံခါးဝများပွင့်လာပြီး စိတ်အာရုံစူးစိုက်မှုအဆင့်များ မြင့်တက်လာလေသည်။ သို့သော် လူ့လောကတွင် မိုးမြေစွမ်းအားများ နည်းပါးလွန်းသည့်အတွက် နတ်ဘုရားကျင့်စဉ်များကို ထိရောက်စွာ ကျင့်ကြံနိုင်ခြင်းမရှိဖြစ်နေရလေသည်။

သူ့ဘဝတစ်ခုလုံး အထွဋ်ထိပ်ဆုံချက်ပွင့်ပြီး တရားအလင်းမရ မည်ကို သူက စိတ်ပူနေခဲ့လေသည်။

"စမ်းရေဓားကျမ်း" မှာ သူ၏ မျှော်လင့်ရာ ဖြစ်လေသည်။ ထိုဓားကျမ်းကို အစပိုင်းတွင် လူသိများခြင်း မရှိခဲ့ပါ။ သာမန်သိုင်းသင်တန်းကျောင်းလေးတစ်ကျောင်းမှ ထိုဓားကျမ်းကို သင်ကြားပေးနေခြင်းဖြစ်လေသည်။ ရုတ်တရက် ထိုသိုင်းသင်တန်းကျောင်းမှ ပါရမီရှင်သိုင်းသမားတစ်ယောက်ထွက်ပေါ်လာပြီး စမ်းရေဓားသိုင်းကိုအသုံးပြုကာ သိုင်းလောကထိပ်သီး ဆယ့်ရှစ်ယောက်ကို အနိုင်ယူခဲ့လေသည်။ အနိုင်ယူတိုက်ခိုက်ပြီးသည်နှင့် သူက မိုးပေါ်ပျံကာ ထွက်ခွာသွားမြဲ ဖြစ်လေသည်။

အဘယ်ကြောင့် ထိုကိစ္စမျိုးဖြစ်ရသည်ကို မည်သူမျှ မသိပေ။ သာမန်သိုင်းသင်တန်းကျောင်းလေးမှ တပည့်များပင်လျှင် အမှန်တရားကို မသိရှိကြပေ။

လွန်ခဲ့သည့် လအနည်းငယ်ခန့်ကတော့ သတင်းတစ်ခု ပျံ့နှံ့လာလေသည်။ သာမန်သိုင်းသင်တန်းကျောင်းလေးတစ်ခုလုံး ဖျက်စီးခံလိုက်ရပြီး တစ်ယောက်မကျန် သုတ်သင်ခံလိုက်ရသည်ဆိုသည့်သတင်းပင်။ သို့သော် သိုင်းသမားလူငယ်လေးတစ်ယောက်ကတော့ ထွက်ပြေးလွတ်မြောက်သွားလေသည်။

ထိုသိုင်းသင်တန်းကျောင်းလေးကို အမြစ်ပြတ်သုတ်သင်လိုက်သည်မှာ သိုင်းဂိုဏ်းတစ်ခုဖြစ်ပြီး ရွှေဓားဘုရင်မှာ ထိုသိုင်းဂိုဏ်းနှင့် ထဲထဲဝင်ဝင် ပတ်သက်မှုရှိလေသည်။ ထို့ကြောင့် သူက ထိုကိစ္စများနှင့်ပတ်သက်ပြီး အသေးစိတ်ကို သိရှိထားလေသည်။

ရွှေဓားဘုရင်မှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်ပြီး ဝိညာဉ်ဂျင်ဆင်းကိုသာ ကံကောင်းထောက်မစွာဖြင့် စားသုံးခွင့်မရခဲ့လျှင် ယနေ့ရောက်ရှိနေသည့်အဆင့်သို့ တက်လှမ်းနိုင်မည်မဟုတ်ပေ။

သူက အသက်ကြီးလာသည်နှင့်အမျှ အခြားသူများက ရန်မူ
မည်ကို သံသယလွန်နေကာ ဘဝကိုလည်း ပိုပြီး ဖက်တွယ်လာ
လေသည်။ ထို့ကြောင့် သူက ကျင့်စဉ်လမ်းအောင်မြင်ရန်
အတွက် မည်သည့်အရာကိုမဆို လက်မလွှတ်စတမ်း ရယူမည်
ဖြစ်လေသည်။

"ကျုပ်ကိုမှတ်မိသေးတယ်မလား ၊ ခင်ဗျားအသက်ကြီးသွားလို့
သတိတွေမေ့မသွားသေးပါဘူးနော်"

ဆန်းလျန်က ပြောလိုက်လေသည်။

ရွှေစားဘုရင်မှာ တစ်ခဏမျှ တိတ်ဆိတ်ငြိမ်သက်သွားလေ
သည်။ ပြီးမှ ပိုင်ရှောက်လျိုကို လက်ညှိုးထိုးလိုက်ပြီး....

"မင်းက ဒီကောင်လေးကို ကာကွယ်ပေးနေတာဆိုရင်တော့
ကျုပ်သွားတော့မယ်"

ဟု ပြောလိုက်လေတော့သည်။

လွန်ခဲ့သည့် ဆယ်နှစ်ကျော်ခန့်ကပင် သူက ဆန်းလျန်ကို အနိုင်ရခဲ့သူမဟုတ်ပေ။ ယခုအချိန်တွင် ဆန်းလျန်၏ အဆင့်မှာ မည်မျှမြင့်မားနေပြီဖြစ်ကြောင်း သူ့အနေဖြင့် ခန့်မှန်း၍ပင်မရတော့ပေ။

ထိုင်နေရင်းဖြင့် သူ့ကို ပြုံးပြနေသည့် ဆန်းလျန်၏ မျက်နှာကို မြင်ရသည်မှာပင် သူ့ထက်များစွာ အဆင့်မြင့်သည့် ပုံပေါက်နေလေသည်။ သူက ဆန်းလျန်နှင့်ပင် မျက်လုံးချင်း မဆုံရဲလောက်အောင် ဖြစ်နေမိလေသည်။ ဆန်းလျန်ထံမှ ခြိမ်းခြောက်နေသည့် အငွေ့အသက်များကို ခပ်ပါးပါးလေး ခံစားနေရလေသည်။

လွန်ခဲ့သည့် ဆယ့်ခြောက်နှစ်ကပင် ဆန်းလျန်မှာ သိုင်းလောကတွင် ဆရာတစ်ဆူဖြစ်လေသည်။ ထိုအချိန်တုန်းက ထိုလူငယ်လေးမှာ အရွယ်ပင်မရောက်သေးပေ။ ယခုအချိန်မှာတော့ မ

ခန့်မှန်းနိုင်လောက်အောင် အဆင့်မြင့်သည့် ပညာရှင်တစ်ယောက်ဖြစ်နေပေပြီ။

"ဒါဖြင့် ခင်ဗျားသွားပေတော့"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ရွှေစားဘုရင်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ပိုင်ရှောက်လျိုကို လှည့်ပင်မကြည့်တော့ပေ။

သူက ဝါးခမောက်ကို ပြန်ဆောင်းလိုက်ပြီး ထွက်ခွာရန် ပြင်ဆင်လိုက်လေသည်။

ထိုအချိန်တွင် ဆိုင်ရှင်အမျိုးသမီးက ဝင်ပြောလိုက်သည်။

"ပျက်စီးသွားတဲ့ စားပွဲကုလားထိုင်ဖိုးတွေရယ် ၊ ဒီကောင်လေး ဆေးကုသစရိတ်ရယ် လျော်ကြေးမပေးရင် ထွက်သွားဖို့တော့ မစဉ်းစားနဲ့နော်"

ရွှေစားဘုရင်မှာ အနည်းငယ်ဒေါသထွက်သွားပြီး နှာတစ်ချက်မှုတ်လိုက်လေသည်။

"ဒီလောက်ပိုက်ဆံလေးကတော့ ခင်ဗျားတတ်နိုင်ပါတယ်ဗျာ ၊ သူမက အလျော်တောင်းမှတော့ ပေးလိုက်တော့ပေါ့ ၊ ပြီးတော့ ကျုပ်စားထားတာလေးတွေပါ တစ်ခါတည်းရှင်းသွားပေးရင် အရမ်းကောင်းမှာပဲ"

ဆန်းလျန်၏အသံက ထပ်မံထွက်ပေါ်လာလေသည်။

ရွှေစားဘုရင်မှာ သူ၏ဒေါသများကိုမျိုသိပ်ကာ ငွေရှင်းကောင်တာရှေ့သို့သွားလိုက်ပြီး ငွေတုံးတစ်တုံး ချပေးလိုက်လေသည်။ ငွေတုံးမှာ ကောင်တာထဲတွင်နစ်မြုပ်ဝင်သွားလေသည်။

"ဒီမှာပိုက်ဆံ"

ဟု သူက ရေရွတ်လိုက်လေသည်။

သူ့ဘဝတစ်လျှောက်လုံးတွင် ဤမျှလောက် တစ်ခါမှ အရှက်မကွဲခဲ့ဖူးပေ။

ရွှေဓားဘုရင်ထွက်ခွာသွားသည်နှင့် ဆန်းလျန်က ရော့ရှီလေးကို ကောက်ချီလိုက်ပြီး ထွက်ခွာသွားရန် ပြင်ဆင်လိုက်လေသည်။

ဆိုင်ရှင်အမျိုးသမီးက ဆန်းလျန်ဆီသို့ လျှောက်လာလေသည်။ ရွှေဓားဘုရင်ထားခဲ့သည့် ကောင်တာပေါ်မှ ငွေတုံးလေးကို သူမလက်ထဲတွင် ကိုင်ထားလေသည်။

"ရှင်က တကယ်စိတ်ထားကောင်းတာပဲ သခင်လေး ၊ အဘိုးကြီး အသက်ကိုတောင်ကယ်လိုက်တယ်"

သူမက ပြောလိုက်လေသည်။

သူမပြောသည့် စကား၏ အဓိပ္ပါယ်ကို ဆန်းလျန်နားလည်လိုက်ပါသည်။ ဆန်းလျန်ကြောင့်သာမဟုတ်လျှင် သူမက ရွှေဓားဘုရင်နှင့် ကိစ္စရှင်းမည်ဖြစ်လေသည်။ ရွှေဓားဘုရင်မှာ ဆိုင်ရှင်အမျိုးသမီးကို ယှဉ်နိုင်မည်မဟုတ်ပေ။ ထိုအချက်ကို ဆန်းလျန် သိထားလေသည်။

ထို့ကြောင့်ပင် ဆန်းလျန်က ရှေ့ဓားဘုရင်ကို ပိုက်ဆံအလျော်ပေးဖို့ ပြောလိုက်ရခြင်းဖြစ်လေသည်။ ငွေသားတစ်တုံးမှာ လူ့အသက်တစ်ချောင်းက ပိုပြီးတန်ဖိုးရှိသည် မဟုတ်ပါလား။

"ကျုပ်တို့အချင်းချင်း သိကြတဲ့သူတွေမို့လို့ ဒီလိုမျိုးလုပ်လိုက်တာပါ ၊ ကျုပ်တို့က နီးစပ်ကြတဲ့သူတွေပါ ၊ ခင်ဗျားအတွက် သိပ်ပြီးပြဿနာမရှိဘူးဆိုရင် အချိန်ကြာလာတာနဲ့အမျှ ရပ်တန့်နိုင်သွားမှာပါ ဆိုင်ရှင်အစ်မ"

ဆိုင်ရှင်အမျိုးသမီးမှာလည်း ကျင့်ကြံသူတစ်ယောက်ဖြစ်ကြောင်း ဆန်းလျန်သိထားလေသည်။ သို့သော် သူမသည် မည်သည့် နတ်ဘုရားကျောင်းတော်မှ တပည့်ဖြစ်သည်ကို ဆန်းလျန်မသိပါ။ ထို့အတူ သူမကျင့်ကြံနေသည့် ကျင့်စဉ်ကိုလည်း ဆန်းလျန်မသိပါ။

"ကျွန်မကို ဆိုင်ရှင် အစ်မလို့ မခေါ်ပါနဲ့၊ ရှင့်နာမည်က ဆန်းလျှ
န်မလား၊ "လျှန်" ဆိုတဲ့စာလုံးက ဘာအဓိပ္ပါယ်လဲဆိုတာ သိခွင့်
ရှိနိုင်မလား"

သူမက မေးလိုက်လေသည်။

သူမ၏ မျက်ခုံးလေးများက လှပစွာ တွန့်ချိုးသွားသည့်အခါ
တွင်တော့ မျက်လုံးထောင့်မှဘာအရေးအကြောင်းလေးများကို
မြင်ရလေသည်။

"ရွှေစင်သတ္တု လို့အဓိပ္ပါယ်ရတဲ့ "လျှန်"ပါ၊ ဒါပေမယ့် ကျုပ်ကို
ချင်းရှ လို့ ခေါ်လို့ရပါတယ်"

ဆန်းလျှန်က ယဉ်ကျေးစွာပင် ပြန်ပြောလိုက်လေသည်။

"ကျွန်မမျိုးရိုးနာမည်က "ကျိုး" ပါ၊ ကျိုးမင်းဆက်ရဲ့ ကျိုးမျိုး
နွယ်ပေါ့၊ နာမည်ကတော့ "လင်" ပါ၊ ခွက်ဖလားလို့ အဓိပ္ပါယ်
ရတဲ့ "လင်" ပါ"

ဆိုင်ရှင်အမျိုးသမီးက သူမကိုယ်သူမ မိတ်ဆက်လိုက်လေ

သည်။

ဆန်းလျန်က ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ရော့ရှီလေးကို

ခေါ်ကာ ထွက်ခွာလာခဲ့လေတော့သည်။ "ကျိုး" မင်းဆက်၏

မျိုးနွယ်မှာ "ကျိုး" ဖြစ်သကဲ့သို့ လက်ရှိ ဘုရင်မကြီး၏ မျိုး

နွယ်မှာလည်း "ကျိုး" ဖြစ်သည်ဟု ဆန်းလျန်တွေးနေမိလေ

သည်။

ပိုင်ရှောက်လျိုမှာ ထိုသူနှစ်ယောက်ပြောနေသည့် စကားများကို

နားထောင်နေသည့်တိုင် တစ်လုံးမျှ နားမလည်ပေ။ သို့သော်...

ဆန်းလျန်မှာ ထိုညက သူ့ကို ကယ်တင်ခဲ့သည့်သူမှန်းမှတ်မိ

သွားလေတော့သည်။

သူက မတ်တပ်ရပ်ရန် ကြိုးစားသော်လည်း မထနိုင်ဖြစ်နေရ

လေသည်။ သူ့ပါးစပ်များမှာလည်း ခြောက်သွေ့နေပြီး စကား

သံလည်း ထွက်မလာနိုင်ပေ။ သူက ဆန်းလျန်နှင့် ရော့ရှီထွက်

ခွာသွားသည်ကို ငေးကြည့်ရုံသာ တတ်နိုင်ခဲ့လေသည်။

သူ၏ရင်ထဲတွင်တော့ ဆန်းလျန်အပေါ်တွင် အသက်နှစ်ချောင်း

စာ အကြွေးတင်သွားပြီဖြစ်ကြောင်း တွေးနေမိလေတော့သည်။

အခန်း (၁၀၆)

ပြုစားခံရခြင်း

နွေရာသီဖြစ်သည့်အတွက် နေ့တာရှည်လေသည်။

ဆန်းလျန်၏ "ရှင်သန်ခြင်းမရဏ" ဆေးခန်းလေးမှာ လမ်းမ

ရှည်ပေါ်တွင် တည်ရှိလေသည်။ ထိုလမ်းမရှည်ကြီးမှာ ဆန်းတု

မြို့တော်တွင် ရှေးအကျဆုံးလမ်းများထဲမှ တစ်ခုဖြစ်သည်။ လက်ရှိဘုရင်မကြီးမှာ အမြဲတမ်းရှေ့ကို ကြိုမြင်တတ်သူဖြစ်လေသည်။ ထို့ကြောင့် သူမ၏ အုပ်ချုပ်မှုအောက်တွင် ဆန်းတုမြို့တော်မှာ ပြန်လည်တိုးတက်လာခဲ့လေသည်။ လူနေထူထပ်ပြီး သန့်ရှင်းသည့် မြို့တော်ကြီးတစ်ခုဖြစ်လာခဲ့ရသည်။ ဤလမ်းမကြီးမှာ ဘုရင့်နန်းတော်နှင့်နီးသည့် ရှေးကျသည့် လမ်းမကြီးတစ်ခုဖြစ်သော်လည်း လူအများမှာ ပြောင်းရွှေ့ သွားကြလေသည်။

ဆန်းလျန်မှာ အခြားလမ်းသို့ ပြောင်းရွှေ့သွားသည့်လူတစ်ဦးထံမှ ဆေးခန်းလေးကို ဝယ်ယူထားခဲ့ခြင်း ဖြစ်လေသည်။ ပတ်ဝန်းကျင်လည်းကောင်းသလို လုံခြုံစိတ်ချရသည့် နေရာလေးဖြစ်လေသည်။

ဆေးခန်းတံခါးမှာ တစ်ဝက်ပိတ်ထားလေသည်။ ညနေခင်း
နေရောင်ခြည်မှာ တံခါးပေါ်သို့ ဖြာကျနေလေသည်။
ပတ်ဝန်းကျင်သည် လွန်စွာမှ တိတ်ဆိတ်နေလေသည်။
လှည်းဘီးသံများက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေသည်။
မြင်းရထားကိုမောင်းလာသူမှာ ကျောက်ရှန့် ဖြစ်လေသည်။ ထို
စဉ် က်တစ်ဖက်က မြင်းလှည်း လိုက်ကာကို ဖွင့်ကြည့်လိုက်
လေသည်။ မြင်းလှည်းလိုက်ကာကို ဖွင့်လိုက်သည့်လက်မှာ
ပြည့်ပြည့်ဖြိုးဖြိုးနှင့် ကြည့်ကောင်းသော လက်ဖြစ်လေသည်။
လူတစ်ယောက်၏ အကြောင်းကို လက်များမှ တစ်ဆင့် သိနိုင်
လေသည်။ အလုပ်ကြမ်းများလုပ်ရခြင်းမရှိသည့် ကြွယ်ဝ
ချမ်းသာသည့် မျိုးရိုးမှ လူများသာလျှင် ထိုကဲ့သို့ ကြည့်
ကောင်းသည့် လက်များကို ပိုင်ဆိုင်နိုင်လေသည်။ သို့သော်
အလုပ်လုပ်ရသည့်တိုင် လှပနေဆဲဖြစ်သည့် ဖူမန်လော်မှ
ဆိုင်ရှင်အမျိုးသမီးကတော့ ခြွင်းချက်ဖြစ်လေသည်။

ကျောက်ရှန့် လှမ်းမခေါ်မီမှာပင် ဆေးခန်းတံခါး ပွင့်သွားပြီ

ဖြစ်လေသည်။ ပန်းနုရောင်အသားအရေရှိပြီး ချစ်စရာ

မိန်းကလေးငယ်လေးတစ်ယောက် ထွက်လာလေသည်။ သူမ

က ကျောက်ရှန့်နှင့် သက်လတ်ပိုင်းအရွယ် လူတစ်ယောက်ကို

တွေ့သည်နှင့် အရိုအသေပေးလိုက်လေသည်။

"သမီးရဲ့အစ်ကိုက ဆေးခန်းထဲမှာ ဦးလေးလာတာကို စောင့်နေ

ပါတယ်"

ဟု ပြောလိုက်လေသည်။

ကျောက်ရှန့်က သက်လတ်ပိုင်းအရွယ် လူကြီးကို တစ်ချက်ပြုံး

ပြလိုက်ပြီး....

"ခရီးတွေ ဒီလောက်သွားပြီးမှ နောက်ဆုံး ဒီနေရာကိုတွေ့

တယ်"

ဟု ပြောလိုက်လေသည်။

ဆန်းလျှန်ကလည်း သူ၏ဆေးခန်းသို့ ပထမဆုံးလာရောက်ကု သသည့် လူနာကို ရှော့ရှီလေးအား ကြိုဆိုခိုင်းလိုက်ခြင်းပင် ဖြစ်လေသည်။

သက်လတ်ပိုင်းအရွယ်လူကြီး၏ မျက်နှာမှာ သွေးရောင်မရှိ ဖြူ ဖျော့နေလေသည်။ သူ၏ မျက်နှာပေါက်မှာ ကျောက်ရှန်နှင့် ဆင်တူသော်လည်း ပိုပြီးနူးညံ့နွေးထွေးသည့်ပုံရလေသည်။ မျက်ကွင်းများညိုနေပြီး ကောင်းစွာ အိပ်စက်ရခြင်းမရှိသည့် လက္ခဏာဖြစ်လေသည်။ သူ့ကိုကြည့်ရသည်မှာ နွမ်းလျနေလေ သည်။

သို့သော်... နွမ်းလျနေသည့်တိုင် သူ၏ပုံစံမှာ အင်မတန်မှ ရည် ရည်မွန်မွန်ရှိလေသည်။

"ဦးလေးတို့ရောက်လာတာ သမီးရဲ့အစ်ကိုက ဘယ်လိုများသိ တာလဲကွယ်"

သူ၏အသံကိုနားထောင်ကြည့်လိုက်သည်နှင့် အားအလွန်နည်းနေပြီး စကားပြောရန်ပင် မနည်း အားစိုက်နေရသည်မှာ သိသာနေလေသည်။

"သမီးရဲ့အစ်ကိုက နတ်ဘုရားတစ်ပါးပါ၊ ဒါကြောင့်မို့လို့ ဦးလေးတို့လာမယ်ဆိုတာ ကြိုသိနေတာပါ"

ရှော့ရှီက သူမ၏ကိုကိုအတွက် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်ဖြေလိုက်လေသည်။ ကျောက်ရှန့်ကို ကြည့်မရသည့်တိုင် ဤဦးလေးကိုတော့ သူမ သဘောကျမိလေသည်။ သို့သော် ဤဦးလေးကြီး၏ပုံမှာ အင်မတန်မှ တုံး အ သည့်ပုံပေါက်နေသည့်ဟု သူမတွေးမိလေသည်။

သက်လက်ပိုင်းအရွယ်လူကြီးက ကိုယ်ကို ရှေ့သို့ကိုင်းညွတ်လိုက်ပြီး....

"သမီးရဲ့အစ်ကိုက နတ်ဘုရားဆိုတော့ သမီးကရောကွယ်...."

ရှော့ရှီက နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ရင်း...

"သမီးကတော့ နတ်သမီးလေးပေါ့"

ဟု ပြန်ဖြေလိုက်လေသည်။

သွက်လက်သော ကလေးမကို သက်လတ်ပိုင်းအရွယ်လူကြီးက သဘောအကျကြီး ကျသွားလေသည်။

သက်လတ်ပိုင်းအရွယ်လူကြီးက သူ၏ခါးစည်းကြိုးတွင်ချည်ထားသည့် ပုတီးလေးတစ်ကုံးကို ဖြုတ်လိုက်ပြီး...

"သမီးက ခုန ဦးလေးကို ဂါရဝပြုတာ အင်မတန်ယဉ်ကျေးတာပဲ ၊ ဦးလေးက ဘာလက်ဆောင်မှ မယူခဲ့မိဘူးကွယ် ၊ ဒါကြောင့် ဒီပုတီးလေးကိုပဲ လက်ဆောင်အဖြစ်လက်ခံပါနော်"

ဟု ပြောလိုက်လေသည်။

ကျောက်ရှန့်မှာ ထိုအပြုအမူကြောင့်များစွာ အံ့အားသင့်သွားရပြီး တစ်ခုခုဝင်ပြောရန် ပြင်လိုက်လေသည်။ သို့သော် သက်လတ်ပိုင်းအရွယ်လူကြီးက အကြည့်တစ်ချက်ဖြင့်ပင် ဝင်မပြောရန် တားဆီးလိုက်သည်။ ထိုပုတီးကြိုးလေးမှာ အဘွား

ဖြစ်သူမှ သူ၏ဖခင်ကို ပေးထားခဲ့သည့် ပုတီးလေးဖြစ်ပြီး

သူ၏ဖခင်မှာ ထိုပုတီးလေးကို ကိုယ်နှင့်မကွာ အမြဲတမ်း

ဆောင်ထားလေ့ရှိလေသည်။ ထိုပုတီးလေးလက်ဆောင်ပေးစဉ်

က အစိပ္ပါယ်များစွာ မပါဝင်သည့်တိုင် တန်ဖိုးထားသင့်သည့်

လက်ဆောင်တစ်ခုဖြစ်သည့်အတွက် သူ၏ ဖခင်အနေဖြင့်

အခြားသူများကို ပေးမပစ်သင့်ဟု ကျောက်ရှန့်တွေးနေမိသည်။

ရှော့ရှီလေးက လက်နှစ်ဖက်စုပ် အရိုအသေပြုလိုက်ရင်း

ဦးခေါင်းကို ခါယမ်းလိုက်သည်။

"သမီး လက်မခံချင်ပါဘူး"

ဟု ပြောလိုက်လေသည်။

သို့သော် ရုတ်တရက်ပင် သူမစိတ်ပြောင်းသွားရလေသည်။

"သမီးရဲ့အစ်ကိုက လက်ခံလိုက်ပါလို့ပြောနေတယ်၊ သမီးလက်

ခံပါ့မယ်"

ဟု ပြောလိုက်လေသည်။

သူမက ထိုဦးလေးကြီးမှ ပုတီးကြိုးလေးအား သူမခါးစည်း
ကြိုးတွင် ချည်နှောင်ပေးစေရန်
လက်နှစ်ဖက်ကို ဘေးသို့ဆန့်တန်းပေးလိုက်လေသည်။
သက်လတ်ပိုင်းအရွယ်လူကြီးမှာ တစ်ချက်ပြုံးလိုက်လေသည်။
သူမက ဆန်းလျှန်စကားကို အဘယ်ကြောင့် ထိုမျှနားထောင်ရ
သည်လည်း ဆိုသည်ကိုတော့ မေးမနေတော့ပါ။ သူက ပုတီး
ကြိုးလေးကို ကလေးမလေး၏ ခါးစည်းကြိုးထက်တွင် ချည်
ပေးလိုက်လေသည်။
ပုတီးလေးတွင် ကျောက်စိမ်းရင့်ရောင် ပုတီးစေ့ကိုးလုံးပါဝင်
လေသည်။ ပုတီးစေ့လေးများမှာ တင်းကြပ်နေခြင်းမျိုးမရှိဘဲ
အနေအထားမှန်မှန်နှင့် လှပလေသည်။ ပုတီးကြိုးလေးမှာ ရော့
ရှီလေး၏ ခါးစည်းကြိုးထက်တွင် အဆင်ပြေပြေနှင့် လှပစွာ
ချည်နှောင်ထားပြီး ဖြစ်သွားလေတော့သည်။

ဆန်းလျန်မှာ ခြံဝန်းထဲတွင် ရှိနေလေသည်။ လက်ဖက်ရည်တစ်အိုးနှင့် လက်ဖက်ရည် ပန်းကန်များ ပြင်ဆင်ထားလေသည်။ သက်လတ်ပိုင်းအရွယ်လူကြီးမှာ ခြံဝန်းထဲသို့ လမ်းလျှောက်ဝင်လာရသည့်အတွက် ချွေးများပင် ထွက်ကာ မောပန်းနေလေသည်။ ကျောက်ရှန့်က သူ၏ဖခင်ကို ထိုင်နိုင်ရန် ကူညီပေးလေသည်။

သက်လတ်ပိုင်းအရွယ်လူကြီးက အားတင်းပြီး မော့ကြည့်ကာ ဆန်းလျန်ကို အကဲခတ်လိုက်သည်။ သို့သော်... မည်သူကမျှ စကားစတင်ပြောဆိုခြင်း မရှိကြပါ။

နောက်ဆုံးတွင်တော့ ကျောက်ရှန့်ကသာ စတင် စကားပြောဆိုလိုက်ရလေတော့သည်။

"ကျုပ်အဖေ ဘာရောဂါခံစားနေရတယ်ဆိုတာ မင်းပြောပြနိုင်မလား"

"အိမ်မိရှေ့စံမင်းသား ၊ အမြင်တွေဝေဝါးနေမယ် ၊ မကြာခဏ ခေါင်းမူးမယ် ၊ အရမ်းအိပ်ချင်ပေမယ့် အိပ်လို့မပျော်ဖြစ်နေမယ် ၊ အဲဒီလိုရောဂါလက္ခဏာတွေ ခံစားနေရသလား"

ဆန်းလျန်က အေးဆေးစွာပင်မေးလိုက်လေသည်။

"အမှန်ပါပဲ ၊ ပထမတော့ သိပ်သတိမထားမိဘူး ၊ ရက်တွေကြာလာတော့ အရမ်းသိသာလာတယ် ၊ ကျုပ်ဆားနည်းတွေအများကြီး စမ်းသပ်ကြည့်ပြီးပြီ ၊ ဒါပေမယ့် တစ်နေ့တခြား ပိုပိုဆိုးလာတာပဲ"

သူ ပြောလိုက်လေသည်။

နန်းတွင်းသမားတော်ကြီးများပင် ရောဂါအဖြေကို ရှာမတွေ့နိုင်ကြပေ။ နောက်ဆုံးတွင်တော့ အိပ်မပျော်သည့် ရောဂါဟုသာ အမည်တပ်လိုက်ကြလေသည်။ နန်းတွင်းပြင်ပမှ သမားတော်များမှာလည်း အဖြေရှာမရသည့်အတွက် ထိုသို့ပင် အမည်တပ်ကြလေသည်။

အိပ်ဆေးများသောက်သည့်တိုင် သူ၏အခြေအနေမှာ တိုးတက်ခြင်းမရှိပေ။ ညဘက်တွင်အိပ်မပျော်နိုင်ဖြစ်ရပြီး နေ့ဘက်တွင် နွမ်းလျှန်းချိနေရလေသည်။

ထိုကဲ့သို့ ရောဂါဆိုးကိုခံစားနေရသည့်တိုင် သူက တိုင်းပြည်အရေးအတွက် အလုပ်လုပ်နေဆဲ ဖြစ်လေသည်။ သူ၏အခြေအနေမဟန်မှုကို ဘုရင်မကြီးက သတိပြုမိသည့်တိုင် တစ်ခွန်းမျှ မေးမြန်းခြင်း မရှိခဲ့ပေ။

"ဒီရောဂါလက္ခဏာတွေသိရမှတော့ ကျွန်တော် ချက်ချင်းကုသပေးပါ့မယ် ၊ နေမကောင်းဖြစ်ရတဲ့မူလအကြောင်းအရင်းကို ကုသနိုင်ဖို့အတွက် ဆေးစာအသစ်ရေးပေးလိုက်မယ် ၊ သုံးချင်သုံး မသုံးချင်လဲနေပေါ့"

ဆန်းလျန်က သူ၏စရိုက်အတိုင်း နူးညံ့စွာပင် ဆိုလေသည်။

"အမြင်တွေမကြည်လင်တာနဲ့ ခေါင်းမူးတာပျောက်အောင် အရင်ကုသပေးပါလားဗျာ"

သက်လတ်ပိုင်းအရွယ်လူကြီးက ပြောလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒီအတွက်ဆေးက ရှိပြီးသားပါ"

ဟု ပြောလိုက်လေသည်။

သူက အင်းချပ်စာရွက်လေးတစ်ရွက် ထုတ်ယူလိုက်ပြီး အင်းချပ်လေးက ဆန်းလျန်၏ လက်ထဲတွင် အလိုလို မီးလောင်ကျွမ်းသွားလေသည်။ မီးလောင်သွားသည့်အင်းစာရွက်လေး၏ ပြာမှုန့်များကို ဆန်းလျန်က လက်ဖက်ရည်ပန်းကန်လေး အတွင်းသို့ ထည့်လိုက်သည်။ ဆန်းလျန်က လက်ဖက်ရည်ပန်းကန်လေးကို လက်ဝါးပေါ်တင်ကာ လှည့်လိုက်သည်။ လက်ဖက်ရည်ပန်းကန်လေးမှာ ဆန်းလျန်၏ လက်ပေါ်တွင် မွတ်နေအောင် လည်နေသည့်တိုင် လက်ဖက်ရည်တစ်စက်မှ ဖိတ်စင်သွားခြင်း မရှိပေ။

ဆန်းလျန်က လှည့်နေသည်ကို ရပ်တန့်လိုက်သည်နှင့်

လက်ဖက်ရည်ပန်းကန်အတွင်းရှိ ရေများမှာလည်း ချက်ချင်း

ပင် လှိုင်းတစ်ချက်မထဘဲ တည်ငြိမ်သွားလေသည်။ ထိုသို့ဖြစ်

သွားသည်မှာ ရူပဗေဒသဘောတရားကို လုံးလုံးဆန့်ကျင်နေ

လေသည်။ ထိုသို့ ရိုးရှင်းလှသည့် လက်လှည့်ပညာကိုပင်

သက်လတ်ပိုင်းအရွယ်လူကြီးမှာ တအံ့တသြဖြစ်နေလေသည်။

အင်းချပ်ပြာမှုန့်များမှာ လက်ဖက်ရည်ပေါ်တွင် ပေါလောမျော

နေလေသည်။

ဆန်းလျန်က လက်ဖက်ရည်ပန်းကန်လေးကို အိမ်ရှေ့မင်းသား

ထံသို့ ကမ်းပေးလိုက်လေသည်။

"ဒီအင်းပြာရေကို သောက်လိုက်ပါ"

ဟု ပြောလိုက်လေသည်။

ကျောက်ရှန့်က....

"ဆန်းလျန် ၊ မင်းနောက်မနေနဲ့နော်"

ဟုပြောလိုက်လေသည်။

သူ၏ဖခင်ကိုခေါ်လာခြင်းမှာ ဆေးကုသရန်အတွက်ဖြစ်ပြီး ဘာမှန်းမသိသော အင်းပြာရည်များကို သောက်ခိုင်းဖို့မဟုတ်ပေ။

"ဒီအင်းပြာရည်က စိတ်ချရပါတယ် ၊ မဟုတ်ရင် မင်းရဲ့ နန်းတွင်းသမားတော်တွေကိုခေါ်ပြီး သောက်သင့်မသောက်သင့် စစ်ကြည့်ခိုင်းပြီး လူတစ်ယောက်လောက်ကို စမ်းပြီးသောက်ခိုင်းလိုက်ပါ ၊ အန္တရယ်ကင်းတယ်ထင်မှ သောက်ချင်လဲ သောက်ပေါ့လေ"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

ကျောက်ရှန့်မှာ ဆန်းလျန်စကားကြောင့် အိုးတိုးအန်းတန်းပင်ဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် သူ့စိတ်ထဲတွင်တွေးနေသည့် အတွေးများအတိုင်း ဆန်းလျန်က အတိအကျ ပြောချလိုက်သောကြောင့် ဖြစ်လေသည်။

အိမ်ရှေ့မင်းသားက....

"ဒါက မှော်ဆေးပညာပဲ ၊ ရှန့်အော် ၊ လူတစ်ဖက်သားကို

လျှောက်အပြစ်တင်မနေနဲ့"

ဟု ပြောလိုက်လေသည်။

ရှေးခေတ်ရှေးအခါကပင် အင်းနှင့်မန္တန်ပညာကို ဆေးကုသ

ရာတွင် အသုံးပြုခဲ့ကြလေသည်။ သို့သော်... ယခုကဲ့သို့

နဖူးတွေ့ဒူးတွေ့ ကြုံဖူးသည်မှာ အိမ်ရှေ့စံမင်းသားအတွက်

ပထမဆုံး အကြိမ်ပင် ဖြစ်လေသည်။

သူက ဆန်းလျှန်ထံမှ လက်ဖက်ရည်ပန်းကန်ကိုယူလိုက်ကာ

တစ်ခွက်လုံးကုန်သည်အထိ မော့သောက်လိုက်လေသည်။

သူ့ဖခင်၏ ပြတ်သားလှသည့်အပြုအမူကြောင့် ကျောက်ရှန့်မှာ

အံ့သြခြင်းမက အံ့သြနေလေတော့သည်။ ဤသည်ကိုကြည့်

ခြင်းအားဖြင့် ဖခင်ဖြစ်သူအိမ်ရှေ့မင်းသားမှာ ဆန်းလျှန်အပေါ်

မည်မျှယုံကြည်ကြောင်း သက်သေပြနေလေသည်။

အင်းပြောလက်ဖက်ရည်ကိုသောက်ပြီးသည်နှင့် အိမ်ရှေ့မင်းသားမှာ အသက်နှစ်ချက်မျှ ရှူလိုက်လေသည်။ ထို့နောက် ချက်ချင်းပင် ပျို့တက်လာကာ ကျောက်ရှန့်ရှေ့တွင်ပင် အန်ချလိုက်လေတော့သည်။ သူသောက်ခဲ့သည့် ရေအနည်းငယ်နှင့်အတူ တွန့်လိမ်ကာ အသက်ရှင်သန်နေသည့် အနက်ရောင်သန်ကောင်တစ်ထွေးကိုပါ အန်ချလိုက်ခြင်းဖြစ်လေသည်။ ထိုသန်ကောင်များကို ကျောက်ရှန့်ကိုယ်တိုင်လည်း ရှင်းလင်းစွာမြင်တွေ့လိုက်ရလေသည်။

အနက်ရောက်သန်ကောင်များမှာ တစ်ချက်ခုန်လိုက်ပြီး အနက်ရောင်အငွေ့များအဖြစ် အငွေ့ပျံ သွားကြလေသည်။ ဆန်းလျန်က လက်ဖျောက်တစ်ချက်တီးလိုက်တော့ တဝီဝီမြည်သံများထွက်လာကာ အနက်ရောင်အငွေ့များ ပျောက်ကွယ်သွားကြလေသည်။

ကျောက်ရှန့်မှာ ကြက်သေသေသွားရလေသည်။ သူက ဖခင်ဖြစ်သူကိုတစ်ချက်ကြည့်လိုက်ပြီးမှ ဆန်းလျန်ကို လှမ်းကြည့်လိုက်သည်။

"အစ်ကိုဆန်း ၊ အဲဒါဘာတွေလဲ"

"ဒါက ပြုစားထားတဲ့သန်အောင်တွေပဲ ၊ ဒီသန်ကောင်တွေကြောင့် အိမ်ရှေ့စံမင်းသားက ရောဂါဝေဒနာတွေ ခံစားနေရတာ ၊ ခုတော့ အားလုံးကောင်းသွားပါပြီ"

ဆန်းလျန်က ပြန်ဖြေလိုက်လေသည်။

အိမ်ရှေ့စံမင်းသားက ပျို့အန်ခြင်းရပ်သွားလေသည်။ သူက အနည်းငယ်ပြုံးလိုက်ရင်း....

"ပြုစားခံထားရတယ်လို့ ဘယ်သူထင်မှာလဲ ၊ နန်းတွင်းသမားတော်တွေ မကုသနိုင်တာ မအံ့သြတော့ပါဘူး ၊ ဒါပေမယ့် ဘယ်သူက ဒီလိုမျိုး ပြုစားရဲရတာလဲ"

ဟု အိမ်ရှေ့စံမင်းသားက ပြောလိုက်လေသည်။

အိမ်ရှေ့စံမင်းသား၏ မျက်နှာတွင် သွေးရောင် ပြန်လွှမ်းလာ

လေသည်။ သို့သော် သူက မျက်မှောင်ကြုတ်ထားလေသည်။

ဘုရင့်နန်းတော်တွင် အောက်လမ်းပညာအသုံးမပြုရန်တားမြစ်

ထားလေသည်။ ထို့ပြင် သူ၏မိခင် ဘုရင်မကြီးမှာ ထိုသို့ မ

ကောင်းသောအတတ်သုံးနေသည်ကို ရိပ်မိပါက အဘယ့်

ကြောင့် အရေးမယူဘဲနေရပါသနည်း။

....

အိမ်ရှေ့စံမင်းသားနှင့် ကျောက်ရှန့်မှာ သူတို့၏ မြင်းရထားဆီ

သို့ ပြန်လာကြလေသည်။

အပြင်ဘက်တွင် သူတို့သားအဖ ဘုရင့်နန်းတော်မှ ထွက်လာ

ကတည်းက လျှို့ဝှက်စွာ လိုက်လာကြပြီး စောင့်ကြည့်နေကြ

သည့် လူတစ်စု ပုန်းကွယ်နေကြလေသည်။

ကျောက်ရှန့်က....

"ခမည်းတော် ၊ ဆန်းလျန်က ဘာဆေးညွှန်းတွေများ ရေး

ပေးလိုက်တာလဲ"

ဟု မေးလိုက်လေသည်။

အခန်း (၁၀၇)

လေပြေနှင့်လရောင်ပမာ

အသက်လေးဆယ်ကျော်ခန့်ရှိပြီဖြစ်သည့် အိမ်ရှေ့စံမင်းသား သည် သူ၏အချစ်ရဆုံးသော သားငယ် ကျောက်ရှန့်ကို တစ် ချက်ကြည့်လိုက်လေသည်။

"အဲဒီဆေးစာက ကဗျာတစ်ပုဒ်ရေးထားတာပါကွယ်"

သူက သားဖြစ်သူမေးသည့်မေးခွန်းကို ဖြေလိုက်သည်။

ကျောက်ရှန့်မှာ ထိုစကားကြောင့် အံ့သြသွားရသည်။ ဆန်းလျန်ပေးလိုက်သည့်ဆေးစာမှာ ကဗျာတစ်ပုဒ်တဲ့လား။ သို့သော်... သူ၏ဖခင်၏ အကြည့်နှင့် လေသံက တစ်ခုခုထူးခြားနေလေသည်။

သူက ထပ်မံစကားပြောဖို့ကြိုးစားလိုက်သော်လည်း ဖခင်ဖြစ်သူက မျက်စိမှိတ်ကာ အနားယူနေပြီဖြစ်သည့်အတွက် ထိုအကြောင်းကို စကားပြောခွင့် မရတော့ချေ။

သူ၏ဖခင်မှာ ဆေးညွှန်းစာရွက်လေးကို တင်းကြပ်စွာ စုပ်ကိုင်ထားသည့်အတွက် လက်မှ သွေးကြောများပင် ထောင်နေလေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် သူ၏ဖခင် မည်မျှ စိတ်အနှောင့်အယှက်ဖြစ်နေသည်ကို သိနိုင်လေသည်။

....

ဘုရင့်နန်းတော်ကို တာ့မင်နန်းတော်ဟုလည်း ခေါ်ကြလေသည်။ ဘုရင်မကြီးနန်းတက်ပြီးနောက်ပိုင်းတွင်မှ အမည်ပြောင်းလဲလိုက်ခြင်းဖြစ်လေသည်။ အမည်ပြောင်းရခြင်းအကြောင်းရင်းမှာ နေရောင်နှင့် လရောင်အောက်တွင် အရာအားလုံးကို လင်းလက်တောက်ပစွာ မြင်တွေ့စေလိုသည့် အဓိပ္ပါယ်ပင်ဖြစ်လေသည်။ ဆိုလိုသည်မှာ ဘုရင်မကြီး၏ ဘုန်းတန်ခိုး အာဏာအောက်တွင် တောင်တန်းနှင့် မြစ်ချောင်းအင်းအိုင်များပင် ဦးညွှတ်ရမည် ဆိုသည့် အဓိပ္ပါယ်ပင်။ ထိုသို့အမည်ပြောင်းခြင်းမှာ လှည့်စားခြင်းသက်သက်မျှသာ မဟုတ်ပေ။ ဘုရင်မကြီးမှာ ယခင့်ယခင် ဘုရင်များထက်ပင် အတွေးအခေါ် ကျယ်ပြန့်သူဖြစ်လေသည်။ သို့သော် အတွေးအခေါ်ကျယ်ပြန့်ခြင်းဆိုသည်က သည်းခံစိတ်ရှိခြင်းနှင့်တော့ လားလားမျှ မဆိုင်ပါ။

ဘုရင်မကြီးမှာ သူမ၏ရန်သူများအပေါ်တွင် အကြင်နာတရား ကင်းမဲ့စွာ ရက်စက်တတ်ပြီး ဆောင်းကြမ်းကြီးကဲ့သို့အေးစက် လေသည်။ သို့သော်... သူမကို ထောက်ခံသည့်သူများအပေါ် တွင်တော့ နွေးထွေးသည့် အကြင်နာတရားများကို ပြသလေ့ရှိ လေသည်။

ဘုရင်မကြီးမှာ စွေ့လျှန်ခန်းမဆောင်တွင် ရောက်ရှိနေလေ သည်။ ထိုခန်းမဆောင်မှာ မြို့တော်ကို ရှုမြင်နိုင်သည့် အကောင်းဆုံးနေရာဖြစ်လေသည်။ ထိုနေရာမှ ကြာပန်းများကို လည်း ကြည့်ရှုနိုင်သောကြောင့် စိတ်နှလုံးကို သာယာကြည်နူး စေလေသည်။

ဘုရင်မကြီးမှာ အသက်ခြောက်ဆယ်ရှိပြီဖြစ်လေသည်။ သို့သော် သူမကိုကြည့်ရသည်မှာ အသက်သုံးဆယ်ခန့်မျှသာ ထင်ရလေသည်။ သူမသည် သားတော်ဖြစ်သူ အိမ်ရှေ့စံ

မင်းသားဖြစ်သူ "ကျောက်ရှမ်" ထက်ပင် ငယ်ရွယ်သည်ဟု ထင်ရလေသည်။

သားတော်ငါးပါးနှင့် သမီးတော်နှစ်ပါးကို မွေးဖွားထားသည့် မယ်တော်ကြီးဟုပြောလျှင် မည်သူမျှ ယုံကြမည်မဟုတ်ပေ။

လေပြေလေးက တိုက်ခတ်လာလေသည်။ ကြာကန်ထဲတွင် ရောင်ပြန်ဟပ်နေသည့် လရောင်ကို ခန်းမဆောင်ထက်မှ လှမ်းမြင်ခံစားနိုင်လေသည်။

ဘုရင်မတစ်ပါးအနေဖြင့် ရာနှင့် ထောင်နှင့်ချီသည့် တောတောင်ရေမြေ ၊ မြစ်ချောင်းအင်းအိုင်များကို သူမပိုင်းစိုးနိုင်လေသည်။ သို့သော် ထိုပိုင်ဆိုင်မှုများမှာ ကမ္ဘာလောကကြီးတစ်ခုလုံးနှင့်ယှဉ်လျှင် လွန်စွာမှ နည်းပါးနေလေသည်။

ထို့ကြောင့်ပင် သူမက ကမ္ဘာတစ်ခွင် နယ်မြေများချဲ့ထွင်နိုင်ရန် စီစဉ်နေခဲ့လေသည်။

သူမက ခန်းမဆောင်ထက်တွင် မတ်မတ်ရပ်နေလေသည်။ လ
ရိပ်က သူမမျက်ဝန်းဆီတွင် ထင်ဟပ်နေလေသည်။
ထိုစဉ်....
ခန်းမဆောင်ထက်ဆီမှ အသံတစ်သံ ကြားလိုက်ရလေသည်။
"ဆရာတော်ကူပေ့ှ၊ ဒီနေ့ ကျွန်မစိတ်ဝင်စားစရာကောင်းတဲ့
ကဗျာတစ်ပုဒ်ရလာတယ်၊ အဲဒါဆရာတော်ကို လျှောက်ထား
လိုတယ်"
ဘုရင်မ၏ စကားသံဖြစ်လေသည်။
ဘုရင်မကြီးသည် သူမ၏ နဂါးဝတ်ရုံကို ဝတ်ဆင်ထားခြင်းမရှိ
ပါ။ သာမန်မျှသာ ဝတ်ဆင်ထားလေသည်။ သူ၏အသံသည်
ခက်ထန်မာကျောနေလေသည်။ အမြဲတမ်း အာဏာရှင်ဆန်ဆန်
အမိန့်ပေးတတ်သူ ဘုရင်မကြီးသည် မည်သည့်အခါမှ ကျရှုံး
ခြင်းဆိုသည်မှာ မရှိခဲ့။

သူမအနားတွင် သက်တော်စောင့်များစွာ မရှိသည့်တိုင် မည်သူမှ္ဘ သူမကို လုပ်ကြံသတ်ဖြတ်ခြင်း မပြုနိုင်ပေ။ သူမကို လုပ်ကြံသူများမှာ အမြဲတမ်း ဖမ်းဆီးသတ်ဖြတ်ခံရသည်ချည်းပင် ဖြစ်လေသည်။ သူမ၏ မိသားစုဝင်များကိုပင် သူမက အလွတ်မပေးခဲ့ပေ။

ကူဟွေ့ဆရာတော်မှာ ဘုရင်မကြီးနှင့် ဆယ်ပေခန့်အကွာတွင် မတ်တပ်ရပ်နေလေသည်။ သူ၏သက်န်းဝတ်ရုံမှာ လေထဲတွင် လွင့်မျောနေလေသည်။ လရောင်အောက်တွင် ဆရာတော်၏ မုတ်ဆိတ်ဖြူဖြူများက ငွေရောင်တောက်ပနေသည်။ သူက ဘုရင်မကြီးကို တစ်ချက် အရိုအသေပေးလိုက်ပြီး...

"ဘုရင်မ ဘာကိစ္စများဖြစ်ခဲ့လို့လဲ ကျုပ်ကို ကျေးဇူးပြုပြီး ပြောပြပါဦး"

ကူဟွေ့ဆရာတော်က မေးလိုက်လေသည်။

"ဒီနေ့ မနက်အစောပိုင်းလောက်က ကျောက်ရွှမ်က မြို့ထဲကို သွားပြီး ဆေးကုသမှုခံယူတယ်၊ ပြန်လာတော့ သူ့ပုံကိုကြည့်ရတာ အတော်သက်သာနေပြီ၊ သူက သမားတော်ဆီကနေ ဆေးစာတစ်စောင်ယူလာတယ်၊ အဲဒီဆေးစာက အတော် စိတ်ဝင်စားဖို့ကောင်းတာပဲ"

ဘုရင်မကပြောလိုက်သည်။

ပြောရင်းသူမက ဟက်ခနဲ တစ်ချက်ရယ်မောလိုက်လေသည်။ သို့သော် ရယ်မောသည်မမည်ပေ။ သူမ၏မျက်ဝန်းများမှာ အေးစက်နေပြီး ခံစားချက် ကင်းမဲ့နေလေသည်။

ကူဟွေ့ဆရာတော်က သူမ၏ စကားကိုဖြတ်ပြောခြင်း မပြုပါ။ ဘုရင်မ ဆက်ပြောလာမည့်စကားကိုသာ နားထောင်ရန် စောင့် နေလေသည်။

"အဝါရောင်လှေကားထစ်လေးတွေနံဘေးမှာ...

ဖရဲသီးပင်တွေစိုက်ထားတယ်....

ဖရဲနွယ်ပင်တွေက နေရာအနှံ့မှာအပြည့်ပဲ....

ဖရဲသီးတစ်လုံးကိုခူးလိုက်ရင်

နွယ်ပင်တွေ ရှင်သန်ကြီးထွားလာမယ်...

ဖရဲသီးနှစ်လုံးကိုခူးလိုက်ရင်

နွယ်ပင်တွေ အားနည်းကျပါးသွားမယ်....

ဖရဲသီးသုံးလုံးကိုခူးလိုက်ရင်တော့

ဖရဲသီးသုံးလုံးကျန်နေဦးမယ်...

ဖရဲသီးအားလုံးကိုခူးလိုက်မယ်ဆိုရင်တော့...

နွယ်ပင်တွေပဲ ကျန်ခဲ့လိမ့်မယ်...."

ဘုရင်မကြီးက ကဗျာကို ခံစားချက်ကင်းမဲ့စွာဖြင့် ဖတ်ပြလိုက်လေသည်။

အဝါရောင်လှေကားထစ်များဆိုသည်မှာ နန်းတော်တွင်းရှိ မျှော်စင်အမြင့်ကြီးကို ပြောခြင်းဖြစ်လေသည်။ သို့သော် ထို

မျှော်စင်ဘေးတွင် မည်သည့် ဖရဲသီးပင်မှ စိုက်ပျိုးထားခြင်းမ ရှိပေ။

"ဒီကဗျာက တကယ်ပဲ စိတ်ဝင်စားစရာကောင်းတယ်လို့ မထင်မိဘူးလား"

ဘုရင်မကြီးက ထပ်ပြောလိုက်လေသည်။

"ကျုပ် ဘာထင်မြင်ချက်မှ မပေးရဲပါဘူး"

ဟု ကူဟွေ့ဆရာတော်က ပြောလိုက်လေသည်။

ဘုရင်မကြီးမှာ သာမန်ပုဂ္ဂိုလ် မဟုတ်ပါ။ ထို့ကြောင့် သူမကို စကားပြောသည့်အခါတွင် လွန်စွာမှ သတိထားရလေသည်။

သူမက အောက်သို့တစ်ချက် ငုံ့ကြည့်လိုက်ပြီး ကြာရွက်လေးများပေါ်တွင် တင်နေသည့် ရေစက်လေးများကို ကြည့်နေလေသည်။ ဘုရင်မကြီး၏ မျက်နှာမှာ ယောကျ်ားလေးဆန်သည့်အတွက် ချောမောလှပသည်ဟုတော့ မဆိုသာပါ။

သို့သော်....သူမက လွန်စွာမှ ဆွဲဆောင်မှု ရှိလေသည်။

"အဲဒီကဗျာက ကျွန်မကို အကြင်နာတရားမရှိ လူတွေ လျှောက်မသတ်ဖို့ ရေးထားတာ မဟုတ်လား ၊ ဘယ်လောက်ဆိုးတဲ့ ကျားဖြစ်ဖြစ် ကိုယ့်သားသမီးကိုတော့ ပြန်စားရိုးထုံးစံမရှိဘူး ၊ ဒါပေမယ့် ကျွန်မက ကိုယ့်သားသမီးတွေကို ပြန်သတ်နေတဲ့သူလို့ ဆရာတော်ထင်သလား"

ဘုရင်မက ပြောလိုက်လေသည်။

လေပြေလေးက ကြာကန်ကို ဖြတ်သန်းတိုက်ခတ်သွားလေသည်။ ရေကန်တွင် လှိုင်းရိပ်လေးများ ဖြတ်သန်းသွားသည်မှာ အိပ်မက်ဆန်လွန်းသည်။

"အခြားသူတွေရဲ့ပြောစကားကိုသာ ဂရုစိုက်နေမယ်ဆိုရင် ဘုရင်မတစ်ပါးအနေနဲ့ လောကမှာ ဘယ်ရပ်တည်နိုင်တော့မှာလဲ"

ကူဟွေ့ဆရာတော်က ပြောလိုက်လေသည်။

ကူဟွေ့ဆရာတော်စကားကြောင့် ဘုရင်မကြီးက တုန်လှုပ်ခြင်း မျိုးမရှိပါ။

"မနက်ဖန် ချီးဝမ်မင်းသားကို ဝန်ကြီးရာထူးကနေ ဖယ်ရှား လိုက်မယ်၊ ဒါဆို ကျောက်ရွှမ်လည်း စိတ်သက်သာရာရသွား မယ်၊ ဒီကဗျာကိုရေးတဲ့သူကိုလည်း သုံးရက်အတွင်း တွေ့ချင် တယ်၊ လိုအပ်တာတွေ အားလုံးလုပ်ဖို့ စီစဉ်ပေးမယ်"

ဘုရင်မက ပြောပြီး ကဗျာစာရွက်လေးကို ကူဟွေ့ဆရာတော် ရှေ့တွင် လွှတ်ချလိုက်လေသည်။ ကူဟွေ့ဆရာတော်က ကဗျာ စာရွက်လေးကို ဖမ်းယူလိုက်သည်။ စာရွက်လေးကို ထိလိုက် မိသည်နှင့် သူ၏နှလုံးသားမှာ လှုပ်ရှားသွားရလေသည်။ ကြာ ကန်ထဲတွင်ထင်နေသည့် လရိပ်ကဲ့သို့ အတိတ်သည် ရေးရေး ပေါ်လာလေသည်။

"မင်းလူ့လောကကို ပြန်ရောက်လာပြီပဲ"

ကူဟွေ့ဆရာတော် တွေးလိုက်မိလေသည်။

သူ့ အတိတ်အကြောင်းများကို တွေးတောနေသည်ကို ဘုရင်မကြီးများထွင်းဖောက်သိမြင်နေမည်လားဟု ဆရာတော်က တွေးလိုက်မိသေးသည်။

ဘုရင်မကြီးမှာ ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်တိုင် ကူဟွေ့ဆရာတော်ကတော့ ကြောက်ရွံ့ခြင်းမရှိပါ။ သို့သော်... သူမ၏ကျင့်စဉ်လမ်းမှာ မည်မျှအထိပေါက်ရောက်နေပြီလဲဆိုသည်ကို ခန့်မှန်း၍ပင်မရနိုင်ပေ။

ကူဟွေ့ဆရာတော်က ဘုရင်မကြီးကို အရိုအသေပေးလိုက်ရင်း....

"အမိန့်အတိုင်းပါ ဘုရင်မ"

ဟု ပြောလိုက်လေသည်။

ရေးသားထားသည့် စာလုံးများ၏ စုတ်ချက်တိုင်းသည် အတိတ်ကို ပြန်ပြောင်း သတိရစေလေသည်။ မိန်းမောတွေဝေသွားစေသည့် စာလုံးနှစ်လုံးကတော့ "ဆန်းလျန်" ဟူ၍ ဖြစ်လေ

သည်။ ထိုအမည်နာမနှင့်အတူ လာသမျှအခက်အခဲတိုင်းကို

အေးဆေးတည်ငြိမ်စွာကျော်ဖြတ်သွားနိုင်သည့် ချောမောလှပ

သည့် လူငယ်လေးတစ်ဦးအား ဆရာတော်၏ မျက်ဝန်းထဲတွင်

မြင်ယောင်လာမိလေသည်။

....

ရှင်သန်ခြင်းမရဏဆေးခန်း.....

ရှေ့ရှိလေးမှာ အိပ်ယာထက်တွင်ရှိနေပြီး သူမ၏လက်လေး

များက စောင်ကိုတင်းကြပ်စွာ စုပ်ကိုင်ထားလေသည်။

သူမ၏မျက်နှာထက်တွင် အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့

နေသည့်ပုံကို မြင်တွေ့နိုင်လေသည်။

သူမ အော်ငိုချင်မိလေသည်။ သို့သော်... ဆန်းလျန်က အတွင်း

အားလေ့ကျင့်သည့်အချိန်တွင် သူ့ကို မနှောင့်ယှက်ရန်

သေသေချာချာမှာထားလေသည်။

ဤနေ့ရက်များတွင် သူမ၏ကိုကို မည်သည့်သိုင်းပညာကို

လေ့ကျင့်နေမှန်းသူမ မသိပါ။ သူမ

မှာလည်း ယခုဆိုလျှင် ကျင့်စဉ်လမ်းကို စတင် သဘောပေါက်လာခဲ့ပြီ ဖြစ်လေသည်။

လွန်ခဲ့သည့်တစ်နာရီခန့်က ဆန်းလျန်ဆီမှ ကြီးမားသည့်စွမ်းအားများထွက်လာပြီး ဆန်းလျန်၏ ကြိုးဝါးသံကိုလည်း ကြားလိုက်ရလေသည်။ ရှော့ရှိုလေးမှာ လှုပ်ပင်မလှုပ်ရဲပါ။

မိုးမြေစွမ်းအားကဲ့သို့ သဏ္ဍာန်မဲ့စွမ်းအားမျိုးမဟုတ်ဘဲ အနီရောင်၊ ရွှေရောင်၊ အဝါရောင်၊ အဖြူရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ ခရမ်းရောင်နှင့် အနက်ရောင်ဟူ၍ အရောင်ရှစ်မျိုးကွဲနေသည့် စွမ်းအားစုများ ဝင်ရောက်လာခြင်း ဖြစ်လေသည်။

အခန်းထဲတွင် ရောင်ခြည်များ ဖြာထွက်နေလေသည်။

ဝတ်ကျောင်းတော်ထဲမှ ဗုဒ္ဓရုပ်ပွားတော် ရောင်ခြည်တော်လွှတ်သည်နှင့်ပင် ဆင်တူလွန်းသည်။

အရောင်ရှစ်မျိုးမှာ အစီအစဉ်တကျမရှိ ရွေ့လျားနေလေသည်။

ဆန်းလျန်ကိုကြည့်ရသည်မှာ လွန်စွာမှ နာကျင်ခံစားနေရပုံရလေသည်။ သူ၏မျက်နှာမှာ ရှုံ့မဲ့နေပြီး ချွေးများစီးကျနေလေသည်။

သူ၏ခန္ဓာကိုယ်မှာ တင်ပျဉ်ခွေထိုင်ရက်အနေအထားဖြင့် လေထဲတွင် လွင့်မျောနေပြီး ကြီးမားသည့်စွမ်းအားတစ်ခုက သူ့ကို လေထဲတွင် ရပ်တည်နေစေရန် ထောက်ပံ့ပေးထားသကဲ့သို့ ဖြစ်နေလေသည်။

စွမ်းအင်ရှစ်မျိုးမှာ ဝဲကန်တော့ကဲ့သို့ လှည့်လည်ပြီး မြေကြီးအတွင်းသို့ တိုးဝင်သွားလေသည်။ ထိုအခါမှ ဆန်းလျန်မှာလည်း လေထဲမှ တင်ပျဉ်ခွေထိုင်ရက်အနေအထားဖြင့်ပင် အောက်သို့ ညင်ညင်သာသာ ပြန်ကျသွားလေသည်။

အခန်းတွင်းသို့ လရောင်က ဖြာကျနေလေသည်။

"ကိုကို ၊ ဘာမှမဖြစ်ပါဘူးနော်"

ရော့ရှီလေးက စိုးရိမ်စွာဖြင့်မေးလိုက်သည်။

ဆန်းလျန်က အသာမတ်တပ်ရပ်လိုက်ပြီး ရော့ရှီလေး၏ အိပ်ယာထက်တွင် ထိုင်လိုက်ရင်း....

"ကိုကိုဘာမှမဖြစ်ပါဘူး ၊ ဆက်အိပ်တော့နော်"

ဟု ပြောလိုက်ရလေသည်။

သူက "ထိုက်ရှီးနည်းဗျူဟာ" ကျင့်စဉ်ကို လျှော့တွက်ခဲ့မိပြီလားဟု ဆန်းလျန် စဉ်းစားနေမိသည်။ သူက နှစ်ပေါင်းများစွာ ထိုကျင့်စဉ်ကို ကျင့်ကြံခဲ့သည့်အတွက် ထိုကျင့်စဉ်က သူ၏ခန္ဓာကိုယ်ထဲတွင် တဖြည်းဖြည်းနှင့် မသိမသာ အမြစ်တွယ်လာခဲ့လေသည်။ သူကထိုအရာကိုအသုံးမချဘဲ ဖယ်ရှားပြစ်ရန် ကြိုးစားခဲ့သည်။

ထိုသို့အမြစ်တွယ်နေသည့်ကျင့်စဉ်စွမ်းအားက သူ၏အသက်ဓာတ်နှင့်ပေါင်းစပ်ကာ ကြီးထွားသည်ထက် ကြီးထွားလာခဲ့လေသည်။

သူက ထိုကျင့်စဉ်စွမ်းအားကို ဖိနှိပ်ထားနိုင်သည့်တိုင်အောင် ထိုကျင့်စဉ်စွမ်းအား၏ ဆန်းကျယ်လှသောတန်ခိုးက သူ့ကို နေ့စဉ် စုပ်ယူစားသုံးနေလေတော့သည်။ သူ၏ကျင့်စဉ်လမ်းမှာ နောက်ပြန်ဆုတ်နေသကဲ့သို့ ဖြစ်နေပြီး နှစ်ပေါင်းနှစ်ဆယ်အတွင်းပင် ချင်းရွှမ်နတ်တံခါးသို့ ပြန်ရောက်ရန် မဖြစ်နိုင်တော့ပေ။

ရှော့ရှီလေးမှာ ယခုမှ အသက်ပြန်ရှူနိုင်လေသည်။ သို့တိုင်အောင် စောင်ကိုတော့ ခပ်တင်းတင်းစုပ်ကိုင်ထားဆဲဖြစ်လေသည်။

အခန်း (၁၀၈)

ကောင်းကင်ထက်တွင်မျှောလွင့်သွားသည့်တိမ်ပမာ

နောက်တစ်နေ့နံနက်တွင်တော့ ဆန်းလျန်မှာ ပုံမှန်အတိုင်းပင် ရှိနေလေသည်။ ရှော့ရှီလေးမှာ ညက သူမမြင်တွေ့ခဲ့သည့်အရာများကို အိပ်မက်မက်ခြင်းဖြစ်မည်ဟု ထင်လိုက်မိလေသည်။

ထိုနေ့နံနက်တွင်ပင် သူမ၏ကိုကိုက သူမကို အရာဝတ္ထုများကို ရုပ်လုံးဖော်သည့်ပညာ သင်ကြားပေးလေသည်။ သူမကိုပုံဖော်ခိုင်းသည့်အရာမှာ အိမ်ရှေ့စံမင်းသားလက်ဆောင်ပေးခဲ့သည့် ပုတီးကြိုးလေးပင် ဖြစ်လေသည်။

ပုတီးကြိုးလေးကို စားပွဲပေါ်တွင်တင်ထားပြီး သူမက ပုတီးကြိုးလေးကို စိတ်အာရုံတွင် ပုံဖော်စစ်တွင် ပတ်ဝန်းကျင်

လေထုထဲတွင် မိုးမြေစွမ်းအားများ စုစည်းနေလေသည်။ သူမ
က ပုတီးစေ့ကိုးလုံးနှင့် ပုတီးကြိုးလေးကို စိတ်အာရုံတွင် နက်န
က်ရှိုင်းရှိုင်း ပုံဖော်ကြည့်လိုက်လေသည်။

ထိုသို့ပြုလုပ်ရသည်မှာ ပျင်းစရာကောင်းလွန်းသောကြောင့်
သူမဆက်မလုပ်ချင်တော့ပေ။ သို့သော် သူမ၏ကိုကိုမှာ
စည်းကမ်းတင်းကြပ်သူတစ်ယောက်ဖြစ်သည့်အတွက် သူမ
ကြိုးစားလေ့ကျင့်ရလေသည်။

"ယုန့်" ဆိုသည့်စာလုံးကို ရေးသားလေ့ကျင့်ရသည်က ယခု
ကျင့်စဉ်ထက်ပိုပြီး လွယ်ကူလေသည်။ စုတ်ချက်တိုင်းမှာ
ပေါ့ပါးလွန်းသည်။

အမှန်တော့ ကျင့်စဉ်လမ်းအစမှာလည်း ထိုကဲ့သို့ပင်ဖြစ်လေ
သည်။ အစပိုင်းစတင်လေ့ကျင့်ချိန်တွင် သင်ပြပေးသည့်
ဆရာမရှိသည့်တိုင် ပေါ့ပါးလွယ်ကူလေသည်။ သို့သော်

လူသားများက တန်ခိုးစွမ်းအားရရှိလာသည့်အဆင့်ထိသာ ကျင့်ကြံနိုင်ပြီး သေဆုံးသွားကြသည်ကများလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ လူတစ်ယောက် (သို့မဟုတ်) လူတစ်စုသည် မိုးနှင့်မြေကိုကျော်လွန်ပြီး တန်ခိုးစွမ်းအားကိုပင် အလေးထားသောကြောင့် ဖြစ်လေသည်။ သူတို့၏စိတ်စွမ်းအားကို အသုံးချပြီး သာမန်ထက်ပိုသော တန်ခိုးစွမ်းအားများကို ရရှိတတ်ကြလေသည်။

အရားအားလုံးဆိုသည်မှာ တစ်စုံတစ်ခုမှ စတင်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး တစ်စုံတစ်ခုမှာ မရှိမှုမှ စတင်ခဲ့ရခြင်း ဖြစ်လေသည်။

(အရာရာတိုင်းသည် သုည မှ စရစမြဲ ဖြစ်သည်)

ထို့ကြောင့် ချင်းရွှမ်နတ်တံခါးက...

"အဆင့်မြင့်ကျင့်စဉ်လမ်းကိုတက်လှမ်းချင်ပါက စိတ်နှလုံးကို အရင်ဆုံး ပြုပြင်ရမည်"

ဟူသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားခြင်း ဖြစ်လေသည်။ ဝိညာဉ်ဆိုသည်က ရုပ်အပေါ်တွင် မှီခိုနေသည့် စွမ်းအားဖြစ်လေသည်။ သို့သော် ထိုဝိညာဉ်က အဆင့်အတန်းမြင့်သည့် စွမ်းအားအဆင့်တစ်ခုသို့ရောက်ရှိသွားသည့်အခါ ရုပ်ကိုပင် ပြန်လည်စေစားနိုင်လေသည်။ ဗောဓိသကျပြင်လျှင် အိပ်မက်များအကြောင်း ဟောကြားခဲ့စဉ်က ကျွမ်းကျိုးနှင့်လိပ်ပြာ အကြောင်း ဟောပြောခဲ့သေးသည် မဟုတ်ပါလား။

ရှော့ရှီလေးကတော့ ကျင့်စဉ်လမ်း၏ မူဝါဒများကို နားလည်ခြင်းမရှိပါ။ သို့သော် စာလုံးများစတင်ရေးသည့်အချိန်တွင် သူမက ပျင်းရိခဲ့ရသော်လည်း နောက်ပိုင်းတွင်တော့ ရေးရင်းရေးရင်းနှင့် ပျော်ရွှင်လာခဲ့ရလေသည်။ ထို့ထက်ပိုသည်မှာ ယခင်ကကဲ့သို့ မလုပ်ချင်ဘဲ အတင်းစိတ်ဒုက္ခခံကာ ရေးနေရသည်ဟု မခံစားရတော့ပေ။

"အလုပ်လုပ်နေလျှင် အချိန်ကုန်မြန်သည်" ဟူသော တရုတ်

စကားပုံတစ်ခုရှိလေသည်။

အလုပ်မရှိလျှင်တော့ ပျင်းရိခြောက်သွေ့စွာဖြင့်

နေ့တာရှည်နေမည် ဖြစ်လေသည်။

အလုပ်လုပ်နေမှသာ အချိန်က ကုန်မှန်းမသိ မြန်မြန်ဆန်ဆန်

ကုန်ဆုံးသွားမည်ဖြစ်လေသည်။

ရှော့ရှီက သူမအမျိုးကြီးလေ့ကျင့်မှုများပြုလုပ်ပြီးပြီဟု တွေး

လိုက်မိသော်လည်း အချိန်မှာ နေ့လည်ခင်းအချိန်ပင် မရောက်

သေးပေ။ သူမက စာရေးစားပွဲငယ်လေးပေါ်တွင် ခေါင်းတင်

ရင်းနားနေစဉ် ထူးဆန်းသည့် ငါးရုပ်တုံးခေါက်သံတစ်သံကို

ကြားလိုက်ရလေသည်။ ထိုအသံမှာ တစ်ခါတစ်ရံ အဝေးမှ လာ

ခြင်းဖြစ်ပြီး တစ်ခါတစ်ရံတွင်တော့ သူမ၏နားနားတွင် ကပ်ပြီး

ခေါက်နေသကဲ့သို့ ဖြစ်လေသည်။ ထိုအသံက သူမကို ချော့

သိပ်သလိုဖြစ်နေသောကြောင့် မျက်ခွံများလေးလံလာပြီး

နှစ်ခြိုက်စွာ အိပ်ပျော်သွားလေတော့သည်။

ဆန်းလျန်မှာ ကျင့်စဉ်လမ်း အမြင့်ဆုံးအဆင့်သို့မတက်လှမ်း

နိုင်သေးမီ အန္တရယ်နှင့်ရင်ဆိုင်ရမည်ကို စိတ်ပူပန်မိလေသည်။

နေမင်းသည် အတောက်ပဆုံးမထွန်းလင်းနိုင်သေးသလိုမျိုး သူ

ခံစားနေရလေသည်။

သူက သစ်သားငါးရုပ်တုံးခေါက်သံကို ကြားလိုက်ရသည့်အခါ

တွင်တော့ သူ၏ဆေးခန်းလေးမှ ချက်ချင်းထွက်ခွာလာခဲ့လေ

သည်။ သူက တစ္ဆေတစ်ကောင်အလား ရိပ်ခနဲလှုပ်ရှားလိုက်ပြီး

တစ်ခဏအတွင်း၌ပင် မြစ်ကမ်းနံဘေးသို့ ရောက်သွားလေ

သည်။

ကျယ်ပြန့်လှသည့် အန်းဖင်တူးမြောင်းထဲတွင် လှေများ

သွားလာနေကြလေသည်။ သို့သော်... ထိုသို့လှေများသွားလာ

နေခြင်းထက်လှပသည့်ရှုခင်းမှာ မြစ်ကို ဖြတ်ကာတည်ဆောက်

ထားသည့် တံတားကြီး၏ ခမ်းနားသည့်အလှတရားပင်ဖြစ်လေသည်။

တံတားထက်မှ မြစ်ပြင်ကျယ်၏အလှတရားကို ခံစားနိုင်လေသည်။ ထိုတံတားရှည်ကြီးမှာ နှစ်ပိုင်းကွဲနေသည့် ဆန်းတုမြို့တော်ကို ဆက်သွယ်ပေးထားသော တံတားကြီးဖြစ်လေသည်။

တံတားကြီးကို ကျောက်တိုင်ကြီးများဖြင့် အခိုင်အမာတည်ဆောက်ထားခြင်းဖြစ်သည်။

ဘုန်းကြီးအိုကြီးတစ်ပါးသည် တံတားပေါ်ရှိ စြက်နံလမ်းအဆုံးတွင် မတ်တပ်ရပ်နေလေသည်။ ပတ်ဝန်းကျင်အခြေအနေများကို အရေးမထား တစ်လောကလုံးတွင် သူတစ်ပါးတည်းရှိသည့်ဟန်ဖြင့် မားမားရပ်တည်နေခြင်း ဖြစ်လေသည်။

ဆန်းလျှန်က ဘုန်းကြီးအိုကြီးထံ လမ်းလျှောက်လာလေသည်။ ခန့်ညားသောလမ်းလျှောက်ဟန်တွင် သူ၏နောက်ဖက်မှာ

ရှုခင်းများမှာ ဝေဝါးပျောက်ကွယ်သွားသကဲ့သို့ထင်ရသည်။

အမှန်တော့ ရှုခင်းများက ပျောက်ကွယ်သွားခြင်းမဟုတ်ပါ။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားကောင်းလွန်းသောကြောင့် အမြင်

အာရုံ ထင်ယောင်ထင်မှား ဖြစ်ရခြင်း ဖြစ်လေသည်။

မြစ်ရေကိုငေးကြည့်နေသည့် ဆရာတော်၏အကြည့်က ဆန်း

လျန်ထံသို့ ရွှေ့ပြောင်းလာသည်။

ထိုဆရာတော်မှာ ကူဟွေ့ဆရာတော်ပင် ဖြစ်လေသည်။

သူ၏လက်ထဲတွင် မီးခိုးရောင်သန်းသည့် ငွေရောင်သစ်သား

ငါးရုပ်လေးကို ကိုင်ထားလေသည်။ ထိုသစ်သားငါးရုပ်လေးကို

ဆန်းလျန်ငယ်စဉ်ကပင် မြင်တွေ့ဖူးပါသည်။ သူ့အားအင်

နည်းပါးပြီး စွမ်းအားမပြည့်ဝခင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာ

က ဖြစ်လေသည်။ ထိုသစ်သားငါးရုပ်တုံးလေး၏အမည်မှာ

"ထိုက်ဝေ့" ဖြစ်လေသည်။ ထိုနာမည်မှာ ချင်းရှွမ်နတ်တံခါးမှ

ထိုက်ဝေ့ထိုင် ခန်းမဆောင်၏ နာမည်နှင့် အတူတူပင် ဖြစ်လေသည်။

ထိုက်ဝေ့မှထွက်ပေါ်လာသည့် တုံးခေါက်သံမှာ ဝိညာဉ်ငြိမ်းချမ်းသံစဉ်ဖြစ်လေသည်။ ဝိညာဉ်စွမ်းအားကို နားလည်သူမဟုတ်လျှင် ထိုသံစဉ်ကို ကြားရမည်မဟုတ်ပါ။ ထိုက်ဝေ့မှာ ချင်းရွှမ်နတ်တံခါးမှ ပစ္စည်းဖြစ်လေသည်။ သို့သော် လွန်ခဲ့သည့်နှစ်များတွင်တော့ လင်ချုန်းရှောင်၏ လက်ထဲတွင် ရှိနေခဲ့သည်။

အလင်းရောင်မရှိဘဲ လောကကြီးတစ်ခုလုံးအမှောင်ကျနေလေသည်။ သို့သော် ထိုလောကမှာ ဝိညာဉ်လောကဖြစ်လေသည်။ လူ့လောကမှအလင်းရောင်သည် ဝိညာဉ်လောကကို ထိုးဖောက်နိုင်စွမ်းမရှိပေ။

ဆန်းလျန် မျက်လုံးမှိတ်ကာ အာရုံခံလိုက်သည့်အခါတွင်တော့ ဘုန်းကြီးအိုကြီးကို အမှောင်ထဲမှ အလင်းတိုင်တစ်ခုအလား ထင်ရှားစွာ မြင်တွေ့လိုက်ရလေသည်။

ဗုဒ္ဓဘာသာကျမ်းစာထဲတွင် တရားကျင့်ခြင်းဆိုသည်မှာ အလင်းတရားပင်ဖြစ်လေသည်။ ထိုအလင်းကိုထွန်းညှိလိုက်သည့်အခါ ရုပ်ခန္ဓာကို ကျော်လွန်နိုင်လေသည်။

လူသားရုပ်ခန္ဓာဆိုသည်က အသက်ကြီးလာသည်နှင့်အမျှ အိုမင်းဆွေးမြေ့ရလေသည်။ အသက်ကြီးလာလျှင် အတွင်းအားကျင့်စဉ်ကျင့်ကြံရင်း အုပ်ချုပ်မှုပိုင်းဆိုင်ရာဆုံချက်နှင့် အတွေးအမြင်ပိုင်းဆိုင်ရာဆုံချက်များ ပွင့်ရန် မလွယ်ကူတော့ပေ။ သို့သော် ဝိညာဉ်စွမ်းအားကျင့်စဉ်များကိုတော့ မရပ်တန့်သင့်ပေ။

ကျင့်စဉ်လမ်းဆိုသည်က သာမန်အတွင်းအားကျင့်စဉ်ထက်များစွာခက်ခဲလေသည်။ ဗုဒ္ဓဘာသာမှာ စိတ်ကို သန့်စင်အောင်

ကျင့်ကြံသည့် ဘာသာဖြစ်လေသည်။ ဗုဒ္ဓဘာသာကျင့်စဉ်များ
မှာ တာအိုကျင့်စဉ်များထက် ရှေးကျသည်ဟုပင် ဆိုနိုင်သည်။
သို့သော် ... ဆန်းလျန်မှာ အခြားသော တာအိုကျင့်စဉ်ကျင့်ကြံ
သူများနှင့်မတူ တစ်မူထူးခြားသူဖြစ်လေသည်။ ဆန်းလျ
န်၏စွမ်းအားအစစ်အမှန်မှာ သူ၏ဝိညာဉ်တွင်း၌ တည်ရှိလေ
သည်။

ဆန်းလျန်နှင့် ကူဟွေ့ဆရာတော် နောက်ဆုံးတွေ့ဆုံခဲ့သည်မှာ
နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ ယခုတစ်ကြိမ်တွင်တော့ ဆန်း
လျန်မှာ ယခင်ကထက်ပင်ပိုပြီး တည်ငြိမ်နေလေသည်။ ထိုသို့
တည်ငြိမ်လွန်းနေမှုကို နားလည်ရန်ပင် ခက်နေလေသည်။
ဆရာတော်၏မျက်ဝန်းများနှင့် ဆန်းလျန်မျက်ဝန်းများ ဆုံ
လိုက်သည့်အခါတွင်တော့....
လှိုင်းလေငြိမ်သက်နေသည့် ပင်လယ်ပြင်တစ်ခုအလား ကူဟွေ့
ဆရာတော် ခံစားလိုက်ရလေသည်။ တစ်ချိန်တည်းမှာပင် ထို

ပင်လယ်ပြင်မှ ဝဲကန်တော့အတွင်းသို့ သူ့အချိန်မရွေး နစ်မြုပ်

သွားတော့မည့်အလား ခံစားလိုက်ရပြန်သည်။

ပတ်ဝန်းကျင်မှ လမ်းသွားလမ်းလာများမှာ သူတို့နှစ်ယောက်၏

အခြေအနေကို မရိပ်မိပါ။ ကျောက်တိုင်ကြီးအလား တည်ငြိမ်

စွာရပ်နေသည့် ကူဟော့ဆရာတော်၏အနားသို့ ဆန်းလျန်မှာ

လေပွေတစ်ခုအလား ရိပ်ခနဲရောက်လာလေသည်။

"မတွေ့ကြတာ ဆယ့်ခြောက်နှစ်တောင်ရှိခဲ့ပြီနော်"

ဆန်းလျန်က ပြောလိုက်လေသည်။

သူ၏ပုံစံသာမက သူ၏အသံမှာပါ လွန်ခဲ့သည့် ဆယ့်ခြောက်

နှစ်ကအတိုင်း ငယ်ရွယ်နုပျိုဆဲ ၊ တစ်စက်ကလေးမျှပြောင်းလဲ

ခြင်းမရှိပေ။

သူ၏အသံမှာ စီးဆင်းနေသည့်မြစ်ရေ အလား ကြည်လင်နေ

ပြီး ကူဟော့ဆရာတော်အပေါ်တွင် ရင်းရင်းနှီးနှီးရှိလှလေသည်။

"မင်းကျုပ်ကို မှတ်မိမယ်လို့တောင်ထင်မထားဘူး"

ကူဟွေ့ဆရာတော်က ပြောလိုက်လေသည်။

"အရာအားလုံးကို မှတ်မိနေတာဟာ ကျုပ်ရဲ့ ပင်ကိုယ်စွမ်းရည်ပါပဲ"

ဟု ဆန်းလျန်က ပြောလိုက်လေသည်။

"ဒါဖြင့် မင်း ရဲ့လျှိုယွင်ကိုရော မှတ်မိသေးလား"

ကူဟွေ့ဆရာတော်က ပြုံးပြီးမေးလိုက်လေသည်။

"သူက စိတ်ဝင်စားစရာကောင်းတဲ့သူတစ်ယောက်ပဲ ၊ အမှန်တော့ သူက ကျုပ်ထက်ပိုပြီး တော်ပါတယ် ၊ ဒါပေမယ့် ဒီလောကမှာ ကျုပ်ရပ်တည်နေတာက အခြားသူတွေနဲ့ ယှဉ်ပြိုင်ဖို့ မဟုတ်ပါဘူး"

ဆန်းလျန်က ခပ်အေးအေးပင်ပြောသည်။

သူ၏ဝတ်ရုံမှာလေထဲတွင်လွင့်မျောနေပြီး သူ့ကိုကြည့်ရသည်မှာ ရုပ်ခန္ဓာကင်းမဲ့သည့် လူတစ်ယောက်ကဲ့သို့ မျောလွင့်နေသယောင်ပင်။

ကူပော့ဆရာတော်က ဆန်းလျန်မှာ နောက်ထပ်ဆယ်နှင့်ကျင့်ကြံလျှင်ပင် ဘုရင်မကြီးနှင့် ယှဉ်နိုင်မည်မဟုတ်ဟု ထင်ခဲ့မိသည်။ ယခု ဆန်းလျန်နှင့်တွေ့ရသည့်အခါတွင်တော့ သူ့အထင်မှာ လွဲခဲ့ပြီ။

ဆန်းလျန်က အရှုံးသမားတစ်ယောက်မဟုတ်ပါ။ သို့သော်... သူကျင့်စဉ်လမ်းကိုလိုက်ခဲ့သည်က တာအိုကျင့်စဉ်များကို လေ့ကျင့်ရန်အတွက်သာဖြစ်ပြီး အခြားသူများကို တိုက်ခိုက်ရန်မူဖို့ မဟုတ်ပါ။ လောကကြီးမှလူများအားလုံးသာ ဆန်းလျန်ကဲ့သို့စိတ်ထားမျိုးရှိမည်ဆိုပါက ငြိမ်းချမ်းလှပေစွ။

"ဘုရင်မကြီးက သဘက်ခါကျရင် မင်းကို ရှန့်ကျီးဝတ်ကျောင်းတော်မှာ တွေ့လိုတယ်တဲ့"

နောက်ဆုံးတော့ ကူပော့ဆရာတော်က အမှာစကားကို ကြားပြောလိုက်လေသည်။

"ဘုရင်မက ရက်စက်တတ်တဲ့သူတစ်ယောက်ပဲ ၊ ကျုပ်ကို ဘုရင့်နန်းတော်ကို ဆင့်ခေါ်လည်း ဖြစ်တာပဲကို"

ဆန်းလျန်က ရေရွတ်လိုက်သည်။

ဘုရင့်နန်းတော်မှာ လောဘ ၊ ဒေါသ ၊ မောဟ များဖြင့် ပြည့်နေသည့် နေရာဖြစ်လေသည်။ ဆန်းလျန်ကဲ့သို့ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်အတွက် ထိုနေရာမှလေထုမှာ များစွာဖိအားသက်ရောက်မှုရှိမည်ဖြစ်လေသည်။

ထုတ်ဖော်ပြခြင်းမရှိသည့်တိုင် ဆန်းလျန်၏ရင်ထဲဝယ် တစ်ချက်လေးလံသွားရလေတော့သည်။

သို့သော်... ဘုရင်မကြီးမှာ ဆန်းလျန်ကို သူ၏ပိုင်နက်ဖြစ်သည့် ဘုရင့်နန်းတော်သို့ ဆင့်ခေါ်ခြင်းမရှိဘဲ အခြားနေရာတစ်ခုတွင် တွေ့ဆုံရန်ပြောခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဘုရင်မကြီးမှာ သူမ၏အရည်အချင်းကို မည်မျှယုံကြည်ကြောင်း ပြသလိုက်ခြင်းဖြစ်လေသည်။

"ကြည့်ရတာ မင်းက လောကီရေးရာတွေနဲ့ကင်းဝေးနေတာ ကြာပြီထင်တယ်၊ ဒါနဲ့များ ဘာလို့ ညစ်ပေလွန်းတဲ့ လူ့လောက ကို ပြန်လာရသေးလဲ၊ ဘုရင်မကြီးဟာ သာမန်ကျင့်ကြံသူတစ်ယောက်မဟုတ်ဘူး၊ သူ့အဆင့်နဲ့ဆိုရင် မင်းကိုကောင်းကောင်း ယှဉ်နိုင်တယ်၊ မင်းကို သတိထားဖို့တော့ အကြံပေးချင်တယ်" ကူဟော့ဆရာတော်က ပြောလိုက်လေသည်။

စကားအသွားအလာအရ ကူဟော့ဆရာတော်မှာ ဆန်းလျန်ကို ဘုရင်မကြီးနှင့် မတွေ့ဆုံစေလိုသည့် အရိပ်အယောင်များ ရှိနေလေသည်။ သို့သော်... သူက တိုက်ရိုက်တော့ မပြောပေ။

ဆန်းလျန်နှင့် ဘုရင်မကြီးမှာ အဆင့်အလွန်ကွာခြားပါက သူက ထိုသို့သော အကြံဉာဏ်မျိုးပေးမည်မဟုတ်ပေ။ သို့သော်... သူတို့နှစ်ယောက်မှာ အဆင့်တူနေဟန်ရှိလေသည်။ မည်သူက ပို၍သာမည်လည်းဆိုသည်ကိုတော့ ကူဟော့ဆရာတော် မခန့်မှန်းနိုင်ပေ။

သူတို့နှစ်ယောက်တိုက်ခိုက်ကြခြင်းဖြင့် မည်သူမျှ အကျိုးမရှိနိုင်ပေ။ ထို့ပြင် တာ့ကျိုးတိုင်းပြည်အတွက်လည်း အကျိုးမရှိပေ။

တာ့ကျိုးတိုင်းပြည်သာ တစ်ခုခုဖြစ်ခဲ့လျှင် ပြည်သူများသာလျှင် အတိဒုက္ခရောက်ကြရမည် ဖြစ်လေသည်။

"ကျုပ်ကို အကြံပေးဖို့မလိုပါဘူး ဆရာတော်၊ ဘုရင်မက ကျုပ်ကိုစိတ်ဝင်စားလို့ တွေ့ဆုံဖို့ ဆင့်ခေါ်တာနေမှာပါ၊ သိပ်အရေးမကြီးလှပါဘူး၊ ဒါနဲ့ အဲဒီသစ်သားငါးရုပ်တုံးလေးကို ဆရာတော် ကျုပ်ကိုများပေးနိုင်မလား"

"ဒီသစ်သားငါးရုပ်တုံးလေးကို မင်းကိုပြန်ပေးမလို့ပါပဲ၊ မဟုတ်ရင် ကျုပ် ဘယ်ယူလာလိမ့်မလဲ"

ဆန်းလျန်၏အမေးကို ကူဟွေ့ဆရာတော်က ပြန်ဖြေလိုက်လေသည်။

ကူပျော့ဆရာတော်က မီးခိုးရောင်သန်းနေသည့်ငွေရောင်သစ်သားငါးရုပ်တုံးလေးကို ဆန်းလျန်ထံသို့ ကမ်းပေးလိုက်လေသည်။ ဆန်းလျန်က ရိုသေစွာ လက်ခံလိုက်သည်။ နောက်ဆုံးတော့ သစ်သားငါးရုပ်တုံးလေးမှာ သူ့လာရာအရပ်ဆီသို့ ပြန်ရောက်ခဲ့ရပြီ။ သစ်သားငါးရုပ်တုံးလေးမှာ သာမန်ပစ္စည်းတစ်ခုမဟုတ်ပါ။ ထိုသစ်သားငါးရုပ်တုံးလေး ပျောက်ဆုံးသွားသည့်အချိန်တွင် ချင်းရွှမ်နတ်တံခါးက အဘယ်ကြောင့် လိုက်လံရှာဖွေခြင်း မပြုသည်ကို ဆန်းလျန်စိတ်ထဲ အဖြေရှာမရဖြစ်နေရလေသည်။

အခန်း (၁၀၉)

 ရွှေပြဒါးအမြုတေကိုလွယ်လွယ်နဲ့မရ

ဆန်းလျန်မှာ ဘာကြောင့်မှန်းမသိ သစ်သားငါးရုပ်တုံးလေးကို

ပြင်းပြင်းပြပြ ပြန်လိုချင်သည့် ဆန္ဒဖြစ်နေမိသည်။

သူ၏နှလုံးသားတစ်နေရာတွင် ဤသစ်သားငါးရုပ်တုံးလေးဖြင့်

ကျင့်စဉ်လမ်းကို ဖြတ်သန်းနိုင်လိမ့်မည်ဟု ယုံကြည်နေမိလေ

သည်။

ထို့ပြင် သူက လင်ချျန်းရှောင် ၊ အစိမ်းရောင်ဝတ်လူယန်ရှမ်တို့

ဖြင့် ပတ်သက်ခဲ့ဖူးသည့် လူတစ်ယောက်ဖြစ်သည့်အပြင် ချင်း

ရှမ်နတ်တံခါးမှ တပည့်တစ်ယောက်လည်းဖြစ်လေသည်။ ယခု

သူက တပည့်တစ်ယောက်အနေဖြင့် ပြင်ပလောကတွင်ရောက်

ရှိနေသည့် ချင်းရှမ်နတ်တံခါးမှ ပိုင်ဆိုင်သည့်ပစ္စည်းကို

ပြန်လည်ရယူခြင်း ဖြစ်လေသည်။

"မင်း လင်ချုန်းရှောင်အကြောင်း မမေးတော့ဘူးလား ၊ သူ သေ

လား ရှင်လားဆိုတာ မသိချင်တော့ဘူးလား"

ကူဟော္ခဆရာတော်က မေးလိုက်လေသည်။

"ဆရာတော် ခုပဲပြောပြတော့မှာမလား ၊ ကျုပ်ကဘာလို့

လေကုန်ခံပြီးမေးနေတော့မလဲ"

ဆန်းလျန်က ချက်ချင်းပြန်ပြောလိုက်လေသည်။

ကူဟော္ခဆရာတော်မှာ ဒုတိယအကြိမ် တုန်လှုပ်သွားရပြန်သည်။

သူ့စိတ်ကိုဖတ်နိုင်သူမှာ ဘုရင်မကြီးသာလျှင် ရှိလေသည်။

ယခုတော့ ဆန်းလျန်မှာလည်း ထိုကဲ့သို့အစွမ်းမျိုးရှိနေလေပြီ။

ဆန်းလျန်အား မည်သည့်ကိစ္စမျှ ဖုံးကွယ်ထား၍ မရနိုင်ပေ။

ကူဟော္ခဆရာတော်က တည်ကြည်စွာပြုံးလိုက်ရင်း....

"သူအခု ဘုန်းကြီးအပြီးဝတ်သွားပြီ ၊ အတိတ်ကအဖြစ်အပျက်

တွေအားလုံး ပြည်ဖုံးကားချလိုက်ပြီး ဒီ အစွမ်းထက်တဲ့

သစ်သားငါးရုပ်တုံးလေးကိုတောင် ကျုပ်ကို ပေးပစ်ခဲ့တယ် ၊

ဒါပေမယ့် ဒီပစ္စည်းလေးက မင်းနဲ့ဆိုရင် ပိုသင့်တော်မယ်လို့
ကျုပ်ခံစားနေရတယ်"
ကူဟွေ့ဆရာတော်က ပြောလိုက်လေသည်။
"သူဘုန်းကြီးအပြီးဝတ်သွားတယ်ဆိုပေမယ့် ဆန်းတုမြို့တော်နဲ့
တာ့ကျိုးတိုင်းပြည်မှာတော့ မနေဘူးမလား"
ဆန်းလျန်က သူ့မျက်လုံးများကို မေ့စင်းလိုက်ရင်း မေးလိုက်
သည်။
လင်ချုန်းရှောင်အနေဖြင့် အရာအားလုံးကို စွန့်လွှတ်သွားပြီး
ဘုန်းကြီးအပြီးဝတ်သွားသည်မှာ အကြောင်းတော့ရှိရပေမည်။
သူ့အတွက် တရားကျင့်ကြံအောင်မြင်ပြီး အမြင့်ဆုံးအဆင့်
ရောက်လို၍သာ ဖြစ်ပေမည်။
ဆန်းလျန်အဘယ့်ကြောင့် ထိုသို့မှန်းဆနိုင်ခြင်းဖြစ်ကြောင်း ကူ
ဟွေ့ဆရာတော် ကောင်းကောင်းနားလည်ပါသည်။ လက်ရှိ
ကောရီဘုရင်မကြီးမှာ လွန်စွာမှ ခန့်မှန်းရခက်သူ တစ်ဦးဖြစ်လေ

သည်။ လင်ချုန်းရှောင်ကဲ့သို့သော စွမ်းအားကြီးမားသူမျိုးဆို

လျှင် သူမလက်အောက်သို့ ရောက်အောင်သိမ်းသွင်းမည်ဖြစ်

ပြီး သိမ်းသွင်း၍မရပါက ကွက်မျက်ပစ်မည်မှာ အသေအချာ

ပင်။

အထက်ပါအကြောင်းအရာများမရှိခဲ့လျှင်လည်း လင်ချုန်း

ရှောင်က တာ့ကျိုးတိုင်းပြည်တွင် ဘုန်းကြီးဝတ်မည် မဟုတ်

ပေ။

အခြေအနေအရပ်ရပ်ကို ထောက်ရှုပြီး ဆန်းလျန်က ထိုသို့

ကောက်ချက်ချခဲ့ခြင်းဖြစ်လေသည်။

"သူက ရှီးဟွမ်ကိုထွက်သွားခဲ့တာ ၊ နောက်တော် ယွဲ့ထော်လို့ခေါ်

တဲ့တိုင်းပြည်မှာ ဘုန်းကြီးဝတ်လိုက်တယ်"

ကူဟော့ဆရာတော်၏ လေသံမှာ နူးညံ့သိမ်မွေ့နေလေသည်။

လင်ချုန်းရှောင်မှာ ဘုန်းကြီးဝတ်လျှင် ကတုံးတုံးစရာမလို

သည့်အချက်ကိုတွေးလိုက်မိတော့ သူရယ်မောလိုက်မိလေ
သည်။

"ရှီးဟွမ်" နှင့် "ယွဲ့ထော်" ဆိုသည့်အမည်များကို ကြားသည့်
အခါတွင်တော့ ဆန်းလျန်က ထိုဒေသများနှင့်ပတ်သက်သည့်
အကြောင်းအရာများကို ပြန်စဉ်းစားကြည့်လိုက်မိလေသည်။

ရှီးဟွမ်မှာ တာ့ကျိုးတိုင်းပြည်နှင့် မိုင်ပေါင်းဆယ်သန်းဝေးကွာ
သည့်နေရာတွင်တည်ရှိလေသည်။

တာ့ကျိုးတိုင်းပြည်ပိုင်ဆိုင်သည့် တောင်များ ၊ မြစ်ချောင်း
အင်းအိုင်များ များစွာပေါများလေသည်။ ထို့ပြင် တာ့ကျိုး
တိုင်းပြည်သိမ်းပိုက်ထားသည့် တိုင်းပြည်ငယ်လေးများလည်း
ရှိသေးသည်။ သို့သော်... ကြောက်မက်ဖွယ်ရာကောင်းသည့်
အချက်မှာ တောတောင်နှင့် မြစ်ချောင်းအင်းအိုင်များပေါများ
သည့်အတွက် နတ်မိစ္ဆာမျိုးနွယ်များစွာ ခိုအောင်းနေထိုင်ကြ
ခြင်းပင်ဖြစ်လေသည်။ လူအသွင်ဖန်ဆင်းနိုင်သည့် နတ်မိစ္ဆာ

ဘုရင်တစ်ပါးမှာ ဟိုင်သန်းအဆင့်ကျင့်ကြံသူတစ်ဦးနှင့် စွမ်း
ရည်ညီမျှလေသည်။ ထို့ပြင် နတ်ဘုရားများထက်ပင်
အစွမ်းထက်သော နတ်မိစ္ဆာဘုရင်များပင် ရှိကြသေးသည်။
ချန်ကျန့်မေ၏ "သေစေခြင်းကျောင်းတော်" မှာ ရှီးဟွမ်ရှိ
တောင်တစ်တောင်ပေါ်တွင် တည်ရှိလေသည်။ သူက တောင်
တစ်တောင်လုံးရှိ မိစ္ဆာများကို သတ်ဖြတ်နှိမ်နင်းပစ်ခဲ့သည်မှာ
နတ်ဘုရားများအလယ်တွင် သတင်းမွှေးလျှက်ရှိလေသည်။
ဆန်းလျန်၏ပထမဆုံးအစီအစဉ်မှာ ထိုက်ရှီးနည်းဗျူဟာ
ပထမအဆင့် အောင်မြင်အောင် ကျင့်ကြံနိုင်ရန်ဖြစ်လေသည်။
ပြီးလျှင်တော့ ရှီးဟွမ်သို့သွားကာ ချန့်ကျန့်မေနှင့် သွားရောက်
တွေ့ဆုံဖို့ဆုံးဖြတ်ထားသည်။

"လူတစ်ယောက်က သူ့ဘဝရဲ့သက်တမ်းတစ်ဝက်ကို ကျင့်ကြံ
ရင်းကုန်ဆုံးခဲ့တာကို ဘယ်သူမှမသိနိုင်ဘူး ၊ တစ်ချိန်
အောင်မြင်မှုရသွားမှသာ လောကကြီးကအံ့သြကြမယ်"

ဟု ထျန်းတိကျန်းမှတစ်ဆင့် ဆရာသခင်ကျန်းရှော့ရှီး နိမိတ်ဖတ်ခဲ့သည့်စကားမှာ တကယ်ပင် မှန်ကန်ခဲ့လေပြီ။ ချန်ကျန့်မေထံသို့သွားရမည့်ခရီးမှာ အလွန်ပင်အန္တရာယ်များသည့်အတွက် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှ ဒြပ်စင်စွမ်းအားရှစ်မျိုးကို စုပ်ယူအသုံးပြုနိုင်သည့်အဆင့် အောင်မြင်ပြီးမှသာ သွားရန် သင့်တော်လေသည်။ သို့မှသာ သူ၏အစွမ်းမှာ ဂိုဏ်းတူအစ်မကူးချိုင်ဝေ့ကဲ့သို့ မြင့်မားနေမည်ဖြစ်လေသည်။ အမှန်တော့ ကူးချိုင်ဝေ့မှာ ဟိုင်သန်းအဆင့်မတက်ရောက်နိုင်သေးသည့်တိုင် အခြားသောဟိုင်သန်းအဆင့်ဆရာသခင်များဖြင့် ရင်ပေါင်တန်းနိုင်သည့်အပြင် သာပင်သာနေသေးသည်။ ချန်ကျန့်မေ၏ အောင်ပွဲအခမ်းအနားနေ့ကပင် ဆရာသခင်ကျန်းရှော့ရှီးက သူမထိုင်ရန်အတွက် ကြမ်းခင်းအဝတ် ပြင်ဆင်ပေးခဲ့လေသည်။

သို့သော် သူမက ဟိုင်သန်းအဆင့်ဆရာသခင်များကို လေးစားသည့်အနေဖြင့် ကြမ်းခင်းအဝတ်ပေါ်တွင် မထိုင်ခဲ့ဘဲ ကြမ်းခင်းအဝတ်အနောက်တွင်သာ မတ်တပ်ရပ်နေခဲ့ခြင်း ဖြစ်လေသည်။

ကျင့်စဉ်လမ်းကိုစတင်လျှောက်လှမ်းသူများမှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို စတင်လေ့ကျင့်မိပါက ကျင့်စဉ်လမ်းအောင်မြင်ရန် လွန်စွာမှ ခက်ခဲမည်ဖြစ်လေသည်။ ကျင့်စဉ်လမ်းတစ်လျှောက် မအောင်မြင်ကြသည့် သက်သေများစွာ ရှိလေသည်။ ချင်းရွှမ်နတ်တံခါးတွင်တော့ ထိုကျင့်စဉ်ဖြင့် ကျင့်စဉ်လမ်းကို စတင်ဝင်ရောက်သူ အနည်းငယ်ရှိလေသည်။ ဆရာသခင်ကျန်းရော့ရှီးက ဆန်းလျန်အား ထိုကျင့်စဉ်ကို လေ့ကျင့်ရန် ရွေးခြယ်ပေးခဲ့လေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်မှာ ကျန်းရော့ရှီးအတွက် အရေးပါသူ တစ်ယောက်ဖြစ်ကြောင်း သိသာစေလေသည်။

ဆန်းလျန်သာ ကျရှုံးခဲ့လျှင် စိတ်အပျက်ကြီးပျက်သွားသည့်သူ မှာ ဆရာသခင်ကျန်းရော့ရှီးမှလွဲ၍ အခြားသူမရှိနိုင်ပေ။

ဆန်းလျန်မှာ ကျင့်စဉ်လမ်းတွင် အခက်အခဲများကြုံရသည့်တိုင် ဤကျင့်စဉ်ကိုရွေးခြယ်ပေးခဲ့သည့် ဆရာသခင်ကျန်းရော့ရှီးကို စောဒကတက်ခြင်းမျိုး တစ်ခါမျှ မရှိခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် အခြားကျင့်စဉ်တစ်ခုကိုလေ့ကျင့်လျှင်လည်း ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်မှာ မသေချာမရေရာသည့် ကိစ္စသာဖြစ်လေသည်။ နတ်ဘုရားတစ်ပါးဖြစ်လာရန်ဆိုသည့် မျှော်လင့်ချက်မှာ အနည်းငယ်မျှသာရှိလေသည်။ ထို့ပြင် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှာ ရင်သပ်ရှုမောစရာကောင်းလောက်အောင် အစွမ်းထက်လှသည့် ကျင့်စဉ်တစ်ခုဖြစ်လေသည်။

ဆန်းလျန်က အတွေးလွန်နေရာမှ စကားပြန်ပြောလိုက်သည်။

"ကြည့်ရတာ အဲဒီနေရာက လင်ချုန်းရှောင်အတွက် ကံတရား ကစီစဉ်ပေးတဲ့နေရာဖြစ်မှာပေါ့ဗျာ ၊ တာအိုကျင့်စဉ် လမ်းလျှောက်လှမ်းရတဲ့ အခက်အခဲဒုက္ခတွေကို ကျုပ်တို့ မျိုးဆက်ကတော့ ကောင်းကောင်းနားလည်ပါတယ် ၊ သူ့ အတွက် အကောင်းဆုံးဖြစ်ပါစေလို့ပဲ မျှော်လင့်ပါတယ်"

စကားဆုံးသွားသည်နှင့် သစ်သားငါးရုပ်တုံးလေးကိုကိုင် ဆောင်ကာ ဆန်းလျန်ထွက်ခွာသွားလေသည်။ ကဗျာရွတ်သံ တစ်စွန်းတစ်စကို ကူပျော့ဆရာတော် ကြားလိုက်ရလေသည်။

"အခက်အခဲပေါင်းများစွာနဲ့...

တာအိုကျင့်စဉ်လမ်းက ဆန်းပြားလွန်းတယ်...

ရွှေပြဒါးအမြုတေကို....

ဘယ်လွယ်လွယ်နဲ့ရမလဲ....

လျှို့ဝှက်ချက်တွေကို ရှင်းပြနိုင်မယ့်လူလည်းဖွေရှာလို့ မလွယ်...

အရေမရအဖတ်မရတွေနဲ့ပဲ အချိန်ကုန်ခဲ့ရပေါ့..."

ထိုကဗျာလေးကြားလိုက်ရသည့် တစ်ဒင်္ဂ....

ကူပေ့ဆရာတော်၏မျက်ဝန်းဝယ် မျက်ရည်စတို့ရစ်သိုင်းလျှ က် ရှိချေပြီတကား....။

....

ချင်ကျန့်နန်းဆောင်....

ဘုရင်မကြီးသည် စာရေးစုတ်တံကို "နဂါးရေကစား ငန်းများ ထိတ်လန့်" ပုံစံ ကိုင်ဆောင်ဝှေ့ယမ်းလိုက်သည်။ ထိုအခါ စာရွက်ဖြူပေါ်တွင် စာလုံးများက မှော်ဆန်ဆန်ပေါ်ပေါက်လာ လေသည်။

စာရွက်ပေါ်တွင် သူမရေးလိုက်သည်မှာ ဆန်းလျန်ရွတ်ဆိုခဲ့ သည့် တာအိုကဗျာလေးဖြစ်လေသည်။

သူမက ဝံပုလွေမွှေးစုတ်တံကို ပြန်ချထားလိုက်ပြီး....

"သူက တာအိုကျင့်ကြံသူအစစ်အမှန်ပဲကိုး ၊ ကဗျာကတကယ့် ကို ဂန္ထဝင်မြောက်ပါပေတယ်"

ဟု ပြောလိုက်လေသည်။

ကျောက်စိမ်းလှေကားထစ်များထက်တွင် အိမ်ရှေ့စံမင်းသား ကျောက်ရှမ်သည် ဘုရင်မကြီးကို စောင့်နေလေသည်။ သူနှင့် မျက်နှာချင်းဆိုင်တွင် အလွန်ခန့်ညားချောမောပြီး ဝတ်ကောင်းစားလှများဝတ်ဆင်ထားသည့် လူတစ်ယောက် ရပ်နေလေသည်။

ထိုသူကတစ်ချက်ပြုံးလိုက်ပြီး...

"ဂုဏ်သိက္ခာအရှိဆုံးတာအိုကျင့်စဉ်ဆိုတာ ဘုရင့်နိုင်ငံပါပဲ ၊ တော်ဝင်အရှင်ကတော့ သူတော်စင်ပဲ ၊ သူတော်စင်ရှေ့မှာ ဘယ်သူက တာအိုကျင့်စဉ်အကြောင်း ပြောရဲပါ့လဲ"

"သူတော်စင်" ဆိုသည်မှာ ဘုရင်မကြီးကို တင်စားခြင်းဖြစ်လေသည်။

ဘုရင်မကြီးက ပြုံးလိုက်ပြီး....

"ကျောက်ရှမ် ၊ ချီးဝမ်ပြောတာကို သဘောတူသလား"

သူမက အိမ်ရှေ့စံကို လှမ်းမေးလိုက်လေသည်။

ချီးဝမ်မင်းသားမှာ "ကျောက်" မျိုးနွယ်မဟုတ်ပေ။ ဆုံးပါးသွား

ပြီဖြစ်သည့် ဘုရင်မကြီး အစ်ကိုဖြစ်သူမှ မွေးဖွားသည့် သား

တော်ဖြစ်လေသည်။ ဘုရင်မကြီး၏ တူ တော်စပ်လေသည်။

ဘုရင်မကြီးတွင် တူသုံးယောက်ရှိလေသည်။ တူတော်သုံး

ယောက်တွင် ချီးဝမ်မင်းသားက အတော်ဆုံးဖြစ်ပြီး

တိုင်းပြည်၏ဝန်ကြီးချုပ်ရာထူးကိုလည်းရယူထားလေသည်။

ထို့ကြောင့် လွန်စွာမှ ဩဇာအရှိန်အဝါ ကြီးမားလေသည်။ သူ့

အထက်တွင် ဘုရင်မကြီးသာရှိပြီး သူ၏လက်အောက်တွင်

သန်းနှင့်ချီသည့် လက်အောက်ငယ်သားများ ရှိလေသည်။

ကျောက်ရွှမ်မှာ အိမ်ရှေ့စံမင်းသားဖြစ်သည့်တိုင် သူ၏ဩဇာ

အရှိန်အဝါမှာ ချီးဝမ်လောက် လွှမ်းမိုးနိုင်ခြင်း မရှိပေ။

ကျောက်ရွှမ်မှာ မတ်တပ်ရပ်စောင့်နေရသည်မှာ ကြာပြီဖြစ်

သည့်အပြင် ခန္ဓာကိုယ်ကလည်းအားနည်းနေသည့်အတွက်

ပင်ပန်းနေရကာ နဖူးထက်တွင် ချွေးများပင်စို့နေလေသည်။ သူ့ကိုကြည့်ရသည်မှာ စိတ်ရှုတ်နေပုံလည်းရလေသည်။

"ကျောက်ရွှမ်က အဲဒီလောက်အသိညဏ်မရှိပါဘူး ၊ ဒါပေမယ့် ဘုရင်မကပဲ မှန်မယ်ထင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ချီးဝမ်မင်းသားက အိမ်ရှေ့စံကို အထင်သေးသလို တစ်ချက်ကြည့်လိုက်သည်။ အိမ်ရှေ့စံမှာ ကြောက်တတ်ပြီး ဦးဆောင်နိုင်စွမ်းမရှိဟုသူက တွေးမိလေသည်။ သူ၏အဒေါ်ကဲ့သို့ ထက်မြက်သည့်ဘုရင်မတစ်ယောက်မှာ အဘယ်ကြောင့် ထိုကဲ့သို့သောလူမျိုးကို အိမ်ရှေ့စံအရာရွေးခဲ့ပါသနည်း။

ချီးဝမ်မင်းသားက အခန်းထဲတွင် ပြောရဲဆိုရဲဖင့် သတ္တိရှိသူများကို အကဲခတ်ရှာဖွေထားခဲ့သည်။ အိမ်ရှေ့စံနေရာနှင့် သင့်တော်သည့်သူဆို၍ မင်းသားငယ်ကျောက်ရှန့်တစ်ယောက်သာ

မျက်လုံးထဲ မြင်မိလေသည်။ သို့သော်.... ကျောက်ရှန့်မှာ လွန်စွာမှ ငယ်ရွယ်သေးသည်။

အိမ်ရှေ့စံသာ နတ်ရွာစံသွားလျှင် ဘုရက်မကြီးက ထိုကလေးကို အိမ်ရှေ့စံအရာပေးမည်မှာ အသေအချာပင် ဖြစ်လေသည်။

ဘုရင်မကြီးကို ဖုံးကွယ်ထားနိုင်သည့် အကြောင်းအရာဟူ၍ တစ်ခုမျှ မရှိပေ။ သို့သော် ... ယခုအချိန်ထိ ချီးဝမ်မင်းသား ဘာပဲလုပ်နေလုပ်နေ ဘုရင်မကြီးက တားဆီးခြင်း မရှိပေ။

ထို့ပြင် ချီးဝမ်မင်းသားကို သွယ်ဝိုက်သည့်နည်းများဖြင့် ချီးကျူးအသိအမှတ်ပြုတတ်လေသည်။

ဘုရင်မကြီးက သက်ပြင်းချလိုက်သည်။

"ကျောက်ရှမ် ၊ ငါ့ရဲ့သားတော်တစ်ပါးအနေနဲ့ ကိုယ်ပိုင်အတွေးအမြင်လေးတော့ ပြောသင့်တာပေါ့ ၊ မင်းကိုတော့ ငါ အင်မတန် စိတ်ပျက်မိတယ်"

ဟု ပြောလိုက်လေသည်။

အိမ်ရှေ့စံမင်းသားက ဒူးထောက်လိုက်လေသည်။

"ကျောက်ရှမ် အသုံးမကျလို့ ဘုရင်မကို စိတ်ပျက်စေမိပါပြီ"

ဟု တောင်းပန်လိုက်လေသည်။

ဘုရင်မကြီး အာဏာသိမ်းပြီးကတည်းက အိမ်ရှေ့မင်းသား

သည် ဘုရင်မကြီးကို မယ်တော်ဟု ခေါ်ဝေါ်သုံးနှုန်းခြင်း မရှိ

တော့ပေ။ မယ်တော်ဘုရင်မကြီးဟူ၍ပင် သုံးနှုန်းခြင်း မရှိပေ။

အခြားသူများခေါ်သကဲ့သို့ "ဘုရင်မ" ဟူ၍သာ သုံးနှုန်းလေ့ရှိ

လေသည်။

ချီးဝမ်မင်းသားကဝင်ပြောလိုက်သည်။

"အိမ်ရှေ့စံမင်းသားက ကြင်နာတတ်တဲ့နှလုံးသားရှိတဲ့အတွက်

တာ့ကျိုးတိုင်းပြည်အတွက် ဝမ်းသာစရာပါပဲ ဘုရင်မ ၊ သူ့ကို

အပြစ်မတင်ပါနဲ့ ၊ ကျွန်တော်မျိုးက ဘုရင်မနဲ့အတူ တိုင်းပြည်

တာဝန်တွေကို ကြိုးစားထမ်းရွက်သွားပေးပါ့မယ်"

ဘုရင်မ၏ တင်းမာအေးစက်သည့်မျက်နှာပေါ်ဝယ် အပြုံးတစ်ချက် လှစ်ဟ သွားလေသည်။ လေပြေတစ်ချက် တိုက်ခတ်သကဲ့သို့ပင် ဖြစ်လေသည်။

"ချီးဝမ်က ငါနဲ့အတူ တိုင်းပြည်တာဝန်တွေကို ထမ်းရွက်ချင်တယ်ဆိုမှတော့ ငါ့မှာ တောင်းဆိုစရာတစ်ခုရှိတယ်၊ မင်းလုပ်ပေးနိုင်မလား"

ဟု မေးလိုက်လေသည်။

"မှန်လှပါ ဘုရင်မ"

ချီးဝမ်က တုန့်ဆိုင်းခြင်းမရှိဘဲ ချက်ချင်း ပြန်ဖြေလိုက်သည်။

ဘုရင်မက အိမ်ရှေ့စံမင်းသားကျောက်ရွှမ်ကို လှမ်းကြည့်လိုက်ပြီး....

"ကျောက်ရွှမ်က အုပ်ချုပ်ရေးပိုင်းမှာ သိပ်ပြီးအတွေ့အကြုံမရှိဘူး၊ ဒါပေမယ့် ဒါကလေ့ကျင့်ပေးလို့ရပါတယ်၊ ငါက သူ့ကို နိုင်ငံရေးကိစ္စတွေမှာ ပါဝင်လုပ်ဆောင်စေလိုတယ်၊ ဒါပေမယ့်

ဗဟိုမှာလည်း ဝန်ကြီးဌာနတွေက အများကြီးဖြစ်နေတယ် ၊ ဒီ
တော့ ချီးဝမ် ၊ မင်းက ဝန်ကြီးချုပ်ရာထူးက နှုတ်ထွက်ပေးနိုင်
မလား"

ဟု ပြောလိုက်လေသည်။

တာ့ကျိုးတိုင်းပြည်တွင် ဝန်ကြီးများစွာရှိပါသည်။ ဝန်ကြီးချုပ်
ဖြစ်သည့် ချီးဝမ်ကတော့ မင်းမျိုးမင်းနွယ်ဖြစ်သည့် တစ်ပါး
တည်းသော ဝန်ကြီးချုပ် ဖြစ်လေသည်။ သူက ဘုရင်မအပေါ်
တွင် စကားအောင်သူ တစ်ယောက်ဖြစ်ပြီး အခြားဝန်ကြီးများ
ထက်ဆာလျှင် ပေါက်ရောက်သူတစ်ယောက်ဖြစ်လေသည်။

အခန်း (၁၁၀)

အချိန်အကြာကြီးခဲ့ခွာရတာ ပြန်ဆုံနိုင်ဖို့အတွက်ပါ

ချီးဝမ်မင်းသားသာ ဝန်ကြီးချုပ်ရာထူးမှ နှုတ်ထွက်လိုက်လျှင် သူ၏ဩဇာအာဏာမှာ များစွာလျော့နည်းသွားမည် ဖြစ်လေသည်။ သို့တိုင်အောင် အိမ်ရှေ့စံမင်းသား ကျောက်ရှမ် အနေဖြင့် နိုင်ငံရေးပိုင်းတွင် ထဲထဲဝင်ဝင် ပါဝင်နိုင်ခွင့် ရလာမည်ဖြစ်လေသည်။ ထိုသို့ပါဝင်ခွင့်ရမှသာ သူ၏အိမ်ရှေ့စံမင်းသားဟူသည့် အရိုက်အရာဂုဏ်ပုဒ်က မြင့်တက်လာမည် ဖြစ်လေသည်။ ထိုမှသာ သူ၏ဩဇာအာဏာ တည်တန့်မည် ဖြစ်သည်။

ချီးဝမ်မင်းသားက တစချက်ပင် တွန့်ဆုတ်သွားခြင်းမရှိပါ။

သူက ဘုရင်မကြီးကို ဦးညွှတ်လိုက်ပြီး....

"အမိန့်အတိုင်းပါ"

ဟု ပြောလိုက်လေသည်။

ချီးဝမ်မင်းသားရရှိထားသည့် ငွေကြေး ၊ ဂုဏ်သိက္ခာ အရာ အားလုံးမှာ ဘုရင်မကြီးကြောင့်သာဖြစ်လေသည်။ ယာယီ ဆုံးရှုံးမှုလေးတစ်ခုကို ငြင်းဆန်လိုက်မည်ဆိုလျှင် ဘုရင်မကြီး သူ့ကို စိတ်ကွက်ပေလိမ့်မည်။ ဘုရင်မကြီးစိတ်ကွက်သွားခြင်း ကသာ မဟာဆုံးရှုံးမှုကြီး တစ်ရပ်ဖြစ်လေသည်။

ဘုရင်မကြီးက ချီးဝမ် ထိုသို့ပင်ပြုမူမည်ဟု မျှော်လင့်ထားပြီး သား ဖြစ်လေသည်။

"ကောင်းပြီလေ... အခုပြန်လို့ရပါပြီ"

ဘုရင်မကြီးက ပြောလိုက်လေသည်။

ဘုရင်မကြီးက ချီးဝမ်ကို နောက်မှနှစ်သိမ့်ဖို့ ဆုံးဖြတ်လိုက် သည်။ သူမက ဆုံးဖြတ်ချက်ပြတ်သားသလို လုပ်ရပ်ကလည်း ပြတ်သားလေသည်။ ချီးဝမ်မင်းသားရော အိမ်ရှေ့စံမင်းသား ပါ ပြန်ကြရန် သူမက အမိန့်ပေးလိုက်သည်။

ချီးဝမ်မင်းသားနှင့် အိမ်ရှေ့စံမင်းသား နှစ်ပါးစလုံး ဘုရင်မ

ကြီးကို ဦးညွတ်ကာ ထွက်ခွာသွားကြလေတော့သည်။ ချီးဝမ်

မင်းသား၏မျက်နှာမှာ မည်းမှောင်နေလေပြီ။

"အိမ်ရှေ့စံမင်းသား ၊ နိုင်ငံရေးဆိုတာ လွန်စွာမှ ရှုတ်ထွေးတယ်

၊ ကျန်းမာရေးဂရုစိုက်ပါ ၊ သိပ်ပြီးအပင်ပန်းမခံနဲ့"

ဟု ငေါ့တော့တော့လေသံဖြင့် ချီးဝမ်က ပြောလိုက်လေသည်။

"ချီးဝမ်မင်းသားစိတ်ပူပေးလို့ ကျုပ်အတော်တောင် နေကောင်း

နေပါပြီ"

အိမ်ရှေ့စံမင်းသားက အေးဆေးစွာပင် ပြန်ပြောလိုက်လေ

သည်။

"လောကကြီးမှာ လူတော်တွေမှ အများကြီးပါ ၊ အိမ်ရှေ့စံကို

ချစ်ခင်ကြတဲ့သူတွေလည်း တစ်ပုံကြီးပဲ ၊ ပြီးတော့ အိမ်ရှေ့စံ

ကို ကာကွယ်ပေးနေတဲ့သူတွေလည်းအများကြီးရှိတာပဲ ၊ ကျုပ်

က ဘယ်မှာ ဂရုစိုက်ပေးနိုင်လို့လဲ ၊ အလုပ်တွေပဲများနေခဲ့တာ

လေ"

ချီးဝမ်က ပြန်ပြောလိုက်သည်။

သူက စကားဆုံးသွားသည်နှင့် ထွက်ခွာသွားလေတော့သည်။

အိမ်ရှေ့စံမှာ ကျောက်လှေကားထစ်များထက်တွင် ကျန်ရစ်ခဲ့

လေသည်။ သူက ဖြည်းဖြည်းချင်းဆင်းလာရင်း ချော်လဲတော့

မလိုတောင် ဖြစ်သွားသည့်အတွက် မိန်းမဆိုးတစ်ယောက်က

အမြန်တွဲလိုက်ရသည်။

နန်းဆောင်ထဲတွင်တော့ ဘုရင်မကြီးက နဂါးပလ္လင်ထက်တွင်

စံမြန်းနေလေသည်။ သူမ၏စူးရှသည့်မျက်ဝန်းများက နန်း

ဆောင် အပြင်ဘက်တွင် ဖြစ်ပျက်နေသမျှကို ထွင်းဖောက် တွေ့

မြင်နေရလေသည်။

အိမ်ရှေ့စံမင်းသား ခြေချော်ပြီး ချော်လဲတော့မလို ဖြစ်သည်မှာ

စိတ်မသက်မသာဖြစ်နေခြင်းကြောင့် ဖြစ်လေသည်။ ဘေးနား

မှ မိန်းမဆိုးသာ အချိန်မီ မတွဲလိုက်နိုင်လျှင် ပုံပျက်ပန်းပျက် လဲကျကာ အခြားသူများရယ်စရာ ဖြစ်ပေလိမ့်မည်။ ဘုရင်မကြီးက အဓိပ္ပါယ်ပါပါ တစ်ချက်ပြုံးလိုက်သည်။ သူမ၏သားတော်မှာ တဖြည်းဖြည်းစိတ်ဝင်စားစရာကောင်းလာသည်ဟု တွေးနေမိလေတော့သည်။

စာရွက်ပေါ်တွင်ရေးသားထားသည့် နောက်ဆုံးကဗျာစာကြောင်းလေးနှစ်ကြောင်းအပေါ်သို့ သူမ၏ အကြည့်က ကျရောက်သွားသည်။

"လျှို့ဝှက်ချက်တွေကို ရှင်းပြနိုင်မယ့်

လူလည်းဖွေရှာလို့မလွယ်...

အရေမရအဖတ်မရတွေနဲ့ပဲ အချိန်ကုန်ခဲ့ရပေါ့..."

သူမ၏ မပြောင်းလဲသည့် ရည်ရွယ်ချက်တစ်ခုသာ မရှိခဲ့လျှင် သူမဘဝတစ်လျှောက်လုံး ထီးရေးနန်းရာများဖြင့်သာ အချိန်ကုန်နေမိမည် ဖြစ်လေသည်။ သူမ၏တန်ခိုးအာဏာများ

နှင့် ရာဇလ္လင်တည်မြဲရေးမှာ သူမအတွက်တော့
အလယ်အလတ်မျှသာ အရေးပါလေသည်။ သူမတကယ်
လိုချင်သည့်အရာကိုတော့ မည်သူမျှ မသိနိုင်ပေ။
အရှေ့နန်းဆောင်သို့ ပြန်ရောက်လာသည့် အိမ်ရှေ့စံကို သား
တော်ဖြစ်သူကျောက်ရှန့်က ဆီးကြိုလိုက်သည်။ သားအဖနှစ်
ယောက် ဆိတ်ငြိမ်ဆောင်သို့ ရောက်သည့်အခါတွင်တော့
ကျောက်ရွှမ်က မအောင့်နိုင်တော့ဘဲ ရယ်မောလိုက်လေသည်။
သူ၏ရယ်သံမှာ ကျယ်လောင်ခြင်းမရှိသည့်တိုင်အောင်
စိတ်ကျေနပ်မှုများဖြင့် ပြည့်နက်နေလေသည်။
သူ၏ဖခင် ဤမျှလောက် ပျော်ရွှင်နေသည်ကို ကျောက်ရှန့် တ
စ်ခါ့ှက မတွေ့ဖူးပေ။ ကျောက်ရွှမ်ရယ်မောခြင်း ရပ်တန့်သွား
တော့မှ....
"ခမည်းတော်... ဒီနေ့ဘာသတင်းကောင်းများရှိလို့လဲ"
ကျောက်ရှန့်က မေးလိုက်လေသည်။

"ဒီနေ့ကစပြီး ကောင်းကောင်းအိပ်ပျော်နိုင်ပြီ သားတော်ရေ"

ကျောက်ရွှမ်က ရယ်သံနှောရင်း သားဖြစ်သူ၏အမေးကို ပြန်ဖြေလိုက်လေသည်။

"ဆေးညွှန်းက တကယ်ထိရောက်တာလား ခမည်းတော်၊ ဆန်းလျန်ပေးလိုက်တဲ့ဆေးညွှန်းထဲမှာ ဘာရေးထားတာလဲ"

ကျောက်ရှန့်က မေးလိုက်လေသည်။

ကျောက်ရွှမ်က ခေါင်းခါရမ်းလိုက်ရင်း...

"ဆေးညွှန်းက ငါးစာပဲ၊ အဲဒီဆေးညွှန်းကို ကျေးဇူးတင်ရမယ်၊ ခမည်းတော်က ဘုရင်မကြီးအပေါ်ရိုးသားခဲ့တယ်၊ အခု ဘုရင်မကြီးကလည်း အကြွင်းနာတရားရှိလို့ သနားညှာတာခဲ့ပြီ၊ ဒီနေ့မနက်ပဲ ဘုရင်မက ချီးဝမ်ကို ဗဟိုအုပ်ချုပ်မှုဝန်ကြီးဌာနတွေရဲ့ ဝန်ကြီးချုပ်ရာထူးက နုတ်ထွက်ခိုင်းလိုက်တယ်၊ ခမည်းတော်ကို နိုင်ငံရေးကိစ္စတွေမှာ စတင်ပါဝင်ဖို့ပြောတယ်၊ ခုမှ စိတ်အေးရပြီ၊ ခမည်းတော်တို့ သတိဝိ

ရိုယနဲ့နေမယ်ဆိုရင် အနည်းဆုံး သုံးနှစ်ကနေငါးနှစ်အတွင်း အနွံ့ရယ်ကင်းပြီ"

ဟု ပြောလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်၏အစွမ်းကိုလည်း သူအလွန်လေးစားနေမိသည်။ ဘုရင်မကြီး၏ စစ်မှန်သည့်ရည်ရွယ်ချက်ကို ဆန်းလျန်က ထက်မြက်စွာဖြင့် အကဲခတ်နိုင်ခဲ့၍သာ ဝန်ကြီးဌာနများတွင် ယခုကဲ့သို့အပြောင်းအလဲ ဖြစ်ခဲ့ခြင်း ဖြစ်လေသည်။ ဆန်းလျန်က ပြဿနာကို ကဗျာတစ်ပုဒ်တည်းဖြင့် ဖြေရှင်းခဲ့သူပင်။

ဘုရင်မကြီး အာဏာသိမ်းပြီးနောက်ပိုင်း သူမက ချင်းဟယ်ကျွမ်းဝမ်၏ ပုန်ကန်မှုကို နှိမ်နင်းနိုင်ခဲ့သည်။ သို့သော်...

လောကတွင် ကြိုတင်မသိမြင်နိုင်သည့် အနှောင့်အယှက်များကလည်း များစွာရှိလေသည်။ မင်းသားကျောက်ရွှမ်ကို အိမ်ရှေ့စံအရာပေးခဲ့ခြင်းမှာ ယခင်မင်းကြီးလက်ထက်က မျက်နှာ

သာအပေးခံရသည့် ဝန်ကြီးများကို သူမက မဖိနှိပ်လိုကြောင်း
ပြသချင်၍ ဖြစ်လေသည်။ တစ်ဖက်ကလည်း ကျောက်ရွှမ်ကို
သတိပေးသည့်အနေဖြင့် ချီးဝမ်မင်းသားကို ရာထူးအဆင့်တိုး
မြှင့်ပေးခဲ့သည်။

ချီးဝမ်ကို ရာထူးပေးထားသည်မှာ အိမ်ရှေ့စံ၏ အာဏာ ကြီး
ထွားမလာစေရန်အတွက် ပရိယာယ်ဆင်ထားခြင်းပင်ဖြစ်လေ
သည်။ သို့သော် ထိုသို့ပြုလုပ်လိုက်သည့်အတွက်ကြောင့် နန်း
တွင်းတွင် အုပ်စုကွဲသွားကြသည်။ ချီးဝမ်ဝန်ကြီးချုပ်ဖြစ်လာ
သည့်အခါ ယခင်မင်းကြီးလက်ထက်ကတည်းက သစ္စာရှိ
ဝန်ကြီးအဟောင်းများမှာ ဘုရင်မကြီးအုပ်ချုပ်သည့်ခေတ်တွင်
နေရာမရ ဖြစ်ကြရလေသည်။

ယခု ဘုရင်မကြီးက ချီးဝမ်မင်းသားကို ရာထူးမှ ဖယ်ရှားလိုက်
ပြီး အိမ်ရှေ့စံကို နိုင်ငံရေးကိစ္စများတွင် ပါဝင်ပတ်သက်ခွင့်ပေး
ခဲ့ပြီ။ ဤသည်ကိုကြည့်ခြင်းအားဖြင့်သူမ၏ အုပ်ချုပ်မှု

အောက်တွင် သွေးကွဲမှုများကို မလိုလားတော့ဘဲ ညီညွတ်စေလိုသည့် ဆန္ဒရှိသောကြောင့်ဖြစ်လေသည်။

ထို့ကြောင့် ကျောက်ရွှမ်က "အနည်းဆုံး သုံးနှစ်ကနေငါးနှစ်အတွင်း အန္တရယ်ကင်းပြီ" ဟု ပြောနိုင်ခြင်း ဖြစ်လေသည်။ သူလည်း ပူပန်မှုကင်းမဲ့စွာ အိပ်ပျော်နိုင်တော့မည် ဖြစ်လေသည်။

ချီးဝမ်က သူ့ကို လုပ်ကြံသတ်ဖြတ်မည်ဆိုလျှင်တောင်မှ ဘုရင်မ၏ခြိုးခြံမှုကိုခံပြီး သူကဲ့သို့သောသူကို လုပ်ကြံမည် မဟုတ်ပေ။ တကယ်တမ်းလုပ်ကြံလျှင်လည်း ဘုရင်မက သိရှိသွားမည်ဖြစ်ပြီး ချီးဝမ်ကို ကွက်မျက်မည်ပင် ဖြစ်လေသည်။

ယနေ့နံနက် သူချော်လဲမည့်ပုံ ဖြစ်သွားသည်မှာ တကယ်ဖြစ်သော်လည်း ဟန်ဆောင်မှုက တစ်ဝက်ပါဝင်လေသည်။ သူက အရာအားလုံးမှာ ဘုရင်မ၏ ထိန်းချုပ်မှုအောက်တွင်သာရှိကြောင်း ပြသလို၍ ထိုကဲ့သို့ ဟန်ဆောင်လိုက်ခြင်းဖြစ်လေသည်။

နန်းတွင်း အာဏာပြိုင်ပွဲကြီးတွင် ကျောက်ရှန့်မှာ ဖခင်ဖြစ်သူ

ကဲ့သို့ အတွေ့အကြုံ ရှိသူမဟုတ်ပေ။ သူက ဖခင်ဖြစ်သူရှင်းပြ

လိုက်တော့မှ အရာအားလုံးကို နားလည်သွားရလေသည်။

သူက ဖခင်၏အရည်အချင်းကို လျှော့တွက်ခဲ့မိသည်ပဲ။

ထို့ပြင် ခန့်မှန်း၍မရနိုင်သည့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများ

နှင့် အသိဉာဏ်ပညာများကိုပါ လွန်စွာမှလေးစားသွားမိလေ

တော့သည်။ လေးစားသည်ထက်ပင် ပိုသည်ဟုပြောလျှင် ပိုမှန်

ပေလိမ့်မည်။

....

အသိဉာဏ်ပညာဟု ပြောရမည်ဆိုလျှင် ဆန်းလျန်မှာ ကမ္ဘာပေါ်

တွင် ဉာဏ်အကောင်းဆုံးလူသားတစ်ယောက်တော့ မဟုတ်ခဲ့

ပါ။ စစ်တုရင်ကစားသည့်အခါ ကစားနေသည့်ပြိုင်ဘက်နှစ်

ယောက်ထက် ပါဝင်ကစားခြင်းမရှိသည့်တတိယလူက

ကစားကွက်ကိုပိုမြင်တတ်လေသည်။ ထိုသို့သော သဘောမျိုး

ပင် ဖြစ်လေသည်။ ထို့ပြင် ခေတ်ပေါ်ကမ္ဘာတွင် နေစဉ်ကရော ၊

ယခုလက်ရှိဘဝတွင်ပင်ပါ သူက သမိုင်းပညာကို စိတ်ပါဝင်စား

စွာ လေ့လာခဲ့သူ ဖြစ်လေသည်။

ရှော့ရှီလေးမှာ အစ်ကိုဖြစ်သူဆန်းလျန်၏ စိတ်နေစိတ်ထား

များကို စံထားပြီး စာရေးလေ့ကျင့်နေလေသည်။

"အချိန်အကြာကြီးဆုံစည်းခွင့်ရတာ ခွဲခွာကြဖို့ပါ...

အချိန်အကြာကြီးခွဲခွာရတာ ပြန်ဆုံနိုင်ဖို့အတွက်ပါ"

ရှော့ရှီက စာရွက်ပေါ်တွင် စာလုံးများရေးသားထားလေသည်။

ဆန်းလျန်က သူမရေးသားထားသည်များကိုစစ်ဆေးပြီး

ချစ်စရာကောင်းသလို စာလည်းတော်သော ကလေးမလေးကို

ကောက်ချီကာ ပါးလေးကို နမ်းလိုက်လေသည်။

ရှော့ရှီက မချိုမချဉ်မျက်နှာထားဖြင့်....

"သမီးကအခု အသက်ကြီးလာပြီ ၊ ကလေးမလေးမဟုတ်တော့

ဘူး ၊ လာမနမ်းနဲ့တော့"

ဟု ပြောလိုက်လေသည်။

"သမီးအရပ် ကိုကို့ပခုံးလောက်ရောက်ပြီဆိုမှ ဒီစကားမျိုးပြော

စမ်းပါ"

ဟု ပြန်လည် နောက်ပြောင်လိုက်လေသည်။

ရော့ရှီက နှုတ်ခမ်းစူလိုက်ရင်း...

"ကိုကို့ကိုကြည့်ရတာ ဒီနေ့ အြူမူးနေသလိုပဲ"

ဟု ပြောလိုက်လေသည်။

"ဟုတ်တယ် ၊ ဘာလို့လဲဆိုတော့ ကိုကို့ကို စိတ်အနှောင့်အယှက်

ပေးနေတဲ့အရာရဲ့ အဖြေကို ရှာတွေ့သွားလို့ပဲ"

ဟု ပေါ့ပေါ့ပါးပါးဖြင့် ပြုံးရင်း ပြန်ပြောလိုက်လေသည်။

ဆန်းလျန်မှာ ဒြပ်စင်စွမ်းအားရှစ်မျိုးကို ထိန်းညှိနိုင်ခြင်းမရှိ

သည့်တိုင် ထိုစွမ်းအားများ ခန္ဓာကိုယ်တွင်းသို့ စီးဝင်

ပေါင်းစည်းစေနိုင်သည့် လားရာကို ရှာတွေ့သွားပြီဖြစ်လေ

သည်။

ဆန်းလျန်က ရော့ရှီလေးကို ချီထားရာမှ အောက်ပြန်ချ
ပေးလိုက်သည်။ ရော့ရှီက ဆန်းလျန်ချီထားလျှင်သဘောကျ
လေသည်။ ဆန်းလျန်၏ကိုယ်သင်းရနံ့မှာ မိုးရွာပြီးကာစတွင်
သစ်ပင်များနှင့် မြက်ပင်လေးများမှရသည့် ရနံ့လိုမျိုးဖြစ်ပြီး
လူကိုလန်းဆန်းစေသောကြောင့် ဖြစ်လေသည်။ တစ်ခါတစ်ရံ
သူမကိုကို၏အသားကိုသာ ချက်စားရလျှင် အရသာအလွန်ရှိ
မည်ဟု တွေးကြည့်ဖူးလေသည်။

ဆန်းလျန်မှာတော့ ထိုမိန်းကလေးငယ်လေး၏ ထူးထူးဆန်း
ဆန်းစိတ်ကူးများကို မသိရှာပါ။

ထိုအချိန်....

အစေခံတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသည့် လူတစ်ယောက်
ဆေးခန်းအတွင်းသို့ ဝင်လာလေသည်။ သူဝတ်ထားသည့်
ဝတ်စုံ၏ ပိတ်စအသားမှာ ထူးခြားလေသည်။ ထိုသူ၏
မျက်နှာထက်တွင် နှုတ်ခမ်းမွေးများရှိနေပြီး သူ၏ပုံစံမှာ သူလို

ကိုယ်လိုပင် ဖြစ်လေသည်။ သို့သော် ထိုသူ၏ ထူးခြားချက်မှာ မျက်ခုံးနှစ်ဖက်ဖြစ်လေသည်။ မျက်ခုံးများမှာ တစ်ဖက်မြင့် တစ်ဖက်နိမ့်ဖြစ်နေသည့်အတွက် ထူးဆန်းဖွယ်ရာ ဖြစ်နေလေသည်၊

သူ၏ခြေသံက ပေါ့ပါးနေပြီး အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်ပုံရလေသည်။

ဆေးခန်းအတွင်းသို့ တံခါးမခေါက်ဘဲ ဝင်လာသည့်အတွက် သူ့အပြုအမူက ရိုင်းပြသလို ဖြစ်နေသည်။

"မင်းက ဒီဆေးခန်းပိုင်ရှင်လား"

ထိုသူက ဆန်းလျန်ကိုကြည့်လိုက်ပြီး တစ်ချက်ပြုံးပြကာ မေးလိုက်လေသည်။

"မင်းက ဘယ်လိုထင်လို့လဲ"

ဆန်းလျန်က ပြန်မေးလိုက်သည်။

ထိုသူ၏ပုံစံမှာ ကိုယ့်ကိုကိုယ်အထင်ကြီးနေသည့် အဆင့်မြင့်
သိုင်းသမားတစ်ယောက်၏ ပုံစံမျိုးဖြစ်သည် ဟု ဆန်းလျန်
ကောက်ချက်ချမိသည်။
"မင်းကတကယ်ပဲ သေတဲ့သူတွေကိုတောင် ပြန်အသက်
သွင်းပေးနိုင်တာလား"
ထိုသူက မေးလိုက်လေသည်။
ဆန်းလျန်က အခိပ္ပါယ်ပါပါတစ်ချက်ပြုံးလိုက်ပြီး...
"မင်းကသိချင်လို့လား"
ဟု မေးလိုက်လေသည်။
"ဟုတ်တယ်၊ ကျုပ်က သိချင်လို့ပါ"
ဟု ထိုသူက ပြန်ပြောလိုက်လေသည်။
"ကျုပ်ကမင်းကို ရိုက်သတ်လိုက်ပြီး သေရွာက ပြန်ခေါ်ပေး
မယ်ဆိုရင်ရော၊ ဒါဆို မင်းသိချင်တာ သိရပြီပေါ့"

ဆန်းလျန်၏ အေးစက်စက်အပြောအောက်တွင် လူသတ်လို
သည့်အငွေ့အသက်များ ပါဝင်နေလေသည်။
ထူးဆန်းသည့်မျက်ခုံးမွေးပိုင်ရှင်မှာ ဆေးခန်းအတွင်းရှိအပူချိန်
မှာ သိသိသာသာလျော့ကျသွားသည်ကို သတိထားလိုက်မိလေ
သည်။ ဆန်းလျန်၏ခန္ဓာကိုယ်မှာ တဖြည်းဖြည်းကြီးမားလာ
သကဲ့သို့ထင်ရပြီး ထိုသူ၏ခန္ဓာကိုယ်မှာ တဖြည်းဖြည်း
ကျုံ့ဝင်သွားသကဲ့သို့ထင်ရလေသည်။ ဆန်းလျန်၏ပုံစံမှာ လူ
လောကသို့ဆင်းသက်လာသည့် နတ်ဘုရားတစ်ပါးအလား
အသွင်ပြောင်းသွားလေတော့သည်။

အခန်း (၁၁၁)

ကျောက်ရှောင်ယွီ

အရာအားလုံးမှာ မျက်စိတစ်မှိတ်အတွင်း ဖြစ်သွားခြင်းဖြစ်လေသည်။ ရန်သူမှာ တစ်ခဏအတွင်းပင် အသက်ဆုံးရှုံးသွားနိုင်လေသည်။

တုန်လှုပ်ခြောက်ခြားသွားသည့်တိုင် ထိုသူက နှောင့်နှေးနေခြင်းတော့မရှိပါ။

သူ့မျက်လုံးများက မှိတ်သွားခြင်းမရှိပါ။ ကြောက်စိတ်က သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားပြီး နေရာမှာပင် မလှုပ်မယှက်ရပ်နေမိလေသည်။

ရုတ်တရက် ဖိအားက ရပ်တန့်သွားလေသည်။ ထိုအခါမှ ထိုသူမှာ စိတ်သက်သာရာရသွားလေသည်။ ဆန်းလျန်၏လက်ဝါးရိုက်ချက်က သူ့ရှေ့ တစ်လက်မခန့်အကွာတွင်ရပ်တန့်သွားခြင်းဖြစ်လေသည်။ ထိုသူက အနောက်သို့

ရုတ်တရက် ခုန်ရှောင်လိုက်သည်။ ထို့နောက် ဆန်းလျန်၏ လက်ကောက်ဝတ်ကို သူ၏ ဘယ်ဘက်ခြေထောက်ဖြင့် ကန်ချလိုက်လေသည်။ ဆန်းလျန်၏ခန္ဓာကိုယ်မှာ ငှက်မွေးလေးတစ်ခုအလား ပေါ့ပါးစွာဖြင့် ထိုခြေကန်ချက်ကို လှပစွာရှောင်တိမ်းလိုက်သည်။

ထိုသိုင်းကွက်မှာ သိုင်းကွက်တစ်ခုမဟုတ်ပါ။ ဆန်းလျန် ခေတ်ပေါ်ကမ္ဘာမှ ယောဂကျင့်စဉ် ပုံစံကို ယူသုံးထားခြင်းဖြစ်လေသည်။ ယောဂကျင့်စဉ်အခြေခံမှာ အဓိကသွေးကြောသုံးခုနှင့်သွေးလည်ပတ်ပုံ ခုနစ်မျိုးကို လေ့ကျင့်ရခြင်းဖြစ်လေသည်။ ကျင့်စဉ်လမ်းတွင် သိရှိရသည့် အဓိကသွေးကြောဆုံမှတ် ရှစ်ခုနှင့် တူညီခြင်းမရှိပါ။ ယောဂကျင့်စဉ်ဆိုသည်က တာအိုကျင့်စဉ်နှင့် မတူညီသည့် အခြားသော ကျင့်စဉ်တစ်ခုဖြစ်လေသည်။

ဆန်းလျန်က စိတ်အာရုံစူးစိုက်ကာ ရန်သူ၏ ခန္ဓာကိုယ်အလယ်ပိုင်းကို အကဲခတ်ကြည့်လိုက်သည်။ အပြာရောင်စွမ်းအားတစ်ခုကို အာရုံခံမိလေသည်။ ထိုစွမ်းအားမှာ ထိုသူ၏ စွမ်းအားအရင်းအမြစ်ပင်ဖြစ်လေသည်။ ထိုစွမ်းအားကို ထိုသူ၏ ကျောရိုးတစ်လျှောက်တွင် တွေ့လိုက်ရလေသည်။

ရန်သူမှာ လျှပ်စီးကဲ့သို့ လျှင်မြန်လွန်းလေသည်။ သို့သော်... ဆန်းလျန်၏ အာရုံထဲတွင်တော့ လွန်စွာမှ နှေးကွေးနေလေသည်။

ဆန်းလျန်က ရန်သူ၏ ခြေကန်ချက်ကို ခပ်လွယ်လွယ်ပင်ရှောင်တိမ်းလိုက်လေသည်။ တစ်ချိန်တည်းမှာပင် "ပင်လယ်လှိုင်းခွဲ" လက်ဝါးရိုက်ချက်ဖြင့် ထိုသူ၏ ရင်ဝကို ရိုက်ချလိုက်လေတော့သည်။

ထိုသူက မြေပြင်ထက်သို့ အရှိန်ပြင်းစွာဖြင့် ပြုတ်ကျသွားပြီး ခါးတစ်ခုလုံး နာကျင်သွားရလေသည်။ သူ၏ အပြာရောင်

စွမ်းအားများအားလုံးမှာ ပြင်ပသို့ စိမ့်ထွက်သွားလေ

တော့သည်။ ထိုစွမ်းအားသာမရှိလျှင် ထိုသူမှာ ပိုပြီး အကျနာ

မည် ဖြစ်လေသည်။ ထိုသူက မြေပြင်ထက်တွင် အော်ဟစ်

ညည်းညူနေလေတော့သည်။

သမာဓိပျက်သွားပြီဖြစ်သည့် ထိုသူကို ဆန်းလျန်က ကြည့်ရင်း

ရယ်မောလိုက်သည်။

"မင်းရဲ့လဒဖင်ထိုင်ရက်ကျ သိုင်းကွက်က တကယ်အံ့ဩစရာ

ကောင်းတာပဲ"

ဟု ပြောလိုက်လေသည်။

ထူးဆန်းသည့်မျက်ခုံးမွေးပိုင်ရှင်မှာ ဒေါသထွက်၍ ဆွေ့ဆွေ့ခုန်

နေတော့သည်။ သူ့ခန္ဓာကိုယ်ထဲမှ အတွင်းအားများမှာလည်း

စုစည်း၍မရတော့ပေ။ သူက လက်ဖြင့်မြေပြင်ကိုထောက်ပြီး

အားတင်းကာ မတ်တပ်ရပ်လိုက်သည်။

"ဒီနေ့ ကျုပ်မင်းကိုရှုံးသွားမှတော့ ပြောချင်သလိုပြောတော့ပေါ့ ၊ တကယ်တော့ ကျုပ်သခင်က ဒီည မြေက်ပိုင်းကန်သာယာက ချေးယွင်ထိုင်မှာ အရက်သောက်ဖို့ မင်းကို ဖိတ်ခိုင်းလိုက်လို့ လာဖိတ်တာပါ ၊ မင်းလာမှာလား"

ဟု ပြောလိုက်လေတော့သည်။

မြောက်ပိုင်းကန်သာယာဆိုသည်မှာ ဆန်းတုမြို့တော်၏ ဟုန်ကွမ်းရပ်ကွက်တွင်တည်ရှိသော နေရာတစ်ခုဖြစ်လေသည်။ ထိုနေရာတွင် ပျော်ရွှင်စရာများဖြင့် ပြည့်နေလေသည်။ ဆောင်ကြာမြိုင်များ ၊ ပြဇာတ်ရုံများ နေရာတိုင်းတွင် ရှိနေသည်။ အချို့လူများက မြောက်ပိုင်းကန်သာယာမှ ရေသည်ပင်လျှင် မိန်းကလေးများသုံးသည့် ရေမွှေးနံ့ထွက်နေပြီဟု ပြစ်တင်ပြောဆိုကြလေသည်။

"ဖိတ်မှတော့ လာရမှာပေါ့ဗျာ"

ဆန်းလျန်ပြုံးရင်း ပြန်ပြောလိုက်လေသည်။

ထူးဆန်းသည့်မျက်ခုံးမွှေးပိုင်ရှင်က ဆန်းလျန်မှာ သူ့ကိုဒေါသ ထွက်ပြီး ဖိတ်ကြားမှုကို ငြင်းပယ်မည်ဟု ထင်နေခဲ့လေသည်။ ဆန်းလျန်က ဖိတ်ကြားမှုကို လက်ခံမည်ဟု တွေးထင်မထားခဲ့မိပေ။

ဆန်းလျန်မှာ တကယ်ပင် တန်ခိုးစွမ်းအားကြီးမားသူ ဖြစ်ကြောင်း သူနားလည်သွားခဲ့ရသည်။ "ရေရဲ့အတိမ်အနက်ကိုစမ်းမကြည့်နဲ့" ဟု သူ့သခင် မှာလိုက်သည့်စကားကို သူ နားထောင်သင့်မိသည်။ ရေမည်မျှနက်သည်ကို မသိနိုင်သလို ဆန်းလျန်၏တန်ခိုးစွမ်းအားမှာ မည်မျှ နက်ရှိုင်းကြောင်းလည်း သူ မသိနိုင်ပေ။ ဆန်းလျန်မှာ သူ၏အားနည်းချက်ကို သိမြင်ကာ တိုက်ခိုက်နိုင်သူ ဖြစ်လေသည်။

ထူးဆန်းသည့်မျက်ခုံးမွှေးနှင့်လူက ဖိတ်စာလေးကို ထုတ်ယူလိုက်သည်။ ဖိတ်စာမှ ပျံလွင့်နေသည့် မွှေးရနံ့မှာ စိတ်ကို

လန်းဆန်းစေသည်။ ဤလောကမှမဟုတ် ၊ ဝိညာဉ်လောကမှ မွှေးရနံ့ကဲ့သို့ ဖြစ်လေသည်။

ဝိညာဉ်နံ့သာမှာ တန်ဖိုးရှိသည့် ပစ္စည်းဖြစ်လေသည်။ ကျင့်ကြံသူများ အတွင်းအားကျင့်စဉ်လေ့ကျင့်သည့်အခါမျိုးတွင် ဝိညာဉ်နံ့သာကိုထွန်းညှိပြီး လေ့ကျင့်ပါက ဝိညာဉ်ကိုငြိမ်းအေးစေပြီး အတွင်းအားလှည့်ပတ်မှုကို ကောင်းနယမွန်စေသည်။ ထို့ပြင် ဝိညာဉ်စွမ်းအားတိုးတက်အောင်လည်း အထောက်အပံ့ပေးလေသည်။

ဖိတ်စာလေးမှ အမွှေးနံ့သာမှာ ဝိညာဉ်နံ့သာဖြစ်သည်မှာ ထင်ရှားနေလေသည်။ ဤကဲ့သို့သော အဖိုးတန်ပစ္စည်းကို အသုံးပြုနိုင်သူအား လျှော့တွက်၍ မရပေ။

ဝိညာဉ်နံ့သာမှာ မင်ကျန်းတောင်ကဲ့သို့သော နေရာမျိုးတွင်ပင် လွန်စွာရှားပါးပြီး တန်ဖိုးထားသည့် ပစ္စည်းဖြစ်လေသည်။

ထူးဆန်းသည့်မျက်ခုံးမွှေးနှင့်လူမှာ အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်လေသည်။ သို့သော်... သူက အစေခံတစ်ယောက် ဖြစ်နေလေသည်။ အဆင့်မြင့်သိုင်းသမားတစ်ယောက်ကိုပင် အစေခံအဖြစ်ထားရှိသောသူမှာ မည်မျှ စွမ်းအားကြီးကြောင်း ရှင်းပြနေစရာပင် မလိုတော့ပေ။

သို့သော်... ယဉ်ကျေးမှုမရှိသည့် အစေခံတစ်ယောက်ကိုတော့ အပြစ်ပေးသင့်သည်ဟု ဆန်းလျန်တွေးမိလေသည်။

ထို့ကြောင့် ထိုသူကို တိုက်ခိုက်ပြီး ပညာပြလိုက်ခြင်း ဖြစ်လေသည်။

ဖိတ်စာပေါ်တွင် ရေးထားသည်မှာ...

"ဒီနေ့ညက လ ကြည့်လို့ကောင်းတဲ့ညပဲ ၊ ဒါကြောင့် အရက်သောက်ဖို့ ဖိတ်ကြားလိုက်ပါတယ် ၊ မလာဘဲတော့ မနေနဲ့နော် ကျောက်ရှောင်ယွီ"

ဟူ၍ ဖြစ်လေသည်။

ဖိတ်စာပေါ်မှ သပ်ရပ်သည့် လက်ရေးကို ဆန်းလျန်ကြည့်နေ

မိသည်။ လက်ရေးပိုင်ရှင်မှာ စိတ်ထား ပေါ့ပါးလွတ်လပ်ပုံရ

လေသည်။ ထိုစာကိုရေးသည့်လူကိုဆန်းလျန် အာရုံခံကြည့်

လိုက်သည်။ အခိုးအငွေ့များဖြင့်ပြည့်နေသည့်အခန်းထဲရှိ ငွေ

ရောင်လိုက်ကာနောက်တွင် မိန်းကလေးသုံး မျက်ခုံးမွေးဆွဲခဲတံ

ဖြင့် ရေးသားထားခြင်းဖြစ်လေသည်။

ဆန်းလျန်ဘက်မှ ဖိတ်ကြားသည်ကို လက်ခံရသည့်

အကြောင်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဖိတ်ကြားသူမှာ

မိန်းကလေးတစ်ယောက်ဖြစ်နေသည့်အပြင် သူ့နောက်သို့လိုက်

နေသူဖြစ်သည်ကို သူသတိထားမိသောကြောင့် ဖြစ်လေသည်။

ယခု ထိုလူကို သိခွင့်ရမည့် အခွင့်အရေးကို ဆန်းလျန် လက်မ

လွှတ်ချင်ပါ။

ထို့ကြောင့်ပင်....

"ဖိတ်မှတော့ လာရမှာပေါ့ဗျာ"

ဟု ပြောလိုက်ခြင်းဖြစ်လေသည်။

ထူးဆန်းသည့် မျက်ခုံးမွေးပိုင်ရှင်က ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။ သို့သော်... သူက ထွက်ခွာသွားခြင်းမရှိသေးပါ။

"မင်း ဘာထပ်လိုချင်သေးလို့လဲ"

ဆန်းလျန်က မေးလိုက်လေသည်။

"မင်းက ကျုပ်ကို ဒီတိုင်းသွားခွင့်ပေးလိုက်တော့မလို့လား"

ထူးဆန်းသည့် မျက်ခုံးမွေးနှင့်လူက စူးစမ်းသည့်မျက်နှာထားဖြင့် မေးလိုက်သည်။

"ကျုပ်က ဒေါသထွက်ပြီး မင်းကို သတ်စေချင်နေတာလား"

ဆန်းလျန်က ရယ်မောရင်း ပြောလိုက်လေသည်။

ထို့နောက်... ဆန်းလျန်က သူ့လက်တစ်ဖက်ကို မြှောက်လိုက်သည်။

ထူးဆန်းသည့် မျက်ခုံးမွေးနှင့်လူက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

"ဘာလို့ မသတ်ဘဲနေမှာလဲ ၊ မင်းသတ်မလားလို့ အစထဲက တွေးနေတာ"

ဟုပြောလိုက်လေသည်။

"မင်းသေရမှာ မကြောက်ဘူးလား"

ဆန်းလျန်က မေးလိုက်လေသည်။

"မကြောက်ပါဘူး"

ထိုသူက ပြောလိုက်လေသည်။

သူက ပြဿနာရှာနေခြင်းမဟုတ်ပါ။ တကယ်ပင် သေရမည်ကို မကြောက်ခြင်းဖြစ်လေသည်။

ဆန်းလျန်က မြှောက်ထားသည့်လက်ကို ပြန်ချလိုက်သည်။

"ကောင်းပြီလေ ၊ မင်းကသေမှာ မကြောက်ဘူးဆိုမှတော့ ၊ ကျုပ်ကလည်း မသတ်နိုင်စရာ အကြောင်းမရှိပါဘူး ၊ အခု တော့ မင်းသွားလို့ရပြီ"

ထိုသူ၏ ပြောစကားကို ဆန်းလျန်ယုံကြည်ပါသည်။ သူက ထို သူကိုထားခဲ့ပြီး ဆေးခန်းအတွင်းသို့ ပြန်ဝင်လာခဲ့လေသည်။ ဆန်းလျန် ထိုသူ့အပေါ်တွင် ဝိညာဉ်စွမ်းအားကို ဖိအားအသွင် ပြောင်းပြီး စမ်းသပ်ကြည့်ခဲ့လေသည်။ ထိုသူ၏ ပုံစံက ကြောက်ရွံ့သည့်ပုံ ပြနေသည့်တိုင် အကြောက်တရားက ထိုသူ အပေါ်တွင် သက်ရောက်မှုမရှိပါ။ ထိုသူမှာ တကယ်ပင် "သေ မှာမကြောက်သည့်သူ" ဖြစ်လေသည်။ သက်ရှိသတ္တဝါများ အားလုံး သေရမည်ကို ကြောက်ရွံ့ကြလေသည်။ သို့သော်... ထို သူ၏ ခန္ဓာကိုယ်ထဲတွင် "သေမည်ကိုကြောက်ရွံ့သည့်စိတ်" ကို အခြားတစ်ခုဖြင့် အစားထိုးထားလေသည်။

ဤကဲ့သို့သောလူမျိုးကို ဆန်းလျန် ပထမဆုံးအကြိမ်တွေ့ဖူး

ခြင်းဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးအပြင် အခြားသောကျင့်ကြံသူဂိုဏ်းများ

များစွာရှိလေသည်။ ဆန်းလျန်ပင် တစ်ခါမှ မကြုံဖူးသည့်

ထူးဆန်းသည့်ပညာများကို အသုံးပြုကြသည့် ကျင်းကြံသူ

ဂိုဏ်းများလည်း များစွာရှိလေသည်။ ဆန်းတုမြို့တော်မှာ ထို

ကဲ့သို့ ထူးဆန်းထွေလာ များစွာဖြင့် ပြည့်နက်နေသည့် နေရာ

တစ်ခု ဖြစ်လေသည်။

ဆန်းလျန်က ရေဇလုံတွင်းသို့ ကြည်လင်သည့်ရေများဖြည့်

လိုက်သည်။ ထို့နောက် အင်းသင်္ကေတတစ်ခုကို ရေဇလုံ

အတွင်းသို့ သက်ရောက်စေလိုက်သည်။ ရေထဲတွင် ပုံရိပ်တစ်ခု

ပေါ်လာလေသည်။ ပုံရိပ်မှာအနည်းငယ် လှုပ်ခတ်နေလေ

သည်။ ပုံရိပ်ထဲတွင် ထူးဆန်းသည့်မျက်ခုံးမွေးပိုင်ရှင်သည်

ဆန်းတုမြို့ထဲတွင် လှည့်လည်သွားလာနေသည့်ပုံကို တွေ့မြင်ရလေသည်။

ဆန်းလျန်က ထိုသူကို နောက်ဆုံး လက်ဝါးရိုက်ချက်ဖြင့် ရိုက်ချလိုက်သည့်အချိန်တွင် သူ၏ ဝိညာဉ်သိမြင်မှုစွမ်းအားကို ထိုသူ၏ ကိုယ်တွင်းသို့ ထည့်ပေးလိုက်ခြင်းဖြစ်လေသည်။

ထို့ကြောင့် အင်းပညာကိုအသုံးပြုကာ ထိုသူကို ခြေရာခံနိုင်ခြင်းဖြစ်လေသည်။ ဆန်းလျန်မှာ လောကနတ်ဘုရားတစ်ပါးမဖြစ်သေးသည့်တိုင် မိုင်တစ်ထောင်ပတ်လည်အတွင်းကိုတော့ ခြေရာခံနိုင်စွမ်းရှိလေသည်။ တာအိုကျင့်စဉ်အဆင့်အားလုံးအောင်မြင်သွားလျှင် သို့မဟုတ် ဗောဓိသဿကျ တစ်ပါးဖြစ်သွားလျှင်တော့ စိတ်အာရုံဖြင့်ပင် အရာအားလုံးကို သိမြင်နိုင်လေသည်။ မသိမြင်သည့်အရာဟူ၍ မရှိတော့ပေ။ ကောင်းကင်ကိုးထပ်နှင့် ငရဲကိုးထပ် တစ်နေရာမှမကျန် သိမြင်နိုင်မည် ဖြစ်လေသည်။

ဤပညာကို အသုံးပြုသည်မှာ ဆန်းလျန်အတွက် ပထမဆုံး အကြိမ်ဖြစ်လေသည်။ "အလုပ်တော့ဖြစ်သား" ဟု ဆန်းလျန် တွေးမိသည်။ သို့သော် ရေထဲမှပုံရိပ်များမှာ မှုန်ဝါးနေသည် ကတော့ စိတ်ပျက်စရာ ကောင်းလေသည်။

ဆန်းလျန်က ရေဇလုံထဲတွင် ပေါ်နေသည့် ပုံရိပ်များကို ကြည့် လိုက်လေသည်။ ယခင်ခေတ်ပေါ်ကမ္ဘာတွင် သူအသက်ရှင်စဉ် က အသုံးပြုကြသည့် CCTV ကင်မရာနှင့်တူသည်ဟု သူတွေး လိုက်မိလေသည်။

ရော့ရှီလေးမှာလည်း ဆန်းလျန်ဘေးတွင်ထိုင်ကာ ရေဇလုံထဲမှ ပုံရိပ်များကို ကြည့်နေလေသည်။ ထိုသို့ကြည့်ရနေရသည်က သူမကို အပျင်းပြေစေလေသည်။ ရော့ရှီလေးမှာ အခြားသော ကလေးများထက်ပိုပြီး ဉာဏ်ကောင်းလေသည်။ သူမက ရေ ဇလုံထဲကို လက်ဖြင့် မွှေနှောက်လိုက်ခြင်းမျိုးမပြုလုပ်သလို မေးခွန်းတွေလည်း လျှောက်မေးခြင်းမရှိပါ။

နောက်ဆုံးတွင်တော့ ထူးဆန်းသည့် မိန်းကလေးတစ်ယောက်၏ပုံရိပ် ပေါ်လာလေသည်။ သူမ၏မျက်နှာကို ဇာပုဝါဖြင့်ဖုံးကွယ်ထားလေသည်။ သူမက ထူးဆန်းသည့်မျက်ခုံးမွေးနှင့်လူရှေ့တွင် ပေါ်လာခြင်း ဖြစ်လေသည်။ သူမက လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်သည်နှင့် ရေထဲမှ ပုံရိပ်များမှာ တဖြည်းဖြည်းပျောက်ကွယ်သွားလေတော့သည်။

"ဒီနေ့ညပဲ ကျွန်မနဲ့တွေ့ရတော့မှာကို ၊ ဘာလို့ ဒီလောက်စိတ်လှုပ်ရှားနေရတာလဲ"

ဆန်းလျန်၏နားထဲတွင် မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်ရလေသည်။

ဆန်းလျန် မျက်မှောင်တစ်ချက် ကြုတ်လိုက်မိသည်။ ထို မိန်းကလေးမှာ သူ၏ပညာကို သိရှိနေသည်မှာ လေးစားလောက်ပေသည်။

....

ည....

လမင်းက လှပစွာ ထိန်ထိန်သာနေပြီး ကြယ်စင်များကလည်း ကောင်းကင်ထက်တွင် ပျံ့ကျဲနေလေသည်။ ကြယ်စင်များက နူးညံ့စွာထွန်းလင်းနေပြီး လရောက်ကတော့ ကောင်းကင်ထက်တွင် တောက်ပနေလေသည်။ မြောက်ပိုင်းကန်သာယာ ရေကန်အလယ်တွင် လရောင်က ကြည်လင်စွာ အရိပ်ထင်နေလေသည်။ ရေကန်ထဲမှလရောင်မှာ ထွန်းညှိထားသည့်မီးပုံးများနှင့် ပနာရစွာ တစ်မျိုးတစ်ဖုံ လှပနေလေသည်။

ရေကန်ထဲတွင် အိမ်လေးတစ်လုံးဆောက်ထားလေသည်။ ထိုသို့သော ရေလယ်အိမ်လေးမျိုးကို "ဟွဖန်း" ဟု ခေါ်လေသည်။ အိမ်လေးထဲမှ သာယာနာပျော်ဖွယ် ဂီတသံလေးက လည်း ပျံ့လွင့်နေလေသည်။

ရေထဲမှငါးများမှာ ရေပေါ်သို့တက်လာပြီး ကန်ရေပြင်ထက်တွင် ပျံ့ကျဲနေသည့် ငါးစာများကို ထိုးဟပ်နေကြလေသည်။

ထိုအိမ်လေးဆီမှ လှေငယ်လေးတစ်စင်း ထွက်ပေါ်လာပြီး တစ်နေရာတွင် ရပ်တန့်လိုက်လေသည်။

အခန်း (၁၁၂)

 ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်း

လှေငယ်လေးပေါ်တွင် ရိုးရှင်းသည့် တာအိုဝတ်စုံကိုဝတ်ဆင်ထားသည့် ဆန်းလျန်ကို တွေ့နိုင်လေသည်။ သူ၏ဝတ်ရုံမှာလေထဲတွင်ပျံ့လွင့်နေလေသည်။ သူ၏ ဆံပင်ရှည်များက ကျောထက်တွင် သပ်ရပ်စွာကျနေသည်။

အစေခံတစ်ယောက်က လှေကိုလှော်ခတ်လာလေသည်။ ထို အစေခံဝတ်ဆင်ထားသည့်ဝတ်စုံမှာ ထူးဆန်းသည့်မျက်ခုံးမွေးနှင့်လူ ဝတ်ဆင်ထားသည့်ဝတ်စုံနှင့် အတူတူပင် ဖြစ်လေသည်။

သူတို့ရှေ့တွင် အိမ်တစ်လုံးကို တွေ့မြင်နိုင်လေသည်။

သို့သော်... ဂီတသံကတော့ ပျံ့လွင့်နေခြင်း မရှိတော့ပါ။

ဆန်းလျန်က ကုန်းပတ်ပေါ်တွင်ရပ်နေလေသည်။ လရောင်မှလွဲပြီး မီးရောင်ထွန်းညှိထားခြင်းမရှိပေ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူ့ကိုလှေငယ်ဖြင့် လိုက်ပို့သည့်အစေခံမှာ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်လေသည်။ လှော်ခတ်သွားသည့်လှေလမ်းကြောင်းတစ်လျှောက် လှိုင်းဂယက်လေးများ လှုပ်ခတ် ကျန်ရစ်ခဲ့လေသည်။

ဆန်းလျန် မြောက်ပိုင်းကန်သာယာကိုရောက်သည်နှင့် ထိုလှေထိုးသမားအစေခံက စောင့်ကြိုနေခြင်းဖြစ်လေသည်။ သူ

ကပင် လှေကိုလှော်ခတ်ပြီး ဆန်းလျန်ကို ဤနေရာသို့ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

သူ့အနည်းငယ်တော့ ထူးဆန်းသလိုခံစားနေရလေသည်။ ချေးယွင်ထိုင်ဆိုသည့်နေရာကို လရောင်အောက်တွင် သူတွေ့မြင်နေရပြီ။ သာယာညလှပသည့်နေရာတစ်ခုဖြစ်သည်ကိုတော့ ငြင်း၍မရပေ။

ဆန်းလျန်က အိမ်လေးထဲသို့ လှမ်းဝင်လိုက်သည်။ သူ၏ခြေသံကို ကြားရခြင်းမရှိပါ။ သူက စြက်နံလမ်းလေးအတိုင်း လျှောက်လာလေပြီး ပုတီးစေ့လိုက်ကာလေးကို တွေ့လိုက်ရသည်။ ပုတီးစေ့လိုက်ကာလေးမှာ ငြိမ်သက်နေသည်ကိုကြည့်ခြင်းအားဖြင့် ဤနေရာတွင် လေတိုက်ခတ်မှု မရှိမှန်းသိသာလေသည်။ ပုတီးကြိုးလေးများ၏ကြားမှ လရောင်က ပျောက်တိပျောက်ကျား ဝင်ရောက်နေလေသည်။ အရာအားလုံးမှာ အိပ်မက်ဆန်နေသကဲ့သို့ပင်။

ဆန်းလျန်က ပုတီးစေ့လိုက်ကာလေးကို အသာမကာ အတွင်း
သို့ဝင်လိုက်သည်။ ပုတီးစေ့လေးများမှ သာယာနာပျော်ဖွယ်
အသံလေးများ ထွက်ပေါ်လာလေသည်။

အခန်းမှာ ကျယ်ပြန့်ပြီး လရောင်က အခန်းတွင်းသို့ ဖြာကျနေ
သည်။

အခန်းနံရံနှင့် ကြမ်းခင်းများမှာ အထူးသစ်သားများဖြင့်
ပြုလုပ်ထားခြင်းဖြစ်လေသည်။ လရောင် အခန်းတွင်းသို့ စိမ့်
ဝင်နေသည်မှာ စမ်းချောင်းလေးနှင့် အလားသဏ္ဍာန်တူလေ
သည်။

ကြမ်းပြင်ပေါ်တွင် မိန်းမပျိုတစ်ယောက်ထိုင်နေလေသည်။
သူမရှေ့တွင် ကြိုးခနစ်ကြိုးတပ် ကုချင်ဗျတ်စောင်းကို တစ်
လက် ရှိနေလေသည်။

လရောင်အောက်တွင် ထိုမိန်းကလေးမှ လွန်စွာမှ ချောမောလှပ

သူဖြစ်ကြောင်း မြင်တွေ့နိုင်လေသည်။ လူ့လောကမှမဟုတ်

သည့် နတ်မိမယ် တစ်ပါးအလား လှပလွန်းလေသည်။

မိန်းကလေးတို့၏ အလှအပများသည် ဆန်းလျှန်၏ ရင်ကို မ

လှုပ်ခတ်စေပါ။ သို့သော်... သူ့ရှေ့မှ မိန်းကလေး၏ အလှ

တရားကတော့ သူတော်စင်များပင် လည်ပြန်လှည့်ငေးရ

လောက်သည့် အလှတရားမျိုးဖြစ်လေသည်။

ကွန်ဖြူးရှပ်ပင် နန်ကျီကိုတွေ့သည့်အခါ သူမ၏အလှတရား

တွင် မိန်းမောခဲ့ရသေးသည် မဟုတ်ပါလား။

သူမ၏မျက်နှာမှာ လှပသည်ထက် အဆင့်အတန်းရှိသည့်ပုံ

လည်း ပေါက်လေသည်။ မိုးရေထဲမှ ကြာပန်းလေးအလား

သန့်စင်လန်းဆန်းနေလေသည်။ ဒုက္ခတရားမှ ကယ်တင်နိုင်

သည့် သူတော်စင်မိန်းမပျိုတစ်ယောက်အလား ထင်မှားမိစေ

လေသည်။

သူမအသက်မှာ ဆယ့်ခြောက်နှစ်ခန့်သာ ရှိပုံပေါ်သေးသည်။

သူမ၏ မျက်ဝန်းများက ပြုံးယောင်သန်းနေ၏

ပြုံးနေသည့်မိန်းကလေး....

အထူးသဖြင့် ချောမောလှပသည့် မိန်းမပျိုတစ်ယောက်ပြုံးနေ

ခြင်းမှာ....

"ကံကောင်းခြင်းများကိုသယ်ဆောင်လာနိုင်သည်"

ဟု ပြောစမှတ်ရှိကြလေသည်။

သူမပြုံးနေသည့်အပြုံးကတော့ လွန်စွာမှ ကျက်သရေရှိလွန်း

လေသည်။

"မင်းက ကျောက်ရှောင်ယွီလား"

ဆန်းလျန်က မေးလိုက်လေသည်။

"ရှင်က မဟုတ်ဘူးလို့ ထင်လို့လား"

သူမက ဆန်းလျှန်ကို တစ်ချက်ကြည့်လိုက်ရင်း ပြန်မေးလိုက်သည်။ အကြည့်လေးမှာ ဆောင်းဦးတွင် စီးဆင်းနေသည့် စမ်းချောင်းလေးအလားပင်။

နတ်မိမယ်လေးတွေသာ တကယ်ရှိမည်ဆိုလျှင် သူမကဲ့သို့ပင် ထင်မိလေသည်။

ယခင်ခေတ်ပေါ်ကမ္ဘာတွင်နေခဲ့စဉ်တုန်းက ဆန်းလျှန်မှာ မိန်းကလေးများနှင့်ပတ်သက်ရန် အချိန်မရှိခဲ့ပါ။ လှပသည့် မိန်းကလေးများကို အင်တာနက်ပေါ်တွင်သာ တွေ့မြင်ဖူးလေသည်။ ယခုဘဝတွင်တော့ ချောမောလှပသည့် မိန်းမပျိုအချို့နှင့် ဆုံခဲ့ဖူးပြီ။ ကံကောင်း၍တွေ့ဆုံခြင်းမျိုးတော့ မဟုတ်ပါ။ ကျင့်စဉ်လမ်းလိုက်သည့်အခါတွင် အမှတ်မထင် ဆုံတွေ့ခဲ့ရခြင်းသာဖြစ်လေသည်။

ကျင်းကြီးသူများကတော့ ယောကျ်ား ၊ မိန်းမ ခွဲခြားဆက်ဆံခြင်းမရှိပါ။ ထို့ပြင် ကျင့်ကြံသူများကြားတွင် ရုပ်ဆိုးသူဟူ၍

သိပ်မရှိလှပေ။ အဘယ်ကြောင့်ဆိုသော် ကျင့်စဉ်များ

တောက်လျှောက်လေ့ကျင့်ခဲ့ရသည့် အစွမ်းများကြောင့်

အသားအရေမှာ အမြဲတမ်း ချောမွေ့လှပနေကြလေသည်။

ရုပ်ရည်ချောမောလှပခြင်းမရှိသည့်သူပင်လျှင် ကျင့်စဉ်

စွမ်းအားဖြင့် စွဲဆောင်မှုရှိစွာ ကြည့်ကောင်းနေမည် ဖြစ်လေ

သည်။

ကျင့်ကြံသူများအတွက် ရုပ်ရည်ထက် စိတ်ထားက ပိုပြီး

အရေးကြီးလေသည်။

သူမ၏ အကြည့်ကြောင့် ဆန်းလျန်က ရှက်ကိုးရှက်ကန်း ဖြစ်

သွားခြင်းမျိုးမရှိပါ။ သူ၏စိတ်ခံစားချက်ကို ဖုံးကွယ်ကာ ဘာ

မှမဖြစ်သလို နေလိုက်လေသည်။ သူက ရှေ့သို့ ခြေတစ်လှမ်း

တိုးလိုက်တော့ သူမ၏ ကိုယ်သင်းရနံ့လေးက နှာခေါင်းထဲ

တိုးဝင်လာလေသည်။ ဝိညာဉ်နံ့သာနှင့် ကိုယ်သင်းရနံ့ပေါင်းစပ်

ထားသည့် ရနံ့မျိုး ဖြစ်လေသည်။

သူမ၏လက်ချောင်းလေးများသည် ဗျတ်စောင်းပေါ်တွက် တစ်ချက်လူးလွန့်သွားလေသည်။ မက်မွန်ပင်တန်းအောက်တွင် စမ်းချောင်းလေးစီးဆင်းနေသည့်အလား သံစဉ်လေးမှာ လှပလွန်းလေသည်။ ပေါ့ပါးကြည်လင်သည့်တိုင် ရင်ကိုထိရှစေသည့် တေးသွားလေးဖြစ်လေသည်။

သူမ၏လက်သည်းလေးများမှာ အကြည်ရောင်တောက်ပနေသောကြောင့် ဗျတ်စောင်းပေါ်တွင် လက်ကိုလှုပ်ရှားလိုက်တိုင်း တဖျတ်ဖျတ်လက်နေရလေသည်။ တစ်ခါတစ်ရံအင်္ကျီလက်ဆီမှပေါ်သွားသည့် လက်ဖျံနားရှိ သွေးကြောစိမ်းလေးများမှာ ကျောက်စိမ်းရောင်အလား မြင်သူတိုင်းကို ညှို့ယူဖမ်းစားနေသေးသည်။

ဆန်းလျန်က သူမ၏မေးခွန်းကိုမဖြေပါ။ သူက သိမ်မွေ့စွာဖြင့် ဆိုလိုက်သည်။

"ကျုပ်ကတော့ မင်းဟာ ကျောက်ရှောင်ယွီဖြစ်မယ်ထင်တာပဲ ၊ ပြီးတော့ မင်းက ထူးခြားတဲ့ အသိုင်းအဝိုင်းက လာတဲ့သူဖြစ်ရမယ်"

ကျောက်ရှောင်ယွီက မျက်ခုံးတစ်ချက်ပင့်လိုက်လေသည်။

သူမလက်များကတော့ ဗျတ်စောင်းထက်တွင် ပြေးလွှားနေဆဲပင်။

သူမက တစ်ချက်ရယ်မောလိုက်ရင်း....

"မှန်းဆတယ်ဆိုတာ ခက်တဲ့အလုပ်မှမဟုတ်တာဘဲ ၊ ရှင့်ရဲ့အစွမ်းက ဒီလောက်ပဲဆိုရင်တော့ စိတ်ပျက်စရာကောင်းနေပြီ"

ဟု ပြောလိုက်လေသည်။

"ကြာပန်းပွင့်ဖတ်လွှာ အဆင့်ကိုးဆင့်မှာ...

ကိုယ့်ကိုကိုယ်တိမ်စိုင်လေးတစ်ခုအလား...

မိုးရေနဲ့တောတောင်တွေဆီ...

လွင့်မျောသွားလိုက်ချင်ရဲ့...."

ဆန်းလျန်က ကဗျာစာပိုဒ်လေးကို ရွတ်ဆိုလိုက်လေသည်။

ထိုကဗျာမှာ "လော်" ရေးသားသည့် ကျင့်စဉ် စာအုပ်ထဲတွင်
ဖော်ပြထားသော ကဗျာတစ်ပုဒ်ဖြစ်လေသည်။ ထိုကဗျာကို
ကြာပန်းကိုးပွင့်ကဗျာဟု လူသိများကြလေသည်။

ကျောက်ရှောင်ယွီ၏မျက်နှာထက်တွင် ထူးဆန်းသည့်အရိပ်
တစ်ခု ဖြတ်ပြေးသွားပြီး ဆန်းလျန်ဆီမှ အကြည့်လွှဲလိုက်လေ
သည်။

"ချင်းရွှမ်နတ်တံခါးမှာ တပည့်တစ်ယောက်ဖြစ်နေတာဟာ ဒီ
လောက်တော်လို့ကိုး ၊ ရှင်ကတကယ်လေ့လာမှုအားကောင်းတဲ့
လူတစ်ယောက်ပါပဲ"

ကျောက်ရှောင်ယွီက နူးညံ့စွာပြောလိုက်လေသည်။

"ကြာပန်းကိုးပွင့်ကျောင်းတော်က ကြာပန်းကိုးပွင့်ကျင့်စဉ်
ကျမ်းအကြောင်း ကြားဖူးနေတာ ကြာပါပြီ ၊ အဲဒီကျင့်စဉ်
ကျမ်းက "စိတ်ဝိညာဉ်မြှင့်တင်ခြင်း" အတွက် အကောင်းဆုံး

ကျင့်စဉ်ပါပဲ ၊ မင်းကိုဒီနေ့တွေ့လိုက်ရတော့ ကြားထားတဲ့ သတင်းတွေက အမှန်တွေပဲဆိုတာ သိလိုက်ရပါပြီ"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်က "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကို လေ့ကျင့်ရင်း "စိတ်ဝိညာဉ်မြှင့်တင်ခြင်း" နှင့်ပတ်သက်ပြီး သုတေသန ပြုလုပ်ထားခဲ့လေသည်။ သူ့ရှေ့မှမိန်းကလေးမှာ အဆင့်မြင့်ကျင့်ကြံသူတစ်ဦးဖြစ်ပုံရပြီး ကြာပန်းကိုးပွင့် ကျင့်စဉ် ကျင့်ကြံထားသည့်လက္ခဏာများ သူမထံတွင် တွေ့ မြင်နေရလေသည်။

သူမ၏သန့်စင်သည့်နှလုံးသားမှာလည်း ရွှံ့နွံကြားမှထိုးဖောက် ထွက်လာကာ ပွင့်လန်းနေသည့် အဖြူရောင်ကြာပန်းလေးနှင့် အလားသဏ္ဌာန်တူနေလေသည်။ ထိုပုံသဏ္ဌာန်မှာ ကြာပန်းကိုးပွင့် ကျင့်စဉ်ကျမ်းအကြောင်း ရေးသားထားချက်များတွင် ဖော်ပြ ထားသည့်အချက်များနှင့် တူညီနေလေသည်။

"ချင်းရှမ်နတ်တံခါးဟာ အကောင်းဆုံးနတ်ဘုရားကျောင်း

တော်တွေထဲက တစ်ခုပါပဲ ၊ ရှင်က ဘယ်လိုစိတ်ဝိညာဥ်မြှင့်

တင်ခြင်းကျင့်စဥ်မျိုး ကျင့်ကြံခဲ့သလဲဆိုတာ ကျွန်မ မခန့်မှန်း

နိုင်ပါဘူး ၊ ဒါပေမယ့် ဟိုင်သန်းအဆင့်မရောက်ခင် ဝိညာဥ်

အလင်းတရားရနေတာကတော့ အံ့သြစရာပါပဲ"

ဟု သူမက ပြောလိုက်လေသည်။

ကျောက်ရှောင်ယီမှာ ဆန်းလျန်ထက် မဆိုသလောက်လေး

အရပ်နိမ့်လေသည်။ ထို့ကြောင့် သူမက ဆန်းလျန်ကို

မော့ကြည့်နေရသည်။ သူမက ဗျတ်စောင်းတီးခတ်ခြင်းကို

ရပ်တန့်လိုက်သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒါက အခွင့်အရေးတစ်ခုကြောင့် ဖြစ်သွားရတာပါ ၊ ပြောပြ

မနေတော့ပါဘူး"

ဟု ပြောလိုက်လေသည်။

ဆန်းလျန်၏စကားမှာ အမှန်မဟုတ်ကြောင်း ကျောက်ရှောင်ယွီ နားလည်လိုက်သည်။ သို့သော် ဆန်းလျန်ကို ဤနေရာသို့ ဖိတ်ကြားခဲ့ခြင်းမှာ ထိုအကြောင်းပြောချင်၍ မဟုတ်ပေ။ အိပ်မက်ဆန်သည့် ဤနေရာကို ကျောက်ရှောင်ယွီ ဖန်တီးထားခြင်းဖြစ်လေသည်။ သူမက ဆန်းလျန်ရှေ့တွင် ထိုင်နေသည့် တိုင် သူမထိုနေရာတွင် ရှိမနေဟု ထင်ယောင်ထင်မှား ဖြစ်နိုင်လေသည်။

"ကျွန်မရဲ့ဖိတ်ကြားမှုကို ထောင်ချောက်တစ်ခုလို့ ရှင်မထင်ဘူးလား"

သူမက မေးလိုက်လေသည်။

ဆန်းလျန်က ရယ်နေလိုက်သည်။ သို့သော်... သူမမေးခွန်းကို မဖြေပါ။ ထို့နောက်... သူက သူမရှေ့တွင် ဝင်ထိုင်လိုက်လေသည်။

မိန်းကလေးက အံ့သြသွားခြင်းမရှိပါ။ သူမက ဆန်းလျန် မျက်လုံးထဲသို့ စိုက်ကြည့်လိုက်သည်။ သာမန်မျှသော အကြည့် တစ်ချက်သာ ဖြစ်လေသည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"ချင်းရှမ်နတ်တံခါးဟာ ရှေးအကျဆုံးနဲ့သဘာဝအကျဆုံး နတ် ဘုရားကျောင်းတော်ကြီးပဲ ၊ မျိုးဆက်တစ်ခုတိုင်းမှာ သိပ်ကို ထက်မြက်တဲ့ ရှင့်လိုလူမျိုးတွေ "ကျန့်ဝမ်" ချန်ကျန့်မေလို လူမျိုးတွေ ပေါ်ထွက်လာစမြဲပဲ"

သူမက ပြောလိုက်လေသည်။

"ကျုပ်က ဂိုဏ်းတူအစ်ကို ချန်ကျန့်မေရဲ့ ခြေဖျားတောင်မမီပါ ဘူး ၊ ကျုပ်ကို အဲဒီလောက် မချီးကျူးပါနဲ့"

ဆန်းလျန်က ပြောလိုက်လေသည်။

ကျောက်ရှောင်ယွီ၏ မျက်ဝန်းများမှာ ညဘက်တွင်လင်းလက် နေသည့် ကြယ်စင်လေးများကဲ့သို့ တောက်ပနေလေသည်။

သူမက...

"ကိုယ့်ကိုကိုယ်အဲဒီလောက်မနှိမ့်ချပါနဲ့၊ ပြီးတော့ ကျွန်မရဲ့ အစေခံက ဒီနေ့ ရှင့်အပေါ်မှာရိုင်းပြမိတာကိုလည်း စိတ်ထဲမ ထားပါနဲ့နော်၊ သူတို့တွေက ကျင့်စဉ်လမ်းကို ထပ်မလျှောက် လှမ်းနိုင်ကြတော့ဘူး၊ သာမန်လူတွေထက် အနည်းငယ်ပဲပိုပြီး တော်ကြတာပါ၊ အဲဒါကြောင့် သူတို့စိတ်နေစိတ်ထားတွေက ထူးဆန်းကြတယ်"

ဟု ပြောလိုက်လေသည်။

သူမကဆက်ပြောပြန်သည်။

"ချင်းရွှမ်နတ်တံခါးအနေနဲ့ကြည့်မယ်ဆိုရင် ကျွန်မတို့ကြာပန်း ကိုးပွင့်ကျောင်းတော်က ပုံမှန်မဟုတ်ဘူးဆိုတာ ရှင်သိတယ်မ လား၊ ကျွန်မတို့ကို မိစ္ဆာကျင့်စဉ်ကျင့်ကြံသူတွေလို့ ရှင့်စိတ်ထဲ မှာ မှတ်ထင်နေရင်တော့ ဒီနေ့ ကျွန်မတို့ စကားဆက်ပြောဖို့ မ ဖြစ်နိုင်ဘူး"

သူမပုံစံလေးမှာ သနားစရာပင် ကောင်းနေလေသည်။ ထိုပုံစံလေးကိုကြည့်ပြီး မည်သည့်ယောကျ်ားမဆို သူမတောင်းသမျှကတိကို ပေးလိုက်မိမည်ဖြစ်လေသည်။

ဆန်းလျန်၏တည်ငြိမ်သည့်စိတ်အစဉ်တွင် ဂယက်တစ်ချက်ရိုက်ခတ်သွားရသည်။ အဆင့်နိမ့်ဖျားယောင်းသွေးဆောင်မှုနည်းလမ်းမှာ ရမ္မက်ဆန္ဒကို ထကြွအောင် လုပ်ပေးခြင်းဖြစ်ပြီး အဆင့်မြင့်သွေးဆောင်ဖြားယောင်းမှုမှာ အပြစ်ကင်းစင်ဟန်ဆောင်ခြင်းဖြစ်လေသည်။ မည်သူမဆို သတိမထားမိခင်မှာပင် ထောင်ချောက်အတွင်းသို့ သက်ဆင်းရနိုင်ပေသည်။

အခန်း (၁၁၃)

"မရှိမှု သုညတ္တ" တရား နှင့် ငါ

ဖျားယောင်းသွေးဆောင်မှုအကြောင်းပြောရာတွင်....

ဗုဒ္ဓဘာသာကျင့်စဉ်များက တာအိုကျင့်စဉ်များထက် ပိုမို

သာလွန်လေသည်။ လွန်ခဲ့သည့် မျိုးဆက်တွင် ကွမ်ရင်

မယ်တော်က ရေနှင့်လပမာ သဏ္ဍာန်ပြု၍ကာ တိုင်းပြည်အားလုံး

ကို သိမ်းပိုက်အောင်တော်မူခဲ့လေသည်။

ကြာပန်းကိုးပွင့်ကျောင်းတော်မှာ ဗုဒ္ဓကျင့်စဉ်များနှင့် နီးစပ်လေ

သည်။ ထိုသမိုင်းကြောင်းမှာ ပြောရလျှင် လွန်စွာမှ ရှည်လျား

လွန်းလေသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက "လော်" မျိုး

နွယ်သူတော်စင်တစ်ပါးသည် တောင်တစ်တောင်ထက်တွင်

တရားဒေသနာများ သင်ကြားပို့ချပေးလေသည်။ သူက အရာ

အားလုံးသည် အနတ္တဖြစ်ကြောင်းတရားဖြင့် အခြေခံ ဗုဒ္ဓဘာသာကို သင်ပြပေးသူဖြစ်လေသည်။

တဖြည်းဖြည်းနှင့် သူ့တွင် နောက်ပါတပည့်များ များသည် ထက်များလာလေသည်။ လူတိုင်းကသူ့ကို ဆရာသခင် "လော်" ဟု အသိအမှတ်ပြု ခေါ်ဝေါ်လာကြလေသည်။ သူတရားတစ် ပုဒ်ဟောပြီးတိုင်း လူပေါင်းများစွာ အကျိုးထူးများ ခံစားကြရ လေသည်။

ထို့နောက် သူ၏တပည့်များက "လော်" ဂိုဏ်းကို တည်ထောင်ခဲ့ ကြသည်။ အလွန်ထက်မြက်ပြီးတော်သည့်တပည့်အချို့က "လော်" ဝါဒကို သင်ပြပေးကြကာ အလွန်မှ ကျော်ကြားသည့် ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်လာခဲ့လေသည်။

ဆရာသခင်လော် တရားဟောသည့်အခါ နှလုံးသားထဲမှ သိမြင် သည့်တရားကို လက်တန်းဟောခြင်းဖြစ်ပြီး ကျမ်းစာအဖြစ် မှတ်တမ်းတင်ထားခြင်းမရှိပေ။ ထို့ကြောင့် နောက်ပိုင်းတွင်

တပည့်များက ဆရာသခင်ဆီမှ သူတို့နာယူဖူးသည့်တရားများ
ကို တစ်ယောက်တစ်မျိုးစီ ရယူသွားကြကာ ဂိုဏ်းများ
အသီးသီးခွဲထွက်သွားသည့်အတွက် အချိန်ကာလကြာလာ
သည်နှင့်အမျှ "လော်" ဝါဒမှာ ဂိုဏ်းဂဏများစွာ ကွဲပြားသွား
လေတော့သည်။

ထိုသို့ကွဲပြားသွားသည့် ဂိုဏ်းများမှာ အချင်းချင်းယှဉ်ပြိုင်ကြ
ရာမှ တိုက်ခိုက်မှုများဖြစ်ပွားသည်အထိ ဖြစ်လာကြပြီး
အခြေတည် ခိုင်ခန့်ခဲ့သည့် "လော်" ဝါဒမှာ ပျက်စီးသွားရလေ
တော့သည်။ ထို့နောက်တွင်တော့ ကိုယ်ယုံကြည်ရာကျင့်ကြံကြ
သည့် ကျင့်ကြံသူဂိုဏ်းများအဖြစ် အစိတ်စိတ်အမွှာမွှာ ကွဲပြား
သွားကြလေသည်။ ကြာပန်းကိုးပွင့်ကျောင်းတော်မှာ "လော်"
ဝါဒမှ ဖြစ်ဖျားခံလာသည့် ကျင့်ကြံသူဂိုဏ်းတစ်ဂိုဏ်းပင် ဖြစ်
လေသည်။ ကြာပန်းကိုးပွင့်ကျင်စဉ်ကျမ်းတွင်ပင် ဗုဒ္ဓဘာသာ
သွန်သင်မှုများစွာကို ထည့်သွင်းဖော်ပြထားလေသည်။ ကော

လဟာလများအရ ထိုကျင့်စဉ်ကျမ်းအောင်မြင်လျှင် အဆင့်အမြင့်ဆုံး ကျင့်ကြံသူတစ်ယောက်ဖြစ်လာမည်ဟူ၍ပင် ပြောဆိုကြလေသည်။

ထို့ကြောင့်ပင်.... ကြာပန်းကိုးပွင့်ဂိုဏ်းသားများက သူတို့၏ယုံကြည်မှုကို ဝါဒဖြန့်ရန်အတွက် အမြဲတိုက်ခိုက်လေ့ရှိကြလေသည်။

ကြာပန်းကိုးပွင့်ကျောင်းတော်မှာ ထိုကဲ့သို့ ဖြစ်ရပ်များရှိလေသည်။ ထို့ကြောင့် ကျောက်ရှောင်ယွီ၏ ဆိုလိုရင်းကို ဆန်းလျန်အကြမ်းဖျင်း နားလည်လိုက်မိသည်။ စကားပြောဆိုနေကြသည်က သာမန်ပင်ဖြစ်သည့်တိုင် သူတို့၏ကျင့်စဉ်စွမ်းအားကို ကြိတ်ပြီး ယှဉ်ပြိုင်နေကြခြင်း ဖြစ်လေသည်။ ဆန်းလျန်က သူ၏စိတ်အစဉ်ကို ပြင်ပတွင်မပေါ်လွင်စေရန် ထိန်းချုပ်ထားလေသည်။ ထို့ကြောင့် သူ၏အေးချမ်းသည့် အသွင်အပြင်ကို ထွင်းဖောက်ပြီး သူ၏စိတ်ကို သိနိုင်ရန်မှာ ခက်ခဲလေသည်။

ရာနှုန်းပြည့်မဟုတ်လျှင်တောင်မှ တာအိုကျင့်ကြံသူများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်မူတိုက်ခိုက်ပြီး သတ်ဖြတ်ကြသည်အထိ အချင်းများသည့် ကိစ္စရပ်မျိုး မရှိသလောက်ရှားပေသည်။ ကျောက်ရှောင်ယွီမှာ ဆန်းလျန်နှင့် ဝိညာဉ်စွမ်းအားအဆင့် တူညီသည့် ပထမဆုံးပြိုင်ဘက် ဖြစ်လေသည်။ အစပိုင်းတွင်တော့ ဆန်းလျန်က သူမနှင့် ယှဉ်ပြိုင်ဖို့ဆန္ဒမရှိပါ။ သို့သော်... နောက်ပိုင်းတွင်တော့ တိုက်ပွဲအတွင်း ဝင်ရောက်ခဲ့လေသည်။ ကျောက်ရှောင်ယွီစကားများကိုစဉ်းစားရင်း ဆန်းလျန် ပြုံးလိုက်မိသည်။ လရောင်မှာ စမ်းရေကဲ့သို့ အခန်းတွင်းသို့ စီးဝင်နေဆဲဖြစ်လေသည်။ သူတို့နှစ်ယောက်မှာလည်း စိတ်စွမ်းအားချင်း ဆက်လက်ယှဉ်ပြိုင်တိုက်ခိုက်နေကြလေသည်။ တိုက်ပွဲက ပို၍ပို၍ ပြင်းထန်လာလေသည်။ စိတ်စွမ်းအားများကြောင့် ရုပ်လောကမှာပင် တုန်လှုပ်၍လာရလေသည်။ ဆန်းလျန်က သိမ်မွေ့စွာဆိုလိုက်သည်။

"ကျုပ် ချင်းရွှမ်နတ်တံခါးမှာ ပညာစသင်ကတည်းက ဒါ ကတော့ တာအိုကျင့်စဉ်အမှန်၊ ဒါကတော့ တာအိုကျင့်စဉ် အမှားဆိုပြီး သတ်မှတ်ထားတာမျိုး မကြားဖူးပါဘူး၊ တာအို ကျင့်စဉ်စံနှုန်းသတ်မှတ်ချက်ရှိလို့ အဲဒီစံနှုန်းနဲ့ ကွဲလွဲနေတယ် ဆိုရင်တောင်မှကျုပ်အထင် အဲဒါ လမ်းမှားမဟုတ်ပါဘူး၊ ကျုပ်တို့နဲ့ လမ်းမတူတဲ့ တခြားကျင့်စဉ်လမ်း ဖြစ်မှာပေါ့"

"ကျုပ်တို့နဲ့ လမ်းမတူတဲ့ တခြားကျင့်စဉ်လမ်း ဖြစ်မှာပေါ့" ဟူ သည့် စကားကို ကျောက်ရှောင်ယွီကြားလိုက်ရသည့်အချိန်တွင် စိတ်စွမ်းအား အပြောင်းအလဲ တစ်ချက် ဖြစ်သွားလေသည်။ သူမ၏ ဝိညာဉ်စွမ်းအား အနှောင့်အယှက်ခံလိုက်ရပြီး သူမ၏ တည်ငြိမ်မှု ပျက်စီးသွားလေသည်။ သို့သော် သူမ၏ မျက်နှာ အမူအရာကတော့ ပြောင်းလဲ သွားခြင်းမရှိပါ။

ဆန်းလျန်က သူအနိုင်ရသည့်အတွက် ဖိမတွန်းပါ။ သူ၏စိတ် က အေးချမ်းတည်ငြိမ်စွာပင်ရှိနေသည်။ သူ၏မျက်ဝန်းများက

လည်း ကြယ်စင်များအလား တောက်ပနေပြီး ငြိမ်းချမ်းခြင်း

အငွေ့အသက်များဖြင့် ပြည့်ဝနေလေသည်။

ကျောက်ရှောင်ယွီက ရယ်မောလိုက်သည်။

"ရှင့်ပြောပုံဆိုပုံက တကယ့်တာအိုကျင့်ကြံသူ ပုံစံမျိုးပဲ"

ဟု ပြောလိုက်လေသည်။

ဆန်းလျန်ပြောခဲ့သည့်စကားများမှာ သူ၏ကိုယ်ပိုင်စကားများ

မဟုတ်ပါ။ အခြားနေရာမှ သိခဲ့သည့် စကားများဖြစ်လေသည်။

ထိုစကားများက ကျောက်ရှောင်ယွီကို စိတ်လှုပ်ရှားသွားစေ

လေသည်။ အဘယ်ကြောင့်ဆိုသော် ကြာပန်းကိုးပွင့်ကျောင်း

တော်မှာ "ရှန်" လမ်းစဉ်ကိုလိုက်သည့် ကျောင်းတော်တစ်ခု ဖြစ်

သောကြောင့်ပင်။ သူတို့က "မရှိမှု သုညတ္တ" ကိုသာ ယုံကြည်

လေသည်။ "ငါ" ဆိုသည်မှာမရှိ ဟူသည့် အယူဝါဒ ဖြစ်လေ

သည်။ "မရှိမှု သုညတ္တ" တရားကို ယုံကြည်သည့်တိုင် "ငါ" ဆို

သည့်အစွဲကတော့ ချွတ်ရန်ခက်လွန်းလေသည်။

"ကိုယ်နဲ့လမ်းမတူတဲ့ တခြားကျင့်စဉ်လမ်း ဖြစ်မှာပေါ့....

မတူတာမှန်သမျှ လက်ခံဖို့ခက်ခဲတယ်"

တာအိုဝါဒမှာ "မိမိကိုယ်သာကိုးကွယ်ရာ" ဝါဒ ဖြစ်လေသည်။

ဗုဒ္ဓဘာသာတွင်တော့ "နိဗ္ဗာန်ရောက်ကြောင်းတရား" က အဓိက

ဖြစ်လေသည်။ "လော်" အယူဝါဒတွင်တော့ "မရှိမှု သုညတ္တ" ဆို

သည့် အယူဝါဒကို လက်ခံလေသည်။ ဝါဒများကတော့ ကွဲပြား

နေမည်ဖြစ်သည်။ သို့သော် သိမြင်ဖို့ကတော့ ခက်ခဲလေသည်။

နားလည်သဘောပေါက်ဖို့ဆိုသည်မှာတော့ အဝေးကြီးပင် ဖြစ်

လေသည်။ အခက်ခဲဆုံးမှာတော့ ကိုယ်လျှောက်သည့်လမ်းကို

သေချာနားလည်ပြီး ပြီးမြောက်အောင်မြင်သည်အထိ လျှောက်

လှမ်းနိုင်ဖို့ပင် ဖြစ်လေသည်။

ဆန်းလျန်ပြောလိုက်သည့်စကားက ကျောက်ရှောင်ယွီကို ခဏ

တာမျှ သက်ရောက်သွားစေလေသည်။ ထိုခဏလေးမှာပင်

ဆန်းလျန်က စိတ့်စွမ်းအင်တိုက်ပွဲမှ ရုန်းထွက်လိုက်လေသည်။

သူမသာ ဆက်ပြီး တောင့်ခံနေမည်ဆိုလျှင် ဆန်းလျန်တွင်လည်း အနိုင်ရရန် အခွင့်အရေးမရှိ ဖြစ်ရပေမည်။ ဆန်းလျန်က အနိုင်ရရှိသည့်အချိန်တွင် နောက်ဆုတ်လိုက်သည့်အတွက် အနိုင်နှင့်ပိုင်းသလိုဖြစ်သွားသည့်တိုင် အပြည့်အဝ အနိုင်ရခြင်းမျိုးတော့ မဟုတ်ပါ။ သို့သော် ဤသို့ ယှဉ်ပြိုင်နေခြင်းက သူ၏ ကျင့်စဉ်လမ်းတိုးတက်ရန်အတွက် အကျိုးမရှိနိုင်သည့်အတွက် နောက်ဆုတ်လိုက်ခြင်းဖြစ်လေသည်။

"ဂန္ဓဝင်ကျင့်စဉ်လမ်းတွေဖြစ်တဲ့ ဗုဒ္ဓဘာသာရော ၊ တာအိုဝါဒရောက အမှန်တရားကိုရှာဖွေကြတာပါပဲ ၊ ဒါပေမယ့် ကျင့်ကြံနိုင်ဖို့ကတော့ ခက်လွန်းတယ် ၊ ကျင့်ကြံတယ်ဆိုတာက ပါးစပ်က ပြောနေရုံနဲ့မရဘူး ၊ ကိုယ်တိုင်လုပ်မှရတာ"

ဆန်းလျန်က ရယ်မောရင်းပြောလိုက်သည်။

သူပြောသည်မှာ အမှန်ပင် ဖြစ်လေသည်။ မည်သူမျှ ရုတ်တရက် ချင်းချင်း တရားပေါက်သွားသည်ဟူ၍ မရှိပေ။ တရားရရန် အမြဲတမ်း ကျင့်ကြံနေရမည်ဖြစ်လေသည်။ ဆန်းလျန်၏ စကားများကိုကြားတော့ ကျောက်ရှောင်ယွီ ခေါင်းငုံ့လိုက်သည်။ သူမ ဤလောကကို အမြင်ကျယ်ကျယ် ဖြင့် ကြည့်နိုင်ရန်လိုအပ်သေးသည်။

ဗျတ်စောင်းတီးခတ်သံ ပြန်လည်ပေါ်ထွက်လာလေသည်။ တေးသံလေးမှာ နူးညံ့သည့် သက်ပြင်းချသံလေးနှင့်တူလေ သည်။ ကြာရွက်ပေါ်မှ နှင်းစက်ကလေးနှင့်လည်း တူလေ သည်။ ကျူပြင်များကြား လေပြေတိုက်ခတ်သွားသကဲ့သို့ လည်း ဖြစ်လေသည်။

ဂီတသံမှာ ရိုးရှင်းသည့် သံစဉ် တစ်ခုမျှသာဖြစ်လေသည်။ မိုး နှင့်မြေရှိ လူသားအားလုံး ရောနှောပေါင်းစည်းသွားသလို ခံစား

ချက်မျိုးခံစားရပြီး လူသားများကို ဘာမျှမရှိသည့် ငြိမ်းချမ်းမှု တစ်ခုဆီသို့ ခေါ်ဆောင်သွားသကဲ့သို့ပင်။

ဆန်းလျန်က မျက်လုံးကိုအသာမှိတ်ကာ ဂီတသံကို ခံစားလိုက်သည်။

ဆန်းလျန်မှာ လူသူမရှိသည့် တောင်တစ်တောင်ထက်တွင် ရောက်နေသလို ခံစားလိုက်ရလေသည်။ တောင်ပေါ်ရှိ သစ်တော်သီးပင်တန်းများကြားတွင် စမ်းချောင်းလေးက စီးဆင်းနေသကဲ့သို့ပင်။ ထို့နောက် ဂီတသံရပ်တန့်သွားလေသည်။

ဆန်းလျန်မျက်လုံးဖွင့်လိုက်တော့ ဗျတ်စောင်းမရှိတော့ဘဲ အရက်ဖြင့် တည်ခင်းဧည့်ခံထားလေသည်။ အရက်မှာ လတ်ဆတ်သည့် အရက်တစ်မျိုးဖြစ်လေသည်။

သူတို့နှစ်ယောက် ကျင့်စဉ်လမ်းနှင့် စြက်ာဝဠာ အကြောင်းများ အပြင် သမိုင်းကြောင်းများကိုပါ ဆွေးနွေးကြလေသည်။

အချိန် ကုန်မှန်းမသိကုန်ကာ လပြည့်ဝန်းသည်ပင် ကောင်းကင်အလည်တည့်တည့်သို့ရောက်လုပြီ။

သူတို့နှုတ်ဆက်လမ်းခွဲကြသည့်အချိန်ထိ ကျောက်ရှောင်ယွီက ဆန်းလျန်ကို ဘာကြောင့် တွေ့ဆုံရန်ဖိတ်ကြားရသည်ဆိုသည့် အချက်ကို ပြောပြခဲ့ခြင်း မရှိပါ။ ဆန်းလျန် ကုန်းပေါ်သို့ ပြန်ရောက်တော့ လမင်းက ထိန်ထိန်သာနေဆဲ ဖြစ်လေသည်။ ကန်ရေပြင်မှာလည်း လမင်း၏ ရောင်ပြန်ဟပ်မှုဖြင့် လင်းလက်နေလေသည်။

သို့သော်... သူ၏နှလုံးသားမှာ အပြည့်အဝ တည်ငြိမ်ခြင်း မရှိသေးပါ။

ကျောက်ရှောင်ယွီမှာ စကားပြောကောင်းသလို စွမ်းအားလည်းကြီးမားလေသည်။ ကြာပန်းကိုးပွင့်ကျောင်းတော်မှ "မရှိမှု သုညတ္တ" တရားကိုယုံကြည်သည့် တပည့်တစ်ယောက်ပီသလွန်းလေသည်။

သို့သော် ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်းကို လေ့ကျင့်မည်ဆိုပါ
က "မရှိမှု သုညတ္တ" တရားကို ယုံကြည်နေရုံမျှဖြင့် မ
လုံလောက်ပေ။
ထိုမျှလောက်သာ လွယ်ကူနေပါက တာအိုကျင့်ကြံသူများမှာ
ခက်ခက်ခဲခဲကျင့်ကြံမနေတော့ဘဲ ထိုလမ်းကိုသာ လိုက်ကြ
မည် ဖြစ်ပေသည်။
"ရှန်" ကျင့်စဉ်ကို လျှင်မြန်စွာကျင့်ကြံခြင်းက အလွန်မှ အန္တ
ရယ်ကြီးလေသည်။ ကျင့်စဉ်တွင် တစ်ခုခုမှားယွင်းသွား
သည်နှင့် ဝိညာဉ်မှာ အကြီးအကျယ်ပျက်စီးကိန်းနှင့် ကြုံရမည်
ဖြစ်လေသည်။
သို့သော်... ထိုကျင့်စဉ်လမ်းတွင် အောင်မြင်သွားသည်နှင့်
"ယင်" ဝိညာဉ်စွမ်းအားကို "အဆုံးမရှိနတ်ဘုရားဝိညာဉ်"
အဖြစ်သို့ ပြောင်းလဲနိုင်မည်ဖြစ်လေသည်။ "အဆုံးမရှိနတ်
ဘုရားဝိညာဉ်" အောင်မြင်သွားလျှင် ရုပ်ခန္ဓာကို ကိုယ်ခွဲပေါင်း

များစွာ ခွဲဖြာနိုင်ပြီး မကုန်နိုင်သော စွမ်းအားများ ရရှိမည်ဖြစ်လေသည်။ ထိုကျင့်စဉ်မှာ လူတစ်ယောက်၏အသက်ကို ကာကွယ်ရန် အကောင်းဆုံးကျင့်စဉ်ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ကျင့်စဉ်လမ်းမှာ ဘုရင်မကြီး၏ ကျင့်စဉ်လမ်းနှင့် လုံးဝ ကွဲပြားခြားနားလေသည်။ ဘုရင်မကြီးက ဆန်းလျန်ကို တွေ့ချင်နေသည်ကို ရိပ်မိသည့်အတွက် သူမက ဆန်းလျန်ကို ဘုရင်မထက်အရင်တွေ့ဆုံပြီး တစ်စုံတစ်ခုအကူအညီတောင်းရန် စိတ်ကူးရှိခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ကံမကောင်းစွာဖြင့်ပင် ဆန်းလျန်က ကျောက်ရှောင်ယွီ၏ ဖျားယောင်းသွေးဆောင်ခြင်းအတတ်ကို ကျော်လွှားနိုင်ခဲ့လေသည်။ ဆန်းလျန်၏စိတ်မှာ ကြည်လင်လွန်းနေသဖြင့် သူမ၏သွေးဆောင်ဖျားယောင်းမှုမှာ အရာမထင် ဖြစ်ခဲ့ရလေသည်။

ဘုရင်မကြီးမှာလည်း ကျောက်ရှောင်ယွီနှင့် ကြာပန်းကိုးပွင့်ကျောင်းတော်အကြောင်းကို ကောင်းကောင်းသိထားသူ ဖြစ်

လေသည်။ သူတို့က ပညာပြိုင်ရန် ဦးတည်နေကြခြင်း ဖြစ်လေ

သည်။ ထိုအချိန်မှာပင် ဆန်းလျန်က သူတို့နှစ်ယောက်ကြားသို့

မထင်မှတ်ဘဲ ဝင်ရောက်သွားမိခြင်း ဖြစ်လေသည်။ သို့သော်...

ဆန်းလျန် ဘုရင်မကြီးနှင့် သွားရောက်တွေ့ဆုံသည့်

အခြေအနေပေါ်တွင် မူတည်နေသေးသည်။

ဆန်းလျန် ဆေးခန်းသို့ ပြန်ရောက်လာသည့်အချိန်တွင် ရှော့ရှီ

လေးမှာ အိပ်ပျော်နေပြီ ဖြစ်လေသည်။ ကလေးမလေး သည်

စောင်များကို ကန်ထုတ်ထားသည့်အတွက် ဆန်းလျန်က သူမ

ကို စောင်ပြန်ခြုံပေးလိုက်သည်။ ထို့နောက်ထုံးစံအတိုင်းပင်

"စိတ်အာရုံစူးစိုက်မှု" ကျင့်စဉ်ကို ဆန်းလျန် ကျင့်ကြံနေလိုက်

လေသည်။

ကျောက်ရှောင်ယွီတီးခတ်သည့် ဂီတသံကို နားထောင်ပြီး

သည့်နောက်ပိုင်း ခါတိုင်းနေ့များထက် အာရုံစူးစိုက်မှု စွမ်းအား

ပိုကောင်းနေသည်ကို တွေ့ရလေသည်။ မြေသားရဲတိုက်တွင်းရှိ

ကျိဖူပလ္လင်ထက်တွင် ကျောက်စိမ်းကျိုင်းတံကိုကိုင်ဆောင်ထားသည့် မူလနတ်ဘုရားရုပ်တုသည် ဆန်းလျန်၏စိတ်ထဲတွင် ထင်ရှားစွာပေါ်လာလေသည်။

ဆန်းလျန်က ကျောက်စိမ်းကျိုင်းတံကို အာရုံစူးစိုက်လိုက်သည်။ ကျောက်စိမ်းကျိုင်းတံမှာ လက်တစ်ဖက်၏ပုံမျိုး ထုလုပ်ထားခြင်းဖြစ်လေသည်။ ထိုကျိုင်းတံကို ကိုင်ဆောင်ထားခြင်း၏ အဓိပ္ပါယ်မှာ လူတစ်ယောက်၏ စိတ်ကို ဖြန့်ကျက်ထားခြင်းကို ကိုယ်စားပြုလေသည်။

ထိုကျိုင်းတံက လူ့လောကတွင် ကိလေသာများကို ရှောင်ရှားရန် သတိပေးနေပြီး လူသားများ၏ စိတ်အာရုံထွေပြားမှုများကို ပြသနေခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် အတွေးများကို ရှင်းထုတ်သည့် ကျိုင်းတံအဖြစ်ကိုယ်စားပြုလေသည်။

ဆန်းလျန်မှာ ကျောက်စိမ်းကျိုင်းတံ၏ ပုံသဏ္ဍာန်ကိုလေ့လာပြီး ဖွဲ့စည်းပုံကိုတော့ မလေ့လာတော့ပေ။ ယနေ့ညအဖို့ ဤမျှအထိ လုံလောက်သွားပြီဖြစ်လေသည်။

ကျိုင်းတံ၏ လက်ကိုင်တွင် အစင်းရာများစွာ ရှိလေသည်။ သို့သော် ထိုအစင်းရာများက မည်သည့်အရာကို ကိုယ်စားပြုသည်ကို ဆန်းလျန် မသိနိုင်သေးပါ။ သူက ထိုအစင်းရာများကို အာရုံစူးစိုက်လိုက်တိုင်း နက်နဲသည့်ဂါထာတစ်ပုဒ်က သူ့စိတ်ထဲသို့ဝင်ရောက်လာလေသည်။

အခန်း (၁၁၄)

 ရေများအဘယ်ကြောင့်စီးဆင်းနေရသနည်း

ထိုဂါထာမှာ စီးဆင်းနေသည့်ရေကဲ့သို့ဖြစ်နေပြီး မည်သည့်

အမှတ်အသားမှ မကျန်ရစ်ခဲ့ပေ။

ဆန်းလျန်မှာ ထိုဂါထာမှ စာလုံးတစ်လုံးကိုပင် မှတ်မိနိုင်ခြင်းမ

ရှိခဲ့ပါ။ သို့သော် သူ့ကိုယ်သူ ပျောက်ဆုံးနေသလို ခံစားရလေ

သည်။ အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားပြီး အိပ်မက်တစ်ခုထဲ

တွင် ပိတ်မိနေသကဲ့သို့ ဖြစ်လေသည်။

ထူးဆန်းသည့်နေရာတစ်ခု....

လေ ၊ မိုးကြိုး ၊ လျှပ်စီး ၊ နေ ၊ လ နှင့် ကြယ်တာရာများ

ရောနှောနေသည့် နေရာတစ်ခု....

သဘာဝဖြစ်စဉ် ခြောက်ခုမှာရောနှောနေပြီး မိုးနှင့်မြေတွင် တာအိုကျင့်စဉ်လမ်းအကြောင်း သင်္ကေတဖြင့် စကားပြောနေသကဲ့သို့ ဖြစ်လေသည်။

ဆန်းလျန်မှာ စိတ်ရှုတ်ထွေးနေပြီး စဉ်းစားနိုင်ခြင်းငှါ မစွမ်းသာတော့။ နဂါးတစ်ကောင်၏ ကျုံးဝါးသံကဲ့သို့ အသံတစ်သံကို ကြားလိုက်ရပြီး အရာအားလုံး ပျောက်ကွယ်သွားလေသည်။

ထိုအခါမှ ဆန်းလျန်လည်း နိုးထလာရလေသည်။

သူ အိပ်မက်မမက်သည်မှာ ကြာပြီဖြစ်လေသည်။ သူက အိပ်စက်ခြင်းမရှိသည်မှာ ကြာပြီဖြစ်ပြီး စိတ်အာရုံစူးစိုက်ခြင်း ကျင့်စဉ်ကိုပင် အိပ်စက်ခြင်းအစား ကျင့်ကြံနေခဲ့ခြင်းဖြစ်လေသည်။

ယခု မြင်မက်ရသည့်အိပ်မက်ကတော့ ခမ်းနားပြီး အရောင်အသွေးစုံလင်သလို ထူးဆန်းပြီး အစွန်းရောက်လွန်းလေသည်။

နိုးထလာသည့်တိုင် အိပ်မက်ကို ခံစားမိနေဆဲ ဖြစ်သည်။

ဖော်ပြ၍မရနိုင်သည့်ခံစားချက်တစ်ခုကို ဆန်းလျန်ခံစားနေရသည်။ ပျော်ရွှင်မှု ၊ စိတ်ပျက်ဝမ်းနည်းမှု... ပြီးတော့ အထီးကျန်မှု....

နေမင်းသည် အရှေ့အရပ်မှ ထွက်ပေါ်လာပြီဖြစ်သည်။ ရော့ရှီလေးမှာ ဆန်းလျက်ထက်စောပြီး အိပ်ယာမှ နိုးနေပြီဖြစ်လေသည်။ ဖက်ထုပ်ရနံ့နှင့် ဆန်ပြုတ်ရနံ့ များကို ဆန်းလျန်ကို အိပ်ယာမှ နိုးထစေသည်။

ဒီလိုမျိုးအစားအသောက်တွေ ချက်တတ်ရလောက်အောင် ဒီကလေးမ အရွယ်ရောက်ပြီလားဟု ဆန်းလျန်တွေးလိုက်မိသည်။

ညက မြင်မက်ခဲ့သည့် အိပ်မက်ကို ဆန်းလျန် အရေးမလုပ်တော့ပါ။ သို့သော် အိပ်မက်မှ နိုးထလာသည့်အချိန် ခံစားလိုက်ရသည့် ခံစားချက်ကိုတော့ သတိရနေမိသည်။ အမြစ်တွယ်နေ

ခဲ့သည့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှာ ယခုတော့

အပင်ပေါက်လေး ပေါက်လာပြီ ဖြစ်လေသည်။

ဆန်းလျန်က ရှော့ရှီချက်ထားသည့် ဆန်ပြုတ်နှင့် ဖက်ထုပ်ကို

အားပါးတရပင်စားလိုက်သည်။ ယနေ့က ရှော့ရှီပထမဆုံး

အကြိမ် ချက်ပြုတ်ခြင်းဖြစ်ပြီး စားစရာများမှာ အရသာ

အသင့်အတင့်ရှိလေသည်။ ရှော့ရှီမှာ ဉာဏ်ကောင်းသော

ကလေးငယ်တစ်ယောက်ဖြစ်ပြီး ဆန်းလျန်ပြုစုပျိုးထောင်ပေး

သည့်အတိုင်း သိမြင်မှုအားကောင်းစွာဖြင့် ကြီးပြင်းလာခဲ့လေ

ပြီ။

သူမသာ ဓားသိုင်းလေ့ကျင့်မည်ဆိုလျှင် ရာနှုန်းပြည့်နီးပါး

အောင်မြင်နိုင်ချေ ရှိမည် ဖြစ်လေသည်။ သူမသာကြိုးစားမည်

ဆိုလျှင် အခြားူများထက် သာလွန်သည့်လူတစ်ယောက်ဖြစ်

မည်မှာ အသေအချာပင်။

သို့သော်.... ကျင့်စဉ်လမ်းမှာ အရည်အချင်းရှိရုံမျှဖြင့် မလုံလောက်ပေ။

ပါရမီရှိမှုနှင့် ကျင့်ရမည့်ကျင့်စဉ်သိရှိမှုတို့ လိုအပ်သည်သာမက အရေးအကြီးဆုံးမှာ ကံကောင်းဖို့လိုအပ်ခြင်းပင်။

သူမချက်ပေးသည့် အစားအသောက်များကို အားပါးတရစားနေသည့် ဆန်းလျန်ကို ရှော့ရှီ လှမ်းကြည့်လိုက်သည်။

ထို့နောက် စာလုံးရေးသားခြင်းတွင် ခါတိုင်းထက်ပိုပြီး အာရုံစူးစိုက်လိုက်လေသည်။ မိန်းကလေးငယ်၏ ကျေနပ်ပုံရသည့်မျက်နှာထားကြောင့် ဆန်းလျန်လည်း ပြုံးလိုက်မိလေသည်။

အစားအသောက်များက အဆင်ပြေနေသည့်အတွက် သူကလည်း အားပါးတရ စားလိုက်မိခြင်း ဖြစ်လေသည်။

ဆန်းလျန်က စားသောက်ပြီးသည်နှင့်...

"မနက်ဖန် ခရီးတစ်ခုလောက်မသွားချင်ဘူးလား"

ဟု ဆန်းလျန်က ရှော့ရှီလေးကို မေးလိုက်လေသည်။

"ဘယ်ကိုသွားရမှာလဲ"

ကလေးမလေးက ပြန်မေးလိုက်လေသည်။

"တောင်ပေါ်က ဝတ်ကျောင်းတော်တစ်ခုပေါ့ ၊ ရှန်ကျီး

ဝတ်ကျောင်းတော်လို့ခေါ်တယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

"အဲဒီနေရာက ပျော်စရာကောင်းလား"

"ကိုကိုလည်း တစ်ခါမှမရောက်ဘူးတော့ မသိဘူးလေ"

"အဲဒီကို သမီးသွားချင်တယ်"

"ကောင်းပြီ"

လူကြီးတစ်ယောက်ဖြစ်သည့်ဆန်းလျန်နှင့် ကလေးငယ်မျှသာ

ဖြစ်သည့် ရှော့ရှီလေးတို့၏ တစ်နေ့တာ စကားစမြည်မှာ ထိုမျှ

သာ ဖြစ်လေသည်။ ရိုးရှင်းပြီး ငြီးငွေ့စရာကောင်းလွန်းသည်။

သို့သော်... သူတို့နှစ်ယောက်လုံးကတော့ ထိုအချက်ကို သတိမ

ထားမိကြပါ။ ရှော့ရှီက လူအုပ်ကြီးများကို သဘောကျသည့်

တိုင် လူအုပ်ထဲတွင် ရောနှောပါဝင်ရသည်ကိုတော့ မနှစ်သက်ပါ။

ဆူညံနေသည့်လူအုပ်ကြီးမှာ ပွဲတော်ကာလတွင် ဗျောက်အိုးဖောက်သည့်အလားပင် ဖြစ်လေသည်။ ရှော့ရှီလေးက တစ်ယောက်တည်းနေတတ်သူဖြစ်ပြီး တစ်ခါတစ်ရံ သူမ၏အစ်ကိုနှင့်အတူ တိတ်ဆိတ်သည့်နေရာတွင် နေတတ်သည်။ သူမက အဝေးမှပင် လူအုပ်ကြီးကို ကြည့်ရသည်ကို သဘောကျလေသည်။

သူမတွင် လိုချင်လောဘလည်း သိပ်မရှိဘဲ ရသမျှနှင့် ရောင့်ရဲတတ်လေသည်။ သူမဘဝတွင် ပြဿနာလေး အနည်းငယ်တော့ရှိသည်။ သူမ၏အတိတ်ဆိုးကြောင့် ဖြစ်လေသည်။ သူမဖခင်ရင်းဖြစ်သူ ချင်းဟယ်ကျွမ်းဝမ်၏ ပုန်ကန်မှုအကြောင်း ဆန်းလျန်က သူမကို ပြောပြထားခြင်းမရှိပါ။ သူမ စိတ်ထဲတွင် လက်စားချေလိုစိတ်များ မကိန်းအောင်းစေချင်၍ ဖြစ်လေ

သည်။ ထို့ကြောင့် သူမ၏အခြေအနေမှာ ပိုင်ရှောက်လျို လောက် အခြေအနေမဆိုးခြင်း ဖြစ်လေသည်။

ဆန်းလျန်နှင့် ပိုင်ရှောက်လျို တတိယအကြိမ် ဆုံတွေ့ဖြစ်ခဲ့ကြသေးသည်။ သူ၏ပုံစံမှာ ယခင်ကထက်ပိုပြီး အေးတိအေးစက်ဖြစ်နေလေသည်။ ဆန်းလျန်ကိုတွေ့တော့ သူက ဖျစ်ညှစ်ပြီး ပြုံးပြရှာသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်း မှန်ရှေ့မှာ ကိုယ့်ကိုကိုယ်ပြုံးပြီး ကြည့်ဖူးလား"

ဟု မေးလိုက်လေသည်။

ဆန်းလျန် အဘယ့်ကြောင့်ထိုသို့မေးရသည်ကို ပိုင်ရှောက်လျို နားမလည်ပါ။ သူက ခေါင်းကိုခါယမ်းလိုက်ရင်း...

"မကြည့်ဖူးဘူး"

ဟု ပြန်ဖြေလိုက်လေသည်။

"မင်းအပြုံးကိုသာ မှန်ထဲမှာ ပြန်မြင်မိရင် မင်းတော့ ထမင်းမစားချင်အောင်ဖြစ်မှာပဲ"

"ဘာဖြစ်လို့လဲ"

"ဘာလို့လဲဆိုတော့ မင်းအပြုံးကြီးက ကြောက်စရာကောင်းနေလို့"

ဆန်းလျန်က ဟာသအနေဖြင့်သာ နောက်ပြောင်လိုက်ခြင်းဖြစ်လေသည်။ သို့သော်... ဟာသတော့ မမြောက်ခဲ့ပါ။ ပိုင်ရှောက်လျိုမှာလည်း ဆက်ပြီး မပြုံးပြတော့ပေ။

ပိုင်ရှောက်လျိုမှာ အမြဲတမ်းခက်ထန်သည့်မျက်နှာထားဖြစ်နေသောကြောင့် သူပြုံးလိုက်သည့်တိုင်အောင် အပြုံးက မပီပြင်ဖြစ်နေရလေသည်။ သူ၏မျက်နှာရှိ ကြွက်သားများလည်း တင်းမာနေဟန်ရှိလေသည်။ ထို့ကြောင့် သူ၏ အပြုံးမှာ ကို့ယို့ကားယားနိုင်လွန်းသည်။

ခဏတာမျှတိတ်ဆိတ်နေပြီးမှ ဆန်းလျန်က မေးလိုက်သည်။

"ဒီကို ဘာလို့ရောက်လာတာလဲ"

"ဟိုတစ်နေ့ညက ကျုပ်အသက်ကို ကယ်ခဲ့တဲ့အတွက်

ကျေးဇူးတင်စကားပြောချင်လို့ပါ"

ပိုင်ရှောက်လျိုက ပြန်ပြောလိုက်လေသည်။

သူက ပိတ်စလေးတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုပိတ်စလေး

ပေါ်တွင် ရုပ်ပုံများနှင့် စာလုံးများ ရေးထားလေသည်။

ဆန်းလျန်က ထိုအရာကိုလက်မခံခဲ့ပါ။

"သူတို့မင်းဆီကလိုချင်နေကြတာ ဒီပစ္စည်းလား"

ဆန်းလျန်ကမေးလိုက်သည်။

ပိုင်ရှောက်လျိုက ခေါင်းညိတ်လိုက်သည်။

"ဒီပစ္စည်းက မင်းအသက်ထက်ပိုပြီး တန်ဖိုးရှိသလား"

"ဟုတ်တယ်..."

ပိုရှောက်လျိုက ဆန်းလျန်၏ အမေးကိုဖြေလိုက်သည်။ သူ့

အသံက သာမန်ထက်ပိုပြီး ကျယ်လောင်နေလေသည်။

"မင်းဘာလို့ ဒီပစ္စည်းကို ကျုပ်ကိုပေးတာလဲ ၊ မင်းတကယ်စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားတာလား"

ဆန်းလျန်က သိမ်မွေ့စွာပင် ပြောလိုက်သည်။

ပိုင်ရှောက်လျိုက ဘာမှ ပြန်မပြောတော့ပါ။

အချို့သူများအတွက် အသက်ရှင်သန်နိုင်ရန်မှာ အရေးကြီးလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ဘဝတွင် အရေးကြီးသည့်လုပ်ဆောင်စရာများ ရှိနေသေးသောကြောင့် ဖြစ်လေသည်။ ဆန်းလျန်က သူ့အသက်ကို ကယ်ခဲ့သည့်အတွက် သူ့တွင် လက်စားချေဖို့ မျှော်လင့်ချက် ရှိလာရလေသည်။

"စမ်းရေစားကျမ်း" မှာ ဆန်းလျန်နှင့်သာအတူရှိနေလျှင် မည်သူမျှ လာရောက်တိုက်ခိုက် ယူဆောင်တော့မည်မဟုတ်ဟု သူက တွေးထားသောကြောင့် ဆန်းလျန်ထံလာပေးခြင်းဖြစ်လေသည်။

"မင်းက ကျုပ်ဆီမှာ ပညာသင်ချင်လို့လား"

ဆန်းလျန်က ဆက်မေးလိုက်လေသည်။

ဆန်းလျန်၏ ချောမောလှပသည့်မျက်နှာကို ပိုင်ရှောက်လျို တစ်ချက်ငေးကြည့်လိုက်လေသည်။ ဆန်းလျန်မည်မျှ အစွမ်းထက်ကြောင်း သူ သိလေသည်။ သို့သော် ဆန်းလျန်ထံတွင် ပညာသင်ဖို့တော့ သူတစ်ခါမှ မတွေးခဲ့မိပေ။ သူ့မှာ ဆန်းလျန်အပေါ်တွင် အသက်ကြွေးတင်နေသည်ကိုပင် မဆပ်နိုင်သေးဘဲ ပညာသင်ခွင့်ပြုရန်တောင်းဆိုပါက လောဘကြီးရာရောက်ပေလိမ့်မည်။

ဆန်းလျန်ကလည်း သူ့ကို ထိုကဲ့သို့မေးခွန်းမျိုးမေးလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပါ။

သူ.... တုန့်ဆိုင်းနေမိလေသည်။

"ကြည့်ရတာ မင်းက ကျုပ်ဆီမှာ ပညာမသင်ချင်ဘူးထင်တယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

"မဟုတ်ပါဘူးဗျာ ၊ ကျုပ်က ခင်ဗျားကို ဘယ်လိုကျေးဇူးပြန်ဆပ်ရမလဲ မသိလို့ပါ"

ပိုင်လျှောက်လျိုက ပျာပျာသလဲ ပြန်ပြောလိုက်လေသည်။

"မင်း ကျုပ်ကို အစကတည်းက အကြွေးတင်နေပြီးသားပဲကို"

ဆန်းလျန်က ရယ်မောရင်း ပြောလိုက်လေသည်။

ပိုင်ရှောက်လျိုမှာ အိပ်မက်ပမာခံစားနေရလေသည်။ ဆန်းလျန်က သူကမ်းပေးသည့် စမ်းရေဓားကျမ်းကို ယူလိုက်သည်။

စမ်းရေဓားကျမ်း....

ဓားကိုအသုံးပြုသည့်သိုင်းကွက်နှင့် သဘောတရားများကတော့ သာမန်မျှသာဖြစ်လေသည်။ ဓားကွက်များမှာ ကြမ်းတမ်းပြီး အားနည်းချက်များလည်း များစွာရှိလေသည်။

ဆန်းလျန်က တစ်ချက်ကြည့်လိုက်ပြီး ပိုင်ရှောက်လျိုကို ပြန်ပေးလိုက်လေသည်။

ဆန်းလျန်၏အမူအရာကိုကြည့်ပြီး ပိုင်ရှောက်လျို စိတ်ပျက်သွားရသည်။ စမ်းရေစားကျမ်းမှာ တန်ဖိုးမရှိသည့် စားကျမ်းတစ်ခု ဖြစ်နေမည်လား။

သို့သော်... ဆန်းလျန်ပြောလိုက်သည့်စကားကြောင့် သူ့အတွေးက ပြောင်းပြန်ဖြစ်သွားရပြန်သည်။

"ဒီစားကျမ်းက အဖိုးတန်ပါတယ်၊ မင်းသာ ဒီစားသိုင်းကို အောင်မြင်အောင်လေ့ကျင့်နိုင်ရင် ရန်သူနည်းသွားလိမ့်မယ်၊ ပြီးတော့ လက်စားလည်း ကောင်းကောင်းချေနိုင်လိမ့်မယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

"ကျုပ်ဒီစားသိုင်းကိုလေ့ကျင့်လာတာ ဆယ်နှစ်ကျော်ခဲ့ပြီ၊ ဒါပေမယ့် ဘာမှလည်း ထူးထူးခြားခြား အစွမ်းမထက်ဘူး"

"မင်း စမ်းချောင်းလေးတွေကို မြင်ဖူးတယ်မလား၊ ရေတွေဘာလို့စီးဆင်းနေတယ်လို့ မင်းထင်လဲ"

ပိုင်ရှောက်လျို ငြိမ်သက်နေလေသည်။ မေးခွန်း၏ အဖြေကို သူမသိပါ။

"အန်းဖင်တူးမြောင်းကို မင်းသွားကြည့်သင့်တယ် ၊ ရေတွေဘာလို့စီးဆင်းနေရလဲဆိုတဲ့အဖြေကိုသိရရင် ကျုပ်ဆီ ပြန်လာခဲ့ပါ"

ဆန်းလျန်၏ စကားများကို နားထောင်နေသည့်တိုင် ဘာတွေပြောနေမှန်း ပိုင်ရှောက်လျို နားမလည်နိုင်ပါ။ သို့သော် ဆန်းလျန်ပြောသည့်အတိုင်း သူလုပ်မည်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်မှာ ဓားသိုင်းနှင့်ပတ်သက်လျှင် ဆရာတစ်ဆူဖြစ်ကြောင်း သူယုံကြည်သည့်အတွက်ပင်ဖြစ်လေသည်။

ဆန်းလျန်မှာ သိုင်းလောကသားတစ်ယောက်မဟုတ် ၊ ကျင့်ကြံသူတစ်ယောက်ဖြစ်ကြောင်းကို ပိုင်ရှောက်လျို ကောင်းကောင်းသိပါသည်။

သိုင်းပညာလေ့ကျင့်ခြင်းက ခန္ဓာကိုယ်ကို ကြံ့ခိုင်စေပြီး စွမ်းအားတိုးတက်စေလေသည်။

ကျင့်စဉ်လမ်းကတော့ ထာဝရအသက်ရှင်သန်နိုင်ရန်အတွက် မိုးမြေနိယာမများကို နားလည်သဘောပေါက်ရန် လိုအပ်လေသည်။

သိုင်းပညာနှင့် ကျင့်စဉ်လမ်းတွင် တူညီသည့်အချက်များရှိနေသည့်တိုင် မတူညီသည့်အချက်များမှာလည်း များစွာရှိလေသည်။

ဆန်းလျန်က စမ်းရေဓားကျမ်းကို တစ်ချက်ကြည့်လိုက်သည်နှင့် ထိုဓားကျမ်း၏နောက်ကွယ်မှ အစိပ္ပါယ်နှင့် အယူအဆကို ချက်ချင်း နားလည်လေသည်။ ထိုဓားကျမ်းမှာ ဓားသိုင်းပညာသက်သက်ချည်းပဲ မဟုတ်ပါ။ မိုးမြေစွမ်းအား၏ ဆန်းကျယ်မှုများကိုပါ ဖော်ပြထားလေသည်။

"ရေများအဘယ်ကြောင့်စီးစဆင်းနေရသနည်း" ဆိုသည့် နိယာမကို အခြေခံထားလေသည်။ ထိုနိယာမကိုသာနားလည်သွားလျှင် ထိုဓားသိုင်း၏ အစွမ်းထက်မြက်မှုကို ကောင်းစွာ အသုံးချနိုင်မည် ဖြစ်လေသည်။

ထိုဓားကျမ်းမှာ တာအိုကျင့်စဉ်လမ်းနှင့် ဆက်စပ်နေပြီး သိုင်းလောကမှ သာမန်သိုင်းပညာမျိုး မဟုတ်ပေ။

ထို့ကြောင့် ဓားသိုင်းပညာကိုသာနားလည်ပြီး လေ့ကျင့်နေမည်ဆိုလျှင် မည်သည့်အစွမ်းမှ ရရှိမည်မဟုတ်ပေ။

အခန်း (၁၁၅)

အညစ်အကြေးတွေကို သန့်စင်ပေးတယ်

ပိုင်ရှောက်လျို တည်းခိုရိပ်သာသို့ ပြန်လာခဲ့လေသည်။ အန်းဖင်တူးမြောင်းမှာ တည်းခိုရိပ်သာဘေးတွင် တည်ရှိလေသည်။ ရေများက သဘာဝအတိုင်း တသွင်သွင် စီးဆင်းနေလေသည်။ သူက အန်းဖင်တူးမြောင်းဘေးတွင် ခုံတစ်လုံးချကာ ထိုင်လိုက်ပြီး မြစ်ရေများစီးဆင်းနေသည်ကို စိုက်ကြည့်နေလေတော့သည်။

ဖူမန်လော်တည်းခိုရိပ်သာပိုင်ရှင် ကျိုးလင်မှာ "ဒီကောင်လေးဘာများအရူးထသလဲ" ဟု တွေးနေမိလေသည်။ ပိုင်ရှောက်လျိုမှာ နေ့တစ်ဝက်ခန့် ရေပြင်ကို မလှုပ်မယှက် စူးစိုက်ကြည့်နေလေသည်။ တဖြည်းဖြည်း သူ့ပုံမှာ ပင်ပန်းနွမ်းနယ်သည့်ပုံပင်ပေါက်လာလေပြီ။

နေမှာခြစ်ခြစ်တောက်ပူနေသည့်တိုင် ပိုင်ရှောက်လျိုမှာ ရေပြင်ကို မလှုပ်မယှက် စိုက်ကြည့်နေဆဲပင်။

အန်းဖင်တူးမြောင်းမှ ရေများ.....

ထိုရေများက လျှင်မြန်စွာ စီးဆင်းနေခြင်းမရှိပါ။ သို့သော်... ကြည်လင်နေလေသည်။ နေရောင်အောက်တွင် ရေပြင်မှာ တစ်လက်လက်တောက်ပနေလေသည်။ ထိုရေများကို မျက်တောင်တစ်ချက်မခတ် စူးစိုက်ကြည့်နေရသည်မှာ အင်မတန်မှ ခက်ခဲသည့်အလုပ်ပင် ဖြစ်လေသည်။ ပိုင်ရှောက်လျို၏မျက်လုံးများ ကျိန်းစပ်နေပြီဖြစ်သည်။ သို့သော်... သူက မျက်လုံးကို မှိတ်လိုက်ခြင်းမရှိပါ။ ရေပြင်ကို ဆက်လက်စိုက်ကြည့်နေဆဲဖြစ်လေသည်။

ပိုင်ရှောက်လျိုတစ်ယောက် ညနေခင်းရောက်သည်အထိ ရေပြင်ကို စိုက်ကြည့်နေဆဲပင်။ နေဝင်ဆည်းဆာတွင် မြစ်ရေ

မှာ ပုဇွန်ဆီရောင်သန်းနေပြီး ပန်းတစ်ပွင့်အလား လှပလွန်းလေ

သည်။

ကျိုးလင် မနေနိုင်တော့ပေ။ သူမက ပိုင်ရှောက်လျိုအနားသို့

လျှောက်လာပြီး....

"ဟဲ့... နင် ဘာတွေလုပ်နေတာလဲဟင်"

ဟု မေးလိုက်လေသည်။

ပိုင်ရှောက်လျိုက သူမကို အဖက်ပင်မလုပ်ပါ။ ရေများထံမှ

အကြည့်ကို တစ်ချက်မှမလွှဲ စိုက်ကြည့်နေမြဲ ဖြစ်လေသည်။

ကျိုးလင်မှာ ပိုင်ရှောက်လျိုအား အမြင်ကတ်လာပြီး စောင့်ကန်

လိုက်လေတော့သည်။

ထိုအခါမှ ပိုင်ရှောက်လျိုက ဆိုင်ပိုင်ရှင်အမျိုးသမီးကို

မော့ကြည့်လိုက်ပြီး....

"ရေတွေစီးဆင်းနေတာကို ဘယ်လိုမြင်လဲ"

ဟု မေးလိုက်လေတော့သည်။

ဒီလောက်တုံးသည့်မေးခွန်းကို မေးရကောင်းလားဟု ကျိုးလင်မှာ အံ့အားသင့်သွားရလေသည်။

"ရေဆိုတာ သဘာဝအတိုင်း မြင့်ရာကနေ နိမ့်ရာကို စီးတာပေါ့ဟဲ့ ၊ ရေကိုဆန်တက်သွားရင်ရေဆန် ၊ ရေစီးအတိုင်းလိုက်သွားရင် ရေစုန် ၊ ဒါတောင်မသိဘူးလား"

ဟု ပြန်ပြောလိုက်လေသည်။

ပိုင်ရှောက်လျိုက မျက်ခုံးကို တစ်ချက်ပင့်လိုက်ရင်း....

"အဲဒီလောက်လွယ်တယ်လား"

ဟု ရေရွတ်လိုက်လေသည်။

ဆိုင်ပိုင်ရှင်အမျိုးသမီးက ခါးထောက်လိုက်ပြီး...

"ဒီလို သောက်ရှူးအတွေးတွေ ဘာလို့တွေးနေသလဲ ၊ အမြန်အလုပ်လာလုပ်စမ်း"

ဟု ပြောလိုက်လေသည်။

ပိုင်ရှောက်လျို မှာ ဆိုင်ရှင်အမျိုးသမီးကို ဖုံးကွယ်ထားစရာ အကြောင်းမရှိပါ။ ဆန်းလျန်ကဲ့သို့ပင် သူမကလည်း သူ့ အသက်ကို ကယ်ခဲ့သူဖြစ်သည့်အတွက် အသက်ကြွေးတင်နေ ရသူ ဖြစ်လေသည်။

"ဆန်းသခင်လေးက ရေတွေဘာလို့စီးဆင်းနေလဲလို့ မေးလိုက် လို့ ကျွန်တော်စဉ်းစားနေတာပါ"

ဟု ပြောလိုက်လေသည်။

"ဘယ်က ဆန်းသခင်လေးလဲ"

ကျိုးလင်က မေးလိုက်လေသည်။

"ရှင်သန်ခြင်းမရဏဆေးခန်းက ဆန်းသခင်လေးလေ"

"အဲဒီလူက နင့်ကို ဒီမေးခွန်းမေးတယ်ပေါ့၊ ဒါဖြင့် အမြန်သွား ပြီး ငါပြောတဲ့အဖြေကို ပြောပြလိုက်တော့လေ"

ဟု ပြောလိုက်လေသည်။

သူမကိုကြည့်ရသည်မှာ ရယ်ချင်စိတ်ကို မြိုသိပ်ထားရသည့်ပုံ ပေါက်နေလေသည်။

အဖြေမှာ ထိုမျှ ရိုးရှင်းမည်မဟုတ်ဟု ပိုင်ရှောက်လျိုတွေးနေမိ လေသည်။ သို့သော်... ဆိုင်ရှင်အမျိုးသမီးထံမှ စွမ်းအားတစ်ခု က သူ့အပေါ် ဖုံးလွှမ်းသွားသလိုခံစားလိုက်ရလေသည်။ ထို စွမ်းအားကြောင့်ပင် သူမ၏စကားကို အလိုလို လိုက်နာမိလျက် သားဖြစ်သွားလေတော့သည်။

"ရှင်သန်ခြင်မရဏ" ဆေးခန်း...

ဆန်းလျန်မှာ ရှော့ရှီဘေးတွင်ထိုင်ရင်း သူမ စာရေးလေ့ကျင့် သည်ကို ကြည့်နေလေသည်။

သူမရေးနေသည့် "ယုန်" ဆိုသည့်စာလုံးမှာ ဆန်းလျန်လက်ရေး နှင့် တစ်ပုံတည်း တူနေပြီ ဖြစ်သည်။ သို့သော် စာရေးဟန်မည် မျှပင်ဘတူနေစေကာမူ သေသေချာချာကြည့်မည်ဆိုလျှင်တော့ မတူညီသည့်အချက် အနည်းငယ်ကို တွေ့မြင်နိုင်လေသည်။

ဆန်းလျန်ရေးသည့် "ယုန့်" ဆိုသည့်စာလုံးက သက်ဝင်လှုပ်ရှား နေပြီး ရော့ရှီရေးသည့် "ယုန့်" ဆိုသည့်စာလုံးက အသက်မပါ လှပေ။

ပိုင်ရှောက်လျို က ရော့ရှီစာရေးနေသည်ကို ငေးကြည့်နေရင်း ဆိုင်ရှင်အမျိုးသမီး၏ စကားများကို ပြန်စဉ်းစားနေမိသည်။

ဆန်းလျန်က ပိုင်ရှောက်လျို၏ စကားများကို စိတ်ရှည်ရှည်ဖြင့် ဆုံးအောင် နားထောင်ပြီးမှ...

"မင်းပြောတာ ရေက နိမ့်ရာကနေ မြင့်ရာကိုစီးဆင်းတယ် ၊ ဒါ ကြောင့် ရေတွေ စီးဆင်းနေရတယ်ပေါ့ ၊ ဒါဖြင့် ရေက နိမ့်ရာ ကနေ မြင့်ရာကိုတော့ ဘာလို့ဆန်တက်ပြီး မစီးဆင်းနိုင်ရတာ လဲ"

ပိုင်ရှောက်လျိုမှာ ငြိမ်သက်သွားရပြန်သည်။ ထိုမေးခွန်း၏ အဖြေက ရိုးရိုးလေးပင်ဖြစ်လေသည်။ သို့သော် တကယ်တမ်း အဖြေပေးရမည်ဆိုတော့ ခက်ခဲလှျက် ရှိပြန်လေသည်။

ဆန်းလျန်၏ နောက်ထပ်မေးခွန်းတစ်ခုကိုစဉ်းစားရန် ပိုင်ရှော
က်လျို ကို ပြန်လွှတ်လိုက်လေသည်။

"ဒီကောင်လေး အဖြေကို မြန်မြန်ရှာတွေ့အောင် ခေါင်းကို
ပန်းသီးနဲ့ ခပ်နာနာလေး ထုလိုက်မှထင်တယ်"

ဟု ဆန်းလျန် တွေးလိုက်မိသည်။

"ရေက နိမ့်ရာကနေ မြင့်ရာကိုစီးဆင်းတယ်" ဆိုသည့် အဖြေမှာ
ဆန်းလျန်လိုချင်သည့်အဖြေမဟုတ်ပါ။ အဖြေမှာ ရိုးရှင်းလွန်း
လေသည်။သို့သော် ပိုင်ရှောက်လျို၏ ခေါင်းမာမှုနှင့်
လိုက်လျောညီထွေ မရှိမှုတို့ကြောင့် ခက်ခဲနေရခြင်းဖြစ်လေ
သည်။ ထိုအခက်အခဲကို ကျော်လွှန်နိုင်မှ စမ်းရေစားသိုင်းကို
အောင်မြင်အောင် လေ့ကျင့်နိုင်မည် ဖြစ်လေသည်။

ရှော့ရှီက...

"ကိုကို ဘာလို့ အဲဒီမေးခွန်း သူ့ကို မေးလိုက်လဲဆိုတာ သမီး နားလည်တယ်၊ ပြီးတော့ အဲဒီမေးခွန်းက စမ်းရေစားသိုင်းနဲ့ ပတ်သက်နေတယ်မဟုတ်လား"

ဟု ပြောလိုက်လေသည်။

ဆန်းလျန်က ပြုံးရင်း သူမခေါင်းလေးကို ပွတ်သပ်လိုက်သည်။

"သမီးက ဘာကိုသိတာလဲ"

"ရေစီးဆင်းတယ်ဆိုတာ ရေစီးဆင်းတာပဲလေ၊ စီးဆင်းနေလို့ ကို စမ်းရေလို့ခေါ်တာပေါ့၊ စမ်းချောင်းထဲက စမ်းရေဟာ ဘယ်တော့မှ စီးဆင်းတာ ရပ်တန့်မသွားဘူး၊ စမ်းရေစား သိုင်းကလည်း ဒီသဘောပဲ၊ စမ်းရေစီးဆင်းသလို ဓားသိုင်းကို ဖော်ထုတ်နိုင်ရင် အဲဒါ စမ်းရေစားသိုင်းပဲပေါ့"

ရှော့ရှီက ပြန်ဖြေလိုက်လေသည်။

စီးဆင်းနေသည့်ရေ၏စွမ်းအားမှာ အံ့ဩစရာကောင်းလေ သည်။ တာတမံများခံထားလျှင်တောင်မှ ခဏတာသာ တန့်

ထားနိုင်ပြီး အချိန်တန်လျှင် အတားအဆီးများအားလုံးကို

တိုက်စားသွားမည် ဖြစ်လေသည်။

ဆန်းလျန်က သက်ပြင်းချရင်းပြောလိုက်သည်။

"သမီးက သိပ်ဉာဏ်ကောင်းတာပဲကိုး..."

ကလေးတစ်ယောက် ဤသို့နားလည်ဖို့ဆိုသည်မှာ ရှာမှရှားပင်

ဖြစ်လေသည်။ ရော့ရှီလေး ထိုသို့ နားလည်နိုင်စွမ်းရှိနေခြင်းမှာ

အကောင်းလား၊ အဆိုးလား ဆိုသည်ကို ဆန်းလျန် မခန့်မှန်း

နိုင်ပါ။

ဆန်းလျန်ပင် သူမအရွယ်တုန်းက ရှုံ့တောထဲတွင် ဆော့

ကောင်းဆဲဖြစ်လေသည်။

ရော့ရှီ ယခုကဲ့သို့ ဉာဏ်ရည်ထက်မြက်သည်မှာ ဆန်းလျန်၏

သင်ကြားပေးမှုများကြောင့်လည်း ဖြစ်လေသည်။ သို့သော်...

သူမ၏ ပင်ကိုယ်အရည်အသွေးထက်မြက်မှုနှင့်လည်း ဆိုင်

လေသည်။

"အရှယ်မတိုင်ခင် သိမြင်မှုလွန်ကဲခင်းက ပျက်စီးစေ တတ်သည်" ဟု ဆန်းလျန်တွေးနေမိသည်။

ဆန်းလျန်၏ သက်ပြင်းချသံနောက်ကွယ်မှ အဓိပ္ပါယ်ကို ရော့ရှီလေး နားမလည်ပါ။ သို့သော် သူမကြောင့် ဆန်းလျန် စိတ်အနှောင့်အယှက် ဖြစ်သွားရသည်ဟု ထင်နေမိရှာလေသည်။

ပိုင်ရှောက်လျိုမှာ ကျိုးလင်ပိုင်ဆိုင်သည့် ဖူမန်လော်တည်းခိုရိပ်သာသို့ပြန်လာလေသည်။

ဆိုင်ရှင်အမျိုးသမီးမှာ ဆန်းလျန်ဆီမှ အဖြေကို သိချင်နေလေသည်။ ပိုင်ရှောက်လျိုမှာ ဆိုင်ပိုင်ရှ် အမျိုးသမီးက ထိုကိစ္စကို စိတ်ဝင်စားနေသည့်အတွက် အံ့သြနေမိလေသည်။ သူမက များသောအားဖြင့် ပိုက်ဆံကိုသာ စိတ်ဝင်စားသည့်သူ ဖြစ်လေသည်။

ဆိုင်ပိုင်ရှင်မှာ ဆန်းလျန်ကိုများ ကြိုက်နေလေသလား။ ဆန်းလျန်မှာ အလွန်မှ ငယ်ရွယ်သေးသည့်ပုံရလေသည်။ သို့သော်...

အဆင့်မြင့်သိုင်းသမားများမှာ ငယ်ရွယ်နုပျိုမှုကို ထိန်းထား နိုင်သည်ဟု သူကြားဖူးလေသည်။ ထို့ကြောင့်ဆန်းလျ န်၏အသက်မှာ ငါးဆယ်လည်း ဖြစ်နိုင်သည်ဟု ပိုင်ရှောက်လျို တွေးနေမိသည်။

ဆိုင်ပိုင်ရှင်အမျိုးသမီးမှာ လုပနေသေးသည့်တိုင် မိန်းကလေး ဆိုသည်က အသက်ကြီးလာသည်နှင့်အမျှ အကျမြန်လေ သည်။ ထို့ပြင် ဆန်းလျန်မှာလည်း သာမန်လူတစ်ယောက်မ ဟုတ်ပါ။

ဆိုင်ပိုင်ရှင်အမျိုးသမီးက သူမ၏ စွဲဆောင်မှုရှိသည့် အနီရောင် နှုတ်ခမ်းများကို ခပ်တင်းတင်း စေ့လိုက်သည်။ သူမမျက်လုံး များတွင် သံသယရိပ်များထင်ဟပ်နေလေသည်။ သူမက ပိုင် ရှောက်လျိုကို တစ်ချက်ကြည့်လိုက်ပြီး...

"သူက မင်းကို စဉ်းစားခိုင်းမှတော့ ဆက်စဉ်းစားလိုက်ပေါ့၊

မင်း ဘယ်လိုမှ အဖြေရှာမရဘူးဆိုလည်း သူ့ဆီထပ်သွားတွေ့

လိုက်ပေါ့"

ဟု ပြောလိုက်လေသည်။

ပိုင်ရှောက်လျိုက ခေါင်းညိတ်လိုက်သည်။

သူမက ဆက်ပြောသည်။

"ပန်းကန်တွေဆေးဖို့ မမေ့နဲ့ဦး၊ ငါတော့ ရေချိုးပြီး အိပ်တော့

မယ်၊ ဒီလိုရာသီဥတုမျိုးကို ငါမုန်းလိုက်တာ"

သူမ၏စကားကိုကြားလိုက်ရပြီး သူ့ခေါင်းထဲသို့ အတွေးတစ်ခု

ဝင်လာလေသည်။ သူမချွေးထွက်သည်ကို ပိုင်ရှောက်လျို

တစ်ခါမှ မတွေ့ဖူးပေ။ ဤနေရာမှာ ရေနွေးနီးသောကြောင့်

ပူပြင်းလှခြင်းမရှိသည့်တိုင် သာမန်လူဆိုလျှင်တော့ ချွေးထွက်

ရမည် ဖြစ်လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် သူမမှာလည်း သာမန်လူတစ်ယောက် မဖြစ်နိုင်ပေ။

လူတိုင်းတွင် လျို့ဝှက်ချက် ကိုယ်စီရှိကြသည်ပဲ ဖြစ်လေသည်။ သူမက သူ့အကြောင်းကို စပ်စုမေးမြန်းခြင်းမျိုး မရှိပါ။ ထို့ကြောင့်ပင် သူက သူမကို လေးစားခြင်းဖြစ်ပြီး သူမ၏ အကြောင်းများကိုလည်း မစပ်စုဘဲ နေခဲ့ခြင်းဖြစ်လေသည်။

ထို့ပြင် သူစဉ်းစားမိသည်မှာ သာမန်လူတစ်ယောက်က သွေးအိုင်ထဲလဲနေသည့် လူတစ်ယောက်ကို ကယ်တင်ပြီး ဆေးကုပေးရဲမည် မဟုတ်ပေ။ မည်မျှပင် ကြင်နာတတ်သူတစ်ယောက် ဖြစ်ပါစေ ကိုယ့်အမှု ပတ်မည့် ကိစ္စမျိုးတော့ လုပ်ရဲမည် မဟုတ်ပေ။

ဆိုင်ပိုင်ရှင်အမျိုးသမီးမှာ ရေချိုးရသည်ကို နှစ်သက်လေသည်။ ရေနွေးထဲတွင် စိမ်ပြီး ရေချိုးရသည်ကို သူမ အနှစ်သက်ဆုံး ဖြစ်လေသည်။

"လူတွေက ရေကို ညစ်ပတ်အောင်လုပ်ကြတယ်၊ ဒါပေမယ့် ရေကတော့ လူတွေကို ညစ်ပေအောင် ပြန်မလုပ်ပါဘူး၊ ရေက သွားလေရာရာမှာ အညစ်အကြေးတွေကို သန့်စင်ပေးတယ်"

ထိုစာပိုဒ်လေးကို သူမ သဘောကျလေသည်။ ထို့ကြောင့် ထို စာပိုဒ်လေးကို စဉ်းစားလိုက်မိချိန်တွင် ရုတ်တရက် ထိုစာပိုဒ်ကို ရွတ်ဆိုသံကို ကြားလိုက်ရလေသည်။

ဆိုင်ပိုင်ရှင် အမျိုးသမီး ရွတ်ဆိုလိုက်ခြင်း မဟုတ်ပါ။ အခြား တစ်ယောက်က ရွတ်ဆိုလိုက်ခြင်း ဖြစ်လေသည်။

အခန်းထဲတွင် လူတစ်ယောက်ရှိနေလေသည်။ ထိုစာပိုဒ်လေး ကို ထိုမိန်းကလေးက ရွတ်ဆိုလိုက်ခြင်းဖြစ်လေသည်။

သူမမှာ ကျောက်ရှောင်ယွီ ဖြစ်လေသည်။ သူမပုံစံမှာ ကြည်လင်ရှင်းသန့်နေလေသည်။

ကျောက်ရှောင်ယွီမှာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားလေ သည်။ သူမက ရုတ်တရက်ပေါ်လာခြင်းဖြစ်ပြီး မိုးကောင်းကင်

တေးသွားဖြင့်သာ ရောက်လာလျှင် နတ်မိမယ်တစ်ပါး ကိုယ်ထင်ပြသည်ဟုပင် ထင်မှတ်မှားမိမည် ဖြစ်လေသည်။ ဆိုင်ပိုင်ရှင်အမျိုးသမီးမှာ သူမကိုတွေ့သည်နှင့် စိတ်ရှုတ်ထွေး သွားရလေသည်။

"ဒီနေ့ ဒီအချိန်အထိ နင် ငါ့ကို လိုက်ရှာနေမယ်လို့ ငါထင်မ ထားခဲ့မိဘူး"

ဟု ပြောလိုက်လေတော့သည်။

အခန်း (၁၁၆)

မန္တန်အလင်းချေဖျက်ခြင်းကျမ်း

ကျောက်ရှောင်ယွီက ဆိုင်ပိုင်ရှင် အမျိုးသမီးကို နီးကပ်စွာ စိုက်ကြည့်နေလေသည်။ ကျိုးလင်၏ အသားအရေများမှာ ပိုး သားလေးကဲ့သို့ နူးညံ့ချောမွေ့နေလေသည်။ သို့သော် အသားအရေမှာ အနည်းငယ် ပျော့တွဲနေလေပြီ။ သူမ၏ မျက်လုံးအစပ်များတွင်ပင် အရေးအကြောင်းလေးများ ထင်နေ လေသည်။

"အစ်မ အိုနေပြီပဲ"

ကျောက်ရှောင်ယွီက သက်ပြင်းချရင်း ပြောလိုက်လေသည်။ ကျိုးလင်က ချက်ချင်းပင် သူမဦးခေါင်းထက်မှ ကျောက်စိမ်း ဆံထိုးလေးကို ဖြုတ်ပြီး ကျောက်ရှောင်ယွီထံသို့ ပစ်ပေါက် လိုက်လေသည်။ သူမ၏အသားအရေမှာ ပျော့တွဲလာပြီဖြစ် သော်လည်း ကျောက်စိမ်းသားကဲ့သို့ ကြည်လင်လှပနေဆဲ ဖြစ်

လေသည်။ ကျောက်စိမ်းသားထက်ပင် သူမက ပိုမိုကြည်လင်လှပဦးမည်ဖြစ်လေသည်။

ကျောက်စိမ်းဆံထိုးလေးမှာ အရှိန်ပြင်းထန်ခြင်းမရှိပါ။ လျှပ်တပြက် လင်းလက်သွားခြင်းမျိုးလည်း မရှိပါ။ သို့သော်... ကျောက်ရှောင်ယွီမှာတော့ ကျယ်ပြောလှသည့် လောကကြီးထဲတွင် မည်သည့်နေရာသို့ ရှောင်ပြေးပုန်းကွယ်ရမည်ကို မသိသကဲ့သို့ ခံစားလိုက်ရလေသည်။

အခန်းတွင်း၌ လေများတိုက်ခတ်လာလေသည်။ သို့သော်... ရုတ်တရက်ပင် ပြန်လည် ငြိမ်သက်သွားပြန်သည်။ တိမ်တိုက်များ ပေါ်ပေါက်လာပြီး ချက်ချင်းပင် ပျံ့လွင့် ပျောက်ကွယ်သွားပြန်လေသည်။ ထိုသို့ဖြစ်ရသည်မှာ ကျောက်ရှောင်ယွီ၏၏ မန္တန်ပညာက အလုပ်မဖြစ်သောကြောင့်မဟုတ်ပါ။ ကျောက်ရှောင်ယွီက မန္တန်ရွတ်သည်နှင့် ကျိုးလင်က ထိုမန္တန်ကို ချေဖျက်နေသောကြောင့် ဖြစ်လေသည်။

ဆိုင်ရှင်အမျိုးသမီးကျိုးလင် အသက်အရွယ်အိုမင်းလာရခြင်း

မှာ "ဆုတ်ခေတ်" နှင့် ကြုံတွေ့ရသောကြောင့်ဖြစ်လေသည်။

ထိုသို့သော ဆုတ်ခေတ်နှင့်ကြုံတွေ့ရသူများသည် မည်သူမျှ

တရားအလင်းမရနိုင်ပေ။

ရခဲလှသော လူ့ဘဝတွင် "ဆုတ်ခေတ်" ၏ အဓိပ္ပါယ်

အစစ်အမှန်ကို နောက်ဆုံးသူမ ရှာတွေ့သွားခဲ့လေသည်။

ကျောက်စိမ်းဆံထိုးလေးမှာ ကျောက်ရှောင်ယွီ၏ မျက်ခုံးနှစ်ခု

ကြားသို့ ထိမှန်သွားလေသည်။ သို့သော်... သွေးထွက်လာခြင်း

မရှိဘဲ ကျောက်စိမ်းဆံထိုးလေးက အောက်သို့ပြုတ်ကျသွား

လေသည်။

ကျိုးလင်က သူမ၏ခန္ဓာကိုယ်ကို အနီရောင်ပိုးသားပုဝါဖြင့်

ပတ်လိုက်ပြီး ရေချိုးကန်ထဲမှ ထွက်လာလိုက်သည်။

သူမ၏သေးသွယ်လှပသည့် ခြေထောက်လေးများကို တွေ့မြင်

ရလေသည်။ ခြေထောက်မှ အသားအရေလေးများမှာ နူးညံ့ချောမွေ့နေလေသည်။

ကျောက်ရှောင်ယွီ၏ မျက်ခုံးနှစ်ဖက်ကြားတွင် ကြာပန်းပုံသဏ္ဌာန်သင်္ကေတလေးက လင်းလက်တောက်ပနေလေသည်။

သူမက ရေနှင့်လသဏ္ဌာန်ကွမ်ရင်တန်ခိုးကို ထုတ်လွှတ်လိုက်ခြင်းဖြစ်ပြီး မြင့်မြတ်သန့်စင်စွာ လှပနေလေသည်။

"ဂိုဏ်းတူအစ်မ ၊ နောက်ဆုံးတော့ "မန္တာန်အလင်းချေဖျက်ခြင်းကျမ်း" အခြေခံအဆင့်ကို အောင်မြင်သွားပြီပေါ့ ၊ ဂုဏ်ယူပါတယ် အစ်မ"

ကျောက်ရှောင်ယွီက ပြုံးရင်းပြောလိုက်လေသည်။

"မန္တာန်အလင်းချေဖျက်ခြင်းကျမ်း" မှာ "လော်" ဝါဒ၏ လျို့ဝှက်ကျင့်စဉ်ကျမ်းတစ်ခုဖြစ်လေသည်။ ထိုကျင့်စဉ်ကျမ်းအထွတ်ထိပ်သို့ရောက်လျှင် မန္တာန်အားလုံးကို ချေဖျက်နိုင်လေသည်။ မည်သည့်နတ်ဘုရားမဆို ထိုမန္တန်အလင်းချေဖျက်ခြင်း

ကျမ်းအောင်မြင်ထားသူနှင့် တွေ့သွားပါက သူတို့ကျင့်ကြံခဲ့သမျှ တန်ခိုးစွမ်းအားများ ပျက်စီးသွားပြီး အရာအားလုံးဗလာနတ္ထိ ဖြစ်သွားမည်ဖြစ်လေသည်။

ကျိုးလင်မှာ ထိုမျှအထိ အဆင့်မြင့်မားခြင်း မရှိသေးပါ။ သူမက ယခုမှ အခြေခံအဆင့်ကို နားလည်သဘောပေါက်ရုံမျှသာရှိသေးသည်။ ဆုတ်ခေတ်ကြုံတွေ့သူတစ်ယောက်က ကျင့်ကြံခြင်းဖြစ်သဖြင့် အကျိုးဆက်အနေဖြင့် သူမမှာ တဖြဘ်းဖြည်းအိုမင်းလာရလေသည်။

"ဆုတ်ခေတ်" တွင် မည်သည့်နတ်ဘုရားမှ မပွင့်ပါ။ ဒုက္ခတရားကိုသာ ထပ်ခါတလဲလဲခံစားရမည်ဖြစ်ပြီး အဆုံးမရှိသံသရာလည်နေမည်ဖြစ်လေသည်။ ထို့နောက် အသက်ရှစ်ဆယ်ပြည့်သည့်အခါတွင် ကွယ်လွန်သွားရမည် ဖြစ်လေသည်။

"ငါက မန္တန်ကိုတောင် ရှင်းရှင်းလင်းလင်း မချေဖျက်နိုင်သေးဘူး ၊ မန္တန်မတည်ရှိမှုကိုသိဖို့ဆိုတာ ဝေလာဝေးပဲ ၊ မင်းကတော့

"မန္တန်မရှိ သတိကင်းမဲ့" အဆင့်ကိုတောင်ကျော်လွန်နေပြီ ၊ ကြာ

ပန်းကိုးပွင့်ကျင့်စဉ်ကျမ်းကို အောင်မြင်ဖို့အတွက်

လက်တစ်ကမ်းပဲလိုတော့တာပဲ"

ကျိုးလင်က ပြောလိုက်လေသည်။

ကျောက်ရှောင်ယွီက ကိုယ်ကိုကိုင်းလိုက်ပြီး ကျောက်စိမ်း

ဆံထိုးလေးကို ကောက်ယူလိုက်သည်။ သူမက ကျောက်စိမ်း

ဆံထိုးလေးကို ပွတ်သပ်လိုက်ရင်း....

"ဒီဆံထိုးလေးကို အခုထိ သိမ်းထားသေးတာလား"

ဟု မေးလိုက်လေသည်။

"နင်က အမြဲတမ်း ငါနဲ့တိုက်ခိုက်ရတာ သဘောကျတယ် ၊

တိုက်ခိုက်တိုင်းလည်း ငါ့ကျောက်စိမ်းဆံထိုးကို ချိုးပစ်တယ် ၊

ဆရာက အမြဲတမ်းငါ့ကို အသစ်တစ်ခုထပ်ပေးတယ် ၊ ဒါလေး

က သာမန်ပစ္စည်းလေးဆိုပေမယ့် ငါအမြဲတမ်းသိမ်းထားတယ်"

ကျိုးလင်က ပြောလိုက်လေသည်။

သူမက ကျောက်ရှောင်ယွီလက်ထဲမှ ကျောက်စိမ်းဆံထိုးလေး ကို မြတ်မြတ်နိုးနိုးကြည့်နေလေသည်။

"ခုတော့ ငါတို့ ဘယ်လောက်တိုက်ခိုက် တိုက်ခိုက် ဆရာက ရောက်လာနိုင်မှာမဟုတ်တော့ဘူး"

ကျောက်ရှောင်ယွီက တိုးလျစွာ ပြောလိုက်လေသည်။ သူမက အတိတ်ကို ပြန်ပြောင်း သတိရနေမိလေသည်။ တာအိုကျင့်စဉ် ဆိုသည်က လူတစ်ယောက်မရှိတော့သည့်တိုင် တမ်းတနေခြင်း ကို ဆိုသလို လူတစ်ယောက်ရှိနေသည့်တိုင် ထိုသူနှင့်ပတ်သက် ပြီး ခံစားချက်မရှိခြင်းလည်း ဖြစ်နိုင်လေသည်။ ကျိုးလင်မှာ ထိုအချက်နှစ်ချက်ကို ကွဲပြားခြင်းမရှိပေ။

ကျောက်ရှောင်ယွီရောက်လာခြင်းမှာ အတိတ်ကို သတိရ၍မဟုတ်သလို အနာဟောင်းကို လာစွဖို့လည်း မဟုတ် ကြောင်း ကျိုးလင် ကောင်းစွာသိလေသည်။ သူမ၏ ဂိုဏ်း

တူညီမလေးသည် မည်မျှ ကြောက်စရာကောင်းသူဖြစ်ကြောင်းကို သူမသာလျှင် အသိဆုံးမဟုတ်ပါလား။

"နင်ဒီကိုဘာလာလုပ်တာလဲ"

"ငါ့ကို တစ်ခုလောက်ကူညီပါ ၊ လူတစ်ယောက်ကို သတ်ပေးပါ"

"ဘယ်သူ့ကိုလဲ"

"တာ့ကျိုးတိုင်းပြည်ဘုရင်မကြီးကို..."

"သူ့ကို ငါ သတ်နိုင်မယ် မထင်ဘူး"

"ကြိုးစားကြည့်ပေးပါ အစ်မ ၊ တစ်ကြိမ်ပဲ ဖြစ်ဖြစ်ပေါ့ ၊ နင်အကောင်းဆုံးလုပ်မယ်လို့ ငါမျှော်လင့်ပါတယ်"

"အေးပါ ၊ ငါကြိုးစားကြည့်ပါ့မယ် ၊ ဒါပေမယ့် တစ်ခါပဲရမယ်နော်"

ဆိုင်ရှင်အမျိုးသမီး ကျိုးလင်က တွေးတွေးဆဆဖြင့် သဘောတူလိုက်လေသည်။

ကျောက်ရှောင်ယွီက ကျိုးလင်ကူညီမည်ဟု မျှော်လင့်ထားပြီး ဖြစ်သည့်အတွက် အထူးတလည် ခံစားရခြင်းမျိုးမရှိပါ။

....

ရှန့်ကျီးဘုရားကျောင်းမှာ ဆန်းတုမြို့တော်အပြင်ဘက်ရှိ တောင်တန်းများထက်တွင် တည်ရှိလေသည်။ တောင်တန်းမှာ အဆုံးမရှိရှည်လျားပြီး တောင်ထိပ်မှာ မြင့်မားလွန်းသဖြင့် တိမ်များကြားတွင် ပျောက်ကွယ်နေလေသည်။

ဝတ်ကျောင်းတော်ကို တောင်ခြေမှကြည့်လျှင် မမြင်နိုင်ပါ။ တောင်ပေါ်သို့တက်သည့်လမ်းလေးရှိပြီး တောင်ခါးပန်း တစ်လျှောက် ရှေးဟောင်းသစ်ပင်များ အစီအရီ ပေါက်နေကြသည်။ ငှက်လေးများ တကျွိကျွိအော်သံနှင့် ပိုးမွှားများ အော်သံကို ဂီတသံသဖွယ် ကြားနေရသည်။

သိမ်မွေ့ဟန်ရှိပြီး ချောမောခန့်ညားသည့် လူငယ်တစ်ယောက်နှင့် မိန်းကလေးငယ်လေးတစ်ယောက်သည် တောက်တက် လမ်းအတိုင်း လမ်းလျှောက်လာကြသည်။

ကျောက်တုံးများကို ဖြတ်သန်းပြီး ကြည်လင်သည့် စမ်းချောင်း

လေးက စီးဆင်းနေသည်။ သစ်တောအုပ်လေးများဆီ

နေရောင်ခြည်က ဖြာကျနေလေသည်။ လွန်စွာမှ လှပသည့်

ရှုမျှော်ခင်းပင်ဖြစ်သည်။

ထိုရှုမျှောင်ခင်းအလှအပကိုခံစားနေသူမှာ ဘုရင်မကြီးဖြစ်လေ

သည်။

ဘုရင်မကြီးမှာ ရှန့်ကျီးဝတ်ကျောင်းတော်ကို လွန်စွာမှ

သဘောကျလေသည်။ ထို့ကြောင့် မကြာခဏ လာရောက်လေ့

ရှိသည်။

"ရှန့်ကျီးကျောင်းတော်ကို မြင်ယောင်မိတိုင်း...

တောင်တန်းနှင့်စမ်းရေကြည်ကြောင့်ကြည်နူးရစမြဲ..."

ဟု ဘုရင်မကြီးကိုယ်တိုင် စာလုံးအလှဖြင့် ဝတ်ကျောင်းတော်

ကို တင်စားရေးဖွဲ့ထားသေးသည်။

ဤမျှအေးချမ်းပြီးသန့်စင်သည့်မြေသို့ သူမ မကြာခဏ လာရောက်လည်ပတ်လေ့ရှိလေသည်။ လူအများနှင့်ဝေးကွာရာ.... သဘာဝတရားအတိုင်း တန်ဖိုးရှိသည့် နေရာတစ်ခုဖြစ်လေသည်။

"ရှန့်ကျီးကျောင်းတော်ကို မြင်ယောင်မိတိုင်း...

တောင်တန်းနှင့်စမ်းရေကြည်ကြောင့်ကြည်နူးရစမြဲ..."

ထိုစာပိုဒ်လေးကို ကျောက်စာတိုင်တစ်ချပ်ပေါ်တွင်ရေးထိုးထားခြင်းဖြစ်လေသည်။ ဆန်းလျန်နှင့်ရှော့ရှီလေးက ထိုစာပိုဒ်လေးကို ဖတ်ကြည့်လိုက်ကြသည်။

ကျောက်စာတိုင်မှာ ပေနှစ်ဆယ်ခန့်အမြင့်ရှိပြီး ကျောက်စိမ်းရောင် တောက်ပနေလေသည်။ တန်ဖိုးကြီးသည့် ကျောက်စိမ်းရတနာဖြစ်နိုင်လေသည်။ သို့သော်... ဤနေရာတွင်တော့ မည်မျှပင်တန်ဖိုးကြီးပါစေ ကျောက်စာတိုင်တစ်ချပ်မျှသာ ဖြစ်လေသည်။

ထိုကျောက်စာတိုင်၏နောက်တွင် မြင့်မားသည့် ဘုံကျောင်းတစ်ခုကို တွေ့မြင်နိုင်သည်။ ထိုဘုံကျောင်းမှာ ဆယ့်သုံးထပ်ရှိပြီး ထိုနေရာသို့ရောက်ရန်အတွင် ခြေလှမ်းနှစ်ရာကျော်ခန့်သွားရဦးမည် ဖြစ်လေသည်။

ဆယ့်သုံးထပ်ရှိသည့်ဘုံကျောင်းမှာ အလွန်မြင့်မားပြီး ဘုရားစေတီအဖြစ် လူသိများကြလေသည်။ ဒဏ္ဍာရီများအရ ဘုရားစေတီဆိုသည်မှာ အရေးပါသည့် မော်အင်းချပ်ဖြင့် စီရင်ထားခြင်းဖြစ်သည့်အတွက် ဖူးမျှော်ရပါက အန္တရာယ်ခပ်သိမ်းမှကင်းငြိမ်းသည်ဟု အဆိုရှိလေသည်။ ဘုံခုနစ်ဆင့်စေတီတည်လျှင်ပင် ကုသိုလ်များစွာရရှိသည်ဟု အဆိုရှိကြလေရာ ဘုံဆယ့်သုံးဆင့်စေတီတည်ထားသူမှာတော့ ပြောစရာပင် မလိုတော့ပေ။

သို့သော်... ဘုရင်မကြီးက ကြွယ်ဝချမ်းသာသူတစ်ဦးဖြစ်လေသည်။ သူမစကားတစ်ခွန်းဖြင့် တောင်ကိုလည်းဖြိုနိုင်သလို

ကန်ကိုလည်းရေပြည့်စေနိုင်လေသည်။ ဘုံးဆယ့်သုံးဆယ့်
စေတီတည်ထားကိုးကွယ်သည်မှာ သူမအတွက်တော့
အသေးအမွှားကိစ္စမျှပင် ဖြစ်လေသည်။

မြေညီထပ်တွင် ကူပွေ့ဆရာတော်ကစောင့်နေပြီး သူ့မျက်နှာ
က တည်ကြည်လေးနက်နေလေသည်။ ရှော့ရှီလေးက ခေါင်း
ကိုမော့လိုက်ပြီး သူမ၏ မျက်ဝန်းလှလှလေးများဖြင့် ဘုံဆယ်
သုံးဆင့်စေတီကို ကြည့်လိုက်လေသည်။

ဆန်းလျန်ကတော့ ဆယ့်သုံးဆင့်မှ သူတို့ကို စိုက်ကြည့်နေ
သည့် အကြည့်တစ်ခုကို ခံစားမိလေသည်။

ဆန်းလျန်မှာ နတ်ဆိုးတစ်ကောင်မဟုတ်သလို ဆယ့်သုံးဆင့်မှ
လူကလည်း နတ်ဘုရားတစ်ပါးမဟုတ်ပေ။

သူတို့နှစ်ယောက်လုံးမှာ လူသားများသာဖြစ်ကြလေသည်။ ဤ
လောကတွင် ရှန်းကန်နေကြရသည့် လူသားများသာ ဖြစ်လေ
သည်။

"ဘုရင်မစောင့်နေပါတယ်"

ကူပြော့ဆရာတော်က ဆန်းလျန်ကို အပြုံးဖြင့် ဆီးကြိုရင်း ပြောလိုက်သည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း ရှော့ရှီလေးကို ခေါ်ကာ ဆက်သွားရန် ပြင်လိုက်သည်။

ကူပြော့ဆရာတော်က ဆန်းလျန်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ တားဆီးလိုက်သည်။

"ဒီကလေးမလေးကို ကျုပ်ကြည့်ထားပေးမယ်လေ ၊ မင်း စိတ်ပူစရာမလိုတော့ဘူးပေါ့"

ကူပြော့ဆရာတော်က ပြောလိုက်သည်။

အကယ်၍ ဘုရင်မကြီးနှင့် ဆန်းလျန်သာ တိုက်ခိုက်ကြလျှင် ရှော့ရှီလေးက ဆန်းလျန်အတွက် အနှောင့်အယှက်ဖြစ်မည်စိုး သောကြောင့် ဆရာတော်က ထိုသို့ပြောလိုက်ခြင်း ဖြစ်လေ သည်။

"သမီး... ဆရာတော်နဲ့ ခဏလောက်နေခဲ့မလား"

ဆန်းလျှန်က ရော့ရှီကို မေးလိုက်သည်။

"ဟင့်အင်း"

ရော့ရှီက ပြန်ဖြေလိုက်လေသည်။

သူမက ဒေါင်းတစ်ကောင်အလား ဝင့်ကြွားစွာဖြင့် ဆန်းလျှန်ကို မော့ကြည့်လိုက်သည်။ လှပပြီးချစ်စရာကောင်းသည့် ကလေးမလေးပင်။

"ဒါဖြင့်လည်း ဘုရင်မကို အတူတူသွားတွေ့ကြတာပေါ့"

ဆန်းလျှန် ပြုံးရင်းပြောလိုက်လေသည်။

ဆန်းလျှန်က ရော့ရှီကို ပွေ့ချီလိုက်ပြီး လေအဟုန်ဖြင့် ဘုံဆယ့်သုံးဆင့်သို့ တက်ရောက်သွားလေတော့သည်။ ထိုလေအဟုန်ကြောင့် ကူပျော့ဆရာတော်ပင်လျှင် အဝေးသို့ အနည်းငယ်လွင့်စင် သွားရလေသည်။

"ကိုကို... သမီးတို့ ဘုရင်မကြီးနဲ့တွေ့ရမှာလား"

ဘုံကျောင်းထဲသို့ ဝင်လိုက်သည်နှင့် ရော့ရှီလေးက မေးလိုက်သည်။

"အမှန်ပဲ ၊ သမီးကို ပြောပြပြီးသွားပြီလေ"

"သမီးရဲ့ ဦးလေးတွေ အဒေါ်တွေကပြောကြတာ ဘုရင်မကြီးက လူတွေအများကြီးသတ်တယ်တဲ့ ၊ သူ့ကို လူထပ်မသတ်ဖို့ သမီးတို့ ပြောကြရအောင်နော်"

ရော့ရှီလေးက ဆန်းလျန်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

ရော့ရှီသည် အသက်တစ်ချောင်း၏ တန်ဖိုးကို နားလည်စပြုလာပြီဖြစ်သည်။ လူသတ်သည်မှာ ကောင်းသည့်အလုပ်မဟုတ်ကြောင်းလည်း သူမ နားလည်နေပြီ။

အခန်း (၁၁၇)

တရားဓမ္မအစစ်အမှန်ကိုသာ ဖွေရှာချင်မိတယ်

ဘုံဆယ့်သုံးဆင့်ဘုရားစေတီမှာ လွန်စွာမှ မြင့်မားလွန်းလေ

သည်။ သို့သော် ဆန်းလျှန်အတွက်ကတော့ မပြောပလောက်

ပေ။

အသက်နှစ်ချက်မျှရှူလိုက်ပြီး ရှော့ရှီကိုချီကာ တစ်ဆင့်ချင်း

တက်သွားလိုက်လေသည်။

သူ၏အသက်ရှူသံမှာ ရှော့ရှီလေး၏ အသက်ရှူသံနှင့်

ပေါင်းစည်းသွားလေသည်။ လူကြီးနှင့်ကလေး.... သေချာ

သည့်ပမာဏတစ်ခုတွင် တစ်သားတည်းကျသွားလေသည်။

စေတီထိပ်ပိုင်းတွင် နေရာမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာ

လေသည်။ ပြတင်းတံခါးများအားလုံး ဖွင့်ထားလေသည်။

အပေါ်ဆုံးထပ်သို့ရောက်သည်နှင့် အေးစက်သည့် အကြော်တစ်စုံက ဆန်းလျှန်ကို ဆီးကြိုနေလေသည်။

ဘုရင်မကြီးကဘာနဂါးဝတ်ရုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းထက်တွင် သရဖူကိုဆင်မြန်းထားလေသည်။ သူမက မြောက်အရပ်သို့မျက်နှာမူနေပြီး မဆုံးနိုင်သည့်တောင်တန်းနှင့် မြစ်ချောင်းများ၏ ပသာဒရှုခင်းကို သူမနောက်တွင် တွေ့မြင်ရလေသည်။

ရှန့်ကျီးဝတ်ကျောင်းတော်မှာ အလွန်မြင့်မားသည့် တောင်ထိပ်တစ်ခုတွင် တည်ရှိခြင်း ဖြစ်လေသည်။ သူတို့ရောက်ရှိနေသည့် ရှန့်ကျီးဝတ်ကျောင်းတော်မှ စေတီမှာ တောင်ထိပ်၏နောက်ထပ်ထိပ်ဖျားတစ်ခုပေါ်တွင် တည်ရှိခြင်းဖြစ်လေသည်။ ထိုနေရာမှနေပြီး တိမ်များကိုပင် ထိတွေ့ကိုင်တွယ်ကြည့်၍ ရနိုင်လေသည်။

"ဆန်းလျှန်.... မင်းက ဆန်းလျှန်လား"

ဘုရင်မကမေးလိုက်လေသည်။

ဘုရင်မ၏အသံမှာ တရုတ်ဒဏ္ဍာရီထဲမှ "ပုကျိုးတောင်ဆီမှ အသံ" ကဲ့သို့ဖြစ်လေသည်။ အေးစက်ပြီးခက်ထန်လွန်းသည်။ နားထောင်မိသည့်သူတိုင်း ကြောက်ရွံ့သွားရမည်ဖြစ်လေသည်။

ဆန်းလျန်ကတော့ ကြောက်လန့်ခြင်းမရှိပါ။ သူက ဘုရင်မကို ပြန်လည်စိုက်ကြည့်လိုက်လေသည်။ သူ့အကြည့်က သမုဒ္ဒရာကဲ့သို့ကျယ်ပြန့်ကြည်လင်ပြီး အရာအားလုံးကို သိမြင်နေသည့် အကြည့်မျိုး ဖြစ်လေသည်။ သူ၏အကြည့်က ဘုရင်မ၏အေးစက်သောအကြည့်များကို ပြေလျော့သွားစေလေသည်။

"ဘုရင်မ ၊ သင်က ကျုပ်ကို ဆန်းလျန်မဟုတ်ဘူးလို့ ထင်နေလို့လား ၊ ဒါမှမဟုတ် တခြားဆန်းလျန်တစ်ယောက်ကို တွေ့ဖူးလို့လား"

ဆန်းလျန်က မေးလိုက်လေသည်။

သူက ရော့ရှီလေး၏ လက်ကို ကိုင်ထားလေသည်။ လေပြေ

လေးကတိုက်ခတ်လာသည့်အတွက် သူ၏ဆံနွယ်များမှာ လေ

ထဲတွင် လွင့်ပျံနေလေသည်။ သူ့ကိုကြည့်ရသည်မှာ နတ်ဘုရား

တစ်ပါးအလားပင်။ ရော့ရှီလေးကတော့ နှုတ်ခမ်းကို

တင်းတင်းစေ့ကာ ဘုရင်မကြီးကို မော့ကြည့်နေလေသည်။

ဒဏ္ဍာရီထဲမှ ကြောက်စရာဘုရင်မကြီးတစ်ပါးကဲ့သို့ပင်။

"မင်းက ချင်ပြည်နယ်မြို့တော် ၊ ဆန်းအိမ်တော်က ဆန်းလျန်

လား ၊ ဒါမှမဟုတ် ပင်လယ်တစ်ဖက်ဆီကိုသွားပြီး တရား

ဖွေရှာနေတဲ့ကျင့်ကြံသူဆန်းလျန်လား"

ဘုရင်မကြီး၏အသံက ဖိအားပေးသည့် သဘောဖြင့် ထွက်

ပေါ်လာခြင်းဖြစ်လေသည်။ ဆန်းလျန်ထိုကဲ့သို့ အခြားသူ

အပေါ်လွှမ်းမိုးနိုင်စွမ်းရှိသည့် စွမ်းအားမျိုးကို တွေ့ကြုံဖူးခဲ့

ခြင်း မရှိပေ။

အချို့သူများမှာ တန်ခိုးစွမ်းအား အလွန်ကြီးမားကြသည့်တိုင် အခြားသူများကို လွှမ်းမိုးနိုင်စွမ်းမရှိကြပေ။ အချို့သူများကတော့ တန်ခိုးစွမ်းအားမရှိသည့်တိုင် မွေးရာပါဩဇာအာဏာ လွှမ်းမိုးနိုင်စွမ်းရှိကြလေသည်။

ရော့ရှီမှာ ကြောက်နေလေပြီ။ သူမက အာရုံခံစားလွယ်သူဖြစ်ပြီး သူ့ရှေ့မှ ဘုရင်မကြီးအား ကျားမကြီးဟု မြင်နေမိလေတော့သည်။ ကျားထက်ပင် ရက်စက်တတ်မည့်ပုံရလေသည်။ ထိုစွမ်းအားမှာ ခရမ်းရောင်အာဏာစက်စွမ်းအားဆိုသည်ကို ရော့ရှီက မသိရှိပါ။

ခရမ်းရောင်အာဏာစက်စွမ်းအားရှိသူတိုင်းမှာ မိုးကြိုးကဲ့သို့ ခက်ထန်ပြီး အရှိန်အဝါကြီးကြလေသည်။ နွေဦးလေပြေလေးမှ ရုတ်တရက် မုန်တိုင်းထန်လာသကဲ့သို့ ပင်ဖြစ်လေသည်။ သို့သော် ထိုစွမ်းအားက ဆန်းလျှန်ကိုတော့ မထိခိုက်ပါ။

"ဘုရင်မကြီးက ဘယ်တစ်ယောက် ဖြစ်စေချင်ပါသလဲ"

ဆန်းလျန်က တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်လေသည်။

ဘုရင်မထံမှ ထုတ်လွှတ်နေသည့် စွမ်းအားများမှာ ဆန်းလျန်သို့သာ ဦးတည်နေလေသည်။

"ချင်ပြည်နယ်မြို့တော်က ဆန်းအိမ်တော်တစ်ခုလုံးကို ခေါင်းဖြတ်ကွက်မျက်သင့်တယ်၊ ဒါပေမယ့် မင်းကတော့ ပင်လယ်တစ်ဖက်ခြားဆီက နတ်မျိုးနွယ်ဖြစ်နေတဲ့အတွက် သက်ညှာတဲ့အနေနဲ့ မင်းအတွက် တာအိုကျောင်းတော်တစ်ခု ဆောက်လုပ်ပေးမယ်၊ တာအိုဆရာတွေရဲ့အမည်စာရင်းထဲမှာ မင်းရဲ့နာမည် ထည့်သွင်းပေးမယ်"

ဘုရင်မက ပြောလိုက်လေသည်။

သူမ၏သဘောထားမှာ ရှင်းလင်းလေသည်။ ဆန်းလျန်ကို တာအိုကျောင်းတော်ဆောက်လုပ်ပေးပြီး အကျယ်ချုပ်သဘောဖြင့် ခြေချုပ်မိအောင် ရည်ရွယ်ခြင်းပင်။

ထိုစကားကိုလက်မခံပါက ပထမစကားအတိုင်း ကွက်မျက်ခံရ မည်ဖြစ်လေသည်။ ကွက်မျက်ခံရပါက သူ၏အသက်ရော လွတ်လပ်မှုပါ ဆုံးရှုံးပေလိမ့်မည်။ ထိုစကားကိုလက်ခံပယက ဆန်းလျန်ဘဝတစ်ခုလုံး လွတ်လပ်မှုကို ဆုံးရှုံးရမည် ဖြစ်လေ သည်။

သို့သော်... ဆန်းလျန်ကတော့ ရွေးခြယ်မည်မဟုတ်ပါ။

"ဘုရင်မပြောနေတဲ့ဆန်းလျန်နှစ်ယောက်စလုံးဟာ တကယ်တမ်းတော့ ကျုပ်တစ်ယောက်တည်းပါပဲ ၊ အစ ကတည်းက ဆန်းလျန်နှစ်ယောက်မရှိပါဘူး ၊ ကျုပ်တစ် ယောက်ပဲ ရှိတာပါ"

ဆန်းလျန်ပုံမှန်ပင် ပြန်ပြောလိုက်သည်။

သူ၏ အကြည့်က ဘုရင်မထံ တစ်ချက်ဖြတ်သန်းသွားပြီး တိမ် ဖြူများဆီသို့ ရွေ့လျားသွားလေသည်။

"ဘုရင်မ ၊ သင်က သိပ်ရက်စက်တာပဲ"

ရုတ်တရက် ရှော့ရှီလေးက ထပြောလိုက်လေသည်။

"ကောင်မလေး ၊ သေမှာမကြောက်ဘူးလား ၊ မင်းကငါ့ကို အဲဒီလိုပြောရဲသလား"

ဘုရင်မက တစ်ချက်ရယ်မောရင်း ရှော့ရှီကို စိုက်ကြည့်ကာ ပြောလိုက်လေသည်။

"ဘုရင်မ ၊ သင်က အမြဲတမ်းအသက်ရှင်နိုင်မှာလား ၊ ဒါမှမဟုတ် သမီးကို အမြဲတမ်းအသက်ရှင်အောင် လုပ်ပေးနိုင်သလား"

ရှော့ရှီက ဘုရင်မကို သတ္တိရှိစွာ မော့ကြည့်ရင်း ပြောလိုက်လေသည်။

"ဒါပေါ့.... ငါက အမြဲတမ်းအသက်မရှင်နိုင်ပါဘူး ၊ မင်းကိုလည်း အမြဲအသက်ရှင်အောင် လုပ်မပေးနိုင်ပါဘူး"

ဘုရင်မက အံ့သြစွာဖြင့် ပြန်ပြောလိုက်လေသည်။

"ဒါဖြင့် သမီးတို့အားလုံး သေကြရမှာပဲ ၊ ဘာလို့သေမှာကို ကြောက်နေဦးမလဲ"

ရှော့ရှီက ပြောလိုက်လေသည်။

"မင်းကဒီလိုပြောမှတော့ ဆန်းတုမြို့တော်က အခြားလူတွေ ထက်ပိုပြီး "ကျောက်" မျိုးနွယ်တစ်ယောက် ဖြစ်စဖို့ ထိုက်တန်တဲ့ သူပဲ ၊ ဒီလိုကလေးမလေးမျိုးတောင် နားလည်တဲ့ကိစ္စမျိုးကို သူများတွေ ဘာလို့ နားမလည်ကြပါလိမ့်"

ဘုရင်မက ပြောလိုက်လေသည်။

သူမက သူမကို ဖားပြီး အကျိုးမျှော်ကိုးနေသူများကို သဘော မကျပေ။ သူမဖြစ်ချင်သည့်ဆန္ဒမှာ မရိုးဖြောင့်သောသူများ၏ ထောက်ခံမှုများကို မလိုလားခြင်း ဖြစ်လေသည်။

ဘုရင်မက ဆန်းလျှန်၏ဇာစ်မြစ်ကို သိနေသည့်အတွက် ရှော့ ရှီ၏ ဇာစ်မြစ်ကိုလည်း သိနေမည် ဖြစ်လေသည်။ သို့သော်

ရော့ရှီမည်သူမည်ဝါဆိုသည်က သူမကို စိတ်အနှောင့်အယှက်ဖြစ်စေပုံမရပါ။

အမှန်တော့ ဤကိစ္စများအားလုံးက သူမအတွက် ပြဿနာမရှိပါ။ သူမ လက်အောက်ငယ်သားတစ်ယောက်ကို ကွက်မျက်ခဲ့ပြီး ထိုလက်အောက်ငယ်သား၏ မြေးဖြစ်သူကို သူမ၏ နန်းတွင်းရံရွှေတော်အဖြစ် လက်ခံထားခဲ့သည့် သာဓက ရှိလေသည်။

"ကလေးတွေက သေမှာမကြောက်ကြဘူး ၊ ဘာလို့လဲဆိုတော့ ဒီလောကမှာ အသက်ရှင်သန်ရခြင်းရဲ့ တန်ဖိုးကို သူတို့ မသိကြသေးလို့ပဲ ၊ လူရယ်လို့ဖြစ်လာရင် တစ်နေ့တော့ သေကြရမှာပါပဲ ၊ ဒါပေမယ့် မသေချင်ကြတဲ့သူတွေက များပါတယ် ၊ ဘာလို့လဲဆိုရင် သူတို့လုပ်ချင်တဲ့ ကိစ္စလေးတွေရှိနေသေးတာဘဲ ၊ ဒါက လူ့သဘာဝပဲလေ"

ဆန်းလျန်က ပြောလိုက်လေသည်။

"အမှန်ပဲ ဒါ လူ့သဘာဝပဲ ၊ ဒါပေမယ့် ငါက လူသားဆိုတာ ထက် ကျော်လွန်နေတယ် ၊ ပြီးတော့ သာမန်ထက်ပိုတဲ့အရာ တွေလည်း ဖြစ်ချင်တယ် ၊ ဒါကြောင့် လူ့သဘာဝဆိုတဲ့အရာ တွေက ငါ့အပေါ် အကျိုးမသက်ရောက်ဘူး"

ဘုရင်မက ဆန်းလျန်ကို ခက်ထန်စူးစိုက်စွာ ကြည့်ပြီးပြန်ပြော လိုက်လေသည်။

ဆန်းလျန်ကလည်း ဘုရင်မကို ပြန်စိုက်ကြည့်လိုက်လေသည်။ သူ၏မျက်ဝန်းအစုံမှာ အစိမ်းရောင်များ တောက်ပနေလေ သည်။

ထိုအစိမ်းရောင်များက တစ်ချက်လေးပင် ပျောက်ကွယ်သွား ခြင်း မရှိပေ။

ဘုရင်မ၏အကြည့်မှာလည်းနှင်းမုန်တိုင်းတိုက်သကဲ့သို့ ပြင်းထန်နေသည့်တိုင် ဆန်းလျန်မျက်ဝန်းထဲမှ အလင့်ရောင်ကို ငြိမ်းသတ်နိုင်ခြင်းမရှိပေ။

ဒဏ္ဍာရီများအဆိုအရ ကောင်းကင်အနက်ရောင်ပြောင်းသွားပြီး မြေပြင်က အဝါရောင်ပြောင်းသွားသည့်အခါ စကြာဝဠာတစ်ခု လုံးအမှောင်ကျသွားမည်ဖြစ်လေသည်။ ထိုသို့ စကြာဝဠာတစ်ခုလုံး အမှောင်ကျသွားပါက အတိတ်နှင့်အနာဂတ်ကို ဆက်သွယ်ဖြတ်သန်းသည့် မီးတောက်သုံးခုက လင်းလက်လာမည်ဖြစ်လေသည်။ ထိုမီးတောက်သုံးခုမှာ အချိန်နှင့်နေရာကို ကျော်လွန်ပြီး ထူးဆန်းစွာ အလင်းပေးမည်ဖြစ်လေသည်။

မီးတောက်တစ်ခုမှာ တာန်ဆရာသခင်ထိုက်စန့်၏ ပါ့ကျင်းနန်းတော်တွင်ရှိလေသည်။

နောက်ထပ်မီးတောက်တစ်ခုမှာ ယွမ်စီးထျန်းကျွမ်း၏ ယွိရှီးနန်းတော်တွင် ရှိလေသည်။

နောက်တစ်ခုမှာ ဗောဓိသဃကျအလောင်းတော်နေထိုင်သည့် ဇာမဏီတောင်ထိပ်တွင်ရှိလေသည်။

အလင်းရောင်မှာ ရုပ်ဝတ္ထုပြစ္စည်း ဖြစ်လေသည်။ သို့သော် အကောင်အထည်ပြ၍မရပေ။ မရှိမှုတစ်ခုဖြစ်လေသည်။ ပညာရှိတစ်ယောက် မီးအိမ်ထွန်းသည်မှာ သူကိုယ်တိုင်အတွက်သာမက အခြားသူများကိုလည်း လမ်းပြပေးရန်ဖြစ်လေသည်။ ထို့အကြောင်းကြောင့်ပင် လောကတွင် ကျင့်ကြံသူများ အဆုံးမသတ်နိုင်အောင် ရှိနေကြခြင်း ဖြစ်လေသည်။

ဆန်းလျန်က သူနားလည်သမျှကို ချင်းရွှမ်နတ်တံခါးမှ ဂိုဏ်းတူမောင်နှမများကို ကျောသားရင်သားမခွဲခြားဘဲ သင်ပြပေးသည်မှာ ထိုသဘောတရားကြောင့်ပင်ဖြစ်လေသည်။

ဆန်းလျန်မျက်ဝန်းမှ အလင်းရောင်မှာ ထိုမြင့်မြတ်သည့် မီးတောက်သုံးခုလောက် တောက်ပခြင်းမရှိပါ။ သို့သော်... ထိုမျက်ဝန်းထဲမှ အလင်းရောင်က ရှည်လျားမှောင်မိုက်နေသည့် ကျင့်စဉ်လမ်းတစ်ခုကိုတော့ လမ်းပြပေးနိုင်လောက်အောင် လင်းလက်လေသည်။

ဘုရင်မ၏မျက်ဝန်းအတွင်းမှ အေးစက်ခက်ထန်မှုများ အရည်

ပျော်သွားရလေသည်။ ကောင်းကင်ထက်မှလေနုအေးလေး

တိုက်ခတ်လာပြီး သူမ၏ ဆံနွယ်များကို ကျီစယ်ဆော့ကစား

သွားလေပြီ။ အသက်အရွယ်ကြီးရင့်ပြီဖြစ်သည့်တိုင်

သူမ၏အသားအရည်မှာ နှင်းပွင့်ကဲ့သို့ ဖြူစင်ဝင်းပနေပြီး

မိန်းမပျိုတစ်ယောက်ပမာ နုပျိုနေလေသည်။

“ဆောင်းတွင်းကာလ တောထဲမှာပွင့်လန်းနေတဲ့ မက်မွန်ပန်း

တွေ...

ကြိုတောင့်ကြိုခဲ ပွင့်နေကြတဲ့ မက်မွန်ပွင့်တွေနဲ့ ချယ်ရီပွင့်တွေ

ဟာ မတူညီပါဘူး...

ရုတ်တရက် ညကိုဖြတ်သန်းလာတဲ့လေပြေလေးနဲ့

မွှေးရနံ့လေးတွေမျောပါလာတော့....

နွေဦးကဖြည်းညင်းစွာဝင်ရောက်လာပါရောလား..."

"ဆန်းလျန်... မင်းကကဗျာရေးတော်တယ်ဆိုတာ ငါသိတယ် ၊

ဒီနေ့ ငါ့အတွက် ကဗျာတစ်ပုဒ်ရေးပေးနိုင်မလား"

ဘုရင်မက သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်လေသည်။

သူမ ဆန်းလျန်ကို ပြဿနာ မရှာတော့ပါ။ သူမက ဆန်းလျန်

နှင့် တွေ့ခွင့်ရလျှင် လုံလောက်ပြီဖြစ်လေသည်။ သူမ၏ရန်သူ

အစစ်အမှန်များမှာ သူမကိုသတ်ဖြတ်ရန် အဆင်သင့်

ပုန်းအောင်းနေကြပြီ။

တိုက်ခိုက်သတ်ဖြတ်မှုများမှာ ဘယ်တော့မှ အဆုံးသတ်မည်

မဟုတ်ပါ။

ဆန်းလျန်ကတော့ ထိုကဲ့သို့သောသူမျိုး မဟုတ်ပါ။

"ရေးပေးရမှာပေါ့ဗျာ"

ဆန်းလျန်ပြောလိုက်လေသည်။

ဆန်းလျန်မှာ ကဗျာဆရာတစ်ယောက်မဟုတ်ပါ။ သို့သော်...

စာပေအနုပညာဆိုသည်က ကောင်းကင်ဘုံမှ မြတ်နိုးအပ်သော

သူတို့ကိုသာပေးအပ်သည့် လက်ဆောင်မွန်ဖြစ်လေသည်။

သူက ကဗျာမရေးတတ်သည့်တိုင်အခြားကဗျာများကို အတုခိုးပြီး ရေးသားတတ်လေသည်။

"ဘယ်နေရာမှာလဲ ရှန့်ကျီးဝတ်ကျောင်းတော်ရယ်...

တိမ်ရိပ်တွေကြား မိုင်ပေါင်းများစွာ ခရီးနှင်လည်း...

လမ်းတိုင်းက သစ်ပင်ကြီးတွေနဲ့ကာဆီး...

တောင်တန်းတစ်နေရာ...

ဘယ်ဆီကများခေါင်းလောင်းသံသဲ့သဲ့ကြားရလေမလဲ....

စမ်းချောင်းလေးကိုကာဆီးထားတဲ့...

ကျောက်ဆောင်များ...

မှောင်မှိုင်းနေတဲ့သစ်တောတွေကအေးစက်...

ညနေဆည်းဆာ...

ကွေ့ကောက်နေတဲ့စမ်းနံဘေးမှာ...

အတွေးများဖြတ်တောက်ရင်း....

တရားဓမ္မအစစ်အမှန်ကိုသာ ဖွေရှာချင်မိတယ်..."

ထိုကဗျာလေး၏အမည်မှာ "ရှန့်ကျီးဝတ်ကျောင်းတော်အား ဖြတ်သန်း၍" ဟူ၍ ဖြစ်လေသည်။

ဆန်းလျန်က ထိုကဗျာလေးကို စေတီကျောက်နံရံထက်တွင် လက်ဖြင့်ရေးသားပေးခဲ့ခြင်းဖြစ်လေသည်။

လက်ရေးမူနှင့်ကဗျာမှာ အထိမ်းအမှတ်တစ်ခုဖြစ်ခဲ့လေသည်။

ဆန်းလျန်နှင့် ရှော့ရှီတို့ စေတီဆီမှ ပြန်ဆင်းလာခဲ့လေသည်။

ဘုရင်မက ကဗျာကိုခံစားရန်အတွက် စေတီထက်တွင် ကျန်ရစ်ခဲ့ခြင်းမရှိပါ။

နောင်ဖြစ်လာမည့်အရာများကိုသာ သူမစောင့်ဆိုင်းနေလိုက်လေတော့သည်။

အခန်း (၁၁၈)

ကိုယ်တွင်းမှအခက်အခဲ

တိမ်ခိုးများက လွင့်ပျံနေလေသည်။ စမ်းရေကလည်း စီးဆင်းနေပြီး နေ့ဦးပန်းရောင်စုံများကလည်း ပွင့်လန်းနေလေသည်။ ဆန်းလျန်မှာ တောင်ပေါ်တွင်ပင်ရှိနေသေးသည်။ ရှော့ရှီလေးကတော့ သူ့အနားတွင် ရှိမနေပါ။ သူမက ဆန်းလျန်နှင့် ခပ်လှမ်းလှမ်းတွင် ဆန်းလျန်ကို စောင့်နေလေသည်။

စမ်းချောင်းလေးတစ်ခုမှာ တောင်ကြားအက်ကွဲကြောင်းတစ်ခုအတွင်းမှ စိမ့်ထွက်လာပြီး ရေတံခွန်တစ်ခုဖြင့် ပေါင်းစပ်စီးဆင်းသွားလေသည်။ ရေတံခွန်မှ ရေစက်လေးများ လွင့်စင်သွားသည်မှာ ကောင်းကင်ထက် ပုလဲလုံးလေးများ လွင့်ပျံသွား

သကဲ့သို့ ဖြစ်လေသည်။ ထိုရေတံခွန်မှာ ဆန်းလျှန်ရှေ့ရှိ ကြည်လင်သည့်ရေကန်လေးထဲသို့ စီးဆင်းနေလေသည်။ ထိုရေတံခွန်လေးနှင့် ရေကန်လေးမှာ ခြားနားမှုနှစ်ခုကို ယှဉ်တွဲပြနေသယောင်ဖြစ်လေသည်။ ရွေ့လျားစီးဆင်းမှုနှင့် တည်ငြိမ်မှုကို ယှဉ်တွဲပြနေသည့် လှပသည့် ရှုခင်းလေးဖြစ်လေသည်။ နေဝင်ဆည်းဆာရိပ်များကို ရေကန်ထဲတွင် မြင်ရလေသည်။ ညဘက်သို့ပင် ရောက်တော့မည်ဖြစ်လေသည်။

ပေါက်ကွဲသံတစ်ခုကြားလိုက်ရပြီး မီးခိုးငွေ့များကြားတွင် ကျောက်ရှောင်ယွီပေါ်လာသည်ကို တွေ့လိုက်ရလေသည်။ ဆန်းလျှန် ထိုနေရာတွင် ရပ်နေသည်မှာ ကြာပြီဖြစ်လေသည်။ ကျောက်ရှောင်ယွီပေါ်လာသည့်အတွက် သူက အံ့သြသွားခြင်း မရှိပါ။ ဆန်းတုမြို့တော်၏ စစ်တုရင်ကစားပွဲတွင် ကြာပန်းကိုး ပွင့်လျို့ဝှက်အမိန့်တော်ဂိုဏ်းမှ သူတော်စင်မိန်းမပျိုမှာ

ဘုရင်မကြီး၏ အကြီးမားဆုံး ပြိုင်ဘက်တစ်ယောက်ဖြစ်လေသည်။

စမ်းချောင်းလေးဘေးမှ အဝါနုရောင်ပန်းလေးတစ်ပွင့်ကို ကျောက်ရှောင်ယွီက ခူးဆွတ်လိုက်သည်။ သူမ၏ချွန်မြသည့် နှာခေါင်းလှလှလေးဖြင့် ထိုပန်းလေးကို နမ်းလိုက်လေသည်။ သူမ၏အလှမှာ ကမ္ဘာပေါ်ရှိ ယောကျ်ားတိုင်းအား ပြုစားနိုင်သည့် အလှတရားမျိုးဖြစ်လေသည်။ အရာအားလုံးကို မေ့လျော့ပြီး သူမ၏အလှတရားတွင် ယစ်မူးစေမည်ဖြစ်လေသည်။

သူမ၏ပုံသဏ္ဌာန်မှာ ခမ်းနားလှပြီး ပန်းချီဆရာများပင် သူမ၏အလှတရားကို ရေးဖွဲ့မီနိုင်မည်မဟုတ်ပေ။ သူမသည် လူသားများ၏အထက်တွင်ရှိနေလေသည်။ ထို့ကြောင့် ဤမျှ ပြည့်စုံလှပနေရခြင်းဖြစ်လေသည်။

လောကတွင် ပြည့်စုံသည့်သူဟူ၍မရှိပါ။ ကျောက်ရှောင်ယို့လည်း လူသားတစ်ယောက်ပင် ဖြစ်လေသည်။ သို့သော်သူမ၏ တန်ခိုးအရှိန်အဝါကတော့ လေးစားလောက်စရာဖြစ်လေသည်။

ကျင့်စဉ်လမ်းတွင် လွယ်လွယ်ကူကူကျင့်ကြံအောင်မြင်ခဲ့သည့် ကျင့်ကြံသူဟူ၍ မရှိပေ။ အထွတ်ထိပ်တွင်ရပ်တည်နေသည့် မြင့်မြတ်ခမ်းနားသည့် သဏ္ဌာန်ကိုသာ လူအများက တွေ့မြင်အားကျကြခြင်းဖြစ်လေသည်။ မအောင်မြင်ခင် ရင်ဆိုင်ခဲ့ကြရသည့် အခက်အခဲများကိုတော့ မည်သူမှ ရိပ်မိသိရှိမည် မဟုတ်ပေ။

"မင်း ပန်းခူးလိုက်တဲ့ပုံလေးက တကယ်လှတာပဲ"

ဆန်းလျန်က တီးတိုးပြောလိုက်လေသည်။

သူက ဟန်မဆောင်ဘဲ ပြောလိုက်ခြင်းဖြစ်လေသည်။ သူက အကန်းတစ်ယောက်မဟုတ်သည့်အတွက် ကျောက်ရှောင်ယွီ၏ အလှတရားကို မြင်တွေ့နေရလေသည်။

"ရှင့်ကြည့်ရတာ ဒီနေ့ စိတ်ကြည်လင်နေသလိုပဲ ၊ ဘုရင်မကြီးနဲ့ အဆင်ပြေခဲ့တယ်ထင်တယ်"

ကျောက်ရှောင်ယွီက သူဆွတ်ခူးပြီး မြတ်နိုးစွာနမ်းခဲ့သည့်ပန်းရိုင်းလေးကို အဝေးသို့လွှင့်ပစ်ရင်း ပြောလိုက်သည်။

သူမြတ်နိုးခဲ့သည့်အရာကို ခံစားချက်ကင်းမဲ့စွာ စွန့်ပစ်လိုက်နိုင်လေသည်။ အေးစက်ခြင်းနှင့် ခံစားချက်ကင်းမဲ့ခြင်းကို ပြသလိုက်ခြင်းဖြစ်လေသည်။

"သဘာဝတရားက ဘက်လိုက်မှုမရှိဘူး ၊ သူက ကမ္ဘာပေါ်က ရှိသမျှအရာတိုင်းကို သာတူညီမျှ ဆက်ဆံတယ် ၊ သဘာဝတရားအတွက် အားလုံးက ဘာမှမခြားနားပါဘူး"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

ကျောက်ရှောင်ယွီအတွက်တော့ ချစ်ခြင်း ၊ မုန်းခြင်းမှာ ခြားနား မှု မရှိပေ။

ထို့ကြောင့်သူမက ထူးခြားပြီး ကြောက်စရာကောင်းသူ တစ်ယောက်ဖြစ်လာခြင်းဖြစ်လေသည်။

"မင်းနဲ့ဘုရင်မကြား ကျုပ်ဘယ်လိုသဘောထားလဲဆိုတာ မင်းသိချင်မှာပဲ ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီဆန်းတုမြို့တော်မှာ ဖြစ်နေတဲ့ မင်းတို့ရဲ့ပြဿနာတွေကို သိမြင်နားလည်နိုင်တဲ့ အရည်အချင်းရှိတဲ့သူဆိုလို့ ကျုပ်တစ်ယောက်ပဲ ရှိတယ်" ဆန်းလျန်က ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိရှိဖြင့်ပြောလိုက်သည်။

"ကျွန်မရှင့်ကိုတွေ့တိုင်း ထူးခြားမှုတစ်ခုကိုခံစားရတယ် ၊ အဲဒီညက ဘက်မလိုက်ဘဲ ရှင်ပြောခဲ့တဲ့စကားတွေရယ် ၊ ပြီးတော့ ဒီနေ့ကိစ္စရောပဲ ၊ ကျွန်မရှင့်ကို အရမ်းလေးစားမိတယ် ၊ တကယ်တော့ ကျွန်မက လူသားတွေ ကျွန်မကို ဝေဖန်တာကို မ

ကြိုက်တတ်ဘူး ၊ ဒါပေမယ့် ရှင်ကတော့ ချွင်းချက်ပေါ့လေ ၊ ဒါ့ကြောင့် ရှင်ဘယ်လိုသဘောထားလဲဆိုတာ သိချင်ပါတယ်" ကျောက်ရှောင်ယွီက နူးညံ့စွာ ပြောလိုက်လေသည်။ သို့သော် သူ့အသံမှာ မြူခိုးများအလား ထင်ယောင်ထင်မှား ထွက်ပေါ်လာခြင်းမျိုး ဖြစ်လေသည်။

"ဒီကိစ္စကို အရင်ကလည်း ကျုပ်ကြားဖူးပါတယ် ၊ ဂိုဏ်းတစ်ဂိုဏ်းကိုတည်ထောင်တဲ့သူကို သူ့ရဲကောင်းလို့ပြောကြတယ် ၊ တိုင်းပြည်တစ်ပြည်ကို တည်ထောင်တဲ့သူကိုတော့ ဘုရင်လို့ သတ်မှတ်ကြတယ် ၊ ဘာသာရေးတစ်ခုကို ဦးဆောင်တဲ့သူကိုတော့ သူတော်စင်လို့ပြောကြတယ် ၊ ရှောင်ယွီ မင်းကရော ဘယ်လိုလူစားမျိုးလဲ"

ဆန်းလျန်က သူ့သဘောထားကို ချက်ချင်းမပြောသေးဘဲ မေးခွန်းထုတ်လိုက်လေသည်။ ငါးကြီးကြီးမိရင် ငါးသေးသေးကို ငါးစာအဖြစ်အသုံးပြုပြီး မျှားလိုက်သည့် သဘောပင်။

ကျောက်ရှောင်ယွီက ရယ်မောလိုက်လေသည်။

"ကြာပန်းကိုးပွင့်ကျောင်းတော်က ကျွန်မတည်ထောင်ခဲ့တာ မဟုတ်ဘူး ၊ တခြားကျင့်စဉ်လမ်းတစ်ခု တ်ထောင်ဖို့လည်း ကျွန်မမှာ စိတ်ကူးမရှိဘူး ၊ ဒါကြောင့် ကျွန်မက သူတော်စင် တစ်ပါးတော့ မဖြစ်နိုင်ဘူး ၊ ပြီးတော့ တိုင်းပြည်တည်ထောင်ဖို့ လည်း အစီအစဉ်မရှိဘူး ၊ ဂိုဏ်းတည်ထောင်ပြီး လူသားတွေ လို တိုက်ခိုက်နေဖို့လည်း ဆန္ဒမရှိဘူး ၊ အဲဒီကိစ္စတွေအားလုံးကို စိတ်မဝင်စားဘူး ၊ ဒါကြောင့် ရှင်ပြောတဲ့လူသုံးယောက်မှာ ကျွန်မက တစ်ယောက်မှမဖြစ်နိုင်ဘူး"

သူမက ပြန်ပြောလိုက်လေသည်။

"မင်းကအဲဒီလိုလူမျိုးတွေမဖြစ်ချင်ဘူးဆိုတော့ မင်းက လူသားတစ်ယောက်မဖြစ်ချင်လို့ပဲပေါ့ ၊ အစပိုင်းမှာ ဖန်ဆင်း ရှင်ရှိခဲ့မယ် ၊ ဖန်ဆင်းရှင်ဟာ တာအိုကျင့်စဉ်နဲ့ ခွဲခြားလို့မရဘူး

၊ အဲဒီအရာနှစ်မျိုးလုံးက ထာဝရတည်မြဲတဲ့အရာတွေပဲ ၊ မင်းရဲ့ရည်ရွယ်ချက်ကို လေးစားမိပါတယ်"

ဆန်းလျန်သက်ပြင်းချရင်း ပြောလိုက်သည်။

ကျောက်ရှောင်ယွီ၏ တည်ငြိမ်သည့်မျက်ဝန်းများမှာ လျို့ဝှက်ချက်များဖြင့် တောက်ပနေလေသည်။ ဆန်းလျန်မှာ အလွန်ထူးဆန်းသောလူတစ်ယောက်ဖြစ်သလို ကြောက်စရာကောင်းသူလည်းဖြစ်ကြောင်း သူမရိပ်မိထားလေသည်။

ဆန်းလျန်ကဲ့သို့သောလူမျိုးက သူမနှင့် မျက်လုံးချင်းဆုံမိသည်နှင့် သူမအကြောင်းကို ကောင်းကောင်းသိသွားမည့်သူဖြစ်လေသည်။ သို့သော်... ဆန်းလျန်က သိရှိသည့်တိုင် သူ၏ခံစားချက်ကို ထုတ်ဖော်ပြသမည့်သူမျိုးမဟုတ်ပါ။ မိုးနှင့်မြေတွင် စောင့်ထိန်းရမည့် လူ့ကျင့်ဝတ်များကို ဆန်းလျန်က စောင့်ထိန်းမည် ဖြစ်လေသည်။

ထို့ကြောင့်ပင် ဆန်းလျန်မှာ ရော့ရှီလေးကို စောင့်ရှောက်နေခြင်း ဖြစ်လေသည်။ အခြားသူဆိုလျှင် ရော့ရှီမှ မည်မျှပင် ဉာဏ် ရည်ထက်မြက်သူဖြစ်ပါစေ မိမိအတွက် ဝန်ထုပ်ဝန်ပိုးအဖြစ်ခံ ပြီး စောင့်ရှောက်ပေးမည် မဟုတ်ပေ။

ဆန်းလျန်ကိုယ်ထဲတွင် ကိန်းအောင်းနေသည့် ကြောက်မက် ဖွယ်ရာ အစွမ်းတစ်မျိုးကို ကျော်ရှောင်ယဃီခံစားမိလေ သည်။ ထိုအစွမ်းမှာ သူမရှာဖွေနေသည့် အစွမ်းမျိုး ဖြစ်လေ သည်။ အေးစက်ပြီး ရှေးကျသည့် စွမ်းအင်တစ်မျိုး ဖြစ်လေ သည်။ ထို့ကြောင့်ပင် သူမက ဆန်းလျန်၏ ဆွဲဆောင်မှုကို ခံနေ ရခြင်း ဖြစ်လေသည်။ ဆန်းလျန်၏ စွမ်းအားကို သူ ထိန်းချုပ် ခြင်းငှါ မတတ်နိုင်ဖြစ်နေရသောကြောင့် ဖြစ်လေသည်။

မိုးနှင့်မြေတွင် စောင့်ထိန်းရမည့် ကျင့်ဝတ်များဆိုသည်က အမြဲတမ်း မပြောင်းမလဲတည်ရှိသည့် တရားပင်ဖြစ်လေသည်။ တစ်ဦးတစ်ယောက်တည်းအတွက် ရွေးခြယ်တည်ရှိခြင်း

မဟုတ်သလို တစ်ဦးတစ်ယောက်အတွက်လည်း ချွင်းချက်ရှိမည်မဟုတ်ပေ။

ဆန်းလျန်လည်း ထိုအချက်ကို နားလည်မည်ကို သူမသိပါသည်။ သို့သော် ဆန်းလျန်အနေဖြင့် အဘယ်ကြောင့် လူသားများအပေါ်တွင် အသုံးမဝင်သည့် ခံစားချက်များထားနေရသည်ကို သူမ နားမလည်နိုင်ပေ။

သူမ၏ ဂိုဏ်းတူအစ်မလည်း ထိုနည်းတူပင် ဖြစ်လေသည်။ ထိုသို့သော လူများနှင့် ကြုံတွေ့ရတိုင်း ထိုသို့သော ဖော်မပြနိုင်သည့် ခံစားချက်မျိုးဖြစ်ရသည်ကိုလည်း သူမ နားမလည်နိုင်ပါ။

ကျောက်ရှောင်ယွီမှာ ထိုအကြောင်းများကို တွေးနေမိလေသည်။ သူမ၏စွမ်းအားအကာအရံကို ဆန်းလျန်၏အကြည့်က ထိုးဖောက်ကြည့်နေလေသည်။ ဆန်းလျန်၏မျက်ဝန်းထဲတွင် ကျောက်ရှောင်ယွီသည် သူမကိုယ်သူမ ပြန်မြင်နေရလေသည်။

ရေကန်ထဲတွင် သူတို့နှစ်ယောက်လုံး၏ ပုံရိပ်ကို မြင်တွေ့နေရလေသည်။

"ဒါပေမယ့် ဘုရင်မကြီးကတော့ မင်းနဲ့မတူဘူး"

ဆန်းလျန် ဆက်ပြောလိုက်လေသည်။

"အိုး...."

ကျောက်ရှောင်ယွီ သူမခံစားချက်များကို ချက်ချင်းထိန်းချုပ်လိုက်သည်။ သူမ၏လှုပ်ရှားသွားသည့် စိတ်နှလုံးကို ချစ်ချင်းတည်ငြိမ်အောင် ထိန်းလိုက်လေသည်။

"ကျွန်မနဲ့ ဘုရင်မကြီးက ဘာမတူတာလဲ"

"သူမမျက်ဝန်းထဲကို ကြည့်လိုက်တော့ ကျုပ်မြင်မိတာက သူက အနိုင်အရှုံးကို ဂရုစိုက်တတ်တဲ့သူ မဟုတ်ဘူး ၊ သူက အခြားသူတွေ မလုပ်တဲ့အလုပ်မျိုးကို လုပ်ခဲ့တာ ၊ သူ့အရည်အချင်းကိုတခြားသူအသိအမှတ်ပြုတာကိုလည်း သူဂရုမစိုက်ဘူး ၊ သူကသူ့ဘာဝမှာ သူလုပ်ချင်တာကိုလုပ်တာ"

ဘုရင်မကြီးသာ ဆန်းလျှန်စကားများကို ကြားပါက သူမကို တကယ်တမ်းနားလည်နိုင်သူတစ်ယောက်တွေ့ပြီဟု ခံစားမိမည်ဖြစ်လေသည်။ ဆန်းလျှန် ဘုရင်မကြီးရှေ့ထုတ်မပြောခဲ့သည်မှာ စိတ်မကောင်းစရာပင်။

ကျောက်ရှောင်ယွီမှာ "လော်" ဝါဒ၏ "အစစ်အမှန်သုညတ္တတရား" ကျင့်စဉ်ကို တက်လှမ်းနိုင်ရန် ကျင့်ကြံနေသူဖြစ်သည့်အတွက် သူမတွင် "အတ္တ" မရှိပေ။ လူတစ်ယောက်တွင် "ငါ" ဆိုသည့် အစွဲသာမရှိလျှင် "မရှိမှု" တစ်ခုသာ ဖြစ်သွားပေလိမ့်မည်။ လူတစ်ယောက်၏ "စစ်မှန်မှု" မှာ ပျောက်ဆုံးသွားမည် ဖြစ်လေသည်။

ဘုရင်မကြီးကတော့ "အတ္တရှိသူ" ဖြစ်လေသည်။ ထို့ကြောင့်ပင် တိုင်းပြည်ကိုအပိုင်သိမ်းကာ ဘုရင်မအရာ ခံယူခဲ့ခြင်းဖြစ်လေသည်။ သူမက အစဉ်အလာများအားလုံးကို ချိုးဖောက်ခဲ့သူဖြစ်လေသည်။

သို့သော် သူမ၏လောဘက အဆုံးမသတ်နိုင်ပါ။ သူမအတွက် ဘဝ၏အစိပ်ပိုင်းမှာ အဆုံးမရှိ ရှာဖွေနေမှုပင်ဖြစ်လေသည်။ ထို့ကြောင့် သူမဘဝတွင် ပျင်းရိငြီးငွေ့သည်ဟူ၍ မရှိခြင်းဖြစ်လေသည်။

သူတို့နှစ်ယောက်လုံးကို ဆန်းလျန်က နားလည်နိုင်လေသည်။ အမှန်တော့ ထိုနှစ်ယောက်လုံး၏ စရိုက်လက္ခဏာများ သူ့တွင် ရှိနေသောကြောင့်ဖြစ်လေသည်။

သူက အေးအေးဆေးဆေးနေတတ်သူဖြစ်ပြီး အရာရာကို သိပ်ဂရုစိုက်တတ်သူမဟုတ်ပေ။ သူက လွယ်လွယ်နှင့်စွန့်လွှတ်တတ်ပြီး မည်သည့်အခက်အခဲကိုမှလည်း ကြောက်တတ်သူမဟုတ်ပေ။ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံဖို့ရွေးခြယ်ခဲ့သည့်အချိန်မှစပြီး မဆုတ်မနစ်ဖြင့် ကြိုးစားခဲ့ပြီး စိန်ခေါ်မှုတိုင်းကို ရင်ဆိုင်ခဲ့သူဖြစ်လေသည်။

ဆန်းလျှန်တွင် သူတို့နှစ်ယောက်လုံး၏ စရိုက်များရှိနေပြီး ထို စရိုက်နှစ်ခုက အမြဲတမ်းအားပြိုင်နေကြလေသည်။

ထို့ကြောင့် ဆရာသခင်ကျန်းရော့ရှီးက....

"သူရင်ဆိုင်နေရသည့် အခက်အခဲတွေက သူ့ရဲ့ကိုယ်တွင်းမှာပဲ ရှိတယ်"

ဟု ကူးချိုင်ဝေ့ကို ပြောခဲ့ခြင်းဖြစ်လေသည်။ ဆရာသခင်၏စကားမှာ လုံးဝမှားယွင်းခြင်း မရှိပေ။

ဤအမျိုးသမီးနှစ်ယောက်နှင့်တွေ့ဆုံပြီးမှ ဆန်းလျှန်မှာ ထိုသို့ နားလည်လာခြင်းဖြစ်ပြီး ဆရာသခင်၏စကားနှင့် ဆက်စပ်ကြည့်မိခြင်း ဖြစ်လေသည်။

အခန်း (၁၁၉)

ဘုရားစာရွတ်ဖတ်သံများ

ထိုက်ရှီးကျင့်စဉ်မှ ဒြပ်စင်စွမ်းအားရှစ်ခုညီညွတ်မျှတမှုရှိရန်မှာ ခက်ခဲလှသည့် သချာညီမျှခြင်းတစ်ခုကဲ့သို့ပင်ဖြစ်လေသည်။ သို့သော် အချိန်နှင့်ကြိုးစားအားထုတ်မှုပေါင်းစပ်လိုက်လျှင်တော့ အခက်အခဲများအတွက် အဖြေဆိုသည်မှာ ရှိပြီးသားပင်ဖြစ်သည်။

ဆန်းလျန်မှာ ထိုဒြပ်စင်စွမ်းအားရှစ်မျိုး အချင်းချင်းမညီမညွတ်ဖြစ်နေရခြင်း၏ အကြောင်းရင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး အဖြေကိုရှာနေခဲ့သူဖြစ်သည်။ သို့သော် ကျင့်စဉ်ကိုအောင်မြင်ရန်အတွက် တစ်ခုခုလိုအပ်နေသလိုဖြစ်နေလေသည်။ အဓိက အကြောင်းအရာအမှာ အခြားမဟုတ်။ ဆန်းလျန်ကိုယ်တိုင်ပင်ဖြစ်လေသည်။

ဆန်းလျှန်က ရှန့်ကျီးစေတီဆယ့်သုံးဆင့်ကို မော့ကြည့်လိုက်ပြီး မိုးမြေစွမ်းအားများ ပြင်းအထန်ပြောင်းလဲနေသည်ကို သတိထားလိုက်မိလေသည်။

ကျောက်ရှောင်ယွီကပြုံးလိုက်ပြီး တစ်နေရာသို့ငေးနေလေသည်။ မြားတစ်စင်းသည်တိမ်များကို ထိုးခွင်းပြီးထွက်ပေါ်လာလေသည်။ ထိုမြားက စေတီဆီသို့ဦးတည်လာနေလေသည်။ မြားမှာ အဆက်မပြတ်လည်ပတ်နေပြီး စေတီဆီမှ မိုးမြေစွမ်းအားများကို ဖယ်ရှားပစ်လိုက်လေသည်။ ရုတ်တရက်နဂါးတစ်ကောင်၏ပုံရိပ်ထွက်ပေါ်လာပြီး နဂါးအမြီးက တိမ်းများကို ပတ်ထားလေသည်။

ခေါင်းလောင်းထိုးသံများထွက်ပေါ်လာပြီး ရှန့်ကျီးဝတ်ကျောင်းတော်ဆီမှ ဘုရားစာရွတ်ဖတ်သံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။

"နမော ရှန့်ကျီးဘုရား ၊ နမော ရှန့်ကျီးဘုရား...."

ခေါင်းလောင်းထိုးသံများနှင့်အတူ ဘုရားစာရွတ်ဖတ်သံများ....

စေတီထိပ်မှ ရွှေရောင်များတောက်ပလာပြီး နတ်ဘုရားပုံရိပ်

တစ်ခုထွက်ပေါ်လာသည်ကို မြင်တွေ့လိုက်ရလေသည်။ နတ်

ဘုရားပုံရိပ်မှ ရောင်ခြည်များမှာ လှိုင်းများသဖွယ်ထွက်ပေါ်နေ

ပြီး ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားလေသည်။ တိမ်များကို အမြီး

ဖြင့်ပတ်ထားသည့်နဂါးပုံရိပ်မှာ ဓားတစ်လက်အဖြစ် အသွင်

ပြောင်းသွားလေသည်။

ထိုဓားက နတ်ဘုရားရုပ်တုမှ ရောင်ခြည်များဆီသို့ ပေါင်းစပ်စီး

ဝင်သွားလေသည်။

နဂါးစွမ်းအားဓားနှင့် နတ်ဘုရားရုပ်တုမှ ရောင်ခြည်များ

ပြင်းထန်သောအရှိန်ဖြင့် ပေါင်းစပ်သွားလေသည်။

ကျောက်ရှောင်ယွီ၏အသံက ဆန်းလျန်၏နားထဲသို့ တိုးဝင်လာ

သည်။ သူမ၏အသံက ဂုဏ်ယူနေသည့် လေသံမျိုးဖြစ်လေ

သည်။

"ဘယ်တော့မှ ရှန့်ကျီးဝတ်ကျောင်းတော်ဆိုတာမရှိစေရဘူး ၊ ဘယ်တော့မှ ရှန့်ကျီးဘုရားဆိုတာလည်း မရှိစေရဘူး ၊ သူမက ဘုရင်မတစ်ပါးဖြစ်ချင်ဖြစ်လိမ့်မယ် ၊ ဒါပေမယ့် အာဏာကို သုံးပြီးတော့ ရှန့်ကျီးဘုရားဆိုတဲ့နာမည်ကို သုံးခွင့်မရှိဘူး ၊ လူ့လောကရဲ့တိုင်းပြည်တစ်ခုကိုအုပ်ချုပ်သူတစ်ယောက်အနေနဲ့ အာဏာကိုအသုံးပြုပြီး ဘယ်လိုလုပ် ရှန့်ကျီးဘုရားဆိုတဲ့ နာမည်ကို အသုံးပြုခွင့်ရှိရမှာလဲ ၊ ဒါဟာ သစ္စာပျက်မှုတစ်ခုပဲ"

"ဒါပေမယ့် တောင်တစ်တောင်လုံးလင်းလက်အောင် အလင်းရောင်တွေထွက်ပေါ်လာမယ်ဆိုရင်တော့ နတ်ဘုရား တစ်ပါးဒီနေရာမှာ တကယ်ပေါ်ထွက်လာလိမ့်မယ်"

"ကျွန်မကျင့်ကြံအောင်မြင်ထားတဲ့အဆင့်မျိုးနဲ့သာမဟုတ်ရင် ဒါကို နားလည်နိုင်မှာမဟုတ်ဘူး ၊ အဲဒါက ဘုရင်မလေ့ကျင့် ထားလို့ရရှိထားတဲ့ စွမ်းအားတစ်ခုပဲ ၊ တိုင်းပြည်ရဲ့နာမည်ကို

သူမပြောင်းလဲလိုက်တာဟာ သူမဘုရင်မတစ်ပါးအဖြစ်

ဘိသိက်ခံတာထက်ပိုပြီး မလွယ်ကူတဲ့ကိစ္စပဲ"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

ဆန်းလျန်က သူမ၏စကားအရှည်ကြီးကို နားထောင်နေရင်းနှင့်

ပင် စေတီထိပ်မှ နတ်ဘုရားပုံရိပ်နှင့် နဂါးစွမ်းအားဓားတို့၏

စွမ်းအားများ ပြောင်းလဲသွားမှုကို ကြည့်နေလေသည်။

စေတီထိပ်သို့တစ်ပတ်လည်လာသည့်မြားမှာ ပေါက်ကွဲသွားပြီး

အနက်ရောင်အငွေ့များက နတ်ဘုရားပုံရိပ်ပေါ်သို့ ဖုံးအုပ်သွား

လေသည်။ ဆီအိုးထဲသို့ မီးတစ်စထည့်လိုက်သကဲ့သို့ ပင်ဖြစ်

လေသည်။

"ဝုန်း ဝုန်း ဝုန်း"

ပေါက်ကွဲသံများနှင့်အတူ နတ်ဘုရားပုံရိပ်ဆီမှ စူးရှ

တောက်ပသော အလင်းတန်းများထွက်ပေါ်လာလေသည်။

တောင်ပေါ်စိမ်းချောင်းလေးကိုဖြတ်သန်းပြီး ညနေခင်းလေပြေ

အေးက တိုက်ခတ်လာလေသည်။ နတ်ဘုရားပုံရိပ်မှာ တည်ရှိ

နေဆဲဖြစ်လေသည်။ ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်

မိသည်။ နတ်ဘုရားပုံရိပ်ပေါ်တွင် ပေါက်ကွဲမှုကြောင့် ထိခိုက်

ရာများကို တွေ့နိုင်လေသည်။ ယခင်ကလောက် စွမ်းအား

ကြီးမားခြင်းမျိုးမရှိတော့ပေ။

နတ်ဘုရားပုံရိပ်မှ စွမ်းအားမှာ သိပ်ပြီးအထင်ကြီးဖွယ်ရာမရှိ

ပါ။ ထိုစွမ်းအား၏အဟုန်ကိုပင် ဆန်းလျန်နှင့် ကျောက်ရှောင်

ယို ခံစားမိခြင်းမရှိပေ။

သို့သော်.... ဤကဲ့သို့ဖြစ်ပျက်သွားသည့်အဖြစ်အပျက်က

ဆန်းလျန်ကို အမြင်ပွင့်သွားစေလေသည်။

တိုက်ပွဲအစမှအဆုံးတိုင်အောင် ဘုရင်မကိုလည်းမတွေ့ရသလို

မြားပစ်သူကိုလည်းမတွေ့ရပါ။

နတ်ဘုရားရုပ်တုနှင့် မြားပေါ်မှ အနက်ရောင်အငွေ့များကို သာလျှင်တွေ့ရလေသည်။ ထိုနတ်ဘုရားရုပ်တုနှင့် အနက်ရောင်အငွေ့များမှာလည်း လွန်စွာမှပင် ဆန်းကျယ်လေသည်။

"ပွဲကတော့ပြီးသွားပြီ ၊ ရှင်ဘာသတိထားမိလဲ"

ကျောက်ရှောင်ယွီက လက်ခုပ်တစ်ချက်တီးရင်း ပြောလိုက်သည်။

"ကျုပ်ဘာမှ သတိမထားမိတာတောင်းပန်ပါတယ် ၊ ဒါပေမယ့် မင်းခုနပြောပုံအရဆိုရင် ကြည့်ရတာ ဒီနတ်ဘုရားပုံရိပ်က အသက်ဓာတ်စွမ်းအားကနေ ပေါ်ပေါက်လာတဲ့ပုံရိပ်မဟုတ်ဘူး ၊ တကယ့်နတ်ဘုရားတစ်ပါးဖြစ်နေတာပေါ့ ၊ ဒါဆိုရင် ဘာလို့ တခြားနတ်ဘုရားတွေနဲ့ယှဉ်လိုက်ရင် တန်ခိုးစွမ်းအားအရမ်းနည်းနေရတာလဲ"

ဆန်းလျန်က ပြောလိုက်လေသည်။

ထိုနတ်ဘုရားရုပ်တုထံမှထွက်ပေါ်လာသည့်စွမ်းအားများမှာ ဝူ ထုန်နတ်မိစ္ဆာများလောက်သာ အဆင့်ရှိလေသည်။ သို့သော် ဝူ ထုန်နတ်မိစ္ဆာများကဲ့သို့ မကောင်းမိမစ္ဆာအငွေ့အသက်များ ထွက်ပေါ်နေခြင်းတော့မရှိပေ။ အနည်းငယ်စိတ် အနှောင့်အယှက်ဖြစ်စရာအငွေ့အသက်အချို့ရှိနေသည့်တိုင် ပြောပလောက်သည်တော့မဟုတ်ပေ။

မြားမှထွက်ပေါ်လာသည့် အနက်ရောင်အငွေ့များ၏စွမ်းအားကို တော့ အလွန်ဝေးကွာနေသည့်အတွက် ဆန်းလျန် ခံစားသိရှိနိုင် ခြင်းမရှိပေ။ သို့သော် အနက်ရောင်အငွေ့များထွက်ပေါ်လာ သည်နှင့် နတ်ဘုရားရုပ်တုမှအစွမ်းများမှာ အလိုလိုလျော့နည်း သွားသည်ကိုတော့ သူခံစားမိလေသည်။ကြောက်ရသည့်သူကို တွေ့ရှိသွားသည့်အတွက် အလိုလိုဝပ်တွားသွားသည့် ပုံစံမျိုး စွမ်းအားများ ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။

ထိုမြားမှာ တာအိုကျင့်စဉ်တန်ခိုးကိုထိန်းချုပ်သည့် ရက်စက်သည့်အင်းပညာနှင့်မှော်ပညာကို အသုံးပြုထားခြင်းဖြစ်လေသည်။ သို့သော် အနက်ရောင်အငွေ့များတွင် မကောင်းသည့်အငွေ့အသက်တော့မပါဝင်ပေ။

"ရှင်ကသိချင်တယ်ဆိုရင်တောင်မှ ကျွန်မက ပြောမပြနိုင်ဘူး"

ကျောက်ရှောင်ယွီက သူမ၏လှပသည့်မျက်ဝန်းများဖြင့် ဆန်းလျန်ကို ကြည့်ရင်း ပြောလိုက်လေသည်။

သူမ၏အသံမှာ တဖြည်းဖြည်းဝေးကွာ၍သွားလေသည်။ သူမသည် ဆန်းလျန်ရှေ့မှ ပျောက်ကွယ်သွားလေသည်။

မြှုခိုးများမှာလည်း လေနှင့်အတူ ပျောက်ကွယ်သွားလေသည်။

ကျောက်ရှောင်ယွီရပ်နေသည့်နေရာကို ဆန်းလျန် ငေးကြည့်နေမိသည်။ သူမက ပုရွက်ဆိတ်တစ်ကောင်ကို တက်နင်းထားခဲ့ခြင်းဖြစ်ပြီး သူမထွက်ခွာသွားသော်လည်း ထိုပုရွက်ဆိတ်မှာ နာကျင်ခြင်း ၊ သေဆုံးသွားခြင်းမဖြစ်ပေ။

ကျောက်ရှောင်ယွီ ဤကိစ္စများအားလုံးကိုတမင်သက်သက် လုပ်ပြသွားသည်လားဆိုသည်ကိုတော့ ဆန်းလျန်မခန့်မှန်း တတ်ပါ။ သို့သော် သူမ၏အဆင့်မှာ လွန်စွာမှကြောက်မက် ဖွယ်ကောင်းသည့်အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ဤ အချက်က ပြသနေလေသည်။ ထို့ကြောင့်ပင် သူမက ဘုရင်မ ကြီးကို ဆန့်ကျင်ရဲခြင်းဖြစ်လေသည်။

ကျောက်ရှောင်ယွီမပြောချင်ဘူးဆိုလျှင်လည်း ဆန်းလျန်က အတင်းမေးမည်မဟုတ်ပါ။ ဆန်းတုမြို့တော်၏အခြေအနေမှာ တဖြည်းဖြည်းခန့်မှန်းရခက်လာပြီဖြစ်လေသည်။ ဆန်းလျန်က မည်သူတစ်ဦးတစ်ယောက်၏ အကြံအစည်ထဲတွင်မှ ပါဝင် ပတ်သက်လိုခြင်းမရှိပါချေ။

ထို့ကြောင့် ဆန်းတုမြို့တော်မှ ထွက်ခွာသွားရန်ပင် ဆုံးဖြတ် လိုက်မိလေသည်။ ယခုဖြစ်ပျက်နေသည့်အဖြစ်အပျက်များမှာ သူခန့်မှန်းထားသည်နှင့်မတူညီဘဲဖြစ်နေသည် မဟုတ်ပါလား။

သို့သော် သူက ထိုက်ရှီးကျင့်စဉ်အောင်မြင်ရန်အတွက် ခြေတစ်လှမ်းနောက်ကျနေသေးသည်။ ထိုကျင့်စဉ်သာမအောင်မြင်သေးလျှင် မည်သည့်နေရာသို့သွားသွား သူ့အတွက် အတူတူပင်ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ဆန်းတုမြို့တော်မှ ထွက်ခွာသွားရန်တွေးထားသည်ကို ရပ်တန့်လိုက်မိလေသည်။

…………………

ပိုင်ရှောက်လျိုမှာ ရေများ အမြင့်မှ အနိမ့်သို့ အဘယ့်ကြောင့် မစီးဆင်းရသနည်းဆိုသည့်မေးခွန်းကို စဉ်းစားနေလေသည်။

ရုတ်တရက် ညနေခင်းကောင်းကင်ထက်တွင် မြူခိုးများဖုံးလွှမ်းလာပြီး တိမ်တိုက်များမှာ မီးခိုးရောင်ပြောင်းသွားလေသည်။

ကောင်းကင်မှာ နက်မှောင်သွားပြီး မြူများကျဆင်းလာလေသည်။ ထို့နောက်တွင်တော့ မိုးများပါရွာချလိုက်လေတော့သည်။

ရေများက အမြင့်မှအနိမ့်သို့စီးဆင်းသည်ဆိုလျှင် အဘယ်ကြောင့် ရေများက ကောင်းကင်ထက်တွင် တည်ရှိနေရပါသနည်းဟု ပိုင်ရှောက်လျိုတွေးလိုက်မိလေသည်။ ကောင်းကင်ထက်တွင် မဆုံးနိုင်သည့် ရေလှောင်တမန်တစ်ခုရှိနေပြီး မိုးရွာသည့်အခါတိုင်း ထိုရေများသွန်ချနေသည်လားဟု သူတွေးနေမိသည်။ သို့သော် ဤမျှလောက်နှစ်ပေါင်းများစွာ မိုးရွာသွန်းနေသည့်တိုင် မြေကြီးမှာလည်း ရေမျောသွားခြင်းမရှိသည်မှာလည်း ထူးဆန်းသည်ဟု သူတွေးနေမိပြန်သည်။ သို့သော် ပိုင်ရှောက်လျိုမှာ ငတုံးတစ်ယောက်မဟုတ်ပါ။ သူက မိုးရွာသည့်အကြောင်းကို ဆက်လက်တွေးတောခြင်းမပြုတော့ပါ။ ထို့ပြင် ဆိုင်ရှင်အမျိုးသမီးကျိုးလင်မှာ မနက်စောစောကတည်းက ဆိုင်မှထွက်ခွာသွားပြီး ယခုအချိန်ထိ ပြန်မရောက်သေးသည်ကို သတိထားလိုက်မိလေသည်။ သူမမိုးမိမည်ကို ပိုင်ရှောက်လျိုစိုးရိမ်သွားမိသည်။

ကောင်းကင်တစ်ခုလုံး မှောင်မဲနေသည်ဖြစ်သည့်အတွက် အပြင်တွင်အကြာကြီးနေရန်မသင့်တော်ပေ။

ထိုအချိန်မှာပင် မိုးရေထဲတွင် ထီးတစ်လက်ကို သူမြင်တွေ့လိုက်ရလေသည်။

ထီးတစ်လက်ကို လူနှစ်ယောက်ဆောင်းလာခြင်းဖြစ်လေသည်။ ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ သူ၏ဆိုင်ရှင်ကျိုးလင်ဖြစ်ကြောင်းကို မိုးရေများကြားမှပင် မှတ်မိလိုက်လေသည်။

ထိုလူနှစ်ယောက်နီးကပ်လာသည်နှင့်အမျှ အခြားလူတစ်ယောက်ကိုလည်း ပိုင်ရှောက်လျို့မြင်ခွင့်ရလိုက်ပြီ။ သူမက အဖြူရောင်ဝတ်ဆင်ထားပြီး ပန်းချီကားချပ်ထဲမှ ကွမ်ရင်မယ်တော်၏အသွင်သဏ္ဍာန်နှင့်ဆင်တူလေသည်။

ဆိုင်ရှင်အမျိုးသမီးကျိုးလင်မှာ အလွန်မှ ချောမောလှပသူတစ်ဦးဖြစ်ပါသည်။ သို့သော် အဖြူရောင်ဝတ်အမျိုးသမီးမှာ သူမ

ထက်အစပေါင်းများစွာချောမောလှပလွန်းသည့်အတွက် ပိုင်ရှောက်လျိုမှာ မျက်တောင်မခတ်တမ်းငေးမောကြည့်နေလေတော့သည်။

မိုးရေထဲတွင် ရယ်သံသဲ့သဲ့ထွက်ပေါ်လာပြီး ထိုအသံလေးမှာ မိုးရေစက်များ၏ဂီတသံထက်ပင် သာယာသေးသည်။

"ဂိုဏ်းတူအစ်မ ၊ နင့်ဆိုင်ကအလုပ်သမားရဲ့အကြည့်ကလဲ ရိုင်းလိုက်တာ"

ကျောက်ရှောင်ယွီကပြောလိုက်လေသည်။

"နင်ဒီမှာဘာလုပ်နေတာလဲ ၊ တောင့်တောင့်ကြီးရပ်နေတာ ၊ အမြန်သွားစမ်း ၊ ငါ့အတွက်ရေနွေးတစ်အိုးလောက်သွားတည်ပေး ၊ ငါရေမိုးချိုးပြီး အမြန်အဝတ်လဲချင်နေပြီ"

ဆိုင်ရှင်အမျိုးသမီးက အေးစက်စက်လေသံဖြင့်ပြောလိုက်လေသည်။

ယခုမှ ပိုင်ရှောက်လျိုသတိထားမိလေသည်။ ဆိုင်ရှင်အမျိုးသမီးမှာ ခါတိုင်းကဲ့သို့ အနီရောင်ဝတ်ဆင်ထားခြင်းမရှိဘဲ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။ ပိုင်ရှောက်လျိုမှတ်မိသလောက် ဆိုင်ရှင်အမျိုးသမီးမှာ မည်သည့်နေရာသို့သွားသည်ဖြစ်စေ သူမ၏အနီရောင်ဝတ်စုံကို ဝတ်ဆင်သွားမြဲဖြစ်လေသည်။

မီးခိုးရောင်ဝတ်ရုံပေါ်တွင် သင်္ကေတပေါင်းများစွာ ရေးဆွဲထားလေသည်။ ထိုသင်္ကေတများမှာ တစ်ခုနှင့်တစ်ခု အလွန်နီးကပ်နေလေသည်။ မှောင်မဲနေသည့်ကောင်းကင်အောက်တွင် ထိုသင်္ကေတများမှာ မည်သို့သော သင်္ကေတများလည်းဆိုသည်ကို ပိုင်ရှောက်လျို မခန့်မှန်းနိုင်ပါ။

ဆိုင်ရှင်အမျိုးသမီးက စိတ်မရှည်တော့ဘဲ သူ့ကို စောင့်ကန်လိုက်လေသည်။ ထိုအခါမှ သူလည်းရေနွေးအိုးတည်ရန် ထွက်လာခဲ့လေသည်။

သူက ဆိုင်ရှင်အမျိုးသမီးကို စောင့်မနေစေချင်ပါ။ ထို့ကြောင့် အတွင်းအားအသုံးပြုကာ မီးတောက်ကိုပိုပြီးကြီးလာအောင် လုပ်လိုက်လေသည်။ ရေနွေးမှာ ခဏအတွင်းမှာပင် ဆူပွက်လာလေတော့သည်။

ရေနွေးဆူသည့်အခါတွင်တော့ ဆိုင်ရှင်အမျိုးသမီးမှာ ရေချိုးခန်းထဲသို့ အဖြူရောင်ဝတ်မိန်းကလေးနှင့်အတူ ဝင်သွားလေသည်။

ပိုင်ရှောက်လျိုမှာ သိချင်စိတ်ပြင်းထန်နေမိလေသည်။ သို့သော် ဆိုင်ရှင်အမျိုးသမီးရေချိုးသည်ကို ခိုးကြည့်ရလောက်အောင်လည်း သတ္တိမရှိပေ။

သူသာခိုးကြည့်မည်ဆိုလျှင် ဆိုင်ရှင်အမျိုးသမီးမှာ ရေချိုးကန်ထဲတွင် လဲလျောင်းနေပြီး သူမ၏ခန္ဓာကိုယ်ပေါ်မှာ အနက်ရောင်အငွေ့များ စိမ့်ထွက်နေသည်ကို တွေ့ရမည်ဖြစ်လေသည်။

သို့သော် ဆိုင်ရှင်အမျိုးသမီးကျိုးလင်ကတော့ စိတ်ပူပုံမရပါ။

"နင်တောင်းဆိုတဲ့အတိုင်း ငါလုပ်ပေးပြီးပြီနော် ၊ အဲဒီတော့ "နတ်ဘုရားသင်္ချိုင်းလက်မှတ်" ကို အခုပဲ ငါ့ကိုပြန်ပေးတော့" ကျိုးလင်က ကျောက်ရှောင်ယွီကို ပြောလိုက်လေတော့သည်။

အခန်း (၁၂၀)

နတ်ဘုရားသချိုင်းလက်မှတ်

လူအများစုအတွက်တော့ "နတ်ဘုရားသင်္ချိုင်း" ဆိုသည်ကို နားလည်နိုင်စွမ်းရှိမည်မဟုတ်ပါ။ သို့သော် ... ဆိုင်ရှင် အမျိုးသမီးပြောသည့် နတ်ဘုရားသင်္ချိုင်းမှာ အမှန်တကယ် တည်ရှိသည့် နေရာတစ်ခုဖြစ်လေသည်။

ထိုနေရာသည် မည်သည့်နေရာတွင်တည်ရှိသည်ကို မည်သူမျှမ သိကြပါ။ ထိုနေရာတွင် ရှားပါးပစ္စည်းများစွာရှိလေသည်။ ထို နေရာတွင် ဂမ္ဘီရကျင့်စဥ်များ ၊ တန်ခိုးစွမ်းအားများနှင့် လူတစ် ယောက်စိတ်ကူးဖြင့်ပင် ရှိသည်ဟုမထင်နိုင်သည့် ဆန်းကျယ် သည့် မှော်ဝင်ပစ္စည်းများဖြင့် ပြည့်နက်နေလေသည်။

"နတ်ဘုရားသချႋုင်းမှာ မိုးနှင့်မြေကြားတွင် စီးမျောနေသည့် နေရာတစ်ခုဖြစ်ပြီး တစ်နေရာတည်းတွင် အတည်တကျမရှိ ပေ။ လူတစ်ယောက်သည် ထိုနေရာသို့သွားလိုလျှင် နတ်ဘုရား သချိုင်းလက်မှတ်ရှိမှသာလျှင် သွားနိုင်မည်ဖြစ်လေသည်။ နတ်ဘုရားသချႋုင်းလက်မှတ်ဆိုသည်မှာလည်း နတ်ဘုရားသ ချႋုင်းမှလာသည့် ပစ္စည်းတစ်ခုပင်ဖြစ်လေသည်။ ထို လက်မှတ်တွင် ဝိညာဉ်စွမ်းအားရှိလေသည်။ ထို့ကြောင့် နတ် ဘုရားသချႋုင်းသို့ဝင်ရောက်သည့်အခါတွင် အန္တရယ်မရှိနိုင် ပေ။

သို့သော် ထိုအကြောင်းကိုသိသူမှာ အနည်းငယ်သာရှိလေသည်။ သို့သော် ထိုနေရာသို့ရောက်ဖူးသူများကလည်း ထိုနေရာအကြောင်းကို စကားတစ်ခွန်းမျှ မပြောကြချေ။ တာအိုကျမ်းစာများတွင် အရိပ်အမြွက်ရေးသားထားခြင်းများမှ သိရှိနိုင်သလို ဖန်ဆင်းရှင်ကိုယ်တိုင်ပြောကြားမှပင် သိနိုင်မည်ဖြစ်လေသည်။

ကြာပန်းကိုးပွင့်ကျောင်းတော်တွင် အလွန်တော်သည့် လူတစ်ယောက်ရှိလေသည်။ သူက နတ်ဘုရားသချႋင်းသို့ ရောက်ခဲ့ဖူးသူဖြစ်လေသည်။ "မန္တန်အလင်းချေဖျက်ခြင်းကျမ်း" မှာ ထိုနတ်ဘုရားသချႋင်းမှ ရယူလာသည့် တာအိုကျင့်စဉ်တစ်ခုပင်ဖြစ်လေသည်။

အတိတ်ကဆက်ဆံရေးကြောင့်သာမဟုတ်လျှင် ကျိုးလင်မှာကျောက်ရှောင်ယီ့ကို ထိုကဲ့သို့ အန္တရာယ်များသောတိုက်ခိုက်မှုတွင် ကူညီပေးမည်မဟုတ်ပေ။

သို့သော် သူတို့နှစ်ယောက်မှာ ဂိုဏ်းတစ်ဂိုဏ်းတည်းမှ ဂိုဏ်းတူညီအစ်မများဖြစ်ကြသည့်အတွက် အချို့ကိစ္စများ၏ အခြေခံအကြောင်းအရာများကို သူတို့သာလျှင်သိလေသည်။ ဆိုင်ရှင်အမျိုးသမီးက ကျောက်ရှောင်ယွီဆီမှာ နတ်ဘုရားသချုင်းလက်မှတ်ကို ပြန်လိုချင်လေသည်။ သို့သော် အခွင့်ကောင်းယူခြင်းတော့မဟုတ်ပေ။

ကျိုးလင်မှာ အစကတည်းက သူမထံသို့ ကျောက်ရှောင်ယွီ ရောက်လာမည်ဟု မျှော်လင့်ထားခဲ့ခြင်းမရှိပေ။

ကျောက်ရှောင်ယွီက လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်သည့်အခါတွင်တော့ ဘဲဥပုံသစ်ရွက်လေးတစ်ရွက် သူမ၏ လှပသည့်လက်ချောင်းလေးများထက်တွင်ပေါ်လာလေသည်။ သစ်ရွက်လေးမှာ ကျောက်စိမ်းရောင်တောက်နေပြီး ထူထူထဲထဲလေးဖြစ်လေသည်။ သစ်ရွက်ထိပ်ဖျားလေးများမှာ အောက်ဖက်သို့ အနည်းငယ်ကွေးညွတ်နေလေသည်။

ရုတ်တရက် အခန်းတစ်ခုလုံး တောက်ပလင်းထိန်သွားပြီး ကျိုးလင်၏ကိုယ်ပေါ်မှ စိမ့်ထွက်နေသည့် အနက်ရောင်အငွေ့များကို ဖုံးလွှမ်းသွားလေသည်။

ကျောက်ရှောင်ယွီက သူမ၏လက်ချောင်းလေးများကို အသာအယာလှုပ်ရှားလိုက်သည့်အခါတွင်တော့ သစ်ရွက်လေးက ဆိုင်ရှင်အမျိုးသမီးထံသို့ လွင့်ပျံသွားလေသည်။ ထို့နောက် ထိုသစ်ရွက်လေးက ဆိုင်ရှင်အမျိုးသမီး၏ လက်ဖဝါးထက်သို့ကျရောက်သွားလေသည်။ သူမ၏ကိုယ်ပေါ်မှ အနက်ရောင်အငွေ့များမှာ စက္ကန့်ပိုင်းအတွင်းမှာပင် ပျောက်ကွယ်သွားလေတော့သည်။

"နင်ငါ့ကိုဒီလိုပဲလွယ်လွယ်နဲ့ပြန်ပေးလိုက်တာလား"

ဆိုင်ရှင်အမျိုးသမီးက ကျောက်ရှောင်ယွီကို တစ်ချက်လှမ်းကြည့်ရင်း မေးလိုက်လေသည်။

"ဂိုဏ်းတူအစ်မ ၊ ငါကနင့်ကို တမင်လုပ်နေတယ်များ ထင်နေလို့လား ၊ အဲဒီနေရာကိုသွားဖို့ နင့်မှာအခြေခံကျင့်စဉ်တွေနဲ့ ပြည့်စုံနေတာပဲ ၊ ဒါပေမယ့် အဲဒီနေရာကိုရောက်သွားပြီး တန်ခိုးစွမ်းအားကျင့်စဉ်တွေ ကျင့်ကြံနိုင်ခဲ့ရင်တောင် အဲဒီလူကိုရင်ဆိုင်နိုင်ဖို့ နင့်မှာ မျှော်လင့်ချက်မရှိပါဘူး"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

ဆိုင်ရှင်အမျိုးသမီးမှာ ငြိမ်သက်သွားပြီး ကျောက်ရှောင်ယွီ၏စကားကို ပြန်လည်ချေပခြင်းမပြုပေ။

"သူ့ရောက်နေတဲ့ကျင့်စဉ်လမ်းအဆင့်နဲ့ယှဉ်လိုက်ရင် နင်ကျင့်ကြံလို့ တန်ခိုးစွမ်းအားတွေတိုးတက်လာတယ်ဆိုရင်တောင်မှ သူမက သိသွားမှာပဲ ၊ ဒါဆိုရင် သူမက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတော့မှာပဲ ၊ သူမက အမြဲတမ်းရန်သူကို အမြစ်ပြတ်ချေမှုန်းတတ်တဲ့အကျင့်ရှိတယ် ၊ နင်တန်ခိုး

စွမ်းအားတွေရလာတဲ့နေ့ဟာ နင့်ဘ၀အဆုံးသတ်မယ့်နေ့များ

ဖြစ်နေမလားလို့ ငါစိတ်ပူမိတယ်"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

ဆိုင်ရှင်အမျိုးသမီးမှာ ကျောက်ရှောင်ယွီမပြောခင်ကတည်းက

ထိုအချက်ကို စဉ်းစားထားပြီးဖြစ်ပါသည်။

ကျောက်ရှောင်ယွီကလည်း ပြောချင်၍သာ ပြောလိုက်ခြင်းဖြစ်

လေသည်။

အနိုင်ရရန်အတွက် နည်းလမ်းမရှိဘူးဆိုလျှင် သူမ၏ဂိုဏ်း

အတူအစ်မ မည်သို့ဆုံးဖြတ်မည်ကို သိချင်သောကြောင့် ပြော

လိုက်ခြင်းဖြစ်လေသည်။ သူမက သူမ၏ဂိုဏ်းတူအစ်မနေရာ

တွင် ဝင်ရောက်စဉ်းစားကြည့်သည့်တိုင်အောင် သူမ၏ဂိုဏ်းတူ

အစ်မကို နားလည်နိုင်ခြင်းမရှိဖြစ်နေရလေသည်။ ဆန်းလျန်

သူမကို ခံစားချက်ကင်းမဲ့စွာ ငြင်းဆိုလိုက်ခြင်းကို နားမလည်

နိုင်သလို သူမ၏အစ်မကိုလည်း နားမလည်နိုင်ပေ။ ထိုခံစား

ချက်နှစ်ခုက အတူတူပင် ဖြစ်လေသည်။

လူသားများကတော့ ထိုကိစ္စများကို နားလည်နိုင်မည်လားမ

ပြောတတ်ပေ။ အဘယ်ကြောင့်ဆိုသော် လူသားများမှာ အစွဲ

မကျွတ်နိုင်ကြသောကြောင့်ဖြစ်လေသည်။ သူတို့တွင်

အစွဲကျွတ်ရန်အတွက် ဉာဏ်မီကြခြင်းမရှိပေ။

သူမကတော့ အစွဲမရှိ ၊ ဘက်လိုက်ခြင်းကင်းပြီး လူသား

အားလုံး၏အထက်တွင် နေထိုင်သူဖြစ်သည့်အတွက်ကြောင့်

လူ့လောကရှိ ချစ်ခြင်း ၊ မုန်းခြင်းတရားများမှာ သူမအတွက်

လုံးဝ အရေးပါခြင်းမရှိပေ။

သူမနှင့် ဘုရင်မ မှာ ကျင့်စဉ်လမ်းတွင်သာ သဘောထားကွဲလွဲ

မှုမရှိခဲ့လျှင် အတိတ်ကိုအတိတ်မှာပင်ထားခဲ့ပြီး ဘုရင်မကို

တိုက်ခိုက်မည်မဟုတ်ပေ။

"ငါ့ဘာလို့ နင်နဲ့အဆက်အသွယ်ဖြတ်ခဲ့လဲ သိလား ၊ ဆရာဆုံး

သွားတော့ နင်ကနည်းနည်းလေးတောင် စိတ်မကောင်းမဖြစ်ခဲ့

ဘူး"

ဆိုင်ရှင်အမျိုးသမီးက ပြောလိုက်သည်။

"နေပါဦး ၊ ဝမ်းနည်းစရာဘာရှိလို့လဲ ၊ ငါ ဘုရင်မနဲ့တိုက်ခိုက်လို့

သေသွားရင်ရော ၊ နင်က စိတ်မကောင်းဖြစ်မှာလား"

ကျောက်ရှောင်ယွီက ပြန်ပြောလိုက်လေသည်။

"ငါစိတ်မကောင်းဖြစ်မှာပေါ့"

ကျိုးလင်က ပြန်ပြောလိုက်လေသည်။

"ဒါပေမယ့် ငါကတော့ နင်သေသွားလည်း စိတ်ကောင်းဖြစ်စရာ

အကြောင်းမရှိဘူး"

သူမက နူးညံ့စွာဖြင့်ပင် ပြန်ပြောလိုက်လေသည်။ သူမက အစ

ကတည်းက နူးညံ့သိမ်မွေ့သူတစ်ယောက်ဖြစ်လေသည်။

ထို့ပြင် သူမက လှပကျော့ရှင်းပြီး သန့်စင်သူတစ်ယောက်လည်း ဖြစ်လေသည်။

သို့သော် သူမက လူ့လောကကို စိတ်ဝင်စားခြင်းလုံးဝမရှိပါ။ သူမနှလုံးသားတွင် "ကျင့်စဉ်လမ်း" တစ်ခုတည်းကိုသာ အစဉ်သဖြင့် အာရုံစူးစိုက်ထားသူဖြစ်လေသည်။

သူမအတွက်တော့ လောကီကိစ္စ ခံစားချက်များမှာ ကျင့်စဉ်ဂါထာတစ်ပုဒ်လောက်အရေးမကြီးပေ။ ထိုသို့ခံစားချက်ကင်းမဲ့သည့်အတွက် တန်ခိုးစွမ်းအားယှဉ်ပြိုင်မည်ဆိုလျှင် ခံစားချက်ကိုရှေ့တန်းတင်နေသည့်သူများထက် နှာတစ်ဖျားသာလေ့ရှိလေ့သည်။

သို့သော် ... သံယောဇဉ်ရှိသူများ ၊ ခံစားချက်ရှိသူများမှာလည်း သူတို့လမ်းသူတို့လျှောက်ကြမည်ဖြစ်ပြီး သူမကလည်း သူမလမ်းကို သူမလျှောက်မည်ဖြစ်လေသည်။ ထိုအချက်က သူမကို စိတ်အနှောင့်အယှက် မဖြစ်စေပါ။

"နင်ဘာလို့ ကျင့်စဉ်လမ်းကို ဒီလောက်ထိ ကျင့်ကြံနေရတာလဲ ငါနားမလည်နိုင်ဘူး ၊ နင်ငယ်ငယ်က ဒီလိုမဟုတ်ပါဘူးဟယ်" ကျိုးလင်က ပြောလိုက်လေသည်။

"ဂိုဏ်းတူအစ်မ ၊ တောင်စောင်းမှာပွင့်နေတဲ့ပန်းလေးတွေကို တွေ့ဖူးတယ်မလား ၊ ခံစားတတ်တဲ့လူတွေအတွက်တော့ သူတို့က လှချင်လှနေတာပေါ့ ၊ ငါ့အတွက်ကတော့ သာမန် သဘာဝတရားတစ်ခုမျှသာပါပဲ"

ရေချိုးခန်းတံခါးပွင့်သွားလေသည်။ အပြင်ဘက်တွင် မိုးများ က သည်းထန်စွာရွာသွန်းနေဆဲဖြစ်လေသည်။ ကျောက်ရှောင် ယွီသည် ထီးဆောင်းသွားခြင်းမရှိပါ။ မိုးရေစက်များက သူမ ကိုယ်ပေါ်သို့ကျဆင်းလာလေသည်။ သို့သော် မမြင်ရသည့် စွမ်းအားတစ်ခုက တားဆီးထားသည့်အလား သူမခန္ဓာကိုယ်ကို မိုးရေများစိုခြင်းမရှိပေ။

မိုးရေထဲတွင် သူမ၏ပုံရိပ်မှာ တဖြည်းဖြည်း ပျောက်ကွယ်သွား လေတော့သည်။

....

ထိုနေ့ညတစ်ညလုံးနှင့် နောက်တစ်နေ့နံနက်ထိတိုင်အောင် မိုးမ ဆဲခဲ့ပေ။ မိုးက ရပ်တန့်မည့် အရိပ်အယောင်ပင်မပြပါ။ အန်း ဖင်တူးမြောင်းမှာ ဆန်းတုမြို့တော်မှ စီးဝင်လာသည့် ရေများ အားလုံးကို လက်ခံထားပြီး ဆန်းတုမြို့တော် ရေလျှံခြင်းမဖြစ် အောင် တားဆီးပေးထားလေသည်။

ဆန်းလျန်မှာ မိုးရေများကို ကြည့်နေလေသည်။ ယခုကဲ့သို့ မိုးရွာသွန်းခြင်းမှာ တိုက်ဆိုင်မှုတစ်ခုမဟုတ်မှန်း သူကောင်း ကောင်းသိလေသည်။

ရှန့်ကျီးဘုရားကျောင်းတွင် ပညာပြိုင်မှုဖြစ်ပွားပြီးသည့်နောက် ပိုင်း ဆန်းတုမြို့တော်၏ မိုးမြေစွမ်းအားများတွင် အပြောင်းအလဲဖြစ်သွားခဲ့လေသည်။

ထိုသို့ စွမ်းအားအပြောင်းအလဲဖြစ်ခြင်းကာ ကြီးမားသည့်နဂါး ကြီးကို နိုးထသွားစေသကဲ့သို့ ဖြစ်သွားသည့်အတွက် မိုးများ အဆက်မပြတ်ရွာသွန်းရခြင်း ဖြစ်လေသည်။

ဆန်းတုမြို့တော်၏ စွမ်းအားဖွဲ့စည်းပုံအရ တောင်များ ပတ်လည်ဝန်းရံနေပြီး ရေများပတ်လည်စီးဆင်းနေ သည့်အတွက် နဂါးကြီးတစ်ကောင်အလားဖြစ်နေလေသည်။

ရှန်နှီကျီးဝတ်ကျောင်းတော်မှာ နဂါး၏ခေါင်းဖြစ်ပြီး ဘုရင့် နန်းတော်မှာ နဂါးကြီး၏ ဝမ်းဗိုက်ဖြစ်လေသည်။

ဘုရင်မကြီးမှာ ထိုနဂါးကြီး၏ ဝိညာဉ်ဖြစ်ပြီး မိုးမြေစွမ်းအား များနှင့် မြို့နေလူထုမှာ နဂါးကြီး၏ သွေးကြောထဲတွင် စီးဆင်း နေသည့် သွေးများကဲ့သို့ ဖြစ်လေသည်။

တာအိုကျင့်စဉ်တွင် ထူးဆန်းမှုတစ်ခုရှိလေသည်။ ထိုထူးဆန်း မှုမှာ စကြာဝဠာနှင့်လူသားမျိုးနွယ် ညီညွတ်မျှတမှုရှိရန် ဟန်ချက်ညီအောင် ထိန်းသိမ်းပေးထားခြင်းဖြစ်လေသည်။

ထိုသို့ ဟန်ချက်ညီရန်အတွက် မိုးမြေစွမ်းအားများမှ ကြီးမားသော စွမ်းအားထုကြီးတစ်ခု ထုတ်လွှတ်ပေးလေသည်။

ဤသည်မှာ ဘုရင်မကြီး၏တိုင်းပြည်နှင့် တာအိုကျင့်စဉ် တူညီမှုပင်ဖြစ်လေသည်။ ဆန်းတုမြို့တွင်စွမ်းအားအကြီးဆုံးသူမှာ ဘုရင်မကြီးပင်ဖြစ်လေသည်။

သို့သော်… စကြာဝဠာတစ်ခွင် ပညာရှင်များနှင့် နှိုင်းယှဉ်လျှင်တော့ ဘုရင်မကြီး၏အစွမ်းမှာ များစွာအားနည်းနေလေသည်။ ထို့ကြောင့် သူမက ရှန့်ကျီးဝတ်ကျောင်းတော်ကို တည်ဆောက်ခဲ့ခြင်းဖြစ်လေသည်။ ဂမ္ဘီရပညာအရ သူမက နတ်ဘုရားတစ်ပါးကိုဆင့်ခေါ်ပြီး ထိုနတ်ဘုရားထံမှ အစွမ်းအချို့ကို ဆောင်ယူအသုံးပြုနိုင်လေသည်။

ရှန့်ကျီးနတ်ဘုရားကြီးထွားလာသည်နှင့်အမျှ ဘုရင်မကြီး၏စွမ်းအားလည်းတိုးတက်လာလေသည်။ သူတို့နှစ်ဦးကြားတွင် ဆက်နွယ်မှုက ဟန်ချက်ညီနေလေသည်။

အကယ်၍ ရှန့်ကျီးနတ်ဘုရားမှာ တာအိုနတ်ဘုရားဖြစ်သွားလျှင်လည်း ပြဿနာမရှိပေ။ ရှန့်ကျီးဝတ်ကျောင်းတော်ကို တာအိုဝတ်ကျောင်းတော်တစ်ခုအဖြစ် ပြောင်းလဲလိုက်ရုံသာရှိလေသည်။ သို့သော် ယခင် တာ့ဝေ့တိုင်းပြည်က တာအိုဝါဒကိုတန်ဖိုးထားသည့်တိုင် ဗုဒ္ဓဘာသာကို ယုံကြည်သူက ပိုမိုများပြားလေသည်။ ထို့ကြောင့် ဘုရင်မကြီးက ဗုဒ္ဓဘာသာကိုပိုပြီးပျံ့ပွားအောင် အသားပေးသည့်အနေဖြင့် ရှန့်ကျီးဝတ်ကျောင်းတော်ကို ဗုဒ္ဓဘာသာကျောင်းတော် အဖြစ်တည်ဆောက်ခဲ့ခြင်းဖြစ်လေသည်။

ထိုနေ့က ပစ်လွှတ်လာသည့်မြားမှာ ရှန့်ကျီးနတ်ဘုရား၏ဂါထာအရုံအတားကို ဖျက်စီးပစ်ခဲ့လေသည်။ ထိုသို့ဖြစ်ခဲ့ခြင်း

က ဘုရင်မကြီးကို များစွာ စိတ်အနှောင့်အယှက် ဖြစ်စေလေသည်။ ထို့ပြင် ရှန့်ကျီးနတ်ဘုရားနှင့် ဘုရင်မကြီး၏ဆက်နွယ်မှု ဟန်ချက်ညီခြင်းမှာလည်း ပျက်စီးသွားရလေသည်။ ဘုရင်မကြီးတိုင်းပြည်ကို ပြောင်းလဲခဲ့ခြင်းမှာ မိုးကောင်းကင်၏အလိုတော်မဟုတ်ပါ။ ထို့ကြောင့် နဂါးစွမ်းအားမှာ အလွန်ပြင်းထန်ခြင်းမရှိသလို အားနည်းချက်များလည်းရှိနေရလေသည်။ ထို့ကြောင့် ဘုရင်မကြီးနှင့် ရှန့်ကျီးနတ်ဘုရား၏ချိတ်ဆက်မှု ဟန်ချက်ပျက်သွားသည့်အခါတွင်တော့ ဆန်းတုမြို့တော်၏ မြေစွမ်းအားဆုံချက်မှာလည်း ပြောင်းလဲသွားရလေသည်။ ထို့ကြောင့် ယခုကဲ့သို့ မိုးကြီးရွာသွန်းရခြင်းပင်ဖြစ်လေသည်။

ကျောက်ရှောင်ယွီက ထိုအချက်များကို သိမြင်နားလည်သူဖြစ်ပြီး မိုးကောင်းကင်၏အလိုတော်အတိုင်း ဖြစ်သွားသည်ပဲလေ

ဟု ယူဆမိလေသည်။ ထို့ကြောင့်ပင် ရှန့်ကျီးဝတ်ကျောင်းတော်ကို ဖျက်စီးရန် သူမကြိုးစားခဲ့ခြင်းဖြစ်လေသည်။

ဘုရင်မကြီးမှာလည်း အန္တရယ်အငွေ့အသက်ကို အာရုံခံစားမိမည်ဖြစ်လေသည်။ ထို့ကြောင့်ပင် ရှန့်ကျီးဝတ်ကျောင်းတော်တွင် ထိုနေ့က ရှိနေခဲ့ခြင်းဖြစ်သည်။ သို့သော် ပစ်လွှတ်လိုက်သည့်မြားမှ ထွက်ပေါ်လာသည့် အနက်ရောင် အခိုးအငွေ့များမှာ ရှန့်ကျီးဝတ်ကျောင်းတော်၏ ဂါထာအရံအတားကို ချိုးဖျက်ပစ်လိမ့်မည်ဟုတော့ သူမတွေးထင်ထားခဲ့မိခြင်းမရှိပေ။ ထို့ကြောင့်ပင် သူမရှုံးနိမ့်ခဲ့ရခြင်းဖြစ်လေသည်။

ကျောက်ရှောင်ယွီပြုလုပ်ခဲ့သမျှတွင် အကောင်းဆုံးရလဒ်မှာ ဘုရင်မကြီးကို မြေပြင်ထက်တွင်ပင် အခွင့်အရေးညီမျှစွာဖြင့် အနိုင်ယူတိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်လေသည်။

သူမနှင့် ဘုရင်မ၏ အဆုံးသတ်တိုက်ပွဲကတော့ မကြာမီအချိန်အတွင်း ရောက်ရှိလာတော့မည်ဖြစ်လေသည်။

ဆန်းလျန်ကတော့ ထိုကိစ္စများအားလုံးအတွက် စိတ်ပျော်ရွှင်ခြင်းမရှိပါ။ ဆန်းတုမြို့တော်၏ဖုန်းဆွေဖွဲ့စည်းတည်ဆောက်ပုံအရ ဒြပ်စင်စွမ်းအားများကို ဟန်ချက်ညီအောင် ထိန်းချုပ်ထားသည့်တိုင် သူကတော့ ထိုင်းရှီးကျင့်စဉ်၏ ဒြပ်စင်စွမ်းအားရှစ်မျိုးကို ညီညွတ်စွာတည်ရှိနိုင်ရန် ကျင့်ကြံ၍မရနိုင်ဖြစ်နေရလေသည်။

ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏အခြေခံအဆင့်ကို အောင်မြင်ရန်အတွက် သူမှာ လက်တစ်ကမ်းအကွာသို့ ရောက်နေပြီဖြစ်လေသည်။ သို့သော် သူ့အတွက် အခွင့်ကောင်းလိုနေခြင်းဖြစ်လေသည်။ ထိုအခွင့်ကောင်းမှာ ဘုရင်မကြီးနှင့် ကျောက်ရှောင်ယွီတို့၏ နောက်ဆုံးတိုက်ပွဲတွင် ပေါ်ပေါက်ကောင်းပေါ်ပေါက်လာနိုင်မည်ဟု ဆန်းလျန် မျှော်လင့်နေမိလေသည်။

အခန်း (၁၂၁)

 လေနှင့်မုန်တိုင်းအတွက် အချိန်ကျပြီ

ခုနစ်လပိုင်းသို့ပင်ရောက်ခဲ့ပြီ....

ဆန်းတုမြို့တော်တွင် ခုနစ်ရက်ဆက်တိုက်မိုးကြီးရွာသွန်းခဲ့ပြီး

နောက် ယခုတော့ တိမ်များထူထပ်လျှက်ရှိလေသည်။ လေပြင်း

များတိုက်ခတ်နေပြီး ရာသီဥတုထူးဆန်းစွာပြောင်းလဲသွား

ခြင်းက ပြည်သူများကို စိတ်မသက်မသာဖြစ်စေပြီး တောင်

တွေး မြောက်တွေး အတွေးများဝင်စေလေသည်။

ကျောက်ရှန့်မှာ သာမန်အဝတ်အစားများဝတ်ဆင်ပြီး ဆန်းလျ

န်၏ဆေးခန်းသို့ ရောက်လာပြန်သည်။ သို့သော် ရောဂါကုသ

ရန်အတွက် ရောက်လာခြင်းတော့မဟုတ်ပါ။ ရောဂါတစ်ခု

အကြောင်း မေးမြန်းရန်ရောက်လာခြင်း ဖြစ်လေသည်။ လူတစ်ယောက်ကိုယ်စား လာရောက်မေးမြန်းခြင်းဖြစ်သည်။

အပြင်ဘက်တွင် တိမ်များထူထပ်နေပြီး ရာသီဥတုမသာယာသည့်တိုင် ဆေးခန်းအတွင်းမှာတော့ တောက်ပလင်းထိန်လျှက်ရှိလေသည်။

ဆေးခန်းနံရံထက်တွင် ကြေးနီမီးအိမ်လေးတစ်ခုချိတ်ဆွဲထားပြီး ထိုမီးအိမ်လေးမှ သာမန်ထက်ပိုပြီး လင်းလက်နေခြင်းဖြစ်လေသည်။ မီးတောက်များက လှုပ်ယမ်းနေပြီး မီးခိုးငွေ့များထွက်နေခြင်းတော့မရှိပေ။

ကျောက်ရှန့်က ကြေးနီမီးအိမ်လေးကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ထိုမီးအိမ်လေးထဲတွင် ဆီဖြည့်ထားခြင်းမရှိကြောင်းသတိပြုလိုက်မိလေသည်။ အလင်းရောင်မှာ ထာဝရလင်းနေသည့် အလင်းရောင် တစ်ခုကဲ့သို့ဖြစ်နေလေသည်။ ထိုမီးအိမ်ကို ငြိမ်းသတ်၍ ရနိုင်မည်မဟုတ်ပေ။

ဆန်းလျန်က မိုးပြာရောင်ဝတ်ရုံကိုဝတ်ဆင်ထားလေသည်။

သူက မင်ခွက်ထဲတွင် မင်ကို ဂရုတစိုက် သွေးနေလေသည်။

မင်အရောင်မှာ ခရမ်းရောင်သန်းသည့်အနီရောင်ဖြစ်လေသည်။

ဆန်းလျန်၏လက်တွင်လည်း ဓားပြတ်ရာတစ်ခုကိုတွေ့နိုင်လေ

သည်။ ဆန်းလျန်က သူ၏သွေးနှင့်ရောပြီးဖော်စပ်ရလောက်

အောင် ထိုမင်မှာ မည်သို့သော မင်မျိုးလဲ ကျောက်ရှန့်နားမ

လည်နိုင်ပါ။ သာမန်လူများနားမလည်နိုင်သည့်ကိစ္စရပ်မျိုးကို

ဆန်းလျန်က အမြဲတမ်းလုပ်တတ်သောသူဖြစ်လေသည်။

သူ၏လာရင်းရည်ရွယ်ချက်ကိုမပြောသေးမီ သူက ဆန်းလျန်

ကို အရင်နှုတ်ဆက်လိုက်လေသည်။

"ဘာလဲ ဘုရင်မကြီးနေမကောင်းဖြစ်နေတယ်လို့ ပြောမလို့

လား"

ဆန်းလျန်က လှည့်ပင်မကြည့်ဘဲ မေးလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျုပ်အဘွားက တိုင်းပြည်ကို နှစ်ပေါင်းသုံး

ဆယ်နီးပါးတာဝန်ယူခဲ့တာ၊ တစ်ခါမှနေမကောင်းမဖြစ်ခဲ့ဖူး

ဘူး၊ ဒါပေမယ့် အခုတော့ အဖွားနေမကောင်းဖြစ်နေတဲ့အပြင်

ကျုပ်တို့ကိုတောင် သူ့ဆီမလာဖို့တားမြစ်ထားတယ်"

ကျောက်ရှန့်၏လေသံမှာ သာမန်ထက်ပိုပြီး နူးညံ့နေလေသည်။

သို့သော် မင်းစိုးရာဇာအရိပ်အငွေ့ကတော့ ရှိနေဆဲ ဖြစ်သည်။

ထိုသို့ မင်းရိပ်စိုးရိပ်ရှိနေခြင်းမှာ သူ၏မွေးရာပါသဘာဝပင်။

"အိမ်ရှေ့စံမင်းသားက မင်းကို ဒီကိုလွှတ်လိုက်တာလား"

ဆန်းလျန်က မေးလိုက်လေသည်။

"မဟုတ်ပါဘူး၊ ကျုပ်သဘောနဲ့ကျုပ်လာတာပါ၊ ဒါပေမယ့်

ကျုပ်အဖေကလည်း သိချင်နေပါတယ်"

ကျောက်ရှန့်က ပြန်ပြောလိုက်လေသည်။

"ဘုရင်မကြီးက နေမကောင်းတာမဟုတ်ပါဘူး"

ဆန်းလျန် တွေးတွေးဆဆဖြင့်ပြောလိုက်လေသည်။

ကျောက်ရှန့်မှာ အနည်းငယ်စိတ်ပျက်သွားရလေသည်။ ဘုရင်မကြီးနေမကောင်းမဖြစ်ခင် ဆင့်ခေါ်တွေ့ဆုံခဲ့သည့်သူမှာ ဆန်းလျန်ဖြစ်လေသည်။ ထိုနေ့က ရှန့်ကျီးဝတ်ကျောင်းတော်တွင် မည်သည့်အရာများ ဖြစ်ပျက်ခဲ့သည်ကို မည်သူမျှ မသိရှိခဲ့ပေ။ ရှန့်ကျီးဝတ်ကျောင်းတော်ထိပ်တွင် နဂါးပုံရိပ်နှင့် နတ်ဘုရားတစ်ပါး၏ပုံရိပ်ကို တွေ့သည်ဟု ပြောသည့်သူအချို့တော့ရှိလေသည်။

ထိုကိစ္စသာအမှန်ဆိုလျှင် ဒုက္ခရောက်ခြင်းထက် အောင်မြင်သည့်အထိမ်းအမှတ်ဖြစ်နေမည်ဟု ကျောက်ရှန့်ထင်မိလေသည်။ အဘယ်ကြောင့် ဘုရင်မကြီးက ထိုကိစ္စကို နှုတ်ပိတ်ထားရပါသနည်း။

ထိုကိစ္စကို ကူပော့ဆရာတော် ကျိန်းသေသိရမည်ဖြစ်လေသည်။ နန်းတော်ရှိအခြားသောသူများက ကူပော့ဆရာတော်ကို စကားပြောရန် ချဉ်းကပ်ကြသည့်တိုင် ဘုန်းတော်ကြီးအိုကြီးမှာ

ကွေ့ပတ်ကာ ရှောင်ဖယ်နေခဲ့လေသည်။ အရှေ့နန်းတော်မ အကြောင်းများကို တစ်ခုမှ ပြောပြခြင်းမရှိခဲ့ပေ။ သူပြောခဲ့ သည်မှာ ဘုရင်မကြီးနေမကောင်းမဖြစ်ခင်က ဆန်းလျန်နှင့် တွေ့ခဲ့သည် ဆိုသည့်အကြောင်းကိုပင် ပြောပြခဲ့လေသည်။ အမှန်တော့ ကျောက်ရှန့်အနေဖြင့် ဆန်းလျန်ကို သံသယမဝင် ပါ။ သူ၏အဘွားမှာ ဆန်းလျန်ပြောသကဲ့သို့ နေမကောင်းဖြစ် ခြင်းမဟုတ်လျှင် သူတို့ကိုစမ်းသပ်ရန်အတွက် ဟန်ဆောင်နေ ခြင်းများလား။ သို့သော် သူ၏အတွေ့အကြုံများအရ သူ၏အဘွားမှာ ထိုကဲ့သို့သောလူစားမျိုးမဟုတ်ပါပေ။ သူ၏အဘွားမှာဘုရင်မတစ်ပါးအနေဖြင့် ခမ်းနားမြင့်မြတ်သူ တစ်ဦးဖြစ်လေသည်။ ထိုသို့ ဝေ့လည်ကြောင်ပတ်လုပ်သည့် နည်းလမ်းများကို သုံးမည်မဟုတ်ပေ။

သို့သော် အဘယ်ကြောင့် ဆန်းလျန်က သူ၏အဘွားမှာ "နေမကောင်းဖြစ်ခြင်းမဟုတ်" ဟု တိုက်တိုက်ဆိုင်ဆိုင် ပြောနေရပါသနည်း။

"လေပြင်းရှစ်ချက်ကလည်း ကျုပ်ကိုရွေ့လျားအောင်လုပ်နိုင်မှာ မဟုတ်ဘူး ၊ ဘာလို့လဲဆိုတော့ ကျုပ်က ခရမ်းရောင်ရွှေကြာပွင့်ပလ္လင်ပေါ်မှာ ထိုင်နေလို့ပဲ" ဆိုတဲ့အကြောင်း နန်းတော်ကိုပြန်ပြီး မင်းရဲ့ ခမည်းတော်ကို ပြောပြလိုက်ပါ"

ဆန်းလျန်က ပြောလိုက်လေသည်။

တည်ငြိမ်တိတ်ဆိတ်နေခြင်းဖြင့် ရွေ့လျားမှုကို ကျော်လွှားနိုင်မည်ဖြစ်လေသည်။ ဤသည်မှာ မရှင်းလင်းသည့်အခြေအနေကို ရင်ဆိုင်ရန်အတွက် အကောင်းဆုံးနည်းလမ်းပင်ဖြစ်လေသည်။

ကျောက်ရှန့်နားလည်သွားခဲ့လေပြီ။ အခြေအနေအရပ်အရပ်အတွက် သူ၏ဖခင်က ဆန်းလျန်ဆီသို့ သွားမေးရန် မစေလွှတ်

ခဲ့သလို ၊ သူက သွားမေးမည်ဆိုပြီးထွက်လာတော့လည်း တားဆီးခဲ့ခြင်းမရှိပါ။

ဤသည်မှာ သားဖြစ်သူအား အဖြေကို သူကိုယ်တိုင်ပြောမပြတော့ဘဲ ဆန်းလျန်ဆီမှ အဖြေစကားကိုသာ ကြားစေချင်၍ဖြစ်လေသည်။

ထို့ကြောင့်ပင် ကျောက်ရှန့်မှာ သူနားလည်သင့်သည့်အရာကို နားလည်သွားပြီဖြစ်လေသည်။ ဆန်းလျန်မှာ အရေးကြီးကိစ္စတစ်ခုနှင့် ပါဝင်ပတ်သက်နေပြီဖြစ်သည်ကို ကျောက်ရှန့် နားလည်သွားပြီဖြစ်လေသည်။ ထို့ကြောင့် သူက ဆန်းလျန်ကို မနှောင့်ယှက်တော့ရန် ဆုံးဖြတ်လိုက်လေသည်။

ဆန်းလျန်မှာ ကျောက်ရှန့်ကိုတွေ့လိုက်သည်နှင့် ခရမ်းရောင် နဂါးစွမ်းအားမှာ ခါတိုင်းထက်ပိုပြီး တည်ငြိမ်နေသည်ကို သတိထားမိလေသည်။ ထိုစွမ်းအားများမှာ နံနက်ခင်း

နေရောင်ခြည်ကဲ့သို့ လတ်ဆတ်နေပြီး တိုးပွားများပြားလျှက် လည်း ရှိလေသည်။

ဘုရင့်မြို့တော်၏ကံကြမ္မာမှာ ကံတရားစီမံသည့်အတိုင်းပင် ဖြစ်ရမည်ဆိုသည်ကို ဘုရင်မကြီးလည်း နားလည်ထားပြီး ဖြစ် လေသည်။ ထိုသို့ကံတရားအတိုင်း လက်ခံခြင်းအားဖြင့် သူမ၏ကံမှာလည်း ပိုပြီးဆိုးသွားမည်လား ၊ ကောင်းလာမည် လားဆိုသည်ကတော့ မသိနိုင်ပေ။

ယခုလက်ရှိအချိန်တွင်တော့ အိမ်ရှေ့စံမင်းသားနှင့် ကျောက် ရှန့်တို့မှာ အဓိကပုဂ္ဂိုလ်များမဟုတ်သည့်တိုင် ကံတရား မျက်နှာသာပေးခံရသည့်သူများ ဖြစ်နေလေသည်။ အဓိက ပုဂ္ဂိုလ်မှာတော့ ကျောက်ရှောင်ယွီသာ ဖြစ်လေသည်။

ဆန်းတုမြို့တော်၏အခြေခံတည်ဆောက်ပုံမှာ တောင်များ ပတ်လည်ဝိုင်းနေပြီး မြစ်များက လှည့်ပတ်စီးဆင်းနေလေ သည်။ ထို့ပြင် ထိုတည်ဆောက်ပုံမှာ တာ့ကျိုးတိုင်းပြည်၏

ကံကြမ္မာပင်ဖြစ်လေသည်။ ထိုအချက်မှာ ကျောက်ရှောင်ယွီ

အတွက်ရော ဘုရင်မကြီးအတွက်ပါ အရေးကြီးသည့်အချက်

ဖြစ်လေသည်။ ကျောက်ရှောင်ယွီသာ ဆန်းတု

မြို့တော်၏စွမ်းအားစုများကို ရရှိမည်ဆိုလျှင် သူမ၏တန်ခိုး

စွမ်းအားနှင့်ပေါင်းစပ်အသုံးပြုနိုင်မည်ဖြစ်လေသည်။ ထိုအခါ

ကြာပန်းကိုးပွင့်ကျင့်စဉ်၏ အဆင့်အသစ်တစ်ခုသို့ တက်လှမ်း

နိုင်မည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် သူမ၏အဆင့်မှာ

မည်မျှပင် အထွတ်ထိပ်သို့ရောက်နေသည်ဟု ဆိုပါစေ အဆင့်

မြင့်နတ်ဘုရားတစ်ပါးလောက်တော့ မြင့်မားခြင်းမရှိသေးပေ။

သူမ၏အဆင့်မှာ ကျင့်ကြံသူလောကတွင် အသိအမှတ်ပြုခံရ

သည့်အဆင့်သာ ရှိနေသေးသည်။ သို့သော် သူမသည် ချန်ကျန့်

မေထက်တော့အဆင့်မနိမ့်ပေ။

ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးခုနှင့်

တက်ရောက်ခဲ့ခြင်းဖြစ်လေသည်။ ထို့နောက် သဏ္ဍာန်မဲ့စား

သိုင်းကို အောင်မြင်ခဲ့သူဖြစ်လေသည်။ သဏ္ဍာန်မဲ့ဓားသိုင်းမှာ လူများညာဏ်မမီနိုင်လောင်အောင် အစွမ်းထက်လွန်းလေသည်။ ထို့ပြင် သူ၏သိုင်းပညာမှာလည်း လွန်စွာအဆင့်မြင့်လေသည်။ ထို့ကြောင့်ပင် သူက တာ့ဟွမ်တိုင်းပြည်ရှိတောင်တစ်တောင် အလယ်တွင် "သေစေခြင်းကျောင်းတော်" ကိုတည်ဆောက်နိုင် စွမ်းရှိခဲ့ခြင်းဖြစ်လေသည်။ မကောင်းဆိုးဝါးများနှင့် မိစ္ဆာများ ကို ပြိုင်ဘက်မရှိ အနိုင်ယူနိုင်ခဲ့လေသည်။

ကျောက်ရှောင်ယွီနှင့် ချန်ကျန့်မေတို့မှာ ပြိုင်ဘက်အဆင့်များ ဖြစ်ကြလေသည်။ သို့သော် သူတို့နှစ်ယောက်တွင် တူညီအ သည့်အချက်ဟူ၍မရှိပါ။ တာအိုဝါဒနှင့် ဗုဒ္ဓဘာသာမှာ အစစ်အမှန်တရားများဖြစ်သည့်တိုင် ကျောက်ရှောင်ယွီ ကျင့်ကြံသည် "ရှန်" ကျင့်စဉ်လမ်းကတော့ အစစ်အမှန်မဟုတ် ပေ။ ဟိုင်သန်းအဆင့်ရောက်ရှိဖို့ ဆိုသည်ကတော့ လွယ်ကူ သည့်အနေအထားမဟုတ်ပါ။ သို့သော် အောင်မြင်မှုက

အောင်မြင်မှု ၊ ကျရှုံးမှုက ကျရှုံးမှု သာဖြစ်လေသည်။ လူတစ်ယောက်၏ကံကြမ္မာမှာ သူ၏လက်ထဲတွင်ပင်ရှိမည်ဖြစ်လေသည်။

ဆန်းလျန်သာ ကျောက်ရှောင်ယွီနှင့် တကယ်တမ်းရင်ဆိုင်တိုက်ခိုက်ရမည်ဆိုလျှင် သူ့ကိုယ်သူကာကွယ်နိုင်စွမ်းပင် ရှိမည်မဟုတ်ပေ။

မေးခွန်းမထုတ်နိုင်သည့်အခြေအနေပင်ဖြစ်လေသည်။

သူ့လက်မှ ဓားပြတ်ရာမှာ တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။ သူသွေးနေသည့်မင်အရောင်မှာတော့ နက်မှောင်သည်ထက် နက်မှောင်လာလေသည်။ သူချင်းရွှမ်နတ်တံခါးမှယူဆောင်လာသည့် အင်းစာရွက်များမှာလည်း ကုန်လုနီးပြီဖြစ်လေသည်။

ထိုအင်းစာရွက်များအားလုံးကို ဒီအကြိမ်တော့ ဆန်းလျန်အသုံးပြုရတော့မည်ဖြစ်လေသည်။

ခုနစ်လပိုင်း ခုနစ်ရက်နေ့သို့ရောက်ရန်အတွက် နှစ်ရက်လိုသေး
သည်။ ထိုနေ့ညတွင် ဘုရင်မနှင့် ကျောက်ရှောင်ယွီတို့
နောက်ဆုံးတိုက်ခိုက်ကြမည်ဖြစ်လေသည်။
ဆန်းလျန်သွေးနေသည့်မင်မှာ ပျစ်နှစ်နေပြီဖြစ်လေသည်။
ထို့ပြင် သွေးရနံ့ကိုလည်းရနေလေသည်။ သို့သော် ဆန်းလျ
န်၏သွေးမှာ လူသားများကဲ့သို့မဟုတ်ပေ။ သူ၏သွေးက
သန့်စင်လေသည်။ သန့်စင်သည်ဆိုခြင်းထက် အလွန်အမင်း
သန့်စင်သည်ဟု ပြော၍ရလေသည်။ လင်ချုန်းရှောင်၏သွေး
ရနံ့ပင်လျှင် ချိုမြနေသေးသည်ဆိုလျှင် ဆန်းလျန်၏သွေးရနံ့
မှာ ပိုပြီး ချိုမြမွှေးပျံ့နေမည်ဖြစ်လေသည်။
ဆန်းလျန်က သူ၏သွေးနှင့် မင်များရောကာ သွေးနေသည်ကို
ရှော့ရှီလေးက ကြည့်နေလေသည်။ ဆန်းလျန်က သွေးနှင့်မင်
များ အချိုးကျကျရောနှောသွားသည့်အခါတွင်တော့ ရေးသား
ခြင်းကိုစတင်လေသည်။

အဖြူရောင်အင်းစာရွက်ပေါ်တွင် ဆန်းလျန်က သွေးဖြင့် ရောစပ်ထားသည့်မင်ဖြင့် အင်းသင်္ကေတများကို ရေးလိုက်လေသည်။ ထိုသင်္ကေတများမှာ လွင့်မျောနေသည့် တိမ်ဆိုင်များနှင့် ဆင်တူလေသည်။

သွေးဖြင့်ရောစပ်ထားသည့်မင်မှာ တော်ရုံနှင့်မပျက်စီးနိုင်ပေ။ ထို့ပြင် အနီရင့်ရောင်သွေးဖြစ်နေသည့်အတွက် ထင်ထင်ရှားရှားရှိနေလေသည်။

အင်းစာရွက်ပေါ်တွင် သင်္ကေတများကို သွေးဖြင့်ရေးသည်မှာ ယခုမှမဟုတ်ပေ။ ရှေးခေတ်အချိန်ကာလကတည်းက ရှိခဲ့သည့် ပညာရပ်ဖြစ်လေသည်။ ဆန်းလျန်၏သွေးမှာ အသက်ဓာတ်စွမ်းအားများဖြင့် ပြည့်နေလေသည်။ သူ၏အတွင်းအားများမှာ စုတ်တံထိပ်ဖျားမှတစ်ဆင့် ဖြတ်သန်းစီးဆင်းသွားလေသည်။ သူရေးဆွဲထားသည့် အင်းစာရွက်များမှာ မိုးမြေ

စွမ်းအားများအပေါ်တွင် အကျိုးသက်ရောင်မှုရှိပြီး အဆုံးမ သတ်နိုင်သည့် အစွမ်းများကို ထုတ်လွှတ်ပေးနိုင်လေသည်။ ကံမကောင်းသည့်အချက်မှာ သူသင်ယူခဲ့သည့်အင်းပညာရပ်မှာ သူဖြစ်ချင်သည့်ဆန္ဒလောက် အားကြီးခြင်းမရှိပေ။ ရှေးခေတ်အချိန်အခါများကို ပြန်ကြည့်မည်ဆိုပါက အင်းပညာမှာ ယခုထက်ပိုပြီး စွမ်းအားကြီးမားလေသည်။ အင်းချပ်တစ်ခုတည်းဖြင့် တောင်များကိုရွှေ့နိုင်သလို ပင်လယ်များကို ခမ်းခြောက်သွားစေနိုင်သည်အထိ အစွမ်းကြီးလေသည်။

ဆန်းလျန်က သွေးအင်းချပ်သုံးခုရေးဆွဲလိုက်လေသည်။ ထို့ထက်ပိုပြီးရေးဆွဲလျှင်လည်း သူ၏အတွင်းအားနှင့်သွေးများ ကုန်ဆုံးသွားလိမ့်မည်ဖြစ်လေသည်။ ထိုသွေးအင်းချပ်သုံးခုသာ အလုပ်မဖြစ်လျှင်တော့ မည်သည့်အရာကိုမျှ ပြောင်းလဲနိုင်တော့မည် မဟုတ်ပေ။

ထို့နောက်တွင်တော့ ဆန်းလျန်က ရော့ရှီလေးကို စာရေး သင်ပေးလေသည်။ ရာသီဥတုအခြေအနေမကောင်းသော ကြောင့် ရော့ရှီမှာလည်း အပြင်ထွက်ကစားရန် မပူဆာတော့ဘဲ စာကိုသာ ငြိမ်ငြိမ်လေးထိုင်ရေးနေလေသည်။

ရော့ရှီက အပြင်ထွက်ကစားရန် ပူဆာလျှင်တောင်မှ ဆန်းလျန် ကလည်း အပြင်သို့ပေးထွက်မည် မဟုတ်ပေ။ သို့သော် ဆန်း လျန်သည် မည်သည့်အခါမှ ရော့ရှီမလုပ်ချင်သည့်ကိစ္စကို အတင်းလုပ်ခိုင်းခြင်းမရှိပေ။

ရော့ရှီ၏ပြောင်းလဲတတ်သောစိတ်သဘောနှင့် မာနကြီးမှု ကတော့ သူမ၏မိခင်ဖြစ်သူ ဆန်းရော့ရှီနှင့် အလွန်ပင် တူသည် ဟု ဆန်းလျန်တွေးမိလေသည်။

သို့သော် ရော့ရှီ၏အရွယ်နှင့်မလိုက်အောင် ရင့်ကျက်မှုကိုတော့ ဆန်းလျန်ပင် အံ့သြရလေသည်။ ဆန်းလျန်အတွက် ဖက်ထုပ် နှင့်ဆန်ပြုတ်ချက်ကျွေးသည့်နေ့မှစပြီး ဤကလေးမလေးမှာ

မည်မျှရင့်ကျက်လာသည်ကို ဆန်းလျန် သတိထားမိခြင်းဖြစ်လေသည်။

ပိုင်ရှောက်လျိုမှာ ဆန်းလျန်ထံသို့ နှစ်ကြိမ်မျှ ရောက်လာသေးသည်။ သူက ဆန်းလျန်မေးလိုက်သည့် မေးခွန်းကို ဆက်မစဉ်းစားနိုင်တော့ပေ။ အမှန်တော့ ပိုင်ရှောက်လျိုမှာ ဓားသိုင်းနှင့်ပတ်သက်ပြီး အရည်အချင်းရှိသူဖြစ်လေသည်။ သူလိုအပ်သည်က ဓားသိုင်း၏သဘောတရားကိုသိရှိရန်သာ လိုအပ်နေခြင်းသာဖြစ်လေသည်။ စမ်းရေက အဆက်မပြတ်စီးဆင်းနေသည်ဟူသည့် ရိုးရှင်းသည့်အယူအဆကိုသာ လက်ကိုင်ထားရန်လိုအပ်လေသည်။

နေက်တစ်ကြိမ် ပိုင်ရှောက်လျိုရောက်ရှိလာခြင်းကတော့ နှုတ်ဆက်စကားလာပြောခြင်းဖြ်စလေသည်။ ဆိုင်ရှင်အမျိုးသမီးမှာ အခြားနေရာသို့ ပြောင်းရွှေ့တော့မည်ဖြစ်သည့်အတွက် ဆန္ဒရှိလျှင် သူမနှင့် လိုက်ခဲ့ရန် ပိုင်ရှောက်လျို

ကို ပြောလေသည်။ သူက ဆိုင်ရှင်အမျိုးသမီးအပေါ်တွင် အကြွေးတင်နေသကဲ့သို့ ခံစားနေရသည့်အပြင် သူမကိုလည်း စိတ်ပူနေမိလေသည်။ ဆိုင်ရှင်အမျိုးသမီးတွင် ထူးဆန်းလွန်းသည့် ဂိုဏ်းတူညီမတစ်ယောက်ရှိနေသည်ကို သိခွင့်ရခဲ့ပြီး သူမက အရာရာကို လျှို့ဝှက်ထားဆဲဖြစ်လေသည်။ ထို့ကြောင့် ပိုင်ရှောက်လျိုက သူမကို ကာကွယ်ပေးချင်နေမိလေသည်။ ပိုင်ရှောက်လျိုက နှုတ်ဆက်စကားလာပြောသည့်အချိန်တွင်တော့ ဆန်းလျန်က သူတို့နောက်ထပ်တွေ့ကြဦးမည်ဟု အာမခံချက်ပေးလိုက်လေသည်။

အခန်း (၁၂၂)

ရေမျက်နှာပြင်မှာ တည်ငြိမ်နေလေသည်၊ ကြာပန်းများက လေအဝေ့တွင် ကခုန်နေကြသည်

ဝိညာဉ်စွမ်းအားအဆင့်တွင်တော့ ဆန်းလျန်မှာ ဟိုင်သန်း အဆင့်ကျင့်ကြံသူများထက် အဆင့်နိမ့်ခြင်းမရှိပေ။ သူ၏အာရုံခံစားမှုကလည်း လွန်စွာမှအားကောင်းလေသည်။ ထို့ပြင် အချိန်နှင့်အမျှ ကျင့်ကြံသူများမှာလည်း တစ်နေ့တခြား များပြားလာကြလေသည်။ သူတို့က ကံတရားကို ဆန့်ကျင်ပြီး အချင်းချင်းတိုက်ခိုက်ကြသည်။ ထိုသို့တိုက်ခိုက်ကြခြင်းမှာ မိုးကောင်းကင်၏အလိုတော်အတိုင်းဟု သူတို့က ပြုမူပြောဆိုကြသေးသည်။ သဘာဝတရားကိုဆန့်ကျင်ကာ နတ်ဘုရား တစ်ပါးဖြစ်လိုကြသည်။ ထိုအရာများအားလုံးမှာ အမှန်တရား နှင့်ဆန့်ကျင်နေသည်ဟု ပြော၍ရသည့်တိုင် ထို

အကြောင်းအရာများ၏နောက်ကွယ်တွင် မသိနိုင်သည့်အရာ
များစွာရှိလေသည်။ လောကကြီးမှာ အချိန်နှင့်အမျှ ပြောင်းလဲ
နေသည်မဟုတ်ပါလား။
ဆိုင်ရှင်အမျိုးသမီးမှာ လေးစားစရာကောင်းသော အမျိုးသမီး
တစ်ယောက်ဖြစ်လေသည်။ ယခုတော့ သူမက ဆန်းတု
မြို့တော်က ထွက်ခွာသွားတော့မည် ဖြစ်လေသည်။
ဆန်းလျန်မှာ သာမန်လူတစ်ယောက်မဟုတ်ပါ။ ဘုရင်မနှင့်
ကျောက်ရှောင်ယွီတို့၏ နောက်ဆုံးတိုက်ပွဲတွင် သူ့အတွက်
အခွင့်အရေးတစ်ခုရှိမည်ဟု စိတ်ထဲတွင် ခံစားနေရလေသည်။
သူ၏အထွတ်ထိပ်ဆုံချက်မှာ ပွင့်သွားပြီဖြစ်သည့်တိုင်
သူ၏စွမ်းအားများမှာ သိပ်သည်းနေသည့်အတွက်ကြောင့် ထို
အစွမ်းကို ကောင်းကောင်းအသုံးပြု၍ မရသေးပါ။ သူ၏ရွှေ
ပြဒါးမဏ္ဍိုင်တွင် မတူညီသည့်စွမ်းအားရှစ်ခု၏ မတူညီသည့်
အရောင်များကို အတူတကွပေါင်းစည်းနိုင်မှသာ ထိုက်ရှီး

နည်းဗျူဟာကျင့်စဉ် ပထမအဆင့်အောင်မြင် မည်ဖြစ်လေ
သည်။ သို့သော် ထိုစွမ်းအားများမှာ ပုံမှန်မဟုတ်သည့်အတွက်
ရှို့နွံဝဲဂယက်တစ်ခုကဲ့သို့ဖြစ်ကာ တစ်ခုနှင့်တစ်ခု မူမမှန်ဘဲ
ရောစပ်ကုန်ကြလေသည်။ ဆန်းလျန်၏ကိုယ်တွင်းမှ တန်ခိုး
စွမ်းအားများကိုပင် ထိုရှို့နွံဝဲဂယက်ကြီးက စုပ်ယူနေလေ
တော့သည်။ ဆန်းလျန်က ထိုစွမ်းအားရှစ်ခုကို ဖိနှိပ်ထား
သည့်အတွက်ကြောင့်သာ သူ၏တန်ခိုးစွမ်းအားများ အရမ်း
လျော့နည်းမသွားရခြင်းဖြစ်လေသည်။

ဆန်းလျန်က ထိုစွမ်းအားရှစ်ခုကို ဖယ်ရှားဖို့ကြိုးစားလျှင်
လည်း ထိုစွမ်းအားရှစ်ခုက ပြင်ပမှ စွမ်းအားရှစ်ခု ဖြစ်သည့်
ထျန်း ၊ တိ ၊ ဆန်း ၊ ကျဲ့ ၊ စွေ ၊ ဟော် ၊ ဖုန်း ၊ လေ့
(ကောင်းကင် ၊ မြေကြီး ၊ တောင် ၊ ရှို့နွံ ၊ ရေ ၊ မီး ၊ လေ ၊
မိုးကြိုး)တို့နှင့်ပေါင်းစပ်သွားပြီး ပို၍ပင် ထိန်းချုပ်ရခက်ကုန်

လေတော့သည်။ ထိုအခါမျိုးတွင် ဆန်းလျန်မှာ အတွင်းဒဏ်ရ
မည့်အနေအထားသို့ပင် ရောက်ရလေသည်။
ဒြပ်စင်စွမ်းအားရှစ်ခုကို ဟန်ချက်ညီအောင်ထိန်းချုပ်နိုင်ခြင်းမ
ရှိလျှင် ထိုစွမ်းအားရှစ်ခုမှာ ခန္ဓာကိုယ်အပြင်ဘက်တွင် လှိုင်း
များကဲ့သို့တည်ရှိနေမည်ဖြစ်လေသည်။ ရေ ၊ မီး ၊ လေ နှင့်
မိုးကြိုးတို့မှာ ထူးဆန်းသည့်အဖြစ်အပျက်များဖြင့် နေရာယူနေ
မည်ဖြစ်လေသည်။ ဆန်းလျန်မှာ နတ်ဘုရားတစ်ပါးမဖြစ်သေး
သည့်အတွက် သူ၏ခန္ဓာကိုယ်မှာ ပျက်စီးနိုင်လေသည်။
ရေရှည်တွင် ထိုစွမ်းအားရှစ်ခုမညီမျှမှုကို ထိန်းချုပ်ထားနိုင်
မည်မဟုတ်ပေ။
ထိုက်ရှီးကျင့်စဉ်တန်ခိုးစွမ်းအားမှာ သူ့ကိုယ်ထဲတွင် နက်ရှိုင်း
စွာ အမြစ်တွယ်နေသည့်တိုင် ထိုစွမ်းအားများမှာ သူနှင့်
တခြားစီဖြစ်နေလေသည်။ ထိုစွမ်းအားများမှာ အလွန်ပြင်းထန်
ခြင်းမရှိသည့်တိုင် အားပြိုင်နေကြလေသည်။ အချင်းချင်း

ပေါင်းစပ်သွားလိုက် ၊ ပြန်လည်ကွဲကွာသွားလိုက်နှင့် မတည်မငြိမ်ဖြစ်နေကြလေသည်။

ထိုက်ရှီးကျင့်စဉ်ကို စတင်လေ့ကျင့်သည့်အချိန်က ဒြပ်စင်စွမ်းအားရှစ်မျိုးကို သူ၏တန်ခိုးစွမ်းအားနှင့် ပေါင်းစပ်သည့်အချိန်ကလည်း စွမ်းအားများ မတည်မငြိမ်ဖြစ်လေသည်။

သို့သော် ယခု စွမ်းအားများမတည်မငြိမ်ဖြစ်နေသည်က ယခင်ကအခြေအနေနှင့် တူညီခြင်းမရှိပေ။

ထို့ပြင် ထိုစွမ်းအားရှစ်မျိုးမှာ သူ၏ခန္ဓာကိုယ်ထဲတွင် အားပြိုင်နေကြသည်မှာ နှစ်ပေါင်းကြာနေပြီဖြစ်လေသည်။ ထိုသို့ အချိန်ကြာလာသည်နှင့်အမျှ အန္တရာယ်လည်းများလာလေသည်။

ထိုဒြပ်စင်စွမ်းအားများ တန်ခိုးစွမ်းအားကြီးထွားလာသည်နှင့်အမျှ ဆန်းလျှန်မထိန်းချုပ်နိုင်သည့် အခြေအနေသို့သာရောက်ရှိသွားလျှင် မည်သို့ဖြစ်မည်ကို ဆန်းလျှန်လည်းမသိပေ။

ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ သာမန်ကျင့်စဉ်စွမ်းအားများ နှင့် မတူညီသည်ကတော့အမှန်ပင်ဖြစ်လေသည်။ ထိုက်ရှီး တန်ခိုးစွမ်းအားများတွင် ကိုယ်ပိုင်ဝိညာဉ်စွမ်းအားများ ရှိနေ လေသည်။

ကူးချိုင်ဝေ့က သူ့ကို ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ပထမ ဆုံးအကြိမ် သင်ပေးသည့်အချိန်ကို သူပြန်စဉ်းစားကြည့် မိသည်။ သူမက မိုးမြေစွမ်းအားများကို လုံးဝအသုံးမပြုဘဲ သူ၏အင်းပညာကို ပယ်ဖျက်နိုင်ခဲ့သည်။ ဤသည်ကို ကြည့် ခြင်းအားဖြင့် ကိုယ်တွင်းမှ ထိုက်ရှီးကျင့်စဉ်တန်ခိုးစွမ်းအား များမှာ အလိုအလျောက် တုန့်ပြန်သည့်သဘောဖြစ်လေသည်။ ထိုစွမ်းအားက အင်းပညာကို စုပ်ယူမည့်အစား ဖြေလွှတ် ပေးလိုက်ခြင်းဖြစ်လေသည်။

အိပ်ပျော်နေသည့် ရှော့ရှီလေးထံမှ အသက်ရှူသံကို မှန်မှန်လေး ကြားနေရလေသည်။ ဆန်းလျန်က သူမကိုယ်ပေါ်သို့ စောင်

လေးခြိုပေးလိုက်ပြီး အခန်းထဲမှ ထွက်ခွာလာခဲ့လေသည်။

ထို့နောက် သူမအိပ်ပျော်နေသည့်အခန်းတံခါးကို တန်ခိုးဖြင့်

စည်းချထားခဲ့လေသည်။

ခုနစ်လာပိုင်း ခုနစ်ရက်နေ့သို့ရောက်ပြီဖြစ်လေသည်။

ခုနစ်လာပိုင်း ခုနစ်ရက်နေ့မှာ ခုနစ်နှစ်ထပ်ဖြစ်သည့်အတွက်

ပြည့်စုံမှုကို ဖော်ပြလေသည်။ ရှေးလူများက ကိန်းဂဏန်း

တွက်ချက်ရန်အတွက် ပေသီးခုံကို တီထွင်ခဲ့ကြပြီး ထိုပေသီးခုံ

တွင် အတန်းခုနစ်တန်းပါရှိလေသည်။ ဤသည်မှာ တိုက်ဆိုက်

ခြင်းမဟုတ်ပါ။ စကြာဝဠာ၏လျှို့ဝှက်စွမ်းအားကို အသုံးပြု

ကာ တီထွင်ထားခြင်းဖြစ်လေသည်။

ထိုသို့သော စကြာဝဠာလျှို့ဝှက်ချက်များကို မသိရှိပါက

ဒုက္ခရောက်တတ်လေသည်။

တာ့မင်နန်းတော်အပြင်ဘက်တွင် ဆယ်မိုင်ပတ်လည်ကျယ်

သည့် ရေကန်တစ်ခုရှိလေသည်။ နေ့ရက်များစွာ မှောင်မှိုင်းနေ

သည့် ရာသီဥတုမှာ ယခုတော့ ကြည်ကြည်လင်လင်ဖြစ်နေလေသည်။ ကောင်းကင်မှာ ကြည်လင်နေပြီး လရောင်က တောက်ပနေလေသည်။ ထို့ကြောင့် ရေကန်မှာလည်း လရိပ်ထင်ကာ တောက်ပနေလေသည်။

ဖားအော်သံများ ဟိုမှ ဒီမှ ထွက်ပေါ်လာတတ်ပြီး လေပြေလေးက ကြာရွက်များကို တိုက်ခတ်သွားလေသည်။

အန်းဖင်တူးမြောင်းမှာ ထိုရေကန်၏အပြင်ဘက်တွင်းတည်ရှိလေသည်။ မိုးများအဆက်မပြတ်ရွာသွန်းထားသည့်အတွက် ရေပြင်မှာ မြင့်တက်နေလေသည်။ တိတ်ဆိတ်သည့်ညကို ရေစီးသံက ဖြိုခွင်းနေသည်။ ထိုအန်းဖင်တူးမြောင်းမှာ ဘုရင်မကြီးတည်ဆောက်ခဲ့သည့် အကောင်းဆုံးလက်ရာဟု ပြော၍မရသည့်တိုင် ကောင်းမွန်သည်ကတော့ အမှန်ပင်ဖြစ်လေသည်။

ယနေ့ည စွေ့လျှန်ခန်းမဆောင်တွင် မည်သူမျှ ရှိမနေပါ။ ခန်းမဆောင်ထိပ်တွင် ဘုရင်မကြီး ရပ်နေလေသည်။ လေပြေက

သူမ၏ဦးခေါင်းထက်တွင် ဆောင်းထားသည့်သရဖူကို ဖြတ်သန်းတိုက်ခတ်နေသည်။ သူမသည် သာမန်မိန်းကလေး များထက် အနည်းငယ်အရပ်ပိုမြင့်လေသည်။ သရဖူဆောင်း ထားသည့်အတွက် အရပ်မှာ ပိုပြီး မြင့်နေသယောင်ထင်ရလေ သည်။

ရေမျက်နှာပြင်မှာ တည်ငြိမ်နေလေသည်။ ကြာပန်းများက လေအဝေ့တွင် ကခုန်နေကြသည်။ ကြာပန်းလေးများပေါ်မှ ရေစက်လေးများမှာ ပုလဲလေးများကဲ့သို့ပင် လွန်စွာမှလှပလေ သည်။ ထိုရှုခင်းကို မြင်ရသူမှာ မငေးဘဲမနေနိုင်အောင် ဖြစ်ရ မည်မှာ အသေအချာပင်။

ဆန်းလျန်မှာ ရေကန်နံဘေးရှိ ဝက်သစ်ချပင်ကြီးပေါ်တွင် ထိုင် နေလေသည်။ ဝက်သစ်ချပင် သစ်ကိုင်းများမှာ လေတိုက်ခတ် မှုကြောင့် လှုပ်ရမ်းနေပြီး ဆန်းလျန်၏ ပုံသဏ္ဌာန်မှာ နတ်ဘုရား တစ်ပါးကဲ့သို့ ဖြစ်လေသည်။

ဘုရင်မ၏အကြည့်က ဆန်းလျန်ဆီသို့ ကျရောက်သွားလေသည်။ သို့သော် ထိုအကြည့်တွင် မည်သည့်ခံစားချက်မျှ မပါဝင်ပေ။

ခုနစ်စင်ကြယ်မှာ ကြယ်များအားလုံးတွင် အလှဆုံးဖြစ်လေသည်။ ထိုခုနစ်စင်ကြယ်မှ ကြယ်တစ်လုံးမှာ အခြားသော ကြယ်များထက် တောက်ပနေလေသည်။

လှေငယ်လေးတစ်စင်းမှာ မြားတစ်စင်းအလား အရှိန်ဖြင့် လှော်ခတ်လာပြီး အန်းဖင်တူးမြောင်းမှတစ်ဆင့် ရေကန်ဆီသို့ ဝင်ရောက်လာလေသည်။ လှေပေါ်တွင်မိန်းမပျိုတစ်ယောက်ရှိနေပါသည်။ သူမက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ရှည်လျားသည့် ဆံနွယ်များကို ပိုင်ဆိုင်ထားလေသည်။ သူမ၏အလှနှင့် ကြပန်းရေကန်၏ရှုခင်းမှာ လိုက်ဖက်လွန်းလှသည်။ ထိုမိန်းမပျိုမှာ ကျောက်ရှောင်ယွီပင်ဖြစ်လေသည်။

ကျောက်ရှောင်ယွီက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး အဖြူရောင်ကြာပွင့်လေးအလား သန့်စင်လှပနေလေသည်။ လှေငယ်လေးတွင် လှော်တက်များမပါရှိပါ။ ထိုလှေမှာ ကျောက်ရှောင်ယွီ၏ခြေဖဝါးအောက်တွင် သဘာဝကျကျ ရွေ့လျားနေခြင်းဖြစ်လေသည်။ ရွေ့လျားနေသည့်အရှိန်နှင့် ဦးတည်ရာမှာ လှေကိုထိန်းချုပ်သည့် ပဲ့ကိုင်ရှင်၏ စိတ်သဘောအတိုင်းသာဖြစ်လေသည်။ ကျောက်ရှောက်ယွီက ခေါင်းကိုမော့ကြည့်လိုက်ပြီး ဘုရင်မကြီး၏အကြည့်ကို ရင်ဆိုင်လိုက်သည်။ လှေမှာ ရုတ်တရက် ရပ်တန့်သွားလေ သည်။ ကြာပန်းရေကန်ထဲတွင် လှိုင်းဂယက်များရိုက်ခတ်သွား လေသည်။ ကျောက်ရှောင်ယွီ၏ဝတ်ရုံမှာ သူမ၏လှပသည့် ခြေဖဝါးလေးများကို ဖုံးကွယ်ထားခြင်းမရှိပေ။ ဘုရင်မကြီးက ကျောက်ရှောင်ယွီကို စိုက်ကြည့်နေလေသည်။ ဘုရင်မကြီးအနေဖြင့် ကျောက်ရှောင်ယွီကို ပထမဆုံးအကြိမ်

မြင်တွေ့ဖူးခြင်းဖြစ်လေသည်။ ဒီကြာပန်းကိုးပွင့်စုန်းမသည် သူမလုပ်သမျှအရာအားလုံးကို နှောင့်ယှက်နေသူဖြစ်လေသည်။ ယခင်ကြာပန်းကိုးပွင့်ဂိုဏ်းချုပ်နှင့်မတူညီစွာ သူမကတော့ သတ္တိရှိပြီး အေးစက်လေသည်။ ထို့ထက်ပိုပြီးအရေးပါသည့်အချက်မှာ သူမတွင် ခံစားချက်မရှိခြင်းဖြစ်လေသည်။ ထိုသို့ခံစားချက်မရှိသည်က ကြောက်စရာကောင်းသည့်အချက်ဖြစ်လေသည်။

ဘုရင်မကြီးသည် ကျောက်ရှောင်ယွီ၏ လွှမ်းမိုးခံလိုက်ရမှုမှ ရုန်းမထွက်နိုင်ဖြစ်ရလေသည်။

သို့သော် ... ရုတ်တရက် ဘုရင်မကြီးက လှုပ်ရှားလိုက်လေသည်။ လေထုမှာကွဲအက်သွားပြီး ပေါက်ကွဲသံတစ်ခုကို ဆန်းလျန်ကြားလိုက်ရလေသည်။ထိုပေါက်ကွဲသံကြောင့် ဆန်းလျန်၏ အတွင်းအားနှင့် သွေးများပင် တုန်လှုပ်သွားရလေသည်။ သာမန်လူသာဆိုလျှင် မူးမေ့ သတိလစ်သွားမည်ဖြစ်လေသည်။

သူမက မြေစွဲအားကို သူမ၏အရှိန်ဖြင့်ပေါင်းစပ်လိုက်ခြင်းဖြစ်လေသည်။ သူမလှုပ်ရှားလိုက်သည်နှင့် လေထဲမှ ဓားတစ်လက်ထွက်ပေါ်လာလေသည်။ ထူးဆန်းသည့်စွမ်းအားများပေါင်းစည်းသွားပြီး ထိုဓားက ဘုရင်မလက်တွင်းသို့ရောက်သွားကာ ကျောက်ရှောင်ယွကို ချက်ချင်းပင် ဓားဖြင့်ထိုးခုတ်လိုက်လေတော့သည်။

ကြီးမားသည့်စွမ်းအားထုကြီးက ကျောက်ရှောင်ယွီကို ဝန်းရံထားလေသည်။

ဆန်းလျန် တာအိုကျင့်စဉ်လမ်းကိုဝင်ရောက်ပြီးကတည်းက ဂါထာမန္တန်နှင့် အင်းသင်္ကေတများကိုသာ တန်ခိုးစွမ်းအားအဖြစ် သုံးစွဲခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် သူက မိုးမြေစွမ်းအားကိုအသုံးပြုကာ လူ့လောကရှိ သာမန်သိုင်းပညာရှင်လောက်ကိုတော့ ကောင်းစွာအနိုင်ယူနိုင်လေသည်။ ထို့ကြောင့် သူက ဘုရင်မကြီးအသုံးပြုလိုက်သည့်သိုင်းပညာကို ကောင်း

စွာသိမြင်လေသည်။ သို့သော် သူမအသုံးပြုလိုက်သည့်သိုင်း ပညာမှာ သာမန်သိုင်းပညာမဟုတ်သလို အဆင့်လည်းမြင့်လေ သည်။

လေထုမှာလည်း ဓားတစ်ချောင်းကဲ့သို့ပင် အေးစက်ထက်ရှနေ လေသည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်လေသည်။ သူမကိုကြည့်ရ သည်မှာ တစ်ချက်ကလေးမှ ကြောက်လန့်သည့်ပုံမပေါ်ပေ။ သူမကလေဟုန်စီးပြီး ပျံတက်သွားလေသည်။ သူမစီးလာ သည့်လှေမှာ တစ်စစီကွဲကာ ပျက်စီးသွားလေသည်။ ကြာပန်း ရေကန်မျက်နှာပြင်ထက်တွင် ပျက်စီးသွားသည့်လှေမှ သစ်သားအပိုင်းအစများ တစ်စစီပြန့်ကျဲနေသည်ကို မြင်တွေ့ နိုင်လေသည်။

အခန်း (၁၂၃)

ထျန်းကျီဝမ့်ချိ

ကျောက်ရှောင်ယွီမှာ လေထဲတွင် ရပ်တန့်နေလေသည်။ သူမဆီမှ အဖြူရောင်အလင်းတန်းများ တောက်ပနေလေသည်။

လရောင်မှာ နေရောင်၏အလင်းကို ရောင်ပြန်ဟပ်ပြီး အလင်းရောင်တောက်ပခြင်းဖြစ်သော်လည်း သူမကတော့ ကိုယ်ပိုင်အလင်းရောင်ဖြင့် တောက်ပနေခြင်း ဖြစ်လေသည်။ ထို့ကြောင့် သူမ၏အလင်းကို ကြယ်ရောင်ဖြင့် တင်စားသင့်လေသည်။

သူမ၏မျက်ခုံးနှစ်ဖက်ကြားတွင် အဖြူရောင်ကြာပန်းပုံသဏ္ဍာန် လေးက တောက်ပစွာ ပေါ်လာသည်။ သူမခန္ဓာကိုယ်မှ အလင်းရောင်များမှာ လေထဲသို့ တောက်ပစွာ ဖြာထွက်သွား လေသည်။ တောက်ပလွန်းသည့် အလင်းရောင်ကြောင့် သူမ အမှန်တကယ်ရပ်တန့်နေသည့်နေရာကိုပင် ခန့်မှန်းရခက်နေ လေသည်။

ဘုရင်မကြီးက ကြာရွက်တစ်ရွက်ပေါ်တွင် ရပ်တန့်နေပြီး ကျောက်ရှောင်ယွီကို စိုက်ကြည့်နေလေသည်။ သူမ၏မျက်ဝန်း များမှာနတ်ဘုရားတစ်ပါးကဲ့သို့ အရောင်များ တလက်လက် တောက်ပနေလေသည်။

သူမတိုက်ခိုက်လိုက်သည့်ဓားကွက်မှာ အလွန်မှအစွမ်းထက် သည့် ဓားကွက်ဖြစ်လေသည်။ ဟိုင်သန်းအဆင့် ကျင့်ကြံသူ တစ်ယောက်မဟုတ်လျှင် ထိုဓားချက်ကို ခုခံနိုင်မည် မဟုတ် ပေ။

ကျောက်ရှောင်ယွီ၏ တန်ခိုးစွမ်းအားမှာ ဆန်းတုမြို့တော်၏ ဘုရင့်တပ်မတော်တစ်ခုလုံးချီတက်လာမည်ဆိုလျှင်ပင် ရယ်စရာတစ်ခုကဲ့သို့ဖြစ်နေမည်ဖြစ်လေသည်။ အတွေ့အကြုံများပြီး မြင့်မြတ်သန့်စင်သည့် တန်ခိုးစွမ်းအားရှိသည့် ကျင့်ကြံသူများကို သာမန်စစ်သည်တော်အုပ်စုဖြင့် နှိမ်နင်းနိုင်မည် မဟုတ်ပေ။

ရှေးခေတ်အခါက မှော်ပညာစွမ်းအားများဖြင့်ဖွဲ့စည်းထားသည့် စစ်သည်တော်တပ်ဖွဲ့ဆိုလျှင်တော့ သူမကို တိုက်ခိုက်အနိုင်ယူနိုင်ကောင်းယူနိုင်မည်ဖြစ်လေသည်။ သို့မဟုတ် သွေးအတွင်းအားနှင့် မိစ္ဆာစွမ်းအားများကို အသုံးပြုလျှင်လည်း သူမကို အနိုင်ရနိုင်လေသည်။ သို့သော် ဘုရင်မကြီးတွင် ထိုကဲ့သို့သော တန်ခိုးစွမ်းအားများ ရှိမနေပါ။

လေပြေကတိုက်ခတ်ပြီး လမင်းက ထိန်ထိန်သာနေလေသည်။ ထို့ကြောင့်ပင် တောင်ပိုင်းမျှော်စင်ထက်တွင် သာယာလှပလျှက်ရှိလေသည်။

ဆန်းလျန်မှာ တောင်ပိုင်းမျှော်စင်ထက်တွင် ရှိမနေပါ။ သူက ဝက်သစ်ချပင်ပေါ်တွင် ရှိနေခြင်းဖြစ်လေသည်။ သူက ကောင်းကင်တွင်ထိန်ထိန်သာနေသည့် လမင်းကိုမော့ကြည့်ခြင်းမရှိပါ။

ဘုရင်မကြီးထံမှ ပေါက်ကွဲထွက်လာသည့် အတွင်းအားများက ထိန်ထိန်သာနေသည့် လမင်းထက်ပိုပြီး စိတ်ဝင်စားဖွယ်ကောင်းနေလေသည်။ ကျောက်ရှောင်ယွီမှာ လေပြေလေးကဲ့သို့ လွင့်မျောနေပြီး မည်သူမျှ သူမကို ထိန်းချုပ်နိုင်မည်မဟုတ်ပေ။

ဘုရင်မကြီး၏မျက်ဝန်းများ အရောင်ပြောင်းလဲသွားလေသည်။ သူမ၏မျက်လုံးများမှာ မြူနှင်းများကဲ့သို့ လင်းလက်

လာပြီး ကျောက်ရှောင်ယွီ ဖုံးကွယ်ထားသည့်အရာမှန်သမျှကို တွေ့မြင်နိုင်စွမ်းရှိလေသည်။ ကျောက်ရှောင်ယွီမှာ ဘုရင်မကြီး ထံမှ ပုန်းကွယ်နိုင်မည်မဟုတ်တော့ပေ။

ဘုရင်မကြီးက ဆန်းလျန်ကိုလည်း သတိထားနေလေသည်။ သို့သော် သူမက ဆန်းလျန်ကို တစ်ချက်ပင်မကြည့်ပေ။

"ဘုရင်မ ၊ ရှင့်ရဲ့ ထျန်းကျီဝမ့်ချိကျင့်စဉ်က လေးစားလောက်ပါပေတယ်"

ကျောက်ရှောင်ယွီ၏ သိမ်မွေ့နူးညံ့သည့်အသံက လေထဲတွင် ပျံ့လွင့်လာလေသည်။

ကျောက်ရှောင်ယွီ၏ခန္ဓာကိုယ်မှာ လေထဲတွင် လွင့်မျောနေလေသည်။ လေဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ရသည့် အရာ မဟုတ်ပါ။ ထို့ကြောင့်ဘုရင်မ၏တိုက်ခိုက်မှုတိုင်းမှာ အချည်းအနှီးသာဖြစ်နေရလေသည်။ "ထျန်းကျီဝမ့်ချိကျင့်စဉ်" စွမ်းအားကို ဘုရင်မကြီးအသုံးပြုလျှင် ကျောက်ရှောင်ယွီမှာ

လေပင်ဖြစ်စေဦးတော့ ဘုရင်မကြီး၏ မျက်ဝန်းအကြည့်များ ဆီမှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ထိုကျင့်စဉ်က အတွင်းအားလှုပ်ရှားမှုကိုကြည့်ပြီး ပုံရိပ်ဖော်နိုင်သည့် ကျင့်စဉ်ဖြစ်လေသည်။

ရှေးခေတ်အခါတုန်းက သူတော်စင်ထျန်းကျီသည် လေးရာသီ အတွင်းအားကျင့်စဉ်ကို တီထွင်ခဲ့ပြီး တောတောင်ရေမြေ ၊ မြစ်ချောင်းအင်းအိုင်များကိုပင် ပြောင်းလဲပစ်ခဲ့လေသည်။ ဘုရင်မကြီးမှာ ထိုကျင့်စဉ်ကို ကျင့်ကြံသည့်သူဖြစ်လိမ့်မည်ဟု ဆန်းလျှန်မျှော်လင့်မထားခဲ့မိပေ။ ဘုရင်မကြီး၏ပညာအမွေကို ဆက်ခံနိုင်မည့်သူ ရှိမည်မဟုတ်ဟု ဆန်းလျှန်တွေးမိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျင့်စဉ်တန်ခိုးစွမ်းအားမှာ ချင်းရွှမ်နတ်တံခါးမှ ခွဲထွက်သွားသည့် ပညာရပ်နှင့် ဆင်တူနေသောကြောင့်ဖြစ်လေသည်။

ဘုရင်မကြီး၏သိုင်းကွက်များမှာ ကြောက်စရာကောင်းပြီး ရက်စက်လေသည်။ သူမ၏ခန္ဓာကိုယ်မှာ လေထုထဲတွင် ပျောက်ကွယ်နေပြီး လေကိုထိုးခွဲသွားသည့် တိုက်ခိုက်မှုအသံများကိုသာ ကြားနေရလေသည်။ ဘုရင်မ၏သိုင်းပညာမှာ လေးစားလောက်စရာပင်။။

ဘုရင်မ၏ နဂါးဝတ်ရုံနှင့် သရဖူမှာလည်း သာမန်ပစ္စည်းများ မဟုတ်ပါ။ ထိုအရာများမှာ ဘုရင်မလှုပ်ရှားသည့် လျှင်မြန်မှုနှင့်အတူ လိုက်လျောညီထွေဖြစ်နေလေသည်။

ကျင့်ကြံသူဆိုသည်မှာ မိုးမြေစွမ်းအားများ၏အနှစ်သာရကို ခန္ဓာကိုယ်ထဲစီးဝင်စေပြီး ကျင့်ကြံရခြင်းမျိုးဖြစ်လေသည်။ သို့သော်ကျင့်ကြံနိုင်သည့်အတိုင်းအတာတစ်ခုထိသာ သတ်မှတ်ပြီး ကျင့်ကြံရမည်ဖြစ်လေသည်။ ရုပ်ခန္ဓာမပျက်မစီး ထာဝရတည်မြဲသည်အထိ ကျင့်ကြံမည်ဆိုလျှင်တော့ လုံလောက်သည့်အားအင်စိုက်ထုတ်မှုရှိရန် လိုအပ်လေသည်။

ကျင့်စဉ်နှင့် ရုပ်ခန္ဓာ အပေးအယူညီမျှရန်မှာလည်း အရေးကြီး လေသည်။

နတ်ဘုရားမဖြစ်မီ နောက်ဆုံးအဆင့်ကျင့်စဉ်တွင် ရုပ်ခန္ဓာမှာ မရှိမဖြစ်လိုအပ်သည့်အရာတစ်ခု မဟုတ်တော့ပေ။ ရုပ်ခန္ဓာမလိုအပ်တော့သည့်အဆင့်သို့ရောက်သွားပြီး မူလဖြစ်တည်မှုဝိညာဉ်က ပေါ်ပေါက်လာကာ ပုံသဏ္ဌာန်ကိုတည်ဆောက်ပေးမည်ဖြစ်လေသည်။ ထိုအဆင့်သို့ရောက်ပါက မိုင်ပေါင်းတစ်သောင်းပတ်လည်ကို သွားလာနိုင်မည်ဖြစ်သည့်အပြင် ဘဝ၏ဒုက္ခတရားများဖြစ်သည့် အိုခြင်း ၊ နာခြင်း ၊ သေခြင်းလည်း တရားများမှ ကင်းလွတ်မည်ဖြစ်လေသည်။

ထို့ကြောင့် တာအိုဆရာများက ကျင့်ကြံသူများကို မိုးမြေစွမ်းအားများကို လေ့ကျင့်ခိုင်းခြင်းဖြစ်လေသည်။ နတ်ဘုရားတစ်ပါးဖြစ်သွားသည့်အခါတွင်တော့ ရုပ်ခန္ဓာ၏အခန်းကဏ္ဍက လျော့နည်းသွားမည်ဖြစ်လေသည်။

ထျန်းကျီဝမ့်ချိကျင့်စဉ်စွမ်းအားကြောင့် မမြင်ရသည့်လေထုမှာ အေးခဲသွားလေသည်။ ကျောက်ရှောင်ယွီမှာလည်း လေထုထဲမှ တဖြည်းဖြည်းဆင်းသက်လာရလေသည်။ သူမ၏ "ယင်" ဝိညာဉ်စွမ်းအားမှာ သူမ၏ရုပ်ခန္ဓာအပြင်ဘက်သို့ ရောက်ရှိနိုင်ခြင်းမရှိသေးပေ။ ထို့ပြင် သူမမှာ "ပု ရှီး" အဆင့်ကျင့်ကြံသူမဟုတ်သည့်အတွက် ပါးလွှာသည့် လေထုထဲတွင် အကြာကြီးရပ်တည်နိုင်ရန်မှာ မဖြစ်နိုင်ပေ။ ကျင့်ကြံသူများမှာ ကျင့်စဉ်စွမ်းအားအကူအညီဖြင့်သော်လည်းကောင်း ၊ ဓားကိုအသုံးပြု၍သော်လည်းကောင်း ပျံသန်းနိုင်ကြလေသည်။ သို့သော် "ပု ရှီး" အဆင့်သို့ တက်ရောက်နိုင်ပြီ (သို့မဟုတ်) ရှူယိအသွင်းပြောင်းပညာကို အောင်မြင်အောင်လေ့ကျင့်နိုင်ပြီဆိုလျှင်တော့ မြေဆွဲအားကိုဆန့်ကျင်ပြီး လေထုထဲတွင် ရပ်တည်နိုင်သည့်အစွမ်းကို ရရှိမည်ဖြစ်လေသည်။

ကျောက်ရှောင်ယွီမှာ "ရှန်" ဝါဒကျင့်စဉ်လမ်းကို လျှောက်လှမ်းနေသူဖြစ်လေသည်။ သို့သော် သူမသည် ရုပ်ခန္ဓာမလိုအပ်သည့်အဆင့်သို့ ရောက်ရှိအောင် ကျင့်ကြံနိုင်ခြင်းမရှိသေးပေ။ သူမ၏ လှပချောမွေ့နေသည့် လက်လေးထဲတွင်အနက်ရောင်မြေကြီးတစ်စုပ်ကို စုပ်ကိုင်ထားလေသည်။ ထိုမြေကြီးမှာ မျက်နှာပြင်ချောမွေ့နေပြီး အမည်မဖော်နိုင်သည့် အငွေ့အသက်တစ်မျိုးထွက်နေလေသည်။

ထိုမြေကြီးလက်တစ်စုပ်ကိုမြင်သည်နှင့် ဘုရင်မက ချက်ချင်းပင် အနောက်သို့ခုန်ဆုတ်လိုက်လေသည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။

အဝေးမှကြည့်နေသည့်ဆန်းလျန်သည်ပင်လျှင် ခံစားချက်များရှုတ်ထွေးသွားရလေသည်။ သူ့ရှေ့မှ ပြင်းထန်သည့်သက်ရောက်မှုကြောင့် သူ၏ဝိညာဉ်သည်ပင်လျှင် ရုတ်တရက် "ဝိညာဉ်ရှုတ်ထွေးမှု" အခြေအနေကို ရင်ဆိုင်လိုက်ရလေသည်။

သို့သော် သူ၏စိတ်အစဉ်က တည်ငြိမ်နေသေးသည့်အတွက် ထိတ်လန့်သွားခြင်းမျိုးတော့ မဖြစ်မိပေ။ ထိန်ထိန်သာနေသည့် လမင်းမှ ပျောက်ကွယ်သွားပြီဖြစ်လေသည်။ လမင်းမှာ ဝက်သစ်ချပင်ထိပ်ဖျားတွင် သာနေခြင်းမရှိတော့ပေ။ ပတ်ဝန်းကျင်တစ်ခုလုံးမှောင်မိုက်နေလေသည်။ လောကကြီး တစ်ခုလုံး အမှောင်ထုထဲတွင် ပိတ်မိနေသကဲ့သို့ဖြစ်နေလေ သည်။

ဆန်းလျန်၏ခန္ဓာကိုယ်မှာ ငှက်မွေးလေးတစ်ခုအလား ပေါ့ပါး စွာဖြင့် ဝက်သစ်ချပင်ပေါ်မှ ခုန်ချလိုက်လေသည်။

သူက မြေပြင်ထက်တွင် ရပ်နေလေသည်။ ထိုအချိန်မှာပင် သူ နှင့်ပေတစ်ရာခန့်အဝေးတွင် ဘုရင်မကြီးနှင့် ကျောက်ရှောင်ယွီ တို့မှာလည်း ရပ်တန့်နေလေသည်။ ဘုရင်မကြီးနှင့် ကျောက် ရှောင်ယွီတို့ကြား အကွာအဝေးမှာ ဆယ်ပေကျော်ကျော်ခန့်မျှ

သာရှိတော့သည်။ သူတို့နှစ်ယောက်မှာ အလွန်နီးကပ်နေပြီဖြစ်လေသည်။

"မင်းမှာ နတ်ဘုရားမြေမှုန့်ရှိနေမယ်လို့ ထင်မထားမိဘူး ၊ ဒီလို ရှားပါးပြီး တန်ဖိုးရှိတဲ့အရာကို ဒီလိုလွယ်လွယ်နဲ့ သုံးလိမ့်မယ်လို့ ထင်မထားဘူး"

ဘုရင်မကြီးက အေးစက်စွာပြောလိုက်လေသည်။

ထိုအခါမှ ဘုရင်မကြီးမှာ အနက်ရောင်မြေကြီးများကို မြင်သည်နှင့် နောက်သို့ချက်ချင်းပင်ခုန်ဆုတ်လိုက်သည့် အချက်ကို ဆန်းလျန် နားလည်သွားရလေသည်။ ရှေးခေတ်ရှေးအခါက မြင့်မြတ်သည့် နတ်ဘုရားများစွာရှိခဲ့ကြလေသည်။ တာအိုကျင့်စဉ်လမ်းမှာ ယခုကဲ့သို့တိတိကျကျမရှိသေးသည့် အချိန်ဖြစ်သော်လည်း နတ်ဘုရားများကတော့ ပေါ်ထွက်နေမြဲဖြစ်လေသည်။

မြင့်မြတ်သည့်နတ်ဘုရားများမှာ လွန်စွာမှ အစွမ်းထက်လေ

သည်။ သူတို့က အဆုံးမရှိသည့်စကြာဝဠာထဲတွင် လွတ်လပ်

စွာဖြင့် သူတို့၏နေထိုင်သည့်နေရာကို ဖန်တီးကြလေသည်။

ဒဏ္ဍာရီထဲမှ မိုးကောင်းကင်နန်းတော်မှာ မိုးနတ်မင်းနေသည့်

နေရာဖြစ်လေသည်။ မိုးနတ်မင်း၏တန်ခိုးစွမ်းအားမှာ

အတိုင်းအဆမရှိပေ။ ထို့ကြောင့် မိုးကောင်းကင်နန်းတော်မှာ

လည်း စကြာဝဠာတွင် အတိုင်းအဆမရှိကျယ်ပြန့်လေသည်။

အနောက်ဘက်မိုးကောင်းကင်တွင်တည်ရှိသည့် အော်မီတော်

ဖော်ဘုရားနေထိုင်သည့်နေရာမှာလည်း အတိုင်းအဆမရှိ

ကျယ်ပြန့်လေသည်။

ထိုနေရာနှစ်ခုမှာ နာမည်ကျော်ကြားလှလေသည်။ "ရှန်" ဝါဒ

ကျင့်စဉ်လမ်းတွင်လည်း သူတို့၏ ကိုယ်ပိုင်နေရာရှိလေသည်။

ထိုနေရာကို မိုးကောင်းကင်တိုင်းပြည်ဟုခေါ်လေသည်။

သူတော်စင်ထျန်းကျိမှာလည်း ထို မိုးကောင်းကင်တိုင်းပြည်နှင့်

အရည်အသွေးတူညီသည့် "ဘုရင့်နိုင်ငံ" ဆိုသည့်နေရာတစ်ခုရှိလေသည်။

ဘုရင့်နိုင်ငံပင်ဖြစ်စေ ၊ မိုးကောင်းကင်တိုင်းပြည်ပင်ဖြစ်စေ ၊ မြင့်မြတ်သောနတ်ဘုရားများ၏ နေရာများပင်ဖြစ်စေ အရာအားလုံးမှာ ဖန်ဆင်းထားသည့် နေရာများသာဖြစ်လေသည်။ ရှီးမီတောင်ကဲ့သို့လည်းကျယ်ပြန့်နိုင်သလို မုန်ညင်းစေ့ကဲ့သို့လည်း သေးငယ်အောင်လုပ်၍ရလေသည်။ ထိုနေရာများအားလုံးမှာ အဆုံးမဲ့စကြာဝဠာထဲတွင် နက်နဲစွာဖြင့်တည်ရှိနေကြခြင်းဖြစ်လေသည်။ ထိုနေရာများတွင် အလွန်မှ တန်ဖိုးရှိသည့်ပစ္စည်းများလည်း ရှိလေသည်။

ကျောက်ရှောင်ယွီအသုံးပြုလိုက်သည့် နတ်ဘုရားမြေမှုန့်မှာ မိုးကောင်းကင်တိုင်းပြည်မှ ပစ္စည်းတစ်ခုဖြစ်လေသည်။ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်သာ ထိုပစ္စည်းကိုအသုံးပြုမည်ဆိုလျှင် လူသားများကို ပိတ်မိနေစေသည့် နေရာတစ်ခု

ဖန်တီးနိုင်မည်ဖြစ်လေသည်။ ထိုမှောင်မိုက်သည့်နေရာအတွင်းသို့ ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ တဖြည်းဖြည်းစိမ့်ဝင်နေလေသည်။ ထိုသို့ဆက်ဖြစ်နေပါက သူ၏တန်ခိုးစွမ်းအားများအားလုံး ဆုံးရှုံးသွားရပေမည်။ မဟုတ်ပါက အသက်လည်းသေဆုံးသွားနိုင်ပေသည်။ သို့မဟုတ် သူတစ်သက်လုံးကျင့်ကြံခဲ့သမျှ တန်ခိုးစွမ်းအားများအားလုံး ထာဝရဆုံးရှုံးသွားခြင်းမျိုးလည်း ဖြစ်နိုင်လေသည်။

နေရာနှင့်ပတ်သက်သည့် အင်းချပ်ပညာများစွာရှိလေသည်။ ကိုယ်ပိုင်ကမ္ဘာတစ်ခုကို တည်ဆောက်ထားနိုင်သည့် အင်းချပ်ပညာမျိုးဖြစ်လေသည်။

ကျောက်ရှောင်ယွီက နတ်ဘုရားမြေမှုန့်ကိုအသုံးပြုပြီး ဖန်ဆင်းလိုက်သည့်နေရာမှာ ကြီးမားကျယ်ပြန့်သည့်နေရာတစ်ခုမဟုတ်ပါ။ သူမနှင့်ဘုရင်မကြီးအတွက် နောက်ဆုံးပွဲသိမ်းတိုက်ပွဲတိုက်ခိုက်ရာ နေရာအဖြစ် ဖန်ဆင်းလိုက်ခြင်းဖြစ်လေသည်။

အင်းပညာအသုံးပြုပြီးမချေဖျက်ပါက နတ်ဘုရားမြေမှုန့်နှင့် ဖန်ဆင်းထားသည့်နေရာမှ ထွက်ခွာသွားနိုင်မည်မဟုတ်ပေ။ ကျောက်ရှောင်ယွီက ထိုသို့သောနေရာကိုဖန်ဆင်းရန်အတွက် အခြားနည်းလမ်းကို အဘယ်ကြောင့်မသုံးဘဲ နတ်ဘုရားမြေမှုန့်ကို အသုံးပြုရပါသနည်း။ အဘယ်ကြောင့်ဆိုသော် သူမတွင် အခြားနည်းလမ်းမရှိသောကြောင့် ဖြစ်လေသည်။ ထို့ပြင် အင်းပညာကိုအသုံးပြုမည်ဆိုပါကလည်း နတ်ဘုရားမြေမှုန့်ကို အသုံးပြုခြင်းထက် ပိုပြီးခက်ခဲနိုင်သောကြောင့်ဖြစ်လေသည်။ အင်းပညာကိုတစ်ဖက်ကမ်းခတ်ကျွမ်းကျင်သည့် ဆရာသခင်တစ်ပါးက ကူညီပေးမည်ဆိုလျှင်တောင် အားစိုက်ထုတ်မှုများစွာကို ပြုလုပ်ရမည်ဖြစ်လေသည်။

ကျောက်ရှောင်ယွီမှာ ဘုရင်မနှင့် သူသေကိုယ်သေ တိုက်ခိုက်တော့မည်ကို မပြောဘဲနှင့် သိနိုင်လေသည်။

နတ်ဘုရားမြေမှုန့်ကို ကနဦးအသုံးပြုခဲ့သည့်သူဖြစ်သည့် ကျောက်ရှောင်ယွီကသာ သူဖန်ဆင်းထားသည့်နေရာကို ထိန်းချုပ်နိုင်လေသည်။ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် ခုနစ်ဆင့်ဖြင့်အောင်မြင်ထားသည့် ကျင့်ကြံသူတစ်ယောက်ပင် လျှင် သူမ၏ခွင့်ပြုချက်မရဘဲ ဤနေရာမျိုးမှ ထွက်ခွာသွားရန် မဖြစ်နိုင်ပေ။

ဆန်းတုမြို့တော်မှာ ဘုရင်မကြီး၏ပိုင်နက်ဖြစ်သည့်အတွက် ကျောက်ရှောင်ယွီအတွက် အနိုင်ရရန်မျှော်လင့်ချက် သိပ်မရှိပေ။ သို့သော် ယခုတော့ သူတို့နှစ်ယောက်စလုံး တူညီသည့် မြေပြင်ပေါ်တွင် တိုက်ခိုက်နိုင်တော့မည် ဖြစ်လေသည်။

ကျောက်ရှောင်ယွီတွင် နတ်ဘုရားမြေမှုန့်ကဲ့သို့ တန်ဖိုးရှိသည့် ပစ္စည်းမျိုး ပိုင်ဆိုင်ထားလိမ့်မည်ဟု မျှော်လင့်မထားမိသည်မှာ ဘုရင်မကြီး၏အမှားပင်ဖြစ်လေသည်။ ယခုတော့ ဘုရင်မကြီး မှာ တိုက်ခိုက်ရန် အသင့်အနေအထားဖြစ်နေလေသည်။

ဆန်းလျှန်ကတော့ သူတို့နှစ်ယောက်ကို တိတ်ဆိတ်စွာပင်ကြည့်နေလေသည်။ သူက စကားတစ်ခွန်းမှ ပြောဆိုခြင်းမရှိပါ။ ကျောက်ရှောင်ယွီအနေဖြင့် သူ့ကို ဤနေရာသို့ ဆွဲသွင်းရန်မလိုပေ။ သို့သော် ကျောက်ရှောင်ယွီက သူ့ကိုပါ ဆွဲထည့်ခဲ့လေပြီ။ သူမက ပိုက်ကွန်တစ်ခုတည်းဖြင့် ငါးတွေအကုန်ဖမ်းမိရန်ကြိုးစားနေခြင်းလား သို့မဟုတ် သူမအကြံအစည်မည်သို့ရှိမည်လဲဆိုသည်ကိုတော့ မသိနိုင်ပါပေ။

အခန်း (၁၂၄)

ဘဝအဆုံးသတ်ကြာပန်းဖြူကျင့်စဉ်

ဆန်းလျန်၏အတွေးများမည်သို့ရှိသည်ကို ကျောက်ရှောင်ယွီ

က ခန့်မှန်းမိလေသည်။

"ဆန်းသခင်လေး ၊ ရှင်က ကျွန်မရဲ့ဂိုဏ်းတူအစ်မလိုပဲ ဒီနေရာ

ကထွက်သွားဖို့ ဆုံးဖြတ်လို့ရပါလျှက်နဲ့ ရှင့်ဟာရှင် ထွက်မသွား

တာကတော့ ကျွန်မလည်းမတတ်နိုင်ဘူးနော် ၊ ဒါပေမယ့် ရှင်က

အခြေအနေတွေကို နားလည်ပေးပြီး ကျွန်မရဲ့ ကြာပန်းကိုးပွင့်

စောင့်ရှောက်သူအဖြစ် ကျွန်မကို ကူညီမယ်လို့ မျှော်လင့်မိပါ

တယ် ၊ ဒါဆိုရင် ရှင့်ကို ကျွန်မက နာကျင်အောင်မလုပ်ပါဘူး ၊

ရှင်ဟိုင်သန်းအဆင့်အောင်မြင်သွားခဲ့ရင် ကျွန်မတို့နှစ်ယောက်

က တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်ပေးနိုင်တဲ့

ကျင့်စဉ်လမ်းခရီးသွားဖော်တွေဖြစ်သွားမှာပေါ့ ၊ ကျွန်မတို့

အတူတူဆိုရင် ဘာမဆို ရင်ဆိုင်နိုင်မှာပါ"

သူမက ပြောလိုက်လေသည်။

ကျောက်ရှောင်ယွီ၏စကားကိုကြားတော့ ဆန်းလျန်က သိမ်မွေ့စွာပင် ရယ်မောလိုက်လေသည်။

"မင်းမှာဒီလိုအတွေးမျိုးရှိနေတာ အံ့သြမိတယ်၊ ကျုပ်စိတ်လှုပ်ရှားနေတာဝန်ခံပါတယ်၊ ဒါပေမယ့် ကျုပ်ကို ဖိအားပေးပြီး အတင်းအဓမ္မလုပ်ခိုင်းတာမျိုးဆိုရင် ကျုပ်သိပ်မုန်းတာပဲ" ဆန်းလျန်က ပြောလိုက်လေသည်။

ဘုရင်မကတော့ ငြိမ်သက်နေလေသည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာမှ မမြင်ရသည့်စွမ်းအားတစ်ခုက သူမကို ထိန်းချုပ်ထားသောကြောင့်ဖြစ်လေသည်။ သို့တိုင်အောင် သူမ၏ပုံစံမှာ တည်ငြိမ်နေဆဲဖြစ်လေသည်။

"မတရားစော်ကားခံရသည့်အခါမျိုးတွင် ဒေါသမထွက်မပါနှင့်၊ ကံဆိုးမိုးမှောင်ရုတ်တရက်ကျရောက်လာလျှင်လည်း မထိတ်လန့်ပါနှင့်" ဆိုသည့်စကားပုံအတိုင်းပင် ဘုရင်မကြီးက တည်ငြိမ်သူတစ်ယောက်ဖြစ်လေသည်။

သို့သော် သူမ၏တန်ခိုးစွမ်းအားများမှာ ထိန်းချုပ်ခံထားရပြီ ဖြစ်လေသည်။ သူမ၏စွမ်းအားများကို သုံး၍မရတော့သလို ဂါထာမန္တန်များကိုလည်းအသုံးပြု၍မရတော့ပေ။

"ဆန်းသခင်လေး ၊ ကျွန်မပြောနေတဲ့ကိစ္စကအရေးကြီးတယ်နော် ၊ ကျွန်မနည်းနည်းလောက်အားစိုက်လိုက်တာနဲ့ ရှင်တို့နှစ်ယောက်လုံးဒုက္ခရောက်သွားနိုင်တာ သိတယ်မလား"

ကျောက်ရှောင်ယွီက သက်ပြင်းတစ်ချက်ချလိုက်ရင်း ပြောလိုက်လေသည်။ သူမ၏မျက်လုံးများတွင် အပြုံးပါးပါးလေးကို တွေ့မြင်ရလေသည်။ သို့သော် သူမကိုကြည့်ရသည်မှာ ခံစားချက်ရှိသည့်ပုံတော့ မပေါက်ပေ။ ထိုမိန်းကလေးမှာ ခံစားချက်ရှိသူတစ်ယောက်မဟုတ်မှန်း ဆန်းလျန်ကောင်းကောင်းသိပါသည်။ သို့သော် သူမက လိမ်လည်ပြောဆိုတတ်သည့်သူတော့မဟုတ်ပါ။

သက်ရှိလူသားပင်ဖြစ်စေ ၊ အရာဝတ္ထုများပင်ဖြစ်စေ သူမ၏မျက်လုံးထဲတွင် အတူတူပင်ဖြစ်လေသည်။ သူမအတွက် အသုံးဝင်မည်လား ၊ မဝင်ဘူးလားဆိုသည်ကို သူမက ကြည့်ပြီးဆုံးဖြတ်သူဖြစ်လေသည်။

သူမ၏စိတ်နေစိတ်ထားမှာ သူမ၏လန်းဆန်းသည့် အငွေ့အသက်များနှင့် ဆန့်ကျင်လျှက်ရှိနေလေသည်။ သို့သော် သူမကလည်း ဂရုမစိုက်ပါ။ သူမက လူ့လောကမှ အကြောင်းကိစ္စများအတွက် စိတ်ပူပန်တတ်သည့်သူ မဟုတ်ပေ။

ဆန်းလျန်က သက်ပြင်းတစ်ချက် ကြိတ်ပြီးချလိုက်လေသည်။ ထိုမိန်းကလေးမှာ ကျင့်စဉ်လမ်းအတွက် တည်ငြိမ်သည့် စိတ်နှလုံးရှိလေသည်။ ကျင့်စဉ်လမ်းကိုကျင့်ကြံရန် တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် မွေးဖွားလာခြင်းဖြစ်လေသည်။ "ရှန်" ဝါဒကျင့်စဉ်လမ်းကိုသာ မလိုက်ခဲ့လျှင် စစ်မှန်သည့်တာအိုကျင့်စဉ်ကို ကျင့်ကြံနိုင်မည်ဖြစ်လေသည်။

သူမ၏ကိုယ်ကျင့်တရားစံနှုန်းများမှာ သဘာဝအတိုင်းညီမျှ လေသည်။ ဟိုင်သန်းအဆင့်ကိုပင် ပုံပြောင်းအဆင့်ခုနစ်မျိုး ဖြင့် တက်ရောက်အောင်မြင်နိုင်မည့် ကျင့်ကြံသူတစ်ယောက် အရည်အချင်းမျိုးနှင့် ပြည့်ဝသူဖြစ်လေသည်။ ထိပ်ဆုံးအဆင့် ထိကျင့်ကြံနိုင်ပြီး နတ်ဘုရားတစ်ပါးဖြစ်လာနိုင်မည့် အခွင့်အရေးမျိုး ရရှိနိုင်သည့် မိန်းကလေးတစ်ယောက်ဖြစ်လေ သည်။

ရုတ်တရက် ပတ်ဝန်းကျင်တွင် အလင်းရောင်များ ဖြာထွက်လာ လေသည်။ ထိုအလင်းရောင်များ၏အလယ်ဗဟိုတွင် ဘုရင်မ ကြီးရှိနေလေသည်။ သူမသည်မီးတောက်ထဲတွင်ရှိနေပြီး နေ နှင့်လကဲ့သို့ တောက်ပနေလေသည်။ ကျောက်ရှောင်ယွီက ဘုရင်မကို အကဲခတ်လိုက်သည်။ ဘုရင်မသည် ရှေးဟောင်းဂ မ္ဘီရပညာများကို လေ့ကျင့်ထားသူပီပီ သူမ၏ရုပ်ခန္ဓာကို စွမ်းအားမြှင့်တင်ထားကြောင်း သူမသိလေသည်။ သို့သော်

သူမက ထိုမျှမိုက်ရူးရဲဆန်စွာ လုပ်လိမ့်မည်ဟု ကျောက်ရှောင်ယွီတွေးမထားခဲ့မိပေ။ ဘုရင်မက ဤဖန်ဆင်းထားသည့်နေရာမှ ထိန်းချုပ်မှုစွမ်းအားကို ခုခံနိုင်ရန်အတွက် ထိုသို့ပြုလုပ်လိုက်ခြင်းဖြစ်လေသည်။

ရှေးလူတို့သည် အတွင်းအားနှင့်မိုးမြေစွမ်းအားများကို ကျင့်ကြံကြသည်သာမက ရုပ်ခန္ဓာအတွက်လည်း ကျင့်ကြံကြလေသည်။ အချို့သောကျင့်ကြံသူများမှာ ရုပ်ခန္ဓာကျင့်ကြံခြင်းဖြင့် အိုခြင်းနှင့်သေခြင်းကို တွန်းလှန်ကာကွယ်ထားကြလေသည်။ ရုပ်ခန္ဓာကိုကျင့်ကြံခြင်းဖြင့် အသက်လည်းရှည်စေသလို တောင်များကိုထမ်းနိုင်ပြီး လမင်းကိုလည်း ဆွတ်ယူနိုင်သည့်အရည်အချင်းမျိုးရနိုင်ပေသည်။ သို့သော် အတွင်းအားနှင့် မိုးမြေစွမ်းအားကျင့်စဉ်များသာ မတိမ်ကောဘဲကျန်ရစ်ခဲ့ပြီး ရုပ်ခန္ဓာကိုကျင့်သည့်ကျင့်စဉ်များကတော့ ပျောက်ကွယ်

သွားခဲ့လေသည်။ ယနေ့ခေတ် သိုင်းပညာဟုခေါ်သည့် အပေါ်ယံမျှသောအရာများသာ ကျန်ရစ်ခဲ့လေသည်။ သို့သော် ရုပ်ခန္ဓာကျင့်စဉ်ကိုကျင့်ကြံထားသည့်ကျင့်ကြံသူတစ်ယောက်မှာ အခြားသောကျင့်ကြံသူများ၏ လုပ်ကြံခြင်းကိုခံရရန် အလားအလာများလေသည်။ သို့သော် အတွင်းအားနှင့်မိုးမြေစွမ်းအားကိုကျင့်ကြံရင်း ရုပ်ခန္ဓာကျင့်စဉ်ကိုလည်းကျင့်ကြံမည်ဆိုပါက အချိန်လုံလောက်မည်မဟုတ်ပေ။ အချိန်ရော စွမ်းအားရော ကုန်ခမ်းသည့်တိုင် အကျိုးမရှိဖြစ်ရပေမည်။

"ဂါထာမန္တန်အားလုံး ၊ အဆုံးမရှိတဲ့ တာအိုကျင့်စဉ် ၊ ဒါတွေကတကယ်ပဲအသက်ရှည်ရှည်နေရနိုင်ပါ့မလား" ဆိုသည့် ရှေးဆိုရိုးတစ်ခုရှိလေသည်။

ထိုစကားပုံက ကျင့်ကြံခြင်းအနှစ်သာရကို ဖော်ပြနေလေသည်။ သိုင်းပညာတွင် အထွတ်ထိပ်သို့ရောက်လျှင်ပင်

ပြိုင်ဘက်များနှင့်ရင်ဆိုင်ရမည်ဖြစ်လေသည်။ ထိုသို့ရင်ဆိုင်ရပါက တစ်ဘဝလုံးပျော်ရွှင်စွာနေထိုင်သွားနိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် ကျင့်ကြံသူအများစုက ရုပ်ခန္ဓာကျင့်စဉ်ကို ဆက်မကျင့်ကြတော့ဘဲ ရုပ်တန့်ခဲ့ကြခြင်းဖြစ်လေသည်။

ဘုရင်မ၏သရဖူက သူမ၏ဦးခေါင်းထက်တွင် မြင့်မားခမ်းနားလွန်းနေလေသည်။ သူမနောက်တွင် ရှေးကျပြီး စွမ်းအားကြီးမားသည့် တာအိုဆရာတစ်ပါးကို တွေ့မြင်နိုင်လေသည်။ ရှေးကျသည့်မျက်နှာရှိပြီး ဦးထုပ်အရှည်ကို ဆောင်းထားကာ အင်္ကျီပွပွကို ဝတ်ဆင်ထားလေသည်။ စာပေသမားတစ်ယောက်၏ပုံမျိုးဖြစ်ပြီး ထိန်းချုပ်ထားမှုများအားလုံးကို ဖျက်စီးပစ်နိုင်လေသည်။

ထိုသို့စွမ်းအားပြင်းထန်မှုနှင့်ရင်ဆိုင်ရသည့်တိုင် ကျောက်ရှောင်ယွီက အေးဆေးတည်ငြိမ်နေလေသည်။

"ရှင်က မပျက်စီးနိုင်တဲ့ နတ်ဘုရားခန္ဓာကျင့်စဉ်ကို ကျင့်ကြံထားတာလား"

သူမက တည်ငြိမ်စွာပင်မေးလိုက်သည်။

ဖန်ဆင်းထားသည့်နေရာမှာ တုန်လှုပ်သွားပြီး မမြင်နိုင်သည့် စွမ်းအားများက ပိုပြီးပြင်းထန်လာလေသည်။ ကျောက်ရှောင်ယွီက ကြာပန်းပုံသင်္ကေတအနည်းငယ်ကို ဖန်ဆင်းလိုက်လေသည်။ ထိုအဖြူရောင်ကြာပန်းလေးများက လင်းလက်တောက်ပနေပြီး ဘုရင်မအနားတွင် ပျံဝဲနေကြလေသည်။ ထိုကြာပန်းအဖြူလေးများက ဘုရင်မထံမှထွက်ပေါ်နေသည့် အလင်းတန်းများမှာ တဖြည်းဖြည်းလျော့နည်းသွားအောင် တိုက်ခိုက်နေလေသည်။

"ဘဝအဆုံးသတ်ကြာပန်းဖြူ"ကျင့်စဉ်စွမ်းအားဖြစ်လေသည်။ ထိုစွမ်းအားက ဝိညာဉ်စွမ်းအားကို အရည်ပျော်သွားစေနိုင်လေ

သည်။ လူတစ်ယောက်၏အသားကို ဓားဖြင့်လှီးဖြတ်သကဲ့သို့ ဝိညာဉ်ကို နာကျင်စေလေသည်။

ကျောက်ရှောင်ယွီက စွမ်းအားတိုးမြှင့်ပြီး ဘုရင်မကို တိုက်ခိုက်နေသည်ကို ဆန်းလျန်ရိပ်မိလေသည်။ သူ့ပတ်ဝန်းကျင်တွင် ဖန်ဆင်းထားသည့်နေရာမှာ ပါးလွှာလာပုံရလေသည်။ သို့သော် ထိန်းချုပ်ထားသည့် ဖိအားကတော့ရှိနေဆဲပင်ဖြစ်လေသည်။ ဆန်းလျန်မှာ ရှုံ့နှံ့ထဲသို့နစ်ဝင်ပြီး ဘယ်တော့မှ လွတ်မြောက်ခြင်းမရှိတော့မည့်ပုံမျိုး ခံစားနေရလေသည်။ သူ့ခန္ဓာကိုယ်ထဲမှ တန်ခိုးစွမ်းအားလုပ်ဆောင်မှုများ လျော့နည်းလာလေသည်။ ဆန်းလျန်၏လက်ထဲတွင် သွေးအင်းချပ်သုံးခုပေါ်လာလေသည်။ ထိုအင်းစာရွက်များမှာ လင်းလက်နေလေသည်။ ထို အလင်းရောင်များနောက်မှ လေသံကလိုက်ပါလာလေသည်။ ဖုံမှုန့်များနှင့် မီးခိုးငွေ့များလည်း ပတ်ဝန်းကျင်တွင် ပျံ့နှံ့သွားလေသည်။

ကျောက်ရှောင်ယွီက သူမလက်ဖြင့် ကြာပန်းတစ်ပွင့်ဖန်ဆင်းလိုက်သည်။ သူမက ဆန်းလျန်ကို ကြည့်လိုက်ပြီး...

"ကောင်းလိုက်တဲ့အင်းချပ်သုံးခု"

ဟု ချီးကျူးလိုက်မိလေသည်။

ထိုအင်းချပ်သုံးခုက မိုးမြေစွမ်းအားများကို ဖိအားပေးပြီး လေ၊ မိုးကြိုး နှင့် မြေကြီးအဖြစ် ဖြစ်တည်လာလေသည်။ လေနှင့်မိုးကြိုးမှာ ပြင်းထန်လွန်းပါသည်။ သို့သော် မြေကြီးကတော့ အခြေခံကျသည့်စွမ်းအားဖြစ်လေသည်။ ထိုအင်းချပ်များက ဆန်းလျန်ကိုကာကွယ်ပေးထားလေသည်။ ဆန်းလျန်လှုပ်ရှားလိုက်သည်ကို ကျောက်ရှောင်ယွီ တွေ့လိုက်သည့်တိုင် ထိတ်လန့်သွားခြင်းမျိုးမရှိပါ။ သူမကြည့်ရသည်မှာ ပုံမှန်ပင်ဖြစ်လေသည်။

အဖြူရောင်ကြာပန်းလေးများမှာလည်း ဘုရင်မကြီးအနားတွင် ပျံဝဲနေဆဲဖြစ်လေသည်။

သို့သော် သူမဆန်းလျှန်ကို ကြည့်လိုက်သည့်အချိန်ခဏတွင်ပင် ပတ်ဝန်းကျင်မှ ထိန်းချုပ်ထားသည့်စွမ်းအားများမှာ ပိုပြီး တုန်လှုပ်လာလေသည်။ လေနှင့်မိုးကြိုး၏ဖိအားနှင့် ကမ္ဘာ မြေကြီး၏အလေးချိန်များအားလုံး ခဏချင်းတွင် ပျောက် ကွယ်သွားလေသည်။ ဆန်းလျှန်မှာ မလွတ်မြောက်နိုင်သော ပိတ်မိခြင်းဖြင့် ပိတ်မိသွားလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆန်း လျှန်က ကျောက်ရှောင်ယွီကို မယှဉ်နိုင်သောကြောင့်မဟုတ်ပါ။ နတ်ဘုရားမြေမှုန့်ဖြင့် ဖန်ဆင်းထားသည့်နေရာကြောင့်သာဖြစ် လေသည်။ ကျောက်ရှောင်ယွီမှာ နတ်ဘုရားတစ်ပါးကဲ့သို့ပင် ဖြစ်လေသည်။ သို့သော် ဆန်းလျှန်ကဲ့သို့ ကျင့်စဉ်လမ်းတွင် ပြင်းပြင်းထန်ထန်လေ့ကျင့်ထားသူနှင့် ရင်ဆိုင်ရသည်မှာတော့ ခက်ခဲလေသည်။ သူက ကျင့်စဉ်လမ်းတန်ခိုးစွမ်းအားနှင့် အင်း ပညာကိုအသုံးပြုပြီး အပြင်မှ မိုးမြေစွမ်းအားများကို ဆင့်ခေါ် ထားခြင်းဖြစ်လေသည်။

နတ်ဘုရားမြေမှုန့်မှာ ရှားပါးပစ္စည်းဖြစ်လေသည်။ ကျောက်ရှောင်ယွီတွင်ပင် နောက်ထပ်အပိုမရှိတော့ပါ။ ထို့ပြင် ဆန်းလျန် ဤနေရာသို့ ရောက်နေကတည်းက သူမက ဘုရင်မကြီးနှင့်အတူ ဆန်းလျန်ကိုပါ ရင်ဆိုင်ရတော့မည်ကို သိပြီးသားဖြစ်လေသည်။ သူမက ဆန်းလျန်ကို ကြာပန်းကိုးပွင့်ကာကွယ်သူအဖြစ် အသုံးချချင်ခဲ့သည်။ ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါးမှ တပည့်တစ်ယောက်ဖြစ်နေသည့်အတွက်လည်း သူမက ကြောက်ရွံ့ခြင်းမရှိပေ။ သူမသာ ဘုရင်မကိုသတ်နိုင်လျှင် ကြာပန်းကိုးပွင့်ကျင့်စဉ်ကို အထွတ်ထိပ်သို့ ရောက်အောင်လေ့ကျင့်နိုင်သည့် အခွင့်အရေးရမည်ဖြစ်လေသည်။ သူမကို လူအများက ကိုးကွယ်ကြမည်ဖြစ်လေသည်။ ဘယ်တော့မှ မပျက်စီးနိုင်သည့် နတ်ဘုရားဝိညာဉ်ကိုလည်း ရမည်ဖြစ်လေသည်။ ထို့ပြင် ချန်ရှန်းကျန်းရန်များနှင့် လောကနတ်ဘုရားများမှာလည်း သူမကို နှိမ်နင်းနိုင်တော့မည်မဟုတ်ပေ။

ဤသည်မှာ "ရှန်" ဝါဒကျင့်စဉ်လမ်း၏ ကြောက်စရာကောင်း သည့်အချက်ပင်ဖြစ်လေသည်။ ရှေ့သို့တစ်ဆင့် တက်လှမ်းနိုင် တော့မည်ဟု ကြိုတင်တွေးမိသည်နှင့်ပင် သူမမှာ ကျေနပ်ပီတိ ဖြစ်ရလေသည်။

သူ၏အရိုးများပေါက်ကွဲထွက်သည့်အသံကို ဆန်းလျန် ကြားလိုက်ရလေသည်။ သူ၏သွေးများမှာလည်း နွေးကွေးစွာ ဖြင့် စီးဆင်းနေကြလေသည်။ သွေးအင်းချုပ်သုံးခုမှာ ဤ ဖန်ဆင်းထားသည့်နေရာမှ သူ့ကို ခေါ်ထုတ်မသွားနိုင်တော့ပေ။ ကျောက်ရှောင်ယွီက ဆန်းလျန်ဘက်တွင် ထိန်းချုပ်မှုစွမ်းအား များကို ပိုပြီးတိုးမြှင့်လိုက်လေသည်။ ဆန်းလျန်က သူ၏ဝိညာဉ်စွမ်းအားကို အသုံးပြုပြီး သူ့တစ်ကိုယ်လုံးရှိ တန်ခိုးစွမ်းအားများကို သူ၏ရွှေပြဒါးမဏ္ဍိုင်အမြုတေဆီသို့ အလျှင်အမြန်ပို့ဆောင်လိုက်သည်။

ထိုအခါ အမြစ်တွယ်နေသည့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ် တန်ခိုးစွမ်းအားများမှာ ကန္တာရအတွင်းတွင် အိုအေစစ်တွေ့ သကဲ့သို့ ဖြစ်သွားကြလေတော့သည်။ ထိုစွမ်းအားများမှာအံ့ ဩစရာကောင်းလောက်အောင် ကြီးထွားလာလေသည်။

သူ၏ခန္ဓာကိုယ်ထဲမှ တန်ခိုးစွမ်းအားများမှာ အနီရောင် ၊ ရွှေရောင် ၊ အဝါရောင် ၊ အဖြူရောင် ၊ အစိမ်းရောင် ၊ အပြာ ရောင် ၊ အစိမ်းရောင် ၊ ခရမ်းရောင်နှင့် အနက်ရောင် ဒြပ်စင် စွမ်းအားရှစ်မျိုးအသွင်သို့ မယုံကြည်နိုင်စရာကောင်းသော အ ရှိန်အဟုန်ဖြင့် ပြောင်းလဲသွားလေသည်။

ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ ရေထဲတွင်အလိုက်သင့်မျောနေ သည့် ဝေလငါးကြီးတစ်ကောင်ကဲ့သို့ဖြစ်လေသည်။

အဖြစ်အပျက်များအပေါ်တွင် လှုပ်ရှားနေကြလေသည်။

ဒြပ်စင်စွမ်းအားရှစ်မျိုး၏ မတူညီမှုများမှာလည်း ပိုပြီး ပြင်းထန်လာလေသည်။ သို့သော် ပြင်ပမှာပြင်းထန်သည့်

ထိန်းချုပ်မှုဖိအားက သူ့ကိုယ်ထဲမှ ထိုက်ရှီးတန်ခိုးစွမ်းအားများကိုပါ ဖိနှိပ်ထားလေသည်။ ဆန်းလျန်၏ဝိညာဉ်မှာ ရှိမြဲအတိုင်းပင်ရှိနေလေသည်။ ဖန်ဆင်းထားသည့်နေရာမှ ဖိအားကလည်းဆက်လက်ထိန်းချုပ်နေဆဲဖြစ်လေသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်ထဲတွင် အသွေး ၊ အသား နှင့်တန်ခိုးများ အားပြိုင်မှုကလည်း ဆက်လက်ဖြစ်ပေါ်နေလေသည်။

ဆန်းလျန်၏ခန္ဓာကိုယ်ထဲသို့ ထိုက်ရှီးတန်ခိုးစွမ်းအားများ ဝင်ရောက်နေရခြင်းမှာ ဆန်းလျန်က ထိုက်ရှီးကျင့်စဉ်ကို ကျင့်ကြံထားသောကြောင့်ဖြစ်လေသည် ဆန်းလျန်သာ သေဆုံးသွားခဲ့ပါက ထိုစွမ်းအားများက မိုးနှင့်မြေသို့ ပျံ့နှံ့ပျောက်ကွယ်သွားမည်သာဖြစ်လေသည်။

ဆန်းလျန်ခံစားနေရသည့်နာကျင်မှုမှာ ဝိညာဉ်မြစ်ရေထဲတွင် ခံစားရသည့်နာကျင်မှုထက် ပိုမိုများပြားလေသည်။

သူ၏ဂိုဏ်းတူအစ်မ ကူးချိုင်ဝေ့နှင့်အခြားသော ထိုက်ရှီး

ကျင့်စဉ်ကိုအောင်မြင်ခဲ့ကြသူများသည် ဤအခက်အခဲကို မည်သို့ကျော်လွှားခဲ့ကြပါသနည်း။ သို့သော် ဆန်းလျန်မှာ သေသေချာချာတွေးတောစဉ်းစားရန် အချိန် မရှိတော့ပါ။

အခန်း (၁၂၅)

အသစ်ဖြစ်တည်လာသောထိုက်ရှီးတန်ခိုးစွမ်းအား

ယခုကဲ့သို့ မရှောင်လွှဲနိုင်သည့် အဖြစ်အပျက်နှင့် ကြုံတွေ့ရသည့်အခါတွင်တော့ သေခြင်း၊ ရှင်ခြင်းကိုလည်း ဆန်းလျန်

ဂရုစိုက်မနေတော့ပါ။ ထိုက်ရှီးကျင့်စဉ် အောင်မြင်မည် ၊ မ

အောင်မြင်မည်ကိုလည်း ဂရုမစိုက်တော့ပါ။

သူမြင်တွေ့ကြားသိနေရသည့် အရာများကိုလည်း ဂရုမစိုက်

တော့ပါ။ ထူးဆန်းစွာဖြင့်ပင် တိတ်ဆိတ်ငြိမ်သက်ခြင်းအဆင့်

သို့ သူဝင်ရောက်သွားလေသည်။

ထိုက်ရှီးနည်းဗျူဟာကျမ်း၏ အဓိက ကျမ်းချက်များကို

ရွတ်ဖတ်နေသည့်အသံသည် သူ့နှလုံးသားထဲတွင် စမ်းရေ

အလား စီးဆင်းနေပြီး သူ၏အသိတရားများ ပွင့်လင်းသွားလေ

သည်။ ရည်ရွယ်ချက်မရှိပါဘဲ ထိုသို့ ဖြစ်သွားရခြင်း ဖြစ်လေ

သည်။

တိမ်ညိုများကင်းစင်ပြီး လမင်း၏အလင်းရောင်ထွက်ပေါ်လာ

သကဲ့သို့....

ပင်လယ်ရေများခမ်းခြောက်ပြီး ပုလဲရတနာ ထင်ရှားစွာထွက်

ပေါ်လာသကဲ့သို့....

ကျင့်စဉ်လမ်း၏ တရားအလင်းသည် ထွန်းလင်း၍ လာလေသည်။

"ကောင်းကင်နှင့် မြေကြီး က သူတို့သဘောတရားနှင့်သူတို့ မှန်ကန်နေသည်။ တောင်နှင့် နှင့် ရှံ့နွံက သူတို့၏စွမ်းအားများကို အချင်းချင်းထိုးဖောက်ဝင်ရောက်သည်။ လေ နှင့် လျှပ်စီးက ပေါ့ပါးမှုအစွမ်းများပေါင်းစည်းသည်။ ရေ နှင့် မီးက ညီမျှပြီး အားပြိုင်ခြင်းမရှိတော့။ အတိတ်ကို သိမြင်ခြင်းက အစီအစဉ်တကျရှိပြီး အနာဂတ်ကိုသိမြင်ခြင်းကတော့ အစီစဉ်တကျ မရှိပေ။

အနီရောင်တန်ခိုးစွမ်းအားနှင့် အနက်ရောင်တန်ခိုးစွမ်းအားက ရောယှက်သွားလေသည်။ ထို့အတူ ခရမ်းရောင်နှင့်ရွှေရောင်တန်ခိုးစွမ်းအား ၊ အဝါရောင်နှင့်အပြာရောင်တန်ခိုးစွမ်းအား ၊ အစိမ်းရောင်နှင့် အဖြူရောင်ဆန်ခိုးစွမ်းအားများက အသီးသီး ရောယှက်သွားကြလေသည်။ "ယင်" နှင့် "ယန်" ဘက်ညီမှု

စွမ်းအားအတိုင်း စွမ်းအားရှစ်ခုမှာ ဘက်ညီစွာ ပေါင်းစည်း

သွားလေသည်။ ထိုတန်ခိုးစွမ်းအားစုကြီးမှာ အတက်အကျ၊

အရှေ့အနောက် ရွေ့လျားနေပြီး အရောင်ရှစ်မျိုးမှာ ခရုပတ်

နွယ်လိမ်ပမာ ရစ်ခွေနေလေသည်။ ထိုခရုပတ်နွယ်လိမ်ပမာ

ရစ်ခွေနေသည့် တန်ခိုးစွမ်းအားစုကြီးမှာ ရွှေပြဒါးမဏ္ဍိုင်

အမြုတေတစ်လျှောက် စီးဆင်းသွားလေသည်။ ကျောရိုး

တစ်လျှောက်နှင့် သွေးကြောဆုံချက်များအတိုင်း အလွန်လျှင်

မြန်သည့်အရှိန်ဖြင့် စီးဆင်းသွားလေသည်။ ဆန်းလျန်

ခန္ဓာကိုယ်တွင်းရှိ ယခင်ကျင့်ကြံခဲ့သမျှ တန်ခိုးစွမ်းအားများကို

ထိုတန်ခိုးစွမ်းအားစုကြီးမှ စုပ်ယူသွားလေတော့သည်။

ခရုပတ်နွယ်လိမ်ကဲ့သို့ ရစ်ပတ်နေသော ထိုစွမ်းအားစုကြီးမှာ ဝဲ

ကန်တော့ကဲ့သို့ မွှေနှောက်ပေါင်းစပ်သွားပြီး ကွဲပြားခြားနားမှုမ

ရှိတော့ဘဲ စွမ်းအင်တစ်ခုတည်းအဖြစ် ပေါင်းစပ်သွားလေ

သည်။

ရုတ်တရက်...

ဆန်းလျန်ဆီမှ အရောင်ရှစ်မျိုးလင်းဖြာထွက်လာပြီး နတ်ဘုရားတစ်ပါးအလား လင်းလက်သွားလေသည်။ ဆန်းလျန်ခန္ဓာကိုယ်ဆီမှ ထိုက်ရှီးစွမ်းအားများ ပေါ်ထွက်လာခြင်းဖြစ်လေသည်။ ယခင်နှင့်မတူ အသစ်သောတန်ခိုးစွမ်းအားတစ်ခုသည် စတင်ထွက်ပေါ်လာလေပြီ။

လေ ၊ လျှပ်စီး ၊ ရေ ၊ မီး ၊ ကောင်းကင် ၊ မြေကြီး ၊ တောင် နှင့်ရွှံ့နွံ ....

ထူးဆန်းသည့်ဒြပ်စင်စွမ်းအားရှစ်မျိုးပေါင်းစည်းထွက်ပေါ်လာလေသည်။

ကျောက်ရှောင်ယွီ ဖန်ဆင်းထားသည့်နေရာမှာ တုန်လှုပ်လာပြီး အပေါက်တစ်ပေါက်ဖြစ်ပေါ်လာလေသည်။ အဆုံးမရှိသည့်စကြာဝဠာအလွှာများမှာ တစ်လွှာချင်းကွာကျကုန်လေသည်။

ကောင်းကင်ထက်တွင် ကြယ်စင်များကြည်လင်စွာတောက်ပနေ

ပြီး လရောင်မှာ ရေတံခွန်ကဲ့သို့ ဖြာကျနေလေသည်။ ကောင်းကင်ထက်တွင် ခုနစ်စင်ကြယ်မှာ အတောက်ပဆုံး လင်းလက်နေလေသည်။

ထိုအခွင့်အရေးကို ဘုရင်မက လက်လွှတ်မခံခဲ့ပါ။ သူမ၏ရုပ်ခန္ဓာကျင့်စဉ်မှထွက်ပေါ်လာသည့်အလင်းရောင်များမှာ အဆုံးစွန်ထိတောက်ပသွားပြီး သူမလက်ဖြင့် စက်ဝိုင်းခြမ်းပုံသဏ္ဍာန်တစ်ခုကို ရေးဆွဲလိုက်လေသည်။ ခုနစ်စင်ကြယ်မှတောက်ပသည့်အလင်းတန်းများမှာ ဘုရင်မရေးဆွဲလိုက်သည့် စက်ဝိုင်းခြမ်းပုံသဏ္ဍာန်ပေါ်သို့ ဖြာကျလာလေသည်။ ကြယ်ရောင်များမှာ ရေတံခွန်အလားကျရောက်လာပြီး ပိုးသားအလားသိမ်မွေ့ကာ သက်တန့်အလား ရောင်စဉ်ဖြာနေလေသည်။ ထိုအလင်းရောင်များက နတ်ဘုရားမြေမှုန့်ကို အသုံးပြုကာ ကျောက်ရှောင်ယွီဖန်ဆင်းထားသည့်နေရာနှင့် အဖြူရောင်

ကြာပန်းများကို အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားစေလေ

သည်။

အချိန်ခဏလေးအတွင်းမှာပင် ထိုကဲ့သို့ ကြောက်စရာ

ကောင်းသော စွမ်းအားများကို ဆန်းလျန်အနေဖြင့် ကျင့်ကြံ

အောင်မြင်လိမ့်မည်ဟု ကျောက်ရှောင်ယွီ ထင်မှတ်ထားခဲ့ခြင်း

မရှိပါ။ ဆန်းလျန်မှာ ဘုရင်မကြီးလောက် အန္တရယ်များခြင်းမ

ရှိဟု သူမက တွေးထင်ထားခဲ့သောကြောင့် ဆန်းလျန်ဘက်ပိုင်း

တွင်ရှိသည့် ဖန်ဆင်းထားသည့်အရံအတားတွင် စွမ်းအား

ထိန်းချုပ်မှု မဆိုသလောက် လျှော့ထားခဲ့လေသည်။ ထိုမှသာ

သူမ၏စွမ်းအားများအားလုံးကို ဘုရင်မကို တိုက်ခိုက်ရန်

အတွက် အသုံးပြုနိုင်မည်ဖြစ်လေသည်။

ဆန်းလျန်က ဖန်ဆင်းထားသည့်နေရာကို ချိုးဖျက်လိုက်

သည့်အတွက် ခုနစ်စင်ကြယ်ရောင်များမှာ ဖန်ဆင်းထားသည့်

နေရာအတွင်းသို့ ဝင်ရောက်လာလေသည်။ ဘုရင်မက ထို

အချက်ကို အခွင့်ကောင်းယူကာ “ခုနစ်စင်ကြယ် နတ်ဘုရား တံဆိပ်တော်” ဂမ္ဘီရစွမ်းအားကို အသုံးပြုလိုက်လေသည်။ ထိုဂမ္ဘီရစွမ်းအားဖြင့် ခုနစ်စင်ကြယ်ရောင်စဉ်များကိုအသုံးပြုကာ နတ်ဘုရားမြေမှုန့်ဖြင့်ဖန်ဆင်းထားသည့် နေရာကိုတစ်စစီ ပျက်စီးသွားအောင် ဖျက်စီးလိုက်လေသည်။

ကောင်းကင်ထက်ရှိကြယ်စင်များမှာ သဘာဝအတိုင်းဖန်ဆင်း ခံထားရခြင်းဖြစ်လေသည်။ ထိုကြယ်စင်များအားလုံးတွင် ရှေးကျသည့်စွမ်းအားကိုယ်စီရှိကြလေသည်။ "ရှန်" ဝါဒ ကျင့်စဉ်လမ်း၏ ကိုယ်ပိုင်နေရာ “မိုးကောင်းကင်တိုင်းပြည်” မှာ မည်မျှပင်စစ်မှန်ပါစေ ကြယ်စင်များ ၊ နေ နှင့် လ တို့၏စွမ်းအားကိုတော့ ကျော်လွှားနိုင်ခြင်းရှိမည်မဟုတ်ပေ။

ကောင်းကင်မှာ ကြည်လင်နေလေသည်။ ကြာပန်းရေကန် မျက်နှာပြင်တွင် လရောင်မှာ ရောင်ပြန်ဟပ်အရိပ်ထင်နေလေ သည်။

အသက်သုံးဆယ်အရွယ်ခန့်သာထင်ရသည့်ဘုရင်မကြီးမှာ ရုတ်တရက်အိုမင်းသည့်အဘွားအိုကြီးအသွင် ကူးပြောင်းသွားလေသည်။ ကျောက်ရှောင်ယွီမှာလည်း မသက်သာလှပါ။ သူမ၏နှုတ်ခမ်းထောင့်မှ သွေးများစီးကျနေလေသည်။ သူမ၏အဖြူရောင်ဝတ်ရုံထက်တွင် ဟက်တက်ကွဲနေသည့်ဓားဒဏ်ရာများကို တွေ့မြင်နိုင်လေသည်။ ကြောက်မက်ဖွယ်ရာမြင်ကွင်းပင် ဖြစ်လေသည်။

ဆန်းလျန်က ရေကန်ထက်တွင်ရပ်နေလေသည်။ ကြယ်စင်နှင့် လ မှာ ကြည်လင်စွာတောက်ပနေသည့်တိုင် ကန်ရေပြင်ကတော့ လှုပ်ရှားနေလေသည်။ ဆန်းလျန်မှာ လွန်စွာမှ တည်ငြိမ်လွန်းနေလေသည်။

ရေစီးနှင့်မျောပါသွားခြင်းမရှိသည့် ကျောက်စိုင်ကျောက်ဆောင်တစ်ခုအလား မိုးနှင့်မြေတွင် တည်ငြိမ်စွာမားမားမတ်မတ် ရပ်တည်နေလေသည်။ သူ၏ တန်ခိုးစွမ်းအား

သုံးလိုက်သည်ဟုပင် မထင်မှတ်ရဘဲ ပေါ့ပါးနေလေသည်။ ဤ

သည်ကိုကြည့်ခြင်းအားဖြင့် သူ၏အဆင့်မှာ မည်မျှမြင့်မားနေ

ပြီဖြစ်ကြောင်း သိနိုင်လေသည်။

တိုက်ပွဲတွင် ရှုံးနိမ့်သွားသည့်တိုင် ကျောက်ရှောင်ယွီမှာ သိသိ

သာသာ စိတ်ပျက်နေသည့်ပုံမပေါက်ပါ။ စိတ်ပျက်နေရုံဖြင့်

အခြေအနေများကို ပြောင်းလဲပစ်နိုင်မည်မဟုတ်ကြောင်း သူမ

သိရှိလေသည်။

"ရှင့်ကြောင့် အခြေအနေတွေအားလုံး ခုလိုဖြစ်သွားလိမ့်မယ်လို့

ကျွန်မမျှော်လင့်မထားခဲ့မိဘူး"

သူမက သက်ပြင်းတစ်ချက်ချရင်းပြောလိုက်လေသည်။

သူမ၏အသံမှာ နိုက်တင်ဂေးငှက်းကလေး၏အသံအလား

ချိုမြလှပေသည်။

သူမသည် သာမန်ပုဂ္ဂိုလ်တစ်ယောက်မဟုတ်ပါ။ သို့သော်

ယနေ့ညတော့ သူမ ရှုံးနိမ့်ခဲ့ပြီဖြစ်လေသည်။ သူမတွင် နတ်

ဘုရားမြေမှုန့်များရှိနေသေးလျှင်တောင်မှ ဆန်းလျန်နှင့် ဘုရင်မ နှစ်ယောက်လုံးကို ဖန်ဆင်းထားသည့်နေရာတွင် ပိတ်ထားရန် မဖြစ်နိုင်တော့ပါ။ ဆန်းလျန်အောင်မြင်သွားသည့် ကျင့်စဉ်မှာ ကမ္ဘာ့ပထမတန်းကျင့်စဉ်တစ်ခုဖြစ်ပုံရလေသည်။ သူမသာဆက်လက်တိုက်ခိုက်မည်ဆိုလျှင် အနိုင်ရဖို့ မလွယ်ကူနိုင်ပေ။

နတ်ဘုရားမြေမှုန့်ကိုအသုံးပြုကာ သူမဖန်ဆင်းခဲ့သည့်နေရာတွင် ဆန်းလျန်က သူ၏ကျင့်စဉ်ကို အောင်မြင်အောင် လေ့ကျင့်သွားနိုင်မည်ဟု ကျောက်ရှောင်ယွီလုံးဝ မျှော်လင့်ခဲ့ခြင်းမရှိပါ။ သူမယနေ့ရှုံးနိမ့်ခဲ့ရသည့်တိုင် လောကတွင် မမျှော်လင့်သည့်အရာများလည်း ဖြစ်ပျက်နိုင်ကြောင်းကို သဘောပေါက်ခဲ့ရပြီ။ အောင်မြင်စွာဆုတ်ခွာနိုင်သရွေ့ အနိုင်ရရန်နည်းလမ်းများ ထပ်မံရှာဖွေနိုင်ပါသေးသည်။

ထို့ပြင် နတ်ဘုရားမြေမှုန့်ကို အသုံးပြုပြီး နေရာတစ်ခု ဖန်ဆင်း သည့်အခါတွင် ထိုနေရာကို ထိန်းချုပ်နိုင်ရန်အတွက် သူမ၏ ဝိညာဉ်စွမ်းအားအချို့ကို ထည့်သွင်းထားခဲ့ရလေသည်။ ထို့ကြောင့် ဖန်ဆင်းထားသည့်နေရာ ပျက်စီးသွားသည့်အခါ သူမဒဏ်ရာပြင်းထန်စွာ ရခဲ့ခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ ခြေဖဝါးအောက်တွင် ကြာပန်းတစ်ပွင့် ပေါ်လာပြီး သူမချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။ ထို ကြာပန်းမှာထူးဆန်းသည့်ပစ္စည်းတစ်ခုဖြစ်ပြီး ပေါ်လာပြီးသည် နှင့် ချက်ချင်းပျောက်ကွယ်သွားတတ်လေသည်။ ထို့ကြောင့် ဆန်းလျန်မှာ သူမကို တားဆီးချိန်မရလိုက်ပါ။

ဘုရင့်နန်းတော်မှ နဂါးစွမ်းအားကို ဆန်းလျန် ခံစားမိလေ သည်။ ထိုနဂါးစွမ်းအားက ဘုရင်ကြီး၏ ခန္ဓာကိုယ်တွင်းသို့ ကြီးမားသည့်အရှိန်ဖြင့် ဝင်ရောက်သွားပြီး ဘုရင်မကြီးကို ပြန်လည်စွမ်းအားပြည့်လာစေလေသည်။

သို့သော် ဘုရင့်နန်းတော်တွင် စုစည်းထားသည့် မူလ အရင်းအမြစ်ဆန္ဒသဘောထားများမှာ ထိုနဂါးစွမ်းအားကြောင့် ပျောက်ကွယ်သွားလေသည်။ နဂါးစွမ်းအားမှာ အရှေ့နန်းတော် ဆီသို့ဦးတည်ပြီး ပျောက်ကွယ်သွားလေသည်။

ဘုရင်မကြီးက ဆန်းလျန်ကို နက်ရှိုင်းစွာကြည့်လိုက်သည်။

"ဒီလိုဒုက္ခအကြီးအကျယ်တွေ့နေတဲ့အချိန်မှာ ငါ့ကိုကူညီတဲ့သူ က မင်းဖြစ်နေမယ်လို့ ငါထင်မထားမိဘူး ၊ မင်းဘာဆုလာဘ် များလိုချင်သလဲပြောပါ"

သူမက တည်ငြိမ်သည့်လေသံဖြင့်ပြောလိုက်လေသည်။

သူမအသွင်အပြင်မှာ ကြောက်စရာကောင်းအောင် အေးစက်နေ ခြင်းမျိုးမရှိတော့ပါ။ သူမက ဆန်းလျန်ကို သူမနှင့် အဆင့်အတန်းတူသူအဖြစ် သတ်မှတ်ထားလိုက်ပြီ ဖြစ်လေ သည်။

"ကျုပ်လိုချင်တာကို ရပြီးသွားပါပြီ ဘုရင်မ ၊ အခုဘာမှလိုချင်တာမရှိတော့ပါဘူး ၊ နှုတ်ဆက်ခဲ့ပါတယ်"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လသည်။

ကဗျာရွတ်သံသဲ့သဲ့နှင့်အတူ ဆန်းလျန်က လေထဲတွင်လွင့်မျောပျောက်ကွယ်သွားလေတော့သည်။

ဘုရင်မကြီးက ဆန်းလျန်ကို အဓိပ္ပါယ်ရှိသောအကြည့်ဖြင့် ငေးကြည့်ရင်းကျန်ရစ်ခဲ့လေသည်။ ထို့နောက် ဘုရင့်နန်းတော်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်သည် လမ်းမထက်တွင်ရပ်နေလေသည်။

သူ၏မျက်ဝန်းများက ရှင်သန်ခြင်းမရဏာဆေးခန်း၏ အခန်းတံခါးကို စူးစိုက်ကြည့်နေလေသည်။ သူ၏တန်ခိုးဖြင့်စည်းချထားခဲ့သည့် အိပ်ခန်းတံခါးအရံအတားမှာ ပျက်စီးနေလေသည်။ အခန်းတံခါးမှာ ပွင့်နေပြီး ရှော့ရှီလေးမှာ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားပြီဖြစ်လေသည်။

ဆန်းလျန်၏မျက်နှာမှာ တည်ကြည်လေးနက်နေလေသည်။ သူက ချက်ချင်းပင် ခေါင်မိုးထက်သို့ပျံဝဲတက်သွားလေသည်။ ညလေအေးက အေးမြစွာတိုက်ခတ်နေလေသည်။ ဆန်းလျန်၏မျက်ဝန်းများက အနောက်ဘက်သို့စိုက်ကြည့်နေလေသည်။ ထို့နောက် လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်ပြီး လေထဲသို့ ခုန်ဝင်လိုက်လေသည်။ သူ၏ပုံသဏ္ဍာန်မှာ ကောင်းကင်ထက်တွင် အစိမ်းရောင်မြားတစ်စင်းအလား လင်းလက်တောက်ပသွားလေသည်။

သူ၏ လျှင်မြန်မှုမှာ ကြောက်မက်ဖွယ်ရာကောင်းလွန်းသည်။ ယခုသူက ထိုက်ရှီးတန်ခိုးစွမ်းအားများကို ရရှိပိုင်ဆိုင်သွားပြီဖြစ်လေသည်။ သူဆယ်နှစ်ကျော်ကျင့်ကြံခဲ့သည့်စွမ်းအားများမှာ ကူးချိုင်ဝှေ့လက်ဆောင်ပေးခဲ့သည့် သားမွေးတာအိုဝတ်ရုံအတွင်းသို့ စီးဆင်းဝင်ရောက်သွားလေသည်။ သူ၏အကျႌ

လက်များမှာ အတောင်ပံကဲ့သို့ဖြစ်နေပြီး လေနှင့်လျှပ်စီး

စွမ်းအားက သူ့ကို ပျံသန်းနိုင်ရန် ထောက်ပံ့ပေးထားလေသည်။

သူ၏ပျံသန်းမှုနှုန်းမှာ ဒဏ္ဍာရီထဲမှ ဂဠုန်ငှက်ကြီးများကဲ့သို့

အတောင်တစ်ချက်ခတ်ရုံမျှဖြင့် မိုင်ပေါင်းကိုးသောင်းထိ မ

ရောက်နိုင်သော်လည်း နတ်မိစ္ဆာဂိုဏ်းများမှပျံသန်းရင်အသုံးပြု

သည့် ငှက်များထက်တော့ သာလွန်လေသည်။

မရေတွက်နိုင်သည့် တောင်တန်းများနှင့် မြစ်ချောင်းများကို

ဖြတ်သန်းပျံသန်းလာခဲ့ပြီးသည့်နောက် အရှေ့ဘက်

ကောင်းကင်တွင် ရောင်နီထွန်းလင်းလာပြီဖြစ်လေသည်။

နောက်ဆုံးတွင်တော့ တိမ်များကြားတွင် ပျံသန်းနေသည့်

ရွက်လှေကြီးတစ်စင်းကို တွေ့လိုက်ရလေသည်။

သူကတန်ခိုးစွမ်းအားများကို မြှင့်တင်လိုက်ပြီး မယုံကြည်နိုင်

စရာကောင်းလောက်အောင် ကြီးမားသည့်အရှိန်ဖြင့် လေပြင်း

များကို မနားတမ်းတိုက်ခတ်လိုက်လေသည်။

ပျံသန်းနေသည့်ရှက်လှေကြီးမှာ လေပြင်းများပြင်းထန်စွာ တိုက်ခတ်လာသည့်အတွက်ကြောင့် ရပ်တန့်လိုက်လေသည်။ ဆန်းလျန်က သူ၏လက်တစ်ဖက်ကိုဆန့်တန်းလိုက်သည်။ သူ၏အင်္ကျီလက်မှာ လေထဲတွင်လွင့်နေလေသည်။ မမြင်နိုင်သည့်လေထုက သူ့ကိုကောင်းကင်ထက်တွင် ရပ်တန့်နိုင်အောင် သယ်ဆောင်ပေးထားပြီး သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ အစိမ်းရောင်တန်ခိုးစွမ်းအားများဖြင့် တောက်ပနေလေသည်။ လေထဲလွင့်နေသည့် အင်္ကျီလက်များဆီမှ မိုးကြိုးလျှပ်စီးများ လင်းလက်နေလေသည်။ သူ၏ပုံစံမှန် အမှန်တကယ်ပင် ထိတ်လန့်လေးစားဖွယ်ရာ အသွင်သဏ္ဍာန်ဖြစ်နေလေသည်။

တိမ်ထဲတွင်ပျံသန်းနေသည့်ရှက်လှေကြီးတွင် ရှုတ်ထွေးသည့်သင်္ကေတပုံစံများ ထွင်းထုထားလေသည်။ လှပသည့်မိန်းမပျိုသုံးယောက်သည် ဆန်းလျန်ကိုရင်ဆိုင်ရန်အတွက် ရှက်လှေကြီးဦးပိုင်းတွင် ရပ်နေကြလေသည်။ ခရမ်းရောင်ဝတ်မိန်းမပျို

၊ အဝါရောင်ဝတ်မိန်းမပျိုနှင့် အဖြူရောင်ဝတ်မိန်းမပျို သုံးယောက်ဖြစ်လေသည်။ သူမတို့ဝတ်ဆင်ထားသည်မှာ ရိုးရှင်းသည့်တာအိုကျင့်စဉ်ဝတ်ရုံများသာဖြစ်လေသည်။ သူတို့အားလုံး၏အသွင်သဏ္ဌာန်များမှာ အေးဆေးတည်ငြိမ်မှုရှိကြသည်။

ရွက်လှေပေါ်တွင် အိပ်မောကျနေသည့် မိန်းကလေးငယ်လေးတစ်ယောက်ကို ဆန်းလျန်တွေ့လိုက်ရလေသည်။ သူမမှာ ဆန်းလျန်၏ရော့ရှီလေးပင်ဖြစ်လေသည်။

ဆန်းလျန်က သူ၏ "စိတ်ဝိညာဉ်စူးစိုက်မှု" စွမ်းအားကို ပျံသန်းနေသည့်ရွက်လှေကြီးထံသို့ လေပြင်းနှင့်အတူ ပို့လွှတ်လိုက်လေသည်။ သူ၏စိတ်စွမ်းအားမှာ ရွက်လေကြီးကို ကာကွယ်ပေးထားသည့် လေထုအရံအတားကို ထိုးဖောက်ဝင်ရောက်သွားလေသည်။

“တာအိုကျောင့်ကြံသူသုံးယောက် ၊ ဘာလို့ ကျုပ်ရဲ့တူမလေးကို ဖမ်းဆီးခေါ်ဆောင်သွားရတာလဲ”

ဆန်းလျန်က တည်ငြိမ်အေးဆေးစွာ မေးလိုက်လေသည်။

“ရှင်က အမှုစစ်ဆေးခြင်းခံရပြီး လူပြန်ဝင်စားတဲ့ ယွမ်ကျွင်း ဧကရီရဲ့ မိသားစုဝင်လား ၊ ဒါဆို သူမကိုစောင့်ရှောက်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်”

အဝါရောင်ဝတ်ဆင်ထားသည့် ကျောင့်ကြံသူမိန်းမပျိုကပြောလိုက်လေသည်။

ကျေးဇူးတင်စကားပြောခြင်းဖြစ်သည့်တိုင် သူမ၏အသံက အေးစက်နေလေသည်။ ထို့နောက် အဝါရောင်မိန်းမပျို၏ လက်ထဲတွင် အဝါရောင်အလံငယ်တစ်လက်ပေါ်လာလေသည်။ သူမက ဆန်းလျန်မှာသာမန်ကျောင့်ကြံသူတစ်ယောက်မဟုတ်ကြောင်း ရိပ်မိလေသည်။

“ကလေးကိုထားခဲ့ ၊ မင်းတို့အားလုံးအေးအေးဆေးဆေးပြန်လို့ရတယ်”

ဆန်းလျန်ကတည်ငြိမ်စွာဖြင့် ပြောလိုက်လေတော့သည်။

အခန်း (၁၂၆)

 လောကတွင်အမြင့်ဆုံးမရှိ

ဆန်းလျန်၏လေသံမှာ တည်ငြိမ်အေးဆေးနေသည့်တိုင် သူ၏ပုံစံကတော့ အေးစက်နေလေသည်။

"ဘာလို့သူနဲ့အရေးလုပ်ပြီးစကားပြောနေရသေးလဲ ဂိုဏ်းတူ အစ်မ"

အဖြူရောင်မိန်းမပျိုက ဝင်ပြောလိုက်လေသည်။

အဖြူရောင်ဝတ်မိန်းမပျိုက ဆန်းလျန်၏စကားပြောဆိုပုံကို သဘောမကျပေ။ သူမက လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်ပြီး ဆန်းလျန်ကို တိုက်ခိုက်လိုက်လေသည်။

ဆန်းလျန်ထံသို့ မမြင်ရသည့်လေအေးတစ်ခုတိုးဝင်လာလေသည်။ ထိုလေအေးက ဆန်းလျန်၏ဝမ်းဗိုက်ဆီသို့ ထိမှန်သွားပြီး ပျောက်ကွယ်သွားလေသည်။ သူမ၏တန်ခိုးစွမ်းအားမှာ တွင်းနက်ကြီးတစ်ခုမှ စုပ်ယူသွားသလိုခံစားလိုက်ရလေသည်။

ဆန်းလျန်က အေးစက်စွာရယ်မောလိုက်ပြီး လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။ အဖြူရောင်ဝတ်မိန်းမပျိုထက် နှစ်ဆပြင်းထန်သည့်စွမ်းအားဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး" ပေးဆပ်ရခြင်းမျိုးမဟုတ်။

လက်ဝါးရိုက်ချက်လေးတစ်ချက်ကို လက်သီးချက်ပြင်းပြင်းဖြင့် ပြန်လည်တုန့်ပြန်လိုက်သည့် သဘောမျိုးဖြစ်လေသည်။

အဝါရောင်မိန်းမပျိုမှာ ကြက်သေသေသွားရလေသည်။

သူမ၏ဂိုဏ်းတူညီမလေးမှာ စိတ်လိုက်မာန်ပါလုပ်လိုက်ခြင်းမျှသာဖြစ်လေသည်။ သို့သော် သူတို့ရင်ဆိုင်နေရသည့်လူကတော့ လျှော့ပေးမည့်ပုံ မပေါက်ပေ။ သူမမတတ်သာတော့ဘဲ ကိုင်ဆောင်ထားသည့် အဝါရောင်အလံလေးကို ဝှေ့ယမ်းလိုက်လေသည်။ အဝါရောင်အလွှာပါးတစ်ခုပေါ်လာပြီး ရွက်လှေကြီးရှေ့တွင် ဒိုင်းသဖွယ်ကာရံထားလိုက်လေသည်။

အလွှာပါးလေးမှာ အဝါရောင်တောက်ပနေပြီး ရေခဲသားကဲ့သို့ပါးလွှာလေသည်။

ရှတ်တရက်ပင်....

လျှပ်စီးတစ်ချက်လက်သွားပြီး ရေခဲလွှာပါးလေးကို တစ်စစီဖြိုခွင်းပစ်လိုက်လေသည်။

ဆန်းလျန်၏ခန္ဓာကိုယ်မှ ဒြပ်စင်စွမ်းအားရှစ်မျိုး၏ရောင်စဉ်များဖြစ်သည့် အနီ ၊ ရွှေရောင် ၊ အဝါ ၊ အဖြူ ၊ အစိမ်း ၊ အပြာ ၊ ခရမ်း နှင့် အနက်ရောင်များ ထွက်ပေါ်လာလေသည်။ ထိုအရောင်ရှစ်မျိုးမှာ လေပွေမုန်တိုင်းကဲ့သို့လှည့်ပတ်ပြီး ရွက်လှေကြီးဆီသို့ တစ်ရှိန်ထိုးဝင်ရောက်သွားလေသည်။ တစ်ချိန်တည်းမှာပင် အဖြူရောင်အလင်းတန်းနှင့် အစိမ်းရောင်အလင်းတန်းများက ရွက်လှေကြီးဆီမှ ထွက်ပေါ်လာပြီး ဆန်းလျန်၏ ရောင်စဉ်စွမ်းအားများနှင့် ထိခိုက်မိလေသည်။

ဆန်းလျန်၏ပြိုင်ဘက်ရန်သူမိန်းမပျိုများမှာ စွမ်းအားအကုန်ထုတ်သုံးနေသည့်တိုင် ဆန်းလျန်၏ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို မယှဉ်နိုင်ကြပါ။ ဆန်းလျန်က ရွက်လှေပေါ်တွင်ရှိ

နေသည့် ရှော့ရှိလေးကို ငဲ့ညှာနေသည့်အတွက် အားကုန်သုံး တိုက်ခိုက်ခြင်းမရှိသေးပေ။

အစိမ်းရောင်နှင့်အဖြူရောင်စွမ်းအားနှစ်ခုပေါင်းစပ်သွားသည့် အခါ မထိုးဖောက်နိုင်သည့်အရံအတားတစ်ခု ဖြစ်သွားရလေ သည်။ သို့သော် ရွက်လှေကြီးမှာ ကြီးမားသည့်တန်ခိုးစွမ်းအား ရိုက်ခတ်မှုကြောင့် မရပ်တည်နိုင်တော့ဘဲ ပေါက်ကွဲလုနီးပါး ဖြစ်ပြီး ကောင်းကင်ထက်မှ အောက်သို့ဖြည်းဖြည်းလျောဆင်း နေလေပြီ။ ဆန်းလျန်က ရွက်လှေကြီးနောက်သို့ ထပ်ကြပ်မ ကွာ လိုက်ပါသွားလေသည်။

ရုတ်တရက်....

မီးခိုးရောင်လေပြင်းတစ်ချက်တိုက်ခတ်လာပြီး ဆန်းလျန်ကို ပိတ်စို့ဝန်းရံထားလိုက်လေသည်။

ဆန်းလျန်၏ခန္ဓာကိုယ်မှာ မလှုပ်ရှားနိုင်ဖြစ်သွားရလေသည်။

မီးခိုးရောင်လေထုမှာ ကြိုးတစ်ချောင်းကဲ့သို့ ဆန်းလျန်ကို

တင်းကြပ်စွာတုတ်နှောင်ထားလိုက်လေသည်။ လေမှာရပ်တန့်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်သွားလေသည်။ မီးကိုရေနှင့်ငြိမ်းလိုက်သလို တိတ်ဆိတ်သွားခြင်းဖြစ်လေသည်။ ဆန်းလျန်မှာ လုံးဝလှုပ်ရှား၍မရနိုင်ဘဲ ပိတ်မိနေလေတော့သည်။

အောက်သို့လျှောကျနေသည့်ရွက်လှေကြီးမှာ ပြန်လည်မြင့်တက်လာပြီး ကြယ်တစ်စင်းကြွေသည့်အလား ငွေရောင်အလင်းတန်းတစ်ချက်လက်ကနဲတောက်ပကာ လျှင်မြန်သည့်အရှိန်ဖြင့်ထွက်ခွာသွားလေတော့သည်။

ဆန်းလျန်မှာ မီးခိုးရောင်လေထုထဲတွင် ပိတ်မိနေပြီး သူ၏ထိုက်ရှီးစွမ်းအားများမှာ ရုတ်တရက် အသုံးပြု၍မရ ဖြစ်နေရလေသည်။

ရွက်လှေကြီးမှာ ကြယ်တစ်စင်းအလား လျှင်မြန်စွာ ပျောက်ကွယ်သွားတော့မှ ထိုမီးခိုးရောင်လေထု၏တင်းကြပ်မှုမှာ ပျောက်ကွယ်သွားရသည်။

ဆန်းလျန်တောင်ထိပ်တစ်ခုပေါ်သို့ဆင်းသက်လိုက်လေသည်။

မီးခိုးရောင်လေထုမှာ အလင်းရောင်များတောက်ပနေသည့် ကြိုးတစ်ချောင်းအသွင်သို့ ကူးပြောင်းသွားလေသည်။

ထိုကြိုးမှာ သာမန်ပစ္စည်းတစ်ခုမဖြစ်နိုင်ပါ။ ထိုသို့သောပစ္စည်းမျိုးကို သာမန်နတ်ဘုရားများ ပိုင်ဆိုင်ခြင်းမရှိနိုင်ပေ။

ချင်း ရှမ်နတ်တံခါးပင်လျှင် ထိုကဲ့သို့သော အဖိုးတန်ပစ္စည်းနှစ်မျိုးကိုသာလျှင် ဆန်းလျန်တွေ့ဖူးလေသည်။ တစ်ခုမှာ ဆရာသခင်ကျန်းရော့ ရှီး၏ ထျန်းတိကျန်းကြေးမုံမှန်နှင့် နောက်တစ်ခုမှာ ကျိလင်နတ်သမီး၏အမည်မသိခေါင်းလောင်းလေးများဖြစ်လေသည်။

ကျန်းရော့ရှီးမှာ ချင်းရှွမ်နတ်တံခါးကိုအုပ်ချုပ်သည့် ဆရာသခင်ဖြစ်သည့်အတွက် ထျန်းတိကျန်းကို ပိုင်ဆိုင်ထားခြင်းဖြစ်သလို ကျိုလင်နတ်သမီးမှာ လောကနတ်ဘုရားတစ်ပါး ဖြစ်သည့်အတွက် ထိုသို့အစွမ်းထက်သည့်ပစ္စည်းမျိုးကို ပိုင်ဆိုင်ထားသည်မှာ ထူးဆန်းခြင်းမရှိပေ။

ဆန်းလျန်မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ပထမအဆင့်ကို အောင်မြင်ထားပြီဖြစ်သည့်အတွက် ချန်ကျန့်မေကို မယှဉ်နိုင်သေးသည့်တိုင် သာမန်ဟိုင်သန်းအဆင့်ကျင့်ကြံသူများလောက်တော့ အသာလေးအနိုင်ယူနိုင်လေသည်။ ထိုက်ရှီးစွမ်းအားများမှာ အဆုံးမဲ့တန်ခိုးစွမ်းအားများဖြစ်သည်။ ထို့ကြောင့် ကူးချိုင်ဝေ့က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှာ လောကတွင် ပြိုင်ဘက်မရှိသည့် ထိပ်တန်းကျင့်စဉ်ဟု ပြောခဲ့ခြင်းဖြစ်လေသည်။

ကြယ်ကြွေသကဲ့သို့အလင်းတန်းတစ်ချက်ဖြင့် ပျောက်ကွယ်သွားသည့် ရွက်လှေကြီးမှာ မိုင်ထောင်ပေါင်းများစွာအဝေးတွင် ပြန်လည်ပေါက်ထွက်လာလေသည်။

အဝါရောင်မိန်းမပျိုက....

“ဂိုဏ်းတူညီမလေးကျီယွဲ့၊ မင်းကဗဟုသုတသိပ်ပြီးကြွယ်ဝတဲ့သူပဲ၊ အဲဒီလူကဘယ်သူများလဲ သိနိုင်မလား"

ဟုမေးလိုက်လေသည်။

“ဂိုဏ်းတူအစ်မ၊ အဲဒီလူရဲ့ကျင့်စဉ်က လျိုစူးရဲ့ “ယင်စွမ်းအားလက်ဝါးသုံးဆင့်” ရိုက်ချက်ကိုတောင် လွယ်လွယ်လေး ခုခံနိုင်တဲ့အပြင် တန်ပြန်ရိုက်ချက်နဲ့တောင်အသုံးပြုတိုက်ခိုက်လိုက်သေးတယ်၊ ပြီးတော့ သူ့ခန္ဓာကိုယ်မှာ အနီ၊ ရွှေရောင်၊ အဝါ၊ အဖြူ၊ အစိမ်း၊ အပြာ၊ ခရမ်း နဲ့ အနက်ရောင် ရောင်စဉ်ရှစ်မျိုးဖြာထွက်နေတာ၊ အဲဒါတွေကိုကြည့်ရင် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်နဲ့ အတော်ဆင်တူတာပဲ”

ခရမ်းရောင်မိန်းမပျိုက ပြန်ဖြေလိုက်သည်။

အဝါရောင်မိန်းမပျိုမှာ သူ၏စိတ်ထဲတွင် ခန့်မှန်းထားပြီးသား ဖြစ်လေသည်။ သူမက ဗဟုသုတကြွယ်ဝသည့် ကျီယွဲ့ထံမှ အတည်ပြုချက်ရယူလိုက်ခြင်းသာဖြစ်သည်။

“ဒါ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ပဲဖြစ်ရမယ် ၊ ဒါကြောင့် ဒီ လောက်အစွမ်းထက်နေတာ ၊ “နတ်ဒေဝါနှောင်ကြိုး” ကို ယူလာ မိတာကံကောင်းတာပဲ ၊ မဟုတ်လို့ကတော့ ဒီနေ့ အကြီးအကျယ်ဒုက္ခရောက်မှာ”

အဝါရောင်မိန်းမပျိုကပြောလိုက်လေသည်။

“ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဆိုတာ ဘာလဲဟင် ၊ ငါဖြင့် တစ်ခါမှမကြားဖူးဘူး”

အဖြူရောင်မိန်းမပျိုက မေးလိုက်သည်။

“အဲဒီကျင့်စဉ်က ချင်းရွှမ်နတ်တံခါးရဲ့ လျှို့ဝှက်ကျင့်စဉ်တွေ ထဲကတစ်ခုပဲ ၊ ကျင့်ကြံနိုင်ဖို့အရမ်းခက်တယ်လို့ ကြားဖူးတယ်

၊ အဲဒီလူဘယ်လောက်အစွမ်းထက်လဲ နင်မတွေ့ဘူးလား လျိုစူး၊ ဒါတောင် သူက ထိုက်ရှီးကျင့်စဉ်ကို အောင်မြင်တဲ့အထိ လေ့ကျင့်ရသေးတာမဟုတ်ဘူး ၊ မဟုတ်လို့ကတော့ သူ့ရိုက်ချက်တစ်ချက်တောင် ငါတို့ခံနိုင်မှာ မဟုတ်ဘူး”

အဝါရောင်မိန်းမပျိုက သက်ပြင်းချရင်းပြောလိုက်လေသည်။

အဖြူရောင်မိန်းမပျိုလျိုစူးမှာ အံ့သြမှုဖြင့် တိတ်ဆိတ်သွားရလေသည်။ သူမရင်ဆိုင်ခဲ့ရသည့်သူမှာ ဝိညာဉ်စွမ်းအားမြင့်မားသည့်အပြင် တန်ခိုးစွမ်းအားမှာလည်း ကြီးမားသည့်အတွက် သူမက ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ခုနစ်ဆင့်မျှဖြင့် အောင်မြင်ထားသည့်ကျင့်ကြံသူတစ်ယောက်ဖြစ်မည်ဟု တွေးထင်ထားခဲ့မိလေသည်။ ယခုတော့ ကျင့်စဉ်လမ်းပင် မအောင်မြင်သေးသည့်လူတစ်ယောက်ဖြစ်နေခဲ့သည်။ သို့သော် သူမ၏ဂိုဏ်းအတူအစ်မ၏စကားကို သူမအကြွင်းမဲ့ယုံကြည်လေသည်။

ခရမ်းရောင်ကျီယွဲ့က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဟုပြော
သည့်တိုင် ထိုကျင့်စဉ်အကြောင်းကို အဖြူရောင်လျိုစူးက
သိရှိခြင်းမရှိပါ။ အမှန်တော့ ကျင့်ကြံသူဆယ်ယောက်တွင် ရှစ်
ယောက်က ထိုကျင့်စဉ်အကြောင်းကို သိလေသည်။ ထို
ကျင့်စဉ်မှာ ကျင့်ကြံအောင်မြင်ရန် ခက်ခဲလွန်းသည်သာမက
ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ခုနစ်ဆင့်ဖြင့် အောင်မြင်ခဲ့
ကြသည့် ကျင့်ကြံသူများကိုပင် အသာလေးအနိုင်ယူနိုင်လေ
သည်။ ဟိုင်သန်းအဆင့်ဟုပြောရာတွင် သာမန်ကျင့်စဉ်အချို့
ကို ကျင့်ကြံခြင်းဖြင့်လည်း ဟိုင်သန်းအဆင့်ကို ပုံပြောင်း
အဆင့်ခုနစ်ဆင့်ဖြင့် အောင်မြင်နိုင်လေသည်။ ဟိုင်သန်း
အဆင့်ပြီးလျှင် ပုရှီးအဆင့်နှင့် ဖော့ဝမ့်အဆင့်များသို့တက်
ရောက်နိုင်ရန် ဆက်လက်ကျင့်ကြံရမည်ဖြစ်လေသည်။
ထို့ကြောင့် ကျင့်ကြံသူများအနေဖြင့် ဟိုင်သန်းအဆင့်ကို ပုံ

ပြောင်းအဆင့်ခုနစ်ဆင့်ဖြင့်အောင်မြင်ရန်မှာ ဖြစ်နိုင်ချေများစွာ ရှိလေသည်။

“ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံနိုင်မှာတော့ အဲဒီလူကိုကြည့်ရတာ ချင်းရှမ်နတ်တံခါးမှာ အဆင့်မြင့်တဲ့လူတစ်ယောက်ဖြစ်မှာပဲ ၊ ငါတို့ ထိုက်စုနတ်ဘုရားဂိုဏ်းက အခုအချိန်မှာ ချင်းရှမ်နတ်တံခါးထက် သာတယ်ဆိုပေမယ့် သူနဲ့ဒီလိုတိုက်ခိုက်တာတော့ မကောင်းဘူးထင်တယ် ၊ ငါတို့ဘယ်ဂိုဏ်းကဆိုတာသာသိသွားရင် သူတစ်ယောက်တည်းတော့လာရဲမှာမဟုတ်တော့ဘူး ၊ ဒါပေမယ့်သူ့ရဲ့ ဆရာသခင်တွေကို ခေါ်လာမှာပဲ ၊ ဒါပေမယ့် ငါတို့ ထိုက်စုနတ်ဘုရားဂိုဏ်းမှာလည်း ဆရာသခင်တွေရှိတာပဲ ၊ ကြောက်တော့မကြောက်ပါဘူး ၊ ဒါပေမယ့် ဒီလူက လူပြန်ဝင်စားတဲ့ ယွင်ကျွင်းကောရီနဲ့လည်းပတ်သက်နေသေးတယ် ၊ ငါတို့ ဂိုဏ်းကိုအမြန်ပြန်ပြီး ဆရာသခင်ကို တင်ပြသင့်တယ်ထင်တယ်”

ကျီယွဲ့က တွေးတွေးဆဆဖြင့်ပြောလိုက်လေသည်။

သူမ၏စကားကို အဝါရောင်မိန်းမပျိုနှင့် အဖြူရောင်လျိုစူးက လည်း ခေါင်းညိတ်ထောက်ခံလိုက်ကြလေသည်။

ရော့ရှိလေးမှာတော့ အိပ်ပျော်နေပြီး သူမကို မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်လည်း သိရှိခြင်း မရှိရှာပေ။

ရွက်လှေကြီးမှာ ဖြည်းဖြည်းမှန်မှန်သွားနေလေသည်။ ထိုစဉ် ကောင်းကင်ထက်မှ မီးခိုးရောင် အလင်းတန်းတစ်ခု ပေါ်လာ လေသည်။ "နတ်ဒေဝါနှောင်ကြိုး" ဖြစ်လေသည်။

နတ်ဒေဝါနှောင်ကြိုးမှာ အဝါရောင်မိန်းမပျိုလက်ထဲသို့ ကျ ရောက်လာလေသည်။ ဆန်းလျန်နှင့် တိုက်ခိုက်စဉ်အချိန်က သူ တို့က ရွက်လှေကြီး၏ "လောကကိုထိုးဖောက်နိုင်သည့်မျော် စွမ်းအင်" ကို အသုံးပြုကာ ထွက်ခွာလာခဲ့ကြခြင်းဖြစ်လေ သည်။

ဆန်းလျန်လက်မှ လွတ်လောက်သည့်နေရာရောက်တော့မှ ရွက်လှေကြီးကို အရှိန်လျှော့လိုက်ကြခြင်းဖြစ်လေသည်။ နတ်ဒေဝါနှောင်ကြိုးမှာ ထူးဆန်းသည့် မှော်ဝင်ပစ္စည်းတစ်ခု ဖြစ်လေသည်။ သူ၏သခင်ကို မှတ်မိနိုင်စွမ်းရှိလေသည်။ မိန်းမပျိုများမှာ နတ်ဒေဝါနှောင်ကြိုးကို သူတို့ဆန္ဒနှင့်သူတို့ လွတ်လွတ်လပ်လပ် အသုံးပြုခွင့်ရှိလေသည်။ ထိုမှော်ဝင်ပစ္စည်းမှာ ဆန်းလျန်ဆီမှထွက်လာသည့် ထိုက်ရှီး စွမ်းအာမး ျားမှာ ကျိလင်နတ်သမီး၏စွမ်းအားများ ဖြစ်ကြောင်း မှတ်မိနေလေသည်။ ထို့ကြောင့် ဆန်းလျန်ကို အသက်သေသည်အထိ မထိန်းချုပ်တော့ဘဲ မိန်းမပျိုသုံး ယောက်လွတ်မြောက်သွားသည်အထိသာ ထိန်းချုပ်ထားခဲ့ခြင်း ဖြစ်လေသည်။ ထို့နောက် ဆန်းလျန်ကို ဒုက္ခမပေးဘဲ ထားခဲ့ လေသည်။

ဆန်းလျန်မှာ တောင်ထိပ်တစ်ခုပေါ်တွင် ရပ်တန့်ကျန်ရစ်ခဲ့ရပြီး ထိုမိန်းကလေးများ၏ဇစ်မြစ်ကိုလည်း မသိရှိနိုင်ခဲ့ပါ။ အင်းပညာကိုအသုံးပြုကာ ခြေရာခံရန် ကြိုးစားကြည့်သော်လည်း အကြောင်းမထူးပေ။ အလွန်ဝေးကွာသည့် နေရာသို့ရောက်သွားသောကြောင့် ဖြစ်နိုင်လေသည်။ သူက ထိုက်ရှီးစွမ်းအားများ ပြန်လည်အသုံးပြု၍ရသည်နှင့် စွမ်းအားအလင်းဖြင့်ကြည့်ရှုလိုက်သည့်တိုင် ခြေရာပျောက်သွားခဲ့ပြီ ဖြစ်လေသည်။ ခြေရာခံ၍မရသည့်အတွက် အနာဂတ်ကိုလည်း ခန့်မှန်း၍မရနိုင်ဖြစ်ရလေသည်။ ကန့်သန့်ချက်များဖြင့် ပြည့်နေလေသည်။ များသောအားဖြင့် အဖြစ်အပျက်များကို ဆန်းလျန်က စိတ်ဖြင့်ကြိုတင်သိမြင်ခန့်မှန်းနိုင်သည့်အတွက် တားဆီးသင့်သည်များကို ကြိုတင်တားဆီးထားတတ်လေသည်။ သို့သော် ယခုကဲ့သို့ဖြစ်ပျက်သွားရခြင်းမျိုးမှာတော့ ကံတရားအတိုင်းပင်ဖြစ်ခဲ့သည်လားဟု သူတွေးနေမိလေသည်။

ဆန်းလျှန်အနေဖြင့် ရှော့ရှီကို စိတ်စွမ်းအင်ဖြင့် အာရုံခံကြည့်

သည့်အလုပ်မျိုး ယခင်က မလုပ်ခဲ့ဖူးပေ။ ထို့ကြောင့်

ယခုကဲ့သို့ စိတ်စွမ်းအင်ဖြင့် အာရုံခံ၍မရခြင်းမှာ သူမ၏ မ

ရှင်းလင်းသည့်ဇာစ်မြစ်ကြောင့်လား ၊ သို့မဟုတ်

တစ်စုံတစ်ယောက်က အရံအတားဖြင့် တားဆီးထားခြင်း

ကြောင့်လားဆိုသည်ကို ဆန်းလျှန်နားမလည်နိုင်ဖြစ်နေရလေ

သည်။

အခန်း (၁၂၇)

အမှားအမှန်ဘက်လိုက်မှုမရှိ

နောက်ဆုံးတော့....

ဆန်းလျန်တစ်ယောက် ဆရာသခင်ကျန်းရှော့ရှီးထံတွင် အကူအညီတောင်းခံရန် ချင်းရှမ်နတ်တံခါးသို့ ပြန်လာခဲ့လေတော့သည်။ ဆရာသခင်က "ဟိုင်သန်းအဆင့်မအောင်မြင်မချင်းပြန်မလာခဲ့နဲ့" ဟု အမှာစကား ရှိထားသည့်တိုင် ဆန်းလျန်မှာ အရေးပေါ်အခြေအနေသို့ရောက်နေသည့်အတွက် ဂရုမစိုက်နိုင်တော့ပါ။

မိန်းမပျိုသုံးယောက်မှာ အဆင့်မြင့်ကျင့်ကြံသူများဖြစ်ကြောင်း ဆန်းလျန်သတိထားမိလေသည်။ ထို့ပြင် ထူးဆန်းသည့် မော်ဝင်ကြိုးမှာလည်း အဆင့်မြင့်နတ်ဘုရားတစ်ပါးနှင့် ပတ်သက်နိုင်သည့် ပစ္စည်းတစ်ခုဖြစ်လေသည်။ သူက ထိုက်ရှီးစွမ်းအားများကို ရရှိထားသည့်တိုင် ထိုကဲ့သို့သော ပြိုင်ဘက်

များကိုတော့ တစ်ယောက်တည်းရင်ဆိုင်ရန် မဖြစ်နိုင်ပေ။ ထို့ပြင် သူက ရှော့ရှီလေးကိုလည်းကယ်တင်ရမည်ဖြစ်သည်။ ရှော့ရှီကိုသာ မကယ်တင်နိုင်လျှင် သူ့ဘဝတစ်လျှောက်လုံး နောင်တတရားကိုရင်ဝယ်ပိုက်ကာ အသက်ရှင်ရပေတော့မည်။ ထို့ပြင် အဝါရောင်မိန်းကလေးက ရှော့ရှီမှာ လူပြန်ဝင်စားသည့် ယွမ်ကျွင်းဧကရီဟု ပြောခဲ့လေသည်။ ထိုစကားမှာ လွန်စွာမှ ထူးဆန်းလေသည်။ လူတစ်ယောက်၏ခန္ဓာကိုယ်ထဲမှ အခြား တစ်ယောက်၏ခန္ဓာကိုယ်ထဲသို့ ဝိညာဉ်ရွှေ့ပြောင်းသည့် ထူးဆန်းသည့်ကျင့်စဉ်ပညာများကို ဆန်းလျှန်သိပါသည်။ ရှော့ ရှီကြုံတွေ့ရသည်မှာ ထိုသို့သောဖြစ်ရပ်မျိုးလားဟု သူစဉ်းစား နေမိသည်။

သို့သော် ထိုကဲ့သို့သော ကျင့်စဉ်မျိုးကိုအသုံးချမည်ဆိုပါက စွမ်းအားအကန့်အသတ်မရှိ လက်ခံနိုင်ပြီးရင့်ကျက်ပြည့်ဝ သည့် ရုပ်ခန္ဓာလိုအပ်လေသည်။ ထို့ကြောင့် ရှော့ရှီလေး

အနေဖြင့် လောလောဆယ်အချိန်တွင် အန္တရယ်မရှိနိုင်သေးဟု ယူဆမိလေသည်။

သူ၏ယူဆချက်မှာ မှန်မည်လား ၊ မှားမည်လား သူကိုယ်တိုင် လည်းမသိပေ။ ထို့ကြောင့် ဆရာသခင်၏ "ဟိုင်သန်းအဆင့်မ အောင်မြင်မချင်းပြန်မလာခဲ့နဲ့" ဟူသည့် အမှာစကားကို ဆန့်ကျင်ကာ ချင်းရှမ်နတ်တံခါးသို့ပြန်ခဲ့ရခြင်းဖြစ်လေသည်။ ဆန်းလျန်က ဆန်းတုမြို့တော်သို့ ပြန်ချင်စိတ်မရှိတော့ပေ။ ထို နေရာတွင် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ပထမအဆင့် အောင်မြင်ခဲ့သည်ကလွဲပြီး သူ့အတွက် လွမ်းစရာ ဘာမှမရှိခဲ့။ ထို့ပြင် ထိုက်ရှီးစွမ်းအားများကို အပြည့်အဝအသုံးချနိုင်ရန်နှင့် စွမ်းအင်များကို သန့်စင်ရန်အတွက်က အချိန်ယူကျင့်ကြံရဦး မည်ဖြစ်သည်။ သို့သော် လက်ရှိသူ၏တန်ခိုးစွမ်းအားနှင့်ဆို လျှင် လေထဲတွင်ပျံသန်းပြီး ချင်းရှမ်နတ်တံခါးသို့ပြန်မည်ဆို ပါက သုံးရက်မှငါးရက်အထိ ကြာနိုင်ချေရှိလေသည်။

ထို့ကြောင့် အချိန်ဖြုန်းမနေတော့ဘဲ စတင်ခရီးထွက်ခဲ့လေ

တော့သည်။

အရှေ့ဆီမှနေထွက်လာခဲ့ပြီ....

ခရမ်းရောင်မြူခိုးများဝေနေသည့် ရှုမျှော်ခင်းကိုကြည့်ရင်း

ဆန်းလျှန်၏ရင်ထဲတွင် ကြည်နူးပျော်ရွှင်မှုကို ခံစားလိုက်ရလေ

သည်။

ပျော်ရွှင်မှုကြောင့် သူအော်ဟစ်လိုက်မိလေသည်။

သူ၏ဝမ်းသာအားရအော်ဟစ်သံကြောင့် တော်ရိုင်းတိရိစ္ဆာန်

များ ၊ ငှက်အုပ်များပင် ထပြေးကြသည်အထိပင်။

ပတ်ဝန်းကျင်တွင် တစ်ဦးတစ်ယောက်မှ မရှိ၍ပင်တော်

တော့သည်။ မဟုတ်ပါက သူ၏အော်သံကို မကောင်းဆိုးဝါး

များနှင့် နတ်မိစ္ဆာများကြားသွားနိုင်လေသည်။

သူက လေအဟုန်ဖြင့်တစ်ရှိန်ထိုးပျံသန်းသွားလိုက်ပြီး

ပင်လယ်ထက်မှတိမ်များနှင့်အတူ လွင့်မျောသွားလေသည်။ ထို

က်ရှီးစွမ်းအားများကြောင့် သူ့တစ်ကိုယ်လုံးမှာပေါ့ပါးနေလေသည်။ သူ့ဘဝတစ်လျှောက်တွင် မိုးကောင်းကင်နှင့်တိမ်များကြားတွင် ယခုလောက်အမြင့်ထိရောက်အောင် ပျံသန်းခဲ့ဖူးခြင်း မရှိပေ။

ဆန်းလျန် တောင်ပင်လယ်ကိုဖြတ်သန်းလာခဲ့ပြီး ချင်းရွှမ်နတ်တံခါး တည်ရှိရာအရပ်သို့ ဦးတည်လိုက်သည်။ ထိုစဉ်... သူ့နာမည်ကိုခေါ်နေသည့် ရင်းနှီးသည့်အသံတစ်သံကိုကြားလိုက်ရသောကြောင့် ဆန်းလျန် အောက်သို့ ငုံ့ကြည့်လိုက်သည်။ ထို့နောက် အနီးအနားရှိ ကျောက်ဆောင်ကြီးတစ်ခုပေါ်သို့ ဆင်းသက်လိုက်သည်။ ထိုအခါတွင်တော့ တာအိုဝတ်စုံဖြင့် လူငယ်လေးတစ်ယောက်ကိုတွေ့လိုက်ရလေသည်။ လူ အသွင်ဖန်ဆင်းထားသည့် မြွေမိစ္ဆာကြီးကျင်းချင်းပင်ဖြစ်လေသည်။

ကျင်းချင်းက ဆန်းလျန်ကို တစ်ချက်အကဲခတ်လိုက်ပြီး ပြုံးလိုက်သည်။
“မင်းအဲဒီလောက်တိုးတက်လာမယ်လို့ ငါထင်မထားမိဘူး” ပြောလိုက်လေသည်။
ဆန်းလျန်ကိုမြင်ရသည်မှာ အတိတ်တစ်ချိန်က ကျိုလင်နတ်သမီးနှင့် ပိယွင်နတ်သမီးတို့ကို ပြန်မြင်တွေ့ရသကဲ့သို့ ခံစားရလေသည်။ ကူးချိုင်ဝေ့အနေဖြင့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို အောင်မြင်ခဲ့သည်မှာ ပိယွင်နတ်သမီးနှင့် ခရမ်းရောင်နတ်မိမယ်ကျိုလင်တို့က သူမကိုများစွာ များစွာကူညီပေးခဲ့သောကြောင့်ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့ တစ်ကိုယ်တည်း မရမနေ ကြိုးစားပြီး ဤအဆင့်သို့ တက်လှမ်းနိုင်ခဲ့လေပြီ။
(ပိယွင်နတ်သမီးမှာ ကျိုလင်နတ်သမီး၏တပည့်ဖြစ်သလို ကူးချိုင်ဝေ့၏ဆရာလည်းဖြစ် - ဘာသာပြန်သူ)

ကျင်းချင်းကဲ့သို့သော အသက်ရှည်လွန်းသည့်မြွေမိစ္ဆာ

အနေဖြင့် ဆန်းလျန် ချင်းရှမ်နတ်တံခါးမှထွက်ခွာသွားသည့်

တစ်နှစ်ဆိုသည့်အချိန်မှာ တစ်ရေးအိပ်လောက်သော အချိန်မျှ

သာဖြစ်ကြောင်း ဆန်းလျန်သိထားလေသည်။

"မင်းက ဒီမှာဘာလာလုပ်နေတာလဲ"

ဆန်းလျန်က ကျင်းချင်းကိုမေးလိုက်လေသည်။

"ဆရာသခင်က မင်းလာမယ်ပြောလို့၊ မနေ့ကတည်းကစောင့်

နေတာ"

ကျင်းချင်းကပြောလိုက်လေသည်။

"ဒါဖြင့် ကျုပ်ဘာတွေဖြစ်ခဲ့လဲဆိုတာ ဆရာသခင်သိနေပြီး

သားပေါ့"

ဆရာသခင်၏ကြိုတင်သိမြင်နိုင်သည့်စိတ်စွမ်းအင်ကို သိပြီး

သားဖြစ်သည့်အတွက် ဆန်းလျန်က အံ့ဩမနေတော့ပါ။ ဆရာ

သခင်၏စိတ်စွမ်းအင်မှာ အဆင့်မြင့်နတ်ဘုရားတစ်ပါးထက်ပင် သာလွန်လေသည်။

“ဆရာသခင်အမိန့်ရှိတာကတော့ မင်းအကူအညီတောင်းချင်တဲ့ကိစ္စက ချင်းရှမ်းနတ်တံခါးအနေနဲ့ ပါဝင်ပတ်သက်လို့မကောင်းတဲ့ကိစ္စဖြစ်နေတယ်တဲ့၊ ဒါပေမယ့် မင်းရဲ့တူမလေးအတွက်စိတ်ပူစရာမရှိဘူးတဲ့ ၊ ဒါပေမယ့် မင်းဒီကိစ္စကိုပါဝင်ပတ်သက်လိုတယ်ဆိုရင်တော့ ဟိုင်သန်းအဆင့်အောင်မြင်ပြီးမှပဲ ဘာဆက်လုပ်ရမလဲဆိုတာ သူ့ကိုလာမေးပါတဲ့”

ကျင်းချင်းကပြန်ပြောလိုက်လေသည်။

“ကျုပ်ကလည်းဒီမေးခွန်းတွေမေးချင်လို့ပဲပြန်လာတာပါပဲ ၊ ဒါပေမယ့် ဆရာသခင်ကကြိုသိနေတယ်ဆိုတော့လည်း ချင်းရှမ်းတောင်ပေါ်ထိသွားမနေတော့ပါဘူး ၊ ဒါနဲ့ဆရာသခင်ရောဘယ်လိုနေလဲ ၊ နေကောင်းကျန်းမာရှိရဲ့လား”

ကျင်းချင်းက မချိပြုံးပြုံးလိုက်လေသည်။

"ဆရာသခင်ရဲ့ဘဝနေဝင်ချိန်ကနီးနေပါပြီ ၊ အသက်ရှင်ဖို့အချိန်သိပ်မကျန်တော့ဘူး ၊ သူ့အတွက်ပိုပြီးဆိုးလာတာပဲရှိတယ် ၊ သူဘာယ်လိုလုပ်နေကောင်းနိုင်မှာလဲ"

သွေးအေးသတ္တဝါဖြစ်သည့်မြွေမိစ္ဆာကြီးကျင်းချင်းမှာ ခံစားချက်မရှိသည့် သွေးအေးသတ္တဝါတစ်ကောင်ဖြစ်လေသည်။ သူကနှစ်ပေါင်းများစွာအတူတူနေလာသည့် ဆရာသခင်၏အသက်အန္တရယ်အကြောင်းကို ပြောပြနေသည့်တိုင်ဝမ်းနည်းခြင်းမဖြစ်မိပေ။ သို့သော် ဆန်းလျန်မှာတော့သူ၏စကားများကြောင့် စိတ်မကောင်းဖြစ်သွားရလေသည်။ ဆန်းလျန်မှာ အတိတ်အကြောင်းများကို ပြန်စဉ်းစားမိပြီးတိတ်ဆိတ်ငြိမ်သက်သွားရလေသည်။

ကျင်းချင်းက ဆန်းလျန်ကိုကြည့်ကာ ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး မြွေမိစ္ဆာကြီးအသွင်သို့ ပြန်လည်ကူးပြောင်းသွားလေသည်။ ထို့နောက် ပင်လယ်ရေပြင်ကို အမြီးနှင့်တဝုန်းဝုန်း

ရိုက်ခတ်ပြီးမိုးပေါ်ပျံတက်သွားလေရာ ဆန်းလျန်တစ်ကိုယ်လုံး ရေများစိုရွှဲကုန်လေတော့သည်။

မိုးကုတ်စက်ဝိုင်းဆီသို့ မြွေမိစ္ဆာကျင်းချင်း တိုးဝင်ပျောက်ကွယ်သွားသည်အထိ ဆန်းလျန်ငေးကြည့်နေမိပြီးမှ ပင်လယ်ရေလှိုင်းများကိုငေးကြည့်ရင်း ဆရာသခင်အကြောင်းစဉ်းစားနေမိသည်။ သူတာအိုကျင့်စဉ်လမ်းသို့လိုက်သည့်နေ့မှစတင်ပြီး ဆရာသခင်က သူ့အပေါ်တွင်ကောင်းကောင်းမွန်မွန် ဂရုစိုက်ခဲ့လေသည်။ ဆရာသခင်က သူ့ကို ပြန်မလာရန်တားမြစ်သည်မှာလည်း သူ့အကြောင်းနှင့်သူရှိမည်ဖြစ်လေသည်။ သူ့အနေဖြင့် ဆရာသခင်အပေါ်တွင် စိတ်ဆိုးစိတ်ခုစရာမရှိပါ။ သူစိတ်ပူနေသည်က ဆရာသခင်၏ဒဏ်ရာကိုပင်ဖြစ်လေသည်။

သို့သော် သူစိတ်ပူနေသည့်တိုင် မည်သို့မျှ မကူညီနိုင်ပါ။

သူက ချင်းရွှမ်နတ်တံခါးတည်ရှိရာနေရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။

“နတ်ဘုရားမှော်ဆေးတွေအကြောင်းမှတ်တမ်းတင်ထားတဲ့ ကျမ်းစာအုပ်မျိုးသာ ရှာတွေ့နိုင်ရင် ဆရာသခင်ရဲ့ဒဏ်ရာကို ကုသပေးနိုင်မှာပဲ”

ဆန်းလျန်တွေးလိုက်မိလေသည်။

ချင်းရွှမ်နတ်တံခါးတွင် စာအုပ်ပေါင်းထောင်နှင့်ချီပြီးရှိသည်ကို ဆန်းလျန်သိပါတယ်။ သို့သော် နတ်ဘုရားမှော်ဆေးများအကြောင်းရေးသားထားသည့်စာအုပ်မရှိလျှင်ဖြစ်စေ ၊ ရှာမတွေ့လျှင်ဖြစ်စေ သူက ဆရာသခင်ကျန်းရော့ရှီးအတွက် တစ်ခုခုလုပ်ပေးချင်မိလေသည်။

သို့သော် ဆရာသခင်အတွက်နတ်ဘုရားမှော်ဆေးရှာဖွေလိုသည်ဖြစ်စေ ၊ ရော့ရှီလေးကိုပြန်ကယ်တင်လိုသည်ဖြစ်စေ သူ့အနေဖြင့် ဟိုင်သန်းအဆင့်အောင်မြင်နိုင်မှသာ ရမည်ဖြစ်လေသည်။ ရော့ရှီကိုဖမ်းဆီးသွားသည့် မိန်းမပျိုများတွင် မှော်ဝင်ပစ္စည်းများရှိလေသည်။ ထို့ကြောင့်ပင် ဆရာသခင်က သူ့ကို

ဟိုင်သန်းအဆင့်အောင်မြင်ပြီးမှ လာမေးရန်ပြောခဲ့ခြင်းဖြစ်ဟန်တူလေသည်။ ထို့ကြောင့် ထိုကိစ္စကို လက်လျှော့ရန် ဆန်းလျန်ဆုံးဖြတ်လိုက်လေသည်။

လက်ရှိအချိန်တွင် သူက ထိုက်ရှီးကျင့်စဉ်စွမ်းအားများကို ပိုင်ဆိုင်ထားပြီဖြစ်လေသည်။ ထို့ကြောင့် မိုးနှင့်မြေတွင် အတားအဆီးမရှိသွားလာနိုင်သည့်လူတစ်ယောက်ဖြစ်လာပြီ။ သို့သော် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက်တော့ မိမိကိုယ်ကိုမှတစ်ပါး မည်သူမျှ သူ့ကိုကူညီနိုင်မည်မဟုတ်ပေ။ လောကကြီးက အကန့်အသတ်မရှိ ကျယ်ပြောလှလေသည်။ ထို့ကြောင့် ဆန်းလျန်က စွန့်စားမှုဖြင့်ခရီးများသွားလာရင်း သူသိချင်သည့်အဖြေများကို ဖွေရှာသွားရန် ဆုံးဖြတ်လိုက်လေသည်။ ပထမဆုံးအနေဖြင့် ရှီးဟွမ်တွင်တည်ရှိသည့် ချန်ကျန့်မေ၏ သေစေခြင်းကျောင်းတော်သို့သွားရန် သူဆုံးဖြတ်လိုက်

သေလည်း။ ချန်ကျန့်မေနှင့် မတွေ့ဆုံရသည်မှာလည်း ကြာပြီ မဟုတ်ပါလား။

ရှော့ရှီလေး၏ကိစ္စကိုလည်း အလျင်လိုစရာမရှိတော့ပေ။ ထို့ကြောင့်သူက လူမရှိသည့်တောင်တစ်တောင်ပေါ်တွင် ခေတ္တနားခိုနေထိုင်ရင်း သူ၏စိတ်များကြည်လင်သွားစေရန်အတွက် တရားထိုင်သည့်ကျင့်စဉ်ကို လဝက်ခန့်ကျင့်ကြံနေလိုက်လေသည်။ ထို့နောက်တွင်တော့ ရှီးဟွမ်သို့ ထွက်ခွာလာခဲ့လေသည်။ ရက်အနည်းငယ်အတွင်းမှာပင် ဆန်းလျန် မြို့တစ်မြို့သို့ရောက်လာလေသည်။ အနောက်ဘက်မြို့လေးတစ်မြို့ဖြစ်ပြီး ရှီးဟွမ်သို့သွားရာလမ်းတွင် တည်ရှိလေသည်။ ဆန်းလျန်မှာ ရှီးဟွမ်မှခလေ့ထုံးတမ်းများကို သိပ်ပြီးမရင်းနှီးပေ။ ထို့ကြောင့် အခြေအနေများကိုစုံစမ်းရန်နှင့် အနားယူရန်အတွက် တည်းခိုရိပ်သာတစ်ခုသို့ဝင်ရောက်လိုက်လေသည်။

မြို့လေး၏နာမည်မှာ ယွီကွမ်းမြို့ဖြစ်လေသည်။ တောင်သုံး လုံးအလယ်တွင် တည်ရှိသည့်မြို့လေးဖြစ်လေသည်။ တောင် ပေါ်မြို့လေးတစ်မြို့ဖြစ်သည့်တိုင် မြေအနေအထား ကောင်းမွန်သည့်အတွက် လူများစည်ကားလျှက်ရှိလေသည်။ ဆန်းလျန်က ဈေးထဲတွင်လှည့်လည်ကြည့်ရင်း လိုအပ်သည့် သတင်းများစုံစမ်းပြီးသည့်နောက် လူစည်ကားသည့် လမ်းမ ပေါ်တွင် လှည့်လည်ကြည့်ရှုနေလေသည်။ထိုက်ရှီးကျင့်စဉ် စွမ်းအားများမှာ သူ့ကိုယ်ထဲတွင် ခရုပတ်နွယ်လိမ်ပုံပမာ လှည့်ပတ်သွားလာနေသည်ကို သူခံစားမိလေသည်။ ထိုက်ရှီး နည်းဗျူဟာကျင့်စဉ်ကိုသာ အောင်မြင်အောင်လေ့ကျင့်နိုင်ခဲ့ လျှင် အပြစ်ပြောစရာတစ်ခုမှမရှိသည့် အောင်မြင်မှုမျိုး ရရှိနိုင် မည်ဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးတွင် တာအိုကျင့်စဉ်အဆင့်ကိုးဆင့် သတ်မှတ်ထားလေရာ အဆင့်တစ်ခုချင်းအလိုက်

သူ၏အရည်အချင်းများ တဖြည်းဖြည်းတိုးတက်လာလေသည်။

ဤသည်မှာ ကျင့်စဉ်အဆင့်ကိုးဆင့်၏ထူးခြားဆန်းကျယ်မှုပင်ဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးကိုစတင်တည်ထောင်ခဲ့သည့် တာအိုဆရာသခင်သည် ချင်းရွှမ်ကျင့်စဉ်လမ်းတွင် အဆင့်ကိုးဆင့် သတ်မှတ်ပေးခဲ့သည်မှာ သူ့အကြောင်းနှင့်သူရှိရမည်ဟု ဆန်းလျန်တွေးမိလေသည်။

ယခုဆိုလျှင် ဆန်းလျန်မှာ မိုးမြေစွမ်းအားများကို အဆုံးမရှိစုပ်ယူနိုင်ပြီး သူ၏ကိုယ်ပိုင်စွမ်းအားအဖြစ် ပြန်လည်အသုံးချနိုင်ပြီဖြစ်လေသည်။ လူနေထူထပ်သည့်နေရာများသို့ သွားရောက်ရသည့်အခါတွင် သူက မိုးမြေစွမ်းအား စုပ်ယူခြင်းများကို ထိန်းသိမ်းထားရလေသည်။ အဘယ်ကြောင့်ဆိုသော် အတိုင်းအဆမဲ့စွာဖြင့် ရှိသမျှစွမ်းအားများကို စုပ်ယူမိမည်စိုးသောကြောင့်ဖြစ်လေသည်။ ထိုက်ရှီးစွမ်းအားများမှာ အလွန်မှ

အစွမ်းထက်လွန်းပြီး ဆန်းလျှန်ကိုယ်တိုင်ပင်လျှင် အံ့သြခြင်း မကဖြစ်ရလေသည်။

သူ၏တန်ခိုးစွမ်းအားများမှာ ထိုက်ရှီးစွမ်းအားနှင့်ပေါင်းစပ် သွားသည့်အတွက် သူ၏ခန္ဓာကိုယ်မှာ လွန်စွာမှ ပေါ့ပါး လျှင် မြန်နေလေသည်။

သို့သော် သိပ်ပြီးအသုံးမပြုတော့သည့်တိုင် အတွင်းအားကို တော့ အမြဲမပြတ်လေ့ကျင့်နေရသေးသည်။ အဘယ်ကြောင့် ဆိုသော် သူ၏ရုပ်ခန္ဓာမှာ ထိုက်ရှီးတန်ခိုးစွမ်းအားများကို လက်ခံနိုင်ရန်အတွက် အတိုင်းအတာရှိနေသောကြောင့်ဖြစ်လေ သည်။ ထို့ပြင် သူယခုကဲ့သို့ အဆင့်မြင့်ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်သည့်အချိန်တွင် ပြိုင်ဘက်ရန်သူများနှင့် လည်း ကြုံတွေ့ရနိုင်လေသည်။ အကယ်၍ တောင်များကိုရွှေ့ နိုင်ပြီး သမုဒ္ဒရာများကိုခမ်းခြောက်အောင်လုပ်နိုင်သည့် တန်ခိုး

ရှင်မျိုးနှင့်တွေ့ရပြန်လျှင် သူ့အနေဖြင့် အနိုင်ရအောင်

တိုက်ခိုက်နိုင်မည် မဟုတ်သေးပေ။

အခန်း (၁၂၈)

အနန္တရယ်တံခါးဝသို့အဝင်

ဆန်းလျှန်၏အတွေးများထဲတွင် ထူးဆန်းသည့်ခံစားချက်တစ်

ခု ထွက်ပေါ်လာလေသည်။ ထိုခံစားချက်မှာ အပြင်မှသိရသည့်

အကြောင်းအရာများကြောင့် သူ့စိတ်ကိုအနှောင့်အယှက်ပေး

သည့် ခံစားချက်မျိုးမဟုတ်ပါ။ လူတစ်ယောက်သည်

အကြောင်းအရာပေါင်းများစွာကို ကြားသိပြီးမှတ်မိနေသည့်

တိုင် စိတ်ဝိညာဉ်ကတော့ တစ်ကြိမ်တည်းမှာပင် ဖြစ်ရပ်များ အားလုံးကို စဉ်းစားနိုင်ခြင်းမရှိပါ။ သူရွေးခြယ်ထားသည့် အကြောင်းအရာတစ်ခုကိုသာ စဉ်းစားနိုင်မည်ဖြစ်လေသည်။ ဆန်းလျန်မှာ သာမန်လူတစ်ယောက်မဟုတ်ပါ။ သူက အလုပ် ဆယ်ခုမှအခုတစ်ရာအထိကို တစ်ချိန်တည်းမှာပင် အမှားအ ယွင်းမရှိ လုပ်ဆောင်နိုင်သူဖြစ်လေသည်။

တရုတ်ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်ဖြစ်သည့် “သုံးပြည်ထောင်ချစ် ဇာတ်လမ်း” ထဲမှ ဖန်ထုန်ကဲ့သို့သော လူမျိုးပင်ဖြစ်လေသည်။ သူက လပေါင်းများစွာ တိုင်းရေးပြည်ရာများကိုပစ်ထားသည့် တိုင် တစ်ရက်တည်းဖြင့် အလုပ်အားလုံးကို အပြစ်ပြောစရာမ ရှိ ပြီးစီးအောင် လုပ်သွားနိုင်သူဖြစ်လေသည်။

အရှေ့ဆီမှ ပွက်လောရိုက်ဆူညံနေသည့်အသံများကို ကြားနေ ရလေသည်။ ဆန်းလျန်က စိတ်အာရုံတစ်ချက်စူးစိုက်လိုက် သည်နှင့် ဘာအကြောင်းအရာဖြစ်ပျက်နေသည်ကို တန်းသိ

လေသည်။ လူတစ်ယောက်က မောင်းကိုအဆက်မပြတ်ထုနေပြီး သူ၏နောက်ဘက်ရှိနံရံတွင်လည်း ကြော်ငြာတစ်ခုကပ်ထားလေသည်။ ကြော်ငြာစာရွက်တွင်ရေးထားသည်မှာ မြို့ထဲရှိလူကုံထန်အိမ်တစ်အိမ်တွင် နတ်ဆိုးတစ်ကောင်သောင်းကြမ်းနေပြီး ထိုနတ်ဆိုးကို နှိမ်နင်းပေးနိုင်သူအား ငွေသားတစ်ထောင်ဆုချမည်ဟု ရေးသားထားလေသည်။

လူအုပ်ကြီးမှာ ကြော်ငြာကိုသာဖတ်နေကြခြင်းဖြစ်ပြီး မည်သူမျှ နတ်ဆိုးကိုနှိမ်နင်းရန် စကားမစကြပေ။ ကြည့်ရသည်မှာ ထိုမိစ္ဆာကို တာအိုဆရာအချို့က နှိမ်နင်းရန်ကြိုးစားခဲ့ကြသည့်တိုင် မရှုမလှရှုံးနိမ့်ခဲ့ကြပုံရလေသည်။

ထိုမိစ္ဆာဖမ်းသူများမှာ ပိုက်ဆံရရန်အတွက် မိစ္ဆာဖမ်းပေးနေသူများ ဖြစ်ဟန်တူလေသည်။ တစ်ယောက်က ရှုံးနိမ့်သွားသည်နှင့် နောက်လူများက နာမည်ပျက်ခံပြီး နှိမ်နင်းတော့မည်မဟုတ်ပေ။

နတ်မိစ္ဆာနှင့်နတ်ဘုရားများမှာ များသောအားဖြင့် လူများနှင့်

ဝေးကွာရာအရပ်တွင် နေထိုင်တတ်ကြလေသည်။ ယခုကဲ့သို့

လူနေထူထပ်သည့်မြို့ပေါ်တွင် မိစ္ဆာသောင်းကြမ်းသည်

ဆိုသည်ကို ဆန်းလျှန် ပထမဆုံးကြားဖူးခြင်းပင် ဖြစ်လေ

သည်။ လူ့လောကတွင် သောင်းကြမ်းနိုင်သည့်မိစ္ဆာဆိုသည်မှာ

ကာကွယ်ပေးနိုင်သည့်အရံအတားကောင်းကောင်းရှိ

သောကြောင့်သာ သောင်းကြမ်းရဲခြင်းဖြစ်လေသည်။

အစွမ်းထက်သည့်နတ်မိစ္ဆာများမှာ တောတောင်များကြားတွင်

နေထိုင်ကြပြီး တန်ခိုးအရံအတားများဖြင့် လုံခြုံစွာနေကြလေ

သည်။ တန်ခိုးစွမ်းအားကြီးထွားလာပြီး လူသားပုံသဏ္ဌာန်

အပြည့်အဝမဖန်ဆင်းနိုင်သေးသရွေ့ သူတို့နေရာမှ

ထွက်ခွာခြင်းမပြုလုပ်ကြပေ။

လူသားသဏ္ဌာန်အပြည့်အဝရပြီး နတ်မိစ္ဆာဘုရင်များဖြစ်လာပြီ

ဆိုပါကလည်း လှည့်လည်သွားလာခြင်းမရှိကြဘဲ သူတို့နေထိုင်

သည့်နေရာတွင်ပင် ဂိုဏ်းတည်ထောင်ကာ ပြဿနာကင်းကင်းဖြင့် နေထိုင်တတ်ကြလေသည်။

မည်သည့်မိစ္ဆာဖမ်းသူမှ ကြော်ငြာထားသည့်အလုပ်ကိုလက်ခံခြင်းမရှိကြောင်းဆန်းလျန်တွေ့ရလေသည်။ ဆန်းလျန်က ရှေ့သို့ လျှောက်သွားလိုက်လေသည်။ သူရောက်နေသည့်မြို့တွင် မိစ္ဆာရောက်နေပြီဆိုမှတော့ သူ့အနေဖြင့် စစ်ဆေးကြည့်သင့်သည်မဟုတ်ပါလား။

ထိုမိစ္ဆာက လူများကို အမှန်တကယ်အန္တရယ်ပြုနေသည်ဆိုလျှင်တော့ သူ့အနေဖြင့် ကူညီသင့်လျှင် ကူညီရမည်ဖြစ်လေသည်။

ထိုအချိန်မှာပင် လောင်းကစားဝိုင်းထဲမှ လူတစ်ယောက် လွင့်စင်ထွက်လာလေသည်။ ထိုသူက မြေကြီးပေါ်တွင်လဲကျနေပြီး အော်ဟစ်ငိုကြွေးနေလေသည်။ ဆန်လျန်က ထိုသူကိုကြည့်လိုက်တော့ စုတ်ပြဲညစ်ပတ်နေသည့် တာအိုဝတ်ရုံကို ဝတ်ဆင်

ထားလေသည်။ သို့သော် မှတ်ဆိတ်များကိုတော့ သပ်သပ်ရပ်ရပ်ရိပ်ထားလေသည်။

သူ၏ပုံစံကိုကြည့်ပြီး ဆန်းလျန်မှာ တာအိုဆရာစန်းဝမ့်ကို သတိရသွားမိလေသည်။ ထိုသူနှင့် တာအိုဆရာစန်းဝမ့်မှာ လွန်စွာမှဆင်တူလေသည်။ ထိုသူမှာ အသက်လေးဆယ်ဆယ်ခန့်လောက်ရှိပုံရသောကြောင့် တာအိုဆရာစန်းဝမ့်လူပြန်ဝင်စားသည်ဟုတော့ ပြော၍ရနိုင်မည်မဟုတ်ပေ။

ကျယ်ပြောလှသောလောကကြီးတွင် လူတူမရှား နာမည်တူမရှား ရှိနိုင်သည်မဟုတ်ပါလား။ သို့သော် ထိုသူ၏အတွင်းအားဖွဲ့စည်းပုံမှာ ချင်းရွှမ်နတ်တံခါးမှစွမ်းအားများနှင့် ဆင်တူနေလေသည်။ ထိုသူမှာ တာအိုဆရာစန်းဝမ့်၏တပည့်တစ်ယောက်များ ဖြစ်နေမည်လားဟု ဆန်းလျန်တွေးမိလေသည်။

လူတိုင်းက စုတ်တီးစုတ်ပြတ်တာအိုဆရာကို ဝိုင်းကြည့်နေကြလေသည်။ အချို့က သူ့ကိုလက်ညှိုးထိုးကာ ရယ်မောနေကြ

လေသည်။ ထိုတာအိုဆရာမှာ လောင်းကစားဝိုင်းတွင် ပိုက်ဆံများဆုံးရှုံးသွားပြီး နှင်ထုတ်ခံလိုက်ရခြင်း ဖြစ်ပုံရလေသည်။ ထိုတာအိုဆရာက သူ့ဝတ်ရုံမှ ဖုန်မှုန့်များကိုခါလိုက်ပြီး မြေကြီးပေါ်မှ ထရပ်လိုက်လေသည်။ သူက နံရံထက်တွင်ကပ်ထားသည့်ကြော်ငြာစာရွက်ကိုကြည့်ပြီး တစ်ချက်ပြုံးလိုက်လေသည်။ ထို့နောက် မောင်းတီးနေသူထံသို့လျှောက်သွားလိုက်လေသည်။

မောင်းတီးနေသည့်သူမှာ ထိုစုတ်တီးစုတ်ပြတ်တာအိုဆရာကို သိပုံရလေသည်။

"ချီးစန်းကွမ်း ၊ မင်းရဲ့တာအိုကျောင်းလည်းဆုံးပြီ ၊ မင်းရဲ့မိစ္ဆာနှိမ်နင်းတဲ့ ဂီတတူရိယာတွေအားလုံးလည်းမရှိတော့ဘူး ၊ ဒါတောင် မင်းကမိစ္ဆာဖမ်းဦးမလို့လား"

ဟု ဆီးပြီးမေးလိုက်လေသည်။

ချီးစန်းကွမ်းမှာ ဤဒေသတွင် လူသိများသူတစ်ယောက်ဖြစ်လေသည်။ သူက တာအိုဆရာမျိုးနွယ်မှ ဆင်းသက်လာသူတစ်ယောက်ဖြစ်ပြီး လယ်ယာမြေအချို့နှင့် တာအိုကျောင်းတစ်ကျောင်းပိုင်ဆိုင်လေသည်။ ကံဆိုးစွာဖြင့်ပင် ချီးစန်းကွမ်းမှာ လွန်စွာမှလောင်းကစားမက်သူတစ်ယောက်ဖြစ်နေလေသည်။ သူက ညလုံးပေါက် မနားတမ်းလောင်းကစားသူဖြစ်ပြီး နောက်ဆုံးတွင်တော့ သူပိုင်ဆိုင်သမျှ အကုန်ဆုံးရှုံးသွားရလေသည်။

မိဘများအသက်ရှင်စဉ်အခါကတော့ သူ့ကို ထိန်းထိန်းသိမ်းသိမ်း စောင့်ရှောက်ပေးထားကြပြီး မိဘများဆုံးပါးသွားသည့်နောက်တွင်တော့ သူ့ကို ထိန်းသိမ်းပေးမည့်သူမရှိတော့ပေ။ သူ၏လောင်းကစားမှုမှာ အလွန်အကျူးဆိုးရွားလာပြီး သူပိုင်ဆိုင်သည့်ပစ္စည်းများသာမက အမွေရသည့်ပစ္စည်းများပါ တက်တက်စင်အောင် ပြောင်လေတော့သည်။

သူ၏အမည်အရင်းမှာလည်း "စန်းကွမ်း" မဟုတ်ပါ။ သို့သော် သူက လောင်းကစားဝိုင်းတွင် "ရွှေ ၊ ငွေ ၊ ကြေး" ပစ္စည်းသုံးမျိုးလုံး ပြုတ်ပြုတ်ပြုန်းသည်အထိ လောင်းကစားသည်ကို ကြည့်ပြီး "စန်းကွမ်း" ဟုခေါ်ကြခြင်းဖြစ်လေသည်။

"သုံးမျိုးစလုံးတက်တက်ပြောင်" ဟု အဓိပ္ပါယ်ရသည့် "စန်းကွမ်း" ဟူသည့်နာမည်အပေးခံရသည့်တိုင်အောင် ချီးစန်းကွမ်းက တစ်စက်ကလေးမျှ အရှက်မရှိပါ။ မရှက်သည့်အပြင် ထိုနာမည်ကိုသဘောအကျကြီးကျနေကာ သူ၏နာမည်အရင်းကိုပင်အသုံးမပြုတော့ဘဲ သူ့ကိုယ်သူ တာအိုဆရာစန်းကွမ်းဟုပင် အမည်ပြောင်းထားလိုက်သေးသည်။

တစ်ပြားမှမရှိတော့သည့် တာအိုဆရာစန်းကွမ်း...

သူက နံရံတွင်ကပ်ထားသည့် ကြော်ငြာစာရွက်ကို ကြည့်နေလေသည်။ မိစ္ဆာကိုနှိမ်နင်းနိုင်သူအား ငွေသားတစ်ထောင်ချီးမြှင့်

မည်ဟုသည့် ကြော်ငြာကိုဖတ်လိုက်ရပြီးနောက် သူ့ကိုကြည့်ရ

သည်မှာ ပျော်ရွှင်လာပုံရလေသည်။

သူက တစ်ချက်ပြုံးလိုက်ရင်း....

"ဘာလဲ မိစ္ဆာဖမ်းတဲ့ဂီတတူရိယာတွေက မိစ္ဆာဖမ်းနိုင်တာ

မဟုတ်ဘူး ၊ တာအိုဆရာကမှ မိစ္ဆာဖမ်းနိုင်တာကွ"

သူက မောင်းထုနေသူကို ပြန်ပြောလိုက်သည်။

မောင်းထုနေသူမှာလည်း အလုပ်မြန်မြန်အပြီးသတ်ကာ အိမ်သို့

ပြန်ချင်နေပြီဖြစ်လေသည်။ သို့သော် မည်သူမျှ ကြော်ငြာကို

စိတ်ဝင်စားခြင်းမရှိသဖြင့်သည်းခံစောင့်နေရခြင်းဖြစ်လေ

သည်။ ယခုတော့ တာအိုဆရာစန်းကွမ်းကိုခေါ်ဆောင်သွားနိုင်

လျှင် သူ၏အလုပ်ပြီးဆုံးပြီဖြစ်လေသည်။

အနည်းဆုံးတော့ တာအိုဆရာစန်းကွမ်းမှာ မိစ္ဆာနှင့်တိုက်ခိုက်

ရင်း လက်နှစ်ဖက်လုံးပြတ်သွားလျှင်တောင်မှ နောက်ထပ်

လောင်းကစားလုပ်နိုင်တော့မည် မဟုတ်သောကြောင့် ကောင်းသည့်အချက်ပဲလေဟု မောင်းထုသူက တွေးနေမိသေးသည်။ တာအိုဆရာစန်းကွမ်းလည်း နံရံတွင်ကပ်ထားသည့် ကြော်ငြာစာရွက်ကိုဖြုတ်ယူကာ မောင်းထုသူနောက်သို့ လိုက်သွားလေတော့သည်။

ချမ်းသာသည့်မိသားစုတစ်စု၏ အိမ်တော်ရှေ့ရှိ လမ်းမပေါ်တွင် အရက်အိုးများနှင့် အစားအသောက်အကြွင်းအကျန်များ စွန့်ပစ်ထားသည်ကို တွေ့ရလေသည်။ တာအိုဆရာစန်းကွမ်းမှာ ထိုချမ်းသာသည့်မိသားစုနှင့် သူ့ကိုယ်သူနှိုင်းယှဉ်ကြည့်မိရင်း ရှက်လာမိလေသည်။

ထိုချမ်းသာသည့်မိသားစု၏ အိမ်တံခါးမကြီးရှေ့တွင် ကြီးမားသည့်မုခ်ဦးကြီးတစ်ခုရှိလေသည်။ အိမ်ရှေ့တံခါးထက်တွင်တော့ "စောအိမ်တော်" ဟု ရေးထိုးထားလေသည်။ ထိုစာတမ်းက ဤမြို့မှ စာပေသမား စောသခင်ကြီးကို အမှတ်ရစေလေ

သည်။ ထိုစာပေသမားစောသခင်ကြီးမှာ ချင်ပြည်နယ်ဆား ကုန်သွယ်ရေးအသင်း၏ အကြီးအကဲဖြစ်လေသည်။ သူက အရှေ့တောင်ပိုင်းမှ ဆားများကို တင်ပို့ရောင်းချသည့်အလုပ် ကိုလုပ်ဆောင်လေသည်။

စောသခင်ကြီးမှာ ကံကောင်းသူတစ်ဦးဖြစ်လေသည်။ သူ ကချင်ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးမှနုတ်ထွက်ပြီးနောက် အခြားနေရာသို့ ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ခဲ့လေသည်။ သို့သော် ချင်းဟယ်ကျွမ်းဝမ်၏ပုန်ကန်မှုကို စုံစမ်းရာတွင်တော့ သူပါဝင်ခဲ့ရလေသည်။

ချင်ပြည်နယ်တွင်တော့ စောသခင်ကြီးအတွက် အရာအားလုံး က အဆင်ပြေခဲ့လေသည်။ ရာထူးဂုဏ်ထူးမြင့်မားသလို ဆား ကုန်သည်အလုပ်ကိုလုပ်ရင်း ချမ်းသာလာခဲ့လေသည်။

လွန်ခဲ့သည့်ခုနစ်နှစ်ကတော့ သူ့အသက်ငါးဆယ်ပြည့်ပြီဖြစ် သည့်အတွက် အိမ်သို့ပြန်လာခဲ့လေသည်။ သူပြန်လာသည့်

အချိန်တွင် သူပိုင်ဆိုင်သည့်ပစ္စည်းများကို သယ်ဆောင်ရသည်မှ တစ်နေ့နှင့်တစ်ညတိတိကြာသည်ဟု ပြောကြလေသည်။

သူက ပညာတတ်တစ်ယောက်ဖြစ်ပြီး ငွေကြေးလည်းချမ်းသာကြွယ်ဝသည့်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက သူ့ဆီသို့ မကြာခဏလာရောက်လည်ပတ်တတ်လေသည်။

တာအိုဆရာစန်းကွမ်း၏ တာအိုကျောင်းတော်မှာ စောသခင်ကြီးကို ငွေသားနှစ်ရာဖြင့် ပေါပေါလောလောရောင်းခဲ့ရခြင်းဖြစ်လေသည်။ အကယ်၍ မိစ္ဆာသာနှိမ်နင်းနိုင်ပြီး ငွေသားတစ်ထောင်ရခဲ့လျှင် သူ၏တာအိုကျောင်းကိုပင် ပြန်ဝယ်၍ရနိုင်သည်ဟု ချီးစန်းကွမ်းက တွေးနေမိလေသည်။ သူ၏တာအိုကျောင်းတော်ကိုသာပြန်မဝယ်နိုင်ပါက တမလွန်သို့ရောက်လျှင် သူ၏ဘိုးဘေးဆရာများက သူ့ကိုသေအောင် ရိုက်ရန်စောင့်နေကြမည်ဖြစ်လေသည်။

ဤသည်မှာ သူ၏အတွေးမျှသာဖြစ်လေသည်။

သူက စောအိမ်တော်တံခါးဝတွင် ရပ်မိသည့်အချိန်တွင် အစောင့်များက သူ့ကို အိမ်ထဲသို့ပေးမဝင်ပေ။

မောင်းထုသူက ကြော်ငြာစာရွက်ကိုပြလိုက်တော့မှ သူ့ကိုအိမ်ထဲသို့ပေးဝင်လိုက်ကြလေသည်။

တာအိုဆရာစန်းကွမ်းအိမ်ထဲဝင်သွားသည်နှင့် ဆန်းလျန်ကလည်း အနောက်မှ ကပ်လိုက်သွားလေသည်။

ဆန်းလျန်မှာ ချောမောလှပပြီး ထက်ထက်မြက်မြက်ရှိပုံရသည့်အတွက် အစောင့်များက သူ့ကို ယဉ်ကျေးစွာဖြင့် နှုတ်ဆက်စကားပြောကြလေသည်။ ထိုအချင်းအရာကို တာအိုဆရာစန်းကွမ်းမြင်သည့်အခါတွင်တော့ နှာခေါင်းရှုံ့လိုက်မိလေသည်။

သူက တာအိုဝတ်ရုံဝတ်ထားသည့်ဆန်းလျန်ကို ကြည့်လိုက်လေသည်။ တန်ဖိုးကြီးသည့်တာအိုဝတ်ရုံကိုဝတ်ထားသည်ပဲဟု သူကတွေးလိုက်မိသည်။ အမှန်တော့ ဆန်းလျန်မှာ တန်ဖိုး

ကြီးသည့်တာအိုဝတ်ရုံကို ဝတ်လေ့မရှိပါ။ သူ၏ဝတ်ရုံမှာ သန့်ရှင်းသပ်ရပ်နေခြင်းသာဖြစ်ပြီး သူ၏သန့်စင်သည့်တန်ခိုး နှင့်ပေါင်းစပ်လိုက်သည့်အခါတွင်တော့ တန်ဖိုးကြီးသည့်ဝတ်ရုံ တစ်ခုအလား တောက်ပသန့်စင်နေခြင်းပင်ဖြစ်လေသည်။ တံခါးစောင့်များက ဆန်းလျန်၏ပုံကိုတွေ့သည်နှင့် သာမန်လူ တစ်ယောက်မဟုတ်ကြောင်း ရိပ်မိကြလေသည်။ မြို့ထဲရှိ သူဌေးသားများအားလုံးထက် ဆန်းလျန်၏ပုံစံက ခမ်းနားနေ လေသည်။ ကြည့်ရသည်မှာ လူချမ်းသာသူဌေးပေါက်စလေး တစ်ယောက်က ဤတောင်ပေါ်တောမြို့လေးသို့ အလည်အပတ်ရောက်လာသည်ဟု သူတို့က ထင်မိကြခြင်းဖြစ် လေသည်။

မြို့ထဲရှိလူချမ်းသာများ၏သားသမီးများမှာလည်း ပညာတတ် လေးများဖြစ်ကြသည့်တိုင် ဆန်းလျန်ကတော့ ထိုလူငယ်များ ထက်သာလွန်နေသကဲ့သို့ ခံစားကြရလေသည်။

ထို့ပြင် ဘုရင်မကြီးက ဗုဒ္ဓဘာသာကိုရိုသေလေးစားသူဖြစ်သည့်တိုင် တာအိုကျောင်းတော်များကိုလည်း ပစ်ပယ်ထားခြင်းမရှိပေ။

ထို့ပြင် ယခင်တာ့ငေ့တိုင်းပြည်၏ ကျောက်မင်းဆက်မှာ တာအိုဝါဒကိုးကွယ်သည့်မိသားစုဖြစ်လေသည်။

ထို့ကြောင့် တာအိုဆရာများမှာလည်း သွားလေရာရာတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကဲ့သို့ လေးစားခြင်းခံရလေသည်။ ဆန်းလျန်ကဲ့သို့ ရုပ်ရည်ချောမောပြီး ၊ သန့်ရှင်းသပ်ရပ်နေသည့် တာအိုဆရာလေးမျိုးဆိုလျှင်တော့ ပြောစရာပင်မလိုတော့ပေ။

အခန်း (၁၂၉)

သခင်လေး

စောအိမ်တော်မှာ မုခ်ဦးကြီးလေးခုဖြင့် လွန်စွာမှခမ်းနားသည့် အိမ်တော်ကြီးတစ်ခုဖြစ်လေသည်။ မုခ်ဦးတိုင်းကိုလည်း ဆေးရောင်တောက်တောက်များဖြင့် ခြယ်သထားလေသည်။ အိမ်တံခါးဝမှ ဝင်လိုက်သည်နှင့် အဆုံးမရှိကျယ်ပြန့်သည့် ဧည့်ခန်းမကြီးကို မြင်တွေ့နိုင်လေသည်။

အိမ်တော်ထဲရှိ စကြ်န်လမ်းများမှာလည်း ရှည်လျားလွန်းလေသည်။ တောင်တန်းပုံသဏ္ဌာန်ရှုခင်းပန်းချီကားများ ၊ စမ်းချောင်းလေးများစီးဆင်းနေသည့် ရှုခင်းပန်းချီကားများဖြင့်လည်း ပုံဖော်ထားသည်။ နံရံများထက်တွင်လည်း လက်ရေးကဗျာများ ရေးသားထားသးသည်။ ထိုကဗျာများမှာ စောသခင်ကြီး၏လက်ရေးမှုကဗျာများဖြစ်လေသည်။

အနုပညာလက်ရာသိပ်မမြောက်သည့်တိုင် ချမ်းသာသည့်လူ
တစ်ဦး၏ ကြော်ကြားမှုကိုတွေ့မြင်နိုင်လေသည်။ လူတိုင်း
ကတော့ မိမိတို့ဖန်တီးခဲ့သည့်အနုပညာလက်ရာများမှာ
မျိုးရိုးစဉ်ဆက်ထိန်းသိမ်းသွားရလောက်အောင် တန်ဖိုးရှိသည်
ဟု တွေးထင်ကြစမြဲဖြစ်လေသည်။ ရှေးယခင်တုန်းက ကဗျာ
အပုဒ်တစ်ထောင်ရေးသားခဲ့သည့် ဘုရင်တစ်ပါးအကြောင်းကို
ဆန်းလျှန်သတိရမိလေသည်။ သို့သော် ကဗျာအပုဒ်တစ်
ထောင်ရေးသားခဲ့သည့်တိုင် သူ၏ကဗျာတစ်ပုဒ်တစ်လေကိုပင်
လူအများက မှတ်မိခဲ့ခြင်းမရှိပေ။

စကားပုံများရေးသားထားသည်မှာလည်း အဆင့်မြင့်အင်း
ပညာရေးသားခြင်းနှင့်ပင် တူနေလေသည်။ ထိုသို့ရေးသားနိုင်
ရန်မှာ အကြိမ်အရေအတွက်ပေါင်းများစွာ လေ့ကျင့်ထားမှသာ
ရမည်ဖြစ်လေသည်။ ထိုသို့သော လက်ရေးမှုရေးသားသည့်

အရည်အချင်းမျိုးရရန်မှာ ကောင်းကင်ကိုဒူးနှင့်တိုက်သည် ထက်ပင် ခက်ခဲသည့်အလုပ်ဖြစ်သည်။

တောင်းတန်းပုံပန်းချီကားများနှင့် စမ်းချောင်းပုံပန်းချီကားများ ၊ လက်ရေးမှုကဗျာများနှင့် ရှေးဟောင်းပန်းချီကားချပ်များမှာ သာမန်လူတစ်ယောက်အတွက်တော့ လွန်စွာမှ အဖိုးထိုက်တန် မည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်၏မျက်လုံးထဲတွင် တော့ ကလေးကစားစရာကဲ့သို့ပင် တန်ဖိုးမရှိဖြစ်နေရသည်။ ထို့ပြင် ဆန်းလျန်မှာ ရယ်စရာကောင်းသည့်နောက်ထပ် အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ခဲ့ရသေးသည်။

ကြော်ငြာစာရွက်နှင့်အတူ တာအိုဆရာတစ်ပါးရောက်လာသည် ဟု ကြားသည်နှင့် စောသခင်ကြီးမှာ အိမ်ထဲမှ ဧည့်ခန်းမဆောင် ရှိရာသို့ ချက်ချင်းပင်ထွက်လာလေသည်။ စောသခင် ကြီး၏ပုံစံမှာ သပ်ရပ်ခန့်ငြားပြီး ဝဝခန့်ခန့်ကြီးဖြစ်လေသည်။

အသက်ငါးဆယ်ကျော်ပြီဖြစ်သည့်တိုင် အသက်လေးဆယ်ခန့်
ဟုသာထင်ရအောင် နုပျိုလေသည်။
စောသခင်ကြီးဆိုသူကိုတွေ့သည်နှင့် တစ်ချိန်တုန်းက ချင်
ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းတစ်ယောက်ဖြစ်သည့်
"ပြည်နယ်အုပ်ချုပ်ရေးမှူးစော" ဖြစ်နေသည်ကို ဆန်းလျန်
ချက်ချင်းပင်မှတ်မိလိုက်လေသည်။ ထို့ကြောင့်ပင် စိတ်ထဲတွင်
ကြိတ်ပြီး ရယ်မောမိလေတော့သည်။ အမှတ်မထင်ပြန်လည်ဆုံ
တွေ့မှုပင်။ ချင်ပြည်နယ်မြို့တော်၏ဘဏ္ဍာရေးသတင်း
အချက်အလက်ပိုင်းနှင့်ပတ်သက်ပြီး ဆန်းအိမ်တော်မှ သူ့ကို
များစွာအကူအညီပေးခဲ့ဖူးလေသည်။ ထို့နောက်တွင်တော့
ပြည်နယ်အုပ်ချုပ်ရေးမှူးစောမှာ ရာထူးမှာအနားယူကာ
ပြောင်းရွှေ့သွားခဲ့လေသည်။
ဆန်းလျန်ပင်လျှင် ဆန်းအိမ်တော်၏အရှိန်အဝါကိုအသုံးပြု
ကာ ချင်ပြည်နယ်မြို့တော်အကျဉ်းထောင်သို့ဝင်ရောက်ပြီး

အစိမ်းရောင်ဝတ်လူနှင့်တွေ့ဆုံခွင့်ရရန် ပြည်နယ်အုပ်ချုပ်ရေးမှူးစောကို အကူအညီတောင်းခဲ့သေးသည်။

အပြန်အလှန်ကူညီကြသည့်သဘောပင်ဖြစ်ပြီး သူတို့နှစ်ယောက်ကြားတွင် အကြွေးတင်နေသည့် ကိစ္စမျိုးမရှိခဲ့ပါ။

စောသခင်ကြီးမှာ မှတ်ဉာဏ်ကောင်းသည့်သူတစ်ယောက်ဖြစ်သည့်တိုင် အရက်နှင့်ရမ္မက်များကိုလိုက်စားပျော်ပါးခဲ့သည်က တစ်ကြောင်း ၊ အချိန်အားဖြင့်လည်း ဆယ်နှစ်ကျော်အချိန်ကြာခဲ့ပြီဖြစ်သည့်အတွက် ဆန်းလျန်ကို မှတ်မိခြင်းမရှိပေ။သို့သော် ဆန်းလျန်၏မျက်နှာကိုတော့ ရင်းနှီးသလိုရှိနေသည်ဟု တွေးနေမိလေသည်။

စောအိမ်တော်တံခါးဝတွင်ပင် အရှက်ကွဲခဲ့ရသော တာအိုဆရာစန်းကွမ်းမှာ သူ၏ဝတ်ရုံကို အနည်းငယ်သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်လိုက်လေသည်။ သူက ရုပ်ဆိုးသူတစ်ယောက်မဟုတ်ပါ။ ထို့ပြင် လောင်းကစားဝိုင်းတွင် နေ့မနားည

မနား လောင်းကစားနေသည့်တိုင် အဆင့်မြင့်တာအိုဆရာ
တစ်ပါးအသွင် ချက်ချင်းဟန်ဆောင်လိုက်နိုင်လေသည်။
စောသခင်ကြီးက ငယ်ရွယ်သည့်ဆန်းလျန်ကို တစ်ချက်ကြည့်
လိုက်သည်။ သူက လူငယ်လေးဆန်းလျန်မှာ တာအိုဆရာစန်း
ကွမ်း၏တပည့်ဖြစ်ရမည်ဟု တွေးလိုက်သည်။
စောသခင်ကြီး၏အဆင့်အတန်းဖြင့်ဆိုလျှင် ထိုကဲ့သို့
လောင်းကစားမက်သည့်တာအိုဆရာစန်းကွမ်းနှင့် ပတ်သက်
စရာအကြောင်းမရှိပေ။ သူ့အိမ်မှအစေခံများပင်လျှင် တာအို
ဆရာစန်းကွမ်းကို အဖက်လုပ်ကြသည်မဟုတ်ပေ။
ထိုလူများက တာအိုဆရာစန်းကွမ်း အရှက်တကွဲအကျိုးနည်း
ဖြစ်သည်ကို မြင်ချင်ကြသူများသာဖြစ်လေသည်။ ထို့ပြင် တာ
အိုဆရာစန်းကွမ်းမှာ တာအိုကျင့်စဉ်များနှင့်ပတ်သက်ပြီး
အသိဉာဏ်ကြွယ်ဝသူဖြစ်လေသည်။ တာအိုဆရာစန်းကွမ်း၏
ဘိုးဘွားဆရာများတွင် နတ်ဘုရားဖြစ်သွားသူများပင်ရှိသည်

ဟု ကောလဟာလများလည်းရှိလေသည်။ သို့သော် ထို အကြောင်းကို တာအိုဆရာစန်းကွမ်းက သူ၏ဆရာကိုမေး ကြည့်သည့်အခါတွင်တော့ မသေမချာယောင်ဝါးဝါးအဖြေများ ကိုသာရလေ့ရှိလေသည်။

စောသခင်ကြီးက စုတ်တီးစုတ်ပြတ်တာအိုဆရာကြီးနှင့် သပ်သပ်ရပ်ရပ်တာအိုဆရာလေးတို့ကို တစ်ချက်ငေ့ကြည့် လိုက်သည်။ သူက စိတ်အားထက်သန်စွာဖြင့်ပင် သူကြုံတွေ့ရ သည့်နတ်မိစ္ဆာနှင့်ပတ်သက်သည့် ပြဿနာများကို ပြောပြလိုက် လေတော့သည်။

ဆန်းလျန်ကစကားတစ်လုံးမှမပြောပါ။ ချီးစန်းကွမ်းမှာလည်း ဆန်းလျန်ဘာကောင်မှန်းမသိသည့်အတွက် သူ့ကိုယ်စားမိစ္ဆာ ကိုဝင်နှိမ်နင်းသွားပြီး ဆုတော်ငွေ ငွေသားတစ်ထောင်ထုတ်ယူ သွားမည်ကို စိတ်ပူနေလေသည်။

ချီးစန်းကွမ်းတွင် သူ့အကြံနှင့်သူရှိလေသည်။ နတ်မိစ္ဆာမှာ စွမ်းအားအလွန်ထက်မြက်နိုင်မည်မဟုတ်ဟု သူကတွေးထားသလို သူကိုယ်တိုင်ကလည်း စွမ်းအားကျင့်စဉ်အနည်းငယ်ကို လေ့ကျင့်ထားလေသည်။ ထို့ပြင်ဆုတော်ငွေမှာလည်း များစွာစိတ်ဝင်စားစရာကောင်းနေရကား နတ်မိစ္ဆာကိုနှိမ်နင်းကာ စောသခင်ကြီးပေးသည့် ငွေသားတစ်ထောင်ကို အမြန်ရယူချင်နေပြီဖြစ်လေသည်။ ငွေရမှသာ လောင်းကစားဝိုင်းသို့ ပြန်သွားကာ စိတ်တိုင်းကျလောင်းကစားနိုင်မည်ဖြစ်လေသည်။

ချီးစန်းကွမ်းမှာ သူ့အတွေးနှင့်သူ ပီတိဖြာလျှက်ရှိပြီး မနေနိုင်မထိုင်နိုင် ပြုံးနေမိလေတော့သည်။

သို့သော် စောသခင်ကြီးမှာတော့ တာအိုဆရာစန်းကွမ်းပြုံးနေခြင်းမှာ မိစ္ဆာကိုနှိမ်နင်းနိုင်မည်ဟု သူ့ကိုယ်သူယုံကြည်သဖြင့် ပြုံးနေခြင်းဖြစ်သည်ဟု အထင်ရောက်သွားလေသည်။

ထို့ကြောင့် စောသခင်ကြီးမှာ အနည်းငယ်စိတ်သက်သာရာရ

သွားသည်။

“တာအိုဆရာကြီးရေ၊ ခုပဲမိစ္ဆာကိုနှိမ်နင်းပေးပါလား”

ဟု စောသခင်ကြီးက ပြောလိုက်လေသည်။

ချီးစန်းကွမ်းမှာ အတွေးကမ္ဘာထဲတွင်ပင် ချာချာလည်လျှက်ရှိ

နေသောကြောင့် စောသခင်ကြီးပြောသည့်စကားများကို

တစ်လုံးမှမကြားလိုက်ပေ။

သို့သော် ဆန်းလျန်ကတော့ စောသခင်ကြီးပြောသမျှကို

တစ်လုံးမကျန်အကုန်နားထောင်ထားလေသည်။

ဖြစ်ပျက်ပုံမှာ ဤသို့ဖြစ်လေသည်။

လွန်ခဲ့သည့်ငါးရက်ခန့်က စောမိသားစုအိပ်ယာမှနိုးလာသည့်

နံနက်ခင်းအချိန်တွင် အနောက်ဘက်ခြံဝန်းထဲ၌သစ်ပင်တစ်

ပင်ကိုတွေ့လိုက်ရလေသည်။ ထိုသစ်ပင်မှာ မိုးကြိုးပစ်ခံထား

ရသကဲ့သို့ တစ်ပင်လုံးနက်မှောင်နေလေသည်။

အစေခံတစ်ယောက်က ထိုသစ်ပင်အနားသို့ကပ်သွားလိုက်သည်နှင့် ချက်ချင်းပင် စိတ်ဂယောင်ချောက်ချားဖြစ်ကာ ရူးသွပ်သွားရလေသည်။

အနောက်ဘက်ခြံဝန်းတွင် အလိုလိုပေါ်လာသည့် အနက်ရောင်သစ်ပင်မှာ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေသည့်တိုင် မိစ္ဆာသစ်ပင်တစ်ပင်ဖြစ်ရမည်ဟု စောသခင်ကြီးက ယူဆလိုက်သည်။ ထို့ကြောင့် ဘုန်းတော်ကြီးများ ၊ တာအိုဆရာများကို ငှားယမ်းကာ မိစ္ဆာနှင်သည့်အလုပ်ကို လုပ်လေသည်။ သို့သော် သူငှားယမ်းခဲ့သည့် မိစ္ဆာဖမ်းသူများအားလုံးမှာ အနောက်ဘက်ခြံဝန်းနားသို့ပင် မကပ်နိုင်ဘဲ အရှုံးပေးကာ ခွေးပြေးဝက်ပြေးပြေးကုန်သည်ချည်းပင်ဖြစ်လေသည်။

ဆန်းလျန်မှာ စောသခင်ကြီးပြောသည့်စကားများကိုနားထောင်နေရင်း ထိုမိစ္ဆာမှာ လူများ၏စိတ်ကိုလှည့်စားနိုင်သည့် သစ်ပင်

မိစ္ဆာဖြစ်ရမည်ဟု ကောက်ချက်ချလိုက်လေသည်။ စိတ်ဝင်စား စရာကောင်းသည့် မိစ္ဆာမျိုးပင်။

သူတို့နှစ်ယောက် စောသခင်ကြီးနှင့်အတူ အနောက်ဘက်ခြံ ဝန်းဆီသို့ လိုက်လာခဲ့ကြလေသည်။ စောသခင်ကြီးက အရှေ့ ဘက်တစ်နေရာသို့ လက်ညိုးညွှန်ပြလိုက်သည်။ ထိုနေရာတွင် တစ်ပင်လုံးအနက်ရောင်ဖြစ်နေသည့် သစ်ပင်တစ်ပင်ကိုတွေ့ရ လေသည်။ သစ်ပင်တစ်ပင်လုံးမှာ မီးသွေးကဲ့သို့ မဲနက်နေလေ သည်။

ဆန်းလျန်က သူ၏ဝိညာဉ်စွမ်းအားကိုအသုံးပြုကာ ထိုသစ်ပင် ကိုအာရုံခံကြည့်လိုက်သည်။ ထိုသစ်ပင်တွင် သိမ်မွေ့သည့် ရှင်သန်မှုသင်္ကေတကိုတွေ့ရပြီး သစ်ပင်ထဲတွင် အားနည်းနေ သည့် ဝိညာဉ်တစ်ခုရှိနေလေသည်။

ချီးစန်းကွမ်းကလည်း သစ်ပင်ကိုတစ်ချက်ကြည့်လိုက်သည်။ သို့သော် မည်သို့မျှမခံစားရပါ။ ထို့ပြင် စောသခင်ကြီးရှင်းပြ

သည့် သစ်ပင်အကြောင်းကိုလည်း အတွေးကမ္ဘာထဲလည်ရင်း မကြားမိခဲ့သဖြင့် သူက ခပ်တည်တည်ပင် ရှေ့သို့ ခြေတစ်လှမ်းတိုးသွားလိုက်လေသည်။ ဘာမှမဖြစ်ပေ။

သူက အတင့်ရဲစွာဖြင့် နောက်ထပ်သုံးပေခန့်ဆက်သွားလိုက်လေသည်။ ရုတ်တရက်ပင် ချီးစန်းကွမ်းမှာ မြေပြင်ပေါ်သို့ လဲကျသွားလေသည်။ သူက မြေပြင်ပေါ်တွင် လှိမ့်နေပြီး ခေါင်းကိုလည်းခါယမ်းနေလေသည်။ သူ့ကိုကြည့်ရသည်မှာ တစ်စုံတစ်ယောက်က သူ့ကိုရိုက်နှက်နေသကဲ့သို့ပင်။ ပါးစပ်မှလည်းအော်ဟစ်နေလေသည်။

"အဖေ ၊ ကျွန်တော့်ကိုမရိုက်ပါနဲ့တော့ ၊ ကျွန်တော် လောင်းကစားမလုပ်တော့ပါဘူး ၊ အဖေ မရိုက်ပါနဲ့တော့"

ထိုသို့အော်ဟစ်ရင်းဖြင့် မြေပြင်ပေါ်တွင် မရပ်မနားလှိမ့်နေလေသည်။ မည်သူမျှ သူ့ကိုဝင်မဆွဲရဲကြပေ။

ထိုမြင်ကွင်းကြောင့် စောသခင်ကြီးမှာ အံ့သြမင်သက်သွားရ

လေသည်။ ဤတာအိုဆရာမှာလည်း အခြားမိစ္ဆာဖမ်းသမား

များနှင့် ထူးမခြားနားပင်ဖြစ်သည်ဟုတွေးရင်း စိတ်ပျက်သွားရ

သည်။ သို့သော် ယခင်ကလည်း မိစ္ဆာဖမ်းသူများထိုသို့ပင် ဖြစ်

ရသည်ကို တွေ့မြင်ထားပြီးသားဖြစ်သည့်အတွက် များစွာ

ဒေါသထွက်ခြင်းတော့ မဖြစ်မိပေ။

ဆန်းလျန်က ချီးစန်းကွမ်းကို ဝင်ဆွဲခြင်းမရှိပါ။ ထို့ကြောင့်စော

သခင်ကြီးက အံ့သြသွားပြီး...

"တာအိုဆရာလေး ၊ မင်းဆရာကိုသွားမခေါ်ဘူးလား"

ဟုမေးလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်လေသည်။ အကယ်၍ ချီးစန်းကွမ်းမျာ

တာအိုဆရာစန်းဝမ့်၏ တပည့်သာဖြစ်နေပါက သူ၏ ဂိုဏ်းတူ

တူလေးပင်တော်စပ်နေဦးမည်ဖြစ်ပြီး သူကတော့ မည်သည့်

နည်းနှင့်မျှ ချီးစန်းကွမ်း၏ တပည့်မဖြစ်နိုင်ပေ။

“ကျုပ်က သူ့တပည့်မဟုတ်ပါဘူး ၊ ဒီသစ်ပင်မိစ္ဆာကိစ္စ ကျုပ်ရှင်းပေးပါ့မယ်”

နားလည်မှုတခုခုလွဲပြီဖြစ်ကြောင်း စောသခင်ကြီးတွေးလိုက်မိလေသည်။ သို့တိုင်အောင် သူက မည်သည့်စကားမှ မေးမြန်းခြင်းမပြုပါ။ ဆန်းလျန်က သစ်ပင်အနားသို့ ဖြေးညင်းစွာတိုးကပ်သွားလေသည်။ သို့တိုင်အောင် မည်သည့်ထူးဆန်းသည့်ကိစ္စမှ ဖြစ်ပျက်မလာပေ။ စောသခင်ကြီးမှာ လွန်စွာမှ အံ့သြသွားပြီး ဤလူငယ်လေးမှာ သာမန်လူမဟုတ်ဟု တွေးနေမိသည်။

ဆန်းလျန်သစ်ပင်ရှေ့သို့ရောက်သွားသည်နှင့် သစ်ပင်၏ပင်စည်အလယ်တည့်တည့်တွင် မျက်နှာတစ်ခုပေါ်လာလေသည်။

“ဘာလို့ဒီကိုရောက်လာတာလဲ သခင်လေး”

ထိုအသံကို ဆန်းလျန်စိတ်ထဲမှ ကြားလိုက်ရခြင်းဖြစ်လေ

သည်။

ဆန်းလျန်အံ့သြသွားရလေသည်။ နတ်မိစ္ဆာသစ်ပင်မှာ ဝိညာဉ်

စွမ်းအားရှိနေပြီး မိုးကြိုးဖြင့်ပစ်ပြီး အပြစ်ပေးခံထားရခြင်း

ဖြစ်ဟန်တူလေသည်။ သို့သော် ထိုသစ်ပင်က အဘယ်ကြောင့်

သူ့အား သခင်လေးဟုခေါ်နေပါသနည်း။

“ဘာလို့ ကျုပ်ကိုသခင်လေးလို့ခေါ်ရတာလဲ”

"သခင်လေးက သခင်ကြီးဆီက ကျန့်သောင်တုကျွင်းဓားပညာ

ရဲ့ "ရှိခြင်းမရှိခြင်းဓားသိုင်း" ကို သင်ယူခဲ့တဲ့သူပဲ ၊ လူသားတွေ

အခေါ်အဝေါ်အရဆိုရင် သခင်လေးက သခင်ကြီးရဲ့ တပည့်ပဲ ၊

ဒါကြောင့် သခင်လေးလို့ခေါ်ရတာပါ"

နတ်မိစ္ဆာသစ်ပင်က ပြန်ဖြေလိုက်လေသည်။

ဆန်းလျန်က တစ်ချက်စဉ်းစားလိုက်ပြီး....

"မင်းက ဆရာစူးရဲ့ စူးကျားပေါင်အိမ်က ရေငန်းသီးပင်လား"

ဟု မေးလိုက်လေသည်။

ဆန်းလျန်က သူမြင်တွေ့ခဲ့ရသည့် အရာအားလုံးကို မေ့တတ်သည့်သူ မဟုတ်ပေ။

ဆန်းလျန်မှာ သူတွေ့မြင်ခဲ့ရသည့် ရေငန်းသီးပင်အကြောင်းကို ပြန်စဉ်းစားလိုက်သည်။ ယခုသစ်ပင်မှာ တစ်ပင်လုံးမဲနက်နေသည့်တိုင် ထိုရေငန်းသီးပင်နှင့် အတော်ဆင်တူလေသည်။ ထို့ပြင် "ရှိခြင်းမရှိခြင်းဓားသိုင်း" အကြောင်းကို သိနေသည့်အတွက် ထိုရေငန်းသီးပင်ဖြစ်ရမည်ဟု ဆန်းလျန် မှန်းဆလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီအစေခံလေးက စူးကျားပေါင်အိမ်က ရေငန်းသီးပင်ပါပဲ၊ အစိမ်းရောင်မျက်နှာတစ္ဆေမင်းကြီးရဲ့ မိုးကြိုးနဲ့အပစ်ခံရပြီး ရွှေပြဒါးစွမ်းအားတွေဆုံးရှုံးခဲ့ရပါပြီ၊ ပြေးစရာမရှိလို့ ဒီနေရာကို ထွက်ပြေးလာတာပါ"

ဟုပြောလိုက်လေသည်။

ရေင်န်းသီးပင်က တစ်ချက်လှုပ်ရမ်းလိုက်သည့်အတွက်

မီးသွေးပြာများကဲ့သို့ ပြာမှုန့်များ ကျလာလေသည်။

“ကျုပ်နားလည်ပြီ ၊ ဒီနေရာမှာ တိယင်းလို့ခေါ်တဲ့ မြေကြော

အပေါက်ရှိလို့ မင်းဒီကိုထွက်ပြေးလာနိုင်တာပဲ ၊ ဒါပေမယ့် မင်း

ရဲ့ရွှေပြဒါးမဏ္ဍိုင်အမြုတေက ပျက်စီးသွားပြီပဲ ၊ ခုတောင် တိ

ယင်းမြေကြောကရတဲ့ ယင်စွမ်းအားနဲ့ အသက်ရှင်နေတာ ၊ ဘာ

လို့မင်းရဲ့ဝိညာဉ်ကို မလွှတ်ဘဲ ထိန်းထားရသေးတာလဲ”

ဆန်းလျန် သက်ပြင်းချရင်း မေးလိုက်လေသည်။

အခန်း (၁၃၀)

အပ်နှင်းခြင်း

"သခင်လေးပြောတာကို ဒီအစေခံလေး ကောင်းကောင်းသိပါတယ်၊ ရွှေပြဒါးမဏ္ဍိုင်အမြုတေကိုဆုံးရှုံးရပြီး သစ်ပင်အမြစ်တွေအထိ ပျက်စီးနေပါပြီ၊ ဝိညာဉ်လည်းအနေးနဲ့အမြန်ပျောက်ကွယ်ရတော့မှာပါ၊ ဒါပေမယ့် သခင်လေးက ဒီအစေခံလေး ခံစားနေရတဲ့နာကျင်တဲ့ဝေဒနာတွေသက်သာအောင် နည်းနည်းလောက် ကူညီလို့မရဘူးလား၊ နည်းနည်းလေးဖြစ်ဖြစ်ပေါ့"

ဆန်းလျန်၏စိတ်အာရုံထဲတွင် ရေငန်းသီးပင်၏ငိုကြွေးသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

"ကျုပ်ကူညီပေးနိုင်ပါတယ်၊ မင်းက ဘယ်လိုဖြစ်စေချင်တာလဲ"

ဆန်းလျန်က မေးလိုက်လေသည်။

"သခင်လေးရဲ့ စန္ဒကူးဆားမှာ ဒီအစေခံလေးရဲ့ဝိညာဉ်ကို နေခွင့်ပေးပါ၊ နေ့ခင်းဘက် နေပူတဲ့ အပူဒဏ်ကို မခံနိုင်တော့လို့ပါ"

ဝိညာဉ်များမှာ ထိုကဲ့သို့ပင်ဖြစ်လေသည်။ နတ်ဘုရားမိုးကြိုးဖြင့်အပစ်ခံရပြီး နေရောင်အောက်တွင် နေရသည်က လွန်စွာမှပင် နာကျင်ပေလိမ့်မည်။

ဆန်းလျန်၏ စန္ဒကူးဆားမှာ ဝိညာဉ်များနေထိုင်ရန်အတွက် အသင့်တော်ဆုံးနေရာတစ်ခုဖြစ်လေသည်။ ထိုဆားမှာ ဆန်းလျန်၏ စိတ်စွမ်းအားကျင့်စဉ်အတွက် အသုံးပြုသည့်ဆားဖြစ်လေသည်။ ထို့ကြောင့် ရေင်န်းသီးပင်၏ဝိညာဉ်ကို ခဏတော့ နားခိုခွင့်ပေးနိုင်လေသည်။ နေပူထဲတွင် နေရသည်ထက်ဆာလျှင်တော့ သက်သာမည်ဟု ဆန်းလျန်တွေးမိလေသည်။

"ပြဿနာမရှိပါဘူး၊ မင်းဆန္ဒရှိတယ်ဆိုရင် ဆားထဲကို ဝင်လာခဲ့ပါ"

ဆန်းလျန်က ပြောလိုက်လေသည်။

အမှန်တော့ ရေငန်းသီးပင်၏ဝိညာဉ်မှာ သန့်စင်လေသည်။ မိစ္ဆာအရိပ်အငွေ့တစ်ခုမှ မတွေ့ရပေ။ ထို့ပြင် ထိုရေငန်းသီးပင်မှာ ဆရာစူး၏သစ်ပင်ဖြစ်သည့်အတွက် ဆန်းလျန်အနေဖြင့် လျစ်လျူရှုပြီး ပစ်မထားခဲ့ရက်နိုင်ပေ။

ရေငန်းသီးပင်မှာ သန့်စင်သည့်စိတ်ထားရှိသည့်အတွက် ဆန်းလျန်ကို ဒုက္ခပေးမည့် ရည်ရွယ်ချက်မရှိပါ။ သစ်ပင်အနက်ရောင်ထဲမှဝိညာဉ်သည် အစိမ်းရောင်မီးခိုးငွေ့များအသွင်ပြောင်းပြီး ဆန်းလျန်ခါးတွင်ချိတ်ဆွဲထားသည့် စန္ဒကူးဓားဆီသို့ ဝင်ရောက်သွားလေတော့သည်။

စန္ဒကူးဓားမှာ ဆန်းလျန် "ရှိခြင်းမရှိခြင်းဓားသိုင်း" လေ့ကျင့်စဉ်က ဓားဝိညာဉ်ကိုရရှိခဲ့သည့် ဓားတစ်လက်ဖြစ်လေသည်။ ထိုဓားမှာ ဆရာစူး၏စူးကျားပေါင်အိမ်တော်မှ ရေငန်းသီးပင်အတွက် ယာယီနေထိုင်၍ရသည့် နေရာတစ်ခုဖြစ်လာလိမ့်မည်ဟု ဆန်းလျန်စိတ်ပင်ကူးမကြည့်ခဲ့မိဖူးပေ။

ရေငန်းသီးပင်၏ဝိညာဉ် စန္ဒကူးဓားထဲသို့ ဝင်ရောက်သွား

သည်နှင့် ဆန်းလျန်မှာ ရုတ်တရက် ခံစားချက်တစ်ခုကို ခံစား

လိုက်ရလေသည်။ သူ့ကိုယ်သူ သေမင်းတံခါးဝသို့ရောက်သွား

သလိုခံစားလိုက်ရခြင်းဖြစ်လေသည်။

စန္ဒကူးဓားမှာ သူ၏ကိုယ်ပိုင်ဓားဝိညာဉ်ရှိပြီးသားဖြစ်လေ

သည်။ ထို့ကြောင့် ဝိညာဉ်နှစ်ခုပွတ်တိုက်မိပြီး ဆန်းလျန်မှာ

ထိုသို့ ခံစားလိုက်ရခြင်းဖြစ်လေသည်။

ရေငန်းသီးပင်၏ဝိညာဉ်မှာလည်း ဆန်းလျန်ကဲ့သို့ပင် ခံစား

လိုက်ရလေသည်။

ထို့ကြောင့် ဆန်းလျန်က အကြံတစ်ခုရလိုက်သည်။ ထို့ကြောင့်

ရေငန်းသီးပင်၏ဝိညာဉ်ကို စိတ်စွမ်းအားဖြင့် စကားဆက်ပြော

လိုက်သည်။

"မင်းက ကျုပ်ရဲ့ဓားထဲမှာ ခဏပဲနေလို့ရလိမ့်မယ်၊ မကြာခင်

မင်းပျောက်ကွယ်သွားရမှာပဲ ၊ မင်းဆက်အသက်ရှင်သန်နိုင်ဖို့

အတွက် ကျုပ်မှာအကြံတစ်ခုရှိတယ် ၊ ဒါပေမယ့် မင်းလက်ခံနိုင်ပါ့မလားတော့မသိဘူး”

“ဒီအစေခံလေးက သေရတော့မယ့်သူပါ ၊ သခင်လေးရဲ့အကြံကိုသာပြောပြပါ”

ရေငန်းသီးပင်၏ဝိညာဉ်က ပြန်ပြောလိုက်လေသည်။

“ကျုပ်မင်းအတွက် ဝတ်ကျောင်းတော်တစ်ခုတည်ထားပေးမယ် ၊ မင်းက အဲဒီကျောင်းတော်ကိုစောင့်တဲ့ ကျောင်းစောင့်ဝိညာဉ်လုပ်ရမယ် ၊ မင်းက ဝတ်ကျောင်းတော်ကိုစောင့်ရှောက်ရမယ် ၊ မင်းကောင်းကောင်းလုပ်နိုင်တယ်ဆိုရင် လူတွေက မင်းကို အမွှေးတိုင်တွေထွန်းပြီး ပူဇော်ကြလိမ့်မယ်၊ အဲဒီလိုပူဇော်တဲ့လူတွေများလာတာနဲ့ မင်းရဲ့ဝိညာဉ်လည်း စွမ်းအားပြည့်လာလိမ့်မယ် ၊ ဒါပေမယ့် ဒီနည်းလမ်းက မင်းကို အချုပ်ကျသလိုတော့ဖြစ်စေပြီး လွတ်လပ်မှုတွေဆုံးရှုံးရလိမ့်မယ်”

ဆန်းလျန်ကပြောပြလိုက်သည်။

ဆန်းလျန်ပြောပြသည့်နည်းလမ်းမှာ ဝိညာဉ်ကိုအချုပ်ချသည့် နည်းလမ်းဖြစ်လေသည်။ တစ်နည်းအားဖြင့် ဝိညာဉ်ကို အပ်နှင်းပေးသနားသည့်နည်းလမ်းဟူ၍လည်း ပြော၍ရလေ သည်။ ထိုနည်းလမ်းမှာ “ရှန်” ဝါဒ၏နည်းလမ်းနှင့်ဆင်တူပြီး ကျောက်ရှောင်ယွီအသုံးပြုသည့်နည်းလမ်းဖြင့် အနည်းငယ် သာကွဲပြားလေသည်။

ဆန်းလျန်က ထိုနည်းလမ်းကို ယခုချက်ချင်းပင် စဉ်းစားလိုက် မိခြင်းဖြစ်သည်။ ထိုက်ရှီးစွမ်းအားများရရှိပြီးသည့်နောက်ပိုင်း သူက ဖြစ်တည်မှုတရားများအားလုံးနှင့် ပေါင်းစပ်၍ရနေလေ သည်။ စိတ်အာရုံများလည်းလွန်စွာထက်မြက်လာပြီး ကောင်းကင် ၊ မြေကြီး ၊ တောင်များနှင့် မြစ်ချောင်းအင်းအိုင် များတွင် တည်ရှိနေသည့် ဝိညာဉ်စွမ်းအားများအားလုံးကို အာရုံခံနိုင်လေသည်။ ဆန်းလျန်က အနောက်ဘက်ခြံဝန်းရှိ

မြေပြင်မှ စွမ်းအားများကို စုစည်းလိုက်ပြီး အင်းသင်္ကေတတစ်ခုကိုရေးဆွဲကာ ရေငန်းသီးပင်၏ဝိညာဉ်ဆီသို့ ပို့လွှတ်လိုက်လေသည်။ ရေငန်းသီးပင်၏ဝိညာဉ်မှာ မိစ္ဆာဝိညာဉ်မဟုတ်ကြောင်းကို အနောက်ဘက်ခြံဝန်းရှိမြေပြင်မှ မြေကြီးနှင့်ရေစွမ်းအားကိုအတည်ပြုကာ သက်သေယူလိုက်ခြင်းဖြစ်လေသည်။

ဝိညာဉ်သည် သူစောင့်ရှောက်ရမည့်နေရာကို စောင့်ရှောက်ရမည်မှာ သူ့တာဝန်ဖြစ်ပြီး လူသားများက သူ့ကို တဖြည်းဖြည်းအစောင့်ဝိညာဉ်အဖြစ်လက်ခံပြီး အမွှေးတိုင်များထွန်းကာ ပူဇော်ပသကြပေမည်။

နှစ်ဦးနှစ်ဖက် အချင်းချင်းအပြန်အလှန်အကျိုးပြုနိုင်သည့် အစီအစဉ်ဖြစ်လေသည်။

မှားယွင်းမှုများရှိနေသည့်တိုင် မိုးကောင်းကင်က တရားမျှတပါသည်။ ရေကြီးခြင်း ၊ လျှောင်လျှပ်ခြင်း များကဲ့သို့သော

သဘာဝဘေးအန္တရာယ်များကြောင့် သက်ရှိသတ္တဝါများနှင့် လူသားများဒုက္ခရောက်ကြရလေသည်။ သို့သော် အစောင့် ဝိညာဉ်များက ကမ္ဘာမြေကြီး၏အသက်ဓာတ်ကို ပြန်လည် ထိန်းညှိပေးလေသည်။ သို့သော် တောင်များ ၊ မြစ်များ ၊ ကောင်းကင်နှင့် မြေပြင်တွင်တော့ သူတို့ကိုယ်ပိုင် ဝိညာဉ် သိစိတ်များရှိကြလေသည်။ ဝိညာဉ်တစ်ခုသည် သူ စောင့်ရှောက်ပေးရမည့်နေရာကို တာဝန်ကျေကျေစောင့်ရှောက် ပေးပါက လူအများက ပူဇော်ကြမည်ဖြစ်ပြီး ထိုတာဝန်မကျေ ပါက လူများက ထိုဝိညာဉ်ကို ကိုးကွယ်ကြတော့မည် မဟုတ် ပေ။ နောက်ဆုံးတွင်တော့ ဝိညာဉ်စွမ်းအားများလျော့နည်းကာ ကိုယ့်ကိုကိုယ်ပင်မကာကွယ်နိုင်တော့ဘဲ ပျောက်ကွယ်သွားရ မည်ဖြစ်လေသည်။

ဤသည်မှာ “အလုပ်ကြိုးစားသူက အကျိုးအမြတ်ရပြီး အလုပ်မလုပ်ပါက ပြစ်ပယ်ခြင်းခံရမည်” ဟူသည့် သဘောတရားအတိုင်းပင်ဖြစ်လေသည်။

ကျောက်ရှောင်ယွီလည်း ထိုသို့သောသဘောတရားမျိုးကို အသုံးပြုခဲ့ခြင်းဖြစ်လေသည်။ သူမက ကြာပန်းကိုးပွင့်ကျင့်စဉ်ကို ကျင့်ကြံခဲ့ပြီး “ရှန်” ဝိဒလမ်းစဉ်ကို လျှောက်လှမ်းခဲ့လေသည်။ သူမက ဘုရင်မကိုတိုက်ခိုက်အနိုင်ယူပြီး သူမ၏တန်ခိုးစွမ်းအားများကို တာ့ကျိုးတိုင်းပြည်မှ ပြည်သူများ ကြောက်ရွံ့ရိုသေကြရန် ရည်ရွယ်လေသည်။ ထိုမှသာ ဘုရင်မကို ထောက်ခံသည့် ပြည်သူများ၏စွမ်းအားကိုအရယူကာ ကြာပန်းကိုးပွင့်ကျောင်းတော်၏ဝိဒကို ပြန့်ပွားစေပြီး “ရှန်” ဝိဒကို အင်အားကြီးမားစေလိုခြင်းဖြစ်လေသည်။ သူမက ဘုရင်မကို အာဏာမှဖြုတ်ချပြီး နောက်တက်လာမည့်ဘုရင်၏လက်ထက်တွင် ဘုရင့်ဆရာသူတော်စင်အဖြစ်နေရာယူကာ တိုင်းပြည်ကို

ချုပ်ကိုင်ပြီး ကြာပန်းကိုးပွင့်ကျောင်းတော်၏ဝါဒကို တာ့ကျိုး တိုင်းပြည်တွင် ပျံ့ပွားစေလိုခြင်းဖြစ်လေသည်။ ထိုသို့ ဘုရင့် ဆရာသူတော်စင်အဖြစ်နေရာယူပြီးလျှင် အခြားတိုင်းပြည်များ သို့လည်း စစ်ချီကာ ကြာပန်းကိုးပွင့်ကျင့်စဉ်ကို ပျံ့နှံ့စေပြီး နေ မဝင်အင်ပါယာကြီးတစ်ခု တည်ထောင်ရန်ရည်ရွယ်ထားလေ သည်။

ထို့ကြောင့် ကျောက်ရှောင်ယွီက ဆန်းလျန်ကို သူမဘက်သို့ပါ စေချင်ခြင်းဖြစ်သည်။ ဆန်းလျန်က သူမကို များစွာ အထောက်အကူပေးနိုင်လေသည်။ သာမန်မဟုတ်သည့်မိန်းမ ပျိုတစ်ယောက်အနေဖြင့် သာမာန်မဟုတ်သည့် ယောကျာ်း လေးတစ်ယောက်၏အကူအညီကိုရယူကာ သာမန်မဟုတ် သည့်အလုပ်များကို ပြုလုပ်နိုင်ရန် သူမကမျှော်လင့်ထားသည်။ ဤလောကမှ လူသားများအားလုံး၏ ယုံကြည်ချက်ကိုရရှိရန် မှာ သံမဏိကဲ့သို့ စိတ်ဓာတ်ခိုင်မာခြင်းပင်ဖြစ်လေသည်။

ကျောက်ရှောင်ယွီမှာ ချင်းရှွမ်နတ်တံခါးအပါအဝင် အခြား
သော နတ်ဘုရားကျောင်းတော်များကိုလည်း လေ့လာမှုများ
ပြုလုပ်ထားခဲ့လေသည်။ ထို့ပြင် ရုတ်တရက်မိုးကြီးလေကြီး
ကျသွားသည့်အခြေအနေကိုကြည့်ပြီး တာ့ကျိုးတိုင်းပြည်၏
အသက်ဓာတ်ခိုင်မာမှုမရှိသည်ကို သူမသိရှိခဲ့လေသည်။
ထို့ကြောင့် ကျောက်ရှောင်ယွီက ဘုရင်မကိုဖြုတ်ချပြီးသည်နှင့်
မိုးမြေဆန္ဒအတိုင်း တာ့ကျိုးတိုင်းပြည်၏ တစ်ခဲနက်ထောက်ခံ
မှုကိုအရယူကာ သူမအကြံအစည်ကို အကောင်အထည်ဖော်ရန်
ဆုံးဖြတ်ထားခဲ့သည်။

ဘုရင်မကြီးက ရက်စက်ကြမ်းတမ်းသောသူတစ်ယောက်ဖြစ်
သည့်အတွက် ကျောက်ရှောင်ယွီအနေဖြင့် စည်းရုံး၍မရခဲ့ပေ။
သူမက ဆန်းလျန်ကိုတော့ စည်းရုံး၍ရလိမ့်မည်ဟု မှားယွင်း
တွက်ချက်မိကာ သူမ၏အကြံအစည်ထဲသို့ ဆွဲထည့်ခဲ့ခြင်းဖြစ်
လေသည်။ မထင်မှတ်စွာပင် ဆန်းလျန်ကြောင့် သူမအစီအစဉ်

ကြီးတစ်ခုလုံးကို ပျက်စီးသွားခဲ့ပြီး အကြီးအကျယ်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရလေသည်။

ကျောက်ရှောင်ယွီ ရှုံးနိမ့်သွားရသည့်အတွက် ဆန်းလျန် အနေဖြင့် ကျောက်ရှောင်ယွီကို လျှော့မတွက်ရဲပါ။ သူမ၏ သဘောထားအမြင်မှာ တံလျှပ်ကဲ့သို့ပင်ဖြစ်ပြီး သူမ၏လမ်းကို မဖြစ်မနေ ဆက်လျှောက်မည့်သူမျိုး ဖြစ်လေသည်။ ထို့ပြင် သူမ၏စိတ်စွမ်းအားမြင့်မားမှုကြောင့် သူမ အသက်ရှင်နေသရွေ့ အောင်မြင်ရန်နည်းလမ်းကို ရှာနေလိမ့်မည်ဖြစ်လေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီထံမှ သဘောထားအခြေခံကို မသိမသာစဉ်းစားကြည့်မိသည်။ လူများ၏အာရုံစိုက်မှုကို ငါးစာအဖြစ်အသုံးချပြီး ထိုလူများ၏စွမ်းအားကို အသုံးပြုကာ "ရှန်" ဝါဒအင်အားကြီးလာရန်အတွက် ဝါဒဖြန့်ရန်ပင်ဖြစ်လေသည်။ ထိုအချက်မှာ ရေငန်းသီးပင် အသက်ဆက်လက်

ရှင်သန်နိုင်ရန်အတွက် လူသားများ၏ပူဇော်ပသမှုကို ရယူ

သကဲ့သို့ပင်ဖြစ်လေသည်။

ရေငန်းသီးပင်မှာ မိုးကြိုးထိမှန်ပြီး သူ၏ရွှေပြဒါးမဏ္ဍိုင်

အမြုတေကိုဆုံးရှုံးခဲ့ရပြီဖြစ်လေသည်။ ကံကောင်းထောက်မ

စွာဖြင့် လွတ်မြောက်လာခြင်းသာမရှိလျှင် ယခုအချိန်တွင် သေ

နေလောက်ပြီဖြစ်လေသည်။

ဆန်းလျှန်တွင် ရေငန်းသီးပင်၏ဝိညာဉ်ကို အစောင့်ဝိညာဉ်

အဖြစ် အပ်နှင်းနိုင်သည့်စွမ်းအားရှိသည့်အတွက်သာ

သူ၏အသက်ကို ဆက်လက်ရှင်သန်နိုင်ရန် တတ်နိုင်ခြင်းဖြစ်

လေသည်။

သစ်ပင်တစ်ပင်အတွက် လွတ်လပ်မှုဆိုသည်မှာ ထည့်သွင်း

စဉ်းစားစရာမလိုပေ။ သစ်ပင်ဆိုသည်က အစကတည်းက

မြေပြင်တစ်နေရာတွင် အမြစ်တွယ်နေထိုင်သည့်အတွက်

ကြောင့်ဖြစ်လေသည်။

အထူးသဖြင့် ထိုရေငန်းသီးပင်က လွတ်လပ်မှုဆိုသည့်စကား

ကို ကြားပင်မကြားဖူးပါ။ သူက အေးချမ်းသည့်မြေတွင်

ထာဝရရှင်သန်နေသည့် သစ်ပင်တစ်ပင်မျှသာဖြစ်လေသည်။

အခြားသောသစ်ပင်များနှင့် မြက်ပင်များအလယ်တွင်

အေးချမ်းစွာရှင်ခဲ့သူဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်၏သဘောထားကို ရေငန်း

သီးပင်၏ဝိညာဉ်က သဘောတူလိုက်လေသည်။

ရေငန်းသီးပင်၏ဝိညာဉ်က သဘောတူလိုက်သည်နှင့် ဆန်းလျ

န်က ထိုကိစ္စကို အဆုံးသတ်ပေးရန် ဆုံးဖြတ်လိုက်လေသည်။

ရေငန်းသီးပင်ရှေ့တွင် မတ်တပ်ရပ်ပြီး တီးတိုးစကားပြော

ကြားနေသည့် ဆန်းလျန်ကိုကြည့်ရင်း စောသခင်ကြီးမှာ

စိတ်ပျက်ရပြန်လေပြီ။

“ဒီတာအိုဆရာလေးလည်း တခြားသူတွေလိုပဲ ဂယောင်ခြောက်

ခြားနဲ့ ရူးသွားပြီလားမသိဘူး”

ဟု တွေးနေမိလေသည်။

ထိုသို့တွေးနေစဉ်မှာပင် ဆန်းလျန်က စောသခင်ကြီးရှိရာသို့ လမ်းလျှောက်လာလေသည်။ ဆန်းလျန်ကို မိစ္ဆာကဝင်ပူးပြီး သူ့ထံသို့လျှောက်လာသည်အထင်နှင့် စောသခင်ကြီးမှာ ကြောက်လန့်ပြီးနောက်သို့ဆုတ်သွားလေသည်။ အစေခံများက သူ့ကိုလဲကျမသွားအောင် ထိန်းထားပေးရလေသည်။

ဆန်းလျန်က သူ့ကိုပြုံးပြလိုက်လေသည်။ သူ၏ပုံစံကိုကြည့်ရသည်မှာ မိစ္ဆာပူးကပ်ခံထားရသည့်ပုံတော့ မပေါက်ပေ။ စောသခင်ကြီး မင်သက်နေမိဆဲ ဆန်းလျန်ထံမှ စကားသံထွက်ပေါ်လာလေသည်။

“ကျုပ်မိစ္ဆာကိုနှိမ်နင်းပြီးပါပြီ ၊ ခင်ဗျားစိတ်ပူစရာမလိုတော့ပါဘူး”

ဆန်းလျန်၏ပုံစံမှာ တည်ကြည်လေးနက်နေပြီး နောက်ပြောင်နေသည့်ပုံမပေါက်ပါ။ ထို့ကြောင့် စောသခင်ကြီးမှာ

စိတ်သက်သာရာရသွားသည့်တိုင် သံသယကတော့ဝင်နေဆဲ

ဖြစ်လေသည်။ သူက သူ၏ဘယ်ဘက်တွင်ရပ်နေသည့်အစေခံ

တစ်ယောက်အား အမိန့်ပေးလိုက်သည်။

"ဒီတာအိုဆရာလေးပြောတာ ဟုတ်မဟုတ်သိရအောင် သစ်ပင်

ကို သွားစစ်ဆေးကြည့်စမ်း"

အခန်း (၁၃၁)

မိတ်ဆွေဟောင်း

အစေခံမှာ လုံးဝသွားချင်စိတ်မရှိသည့်တိုင် စောသခင်ကြီး၏စကားကို မနာခံဘဲ မနေဝံ့ချေ။ စောအိမ်တော်၏အစေခံများအားလုံးကို စောသခင်ကြီးကဝယ်ယူထားခြင်းဖြစ်ပြီး စောသခင်ကြီး၏ အမိန့်ကိုနာခံခြင်းမရှိပါက အသက်ပင်ရှင်ချင်စိတ်မရှိတော့အောင် နှိပ်စက်ခံရမည်ဖြစ်လေသည်။ စောသခင်ကြီး၏ကြွယ်ဝမှုအရှိန်ကြောင့် မြို့နယ်တာဝန်ရှိသူများကလည်း သူတို့ကို လျစ်လျူရှုထားကြလေသည်။

အစေခံမှာ ရေငန်းသီးပင်နားသို့ ထိတ်လန့်စွာဖြင့်တိုးကပ်သွားလေသည်။ သူက သစ်ပင်နှင့်ဆယ်ပေခန့်အကွာသို့ ရောက်သည်အထိ မည်သည့်ထူးခြားချက်မှ ဖြစ်မလာပေ။ ထို့နောက် အစေခံက သစ်ပင်ဆီသို့တည့်တည့်တိုးကပ်သွားကာ သစ်ပင်အောက်တွင် ရပ်နေလိုက်သည်။ သို့တိုင်အောင် မည်သည့်ထူးခြားချက်မှ ဖြစ်မလာသည့်အတွက် အစေခံမှာအတင့်ရဲလာပြီး သစ်ပင်၏ပင်စည်ကိုပင် ထိကြည့်လိုက်လေသည်။

"အား..."

အစေခံ၏ အော်လိုက်သည့်အသံကြောင့် စောသခင်ကြီးက ဆန်းလျှန်ကို သံသယမျက်လုံးများဖြင့် ကြည့်လိုက်သည်။ ဆန်းလျှန် တကယ်ရော မိစ္ဆာကိုနှိမ်နင်းခဲ့သည်မှာ ဟုတ်ရဲ့လား ဆိုသည့်အကြည့်မျိုးဖြစ်လေသည်။

"သခင်ကြီး ၊ ကျွန်တော်ဘာမှမဖြစ်ပါဘူး ၊ သစ်ပင်က စူးဆူး သွားလို့ပါ"

အစေခံမှာ သစ်ပင်ကိုသေချာကြည့်နေလေသည်။ စူးစရာ ဆူး လည်းမရှိပါဘဲ အဘယ်ကြောင့် သူ့ကို စူးဆူးရသည်ကို သူနား မလည်နိုင်ဖြစ်နေလေသည်။

စန္ဒကူးစားထဲသို့ရောက်နေသည့် ရေငန်းသီးပင်၏ဝိညာဉ်မှ ရေရွတ်သံကို ဆန်းလျှန် ကြားလိုက်ရလေသည်။

"သောက်ရူးကဘယ်သိမလဲ ၊ နတ်ဘုရားမိုးကြိုးရဲ့လက်ကျန် အစွမ်းတွေက သစ်ပင်မှာကျန်နေသေးတာကို"

ဆန်းလျန်က ရေငန်းသီးပင်ကိုစိုက်ကြည့်လိုက်ရင်း တွေးလိုက်မိသည်။

“ဒီရေငန်းသီးပင်ကသစ်သားကိုအသုံးပြုပြီး နတ်ဘုရားရုပ်တုတစ်ခုထုလုပ်သင့်တယ်”

ရေငန်းသီးပင်မှာ ဝိညာဉ်စွမ်းအားရှိသည့် အပင်တစ်ပင်ဖြစ်လေသည်။ ထို့ပြင် ရေငန်းသီးပင်၏သစ်သားမှာလည်း နတ်ဘုရားမိုးကြိုးဖြင့် ထိမှန်ခံထားရသည့်တိုင် မပျက်စီးဘဲခံနိုင်ရည်ရှိနေသေးသည်။

စောသခင်ကြီးက သူလှွတ်လိုက်သည့်အစေခံဘာမှမဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်သွားရလေသည်။

“မင်းကတကယ်တော်တဲ့တာအိုဆရာလေးပဲ ၊ မင်းကဘယ်သူဘယ်ဝါဆိုတာများသိခွင့်ရှိမလား”

ဆန်းလျန်နှင့် တာအိုဆရာစန်းကွမ်းတို့မှာ မိုးနှင့်မြေကဲ့သို့ကွာခြားလေသည်။ စောသခင်ကြီးမှာ ယခုတော့ ဆန်းလျန်

လိမ်လည်ပြောဆိုခြင်းမဟုတ်မှန်း နားလည်သွားပြီဖြစ်လေ

သည်။ သူတို့နှစ်ယောက်မှာ တကယ်တမ်း ဆရာတပည့်များ

မဟုတ်ကြပေ။

စောသခင်ကြီးမှာ တန်ခိုးစွမ်းအားကြီးမားသူများအပေါ်တွင်

အမြဲတမ်းမျက်နှာသာပေးတတ်လေသည်။ တန်ခိုးစွမ်းအား

ကြီးမားသူများကို မည်သည့်အခါမှ လျစ်လျူရှုခဲ့ခြင်းမရှိပေ။

ဆန်းလျန်က တစ်ချက်ရယ်မောလိုက်ရင်း....

"စောသခင်ကြီး ၊ ခင်ဗျားက ဟာသာဉာဏ်တော့အရမ်းကောင်း

ပေမယ့် မှတ်ဉာဏ်ကျတော့လုံးဝမကောင်းဘူးဘဲ ၊ အရင်တုန်း

က ကျုပ် "အန်း" တည်းခိုရိပ်သာဖွင့်တုန်းကတောင် ခင်ဗျား

ရောက်လာသေးတယ်လေ"

ဟုပြောလိုက်လေသည်။

ဆန်းလျန်က ချင်ပြည်နယ်မြို့တော်ခန်းမသို့ သူရောက်လာပြီး

အစိမ်းရောင်ဝတ်လူနှင့်တွေ့ဆုံရန် ခွင့်တောင်းခဲ့သည်များ ၊

ရွှမ်းမင်ခရိုင်မှအရာရှိက သူ့ကိုလာရောက်ရှာဖွေသည်များကို အစအဆုံးရှင်းပြမနေတော့ပေ။ စောသခင်ကြီးမှတ်မိနိုင်လောက်သည့် တစ်ချက်ကိုသာ ပြောပြလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်သာ သူ၏ဘဝမှန်ကို ပြောပြလိုက်ပါက မလိုအပ်သည့် ပြဿနာများ ဖြစ်လာမည်ကို ကြိုတင်ရှောင်ရှားလိုက်ခြင်းဖြစ်လေသည်။

စောသခင်ကြီးမှာ ဆန်းလျန်၏စကားကိုကြားသည့်အခါတွင်တော့ သူ့စိတ်ထဲတွင် တစ်ခုခုကို သတိရသလိုရှိလာပြီး ဆန်းလျန်ကို သေသေချာချာအကဲခတ်လိုက်လေသည်။

သူ၏မျက်နှာအမူအရာမှာ တဖြည်းဖြည်းပြောင်းလဲသွားပြီး…

“ဘယ်သူများလဲလို့ မင်းကိုး…. ဒီလောက်နှစ်တွေကြာတာတောင် မင်းရဲ့ပုံစံက အရင်အတိုင်းဘဲ လုံးဝမပြောင်းလဲပါလား”

ဟုပြောလိုက်လေသည်။

သူက လက်တစ်ဖက်ကိုဝေ့ယမ်းပြလိုက်ပြီး အစေခံများကို နှင်လွှတ်လိုက်လေသည်။ သူက နှစ်ပေါင်းများစွာ မင်းမှုထမ်းတစ်ဦးဖြစ်ခဲ့သည့်အတွက် ရာထူးမှအနားယူသည့်တိုင် အရှိန်အဝါကတော့ ရှိနေဆဲဖြစ်လေသည်။ အစေခံများက သခင်ကြီးသူတို့ကို အဘယ့်ကြောင့် နှင်လွှတ်သည်ကိုနားမလည်သော်လည်း သခင်ကြီးမှာ တာအိုဆရာလေးနှင့် လျှို့ဝှက်စကားပြောစရာရှိရမည်ဟု တွေးမိကြကာ ထွက်ခွာသွားကြလေသည်။

အစေခံများအားလုံးထွက်ခွာသွားသည့်တိုင် စောသခင်ကြီးက ပတ်ဝန်းကျင်ကို မလုံမလဲဖြင့် တစ်ချက်ကြည့်လိုက်သေးသည်။

ဆန်းလျန်မှာ စောသခင်ကြီး၏ပုံစံကိုကြည့်ပြီး ရယ်ချင်နေမိသည်။

"စောသခင်ကြီးရယ်... ကျုပ်တို့စကားပြောမှာကို သူများတွေကြားသွားမှာ စိုးရိမ်နေလို့လား ၊ ပွင့်ပွင့်လင်းလင်းပြောရရင်ဘာပြဿနာမှမရှိပါဘူးဗျာ ၊ ကျုပ်က ဆန်းလျန်ဆိုတာဘုရင်မကြီးကသိပြီးသားပါ၊ ပြီးတော့ ဘုရင်မကြီးနဲ့နှစ်ခါတောင် တွေ့ခဲ့ပြီးပါပြီ ၊ ဘုရင်မကြီးတောင် ကျုပ်ကိုဘာမှမလုပ်ခဲ့ပါဘူး"

ဟုပြောလိုက်လေသည်။

စောသခင်ကြီး၏ အမည်ရင်းမှာ စောကျိုကျိုးဖြစ်လေသည်။ စောကျိုကျိုးမှာ ထိုကိစ္စကို အမှန်တကယ်စိုးရိမ်နေခြင်းဖြစ်လေသည်။ ဆန်းမိသားစုတစ်ခုလုံးမှာ ပုန်ကန်သူချင်းဟယ်ကျွမ်းဝမ်မင်းသားနှင့် အတွင်းကျကျ ပတ်သက်ခဲ့သူများဖြစ်လေသည်။ သူသာ ဆန်းအိမ်တော်မှ မိသားစုဝင်တစ်ယောက်နှင့်ယခုကဲ့သို့ တွေ့ဆုံသည်ကို အခြားသူများသိရှိသွားပါကသူ၏ကြွယ်ဝချမ်းသာမှုများအားလုံးအပြင် သူ၏လုပသည့်

ကိုယ်လုပ်တော်ခုနစ်ယောက်ကိုပါဆုံးရှုံးရမည်ဖြစ်လေသည်။ အခန့်မသင့်လျှင် သူ၏ခေါင်းနှင့်ကိုယ်ပင် အိုးစားကွဲနိုင်လေသည်။

ဤလောကတွင် သေရမည်ကိုကြောက်သည့်သူ နှစ်မျိုးနှစ်စားရှိလေသည်။

ပထမအမျိုးအစားမှာ အာဏာရှိသည့်လူများပင်ဖြစ်လေသည်။ အာဏာဆိုသည်က ရစ်မူးစေသည့်အရက်တစ်မျိုးနှင့်တူလေသည်။ အာဏာကိုကြာရှည်စုပ်ကိုင်ထားလေ စွန့်လွှတ်ရန်ခက်ခဲလေဖြစ်လေသည်။ ထို့ကြောင့် ထိုသူများက အာဏာကို စွန့်လွှတ်ရမည်စိုးရိမ်သောကြောင့် သေရမည်ကို ကြောက်ကြလေသည်။

ဒုတိယအမျိုးအစားမှာ ငွေကြေးကြွယ်ဝချမ်းသာသည့်လူများဖြစ်လေသည်။ ငွေကြေးမှာ အာဏာလောက်အင်အားမကြီးသည့်တိုင် ငွေရှိလျှင် ကိစ္စအတော်များများ အောင်မြင်ပြည့်စုံ

နိုင်လေသည်။ ငွေကြေးသာ ကြွယ်ဝချမ်းသာလျှင် တစ်မိသားစုလုံး နတ်ဘုံနတ်နန်းရောက်သည့်အလား စည်းစိမ်ခံစားပြီး နေနိုင်လေသည်။ မည်သူက ချမ်းသာကြွယ်ဝမှုကို စွန့်လွှတ်ပြီး အသက်သေရမည်ကို မကြောက်ဘဲ ရှိပါမည်နည်း။

“ကောင်းပါပြီ ၊ ဒါပေမယ့် အန္တရယ်ဆိုတာကတော့ ကြိုတင်ကာကွယ်တာကောင်းတယ်မဟုတ်လား”

သူက မင်းမှုထမ်းအရာရှိတစ်ဦးဖြစ်သည့်အတွက် စကားကို အနှောင့်အသွားလွတ်အောင် ပြောတတ်လေသည်။ ဆန်းလျန်ကဲ့သို့သော အန္တရယ်ရှိသည့်သူများနှင့် ရင်ဆိုင်ရသည့်အခါမျိုးတွင် သူက ခြေတစ်လှမ်းကို အနောက်သို့ ဆုတ်ထားတတ်လေသည်။

စောသခင်ကြီး၏အပြုအမူများကြောင့် ဆန်းလျန် စိတ်အနှောင့်အယှက်မဖြစ်မိပါ။ စောသခင်ကြီးအနေဖြင့် ရာထူး

ဂုဏ်ထူးများကိုပိုင်ဆိုင်ခဲ့သူဖြစ်သည့်အပြင် ယခုအချိန်တွင်

လည်းလွန်စွာမှ ကြွယ်ဝချမ်းသာပြီး ကိုယ်လုပ်တော်များ၊

အစေခံများဖြင့် ခမ်းနားသည့်ဘဝတွင်နေထိုင်သူဖြစ်လေ

သည်။ သို့သော် သူက တဖြည်းဖြည်းအသက်အရွယ်ကြီးရင့်

ပြီး အိုမင်းလာပြီဖြစ်လေသည်။ သူ့ကိုကြည့်ပြီး

ဘဝ၏အဓိပ္ပါယ်မှာ အခွံသက်သက်ပင်ဖြစ်ရသည်ဟု သိမြင်

ခံစားရလေသည်။

“ခင်ဗျားကျုပ်ကို မှတ်မိသည်ဖြစ်စေ၊ မမှတ်မိသည်ဖြစ်စေ

ကိစ္စမရှိပါဘူး၊ ပြီးတော့ မသိချင်ယောင်ဆောင်နေမယ်ဆို

လည်း ရပါတယ်၊ ခင်ဗျားပေးမယ့်ဆုတော်ငွေ ငွေသားတစ်

ထောင်ကိုလည်း ကျုပ်မလိုချင်ပါဘူး၊ ဒါပေမယ့် တာအိုဆရာ

စန်းကွမ်းရဲ့ဘိုးဘွားပိုင် တာအိုကျောင်းတော်က ခင်ဗျားဆီကို

ရောင်းခဲ့တယ်လို့သိရတယ်၊ အဲဒီတာအိုကျောင်းတော်ကိုသာ

ကျုပ်ကိုပေးပါ”

တာအိုကျောင်းတော်ကို ငွေတစ်ထောင်နှင့်လဲလှယ်သည့်

သဘောပင်ဖြစ်လေသည်။ ဈေးပေါသည်ဟု မပြောနိုင်သလို

ဈေးများသည်ဟုလည်းမပြောနိုင်ပါ။ နောင်အနာဂတ်တွင် စော

သခင်ကြီး၏သားသမီး မြေးမြစ်များမှာလည်း ထိုကျောင်း

တော်ကို မည်သည့်ဈေးနှင့် မည်သည့်အချိန်တွင် ရောင်းပစ်

မည်လဲဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။

တာအိုဆရာစန်းကွမ်း အခြားသူများနှင့်ပြောဆိုနေသည့်စကား

များကို နားထောင်ပြီး ဆန်းလျန်က ထိုတာအိုကျောင်း

တော်၏သတင်းကို သိရှိခဲ့ရခြင်းဖြစ်လေသည်။ ထို့ကြောင့်

ဆန်းလျန်တောင်းဆိုသည်မှာ တရားမျှတမှုရှိသည်ဟု ခံယူထား

လေသည်။

စောသခင်ကြီး၏ပုံစံမှာ အူကြောင်ကြောင်ဖြစ်နေပြီး...

"ဘယ်က တာအိုကျောင်းတော်လဲ"

ဟု မေးလိုက်လေသည်။

"ခင်ဗျားရဲ့အိမ်တော်ထိန်းကိုမေးကြည့်ပေါ့၊ ခင်ဗျားသေချာ ရှင်းရှင်းလင်းလင်းသိရပြီဆိုရင် ပိုင်ဆိုင်မှုစာရွက်စာတမ်းတွေ ကို ကျုပ်ဆီကို လွှဲပေးလိုက်ပါ"

ဟု ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်က ရေငန်းသီးပင်ရှေ့သို့သွားကာ သူ့ ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်ပြီး လေမုန်တိုင်းတစ်ခုကို ဖန်ဆင်းလိုက်လေသည်။ မိုးကြိုးထိမှန်ခံထားရသည့်ရေငန်း သီးပင်မှာ အမြစ်မှကျွတ်ထွက်သွားပြီး ကောင်းကင်ထက်သို့ ပျံ ဝဲသွားကာ မျက်စိတစ်မှိတ်အတွင်းမှာပင် ပျောက်ကွယ်သွား လေတော့သည်။

ဆန်းလျန်၏တန်ခိုးစွမ်းအားများကိုကြည့်ကာ စောသခင်ကြီး မှာ ပေးစရာရှိသည်ကိုပေးရန် မငြင်းပယ်ရဲတော့ပေ။ သို့သော် တာအိုကျောင်းတော်အကြောင်း သူမသိခဲ့သည်ကတော့ အမှန် ပင်ဖြစ်လေသည်။ စောကျိုကျိုးတွင် အိမ်တော်ထိန်းတစ်

ယောက်ရှိလေသည်။ ထိုသူမှာ သူ့လက်အောက်တွင် နှစ်ပေါင်းများစွာ အလုပ်လုပ်နေခဲ့သည့် ယုံကြည်စိတ်ချရသည့်လူတစ်ယောက်ဖြစ်လေသည်။ ထိုသူမှာ ချင်ပြည်နယ်မြို့တော်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်တာဝန်ယူစဉ်ကပင် စောသခင်ကြီးအတွက် အလုပ်လုပ်ပေးခဲ့သူဖြစ်ပြီး ဆန်းလျန်နှင့်ပင် ဆုံတွေ့ဖူးလေသည်။

အိမ်တော်ထိန်းမှာ အသက်အရွယ်အိုမင်းပြီဖြစ်သည့်တိုင်မှတ်ဉာဏ်ကတော့ အလွန်ကောင်းလေသည်။ စောကျိုကျိုးက အကျိုးအကြောင်းမေးမြန်းလိုက်သည်နှင့် သူက တာအိုကျောင်းတော်ကို ချက်ချင်းမှတ်မိလေသည်။ စောကျိုကျိုးက အိမ်တော်ထိန်းကို မြေယာများဝယ်ခိုင်းသည့်အချိန်တုန်းက ချီးစန်းကွမ်းမှာ ငွေအသည်းအသန်လိုနေသည့်အချိန်ဖြစ်လေသည်။ ထို့ကြောင့် အိမ်တော်ထိန်းက သူ၏တာအိုကျောင်းတော်ကို စျေးပေါပေါဖြင့် ဝယ်ထားခြင်းဖြစ်လေသည်။ တာအို

ကျောင်းတော်မှာ နှစ်ပေါင်းရာချီပြီးတည်ရှိခဲ့သည့်ကျောင်း
တော်ဖြစ်ပြီး ကျောင်းတော်ဆောက်လုပ်ထားသည့် သစ်သား
များနှင့် အခြားပစ္စည်းများမှာလည်း ကောင်းမွန်လေသည်။
ကျောင်းတော်တည်နေရာမှလည်းကောင်းမွန်ပြီး ရှုမျှော်ခင်း
များမှာလည်း လှပလေသည်။
ထို့ကြောင့် အိမ်တော်ထိန်းက တာအိုကျောင်းတော်အကြောင်း
နှင့် ချီးစန်းကွမ်း၏အကြောင်းကိုပါ စောသခင်ကြီးကို ပြောပြ
လိုက်လေသည်။ စောကျိကျိုးလည်း ထိုအခါမှ
အကျိုးအကြောင်းနားလည်သွားရလေသည်။ ယခုအချိန်ထိ
ချီးစန်းကွမ်းနှင့် ဆန်းလျန်မည်သို့ပတ်သက်သည်ကို မသိသေး
သည့်တိုင် သူပေးစရာရှိသည်ကိုတော့ ပေးရမည်ဖြစ်လေ
သည်။ လွန်ခဲ့သည့်ဆယ်နှစ်ခန့်က သူနှင့်ဆုံတွေ့ခဲ့ဖူးသည့်
အစွမ်းထက်သည့်လူငယ်လေး ဆန်းလျန်ကို စောသခင်ကြီး
ပြန်လည်သတိရမှတ်မိလာလေပြီ။ လူသား၏မှတ်ဉာဏ်မှာ အံ့

ဩစရာကောင်းလေသည်။ မမှတ်မိလျှင်လည်း လုံးဝမမှတ်မိ
သလို ၊ မှတ်မိသွားပြီဆိုလျှင်လည်း အသေးစိတ်အရာအားလုံး
ကို ပြန်မှတ်မိတတ်လေသည်။

အိမ်တော်ထိန်းက တာအိုကျောင်းတော်ပိုင်ဆိုင်မှု
စာရွက်စာတမ်းများကို စောသခင်ကြီး၏အမိန့်အတိုင်း
ပြန်လည်ရှာဖွေလိုက်ပြီး ဆန်းလျန်ဆီသို့ လွှဲပြောင်းပေးအပ်
လိုက်လေတော့သည်။

....

တာအိုဆရာစန်းကွမ်းမှာ ရေငန်းသီးပင်၏ "ယင်" စွမ်းအား
ကြောင့် လဲကျသွားပြီး လောင်းကစားမှုကျူးလွန်သည့်အတွက်
သူ၏ဆုံးပါးသွားသောဖခင်မှ သူ့ကိုရိုက်နှက်နေသည်ဟု
ထင်ယောင်ထင်မှားဖြစ်နေရလေသည်။ ဖခင်ဖြစ်သူမှ
လက်သီးဖြင့်ထိုးလိုက်သည့်အချိန်တွင်တော့ သူက
ကြောက်လန့်တကြားထွက်ပြေးလာခဲ့လေသည်။ စောအိမ်တော်
မှ ထွက်ပြေးလာပြီး လမ်းပေါ်သို့ရောက်သည်နှင့် ဂယောင်

ခြောက်ချားခံစားနေရမှုများမှာ ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။

ယခုတော့ အရာအားလုံး အလွဲလွဲအချော်ချော်တွေဖြစ်ကုန်ပြီဖြစ်လေသည်။

အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရသည့်အတွက် ချီးစန်းကွမ်းမှာ စောအိမ်တော်ဘက်သို့ ခြေဦးမယ်မလှည့်ရဲတော့ပေ။ ပိုက်ဆံလည်းတစ်ပြားတစ်ချပ်မှ မရှိသလို သွားစရာနေရာလည်းမရှိသည့်ဘဝသို့ရောက်ရချေပြီ။ သို့တိုင်အောင် လမ်းမတစ်လျှောက် လောင်းကစားဝိုင်းများနှင့် လောင်းကစားရုံများကိုမြင်သည့်အခါ ဝင်ရောက်ကစားချင်သည့်စိတ်က ပေါ်လာသေးသည်။ သို့သော် လောင်းကစားဝိုင်းမှလူများက သူ့ကိုမှတ်မိနေကြပြီး ဝင်ခွင့်မပြုကြသည့်အပြင် အရင်ပေးစရာရှိသည့်အကြွေးများပင် မပေးနိုင်သည့်အတွက် ရိုက်နှက်လွှတ်လိုက်ကြလေသည်။ သနားစရာတာအိုဆရာစန်းကွမ်းမှာ

အမှိုက်တစ်စအလား လမ်းဘေးတစ်နေရာတွင် လဲကျလျှက်ရှိလေတော့သည်။

အခန်း (၁၃၂) ကူရှန်နတ်မိမယ်

တာအိုဆရာစန်းကွမ်းမှာ ငယ်ရွယ်စဉ်က သိုင်းပညာသင်ယူဖူး

သူဖြစ်ပြီး ကျင့်စဉ်အနည်းငယ်လည်း လေ့ကျင့်ခဲ့ဖူးသူဖြစ်လေ

သည်။ သို့သော် ယခုအချိန်တွင်တော့ သူ့ကိုယ်သူပင် မကာ

ကွယ်နိုင်တော့ပေ။ အစာမစားရသည်မှာကြာပြီဖြစ်

သည့်အတွက် ငတ်ပြတ်ကာ အားမရှိတော့သောကြောင့်ဖြစ်

လေသည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ကိုက်ခဲနေပြီး

ရာသီဥတုအအေးဒဏ်နှင့် ဆာလောင်သည့်ဒဏ်များကို ခံစား

နေရလေသည်။ ကျယ်ပြောလှသောလောကကြီးတွင် သူ့

အတွက် သွားစရာနေရာ တစ်နေရာလေးတောင် မရှိတော့ပေ။

လထွက်လာပြီဖြစ်လေသည်....

မြောက်လေအေးက တိုက်ခတ်လာသောကြောင့် မြေပြင်မှာ

အေးစက်နေလေသည်။ တာအိုဆရာစန်းကွမ်းမှာ သတိမရတစ်

ချက်ရတစ်ချက်ဖြင့် လဲကျနေလေသည်။ လမ်းပေါ်တွင်လည်း

လူသူတစ်ယောက်မှ မရှိတော့ပေ။ ညဉ့်နက်ပြီဖြစ်

သည့်အတွက်ကြောင့် အားလုံး အိမ်ပြန်ကုန်ကြပြီဖြစ်လေ

သည်။

တာအိုဆရာစန်းကွမ်းမှာ သူ၏တာအိုကျောင်းတော်ကို သတိရ

လာမိလေသည်။ ထိုနေရာက သူ၏အိမ်ဖြစ်လေသည်။

ထို့ကြောင့်သူက တာအိုကျောင်းတော်သို့ ယိုင်တိယိုင်တိုင်

ခြေလှမ်းများဖြင့် ပြန်လာခဲ့လေသည်။

ယွီကွမ်းမြို့လေးမှာ တောင်သုံးလုံးပတ်လည်ဝိုင်းထားသည့်

အလယ်တွင်တည်ရှိသည့်မြို့လေးဖြစ်ပြီး ထိုမြို့လေးကို မြစ်

တစ်စင်းက လှည့်ပတ်စီးဆင်းနေလေသည်။ တာအိုကျောင်း

တော်မှာ ထိုမြစ်ကမ်းနံဘေးတွင် တည်ရှိလေသည်။ ထို

မြစ်၏အမည်မှာ ယွီစွေမြစ်ဟူ၍ ဖြစ်လေသည်။

ယွီစွေမြစ်စီးဆင်းနေသည်မှာ ရှေးယခင်နှစ်ပေါင်းများစွာ

ကတည်းကဖြစ်လေသည်။ တာအိုကျောင်းတော်မှာ ယွီစွေ

မြစ်ကမ်းတွင် တင့်တယ်စွာတည်ရှိလေသည်။ လူသူများနှင့်

လည်း အလှမ်းဝေးလေသည်။ တာအိုကျောင်းတော်

ပတ်ဝန်းကျင်တွင် မစိုက်မပျိုးဘဲထားသည့်မြေလွတ်မြေရိုင်း

ဧကပေါင်းရာနှင့်ချီပြီးရှိလေသည်။ ထိုနေရာတစ်ခုလုံးမှာ ချီး

စန်းကွမ်း၏ ဘိုးဘွားပိုင်မြေနေရာများဖြစ်လေသည်။

ကောင်းကင်တွင် ကြယ်များမစုံသလို လရောင်မှာလည်း

မှေးမှိန်နေလေသည်။ တာအိုကျောင်းတော်ဆီမှ မီးရောင် မှိန်ပြ

ပြလေးလင်းလက်နေလေသည်။

ထိုမီးအလင်းရောင်ကို မြင်လိုက်ရသည်နှင့် တာအိုဆရာစန်း

ကွမ်း၏ရင်ထဲတွင် နွေးထွေးမှုကိုခံစားလိုက်ရလေသည်။ မည်

သည့်နေရာက ခွန်အားများရလာသည်မသိ ၊ တာအိုကျောင်း

တော်တံခါးသို့ သူအမြန်ဆုံးလမ်းလျှောက်သွားလိုက်လေ

သည်။ တာအိုကျောင်းတော်အတွင်းသို့ဝင်လိုက်သည်နှင့် ခန်းမ

ကျယ်ကြီးထဲတွင် တည်ထားကိုးကွယ်သည့် နတ်မိမယ်ရုပ်တု

တစ်ခုကိုတွေ့လိုက်ရလေသည်။ ရုပ်တုတစ်ခုလုံးမှာ အနက်

ရောင်ဖြစ်နေသည့်တိုင် ထုလုပ်ထားပုံမှာ များစွာအသက်ဝင်လေသည်။ နူးညံ့သိမ်မွေ့ပုံရသည့်နတ်မိမယ်သည် လက်ထဲတွင် စပါးပင်များကို ကိုင်ဆောင်ထားလေသည်။

ယခင်က ဤနတ်မိမယ်ရုပ်တုမရှိပါဘူးဟု တာအိုဆရာစန်းကွမ်းတွေးနေမိလေသည်။ စောသခင်ကြီး တာအိုကျောင်းတော်ကို ဝယ်ယူလိုက်ပြီးမှ တည်ထားကိုးကွယ်ခဲ့သည့်ရုပ်တုများလားဟု သူတွေးနေမိလေသည်။

စပါးပင်များကိုကိုင်ထားသည်ကိုကြည့်ခြင်းအားဖြင့် သီးနှံများဖြစ်ထွန်းအောင်မြင်သည့်အထိမ်းအမှတ်ဖြစ်လေသည်။ သီးနှံများဖြစ်ထွန်းပြီး ရာသီဥတုလည်းကောင်းမွန်ကာ လူသားများဘဝငြိမ်းချမ်းစွာနေရခြင်းကို ရည်ညွှန်းလေသည်။

စပါးပင်များမှာ အစစ်အမှန်မဟုတ်ပါ။ နတ်မိမယ်ရုပ်တုထုလုပ်ထားသည့် သစ်သားဖြင့်ပင် ထုလုပ်ထားခြင်းဖြစ်ပြီး အသက်ဝင်လှလေသည်။ ရုပ်တုအောက်နားတွင် ပူဇော်ပသ

ထားသည့် ပေါက်စီများကို တွေ့ရလေသည်။ ထိုပေါက်စီများ
ကိုတွေ့သည်နှင့် တာအိုဆရာစန်းဝမ့်မှာ ဆာလောင်လာလေ
တော့သည်။

ပေါက်စီပူပူနွေးနွေးမှ အငွေ့များထွက်နေသည်ကို မီး
အလင်းရောင်အောက်တွင် မြင်နိုင်လေသည်။ တာအိုဆရာစန်း
ကွမ်းက ပေါက်စီတစ်လုံးကိုလှမ်းယူလိုက်လေသည်။ သို့သော်
သူ၏လက်က လမ်းတစ်ဝက်တွင်ပင် ရပ်တန့်သွားလေသည်။

"ချီးစန်းကွမ်း ၊ မင်းကခုတော့ သွားစရာနေရာမရှိတဲ့
လောင်းကစားသမားတစ်ယောက်ဖြစ်နေပြီ ၊ ဒါပေမယ့် မင်း
တစ်ခါမှသူတစ်ပါးရဲ့ဥစ္စာပစ္စည်းကို မခိုးခဲ့ဖူးဘူး ၊ ဘာလို့
အစားလေးတစ်လုပ်အတွက် ခုတော့ ခိုးစားရမှာလဲ"

ချီးစန်းကွမ်း တွေးလိုက်မိလေသည်။

"ဒီအစားအသောက်တွေက နတ်မိမယ်ကို ပူဇော်ပသထားတာပဲ ၊ နတ်မိမယ်ကစေတနာရှိတယ်ဆိုရင် ခိုးစားရာတော့ မရောက်လောက်ပါဘူးလေ"

နောက်ထပ်အတွေးတစ်ခုက သူ့ခေါင်းထဲ ဝင်ရောက်လာပြန်သည်။

ထိုအတွေးဖြင့်ပင် သူ့လက်က ပေါက်စီများဆီသို့ လှမ်းလိုက်ပြန်လေသည်။

သို့သော် ပထမအတွေးပြန်ဝင်လာသောကြောင့် လက်ကို ရပ်တန့်လိုက်ပြန်လေသည်။ ထိုအတွေးနှစ်ခုဖြင့်ပင် တာအို ဆရာစန်းကွမ်းမှာ ချီတုံချတုံဖြစ်လျှက်ရှိလေတော့သည်။ နောက်ဆုံးတွင်တော့ ဆာလောင်သည့်ဒဏ်ကို မခံနိုင်တော့သည့်အတွက် ပေါက်စီကိုယူကာ အငမ်းမရစားသောက်လိုက်လေတော့သည်။ စားသောက်ပြီးစီးသွားတော့မှ သူ့ရင်ထဲတွင် နောင်တတရားများဖြင့်ပြည့်နက်လာလေသည်။

"မင်းဘယ်သူလဲဆိုတာ ကျုပ်မသိပါဘူး ၊ နတ်မိမယ် ၊ ဒါပေမယ့် မင်းကို ပူဇော်ပသထားတဲ့ အစားအသောက်တွေကို ဒီနေ့ ယူစားမိတဲ့အတွက် နောင်အနာဂတ်မှာ ကျုပ်ပြန်ပေးဆပ်ပါ့မယ်"

ဟု နတ်မိမယ်ရုပ်တုရှေ့တွင် ပြောလိုက်လေသည်။

"တကယ်လား...."

တိုးလျသည့်အသံတစ်သံကို ချီးစန်းကွမ်းကြားလိုက်ရလေသည်။

အသံမှာ တိုးလျလွန်းသည့်တိုင် စွဲဆောင်မှုရှိလေသည်။ ထိုအသံကို ကြားလိုက်ရသည်နှင့် တာအိုဆရာစန်းကွမ်းမှာ အိပ်ချင်စိတ်များဖြစ်ပေါ်လာရလေသည်။

တာအိုဆရာစန်းကွမ်းမှာ အိပ်မက်တစ်ခုကို မြင်မက်နေလေသည်။

ချမ်းသာကြွယ်ဝသည့် သက်လတ်ပိုင်အရွယ်လူရွယ်တစ်ယောက်ရှိလေသည်။ ထိုသူတွင် ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်သည့် တာအိုကျောင်းတော်တစ်ခုလည်းရှိလေသည်။ ထို့နောက် မိန်းမပျိုတစ်ယောက်နှင့် အိမ်ထောင်ပြုကာ သားလေးတစ်ယောက်ရလာလေသည်။ ထိုသားလေးကို လူရွယ်က အလွန်မှချစ်မြတ်နိုးလေသည်။ သို့သော် သားလေးကြီးပြင်းလာသည့်အခါတွင်တော့ မိဘစကားနားမထောင်သည့် သားဆိုးသားမိုက်ဖြစ်ကာ လောင်းကစားကို ခုံမင်သူတစ်ယောက်ဖြစ်လာလေသည်။ ထို့ကြောင့် လူရွယ်မှာ များစွာ ဒေါသထွက် စိတ်ထိခိုက်ရလေသည်။ တစ်နေ့တခြားလူရွယ်မှာ အသက်အရွယ်အိုမင်းလာလေသည်။ အိုမင်းလာသည့်တိုင် သားဆိုးသားမိုက်အတွက် စိတ်မအေးရပေ။ ထိုသားဆိုးသားမိုက်မှာ အိမ်သို့ပင် ပြန်မလာတော့ဘဲ လောင်းကစားရုံတွင်သာ နေ့မနား ညမနား လောင်းကစားနေလေတော့သည်။ သားဆိုးသားမိုက်မှာ မိဘ

နှစ်ပါးကို ပြန်လည်ကြည့်ရှုဖို့ဝေးစွ ၊ လောင်းကစားအတွက် ပိုက်ဆံလိုသည့်အချိန်မှာပင် ပိုက်ဆံတောင်းရန်အတွက် အိမ် သို့ပြန်လာလေသည်။ ထို့နောက်တွင်တော့ ထိုသားဆိုးသား မိုက်၏မိဘနှစ်ပါးလုံးမှာ လူကြီးရောဂါဖြင့်ပင် သေဆုံးသွား ကြသည်။ ထိုအခါ ဖခင်ဖြစ်သူမှာ မကျွတ်လွတ်ဘဲ တစ္ဆေတစ် ကောင်ဖြစ်ပြီး သားဆိုးသားမိုက်နားတွင် ကပ်နေလေသည်။ ထို သားဆိုးသားမိုက်မှာ ဘိုးဘွားပိုင် တာအိုကျောင်းတော်နှင့် မြေ နေရာများကို မိုက်ရူးရဲဆန်စွာဖြင့် ရောင်းချကာ ပျော်ပျော်ကြီး လောင်းကစားနေလေတော့သည်။

နှစ်ပေါင်းများစွာကြာသွားပြီးသည့်နောက် သားဆိုးသားမိုက်မှာ အကြွေးများစွာတင်ပြီး လောင်းကစားရုံများ ၊ လောင်းကစား ဝိုင်းများမှ ရိုက်နှက်ကန်ကြောက်ထုတ်ခြင်းများကို ခံရလေ သည်။ ထိုအချိန်တွင် ငွေကြေးချမ်းသာသည့် အိမ်တော်တစ်ခု မှ နတ်မိစ္ဆာဖမ်းပေးရန် ကြော်ငြာထားသည့်ကြော်ငြာကို ဖတ်

လိုက်ရလေသည်။ ထိုအိမ်တော်မှာ ထိုသားဆိုးသားမိုက်
ရောင်းချပစ်ခဲ့သည့် တာအိုကျောင်းတော်နှင့် မြေယာများကို
ဝယ်ယူထားသည့် အိမ်တော်ဖြစ်လေသည်။ သို့သော် ထိုသား
ဆိုးသားမိုက်ကတော့ နတ်မိစ္ဆာဖမ်းပြီး ရရှိသည့်ဆုတော်ငွေ
များဖြင့် လောင်းကစားပြုလုပ်ရန်ပင် စဉ်းစားနေသေးသည်။
သားဆိုးသားမိုက်နောက်သို့လိုက်နေသည့် မကျွတ်လွတ်နိုင်ဖြစ်
နေသေးသည့် ဖခင်ဖြစ်သူတစ္ဆေမှာ စွမ်းအားတစ်ခု သူ့အပေါ်
သက်ရောက်လာသည်ကို ရုတ်တရက် ခံစားလိုက်ရပြီး ထိုသား
ကို ဒီလောက်မိုက်မဲရလားဟုအပြစ်တင်ကာ ထိုးကြိတ်ရိုက်
နှက်လေတော့သည်။ သားဆိုးသားမိုက်မှာ အော်ဟစ်ပြီး
ချမ်းသာသည့်အိမ်တော်ထဲမှ ထွက်ပြေးသွားလေတော့သည်။
ထိုသားဆိုးသားမိုက်မှာ လမ်းပေါ်ရောက်သည့်တိုင်
လောင်းကစားခြင်းကို မစွန့်လွှတ်နိုင်ပေ။ သို့သော်
လောင်းကစားရုံများမှလည်း သူ့ကိုလက်မခံတော့ဘဲ ရိုက်နှက်

နှင်ထုတ်ကြလေသည်။ နောက်ဆုံးတော့ အေးစက်မှောင်မိုက်နေသည့် လမ်းမပေါ်တွင် အစာငတ် ၊ ရေငတ်ဖြင့် လဲကျနေရသည့် အဖြစ်နှင့်ကြုံရပြီး လမ်းဘေးတွင် သေဆုံးသွားရလေသည်။

အိပ်မက်ထဲမှ ထိုသားဆိုးသားမိုက်မှာ ချီးစန်းကွမ်းကိုယ်တိုင်ပင်ဖြစ်လေသည်။ သူ့ကိုယ်သူသေဆုံးသွားသည်ဟု အိပ်မက်မြင်မက်ပြီး ချီးစန်းကွမ်း အိပ်ယာမှ နိုးလာလေသည်။ သူက မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါတွင်တော့ လရောင်ခြည်က သူ့အပေါ်သို့ ဖြာကျနေလေသည်။ မြောက်လေအေးကလည်း တိုက်ခတ်နေလေသည်။ သူ့ဗိုက်ထဲမှ ဆာလောင်သည့်အတွက်ကြောင့် တဂွီဂွီမြည်သံများပေါ်ထွက်ပေါ်နေလေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ကိုက်ခဲနေလေသည်။ သူက တာအိုကျောင်းတော်သို့ ရောက်သွားသည်ဟု

အိပ်မက်မြင်မက်နေခြင်းဖြစ်ပြီး ထိုအိပ်မက်ထဲတွင်ပင် နောက်အိပ်မက်တစ်ခုကို ထပ်မက်နေခြင်းဖြစ်လေသည်။

အိပ်မက်မှာ တကယ့်ဖြစ်ရပ်အလားခံစားရပြီး သူ့ရင်ထဲတွင် နောင်တကြီးစွာရမိလေတော့သည်။ သူဖြတ်သန်းခဲ့သည့်နှစ်များမှာ အိပ်မက်တစ်ခုပမာ အစိပ်ပိုင်းမဲ့ခဲ့လေပြီ။

ချီးစန်းကွမ်းမှာ တစ်ခဏလေးအတွင်းတွင်ပင် အသိတရား ရသွားခဲ့လေသည်။ ဘဝဆိုသည်က ထိုသို့အစိပ်ပိုင်းမဲ့ ဖြတ်သန်းရန် မသင့်တော်ပေ။ ယခုအချိန်မှစပြီး ဘဝအသစ်ကိုပြန်လည်စတင်ကာ ကောင်းမွန်စွာအသက်ရှင်သွားရန်ဆုံးဖြတ်လိုက်လေသည်။ မဟုတ်ပါက ဖခင်ဖြစ်သူမှာ တမလွန်တွင် သူ့ကို ရိုက်နှက်ထိုးကြိတ်ရန် ဒေါသတကြီးဖြင့် စောင့်နေမည်မှာ သေချာသလောက်ပင်။

ချီးစန်းကွမ်း အေးစက်စက်မြေပြင်ထက်မှ မတ်တပ်ထရပ်လိုက်လေသည်။ သို့သော် မည်သည့်နေရာသို့ သွားရမည်မှန်း

သူမသိပေ။ ရုတ်တရက် သူ၏အိပ်မက်ကို အမှတ်ရလိုက်ပြီး တာအိုကျောင်းတော်ဆီသို့ သွားရန်ဆုံးဖြတ်လိုက်လေသည်။ သူ တာအိုကျောင်းတော်ထဲသို့ရောက်သည်နှင့် အိပ်မက်ထဲက အတိုင်းပင် ကြုံတွေ့ရလေသည်။ နတ်မိမယ်ရုပ်တုနှင့်အတူ နတ်မိမယ်ကိုပူဇော်ပသထားသည့် ပေါက်စီအရေအတွက်မှာပါ အိပ်မက်ထဲမှအတိုင်း တစ်ပုံစံတည်းဖြစ်နေလေသည်။ တာအိုဆရာစန်းကွမ်းမှာ အံ့သြခြင်းမကအံ့သြသွားရလေ သည်။ သူက နတ်မိမယ်ရုပ်တုကို ဦးချလိုက်ပြီး...

"နတ်မိမယ် သင်ပြပေးမှုအတွက် ချီးစန်းကွမ်း ကျေးဇူးအထူး တင်ပါတယ် ၊ ဒီနေ့ကစပြီး ဘဝအသစ်စတင်ပြီး နတ်မိမယ်ရဲ့ တန်ခိုးကို လူသိအောင်ကြိုးစားပါ့မယ် ၊ ဒီမြို့ကလူတွေ အတွက် တတ်နိုင်သမျှ ကြိုးစားသွားပါ့မယ်"

ဟု ကတိပြုလိုက်လေတော့သည်။

ထိုသို့ကတိသစ္စာပြုပြီးသည်နှင့် ကောင်းကင်ထက်မှ အလင်းတန်းတစ်ခုဆင်းသက်လာပြီး ချီးစန်းကွမ်း၏ကိုယ်တွင်းသို့ဝင်ရောက်သွားလေသည်။ ရုတ်တရက်နာကျင်မှုကို ခံစားလိုက်ရသော်လည်း ချက်ချင်းပင်ပျောက်ကွယ်သွားပြီး ချီးစန်းကွမ်းမှာ စိတ်သစ်လူသစ် ဖြစ်သွားသလို ခံစားလိုက်ရလေသည်။

....

သုံးရက်ကြာပြီးနောက်....

ယွီကွမ်းမြို့လေးမှာ လူများစည်ကားလျှက်ရှိလေသည်။ မြို့တွင်းရှိ ဂုဏ်သရေရှိလူကြီးမင်းတစ်ဦးဖြစ်သည့် စောသခင်ကြီး၏ဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် အခြားသော ဂုဏ်သရေရှိလူကြီးမင်းများ ၊ သူဌေးသူကြွယ်များအားလုံးမှာ ယွီစွေမြစ်နံဘေးရှိ တာအိုဝတ်ကျောင်းတော်သို့ ပူဇော်ပသသည့်ပစ္စည်းသုံးမျိုးဖြင့် သွားရောက်ကြသောကြောင့် ဖြစ်လေသည်။

(ပူဇော်ပသသည့်ပစ္စည်းသုံးမျိုး (စန်းစန်း) = အမဲသား ၊ သိုးသား ၊ ဝက်သား ပူဇော်သကာယသုံးမျိုးကိုဆိုလိုသည်) ဂုဏ်သရေရှိလူကြီးမင်းများ ထိုသို့သွားရောက်ပူဇော်ကြခြင်းကို လူများစွာကလည်း လာရောက်ကြည့်ရှုကြလေသည်။ ရေမှာရေစီးကြောင်းအတိုင်းစီးဆင်းသကဲ့သို့ လူများမှာလည်း ဂုဏ်သရေရှိလူကြီးမင်းများ လုပ်သည့်အတိုင်း လိုက်ပါလုပ်ဆောင်ကြလေသည်။

လူအုပ်ကြီးမှာ တာအိုကျောင်းတော်ရှေ့သို့ရောက်လာကြလေသည်။ တာအိုကျောင်းတော်ရှေ့တွင် စာလုံးကြီးသုံးလုံးကို တွေ့မြင်ရလေသည်။ ရှေးဟောင်းလက်ရေးမူ “ကူကျွမ်”ရေးသားနည်းဖြင့် ရေးသားထားပြီး စာလုံးများမှာ ထင်ရှားပြတ်သားလွန်းပြီး သစ်လွင်တောက်ပနေလေသည်။

စောသခင်ကြီးမှာ ဝတ်ကျောင်းတော်ရှေ့တွင်ရပ်နေလေသည်။ ယွီကွမ်းမြို့တွင် ဘုရင့်နန်းတော်စာပေပညာရှင်စာမေးပွဲ

အောင်မြင်ခဲ့သည့် လူနှစ်ယောက်သာရှိပြီး ထိုလူနှစ်ယောက်မှာ စောသခင်ကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်လေသည်။ သို့သော် စောသခင်ကြီးက မြို့နယ်အုပ်ချုပ်ရေးမှူးထက်ပိုပြီး သာလွန်လေသည်။ ထို့ကြောင့်ပင် မင်းမှုထမ်းရာတွင်လည်း စောသခင်ကြီးက ရာထူးကြီးမြင့်ခြင်းဖြစ်သည်။ ထို့ပြင် စောသခင်ကြီးက မြို့နေလူထုအပေါ်တွင်လည်း ဩဇာအာဏာ သက်ရောက်လေသည်။

ဝတ်ကျောင်းတော်ရှေ့သို့ ကျောင်းစောင့်ကြီးတစ်ယောက်ထွက်လာလေသည်။ သူ၏ပုံစံမှာ နတ်ဘုရားတစ်ပါးအလား သန့်ရှင်းသပ်ရပ်နေလေသည်။ ကျောင်းစောင့်ကြီးက မြို့နယ်အုပ်ချုပ်ရေးမှူး ၊ စောသခင်ကြီးနှင့် အခြားဂုဏ်သရေရှိလူကြီးမင်းများအားလုံးကို ဝတ်ကျောင်းတော်အတွင်းသို့ ကြိုဆိုဖိတ်ခေါ်သွားလေသည်။ ထိုကျောင်းစောင့်ကြီးမှာ လောင်းကစား

သမားချီးစန်းကွမ်းဟုလူသိများကြသည့် တာအိုဆရာစန်းကွမ်း ပင်ဖြစ်သည်ကို လူအချို့သာ မှတ်မိကြလေသည်။

တာအိုဆရာစန်းကွမ်းမှာ ထိုမျှသပ်ရပ်လှပနေလိမ့်မည်ဟု မည်သူမျှ တွေးထင်မထားမိကြပေ။ ထို့ပြင် သူ၏ပုံစံမှာ လွန်စွာမှသွက်လက်ဖျတ်လပ်နေပြီး ဂုဏ်သရေရှိလူကြီးမင်း များနှင့် စကားစမြည်ပြောနေလေသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်စောသခင်ကြီးတို့က ပူဇော်ပသ သည့်ပစ္စည်းသုံးမျိုးဖြင့် နတ်မိမယ်ကို ပူဇော်ပသပြီး အခြား သော ဂုဏ်သရေရှိလူကြီးမင်းများက ဆက်လက်ပူဇော်ကြလေ သည်။

ထိုမြင်ကွင်းကို ကြည့်နေသော လူတစ်ယောက်ရှိလေသည်။ ထိုသူမှာ ဆန်းလျန်ပင်ဖြစ်လေသည်။ သူက ယွီစွေမြစ်ရေပြင် ထက်တွင် ရပ်နေခြင်းဖြစ်ပြီး သူရပ်တန့်နေသည့်နေရာတွင် မြူ များဖုံးလွှမ်းနေလေသည်။ ဆန်းလျန်က သူ၏လက်တစ်ဖက်

ကို ဆန့်တန်းလိုက်သည့်အခါတွင်တော့ ယို့စွေမြစ်ရေအချို့ သူ့လက်တွင်းသို့ ပျံတက်လာလေသည်။ သူက မြစ်ရေများကို ဘောလုံးပုံသဏ္ဍာန်ဖန်ဆင်းကာ လက်ထဲတွင် ထိန်းချုပ်ကိုင်ဆောင်ထားလေသည်။ အခြားလက်တစ်ဖက်တွင်တော့ မြေမှုန့်များကို ကိုင်ဆောင်ထားလေသည်။ သူက ရေနှင့်မြေမှုန့်များကို ပေါင်းစပ်လိုက်ပြီး အင်းသင်္ကေတတစ်ခုကို ဖန်ဆင်းလိုက်သည်။

ဆန်းလျန်က လက်ကိုလှုပ်ရှားလိုက်သည်နှင့် ထိုအင်းသင်္ကေတမှာ "ကူရှန်နတ်မိမယ်ဝတ်ကျောင်းတော်" အတွင်းသို့ လျှပ်စီးလက်သကဲ့သို့ ဝင်ရောက်သွားကာ နတ်မိမယ်ရုပ်တုပေါ်သို့ သက်ရောက်သွားလေတော့သည်။

အခန်း (၁၃၃)

ရှမ်တယ်ဓား

နတ်မိမယ်ကို ပူဇော်ပသခြင်းပြီးဆုံးသွားသည့်အချိန်တွင်ပင် တိုက်တိုက်ဆိုင်ဆိုင် နတ်မိမယ်ရုပ်တုမှ အလင်းရောင်များ ထွက်ပေါ်လာပြီး နတ်မိမယ်ရုပ်တုနှင့်ဆင်တူသည့်နတ်မိမယ် တစ်ပါး လေထဲတွင် ထွက်ပေါ်လာလေသည်။ သူမမျက်နှာက တည်ငြိမ်စွာပြုံးနေလေသည်။

"လောကနတ်ဘုရား"ချင်းရှ" ရဲ့ဆင့်ခေါ်မှုနဲ့ ဒီမြို့ကလူတွေရဲ့ အကျိုးစီးပွားတွေကို ကာကွယ်ပေးဖို့ ရောက်လာတဲ့ ကူရှန်နတ်မိမယ်ပါ၊ ဒီမြေနဲ့တောင်တန်းတွေရဲ့ စွမ်းအားတွေကိုထိန်းညှိ ပေးပြီး ရာသီဥတုကောင်းမွန်ဖို့နဲ့၊ သီးနှံတွေဖြစ်ထွန်း အောင်မြင်ဖို့ စောင့်ရှောက်ပေးပါ့မယ်"

လူအုပ်ကြီးမှာ အံ့သြဝမ်းသာစွာဖြင့် အော်ဟစ်ကြလေသည်။

နောက်ဆုံးတော့ ယွီကွမ်းမြို့လေးတွင်

မိုးကောင်းကင်၏မျက်နှာသာပေးမှုကို ခံရပြီဖြစ်လေသည်။

“ကူရှန်နတ်မိမယ်ကို ရှိခိုးပါတယ်…”

လူအုပ်ကြီးမှ အော်ဟစ်ကြပြီး ကိုယ်ထင်ပြသော နတ်မိမယ်ကို

ယုံကြည်စိတ်များပြင်းထန်လာကြလေတော့သည်။

ထိုသို့လူအုပ်ကြီးမှ ကိုးကွယ်ဆည်းကပ်မှုကိုခံရသည့်အတွက်

သူမ၏ဝိညာဉ်ခန္ဓာကိုယ်တွင်းသို့ ရေပူစမ်းလေးတစ်စင်း စီး

ဆင်းသွားသလိုခံစားလိုက်ရလေသည်။ နတ်မိမယ်မှာ ရေငန်း

သီးပင်၏ယင်စွမ်းအားဝိညာဉ် ဖြစ်လေသည်။ ထိုခဏလေး

အတွင်းမှာပင် သူမ၏ပျောက်ကွယ်လုနီးပါးဖြစ်နေသည့်

ဝိညာဉ်မှာ တဖြည်းဖြည်းပြန်လည် သိပ်သည်းလာကာ အား

ပြည့်လာရလေသည်။

ထို့ပြင် သူမသည်ယခုတော့ နတ်ဘုရားမိုးကြိုး၏ကျန်ရှိနေသေးသည့်စွမ်းအားဖြင့် အသွင်လည်းပြောင်းသွားခဲ့ပြီ ဖြစ်လေသည်။ ရေငန်းသီးပင်၏ဝိညာဉ်မှာ “ယင်” ဝိညာဉ်စွမ်းအားဖြစ်သည့်အတွက် “ယင်” စွမ်းအား၏သဘောသဘာဝများရှိလေသည်။ သို့သော် ယခု နတ်ဘုရားမိုးကြိုးစွမ်းအားကြောင့် “ယင်” စွမ်းအားသာမက “ယန်” စွမ်းအားကိုပါ ထုတ်လွှတ်ပေးနိုင်မည်ဖြစ်လေသည်။ ကိုးကွယ်ဆည်းကပ်သူများ၏ ဝိညာဉ်စွမ်းအားများနှင့် ရေငန်းသီးပင်၏ဝိညာဉ်စွမ်းအားပေါင်းစည်းမိပြီး နတ်ဘုရားဝိညာဉ်စွမ်းအားများလည်း သူမ၏ဝိညာဉ်တွင် ဖြစ်ပေါ်လာလေသည်။

ထိုခဏလေးအတွင်းမှာပင် သူမသည် ဆန်းလျှန်ခေါ်လာသည့်သာမာန်အစောင့်ဝိညာဉ်လေးတစ်ခုမျှသာမဟုတ်တော့ဘဲ သူမကို ကိုးကွယ်သူများနှင့် တစ်သားတည်းပေါင်းစည်းသွားသည့်စွမ်းအားကြီးသည့် နတ်မိမယ်တစ်ပါးကဲ့သို့ ဖြစ်လာလေသည်။

သူမနှင့် သူမကိုကိုးကွယ်ဆည်းကပ်သူများသည် ကောင်းသည်ဖြစ်စေ ၊ ဆိုးသည်ဖြစ်စေ အတူတကွ ယှဉ်တွဲနေထိုင်သွားမည့် သူများပမာ တစ်သားတည်းကျသွားလေတော့သည်။

ကူရှန်နတ်မိမယ်၏ဝိညာဉ်သည် လေထဲမှဆင်းသက်လိုက်ပြီး နတ်မိမယ်ရုပ်တုအတွင်းသို့ ဝင်ရောက်သွားလေသည်။

စွမ်းအားကြီးသည့် လူသားများ၏ကိုးကွယ်ဆည်းကပ်မှုကြောင့် ဖြစ်တည်လာသည့် မိုးမြေစွမ်းအားများမှာ နတ်မိမယ်ရုပ်တုဆီသို့ သက်ရောက်သွားပြီး "ထာဝရအသက်ရှင်သည့်ကူရှန်နတ်မိမယ်" ဟူသော စကားသည် သူမ၏နှလုံးသားထဲတွင် အမြစ်တွယ်ကပ်ငြိသွားခဲ့လေပြီ။

ထိုမိုးမြေစွမ်းအားများမှာ နတ်မိမယ်ရုပ်တုအပေါ်သို့သာမက ချီးစန်းကွမ်း၏ခန္ဓာကိုယ်ပေါ်သို့လည်း သက်ရောက်သွားလေသည်။ ချီးစန်းကွမ်းမှာ ထူးဆန်းသလိုခံစားလိုက်ရပြီး အနည်းငယ်ပင် စိတ်ရှုတ်သွားမိသည်။

ထို့ပြင် လူသားများ၏ကိုးကွယ်ဆည်းကပ်မှုကြောင့် ဖြစ်လာသည့်မိုးမြေစွမ်းအားအချို့မှာ ဆန်းလျန်ဆီသို့လည်း ရောက်ရှိလာလေသည်။ ဆန်းလျန်က တစ်ချက်ပြုံးလိုက်ပြီး ထိုစွမ်းအားများကို မခံယူဘဲ သူ၏အင်္ကျီလက်ဖြင့် ခါထုတ်လိုက်လေသည်။

....

ဆောင်းတွင်းလေကြမ်းများက တိုက်ခတ်နေပြီး ရာသီဥတုမှာလည်း ညို့မှိုင်းနေလေသည်။ ဆန်းလျန်မှာ ယွီစွေမြစ်အထက်ပိုင်းသို့ရောက်ရှိနေလေသည်။ ဒီရေကမြင့်တက်နေပြီး အနီရောင်သစ်ရွက်ကြွေများကို မြစ်ကမ်းနံဘေးတွင် လေဖြင့်လွင့်နေသည်ကို မြင်တွေ့နိုင်လေသည်။ ရှုမျှော်ခင်းမှာ လွမ်းဆွေးဖွယ်ရာပင်ဖြစ်လေသည်။

သူ့လက်ထဲတွင် စန္ဒကူးဓားကိုကိုင်ထားလေသည်။ ထိုဓားပေါ်တွင် မိုးမြေစွမ်းအားများပြင်းထန်စွာစီးဆင်းနေပြီး ဓားသွားမှာ ပူနွေးထက်ရှနေလေသည်။

မိုးမြေစွမ်းအားများမှာ သန့်စင်သည့်စွမ်းအားများဖြစ်သည့်အတွက် ကောင်းမှုကုသိုလ်ပြုလုပ်သည့်အခါများတွင် ထိုစွမ်းအားများက ပေါ်ပေါက်လာတတ်လေသည်။

မိုးကောင်းကင်က တရားမျှတမှုရှိပြီး ဆုလည်းပေးသလို ဒဏ်လည်းပေးတတ်လေသည်။ ယွီကွမ်းမြို့ကိုစောင့်ရှောက်ရန်နတ်မိမယ်တစ်ပါးကို ဆန်းလျန်ထားရှိပေးခဲ့လေသည်။ ထိုကောင်းမှုကုသိုလ်ကြောင့်ပင် ထိုနတ်မိမယ်ပေါ်ပေါက်လာသည့်အချိန်မှစပြီး ဆန်းလျန်ဆီသို့ မိုးမြေစွမ်းအားများ စီးဆင်းဝင်ရောက်လာသည်ကို ခံစားရလေသည်။

ကောင်းမှုလုပ်သည်ဖြစ်စေ ၊ မကောင်းမှုလုပ်သည်ဖြစ်စေ ကံတရားဆိုသည်မှ အကျိုးပေးမြဲဖြစ်လေသည်။ ကိုယ်လုပ်ခဲ့သည့်ကံအတိုင်း အကျိုးပေးမည်ဖြစ်ပြီး ရှောင်လွှဲ၍မရနိုင်ပေ။

ဆန်းလျန်က ကူရှန်နတ်မိမယ်ကို နေရာချထားပေးခဲ့ပြီး ထိုကောင်းမှု၏အရှိန်ကို ခံစားရလေသည်။

နတ်မိမယ်၏ "ယင်" နှင့် "ယန်" စွမ်းအားများမှာ သူမကို ကိုးကွယ်ဆည်းကပ်သည့်သူများနှင့် ပေါင်းစည်းသွားပြီး နတ်ဘုရားဝိညာဉ်ဖြစ်တည်လာလေသည်။

ဆန်းလျန်အသုံးပြုခဲ့သည့် နတ်ဘုရားဝိညာဉ်ဆင့်ခေါ်သည့် အင်းသင်္ကေတမှာ ရေငန်းသီးပင်၏ဝိညာဉ်ကို ယွီစွေမြစ်မှ မိုးမြေစွမ်းအားဖြင့်ချိတ်ဆက်ပေးလိုက်သည့် ကြားခံတစ်ခုသာဖြစ်လေသည်။ ထိုသို့ချိတ်ဆက်ပေးလိုက်ခြင်းအားဖြင့် ဖြစ်တည်လာမည့် နတ်ဘုရားဝိညာဉ်နှင့် သန့်စင်သည့်ယင်စွမ်းအားတို့ ပေါင်းစပ်သွားပြီး တောတောင်ရေမြေများဖြင့် ချိတ်ဆက်သွားကာ မိုးမြေအသိအမှတ်ပြုသည့် နတ်မိမယ်တစ်ပါးဖြစ်သွားပေလိမ့်မည်။

ကိုးကွယ်သူများကြောင့် ဖြစ်တည်လာသည့်မိုးမြေစွမ်းအားများမှာ ချီးစန်းကွမ်းပေါ်သို့ သက်ရောက်သွားသလို ဆန်းလျန်ဆီသို့လည်း လာရောက်ရိုက်ခတ်လေသည်။ သို့သော် ဆန်းလျ

န်က ထိုမိုးမြေစွမ်းအားများကို မခံယူသည့်အတွက် နတ်မိ

မယ်၏ကံကြမ္မာနှင့်သူ၏ကံကြမ္မာမှာ မသက်ဆိုင်တော့ပေ။

အနာဂတ်တွင် နတ်မိမယ်အမှားပြုလုပ်မိသည့်တိုင်အောင် ထို

အမှားက ဆန်းလျန်နှင့်ပတ်သက်ခြင်းရှိမည်မဟုတ်ပေ။

သို့သော် ချီးစန်းကွမ်းအနေဖြင့် ထိုမိုးမြေစွမ်းအားများကို

လက်ခံရယူလိုက်သည့်အတွက် ကူရှန်နတ်မိ

မယ်၏ဝတ်ကျောင်းတော်ကိုစောင့်ရှောက်ရန် တရားဝင်

အသိအမှတ်ပြုခံလိုက်ရသူ ဖြစ်သွားလေသည်။ သူက လူသား

များနှင့်နတ်မိမယ်ကြားဆက်သွယ်ပေးမည့် နတ်ဆရာတစ်

ယောက်ဖြစ်လာပေလိမ့်မည်။

တာအိုဆရာစန်းဝမ့်၏တပည့်ကိုစောင့်ရှောက်ပေးနိုင်ခဲ့သလို

သူ့ကိုပညာသင်ကြားပေးခဲ့သည့် ဆရာစူး၏ စူးကျားပေါင်အိမ်

မှ ရေငန်းသီးပင်ကိုလည်း ကယ်တင်နိုင်ခဲ့သည့်အတွက် ဆန်း

လျန်မှာတော့ ကြည်နူးခြင်းပီတိကို ခံစားနေရလေသည်။

ထိုကဲ့သို့ ကောင်းမှုကုသိုလ်များပြုလုပ်ပေးခဲ့သည့်အတွက် ရရှိလာသည့်စွမ်းအားများကို ဟိုင်သန်းအဆင့်တက်ရောက်အောင်မြင်နိုင်ရန် အသုံးပြုကြည့်လိုက်သည်။ သို့သော် သူ့စိတ်ထဲတွင် တစ်ခုခုလိုအပ်နေသလို ခံစားနေရလေသည်။ သူက ကျင့်စဉ်အောင်မြင်ရန် ထိုစွမ်းအားများကို အားစိုက်အသုံးပြုလိုက်တိုင်း မပြည့်စုံမှုတစ်ခုဖြစ်ပေါ်လာသလိုခံစားလိုက်ရသည်။

ထို့ကြောင့်ပင် ဆန်းလျန်က ကျင့်စဉ်အောင်မြင်ချင်သည့် ပြင်းပြသည့်စိတ်ကို ချိုးနှိမ်လိုက်ပြီး ထိုစွမ်းအားများကို စန္ဒကူးဓားဆီသို့သာ စီးဝင်စေလိုက်သည်။

ထို့ကြောင့် စန္ဒကူးဓားမှာ ပူနွေးထက်ရှနေရခြင်းဖြစ်လေသည်။

“ဒီလောက်နှစ်တွေကြာနေပြီ ၊ မင်းကိုနာမည်လေးတောင်မပေးရသေးဘူး ၊ မင်းကို “ရှမ်တယ်” ဓားလို့ အမည်ပေးလိုက်မယ်”

ဆန်းလျန်က တစ်ကိုယ်တည်းရေရွတ်သလိုပြောလိုက်လေသည်။

"ရှမ်တယ်" ၏ အဓိပ္ပါယ်မှာ "မြင့်မြတ်မှုတွေကိန်းအောင်းနေသော်လည်း ထုတ်ဖော်ပြသခြင်းမရှိ" ဆိုသည့် အဓိပ္ပါယ်ဖြစ်လေသည်။ ထို့ပြင် ချင်းရှမ်၏ "ရှမ်" ဆိုသည့် စကားလုံးနှင့် "ကောင်းမြတ်မှု" ဟု အဓိပ္ပါယ်ရသည့် "တယ်" ဆိုသည့် စကားလုံးနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်လေသည်။

ရှမ်တယ်ဓားက သူ့နာမည်ကိုကြားသည်နှင့် ရှေးကျပြီးတိုးလျသည့်အသံတစ်သံဖြင့် တုန့်ပြန်လိုက်သည်။

"မင်းက ဒီနာမည်ကိုသဘောမကျဘူးဆိုလဲ မတတ်နိုင်ဘူး ၊ ငါကတော့ ဒီနာမည်ပဲခေါ်မှာပဲ ၊ ငါက မင်းရဲ့သခင်ပဲလေ"

ဟု ဆန်းလျန်က ထပ်ပြောလိုက်လေသည်။

ဆောင်းလေအေးက ဆန်းလျန်၏မျက်နှာထက်သို့ ဖြတ်သန်းတိုက်ခတ်သွားလေသည်။ ဆန်းလျန်၏ပုံစံမှာ လွတ်လပ်

ပေါ့ပါးနေလေသည်။ လွမ်းမောဖွယ်ဆောင်းရာသီရှုခင်းကိုငေး
မောနေသည့်တိုင် သူ့ကိုကြည့်ရသည်မှာ ဝမ်းနည်းဆွေးမြေ့နေ
သည့်ပုံမပေါ်ပေ။

ဆန်းလျန်က မည်သည့်နေရာတွင်မဆို အံ့ဝင်ခွင်ကျဖြစ်အောင်
နေထိုင်တတ်သည့်သူဖြစ်လေသည်။ သို့သော် သူက
တစ်ယောက်တည်းနေရသည်ကို ပိုပြီးသဘောကျလေသည်။
အဘယ်ကြောင့်ဆိုသော် သူက ဤလောကမှ လူသားတစ်
ယောက် မဟုတ်သောကြောင့်ဖြစ်လေသည်။ သူက ဆန်းလျန်
အစစ်၏ခန္ဓာကိုယ်ထဲတွင် နှစ်ပေါင်းများစွာ ဆန်းလျန်အဖြစ်
နှင့်နေထိုင်ခဲ့ပြီး နတ်ဘုရားကျင့်စဉ်များနှင့် တာအိုကျင့်စဉ်များ
ကို သင်ယူကျင့်ကြံခဲ့သည့်တိုင် ယခုသူရောက်ရှိနေသည့်
လောကမှ သူနှင့်အသားမကျသေးဘဲ စိမ်းနေသေးသလို ခံစား
နေရဆဲဖြစ်လေသည်။

ထိုခံစားချက်က အချိန်ကြာလာသည်နှင့်အမျှ ပျောက်ကွယ်မသွားသည့်အပြင် မကြာခဏပင် ပြန်ပြန်ပေါ်လာတတ်လေသည်။

အထီးကျန်ခြင်းနှင့် တစ်ကိုယ်တည်းဖြစ်ခြင်းက လူတစ်ယောက်ကို ဝမ်းနည်းအားငယ်စေနိုင်လေသည်။ သို့သော် ထိုစိတ်ခံစားချက်များက ဆန်းလျန်ကိုတော့ စိတ်ပျက်အားငယ်အောင် မလုပ်နိုင်ပါ။

တစ်ကိုယ်တည်းနေရခြင်းမှာ တရားထိုင်ခြင်း သို့မဟုတ် သေခြင်းတရားကိုပွားများခြင်းအလုပ်များလုပ်ရသည်နှင့်လည်း မတူညီပေ။ ထိုသို့ တစ်ကိုယ်တည်းနေရခြင်းမှာ "ကမ္ဘာဦးကာလတွင် ဘာမှမရှိ၊ နတ္ထိ" ဆိုသည့် ခံစားချက်မျိုးဖြစ်သေလည်။

ဆန်းလျန်က ဖြည်းဖြည်းချင်းစီးဆင်းနေသည့် ယှီစွေမြစ်ကြောင်းအတိုင်းဆက်သွားနေလေသည်။ ဒီရေအတက်အကျက ဆန်းလျန်ကို မည်သို့မျှ ဒုက္ခမပေးနိုင်ပါ။

သူက မြစ်ကမ်းနံဘေးတွင် လမ်းလျှောက်နေပြီး မည်မျှကြာသည်အထိ လမ်းလျှောက်နေမိလဲဆိုသည်ကို သူကိုယ်တိုင်ပင်မသိပေ။ ဂိုဏ်းတူအစ်ကိုချန်ကျန့်မေ၏ "သေစေခြင်းကျောင်းတော်" မှာ မည်သည့်နေရာတွင်ရှိသည်လဲဆိုသည်ကို ဆန်းလျန်ယခုအချိန်ထိ မသိရသေးပေ။

မသိဘဲနှင့် တာ့ကျိုးတိုင်းပြည်မှထွက်လာပြီး ရှီးဟွမ်အနောက်ဘက်နယ်ခြားသို့ပင်ရောက်လာခဲ့ပြီဖြစ်လေသည်။

အနောက်ဘက်ဆိုသော်လည်း ထိုနေရာက ခြောက်ကပ်ပြီးသီးခြားတည်ရှိသည့်နေရာဖြစ်လေသည်။

ထိုအချိန်တွင် "မင်းကြီးကတောင်တွေဆီကင်းလှည့်ဖို့ပြောတယ်" ဆိုသည့် သီချင်းဆိုသံကို ကြားလိုက်ရလေသည်။ ဆန်းလျန်မှာ အသံသေးအသံကြောင်ဖြင့် သီးချင်ဆိုလိုက်သံကြောင့် ရုတ်တရက် လန့်ပင်သွားရသည်။

ဆန်းလျန်က လန့်တတ်သူတစ်ယောက်မဟုတ်ပါ။ သို့သော် ယခုကဲ့သို့ နှလုံးသားရော စိတ်ဝိညာဉ်ပါ ငြိမ်သက်အေးချမ်းနေသည့်အချိန်တွင် အသံသေးအသံကြောင်ကို အမှတ်မထင် ကြားလိုက်ရသည့်အခါ မည်သူမျှ မလန့်ဘဲနေမည်မဟုတ်ပေ။ သီချင်းဆိုသည့်လူက ဆန်းလျန်ကို လှမ်းပြောလိုက်သည်။

“ဟေး ရှေ့ကကောင်လေး ၊ ရပ်လိုက်စမ်း”

သီချင်းဆိုနေသည့်သူမှာ လူသားတစ်ယောက်မဟုတ်ပေ။ တိရိစ္ဆာန်ဦးခေါင်းနှင့် လူကိုယ်ခန္ဓာရှိသည့်သူ တစ်ယောက်ဖြစ်လေသည်။

ထိုသူမှာ ရေသမင်နတ်မိစ္ဆာပင်ဖြစ်လေသည်။ သူ၏တန်ခိုးက သိပ်ပြီးနက်နဲမှုမရှိပေ။ သူက လူသားအသွင်ကို အခြားစွမ်းအားထက်မြက်သော နတ်မိစ္ဆာ၏ ပြင်ပအကူအညီဖြင့် ရယူထားခြင်းဖြစ်လေသည်။

ရေသမင်နတ်မိစ္ဆာမှာ နှာခေါင်းတရှုံ့ရှုံ့လုပ်လိုက်ပြီး သံမဏိခက်ရင်းခွကြီးကိုကိုင်ကာ ဆန်းလျန်အနားသို့ ရောက်လာလေသည်။

"မင်းက ဘာကောင်လဲ ၊ မင်းဆီက လူသားအနံ့လည်းမရပါလား ၊ ဒါပေမယ့် မင်းကလူသားရုပ်ပေါက်နေတယ်"

ဟု ပြောလိုက်လေသည်။

ရှီးဟွမ်မှ နတ်မိစ္ဆာများမှာ လူသားစားရခြင်းကို နှစ်သက်ကြလေသည်။ လူသားကိုစားပါက သူတို့၏စွမ်းအားများတိုးတက်လာစေလေသည်။ ထို့ပြင် ထိုနတ်မိစ္ဆာများ၏ထူးခြားသောအစွမ်းတစ်ခုမှာ တောင်ထိပ်တစ်ခုပေါ်သို့တက်ပြီးအနံ့ခံလိုက်သည်နှင့် ဆယ်မိုင်ပတ်လည်တွင်ရှိသည့် လူသားအနံ့ကို ရနိုင်စွမ်းရှိလေသည်။

သို့သော် ဆန်းလျန်ထံမှ လူသားရနံ့ရရှိခြင်းမရှိပေ။

ဆန်းလျန်ထံမှ မိုးရွာပြီးကာစတွင်သစ်ပင်များနှင့်မြက်ပင်လေး

များမှရှိသည့် သန့်စင်သည့်ရနံ့မျိုးကိုသာ ရရှိလေသည်။

နတ်မိစ္ဆာများမှာ အသားနှင့်ငါးများ၏ သွေးရနံ့များကိုသာ

ရှူရှိုက်နေရသူများဖြစ်လေသည်။

သက်သတ်လွတ်စားသည့် နတ်မိစ္ဆာအချို့လည်းရှိပါသည်။

သို့သော် ယခုဆန်းလျန်ရှေ့သို့ရောက်နေသည့် ရေသမင်မိစ္ဆာ

ကတော့ သက်သတ်လွတ်စားသည့်နတ်မိစ္ဆာမဟုတ်ပေ။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က လူသားတစ်ယောက်ပါဗျာ"

ဟု ပြောလိုက်လေသည်။

ရေသမင်မိစ္ဆာက ခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး...

"မဟုတ်ဘူး ၊ မဟုတ်ဘူး ၊ မင်းဆီက လူနံ့လုံးဝမရဘူး ၊ မင်းက

ဘယ်လိုလုပ်လူဖြစ်နိုင်မှာလဲ ၊ ကျုပ်ကိုလိမ်လို့ရမယ် မထင်နဲ့"

ဟု ပြောလိုက်လေသည်။

သူက စိတ်ဆိုးမာန်ဆိုးဖြင့် ခေါင်းကို အပေါ်သို့ မော့လိုက်လေသည်။

“မင်းကျုပ်ကို ရည်ရွယ်ချက်ရှိရှိနဲ့ လိမ်ပြောနေတာဖြစ်ရမယ်၊ ဒါ ကျုပ်ကို မင်းကြီးရှေ့မှာ အရှက်ကွဲအောင် လုပ်နေတာ မဟုတ်လား၊ ဘာလို့လဲဆိုတော့ မင်းကြီးက ကျုပ်ကို တောင်ကြောတစ်လျှောက် ကင်းလှည့်ခိုင်းထားတာ၊ အခုလာ လည်မယ့်ဧည့်သည်အသစ်အတွက် ဟင်းကောင်းကောင်းချက်ကျွေးဖို့ လူသားတစ်ယောက်ရှာခိုင်းထားတာ”

ရေသမင်မိစ္ဆာက ဆက်ပြောလိုက်လေသည်။

“အော်... ဒီမိစ္ဆာကတော့ တကယ်တုံးတာပဲ၊ သူ့စကားမဆင်ခြင်ပုံနဲ့ဆိုရင် သေတော့မှာပဲ”

ဟု ဆန်းလျန်က တွေးလိုက်မိလေတော့သည်။

အခန်း (၁၃၄)

 ချွေ့ဖိန်တောင်

အမှန်တော့ ရေသမင်မိစ္ဆာမှာ တုံးရုံတင်မက ယုံမှားသံသယက လည်း များလွန်းသေးသည်။

ဆန်းလျန်က ခေါင်းကိုခါယမ်းရင်း ပြုံးလိုက်လေသည်။ ထို မိစ္ဆာသတ္တဝါအား သနားသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

အဘယ်ကြောင့်ဆိုသော် ထိုမိစ္ဆာလေးမှာ အရည်အချင်းလည်း တစ်စက်မှမရှိ ၊ သို့သော် အရည်အချင်းရှိဟန်လည်း ဟိတ်ဟန်ထုတ်နေသောကြောင့် ဖြစ်လေသည်။

လူသားများထဲတွင်လည်း ထိုကဲ့သို့သောလူမျိုး များစွာရှိလေ
သည်။ ထိုသို့သောလူမျိုးများမှာ စိတ်ပျက်စရာကောင်းပြီး
အသက်ရှင်နေသည်မှာပင် ကံကောင်းသောကြောင့်ဖြစ်လေ
သည်။

သို့သော် ရေသမင်မိစ္ဆာမှာတော့ ဆန်းလျန်နှင့်တွေ့သည့်အတွက်
ကံမကောင်းနိုင်တော့ပေ။ မိစ္ဆာလေးမှာ ဆန်းလျန်မျက်ဝန်းထဲမှ
အကြည့်ကို နားမလည်နိုင်သည့်တိုင် ထိုအကြည့်ကို မုန်းတီးနေ
မိလေသည်။

ထို့ကြောင့်ပင် သူက လက်ထဲမှ သံမဏိခက်ရင်းခွဖြင့်ဆန်းလျ
န်ကို လှမ်းထိုးလိုက်လေသည်။ ထိုရေသမင်မိစ္ဆာကဲ့သို့သော
မိစ္ဆာမျိုးမှာ တိရိစ္ဆာန်အသွင်မှ လူအသွင်ဖန်ဆင်းထားခြင်း
ကြောင့် အလွန်အားကြီးလေသည်။ သံမဏိခက်ရင်းခွမှာလည်း
အစွမ်းထက်သည့်လက်နက်တစ်ခုမဟုတ်သည့်တိုင် သံမဏိ
အစစ်ဖြင့် သွန်းလုပ်ထားခြင်းဖြစ်လေသည်။ သို့သော် လက်ရာ

ကတော့ အနည်းငယ်ကြမ်းသည်။ ခက်ရင်းခွထိပ်ဖျားမှာ သိပ်ပြီးချွတ်ထက်လွန်းခြင်းမရှိဘဲ ခပ်တုံးတုံးဖြစ်ကြောင်း ဆန်းလျန်သတိပြုမိလိုက်သည်။

ဆန်းလျန်၏မျက်နှာအမူအရာက ပြောင်းလဲသွားခြင်းမရှိပါ။ ဆန်းလျန်က သူ့လက်ကို အသာပင်ဆန့်ထုတ်လိုက်ပြီး သံမဏိခက်ရင်းခွကို လက်ချောင်းလေးဖြင့်ထောက်ထားလိုက်လေသည်။ သူ၏လက်ချောင်းထိပ်ဖျားမှ ရွှေရောင်အလင်းတန်းများဖြာထွက်လာပြီး ခက်ရင်းခွအချွန်များ ဆန်းလျန်၏လက်ကို စူးဝင်သွားခြင်းလုံးဝမရှိပေ။

ရေသမင်မိစ္ဆာ အမှုထမ်းနေသည့် နတ်မိစ္ဆာဘုရင်မှာ လူသားများကို အတုခိုးကာ နန်းတော်ကြီးတစ်ခု တည်ဆောက်နေလေသည်။ သူ့နတ်မိစ္ဆာဘုရင်က ရေသမင်မိစ္ဆာကဲ့သို့သော အဆင့်နိမ့်မိစ္ဆာလေးများကို အလုပ်သမားအဖြစ်ခိုင်းထားလေသည်။ ထိုအလုပ်သမားနတ်မိစ္ဆာလေးများမှာ တောင်ပေါ်မှကျောက်

တုံးကြီးများကို နန်းတော်ဆောက်လုပ်ရန်အတွက် သယ်ယူပေး ရလေသည်။ ထိုကျောက်တုံးကြီးတစ်တုံးလျှင် လူတစ်ကိုယ်စာ ခန့်ရှိလေသည်။ ထိုကျောက်တုံးများမှာ ဆန်းလျန်ထက် လေးလံသည့် ကျောက်တုံးများဖြစ်လေသည်။ ရေသမင်မိစ္ဆာ မှာ အလွန်တုံးသည့်တိုင် သူသယ်သည့်ကျောက်တုံးများမှာ ဆန်းလျန်နှင့် အတရွယ်အစားတူသည့်တိုင် ဆန်လျန်ထက် လေးလံကြောင်းကိုတော့ သိလေသည်။

သို့သော် သူ၏သံမဏိခက်ရင်းခွမှာ ဆန်းလျန်၏လက်ချောင်း များကိုပင် မတွန်းလှန်နိုင်ခဲ့ပေ။ သူက အားကုန်သုံးသည့်တိုင် ဆန်းလျန်၏ခန္ဓာကိုယ်မှာ တစ်ချက်ပင်မရွေ့ပေ။ ခက်ရင်းခွ ထိပ်ချွန်များမှာ ရွှေရောင်အလင်းတန်းများကြားထဲတွင် ရပ်တန့်နေလေသည်။ ထိုအလင်းတန်းများမှာ စီးဆင်းနေသည့် ရေများနှင့် သဏ္ဍာန်တူပြီး ရေသမင်မိစ္ဆာမှာ မည်သို့ပင် ကြိုးစား ကြိုးစား အရာမထင်ဖြစ်နေရလေသည်။

ငတုံးရေသမင်မိစ္ဆာမှာ အသိဉာဏ်မရှိသည့်တိုင် အခြေအနေမ
ဟန်ကြောင်း ရိပ်မိလိုက်လေသည်။ မပတ်သက်သင့်သည့်လူ
တစ်ယောက်ကို သွားရောက်ပတ်သက်မိပြီဖြစ်ကြောင်း
သဘောပေါက်သွားရပြီ။ အဆင့်နိမ့်နတ်မိစ္ဆာလေးများမှာ
များသောအားဖြင့် အသိဉာဏ်မရှိကြပေ။ သို့သော် လောက
တစ်ခွင်တွင် သူတို့၏ နတ်မိစ္ဆာဘုရင်ကဲ့သို့ကြောက်စရာ
ကောင်းသည့် လူသားများလည်း ရှိသေးသည်ဆိုသည့်
အကြောင်းကိုတော့ သိရှိထားလေသည်။ သူတို့၏နတ်မိစ္ဆာ
ဘုရင်က ထိုလူသားများကို "ကျင့်ကြံသူများ" ဟု ခေါ်လေ
သည်။

ကျင့်ကြံသူများ၏အသားမှာ သာမန်လူသားများနှင့်မတူဘဲ
ထူးခြားသည်ဟု နတ်မိစ္ဆာဘုရင်က ပြောဖူးလေသည်။
နတ်မိစ္ဆာဘုရင်အား "ကျင့်ကြံသူများ၏အသားကို စားဖူးပါ
သလား" ဟု ရေသမင်မိစ္ဆာကမေးတော့ နတ်မိစ္ဆာဘုရင်က

ဖြေကြားခြင်းမရှိပေ။ ထိုနေ့မှစပြီး ရေသမင်မိစ္ဆာမှာ

အလုပ်များကို ပိုပြီးကြိုးစားလေသည်။ အဘယ်ကြောင့်ဆို

သော် နတ်ဆိုးဘုရင်က သူ့ကို အခြားသူများထက်

မျက်နှာသာပေး၍သာ ကျင့်ကြံသူများအကြောင်းပြောပြသည်

ဟု အထင်ရောက်မိသောကြောင့် ဖြစ်လေသည်။

သို့သော် အခြားသောနတ်မိစ္ဆာလေးများကတော့ ထိုသို့မထင်

ပေ။ သူတို့က ရေသမင်မိစ္ဆာကို ကိုယ့်ကိုကိုယ်အထင်ကြီးနေ

သည့် နတ်မိစ္ဆာတစ်ကောင်အလား အထင်သေးအမြင်သေးစွာ

ဖြင့်သာ ကြည့်ကြလေသည်။

ဆန်းလျှန်ဆီမှ အစိမ်းရောင်အလင်းတန်းတစ်ခုထပ်မံထွက်

ပေါ်လာပြီး ထိုအလင်းတန်းက ရေသမင်မိစ္ဆာ၏ခက်ရင်းခွကို

ကွေးညွှတ်သွားစေလေသည်။ ထို့နောက် ခက်ရင်းခွမှာ

ရေသမင်မိစ္ဆာ၏လက်မှ လွင့်ထွက်သွားပြီး လျှင်မြန်စွာ

လည်ပတ်ကာ အဝေးတစ်နေရာရှိ ကျောက်ဆောင်တစ်ခုထက်

သို့ နက်ရှိုင်းစွာ စိုက်ဝင်သွားလေသည်။ ထိုကျောက်ဆောင်မှာ မိုးဒဏ်လေဒဏ်များကြောင့် ရေညှိများတက်ကာ ချောမွတ်နေသည့် ကျောက်ဆောင်ကြီးဖြစ်ပြီး ခက်ရင်းခွခပ်တုံးတုံးတစ်ခု စိုက်ဝင်သွားရန်မှာ လွယ်ကူသည့် ကိစ္စမဟုတ်ပေ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်၏အစိမ်းရောင်အလင်းတန်းမှာ မည်မျှကြောက်စရာကောင်းသည်ကို ဖော်ပြနေလေ တော့သည်။

ဆန်းလျန် ကျင့်ကြံသူလောကသို့ စတင်ခဲ့သည့် အချိန်မှစပြီး တိုက်ခိုက်သည့်အခါတိုင်းမည်သည့်ဥပဒေကိုမှ လိုက်နာခဲ့ခြင်း မရှိပေ။ သူက ရှေ့တွင်မည်သို့ဖြစ်လာမည်ကို ကြိုတင်ခန့်မှန်းချက်များဖြင့် တိုက်ခိုက်လေ့ရှိလေသည်။

ဆန်းလျန်က ရေသမင်မိစ္ဆာကို စိုက်ကြည့်နေလိုက်သည်။ ဆန်းလျန်၏ပုံစံမှာ နတ်မိစ္ဆာပုံမပေါက်ပါ။ သို့တိုင်အောင် ရေသမင်

မိစ္ဆာမှ ဆန်းလျှန်ကိုကြည့်ရင်း သူ့ဘဝတွင် တစ်ခါမှမကြောက်ဖူးသည့် ကြောက်ခြင်းမျိုးဖြင့် ကြောက်လာခဲ့ရလေသည်။ လူသားပင်ဖြစ်စေ ၊ သတ္တဝါပင်ဖြစ်စေ သက်ရှိအားလုံးတွင် အန္တရာယ်အငွေ့အသက်ကို အာရုံခံနိုင်သည့် သဘာဝစွမ်းအားရှိကြလေသည်။ ဆန်းလျှန်က သူ့ရှေ့တွင် မလှုပ်မယှက်ရပ်နေသည့်တိုင် ကြောက်စရာကောင်းနေလေသည်။ ရေသမင်မိစ္ဆာမှာ တောင်ပေါ်တွင် ကျားတစ်ကောင်နှင့်တွေ့စဉ်က ခံစားရသည့် ခံစားချက်မျိုးကို ယခုခံစားနေရလေသည်။ သူကျားနှင့်တွေ့စဉ်တုန်းက နတ်မိစ္ဆာဘုရင်က သူ့ကိုကယ်တင်ပေးခဲ့ပြီး လူသားအသွင်ပြောင်းလဲပေးခဲ့လေသည်။ ယခု သူ့ရှေ့မှဆန်းလျှန်မှာ ထိုအချိန်က သူကြုံတွေ့ခဲ့ရသည့်ကျားထက်ပင် ကြောက်စရာကောင်းနေသေးသည်။

အပြာရောင်ကောင်းကင်ထက်တွင် တိမ်များဖြတ်သန်းသွားလာနေပြီး တောင်ပေါ်လေအေးလေးက သစ်ပင်များကို ဖြတ်သန်း

တိုက်ခတ်လာလေသည်။ လေတိုက်ခတ်သံနှင့်အတူ ဆန်းလျန်

ထံမှာ စကားသံကို ကြားလိုက်ရလေသည်။

"မင်းတို့ဘုရင်ကဘယ်သူလဲ"

သူ၏လေသံက သာမန်ပင်ဖြစ်သည့်တိုင် နတ်မိစ္ဆာလေးမှာ

အလိုလိုအဖြေပေးမိလျက်သားဖြစ်သွားရလေသည်။

"ကျုပ်တို့ဘုရင်က ကျုပ်တို့ရဲ့မင်းကြီးပဲပေါ့၊ ဒီချွဲ့ဖိန်တောင်

တစ်ခုလုံး သူ့ရဲ့အုပ်ချုပ်မှုအောက်မှာရှိတယ်"

"ကြားရတာကြောက်စရာပဲ၊ ဘယ်လိုလဲ၊ မင်းတို့ဘုရင်နဲ့တွေ့ဖို့

ကျုပ်ကိုခေါ်သွားပေးနိုင်မလား၊ ကျုပ်သူ့ကိုမေးစရာရှိလို့"

ဆန်းလျန်က တစ်ချက်ပြုံးရင်းပြောလိုက်သည်။ ထိုအပြုံး

နောက်ကွယ်တွင် ကောင်းသည့်အရာဖြစ်လာနိုင်စရာမရှိ

ကြောင်း ရေသမင်မိစ္ဆာရိပ်မိလိုက်လေသည်။

"မင်းက ကျုပ်တို့မင်းကြီးကို ဘာမေးစရာရှိလို့လဲ"

ရေသမင်မိစ္ဆာက ချီတုံချတုံဖြင့် ပြန်မေးလိုက်လေသည်။

"ကျုပ်က သူနဲ့တွေ့မှ မေးမှာ"

ဆန်းလျန်က ခေါင်းကိုခါယမ်းရင်းပြောလိုက်လေသည်။

"မင်းကိုပြောပြမယ် ၊ ကျုပ်တို့မင်းကြီးက သိပ်တန်ခိုးကြီးတာ ၊ မင်းသာသူနဲ့တွေ့ရင် သေရမှာပဲ"

ရေသမင်မိစ္ဆာက ပြောလိုက်လေသည်။

ဆန်းလျန်က ပျင်းရိပျင်းတွဲပုံစံဖြင့်...

"မင်းက တော်တော်သစ္စာရှိတာပဲ ၊ ဒါပေမယ့် မင်းစဉ်းစား ကြည့်လေ မင်းအခုသေသွားရင် မင်းရဲ့သစ္စာရှိမှုက ဘာ အသုံးဝင်မှာလဲ ၊ မင်းရဲ့မင်းကြီးက မင်းအတွက် မျက်ရည်တစ် စက်ကျမယ်တောင်ထင်လား"

ဟု ပြောလိုက်လေသည်။

နတ်ဆိုးများမှာ ခံစားချက်ရှိသူများမဟုတ်ကြပါ။ အထူးသဖြင့် နတ်မိစ္ဆာဘုရင်များက ပို၍ဆိုးလေသည်။ သူတို့က သွေးထွက်သံယို သတ်ဖြတ်ပွဲများလုပ်လေ့ရှိကြပြီး သူတို့

နှလုံးသားက ကျောက်သားကဲ့သို့ပင်ဖြစ်လေသည်။ အပြင်ပန်းတွင် ကြင်နာချင်ယောင်ဆောင်တတ်ကြသည့်တိုင် တကယ်တမ်းတွင်တော့ မည်သူ့အပေါ်မှ သံယောဇဉ်ထားကြသူများမဟုတ်ပေ။

ချင်းရှမ်နတ်တံခါးမှ မြွေမိစ္ဆာကြီးကျင်းချင်းသည်ပင်လျှင် ထိုအတိုင်းပင်ဖြစ်လေသည်။ သူက ကျင့်ကြံသူလူသားများနှင့်အနေနီးစပ်သည့်အတွက် လူသားသဘာဝကို အတုခိုးထားသည့်တိုင် သူ့တွင်မည်သည့်ခံစားချက်မျှ မရှိပေ။ မြွေများ၏သွေးအေးတတ်သည့် သဘောသဘာဝကြောင့်ဖြစ်သည့်တိုင် နတ်မိစ္ဆာအားလုံးလိုလိုမှာ ထိုကဲ့သို့ပင်ဖြစ်လေသည်။

ရေသမင်မိစ္ဆာက သူ၏ဘုရင်မှာ တန်ခိုးစွမ်းအားကြီးမားကြောင်း သိသော်လည်း ဆန်းလျန်ကြောင့် သူ၏ဘုရင် စိတ်အနှောင့်အယှက်ဖြစ်ရမည်ကို စိတ်ပူနေလေသည်။ ဆန်းလျန်မှာ ပြဿနာရှာမည့်သူ တစ်ယောက်ဖြစ်ကြောင်း သူသိနေလေ

သည်။ ထို့ကြောင့် သူက ဆန်းလျန်နှင့် စကားစမြည်ပြောရင်း

အချိန်ဆွဲထားရန် ဆုံးဖြတ်လိုက်သည်။

"ကျုပ်က ကျုပ်တို့ဘုရင်အတွက် အရေးပါတဲ့လူတစ်ယောက်ပဲ

၊ မင်းနားလည်နိုင်မှာမဟုတ်ပါဘူး"

ရေသမင်မိစ္ဆာကပြောလိုက်လေသည်။

သူ၏မျက်ဝန်းများတွင် ဂုဏ်ယူမှုများဖြင့် ပြည့်နေလေသည်။

"မင်းတို့ဘုရင်ဆီ ကျုပ်ကိုခေါ်မသွားဘူးဆိုရင် ဟို

ကျောက်ဆောင်ကြီးလိုပဲ မင်းလည်းဖြစ်သွားလိမ့်မည်နော်"

ဆန်းလျန်က ခြိမ်းခြောက်စကားဆိုလိုက်သည်။

ဆန်းလျန်က မျက်စိတစ်မှိတ်အတွင်းမှာပင် ကျောက်ဆောင်

ကြီးအနားသို့ရောက်သွားလေသည်။ သူက သံမဏိခက်ရင်းခွ

ကို ဆွဲနှုတ်ခြင်းမပြုပါ။ သူ၏ လက်ကို တစ်ချက်ဝှေ့ယမ်း

လိုက်လေသည်။ ခရမ်းရောင်အလင်းတန်းများ ဖြာထွက်လာ

ပြီး ကျောက်ဆောင်ကြီးမှာ တစ်စစီပေါက်ကွဲထွက်သွားလေသည်။

ရေသမင်မိစ္ဆာမှာ ကြောက်လန့်လွန်းသဖြင့် အသက်ပင်မရှူရဲတော့ပေ။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ထိုကျောက်ဆောင်ကဲ့သို့ ပေါက်ကွဲသွားမည့်အကြောင်းကို စဉ်းစားနေမိသည်။

"ကျုပ်တို့သွားကြမလား"

ဆန်းလျန်က ခပ်တည်တည်ဖြင့်မေးလိုက်လေသည်။

ရေသမင်မိစ္ဆာမှာ သူ၏ဘုရင်ကို သစ္စာဖောက်လိုစိတ်မရှိကြောင်း ဆန်းလျန်သိထားလေသည်။ ထိုနတ်မိစ္ဆာမှာ ထုံထုံထိုင်းထိုင်းနှင့် ငတုံးတစ်ကောင်ဖြစ်သည့်တိုင် ရိုးသားသူတစ်ယောက်တော့ဖြစ်လေသည်။ သူက ထိုနတ်မိစ္ဆာ၏စိတ်ထားကို သိချင်သောကြောင့်သာ အဖက်လုပ်ပြီး စကားပြောနေခြင်းဖြစ်လေသည်။

နတ်ဘုရားလမ်းစဉ်လိုက်သူများမှာ အရာအားလုံးကိုစွန့်လွှတ်ပြီး တာအိုကျင့်စဉ်လမ်းကိုသာ တစ်စိုက်မတ်မတ်လျှောက်လှမ်းကြသည့်တိုင် အကြွင်နာတရားကင်းမဲ့သူများမဟုတ်ကြပါ။ လူဆိုသည်က လောကတွင် မျှော်လင့်ချက်ဖြင့် အသက်ရှင်သန်ကြသည့် သဘောရှိလေသည်။ ထို့ကြောင့်ပင် လူသားများသည် သေခဲကြခြင်းဖြစ်လေသည်။

ရေသမင်မိစ္ဆာမှာ ကြောက်လန့်နေသည့်တိုင် အလျှော့မပေးသေးပေ။ ခေါင်းမာစွာဖြင့် ပေကပ်ကပ်လုပ်နေလေသည်။ ထိုအချိန်မှာပင် ဆိုးဝါးသည့်အသံတစ်သံထွက်ပေါ်လာလေသည်။

"မင်းကို လူတစ်ယောက်ဖမ်းခဲ့ဖို့ အမိန့်ပေးလိုက်တာလေ ၊ မင်းက လူတစ်ယောက်နဲ့တွေ့နေတာတောင် ခုချိန်ထိ မဖမ်းသေးဘူးလား ၊ သူ့ကို အခုချက်ချင်း ကြိုးနဲ့ချည်ပြီး ဖမ်းလိုက်စမ်း"

ထိုအသံမှာ ကောင်းကင်ထက်မှထွက်ပေါ်လာခြင်းဖြစ်လေသည်။ ကောင်းကင်ထက်တွင် သိမ်းငှက်တစ်ကောင် ပျံဝဲ

နေသည်ကို တွေ့ရလေသည်။ ထိုသိမ်းငှက်မှာ အလွန်တရာ ကြီးမားလှသည့် သိမ်းငှက်ကြီးဖြစ်ပြီး ဆန်းလျန်နှင့် ရေသမင် မိစ္ဆာ၏ဦးခေါင်းထက်တွက် လှည့်ပတ်ပျံသန်းနေသည်။ ထို သိမ်းငှက်၏ အတောင်ပံအရိပ်က ဆန်းလျန်နှင့်ရေသမင် မိစ္ဆာ၏ဦးခေါင်းထက်တွင် ကျရောက်နေပြီး ပတ်ဝန်းကျင်တစ် ခုလုံး အမှောင်ရိပ်ဖုံးသကဲ့သို့ ဖြစ်နေလေသည်။

ထိုသိမ်းငှက်မှာ နတ်မိစ္ဆာတစ်ကောင်ဖြစ်ပြီး တန်ခိုးလည်း အတော်အတန်ရှိပုံရလေသည်။

ထိုသိမ်းငှက်က မြေပြင်ထက်သို့ဆင်းသက်လိုက်ပြီး သိမ်းငှက် ဦးခေါင်းနှင့် လူခန္ဓာကိုယ်ရှိသည့် နတ်မိစ္ဆာတစ်ကောင်အဖြစ် အသွင်ပြောင်းသွားလေသည်။ သူကဆန်းလျန်ကို တစ်ချက် ကြည့်လိုက်ပြီး ကျေနပ်သွားသည့်ပုံစံဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဒီကောင့်ကြည့်ရတာ မဆိုးဘူးပဲ ၊ သူ့အသားက နူးညံ့ပြီးချို

မယ့်ပုံပဲ"

ဟု ပြောလိုက်လေတော့သည်။

အခန်း (၁၃၅)

လင်ပေါင်နဂါးသိုင်းကျမ်း

သိမ်းငှက်နတ်မိစ္ဆာက ရေသမင်နတ်မိစ္ဆာကို မျက်နှာထား

တင်းတင်းဖြင့်ကြည့်လိုက်သည်။

"ငါတို့ပြန်ရောက်ရင် ဒီလူကို ငါဖမ်းလာတာလို့ မင်းကြီးကိုပြော ရမယ် ကြားလား"

ဟု ပြောလိုက်လေသည်။

သိမ်းငှက်နတ်မိစ္ဆာတွင် အစကတည်းက အကြံအစည်ရှိပြီး သားဖြစ်လေသည်။ အကယ်၍ ရေသမင်နတ်မိစ္ဆာ ဖမ်းလာ သောသူမှာ အသားမရှိ ၊ အရိုးသာရှိသည့် ပိန်ညောင်ညောင် အသက်ကြီးကြီး လူသားဖြစ်ပါက ရေသမင်မိစ္ဆာ ဖမ်းလာသည် ဟုသာ သူက မင်းကြီးရှေ့တွင် ပြောမည်ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ပိန်ကပ်ပြီး အရသာမရှိသည့် လူကိုဖမ်းမိပါက မင်းကြီးမှာ များစွာဒေါသထွက်မည်ဖြစ်လေ သည်။ သို့သော် ဆန်းလျန်မှာ သန့်ရှင်းသည့်အပြင် နူးညံ့ချိုမြိန် မည့်ပုံလည်း ပေါက်နေရကား နတ်မိစ္ဆာဘုရင် သဘောကျနိုင် သည့် လူသားမျိုးဖြစ်လေသည်။ ထို့ကြောင့် သူက ရေသမင် မိစ္ဆာကိုယ်စား မျက်နှာကောင်းဝင်ယူခြင်းဖြစ်လေသည်။

ထိုသိမ်းငှက်နတ်မိစ္ဆာမှာ ရေသမင်နတ်မိစ္ဆာထက် အဆင့်မြင့်ပုံ ရပြီး နတ်မိစ္ဆာခေါင်းဆောင်တစ်ယောက် ဖြစ်ဟန်တူလေသည်။ သူ၏တန်ခိုးမှာ ရေသမင်နတ်မိစ္ဆာထက် အနည်းငယ်ပိုပြီး နက်ရှိုင်းလေသည်။ သို့သော် နတ်ဆိုးဘုရင်လောက်တော့ စွမ်းအားမကြီးနိုင်ပေ။ သိမ်းငှက်နတ်မိစ္ဆာမှာလည်း အခြား သူ၏တန်ခိုးစွမ်းအား အကူအညီဖြင့်ပင် လူသားအသွင် ပြောင်းလဲထားခြင်းဖြစ်လေသည်။ နတ်မိစ္ဆာများအသွင်ပြောင်း သည့်အခါတွင် အသွင်ပြောင်းပေးသူ၏ မိုးကြိုးဖြင့်ပစ်ခတ် ခြင်းဒဏ်ကိုခံရသည့်အတွက် လူသဏ္ဌာန်အသွင်ပြောင်းနိုင် သည့်တိုင် တန်ခိုးစွမ်းအားက အားနည်းတတ်လေသည်။ ထိုသို့ သော နတ်မိစ္ဆာများမှာ ကျင့်ကြံသူများနှင့်တွေ့လျှင် အသက် မရှင်နိုင်ဘဲ အနိမ့်မနင်းခံရသည်ချည်းပင်ဖြစ်လေသည်။ အချို့ဟိုင်သန်းအဆင့်ကျင့်ကြံသူများကလည်း နတ်မိစ္ဆာလေး များကို ထိုကဲ့သို့အသွင်ပြောင်းပေးထားခြင်းမျိုးရှိလေသည်။

သူတို့ကို နတ်ဘုရင်းကျင့်စဉ်ကျောင်းတော်များ ၊ နတ်ဘုရား ဂိုဏ်းများကို စောင့်ရှောက်ရန်အတွက် ထားရှိလေသည်။

ရေသမင်နတ်မိစ္ဆာ၏မျက်နှာမှာ နီရဲသွားလေသည်။ သူက ထို သိမ်းငှက်နတ်မိစ္ဆာနှင့်ဆုံတိုင်း ယခုကဲ့သို့ အရှက်ကွဲရသည် ချည်းပင်ဖြစ်သည်။ ထိုခဏအတွင်းမှာပင် သူက ဆန်းလျန်မှာ ကြောက်စရာကောင်းသည့် ကျင့်ကြံသူတစ်ယောက် ဖြစ်ကြောင်းကို မေ့လျော့သွားလေသည်။ သူက ဆန်းလျန်နှင့် ပြိုင်ဘက်မဟုတ်သည့်အတွက် ဆန်းလျန်ကို ဖမ်းယူနိုင်ခြင်းမ ရှိပေ။ ယခုတော့ လူသားတစ်ယောက်ကိုပင် ဖမ်းယူနိုင်ခြင်းမရှိ ဟု သိမ်းငှက်နတ်မိစ္ဆာမှ အပြစ်တင်ခြင်းကို ခံရလေပြီ။ မည်မျှ ရှက်စရာကောင်းပါသနည်း။

"ကျုပ်ကဘာလို့ပြောရမှာလဲ"

ရေသမင်မိစ္ဆာက သိမ်းငှက်မိစ္ဆာကို အော်ပြောလိုက်လေသည်။

သိမ်းငှက်နတ်မိစ္ဆာက အော်ဟာစ်ရယ်မောလိုက်ရင်း...

"မင်းလုပ်ရဲရင်လုပ်ကြည့်လေ"

ဟုပြန်ပြောလိုက်သည်။

သူက ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ရှားလိုက်ပြီး အရပ်ဆယ်ပေ အမြင့်ရှိသည့် သိမ်းငှက်ကြီးတစ်ကောင်အဖြစ် ပြောင်းလဲလိုက်လေသည်။ သူ၏အသွင်ပြောင်းခြင်းမှာ လေးစားလောက်စရာပင်။

သိမ်းငှက်နတ်မိစ္ဆာက အတောင်ပံများကို တဖျတ်ဖျတ်ခတ်လိုက်သောကြောင့် လေများပြင်းထန်စွာ တိုက်ခတ်လာလေသည်။ ထိုလေအရှိန်ကြောင့် ရေသမင်မိစ္ဆာမှာ သစ်ရွက်လေးတစ်ရွက်လို လွင့်ထွက်သွားရလေသည်။ အတော်ဝေးဝေးသို့ လွင့်ထွက်သွားပြီးမှ မြေပြင်ပေါ်သို့ အရှိန်ဖြင့် ပြုတ်ကျသွားပြီး သူ၏မူလပုံသဏ္ဍာန်ပေါ်လာလေသည်။ မျက်လုံးသေးသေးလေးများဖြင့် ရေသမင်လေးတစ်ကောင်ဖြစ်နေလေသည်။

သိမ်းငှက်မိစ္ဆာ၏ပြင်းထန်သောလေများမှာ ဆန်းလျှန်ရှေ့တွင် ပျောက်ကွယ်သွားပြီး ဆန်းလျှန်အပေါ်တွင် သက်ရောက်မှုမရှိပေ။

သိမ်းငှက်နတ်မိစ္ဆာက သူ၏စူးရှသည့်သိမ်းငှက်မျက်လုံးများဖြင့် ဆန်းလျှန်ကို စူးစိုက်ကြည့်လိုက်သည်။ ဆန်းလျှန်မှာ သာမန်လူတစ်ယောက်မဟုတ်သည်မှာ ထင်ရှားနေလေသည်။ သို့သော် သိမ်းငှက်နတ်မိစ္ဆာက ကြောက်လန့်ခြင်းအလျဉ်းမရှိပါ။ သူ၏ခန္ဓာကိုယ်က လေထဲတွင်ရပ်တန့်သွားပြီး ဆန်းလျှန်ကို လက်သည်းဖြင့်လှမ်းကုတ်ကာ ဖမ်းလိုက်လေသည်။

လေထဲတွင် ရပ်တန့်လိုက်ပြီးမှ လက်သည်းဖြင့်ထိုးသုတ်သည်မှာ အကြောင်းရှိလေသည်။ လေထဲတွင် ရပ်တန့်လိုက်သည်နှင့် အသက်ဓာတ်စွမ်းအားများမှာ သိမ်းငှက်မိစ္ဆာ၏ခန္ဓာကိုယ်ထဲသို့ ချက်ချင်းစီးဝင်လာသောကြောင့်ဖြစ်လေသည်။ ထိုအသက်ဓာတ်စွမ်းအားများက စီးဆင်းနေပြီး သူ၏ခန္ဓာကိုယ်ကြီးကို

ဒိုင်းတစ်ခုအလားကာကွယ်ပေးထားလေသည်။ လမ်းကြောင်း
မှာရှင်းနေသည့်အတွက် သူက ဆန်းလျှန်ကို သံမဏိကဲ့သို့
အေးစက်မာကျောသည့် လက်သည်းရှည်ကြီးများဖြင့် ကုတ်ယူ
ထိုးသုတ်လိုက်သည်။ ထိုလက်သည်းရှည်ကြီးများမှာ လေထဲ
တွင် တောက်ပနေလေသည်။
အချို့သော နတ်မိစ္ဆာများမှာ စြက်ာဝဠာ၏အနှစ်သာရဖြစ်
သော အသက်ဓာတ်စွမ်းအားများကိုစုပ်ယူကာ ချက်ချင်းပင်
ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအားရှိကြလေသည်။
များသောအားဖြင့် နတ်မိစ္ဆာများမှာ ဂါထာမန္တန်များကိုသုံးလေ့
မရှိကြသော်လည်း အသက်ဓာတ်စွမ်းအားများကိုတော့
ကောင်းစွာထိန်းချုပ်နိုင်ကြလေသည်။
သံမဏိကဲ့သို့အေးစက်မာကျောသည့်လက်သည်းရှည်ကြီးများ
ဆန်းလျှန်ဆီသို့ဝင်ရောက်မလာခင် ကြီးမားသည့် စွမ်းအား
လှိုင်းကြီးတစ်ခုက အရင်ဝင်ရောက်လာလေသည်။ ဆန်းလျှန်

က သိမ်းငှက်နတ်မိစ္ဆာကို မျက်တောင်မခတ်စိုက်ကြည့်နေသည်။ သို့သော် သူ၏အကြည့်များက တည်ငြိမ်ပြီး ကြောက်ရွံ့သည့် ပုံသဏ္ဍာန်လုံးဝမရှိပေ။

ဝင်ရောက်လာသည့် စွမ်းအားလှိုင်းကြီးမှာ ဆန်းလျန်ကို မည်သို့မျှ ထိခိုက်ခြင်းမရှိပါ။ ထိုစွမ်းအားလှိုင်းကြီးမှာ ပုံသဏ္ဍာန်မရှိသည့် တွင်းနက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသကဲ့သို့ ပျောက်ကွယ်သွားလေသည်။ ထိုက်ရှီးစွမ်းအားများတွင် စွမ်းအားအသုံးပြုပုံလေးမျိုးရှိလေသည်။ "ဆန်း" ၊ "ခွဲ" ၊ "ကျို" ၊ "ဟွ" ဟူ၍ဖြစ်သည်။

ဆန်းလျန်မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ် ပထမအဆင့် အောင်မြင်သွားပြီဖြစ်သည့်အတွက် "ဟွ" ပုံသဏ္ဍာန် စွမ်းအား အသုံးပြုပုံကို အသုံးပြုနိုင်လေသည်။ ထိုစွမ်းအားအသုံးပြုပုံမှာ ရှုတ်ထွေးခြင်းလည်းမရှိသလို ဂါထာမန္တန်များလည်း အသုံးပြုစရာမလိုပေ။ သာမန်တိုက်ခိုက်မှုမျိုးဆိုလျှင် တောင်

ပေါ်တွင် လေပြေလေးတိုက်ခတ်သလို အသာလေး

တိုက်ခိုက်၍ရလေသည်။ ထို့ပြင် ရေပြင်တွင် ထင်ကျန်ရစ်

သည့် လရိပ်ပမာ တိုက်ခိုက်မှု၏သဏ္ဌာန်မှာလည်း ထင်ကျန်ရစ်

ခြင်းမရှိပေ။

ဤသည်မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ ထူးခြားချက်ပင်

ဖြစ်သလို ဆန်းလျန်မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ တန်ခိုး

စွမ်းအားကို တစ်ဆယ်ရာခိုင်နှုန်းသာ အသုံးပြုနိုင်သေးသူတစ်

ယောက်ဖြစ်လေသည်။ သို့တိုင်အောင် "စွမ်းအားများမထိခိုက်

နိုင်သည့်" အဆင့်ကို စတင်အသုံးပြုနိုင်နေပြီဖြစ်လေသည်။

"ဟွ" ပုံသဏ္ဌာန်စွမ်းအားအသုံးပြုခြင်းတွင်ပင် အဆင့်ပေါင်း

များစွာရှိသေးသည်။ အမြင့်အဆုံးအဆင့်ရောက်အောင်

ကျင့်ကြံနိုင်ပါက မည်သည့် တန်ခိုးစွမ်းအား ၊ မည်သည့်ဂါထာ

မန္တန်များမှ ထိခိုက်နိုင်မည်မဟုတ်တော့ပေ။

ဆန်းလျန်က သိမ်းငှက်နတ်မိစ္ဆာ၏တိုက်ခိုက်မှုကို ဣန္ဒြေမ
ပျက်ပင် ခုခံလိုက်လေသည်။ သိမ်းငှက်မိစ္ဆာ၏ လက်သည်း
ဖြင့်ကုတ်သည့် တိုက်ခိုက်မှုမှာ ကြမ်းတမ်းပြီးလျှင်မြန်လွန်း
သည့်အပြင် မမြင်ရသည့်စွမ်းအားအချို့လည်း ပါဝင်လေ
သည်။ သိုင်းပညာတတ်မြောက်သသည့် လူသားတစ်ဦး
အနေဖြင့် ထိုမမြင်ရသည့်စွမ်းအားမှာ မည်သည့်နေရာမှ ထွက်
ပေါ်လာသည်ကို မှန်းဆပြီး တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်နိုင်
မည်ဖြစ်သည်။ သို့သော် သိမ်းငှက်နတ်မိစ္ဆာမှာလည်း ယခု
အသုံးပြုနေသည့် တိုက်ခိုက်မှုနည်းလမ်းဖြင့် လူပေါင်းများစွာ
ကို အနိုင်ယူတိုက်ခိုက်ခဲ့သူဖြစ်လေသည်။

ဆန်းလျန်က လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်သည်။

သူ၏လက်ကို အရိုးမရှိသကဲ့သို့ ပျော့ပျောင်းစွာ ဝှေ့ယမ်းလိုက်
ခြင်းဖြစ်ပြီး ထိုလက်မှတစ်ဆင့် တောက်ပသည့်အနက်ရောင်
အလင်းတန်းတစ်ခုက ဖြာထွက်လာလေသည်။ ပုန်းအောင်နေ

သည့် နဂါးတစ်ကောင် ထွက်ပေါ်လာသည့်အလားပင်။ ထို

တန်ခိုးစွမ်းအား၏နက်နဲမှုကို အဖြေရှာရန်မှာ ခက်ခဲလှလေ

သည်။ ဆန်းလျန်၏လက်မှာ မှော်နဂါးတစ်ကောင်နှင့်သဏ္ဍာန်

တူနေလေသည်။ထိုမှော်နဂါးကဲ့သို့သော အနက်ရောင်

အလင်းတန်းက သိမ်းငှက်မိစ္ဆာ၏သံမဏိလက်သည်းများကို

ဖြတ်သန်းသွားပြီး သိမ်းငှက်မိစ္ဆာ၏ခြေထောက်ကို ဖမ်းဆုပ်

လိုက်လေသည်။

ဆန်းလျန်က သူ၏လက်ကိုထိခိုက်မှုမရှိစေရန် ထိုက်ရှီးကန်းချိ

စွမ်းအားဖြင့်ကာကွယ်ထားလိုက်သည်။

သိမ်းငှက်၏ခြေထောက်ကို ဆုပ်ကိုင်ထားသည့်

သူ၏လက်ချောင်းများမှာ ပျော့ပြောင်းသည့်တိုင် ခိုင်မာမြဲမြံ

နေလေသည်။ သိမ်းငှက်နတ်မိစ္ဆာ၏ သံမဏိလက်သည်းများ

မှာ ဆန်းလျန်ကို ထိခိုက်နိုင်စွမ်းမရှိတော့ပေ။

သိမ်းငှက်မိစ္ဆာမှာ မိမိဖမ်းချုပ်ခံလိုက်ရပြီဆိုသည်ကိုသိသည်နှင့် သူ၏စွမ်းအားများကို ဆန်းလျန်ဆီသို့ပို့လွှတ်ကာ တိုက်ခိုက်လိုက်ပြန်သည်။ ထိုစွမ်းအားများမှာ လှိုင်းလုံးကြီးများလိမ့်လာသကဲ့သို့ ပြင်းထန်လွန်းသည်။

ဆန်းလျန်က သူ၏အခြားလက်တစ်ဖက်ဖြင့် အင်းသင်္ကေတတစ်ခုကို ရေးလိုက်ပြီး ထိုအင်းသင်္ကေတကို သိမ်းငှက်နတ်မိစ္ဆာ၏ဦးခေါင်းထက်ဆီသို့ ပို့လွှတ်လိုက်လေသည်။

သိမ်းငှက်ကြီးမှာ မြေပြင်ပေါ်သို့ ပြုတ်ကျလာပြီး လှုပ်ရှားနိုင်စွမ်းမရှိတော့ပေ။

အင်းသင်္ကေတမှာ တောင်တစ်လုံးကဲ့သို့သော အစွမ်းပါရှိသည့်အတွက် ထိုအင်းသင်္ကေတဖြင့် ထိခိုက်ခံလိုက်ရသည့်သိမ်းငှက်မိစ္ဆာမှာ အလွန်ကြီးမားသည့် တောင်ကြီးတစ်လုံးဖြင့် ထိခိုက်ခံလိုက်ရသလိုဖြစ်ပြီး မလှုပ်နိုင်တော့ခြင်း ဖြစ်လေသည်။

ဆန်းလျှန်အသုံးပြုလိုက်သည့်သိုင်းကွက်မှာ "နဂါးပတ်လမ်း" သိုင်းကွက်ဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးမှ ဆရာသခင် တစ်ပါး တီထွင်ထားသည့်သိုင်းကွက်တစ်ခုဖြစ်လေသည်။ ထို ဆရာသခင်က ခရီးတစ်ခုသွားစဉ် ရေထဲမှ ကောင်းကင်ထက် သို့ ပျံတက်သွားသည့် နဂါးတစ်ကောင်ကို အမှတ်မထင်တွေ့ခဲ့ရ ပြီး ထိုသိုင်းပညာကို တီထွင်ခဲ့ခြင်းဖြစ်သည်။ သိမ်းငှက် နတ်မိစ္ဆာ၏အစွမ်းမှာ အံ့သြစရာကောင်းလှပါသော်လည်း နဂါး တစ်ကောင်ကိုတော့ မည်သည့်အခါမျှ ယှဉ်နိုင်မည်မဟုတ်ပေ။ သိမ်းငှက်လက်သည်းများက မည်မျှရက်စက်ပါစေ ဆန်းလျှန် ကတော့ အသာလေးဖြေရှင်းပေးလိုက်လေပြီ။

ဆန်းလျှန်က "နဂါးပတ်လမ်း" သိုင်းကွက်ကို ထိုက်ရှီးစွမ်းအား ဖြင့် ပေါင်းစပ်အသုံးပြုလိုက်ခြင်းဖြစ်လေသည်။ ချင်းရွှမ်နတ် တံခါးမှ "နဂါးပတ်လမ်း" သိုင်းကွက်ကို တီထွင်ခဲ့သူ ဆရာ သခင်သည် အလွန်မှထူးချွန်သည့် ဆရာသခင်တစ်ပါးဖြစ်ပြီး

"လင်ပေါင်နဂါးသိုင်းကျမ်း" ကိုရေးသားခဲ့သူဖြစ်လေသည်။ ထို "လင်ပေါင်နဂါးသိုင်းကျမ်း" မှာ ချင်းရွှမ်နတ်တံခါးတွင် ထို ဆရာသခင်၏ မူပိုင်ပညာရပ်တစ်ခုဖြစ်သည်။ ဟိုင်သန်း အဆင့်အောင်မြင်ပြီးသည့် ကျင့်ကြံသူတစ်ယောက်သာ ထို သိုင်းကျမ်းကိုလေ့ကျင့်ပါက ပြဒါးပညာ ၊ သိုင်းပညာနှင့် အင်း ပညာများတွင် ပိုပြီးတိုးတက်လာမည်ဖြစ်လေသည်။ ချင်းရွှမ် နတ်တံခါး၏ ကျင့်စဉ် တစ်ရာ့ရှစ်မျိုးတွင် ထိပ်တန်းကျင့်စဉ် သုံးဆယ့်ခြောက်ခုအပြင် ကြောက်မက်ဖွယ်ရာကောင်းသည့် ပညာရပ် ခုနစ်ဆယ့်နှစ်ခုလည်းရှိသေးသည်။ ထိုခုနစ်ဆယ့်နှစ် ခုတွင် ကြောက်စရာအကောင်းဆုံးပညာမှာ "လင်ပေါင်နဂါး သိုင်းကျမ်း" ပင်ဖြစ်လေသည်။ ထို "လင်ပေါင်နဂါးသိုင်းကျမ်း" ကို ထိုက်ရှီးစွမ်းအားဖြင့်ပေါင်းစပ် အသုံးပြုနိုင်မည်ဆိုပါက မည်သည့် ပညာကမှ ယှဉ်နိုင်မည်မဟုတ်တော့ပေ။

"နဂါးပတ်လမ်း" သိုင်းကွက်မှာ "လင်ပေါင်နဂါးသိုင်းကျမ်း" ထဲမှ သိုင်းကွက်တစ်ခုဖြစ်လေသည်။ အမှန်ဆိုလျှင် ထိုသိုင်းကျမ်းကို ထိုက်ဝေ့ထိုင်ခန်းမဆောင် ၊ ဒုတိယထပ်တွင် သိုင်းကျမ်းကိုတီထွင်ခဲ့သူ ဆရာသခင်၏ ပုံတူပန်းချီကားချပ်နှင့် အတူ ထားရှိရမည်ဖြစ်လေသည်။ သို့သော် ဘာကြောင့်မှန်းမသိ ထိုသိုင်းကျမ်းက ထိုက်ဝေ့ထိုင်ခန်းမဆောင် ပထမထပ်သို့ ရောက်ရှိနေသောကြောင့် ဆန်းလျန်က ထိုသိုင်းကျမ်းကို အလွယ်တကူပင် ရှာဖွေတွေ့ရှိကာ လေ့ကျင့်ခဲ့ခြင်းဖြစ်လေသည်။

တာအိုကျင့်စဉ်များ၏ထူးခြားချက်မှာ ပုံသေသတ်မှတ်ချက်မျိုးမဟုတ်ဘဲ တရားအလင်းဖြင့် ထိုးဖောက်သိမြင်ရခြင်းများသာဖြစ်လေသည်။ သိမ်းငှက်မိစ္ဆာမှာ သူကဲ့သို့ လက်ထောက်နတ်မိစ္ဆာဘုရင်တစ်ပါးမှာ ဆန်းလျန်လက်ထဲတွင် မရှုမလှ ရှုံးနိမ့်လိမ့်မည်ဟု လုံးဝထင်မထားခဲ့မိပေ။ ယခုတော့ ဆန်းလျ

န်က သူ့ကို ခပ်လွယ်လွယ်ဖြင့်ပင် နှိမ်နင်းလိုက်ပြီဖြစ်လေ

သည်။

ဆန်းလျန်အသုံးပြုလိုက်သည့် ပညာများကို ကြည့်ခြင်း

အားဖြင့် ဆန်းလျန်၏တန်ခိုးစွမ်းအားမှာ အလွန်အဆင့်မြင့်

ကြောင်း သိရှိသွားရပြီး သိမ်းငှက်မိစ္ဆာမှာ အလွန်အမင်း

ကြောက်လန့်နေလေတော့သည်။ နဂါးဆိုသည်က သတ္တဝါ

များ၏ခေါင်းဆောင်ဖြစ်ပြီး မွေးရာပါ တာအိုကျင့်စဉ်အခြေခံ

ပါသည့် သတ္တဝါဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်က

နဂါးပတ်လမ်းသိုင်းကွက်အသုံးပြုလိုက်ခြင်းက သိမ်းငှက်

မိစ္ဆာ၏ စိတ်ဝိညာဉ်ရော ရုပ်ခန္ဓာကိုပါ များစွာထိခိုက်သွားစေ

လေသည်။

ချွေ့ဖိန်တောင်ကို ချွေ့ဖိန်တောင်ဟုခေါ်ရသည်မှာ အကြောင်းရှိ

လေသည်။ တောင်မှာသိပ်ပြီး မြင့်မားလှခြင်းမရှိသည့်တိုင်

အစိမ်းရောင်သစ်ပင်များဖြင့် ပြည့်နက်နေပြီး ကြည့်လေရာ

ရာတွင် အစိမ်းရောင်များကိုသာ မြင်နိုင်လေသည်။ ထို့ကြောင့် "ချွေ့ဖိန်" တောင်ဟု ခေါ်ခြင်းဖြစ်လေသည်။

(ချွေ့ဖိန် = မြစိမ်းရောင်မြင်ကွင်း ဟု အဓိပ္ပါယ်ရ - ဘာသာပြန်သူ)

စိမ်းလန်းလွန်းသော ချွေ့ဖိန်တောင်၏အရှေ့တစ်နေရာတွင် ဂူပေါက်တစ်ခုကိုတွေ့ရလေသည်။ ထိုဂူပေါက်မှာ တောင်၏ချောက်ကမ်းပါးနှင့် မနီးမဝေးတွင်တည်ရှိလေသည်။ တောင်ထိပ်တွင်တော့ ဆောက်လုပ်ဆဲ နန်းတော်ကြီး တစ်ခုကို တွေ့ရလေသည်။ နန်းတော်အဆောက်အဦးကြီးမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်နေလေသည်။ ထို နန်းတော်ကြီး အနားတွင် ရေတံခွန်ကြီးတစ်ခုရှိပြီး ထိုရေတံခွန်ကြီးက ဂူပေါက်နှင့် ဆောက်လုပ်ဆဲ နန်းတော်ကြီးကို ပိုင်းခြားထားလေသည်။

အခန်း (၁၃၆)

ထူးဆန်းသောနတ်မိစ္ဆာ

ထိုဂူပေါက်ဝရှေ့တွင် "ချွေ့ဖိန်ဂူ" ဟု ရေးထိုးထားလေသည်။ ဂူပေါက်ဝပတ်ဝန်းကျင်မှာ သန့်ရှင်းနေပြီး အနံ့အသက်ဆိုးများလည်းမရှိပေ။ ရေသမင်မိစ္ဆာကဲ့သို့သော မိစ္ဆာငယ်လေးပင်လျှင် သန့်သန့်ပြန့်ပြန့်ရှိသည်ကို ဆန်းလျန်က သတိထားမိပြီးသားဖြစ်လေသည်။

နတ်မိစ္ဆာဆိုသည်က သန့်ရှင်းသပ်ရပ်သည့် နတ်မိစ္ဆာ ခပ်ရှားရှားပင်ဖြစ်လေသည်။ လူအသွင်ပြောင်းထားသည့်တိုင် တိရိစ္ဆာန်အငွေ့အသက်များဖြင့်ညစ်ပတ်နေမြဲပင်။

သို့သော် ဆန်းလျှန်ရောက်ရှိနေသည့် ဂူမှာ ယခင်က ချွေ့ဖိန် တောင်စောင့်နတ်နေထိုင်သည့်ဂူဖြစ်နိုင်လေသည်။ နတ်မိစ္ဆာ ဘုရင်က တောင်စောင့်နတ်ကို မောင်းထုတ်ပြီး နေရာကို အပိုင် သိမ်းထားခြင်းပင်။

ဤသည်မှာ ထူးဆန်းသည့်ကိစ္စတော့မဟုတ်ပါ။ အားကြီးသူက အားနည်းသူကို အနိုင်ကျင့်ကြစမြဲပင်ဖြစ်လေသည်။ နတ် ဘုရားများမှာလည်း ထိုအချက်နှင့်ကင်းလွတ်နိုင်ခြင်းမရှိပါ။

သိမ်းငှက်မိစ္ဆာနှင့် ရေသမင်မိစ္ဆာတို့မှာ ဂူတွင်းသို့ ဝင်သွားကြ လေသည်။

ဂူမှာ ကြီးမားကျယ်ဝန်းသော ဂူကြီးတစ်ခုဖြစ်လေသည်။ လေထုမှာလည်း သန့်ရှင်းနေလေသည်။

ဂူထဲတွင် မီးတုတ်များထွန်းထားပြီး ဘေးတစ်ဖက်တစ်ချက် တွင် အဆင့်နိမ့်နတ်မိစ္ဆာငယ်များ တန်းစီပြီးရပ်နေကြလေ သည်။ သူတို့မှာ ဆင်တူဝတ်ရုံများဝတ်ဆင်ထားပြီး စည်းကမ်း

သေဝပ်စွာဖြင့် ငြိမ်သက်နေကြလေသည်။ သူတို့ကိုကြည့်ရ သည်မှာ ဘုရင့်တပ်မတော်မှ စစ်တပ်ဖြင့်ပင် တူနေသေးသည်။ နတ်မိစ္ဆာများမှာ များသောအားဖြင့် စည်းကမ်းရှိသူများမဟုတ် ကြပေ။ ထို့ကြောင့် ယခုကဲ့သို့ တန်းစီပြီး ငြိမ်ငြိမ်သက်သက် ရပ်နေကြသည်မှာ ထူးခြားမှုတစ်ခုပင်။

အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့် ချောမောလှပသည့် မိန်းကလေးတစ်ယောက်က ဂူအတွင်းရှိ ကျောက်ပလ္လင်ထက် တွင်ထိုင်နေလေသည်။ သူမ၏လူများက ဆန်းလျှန်အကြောင်း ပြောပြနေသည်ကို သူမက စိတ်မရှည်သည့်ပုံစံဖြင့် နားထောင် နေလေသည်။

သူမက ရုတ်တရက်လက်ကိုဝှေ့ယမ်းလိုက်သည်နှင့် သိမ်းငှက် မိစ္ဆာမှာ ပါးစပ်ပိတ်ပြီးသား ဖြစ်သွားပြီး စကားဆက်ပြော၍မရ တော့ပေ။ သူမက ရေသမင်မိစ္ဆာကို စကားအရင်ပြောခိုင်းလိုက် လေသည်။

ရေသမင်မိစ္ဆာက ဖြစ်ကြောင်းကုန်စင်ကို အကျဉ်းချုပ်ပြီးပြော

ပြလိုက်သည်။ ရေသမင်မိစ္ဆာ၏စကားဆုံးမှ အစိမ်းရောင်ဝတ်

မိန်းကလေးက သိမ်းငှက်မိစ္ဆာကို ဆက်ပြောခွင့်ပြုလိုက်သည်။

သူမက တပည့်နှစ်ယောက်လုံး၏စကားကို သေချာစွာ

နားထောင်နေသည်။

ထိုအစိမ်းရောင်မိန်းကလေးမှာ ချွေ့ဖိန်တောင်ကိုအပိုင်

သိမ်းထားသည့် နတ်မိစ္ဆာဘုရင်ပင်ဖြစ်လေသည်။ အစိမ်းရောင်

မျက်နှာကိုပိုင်ဆိုင်သည့် လူတစ်ယောက်က သူမအောက်ဘက်

ထိုင်ခုံတစ်ခုတွင်ထိုင်နေလေသည်။ တစ်ချက်ကြည့်လိုက်ရုံဖြင့်

ထိုသူ၏မျက်နှာမှာ ကြောက်စရာကောင်းကြောင်း သိနိုင်လေ

သည်။ ထိုသူက ရုပ်ဆိုးသည်မဟုတ်သော်လည်း သူ၏အစိမ်း

ရောင်မျက်ဝန်းများက ကြောက်မက်ဖွယ်ကောင်းနေခြင်းပင်

ဖြစ်သည်။

ထိုသူမှာ မိစ္ဆာလမ်းစဉ်ကျင့်ကြံသူလား နတ်မိစ္ဆာလားဆိုသည်ကိုတော့ မပြောနိုင်ပါ။

"ဒီတောင်နဲ့မိုင်တစ်ထောင်ပတ်လည်မှာ နတ်ဘုရားကျောင်းတော်ဆိုလို့ တစ်ခုမှမရှိဘူး ၊ ဘယ် မျိုးမစစ်ကောင်က ကျုပ်တို့မင်းကြီးကို လာပြီးနှောင့်ယှက်ရဲတာလဲ"

ထိုသူက ပြောလိုက်လေသည်။

"တစ်ချို့လူတွေက အစွမ်းလေးနည်းနည်းရှိတာနဲ့ ကိုယ့်ကိုကိုယ်အထင်ကြီးနေကြတဲ့သူတွေပါကွာ"

အစိမ်းရောင်မိန်းကလေးကပြောလိုက်သည်။

ထို့နောက်သူမက ကျောက်ပလ္လင်ကို တစ်ချက်ခေါက်လိုက်ပြီး လက်ဖျောက်တစ်ချက်တီးလိုက်သည်။ ထိုအခါ လေထဲတွင် ကျောက်တုံးလေးတစ်တုံးပေါ်လာပြီး အခန်းတစ်ခုလုံး မီးထွန်းထားသကဲ့သို့ လင်းထိန်သွားလေသည်။

ထိုကျောက်တုံးလေးက ကျောက်နံရံအတွင်းသို့ နစ်မြုပ်ဝင်ရောက်သွားပြီး ထိုကျောက်နံရံဘေးတွင် ဆန်းလျှန်ပေါ်လာလေသည်။

မိန်းကလေးတစ်ယောက်က နတ်မိစ္ဆာဘုရင် ဖြစ်နေသည်ဟု ဆန်းလျှန်ထင်မှတ်ထားခဲ့မိခြင်း မရှိပါ။ သို့သော် သူမဆီမှ စိတ်ဖြင့်ဆက်သွယ်သည့် သတင်းစကားရပြီးကတည်းက မိန်းကလေးတစ်ယောက်ဖြစ်နိုင်သည်ဟု ခန့်မှန်းထားမိလေသည်။

စိတ်ချင်းဆက်သွယ်စဉ်က သူမ၏အသံမှာ အေးစက်ပြီးခံစားချက်ကင်းမဲ့သည့် အသံဖြစ်လေသည်။

ယခုဆုံတွေ့ရသည့်အခါတွင်တော့ သူမ၏အသံက အေးစက်ပြီး ခံစားချက်ကင်းမဲ့ခြင်းမျိုးမရှိတော့ပေ။ ထိုအသံတွင် စွဲဆောင်မှုတစ်ခုရှိနေလေသည်။ ထို့ပြင် သူမ၏အသံမှာ ကိုယ့်

ကိုကိုယ်အထင်ကြီးနေဟန်ရှိသည့်တိုင် ချစ်ခင်နှစ်သက်ဖွယ်ရာ ဖြစ်လေသည်။

ချစ်ခင်နှစ်သက်ဖွယ်ရာဆိုသည်မှာ စိတ်ဝိညာဉ်ဆီမှ လာခြင်း ဖြစ်ပြီး အမှတ်ရစရာ တစ်ခုပင်။

"ကျုပ်က မင်းရဲ့လူတွေကို အရင်ရန်စတာမဟုတ်ဘူးနော် ၊ သူတို့က အရင်တိုက်ခိုက်လို့ ကျုပ်က နည်းနည်းပါးပါး ပညာပေးလိုက်တာ ၊ ကျုပ်တို့ လျှောက်တဲ့လမ်းက တခြားစီပဲ မဟုတ်လား၊ ပြီးတော့ မင်းသူတို့ကို စည်းကမ်းတင်းကြပ်ဖို့လိုလိမ့်မယ် ၊ မဟုတ်ရင်တော့ သူတို့သေရင်တောင် သေမှန်းသိမှာ မဟုတ်ဘူး"

ဆန်းလျန်က ပြောလိုက်လေသည်။

သူ့ပုံစံက ဝင့်ဝင့်ကြွားကြွားနှင့်ပင်။ သူက ကျောက်ပလ္လင်ထက်မှ အစိမ်းရောင်မိန်းကလေးကို မော့ကြည့်နေရခြင်းဖြစ်သည့်တိုင် သူ့အကြည့်များက တည့်မတ်တည်ကြည်နေလေသည်။

"ဒီတောင်ပေါ်မှာ ဝိညာဉ်အလင်းရနေတဲ့သတ္တဝါတွေမှတစ်ပုံကြီး ၊ ကျုပ်လိုသလောက်ရှာလို့ရတယ် ၊ သူတို့သေသွားတော့ ရော ဘာအရေးလဲ ၊ ထားလိုက်ပါလေ ၊ မင်းက ကျုပ်ကိုမေး စရာရှိတယ်လို့ သတင်းရတယ် ၊ ဘာများမေးစရာရှိလို့လဲ" အစိမ်းရောင်မိန်းကလေးက ပြုံးပြီးပြောလိုက်လေသည်။

သူမဝတ်ဆင်ထားသည့် အစိမ်းရောင်ဝတ်ရုံပေါ်တွင် ရုပ်ပုံများ ရှိနေလေသည်။ အနီးကပ်ကြည့် ရှုမည်ဆိုပါက ထောင်နှင့်ချီ နေသည့် မျက်လုံးပုံများဖြစ်ကြောင်း သိနိုင်လေသည်။

ဆန်းလျန်မှာ "ထင်ကျန်းဝမ့်ချီ" ပညာကို မလေ့ကျင့်ရသေး သဖြင့် နတ်မိစ္ဆာ၏ ပုံသဏ္ဍာန်အမှန်ကို ကြည့်နိုင်စွမ်းမရှိပေ။ "ထင်ကျန်းဝမ့်ချီ" ပညာကို လေ့ကျင့်အောင်မြင်ထားသည့် တာ အိုဆရာဆိုလျှင်တော့ နတ်မိစ္ဆာ၏ပုံသဏ္ဍာန်အမှန်ကို မြင်နိုင် မည်ဖြစ်လေသည်။ ထို့ပြင် ထိပ်တန်းအဆင့်နတ်မိစ္ဆာများမှာ သူတို့၏မူလပုံသဏ္ဍာန်ကို ဖုံးကွယ်ထားတတ်လေသည်။

အဘယ်ကြောင့်ဆိုသော် အခြားသူများက မိမိ၏ပုံသဏ္ဍာန်ကို သိရှိပါက အားနည်းချက်ကိုပါသိရှိသွားပြီး အလွယ်တကူ တိုက်ခိုက်နိုင်မည်ကို စိုးရိမ်သောကြောင့် ဖြစ်လေသည်။

လောကတွင် အရှိန်အဝါကြီးမားစွာရပ်တည်နေကြသည့် နတ်ဘုရားကျောင်းတော်ကြီးလေးခုရှိပြီး ထိုကျောင်းတော်ကြီးများတွင် အရည်အချင်းပြည့်ဝသည့် တပည့်များစွာရှိလေသည်။ ထိုတပည့်များမှာ အရည်အချင်းပြည့်ဝရုံသာမက ထူးခြားသည့်အစွမ်းများလည်း ကိုယ်စီပိုင်ဆိုင်ထားကြလေသည်။ မျိုးဆက်တစ်ခုချင်းစီတိုင်းတွင် ဖော့ဝမ့်အဆင့်ထိ တက်ရောက်နိုင်သည့်ကျင့်ကြံသူများရှိကြပြီး နတ်ဘုရားကျောင်းတော်များ၏ ကျင့်စဉ်လမ်းများ၏ အားနည်းချက်များကို ပြုပြင်ပေးနိုင်ကြလေသည်။ သို့သော် ဟိုင်သန်းအဆင့်နှင့်ဖော့ဝမ့်အဆင့်များအောင်မြင်ပြီးသွားသည့်တိုင် တာအိုကျင့်စဉ်လမ်းက ပြီးဆုံးသွားခြင်းမရှိပါ။ မဆုံးနိုင်သောကျင့်စဉ်လမ်း

သည် ရှည်လျားပြီး ခက်ခဲဆဲဖြစ်လေသည်။ စိတ်ကိုလေ့ကျင့်ရသည့် အလွန်အမင်း ခက်ခဲနက်နဲသည့် ခရီးရှည်ကြီးဖြစ်သောကြောင့် ရှင်းမပြနိုင်လောက်အောင် နက်နဲလှလေသည်။ ထို့ကြောင့် ဆန်းလျန်၏အဆင့်မျှဖြင့် နတ်မိစ္ဆာ၏ ပုံသဏ္ဍာန်အစစ်အမှန်ကို မကြည့်နိုင်ခြင်းမှာ အားနည်းချက်ဟု ပြော၍မရပါ။

အစိမ်းရောင်မိန်းကလေးမှာလည်း ဆန်းလျန်ကို ခန့်မှန်း၍မရဖြစ်နေရလေသည်။ ဆန်းလျန်ထံမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများမှာ ရောနှောနေပြီး အချိန်နှင့်အမျှပြောင်းလဲနေလေသည်။ ထို့ကြောင့် ဆန်းလျန်၏တန်ခိုးကို ခန့်မှန်းရန်အတွက် အစိမ်းရောင်မိန်းကလေးမှာလည်း ခက်ခဲနေရလေသည်။

လူသားနှင့် နတ်မိစ္ဆာများအတူယှဉ်တွဲနေထိုင်ရန် မဖြစ်နိုင်ဟု လူအများက ပြောလေ့ရှိကြသည်။ သို့သော် နတ်မိစ္ဆာတစ်ပါး

သည် နတ်မိစ္ဆာဘုရင်အဆင့်ထိရောက်လာပြီး လူသားတစ်ယောက်မှာလည်း တာအိုကျင့်စဉ်လမ်း အဆင့်တစ်ခုသို့တက်လှမ်းနိုင်ကြပြီဆိုလျှင် သူတို့နှစ်ဦးမှာ အပြန်အလှန်နားလည်မှုရှိကြလေသည်။ ထိုအခါမျိုးတွင် တစ်ယောက်နှင့်တစ်ယောက် မလိုအပ်ဘဲ သွားရောက်ရန်စသည့်အလုပ်မျိုးကို မည်သူမျှ မလုပ်ကြပါ။

အစိမ်းရောင်မိန်းကလေးမှာ လူအသွင်ပြောင်းသည့်ပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်သူဖြစ်လေသည်။ သူမက ခပ်တုံးတုံးနတ်မိစ္ဆာတစ်ပါးမဟုတ်ပါ။ ဆန်းလျန်တောင်းသည့်အကူအညီအနည်းအပါးကို သူမက ပေးလိုက်နိုင်လေသည်။ သို့သော် ဆန်းလျန်က သူမကို အန္တရယ်ပြုမည်ဆိုလျှင်တော့ သူမကလည်း သက်ညှာနေမည်မဟုတ်ပေ။

ဆန်းလျန်က အေးချမ်းစွာတစ်ချက်ပြုံးလိုက်ရင်း....

"ကျုပ်က လမ်းမေးချင်လို့ပါ ၊ သေစခြင်းကျောင်းတော်ဆိုတာ ဘယ်နားမှာများရှိလဲ သိနိုင်မလား"

ဆန်းလျန်၏အမေးကြောင့် မိန်းကလေး၏မျက်လုံးများပြူးကျယ်သွားပြီး အေးစက်စက်လေသံထွက်လာလေသည်။

"ဘာလို့မေးရတာလဲ"

"သေစခြင်းကျောင်းတော်က ဆရာသခင်ချန်ကျန့်မေက ကျုပ်ရဲ့ဂိုဏ်းတူအစ်ကိုပါ"

ဆန်းလျန်စကားဆုံးသည်နှင့် ခန်းမတစ်ခုလုံးအေးစိမ့်လာသလို ခံစားလိုက်ရလေသည်။ ခန်းမထဲမှ မျက်လုံးပေါင်းများစွာက သူ့ကိုဝိုင်းကြည့်နေကြလေသည်။ အချို့မှာ အလွန်မှကြောက်လန့်သည့်ပုံပေါက်နေပြီး အချို့မှာဒေါသထွက်သည့်ပုံပေါက်နေလေသည်။

"ကြည့်ရတာ သူတို့က ဂိုဏ်းတူအစ်ကိုချန်ကျန့်မေကို သဘောမကျကြဘူးနဲ့တူတယ်"

ဆန်းလျှန်တွေးလိုက်မိလေသည်။

ဆန်းလျှန်အနေဖြင့် သေစခြင်းကျောင်းတော်၏အမည်ကို သာကြားဖူးပြီး မည်သည့်နေရာတွင် တည်ရှိသည်ကို မသိသည့်အတွက် လမ်းမေးရန်အတွက်သာ ရည်ရွယ်ထားလေသည်။ သာမန်လူထက်ဆာလျှင် နတ်မိစ္ဆာတစ်ပါးကတော့ ကောင်းကောင်းသိနိုင်လေသည်။

ချန်ကျန့်မေ ချင်းရှမ်နတ်တံခါးမှထွက်ခွာသွားသည်မှာ ဆယ့်ခြောက်နှင့်ရှိပြီဖြစ်လေသည်။ ဆယ့်ခြောက်နှစ်အတွင်းတွင် ချန်ကျန့်မေ၏အဆင့်မှာ ဟိုင်သန်းအဆင့်ထက်လည်း ကျော်လွန်သွားနိုင်ပြီဖြစ်သည်။ ဆယ့်ခြောက်နှစ်ဆိုသည်က အလွန်ရှည်ကြာသည့်အချိန်မဟုတ်သည့်တိုင် တိုလွန်းသောအချိန်လည်းမဟုတ်ပေ။

သို့သော် ထိုအချိန်ကာလအတွင်း ရှီးဟွမ်ရှိ ကျင့်ကြံသူလောကနှင့် နတ်မိစ္ဆာများအကြားတွင် သေစခြင်းကျောင်းတော်

တည်နေရာကို ကောင်းကောင်းသိရှိရန်အတွက် အချိန်

လုံလောက်လေသည်။

"မင်းက တကယ်ပဲ အဲဒီနေရာသွားဖို့လမ်းမေးချင်တဲ့ ကိစ္စတစ်

ခုပဲရှိတာလား"

မိန်းကလေးက မေးလိုက်လေသည်။

"အမှန်ပါပဲ"

ဆန်းလျန်က ပြုံး၍ပြန်ဖြေလိုက်သည်။

အစိမ်းရောင်ဝတ်မိန်းကလေးက သူမ၏လက်ချောင်းလေးများ

ကို ဝှေ့ယမ်းလိုက်သည်။ ထိုအခါ သူမဝတ်ဆင်ထားသည့်

အစိမ်းရောင်ဝတ်ရုံမှ မျက်လုံးပုံသဏ္ဍာန်များမှာ စတင်တောက်ပ

လာလေသည်။

တစ်ချိန်တည်းမှာပင် သူမလက်ချောင်းများဆီမှ အနက်ရောင်

အငွေ့များနှင့် အဖြူရောင်အငွေ့များထွက်ပေါ်လာလေသည်။

ဆန်းလျန်ကတော့ အံ့ဩထိတ်လန့်သွားခြင်း တစ်ချက်ပင်မရှိ

ဘဲ စူးစိုက်ကြည့်နေလေသည်။

အဖြေရောင်အငွေ့များနှင့်အနက်ရောင်အငွေ့များမှာ

မိန်းကလေး၏ရှေ့ သုံးပေအကွာတွင် ရပ်တန့်သွားလေသည်။

ထို့နောက် တောင်များနှင့် မြစ်ချောင်းအင်းအိုင်များ၏ပုံများ

ပေါ်လာပြီး တကယ့်အစစ်အမှန်ပုံသဏ္ဍာန်များနှင့် ဆင်တူလေ

သည်။ ထိုပုံသဏ္ဍာန်များထဲတွင် အစက်နှစ်စက်ရှိနေလေသည်။

အစက်တစ်ခုမှာ အနက်ရောင်ဖြစ်ပြီး နောက်အစက်တစ်ခုမှာ

အဖြူရောင်ဖြစ်လေသည်။

"အဖြူရောင်အစက်လေးက ချွေ့ဖိန်တောင်ပဲ ၊ အနက်ရောင်

အစက်ကတော့ သေစေခြင်းကျောင်းတော်ပဲ"

အစိမ်းရောင်ဝတ်မိန်းကလေးက ပြောလိုက်လေသည်။

ဆန်းလျန်မှာ အစိမ်းရောင်ဝတ်မိန်းကလေး၏ ပညာကို မ

လေးစားဘဲမနေနိုင်ဖြစ်ရလေသည်။

မိန်းကလေး၏လက်ချောင်းများမှ ထုတ်လွှတ်လိုက်သည့် အနက်ရောင်နှင့်အဖြူရောင် အငွေ့များမှာ "ယင်" နှင့် "ယန်" စွမ်းအားများပင်ဖြစ်လေသည်။ "ယင်" နှင့် "ယန်" စွမ်းအားကို ယခုကဲ့သို့ အဆင့်မြင့်စွာထိန်းချုပ်နိုင်ပြီး တောတောင်ရေမြေများ၏ပုံသဏ္ဍာန်တူကိုဖန်ဆင်းနိုင်ရလောက်အောင် အဆင့်မြင့်မားသော နတ်မိစ္ဆာ၏ဇာစ်မြစ်ကို ဆန်းလျှန်သိချင်နေမိသည်။

သို့သော် ဆန်းလျှန်က စိတ်ထဲကသာ အံ့သြနေခြင်းဖြစ်ပြီး မျက်နှာကတော့ မအံ့သြသည့်သဘောဖြင့် ပြုံးထားဆဲပင်။ သူက သေစေခြင်းကျောင်းတော် တည်ရှိရာနေရာကို သေသေချာချာမှတ်သားထားလိုက်လေသည်။ ကြည့်ရသည်မှာ သူ့အတွက် ခရီးရှည်ဦးမည်ဖြစ်လေသည်။

အခန်း (၁၃၇)

မျှော်မီးတောက်

တကယ်တော့ ဆန်းလျန်မှာ "စိတ်ဝိညာဉ်ငြိမ်းအေးခြင်း" အဆင့်သို့ ရောက်ရှိနေသည်ကို သတိမထားမိစဉ်မှာပင် အချိန်များက ကုန်ဆုံးသွားရခြင်းဖြစ်လေသည်။

စိတ်ဝိညာဉ်ငြိမ်းအေးနေသည့်အခါတွင် နှစ်ပေါင်းတစ်ရာနှင့် အချိန်တစ်စက္ကန့်မှာလည်း ခြားနားမှုရှိမည်မဟုတ်ပေ။

ထိုသို့ စိတ်ဝိညာဉ်ငြိမ်းအေးနေသည့်အတွက် သူက အန္တရယ်ကင်းကင်းဖြင့် ရှီးဟွမ်နယ်ဆိုးအတွင်းသို့ တိုးဝင်မိခြင်းဖြစ်လေသည်။

ထို့နောက် ရေသမင်မိစ္ဆာ၏ သီချင်းသံကြောင့် သတိပြန်ဝင်လာခြင်းဖြစ်လေသည်။ ရေသမင်မိစ္ဆာနှင့်တွေ့သည့် အချိန်တွင်

သူက စိတ်ဝိညာဉ်ငြိမ်းအေးခြင်းအဆင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေခြင်းဖြစ်ပြီး ရေသမင်မိစ္ဆာကသူ့ကို ပြဿနာရှာခြင်းဖြစ်လေသည်။

ချွေ့ဖိန်တောင်မှာ ထူးခြားသည့်တောင်တစ်လုံးမဟုတ်သလို အလွန်နက်ရှိုင်းခြင်းလည်းမရှိပါ။ သို့သော် သာယာသည့်နေရာဖြစ်သည့်အတွက် ဆန်းလျန်လည်း နယ်ကျွံခဲ့ရခြင်းဖြစ်လေသည်။

ဘဝတွင် မရနိုင်သည့်အရာကိုမှ လိုချင်သည့်အခိုက်အတန့်များစွာ ရှိခဲ့ဖူးမည်ဖြစ်လေသည်။ ထို့အတူ မလိုချင်သည်များကို ရလာသည့် အခိုက်အတန့်များစွာလည်း ရှိပေလိမ့်မည်။ ဆန်းလျန်အနေဖြင့် ဟိုင်သန်းအဆင့်ကို တက်ရောက်ချင်နေမိပြီ။ သို့သော် သူ၏စိတ်ဝိညာဉ်ငြိမ်းအေးခြင်းအဆင့်က ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် မည်သို့မျှ အထောက်အကူမပြုနိုင်ခဲ့ပေ။

ဆန်းလျန်၏ခေါင်းထဲတွင် အတွေးတို့ဖုံးလွှမ်းရင်းဖြင့်ပင်
သူက အစိမ်းရောင်မိန်းကလေးကို ကျေးဇူးတင်စကားပြော
လိုက်သည်။

"ကျေးဇူးပါပဲ"

"မင်းလိုချင်တဲ့အဖြေသိရပြီပဲ ၊ သွားပါတော့"

အစိမ်းရောင်မိန်းကလေးက အေးစက်စွာဖြင့်ပြောလိုက်လေ
သည်။

ထိုစဉ် အစိမ်းရောင်မိန်းကလေး၏ အောက်ဘက်ထိုင်ခုံတစ်ခု
တွင်ထိုင်နေသည့် မျက်နှာအစိမ်းရောင်နှင့်လူက ဝင်ပြောလိုက်
သည်။

"တာအိုကျင့်ကြံသူမိတ်ဆွေလေး ၊ ကျုပ်တို့နဲ့ခဏတစ်ဖြုတ်နေ
ပြီး တာအိုကျင့်စဉ်လမ်းအကြောင်း ဆွေးနွေးလို့တော့ ရတယ်မ
လား"

အစိမ်းရောင်မျက်နှာနှင့်လူက ဆန်းလျန်ကို ထိုသို့ပြောပြီးသည်နှင့် အစိမ်းရောင်ဝတ်မိန်းကလေးဘက်သို့ တစ်ချက်လှည့်လိုက်ပြီး…

"မင်းကြီး ၊ ကျုပ်ကလူသားလည်းစားလေ့မရှိပါဘူး ၊ ဒီတော့ ဒီနေ့အဖို့ သက်သတ်လွတ်ပဲ စားလိုက်ကြရအောင်လေ"

ဟု ပြောလိုက်လေသည်။

သူက ဆန်းလျန်အတွက် စဉ်းစားပေးသည့်သဘောဖြင့် ထိုသို့ပြောလိုက်ခြင်းဖြစ်လေသည်။

နတ်မိစ္ဆာများက လူများ၏အသားကိုစားကြပြီး လူသားများကလည်း နတ်မိစ္ဆာများ(တိရိစ္ဆာသတ္တဝါများ)၏အသားကို စားကြလေသည်။ သို့သော် လူသားများကတော့ နတ်မိစ္ဆာများလူသားစားသည့်ဓလေ့မှာ ရွံလှျာဖွယ်ဖြစ်သည့်အရာဟု ရှုမြင်လေသည်။

"မလိုပါဘူး ၊ ကျုပ်တို့တွေရဲ့ ကျင့်စဉ်လမ်းတွေက တူမှမတူကြ တာ ၊ ဆွေးနွေးကြမယ်ဆိုရင်လဲ အငြင်းပွားကြရုံပဲရှိမှာပေါ့ဗျာ" ဆန်းလျန်က ပြန်ပြောလိုက်သည်။

အစိမ်းရောင်မျက်နှာနှင့်လူ၏မျက်နှာတွင် အစိမ်းရောင်တစ်ချက် လင်းလက်သွားလေသည်။ သူက စူးရှသော အကြည့်ဖြင့် ဆန်းလျန်ကို စိုက်ကြည့်လိုက်ပြီး...

"မင်းကဆန္ဒမရှိဘူးဆိုရင်လည်း ထားလိုက်ပါတော့"

ဟု ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဂူထဲမှ ထွက်လာခဲ့လေသည်။

ဆန်းလျန်ထွက်သွားသည်နှင့် အစိမ်းရောင်မျက်နှာနှင့်လူ၏ရှေ့တွင် ရှည်လျားသည့်အရိပ်ကြီးတစ်ခုပေါ်လာပြီး ဆန်းလျန်ရပ်သွားခဲ့သည့် ဂူထဲမှနေရာသို့ အစိမ်းရောင်မှော်မီးတောက်များဖြင့် ရစ်ပတ်လိုက်လေသည်။

သို့သော် ထိုမီးတောက်များက မည်သည့်တုန့်ပြန်မှုမှမရှိဘဲ အစိမ်းရောင်မျက်နှာနှင့်လူ၏ ခန္ဓာကိုယ်ထဲသို့ ပြန်လည်တိုးဝင်ကာ ပျောက်ကွယ်သွားကြလေသည်။

ထိုဖြစ်ရပ်ကြောင့် အစိမ်းရောင်မိန်းကလေးပင် အံ့အားသင့်သွားရပြီး ဘေးတစ်ဖက်တစ်ချက်တွင် ရပ်တန့်နေကြသည့် အဆင့်နိမ့်နတ်မိစ္ဆာလေးများမှာတော့ ထိတ်လန့်တုန်လှုပ်ကာ ကြက်သေသေသွားကြလေသည်။

"ဒီလူက ကျုပ်ရဲ့ဂူဗိမာန်ထဲဝင်လာရဲတဲ့အထိ သတ္တိရှိတယ်၊ သတ္တိရှိရုံသာမကဘူး တန်ခိုးစွမ်းအားလည်းကြီးတယ်၊ ဒါပေမယ့် သူကကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာတွေ ဘာတစ်ခုမှ စွက်ဖက်မသွားဘူး၊ ဒါပေမယ့် ကျုပ်သိချင်တာက မင်းရဲ့မှော်မီးတောက်က သူ့အပေါ်မှာဘာလို့ မသက်ရောက်ရတာလဲ"

အစိမ်းရောင်ဝတ်မိန်းကလေးက သိချင်စိတ်ပြင်းပြစွာဖြင့် မေးလိုက်လေသည်။

အစိမ်းရောင်မျက်နှာနှင့်လူက လေးလေးနက်နက်စဉ်းစားပြီးမှ အဖြေပေးလိုက်သည်။

"ကျုပ်လည်းနားမလည်နိုင်ဘူး ၊ ဒီမှော်မီးတောက်က အသူရာချောက်ကိုးဆင့်က ငရဲမီးမျိုးစေ့ကနေ ကျင့်ကြံထားတာ ၊ အသူရာချောက်ကိုးဆင့်က ငရဲမီးအစစ်မဟုတ်ပေမယ့် လူတစ်ယောက်ရဲ့ဝိညာဉ်ကိုတော့ လောင်ကျွမ်းသွားစေနိုင်တဲ့အစွမ်းရှိတယ် ၊ ဒါပေမယ့် ဒီလူရဲ့ဝိညာဉ်မှာ လောင်ကျွမ်းစေနိုင်တဲ့အရာမရှိဘူး"

"မင်းရဲ့ဆရာကို မေးကြည့်ပါလား ၊ သူသိချင်သိမှာပေါ့"

အစိမ်းရောင်ဝတ်မိန်းကလေးက ပြောလိုက်သည်။

အစိမ်းရောင်မျက်နှာနှင့်လူ၏မျက်နှာတစ်ချက်ပျက်သွားလေသည်။ ထိုအချက်ကို အစိမ်းရောင်ဝတ်မိန်းကလေးက သတိပြုလိုက်မိသည်။

"မင်းကြီး ၊ မနောက်ပါနဲ့ ၊ ဆရာကကျုပ်ကိုလာမရှာရင် ဆရာဘယ်မှာလဲဆိုတာ ကျုပ်သိရတာမှမဟုတ်တာ"

ဟု ပြန်ပြောလိုက်သည်။

အစိမ်းရောင်ဝတ်မိန်းကလေးက ပြုံးလိုက်ရင်း...

"မင်းရဲ့ဆရာကို သွားရှာဖို့ပြောနေတာမဟုတ်ပါဘူး ၊ မင်းရဲ့ဆရာနဲ့နောက်တစ်ခါတွေ့ရင် မေးကြည့်ဖို့ပြောတာပါ ၊ သူက ချင်းရှမ်နတ်တံခါးအကြောင်း တော်တော်သိတယ်မဟုတ်လား”

ဟု ပြောလိုက်လေသည်။

အစိမ်းရောင်မျက်နှာနှင့်လူမှာ အစိမ်းရောင်ဝတ်မိန်းကလေးကသူ့ကို စမ်းသပ်နေသည်လားဟု မသေမချာဖြစ်နေရလေသည်။

ဤနတ်မိစ္ဆာဘုရင်မှာ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်အတွင်းတာ့မင်ဝမ်ကျောင်းတော်မှ လွတ်မြောက်အောင် ရှောင်တိမ်းနိုင်သည့် တစ်ပါးတည်းသော နတ်မိစ္ဆာဘုရင်ဖြစ်လေသည်။

သူမ၏အဆင့်မှာ ကျင့်ကြံသူတစ်ယောက်၏ ဟိုင်သန်းအဆင့်

နှင့်တူညီနေပြီဖြစ်သည့်အပြင်မမှန်းဆနိုင်သည့် အခြားသော
တန်ခိုးစွမ်းအားများကိုလည်း ပိုင်ဆိုင်ထားသူဖြစ်လေသည်။
အချို့နတ်မိစ္ဆာများမှာ မွေးရာပါတန်ခိုးစွမ်းအားများ ပိုင်ဆိုင်
ထားကြလေသည်။ ထိုတန်ခိုးစွမ်းအားများမှာ မည်သို့မျှ ဖျက်
စီး၍မရနိုင်ပေ။ အချို့သောစွမ်းအားများဆိုလျှင် နတ်ဘုရား
များနှင့် တာအိုဆရာများထက်ပင် အဆင့်မြင့်ကြသေးသည်။
အစိမ်းရောင်ဝတ်မိန်းကလေးမှာတော့ မွေးရာပါတန်ခိုး
စွမ်းအားများသာမက ကျင့်ကြံခြင်းမှရရှိသည့်တန်ခိုးစွမ်းအား
များမှာလည်း ကြီးမားလေသည်။ ထို့ပြင် သူမက လွန်စွာမှ
ဗဟုသုတလည်း ကြွယ်ဝသူဖြစ်လေသည်။
အစိမ်းရောင်မျက်နှာနှင့်လူ၏ဆရာမှာ လက်ရှိခေတ်တွင်
အလွန်ရက်စက်ကြမ်းတမ်းသူတစ်ယောက်အဖြစ် ကျော်ကြား
လေသည်။ သူ့အကြောင်းကို အမြဲတမ်းလျှို့ဝှက်ထားတတ်ပြီး

မည်သည့်နေရာတွင် ရှိနေသည်လဲဆိုသည်ကို မည်သူမျှ မသိနိုင်ကြပေ။

အစိမ်းရောင်မျက်နှာနှင့်လူက ထိုအကြောင်းကို ဆက်မပြောချင်တော့သဖြင့် စကားလမ်းကြောင်းလွှဲလိုက်သည်။

"မင်းကြီး နန်းတော်တစ်ခုဆောက်ချင်နေတာ ကျုပ်ဆရာက သိပါတယ်၊ သာမာန်ကျောက်တုံးတွေက မိုးဒဏ် လေဒဏ်ကိုခံနိုင်မှာမဟုတ်ဘူး၊ ပြိုကျကုန်ရင် မင်းကြီး စိတ်အနှောင့်အယှက်ဖြစ်ရလိမ့်မယ်၊ ဒါကြောင့် ဝိညာဉ်ကျောက်တုံးတွေကိုသန့်စင်ပြီး နန်းတော်တည်ဆောက်သင့်တယ်၊ ဒါကြောင့် မင်းကြီးအတွက် အသုံးဝင်မယ့် ပစ္စည်းလေးတစ်ခုကျုပ်ယူလာခဲ့တယ်"

အစိမ်းရောင်မျက်နှာနှင့်လူက ပြောလိုက်လေသည်။

ထို့နောက် သူက အိမ်ပုံစံပစ္စည်းလေးတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုပစ္စည်းလေးမှာ ဝိညာဉ်စွမ်းအားများ ပြည့်ဝနေလေ

သည်။ ဆန်းလျန်သာ ထိုပစ္စည်းလေးကိုတွေ့မည်ဆိုပါက ဆရာ

စူး၏ စူးကျားပေါင်အိမ်ပုံစံ အသေးစားလေးဖြစ်သည်ကို

ချက်ချင်းပင် မှတ်မိမည်ဖြစ်လေသည်။

စြက်ာဝဠာကြီးက လွန်စွာမှကျယ်ပြန့်လွန်းပြီး ဆန်းလျန်မှာ

လွန်စွာမှ အတွေ့အကြုံ နည်းသေးသည်။

ဆန်းလျန်မှာ ချွေ့ဖိန်တောင်ပိုင်နက်ထဲမှ ချက်ချင်းပင် ထွက်

သွားခဲ့လေသည်။ ချွေ့ဖိန်တောင်မှ နတ်မိစ္ဆာဘုရင်မှာ ရိုင်းစိုင်း

ရက်စက်ရုံမျှမက အစိမ်းရောင်မျက်နှာနှင့်လူ၏တန်ခိုး

စွမ်းအားမှာလည်း မှန်းဆ၍မရနိုင်ပေ။

အစိမ်းရောင်မျက်နှာနှင့်လူကို နိုင်အောင်တိုက်ခိုက်နိုင်ပါမည်

လားဆိုသည်ကို ဆန်းလျန်မသေချာပေ။ ထိုလူ၏ မျော်

မီးတောက်ကို သူ၏ဝိညာဉ်ကို လာရောက်ထိခိုက်သည်ကို သူ

ခံစားမိလေသည်။ ထိုမျော်မီးတောက်မှာ "ယင်" စွမ်းအား

မီးတောက်တစ်ခု ဖြစ်သည်။

သို့သော် ထိုမီးတောက်က သူ့ကိုလာရောက်ရိုက်ခတ်သည့်အခါ ဆန်းလျန်၏ခန္ဓာကိုယ်က အလိုလိုခုခံပြီးသားဖြစ်နေလေသည်။ ထိုမီးတောက်မှာ မီးတောက်အလုံးကြီးကဲ့သို့ဖြစ်ပြီး လူ့သားဝိညာဉ်မှာ ဆီအိုးတစ်ခုကဲ့သို့ဖြစ်လေသည်။ ထိုမီးတောက်သာ ဝိညာဉ်နှင့်ထိမိပါက ဆီအိုးတစ်ခုအတွင်းသို့ မီးတောက်ကြီးတစ်ခုကျလာသည့်ပမာ ဝိညာဉ်တစ်ခုလုံး လောင်ကျွမ်းသွားမည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်၏ဝိညာဉ်ကတော့ ဆီအိုးကဲ့သို့မဟုတ်ဘဲ ရေများဖြင့်ပြည့်နေသည့် ရေအိုးကဲ့သို့ဖြစ်နေလေသည်။ ထို့ကြောင့် မီးတောက်မှာ အလိုလိုငြိမ်းသွားရလေသည်။

ထိုမီးတောက်မှာ ရှေးကျသည့် ပညာရပ်တစ်ခုလည်းဖြစ်ဟန်တူလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုမီးတောက်ကိုကာကွယ်ရန် ထိုက်ရှီးစွမ်းအားများ၏အကာအကွယ်မယူနိုင်ခင်မှာ

ပင် ထိုမီးတောက်က သူ့ဝိညာဉ်ကိုလာရောက်ထိမှန်ခြင်းဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်ထဲမှ အေးစိမ့်သည့် စွမ်းအားတစ်ခုထွက်လာပြီး ထိုမီးတောက်၏တိုက်ခိုက်မှုကို အလိုလိုခုခံပြီးသားဖြစ်နေလေသည်။

ထိုအေးစိမ့်သည့်စွမ်းအားမှာ ဆန်းလျန်အတွက်တော့ အဆန်းမဟုတ်ပါ။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ဆန်းလျန်မှာ ဝိညာဉ်မြစ်ရေထဲတွင် ရေစိမ်နေတတ်သူဖြစ်လေသည်။ ထိုစွမ်းအားမှာ ဝိညာဉ်မြစ်ရေမှရသည့် အေးစိမ့်သည့် စွမ်းအားဖြစ်လေသည်။

အစိမ်းရောင်မျက်နှာနှင့်လူ၏ မှော်မီးတောက်ကို ထိန်းချုပ်နိုင်သည်မှာ ဝိညာဉ်မြစ်ရေမှ ရရှိသည့် စွမ်းအားများကြောင့်လားဟု ဆန်းလျန်တွေးနေမိသည်။

အမှန်တော့ ဆန်းလျန်က နတ်မိစ္ဆာဘုရင်နှင့်တွေ့လျှင် သေစေ
ခြင်းကျောင်းတော်သို့ လမ်းမေးခြင်းအပြင် နတ်မိစ္ဆာကို
ယဉ်ပါးအောင် နှိမ်နင်းပြီး လူသားမစားရန် စည်းရုံးချင်မိလေ
သည်။ သို့သော် အစိမ်းရောင်ဝတ်မိန်းကလေးထံမှ ရန်လိုသည့်
အငွေ့အသက်များနှင့် အစိမ်းရောင်မျက်နှာနှင့်လူထံမှ စိမ့်ထွက်
နေသည့် ကြီးမားသည့် စွမ်းအားများကြောင့် ဆန်းလျန် ပြောင်း
လိုက်ရခြင်းဖြစ်လေသည်။ ထိုနှစ်ယောက်နှင့်သာတိုက်ခိုက်
မည်ဆိုလျှင် ဆန်းလျန်အတွက်နိုင်ချေလုံးဝ (လုံးဝ) မရှိနိုင်ပေ။
ကျိန်းသေရှုံးနိမ့်ရမည် ဖြစ်လေသည်။
ချွေ့ဖိန်တောင်နတ်မိစ္ဆာဘုရင်၏တန်ခိုးစွမ်းအားမှာ
လောကနတ်ဘုရားတစ်ပါးအဆင့်မျှ ရှိနေပြီဖြစ်ကြောင်း ဆန်း
လျန် ခန့်မှန်းမိသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန် ဂူ
အပြင်တွင်ရပ်နေသည့်အချိန်မှာပင် ထိုနတ်မိစ္ဆာဘုရင်က
သူ၏တည်ရှိမှုကို အာရုံခံကာ သိရှိနေသောကြောင့်ဖြစ်သည်။

သို့သော် အစိမ်းရောင်ဝတ်မိန်းကလေးမှာ သေစေခြင်းကျောင်း

တော်တည်နေရာကို တုန့်ဆိုင်းခြင်းပင်မရှိဘဲ လွယ်လွယ်နှင့်

ပြောပြလိမ့်မည်ဟု သူမထင်မိခဲ့ပေ။

အစိမ်းရောင်ဝတ်မိန်းကလေးက အိမ်ပုံသဏ္ဍာန်ပစ္စည်းလေး

အားယူလိုက်ပြီး ဆော့ကစားသလို လှည့်ပတ်နေလိုက်သည်။

ထို့နောက်မှ ပျင်းရိသောလေသံဖြင့်....

"ဒီအသွင်ပြောင်းပစ္စည်းလေးက ကောင်းတော့ကောင်းပါတယ်

၊ ဒါပေမယ့် အရင်ပိုင်ရှင်ဆီက သဲလွန်စတွေကိုရော

ဖျောက်ဖျက်ခဲ့ရဲ့လား ၊ ဒါနဲ့ မင်းက ဒီပစ္စည်းကျုပ်ကိုပေးတာ

ဘာများတောင်းဆိုချင်တာရှိသေးလဲ"

ဟု မေးလိုက်လေသည်။

"ကျုပ်ဆရာပြောတာကတော့ သူက မိတ်ဆွေဖွဲ့ချင်တာပါတဲ့ ၊

တခြားဖုံးကွယ်ထားတဲ့ကိစ္စမရှိပါဘူး"

အစိမ်းရောင်မျက်နှာနှင့်လူက ပြုံးပြီးပြောလိုက်လေသည်။

သူ၏အရုပ်ဆိုးဆိုးမျက်နှာကြီးမှာ ပြုံးလိုက်သည့်အခါ ပိုပြီး ကြည့်ရဆိုးလေသည်။

"ကောင်းပြီလေ ၊ ဒါဖြင့်လဲ မင်းရဲ့စေတနာကိုလက်ခံလိုက်မယ်"

အစိမ်းရောင်မိန်းကလေးက ပြန်ပြောလိုက်သည်။

"ဒါနဲ့ ကျုပ်မေးစရာတစ်ခုရှိတယ် ၊ မင်းကြီးက သူ့ကို သေစေခြင်းကျောင်းတော်တည်နေရာကို ဘာလို့ ပြောပြလိုက်ရတာလဲ ၊ ကျုပ်သိသလောက် ဓားတန်ခိုးရှင်က နတ်မိစ္ဆာတွေကိုဆိုရင် မသက်ညှာတတ်ဘူးနော်"

အစိမ်းရောင်မျက်နှာနှင့်လူက ပြောလိုက်လေသည်။

အိမ်ပုံစံပစ္စည်းလေးလက်ဆောင်ရရှိသည့်အတွက် အစိမ်းရောင်မိန်းကလေးမှာ စိတ်ပျော်ရွှင်နေလေသည်။

"ကျုပ်က နတ်ဆိုးတွေကို ဂရုမစိုက်ပါဘူး ၊ သူတို့သေလဲ သေကြပေါ့ ၊ ဒါပေမယ့် ကျုပ်က ဘုန်းတော်ကြီးတွေကိုတော့ မုန်း

တယ်၊ ပြီးတော့ ချန်ကျန့်မေက အခု ပေါင်ကွမ်းဆရာတော်နဲ့ ဆွေးနွေးစရာကိစ္စတစ်ခုပေါ်နေတယ်တဲ့၊ ဒီကောင်လေးက ချန်ကျန့်မေရဲ့ ဂိုဏ်းတူညီလေးမဟုတ်လား၊ ပြီးတော့ စိတ်ထားလည်းကောင်းပုံရတယ်၊ ကျုပ်အထင် ဒီကောင်လေးက ပေါင်ကွမ်းဆရာတော်ကို ကောင်းကောင်းဒုက္ခပေးနိုင်မယ်”

ဟု ပြောလိုက်လေသည်။

အခန်း (၁၃၈) သဲကန္တာရ

အစိမ်းရောင်မျက်နှာနှင့်လူမှာ ပေါင်ကွမ်းဆရာတော် အကြောင်း ကောင်းကောင်းသိပါသည်။ ထိုဆရာတော်မှာ ယွဲ့ထော်တိုင်းပြည်၏ မင်းဆရာတစ်ပါးဖြစ်ပြီး ပေါင်ယွဲ့ ဆရာတော်၏ တပည့်ဖြစ်လေသည်။ပေါင်ကွမ်းဆရာတော်မှာ

နှစ်ပေါင်းတစ်ရာအတွင်း တရားအလင်းရရှိပြီး သေခြင်းတရားကိုအောင်နိုင်သူတစ်ယောက်ဖြစ်လာနိုင်သည်ဟု ပြောစမှတ်များရှိကြသည်။

တရားအလင်းရရှိပြီး သေခြင်းတရားကိုအောင်မြင်ခြင်းအဆင့်မှာ တာအိုကျင့်စဉ်တွင် နတ်ဘုရားဖြစ်ခြင်းအဆင့်နှင့် ဆင်တူလေသည်။

ထိုကဲ့သို့သောအဆင့်ရောက်ရှိပါက မိုးမြေတစ်ခွင်အတားအဆီးမရှိ သွားလာနိုင်မည် ဖြစ်သည်။

သို့သော် ထိုအဆင့်ထိ ကျင့်ကြံအောင်မြင်သွားသည့်အတွက်မည်သည့်အခါမှ သေဆုံးခြင်းမရှိတော့ဘဲ ထာဝရ အသက်ရှင်သန်နိုင်မည်ဟူ၍တော့ ပြောလို့မရနိုင်ပါ။ လောကတွင် မသိနိုင် ၊ မမြင်နိုင်သည့် အန္တရယ်များစွာရှိသည် မဟုတ်ပါလား။

ကျင့်ကြံသူများအတွက် “လောကနတ်ဘုရား” တစ်ပါးဖြစ်လာရန်ပင် ဒဏ္ဍာရီသဖွယ်ခက်ခဲရလေသည်။ ထို့အတူ ပေါင်ကွမ်း

ဆရာတော်၏ဆရာဖြစ်သူ ပေါင်ယွဲ့ဆရာတော်၏ လက်ရှိ

ကျင့်ကြံအောင်မြင်ထားသည့် အဆင့်သို့ရောက်ရှိနိုင်ရန်မှာ

လည်း လွန်စွာမှ ရှားပါးလေသည်။ ပေါင်ယွဲ့ဆရာတော်မှာ

ကျင့်ကြံသူများအားလုံး၏ ရှေ့ဆောင်လမ်းပြဆရာတော်

တစ်ပါးပင် ဖြစ်လေသည်။

ရှီးဟွမ်မှာ နယ်ဆိုးတစ်ခုဖြစ်ပြီး နတ်မိစ္ဆာများခိုလှုံရာနေရာဖြစ်

သလို နတ်မိစ္ဆာဘုရင်များစွာလည်း နေထိုင်ကြလေသည်။

သို့သော် ထိုနတ်မိစ္ဆာများထဲတွင် ပေါင်ယွဲ့ဆရာတော်ကို ယှဉ်

နိုင်သည့်နတ်မိစ္ဆာ တစ်ယောက်မှမရှိပေ။

အစိမ်းရောင်မိန်းကလေး မကျေမနပ်ဖြစ်နေသည့်အချက်ကို

သိလိုက်ရသည့်အတွက် အစိမ်းရောင်မျက်နှာနှင့်လူက တစ်

ချက် ပြုံးလိုက်မိသည်။ နတ်မိစ္ဆာဘုရင်တစ်ပါးအနေဖြင့်

ဗုဒ္ဓဘာသာဂိုဏ်းများကို မကျေနပ်သည်မှာ ရှင်းပြစရာပင်မလို

ပေ။ သူမ ဘုန်းတော်ကြီးများကို မုန်းနေသည်မှာ သဘာဝကျပါ

လေသည်။

....

ဆည်းဆာရောင်ခြည်က စမ်းရေပြင်ကို ပုဇွန်ဆီရောင် ခြယ်မှုန်း

ပေးထားလေသည်။ စမ်းချောင်းလေးအဆုံးသတ်သည်နှင့်

သဲကန္တာရကြီးတစ်ခုကို တွေ့နိုင်သည်။

ရှီးဟွမ်နယ်ဆိုးအတွင်းသို့ စတင်ဝင်ရောက်သည့် အချိန်ကစ

ပြီး ဆန်းလျန်က တိမ်စီးပြီး ပျံသန်းခြင်း မလုပ်တော့ပေ။

အဘယ်ကြောင့်ဆိုသော် ရှီးဟွမ်မှာ နတ်မိစ္ဆာများ၏ နယ်မြေ

ဖြစ်သည့်အတွက် ပျံသန်းသွားမည်ဆိုလျှင် နတ်မိစ္ဆာများက သူ့

ကို ကျိန်းသေ အာရုံစိုက်မိကြမည် ဖြစ်လေသည်။

နတ်မိစ္ဆာများမှာ လူသားစားရသည်ကို လွန်စွာမှ နှစ်သက်လေ

သည်။ သို့သော် ထောင်ပေါင်းများစွာသော သာမန်လူတို့ကိုစား

သောက်ခြင်းက ကျင့်ကြံသူတစ်ယောက်၏အသားကိုစားခြင်း

လောက် အကျိုးမဖြစ်ထွန်းပေ။

စမ်းချောင်းလေးသည် မည်သည့်နေရာမှ စတင်စီးဆင်းလာ

သည် မသိပါ။ သို့သော်... သဲကန္တာရသို့ရောက်သည်နှင့်

စမ်းချောင်းလေးမှာ ခမ်းခြောက်ပြီး အဆုံးသတ်သွားလေ

သည်။

စမ်းချောင်းလေးအသက်ပြန်လည်ရှင်သန်ရန်အတွက်

သဲကန္တာရကြီးမှာ သမုဒ္ဒရာကြီးဖြစ်သွားမှသာ ဖြစ်နိုင်ပေ

လိမ့်မည်။

ဆန်းလျန်က သဲကန္တာရ ထဲသို့စတင်ခြေလှမ်းလိုက်သည်။ ရေ

များခမ်းခြောက်သွားသည့်စမ်းချောင်းလေးကဲ့သို့ သူ့ဘဝသည်

လည်း ကန္တာရထဲတွင် အဆုံးသတ်ချင်သတ်သွားနိုင်လေသည်။

နေက လောင်ကျွမ်းသွားလုမတတ်ပင် ပူပြင်းလွန်းလေသည်။

သဲကန္တာရတစ်ခုလုံးကို မီးမြှိုက်ထားသကဲ့သို့ပင်။ ဆောင်းဝင်စ

ပြုပြီဖြစ်သည့်တိုင် သဲကန္တာရကြီးကိုတော့ ဆောင်းရာသီကိုအံ့

တုကာ ပူပြင်းဆဲပင်။

ဆန်းလျန်ခြေဖဝါးအောက်မှသဲများမှာ ဆူပွက်နေသည့်ရေပြင် အလား ပူပြင်းလွန်းလေသည်။ သဲပူလက်ဝါးသိုင်းကို ဤ သဲကန္တာရထဲတွင် လာရောက်လေ့ကျင့်သင့်သည်ဟု ဆန်းလျန် တွေးနေမိလေသည်။

ဆန်းလျန်က အေးအေးဆေးဆေးပင် အနောက်ဘက်သို့ ဦးတည်ကာ လမ်းလျှောက်နေလေသည်။ နေကတဖြည်းဖြည်း ဝင်တော့မည်ဖြစ်သည်။ ဒဏ္ဍာရီထဲတွင်တော့ ဘီလူးများက နေမင်းကြီးကို မနားမနေလိုက်လံဖမ်းဆီးကြရင်း သဲကန္တာရထဲ တွင် အမောစို့ကာ သေဆုံးခဲ့ရသည်ဟု ပြောကြလေသည်။ ဘီလူးများအမောစို့ကာသေဆုံးပြီးသည့်နောက် မက်မွန်ပင်များ အဖြစ် ပြောင်းလဲသွားကြသည်ဟု အဆိုရှိလေသည်။

ဆန်းလျန်သည် မက်မွန်ပင်တောအုပ်လေးထဲမှ ဖြတ်သန်း လမ်းလျှောက်လာခဲ့သည်။ မက်မွန်ပင်များမှာ အရွက်များက ကျိုးတိုးကျဲတဲနှင့် အသီးများမှာလည်း လုပမှုမရှိပေ။ ရေသာရ

မည်ဆိုလျှင်တော့ အသီးများမှာ အရည်ရွှမ်းကြမည်ဖြစ်လေသည်။ သို့သော် ခြောက်သွေ့သည့်သဲကန္တာရထဲတွင်တော့ မက်မွန်ပင်လေးများက တန်ဖိုးရှိလေသည်။

သဲကန္တာရတွင်ရေသာမရှိသည်မဟုတ် အသက်ဓာတ်စွမ်းအားများလည်း နည်းပါးလွန်းလေသည်။

ဝင်လုဆဲဆဲနေမှာ တော်တော်နှင့်မဝင်နိုင်သေးပေ။ နေရောင်ပျောက်ကွယ်သွားပြီး အပူရှိန်ပျောက်ကွယ်သွားမည်ကို မဖြစ်စေချင်၍နေမဝင်သေးဘဲပေကပ်ကပ်လုပ်နေသလား မသိနိုင်ပေ။

ရုတ်တရက် ကလေးငယ်တစ်ယောက် အော်ငိုသံကိုကြားလိုက်ရလေသည်။ ဆန်းလျန်က ရှေ့သို့အနည်းငယ်ဆက်သွားလိုက်သည့်အခါတွင်တော့ မက်မွန်သီးလေးတစ်လုံးကဲ့သို့ ချစ်စရာကောင်းသည့် ကလေးမလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ကလေးမလေးက ဆန်းလျန်ကို တွေ့သည့်အခါ အငိုတိတ်သွားလေသည်။

“ကိုကို ၊ သမီးကို မက်မွန်သီးတွေခူးပေးပါလားဟင်”

သူမ၏အသံလေးမှာ ရော့ရှိလေးနှင့်ဆင်တူပြီး သူမ၏ပုံစံလေးမှာလည်း ရော့ရှိလေးနှင့်ဆင်တူလေသည်။ သို့သော် ထူးဆန်းသည့်အချက်မှာ ဤနေရာသည် ကလေးငယ်တစ်ယောက်ရှိနေသင့်သည့် နေရာတစ်ခုမဟုတ်ပေ။

ဆန်းလျန်ကတော့ အံ့ဩသွားသည့်ပုံမပေါ်ပါ။ သူက ခါးကိုကိုင်းကာ ကလေးမလေး၏မျက်ရည်များကိုပင် သုတ်ပေးလိုက်သေးသည်။

“ခူးပေးရမှာပေါ့ကွယ်”

သူက နူးညံ့သိမ်မွေ့သည့်အသံဖြင့်ပြောလိုက်လေသည်။

ထို့နောက်သူက မက်မွန်သီးတစ်လုံးကို လှမ်းခူးလိုက်လေသည်။ ဆန်းလျန် မက်မွန်သီးကိုထိလိုက်သည်နှင့် မက်မွန်သီး

က ပေါက်ကွဲသွားကာ အနက်ရောင်အရည်များ ပန်းထွက်လာ

လေသည်။ လွန်စွာမှ ကြောက်မက်ဖွယ်ရာပင်။

အနက်ရောင်အရည်များ ထိမှန်ခြင်းခံရလျှင် လူတိုင်းက မ

သတီ ရွံလျာကြမည်သာဖြစ်လေသည်။

ရုတ်တရက်ပင် မိန်းကလေးငယ်လေးသည် ဆန်းလျ

န်၏ခြေသလုံးကိုဖက်လိုက်ကာ သွားထက်ထက်လေးများဖြင့်

ကိုက်ဖြတ်လိုက်လေတော့သည်။ မက်မွန်ပင်များမှာလည်း ရှုံ့မဲ့

နေကြသည့် အရုပ်ဆိုးဆိုးမျက်နှာများအဖြစ် ပြောင်းလဲသွား

ကြလေသည်။

နေဝင်သွားပြီဖြစ်ပြီး မှောင်မိုက်သည့်ညသည် အေးစက်နေလေ

ပြီ။

နေ့ဘက်အချိန်တုန်းက လောင်ကျွမ်းနေသည့်အပူရှိန်မှာ ယခု

တော့ ဆောင်းညတစ်ညကဲ့သို့ အေးစက်လွန်းနေလေသည်။

မက်မွန်ပင်တစ်တောလုံးမှာ ရှုံ့မဲ့နေသည့် ကြောက်မက်ဖွယ်ရာ

တစ္ဆေဆန်ဆန် မျက်နှာများအဖြစ်ပြောင်းလဲသွားကြပြီး

ကြောက်စရာညည်းညူသံများပြုနေကြလေသည်။ မက်မွန်ပင်

များ၏ ပင်စည်များက မြွေများအလား ဆန်းလျန်၏ ခါးနှင့်

လက်တို့ကို လာရောက်ရစ်ပတ်ကာ ချုပ်နှောင်ထားကြသည်။

မက်မွန်သီးထဲမှထွက်လာသည့် အနက်ရောင်အရည်များမှာ

လည်း ဆန်းလျန်တစ်ကိုယ်လုံးတွင် ပေကျံနေလေပြီ။

မိန်းကလေးငယ်လေးမှာ ပါးစပ်ကိုဖြဲကာ ဆန်းလျ

န်၏ခြေသလုံးတစ်ခုလုံးကို တစ်ကိုက်ပြီးတစ်ကိုက် ဝါးမြိုစား

သောက်နေလေသည်။ သူမ၏ပါးစပ်တစ်ခုလုံးတွင် သွေးများ

ဖြင့် ပေကျံလျှက်ရှိလေသည်။

ဆန်းလျန်မှာ ခန္ဓာကိုယ်တစ်ခုလုံးလှုပ်မရသည့်တိုင်

ကြောက်လန့်သွားခြင်းမရှိပါ။ ရုတ်တရက် ဓားဝိညာဉ်တစ်ခု

ထွက်ပေါ်လာပြီး ဆန်းလျန်ကိုယ်တွင်ရစ်ပတ်နေသည့် သစ်ပင်

များကို ဖြတ်တောက်ပစ်လိုက်လေသည်။ ဓားဝိညာဉ်မှာ လွန်စွာမှတည်ငြိမ်ပြီး စူးရှသည့်အသံများထွက်ပေါ်နေလေသည်။

နေပြန်ထွက်လာသကဲ့သို့ ကောင်းကင်တစ်ခုလုံး လင်းထိန်သွားပြီး ဆန်းလျန်ကို ကိုက်ဖြတ်စားသောက်နေသည့် မိန်းကလေးငယ်လေးမှာ အရိုးစုတစ်ခုအဖြစ်ပြောင်းလဲသွားသလို မက်မွန်ပင်တောအုပ်လေးမှာလည်း ခြောက်ကပ်သေဆုံးနေသည့် သစ်ရိုင်းပင်များအဖြစ်ပြောင်းလဲသွားလေသည်။

ဓားဝိညာဉ်မှာ ဆန်းလျန်၏လက်ကို ဖြတ်သန်းထိခတ်သွားလေသည်။

ဓားဝိညာဉ်ပိုင်ရှင်မှာ အစိမ်းနုရောင်ဝတ်ဆင်ထားသည့် ဓားသမားတစ်ယောက်ဖြစ်လေသည်။ ထိုဓားသမားက သူ၏ဓားကို ဓားအိမ်အတွင်းသို့ ပြန်ထည့်လိုက်သည်။ ဓားသမားလူငယ်မှာ ညီညာသောမျက်ခုံးမျက်လုံးများကိုပိုင်ဆိုင်ထားသည့်

အသက်ဆယ့်ရှစ်နှစ်အရွယ် လူငယ်တစ်ယောက်ဖြစ်လေသည်။

သူက ဆန်းလျန်ကိုတစ်ချက်ကြည့်လိုက်ပြီး…

“ကျုပ်က ရှမ်ထျန်းဂိုဏ်းက စုန့်ချင်းယီပါ၊ ဒီကမိတ်ဆွေက တံလျှပ်မှော်မိစ္ဆာရဲ့ ထောင်ချောက်ထဲကို ကျတော့မလို့ပဲ၊ တံလျှပ်မှော်မိစ္ဆာဘုရင်ကိုတော့ ချင်းရှမ်နတ်တံခါးက နောင်တော်ချန်ကျန့်မေက နှိမ်နင်းလိုက်ပါပြီ၊ ဒါပေမယ့် မိတ်ဆွေက ဒီကန္တာရထဲကို မျက်စိလည်ပြီးရောက်လာတာဆိုရင်တော့ အသက်အန္တရယ်စိုးရိမ်ရတယ်နော်”

ဟုပြောလိုက်လေသည်။

ဆန်းလျန်က စုန့်ချင်းယီ၏ဓားဝိညာဉ်ထိခတ်သွားသည့် သူ၏လက်ကို ပြန်လည်ရုတ်သိမ်းလိုက်လေသည်။ ဓားဝိညာဉ်က တပ်လျှပ်မှော်မိစ္ဆာကိုဖျက်စီးခဲ့သည့်နေရာကို ဆန်းလျန်က

လက်ညှိုးလက်ခလယ်အသုံးပြုကာ တစ်ချက်ညွှန်လိုက်လေ

သည်။

“ကျေးဇူးတင်ပါတယ် စုန့်သခင်လေး”

ဆန်းလျန်က စုန့်ချင်းယီကို ကျေးဇူးတင်စကားပြောလိုက်လေ

သည်။

ဆန်းလျန်၏လက်ချောင်းများဖြင့် ညွှန်ပြထားသည့်နေရာ

ကန္တာရမြေပြင်တွင် အပေါက်တစ်ပေါက်ဖြစ်ပေါ်သွားပြီး တပ်

လျှင်မျော်မိစ္ဆာ၏အရိုးစုကို မြေမြှုပ်သဂြိုလ်လိုက်လေသည်။

စုန့်ချင်းယီက သက်ပြင်းတစ်ချက်ချလိုက်ရင်း....

“အမှန်တော့ အရင်တုန်းက ဒီနေရာမှာ မျိုးနွယ်စုလေးတစ်ခု

နေထိုင်တာပါ၊ တံလျှပ်မျော်မိစ္ဆာက ဒီနေရာက ဝိညာဉ်စမ်းရေ

ကိုဖြတ်တောက်ပစ်လိုက်ပြီး မိုင်တစ်ရာပတ်လည်ရှိတဲ့ ကန္တာရ

ကြီးတစ်ခုအဖြစ် ပြောင်းလဲပစ်လိုက်တယ်၊ ခင်ဗျား ဒီနေရာကို

လာတော့ စမ်းချောင်းလေးတစ်ခုကို တွေ့တယ်မဟုတ်လား၊

အဲဒီစမ်းချောင်းလေးက ဝိညာဉ်စမ်းရေဖျက်စီးခံရပြီးတော့

ကျန်ရစ်ခဲ့တဲ့စမ်းချောင်းလေးပဲ ၊ အဲဒီစမ်းချောင်းလေးလည်း

မကြာခင်ခမ်းခြောက်သွားရတော့မှာ”

စုန့်ချင်းယီမှာ စိတ်မကောင်းဖြစ်နေပုံရလေသည်။

ကျင့်ကြံသူဂိုဏ်းလေးများမှ တပည့်များမှာ ဝိညာဉ်သန့်စင်ရန်

အတွက် ဝိညာဉ်စမ်းရေကို အသုံးပြုကြလေသည်။

စုန့်ချင်းယီမှာ ယခင်က ကျင့်ကြံသူဂိုဏ်းလေးတစ်ခုမှဖြစ်ပြီး

နောက်ပိုင်းတွင်တော့ နတ်ဘုရားကျင့်စဉ်များကို သင်ကြားပေး

သည့် တာအိုကျောင်းတော်ကြီးလေးခုမှ တစ်ခုဖြစ်သည့် ရှမ်

ထျန်းဂိုဏ်းသို့ ဝင်ရောက်ခဲ့သူ ဖြစ်လေသည်။

ဆန်းလျန်မြေမြှုပ်သင်္ဂြိုလ်ပေးလိုက်သည့် အရိုးစုမှာ ထိုမျိုး

နွယ်စုမှ ကလေးမလေးတစ်ယောက်၏ အရိုးစုများ ဖြစ်လေ

သည်။ တံလျှပ်မှော်မိစ္ဆာ၏တန်ခိုးစွမ်းအားမှာ အရိုးစုကို

တွယ်ကပ်နေခြင်းဖြစ်ပြီး ထင်ယောင်ထင်မှား တံလျှပ်ပုံရိပ်

ယောင်များကိုဖန်ဆင်းလိုက်ခြင်းဖြစ်လေသည်။ ထိုကလေးမ

လေးကို တမင်သက်သက် ရော့ရှီလေးနှင့်တူအောင် ဖန်ဆင်း

ထားပြီး ဆန်းလျန်၏စိတ်များ ရှုတ်ထွေးသွားအောင် လုပ်

လိုက်ခြင်းဖြစ်လေသည်။

ယခုတော့ တံလျှပ်မော်မိစ္ဆာ၏ဝိညာဉ်မှာ စုန့်ချင်းယီ၏ဓာဖြင့်

အမြစ်ပြတ်ချေမှုန်းခံလိုက်ရပြီဖြစ်လေသည်။ ဆန်းလျန်

ကတော့ မိန်းကလေးငယ်လေး အေးချမ်းစွာအနားယူစေရန်

အတွက် မြှေုပ်သင်္ဂြိုလ်ပေးခဲ့လေသည်။

မိန်းကလေးငယ်လေး၏မူလပုံသဏ္ဍာန်မှာ ရော့ရှီလေးနှင့် တူ

ချင်မှတူပေလိမ့်မည်။ သို့သော် ဆန်းလျန်ကတော့ မည်သူပင်

ဖြစ်ပါစေ လူသားချင်းစာနာစွာဖြင့် ထိုသို့ပြုလုပ်ပေးမည်ပင်

ဖြစ်လေသည်။

စုန့်ချင်းယီက သက်ပြင်းချလိုက်ပြန်သည်။

“ဒီကမိတ်ဆွေက တကယ်စိတ်ထားကောင်းတာပဲကိုး ၊ ခင်ဗျား ကိုကြည့်ရတာကျင့်ကြံသူတစ်ယောက်ပဲ ဖြစ်မယ်ထင်တယ် ၊ ဒါပေမယ့် စိတ်ဓာတ်ခိုင်မာပြတ်သားမှုမရှိရင်တော့ ကျင့်စဉ် လမ်းက အောင်မြင်နိုင်မှာမဟုတ်ဘူးနော်”

သူက ဆန်းလျန်ကို အလေးအနက် သတိပေးလိုက်လေသည်။ သူ၏ဂိုဏ်းတူအစ်ကို ချန်ကျန့်မေကဲ့သို့ တန်ခိုးစွမ်းအား ကြီးမားသူမှသာ ဓားချက်တစ်ချက်တည်းဖြင့် တံလျှပ် မိစ္ဆာ၏ဝိညာဉ်ကို တိုက်ခိုက်နိုင်မည်ဖြစ်လေသည်။ ဆန်းလျန် ပင်လျှင် ထိုသို့ တိုက်ခိုက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဆန်း လျန်က စုန့်ချင်းယီ၏ ဓားသိုင်းစွမ်းအားကို ကြိတ်ပြီးအားကျ လိုက်မိလေသည်။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ပြီး…

“ရှမ်ထျန်ဂိုဏ်းက အကောင်းဆုံးနတ်ဘုရားကျောင်းတော်တွေ
ထဲက တစ်ခုဆိုတာ ကျုပ်ကြားဖူးပါတယ်၊ ဒါပေမယ့် စုန့်
သခင်လေးက ကိုယ့်ကိုကိုယ်အရမ်းနှိမ့်ချလွန်းတာပဲ"
ဟု ပြောလိုက်လေသည်။

အခန်း (၁၃၉)

ကျမ်းစာတွေဆိုတာ ရှင်းလင်းပြောပြချက်တွေမျှသာ

"အဲဒီလောက်လည်းမဟုတ်ပါဘူး၊ ဒါနဲ့ မိတ်ဆွေလေးက
ဘယ်လိုလုပ် ဒီနေရာကို ရောက်လာတာလဲ"

စုန့်ချင်းယီက မေးလိုက်လေသည်။

"ကျုပ်က သေစခြင်းကျောင်းတော်ကိုသွားမလို့ပါ ၊ ဒီနေရာကို ဖြတ်သွားရမယ်လို့ မထင်မိဘူးလေ"

ဆန်းလျန်အနေဖြင့် စုန့်ချင်းယီကို ဖုံးကွယ်ထားစရာမလိုပါ။ ထို့ကြောင့် အမှန်အတိုင်းပင် ပြောပြလိုက်လေသည်။

စုန့်ချင်းယီ၏မျက်နှာက သိသားပဲ ဆိုသည့် ပုံမျိုးဖြစ်သွားလေသည်။

"ထင်တော့ထင်သားပဲ ၊ သေစခြင်းကျောင်းတော်က ချင်းရွှမ်နတ်တံခါးရဲ့အနွယ်တော်ဂိုဏ်းခွဲပဲ ၊ မင်းက နောင်တော်ချန်ကျန့်မေဆီက တာအိုကျင့်စဉ်ပညာတွေ သင်ယူချင်လို့ထင်တယ် ၊ တကယ်တော့ ချန်ကျန့်မေက ဟန့်ဟိုင်တိုင်းပြည်ရဲ့ မင်းဆရာတစ်ပါးပဲ ၊ အဲဒီတိုင်းပြည်က ဒီကန္တာရအပြင်ဘက်မှာရှိတယ် ၊ သူက ဟန့်ဟိုင်တိုင်းပြည်ကို ကူညီပြီး တံလျှပ်မှော်မိစ္ဆာကို နှိမ်နင်းပေးခဲ့တဲ့အတွက် ဟန့်ဟိုင်တိုင်းပြည်ရဲ့ လေးစားမှုကို

အပြည့်အဝရထားတာလေ၊ သူက တာအိုဝါဒနဲ့ပတ်သက်တဲ့ တရားတွေလည်းဟောတယ်၊ အလားအလာရှိတဲ့သူကိုတွေ့ရင် တပည့်အဖြစ်ရွေးခြယ်တတ်တယ်၊ ဒါပေမယ့် ကံဆိုးတာက မင်းရောက်လာတာ အချိန်ကောင်းမဟုတ်ဘူးဖြစ်နေတယ်"

စုန့်ချင်းယီစကားများကြောင့် ဆန်းလျန်က မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး...

"ကျုပ်ကို ဆန်းလျန်လို့ခေါ်နိုင်ပါတယ်၊ ပြီးတော့ အချိန်ကောင်းမဟုတ်ဘူးဆိုတာ ဘာကိုပြောချင်တာလဲ မသိဘူး"

စုန့်ချင်းယီမှာ ဆန်းလျန်ကို ချန်ကျန့်မေထံတွင် ပညာသင်ယူချင်သူတစ်ဦးဟု ထင်မှတ်ပြီး နားလည်မှုလွဲနေခြင်းဖြစ်သည်။ သို့သော် ဆန်းလျန်မှာ ရှင်းပြလျှင် ပို၍ရှုတ်ကုန်မည်ဖြစ်သောကြောင့် ရှင်းမပြချင်တော့ပေ။

"ဟား ဟား ၊ ဒါဖြင့် မင်းလည်းကျုပ်ကို ချင်းယီလို့ခေါ်လို့ရပါ တယ် ၊ အချိန်ကောင်း မဟုတ်ဘူးဆိုတာက ဒီလိုကွ ၊ ကျင့်ကြံ သူကျောင်းတော်တွေအချင်းချင်း နည်းနည်းပါးပါးပြဿနာ ဖြစ်နေကြတာပါ ၊ ချန်ကျန့်မေက ချင်းရှမ်က တရားဝင်တပည့် လေ..."

"ပြီးတော့ သူက ဟန့်ဟိုင်တိုင်းပြည်မှာ တာအိုဝါဒတရားတွေ ဟောပြောတယ် ၊ အယုတ်အလတ်အမြတ်မရွေး အတွင်းအား ကျင့်စဉ်ပညာတွေ သင်ကြားပေးတယ် ၊ သူတရားဟောတာကို ဟန့်ဟိုင်ကလူတွေသာမကဘဲ အိမ်နီးချင်းတိုင်းပြည်ဖြစ်တဲ့ ယွဲ့ ထော်တိုင်းပြည်က လူတွေပါ လာပြီးနားထောင်ကြတယ်"

"ယွဲ့ထော်တိုင်းပြည်ရဲ့မင်းဆရာက ပေါင်ကွမ်းဆရာတော်ပဲ ၊ ပေါင်ကွမ်းဆရာတော်က ကျင်းကွမ်းဝတ်ကျောင်းတော်က ပေါင်ယွဲ့ဆရာတော်ရဲ့တပည့်ပဲ ၊ သူက ရွှေခန္ဓာရတဲ့အထိ တရားအလင်းရနေပြီလို့ကြားတယ် ၊ ချန်ကျန့်မေက အတွင်း

အားကျင့်စဉ်တွေ ဟောပြောပို့ချပေးတော့ ယွဲ့ထော်က ဘုန်းတော်ကြီးတွေပါ လာနားထောင်ကြတယ်လေ"

"ကျင့်စဉ်လမ်းဆိုတာက ကန့်သတ်ချက်မရှိပါဘူး ၊ ဒါပေမယ့် တာအိုကျင့်စဉ်လမ်းကတော့ ထင်သာမြင်သာရှိတယ်လေ ၊ ပြီးတော့ ဟိုင်သန်းအဆင့် ၊ ဖော့ဝမ့်အဆင့်ဆိုပြီးတော့လည်း ကျင့်စဉ်လမ်းကို အဆုံးထိသိမြင်နိုင်တယ်"

"ချန်ကျန့်မေရဲ့တရားတွေနာပြီး ယွဲ့ထော်မှာ လူတွေက တာအိုကျောင်းတော်တွေဆောက်လုပ်ပြီး တာအိုကိုးကွယ်သူတွေ ဖြစ်လာကြတော့တာပဲ ၊ ကျင်းကွမ်းဝတ်ကျောင်းတော်က ဓာတ်တော်မွေတော်တွေကို စောင့်ရှောက်ပေးနေတဲ့ ဝတ်ကျောင်းတော်ပဲ ၊ ပြီးတော့ လူတွေက ရိုသေလေးစားပြီး အရမ်းလှူဒါန်းကြတယ် ၊ ဒါပေမယ့် ချန်ကျန့်မေရဲ့တရားတွေ နားထောင်ပြီး လူတွေက တာအိုဝါဒဘက်ကိုပြောင်းသွားကြတော့ ကျင်းကွမ်းဝတ်ကျောင်းတော်ကို လှူမယ့်အလှူရှင်တွေ

လျော့နည်းကုန်တာပေါ့၊ ဒီတော့ ကျင်းကွမ်းဝတ်ကျောင်းတော်က ဆရာတော်တွေ ဒုက္ခရောက်ကြရတယ်၊ ဒီကိစ္စကို မင်းဆရာတစ်ပါးဖြစ်တဲ့ ပေါင်ကွမ်းဆရာတော်ကစုံစမ်းကြည့်တော့ ချန်ကျန့်မကြောင့်ဆိုတာ သိသွားတဲ့အတွက် ချန်ကျန့်မနဲ့ "နတ်ဘုရားနှိမ်နင်းခြင်း" တရားဆွေးနွေးပွဲလုပ်မယ်ဆိုပြီး စိန်ခေါ်လိုက်တယ်၊ အဲဒီဆွေးနွေးပွဲကို ဆယ်လပိုင်း ဆယ့်ငါးရက်နေ့မှာလုပ်မှာ၊ အဲဒီတရားဆွေးနွေးပွဲမှာ ရှုံးနိမ့်သွားတဲ့သူက ယွဲ့ထော်တိုင်းပြည်နဲ့ မိုင်ငါးထောင်ပတ်လည်အတွင်း ခြေချခွင့်မရှိတော့ဘူးလို့ စည်းကမ်းသတ်မှတ်ထားတယ်"

"နောင်တော်ချန်ကျန့်မေက တကယ်တော်တဲ့သူပါ၊ သူက မရေမတွက်နိုင်တဲ့ နတ်မိစ္ဆာတွေကို နှိမ်နင်းခဲ့တဲ့သူပဲ၊ ဒီစိန်ခေါ်မှုကို သူလက်ခံခဲ့တယ်၊ ဒီပတ်ဝန်းကျင်က မိုင်တစ်ထောင်ပတ်လည်အတွင်းက နတ်မိစ္ဆာတွေ၊ ကျင့်ကြံသူတွေကတော့ ရာစုနှစ်

တစ်ခုမှာ တစ်ခါကြုံရခဲတဲ့ ကျင့်ကြံသူနှစ်ယောက်ရဲ့ စိန်ခေါ်ပွဲ ကို ကြည့်ချင်လွန်းလို့ စောင့်မျှော်နေကြပြီ"

"လူတွေပြောနေကြတာတော့ နောင်တော်ချန်ကျန့်မေက ဒီ "တရားဆွေးနွေးပွဲ" အတွက် သူ့ရဲ့ဝတ်ကျောင်းတော်ထဲမှာ တစ်လတိတိအပြင်မထွက်ဘဲ တံခါးပိတ်ကျင့်ကြံနေတယ်တဲ့ ၊ အဆင့်မြင့်ကျင့်ကြံသူ ပေါင်ကွမ်းဆရာတော်ကြီးနဲ့ရင်ဆိုင်ဖို့ အတွက် သူ့ရဲ့သဏ္ဍာန်မဲ့ဓားကို ထုတ်သုံးတော့မယ်ထင်တယ်"

စုန့်ချင်းယီမှာ ဇာတ်လမ်းအရှည်ကြီးကို အသက်မရှူဘဲ ပြောလိုက်ခြင်းဖြစ်လေသည်။ သူ့ကိုကြည့်ရသည်မှာ ချန်ကျန့်မေ အကြောင်းပြောလိုက်တိုင်း စိတ်လှုပ်ရှားနေသည့်ပုံပေါက်နေလေသည်။ သူ့ကိုကြည့်ရသည်မှာ ချန်ကျန့်မေ၏ နေရာမျိုးကို လိုချင်နေပုံရလေသည်။

ချန်ကျန့်မေမှာ သဏ္ဍာန်မဲ့ဓားသိုင်းပညာဖြင့် ဟိုင်သန်းအဆင့်ကို တက်ရောက်ခဲ့သူဖြစ်လေသည်။ သို့သော် ဟိုင်သန်းအဆင့်

အောင်မြင်ပြီးသူတစ်ယောက်သည် မည်သည့်အခါမှ အဆင့်ကျသွားနိုင်ခြင်းမရှိပါ။ ဖော့ဝမ့်အဆင့်တွင်တော့ ဟိုင်သန်းအဆင့်တွင် ကျင့်ကြံခဲ့သည့်ပညာမှာ ပိုပြီးတိကျကာအသေးစိတ်လာမည်ဖြစ်လေသည်။ ပေါင်ကွမ်းဆရာတော်မှာ အတွေ့အကြုံရင့်ကျက်သည့် ဆရာတော်ကြီးတစ်ပါးဖြစ်လေသည်။ ထို့ကြောင့် ချန်ကျန့်မေမှာ ဆရာတော်နှင့် ရင်ဆိုင်ရန်အတွက် အပြင်းအထန်ကျင့်ကြံနေခြင်းဖြစ်ဟန်တူလေသည်။ ထို့ကြောင့် ဆန်းလျန်က သူ့အနေဖြင့် ချန်ကျန့်မေကို မနှောင့်ယှက်သင့်သေးကြောင်း တွေးလိုက်မိလေသည်။ ဆန်းလျန်က သူသိချင်သည့် ကိစ္စတစ်ခုကို စုန့်ချင်းယီကို မေးလိုက်သည်။

"ချင်းယီ... မင်းကိုကြည့်ရတာ ကျုပ်နဲ့ ရွယ်တူလောက်ပဲ ရှိဦးမယ် ၊ ဟိုင်သန်းအဆင့်ဆရာသခင်တစ်ပါးလည်း မဟုတ်သေးဘူးမလား ၊ မင်းကဘာလို့ သေစေခြင်းကျောင်းတော်က ဆရာ

သခင်ချန်ကျန့်မေကို ဆရာသခင်လို့မခေါ်ဘဲ နောင်တော်လို့ခေါ်ရတာလဲ ၊ မင်းတို့နှစ်ယောက်က မျိုးဆက်တူနေလို့ အဲဒီလိုခေါ်တာလား"

ဟု မေးလိုက်လေသည်။

ကျင့်ကြံသူလောကမှာ ဝါစဉ်အကြီးအငယ်အလိုက်သွားခြင်း ဖြစ်လေသည်။ စုန့်ချင်းယီမှာ ရှမ်ထျန်းဂိုဏ်းမှတပည့်တစ်ဦး ဖြစ်သည့်တိုင် ချန်ကျန့်မေကိုတော့ နောင်တော်ဟု မခေါ်သင့်ပေ။ ဟိုင်သန်းအဆင့် ဆရာသခင်တစ်ပါးကို တန်းတူသဘောထားသည့် အခေါ်အဝေါ်မျိုးခေါ်ဆိုသည်မှာ ရိုင်းစိုင်းသည့် သဘောပင်ဖြစ်လေသည်။

စုန့်ချင်းယီက ပြုံးလိုက်ရင်း....

"ကျုပ်အသက်က ဒီနှစ် ဆယ့်ကိုးနှစ်ပြည့်ပြီ ၊ ကျုပ်သာ ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရင် အငယ်ဆုံးနဲ့ အမြန်ဆုံး ကျင့်ကြံသူတစ်ယောက်ဖြစ်မှာပဲ ၊ ဒါပေမယ့် အတိတ်ဘဝက

နတ်ဘုရားတစ်ပါးပြန်ဝင်စားတယ်ဆိုရင်တောင်မှ ဒီလောက်
မြန်မြန်နဲ့ ဟိုင်သန်းအဆင့်ကို မရောက်နိုင်ပါဘူးဗျာ ၊ ဒါပေမယ့်
ကျုပ်က နောင်တော်ချန်ကျန့်မေကို ဘာလို့နောင်တော်လို့ ခေါ်ရ
တာလဲဆိုတော့ ကျုပ်ရဲ့ဆရာက လောကနတ်ဘုရား ရှန်ဆန်း
ကျန်းရန်ဖြစ်နေလို့ပါပဲ ၊ မင်းသာ ကျင့်ကြံသူလောက
အကြောင်း ကောင်းကောင်းသိမယ်ဆိုရင် မင်းနားလည်မှာပါ"
ဟု ပြောလိုက်လေသည်။

ဆန်းလျန်မှာ အံ့သြသွားရလေသည်။ စုန့်ချင်းယီမှာ ရှန်ဆန်း
ကျန်းရန်၏ တပည့်ဖြစ်နေသည်မဟုတ်လား။ ရှန်ဆန်းကျန်း
ရန်၏ တပည့်ရင်းတစ်ယောက်ဖြစ်နေသည်ဆိုလျှင်တော့ ချန်
ကျန့်မေကို အဆင့်တူသဘောထားကာ ပြောဆိုဆက်ဆံနေခြင်း
မှာ အံ့သြစရာမရှိပါ။

လောကနတ်ဘုရားများမှာ များသောအားဖြင့် နေရာ
အတည်တကျနေထိုင်ခြင်းမရှိဘဲ လောကတစ်ခွင် လှည့်လည်

သွားလာနေတတ်ကြလေသည်။ သို့သော် ရှန်ဆန်းကျန်းရန်ကတော့ ထိုသို့မဟုတ်ပေ။ သူ၏အမည်ရင်းမှာ လုကျိုးယွမ်ဖြစ်ပြီး သူ၏အသက်မှာ နှစ်ပေါင်းထောင်ချီရှိပြီဖြစ်လေသည်။ သူက ရှန်ထျန်းဂိုဏ်းတွင် "တရားအလင်းသိမြင်ခြင်းကျမ်း" ဖြင့် အောင်မြင်ခဲ့သူဖြစ်ပြီး ရွှမ်ထျန်းဂိုဏ်းတွင် ယခုအချိန်ထိ ထိုကျမ်းကို အောင်မြင်အောင်ကျင့်ကြံနိုင်သူ တစ်ယောက်မှမရှိသေးပေ။ လောကနတ်ဘုရားတစ်ပါးအဖြစ် အောင်ပွဲခံ အခမ်းအနားကျင်းပသည့်နေ့တွင် သူပြောသည့်စကားတစ်ခွန်းမှာ...

"နှလုံးသားမှနားလည်အောင်သင်ယူပါ၊ ကျမ်းစာတွေဆိုတာက ရှင်းလင်းပြောပြချက်တွေမျှသာပါပဲ"

ဟူ၍ ဖြစ်လေသည်။

ထိုစကား၏အဓိပ္ပါယ်မှာ လူတစ်ယောက်သည် ပညာရပ်တစ်ခု သင်ယူလျှင် စာဖတ်နေရုံနှင့်မပြီးဘဲ ရှုထောင့်အသီးသီးမှ ဖြစ်

နိုင်ချေများကိုပါ ထည့်သွင်းလေ့လာရန် ဆိုလိုသည့်သဘော ပင်။ ထို့ကြောင့် သူက "ကျမ်းစာတွေဆိုတာ ရှင်းလင်းပြော ပြချက်တွေမျှသာပါပဲ" ဟု ပြောခဲ့ခြင်းဖြစ်လေသည်။

ရှန်ဆန်းကျန်းရန်မှာ တန်ခိုးစွမ်းအားအလွန်ကြီးမားပြီး ရွှမ်ထျ န်းဂိုဏ်းစတင်တည်ထောင်စဉ်ကတည်းက သူ့ထက်စွမ်းအား မြင့်မားသူ မရှိသေးပေ။

ထို့ပြင် ရှန်ဆန်းကျန်းရန် ကျင့်စဉ်လမ်းသို့ စတင်ဝင်ရောက် သည့်အချိန်ကတည်းက အရှုံးမရှိ အောင်ပွဲသာဆက်ခဲ့သူဖြစ် လေသည်။ သူ့ကို ရွှမ်ထျန်းဂိုဏ်း၏ ပထမအဆင့်ဟု သတ်မှတ်ခံထားရပြီး မည်သူမျှ သူ့ကိုမထိရဲကြပေ။ လုကျိုး ယွမ်မှာ တာအိုကျင့်စဉ်လမ်းကို စတင်လျှောက်လှမ်းသည့် အချိန်မှစပြီး ရွှမ်ထျန်းဂိုဏ်းမှ တစ်ဖဝါးမှမခွာခဲ့ပေ။ စာပေ ရေးသားခြင်းအလုပ်ကိုသာ စွဲစွဲမြဲမြဲလုပ်နေလေသည်။ ထို့ပြင် သူ့တွင် ရန်သူဟူ၍လည်း မရှိပေ။ သူ့ကို ရန်မူချင်သူများမှာ

လည်း သေလျှင်သေ ၊ မသေလျှင် ဒဏ်ရာအပြင်းအထန်ရ

ကုန်သည်ချည်းပင် ဖြစ်လေသည်။

သူ၏ အယူအဆတစ်ခုမှာ....

"ထောင်နှင့်ချီသည့်ကျမ်းစာများက ကျွန်ုပ်ကိုရေးသားသလို

ကျွန်ုပ်ကလည်းထောင်နှင့်ချီသည့် ကျမ်းစာများကိုရေးသား

မည်"

ဟူ၍ ဖြစ်လေသည်။

သူ၏သတိတရားဖြင့်လုပ်ကိုင်သည့် သေးငယ်သည့်အလုပ်

လေးတစ်ခုမှာပင်လျှင် အကြောင်းနှင့်အကျိုးရှိလေသည်။

သူက အကြောင်းမရှိဘဲ မည်သည့်အလုပ်ကိုမှ လုပ်တတ်သူမ

ဟုတ်ပေ။ ထို့ကြောင့် သူ့ကိုအကြောင်းမဲ့သက်သက် ရန်လာစ

သူများအတွက်တော့ လွတ်လမ်းရှိလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့်ပင် စုန့်ချင်းယီမှာ ဟိုင်သန်းအဆင့်မရောက်မီမှာပင်

မည်သည့် အင်းပညာအရံအတား အကာအကွယ် တစ်ခုမှမရှိ

ဘဲ လောကတစ်ခွင် အေးအေးဆေးဆေး လှည့်လည်သွားနေခြင်း ဖြစ်လေသည်။ ရှန်ဆန်းကျန်းရန် "လုကျိုးယွမ်"၏တပည့် ဆိုသည့်အချက်တစ်ခုတည်းကပင် သူ့ကိုကာကွယ်ပေးရန် လုံလောက်နေလေသည်။ မည်သည့်ကျင့်ကြံသူမှ သူ့ကို ထိရဲလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့်ပင် စုန့်ချင်းယီက ဆရာ၏အရှိန်ဖြင့် ဝင့်ကြွားတတ်သည့်ဟန်ရှိလေသည်။ ထို့ကြောင့် ကျင့်ကြံသူအချို့က သူ့ကိုနှစ်သက်ကြခြင်းမရှိပေ။ ဟိုင်သန်းအဆင့်အောင်မြင်ပြီး ပိုမိုဝင့်ကြွားလာမည်ကို မနှစ်သက်နိုင်ဖြစ်နေကြလေသည်။

ရှန်ဆန်းကျန်းရန်၏ “တရားအလင်းသိမြင်ခြင်းကျမ်း” မှာ ထိပ်တန်းကျင့်စဉ်ပညာတစ်ခုဖြစ်ပြီး “ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်” ဖြင့် အဆင့်အတန်းတူညီလေသည်။ သို့သော် ဆရာဘွားဘွားလီချင်းဆွေနှင့် ရှန်ဆန်းကျန်းရန်လုကျိုးယွမ်တို့မှာ တူညီသည့်မျိုးဆက်မှ ဆင်းသက်လာသူများမဟုတ်ကြပေ။

ထို့ကြောင့် သူတို့နှစ်ယောက်ပညာဖလှယ်ခြင်းမပြုလုပ်ခဲ့ရသဖြင့် မည်သည့်ကျင့်စဉ်က ပိုပြီးသာလွန်သည်ကိုတော့ ပြောရန်ခက်ခဲလေသည်။

ကျိုလင်နတ်သမီးမှာ ကျင့်စဉ်လမ်းသို့ပြန်လည်ဝင်ရောက်လာပြီး ထိုင်ရှီးကျင့်စဉ်လမ်းကို အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝနှစ်ခုပေါင်းကာ ကျင့်ကြံအောင်မြင်ခဲ့လျှင်တော့ သူမက လုကျိုးယွမ်ကို စိန်ခေါ်နိုင်မည်ဖြစ်လေသည်။

အခန်း (၁၄၀)

ရှမ်ထျန်းလမ်းစဉ်

ဆန်းလျန်က သူ့အတွေးများကို သေသေချာချာပြင်ဆင်ပြီးမှ ပြောလိုက်သည်။

"ချင်းယီ ၊ ရှန်ဆန်းကျန်းရန်ရဲ့ တပည့်ဖြစ်ခွင့်ရတာ မင်း တကယ် ကံကောင်းတာပဲ"

စုန့်ချင်းယီက ဆန်းလျန်မှာ ဆရာဖြစ်သူ၏အမည်ကို ကြားသည်နှင့် အချိုးပြောင်းသွားမည်ဟု ထင်ခဲ့မိလေသည်။ ဆန်းလျန်မှာ သူ့ကို ချက်ချင်းမြှောက်ပင့်ပြီး ဖားချင်ဖားမည် သို့မဟုတ် သူ့ကိုကြောက်ရွံ့လေးစားကာ စကားမပြောနိုင်ရှိ မည်ဟု တွေးထားမိလေသည်။ သို့သော် တကယ်တမ်းတွင် ဆန်းလျန်ဆီမှ သူရလိုက်သည်က သာမန်စကားလေးတစ်ခွန်း မျှသာ ဖြစ်နေလေသည်။

သူကဲ့သို့ ရှန်ဆန်းကျန်းရန်၏တပည့်တစ်ယောက်နှင့်တွေ့နေ

သည့်တိုင် ယခုကဲ့သို့ တည်ငြိမ်နေသည့်သူမျိုးကို စုန့်ချင်းယီ

ပထမဆုံးအကြိမ် တွေ့ဖူးခြင်းဖြစ်လေသည်။ ထို့ကြောင့်.... သူ

ဆန်းလျန်ကို စိတ်ဝင်စားသွားမိသည်။

"ဟား ဟား ၊ ကျုပ်ရဲ့ဆရာကတော့ ကျုပ်ကိုဘယ်လိုမြင်လဲ မ

သိပါဘူး ၊ ဒီတစ်ခေါက် ကျုပ်တောင်ပေါ်ပြန်ရင် မင်းလိုက်

ချင်လိုက်ခဲ့လေ ၊ ဆရာက မင်းကိုလည်း ပညာသင်ချင်ရင်

သင်ပေးမှာပေါ့"

စုန့်ချင်းယီက ပြောလိုက်လေသည်။

ဆန်းလျန် သူနှင့်လိုက်ခဲ့သည်ဖြစ်စေ ၊ မလိုက်ခဲ့သည်ဖြစ်စေ ၊

စုန့်ချင်းယီမှ ဆရာဖြစ်သူ ရှန်ဆန်းကျန်းရန်လုကျိုးယွမ်က

ဆန်းလျန်ကို တပည့်အဖြစ် လက်ခံမည် ၊ လက်မခံမည်ဆို

သည့်ကိစ္စမှာ သူဝင်ဆုံးဖြတ်၍ရသည့် ကိစ္စမဟုတ်ပေ။

စုန့်ချင်းယီက စကားကို လက်လွတ်စပယ်ပြောလိုက်ခြင်းဖြစ်လေသည်။သူ၏အပြုအမူမှာ သူကျင့်နေသည့်ကျင့်စဉ်နှင့်တော့ ဆန့်ကျင်ဘက်ဖြစ်လေသည်။ သူလက်ရှိကျင့်နေသည့် "ဆန်းကျန်းကျင်း" ကျင့်စဉ်မှာ လောကတွင် ဖြစ်ပျက်နေသည့် အရာအားလုံးကို နားလည်လက်ခံပြီး စွန့်လွှတ်နိုင်ရန်ကျင့်ကြံရသည့် ကျင့်စဉ်မျိုးဖြစ်သည်။ ထိုကျင့်စဉ်မှာ စိတ်အာရုံကိုစူးစိုက်ပြီး ထိန်းချုပ်ကျင့်ကြံရသည့် ကျင့်စဉ်ဖြစ်လေသည်။ စိတ်ကိုလေ့ကျင့်ခြင်းဆိုသည်မှာ တရားအလင်းရရှိနိုင်မည့် အခြေခံအဆင့်ပင်ဖြစ်လေသည်။

စုန့်ချင်းယီမှာ သူ၏ဆရာအကြောင်းကို သိပြီးသည့်တိုင် သူ့ကို တည်တည်ငြိမ်ငြိမ်ပင် ပုံမှန်အတိုင်း ဆက်ဆံနေသည့် ဆန်းလျန်ကို စိတ်ဝင်စားနေမိလေသည်။ ထို့ကြောင့် ဆန်းလျန်အပေါ်တွင် အမြင်ပြောင်းသွားပြီး ခင်မင်သလိုဖြစ်လာခဲ့သည်။

"ဆံပင်တွေဖြူသည်အထိ ပေါင်းသင်းလာသည့်တိုင် သူစိမ်းတစ်ယောက်လို နားလည်ရခက်နေဆဲ"

ဆိုသည့် ရှေးဟောင်းစကားပုံတစ်ခုကို စုန့်ချင်းယီသတိရလိုက်မိသည်။

ရုတ်တရက်ပင် စုန့်ချင်းယီမှာ ဆန်းလျန်အပေါ်တွင် ထိုစကားပုံကဲ့သို့ ထပ်တူခံစားလိုက်ရလေသည်။

"ချင်းယီ မနောက်ပါနဲ့ဗျာ ၊ တကယ်တော့ ကျုပ်မှာ ဆရာရှိပြီးသားပါ"

ဟု ဆန်းလျန်က ပြောလိုက်လေသည်။

"အိုး... သေစေခြင်းကျောင်းတော်ကိုသွားတာ တပည့်ခံမလို့မဟုတ်ဘူးပေါ့ ၊ ဒါဖြင့် ဘယ်နတ်ဘုရားကျောင်းတော်ကများလဲ သိပါရစေ ၊ ကျုပ်တို့ ရှမ်ထျန်းဂိုဏ်းကလည်း အနွယ်တော်ဂိုဏ်းခွဲတွေ အများကြီးရှိတယ်ဆိုတော့ ကျုပ်တို့နှစ်ယောက်ဂိုဏ်းတူဆွေမျိုးတွေ ဖြစ်ချင်ဖြစ်နေမှာပေါ့"

စုန့်ချင်းယီက အံ့သြစွာဖြင့် ပြောလိုက်လေသည်။

အမှန်တော့ ထိုသို့မေးမြန်းလိုက်ရသည်မှာ အကြောင်းရှိလေသည်။ စုန့်ချင်းယီမှာ “ဆန်းကျန်းကျင်း” ကျင့်စဉ်အခြေခံ ကိုကျင့်ကြံနေသူဖြစ်သည့်အတွက် လူတစ်ယောက်၏အသက်ရှူသံကိုနားထောင်ရုံဖြင့် ထိုသူ၏တန်ခိုးစွမ်းအားကို ခန့်မှန်းနိုင်သည့်အစွမ်းရှိလေသည်။ သို့သော် ဆန်းလျန်၏တန်ခိုးစွမ်းအားကို ခန့်မှန်း၍မရ ဖြစ်နေရလေသည်။ သူက ခန့်မှန်းရန်ကြိုးစားလိုက်တိုင်း “သန့်စင်မှု” တစ်ခုကိုသာ တွေ့ရပြီး ဆန်းလျန်ထံမှ မည်သည့်တန်ခိုးစွမ်းအား ကိုမှ ခံစားရခြင်းမရှိပေ။ ထို့ကြောင့်သူက ဆန်းလျန်ကို အဆင့်သိပ်မရှိသည့် သာမန်ကျင့်ကြံသူတစ်ယောက်ဟု အထင်ရောက်ခဲ့ရခြင်းဖြစ်လေသည်။

အမှန်တော့ “ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်” ၏ ထူးခြားချက်မှာ ထိုက်ရှီးတန်းခိုးစွမ်းအားများကို ပြင်ပမှသိမြင်ခန့်မှန်းနိုင်ခြင်းမ

ရှိအောင် အလိုလိုဖုံးကွယ်ထားတတ်လေသည်။ ထို့ကြောင့် ထို
က်ရှီးတန်ခိုးစွမ်းအားများကို မည်သူမျှခန့်မှန်းကြည့်၍မရပေ။
အလွန်အဆင့်မြင့်သည့်ကျင့်ကြံသူပင်လျှင် ထိုက်ရှီးစွမ်းအား
များကို အပြည့်အဝခန့်မှန်းနိုင်မည်မဟုတ်ဘဲ တန်ခိုး
အနည်းငယ်မျှကိုသာ ခန့်မှန်းမိမည်ဖြစ်လေသည်။
"ကျုပ်ရဲ့ဆရာက နတ်ဘုရားတစ်ပါးဖြစ်သွားခဲ့ပါပြီ ၊ ပြောပြ
ခွင့်မရှိတော့ပါဘူး ၊ ဒါနဲ့ ခင်ဗျားကရော ဘာလို့ ဒီသဲကန္တာရထဲ
ရောက်နေရတာလဲ"
အမှန်တော့ ဆန်းလျန်က သူ့အကြောင်းကို ဖုံးကွယ်ထားလိုစိတ်
မရှိပါ။
သို့သော်... ချိန်ကျန့်မေနှင့် ပေါင်ကွမ်းဆရာတော် ပြဿနာဖြစ်
သည့်အကြောင်းကြားပြီးသည့်နောက်ပိုင်း သူက ချန်ကျန့်မေ
ကို ကူညီချင်သည့်အတွက် လောလောဆယ်တွင် သူ့
အကြောင်းကို ဖုံးကွယ်လိုက်ရခြင်းဖြစ်လေသည်။

ဆန်းလျန်က အလိုက်မသိသည့် လူတစ်ယောက်မဟုတ်ပါ။

ချန်ကျန့်မေက ရှေ့တန်းသို့ထွက်ပြီးရင်ဆိုင်လျှင် သူက

နောက်ကွယ်မှနေပြီး ကူညီပေးရန်စဉ်းစားထားလေသည်။

"နတ်ဘုရားနှိမ်နင်းခြင်း" တရားဆွေးနွေးပွဲတွင် မခန့်မှန်းနိုင်

သည့် ကိစ္စရပ်ပေါင်းများစွာ ဖြစ်လာနိုင်လေသည်။ ထို

အခြေအနေမျိုးတွင် သူက ချန်ကျန့်မေအတွက် ရှိနေပေးရမည်

ဟု ဆန်းလျန် တွေးထားမိလေသည်။

ချန်ကျန့်မေမှာ မာနကြီးသူတစ်ယောက်ဖြစ်လေသည်။

သို့သော် ဆန်းလျန်အတွက်ဆိုလျှင်လည်း ချန်ကျန့်မေမှာ

လည်း ထပ်တူပင်ကူညီမည်ဖြစ်ကြောင်း ဆန်းလျန် ယုံကြည်

လေသည်။ ချင်းရွှမ်နတ်တံခါးမှ တပည့်များမှာ အခြားသောတ

ပည့်များနှင့်မတူပေ။ တစ်ယောက်နှင့်တစ်ယောက်

ခပ်တန်းတန်းပင်ရှိကြသည့်တိုင် အရေးကြုံပါက တစ်ယောက်

ကိုတစ်ယောက် ကူညီတတ်ကြလေသည်။ဤသည်မှာ ချင်းရွှ

မ်၏အနှစ်သာရစည်းကမ်းပင်ဖြစ်ပြီး သူတို့၏မူလအရင်းခံ

တူညီသည့်ခံယူချက်လည်းဖြစ်လေသည်။

တာအိုကျင့်ကြံသူများဆိုသည်က ကောင်းကင်မြေကြီးတစ်ခု

လုံး ပြောင်းဆန်သွားအောင် တိုက်ခိုက်ချင်တိုက်ခိုက်မည် ၊

လူသားတွေကိုလည်း တိုက်ခိုက်ချင်တိုက်ခိုက်မည်။ သို့သော်

တစ်ခရီးတည်းအတူတူ လျှောက်လှမ်းသူများကိုတော့ မည်

သည့်အခါမှ ထိခိုက်အောင် လုပ်လေ့မရှိပေ။ ချင်းရှမ်နတ်

တံခါးတည်ထောင်ခဲ့သည်မှာ နှစ်ပေါင်းတစ်သန်းကျော်ပြီဖြစ်

ပြီး ယခုအချိန်ထိ ရေရှည်တည်တန့်နေသည်မှာ ထိုအနှစ်သာရ

စည်းကမ်းကြောင့်ပင်ဖြစ်လေသည်။ သို့သော် တစ်ကြိမ်တစ်ခါ

တော့လည်း စုန်းပြူးများပါမည်ဖြစ်လေသည်။ လောက

ဆိုသည်က မဖြစ်နိုင်ဟု မျှော်လင့်ထားသည့်အရာများလည်း

ဖြစ်ပျက်လာတတ်သည့်သဘောရှိသည်မဟုတ်လား။

"မေးမိတာတောင်းပန်ပါတယ်"

စုန့်ချင်းယီက အားနာနာဖြင့် တောင်းပန်လိုက်ရသည်။

"ရပါတယ်ဗျ ချင်းယီ ၊ ဒါနဲ့ဒီကန္တာရထဲကို မင်းဘာလာလုပ်တာလဲဆိုတာ မပြောရသေးဘူးနော် ၊ အော်… အဆင်မပြေရင်လဲ မပြောနဲ့နော် ၊ ကျုပ်မမေးဘူးလို့ သဘောထားလိုက်ပါ"

ဆန်းလျန်က ပြောလိုက်သည်။

ကောင်းကင်တွင် ကြယ်စင်များလင်းလက်နေလေသည်။

နဂါးငွေ့တန်းကို ကောင်းကင်ထက်တွင် ရှင်းလင်းစွာ မြင်နိုင်လေသည်။ အလွန်မှ ငေးမောကြည့်ချင်စရာ လှပသည့် မြင်ကွင်းပင်။

စုန့်ချင်းယီ၏မျက်ဝန်းများက နဂါးငွေ့တန်းကို ငေးမောကြည့်ရှု နေလေသည်။

ပတ်ဝန်းကျင်လေထုအပူချိန်က တဖြည်းဖြည်းပြောင်းလဲလာလေသည်။ သဲကန္တာရထဲတွင် ညအချိန်သည် ရေခဲတမျှအေးစက်နေလေသည်။

“ဆရာကပြောတယ် ၊ ဒီသံကန္တာရထဲမှာ ဝိညာဉ်ဖြစ်တည်မှု ပစ္စည်းတွေရှိတယ်တဲ့ ၊ အဲဒီဝိညာဉ်ဖြစ်တည်မှုပစ္စည်းတွေကို ရှာလို့တွေ့ရင် အဲဒါကိုအသုံးပြုပြီး နတ်ဘုရားလက်နက် ဖြစ်လာအောင် လေ့ကျင့်ပေးလို့ရတယ်တဲ့ ၊ အဲဒါဆိုရင် ကျုပ် နတ်ဘုရားဖြစ်သွားတဲ့တစ်နေ့ကျရင် အဲဒီလက်နက်ကလည်း ကျုပ်နဲ့အတူ နတ်လက်နက်တစ်ခု ဖြစ်သွားလိမ့်မယ်တဲ့”

စုန့်ချင်းယီက ပြောပြလိုက်သည်။

ချင်းရှမ်နတ်တံခါးမှာလည်း နတ်ဘုရားကျောင်းတော်တစ်ခု ဖြစ်ပါသည်။ သို့သော် မည်သည့်တပည့်ကမှ ယခု စုန့်ချင်းယီ လုပ်နေသည့်အလုပ်မျိုးကို လုပ်လေ့မရှိကြပေ။ ဆန်းလျန်မှာ စုန့်ချင်းယီကို စနောက်ချင်သည့်စိတ်များပင် ဖြစ်သွားမိ သော်လည်း သူ့စိတ်ကိုသူ ပြန်ထိန်းလိုက်လေသည်။

“ရှန်ဆန်းကျန်းရန်က မင်းကို အရမ်းဂရုစိုက်တာပဲနော်”

ဟုသာပြောလိုက်လေသည်။

စုန့်ချင်းယီက ပြုံးလိုက်ရင်း...

“အားလျှန်၊ မင်းကတော့ ဆရာက ကျုပ်ကိုဂရုစိုက်တယ်လို့ ထင်မှာပေါ့၊ အင်း... ဆရာ ကျုပ်ကိုဂရုစိုက်တယ်ဆိုတာလည်း မှန်ပါတယ်၊ တကယ်တော့ ကျုပ်တို့ ရွှမ်ထျန်းဂိုဏ်းမှာ ကျင့်ကြံသူတွေက ကိုယ်သုံးမယ့် ဓား၊ ဒါမှမဟုတ် လက်နက် ကို ကိုယ်တိုင်ပြုလုပ်ကြတာ၊ မဟုတ်ရင်လည်း ဆရာဖြစ်တဲ့ သူက အဲဒီလက်နက်ကို ဘယ်နေရာမှရှာရမလဲဆိုတာ ပြောပြ လေ့ရှိကြတယ်”

“သူများတွေယူသွားကြတဲ့နတ်ဘုရားဓားတွေ၊ လက်နက်တွေ လည်းရှိတယ်၊ ဒါပေမယ့် ယူသွားလည်း ပြန်အစားထိုးလို့ရ တာပဲလေ၊ တကယ်အစွမ်းထက်တဲ့နတ်ဘုရားလက်နက်တွေ ကျတော့ လုပ်ယူလို့မရဘူး၊ ဒါကြောင့် ဆရာက အဲဒီလက်နက် တွေအပေါ်မှာ တာအိုအမှတ်အသားထွင်းထားတယ်၊ ယူသွား

တဲ့လူရှိရင်လည်း ကျုပ်တို့ကျောင်းတော်က ပစ္စည်းမှန်းသိတော့ ပြန်လာပေးရတာပေါ့”

စုန့်ချင်းယီက ရှင်းပြလိုက်လေသည်။

သူက ဆန်းလျန်ကို ခင်မင်ရင်းနှီးသည့်သဘောဖြင့် ဆန်းလျန်၏မျိုးရိုးနာမည် “ဆန်း” ကိုဖြုတ်ကာ အားလျန်ဟု ခေါ်လိုက်ခြင်းဖြစ်လေသည်။

ရွှမ်ထျန်းဂိုဏ်း၏လမ်းစဉ်မှာ ချင်းရွှမ်နတ်တံခါးနှင့် ကွာခြားလိမ့်မည်ဟု ဆန်းလျန် ထင်မထားမိပေ။ ချင်းရွှမ်နတ်တံခါးကတော့ လွတ်လပ်မှုကိုတန်ဖိုးထားလေသည်။ သူ့ကိုဖြစ်စေ ၊ ဂိုဏ်းတူအစ်ကိုချန်ကျန့်မေကိုဖြစ်စေ ဆရာသခင်က ပေးသင့်သည့်အကြံဉာဏ်များပေးပြီးသည်နှင့် ကျန်သည့်ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိပေ။ ကိုယ်ကြိုးစားနိုင်သလောက်နှင့် ကံကောင်းသလောက် ကျင့်စဉ်လမ်းတွင် အောင်မြင်ကြမည်ဖြစ်လေသည်။ ထို့ကြောင့်ပင် မျိုးဆက်တစ်ခုတိုင်းတွင်

ကိုယ်ပိုင်စွမ်းအားရှိသည့် နတ်ဘုရားများ ပေါ်ထွက်လာခြင်း ဖြစ်လေသည်။ အရင်မျိုးဆက်ဆရာသခင်လက်ထက် ဆရာသခင်ကျန်းရှော့ရှီး ချင်းရွှမ်နတ်တံခါးတွင် တပည့်တစ်ယောက်ဖြစ်စဉ်တုန်းက "အဆင့်အနိမ့်အမြင့်ခွဲသည့်" ကိစ္စနှင့် ပတ်သက်ပြီး မကျေမနပ်တိုင်ကြားခဲ့သည့်အတွက် ဝါးရုံတောထဲတွင်လေ့ကျင့်ရန် ခုနစ်နှစ်အပို့ခံခဲ့ရဖူးလေသည်။ ထိုသို့ပို့လိုက်ခြင်းမှာ အရေးမကြီးလှသည့် "အဆင့်အနိမ့်အမြင့်ပေါ်တွင်" အာရုံထားနေသည့်အစွဲကို ဖြတ်တောက်ကာ စိတ်စွမ်းအားကောင်းမွန်လာရန် ကျင့်ကြံစေခြင်း ဖြစ်လေသည်။ သို့သော် ရွှမ်ထျန်းဂိုဏ်းကတော့ သင်ပြပုံသင်ပြနည်း ကွာခြားလေသည်။ အဘယ်ကြောင့်ဆိုသော် ရှန်ဆန်းကျန်းရန်လုကျိုးယွမ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးအတွက် မိုးနှင့်မြေမှ ဝိညာဉ်ဖြစ်တည်မှုပစ္စည်းများကို ကျင့်စဉ်လမ်းတွင်လေ့ကျင့်ရန်အတွက် လွယ်လွယ်ပင် ရယူနိုင်လေသည်။ သို့သော် သူက တပည့်များ

ကို လွယ်လွယ်နှင့်မပေးဘဲ ကိုယ်တိုင်ရှာဖွေခိုင်းလေသည်။

အဘယ်ကြောင့်ဆိုသော် ဝိညာဉ်ဖြစ်တည်မှုပစ္စည်း

တစ်ခုခု၏အစွမ်းကို တပည့်များက အားကိုးလွန်းသွားလျှင်

သာ ပြဿနာရှိနိုင်လေသည်။

ရွှမ်ထျန်းလမ်းစဉ်ကိုကြည့်ရသည်မှာမြစ်တစ်ဖက်သို့ဖြတ်ကူး

ရန်အတွက် လှေထိုးသမားကလူအနည်းငယ်ကိုသာ ခေါ်

ဆောင်သွားသည့် လမ်းစဉ်မျိုးဖြစ်လေသည်။ ကျင့်စဉ်

လမ်းတွင် မြစ်ကမ်းတစ်ဖက်ရောက်ရန်အတွက် ရေကူးသွား

သည့် သူများရှိသလို တံတားဆောက်နေသည့်သူများလည်း ရှိ

မည်ဖြစ်လေသည်။ တံတားဆောက်ပေးလိုက်ခြင်းဖြင့် အခြား

ကျင့်ကြံသူများလည်း ထိုတံတားပေါ်မှ ဖြတ်သန်းသွားနိုင်

လိမ့်မည်ဖြစ်လေသည်။

မည်သည့်နည်းလမ်းပင်သုံးပါစေ အဆုံးသတ်တွင် ကျင့်ကြံသူအားလုံး၏မူလရည်ရွယ်ချက်မှာ မြစ်ကမ်းတစ်ဖက်သို့ ရောက်ရှိသွားရန်သာ ဖြစ်လေသည်။

ကျင့်စဉ်လမ်းဒသသနမှာ နက်ရှိုင်းလွန်းလေသည်။ ဆန်းလျန်ကတော့ ရှန်ဆန်းကျန်းရန်လုကျိုးယွမ်၏ ထူးခြားမှုကိုနားလည်ခံစားမိလေသည်။ ထို့ကြောင့်ပင် ရှန်ဆန်းကျန်းရန်မှာ ရှမ်ထျန်းဂိုဏ်း၏ ပထမအဆင့် နေရာတွင် ရပ်တည်နေခြင်းဖြစ်လေသည်။

စုန့်ချင်းယီမှာ လေးလေးနက်နက်တွေးနေပုံရသည့် ဆန်းလျန်ကိုတစ်ချက်ကြည့်လိုက်သည်။ သူက ရှမ်ထျန်းဂိုဏ်း၏လမ်းစဉ်ကို ဆန်းလျန်လက်မခံနိုင် ဖြစ်နေမှန်း ရိပ်မိလိုက်လသည်။

“ကျုပ်ရဲ့ဆရာပြောတာကတော့ သူ့ရဲ့တပည့်တွေဟာ မိုးမြေစွမ်းအားအနှစ်သာရတွေကို ရယူအသုံးပြုနိုင်တဲ့ အတော်ဆုံး

တပည့်တွေ ဖြစ်ရမယ်တဲ့ ၊ ဝိညာဉ်ဖြစ်တည်မှုပစ္စည်းတွေဟာ ကျင့်စဉ်လမ်းအတွက်အသုံးဝင်ပေမယ့် သက်သက်ကြွားလုံး ထုတ်တဲ့ပစ္စည်းတွေပဲဖြစ်တယ်တဲ့ ၊ ဒါကြောင့် ကျင့်စဉ်လမ်းကို လျှောက်လှမ်းမယ်ဆိုရင် ဘယ်နတ်ဘုရားလက်နက်ကိုမှ ကြောက်စရာမလိုဘူးတဲ့"

စုန့်ချင်းယီက ဆရာသခင်လုကျိုးယွမ်၏စကားများကို လုံးစေ့ပတ်စေ့တစ်ခုမကျန်ပင် ပြန်ပြောပြနေလေတော့သည်။

ဆန်းလျန်က စုန့်ချင်းယီမှာ အတော်ကြောင်တောင်တောင် နိုင်သည်ဟု တွေးလိုက်မိလေသည်။ မိမိ၏နတ်ဘုရားကျောင်း တော်တွင် သင်ပြပြောဆိုသည့်စကားများကို ဂုဏ်ယူစွာပြောပြ နေပြီး ထိုစကားများ၏အနှစ်သာရကိုနားမလည်ဘဲ အပေါ်ယံ များကိုသာ အဟုတ်ထင်ကာ မှတ်သားနေပုံရလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း....

“ရှန်ဆန်းကျန်းရန်ရဲ့စကားတွေက အစိပ်ပွါယ်ပြည့်ဝပါတယ် ၊ ကျင့်စဉ်လမ်းကိုလျှောက်တဲ့အခါမှာ စွမ်းအားကြီးတဲ့ နတ်ဘုရားလက်နက်ပစ္စည်းတွေက ကျင့်ကြံသူတစ်ယောက်ကို ထိန်းချုပ်သွားပြီး ကိုယ်လျှောက်နေတဲ့ ကျင့်စဉ်လမ်းအပေါ် ယုံကြည်မှုပျက်ပြားတာမျိုး မဖြစ်စေချင်လို့ သူက ဒီလိုစကားတွေပြောတာပါ ၊ တာအိုကျင့်စဉ်လမ်းကိုလျှောက်လှမ်းကြတဲ့ အခါ မှန်တယ် မှားတယ်ဆိုတာထက် ယုံကြည်မှုနဲ့ကြိုးစားဖို့ပဲ လိုတာပါ”

ဟု ပြောလိုက်လေသည်။

အခန်း (၁၄၁)

နေကွဲသို့ထွန်းလင်းသောကောင်းကင်မီးတောက်

စုန့်ချင်းယီ၏မျက်ဝန်းများမှာ ကြယ်စင်များအလား တဖျတ်ဖျတ်တောက်ပသွားလေသည်။

"အားလျှန် ၊ မင်းရဲ့စကားတွေသာ ကျုပ်ဆရာကြီးလို့ကတော့ မင်းကိုအရမ်းအထင်ကြီးမှာပဲ ၊ ဘာလို့ ကျုပ်နဲ့ရှမ်ထျန်းဂိုဏ်းကို လိုက်မလည်ရတာလဲ ၊ အဲဒီနေရာက ဘာမှမထူးစမ်းပါဘူး ၊ တာအိုသင်ကြားမှုတွေနားထောင်ဖို့ ဒီလိုပဲ ကျင့်ကြံသူတွေ လာလည်လေ့ရှိကြတာပဲ"

စုန့်ချင်းယီကပြောလိုက်သည်။

နတ်ဘုရားကျောင်းတော်များမှာ စည်းကမ်းရှိသင့်သည်ဟု ဆန်းလျှန်တွေးလိုက်မိလေသည်။ ကံမကောင်းစွာဖြင့်ပင် ချင်းရှမ်နတ်တံခါးတွင် ရှန်ဆန်းကျန်းရန်လုကျိုးယွမ်ကဲ့သို့ တန်ခိုး

စွမ်းအားကြီးမားသူ တစ်ယောက်မှမရှိပေ။ ထို့ကြောင့် ချင်းရွှမ်နတ်တံခါးသာ ရွှမ်ထျန်းဂိုဏ်း၏ပုံစံမျိုး ပြုမူနေထိုင်မည်ဆိုပါက သောက်တလွဲဖြစ်ကာ ပြဿနာများမီးခိုးကြွက်လျှောက်တက်ကုန်မည်ဖြစ်လေသည်။ ဆန်းလျန်က သူသာ ချင်းရွှမ်နတ်တံခါး၏ဆရာသခင်ဖြစ်လာပါက ချင်းရွှမ်နတ်တံခါးကို ရွှမ်ထျန်းဂိုဏ်းထက်မြင့်မားအောင် ကြိုးစားပို့ဆောင်ပေးမည်ဟု တွေးလိုက်မိသည်။

ထိုအတွေးလေးက သူ့စိတ်ဝိညာဉ်ထဲသို့ နက်ရှိုင်းစွာတိုးဝင်သွားလေသည်။

ထိုသို့တွေးလိုက်မိသည့်အတွက် ဆန်းလျန်က ရယ်မောလိုက်မိသည်။ သူက ဟိုင်သန်းအဆင့်ကိုပင် မတက်ရောက်နိုင်သေးဘဲ ချင်းရွှမ်နတ်တံခါး၏ဆရာသခင်ဖြစ်ရန် စိတ်ကူးယဉ်နေမိသေးသည်။ ထို့ပြင် သူက ဆရာသခင်ကျန်းရော့ရှီး၏တပည့်ရင်းမဟုတ်သည့်အတွက် နောက်တစ်ချိန်တွင် ချင်းရွှမ်နတ်

တံခါး၏အုပ်ချုပ်သူ ဆရာသခင်ဖြစ်လာနိုင်ချေ ရေးရေးမျှမရှိပေ။ ထို့ကြောင့် ဆရာသခင်သာလျှင် ကျန်းကျန်းမာမာဖြင့် ချင်းရွှမ်နတ်တံခါးကို အုပ်ချုပ်နေရန် ဆုတောင်းလိုက်မိတော့သည်။

လက်ရှိအချိန်တွင် ဆရာသခင်ကျန်းရော့ရှီး အုပ်ချုပ်နေသည့်နည်းလမ်းက ချင်းရွှမ်နတ်တံခါးနှင့် အသင့်တော်ဆုံး ဖြစ်လေသည်။ အကယ်၍ချင်းရွှမ်နတ်တံခါးတွင် ရှန်ဆန်းကျန်းရန်လုကျိုးယွမ်ကဲ့သို့ လောကနတ်ဘုရားတစ်ပါးရှိနေလျှင်တော့ ပြဿနာများအားလုံးကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

ဆန်းလျန်က တကယ်တမ်းတွင် စုန့်ချင်းယီ၏ကမ်းလှမ်းမှုကို ငြင်းပယ်ရန်ဆန္ဒမရှိပါ။ လောကပထမ ကျင့်ကြံသူတစ်ပါးကို တွေ့ဆုံရမည့် အခွင့်အရေးကို သူလက်လွှတ်မခံချင်ပါ။ ထို့ကြောင့် သူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"သွားလည်ဖို့အခွင့်အရေးရှိမယ်ဆိုရင်တော့ လည်ချင်တာပေါ့၊ ဒါပေမယ့် မင်းအတွက် ဒုက္ခရှာသလိုဖြစ်မယ် ချင်းယီ"

"အေးပါ အားလျှန်၊ မင်းက နည်းနည်းတော့ထူးဆန်းတယ်၊ ကျင့်ကြံသူတွေက ထုံးတမ်းစဉ်လာတွေကို အရမ်းလိုက်နာကြတယ်၊ မင်းကတော့ သိပ်ကိုလွတ်လပ်ပေါ့ပါးတာပဲ"

စုန့်ချင်းယီ၏စကားကို ဆန်းလျှန်ဘာမှပြန်မပြောဘဲ ပါးစပ်ပိတ်နေလိုက်သည်။

သဲကန္တာရရှိ အဝါရောင်သဲများမှာ ကြယ်ရောင်များအောက်တွင် တောက်ပနေလေသည်။

အတန်ကြာတိတ်ဆိတ်နေပြီးမှ ဆန်းလျှန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ချင်းယီ၊ မင်းရှာနေတဲ့ ဝိညာဉ်ဖြစ်တည်မှုပစ္စည်းကို သွားရှာကြမယ်လေ၊ မကောင်းဘူးလား"

သဲကန္တာရကိုလွန်လျှင် ဟန့်ဟိုင်တိုင်းပြည်သို့ ရောက်မည်ဖြစ်လေသည်။ ဟန့်ဟိုင်တိုင်းပြည်နှင့် မနီးမဝေးတစ်နေရာတွင် သေစေခြင်းကျောင်းတော်တည်ရှိလေသည်။ ထို့ပြင် ဆယ်လပိုင်း ၊ ဆယ့်ငါးရက်နေ့ရောက်ရန်မှာလည်း အချိန်လိုသေးသည့်အတွက် ဆန်းလျန်အနေဖြင့် အလျင်စလိုလုပ်ရန်မလိုပေ။

စုန့်ချင်းယီက ဆန်းလျန်ပြောစကားကို သဘောတူလိုက်သည်။ လူငယ်နှစ်ယောက်သည် ကန္တာရကို ဖြတ်သန်းကာ လမ်းလျှောက်လာကြလေသည်။ အကယ်၍ ဝိညာဉ်ဖြစ်တည်မှုပစ္စည်းတစ်ခုခုတွေ့လျှင်လည်း ဆန်းလျန်က သူ့ကို သစ္စာဖောက်မည်မဟုတ်ဟု စုန့်ချင်းယီ ယုံကြည်ထားလေသည်။ ပထမအနေဖြင့် ဆန်းလျန်မှာ ထိုကဲ့သို့သော လူစားမျိုးမဟုတ်ကြောင်း သူယုံကြည်လေသည်။ ဒုတိယအနေဖြင့် သူ၏တန်ခိုးစွမ်းအားမှာ သူ့ကိုယ်သူကာကွယ်နိုင်သည်ဟု

ယုံကြည်သောကြောင့်ဖြစ်လေသည်။ နောက်တစ်ခုက

သူ၏ဆရာကိုလည်း သူယုံကြည်လေသည်။ သူ့အတွက် မ

ကောင်းသောကံကြမ္မာကိုသာ ကြုံတွေ့ရမည်ဆိုလျှင် ဆရာဖြစ်

သူက ဤအလုပ်လုပ်ခိုင်းမည်မဟုတ်ပေ။

သဲကန္တာရကြီးမှာ မိုင်တစ်ရာပတ်လည်ခန့်ရှိလေသည်။ ပျံသန်း

သွားမည်ဆိုပါက သိပ်ပြီးအချိန်ကြာမည်မဟုတ်ပေ။ သို့သော်

ဝိညာဉ်ဖြစ်တည်မှုပစ္စည်းရှာမည်ဆိုလျှင်တော့ ပျံသန်းသွား၍မ

ဖြစ်ပေ။ အေးအေးဆေးဆေးသွားကာ ရှာဖွေရမည်ဖြစ်လေ

သည်။

အဝါရောင်သဲပြင်ပေါ်တွင် ငွေမှုံလေးများတောက်ပနေလေ

သည်။ ထိုငွေမှုံလေးများမှာ လွန်စွာမှ စွဲဆောင်နိုင်စွမ်းရှိလေ

သည်။

ကန္တာရကြီးတစ်ခုလုံးမှာ အသက်ဓာတ်စွမ်းအားများကင်းမဲ့နေ

လေသည်။သို့သော် ကြယ်များ၏စွမ်းအားများကိုတော့ အလျှံ

အပယ်ခံစားရလေသည်။ ရုတ်တရက် ဆန်းလျှန်၏ ခြေလှမ်းများရပ်တန့်သွားသည်။ သူတို့ရှေ့တွင် ပျံ့သန်းနေသည့် မီးစုန်းများကို တွေ့လိုက်ရသောကြောင့်ဖြစ်လေသည်။ ထိုမီးစုန်းများမှ အလင်းရောင်ဝါဖျော့ဖျော့ တောက်ပနေပြီး မည်သည့်နေရာမှ ထွက်လာမှန်းမသိပေ။ ထိုမီးစုန်းများမှာ များစွာဖြာထွက်လာပြီး တစ်စုတစ်စည်းထဲ ပြန်လည်ပေါင်းစည်းသွားကြပြန်လေသည်။

“မကောင်းတော့ဘူး ၊ အဲဒါ တံလျှပ်မျော်မိစ္ဆာရဲ့ စွမ်းအားအကြွင်းအကျန်တွေပဲ ၊ ဘာလို့တစ်နေရာတည်းမှာ ပေါင်းစည်းသွားရတာလဲမသိဘူး ၊ တံလျှပ်မျော်မိစ္ဆာမသေသေးတာတော့ မဟုတ်လောက်ပါဘူးနော်”

စုန့်ချင်းယီက ကမန်းကတန်းပြောလိုက်လေသည်။

ချန်ကျန့်မေ၏စားတန်ခိုးဖြင့်ဆိုလျှင် တံလျှပ်မျော်မိစ္ဆာကို အမြစ်ပြတ်သုတ်သင်နိုင်ရမည်ဖြစ်လေသည်။ သို့သော် ယခု

တော့ တံလျှပ်မော်မိစ္ဆာမှာ ပြန်လည်ပေါ်ပေါက်လပြီ။ ဖြစ်နိုင်သည်မှာ တံလျှပ်မော်မိစ္ဆာထံမှ များစွာသောဝိညာဉ်စွမ်းအားငယ်များမှာ သားသမီးများသဖွယ် ပုန်းအောင်းကျန်ရစ်ခဲ့ခြင်းဖြစ်ပုံရလေသည်။

ထိုဝိညာဉ်စွမ်းအားငယ်များမှာ အဝါရောင်သဲထဲတွင် နက်ရှိုင်းစွာပုန်းအောင်းနေခဲ့ပြီး ချန်ကျန့်မေကလည်း သဲကန္တာရတစ်ခုလုံးကို သူ၏တန်ခိုးဖြင့် ဖျက်စီးပစ်ခြင်းမရှိခဲ့သည့်အတွက် ပြန်လည်အသက်ဝင်ကာ ထွက်ပေါ်လာရခြင်းဖြစ်လေသည်။

ထို့ကြောင့် ထိုအခြေအနေကိုသိသောကုန်သည်များက သဲကန္တာရလမ်းမှမသွားဘဲ အခြားလမ်းမှ ကွေ့ပတ်ရှောင်လွှဲသွားခြင်းဖြစ်ရပေမည်။

တံလျှပ်မော်မိစ္ဆာ၏စွမ်းအားများမှာ စုန့်ချင်းယီအပေါ်တွင် သက်ရောက်မှုမရှိပါ။ သို့သော် ထိုစွမ်းအားများက တစ်နေရာတည်းသို့ဖြည်းဖြည်းချင်း စုဝေးနေကြလေသည်။ တံလျှပ်မော်

မိစ္ဆာ ပြန်လည်ရှင်သန်လာရန်အတွက် ထိုစွမ်းအားငယ်လေးများ တစ်စုတစ်စည်းတည်းဖြစ်ရန် လိုအပ်လေသည်။

မီးစုန်းလေးများမှာ ကြယ်များကြားတွင် ပျံသန်းနေလေသည်။ ထိုအလင်းလုံးလေးများ၏ပုံသဏ္ဍာန်မှာ ဂဏန်းသတ္တဝါလေးများကဲ့သို့ပင်။

တံလျှပ်မျော်မိစ္ဆာမှာ မည်မျှစွမ်းအားကြီးမားကြောင်းကို စုန့်ချင်းယီ ကောင်းကောင်းသိလေသည်။ ထိုမိစ္ဆာမှာ ယခုမှ ပြန်လည်နေကောင်းသည့်အဆင့်မျှသာရှိသေးပြီး အကောင်းဆုံးအနေအထားမဟုတ်သေးပေ။ ယခုအချိန်ထိုမိစ္ဆာကိုသတ်ရန်မှာ အချိန်ကောင်းပင်ဖြစ်သည်။

ထိုမိစ္ဆာ ပြန်လည်အားကောင်းလာပါက ဆယ်လပိုင်း ၊ ဆယ့်ငါးရက်နေ့တွင်ပြုလုပ်မည့် တရားဆွေးနွေးပွဲတွင် ချန်ကျန့်မေကို ကောင်းကောင်းဒုက္ခပေးတော့မည်ဖြစ်လေသည်။

စုန့်ချင်းယီက စွမ်းအားငယ်များစုစည်းနေသည့် တံလျှပ်မျော်မိစ္ဆာ၏နေရာဆီသို့ စမ်းချောင်းလေးတစ်ခုစီးဆင်းသွားသည့်အလား လျှင်မြန်စွာဝင်ရောက်သွားလေတော့သည်။

ဆန်းလျန်မျက်လုံးများက တစ်ချက်တောက်ပသွားပြီး မီးစုန်းများကို စူးစိုက်ကြည့်နေလေသည်။ တစ်ခုခုမှားယွင်းနေပြီဖြစ်ကြောင်း ဆန်းလျန်ခံစားလိုက်ရသည်။ သို့သော် ဆန်းလျန်မတားဆီးလိုက်နိုင်မီမှာပင် စုန့်ချင်းယီက တံလျှပ်မျော်မိစ္ဆာ၏နေရာဆီသို့ ခုန်ဝင်သွားလေပြီ။

ပေတစ်ထောင်ခန့်အဝေးသို့ရောက်ရှိသွားပြီဖြစ်သည့် စုန့်ချင်းယီကို ဆန်းလျန်စူးစိုက်ကြည့်နေလိုက်သည်။ စုန့်ချင်းယီမှာ ရုတ်တရက်ပင် ပျောက်ကွယ်သွားလေသည်။ သူပျောက်ကွယ်သွားသည့်နေရာမှာ တံလျှပ်မျော်မိစ္ဆာ၏စွမ်းအားငယ်များစုစည်းနေသည့်နေရာ အတိအကျမှာပင်ဖြစ်သည်။

စုန့်ချင်းယီမှာ လူကောင်းတစ်ယောက်သလို ရှန်ဆန်းကျန်းရန် လုကျိုးယွမ်၏ တပည့်တစ်ယောက်လည်းဖြစ်သည်။

ထို့ကြောင့် သူ၏တန်ခိုးစွမ်းအားမှာ လွန်စွာမှထက်မြက သောကြောင့် ယခုကဲ့သို့ခုန်ဝင်ပျောက်ကွယ်သွားသည့်တိုင် မည်သည့်အန္တရယ်မှ ရှိနိုင်မည်မဟုတ်ပေ။ သို့သော် ဆန်းလျန် မှာ စုန့်ချင်းယီအတွက် စိတ်ပူပန်သွားရကာ စုန့်ချင်းယီပျောက် ကွယ်သွားရာနေရာဆီသို့ မုန်တိုင်းတစ်ခုတိုက်ခတ်သည့်အလား လျှင်မြန်စွာပင် လိုက်ပါသွားလေတော့သည်။

ဆန်းလျန်မှာ မုန်တိုင်းတစ်ခုကဲ့သို့ဖြစ်နေပြီး ထိုမုန်တိုင်းထဲတွင် မိုးကြိုးနှင့်လျှပ်စီးစွမ်းအားများ ဖြစ်ပေါ်နေလေသည်။ ကျယ် လောင်သည့်မိုးကြိုးပစ်သံတစ်ချက် ကြားလိုက်ရပြီး တံလျှပ် မှော်မိစ္ဆာ၏စွမ်းအားငယ်များမှာ ပေါက်ကွဲပျက်စီးသွားလေ သည်။

မိုကြိုးဆိုသည်မှာ အမိန့်အာဏာရှိသော မိုးမြေစွမ်းအားဖြစ်

လေသည်။ ထို့ကြောင့် တံလျှပ်မျော်မိစ္ဆာ၏ဝိညာဉ်စွမ်းအားငယ်

များမှာ ထိုစွမ်းအားကို တွန်းလှန်နိုင်ခြင်းမရှိပေ။

စုန့်ချင်းယီပျောက်ကွယ်သွားသည့်နေရာသို့ ဆန်းလျန်ရောက်

သည့်သွားသည့်အခါတွင်တော့ သူ့အနေဖြင့် ရင်းနှီးနေသည့်

စွမ်းအားတစ်ခုကို ခံစားလိုက်ရလေသည်။ ထိုနေရာမှာ

ကျောက်ရှောင်ယွီက နတ်ဘုရားမြေမှုန့်အသုံးပြုကာ ဖန်ဆင်းခဲ့

သည့်နေရာနှင့် ဆင်တူနေလေသည်။

ကျယ်ဝန်းသောနေရာတစ်ခုဖြစ်ပြီး ထိုနေရာ၏အလယ်တွင်

အလွန်ကြီးမားသည့် ညောင်ပင်ကြီးတစ်ပင်ရှိနေလေသည်။

ညောင်ပင်ကြီးမှာ သစ်ရွက်များဖြင့်အုံ့ဆိုင်းနေသောကြောင့်

သစ်ကိုင်းများကိုပင်မမြင်ရပေ။ သစ်ပင်ကြီး၏ပင်စည်တွင်

ကြည်လင်သည့်အလင်းရောင်တစ်ခု စီးဆင်းနေလေသည်။ ထို

အလင်းရောင်၏ထိပ်တွင် နဂါးတစ်ကောင်၏ပုံသဏ္ဌာန်ကိုတွေ့

မြင်နိုင်သည်။ ထိုနဂါး၏ထူးခြားချက်မှာ လက်သည်းတစ်ခု

သာရှိသောကြောင့် ကြည့်ရသည်မှာ မူမမှန်ဖြစ်နေရလေသည်။

ထိုထူးဆန်းသည့်နဂါးပုံသဏ္ဍာန်မှာ ဦးခေါင်းထက်တွင်လည်း

ဦးချိုမရှိပေ။ ချွန်ထက်သည့်သွားများကတော့ ကြောက်မက်

ဖွယ်ရာပင်။

ပင်စည်တွင်စီးဆင်းနေသည့်အလင်းတန်းမှာ ထိုနဂါးပုံသဏ္ဍာန်

ကိုလောင်ကျွမ်းနေခြင်းဖြစ်လေသည်။ တံလျှပ်မှော်

မိစ္ဆာ၏စွမ်းအားငယ်များမှာလည်း ထိုနဂါးပုံသဏ္ဍာန်ဆီသို့

သွားရောက်ပေါင်းစည်းနေကြလေသည်။ စွမ်းအားများ

ပေါင်းစည်းမှုကြောင့် ထိုနဂါးပုံသဏ္ဍာန်၏အသက်ရှူသံမှာ

ပြင်းထန်လာပြီး အသက်ဝင်လာသကဲ့သို့ရှိလေသည်။

ထိုပုံသဏ္ဍာန်ကိုကြည့်ပြီး ဆိုရိုးတစ်ခုကို ဆန်းလျန်သတိရလိုက်

သည်။

"ဇာမဏီငှက်အော်သံက တောင်တစ်ခွင်ပျံ့လွင့်...

ညောင်ပင်မှမွေးဖွားလာခြင်းက နေကွဲသို့ထွန်းလင်း..."

ဟူသည့် စကားပုံဖြစ်လေသည်။

ဇာမဏီငှက်တစ်ကောင်သည် သေအံ့ဆဲဆဲအချိန်တွင်

မိုးကောင်းကင်ထိပ်ဖျားရှိ ညောင်ပင်ကြီးဆီသို့ ရောက်ရှိသွား

လေသည်။ ထိုညောင်ပင်ကြီးဆီမှာ ကောင်းကင်မီးတောက်

ထွက်ပေါ်လာပြီး ဇာမဏီငှက်ကို အသစ်တစ်ဖန်ပြန်လည်မွေး

ဖွားပေးခဲ့လေသည်။ ယခုလည်း ညောင်ပင်ကြီးဆီမှ

ကောင်းကင်မီးတောက်မှာ သေဆုံးသွားပြီဖြစ်သည့် တံလျှပ်

မျော်မိစ္ဆာကို ပြန်လည်မွေးဖွားပေးနေခြင်းဖြစ်လေသည်။

ဇာမဏီငှက်ဆိုသည်မှာ ဒဏ္ဍာရီထဲမှ တန်ခိုးကြီးမားသည့်ငှက်

ဖြစ်ပြီး ထာဝရအသက်ရှင်သန်နိုင်လေသည်။ မိုးကောင်းကင်

သို့ တစ်ဆင့်ခြင်းပျံသန်းသွားလာနိုင်သည့် အစွမ်းရှိပြီး ရှားပါး

ပြီး တွေ့မြင်ရခဲသည့် ငှက်ဖြစ်လေသည်။

တန်ခိုးစွမ်းအားကြီးမားသည့်လူတစ်ယောက်က ဇာမဏီငှက်ကို သတ်မိမည်ဆိုလျှင် ရောင်စဉ်ငါးမျိုးအလင်းတန်းမှ ထိုလူကို ခေါ်ဆောင်သွားပြီး ထာဝရပျောက်ကွယ်သွားရမည်ဖြစ်လေသည်။ဤသည်မှာ ဇာမဏီငှက်ကို သတ်သည့်အတွက် အပြစ်ပေးခံရခြင်းပင်ဖြစ်သည်။

ဆန်းလျန်တို့ရောက်ရှိနေသည့် ဖန်ဆင်းထားသည့်နေရာတွင်တော့ တန်ဖိုးအရှိဆုံးအရာမှာ ညောင်ပင်ကြီးဖြစ်လေသည်။ ထိုညောင်ပင်ကြီးမှာဝိညာဉ်ဖြစ်တည်မှုပစ္စည်းတစ်ခုဖြစ်နေလေသည်။

စုန့်ချင်းယီက ဆန်းလျန်၏ဘေးတွင်ရပ်နေလေသည်။

"အားလျန် ၊ နောက်ကိုဆုတ် ၊ ကျုပ်လုပ်လိုက်မယ်"

"ကျုပ်ကိုပဲလုပ်ခွင့်ပေးပါဗျာ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

နဂါးပုံသဏ္ဍာန်ရှိနေသော တံလျှပ်မျော်မိစ္ဆာမှာ ဆန်းလျန်ကို အေးစက်စွာဖြင့် စူးစိုက်ကြည့်နေလေသည်။ သူ၏ပါးစပ်ကိုဖြဲလိုက်ပြီး အသက်ကို ရှူထုတ်လိုက်သည်။

ဆန်းလျန်က သူ၏ရှမ်တယ်ဓားကို ဆွဲထုတ်လိုက်လေသည်။ ရှမ်တယ်ဓားမှ ရွှေရောင်အလင်းတန်းများ ဖြာထွက်လာလေသည်။ ဆန်းလျန်က ဒြပ်စင်စွမ်းအားရှစ်မျိုးကို ဓားဆီသို့စီးဝင်စေလိုကသည့်အခါတွင်တော့ ရောင်စဉ်ရှစ်မျိုးမှာ နေရာတစ်ခုလုံးကိုဖြာလွှမ်းသွားတော့သည်။ အသက်ဓာတ်များသည် နေရာတစ်ခုလုံးတွင် ဂယက်ထနေလေသည်။

ဓားဝိညာဉ်မှ လှိုင်းများရိုက်ခတ်နေပြီး တန်ခိုးစွမ်းအားအပြည့်ဖြစ်နေလေသည်။

တံလျှပ်မျော်မိစ္ဆာက ဆန်းလျန်ကိုစတင်တိုက်ခိုက်လိုက်သည်နှင့် ဓားဝိညာဉ်က ပေါက်ကွဲထွက်သွားလေသည်။ နေရာ

တစ်ခုလုံးတွင် စူးနက်သည့်ကျုံးဝါးသံကြီးတစ်ခုက ပဲ့တင်ထပ်သွားလေသည်။

အခန်း (၁၄၂)

ဒြပ်စင်ငါးမျိုး

ဆန်းလျန်က ရှေ့သို့ခြေတစ်လှမ်းတိုးကာ ဓားကိုဆွဲထုတ်လိုက်သည့်အချိန်တွင် စုန့်ချင်းယီမှာ တစ်ကိုယ်လုံး လန်းဆန်းကာစိတ်သစ်လူသစ်ဖြစ်သွားသလို ခံစားလိုက်ရလေသည်။ ထိုသူမှာ ဆန်းလျန်ဖြစ်နေသည့်တိုင် မြစ်တစ်စင်းဆီသို့ စီးဆင်းနေသည့်စမ်းချောင်းလေးတစ်ခုအလား ခံစားချက်က ပြောင်းလဲ

သွားလေသည်။ လူများတွင် ခံစားရလေ့မရှိသည့် ခံစားချက်မျိုးဖြစ်သည်။

ဆန်းလျန်၏ဓားဝိညာဉ်မှ အဆင့်မြင့်ဒြပ်စင်စွမ်းအားများ ဖြာထွက်လာသည့်အခါတွင်တော့ တံလျှပ်မှော်မိစ္ဆာ၏အသက်ရှူသံမှာ ကျုံ့ဝါးသံကြီးတစ်ခုအလားထွက်ပေါ်လာပြီး ရုတ်တရက်ပင် ချောက်နက်ကြီးပေါ်ပေါက်လာလေသည်။ အသက်ဓာတ်စွမ်းအားများအားလုံးကို ထိုချောက်နက်ကြီးက စုပ်ယူလိုက်သည်။

ထိုချောက်နက်ကြီးမှာ စကြဝဠာတစ်ခုလုံးတွင် မည်သည့်နေရာတွင်မှမရှိသည့် ချောက်နက်ကြီးတစ်ခုအလား ဖြစ်နေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အသံတစ်စက်ပင်မထွက်ဘဲ တိတ်ဆိတ်နေလေသည်။ အသက်ဓာတ်စွမ်းအားများမရှိဘဲ အသက်ရှင်၍မရနိုင်ပေ။

လူတစ်ယောက်သည် မည်သို့မျှ ရုန်းထွက်မရနိုင်သည့် အမှောင်ခန်းကျဉ်းကျဉ်းလေးထဲတွင် တစ်ရက် ၊ နှစ်ရက်ခန့် ပိတ်မိနေလျှင်ပင် ရူးသွပ်သွားနိုင်လေသည်။

အကြောက်တရားက ဝင်ရောက်လာသည်နှင့် နှလုံးသားက ခံစားနိုင်ခြင်းမရှိတော့ဘဲ ကျရှုံးရမည်သာဖြစ်သည်။

ဆန်းလျန်က လက်ဖျောက်တစ်ချက်တီးလိုက်သည်။ အစိမ်းရောင်အလင်းတန်းများဖြာထွက်သွားပြီး ချောက်နက်ကြီးဆီမှ အမှောင်ထုကိုတွန်းလှန်ထားသည်။ သို့သော် ချောက်နက်ကြီးက ထိုအလင်းတန်းကို ဝါးမြိုသွားလေသည်။ ဆန်းလျန်ဆီမှာ ရောင်စဉ်ရှစ်မျိုးစွမ်းအားများ ဖြာထွက်လာပြန်သည်။ သို့သော် ထူးခြားမှုမရှိပေ။ ချောက်နက်ကြီးကပင် ဝါးမြိုသွားပြန်လေသည်။

မိုး ၊ မြေ ၊ တောင် ၊ ရွှံ့နွံ ၊ ရေ ၊ မီး ၊ လေ ၊ လျှပ်စီး ဒြပ်စင်စွမ်းအားရှစ်မျိုးမှာလည်း တစ်မျိုးပြီးတစ်မျိုး ချောက်နက်

ကြီး၏ ဝါးမြို့ခြင်းကို ခံလိုက်ရလေသည်။ ထိုအမှောင်ထုကို ယှဉ်ပြိုင်တိုက်ခိုက်ရန် ဆန်းလျန်မည်သို့မျှ မတတ်နိုင်ဖြစ်နေရလေသည်။ ဆန်းလျန်မှာ တံလျှပ်မှော်မိစ္ဆာ၏အသက်ရှူသံကို မကြားရတော့သလို သူကိုယ်တိုင်အသက်ရှူသံကိုပင် သူပြန်ခံစား၍မရတော့ပါ။

သို့သော် သူ၏အတွေးများက တည်ငြိမ်နေလေသည်။ တံလျှပ်မှော်မိစ္ဆာက ထိုကဲ့သို့ ကြောက်စရာကောင်းသည့် အမှောင်ထုချောက်နက်ကြီးကို ဖန်ဆင်းထားသည့်အတွက် ဂိုဏ်းတူအစ်ကိုချန်ကျန့်မေမှာ ထိုမိစ္ဆာကို ထာဝရသေဆုံးသွားအောင် အမြစ်ပြတ်မသုတ်သင်နိုင်ခဲ့ခြင်းဖြစ်လေသည်။ ထိုမှော်မိစ္ဆာမှာ လောကနတ်ဘုရားတစ်ပါးကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားသူဖြစ်လေသည်။

သို့သော် ထိုမှော်မိစ္ဆာကိုသုတ်သင်ရန် နည်းလမ်းမရှိသည်မှာ မဖြစ်နိုင်ပေ။ ဇာမဏီငှက်သည် ကောင်းကင်မီးတောက်ထဲတွင်

ပြန်လည်မွေးဖွားလာနိုင်သည့်တိုင် ချက်ချင်း စွမ်းအားပြည့်

ကာ ပျံသန်းနိုင်ခြင်းတော့ မရှိပေ။

ထိုအချက်ကိုစဉ်းစားလိုက်မိသည်နှင့် ဆန်းလျန်၏အသိညဏ်

များ ပွင့်လင်းသွားခဲ့လေသည်။

အဘယ်ကြောင့် သူ၏တန်ခိုးစွမ်းအားများအားလုံး မလုပ်မ

ဖြစ်ကြောင်းကို သိရှိနားလည်သွားရလေသည်။ ပင်လယ်ထဲသို့

သေးငယ်သည့်ပုရွက်ဆိတ်လေးတစ်ကောင်ကျသွားလျှင်

ရေပွက်လေးပင်မထဘဲ နစ်မြုပ်သွားသကဲ့သို့ ဖြစ်လေသည်။

ဆန်းလျန်၏တန်ခိုးစွမ်းအားများမှာ လောကတွင်မရှိ ဖန်ဆင်း

ထားသည့် အမှောင်ထုချောက်နက်ကြီးထဲသို့ ပုရွက်ဆိတ်လေး

ပမာ ကျရောက်သွားရခြင်းဖြစ်လေသည်။

ဖန်ဆင်းထားသည့်အရာဆိုသည်မှာ လောကတွင်အမှန်တကယ်

မရှိသည့်အတွက် မရှိမှု အမှောင်ထု သာဖြစ်နေမည်ဖြစ်လေ

သည်။ ထိုမရှိမှုအမှောင်ထုကို အစစ်အမှန်တည်ရှိမှု တန်ခိုး စွမ်းအားဖြင့် တိုက်ခိုက်မှုက အရာမထင်နိုင်ပေ။

ယခု ဖန်ဆင်းထားသည့် အမှောင်ထုမှာ စိတ်ဝိညာဉ်ကို အသုံးပြုကာ ဖန်ဆင်းထားခြင်းဖြစ်လေသည်။

ဖန်ဆင်းသူဖြစ်သည့် တံလျှပ်မှော်မိစ္ဆာကိုယ်တိုင်ပင်လျှင် သူ ဖန်ဆင်းထားသည့် မရှိမှုအမှောင်ထုချောက်နက်ကြီးထဲမှ သူ ကိုယ်တိုင်လွတ်မြောက်နိုင်ပါမည်လား မသေချာပေ။

ဆန်းလျန်တစ်ချက်ပြုံးလိုက်သည်။ သူ၏ပုံစံမှာ ပိုပြီးတည်ငြိမ် နေလေသည်။ ရုတ်တရက်ပင် ရှမ်တယ်ဓားမှာ ကျောက်စိမ်း ကျိုင်းတံအသွင်သို့ ကူးပြောင်းသွားလေသည်။

နတ်ဘုရားအလင်းတန်းသည် စတင်ထွန်းလင်းလာလေသည်။

ဆန်းလျန်ကိုယ်တိုင်မှာလည်း အမည်မသိနတ်ဘုရားတစ်ပါး အသွင်းသို့ ကူးပြောင်းသွားလေသည်။ အလွန်ရှေးကျသည့်

အချိန်ကာလတစ်ခုမှ အမည်မသိသည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။

နတ်ဘုရားအလင်းတန်းများက ရေကဲ့သို့ စီးဆင်းလင်းဖြာနေလေသည်။ သို့သော် အဆုံးမရှိပေ။

ထိုနတ်ဘုရားအလင်းတန်းအောက်တွင် မရှိမှုအမှောင်ထုချောက်နက်ကြီးမှာ တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။ အမှောင်ထုထဲတွင် အချိန်ကြာမြင့်စွာ ပိတ်မိနေသည့်တိုင် ပြင်ပကမ္ဘာသို့ တစ်ခဏချင်းတွင်ပင် ပြန်လည်ရောက်ရှိသွားလေသည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" က ဆန်းလျန်ကိုကယ်တင်ခဲ့ခြင်းဖြစ်ပြီး သူ့အတွေးများကို ပြန်လည်ဆန်းစစ်ကြည့်လိုက်သည်။ ဖန်ဆင်းခြင်းကို ဖန်ဆင်းခြင်းဖြင့် ပြန်လည်တိုက်ထုတ်လိုက်နိုင်ခြင်းဖြစ်လေသည်။ ဖန်ဆင်းဖြစ်တည်လာသည့် နတ်ဘုရားမှာ ဆန်းလျန်စိတ်ကူးပုံဖော်ထားသည့် နတ်

ဘုရားထက်ပင် များစွာကြောက်မက်ဖွယ်ကောင်းနေလေသည်။

နတ်ဘုရားအလင်းတန်းထဲတွင် မမြင်ရသည့် တန်ခိုးစွမ်းအား

များပြည့်ဝနေလေသည်။

လောကကြီးတစ်ခုလုံး အလင်းထဲသို့ပြန်ရောက်လာလေသည်။

တံလျှပ်မော်မိစ္ဆာမှာ ညောင်ပင်ထဲမှ ထွက်လာသည်ကို ဆန်းလျ

န်မြင်လိုက်ရလေသည်။ သူ၏ဦးခေါင်းမှာ ကင်းလိပ်ချောနှင့်တူ

ပြီး ဆန်းလျန်ကို ကိုက်ရန် ခုန်ဝင်လာလေသည်။

အမှောင်ထုကွယ်ပျောက်သွားသည်နှင့် တံလျှပ်မော်မိစ္ဆာက ခုန်

ဝင်လာခြင်းဖြစ်သည့်အတွက် ဆန်းလျန်မှာ ရှောင်ချိန်မရတော့

ပါ။

စုန့်ချင်းယီက အင်းသင်္ကေတတစ်ခုကို လက်ဖြင့်ပုံဖော်

ရေးသားလိုက်လေသည်။

ရွှေရောင်းဓားတစ်လက် လက်ခနဲဖြစ်သွားသည်ကိုသာမြင်

လိုက်ရပြီး တံလျှပ်မော်မိစ္ဆာမှာ နှစ်ပိုင်းပြတ်သွားလေသည်။

မြေပြင်ပေါ်တွင် တွန့်လိမ်အကြောဆွဲနေပြီးနောက် မီးခိုးငွေ့အဖြစ်ပြောင်းလဲကာ ပျောက်ကွယ်သွားလေတော့သည်။ ဆန်းလျန်မှာ ညောင်ပင်အောက်တွင် ရပ်နေလေသည်။ ဆန်းလျန်က ရွှမ်တယ်ဓားကိုဆွဲထုတ်လိုက်လေသည်။ ဓားမှ ရွှေရောင်အလင်းတန်းများသည် ညောင်ပင်ကြီးဆီမှ ကောင်းကင်မီးတောက်နှင့် ပေါင်းစည်းသွားသည်။ သို့သော် ဓားကိုမီးလောင်သွားခြင်းမရှိပေ။ မိုးကောင်းကင်ကိုးထပ်မှ လေများတိုက်ခတ်လာသံကို ဆန်းလျန်ကြားလိုက်ရလေသည်။ ဆန်းလျန်နှလုံးသားထဲမှ နက်နက်ရှိုင်းရှိုင်းပြုံးလိုက်မိလေသည်။ ပထမဆုံးအကြိမ် အသစ်တစ်ဖန်ပြန်လည်မွေးဖွားလာသလို ခံစားလိုက်ရသည်။ ဆောင်းရာသီကုန်ဆုံးသွားသည့်အချိန် ပထမဆုံးပွင့်လန်းလာသည့် ပန်းလေးတစ်ပွင့်ကဲ့သို့ပင် ဖြစ်လေသည်။

ရွှမ်တယ်ဓားမှာ ဘာကြောင့်မှန်းမသိစတင်တုန်ခါလာလေသည်။ ထို့နောက် ညောင်ပင်ထဲမှ ကောင်းကင်မီးတောက်များအားလုံးကို စုပ်ယူလိုက်လေတော့သည်။

ကောင်းကင်မီးတောက် ပျောက်ကွယ်သွားသည့်နှင့် ညောင်ပင်ကြီးတစ်ခုလုံး နွမ်းခြောက်ပြီး ကျုံ့ဝင်သွားလေသည်။

နောက်ဆုံး ညောင်ပင်ကြီးမှာ လူတစ်ယောက်၏ခါးလောက်မျှသာရှိသည့် ညောင်ပင်လေးဖြစ်သွားလေသည်။ ထိုညောင်ပင်လေးဆီမှ ပြင်းထန်သည့်မီးအလင်းများနှင့် ဝိညာဉ်စွမ်းအားများ ဖြာထွက်နေလေသည်။

ဝိညာဉ်စွမ်းအားဆိုသည်မှာ မိုးမြေတန်ခိုးစွမ်းအားအဖြစ်ပြောင်းလဲနိုင်သည့် မူလစွမ်းအားဖြစ်လေသည်။

တစ်ဆက်တည်းမှာပင် အသက်ဓာတ်စွမ်းအားနှင့် ကျင့်ကြံသူတန်ခိုးစွမ်းအားသာမက ကျင့်စဉ်လမ်းယုံကြည်မှုတို့၏ အခြေခံလည်း ဖြစ်လေသည်။ ဝိညာဉ်စွမ်းအားကို ဒြပ်စင်ငါး

မျိုးအဖြစ် ပြန်လည်ခွဲခြားနိုင်သည်။ သတ္တု ၊ သစ်သား ၊ ရေ ၊ မီး နှင့် မြေကြီးဟူ၍ပင်။ လောကရှိ တန်ခိုးစွမ်းအားဟူသမျှသည် ထိုဒြပ်စင်စွမ်းအားငါးမျိုးမှ ကင်းလွတ်နိုင်ခြင်းမရှိ။

စုန့်ချင်းယီက ဆန်းလျန်အနားသို့ လျှောက်လာလေသည်။

"မင်းမှာ ဒီလိုစားမျိုးရှိမယ်မထင်မိဘူး ၊ ကောင်းကင်မီးတောက်ကိုတောင် စုပ်ယူနိုင်တာပဲ"

ဟု ပြောလိုက်လေသည်။

"မင်းကို တမင်သက်သက် ဖုံးကွယ်ထားတာ မဟုတ်ရပါဘူး"

ဆန်းလျန် ပြန်ပြောလိုက်လေသည်။

စုန့်ချင်းယီက အေးအေးသက်သာဖြင့်ပင်....

"ကျုပ်စိတ်ဆိုးသွားတယ်လို့ မင်းထင်နေတာလား ၊ မင်းလည်း မင်းအကြောင်းနဲ့မင်းရှိမှာပေါ့ ၊ ကျုပ်နည်းနည်းစိတ်ရှုတ်သွားလို့ပါ"

"စိတ်ရှုတ်သွားလို့ပါ" ဆိုသည့်စကားကို သူက ရယ်သံစွက်၍ ပြောလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်၏ စိတ်ရင်းတွင် အမှန်တကယ်ပင် ရိုးသားခဲ့သောကြောင့် ကိုယ့်လိပ်ပြာ ကိုယ်လုံလေသည်။

သို့သော် စုန့်ချင်းယီမှာ သဘောကောင်းသည့်လူတစ်ယောက်ဖြစ်လေသည်။ ဆန်းလျန်က သူ့အပေါ်တွင် သစ္စာပျက်သလိုဖြစ်သွားသည့်အတွက် အပြစ်ရှိသလိုခံစားနေရလေသည်။

ကောင်းကင်ထက်တွင် ကြယ်စင်များတောက်ပနေဆဲဖြစ်လေသည်။

သူတို့တွေ့ဆုံခဲ့ကြသည်...

သူတို့ခွဲခွာရဦးမည်...

စုန့်ချင်းယီက ညောင်ပင်လေးကို သူနှင့်အတူယူဆောင်သွားလေသည်။ သူကျင့်စဉ်လမ်းလျှောက်လှမ်းရာတွင် ထိုညောင်ပင်က အထောက်အကူပြုနိုင်လေသည်။ သူက

သဲကန္တာရထဲတွင် ကျင့်စဉ်တစ်ခုကျင့်ကြံရန်အတွက် ရက်
အနည်းငယ်နေဦးမည်ဟု ဆိုလေသည်။
သဲကန္တာရထဲတွင် စုန့်ချင်းယီတစ်ယောက်တည်း အန္တရယ်ကျ
ရောက်မည်ကို ဆန်းလျန် စိုးရိမ်ခြင်းမရှိတော့ပါ။ စုန့်ချင်းယီထံ
တွင် မျိုးစေ့လေးသုံးစေ့ကိုတွေ့လိုက်ရသောကြောင့်ဖြစ်လေ
သည်။ ထိုမျိုးစေ့သုံးစေ့မှာ စုန့်ချင်းယီကိုကာကွယ်ပေးမည့်
သိုင်းသမားသုံးယောက်အဖြစ် အချိန်မရွေးပြောင်းလဲသွားနိုင်
လေသည်။ ထိုသိုင်းသမားသုံးယောက်မှာ ချောင့်တုန့်အဆင့်
ကျင့်ကြံသူလောက်ကိုတော့ အသာလေးတိုက်ခိုက်နိုင်လေ
သည်။ ထို့ကြောင့် စုန့်ချင်းယီမှာ ဟိုင်သန်းအဆင့်တက်ရောက်
နိုင်ခြင်းမရှိသေးသည့်တိုင် မည်သူမှ သူ့ကို အန္တရယ်ပြုနိုင်မည်
မဟုတ်ပေ။
ထို့ပြင် ထိုကဲ့သို့သော မျိုးစေ့လေးများ ရာနှင့်ချီပြီး စုန့်ချင်း
ယီ၏အိတ်ထဲတွင် ရှိနေနိုင်သေးသည်။

ထိုပညာမှာ မျိုးစေ့လေးများထဲသို့ တာအိုကျင့်စဉ်ကို စိမ့်ဝင်စေသည့် တန်ခိုးစွမ်းအားကို အသုံးပြုထားခြင်းဖြစ်လေသည်။ ရှန်ဆန်းကျန်းရန်လုကျိုးယွမ်၏ တန်ခိုးစွမ်းအားပင်ဖြစ်လေသည်။ ထိုပညာဖြင့် ဖော့ဝမ့်အဆင့် တိုက်ခိုက်သူများကိုပင် ဖန်ဆင်းနိုင်လေသည်။

ဆန်းလျန်က သဲကန္တာရထဲတွင် ခပ်မှန်မှန်ခြေလှမ်းများဖြင့်ပင် ထွက်ခွာသွားလေသည်။ လေအေးကတိုက်ခတ်နေပြီး တစ်ခါတစ်ရံတွင် ဝံပုလွေအူသံများကိုကြားနေရသည်။ ဆန်းလျန်က ဝံပုလွေအုပ်များဘေးမှ ဖြတ်သန်းသွားသည့်တိုင် ဝံပုလွေများက ဆန်းလျန်ကို အန္တရယ်မပေးကြပါ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏တည်ရှိမှုကို ဝံပုလွေများက သတိမထားမိသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က အသက်ရှူသံကိုထိန်းချုပ်ထားသည့်အတွက် ဝံပုလွေများက ခြေရာမခံနိုင်ခြင်းဖြစ်လေသည်။

ထို့ပြင် သူ၏သွားလာလှုပ်ရှားမှုမှာလည်း မည်သည့်အသံမှ ထွက်ခြင်းမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အခန်း (၁၄၃)

ထူးဆန်းသောလူ

လက်ရှိ ဆန်းလျန်သွားလာနေသည့်ပုံဏ္ဍာန်ကိုသာ တာအိုဆရာ တစ်ပါးမြင်လျှင် သူ့ကို “ပြဒါးတန်ခိုးရှင်” ဟု ထင်မိလိမ့်မည် ဖြစ်လေသည်။ “ပြဒါးတန်ခိုးရှင်” ဆိုသည်မှာ “ပြဒါး” ဖြင့် ကျင့်ကြံပြီး ကျင့်စဉ်လမ်း အောင်မြင်မှုရသွားသူကို ဆိုလိုခြင်း

ဖြစ်လေသည်။ ထိုအောင်မြင်မှုက အရာအားလုံးထက် သာလွန်လေသည်။

အူနေသည့်ဝံပုလွေအုပ်ကြီးကို ဆန်းလျန်ကြည့်နေမိသည်။ ဝံပုလွေအူသံကို သူကြားနေရသည်။ သို့သော် ထိုဝံပုလွေအူသံများကြောင့် သူ့စိတ်ထဲတွင် မည်သို့မျှ မခံစားရပေ။

အရုဏ်မတက်ခင်မှာပင် မြို့တစ်မြို့သို့ ဆန်းလျန်ရောက်ရှိလာလေသည်။ ထိုမြို့မှာ ဟန့်ဟိုင်တိုင်းပြည်၏မြို့တော်ပင်ဖြစ်လေသည်။

ဟန့်ဟိုင်တိုင်းပြည်မှလူများမှာ အနက်ရောင်ကို လွန်စွာမှ သဘောကျနှစ်သက်ဟန်တူလေသည်။ မြို့တော်တစ်ခုလုံးမှ လူများမှာအနက်ရောင်များကိုသာ ဝတ်ဆင်ထားကြလေသည်။ သိုင်းသမားလည်းအနက်ရောင် ၊ ကုန်သည်များလည်း အနက်ရောင် ဝတ်ဆင်ထားကြလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ စည်ကားပြီး လူသံများဖြင့် ဆူညံပွက်လောရိုက်နေလေသည်။

တိုင်းပြည်မှာဆင်းရဲသည့်တိုင် လူများကတော့ ဒုက္ခမရှိ ပျော်ရွှင်နေပုံရလေသည်။

ဟန့်ဟိုင်တွင်နေထိုင်ကြသည့်လူများမှာ အလွန်မှသန်မာသူများဖြစ်ကြောင်း ဆန်းလျန်ရိပ်မိလိုက်သည်။ လူအားလုံးမှာ အနည်းဆုံးတော့ အခြေခံအသက်ရှူကျင့်စဉ်ကို လေ့ကျင့်ထားကြပုံရလေသည်။ ထို့ကြောင့် သူတို့အားလုံးကိုတွေ့မြင်ရသည်မှာ ဟန်ချက်ညီလျှက်ရှိနေလေသည်။

ထို့ပြင် ဟန့်ဟိုင်မှလူများမှာ အနက်ရောင်ကို ရွေးခြယ်ဝတ်ဆင်ရသည်မှာ အကြောင်းရှိလေသည်။ အနက်ရောင်မှာ “ရေ” ကိုကိုယ်စားပြုသည့်အရောင်ဖြစ်လေသည်။ ဟန့်ဟိုင်တိုင်းပြည်မှာ ရေရှားပါးသည့် တိုင်းပြည်တစ်ခုဖြစ်သောကြောင့် ရေကိုတန်ဖိုးထားသည့်အနေဖြင့် အနက်ရောင်များကို ဝတ်ဆင်ထားကြခြင်းဖြစ်လေသည်။

စားသောက်ဆိုင်တစ်ခုတွင် ဆန်းလျန်ထိုင်နေလေသည်။ ထို စားသောက်ဆိုင်မှာ ဟန့်ဟိုင်မြို့တော်တွင် တစ်ခုတည်းရှိသည့် စားသောက်ဆိုင်ဖြစ်လေသည်။ ထိုစားသောက်ဆိုင်မှာ ဈေးကြီးလွန်းသောကြောင့် မင်းမျိုးမင်းနွယ်များနှင့် လူချမ်းသာများသာ လာရောက်စားသောက်နိုင်လေသည်။

အာဏာရှိသူများနှင့် လူချမ်းသာများမှာ နေ့တိုင်းတော့လည်း လာမစားနိုင်ပါ။ ထို့ကြောင့် စားသောက်ဆိုင်တွင် လူအနည်းငယ်သာရှိလေသည်။ထို့ပြင် ဟန့်ဟိုင်မှလူများမှာ လူစိမ်းသူစိမ်းများကိုလည်း စိတ်ဝင်စားကြပုံပေါ်လေသည်။ ဆန်းလျန်၏ပုံစံမှာ ထင်ထင်ပေါ်ပေါ်မရှိသည့်တိုင် လူများက သူ့ကိုသာ အာရုံစိုက်နေကြလေသည်။

ဆန်းလျန်မှာ လွန်စွာမှ ချောမောသူတစ်ယောက်ဖြစ်သည့်အပြင် သူ၏သိမ်မွေ့ပြီးထူးဆန်းသည့်အသွင်အပြင်ကြောင့် သိသာထင်ရှားနေခြင်းဖြစ်ဟန်တူလေသည်။

သူ၏ထူးခြားမှုမှာ သာမာန်လူများနှင့်မတူပါ။ ရေပြင်ထဲတွင် ပုံ ရိပ်ထင်နေသည့်လရိပ်အလား တည်ငြိမ်အေးချမ်းမှုကို သူ့ထံမှ ခံစားရမည်ဖြစ်လေသည်။ မြင်သူတိုင်းက သူ့ကိုချောမောလှပ သည်ဟု ဆိုကြမည်ဖြစ်သည့်တိုင် သူ၏ချောမောလှပမှုကို စာဖွဲ့နိုင်ကြလိမ့်မည်မဟုတ်ပေ။

အခြားသူများကလည်း ဆန်းလျန်ကို စိတ်ဝင်စားနေသလို ဆန်းလျန်ကလည်း ပတ်ဝန်းကျင်မှလူများကို မသိမသာ လေ့လာနေလေသည်။ ထိုသို့လေ့လာရန်အတွက် သူ၏မျက်လုံးနှင့်နားများကို သုံးရန်မလိုပါ။ သူ၏စိတ်အာရုံကို သာ အသုံးပြုရန်လိုလေသည်။ စားသောက်ဆိုင်ထဲတွင် ဟိုင် သန်းအဆင့်အောင်မြင်ထားသည့် ကျင့်ကြံသူတစ်ယောက်မှ မ ရှိပေ။ ဟိုင်သန်းအဆင့် ကျင့်ကြံသူရှိနေပါကလည်း ထိုသူထံမှ ကြီးမားသည့်တန်ခိုးစွမ်းအားအရှိန်အဟုန်ကို ဆန်းလျန်ခံစား သိရှိနိုင်မည် ဖြစ်လေသည်။

စားသောက်ဆိုင်ထဲမှ လူအချို့ထံတွင် ချင်းရွှမ်နတ်

တံခါး၏ကျင့်စဉ်အချို့ကျင့်ကြံထားသည်ကို သိနိုင်လေသည်။

အချို့သူများကတော့ အမည်မသိကျင့်စဉ်များကို ကျင့်ကြံ

ထားကြသည်။ အချို့သူများကတော့ အသက်ဓာတ်စွမ်းအား

များ ကျဆင်းနေသည်ကိုတွေ့ရလေသည်။

ဆန်းလျန်စိတ်ဝင်စားမိသည့်လူတစ်ယောက်တော့ရှိလေသည်။

ပထမတော့ ဆန်းလျန်က ထိုသူကိုသတိမပြုမိပါ။ သို့သော် ရွှမ်

တယ်ဓားမှကောင်းကင်မီးတောက်၏အပူရှိန်ကို သုံးကြိမ်မျှ

ခံစားလိုက်ရသည့်အချိန်တွင်တော့ ထိုသူကို ဆန်းလျန်ကို တစ်

ချက်လှည့်ကြည့်လိုက်လေသည်။

ထိုသူ၏အကြည့်မှာ သာမန်ပင်ဖြစ်လေသည်။ သူဝတ်ဆင်

ထားသည့်ဝတ်ရုံမှာလည်း အနည်းငယ်ညစ်နွမ်းနေပြီး စားပွဲပေါ်

တွင်ချထားသည့် အနက်ရောင်ဓားမှ မိစ္ဆာစွမ်းအားများ စိမ့်

ထွက်နေသလိုခံစားရလေသည်။

ထိုမျှလောက်ဖြင့် ဆန်းလျန်သိချင်သည့်အချက်များမှာ မ

လုံလောက်ပါ။ ထိုသူ၏အကြည့်က စူးရှတောက်ပလေသည်။

ကိုယ့်ကိုကိုယ်ယုံကြည်မှုအပြည့်ရှိသည့်ဟန် ပေါ်လွင်လေ

သည်။ အထူးသဖြင့် သူ၏မျက်လုံးများမှာ ကြည်လင်နေပြီး

နက်ရှိုင်းနေလေသည်။

သို့သော် ထိုသူ၏မျက်လုံးများတွင် တစ်ခုခုဖုံးကွယ်ထား

သကဲ့သို့ ဖြစ်နေပြီး ခံစားချက်ကင်းမဲ့နေလေသည်။

မြင်သာအောင်ပြောရမည်ဆိုလျှင် အလောင်းကောင်တစ်

ကောင်၏မျက်လုံးများကဲ့သို့ပင်။

ထိုသူတွေးတောနေသည့်အရာများကို မည်သို့မျှ ခန့်မှန်းနိုင်မည်

မဟုတ်ပေ။ ထိုသို့မခန့်မှန်းနိုင်ခြင်းမှ လွန်စွာမှ အန္တရယ်ကြီး

လေသည်။ ဆန်းလျန်ကတော့ ထိုကဲ့သို့သောလူမျိုးကို မ

ကြောက်သလို အန္တရယ်ကိုလည်းမှုမည့်သူ မဟုတ်ပါ။

ထို့ကြောင့် အေးအေးဆေးဆေးပင် ဆက်လက်စားသောက်နေလိုက်လေသည်။

ထိုလူက အစားအသောက်ကို အငမ်းမရစားသောက်နေလေသည်။ သူက အစားအသောက်များကို ပါးစပ်တွင်းသို့ အတင်းထိုးထည့်ကာစားနေသည့်အတွက် နင်နေမည်ပင် စိုးရိမ်ရလေသည်။

ကျင့်ကြံသူအများစုမှာ ပထမဆုံးကျင့်စဉ်အဆင့်ဖြစ်သည့် ထုံမိုက်အဆင့်ကိုအောင်မြင်လျှင်ပင် အသက်ဓာတ်စွမ်းအားများကို အသုံးပြုနိုင်ပြီဖြစ်လေသည်။ ထို့ကြောင့် အစားအသောက်များကို စားသောက်ရန် သိပ်ပြီးလိုအပ်လေ့မရှိပေ။ စားချင်စိတ်ရှိသည့်အခါမှသာ အာသာပြေအောင် စားသောက်ကြလေသည်။

ထို့ပြင် ဖြည်းဖြည်းစားသည်ဖြစ်စေ ၊ မြန်မြန်စားသည်ဖြစ်စေ ခန္ဓာကိုယ်တွင် သက်ရောက်မှုမဖြစ်ပေ။ အဘယ်ကြောင့်ဆို

သော် ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်သွားသည့် အစားအသောက်များမှာ တန်ခိုးစွမ်းအားများကို တိုးတက်စေသည့် အသက်ဓာတ်စွမ်းအားအဖြစ် ချက်ချင်းပြောင်းလဲသွားသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့်အစာချေဖျက်နှုန်းမှာလည်း လွန်စွာမှ လျှင်မြန်လေသည်။ ဒဏ္ဍာရီထဲမှကျင့်ကြံသူအချို့ဆိုလျှင် တစ်လခန့် အစားအသောက်မစားဘဲနေကြလေသည်။ စားသည့်အခါတွင်လည်း နွားတစ်ကောင်လုံးကိုပင် စားနိုင်ပြီး ထိုသို့စားသည့်တိုင် သူတို့ဗိုက်တင်းခြင်း ၊ အစာမကြေခြင်းမဖြစ်ကြပေ။ အဘယ်ကြောင့်ဆိုသော် စားသမျှမှာ အသက်ဓာတ်စွမ်းအားအဖြစ် ချက်ချင်းပြောင်းလဲသွားသောကြောင့် ဖြစ်လေသည်။

ထိုသူမှာ စားသောက်ပြီးသည်နှင့် ဓားကိုကောက်ယူလိုက်လေသည်။

သူက ဓားကိုကောက်ကိုင်လိုက်သည်နှင့် ပုံစံတစ်မျိုးပြောင်းလဲသွားလေသည်။ သူ၏မျက်လုံးများမှာ ပြန်လည် အသက်ဝင်လာလေသည်။

ဆန်းလျန်က ထိုသူကို အာရုံစိုက်နေသကဲ့သို့ ထိုသူကလည်း ဆန်းလျန်ကို အာရုံစိုက်နေလေသည်။ သူ့ကိုကြည့်ရသည်မှာ တစ်ခုခုကို အလေးအနက်ထားနေပုံရပြီး သူ၏ခန္ဓာကိုယ်မှ ဝိညာဉ်စွမ်းအားများမှာ တုန်ခါ၍နေလေသည်။

ထိုဝိညာဉ်စွမ်းအားတုန်ခါမှုက ဆန်းလျန်၏နှလုံးသားတွင် လာ၍ထင်ဟပ်လေသည်။ ထိုဝိညာဉ်စွမ်းအားထဲတွင် မပျက်စီးနိုင်သည့်ရွှေ သို့မဟုတ် ပုံပြောင်းနေသည့်ရေ သို့မဟုတ် ရှင်သန်နေသည့်သစ်သားကဲ့သို့သော တန်ခိုးစွမ်းအားများ ပါဝင်လေသည်။

သို့သော် အသက်ဓာတ်စွမ်းအားနှင့်ပတ်သက်သည့် အရိပ်အယောင် မတွေ့ရပေ။

ပြေင်းလဲနေသည့် ဝိညာဉ်စွမ်းအားများကိုသာ ဆန်းလျှန်ခံစား ရလေသည်။

ရုတ်တရက် ဓားရောင်တစ်ချက်လက်သွားပြီး ကျင့်ကြံသူများ အားလုံး၏ မျက်ခုံးနှစ်ခုကြားတွင် ဓားဒဏ်ရာများ ပေါ်လာ လေသည်။

ထိုသူသည် ဆန်းလျှန်မှလွဲပြီး အခြားကျင့်ကြံသူများအားလုံး ကို သတ်ပစ်လိုက်ပြီဖြစ်လေသည်။ ထိုသူက စွမ်းအားကြီးမား ခြင်းမရှိပါ။ သို့သော် လွန်စွာလျှင်မြန်လေသည်။

အသတ်ခံလိုက်ရသည့်ကျင့်ကြံသူများမှာ ပြန်လည်တိုက်ခိုက် ရန် ပြင်ဆင်ချိန်ပင်မရလိုက်ဘဲ အသက်သေဆုံးသွားကြရလေ သည်။ ထိုသူတို့၏ခန္ဓာကိုယ်မှ အတွင်းအားများနှင့် မိုးမြေ စွမ်းအားများမှာ စုပ်ယူခြင်းခံလိုက်ရသလို ပျောက်ကွယ်သွား ကြလေသည်။

အနက်ရောင်ဓားသမားမှာ ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ထွက်ခွာသွားလေသည်။ ထိုသူက တိမ်များပေါ်သို့ ပျံသန်းပျောက်ကွယ်သွားလေသည်။ တိမ်များကြားတွင် သွေးရောင်လမ်းကြောင်းတစ်ခုပေါ်လာသည်ကို မြင်လိုက်ရလေသည်။

ထိုသူကို ဆန်းလျန်မသိပါ။ သို့သော် သူ၏ကျင့်ကြံမှုလမ်းစဉ်မှာ လွန်စွာမှ ရက်စက်ပြီး မိစ္ဆာဆန်လေသည်။

ထိုလူမှာ အလွန်လျှင်မြန်လွန်းသည့်အတွက် ဆန်းလျန်ပင် မျက်ခြေပြတ်သွားရလေသည်။

အသွင်ပြောင်းပညာတစ်ခုကို သုံးသွားသည်ဟု ဆန်းလျန်ထင်မိလေသည်။ သို့သော် သူ၏လျှင်မြန်မှုမှာ အလျှင်သုညမှ အမြင့်ဆုံးအလျှင်သို့ပြောင်းလဲသွားသည့် စက်ပစ္စည်းတစ်ခု၏လျှင်မြန်မှုမျိုးနှင့် ဆင်တူလေသည်။

သူ၏တိုက်ခိုက်မှုမှာလည်း လွန်စွာလျှင်မြန်လွန်းသည့်အတွက် မည်သူမျှ သူ၏တိုက်ခိုက်မှုကို ကာကွယ်နိုင်မည် မဟုတ်ပေ။

လောကတွင် လူများမသိနိုင်သည့် လျှို့ဝှက်ဆန်းကျယ် ကျင့်စဉ်များစွာရှိလေသည်။ ထိုကျင့်စဉ်များအားလုံးကို ဆန်း လျန်လည်းမသိနိုင်ပေ။ သို့သော် သူသိသည်က ထို သူ၏မျက်ဝန်းများဖြစ်လေသည်။ ထိုမျက်ဝန်းများနှင့် သူ၏မျက်နှာအမူအရာမှာ ဆန်းလျန်ကို ယခင်ကသိခဲ့ဖူးသလို ကြည့်သွားလေသည်။

ဆန်းလျန်အများကြီးမတွေးချင်တော့ပါ။ သူတို့နှစ်ယောက် ကြားတွင် ကိစ္စတစ်ခုခုရှိခဲ့ပါက ပြန်ဆုံကြလိမ့်မည်မှာ မလွဲ ဧကန်ပင်ဖြစ်လေသည်။

ဆန်းလျန်က ထိုသူကို ကြောက်လန့်ခြင်းလည်း မဖြစ်မိပါ။ သူက နတ်ဘုရားတစ်ပါးဖြစ်လာသည့်အချိန်ထိ ကျင့်စဉ်လမ်း ကိုလျှောက်လှမ်းရင်း ဘဝကိုကျေနပ်နေသူဖြစ်လေသည်။

သူက တစ်နေ့တခြား အခြားသူများနှင့်မတူ တစ်မူထူးခြားလာလေသည်။

ဆန်းလျန် ထိုသို့ထူးခြားလာခြင်းမှာ “စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း” စာအုပ်ကြောင့်ဖြစ်လေသည်။ နောက်ထပ်အကြောင်းတစ်ခုမှာ ကျင့်ကြံမှုများပိုပြီးပြုလုပ်လေလေလူ့လောကနှင့်ပိုပြီး အလှမ်းဝေးလေ ဖြစ်လာလေသည်။

ဤသည်မှာ ကျင့်စဉ်လမ်း၏ သဘာဝပင်ဖြစ်လေသည်။

ဆယ်လပိုင်း ၊ ဆယ့်ငါးရက်နေ့အထိ ဟန့်ဟိုင်တွင်ပင်နေရန် ဆန်းလျန် ဆုံးဖြတ်လိုက်လေသည်။ ဟန့်ဟိုင်သို့ ကျင့်ကြံသူများ တဖွဲဖွဲရောက်ရှိလာကြလေသည်။ နတ်မိစ္ဆာဘုရင်များသည်ပင်လျှင် လူများနှင့်ရောနှောကာ ရောက်ရှိနေကြလေသည်။ ဆန်းလျန်မှာ ထူးခြားဆန်းကျယ်သည့် အမျိုးမျိုးအဖုံဖုံသော ဇာတ်လမ်းများကိုလည်း ကြားရလေသည်။

ထိုညက...

လပြည့်ညဖြစ်လေသည်။

ထိုညတွင်...

ဓားတန်ခိုးရှင်ချန်ကျန့်မေနှင့် ပေါင်ကွမ်းဆရာတော်တို့ "နတ်ဘုရားနိမ်နင်းခြင်း" တရားဆွေးနွေးပွဲ ပြုလုပ်ကြမည်ဖြစ်လေသည်။

နေ့ရက်ကိုရွေးခြယ်သူကတော့ ပေါင်ကွမ်းဆရာတော်ဖြစ်ပြီး နေရာကိုရွေးခြယ်သူကတော့ ချန်ကျန့်မေပင်ဖြစ်လေသည်။

ထိုနေရာမှာ ဟန့်ဟိုင်မြို့တော်နှင့် မိုင်ငါးဆယ်ခန့်အကွာ ဟန့်ဟိုင်ပင်လယ်ကမ်းစပ် တွင်ဖြစ်လေသည်။

အခန်း (၁၄၄)

တာအိုဆရာရှီ

ဟန့်ဟိုင်ပင်လယ်မှာ ပင်လယ်သေတစ်ခုဖြစ်လေသည်။ ပင်လယ်ရေမှာ ခါးသက်ပြီးငံကျိကျိနှင့်ဖြစ်သည်။ ထိုပင်လယ်ရေထဲတွင် ပင်လယ်ရေမှော်များလည်း ပေါက်ရောက်ခြင်းမရှိပေ။

ဟန့်ဟိုင်တိုင်းပြည်၏ရေအရင်းအမြစ်အားလုံးမှာ ဟန့်ဟိုင်ပင်လယ်တွင် သွားပြီးစုစည်းနေခြင်းဖြစ်လေသည်။ ထို့ကြောင့် ဟန့်ဟိုင်တိုင်းပြည်တွင် ရေရှားပါးရခြင်းဖြစ်လေသည်။ လွန်ခဲ့သည့်အချိန်များကတော့ ဟန့်ဟိုင်တိုင်းပြည်မှာ ရေရှားပါးသည့်အပြင် နတ်မိစ္ဆာများ၏နှိပ်စက်ခြင်းကိုလည်း ခံခဲ့ရလေသည်။ ချန်ကျန့်မေရောက်လာသည့်နောက်ပိုင်း နတ်မိစ္ဆာများကို သုတ်သင်ပစ်လိုက်ပြီး ဟန့်ဟိုင်ပင်လယ်အနီးရှိ တောင်တစ်

တောင်ပေါ်တွင် သေစေခြင်းကျောင်းတော်ကို တည်ဆောက်ခဲ့

လေသည်။

ဆယ်နှစ်ကြာခဲ့ပြီဖြစ်လေသည်။

ဟန့်ဟိုင်တိုင်းပြည်၏ မိုင်တစ်ထောင်ပတ်လည်တွင် မည်သည့်

နတ်မိစ္ဆာမှ ခြေမချရဲတော့ပေ။

ညအချိန်သို့မရောက်သေးပေ။

ဆည်းဆာရောင်ခြည်က ပတ်ဝန်းကျင်တွင် လင်းလက်နေဆဲ

ဖြစ်လေသည်။

ဆန်းလျန်မှာ သေစေခြင်းကျောင်းတော်တည်ရှိသည့်

တောင်ခြေတွင်ရောက်ရှိနေလေသည်။

ဂိုဏ်းပေါင်းများစွာမှ ကျင့်ကြံသူများရောက်ရှိနေကြသလို

နတ်မိစ္ဆာများလည်းရောက်ရှိနေကြလေသည်။ သူတို့က ချန်ကျ

န့်မေတံခါးပိတ်ကျင့်ကြံပြီး ထွက်လာသည့်အချိန်ကို

စောင့်ဆိုင်းနေကြခြင်းဖြစ်လေသည်။

ပေါင်ကွမ်းဆရာတော်မှာ ပေါင်ယွဲ့ဆရာတော်၏တပည့်ဖြစ်ပြီး မိုင်ငါးထောင်ပတ်လည်အတွင်းတွင် ဆရာတော်ကို မလေးစားသည့်သူမရှိပေ။ တရားအလင်းရကာ ရွှေခန္ဓာကိုယ်ရသည်အထိ ကျင့်ကြံအောင်မြင်ခဲ့သည့်သူ ဖြစ်သည့်အတွက် အားလုံးက လေးစားကြလေသည်။ ယွဲ့ထော်တိုင်းပြည်တွင် နတ်မိစ္ဆာများမရှိပါ။ အဘယ်ကြောင့်ဆိုသော် ပေါင်ကွမ်းဆရာတော်က ယွဲ့ထော်တိုင်းပြည်ပတ်ဝန်းကျင်ရှိ တောင်ပေါင်းသုံးဆယ်မှ နတ်မိစ္ဆာမှန်သမျှကို သုတ်သင်ထားသောကြောင့်ဖြစ်လေသည်။

သူ၏ဂုဏ်ပုဒ်မှာ ချန်ကျန့်မေထက်များစွာ ကျော်ကြားလေသည်။ ပေါင်ကွမ်းဆရာတော်မှာ ချန်ကျန့်မေထက်သာလွန်သူဖြစ်သည်ဟု လူအများစုက တွေးထားကြလေသည်။

လွန်ခဲ့သည့်ဆယ်ရက်ခန့်က သတင်းများထွက်လာလေသည်။ ပေါင်ကွမ်းဆရာတော်မှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ

ထွက်ခွာသွားပြီး မည်သည့်နေရာသို့ရောက်နေသည်လဲ မည်သူမျှမသိကြပေ။

မကြာခင်အချိန်အတွင်းမှာပင် ချန်ကျန့်မေက တောင်ပေါ်မှ ဆင်းသက်လာတော့မည်ဖြစ်လေသည်။ သူ၏ကြောက်မက်ဖွယ်ရာ သဏ္ဍာန်မဲ့ဓားဝိညာဉ်မှာလည်း သေစေခြင်းကျောင်းတော်အတွင်းမှ ထွက်ပေါ်လာတော့မည် ဖြစ်လေသည်။

အတွေ့အကြုံနည်းပါးသည့် ကျင့်ကြံသူအချို့ကတော့ အကြောက်အလန့်မရှိ အနားသို့တိုးကပ်ပြီး ကြည့်နေကြလေသည်။

ဓားဝိညာဉ် ဖြည်းဖြည်းချင်းထွက်ပေါ်လာပြီး သေစေခြင်းကျောင်းတော်ဆီမှ လေထုမှာ ငြိမ်သက်ပြီး အားနည်းသွားလေသည်။

အသက်ဓာတ်စွမ်းအားများမှာလည်း အရပ်လေးမျက်နှာမှဝင်ရောက်လာပြီး သေစခြင်းကျောင်းတော်ခေါင်မိုးထက်တွင် လှည့်ပတ်နေကြလေသည်။

သေစခြင်းကျောင်းတော်တံခါး ပွင့်လာလေသည်။

ချန်ကျန့်မေက အနှောင့်အယှက်မဖြစ်စေရန်အတွက် သူ၏တပည့်များအားလုံးကို ပြန်လွှတ်လိုက်ပြီဖြစ်သည့်အတွက် တစ်ယောက်တည်းဖြစ်နေလေသည်။

ယခုယှဉ်ပြိုင်ရမည့် "နတ်ဘုရားနှိမ်နင်းခြင်း" တရားဆွေးနွေးပွဲမှာ သူ၏ဓားတန်ခိုးကို ပြသရမည့်ပွဲလည်းဖြစ်လေသည်။

လောကတွင် သူ့ထက်အစွမ်းထက်သည့် လူပေါင်းများစွာ ရှိလေသည်။ သို့သော် သူနှင့်အဆင့်တူသည့်လူတစ်ယောက်နှင့် ယှဉ်ပြိုင်ရမည်မှာတော့ ရှားပါးသည့်အခွင့်အရေးဖြစ်လေသည်။

ပေါင်းကွမ်းဆရာတော်နှင့် ချန်ကျန့်မေ တရားဆွေးနွေးပွဲ ပြုလုပ်ခြင်းမှာ မတူညီသည့် ကျင့်ကြံသူဂိုဏ်းနှစ်ခုကြားမှ ယှဉ်ပြိုင်မှုသာမက အခွင့်အရေးတစ်ခုလည်းဖြစ်လေသည်။ သူတို့နှစ်ယောက်လုံး၏ အရံအတားများကို ပယ်ဖျက်ပြီး သူ တို့၏ပုံသဏ္ဍာန်အမှန်ကို လှစ်ဟပြသည့် သေခြင်းရှင်ခြင်း တိုက်ပွဲကြီးပင်ဖြစ်လေသည်။

သို့သော် ဤယှဉ်ပြိုင်ပွဲတစ်ခဏလေးအတွက် သူတို့ဘဝ တစ်လျှောက်လုံး ကျင့်ကြံခဲ့ကြသည်တော့ မဟုတ်ခဲ့ပေ။

ချန်ကျန့်မေမှာ အဖြူရောင်ဝတ်ရုံကိုဝတ်ဆင်ထားလေသည်။ သူ၏အင်္ကျီလက်များမှာ လေထဲတွင် ပျံ့လွင့်နေလေသည်။ သူ၏မျက်ခုံးများမှာတော့ အရင်ကလောက် မျက်မှောင်ကျုံ့ ထားခြင်းမရှိတော့သည့်အတွက် အနည်းငယ်ပြေလျော့နေလေ သည်။ သူ့ကိုကြည့်ရသည်မှာ ယှဉ်ပြိုင်ပွဲသို့ သွားရောက် ရင်ဆိုင်မည့်သူတစ်ယောက်နှင့်မတူဘဲ ပွဲလမ်းသဘင်လူတစ်

ယောက်ကဲ့သို့ စိတ်လက်ပေါ့ပါးသည့်ဟန် ပေါ်လွင်နေလေ
သည်။

သူက တောင်ပေါ်လမ်းလေးအတိုင်း ခပ်ဖြည်းဖြည်းဆင်းသက်
လာလေသည်။ လူများက သူ့ကို ဝိုင်းဝန်းကြည့်ရှုနေကြလေ
သည်။

သေစခြင်းကျောင်းတော်တည်ရှိရာတောင်ပေါ်မှ ဟန့်ဟိုင်
ပင်လယ်နှင့် ဆယ်မိုင်မျှသာ ကွာဝေးလေသည်။ သို့သော် သွား
ရမည့်လမ်းက အန္တရယ်များသည်။ သူသွားမည့်လမ်း
တစ်လျှောက် အနှောင့်အယှက်ပေးမည့်သူ များကလည်း စောင့်
နေလေသည်။ ထိုသူများအားလုံးမှာ သူ့ကို သတ်ပစ်ချင်နေကြ
သူများဖြစ်လေသည်။

ထိုသူများမှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ လူများမဟုတ်
ကြပါ။ သို့သော် သူတို့အားလုံးမှာ ချန်ကျန့်မေကို ဒုက္ခပေးချင်
ကြသည့်သူများသာ ဖြစ်လေသည်။

ဆည်းဆာနေရောင်ခြည်တွင် ချန်ကျန့်မေ၏အရိပ်ကို မြင်နိုင်လေသည်။ သို့သော် ထိုအရိပ်တွင် ချန်ကျန့်မေ၏ဓားကို မတွေ့ရပါ။

ဓားမရှိပါ … သို့သော် ဓားရှိနေလေသည်။

ချန်ကျန့်မေရှေ့သို့ လူတစ်ယောက်ရောက်လာလေသည်။ တာအိုဝတ်စုံကိုဝတ်ဆင်ထားပြီး မျက်နှာက တင်းမာခက်ထန်နေလေသည်။

ထိုသူမည်သူဖြစ်ကြောင်းကို လူတိုင်းသိကြလေသည်။ ထိုသူမှာ ပုံမှန်မဟုတ်သည့် ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး သူ၏အမည်ရင်းကို မည်သူမျှမသိကြပါ။ လူအများစုက သူ့ကို တာအိုဆရာရှီ ဟုခေါ်ကြလေသည်။

သူက ကျော်ကြားသည့် ဟိုင်သန်းအဆင့်ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ သူက ရှီးဟွမ်တွင် လောကနတ်ဘုရားတစ်ပါးစွန့်ပစ်ခဲ့သည့် ကျောင်းတော်တစ်ခုကိုတွေ့ရှိပြီး ထို

ကျောင်းတော်မှ နတ်ဒေဝါအမြုတေကိုရရှိကာ ဟိုင်သန်း

အဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်လေသည်။

တာအိုဆရာရှီမှာ ဓားသမားတစ်ယောက်ဖြစ်လေသည်။

ကံကောင်းစွာဖြင့် နတ်ဒေဝါအမြုတေကို ရရှိပြီးနောက်ပိုင်း ဟို

င်သန်းအဆင့်ရောက်အောင် ကိုယ်တိုင်ကြိုးစားကျင့်ကြံခဲ့ခြင်း

ဖြစ်လေသည်။ ထိုသို့ကိုယ်တိုင်ကျင့်ကြံရသည်မှာ သူ့အတွက်

လွယ်ကူသည်တော့မဟုတ်ပေ။

ပုံမှန်မဟုတ်သည့် ကျင့်ကြံသူတစ်ယောက်အနေဖြင့် ဤနေရာ

သို့ သူမလာသင့်ပေ။ သို့သော် သူရောက်ရှိလာခဲ့လေပြီ။

သူ့ကို ချန်ကျန့်မေ၏ပြိုင်ဘက်ဟု မည်သူကမှ တွေးထင်မထား

ကြပေ။ ချန်ကျန့်မေကို သူ့အဆင့်ဖြင့် သွားစိန်ခေါ်ပါက ကိုယ့်

သေတွင်းကိုယ်တူးသလိုသာ ဖြစ်ပေလိမ့်မည်။ အသက်မသေ

လျှင်တောင်မှ ကျင့်ကြံထားသမျှ အရာအားလုံး ပျက်စီးသွားရ

ပေလိမ့်မည်။ မည်သူမျှ ချန်ကျန့်မေ၏ တန်ခိုးစွမ်းအားကို သွားပြီး စိန်မခေါ်ရဲကြပေ။

စိန်ခေါ်မိပြီဆိုပါကလည်း အုတ်ဂူနားတွင် မြက်လေးများပင် ကြိုစိုက်ထားသင့်ပြီဖြစ်လေသည်။

ယခုအချိန်တွင် ရန်သူ ၊ မိတ်ဆွေများအားလုံးမှာ ချန်ကျန့်မေကို ကိုယ်ချင်းစာပေးနေကြသည့်အချိန်ဖြစ်လေသည်။ သို့သော် ချန်ကျန့်မေသာ တာအိုဆရာရှီကို သတ်လိုက်မည်ဆိုပါက အကျိုးရှိမည်မဟုတ်ပေ။ နောက်ထပ်တိုက်ခိုက်ရမည့်ပွဲများတွင် အသုံးပြုရန် စုစည်းထားသည့် ဓားစွမ်းရည်များကို အသုံးပြုရလိမ့်မည်ဖြစ်လေသည်။

ဓားဝိညာဉ်မှာ တန်ခိုးစွမ်းအားကြီးမားသည့်တိုင် စွမ်းအား လျော့သွားလျှင်တော့ ပြန်ပြည့်ဖို့ အချိန်ယူရလေသည်။

ပေါင်ကွမ်းဆရာတော်က သူ့ကို ပြိုင်ဘက်တစ်ယောက်

အနေဖြင့် အလေးထားသည့်တိုင် စွမ်းအားပြန်ပြည့်ဖို့အထိ

တော့ စောင့်လိမ့်မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ယခုဖြစ်သည့် ပြဿနာမှာ

ကိုယ်ရေးကိုယ်တာကိစ္စမဟုတ်ပေ။ ကျင်းကွမ်းဝတ်ကျောင်း

တော်နှင့် ပတ်သက်နေလေသည်။ ပေါင်ကွမ်းဆရာတော်

အနေဖြင့် သက်ညှာလိမ့်မည် မဟုတ်ပေ။ ချန်ကျန့်မေမှာ

ငယ်ရွယ်ပြီး အလားအလာရှိသူတစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် ယခုကဲ့သို့ အခွင့်အရေးရစဉ်တွင် နှိမ်နင်းထားနိုင်မှ

တော်ကာကျမည်ဟု ပေါင်ကွမ်းဆရာတော်က ဆုံးဖြတ်ထား

လေသည်။

တာအိုဆရာရှီက လက်နှစ်ဖက်ဆုပ်အရိုအသေပေးလိုက်ရင်း...

"မင်းရဲ့ဓားကိုထုတ်လိုက်ပါ"

ဟု ယဉ်ကျေးစွာပြောလိုက်လေသည်။

သူ့ကိုကြည့်ရသည်မှာ ဆုံးဖြတ်ချက်ခိုင်မာနေပုံရလေသည်။ သူ၏စွမ်းအားများမှာ ခိုင်မာနေလေသည်။ သူ့မျက်နှာတွင်လည်း ကြောက်လန့်သည့်အရိပ်အယောင် မတွေ့ရပေ။ သူ၏ဝတ်ရုံအောက်တွင် အရောင်များတောက်ပနေသည်ကို မြင်တွေ့နိုင်လေသည်။ စွမ်းအားများစုစည်းထားခြင်းဖြစ်လေသည်။ အချိန်မရွေးတိုက်ခိုက်ရန် အသင့်ဖြစ်နေသည့်ပုံမျိုးဖြစ်လေသည်။

တာအိုဆရာရှီ၏ လက်ထဲမှသံမဏိဓားမှာ အဆက်မပြတ်တုန်ခါနေလေသည်။

သူ၏ဓားက လူကဲ့သို့အသိစိတ်ရှိလေသည်။ ထိုဓားမှာ သူ့ဘဝတစ်လျှောက်လုံး သူနှင့်အတူလေ့ကျင့်ခဲ့သည့်ဓားဖြစသည့်အတွက် သူ၏အစိတ်အပိုင်းအလားဖြစ်နေပြီး ခွဲခြား၍ မရပေ။

တိုက်ခိုက်မှုမစခင်မှာပင် ထိုသံမဏိဓားး၏ ဓားဝိညာဉ်က ထွက်ပေါ်လာလေသည်။

တာအိုဆရာရှ့ျိ၊ ကျင့်ကြံသူများအကြားတွင် အရည်အချင်းရှိသူအဖြစ် အသိအမှတ်ပြု ခံထားရသူဖြစ်လေသည်။

ချန်ကျန့်မေက သက်ပြင်းတစ်ချက်ချလိုက်ရင်း ....

"မင်းကတကယ်ပဲကျုပ်ကို နိုင်မယ်ထင်လို့လား"

တာအိုဆရာရှီ၏ မျက်နှာထားမှာ ပြောင်းလဲသွားခြင်းမရှိပါ။

"ကျုပ်မသိပါဘူး ၊ မင်းအကျိဳးစကိုထိအောင်တောင် ကျုပ်တိုက်ခိုက်ချင်မှ တိုက်ခိုက်နိုင်မှာပါ ၊ ဒါပေမယ့် သူသေကိုယ်သေတိုက်မယ်ဆိုရင်တော့ ပြောရခက်ပါတယ် ၊ ကျုပ်ကိုနိုင်အောင်တိုက်ခိုက်ဖို့ ဘယ်လောက်တန်ခိုးစွမ်းအားသုံးရမလဲဆိုတာ မင်းမသိနိုင်ဘူး ၊ မင်းရဲ့စွမ်းအားအတော်များများကို သုံးရမယ်ဆိုရင်တော့ နောက်ပွဲမှာ မင်းပြဿနာတက်မှာပဲ ၊ ဒါဆို

မင်းကျုပ်ကို တိုက်မှာမဟုတ်တော့ဘူး ၊ ဒါပေမယ့် ကျုပ်က
လည်း အသေခံပြီး မင်းကိုတိုက်ခိုက်ဖို့ ဆုံးဖြတ်ထားတယ်"
ဟု တာအိုဆရာရှီက ပြောလိုက်လေသည်။
သူက အဆုံးစွန်ထိ ဆုံးဖြတ်ချက်ခိုင်မာနေလေသည်။ သူကဲ့သို့
သော လူတစ်ယောက်က သစ်ပင်ကြီးကို ကိုင်လှုပ်နိုင်မည်ဟု
ထင်နေလေသည်။ သူ၏တန်ခိုးစွမ်းအားမှာ မသေးလှ
သော်လည်း ချန်ကျန့်မေနှင့်ယှဉ်လိုက်လျှင် အဆင့်ကွာခြား
ချက်ကတော့ တိုင်းတာ၍ပင်မရပေ။
"မင်းကလေးစားစရာကောင်းတဲ့ လူတစ်ယောက်ပါပဲ ၊ မင်းဒီကို
ရောက်လာတာ တစ်ယောက်ယောက်က စေခိုင်းလို့ပဲ ၊ ကျုပ်
မင်းကို အပြစ်မတင်ပါဘူး"
ချန်ကျန့်မေက ပြောလိုက်သည်။
ချန်ကျန့်မေ၏စကားကြောင့် တာအိုဆရာရှီမှာ အပြစ်ရှိသလို
ခံစားလိုက်ရသည်။

"ဒါကြောင့်ပဲ ကျုပ်ဒီနေ့သေရမှာပဲ ၊ မသေရင်လည်း ဒီပုံစံမျိုးနဲ့ အသက်မရှင်နိုင်ဘူး"

ချန်ကျန့်မေ၏ပုံစံမှာ အေးအေးဆေးဆေးရှိနေလေသည်။

"ကံဆိုးတာက မင်းနဲ့ယှဉ်ပြိုင်တိုက်ခိုက်မယ့်သူက ကျုပ်မဟုတ်ဘူးဖြစ်နေတယ်"

ဟု ပြောလိုက်လေသည်။

"ဘာကြောင့်လဲ"

တာအိုဆရာရှီက ပြန်မေးလိုက်သည်။

"ကြည့်ရတာ ကျုပ်ရောက်လာတာ အချိန်ကိုက်ပဲထင်တယ် ၊ ဂိုဏ်းတူအစ်ကိုချန် ၊ အစ်ကို့ရဲ့ကျင့်ကြံမှုတွေက အများကြီး တိုးတက်လာတာပဲ"

တည်ငြိမ်အေးချမ်းသည့် အသံတစ်ခုထွက်ပေါ်လာလေသည်။

အသံနှင့်အတူ ချောမောခန့်ညားသည့် လူငယ်လေးတစ်ယောက် လူအုပ်ကြားထဲမှ ထွက်ပေါ်လာလေသည်။ သူ၏ပုံစံ

က ချန်ကျန့်မေထက်ပင် သန့်စင်ချောမောနေလေသည်။

လွန်စွာမှ ခန့်မှန်းရခက်သည့် ပုံစံမျိုးပင်။

သူထွက်လာသည့်တိုင် သူ့နောက်တွင် ခြေရာထင်ကျန်ခဲ့ခြင်းမရှိပေ။

ထို့ပြင် ဆည်းဆာနေရောင်ခြည်အောက်တွင် သူ၏အရိပ်ကိုလည်း မမြင်တွေ့ရပေ။

လွန်စွာမှ မှော်ဆန်လွန်းလေသည်။ ထို့ကြောင့်ပင် တာအိုဆရာရှီမှာ ထိုလူငယ်ကို လျှော့မတွက်ရဲတော့ပေ။ ထိုသူ၏တန်ခိုးစွမ်းအားကို မခန့်မှန်းနိုင်ပါက ထိုသူကိုမည်ကဲ့သို့ တိုက်ခိုက်နိုင်မည်နည်း။

ချန်ကျန့်မေက အဝေးတစ်နေရာသို့ ဆုတ်ခွာသွားလေသည်။

လူငယ်နှင့် တာအိုဆရာရှီတို့ တိုက်ခိုက်နိုင်ရန် နေရာဖယ်ပေးလိုက်ခြင်းဖြစ်လေသည်။

သူ၏အတွေ့အကြုံအရ တိုက်ပွဲမှာ ခဏအတွင်းပင် အဆုံးသတ်သွားမည်ကို သိနေလေသည်။

"ဒါက ကျုပ်ရဲ့ဂိုဏ်းတူတူလေး ဆန်းလျန်ပဲ ၊ မင်းကျုပ်ကို တိုက်ခိုက်ချင်တယ်ဆိုရင် သူ့ကို အရင်နိုင်အောင် တိုက်ရလိမ့်မယ်"

ချန်ကျန့်မေကပြောလိုက်လေသည်။

ချန်ကျန့်မေ၏မျက်နှာတွင် ရှားပါးသည့် အပြုံးတစ်ပွင့်ကို မြင်လိုက်ရလေသည်။

ဆန်းလျန်ကတော့ ချန်ကျန့်မေ၏စကားကြောင့် အနည်းငယ် စိတ်ခုသွားမိလေသည်။

သူက ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ပထမအဆင့် အောင်မြင်ပြီးသူဖြစ်သဖြင့် ချန်ကျန့်မေအနေဖြင့် သူ့ကို ဂိုဏ်းတူညီလေးဟု ခေါ်မည်ဆိုလျှင်လည်း ခေါ်၍ရလေသည်။ သို့သော်

ယခုကဲ့သို့ ဂိုဏ်းတူတူလေးဟု အခေါ်ခံလိုက်ရခြင်းက သူ့ကို နှိမ့်ချလိုက်သကဲ့သို့ ခံစားလိုက်ရလေသည်။

အခန်း (၁၄၅)

ကိုယ်ပျောက်ဓားဝိညာဉ်

ဆန်းလျန်က အတွေးများထဲတွင် နစ်မျောနေလေသည်။

သူ၏ပုံစံမှာ ချန်ကျန့်မေထက်ပင် လွတ်လပ်ပေါ့ပါးလျှက် ရှိနေသေးသည်။

တာအိုဆရာရှီ၏မျက်နှာမှာ တည်ကြည်လေးနက်နေလေသည်။ ထိုလူငယ်မှာ ဟိုင်သန်းအဆင့်အောင်မြင်ပြီးသူတစ်

ယောက်မဟုတ်ကြောင်း သူရိပ်မိလေသည်။သို့သော် သူ၏ "ယင်" စွမ်းအားဝိညာဉ်မှာ တိမ်စတစ်စကဲ့သို့ လွင့်မျောနေသည့်အတွက်ကြောင့် လျှော့တွက်၍မရသည့် လူငယ်တစ်ယောက်ဖြစ်သည်ဟုတော့ လက်ခံလိုက်မိသည်။

သူ၏လက်တွင်ကိုင်ထားသည့်သံမဏိဓားမှာ လွန်စွာမှတိုက်ပွဲအတွေ့အကြုံကြွယ်ဝလေသည်။ထိုဓားမှရရှိသည့် အတွေ့အကြုံအရ သူ့ရှေ့တွင်ရှိသည့်လူငယ်မှာ အလွန်အန္တရယ်ကြီးသူတစ်ယောက်ဖြစ်ကြောင်း အလိုလိုသိနေသည်။

ကျင့်ကြံသူများမှာ အာရုံခံစားသိမြင်နိုင်သည့် အစွမ်းများရှိကြလေသည်။ ထိုသို့သော အစွမ်းမရှိဘဲနှင့်တော့ ရှီးဟွမ်တွင် မည်သည့်နည်းနှင့်မျှ ရှင်သန်နိုင်မည်မဟုတ်ပေ။

ရှီးဟွမ်နယ်ဆိုးမှာ အန္တရယ်များပြီး ပြဿနာများသည့် နယ်မြေဖြစ်လေသည်။ မြေနေရာ ကြမ်းတမ်းပြီး နေရာတိုင်းတွင် နတ်မိစ္ဆာများသောင်းကြမ်းနေလေသည်။ ထို့ကြောင့် ထိုနေရာ

သို့သွားရောက်ကြသည့် ကျင့်ကြံသူများမှာ သိုင်းစွမ်းရည်မြင့်မားမှသာ အသက်ရှင်သန်နိုင်မည်ဖြစ်လေသည်။

လူငယ်ကိုအကဲခတ်နေသည့်တိုင် တာအိုဆရာရှိမှာ ကြောက်လန့်သွားခြင်းတော့မရှိပါ။ သူက သူ့ကိုယ်သူသေလူအဖြစ်သတ်မှတ်ထားပြီးပြီ။ ထို့ကြောင့် သူ့ဘဝတွင် မည်သည့်အရာကိုမှ ကြောက်စရာမရှိတော့ပါ။ သူ့ဘဝတွင် အလွန်မှ ချစ်ကြောက်ရိုသေရသူတစ်ဦး ရှိလေသည်။ ထိုလူအတွက်သာမဟုတ်လျှင် ချန်ကျန့်မေကဲ့သို့သောလူမျိုးကို ပြသနာလာရှာရန်အတွက် စိတ်ပင်ကူးမိမည်မဟုတ်ပေ။

လေပြေလေးက နွယ်ရိုင်းပင်များကို ဖြတ်သန်းတိုက်ခတ်သွားသည်။

ကမ္ဘာအဆုံးထိသွားရမည့်ခရီးမှာ လွန်စွာမှရှည်လျားမည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်၏ရှေ့မျောက်တွင် ရောက်ရှိနေ

သူ တာအိုဆရာရှိအတွက်တော့ ကမ္ဘာအဆုံးထိရောက်နေသလို ခံစားနေရသည်။

"ကျုပ်က ချင်းရွှမ်နတ်တံခါးက တပည့်တစ်ယောက်ပါပဲ ၊ ခေတ်အဆက်ဆက် ကျင့်ကြံသူမျိုးဆက်အားလုံးက အရည်အချင်းထူးချွန်ကြသူတွေထဲမှာ ကျုပ်လည်း တစ်ယောက်အပါအဝင်ဖြစ်တယ်"

ဆန်းလျန်၏အသံထွက်ပေါ်လာသည်။

ပြိုင်ဘက်ရန်သူကို ခြိမ်းခြောက်လိုသည့်သဘောဖြင့် ဆန်းလျန်က ထိုစကားများကို ပြောလိုက်ခြင်းဖြစ်သည်။

သူ၏အသံမှာ အနီး အဝေး မည်သည့်နေရာက လာသည်ကို ခန့်မှန်း၍မရပေ။ သူ၏အသက်ရှူသံက သိပ်သည်းလွန်းလေသည်။ လူအများက သူတို့ရှေ့မှ ဆန်းလျန်မှာ အစစ်အမှန်လား... ပုံရိပ်တစ်ခုလား.... ဝေခွဲမရ မရေမရာ ဖြစ်နေကြလေသည်။

တာအိုဆရာရှိက သူ၏စွမ်းအားများကို ဓားဆီသို့ စီးဝင်စေလိုက်သည်။ သူ၏ဓားမှာ သာမန်သံမဏိဓားတစ်လက်ပင်ဖြစ်သည်။ သို့သော် ထိုဓားက နှစ်ပေါင်းရာနှင့်ချီပြီး သူနှင့်အတူ မကွဲမကွာ ရှိနေခဲ့ပြီး ပွဲတိုင်းအောင်ခဲ့လေသည်။ ထို့ကြောင့် ထိုဓားမှာ သူနှင့်တစ်သားတည်းဖြစ်လာပြီး လူကဲ့သို့အသိဉာဏ်ရှိလေသည်။

ဓားမှ အစိမ်းရောင်အလင်းတန်းများဖြာထွက်နေပြီး ဓားသွားမှာ ရေကဲ့သို့ကြည်လင်နေလေသည်။ အစွမ်းထက်သည့် ဓားတစ်လက်ဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်ပေ။

တာအိုဆရာချီ ငြိမ်သက်နေလေသည်။ သူက ဆန်းလျန်၏တန်ခိုးစွမ်းအားကို အာရုံခံရန် ကြိုးစားနေသည်။

"ကျုပ်က ချင်းရှမ်နတ်တံခါးရဲ့ အခက်ခဲဆုံးကျင့်စဉ်တစ်ခုဖြစ်တဲ့ ထိုက်ရှီးနည်းဗျူဟာကျင်းစဉ်ကို ကျင့်ကြံနေတဲ့သူပဲ ၊ အဲဒီ

ကျင့်စဉ်က ဂိုဏ်းတူအစ်ကို ချန်ကျန့်မေကျင့်ကြံခဲ့တဲ့ သဏ္ဍာန်မဲ့ ဓားပညာထက်ပိုပြီးခက်ခဲတယ်"

ဆန်းလျန်က တစ်လုံးချင်းပြောလိုက်သည်။

သူ၏တန်ခိုးစွမ်းအားများမှာ ပို၍ ခန့်မှန်းရခက်နေပြန်သည်။

"ဒါပေမယ့် ဒီနေ့ ကျုပ်က မင်းကို ထိုက်ရှီးနည်းဗျူဟာကျင့်စဉ် ရဲ့တန်ခိုးစွမ်းအားနဲ့ တိုက်ခိုက်မှာ မဟုတ်ဘူး ၊ ဒီလိုထိပ်တန်း ပညာတစ်ခုနဲ့ မင်းကိုသတ်ဖို့မတန်ဘူး ၊ ဒါကြောင့် ဒီနေ့ မင်းနဲ့ ယှဉ်ပြိုင်တဲ့အခါ ကျုပ်က ဓားကိုပဲ အသုံးပြုမယ်"

ဆန်းလျန်စကားကို အားလုံးက ငြိမ်သက်ပြီး နားထောင်နေကြ လေသည်။

အတွေ့အကြုံရှိသည့် ကျင့်ကြံသူဆိုလျှင် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်မှာ မည်မျှ စွမ်းအားကြီးမားကြောင်း ကောင်းကောင်း နားလည်မည်ဖြစ်သည်။ ရှန်ဆန်းကျန်းရန်လုကျိုးယွမ်ပင်လျှင် “ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်” မှာ သူ၏ "တရားအလင်း

သိမြင်ခြင်းကျမ်း" နှင့် အဆင့်အတန်းတူညီသည်ဟု ဝန်ခံခဲ့လေသည်။

ထိုဝန်ခံချက်တစ်ခွန်းဖြင့်ပင် ထိုက်ရှီးနည်းဗျူဟာ၏ အစွမ်းမည်မျှကြီးကြောင်း အငြင်းပွားစရာ မရှိတော့ပေ။

တာအိုဆရာရှီမှာလည်း ထိုကျင့်စဉ်အကြောင်းကို ကြားဖူးပါသည်။ ချန်ကျန့်မေကို အနှောင့်အယှက်ပေးရန်အတွက် သူ့ကိုစေလွှတ်လိုက်သည့်သူက ချန်ကျန့်မေမည်မျှ တန်ခိုးစွမ်းအား ကြီးမားကြောင်းနှင့် ချင်းရွှမ်နတ်တံခါးမှ ကျင့်စဉ်များအကြောင်းကို အသေးစိတ်ပြောပြထားပြီး ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးတွင် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံအောင်မြင်ထားသူ နတ်မိမယ်တစ်ဦးရှိပြီးထိုနတ်မိမယ်ကတော့ ဤနေရာသို့ ရောက်လာနိုင်လိမ့်မည် မဟုတ်ပေ။

ဆန်းလျန်ကလည်း လိမ်ပြောစရာ အကြောင်းမရှိပေ။ ဟိုင်သန်းအဆင့် အောင်မြင်ပြီးသူတစ်ယောက်ဖြစ်သည့် တာအိုဆ

ရာရှီကဲ့သို့သော လူမျိုးကို လိမ်လည်ခြိမ်းခြောက်၍လည်း

အသုံးမဝင်ပေ။

ထို့ပြင် ဆန်းလျန်က ထိုက်ရှီးနည်းဗျူဟာကို အသုံးပြုရန်

လည်း ရည်ရွယ်ချက်မရှိပါ။ သူက တာအိုဆရာရှီကို သူ၏

စန္ဒကူးသစ်သားစားဖြင့်သော နှိမ်နင်းလိုလေသည်။ သစ်သားစား

ဖြစ်သော်လည်း သစ်သားမှာ ဒြပ်စင်ငါးမျိုး တစ်မျိုး

အပါအဝင်ဖြစ်လေသည်။

တာအိုဆာရာရှီမှာ ဟိုင်သန်းအဆင့်အောင်မြင်ထားသူဖြစ်

သည့်အတွက် သူ့ထက်အဆင့်မြင့်သူဖြစ်ကြောင်း ဆန်းလျန်သိ

ပါသည်။ သူက ထူးဆန်းပြီးရက်စက်သည့် ပညာများကို

အသုံးပြုပြီး ဆန်းလျန်ကိုတိုက်ခိုက်ကောင်း တိုက်ခိုက်နိုင်လေ

သည်။

ထို့ပြင် တာအိုဆရာရှီမှာ တစ်ယောက်တည်းလာခြင်းမဟုတ်

ပါ။

မနီးမဝေးတွင် ...

လူနှစ်ယောက်ရှိနေလေသည်။

ဘုန်းတော်ကြီးတစ်ပါးနှင့် တာအိုဆရာတစ်ပါးဖြစ်လေသည်။

တာအိုဆရာမှာ ဆန်းလျန်ကဲ့သို့ အလွန်ပင် ချောမောခန့်ညား

လေသည်။ ဘုန်းတော်ကြီးကတော့ ဝတ်ထားသည့်သင်္ကန်းမှာ

နွမ်းဖတ်နေပြီး သူစီးထားသည့်ဖိနပ်မှာလည်း စုတ်ပြဲနေ

သောကြောင့် ခြေချောင်းများကိုပင် မြင်နေရလေသည်။

သူတို့နှစ်ယောက်မှာ ဆန်းလျန်နှင့် တာအိုဆရာရှီ၏ တိုက်ပွဲကို

ကြည့်ရန် နေရာကောင်းတွင် နေရာယူထားကြလေသည်။

လူငယ်တာအိုဆရာလေးက ပြုံးလိုက်ရင်း...

"ကြည့်ရတာ ချင်းရွှမ်နတ်တံခါးမှာ တကယ်တော်တဲ့ လူတော်

တွေ ရှိနေတာပဲ ၊ မင်ဝမ်ဝတ်ကျောင်းတော်က ဆရာတော်

တစ်ပါးအနေနဲ့ ဒီလူငယ်လေးကို ဘယ်လိုမြင်ပါသလဲ

ဆရာတော်"

ဟု ဘေးနားရှိ ဘုန်းတော်ကြီးကို မေးလိုက်လေသည်။

မင်ဝမ်ဝတ်ကျောင်းတော်မှာ အထင်ကရဗုဒ္ဓဘာသာကျောင်း တော်ကြီးရှစ်ခုထဲတွင် ပါဝင်ခြင်းမရှိပါ။ လူအများစုမှာ မင်ဝမ် ဝတ်ကျောင်းတော်ဆိုသည့် နာမည်ကိုသာကြားဖူးကြပြီး မည် သည့်နေရာတွင် တည်ရှိမှန်းမသိကြပေ။ ဒဏ္ဍာရီထဲမှ တာ့လေ့ ယင်းဝတ်ကျောင်းတော်ကဲ့သို့ နေရာရှာဖွေ၍ မတွေ့နိုင်သည့် ဝတ်ကျောင်းတော် တစ်ခုဖြစ်လေသည်။

သို့သော် မင်ဝမ်ဝတ်ကျောင်းတော်မှာ အမှန်တကယ် တည်ရှိ သည့်နေရာတစ်ခုဖြစ်ပါသည်။ ထိုနေရာမှ ကျင့်ကြံသူလောက နှင့် သိုင်းလောကသို့ ဝင်ရောက်လာသည့် တပည့်များစွာရှိလေ သည်။ သူတို့အားလုံးက မိုးကြိုးတန်ခိုးစွမ်းအားကို ပိုင်ဆိုင်ကြ လေသည်။

ထိုလူများမှတစ်ဆင့် ဝမ်မင်ဝတ်ကျောင်းတော် တည်နေရာကို ရှာဖွေကြသည့်လူများရှိသော်လည်း မအောင်မြင်ကြပေ။ မင်

ဝမ်ဝတ်ကျောင်းတော်တွင် ဗောဓိသကျ အမွေအနှစ်များ များစွာရှိသည်ဟု ကောလဟာလများကတော့ ထွက်လျှက်ရှိလေသည်။

မင်ဝမ်ဂိုဏ်း၏အမြင့်ဆုံးကျင့်စဉ် ဦးတည်ချက်မှာ တရားအလင်းရရန်လည်းမဟုတ် ၊ ဗောဓိသကျ တစ်ပါးဖြစ်လာရန်လည်းမဟုတ်ပါ။ အကာလနတ်ဘုရားတစ်ပါးဖြစ်သည့် "ရူပနတ်ဘုရား" ဖြစ်လာရန်အတွက် ရည်ရွယ်ပြီး ကျင့်ကြံကြခြင်းဖြစ်လေသည်။

ထို့ကြောင့် မင်ဝမ်ဝတ်ကျောင်းတော်မှ တပည့်များကို "ရူပနတ်ဘုရားအလောင်းအလျာ" များဟု ခေါ်ကြလေသည်။

ဘုန်းတော်ကြီးက ကျမ်းစာအချို့ကို ပါးစပ်မှ တစ်တွတ်တွတ်ရွတ်ဆိုလိုက်ပြီး လူငယ်တာအိုဆရာလေး၏မေးခွန်းကို မဖြေဘဲနေလိုက်လေသည်။

တာအိုဆရာလေးက ဘုန်းတော်ကြီး၏ အပြုအမူကြောင့် တစ်ချက်ရယ်မောလိုက်သည်။ သူ၏ အမေးကို ဆရာတော်က ဖြေကြားလိုခြင်းမရှိကြောင်း သိလိုက်ရသောကြောင့် ဖြစ်လေသည်။

အဘယ်ကြောင့် မဖြေလိုရပါသနည်း.....

အဘယ်ကြောင့်ဆိုသော် သူလည်း ဆန်းလျန်၏တန်ခိုးစွမ်းအားများကို ခန့်မှန်းခြင်းငှာ မစွမ်းသာသောကြောင့်ဖြစ်လေသည်။

ရှုပနတ်ဘုရားအလောင်းအလျာတစ်ပါးကပင် ဆန်းလျန်၏တန်ခိုးစွမ်းအားကို မခန့်မှန်းနိုင်သည်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်မှာ မည်မျှ အစွမ်းထက်နေကြောင်းကို မေးနေစရာပင် မလိုတော့ပေ။

တအိုဆရာရှီက စတင်တိုက်ခိုက်လိုက်သည့်တိုင် ဆန်းလျန်ကတော့ ပုံမှန်အနိုင်း အေးအေးဆေးဆေးပင် ရပ်နေလေသည်။

သို့သော် ဆန်းလျန်က ထိတ်လန့်ဖွယ်ရာတန်ခိုးစွမ်းအားများကို ထုတ်လွှတ်လိုက်သည့်အတွက် မုန်တိုင်းတစ်ခုအလား သဏ္ဍာန် ပြောင်းလဲသွားလေသည်။ သူ၏ဝိညာဉ်စွမ်းအားများမှာ ပတ်ဝန်းကျင်တွင် ပန်းပွင့်လေးများ ကြွေလွင့်နေသည့်အလား လှပစွာ ဖြာဆင်းနေလေသည်။

တာအိုဆရာရှီက ဆန်းလျန်မှာ သစ်သားဓားတစ်လက်ကိုသာ အသုံးပြုမည်ကို တွေ့ရသည့်အတွက် အနည်းငယ် စိတ်အေး သွားရသည်။

တာအိုဆရာရှီက သူ၏ သံမဏိဓားကို ဝှေ့ယမ်းလိုက်သည်။ သံမဏိဓားမှ ဖြာထွက်လာသည့် အလင်းတန်းများမှာ နေရောင်ခြည်ထက်ပင် တောက်ပနေသေးသည်။

သို့သော် ဆန်းလျန်ဖန်ဆင်းထားသည့် မုန်တိုင်းစွမ်းအားကို တစ်ချက်ကလေးပင် မထိုးဖောက်နိုင်ပေ။

ဆန်းလျန်မှာ လောကပထမဓားသမား တစ်ယောက်မဟုတ်ပါ။ သူ၏စန္ဒကူးဓားမှာလည်း ထူးခြားပြီး တောက်ပထွန်းလင်းနေခြင်းမျိုးမရှိပါ။

တာအိုဆရာရှီ၏သံမဏိဓားသွားက ဆန်းလျန်ဖန်ဆင်းထားသည့် မုန်တိုင်းထဲသို့တိုးဝင်လိုက်သည်နှင့် မီးခိုးငွေ့များစတင်ဖြစ်တည်လာပြီး စွမ်းအားများက သဘာဝသားရဲတစ်ကောင်အလား ပြန်လည်ခုခံလိုက်လေသည်။

တာအိုဆရာရှီ၏ဓားသွားက မုန်တိုင်းစတင်ဖြစ်ပေါ်ရာဗဟိုချက်ကို အမြတ်ပြတ်သုတ်သင်ရန်အတွက် သံမဏိဓားဖြင့်လိုက်လံရှာဖွေနေလေသည်။

ဆန်းလျန်မှာ သူ့ရှေ့မှ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။ သို့သော် တာအိုဆရာရှီ၏မျက်နှာအမူအရာမှာ ထိတ်လန့်သွားခြင်းမရှိပါ။

ကောင်းကင်ထက်တွင် စန္ဒကူးဓားကိုကိုင်ထားသည့် ဆန်းလျန်ကို တွေ့မြင်နိုင်လေသည်။

တာအိုဆရာရှီက ခေါင်းကိုမော့ကြည့်လိုက်တော့ သူ့ထံသို့ တိုးဝင်လာသည့် စန္ဒကူးဓား…

တိုက်ခိုက်မှုကလျှင်မြန်လွန်းလေသည်။ ဓား၏တုန်ခါသံတစ်ချက်ကိုသာ ကြားလိုက်ရပြီး ဓားက သူ၏မျက်လုံးရှေ့တွင် ပေါ်လာလေသည်။

ဆန်းလျန်မှာ လေထဲတွင်ပင်ရှိနေသေးသည်။ အဘယ်ကြောင့် ဓားသွားက သူ၏မျက်စိရှေ့သို့ရောက်လာရပါသနည်း။ မည်သို့မှ မဖြစ်နိုင်သည့်ကိစ္စပင်။

မလှမ်းမကမ်းမှနေ၍ ယှဉ်ပြိုင်ပွဲကိုကြည့်နေသည့် လူငယ်တာအိုဆရာလေးက တအံ့တသြဖြင့်….

“ကိုယ်ပျောက်ဓားဝိညာဉ်ကို သူဘယ်လိုလုပ်အသုံးပြုနိုင်ရတာလဲ”

ဟု ရေရွတ်လိုက်လေသည်။

ကိုယ်ပျောက်ဓားဝိညာဉ်ဆိုသည်မှာ ဆရာစူး၏ ရှိခြင်းမရှိခြင်း ဓားဝိညာဉ်ကိုပင် ပြောခြင်းဖြစ်လေသည်။ သို့သော် ကိုယ်ပျောက်ဓားဝိညာဉ်ဆိုသည့်အမည်ကပင် ပိုပြီးလိုက်ဖက်နေသ ယောင်ထင်ရလေတော့သည်။

အခန်း (၁၄၆)

"လင်ထိုင်" တာအိုပြိုင်ပွဲ

မင်ဝမ်ဝတ်ကျောင်းတော်မှ ဘုန်းတော်ကြီးကတော့ ငြိမ်သက်စွာဖြင့် တိုက်ပွဲကို အာရုံစူးစိုက်နေလေသည်။

တိုက်ပွဲစတင်သည့်အချိန်မှ လက်ရှိအချိန်အထိ သူတို့

တိုက်ခိုက်သည့်ကြာချိန်မှာ မျက်စိတစ်မှိတ်စာမျှသာ ရှိသေး

သည်။

တိုက်ပွဲကိုကြည့်နေသည့်လူများမှာ မိုးခြိမ်းသံများကိုကြားနေရ

လေသည်။ မိုးခြိမ်းသံမှာ ကျယ်လောင်လွန်းခြင်းမရှိသည့်တိုင်

အားလုံးကြားနိုင်သည့်အသံမျိုးဖြစ်လေသည်။ သို့သော်

ကောင်းကင်မှလာသည့် မိုးခြိမ်းသံမဟုတ်။ တာအိုဆရာရှီတို့၏

သံမဏိဓားမှ ထွက်ပေါ်လာသည့် ဓားခြိမ်းသံများပင်ဖြစ်လေ

သည်။ ထိုဓားခြိမ်းသံများက ပွဲကြည့်ပရိတ်သတ်

များ၏နှလုံးသားကို တုန်လှုပ်စေသည်။

အချိန်တစ်ခဏလေးမှာပင်....

တာအိုဆရာရှီ၏ဓားချက်များက ဆန်းလျှန်ဆီသို့

အဆက်မပြတ်ဝင်ရောက်လာသည်။ ဓားချက်များမှာ လျှင်မြန်

လွန်းပြီး ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်လာခြင်းဖြစ်လေ

သည်။ သူ၏စားချက်များက လေထဲတွင်ဖြတ်သန်းသွားပြီး မိုးကောင်းကင်မှ သံစုံတီးဝိုင်းတစ်ခု၏သံစဉ်များကဲ့သို့ပင် ကာရံညီလျှက်ရှိလေသည်။

တာအိုဆရာရှီ၏စားသိုင်းမှာ လုံးဝစင်းလုံးချောကောင်းမွန်သည့်စားသိုင်းဖြစ်လေသည်။ သူ၏စားသိုင်းပညာကို ခန့်မှန်း၍မရနိုင်ပေ။ တိုက်ပွဲကိုကြည့်ရှုနေသည့်ချန်ကျန့်မေသည်ပင်လျှင် ခန့်မှန်းရခက်နေလေသည်။

တိုက်ပွဲကိုကြည့်ရှုနေသူများမှာ တာအိုဆရာရှီ၏စားစွမ်းရည်ကို ရင်သပ်ရှုမောအံ့သြနေကြရလေသည်။ တစ်ချိန်တည်းမှာပင် ထိုစားချက်များကို ရှောင်တိမ်းနေသည့် ဆန်းလျန်ကို သူတို့က လှောင်ပြောင်နေကြလေသည်။ ဆန်းလျန်မှာ တာအိုဆရာရှီနှင့်အဆင့်တူသည့် ဟိုင်သန်းအဆင့်အောင်မြင်ထားသူတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် သူတို့က ဆန်းလျန်ကို အထင်သေးကြခြင်းဖြစ်လေသည်။

သို့သော် ပွဲကြည့်ပရိတ်သတ်က မည်သို့ပင် ရယ်မောလှောင်ပြောင်နေကြပါစေ ဆန်းလျန်ကတော့ တည်ငြိမ်နေဆဲဖြစ်လေသည်။ သူက လောကပထမဓားသမားတစ်ယောက်မဟုတ်ပါ။ သို့သော် အရည်အချင်းရှိသည့်ဓားသမားတစ်ယောက်တော့ဖြစ်လေသည်။ ထို့ကြောင့် တည်ငြိမ်ပြီး စွမ်းအားများကို စုစည်းထားနိုင်လေသည်။

ထို့အတူ လေကိုထိုးခွင့်လာသည့် သံမဏိဓား၏ ကြောက်မက်ဖွယ်ရာဓားခြိမ်းသံများကြောင့်လည်း ဆန်းလျန်က ထိတ်လန့်ခြင်းမရှိပါ။

ကျယ်လောင်သည့်ဓားခြိမ်းသံက သူ၏နားစည်ကိုရိုက်ခတ်သောကြောင့် နားများအူနေသည့်တိုင် သူ၏အတွင်းအားနှင့်သွေးလည်ပတ်မှုကတော့ တည်ငြိမ်နေဆဲပင်ဖြစ်လေသည်။

ဆရာစူးသင်ကြားပေးသည့် ရှိခြင်းမရှိခြင်းဓားသိုင်းမှာ ရိုးရှင်းတိကျသလို ထူးခြားသည့်စွမ်းရည်များလည်းပါဝင်လေသည်။

ရိုးရှင်းမှုနှင့်အတူ ဆန်းသစ်မှုကိုပါ ရောယှက်ထားပြီး မိုး အောက်မြေပြင်တွင် အကောင်းဆုံးဓားပညာတစ်ခုဟု ပြောနိုင် လေသည်။ သို့သော် ဆန်းလျန်၏ကျင့်စဥ်လမ်းက အမြင့်ဆုံး အဆင့်ထိမရောက်သေး၍သာ ထင်သလောက်စွမ်းအားမထုတ် နိုင်ဖြစ်နေရခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ တာအိုဆရာရှီကို အနိုင်ရနိုင်မည်မဟုတ်ဟု ပွဲကြည့်ပရိတ်သတ်ကြီးက ဝေဖန်နေကြလေသည်။

ချန်ကျန့်မေကတော့ တိုက်ပွဲကိုတည်ငြိမ်အေးဆေးစွာ ကြည့်နေ လေသည်။ တာအိုဆရာရှီ၏ သံမဏိဓားမှ လေကိုထိုးခွင်း သည့်အသံလှိုင်းများမှာ ချန်ကျန့်မေရှေ့တွင်တော့ အရာမထင် ပျောက်ကွယ်သွားရလေသည်။ ချန်ကျန့်မေက တိုက်ပွဲကို စိတ်ပါဝင်စားစွာကြည့်နေပြီး တစ်ချိန်တည်းမှာပင် ဆန်းလျန် အဘယ့်ကြောင့် ထိုက်ရှီးနည်းဗျူဟာကို မသုံးသည်ကိုလည်း နားလည်သွားရလေသည်။

အတိအကျပြောရလျှင် ထိုက်ရှိုးနတ်ဘုရားစွမ်းအားများမှာ လောကတွင်ရှိသမျှတန်ခိုးစွမ်းအားများကို စုပ်ယူနိုင်လေသည်။ ရန်သူမှသုံးသမျှ တန်ခိုးစွမ်းအားများ ၊ အင်းပညာများနှင့် ဂါထာမန္တန်အစွမ်းများအားလုံးကို အစိတ်အမွှာမွှာဖျက်ဆီးပစ်နိုင်စွမ်းရှိလေသည်။ ဆန်းလျန်က ထိုစွမ်းအားများကို အသုံးပြုလိုက်လျှင် သူ၏ဂိုဏ်းတူအစ်ကို ချန်ကျန့်မေ၏ ဓားတန်ခိုးစွမ်းအားအပေါ်တွင် သက်ရောက်မှုရှိမည်ကို စိတ်ပူသောကြောင့် မသုံးဘဲနေရခြင်းဖြစ်လေသည်။

တာအိုဆရာရှီမှာ အတွေ့အကြုံများသည့် ဟိုင်သန်းအဆင့်ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အပြင် အဆင့်မြင့်ဓားသမားတစ်ယောက်လည်းဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအားများအားလုံးမှာ သူ၏ဓားထဲတွင် ဓားဝိညာဉ်အဖြစ်ဖြင့် ပေါင်းစည်းထားလေသည်။ ဆန်းလျန်ပင်လျှင် သူ၏ဓားကွက်များကို သတိထားပြီး ခုခံနေရလေသည်။ ထို့ကြောင့် ဆန်းလျန်

အနေဖြင့် တာအိုဆရာရှီကို နိုင်ချေသိပ်မရှိဟု ပွဲကြည့်ပရိတ်သတ်က ဝေဖန်နေကြခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ တာအိုဆရာရှီကို သူ၏စန္ဒကူးဓားဖြင့် တိုက်ခိုက်နေခြင်းဖြစ်လေသည်။ သစ်သားမှာ သတ္တုကို နိုင်ချေမရှိနိုင်ပေ။ ထို့ကြောင့် ဆန်းလျန်မှာ တစ်ပန်းရှုံးနေသည်ဟု ထင်စရာရှိလေသည်။ သို့သော် ချန်ကျန့်မေတစ်ယောက်သာ အနေအထားအားလုံးကိုနားလည်လေသည်။ ဆန်းလျန်၏သစ်သားဓားမှာ သာမန်ဓားတစ်လက်မဟုတ်ပေ။ ဓားတန်ခိုးရှင်ဖြစ်သည့်သူပင်လျှင် ထိုဓား၏နက်နဲမှုကို ရှင်းလင်းစွာသိမြင်နိုင်ခြင်းမရှိပေ။ ထိုဓားဆီမှထွက်ပေါ်နေသည့် ထူးဆန်းသည့်လွှမ်းမိုးဖွယ်ရာတစ်ခုကို ချန်ကျန့်မေ ခံစားနေရလေသည်။

ရုတ်တရက်ပင် ဆန်းလျန်က တာအိုဆရာရှီကို တိုက်စစ်ဆင်လိုက်လေသည်။

ဆန်းလျန်အသုံးပြုနေသည့် မမြင်နိုင်သည့် ကိုယ်ပျောက်ဓား ဝိညာဉ်စွမ်းအားကြောင့် တာအိုဆရာရှီ၏ သံမဏိဓားဝိညာဉ်မှ စွမ်းအားအတော်အတန်ကုန်ဆုံးနေပြီဖြစ်လေသည်။ သို့သော် သံမဏိဓား၏စွမ်းဆောင်ရည်မှာ ကျသွားခြင်းမရှိ။ အမြင့်ဆုံး အဆင့်တွင်ပင် ရှိနေသေးသည်။ "သစ်သားမှာ သတ္တုကိုနိုင်ချေ မရှိ" ဆိုသည့်အချက်က သူ့အတွက်တစ်ပန်းသာနေလေသည်။ ဆန်းလျန်၏စန္ဒကူးသစ်သားဓားမှာ တာအိုဆရာရှီ၏သံမဏိ ဓားကို အချက်ပေါင်းများစွာ ခုခံကာကွယ်ပြီးပြီဖြစ်လေသည်။ ဓားသွားခြင်းထိခတ်မှုမှာ မရေမတွက်နိုင်အောင် ရှိခဲ့ပြီ။ လေ ကိုဖြိုခွဲဝင်ရောက်လာသည့် ဓားခြိမ်းသံများမှာလည်း ကျယ် လောင်သည်ထက်ကျယ်လောင်လာလေသည်။

ရုတ်တရက်ပင်....

သူတို့နှစ်ယောက်လုံးပျောက်ကွယ်သွားလေသည်။

တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်မှသစ်ပင်များအားလုံးမှာ အပိုင်းပိုင်းကျိုးပြတ်ကုန်လေတော့သည်။ ကြီးမားလွန်းပြီး နက်နဲသည့်စွမ်းအားတစ်ခု ရုတ်တရက်ထွက်ပေါ်လာ သည့်အတွက်ကြောင့် ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ဖုံမှုန့်များ ဖုံးလွှမ်းသွားသည်။ ဖုံမှုံ့များ ကြားထဲတွင် လူရိပ်နှစ်ခု ပူးကပ်သွားသည်ကို မြင်တွေ့ရပြီး ထူးဆန်းသည့်အသံတစ်ခုထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေသည်။

ဆန်းလျန်၏စန္ဒကူးဓားမှာ ပုံမှန်မဟုတ်သည့်အရှိန်ဖြင့် ဆန်း လျန်ခန္ဓာကိုယ်ထဲမှ ထိုက်ရှီးတန်းခိုးစွမ်းအားများကို စုပ်ယူ လိုက်ခြင်းဖြစ်လေသည်။ ထိုစုပ်ယူလိုက်သည့်စွမ်းအားများမှာ မူလအခြေခံစွမ်းအားအဖြစ် တစ်စုတစ်စည်းထဲပေါင်းစည်း သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးရှိ မိုးမြေစွမ်းအားများမှာ မြင့် မားလွန်းသည့်အရှိန်ဖြင့် စန္ဒကူးဓားဆီသို့ လာရောက်ပေါင်း

စည်းကြလေသည်။ အတွင်း ၊ အပြင် စွမ်းအားများ

အတိုင်းအဆမရှိ ပေါင်းစည်းသွားမှုကြောင့် စန္ဒကူးဓားဓါးတုန်

ခါမှုနှုန်းမှာမြင့်မားလာပြီး ထွက်ပေါ်လာသည့် ဓားခြိမ်းသံကြီး

မှာ တာအိုဆရာရှီ၏သံမဏိဓားမှ ထွက်ပေါ်နေသည့်အသံများ

ကို ကျော်လွှန်သွားလေသည်။

တာအိုဆရာရှီက ဆန်းလျန်ကို မျက်စိအောက်ကအပျောက်မခံ

စိုက်ကြည့်နေလေသည်။

တာအိုဆရာရှီက သူ၏အတွင်းအားများကို စုစည်းလိုက်သည်။

ပြင်းထန်သည့်စွမ်းအားလှိုင်းများမှာ သူ့ခန္ဓာကိုယ်တစ်ခုလုံး

တွင် ကြောက်မက်ဖွယ်ရာစီးဆင်းနေလေသည်။

သို့သော် ဆန်းလျန်က သူ့ထက်အစပေါင်းများစွာ ပိုပြီး

ကြမ်းတမ်းနေပြီဖြစ်သည်။

ဝိညာဉ်မြစ်ရေထဲတွင် နာကျင်ခံစားပြီး ကျင့်ကြံခဲ့ရခြင်း

ကြောင့် ဆန်းလျန်၏ခန္ဓာကိုယ်မှာ အခြားသူများထက်ပိုပြီး

ခံနိုင်ရည်ရှိလေသည်။ သူ၏ခန္ဓာကိုယ်ကို မည်သည့်စွမ်းအား ကမှ အလွယ်တကူဖျက်စီးနိုင်ခြင်းမရှိပေ။

ဆန်းလျန်၏တန်ခိုးစွမ်းအားများအားလုံး ပေါက်ကွဲထွက်သွားသည့်တိုင် သူ၏ခန္ဓာကိုယ်က ထိုစွမ်းအားများ၏ဒဏ်ကို ကောင်းကောင်းခံနိုင်လေသည်။

တာအိုဆရာရှီမှာ သေခြင်း ရှင်ခြင်းကို ဂရုစိုက်တတ်သည့်သူ မျိုးမဟုတ်ပါ။ သို့သော် ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအာများ အားလုံးကို တစ်ချိန်တည်းတွင် ဖောက်ခွဲထုတ်လိုက်သည်အထိ တော့ လုပ်ရဲသည့်သတ္တိမရှိပေ။

ဟိုင်သန်းအဆင့်ကိုတက်ရောက်နိုင်သည့်တိုင် သူ၏ခန္ဓာကိုယ် မှာ အသွေးအသားဖြင့်တည်ဆောက်ထားသည့် ခန္ဓာကိုယ်ဖြစ် လေသည်။ သူ၏ကျောရိုးနှင့် သွေးကြောဆုံချက်များက ခံနိုင်ရည်ရှိသည့်တန်ခိုးစွမ်းအားပမာဏမှာ အကန့်အသတ်ရှိ လေသည်။

အခြေခံတန်ခိုးစွမ်းအားနှင့် သဘာဝလွန်စွမ်းအားများကိုကျော်လွန်သည့် မူလဝိညာဉ်ခန္ဓာရအောင် ကျင့်ကြံနိုင်သည့် နတ်ဘုရားတစ်ပါးဖြစ်သွားမှသာလျှင် ထိုကဲ့သို့တန်ခိုးစွမ်းအားပေါက်ကွဲထွက်ခြင်းများကို ခံနိုင်ရည်ရှိမည်ဖြစ်လေသည်။

တာအိုဆရာရှီ၏ဓားသွားမှာ တုန်ခါနေခြင်းမရှိတော့ပါ။

သို့သော် ဓားခြိမ်းသံကတော့ထွက်ပေါ်နေဆဲဖြစ်လေသည်။ ဓားမှ အစိမ်းရောင်အလင်းတန်းများ လင်းလက်တောက်ပနေသည်။

ထိုဓားက ဆန်းလျန်ဆီသို့ တည့်တည့်ဝင်ရောက်သွားလေသည်။

တိုက်ပွဲကိုကြည့်နေကြသည့် ပရိတ်သတ်များမှာ ဓားသွားမှာဆန်းလျန်ဆီသို့တည့်တည့်သွားမည်လား ၊ မည်သို့သောထပ်ဆင့်ပြောင်းလဲမှုများပြုလည်ဦးမည်လဲဆိုသည်ကို စိတ်ဝင်တစားကြည့်နေကြလေသည်။

ဓားသမားတစ်ယောက်အတွက် ဓားနှင့်လူ တစ်သားထဲကျသွားသည့်အချိန်မှာ အလှပဆုံးအချိန်ဖြစ်လေသည်။

အတော်ဆုံးပန်းချီဆရာတစ်ယောက်က စာရွက်အဖြူပေါ်တွင် ခဲတစ်ကြောင်းတည်းဖြင့် အသက်ဝင်စွာရေးဆွဲထားသည့် ပန်းချီကားတစ်ချပ်ကဲ့သို့ပင်။

ဆန်းလျန်၏စန္ဒကူးဓားမှာ အလင်းရောင်များတောက်ပလာလေသည်။ တစ်ချိန်တည်းမှာပင် နေမင်း၏နောက်ဆုံးရောင်ခြည်ဖြစ်သည့် ဆည်းဆာရောင်ခြည်မှာ ဓားပေါ်သို့ဖြာကျနေလေသည်။ ကံကြမ္မာပေးသည့် တိုက်ဆိုင်မှုတစ်ခုပင်ဖြစ်လေသည်။

စန္ဒကူးဓားသွားထက်တွင် မီးတောက်များထွက်ပေါ်လာလေသည်။ တိုက်ပွဲကိုကြည့်ရှုနေသူများမှာ ဇာမဏီငှက်တွန်ကျူးသံကို ကြားလိုက်ရလေသည်။ ဇာမဏီငှက်သံမှာ လေထဲမှလာခြင်းမဟုတ်ပါ။ ဆန်းလျန်၏ဓားသွားဆီမှထွက်ပေါ်လာခြင်း

ဖြစ်လေသည်။ ထိုအသံက တာအိုဆရာရှီ၏ဓားခြိမ်းသံကဲ့သို့ လူတစ်ဦး၏နားစည်ကို တုန်ခါရိုက်ခတ်သွားခြင်းမျိုး မရှိသည့် တိုင် လွန်စွာမှ စူးရှသည့်အသံဖြစ်လေသည်။

“သစ်သားကမီးကိုထုတ်လွှတ်နိုင်ခဲ့ပြီ ၊ သစ်သားက သတ္တုကိုမ နိုင်ပေမယ့် မီးကသတ္တုကိုအောင်နိုင်တယ်”

ချန်ကျန့်မေတွေးလိုက်မိသည်။

စန္ဒကူးဓားထိပ်ဖျားမှ ဇာမဏီငှက်အသွင် မီးတောက်တစ်ခု ထွက်ပေါ်လာသည်။

မီးတောက်နေသည့် စန္ဒကူးဓားက....

ဆန်းလျန်ဆီသို့တိုးဝင်လာသည့် တာအိုဆရာရှီ၏ အစိမ်းရောင် တောက်ပနေသည့် သံမဏိဓားဖြင့် ပြင်းထန်စွာ ထိုက်ခတ်သွား လေသည်။

တာအိုဆရာရှီ၏မျက်နှာမှာ ချက်ချင်းလေးနက်သွားလေ သည်။

စန္ဒကူးခားတွင်တောက်ပနေသည့်မီးတောက်မှာ သာမန်ပြဒါး မီးတောက်တစ်ခုမဟုတ်ပေ။ ဇာမဏိငှက်ကို ပြန်လည်မွေးဖွား ပေးနိုင်သည့် ကောင်းကင်မီးတောက်ဖြစ်လေသည်။

တာအိုဆရာရှီ၏ခါးမှာ အရည်ပျော်သွားလေသည်။ တာအိုဆ ရာရှီမှာ မီးတောက်၏ပူလောင်မှုကြောင့် ခါးကိုလွှတ်ချလိုက်ရ သည်။ မြေပြင်ပေါ်တွင် တစ်ဝက်ခန့်အရည်ပျော်နေပြီဖြစ်သည့် သံမဏိခါးကို တာအိုဆရာရှီမှာ မယုံကြည်နိုင်သည့် မျက်ဝန်း များဖြင့် ငေးစိုက်ကြည့်နေလေသည်။

ရုတ်တရက်ပင်...

တာအိုဆရာရှီ၏ခန္ဓာကိုယ်မှာ အငွေ့ပျံပျောက်ကွယ်သွားပြီး သူဝတ်ထားသည့်တာအိုဝတ်စုံမှာ ပြာများအဖြစ် ပတ်ဝန်းကျင် တွင် လွင့်ပျံသွားလေတော့သည်။

အရည်ပျော်နေသည့်ခါးသာ ကျန်ရစ်ခဲ့လေသည်။ ခါးဆီမှ အော်ညည်းသံကဲ့သို့ အသံတိုးတိုးထွက်ပေါ်နေလေသည်။

ဆန်းလျန်က တည်ငြိမ်စွာဖြင့်ပင် သူ၏စန္ဒကူးဓားကို ခါးတွင်
ပြန်ချိတ်လိုက်သည်။ သူ၏ပုံစံမှာ လောကတွင်ပြိုင်ဘက်မရှိ
သည့်နတ်ဘုရားတစ်ပါးကဲ့သို့ပင် ဝင့်ကြွားလျှက်ရှိလေသည်။
ယခုတော့ သန့်စင်စွာလှုပနေသည့်လူငယ်လေးကို မည်သူမျှ
အထင်မသေးရဲ ၊ မလျှောင်ပြောင်ရဲတော့ပေ။
ချန်ကျန့်မေက ဆန်းလျန်အနားသို့လျှောက်လာပြီး သူ့ပခုံးကို
တစ်ချက်ပုတ်လိုက်လေသည်။ သန့်စင်သည့်ဓားတန်ခိုး
စွမ်းအားများသည် ဆန်းလျန်ကိုယ်ထဲသို့စီးဆင်းသွားပြီး ဆုံ
ချက်သွေးကြောများတစ်လျှောက် လှည့်ပတ်သွားလေသည်။
ညီနောင်နှစ်ယောက်သည် တိုက်ပွဲကိုကြည့်နေကြသည့် ပရိတ်
သတ်များကို ကျော၁ခိုင်းကာ ဟန့်ဟိုင်ပင်လယ်ဆီသို့ အတူတူ
လမ်းလျှောက်ထွက်ခွာသွားကြလေတော့သည်။
သူတို့နှစ်ယောက်ကို မြင်တွေ့ရသည်မှာ လူငယ်တစ်ယောက်နှင့်
ဆယ်ကျော်သက်လေးတစ်ယောက်ပမာပင်။

ဟန့်ဟိုင်ပင်လယ်သို့သွားသည့် ဆယ်မိုင်ခရီးတွင် သူတို့ကို မည်သည့်ကျင့်ကြံသူ ၊ မည်သည့်နတ်မိစ္ဆာမှ နှောင့်ယှက်ခြင်းမရှိတော့ပေ။

လောကတွင် တာအိုဆရာရှီကဲ့သို့ သေမည်ကိုမကြောက်သည့် ကျင့်ကြံသူမျိုးမှာ ရှားပါးလှလေသည်။ အကယ်၍တာအိုဆရာ ရှီနှင့်တိုက်ခိုက်ရင်း ဆန်းလျန်သာ ဒဏ်ရာအပြင်းအထန်ရခဲ့လျှင် အခြားသူများက ဆန်းလျန်ကိုထပ်မံ စိန်ခေါ်ဦးမည်ဖြစ်လေသည်။ ယခုတော့ မည်သူမျှ ထပ်မံစိန်ခေါ်ရဲခြင်းမရှိတော့ပေ။

တိုက်ပွဲကိုအစအဆုံးကြည့်နေကြသည့် လူငယ်တာအိုဆရာလေးနှင့် မင်ဝမ်ဝတ်ကျောင်းတော်မှ ဘုန်းတော်ကြီးသည် ထွက်ခွာသွားသည့် ညီအစ်ကိုနှစ်ယောက်ကို ငေးကြည့်နေလေသည်။

"တာအိုဆရာလေး ၊ ဒီလူငယ်နှစ်ယောက်နဲ့သာဆိုရင် ချင်းရွှမ် နတ်တံခါးဟာ နောက်တစ်ခါ လင်ထိုင်တာအိုပြိုင်ပွဲမှာ ဘယ်လိုမှမရှုံးနိမ့်နိုင်ဘူး"

ဖိနပ်ပြဲနေသည့် မင်ဝမ်ဝတ်ကျောင်းတော်မှဘုန်းတော်ကြီးက ပြောလိုက်လေတော့သည်။

အခန်း (၁၄၇) ရင်ဆိုင်ခြင်း

"တာအိုဆရာရှီ ဒီကိုဘာလို့ရောက်လာရလဲ မင်းသိလား"

ချန်ကျန့်မေက ဆန်းလျန်ကို ရုတ်တရက်မေးလိုက်လေသည်။

"မသိပါဘူးဗျာ"

ဆန်းလျန်က ရိုးရိုးသားသားပင် ပြန်ဖြေလိုက်လေသည်။

ဟန့်ဟိုင်ပင်လယ်သေ၏ရေပြင်တွင် ကြင်စင်လေးများ ရောင်ပြန်ဟပ်နေကြသည်။ သို့သော် လထွက်လာခြင်းတော့ မရှိသေးပေ။ ပင်လယ်သေထဲတွင် ရေမှော်များလည်းမရှိ ၊ ငါးများလည်းမရှိပေ။

ပင်လယ်ပြင်ကိုကြည့်ရသည်မှာ အထီးကျန်ဆန်လွန်းလှပေသည်။

လေပြေလေးတိုက်ခတ်လာသည့်အတွက်သာ အထီးကျန်ဆန်ခြင်းကို လွင့်စင်သွားစေလေသည်။

ချန်ကျန့်မေက ပင်လယ်ထဲတွင် ရောင်ပြန်ဟပ်နေသည့် ကြယ်စင်များကို စူးစိုက်ကြည့်နေလေသည်။ ဤ ရှုခင်းကို နောက်တစ်ကြိမ် ကြည့်ခွင့်ရတော့မည်မဟုတ်ကြောင်း သူသိနေလေသည်။

သူက ရှုမျှော်ခင်းများကို ခံစားလေ့ရှိသူမဟုတ်ပါ။ သို့သော် ယနေ့တော့ ထူးထူးခြားခြားခံစားနေမိလေသည်။

သူ့ကိုယ်သူယုံကြည်ချက်မရှိခြင်းကြောင့် ထိုသို့ခံစားရခြင်း မဟုတ်ပါ။ သို့သော် ယနေ့ယှဉ်ပြိုင်ပွဲက ယုံကြည်ချက်ရှိခြင်း ၊ မရှိခြင်းနှင့် သိပ်မဆိုင်ပေ။ နိုင်သည်ဖြစ်စေ ၊ ရှုံးသည်ဖြစ်စေ အချိန်တန်လျှင် မြူမှုံကဲ့သို့ပျောက်ကွယ်သွားမည့် အဖြစ်အပျက်များသာဖြစ်လေသည်။

"ကွမ်းချင်းနတ်ဘုရားဂိုဏ်းက သူ့ကိုလွှတ်လိုက်တာ ၊ အားလုံး က တာအိုဆရာရှီကို ပုံမှန်မဟုတ်တဲ့ ကျင့်ကြံသူလို့ သိထားကြ တာ ၊ ဒါပေမယ့် သူတို့မသိတာက သူက ကွမ်းချင်းနတ်ဘုရား ဂိုဏ်းမှာ အရေးပါတဲ့သူပဲ ၊ သူဟိုင်သန်းအဆင့်တက်ရောက်နိုင် ဖို့ နတ်ဒေဝါအမြုတေကို ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ရှာပေး ခဲ့တာ ၊ သူကတော့ ရှီးဟွမ်က စွန့်ပစ်နတ်ဘုရားကျောင်းတော် တစ်ခုထဲက ရတယ်လို့ သတင်းလွှင့်ထားတာပေါ့"

ချန်ကျန့်မေက ဆန်းလျန်ကို ရှင်းပြနေလေသည်။

သူ့ကိုကြည့်ရသည်မှာ ယခင်ကထက်ပိုပြီး ဆန်းလျန်ကို ရင်းရင်းနှီးနှီးရှိနေလေသည်။ သူ့နှလုံးသားမှာလည်း နူးညံ့သိမ်မွေ့နေလေသည်။ တောင်တစ်ခွင်လုံးမှ နတ်မိစ္ဆာနှင့် မကောင်းဆိုးဝါးများကို နှိမ်နင်းသတ်ဖြတ်ခဲ့သည့် သေစေခြင်း ကျောင်းတော်မှခက်ထန်သည့် ဓားတန်ခိုးရှင်ဟုပင် ထင်နိုင်စရာမရှိပေ။

ချန်ကျန့်မေမှာ အစကတည်းက စိတ်ထားဖြူစင်သူ ဖြစ်ကြောင်း ဆန်းလျန်သိထားပါသည်။ ယခုတော့ ပိုပြီး နူးညံ့လာဟန်ရှိလေသည်။

လူတစ်ယောက်သည် သတ်ဖြတ်နှိမ်နင်းသည့်အလုပ်ကိုလုပ်တော့မည်ဆိုလျှင် မိစ္ဆာစိတ်ရိုင်းစွမ်းအားရှိမှသာလျှင် လုပ်၍ရမည်ဖြစ်လေသည်။ ထိုမိစ္ဆာစိတ်ရိုင်းစွမ်းအားရှိမှသာ ပြိုင်ဘက်ရန်သူကို ထိတ်လန့်စေပြီး နှိမ်နင်းမှုအောင်မြင် နိုင်မည်ဖြစ်လေသည်။

သို့သော် ကျင့်ကြံသူတစ်ယောက်မှာ မိစ္ဆာစိတ်ရိုင်းစွမ်းအားကို မွေးမြူရန်မှာ လွယ်ကူသည်မဟုတ်ပါ။ ဗုဒ္ဓဘာသာအရဆိုလျှင် သူတစ်ပါးအသက်ကိုသတ်ဖြတ်ခြင်းမှာ အပြစ်တရားဖြစ်လေသည်။ ထို့ကြောင့် "တံမြက်စည်းလှည်းလျှင်ပင် ပုရွက်ဆိတ်များကိုသတိထားပါ" ဟု ဆုံးမစကားရှိခဲ့လေသည်။ ကျင့်ကြံသူတစ်ယောက်သည် မိစ္ဆာစိတ်ရိုင်းမွေးပြီး သတ်ချင်တိုင်းသတ်ဖြတ်နေပါက အနာဂတ်တွင် ဒုက္ခရောက်မည်ဖြစ်လေသည်။

ဒဏ္ဍာရီအရဆိုလျှင် အသူရာချောက်ကိုးဆင့်တွင် သွေးပင်လယ်တစ်ခုရှိလေသည်။ သူတစ်ပါးအသက်သတ်ဖြတ်သူများသည် ထိုနေရာတွင် အပြစ်ပေးခံရလေသည်။ သူတစ်ပါးကိုသတ်ဖြတ်ပြီး ကျင့်စဉ်လမ်းကိုလျှောက်မိသူသည် မိုးကောင်းကင်အပြစ်စီရင်ခြင်းကိုရင်ဆိုင်ရကာ ထိုငရဲသို့သွားရမည်ဖြစ်လေသည်။

သို့သော် ချန်ကျန့်မေက မိစ္ဆာများကိုနှိမ်နင်းခဲ့သော်လည်း သူ့တွင် မိစ္ဆာစိတ်ရိုင်းမရှိပါ။ သူက လူသားများ၏အန္တရယ်ကို ရှင်းလင်းပေးသည့်အနေဖြင့် မိစ္ဆာများကို နှိမ်နင်းသတ်ဖြတ်ခဲ့ခြင်းမျှသာဖြစ်လေသည်။ သူ၏မိစ္ဆာစိတ်ရိုင်းကို ကောင်းကောင်းထိန်းချုပ်ထားနိုင်ပြီး ကျင့်ကြံသူတစ်ယောက်၏စိတ်ထားမြင့်မြတ်ဖြူစင်မှုကို ထိန်းသိမ်းထားနိုင်ခဲ့လေသည်။

ဆန်းလျန်မှာ သူဆိုလျှင်ရော ချန်ကျန့်မေကဲ့သို့ လုပ်နိုင်ပါမည်လားဟု တွေးမိလေသည်။ ထိုသို့တွေးမိသည်နှင့် ချန်ကျန့်မေ၏အဆင့်ကိုမီရန် သူကအများကြီးကြိုးစားရဦးမည်ဖြစ်ကြောင်း နားလည်လိုက်ရလေသည်။

ဆန်းလျန်မှာ သူ၏ "ယင်" ဝိညာဉ်စွမ်းအားကိုကောင်းစွာထိန်းချုပ်နိုင်သည့်တိုင် တန်ခိုးစွမ်းအားတစ်ခုလုံးကိုထိန်းချုပ်

နိုင်ရန်အတွက်တော့ များစွာကြိုးစားရဦးမည်ဖြစ်သည်။ ထို

အဆင့်မှာ လွယ်ကူသည့်အဆင့်မဟုတ်ပါ။

ဆန်းလျန်၏ရင်ထဲမှ လှုပ်ရှားသွားမှုကို ချန်ကျန့်မေခံစားလိုက်

မိလေသည်။

ထို့ကြောင့်ဆန်းလျန် စိတ်တည်ငြိမ်သွားစေရန် စကားဆက်

ပြောလိုက်သည်။

"ဒီနေ့ တာအိုဆရာရှိရောက်လာရတာက ကွမ်းချင်းနတ်ဘုရား

ဂိုဏ်းရဲ့ကိုယ်စားရောက်လာတာပဲ ၊ မထူးဆန်းပါဘူးကွာ ၊

ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ကျုပ်ကို မနာလိုဖြစ်နေကြတာ ၊

နှစ်ပေါင်းသုံးဆယ်တောင် ကြာခဲ့ပြီလေ ၊ တကယ်လို့ ကျုပ်သာ

မရှိရင် လင်ထိုင်တာအိုပြိုင်ပွဲမှာ ချင်းရှမ်နတ်တံခါးဟာ

မျက်နှာပန်းလှမှာမဟုတ်ဘူး ၊ ဒါကလည်း ပြဿနာမဟုတ်ပါ

ဘူးလေ ၊ အခုဆို ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာ လောကနတ်

ဘုရားငါးပါးတောင်ရှိတာပဲ ၊ သူတို့စကားနဲ့ပြောရရင် "သူတို့က

အင်အားကြီးပြီးသား" ပဲလေ ၊ အမှန်တော့ ချင်းရွှမ်နတ်တံခါးက အစိကနတ်ဘုရားကျောင်းတော်လေးခုထဲမှာ ပါဝင်နေတာကို သူတို့က မကျေမနပ်ဖြစ်နေကြတာ ၊ သူတို့က အဲဒီနေရာကို လိုချင်တာလေ ၊ အစိကနတ်ဘုရားကျောင်းတော်လေးခုမှာ သူတို့မပါဝင်တော့ လင်ထိုင်တာအိုပြိုင်ပွဲမှာ သူတို့ပါဝင်နိုင်ဖို့ အခွင့်မသာတော့ဘူးပေါ့ ၊ ဒါကြောင့် သူတို့က ချင်းရွှမ်နတ်တံခါးကို အဆင့်ကျသွားအောင် လုပ်ချင်နေတာ"

ချန်ကျန့်မေက ဆန်းလျန်ကို ထပ်ပြီး ရှင်းပြလိုက်လေသည်။

"လင်ထိုင်တာအိုပြိုင်ပွဲဆိုတာဘာလဲ"

ဆန်းလျန်က ပြန်မေးလိုက်သည်။

ဆန်းလျန်က ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို ကောင်းကောင်းသိလေသည်။ ထိုဂိုဏ်းမှာလည်း နာမည်ကြီးကျင့်ကြံသူဂိုဏ်းကြီးတစ်ဂိုဏ်းပဲဖြစ်လေသည်။ သို့သော် သူက သိပ်ပြီးသတိမထားမိပေ။ ယခုမှ ကွမ်းချင်းနတ်ဘုရားကျောင်းတော်တွင်

လောကနတ်ဘုရားငါးပါးပင်ရှိသည်ဟု ကြားရသည့်အတွက် များစွာအံ့သြသွားရသည်။

သို့သော် သူက လင်ထိုင်တာအိုပြိုင်ပွဲကို ပိုပြီးစိတ်ဝင်စားနေမိလေသည်။

"ဟိုးအရင်တုန်းက ရှီးဟွမ်ရဲ့အပြင်ဘက်မှာ ပင်လယ်တစ်ခုရှိတယ်၊ အဲဒီပင်လယ်ထဲမှာ "လင်ထိုင်ဖန်းကျွမ်း" တောင်ဆိုတဲ့ တောင်တစ်တောင်ရှိတယ်၊ အဲဒီတောင်ပေါ်မှာ ဗိမာန်တစ်ခုရှိတယ်၊ အဲဒီဗိမာန်ကို မဟာပွဲတင်သံဗိမာန်လို့ခေါ်ကြတယ်၊ အဲဒီထဲကို ဝင်သွားတဲ့သူတိုင်း အစွမ်းထက်တဲ့ အင်းနဲ့မန္တန်ပညာတွေ၊ ကျင့်စဉ်တွေ လေ့ကျင့်နိုင်တယ်၊ ပညာရပ်တွေဟာ တစ်ခုနဲ့တစ်ခု မတူဘူး၊ ပညာရပ်တိုင်းကလည်း အရမ်းထူးဆန်းတယ်၊ အဓိကတာအိုကျောင်းတော်ကြီးလေးခုဟာလည်း အဲဒီနတ်ဘုရားတောင်ပေါ်လာတဲ့အချိန်မှာ အရမ်းကို အင်အားကြီးမားလာခဲ့တယ်၊ ဒါကြောင့် အဲဒီနတ်ဘုရားတောင်ကို

အပိုင်သိမ်းနိုင်ဖို့ အပြိုင်အဆိုင် ကြိုးစားကြတယ်၊ ဒါကြောင့် နောက်ဆုံးမှာ မဖြစ်သင့်တာတွေ မဖြစ်ရအောင် ကျောင်းတော်ကြီးလေးခုက ဝင်ခွင့်လက်မှတ်လေးခုပြုလုပ်ပြီး လင်ထိုင်နတ်ဘုရားတောင်ကို ချိတ်ပိတ်ခဲ့တယ်၊ ပြီးတော့ ကျောင်းတော်ကြီးလေးခုက နှစ်ပေါင်းငါးဆယ်မှာ တစ်ကြိမ် အဓိကကျောင်းတော်ကြီးလေးခုက တပည့်တွေ တာအိုပြိုင်ပွဲပြုလုပ်ပြီး အတော်ဆုံးတပည့်ရှစ်ယောက်က မဟာပွဲတင်သံဗိမာန်ထဲကို ဝင်ပြီး ကျင့်စဉ်ပညာရပ်တွေကို လေ့လာသင်ယူနိုင်ဖို့ ကတိသစ္စာပြုခဲ့ကြတယ် "

ချန်ကျန့်မေက ဆန်းလျန်ကို ရှည်လျားစွာ ရှင်းပြလိုက်လေသည်။

ချန်ကျန့်မေမှာ စိတ်ထားဖြောင့်မတ်သူဖြစ်လေသည်။ သူက မဟာပွဲတင်သံဗိမာန်ကိုလည်း စိတ်ဝင်စားခြင်းမရှိပါ။ သူက ဓားသိုင်းလမ်းစဉ်ကိုသာစိတ်ဝင်စားသူဖြစ်ပြီး အင်းနှင့်မန္တန်

ပညာ ၊ မော်ပညာများနှင့် ထူးဆန်းသည့်တာအိုကျင့်စဉ်များက

သူ့စိတ်ကို ယိုင်နဲ့အောင် မစွဲဆောင်နိုင်ပေ။

အတော်ဆုံးတပည့်ရှစ်ယောက်သာ "မဟာပွဲတင်သံဗိမာန်" သို့

ဝင်ခွင့်ရမည်ဆိုသည့်စကားကို ဆန်းလျန်စိတ်ဝင်စားနေမိလေ

သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် အရည်အချင်းမရှိ

သောတပည့်များသာရှိသည့် ကျောင်းတော်များမှတပည့်များ

ကတော့ ဝင်ခွင့်ရနိုင်မည်မဟုတ်ပေ။ လက်ရှိအချိန်တွင် ချင်းရွှ

မ်နတ်တံခါးမှာ အဖက်ဖက်မှ ကျဆင်းနေလေသည်။

ထို့ကြောင့် ပြီးခဲ့သည့် လင်ထိုင်တာအိုပြိုင်ပွဲနှစ်ပွဲတွင် ချင်းရွှမ်

နတ်တံခါးမှ မည်သည့်တပည့်မှ ဝင်ခွင့်မရခဲ့ပေ။

ချန်ကျန့်မေက ဟန့်ဟိုင်ပင်လယ်ကို ငေးမောနေလေသည်။

"နတ်ဘုရားဖြစ်ချင်တဲ့သူတွေ ၊ ကျင့်စဉ်လမ်းမှာ အခက်အခဲ

တွေ့နေတဲ့သူတွေ အဲဒီမဟာပွဲတင်သံဗိမာန်ကနေပြီး တာအို

ကျင့်စဉ်တွေ ၊ တန်ခိုးစွမ်းအားတွေ အများကြီးရယူနိုင်တယ် ၊

ထိပ်ဆုံးအဆင့်အောင်မြင်မှုတွေရသွားတဲ့လူတွေတောင်ရှိတယ် ၊ ဒါပေမယ့် ကျင့်စဉ်လမ်းအောင်မြင်ဖို့အတွက် အဓိက သော့ချက်ကတော့ ကိုယ်ကိုယ်တိုင်ကြိုးစားမှုပါပဲ ၊ အရင်တုန်းက ဝင်သွားကြတဲ့တပည့်တွေတော့ ဘာမှအခက်အခဲမရှိကြဘူး ၊ ဒါပေမယ့် နောက်ဆုံးတစ်ခေါက်တုန်းက ဝင်သွားတဲ့တပည့်တွေကတော့ အခြေအနေတော်တော်ဆိုးတယ်လို့ ပြောသံကြားတယ် ၊ ဆရာသခင်က မင်းကိုဒီအကြောင်းတွေ ပြောမပြသေးတာက မင်းက ဟိုင်သန်းအဆင့်မအောင်မြင်သေးလို့ပါ ၊ ခုအချိန်မှာတော့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက အဓိကတာအိုကျောင်းတော်လေးခုကနေ ချင်းရွှမ်နတ်တံခါးကို ဖြုတ်ချပြီး သူတို့က အဲဒီနေရာကို ဝင်ယူချင်နေပြီလေ"

"ကွမ်းချင်းနတ်ဘုရားဂိုဏ်းက လက်ရှိမှာ အင်အားကြီးနေတာပဲ ၊ ဘာလို့ အဓိကတာအိုကျောင်းတော် နေရာကိုယူဖို့ ဒီလောက်အလေးထားနေရတာလဲ"

ထိုမေးခွန်းကိုမေးလိုက်သည့် ဆန်းလျန်၏ လေသံတွင် စိတ်ရှုတ်ထွေးမှုများပါဝင်နေလေသည်။ နတ်ဘုရားကျောင်းတော်များတွင် ဂုဏ်သိက္ခာနှင့် အသိအမှတ်ပြုခံရခြင်းများက ဤမျှအရေးကြီးပါသလား။ ဆန်းလျန် နားမလည်နိုင်ဖြစ်ရသည်။

"ဒါပေါ့၊ အလေးထားရတာပေါ့၊ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်သောင်းအတွင်း ကျုပ်တို့အဓိကတာအိုကျောင်းတော်ကြီးလေးခုရဲ့ ဩဇာအာဏာက နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေခဲ့တာ၊ ကျင့်ကြံသူလောကရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းက အဓိကကျောင်းတော်ကြီးလေးခုရဲ့ လွှမ်းမိုးမှုအောက်မှာ ရှိကြတယ်၊ နှစ်ငါးဆယ်မှာတစ်ခါ ချင်းရှမ်နတ်တံခါးဖွင့်တဲ့အခါတိုင်း အရည်အချင်းရှိသူတွေ ပေါ်ထွက်လာနေစမြဲပဲ၊ အဲဒါဘာကြောင့်လို့ မင်းထင်လဲ"

ချန်ကျန့်မေက အေးစက်စွာပြုံးရင်း ပြန်ပြောလိုက်လေသည်။

ချင်းရှမ်နတ်တံခါးမှ ကျင့်စဉ်ပညာများ၏ နက်နဲမှုကြောင့်သာ ဂိုဏ်း၏ဂုဏ်ကို ထိန်းသိမ်းထားနိုင်ခြင်းဖြစ်ကြောင်း ဆန်းလျန် သဘောပေါက်လိုက်သည်။ ထို့ပြင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် လောကနတ်ဘုရားငါးပါးပင်ရှိနေသည့်တိုင် ချင်းရှမ်နတ်တံခါး၏ ဩဇာအာဏာကြီးမားမှုကို မကျော်လွန်နိုင်ပေ။ နတ်ဘုရားကျောင်းတော်များ၏ ကံကြမ္မာမှာ မျိုးဆက်သစ်တပည့်များ၏အရည်အချင်းပေါ်တွင် မူတည်လေသည်။ တပည့်များအောင်မြင်လေ ကျောင်းတော်ဂုဏ်သတင်းကျော်ကြားလေဖြစ်ပြီး ကျင့်ကြံသူလောကတွင် ကျောင်းတော်မှာ ရေရှည်ရှင်သန်နိုင်မည်ဖြစ်လေသည်။

ချန်ကျန့်မေ၏ သင်ပြပေးမှုများမှ အကျိုးအကြောင်းများကို ဆင်ခြင်ပြီးသည့်နောက် ဆန်းလျန်မှာ အရာအားလုံးကို သဘောပေါက်နားလည်သွားရလေသည်။ သို့သော် ချင်းရှမ်နတ်တံခါး၏ ကံတရားမှာ ယနေ့ည ချန်ကျန့်မေနှင့် ပေါင်ကွမ်း

ဆရာတော်၏ တရားဆွေးနွေးပွဲအပေါ်တွင် မူတည်နေလေ

သည်။

ဆန်းလျန်မှာ ချန်ကျန့်မေကို ကာကွယ်ပေးရန် ဤနေရာသို့

ရောက်ရှိနေခဲ့သည့်တိုင် နောက်ဆုံးတိုက်ပွဲကိုရင်ဆိုင်ရမည့်

အဓိကလူမှာ ချန်ကျန့်မေတစ်ယောက်တည်းသာလျှင် ဖြစ်လေ

သည်။

ချန်ကျန့်မေမှာ ပေါင်ကွမ်းဆရာတော်ကို အနိုင်ယူနိုင်ဖို့ မ

သေချာလှပေ။ ချန်ကျန့်မေသာ ကိုယ့်ကိုကိုယ်ယုံကြည်မှု

အပြည့်ရှိလျှင် တံခါးပိတ်ကျင့်ကြံမှု ပြုလုပ်ရသည်အထိ

အချိန်ယူမည်မဟုတ်ပေ။

အခြားဘက်မှကြည့်လျှင် တရားဆွေးနွေးပွဲအတွက် ရက်ရွေး

ခြယ်သည့်သူမှာ ပေါင်ကွမ်းဆရာတော် ဖြစ်သည့်အတွက်

ဆရာတော်မှာ ကိုယ့်ကိုကိုယ်ယုံကြည်မှု မည်မျှမြင့်မားနေ

ကြောင်း ခန့်မှန်းနိုင်လေသည်။ ဆယ်လပိုင်းဆယ့်ငါးရက်နေ့

တွင် "နတ်ဘုရားနှိမ်နင်းခြင်း" တရားဆွေးနွေးပွဲ ပြုလုပ်ရန်ရွေး ခြယ်ခဲ့သူမှာ ပေါင်ကွမ်းဆရာတော်ကိုယ်တိုင်ပင် မဟုတ်ပါ လား။

ကျင့်ကြံသူများကြားတွင်တော့ ဆယ်လပိုင်းဆယ့်ငါးရက်နေ့မှာ ရှယွမ်ပွဲတော်နေ့ဖြစ်သည့်အတွက် ထိုနေ့တွင် ဒီရေမြင့်တက် လျှက်ရှိပြီး ကံကောင်းခြင်းများကိုလည်းပေးစွမ်းနိုင်သည်ဟု အယူရှိကြလေသည်။ ချန်ကျန့်မေကို အပြတ်အသတ်အနိုင်ယူ မည်ဟု ယုံကြည်ထားသည့် ပေါင်ကွမ်းဆရာတော်သည် ချန် ကျန့်မေကို သနားသဖြင့် ယှဉ်ပြိုင်မည့်နေရာကိုတော့ ရွေးခြယ် ခွင့် ပေးခဲ့လေသည်။ ထို့ကြောင့် ချန်ကျန့်မေမှာ သူလိုချင်သည့် မြေနေရာ အထားရှိသည့် ဟန့်ဟိုင်ပင်လယ်သေနေရာကို ရွေး ခြယ်ခွင့်ရခဲ့ခြင်းဖြစ်လေသည်။

ချန်ကျန့်မေက ပေါင်ကွမ်းဆရာတော်၏စိန်ခေါ်မှုကို မငြင်းပယ် ခဲ့ပါ။ ဆရာတော်မှာ သူ့ထက် များစွာအဆင့်မြင့်သူတစ်

ယောက်ဖြစ်ကြောင်းကိုလည်း သူနားလည်ထားပါသည်။

ထို့ပြင် ဆရာတော်မှာ ရွှေခန္ဓာရသည်အထိ ကျင့်ကြံအောင်မြင်ခဲ့သည့် တရားအလင်းရှင်လည်း ဖြစ်လေသည်။ ချန်ကျန့်မေသာ ယခုအချိန်တွင် သူ့ကိုယ်သူဝင့်ကြွားနေပါက လူအများအမြင်တွင် ရယ်စရာဖြစ်ပေလိမ့်မည်။

လထွက်လာခဲ့ပြီ.....

လပြည့်ဝန်းသည် ကောင်းကင်တွင် ထိန်ထိန်သာနေသလို ပင်လယ်ရေပြင်တွင်လည်း အရိပ်ထင်နေလေသည်။

"ခပ်ဝေးဝေးတစ်နေရာကိုသွားပြီး ပြိုင်ပွဲကိုလေ့လာနေနော်"

ချန်ကျန့်မေက ဆန်းလျန်ကို တိုးလျစွာ သတိပေးလိုက်သည်။

"တရားဆွေးနွေးခြင်း" ဆိုသည်မှာ တရားကျမ်းစာများကို ဆွေးနွေးရုံမျှသာ ဖြစ်လေသည်။ သို့သော် "နတ်ဘုရားနှိမ်နင်းခြင်း" တရားဆွေးနွေးပွဲဆိုသည့်အတွက်ကြောင့် သူသေကိုယ်သေတိုက်ကြမည့် တိုက်ပွဲဖြစ်သွားလေသည်။

ပင်လယ်ကိုဖြတ်သန်းတိုက်ခတ်နေသည့် လေပြေလေးက ငြိမ်သက်သွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မြူခိုးများ ရစ်သိုင်းလာလေသည်။ လရောက်က တဖြည်းဖြည်းမြင့်တက်လာသည့်အခါတွင်တော့ မြူခိုးများပျောက်ကွယ်သွားလေသည်။ လရောင်က ပင်လယ်ရေမျက်နှာပြင်တစ်ခုလုံးကို လင်းလက်နေစေလေသည်။ ရင်သပ်ရှုမောဖွယ် ပန်းချီကားတစ်ချပ်အလား စိတ်အာရုံကို ဖမ်းစားထားနိုင်လေသည်။ လေငြိမ်သက်နေသည့်တိုက် လှိုင်းကြက်ခွပ်လေးများက ပြေးလွှားနေလေသည်။ ရေလှိုင်းသံသဲ့သဲ့မှာ သာယာသည့်ဂီတသံအလားပင်။ ထိုပင်လယ် ရေလှိုင်းလေးများမှာ နူးညံ့ညင်သာစွာဖြင့် ချန်ကျန့်မေ၏ခြေဖဝါးထက်တွင် လာရောက်ခစားကြလေသည်။

ပင်လယ်ရေပြင်တစ်နေရာတွင် လရောင်က သိပ်သည်းစွာဖြင့် ဖြာကျနေသည်။ထိုနေရာတွင် မီးအိမ်တစ်ခုအလား တောက်ပနေသည့် ဆရာတော်တစ်ပါးရပ်တန့်နေလေသည်။

ယှဉ်ပြိုင်ပွဲကိုကြည့်ရှုရန်ရောက်နေကြသည့် ကျင့်ကြံသူများ ၊ နတ်မိစ္ဆာများ ၊ မကောင်းဆိုးဝါးများမှာ ကြည်ညိုဖွယ်ရာ ဆရာတော်ကို ငေးမောဖူးမျှော်နေမိကြလေသည်။ ယခုကဲ့သို့ ကြည်ညိုဖွယ်ရာမြင်ကွင်းကို မြင်ခွင့်ရသည့်အတွက် သူတို့ဘဝတွင် အခြားသောအရာများကို မလိုအပ်တော့လောက်အောင် ပြည့်စုံသွားသကဲ့သို့ ခံစားလိုက်ကြရလေသည်။

စိတ်ဓာတ်စွမ်းအားပြင်းထန်ကြသည့် ကျင့်ကြံသူများ ၊ နတ်မိစ္ဆာများပင်လျှင် ထိုကဲ့သို့စိတ်နှလုံးပြင်းထန်စွာလှုပ်ရှားသွားစေနိုင်အောင် စွမ်းဆောင်နိုင်သည့် ပေါင်ကွမ်းဆရာတော်၏အစွမ်းမှာ အမှန်တကယ်အံ့ဩဖွယ်ရာပင်။

ပေါင်ကွမ်းဆရာတော်မှာ လွန်စွာမှ တန်ခိုးစွမ်းအားထက်မြက်သူဖြစ်ပါသည်။ သို့သော် ကြည်ညိုဖွယ်ရာအဆင်းမှာတော့ သူ၏တရားအလင်းသန့်စင်မှုကြောင့် ဖြစ်လေသည်။ လရောင်သိပ်သည်းစွာဖြာကျနေသည့်အတွက်ကြောင့် ဆရာတော်၏ခန္ဓာကိုယ်မှာ ပိုပြီးတောက်ပလာလေသည်။ ကြည်လင်သည့်လရောင်အောက်တွင် ဆရာတော်၏ပုံရိပ်မှာ တစ်ချက်လှုပ်ရှားသွားလေသည်။ လရောင်မှာ ကြာပလ္လင်တစ်ခုအဖြစ်ပြောင်းလဲသွားပြီး ဆရာတော်မှာ ကြာပလ္လင်ထက်တွင် ရပ်တန့်နေလေသည်။

လရောင်က ဆရာတော်၏မျက်နှာထက်ဆီသို့ဖြာကျနေပြီး သူ၏မျက်နှာတွင် သိမ်မွေ့ခြင်းနှင့်မေတ္တာတရား ဖြန့်ကျက်ထားသည်ကို တွေ့မြင်ရလေသည်။ ကြယ်စင်များအလား တောက်ပနေသည့် ဆရာတော်၏မျက်ဝန်းများတွင်တော့ နွေးထွေးမှုကိုတွေ့မြင်နိုင်လေသည်။

ချန်ကျန့်မေက ခေါင်းကိုမော့လိုက်ပြီး ပေါင်ကွမ်း

ဆရာတော်၏မျက်ဝန်းများကို ငေးစိုက်ကြည့်လိုက်သည်။ သူ

တို့နှစ်ယောက် အကြည့်ချင်းဆုံလိုက်သည်နှင့် ကောင်းကင်

ထက်တွင် လျှပ်စီးများတဖျတ်ဖျတ်လက်လာလေသည်။ ထို

ခဏလေးမှာပင် သူတို့နှစ်ယောက်၏စိတ်ဝိညာဉ်နှစ်ခု ရိုက်ခတ်

သွားပြီး အသိဉာဏ်အလင်းများ ထွက်ပေါ်လာလေသည်။ ဟန့်

ဟိုင်ပင်လယ်သေတစ်ခုလုံးမှာ ဝိညာဉ်စွမ်းအားများဖြင့်

ဖုံးလွှမ်းသွားလေသည်။

ဆန်းလျန်မှာ သူတို့နှစ်ယောက်ဆီမှ တန်ခိုးစွမ်းအားများကို

ခံစားလိုက်ရပြီး သူတို့နှစ်ယောက်လုံးမှာ အခြားသောကမ္ဘာမှ

နတ်ဒေဝါများအလားဟုပင် ထင်မှတ်လိုက်မိလေသည်။

သူတို့နှစ်ယောက်လုံး၏ ကြီးမားသောဝိညာဉ်စွမ်းအားများ

ရိုက်ခတ်နေမှုမှာ အဆုံးမရှိစီးဆင်းနေသည့်ပင်လယ်ရေအလား

ပတ်ဝန်းကျင်တစ်ခုလုံးတွင် စီးဆင်းပျံ့နှံ့နေလေသည်။

ဝိညာဉ်စွမ်းအားနှစ်ခုရိုက်ခတ်မှုကြောင့် ပတ်ဝန်းကျင်တစ်ခု

လုံးရှိ မိုးမြေစွမ်းအားများမှာ ဂယက်ထနေလေသည်။

ဆန်းလျန်၏ကိုယ်တွင်းမှ ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ ထို

ဂယက်ထနေသည့်မိုးမြေစွမ်းအားများနှင့် တစ်သားတည်း

ပေါင်းစည်းနေသည်ကို ဆန်းလျန်သတိပြုလိုက်မိလေသည်။

ရုတ်တရက်...

အော်သံများကို ကြားလိုက်ရလေသည်။

ပွဲကြည့်ပရိတ်သတ်ထဲမှ နတ်မိစ္ဆာဘုရင်တစ်ပါးမှာ

ပတ်ဝန်းကျင်မှ မိုးမြေစွမ်းအားများ၏ ဂယက်ရိုက်ခတ်မှုကို မ

ခံနိုင်ဘဲ သူ၏မူလပုံသဏ္ဍာန်ကိုပြောင်းလဲသွားသောကြောင့်

အော်ဟစ်ကြခြင်းဖြစ်လေသည်။

အခန်း (၁၄၈)

 သွေးနီရောင်ဓားသွား

ထိုမျှအားကြီးသည့် ဝိညာဉ်စွမ်းအားနှစ်ခုထိခတ်မိခြင်းမှာ အလွန်မှ ရင်သပ်ရှုမောစရာဖြစ်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာလေးနှင့် မင်ဝမ် ဝတ်ကျောင်းတော်မှဘုန်းတော်ကြီးတို့၏မျက်နှာများမှာလည်း တည်ကြည်လေးနက်သွားကြလေသည်။ သူတို့နှစ်ယောက် သည်လည်း ယနေ့အသက်ရှင်နိုင်မည်ဆိုလျှင် လောကနတ် ဘုရားဖြင့်လာရန်နှင့် ရွှေခန္ဓာတရားအလင်းရရန် နီးစပ်နိုင်မည် ဖြစ်လေသည်။ ထို့ပြင် ပေါင်ကွမ်းဆရာတော်ထံမှ ရတနာရရှိ ဦးမည်ဆိုလျှင် တစ်ခဏအတွင်း၌ပင် ရွှေခန္ဓာရသွားနိုင်ပေ လိမ့်မည်။

ချန်ကျန့်မေ၏ဝိညာဉ်မှာ ရေလှိုင်းများကြားတွင် ငြိမ်သက်နေ လေသည်။ သို့သော် ယခုအချိန်ထိ သူ၏သဏ္ဍာန်မဲ့ဓားဝိညာဉ် ကို မမြင်တွေ့ရသေးပေ။

ပေါင်ကွမ်းဆရာတော်၏ဝိညာဉ်မှာ ယွဲ့ကွမ်းဗောဓိသကျထံမှ ဆင်းသက်လာသည့်စွမ်းအားဖြစ်လေသည်။ ထို့ပြင် သူက ပေါင်ယွဲ့ဆရာတော်ထံမှ “လရောင်ရတနာကျင့်စဉ်ကျမ်း” ကို လည်း သင်ယူထားသူဖြစ်လေသည်။ ထို့ကြောင့် သူက လရောင်ကိုအသုံးပြုပြီး လရောင်ရတနာရုပ်ခန္ဓာကို ဖန်ဆင်း ထားလေသည်။ ထို့ကြောင့် သူ၏ရုပ်ခန္ဓာမှာ ဖန်သားကဲ့သို့ ကြည်လင်သန့်စင်နေခြင်းဖြစ်လေသည်။ လရောင်ရတနာရုပ် ခန္ဓာမှာ ပုံသဏ္ဍာန်ရှိသော်လည်း အကောင်အထည်ဒြပ်ထုမရှိ သည့် ရုပ်ခန္ဓာတစ်ခုဖြစ်လေသည်။ သူ၏ဝိညာဉ်စွမ်းအားများ မှာ လရောင်ထဲတွင် ပျော်ဝင်စီးဆင်းနေလေသည်။ ဆရာတော်

က ချန်ကျန့်မေ၏သဏ္ဍာန်မှဲ့ဓားကို လရောင်ရတနာရုပ်ခန္ဓာဖြင့် ခုခံကာကွယ်ရန် စီစဉ်ထားလေသည်။

ထို့ကြောင့်ပင် ချန်ကျန့်မေကလည်း တိုက်စစ်ထက် ခံစစ်ကို ဦးစားပေးတိုက်ခိုက်ရန် ဆုံးဖြတ်ထားလေသည်။ သူ့အနေဖြင့် ပေါင်ကွမ်းဆရာတော်နှင့် တရားဆွေးနွေးခြင်းကို ကြိမ်ဖန်များစွာ ပြုလုပ်ပြီးခဲ့ပြီဖြစ်လေသည်။

တရားဆွေးနွေးခြင်းဆိုသည်မှာ သူတို့နှစ်ယောက်၏ စိတ်ဝိညာဉ်နှစ်ခု အဆုံးမရှိထိခတ်ခြင်းကို ဆိုလိုခြင်းဖြစ်လေသည်။ တစ်ယောက်၏စိတ်နှလုံးကို အခြားတစ်ယောက်၏စိတ်နှလုံးက တရားအလင်းဖြင့် တိုက်ခိုက်ခြင်းဖြစ်လေသည်။

ချန်ကျန့်မေမှာ ယခင်ကချန်ကျန့်မေ မဟုတ်တော့ပါ။ လက်ရှိအချိန်တွင် သူ့အဖြစ်ချင်ဆုံးဆန္ဒမှာ အကြီးမြတ်ဆုံးဓားတန်ခိုးရှင်တစ်ပါးဖြစ်လာရန် ဖြစ်လေသည်။ ယခင်ကကဲ့သို့ ထာဝရ

အသက်ရှည်သည့် နတ်ဘုရားတစ်ပါးဖြစ်ရန် ရည်ရွယ်ချက် မ
ရှိတော့ပေ။
သူ၏ဘဝကို ဓားတစ်လက်အဖြစ်သာ ထုဆစ်ချင်တော့သည်။
ယှဉ်ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြသည့် ပရိတ်သတ်များက
ပေါင်ကွမ်းဆရာတော်နှင့် ချန်ကျန့်မေ၏ စိတ်ဝိညာဉ်နှစ်ခု
ကြိမ်ဖန်များစွာ ထိခတ်နေသည်ကို တိတ်ဆိတ်စွာ လေ့လာနေ
ကြလေသည်။ ထို့နောက်တွင်တော့ ချန်ကျန့်မေက မတ်တပ်
ရပ်နေရာမှ ပေါင်ကွမ်းဆရာတော်ထံသို့ လျှောက်လှမ်းသွား
လိုက်လေသည်။
စိတ်ဝိညာဉ်နှစ်ခု ကြိမ်ဖန်များစွာ ထိခတ်မှုကြောင့် ဟန့်ဟိုင်
ပင်လယ်ပြင်မှာ လှိုင်းများပြင်းထန်စွာ လှုပ်ခတ်နေလေသည်။
သို့သော် ထိုရေလှိုင်းများသည် ချန်ကျန့်မေ၏ ခြေဖဝါးဆီသို့
ရိုက်ခတ်လာခြင်းမရှိပါ။ သူ၏အဖြူရောင်တာအိုဝတ်ရုံကို
လည်း ရေစိုခြင်းငှါ မစွမ်းနိုင်ပါ။ မမြင်နိုင်သည့် တန်ခိုး

စွမ်းအားတစ်ခုက ချန်ကျန့်မေကို ကာကွယ်ပေးထားလေသည်။

ချန်ကျန့်မေမှာ ပေါင်ကွမ်းဆရာတော်နှင့် ပေတစ်ထောင်အကွာတွင် ခြေလှမ်းများကို ရပ်တန့်လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်ပြိုင်တူပင် အကြည့်ချင်း လွှဲဖယ်လိုက်ကြလေသည်။

ထိုအခါမှ စိတ်ဝိညာဉ်နှစ်ခုရိုက်ခတ်ခြင်းမှ ဖြစ်ပေါ်လာသည့် လှျပ်စီးလက်နေခြင်းများ ပျောက်ကွယ်သွားပြီး ပင်လယ်ရေလှိုင်းများမှာလည်း ငြိမ်သက်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ငြိမ်သက်သွားလေပြီ။

သို့သော်....

မုန်တိုင်းမလာခင် ငြိမ်သက်ခြင်းမျိုးသာ....။

ရုတ်တရက်ပင် ပတ်ဝန်းကျင်တစ်ခုလုံးတွင် လရောင်များဖြာလင်းသွားလေသည်။ လောကတွင်အကြည်လင်ဆုံးဟု ပြော၍ရသည့်လရောင်က ထွန်းလင်းနေလေသည်။

ဆန်းလျန်မှာ အမြင်အာရုံကောင်းသူတစ်ယောက်ဖြစ်ပါသည်။ သို့တိုင်အောင် သူ၏မျက်ဝန်းများက ပေါင်ကွမ်းဆရာတော်ကို ရှင်းလင်းစွာမြင်တွေ့ရခြင်းမရှိပါ။ ထို့အတူ ချန်ကျန့် မေ၏မျက်နှာအမူအရာကိုလည်း ရှင်းလင်းစွာမမြင်ရပါ။ သူက အသင့်အနေအထား ပြင်ဆင်ကာ သူတို့နှစ်ယောက်ကို စူးစိုက်ကြည့်နေလေသည်။

တောက်ပဖြာလင်းနေသည့်လရောင်ဆီမှ ကြည်လင်သင့်မြား ငယ်ပေါင်းများစွာ လွင့်ပျံလာလေသည်။ လရောင်ရတနာ ကျင့်စဉ်စွမ်းအားဖြင့် ဖြစ်တည်လာသည့် မြားငယ်များဖြစ်ပြီး မည်သည့်မိစ္ဆာမှ ထိုစွမ်းအားကို ကာကွယ်နိုင်မည်မဟုတ်ပေ။ ပေါင်ကွမ်းဆရာတော်မှာ ကြာပလ္လင်ထက်တွင်တည်ကြည်စွာ ထိုင်နေပြီ လရောင်ကသူ့ကို ကာကွယ်ပေးထားလေသည်။ လရောင်ရတနာကျင့်စဉ်မှာ အဆုံးမရှိသလို ကန့်သတ်ချက် လည်းမရှိပေ။

လရောင်ခြည်မြားငယ်များမှာ လေကိုထိုးခွင်းလာခြင်းမဟုတ်
သလို လရောင်ကဲ့သို့လည်း လျှင်မြန်ခြင်းမရှိပါ။ လောကတွင်
အလင်းထက်လျှင်မြန်သည့်အရာ မည်သည့်အရာမျှ မရှိပေ။
လရောင်ကို သန့်စင်သည့်စိတ်စွမ်းအားနှင့်ပေါင်းစပ်ပြီး
ဖန်ဆင်းထားသည့်အတွက် လရောင်ခြည်မြားငယ်များမှာ
သိပ်သည်းနေလေသည်။

ထိုလရောင်ခြည်မြားလေးများမှာ ပုံသဏ္ဌာန်ရှိသည့်တိုင်
အကောင်အထည်ဒြပ်ထုက ကင်းမဲ့နေလေသည်။ အဝေးကြီးမှ
ပျံသန်းလာသည်ဟုထင်ရသလို နီးနီးလေးမှ ထွက်ပေါ်လာ
သည်ဟုလည်း ထင်ရလေသည်။ ထိုမြားငယ်များအားလုံးမှာ
ချန်ကျန့်မေဆီသို့ ဦးတည်ပျံဝဲလာကြခြင်းဖြစ်လေသည်။
ထိုမြားငယ်လေးများမှာ ချန်ကျန့်မေနှင့် ဆယ်ပေအကွာသို့
ရောက်သည့်အခါတွင်တော့ပျောက်ကွယ်သွားပြီး ငွေရောင်
စမ်းချောင်းလေးတစ်ခုအသွင် ဖြစ်ပေါ်သွားလေသည်။

သဏ္ဍာန်မဲ့ဓားပညာ...

သဏ္ဍာန်မဲ့ဓားဝိညာဉ်...

ချန်ကျန့်မေသာဆန္ဒရှိပါက သဏ္ဍာန်မဲ့ဓားဝိညာဉ်သည် သူ၏ခန္ဓာကိုယ် သွေးကြောဆုံချက်တိုင်းဆီမှ အလွန်လျှင်မြန်သည့်အရှိန်ဖြင့် ထွက်ပေါ်လာနိုင်စွမ်းရှိလေသည်။

လရောင်ခြည်မြားငယ်များသာ ပျောက်ကွယ်သွားခြင်းမရှိလျှင် ချန်ကျန့်မေ သဏ္ဍာန်မဲ့ဓားသိုင်းအသုံးပြုလိုက်သည်ကို သတိထားမိသည့်သူ ရှိမည်မထင်ပေ။

သဏ္ဍာန်မဲ့ဓားဝိညာဉ်မှာ ပုံသဏ္ဍာန်မရှိပါ။ လရောင်ခြည်မြားငယ်လေးများကို ခုခံကာကွယ်လိုက်သည့် သဏ္ဍာန်မဲ့ဓားဝိညာဉ်မှာ ဓားဝိညာဉ်၏အရိပ်အယောင်မျှကိုပင် အာရုံခံ၍မရပေ။

လရောင်ခြည်မြားငယ်လေးများပျောက်ကွယ်သွားပြီးနောက် ပေါင်ကွမ်းဆရာတော်ထံသို့ ရှည်လျားသည့်နဂါးကြီးတစ်ကောင် ဝင်ရောက်သွားလေသည်။

ထိုနဂါးကြီးမှာ ချန်ကျန့်မေက သဏ္ဍာန်မဲ့ဓားဝိညာဉ်ဖြင့်

ဖန်ဆင်းထားသည့် နဂါးကြီးပင်ဖြစ်လေသည်။ မည်သူမျှ ထို

နဂါးကြီးကို မမြင်တွေ့နိုင်ပါ။ ပေါင်ကွမ်းဆရာတော်နှင့် ချန်ကျ

န့်မေသာ တွေ့မြင်ရလေသည်။ အဘယ်ကြောင့်ဆိုသော် ထို

အလွန်ကြီးမားသည့် စွမ်းအားထုတ်လွှတ်မှုကို မြင်တွေ့နိုင်ရန်

အတွက် သူတို့နှစ်ယောက်တွင်သာ လုံလောက်သည့်စွမ်းအား ရှိ

သောကြောင့် ဖြစ်လေသည်။

ပေါင်ကွမ်းဆရာတော်က တရားစာများကို ရွတ်ဖတ်လိုက်

သည်။ လရောင်ခြည်မှာ ဓားကောက်တစ်လက်အဖြစ်

ချက်ချင်းပြောင်းလဲသွားလေသည်။ ဒြပ်မဲ့သည့်လရောင်ခြည်

ဓားသည် "ဝှစ်" ခနဲမြည်သံနှင့်အတူထွက်ပေါ်လာလေသည်။

"သားသတ်သမားသည် ဓားကိုချလိုက်ပြီး ဘုရားရှင်ရှေ့

ဝပ်တွားပြီ"

ဟူသည့် ဗုဒ္ဓဘာသာဆိုရိုးစကားပုံတစ်ခုရှိလေသည်။

ထိုဓားကောက်မှာ ပေါင်ကွမ်းဆရာတော်၏စိတ်ဝိညာဉ်ထဲမှ သားသတ်သမားဓားပင်ဖြစ်လေသည်။ ထိုဓားကို စိတ်စွမ်းအား ဖြင့် ဖန်ဆင်းပြီး လရောင်ဖြင့်ပေါင်းစပ်ထားခြင်းဖြစ်လေ သည်။

လရောင်ခြည်နှင့် မိုးမြေစွမ်းအားများက ထိုဓားကောက်ကြီးဆီသို့ ပေါင်းစည်းသွားလေသည်။ ထိုသို့စွမ်းအင်ပေါင်းစည်းမှုမျိုး ကို တာအိုဆရာရှိနှင့်ဆန်းလျန်တို့၏ ယှဉ်ပြိုင်ပွဲတွင်လည်း မြင် တွေ့ခဲ့ရပြီး ဖြစ်လေသည်။

သို့သော် ယခု ပေါင်ကွမ်းဆရာတော်၏စွမ်းအားပေါင်းစည်းမှု က ဆန်းလျန်ထက် များစွာသာလွန်လေသည်။

အဘယ်ကြောင့်ဆိုသော် ပေါင်ကွမ်းဆရာတော်က လရောင်ခြည်စွမ်းအားများအားလုံးကို စုပ်ယူလိုက်ပြီး ဓားသွား ထဲသို့စီးဝင်စေလိုက်သောကြောင့်ဖြစ်လေသည်။

ဓားသွားမှာကြောက်စရာကောင်းနေပြီး သွေးနီရောင်တောက်ပ

နေလေသည်။

ပေါင်ကွမ်းဆရာတော်သုတ်သင်ခဲ့သည့် နတ်မစ္ဆာများ

အားလုံး၏အမုန်းတရားများသည် ထိုဓားသွားထဲတွင်ခိုအောင်း

နေလေသည်။ မိစ္ဆာတို့၏အော်သံက ကြားရသူ

တိုင်း၏စိတ်နှလုံးကို တုန်ခါစေလေသည်။

အာရုံငါးပါးကိုထိန်းချုပ်ပိတ်ဆို့ထားမည်ဆိုလျှင်တောင်မှ ထို

ဓားဖြင့် အဆုံးမရှိသတ်ဖြတ်ခဲ့သည့် မိစ္ဆာတို့၏အမုန်းတရားကို

နှလုံးသားမှ ခံစားနေရဦးမည်ဖြစ်လေသည်။

ပေါင်ကွမ်းဆရာတော်၏တန်ခိုးစွမ်းအားကြောင့်သာ သားသတ်

သမားဓားကို ထိန်းချုပ်ထားနိုင်ခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ ချန်ကျန့်မေအတွက် စိုးရိမ်သွားမိသည်။ ထိုသို့

သောဓားမျိုးကို လူသားတစ်ယောက်၏စွမ်းအားဖြင့် မည်သို့မျှ

ယှဉ်ပြိုင်တိုက်ခိုက်နိုင်မည်မဟုတ်ပေ။

ပေါင်ကွမ်းဆရာတော်က ဓားကိုသာထုတ်လိုက်သည်မဟုတ်။ သူ့နှလုံးသားထဲမှ မိစ္ဆာစိတ်ရိုင်းစွမ်းအားကိုလည်းထုတ် လွှတ်လိုက်လေသည်။ ထို့နောက် မိစ္ဆာစိတ်ရိုင်းစွမ်းအားများကို သားသတ်သမားဓားနှင့် ပေါင်းစပ်လိုက်လေသည်။ ချန်ကျန့် မေ၏သဏ္ဍာန်မဲ့ဓားဝိညာဉ်ကို အမြစ်ပြတ်သုတ်သင်နိုင်ရန် ဤသို့ပြုလုပ်လိုက်ခြင်းဖြစ်လေသည်။

ဤသည်မှာ လုံးဝမျှော်လင့်မထားသည့် အံ့သြစရာတိုက်ကွက် ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်လာလေသည်။

ဘယ်ကြောင့်ဆိုသော် သားသတ်သမားဓားက လရောင်ခြည် နှင့် မိုးမြေစွမ်းအားများအားလုံးကို စုပ်ယူလိုက်သောကြောင့် ဖြစ်လေသည်။ ကောင်းကင်ထက်တွင် တိမ်ညိုများစုစည်းလာ ပြီး လေထုမှ ငြိမ်သက်သွားလေသည်။

သားသတ်သမားဓားသည် နဂါးပုံသဏ္ဍာန်ဓားဝိညာဉ်နှင့် ထိခတ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးတွင် လရောင်များ လင်းထိန်တောက်ပသွားလေသည်။

ထို့နောက်...

လေပြေလေးက ပြန်လည်တိုက်ခတ်လာပြီး ပင်လယ်လှိုင်းကြက်ခွပ်လေးများ ပြန်လည်ဖြစ်ပေါ်လာလေသည်။

ဓားသွားနှစ်ခုထိခတ်ခြင်းမှထွက်ပေါ်လာသည့် အလင်းမှုန်လေးများမှာ ကြယ်များကဲ့သို့ ပတ်ဝန်းကျင်တွင် ပျံ့ကျဲနေလေသည်။

အမှောင်ထဲတွင် အလင်းမှုံလေးများပေါင်းစည်းသွားလေသည်။

ထိုခဏလေးမှာပင်....

ချန်ကျန့်မေနှင့် ပေါင်ကွမ်းဆရာတော်တို့ကြားတွင် ကြောက်မက်ဖွယ်ရာပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားလေ

သည်။ ထိုပေါက်ကွဲမှုကြီးမဖြစ်ခင်တွင် ပင်လယ်ရေပြင်မှာ ကြောက်စရာကောင်းလောက်အောင်ပင် ငြိမ်သက်နေလေသည်။ ပင်လယ်ပြင်သည် ဆန်းကျယ်စွာဖြင့် အဆက်မပြတ်စီးဆင်းနေသည့် လရောင်ကို လက်ခံထားလေသည်။ ထိုပေါက်ကွဲမှုကြီးကြောင့် ပင်လယ်ရေများ လွင့်စင်ထွက်လာလေသည်။ ခါးသက်သက်နှင့်ငံကျိကျိအရသာရှိသည့် ဟန့်ဟိုင်ပင်လယ်ရေများမှာ အရှိန်ဖြင့် လွင့်စင်ထွက်လာသောကြောင့် ယှဉ်ပြိုင်ပွဲကို ကြည့်နေကြသည့် ပရိတ်သတ်များမှာ ရှောင်တိမ်းချိန်ပင်မရလိုက်ဘဲ ရေများစိုရွှဲကုန်လေတော့သည်။ နတ်မိစ္ဆာများနှင့် မကောင်းဆိုးဝါးများ၏ခန္ဓာကိုယ်မှာ လူသားကျင့်ကြံသူများထက်ပိုပြီး ခံနိုင်ရည်အားကောင်းလေသည်။ ထို့ကြောင့်ပင်လယ်ရေထိသည့်အခါ နတ်မိစ္ဆာများနှင့် မကောင်းဆိုးဝါးများက ထူးခြားစွာမခံစားရသည့်တိုင် လူသားကျင့်ကြံသူအများစုမှာတော့ နာကျင်မှုကို ခံစားလိုက်ကြရလေ

သည်။ ထိုနာကျင်မှုမှာ သူတို့ဘယ်တုန်းကမှ မခံစားဖူးသည့် နာကျင်မှုမျိုးဖြစ်လေသည်။

ထို့ကြောင့် နာကျင်မှုသက်သာရန် အမျိုးမျိုးအဖုံဖုံသော အင်းပညာများနှင့် မန္တန်များကို အသုံးပြုလိုက်ကြရလေသည်။ အချို့က တန်ခိုးစွမ်းအားအလင်းတန်းများထုတ်လွှင့်ကာ ကာရံထားပြီး အချို့က ထီးများဖန်ဆင်းကာကွယ်ကြသည်။ အချို့ကအလွှာပါးဝတ်ရုံများဖန်ဆင်းကာကွယ်ကြလေသည်။ အချို့ကတော့ မည်သည့်အရံအတားမှမဖန်ဆင်းကြပေ။

ဆန်းလျန်က ကျောက်ဆောင်များဆီသို့ တစ်ချက်လှမ်းကြည့်လိုက်လေသည်။ ထိုနေရာတွင် လူငယ်တာအိုဆရာလေးနှင့် မင်ဝမ်ဝတ်ကျောင်းတော်မှဘုန်းတော်ကြီးရှိနေလေသည်။ သူတို့နှစ်ယောက်မှာ ယှဉ်ပြိုင်ပွဲကိုလာရောက်ကြည့်ရှုသည့်ပရိတ်သတ်များကြားတွင် အတည်ငြိမ်ဆုံးနှင့် ကြောက်စရာအကောင်းဆုံးနှစ်ယောက်ဖြစ်လေသည်။

ဆန်းလျှန်၏အကြည့်ကို မင်ဝမ်ကျောင်းမှဘုန်းတော်ကြီးက ခပ်ပါးပါးအပြုံးတစ်ချက်ဖြင့်တုန့်ပြန်လိုက်သည်။ လူငယ်တာအိုဆရာလေးကတော့ အေးစက်စက်အကြည့်တစ်ချက်ဖြင့်သာ တုန့်ပြန်လိုက်လေသည်။

ပေါက်ကွဲမှုကြီးဖြစ်ပေါ်ပြီးသည့်နောက် ပေါင်ကွမ်းဆရာတော်၏ကိုယ်ပေါ်တွင် လရောင်ကဖြာလင်းနေဆဲဖြစ်လေသည်။ သို့သော် အရင်ကလို သန့်စင်ကြည်လင်ခြင်းမရှိတော့ပေ။

ကောင်းကင်တစ်ခုလုံးတိမ်ညိုများဖုံးလွှမ်းနေသည့်တိုင် … စိတ်ပင်ပန်းနေပုံရသည့် ချန်ကျန့်မေကို တွေ့မြင်နိုင်လေသည်။ သူ၏တာအိုဝတ်ရုံမှာ ဖရိုဖရဲဖြစ်နေပြီး ဆံပင်များမှာလည်း ပြေကျနေလေသည်။ သူ၏တာအိုဝတ်ရုံမှာ ဓားချက်တစ်ချက်ကြောင့် စုတ်ပြဲနေသည်ကို တွေ့မြင်နိုင်လေသည်။

ကောင်းကင်တွင် တိမ်ညိုများ ထူထပ်စွာ ဖုံးလွှမ်းနေ

သည့်အတွက် ကြယ်ရောင်ရော လရောင်ပါ ထွက်ပေါ်လာနိုင်

ခြင်းမရှိပေ။

ဤသည်မှာ ပေါင်ကွမ်းဆရာတော်နှင့် ချန်ကျန့်မေတို့၏

ရင်ဆိုင်ယှဉ်ပြိုင်ပွဲဖြစ်လေသည်။ ပြိုင်ပွဲမှာ မိုးနှင့်မြေကိုပင်

သက်ရောက်ပြောင်းလဲစေခဲ့ပြီ။

အသံတစ်ခုထွက်ပေါ်လာလေသည်။

"ဆန်းလျန် ၊ ဒီဓားကွက်ကို သေချာနားလည်အောင်ကြည့်ထား"

ချန်ကျန့်မေ၏အသံပင်ဖြစ်လေသည်။

ပေါင်ကွမ်းဆရာတော်၏စွမ်းအားအကုန်မထုတ်ရသေးခင်မှာ

ပင် ချန်ကျန့်မေမှာ ဒဏ်ရာရနေပြီဖြစ်လေသည်။ သို့သော် ချန်

ကျန့်မေ၏လေသံကိုကြားရသည်မှာ ကျိန်းသေပေါက် အနိုင်ရ

တော့မည့်လေသံမျိုးဖြစ်နေလေသည်။

ချန်ကျန့်မေ၏သဏ္ဍာန်မဲ့ဓားဝိညာဉ်မှာ ပျက်စီးသွားပြီဖြစ်လေ
သည်။ သို့သော် သူ့လက်ထဲတွင် ဓားတစ်လက်ရှိနေလေသည်။
ထိုဓားဆီမှ အဆုံးမရှိသေစေခြင်းအငွေ့အသက်များ ထွက်ပေါ်
နေလေသည်။ ထိုဓားမှာ ပေါင်ကွမ်းဆရာတော်ဖန်ဆင်းခဲ့သည့်
သားသတ်သမားဓားထက်ပင် ကြောက်စရာကောင်းနေသည်။
အမှန်တော့ ပေါင်ကွမ်းဆရာတော်၏ သားသတ်သမားဓားမှ
မိစ္ဆာစိတ်ရိုင်းစွမ်းအားကို ထွက်ပေါ်လာစေပြီး ယခုကိုင်ဆောင်
ထားသည့် သေစေခြင်းဓားကို ထိုမိစ္ဆာစိတ်ရိုင်းစွမ်းအားဖြင့်
အစာကျွေးလိုက်ခြင်းဖြစ်လေသည်။ ထို့ကြောင့် ချန်ကျန့်
မေ၏တာအိုဝတ်ရုံမှာ ဓားချက်ထိကာ ပြဲစုတ်သွားရခြင်းဖြစ်
လေသည်။

စွမ်းအားပေါက်ကွဲမှုကြီးဖြစ်ပေါ်သည့်အချိန်တွင် ချန်ကျန့်မေ
မှာ ကိုယ့်ကိုယ်ကိုမကာကွယ်လိုက်နိုင်ခြင်းမဟုတ်ပါ။ သူက

ရည်ရွယ်ချက်ရှိရှိဖြင့် မကာကွယ်ဘဲ ဒဏ်ရာရခံခဲ့ခြင်းဖြစ်လေသည်။

သဏ္ဍာန်မဲ့ဓားသိုင်း၏အထွတ်ထိပ်အဆင့်မှာ လူတစ်ယောက်သည် သူ၏နှလုံးသားကို ဓားတစ်လက်အဖြစ် အသုံးပြုနိုင်ခြင်းပင်ဖြစ်လေသည်။ ယခုနှစ်များအတွင်းတွင် ချန်ကျန့်မေသုတ်သင်သတ်ဖြတ်ခဲ့သည့် နတ်မိစ္ဆာများ ၊ မကောင်းဆိုးဝါးများ၏ မိစ္ဆာစိတ်ရိုင်းစွမ်းအားများသည် ယခုချန်ကျန့်မေကိုင်ထားသည့် ဓားထဲတွင်ရှိနေပါသည်။

ချန်ကျန့်မေက ဓားရှည်ကိုတစ်ချက်ဝှေ့ယမ်းလိုက်လေသည်။ ဓားသွားက တိမ်ညိုများကို ထိုးခွဲသွားပြီး ကြယ်ရောင်နှင့်လရောင်လေးများထွက်ပေါ်လာသည်ကို မြင်နေရသည်။ သွေးဆာနေသောဓားရှည်မှာ တိမ်ညိုများထဲသို့ ဓားခုတ်ရာတစ်ခုတည်းအဖြစ် ဖြတ်သန်းသွားလေသည်။

ဆန်းလျန်သည် ချန်ကျန့်မေ၏ သေစေခြင်းဓားကို မျက်တောင်မခတ်ကြည့်နေလေသည်။ ချန်ကျန့်မေသာ ဆန္ဒရှိမည်ဆိုလျှင် ဟန့်ဟိုင်ပင်လယ်သေကိုပင် နှစ်ပိုင်းခွဲနိုင်မည့် စွမ်းအားမျိုးကိုပိုင်ဆိုင်ထားသည့် ဓားမျိုးဖြစ်လေသည်။

ချန်ကျန့်မေက ဓားကိုဝှေ့ယမ်းလိုက်သည်နှင့် ဆန်းလျန်၏နှလုံးသားမှာ မျှော်လင့်ချက်များစွာဖြင့် တဒိတ်ဒိတ်ခုန်နေတော့သည်။

သေစေခြင်းဓား၏အစိပ္ပါယ်မှာ သန့်စင်ပြီးသပ်ရပ်လေသည်။ လောကတစ်ခွင်ရှိ မတရားမှုများအားလုံးကို ပျောက်ကွယ်စေမည့်ဓားဖြစ်လေသည်။

ချန်ကျန့်မေမှာ ဓားနှင့်လူတစ်သားတည်းကျနေလေသည်။ သွေးနီရောင်ဓားသွားသည် ပေါင်ကွမ်းဆရာတော်ဆီသို့ တိုးဝင်သွားလေသည်။ ပတ်ဝန်ကျင်တစ်ခုလုံးမှာ အကြောက်တရားဖြင့် တုန်လှုပ်သွားလေသည်။

ပေါင်ကွမ်းဆရာတော်က ထူးဆန်းသည့်လက်ဟန်တစ်ခုကို ပြုလုပ်လိုက်သည်။ ရောင်စဉ်တန်းတစ်ခုဖြစ်ပေါ်လာလေသည်။ ထိုရောင်စဉ်တန်းအတွင်းထဲတွင် ခရမ်းရောင်တောက်ပနေပြီး အပြင်တွင်တော့ လရောင်ခြည်ထွန်းလင်းနေလေသည်။ ထိုပညာမှာ ကျင်းကွမ်းဝတ်ကျောင်းတော်၏အဆင့်မြင့်အရံအတားပညာတစ်ခုဖြစ်သည့် “လရောင်ရတနာစက်ဝန်း” ပညာပင်ဖြစ်လေသည်။ ယုံကြည်သူများ၏ ဆုတောင်းများကို ပေါင်းစည်းထားသည့် စက်ဝန်းဖြစ်လေသည်။

သို့သော် လရောင်ရတနာစက်ဝန်းအရံအတားပညာသည်လည်း ချန်ကျန့်မေ၏ ဓားချက်ကို ကာကွယ်နိုင်တော့မည်မဟုတ်ကြောင်း ပေါင်ကွမ်းဆရာတော်သိနေခဲ့ပြီ။ လရောင်ရတနာအကာအကွယ်မှာ သေစေခြင်းဓားအောက်တွင် စက္ကူပါးလေးတစ်ခုအလား နှစ်ခြမ်းကွဲသွားလေသည်။ သွေးနီရောင်ဓားသွားကို မည်သည့်အရာကမှ တားဆီးနိုင်ခြင်းမရှိတော့ပေ။

ဓားချက်က လျှင်မြန်လွန်းလေသည်။ ပေါင်ကွမ်းဆရာတော်

သည်ပင် ဓားချက်ဝင်ရောက်လာသည်ကို မမြင်တွေ့လိုက်ပေ။

ပေါင်ကွမ်းဆရာတော်ထံမှ ကျုံးဝါးသံတစ်ချက်ထွက်ပေါ်လာ

လေသည်။

ကျားတစ်ကောင်၏ကျုံးဝါးသံကဲ့သို့ပင်...

မိုးကောင်းကင်ကိုးဆင့်မှ မိုးခြိမ်းသံကြီးကဲ့သို့ပင်...

သူ့ပါးစပ်အတွင်းမှ ရွှေရောင်တောက်ပနေသည့် “ဝမ့်” စြက်ာပုံ

သင်္ကေတများ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာလေသည်။ သူ တစ်

ဘဝလုံး ကျင့်ကြံခဲ့သည့် ကျင့်စဉ်တန်ခိုးစွမ်းအားများအားလုံး

ထွက်ပေါ်လာခြင်းဖြစ်လေသည်။

သို့သော် သွေးနီရောင်ဓားသွားအောက်တွင် ထို ရွှေရောင် “ဝမ့်”

စြက်ာပုံသင်္ကေတများမှာလည်း မည်သို့မျှ မတတ်နိုင် ချေဖျက်ခံ

လိုက်ရလေသည်။

ဆန်းလျန်ပျော်ရွှင်ခြင်းမရှိပါ။

သူ့နှလုံးသားသည် ကြေကွဲဝမ်းနည်းနေလေသည်။

ချန်ကျန့်မေနှင့် ပေါင်ကွမ်းဆရာတော်သည် ကျင့်စဉ်အဆင့်အတန်း များစွာကွာခြားလေသည်။ သို့တိုင်အောင် ချန်ကျန့်မေသည် ပေါင်ကွမ်းဆရာတော်၏အရံအတားအားလုံးကို ဤမျှလွယ်လွယ်နှင့်ဖျက်စီးနိုင်ခဲ့ပြီ။

ဤသည်မှာ မိုးကောင်းကင်ကိုဆန့်ကျင်ခြင်းပင်ဖြစ်လေသည်။

ကျိန်းသေပေါက် တန်ဖိုးပြန်ပေးဆပ်ရမည်ဖြစ်လေသည်။

ထို့ကြောင့်ပင် ချန်ကျန့်မေက ထိုဓားကွက်ကိုသေချာကြည့်ဖို့ ဆန်းလျန်ကိုပြောခြင်းဖြစ်လေသည်။ သူ့ဘဝတွင် ချန်ကျန့်မေ ဓားထုတ်သည်ကို နောက်တစ်ကြိမ်တွေ့မြင်ရရန် မသေချာတော့ပေ။

ထိုဓားချက်တွင် ချန်ကျန့်မေဘဝတစ်ဘဝလုံးစာ စွမ်းအားများ ထည့်သွင်းထားလေသည်။

"လူတစ်ယောက်က သူ့ဘဝရဲ့သက်တမ်းတစ်ဝက်ကို ကျင့်ကြံရင်းကုန်ဆုံးခဲ့တာကို ဘယ်သူမှမသိနိုင်ဘူး ၊ တစ်ချိန်အောင်မြင်မှုရသွားမှသာ လောကကြီးကအံ့သြကြမယ်"

ထိုနိမိတ်စကားမှာ ချန်ကျန့်မေအတွက် လွန်စွာမှ တိကျမှန်ကန်ခဲ့လေပြီ။

ဤညတိုက်ပွဲ အဆုံးသတ်ပြီးလျှင် ယှဉ်ပြိုင်ပွဲကိုကြည့်နေကြသည့် ပရိတ်သတ်များသည် "ချန်ကျန့်မေ" ကို မည်သည့်အခါမှ မေ့လျော့သွားတော့မည်မဟုတ်ပေ။

သူ၏ "သွေးနီရောင်ဓားသွား" သည် အားလုံး၏စိတ်ထဲတွင် ဖျောက်ဖျက်မရ အမှတ်ထင်ကျန်ရစ်နေတော့မည်။ အလွန်လှပသည့်မီးရှူးမီးပန်းတစ်ခုသည် တစ်ခဏလေးလင်းလက်ပြီး ပျောက်ကွယ်သွားရသကဲ့သို့ပင် ဖြစ်ပေတော့သည်။

ရွှေရောင် "ဝမ့်" စြက်ာများပျောက်ကွယ်သွားလေသည်။ သွေးနီရောင်ဓားသွားသည် ပေါင်ကွမ်းဆရာတော်၏ ခန္ဓာကိုယ်ကို

ထိုးခဲ့လိုက်လေသည်။ ပေါင်ကွမ်းဆရာတော်၏ ခန္ဓာကိုယ်မှာ သွေးထွက်ခြင်းမရှိဘဲ အစိတ်စိတ်အမွှာမွှာ ကြွေပျက်သွားလေသည်။

ပင်လယ်ထဲတွင် ဆရာတော်တစ်ပါးမျောပါနေလေသည်။ ထိုဆရာတော်မှာ အသက်ရှိသေးလား မရှိတော့ပြီလား မပြောနိုင်ပါ။

ချန်ကျန့်မေ၏ သွေးနီရောင်ဓားသွားဖြင့် ထိုးခဲ့လိုက်သည်မှာ ပေါင်ကွမ်းဆရာတော်၏ လရောင်ရတနာရုပ်ခန္ဓာကို ထိုးခဲ့လိုက်ခြင်းဖြစ်လေသည်။ ဆရာတော်၏ ရုပ်ခန္ဓာအစစ်အမှန်မဟုတ်ပေ။ ထို့ကြောင့် သွေးမထွက်ဘဲ အစိတ်စိတ်အမွှာမွှာ ကြွေပျက်သွားရခြင်း ဖြစ်လေသည်။

တိမ်ညိုများ ပျံ့လွင့်သွားပြီး ကောင်းကင်ထက်တွင် သွေးနီရောင် သက်တန့်ကွေးတစ်ခုပေါ်လာလေသည်။

သို့သော် ထိုသွေးနီရောင် သက်တန့်ကွေးမှာ အချိန်ခဏလေး အတွင်းမှာပင် အရိပ်အယောင်ပင်မကျန် ပျောက်ကွယ်သွား လေသည်။ ထို့အတူ ချန်ကျန့်မေမှာလည်း ပျောက်ကွယ်သွား လေတော့သည်။

အခန်း (၁၄၉)

မရဏာစားခြောက်မျိုး

ဗောဓိသကျအလင်းတန်းတစ်ခုတောက်ပလာပြီး ရေထဲတွင် မျောနေသည့် ဆရာတော်အား ဆောင်ယူသွားလေသည်။

ရေက မလှုပ်မရှားငြိမ်သက်နေလေသည်။ အနောက်ဖက်ကောင်းကင်မှ ဗောဓိသဃကျက ရောင်ခြည်တော်ထုတ်လွှတ်ပြီး နာကျင်ဒုက္ခခံစားနေရသည့် သာဝကကို ဆောင်ယူသွားခြင်းဖြစ်လေသည်။

ဤသို့ ဆောင်ယူသွားသည်မှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ ပေါင်ယွဲ့ဆရာတော်၏ ဆုတောင်းစကားကြောင့် ဖြစ်သည်ကို လူတိုင်းသိကြလေသည်။ လောကီရေးရာကို စိတ်မဝင်စားသည့် တရားအလင်းရှင်ဆရာတော်ကြီးပေါင်ယွဲ့သည် အပြောင်းအလဲများကို လက်ခံထားပြီးဖြစ်သည်။ ပေါင်ကွမ်းဆရာတော်ကို ကယ်တင်သွားပြီးသည့်နောက် ယှဉ်ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြသော ပရိတ်သတ်များလည်း အသီးသီးပြန်သွားကြလေသည်။

တိုက်ပွဲကို အရှုံးအနိုင်ဆုံးဖြတ်ရန်မှာ ခက်ခဲလွန်းလေသည်။

သို့သော်... ချန်ကျန့်မေ နောင်တရခြင်း ရှိမည်မဟုတ်သည်ကို ဆန်းလျန်သိထားလေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်နားလည်လိုက်သည်မှာ ကျင့်စဉ်လမ်းအဆင့်မြင့်လာလေ နောက်ပြန်ဆုတ်ရန် ခက်ခဲလေဆိုသည့်အချက်ပင် ဖြစ်လေသည်။ ကျင့်စဉ်လမ်းကို လျှောက်လှမ်းပြီဆိုသည်နှင့် တိုက်ပွဲများစွာဖြင့် ကြုံတွေ့ရမည် ဖြစ်လေသည်။ တိုက်ပွဲများရင်ဆိုင်တိုက်ခိုက်ရပြီဆိုသည်နှင့် သေခြင်းရှင်ခြင်းတရားကို ရင်ဆိုင်ရတော့မည်ဖြစ်လေသည်။

"ထိပ်တန်းကျင့်ကြံသူများ ယှဉ်ပြိုင်တိုက်ခိုက်ကြပြီဆိုလျှင် သူတို့၏ သေခြင်းရှင်ခြင်းမှာ စည်းလေးတစ်ခုခြားထားသည့် ပမာသာဖြစ်သည်။ ဘယ်တော့မှ လွတ်လမ်းမရှိ"

ဟူသည့် စကားကဲ့သို့ပင်ဖြစ်လေသည်။

ချန်ကျန့်မေ၏ သွေးနီရောင်ဓားသွားမှာ သဏ္ဍာန်မဲ့ဓားမှ အဆင့်မြင့် ပြောင်းလဲသွားခြင်း ဖြစ်လေသည်။ ထိုဓားမှ သေစေခြင်း အရိပ်အငွေ့များကတော့ မူလဓားပညာ၏ ငြိမ်းအေးခြင်း သဘောတရားမှ သွေဖယ်နေလေသည်။ သို့သော်... ထိုသို့ ပြောင်းလဲသွားခြင်းမှာ ကြီးမြတ်သည့် ကျင့်စဉ်ပြောင်းလဲခြင်း ဖြစ်ပြီး သာမန်သွေးဆာနေသည့် ဓားတစ်လက်အဖြစ် ပြောင်းလဲခြင်းတော့မဟုတ်ပေ။

ကြယ်ရောင်နှင့် လရောင်များက စကားပြောခြင်းငှါမစွမ်းနိုင်သည့်အတွက်....

ချန်ကျန့်မေ မည်သည့်နေရာသို့ရောက်သွားသည်လဲ ဆန်းလျှန်မသိနိုင်ပါ။

သွေးနီရောင်ဓားသွားအဖြစ်ပြောင်းလဲသွားပြီးနောက်...

သူသေသွားပြီလား....

အသက်ရှင်လျက်ရှိသေးလား...

ဆန်းလျှန်အပြင် မပြန်ကြသေးသည့် လူအချို့ရှိနေပါသေးသည်။ ထိုလူများထဲတွင် လူငယ်တာအိုဆရာလေးနှင့် မင်ဝမ်ဝတ်ကျောင်းတော်မှ ဘုန်းတော်ကြီးလည်း ပါဝင်လေသည်။

တာအိုဆရာလေးက မင်ဝမ်ဝတ်ကျောင်းတော်မှ ဆရာတော်ကို မေးလိုက်သည်။

"ဆရာတော်... ချန်ကျန့်မေနောက်ဆုံးသုံးလိုက်တဲ့ဓားကွက်ကို မှတ်မိသလား"

ချန်ကျန့်မေ၏ သွေးနီရောင်ဓားသွားပျောက်ကွယ်သွားသည် အထိ ကြည့်နေပြီးမှ ဆရာတော်က စကားပြန်ပြောလိုက်သည်။

"ဒီလိုသေစေခြင်းအငွေ့အသက်မျိုးရှိတဲ့သိုင်းပညာမျိုး လောကမှာ သိပ်မရှိဘူး ၊ အဲဒီလိုဓားပညာအများစုကလည်း လရောင်ရတနာစက်ဝန်းကို မထိုးဖောက်နိုင်ကြဘူး ၊ ကြည့်ရတာ ချန်ကျန့်မေက မရဏဓားခြောက်မျိုးရဲ့ လမ်းစကို တွေ့မြင်သွားပြီထင်တယ်"

ဆရာတော်၏မျက်နှာမှာ စိတ်ရှုတ်ထွေးနေပုံရလေသည်။

"ဒါပေမယ့် ချန်ကျန့်မေက အဲဒီဓားခြောက်မျိုးကို မတွေ့ခဲ့ရလို့ ပဲတော်သေးတယ်၊ တွေ့များတွေ့ခဲ့ရင် ဒီလောကမှာ ပြိုင်ဘက်ကင်းတစ်ယောက် ဖြစ်သွားမှာပဲ"

တာအိုဆရာလေးက ပြောလိုက်လေသည်။

လောကတွင် ထိပ်တန်းအဆင့် မရဏဓားခြောက်မျိုးရှိလေသည်။ ထိုဓားအားလုံးမှာ နတ်ဘုရားများကို နတ်သက်ခြွေနိုင်သည့် အစွမ်းရှိလေသည်။ ထိုဓားခြောက်မျိုးမှ ဓားလေးမျိုးမှာ အကြီးမြတ်ဆုံးမရဏဓားသိုင်းပညာကို ဖြစ်တည်စေလေသည်။ ကျင့်စဉ်လမ်းကို အဆုံးထိအောင်မြင်ထားသည့် တာအိုဆရာသခင်ကြီးပင်လျှင် ထိုဓားများကို ရင်မဆိုင်ရဲပေ။

ထိုကြောက်မက်ဖွယ်ရာ မရဏဓားခြောက်မျိုး လောကမှ ပျောက်ကွယ်သွားသည်မှာ ကြာပြီဖြစ်လေသည်။ မည်သည့်နေရာသို့ရောက်ရှိသွားသည်လဲ မည်သူမျှ မသိကြပါ။ မရဏ

နဂါးငွေ့တန်းထဲသို့ရောက်ရှိသွားသည်လား ၊ သို့မဟုတ် အခြားသော အချိန်နှင့်နေရာမတူညီရာဒေသသို့ထွက်ခွာသွားသည်လား ၊ သို့မဟုတ် လုံးဝကိုပျောက်ကွယ်သွားပြီလား။ အမှန်ကို မည်သူမျှ မသိနိုင်ပေ။

ချန်ကျန့်မေက တရားအလင်းကိုနားလည်အောင်ကြိုးစားရင်း သဏ္ဍာန်မဲ့ဓားသိုင်းကို လေ့ကျင့်ခဲ့ခြင်း ဖြစ်လေသည်။ သူက သဏ္ဍာန်ရှိမှ သဏ္ဍာန်မဲ့သို့ပြောင်းလဲဖန်ဆင်းနိုင်ပြီး ကိုယ်ပျောက်အစွမ်းဖြင့် ချန်ဆန်းတံခါးဝကိုခေါက်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။

သူသာအသက်ရှင်နေသေးမည်ဆိုလျှင် သူကျင့်ကြံခဲ့သည့် တရားအလင်းကို ဓားသိုင်းပညာဖြင့်ပေါင်းစပ်ကာ ကိုယ်ပိုင်မရဏဓားတစ်လက်ကို ဖန်တီးနိုင်မည်ဖြစ်လေသည်။

သူ၏ကျင့်ကြံမှုမှာ လောကကိုကျော်လွန်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ချန်ကျန့်မေမှာ ရှန်ဆန်းကျန်းရန်လုကျိုးယွမ်၏

လောကပထမနေရာကိုပင် ခြိမ်းခြောက်နိုင်သည့်လူတစ်ယောက်ဖြစ်လာနိုင်လေသည်။

သို့သော်... ယခုအချိန်တွင် ချန်ကျန့်မေ သေပြီလား ၊ အသက်ရှင်သေးလား မည်သူမျှမသိနိုင်ပါ။ ချန်ကျန့်မေသည် သေွနီရောင်ဓားသွားအဖြစ်ပြောင်းလဲသွားပြီး ပျောက်ကွယ်သွားခဲ့ပြီဖြစ်လေသည်။ စိတ်ဝိညာဉ်ကမ္ဘာတစ်ခုဆီသို့ ရောက်ရှိသွားခြင်းလည်း ဖြစ်နိုင်လေသည်။

ချန်ကျန့်မေမှာ ဆုံးဖြတ်ချက်ခိုင်မာပြီး ဓားသမားတစ်ယောက်၏စိတ်ထား အပြည့်ရှိလေသည်။ ချန်ကျန့်မေလိုကျင့်ကြံသူမျိုးမှာ လွန်စွာမှ ရှားပါးလွန်းပြီး တာအိုဆရာလေး၏ဘဝတွင် ချန်ကျန့်မေလိုလူမျိုး တစ်ခါမှ မတွေ့ခဲ့ဖူးပေ။

တာအိုဆရာလေးမှာ နတ်ဘုရားတစ်ပါးဖြစ်လာရန်ရည်ရွယ်ချက်မရှိခဲ့ပါ။ သို့သော် သူက ကွမ်းချင်းနတ်ဘုရား

ဂိုဏ်းတွင် အဓိကနေရာတစ်ခုကိုရယူထားပြီး အရေးပါသူတစ်ယောက်ဖြစ်လေသည်။ မိုးကောင်းကင်၏ ဥပဒေသအောက်တွင် အချို့ကတော့ရှင်သန်ပြီး အချို့ကတော့ ပျက်စီးကြရမည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် လက်ရှိအချိန်တွင် အထွတ်ထိပ်သို့ ရောက်နေသည့် အချိန်ဖြစ်လေသည်။ အထွတ်ထိပ်သို့ရောက်ပြီးလျှင် ပြန်လည်ကျဆင်းလာမည်မှာ ဓမ္မတာပင် ဖြစ်သည်။ ထို့ကြောင့် လက်ရှိအချိန်တွင်အဓိကတာအိုကျောင်းတော်ကြီးလေးခု၏နေရာတစ်နေရာကို ဝင်ရောက်ရယူနိုင်ခြင်းမရှိပါက ကျင့်ကြံသူလောကတွင် အန္တရာယ်ကင်းကင်းဖြင့် ရပ်တည်နိုင်မည်မဟုတ်ပေ။

လက်ရှိအချိန်တွင် အဓိကတာအိုကျောင်းတော်ကြီးလေးခုတွင် ချင်းရွှမ်နတ်တံခါးမှာ အားအနည်းဆုံးဖြစ်နေလေသည်။ ထို့ကြောင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ ဦးတည်တိုက်ခိုက်မှုမှာ ချင်းရွှမ်နတ်တံခါးဖြစ်လာခဲ့လေသည်။ ယခင့်ယခင် အချိန်

များတွင် ချင်းရွှမ်နတ်တံခါးနှင့် ကွမ်းချင်းနတ်ဘုရားကျောင်း တော်တို့မှာ ရန်ငြိုးရန်စမရှိခဲ့ပါသော်လည်း ယခုတော့ ရန်သူ တွေလုံးလုံးဖြစ်နေကြပြီ။ အပြစ်တင်မည်ဆိုလျှင်တော့ အားနည်းလာသည့် ချင်းရွှမ်နတ်တံခါး၏အခြေအနေကိုပင် အပြစ်တင်သင့်သည်ဟု တာအိုဆရာလေးတွေးနေမိသည်။ ယခုအချိန်မှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းဆိုသည်မှာ ချင်းရွှမ် နတ်တံခါးထက် အဆပေါင်းများစွာ သာလွန်နေသည့် ကျင့်ကြံ သူဂိုဏ်းတစ်ခုဖြစ်နေပြီ မဟုတ်ပါလား။

ဆန်းလျန်က သူတို့နှစ်ယောက်ရပ်နေသည့်နေရာသို့ တည့် တည့်မတ်မတ်ရောက်လာလေသည်။

ဆန်းလျန်လျှောက်လာသည်ကို တွေ့မြင်သည့်အခါတွင်တော့ တာအိုဆရာလေးသည် ချက်ချင်းပင် ထွက်ခွာသွားလေသည်။ တာအိုဆရာလေးအနေဖြင့် ဆန်းလျန်နှင့် မျက်နှာချင်းဆိုင်ရန် အကြောင်းမရှိသလို ပြောစရာစကားလည်းမရှိပေ။ ထို့ပြင် ချ

င်းရှမ်နတ်တံခါးမှ တပည့်တစ်ယောက်နှင့် တရားဝင်တိုက်ခိုက် ရန်မှာလည်း လက်ရှိအချိန်သည် အချိန်ကောင်းမဟုတ်သေး ပေ။

ထို့ကြောင့်သူက ချက်ချင်းလှည့်ထွက်သွားပြီး ခြေတစ် လှမ်းလှမ်းလိုက်ရုံဖြင့်ပင် မိုးကုတ်စက်ဝိုင်းဆီသို့ တိုးဝင် ပျောက်ကွယ်သွားလေသည်။

သူသုံးလိုက်သည့်ပညာကို ဆန်းလျန်ရိပ်မိလေသည်။ မြေကြောကျုံ့ပညာကိုအသုံးပြုပြီး ထွက်ခွာသွားခြင်းဖြစ်လေ သည်။ ထိုပညာမှာ မည်မျှပင်ဝေးကွာသော မြေအနေအထား ဖြစ်ပါစေ ခြေလှမ်းတစ်လှမ်းစာမျှသာဖြစ်အောင် ကျုံ့လိုက် နိုင်လေသည်။ ထိုပညာအထွတ်ထိပ်သို့ရောက်ရှိပါက ကမ္ဘာပေါ် ရှိ မည်သည့်နေရာကိုမဆို ခြေတစ်လှမ်းတည်းဖြင့် သွားရောက် နိုင်မည် ဖြစ်လေသည်။ သို့သော် ထိုအဆင့်သို့ရောက်ရန်မှာ လွယ်ကူသည်တော့မဟုတ်ပေ။

သို့သော် တာအိုဆရာလေးမှာ ထိုပညာကို ကျင့်ကြံထားသည်မှာ အဆင့်တစ်ခုသို့ရောက်ရှိနေပြီ ဖြစ်ပုံရလေသည်။ ဆန်းလျန်ပင် ထိုပညာကိုလေ့ကျင့်မည်ဆိုလျှင် သူ့လောက် ပေါ့ပေါ့ပါးပါးပုံစံဖြင့် ထွက်ခွာသွားသလို အသုံးပြုနိုင်မည် မဟုတ်ပေ။ မင်ဝမ်ဝတ်ကျောင်းတော်မှဘုန်းတော်ကြီးမှာ ချန်ကျန့်မေထက် ဆန်းလျန်ကိုပိုပြီး စိတ်ဝင်စားနေမိလေသည်။ သို့သော် သူက စိတ်ဝင်စားသည့်ဟန်မပြဘဲ ဟန်ဆောင်နေခြင်းဖြစ်လေသည်။ ဆန်းလျန်သူ့ရှေ့ရောက်လာပြီး တာအိုဆရာလေးလည်း ထွက်ခွာသည့်အချိန်ကျမှ သူက ဆန်းလျန်ကို သေသေချာချာ အကဲခတ်လိုက်သည်။

သူတို့နှစ်ယောက်အကြည့်ချင်းဆုံမိသည်နှင့် လေထဲတွင် လျှပ်စီးတစ်ချက် လက်ခနဲဖြစ်သွားလေသည်။ ထိုသို့ လျှပ်စီးလက်သွားခြင်းမှာ ပေါင်ကွမ်းဆရာတော်နှင့် ချန်ကျန့်မေတို့ အကြည့်ချင်းဆုံပြီး စိတ်ဝိညာဉ်နှစ်ခုထိခတ်မိစဉ် ဖြစ်

ပေါ်လာသည့် လျှပ်စီးလက်ခြင်းသဘောတရားကဲ့သို့ပင်
ဖြစ်သည်။

ထိုသို့ စိတ်ဝိညာဉ်နှစ်ခုထိခတ်လိုက်မိသည်နှင့် မင်ဝမ်
ဝတ်ကျောင်းတော်မှဆရာတော်မှာ သူ့ထက်များစွာအဆင့်မြင့်
သူတစ်ယောက် ဖြစ်ကြောင်းဆန်းလျန် သိလိုက်လေသည်။
အလွန်ကြီးမားသည့်ရေတံခွန်ကြီးအောက်သို့ရောက်နေသည့်
ငါးလေးတစ်ကောင်အလား ဆန်းလျန် ခံစားလိုက်ရသည်။
ရေတံခွန်အောက်တွင် ရေကူးခတ်၍ရနေသည့်တိုင် ရေတံခွန်
ကိုဆန့်ကျင်ရန်တော့ မဖြစ်နိုင်ပေ။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားထက် ပိုပြီးပြည့်စုံကောင်းမွန်
သည့် ဝိညာဉ်စွမ်းအားကို ပိုင်ဆိုင်ထားသူတစ်ယောက်အား
ဆန်းလျန်ဘဝတွင် ပထမဆုံးတွေ့ကြုံလိုက်ရပြီ ဖြစ်လေ
သည်။ သူတို့နှစ်ယောက်လုံး အလွန်အမင်းအံ့သြသွားကြရသ
လို စိတ်အနှောင့်အယှက်လည်း ဖြစ်သွားကြလေသည်။ ဆန်း

လျှန်ခံစားလိုက်ရသည့် စိတ်အနှောင့်အယှက်မှာ ချန်ကျန့်မေ

အတွက် ခံစားနေရသည့် ဝမ်းနည်းမှုကိုပင် ကျော်လွန်သွားလေ

သည်။

ဘုန်းတော်ကြီးမှာ အကြည့်တစ်ချက်ဖြင့်ပင် သူ၏ စိတ်နှင့်ခန္ဓာ

ကိုထိုးဖောက်ကြည့်နိုင်လေသည်။ ထို့ပြင် သူ၏ပြင်ပဝိညာဉ်

စွမ်းအားများကိုလည်း ဒီရေရိုက်ခတ်သည့်အလား ရိုက်ခတ်

လိုက်သည်။ ဆန်းလျှန်ကလည်း သူ၏စိတ်အာရုံစူးစိုက်မှုကို

အသုံးပြုကာ ဘုန်းတော်ကြီးကို ပြန်လည်ထိုးဖောက်ကြည့်ရန်

ကြိုးစားလိုက်သည်။ သို့သော်... သူ၏စိတ်အာရုံစူးစိုက်နိုင်မှုမှာ

ဘုန်းတော်ကြီး၏ နူးညံ့သိမ်မွေ့သည့် အကြည့်တစ်ချက်တွင်

အရာအားလုံး ပိတ်ဆို့ခံလိုက်ရသလို ဖြစ်သွားလေသည်။

သူ၏စိတ်အာရုံကို ပါးလွှာသည့်အလွှာပါးလေးဖြင့် ကာဆီး

ထားသကဲ့သို့ပင်....။

ထိုအတွက်ကြောင့်ဖြင့်တော့ ဆန်းလျန် စိတ်မကောင်းဖြစ်မနေတော့ပါ။ သူက ဘုန်းတော်ကြီးမှာ ရန်သူလား ၊ မိတ်ဆွေလား အကဲခတ်နေလိုက်သည်။ ဘုန်းတော်ကြီးနှင့်အတူရပ်နေခဲ့သည့် တာအိုဆရာလေးကတော့ သူ့ကို လိုလိုလားလားမရှိသည်မှာ သေချာလှသည်။

သူတို့နှစ်ယောက်ဆီသို့ ဆန်းလျန်ရောက်လာခြင်းမှာ သူတို့နှစ်ယောက်၏ ခန့်မှန်း၍မရနိုင်သည့်တန်ခိုးစွမ်းအားများကြောင့် ဖြစ်လေသည်။ ထိုတန်ခိုးစွမ်းအားများမှထံမှ ထွက်ပြေးလွတ်မြောက်ချင်သည်ဆိုလျှင်တောင် လွတ်မြောက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဆန်းလျန်က တည့်တည့်ပင် လာရောက်ရင်ဆိုင်လိုက်ခြင်းဖြစ်လေသည်။

ကျင့်ကြံသူများမှာ အန္တရယ်နှင့်ရင်ဆိုင်တွေ့ရပြီဆိုလျှင် တတ်နိုင်သမျှ ရှောင်ထွက်သွားတတ်ကြလေသည်။ ထိုအကြောင်းကို အတွေ့အကြုံရင့်ကျက်သည့် ဝမ်မင်

ဝတ်ကျောင်းတော်မှဆရာတော်က ကောင်းကောင်းသိထားပြီး
သားဖြစ်လေသည်။ သို့သော် ယခု.... ဆန်းလျန်မှာတော့ သူ့
ထက်တန်ခိုးစွမ်းအားမြင့်မားသည့် ပြိုင်ဘက်နှင့်ရင်ဆိုင်နေရ
သည့်တိုင်အောင် တည်ငြိမ်အေးဆေးနေဆဲပင်။ ထို့ကြောင့်
ဆရာတော်မှာ ဆန်းလျန်ကို မလေးစားဘဲ မနေနိုင်တော့ပေ။
ဆန်းလျန်၏ခံယူချက်မှာ သေခြင်း ရှင်ခြင်းဆိုသည်မှာ ကံ
တရားအတိုင်းပင်ဖြစ်လေသည်။ ကျင့်ကြံသူအများစုတွင်
ထိုသို့သောခံယူချက်မျိုး မရှိပေ။ သို့သော် ထိုသို့သောခံယူ
ချက်ကြောင့်သာ ဆန်းလျန်ကို ပြိုင်ဘက်များက လေးစားကြ
ခြင်းဖြစ်လေသည်။ ရဲရင့်သည့်စိတ်ထားရှိရန်မှာ လူတစ်
ယောက်အတွက် အလွန်အရေးကြီးသည် မဟုတ်လား။
ချန်ကျန့်မေမှာလည်း ထိုကဲ့သို့ ရဲရင့်သည့်စိတ်ထားရှိသည့်လူ
တစ်ယောက်ဖြစ်လေသည်။ သူ့ဘဝတွင် ဓားသိုင်းပညာက
ပထမ ၊ နတ်ဘုရားဖြစ်လိုခြင်းက ဒုတိယဖြစ်သည့်တိုင် သူ

ကိုယ်တိုင်က ဓားသမားတစ်ယောက်၏စွမ်းရည်နှင့်ပြည့်စုံ
သလို နတ်ဘုရားတစ်ပါး၏ မြင့်မြတ်ခြင်းများနှင့်လည်း
ပြည့်စုံသူ ဖြစ်လေသည်။
သို့သော် ဆန်းလျန်၏ပုံစံမှာ ချန်ကျန့်မေကဲ့သို့ အရှိန်အဝါရှိမ
နေသလို စိတ်ဓာတ်ခိုင်မာသည့်ပုံလည်း မပေါက်ပေ။ သို့သော်
သေသေချာချာလေ့လာအကဲခတ်ကြည့်မည်ဆိုပါကဆန်းလျန်
နှင့်ချန်ကျန့်မေသည် စိတ်နေစိတ်ထား အတူတူပင်ဖြစ်လေ
သည်။ ရှင်းကျိုးဆရာတော်မှာ လောကတစ်ခွင်လှည့်လည်
သွားလာနေသူဖြစ်ပြီး ကျင့်စဉ်ပညာများစွာကို ကြုံတွေ့ဖူးသူ
ဖြစ်သည်။ သူက လောကကြီး၏ ရှုတ်ထွေးမှုများကြားတွင် သူ
လိုချင်သည့်အရာကို ရှာဖွေနေသူဖြစ်လေသည်။
ကောင်းကင်တွင် လပြည့်ဝန်းက ထိန်ထိန်သာနေလေသည်။
ချန်ကျန့်မေနှင့် ပေါင်ကွမ်းဆရာတော်တို့၏ ပြင်းထန်လွန်း

သည့်တိုက်ပွဲသည် ကောင်းကင်ထက်မှ ထာဝရလမင်းကိုတော့ မဘ်သို့မျှ သက်ရောက်နိုင်ခြင်းမရှိပေ။

ကြယ်ရောင်လေးများကလည်း လမင်းနှင့်အပြိုင် ထွန်းလင်းနေလေသည်။ ကောင်းကင်ပေါ်မှမြစ်ဟု တင်စားကြသည့် ထွန်းလင်းနေသည့် နဂါးငွေ့တန်းကိုလည်း တွေ့မြင်နိုင်လေသည်။

ဆန်းလျန်၏သိမ်မွေ့သည့်ပုံသဏ္ဌာန်မှာ လရောင်အောက်တွင် ထင်ရှားနေလေသည်။

"ဒီကဆရာတော်က ဘယ်ကများပါလဲ"

ဆန်းလျန်က မေးမြန်းလိုက်သည်။

"ကျုပ်က မင်ဝမ်ဝတ်ကျောင်းတော်ကပါ ၊ ကျုပ်ရဲ့ ဘွဲ့တော်ကတော့ ဟွေ့ခဲ့ လို့ခေါ်တယ် ၊ ကျစ်ဟွေ့ရဲ့ "ဟွေ့" ဆိုတဲ့ စာလုံးကတော့ ပညာဉာဏ်လို့အဓိပ္ပာယ်ရတယ် ၊ ခဲ့ယိုခဲ့ဝူရဲ့ "ခဲ့" ဆိုတဲ့ စာလုံးကတော့ ဖြန့်ဝေပေးခြင်းလို့ အဓိပ္ပါယ်ရတယ်"

ဆရာတော်က ပြုံးရင်းပြန်ဖြေလိုက်လေသည်။

ထိုမျှအတိအကျဖြေလိုက်သည်မှာ ရွှဲ့ပြီးဖြေလိုက်လေသလား

ဟုပင် ဆန်းလျှန်ထင်လိုက်မိသည်။

ဆရာတော်၏ဘွဲ့တော်မှာ စိတ်ဝင်စားစရာကောင်းပါသည်။

သို့သော် ဆန်းလျှန်ပိုပြီး စိတ်ဝင်စားမိသည်က မင်ဝမ်

ဝတ်ကျောင်းတော်ပင် ဖြစ်လေသည်။

မင်ဝမ်ဝတ်ကျောင်းတော်၏ အခြေခံကျင့်စဉ်ပညာမှာ ရှုပမွှေ

ကျင့်စဉ်ကျမ်း ဖြစ်လေသည်။ ထိုက်ဝေ့ထိုင်ခန်းမဆောင်ရှိ

ဆရာသခင်တစ်ပါး၏ မှတ်စုတစ်ခုတွင် ထိုအကြောင်းကို ဆန်း

လျှန် ဖတ်ဖူးလေသည်။ သူမက မင်ဝမ်ဝတ်ကျောင်းတော်မှ

ဆရာတော်တစ်ပါးနှင့် ခရီးတစ်ခုကို အတူတူသွားခဲ့ပြီး

ဆရာတော်အပေါ်တွင် စိတ်ဝင်စားမှုဖြစ်ခဲ့မိလေသည်။

သို့သော် ဆရာတော်ကတော့ သူမကို လုံးဝစိတ်မဝင်စားခဲ့ပေ။

ဘုန်းတော်ကြီးများဆိုသည်က မိန်းကလေးများအပေါ်တွင်
ခံစားချက်မထားသင့်သည့် သူများမဟုတ်ပါလား။

သူမက ထိုဆရာတော်ထံမှ မင်ဝမ်ဝတ်ကျောင်းတော်
အကြောင်းကို သိခွင့်ရခဲ့ပြီး နောင်လာနောက်သားများသိရှိနိုင်
အောင် ရေးသားခဲ့ခြင်းဖြစ်လေသည်။

ရှုပဓမ္မကျင့်စဉ်ကျမ်းမှာ တရားထိုင်ပြီးကျင့်ကြံရသည့် အဆင့်
မြင့်ဓမ္မကျင့်စဉ်တစ်ခုဖြစ်သည်။ မလှုပ်ရှားငြိမ်သက်စွာတရား
ထိုင်နေပြီး ငြိမ်းချမ်းမှုကိုတွေ့အောင်ရှာဖွေရသည့် ကျင့်စဉ်ဖြစ်
လေသည်။

ထိုဆရာသခင်ရေးသားခဲ့သည်မှာ "အကယ်၍ သူမ၏ကျင့်ကြံ
မှုသာ အောင်မြင်မည်ဆိုလျှင် ထိုဆရာတော်ကို အနိုင်ယူနိုင်
မည်" ဟူ၍ဖြစ်လေသည်။

သို့သော် လောကတွင် "အကယ်၍" ဆိုသည့်စကားမှာ အသုံးမ
ဝင်ပါ။ ရှုပဓမ္မကျင့်စဉ်ကျမ်းကိုသာ လွယ်လွယ်နှင့်ချိုးဖျက်နိုင်

မည်ဆိုလျှင် မင်ဝမ်ဝတ်ကျောင်းတော်ဆိုသည်မှာ လောကတွင်ရပ်တည်နေနိုင်မည်ပင်မဟုတ်တော့ပေ။

"အသိဉာဏ်ပညာတွေကို ဖြန့်ဝေပေးတဲ့ဆရာတော်ပေါ့၊ လောကကိုကျော်လွန်ပြီး တရားအလင်းရထားတဲ့ဆရာတော်ရဲ့ ပုံစံနဲ့ ဘွဲ့တော်ကလိုက်ဖက်ပါပေတယ်၊ ဆရာတော်က ရည်မှန်းချက်ကြီးတဲ့ဆရာတော်တစ်ပါးပဲ မဟုတ်လား"

ဆန်းလျန်က ပုံမှန်အတိုင်းပင်ပြောလိုက်လေသည်။

ဟွေ့ခဲ့ဆရာတော်က ပင်လယ်ရေလှိုင်းများကိုငေးကြည့်နေလေသည်။

"လေကြောင့်ရေလှိုင်းကရွေ့လျားနေတာလား၊ ရေလှိုင်းကြောင့်လေက ရွေ့လျားနေတာလား၊ မင်းဘယ်လိုထင်လဲ ဒကာလေး"

ဟု ဆရာတော်က အဆက်အစပ်မရှိစွာ မေးလိုက်လေသည်။

"လောကမှာရှိတဲ့အရာတိုင်းက ရွေ့လျားဖြစ်တည်နေကြတာပဲမလား ၊ တည်ငြိမ်နေမလား ၊ ရွေ့လျားနေမလားဆိုတာက ဆရာတော်ရဲ့ ရွေးခြယ်မှုပါပဲ ၊ ဒါပေမယ့် တည်ငြိမ်နေတဲ့အရာတွေလည်း ရွေ့လျားနေမှာပဲ ၊ ရွေ့လျားနေတဲ့အရာတွေလည်း ရွေ့လျားနေမှာပဲ ၊ လောကကြီးက ရပ်တန့်နေမှာမှ မဟုတ်တာ ၊ ဒါကြောင့် ဆရာတော်မေးခွန်းကို ဖြေစရာမရှိပါဘူး ၊ သူ့သဘောသူဆောင်နေကြတာပဲမဟုတ်လား"

ဆန်းလျန်က ပြုံးရင်းဖြေလိုက်လေသည်။

"တာအိုဆရာလေး ၊ မင်းကတကယ်ညာဏ်ကောင်းတာပဲကိုး ၊ ကျုပ်တို့ မင်ဝမ်ကျောင်းတော်မှာ ဘုန်းကြီးဝတ်ပါလား"

ဟွေ့ခဲ့ဆရာတော်က ရယ်မောရင်းပြောလိုက်လေသည်။

"ကျွန်တော်က ကျွန်တော့်ဆံပင်တွေကို သဘောကျနေသေးတယ် ၊ ဒါကြောင့် ဘုန်းကြီးဝတ်ဖို့မဖြစ်နိုင်သေးဘူး"

ဆန်းလျန်က ခေါင်းကိုခါယမ်းရင်းပြန်ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျှန်သည်တောင်ကြားလမ်းလေးအတိုင်း ထွက်ခွာသွားလေသည်။

ဟွေခဲ့ဆရာတော်က ထွက်ခွာသွားသည့်ဆန်းလျှန်ကို ငေးစိုက်ကြည့်ရင်းကျန်ရစ်ခဲ့လေသည်။

ထိုတာအိုဆရာလေးမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာလေးများထက် များစွာ နှစ်သက်သဘောကျဖွယ်ရာဖြစ်နေပြီး နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် ပိုပြီးအလားအလာရှိကြောင်း ဟွေခဲ့ဆရာတော်က အသိအမှတ်ပြုလိုက်မိလေသည်။

ဟွေခဲ့ဆရာတော်မှာ ရန်သူတစ်ယောက်မဟုတ်ပါ။ သို့သော် မိတ်ဆွေတစ်ယောက်လည်းမဟုတ်ပါ။ သူတို့နှစ်ယောက် စကားပြောခဲ့သည့်အချိန်လေးကတော့ ရင်းရင်းနှီးနှီးရှိလှလေသည်။

ဟော့ခဲ့ဆရာတော်၏ ရုပပမ္မကျင့်စဉ်မှာ အလွန်အဆင့်မြင့်နေပြီ ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျှန်အနေဖြင့် သူနှင့်ပိုပြီး ပတ်သက်လိုစိတ်မဖြစ်မိပါ။

ရှီးဟွမ်မှာ အန္တရယ်များသည့်နေရာတစ်ခုဖြစ်လေသည်။ သို့သော် ဆန်းလျှန်က ရှီးဟွမ်တွင်ပင်နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။ ချန်ကျန့်မေ၏သေစေခြင်းကျောင်းတော်မှာ ချင်းရှမ်နတ်တံခါး၏အနွယ်တော်ဂိုဏ်းခွဲတစ်ခုဖြစ်သည်ဟု ဆရာသခင်ကျန်းရော့ရှီးကိုယ်တိုင် အသိအမှတ်ပြုထားလေသည်။ ထို့ကြောင့် သေစေခြင်းကျောင်းတော်မှာ ချင်းရှမ်နတ်တံခါး၏ ပြယုဂ်တစ်ခုပင်ဖြစ်လေသည်။

ချန်ကျန့်မေက သေစေခြင်းကျောင်းတော်ကို ရှီးဟွမ်တွင် တည်ဆောက်ခဲ့ပြီး နတ်မိစ္ဆာများကို သုတ်သင်ခဲ့သည်မှာ များစွာလေးစားစရာကောင်းခဲ့ပါသည်။ ချန်ကျန့်မေကြောင့်ပင် ချင်းရှမ်နတ်တံခါးအကြောင်း လောကတစ်ခုလုံးက သိရှိခဲ့ကြ

သည်။ ထို့ကြောင့် ဆန်းလျန်က ချင်းရှမ်နတ်တံခါးမှ တပည့်
တစ်ယောက်အနေဖြင့် ထိုကျောင်းတော်ကို စောင့်ရှောက်ရန်
ဆုံးဖြတ်ချက်ချလိုက်လေသည်။

ထို့ပြင် ဆန်းလျန်တွေးမိသည့်အရာ တစ်ခုရှိသေးသည်။
ချန်ကျန့်မေ နောက်ဆုံးသုံးလိုက်သည့် ဓားကွက်သည် ချန်ကျန့်
မေ၏ ဟိုင်သန်းအဆင့်တက်ရောက်အောင်မြင်ပွဲအခမ်းအနား
တွင် ဆရာဘိုးဘိုးယွမ်ချင်းက လက်ဆင့်ကမ်းပေးခဲ့သည့်
တရားဓမ္မအဓိပ္ပါယ်ဖြစ်နိုင်လေသည်။ ချန်ကျန့်မေ ရှီးဟွမ်သို့
ထွက်ခွာလာပြီး သေစေခြင်းကျောင်းတော်ကိုတည်ထောင်ကာ
တာအိုဝါဒတရားဓမ္မများကို ဟောပြောသင်ကြားပေးနေခြင်းမှာ
လည်း ထိုတရားဓမ္မနှင့် ဆက်စပ်နေပေလိမ့်မည်။

ထိုသို့ဆိုလျှင် ချန်ကျန့်မေသည် တရားဓမ္မများကို ဟောကြား
ရင်း အယုတ်အလတ်အမြတ်မရွေး လူသားများကို စွမ်းအား
ကျင့်စဉ်သင်ကြားပေးနေခြင်းမှာ ပေါင်ကွမ်းဆရာတော်ထွက်

ပေါ်လာအောင် တမင်တကာမျှားခေါ်နေခြင်းလေလား။ သူက ပေါင်ကွမ်းဆရာတော်၏ မိစ္ဆာစိတ်ရိုင်းများနှင့် သားသတ်သမားဓားကို ထွက်ပေါ်လာစေပြီး သူ၏ သွေးနီရောင်ဓားသွားသို့မဟုတ် မရဏဓားသိုင်းပညာကို ကျင့်ကြံအောင်မြင်နိုင်ရန် လမ်းစဖော်ခဲ့ခြင်းဖြစ်နိုင်လေသည်။

ပေါင်ကွမ်းဆရာတော်၏ စိတ်ထဲတွင် မိစ္ဆာစိတ်ရိုင်းစွမ်းအားနှင့် သားသတ်သမားဓားသာ မရှိခဲ့လျှင် ချန်ကျန့်မေမှာလည်း သွေးနီရောင်ဓားသွားကို ရရှိအောင်မြင်နိုင်မည်မဟုတ်ပေ။ ယခုတော့ ပေါင်ကွမ်းဆရာတော်၏စိတ်ထဲမှ သားသတ်သမားဓားဖြစ်သည့် မိစ္ဆာစိတ်ရိုင်းမှာ ချန်ကျန့်မေ၏သဏ္ဌာန်မဲ့ဓားကြောင့် လွင့်စင်ပပျောက်သွားရပြီဖြစ်သလို ချန်ကျန့်မေမှာလည်း သဏ္ဌာန်မဲ့ဓားကို သွေးနီရောင်ဓားသွားအဖြစ် ဖန်ဆင်းနိုင်ခဲ့ပြီ။ ထိုသို့ တွက်ကြည့်မည်ဆိုလျှင် သူတို့နှစ်ယောက်လုံးအတွက် အရှုံးမရှိခဲ့ပေ။

အခန်း (၁၅၀)

နှင်းပွင့်လေးများကျဆင်းနေ

သို့သော် သူနားမလည်နိုင်သည့်အရာများကို မတွေးတော့ရန် ဆန်းလျန်ဆုံးဖြတ်လိုက်လေသည်။

လောကတွင် နားမလည်နိုင်သည့် ကိစ္စများမှာ လွန်စွာမှ များပြားရကား နောက်ထပ်နားမလည်နိုင်စရာတစ်ခုကို ထပ်လောင်းပြီး တွေးမနေလိုတော့ပေ။

ဆန်းလျှန် သေစေခြင်းကျောင်းတော်တည်ရှိရာ တောင်ပေါ်သို့ ရောက်သည့်အချိန်တွင်တော့ အရုဏ်တက်ခဲ့ပြီဖြစ်လေသည်။ မြက်ပင်လေးများပေါ်တွင် နှစ်စက်လေးများက စိုဆွတ်နေလေသည်။ နှင်းစက်လေးများကြောင့် မြက်ပင်လေးများမှာ ယိမ်းနွဲ့ပြီး လဲကျတော့မလို ဟိုယိမ်းဒီယိမ်း ဖြစ်နေရသည်။ နှင်းစက်လေးများမှာ အရုဏ်ဦးနေရောင်ခြည်အောက်တွင် ကြယ်စင်လေးများအလား မှော်ဆန်စွာဖြင့် ကြည်လင်တောက်ပနေလေသည်။

ထိုရှုခင်းလေးကိုငေးရင်း ဆန်းလျှန်တစ်ယောက် သေစေခြင်းကျောင်းတော်သို့ ရောက်ရှိလာခဲ့သည်။ သေစေခြင်းကျောင်းတော်မှာ ကြီးမားသောကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားသည့် မြင့်မားသည့် ကျောင်းတော်ကြီးတစ်ခုဖြစ်လေသည်။ ကျောင်းတော်ဝင်ပေါက်တံခါးနှင့်မနီးမဝေးတွင် လမ်း

လေးတစ်ခုရှိပြီး ထိုလမ်းလေးမှ လှမ်းကြည့်လျှင် တောင်ခြေ ကို မြင်ရလေသည်။

သေစေခြင်းကျောင်းတော်မှာ လွန်စွာမှရိုးရှင်းသည့် တာအို ဝတ်ကျောင်းတော် တစ်ခုဖြစ်လေသည်။ တာအိုကျင့်စဉ်လမ်း အပေါ် ချန်ကျန့်မေထားရှိသည့်သဘောထားကို ထိုကျောင်း တော်ကြီးကို ကြည့်ခြင်းဖြင့် သိမြင်နိုင်သည်။ ချန်ကျန့်မေ ဆိုသည်က ဓားသိုင်းပညာမှလွဲပြီး မည်သည့်အရာကိုမျှ သိပ် ပြီးဂရုမစိုက်လှသည့် လူတစ်ယောက်ပင်။

ကျောင်းတော်၏ ခန်းမဆောင်ထဲတွင် နတ်ဘုရားရုပ်တုတစ်ခု ကို ကိုးကွယ်ထားလေသည်။ နံရံထက်တွင် လက်ရေးမှုစာလုံး တစ်ခုကို ရေးသားချိတ်ဆွဲထားသည်။ "ယွမ်" ဟူသည့် စာလုံး တစ်လုံးတည်းကိုသာ ရေးသားထားခြင်းဖြစ်လေသည်။

"ယွမ်"

ဆရာဘိုးဘိုး ယွမ်ချင်းကို ကိုယ်စားပြုသည့် "ယွမ်" လား....

အသစ်သောအစပြုခြင်းဟု အဓိပ္ပါယ်ရသည့် "ယွမ်" လား....

သို့မဟုတ် အခြားသော အဓိပ္ပါယ်တစ်ခုခုလား....

ထို "ယွမ်" ဆိုသည့် စာလုံးကိုရေးထားသည့်လက်ရေးမှာ ချန်ကျန့်မေ၏ လက်ရေးပင် ဖြစ်လေသည်။ ထို

စာလုံး၏နောက်ကွယ်တွင် မည်သို့သော နက်နဲသည့်အဓိပ္ပါယ်ရှိနေသည်လဲ ဆန်းလျန်မသိပါ။

ချန်ကျန့်မေအသုံးပြုသွားသည့် နောက်ဆုံးဓားကွက်ကို ဆန်းလျန် ပြန်စဉ်းစားလိုက်သည်။

သွေ့နီရောင်ဓားသွား...

ထို့နောက် ချန်ကျန့်မေရေးသားထားသည့် စာလုံးကို ထပ်ကြည့်လိုက်သည်။

ထိုနှစ်ခုမှာ ထူးခြားစွာ ဆက်စပ်နေသည်ဟု ဆန်းလျန်တွေးလိုက်မိလေသည်။ စာလုံးတွင်ရေးသားထားသည့် စုတ်ချက်တိုင်းသည် ဓားသွားတစ်ခုအလားထက်ရှနေပြီး စာလုံး၏

စုတ်ချက်အဆုံးသတ်တိုင်းသည် အရားအားလုံးကို ထိုးခွဲ ဖျက်

စီးတော့မည့်ဟန်ဖြစ်နေလေသည်။ ထိုစုတ်ချက်အဆုံးသတ်

များသည် မရဏသွေးနီရောင်ဓားသွား၏ ထိပ်ဖျားနှင့် ဆင်တူ

နေလေသည်။

ထို "ယွမ်" စာလုံးနှင့် သွေးနီရောင်ဓားသွားကို ဆန်းလျန်

ဆက်စပ်ကြည့်လိုက်သည့်အခါ သူ၏ဝိညာဉ်တွင် စူးရှသည့်

နာကျင်မှုတစ်လုကို ခံစားလိုက်ရလေသည်။ ထိုနာကျင်မှုမှာ

သူ၏နှလုံးသားကို အပ်တစ်ချောင်းနှင့်စွနေသကဲ့သို့ပင် ဖြစ်

လေသည်။

ထို့ပြင် ထိုလက်ရေးစာလုံးမှလွဲပြီး အခြားမည်သည့်ပစ္စည်းမှ

ကျောင်းတော်ထဲတွင် မရှိပါ။

ထိုလက်ရေးစာလုံးမှာ ချန်ကျန့်မေက ဆန်းလျန်အတွက်

ရည်ရွယ်ချက်ရှိရှိဖြင့် တမင်ချန်ထားခဲ့ခြင်း ဖြစ်ဟန်တူလေ

သည်။ မဟုတ်လျှင် သူ၏စရိုက်သဘာဝအရ ချန်ကျန့်မေမှာ မည်သည့်အရာကိုမျှ ချန်ထားရစ်ခဲ့မည့် လူမျိုးမဟုတ်ပေ။ ဆန်းလျန်အတွက်မှမဟုတ်ပါ။ ချင်းရွှမ်နတ်တံခါးမှရောက်လာမည့် မည်သူ့အတွက်မဆို ထိုစာလုံးကို ချန်ထားခဲ့ခြင်း ဖြစ်ဟန်ရှိလေသည်။ ထိုသူမှာ ချန်ကျန့်မေ၏ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်မည့်သူ ဖြစ်ပေလိမ့်မည်။

တာအိုဆရာရှီမှာ စွမ်းအားကြီးသူတစ်ယောက်ဖြစ်ပါသည်။ သို့သော် တာအိုဆရာရှီထက် စွမ်းအားကြီးမားသူများ ချင်းရွှမ်နတ်တံခါးတွင် ရှိပါသေးသည်။

ဆရာသခင်ကျန်းရှော့ရှီးမှာ ဆန်းလျန်ထက် ချန်ကျန့်မေကို ပိုပြီးချစ်ခင်အားကိုးသူ ဖြစ်လေသည်။ ချန်ကျန့်မေမှာလည်း ဆရာသခင်ထံမှ အခြားသူများမသိနိုင်သည့် ပညာရပ်များကို သင်ယူခဲ့ရသူဖြစ်လေသည်။ ထို့ကြောင့် ချန်ကျန့်မေသည် ဆရာသခင်ကျန်းရှော့ရှီး၏ကျေးဇူးကို မသိတတ်သည့်သူတစ်

ယောက်မဟုတ်ခဲ့ပါ။ ဤဖြစ်ရပ်တစ်ခုလုံးတွင် ဆရာသခင်ကျန်းရော့ရှီး ပါဝင်ပတ်သက်နေမည်ဆိုပါက ဖြစ်ရပ်တစ်ခုလုံးမှာ တစ်မျိုးပြောင်းလဲသွားနိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ သေစေခြင်းကျောင်းတော်ကို ဆန်းလျန်သဘောကျလေသည်။ ယခုတလော စိတ်ရှုတ်ထွေးစရာများဖြင့် ကြုံတွေ့ခဲ့ရသည့်အတွက် တိတ်ဆိတ်ငြိမ်သက်သည့်နေရာတစ်ခုတွင် ဆန်းလျန်နေချင်မိလေသည်။ သူ မည်သည့်အကြောင်းအရာများကိုမှ စဉ်းစားလိုခြင်းမရှိတော့ပါ။ အဆုံးထိပြောရလျှင် အတွင်းအားကျင့်စဉ်ကိုပင်ကျင့်ချင်စိတ်မရှိတော့ပါ။ မည်သည့်အရာကိုမှ လုပ်ချင်ကိုင်ချင်စိတ်မရှိ ဖြစ်နေရလေသည်။

လူ့စိတ်ဆိုသည်က ဒီရေကဲ့သို့ တက်လိုက်ကျလိုက် အမြဲဖြစ်နေသည့်သဘောရှိလေသည်။ သို့သော်... စိတ်တည်ငြိမ်အေးချမ်း

နေသည်ကတော့ လူတစ်ယောက်အတွက် အကောင်းဆုံးဖြစ်လေသည်။

လူဆိုသည်က အတွေ့အကြုံများလာလေလေ တစ်ယောက်နေသည့်အချိန်တစ်ခုရှိရန် လိုအပ်လေလေဖြစ်လေသည်။ မည်သည့်အရာကိုမှမတွေးတော့ဘဲ စိတ်ကိုအနားပေးရန်လိုအပ်လေသည်။ ထိုအခါမှသာ စိတ်သစ်လူသစ်ဖြင့် ဘဝ၏အခက်အခဲများကို ပြန်လည်ရင်ဆိုင်နိုင်မည်ဖြစ်လေသည်။

ဆန်းလျန်ရင်ဆိုင်နေရသည့် ဘဝ၏အခက်အခဲမှာတော့ ကျင့်စဉ်လမ်းပင်ဖြစ်လေသည်။ သူ့အတွက် ဟိုင်သန်းအဆင့်သို့တက်ရောက်နိုင်ရန် အလှမ်းဝေးနေသေးသည်။ ထိုသို့ အလှမ်းဝေးနေသည်မှာ သဘာဝတရား၏ စည်းပါးပါးလေးဖြင့် ခြားထားသလိုဖြစ်နေလေသည်။ ထိုစည်းကိုကျော်နိုင်လျှင်တော့ သူ့အတွက် ဟိုင်သန်းအဆင့်ကို တက်ရောက်နိုင်တော့

မည်။ သို့သော် ထိုစည်းကိုကျော်ရန်အတွက် ခြားနားမှုက မည်မျှကြီးမားဦးမည်လဲ သူကိုယ်တိုင်လည်း မသိနိုင်ပေ။

သို့သော် ထိုစည်းကိုချိုးဖျက်ရမည့်သူမှာ သူကိုယ်တိုင်ပင်ဖြစ်ပြီး မည်သူမျှ သူ့ကိုကူညီပေးနိုင်မည်မဟုတ်ပေ။

ဆယ်လပိုင်း ၊ ဆယ့်ငါးရက်နေ့နောက်ပိုင်းတွင် ရာသီဥတုက ပို ပြီးအေးလာလေသည်။

အချိန်လဝက်ခန့်ကြာသွားပြီးသည့်နောက် နှင်းများထူထပ်စွာ ကျဆင်းလာတော့သည်။ ဟန့်ဟိုင်တိုင်းပြည်မှလူများကတော့ နှင်းများကျလာမည့်အချိန်ကို စောင့်ဆိုင်းနေကြလေသည်။

အဘယ်ကြောင့် နှင်းကို စောင့်ဆိုင်းရပါသနည်း။

နှင်းများက ရေအဖြစ်အရည်ပျော်သွားသည့်အချိန်တွင် နောက်နှစ်အတွက် ရေကြည်ရေသန့်ကို စုဆောင်းထားနိုင်မည် ဖြစ်သောကြောင့်ဖြစ်လေသည်။ ဟန့်ဟိုင်မှာ ရေရှားပါးသည့် အရပ်မဟုတ်ပါလား။

တောင်ပေါ်တွင်နေရသည့်ကာလတွင် ဆန်းလျန်မှာ နှင်းများကို အလွန်ချစ်မိလေသည်။ အဖြူရောင်နှင်းများဖုံးလွှမ်းနေသည့် ရှုမျှော်ခင်းက သူ၏စိတ်ကို အေးချမ်းစေသည်။

ဆန်းလျန်သည်ခါတိုင်းလိုပင် တာအိုဝတ်ရုံပါးလေးကို ဝတ်ဆင်ထားပြီး ကျောင်းတော်ဘေးတွင်ရပ်နေလေသည်။ သူ ကတောင်ကမ်းပါးကို မျက်နှာမူထားပြီး ကျဆင်းနေသည့်နှင်း များကို ကြည့်နေလေသည်။ နှင်းပွင့်လေးများသည် မြေပြင် ပေါ်သို့ကျဆင်းလာရင်း လေအဝှေ့တွင် လွင့်ပျံသွားရလေ သည်။ ထို့နောက် လေထဲတွင် လှည့်လည်ကာ မြေပြင်ထက်သို့ ပြန်လည်ကျရောက်သွားကြလေသည်။

ဤသည်မှာ နှင်းပွင့်လေးများ၏ကံတရားပင်ဖြစ်လေသသည်။

ထိုကံတရားကို မည်သူမျှ မပြောင်းလဲနိုင်။

လောကကြီးက လျှောင်အိမ်တစ်ခုနှင့်တူလေသည်။ မွေးဖွားလာမည် ၊ ကြီးပြင်းလာမည်။ ထို့နောက်တွင်တော့ သေဆုံးသွားရမည်။

ကျင့်ကြံသူများကတော့ အိုခြင်းကိုတားမြစ်ထားပြီး သေခြင်းကို ငြင်းဆိုကြလေသည်။ အိုခြင်းနှင့်သေခြင်း နိယာမသဘောတရားများကို လောကထဲသို့ ပြန်လည်တွန်းလှွတ်နေကြသည်။

ဆန်းလျန်မှာလည်း ကျင့်ကြံသူတစ်ယောက်ဖြစ်ပါသည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာပြောရမည်ဆိုလျှင် ကျင့်ကြံသူအားလုံးမှာ ဖြောင့်မတ်သူများဖြစ်ကြပါသည်။ အဘယ်ကြောင့် ဖြောင့်မတ်ကြရပါသနည်းဆိုသော် ရွေးခြယ်စရာမရှိသောကြောင့်ဖြစ်လေသည်။ မဖြောင့်မတ်ဘဲ နေလို့မရသောကြောင့်ဖြစ်လေသည်။

တောင်ခြေတွင် လူတစ်ယောက်လမ်းလျှောက်လာသည်ကို တွေ့မြင်ရလေသည်။ နှင်းများထဲတွင် ထိုသူကို အစက်အပြောက်လေးတစ်ခုအဖြစ်သာ တွေ့မြင်နိုင်သည်။

အခြားသူမဟုတ်ပေ။

ဆန်းလျန် ဟန့်ဟိုင်သို့စတင်ရောက်ရှိလာသည့်နေ့တွင် စားသောက်ဆိုင်ထဲတွင် ကျင့်ကြံသူများကို သတ်ဖြတ်ခဲ့သည့် လူထူးလူဆန်းပင်ဖြစ်လေသည်။ ထိုသူကို ဆန်းလျန်တွေ့ရသည်မှာ နှစ်ကြိမ်ခန့်ရှိပြီ။ ထိုသူက နှင်းများကို လေ့လာမှတ်သားနေခြင်းဖြစ်လေသည်။ သူက ကျောက်ဆောင်များပေါ်တွင် ဖုံးလွှမ်းနေသည့် နှင်းများကို ဓားဖြင့်ထိုးခဲ့ပြီး လေ့လာနေတတ်လေသည်။

ထိုသို့ပြုလုပ်ရသည်ကို သူက ပျော်ရွှင်နေပုံရလေသည်။ ထို့ပြင် ထိုသို့ပြုလုပ်ခြင်းက သူ့ကို စိတ်တည်ငြိမ်စေသည်။

သို့သော် ဆန်းလျန်က သူ့အနားသို့သွားရန်ကြိုးစားတိုင်း ထိုသူက ထွက်ခွာသွားမြဲဖြစ်လေသည်။

ထိုသူ၏လျှင်မြန်မှုကို ဆန်းလျန်မယှဉ်နိုင်။ သူထွက်ခွာသွားသည့်အခါ အနီရောင်မျဉ်းကြောင်းလေးတစ်ခုသာ ကျန်ရစ်ခဲ့လေသည်။ လျှပ်စီးလက်သကဲ့သို့ပင် လျှင်မြန်လွန်းသူဖြစ်လေသည်။ ထို့ကြောင့်ပင် ဆန်းလျန်သူ့ကို မည်သို့မျှ မမိနိုင်ဖြစ်နေရသည်။

ထိုလူထူးလူဆန်းရောက်လာသည့်အခါတိုင်း သွေးမိစ္ဆာစွမ်းအားနှင့် မိစ္ဆာစိတ်ရိုင်းစွမ်းအားများကို ခံစားရလေသည်။ ထိုသူထံမှ မိစ္ဆာစိတ်ရိုင်းစွမ်းအားမှာ ကျင့်ကြံသူများနှင့် နတ်မိစ္ဆာများထံမှ မိစ္ဆာစိတ်ရိုင်းစွမ်းအားများနှင့် တူညီမှုမရှိပေ။ လွန်စွာမှ စွမ်းအားကြီးသလိုခံစားရလေသည်။

သူက နှင်းများကိုကြည့်ပြီး စိတ်တည်ငြိမ်အောင် ကြိုးစားနေသည်မှာ သူ့ကိုယ်ထဲမှ သွေးမိစ္ဆာစွမ်းအားကြောင့် ဖြစ်

ပေါ်လာသည့် စိတ်ရှုတ်ထွေးမှုများကို ငြိမ်သက်သွားစေရန် အတွက် ဖြစ်လေသည်။ စိတ်ရှုတ်ထွေးနေလျှင် စိတ်တည်ငြိမ်အောင်လုပ်ဖို့ လိုအပ်လေသည်။ ထိုအခါမှသာ လုံး၀ ပျောက်ဆုံးသွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်လေသည်။ တစ်ကြိမ်ထက်တစ်ကြိမ် ထိုသူထံမှ စွမ်းအားများက ကြီးမားသည်ထက် ကြီးမားလာေလေသည်။ ဆန်းလျန်လည်း သူ့အကြောင်းကို သိပ်ပြီးတွေးမနေတော့ပါ။ ထိုသူက ပုန်းကွယ်နေသည့် ရန်သူတစ်ယောက်မျှသာဖြစ်လေသည်။ ထို့ကြောင့် အချိန်တန်လျှင် ဆန်းလျန်က လိုက်ဖမ်းဖို့မလိုဘဲ သူ့အလိုလို ဆန်းလျန်အနားသို့ ရောက်လာမည်ဖြစ်လေသည်။

ထိုသူကို သူကောင်းကောင်းရင်ဆိုင်နိုင်မည်ဟု ဆန်းလျန် ယုံကြည်ထားသည်။

ထို့ပြင် သေစေခြင်းကျောင်းတော်နားသို့ ယောင်လည်လည်လာလုပ်ကြသည့် ကျင့်ကြံသူများ ၊ နတ်မိစ္ဆာများနှင့်

မကောင်းဆိုးဝါးများမှာ ထိုလူထူးလူဆန်း၏လက်ချက်မိပြီး အသက်ပျောက်သည်ချည်းပင်ဖြစ်လေသည်။ မသိလျှင် သူက ပင် ဆန်းလျန်ကို ကူညီနေသည့်ပုံမျိုးဖြစ်လေသည်။

ထိုလူထူးလူဆန်းထွက်ခွာသွားသည်နှင့် ကျင့်စဉ်ကျင့်ကြံရန် ဆန်းလျန်စတင်လိုက်သည်။ သူ၏လက်ချောင်းလေးများကို လှုပ်ရှားလိုက်ည်နှင့် အနီရောင်စားသွားရောင်စဉ်တစ်ခုက ပတ်ဝန်းကျင်တွင် ဖုံးလွှမ်းသွားလေသည်။ သူ၏လက်ချောင်း များကို ပုံသဏ္ဍာန်မျိုးစုံ ဆက်တိုက်ပြောင်းလဲလိုက်သည်နှင့် အခြားသောရောင်စဉ်များအဖြစ်ပြောင်းလဲပြီး လေထဲတွင် ဖုံးလွှမ်းသွားလေသည်။ အနီ ၊ ရွှေရောင် ၊ အဝါ ၊ အဖြူ ၊ အစိမ်း ၊ အပြာ ၊ ခရမ်း နှင့် အနက်ရောင်များဖြစ်လေသည်။

ထိုရောင်စဉ်များမှာ ဆန်းလျန်ဘေးတွင် လှည့်လည်နေကြလေ သည်။ ထိုရောင်စဉ်များသည် နှင်းပွင့်လေးများကြား

ဖြတ်သန်းကာ လှည့်ပတ်သွားလာနေကြလေသည်။ သို့သော် တကယ်တမ်းတွင် နှင်းပွင့်လေးများကို ထိခိုက်မိခြင်းမရှိပေ။ ထိုဓားသွားရောင်စဉ်ရှစ်မျိုးကို ဆန်းလျန်က စိတ်စွမ်းအားဖြင့် ထိန်းချုပ်ထားခြင်းဖြစ်လေသည်။ အကူးအပြောင်းများ အားလုံးသည် လွယ်ကူပြီးချောမွေ့လေသည်။ လေထဲတွင် ငါး လေးများပျံသန်းနေသည်နှင့်ပင်တူလေသည်။

ထိုဓားသွားရောင်စဉ်ရှစ်မျိုးသည် သူ့စရိုက်သဘာဝနှင့်သူရှိ လေသည်။ ကောင်းကင် ၊ မြေကြီး ၊ တောင် ၊ ရွှံ့နွံ ၊ရေ ၊ မီး ၊ လေ နှင့် လျှပ်စီးဆိုသည့် ဒြပ်စင်စွမ်းအားရှစ်မျိုးနှင့် သဘောသဘာဝအတူတူပင်ဖြစ်လေသည်။ ဆန်းလျန်က တစ် ကြိမ်တည်းဖြင့် စွမ်းအားများအားလုံး ထုတ်လွှတ်နေခြင်း မဟုတ်ပါ။ မတူညီသည့်စွမ်းအားတစ်ခုစီကို မတူညီသည့်စိတ် စွမ်းတစ်မျိုးစီဖြင့် ထိန်းချုပ်ကာ တစ်ပြိုင်နက်ထုတ်လွှတ်နေ

ခြင်းသာ ဖြစ်လေသည်။ ထိုသို့ပြုလုပ်နိုင်ရန်မှာ လွန်စွာမှခက်ခဲလေသည်။

ဆယ့်နှစ်ကြိမ် ၊ ဆယ့်သုံးကြိမ်ခန့် အသက် ရှူသွင်း ရှူထုတ်လုပ်ပြီးချိန်တွင် ဆန်းလျန်၏နဖူးထက်တွင် ချွေးများထွက်လာလေသည်။ နဖူးပေါ်မှ ချွေးစက်များသည် ချက်ချင်းပင် ရေခဲအဖြစ်ကူးပြောင်းသွားလေသည်။

ဆန်းလျန်က သူ၏စိတ်အာရုံစူးစိုက်မှုကို ပြန်လည်ရုတ်သိမ်းလိုက်သည်နှင့် ထိုဓားသွားရောင်စဉ်ရှစ်မျိုးမှာ ချက်ချင်းပင်ပျောက်ကွယ်သွားလေသည်။

ထိုက်ရှီးတန်ခိုးစွမ်းအားရှစ်မျိုးမှာ မတူညီသည့်တန်ခိုးစွမ်းအားရှစ်မျိုးအဖြစ်ကွဲပြားလေသည်။ ထိုတန်ခိုးစွမ်းအားများသည် ဝိညာဉ်စွမ်းအားမှဒြပ်စင်ငါးမျိုး သို့မဟုတ် ယင် နှင့် ယန်စွမ်းအားနှစ်မျိုးနှင့် ပေါင်းစပ်မှသာ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ သူ၏ဆရာဖြစ်သော ခရမ်းရောင်ဝတ်နတ်မိမယ် "ကျို

လင်" မှာ ထိုဒြပ်စင်စွမ်းအားရှစ်မျိုးကို ယင် နှင့် ယန် စွမ်းအား နှစ်မျိုးဖြင့် ပေါင်းစပ်ကျင့်ကြံခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် သဘောသဘာဝနှစ်မျိုးကွဲပြားနေသည့် စိတ်ထားနှစ်မျိုးဖြစ် နေရခြင်းဖြစ်လေသည်။

မခက်ခဲသည့်ကျင့်စဉ်ဟူ၍ လောကတွင်မရှိပါ။ ဤသည်မှာ မပြောင်းလဲသည့် လောကနိယာမပင်ဖြစ်လေသည်။ ကြီးမြတ်သည့်လူတစ်ယောက်ဖြစ်လာရန်အတွက် အခက်အခဲအားလုံးမှာ အတူတူပင်ဖြစ်လေသည်။ အဆုံးသတ်တွင်တော့ အလားအလာကောင်းသည့်လူများအားလုံးထဲမှ အကြီးမြတ်ဆုံး မဟာလူသားအဖြစ် တစ်ယောက်သာ ရွေးခြယ်ခံရမည် ဖြစ်လေသည်။

အရည်အချင်းတူသူများထဲတွင် ထူးခြားသာလွန်စွာဖြင့် အခြေခံတာအိုအရင်းအမြစ်ကိုသိမြင်သည့် လူတစ်ယောက်

သာ အောင်မြင်မှုလမ်းကြောင်းဆီ တက်လှမ်းနိုင်မည်ဖြစ်လေ

သည်။

ဟိုင်သန်းအဆင့်တက်ရောက်နိုင်ခြင်းဆိုသည်မှာ တာအို

ကျင့်စဉ်လမ်း၏ အစမျှပင်ရှိသေးသည်။

ထို့ကြောင့် ဆန်းလျန်အနေဖြင့် မည်သည့်လမ်းကိုလိုက်မည်လဲ

ဟု ရွေးခြယ်ရသည့်အချိန်တွင် သူ့အတွက် ယခုလျှောက်နေ

သည့်တစ်လမ်းကိုသာ တွေ့မြင်မိလေသည်။

ဆန်းလျန်က အများကြီးစဉ်းစားခဲ့ခြင်းတော့မရှိပါ။

တာအိုဆရာရှီနှင့်တိုက်ခိုက်သည့်အချိန်တွင် သူ၏ထိုက်ရှီး

တန်ခိုးစွမ်းအားရှစ်မျိုးမှာ ရှိခြင်းမရှိခြင်းဓားဝိညာဉ်နှင့် အမှတ်

မထင်ပေါင်းစပ်သွားခဲ့ခြင်းဖြစ်လေသည်။ထိုသို့ပေါင်းစပ်သွား

သည်ကိုအခြေခံပြီး သူက မတူညီသည့် ဓားသွားရောင်စဉ်များ

ကို ဖန်တီးကြည့်နေခြင်းဖြစ်လေသည်။

ထိုအဆင့်ပြီးသွားလျှင်တော့ နောက်တစ်ဆင့်တက်ရန် ကြံစည်ထားလေသည်။ နောက်တစ်ဆင့်မှာ "မတူညီဘဲယှဉ်တွဲမှု" ဖြစ်လေသည်။ ထိုအဆင့်မှာ ဆရာစူးသင်ပေးထားသည့် ရှိခြင်းမရှိခြင်းစားဝိညာဉ်၏ ဒုတိယအဆင့်ဖြစ်လေသည်။

ရှိခြင်းမရှိခြင်းစားဝိညာဉ်သည် ပြီးပြည့်စုံသည့် သစ္စတရားတစ်ခုဖြစ်လေသည်။ သူသာ ဟိုင်သန်းအဆင့်သို့တက်ရောက်နိုင်လျှင် ပြီးပြည့်စုံသည့်အဆင့်ကိုပါ တစ်ခါတည်းရောက်ရှိပြီးလောကနတ်ဘုရားတစ်ပါးဖြစ်လာနိုင်မည်ဟု ဆန်းလျန် ခံစားနေရသည်။ သို့သော် အဘယ်ကြောင့် ထိုသို့ခံစားနေရသည်ကိုပြည့်ပြည့်ဝဝနားလည်ခြင်းတော့ မရှိပါ။

ဆရာစူး၏ဇစ်မြစ်ကို သူသိချင်နေမိသည်။ သို့သော် ကံမကောင်းစွာဖြင့်ပင် ဆရာစူး၏သတင်းကို လုံးဝမကြားရတော့ပေ။ ရေငန်းသီးပင်လေးပင်လျှင် ဆရာစူးအကြောင်းကို ပြောပြနိုင်ခြင်းမရှိပေ။

ဆန်းလျန်စဉ်းစားနေစဉ်မှာပင် ရှီးဟွမ်နယ်ဆိုးအတွင်းသို့ လူတစ်ယောက်ဝင်ရောက်လာလေသည်။

ပိုပြီး တိတိကျကျပြောရလျှင် နတ်မိစ္ဆာတစ်ပါးဝင်ရောက်လာခြင်းဖြစ်လေသည်။ ရှီးဟွမ်တွင် ကျက်စားနေကျ နတ်မိစ္ဆာမဟုတ်ပေ။ ပင်လယ်ဆီမှလာသည့် နတ်မိစ္ဆာဖြစ်လေသည်။ ကုန်းပေါ်မှနတ်မိစ္ဆာများမှာ ပင်လယ်ဆီသို့ သွားလေ့မရှိကြသလို ပင်လယ်ဆီမှ နတ်မိစ္ဆာများမှာလည်း ကုန်းပေါ်သို့ လာလေ့မရှိကြပေ။ ထို့ပြင် ပင်လယ်ဘက်မှနတ်မိစ္ဆာများသည် မြောက်ပိုင်းကုန်းမြေဆီမှ နတ်မိစ္ဆာများကို အထင်အမြင်သေးကြလေသည်။ မြောက်ပိုင်းမှ နတ်မိစ္ဆာများမှာ ရိုင်းစိုင်းကြပြီး တန်ခိုးစွမ်းအားလည်းနည်းပါးသည်ဟု သူတို့က တွေးထားကြသောကြောင့် ဖြစ်လေသည်။

ဤသည်မှာ ခေါင်းကိုးလုံးမင်းကြီး၏အတွေးဖြစ်လေသည်။ သူက ခေါင်းကိုးလုံးရှိသူဖြစ်သည့်အတွက် အတွေးကိုးမျိုး တွေးမြင်နိုင်သလို အကြောက်အလန့်လည်း ရှိသူမဟုတ်ပေ။ ခေါင်းကိုးလုံးမင်းကြီး၏ပါးစပ်ထဲတွင် ငှက်မွေးအချို့ရှိနေပြီး ခေါင်းထက်တွင်လည်း ငှက်မွေးတစ်မျှင်ကပ်နေလေသည်။ လူသားအသွင်တစ်ဝက်ပြောင်းနိုင်နေသည့် သိမ်းငှက် မိစ္ဆာ၏အသားမှာ အရသာဆိုးလှလေသည်။ သူ့မှာမြစ် အထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်သန်းလာခဲ့ရခြင်းဖြစ် သည့်အတွက်ကြောင့်သာ ယခုကဲ့သို့ ကြုံရာကို စားသောက်နေ ရခြင်းဖြစ်လေသည်။ ထိုသိမ်းငှက်မိစ္ဆာ၏အသားမှာ ညှီစော်နံ သလို ကြမ်းတမ်းလွန်းလှလေသည်။ ပင်လယ်တွင်ဆိုလျှင် အမြဲတမ်း နူးညံ့လတ်ဆတ်သည့်အသားကိုသာ သူက စားခဲ့သူ ဖြစ်လေသည်။

သူရောက်ရှိနေသည့်နေရာမှာ ချော့ဖိန်တောင်ဖြစ်လေသည်။ နှင်းများကျနေသည့်တိုင် စိမ်းလန်းနေသည့် ချော့ဖိန်တောင်ကို မြင်နိုင်လေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ လူယောင်မဖန်ဆင်းနိုင်သည့် တစ်ချိန်တုန်းက အကြောင်းအရာအချို့ကို ပြန်တွေးနေမိလေသည်။ ထိုအချိန်တုန်းက အလွန်မှစွမ်းအားကြီးမားသည့် ဒေါင်းစိမ်းတစ်ကောင်နှင့် ဆုံတွေ့ခဲ့ဖူးလေသည်။ ထိုဒေါင်းစိမ်းက ရှေးဟောင်းရွှေရောင်မြွေကြီးတစ်ကောင်ကို သတ်ပြီး ထိုမြွေကြီး၏သည်းခြေကို စားသောက်နေလေသည်။

ရှေးဟောင်းရွှေရောင်မြွေကြီးမှာ အလွန်မှ အဆိပ်ပြင်းသည့်မြွေကြီးဖြစ်သည့်တိုင် ထိုဒေါင်းစိမ်းက မကြောက်မရွံ့ စားသောက်နေခြင်းဖြစ်လေသည်။

ထိုအဖြစ်အပျက်ကို မြင်တွေ့ပြီးသည့်နောက်ပိုင်း ခေါင်းကိုးလုံးမင်းကြီးသည် အစိမ်းရောင်မှန်သမျှကို အလွန်မုန်းတီးလေ

သည်။ သူ၏နှလုံးသားထဲတွင် အစိမ်းရောင်ကို မုန်းတီးမှုက ရောဂါတစ်ခုအလား စွဲကပ်နေလေသည်။

ထိုအချိန်မှာပင် နန်းတော်ကြီးတစ်ခုရှေ့သို့ သူရောက်ရှိလာလေသည်။

ထိုနန်းတော်ကြီးရှေ့တွင် ပစ္စည်းတစ်ခုရှိနေပြီး ထိုပစ္စည်းမှာ အလွန်မှ အထင်ကြီးစရာကောင်းလေသည်။ လောကတွင် အကောင်းဆုံးဟုပြောနိုင်သည့် အသွင်ပြေင်းပစ္စည်းလေးတစ်ခု ဖြစ်လေသည်။

အသွင်ပြောင်းပစ္စည်းဆိုသည်မှာ ပစ္စည်းကိုပြုလုပ်သည့် ကျင့်ကြံသူက ထိုပစ္စည်းကို သန့်စင်ပြီး အသွင်ပြောင်းထားခြင်းဖြစ်လေသည်။ နောက်ဆုံးအဆင့်ထိသန့်စင်ပြီးသွားပါက ထိုပစ္စည်းလေးမှာ ကျင့်ကြံသူ၏ စိတ်ထဲတွင်ရှိသည့်ဆန္ဒအတိုင်း ပြောင်းလဲပုံဖော်နိုင်လေသည်။

အကောင်းဆုံးအသွင်ပြောင်းပစ္စည်းမှာ ရှီးမီစန်းတောင်ပင်ဖြစ်လေသည်။

ရှီးမီစန်းတောင်မှာ ကြိုက်သလိုကြီးလို့ရသလို ကြိုက်သလိုသေးအောင်လည်း ဖန်ဆင်း၍ရလေသည်။ ရှီးမီစန်းတောင်ကို ထိုသို့ပြုလုပ်နိုင်သူမှတော့ ဗောဓိသဿကျ တစ်ပါးတည်းသာလျှင် ရှိလေသည်။

ခေါင်းကိုးလုံးမင်းကြီးသည် ထိုအသွင်ပြောင်းပစ္စည်းလေးကို မျက်စိကျသွားမိလေသည်။ ရှီးဟွမ်မှ နတ်မိစ္ဆာများနှင့် မကောင်းဆိုးဝါးများကို ကြည့်မရသည့်တိုင် ထိုပစ္စည်းလေးကိုတော့ ယူသွားမည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ပြင် ဟိုင်သခင်ကြီးမှာ သိပ်ပြီး ယုံကြည်စိတ်ချရသူတစ်ဦးမဟုတ်ပေ။ ဗောဓိသဿကျ၏ဓာတ်တော်မွေတော်များကို ရယူနိုင်ခြင်းမရှိခဲ့လျှင်တောင်မှ ဤအသွင်ပြောင်းပစ္စည်းလေးရ

မည်ဆိုလျှင် အသုံးတည့်မည်ဖြစ်လေသည်။ သူဤခရီးသို့
ထွက်လာရသည်မှာလည်း အရှုံးရှိတော့မည် မဟုတ်ပေ။

အခန်း (၁၅၁)

ယင် နှင့် ယန် ကို စွမ်းအားတစ်ခုတည်းအဖြစ်ပေါင်းစည်းခြင်း
ရုတ်တရက်ပင် နတ်မိစ္ဆာစစ်သည်တော်များပြေးထွက်လာကြ
လေသည်။ သူတို့နောက်တွင်တော့ နတ်မိစ္ဆာရှစ်ယောက်က ဝေါ

ယဉ်တစ်ခုကို ထမ်းလာကြလေသည်။ ထိုဝေါယဉ်ထက်တွင် အစိမ်းရောင်ဝတ်ရုံဖြင့် မိန်းကလေး ထိုင်နေလေသည်။ ခေါင်းကိုးလုံးမင်းကြီးမှာ အစိမ်းရောင်ကိုမုန်းသည့်အတွက် သူမ၏ဝတ်ရုံကို သဘောကျခြင်းမရှိပါ။ သို့သော် သူမမှာ လွန်စွာမှ ချောမောလှပသည့် မိန်းမပျိုလေးဖြစ်နေ သည့်အတွက် ကျေနပ်သွားရလေသည်။ သူကလည်း သူ၏ဂုဏ်အဆင့်အတန်းနှင့်ကိုက်ညီသည့် လှပသည့်ဇနီး လောင်းကို ရှာဖွေနေသူဖြစ်သည့်အတွက် မိန်းမပျိုကို စိတ်ဝင်စားမိပြီဖြစ်လေသည်။ ဟိုင်သခင်ကြီးက သူ၏ကိုယ်လုပ်တော်များကို တန်ဖိုးမထားသလို သူကလည်း ကိုယ်လုပ်တော်များထဲမှ မည်သူ့ကိုမျှ ဇနီးလောင်းအဖြစ်မရွေး ခြယ်ချင်ပါ။

ယခုတွေ့နေရသည့် နတ်မိစ္ဆာမိန်းမပျိုကတော့ သူနှင့်အလွန် သင့်တော်သည့်နတ်မိစ္ဆာမလေးဖြစ်လေသည်။ ဤသည်မှာ

လူသားများပြောလေ့ရှိကြသည့် ဖူးစာဆိုသည့်အရာများလေလား။

အသွင်ပြောင်းပစ္စည်းမှာ သူမပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ပုံရလေသည်။ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်ရတော့မည့်အတွက် ကောင်းပင်ကောင်းသေးသည်ဟု ခေါင်းကိုးလုံးမင်းကြီး စဉ်းစားနေမိလေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ သူ၏နတ်မိစ္ဆာမိဖုရားလောင်းကို ကြိုက်မရှက် ငိုက်မရှက်ဆိုသည့်အတိုင်း ငမ်းနေလေသည်။ သူ၏အကြည့်မှာ စူးရှနေပြီး သူ၏ခေါင်းကိုးလုံးဖြင့်ပုံစံမှာ လွန်စွာမှ ကြောက်မက်ဖွယ်ရာဖြစ်နေလေသည်။

သူ့ဆီမှ နတ်မိစ္ဆာဘုရင်တစ်ပါး၏ အရိပ်အငွေ့များထွက်ပေါ်နေသည့်အတွက် နတ်မိစ္ဆာငယ်များမှာ လွန်စွာမှ ကြောက်လန့်သွားကြပြီး သူတို့၏မူလရုပ်သဏ္ဌာန်များဖြစ်သည့် တိရိစ္ဆာန်သဏ္ဌာန်များပင် ပေါ်လာကြလေသည်။

အစိမ်းရောင်မိန်းကလေး၏ ဝေါယဉ်ကိုထမ်းလာသည့်

နတ်မိစ္ဆာငယ်များမှာလည်း မူလပုံသဏ္ဍာန်များပြောင်းကုန်ကြ

သည့်အတွက် ဝေါယဉ်မှာ မြေပြင်ပေါ်သို့ ပြုတ်ကျသွားရလေ

သည်။

အစိမ်းရောင်မိန်းကလေးက မတ်တပ်ရပ်လိုက်ရင်း...

"ကျုပ်ရဲ့ပိုင်နက်ဖြစ်တဲ့ ချွေ့ဖိန်တောင်ကို သင်ကဘာလာလုပ်

တာလဲ မင်းကြီး"

ဟု မေးလိုက်လေသည်။

အစိမ်းရောင်ဝတ်မိန်းကလေးမှာ လွန်စွာမှစွဲဆောင်မှုရှိနေသည်

ဟု ခေါင်းကိုးလုံးမင်းကြီး ခံစားလိုက်ရသည်။ ယခင်က သူတွေ့

မြင်ဖူးသမျှ မိန်းကလေးတိုင်းထက် သူမက ရုပ်ရည်ရော ၊

ပညာပါ အဆပေါင်းများစွာ သာလွန်လေသည်။

စိတ်ပျက်ရသည်မှာတော့ သူမ၏အစိမ်းရောင်ဝတ်ရုံပင်

ဖြစ်သည်။ နောက်မှ ထိုအစိမ်းရောင်ဝတ်ရုံကို အနီရောင်ဝတ်ရုံ

ပြောင်းဝတ်ခိုင်းတော့မည်ဟု တွေးလိုက်မိသည်။ အနီရောင်နှင့် ဆိုလျှင် သူမကပိုပြီး စွဲမက်စရာကောင်းမည်ဖြစ်လေသည်။

"မိန်းကလေးငယ်လေး ၊ မင်းနာမည်ဘယ်လိုခေါ်ပါသလဲ ၊ ကျုပ်က ဒုက္ခပေးဖို့လာတာမဟုတ်ပါဘူး"

သူကစကားပြောလိုက်သည့်အတွက် သူ့ပါးစပ်ထဲမှ ငှက်မွေးများထွက်လာလေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ သူ့ကိုယ်သူ သဘောပေါက်သွားပြီး သူ၏ခေါင်းရှစ်လုံးကို ချက်ချင်းဖျောက်လိုက်ကာ ခန့်ညား သည့်လူရွယ်တစ်ယောက်အသွင် ချက်ချင်းဖန်ဆင်းလိုက်လေသည်။ သို့တိုင်အောင် သူ၏နဖူးထက်တွင် တောက်ပနေသည့် မှဲ့နီရှစ်လုံးက ထွက်ပေါ်လျှက်ရှိလေသည်။

အစိမ်းရောင်ဝတ်မိန်းကလေးမှာ ဤနတ်မိစ္ဆာဘုရင်ကို သိရှိခြင်းမရှိပါ။ သို့သော် နတ်မိစ္ဆာဘုရင်ထံမှ ကြီးမားသည့် တန်ခိုးစွမ်းအားကို ခံစားမိလေသည်။ ရှီးဟွမ်ရှိ တန်ခိုးစွမ်းအားအကြီး

မားဆုံးနတ်မိစ္ဆာဘုရင်ပင်လျှင် ဤနတ်မိစ္ဆာဘုရင်လောက် တန်ခိုးစွမ်းအားကြီးမည်မဟုတ်ပေ။ ထို့ပြင် နတ်မိစ္ဆာဘုရင် များအားလုံးမှာ အကြောက်အလန့်ရှိကြသူများ မဟုတ်ပေ။ ထို့ကြောင့် အလိုက်အထိုက်ပင် ဆက်ဆံရန် အစိမ်းရောင် မိန်းကလေးက ဆုံးဖြတ်လိုက်လေသည်။

"ကျုပ်နာမည်ကက ကွေလိပဲ ၊ သင်က ဘယ်နတ်ဘုရားတောင် ကလဲ ၊ ပြီးတော့ ဒီကို ဘာလာလုပ်တာလဲ"

သူမက လေသံကို အတတ်နိုင်ဆုံး နူးညံ့အောင်လုပ်ပြီး မေး လိုက်လေသည်။

ခေါင်းကိုးလုံးမင်းကြီးက ရယ်မောလိုက်လေသည်။ သူ၏ရယ် သံကြောင့် ပတ်ဝန်းကျင်ရှိ မိုးမြေစွမ်းအားများ လှုပ်ရှားသွား ပြီး ချော့ဖိန်တောင်တစ်ခုလုံး လှုပ်ခတ်နေသကဲ့သို့ပင် ခံစားရ လေသည်။

"ကွေလိတဲ့လား ၊ အတော်လှတဲ့နာမည်ပဲ ၊ မိန်းကလေးငယ်လေး ၊ မင်းကအရမ်းလည်း ချောမောလှပတယ် ၊ ကျုပ်ရဲ့ရေအောက်နန်းတော်ကိုလိုက်လာပြီး ကျုပ်ရဲ့မိဖုရားလုပ်ပါလား ၊ မင်းဘဝတစ်လျှောက်လုံး ကျုပ်က ကာကွယ်ပေးမယ် ၊ ဒီတောင်တွေ မြစ်တွေကြားထဲ မင်းဒုက္ခခံစရာမလိုတော့ဘူးပေါ့"

ဟု ပြောလိုက်လေသည်။

ခေါင်းကိုးလုံးမင်းကြီး၏စကားကြောင့် ကွေလိက ဒေါသထွက်သွားခြင်းမရှိပါ။

"မင်းကြီး ၊ သင့်ရဲ့ကြင်နာမှုအတွက် ကျေးဇူးပါပဲ ၊ ဒါပေမယ့် ကျုပ်က ဒါမျိုးတွေ မလိုအပ်ဘူး ၊ ဒီတော့ ပြောစရာစကားမရှိတော့ဘူးဆိုရင် သွားပါတော့"

သူမက ပြန်ပြောလိုက်လေသည်။

"မင်းဒီလိုပြောလို့မရဘူးလေ"

ခေါင်းကိုးလုံးမင်းကြီးက ဒေါသတကြီး ပြောလိုက်လေသည်။ သူ၏မျက်နှာနားတွင် အနက်ရောင်တိမ်တိုက်များ များရစ်သိုင်း လာလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏မျက်နှာထဲမှာ အနက်ရောင် အငွေ့များ ထွက်လာသောကြောင့် ဖြစ်လေသည်။ ထိုသို့ဖြစ်ရသည်မှာ မဟာနတ်မိစ္ဆာတန်ခိုးကြောင့်ဖြစ်သည်ကို ကွေ့လိရိပ်မိလိုက်သည်။ ထိုအနက်ရောင်အငွေ့စီးကြောင်းမှာ အစိမ်းရောင်ဝတ်မိန်းကလေးကို လာရောက်ထိခတ်လေသည်။ တစ်ချိန်တည်းမှာပင် မြေပြင်မှာလည်း ပေအနည်းငယ်မျှ ကျွံ ဝင်သွားလေသည်။ အနက်ရောင် အငွေ့စီးကြောင်းထဲတွင် ကျောက်တုံးများနှင့် သဲများပြည့်နေလေသည်။

ထိုနတ်မိစ္ဆာဘုရင်မှာ မည်သူမှန်း အစိမ်းရောင်မိန်းကလေးမသိ ပါ။ သို့သော် ထိုမျှလောက် တန်ခိုးစွမ်းအား ကြီးလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပေ။ သူက ထိုမျှကြောက်မက်ဖွယ်ရာ စွမ်းအားကို ပေါ့ပေါ့ပါးပါးပင် အသုံးပြုကာ တိုက်ခိုက်နေခြင်း

ဖြစ်လေသည်။ အနက်ရောင်အငွေ့များမှာ ကြမ်းတမ်းပြီး ပြောင်းလဲမှု မရှိပေ။ ထို အနက်ရောင် တန်ခိုးစွမ်းအားများသာ သူမကိုထိခိုက်မိလျှင် သူမ၏ တန်ခိုးစွမ်းအားများစွာ ကုန်ဆုံးသွားနိုင်လေသည်။

အဖြူရောင်နှင့်အနက်ရောင်စွမ်းအားနှစ်ခုက အစိမ်းရောင် မိန်းကလေးကို လှည့်ပတ်ကာကွယ်ထားလိုက်ပြီး သူမက ကောင်းကင်ထက်သို့ ခုန်တက်သွားလေသည်။ အနက်ရောင် အငွေ့စီးကြောင်းမှာ နတ်မိစ္ဆာငယ်များကို ထိခိုက်မိသွားပြီး အလောင်းပါမကျန်အောင် လောင်ကျွမ်းသွားလေသည်။

အနက်ရောင်အငွေ့စီးကြောင်းမှာ ပြင်းထန်လွန်းပြီး ရပ်တန့်သွားခြင်းလည်း မရှိပေ။ ထို့နောက် ခေါင်းကိုးလုံးမင်းကြီးက သူ၏တန်ခိုးကို ရုတ်သိမ်းလိုက်ပြီး ကွေ့လိကိုတော့ လုံးဝ ထိခိုက်စေခြင်းမရှိပါ။

ခြောက်လက်မခန့်သာရှိသည့် အသွင်ပြောင်း ပစ္စည်းလေးမှာ ခေါင်းကိုးလုံးမင်းကြီး၏ လက်ဖဝါးထက်သို့ ကျရောက်လာလေသည်။ ခေါင်းကိုးလုံးမင်းကြီးက အနက်ရောင်အငွေ့စီးကြောင်းတစ်ခုဖြင့် ထိုပစ္စည်းလေးကို ထိန်းထားလိုက်ပြီး ကျေနပ်စွာဖြင့် ရယ်မောလိုက်လေသည်။ ထို့နောက် ထိုပစ္စည်းလေးကို သူ၏ခါးတွင် ချိတ်ထားလိုက်သည်။

ကွေလိက လေပေါ်တွင်ရပ်တန့်နေပြီး အနက်ရောင်အငွေ့စီးကြောင်းကို ကြည့်နေလေသည်။ ခေါင်းကိုးလုံးမင်းကြီး၏ မဟာနတ်မိစ္ဆာတန်ခိုးစွမ်းအားမှာ ခန့်မှန်း၍မရနိုင်ပေ။ သူမ ပတ်လည်တွင်ဝန်းရံနေသည့် အဖြူရောင်နှင့်အနက်ရောင် စွမ်းအားများမှာ မြူမှုံလေးများကဲ့သို့ဖြစ်နေပြီး အစိမ်းရောင် ဝတ်ရုံကိုပင် ဖုံးကွယ်လုနီးပါးဖြစ်နေလေသည်။ သူမကို ကြည့်ရသည်မှာ မြူခိုးများကြားပွင့်လန်းနေသည့် အစိမ်းရောင်ကြာပန်းလေးအလားပင်။

သူမက ခေါင်းကိုးလုံးမင်းကြီးကို မထိမဲ့မြင် အထင်သေးသည့် အကြည့်ဖြင့် ငုံ့ကြည့်လိုက်သည်။

သူမဆီမှ ကျုံးဝါးသံတစ်ချက်ထွက်ပေါ်လာပြီး သူမက ထူးဆန်းသောလက်ဟန်တစ်ခုပြုလုပ်လိုက်လေသည်။

ထူးဆန်းသောစွမ်းအားတစ်ခု စတင်ဖြစ်ပေါ်လာပြီး ထိုတန်ခိုးစွမ်းအားက လေထဲတွင်လွှင့်မျောလာလေသည်။ ရုတ်တရက်မှာပင် ကောင်းကင်တစ်ခုလုံးတွင် အစိမ်းရောင်အပ်လေးများဖြစ်ပေါ်လာပြီး ထိုအပ်လေးများက ခေါင်းကိုးလုံးမင်းကြီးထံသို့ တိုးဝင်သွားလေတော့သည်။

အစိမ်းရောင်အပ်လေးများမှာ အစိမ်းရောင်အလင်းတန်းများတောက်ပနေလေသည်။ လေထဲတွင်လည်း ဝှစ်ခနဲ ဝှစ်ခနဲ လေတိုးသံများ ထွက်ပေါ်နေပြီးတန်ခိုးစွမ်းအားမည်မျှကြီးမားကြောင်း သံသယဝင်စရာမလိုပေ။ ထိုအပ်လေးများသည်

ခေါင်းကိုးလုံးမင်းကြီးကို အပေါက်ငယ်ပေါင်းများစွာ ထိုးဖောက်ပစ်နိုင်လေသည်။

သို့သော် ခေါင်းကိုးလုံးမင်းကြီးကလည်း ကြောက်လန့်သွားခြင်းမရှိပါ။ သူက အင်္ကျီလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး အနက်ရောင်အငွေ့စီးကြောင်းတစ်ခု ထုတ်လွှတ်လိုက်သည်။

ထိုအနက်ရောင်အငွေ့စီးကြောင်းမှာ ရုတ်တရက်ပင် အေးခဲသွားပြီး အနက်ရောင်ဒိုင်းတစ်ခုအလားအစိမ်းရောင်အပ်လေးများကို ကာကွယ်ထားလိုက်လေသည်။

အစိမ်းရောင်အပ်လေးများမှာ အနက်ရောင်တံတိုင်းဖြင့်ထိခတ်သွားပြီး အဝေးတစ်နေရာရှိ ကျောက်ဆောင်များဆီသို့ လွင့်စင်ထွက်သွားလေသည်။ အပ်လေးများနှင့်ထိမိသည့် ကျောက်ဆောင်များမှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေပျက်စီးကုန်ကြတော့သည်။

"မင်းက တန်ခိုးတော့ကြီးပုံရပါတယ် ၊ ဒါပေမယ့် ဒီလောက်ပဲ လား"

ခေါင်းကိုးလုံးမင်းကြီးက ကြမ်းတမ်းစွာရယ်မောရင်းပြော လိုက်လေသည်။

ထို့နောက်သူက လက်ကိုဝေ့ယမ်းလိုက်ပြီး အနက်ရောင်အငွေ့ စီးကြောင်းတစ်ခုကို ကောင်းကင်ထက်သို့ ပစ်လွှတ်လိုက်လေ သည်။ သူပစ်လွှတ်လိုက်သည့်နေရာမှာ ကွေလိရပ်တန့်နေသည့် နေရာတည့်တည့်သို့ပင်ဖြစ်လေသည်။ ထိုအနက်ရောင်အငွေ့စီး ကြောင်းမှာ လျှပ်စီးလက်သကဲ့သို့ လျှင်မြန်လွန်းလှသည်။ ကွေလိ၏အကြည့်များက အေးစက်နေလေသည်။

သူမ၏အဖြူရောင်နှင့်အနက်ရောင်စွမ်းအားများပေါင်းစည်း သွားပြီး အနက်ရောင်စွမ်းအားမှာ အဖြူရောင်စွမ်းအားအဖြစ် သို့ ပြောင်းလဲသွားလေသည်။ ထိုသို့စွမ်းအားပေါင်းစည်းခြင်းမှ အဖြူရောင်မီးတောက်တစ်ခု ထွက်ပေါ်လာလေသည်။ ထို

အဖြူရောင်မီးတောက်မှာ လင်းလက်တောက်ပနေပြီး ခေါင်းကိုးလုံးမင်းကြီး၏ အနက်ရောင်အငွေ့စီးကြောင်းကို ကြမ်းတမ်းစွာဖြင့် လောင်ကျွမ်းသွားလေသည်။

သူမအသုံးပြုလိုက်သည့်ပညာမှာ "ယင်" စွမ်းအားကို "ယန်" စွမ်းအားအဖြစ်ကူးပြောင်းသည့် ဂမ္ဘီရပညာတစ်မျိုးဖြစ်လေသည်။ ထိုပညာမှာ လွန်စွာမှ အဆင့်မြင့်သည်။

ထိုအဖြူရောင်မီးတောက်မှာ အနက်ရောင်အငွေ့စီးကြောင်းကို လောင်ကျွမ်းသွားပြီး ဆီအပြည့်ထည့်ထားသည့် ဒယ်အိုးထဲတွင် မီးစွဲလောင်သကဲ့သို့ အနက်ရောင်အငွေ့စီးကြောင်းတစ်လျှောက် ပြင်းထန်စွာလောင်ကျွမ်းနေလေတော့သည်။

ပြင်းထန်သောအပူချိန်သည် ခေါင်းကိုးလုံးမင်းကြီးကိုပါ ရိုက်ခတ်သွားလေသည်။

ထိုမီးတောက်မှာ ခေါင်းကိုးလုံးမင်းကြီး၏ ခန္ဓာကိုယ်ဆီသို့ ရောက်ရှိသွားသည့်အတွက် ခေါင်းကိုးလုံးမင်းကြီးက ပါးစပ်ကို

ဟပြီး မြူခိုးများကိုထုတ်လွှတ်ကာ မီးတောက်ကို ငြိမ်းသတ်လိုက်လေသည်။

"သိပ်ကောင်းတယ်"

ခေါင်းကိုးလုံးမင်းကြီးက အော်ဟစ်လိုက်သည်။ သို့သော် သူ၏ပုံစံမှာ ပုံမှန်အတိုင်းပင်ရှိနေပြီး မူလပုံသဏ္ဍာန်သို့ ပြောင်းလဲသွားခြင်းတော့ မရှိသေးပေ။

ခေါင်းကိုးလုံးမင်းကြီးက ပါးစပ်ကိုဖွင့်လိုက်ပြီး မီးတောက်လက်ကျန်များကို မြူခိုးများဖြင့် မှုတ်ထုတ်ကာ ငြိမ်းသတ်လိုက်သည်။ ထို့နောက် သူ၏ခန္ဓာကိုယ်မှ သွေးကြောဆုံချက်များကို ပိတ်စို့လိုက်သည့်အတွက် သူ၏နှာခေါင်းမှာ အဆမတန်ကြီးမားလာကာ နှာခေါင်းထဲမှ မြူခိုးငွေ့များ ထွက်လာလေသည်။ ထိုမြူခိုးငွေ့များမှာ ကတ်ကြေးတစ်လက်အလား တစ်ခုနှင့်တစ်ခုဖြတ်သန်းသွားပြီး ကွေ့လိကို တိုက်ခိုက်လိုက်လေတော့သည်။

ကွေလိ၏ ခြေဖဝါးအောက်တွင် တိမ်တိုက်တစ်ခုဖြစ်ပေါ်လာပြီး ဘေးသို့အသာအယာရွေ့ကာ ထိုမြူခိုးငွေ့များကို ရှောင်တိမ်းလိုက်သည်။ သို့သော် လူက ရှောင်တိမ်းလိုက်နိုင်သော်လည်း လေထဲတွင်လွင့်နေသည့် သူမ၏ဆံပင်အချို့ကတော့ ထိုမြူခိုးငွေ့များနှင့် ထိမိသွားပြီး လောင်ကျွမ်းပျက်စီးသွားရလေသည်။

"ယင်စွမ်းအားကနေ ယန်စွမ်းအားကိုပြောင်းပြီး စွမ်းအားတစ်ခုတည်းဖြစ်သွားအောင် ပေါင်းစည်းလိုက်တာပဲ ၊ မင်းရဲ့ပညာ ဒါ အကုန်ပဲလား"

ခေါင်းကိုးလုံးမင်းကြီးက ကွေလိကို မေးလိုက်လေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ လွန်စွာမှ ဗဟုသုတကြွယ်ဝသူဖြစ်လေသည်။ ကွေလိအသုံးပြုသည့် ဂမ္ဘီရပညာကို သူက သိရှိနေလေသည်။ ထိုပညာကို "ချန်ခွင်းယိချီ" ပညာဟုခေါ်လေသည်။

ကျင့်ကြံသူလောကမှ တာအိုဆရာများပင်လျှင် ထိုပညာကို

အသုံးမပြုနိုင်စွမ်းမရှိကြပေ။

သို့သော် ယခုအချိန်ထိ ခေါင်းကိုးလုံးမင်းကြီး၏ စိတ်ထားက

မပြောင်းလဲသေးပါ။ အစိမ်းရောင်မိန်းကလေးက အစွမ်းထက်

လေလေ ခေါင်းကိုးလုံးမင်းကြီးက သဘောကျလေလေဖြစ်နေ

လေသည်။ သူမကိုသာ မိဖုရားတင်မြှောက်ခွင့်ရမည်ဆိုလျှင်

လွန်စွာမှပင် ဂုဏ်ယူစရာဖြစ်ပေတော့မည်။

ကွေလိ မချိပြုံးပြုံးလိုက်လေသည်။

ယခုအချိန်ထိ နတ်မိစ္ဆာဘုရင်မှာ မည်သည့်ပညာမှ ထုတ်သုံး

ခြင်းမရှိသေးပေ။ သူ၏ မဟာနတ်မိစ္ဆာတန်ခိုးစွမ်းအားဖြစ်

သည့် အနက်ရောင်အငွေ့စီးကြောင်းကိုသာ အသုံးပြုပြီး

တိုက်ခိုက်နေခြင်းဖြစ်လေသည်။ သို့သော် ချန်ခွင်းယိချီပညာ

ဖြင့်ဖန်ဆင်းထားသည့် သန့်စင်သည့်ရှမ်ယန်မီးတောက်က ထို

နတ်မိစ္ဆာဘုရင်ကို မထိခိုက်နိုင်ခြင်းကတော့ လွန်စွာမှ ကြောက်စရာကောင်းသည့်အချက် ဖြစ်သည်။

ထိုနတ်မိစ္ဆာဘုရင်ကို အနိုင်ရရန် မဖြစ်နိုင်တော့ပြီ။ ထို့ကြောင့် သူမ လွတ်မြောက်အောင် ထွက်ပြေးပြီးမှ ယင်စွမ်းအားနှင့် ယန်စွမ်းအား အပြင် ဒြပ်စင်ငါးမျိုးစွမ်းအားကိုပါ ကျင့်ကြံအောင်မြင်မှ ပြန်လည်ရင်ဆိုင်သင့်သည်ဟု စဉ်းစားလိုက်မိသည်။ ထို့ပြင် ယခုအချိန်တွင်လည်း သူမ၏တန်ခိုးစွမ်းအားများစွာကို သုံးလိုက်ရသည့်အတွက် လွန်စွာမှ အားအင်ကုန်ခမ်းနေပြီဖြစ်လေသည်။

ကွေလိက ဆက်လက်မတိုက်ခိုက်တော့ဘဲ ဆုတ်ခွာရန်စဉ်းစားလိုက်သည်။ ရောင်စဉ်ငါးမျိုးအလင်းတန်းတစ်ခုသည် ကောင်းကင်ထက်တွင်လင်းလက်သွားပြီး ကွေလိမှာ အမည်မသိ အစိမ်းရောင်ငှက်တစ်ကောင် ပုံသဏ္ဍာန်အဖြစ် ပြောင်းလဲ

သွားလေသည်။ ထိုငှက်က သူမ၏အတောင်ပံများကို ဖြန့်ကား
ထားလေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ သူမကို ထိုသို့လွယ်လွယ်ဖြင့် လွှတ်မ
ပေးလိုက်နိုင်ပါ။ သူကအမြဲတမ်း နောက်ကြောင်းရှင်းအောင်
လုပ်တတ်သည့်အလေ့အထရှိလေသည်။ ထို့ပြင် ဤ
မိန်းကလေး၏ ဇစ်မြစ်မှာ ထူးဆန်းလေသည်။ သူမက
အကူအညီများခေါ်လာပြီး သူ့ကိုပြန်လည်တိုက်ခိုက်မည်ကို
သူမလိုလားပေ။ သူသာ သူမကို ယခုတစ်ခါတည်းဖမ်းဆီးခေါ်
ဆောင်သွားနိုင်လျှင် သူ့အတွက် စိတ်အေးလက်အေးဖြစ်ရမည်
ဖြစ်လေသည်။

ခေါင်းကိုးလုံးမင်းကြီးက အနက်ရောင်အလင်းတန်းတစ်ခုကို
ထုတ်လွှတ်လိုက်လေသည်။ ထိုအနက်ရောင်အလင်းတန်းမှာ
ထူးဆန်းသည့် နဂါးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားပြီး ထို
နဂါးက ကွေ့လိ၏မူလပုံသဏ္ဍာန်ဖြစ်သည့် အစိမ်းရောင်ငှက်

ထံမှ ထွက်ပေါ်နေသည့် ရောင်စင်တန်းငါးခုဆီသို့ တိုးဝင်သွား လေသည်။ မဟာနတ်မိစ္ဆာတန်ခိုးမှဖန်ဆင်းထားသည့် အနက် ရောင်နဂါးမှာ အန္တရယ်အလွန်ကြီးကြောင်း ကွေလိရိပ်မိလေ သည်။

သူမက လေထဲတွင်စောင်းပြီးပျံသန်းရင်း ထိုအနက်ရောင်နဂါး ကို ရှောင်တိမ်းလိုက်လေသည်။ သို့သော် ထူးဆန်းသည့်နဂါးမှာ ပြောင်းလဲပြင်လွယ်ဖြစ်သည့်သဘောရှိပြီး အမြီးကိုဝှေ့ယမ်း ပြီး သူမနောက်မှ ထပ်ကြပ်မကွာ လိုက်လာလေသည်။

ခေါင်းကိုးလုံးမင်းကြီးက နောက်ထပ် အနက်ရောင် အလင်းတန်း ရှစ်ခုကိုထုတ်လွှတ်လိုက်ပြီး နဂါးရှစ်ကောင် အဖြစ်ပြောင်းလဲသွားကာ ကွေလိကို လေးဘက်လေးတန်မှ ပိတ် စို့ထားလိုက်လေသည်။

ကွေလိ၏မူလပုံသဏ္ဍာန်ဖြစ်သည့် အမည်မသိအစိမ်းရောင်ငှက်

မှာ နဂါးများကြားထဲမှ ထိုးဖောက်ထွက်ရန် ကြိုးစားလိုက်

သည်။ သို့သော် အသုံးမဝင်ပေ။

ခေါင်းကိုးလုံးမင်းကြီးက အလျှင်လိုခြင်းမရှိပါ။ သူက ကွေလိ

ခြေကုန်လက်ပန်းကျလာသည်အထိ တန်ခိုးစွမ်းအားကို

ဖြည်းဖြည်းချင်းထုတ်လွှတ်ပြီးတိုက်ခိုက်ရန် ဆုံးဖြတ်ထားလေ

သည်။

ကွေလိကလည်း ခေါင်းကိုးလုံးမင်းကြီး၏ အကြံကို ရိပ်မိလေ

သည်။ ထို့ကြောင့် သူမက ဝမ်းနည်းစွာဖြင့် အော်ဟစ်လိုက်လေ

သည်။ သူမ၏အသံကို ကြားရသူတိုင်း သူမနှင့်ထပ်တူ

ဝမ်းနည်းကြေကွဲခြင်းကို ခံစားရမည်ဖြစ်လေသည်။

ခေါင်းကိုးလုံးမင်းကြီးမှာ ကွေလိ၏အော်သံမှ ဝိညာဉ်စွမ်းအား

တစ်ခုကို ခံစားလိုက်ရသည့်အတွက် မျက်မှောင်တစ်ချက်ကျုံ့

လိုက်မိလေသည်။ တစ်ချိန်တည်းမှာပင် ကွေလိကလည်း

သူမ၏အတောင်ပံများကို လှုပစွာ ဖြန့်လိုက်ပြီး အလင်းလုံး တစ်လုံးကို ထုတ်လွှတ်လိုက်လေသည်။ ထိုအလင်းလုံးလေးမှ အလင်းလုံးလေးများစွာ ဖြာကျလာပြီး သန့်စင်သည့် ရွှမ်ယန် မီးတောက်များအဖြစ်ပြောင်းလဲသွားလေသည်။ ပထမအကြိမ် ကျွေလိထုတ်လွှတ်ခဲ့သည့် မီးတောက်ထက် အဆပေါင်းများစွာ လင်းလက်နေလေသည်။ ထိုမီးတောက်များနှင့် ထိခိုက်မိသည် နှင့် အနက်ရောင်နဂါးကိုးကောင်မှာ ပြာဘဝသို့ ကူးပြောင်းသွား ရလေတော့သည်။ ထို့နောက် ရောင်စဉ်ငါးမျိုးဖြာလဲ့သွားပြီး ကျွေလိသည် တောင်များကြားသို့ တိုးဝင်ပျောက်ကွယ်သွား လေတော့သည်။ ခေါင်းကိုးလုံးမင်းကြီးမှာ ဒြပ်စင်ငါးမျိုး ဝိညာဉ်စွမ်းအားကို လှိုင်းလုံးကြီးလိမ့်လာသည့်သဖွယ် ခံစား လိုက်ရသည့်အတွက် ထိတ်လန့်သွားရလေသည်။

ကျွေလိမှာ သူမ၏ ရွှေပြဒါးအမြုတေစွမ်းအားကို အသုံးပြုကာ ဝေးနိုင်သမျှ ဝေးဝေးသို့ ပျံသန်းလာခဲ့လေသည်။ သူမသုံးခဲ့

သည့်ပညာမှာ "ဂမ္ဘီရလွတ်လမ်းပညာ" ဖြစ်လေသည်။

ထို့နောက် သူမက တောင်များကြားသို့ပျံသန်းသွားပြီး မြေပြင်ပေါ်သို့ ဆင်းသက်လိုက်သည်။

သူမသုံးခဲ့သည့်ပညာက ခေါင်းကိုးလုံးမင်းကြီးကို ဒုက္ခရောက်အောင်တော့လုပ်နိုင်ခဲ့သလို ခေါင်းကိုးလုံးမင်းကြီးမှာလည်း သူမ၏ဆုံးဖြတ်ချက်ကြောင့် များစွာအံ့သြနေရလေသည်။ ထိုပညာကိုအသုံးပြုလိုက်သည့်အတွက် အစိမ်းရောင်ဝတ်မိန်းကလေးမှာ လူယောင်ဖန်ဆင်းနိုင်ခြင်းစွမ်းအားကို ဆုံးရှုံးရမည်ဖြစ်သည့်အပြင် အသက်လည်းတိုသွားမည်ဖြစ်လေသည်။ ထိုအခြေအနေမှ ပြန်ကောင်းလာရန်မှာ လွန်စွာမှခက်ခဲပေလိမ့်မည်။ လူအသွင်ပြန်ပြောင်းရန်အတွက်ဆိုလျှင်လည်း နောက်ထပ်မိုးကြိုးပစ်ခြင်းကို ထပ်မံခံစားပြီးမှသာလျှင် လူအသွင်ပြောင်းနိုင်တော့မည်ဖြစ်လေသည်။

အစိမ်းရောင်မိန်းကလေး နှစ်ပေါင်းများစွာ အပင်ပန်းခံပြီး ကျင့်ကြံခဲ့သမျှ အရာအားလုံး ပျက်စီးသွားခဲ့ပြီ။ ထို့သို့ဖြစ်ရသည်ထက် အသက်သေသည်ကမှ တော်ဦးမည်ဖြစ်လေသည်။

နောက်တစ်နေ့နံနက်ခင်း....

ဆန်းလျန်က တာအိုကျောင်းတော်တံခါးကို အသာဖွင့်လိုက်လေသည်။

တောင်တစ်ခုလုံး ဆီးနှင်းများဖုံးလွှမ်းနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက ငြိမ်းချမ်းစွာဖြင့် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အဖြူရောင်နှင်းများကိုမြင်ရခြင်းက သူ၏စိတ်ကို လန်းဆန်းသွားစေသည်။

ထိုစဉ်...

စာငှက်ငယ်လေး တစ်ကောင်ပျံသန်းလာပြီး သူ့ရှေ့တွင်လာရောက်ရပ်နား နေသည်ကို တွေ့လိုက်ရလေသည်။

အခန်း (၁၅၂)

အစိမ်းရောင်ငှက်ငယ်

တောင်တစ်ခုလုံး ဆီးနှင်းများဖုံးလွှမ်းနေသည့်အတွက် ငှက်များနှင့် တိရိစ္ဆာန်များအတွက် အစာရေစာရှားပါးသည့် ကာလဖြစ်လေသည်။

သေစေခြင်းကျောင်းတော်အပြင်ဘက်တွင် ရပ်နေသည့် စာကလေးငှက်လေးကို ဆန်းလျန်က ကယ်တင်လာခဲ့သည်။ ဆန်းလျန်က သူ၏ဝိညာဉ်စွမ်းအားများကို ငှက်လေးဆီသို့ ပို့လွှတ်ပေးလိုက်သည်။ ငှက်လေးနေပြန်ကောင်းလာသည့်အခါ မမျှော်လင့်သည့် အဖြစ်အပျက်တစ်ခုကို ဆန်းလျန် ကြုံတွေ့လိုက်ရလေသည်။ ထိုငှက်လေးဆီမှ ဝိညာဉ်စွမ်းအားများ ထွက်ပေါ်နေခြင်းပင်ဖြစ်လေသည်။

ထိုငှက်လေးက တောင်ပတ်ဝန်းကျင်မှ အရသာရှိသည့် သစ်သီးများကို ဆန်းလျှန်စားရန်အတွက် သေစေခြင်းကျောင်းတော်သို့ သယ်ဆောင်လာလေ့ရှိသည်။

သဘာဝတရားကြီးမှာ အံ့သြစရာကောင်းလေသည်။ တောင်တစ်ခုလုံး နှင်းများဖုံးလွှမ်းနေသည့်တိုင် ပန်းများပွင့်လန်းနေပြီး နွေးထွေးနေသည့် နေရာများလည်း ရှိနေသေးသည်။ ထိုသို့ဖြစ်နေရခြင်းမှာ မြေပြင်မှ ယင်စွမ်းအားများစွာထုတ်လွှတ်ပေးထားပြီး အနွေးဓာတ်ရနေခြင်းကြောင့် ဖြစ်လေသည်။ ထိုသို့သော နေရာမှ သစ်သီးများကိုစားမိပါက ရုပ်ခန္ဓာကိုအားပြည့်စေပြီး အသက်ရှည်စေသည်။

ယနေ့တွင်တော့ ဝိညာဉ်စွမ်းအားကောင်းသည့်ငှက်ငယ်လေးမှာ မည်သည့်သစ်သီးမှ သယ်ဆောင်လာခြင်းမရှိပါ။ သို့သော် ထိုငှက်လေးက ဆန်းလျှန်ရှေ့တွင် လူးလာခေါက်တုန့်ပျံသန်းနေလေသည်။ ထို့နောက် မြေပြင်ပေါ်သို့ပြုတ်ကျကာ လိမ့်နေပြီး

နောက်ဆုံးတွင် သေဆုံးသွားသကဲ့သို့ ငြိမ်သက်သွားသည့် သ ဏ္ဍာန်လုပ်ပြလေသည်။

ဆန်းလျန်မှာ သတ္တဝါများ၏စကားကို နားလည်နိုင်စွမ်းမရှိပါ။ သို့သော် ငှက်ငယ်လေးက မည်သည့်အကြောင်းကို ပြောပြရန် ကြိုးစားနေသည်လဲဟု ဆန်းလျန်စဉ်းစားနေမိသည်။ ထိုငှက် ငယ်လေးပြောပြချင်နေသည်မှာ သူနှင့် မျိုးနွယ်တူ ငှက်တစ် ကောင်မှာ ဒဏ်ရာရနေပြီး နှင်းထဲတွင် သတိလစ်မေ့မျော နေသည်ဟု ဆိုလိုခြင်းဖြစ်ဟန်တူလေသည်။ ငှက်ကလေးမှာ သူ၏သူငယ်ချင်းကို ဆန်းလျန်က ကယ်တင်နိုင်မည်ဟု မျှော်လင့်နေပုံရသည်။

ဆန်းလျန်လည်း အားနေသည့်အတူတူ ငှက်ငယ်လေးကို ကူညီ ရန် ဆုံးဖြတ်လိုက်သည်။ သူက ထိုငှက်ငယ်လေးမှာ အလွန်မှ စိတ်ကောင်းနှလုံးကောင်းရှိသည်ဟု တွေးလိုက်မိပြီးထိုငှက်

လေးမှာ နောင်တစ်ချိန်တွင် ကျင့်စဉ်လမ်းကိုလျှောက်လှမ်းနိုင်လျှင် ကောင်းမည်ဟု တွေးနေမိလေသည်။

ငှက်ငယ်လေးမှာ ပျံသန်းနိုင်သော်လည်း အလွန်မြင့်မားသည့်နေရာများကိုတော့ ပျံသန်းနိုင်ခြင်းမရှိပေ။ ဆန်းလျန်က သူ့နောက် ပျံသန်းလိုက်ပါသွားလေသည်။ သူတို့သွားရသည့်ခရီးမှာ ကျောက်ဆောင်နှင့် တောင်ကမ်းပါးများကို ဖြတ်ကျော်ရပြီး ရေခဲများဖုံးလွှမ်းနေသည့် တောင်ကြောတစ်လျှောက်ပျံသန်းသွားရခြင်းဖြစ်လေသည်။ခြေလျှင်ခရီးသာသွားမည်ဆိုပါက ကျိန်းသေချော်လဲမည်ဖြစ်လေသည်။

ဆန်းလျန်က ရေခဲနေသည့် တောင်ကြောတစ်လျှောက် ပျံသန်းသွားလေသည်။

ဆန်းလျန်က ထို့ထက်ပိုပြီး မြန်အောင်လည်း ပျံသန်းနိုင်လေသည်။ သို့သော် သူက ငှက်ငယ်လေးခေါ်ဆောင်သည့်နောက်သို့

လိုက်ပါပျံသန်းနေရသည့်အတွက် ခပ်နွေးနွေးပင် ပျံသန်းနေရလေသည်။

ရေခဲတမျှအေးစက်သည့်လေက သူ၏တာအိုဝတ်ရုံကို တိုက်ခတ်နေလေသည်။

ထို့နောက် ဆန်းလျန်က မြင့်မားသည့် တောင်ကမ်းပါးကြီးတစ်ခုအောက်သို့ဆင်းသက်လိုက်ပြီး နှင်းတောထဲတွင် ရပ်တန့်လိုက်လေသည်။ ထိုနေရာတွင် ခြောက်သွေ့သည့်သစ်ရွက်များ၊ သစ်ကိုင်းများကို မွေ့ယာသဖွယ်ပြုလုပ်ထားသည့် နူးညံ့သည့်နေရာလေးတစ်ခု ရှိနေလေသည်။ ထိုနေရာလေးပေါ်တွင် အစိမ်းရောင်ငှက်လေးတစ်ကောင်ကို တွေ့ရလေသည်။

ဆန်းလျန်က ထိုနေရာကို ငေးစိုက်ကြည့်နေမိသည်။ ဆန်းလျန်ထင်ခဲ့မိသည်က စာငှက်ငယ်လေးသည် သူနှင့်မျိုးနွယ်တူငှက်လေးတစ်ကောင်ကို ကယ်တင်ခိုင်းခြင်းဖြစ်သည်ဟု ထင်ခဲ့မိလေသည်။ သို့သော် သူမြင်တွေ့လိုက်ရသည်က လှပသည့်

အစိမ်းရောင် ငှက်လေးတစ်ကောင်ဖြစ်ပြီး ဥဒေါင်းငှက်လေး

တစ်ကောင်နှင့်ပင် ဆင်တူလေသည်။ထိုငှက်လေး၏အမွေးက

ထူးခြားသည့်ပုံသဏ္ဍာန်ရှိပြီးဆန်းလျှန်မျက်စိထဲတွင် ရင်းနှီးနေ

သလိုဖြစ်နေလေသည်။

ဆန်းလျှန် သေသေချာချာစဉ်းစားကြည့်မိမှ ထိုငှက်မွေးလေး

များပေါ်မှပုံသဏ္ဍာန်လေးများမှာ ချွေ့ဖိန်တောင်မှ အစိမ်းရောင်

ဝတ် နတ်မိစ္ဆာဘုရင်မိန်းကလေး၏ ဝတ်ရုံနှင့် ဆင်တူနေလေ

သည်။

သို့သော် ယခု ငြိမ်သက်နေသည့် အစိမ်းရောင်ငှက်လေးမှာ

လွန်စွာမှ အားနည်းနေပြီး ဝိညာဉ်စွမ်းအားများမှာလည်း

လျော့နည်းနေလေသည်။ သို့တိုင်အောင် သူ၏စွမ်းအားက သူ့

နားသို့ အခြားသောသားရဲများမလာနိုင်အောင် ကာကွယ်ထား

နိုင်သေးသည်။

စာကလေးငှက်လေးက ထိုအစိမ်းရောင်ငှက်လေးနားသို့ ပျံသန်းသွားလေသည်။ ထို့နောက် တကျီကျီဖြင့် အော်ဟစ်နေလေတော့သည်။ စာငှက်ငယ်လေး၏အော်သံကြောင့် ငြိမ်သက်နေသည့်အစိမ်းရောင်ငှက်လေးက ခေါင်းထောင်ကြည့်လိုက်လေသည်။ ထိုငှက်လေးသည် ဆန်းလျန်ကိုတွေ့သည်နှင့် ဗလာကျင်းသည့်အကြည့်တစ်စုံဖြင့် ငေးကြည့်နေလေသည်။ သူ၏အကြည့်မှာ ဝိညာဉ်ကင်းမဲ့နေသကဲ့သို့ပင်။

ဆန်းလျန်က ထိုငှက်လေးအနားသို့ တိုးကပ်သွားလိုက်သည်နှင့် ထိုငှက်လေး၏အကြည့်များက ပြန်လည် အသက်ဝင်လာလေသည်။ ငှက်လေး၏မျက်ဝန်းထဲတွင် မတူညီသည့်ရောင်စဉ်ငါးခုကို တွေ့မြင်နိုင်လေသည်။ ထိုမျက်ဝန်းများကိုဆုံတွေ့လိုက်သည်နှင့် ထူးဆန်းသည့်ခံစားချက်တစ်ခုကို ဆန်းလျန်ခံစားလိုက်ရသည်။ သူ့ထံမှ ထိုက်ရှီးတန်ခိုးစွမ်းအားများသည် အလိုလို စီးဆင်းထွက်ပေါ်လာလေသည်။ စွမ်းအားပမာဏမှာ

နည်းပါးသည့်အတွက် မြစ်တစ်စင်းဆီမှ ခွဲဖြာစီးဆင်းသွားသည့် စမ်းချောင်းလေးတစ်ခုအလားဖြစ်လေသည်။

ထိုမျှလောက်သောစွမ်းအားလေးများစီးထွက်သွားခြင်းမှာ ဆန်းလျန်အတွက် အရေးမကြီးလှပါ။ သို့သော် အစိမ်းရောင်ငှက်လေးမှာတော့ ပြန်လည်တောက်ပလာလေသည်။

သူ၏ထိုက်ရှီးစွမ်းအားများကို ဤမျှလောက်လွယ်လွယ်ကူကူစုပ်ယူနိုင်သည့် သက်ရှိသတ္တဝါမျိုးကို ဆန်းလျန် ပထမဆုံးအကြိမ်တွေ့ဖူးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ထိုက်ရှီးစွမ်းအားထိခိုက်မိသူအများစုမှာ ထိုစွမ်းအား၏ဒဏ်ကို ခံနိုင်ရည်ရှိသူမရှိသလောက်ပင်။ ထိုက်ရှီးတန်ခိုးစွမ်းအားများ၏ ဘက်မညီမှုများကို မည်သူမျှ မခံနိုင်ကြပေ။

ထိုထိုက်ရှီးတန်ခိုးစွမ်းအားများ ခန္ဓာကိုယ်တွင်းသို့ဝင်ရောက်သွားသည်နှင့် အတွင်းအားနှင့်အတူ ပေါင်းစပ်သွားကာ

ခန္ဓာကိုယ်ထဲတွင် အမြစ်တွယ်နေမည်ဖြစ်လေသည်။ ထိုသို့ဖြစ်ပါက သေသည်ထက်ဆိုးသည့် ဒုက္ခကို ခံစားရမည်ဖြစ်လေသည်။ ဆန်းလျန်ပင်လျှင် ထိုက်ရှီးနည်းဗျူဟာပထမအဆင့် မအောင်မြင်သေးသည့်ကာလတွင် ထိုကဲ့သို့ နာကျင်ခံစားခဲ့ရဖူးလေသည်။

သို့သော် ငှက်ငယ်လေးကိုတော့ ထိုစွမ်းအားများက ကယ်တင်လိုက်နိုင်လေသည်။

ငှက်ငယ်လေးသည် ဆန်းလျန်၏ထိုက်ရှီးတန်ခိုးစွမ်းအားများကို စုပ်ယူပြီးပြန်လည်သန်စွမ်းလာပြီး ဆန်းလျန်၏လက်ပေါ်သို့ ခုန်တက်လိုက်ကာ ဆန်းလျန်ကို ချစ်ခင်နှစ်သက်စွာဖြင့်ကြည့်နေလေသည်။ ကလေးငယ်များက သူတို့၏မိဘများကိုတွယ်တွယ်တာတာနှင့်ကြည့်နေသည့် အကြည့်မျိုးဖြစ်လေသည်။

ဆန်းလျန်၏ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ ထိုငှက်လေးကို ကောင်းကောင်းအကျိုးပြုနေသည်မှာ ထင်ရှားလေသည်။ ထို့ကြောင့် ဆန်းလျန်မှာ ငှက်လေးကို မစွန့်ပစ်ထားရက်တော့ပေ။ ထို့ပြင် သူက တိရိစ္ဆာန်များ၏ ကျင့်စဉ်လမ်းများကို လည်း စိတ်ဝင်စားလာမိလေသည်။ ဆန်းလျန်နှင့်ရင်းနှီးပြီးသား စာကလေးငှက်လေးမှာ ဝိညာဉ်စွမ်းအားရှိနေသည့်တိုင် ကျင့်စဉ်လမ်းနှင့်တော့ အလှမ်းဝေးသေးသည်။ သို့သော် ယခု အစိမ်းရောင်ငှက်လေးကတော့ နတ်မိစ္ဆာတစ်ပါးဖြစ်လာနိုင်သည်အထိ ဝိညာဉ်စွမ်းအားကြီးမားပြီး သူ၏ ကိုယ်တွင်းမှ စွမ်းအားမှာလည်း ဆန်းလျန်၏ထိုက်ရှီးတန်ခိုးစွမ်းအားနှင့် ဆင်တူလေသည်။ ကြည့်ရသည်မှာ ငှက်ငယ်လေး၏ မွေးရာပါ စွမ်းအားတစ်ခုဖြစ်ပုံရလေသည်။

ဆန်းလျန်က အတွေးများကို ဖြတ်တောက်လိုက်ပြီး ထိုအစိမ်းရောင်ငှက်လေးဆီသို့ စိတ်အာရုံစူးစိုက်လိုက်သည်။ သို့သော်

သူ့၏စိတ်အာရုံစွမ်းအားမှာ အလွှာပါးလေးတစ်ခုဖြင့် တားဆီးခံထားရသလိုဖြစ်နေပြီး ငှက်ငယ်လေးဆီသို့ ထိုးဖောက်မရဖြစ်နေလေသည်။ ထို့ပြင် ထိုငှက်ငယ်လေးဆီသို့ စီးဆင်းနေစေသည့် ထိုက်ရှီးတန်ခိုးစွမ်းအားများမှာလည်း တုန့်ပြန်မှုမရှိတော့ပေ။

ထို့ကြောင့် သူက ချက်ချင်းပင် စီးဆင်းနေသည့် ထိုက်ရှီးတန်ခိုးစွမ်းအားများကို ရပ်တန့်လိုက်လေသည်။ ထိုအခါ နတ်မိစ္ဆာငှက်ငယ်လေးက ခေါင်းမော့ပြီး သနားစရာမျက်နှာလေးဖြင့် ဆန်းလျန်ကို ငေးနေလေသည်။ ထိုကဲ့သို့သော ငှက်မိစ္ဆာလေးကို မည်သူမျှ သနားမည်မဟုတ်ပါ။ သို့သော် ဆန်းလျန်ကတော့ သနားနေမိလေသည်။

"ငှက်လေး ၊ မင်းရဲ့ဇစ်မြစ်ကဘာများလဲ"

ဆန်းလျန်က မေးလိုက်လေသည်။

ငှက်မိစ္ဆာလေး၏ မျက်ဝန်းထဲတွင် စိတ်ရှုတ်ထွေးမှုများကို ဆန်းလျန်တွေ့မြင်နေရလေသည်။

"မင်းလို ဝိညာဉ်စွမ်းအားရှိတဲ့ သတ္တဝါလေးတွေက ကျုပ်ပြော တဲ့စကားကို နားလည်နိုင်တယ်ဆိုတာ ကျုပ်သိပါတယ်၊ မင်း က လူစကားနားမလည်နိုင်ဘူးဆိုရင်လည်း ကျုပ်က စိတ်အာရုံ နဲ့ စကားပြောမလို့ပဲ၊ ဒါပေမယ့် မင်းကတားဆီးထားတာကိုး" ဆန်းလျန်က ဆက်ပြောလိုက်လေသည်။

ဆန်းလျန်စကားကြောင့် ငှက်မိစ္ဆာလေးက မကျေမနပ်ဖြင့် အော်ဟစ်လိုက်လေသည်။ ဆန်းလျန်က ထိုက်ရှီးတန်ခိုး စွမ်းအားများထဲတွင် စိတ်အာရုံစူးစိုက်မှုကိုပါ ပေါင်းစပ်ပြီး ငှက်မိစ္ဆာလေးဆီသို့ ပို့လွှတ်လိုက်လေသည်။ သို့သော်... တန်ခိုး စွမ်းအားများမှာ မတည်မငြိမ်နှင့် ပရမ်းပတာ ဖြစ်သွားရလေ သည်။ ဆန်းလျန်အနေဖြင့် ထိုငှက်မိစ္ဆာလေးကို စိတ်အာရုံပို့ လွှတ်၍ မည်သို့မျှမရနိုင်ပေ။

ဆန်းလျန်ကို ခေါ်ဆောင်လာသည့် စာငှက်ငယ်လေးမှာ မည်သည့်အရာတွေ ဖြစ်ပျက်နေသည်ကို နားမလည်နိုင် ဖြစ်နေရလေသည်။ အစိမ်းရောင်ငှက်မိစ္ဆာလေး၏အော်သံကြောင့် သူက သူတို့အနားသို့ ပျံသန်းသွားလိုသော်လည်း မသွားရဲဘဲ ဖြစ်နေလေသည်။ အဘယ်ကြောင့်ဆိုသော် အစိမ်းရောင် ငှက်လေးက ဒေါသထွက်နေသည်မဟုတ်လား။

အစိမ်းရောင်ငှက်လေး၏ ခန္ဓာကိုယ်ထဲမှ မီးတောက်တစ်ခု ထွက်ပေါ်လာလေသည်။ ထိုမီးတောက်ကို ဆန်းလျန်က သူ၏တန်ခိုးဖြင့် ချေဖျက်ပေးလိုက်သည်။ ထို့နောက် ဆန်းလျန်က သူ၏လက်ပေါ်မှ ငှက်မိစ္ဆာငယ်လေးကို နှင်းများပေါ်သို့ ပြန်ချပေးလိုက်အဝေးသို့ထွက်ခွာရန် ခြေလှမ်းပြင်လိုက်လေသည်။ ထိုအခါကျတော့လည်း ငှက်မိစ္ဆာလေးက သူ့ရှေ့သို့ အမြန်ရောက်လာကာ သနားစရာမျက်ဝန်းများဖြင့် ကြည့်နေပြန်လေသည်။

ဆန်းလျန်မှာ ငှက်ငယ်လေး၏ ကလေးဆန်သော အပြုအမူ လေးကြောင့် ပြုံးလိုက်မိသည်။

သူက ငှက်မိစ္ဆာလေးကို ဒီတိုင်းမထားခဲ့ရက်တော့ပေ။ ဤကဲ့သို့ ထူးခြားသည့်ငှက်လေးသည် ထူးခြားသည့် နေရာတစ်ခုမှ ရောက်လာခြင်းဖြစ်နိုင်လေသည်။ ငှက်လေး၏ မိဘများမှာ တန်ခိုးစွမ်းအားကြီးမားသည့် နတ်မိစ္ဆာဘုရင်များ ဖြစ်ချင်ဖြစ် နေနိုင်သည်။ သို့သော်... ငှက်မိစ္ဆာလေးကတော့ ဘာမှ သိသည့် ပုံ မပေါ်ပါ။

ဆန်းလျန်က ငှက်မိစ္ဆာလေးဆီသို့ သူ၏ ဝိညာဉ်စွမ်းအားကို ပို့ လွှတ်လိုက်သည်။ သို့သေည် အံ့သြစရာကောင်းစွာ ထိုစွမ်းအား က ငှက်မိစ္ဆာလေးအပေါ်တွင် သက်ရောက်ခြင်း မရှိပေ။

ငှက်မိစ္ဆာလေးက ထူးဆန်းသည့် စွမ်းအားတစ်ခုကို ဆန်းလျန် ဆီသို့ ပြန်လည် ပို့လွှတ်လိုက်သည်။ ဆန်းလျန်က ပထမတော့ ထိုစွမ်းအားကို ရပ်တန့်ရန်စဉ်းစားလိုက်မိသည်။ နောက်မှ

ဆုံးဖြတ်ချက်ပြောင်းလိုက်ပြီး သူ၏ ထိုက်ရှိုးတန်ခိုးစွမ်းအား များဖြင့် ထိုထူးဆန်းသည့်စွမ်းအားကို ရစ်ပတ်လိုက်လေသည်။ စွမ်းအားနှစ်ခုမှာ ထူးဆန်းစွာပင် ပေါင်းစည်းသွားပြီး ဆန်းလျ န်၏ ထိုက်ရှိုးစွမ်းအားများမှာ မှန်တစ်ချပ်အလား ပိုမို ကြည်လင်ပြီး သန့်စင်သွားလေသည်။

သန့်စင်သွားသည့် ထိုက်ရှိုးတန်ခိုးစွမ်းအားများက ခရုပတ် နွယ်လိမ်သဖွယ် ဆန်းလျန်ကိုယ်ထဲသို့ ပြန်လည်ဝင်ရောက်လာ လေသည်။ စွမ်းအားများက ပို၍ခိုင်မာစွာဖြင့် ဆန်းလျန်ကိုယ် ထဲသို့ တဖြည်းဖြည်း စိမ့်ဝင်သွားလေသည်။

လူတစ်ယောက်၏တန်ခိုးစွမ်းအားကို သန့်စင်ပေးသည့် ဂမ္ဘီရ ပညာ များစွာရှိကြောင်းဆန်းလျန်သိထားပါသည်။ ထိုဂမ္ဘီရ စွမ်းအားများက ဟိုင်သန်းအဆင့်တက်ရောက်သည့်အချိန်တွင် ပုံပြောင်းအဆင့်အရည်အသွေးကို များစွာ အထောက်အကူပေး နိုင်လေသည်။

ကျင့်ကြံသူတစ်ယောက်သည် ဟိုင်သန်းအဆင့်ကို ပုံပြောင်း အဆင့် ခုနစ်ခု သို့မဟုတ် ရှစ်ခု ကြားတွင် ရှိနေလျှင် တန်ခိုးစွမ်းအားသန့်စင်ပါက ပုံပြောင်းအဆင့်ရှစ်ခုဖြင့် တက်ရောက်နိုင်မည်ဖြစ်လေသည်။

အထူးသဖြင့် ဟိုင်သန်းအဆင့်ကို "ပြင်ပပြဒါးရှင်စွမ်းအား" သို့မဟုတ် "နတ်ဒေဝါအမြုတေ" တို့၏ အစွမ်းဖြင့် တက်ရောက်မည့်သူများသည် တန်ခိုးစွမ်းအားသန့်စင်ပါက ပုံပြောင်းအဆင့် သုံးဆင့်ဖြင့် တက်ရောက်နိုင်မည်ဖြစ်လေသည်။ နတ်ဒေဝါအမြုတေ အလွန်အရည်အသွေးကောင်းလွန်းပါက ကံကောင်းလျှင် ပုံပြောင်းအဆင့် ခြောက်ခုမှ ခုနစ်ခုအထိ ရရှိနိုင်မည်ဖြစ်လေသည်။ ကိုယ်ပိုင်စွမ်းအားဖြစ်သည့် ဝိညာဉ်နှင့် ရွှေပြဒါးအမြုတေကိုပေါင်းစပ်ပြီး ဟိုင်သန်းအဆင့်တက်ရောက်မည့်သူများအနေဖြင့်လည်း တန်ခိုးစွမ်းအားသန့်စင်ခြင်းကြောင့် အကျိုးမယုတ်နိုင်ပေ။ သို့သော် တန်ခိုးစွမ်းအား

သန့်စင်အောင်ကျင့်ကြံရန်မှာ အချိန်ရော စွမ်းအားရော များစွာ စိုက်ထုတ်ရလေသည်။

လူတစ်ယောက်သည် တန်ခိုးစွမ်းအား သန့်စင်ရန်အားထုတ် လျှင် အသက်အရွယ် အိုမင်းသည့်ပုံ ပေါက်သွားတတ်လေ သည်။

ချင်းရွှမ်နတ်တံခါးတွင် တန်ခိုးစွမ်းအား သန့်စင်သည့် ကျင့်စဉ် တစ်ခုရှိသည်ကို ဆန်းလျန်မှတ်မိလေသည်။ တစ်ကြိမ်ကျင့်ကြံ တိုင်းကျင့်ကြံသူ၏ တန်ခိုးစွမ်းအား တစ်ကြိမ်သန့်စင်သွားလေ သည်။ အထွတ်ထိပ်အဆင့်သို့ရောက်ရန်အတွက် သုံးကြိမ် လေ့ကျင့်ရလေသည်။ သို့သော် နှစ်ကြိမ်မျှ ကျင့်ကြံပြီးသည့် အချိန်တွင်ပင် ကြောက်စရာကောင်းလောက်အောင် အသက်အရွယ် အိုမင်းသွားမည် ဖြစ်လေသည်။

လောကတွင် ချန်ကျန့်မေကဲ့သို့ ပါရမီရှင်က များစွာမရှိပါ။

မည်သူမျှ ချူးစန်းအဆင့်ကို သုံးနှစ်နှင့်အောင်မြင်ပြီး ရုဟွ

အဆင့်ကို ဆယ်နှစ်နှင့် မအောင်မြင်နိုင်ပေ။

အလားအလာရှိသည့် ကျင့်ကြံသူများစွာရှိသည့်တိုင် ချန်ကျန့်

မေကဲ့သို့ လျှင်မြန်ခြင်းမျိုးတော့ ရရှိနိုင်မည်မဟုတ်ပေ။

ငှက်မိစ္ဆာငယ်လေးမှာ သူ့ကိုခေါ်ဆောင်သွားမည့် ဆန်းလျန်၏

အကြံအစည်ကို မရိပ်မိပါ။ သူက အရဲစွန့်ပြီး စွမ်းအား

အရင်းအမြစ်ကို ထုတ်လွှတ်လိုက်ခြင်းက ဆန်းလျန်အတွက်

အံ့သြဖွယ်ရာ စူးစမ်းချင်စရာ ဖြစ်နေတော့သည်။

ဆန်းလျန်က သူ၏တန်ခိုးစွမ်းအားများ သန့်စင်အောင် ပြုလုပ်

သည့်အတွက် မည်သည့်အကျိုးရလဒ်များဖြစ်လာပါစေ

စိတ်ပူပန်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူ၏ ထိုက်ရှီး

တန်ခိုးစွမ်းအားများမှာ သန့်စင်ပြီးသားစွမ်းအားများ ဖြစ်လေ

သည်။ ထို့ကြောင့် ပိုပြီးသန့်စင်အောင်ပြုလုပ်မည်ဆိုလျှင်လည်း ပြဿနာမရှိနိုင်ပေ။

"ကောင်းပြီလေ ၊ မင်းကိုကျုပ်နဲ့အတူခေါ်သွားမယ် ၊ မင်းမှာမိဘတွေရှိလို့ သူတို့ ပြန်လာခေါ်ကြရင်လည်း ပြန်ထည့်ပေးလိုက်ရုံပေါ့ ၊ လာမခေါ်ကြဘူးဆိုလည်း ဟိုမြွေမိစ္ဆာကျင်းချင်းအဖော်ရအောင် ချင်းရွှမ်ထိ မင်းကို ခေါ်သွားပေးမယ်" ဟု ပြောလိုက်လေသည်။

ဆန်းလျန်က ဆုံးဖြတ်ချက်ချပြီးလျှင် မပြင်တတ်ပေ။ ငှက်မိစ္ဆာငယ်လေးမှာ ဆန်းလျန်က သူ့ကို လက်ခံလိုက်ပြီဟု ခံစားသိရှိလိုက်သည်နှင့် သူ၏ပခုံးထက်သို့ ပျံသန်းလာကာ နားနေလေတော့သည်။

ဆန်းလျန်ကိုခေါ်လာသည့် စာငှက်ငယ်လေးက ရှေ့မှ ပျံသန်းရန်ပြင်လိုက်သည်။ ဆန်းလျန်က ထိုငှက်လေးနောက်မှ ခပ်ဖြည်းဖြည်းပျံသန်းရန် စိတ်မရှည်တော့ပေ။ ထို့ကြောင့် ထိုငှက်

လေးကိုပါ ဖမ်းလိုက်ပြီး လေအသွင်ပြောင်းလဲကာ လျှင်မြန်သည့်အရှိန်ဖြင့် သေစေခြင်းကျောင်းတော် တံခါးဝသို့ ရောက်ရှိလာလေတော့သည်။

ဆန်းလျန်က လေအသွင်ပြောင်းလဲပြီး ခရီးသွားနိုင်သည့်တန်ခိုးစွမ်းအားကို ပိုင်ဆိုင်ထားသည်မှာ မကြာသေးပေ။ ထို့ကြောင့် ဒဏ္ဍာရီထဲမှ တန်ခိုးရှင်များကဲ့သို့တော့ လျှင်မြန်လွန်းခြင်းမရှိပေ။ သို့သော် သူနှင့်အဆင့်တူကျင့်ကြံသူများကြားတွင်တော့ အံ့သြလောက်စရာဖြစ်နေပေလိမ့်မည်။

ဆန်းလျန်က ကျောင်းတော်တံခါးကို ချက်ချင်းမဖွင့်သေးပါ။ သူက ဘေးဘက်ရှိ တံခါးထောင့်တစ်ခုကို စိုက်ကြည့်နေလိုက်သည်။ ထိုနေရာတွင် အနီရောင်ဓားခြစ်ရာတစ်ခုကိုမြင်ရလေသည်။ ထိုဓားခြစ်ရာအမှတ်အသားကို ကြည့်လိုက်မိသည်နှင့်လူသတ်လိုသည့်စိတ်များ တဖွားဖွားပေါ်ပေါက်လာရလေသည်။ ဆန်းလျန်က သူ့အတွေးများကို ချက်ချင်းသန့်စင်

ပစ်လိုက်ပြီး သူ့နှလုံးသားကို ကျောက်ဆောင်ပမာ ခိုင်မာ အောင်ပြုလုပ်လိုက်လေသည်။ ထိုခြားခြစ်ရာက သူ့ကို မည် သည့်သက်ရောက်မှုမှ မရှိတော့ပေ။

လူသတ်လိုသည့်အတွေးများပျောက်ကွယ်သွားသည်နှင့် စကား သံတစ်ခုကို သူ့စိတ်ထဲတွင် ကြားလိုက်ရလေသည်။

"နောက်သုံးရက် ၊ လထွက်တဲ့အချိန် မင်းရဲ့အသက်ကို ငါလာ ယူမယ်"

ဆန်းလျန်သက်ပြင်းချလိုက်မိလေသည်။

"ငါကဖြင့်မင်းကိုစောင့်နေတာ ကြာလှပြီ"

ဟု ရေရွတ်လိုက်လေသည်။

ထိုစကားမှာ နှင်းတောထဲတွင် ဆန်းလျန်မြင်တွေ့နေကျ လူထူး လူဆန်းမှ ချန်ထားခဲ့သည့် စကားဖြစ်လေသည်။

သူမွေးထားသည့် စာငှက်ငယ်လေးနှင့် အစိမ်းရောင်ငှက်မိစ္ဆာ လေး အိပ်စက်သွားပြီဖြစ်လေသည်။

ထိုအချိန်ကျမှ ဆန်းလျန် ခန်းမထဲသို့ ထွက်လာလိုက်သည်။ ထို့နောက် ခန်းမထဲတွင် ချိတ်ဆွဲထားသည့် "ယွမ်" ဆိုသည့် စာလုံးကို ကြည့်နေမိလေသည်။ ထုံးစံအတိုင်း မျက်တောင်ပင် မခတ်ဘဲ စိုက်ကြည့်နေခြင်းဖြစ်လေသည်။

"ခန်းမထဲမှာရှိတဲ့ နတ်ဘုရားရုပ်တုလိုပဲ မင်းကိုလည်း ပူဇော်သက္ကာယတွေနဲ့ ပူဇော်ဖို့လိုနေတာလား ၊ ဂိုဏ်းတူအစ်ကို ချန်ကျန့်မေက မင်းကို ဒီမှာ ရေးထားခဲ့တာ အကြောင်းတော့ရှိမှာပဲ ၊ မင်းကို ဒီနေရာမှာ ပူဇော်ကိုးကွယ်ဖို့အတွက်ထားခဲ့တာ ဆိုရင်တော့ ဟို လူထူးလူဆန်းကိုသတ်ပြီး မင်းကိုပူဇော်ပါ့မယ် ကွာ"

"ယွမ်" ဆိုသည့် စာလုံးကို အချိန်အကြာကြီးစိုက်ကြည့်နေပြီးမှ ဆန်းလျန် ရေရွတ်လိုက်မိခြင်းဖြစ်လေသည်။

ထိုလူထူးလူဆန်းတွင် ဆန်းလျန်၏အတွေးများကိုသာ သိနိုင်သည့်အစွမ်းရှိနေလျှင် ဒေါသထွက်နေမည်လား မပြောတတ်

ပေ။ သို့သော် ဆန်းလျန်ကတော့ သိလည်းမသိချင် ၊ ဂရုလည်း

မစိုက်ပေ။

အခန်း (၁၅၃)

ညအမှောင်တွင်မြှုန်နောက်နေသည့်ဓားသွား

ဆန်းလျန် "ယွမ်" ဆိုသည့် စာလုံးကို စူးစိုက်ကြည့်နေလေ

သည်။ စုတ်ချက်တိုင်းက တိကျပြတ်သားသော ဓားဝိညာဉ်

အဖြစ်အသွင်ပြောင်းလဲသွားသည်။ မရှိမှုလောကထဲတွင်

"ယွမ်" ဆိုသည့် စာလုံးနှင့် ဆန်းလျန် နှစ်ယောက်တည်းသာရှိ

လေသည်။ အံ့သြစရာ ဓားဝိညာဉ်သည် နေ ၊ လ နှင့် ကြယ်များ

ကို အပိုင်းပိုင်းဖြတ်တောက်ပစ်လိုက်လေသည်။ ဓားချက်များ
မှ ဓားသွားရာ လမ်းကြောင်းများကို တွေ့မြင်နိုင်လေသည်။
ထိုခံစားချက်က သူ့ရင်ကို ထိရှစေသည်။ သူသာ ဓား
ဝိညာဉ်၏သခင်ဖြစ်လျှင် လောကတွင် မည်သည့်အရာကိုမှ
ကြောက်စရာမလိုတော့ပေ။သူ့ကိုတားဆီးနိုင်မည့်သူလည်း ရှိ
နိုင်မည်မဟုတ်တော့ပေ။

သို့သော် ထိုဓားဝိညာဉ်များမှာ ပုံရိပ်ယောင်သက်သက်မျှသာ
ဖြစ်လေသည်။ ဆန်းလျန်က သူ့အတွေးများကို အာရုံစိုက်
လိုက်ပြီး ခံစားချက်များကို မေ့ဖျောက်ပစ်လိုက်သည်။

ညက မှောင်မိုက်နေပြီး နှင်းများက ထူထပ်စွာကျနေလေသည်။
အစိမ်းရောင်ငှက်မိစ္ဆာလေးမှာ အခန်းထောင့်တစ်ထောင့်တွင်
အော်ဟစ်နေသည်။ သူ၏နောက်တွင် အစာထည့်ထားသည့်
ဗန်းလေးတစ်ခုရှိလေသည်။ ထိုငှက်လေးဘေးတွင် စာငှက်ငယ်

လေးက သက်တော်စောင့်ပမာ ဟိုကြည့် ဒီကြည့်ဖြင့်

စောင့်ရှောက်ပေးနေလေသည်။

ဆန်းလျန်အခန်းထဲသို့ဝင်လာသည့်အခါတွင်တော့ ငှက်မိစ္ဆာ

လေးက ခင်မင်သည့်အမူအရာဖြင့် ပွတ်သီးပွတ်သပ် လာလုပ်

လေသည်။

ဆန်းလျန်က ခေါင်းကိုတစ်ချက်ခါယမ်းလိုက်ရင်း...

"မင်းကို နေ့တိုင်းအစာကျွေးနေတာပဲလေ ၊ ဘယ်လိုကြောင့်

လောဘတကြီးနဲ့ စားချင်သောက်ချင်ဖြစ်နေရတာလဲ"

ဆန်းလျန်စကားကြောင့် ငှက်မိစ္ဆာလေးကစိတ်ပျက်လက်ပျက်

အော်ဟစ်လိုက်လေသည်။

သို့သော် ဆန်းလျန်က သူ့လက်ချောင်းလေးများဖြင့် ငှက်မိစ္ဆာ

လေးကို အသာထိတွေ့ကာ ဆော့ကစားနေလိုက်လေသည်။

ဆန်းလျန်၏အပြုအမူကို ငှက်မိစ္ဆာလေးမှာ အတော်ပင် မကျေ

မနပ်ဖြစ်နေတော့သည်။ ထို့ကြောင့် ထူးခြားသည့်စွမ်းအား

တစ်ခုကို ထုတ်လွှတ်လိုက်ပြီး သူ့အတောင်များကို တ

ဖျတ်ဖျတ်ခတ်ကာ မျက်စိတစ်မှိတ်အတွင်းမှာပင်

ဆန့်ကျင်ဘက်အရပ်ရှိ ခေါင်မိုးပေါ်သို့ ပျံသန်းသွားလေ

တော့သည်။

ငှက်လေးပျံသန်းသွားသည်မှာ လျှင်မြန်လွန်းသောကြောင့်

ဆန်းလျှန် အံ့ဩသွားရလေသည်။

ထိုငှက်ကလေးမှာ ယခုအချိန်တွင် အလွန်မှသေးငယ်ပြီး

အားနည်းနေသေးသည်။ ထိုငှက်လေးကြီးထွားလာပြီး အသွင်

ပြောင်းမိုးကြိုးအပစ်ခံကာ လူသားအသွင်ဖန်ဆင်းနိုင်ပါက

လောကနတ်ဘုရားတစ်ပါးပင် လိုက်မမီနိုင်လောက်အောင်

လျှင်မြန်သည့်စွမ်းအားကို ပိုင်ဆိုင်နိုင်မည်ဖြစ်လေသည်။

အမှန်တော့ ထိုငှက်ကလေးမှာ လောကနတ်ဘုရားတစ်ပါးကဲ့သို့

အစွမ်းထက်လှသည့် ခေါင်းကိုးလုံးမင်းကြီး၏လက်မှ

ထွက်ပြေးလွတ်မြောက်လာသည့် အစိမ်းရောင်မိန်းကလေး

ဖြစ်ကြောင်း ဆန်းလျန်က သိရှိခြင်းမရှိပါ။

ကျင့်စဉ်လမ်း အဆင့်ကိုးဆင့်လုံးအောင်မြင်ပြီးမှသာ

အကြောင်းအရာများအားလုံးကို သိမြင်နိုင်သည့် အသိဉာဏ်ကို

ပိုင်ဆိုင်နိုင်မည်ဖြစ်လေသည်။

ဆန်းလျန်က ငှက်ငယ်လေးဖြင့် ကစားနေရသည်ကို ပျော်ရွှင်

နေပြီး သိပ်မကြာခင် သူ့ကိုလာသတ်တော့မည့် ရန်သူကိုပင်

မေ့လျော့နေမိသည်။

သူက နတ်မိစ္ဆာငှက်ငယ်လေးကို ချန်းမော့ဟု နာမည်ပေးထား

ပြီး စာငှက်ငယ်လေးကိုတော့ ရှောင်ရွှင်ဟု နာမည်ပေးထားလေ

သည်။

ချမ်းမော့၏အစိပ်ပွါယ်မှာ "လမ်းငယ်လေး" အစိပ်ပွါယ်ရပြီး

တောင်ကြောလမ်းများဘေးမှရခဲ့သည့် ငှက်လေးဖြစ်

သည့်အတွက် ထိုသို့အမည်ပေးထားခြင်းဖြစ်လေသည်။

ရှေးဟောင်းကျမ်းစာများတွင် "ချမ်း" ၏အဓိပ္ပါယ်မှာ "နေရာ" ဟုအဓိပ္ပါယ်ရပြီး "လျှောက်လှမ်းခြင်း" ဟူ၍လည်း အဓိပ္ပါယ်ရလေသည်။ "ပိုင်" ဆိုသည့်စာလုံးမှခွဲထွက်လာသည့် "မော့" ဆိုသည့် စာလုံး၏အဓိပ္ပါယ်မှာ "အချိန်" ဟုအဓိပ္ပါယ်ရလေသည်။ နေထွက်သည့်အချိန်မှ နေဝင်သည့်အချိန်ထိ တစ်နေ့တာအချိန် ဆိုသည့် သဘောမျိုးဖြစ်လေသည်။

ထို့ကြောင့် ချမ်း နှင့် ပိုင်ဆိုသည့်စာလုံးကိုပေါင်းစည်းမိပါက စြကြာဝဠာထဲမှ "အချိန်နှင့်နေရာ" ဆိုသည့် အဓိပ္ပါယ်မျိုးလည်း သက်ရောက်လေသည်။ ထို့ကြောင့် “ချမ်းမော့” ဆိုသည့်အမည် လေးမှာ များစွာအဓိပ္ပါယ်ပြည့်ဝသည့် အမည်လေးဖြစ်လေ သည်။

ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ စြကြာဝဠာဖြစ်တည်မှုနှင့် ခွဲခြား၍မရပေ။ ထို့ပြင် ချမ်းမော့က ထိုထိုက်ရှီးတန်ခိုး စွမ်းအားများကို စုပ်ယူနိုင်စွမ်းရှိလေသည်။ ထို့ကြောင့် ချမ်း

မော့နှင့် စြက်ဘဝဥာကြီးကြားတွင် ဆန်းလျှန်မသိနိုင်သည့် ဆက်သွယ်မှုတစ်ခုခု ရှိနေနိုင်လေသည်။

စာငှက်ငယ်လေး၏နာမည်ဖြစ်သည့် ရှောင်ရှွင်ကတော့ သာမန်နာမည်လေးတစ်ခုမျှသာဖြစ်သည်။ သူ၏အဓိပ္ပါယ်မှာ "ချမ်းမော့ကိုရှာတွေ့သူ" ဟု အဓိပ္ပါယ်ရလေသည်။

ရှောင်ရှွင်မှာ သာမန်ငှက်ငယ်လေးတစ်ကောင်မျှသာဖြစ်လေသည်။ သူက ဆန်းလျှန်ကြောင့်ဝိညာဉ်စွမ်းအားများ ရရှိလာပြီး ချမ်းမော့ကြောင့်သာ ဘဝ၏အဓိပ္ပါယ်ကို ရှာတွေ့ခဲ့သူဖြစ်လေသည်။

ဆန်းလျှန်တစ်ယောက်သာလျှင် ထိုငှက်လေးနှစ်ကောင်ကို အသွင်ပြောင်းရန် စိတ်ရှည်လက်ရှည်ဖြင့် ကူညီပေးနိုင်လေသည်။ ထိုငှက်လေးများကို ကြမ်းကြုတ်သည့်မိစ္ဆာများဖြစ်လာရန်တော့ ဆန်းလျှန် မျှော်လင့်ထားခြင်းမရှိပေ။

အချိန်က အကုန်မြန်လွန်းလေသည်။

ဟိုလှည့် ဒီလှည့်နှင့်ပင် သုံးရက်ဆိုသည့်အချိန်က ကုန်ဆုံးသွား လေသည်။

ယနေ့ည....

လခြမ်းကွေးလေးက ကောင်းကင်ထက်တွင် ဓားကွေးလေးပမာ သာနေလေသည်။ သေစခြင်းကျောင်းတော်တံခါးဝမှာ ဖွင့်ထားလေသည်။

လရောင်သည် နှင်းများပေါ်သို့ဖြာကျနေသည်။ သို့သော် ချန်ကျန့်မေနှင့် ပေါင်ကွမ်းဆရာတော် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည့်နေ့က သာနေသည့် လရောင်ပုံစံမျိုးတော့မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ထိုနေ့က လပြည့်ညဖြစ်ပြီး ယနေ့ညကတော့ လခြမ်းကွေးလေးသာ သာသည့်ညဖြစ်လေသည်။

ထို့ပြင် ချန်ကျန့်မေမှာ ဟိုင်သန်းအဆင့်အောင်မြင်ပြီးသည့် ဆရာသခင်တစ်ပါးဖြစ်ပြီး ဆန်းလျန်မှာတော့ ဟိုင်သန်းအဆင့် တက်ရောက်နိုင်ခြင်းမရှိသေးပေ။

တိုက်ပွဲနှစ်ခု၏အခြေအနေက တူညီခြင်းမရှိပါ။

အမှန်တော့ ထိုလူထူးလူဆန်းက သူ့ကိုတိုက်ခိုက်ချင်ရသည့် အကြောင်းအရင်းကိုပင် ဆန်းလျှန်မသိပါ။ အတိတ်က ရန်ကြွေးများကြောင့် လက်စားချေလိုခြင်းဖြစ်နိုင်လေသည်။

လရောင်မှာ ပြတင်းတံခါးမှတစ်ဆင့် ကျောင်းတော်အတွင်းသို့ ဝင်ရောက်နေလေသည်။

ချမ်းမော့နှင့် ရှောင်ရှင်တို့နှစ်ကောင်မှာ ခန်းမထဲတွင် အသိုက်တစ်ခုဆောက်ထားကြလေသည်။ သို့သော် သူတို့က ဝိညာဉ်စွမ်းအားရှိသည့် သတ္တဝါလေးများဖြစ်သည့်အတွက် နေရာတစ်ခုလုံး ရှုပ်ပွနေအောင် မည်သည့်အခါမှမလုပ်ပေ။ ထို့ကြောင့် ခန်းမမှာ ပုံမှန်အတိုင်း သန့်ရှင်းသပ်ရပ်နေမြဲဖြစ်လေသည်။ "ယွမ်" ဆိုသည့်စာလုံးမှာလည်း ပုံမှန်အတိုင်းပင် ချိတ်ဆွဲထားမြဲဖြစ်လေသည်။

တာအိုကျောင်းတော်ထဲတွင် မီးအိမ်တစ်ခုထွန်းညှိထားလေ

သည်။ ခန်းမတွင်းသို့ ဝင်ရောက်နေသည့်လရောင်မှာ ထိုမီးအိမ်

လောက် ထွန်းလင်းခြင်းမရှိပေ။ လေကလည်း ငြိမ်သက်နေ

လေသည်။ ထို့ကြောင့် မီးအိမ်ကလည်း ငြိမ်သက်နေလေ

သည်။

ရုတ်တရက်...

လရောင်မှာ မှောင်မိုက်သွားလေသည်။ အဘယ်ကြောင့်ဆို

သော် အနီရောင်တိမ်တိုက်တစ်ခုဖြတ်သန်းသွားသောကြောင့်

ဖြစ်လေသည်။ ထိုတိမ်တိုက်ဆီမှ မိစ္ဆာစိတ်ရိုင်းစွမ်းအားများ

စိမ့်ထွက်နေလေသည်။ ထိုတိမ်တိုက်က ကောင်းကင်ထက်တွင်

ဝေ့ဝဲနေပြီး အောက်သို့ဆင်းသက်လာခြင်းမရှိပါ။ ထိုတိမ်တိုက်

ဆီမှ အလွန်ကြီးမားသော ဝိညာဉ်စွမ်းအားများက ခန်းမ

အတွင်းရှိမီးတောက်ဆီသို့ လာရောက်ရိုက်ခတ်နေလေသည်။

ရှောင်ရှင်မှာ ကြောက်ရွံ့တုန်လှုပ်နေလေသည်။ ချမ်းမော့ကတော့ ဟိုကြည့်ဒီကြည့်ဖြင့် စူးစမ်းနေလေသည်။

ထိုလူထူးလူဆန်းမှာ သေစေခြင်းကျောင်းတော်ထဲသို့ ဝင်လာမည်လား ၊ သို့မဟုတ် ကောင်းကင်ပေါ်တွင်သာ တိုက်ခိုက်တော့မည်လား။

သို့သော်....

ဆန်းလျန်က လေကွဲသို့လွင့်မျောသွားပြီး ကောင်းကင်ထက်သို့ပျံတက်သွားပြီဖြစ်လေသည်။ သူ့ခြေထောက်အောက်တွင် မြူများဆိုင်းနေလေသည်။ ထိုက်ရှီးတန်ခိုးစွမ်းအားမှ ကောင်းကင်နှင့်ရေကို အသုံးပြုထားခြင်းဖြစ်လေသည်။ ထို့ကြောင့် သူက ကောင်းကင်ထက်တွင် လေကိုစီးပြီး ရပ်တည်နေနိုင်ခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ သန့်ရှင်းသည့်တာအိုဝတ်စုံကိုဝတ်ဆင်ထားပြီး သူ့ပုံစံမှာ ရှင်းသန့်နေသည့် ဆယ်ကျော်သက်လူငယ်လေးတစ်

ယောက်နှင့်ပင်တူလေသည်။ ကျော်ကြားသည့်ပန်းချီဆရာတစ်ယောက်ကသာ နတ်ဘုရားများအကြောင်း ပန်းချီရေးဆွဲမည်ဆိုလျှင် ဆန်းလျှန်၏ခမ်းနားမှုကို ရေးဆွဲလိမ့်မည်ဖြစ်လေသည်။

ဆန်းလျှန်၏ပြိုင်ဘက်မှာ အနီရောင်တိမ်တိုက်တစ်ခုပေါ်တွင် ထိုင်နေပြီး သူ့ပုံစံက သာမန်ပင်ဖြစ်လေသည်။

သူ၏အသားအရေက အဝါရောင်ကျောက်စိမ်းကဲ့သို့ ကြည်လင်နေပြီးသွေးနီရောင်ဝတ်ရုံကို ဝတ်ဆင်ထားလေသည်။

ဆန်းလျှန်က ထိုလူထူးလူဆန်းကို စိုက်ကြည့်လိုက်ရင်း...

"မင်းကိုသိနေတာတော့ကြာပါပြီ ၊ ဒါပေမယ့် မင်းရဲ့နာမည်ကိုတော့ ကျုပ်မသိရသေးဘူး"

ဆန်းလျှန်က ပြောလိုက်လေသည်။

"ရှောင်းစစ်ယီ"

လူထူးလူဆန်းက ပြန်ဖြေလိုက်လေသည်။ သူ၏အသံတွင်

မုန်းတီးမှုများ ဖြင့်ပြည့်နက်နေလေသည်။

"ရှောင်း" ဆိုသည့်မျိုးရိုးနာမည်ကိုကြားလိုက်ရသည်နှင့် ဆန်း

လျန်အတွေးများ လေးနက်သွားရသည်။ သူက လူထူးလူ

ဆန်း၏မျက်နှာကို သေချာစိုက်ကြည့်လိုက်လေသည်။ ထို

သူ၏ နှုတ်ခမ်းနှင့် နှာခေါင်းပုံစံက လူတစ်ယောက်ကို သတိရ

မိစေသည်။

"ရှောင်းကျူ"

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မရည်ရွယ်ပါဘဲ သူ့လက်ဖြင့်

သတ်ခဲ့မိသူ "ရှောင်းကျူ" ....

ဆန်းလျန် သူ့ခေါင်းထဲမှ မေ့ပျောက်နေသည့်အကြောင်းအရာ

များကို ပြန်စဉ်းစားကြည့်နေမိလေသည်။ နောက်ဆုံးတော့ ချ

င်းရွှမ်တွင်သူနှင့်ဆုံတွေ့ခဲ့သည့် လူတစ်ယောက်ကိုသတိရလိုက်

မိသည်။ ချင်းရွှမ်နတ်တံခါးမဖွင့်မီ တောင်ပင်လယ်ဖေးရှန်း

နတ်ဘုရားကျွန်းစွယ်ရှိ ရှောင်းအိမ်တော်မှ လူတစ်ယောက်ကို သိုင်းပညာဖျက်စီးပစ်ခဲ့ဖူးလေသည်။ သို့သော် တောင်ပင်လယ် ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှ လူအားလုံး အသတ်ခံလိုက်ရပြီ ဟု သူကသိထားခြင်းဖြစ်သည်။

ထို့ကြောင့် သူ့ရှေ့မှလူမှာလည်း အစကတည်းကပင် သေဆုံး သွားခဲ့ပြီဟု ဆန်းလျန်တွေးထားခဲ့မိလေသည်။ ထိုသူကို ယနေ့ ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု ဆန်းလျန် ထင်မထားမိပေ။ ထို သူမှာ အရင်ကနှင့်လုံးဝမတူတော့ဘဲ ပြောင်းလဲသွားခဲ့လေပြီ။ ဆန်းလျန်က ထိုသူ၏လက်ထဲမှ အနက်ရောင်ဓားကို သေသေချာချာကြည့်လိုက်သည်။ ထိုဓားတွင် မိစ္ဆာစိတ်ရိုင်း စွမ်းအားများ ဖုံးလွှမ်းနေလေသည်။

တောင်ပင်လယ်ဖေးရှန်းနတ်ဘုရားကျွန်းမှ ပြန်လာပြီး နောက်ပိုင်း ဆရာသခင်ကျန်းရှော့ရှီးနှင့် ပြောခဲ့သည့်စကား များကို ဆန်းလျန် သေသေချာချာ ပြန်စဉ်းစားကြည့်နေ

မိသည်။ ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှ လူများအားလုံးကို "သွေးစားကျင့်စဉ်" ကျင့်ကြံထားသည့် ကျင့်ကြံသူတစ်ယောက်က သတ်ပစ်ခဲ့ခြင်းပင်ဖြစ်လေသည်။ အဖြစ်အပျက်များအားလုံး သူ့ခေါင်းထဲတွင် အစီအစဉ်တကျပေါ်လာသည်။

"လက်စသတ်တော့ သွေးစားကျင့်စဉ်ကိုကျင့်ကြံခဲ့တဲ့သူဆိုတာ မင်းပဲကိုး ၊ ကျုပ်က ရှောင်းအိမ်တော်ကလူဖြစ်လိမ့်မယ်လို့ ထင်မထားမိဘူး ၊ အခု မင်း ကျုပ်ကိုလာရှာတာ မင်းအတွက်လက်စားချေဖို့လား ၊ ဖေးရှန်းနတ်ဘုရားကျွန်းစွယ်က လူတွေအတွက်လက်စားချေဖို့လား"

ဆန်းလျန်က မေးလိုက်လေသည်။

"ကျုပ်အတွက်လက်စားချေဖို့လာတာပါ ၊ ကျန်တဲ့ကိစ္စတွေအတွက်တော့ ကျုပ်လည်း စိတ်မကောင်းပါဘူး"

ရှောင်းစစ်ယိက ပွင့်ပွင့်လင်းလင်းပင် ဖြေလိုက်လေသည်။

ထိုအဖြေစကားကြောင့်ပင် ထိုသူမှာ ပုံမှန်မဟုတ်တော့မှန်း ဆန်းလျန်ရိပ်မိလိုက်သည်။ ယနေ့ညတော့ ထိုသူကို အသက် ရှင်ခွင့်မပေးနိုင်တော့ပေ။

ဆန်းလျန်က လူသတ်လိုစိတ်မရှိပါ။ လက်စားချေရသည်ကို လည်း သဘောကျသည့်သူ မဟုတ်ပါ။ သို့သော် ယခု သူ့ရှေ့ တွင် ရင်ဆိုင်နေရသည့်လူမှာ လူတစ်ယောက်ဟုပြောရန် မ သင့်တော်သည့် လူတစ်ယောက်ဖြစ်နေလေသည်။

ထိုသူက ခံစားချက်ကင်းမဲ့စွာဖြင့် မိမိ၏မျိုးနွယ်တစ်ခုလုံးကို ပင် လူမဆန်စွာ သတ်ဖြတ်ပစ်ခဲ့သည့် လူတစ်ယောက်ဖြစ်လေ သည်။ ထိုသို့သောလူမျိုးများက လူ့ကျင့်ဝတ်ကို စောင့်ထိန်း ခြင်းမရှိသလို လောကတွင် သူတို့သတ်ချင်သည်ဆိုလျှင် စိတ်တိုင်းကျ သတ်ဖြတ်မည့် လူများဖြစ်သည်။

ဆန်းလျန်က ထိုသို့သောလူများကို မဝေဖန်လိုပါ။ သို့သော်... ထိုသို့သောလူမျိုးများ သူ့ရှေ့သို့ရောက်လာပါကလည်း

အလွတ်ပေးမည်မဟုတ်ပါ။ ထိုသို့သော လူမဆန်သည့်လူမျိုး ကို သုတ်သင်ရန်အတွက် အကြောင်းပြချက်ပေးနေဖို့ပင် မလို ပေ။

ထိုသူကို သုတ်သင်ရှင်းလင်းနိုင်မှသာ လောကအတွက်စိတ် အေးရမည်ဖြစ်လေသည်။

ထိုက်ရှီးတန်ခိုးစွမ်းအားများက ဆန်းလျန်၏ ကိုယ်ထဲတွင် ငြိမ် သက်နေပြီး သူ၏မျက်ဝန်းများက ကြယ်စင်များအလား တောက်ပနေလေသည်။ သူ့ပုံစံက ထူးဆန်းနေသလို စွဲဆောင်မှု လည်းရှိနေလေသည်။

ရှောင်းစစ်ယိက တိုက်ခိုက်မှုကို စတင်ပြုလုပ်လိုက်သည်။ သူ့လက်ထဲတွင်ကိုင်ထားသည့် အနက်ရောင်ဓားမှ အေးစိမ့် သည့် အငွေ့အသက်များထွက်ပေါ်နေလေသည်။

သူ့ခြေထောက်အောက်မှ အနီရောင်တိမ်တိုက်က ရွေ့လျားလာ ပြီး ဆန်းလျန်ကို စတင်တိုက်ခိုက်လိုက်သည်။ သူ၏အနက်

ရောင်စားသွားမှ နာကျင်ခံစားရသည့် အော်ညည်းသံများထွက်ပေါ်လာပြီး ထိုအော်သံများမှာ သူသတ်ဖြတ်ခဲ့သည့် ဝိညာဉ်များ၏ ဒေါသတကြီးအော်ဟစ်သံများဖြစ်လေသည်။ ထိုဝိညာဉ်များမှာ သေဆုံးသွားသည့်တိုက်အောင် စွန့်ပစ်ခံဝိညာဉ်များဖြစ်သည့်အတွက် ထာဝရဒုက္ခဝေဒနာများကြားထဲတွင် ပိတ်မိနေကြလေသည်။

ဆန်းလျန်၏ခြေထောက်အောက်မှ မြူခိုးများမှာ စားသွားတစ်ခုအဖြစ် ပြောင်းလဲသွားပြီး ထိုမြူခိုးစားသွားက အနီရောင်တိမ်တိုက်ကို တစ်စစီ ထိုးခွဲပစ်လိုက်သည်။ အနီရောင်တိမ်တိုက်အပိုင်းအစများမှာ ဆန်းလျန်၏ သန့်စင်သည့် တာအိုဝတ်ရုံဆီသို့ အရှိန်ဖြင့် ဝင်ရောက်လာလေသည်။

ထိုတိမ်တိုက်အပိုင်းအစများနှင့် ထိခိုက်မိသည်နှင့် ဆန်းလျန်ခန္ဓာကိုယ်မှ မီးတောက်များ ထွက်ပေါ်လာလေသည်။

ရှေးဟောင်း မီးနတ်ဘုရားတစ်ပါးကဲ့သို့ ဆန်းလျန်၏ခန္ဓာကိုယ်မှာ လောင်ကျွမ်းနေလေသည်။

ဆန်းလျန်က ထိုက်ရှီးတန်ခိုးစွမ်းအားများကို စိတ်စွမ်းအားဖြင့် ထိန်းချုပ်နိုင်လေသည်။

သူ၏ဝိညာဉ်စွမ်းအားမှာလည်း ဝိညာဉ်မြစ်ရေထဲတွင် အကြိမ်ပေါင်းများစွာလေ့ကျင့်ထားသည့်အတွက် အလွန်စွမ်းအားကြီးသည့် ဝိညာဉ်စွမ်းအားဖြစ်လေသည်။

ဆန်းလျန်ကိုယ်မှ ထွက်ပေါ်နေသည့်မီးတောက်မှာ သာမန်မီးတောက်တစ်ခုမဟုတ်ပါ။ ထိုက်ရှီးတန်ခိုးစွမ်းအားများကို ဝိညာဉ်စွမ်းအားဖြင့် ထိန်းချုပ်ထားသည့် မီးတောက်ဖြစ်လေသည်။

နာကျင်ဒေါသထွက်နေသည့် ဝိညာဉ်များ၏စွမ်းအားပေါင်းစည်းမှုက မည်မျှကြီးမားပါစေ ဆန်းလျန်၏ ဝိညာဉ်စွမ်းအားကို မယှဉ်နိုင်ပေ။

ရန်သူ၏ဝိညာဥ်စွမ်းအားမှာ ဆန်းလျန်ကို ဒုက္ခရောက်အောင်

တိုက်ခိုက်နိုင်ခြင်းမရှိပေ။

ဆန်းလျန်ခန္ဓာကိုယ်မှထွက်ပေါ်နေသည့် မီးတောက်များက အနီ

ရောင်တိမ်တိုက်အပိုင်းအစများကို လောင်ကျွမ်းသွားပြီး

ကောင်းကင်တစ်ခုလုံး ကြည်လင်သွားလေသည်။

ဓားတစ်လက်က ဆန်းလျန်ဆီသို့တိုးဝင်လာသည်။

ည၏အရောင်ကဲ့သို့ အနက်ရောင်ရှိသည့် ဓားတစ်လက်....

နက်ရှိုင်းလွန်းသည့် အနက်ရောင်ဓားသွား...

ဆန်းလျန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

သူ၏ခန္ဓာကိုယ်မှာ အဝါရောင်အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲသွားပြီး ထိုဓားချက်ကို လျှင်မြန်စွာ ရှောင်တိမ်းလိုက်

လေသည်။

သို့သော် အနက်ရောင်ဓားက အဝါရောင်အလင်းတန်းနောက်သို့

ထပ်ကြပ်မကွာ လိုက်ပါတိုက်ခိုက်လေသည်။ သို့သော် ထိုဓား

ချက်များက အဝါရောင်အလင်းတန်းကို ထိခိုက်နိုင်ခြင်း မရှိပါ။

ဆန်းလျန်က မြေပြင်ထက်သို့ ဆင်းသက်လိုက်သည်။ ဆန်းလျန်မြေပြင်ပေါ်သို့ ခြေချမိသည်နှင့် တောင်တစ်ခုလုံး တုန်လှုပ်သွားသကဲ့သို့ ခံစားလိုက်ရလေသည်။ သူ၏ပုံစံက တန်ခိုးစွမ်းအားများဖြင့်ပြည့်ဝနေဆဲဖြစ်ပြီး မျက်ဝန်းများက ကြယ်စင်အလား တလက်လက်တောက်ပနေဆဲပင်။ သူက ညအမှောင်တွင်မွှေနှောက်နေသည့်သွေးဓားကို အေးစက်စွာဖြင့် စိုက်ကြည့်နေလေသည်။

ရှောင်းစစ်ယိ၏ သွေးဓားမှာ ဆန်းလျန်၏မျက်ခုံးနှစ်ခုကြားနေရာတည့်တည့်သို့ ဝင်ရောက်လာလေသည်။ ဆန်းလျန်ကို ထိမိရန် တစ်ပေခန့်အကွာသာ လိုတော့သည်။

ဆန်းလျန်အနည်းငယ် စိတ်လှုပ်ရှားသွားမိသည်။ အမြဲ အေးဆေးတည်ငြိမ်ခဲ့သည့်ဆန်းလျန်မှာ ထိုသို့ စိတ်မလှုပ်ရှားသည်မှာ ကြာခဲ့ပြီ။

သူ့ဘဝအတွက် သေခြင်းနှင့်ယှဉ်ခြင်းကြား ရောက်ရှိသွားသည့် အချိန်တစ်ခဏ...

ဆန်းလျန် သူ့စိတ်ကို ငြိမ်အောင်ကြိုးစားလိုက်ပြီး လက်ညိုးနှင့်လက်ခလယ်ကိုအသုံးပြုပြီး တန်ခိုးစွမ်းအားတစ်ခုကို ဖော်ထုတ်လိုက်သည်။ သူ၏ လက်ချောင်းထိပ်မှ ရောင်စဉ်ရှစ်မျိုး ထွက်ပေါ်လာပြီး ထိုရောင်စဉ်ရှစ်မျိုးမှာ ဓားဝိညာဉ်ရှစ်ခု အဖြစ်ပြောင်းလဲသွားလေသည်။ ဓားဝိညာဉ်ရောင်စဉ်ရှစ်မျိုးမှာ သန့်စင်နေပြီး ဝင်ရောက်လာသည့် သွေးဓားကို တားဆီးလိုက်လေတော့သည်။

အခန်း (၁၅၄)

သွေးဆား

ညအမှောင်တွင် အနက်ရောင်ဆားသွားတစ်လက်က မွေ့နှောက်နေလေသည်။ အနက်ရောင်အလင်းတန်းက သေခြင်းတရားကို ကိုယ်စားပြုနေသည့်ပမာပင်။

ဆန်းလျန်၏ ရောင်စဉ်ရှစ်မျိုးဆားဝိညာဉ်များမှာလည်း လရောင်ထက်ပင် တောက်ပနေလေသည်။ သူတို့က အနက်ရောင်သွေးဆားကို လှည့်ပတ်ဝန်းရံထားကြသည်။ ရောင်စဉ်ရှစ်မျိုးမှာလည်း တစ်မျိုးနှင့်တစ်မျိုး အပြန်အလှန် ထိုးဖောက်ထွက်ပေါ်နေကြလေသည်။ ရေ ၊ မီး ၊ လေ နှင့် လျှပ်စီးတို့က အ

ရင်ထွက်ပေါ်လာပြီး ကောင်းကင် ၊ မြေကြီး ၊ တောင်နှင့် ရှိန့်စွမ်းအားတို့က အနောက်မှလိုက်ပါလာလေသည်။

အနက်ရောင်သွေးဓားမှာ ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြား သုံးလက်မခန့်အကွာတွင် ရပ်တန့်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ရောင်စဉ်ရှစ်မျိုးဓားဝိညာဉ်များက ဆန်းလျန်ကို ဒိုင်းသဖွယ် ကာကွယ်ပေးထားသောကြောင့် ဖြစ်လေသည်။

အနက်ရောင်သွေးဓားမှာ တုန်ခါနေလေသည်။ ထိုဓားသွားမှာ ဆန်းလျန်၏ရောင်စဉ်ရှစ်မျိုးဓားဝိညာဉ်များကို ထိုးဖောက်နိုင်စွမ်းမရှိတော့ပေ။ ထို့ကြောင့် လှောင်အိမ်ထဲမှသားရဲကဲ့သို့ ဒေါသတကြီး တုန်ခါနေရခြင်းဖြစ်လေသည်။

ယခုတိုက်ပွဲမှာ သိုင်းပညာပြိုင်ပွဲထက် တန်ခိုးစွမ်းအားပြိုင်ပွဲ တစ်ခုဖြစ်ပြီး သေခြင်းနှင့်ရှင်ခြင်းကြား လက်တစ်လုံးခြားမျှသော အနေအထားဖြစ်လေသည်။

ရှောင်းစစ်ယိမှာ ဆန်းလျန်ကို မယှဉ်နိုင်မှန်း သဘောပေါက်သွားပြီဖြစ်သည်။ သို့သော် သူ၏အဆင့်မှာ ဆန်းလျန်ကို ကောင်းကောင်းယှဉ်ပြိုင်နိုင်ပြီဟု လူတစ်ယောက်က သူ့ကို ပြောခဲ့ခြင်းဖြစ်လေသည်။ ထိုသူက အဘယ်ကြောင့် ထိုသို့ ပြောရပါသနည်း။

ထိုသူသည် မည်သည့်အခါမျှ သူ့ကို လိမ်ပြောခဲ့ဖူးခြင်းမရှိပေ။ ဆန်းလျန်မှာ သူ၏ကျင့်စဉ်လမ်းတွင် ခလုတ်တစ်ခုဖြစ်လေသည်။ ထို့ကြောင့် တုန့်ဆိုင်းခြင်းမရှိဘဲ ဆန်းလျန်ကို ချေမှုန်းပစ်ချင်နေမိသည်။

အနက်ရောင်သွေးစားသည် လေထဲတွင်ရပ်တန့်နေလေသည်။ အေးစက်သည့်ညက တိတ်ဆိတ်ငြိမ်သက်နေလေသည်။ မြေပြင်တစ်ခုလုံးနှင့် တောင်ကမ်းပါးယံတစ်ခွင် အဖြူရောင်နှင်းများက ဖုံးလွှမ်းနေလေသည်။ နှင်းများပေါ်သို့ လရောင်နှင့်

ကြယ်ရောင်က ဖြာကျနေသောကြောင့် နှင်းများမှာ ငွေရောင်တောက်ပနေလေသည်။

ဆန်းလျန်ဘေးနားတွင်ဖြာကျနေသည့်လရောင်နှင့် ငွေရောင်နှင်းပွင့်များမှာ ဆန်းလျန်၏တန်ခိုးစွမ်းအားများကဲ့သို့ပင် တုန်ခါနေကြလေသည်။ ထိုတုန်ခါမှုမှာ တဖြည်းဖြည်းနှင့်ပိုပြီးသိပ်သည်းလာသည်။

ဆန်းလျန်က ပတ်ဝန်းကျင်မှ မိုးမြေစွမ်းအားများကို စုပ်ယူလိုက်ခြင်းကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်လေသည်။ သူ့ကိုယ်ထဲတွင် ခရုပတ်နွယ်လိမ်သဖွယ်လှည့်ပတ်နေသည့် ထိုက်ရှီးစွမ်းအားများမှာလည်း ယခင်ကထက် ဆယ်ဆမက အဆတစ်ရာခန့်အထိ ပိုပြီးမြန်ဆန်စွာလှည့်ပတ်နေလေသည်။ သူ့ဘဝတွင် ယခုကဲ့သို့ အခြေအနေမျိုး တစ်ခါမှ မကြုံခဲ့ဖူးပေ။

လွန်ခဲ့သည့်ဆယ်နှစ်အတွင်း ရှောင်းစစ်ယိမှာ အကြောက်အလန့်ရှိသူပုတစ်ယောက်မဟုတ်ပါ။ အကြောက်တရားဆိုသည်မှာ ချိုနှင့်လားဟုမေးယူရလောက်အောင်ပင် သူက အကြောက်တရားနှင့် အလှမ်းဝေးခဲ့လေသည်။ ထို့ပြင် သူ့ဘဝတွင်လည်း မည်သည့်အရာကိုမှ ကြောက်စရာအကြောင်းမရှိတာ့ဟု တွေးထားခဲ့မိလေသည်။

ထိုအတွေးများသည် မည်မျှ မိုက်မဲရာကျပါသနည်း။

ယခုတော့... သူ ကြောက်နေခဲ့ပြီ။ သူ၏အကြောက်တရားသည် အနက်ရောင်သွေးဓားမှ စိမ့်ထွက်လာလေသည်။ ဆန်းလျန်နှင့်ယှဉ်လျှင် သူ၏တန်ခိုးစွမ်းအားသည်ဘာမှမဟုတ်တော့ပါလား။

တန်ခိုးစွမ်းအား ...

ဓား...

ထိုအရာများအားလုံးမှာ ပိုင်ဆိုင်မှုမျှသာဖြစ်လေသည်။

လူတစ်ယောက်၏စိတ်ဓာတ်သာလျှင် တာအိုလမ်းစဉ်လျှောက်လှမ်းရာတွင် အရေးအကြီးဆုံးဖြစ်လေသည်။ ထိုစိတ်ဓာတ်ကိုမည်သူမျှ မရိုက်ချိုးနိုင်သရွေ့ ကျင့်စဉ်လမ်း အစနှင့်အဆုံးသည် ခိုင်မာစွာတည်ရှိနေမည်ဖြစ်လေသည်။

ထိုသဘောတရားကို ဆန်းလျန်က နားလည်ထားလေသည်။

သို့သော် ရှောင်းစစ်ယိက နားမလည်ခဲ့ပါ။

ဆန်းလျန်၏ဝိညာဉ်စွမ်းအားတွင် ရှောင်းစစ်ယိထံမှထွက်ပေါ်လာသည့် အကြောက်တရားကို ခံစားမိနေရလေသည်။

ရှောင်းစစ်ယိမှာ အကြောက်တရားဖုံးလွှမ်းလာပြီး သူ၏အနက်ရောင်သွေးဓားအပေါ်တွင် ယုံကြည်ချက်ကင်းမဲ့လာလေသည်။

ထိုသို့ယုံကြည်ချက်ကင်းမဲ့လာသည့်အတွက် ရှောင်းစစ်ယိ၏ဓားကွက်တွင် ဟာကွက်တစ်ခုဖြစ်ပေါ်လာလေသည်။

ဆန်းလျန်အနေဖြင့် ရှောင်းစစ်ယိကို အနိုင်ယူနိုင်ရန်အတွက်

ဟာကွက်ရှာစရာမလိုပါ။ တန်ခိုးစွမ်းအားဖြင့်ပင် အနိုင်ယူနိုင်လေသည်။

သို့သော် ဆန်းလျန်မှာလည်း သူ့ပြဿနာနှင့်သူရှိလေသည်။ ဆန်းလျန်စုစည်းထားသည့်မိုးမြေစွမ်းအားများမှာ စွမ်းအားပေါက်ကွဲမှုကြီးတစ်ခုဖြစ်ရန်အတွက် ဦးတည်နေလေသည်။ ထိုမိုးမြေစွမ်းအားများမှာ သူ၏ထိုက်ရှီးတန်ခိုးစွမ်းအားများဖြင့် ပေါင်းစပ်သွားတိုင်း ထိုကဲ့သို့ စွမ်းအားပေါက်ကွဲမှုကြီးဖြစ်မြဲပင်ဖြစ်လေသည်။ ထိုသို့ဖြစ်တိုင်း သူ၏ဝိညာဉ်စွမ်းအားများက မိုးမြေစွမ်းအားများနောက်သို့ ပဲ့တင်လိုက်သွားလေ့ရှိလေသည်။ ထိုသို့စွမ်းအားပေါင်းစပ်ပုံကို သူကိုယ်တိုင်ပင် အံ့သြရလေသည်။

သူ၏ တန်ခိုးစွမ်းအားများမှာ လိုသည်ထက်ပိုနေသကဲ့သို့ ခံစားနေရလေသည်။

အဆမတန်ကြီးမားသည့် သင်္ဘောကြီးတစ်စင်း မြစ်ထဲတွင်

သွားနေသကဲ့သို့ဖြစ်လေသည်။ မြစ်မှာကျယ်ပြန့်သည့်တိုင်

သင်္ဘောကြီးကကြီးမားသည့်အတွက် မြစ်ကြောင်းကြပ်ပြီး

လွတ်လွတ်လပ်လပ်ရွက်မလွှင့်နိုင်သည့် အဖြစ်မျိုးနှင့် ရင်ဆိုင်

နေရသကဲ့သို့ဖြစ်လေသည်။

ထိုသဘောကဲ့သို့ပင် ပေါက်ကွဲထွက်မည့် ဆန်းလျန်၏စွမ်းအား

များမှာ ပေါက်ကွဲမထွက်နိုင်ဘဲ တုန့်ဆိုင်းနေလေသည်။

ဆန်းလျန် တုန့်ဆိုင်းသွားသည့် အချိန်တစ်ခဏလေးမှာပင်

ရှောင်းစစ်ယိက သူ့ကိုယ်သူ ပြန်လည်အားတင်းကာ

ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။ သူ၏မျက်နှာမှာ

ထိတ်လန့်စက်စုပ်စရာကောင်းလောက်အောင် ရှုံ့မဲ့သွားလေ

သည်။ အဘယ်ကြောင့်ဆိုသော် သူ၏လက်ကို စွန်ကုတ်

လက်သည်းပုံသဏ္ဍာန်ပြုလုပ်ကာ သူ၏နှလုံးသားနေရာသို့ထိုး

သွင်းလိုက်ပြီး သူ၏နှလုံးကို ဆွဲထုတ်လိုက်သောကြောင့်ဖြစ်

လေသည်။ အပြင်သို့ထွက်လာသည့် နှလုံးသားနှင့်အတူ သွေးများက မြင်မကောင်းအောင် ပန်းထွက်လာလေသည်။

သူ၏လက်ထဲမှ သွေးစိမ်းရှင်ရှင်နှင့် တဖျတ်ဖျတ်ခုန်နေသေးသည့်နှလုံးသားအား အနက်ရောင်သွေးဓားဆီသို့ ပစ်လွှတ်ပို့ဆောင်လိုက်သည်။ အနက်ရောင်သွေးဓားမှာ ရှောင်းစစ်ယိ၏နှလုံးသားကို အကြွင်းနာကင်းမဲ့စွာဖြင့် ဝါးမြိုလိုက်ပြီး ဓားတစ်ခုလုံးမှာ သွေးနီရောင်လွှမ်းသွားလေသည်။ ကောင်းကင်ထက်ရှိ လခြမ်းကွေးလေးမှာလည်း သွေးနီရောင်ပြောင်းလဲသွားလေသည်။

သွေးနီရောင်ဓားသွားမှာ အလွန်စွမ်းအားပြင်းထန်သည့်အတွက် ဆန်းလျန်၏ ရောင်စဉ်ရှစ်မျိုးဓားဝိညာဉ်များကို ထိုးဖောက်ဖျက်စီးပစ်လိုက်လေသည်။ ထို့နောက် ဆန်းလျန်ဆီသို့ ပြည့်ဝသည့်စွမ်းအားများဖြင့် တိုးဝင်သွားတော့သည်။

သွေးဓားသည် ဆန်းလျန်၏မျက်ခုံးနှစ်ခုကြားသို့ တိုးဝင်သွား လေသည်။

သို့သော် ထူးဆန်းသည့်အဖြစ်အပျက်တစ်ခု ရုတ်တရက်ဖြစ်ပျက်သွားလေသည်။ မိုးမြေစွမ်းအားများသည် အသက်ဓာတ်စွမ်းအားများဖြင့်ပေါင်းစည်းသွားပြီး ဗလာနယ်တစ်ခုကိုဖြစ်ပေါ်လာလေသည်။ထိုဗလာနယ်စွမ်းအားက ဆန်းလျန်ဆီသို့ တိုးဝင်သွားသည့် သွေးဓားကို ဒေါသတကြီးဖြင့် အရှိန်အဟုန်ပြင်းစွာ ရိုက်ချလိုက်လေတော့သည်။ ထိုသို့ တန်ခိုးစွမ်းအားပေါင်းစပ်သွားမှုမှာ ယုံကြည်နိုင်စရာပင်မရှိပေ။ ထိုစွမ်းအားကို လောကရှိမည်သည့် အင်းပညာ ၊ ဂါထာမန္တန်ပညာမှ ခုခံကာကွယ်နိုင်မည်မဟုတ်ပေ။

စွမ်းအားရိုက်ခတ်မှုအရှိန်ကြောင့် ရှောင်းစစ်ယိ၏ခန္ဓာကိုယ်မှာ လေထဲသို့ မြောက်တက်သွားလေသည်။ သူ၏သွေးဓားမှာလည်း သူ၏ခန္ဓာကိုယ်နောက်သို့ လိုက်ပါသွားလေသည်။

လူသားတစ်ဦး၏နှလုံးသားဖြင့် ယဇ်ပူဇော်ခြင်းခံထားရသည့်

ဓားသွားမှာ ပုံမှန်ဓားသွားတစ်ခုမဟုတ်တော့ပါ။

စွမ်းအားများပေါက်ကွဲထွက်သွားပြီး ထိုက်ရှီးတန်ခိုး

စွမ်းအား၏ ရောင်စဉ်ရှစ်မျိုးမှာ နတ်ဘုရားရောင်စဉ်များ

အလား လင်းလက်တောက်ပနေလေတော့သည်။

ထိုစွမ်းအားများမှာ ရောင်စုံကြာပန်းတစ်ပွင့်ပွင့်လန်းလာသည့်

ပုံသဏ္ဍာန်အလားဖြစ်ပေါ်လာပြီး ဆန်းလျန်ကို ဗဟိုပြုကာ စြ

က်ာကဲ့သို့ လှည့်ပတ်နေလေတော့သည်။

ဆန်းလျန်၏တစ်ကိုယ်လုံးမှာ စွမ်းအားများ၏အရှိန်အဟုန်

ကြောင့် မခံမရပ်နိုင် တုန်လှုပ်နေရလေသည်။ သို့သော်

သူ၏ခန္ဓာကိုယ်က ထိုစွမ်းအားများအားလုံးကို ထိန်းထားနိုင်နေ

သေးသည်။

ဆန်းလျန်မှာ ရှောင်းစစ်ယိကို ဂရုမစိုက်အားတော့ပါ။ ရှောင်း

စစ်ယိ ဒုတိယအကြိမ်ပြန်လည် တိုက်ခိုက်ဦးမည်ဆိုလျှင်လည်း

ဆန်းလျန်အနေဖြင့် သူ့ကိုကောင်းကောင်းအနိုင်ယူနိုင်မည်ဖြစ်လေသည်။

သူက သူ၏ကိုယ်တွင်းမှ ထိုက်ရှီးတန်ခိုးစွမ်းအားများနှင့် မိုးမြေစွမ်းအားများကို အကန့်အသတ်မရှိ ဖောက်ခွဲထုတ်လိုက လေသည်။ ထိုသို့စွမ်းအားများပေါက်ကွဲထွက်နေသည်မှာ အချိန်အတော်ကြာလေသည်။ ဆန်းလျန်မှာ နေရာမှရွေ့လျား မရဖြစ်နေပြီး စိတ်အာရုံများစုစည်းရန်လည်း ခက်ခဲလျှက်ရှိနေ လေတော့သည်။

နှင်းများဖုံးလွှမ်းနေသည့်မြေပြင်ပေါ်တွင် ရှောင်းစစ်ယိရပ်တန့် နေလေသည်။ သူ၏ဘေးတွင် သွေးဓားရှိနေလေသည်။ သွေးဓားမှာ ညကဲ့သို့နက်မှောင်နေပြီး ဓားသွားထက်တွင် အနီရောင် လေးများ ပြေးလွှားနေလေသည်။

ရှောင်းစစ်ယိ၏ ဘယ်ဘက်ရင်ဘတ်တွင် အပေါက်ကြီးတစ်ခု ဖြစ်ပေါ်နေပြီး အသက်လည်းမရှိ ၊ အသက်ရှူသံလည်းမရှိဘဲ

ရပ်တန့်နေသည်မှာ ထူးဆန်းဖွယ်ရာပင်ဖြစ်လေသည်။ သို့သော် ရှောင်းစစ်ယိမှာ အသက်မရှိတော့ပါ။

ဆန်းလျန်က ရှောင်းစစ်ယိကို တစ်စက်လေးမျှ မသနားမိပါ။ သူက သွေးဓားကို ခံစားချက်ကင်းမဲ့စွာဖြင့် လှမ်းယူလိုက်သည်။ သွေးဓားမှစွမ်းအားများသည် ဒီရေအလား စီးဆင်းနေလေသည်။ ထိုသွေးဓားကိုသာ ထိန်းချုပ်နိုင်လျှင် လူအများက သူ့ကို နတ်ဘုရားတစ်ပါးဟုပင် ပြောဆိုကြပေလိမ့်မည်။

ဆန်းလျန်သည် သွေးဓားကို မြဲမြံစွာစုပ်ကိုင်ထားပြီး ရှောင်းစစ်ယိ၏ခန္ဓာကိုယ်ကို ခုတ်ပိုင်းပစ်လိုက်လေတော့သည်။ ရှောင်းစစ်ယိ၏ခန္ဓာကိုယ်မှာ နှစ်ပိုင်းပြတ်သွားခြင်းမရှိပါ။ သွေးအိုင်ကြီးတစ်ခုအဖြစ်ပြောင်းလဲသွားလေသည်။ ထိုသွေးများကို သွေးဓားက စုပ်ယူသွားလေသည်။ နောက်ဆုံး ရှောင်းစစ်ယိ၏သွေးစွန်းနေသည့် ဝတ်ရုံစသာ နှင်းများပေါ်တွင် ကျန်ရစ်ခဲ့လေသည်။

ထိုဝတ်ရုံစတွင်စွန်းနေသည့်သွေးများမှာ ရှောင်းအိမ်တော်တစ်ခုလုံးမှ သွေးများဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ရှောင်းစစ်ယိ၏လက်တွင် ရှောင်းအိမ်တော်တစ်ခုလုံး၏သွေးများ စွန်းထင်းခဲ့ခြင်းကြောင့်ဖြစ်လေသည်။ ဆန်းလျန်က သူ၏လက်မှမီးတောက်တစ်ခုထုတ်လွှတ်လိုက်ပြီး ထိုဝတ်ရုံကို မီးရှို့ပစ်လိုက်လေသည်။ ထိုသို့ပြုလုပ်ပြီးသည်နှင့် လောကတွင်ရှိသည့်အပြစ်တရားများအားလုံး ပျောက်ကွယ်သွားစေရန် ဆန္ဒပြုလိုက်မိလေသည်။

မီးတောက်နောက်ဆုံးတောက်ပသွားသည့်အချိန်တွင် သွေးမျှင်လေးတစ်စသည် တိတ်ဆိတ်စွာဖြင့် ဆန်းလျန်ဆီသို့ ကျရောက်လာလေသည်။ ထိုသွေးမျှင်စလေးမှာ ရှောင်းစစ်ယိ သတ်ဖြတ်မှုကိုခံရသည့် လူသားအားလုံး၏ ဒေါသတရားများ ပေါင်းစည်းထားသည့် သွေးမျှင်စလေးဖြစ်လေသည်။

ရုတ်တရက် ဆန်းလျန်နှလုံးသားထဲတွင် တင်းကြပ်မှုတစ်ကို

ခံစားလိုက်ရလေသည်။ သို့သော် အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို ဆန်းလျှန် နားမလည်ပါ။

သူ့လက်ထဲတွင်ကိုင်ထားသည့် သွေးဓားကို ဆန်းလျှန် စိုက်ကြည့်နေမိသည်။ ထိုဓားသည် မရေမတွက်နိုင်သည့် ကျင့်ကြံသူများ ၊ နတ်မိစ္ဆာများ၏ သွေးများကိုသောက်သုံးထားသည့် ဓားတစ်လက်ဖြစ်လေသည်။ ထိုဓားမှထွက်ပေါ်လာသည့် ဝိညာဉ်စွမ်းအား အရှိန်အဟုန်များကို ဆန်းလျှန်ခံစားနေရလေသည်။

ထိုဓားက ဆန်းလျှန်ကို ရင်းနှီးနေသည့်အလားပင်။

အချို့သောသူများက ကျင့်စဉ်လမ်းကိုလျှောက်လှမ်းရာတွင် ကောင်းခြင်း ၊ ဆိုးခြင်း ဟူ၍မရှိ။ ကောင်းခြင်း ၊ ဆိုးခြင်း ဆိုသည်မှာ လူအပေါ်တွင်သာမူတည်သည်ဟု ဆိုကြလေသည်။ သို့သော် ကျင့်ကြံသူတစ်ယောက်သည် “သွေးဓား” ကဲ့သို့သော ဓားမျိုးကို အသုံးပြုရန်မသင့်ပေ။

သို့သော် ဆန်းလျန်ကတော့ မကောင်းသူများ၏လက်ထဲသို့ သွေးဓားကျရောက်သွားမည်ကို စိုးရိမ်နေမိသည်။ ထိုဓား အတွက် သူအစီအစဉ်တစ်ခု ပြုလုပ်ရမည်ဖြစ်လေသည်။ သွေးဓားထဲတွင် ရှောင်းစစ်ယိ၏ စွမ်းအားများနှင့်သွေးများ ပါဝင်နေသည့်အတွက် ထိုဓားကို တာအိုကျောင်းတော်အတွင်း မှ “ယွမ်” ဆိုသည့်စာလုံးကို ဆက်ကပ်ပူဇော်ရန် ဆန်းလျန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

အခန်း (၁၅၅)

ကောင်းမြတ်ခြင်းမီးတောက်

ဆန်းလျန်သည် သွေးဓားကို သေစေခြင်းကျောင်းတော်၏

ခန်းမတွင်းသို့သယ်ဆောင်လာခဲ့လေသည်။

ဆန်းလျန် မျက်မှောင်ကျုံ့လိုက်မိလေသည်။ ခန်းမထဲမှ မီးအိမ်

မှာ ပုံမှန်အတိုင်း လင်းလက်နေဆဲဖြစ်လေသည်။ ချမ်းမော့နှင့်

ရှောင်ရှင်မှာ မျက်လုံးလေးများမှိတ်ကာ အနားယူနေကြသည်။

အရာအားလုံးက သူ့ဟာနှင့်သူ အစီအစဉ်တကျ ရှိနေလေ

သည်။

သို့သော်... တစ်ခုခုလွဲနေသလို ဆန်းလျန်ခံစားလိုက်ရသည်။

သွေးဓားထံမှ ထွက်ပေါ်လာသည့် လူသတ်လိုသည့်စွမ်းအား

များက သူ၏နှလုံးသားကို ချုပ်ကိုင်ထားလေသည်။

သူ၏နှလုံးသားမှ ကျင့်စဉ်လမ်းမှာ ပိတ်ဆို့သွားသလိုခံစား

လိုက်ရသည်။

"ယွမ်" ဆိုသည့် စာလုံးမှာ သူ့နေရာနှင့်သူ ပုံမှန်အတိုင်းပင် ရှိနေ

လေသည်။ အရာအားလုံးက အဆင်ပြေနေလေသည်။

မည်သည့်အရာက လွဲချော်နေပါသနည်း။

နောက်ဆုံးတော့ ဆန်းလျန်သဘောပေါက်သွားလေသည်။

သူ၏ခန္ဓာကိုယ်ထဲမှ ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ လျှင်မြန်

သည့်အရှိန်ဖြင့် ပျောက်ကွယ်နေကြခြင်းပင်ဖြစ်လေသည်။

ထို့ပြင် မိုးမြေစွမ်းအားများမှာလည်း ပျောက်ကွယ်သွားပြီ

ဖြစ်သည်။ သူ၏ပတ်ဝန်းကျင်တစ်ခုလုံးမှ အသက်ဓာတ်

စွမ်းအားများမှာလည်း ခမ်းခြောက်သွားပြီး ဗလာနယ်တစ်ခု

အလား ခြောက်သွေ့နေလေသည်။

ထိုအချိန်မှာပင် ဆန်းလျန်လက်ထဲမှ သွေးစားသည် အရောင်း

များတစ်လက်လက်တောက်ပလာပြီး အပေါ်သို့ ပျံတက်သွား

လေသည်။ ထို့နောက် လေထဲတွင် မြွေတစ်ကောင်အလား တွန့်လိမ်ပြေးလွှားနေလေသည်။ ထိုဓားသွားက "ယွမ်" ဆိုသည့် စာလုံးကို ရေးသားနေလေသည်။ ဓားချက်တိုင်းသည် ယွမ်ဆိုသည့်စာလုံးကို ခံစားမိစေလေသည်။ "ယွမ်" စာလုံးမှာ သွေးများဖြင့်ပြည့်နေသည့်အတွက် မိစ္ဆာစွမ်းအားတစ်ခုကို ထုတ်လွှတ်နေသည့်အလား ခံစားနေရလေသည်။

"ဆရာဘိုးဘိုးယွမ်ချင်း ၊ ဆရာပြောတဲ့တရားအစိပ္ပါယ်ကို ကျုပ်သိမြင်မိပြီထင်ပါတယ်"

မည်သည့်နေရာမှန်မသိသည့်နေရာမှ တီးတိုးစကားသံတစ်ခု ထွက်ပေါ်လာလေသည်။

သို့သော် သွေးဓား၏ သွေးရောင်များကြားထဲမှ "ယွမ်" ဆိုသည့် စာလုံးကတော့ မည်သည့်တုန့်ပြန်မှုမရှိပေ။

သို့သော် ဆန်းလျန်နှင့်သုံးပေအကွာတွင် မတ်တပ်ရပ်နေသည့် လူငယ်လေးတစ်ယောက်ရှိနေလေသည်။ ထိုသူငယ်လေးမှာ

အခြားသူမဟုတ်ပေ။ ဆန်းလျန်ကိုယ်တိုင်ပင်ဖြစ်လေသည်။ သို့သော် သူ၏ပုံစံက ဖျော့တော့နေပြီး သွေးနီရောင် ဝတ်ရုံကို ဝတ်ဆင်ထားလေသည်။

ဆန်းလျန်က ထိုလူငယ်လေးကို သူ၏အမွှာညီအစ်ကိုကို တွေ့မြင်ရသည့်အလား ငေးကြည့်နေမိလေသည်။ လူငယ်လေးကလည်း ဆန်းလျန်ကို ပြန်လည်ငေးကြည့်နေလေသည်။ ထိုလူငယ်လေး၏အကြည့်ထဲတွင် သူ၏ပုံရိပ်ကို သူပြန်မြင်နေရလေသည်။

ဆန်းလျန်က စိတ်လှုပ်ရှားသည့်ပုံမပြဘဲ တည်ငြိမ်နေဆဲဖြစ်လေသည်။ သူ့ရင်ထဲတွင် စိတ်လှုပ်ရှားနေမိလျှင်တောင်မှ အခြားသူမသိမြင်နိုင်အောင် သူက ထိန်းသိမ်းထားမည်ဖြစ်လေသည်။

"ငယ်ရွယ်မှုဆိုတာ တန်ဖိုးရှိတယ်နော်၊ အဆုံးမသတ်နိုင်တဲ့ အလားအလာကောင်းတွေနဲ့ ပြည့်နေတဲ့ မင်းရဲ့ဘဝကတော့ ကြည်နူးစရာကောင်းလိုက်တာ"

သွေးနီရောင်ဝတ်စုံနှင့်လူငယ်က ဆန်းလျန်ကို ပြုံးပြရင်း ပြောလိုက်သည်။

ထိုသွေးနီရောင်ဝတ်စုံနှင့်လူငယ်က ဆန်းလျန်ကို သူ့အကြိုက်ဆုံးအရုပ်လေးတစ်ရုပ်ကို ကြည့်နေသည့်ပုံမျိုးဖြင့် ကြည့်နေခြင်းဖြစ်လေသည်။ သူ၏နှုတ်ခမ်းကို တွန့်ကွေးကာ ပြုံးနေသည့်အပြုံးတွင် အဓိပ္ပါယ်တစ်ခုသက်ရောက်နေလေသည်။ ထိုအပြုံးက အကြောင်းအရာများစွာကို သတိပေးနေသကဲ့သို့ပင် ဖြစ်လေသည်။

ကျင့်ကြံသူများမှာ များသောအားဖြင့် တည်ငြိမ်ကြလေသည်။ သူတို့၏အတွင်းစိတ်ကို မျက်နှာတွင် ထုတ်ဖော်ပြလေ့မရှိကြပေ။ ထိုသို့တည်ငြိမ်အောင်လည်း သူတို့၏စွမ်းအားများကို

ထိန်းချုပ်ထားနိုင်ကြလေသည်။ သူတို့က ပြင်ပလောက၏

အနှောင့်အယှက်များမှလည်း ကင်းလွတ်ကြလေသည်။

“စာအုပ်တွေထဲမှာရေးထားတာတော့ ခွင့်ပြုချက်မရှိဘဲ ယူ

တယ်ဆိုရင် ခိုးတာနဲ့အတူတူပဲတဲ့ ၊ မင်းက ကျုပ်ရဲ့ တန်ခိုး

စွမ်းအားတွေကို တိတ်တိတ်ကလေးယူသွားတဲ့သူပဲ ၊ အဲဒါ ခိုးမှု

မြောက်တယ်နော်”

ဆန်းလျန်က ဒေါသသမထွက်ဘဲ တည်ငြိမ်စွာပြောလိုက်လေ

သည်။

သူက ထိုသူလုပ်သည့်လုပ်ရပ်ကို သူသိသည်ဆိုသည့်

အကြောင်း သတိပေးရုံမျှသာ ပြောလိုက်ခြင်းဖြစ်သည်။

“အမှန်ပါပဲ ၊ အဲဒီတော့ မင်းဘာဆက်လုပ်မလဲ”

သွေးနီရောင်ဝတ်စုံနှင့်လူငယ်က လက်ခုပ်တစ်ချက်တီးလိုက်

ရင်း ပြန်မေးလိုက်လေသည်။

“ကျုပ်က ဆရာဘိုးဘိုးယွမ်ချင်းဆီက တရားဓမ္မအခိပ္ပါယ်ကို ယူဆောင်သွားတော့မယ်”

ထိုလူငယ်က သွေးနီရောင်လွှမ်းနေသည့် “ယွမ်” ဆိုသည့် စာလုံးကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်လေသည်။

သွေးနီရောင်ဝတ်စုံနှင့်လူငယ်ကို ဆန်းလျန် စိုက်ကြည့်နေလိုက်သည်။ ထိုလူငယ်က ဖြူဖျော့နေပြီး အိပ်မက်ဆန်လွန်းလေသည်။ သူလှုပ်ရှားလိုက်သည့်အခါတိုင်းအရိပ်လေးများက ခွဲဖြာကျန်ရစ်ခဲ့လေသည်။ အသက်ဓာတ်စွမ်းအားများနှင့် မိုးမြေစွမ်းအားများမှာ မရှိတော့သည့်တိုင် ဆန်းလျန်တွင် ဝိညာဉ်စွမ်းအားများကတော့ ကျန်ရှိနေသေးသည်။ စွမ်းအားကို အသုံးပြုမည်ဆိုလျှင် ဝိညာဉ်စွမ်းအားကတော့ မရှိမဖြစ်လိုအပ်သည့်အရာဖြစ်လေသည်။

ထိုလူငယ်သည် သူ၏ထိုက်ရှီးတန်ခိုးစွမ်းအားများကို မည်သို့ခိုးယူသွားသည်လဲ ဆန်းလျန်မသိပါ။ သို့သော် သူ့အနေဖြင့် ထို

လူငယ်၏ထောင်ချောက်အတွင်းသို့ မဆင်းသက်မိစေရန် သတိထားနေလိုက်လေသည်။

ကြည့်ရသည်မှာ "သွေးစား" က အဓိကသော့ချက်ဖြစ်ပုံရလေသည်။ ထို့ပြင် ထိုလူငယ်၏ပြောစကားအရ "ယွမ်" ဆိုသည့် စာလုံးမှာ ဆရာဘိုးဘိုးယွမ်ချင်းထံမှ တရားအဓိပ္ပါယ်ပါဝင်နေသည် ဆိုသည့်အချက်မှာလည်း ထင်ရှားနေပြီ။

ဆန်းလျန် တစ်စုံတစ်ခုကို တွေးလိုက်မိလေသည်။

ဆရာဘိုးဘိုးယွမ်ချင်း၏ တရားအဓိပ္ပါယ်ကို ချန်ကျန့်မေက သိမြင်နားလည်ခဲ့သောကြောင့်သာ ထို "ယွမ်" ဆိုသည့် စကားလုံးကို ချန်ထားခဲ့ခြင်းဖြစ်လေသည်။ "တရားကို နားလည်သဘောပေါက်ပြီးနောက် အခြားသူများအတွက် တရားကိုချန်ထားခဲ့ခြင်း" ဟု ပြော၍ရနိုင်လေသည်။ ထို စကားလုံးမှာ ချန်ကျန့်မေက အကိုးအကားတစ်ခုအနေဖြင့်သာ ဖော်ပြထားခဲ့ခြင်းဖြစ်လေသည်။ သို့သော် ကိုယ်လျှောက်မည့်

ကျင့်စဉ်လမ်းကတော့ ကိုယ်တိုင်ပင်ရွေးခြယ်ကြရမည်ဖြစ်လေ
သည်။ ဆန်းလျန်အထင်မမှားဘူးဆိုလျှင် ချန်ကျန့်
မေ၏အဆင့်မှာ ဆန်းလျန်တွေးထင်ထားသည်ထက် ပိုပြီးမြင့်
မားနေခဲ့သည်မှာ အသေအချာပင်ဖြစ်လေသည်။
ဆန်းလျန်သည် သူလက်ရှိကြုံတွေ့နေရသည့် အန္တရာယ်နှင့်
လားလားမျှမသက်ဆိုင်သည့် ကိစ္စများကို တွေးနေချိန်တွင်
သွေးနီရောင်ဝတ်စုံနှင့်ဆန်းလျန်ကလည်း လုံးဝ မလှုပ်ရှားဘဲ
ငြိမ်သက်နေလေသည်။
ဆန်းလျန်မှာ အနည်းငယ် စိတ်ပျက်သွားရသည်။
အဘယ်ကြောင့်ဆိုသော် သူက ထိုသို့ငြိမ်သက်နေခြင်းမှာ သွေး
နီရောင်ဝတ်စုံနှင့်လူငယ်က သူ့ကိုစတင်တိုက်ခိုက်လာစေရန်
အခွင့်အရေးပေးနေခြင်းပင် ဖြစ်လေသည်။ ထိုလူငယ်က
စတင်တိုက်ခိုက်လာပါက သူကတည်ငြိမ်မှုကိုအသုံးပြုပြီး

သူ၏စွမ်းအားများကို ပြန်လည်ရယူနိုင်မည်လားဟု မျှော်လင့်မိသောကြောင့်ဖြစ်လေသည်။

"မင်းက သိပ်တော်တဲ့သူပဲ ၊ ကယ်ယွမ်းနဲ့ ဟုန်ချင်းယာ နှစ်ယောက်ပေါင်းရင်တောင် မင်းကိုမမီနိုင်ဘူး ၊ ကျင်းကန်းနဲ့ ပေါ်ရဲ့ အဆင့်နှစ်ခုလုံးက အရေးကြီးပုံခြင်းအတူတူပဲ ၊ ဒါပေမယ့် လူတွေက သူတို့ဘဝတစ်လျှောက်လုံး အဲဒါကို နားမလည်ကြဘူး ၊ ဒါကြောင့်ပဲ လောကကြီးထဲမှာ ပိတ်မိနေကြတာပေါ့"

သွေးနီရောင်ဝတ်စုံနှင့်လူငယ်က ပြုံးရင်း ပြောလိုက်လေသည်။

ကျင်းကန်းနှင့် ပေါ်ရဲ့ဆိုသည်မှာ ဗုဒ္ဓဘာသာ အသုံးအနှုန်းများဖြစ်လေသည်။ သွေးနီရောင်ဝတ်စုံနှင့်လူငယ် ဆိုလိုသည့် အကြောင်းအရာကို ဆန်းလျှန် နားလည်ပါသည်။ ကျင်းကန်းဆိုသည်မှာ ရွှေခန္ဓာကို ဆိုလိုခြင်းဖြစ်ပြီး ပေါ်ရဲ့မှာ တရားအလင်းပွင့်ခြင်းကို ဆိုလိုခြင်းဖြစ်လေသည်။ ရွှေခန္ဓာနှင့် တရားအလင်းပွင့်ခြင်းနှစ်ခုစလုံးသာ အောင်မြင်အောင်

ကျင့်ကြံနိုင်လျှင် ကျင့်စဉ်လမ်းတွင်ကြုံလာသမျှအခက်အခဲ

တိုင်းကို ကျော်လွှားနိုင်မည်ဖြစ်လေသည်။ ထိုအခါမှ လူတစ်

ယောက်သည် ဒုက္ခပင်လယ်မှ လွတ်မြောက်ကာ အမြင့်ဆုံးတာ

အိုကျင့်စဉ်လမ်းသို့ တက်လှမ်းနိုင်မည်ဖြစ်လေသည်။

ဗုဒ္ဓဘာသာတွင်ရော တာအိုဝါဒတွင်ပါ ယေဘုယအားဖြင့်

ထိုသို့ယူဆကြသည်။ ထို့ပြင် အဆင့်အမြင့်ဆုံးတာအိုဆရာ

သခင်ကြီးပင်ဖြစ်စေ ၊ ဗောဓိသတ္တပင်ဖြစ်စေ လူအများမ

လုပ်နိုင်သည့် အလုပ်ကို လုပ်နိုင်ကြသည့် မဟာတန်ခိုးစွမ်းအား

ရှင်များဖြစ်ကြလေသည်။

ထိုသွေးနီရောင်ဝတ်ဆင်ထားသည့်လူငယ်၏အတွေးအခေါ်ကို

ဆန်းလျန် လေးစားမိခြင်းမရှိပါ။ သို့သော် ထိုလူငယ်မှာ လွန်စွာ

မှ ကြောက်စရာကောင်းသည်ကိုတော့ ဆန်းလျန်ရိပ်မိလေ

သည်။ ထိုသူက သူ၏အတွေးများကိုသိနေရုံသာမက

သူ၏စိတ်ထဲမှ အတွင်းကျကျလျှို့ဝှက်ထားသည့်အရာများကို

ပင် သိနေလေသည်။ ထို့ကြောင့်ပင် ထိုသူက သူ၏ထိုက်ရှီး တန်ခိုးစွမ်းအားများကို သူမသိလိုက်မီမှာပင် ခိုးယူသွားနိုင်ခြင်း ဖြစ်လေသည်။

ထို့ပြင် ထိုသူအနေဖြင့် ဆန်းလျန်၏ ရည်မှန်းချက်ကို သိစရာ အကြောင်းမရှိပေ။ သို့သော် ထိုသူက ဆန်းလျ န်၏ရည်မှန်းချက်များကိုလည်းသိနေလေသ်။ ဆန်းလျန်၏ရင် ထဲတွင် ထိုသူကို ထိတ်လန့်ကြောက်ရွံ့လာမိလေသည်။

ထို့ကြောင့် ကိုယ့်ကိုကိုယ်ကာကွယ်ရန် အသင့်အနေအထားပြင် လိုက်သည်။

"ကျုပ်ကြားဖူးတဲ့စကားတစ်ခုရှိတယ် ၊ လက်နဲ့ဖြေရှင်းလို့ရတဲ့ ကိစ္စဆိုရင် ခေါင်းသုံးနေစရာမလိုဘူးတဲ့ ၊ မင်းက တော်တော် တော့ထူးဆန်းတဲ့သူပဲ ၊ ဒါပေမယ့် မင်းကျုပ်ကို နိုင်မယ်များ ထင်နေလား ၊ မင်းသတ္တိရှိရင် မင်းဘက်ကကျုပ်ကိုစပြီး ဘာလို့ မတိုက်ခိုက်ရတာလဲ"

ဆန်းလျန် စိတ်ကိုလျှော့ပြီးပြောလိုက်လေသည်။

ပြောလို့ပြီးသည်နှင့် ဆန်းလျန်လက်သီးကိုမြှောက်ကာ
တိုက်ခိုက်ရန်အသင့်ပြင်လိုက်သည်။

သွေးနီရောင်များကြားမှ "ယွမ်" စာလုံးမှာ မျက်လုံးတစ်စုံရှိနေ
သည့်အလား တစ်ယောက်နှင့်တစ်ယောက် အကဲစမ်းနေကြ
သည့် လူငယ်နှစ်ယောက်၏ အခြေအနေကို လေ့လာနေလေ
သည်။

အပြာရောင်တာအိုဝတ်ရုံလေးက လေထဲတွင် အပြာရောင်
အရိပ်လေးတစ်ခုအလား လွင့်ပျံသွားလေသည်။ တစ်ပြိုင်နက်
တည်းမှာပင် အခြားတစ်ယောက်၏ သွေးနီရောင်ဝတ်ရုံမှာ
လည်း သွေးရောင်အရိပ်တစ်ခုအလား လေထဲတွင် လွင့်ပျံသွား
လေသည်။

သွေးနီရောင်ဝတ်လူငယ်က စတင်တိုက်ခိုက်ခြင်းကို မပြုလုပ်
ပါ။ သို့သော် သူက ဆန်းလျန်ကို ရှောင်ပြေးနေလေသည်။

ထိုလူငယ်၏အရိပ်မှာ အသွေးအသားနှင့် တည်ဆောက်ထားသည့် ရုပ်ခန္ဓာမဟုတ်ပါ။ ပုံရိပ်ယောင်တစ်ခုမျှသာ ဖြစ်လေသည်။ ထို့ကြောင့် သူကလွန်စွာမှ လျှင်မြန်လေသည်။ သာမာန်ကျင့်ကြံသူတစ်ယောက်က ထိုသူကဲ့သို့ လျှင်မြန်နိုင်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လျှင်မြန်မှုအရှိန်ကို ရုပ်ခန္ဓာက မလိုက်နိုင်သည့်အတွက် အခက်အခဲဖြစ်တတ်သောကြောင့်ဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ သူ့တန်ခိုးစွမ်းအားများကို ကောင်းကောင်းထိန်းချုပ်နိုင်သူဖြစ်သည့်အပြင် သူ၏ခန္ဓာကိုယ်မှာလည်း ဝိညာဉ်မြစ်ရေထဲတွင် နှစ်ပေါင်းများစွာကျင့်ကြံခဲ့သည့်အတွက် အခြားသူများထက် အဆပေါင်းများစွာ ခံနိုင်ရည်စွမ်းအားရှိလေသည်။ ထို့ကြောင့် လျှင်မြန်မှုအရှိန်ကို ကြိုက်သလိုအသုံးပြုသည့်တိုင် သူ၏ရုပ်ခန္ဓာက မည်သည့်အခက်အခဲမျှ ကြုံတွေ့ရခြင်းမရှိပေ။

သေစေခြင်းကျောင်းတော်၏ခန်းမမှာ သေးငယ်သည့်ခန်းမ

တစ်ခုမဟုတ်ပါ။ တန်ခိုးစွမ်းအားမြင့်မားသည့် ကျင့်ကြံသူနှစ်

ယောက်အတွက် ကောင်းကောင်းတိုက်ခိုက်နိုင်သည့်

အကျယ်အဝန်းရှိလေသည်။

ဆန်းလျန်၏အပြာရောင်အရိပ်သည် သွေးနီရောင်အရိပ်

နောက်သို့လိုက်နေလေသည်။ သို့သော် လိုက်မီခြင်းမရှိသေး

ပေ။ သို့သော် အပြာရောင်အရိပ်က မရပ်မနားပင် ဆက်လိုက်

နေလေသည်။ ဆန်းလျန်က သူ၏လျှင်မြန်မှုအရှိန်ကြောင့်

သူ၏ရုပ်ခန္ဓာထိခိုက်မည်ကို စိုးရိမ်ခြင်း မဖြစ်မိပါ။

သူ၏တန်ခိုးစွမ်းအားက သူ၏ကျောရိုးတစ်လျှောက်နှင့်

သွေးကြောဆုံချက်များအားလုံးတွင် စီးဆင်းနေလေသည်။

မိုးကောင်းကင်ရှိ ထျန်းဟယ်မြစ်ရေစီးဆင်းနေသကဲ့သို့

မရပ်မနားစီးဆင်းနေခြင်းဖြစ်လေသည်။ သူ၏လျှင်မြန်သည့်

အရှိန်ကြောင့် သူ၏ခန္ဓာကိုယ်မှ အနက်ရောင်သွေးများစိမ့်

ထွက်လာလေသည်။ ထိုအနက်ရောင်သွေးများက လောင်ကျွမ်းသွားပြီး မြူခိုးများအသွင်သို့ ပြောင်းလဲသွားလေသည်။

ဆန်းလျန်က မြန်မြန်ရွေ့လျားလေ ၊ သူ၏ခန္ဓာကိုယ်က ပိုပြီးဖြူဖျော့လာလေဖြစ်ရလေသည်။ သူ၏ထိုက်ရှီးတန်ခိုးစွမ်းအားများမှာလည်း အပြည့်အဝမရှိတော့ပေ။

သူ၏ခန္ဓာကိုယ်မှထွက်ပေါ်နေသည့် မြူခိုးများမှာလည်း ရပ်တန့်သွားခြင်းမရှိပါ။ သို့တိုင်အောင် သွေးနီရောင်ဝတ်စုံဖြင့်လူငယ်နောက်သို့ လိုက်မမီနိုင်အောင်ဖြစ်နေရသည်။ သို့သော်သွေးနီရောင်ဝတ်လူငယ်က အရှိန်ကို ရုတ်တရက် လျှော့ချလိုက်သည်။

ရုတ်တရက်ပင် ထိုသူက ရပ်တန့်လိုက်လေသည်။ သူ့ပတ်ဝန်းကျင်တွင် မြူခိုးများမှာ ဝဲကန်တော့ပုံသဏ္ဍာန်ဖြစ်လာပြီး ထိုသူက ဝဲကန်တော့အလယ်တွင် ရပ်နေလေသည်။ ထို

အဖြစ်အပျက်များအားလုံးမှာ မျက်စိတစ်မှိတ်အတွင်း ဖြစ်ပျက်သွားခြင်းဖြစ်လေသည်။ ဆန်းလျန်က သူ့ကိုယ်ထဲမှ ထိုက်ရှီးတန်ခိုးစွမ်းအားရှိသမျှကို ထုတ်လွှတ်လိုက်သည်။ ထိုအခါ ဒြပ်စင်စွမ်းအားရှစ်မျိုးထွက်ပေါ်လာပြီး ရောင်စဉ်ရှစ်မျိုးမှာ ရေဘဝဲလက်တံများကဲ့သို့ ဆန်းလျန်ပတ်ပတ်လည်တွင် ဝေ့ယမ်းနေလေသည်။

သွေးနီရောင်ဝတ်စုံနှင့်လူငယ်မှာ ဆန်းလျန်ထက်ပိုပြီးတန်ခိုးစွမ်းအားများ ထက်မြက်နေလေသည်။ သို့သော် သူ၏ပုံစံက တည်ငြိမ်ခြင်းမရှိပေ။ သူကဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး....

"ဘာလဲ ၊ ထိုက်ရှီးတန်ခိုးစွမ်းအားတွေလား ၊ ကျုပ်လည်းအဲဒီစွမ်းအားတွေအကြောင်းသိသားပဲ"

သူက မထီမဲ့မြင်ဟန်ဖြင့် ပြောလိုက်လေသည်။

သူ၏သွေးနီရောင်ဝတ်စုံမှာလည်း တုန်ခါလာပြီး ရောင်စဉ်ရှစ်မျိုးဓားသွားများပေါ်ထွက်လာလေသည်။

ထိုရောင်စဉ်များတွင် ကောင်းကင် ၊ မြေကြီး ၊ လေ နှင့် လျှပ်စီးစွမ်းအားများ အဓိက ပါဝင်လေသည်။ သူ၏ စွမ်းအားများမှာ ဆန်းလျန်ထက်ကြီးမားလေသည်။

ထိုလူငယ်၏ ရောင်စဉ်ရှစ်မျိုးဓားဝိညာဉ်များမှာ ဆန်းလျန်ဆီသို့ လျှင်မြန်သည့်အရှိန်ဖြင့် ဝင်ရောက်လာပြီး ဆန်းလျန်ကိုပိုင်းဖြတ်ထိုးခုတ်လိုက်ကြလေသည်။ သူတို့နှစ်ယောက်လုံးဆီမှ ထွက်ပေါ်နေသည့် ရောင်စဉ်ရှစ်မျိုးမှာ လျှပ်စီးလက်သကဲ့သို့အလွန်လျှင်မြန်လေသည်။ ဆန်းလျန်မှာ သွေးများဖြင့် တစ်ကိုယ်လုံးညစ်ပေနေသည့်တိုင် ထိုသူ၏ စွမ်းအားများကိုတော့ကောင်းကောင်းခုခံကာကွယ်နိုင်လေသည်။ သို့သော် သွေးနီရောင်ဝတ်စုံနှင့်လူထံမှ သူ၏အစွမ်းများကို ပြန်လည်ခံစားနေရသည်ကတော့ မခံချင်စရာကောင်းပေသည်။

သို့သော် သွေးနီရောင်ဝတ်စုံနှင့်လူငယ် ထုတ်လွှတ်လိုက်သည့် ထိုက်ရှီးဒြပ်စင်စွမ်းအားရှစ်မျိုးမှာ ဆန်းလျန်ထက် သာလွန်နေသည့်အတွက်ကြောင့်ဆန်းလျန်မှာ ခုခံရန် တဖြည်းဖြည်းခက်ခဲလာသည်။

တိုက်ခိုက်ရင်း တိုက်ခိုက်ရင်းဖြင့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများက တဖြည်းဖြည်းအားနည်းလာပြီး သွေးနီရောင်ဝတ်စုံနှင့်လူငယ်၏ တန်ခိုးစွမ်းအားများက တဖြည်းဖြည်း ကြီးမားလာလေသည်။

ဆန်းလျန်မှာ သူ၏ပြိုင်ဘက်ကို အနိုင်ယူနိုင်စွမ်းမရှိတော့....။

သွေးနီရောင်ဝတ်စုံနှင့်လူငယ်သည် ဆန်းလျန်ကို စိုက်ကြည့်နေလေသည်။ နောက်ဆုံးတော့ ချစ်စရာကောင်းသည့် သူ၏အရုပ်လေးကို ရယူပိုင်ဆိုင်ရပြီဆိုသည့် အကြည့်မျိုး။ ဆန်းလျန်၏ပုံစံမှာတော့ အသတ်ခံရတော့မည့် သိုးငယ်လေးတစ်ကောင်ပမာပင်။

သွေးနီရောင်ဝတ်လူငယ်က ဆန်းလျန်အနားသို့ ခြေလှမ်းတစ်လှမ်းချင်း လျှောက်လာလေသည်။

ထိုသူမှာ ဆန်းလျန်နှင့် ခြေလှမ်းငါးလှမ်းအကွာသို့ ရောက်ရှိလာပြီဖြစ်သည်။

ဆန်းလျန်က သူ့ကို တစ်ချက်ပြုံးပြလိုက်သည်။

ရုတ်တရက်ပင်....

စန္ဒကူးသစ်သားဓား ထွက်ပေါ်လာကာ သွေးနီရောင်ဝတ်လူငယ်ကို ထိုးစိုက်ချလိုက်လေတော့သည်။ သွေးနီရောင်ဝတ်လူငယ်က မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး စန္ဒကူးဓားကို သူ၏ လက်နှစ်ချောင်းဖြင့် လှမ်းတားလိုက်သည်။ သူ၏ လက်ချောင်းထိပ်မှ သွေးနီရောင်အလင်းတန်းတစ်ခုပေါ်ထွက်လာပြီး စန္ဒကူးဓားကို တားဆီးထားလိုက်လေသည်။

ထိုခဏလေးမှာပင်....

စန္ဒကူးဓားထိပ်ဖျားဆီမှ မီးတောက်တစ်ခု ထွက်ပေါ်လာလေ

သည်။ စိမ့်ဖန့်ဖန့် ဝါတာတာရှိသည့် စန္ဒကူးဓားမှ

မီးတောက်သည်ရန်သူဆီသို့တိုးဝင်သွားသည့်တစ်ခဏ....

သွေးနီရောင်ဝတ်လူငယ်၏ လက်မှထွက်ပေါ်နေသည့် အနီ

ရောင်အလင်းတန်းမှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားရလေ

သည်။

မီးတောက်များက သွေးနီရောင်ဝတ်လူငယ်ကို လောင်ကျွမ်း

သွားလေသည်။

"ကောင်းမြတ်ခြင်းမီးတောက်"

သွေးနီရောင်ဝတ်လူငယ်က ရေရွတ်လိုက်သည်။

ထို့နောက် မီးတောက်များက ထိုလူကို ဝါးမြိုလောင်ကျွမ်းသွား

လေသည်။ သွေးနီရောင်ဝတ်လူငယ်မှာ သွေးနီရောင် လူရိပ်

တစ်ခုအဖြစ်သို့ကူးပြောင်းသွားကာ ဆန်းလျန်ကို စိုက်ကြည့်နေ

လေသည်။

စန္ဒကူးဓားမှမီးတောက်မှာ မကောင်းမိစ္ဆာများကို အောင်နိုင်ကြောင်း ဆန်းလျန်သိလေသည်။ အဘယ်ကြောင့်ဆိုသော် ဇာမဏီငှက် ပြန်လည်မွေးဖွားရာ ကောင်းကင်မီးတောက် ဖြစ်သောကြောင့်ဖြစ်သည်။ ထိုမီးတောက်က သွေးနီရောင်ဝတ်လူငယ်လေးကို အောင်နိုင်ခဲ့လေပြီ။ ထိုလူငယ်လေးမှာ အမည်မသိနတ်မိစ္ဆာတစ်ပါးဖြစ်ပုံရလေသည်။ သို့သော် ဆန်းလျန်နှင့်တစ်ထေရာတည်းတူနေသည့်အပြင် ဆန်းလျန်၏တန်ခိုးစွမ်းအားများအားလုံးကိုလည်း ခိုးယူသွားသည်ကတော့ ထူးဆန်းလွန်းလေသည်။

ထိုလူငယ်မှာ ဆန်းလျန်၏စန္ဒကူးဓားဖြင့် တိုက်ခိုက်ခြင်းခံရသည့်တိုင် အပြီးသတ်ပျောက်ကွယ်သွားခြင်းမရှိသေးပေ။ သွေးနီရောင်လူရိပ်တစ်ခုအဖြစ်ထင်ကျန်ရစ်နေသေးကာ ဆန်းလျန်ကို စိုက်ကြည့်နေလေသည်။

ရုတ်တရက်...

ချမ်းမော့၏အော်သံကိုကြားလိုက်ရလေသည်။

ချမ်းမော့ဆီမှ ထူးဆန်းသည့်စွမ်းအားတစ်ခုက သွေးနီရောင်လူ ရိပ်ကို လှည့်ပတ်သွားပြီး ထိုလူငယ်မှာ သွေးနီရောင်အငွေ့တန်း လေးတစ်ခုအဖြစ်ပြောင်းလဲသွားပြီး ချက်ချင်းပင်ပျောက် ကွယ်သွားလေတော့သည်။

အခန်း (၁၅၆)

ဓားဝိညာဉ်

လခြမ်းကျွေးလေးသည်ကောင်းကင်ထက်တွင် ထိန်ထိန်သာနေ လေသည်။

ထိုလရောင်သည် သေစေခြင်းကျောင်းတော်ခန်းမထဲသို့ ဝင်ရောက်နေလေသည်။ ဆန်းလျန်၏နဖူးထက်တွင် ချွေးများစို့ရွှဲနေပြီး သူက ကြမ်းပြင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ချမ်းမော့က မျက်လုံးကို မဖွင့်ချင်ဖွင့်ချင်ဖြင့်ဖွင့်ကာ ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်ပြီး မျက်လုံးကိုပြန်မှိတ်လိုက်လေသည်။ ငှက်လေးမှာလည်း ပင်ပန်းနေပုံရလေသည်။

ငှက်လေး၏အပြုအမူကြောင့် ပင်ပန်းနေသည့်ကြားမှ ဆန်းလျန်က ပြုံးလိုက်မိသေးသည်။ ထိုငှက်မိစ္ဆာလေးက သူ့ကို ဒီနေ့ကယ်တင်ခဲ့ခြင်းဖြစ်လေသည်။ သူက ချမ်းမော့အကြောင်းကို သေသေချာချာ သိရှိခြင်းမရှိပါ။ သို့သော် ထိုငှက်လေးကိုသာ သူကယ်တင်လာခဲ့ခြင်းမရှိလျှင် ယနေ့သူ့ကို ကူညီမည့်သူရှိမည်မဟုတ်ပါ။

ဆန်းလျှန်အကောင်းဆုံးကြိုးစားခဲ့ပါသည်။ သို့သော် သွေးနီရောင်ဝတ်လူငယ်မှာ သူ့အကြောင်းအားလုံးကို သိရှိနေပြီး သူ့ထက်များစွာအဆင့်မြင့်သည့်လူတစ်ယောက်ဖြစ်လေသည်။ ထိုသွေးနီရောင်ဝတ်လူငယ်မှာ သွေးဓားတွင်တည်ရှိနေသည့် ဝိညာဉ်စွမ်းအားလုံးဝမဟုတ်ကြောင်း ဆန်းလျှန်သိရှိနေသည်။ သူက ဆန်းလျှန် မည်မျှအရည်အချင်းကြောင်း သိရှိနေသည့်အပြင် ကယ်ယွမ်းနှင့် ဟုန်ချင်းယာနှစ်ယောက်ပေါင်းလျှင်ပင် ဆန်းလျှန်ကိုမမီနိုင်ဆိုသည့်အချက်ကို ထောက်ပြသွားခဲ့သေးသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ထိုသူမှာ ချင်းရွှမ်နတ်တံခါးအကြောင်း အတွင်းကျကျသိနေသည့် လူတစ်ယောက်ဖြစ်ကြောင်း သိသာနေလေသည်။ သူ၏ပြောပုံဆိုပုံကိုကြည့်ရသည်မှာလည်းအဆင့်မြင့်ဆရာသခင်တစ်ပါးနှင့်ပင် ဆင်တူနေသည်။

သွေးနီရောင်ဝတ်လူငယ်မှာ ဆန်းလျန်၏တန်ခိုးစွမ်းအားများ ကို ယူဆောင်သွားခဲ့လေသည်။ ထို့ကြောင့် ဆန်းလျန်မှာ စွမ်းအားများစွာကို ဆုံးရှုံးလိုက်ရလေသည်။

ပင်ပန်းနွမ်းနယ်မှုများပျောက်သွားစေရန် ဆန်းလျန်က စိတ် အာရုံစူးစိုက်မှုကျင့်စဉ်ကို ကျင့်ကြံလိုက်သည်။ သို့သော် မည် သည့်ထူးခြားမှုမှ ဖြစ်မပေါ်မလာပေ။

ထိုသွေးနီရောင်ဝတ်စုံနှင့်လူမှာ ဆန်းလျန်၏တန်ခိုးစွမ်းအား များကို ပုံမှန်အားဖြင့်ဆိုလျှင် ခိုးယူနိုင်မည်မဟုတ်ပေ။ ထိုသို့ ခိုးယူနိုင်ရန်အတွက် လမ်းဖွင့်ပေးလိုက်သည့် အကြောင်းတစ်ခု တော့ရှိရမည်ဖြစ်လေသည်။ ထိုအကြောင်းမှာ ဘာများလဲ။

ဆန်းလျန်သိရှိနိုင်ခြင်းမရှိပါ။ သူရင်ဆိုင်ခဲ့ရသည့်သူမှ အလွန် အဆင့်မြင့်မားသူတစ်ယောက်ဖြစ်ပြီး ထိုသူ၏ထူးခြားဆန်း ကျယ်သည့် ပညာကို ဆန်းလျန်မည်သို့မျှ အနိုင်ယူနိုင်မည် မဟုတ်ပါ။

ဆန်းလျန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်ပြီး ဝတ်ကျောင်း
တော်တံခါးကို ပိတ်လိုက်လေသည်။ ခန်းမထဲတွင်ထွန်းညှိထား
သည့် မီးအိမ်မှာလည်း ငြိမ်းသွားပြီဖြစ်သည့်အတွက် ခန်းမ
တစ်ခုလုံး မှောင်မဲတိတ်ဆိတ်နေလေသည်။ “ယွမ်” ဆိုသည့်
စာလုံးမှာ သွေးနီရောင်များဖုံးလွှမ်းနေဆဲဖြစ်လေသည်။ ခန်းမ
ထဲတွင် သွေးရနံ့များက လေထဲတွင် ပျံ့လွင့်နေလေသည်။
ဆန်းလျန် တစ်ညလုံးတရားထိုင်နေခဲ့လေသည်။ သို့သော်
သူ၏တန်ခိုးစွမ်းအားများကို အပြည့်အဝပြန်ရနိုင်ခြင်းမရှိ
သေးပါ။ သို့သော် သူ၏ခန္ဓာကိုယ်တွင် ထူးခြားမှုတစ်ခုကို
ခံစားလိုက်ရလေသည်။ လုံးဝ စိတ်သစ်လူသစ်ဖြစ်သွားသလို
ခံစားလိုက်ရခြင်းဖြစ်လေသည်။ သူ၏ဝိညာဉ်စွမ်းအားများ
ကတော့ ယခင်ကလောက် သန့်စင်ခြင်းမရှိတော့ပါ။
သူ၏စိတ်နှလုံးကြေးမုံပြင်တွင် ဖုံများကပ်ညိသကဲ့သို့
အညစ်အကြေးများကပ်ညိနေသလို ခံစားနေရလေသည်။

သွေးရောင်တောက်ပနေသည့် "ယွမ်" ဆိုသည့်စာလုံးမှာ ပိုပြီး အစိပ်ပွါယ်နက်နဲနေသလို ခံစားရလေသည်။ ထို့ပြင် ပိုပြီး အသက်ဝင်လာသလိုလည်းရှိလေသည်။ ထိုစာလုံးမှာ ရေးသား ထားသည့်နေရာမှ အပြင်သို့ခုန်ထွက်လာတော့မည့်အလား ရုန်း ကြွနေလေသည်။

ဆန်းလျန်က မြူခိုးငွေ့များကဲ့သို့ လျှင်မြန်သည့်အရှိန်ဖြင့် "ယွမ်" ဆိုသည့် စာလုံးအနားသို့ တိုးကပ်သွားလိုက်သည်။ ထို့နောက် ထိုစာလုံးပေါ်မှ စုတ်ချက်များကို လက်ဖြင့်ထိကြည့် လိုက်လေသည်။ ထိုသို့ထိကြည့်လိုက်မိသည်နှင့် သူ့တစ်ကိုယ် လုံးရေခဲရေဖြင့်အလောင်းခံရသကဲ့သို့ အေးစက်သွားရလေ သည်။ သူ့တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွားရသည်။ ထူးဆန်းသည့်နေရာတစ်ခုသို့ ဆန်းလျန်ရောက်ရှိသွားလေ သည်။

မှောင်မဲအေးစက်နေသည့် သီးခြားနေရာတစ်ခုသို့ရောက်ရှိသွား ခြင်းဖြစ်လေသည်။ ထိုနေရာတွင်သွေးပင်လယ်တစ်ခုကို ရှိလေသည်။ ထိုသွေးပင်လယ်ကဒေါ်သတကြီးဖြင့် လှိုင်းများပြင်းထန်နေလေသည်။ ထိုသွေးပင်လယ်ထဲတွင် ဓားရှည်တစ်ချောင်းရှိနေပြီး ရှေးကျသည့် ဓားတစ်လက်ဖြစ်မှန်း မြင်သည်နှင့်သိနိုင်လေသည်။ ထိုဓားပတ်ဝန်းကျင်တွင် သွေးပင်လယ်လှိုင်းများက တဝုန်းဝုန်းရိုက်ခတ်နေလေသည်။

ဆန်းလျန်ရှေ့မှ သွေးပင်လယ်မြင်ကွင်းမှာ လျှပ်တစ်ပြက်အတွင်းမှာပင် ပျောက်ကွယ်သွားလေသည်။ ဆန်းလျန်မှာ ဘာဖြစ်လို့ဖြစ်သွားမှန်းပင် မသိလိုက်ရပေ။

ရုတ်တရက် ကလေးငယ်တစ်ယောက် အော်ငိုသည့်အသံကိုကြားလိုက်ရပြန်သည်။ ဆန်းလန်မှာ တိရိစ္ဆာန်အရေခွံများဝတ်ဆင်ထားသည့် လူများနေထိုင်သည့် ရွာတစ်ရွာသို့ရောက်ရှိနေပြန်လေသည်။ ထိုရွာတွင် ထိုကလေးငယ်လေးက ကြီးပြင်း

လာလေသည်။ ထို့နောက် ရွာတွင် လူကြီးများက

အသက်အရွယ်ကြီးရင့်လာပြီးကျား ၊ ကျားသစ်များဖြင့်

တိုက်ခိုက်နိုင်ခြင်းမရှိကြတော့ပေ။

ထိုအခါကြီး ကြီးပြင်းလာသည့်ကလေးငယ်လေးက အမဲလိုက်

သည့်လုပ်ငန်းကို စတင်လုပ်ကိုင်လေသည်။ သူတို့စတင် အမဲ

လိုက်သည့်အချိန်တွင် အလွန်အစွမ်းထက်သည့် ဝက်ဝံနက်ကြီး

တစ်ကောင်ကို ဖမ်းမိလေသည်။ ထိုဝက်ဝံနက်ကြီးမှာ မုဆိုး

များစွာကို ဒုက္ခပေးနေသည့် သတ္တဝါဆိုးကြီးဖြစ်လေသည်။

ကြီးပြင်းလာသည့်ကလေးငယ်နှင့်အတူ အမဲလိုက်ကြသည့်

သူငယ်ချင်းနှစ်ယောက်မှာ ဝက်ဝံနက်ကြီး၏လက်သည်းဖြင့်

ခြစ်ခြင်းကိုခံရပြီး သေဆုံးသွားကြရလေသည်။

ကြီးပြင်းလာသည့်ကလေးငယ်လေးသည် သူ့ဘဝတွင် သေ

ခြင်းတရား၏အဓိပ္ပါယ်ကို ပထမဆုံးနားလည်လိုက်ရလေ

သည်။

သူမသေချင်ပါ။ သေရမည်ဆိုသည့်ခံစားချက်ကို သူအလွန်မုန်းတီးမိလေသည်။ ရွာထဲမှ အသက်အကြီးဆုံးအဖိုးအိုက လောကတွင် မသေနိုင်သည့်သူသုံးမျိုးရှိကြောင်း သူ့ကိုပြောပြလေသည်။ ထိုမသေနိုင်သည့်သူသုံးမျိုးမှာ နတ်ဘုရား ၊ ဗောဓိသဿကျ နှင့် သူတော်စင် ဟူ၍ဖြစ်လေသည်။ သူတို့က ဘဝသံသရာစက်ဝန်းမှ ကင်းလွတ်ကြသောသူများဖြစ်လေသည်။ သို့သော် ထိုမသေနိုင်သည့်သူသုံးမျိုးကို တွေ့ရန်ခက်ခဲလွန်းလှလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုလူသုံးမျိုးမှာ လူ့လောကနှင့်ဝေးကွာရာ တောတောင်ရေမြေများတွင်သာ နေထိုင်ကြသောကြောင့်ဖြစ်လေသည်။

ထိုလူငယ်လေးမှာ ထိုလူသုံးမျိုးကဲ့သို့ မသေနိုင်သည့်လူသားမျိုး ဖြစ်ချင်သည့်ဆန္ဒပြင်းပြလျှက်ရှိလေသည်။ ထို့ကြောင့်ပင် မသေနိုင်သောသူ သုံးမျိုးကိုရှာဖွေရန် သူမွေးဖွားရာ ဇာတိရွာငယ်လေးမှ ထွက်ခွာ လာခဲ့လေတော့သည်။

မြင်ကွင်းများမှာ လျှပ်စီးလက်သကဲ့သို့ ဆန်းလျန်ရှေ့မှ

ပျောက်ကွယ်သွားပြန်လေသည်။

ထို့နောက် ဆန်းလျန်၏မြင်ကွင်းရှေ့တွင် ချင်းရှမ်တောင်ကို

မြင်ရလေသည်။ ချင်းရှမ်တောင်မှာ ဆန်းလျန်သိသည့် ချင်းရှ

မ်တောင်ကဲ့သို့ မည်သည့်အရာမျှ ပြောင်းလဲခြင်းမရှိပေ။

ဦးခေါင်းထက်တွင် ကြယ်စင်သရဖူကိုဆောင်းထားသည့် တာ

အိုဆရာသခင်တစ်ပါးသည် လေကတွင် မည်သည့်အရာကိုမှ

အလေးမထားသည့်ဟန်ဖြင့် လမ်းလျှောက်နေလေသည်။

သူက လေထဲသို့ လက်ညိုးနှင့်လက်ခလယ်ကို အသုံးပြုကာ

တစ်ချက်ညွှန်ပြလိုက်လေသည်။ ထိုအခါ ထိုက်ယီတောင်ထိပ်

တွင် အစိမ်းရောင်အလင်းတန်းများ လင်းလက်သွားပြီး

နန်းတော်ကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။ ထိုနန်းတော်ကြီးမှာ

ဆရာသခင်ကျန်းရော့ရီး ယခုနှစ်များတွင်နေထိုင်ခဲ့သည့် ချင်း

ရှမ်ခန်းမဆောင်ပင် ဖြစ်လေသည်။

ထိုတာအိုဆရာသခင်မှာ ဆရာဘိုးဘိုး ယွမ်ချင်းဖြစ်ကြောင်း ဆန်းလျန် သိလိုက်လေသည်။ သွေးပင်လယ်ထဲမှနှစ်မြုပ်နေသည့်ဓားနှင့် ဆရာဘိုးဘိုးယွမ်ချင်းမှာ မည်သို့ပတ်သက်နေပါသနည်း။

ထိုအချိန်မှာပင် "ယွမ်" ဆိုသည့်စာလုံးက စာရွက်ထဲမှ ခုန်ထွက်လာပြီး ဆန်းလျန်၏ဘယ်ဘက်လက်ဖြန်ဆီသို့ ကျရောက်လာကာ ရေးထွင်းပြီးသားဖြစ်သွားလေသည်။ သွေးရောင်လွှမ်းနေသော "ယွမ်" ဆိုသည့်စာလုံးမှာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားပြီး အစိပ္ပါယ်ဖော်ဆောင်ရန်ခက်ခဲသည့် ဓားဝိညာဉ်တစ်ခုအဖြစ် ပြောင်းလဲသွားလေတော့သည်။

ထိုဓားဝိညာဉ်မှာ အသက်ဓာတ်စွမ်းအားများဖြင့် ပြည့်နေပြီး လောကရှိမည်သည့်အရာကိုမဆို ဖျက်စီးနိုင်သည့် စွမ်းအားများရှိနေလေသည်။ ရုတ်တရက်ပင် ဆန်းလျန်ဘေးနားတွင် အမျက်ဒေါသကြီးထွားနေသည့် ဝိညာဉ်စွမ်းအားတစ်ခု ထွက်

ပေါ်လာလေသည်။ ထိုဝိညာဉ်စွမ်းအားကို ဓားဝိညာဉ်က သုတ်သင်ရှင်းလင်းပစ်လိုက်လေသည်။ ထိုအမျက်ဒေါသကြီး ထွားနေသည့်ဝိညာဉ်စွမ်းအားမှာ ရှောင်းစစ်ယိ၏ ဝိညာဉ် စွမ်းအားဖြစ်လေသည်။ ဆန်းလျန်နောက်ဆုံးတော့နားလည် သွားရပြီ။ သွေးနီရောင်ဝတ်လူက သူ၏ခန္ဓာကိုယ်ထဲမှ စွမ်းအားများကိုခိုးယူသွားနိုင်အောင် လမ်းကြောင်းဖွင့်ပေးသူ မှာ ရှောင်းစစ်ယိ၏ အမျက်ဒေါသပြင်းထန်နေသည့် ဝိညာဉ် စွမ်းအားပင်ဖြစ်လေသည်။

လူတစ်ယောက်ကိုသတ်ဖြတ်မိသည်ဆိုလျှင် ဝဋ်လည်တတ် သည့်သဘောရှိလေသည်။ လူသတ်သမားတစ်ယောက်သည် သူသတ်ခဲ့သည့်အကြောင်းအရာကိုပြန်လည်စဉ်းစားမိပြီး စိတ် ဝိညာဉ်မလွတ်ကင်းနိုင်ဖြစ်ကာ စွဲလန်းမှုဒေါသများဖြစ်ပေါ်လာ တတ်လေသည်။ မိမိသတ်ခဲ့သူများ၏ ဝိညာဉ်စွမ်းအားများကို ပြန်လည်အသုံးချပြီး မိစ္ဆာလမ်းစဉ်ကိုလျှောက်ကာ တန်ခိုး

စွမ်းအားများရလာနိုင်သည့်တိုင် နောက်ဆုံးအချိန်တွင် ကိုယ်ပြုခဲ့သည့်မကောင်းမှုကအကျိုးပေးကာ ကျင့်စဉ်လမ်းကို ပျက်စီးရသည်ပင်ဖြစ်လေသည်။

အချို့သောတာအိုဆရာများမှာလည်း သတ်ဖြတ်ခြင်းများကို ပြုလုပ်ကြသည့်တိုင် အကုသိုလ်တရားနည်းပါးစွာသတ်ခဲ့ကြခြင်းဖြစ်သည့်အတွက် အပြစ်တရားက လွင့်ပြယ်သွားတတ်လေသည်။ ကုသိုလ်တရားကြီးမားပြီး ထူးခြားသည့်ကျင့်ကြံသူများကျင့်ကြံထားသူ ၊ သို့မဟုတ် အများကောင်းကျိုးအတွက် သတ်ဖြတ်ခဲ့ကြသူများမှာတော့ ကျင့်စဉ်လမ်းတွင် အနှောင့်အယှက်ဖြစ်မည်မဟုတ်ပေ။

ထို့ကြောင့်ပင် ချန်ကျန့်မေမှာလည်း နတ်မိစ္ဆာနှင့် မကောင်းဆိုးဝါးများစွာကို သတ်ဖြတ်ခဲ့သည့်တိုင် သူ့အပေါ်တွင် အကျိုးတရားသက်ရောက်မှုမရှိခဲ့ခြင်းဖြစ်လေသည်။ သူကျင့်ကြံခဲ့သည့် သဏ္ဍာန်မဲ့ဓားဝိညာဉ်က သူ့ကို အပြစ်တရားမှ

တားဆီးထားခြင်းဖြစ်သလို သူကိုယ်တိုင်ကလည်း အများ အကျိုးအတွက် နတ်မိစ္ဆာများကို နှိမ်နင်းပေးခဲ့ခြင်းဖြစ်လေ သည်။

ရှောင်းစစ်ယိ၏အမျက်ဒေါသပြင်းထန်နေသည့်ဝိညာဏ် စွမ်းအား ပျောက်ဆုံးသွားသည်နှင့် ဆန်းလျန်ရင်ထဲတွင် ချက်ချင်းပင် ပေါ့ပါးသွားသလို ခံစားလိုက်ရလေသည်။ ထို့ပြင် သွေးနီရောင်ဝတ်လူငယ်က သူ၏စွမ်းအားများကိုခိုး ယူသွားသည့် လျှို့ဝှက်ချက်ကိုလည်း ဆန်းလျန် သိရှိသွားရ လေသည်။ အမျက်ဒေါသပြင်းထန်နေသည့် ရှောင်းစစ် ယိ၏ဝိညာဉ်စွမ်းအားကိုအသုံးပြုပြီးထိုသူက ဆန်းလျန်၏ခန္ဓာ အတွင်းသို့ ဝင်ရောက်ခွင့်ရသွားကာ တန်ခိုးစွမ်းအားများကို ခိုး ယူသွားနိုင်ခြင်းဖြစ်လေသည်။

သွေးနီရောင်ဝတ်လူငယ်မှာ ရှောင်းစစ်ယိ၏ခန္ဓာကိုယ်ပေါ်တွင် မန္တန်တန်ခိုးစွမ်းအားတစ်ခုကို အသုံးပြုထားပြီး ဆန်းလျန်က

ရှောင်းစစ်ယိကိုသတ်လိုက်သည့်အခါ ထိုမန္တန်တန်ခိုးစွမ်းအား က ရှောင်းစစ်ယိ၏အမျက်ဒေါသထွက်နေသည့် ဝိညာဉ် စွမ်းအားကို ထိန်းချုပ်ပြီး ဆန်းလျန်၏ခန္ဓာအတွင်းသို့ လျှို့ဝှက်ဝင်ရောက်ခဲ့ခြင်းဖြစ်လေသည်။

အဖြစ်အပျက်အားလုံးက သူ့အကြောင်းနှင့်သူရှိမည်ဖြစ်လေ သည်။ သို့သော် ထိုသွေးနီရောင်ဝတ်လူငယ်က အဘယ်ကြောင့် ထိုသို့လုပ်ရသည်ကို ဆန်းလျန် နားမလည်နိုင်သေးပါ။ ထို့ပြင် ရှောင်းစစ်ယိ၏ သွေးစားမှာလည်း ဆရာဘိုးဘိုးယွမ်ချင်းနှင့် တစ်ခုခုဆက်စပ်နေနိုင်လေသည်။

ဆန်းလျန်မှာ အကြောင်းအရာများကို ဆက်စပ်၍မရတော့ဘဲ စိတ်များရှုတ်ထွေးလာမိလေသည်။

ဆရာဘိုးဘိုးယွမ်ချင်း၏ တရားအဓိပ္ပါယ်မှာ သွေးစားနှင့် ဆက်စပ်ပြီးမှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်လေသည်။ ထို့နောက်

ထိုတရားအဓိပ္ပါယ်က ဓားဝိညာဉ်တစ်ခုအဖြစ်ပြောင်းလဲသွားခဲ့ပြီး ဆန်းလျန်ကို ကယ်တင်ခဲ့ပြန်လေသည်။

ချန်ကျန့်မေက ဆရာဘိုးဘိုးယွမ်ချင်း၏ တရားအဓိပ္ပါယ်ကို ဆန်းလျန်အတွက် သို့မဟုတ် ချင်းရွှမ်မှရောက်လာမည့် တပည့်တစ်ယောက်ယောက်အတွက် ချန်ထားခဲ့သည်မှာ သေချာလေသည်။ ယနေ့ဖြစ်ပျက်လာမည့် အရာအားလုံးကို ချန်ကျန့်မေ အတိအကျပင် ခန့်မှန်းနိုင်ခဲ့သည်လား ၊ သို့မဟုတ် ဒီအတိုင်းပင် သဘောတရားတစ်ခုကို ချန်ထားရစ်ခဲ့သည်လား ဆိုသည်ကိုတော့ ဆန်းလျန်မသိနိုင်ပါ။

ဝတ်ကျောင်းတော်တံခါးက ဖြည်းဖြည်းချင်းပွင့်သွားလေသည်။ ချမ်းမော့က သူ၏အတောင်ပံကိုဖြန့်ကားကာ လေစီးကြောင်းတစ်ခုဖန်တီးပြီး တံခါးကိုဖွင့်လိုက်ခြင်းဖြစ်လေသည်။

အပြင်ဘက်တွင်နှင်းများက ထူထပ်စွာကျနေဆဲ....

တောင်တစ်ခွင်မှာလည်း တိတ်ဆိတ်ငြိမ်သက်နေဆဲ...

ငှက်ငယ်လေးရှောင်ရှင်သည် အစာရှာထွက်ရန်အတွက် ဝတ်ကျောင်းတော်တံခါးဆီမှ အပြင်သို့ ပျံသန်းထွက်ခွာသွားလေသည်။ စောစောထသည့်ငှက်လေးများက အစာများများစားရသည်ဟု အဆိုရှိသည်မဟုတ်ပါလား။ သို့သော် ရှောင်ရှင်ကတော့ ချမ်းမော့အတွက် အစာများများရှာပေးရန် ထွက်ခွာသွားခြင်းဖြစ်လေသည်။

မနေ့ညက အဖြစ်အပျက်များကြောင့် ချမ်းမော့မှာ အလွန်ပင်ပန်းသွားပုံရလေသည်။ ယနေ့နံနက်တွင် ချမ်းမော့မှာ နေမကောင်းဖြစ်နေပုံရလေသည်။ သူက တံခါးနားတွင် ဝိညာဉ်စွမ်းအားလျော့နည်းစွာဖြင့် ငြိမ်သက်နေလေသည်။

ဆန်းလျန်မှာလည်း အားပြန်ပြည့်လာခြင်းမရှိသေးပါ။ သို့သော် သူက လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်ပြီး ချမ်းမော့ထံသို့ ထိုက်ရှီးတန်ခိုးစွမ်းအားများကို ပို့လွှတ်ပေးလိုက်လေသည်။ ချမ်း

မော့က စိတ်လှုပ်ရှားစွာဖြင့် သူ၏ထိုက်ရှီးစွမ်းအားများကို ချက်ချင်းပင်စုပ်ယူလိုက်လေသည်။ သူမကို ကြည့်ရသည်မှာ ပြန်လည်လန်းဆန်းလာပြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်လာလေ တော့သည်။

အခန်း(၁၅၇)

ရွှေခန္ဓာကျင့်စဉ်

ချမ်းမော့၏အမွေးလေးများမှာ တောက်ပလာလေသည်။ သူ့ကို ကြည့်ရသည်မှာ ပျော်ရွှင်နေပုံရလေသည်။ ထို့နောက် အစိမ်း ရောင်ငှက်ငယ်လေးသည် အတောင်များကိုဖြန့်ကာ နှင်းတော ထဲသို့ ပျံသန်းသွားလေတော့သည်။ သူက နှင်းတောထဲတွင်

အတောင်များကို တဖျတ်ဖျတ်ခတ်ရင်း ပျော်ရွှင်စွာဆော့ကစား

နေလေသည်။

ဆန်းလျန်မှာ ချမ်းမော့ကို မနာလိုဖြစ်နေမိသည်။ သူက ဆန်း

လျန်၏အရိပ်တွင် လွတ်လွတ်လပ်လပ်ဖြင့် ပျော်ရွှင်စွာနေခွင့်ရ

နေသည်မဟုတ်လား။

ဆန်းလျန်မှာလည်း တစ်လောကလုံးတွင် မည်သူ့ကိုမျှ ဂရုမ

စိုက်ဘဲ လွတ်လပ်ပေါ့ပါးစွာနေခဲ့သည့် လူတစ်ယောက်ပင်ဖြစ်

လေသည်။

သို့သော် …

ယခုတော့ သူ့ဘဝမှာထိုသို့မဟုတ်တော့ပေ။ သူရင်ဆိုင်ရမည့်

အန္တရယ်များလည်း ရှိလာပြီဖြစ်သလို တူမလေးဖြစ်သူ ရှော့ရှီ

ကိုလည်း ရှာရဦးမည်ဖြစ်လေသည်။ ထို့ကြောင့်ပင် သူလည်း

ဟိုင်သန်းအဆင့်သို့အမြန်တက်ရောက်ချင်လှပြီ။

သွေးနီရောင်ဝတ်စုံနှင့်လူငယ်မှာ အနေးနှင့်အမြန် သူ့ဆီသို့ ပြန်လာဦးမည်ဖြစ်လေသည်။ သူ၏အကြည့်က ဆန်းလျန်ကို ကစားစရာအရုပ်တစ်ရုပ်လို သဘောထားနေသည်မှာ သေချာလေသည်။ဆန်းလျန်အဆင့်မည်မျှမြင့်မြင့်ထိ ကျင့်ကြံနိုင်မည်လဲဆိုသည်ကို ထိုသူက စိတ်ဝင်တစားစောင့်ကြည့်ပြီး ကြောင်ကကြွက်ကို ကစားသလို ကစားနေမည်ဖြစ်လေသည်။

တောင်တစ်ခုလုံးမှာ နှင်းများဖုံးလွှမ်းနေပြီး မည်သူမျှ သေစေခြင်းကျောင်းတော်သို့ရောက်မလာတော့ပါ။

သို့သော် လူတစ်ယောက်ကတော့ ရောက်လာခဲ့ပြန်လေပြီ။

တောင်ပေါ်သို့တက်သည့်လမ်းမှာ သွားရလာရလွယ်ကူသည့်လမ်းတစ်ခုတော့မဟုတ်ပါ။ သို့သော် ထိုသူကတော့ လာနေခဲ့လေသည်။

ဆန်လျန်က ထိုသူကို တစ်ချက်ကြည့်လိုက်သည်။ ထိုသူမှ နှင်းတောထဲတွင် ဖိနပ်မပါဘဲ လမ်းလျှောက်လာခြင်းဖြစ်လေ

သည်။ သူကသက်န်းပါးပါးလေးကိုသာဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးတစ်ပါးဖြစ်လေသည်။ ထိုဘုန်းတော်ကြီးမှာ ချိုးခြံသည့်အကျင့်ကို ကျင့်ကြံနေသည့် ဘုန်းတော်ကြီးတစ်ပါး ဖြစ်ပုံရလေသည်။

ဤလောကတွင် ချိုးခြံသည့်အကျင့်ကို တန်ခိုးစွမ်းအားရသည် အထိ ကျင့်ကြံနေသည့်ကျင့်ကြံသူများစွာရှိလေသည်။ ထိုသို့ ကျင့်ကြံသူများသည် ရွှေခန္ဓာရရှိသည်အထိ ကျင့်ကြံနိုင်လေ သည်။

ရွှေခန္ဓာကျင့်စဉ်ကို ကျင့်ကြံကြသည့် ဆရာတော်များမှာ တန်ခိုးစွမ်းအားကြီးမားသူများဖြစ်ကြသည်။

သို့သော် ယခု ဆန်းလျန်ရှေ့သို့ရောက်လာသည့် ချိုးခြံသည့် အကျင့်ကို ကျင့်ကြံနေသည့် ဆရာတော်မှာတော့ တန်ခိုး စွမ်းအားရှိပုံမပေါ်ပါ။

အဘယ်ကြောင့်ဆိုသော် တိမ်စီး၍မလာဘဲ ဖိနပ်မပါသော ခြေထောက်ဖြင့်သာ လမ်းလျှောက်လာသောကြောင့်ဖြစ်လေသည်။ သို့သော် သူ၏ ကိုယ်ခန္ဓာကြွဲခိုင်မှုကတော့ ထင်ရှားပေါ်လွင်နေလေသည်။

ထိုဘုန်းတော်ကြီးက ဆန်းလျန်ကိုတွေ့သည်နှင့် ချက်ချင်းပင် မေးလိုက်သည်။

"မင်းက ဆန်းလျန်လား"

အဘယ်ကြောင့်ထိုသို့မေးလဲ ဆန်းလျန် မသိပါ။

ဆန်းလျန်ဆိုသည်မှာ ဆယ်ကျော်သက်လူငယ်လေးတစ်ယောက်နှင့်တူနေသည့်အတွက် သံသယဝင်ပြီးမေးခြင်း ဖြစ်နိုင်လေသည်။

"ဟုတ်ပါတယ်ဗျာ ၊ ဆရာတော်ကရော ဘယ်သူများလဲ ၊ ဘာ့ကြောင့် ကျုပ်ကိုလာရှာရတာပါလဲ"

ဆန်းလျန်ကလည်း ပြန်မေးလိုက်သည်။

ဘုန်းတော်ကြီးမှာ ငယ်ရွယ်ပြီး ကြံ့ခိုင်သန်စွမ်းပုံရလေသည်။ ချမ်းမော့မှာ နှင်းများကြားတွင် ဆော့ကစားပြီး ကောင်းကင်ထက်သို့ပျံသန်းကာ နှင်းများကို ခါချလိုက်သည့်အတွက် ဘုန်းတော်ကြီး၏ မျက်ခုံးထက်တွင် နှင်းများ ပေကျံကုန်လေသည်။ ဘုန်းတော်ကြီး၏ ခန္ဓာကိုယ်ထဲမှ စီးထွက်နေသည့် စွမ်းအားအချို့ကို ဆန်းလျန်ခံစားနေရသည်။ ထိုစွမ်းအားများမှာ တန်ခိုးစွမ်းအားမဟုတ်သလို မိုးမြေစွမ်းအားလည်းမဟုတ်ပေ။ သို့သော် ပြင်းထန်လွန်းလေသည်။

"ကျုပ်နာမည်က ဟုန်ကျန်းပါ ၊ ပေ့ွခဲ့ဆရာတော်က မင်းကို အမှာစကားပါးလိုက်လို့ပါ"

ဆရာတော်က ဆန်းလျန်၏အမေးကို ယဉ်ကျေးစွာပင် ပြန်ဖြေလိုက်သည်။

ဆန်းလျန်က ဟုန်ကျန်းဆရာတော်ကို တစ်ချက်အကဲခတ်လိုက်သည်။ သက်တော်ငယ်ရွယ်ပုံရသေးသည့် ဆရာတော်လေးမှာ

နက်မှောင်သည့်မျက်ခုံးများကိုပိုင်ဆိုင်ထားပြီး ရိုးသားပုံရလေသည်။ သက်နှင်းပါးပါးလေးသာဝတ်ဆင်ထားပြီး ဖိနပ်လည်းမပါသည့်တိုင် ဘုန်းတော်ကြီးက အအေးဒဏ်ကို ဂရုစိုက်သည့်ပုံမပေါ်ပါ။ သူ့ကိုကြည့်ရသည်မှာ ကြမ်းတမ်းသည့်ရာသီဥတုတွင် နေသားကျနေသည့်ပုံရလေသည်။

"ဆရာတော်က ဟွေခဲ့ဆရာတော်ရဲ့တပည့်လား"

ဆန်းလျန်က မေးလိုက်သည်။

"မဟုတ်ပါဘူး ၊ ကျုပ်က ကျင်းကွမ်းဝတ်ကျောင်းတော်က ဆရာတော်ပါ ၊ ဟွေခဲ့ဆရာတော်က ကျုပ်တို့ကျောင်းတော်ကို လာလည်ရင်း ကျောင်းထိုင်ဆရာတော်ကြီးနဲ့စကားပြောပါတယ် ၊ အဲဒီနောက်တော့ ဟွေခဲ့ဆရာတော်က ကျင်းကွမ်းဝတ်ကျောင်းတော်ကနေမပြန်ခင် ကျုပ်ကိုခေါ်သွားချင်တယ်လို့ ပြောတာနဲ့ ကျောင်းထိုင်ဆရာတော့ကလည်းသဘောတူတာနဲ့ ကျုပ်က ဟွေခဲ့ဆရာတော်နောက်ကို လိုက်လာတာပါ"

ဟုန်ကျန်းဆရာတော်က ခေါင်းတစ်ချက်ညိတ်ရင်း ပြောပြလိုက်လေသည်။

ဆန်းလျန်က ဟွေခဲ့ဆရာတော်က သူ့ကိုမျက်စိကျနေသည်ကို သတိထားမိလေသည်။ အမှန်တော့ ဟွေခဲ့ဆရာတော်က ဆန်းလျန်ကို အထင်ကြီးလေးစားနေခြင်းဖြစ်လေသည်။ ထို့ကြောင့် သိပ်ပြီးမထူးဆန်းပါ။ သို့သော် ကျင်းကွမ်းဝတ်ကျောင်းတော်ဆိုသည့်အမည်ကို ကြားလိုက်ရသည့်အခါတွင်တော့ ဆန်းလျန်စိတ်ဝင်စားသွားမိလေသည်။

ကျင်းကန်းဝတ်ကျောင်းတော်ဆိုသည်မှာ တာ့ရှယ်စန်းတောင်တွင်တည်ရှိသည့် ဝတ်ကျောင်းတော်ကြီး ဖြစ်လေသည်။ ရှည်လျားသည့်သမိုင်းကြောင်းဒဏ္ဍာရီများလည်းရှိခဲ့ပြီး ထိုကျောင်းတော်မှ ဆရာတော်များမှာ ချိုးခြံသည့်အကျင့်ကို ကျင့်ကြံကြသည့် ဆရာတော်များဖြစ်ကြလေသည်။ ထိုကျောင်းတော်မှ ဆရာတော်များမှာ "ရွှေခန္ဓာကျင့်စဉ်" ကို

ကျင့်ကြံကြသည့်ဆရာတော်များဖြစ်သည်ဟူ၍လည်း ပြောစမှတ်ရှိကြသည်။ ရွှေခန္ဓာကျင့်စဉ် အမြင့်ဆုံးအဆင့် ကျင့်ကြံမှုအောင်မြင်ပါက သူတို့၏ခန္ဓာကိုယ်ကို မည်သည့် အရာကမှ ဖျက်ဆီး၍မရတော့သလို မည်သည့်တိုက်ခိုက်မှုမျိုး မှလည်း အရာထင်တော့မည်မဟုတ်ပေ။ သူတို့၏ခန္ဓာကိုယ် သည် မူလအရှိတရားအတိုင်း လောကတွင်တည်ရှိနေမည်ဖြစ် လေသည်။ ထိုအဆင့်ကို "ရွှေခန္ဓာ" ရရှိသည့်အဆင့်ဟု ခေါ်ဆို ကြလေသည်။

သို့သော် နှစ်တစ်ထောင်ကြာအောင် ကျင့်ကြံသည့်တိုင်အောင် မည်သူမှ ရွှေခန္ဓာရရှိအောင် ကျင့်ကြံနိုင်ခြင်းမရှိကြပေ။ ထို့ကြောင့် ကျင်းကွမ်းဝတ်ကျောင်းတော်မှာ တဖြည်းဖြည်း အမည်ဂုဏ်သတင်း မှေးမှိန်လာခဲ့ရသည်။ ထိုအချက်မှာ စိတ်မ ကောင်းစရာပင်ဖြစ်သည်။ နိမိတ်လက္ခဏာများ ရှိခဲ့ သော်လည်း ပထမဆုံး ရွှေခန္ဓာရအောင် ကျင့်ကြံအောင်မြင်ခဲ့

သည့်ဆရာတော် ထွက်ခွာသွားပြီးသည့်နောက်ပိုင်း ကျင်းကွမ်းဝတ်ကျောင်းတော်အတွက် အာမခံချက်လျော့နည်းခဲ့ရသည်။ ကျင်းကန်းဝတ်ကျောင်းတော်၏အဖြစ်မှာ ချင်းရွှမ်နတ်တံခါး၏အဖြစ်နှင့်ဆင်တူလေသည်။ ချင်းရွှမ်နတ်တံခါးမှာလည်း လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းအတွင်းတွင် နှစ်တစ်ရာလျှင် နတ်ဘုရားတစ်ပါးထွက်ပေါ်လာနိုင်ခဲ့သော်လည်း ယခုတော့ တဖြည်းဖြည်းအားနည်းလာခဲ့ပြီဖြစ်လေသည်။ သို့သော် နတ်တံခါးကို ကျားကန်ပြီးထောက်ပံ့ပေးထားသည့် ဆရာသခင်အချို့ရှိသောကြောင့်သာ ရပ်တည်နေနိုင်သေးခြင်းဖြစ်လေသည်။

သို့သော် ဤသို့ရပ်တည်နေနိုင်နေသည့် အဓိကအကြောင်းရင်းတစ်ခုမှာ စစ်မှန်သည့်တာအိုကျင့်စဉ်ဝါဒကြောင့်ဖြစ်သည်ကို အခြားသောကျောင်းတော်များ သိရှိခြင်းမရှိနိုင်ပေ။

ဟုန်ကျန်းဆရာတော်မှာ ကျင်းကန်းဝတ်ကျောင်းတော်မှဖြစ်သော်လည်း မင်ဝမ်ဝတ်ကျောင်းတော်မှ ဟော့ခွဲဆရာတော်ကသူ့ကို သတိပြုမိခဲ့လေသည်။ ထို့ကြောင့် သူ့တွင် ကိုယ်ပိုင်စွမ်းအားတစ်ခုရှိလေသည်။ ဟုန်ကျန်းဆရာတော်မှာ ရိုးသားပြီး မျက်ဝန်းများကအလွန်ကြည်လင်ကြောင်း ဆန်းလျန်သတိထားမိသည်။ သို့သော် သူ၏ကိုယ်တွင်းမှ စွမ်းအားများကတော့ ဆန်းလျန်အတွက် ထူးဆန်းနေလေသည်။

"ဒါဖြင့်လဲ ဘာသတင်းများယူဆောင်လာတာလဲ ၊ သိပါရစေဆရာတော်"

ဆန်းလျန်က ပြုံးရင်းဖြင့်ပင် မေးလိုက်သည်။

"တစ်လပိုင်း ၊ ဆယ့်ငါးရက်နေ့မှာ ဟော့ခွဲဆရာတော်နဲ့ ပေါင်ယွဲ့ဆရာတော်တို့ ကျင်းကွမ်းဝတ်ကျောင်းတော်မှာစကားရည်လုပွဲလုပ်ဖို့ ရှိပါတယ် ၊ သူက တန်ခိုးစွမ်းအားကြီးမားတဲ့သူတွေကို အဲဒီပွဲကိုတက်စေချင်တယ်၊ အဲဒါ မင်းကို

လည်း အကြောင်းကြားခိုင်းလိုက်လို့ပါ ၊ မင်းကိုဖိတ်ကြားပြီး ရင်ပေါင်လင်တိုင်းပြည်က ပိုင်ရှီဆရာသခင်ကိုလည်း ကျုပ် သွားပြီး ဖိတ်ကြားပေးရဦးမယ်"

ဟုန်ကျန်းဆရာတော်က ပြန်ဖြေလိုက်လေသည်။

ဗုဒ္ဓဘာသာတွင် ဂိုဏ်းကွဲများစွာရှိသည်ကို ဆန်းလျန်သိထား ပါသည်။ ထိုဂိုဏ်းကွဲများအားလုံးတွင် မတူညီသည့်ကျင့်စဉ် လမ်းများရှိကြသည်။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် တန်ခိုးစွမ်းအားကို စစ်ဆေးရန်အတွက် စကားရည်လုပွဲပြုလုပ် ကြရခြင်းဖြစ်လေသည်။ အမှန်တော့ တရားဖလှယ်ပွဲကျင်းပ ခြင်းပင်ဖြစ်လေသည်။ တစ်ယောက်တည်းတရားဟော နေသည်ထက် နှစ်ယောက်ဆွေးနွေးသည်မှာ ပိုပြီး စိတ်ဝင်စား ဖွယ်ကောင်းလေသည်။

သို့သော် တရားစကားဖလှယ်ကြသည်မှာ သာမန်မျှသာဖြစ် သည့်အတွက် ကျင့်စဉ်လမ်းအတွက် မည်သို့မျှ

အထောက်အကူမပြုပေ။ တရားစကားပြောဆိုဆွေးနွေးခြင်းသာဖြစ်သည့်အတွက် ကျင့်စဉ်လမ်းသို့လိုက်လျှောက်ခြင်းမရှိသည့် သာမန်ဘုန်းတော်ကြီးတစ်ပါးပင်လျှင် ပြောဆိုနိုင်စွမ်းရှိလေသည်။ တရားစကားများက တန်ဖိုးရှိသည့်တိုင် ကျင့်စဉ်လမ်းတွင် တရားအလင်းရပြီးသူ ဆရာတော်များအတွက်တော့ သာမန်မျှသာဖြစ်လေသည်။

တာအိုကျင့်ကြံသူလောကတွင်တော့ ထိုသို့တရားပြောဆိုဆွေးနွေးခြင်းများ သိပ်မရှိကြပါ။ ကောင်းမွန်သည့်နေရာလေးတစ်ခုတွင် တစ်ယောက်တည်း ကျင့်ကြံလေ့ရှိကြလေသည်။

"တာအိုဆရာတစ်ပါးရှိသည့်နေရာသည် မည်သူမျှမရှိသည့်နေရာဖြစ်ပြီး ထိုနေရာကို မည်သူမျှလည်းမသိနိုင်"

ဟူသည့် ဆိုရိုးစကားပင်ရှိကြလေသည်။

တာအိုကျင့်ကြံသူအများစုက လူ့လောကကို ဒုက္ခများစွာဖြင့်ပြည့်နေသည့် နေရာတစ်ခုဟု ခံယူထားကြပြီး ဝေးဝေး

ရှောင်ရှားကြလေသည်။ ထို့ပြင် လူတစ်ယောက်က လူပေါင်းတစ်ထောင်ကို ကူညီနိုင်သည်ဆိုဦးတော့ နတ်ဘုရားတစ်ပါးသာဖြစ်မလာခဲ့လျှင် လူအများလှောင်ပြောင်ဖွယ်ရာ ဖြစ်မည်ဟု ခံယူထားကြလေသည်။ ထို့ကြောင့် လူ့လောကတွင် တာအိုဝါဒထက် ဗုဒ္ဓဘာသာက ပိုပြီး ကိုးကွယ်ဆည်းကပ်သူ များပြားခြင်းဖြစ်လေသည်။

သို့သော် တာအိုဝါဒတွင်ဖြစ်စေ ၊ ဗုဒ္ဓဘာသာတွင်ဖြစ်စေ အထွတ်ထိပ်ရောက်သည်အထိ ကျင့်ကြံနိုင်သူမှာတော့ လက်တစ်စုပ်စာမျှပင်ရှိလေသည်။ ထို့ပြင် တာအိုလမ်းစဉ်ဖြင့် ကျင့်ကြံအောင်မြင်သူများက ဗုဒ္ဓဘာသာထက်ပိုပြီး များပြားလေသည်။ ရှန်ဆန်းကျန်းရန်လုကျိုးယွမ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးမှာတော့ နမူနာယူဖွယ်ရာဖြစ်လေသည်။ လောကရှိကျင့်ကြံသူများက သူ့ကိုလွန်စွာမှ လေးစားကြသည်။

"သိပါပြီ ၊ ကျုပ်လာခဲ့ပါ့မယ်"

ခဏမျှစဉ်းစားပြီးတော့ ဆန်းလျန်အဖြေပေးလိုက်လေသည်။ ဟုန်ကျန်းဆရာတော်မှာ သူ့အလုပ်ပြီးသွားပြီဖြစ်သည့်အတွက် ဆက်နေစရာအကြောင်းမရှိတော့ပေ။ သူက ဆန်းလျန်ကို ယဉ်ကျေးစွာဖြင့်ပင်နှုတ်ဆက်ပြီး ထွက်ခွာရန် ပြင်လိုက်သည်။

ရုတ်တရက်...

ဆန်းလျန်က ဆရာတော်၏ပခုံးကို လှမ်းကိုင်လိုက်လေသည်။ ထိုအခါ ဆရာတော်၏ကိုယ်ထဲမှ ထူးဆန်းသန့်စင်သည့် စွမ်းအားတစ်ခုက စီးထွက်လာပြီး ဆန်းလျန်ကိုယ်ထဲသို့ စီးဝင်သွားလေသည်။ ဆန်းလျန်၏တာအိုဝတ်ရုံမှာ ထိုစွမ်းအားအရှိန်ကြောင့် လေများဖောင်းပွလာရသည်။ ဟုန်ကျန်းဆရာတော်သည် နောက်သို့ ခြေလှမ်းငါးလှမ်းခန့်ဆုတ်လိုက်ပြီး မြဲမြဲစွာ ရပ်တန့်နေလိုက်လေသည်။ နှင်းများပေါ်တွင် နက်ရှိုင်းသည့် ခြေရာငါးခုကို တွေ့မြင်နိုင်ပြီး ပတ်ဝန်းကျင်ရှိ နှင်းထုနှင့်

မြေပြင်မှာတော့ ကြီးမားသည့်အက်ကွဲကြောင်းကြီးများ ဖြစ်ပေါ်သွားရလေသည်။

"ဆရာတော်က ရွှေခန္ဓာကျင့်စဉ်အဆင့်တော်တော်မြင့်နေပြီပဲ ၊ လေးစားစရာပါပဲ"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

"အမှန်ပါပဲ ၊ ဒါရွှေခန္ဓာကျင့်စဉ်စွမ်းအားပါပဲ ၊ ကျုပ်ကြောင့် မြေကြီးတွေအက်ကွဲကုန်တာ တောင်းပန်ပါတယ် ၊ ကျုပ်ရဲ့ စွမ်းအားကို သေချာမထိန်းချုပ်လိုက်နိုင်ဘူး"

ဟုန်ကျန်းဆရာတော်က တောင်းပန်လိုက်လေသည်။

ဆန်းလျန်က လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်ပြီး အဝါရောင် အလင်းတန်းတစ်ခုထွက်ပေါ်လာကာ မြေကြီးအက်ကွဲကြောင်း များမှာ ချက်ချင်းပြန်ပြီး အကောင်းတိုင်းပြန်ဖြစ်သွားလေ သည်။

"အံ့သြစရာတာအိုကျင့်စဉ်ပါပဲလား ၊ ဒါပေမယ့် ကျုပ်က အလုပ်ရှိသေးတော့သွားရတော့မယ် ၊ တခြားပြောစရာကိစ္စများ ရှိပါသေးလား"

ဟုန်ကျန်းဆရာတော်က မေးလိုက်သည်။

"သွားနိုင်ပါပြီ ဆရာတော် ၊ ကျုပ်က ဆရာတော်ကို စမ်းသပ်ကြည့်မိတာပါ ၊ စိတ်အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ဟုန်ကျန်းဆရာတော်ထွက်ခွာသွားသည်ကိုကြည့်ရင်း ဆန်းလျန် ခေါင်းတစ်ချက်ခါယမ်းလိုက်မိသည်။သူက မလိုအပ်ဘဲ သံသယများခဲ့ခြင်းသာဖြစ်နိုင်လေသည်။ ဟုန်ကျန်းဆရာတော်ထံမှ ထွက်ပေါ်နေသည့်စွမ်းအားသည် ရွှေခန္ဓာကျင့်စဉ်စွမ်းအား ဟုတ် ၊ မဟုတ် သေချာအောင် သူက စမ်းသပ်ကြည့်

လိုက်မိခြင်းဖြစ်လေသည်။ ထိုစွမ်းအားများမှာ ကြီးမားလွန်းသော်လည်း မိစ္ဆာစွမ်းအားအရိပ်အငွေ့ကိုပင် မတွေ့ရပေ။ မိစ္ဆာစွမ်းအားအရိပ်အငွေ့ကို ဖုံးကွယ်ထားမည်ဆိုလျှင်လည်း လွယ်ကူသည့်ကိစ္စတော့မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ ဆန်းလျန်တောင်အောက်ဆင်းပြီး စကားရည်လုပွဲသွားသည့်နေ့တွင် အမှန်ကို သိရမည်ပင်ဖြစ်လေသည်။

ဟုန်ကျန်းဆရာတော်မှာ တောင်ပေါ်မှဆင်းသက်လာပြီး တောအုပ်လေးတစ်ခုရှေ့သို့ရောက်ရှိလာလေသည်။ သူက တောအုပ်လေးအတွင်းသို့ဝင်ရောက်သွားခြင်းမရှိပါ။ သူက လက်ဟန်တစ်ခုပြုလုပ်လိုက်သည့်အခါတွင်တော့ သူ၏လက်မှ အစိမ်းရောင်အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး ထို အလင်းတန်းက တောအုပ်အတွင်းသို့ ဝင်ရောက်သွားလေသည်။ တောအုပ်အတွင်းမှာ ခေါင်းလောင်းသံများထွက်ပေါ်လာလေသည်။ မိနစ်သုံးဆယ်ခန့်ကြာသည့်အခါတွင်တော့

ကောင်းကင်ထက်တွင် လှေတစ်စင်းပျံသန်းလာသည်ကို တွေ့ရပြီး ထိုလှေက ဟုန်ကျန်းဆရာတော်ရှေ့ရှိ မြေပြင်ထက်သို့ ဆင်းသက်လာလေသည်။ ဟုန်ကျန်းက ထိုလှေပေါ်သို့တက်လိုက်လေသည်။ ထို့နောက် လှေသည် ချက်ချင်းပင် မိုးပေါ်သို့ ပျံတက်သွားလေတော့သည်။

မနီးမဝေးတစ်နေရာတွင် တိမ်များထူထပ်နေသည့် နေရာတစ်ခုကို တွေ့မြင်နိုင်လေသည်။ ပျံသန်းနေသည့်လှေမှာ ဟုန်ကျန်းဆရာတော်ကို ထိုနေရာသို့ခေါ်ဆောင်သွားလေသည်။ ဟုန်ကျန်းက လှေပေါ်မှဆင်းကာ ထိုတိမ်တိုက်ပေါ်သို့တက်လိုက်သည်။ သူ၏ပုံစံမှာ ပေါ့ပေါ့ပါးပါးပင်ဖြစ်လေသည်။

"မင်းကိုကြည့်ရတာ တားမြစ်ထားတဲ့ ရှောင်ကျူးတိမ်ကျင့်စဉ်ကို အောင်မြင်ထားတဲ့ပုံပဲ ၊ ကျုပ်လို လူသားတစ်ယောက်တောင် အန္တရယ်မရှိဘဲ တိမ်ပေါ်တက်နိုင်တယ်"

ဟုန်ကျန်းက ပြောလိုက်လေသည်။

တိမ်တိုက်များဆီမှ ထူးဆန်းသည့်မြူခိုးများ ထွက်ပေါ်လာလေသည်။ ဟုန်ကျန်းဆရာတော်က တိမ်တိုက်ပေါ်တွင်ရပ်နေပြီး သူ၏ဝတ်ရုံမှာ လေထဲတွင် တလွင့်လွင့်ဖြစ်နေလေသည်။

သူ၏ပုံစံမှာ ခမ်းနားလွန်းလှသည်။

သူ၏ပုံသဏ္ဍာန်ကို တွေ့မြင်ရသူ လူအပေါင်းတို့သည် မကိုးကွယ် မဆည်းကပ်ဘဲ နေနိုင်မည်မဟုတ်ပေ။

ဟုန်ကျန်းဆရာတော်က ထူးဆန်းသည့်မြူခိုးများကို စကားပြောနေခြင်းဖြစ်ပြီး ထိုမြူခိုးများမှာများထဲတွင် သွေးများစီးဆင်းနေသည်ကို သွေးနီရောင်များကို တွေ့မြင်နိုင်လေသည်။

"လောကမှာ တားမြစ်ထားတဲ့ကျင့်စဉ်ကို ကျင့်တော့လည်း ဘာဖြစ်သေးလဲ ၊ ဆရာဒေါ်လေးကျိုလင်ရဲ့ရန်ကနေ ဝရုန်းသုန်းကားနဲ့ပြေးနေစရာမလိုတော့ဘူးပေါ့ ၊ ငါ့ရဲ့ "ပကတိဖန်ဆင်းခြင်းပညာ" နဲ့ ဆန်းလျန်ကို လှည့်စားလိုက်နိုင်တာပဲ

တော်သေးတယ်၊ ပြီးတော့ သူ့ရဲ့ ထိုက်ရှီးတန်ခိုးစွမ်းအားတွေ ကိုတောင် မြင်တွေ့ခဲ့ရသေးတယ်၊ အနည်းဆုံးတော့ ဆရာ ဒေါ်လေးကျိုလင် လိုက်သတ်မှာစိတ်မပူရတော့ဘူးပေါ့"

ထိုစကားသံမှာ မြူခိုးငွေ့များထဲမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး ထို အသံမှာ ဆန်းလျှန်ဆီမှ ထိုက်ရှီးတန်ခိုးစွမ်းအားများကို ခိုး ယူသွားသည့် သွေးနီရောင်ဝတ်စုံနှင့်လူငယ်၏အသံပင်ဖြစ်လေ သည်။ သူ၏အသံမှာ တည်ငြိမ်နေပြီး လွန်စွာမှ စိတ်အေးလက် အေးဖြစ်နေပုံရလေသည်။

ထိုမြူခိုးငွေ့များမှာ မိုင်ထောင်ပေါင်းများစွာဝေးကွာသောနေရာ တစ်ခုမှ လူတစ်ယောက်ထုတ်လွှတ်လိုက်သည့် ဝိညာဉ် စွမ်းအားအစိတ်အပိုင်းတစ်ခုမျှသာဖြစ်သည်ဟု ဟုန်ကျန်း ဆရာတော်သိရှိလေသည်။ ထိုသို့ ဝိညာဉ်စွမ်းအားထုတ်လွှတ် နိုင်ရန်အတွက် စိတ်အာရုံစူးစိုက်မှုကအရေးကြီးလေသည်။

ဟုန်ကျန်းဆရာတော်သည် မြူခိုးငွေ့များထဲမှအသံပိုင်ရှင်ကို တစ်ခါမှ တွေ့မြင်ဖူးခြင်းမရှိပေ။ ထိုသူသည် လမ်းပေါ်တွင် ပန်းချီဆွဲသည့်လူတစ်ယောက်လား ၊ ဘုရင့်နန်းတွင်းစာမေးပွဲ အောင်မြင်ထားသည့်စာပေးသမားတစ်ယောက်လား ၊ တိုင်းပြည်ကြီးတစ်ခုမှ မင်းညီမင်းသားတစ်ယောက်လား ၊ မည်သို့သောလူတစ်ယောက်ဆိုသည်ကိုလည်း ဟုန်ကျန်း ဆရာတော် သိရှိခြင်းမရှိပါ။

ထိုသူက "ပကတိဖန်ဆင်းခြင်းပညာ" ဖြင့် ပုံသဏ္ဍာန်များစွာကို ဖန်ဆင်းနိုင်သူဖြစ်လေသည်။ သူ့တွင်မူလရုပ်ခန္ဓာရှိသည့်တိုင် စိတ်အာရုံစူးစိုက်မှုဖြင့်ဖန်ဆင်းထားသည့် ဖန်ဆင်းမှုပုံသဏ္ဍာန် တစ်ခုချင်းစီမှာ အတုနှင့်အစစ်ခွဲခြား၍မရနိုင်လောက်အောင် လွန်စွာမှ ဆင်တူလေသည်။ ထိုဖန်ဆင်းမှုထဲတွင် ထိုသူ၏မူလ ပုံသဏ္ဍာန် အစစ်အမှန်ကို ရှာဖွေရန်မှာလည်း ခက်ခဲလွန်းလှလေ သည်။

"ကျိုလင်ရဲ့ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်က ခန့်မှန်းရခက်တယ် ၊ ပြီးတော့ သူမက မူလဝိညာဉ်ခန္ဓာကို ပိုင်ဆိုင်ထားတဲ့ထိပ်တန်းနတ်ဘုရားတစ်ပါးပဲ ၊ လုကျိုးယွမ်တောင်မှ သူ့ကိုယှဉ်ပြိုင်နိုင်ပါ့မလား မသေချာဘူး ၊ ဒါကြောင့် မင်းလည်း ကျိုလင်ကိုနိုင်မှာမဟုတ်ဘူး ၊ ကျိုလင်နတ်သမီးသာ တကယ်ရောက်လာခဲ့ရင် မင်းအတွက်လွတ်လမ်းမရှိနိုင်ဘူး"

ဟုန်ကျန်းဆရာတော်က ပြန်ပြောလိုက်လေသည်။

"မင်းကအရင်ဘဝကထက်တောင် စကားပြောတတ်လာသေးတယ် ၊ ဆန်းလျန်က ဆရာဘိုးဘိုးယွမ်ချင်းရဲ့ တရားအစိပ်ပွါးကိုအသုံးပြုပြီး ကျုပ်ရဲ့ ပကတိဖန်ဆင်းခြင်းအတတ်ကို ချိုးဖျက်ပစ်လိုက်တယ် ၊ အဲဒီတော့ ဘာမှလုပ်လို့မရတော့ဘူးလေ ၊ ဒါပေမယ့် သူ့ကို ကျင်းကွမ်းဝတ်ကျောင်းတော်ကို ရောက်လာအောင် မျှားခေါ်ရတော့မှာပဲ ၊ ပြီးရင် ကျင်းကန်း

ဝတ်ကျောင်းတော်က တရားအမွေအနှစ်တွေကို ခိုးယူရမယ် ၊ ဒါမှ မင်းလည်း ရွှေခန္ဓာကျင့်စဉ်ကို ကျင့်ကြံအောင်မြင်နိုင်မှာ" မြူခိုးငွေ့များထဲမှ အသံက ပြောလိုက်လေသည်။

ဟုန်ကျန်းဆရာတော်မှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ ဆရာတော်တစ်ပါး အမှန်ပင်ဖြစ်ပါသည်။ သို့သော် သူက ဆန်းလျန်ကို ကျင်းကွမ်းဝတ်ကျောင်းတော်သို့ လာရောက်ရန် ဖိတ်ကြားခဲ့ခြင်းမှာ ဟွေခဲ့ဆရာတော်ဖိတ်ကြားခိုင်းသောကြောင့် မဟုတ်ပါ။

သွေးနီရောင်မြူခိုးငွေ့များ၏ စေခိုင်းမှုကြောင့်သာ ဖိတ်ကြားခဲ့ခြင်းဖြစ်လေသည်။

အခန်း (၁၅၈) "ကျီးရှင်" ရှေးဟောင်းပစ္စည်းဆိုင်

ဗောဓိသတ္တကျချန်ထားခဲ့သည့် တရားအမွေအနှစ်များမှာ လောကတွင်ရှားပါးသည့် ရတနာများပင်ဖြစ်လေသည်။ ကျင့်ကြံသူများအတွက်ဆိုလျှင်တော့ တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များပင်။ အဘယ်ကြောင့်ဆိုသော် ဗောဓိသတ္တကျဆိုသည်မှာ သံသရာမှလွတ်ကင်းသည်အထိ ကျင့်ကြံအောင်မြင်သွားသူဖြစ်သောကြောင့် ဖြစ်လေသည်။

လောကတွင် ကျင့်စဉ်နည်းလမ်းပေါင်း ထောင်နှင့်ချီ၍ ရှိလေသည်။ သို့သော် မည်သည့်ကျင့်စဉ်လမ်းကိုပဲကျင့်ကြံသည်ဖြစ်စေ အထွတ်ထိပ်ဦးတည်ရာကတော့ အတူတူပင်ဖြစ်လေသည်။ တာအိုကျင့်စဉ်လမ်းဖြစ်စေ ၊ ဗုဒ္ဓကျင့်စဉ်လမ်းဖြစ်စေ ကျင့်စဉ်ခရီးလမ်းမှာ ရှည်လျားပါသည်။ သို့သော် ထိုကျင့်စဉ်များအားလုံးသည် လောကဓမ္မကိုတော့ အရာအားလုံးသိမြင်အောင် လှစ်ဟပြနိုင်စွမ်းအရှိပါချေ။

ရှန်ဆန်းကျန်းရန်လုကျိုးယွမ်ပြောသကဲ့သို့ ...

"ထောင်နှင့်ချီသည့်ကျမ်းစာများက ကျွန်ုပ်ကိုရေးသားသလို

ကျွန်ုပ်ကလည်းထောင်နှင့်ချီသည့် ကျမ်းစာများကိုရေးသား

မည်"

ပင်ဖြစ်လေသည်။

ရှန်းဆန်းကျန်းရန်လုကျိုးယွမ်မှာ မာနကြီးသူတစ်ယောက်မ

ဟုတ်ပေ။ သို့သော် ကျင့်ကြံသူတစ်ယောက်သည် အထွတ်ထိပ်

အဆင့်သို့ရောက်အောင် ကျင့်ကြံနိုင်သည်ဆိုလျှင် တောင်ထိပ်

တစ်ခုသို့ရောက်သွားသည်နှင့် တူလေသည်။ တောင်ပေါ်မှ

ကြည့်လျှင် ကောင်းကင် ၊ မြေကြီး ၊ တောတောင်နှင့် မြစ်

ချောင်းများကို အပေါ်စီးမှ မြင်နိုင်သကဲ့သို့ အတိတ်နှင့်

အနာဂတ်ကို သိမြင်နိုင်ပြီဖြစ်လေသည်။

ဟုန်ကျန်းဆရာတော်ရော မြူခိုးငွေ့များထဲမှ အသံပိုင်ရှင်ပါ

ခေတ္တမျှ တိတ်ဆိတ်သွားကြသည်။

ရုတ်တရက် သွေးနီရောင်မြူခိုးငွေ့များ တစ်ချက်လှုပ်ရှားသွားပြီး ပျောက်ကွယ်လုနီးပါးဖြစ်သွားလေသည်။

"သွားတော့ ၊ သူမရောက်လာပြန်ပြီ"

အသံပိုင်ရှင်က ပြောလိုက်လေသည်။

တိမ်တိုက်အတွင်းမှ လမ်းတစ်ခုပေါ်လာပြီး ဟုန်ကျန်းဆရာတော်က ပျံသန်းနေသည့်လှေဆီသို့ လျှောက်သွားလိုက်လေသည်။ ဟုန်ကျန်းဆရာတော် လှေပေါ်သို့ရောက်သည်နှင့် လှေက ချက်ချင်းပင် ပျံသန်းထွက်ခွာသွားလေတော့သည်။

ခေါင်းလောင်းသံများထွက်ပေါ်လာပြီး သွေးနီရောင်မြူခိုးငွေ့များမှာလည်း တစ်စစီပြိုကွဲကာ ပျောက်ကွယ်သွားလေတော့သည်။ သိပ်မကြာမီမှာပင် ရှောင်ကျူးကျင့်စဉ်တိမ်တိုက်များမှာလည်း မီးခိုးငွေ့များအဖြစ်ပြောင်းလဲကာ ပျောက်ကွယ်သွားပြီး ထိုနေရာတွင် မည်သည့်အရာမျှ မဖြစ်ပျက်သကဲ့သို့ အရာရာက ကြည်လင်သွားလေသည်။

သိပ်မကြာမီပင် ထိုရှောင်ကျူးတိမ်တိုက်ပျောက်ကွယ်သွား

သည့်နေရာတွင် ခရမ်းရောင်ခေါင်းလောင်းလေးများပေါ်လာ

ပြီး ခရမ်းရောင်မြူခိုးများလည်း ထွက်ပေါ်လာလေသည်။

ထိုခရမ်းရောင်ခေါင်းလောင်းလေးများမှာ ပတ်ဝန်းကျင်တွင်

လှည့်လည်နေပြီး ခရမ်းရောင်သက်တန့်တစ်ခု ကောင်းကင်

တွင် ပေါ်ထွက်လာလေသည်။

....

ဆန်းလျန်မှာ တောင်ပေါ်မှဆင်းလာပြီး ဟန့်ဟိုင်ပင်လယ်သေ

ဆီသို့ ထွက်လာခဲ့လေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးက အေး

ခဲနေလေသည်။ ဟန့်ဟိုင်ပင်လယ်မှာလည်း အေးစက်နေသည့်

တိုင် ရေခဲနေခြင်းတော့မရှိပါ။ ဟန့်ဟိုင်ပင်လယ်ရေထဲတွင်

ဆားပါဝင်မှုများသောကြောင့် အေးခဲမှုမရှိခြင်းဖြစ်လေသည်။

ဟန့်ဟိုင်ပင်လယ်သေ၏ရေမှာ အပြာရင့်ရောင်ဖြစ်လေသည်။

ရေပြင်မှာ ငြိမ်သက်နေပြီး ငါးများလည်း ပင်လယ်ထဲတွင်မရှိ

ပါ။ သို့သော်ကောင်းကင်ထက်မှ တိမ်စလေးများ အရိပ်ထင်

ကူးခတ်နေသည်ကိုတော့ တွေ့မြင်နေရလေသည်။

ပင်လယ်ထဲတွင် သွားလာနေသည့် လှေများကိုလည်း တွေ့မြင်

နိုင်လေသည်။

ဟန့်ဟိုင်ပင်လယ်တစ်ဖက်ကမ်းတွင် ယွဲ့ထော်တိုင်းပြည်ရှိလေ

သည်။ ပင်လယ်တစ်ခုတည်းသာ ခြားနားထားသည့်တိုင် ဟန့်

ဟိုင်တိုင်းပြည်နှင့် ယွဲ့ထော်တိုင်းပြည်၏ လူနေမှုအဆင့်အတန်း

မှာ များစွာကွာခြားလေသည်။

ဆန်းလျန် လှိုင်းစီးပြီးပင်လယ်ကိုဖြတ်ကူးကာ ထွက်ခွာသွား

လေသည်။ ဟန့်ဟိုင်ပင်လယ်သည် မည်သည့်အရာကိုမဆို

နစ်မြုပ်စေနိုင်စွမ်းရှိလေသည်။ ဟန့်ဟိုင်ပင်လယ်သေထဲတွင်

လှေများပင်လျှင် ကုန်စည်အများကြီးတင်ဆောင်ကာ မသွားရဲ

ပေ။ အဘယ်ကြောင့်ဆိုသော် နစ်မြုပ်လွယ်သောကြောင့် ဖြစ်

လေသည်။ သို့သော် ဆန်းလျန်ကတော့ ဟန့်ဟိုင်ပင်လယ်ပြင်ထဲတွင် ကိုယ်ကိုဖော့ပြီး လှိုင်းစီးနေလေသည်။

ဆန်းလျန်က မည်သည့်တန်ခိုးစွမ်းအားကိုမှ အသုံးပြုခြင်းမရှိသလို မိုးမြေစွမ်းအားများကိုလည်း အသုံးပြုထားခြင်းမရှိပါ။ သူကလှိုင်းများထဲတွင် ခြေလှမ်းလှမ်းသကဲ့သို့ ခြေဖဝါးများမှ တုန်ခါအားထုတ်လွှတ်ကာ အတွင်းအားကိုအသုံးပြုပြီး သွားနေခြင်းဖြစ်လေသည်။ သူ့အတွက်တော့ ဟန့်ဟိုင်ပင်လယ်ပြင်မှာ မြေပြင်နှင့်မခြားလှပေ။

သူ၏ငှက်ငယ်လေးနှစ်ကောင်ဖြစ်သည့် ချမ်းမော့နှင့်ရှောင်ရွှင်မှာ ကောင်းကင်ထက်တွင်ပျံသန်းပြီး သူ့နောက်သို့ လိုက်လာကြလေသည်။ ယခုတော့ အတောင်ညောင်းသည့်အတွက်ကြောင့် ဆန်းလျန်၏ပခုံးထက်တွင် နားနေကြပြီ။

ပင်လယ်ထဲမှ လှေသမားများမှာ ဆန်းလျန်ရေပေါ်တွင် လမ်းလျှောက်နေသည်ကို ကြည့်ပြီး သူတို့များမျက်စိမှားလေ

သလားဟု ထင်မှတ်မှားနေကြလေသည်။ သို့သော် ချမ်းမော့ကို မြင်ရသည့်အခါတွင်တော့ သူတို့စိတ်ထဲတွင်ထူးဆန်းနေကြလေသည်။ ထိုကဲ့သို့ လှုပသည့်အစိမ်းရောင်ရှိသည့် ငှက်လေးမျိုးကို သူတို့ဘဝတွင် တစ်ခါမှ မြင်တွေ့ခဲ့ဖူးခြင်းမရှိပေ။ အချို့လေ့သမားများမှာ ထိုကဲ့သို့လှုပသည့်ငှက်မျိုးကို မင်းမျိုးမင်းနွယ်များဆီတွင် ရောင်းချနိုင်လျှင် ဈေးကောင်းကောင်းရနိုင်သည်ဟု တွေးနေကြလေသည်။

ရေကူးကောင်းသည့်လူငယ်များမှာ ဆန်းလျန်လုပ်သကဲ့သို့ လုပ်ကြည့်ရန် ရေထဲသို့ဆင်းကြည့်ကြလေသည်။ သို့သော် သူတို့မှာ ပင်လယ်ထဲပြုတ်ကျကာ ရေနစ်ကြရလေသည်။ သူတို့ ပင်လယ်ပေါ်တွင် ခဏတာမျှ ရပ်နိုင်ကြသည့်တိုင် လှိုင်းများ ရိုက်ခတ်လာလျှင် နစ်မြုပ်ကြရသည်ပင်ဖြစ်လေသည်။

သာမန်လူတစ်ယောက်သည် ဆန်းလျန်သွားသကဲ့သို့ ရေပေါ်တွင်သွားလာနိုင်ရန် မည်သို့မျှ တတ်နိုင်မည် မဟုတ်ပါ။

ဆန်းလျှန်၏ပုံစံကတော့ ပေါ့ပေါ့ပါးပါးပင်ဖြစ်လေသည်။

ထို့ပြင်သူက လေ့များ ၊ သဘော်များထက်ပင် လျှင်မြန်နေသေး

သည်။ သူက ပတ်ဝန်းကျင်ကိုလည်း သိပ်ဂရုစိုက်ခြင်းမရှိပါ။

ပင်လယ်လှိုင်းများနှင့် သူ၏ကိုယ်ခန္ဓာကို ဟန်ချက်ညီအောင်

ထိန်းထားပြီး ထိုသို့ပြုလုပ်နိုင်ရန်မှာ လွယ်ကူသည်တော့

မဟုတ်ပေ။

လူတစ်ယောက်၏ခန္ဓာကိုယ်ကို ထိုသို့ ဟန်ချက်ညီအောင်

အချိန်ကြာကြာထိန်းထားနိုင်ရန်မှာ မဖြစ်နိုင်ပေ။ ထို့ပြင် လှိုင်း

များမှာလည်း တက်လိုက်ကျလိုက် အပြောင်းအလဲဖြစ်နေ

သည့်အတွက် ပိုပြီးခက်ခဲလေသည်။ ကျင့်ကြံသူများမှာ သူတို့

ခန္ဓာကိုယ်ကို ဟန်ချက်ညီအောင် ထိန်းနိုင်စွမ်းရှိကြလေသည်။

ထို့ပြင် သူတို့ရုပ်ခန္ဓာကို အိုမင်းခြင်းမှလည်း ထိန်းသိမ်းထားပြီး

အမြဲတမ်းငယ်ရွယ်နုပျိုသောပုံသဏ္ဍာန်ဖြင့် နေမည်ဆိုလျှင် နေ

နိုင်ကြလေသည်။ သို့သော် အထွတ်ထိပ်အဆင့်ဖြစ်သည့် "မူလ

ဝိညာဉ်ခန္ဓာ" ရရှိသည့်အချိန်တွင်တော့ ရုပ်ခန္ဓာမှာ အရေးပါ

ခြင်းမရှိတော့ပေ။

ဆန်းလျန်မှာ အတွင်းအားပြည့်ဝသူတစ်ယောက်ဖြစ်သည့်

အပြင် သူ၏ရုပ်ခန္ဓာမှာလည်း ခံနိုင်ရည်ရှိမှု ပြည့်ဝသူ တစ်

ယောက်ဖြစ်လေသည်။ သို့သော် သူဟိုင်သန်းအဆင့်တက်

ရောက်နိုင်ရန်အတွက် တစ်ခုခုလိုအပ်နေသကဲ့သို့ ခံစားနေရ

လေသည်။ သူ၏ "ယင်" ဝိညာဉ်စွမ်းအားမှာ သူ၏ကိုယ်တွင်းမှ

အတွင်းအားဖြင့် ပေါင်းစပ်နိုင်ခြင်းမရှိသေးပေ။

ဆန်းလျန်က ဟိုင်သန်းအဆင့်ကို အလွန်အောင်မြင်နေချင်ပြီ

ဖြစ်လေသည်။ သို့သော် မည်သို့မည်ပုံ အစပြုရမည်မသိဖြစ်

နေရသည်။

ဆန်းလျန် ပင်လယ်ကိုဖြတ်ကာ ယွဲ့ထော်တိုင်းပြည်သို့ရောက်ရှိ

လာခဲ့လေသည်။

ယွဲ့ထော်တိုင်းပြည်မှာ လူနေထူထပ်လေသည်။ ဟန့်ဟိုင်
တိုင်းပြည်နှင့်ယှဉ်လျှင် ပိုပြီး ကြွယ်ဝချမ်းသာသည့် တိုင်းပြည်
တစ်ခုဖြစ်လေသည်။ ဆန်းလျန်က ယွဲ့ထော်တိုင်းပြည်အတွင်း
သို့ အရှေ့ဘက်တံခါးမှ ဝင်ရောက်လာခဲ့လေသည်။ ကျင်းကွမ်း
ဝတ်ကျောင်းတော်မှာယွဲ့ထော်တိုင်းပြည်၏ တောင်ဘက်တွင်ရှိ
သည့် တာ့ရွှယ်စန်းတောင်ပေါ်တွင်တည်ရှိလေသည်။ ကျင်း
ကန်းဝတ်ကျောင်းတော်ကို ယွဲ့ထော်မြို့တော်မှပင် လှမ်းမြင်နိုင်
လေသည်။ ဝတ်ကျောင်းတော်ကြီးမှာ ခမ်းနားစွာဖြင့်
မားမားမတ်မတ် တည်ရှိနေလေသည်။

ဟွေ့ခဲ့ဆရာတော်နှင့် ပေါင်ယွဲ့ဆရာတော်တို့၏ စကားရည်လုပွဲ
အကြောင်းကို လမ်းမများထက်တွင် လူအများက ပြောဆိုနေ
ကြလေသည်။ ဆန်းလျန်လည်း မသိမသာ သတင်းစုံစမ်းနေ
မိသည်။

ကြည့်ရသည်မှာ ဟုန်ကျန်းဆရာတော်က ဆန်းလျန်ကို လိမ်ပြောသည့်ပုံတော့မပေါ်ပေ။ ဆန်းလျန်မှာလည်း တရားအလင်းရထားပြီးဖြစ်သည့် ဆရာတော်နှစ်ပါးကို ဖူးတွေ့လိုစိတ်ရှိနေခဲ့သည်။

ချန်ကျန့်မေနှင့် ပေါင်ကွမ်းဆရာတော်၏ ယှဉ်ပြိုင်ပွဲကြောင့် ကျင်းကွမ်းဝတ်ကျောင်းတော်ကို ဆန်းလျန်က ရန်သူအဖြစ်မယူဆမိပါ။ သို့သော် သူက ချန်ကျန့်မေ၏ဂိုဏ်းတူညီဖြစ်သည့်အတွက် ကျင်းကွမ်းဝတ်ကျောင်းတော်မှလူများကတော့ သူ့ကို မုန်းချင်မုန်းနေကြပေလိမ့်မည်။ ထိုကိစ္စကိုလည်း ဆန်းလျန် ဂရုစိုက်ခြင်းမရှိပါ။

ပေါင်ယွဲ့ဆရာတော်ကြီးမှာ လောကနတ်ဘုရားတစ်ပါးနှင့် တန်ခိုးစွမ်းအားအဆင့်အတန်း တူညီသူဖြစ်လေသည်။

ဆရာတော်ကြီးကဲ့သို့ တရားအလင်းရထားပြီးဖြစ်သည့် ဘုန်း

တော်ကြီးတစ်ပါးမှာ ပြီးခဲ့သည့်ကိစ္စများအတွက် ဆန်းလျန်ကို ရန်ငြိုးရန်စထားလိမ့်မည်မဟုတ်ဟု ယူဆရလေသည်။ လောကတွင် ဆန်းလျန်ထက် တန်ခိုးစွမ်းအားကြီးမားသူများလည်း များစွာရှိပါသည်။ သို့သော် ဆန်းလျန်က သူ့ထက် တန်ခိုးစွမ်းအားကြီးသူများကို ကြောက်ရွံ့တတ်လေ့ရှိသူတစ်ယောက်မဟုတ်ပါ။ ဤသည်မှာ ကျင့်ကြံသူတစ်ယောက်၏ စိတ်ဓာတ်ပင်ဖြစ်လေသည်။ အန္တရယ်တွင်းသို့ တိုးဝင်သည်မှာ မိုက်မဲရာကျသည်ဟု ပြောရ၍ရသော်လည်း အကြောက်တရားကင်းမဲ့ခြင်းနှင့် စိတ်ဓာတ်ခိုင်မာခြင်းကိုပြသခြင်း ဟူ၍လည်း ပြောရ၍ရလေသည်။

ချမ်းမော့နှင့် ရှောင်ရှင်ကို မြို့ထဲသို့ခေါ်လာရသည်မှာ အင်မတန်မှ ကိုးလို့ကန့်လန့်ဖြစ်ရသည့်ကိစ္စဖြစ်လေသည်။ ထို့ကြောင့် သူတို့ဟာသူတို့ ပျော်သလို တစ်နေရာတွင် နေခဲ့ရန် ဆန်းလျန်က မှာကြားလိုက်သည်။ ဆန်းလျန်က ချမ်းမော့ကို

ထိုက်ရှီးတန်ခိုးစွမ်းအားများ သွင်းပေးလေ့ရှိသလို ရှောင်ရှင်ကို လည်း ဝိညာဉ်စွမ်းအားများ သွင်းပေးလေ့ရှိလေသည်။ ထို့ကြောင့် ထိုငှက်လေးနှစ်ကောင်မှာ ဆန်းလျန်နှင့် စိတ်စွမ်းအားချင်း ဆက်သွယ်နိုင်ကြလေသည်။ မည်မျှပင်ဝေးကွာပါစေ သူတို့နှစ်ကောင်သည် ဆန်းလျန်နှင့် အဆက်အသွယ်ပြတ်သွားသည်ဟူ၍ မရှိပေ။

ယွဲ့ထော်တိုင်းပြည်မှာ ဟန့်ဟိုင်တိုင်းပြည်နှင့် လုံးဝကွဲပြားခြားနားလေသည်။ မြို့တော်တစ်ခုလုံးမှာ စည်ကားသိုက်မြိုက်နေပြီး လူများမှာလည်း သဘောကောင်းပြီး နှစ်လိုဖွယ်ပုံသဏ္ဍာန် ရှိကြလေသည်။ နှစ်ပေါင်းများစွာကြာအောင် ဗုဒ္ဓဘာသာကို နှစ်နှစ်သက်သက် ယုံကြည်ကိုးကွယ်ခဲ့ကြသည့် တိုင်းပြည်တစ်ခုဖြစ်လေသည်။

သို့သော် တိုင်းပြည်ရှိလူအများစုမှာတော့ ဆင်းရဲသားများဖြစ်ပုံရကြသည်။ လူအများစုမှာအဝတ်အထည် နွမ်းနွမ်းပါးပါးများ

သာ ဝတ်ဆင်ထားကြပြီး မင်းညီမင်းသားများနှင့် သူဌေးသူကြွယ်များသာ ထည်ထည်ဝါဝါရှိကြလေသည်။ မင်းညီမင်းသားများနှင့် သူဌေးသူကြွယ်များမှာ နောက်ပါ အခြွေအရံများနှင့် အပြင်သို့ထွက်လေ့ရှိကြသော်လည်း ရိုင်းစိုင်းကြမ်းတမ်းခြင်းမရှိကြပေ။ မရှိဆင်းရဲသားများမှာ လည်း သူတို့အပေါ်တွင် မနာလိုဖြစ်သည့်အကြည့်မျိုးဖြင့် ကြည့်သည်ကိုပင်မတွေ့ရပေ။ အချို့သူများကတော့ တလေး တစားဖြင့်ပင် ဂါရဝပြုသွားကြသေးသည်။ ဆင်းရဲသားများမှာ သူတို့ဆင်းရဲရသည့်အတွက် မည်သူ့ကိုမှ အပြစ်တင်ကြဟန် မ ရှိပေ။

အချို့သူများကတော့ လူချမ်းသာများကိုကြည့်ကာ နောင်ဘဝ တွင်ပင် လူချမ်းသာဖြစ်ရန် ဆုတောင်းလိုက်ကြသေးသည်။

ဆန်းလျန်က လမ်းများပေါ်တွင် လျှောက်သွားနေလေသည်။ သူက ရှုတ်ထွေးလွန်းသည့် လူ့လောကထဲတွင် ရောက်နေသည့် တိုင် တိတ်ဆိတ်စွာဖြင့်ပင် သွားလာနေမိသည်။

တိတ်ဆိတ်ပြီး ရှေးဟောင်းပစ္စည်းများရောင်းသည့် လမ်းလေး တစ်လမ်းသို့ ဆန်းလျန်ရောက်ရှိလာလေသည်။ ရောင်းချ သူများမှာ အသက်အရွယ်ကြီးရင့်သူများဖြစ်ကြပြီး သပ်သပ် ရပ်ရပ်ပင် ဝတ်စားဆင်ယင်ထားကြလေသည်။ အားလုံးမှာ အသင့်အတင့်ကြွယ်ဝချမ်းသာသူများတော့ ဖြစ်ပုံရသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲသူများမှာ ယခုကဲ့သို့ ဝါသနာပါသည့်အလုပ်လုပ်ရန်အတွက် အချိန်ရော ငွေရော ရှိ ကြမည်မဟုတ်ပေ။

ရောင်းချသည့် ပစ္စည်းများမှာ ရှေးဟောင်း ဗုဒ္ဓစာပေကျမ်းစာ များ ၊ သစ်သားငါးရုပ်တုံးများနှင့် အခြားဘုန်းကြီးသုံး ပစ္စည်း

များဖြစ်လေသည်။ ဆန်းလျန်က လက်ရေးမူစာများနှင့် စာရေးသားသည့်ပစ္စည်းများကို ကြည့်ရှုနေလေသည်။

ရှေးဟောင်းပစ္စည်းဟုဆိုသော်လည်း အချို့ပစ္စည်းများမှာ သိပ်ပြီးရှေးမကျပေ။ တစ်ချို့တလေသာလျှင် ရှည်လျားသည့် သမိုင်းကြောင်းရှိပြီး ရှေးကျသည့်ပစ္စည်းများဖြစ်ကြောင်း ဆန်းလျန် ခံစားသိရှိမိလေသည်။

သို့သော် ရှေးဟောင်းပစ္စည်းတိုင်းမှာလည်း တန်ဖိုးကြီးသည့် ပစ္စည်းကောင်းများ မဖြစ်နိုင်ပေ။

ဆိုင်အမှတ်ဆယ့်သုံးမှာလည်း ရှေးဟောင်းပစ္စည်းဆိုင်တစ်ဆိုင်ဖြစ်လေသည်။ ဆိုင်အတွင်းရှိပစ္စည်းများမှာ သစ်လွင်နေပြီး သပ်သပ်ရပ်ရပ်စီထားလေသည်။ ပစ္စည်းများနှင့်စာအုပ်များမှာ သန့်စင်နေပြီး ဖုံတစ်စက်ပင်ပေကျံခြင်းမရှိပေ။ ဆိုင်ထဲတွင်လည်း ဈေးဝယ်သူမရှိပေ။

စာအုပ်ဆိုင်၏နာမည်မှာထူးဆန်းလေသည်။

"ကျီးရှင်" ဆိုင်

ဆန်းလျန်မှာ ဟိုဟိုဒီဒီလျှောက်ကြည့်ရင်း ထို

ရှေးဟောင်းပစ္စည်းဆိုင်ရှေ့သို့ရောက်လာခြင်း ဖြစ်လေသည်။

သို့သော် လမ်းထဲရှိအခြားဆိုင်များထက်ဆာလျှင် ဤစာအုပ်

ဆိုင်မှ အငွေ့အသက်က ဆန်းလျန်၏စိတ်ကို သင်တောင့်

သက်သာဖြစ်စေသည်။

ထိုအငွေ့အသက်ကောင်းကို အခြားသူများက သတိထားမိခြင်း

မရှိပေ။ ဆန်းလျန်သာလျှင် သတိထားမိခြင်းဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျီရှင်ရှေးဟောင်းပစ္စည်းဆိုင်မှာ

စွမ်းအားဗဟိုချက်နေရာတွင် တည်ရှိနေလေသည်။ ထိုနေရာ

တွင် စွမ်းအားဖြစ်တည်မှုမှာ တည်ငြိမ်နေသောကြောင့် သန့်စင်

သည့် စွမ်းအားအငွေ့အသက်များကို ခံစားနေရခြင်းဖြစ်နိုင်

လေသည်။

လူတစ်ယောက်သည် ထိုကဲ့သို့သောနေရာတွင် အချိန်ကြာရှည်စွာ နေထိုင်မည်ဆိုလျှင် စိတ်တည်ငြိမ်မှုစွမ်းအားကောင်းမည်ဖြစ်လေသည်။

ဆန်းလျန် စာအုပ်ဆိုင်ထဲသို့ဝင်ပြီး ပစ္စည်းများကို လေ့လာနေလိုက်လေသည်။ ထိုအခါ သူအံ့သြခြင်းမက အံ့သြသွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုပစ္စည်းများအားလုံးမှာ လုံးဝရှေးကျသည့် ရှေးဟောင်းပစ္စည်းများ ဖြစ်နေသောကြောင့်ပင်။ ပစ္စည်းများမှာ အမှန်ပင်ရှေးကျပြီး မတူညီသည့်ခံစားချက်များကိုလည်း ပေးစွမ်းနိုင်လေသည်။ ထိုပစ္စည်းများတွင် ရှေးခေတ်အချိန်ကာလများဆီမှ အနှစ်သာရများကိုတွေ့မြင်နိုင်ပြီး ညအမှောင်တွင် မီးတောက်တစ်ခုကို မြင်ရသကဲ့သို့ ဝိညာဉ်အလင်းကို ပေးစွမ်းနိုင်လေသည်။

ဆန်းလျန်မှာ ရှေးဟောင်းပစ္စည်းနှင့် စာအုပ်များကို လွန်စွာမှ စိတ်ဝင်စားနေမိလေသည်။

ဆန်းလျန်က ပစ္စည်းတစ်ခုကို လှမ်းယူလိုက်သည့်အတွက် ပစ္စည်းများတင်ထားသည့်စင်မှာ တစ်ဖက်သို့ တိမ်းစောင်းသွားရလေသည်။

ပစ္စည်းတင်သည့်စင်များမှာ လေထဲတွင် ချိတ်ဆွဲထားသည့် စင်များဖြစ်ပြီး သံတိုင်ကွေးနှစ်ခုဖြင့် ထိန်းထားလေသည်။ ရေထမ်းပိုးနှင့်ပင်တူလေသည်။ ထို့ကြောင့် ဆန်းလျန်က ပစ္စည်းတစ်ခုကိုလှမ်းယူလိုက်သည့်အခါ ဘက်ညီမှုပျက်စီးပြီး ပစ္စည်းတင်ထားသည့်စင်မှာ တစ်ခြမ်းစောင်းသွားရခြင်းဖြစ်လေသည်။

"ဘယ်လိုလဲ ညီငယ်လေး ၊ မင်းဒီပစ္စည်းကို သိနေလို့လား"

သိမ်မွေ့သည့်အသံတစ်သံထွက်ပေါ်လာလေသည်။

ဆန်းလျန်က နောက်သို့လှည့်ပြီး အသံလာရာသို့ကြည့်လိုက်သည်။

ထိုသူကို ဆန်းလျန် ဆိုင်အတွင်းသို့ ဝင်လာကတည်းက အာရုံခံမိနေခြင်းဖြစ်လေသည်။ ယခုတော့ မျက်နှာချင်းဆိုင်တွေ့ဆုံခွင့်ရပြီ။ ထိုသူမှာ သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်ဖြစ်လေသည်။ မုတ်ဆိတ်မွေးများက မီးခိုးရောင်သန်းနေပြီး စာပေသမားတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားလေသည်။ ထိုသူ၏ပုံစံမှာ ထူးထူးခြားခြားတော့မရှိပါ။ သို့သော် ဆန်းလျန်က ထိုသူကို စိတ်ဝင်စားမိလေသည်။

ထိုသူက သူ့ကိုယ်သူ သပ်သပ်ရပ်ရပ်ဖြစ်အောင် ဂရုစိုက်တတ်ပုံရပြီး သူ၏လက်သည်းများမှာပင် ညီညီညာညာဖြင့် သပ်ရပ်နေလေသည်။ သူ၏မျက်ဝန်းထောင့်တွင် အရေးအကြောင်းလေးများကိုမြင်နိုင်ပြီး သဘောကောင်းရည်မွန်သည့် ပုံရလေသည်။

"ခင်ဗျားက ဒီဆိုင်ပိုင်ရှင်လား"

ဆန်းလျန်က မေးလိုက်လေသည်။

"ဒါကျုပ်ရဲ့ဆိုင်ပါပဲ ၊ ဒါပေမယ့် တစ်လမှာ တစ်ခါပဲဆိုင်ဖွင့်တာပါ ၊ ဝယ်သူတွေလည်း သိပ်လာလေ့မရှိကြပါဘူး ၊ အခု မင်းရောက်လာတာကတော့ ကံတရားအတိုင်းပဲဖြစ်ရမယ်" စာပေသမားက ပြုံးပြီးပြောလိုက်လေသည်။

"တစ်လမှတစ်ကြိမ်ပဲဆိုင်ဖွင့်တယ်ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ ခင်ဗျားရဲ့စာအုပ်တွေက သန့်ရှင်းသပ်ရပ်နေတာပဲ" ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

"ဆိုင်ကို သန့်ရှင်းရေးလုပ်ဖို့ လူတွေတော့ ပုံမှန်လွှတ်ပေးရတာပေါ့ ၊ တကယ်တော့ ကျုပ်က ဒီအလုပ်နဲ့အသက်မွေးတာ မဟုတ်ဘူးလေ ၊ ဆိုင်ကိုရောက်လာတဲ့လူတွေထဲမှာ ဒီအချက်ကို သတိထားမိတာ မင်းက ပထမဆုံးပဲဟေ့"

ဆိုင်ပိုင်ရှင်က ဆန်းလျန်ကို စိတ်ဝင်စားသည့်ပုံစံဖြင့်အကဲခတ်နေလေသည်။

"ဒီပွဲစည်းကို ကျုပ်ရင်းနှီးနေသလိုပဲ ၊ ကြည့်ရတာ တစ်နေရာရာမှာ ရေးထားတာ ဖတ်ဖူးတယ်ထင်တယ်"

ဆန်းလျှန်က ပြောလိုက်လေသည်။

ယွဲ့ထော်တိုင်းပြည်မှာ ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုဖြစ်လေသည်။ သို့သော် စာပေသမားဆိုင်ရှင်မှာတော့ ကွန်ဖြူးရှပ်ဝါဒသမားတစ်ယောက်ဖြစ်ရမည်ဟု ဆန်းလျှန်တွေးလိုက်မိလေသည်။ သူ့ပုံစံက ပေါ့ပေါ့ပါးပါးရှိလေသည်။

စာပေသမားက ပြုံးပြီး ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အမှန်ပဲ ၊ ရှေးဟောင်းစာအုပ်တစ်အုပ်ထဲမှာ အဲဒီပစ္စည်းအကြောင်း ရေးထားဖူးတယ် ၊ မင်းလိုမျိုး မှတ်မိနေတဲ့လူမျိုး သိပ်ပြီးမရှိလှဘူး ၊ မင်းသာ အဲဒီပစ္စည်းအကြောင်းရေးထားတဲ့စာအုပ်ကို တိတိကျကျပြောပြနိုင်မယ်ဆိုရင် အဲဒီစာအုပ်ကို မင်းကို လက်ဆောင်အဖြစ်ပေးလိုက်မယ် ၊ ဘယ်လိုလဲ"

"ကြည့်ရတာ ကျုပ်တော့ ဒီပစ္စည်းလက်ဆောင်ရတော့မယ်ထင်တယ်"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

စာပေသမားဆိုင်ရှင်မှာ အလွန်မှ စိတ်ဝင်စားစရာကောင်းသူတစ်ယောက်ဖြစ်သည်ဟု ဆန်းလျန် မှတ်ချက်ပြုလိုက်မိလေတော့သည်။

အခန်း (၁၅၉) ပကတိဖန်ဆင်ခြင်းပညာ

"ဒီကဆရာက သူတော်စင်အပါးတစ်ရာထဲက ရှင်ကျီ သူတော်စင်ကို သိတယ်မဟုတ်လား"

ဆန်းလျန်က ပုံမှန်လေသံဖြင့်ပင်ပြောလိုက်သည်။

"မင်းက တကယ့်ကို ဗဟုသုတ ကြွယ်ဝတာပဲကိုး ၊ ဆက်ပြော ပါဦး"

စာပေသမားဆိုင်ရှင်က ပြုံးပြီး ပြန်ပြောလိုက်သည်။

"ရှင်ကျိသူတော်စင်က ကွန်ဖြူးရှပ်ဝါဒကို တည်ထောင်သူဖြစ်တဲ့ ဖူကျိရဲ့ ဆက်ခံသူပဲ ၊ သူ့ရဲ့မှတ်တမ်းထဲမှာ ရေးထားတာက ဆရာဖူကျိဟာ ထိုက်မြောက်ဝတ်ကျောင်းတော်ကို သွားရောက်လည်ပတ်တဲ့အခါ ထူးထူးဆန်းဆန်း စောင်းနေတဲ့ဖန်ခွက်လေး တစ်ခုကိုတွေ့တယ်တဲ့ ၊ အဲဒါနဲ့သူက "အဲဒါဘာပစ္စည်းလဲ" လို့ မေးခဲ့တယ် ၊ အဲဒီမှာ ကျောင်းတော်အစောင့်က "ဒီဖန်ခွက်လေးက ကိုယ့်ကိုကိုယ်သတိပေးဖို့လိုတဲ့သူတွေ အသုံးပြုတဲ့ပစ္စည်းလေးပါ ၊ ဘာမှမရှိရင် စောင်းနေပြီး ရေတစ်ဝက်ပြည့်နေရင် တည့်မတ်နေတယ် ၊ ရေအပြည့်ဖြည့်လိုက်ရင်တော့ ပြောင်းပြန်ဖြစ်သွားပြီး အကုန်ပြန်မှောက်ကုန်ရော" လို့ပြန်ဖြေတယ် ၊ ဒါနဲ့ ဆရာဖူကျိက "ဒါဆိုရေဖြည့်လိုက်ပါလား" လို့

ကျောင်းတော်အစောင့်ကို ပြောလိုက်တယ်၊ ကျောင်းတော်

အစောင့်က ရေဖြည့်တယ်၊ ဖန်ခွက်လေးက ရေတစ်ဝက်ပြည့်

တော့ တကယ်ပဲ တည့်မတ်သွားတယ်၊ ရေအပြည့်လည်းဖြည့်

လိုက်ရော ပြောင်းပြန်ဖြစ်သွားပြီး ရေတွေအကုန်မှောက်သွား

တယ်၊ နောက်ဆုံး ရေမရှိတော့တဲ့အတွက် မူလပုံစံအတိုင်း

စောင်းစောင်းလေး ပြန်ဖြစ်သွားတယ်၊ "အော် ဒီဖန်ခွက်လေး

ရေသာပြည့်မနေရင် မှောက်သွားမှာမဟုတ်ဘူး" လို့ ဆရာဖူကျိ

က သက်ပြင်းချရင်းပြောလိုက်တယ်တဲ့"

စကားဆုံးသွားသည်နှင့် ဆန်းလျန်လည်း သက်ပြင်းချလိုက်

လေသည်။ ရေပြည့်နေမှသာ ရေမှောက်သွားနိုင်မည်ဖြစ်ပြီး ရေ

မပြည့်နေလျှင် မည်သို့မျှ မှောက်သွားနိုင်မည်မဟုတ်ပေ။ ဤ

သည်မှာ လောကနိယာမပင်ဖြစ်လေသည်။ အားနည်းရာမှ အား

အကြီးဆုံးဖြစ်လာနိုင်ပြီး ပြန်လည် အားလျော့သွားနိုင်လေ

သည်။ လပြည့်ပြီးသည်နှင့် လမိုက်ညလည်းရှိလာမည်ဖြစ်လေ

သည်။ တာအိုကျင့်ကြံသူသည် ပြီးပြည့်စုံမှုကို ရှာဖွေသူဖြစ်လေသည်။ သို့သော် ပြီးပြည့်စုံခြင်းဆိုသည်မှာ သဘာဝကိုလွန်ဆန်သည့်နည်းလမ်းဖြစ်သည့်အတွက် ကျင့်ကြံအောင်မြင်ရန်မှာ ခက်ခဲလွန်းလေစွ။

"သိပ်ပြီးတိကျပါတယ်၊ သူတော်စင်ဆရာက ပုံပြင်တိုတိုလေးနဲ့ ကြီးမြတ်တဲ့သဘောတရားကို ပြောပြသွားတယ်၊ ပုံပြင်တိုင်းမှာ သင်ခန်းစာယူစရာတွေရှိတာပါပဲ၊ လူတွေက တကယ်တုံးကြတာပဲ၊ အမှန်ကိုနားမလည်ဘဲ နတ်တွေကို ပူဇော်ရှိခိုးနေဖို့ပဲသိကြတယ်၊ တကယ်တော့ အမှန်တရားကို စိတ်နှလုံးထဲမှာပဲရှာဖွေတွေ့ရှိနိုင်တယ်"

စာပေသမားက ပြုံးရင်းပြောလိုက်လေသည်။

ဆန်းလျန်က တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူက စာပေသမားဆိုင်ရှင်၏စကားကို ထောက်လည်းမထောက်ခံ၊ ကန့်လည်းမကန့်ကွက်ပေ။

"တကယ်လို့ ကျုပ်လည်း ခပ်တုံးတုံးလူတွေထဲက တစ်ယောက်ဆိုရင် နတ်တွေကိုပဲ ဆုတောင်းပူဇော်နေမှာပဲပေါ့"

အချိန်အကြာကြီးနေမှ ဆန်းလျန်က ဖြည်းဖြည်းချင်းပြောလိုက်လေသည်။

ဆန်းလျန်၏စကားကြောင့် စာပေသမားမှာ အံ့သြကာ တိတ်ဆိတ်သွားလေသည်။ လူအများစုမှာ ခပ်တုံးတုံးများဖြစ်ကြလေသည်။ ထို့ကြောင့်ပင် နတ်များကို ပူဇော်ပသကာ ကိုးကွယ်ဆုတောင်းနေကြခြင်းဖြစ်လေသည်။ လူ့လောကတွင် သစ္စာတရားကို အမှန်တကယ်ရှာဖွေတွေ့ရှိနိုင်သူက ရှားပါးလွန်းလှသည်။

"ဒီပစ္စည်းလေးကို မင်းယူသွားလို့ရပါပြီ"

နောက်ဆုံးတော့ စာပေသမားက ပြောလိုက်လေသည်။

ပစ္စည်းလေးကို ရရှိပြီးသည့်နောက် ဆန်းလျန်အနေဖြင့် ပြောစရာစကားလည်းမရှိတော့သလို ဆိုင်ထဲတွင် ဆက်နေစရာ

အကြောင်းလည်း မရှိတော့ပါ။ ထို့ပြင် အပြင်ဘက် ဆီမှ ချမ်းမော့၏အော်သံကို ကြားရလေသည်။ တစ်ခုခုကို ပြဿနာတက်သည့်အတွက် သူ့ကို အော်ခေါ်သည့်အသံမျိုးဖြစ်လေသည်။

ထူးဆန်းသည့်ငှက်မိစ္ဆာလေး ဘာများဖြစ်သလဲဟု ဆန်းလျန်စိတ်ပူသွားမိလေသည်။ သက်လတ်ပိုင်းအရွယ် စာပေသမားမှာ တန်ခိုးစွမ်းအား ရှိလား ၊ မရှိလားကိုပင် ဆန်းလျန် အာရုံမစိုက်အားတော့ပေ။ နှုတ်ဆက်စကား အနည်းငယ်ပြောကြားပြီးသည်နှင့် ဆန်းလျန် ဆိုင်ထဲမှထွက်ခွာလာခဲ့လေသည်။ သူတို့မှာ သူစိမ်းများသာဖြစ်လေသည်။ ကံကြမ္မာပေးသည့်အတွက်သာ ခဏတာဆုံတွေ့ခွင့်ရခဲ့ခြင်းဖြစ်သည့်အတွက် ထိုသူကို ဆန်းလျန် အနှောင့်အယှက်မပေးလိုတော့ပါ။

ဆန်းလျန်မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်အခါတွင်တော့ စာပေသမားက စာအုပ်စင်တစ်ခုထောင့်တွင်ရှိသည့် စားပွဲလေးတွင် ထိုင်လိုက်လေသည်။ စားပွဲပေါ်တွင် ရေနွေးအိုးလေးတစ်လုံးရှိနေလေသည်။ ထိုရေနွေးအိုးလေး၏ ဘေးပတ်လည်တွင် အစိမ်းရောင်မီးတောက်လေးများ ထွက်ပေါ်နေလေသည်။ သို့သော် ထိုမီးတောက်များက သစ်သားစားပွဲငယ်ကို လောင်ကျွမ်းသွားခြင်းမရှိပါ။ ခဏကြာသည့်အခါတွင်တော့ ရေနွေးအိုးလေးဆူလာလေသည်။

စာပေသမားက ရေနွေးအိုးထဲမှ ရေနွေးများကို ရေနွေးခွက်လေးထဲသို့ ငှဲ့ထည့်လိုက်သည်။ ရေနွေးများမှာ ပွက်ပွက်ဆူနေသည့်တိုင်အောင် ရေခဲကဲ့သို့ အေးစက်နေလေသည်။ စာပေသမားက ရေနွေးကိုသောက်လိုက်ပြီးသည်နှင့် ကျေနပ်သွားပုံရလေသည်။

"မှော်မီးတောက်ကသာ နှင်းလက်ဖက်ရည်ရဲ့ မူလအရသာကို ထိန်းသိမ်းပေးနိုင်တာပဲ"

ဟု သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်လေသည်။

ထိုအချိန်...

မီးတောက်က ကြမ်းပြင်ထက်သို့ကျသွားပြီး အခန်းထဲတွင် လူတစ်ယောက်ပေါ်လာလေသည်။

ထိုသူက အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူ၏မျက်ဝန်းများက အစိမ်းရောင်မီးတောက်များ တောက်နေလေသည်။ သူ၏မျက်နှာမှာလည်း အစိမ်းရောင်ဖြစ်နေပြီး ကြောက်မက်ဖွယ်ရာမျက်နှာတစ်ခုဖြစ်လေသည်။

ထိုသူမှာ ချွေ့ဖိန်တောင်တွင် ဆန်းလျန်နှင့် ဆုံတွေ့ခဲ့ဖူးသည့် အစိမ်းရောင်မျက်နှာနှင့်လူဖြစ်လေသည်။ သူက ဆန်းလျန်ကို မှော်မီးတောက်နှင့် တိုက်ခိုက်ခဲ့သော်လည်း မှော်မီးတောက်က ဆန်းလျန်အပေါ်တွင် သက်ရောက်ခဲ့ခြင်းမရှိပေ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်က ဝိညာဉ်မြစ်ရေထဲတွင်

နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သောကြောင့် ဖြစ်လေသည်။

"ဆရာ ၊ ဘာလို့သူ့ကို ဒီအတိုင်းလွှတ်ပေးလိုက်တာလဲ"

အစိမ်းရောင်မျက်နှာနှင့်လူက စာပေသမားကို

လေးလေးစားစားပင်မေးလိုက်လေသည်။

စာပေသမားက ရေနွေးပန်းကန်လေးကို အသာအယာပြန်ချ

လိုက်ပြီး နှင်းလက်ဖက်ရည်အရသာကို ခံစားနေလိုက်သည်။

ပြီးမှ...

"သူ့ကို ဆရာဘိုးဘိုးယွမ်ချင်းရဲ့ ဓားဝိညာဉ်က အသိအမှတ်ပြု

ထားတယ် ၊ အင်းပေါ့လေ သူတို့က တစ်ဂိုဏ်းတည်းပဲမဟုတ်

လား ၊ အခုချိန် တစ်ခုခုလုပ်ရှားလိုက်မယ်ဆိုရင် အကုန်ရှုတ်

ကုန်ပြီး ကျိုလင်နတ်သမီးက ကျုပ်တို့ကို အာရုံစိုက်လာလိမ့်

မယ်"

ဟု ဖြည်းဖြည်းချင်းပြောလိုက်လေသည်။

"ဆရာ့အစွမ်းနဲ့ဆိုရင် ဆန်းလျန်ကို ထိန်းချုပ်နိုင်ဖို့ တစ်ခုခု လုပ်နိုင်မှာပါ၊ ကျိုလင်နတ်သမီးကလည်း ဆရာ့နောက် လိုက်နေတာ၊ ဆရာကလည်း ကျိုလင်နတ်သမီးရဲ့ ထိုက်ရှီး နည်းဗျူဟာကျင့်စဉ်ကို အနိုင်ယူဖို့ နည်းလမ်းရှာမတွေ့သေးဘူး မဟုတ်လား၊ ဆရာက ပကတိဖန်ဆင်းခြင်းပညာ နောက်ဆုံးအဆင့် ကျင့်ကြံနေတာဆိုတာ ကျိုလင်နတ်သမီးသာ သိရင် အကုန်ပျက်စီးကုန်တော့မှာပဲ"

အစိမ်းရောင်မျက်နှာနှင့်လူက ပြောလိုက်လေသည်။

"ရှောင်ချင်းအော်၊ မင်း ကျုပ်နဲ့အတူနေလာတာပဲ နှစ်ပေါင်းနှစ်ရာလောက်ရှိနေပြီ၊ ဘယ်တုန်းက ဒီလောက်စကားတွေအများကြီး ပြောတတ်သွားတာလဲ၊ မင်း ကျုပ်နဲ့နှစ်ပေါင်းဒီလောက်ကြာအောင် အတူတူနေခွင့်ရတာ မင်းက စကားမများတတ်ဘဲ ကိုယ့်ဟာကိုယ်နေတတ်လို့ပဲ"

စာပေသမားက ပြုံးရင်းပြောလိုက်လေသည်။

စာပေသမား၏အပြုံးမှာ အစိမ်းရောင်မျက်နှာနှင့်

လူ၏မျက်ဝန်းထဲတွင် ကြောက်စရာကောင်းနေလေသည်။

စာပေသမားမှာ ပကတိဖန်ဆင်းခြင်းပညာကို ကျင့်ကြံနေသည့်

လူတစ်ယောက်ဖြစ်လေသည်။ ထိုကျင့်စဉ်ကို ကျင့်ကြံ

သည့်အတွက် မိစ္ဆာစိတ်ရိုင်းစွမ်းအားများ ဖြစ်ပေါ်လာရလေ

သည်။ ထိုမိစ္ဆာစိတ်ရိုင်းစွမ်းအားများကို ကျော်လွှားနိုင်ရန်

အတွက် သန့်စင်သည့်စွမ်းအားများကို ပြန်ဖြည့်တင်းရလေ့ရှိ

လေသည်။ ထို့ကြောင့် စာပေသမား၏စိတ်အပြောင်းအလဲကို

ခန့်မှန်း၍မရနိုင်ပေ။

အစိမ်းရောင်မျက်နှာနှင့်လူမှာ သူ့စကားမှားသွားသည်ကို သိ

လိုက်သည့်အတွက် ချက်ချင်း ဒူးထောက်လိုက်လေသည်။

စာပေသမားကျင့်ကြံနေသည့် ပကတိဖန်ဆင်းခြင်းပညာ

ဆိုသည်မှာ ထိပ်တန်းမိစ္ဆာကျင့်စဉ်တစ်ခုဖြစ်လေသည်။ မိစ္ဆာ

ကျင့်စဉ်ဟုသတ်မှတ်ရသည့်အကြောင်းရင်းမှာ အစစ်အမှန်တာ

အိုကျင့်စဉ်လမ်းနှင့် လုံးဝဆန့်ကျင်နေသောကြောင့် ဖြစ်လေသည်။

မိစ္ဆာကျင့်စဉ်ဆိုသည်မှာ လူတစ်ယောက်၏နှလုံးသားကို မိစ္ဆာအဖြစ်ပြောင်းလဲပစ်သည့် ကျင့်စဉ်ပင်ဖြစ်လေသည်။ပကတိဖန်းဆင်းခြင်းပညာကို ကျင့်ကြံလျှင် လူတစ်ယောက်သည် ကြားခံတစ်ခုကိုအသုံးပြုကာ အခြားသူတစ်ယောက်၏ စိတ်ထဲသို့ အတွင်းကျကျ ဝင်ရောက်နိုင်လေသည်။ ထိုသို့ဝင်ရောက်သည်ကို ကာယကံရှင်ကိုယ်တိုင်ပင် သိလိုက်မည်မဟုတ်ပေ။ ထို့နောက် ထိုသူ၏ စိတ်ကိုချုပ်ကိုင်ပြီး ခန္ဓာကိုယ်ကို လုံးဝအပိုင် သိမ်းယူလိုက်ကာ သူ၏ကိုယ်ခွဲအဖြစ်အသုံးပြုနိုင်လေသည်။

တာအိုကျင့်စဉ်လမ်းမှာ လူတစ်ယောက်၏နှလုံးသားကို သန့်စင်အောင် ကျင့်ကြံရသည့် လမ်းစဉ်ဖြစ်လေသည်။ အတွေးများရှုတ်ထွေးကုန်သည်နှင့် အထွတ်ထိပ်အဆင့်သို့

ရောက်ရန် ခက်ခဲမည်ဖြစ်လေသည်။ ပကတိဖန်ဆင်းခြင်း ပညာမှာ စိတ်ပေါင်းများစွာကို ချုပ်ကိုင်ရသည့်အတွက် နှလုံးသားကို သန့်စင်ခြင်းကို ဆုံးရှုံးရလေသည်။ ထို့ကြောင့် ပကတိဖန်ဆင်းခြင်းပညာမှာ ထူးခြားဆန်းကျယ်သော်လည်း ထိုကျင့်စဉ်ကိုလေ့ကျင့်လျှင် အစစ်အမှန်တာအိုကျင့်စဉ် လမ်းတွင် အထွတ်ထိပ်အဆင့်သို့ရောက်ရန် မဖြစ်နိုင်တော့ပေ။ ပကတိဖန်ဆင်းခြင်းပညာဖြင့် ပုံရိပ်ယောင်များကို ဖန်ဆင်းရ လေသည်။ သို့သော် ဖန်ဆင်းခြင်းကို ရပ်တန့်လိုက်သည်နှင့် ကိုယ့်ကိုကိုယ်သတ်သေသကဲ့သို့ ဖြစ်သွားနိုင်လေသည်။ ထို့ပြင် အတွေးများက ရှုတ်ထွေးလေ အစစ်အမှန်ကို ဖော်ထုတ်နိုင်ရန် ခက်ခဲလေဖြစ်လေသည်။ ထို့ကြောင့် အစစ်အမှန်တာအိုကျင့်စဉ်လမ်းတွင် အထွတ်ထိပ်အဆင့်သို့ ရောက်လိုသည့် ကျင့်ကြံသူတစ်ယောက်သည် ထိုမိစ္ဆာကျင့်စဉ် ကို ကျင့်ကြံထားပါက ကျင့်စဉ်လမ်း အစနှင့်အဆုံးမှာ ပျောက်

ကွယ်နေပြီး မိမိကိုယ်တိုင်ပင် ရှာဖွေမတွေ့နိုင်အောင် ဝေဝါးနေ မည်ဖြစ်လေသည်။ ထိုသို့ဖြစ်ပါက စိတ်နှလုံးကြည်လင် သန့်စင်ခြင်း မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ပကတိဖန်ဆင်းခြင်းပညာကို ကျင့်ကြံသူသည် သေလျှင်သေ ၊ မသေလျှင်လည်း ဖန်ဆင်းမှုပုံရိပ်ယောင်များစွာ ပြုလုပ်ထားသည့်အရှိန်ကြောင့် ရှုးသွပ်သွားရကာ အခြားသူများကို ပြင်းထန်ထိခိုက်အောင် လုပ်တတ်လေသည်။

ထို့ကြောင့် ထိုကျင့်စဉ်ကို ကျင့်ကြံသူ၏ စိတ်နေစိတ်ထားမှာ ခန့်မှန်းရခက်လေသည်။ မမျှော်လင့်သည့်အရာများကို မထင်လျှင် မထင်သလို လုပ်တတ်လေသည်။

စာပေသမားက ထို "ပကတိဖန်ဆင်းခြင်းပညာ" ကို ကျင့်ကြံရခြင်းမှာ ချင်းရှမ်နတ်တံခါးကို ဒုက္ခပေးချင်သောကြောင့် ဖြစ်လေသည်။

စာပေသမားသည် အရည်အချင်းရှိသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး သူ၏ဂိုဏ်းတူညီအစ်ကိုများ မရိပ်မိခင်မှာပင် ထိုကျင့်စဉ်ကို အဆင့်မြင့်မြင့်အောင်မြင်ခဲ့လေသည်။ ထို့နောက် သူ၏ဂိုဏ်းတူညီအစ်ကိုများနှင့် ဆရာများကိုပင် သူ၏ကိုယ်ခွဲများအဖြစ် ပြောင်းလဲပစ်ခဲ့လေသည်။ အကျိုးရလဒ်မှာ ဂိုဏ်းထဲတွင် အချင်းချင်းသတ်ဖြတ်သည့် လူသတ်ပွဲကြီးဖြစ်ပေါ်လာရလေတော့သည်။ ထိုသို့ သွေးချောင်းစီးလူသတ်ပွဲကြီးသာ မဖြစ်ခဲ့လျှင် ချင်းရွှမ်နတ်တံခါးသည် အထွတ်ထိပ်မှာပင် ဆက်လက်ရပ်တည်နေမည်ဖြစ်လေသည်။ ထိုအချိန်က ချင်းရွှမ်နတ်တံခါးတွင် လောကနတ်ဘုရားသုံးပါးပေါ်ထွက်ခဲ့လေသည်။ တစ်ပါးက မည်သည့်နေရာသို့ထွက်ခွာသွားမှန်းမသိပေ။ နောက်တစ်ပါးကတော့ တောတောင်ရေမြေများဆီသို့ ခရီးလှည့်လည်နေလေသည်။ နောက်ဆုံးတစ်ပါးမှာတော့ ချင်းရွှမ်နတ်တံခါး၏ သွေးချောင်းစီးတိုက်ပွဲကြီးတွင်

ပါဝင်ခဲ့လေသည်။ ထိုနတ်ဘုရားမှာ ကျိုလင်နတ်သမီးဖြစ်လေ

သည်။ သူမကတိုက်ပွဲထဲတွင် ရုပ်ခန္ဓာဒဏ်ရာပြင်းထန်စွာရပြီး

နတ်သက်ကြွေကာ လူ့ပြန်ဝင်စားခဲ့ရလေသည်။

လက်ရှိအချိန်တွင် ဆရာသခင်ကျန်းရော့ရှီးသာ ဉာဏ်ပညာ

ပြည့်စုံစွာဖြင့် ချင်းရှမ်နတ်တံခါးကို ထိန်းသိမ်းမထားနိုင်လျှင်

ထိုစာပေသမားရန်မှ ကာကွယ်နိုင်မည်မဟုတ်ပေ။ ဂိုဏ်းသား

များအားလုံးကို သူ၏ကိုယ်ခွဲများအဖြစ်ဖန်ဆင်းပြီး

အချင်းချင်းသတ်ဖြတ်မှုများဖြစ်စေကာ ချင်းရှမ်နတ်တံခါးမှာ

တစ်ခါတည်း အဆုံးသတ်ပျောက်ကွယ်သွားရမည်ဖြစ်လေ

သည်။

ထိုတိုက်ပွဲတွင်ပင် ဆရာသခင်ကျန်းရော့ရှီးမှာလည်း ဒဏ်ရာ

အပြင်းအထန်ရကာ ချင်းရှမ်ခန်းမဆောင်တွင် နေရသည့်ဘဝ

သို့ရောက်ရှိသွားခဲ့လေသည်။ သူ၏ဒဏ်ရာကို ထိန်းသိမ်းထား

ရန်အတွက် ထိုက်ယီတောင်မှ မိုးမြေစွမ်းအားများကို အသုံးပြု နေခဲ့ရလေသည်။

"ထတော့..."

စာပေသမားက ဒူးထောက်နေသည့် အစိမ်းရောင်မျက်နှာနှင့်လူ ကို နူးညံ့စွာဖြင့်ပြောလိုက်လေသည်။ သူ၏အသံက နူးညံ့ငြင် သာနေလေသည်။ ဒေါသသံလုံးဝပါဝင်ခြင်းမရှိပေ။

အစိမ်းရောင်မျက်နှာနှင့်လူမှာ ကြောက်ရွံ့နေသည့်တိုင် ဆရာ ဖြစ်သူ၏စကားကိုတော့ မလိုက်နာဘဲ မနေရဲပေ။

ဆရာဖြစ်သူမှာ လွန်ခဲ့သည့်နှစ်အနည်းငယ်က မည်သည့် လှုပ်ရှားမှုမှ မပြုလုပ်ဘဲ ငြိမ်သက်နေခဲ့သော်လည်း သူ၏တန်ခိုးစွမ်းအားများမှာ တစ်နေ့တခြား ကြီးမားလာကာ ခန့်မှန်း၍ပင်မရနိုင်ပေ။ ထို့ပြင် သူ၏ကိုယ်တွင်းမှ မိစ္ဆာစိတ် ရိုင်းများကို ထိန်းချုပ်နိုင်ရန်အတွက် သန့်စင်သည့်စွမ်းအား များကို ဖြည့်တင်းသည့်နည်းလမ်းကိုလည်း ရှာဖွေတွေ့ရှိခဲ့လေ

သည်။ ထို့ကြောင့် ပကတိဖန်ဆင်းခြင်းပညာကို ကျင့်ကြံသည့်အတွက် ရရှိလာမည့်ဆိုးကျိုးကို တားဆီးနိုင်ခဲ့ပြီဖြစ်လေသည်။ နောက်တစ်ဆင့်အောင်မြင်လျှင် စာပေသမားမှာ မိုးကောင်းကင်မိစ္ဆာတစ်ပါး ဖြစ်လာတော့မည်ဖြစ်လေသည်။ မိုးကောင်းကင်မိစ္ဆာဆိုသည်မှာ နတ်ဘုရားတစ်ပါးပင်ဖြစ်လေသည်။ သို့သော် ကျင့်စဉ်လမ်းအစစ်အမှန်ဖြင့်မသွားဘဲ မိစ္ဆာကျင့်စဉ်ဖြင့်သွားပြီး နတ်ဘုရားဖြစ်လာသူကို မိုးကောင်းကင်မိစ္ဆာဟု ခေါ်ဆိုခြင်းဖြစ်လေသည်။

"ပြဿနာတွေကို ရှောင်ရှားနိုင်ဖို့ ဒီနှစ်တွေအတွင်းမှာ ကျုပ်ဘေးနားမှာ လူတွေအများကြီးထားခဲ့ရတယ်၊ ဒါကြောင့် မင်းကို ကျုပ်ဘာမှမလုပ်ပါဘူး၊ ပြီးတော့ မင်းက ကျုပ်ရဲ့လျှို့ဝှက်ချက်တွေကို သိနေတဲ့သူလေ၊ မင်းလောက်ယုံကြည်ရတဲ့သူ ဒီလောကမှာမရှိပါဘူး၊ မင်းကို ကျုပ်ဘာမှမလုပ်ပါဘူးကွယ်" စာပေသမားက ပြောလိုက်လေသည်။

ထိုစကားကို ကြားသည့်အခါတွင်တော့ အစိမ်းရောင်မျက်နှာ နှင့်လူမှာ ချက်ချင်းပင် ဒူးထောက်ကာ ဆရာဖြစ်သူကို ဂါရဝ ပြုလိုက်လေသည်။

ရည်ရည်မွန်မွန်နှင့် သဘောကောင်းပုံရသည့် စာပေသမားမှာ လောကတွင်ကြောက်စရာအကောင်းဆုံး မိစ္ဆာတစ်ယောက်ဖြစ် နေသည်ကို ဆန်းလျန်သိရှိခဲ့ခြင်းမရှိပါ။ ထိုသူက သွေးနီရောင် ဝတ်စုံနှင့်လူငယ်အဖြစ် ဆန်းလျန်ကိုလှည့်စားကာ သူ၏ကိုယ် ခွဲအဖြစ်အသုံးပြုနိုင်ရန် ကြိုးစားခဲ့သူဖြစ်လေသည်။

နှင်းများက ကျဆင်းလာပြန်သည်။ နှင်းပွင့်လေးများသည် ရေကန်အတွင်းသို့ကျဆင်းသွားလေသည်။

ရေကန်မှာလည်း ရေခဲအလွှာပါးလေးဖြင့်ကာထားသကဲ့သို့ဖြစ် နေလေသည်။

ကောင်းကင်တွင်ပျံသန်းနေသည့် အရိပ်လေးမှာ ချမ်းမော့ ဖြစ် လေသည်။ သူမက အောက်သို့ ဆင်းသက်လာသည့်အခါ

အစိမ်းရောင် အရိပ်လေးများ ထင်ကျန်ခဲ့လေသည်။ ထို့နောက်

ချမ်းမော့က ကောင်းကင်ထက်သို့ ပျံတက်သွားပြန်သည်။

ရှောင်ရှင်မှာ ရေကန်ထက်ရှိရေခဲအလွှာပါးပေါ်တွင် ငြိမ်

သက်နေလေသည်။ သူ့ဘေးတွင် သွေးစအချို့ကို မြင်ရလေ

သည်။ မိန်းကလေးငယ်လေးတစ်ယောက်က ထိုရေကန်နား

တွင် ရပ်နေလေသည်။

မိန်းကလေးငယ်လေးမှာ ဆံပင်များရှိမနေပါ။ ဆံပင်မရှိ

သည့်အတွက် အလှတရားမပေါ်လွင်သည့်တိုင် မိန်းကလေးမှာ

လွန်စွာမှချောမောလှပသူ တစ်ယောက်ဖြစ်ကြောင်း ငြင်း၍မရ

နိုင်ပေ။

မိန်းကလေးတွင် အဘယ်ကြောင့် ဆံပင်များရှိမနေပါသနည်း။

သူမမှာ သီလရှင်တစ်ပါးဖြစ်နေသောကြောင့် ဖြစ်လေသည်။

သူမက သူမလက်မှ ကျင့်စဉ်စွမ်းများထုတ်ပေးပြီး ရှောင်ရှင်ကို

စိတ်ရှည်လက်ရှည်ကုသပေးနေလေသည်။ သူမလက်မှ

သန့်စင်သည့် အဖြူရောင်းအလင်းတန်းများထွက်ပေါ်နေသည်။ ထိုအဖြူရောင်အလင်းတန်းမှာ နှင်းထက်ပင် ဖြူစင်သေးသည်။

ထိုအဖြူရောင်အလင်းတန်းနှင့်အတူ အစိမ်းရောင်းအလင်းတန်းတစ်ခုကိုလည်း တွေ့မြင်နိုင်လေသည်။ ထိုအစိမ်းရောင် အလင်းတန်းကို ဆန်းလျှန် ကောင်းကောင်းမှတ်မိနေသည်။

အစိမ်းရောင်အလင်းတန်းမှာ ပျံ့သန်းနေသည့်ဓားတစ်လက်ဆီမှ ထွက်ပေါ်နေခြင်းဖြစ်လေသည်။ ထိုဓားထက်တွင် ဝိညာဉ်စွမ်းအားပြည့်ဝသည့် မီးတောက်များတောက်လောင်နေပြီး စွမ်းအားက အဆုံးမသတ် စီးဆင်းနေလေသည်။ ထိုဓားအနီးမှ ကျဆင်းသွားသည့်နှင်းပွင့်လေးများမှာ မြူခိုးများအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ထိုအစိမ်းရောင်ဓားဝိညာဉ်မှာ ချမ်းမော့နှင့် တိုက်ခိုက်နေခြင်း

ဖြစ်လေသည်။

မြူခိုးများကြားတွင် ချမ်းမော့က ဟိုဟိုဒီဒီ ပျံသန်းရင်း အစိမ်း

ရောင် ဓားဝိညာဉ်ကို ရှောင်တိမ်းနေလေသည်။

ထိုပျံသန်းနေသည့်ဓားကို ထိန်းချုပ်နေသူမှာ အစိမ်းရောင်

ဝတ်စုံကို ဝတ်ဆင်ထားသည့် တာအိုဆရာလေးတစ်ပါး ဖြစ်

လေသည်။ သူ၏ဓားဝိညာဉ်က အစိမ်းရောင်ဖြစ်ပြီး

သူ၏အမည်မှာ စုန့်ချင်းယီပင် ဖြစ်လေတော့သည်။

ဆန်းလျန်က ချမ်းမော့၏အော်သံကြားရာနေရာသို့ အမြန်

ရောက်လာခဲ့သည်။ ချမ်းမော့ကလည်း ဆန်းလျန်ကိုတွေ့သည်

နှင့် သခင်ဖြစ်သူ၏ပခုံးထက်သို့ ဆင်းသက်ကာ နားနေလိုက်

တော့သည်။

စုန့်ချင်းယီက ဆန်းလျန်ကိုတွေ့သည်နှင့် ဝမ်းသာအားရ

နှုတ်ဆက်လိုက်သည်။

"အား... ဆန်းလျန်ပါလား ၊ မင်းဘယ်လိုလုပ်ဒီကိုရောက်လာတာလဲ"

ဆန်းလျန်က ချမ်းမော့လေးကို စိတ်စွမ်းအားဖြင့်ဆက်သွယ်ပြီး စိတ်မပူဖို့နှစ်သိမ့်လိုက်သည်။

"ချင်းယီ ၊ မင်းကရော ဘယ်လိုဖြစ်လို့ ယွဲ့ထော်ကိုရောက်နေရတာလဲ ၊ ဘာလို့ ကျုပ်ရဲ့ ဝိညာဉ်သားရဲလေးကို တိုက်ခိုက်နေရတာလဲ"

ဆန်းလျန်က နားမလည်နိုင်စွာဖြင့် မေးလိုက်လေသည်။

"အာ... ဒီငှက်က မင်းမွေးထားတဲ့ ဝိညာဉ်သားရဲလေးလား ၊ ခုန သူရယ် အခြားငှက်တစ်ကောင်ရယ် ဂိုဏ်းတူညီအလေး ချီးရှိုးရဲ့ ချင်းလင်ဆေးအမြုတေကို ခိုးဖို့လုပ်နေတာ ၊ ကျုပ်သူတို့ကို ဖမ်းမိလို့တော်သေးတယ် ၊ ဟိုငှက်မိစ္ဆာလေးကတော့ မြန်သလား မမေးနဲ့ ၊ ဒီငှက်လေးကတော့ နှေးတော့ ကျုပ်ရဲ့ ဓား ဝိညာဉ်နဲ့ ထိသွားတာ ၊ ဂိုဏ်းတူညီမလေး ချီးရှိုးက သနားတတ်

တော့ ငှက်လေးကို မသေစေချင်တာနဲ့ ကုသပေးနေတာ ၊ အဲဒါ
ကို ဒီငှက်စုတ်က လာလာတိုက်ခိုက်နေတာနဲ့ ကျုပ်လည်း ပြန်
တိုက်လိုက်တာ ၊ ဒီငှက်မိစ္ဆာလေးက ဝိညာဉ်စွမ်းအား သိပ်မရှိ
ပေမယ့် မြန်တာကတော့ စံတင်လောက်တယ် ၊ ကျုပ်မှာ တိုက်
သာတိုက်ရတယ် သူ့အမွေးတောင် ထိအောင် မတိုက်နိုင်ဘူး"
စုန့်ချင်းယီက ဆန်းလျန်ပခုံးထက်တွင်နားနေသည့် ချမ်းမော့ကို
ညွှန်ပြရင်းပြောလိုက်လေသည်။
စုန့်ချင်းယီပြောသည့်စကားများကို ချမ်းမော့က နားလည်နေ
သောကြောင့် မကျေမနပ်ဖြင့် အော်ဟစ်လိုက်လေသည်။
စုန့်ချင်းယီကလည်း သူမကို မကျေမနပ်ဖြင့်ကြည့်လိုက်လေ
သည်။ သူတို့နှစ်ယောက်မှာ ထပ်ပြီးတိုက်ခိုက်ကြဦးမည့် ပုံ
ပင်ပေါက်နေလေသည်။
ဆန်းလျန်က စုန့်ချင်းယီ၏ တန်ခိုးစွမ်းအားများ အရင်ကထက်
ပိုပြီး တိုးတက်လာသည်ကို သတိထားလိုက်မိလေသည်။ ထိုမျှ

လောက် မြန်မြန်ဆန်ဆန်တိုးတက်လာသည့်အတွက် ရှမ်ထျန်း ဂိုဏ်း၏ တာအိုကျင့်စဉ်ပညာများကို မအံ့သြဘဲ မနေနိုင်ဖြစ်ရလေသည်။

အခန်း (၁၆၀)

ချီးရှီး

မြို့ခိုးများက အေးစိမ့်နေပြီး နှင်းများက ကျနေဆဲဖြစ်လေသည်။

သီလရှင်မိန်းကလေး၏ လက်များဆီမှထွက်ပေါ်နေသည့် အဖြူရောင်အလင်းတန်းများမှာ တဖြည်းဖြည်းပျောက်ကွယ်သွားပြီဖြစ်သည်။ သူမက ဖြည်းဖြည်းချင်းချင်း လက်ကို ရုပ်သိမ်းလိုက်သည်။ ရှောင်ရှွင်၏ဒဏ်ရာမှာ သက်သာသွားပြီ ဖြစ်လေသည်။ သူက သွေးများပေကျံနေသည့် အတောင်ပံများကို တဖျတ်ဖျတ်ခတ်ကာ ဆန်းလျန်ဆီသို့ ပျံသန်းလာလေသည်။

ချမ်းမော့က ရှောင်ရှွင် သူတို့အနားသို့ ပျံသန်းလာသည်ကိုတွေ့သည့်အခါ ကြိုဆိုခြင်းမရှိပါ။ အဝေးတွင်နေဆိုသည့်သဘောဖြင့် အတောင်ပံကိုပင် ခါပြလိုက်သေးသည်။

သီလရှင်မိန်းကလေးငယ်သည် ဆန်းလျန်ကိုတွေ့သည်နှင့် သူမ၏ မျက်နှာတွင် စိတ်လှုပ်ရှားသည့် အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

ဆန်းလျှန်က အဘယ်ကြောင့် သူမမျက်နှာ အမူအရာပြောင်းလဲသွားရသည်ကို သိချင်သော်လည်း မမေးဘဲနေလိုက်တော့သည်။

မိန်းကလေးငယ်က သူတို့ဆီသို့လျှောက်လာလေသည်။ သူမမှာ လွန်စွာမှ ငယ်ရွယ်သေးပုံရလေသည်။ သူမ၏မျက်ခုံးလေးများမှာ နွယ်ပင်လေးကဲ့သို့သေးသွယ်ပြီး မျက်ဝန်းများကတော့ မြစ်တစ်စင်းအလားဖြစ်လေသည်။ စုန့်ချင်းယီက သူမကို "ချီးရှီး" ဟု ခေါ်ပြီး "ရှီး" ဆိုသည့်အမည်မှာ သူမနှင့်လွန်စွာမှ လိုက်ဖက်လေသည်။

(ချီးရှီး = သတ္တမမြောက်အလှတရား ဟု အဓိပ္ပါယ်ရ - ဘာသာပြန်သူ)

"ဂိုဏ်းတူညီမလေးချီးရှီး ၊ ဒါက ကျုပ်ရဲ့သူငယ်ချင်း ဆန်းလျှန်ပါ ၊ သူက ချင်းရွှမ်နတ်တံခါးက တပည့်တစ်ယောက်ပဲ"

သူက ဆန်းလျန်ကို ညွှန်ပြပြီး ချီးရှိုးနှင့် မိတ်ဆက်ပေးလိုက်လေသည်။

သို့သော်...

ချီးရှိုးက မည်သည့်စကားမှ ပြန်မပြောနိုင်ဘဲဘဲ ဆန်းလျန်ကိုသာ ငေးကြည့်နေလေသည်။

စုန့်ချင်းယီကတော့ သူ့အကျင့်အတိုင်း ပြောချင်ရာပြောပြီး ချီးရှိုး၏ မျက်နှာအမူအရာများကို သတိထားမိခြင်း မရှိပါ။

သို့သော် ဆန်းလျန်ကတော့ သတိထားမိလေသည်။ သို့သော် ထိုသီလရှင်မိန်းကလေးမှာ အဘယ့်ကြောင့် သူ့အား ဤမျှ စူးစိုက်ကြည့်နေသည်လဲ ဆန်းလျန်နားမလည်ပေ။

ဆန်းလျန်က ချောမောလှပသည့် လူငယ်လေးဖြစ်ပြီး မိန်းကလေးအများစု၏ စိတ်ဝင်စားခြင်းကိုခံရသူဖြစ်လေသည်။ သို့သော် သူမကဲ့သို့ မျက်တောင်မခတ် စူးစိုက်ကြည့်နေရလောက်အောင်တော့ မဟုတ်ပေ။

ထို့ပြင် ချီးရှီးမှာ သီလရှင်တစ်ပါးဖြစ်သည့်အတွက် ယောကျ်ား လေးတစ်ယောက်အပေါ်တွင် စိတ်ဝင်စားခြင်းမျိုး မရှိနိုင်ပေ။

"ချင်းယီ ၊ ညီမလေး ချီးရှီးအသုံးပြုလိုက်တဲ့ တန်ခိုးစွမ်းအား က အသက်ဓာတ်စွမ်းအားနဲ့ ပြည့်နေပြီး သတ္တဝါတွေကို ဒုက္ခက နေကယ်တင်နိုင်တဲ့ စွမ်းအားရှိတယ် ၊ ဒီညီမလေးက ဘယ်က များလဲ သိပါရစေ"

ဆန်းလျန်က မေးလိုက်လေသည်။

ဆန်းလျန်က မေးသာမေးလိုက်သော်လည်း သူ့စိတ်ထဲတွင် ခန့်မှန်းပြီးသားဖြစ်လေသည်။ သီလရှင်မိန်းကလေးအသုံးပြု သည့်ပညာမှာ "အကြောက်တရားမဲ့တံဆိပ်တော်" ပညာဖြစ်နိုင် လေသည်။ ထိုပညာမှာ ဗုဒ္ဓဘာသာအခြေခံကျင့်စဉ်ပညာ ငါးခု တွင် တစ်ခုအပါအဝင်ဖြစ်ပြီး တာအိုကျင့်စဉ်လမ်းမှ အင်းချပ် ပညာနှင့် ဆင်တူလေသည်။ သို့သော် လက်ဟန်နှင့်ပြုမူပုံများ ကတော့ အနည်းငယ်ကွာခြားလေသည်။

အကြောက်တရားမဲ့တံဆိပ်တော်ပညာရပ်ကို လူသားများနှင့် သတ္တဝါများကို ကယ်တင်ရန်အတွက် ရည်ရွယ်ပြီး ဗုဒ္ဓဘာသာ ကျင့်ကြံသူများ ကျင့်ကြံကြလေသည်။ စိတ်တည်ငြိမ်မှုအစွမ်း ဖြင့် အကြောက်တရားကို ဖယ်ရှားရသည့် ကျင့်စဉ်ဖြစ်လေ သည်။

ကျင့်ကြံသူအများစုမှာ သူတစ်ပါးကိုကယ်တင်ရန်ထက် မိမိ ကိုယ်ကိုသာ တရားအလင်းရအောင် အရင်ကျင့်ကြံတတ်ကြ သူများဖြစ်လေသည်။

ထို့ကြောင့် အကြောက်တရားမဲ့တံဆိပ်တော်ပညာကဲ့သို့ အများ အကျိုးကိုဦးစားပေးသည့်ကျင့်စဉ်ကို ကျင့်ကြံသည့်သူမှာ လွန်စွာမှ ရှားပါးလွန်းလေသည်။

ကျင့်စဉ်လမ်းတွင် တာအိုကျင့်စဉ်လမ်းနှင့် ဗုဒ္ဓဘာသာကျင့်စဉ် လမ်းမှာ အနည်းငယ်ကွာခြားမှုရှိလေသည်။ သို့သော် ချီးရှိုး သီလရှင်လေး၏ တန်ခိုးစွမ်းအားအဆင့်မှာ စုန့်ချင်းယီထက်

တော့မည့်ပေ။ ထို့ကြောင့် ဆန်းလျန်က သူမအကြောင်းကို သိချင်မိခြင်းဖြစ်လေသည်။

"မင်းမမေးရင်တောင် ကျုပ်ကပြောမလို့ပဲ ၊ ညီမလေးချီးရှီးက ကျိကျိုက်သီလရှင်ကျောင်းက ဆရာသခင်လျို့ချင်းရှင်းထိုက်ရဲ့တပည့်ရင်းပဲ"

စုန့်ချင်းယီက ပြောလိုက်သည်။

ဆန်းလျန် မအံ့သြဘဲမနေနိုင်ဖြစ်သွားရသည်။ သူက လျို့ချင်းရှင်းထိုက်အကြောင်းကို ကြားဖူးလေသည်။ သူမ၏ အင်းပညာမှာမည်မျှ အံ့သြစရာဖြစ်ကြောင်းရေးသားထားသည့် စာအုပ်တစ်အုပ်ကို ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင်ဆန်းလျန် ဖတ်ဖူးလေသည်။ သူမကိုယ်တိုင် တီထွင်ရေးသားခဲ့သည့် ဆန္ဒမဲ့တုတ်သိုင်းပညာမှာ အလွန်အစွမ်းထက်ပြီး လောကနတ်ဘုရားများနှင့် ကောင်းစွာယှဉ်နိုင်လေသည်။

သို့သော် ကျိုကျိုက်သီလရှင်ကျောင်းအကြောင်းကို ကြား ဖူးသည်မှာတော့ ပထမဆုံးအကြိမ်ဖြစ်လေသည်။ ကျိုကျိုက် သီလရှင်ကျောင်းတွင် လေးစားစရာကောင်းသည့် လျို့ချင်း ရှင်းထိုက်ကဲ့သို့ ဆရာသခင်နေထိုင်သည့်အတွက် သာမန် သီလရှင်ကျောင်းတစ်ကျောင်းတော့ မဖြစ်နိုင်ပေ။

"ကျိုကျိုက်သီလရှင်ကျောင်းက တာအိုကျင့်စဉ်နဲ့ ဗုဒ္ဓဘာသာ ကျင့်စဉ်တွေ နှစ်ခုလုံးကိုလက်ခံတဲ့ ကြားနေကျောင်းတစ် ကျောင်းပဲ ၊ သီလရှင်ကျောင်းကို ကျုပ်တို့ရွှမ်ထျန်းဂိုဏ်းက ဆရာသခင်တစ်ပါးကတည်ထောင်ခဲ့တာ ၊ သူက ရွှမ်ထျန်းက ထွက်ခွာသွားပြီးတဲ့နောက် ဗုဒ္ဓဘာသာကို လေ့လာခဲ့တယ် ၊ ကွမ်းယင်မယ်တော်ရဲ့ ရေထဲကလရိပ်ခန္ဓာကျင့်စဉ်ကို အောင်မြင်ခဲ့ပြီး ကျိုကျိုက်သီလရှင်ကျောင်းကို တည်ထောင်ခဲ့ တာ ၊ လျို့ချင်းရှင်းထိုက်က အဲဒီဆရာသခင်နဲ့ အရမ်းခင်မင်တဲ့ မိတ်ဆွေတွေပဲ ၊ ဒါကြောင့် ကျုပ်တို့က ပညာသင်ဖက်ဆွေးမျိုး

တွေ့တော်တယ်လေ ၊ ကျုပ်ရဲ့ဆရာကလည်း ညီမလေးချီးရှိုး ကို စောင့်ရှောက်ဖို့ ကျုပ်ကို မှာထားတာ၊ ဒါပေမယ့် ညီမလေး ချီးရှိုးရဲ့အဆင့်နဲ့ဆိုရင် မင်းလို မူမှန်တဲ့လူနဲ့သာမတွေ့ရင် ဘာ ပြဿနာမှမဖြစ်နိုင်ဘူး"

စုန့်ချင်းယီက သူ့ထုံးစံအတိုင်း အသေးစိတ်ရှင်းပြလိုက်လေ သည်။

ထို့နောက် စိတ်ရှုတ်ထွေးနေပုံရသည့်ဆန်းလျန်ကိုကြည့်ကာ စုန့် ချင်းယီက ရယ်မောလိုက်လေသည်။

အမှန်တော့ ဆန်းလျန်မှာ အတော်လေး ဂုဏ်သတင်းကြီးနေ တာ ဖြစ်လေသည်။ မင်ဝမ်ဝတ်ကျောင်းတော်မှ ဟော့ခွဲ ဆရာတော်က ဆန်းလျန်မှာ ဟိုင်သန်းအဆင့်ကို ပုံပြောင်း အဆင့်ရှစ်ခုဖြင့် တက်ရောက်အောင်မြင်နိုင်လိမ့်မည်ဟု ပွင့် ပွင့်လင်းလင်းပင် ထုတ်ဖော်ပြောကြားသွားခဲ့လေသည်။

ထိုစကားမှာ ဆန်းလျန်ကို အလွန်အမင်းချီးကျူးလိုက်ခြင်းပင်ဖြစ်လေသည်။

အရင်တုန်းက စုန့်ချင်းယီက ဆန်းလျန်ကို သူ့ထက်အဆင့်နိမ့်သည့် ကျင့်ကြံသူတစ်ယောက်ဟု ထင်မြင်ခဲ့ပြီး သဲကန္တာရထဲတွင် ကယ်တင်ခဲ့ခြင်းဖြစ်လေသည်။ ဆန်းလျန်မှာ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ဖြစ်ကြောင်းနှင့် ချင်းရှမ်နတ်တံခါးမှ တပည့်တစ်ယောက်ဖြစ်ကြောင်း သိရှိသွားပြီးသည့်နောက်တွင်တော့ သူကဆန်းလျန်ကို ခင်ခင်မင်မင်သိပ်မရှိတော့ဘဲ ခပ်တန်းတန်းဖြစ်သွားရလေသည်။

စုန့်ချင်းယီ၏ကျင့်ကြံမှုအဆင့်မှာ များစွာတိုးတက်လာသည့်တိုင်အောင် ဆန်းလျန်ကို မည်သို့မျှ မယှဉ်နိုင်သေးပေ။

ထို့ကြောင့် စုန့်ချင်းယီမှာ သူ့ကိုယ်သူစိတ်ပျက်နေမိလေသည်။

သူ၏နောက်ဆုံးစကားဖြစ်သည့် ...

"ဒါပေမယ့် ညီမလေးချီးရှိုးရဲ့အဆင့်နဲ့ဆိုရင် မင်းလို မူမှန်တဲ့လူနဲ့သာမတွေ့ရင် ဘာပြဿနာမှမဖြစ်နိုင်ဘူး"

ဆိုသည့်စကားမှာနောက်ပြောင်လိုက်ခြင်းမျှသာဖြစ်သော်လည်း ထိုစကားတွင် သူခံစားနေရသည့် စိတ်ခံစားချက်များကိုပါ ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

စုန့်ချင်းယီရင်ထဲတွင် ခံစားနေရသည့်ခံစားချက်ကို ဆန်းလျန်လည်း နားလည်ပါသည်။ သို့သော် စုန့်ချင်းယီကို မည်သို့နှစ်သိမ်းပေးရမှန်း ဆန်းလျန် မသိပါ။ သူက မိမိကိုယ်ကိုနှိမ့်ချတတ်သည့် အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်အနေဖြင့် စုန့်ချင်းယီကို နှစ်သိမ့်ပေးရမည်လား ၊ ဒါမှမဟုတ် မိမိမှာ စုန့်ချင်းယီထက် အဆင့်မြင့်နေသည့်အတွက်ကြောင့် အားမငယ်ဖို့နှစ်သိမ့်ပေးရမည်လား ၊ ဆန်းလျန်တစ်ယောက် မည်သို့မျှစဉ်းစား၍မရပေ။

ထို့ပြင် စုန့်ချင်းယီမှာလည်း ဆန်းလျန်ထံမှ နှစ်သိမ့်မှု

တစ်စုံတစ်ရာကို လိုချင်မည်မဟုတ်ပေ။

"ကျုပ်သိပါပြီ ၊ ဆရာသခင်လျို့ချင်းရှင်းထိုင်အကြောင်း

အများကြီး ကျုပ်ကြားဖူးပါတယ် ၊ ကျုပ်ရဲ့ငှက်လေးကို

ကယ်တင်ပေးတဲ့အတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်"

ဆမ်းလျန်က ရှီးချန်ကို ဦးညွတ်ရင်းပြောလိုက်လေသည်။

ချီးရှီးမှာ ဆန်းလျန်က သူမကို စကားပြောလာသည့်အခါ ပိုပြီး

စိတ်လှုပ်ရှားလာပုံရလေသည်။

"ဂိုဏ်းတူအစ်ကို ဆန်းလျန် ၊ ကျွန်မကို ကျေးဇူးတင်ဖို့မလိုပါ

ဘူး ၊ ကျွန်မလုပ်သင့်တဲ့အလုပ်ကို လုပ်တာပါ ၊ ပြီးတော့ ရှင်

တကယ်ပဲ ကျွန်မကို မမှတ်မိဘူးလားဟင်"

ချီးရှီးကပြောလိုက်လေသည်။

ယခုတစ်ခါ အံ့သြခြင်းမက အံ့သြသွားရသူကတော့ စုန့်ချင်းယီ ဖြစ်လေသည်။ ချီးရှီးမှာ ဆန်းလျန်နှင့် မည်သို့ ပတ်သက်နေပါ သနည်း။

ဆန်းလျန်မှာလည်း ဘာမှနားမလည်နိုင်ဖြစ်သွားရသည်။ ချီးရှီး နှင့်သူ မည်သည့်အချိန် ၊ မည်သည့်နေရာတွင် ပတ်သက်ခဲ့ဖူးပါ သနည်းဟု အပြင်းအထန်စဉ်းစားလိုက်သည်။ သို့သော် ချီးရှီး အကြောင်း ရေးရေးမျှပင် သူ့ခေါင်းထဲတွင်ပေါ်မလာပေ။

"လွန်ခဲ့တဲ့ ဆယ့်ခုနစ်နှစ်က ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှာ ရှင်ကယ်တင်ခဲ့တဲ့ ကလေးမလေးတစ်ယောက်ကို မမှတ်မိတော့ ဘူးလား"

စိတ်ရှုတ်နေပုံရသည့် ဆန်းလျန်ကိုကြည့်ကာ ချီးရှီးက ပွင့် ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

ထိုအခါမှ ဆန်းလျန်မှတ်မိသွားပြီး လွန်ခဲ့သည့်နှစ်များဆီက အကြောင်းအရာများကို ပြန်လည်စဉ်းစားကြည့်လိုက်မိလေ

သည်။ ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှ ရှောင်းအိမ်တော်နှင့်

ရေစက်ကုန်နိုင်ခဲလှသည်ဟု ဆန်းလျန်တွေးလိုက်မိသည်။

သိပ်မကြာသေးမီကပင် သူကရှောင်းစစ်ယိကို သတ်ခဲ့ပြီး ယခု

ဖေးရှန်းနတ်ဘုရားကျွန်းစွယ်မှ တစ်ဦးတည်းသော အသက်ရှင်

ကျန်ရစ်သူမိန်းကလေးနှင့် ပြန်လည်ဆုံတွေ့ရပြန်ပြီ။

"သွေးဓားကျင့်စဉ်ကိုကျင့်ကြံထားတဲ့ ကျင့်ကြံသူတစ်ယောက်

က မိုးမြေစွမ်းအားနဲ့ သွေးကိုပေါင်းစပ်ပြီး အားလုံးကို သတ်ပစ်

ခဲ့တာပဲ ၊ မိန်းကလေးငယ်လေးတစ်ယောက်ပဲ အသက်ရှင်

ကျန်ရစ်ခဲ့တယ် ၊ အဲဒီကလေးမလေးကို ကျုပ်ရဲ့ဒေါ်လေးက

ကယ်တင်ခဲ့တယ်"

ဆိုသည့် ဆရာသခင်ကျန်းရှော့ရှီး၏စကားကို ဆန်းလျန်

ပြန်လည်ကြားယောင်လာမိသည်။

ဆရာသခင်ကျန်းရှော့ရှီး ဒေါ်လေးဟုခေါ်သည့်သူမှာ ကျိုလင်

နတ်သမီးပင်ဖြစ်လေသည်။

(ရှစ်ရှူး = များသောအားဖြင့် ဆရာဦးလေး(ဆရာဖြစ်သူရဲ့ ညီ / အစ်ကို) ကိုခေါ်ခြင်းဖြစ်သော်လည်း ဂိုဏ်းတစ်ဂိုဏ်းထဲမှာပဲ ဆရာဖြစ်သူရဲ့ ဂိုဏ်းတူညီမကိုလည်း ရှင်းရှူးလို့ခေါ်ကြပါတယ် ၊ ဒါပေမယ့် ရှူးဆိုတဲ့အခိပ္ပါယ်က ဦးလေးဖြစ်တဲ့အတွက် စာရေးသူက အစပိုင်းမှာ ဆရာဦးလေးလို့ ကျိုလင်နတ်သမီးကို ဘာသာပြန်မိသွားပါတယ် ၊ နောက်ပိုင်းမှာတော့ ဆရာဒေါ်လေးလို့ ပြောင်းပြီးဘာသာပြန်ပေးထားပါတယ် ၊ ဒါပေမယ့် ဆရာဦးလေးပဲဖြစ်ဖြစ် ဆရာဒေါ်လေးပဲဖြစ်ဖြစ် ရှင်းရှူးလို့ခေါ်ကြလို့ အစပိုင်းမှာ ဘာသာပြန်သူလည်း အနည်းငယ်လွဲမှားသွားရပါတယ် ၊ အဆင်မပြေမှုအတွက် တောင်းပန်ပါကြောင်း - ဘာသာပြန်သူ)

ကျိုလင်နတ်သမီးက ဖေးရှန်းနတ်ဘုရားကျွန်းမှ ထိုကလေးမလေးကို ကယ်တင်လာခဲ့ပြီး လျို့ချင်းရှင်းထိုက်ရှိရာ ကျိုကျိုက်

သီလရှင်ကျောင်းသို့ ပညာသင်ရန် ပို့ဆောင်ထားခဲ့ခြင်းဖြစ်လေသည်။

ကျိုလင်နတ်သမီး၏ အဆင့်အတန်းဖြင့် လျို့ချင်းရှင်းထိုင်ကို သိရှိနေသည်မှာ မထူးဆန်းပါ။

ဆန်းလျန်မှာ အရာအားလုံးကို တစ်ခဏချင်းဖြင့် မှတ်မိသွားလေသည်။

"အိုး မင်းက အဲဒီကလေးမလေးကိုး ၊ ကြည့်ပါဦး ၊ မင်းတောင် ဒီလောက်အသက်ကြီးလာပြီ ၊ ဆရာသခင်ကတော့ မင်း အကြောင်း ပြောပြပါတယ် ၊ မင်းကို ကျုပ်ရဲ့ဆရာဘွားဘွားက ကယ်တင်သွားတယ်တဲ့ ၊ ဒါပေမယ့် လျို့ချင်းရှင်းထိုက်ဆီကို ရောက်နေမယ်လို့တော့ ထင်မထားမိဘူးလေ"

ဆန်းလျန် ပြုံးရင်းပြောလိုက်လေသည်။

ဆန်းလျန်က သူမကိုမှတ်မိနေသည့်အတွက် ချီးရှီးမှာ အပျော် လွန်သွားလေသည်။ သို့သော် သူမ မသိသည့်အချက်မှာ ဆန်း

လျှန်ကဲ့သို့သော အဆင့်မြင့်ကျင့်ကြံသူများမှာ မည်မျှပင်အချိန်ကြာမြင့်သည်ဖြစ်စေ သူတို့ကြုံတွေ့ခဲ့သမျှကို မှတ်မိနိုင်စွမ်းရှိကြသည်ဆိုသည့်အချက်ပင်ဖြစ်လေသည်။ ထို့ပြင် ဆန်းလျှန်၏ ဝိညာဉ်စွမ်းအားမှာ သာမန်ဟိုင်သန်းအဆင့်ကျင့်ကြံသူများထက်ပင် စွမ်းအားကြီးမားလေသည်။

ဆန်းလျှန် သူမကိုကယ်တင်ခဲ့သည့်အချိန်က သူမသည် လွန်စွာမှပင် ငယ်ရွယ်သည့် ကလေးမလေးတစ်ယောက်ဖြစ်သော်လည်း သူမက ထိုနေ့ကို အမြဲတမ်းအမှတ်ရနေခဲ့လေသည်။ ထို့ကြောင့်ပင် ကျိကျိုက်သီလရှင်ကျောင်း၏ကျင့်စဉ်သုံးဆယ့်သုံးမျိုးထဲမှတစ်ခုဖြစ်သည့် "တုရန်" ဆေးကျမ်းကိုလေ့လာခဲ့ပြီးသည့်နောက် လူ့လောကသို့ ထွက်ခွာလာခဲ့ခြင်းဖြစ်လေသည်။

လျို့ချင်းရှင်းထိုင်မှာလည်း သူမအကြောင်းကို ကောင်းကောင်း သိနေသည့်အတွက် လူ့လောကသို့ ထွက်ခွာခွင့်ပြုလိုက်လေ သည်။

ချီးရှိုးနှင့် ဆန်းလျန်မှာ အနေးနှင့်အမြန် ပြန်လည်တွေ့ရှိကြ မည်ဟု လျို့ချင်းရှင်းထိုက်က ကြိုတင်သိမြင်ပြီးသားဖြစ်လေ သည်။

ဆန်းလျန်မှာ တစ်ချိန်က သူကယ်တင်ခဲ့သည့် ကလေးမလေး မှာ သူ့ရှေ့တွင်ရပ်နေသည့် ဆယ်ကျော်သက်သီလရှင်လေး ဖြစ် နေသည်ကိုကြည့်ရင်း များစွာအံ့သြနေမိလေတော့သည်။

"အော်... ဒေါ်လေးကျိုလင်က ဂိုဏ်းတူအစ်ကိုဆန်းလျန်ရဲ့ ဆရာဘွားဘွားကိုး ၊ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဆရာ့ဆီကို ဒေါ်လေးကျိုလင်ရောက်လာသေးတယ် ၊ သူက ဆရာ့ဆီက ဆန္ဒမဲ့တုတ်ကို လာငှားတာလေ ၊ ဆရာက မငှားလိုက်ဘူး ၊ ဘာ လို့လဲဆိုတော့ ဒေါ်လေးကျိုလင်က အရင်တုန်းက လူတွေ

အများကြီးသတ်ခဲ့ဖူးတယ်လေ ၊ သူတို့နှစ်ယောက် တိုက်တောင်တိုက်ခိုက်ကြတော့မလို့ ၊ အဲဒါနဲ့ ဒေါ်လေးကျိုလင်ပြန်သွားတော့ ဆရာစိုက်ထားတဲ့ နှစ်သုံးရာဝါးပင်ကို ဆွဲနှုတ်ပြီးယူသွားတယ်လေ ၊ အဲဒါကြောင့် ဆရာတောင် ရက်တော်တော်ကြာအောင် စိတ်ဆိုးနေခဲ့သေးတာ"

ချီးရှိုးက ပြောလိုက်လေသည်။

"ဟင် မင်းတို့ကလဲ ၊ ချီးရှိုးက ကျိုလင်နတ်သမီးကို ဒေါ်လေးကျိုလင်တဲ့ ၊ ဆန်းလျန်ကကျတော့ ဆရာဘွားဘွားတဲ့ ၊ ဒီတော့ မင်းတို့နှစ်ယောက်က ဘယ်လိုများတော်စပ်ကြတာတုန်းဟ"

စုန့်ချင်းယီမှာ သူတို့နှစ်ယောက်၏စကားအသွားအလာကို ကြည့်ရင်း မရယ်ဘဲမနေနိုင်ဖြစ်နေရလေသည်။

"မသိဘူး ၊ ဂိုဏ်းတူအစ်ကိုဆန်းလျန်က ကျွန်မရဲ့ အစ်ကိုပဲ"

ချီးရှိုးမျက်နှာတစ်ခုလုံးသွေးရောင်လွှမ်းသွားပြီး ပြန်ပြောလိုက်လေသည်။

"မရဘူးလေ ၊ မရဘူး ၊ မင်းက ဆန်းလျန်ကို အစ်ကိုတော်မယ်ဆိုရင် ကျိုလင်နတ်သမီးကို ဘယ်လိုလုပ် ဒေါ်လေးလို့ ခေါ်လို့ရမှာလဲ"

စုန့်ချင်းယီက ပြောလိုက်လေသည်။

"ချင်းယီရယ် ၊ ကျုပ်တို့အတွက် အခေါ်အဝေါ်တွေက သိပ်အရေးမကြီးပါဘူး ၊ ဒီလိုပဲ ခေါ်ချင်သလိုခေါ်ကြတာပါပဲ"

ဆန်းလျန်က ခပ်ပေါ့ပေါ့ပင် ပြန်ပြောလိုက်လေသည်။

သူတို့စကားပြောနေသည်ကို နားထောင်ရသည်မှာ ပျင်းစရာကောင်းလွန်းသည့်ပုံဖြင့် ချမ်းမော့က တစ်ချက်သမ်းဝေလိုက်လေသည်။

"ဒီငှက်သူခိုးကတော့ ၊ မင်းသခင်ကြောင့်သာမဟုတ်ရင် မင်းကိုအလွတ်ပေးမှာမဟုတ်ဘူးနော်"

စုန့်ချင်းယီက ချမ်းမော့ကို စိုက်ကြည့်ရင်းပြောလိုက်သည်။

စုန့်ချင်းယီ၏စကားကြောင့် ချမ်းမော့မှာ သူ့အတောင်များကို တဖျတ်ဖျတ်ခတ်လိုက်ပြီး စုန့်ချင်းယီကို လက်သည်းဖြင့် လှမ်းကုတ်လိုက်လေသည်။

သူတို့ရပ်နေကြသည်မှာ သိပ်ပြီးမဝေးသည့်အပြင် ချမ်းမော့က လည်း လျှင်မြန်လွန်းသည့်အတွက် စုန့်ချင်းယီမှာ ချမ်းမော့၏လက်သည်းကုတ်ချက်ကို မည်သို့ရှောင်ရမှန်းမသိဖြစ်သွားလေသည်။ သို့သော် ဆန်းလျန်က အလျှင်အမြန်ပင် ချမ်းမော့ကို လှမ်းဖမ်းထားလိုက်လေသည်။ ထို့ကြောင့် ချမ်းမော့မှာ စုန့်ချမ်းယီကို မကုတ်မိခင် လေထဲတွင် ရပ်တန့်သွားရလေသည်။

"ဒီငှက်စုတ်က ဘယ်ကငှက်လဲတော့မသိဘူး ၊ ဒါပေမယ့် ဒီလောက်အကွာအဝေးကို ဒီလောက်မြန်အောင်သွားနိုင်တာ ကျုပ်မပြောနဲ့ ဟိုင်သန်းအဆင့်ကျင့်ကြံသူတောင် ရှောင်နိုင်မှာမဟုတ်ဘူး"

စုန့်ချင်းယီက ချမ်းမော့၏အရည်အချင်းကို မှတ်ချက်ပြုလိုက်သည်။

ဆန်းလျန်ကရယ်မောလိုက်ပြီး ချမ်းမော့ကို လေထဲသို့ လွှတ်ပေးလိုက်သည်။ သူက ချမ်းမော့ကို လေထဲတွင် ပျော်ရွှင်စွာဖြင့် လွတ်လွတ်လပ်လပ်ပျံသန်းနေသည်ကိုပဲ မြင်ချင်တာဖြစ်လေသည်။ ထို့ပြင် ချမ်းမော့ပျံသန်းသွားမှသာလျှင် စုန့်ချင်းယီနှင့်လည်း ဆက်ပြီးရန်ဖြစ်တော့မည်မဟုတ်ပေ။ ရှောင်ရှင်က ချမ်းမော့နောက်သို့ လိုက်ပျံသွားလေသည်။ ချမ်းမော့က လေထဲတွင် စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်ပျံသန်းနေလေသည်။ သူ၏အတောင်များကို ဖြန့်ကားထားရင်း နှင်းပွင့်များဖြင့် ဆော့ကစားနေလေတော့သည်။

"ကျုပ်ဒီငှက်လေးကို ကောက်ရခဲ့တာ ၊ သူ့ကိုသိပ်ပြီးအပြစ်မတင်ပါနဲ့ဗျာ ၊ ဒီငှက်လေးက မာနကြီးတယ် ၊ ဒါပေမယ့် လူတွေကိုဒုက္ခမပေးတတ်ပါဘူး"

ဆန်းလျန်က ခပ်ဖြည်းဖြည်းပင်ပြောလိုက်လေသည်။ ထိုမျှထူးဆန်းပြီး ဝိညာဉ်စွမ်းအားရှိသည့်ငှက်လေးကို ကောက်ရသည်ဆို၍ စုန့်ချင်းယီမှာ အံ့သြနေလေသည်။ ချမ်းမော့ထံမှ ထူးဆန်းသည့်စွမ်းအားထွက်ပေါ်လာလေ့ရှိသည်ကိုသာ သိရလျှင် ပို၍ပင် အံ့သြဦးမည်ဖြစ်လေသည်။ သူတို့သုံးယောက် ဟိုအကြောင်း ဒီအကြောင်း စကားများပြောကာ ထွက်ခွာလာခဲ့ကြလေသည်။ စကားပြောရင်း စုန့်ချင်းယီနှင့် ချီးရှိုးတို့မှာ လည်း ဟွေခဲ့ဆရာတော်နှင့် ပေါင်ယွဲ့ဆရာတော်တို့၏ စကားရည်လုပွဲကို လာကြခြင်းဖြစ်ကြောင်း ဆန်းလျန်သိရှိလိုက်ရသည်။

ဟွေခဲ့ဆရာတော်၏ ဂုဏ်သတင်းမှာ တစ်နေ့တခြားကြီးမားလာလေသည်။ ထိုသို့ဂုဏ်သတင်းကြီးခြင်းမှာ မင်ဝမ်ဝတ်ကျောင်းတောင်နှင့် သက်ဆိုင်ခြင်းမရှိပါ။

ဟွေခဲ့ဆရာတော်သည် လွန်ခဲ့သည့်လအနည်းငယ်ခန့်က အနီးအနား တိုင်းပြည်အချို့တွင်လှည့်လည်ပြီး တရားများကို ဟောကြားခဲ့လေသည်။

မိုင်တစ်ထောင်ပတ်လည်အတွင်းတွင် ဗုဒ္ဓဘာသာကျောင်းတော်များစွာရှိပါသည်။ ရှေးဟောင်း ဗုဒ္ဓကျမ်းစာများလည်းရှိပြီး ကျောင်းတော်များ၏ သက်တမ်းမှာ နှစ်ပေါင်း ရာနှင့်ထောင်နှင့်ချီပြီး ကြာမြင့်ပြီဖြစ်လေသည်။

သို့သော်....

ဟွေခဲ့ဆရာတော်ကတော့ မတူထူးခြားစွာ တရားဟောပြောလေသည်။ သူက အရက်ဆိုင်များ ၊ သားသတ်သမားအိမ်များ ၊ စျေးများသို့သွားရောက်ပြီး တရားတော်ဟောကြားသည့် အလုပ်ကို ပြုလုပ်လေသည်။ အမှန်တော့ ထိုသို့သော အောက်ခြေလူတန်းစားများအထိ တရားဟောပြောခြင်းကို ပတ်ဝန်းကျင်ရှိ ကျောင်းတော်များက လုပ်လေ့မရှိကြပေ။

ထို့ပြင် ပေါ့ခဲ့ဆရာတော်က တရားကျင့်ကြံကြရန်နှင့်
စိတ်ကောင်းနှလုံးကောင်းထားကြရန်ကိုလည်း အဓိကထား
ဟောပြောလေသည်။ သို့သော် သူက ခမ်းနားသည့်
ဝတ်ကျောင်းတော်ကြီးများနှင့် တရားစခန်းများတွင်တော့
တရားသွားရောက်ဟောကြားခြင်းမရှိပေ။ ထို့ကြောင့် အချို့
သောဘုန်းတော်ကြီးများက သူ့ကို မကျေမနပ်ဖြစ်ကြလေ
သည်။

ပေါ့ခဲ့ဆရာတော်မှာ မင်ဝမ်ဝတ်ကျောင်းတော်မှ ဆရာတော်
တစ်ပါးဖြစ်လင့်ကစား သူ၏အပြုအမူများက အခြားသော
ဘုန်းတော်ကြီးများကို များစွာထိခိုက်လေသည်။
အဘယ်ကြောင့်ဆိုသော အချို့သောဘုန်းတော်ကြီးများမှာ
တရားကျင့်ကြံကြခြင်းမရှိဘဲ တရားကိုသာဟောပြောနေသည့်
သူများဖြစ်ကြသောကြောင့်ပင်။

အခန်း (၁၆၁) ဟိုင်သခင်ကြီး

ကျင့်ကြံသူများအတွက်က် ဝိညာဉ်အလင်းတရားရခြင်းနှင့်

ပင်ကိုယ်အရည်အချင်းရှိခြင်းမှာ အတူတူပင် အရေးပါလေ

သည်။

လူအများစုက ဝိညာဉ်အလင်းတရားရခြင်းမှာ ပါရမီရှိမှရ

နိုင်သည်ဟု ထင်နေကြသည်။ လူတစ်ယောက်သည် တော်

သည့်သူကတော်ပြီး ၊ တုံးသည့်သူက တုံးမည်သာဖြစ်သည်။

ကံတရားအတိုင်းသာဖြစ်သည်ဟု ထင်ကြလေသည်။

အမှန်တော့ထိုသို့မဟုတ်ပါ။

ဗောဓိသကျာဘုရားကလည်း တရားစာပေများချန်ထားခဲ့လေ

သည်။ တာအိုဆရာသခင်ကြီးများကလည်း ကျမ်းစာပေါင်း

များစွာချန်ထားခဲ့လေသည်။ သူတော်စင်အယောက်တစ်ရာက

လည်း သူတို့၏အတွေးအခေါ်အယူအဆများကို မှတ်တမ်းများ
ရေးသားပြုစုခဲ့ကြလေသည်။ လူတစ်ယောက်သည် ထိုစာ
အပေများကို ဖတ်ရှုပြီး နားလည်သဘောပေါက်နိုင်ခဲ့လျှင်
မည်သို့ပင် တုံးအသည့်သူတစ်ယောက်ဖြစ်ပါစေ ဝိညာဉ်
အလင်းတရားရရှိမည်သာဖြစ်လေသည်။
အရည်အချင်းဆိုသည်က ပျက်စီးတတ်သည့်သဘောရှိပြီး
ဝိညာဉ်အလင်းတရားရခြင်းကတော့ မည်သည့်အခါမှ ဆုံးရှုံး
ခြင်းသို့ရောက်ရှိနိုင်မည်မဟုတ်ပေ။
သို့သော် ကျမ်းစာများကို ဖတ်ရှုသည့်သူက လူနည်းစုမျှသာ
ဖြစ်လေသည်။ ကျမ်းစာများကိုဖတ်ရှုပြီး တရားအလင်းရကြ
သူမှာလည်း အနည်းငယ်မျှသာရှိလေသည်။
ဟွေ့ခဲ့ဆရာတော်ကတော့ ထိုသို့ ကျမ်းစာများကို ဖတ်ရှုခြင်းမ
ရှိသည့်လူအများ တရားသဘောကိုနားလည်လာအောင်

လွယ်ကူသည့်တရားများကို ဟောပြောလေသည်။ ရိုးရှင်း
သော်လည်း လွန်စွာမှ ထူးခြားသည့်နည်းလမ်းဖြစ်သည်။
အကျင့်တရားနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ယောက် တရားဟော
မည်ဆိုပါက ကျောက်တုံးကပင် ခေါင်းညိတ်မည်ဖြစ်လေ
သည်။ သို့သော် အကျင့်တရားမရှိဘဲ ဟောပြောနေမည်ဆိုပါ
က ဟောပြောနေသူကိုယ်တိုင်အတွက်ပင် အကျိုးမရှိနိုင်ပေ။
ပေါင်ယွဲ့ဆရာတော်ကြီးအနေဖြင့် ဟော့ခဲ့ဆရာတော်ကို အခက်
တွေ့စေလိုခြင်းအလျှင်းမရှိပါ။ သို့သော် ဟော့ခဲ့
ဆရာတော်၏အပြုအမူကြောင့် ဒေသတွင်းရှိ အခြားသော
ဆရာတော်များမှာ အခက်တွေ့နေရသည့်အတွက် ထိုပြဿနာ
ကို ဖြေရှင်းရန် ဟော့ခဲ့ဆရာတော်နှင့် စကားရည်လုပွဲကျင်းပဖို့
ဆုံးဖြတ်ခဲ့ရခြင်းဖြစ်လေသည်။
ထိုသတင်းစကားကိုကြားရသည့်အခါတွင်တော့ ဆန်းလျန်မှာ
ဟော့ခဲ့ဆရာတော်အပေါ်တွင် လေးစားသွားကာ အမြင်လည်း

ပြောင်းသွားမိလေသည်။ သူ ဟန့်ဟိုင်ပင်လယ်ယှဉ်ပြိုင်ပွဲတွင်

ဟော့ခဲ့ဆရာတော်ကို တွေ့စဉ်က သိပ်ပြီး မလေးစားခဲ့မိသည်

များမှာ ပျောက်ကွယ်သွားခဲ့လေသည်။

အမှန်တော့ လူတစ်ယောက်ကို အမြင်နှင့်ဆုံးဖြတ်၍မရနိုင်ပေ။

လူဆိုသည်မှာ မိမိကိုယ်ကိုသာအသိဆုံးဖြစ်လေသည်။

ဆန်းလျန်က မေးလိုက်သည်။

"ချင်းယီ ၊ အခု ဟော့ခဲ့ဆရာတော် ဘယ်မှာလဲ မင်းသိလား"

"မသိပါဘူးကွာ ၊ ဒါပေမယ့် သိချင်ရင် နည်းလမ်းတော့ရှိတယ်”

စုန့်ချင်းယီက ပြန်ဖြေလိုက်လေသည်။

ထို့နောက် သူက လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်ပြီး သူ့လက်

ထဲတွင် အမွှေးတိုင်တစ်တိုင်ပေါ်လာလေသည်။

"အစ်ကိုဆန်း ၊ ကျုပ်ကိုတစ်ခုလောက်ကူညီပါလား"

ဟုပြောလိုက်လေသည်။

စုန့်ချင်းယီက ဆန်းလျန်၏ ထိုက်ရှီးတန်ခိုးစွမ်းအားရှစ်မျိုး အကြောင်းကို သိထားသူဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန် အတွက် အမွေးတိုင်ထွန်းရန် မီးတောက်လေးတစ်ခုဖန်ဆင်း ပေးရုံဖြင့် အပန်းမကြီးလှပေ။

စုန့်ချင်းယီက အမွေးတိုင်ထွန်းပြီး ဘာလုပ်မည်မှန်းမသိသည့် တိုင် ဆန်းလျန်ကလည်း အပန်းမကြီးသောကြောင့် ကူညီလိုက် လေသည်။ သူက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး သူ့ လက်ဖျားတွင် တောက်ပသည့် မီးတောက်လေးတစ်ခု ဖန်ဆင်း လိုက်လေသည်။ ထိုမီးတောက်လေးဖြင့် အမွေးတိုင်လေးကို ထွန်းညှိပေးလိုက်သည်။ အမွေးတိုင်လေးမှာ အလွန်ထူးခြား သည့် အမွေးတိုင်လေးတစ်ခုဖြစ်လေသည်။ အချိန်ခဏကြာ ပြီးသည့်နောက် အမွေးတိုင်နားတွင် နှင်းပွင့်လေးများ ဝန်းရံလာ လေသည်။ စုန့်ချင်းယီက အမွေးတိုင်လေးကို နှင်းတောထဲတွင် ထိုးစိုက်လိုက်သည်။ အမွေးတိုင်မှ ထွက်ပေါ်လာသည့်အငွေ့

များက မိုးပေါ်သို့ တည့်တည့်မတ်မတ်ပင် တက်သွားလေသည်။ လေတိုက်နေသည့်တိုင် ထိုအမွှေးတိုင်ငွေ့များက လေနှင်ရာ ယိမ်းနွဲ့သွားခြင်းမရှိပေ။

စုန့်ချင်းယီက အမွှေးတိုင်လေးရှေ့တွင် လေးစားသမှုဖြင့် လက်အုပ်ချီလိုက်သည်။

"ဆရာ... ဆရာအခုလောလောဆယ် အားနေတယ်ဆိုရင် မင်ဝမ်ဝတ်ကျောင်းတော်က ဟွေ့ခဲ့ဆရာတော်ဘယ်မှာရှိတယ်ဆိုတာ ပြောပြပေးနိုင်မလား"

ဟု မေးလိုက်လေသည်။

ဆန်းလျန်မှာ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ သူက စုန့်ချင်းယီ ထိုသို့ပြုလုပ်လိမ့်မည်ဟု ထင်မထားမိပေ။

ခဏအကြာတွင်တော့ အမွှေးတိုင်လေးမှာ မီးလောင်ကျွမ်းသွားပြီး ပြာဖြစ်သွားလေသည်။ ထိုအမွှေးတိုင်ပြာများတွင် စာလုံးများပေါ်နေလေသည်။

"နတ်အရက်ဗိမာန်"

ဆိုသည် စာလုံးများပင်ဖြစ်လေသည်။

စုန့်ချင်းယီက လက်ခုပ်တစ်ချက်တီးလိုက်ရင်း...

"ကံကောင်းတာပဲ ၊ ဆရာကအဖြေပြန်ပေးတယ် ၊ ဒါပေမယ့်

"နတ်အရက်ဗိမာန်" ဆိုတာ ဘယ်နေရာမှာ ရှိတာလဲ"

ဟုပြောလိုက်လေသည်။

"ကျွန်မသိတယ်"

ဟု ချီးရှိုးက ပြန်ဖြေလိုက်သည်။

သူမစကားကြောင့် စုန့်ချင်းယီက တအံ့တသြဖြင့်...

"မင်းက ဘယ်လိုလုပ်သိရတာလဲ ချီးရှိုး ၊ အဲဒီနေရာကိုရောက်

ဖူးလို့လား ၊ မင်းက သီလရှင်တစ်ပါးပဲ ၊ ဘယ်လိုလုပ် အရက်

သောက်လို့ရမှာလဲ"

စုန့်ချင်းယီ၏စကားကြောင့် ချီးရှိုး၏မျက်နှာလေးမှာ နီရဲသွား

ရသည်။

"ကျွန်မလည်း ဖြတ်သွားရင်းနဲ့ ရောက်ဖူးတာပေါ့ အစ်ကိုစုန့်"

ဟုပြန်ပြောလိုက်လေသည်။

"အင်းလေ ၊ မင်းကသိတယ်ဆိုလည်း ကောင်းတာပေါ့ ၊ ကျုပ်

တို့ကို လမ်းပြပေးပါလား"

ဟု စုန့်ချင်းယီက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်၏စိတ်ထဲတွင် ရှန်ဆန်းကျန်းရန်လုကျိုးယွမ်ကို

လွန်စွာမှ လေးစားသွားမိလေသည်။ တစ်ချိန်တည်းမှာပင် ရှန်

ဆန်းကျန်းရန်လုကျိုးယွမ်၏ တန်ခိုးစွမ်းအားမှာ မည်မျှ

ကြီးမားကြောင်းလည်း သဘောပေါက်သွားရသည်။ စုန့်ချင်း

ယီ၏ စိတ်ထဲမှမေးခွန်းကို သိမြင်နိုင်သည်အထိ စွမ်းအား

ကြီးမားလေသည်။

ဒဏ္ဍာရီများထဲတွင် ဗောဓိသဃကျန့်နှင့် တာအိုဆရာသခင်ကြီး

များမှာ လူတစ်ယောက်၏ စိတ်နှလုံးကို သိမြင်နိုင်စွမ်းရှိကြ

သည်ဟု အဆိုရှိလေသည်။ ရှန်ဆန်းကျန်းရန် လုကျိုးယွမ်က

စုန့်ချင်းယီသိချင်နေသည့်အဖြေကို အမွှေးတိုင်မှပြာလေးတစ်ခုဖြင့် အဖြေပေးသည်မှာတော့ လွန်စွာမှ အံ့သြစရာကောင်းလေသည်။ လောကပထမဟု နာမည်ကျော်ကြားလောက်သည့် ပုဂ္ဂိုလ်ထူးပင်ဖြစ်လေသည်။

ထိုသို့သော တန်ခိုးစွမ်းအားများရရှိနိုင်ရန်အတွက် မည်မျှအချိန်ကြာမြင့်စွာ လေ့ကျင့်ရမည်ကို ဆန်းလျန်မသိပါ။ ဆန်းလျန်က တစ်ချိန်တွင်တော့ ထိုကဲ့သို့သောစွမ်းအားများရရှိအောင် ကျင့်ကြံမည်ဟု ဆုံးဖြတ်ချက်ချလိုက်မိသည်။ ဆန်းလျန်ကသာ အံ့သြထူးဆန်းနေသော်လည်း ဆရာဖြစ်သူနှင့် အမြဲရင်းရင်းနှီးနှီးရှိနေသည့် စုန့်ချင်းယီကတော့ ဆရာဖြစ်သူ၏တန်ခိုးစွမ်းအားများကို ထူးဆန်းသည်ဟု မခံစားမိတော့ပေ။

နတ်အရက်ဗိမာန်က ညှော်သည်သုံးယောက်ကို ကြိုဆိုလိုက်

သည်။ တာအိုဆရာလေးနှစ်ယောက်နှင့် သီလရှင်လေးတစ်ပါး

ဖြစ်လေသည်။

သို့သော် ယနေ့ နတ်အရက်ဗိမာန်တွင် လူများစည်ကားလျှက်ရှိ

လေသည်။ ထို့ကြောင့်သူတို့သုံးယောက်ကို မည်သူမျှ

စိတ်ဝင်စားခြင်းမရှိကြပါ။ နတ်အရက်ဗိမာန်တွင် ကုန်သည်

များ ၊ စစ်သည်တော်များအပြင် မင်းမှုထမ်းအရာရှိကြီးများ ၊

မင်းမျိုးမင်းနွယ်များပါ ရောက်ရှိနေကြလေသည်။ အားလုံးမှာ

သူတို့နေရာတွင်သူတို့ ထိုင်နေကြခြင်းဖြစ်လေသည်။ နေရာမှာ

ပြည့်နေပြီဖြစ်သောကြောင့် ဆန်းလျန်တို့သုံးယောက်မှာ ထိုင်

စရာနေရာမရကြတော့ပေ။

ဆန်းလျန်က ဟွေ့ခွဲဆရာတော်ကို လှမ်းမြင်နေရလေသည်။

ဆရာတော်၏ပုံစံမှာ အရင်ကအတိုင်း ရိုးရိုးရှင်းရှင်းပဲဖြစ်လေ

သည်။ သို့သော် ဆရာတော်၏ဖိနပ်များမှာတော့ စုတ်ပြဲနေခြင်း မရှိတော့ပေ။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် တရားသံများဖုံးလွှမ်းနေပြီး ဟွေခဲ့ ဆရာတော်သည် ဘုန်းတော်ကြီးတစ်စုနှင့် စကားရည်လုနေ လေသည်။

ဟွေခဲ့ဆရာတော်က အေးအေးဆေးဆေးပင်ဖြစ်သော်လည်း ငြင်းခုန်နေကြသည့် ဘုန်းတော်ကြီးများမှာ ဟွေခဲ့ဆရာတော်ကို များစွာမကျေမနပ်ဖြစ်နေကြပုံရလေသည်။

ထိုသို့ အငြင်းပွားနေကြသည်မှာ နေဝင်သည်အထိ ပြီးဆုံးမည် မဟုတ်ကြောင်း ဆန်းလျန်ရိပ်မိလိုက်သည်။ ထို့ကြောင့် အချိန် ကြာဦးမည်ဖြစ်လေသည်။

ဆန်းလျန်က ထိုမျှအချိန်အကြာကြီး မတ်တပ်ရပ်နေလိုခြင်းမ ရှိပါ။ သို့သော် ထိုင်စရာနေရာလည်း မရှိတော့သည့်အတွက် မတတ်သာဘဲ မတ်တပ်ရပ်နေလိုက်ရတော့သည်။

အခြားသောဧည့်သည်များကိုလည်း သွားနှင်ထုတ်၍မရပေ။ အဘယ်ကြောင့်ဆိုသော် နတ်အရက်ဗိမာန်မှာ ဂုဏ်သရေရှိလူများသာလာကြသည့်နေရာတစ်နေရာဖြစ်လေသည်။ ဆန်းလျှန်တွင် ရွှေသစ်ရွက်လေးများပါသည့်တိုင် ထိုရွှေသစ်ရွက်လေးများဖြင့် နေရာတစ်နေရာကိုပင် ရှာ၍မရဖြစ်နေရလေသည်။

ထိုအချိန်မှာပင် စားပွဲထိုးလေးတစ်ယောက်က ဆိုင်ပိုင်ရှင်အနားသို့သွားကာ တီးတိုးပြောကြားလိုက်လေသည်။ ဆိုင်ပိုင်ရှင်၏မျက်နှာမှာ ချက်ချင်းပင်ပြုံးရွှင်သွားပြီး...

"ဧည့်သည်တော်တို့၊ စားပွဲအလွတ်တစ်ခုတော့ရှိပါတယ်၊ အဲဒီမှာ လူတစ်ယောက်တော့ထိုင်နေတယ်၊ ဒါပေမယ့် လူက ဧည့်သည်တော်တို့ကို ထိုင်ခွင့်ပြုမယ်တဲ့"

ဟုပြောလိုက်လေသည်။

ထို့နောက် ဆိုင်ရှင်က ဆန်းလျှန်ပေးသည့် ရွှေသစ်ရွက်လေးကိုယူရန် လက်လှမ်းလိုက်လေသည်။

သို့သော် ဆန်းလျန်က ရွှေသစ်ရွက်လေးကို ပြန်သိမ်းလိုက်လေသည်။

"ဒါ ဘာအဓိပ္ပါယ်လဲ"

ဆိုင်ရှင်က မေးလိုက်လေသည်။

"အဲဒီလူက ကျုပ်တို့နဲ့အတူထိုင်ချင်တယ်လို့ပြောတာမလား၊ အဲဒီတော့ ပေးစရာမလိုတော့ဘူးလေ"

ဟု ဆန်းလျန်က ပြောလိုက်လေသည်။

ဆိုင်ရှင်မှာ စိတ်အညစ်ကြီးညစ်သွားရလေသည်။ ဆန်းလျန် အဖြစ်မှန်ကို မည်သို့သိသွားသည်လဲ သူစဉ်းစား၍မရပါ။ သူ နှင့်စားပွဲထိုးလေးတီးတိုးပြောဆိုနေသည်ကို ကြားသွားခြင်း ဖြစ်နိုင်သည်ဟုသာ တွေးလိုက်မိလေသည်။

ဆန်းလျန်ကလည်း စိတ်ထားကောင်းသည့်တိုင် တစ်ခါတစ်ရံ တွင်တော့ ထိုသို့ ညစ်ကျယ်ကျယ်အပြုအမူလေးများ ပြုလုပ်တတ်လေသည်။

ဆန်းလျန်က တစ်ယောက်တည်းထိုင်နေသည့်လူရှိရာ စားပွဲဆီ သို့ လှမ်းကြည့်လိုက်သည်။ ထိုသူမှာ အသက်နှစ်ဆယ်ကျော် ခန့်သာရှိဦးမည်ဖြစ်ပြီး ရွှေရောင်ဝတ်စုံကိုဝတ်ဆင်ထားလေ သည်။ သူဝတ်ဆင်ထားသည့် ရတနာပစ္စည်းများမှာလည်း တန်ဖိုးဖြတ်၍မရနိုင်ပေ။ ချမ်းသာကြွယ်ဝသည့် လူတစ်ဦး ဖြစ်ပုံရလေသည်။

ထိုသူက ဆန်းလျန်ကို ပြုံး၍ကြည့်နေပြီး သူနှင့်အတူလာထိုင် ရန် ဖိတ်ခေါ်လိုက်လေသည်။

သူတို့သုံးယောက်လုံး ထိုစားပွဲဆီသို့ အလျှင်အမြန်သွားလိုက် ကြလေသည်။ ပထမဆုံးရောက်သွားပြီး ထိုင်လိုက်သည့်သူမှာ စုန့်ချင်းယီဖြစ်လေသည်။ ဆန်းလျန်က စုန့်ချင်းယီနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်လိုက်ပြီး ဆန်းလျန်ဘေးတွင်တော့ ချီးရှိုးက ထိုင်လိုက်လေသည်။

"ထိုင်ခွင့်ပြုတာ ကျေးဇူးတင်ပါတယ်ဗျာ ၊ ဒီကမိတ်ဆွေရဲ့

နာမည်လေးများ မသိရဘူးလား"

"ကျုပ်ကို ဟိုင်သခင်ကြီးလို့ခေါ်နိုင်ပါတယ်"

လူရွယ်က ခပ်ဖြည်းဖြည်းပင် ပြန်ပြောလိုက်လေသည်။

"ကျုပ်နာမည်ကတော့ စုန့်ချင်းယီပါ ၊ သူကတော့ ဆန်းလျန် ၊ ဒီ

သီလရှင်ဆရာလေးကတော့ ချီးရှိုးလို့ခေါ်ပါတယ်"

ဟိုင်သခင်ကြီးက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး

သူ၏အကြည့်က ဆန်းလျန်ဆီတွင် ရပ်တန့်သွားသည်။ ဆန်း

လျန်၏ဦးခေါင်းထက်တွင် ကျောက်စိမ်းဆံထိုးတစ်ခုထိုးစိုက်

ထားပြီး ရှည်လျားသည့်ဆံနွယ်များက ပခုံးထက်တွင်ကျနေ

လေသည်။ သူ၏ပုံစံမှာ အလွန်မှ ချောမောလှပပြီး

ကျက်သရေရှိလှလေသည်။

ဘုရင့်နန်းတော်မှ မင်းညီမင်းသားတစ်ပါးသည်ပင် သူ့လောက်

ကျက်သရေရှိနိုင်လိမ့်မည် မဟုတ်ပေ။

ဆန်းလျှန်မှာတော့ ဟိုင်သခင်ကြီးဆိုသည့် အမည်ကို ကြားလိုက်ရသည့်အတွက် စိတ်လှုပ်ရှားသွားမိလေသည်။ လွန်ခဲ့သည့်နှစ်များစွာက သူနှင့်မတော်တဆတွေ့ပြီး သတ်ခဲ့မိသည့် မြွေမိစ္ဆာမတစ်ကောင်ကို သတိရသွားမိသည်။ ထိုမြွေမိစ္ဆာမက သူမကိုယ်သူမ ဟိုင်သခင်ကြီး၏ ကိုယ်လုပ်တော်ဟု ပြောခဲ့ဖူးလေသည်။

သို့သော် လူတူမရှား နာမည်တူမရှားလည်းရှိသည်ဖြစ်ရာ ထိုမြွေမိစ္ဆာမပြောသည့် ဟိုင်သခင်ကြီးနှင့် ယခုသူ့ရှေ့တွင် ရောက်နေသည့် ဟိုင်သခင်ကြီးမှာ တစ်ယောက်တည်းလား ၊ နာမည်တူခြင်းလားဆိုသည်ကိုတော့ ဆန်းလျှန် ခွဲခြား၍ မသိနိုင်ပေ။ ထို့ပြင် သူ့ရှေ့ရှိလူရွယ်ထံမှ မည်သည့်တန်ခိုးစွမ်းအားများကိုမှ ခံစားရခြင်းမရှိပါ။

ဟိုင်သခင်ကြီးကလည်း ဆန်းလျှန်ကို အတန်ကြာလေ့လာနေပြီးမှ သူ၏အာရုံကို တရားဆွေးနွေးငြင်းခုန်နေကြသည့် ဆရာတော်များထံသို့ ရွှေ့ပြောင်းလိုက်လေသည်။

ဟွေခဲ့ဆရာတော်မှာ အခြားသောဆရာတော်တစ်ပါးနှင့် စကားရည်လုနေပြီး ထိုဆရာတော်မှာ ဟွေခဲ့ဆရာတော်ကို နိုင်အောင်မပြောနိုင်တော့ပေ။

အခန်း (၁၆၂)

ဗောဓိသတ္တနှင့်ရေစက်ပါသူ

"ဟွေခဲ့ဆရာတော်လုပ်နေတာ အဓိပ္ပါယ်မရှိဘူး၊ သာမန်လူတွေဟာ ဘယ်လိုလုပ် ဗုဒ္ဓဘာသာရဲ့အနှစ်သာရကို နားလည်နိုင်မှာ

လဲ ၊ လူတိုင်းသာနားလည်နိုင်မယ်ဆိုရင် သံသရာဝဋ်ဆင်းရဲမှာ ကျင်လည်ကြတဲ့သူ ရှိမှာတောင်မဟုတ်တော့ဘူး"

ဟိုင်သခင်ကြီးက ပြောလိုက်လေသည်။

ဟိုင်သခင်ကြီးက ထိုစကားကို အစိပ်ပွါယ်မဲ့ ပြောလိုက်ခြင်း မဟုတ်ကြောင်း ဆန်းလျှန်သိလိုက်သည်။ ထိုစကားမှာ တွေးခေါ်ပညာရှင်တစ်ယောက်၏ စကားနှင့်ခပ်ဆင်ဆင်တူလေသည်။

"ဒါပေမယ့် လူ့ဘဝဆိုတာ ဒုက္ခပင်လယ်ကြီးပဲလို့ သိသွားရင်တော့ လူတစ်ယောက်က လွတ်မြောက်ဖို့ကြိုးစားမှာပဲ မဟုတ်ဘူးလား ၊ သူက လွတ်မြောက်ဖို့နည်းလမ်းလည်းရှာမှာပဲ ၊ မအောင်မြင်ဘူးဆိုရင်တောင်မှ အနည်းဆုံးတော့ ကြိုးစားကြည့်သင့်တယ် ၊ ဒါမှ အဆုံးသတ်မှာ ငြိမ်းချမ်းရာကို ရောက်နိုင်မှာပေါ့"

စုန်ချင်းယီက ပြောလိုက်လေသည်။

"ဘယ်ဖြစ်နိုင်မှာလဲကွာ ၊ ငတုံးတွေက ငတုံးတွေပါပဲ ၊ သိသည်ဖြစ်စေမသိသည်ဖြစ်စေ ဘယ်သူမှ ကျင့်ကြံကြမှာ မဟုတ်ဘူး ၊ အဲဒီတော့ အဆုံးသတ်ကလည်း ဘာမှထူးခြားမှာ မဟုတ်ပါဘူး"

ဟိုင်သခင်ကြီးက ခပ်အေးအေးပင် ပြန်ပြောလိုက်လေသည်။

"ဟိုင်သခင်ကြီး ၊ ခင်ဗျားပြောတဲ့လူတွေထဲမှာ ခင်ဗျားလည်းပါနေမယ်နော် ၊ ဗုဒ္ဓဘုရားကိုယ်တိုင်ကလွဲရင် ဘယ်သူမှ သံသရာဝဋ်ဆင်းရဲကနေ အပြီးအပိုင်လွတ်မြောက်သွားသူဆိုတာ မရှိနိုင်ဘူး ၊ ဒီလိုပဲ ကြိုးစားကျင့်ကြံကြရတာပဲ"

စုန်ချင်းယီက နှာခေါင်းတစ်ချက် မသိမသာရှုံ့ရင်းပြောလိုက်လေသည်။

စုန်ချင်းယီ၏စကားကြောင့် ဟိုင်သခင်ကြီးက စိတ်ဆိုးသွားခြင်းမရှိပါ။

"ကျုပ်က ဗောဓိသဿကျတစ်ပါးဖြစ်လာအောင် ကျင့်ကြံနိုင်ပါ

သေးတယ်၊ ဒါပေမယ့် ဒီငတုံးတွေကတော့ အလားအလာမရှိ

ပါဘူးကွာ"

ဟိုင်သခင်ကြီးက ပြုံး၍ပင် ပြန်ပြောလိုက်လေသည်။

ဟိုင်သခင်ကြီးက စကားကို ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်

ခြင်းဖြစ်သည်။ သူက အစွန်းရောက်သူတစ်ယောက်မဟုတ်ပါ။

သူ့တွင် တန်ခိုးစွမ်းအားများစွာ ပိုင်ဆိုင်ထားလေသည်။

သို့သော် ဆန်းလျန်ကသာ သူ၏တန်ခိုးစွမ်းအားများကို မ

သိမြင်နိုင်ဖြစ်နေရခြင်းဖြစ်လေသည်။

ဆန်းလျန်မှာ နေရာတိုင်းတွင် အစွမ်းထက်သည့် ကျင့်ကြံ

သူများရှိနေလိမ့်မည်ဟု ထင်မထားခဲ့မိပေ။ ယခုလည်း သူ့စိတ်

ထဲတွင် မရေမရာဖြစ်ရလေသည်။ ဟိုင်သခင်ကြီးက

သူ၏တန်ခိုးစွမ်းအားများကို အခြားသူများမသိအောင်

ဖုံးကွယ်ထားသည်လား။ တန်ခိုးစွမ်းအားများကို အခြားသူများ

မသိနိုင်အောင် ဖုံးကွယ်ထားနိုင်သည့် ပုဂ္ဂိုလ်ဆိုသည်မှာ လောကနတ်ဘုရားတစ်ပါးဖြစ်ရန် အလွန်နီးစပ်နေသူများသာ ပြုလုပ်နိုင်သည့် တန်ခိုးစွမ်းအား ဖြစ်လေသည်။

ထိုသူများက လျှို့ဝှက်ကျင့်စဉ်များဖြင့် သူတို့၏တန်ခိုး စွမ်းအားများကို ဖုံးကွယ်ထားတတ်ကြသည်။ မသိလျှင် သာမန်လူတစ်ယောက်ဟုသာ ထင်ရမည်ဖြစ်လေသည်။

သို့သော် သူတို့၏ပုံသဏ္ဌာန်များမှာ များသောအားဖြင့် သာမန်လူများနှင့်မတူကြပေ။ ဥပမာအားဖြင့် ရှင်းစစ်စစ်နျန်ကဲ့သို့ သာမန်လူနှင့်မတူ လွန်စွာမှ ပြစ်မျိုးမဲ့မထင် လှပနေခြင်းမျိုး ဖြစ်လေသည်။

သို့သော် ဟိုင်သခင်ကြီးကတော့ သာမန်လူတစ်ယောက် ပုံစံ မျိုးမျှသာဖြစ်လေသည်။ သို့သော် စိတ်သဘောထားကောင်းပုံ တော့ရသည်။

စုန့်ချင်းယီနှင့် ဟိုင်သခင်ကြီးတို့ ငြင်းခုန်နေကြသည်ကို နားထောင်ရင်း ဆန်းလျန်ပြုံးလိုက်မိလေသည်။ သို့သော် သူက ဝင်ပြောခြင်းတော့မရှိပါ။

"ညီငယ်ဆန်းလျန်က ဘာတွေပြုံးနေတာလဲ"

ဟိုင်သခင်ကြီးက ရုတ်တရက်ထမေးလိုက်လေသည်။

ဝင်မပြောချင်၍ ဝေးဝေးနေပါသည်ဆိုမှ ပြုံးမိသည့်အတွက် အမေးခံရပြီ။

အမှန်တော့ ဆန်းလျန်က ဟိုင်သခင်ကြီးအကြောင်းကို ခန့်မှန်းကြည့်နေခြင်းဖြစ်လေသည်။ သို့သော် ထိုသို့ ပေါ်တင်ကြီးသွားပြော၍လည်း မဖြစ်နိုင်ပေ။

"ကျုပ်က ဗုဒ္ဓကျမ်းစာတွေအကြောင်း နည်းနည်းစဉ်းစားနေတာပါ"

ဟုသာ ပြောလိုက်ရလေတော့သည်။

"ကျုပ်တို့တွေအားနေကြတာပဲ ၊ နည်းနည်းပါးပါး ပြောပြပါ

လား"

ဟိုင်သခင်ကြီးက မေးလိုက်လေသည်။

ဆန်းလျန်လည်း မတတ်သာတော့ပြီ။ ဗုဒ္ဓကျမ်းစာများကို

အကိုးအကားဖြင့်ရှင်းရတော့သည်။

"ကျုပ်ကြားဖူးတာတော့ ဗုဒ္ဓဘုရားက လင်စန်းတောင်မှာ

သီတင်းသုံးနေတုန်း မိုးနတ်မင်းက သူ့မိသားစုနဲ့အတူ

ရောက်လာတယ်တဲ့ ၊ ရွှေရောင်ကြာပန်းတွေနဲ့ ဗုဒ္ဓဘုရားကို

ပူဇော်ပြီး တရားဓမ္မဟောကြားပေးဖို့ တောင်းပန်တယ်တဲ့ ၊ ဒါ

ပေမယ့် ဗုဒ္ဓဘုရားက စကားတစ်လုံးတောင်မပြောခဲ့ဘူး ၊

ရွှေရောင်ကြာပန်းတစ်ပွင့်ကို ရိုးတံကနေကိုင်လိုက်ပြီး သူ့

တပည့်သာဝကတွေကို ပြလိုက်တယ် ၊ ဗုဒ္ဓဘုရားရဲ့မျက်နှာ

တော်က အရမ်းတည်ငြိမ်အေးချမ်းနေတယ် ၊ အဲဒီအချိန်မှာ

တောင်ပေါ်မှာရှိနေတဲ့ အခြားတပည့်တွေက ဗုဒ္ဓဘုရားဆိုလိုတဲ့

အဓိပ္ပါယ်ကို ဘယ်သူမှ နားမလည်ကြဘူး ၊ ဗုဒ္ဓဘုရားရဲ့ ပထမ ဆုံးတပည့်ကြီးဖြစ်တဲ့ မဟာကျားရဲ့ကိုယ်တော်ကြီးကပဲ အဓိပ္ပါယ်ကိုနားလည်လို့ မတ်တပ်ရပ်လိုက်ပြီး ပြုံးလိုက်တယ် ၊ ဗုဒ္ဓဘုရားကပြောတယ် ၊ "သံသရာလည်ရခြင်းအကြောင်းကို ငါကိုယ်တော်သိမြင်ခဲ့ပြီ ၊ ခံစားချက်တွေကြောင့် ဒုက္ခတွေဖြစ် ကြရတယ် ၊ အခု ဒီရွှေရောင်ကြာပန်းကို မင်းကိုပေးမယ် လို့ ပြောလိုက်တယ် ၊ အဲဒီကျမ်းစာကို ကြားဖူးပါသလား သခင် ကြီး"

"ကြားဖူးပါတယ် ၊ "ဗုဒ္ဓအမေးအဖြေများ" ဆိုတဲ့ကျမ်းစာထဲမှာ ပါတယ် ၊ ကျုပ်အရင်က ဖတ်ဖူးပါတယ်"

ဟိုင်သခင်ကြီးက ပြောလိုက်လေသည်။

ဆန်းလျန်မှာ ဟိုင်သခင်ကြီးအပေါ်တွင် အမြင်ပြောင်းသွားရ သည်။ ဗုဒ္ဓကျမ်းစာများမှာ များပြားလွန်းပြီး ဗုဒ္ဓဘာသာမှာ လည်း ကျယ်ပြန့်လှလေသည်။ ယခုကဲ့သို့ ကျမ်းစာနာမည်

အတိအကျကို ပြောဆိုနိုင်ခြင်းမှာ အလွန်မှတ်ဉာဏ်ကောင်းမှ ပင် ဖြစ်နိုင်ပေမည်။ သာမန်လူများအတွက် မည်သို့မျှ မဖြစ်နိုင် ပေ။

ဆန်းလျန်က ပြုံးလိုက်ရင်း....

"ဒါဖြင့် ဗုဒ္ဓဘုရားက ရွှေကြာပန်းကို ယူလိုက်တဲ့အခါ မဟာ ကျားရဲ့ကိုယ်တော်ကြီးက ဘာလို့ပြုံးရတာလဲ သိလား"

ဆန်းလျန်၏ အမေးကို ဟိုက်သခင်ကြီးက ပြန်မဖြေပါ။ ပြုံးရုံ သာ ပြုံးနေလေသည်။ သူက ပြန်ဖြေရန်အတွက် ပါးစပ်ကို ဟ လိုက်ပြီးမှ မဖြေတော့ဘဲ နေလိုက်ခြင်း ဖြစ်လေသည်။

ဤသည်မှာ ဆန်းလျန် ရည်ရွယ်ချက်ပင်ဖြစ်လေသည်။

စကားပြောပြီးသွားပြီ ဖြစ်သောကြောင့် ငြင်းခုန်စရာလည်း အကြောင်းမရှိတော့ပေ။

ဟိုင်သခင်ကြီး၏ အမေးကို ဆန်းလျန်လည်း ဖြေပြီးသွားပြီ။

စုန့်ချင်းယီက ဆန်းလျန်ကို အားကျမိသော်လည်း ဆန်းလျန်

ပြောနေသည့် အကြောင်းအရာများကို တစ်လုံးမှနားမလည်ပေ။ ချီးရှိုးကတော့ ဆန်းလျန်ကို လေးစားသည့်အကြည့်များဖြင့် တစ်ချက်ခိုးကြည့်လိုက်ပြီး အစားအသောက်များကို ဆက်လက်စားသောက်နေလိုက်လေသည်။

ဟော့ခွဲဆရာတော်မှာလည်း စကားရည်လုပွဲ ပြီးဆုံးသွားပြီဖြစ်သည်။ သူ၏တရားစကားများက စကားလုံးလှလှများဖြင့် လူကြားကောင်းအောင်ဟောသည့် တရားစကားများမဟုတ်ပေ။ လူအများ၏ နှလုံးသားထဲတွင် တစ်ခါတည်းစွဲမြဲသွားစေမည့် တရားစကားများဖြစ်လေသည်။ ထို့ကြောင့် အခြားသောဘုန်းတော်ကြီးများမှာ ဟော့ခွဲဆရာတော်၏ စကားများကို ချေပနိုင်ခြင်းငှါ မစွမ်းသာတော့ပေ။

ဟော့ခွဲဆရာတော်က ထိုဘုန်းတော်ကြီးများကို သူဟောသည့်တရားမှန်ကန်သည်ဟု အတင်းလက်ခံခိုင်းနေခြင်းမဟုတ်ပါ။ သူက အမှန်တရားများကို လူသားတိုင်း၏ စိတ်နှလုံးအတွင်း

သို့ ရှင်းလင်းစွာရောက်ရှိသွားရန် ရည်ရွယ်ပြီး ပြောပြခြင်း ဖြစ်လေသည်။

ဟော့ခဲ့ဆရာတော်က ထပြီး ထွက်ခွာသွားလေသည်။ သို့သော် တံခါးမှ ထွက်ခွာသွားခြင်း မဟုတ်ပါ။ ဆန်းလျန်တို့ရှိရာ စားပွဲ နားသို့ ထွက်ခွာသွားခြင်း ဖြစ်လေသည်။

ဟော့ခဲ့ဆရာတော်၏နှလုံးသားမှ တရားအလင်းစွမ်းအားများမှာ နေရောင် လရောင်ကဲ့သို့ တောက်ပနေပြီး ဆန်းလျန်ဆီသို့ ဖြာ ကျနေလေသည်။ ဆန်းလျန်ဆီသို့ ဖြာကျနေသည်က မဆန်း ပါ။ သို့သော် ဟိုင်သခင်ကြီးဆီသို့လည်း ဖြာကျနေလေသည်။ ထိုအချက်က ထူးဆန်းလှန်းလေသည်။

ဆန်းလျန်နှင့်အခြားသူများ၏စိတ်ထဲတွင် ဟိုင်သခင်ကြီးနှင့် ဟော့ခဲ့ဆရာတော်မှာ လူများအကြားတွင်ရှိနေသည့်တိုင် အခြား လောကမှလာသော လူသားများကဲ့သို့ ခံစားလိုက်ကြရလေ သည်။

ဟွေ့ခဲ့ဆရာတော်နှင့် ဟိုင်သခင်ကြီးမှာ ပန်းချီကားတစ်ခုထဲတွင် သီးခြားတည်ရှိနေပြီး အခြားသူများက ထိုပန်းချီကားကို ကြည့်နေရသကဲ့သို့ပင် ဖြစ်လေသည်။

ဟိုင်သခင်ကြီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“ခင်ဗျားကို ပထမဆုံးအကြိမ်တွေ့တုန်းက ခင်ဗျားနာမည်က စန့်ကွမ်း မဟုတ်လား”

ဟုပြောလိုက်သည်။

ဟွေ့ခဲ့ဆရာတော်က ခပ်ပါးပါးလေးတစ်ချက်ပြုံးလိုက်သည်။

“အတိတ်ကအတိတ်ပါပဲ ၊ မြူခိုးတွေလို လွင့်ပြယ်သွားရတာပါပဲ ၊ သခင်ကြီးဘဝမှာလည်း မြူခိုးတွေလိုလွင့်ပျံသွားတဲ့အရာတွေ အများကြီးပဲမဟုတ်လား ၊ ဘာလို့စိတ်ထဲသိမ်းဆည်းထားနေမလဲ ၊ ခုချိန်မှာ ကျုပ်က ဟွေ့ခဲ့ပါပဲ”

“ကျုပ် ဘာလို့ ဒီကိုရောကနေရလဲ ခင်ဗျားမသိချင်ဘူးလား”

ဟိုင်သခင်ကြီးက မေးလိုက်လေသည်။

“ဒီဆယ်စုနှစ်တွေအတွင်းမှာ သခင်ကြီးက ကြီးမြတ်တဲ့ပေါင်ယွဲ့ ဆရာတော်ကြီးနဲ့ ဆယ်ကြိမ်မက ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ကြတာပဲ ၊ ဒီတစ်ခေါက်ရောက်လာတာလည်း အခြားတစ်ခေါက်တွေလိုပဲ မဟုတ်ဘူးလား”

ဟွေ့ခဲ့ဆရာတော်က အေးအေးပင် ပြန်ပြောလိုက်သည်။

“တကယ်တော့ ကျုပ်က သူ့ဆီက ပစ္စည်းလေးတစ်ခု ခဏငှား ချင်တာ ၊ သူက မငှားဘူးလေ ၊ အဲဒီတော့ ကျုပ်က ကျုပ်နည်း ကျုပ်ဟန်နဲ့ ယူဖို့ရောက်လာရတာပေါ့”

ဟိုင်သခင်ကြီးက ဟွေ့ခဲ့ဆရာတော်ကို စူးစိုက်ကြည့်နေလိုက် လေသည်။ ဤမြင်ဝမ်ဝတ်ကျောင်းတော်မှ ဘုန်းတော်ကြီးကို လည်း လျှော့တွက်၍မရပေ။

ဟိုသခင်ကြီးအနေဖြင့် ဗောဓိသဃကျအမွေအနှစ်များကို ရယူ လိုခြင်းမှာ ကျင့်စဉ်လမ်း အဆင့်တက်ချင်၍ဖြစ်သည့်အပြင်

ကျရောက်မည့်ဘေးအန္တရယ်များမှ ကျော်လွှန်ချင်သောကြောင့်

လည်းဖြစ်လေသည်။

ထို့ကြောင့် သူ့အတွက် အတားအဆီးများအားလုံးကို ကာကွယ်

ထားရမည်ဖြစ်လေသည်။

လောကဒုက္ခတရားများထဲတွင် သံသရာလည်ရင်း

မိုးကောင်းကင်ကိုဆန့်ကျင့်သည့် ကျင့်စဉ်လမ်းကို လျှောက်

လှမ်းမည်ဆိုလျှင် သဘာဝတရားဖောက်ပြန်ပျက်စီးပြီး ဘေး

အန္တရယ်များ ကျရောက်တတ်လေသည်။ ထိုဘေးအန္တရယ်များ

မှာ အန္တရယ်ကြီးလေသည်။ သို့သော် ကျင့်စဉ်ပြီးဆုံး

အောင်မြင်သည်နှင့် အရာအားလုံးကို ကျော်ဖြတ်နိုင်မည်ဖြစ်

လေသည်။ မည်သည့်အရာမျှ ကျန်ရစ်ခဲ့မည်မဟုတ်ပေ။

ကျရောက်မည့်ဘေးအန္တရယ်များမှာ လွန်စွာမှ ပြောရခက်လေ

သည်။ သူကိုယ်တိုင်သာမက သူနှင့်ပတ်သက်နေသည့် အရာ

များတွင်ပင် ဘေးအန္တရယ်ကျရောက်မှာ ဖြစ်လေသည်။

အဆင့်မြင့်တန်ခိုးစွမ်းအားရှိသူများနှင့် နတ်ဘုရားတစ်ပါး
နီးပါး တန်ခိုးစွမ်းအားရှိသူများသာ သူတို့ကိုယ်သူတို့ ကာကွယ်
နိုင်ကြမည်ဖြစ်လေသည်။

"သခင်ကြီး ကျုပ်တို့ရဲ့ ရှုပနတ်ဘုရားမင်းကြီးနဲ့ မင်းတွေ့ခဲ့
တုန်းက နတ်ဘုရားမင်းကြီးက မင်းကို ပြောလိုက်တဲ့စကားကို
မှတ်မိသေးလား"

ဟွေ့ခဲ့ဆရာတော်က တည်ငြိမ်စွာပင် ပြန်ပြောလိုက်သည်။

ထိုစကားကိုကြားသည့်အခါ ဟိုင်သခင်ကြီးက ဟွန့်ခနဲ အသံ
တစ်ချက်ပြုလိုက်ရင်း...

"သူပြောတဲ့စကားတွေက အလကားဟာတွေပါပဲ"

ဟု ပြန်ပြောလိုက်လေသည်။

ဟိုင်သခင်ကြီးစကားကြောင့် ဟွေ့ခဲ့ဆရာတော်က ရယ်မော
လိုက်လေသည်။

"မင်းလည်း ဗုဒ္ဓလမ်းစဉ်ကို သိရှိတဲ့သူပဲ ၊ ရှုပနတ်ဘုရားမင်းကြီးရဲ့စကားက မမှားနိုင်ပါဘူး ၊ မင်းသာ တကယ်တမ်း ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ချင်းတယ်ဆိုရင် ဗုဒ္ဓရဲ့ တပည့်ဖြစ်လာနိုင်တာပဲ ၊ ပေါင်ယွဲ့ဆရာတော်ကြီးကလည်း မင်းကို ဗောဓိသဿကျအမွေအနှစ်တွေကို ငှားလိုက်မှာပါပဲ"

ပြီးခဲ့သည့်မျိုးဆက် ရှုပနတ်ဘုရားမင်းကြီး မင်ဝမ်ကျောင်းတော်ကို အုပ်ချုပ်စဉ်အချိန်တွင် ဟိုင်သခင်ကြီးမှာ ကျင့်စဉ်လမ်းတွင် အောင်မြင်ပြီးကာစအချိန်ဖြစ်လေသည်။ ထို့ကြောင့် သူက သူ၏တန်ခိုးစွမ်းအားများကို စမ်းသပ်ရန်အတွက် ဆန္ဒစောနေခဲ့သည်။ သူက မင်ဝမ်ဝတ်ကျောင်းတော်သို့ရောက်လာခဲ့လေသည်။ မင်ဝမ်ဝတ်ကျောင်းတော်မှ မည်သည့်ဘုန်းတော်ကြီးမှ သူ့ကို မယှဉ်နိုင်သည့်အတွက် ရှုပနတ်ဘုရားမင်းကြီးကို စိန်ခေါ်ခဲ့သည်။

ထိုအချိန်တုန်းက ဟွေခွဲဆရာတော်မှာ ရှုပနတ်ဘုရားမင်းကြီး

ဘေးတွင် ထိုင်နေခဲ့သည့် ကိုရင်ပေါက်စလေးတစ်ပါးသာဖြစ်

ပြီး သူ့ကို စန့်ကွမ်းဟု ခေါ်ကြလေသည်။ ဟိုင်သခင်ကြီးသည်

သူသိသမျှသော ကျင့်စဉ်များ ဂါထာမန္တန်များကို အသုံးပြုကာ

ရှုပနတ်ဘုရားမင်းကြီးကို တိုက်ခိုက်ခဲ့လေသည်။ တိုက်ခိုက်ပုံ

နည်းလမ်း တစ်ခုမှ မထပ်ဘဲ အမျိုးမျိုးသော နည်းလမ်းများ

ဖြင့်တိုက်ခိုက်သည့်တိုင် ရှုပနတ်ဘုရားမင်းကြီးက ထိုင်ရာမှပင်

မထဘဲ ဟိုင်သခင်ကြီး၏ တန်ခိုးစွမ်းအားများအားလုံးကို ခုခံ

ချေဖျက်ခဲ့လေသည်။

ထိုနေ့က ဟိုင်သခင်ကြီး၏ ထိတ်လန့်တုန်လှုပ်နေသည့် မျက်နှာ

ကို ဘဝရှစ်ဘဝခြားခဲ့သည့်တိုင် ဟွေခွဲဆရာတော်က မှတ်မိနေ

ခဲ့ပါသေးသည်။ ယခုတော့ ဟွေခွဲဆရာတော်က ဘဝကိုးဘဝ

မြောက်သို့ရောက်ခဲ့ပြီဖြစ်ပြီး ရှုပနတ်ဘုရားမင်းကြီးဖြစ်ရန်

အတွက်ပင် ရွေးခြယ်ခံရသည့် အဆင့်တွင်ပင် ပါဝင်နေခဲ့ပြီ။

ထိုနေ့က ရှုပနတ်ဘုရားမင်းကြီးက ထိတ်လန့်နေသည့် ဟိုင်
သခင်ကြီးကို ပြောခဲ့သည့်စကားမှာ ထိုလူငယ်မှာ ဖောဓိသကျ
နှင့် ရေစက်ပါသူဖြစ်သည့်အတွက် ဝမ်မင်ဝတ်ကျောင်းတော်
ကို ဖျက်စီးခဲ့သူဖြစ်သည့်တိုင် လွှတ်ပေးလိုက်မည် ဆိုသည့်
စကားပင်ဖြစ်လေသည်။

အခန်း (၁၆၃)

လက်တစ်ဖက်အဆုံးရှုံးခံ၍

ထိုအဖြစ်အပျက်မှာ ဟိုင်သခင်ကြီးဘဝတွင် ကြီးမားသည့် ဆုံးရှုံးမှုကြီးဖြစ်ခဲ့ပြီး များစွာ စိတ်ဒုက္ခခံစားခဲ့ရလေသည်။ သူ့ဘဝကို ပြန်လည်စတင်နိုင်ရန်အတွက် အချိန်များစွာ ယူခဲ့ရသည်။

ထို့ပြင် ရှုပနတ်ဘုရားမင်းကြီးပြောခဲ့သည့် ဗောဓိသတ္တနှင့် ရေစက်ပါသူဆိုသည့်အချက်မှာ သူ့ကိုများစွာ စိတ်အနှောင့်အယှက်ဖြစ်စေလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သောလူမျိုးမှာ လောကတွင် ဗောဓိသတ္တတစ်ပါးဖြစ်လာရန် ကံကြမ္မာပါသူဖြစ်လေသည်။ ထိုသို့အပြောခံရပြီးသည့်နောက် ထိုစကား အမှန်ဖြစ်လာရန်ပင် သူ့မှာထိုင်စောင့်ရတော့မလိုလို ဖြစ်ရလေသည်။

ထို့ပြင် ဗောဓိသတ္တဖြစ်ရမည်ဆိုလျှင် ဘုန်းကြီးဝတ်ရမည်ဖြစ်လေသည်။ သူက ဝိနည်းပေါင်းများစွာစောင့်ထိန်းရသည့် ဘုန်းတော်ကြီးတစ်ပါး လုံးဝမဖြစ်ချင်ပေ။ သူ့ဘဝကို ချမ်းသာ

ကြွယ်ဝစွာဖြင့် အခြေအရံများ ၊ ကိုယ်လုပ်တော်များ အများ အပြားဖြင့် စည်းစိမ်ခံစားကာ နေချင်သူဖြစ်လေသည်။ ထိုနေ့မှစ၍ ဟိုင်သခင်ကြီးမှာ စိတ်ဖိစီးမှုများဖြင့် အသက်ရှင်ခဲ့ ရလေသည်။ ရှုပနတ်ဘုရားမင်းကြီး၏စကားမှာ ဘုရားစကား လောက်တော့ မှန်ကန်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် သူခံစား နေရသည့် စိတ်ဖိစီးမှုများအတွက် အဖြေရှာရန်နှင့် ကျင့်စဉ် လမ်းကို အန္တရယ်ကင်းစွာ အဆင့်တက်နိုင်ရန် ဗောဓိသကျ အမွေအနှစ်များကို ငှါးယမ်းအသုံးပြုလိုခြင်း ဖြစ်လေသည်။ ဟိုင်သခင်ကြီးမှာ စိတ်လှုပ်ရှားနေရာမှ ပြန်လည် တည်ငြိမ် သွားလေသည်။

"ကျုပ်ဘယ်တော့မှ ဘုန်းကြီးမဝတ်ဘူး"

ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက် သူ့မျက်ဝန်းဆီမှ အလင်းရောင်များ ဖြာထွက်လာပြီး ဟွေ့ခဲ့ဆရာတော်၏ ကိုယ်ပေါ်သို့ ထိုအလင်းတန်းများက ကျ

ရောက်သွားလေတော့သည်။ ဟွေခဲ့ဆရာတော်က

သူ၏ခန္ဓာကိုယ်ကို ရောင်ခြည်တစ်ခုဖြင့် ကာကွယ်ထားလိုက်

လေသည်။ ထို့ကြောင့် ဟိုင်သခင်ကြီး၏ တိုက်ခိုက်မှုမှာ ဟွေခဲ့

ဆရာတော်ကို မထိခိုက်နိုင်တော့ပေ။

ဟိုင်သခင်ကြီးက ထိုင်ရာမှထကာ ဟွေခဲ့ဆရာတော်ထံသို့ တစ်

လှမ်းချင်း လျှောက်သွားလိုက်သည်။

စုန့်ချင်းယီက ထူးဆန်းသည့် တန်ခိုးစွမ်းအားတစ်ခုကို ခံစားမိ

သည့်အတွက် မတ်တပ်ထရပ်ရန်ပြင်လိုက်သော်လည်း ဆန်း

လျန်က သူ့ကို လှမ်းတားလိုက်လေသည်။

ဟွေခဲ့ဆရာတော်နှင့် ဟိုင်သခင်ကြီးမှာ တန်ခိုးစွမ်းအားပြိုင်နေ

ကြလေသည်။ သူတို့နှစ်ယောက် မည်သူမျှ မလှုပ်ရဲကြဘဲ ငြိမ်

သက်နေကြလေသည်။ အကယ်၍ တစ်ယောက်ယောက်သာ

ရပ်တန့်လိုက်ပါက စွမ်းအားများပေါက်ကွဲပြီး ဒုက္ခရောက်မည်

ဖြစ်လေသည်။

ဟော့ခဲ့ဆရာတော်နှင့် ဟိုင်သခင်ကြီးမှာ တန်ခိုးအဆင့်အတန်း တူညီခြင်းမရှိပေ။ ဟိုင်သခင်ကြီး အနားသို့တိုးကပ်လာသည်နှင့် ဟော့ခဲ့ဆရာတော်၏ခန္ဓာကိုယ်ကို ကာကွယ်ထားသည့် ရောင်ခြည်တန်းမှာ ရောင်စုံ ရောင်စဉ်တန်းတစ်ခုအဖြစ် ပြောင်းလဲသွားလေသည်။ ရောင်စဉ်များမှာ အပေါ်နှင့်အောက် လူးလာစီးမျောနေလေသည်။

ဟိုင်သခင်ကြီးက သူ၏တန်ခိုးစွမ်းအားများကို ရေလှိုင်းများနှင့်တောင်တန်းများအလား ဟော့ခဲ့ဆရာတော်ထံသို့ တိုက်ရိုက်ပို့လွှတ်နေခြင်းဖြစ်လေသည်။

အကယ်၍ ထိုတန်ခိုးစွမ်းအားများသာ ဟော့ခဲ့ဆရာတော်ဆီသို့မဟုတ်ဘဲ အခြားနေရာသို့ ပို့လွှတ်လိုက်ပါက နတ်အရက်ဗိမာန်တစ်ခုလုံး အမှုန့်ဖြစ်သွားမည်မှာ ပြောစရာပင်မလိုပေ။ ဟော့ခဲ့ဆရာတော်မှာ ကြင်နာသနားတတ်သည့် နှလုံးသားရှိသူဖြစ်လေသည်။ ထို့ကြောင့် သူက ဟိုင်သခင်ကြီး၏ တန်ခိုး

စွမ်းအားကို ရှောင်လွှဲခြင်းမရှိဘဲ ရင်ဆိုင်လိုက်ခြင်းဖြစ်လေသည်။ သို့သော် ထိုသို့ရင်ဆိုင်လိုက်ရသည့်အတွက် ဆရာတော်အနေဖြင့် သက်သာလှသည်မဟုတ်ပေ။ ဆရာတော်မှာ မျက်မှောင်ကိုကြုံ့ထားလေသည်။

ဗောဓိသာကျတွင် နတ်မိစ္ဆာနှိမ်နင်းသည့် ကျင့်စဉ်ပေါင်းများစွာရှိပါသည်။ သို့သော် နတ်မိစ္ဆာအားလုံးကိုတော့ နှိမ်နင်းနိုင်မည်မဟုတ်ပေ။

ဟိုင်သခင်ကြီးမှာ မင်ဝမ်ဝတ်ကျောင်းတော်ကို လေးစားခဲ့သည့်အတွက် ဟွေခဲ့ဆရာတော်ကို ထိခိုက်အောင်လုပ်လိုစိတ်မရှိပေ။ သို့သော် ဟွေခဲ့ဆရာတော်က သူ့ကိုလာရောက်ပတ်သက်သည့်အတွက် သင်ခန်းစာနည်းနည်းပေးရန် ဆုံးဖြတ်လိုက်လေသည်။

ဟွေခဲ့ဆရာတော်သဘောထားကတော့ ရိုးရှင်းလေသည်။ ယခင်က ရှုပနတ်ဘုရားမင်းကြီးက ဟိုင်သခင်ကြီးမှာ ဗော

မိသကျနှင့်ရေစက်ပါသူဖြစ်ကြောင်း ပြောခဲ့လေသည်။ ထို စကားမှာ အမှန်ဖြစ်ရန် နီးစပ်လေသည်။ ထို့ကြောင့် သူက ဟိုင် သခင်ကြီးကို ထိုစကားအဓိပ္ပါယ်ကိုနားလည်ပြီး ဗုဒ္ဓကျင့်စဉ် လမ်းသို့ လျှောက်လှမ်းစေလိုခြင်းဖြစ်လေသည်။

သို့သော် ဟိုင်သခင်ကြီးက ကြီးမားသည့်တန်ခိုးစွမ်းအားဖြင့် စတင်တိုက်ခိုက်လာသည့်အခါတွင်တော့ ဟွေ့ခဲ့ဆရာတော်က မတတ်သာတော့ဘဲရင်ဆိုင်လိုက်ရလေသည်။ မဟုတ်ပါက ပတ်ဝန်းကျင်မှလူအများ ထိခိုက်ကြရလိမ့်မည်ဖြစ်လေသည်။ တကယ်တမ်းတွင် သူက ဟိုင်သခင်ကြီးနှင့် တိုက်ခိုက်ရန် မ ရည်ရွယ်ခဲ့ပါ။

ထို့ပြင် ယနေ့ ဟိုင်သခင်ကြီးနှင့် ဆုံတွေ့ရခြင်းမှာ ကံတရား အတိုင်းတွေ့ဆုံခြင်းဖြစ်သည်ဟု သိမြင်မိသည့်အတွက် သူ၏တရားအလင်းတန်ခိုစွမ်းအားကိုအသုံးပြု၍ ကြည့်ခဲ့ ခြင်းဖြစ်လေသည်။

ဟော့ခဲ့ဆရာတော်လက်ထဲတွင် ဓားတစ်လက်ကိုင်ထားလေသည်။ လွန်စွာမှ ထက်မြက်သည့်ဓားတစ်လက်ဖြစ်လေသည်။ သို့သော် ထိုဓားဖြင့် ဟိုင်သခင်ကြီးကို တိုက်ခိုက်ခြင်းမရှိပါ။ ထိုဓားဖြင့် သူ၏လက်တစ်ဖက်ကို ဖြတ်ပစ်လိုက်ခြင်းဖြစ်လေသည်။

သူ၏လက်မှ ရွှေရောင်သွေးများစီးကျလာလေသည်။ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆရာတော်ကျင့်ကြံနေသည့် ရူပဓမ္မကျင့်စဉ်ကျမ်းမှာ အောင်မြင်ခါနီးဖြစ်နေပြီဖြစ်ကြောင်းသိရှိနိုင်လေသည်။

သူ၏လက်တစ်ဖက်ကို ကိုယ်တိုင်ဖြတ်တောက်ပစ်လိုက်သည့်တိုင် ဟော့ခဲ့ဆရာတော်၏ မျက်နှာအမူအရာမှာ ထူးထူးခြားခြားပြောင်းလဲသွားခြင်းမရှိပါ။

ပြန်တောက်သွားသည့်သူ၏လက်မှာ လေထဲတွင်ရွှေမှုံများအဖြစ်အသွင်ပြောင်းသွားကာ လေထဲတွင် ဗုဒ္ဓရုပ်ပွားတော်

တစ်ဆူပုံပေါ်လာလေသည်။ ကြီးမားပြီး ထည်ဝါသည့်
ရုပ်ပွားတော်ပုံဖြစ်လေသည်။ ဟိုင်သခင်ကြီး၏တန်ခိုးစွမ်းအား
များမှာ ထိုဗုဒ္ဓရုပ်ပွားတော်ဆီသို့ စီးဆင်းသွားလေသည်။ နွေဦး
လေပြေလေးက စိမ်းလန်းသောရေကန်လေးဆီသို့ ဖြတ်သန်း
တိုက်ခတ်သွားသကဲ့သို့ပင်ဖြစ်လေသည်။ လှိုင်းများမထသည့်
တိုင် ဂယက်လေးအနည်းငယ်တော့ ရိုက်ခတ်သွားလေသည်။
ဆန်းလျန်၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားလေသည်။
ဟွေ့ခဲ့ဆရာတော်လုပ်လိုက်သည့်အပြုအမူမှာ သူ့ရှေးယခင်က
ကြားခဲ့ဖူးသည့် ဗုဒ္ဓဘာသာဂိုဏ်းများ၏ စွန့်လွှတ်ခြင်းကျင့်စဉ်
ပင်ဖြစ်လေသည်။ အသွေးအသားကိုစွန့်လွှတ်လှူဒါန်းကာ ဗုဒ္ဓ
ဘုရားကိုကိုးကွယ်သည့် ကျင့်စဉ်ဖြစ်လေသည်။ ထိုသို့ပြုလုပ်
ခြင်းအားဖြင့် ဗောဓိသကျဆီမှ တန်ခိုးစွမ်းအားများကို ဆက်
သွယ်ရယူနိုင်လေသည်။

ဗုဒ္ဓဘုရား၏တန်ခိုးစွမ်းအားဆိုသည်က အကန့်အသတ်မရှိပေ။ ဘေးအန္တရာယ်များအားလုံးကိုလည်း ကျော်လွှားနိုင်လေသည်။ ဟော့ခဲ့ဆရာတော်၏ စိတ်ဓာတ်ခိုင်မာသည့်အပြုအမူကို ဟိုင် သခင်ကြီးပင် လေးစားသွားရလေသည်။

ဗုဒ္ဓရုပ်ပွားတော်မှ မုဒြာလက်သင်္ကေတန်ကို ငေးကြည့်နေရင်း ဟိုင် သခင်ကြီးမှာ လောကတွင် မည်သည့်နေရာမှ သွားစရာမရှိ တော့သလို ခံစားလိုက်ရလေသည်။

ဒဏ္ဍာရီထဲမှ ဗုဒ္ဓ၏လက်ဖဝါးမှ သင်္ကေတန်ပြောင်းလဲသွားသည့် ဒြပ်စင်ငါးမျိုးတောင်အောက်တွင် ဖိထားခြင်းခံရသည့် စွန်းဝူ ခုံးမျောက်မင်းကဲ့သို့ပင် ဖြစ်လေသည်။

ဗုဒ္ဓရုပ်ပွားတော်မှ မုဒြာလက်သင်္ကေတန်မှာ သန့်စင်ပြီး စွမ်းအားနှင့် ပြည့်ဝလေသည်။ လေထဲတွင် စွမ်းအားအလွှာများမှာ စက္ကူ စာရွက်များကဲ့သို့ တစ်လွှာချင်းတစ်လွှာချင်း ကွာကျသွားသည် ကို ဆန်းလျှန်မြင်တွေ့နေရလေသည်။ ထို့နောက် ဗုဒ္ဓ

ရုပ်ပွားတော်သည် ဟိုင်သခင်ကြီး၏ရှေ့တွင် စံပယ်တော်မူလေသည်။

ဗုဒ္ဓဘုရား၏ မေတ္တာတရားကြီးမားမှုကြောင့် မည်သည့်စွမ်းအားပေါက်ကွဲမှုမှ ဖြစ်မလာတော့ပါ။ ဟိုင်သခင်ကြီး၏တန်ခိုးစွမ်းအားများမှာ လှိုင်းလေးတစ်ခုအသွင်သာ ကျန်ရစ်လေတော့သည်။ ထိုခဏလေးအတွင်းမှာပင် ဟိုင်သခင်ကြီးသည် မိုးကုတ်စက်ဝိုင်းဆီသို့တိုးဝင်သွားပြီး မည်သည့်နေရာသို့ ပျောက်ကွယ်သွားမှန်းမသိတော့ပေ။

ထိုအခါမှ ဗုဒ္ဓရုပ်ပွားတော်မြတ်မှာ ပျောက်ကွယ်သွားပြီး ဟွေခွဲဆရာတော်ဆီမှ တန်ခိုးစွမ်းအားရောင်စဉ်များပါ ပျောက်ကွယ်သွားလေသည်။ ချီးရှိုးသည်နေရာမှ ရုတ်တရက်ထလိုက်ကာ သူမ၏ အကြောက်တရားမဲ့တံဆိပ်တော် ပညာဖြင့် ဟွေခွဲဆရာတော်၏လက်မှ ဒဏ်ရာကိုကုသပေးလိုက်လေသည်။

သန့်စင်သည့်အဖြူရောင်အလင်းတန်းများကြားတွင် ဒဏ်ရာမှာ ချက်ချင်းပင်ပျောက်ကင်းသွားလေသည်။

ဟော့ခဲ့ဆရာတော်က ချီးရှိုးကို တစ်ချက်ကြည့်လိုက်ပြီး နူးညံ့စွာပြုံးလိုက်သည်။

"ကျေးဇူးပါပဲကွယ်"

သီလရှင်ငယ်လေး အသုံးပြုလိုက်သည့်ပညာမှာ ကျိကျိုက်သီလရှင်ကျောင်းမှ အကြောက်တရားမဲ့တံဆိပ်တော်ပညာဖြစ်ကြောင်း ဆရာတော် ကောင်းကောင်းသိလေသည်။ ထိုသီလရှင်လေးသာ နွယ်ဖြူပင်ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်မည်ဆိုလျှင် စန်းကွမ်းပရိတ်ရေကို ဖော်စပ်နိုင်ပြီး အသက်သေသည့်လူကိုပင်ပြန်လည်အသက်သွင်းနိုင်မည်ဖြစ်သလို အရိုးကျနေသည့်အလောင်းကိုပင် အသားများ ပြန်လည် ပြည့်ဖြိုးစေပြီး အသက်သွင်းနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်က ဟော့ခဲ့ဆရာတော်ကို လက်အုပ်ချီ အရိုအသေ

ပေးလိုက်ရင်း....

"ဆရာတော် တကယ် အကြင်နာတရားရှိတာပဲ"

ဟု သူ၏ စိတ်ရင်းအတိုင်း ဖွင့်ဟ ဝန်ခံလိုက်လေသည်။

အမှန်တော့ ဟော့ခဲ့ဆရာတော်၏ တန်ခိုးစွမ်းအားမှာ ဟိုင်သခင်

ကြီးလောက် ကြီးမားခြင်းမရှိပေ။ သို့သော် မင်ဝမ်ဝတ်ကျောင်း

တော်တွင် ယခု ဟော့ခဲ့ဆရာတော်အသုံးပြုခဲ့သည့် စွန့်လွှတ်

ခြင်းကျင့်စဉ်ကဲ့သို့ လျှို့ဝှက်ကျင့်စဉ်များစွာရှိလေသည်။

ဟော့ခဲ့ဆရာတော်သာ လက်တစ်ဖက်ဆုံးရှုံးခံကာ စွန့်လွှတ်ခြင်း

ကျင့်စဉ်ကို အသုံးမပြုခဲ့လျှင် ဟိုင်သခင်ကြီးထံမှ တန်ခိုး

စွမ်းအားများကြောင့် အားလုံးဒုက္ခရောက်ကြရမည်ဖြစ်လေ

သည်။ ဆန်းလျန်အနေဖြင့် သူ့ကိုယ်သူ ကာကွယ်နိုင်စွမ်းရှိ

သည့်တိုင် စုန့်ချင်းယီနှင့် ချီးရှိုးတို့ကတော့ ကာကွယ်နိုင်မည်

မဟုတ်ပေ။ စုန့်ချင်းယီနှင့် ချီးရှိုးတို့မှာလည်း နာမည်ကြီး

ကျင့်ကြံသူဂိုဏ်းများမှ တပည့်များဖြစ်သည့်အတွက် လျို့ဝှက်ကျင့်စဉ်များဖြင့် ကာကွယ်ကောင်းကာကွယ်နိုင်မည်ဆိုလျှင်တောင်မှ နတ်အရက်ဗီမာန်တစ်ခုလုံးက ပျက်စီးသွားရပြီး လူပေါင်းများစွာ သေကြေကြရမည်ဖြစ်လေသည်။

"အကြြင်နာတရားရှိတာမဟုတ်ပါဘူး ၊ ဒီလိုမှမဟုတ်ရင်အသက်ပေါင်းများစွာ ဆုံးရှုံးကြရမှာမို့လို့ပါ ၊ ဒါနဲ့ ဒီလိုအခြေအနေမျိုးနဲ့ ဒီနေရာမှာ မင်းနဲ့ဆုံရလိမ့်မယ်လို့ မထင်မိဘူးကွယ်"

ဟွေ့ခဲ့ဆရာတော်က ပြောလိုက်လေသည်။

ဆန်းလျန်မှာလည်း လက်ရှိအခြေအနေအရ ဟုန်ကျန်းဆရာတော်က လာရောက်ဖိတ်ကြားသောကြောင့် ရောက်လာရသည့်အကြောင်းကို မပြောဖြစ်လိုက်တော့ပေ။

သို့သော် ဟုန်ကျန်းဆရာတော်၏ အခြေခံကျင့်စဉ်စွမ်းအားမှာခိုင်မာလွန်းလေသည်။ ထို့ကြောင့် ဟုန်ကျန်းဆရာတော်သာ မင်

ဝမ်ဝတ်ကျောင်းတော်မှ ရှုပစမ္မကျင့်စဉ်ကိုကျင့်ကြံမည်ဆိုလျှင် လူပြန်မဝင်စားလျှင်တောင်မှ အဆင့်မြင့်မြင့်သို့ ရောက်အောင် ကျင့်ကြံနိုင်မည်ဖြစ်လေသည်။ ဟွေ့ခဲ့ဆရာတော်နှင့် ဟုန်ကျန်း ဆရာတော်၏ဆက်ဆံရေးက မည်သို့ရှိသည်လဲ ဆန်းလျန်မသိ ပါ။ သို့သော် ဟွေ့ခဲ့ဆရာတော်အနေဖြင့် ဟုန်ကျန်းဆရာတော် ကို မင်ဝမ်ဝတ်ကျောင်းတော်၏တပည့်အဖြစ်လက်ခံမည်လား ဆိုသည်ကတော့ မသေချာလှပေ။

"ဆရာတော်က ဒီလောက်ထိခိုက်ခံလိုက်ရတာတောင်မှ တည်ငြိမ်နေတာပဲ ၊ ကြည့်ရတာ သိပ်မကြာခင်မှာ ကျင့်စဉ် လမ်းအောင်မြင်တော့မယ်ထင်တယ် ၊ ပြီးတော့ ပေါင်ယွဲ့ ဆရာတော်ကြီးနဲ့လည်း တွေ့ဆုံရဦးမယ်မဟုတ်လား ၊ ဒါ ကြောင့် ဒီကြားထဲမှာ ဆရာတော်ကို ကျုပ်ကာကွယ်ပေးပါရ စေ"

ဟွေ့ခဲ့ဆရာတော်မှာ သူ၏လက်တစ်ဖက်ကိုပ၏ အဆုံးရှိုးခံ ကာ လူအများကိုကယ်တင်ခဲ့သည့်တိုင် တည်ငြိမ်နေဆဲဖြစ် သည့် ဆရာတော်ကို ဆန်းလျန်က လေးစားနေမိလေသည်။ ဟွေ့ခဲ့ဆရာတော်ကဲ့သို့ ကိုယ်ကျိုးစွန့်သည့် လုပ်ရပ်မျိုးကို ဆန်းလျန်ပင် လုပ်နိုင်မည်မဟုတ်ပေ။

အခန်း (၁၆၄) ညီတော်ခေါင်းကိုးလုံး မင်းတော့ဒုက္ခရောက်ပြီ ဟိုင်သခင်ကြီးမှာ မိုင်တစ်ရာခန့် ပျံသန်းထွက်ပြေးလာခဲ့သည့် တိုင် ဗုဒ္ဓရုပ်ပွားတော်မှ ရွှေရောင်အလင်းတန်းများမှာ သူ့

ခန္ဓာကိုယ်တွင် ရစ်ပတ်နေသေးပြီး ဗုဒ္ဓရုပ်ပွားတော်မှ မုဒြာလက်ဟန်မှာလည်း သူ့ကိုယ်ပေါ်တွင် ထင်ကျန်နေဆဲ ဖြစ်လေသည်။ သူမြေပြင်ပေါ်သို့ ဆင်းသက်လိုက်သည့်အချိန်ရောက်တော့မှသာ ဗုဒ္ဓရုပ်ပွားတော်မှ မုဒြာလက်ဟန်မှာ သူ့ကိုယ်ပေါ်မှ ပျောက်ကွယ်သွားရလေသည်။ သို့တိုင်အောင် ဗုဒ္ဓရုပ်ပွားတော်မှ မုဒြာလက်ဟန် ပုံသဏ္ဍာန်အပေါက်တစ်ခု သူ၏ရွှေရောင်အင်္ကျီတွင် ထင်ကျန်နေပြီး သူ၏အသားများကို မြင်နေရလေသည်။ သို့သော် သူ၏အသားပေါ်တွင်တော့ မုဒြာလက်ရာ ထင်ကျန်ရစ်ခြင်းမရှိပေ။

ဟိုင်သခင်ကြီးက မျက်မှောင်တစ်ချက်ကြုံ့လိုက်ပြီး သူ၏ကိုယ်ထဲမှ ရွှေရောင်တန်ခိုးစွမ်းအားတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုတန်ခိုးစွမ်းအားက သူ၏ရွှေရောင်ဝတ်ရုံမှ မုဒြာလက်ရာပုံသဏ္ဍာန် အပေါက်ကို အကောင်းအတိုင်းဖြစ်အောင် ပြန်လည် ပြုပြင်ပေးလိုက်လေသည်။

ထိုအချိန်မှာပင် ကျယ်လောင်သည့်ရယ်မောသံကြီးတစ်ခုကို ကြားလိုက်ရလေသည်။

"ဟိုင်သခင်ကြီး ၊ ဟိုဘုန်းကြီးနဲ့တိုက်ခိုက်ဖို့ ကျုပ်ကိုစောင့်နေတာလား"

ထိုစကားသံမှာ မလှမ်းမကမ်းတစ်နေရာရှိ တောင်ကုန်းပေါ်မှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

တောင်ကုန်းပေါ်တွင် လူတစ်ယောက်ရပ်နေပြီး ထိုသူ၏နဖူးထက်တွင် မှဲ့နီရှစ်လုံးရှိနေလေသည်။ ထိုသူမှာ အခြားသူမဟုတ်။ ခေါင်းကိုးလုံးမင်းကြီးပင်ဖြစ်လေသည်။

"တောက်... ငါဒီလိုကံဆိုးတဲ့နေ့ကျမှ ဒီအကောင်နဲ့ပါလာတွေ့နေရတယ်"

ဟု ဟိုင်သခင်ကြီးက တွေးလိုက်မိသည်။

သူက ခေါင်းကိုးလုံးမင်းကြီးကို အကူအညီတောင်းခဲ့သော်လည်း ထိုလူကို ယခုတော့ မျှော်ပင်မကြည့်တော့ပေ။

အဘယ်ကြောင့်ဆိုသော် သူ့ပုံစံက အင်မတန်မှ ပုံပျက်ပန်းပျက်ဖြစ်နေသည်မဟုတ်လား။

ဟိုင်သခင်ကြီးက သူ့ကိုယ်သူ အဆင့်အတန်းမြင့်သည့်နတ်မိစ္ဆာတစ်ပါးပုံစံဖြင့် နေထိုင်သူဖြစ်လေသည်။ သို့သော် ခေါင်းကိုးလုံးမင်းကြီးကတော့ အရိုင်းအစိုင်းတစ်ကောင်သာဖြစ်လေသည်။ သို့သော် ခေါင်းကိုးလုံးမင်းကြီးမှာ လွယ်လွယ်နှင့်လှည့်စား၍ရနိုင်သူမဟုတ်ပေ။ ထို့ကြောင့် ဟိုင်သခင်ကြီးကလည်း သူ့ကို အကူအညီတောင်းခဲ့ခြင်း ဖြစ်လေသည်။

အကူအညီတောင်းသည်သာဆိုရသည် ထိုနတ်မိစ္ဆာက သူ့ကိုကူညီဖို့အတွက် ဖင်လှည့် ခေါင်းလှည့်နှင့် ဆယ်နှစ်ခန့်ကြာသွားလေသည်။ ထို့နောက် ရှီးဟွမ်နယ်ဆိုးတွင်လည်း အချိန်ဖြုန်းနေသေးသည်။ သို့သော် နတ်မိစ္ဆာများအတွက် ဆယ်နှစ်ဆိုသည့်အချိန်က လူသားများ၏ဆယ်နှစ်ဆိုသည့်အချိန်ကဲ့သို့

ကြာရှည်ခြင်းမရှိပါ။ ထို့ကြောင့် ဟိုင်သခင်ကြီးသူ့ကို အပြစ်မ
တင်ဘဲ နေလိုက်ခြင်းဖြစ်လေသည်။
ဟိုင်သခင်ကြီးက သူတွေးနေသည့်အတွေးများကို ခေါင်းကိုး
လုံးမင်းကြီးမမြင်အောင် ဖုံးကွယ်လိုက်ပြီးမှ...
"ဒီကို ဘယ်တုန်းကရောက်လာတာလဲ ညီတော်ခေါင်းကိုးလုံး ၊
ရောက်ရောက်ချင်းရော ဘာလို့ ကျုပ်ကိုမဆက်သွယ်ရတာလဲ ၊
ရှီးဟွမ်မှာ ကျုပ်ရဲ့အိမ်တော်တစ်ခုရှိတယ်လေ ၊ မင်း
ရောက်လာတာသာသိရင် အလုပ်မလုပ်ခင် မင်းနဲ့အတူ
စားပွဲသောက်ပွဲလေးကျင်းပလို့ရမှာ"
သူက ခေါင်းကိုးလုံးမင်းကြီးကို ကြည့်ပြီးပြောလိုက်လေသည်။
ခေါင်းကိုးလုံးမင်းကြီးက တောင်ကုန်းထက်မှ ခုန်ချလိုက်ပြီး
ဟိုင်သခင်ကြီးရှေ့သို့ရောက်လာလေသည်။ သူကလည်း
မြေကြောချုံ့ပညာကို ကျင့်ကြံထားသူဖြစ်လေသည်။ ကွမ်း
ချင်းနတ်ဘုရားကျောင်းတော်မှ တာအိုဆရာလေးထက်ပင် သူ

ကသာလွန်သေးသည်။ သူခုန်ချလိုက်သည်နှင့် မြေကြီးတစ်ခု

လုံးမှာ တုန်လှုပ်သွားရလေသည်။

ခေါင်းကိုးလုံးမင်းကြီးက ဂုဏ်ယူသည့်အပြုံးတစ်ခုပြုံးလိုက်

ရင်း...

"ကျုပ်က ဒီကိုခုပဲရောက်လာတာ ၊ ပြီးတော့ ကလေးမတစ်

ယောက်ဆီက ပစ္စည်းကောင်းလေးတစ်ခုလည်းရလာသေး

တယ်"

ဟုပြောလိုက်သည်။

ဟိုင်သခင်ကြီးက မျက်ခုံးကိုတစ်ချက်ပင့်လိုက်ရင်း...

"အိုး ဘာပစ္စည်းကောင်းလေးများရလာတာလဲ ၊ ညီတော်ခေါင်း

ကိုးလုံးကိုတောင် စိတ်ဝင်စားအောင် စွဲဆောင်နိုင်တယ်ဆိုတော့

ဘယ်လိုပစ္စည်းများလဲ"

ဟု မေးလိုက်လေသည်။

"ဟိုင်သခင်ကြီး ၊ မင်းက ရှီးဟွမ်က မင်းရဲ့အိမ်တော်ကို လိုက်ခဲ့ဖို့ဖိတ်တယ်နော် ၊ ခုတော့ ကျုပ်အိမ်တော်လေးကို ကြည့်လိုက်ပါဦး"

ခေါင်းကိုးလုံးမင်းကြီးက ပြောရင်းလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။

သူ့လက်ထဲတွင် အိမ်ပုံသဏ္ဌာန်သေးသေးလေးတစ်ခုပေါ်လာလေသည်။

အိမ်လေးမှာသေးငယ်သည့်တိုင် အိမ်ထဲရှိ ပရိဘောဂများက အစ အားလုံးမှာ တကယ့်အိမ်အစစ်လေးတစ်ခုအတိုင်း အသက်ဝင်လှလေသည်။

ခေါင်းကိုးလုံးမင်းကြီးက ပါးစပ်ကိုဟလိုက်ကာ အနက်ရောင်အငွေ့များဖြင့် ပတ်ဝန်းကျင်သို့တစ်ချက်မှုတ်လိုက်သည်။

ထိုအခါ တောင်ကုန်းလေးများမှာ မြေပြန့်အသွင်ပြောင်းလဲသွားလေသည်။ ခေါင်းကိုးလုံးမင်းကြီးက ထိုမြေပြန့်ပေါ်တွင်

အိမ်လေးကို ပစ်ချလိုက်လေသည်။ ထို့အခါ အိမ်လေးမှာ တကယ့်အိမ်ကြီးတစ်လုံးကဲ့သို့ တဖြည်းဖြည်းကြီးမားလာလေတော့သည်။

အိမ်တံခါးဝတွင် "မြင့်မြတ်သောခေါင်းကိုးလုံးအိမ်တော်" ဟု ရေးသားထားလေသည်။ ရေးထားသည့်လက်ရေးမှာတော့ ခပ်ကြမ်းကြမ်းပင်ဖြစ်လေသည်။

"ဟိုင်သခင်ကြီး ၊ ကျုပ်ရဲ့အဖိုးတန်ပစ္စည်းလေးကို ဘယ်လိုသဘောရလဲ ၊ ဘယ်နေရာသွားသွားယူသွားလို့လဲရတယ် ၊ သုံးရလည်းအဆင်ပြေတယ်လေ"

ခေါင်းကိုးလုံးမင်းကြီးက ဂုဏ်ယူစွာဖြင့် ပြောလိုက်လေသည်။

ထိုသို့သော အသွင်ပြောင်းပစ္စည်းလေးများမှာ လွန်စွာမှရှားပါးလေသည်။ ထို့ပြင် လိုအပ်သလို ပြုပြင်ပြောင်းလဲကာ ချုံ့နိုင်ချဲ့နိုင်လုပ်၍ရသည့် အသွင်ပြောင်းပစ္စည်းများက ပို၍ပင်ရှားပါးသေးသည်။ ယခုတော့ ထိုရှားပါးပစ္စည်းလေးသည် ခေါင်းကိုး

လုံးမင်းကြီးလက်ထဲသို့ရောက်ရှိနေပြီ။ မိတ်ဆွေများကြားတွင်ပိုပြီး ဂုဏ်ယူစရာ ဖြစ်တော့မည်ဖြစ်သည်။ ဂုဏ်သရေရှိသည့် ဟိုင်သခင်ကြီးထံတွင်ပင် ထိုကဲ့သို့သောပစ္စည်း တစ်ခုတစ်လေပင် မရှိပေ။

ဟိုင်သခင်ကြီးက မြင့်မြတ်သည့်ခေါင်းကိုးလုံးအိမ်တော်ကို တစ်ချက်ကြည့်လိုက်ပြီးသည်နှင့် သက်ပြင်းချလိုက်မိလေသည်။

"ညီတော်ခေါင်းကိုးလုံး ၊ မင်းတော့ဒုက္ခရောက်ပြီ"

ဟု ညည်းညူလိုက်မိလေတော့သည်။

ထိုသူပိုင်ဆိုင်သည့်ပစ္စည်းကို ယူလာရဲသည့် ခေါင်းကိုးလုံးမင်းကြီးမှာ ကြမ်းတမ်းရုံမျှမက အသိဉာဏ်လည်းနည်းလှကြောင်း ဟိုင်သခင်ကြီးသဘောပေါက်လိုက်မိလေတော့သည်။

....

ဆန်းလျှန်မှာ ဟိုင်သခင်ကြီး ဘာဖြစ်သွားလဲ မသိခဲ့နိုင်ခဲ့ပေ။

ဟော့ခွဲဆရာတော်ကလည်း ဆန်းလျှန်ပေးမည့်အကူအညီကို

လက်မခံခဲ့ပေ။

ဟော့ခွဲဆရာတော်သည် လက်တစ်ဖက်တည်းဖြင့်ပင် နတ်

အရက်ဗီမာန်ထဲမှ ထွက်ခွာသွားလေသည်။ လူအများက သူ့ကို

ငေးကြည့်နေကြပြီး ဆရာတော်ကတော့ နှင်းတောထဲသို့ တိုးဝင်

ပျောက်ကွယ်သွားလေသည်။

အားလုံးမှာ ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကြောင့်

တုန်လှုပ်အံ့သြနေကြပြီး ဟော့ခွဲဆရာတော်လက်တစ်ဖက်

ဆုံးရှုံးခဲ့ရခြင်းအတွက် စိတ်မကောင်းဖြစ်နေကြလေသည်။

သို့သော် ဟိုင်သခင်ကြီးဆိုသူမှာ မည်သူဖြစ်ကြောင်းကိုတော့

များစွာစိတ်ဝင်စားနေမိကြလေသည်။

သို့သော် ဟော့ခွဲဆရာတော်မှာ ကတိုက်ကရိုက်နှင့် ခပ်မြန်မြန်

ထွက်ခွာသွားခြင်းဖြစ်သည့်အတွက် မေးခွင့်မရတော့ပေ။

ထို့ကြောင့် ဟွေခဲ့ဆရာတော်နှင့် ရင်းနှီးပုံရသည့် ဆန်းလျန် ၊ စုန့်ချင်းယီ နှင့် ချီးရှီးတို့ကို အာရုံစိုက်လာကြလေတော့သည်။ သို့သော် လူအများသူတို့ကို အာရုံစိုက်လာသည်နှင့် ဆန်းလျန်တို့သုံးယောက်မှာလည်း ချက်ချင်းပင် ခပ်မြန်မြန်ထွက်ခွာခဲ့လေတော့သည်။

ဟွေခဲ့ဆရာတော်မှာ ဗုဒ္ဓစာပေများကိုဟောကြားရန်အတွက် အစပိုင်း၌ ရည်ရွယ်ချက်မရှိခဲ့ပါ။ သို့သော် သူက အခြားသူများ ဗုဒ္ဓဘာသာ၏အနှစ်သာရကိုနားလည်စေရန် ရှင်းလင်းပြလိုစိတ်ရှိသည့်အတွက် ဟောပြောရှင်းလင်းပြရင်း တရားဟောဖြစ်သွားခြင်းဖြစ်လေသည်။ အမှန်တော့ သူက တရားဟောပြောခြင်းထက် ဘုရားစကားနားထောင်သူတစ်ယောက်သာ ဖြစ်ချင်ခဲ့သူဖြစ်လေသည်။

သူ၏တရားများမှာ အချို့သောဘုန်းတော်ကြီးများအမြင်တွင် အစွန်းရောက်သကဲ့သို့ ဖြစ်သေည့်တိုင် အမှားအယွင်းများတော့

မဟုတ်ပေ။ ထို့ပြင် သူကလည်း တရားဟောပြောခြင်းကို မည်သည့်အခါမှ ရပ်တန့်မည်မဟုတ်ပေ။ ထိုအရာကိုပင် "လှုပ်ရှားမှု" ဟု ခေါ်ဆိုရမည်ဖြစ်လေသည်။

ဆန်းလျန်မှာ ဟွေ့ခဲ့ဆရာတော်ကို များစွာအားကျမိသည်။ အဘယ်ကြောင့်ဆိုသော် သူက သူ့ကိုယ်ပိုင်လမ်းကြောင်းကို ထိုးဖောက်လျှောက်လှမ်းနိုင်သူတစ်ယောက် ဖြစ်သောကြောင့် ဖြစ်လေသည်။ ထို့ပြင် သူလျှောက်လှမ်းသည်လမ်းကိုလည်း သံသယမဝင်ဘဲ ယုံကြည်ချက်ခိုင်မာသူဖြစ်လေသည်။ စုန့်ချင်းယီကိုကြည့်မည်ဆိုလျှင်လည်း ကိုယ်ပိုင်လမ်းကြောင်းရှိလေသည်။ သို့သော် သူ၏လမ်းကြောင်းက သူကိုယ်တိုင်တီထွင်ထားသည့်လမ်းကြောင်း မဟုတ်ပေ။ ရှန်ဆန်းကျန်းရန်လုကျိုးယွမ် သင်ကြားပြသပေးသည့်အတိုင်း လျှောက်လှမ်းခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် ကိုယ်ပိုင်လမ်းသစ်တစ်ခုလျှောက်

လှမ်းရန်လည်းမလိုအပ်ပေ။ ဆရာသခင်သင်ပြသည့်အတိုင်း လိုက်လျှောက်ရန်သာ လိုအပ်လေသည်။

ချီးရှိုးမှာလည်း စုန့်ချင်းယီကဲ့သို့ပင်ဖြစ်လေသည်။ သို့သော် အနည်းငယ်တော့ ကွဲပြားမှုရှိလေသည်။ ကွဲပြားမှုမှာ သူမတွင် ကြင်နာတတ်သည့်နှလုံးသားရှိခြင်းပင်ဖြစ်သည်။ ချမ်းအေး လွန်းသည့် ဆောင်းရာသီကြမ်းကြမ်းတွင် လမ်းပေါ်တွင် ဆာလောင်အေးခဲနေသည့်လူများကိုတွေ့သည့်အခါတိုင်း ချီးရှိုး က သူမတတ်နိုင်သည့်ဘက်မှ ကူညီပေးတတ်လေသည်။

ဆန်းလျန်မှာတော့ သေခြင်း ရှင်ခြင်းတရားများနှင့် များစွာ ရင်ဆိုင်ခဲ့ရဖူးပြီဖြစ်လေသည်။ သူက မရှိဆင်းရဲသားများကို ချီးရှိုးကူညီနိုင်ရန်အတွက် သူ့တွင်ရှိသည့် ရွှေသစ်ရွက်လေး အချို့ကို သူမကို ပေးလိုက်လေသည်။

ထိုရွှေသစ်ရွက်လေးများမှာ သယ်ယူရလွယ်ကူပြီး ဆင်းရဲသား
များအတွက် အစားအသောက်များ ထောက်ပံ့ပေးနိုင်လေ
သည်။

ချီးရှိုးမှာ လူများကိုကူညီရန် လွန်စွာမှ ဆန္ဒပြင်းပြသူဖြစ်လေ
သည်။ စုန့်ချင်းယီကလည်း သူမကို ကူညီပေးသလို ဆန်းလျန်
ကလည်း အခါအားလျော်စွာ ကူညီပေးလေသည်။ ချီးရှိုးက
လုပ်သည့်အဓိကအလုပ်မှာ သူမ၏ အကြောက်တရားမဲ့တံဆိပ်
တော်ပညာဖြင့် လူအများကို ဆေးကုပေးခြင်းပင်ဖြစ်လေ
သည်။ ထို့ကြောင့် ဆန်းလျန်က သူမကို ဆေးပညာအနည်းငယ်
နှင့် ဆေးဝါးဖော်စပ်မှုပညာများကို သင်ကြားပေးလေသည်။
ထိုသို့သင်ပြပေးခြင်းဖြင့် သူမစွမ်းအားများ ကုန်ခမ်းသည်
အထိမဖြစ်တော့ဘဲ မျှမျှတတဖြင့် လူအများကို ကူညီနိုင်မည်
ဖြစ်လေသည်။

သို့သော် ချီးရှီးအနေဖြင့် လူအများကိုကူညီနိုင်သည်မှာ ယာယီမျှသာဖြစ်လေသည်။ သူတို့ဘဝတစ်လျှောက်လုံးကိုတော့ လိုက်ပြီး ကူညီနိုင်မည်မဟုတ်ပေ။ သို့တိုင်အောင် သူမ၏လေးစားစရာ စိတ်ဓာတ်လေးကို ဆန်းလျန်က အသိအမှတ်ပြုမိလေသည်။ လောကတွင် အကူအညီလိုအပ်နေသည့်လူပေါင်းများစွာ ရှိသည်မဟုတ်လား။ ထိုသူများအားလုံးကို ကိုယ်တတ်နိုင်သည့်ဘက်မှာ တတ်နိုင်သလောက် ကူညီပေးသည်မှာ ကောင်းသည့်အလုပ်ပင်ဖြစ်လေသည်။ လူသားများအားလုံးမှာ သူတော်စင်များမဟုတ်သလို ကျေးဇူးသိတတ်သည့်သူများလည်း ဖြစ်ချင်မှဖြစ်ပေမည်။ သို့သော် သူတို့လုပ်နေသည့်အလုပ်သည် မှားယွင်းသောအလုပ်တော့မဟုတ်ပေ။

လူတစ်ဖက်သားကိုကူညီသည့်သူကို အနည်းဆုံးတော့ လူကောင်းတစ်ယောက်အဖြစ် သတ်မှတ်နိုင်လေသည်။

ဆန်းလျန်သည် မနီးမဝေးတစ်နေရာတွင် တစ်ယောက်တည်း ရပ်နေလေသည်။

နှင်းကျဆင်းခြင်းက ရပ်တန့်သွားသည့်တိုင် ရာသီဥတုကတော့ အေးစိမ့်နေဆဲဖြစ်လေသည်။ သို့သော် ထိုအအေးဒဏ်ကို ဆန်းလျန်က ခံနိုင်ရည်ရှိသလို ငှက်ငယ်လေးများဖြစ်သည့် ရှောင်ရှင်နှင့် ချမ်းမော့တို့ကလည်း ခံနိုင်ရည်ရှိကြလေသည်။

အကျီအဝတ်အစားအပြဲအစုတ်များကိုဝတ်ဆင်ထားသည့် လမ်းပေါ်မှ ဆင်းရဲသားများကတော့ ထိုအအေးဒဏ်ကို ခံနိုင်ရည်မရှိကြပါ။ နွေးထွေးမှုရရန်အတွက် မီးများဖိုထားကြရလေသည်။

ဆန်းလျန်က အအေးဒဏ်ကိုမခံစားရသည့်တိုင် သူတို့နေထိုင်ဖို့ ယာယီတဲလေးသုံးခုဆောက်လုပ်လိုက်လေသည်။ ချီးရှူးက ဆန်းလျန်၏အပြုအမူကို နားမလည်နိုင်ဖြစ်ရတော့ ဆန်းလျန်က ရှင်းပြရသေးသည်။ သူတစ်ပါးကို သနားတတ်သည့်လူတစ်

ယောက်သည် ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ရန်လိုအပ်သည်ဟု ရှင်းပြရလေသည်။

ဆန်းလျှန်တွေးသည်က ကိုယ့်ကိုယ်ကို ဂရုစိုက်တတ်မှသာလျှင် အခြားသူများကိုလည်း ပိုပြီး ဂရုစိုက်နိုင်မည်ဖြစ်လေသည်။ မိမိကိုယ်ကို ဂရုမစိုက်သောသူသည် အခြားသူများကိုလည်း အပြည့်အဝ ဂရုစိုက်နိုင်မည်မဟုတ်ပေ။ သူ၏အတွေးအခေါ်မှာ လက်တစ်ဖက်အဆုံးရှုံးခံကာ လူအများ၏အသက်ကို ကယ်တင်ခဲ့သည့် ဟွေ့ခဲ့ဆရာတော်လောက်တော့ မြင့်မြတ်လိမ့်မည်မဟုတ်ပေ။ သို့သော် လက်တွေ့ကျသည့် အတွေးအခေါ်တစ်ခုတော့ဖြစ်လေသည်။

သူက ချီးရှီးကို အကြံပေးရုံမျှသာ သင်ပြပေးလေ့ရှိသော်လည်း ချီးရှီးကတော့ သူ့စကားဆိုလျှင် လွန်စွာမှ နားထောင်သူလေးဖြစ်လေသည်။

ဆန်းလျှန်မှာ ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် အလှမ်းဝေးနေသေးသည်။ ရေထဲတွင် လရိပ်ကို မြင်နေရသည့်တိုင် လမင်းကို ထိကိုင်၍မရနိုင်သကဲ့သို့ ဟိုင်သန်းအဆင့်ကိုလည်း တက်ရောက်၍မရနိုင် ဖြစ်နေရလေသည်။

ရေကန်ထဲမှ လရိပ်မှာ ပုံရိပ်ယောင်သက်သက်မျှသာဖြစ်ပြီး အစစ်အမှန်မဟုတ်ပေ။

ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်ရန် အချိန်မည်မျှ ကြာဦးမည်လဲ ဆန်းလျှန်မသိနိုင်ပေ။ ချန်ကျန့်မေကဲ့သို့ နှစ်ပေါင်းများစွာ ကျင့်ကြံပြီးမှ တရားအလင်းပွင့်ကာ တက်ရောက်နိုင်မည်လား။ သို့မဟုတ် တာအိုဆရာစန်းဝမ့်ကဲ့သို့ ဘဝအဆုံးသတ်သွားသည့်တိုင် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ခြင်းမရှိဘဲဖြစ်ရမည်လား။ မည်သည့်အရာမှ မသေချာလှပေ။

မီးဖိုမှမီးများက တောက်လောင်နေလေသည်။

ကောင်းကင်ထက်တွင် ကြယ်စင်များကတောက်ပနေပြီး လမင်းကလည်း ထိန်ထိန်သာနေသည်။ တရားထိုင်နေသည့် စုန့်ချင်းယီထံမှာ အသက်ရှူသံမှန်မှန်ကိုကြားနေရပြီး ချီးရှီးကတော့ ကျမ်းစာအုပ်တစ်အုပ်ကို ဖတ်နေလေသည်။ ဆင်းရဲသားများ၏တဲစုဆီမှ ဆူဆူညံညံအသံများကိုလည်း ကြားနေရသည်။

ဆန်းလျန်၏ အာရုံခံစားမှုများမှာ ပို၍ပို၍ ထက်မြက်လာလေသည်။ သူ့ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသမျှကို အသေးစိတ်သိမြင်နေရလေသည်။

သူ သိနေ မြင်နေ ကြားနေ ရသမျှမှာ သူနှင့် သက်ဆိုင်သည့် အရာများမဟုတ်ပေ။ သူကသာ ဦးတည်ရာမရှိ ရောက်တတ်ရာရာတွေးနေမိသောကြောင့် ခံစားနေမိခြင်းသာဖြစ်လေသည်။ ထို့ကြောင့် သူက သူ၏ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး

တွေးတောနေမှုများကို ရပ်တန့်လိုက်ကာ တစ်ယောက်တည်း ထွက်လာခဲ့လေသည်။

ညလေအေးအေးအောက်တွင် ဆန်းလျန် ခြေဦးတည့်ရာသွား နေမိသည်။ လမ်းပေါ်တွင် လူအနည်းငယ်သာ ရှိပြီး အိမ်တံခါး များလည်း ပိတ်ထားကြပြီဖြစ်လေသည်။ သူက နတ်အရက် ဗိမာန်အနားမှ ဖြတ်လျှောက်လာခဲ့သည်။ နတ်အရက်ဗိမာန်ထဲ တွင်တော့ လူအများစည်ကားနေလေသည်။ ဆန်းလျန် အရက် သောက်ချင်စိတ်ပင် ဖြစ်လာမိသည်။

ဆန်းလျန် အရက်သောက်လေ့ရှိသူ မဟုတ်ပါ။ နောက်ဆုံး အကြိမ် မူးအောင်သောက်ခဲ့သည်မှာ ကျင့်စဉ်လမ်းလျှောက် လှမ်းရန်အတွက် ထွက်ခွာသွားတော့မည့်ညတွင် ပိုင်ယွိဖေးနှင့် အတူ သောက်ခဲ့ခြင်းပင်ဖြစ်လေသည်။ ထိုညက သူအလွန်မှ ပျော်ရွှင်ခဲ့ရသည်။

"မင်း ဒီလောက်အသောက်ကြမ်းမယ်လို့ ငါထင်မထားဘူး"

ဟု ပိုင်ယွီဖေးပြောသည့်စကားကိုပင် ဆန်းလျန်မှတ်မိနေသေးသည်။

ဤနှစ်များအတွင်းတွင် ဆန်းလျန်အများကြီးပြောင်းလဲသွားခဲ့လေသည်။ သို့သော် မပြောင်းလဲသည့်အရာများလည်း များစွာရှိနေပါသေးသည်။

သူက စိတ်ဓာတ်ခိုင်မာသူတစ်ယောက်ဖြစ်သည့်တိုင် ချန်ကျန့်မလောက်တော့ စိတ်ဓာတ်ခိုင်မာခြင်းမရှိပေ။ သို့သော် ဟော့ခွဲဆရာတော်က ပို၍ပင်စိတ်ဓာတ်ခိုင်မာသေးသည်။ သို့သော်မည်သူနှင့်ပဲယှဥ်ယှဉ် သူက ဆန်းလျန်ပင် ဖြစ်လေသည်။

အရင်တုန်းကဆန်းလျန်မှာလည်းဆန်းလျန်ပင်ဖြစ်သလို ယခုဆန်းလျန်မှာလည်း ဆန်းလျန်ပင်ဖြစ်လေသည်။

သူ နတ်အရက်ဗိမာန်ရှေ့တွင် ရပ်နေလိုစိတ်မရှိတော့ပါ။ သို့သော် နတ်အရက်ဗိမာန်အတွင်းသို့ ဝင်သွားလိုစိတ်လည်းမရှိပါ။ သူအရက်သောက်ချင်နေသော်လည်း ထိုနေရာတွင် မ

သောက်ချင်ပါ။ ထိုနေရာမှာ အလွန်ကြီးမားသည့် နေရာတစ်ခု
ဖြစ်ပြီး လူပေါင်းစုံဖြင့် ဆူညံလွန်းသည့်နေရာတစ်ခုဖြစ်လေ
သည်။

ထိုသို့စဉ်းစားမိတော့ လူအများဆူညံနေလျှင် သဘောကျသည့်
တူမလေး ရော့ရှီကို သတိရမိပြန်သည်။

ရော့ရှီအကြောင်းစဉ်းစားမိသည့်အခါတွင်တော့ ဆန်းလျန်
အရက်ပိုပြီးသောက်ချင်လာရသည်။

ဆိုင်ခုနစ်ဆိုင်လောက် ဖြတ်ကျော်လာပြီးသည့်နောက်တွင်တော့
ဆိုင်သေးသေးလေးတစ်ဆိုင်ကို တွေ့ရလေသည်။ ထိုဆိုင်မှာ
လူရှင်းနေသည့်တိုင် ဆိုင်မပိတ်သေးပေ။

ဆန်းလျန်မှာသာ တစ်ဦးတည်းသော ဧည့်သည်ဖြစ်လေသည်။
သို့သော်လည်း မည်သူမျှ သူ့ကိုသိပ်ပြီးအရေးတယူမရှိလှပါ။
ထိုအရက်ဆိုင်လေးကို ပိုင်ဆိုင်သူမှာ အသက်ခြောက်ဆယ်
ကျော်ခန့်ရှိပြီဖြစ်သည့် အဘိုးအိုတစ်ယောက်ဖြစ်လေသည်။

သူ့မျက်နှာတွင် မှဲ့ခြောက်များစွာရှိနေပြီး ဆင်းရဲသားများထဲတွင် အင်မတန်မှ အသက်ရှည်သူဟု ပြောၡ်ရလေသည်။

သူက ဆန်းလျန်ဝင်လာသည်ကိုပင် အရေးတယူသိပ်မရှိဘဲ ဖြစ်သလိုပင် ညှော့ခံလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ရောင်းမကောင်းသည့်အတွက် ဖြစ်သလိုပင်ညှော့ခံခြင်း ဖြစ်ဟန်တူလေသည်။ ဆိုင်ထဲရှိ စားပွဲနှင့် ထိုင်ခုံများမှာလည်း ဟောင်းနွမ်းနေလေသည်။ အဘိုးအိုက စားပွဲကိုအဝတ်ဖြင့် သုတ်လိုက်သည်။

ဆန်းလျန်က အရက်တစ်အိုးမှာလိုက်ပြီး ဖြည်းဖြည်းချင်း သောက်နေလိုက်လေသည်။

အရက်အိုးတစ်ဝက်ခန့်ကုန်သွားသည့်အချိန်တွင်တော့ ဆိုင်အတွင်းသို့ လူတစ်ယောက်ဝင်လာလေသည်။

ဝင်လာသူမှာ မိန်းကလေးတစ်ယောက်ဖြစ်လေသည်။ သူမက အဖြူရောင်ဝတ်စုံကို လှပစွာဝတ်ဆင်ထားလေသည်။

နတ်သမီးလေးတစ်ပါးအလားလည်း လှပလွန်းလေသည်။ ဆောင်းညက အေးမြနေသည့်တိုင် သူမ၏လက်မောင်းသား များကို ဖော်ထားသောကြောင့် သူမ၏လှပသည့်အသားအရေ ကို မြင်တွေ့နေရသည်။ သူမ၏ခန္ဓာကိုယ်မှာလည်း အလွန်လှပ သည်ဟု ပြောနိုင်ပေသည်။ သူမ၏ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကိုကြည့်ကာ ယောကျာ်းလေးတစ်ယောက် စိတ် ထိန်းနိုင်ရန် မနည်းကြိုးစားရမည့် အလှအပပင်ဖြစ်လေသည်။ ရှာမှရှားသည့် အလှတရားပင်ဖြစ်လေသည်။ ထို့ပြင် ဆန်းလျန် က သူမကို ကောင်းကောင်းသိပါသည်။

သူက ထပြီးနှုတ်ဆက်သင့်သော်လည်း ပျင်းနေသောကြောင့် နှုတ်မဆက်မိပေ။

သူမက ဖြည်းညင်းစွာဝင်လာခြင်းဖြစ်ပြီး ခါးလေးကိုလည်း လှုပ်ယမ်းလာသေးသည်။ သူမထံမှ ဆွဲဆောင်မှုအရိပ်အငွေ့ များကို ဆန်းလျန်ခံစားနေရသည်။ သူမက ဆန်းလျန်နှင့်

မျက်နှာချင်းဆိုင်စားပွဲတွင် ဝင်ထိုင်လိုက်လေသည်။

မိန်းကလေးမှာ ပြုံးနေပြီး မျက်လုံးများကလည်း ကြည်လင်လွန်းကာ လွန်စွာမှ ညှို့ယူဖမ်းစားနိုင်စွမ်းရှိလေသည်။

သူမက လှပသောလက်လေးများဖြင့် လက်ခုပ်တစ်ချက်တီးကာ ဆိုင်ရှင်အဘိုးအိုကိုခေါ်လိုက်သည်။

"အဘိုး အရက်နွေးနွေးလေးသောက်ဖို့ မီးဖိုလေးလဲလိုချင်တယ် ၊ ပြီးတော့ အမဲသားတစ်ပွဲ ၊ ကြက်သားတစ်ပွဲ ၊ ပဲနှပ်တစ်ပွဲ ပြီးတော့ အရက်နှစ်အိုးနဲ့ အရက်ခွက်ပါပေးပါ"

ဟု မှာကြားလိုက်လေသည်။

သူမ၏အသံမှာ တောင်ပေါ်စမ်းချောင်းလေးတစ်ခုအလားကြည်လင်နေလေသည်။ ပုတီးစေ့လေးများ ၏အသံကဲ့သို့လည်းသာယာပြီး ကျောက်စိမ်းပြားလေးကျိုးပဲ့သွားသည့်အသံကဲ့သို့လည်း စွဲဆောင်မှုရှိလွန်းလေသည်။ အလွန်မှ နားဝင်ချိုသည့် အသံလေးပင်ဖြစ်လေသည်။

မိန်းကလေးမှာသည့် အရက်နှင့်ဟင်းလျာများ ချက်ချင်း ရောက်လာလေသည်။ ဟင်းလျာများမှာ ယခုမှ ချက်ပြုတ်ခြင်း မဟုတ်ဘဲ စျေးပေါ်သည့် ဆိုင်များ၏ထုံးစံအတိုင်း အစ ကတည်းက ချက်ပြုတ်ထားဟန်ရှိလေသည်။ ထို့ကြောင့်သာ ဤမျှလောက်မြန်နေရခြင်းဖြစ်လေသည်။

အခန်း (၁၆၅) ဆောင်းရာသီတွင်ခြိမ်းသည့်မိုးခြိမ်းသံ

အဘိုးအိုက မီးသွေးဖိုလေးတစ်လုံးလည်း ယူလာပေးလေ သည်။ မီးဖိုလေးမှာ မီးအပူရှိန်အားကောင်းသော်လည်း မီးသွေးကို အပူချိန်ညှိရန်မှာတော့ ခက်ခဲလေသည်။

မီးသွေးများမှာ နက်မှောင်နေလေသည်။ မီးသွေးဖုတ်သည့်မီးဖို ကို ပိတ်ပြီးမှ မီးကိုငြိမ်းသတ်ကာ သေသေချာချာ ပြုလုပ်ထားသည့်မီးသွေးများဖြစ်သည့်အတွက် အရည်အသွေးကောင်းမွန်လေသည်။ မိန်းကလေးက အရက်အိုးတစ်အိုးကို မီးဖိုပေါ်သို့ တင်လိုက်သည်။ မီးဖိုမှ အပူရှိန်ကြောင့် အရက်များ နွေးလာရလေသည်။

အရက်များနွေးသွားပြီး အငွေ့များထောင်းထောင်းထလာသည့် အချိန်တွင်တော့ မိန်းကလေးက မီးညှပ်လေးဖြင့် အရက်အိုး အဖုံးကို ဖွင့်လိုက်လေသည်။ ထို့နောက် အရက်များက ဆန်းလျှန်၍ အရက်ခွက်လေးထဲသို့ စီးဆင်းဝင်ရောက်သွားသည်။ အရက်စီးကြောင်းမှ အငွေ့များက မိန်းကလေး၏ မျက်နှာကို ဖုံးကွယ်သွားလေသည်။

အခိုးအငွေ့များကြားတွင် မပီဝိုးတဝါးမြင်နေရသည့်

သူမ၏အလှတရားသည် ကမ္ဘာကြီးတစ်ခုလုံးရပ်တန့်သွားနိုင်

လောက်အောင် လှရက်နိုင်လွန်းလေသည်။

သာမန်မျှသာဖြစ်သည့် အရက်မှာ သူမလက်နှင့် ထိလိုက်သည့်

အခါ အနံ့အရသာ ပြောင်းလဲသွားလေသည်။ ချိုမြသည့်ရနံ့

လေးတစ်ခု ထွက်ပေါ်လာလေသည်။

ဆန်းလျန်က အရက်ခွက်ကို တစ်ကျိုက်တည်းဖြင့် မော့

သောက်လိုက်သည်။ ထောင်နှင့်ချီသည့် ထူးကဲသည့်အရသာ

ပေါင်းစုံသည် သူ့လျှာဖျားမှတစ်ဆင့် လည်ချောင်းထဲသို့စီး

ဆင်းသွားလေသည်။ သူ့လျှာပေါ်တွင် အသက်ဓာတ်စွမ်းအား

များပါဝင်သည့် အနံ့အရသာတစ်ခုက စွဲထင်ကျန်ရစ်နေလေ

သည်။ သို့သော် ထိုအရသာက သူ့ကို လန်းဆန်းသွားစေပြီး

အိပ်ပျော်ရာမှ နိုးထလာသကဲ့သို့ နိုးထလှုပ်ရှားလာစေသည်။

လောကရှိ မည်သည့်အရာကိုမှ ဂရုမစိုက်တော့လောက်အောင်

သူ့စိတ်များ တက်ကြွလာရသည်။

အရက်ကိုသောက်ပြီးသည်နှင့် ဆန်းလျှန်မျက်ဝန်းများ

တောက်ပလာသည်။ သူ့ရှေ့ရှိ မိန်းကလေးကို ပိုပြီး ပီပြင်

ကြည်လင်စွာ မြင်လာရသည်။

အမှန်တော့ ထိုမိန်းကလေးမှာကျောက်ရှောင်ယွီ ဖြစ်လေသည်။

သို့သော် သူမပုံစံမှာ ယခင်ကနှင့်မတူ တစ်မျိုးထူးခြားနေသည်

ဟု ဆန်းလျှန်ခံစားနေရသည်။ သူမဆီမှ လူသားဆန်သည့်

အငွေ့အသက်များရရှိနေလေသည်။ သို့သော် သဘာဝတော့မ

ကျပေ။ တမင်တကာလုပ်ယူထားသကဲ့သို့ ဖြစ်နေလေသည်။

သူမ ဘာလို့များ ပြောင်းလဲသွားသလဲဟု မေးကြည့်ပြန်လျှင်

လည်း ရိုင်းရာကျဦးမည်။ သို့သော် လောလောဆယ်တွင် ဆန်း

လျှန်ကလည်း သူမအကြောင်း သိချင်စိတ် မရှိသေးပါ။

"မင်းကို ဒီညတွေ့ခွင့်ရလိမ့်မယ်လို့ ထင်မထားမိဘူး ၊ မင်း တမင်ရည်ရွယ်ချက်ရှိရှိနဲ့ရောက်လာတာလား ၊ တိုက်ဆိုင်မှု လား"

ဆန်းလျန်က သူ့အကျင့်အတိုင်း တည့်တည့်ပင်မေးလိုက်လေ သည်။

ကျောက်ရှောင်ယွီက ဆန်းလျန်ကို ခပ်တည်တည်ပင် ပြန်ကြည့် လိုက်သည်။ သူမ မျက်နှာက ခံစားချက် ကင်းမဲ့နေသည်။

"အဲဒါအရေးကြီးလို့လား"

သူမက ပြန်မေးလိုက်သည်။

"တမင်ရည်ရွယ်ချက်ရှိရှိနဲ့ရောက်လာတာဆိုရင်တော့ ပြန်လိုက် တော့ ၊ ဘာလို့လဲဆိုတော့ လောလောဆယ် ကျုပ် ဘာ အကြောင်းမှ မကြားချင်သေးဘူး"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ဆန်းလျန်စကားကြောင့် ကျော့က်ရှောင်ယီ မျက်နှာပျက်သွား

လေသည်။

သူမ၏ အလုပ်မှန်သမျှသည် ဆန်းလျန်ကြောင့် ပျက်စီးသွားခဲ့

ခြင်းဖြစ်လေသည်။ သို့သော် သူမ နောင်တရခဲ့ခြင်းမရှိပါ။

ဆန်းလျန်မှာ တန်ခိုးစွမ်းအား ကြီးမားသူတစ်ယောက် ဖြစ်

သည့်တိုင် ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိသေး

ကြောင်း သူမတွေးနေမိသည်။

အဘယ်ကြောင့် ကျင့်စဉ်လမ်းတွင် အဆင့်မတက်နိုင်ရပါ

နည်း။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်မှာ အကြင်နာတရား

ကင်းမဲ့သူတစ်ယောက် မဟုတ်သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်ကိုယ်သူလည်း တန်ဖိုးထားသလို အခြားသူများကို

လည်း ဂရုစိုက်တတ်သူ တစ်ယောက်ဖြစ်သည်။

သို့သော် ကျင့်စဉ်လမ်းအောင်မြင်ရန်အတွက် လူတစ်ယောက်

သည် အကြင်နာတရား ကင်းမဲ့ရမည်ဖြစ်သည်။ အရာရာကို

တွယ်တာနေ၍ မဖြစ်ပေ။ မဟုတ်ပါက အောင်မြင်ရန်

အခွင့်အရေးကို ဆုံးရှုံးရမည်ဖြစ်လေသည်။ အခွင့်အရေး

ဆိုသည်က နှစ်ခါမရနိုင်ပေ။

ဆန်းလျန်လည်း ထိုအကြောင်းကို မသိမဟုတ် ၊ သိရှိနေမည်ဟု

သူမ ယုံကြည်လေသည်။

ကျောက်ရှောင်ယီ သက်ပြင်းတစ်ချက် မသိမသာ ချလိုက်

မိသည်။ သူမ၏သက်ပြင်းချသံလေးသည်ပင်လျှင် သာယာ

ငြိမ့်ညောင်းလွန်းလှသည်။

"ဆန်းကျွင်းအရှင် ၊ ကျွန်မတော့ရှင့်ကို နားမလည်နိုင်ဘူး ၊ အဲဒီ

အသုံးမကျတဲ့ ဆင်းရဲသားတွေကို ရှင်ဘာလို့ ကူညီနေရတာလဲ

၊ ရှင်က နတ်ဘုရားကျင့်စဉ်လမ်းကိုလျှောက်လှမ်းမယ်ဆိုရင် ဒီ

အလုပ်တွေကို လုပ်နေစရာအကြောင်းမရှိဘူး ၊ ဒါတွေလုပ်နေ

လို့ ဘာအကျိုးအမြတ်ရမှာတဲ့လဲ"

ကျောက်ရှောင်ယီက ပြောလိုက်သည်။

(ဆန်းကျွင်းအရှင်ဆိုသည်မှာ ဆန်းလျန်မှာ ကျင့်စဉ်လမ်းတွင် အတိုင်းအတာတစ်ခုထိ အောင်မြင်ပြီးတဲ့သူဖြစ်လို့ ကျောက်ရှောင်ယွီက ဆန်းလျန်ကို လေးစားသမှုနဲ့ခေါ်တာပါ - ဘာသာပြန်သူ)

ဆန်းလျန်က အရက်ခွက်ကို သောက်ပြီး ပြန်ချလိုက်သည်နှင့် ကျောက်ရှောင်ယွီက နောက်တစ်ခွက်ထပ်ဖြည့်ပေးလိုက်သည်။ ဆန်းလျန်က ထပ်မော့သောက်လိုက်ပြန်သည်။ ယခုတစ်ကြိမ်တွင်တော့ ကျောက်ရှောင်ယွီကလည်း တစ်ခွက်သောက်လိုက်သည်။ သူမ၏ အရက်သောက်ဟန်လေးမှာလည်း လောကတစ်ခွင်ရှိ ယောကျာ်းလေးတိုင်း ငေးမောသွားစေနိုင်လေသည်။

ကျောက်ရှောင်ယွီ၏ အမေးကို ဆန်းလျန် ပြန်လည်ဖြေကြားလိုခြင်းမရှိပါ။ အကျိုးအမြတ်ဆိုသည့်ကိစ္စများကိုလည်း သူစဉ်းစားလိုစိတ်မရှိ။ သူ့ရှေ့တွင်ထိုင်နေသည့် မိန်းကလေးမှာ ကျောက်ရှောင်ယွီ ဟုတ်သည်ဖြစ်စေ ၊ မဟုတ်သည်ဖြစ်စေ သူ

ဂရုမစိုက်ပါ။ ကျောက်ရှောင်ယို့ မည်သည့်ကိစ္စဖြင့် သူ့ထံ ရောက်လာသည်ဆိုသည်ကိုလည်း သူ့စိတ်ထဲတွင် သိချင်စိတ်မ ဖြစ်မိပါ။ ရယ်စရာကောင်းသည့်အချက်မှာ ကျောက်ရှောင်ယို့ က သူ့ကို ဂရုစိုက်သည့် စကားများလာပြောနေခြင်းဖြစ်လေ သည်။

"မင်းက အမြဲတမ်း လူတိုင်းကို မင်းရဲ့ကျင့်စဉ်လမ်းအောင်မြင် ဖို့အတွက် အသုံးချခဲ့တဲ့သူပဲ ၊ မင်း ကျုပ်ကို ဘယ်လိုလုပ် နားလည်နိုင်မှာလဲ ၊ တကယ်တော့ မင်းက မင်းကိုယ်မင်းတောင် နားလည်တဲ့သူမဟုတ်ဘူး ၊ မင်းကျင့်စဉ်လမ်းကို လျှောက် လှမ်းတဲ့အခါ အမြင်ကျယ်ကျယ်နဲ့ လျှောက်လှမ်းခဲ့တာရော ဟုတ်ရဲ့လား ၊ ဒါမှမဟုတ် မင်းက အခြားသူတွေထက် သာလွန် ချင်တဲ့ဆန္ဒတစ်ခုတည်းနဲ့ ကျင့်စဉ်လမ်းကို လျှောက်လှမ်းခဲ့တာ လား"

ဆန်းလျန် တည်ငြိမ်စွာဖြင့်ပင် ပြောလိုက်လေသည်။

"ဆန်းကျွင်းအရှင်သာ ကျွန်မရဲ့ချစ်သူလုပ်မယ်ဆိုရင် ကျွန်မက ဘယ်လောက်တန်ခိုးစွမ်းအားကြီးမားနေပါစေ ဆန်းကျွင်းအရှင်က ကျွန်မရဲ့အထက်မှာ အမြဲရှိနေမှာပါ"

ကျောက်ရှောင်ယွီက တစ်ချက်ပြုံးလိုက်ရင်း ပြောလိုက်သည်။

ထိုစကားမှာ လွန်စွာမှ စိတ်ကူးယဉ်စရာကောင်းသည့် စကားဖြစ်ပြီး စွဲဆောင်မှုလည်း အပြည့်ရှိလေသည်။ မည်သည့်ယောကျ်ားလေးမှ ငြင်းပယ်မည့်စကားမဟုတ်ပေ။ အားလုံးက သူမဘက်က စတင်ဖွင့်ဟလာသည့်စကားကို ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခံကြမည်ဖြစ်လေသည်။

ဆန်းလျန်မှာလည်း ယောကျ်ားလေးတစ်ယောက်ဖြစ်ပါသည်။

သို့သော် သူ၏နှလုံးသားက တည်ငြိမ်လေသည်။

သူက အချစ်နှင့်ပတ်သက်လို့ အတွေ့အကြုံလည်းမရှိပါ။

ထို့ကြောင့် သူက ယခုအချိန်ထိ တစ်ယောက်တည်း နေခဲ့ခြင်း

ဖြစ်လေသည်။ သို့သော် ထိုအချစ်ဆိုသည့်အရာကိုလည်း သူ သိပ်ပြီး ခံစားလိုခြင်းမရှိပါ။

သို့သော် ကျောက်ရှောင်ယွီသည် သူတကယ်ချစ်မြတ်နိုးရသည့် မိန်းကလေးတစ်ယောက်ဆိုပါက သူမကို ဆန်းလျန် လက်မခံနိုင်စရာအကြောင်းမရှိပေ။

"ရှောင်ယွီ ၊ မင်းလိုမိန်းကလေးမျိုးကို ကျုပ်မချစ်ရဲသလို ချစ်လည်းမချစ်ပါဘူးဗျာ ၊ မင်းက မတော်လို့ ၊ မကောင်းလို့ ပြောတာမဟုတ်ဘူးနော် ၊ ဒါပေမယ့် မင်းမှာရော အချစ်နဲ့ပတ်သက်တဲ့ ခံစားချက်ရှိလို့လား ၊ ပြီးတော့ မင်းလူတစ်ယောက်ကို တကယ်ပဲချစ်မိပြီဆိုရင် မင်းဘာလုပ်မလဲ"

ဆန်းလျန်က ကျောက်ရှောင်ယွီကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

အမှန်တော့ကျောက်ရှောင်ယွီ ဆန်းလျန်ကို စိတ်ဝင်စားသည်ဆိုသည်မှာ ကျင့်စဉ်လမ်းတွင် လက်တွဲသွားရန်အတွက်

လက်တွဲဖော်တစ်ယောက်လိုချင်၍သာ ဖြစ်လေသည်။ ထိုသူနှင့်လက်တွဲပြီး ထိုသူဆီမှာ အကျိုးအမြတ်ကို ရယူလိုခြင်းသာ ဖြစ်သည်။ သူမရင်ထဲတွင် တကယ်ချစ်၍မဟုတ်ဘဲ အသုံးချလိုသောကြောင့်သာ ဆန်းလျှန်နှင့် လက်တွဲရန် ဆုံးဖြတ်မိခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏မျက်နှာမှာ ပြုံးနေရာမှ ချက်ချင်းတည်သွားလေသည်။

"ကျွန်မသူ့ကို သတ်မှာပေါ့"

ထိုစကားမှာ သူမ၏တုန့်ပြန်မှုပင်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် သူမ၏စိတ်ကို အခြားသူတစ်ယောက်လွှမ်းမိုးနေပြီး သူမ၏ရည်မှန်းချက် ပျက်ပြားမည်ကို မလိုလားသည့်အတွက်ကြောင့်သာ ဖြစ်လေသည်။

"ဒါက မင်းရဲ့စိတ်ရင်းအမှန်ပဲ မဟုတ်လား ၊ ကျုပ်လက်ခံပါတယ် ၊ အရှိကို အရှိအတိုင်းလက်ခံနိုင်တာ အကောင်းဆုံးပါပဲ ၊

ကိုယ့်ရဲ့ပင်ကိုယ်သဘာဝနဲ့ ဆန့်ကျင်ပြီး ဘာမှမလုပ်သင့်ဘူး

လေ ၊ ကျုပ်တောင်ပေါ်က ပန်းလေးတွေကိုကြည့်ချင်ရင်

တောင်ပေါ်ကိုသွားတာပါပဲ ၊ အဲဒီမှာ ပွင့်နေတဲ့ ပန်းလေးတွေကို

တွေ့ရတာပဲ ၊ ဒါပေမယ့် ကျုပ်တစ်ခါမှ ခူးမယူခဲ့ဘူး ၊ ပန်းလေး

တွေရဲ့အလှကို ငြီးငွေ့သွားတဲ့အထိ ထိုင်ကြည့်နေလိုက်တယ် ၊

ပြီးရင်တော့ ထားခဲ့မှာပါပဲ"

ဆန်းလျန်က ပြောလိုက်လေသည်။

ဤသည်မှာ ဆန်းလျန်၏အတွေးဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် သူက ဆန်းလျန်ဖြစ်နေသောကြောင့်

ပင်။

ကျောက်ရှောင်ယွီက ပဲစေ့လေးများကို တူဖြင့်ညှပ်ကာ ပါးစပ်

ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ပဲစေ့လေးများကို ဝါးနေ

ရင်း ဆန်းလျန်၏စကားများကို စဉ်းစားနေလေသည်။ ဆန်းလျ

န်ကလည်း ဟင်းသီးဟင်ရွက်များကို စားရန် တူဖြင့်ညှပ်လိုက်သည်။

"ဒါက သက်သက်အချိန်ဖြုန်းတာလို့ ရှင်မထင်ဘူးလား ၊ ဘာမှလည်းမဟုတ်ဘဲနဲ့ တောင်ပေါ်ကိုသွားမယ် ၊ ပန်းတွေကိုကြည့်မယ် ၊ ပြီးတော့ တောင်ပေါ်ကပန်းတွေနဲ့ တောင်အောက်ကပန်းတွေဆိုတာလဲ အတူတူပဲလေ ၊ ဒီတော့ ဒီလိုလုပ်ရတာအဓိပ္ပါယ်ရောရှိလို့လား"

အတန်ကြာမှ ကျောက်ရှောင်ယွီက မေးလိုက်သည်။

သူမမျက်လုံးများက အေးစက်ခက်ထန်နေပြီး ဓားတစ်လက်အလားထက်မြက်နေလေသည်။ ထိုဓားဖြင့် သူမကိုယ်တိုင်အပါအဝင် အရာအားလုံးကို ခုတ်ဖြတ်ပစ်တော့မည့် ပုံစံမျိုးဖြစ်လေသည်။

သူမဘဝတွင် ကျင့်စဉ်လမ်းအောင်မြင်ရန်မှ လွဲပြီး မည်သည့်ရည်ရွယ်ချက်မှ မရှိပေ။ ထိပ်ဆုံးအဆင့်သို့ ရောက်အောင်

ကျင့်ကြံနိုင်ခြင်းသည်သာလျှင် သူမဘာဝတွင် အလိုအပ်ဆုံးဖြစ်လေသည်။ ထို့ကြောင့် သူမဘာဝကို မည်သည့်အရာကမှ လာရောက်ဖုံးလွှမ်းမခံနိုင်သလို မည်သည်တစ်ဦးတစ်ယောက်အတွက်မှလည်း စိတ်လှုပ်ရှားခြင်း မဖြစ်လိုပေ။

သူမဘာဝတွင် ကျရှုံးခဲ့သည်အကြိမ်ပေါင်းများစွာလည်းရှိပါသည်။ သို့သော် သူမက အားလုံးကို ကန်ထုတ်ခဲ့ပြီး ကိုယ့်လမ်းကိုယ်လျှောက်ခဲ့သူဖြစ်သည်။

ဆန်းလျန်က ပြုံးလိုက်သည်။

"ဒါကတော့ကိုယ့်အမြင်နဲ့ကိုယ်ပဲဆိုတော့ မင်းနဲ့ ပြိုင်ပြီး မငြင်းချင်ပါဘူး ၊ မင်းကိုလည်း ကျုပ်ကလေးစားပါတယ် ၊ ကဲ .. အရက်ပဲသောက်ကြရအောင် ၊ မင်း ကျုပ်နဲ့အတူ အရက်သောက်ချင်စိတ် ရှိသေးတယ် ဆိုရင်ပေါ့လေ"

သူတို့နှစ်ယောက်မှာ အဆင့်မြင့်ကျင့်ကြံသူများ ဖြစ်ကြသည့်အတွက် အရက်ခွက်တစ်ထောင်သောက်လျှင်လည်း မူး

ကြမည့်သူများမဟုတ်ပေ။ သူတို့နှစ်ယောက် အရက် တစ်ခွက်
ပြီးတစ်ခွက် ဖြည်းဖြည်းချင်းသောက်နေကြလေသည်။
မီးသွေးမီးဖိုလေးများမီးဖြင့် အရက်ကိုနွေးနွေးလေးဖြစ်အောင်
နွေးကာ အရာသာခံရင် ဖြည်းဖြည်းသောက်နေကြခြင်း
ဖြစ်သည်။
မိုးပြိုမည်ဆိုလျှင်တောင်မှ နောက်အဆုံးအရက်တစ်ခွက်ကို
တော့ ကုန်အောင်သောက်မှာ ဖြစ်လေသည်။
ဆန်းလျန်က သူ၏နောက်ဆုံးအရက်တစ်ခွက်ကို လက်စသတ်
လိုက်ရင်း စကား စပြောလိုက်သည်။
"မင်းဒီကို ဘာလာလုပ်တာလဲ ပြောလို့ရပြီ"
အရှေ့ဆီမှ နေထွက်လာပြီဖြစ်လေသည်။
ဆန်းလျန်မှာလည်း ဆန်းလျန်ပင်ဖြစ်ပြီး ကျောက်ရှောင်ယွီမှာ
လည်း ကျောက်ရှောင်ယွီပင် ဖြစ်လေသည်။ မည်သည့်အရာမှ

ပြောင်းလဲသွားခြင်းမရှိသလို သူတို့နှစ်ယောက်၏အမြင်များက လည်း မည်သည့်အခါမှ တူညီလာနိုင်မည်မဟုတ်ပါ။

"ကျွန်မက ရှင့်ရဲ့တန်ခိုးစွမ်းအားရှိတဲ့ဓားကို ခဏငှားချင်လို့ပါ ၊ မငှားဘူးဆိုရင်လည်း ညီမျှတဲ့တန်ဖိုးပေးပြီး ဝယ်မှာပါ"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

ဤသည်မှာ ကျောက်ရှောင်ယွီပင် ဖြစ်လေသည်။ သူမက ရည်ရွယ်ချက်မရှိဘဲ မည်သည့်အလုပ်ကိုမျှ မလုပ်တတ်ပေ။ ဆန်းလျန်၏ဓားကို သူမက လျှို့ဝှက်ကျင့်စဉ်တစ်ခုကျင့်ကြံရန် အတွက် လိုအပ်နေခြင်းဖြစ်လေသည်။ သို့သော် ဆန်းလျန်၏ဓားမှာ လွန်စွာမှ တန်ဖိုးရှိသည့် ဓားတစ်လက်ဖြစ်လေ သည်။ လူအများစုသည် မိမိကိုယ်ပိုင် ဝိညာဉ်စွမ်းအားရှိသည့် လက်နက်များ ၊ ပစ္စည်းများကို ကျင့်စဉ်လမ်းတိုးတက်နိုင်ရန် အတွက် အသုံးပြုကြလေ့ရှိသည်။ ထိုပစ္စည်းများကို မည်သူ့ကို

မှ ပေးလေ့မရှိကြပေ။ ပေးသည့်သူရှိလျှင်လည်း လူနည်းစုသာ ဖြစ်လေသည်။

"မင်း ကျုပ်နဲ့တစ်ညလုံး အရက်သောက်ပေးနေလို့ မင်းလာရတဲ့ ရည်ရွယ်ချက်ကို ပြောခိုင်းလိုက်တာ ၊ ဒါပေမယ့် ကျုပ်အခု ဘာလုပ်ချင်နေလဲ မင်းသိလား"

ဆန်းလျန်က ပြန်မေးလိုက်လေသည်။

ကျောက်ရှောင်ယွီ ဆန်းလျန်ထံမှ ထွက်ပေါ်လာသည့် ပြင်းထန်သည့် ဝိညာဉ်စွမ်းအားများကို စတင်ခံစားလိုက်ရလေသည်။ စွမ်းအားများအားလုံးမှာ သူမဆီသို့သာ ရောက်ရှိလာခြင်းဖြစ်ပြီး အခြားမည်သည့် နေရာသို့မှ ပျံ့လွင့်သွားခြင်းမရှိပေ။ သူမကလည်း ကြောက်ရွံ့ထိတ်လန့်သွားခြင်းမရှိပါ။ သို့သော် ဆန်းလျန် တစ်ခုခုလုပ်လိုက်ပြီဆိုသည်ကို သူမသိလိုက်လေသည်။

"ရေကဲ့သို့စီးဆင်းခြင်း" ဆိုသည့် တာအိုကျမ်းစာတစ်ခုထဲတွင် ရေးသားဖော်ပြထားသကဲ့သို့ ဖြစ်လေသည်။ ဆန်းလျန်မှာ ပုံ

မှန်အားဖြင့် ဒေါသထွက်ခဲလေသည်။ သို့သော် သူဒေါသထွက်ပြီဆိုလျှင်လည်း မှန်တိုင်းတစ်ခုအလားဖြစ်လေသည်။ ဤသည်မှာ ဆန်းလျန်ပင်ဖြစ်လေသည်။

ရေကဲ့သို့စီးဆင်းနေသည့်စွမ်းအားမှာ ကျင့်စဉ်လမ်းပင်ဖြစ်လေသည်။ ဆန်းလျန်မှာ ကိုယ်ပိုင်ကျင့်စဉ်လမ်း မရှိပါ။ သူကျင့်ကြံနေသည့် လမ်းစဉ်သည်သာလျှင် သူ၏ကျင့်စဉ်လမ်းပြီး ထိုကျင့်စဉ်လမ်းက ရေကဲ့သို့ စီးဆင်းနေလေသည်။ ထိုကျင့်စဉ်လမ်းသည် ခက်လည်းခက်ထန်သလို သိမ်လည်းသိမ်မွေ့လေသည်။

ထို့ကြောင့် ဆန်းလျန်မှာ သိမ်မွေ့သည့်သဘောထားရှိသလို တင်းမာသည့်သဘောထားလည်း ရှိလေသည်။ ထို့ကြောင့်ပင် သူက များစွာသော ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် အစွမ်းကို ပိုင်ဆိုင်ထားသည်။

ရေကို ဓားနှင့် ဖြတ်တောက်၍မရနိုင်ပါ။ သို့သော် ရေက အက်ကွဲကြောင်းနေရာများရှိရာ ချောင်ကြိုချောင်ကြား နေရာတိုင်းသို့ စီးဆင်းဝင်ရောက်နိုင်သည်။ ရေကာတာများ ၊ တာတမံများနှင့်ကာရံထားလျှင်လည်း ကျော်လွှားပြီး စီးဆင်းနိုင်လေသည်။ ရေ၏စီးဆင်းမှုကို မည်သည့်အရာကမှ တားဆီးနိုင်ခြင်းမရှိပေ။

"ဘာလဲ ကျွန်မပြောလိုက်လို့ ဒီလိုဖြစ်သွားတာလား ၊ အဲဒါဆိုရင်တော့ ကျွန်မ တောင်းပန်ပါတယ် ၊ လျော်ကြေးပေးဆိုလည်း ပေးရမှာပေါ့"

ကျောက်ရှောင်ယွီက လေးနက်စွာဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီကို စူးစိုက်ကြည့်လိုက်သည်။ နံနက်ခင်းနေရောင်ခြည်သည် ကျောက်ရှောင်ယွီ၏ ဆံထိုးလေးထက်သို့ ကျရောက်နေသည့်အတွက် ဆံထိုးဆီမှ အလင်းရောင်လေးထွက်ပေါ်နေလေသည်။ နေရောင်ခြည်အောက်တွင်

ပေါ်လွင်နေသည့် လက်မောင်းသားလေးများ ၊ ဖြူစင်ဝင်းပနေသည့် နားရွက်ဖျားလေးများ ၊ လောကတွင် မြင်သူတိုင်းငေးရလောက်သည့် ပြည့်စုံလွန်းသည့်အလှတရားဖြင့် ဖန်ဆင်းထုဆစ်ခြင်းခံထားရသည့် နတ်မိမယ်လေးတစ်ပါးအလားပင် လှပလွန်းလေသည်။

သို့သော် ဆန်းလျန်၏ အကြည့်များထဲတွင် သူမအတွက်အကြင်နာတရားမရှိပါ။

"ဒီနေ့ မင်းရင်ဆိုင်ရမှာ ကျုပ်မဟုတ်ဘူးဆိုရင် မင်းဒီလိုပဲ ညှို့နှိုင်းနေမှာလား"

ဆန်းလျန်က မေးလိုက်သည်။

ကျောက်ရှောင်ယွီက အံကို တင်းတင်း ကြိတ်လိုက်သည်။

"ညှို့နှိုင်းနေမှာ မဟုတ်ဘူး"

"ဟုတ်ပြီ ၊ မင်းက မင်းလိုချင်တာကိုပြောတယ် ၊ ကျုပ်က လည်း မပေးနိုင်ဘူး ၊ ဒီတော့ တစ်နေ့လုံး တိုက်ကြမယ်ဆိုရင် လဲ တိုက်ကြတာပေါ့"

ဆန်းလျန်၏ မျက်ဝန်းများမှာ မီးဝင်းဝင်းတောက်နေပြီး သူ့ ဘက်ကတော့ လုံးဝအလျှော့ပေးမည့်ပုံ မပေါ်ပေ။

ကျောက်ရှောင်ယွီက ထိုကဲ့သို့ဖြစ်လာမည်ဟု ထင်မှတ်မထားမိ ပေ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်က ထက်မြက်သူတစ် ယောက်ဖြစ်ပြီး ထိုသို့စိတ်လိုက်မာန်ပါလုပ်မည်မဟုတ်ဟု ထင် ထားမိသောကြောင့်ဖြစ်လေသည်။

လက်ရှိအချိန် ယွဲ့ထော်တွင်လည်း ကျင့်ကြံသူများစွာရောက်ရှိ နေသည်ဖြစ်လေရာ ထိုသူများထဲတွင် သူတို့နှစ်ယောက်လုံး ထက် အစွမ်းထက်သူများ များစွာပါဝင်လေသည်။ သူတို့နှစ် ယောက်၏အဆင့်က သိပ်ပြီး ကွာလှသည်မဟုတ်ပေ။

ထို့ကြောင့် သူတို့နှစ်ယောက်အနေဖြင့် အခြားသော မမြင်နိုင်

သည့် ပြဿနာများကို ရင်ဆိုင်ရန် အားမွေးထားသင့်လေ

သည်။ သူတို့နှစ်ယောက်အနေဖြင့် စကားဖြင့် ညှိနှိုင်း၍မရ

လျှင်တောင် တိုက်ခိုက်သည့်အဆင့်ထိတော့ မဖြစ်သင့်ပေ။

ထို့ပြင် သူတို့နှစ်ယောက်မှာ တန်ခိုးစွမ်းအားအဆင့်အတန်း

တူညီနေသည့်အတွက် တိုက်ခိုက်ကြသည့်အခါတွင် တိုက်ပွဲမှာ

သူသေကိုယ်သေ တိုက်ပွဲတစ်ခုဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် ဆန်းလျန်လုပ်နေသည့်အပြုအမူမှာ အဓိပ္ပါယ်မရှိ

ဟု ကျောက်ရှောင်ယွီထင်မိလေသည်။

ဆန်းလျန်ကလည်း ဆန်းလျန်ပင်။ သူက မုန်တိုင်းတစ်ခု

အလား စိတ်လိုက်မာန်ပါလုပ်လိုက်ပြီ။

မြစ်ရေက ရေကာတာကို ချိုးဖျက်ကာ အရှိန်အဟုန်ပြင်းစွာဖြင့်

စီးဆင်းလိုက်သကဲ့သို့ပင်ဖြစ်လေသည်။ ဤသည်မှာ ဆန်းလျ

န်၏ သဘောသဘာဝပင်ဖြစ်လေသည်။

သူက ဒေါသထွက်ခြင်းထက် သူလုပ်သင့်သည်ထင်သည့်အရာကို သဘာဝကျကျ လုပ်လိုက်ခြင်းပင် ဖြစ်သည်။

"ရှင်က တကယ့်အရူးပဲ ၊ ဒါပေမယ့် ကျွန်ကတော့ မဟုတ်ဘူး" ကျောက်ရှောင်ယွီက ပြောလိုက်သည်။

ထို့နောက် သူမသည် အဖြူရောင်အလင်းတန်းလေးတစ်ခုအဖြစ် နံနက်ခင်းနေရောင်ခြည်ဆီသို့ တိုးဝင် ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်က အေးစက်စွာပြုံးလိုက်သည်။ အရက်ဆိုင်လေး၏ စားပွဲပေါ်တွင် အရက်နှင့် စားသောက်ဖွယ်ရာများအတွက် ငွေစလေးများချန်ထားခဲ့ပြီး လေပွေမုန်တိုင်းတစ်ခုအလား ဆန်းလျန်လည်း ထွက်ခွာပျောက်ကွယ်သွားလေသည်။

ထိုလေပွေမုန်တိုင်းသည် အဖြေူရောင်အလင်းတန်းလေးနောက်သို့ လိုက်ပါသွားခြင်းဖြစ်လေသည်။ ထို့နောက်

ကောင်းကင်ထက်တွင် ကျယ်လောင်လွန်းသည့် အသံကြီးတစ်
သံ ထွက်ပေါ်လာလေတော့သည်။
ထို့နောက် ကောင်းကင်ထက်တွင် လျှပ်စီးများအဆက်မပြတ်
လက်လာပြီး မိုးခြိမ်းသံများပါ ထွက်ပေါ်လာလေသည်။ လမ်မ
ထက်မှ လူအများမှာ ခေါင်းကို လက်ဖြင့်အုပ်ပြီး ထိုင်ချလိုက်
မိသည်အထိ ထိတ်လန့်ကုန်ကြလေသည်။ ဆောင်းရာသီကြီး
တွင် လျှပ်စီးလက်ပြီး မိုးခြိမ်းနေသည်မှာ မည်သို့မျှ မဖြစ်နိုင်
သည့် ကိစ္စပင်။
အချိန်အခါမဟုတ် လျှပ်စီးလက် မိုးခြိမ်းနေခြင်းဖြစ်လေသည်။
လူအများမှာလည်း များစွာ အံ့သြနေကြရပြီး အဘယ်ကြောင့်
ထိုသို့ဖြစ်သည်ကို သိရှိချင်ကြသောကြောင့် အပြင်သို့ ထွက်
ကာကြည့်ရှုကြသည်။

ကောင်းကင်တစ်လျှောက်တွင် ကြာပွတ်တစ်ခုအလား

ရှည်လျားသည့် အဖြူရောင်အလင်းတန်းတစ်ခု ဖြတ်သန်းသွား

သည်ကို မြင်တွေ့လိုက်ကြရလေသည်။

အခန်း (၁၆၆) ကြာပန်းဖြူစား

ပန့်ယွဲ့ရေကန်မှာ ယွဲ့ထော်မြို့တော် အတွင်းမှအပြင်သို့

ဖြတ်သန်းစီးဆင်းနေသည့် ရေကန်တစ်ခုဖြစ်လေသည်။ ထို

ရေကန်၏ပုံသဏ္ဍာန်မှာ လခြမ်းပုံသဏ္ဍာန်ရှိသည့်အတွက် ပန့်ယွဲ့

ရေကန်ဟု အမည်ပေးထားခြင်းဖြစ်သည်။

ကောင်းကင်ထက်မှ အဖြူရောင်အလင်းတန်းမှာ ပန့်ယွဲ့ရေကန်
ထဲသို့ ဆင်းသက်သွားလေသည်။ ထို့နောက် ရေကန်ထဲတွင်
အလွန်ချောမောလှပသည့် အဖြူရောင်ဝတ်စုံဝတ်ဆင်ထား
သည့်မိန်းမပျိုတစ်ယောက် ပေါ်လာလေသည်။ ထိုမိန်းကလေး
မှာ ကျွမ်းကျို၏ "ရှောင်းယောင်ယို" ကဗျာထဲတွင်ပါဝင်သည့်
နတ်သမီးတောင်မှ နတ်သမီးလေးတစ်ပါးကဲ့သို့ပင်လှပလေ
သည်။ အသားအရေမှာ နှင်းပွင့်ကဲ့သို့ဖြူစင်ပြီး အပျိုစင်တစ်
ယောက်ကဲ့သို့ ကျက်သရေမင်္ဂလာဖြင့် ပြည့်စုံနေလေသည်။
ထို နတ်သမီးတောင်မှ နတ်သမီးလေးတစ်ပါးကဲ့သို့ လှပသူမှ
ကျောက်ရှောင်ယွီမှလွဲပြီး မည်သူမျှ မဖြစ်နိုင်ပေ။ သူမ
ခြေဖဝါးများအောက်တွင် ကြာပန်းတစ်ပွင့်ရှိနေလေသည်။ ပန့်
ယွဲ့ရေကန်မျက်နှာပြင်တွင် ရေခဲအလွှာပါးလေးက ဖုံးအုပ်ထား
လေသည်။ ထိုရေခဲအလွှာပါးလေးပေါ်တွင် ကြာပန်းဖြူတစ်ပွင့်
ပေါ်လာခြင်းဖြစ်ပြီး ကျောက်ရှောင်ယွီက ထိုကြာပန်းဖြူပေါ်

တွင် မတ်တပ်ရပ်နေခြင်းဖြစ်လေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ရေခဲအလွှာပါးလေးထက်တွင် အပေါက်တစ်ခုဖြစ်ပေါ်၍လာလေသည်။ ထို အပေါက်မှာ နက်ရှိုင်းလွန်းသည့်အတွက် ရေကန်အောက်ခြေသို့ပင်မမြင်နိုင်ပေ။ ထိုအပေါက်၏ အချင်းမှာ သုံးပေခန့်ကျယ်ဝန်းလေသည်။ ထိုအပေါက်မှာ ကျောက်ရှောင်ယွီခြေဖဝါးအောက်မှ ကြာဖြူပွင့်ထက်ပင် ကြီးမားလေသည်။ ထို့နောက် ထိုအပေါက်ထဲမှအစိမ်းရောင် ငါးကြင်းကြီးတစ်ကောင် ခုန်ထွက်လာလေသည်။ ထိုငါးကြီးမှာ ရေအောက်မှ ခုန်ထွက်လာပြီး ရေကန်ထက်ရှိရေခဲအလွှာပါးပေါ်သို့ ကျရောက်သွားလေသည်။

ငါးကြင်းကြီးမှာ ရေကန်မျက်နှာပြင်ပေါ်သို့ကျရောက်လာပြီးတဖျတ်ဖျတ်ခုန်နေလေသည်။ သို့သော် သူထွက်လာသည့်အပေါက်ဆီသို့ ပြန်မရောက်တော့ပေ။ သူအသက်ရှင်ရန်

အတွက် ရေကန်ထဲမှရေဆီသို့ ပြန်ရောက်နိုင်ရန် လိုအပ်လေသည်။

ကျောက်ရှောင်ယွီက ထိုငါးကြင်းစိမ်းကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူမ၏မျက်နှာတွင် ထိုငါးကြီးကို သနားသည့်အရိပ်အယောင်လုံးဝမရှိပေ။ လောကတွင် သတ္တဝါပေါင်းများစွာ နေ့တိုင်းမွေးဖွားနေကြပြီး နေ့တိုင်းသေဆုံးနေကြသည်ပဲမဟုတ်လား။ သေခြင်းနှင့်ရှင်ခြင်းဆိုသည်က စည်းပါးပါးလေးတစ်ခုမျှသာဖြစ်လေသည်။

ယခုပင် ကျောက်ရှောင်ယွီကိုယ်တိုင် ထိုသေခြင်းနှင့်ရှင်ခြင်းကြားမှ စည်းပါးပါးလေးကို ရင်ဆိုင်ခဲ့ရပြီဖြစ်သည်။ သို့သော် သူမက ထိုငါးကြင်းစိမ်းကြီးလိုမျိုးမဟုတ်ပါ။ သူမက အသက်ရှင်ရန်အတွက် ရုန်းကန်တိုက်ခိုက်နိုင်စွမ်းရှိလေသည်။ သူမက ဆန်းလျန်လက်မှထွက်ပြေးရန် မကြိုးစားတော့ပါ။ အဘယ်ကြောင့်ဆိုသော် မလိုအပ်တော့သောကြောင့်ဖြစ်လေ

သည်။ ဆန်းလျန်သည် သူမနှင့် ဆန်းတုမြို့တော်တွင် တွေ့ဆုံခဲ့သည့် ဆန်းလျန် မဟုတ်တော့ပါ။ သူ၏စိတ်နေစိတ်ထားက ပြောင်းလဲမသွားသည့်တိုင် သူ၏တန်ခိုးစွမ်းအားများကတော့ နှိုင်းဆမရလောက်အောင် တိုးတက်လာလေသည်။

ဆန်းလျန်သာ သူမကို အလွတ်မပေးဘူးဆိုလျှင် ကမ္ဘာအဆုံးထိထွက်ပြေးသည့်တိုင် သူမအတွက် ပြေး၍လွတ်မည် မဟုတ်ပေ။ ထို ဆန်းလျန်ဆိုသည့် ဆန်းကျွင်းအရှင်သည် လုပ်မည်ဟု ဆုံးဖြတ်ချက်ချပြီးသည့်ကိစ္စကို မဖြစ်မနေလုပ်တတ်သူဖြစ်လေသည်။

သို့သော် ကျောက်ရှောင်ယွီသည် ဆန်းလျန်ကို သူမဘက်သို့ ပါလာရန် စွဲဆောင်မိသည့်အတွက် နောင်တမရပါ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သာ သူမနှင့်ပူးပေါင်းမည်ဆိုလျှင် ကြာပန်းကိုးပွင့်ကျောင်းတော်တစ်ခုလုံးမှ လူများအားလုံးပေါင်းစည်းခြင်းထက်ပင် သာလွန်မည်ဖြစ်လေသည်။

ထို ကြာပန်းကိုးပွင့်ကျောင်းတော်မှလူများမှာ သူမကို ယုံကြည်သည့်သူများဖြစ်သော်လည်း အမြဲတမ်းပြန်လည်သင်ပြပေးနေရလေသည်။
ကွင်းပြင်ထဲမှ မြက်ပင်များကဲ့သို့ပင်ဖြစ်လေသည်။
ခြောက်သွေ့သွားလိုက် ၊ ပြန်လည်ပြုပြင်ပေးလိုက်လျှင် ပြန်ပေါက်လာလိုက်နှင့် နှစ်ပေါင်းများစွာသံသရာလည်နေသူများဖြစ်လေသည်။
အဝေးတစ်နေရာမှ လေပွေမုန်တိုင်းတစ်ခုရောက်လာပြီး ထိုမုန်တိုင်းက ကျောက်ရှောင်ယွီနံဘေး ပေတစ်ရာခန့်အကွာတွင် ဆင်းသက်လိုက်လေသည်။ ထိုသူမှ ဆန်းလျန်ပင်ဖြစ်လေသည်။
ဆန်းလျန်က သူ၏တန်ခိုးစွမ်းအားများကို ဖုံးကွယ်ထားခြင်းမရှိပါ။ ထိုက်ရှီးတန်ခိုးစွမ်းအားများအပါအဝင် အခြားသောစွမ်းအားများစွာ သူ့ထံမှ ထွက်ပေါ်နေလေသည်။ သို့သော် ထို

စွမ်းအားများထဲတွင် အသက်ဓာတ်စွမ်းအားများတော့ပါဝင်

ခြင်းမရှိပေ။ ပန့်ယွဲ့ရေကန်ထက်မှ ရေခဲအလွှာပါးမှာ

အပိုင်းပိုင်းအစစကွဲအက်သွားလေတော့သည်။

ဆန်းလျန်၏ခန္ဓာကိုယ်မှ မိုးမြေစွမ်းအားများက စမ်းချောင်း

တစ်ခုအလား မှန်မှန်စီးထွက်နေလေသည်။ ကျောက်ရှောင်

ယွီ၏ ဝတ်ရုံမှာ ဆန်းလျန်ရှိလာသို့ လွင့်ပျံနေလေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် ဗဟိုချက်တစ်ခုကဲ့သို့

ဖြစ်နေပြီး ပတ်ဝန်းကျင်တစ်ခုလုံးရှိ စွမ်းအားများမှာ သူ့ထံသို့

လာရောက်ပေါင်းစုံနေသောကြောင့်ဖြစ်လေသည်။ မိုးမြေ

စွမ်းအားများသည် သူတို့ကို ဆန်းလျန်က ဖိတ်ခေါ်နေသည့်

အလား ဆန်းလျန်ထံသို့ စီးဝင်ပေါင်းစပ်နေကြလေသည်။

ထို့နောက်တွင်တော့ စွမ်းအားများပြည့်ဝသွားသည့်အလား မိုး

မြေစွမ်းအားများပေါင်းစည်းခြင်းမှာ ရပ်တန့်သွားလေသည်။

ရုတ်တရက် ဆန်းလျန်က စတင်လှုပ်ရှားလိုက်ပြီး ကန်ရေပြင်

တစ်ခုလုံးတွင် လှိုင်းများ ရိုက်ခတ်သွားလေသည်။ နေ့အလင်းရောင်က ကန်ရေပြင်ထက်သို့ ဖြာကျနေလေသည်။ ထိုအလင်းရောင်ကြောင့် ကန်ရေပြင်ထဲရှိ ရေခဲအပိုင်းအစလေးများမှာ ကြယ်စင်များကဲ့သို့ တစ်လက်လက်တောက်ပနေပြီး နဂါးငွေ့တန်းနှင့်အ လားသဏ္ဍာန်တူလွန်းလှသည်။

ကျောက်ရှောင်ယွီ၏ ခြေထောက်အောက်မှ ကြာပန်းဖြူမှာလေထဲသို့ မြင့်တက်သွားပြီး ထူးဆန်းသည့် တန်ခိုးစွမ်းအားများ ဖြာထွက်လာလေသည်။

ဆန်းလျန်၏ စွမ်းအားများကတော့ အရပ်လေးမျက်နှာသို့ ပျံ့နှံ့သွားလေသည်။ မျက်မှောင်ကြုံ့ထားသည့်အတွက် ဆန်းလျန်၏မျက်ခုံးနှစ်ဖက်မှာ ဓားသွားအလား ဖြောင့်တန်းနေလေသည်။ သူ၏နှုးညံ့သည့် နဖူးထက်တွင် အရေးအကြောင်းအများပင်ပေါ်သည်အထိ မျက်မှောင်ကြုံ့ထားခြင်းဖြစ်လေသည်။ ဓားဝိညာဉ်က သူ့ထံမှ ပျံသန်းထွက်ခွာသွားပြီး

ကောင်းကင်ထက်ဆီသို့ ဦးတည်လေသည်။ ထိုဓား

ဝိညာဉ်၏စွမ်းအားကြောင့် တောင်တန်းများပင် တုန်လှုပ်သွား

သကဲ့သို့ပင်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများနှင့် စိတ်ဓာတ်ခိုင်မာမှု

ပေါင်းစည်းကာ တကယ့်ဓားသမားတစ်ယောက်၏ အသွင်သ

ဏ္ဍာန် ပေါ်ထွက်၍လာလေသည်။

သို့သော် ဆန်းလျန်မှာ ချန်ကျန့်မေကဲ့သို့မဟုတ်ပါ။ ချန်ကျန့်

မေမှာ ဓားနှင့်လူတစ်သားတည်းကျနေသည့် ၊ ဓားသိုင်း

အတွက်သာအသက်ရှင်သည့် လူတစ်ယောက် (သို့မဟုတ်) ဓား

တစ်လက် ဖြစ်လေသည်။

ဆန်းလျန်က ဓားကို ထိန်းချုပ်မောင်းနှင်သည့် လူတစ်ယောက်

ဖြစ်လေသည်။ သူက ဓားဝိညာဉ်ကို ကောင်းစွာအသုံးပြုနိုင်

လေသည်။ သူက ဓားကို စိတ်ဖြင့်လည်းထိမ်းချုပ်နိုင်သည်။

ဝိညာဉ်စွမ်းအားဖြင့်လည်း ထိန်းချုပ်နိုင်သည်။ မိုးမြေစွမ်းအာ များဖြင့်လည်း ထိန်းချုပ်နိုင်လေသည်။

သူက ကျောက်ရှောင်ယွီနှင့် ပေတစ်ရာခန့်အကွာတွင် လက်နှစ် ဖက်ကို နောက်သို့ပစ်ကာ အေးအေးဆေးဆေးရပ်တန့်နေလ သည်။ ကောင်းကင်ထက်တွင် ဓားဝိညာဉ်ရှိနေပြီး ထိုဓား ဝိညာဉ်သည် ထိုးခုတ်ရန်ဦးတည်ရာမရှိဘဲ မြေပြင်ထက်သို့ ဆင်းသက်မည်မဟုတ်ပေ။ ဆန်းလျန်ဝတ်ဆင်ထားသည့် အပြု နှရောင် တာအိုဝတ်ရုံမှာ အပြာရောင်ကောင်းကင်နှင့် တစ်သားတည်းကျနေလေသည်။ မသေနိုင်သော နတ်ဘုရား တစ်ပါး လူ့လောကသို့ ဆင်းသက်လာသည့်အလား သူ၏ပုံသ ဏ္ဍာန်က ခမ်းနားလှလေသည်။

လူ့လောကသို့ဆင်းသက်လာသည့်နတ်ဘုရားသည် သူလုပ်ချင် ရာကို အတားအဆီးမရှိ လုပ်ဆောင်နိုင်သကဲ့သို့ ဆန်းလျန်ကို လည်း မည်သူကမှ မတားဆီးနိုင်ပေ။

ကျောက်ရှောင်ယွီမှာ ဆန်းလျန်၏ ပုံသဏ္ဍာန်ကြောင့် စိတ်များ ပင် မတည်မငြိမ်ဖြစ်သွားရသည်။ ထိုမျှ ပြောင်းလဲသွားရ လောက်အောင် တန်ခိုးစွမ်းအားများ မည်သို့ရရှိလာပါသနည်း ဟု ကျောက်ရှောင်ယွီ စဉ်းစားနေမိလေသည်။

သူမက ဆန်းလျန်ကို နားမလည်နိုင်ဖြစ်နေရသည့်အပြင် ခန့်မှန်း၍လည်း မရနိုင်ဖြစ်နေရလေသည်။

ဆန်းလျန်၏မျက်ဝန်းများက နက်ရှိုင်းငြိမ်သက်နေလေသည်။ များစွာသော မေးဖွားခြင်းနှင့် သေဆုံးခြင်းတရားများကို နားလည်လက်ခံစားသည့်အလားပင်။ မွေးဖွားခြင်းနှင့် သေဆုံး ခြင်းတရားများမှာ လောကနိယာမတရားများပင် ဖြစ်လေ သည်။ ဆန်းလျန်သာ ကျောက်ရှောင်ယွီကို သတ်ပစ်ချင်သည် ဆိုလျှင် မိုးကောင်းကင်၏ဆန္ဒအတိုင်း သတ်ဖြတ်ခြင်းသာဖြစ် လေသည်။ သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်းများစွာ သေဆုံးကြရသည်ကို မည်သူ့ကိုမှ အပြစ်တင်၍မရသကဲ့သို့

ကျောက်ရှောင်ယွီ သေဆုံးခဲ့လျှင်လည်း ဆန်းလျန်ကို အပြစ်တင်၍မရပေ။

ဆန်းလျန်မှာ ထိုမှ့ တန်ခိုးစွမ်းအား မြင့်မားနေသည့်တိုင် ကျောက်ရှောင်ယွီကတော့ကြောက်ရွံ့ခြင်းမရှိပါ။ သူမက ဆန်းလျန်၏ မျက်လုံးတည့်တည့်ကို စိုက်ကြည့်နေလေသည်။

ဆန်းလျန်ကို စိုက်ကြည့်နေသည့် ကျောက်ရှောင်ယွီ၏မျက်ဝန်းများတွင် ရောင်ခြည်များလင်းလက်နေလေသည်။

သူမ၏ဝိညာဉ်စွမ်းအား ထိပ်ဆုံးအဆင့်သို့ ပို့လွှတ်ထားခြင်းဖြစ်သည့်အတွက် သူမမျက်ဝန်းများမှာ တောက်ပနေခြင်းဖြစ်လေသည်။ ထိုမျက်လုံးများသည် ကြယ်စင်များနှင့် မီးတောက်များထက်ပင် တောက်ပနေလေသည်။

ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်းမှ "ဝိညာဉ်စွမ်းအားသိပ်သည်းစေခြင်း" ကျင့်စဉ်ဖြစ်ပြီး ထိုကျင့်စဉ်က သူမ၏ဝိညာဉ်စွမ်းအားကို အထွတ်ထိပ်သို့ ပို့ဆောင်ပေးလေသည်။

"အစဦး၌ ကျင့်စဉ်လမ်းရှိ၏။ ကျင့်စဉ်လမ်းသည် နတ်ဘုရားများနှင့်အတူရှိ၏။"

"ရှန်" ဝါဒမှာ ပုံမှန်မဟုတ်သည့် ဝါဒတစ်ခုဖြစ်လေသည်။

သို့သော် ဆန်းလျန်ကိုယ်တိုင်ကတော့ "တာအိုလမ်းစဉ်" ဖြစ်လေသည်။

လောကတစ်ခုလုံးရှိသက်ရှိများအားလုံးကို အုပ်ချုပ်နိုင်စွမ်းကို ကျောက်ရှောင်ယို့၏ မျက်ဝန်းထဲတွင် တွေ့မြင်နိုင်လေသည်။

ထိုမျက်ဝန်းများထဲတွင် အကြင်နာတရားလုံးဝမရှိပေ။

ကျောက်ရှောင်ယို့၏ ခြေဖဝါးအောက်မှ ကြာပန်းဖြူမှာ ပျောက်ကွယ်သွားလေပြီ။ သို့သော် ထိုကြာပန်းဖြူနေရာတွင် ပွင့်လှာကိုးလွှာရှိသည့် ကြာပလ္လင်တစ်ခုပေါ်လာလေသည်။

သူမသည် လေထဲရှိ ကြာပလ္လင်ထက်တွင် ရပ်တန့်နေလေသည်။

ထိုကြာပလ္လင်မှာ သူမ၏ စိတ်နှင့် ဝိညာဉ်စွမ်းအား ပေါင်းစပ်ပြီး ဖန်ဆင်းထားခြင်းဖြစ်လေသည်။ ထို့ကြောင့် သူမ၏ အသွေးအသားများနှင့် တစ်သားတည်းကျလေသည်။

လေထဲတွင် ကြာပန်းလေးတစ်ပွင့်ပေါ်လာပြီး ကျောက်ရှောင်ယွီ၏ ကျောက်စိမ်းသားကဲ့သို့ နူးညံ့လွန်းသည့် လက်ထဲသို့ ကျရောက်သွားလေသည်။

ထိုကြာပန်းလေးသည် ကျောက်ရှောင်ယွီ၏လက်ထဲတွင် ဓားတစ်လက်အသွင်ပြောင်းလဲသွားလေသည်။ ထိုးဓားဆီမှ နဂါးငွေ့တန်းကဲ့သို့ အလင်းတန်းများ ဖြာထွက်နေလေသည်။ ကျောက်ရှောင်ယွီနှင့် ဆန်းလျန်၏ တန်ခိုးစွမ်းအားနှစ်ခုမှာ အကြိမ်ပေါင်းများစွာ ရိုက်ခတ်နေလေသည်။ ကောင်းကင်တစ်ခွင်တွင် အနက်ရောင်တိမ်တိုက်များဖုံးလွှမ်းလာပြီး မှောင်မိုက်လာလေပြီ။ ထို အနက်ရောင်တိမ်တိုက်များသည် နေ့အလင်းရောင်ကို ဖုံးကွယ်သွားလေသည်။

ထိုအနက်ရောင်တိမ်တိုက်များမှာ အကြောင်းမဲ့သက်သက်

ပေါ်ပေါက်လာရခြင်းမဟုတ်ပါ။ တန်ခိုးစွမ်းအားမြင့်မားသည့်

ကျင့်ကြံသူနှစ်ယောက် စတင်တိုက်ခိုက်မည့် အရှိန်ကို

စောင့်ဆိုင်းနေကြသည့်အတွက် မိုးမြေစွမ်းအားများရှုတ်ထွေး

ကုန်ရာမှ ဖြစ်ပေါ်လာသော အနက်ရောင်တိမ်တိုက်များ ဖြစ်

လေသည်။

ထိုသို့ဖြစ်ခြင်းကို တာအိုဝါဒတွင် "လူနှင့်နတ်ဒေဝါဂရုဏာ

တရား" ဟုခေါ်လေသည်။ ကျင့်ကြံသူ၏အဆင့်အတန်းသည်

စကြာဝဠာနှင့် တစ်သားတည်းကျသွားသည့် အတွက် ထိုသို့

ဖြစ်ပေါ်လာရခြင်း ဖြစ်လေသည်။

နတ်မိစ္ဆာဘုရင်တစ်ပါးထံမှ အလွန်ကြောက်စရာကောင်းသည့်

ဝိညာဉ်စွမ်းအားများ ထွက်ပေါ်လာလျှင်လည်း အနက်ရောင်

တိမ်တိုက်များ ဖြစ်ပေါ်လာတတ်လေသသည်။ ထိုအနက်ရောင်

တိမ်တိုက်များက နေ ၊ ကောင်းကင်နှင့် အရာအားလုံးကို

မှောင်မိုက်အောင် ဖုံးလွှမ်းသွားနိုင်သည်။ သို့သော် ယခု ဆန်းလျန်နှင့် ကျောက်ရှောင်ယွီတို့ ယှဉ်ပြိုင်မည့်တိုက်ပွဲအတွက် အနက်ရောင်တိမ်တိုက်များ တဖြည်းဖြည်းဖြစ်ပေါ်လာခြင်းကတော့ နတ်မိစ္ဆာစွမ်းအားကြောင့်ဖြစ်ပေါ်လာသည့် အနက်ရောင် တိမ်တိုက်များဖြင့် တူညီခြင်းမရှိပေ။

ကြာပန်းဖြူဓားဆီမှ ထူးဆန်းသည့်အသံများ ထွက်ပေါ်လာနေပြီး ပတ်ဝန်းကျင်တစ်ခုလုံးတွင် အသက်ဓာတ်စွမ်းအားများ တုန်ခါသွားရလေသည်။ ရေကန်ထဲတွင်လည်း လှိုင်းများ ထလာပြီး တစ်ချိန်တည်းမှာပင် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ နှစ်ယောက်လုံး ပျောက်ကွယ်သွားကြလေသည်။

အမှန်တော့ ပျောက်ကွယ်သွားခြင်းမဟုတ်ပါ။ လျှင်မြန်လွန်းသည့်အတွက် သာမန်လူသားတစ်ယောက်၏ မျက်ဝန်းဖြင့်ကြည့်လျှင် ပျောက်ကွယ်သွားသကဲ့သို့ ဖြစ်သွားရခြင်းဖြစ်လေသည်။

ကန်ရေပြင်ထက်တွင် လှိုင်းလေးများ လှုပ်ခတ်သွားလေသည်။ ရေခဲအပိုင်းအစများကြားမှ တိုင်လုံးတစ်ခုကဲ့သို့ ရေလှိုင်းလုံးကြီးတစ်ခု မြင့်တက်လာသည်။ ထို့နောက် ထိုရေများမှာ အရပ်လေးမျက်နှာသို့ ပျံ့နှံ့လွင့်စင်သွားလေသည်။ ထို ပျံ့နှံ့သွားသည့် ရေမှုံရေမွှားလေးများမှာ ကန်ရေထဲသို့ ပြန်လည်ကျဆင်းမသွားတော့ဘဲ မြူခိုးများအဖြစ်သို့ ပြောင်းလဲသွားလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မြူခိုးများ ဖုံးလွှမ်းသွားပြီး ကန်ရေပြင်တစ်ခုလုံးမှာလည်း ရေခဲပြင်အလား အေးခဲ သွားလေသည်။ အဖြူရောင်မြူခိုးများမှာ ရေကန်တစ်ခုလုံးသို့ ဖုံးလွှမ်းသွားသည့်အပြင် ရေကန်အနားစပ်ရှိ နွယ်ပင်လေးများဆီသို့ပါ ဖုံးလွှမ်းသွားလေသည်။

အနက်ရောင်တိမ်တိုက်များထဲမှ နေရောင်ခြည်အလင်းတန်းတစ်ခုက ထိုးဖောက်ကျဆင်းနေလေသည်။ ထို့ကြောင့်ပန့်ယွဲ့ ရေကန်တစ်ခုလုံး မှောင်မိုက်သွားခြင်းမရှိသေးပါ။

သို့သော် ထိုမျှလောက်သော အလင်းရောင်လေးသည် ထူထပ်လွန်းသည့် မြူခိုးများကို ထိုးဖောက်နိုင်ခြင်းမရှိရှာပေ။

အခန်း (၁၆၇)

လျှင်မြန်လွန်းသည့်ဓားဝိညာဉ်

မြူခိုးငွေ့များကြားတွင် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားပြီး မြူခိုးများက ပိုပြီး ထူထပ်လာလေသည်။

ထိုအချိန်ခဏလေးအတွင်းမှာပင် ဆန်းလျန်နှင့် ကျောက်ရှောင်ယီ့မှာ အကြိမ်ပေါင်းများစွာ တိုက်ခိုက်ပြီးသွားပြီဖြစ်သည်။

လေထဲတွင် ထွက်ပေါ်လာသည့် ဓားချင်းထိခတ်သံမှာ ရေကန်တစ်ခုလုံးတွင် ပဲ့တင်သံထပ်သွားသည်။

ဓားချင်းထိခတ်သံငြိမ်သက်သွားသည်နှင့် ကျောက်ရှောင်ယွီနှင့် ဆန်းလျန်တို့မှာ လေထဲတွင် ပုံမှန်အတိုင်းပင် ရပ်တန့်နေကြလေသည်။ မြူခိုးများနှင့် အနက်ရောင်တိမ်တိုက်များက သူတို့မျက်ဝန်းဆီမှ အလင်းရောင်များကို ဖုံးကွယ်ခြင်းငှာ မတတ်နိုင်ကြပေ။

သူတို့နှစ်ယောက်လုံး၏အကြည့်များမှာ ပိုမိုတောက်ပလာပြီး မြူခိုးများကြားတွင် အကြည့်ချင်းဆုံမိသည်နှင့် နှစ်ယောက်လုံး တုန်လှုပ်သွားကြရသည်။

သူတို့နှစ်ယောက်လုံး၏ နတ်ဘုရားစွမ်းအားများမှာ သာမန်ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်နှင့် ကောင်းကောင်းယှဉ်ပြိုင်နိုင်သည့် တန်ခိုးစွမ်းအားများဖြစ်လေသည်။

ထို့ကြောင့် သူတို့၏အကြည့်များ ရိုက်ခတ်ခြင်းသည် ပေါင်

ကွမ်းဆရာတော်နှင့် ချန်ကျန့်မေတို့ အကြည့်ချင်းရိုက်ခတ်သကဲ့သို့ပင်ဖြစ်သည်။ အကြည့်ချင်းဆုံလိုက်တိုင်း ကောင်းကင်ထက်တွင် လျှပ်စီးများ တဖျတ်ဖျတ်လက်နေတော့သည်။ မြူခိုးများမှာလည်း ထူထပ်သည်ထက် ထူထပ်လာပြီး ကျောက်ရှောင်ယွီနှင့် ဆန်းလျန်တို့နှစ်ယောက်မှာ လျှပ်စီးပိုက်ကွန်တစ်ခုကြားတွင် ကျရောက်နေသည့်အလား ဖြစ်နေတော့သည်။

"ဆန်းကျွင်းအရှင်၊ ရှင်နဲ့ကျွန်မ ဒီလောက်ထိ တိုက်ခိုက်ဖို့ လိုလို့လား၊ ခုလောက် ရင်ဆိုင်ပြီးရင် တော်လောက်ပြီလေ၊ ရှင်ဆက်ပြီးတိုက်ခိုက်မယ်ဆိုရင် ကျွန်မတို့နှစ်ယောက်လုံး ဒုက္ခရောက်လိမ့်မယ်"

ကျောက်ရှောင်ယွီက နူးညံ့သည့် အသံလေးဖြင့် ပြောလိုက်သည်။

သူမက သူမ၏ဘဝကို တန်ဖိုးထားလေသည်။ ထို့ပြင် ဆန်းလျ
န်ကို အနိုင်ရအောင်တိုက်ခိုက်နိုင်လျှင်လည်း သူမအတွက် မည်
သည့်အကျိုးအမြတ်မျှ မရှိပေ။ သူမ၏အမှားကို ဝန်ခံလိုက်၍
ဆန်းလျန်ဆက်ပြီး တိုက်ခိုက်ခြင်းမပြုတော့လျှင်ပင် သူမက
အမှားကို ဝန်ခံလိုက်မည်ဖြစ်လေသည်။

သို့သော် ဆန်းလျန်၏ တိုက်ခိုက်မှုက ပြောင်းလဲသွားခြင်းမရှိ
ပါ။ ရပ်တန့်ခြင်းလည်းမရှိသည့်အပြင် ဟာကွက်လည်း မတွေ့
ရပေ။

ဆန်းလျန်၏တာအိုဝတ်ရုံသည် လေထဲတွင် လွင့်နေလေသည်။
သူ့ခြေထောက်အောက်တွင် မြူခိုးများက စုစည်းရောက်ရှိလာ
လိုက် အရပ်လေးမျက်နှာသို့ ပြန်လည် ခွဲဖြာထွက်သွားလိုက်
ဖြစ်နေလေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်
ခြေထောက်အောက်တွင် လေပွေတစ်ခုတိုက်ခတ်နေပြီး ဆန်း

လျှန်က ထိုလေပွေထက်တွင် ရပ်တန့်နေသောကြောင့် ဖြစ်လေသည်။

ဆန်းလျှန် ၏မျက်နှာအမူအရာကို မြင်ရသူတိုင်းကတော့ စိတ်လှုပ်ရှားသွားကြရမည်ဖြစ်လေသည်။ သူ၏ မျက်နှာထက်တွင် စိတ်ရှုတ်ထွေးသည့်အမူအရာများကို မြင်တွေ့နေရပြီး မျက်မှောင်ကိုလည်း ကြုံ့ထားဆဲဖြစ်လေသည်။ ဆန်းတုမြို့တော်တွင် သူ့ကို ကျောက်ရှောင်ယွီက စွဲဆောင်ရန် ကြိုးစားကတည်းက ဖြစ်တည်နေခဲ့သော မကျေနပ်မှုများနှင့် လက်ရှိမကျေနပ်မှုများအားလုံးပေါင်းစုံကာ ဆန်းလျှန်က သူမကို ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်လေသည်။

သူက တိုက်ပွဲတွင် ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ကိုပါ ပေါင်းစပ်အသုံးပြုထားလေသည်။

ဆန်းလျှန်က ဆရာဘိုးဘိုးယွမ်ချင်း၏ဓားဝိညာဉ်ကို ကောင်းကောင်းထိန်းချုပ်နိုင်သည့်အပြင် ထိုဓားဝိညာဉ်ဖြင့် လှု

တစ်ယောက်၏အသက်ကို ရယူရန်ပင် အဆင်သင့်ဖြစ်နေပြီ

ဖြစ်သည်။

သတ်ဖြတ်ခြင်းဆိုသည်မှာ နတ်မိစ္ဆာများသာ လုပ်သည့်အလုပ်

မဟုတ်ပေ။ ကောင်းကင်နှင့်မြေကြီးကို ဒုက္ခပေးမည့် အဖျက်

တရားများကိုလည်း သတ်ဖြတ်ပစ်ရမည်ဖြစ်သည်။ ဘယ်

အရာက သူ့နှလုံးသားကို အမှောင်ဆန်စေခဲ့ပါသနည်း။ မ

ကျေနပ်မှုများက အမှောင်ဆန်စေခဲ့သည်လား။

မကျေနပ်မှုများထဲတွင် သွေးနီရောင်ဝတ်လူငယ်လည်း တစ်

ယောက်အပါအဝင်ဖြစ်လေသည်။ သူသာ နောက်ထပ်တစ်

ကြိမ် ရှောင်းစစ်ယိကို သတ်ခွင့်ရဦးမည်ဆိုလျှင် ထိုသွေးနီ

ရောင်ဝတ်လူငယ် သူ့စိတ်နှလုံးကို ထိန်းချုပ်နိုင်ရန်

အခွင့်အရေးပေးမိတော့မည်မဟုတ်ပေ။

သူ့ရင်ထဲတွင် ခံပြင်းမှုများပြည့်နေပြီး ကျောက်ရှောင်ယွီနှင့်

သူသေကိုယ်သေတိုက်ခိုက်ပြီးမှသာ ဆန်းလျန်အနေဖြင့် စိတ်

ထဲပေါ့သွားနိုင်မည်ဖြစ်လေသည်။

လက်ရှိအချိန်တွင် သေခြင်း ရှင်ခြင်းကို ဆန်းလျန် လုံးဝ ဂရုမ

စိုက်တော့ပါ။ သူက သူ့စိတ်ထဲဖြစ်ပေါ်နေသည့် မကျေနပ်ချက်

များအားလုံးကို တိုက်ပွဲတစ်ခုတိုက်ခိုက်ပြီး ဖွင့်ထုတ်လိုက်

ချင်ခြင်းသာ ဖြစ်လေသည်။

ထိုသို့ ဆန္ဒပြင်းပြနေသောကြောင့် သူ၏ ပြိုင်ဘက်မှာ

မိန်းကလေးတစ်ယောက်ဖြစ်နေသည့်တိုင် သူ ဂရုမစိုက်တော့

ပါ။

"ဘာမှလျှောက်တွေးနေစရာမလိုတော့ဘူး ၊ မင်းဒီဘဝမှ

ဘယ်လောက်ကြိုးစားခဲ့ကြိုးစားခဲ့ နောက်ဆုံးတော့ အရာ

အားလုံးက ဗလာနတ္ထိပဲ မဟုတ်ဘူးလား"

ဆန်းလျန်က ယုံကြည်ချက်အပြည့်ဖြင့်ပြောလိုက်သည်။

ကျောက်ရှောင်ယွီ သက်ပြင်းတစ်ချက်ချလိုက်မိသည်။

နောက်ထပ်ဘာမှ တောင်းပန်နေစရာမလိုတော့ပေ။ သူမသည်

အားလုံး၏အထက်တွင်ရှိသည့် နတ်ဘုရားတစ်ပါးသာဖြစ်လေ

သည်။

သူမက ကျောက်ရှောင်ယွီမဟုတ်။ လူပေါင်းများစွာ၏

ကိုးကွယ်ခြင်းကိုခံရသည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။

အစဦးကတည်းကပင် သူမက ထာဝရတည်မြဲမှုဖြင့်

တည်ဆောက်ထားသည့် နတ်ဘုရားတစ်ပါးဖြစ်ပြီး သူမကို

မည်သူမျှ ဖျက်စီး၍မရနိုင်ပေ။

ကျောက်ရှောင်ယွီက သူမလက်ထဲမှ ကြာပန်းဖြူစားကို တစ်

ချက်ဝှေ့ယမ်းလိုက်သည်။ သူမ၏ခန္ဓာကိုယ်မှ အဖြူရောင်

အလင်းတန်းများဖြာထွက်လာပြီး သူမ၏ပုံစံမှာ ဆန်းလျန်ကို

အပြစ်ပေးတော့မည့် နတ်မိမယ်တစ်ပါးအလားဖြစ်လေသည်။

ကြာပန်းဖြူစားက လေကိုထိုးခွင်းလိုက်ပြီး လေထဲတွင်

လှည့်ပတ်နေလေသည်။ ဓားဆီမှ ဗုဒ္ဓတရားစာပေရွတ်ဖတ်သံကဲ့သို့ အသံများထွက်ပေါ်နေလေသည်။ ထိုတရားသံများ၏အစနှင့်အဆုံးကို သိမြင်နိုင်ခြင်းမရှိပေ။

အဆုံးသတ်တိုက်ခိုက်ရတော့မည်ဆိုလျှင် သူမ၏ ကြာပန်းဖြူဓားကသာလျှင် ဆန်းလျန်၏အသက်ကို ခြွေမည်ဖြစ်လေသည်။

မိုးမြေစွမ်းအားများနှင့် ဝိညာဉ်စွမ်းအားများသည် ကြာပန်းဖြူဓားထဲသို့ စီးဝင်သွားသည်။ ကြောက်မက်ဖွယ်ရာဓားသွားသည် ဆန်းလျန်ဆီသို့ ဖြောင့်ဖြောင့်တန်းတန်း တိုးဝင်သွားပြီး ပတ်ဝန်းကျင်ရှိလေထုကို လှုပ်ခတ်စေကာ ဆန်းလျန်ကို ဖိအားများဖြင့် ထိန်းချုပ်ထားလေသည်။ ဆန်းလျန်၏ ခန္ဓာကိုယ်က ဖိအားကိုခံစားရသည့်အခါ သူ၏စိတ်နှင့်ဝိညာဉ်မှာ တုန်ခါလာလေသည်။

ဆန်းလျန်လက်ထဲတွင် မည်သည့်ဓားမျှ ရှိမနေပါ။ သူ၏ ရွှမ် တယ်ဓားကိုလည်း အသုံးပြုခြင်းမရှိပါ။

သူ၏အော်ဟစ်လိုက်သံသည် မိုးကုတ်စက်ဝိုင်းတစ်ခုလုံးတွင် ပဲ့တွင်ထပ်သွားလေသည်။

"မြောက်ပိုင်းကနေ ချန်းဝူကို နေထွက်ကနေ နေဝင် လျှောက် သွားနေတာ ၊ ကျုပ်အင်္ကျီလက်ထဲက မြွေစိမ်းက ကျုပ်ကို သတ္တိတွေပေးမှာပါ"

ဆန်းလျန် ရေရွတ်လိုက်သည်။

သူ၏အင်္ကျီလက်သည် မြွေတစ်ကောင်အလား လူးလွန့်သွား လေသည်။ သူ့မျက်နှာက တည်ငြိမ်နေပြီး သူ့ပုံစံက ဆုံးဖြတ်ချက်ချထားပြီးသည့်အလား ယုံကြည်ချက်ဖြင့် ပြည့် နေလေသည်။

သူ၏အင်္ကျီလက်ထဲမှ ဓားဝိညာဉ်များ ဖြာဆင်းလာလေသည်။ အနီရောင် ၊ ရွှေရောင် ၊ အဝါရောင် ၊ အဖြူရောင် ၊ အပြာရောင်

၊ ခရမ်းရောင် ၊ အစိမ်းရောင်နှင့် အနက်ရောင် ဓားဝိညာဉ်များ ဖြစ်လေသည်။ ထိုဓားဝိညာဉ်များအားလုံးမှာ လေထဲတွင် ရပ်တန့်နေကြလေသည်။ ကျောက်ရှောင်ယွီ၏ဓားမှာ လေကို ထိုးခွင်းပြီး ဆန်းလျန်၏ဘဝကို အဆုံးသတ်ပေးရန် ဝင်ရောက်လာသည်။ သို့သော် မျက်စိတစ်မှိတ်အတွင်းမှာပင် ဆန်းလျန်၏ ဓားဝိညာဉ်များက ထွက်ပေါ်လာပြီး သူမ၏ဓားကို အပိုင်းပိုင်းဖြတ်တောက့မည့်အလား ဝင်ရောက်သွားလေသည်။ ထိုဓားဝိညာဉ်များမှာ လှုပ်ရှားလိုက်တိုင်းဓားရိပ်များဖြာထွက်နေပြီး ထူးဆန်းသည့် ပုံသဏ္ဍာန်ရှိလေသည်။ သဏ္ဍာန်ရှိသော်လည်း သဏ္ဍာန်မဲ့နေပြန်သည်။ ပြောင်းလဲမှုများကလည်း ခန့်မှန်း၍မရနိုင်ပေ။ ထိုဓားဝိညာဉ်များ၏ သဘောတရားကို နားလည်ရန်မှာ လွန်စွာမှ ခက်ခဲလေသည်။

ဒြပ်စင်စွမ်းအားရှစ်မျိုးသည် အတူတကွ ရွေ့လျားသွားကြပြီး ပတ်ဝန်းကျင်တစ်ခုလုံးတွင် စွမ်းအားပြောင်းလဲမှုများ ဖြစ်ပေါ်

သွားလေသည်။ ဓားဝိညာဉ်တိုင်းသည် မိုးနှင့်မြေကဲ့သို့ ယင် နှင့် ယန် စွမ်းအားများကို ထိန်းသိမ်းထားလေသည်။

မိုးကောင်းကင်ကဲ့သို့ အကန့်အသတ်မရှိသလို မြေပြင်ကဲ့သို့လည်း နက်နဲလေးလံသည်။ မိုးနှင့်မြေက ရှေ့မှ ဦးဆောင်ပြီး လေ ၊ လျှပ်စီး ၊ ရေ ၊ မီး ၊ တောင် နှင့် ရွှံ့နွံ တို့က နောက်မှလိုက်လေသည်။ ထိုစွမ်းအားများမှာ မရှိမှုထဲမှ ဖြစ်တည်လာခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီ ဆန်းလျန်၏တန်ခိုးစွမ်းအားများကို မလေးစားဘဲ မနေနိုင်။ ထိုသို့ စွမ်းအားများကို ရောမွှေပြီး ပေါင်းစပ်အသုံးချနိုင်သည့်အရည်အချင်းကိုရရန်အတွက် မည်သည့်ကျင့်စဉ်ကို ကျင့်ကြံထားပါသနည်း။ ထိုသို့သော တာအိုကျင့်စဉ်မျိုးဆိုသည်က မရှိမှုမှ အစိပ္ပါယ်ကောက်ယူကာ စကြာဝဠာကြီးတစ်ခုလုံးကို ဆင့်ကဲပြောင်းလဲနိုင်သည့် ကျင့်စဉ်မျိုး ဖြစ်ပေလိမ့်မည်။

သူမက ဆန်းလျှန်ကို လေးစားအားကျမိသွားသည့်တိုင် သူမ တိုက်ခိုက်မှုကတော့ လျော့ကျသွားခြင်းမရှိပါ။

ကောင်းကင်က သူမကိုတားဆီးလျှင် သူမက ကောင်းကင်ကို ထိုးခွဲမည်။

မြေပြင်က သူမကိုတားဆီးလျှင် သူမက မြေပြင်ကို ထိုးဖောက်မည်။

လောကတွင် သူမကိုတားဆီးမည့်အရာမှန်သမျှကို ကြာပန်းဖြူဓားနှင့်အတူ ထိုးခွဲပစ်မည်သာဖြစ်လေသည်။

လေထုထဲမှ တုန်ခါနေမှုက ရပ်တန့်မသွားပါ။ ကြာပန်းဖြူဓားမှ ထွက်ပေါ်လာသည့် အဖြူရောင်အလင်းတန်းသည် ကောင်းကင်တစ်ခုလုံးကို လင်းလက်သွားစေလေသည်။

ထို့နောက် ဓားရောင်သည် ဆန်းလျှန်၏မျက်နှာရှေ့တွင်ပေါ်လာပြီး ဆန်းလျှန်၏မျက်ခုံးနှစ်ခုကြားတွင် ဓားအရိပ်က လင်းလက်နေလေသည်။

ဆန်းလျန်မှာ မည်မျှပင် တည်ငြိမ်သူဖြစ်ပါစေ ယခုတစ်ကြိမ်တွင်တော့ အမူအရာပျက်သွားရသည်။

ကောင်းကင်ထက်မှ ကြာပန်းဖြူဓားရဲ့ အလင်းရောင်သည် အရပ်ဆယ်မျက်နှာမှ ဖြာထွက်နေလေသည်။

ကျောက်ရှောင်ယွီမှာ ထိုဓားအလင်းရောင်၏ ဗဟိုတွင်ရှိနေပြီး ဓားအလင်းရောင်များက ကြောက်မက်ဖွယ်ရာ ပေါက်ကွဲသွားလေသည်။ မရေမတွက်နိုင်အောင် များပြားသော ဓားဝိညာဉ်များထွက်ပေါ်လာလေသည်။ ထိုဓားဝိညာဉ်များမှာ ဆန်းလျန်၏ ရှိခြင်း မရှိခြင်း ဓားဝိညာဉ်များနှင့် ဆင်တူလေသည်။ ဓားဝိညာဉ်များမှာ အစစ်အမှန်ဖြစ်သော်လည်း အစစ်အမှန်မဟုတ်၊ သဏ္ဍာန်ရှိသော်လည်း သဏ္ဍာန်မဲ့ နေလေသည်။ ထိုဓားဝိညာဉ်များသည် လေကို ထိုးခွင်းကာ ဆန်းလျန်ဆီသို့ ဝင်ရောက်သွားလေသည်။

ကျောက်ရှောင်ယွီက ဝိညာဉ်စွမ်းအားကို အသုံးပြုကာ သူမ၏ဓားကို ထိန်းချုပ်ပြီး မရေမတွက်နိုင်သည့် ဓားဝိညာဉ်များကို ခွဲဖြာထုတ်လိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန် မျက်မှောင်တစ်ချက်ကြုံ့လိုက်သည်။ သူ၏ တာအိုဝတ်ရုံမှာ လေထဲတွင်လွင့်ပျံနေပြီး သူက လက်သီးကို ကျစ်ကျစ်ပါအောင် စုပ်ထားလေသည်။

ကြာပန်းဖြူဓား၏ဓားဝိညာဉ်များမှာ တစ်စုတစ်စည်းတည်း ပြန်လည်ပေါင်းစည်းသွားပြီး နဂါးတစ်ကောင်အော်သံကဲ့သို့ အသံနက်ကြီး ထွက်ပေါ်လာလေသည်။ ထိုဓားဝိညာဉ်သည် ဆန်းလျန်ရှေ့တွင် နဂါးကြီးတစ်ကောင်အလား ပေါ်ထွက်လာလေသည်။

ထိုဓားက လေထဲတွင်ရပ်တန့်နေပြီး ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားသို့ တည့်မတ်စွာချိန်ရွယ်ထားလေသည်။

သူ့ရှေ့တွင် ကျောက်ရှောင်ယွီ ရပ်တန့်နေလေသည်။

သူတို့နှစ်ယောက် အကြည့်ချင်းဆုံလိုက်ကြသည်။ သို့သော် အကြည့်များက အရင်ကလောက် စူးရှတောက်ပခြင်း မရှိတော့။ သို့သော် ဆန်းလျန်၏မျက်နှာထက်မှ စိတ်လှုပ်ရှားမှုကိုတော့ မြင်တွေ့နေရဆဲဖြစ်လေသည်။

ဆန်းလျန်၏မျက်ဝန်းများက ကြည်လင်တောက်ပနေပြီး မျက်ဝန်းအိမ်က ဘဲဥပုံသဏ္ဍာန်တစ်ချက်လှည့်ပတ်လိုက်ကာ ဓားထက်ထက်တစ်လက်ကို မွေးဖွားပေးလိုက်လေသည်။ ထိုဓားမှ ဝိညာဉ်စွမ်းအားက ကျောက်ရှောင်ယွီ၏ စိတ်ဝိညာဉ်ကို ထိုးစိုက်လိုက်လေသည်။

ထိုဓားမှာ ဆန်းလျန် အသုံးမပြုသည်မှာ ကြာပြီဖြစ်သည့် နတ်သက်ခြွေဓားသိုင်းပင်ဖြစ်လေသည်။ ယခုတော့ ဆန်းလျန်၏ကျင့်စဉ်တိုးတက်လာသည်နှင့်အမျှ ထိုဓားသိုင်းပါ တိုးတက်လာလေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီကို အနိုင်ယူနိုင်ရန်အတွက် နတ်သက်ခြွေဓားသိုင်းကို သဏ္ဍာန်ပြောင်းလဲကာ အသုံးချလိုက်ခြင်း ဖြစ်လေသည်။

အခန်း (၁၆၈)

ဝူရှန်သိုင်းကွက်

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက နတ်သက်ခြွေဓားသိုင်းဆိုသည်မှာ ဆန်းလျန်အားအထားရဆုံး ဓားသိုင်းတစ်ခု ဖြစ်လေသည်။ လူတစ်ယောက်၏ စိတ်ဝိညာဉ်ကို တိုက်ခိုက်သည့် ဓားသိုင်း

ဖြစ်သည့်အတွက် မည်သူမျှ ခုခံကာကွယ်နိုင်ခြင်း မရှိကြပေ။ သို့သော် နတ်သက်ခြွေဓားသိုင်းက အသုံးပြုသူ၏ စိတ်ဝိညာဉ်ကိုလည်း ဒဏ်ရာရစေလေသည်။

ကမ္ဘာပေါ်တွင် အလျှင်မြန်ဆုံးသောအရာမှာ "အလင်း" မဟုတ်၊ လူသားတစ်ယောက်၏အတွေးဟု အချို့သူများက ပြောလေ့ရှိကြသည်။ အတွေးတစ်ချက်လှုပ်ရှားရုံဖြင့်ပင် အချိန်နှင့်နေရာ အတားအဆီးများက ပြိုကျပျက်စီးသွားရလေသည်။

ဆန်းလျန်က စိတ်အာရုံစူးစိုက်မှုဖြင့် ဓားတစ်လက်ကို ဖန်ဆင်းလိုက်သည်။ ထိုဓားရောင်စဉ်သည် အစဦးကတည်းက တည်ရှိသည့် ဓားတစ်လက်အလား ဖြစ်လေသည်။ ထိုဓားဖြင့် ကျောက်ရှောင်ယွီ၏ စိတ်ဝိညာဉ်ကို ထိုးစိုက်လိုက်လေသည်။

အတွေးတစ်ခုဖြင့် ဖန်ဆင်းထားသည့် ဓားဖြစ်သည့်အတွက် ကျောက်ရှောင်ယွီမှာ လုံးဝ ခုခံကာကွယ်နိုင်ခြင်း ရှိမည်မဟုတ်ပါ။

ကျောက်ရှောင်ယွီမှာ နတ်ဘုရားတစ်ပါးဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်က သူမကို နတ်သက်ခွဲခြားသိုင်းဖြင့်

တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

"နတ်သက်ခွဲခြားသိုင်း" ဆိုသည်မှာ နတ်ဘုရားတစ်ပါး၏

အသက်ကို ခွဲရန်အတွက် မွေးဖွားလာသည့် ဓားသိုင်းပင်ဖြစ်

လေသည်။

ဆန်းလျန်မှာ ယခင်က နတ်သက်ခွဲခြားသိုင်းအသုံးပြုလျှင်

သူ၏ရုပ်ခန္ဓာမှ ဝိညာဉ်လွှင့်ပြီး အသုံးပြုရလေသည်။ သို့သော်

ယခုတော့ ထိုသို့ ဝိညာဉ်လွှင့်ရန်မလိုအပ်တော့ပြီ။ ဤသည်မှာ

သူ၏ကျင့်စဉ်လမ်း အဆင့်မြင့်လာသည်နှင့်အမျှ "ယင်"

ဝိညာဉ်စွမ်းအားမှာ ရုပ်ခန္ဓာနှင့် တစ်သားတည်းကျပြီး

အစွမ်းထက်မြက်လာခြင်းကြောင့် ဖြစ်လေသည်။ သူ၏ "စိတ်

အာရုံစူးစိုက်မှုကျင့်စဉ်" နှင့် နတ်သက်ခွဲခြားသိုင်းမှာ

ပေါင်းစပ်မိသွားသည့်အတွက် ဝိညာဉ်လွှင့်စရာမလိုတော့ဘဲ ထို
ဓားသိုင်းကို အသုံးပြု နိုင်ပြီဖြစ်သည်။
ဆန်းလျန်စိတ်ထဲတွင် နတ်သက်ခြေဓားသိုင်း၏ နားမလည်
သေးသည့်အချက်များကိုပင် ချက်ချင်း နားလည်
သဘောပေါက်သွားလေသည်။ သူက စိတ်အာရုံစူးစိုက်မှုနှင့်
နတ်သေခြေဓားပေါင်းစပ်ခြင်းကြောင့် ထွက်ပေါ်လာသည့်
ဓားသွားကို "စိတ်အာရုံဓားသွား" ဟု အမည်ပေးလိုက်သည်။
ဓားမှာ ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ဖြစ်ပြီး စိတ်အာရုံ
စူးစိုက်မှုကတော့ သူကိုယ်တိုင်၏ စိတ်အာရုံဖြစ်လေသည်။
ခြားနားချက်မှာ စိတ်အာရုံစူးစိုက်မှုကို အသုံးပြုနိုင်
သည့်အတွက် သူ၏ဝိညာဉ်မှာ ရုပ်ခန္ဓာမှ ထွက်ခွာသွားစရာမ
လိုတော့ပေ။ ဝိညာဉ်ခန္ဓာမှာ စစ်မှန်ပြီး သိပ်သည်းမှု
အားကောင်းလေသည်။ သို့သော် လူသားခန္ဓာနှင့်ယှဉ်လျှင်
တော့ ပျက်စီးလွယ်နိုင်လေသည်။ စိတ်အာရုံစူးစိုက်မှုကတော့

ဝိညာဉ်၏ အခြေခံစွမ်းအားဖြစ်လေသည်။ ထိုစွမ်းအားက ဝိညာဉ်ဖြစ်တည်မှုကို ပိုပြီးသိပ်သည်းအောင် ဖန်တီးပေးနိုင်လေသည်။ ကျောက်မီးသွေးများမှ နှစ်ကာလအချိန်ကြာလာသည်နှင့်အမျှ စိန်အဖြစ်ပြောင်းလဲသွားသကဲ့သို့ ဖြစ်လေသည်။

ကျောက်မီးသွေးနှင့် စိန်တွင် ပါဝင်သည့် အခြေခံဒြပ်စင်များမှာ တူညီသည့်တိုင် ဖြစ်စဉ်ပြောင်းလဲပုံခြင်းနှင့် ဖွဲ့စည်းပုံမတူညီသည့်အတွက် တန်ဖိုးနှင့်အရည်အသွေးချင်းလည်း မတူညီကြပေ။

ဆင့်ကဲဖြစ်စဉ်ပြောင်းလဲလာပြီး မျောက်ဝံမှ လူသားဖြစ်တည်လာသကဲ့သို့ပင် ဖြစ်လေသည်။

"စိတ်အာရုံဓားသွား" မှာ အတွေးတစ်ခုမျှသာဖြစ်လေသည်။ သို့သော် အတွေးတစ်ချက်တည်းဖြင့် များစွာပြောင်းလဲ သွားနိုင်လေသည်။ ယခု ဆန်းလျန်က ထို "စိတ်အာရုံဓားသွား" ကို

မျက်ဝန်းများထဲမှာ စိတ်အာရုံစူးစိုက်မှုဖြင့် အသုံးပြုလိုက်ခြင်း ဖြစ်သည်။ ထိုစားသွားဖြင့် သူက စြက်ာဝဠာတစ်ခုအတွင်းသို့ ဝင်ရောက်လိုက်သည်။ ထိုစြက်ာဝဠာမှာ ပတ်ပတ်လည်တွင် ကြာပန်းများဖြင့်ဝန်းရံထားသည့် ကြာပလ္လင်တစ်ခုဖြစ်လေ သည်။ ထိုကြာပလ္လင်တွင် ကြာပန်းပွင့်ချပ်ကိုးခု ပါရှိလေသည်။ ကိုးဆိုသည်မှာ စြက်ာဝဠာ၏ အခြေခံ ကိန်းဂဏန်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် တာအိုကျင့်စဉ်လမ်းတွင်ပင် ကျင့်ကြံ ခြင်းအဆင့်ကိုးဆင့် ရှိနေသည်မဟုတ်လား။

စြက်ာဝဠာ၏နက်နဲမှုများကိုနားလည်လျှင် စြက်ာဝဠာနှင့် ဆက် သွယ်နိုင်ပြီဖြစ်လေသည်။

လူသားများက စြက်ာဝဠာထဲတွင် မွေးဖွားပြီးသေဆုံးခဲ့ကြရ သည်။ လှောင်အိမ်တစ်ခုလိုပါပဲ။ နှစ်ပေါင်းများစွာ လူသားများ ဟာ လွတ်မြောက်ရန် မကြိုးစားနိုင်ခဲ့ကြပေ။ ကျင့်စဉ်လမ်းသို့ လျှောက်လှမ်းကြသူများသာ ထိုလှောင်အိမ်ထဲမှ

လွတ်မြောက်နိုင်ရန် ကြိုးစားသူများဖြစ်ကြလေသည်။

လှောင်အိမ်ထဲမှ ငှက်လေးတစ်ကောင်ပမာဖြစ်လေသည်။

လှောင်အိမ်ထဲတွင် နေစဉ်အတွင်းတော့ စိတ်ပူစရာမရှိပေ။

သို့သော် ပြင်ပလောကသို့ ထွက်တော့မည်ဆိုပါက စိတ်ပူစရာ

များရှိလာပြီဖြစ်သည်။

ကျောက်ရှောင်ယွီမှာ ကြာပလ္လင်ထက်တွင် တင်ပျဉ်ခွေထိုင်နေ

လေသည်။ သူမ၏ပုံစံမှာ လွန်စွာမှ ကျက်သရေ ရှိလှသည်။

ဆန်းလျန်မှာ လူသားတစ်ယောက်မဟုတ်တော့ပါ။ ဓားတစ်

လက် အဖြစ်ပြောင်းလဲသွားပြီဖြစ်သည်။

အစဦးပိုင်းအချိန်မှ ယခုအချိန်ထိ ဓားသွားမှာ အဆက်မပြတ်

တုန်လှုပ်နေလေသည်။ ထိုဓားသွားမှာ မိုးကုတ်စက်ဝန်းကို

ကျော်လွန်နိုင်သလို လွန်စွာမှလည်း နီးကပ်သည့်နေရာသို့လည်း

ရောက်ရှိနိုင်လေသည်။

ကျောက်ရှောင်ယွီ၏ စိတ်ထဲတွင်လည်း အကွာအဝေးမှာ မ

ပြောပလောက်ပါ။

ဝေးကွာမည်ဆိုလျှင်လည်း မြေပြင်နှင့် ကောင်းကင်ပမာ

ဝေးကွာနိုင်ပြီး နီးကပ်မည်ဆိုလျှင်လည်း ချစ်သူနှစ်ဦးပမာ

နီးကပ်နိုင်မည်ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ စိတ်ထဲတွင် စူးရှသည့် နာကျင်မှုတစ်ခုကို

ခံစားလိုက်ရသည်။ ထိုခံစားမှုက သူမကို မသက်မသာ ဖြစ်စေ

လေသည်။

သူမ၏ စိတ်ဝိညာဉ်ကမ္ဘာတွင် သူမသည် နတ်ဘုရားတစ်ပါး

ဖြစ်လေသည်။ သူမသည် ဂရုဏာတရား၏နတ်သမီး ၊ သူမ

သည် ကြာပန်းကိုးပွင့်၏ တရားစစ်တရားမှန် ဖြစ်လေသည်။

ထိုတရားစစ်တရားမှန်မှာ အခြားသောနာမည်မရှိ။ ကျောက်

ရှောင်ယွီဟူ၍သာရှိလေသည်။ ထိုတရားစစ်တရားမှန်က သူမ

ကို နတ်ဘုရားတစ်ပါးအဖြစ် ဖန်တီးပေးလေသည်။ ထိုနတ်

ဘုရားဆန်မှုက နတ်ဘုရားမီးတောက်ကိုဖြစ်စေပြီး နတ်ဘုရား အင်ပါယာကို တည်ဆောက်လေသည်။

စြက်ာဝဋ္ဍာထဲမှ သူမဆီသို့ ရုတ်တရက် ဝင်ရောက်လာသည့် ဓားရောင်စဉ်ကို တွေ့မြင်သည့်တိုင် ကျောက်ရှောင်ယွီ၏ မျက်နှာက ခံစားချက် ကင်းမဲ့နေလေသည်။ ထိုဓားမှာ သက်ရှိ သတ္တဝါများအားလုံး၏ ဇီဝိန်ကိုချွေနိုင်သည့် ဓားမျိုးဖြစ်လေ သည်။ သူမက ထိုဓားကိုတားဆီးရန် လက်ညိုးနှင့်လက်ခလယ် နှစ်ချောင်းကို မြှောက်လိုက်သည်။

သူမ၏ လက်ချောင်းများဆီမှ အလင်းရောင်သည် မိုးမြေတစ် ခွင် အဆုံးမရှိ ဖုံးလွှမ်းသွားလေသည်။ ထိုအလင်းရောင်သည် လူအားလုံး၏ စိတ်အာရုံကို ဆုံးရှုံးသွားစေနိုင်လောက်အောင် စွမ်းအားထက်မြက်လေသည်။ ထိုသိုင်းကွက်ကို "ဝူရှန်" သိုင်း ပညာဟုခေါ်လေသည်။ ထိုသိုင်းကွက်မှာ ကြာပန်းကိုးပွင့် ကျင့်စဉ်ကျမ်းမှ အခက်ခဲဆုံးပညာတစ်ခု ဖြစ်လေသည်။ လုန်

ဟွားပင်အောက်တွင် တရားအလင်းရခဲ့သည့် ဗောဓိသကျ
ကိုယ်တိုင် တီထွင်ထားသည့် သိုင်းပညာဟု ပြောစမှတ်ရှိကြ
လေသည်။

ဗောဓိသကျ တရားအလင်းရသည့်အချိန်တွင် မိုးကောင်းကင်
မိစ္ဆာများစွာ တားဆီးရန်ရောက်ရှိလာကြသည်။ ထိုအခါ ဗော
ဓိသကျက သူ၏ စိတ်ကို လှည့်ပတ်လိုက်ပြီး လက်ချောင်းနှစ်
ခုကို မြှောက်ပင့်လိုက်ရုံမျှဖြင့် မရေတွက်နိုင်သော
မိုးကောင်းကင်မိစ္ဆာများမှာ သူတို့၏ရင်းမြစ်သို့ ပြန်လည်
ရောက်ရှိသွားကြပြီး ပြန်လည် အစပြုနိုင်ခြင်း မရှိကြတော့
ပေ။

ကျော့က်ရှောင်ယွီသည် တကယ့် ပြင်ပလောကတွင် ထို
သိုင်းကွက်ကို အသုံးပြုနိုင်ခြင်း မရှိပါ။ သို့သော် စိတ်ဝိညာဉ်
နယ်ပယ်တွင်တော့ သူမသည် နတ်ဘုရားတစ်ပါးအလား ဖြစ်
နေသည့်အတွက် ထိုသိုင်းကွက်ကို အသုံးပြုနိုင်လေသည်။

သူမ၏ ဝိညာဉ်စွမ်းအား မကျဆုံးသေးသရွေ့ သူမလည်း ကျ

ဆုံးမည်မဟုတ်သလို သေဆုံးနိုင်မည်လည်းမဟုတ်ပေ။ သူမ

သည် အရာအားလုံးကို အောင်နိုင်သည့် နတ်သမီးတစ်ပါး

အဖြစ် ထာဝရ တည်ရှိနေမည် ဖြစ်လေသည်။

ဆန်းလျန်မည်မျှပင် တန်ခိုးစွမ်းအား ကြီးမားပါစေ ဝိညာဉ်

စွမ်းအားတွင်တော့ သူမကို ယှဉ်နိုင်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ဝိညာဉ်နယ်ပယ်မှာ သူမ၏ အိမ်ကဲ့သို့

ဖြစ်ပြီး သူမကျွမ်းကျင်ရာ နယ်ပယ်တစ်ခု ဖြစ်လေသည်။

သူမ၏ ဝူရှန်သိုင်းကွက်သည် စြက်ာဝဠာ အလွှာပါးလေးကို

တစ်ချက်တည်း ချိုးဖျက်ကာ ဝင်ရောက်လာသကဲ့သို့ ဆန်းလျ

န်၏ ဓားဝိညာဉ်ဆီသို့ ဝင်ရောက်သွားလေတော့သည်။

သို့သော် ဆန်းလျန်၏ စိတ်အာရုံဓားသွားမှာ ရုတ်တရက်

ပျောက်ကွယ်သွားလေသည်။ ထိုဓားသည် ကျောက်ရှောင်

ယှဉ်၏ ဝိညာဉ်နယ်ပယ်ထဲတွင် ပျောက်ကွယ်သွားခြင်း ဖြစ်လေ

သည်။

ပြင်ပလောကတွင်တော့ ဆန်းလျန်၏ နတ်သက်ခြေဓားမှာ ရှိ

ခြင်းမရှိခြင်းဓားဝိညာဉ်အဖြစ်သို့ကူးပြောင်းသွားလေသည်။

ကျောက်ရှောင်ယှဉ်မှာ ကျင့်ကြံသူလောကတွင် ထိုကဲ့သို့ ခြေရာ

ဖျောက်နိုင်သည့်ကျင့်စဉ်များစွာကို သိရှိထားသည့်အတွက်

ထူးဆန်းသည်ဟု မခံစားမိပါ။ ထိုသို့သော ပညာမျိုး ဆယ်မျိုး

ခန့်ကို သူမသိရှိလေသည်။

သို့သော် ဆန်းလျန်လုပ်သကဲ့သို့ ဝိညာဉ်နယ်ပယ်ထဲမှ ဓားကို

ဖျောက်ပြနိုင်ရန်မှာတော့ မယုံကြည်နိုင်စရာကောင်းလှလေ

သည်။

ထိုဓားစွမ်းအားဖြင့် ကောင်းကင်နှင့် ပင်လယ်ကိုပင် လှည့်စား

နိုင်မည်ဖြစ်လေသည်။

ကျောက်ရှောင်ယို မျက်မှောင်အနည်းငယ် ကြုံ့လိုက်သည်။
သူမ၏ဝူရှန်သိုင်းကွက်မှာ ရပ်တန့်သွားပြီး လေထဲတွင် မ
ရေတွက်နိုင်အောင်များပြားသည့် ကြာပန်းဖြူများ ပွင့်လန်းလာ
လေသည်။ လေထုတစ်ခုလုံး ကြာပန်းဖြူများဖြင့် ပြည့်နက်
သွားလေသည်။
ဆိုရိုးစကားတစ်ခုရှိလေသည်။
"လောကတစ်ခွင် ကြာပန်းများဖြင့် ပြည့်နက်သွားလျင် ဗော
ဓိသဿကျ၏ တရားရောက်ရှိလာမည်"
ဟူ၍ ဖြစ်လေသည်။
ဆန်းလျန်၏ စိတ်အာရုံဓားသွားကို ထိုကြာပန်းများဆီတွင် ပုန်း
တစ်ဝက် ကွယ်တစ်ဝက်ဖြင့် မြင်တွေ့နိုင်လေသည်။ ဓား၏
တည်ရှိမှုက မရေရာလှပေ။

ထိုဓား၏အရိပ်က နတ်နဂါးတစ်ကောင်အလား ခြေရာထင်ကျန်ခြင်းမရှိ။ သို့သော် ကြာပန်းများကြောင့်သာ သူ၏တည်ရှိမှုက ထွက်ပေါ်လာရခြင်း ဖြစ်လေသည်။

ကြာပန်းဖြူများမှာ တိမ်ပင်လယ်ကြီးသဖွယ် ဖြစ်နေလေသည်။ ဆန်းလျန်၏ ဓားဝိဉာဉ်မှာ တိမ်တိုက်ထဲတွင် ဟိုမှ ဒီမှ ကူးခတ်သွားလာနေသည့် နတ်နဂါးတစ်ကောင်အလားဖြစ်နေလေသည်။

ကြာပန်းတိမ်တိုက်များက နတ်နဂါးကို တိုက်ခိုက်နိုင်ခြင်းမရှိသော်လည်း နတ်နဂါး၏ တည်နေရာကို ပြသပေးနိုင်လေသည်။ ကျောက်ရှောင်ယို၏ ခံစားချက်ကင်းမဲ့သည့် မျက်နှာထက်တွင် ခပ်ပါးပါး အပြုံးတစ်ပွင့် ပေါ်လာလေသည်။ သူမက လက်ချောင်းများကို အသုံးမပြုတော့ဘဲ လက်ဝါးရိုက်ချက်တစ်ခုကို အသုံးပြုလိုက်သည်။ သူမ၏ လက်ဝါးရိုက်

ချက်သည် တိမ်ဖြူများအလယ်တွင် အနက်ရောင်တိမ်တိုက်
တစ်စ ထွက်ပေါ်လာသည့်အလားပင် ဖြစ်လေသည်။
ထိုအနက်ရောင်တိမ်တိုက်နောက်မှ မီးခိုးရောင်အငွေ့များ
လိုက်ပါလာပြီး ကျောက်ရှောင်ယွီ၏ လက်မှာ ရွှေတောင်ပံရှိ
သည့် ဂဠုန်ငှက်ကြီး၏ လက်သည်းများအလား ဆန်းလျန်၏
နတ်နဂါးဓားဝိညာဉ်ကို လိုက်လံ ဖမ်းဆီးလေသည်။
ဂဠုန်မှာ နဂါးကို အောင်နိုင်သူဖြစ်လေသည်။
ဒဏ္ဍာရီထဲမှ ရွှေရောင်အတောင်ပံများနှင့် ဂဠုန်ငှက်ကြီးများမှာ
အတောင်ပံ တစ်ချက်ခတ်ရုံဖြင့် မိုင်ပေါင်းကိုးသောင်းသို့
ရောက်ရှိနိုင်လေသည်။
ကျောက်ရှောင်ယွီ၏ လက်မှာ ပတ်ဝန်းကျင်တစ်ခုလုံးကို
မှောင်မိုက်သွားစေပြီး ကျောက်ရှောင်ယွီ၏ ပုံသဏ္ဍာန်မှာလည်း
ပျောက်ကွယ်လုနီးပါး ဖြစ်သွားလေသည်။

ကြာပန်းဖြူများအားလုံးမှာ မျက်စိတစ်မှိတ်အတွင်း ပျောက်ကွယ် သွားလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ ဆန်းလျန်၏ စိတ်အာရုံစားသွားကို နှိမ်နင်းနိုင်ရန်အတွက် ဝိညာဉ်စွမ်းအားနှင့် စိတ်စွမ်းအားကို ခွဲဖြာထုတ်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

ဆန်းလျန်၏ပုံစံမှာ သူတစ်ပါး၏တိုင်းပြည်အတွင်းသို့ဝင်ရောက်ကာ ထိုတိုင်းပြည်၏ဘုရင်ကို လုပ်ကြံရမည့် လူသတ်သမားတစ်ယောက်ကဲ့သို့ ဖြစ်နေလေသည်။ သတ္တိမည်မျှပင်ရှိပါစေ လွန်စွာမှ အန္တရာယ်များသည့် အနေအထားမျိုး ဖြစ်လေသည်။

ဆန်းလျန်၏စားဝိညာဉ်မှာ မလွတ်မြောက်နိုင်တော့သဖြင့် ဂဠုန်လက်သည်းကို ရင်ဆိုင်လိုက်ရလေတော့သည်။ စားဝိညာဉ်မှာ ပင်လယ်လှိုင်းများဒေါသတကြီးပြင်းထန်လာသကဲ့သို့ စားငြိမ်းသံများထွက်ပေါ်လာပြီး ထိုစားသံများက

ကျောက်ရှောင်ယွီ၏ စိတ်ကို ဖြတ်သန်းကာ ပဲ့တင်ထပ်သွား လေသည်။

ထိုဓားခြိမ်းသံကြီးနှင့်အတူ ဓားဝိညာဉ်မှာ ကြီးမားသည့်ဓား ကြီးတစ်လက်အဖြစ် ပြောင်းလဲသွားပြီး ကောင်းကင်ကိုပင် ထိုးခွဲတော့မည့် ဟန်ပြင်နေလေသည်။ ထိုဓားဝိညာဉ်က ကျောက်ရှောင်ယွီ၏ ဂဠုလက်သည်းကြီးကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်လေသည်။ ဓားဝိညာဉ်မှ လူသတ်လိုသည့် အရိပ်အယောင်များ ထွက်ပေါ်နေပြီး တောင်များကို အပိုင်းပိုင်း ဖြတ်ကာ ပင်လယ်ကိုသွေးယောင်လွှမ်းစေမည့်အလား ဝင့်ကြွားနေတော့သည်။ ဓားဝိညာဉ်သည်တုန်ခါလာပြီး နဂါးငွေ့တန်းတစ်ခုစီးဆင်းလာသည့်အလား အဆက်မပြတ် တိုးဝင်တိုက်ခိုက်လိုက်လေတော့သည်။

အဆုံးမရှိသော ဓားဝိညာဉ်သည် သမုဒ္ဒရာရေလှိုင်းတစ်ခု

အလား ကျောက်ရှောင်ယွီ၏လက်ဖြစ်သည့် ဂဠုလက်သည်း

သဏ္ဍာန်ကို ထိုးစိုက်ချလိုက်လေတော့သည်။

အခန်း (၁၆၉)

ဝိညာဉ်စွမ်းအားဖြင့်

ထိုအချိန်ခဏလေးအတွင်းမှာပင် တောက်ပထိန်လင်းနေသည့် ဓားဝိညာဉ်၏တန်ခိုးစွမ်းအားကို ဖော်ပြခြင်းငှာမစွမ်းသာနိုင်ပေ။ ဓားဝိညာဉ်သည် ငြိမ်သက်တိတ်ဆိတ်သည့် အနုပညာစွမ်းအားတစ်ခုအလား မျှော်လင့်ချက်များဖြင့် စိမ့်ဝင်ပျံ့နှံ့နေလေသည်။ တစ်ချိန်တည်းမှာပင် ခက်ထန်ဒေါသနှင့်ကြမ်းတမ်းသည့်သတ်ဖြတ်လိုခြင်းများကလည်း ထွက်ပေါ်နေလေသည်။ သို့သော် ထိုဓားဝိညာဉ်တွင် မိစ္ဆာစွမ်းအား လွှမ်းမိုးမှုတော့မရှိပေ။

ဂဠုန်လက်သည်းမှာ ကျောက်ရှောင်ယွီ၏ အဓိပက ဝိညာဉ်စွမ်းအားဖြစ်လေသည်။ ထိုလက်သည်းမှာ ကျောက်ရှောင်ယွီ၏ စိတ်ဝိညာဉ်အတွင်းတွင် တည်ရှိခြင်းဖြစ်ပြီး ထိုကဲ့သို့သော ဝိညာဉ်စွမ်းအားမျိုးကို ဖော့ဝမ့်အဆင့်ကျင့်ကြံသူသာ ခုခံနိုင်မည်ဖြစ်လေသည်။ အခြားသူများမည်သူမျှ ခုခံနိုင်မည်

မဟုတ်ပေ။ ထိတ်လန့်ဖွယ်ရာ စွမ်းအားကြီးမားသည့် ဝိညာဉ်

စွမ်းအား ဖြစ်လေသည်။

ကျောက်ရှောင်ယွီမှာ ကြာပလ္လင်ထက်တွင် တည်ငြိမ်စွာထိုင်နေ

ဆဲဖြစ်လေသည်။ ဂရုဏာတရား၏နတ်သမီးသည် သူမထံသို့

ဝင်ရောက်လာသည့် ဓားဝိညာဉ်ကို ကြည့်နေလေသည်။

သူမ၏ခံစားချက်ကင်းမဲ့သောမျက်နှာထက်တွင် သူမသာလျှင်

အနိုင်ရမည်ဟု ယုံကြည်ထားပုံရလေသည်။

သူမ၏ စိတ်ဝိညာဉ်ဂဠုန်လက်သည်းကို ခုခံနိုင်သည့်သူ

မည်သူမှမရှိပေ။ ဆန်းလျန်သာ သူမ၏ လက်ကို ရင်ဆိုင်တိုး

မည်ဆိုလျှင် ကြီးမားသည့် ဝိညာဉ်စွမ်းအား၏ ရိုက်ခတ်ခြင်း

ဒဏ်ကို ခံရမည် ဖြစ်လေသည်။

သို့သော်... သူမ နောက်ထပ်ရင်ဆိုင်လိုက်ရသည့်

အဖြစ်အပျက်ကြောင့် ကြက်သေသေ သွားရလေသည်။

အေးစက်ငြိမ်သက်နေသည့် ဓားဝိညာဉ်၏ အမျက်ဒေါသ

တရားထွက်ပေါ်လာလေသည်။ ထိုဓားဖြင့် လောကရှိ သေသင့်

သေထိုက်သည့် သက်ရှိများအားလုံးကို ထိုးခုတ်သတ်ဖြတ်

တော့မည်ကဲ့သို့ ဖြစ်လေသည်။ ထို ဓားဝိညာဉ်၏

အမျက်ဒေါသအောက်တွင် ကျောက်ရှောင်ယွီ၏ "ဝူရှန်"

သိုင်းကွက်သည် အသက်မဲ့သွားရလေသည်။ မွေးဖွားပြီး

သည့်နောက်ပိုင်း သူမဖြစ်တည်ခဲ့သည်။ ဖြစ်တည်ပြီးလျှင်

ပျက်စီးရမည်ကတော့ သဘာဝအတိုင်းပင်ဖြစ်လေသည်။ "ဝူရှ

န်" ၏ အဓိပ္ပါယ်မှာ မွေးဖွားခြင်း ၊ တည်ရှိခြင်းမရှိ ၊ မရှိမှု

သဘောတရားသာ ဖြစ်လေသည်။

ကျောက်ရှောင်ယွီမှာ ဝူရှန်သိုင်းကွက်ကို လေ့ကျင့်ခဲ့သည့်တိုင်

ဝူရှန်၏အနှစ်သာရအဓိပ္ပါယ်ကို တကယ်တမ်း နားလည်ခဲ့ခြင်း

မရှိပေ။ ထို့ကြောင့် သူမက ထိုပညာကို အသုံးပြုနေသည့်

တိုင်အောင် နားမလည်ဘဲ အသုံးပြုနေခြင်း ဖြစ်လေသည်။

လောကတွင် သိမြင်သည့်အရာများစွာရှိသည့်တိုင် နက်နက်ရှိုင်းရှိုင်းနားလည်ရန်တော့ ခက်ခဲလေသည်။ တစ်ခါတစ်ရံတွင် မှားယွင်းစွာနားလည်သွားသည်များပင် ရှိနိုင်လေသည်။

မီးခိုးရောင်အငွေ့များက ဂဠုန်လက်သည်းကို အဆုံးမရှိဝန်းရံထားပြီး လွန်စွာမှ တန်ခိုးစွမ်းအားမြင့်မားလေသည်။ သို့သော်ထို ဂဠုန်လက်သည်းကြီးသည် အေးစက်ငြိမ်သက်နေသည့် ဒေါသတရားများဖြင့်ပြည့်နေသည့် ဓားဝိညာဉ်ကို ထိပ်တိုက်ရင်ဆိုင်လိုက်ရသည့်အခါ ပြန်လည်တိုက်ခိုက်နိုင်ခြင်းမှာ မတတ်နိုင်တော့ပေ။ နေရောင်နှင့်တွေ့သည့်အခါတွင် နှင်းများချက်ချင်းပင် အရည်ပျော်ကျရသကဲ့သို့ဖြစ်လေသည်။ ခုခံစွမ်းအားများ ပျောက်ဆုံးသွားရလေသည်။

မီးခိုးရောင်အခိုးအငွေ့များ ပျောက်ကွယ်သွားပြီး ဂဠုန်လက်သည်းကြီးမှာ ကျိုးပျက်သွားရလေသည်။

တိတ်ဆိတ်မှုကို ဓားဝိညာဉ်က ဖြိုခွင်းလိုက်လေသည်။

ရုတ်တရက် ...

အချိန်ကာလတစ်ခုလုံး ရပ်တန့်သွားသလို ခံစားလိုက်ရလေသည်။

ဝူရှန်သိုင်းကွက်၏ မူလအဓိပ္ပါယ်ပျောက်ဆုံး သွားသောကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်လေသည်။

ဂငှုန်လက်သည်းကို ဓားဝိညာဉ်ဖြင့် ထိုးခွင်းလိုက်သည့်အတွက် ဖန်ဆင်းမှု တန်ခိုးစွမ်းအားများအားလုံးပျောက်ကွယ်သွားလေသည်။ သို့သော် ဓားဝိညာဉ်က ရပ်တန့်သွားခြင်းမရှိဘဲ ကျောက်ရှောင်ယွီထံသို့ တိုးဝင်သွားလေသည်။

ဓားသွားမှာ ထက်ရှအေးစက်နေပြီး ဓားတန်ခိုးစွမ်းအားကအတိုင်းအဆမဲ့လေသည်။ ဓားဝိညာဉ်သည် ကျောက်ရှောင်ယွီ၏ စိတ်ဝိညာဉ်တစ်ခုလုံးကို အေးစက်စွာဖြင့် ဖြတ်တောက်ပစ်တော့မည့်အလားပင်။

ကျောက်ရှောင်ယွီ၏ ကျောရိုးတစ်လျှောက်ရှိ ရွှေပြဒါး

အမြုတေစွမ်းအားများ လှုပ်ခတ်သွားလေသည်။ သို့သော် သူမ

က သတ္တိရှိစွာဖြင့် ဆက်လက် တိုက်ခိုက်နေဆဲဖြစ်လေသည်။

သူမထိုင်နေသည့် ကြာပလ္လင်မှ ကြာပန်းပွင့်လွှာ ကိုးခုမှာ လေ

ထဲသို့ ပျံသန်းထွက်ခွာသွားလေသည်။ ပွင့်ချပ် တစ်ခုပြီးတစ်ခု

ဓားဝိညာဉ်ကို တိုက်ခိုက်လိုက်သည်။ သို့သော် ဓားဝိညာဉ်ကို

အနည်းငယ်နှေးသွားအောင်သာလုပ်နိုင်ပြီး လုံးဝတားဆီးနိုင်

ခြင်းတော့မရှိပါ။ ကြာပန်းပွင့်လွှာကိုးခု ပျက်စီးမသွားခင်အထိ

တော့ ဓားဝိညာဉ်ကို တားဆီးထားနိုင်ခဲ့လေသည်။

ကြာပန်းပွင့်လွှာကိုးလွှာမှာ ဓားဝိညာဉ်၏ ထက်ရှသည့်ဓားသွား

အောက်တွင် အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားရသည်။

ထို့နောက် လျှင်မြန်သောဓားဝိညာဉ်သည် ကျောက်ရှောင်ယွီ၏

ခန္ဓာကိုယ်အတွင်းသို့ စိုက်ဝင်သွားလေတော့သည်။

ကျောက်ရှောင်ယွီ၏အမြင်များဝေဝါးသွားပြီး သူမ၏စိတ်အာရုံစူးစိုက်မှုမှာ တဖြည်းဖြည်းအားနည်းသွားလေသည်။

ရှည်လျားသည့်ဓားသွားသည် သူမ၏နှလုံးသားထဲတွင်စိုက်ဝင်နေပြီး ကြာပန်းကိုးပွင့်ကျောင်းတော်တည်ရှိရာ တောင်ပေါ်ရှိရေတံခွန်အောက်တွင်ရောက်နေသည့်အလား ခံစားလိုက်ရလေသည်။ ထိုရေတံခွန်မှာ ပေတစ်ထောင်ခန့်အမြင့်မှစီးဆင်းလားခြင်းဖြစ်ပြီး နဂါးငွေ့တန်းစီးဆင်းသကဲ့သို့ အရှိန်ပြင်းလွန်းလေသည်။

ရေတံခွန်မှရေကျသံကဲ့သို့ မဆုံးနိုင်သည့်ဓားခြိမ်းသံကိုလည်း သူမစိတ်ထဲတွင် ကြားနေရလေသည်။

ထိုအသံသည်ဂီတသံတစ်ခုအလားဖြစ်ပြီး သူမဘဝတွင် မည်သည့်အခါမှ မေ့ပျောက်နိုင်တော့မည်မဟုတ်ပေ။

ရုတ်တရက် ဓားဝိညာဉ်က ပျောက်ကွယ်သွားပြီး နာကျင်မှုများလည်း သက်သာသွားလေသည်။

ပြင်ပလောကတွင်တော့ ကျောက်ရှောင်ယွီ၏ နှုတ်ခမ်းထောင့်

မှ သွေးများစီးကျနေလေသည်။ ဆန်းလျန်၏ မျက်ခုံးနှစ်ခု

ကြားသို့ ချိန်ရွယ်ထားသည့် ကြာပန်းဖြူဓားမှာ ပျောက်ကွယ်

သွားတော့မည့်အလား တဖြည်းဖြည်းမှေးမှိန်သွားလေသည်။

ဆန်းလျန်၏ဝတ်ရုံမှာ လေထဲတွင်လွင့်နေပြီး သူဖန်ဆင်းထား

သည့် ဓားဝိညာဉ်မှာလည်း ပျောက်ကွယ်သွားပြီဖြစ်လေသည်။

ဆန်းလျန်က တည်ငြိမ်အေးဆေးစွာဖြင့် ကျောက်ရှောင်ယွီကို

ကြည့်နေလိုက်လေသည်။ သူ၏မျက်ဝန်းများက နူးညံ့သိမ်မွေ့

နေပြီး ကျောက်စိမ်းရောင်ကဲ့သို့ တောက်ပနေလေသည်။

ဆန်းလျန်မှာ ယခုအခါ မိုးသည်းထန်စွာရွာပြီးစအချိန်

စိမ်းလန်းနေသည့် တောင်တန်းလေးနှင့် အလားတူလေသည်။

ဖုံမှုန့်များဖြင့် ညစ်ပေခြင်းမရှိ ၊ သန့်စင်နေလေသည်။

"လူကရေကိုညစ်ပတ်အောင်လုပ်တယ် ၊ ရေကတော့လူကို

ဘယ်တော့မှ ညစ်ပေအောင်မလုပ်ဘူး ၊ ရေက ဒီအတိုင်းစီး

ဆင်းသွားတာပဲ ၊ ကြည်လင်တဲ့ရေထဲမှာ ဖုံမှုန့်လေးတစ်စ တောင် မထင်ကျန်ရစ်ဘူး”

ကျောက်ရှောင်ယို့ တွေးနေမိလေသည်။

အမျက်တရားပြင်းထန်နေသည့် ဓားဝိညာဉ်သည် ဆန်းလျန်၏ စိတ်ဝိညာဉ်ကို ရေကဲ့သို့ ကြည်လင်အောင် ဆေးကြော ပေးလိုက်ပြီဖြစ်လေသည်။

ဆန်းလျန်လျှောက်လှမ်းသည့်လမ်းသည် ချန်ကျန့်မေနှင့်မ တူညီ ၊ ကွဲပြားခဲ့ပြီဖြစ်လေသည်။ ချန်ကျန့်မေက ဆရာဘိုးဘိုး ယွမ်ချင်း၏ တရားဓမ္မကိုတွေ့မြင်ကာ လေးစားကိုးကွယ်ခဲ့ သည်။ သူက တရားကိုတွေ့သော်လည်း တရားကို မေ့လျော့နေ ခဲ့သည်။ ဗုဒ္ဓက ရွှေရောင်ကြာပန်းကို ယူဆောင်လိုက်သည့် အခါ မဟာကျားရဲ့ကိုယ်တော်ကြီးက ပြုံးလိုက်ခြင်းနှင့်အလား သဏ္ဌာန်တူလေသည်။ ဟောကြားလိုက်သည့်တရားက တစ်ပုဒ် တည်းဖြစ်သည့်တိုင် ထိုတရားကို ရင်ထဲတွင် မည်မျှ နက်နက်ရှိုင်း

င်းရှိုင်းနားလည်လက်ခံနိုင်သည်လည်းဆိုသည့်အချက်မှာ နာယူသူအပေါ်တွင်သာ မူတည်လေသည်။ ဗုဒ္ဓဘုရားက ကြာပန်းလေးကို ယူလိုက်သည့် အဓိပ္ပါယ်ကို မဟာကျားရဲ့ ကိုယ်တော်ကြီးက နားလည်းသင့်သည့်အတိုင်းအတာထိ နားလည်မည်ဖြစ်သည့်တိုင် အလုံးစုံတော့ နားမလည်နိုင်ပေ။ ထိုသို့ အလုံးစုံနားမလည်သည့်အတွက်လည်း နားမလည်ဘူးဟု အတတ်ပြော၍မရပြန်ပေ။ နားလည်ခြင်းဆိုသည်က စိတ်၏ပြဌာန်းချက်တစ်ခုပင်ဖြစ်လေသည်။

ချန်ကျန့်မေကလည်း ဆရာဘိုးဘိုးယွမ်ချင်း၏ တရား အဓိပ္ပါယ်ကို သူနားလည်သလောက် ကိုယ်ပိုင်ဉာဏ်ဖြင့် တွေးခေါ်ပြီး ကိုယ်ပိုင်လမ်းကြောင်းတစ်ခု ဖော်ထုတ်ခဲ့လေသည်။ သို့သော် ချန်ကျန့်မေဖော်ထုတ်ခဲ့သည့် ကိုယ်ပိုင် လမ်းကြောင်းဖြင့် ဆရာဘိုးဘိုးယွမ်ချင်း၏ သွန်သင်မှုလမ်းကို ကန့်သတ်ထား၍မရပါ။

ဆန်းလျန်မှာ ချန်ကျန့်မလောက် မတော်ပါ။ သို့သော် သူက ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ကို သူ၏ကိုယ်ပိုင်ဖြစ် တည်မှုနှင့် ပေါင်းစပ်နိုင်ခဲ့လေသည်။ အမှန်တကယ်ဆိုလျှင် ထိုသို့ ပေါင်းစပ်နိုင်မည်မဟုတ်ပါ။ သို့သော် သူက ဓား ဝိညာဉ်၏ အစိပ်ပိုင်းကိုနားလည်သွားပြီး သူ၏မခံချင်စိတ်ဖြင့် ပေါင်းစပ်လိုက်သည့်အတွက် ထိုသို့ သောစွမ်းအားမျိုးကို ရရှိခဲ့ ခြင်းဖြစ်လေသည်။

ရေသည် ပုံသဏ္ဌာန်ပြောင်းလဲနိုင်သကဲ့သို့ ရေကြီးရေလျှံခြင်း များလည်းဖြစ်ပွားနိုင်သလို ငြိမ်းချမ်းစွာလည်းစီးဆင်းနိုင်လေ သည်။ ထို့ကြောင့် ဓားဝိညာဉ်က ဆန်းလျန်ကို မူလတာအို ကျင့်စဉ်လမ်းကို ပြသပေးနိုင်ခဲ့လေသည်။

ဆန်းလျန် ကျောက်ရှောင်ယွီကို မသတ်ခဲ့ပါ။ သူကဓား ဝိညာဉ်၏အမျက်ဒေါသကို ပြန်လည်ထိန်းချုပ်လိုက်လေ သည်။ ကျင့်ကြံသူတစ်ယောက်၏လွတ်လပ်ခြင်းဆိုသည်မှာ

စည်းမဲ့ကမ်းမဲ့လုပ်ခြင်းကို မဆိုလိုပါ။ သူတစ်ပါးကို ထိခိုက်စေမည့် စိတ်ခံစားချက်များနှင့် အပြုအမူများကို ထိန်းချုပ်သင့်လျှင် ထိန်းချုပ်ရမည်ဖြစ်လေသည်။

ဆန်းလျန်နောက်ဆုံးတော့ ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် လိုအပ်နေသည့် အဓိကအချက်ကို နားလည်သွားခဲ့ပြီဖြစ်လေသည်။

ရှေးဟောင်း တရုတ် ရေဇလားကဲ့သို့ ဖြစ်လေသည်။ လူက ထိန်းမထားလျှင် ရေများက အပြင်သို့ စီးထွက်ကုန်မည်ဖြစ်သည်။ လူက ညီမျှအောင် ထိန်းထားနိုင်မှသာ ရေများက ရေဇလားထဲတွင် ပြည့်နေမည်ဖြစ်လေသည်။ တစ်ဖက်သို့စောင်းသွားသည်နှင့် ရေများက စီးထွက်ကုနပြီး အောင်မြင်ရန်ခက်ခဲပေလိမ့်မည်။

ဆန်းလျန်က လက်နှစ်ဖက်ကို နောက်သို့ပစ်ထားရင်း အပြုံးပါးပါးလေးဖြင့် ကျောက်ရှောင်ယွီကို လှမ်းကြည့်လိုက်သည်။

ထို့နောက် သူမအနားသို့ ပျံသန်းသွားလိုက်ပြီး ကြာပန်းဖြူစားကို သူမဘေးတွင် ထားလိုက်လေသည်။ ထို့နောက် သူမအနားမှ ထွက်ခွာသွားလေတော့သည်။

အဝေးသို့ ထွက်ခွာသွားသည့် ဆန်းလျန်ကို ကျောက်ရှောင်ယွီ ငေးကြည့်နေမိလေသည်။ ယခုတိုက်ပွဲသည် သူ့ဘဝတစ်ခုလုံးတွင် အကြီးအကျယ်ရှုံးနိမ့်ခဲ့သည့် တိုက်ပွဲ ဖြစ်လေသည်။ သူတို့နှစ်ယောက်၏ တန်ခိုးစွမ်းအားမှာ များစွာ ကွာခြားမှုမရှိပါ။ သို့သော် သူမလျှောက်လှမ်းခဲ့သည့် ကျင့်စဉ်လမ်းကို မှန်းဆရခက်နေခဲ့ပြီ။

သူမ ဘဝတစ်လျှောက်လုံး ကျင့်စဉ်ကျင့်ကြံခဲ့ပြီး အဆင့်တက်မှုမှာလည်း လွန်စွာမှ မြန်ခဲ့လေသည်။ သို့သော်.... သူမ အဘယ့်ကြောင့် ဆန်းလျန်ကို အနိုင်မရခဲ့ရပါသနည်း။

ပထမအကြိမ် သူတို့ဆုံတွေ့ခဲ့စဉ်က သူမအနေဖြင့် ဆန်းလျန်ကို အနိုင်ယူနိုင်ရန် ခုနစ်ဆယ်ရာခိုင်နှုန်း သေချာသလောက်ရှိ

လေသည်။ ဆန်းတုမြို့တော်တိုက်ပွဲတွင် ဆန်းလျန်က ကျင့်

အဆင့်တစ်ခုအောင်မြင်ခဲ့ပြီး သူမကတော့ ပြင်းထန်စွာဒဏ်ရာ

ရခဲ့လေသည်။ ထိုအချိန်ကတည်းက သူမက ဆန်းလျန်ကို

ရန်သူတစ်ယောက်ဟု သဘောထားခဲ့လေသည်။ ထို့ပြင် ယနေ့

သူတို့နှစ်ယောက်တိုက်ခိုက်မှုမှာလည်း အမှန်တကယ် သူသေ

ကိုယ်သေ တိုက်ခိုက်ကြခြင်းမဟုတ်သဖြင့် သူတို့နှစ်

ယောက်၏ သဘောထားကွဲလွဲမှု ပြီးဆုံးပြီဟု ပြော၍မရပေ။

အမှန်တော့ သူမက ဆန်းလျန်၏ ဓားကို ငှါးယမ်းခဲ့ခြင်းမှာ

ဆန်းလျန်ကို ရန်စခဲ့ခြင်းဖြစ်လေသည်။

သို့သော်....

အဆုံးသတ်တွင်တော့ ဆန်းလျန်ကပဲ ကျင့်စဉ်လမ်း အဆင့်

တက်သွားပြီး သူမကတော့ ဒဏ်ရာရရှိခဲ့လေသည်။

ယခုအကြိမ်တွင်တော့ သူမ၏အခြေအနေကို ပြန်လည်သုံးသပ်

ရန် လိုအပ်ခဲ့ပြီ။ သူတို့နှစ်ယောက်သူသေကိုယ်သေ တိုက်ခိုက်

ကြသည့်တိုင် ဆန်းလျန်က သူမကို တကယ်တမ်း
အသေအကြေတိုက်ခိုက်ခဲ့ခြင်းမရှိဘဲ သေခြင်းရှင်ခြင်းကြား
တွင် သူကိုယ်တိုင်သာ အရည်အချင်းတိုးတက်လာအောင်
ရုန်းကန်သွားခဲ့လေသည်။ တစ်ချိန်တည်းမှာပင် ဆန်းလျန်က
သူမကို လက်စားချေလိုစိတ်မရှိဘဲ လက်ရည်သွေးသည့်
သဘောဖြင့်သာ ပညာပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သူမ
သဘောပေါက် သွားရလေသည်။
ထို့ပြင် ဆန်းလျန်က ကျောက်ရှောင်ယွီကို သတ်မည်ဆိုလျှင်
အေးအေးဆေးဆေးသတ်သွား၍ရလေသည်။ သို့သော် သူက
သူမကို အန္တရယ်မပေးဘဲ အေးအေးဆေးဆေးပင် ထွက်ခွာ
သွားခဲ့လေသည်။ သူ၏အပြုအမူများမှာ အခြားသူများနှင့်
မတူ ၊ တစ်မူထူးခြားနေသည့်အတွက်ကြောင့် ကျောက်ရှောင်
ယွီမှာ ဆန်းကျွင်းအရှင်ကို ပိုပြီး နားလည်ရခက်နေမိလေ
တော့သည်။

အခန်း (၁၇၀)

ယခုအချိန်ထိ ယုံကြည်ချက်ခိုင်မာစွာ

အဆုံးသတ်တွင်တော့ ဆန်းလျန်က ကျောက်ရှောင်ယွီကို မ

သတ်ခဲ့သလို သူ၏ စန္ဒကူးဓားကိုလည်း မငှားခဲ့ပါ။ သူတို့နှစ်

ယောက်ကြား နောက်ထပ်ပတ်သက်စရာရှိလာဦးမည်ဆိုသည်

ကတော့ မသေချာပေ။ သို့သော် ကျောက်ရှောင်ယွီကတော့ သူ့

ကို ရန်ငြိုးထားချင်ထားပေလိမ့်မည်။

သို့သော် ဆန်းလျန်ကတော့ ကျောက်ရှောင်ယွီနှင့် ထပ်တွေ့စရာ

အကြောင်းမရှိတော့ပေ။ ရေစက်ရှိလျှင်လည်း ပြတ်တောက်ပါ

စေတော့။ ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်မှာ ပြိုင်ဘက်မရှိထက်မြက်ပြီး သေစေခြင်းအမျက်ဒေါသများရှိနေသည့်တိုင် ထိုစွမ်းအားများက ဆန်းလျန်၏ စိတ်ကို မထိန်းချုပ်နိုင်ပေ။ သို့သော် ထိုဓားဝိညာဉ်ကပင် ဆန်းလျန်၏ ကျင့်စဉ်လမ်းကို မီးမောင်းထိုးပြခဲ့လေသည်။

လူ့ဘဝဆိုသည်က ရခဲလှသည်ဟု ဆန်းလျန်က ခံယူထားလေသည်။ ထို့ကြောင့် အသက်တစ်ချောင်းကို လွယ်လွယ်နှင့်သတ်မည်မဟုတ်ပေ။

ကျင့်ကြံသူလောကတွင် ဆန်းလျန်ကို တိတ်တဆိတ်စောင့်ကြည့်နေကြသူ များစွာရှိကြလေသည်။ ယခုတော့ သူ့ကို အပုပ်ချရန်စောင့်ကြည့်နေကြသူများကိုလည်း အမြင်ရှင်းအောင် ပြုလုပ်နိုင်ခဲ့ပြီ။ သူ အပြိုးတစ်ပွင့်ကို သန့်စင်စွာ ပြိုးလိုက်မိသည်။

ဆန်းလျန်၏ရှေ့ သုံးပေအကွာတွင် နတ်ဘုရားတိမ်တိုက်တစ်ခု ပေါ်လာလေသည်။ ဤသို့ဖြစ်ရသည်မှာ နတ်ဘုရားတစ်ပါးက ဆန်းလျန်ကို လာရောက်ကြည့်ရှုခြင်းကြောင့် ဖြစ်နိုင်လေသည်။

ထိုသို့ နတ်ဘုရားတိမ်တိုက်မျိုးကို အတွေ့အကြုံမရှိသည့်တိုင် အခြားသော နေရာတစ်ခုမှ နတ်ဘုရားတစ်ပါး ဖြစ်သည်ကို တော့ ဆန်းလျန် ရိပ်မိလိုက်လေသည်။

သူတစ်ပါးကို အနိုင်ယူလိုက်နိုင်ခြင်းက ဆန်းလျန်အတွက် မည်သည့်အဓိပ္ပါယ်မှ မရှိပါ။ သူက ကျင့်စဉ်လမ်းသို့ လိုက်ခဲ့သည်မှာ မသေလိုဘဲ ထာဝရအသက်ရှည်လိုသောကြောင့်ဖြစ်ပြီး လောကကို ဖျက်စီးရန် ရည်ရွယ်ချက်မရှိပါ။

အစစ်အမှန်စွမ်းအားကြီးခြင်းဆိုသည်မှာ အခြားသူများကို ကာကွယ်ပေးခြင်းဖြစ်ပြီး ဖျက်စီးခြင်းမဟုတ်ပေ။

ဆန်းလျန်က လက်နှစ်ဖက်ကို နောက်သို့ ပစ်ထားရင်းနှင့်ပင် လေထဲတွင် ပျံသန်းကာ သူနေထိုင်သည့်နေရာသို့ ပြန်လာခဲ့လေသည်။ ဆင်းရဲသားဒုက္ခသည်များကို ချီးရှိုးနှင့် စုန့်ချင်းယီတို့က စောင့်ရှောက်ပေးနေသည့် နေရာပင် ဖြစ်လေသည်။ ကျောက်ရှောင်ယွီနှင့် သူ၏ တိုက်ပွဲကြောင့် မြေကြီးများတုန်လှုပ်ကာ သဘာဝပတ်ဝန်းကျင် အခြေအနေ ပြောင်းလဲခဲ့သော်လည်း အချိန်တော့ သိပ်မကြာခဲ့ပါ။ သို့သော် စုန့်ချင်းယီနှင့် ချီးရှိုး ကတော့ ပန့်ယွဲ့ရေကန်တွင် တစ်စုံတစ်ခု ဖြစ်နေပြီဖြစ်ကြောင်း ရိပ်မိခဲ့လေသည်။ သို့သော် သူတို့က ထိုနေရာသို့ သွားရောက်ခဲ့ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုနေရာတွင် အသက်ဓာတ်စွမ်းအားလှိုင်းများ အပြင်းအထန် ရိုက်ခတ်နေသောကြောင့် သူတို့သွားလျှင်လည်း ဒုက္ခရောက်ရမည်သာဖြစ်လေသည်။

လေထဲမှ ပျံသန်းလာသည့် ဆန်းလျန်ကိုမြင်တော့ စုန့်ချင်းယီ အံ့သြသွားမိသည်။ ညက ဆန်းလျန် သူတို့နှင့်အတူမရှိကြောင်း စုန့်ချင်းယီ သတိမထားလိုက်မိပေ။

တစ်ညအတွင်းမှာပင် ဆန်းလျန်သည် များစွာပြောင်းလဲသွားလေသည်။ လေထဲတွင်ရပ်တန့်နေသည့် သူ၏ပုံသဏ္ဌာန်မှာ အရာအရာကို လွှမ်းမိုးနိုင်သည့် မြင့်မြတ်သည့် ဆရာသခင် တစ်ပါးအလား ဖြစ်နေလေသည်။

ယခင်ကတော့ ဆန်းလျန်၏ပုံစံမှာ ဓားအိမ်ထဲမှ ဓားတစ်လက် ကဲ့သို့ဖြစ်လေသည်။ အရှိန်အဝါနှင့်တန်ခိုးစွမ်းအားကြီးမားသည့်တိုင် မည်သူမျှ သူ၏တန်ခိုးစွမ်းအားကို ခန့်မှန်းနိုင်ခြင်းမရှိကြပေ။

သို့သော် ယခုတော့ ဆန်းလျန်၏ပုံစံမှာ ဓားအိမ်တွင်းမှ ထုတ်လိုက်သည့် ဓားတစ်လက်အားဖြစ်လေသည်။ တန်ခိုးစွမ်းအားနှင့် အရှိန်အဝါထက်မြက်မှုများကို လူတိုင်းသိမြင်နိုင်ပြီဖြစ်

လေသည်။ ထက်ရှသည့်ဓားတစ်လက်သည် သံမဏိကိုပင် အပိုင်းပိုင်းဖြတ်တောက်နိုင်မည်ဖြစ်ကြောင်း လူတိုင်း သိမြင်နိုင်ကြပြီဖြစ်လေသည်။

ဆန်းလျန်မှာ လူအများကို တရားအလင်းပေးမည့် ဆရာသခင်တစ်ပါးအလား လူအများအလယ်တွင် မားမားမတ်မတ်ရပ်တည်နေသူတစ်ယောက်ကဲ့သို့ ဖြစ်နေလေသည်။ လူအများသည် သူ့ကို လေးစားကိုးကွယ်ကြတော့မည့် ပုံစံမျိုးပင်ဖြစ်လေသည်။

ဆန်းလျန် မြေပြင်ထက်သို့ ဆင်းသက်လိုက်သည်နှင့် စုန့်ချင်းယီက ဆန်းလျန်ဆီသို့ လျှောက်သွားလိုက်သည်။

"ဆန်းလျန် ၊ မင်း ဟိုင်သန်းအဆင့်အောင်မြင်သွားပြီလား"

"ဟိုင်သန်းအဆင့်တက်ရောက်ဖို့ လမ်းကိုတော့မြင်နေပါပြီ ၊ ဒါပေမယ့် ဟိုင်သန်းအဆင့်ကိုတော့ မတက်ရောက်နိုင်သေးပါဘူး ဗျာ"

ဆန်းလျန်က ရယ်မောလိုက်ရင်း ပြောလိုက်လေသည်။

ဆန်းလျန်က ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ကို ရရှိထားပြီး ထိုဓားဝိညာဉ်၏ အကောင်းအဆိုးများကို လက်ခံထားလေသည်။ ထိုဓားဝိညာဉ်ကြောင့် အရှိန်အဝါလည်း ကြီးမားခဲ့ရသလို ဟိုင်သန်းအဆင့် မအောင်မြင်သေးသည့်တိုင် ဟိုင်သန်းအဆင့်တက်ရောက်ရန် လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ရလေသည်။

ဟိုင်သန်းအဆင့်တက်ရောက်ရန်အတွက် ကိုယ်တွင်းမှ "ယင်" ဝိညာဉ်စွမ်းအားကို ရွှေပြဒါးအမြုတေနှင့် ဟန်ချက်ညီအောင် ပေါင်းစပ်ရမည်ဖြစ်လေသည်။ ထိုသို့ပေါင်းစပ်နိုင်မှ မိုးမြေစွမ်းအားများက မုန်တိုင်းသဖွယ် စီးဝင်လာပြီး ဟိုင်သန်းအဆင့် အောင်မြင်နိုင်မည်ဖြစ်လေသည်။ ထိုအဆင့်မှာ နတ်ဘုရားတစ်ပါးဖြစ်လာရန် စတင်သည့် အခြေခံအဆင့်ဖြစ်သည့်အတွက် အလွန်မှ ခက်ခဲသည့် အဆင့်ဖြစ်လေသည်။

ထို့ကြောင့်ပင် ဟိုင်သန်းအဆင့်ကျင့်ကြံအောင်မြင်သွားလျှင် ဟိုင်သန်းကျန်းရန်ဟု ခေါ်ဆိုနိုင်ပြီး လောကနတ်ဘုရားဆိုသည့် ဂုဏ်ပုဒ်ကို ရယူနိုင်ခြင်းဖြစ်လေသည်။ သို့သော် လောကနတ်ဘုရားဟု ခေါ်ဆိုသည့်တိုင် ထာဝရအသက်ရှင်နိုင်သည့် တရားဝင် လောကနတ်ဘုရားတစ်ပါးတော့မဟုတ်သေးပေ။ ဟိုင်သန်းအဆင့်အောင်မြင်သည်ကို သက်သေပြသည့် အနေဖြင့် လောကနတ်ဘုရားဟု ယေဘူယျခေါ်ဆိုကြခြင်းပင် ဖြစ်လေသည်။ ဟိုင်သန်းအဆင့်အောင်မြင်ပြီးပါက နှစ်ပေါင်း ရှစ်ရာ အသက်ရှည်နိုင်ပြီ ဖြစ်လေသည်။

တာအိုကျမ်းစာတစ်ခုတွင်ရေးသားထားသည်မှာ-

"အသက်ကို မှန်မှန်ရှူပါ၊ ရှူသွင်း ရှူထုတ် အသက်ရှူ ကျင့်စဉ်ကို လေ့ကျင့်ပါ...

သည်းခံခြင်းတရားကို အတုယူပါ၊ ငှက်လေးများပုံကို ရေးဆွဲ ခံစားပါ၊

ကိုယ်ပိုင်ကျင့်ကြံမှုအတွက် လမ်းညွှန်ဖြစ်ပြီး အသက်ရှည်ရှည်

နေထိုင်ပါ

ဆရာသခင်ဖုန်းကျူပြောသည့်နည်းလမ်းကိုလိုက်နာပါ"

ဟူ၍ဖြစ်လေသည်။

ထို့ကြောင့်ဟိုင်သန်းအဆင့်ကျင့်ကြံသူများမှာ ကျင့်စဉ်

လမ်းတွင် နေရာတစ်ခု စတင်ရရှိလာသည့်တိုင် နတ်ဘုရား

တစ်ပါးတော့ မဖြစ်သေးပါ။ သူတို့က အသက်ရှည်ရှည်နေရ

သည့်တိုင် ထာဝရရှင်သန်နိုင်ခြင်းမရှိသေးပေ။ နှစ်ပေါင်းရှစ်ရာ

ဆိုသည်မှာ ခန့်မှန်းတွက်ချက်မှု တစ်ခုသာဖြစ်လေသည်။

"ဆရာသခင်ဖုန်းကျူပြောသည့် နည်းလမ်းကို လိုက်နာပါ" ဆို

သည့်စကားကဲ့သို့ ဖြစ်လေသည်။ ဆရာသခင်ဖုန်းကျူမှာ

ဒဏ္ဍာရီထဲမှ လူသားတစ်ဦးဖြစ်ပြီး နတ်ဘုရားတစ်ပါးမဟုတ်ခဲ့

ပါ။ ဆန်းလျန်က ဆရာသခင်ဖုန်းကျူအကြောင်းကို ယခင်

ခေတ်ပေါ်ကမ္ဘာတွင် နေထိုင်ခဲ့သည့် ဘဝကပင် စာအုပ်ထဲတွင်

ဖတ်ဖူးလေသည်။ ဆရာသခင်ဖုန်းကျူမှာ နှစ်ပေါင်းရှစ်ရာတိုင် တိုင်အသက်ရှည်ခဲ့သည့် လူသားတစ်ဦးဖြစ်လေသည်။ များသောအားဖြင့် ဟိုင်သန်းကျင့်ကြံသူများမှာ နှစ်ပေါင်းရှစ် ရာအတွင်း ဖော့ဝမ့်အဆင့်သို့ရောက်ရှိအောင် ကျင့်ကြံကြလေ သည်။ သို့သော် ဖော့ဝမ့်အဆင့်သို့ တက်ရောက်ရန် နည်းလမ်း ရှာမတွေ့ပါက နတ်ဘုရားအသက်ဓာတ်ကို ဆုံးရှုံးကာ နှစ် ပေါင်းရှစ်ရာပြည့်လျှင် သေဆုံးကြရမည်ဖြစ်လေသည်။

ထိုအခါ သာမန်လူသားများနှင့် မည်သို့မျှ မခြားနားတော့ပေ။ ဆန်းလျန်၏ အရှိန်အဝါများကို မြင်နေရသည့် စုန့်ချင်းယီအဖို့ အမှန်တကယ်ပင် လေးစားအားကျနေမိလေသည်။ သူက ဆရာသခင် လုကျိုးယွမ်၏ တပည့်တစ်ယောက်ဖြစ်သည့်တိုင် ဟိုင်သန်းအဆင့်ကို ဆန်းလျန်ကဲ့သို့ အရှိန်အဝါများဖြင့် ခမ်းနားစွာတက်ရောက်နိုင်ပါမည်လား မသေချာပေ။

သာမန်အားဖြင့်ဆိုလျှင် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန် အတွက် တိတ်ဆိတ်ငြိမ်သက်သည့် နေရာတစ်ခု လိုအပ်လေ သည်။

ဆန်းလျန်အနေဖြင့် သူ၏ပိတ်ဆို့နေသည့် သွေးကြောဆုံချက် နေရာများအားလုံး ပွင့်နေခဲ့ပြီဖြစ်သဖြင့် မည်သည့် အတားအဆီးအနှောင့်အယှက်မှ ရှိနိုင်တော့မည်မဟုတ်ပေ။

ဆန်းလျန်မှာ အစကတည်းကပင် ဟိုင်သန်းအဆင့်သို့ ခြေ တစ်ဖက်ကလှမ်းထားပြီးသည့် အခြေအနေဖြစ်လေသည်။ ထို့ကြောင့် သူ၏ပုံစံက အဆုံးစွန်ထိ တည်ငြိမ်နေခြင်းဖြစ်လေ သည်။ ဟိုင်သန်းအဆင့်သာ တက်ရောက်နိုင်ပြီဆိုလျှင် အမှန် ပင် ကြောက်စရာကောင်းမည့် ကျင့်ကြံသူတစ်ယောက် ကျိန်းသေဖြစ်လာမည်ဖြစ်လေသည်။

သူက စုန့်ချင်းယီ၏ မျက်နှာအမူအရာကို တစ်ချက်ကြည့်လိုက် သည်။ ထို့နောက် စုန့်ချင်းယီ၏ဘေးနားမှ အေးအေးသက်သာ

ပုံစံဖြင့်ပင် ဖြတ်လျှောက်သွားရင်း စုန့်ချင်းယီ၏ ပခုံးကို

အသာပုတ်လိုက်လေသည်။

"စိတ်ပူမနေပါနဲ့၊ မင်းလည်းတစ်နေ့ ဒီအဆင့်ကိုရောက်လာမှာ

ပါ"

ဆန်းလျန်စကားကြောင့် စုန့်ချင်းယီ သက်ပြင်းချလိုက်သည်။

"မျှော်လင့်ရတာပါပဲ၊ ဒါပေမယ့် ဒီနေ့ မင်းကိုတွေ့တော့ စိတ်မ

လှုပ်ရှားဘဲ မနေနိုင်ဘူးလေ"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မဖြစ်ပါနဲ့ကွာ၊ ငါဆိုလည်း ဟိုင်သန်းအဆင့်အရမ်းအောင်မြင်

ချင်ခဲ့တာ၊ ဒါနဲ့ ခုတော့ ငါ မင်းတို့ကို နှုတ်ဆက်ရတော့မယ်"

ဟု ပြောလိုက်လေသည်။

ဆန်းလျန်စကားကြောင့် စုန့်ချင်းယီနားမလည်နိုင်ဖြစ်သွားရ

သည်။

"မင်းက ဟိုင်သန်းအဆင့်ရောက်ဖို့ လမ်းတစ်ဝက်ရောက်နေပြီပဲ ၊ ဘာလို့ ချင်းရှမ်နတ်တံခါးကို မပြန်ရတာလဲ ၊ အဲဒီမှာဆိုရင် ဘာအနှောင့်အယှက်မှမရှိဘဲ ဟိုင်သန်းအဆင့်ကို တက်ရောက်နိုင်မှာပဲ"

စုန့်ချင်းယီက ပြောလိုက်လေသည်။

"ကျုပ် နတ်တံခါးကို ပြန်ချင်ပါတယ် ၊ ဒါပေမယ့် ခုတော့ပြန်ဖြစ်ဦးမယ်မထင်ဘူး ၊ ပြီးတော့ ကျုပ် ဟိုင်သန်းအဆင့် တက်ရောက်မယ်ဆိုရင် မိုးမြေစွမ်းအားတွေ ရှုတ်ထွေးကုန်ပြီး ဆူညံမှုတွေဖြစ်လာရင် သဘာဝတရားရဲ့ ဒြပ်စင်ငါးမျိုးနဲ့ ယင် နဲ့ ယန်စွမ်းအားတွေလည်း ရှုတ်ထွေးကုန်လိမ့်မယ် ၊ ဒါကြောင့် ကျုပ် တစ်နေရာကို သွားမှဖြစ်မယ်"

ဆန်းလျန်ပြောသည်မှာ အကျိုးအကြောင်းညီညွတ်သည်ဟု စုန့်ချင်းယီ တွေးလိုက်မိလေသည်။ ဟိုင်သန်းအဆင့်ကို တက်ရောက်သည်မှာ တာအိုလမ်းစဉ်သို့ စတင်ဝင်ရောက်ခြင်း

ဖြစ်လေသည်။ ထိုအဆင့်မှာ နတ်မိစ္ဆာများ မိုးကြိုးပစ်ခံပြီး
လူသားအသွင်ရယူခြင်းနှင့် တူညီမှု လုံးဝမရှိပေ။ ဟိုင်သန်း
အဆင့်တက်ရောက်ရာတွင် ဖြစ်ပေါ်လာသည့် ဆူညံမှုများ
ကြောင့် မိုးမြေစွမ်းအားများ ရှုတ်ထွေးကုန်မည်ဖြစ်လေသည်။
ထိုခဏလေးအတွင်းမှာပင် ကျင့်ကြံသူနှင့် မိုးကောင်းကင်မှာ
လည်း တစ်ဒင်္ဂမျှ ပေါင်းစပ်သွားမည်ဖြစ်လေသည်။ မိုးမြေ
စွမ်းအားများ မည်မျှ ရှုတ်ထွေးကုန်မည်ဆိုသည်ကလည်း ဟိုင်
သန်းအဆင့်တက်ရောက်မည့် ကျင့်ကြံသူ၏ တန်ခိုးစွမ်းအား
အပေါ်တွင်မူတည်လေသည်။
ထို့ပြင် ပြင်ပပြဒါးရှင် နည်းလမ်းနှင့်ဟိုင်သန်းအဆင့်
တက်ရောက်သူများ ၊ နတ်ဒေဝါအမြုတေဖြင့် ဟိုင်သန်းအဆင့်
တက်ရောက်သူများမှာ သူတို့၏ ကိုယ်ပိုင် ကျင့်စဉ်
လမ်းကြောင်းကို တီထွင်လျှောက်လှမ်းနိုင်ကြမည်မဟုတ်ပေ။
ထို့ကြောင့် သူတို့အတွက်တော့ မိုးမြေစွမ်းအားရှုတ်ထွေးမှုမှာ

သိပ်ပြီး မပြောပလောက်ပေ။ သူတို့၏ သိမြင်မှုမှာလည်း နည်းပါးသည့်အတွက် ဟိုင်သန်းအဆင့်တက်ရောက်သည့်တိုင် မည်သည့် ပြဿနာမှ မရှိနိုင်ပေ။ သူတို့ရရှိသည့် အမြင့်ဆုံး အဆင့်မှာလည်း ပုံပြောင်းအဆင့် ငါးခုလောက်သာ ရှိလေသည်။

သို့သော် အလွန်စွမ်းအားကောင်းသည့် နတ်ဒေဝါအမြုတေရရှိသူမှာတော့ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် ခုနစ်ဆင့် ၊ ရှစ်ဆင့် ၊ ကိုးဆင့် ဖြင့်တက်ရောက်နိုင်ရန် အလားအလာရှိလေသည်။ သို့သော် ကိုယ်ပိုင်ကျင့်စဉ်လမ်းဖြင့် ဟိုင်သန်းအဆင့် တက်ရောက်ကြသည့် ကျင့်ကြံသူများကတော့ သူတို့ကိုယ်ပိုင် ကျင့်စဉ်လမ်းကြောင်းဖြင့် ဟိုင်သန်းအဆင့်သို့တက်ရောက်နိုင်ခြင်းဖြစ်သဖြင့် ပိုပြီး တန်ခိုးစွမ်းအား ကြီးမားမည် ဖြစ်လေသည်။

ထိုအချိန်မှာပင် ချီးရှီးအနားသို့ရောက်လာလေသည်။ သူမက ဆန်းလျန်မှာ ကျင့်စဉ်လမ်း အဆင့်တက်လှမ်းနိုင်ရန်အတွက် ထွက်ခွာသွားတော့မည်ဟုပြောသည့် နှုတ်ဆက်စကားကို ကြားလိုက်ရလေသည်။ သူမဆန်းလျန်အတွက် လွန်စွာပျော်ရွှင်မိလေသည်။ သို့သော် တစ်ချိန်တည်းမှာပင် ဆန်းလျန်နှင့် မခွဲနိုင် မခွာနိုင် ဖြစ်ရပြန်သည်။ သူမအတွက် စုန့်ချင်းယီက အစ်ကိုတစ်ယောက်နှင့်တူပြီး ဆန်းလျန်ကတော့ ဆရာတစ်ယောက်နှင့် တူလေသည်။ သူမအတွက် ဆန်းလျန်ဆီမှ သင်ယူစရာ များစွာရှိနေသေးသည်။ ထို့ပြင် သူမကို ဆန်းလျန် ကယ်တင်ခဲ့သည့် အချိန်ကိုလည်း သတိရမှတ်မိနေဆဲဖြစ်လေသည်။

သို့သော် ကျင့်ကြံသူတိုင်းသည် စိတ်ခံစားမှုနောက်သို့ လိုက်ကြသည့်သူများမဟုတ်ပါ။ ထို့ပြင် ဆန်းလျန် အဆင်ပြေပြေဖြင့်

ဟိုင်သန်းအဆင့်တက်ရောက်ပြီးသွားလျှင် သူမတို့ နောက်တစ်ကြိမ်ပြန်ဆုံခွင့် ရလျှင်လည်း ရနိုင်ဦးမည်ဖြစ်လေသည်။

သို့သော်...

ဆန်းလျန် စုန့်ချင်းယီနှင့် ချီးရှီးကို သံယောဇဉ်ဖြတ်ကာ နှုတ်ဆက်သွားသည့်အခါတွင်တော့ အဆုံးမရှိသည့် လွမ်းတေးတစ်ပုဒ်အလား လွမ်းဆွေးရလေတော့သည်။

"နှစ်ပေါင်းနှစ်ဆယ်ကြာအောင်....

ရတနာဓားကိုရှာဖွေရန်ထွက်ခွာသွားသည့် ဓားသမားတစ်ယောက်...

သစ်ရွက်တွေကြွေခဲ့သလို....

ရွက်နုတွေလည်း ဝေခဲ့ပြီ ....

မက်မွန်ပန်းတွေကို အမှတ်မထင် သူငေးကြည့်မိတဲ့အခါ....

ထိုခဏလေးမှာ....

ယခုအချိန်ထိ နှစ်ပေါင်းများစွာ....

သူ့အတွက် နောင်တရစရာမရှိခဲ့ပါ..."

ဆန်းလျန်လည်း ဟိုင်သန်းအဆင့်တက်ရောက်ရန် စောင့်ဆိုင်းခဲ့ရသည်မှာ နှစ်ပေါင်းနှစ်ဆယ် ကြာခဲ့ပြီဖြစ်လေသည်။

အခန်း (၁၇၁)

ထိုက်ရှီးအဆင့်လေးဆင့်

ဆန်းလျန်မှာ ချီးရှီးနှင့် စုန့်ချင်းယီကို နှုတ်ဆက်လမ်းခွဲလာခဲ့သည့်တိုင် ဟိုင်သန်းအဆင့်တက်ရောက်ရန်အတွက် မည်သည့်နေရာသို့ သွားရောက်ရမှန်းမသိသေးပါ။ သို့သော် သူက

ဝိညာဉ်စွမ်းအားအဆင့်မြင့်သူတစ်ယောက်ဖြစ်သည့်အတွက် သိပ်တော့ စိတ်ပူပန်ခြင်းမရှိပေ။

သူ တကယ်ပဲ ဟိုင်သန်းအဆင့်တက်ရောက်နိုင်တော့မည်ဟု ယုံကြည်နေမိပြီး ကျင့်စဉ်လမ်းကိုလည်း ရှင်းလင်းစွာ မြင်နေရပြီဖြစ်လေသည်။

"ဟိုင်သန်းအဆင့်ဆိုသည်မှာ တာအိုကျင့်စဉ်လမ်းသို့ ဝင်ရောက်ရန် အဓိကသော့ချက်ဖြစ်သည်" ဟု ရှေးဆရာသခင်များ ဆိုခဲ့ကြလေသည်။

ဆန်းလျန်အတွက်တော့ တာအိုကျင့်စဉ်လမ်းကို ရရှိရန် မည်သည့်လျှို့ဝှက်ချက်မှ မရှိပါ။ သူ့အနေဖြင့် ပြတင်းတံခါးမှ စက္ကူလေးကို ထိုးဖောက်လိုက်ရသကဲ့သို့ပင်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်သည် အစပိုင်းမှာပင် မိုး ၊ မြေနှင့် ကျင့်စဉ်လမ်းကို ရှင်းလင်းဖော်ပြသည့် အဆင့်မြင့် ကျင့်စဉ်တစ်ခုဖြစ်သောကြောင့်ပင်။ ထို့ပြင်

သူ ရှင်းလင်းစွာသိရှိထားသည့် ဆရာဘိုးဘိုးယွမ်ချင်း၏ ဓား
ဝိညာဉ်ကလည်း ကျင့်စဉ်လမ်းမှ အရံအတားများကို
ကျော်လွှားနိုင်ရန် များစွာကူညီပေးလေသည်။
အခက်အခဲများကို ကျော်လွန်နိုင်ခြင်းက သူ့ကို လူပီသစေလေ
သည်။
ဆန်းလျန်က ကျင့်စဉ်လမ်းတွင် လေ့လာသင်ယူရင်း ရှေ့သို့
ဖြည်းဖြည်းမှန်မှန် တက်လှမ်းရခြင်းကို မှန်ကန်သည်ဟု
ယုံကြည်လေသည်။
ဆန်းလျန် ဟိုင်သန်းအဆင့်တက်ရောက်ရန်အတွက် ကျင့်ကြံခဲ့
ရသည်မှာ အနှစ်နှစ်ဆယ်ပင် ကြာခဲ့ပြီဖြစ်လေသည်။ သူက ဟို
င်သန်းအဆင့်တက်ရောက်ရာတွင် လျှင်မြန်ခြင်းမရှိ
သော်လည်း သူကျင့်ကြံခဲ့သည့် ကျင့်စဉ်များက အခြေခံ
အုတ်မြစ် ခိုင်မာလေသည်။ အခြားသူများ၏အမြင်တွင်တော့
သူကျင့်စဉ်လမ်းအဆင့်တက်သည်မှာ မြန်ဆန်သည်ဟု ထင်နိုင်

ကောင်းထင်နိုင်သလို သူကိုယ်တိုင်ကလည်း သူရရှိမည့်

အောင်မြင်မှုအတွက် များစွာဂုဏ်ယူမိခဲ့ပါသည်။

ချမ်းမော့နှင့် ရှောင်ရှင်မှာ ဆန်းလျန်ဆီသို့ အတောင်များ

တဝုန်းဝုန်းခတ်ကာ ပျံသန်းလာကြပြီး အနားတွင် ကျီကျီကြာ

ကြာ အော်မည်ကြလေတော့သည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ဒီ နှစ်ကောင်ကတော့လေ ၊ ငါ့ကို အေးအေးဆေးဆေး မနေစေ

ချင်ကြဘူး"

ဟု ပြောလိုက်မိလေသည်။

ချမ်းမော့ကာ ခေါင်းကိုမော့ကာ ဆန်းလျန်ဆီသို့ ပျံသန်းလာ

လေသည်။ မာနကြီးသည့် ငှက်လေး၏ ပုံစံမှာ "ငါ့လောက်

မည်သူမှ မတော်ဘူး" ဆိုသည့် ပုံသဏ္ဍာန်မျိုးနှင့်ဖြစ်လေသည်။

ဆန်းလျန်က ချမ်းမော့ကို ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက်

ချလိုက်သည်။

"မင်းက ဒီလောက်ပိစိကွေးလေးဖြစ်နေတာ မင်းကို စီးပြီးပျံဖို့ ဆိုဆာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

ချမ်းမော့က လူစကားနားလည်သည့် ငှက်လေးဖြစ်သောကြောင့် ဆန်းလျန်၏ စကားများကိုနားလည်လေသည်။ ထို့ကြောင့် သူ၏အတောင်ပံများကို တဖျတ်ဖျတ်ခတ်ကာ ဆန်းလျန် ပခုံးပေါ်သို့ နားရန်ပြင်လိုက်လေသည်။ ဆန်းလျန်က လျှင်မြန်စွာရှောင်လိုက်လေသည်။

ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် ရှောင်လိုက်ခြင်းဖြစ်လေသည်။ သို့သော် ထိုသို့လှုပ်ရှားလိုက်သည့်အချိန်တွင် ဆန်းလျန်မှာ ကျင့်စဉ်လမ်းအဆင့်တစ်ခုတက်သွားသလို ခံစားလိုက်ရလေသည်။ ချမ်းမော့၏လျှင်မြန်မှုမှာ ရှာမှရှားသည့် လျှင်မြန်မှုမျိုးဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့ ပေါ့ပေါ့ပါးပါးနှင့်ပင် သူမကို ရှောင်ထွက်လိုက်လေသည်။

ချမ်းမော့မှာ ဆန်းလျန်က သူမကို ရှောင်တိမ်းလိုက်သည့်အတွက် တစ်ချက်တွေဝေသွားလေသည်။ ဆန်းလျန်မှာ သူမကို ခါတိုင်းလည်း ရှောင်တိမ်းနိုင်လေသည်။ သို့သော် ယခုတစ်ကြိမ်တွင်တော့ သာမန်မျှသာ ရှောင်တိမ်းလိုက်ခြင်းဖြစ်လေသည်။ ဆန်းလျန်က သူမ၏လှုပ်ရှားမှုကို ကြိုသိနေသည့်အလား ရှောင်တိမ်းလိုက်ခြင်းဖြစ်လေသည်။

ချမ်းမော့က စပ်စုလိုစိတ်ဖြင့် ဆန်းလျန်အနား သို့ကပ်လာပြန်လေသည်။ ဆန်းလျန်က ချမ်းမော့ကို ရှောင်လိုက်ပြန်သည်။ ဆန်းလျန်မှာ နေရောင်အောက်တွင် အရိပ်ပင်မထင်အောင် လျှင်မြန်လွန်းလှလေသည်။

နောက်တစ်ကြိမ်တွင်တော့ ဆန်းလျန်က ရှောင်တိမ်းရုံသာမက ချမ်းမော့၏ ငှက်မွေးလေးများကိုပင် လှမ်းဆွဲလိုက်လေသည်။ အကြိမ်အနည်းငယ် ကြိုးစားပြီးသည့်နောက် ချမ်းမော့မှာ စိတ်ပျက်သွားရှာလေသည်။

ဆန်းလျန်က ငှက်ငယ်လေးကို ကြည့်ပြီး ပြုံးလိုက်ရင်း...

"မင်းက ဘယ်လောက်ပဲမြန်မြန် မင်းဆီက ဝိညာဉ်စွမ်းအားကို ငါ့ဆီကနေဖုံးကွယ်ထားလို့မရဘူးလေ ၊ မင်း မလှုပ်ရှားခင်မှာ မင်းဘာလုပ်မယ်ဆိုတာ ကျုပ်က သိနေပြီးသားပဲ ၊ မင်း ကျုပ်ကို ထိလို့ရမှာမဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

ဆန်းလျန်က ချမ်းမော့ လူစကားနားလည်သည်ဖြစ်စေ မလည်သည်ဖြစ်စေ ဂရုမစိုက်ပါ။

သို့သော် ချမ်းမော့က ဆန်းလျန်၏ စကားကို နားလည်သည့်အလား အတောင်ပံများကို တဖျတ်ဖျတ် ခတ်လိုက်လေသည်။

ဆန်းလျန်မှာ အန္တရယ်အရိပ်အငွေ့ကို ခံစားလိုက်ရပြီး လက်နှစ်ချောင်းဖြင့် ချမ်းမော့ကို တားဆီးလိုက်လေသည်။ ချမ်းမော့၏ နှုတ်သီးမှာ ဆန်းလျန်၏ နားရွက်ဖျားလေးကို ဆိတ်ရန်အတွက် တစ်လက်မခန့်သာ လိုတော့လေသည်။

ငှက်လေးမှာ အလွန်မှ ထူးခြားသည့် စွမ်းရည်များရှိလေသည်။ သူက ယင် စွမ်းအားကို ယန် စွမ်းအားသို့ ပြောင်းလဲ နိုင်လေသည်။ ဆန်းလျန်မှာ အငိုက်မိတော့မလိုပင် ဖြစ်သွားရလေသည်။

လောကရှိအရာအားလုံးကို ယင် နှင့် ယန်က ထိန်းချုပ်ထားလေသည်။ လေ၏လှုပ်ရှားမှုကဲ့သို့ပင်ဖြစ်လေသည်။ လေအေးစီးကြောင်းနှင့် လေနွေးစီးကြောင်း ပေါင်းစပ်ပြီး လေထုကို ဖန်တီးထားသကဲ့သို့ပင်။

ထို့ကြောင့် ဝိညာဉ်စွမ်းအားရွှေ့လျားပြီဆိုလျှင် ယင် နှင့် ယန် စွမ်အားနှစ်ခု ပေါင်းစပ်ပြီးမှ ရွှေ့လျားနိုင်လေသည်။

ထိုအဆင့်ကို အချို့သော ဟိုင်သန်းအဆင့် ကျင့်ကြံသူများပင် နားမလည်ကြပေ။ သို့သော် ဆန်းလျန်ကတော့ ထိုက်ရှီး နည်းဗျူဟာ ကျင့်စဉ်ကို ကျင့်ကြံခဲ့သည့်အတွက် ထိုအချက်ကို ကောင်းကောင်းနားလည်လေသည်။

ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်တွင် အဆင့်လေးဆင့်ရှိပြီး ထို အဆင့်များမှာ အနိမ့်အမြင့်မရှိ တန်းတူပင် ဖြစ်လေသည်။ မည်သည့်အဆင့်က နိမ့်ပြီး မည်သည့်အဆင့်က မြင့်သည် ဟူ၍မရှိပေ။ "ဖန်တီးခြင်းအဆင့် ၊ ထိန်းချုပ်ခြင်းအဆင့် ၊ ကန့်သတ်ခြင်းအဆင့် နှင့် သဏ္ဌာန်ပြောင်းခြင်းအဆင့်" တို့ဖြစ်လေသည်။

ကျိုလင်နတ်သမီးသည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ သဏ္ဌာန်ပြောင်းခြင်းအဆင့်ကို အသုံးပြု၍ လှည့်စားမှု တန်ခိုးစွမ်းအားများကို အသုံးချခဲ့ခြင်းဖြစ်လေသည်။ လောကတွင် လူအနည်းစုပင် ထိုသို့သော တန်ခိုးစွမ်းအားကို အသုံးပြုနိုင်လေသည်။ အားကြီးသည့် တန်ခိုးစွမ်းအားဖြစ်စေ ၊ အားနည်းသည့် တန်ခိုးစွမ်းအားဖြစ်စေ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ရှုံးနိမ့်ရသည်ချည်းပင်ဖြစ်လေသည်။

လက်ရှိတွင် ဆန်းလျန်က "ကန့်သတ်ခြင်းအဆင့်" ကို ကျင့်ကြံအောင်မြင်ပြီးပြီဖြစ်လေသည်။ ထိုအဆင့်က သဏ္ဌာန်ပြောင်းခြင်းအဆင့်နှင့် မတူညီပေ။ ထိုအဆင့်က စကြာဝဠာတွင်းမှ မည်သည့်မိုးမြေစွမ်းအားကိုမဆို ကိုယ်ပိုင်တန်ခိုးစွမ်းအားအဖြစ်ပြောင်းလဲနိုင်လေသည်။ အမှန်တော့ ကန့်သတ်ခြင်းအဆင့်မှာ တကယ်တမ်းရန်သူနှင့်ရင်ဆိုင်တွေ့ရလျှင် သဏ္ဌာန်ပြောင်းခြင်းအဆင့်လောက် အစွမ်းထက်ခြင်းမရှိပေ။ သို့သော် ကျဉ်းထဲကြပ်ထဲရောက်နေသည့်အချိန်တွင်တော့ အလွန်မှ တန်ဖိုးရှိသည့် တန်ခိုးစွမ်းအားကိုပေးလေသည်။ မိုးမြေစွမ်းအားများကို တစ်ခဏချင်းအတွင်းမှာပင် တစ်ချက်တည်းဖြင့် ဖောက်ခွဲပစ်နိုင်လောက်သည့် အစွမ်းရှိလေသည်။ ဆန်းလျန်အနေဖြင့် ထိုအစွမ်းဖြင့်ပင် ကျင့်ကြံသူလောကတွင် မည်သည့် အန္တရာယ်ကိုမှ မမှုဘဲ လွတ်လပ်စွာ သွားလာနိုင်လေသည်။

အခြားတစ်နည်းဖြင့်ပြောရမည်ဆိုလျှင် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်သည် ကျင့်ကြံသူကို စောင့်ရှောက်ပေးနိုင်သည့် ကျင့်စဉ်တစ်ခု ဖြစ်လေသည်။ ထိုကျင့်စဉ်ထဲတွင် မည်သည့် ဂါထာမန္တန်မှ မပါဝင်သော်လည်း "ဖန်တီးခြင်းအဆင့် ၊ ထိန်းချုပ်ခြင်းအဆင့် ၊ ကန့်သတ်ခြင်းအဆင့် နှင့် သဏ္ဍာန် ပြောင်းခြင်းအဆင့်" အဆင့်လေးဆင့်ကိုသာ နားလည်အောင် ကျင့်ကြံနိုင်လျှင် စကြဝဠာတစ်ခုလုံး ခြေဖဝါးအောက်သို့ ရောက်နိုင်သည်အထိ အစွမ်းထက်မြက်လေသည်။

ရှီးဟွမ်နယ်ဆိုးမှာ ပရမ်းပတာနှင့် မိစ္ဆာများလည်းပေါများသော နယ်မြေတစ်ခု ဖြစ်လေသည်။ ထို့ကြောင့် ဟိုင်သန်းအဆင့် တက်ရောက်ရန်အတွက် တိတ်ဆိတ်သည့်နေရာတစ်ခု ရှာဖွေ ရန် ခက်ခဲလွန်းလှသည်။ သို့သော် ဆန်းလျန်က "ကန့်သတ်ခြင်း အဆင့်" ကျင့်ကြံအောင်မြင်ထားသည့်အတွက် မိုးမြေစွမ်းအား အပြောင်းအလဲများကို နားလည်သူဖြစ်သည်။

"ကန့်သတ်ခြင်းအဆင့်" တန်ခိုးစွမ်းအားကြောင့် ဆန်းလျန်၏ တည်ရှိမှုကို သိနိုင်သည်ဆိုလျှင်တောင် ဆန်းလျန်ကို မည်သူမျှ မြင်တွေ့နိုင်ခြင်းမရှိအောင် ကာကွယ်ပေးထားနိုင်လေသည်။ ထို့ပြင် လူအများစုမှာ တစ်လပိုင်း ဆယ့်ငါးရက်နေ့တွင် ကျင်းကွမ်းဝတ်ကျောင်းတော်တွင်

ပြုလုပ်မည့် ဟွေခဲ့ဆရာတော်နှင့် ပေါင်ယွဲ့ဆရာတော်ကြီး၏ စကားရည်လုပွဲကို စိတ်ဝင်စားနေကြလေသည်။ ထို့ကြောင့် ဆန်းလျန်အပေါ်တွင် မည်သူမျှ စိတ်အာရုံမရောက်ကြပေ။ ဆရာတော်ကြီးနှစ်ပါး၏ တရားစကားရည်လုပွဲမှာ ရှားပါးဖြစ်ရပ်တစ်ခုဖြစ်သောကြောင့် ကျင့်ကြံသူများစွာက လက်လွှတ်မခံနိုင်ဘဲ ကြည့်ရှုချင်ကြလေသည်။ ဆရာတော်ကြီးနှစ်ပါး၏ တရားကိုနားထောင်ရန်အတွက် ကျင့်ကြံသူများစွာ ဟိုတစ်စု ဒီတစ်စုဖြင့် ရောက်ရှိနေကြပြီ ဖြစ်လေသည်။ ထို

သူများထဲတွင် ဗုဒ္ဓဘာသာမဟုတ်သူများလည်း များစွာ ပါဝင်ကြသည်။
မြင့်မြတ်သည့်ဗုဒ္ဓဘာသာကျင့်စဉ်ဂိုဏ်းများ
စကားရည်လုသည်မှာ ရှားပါးသည့်ဖြစ်ရပ်ဖြစ်သည့်အတွက်
လောကနတ်ဘုရားများပင် လာရောက် နားထောင်ကြလေ့ရှိသည်။
နတ်ဘုရားကျောင်းတော်များကတော့ ထိုသို့ စကားရည်လု
တရားဟောပြောပွဲများကို လုပ်လေ့မရှိကြပေ။
အဘယ်ကြောင့်ဆိုသော် သူတို့က ကျောင်းတော်တွင်းကျင့်စဉ်
ပညာများကို ထိန်းသိမ်းထားပြီး ပြင်ပမှ ကျင့်စဉ်ကိုလည်း မရှာဖွေကြသောကြောင့် ဖြစ်သည်။
အမှန်တော့ ဗုဒ္ဓကျင့်စဉ်လမ်းနှင့် တာအိုကျင့်စဉ်လမ်းများမှာ
ကွဲပြားမှု သိပ်မရှိလှပေ။

တာအိုကျင့်စဉ်နှင့် ဗုဒ္ဓကျင့်စဉ်နှစ်မျိုးလုံး သင်ပြပေးသည့်

နတ်ဘုရားကျောင်းတော်များပင် ရှိလေသည်။

တစ်လပိုင်း ဆယ့်ငါးရက်နေ့မှာ လပြည့်နေ့ဖြစ်လေသည်။

ကျင်းကွမ်းဝတ်ကျောင်းတော်က ရောက်ရှိလာသည့် ကျင့်ကြံ

သူများနှင့် တရားနာပရိတ်သတ်များကို တံခါးဖွင့်ကာ ကြိုဆို

လိုက်သည်။

တောင်တကက်လမ်းတစ်လျှောက်တွင်လည်း မီးတိုင်များ လင်း

ထိန်နေအောင် ထွန်းညှိထားလေသည်။

မီးတိုင်များ၏ အလင်းရောင်မှာ ကောင်းကင်တစ်ဝက်

တိုင်အောင်တောင် လင်းထိန်နေလေသည်။

ပေါင်ယွဲ့ဆရာတော်ကြီးမှာ ခမ်းနားမှုများကို နှစ်သက်ခြင်းမရှိ

သည့် သူတော်စင် ဘုန်းတော်ကြီးတစ်ပါးဖြစ်လေသည်။

သို့သော် စကားရည်လုပွဲမှာ ဗုဒ္ဓဘာသာဂိုဏ်းများအတွက်

ထူးခြားသည့် ပွဲတစ်ပွဲဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကို

ဂုဏ်တက်စေရန် သင့်တင့်သည့်အပြင်အဆင်များကိုတော့

ခမ်းနားစွာ ဆောင်ရွက်ထားလေသည်။

ထို မီးအိမ်များမှာ စိတ်စွမ်းအားကို အသုံးပြုပြီး ထွန်းညှိထား

ခြင်းဖြစ်သည်။ ဆရာတော်ကြီး၏ ဂုဏ်သတင်းနှင့် တန်ခိုး

စွမ်းအား မြင့်မားမှုကို ဖော်ပြထားခြင်းလည်း ဖြစ်လေသည်။

ဆရာတော်ကြီး၏ တန်ခိုးမှာ သမုဒ္ဒရာတစ်စင်းအလား

နက်ရှိုင်းမှုကို ခန့်မှန်းရန် ခက်ခဲလှသည်။

အန္တရယ်ပြုလိုသည့်ရည်ရွယ်ချက်ဖြင့် တောင်ပေါ်သို့တက်လာ

သည့် ကျင့်ကြံသူ သို့မဟုတ် နတ်မိစ္ဆာများသည် စိတ်စွမ်းအား

မီးတိုင်များကြောင့် စိတ်များရှုတ်ထွေးလာမည်ဖြစ်ပြီး

ကြောက်ရွံ့တုန်လှုပ်ကာ တောင်ပေါ်သို့ ရောက်အောင်တက်လာ

ရဲတော့မည်မဟုတ်ပေ။

သို့သော် ထိုမီးအိမ်များမှာ သာမန်အဆင့် ကျင့်ကြံသူများနှင့်

သာမန်နတ်မိစ္ဆာများကိုသာ တားဆီးနိုင်မည်ဖြစ်ပြီး တန်ခိုး

စွမ်းအားကြီးမားသည့်သူများကိုတော့ တားဆီးနိုင်မည်မဟုတ်

ပေ။

အခန်း (၁၇၂)

 မင်းက ဘယ်က နတ်မိစ္ဆာကောင်လဲ

တောင်ထိပ်တွင် ဘုံကိုးဆင့်ပါသည့် စေတီတစ်စူရှိလေသည်။

ထိုစေတီကို ထူးဆန်းသည့် ကျောက်တုံးကြီးတစ်တုံးဖြင့်

တည်ထားခြင်းဖြစ်လေသည်။ ကျင်းကွမ်းဝတ်ကျောင်း

တော်၏ ယခင် ကျောင်းထိုင်ဆရာတော်ကြီးသည် ရှီးဟွမ်တွင်

ထူးဆန်းသည့် ကျောက်တုံးကြီးတစ်တုံးကို တွေ့ရှိခဲ့ပြီး

သူ၏တန်ခိုးဖြင့် ကျောက်တုံးကြီးကို တောင်ပေါ်သို့ ပို့ဆောင်ခဲ့လေသည်။

ထိုစေတီတော်ကို "ဖေးထိုင်" စေတီတော်ဟု လူသိများကြလေသည်။

တောင်ထိပ်တွင် ပြန့်ပြူးသည့် မြေနေရာများရှိပြီး

ကျောင်းဆောင်ပေါင်း ဆယ်ခုကျော် တည်ဆောက်ထားသည်။

ကျောင်းဆောင်တိုင်းမှာ ရောင်ခြည်မျိုးစုံတောက်ပနေကြလေသည်။ သို့သော် ကြီးမြတ်သည့်ပေါင်ယွဲ့ဆရာတော်ကြီး၏ ဂုဏ်ကျက်သရေကို ကျော်လွန်၍ တောက်ပနိုင်ခြင်း မရှိကြပေ။

ထိုကျောင်းဆောင်လေးများမှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ ဘုန်းတော်ကြီးများနေထိုင်သည့် ကျောင်းဆောင်များ ဖြစ်ကြလေသည်။ ယခုတော့ စကားရည်လုပွဲသို့လာရောက်ကြသည့် ပရိတ်သတ်များက အသီးသီးနေရာယူကာ ထိုင်နေကြလေ

သည်။ တရားနာသူများထဲတွင် တာအိုလမ်းသို့ လိုက်လျှောက်ချင်သည့် နတ်မိစ္ဆာများ ၊ အန္တရယ်ရှိသည့် နတ်မိစ္ဆာများနှင့် မိစ္ဆာကျင့်စဉ်ကိုကျင့်ကြံကြသည့် နတ်မိစ္ဆာများလည်းပါဝင်လေသည်။ သို့သော် ထိုနတ်မိစ္ဆာများ၏အဆင့်မှာ ရှီးဟွမ်မှ နတ်မိစ္ဆာများထက်အဆင့်မြင့်ကြပြီး ခွဲခြားသိရှိနိုင်ရန် ခက်ခဲလေသည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာလေးမှာ အရှေ့ဘက်ကျောင်းဆောင်တွင် နေရာယူထားလေသည်။ သူ၏နေရာမှ လထွက်လာသည်ကို တွေ့မြင်နိုင်လေသည်။ ထို့ကြောင့် လရောင်ကိုကြည့်ရှုခံစားရင်း အေးချမ်းစွာ နေနိုင်လေသည်။ စုန့်ချင်းယီ၏ ကျင့်စဉ်အဆင့်မှာ ယခုထက်ပိုပြီး မြင့်မားနေမည်ဆိုလျှင် ထို တာအိုဆရာလေးထိုင်သည့်နေရာတွင် သူလည်း ထိုင်ခွင့်ရမည်ဖြစ်လေသည်။ ကွမ်းချင်းနတ်ဘုရားကျောင်းတော်သည် မည်မျှပင် တန်ခိုးစွမ်းအားကြီးမားနေပါစေ

ရှန်ဆန်းကျန်းရန်လုကျိုးယွမ်၏ ရှမ်ထျန်းဂိုဏ်းနှင့်တော့
နှိုင်းယှဉ်၍မရနိုင်ပေ။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာလေးသည် လက်ထဲ
တွင် ဖူချန်ကို ကိုင်ဆောင်ထားပြီး နတ်ဘုရားတစ်ပါးအလား
လရောင်အောက်တွင် လင်းလက်တောက်ပလျှက်ရှိလေသည်။
သူ၏ကိုယ်ရောင်ကိုယ်ဝါမှာ လရောင်နှင့်ပေါင်းစပ်သွားပြီး
သာမန်ထက်ထူးခြားစွာ လင်းလက်နေလေသည်။ ကျင့်ကြံသူ
အများစုမှာ ထိုတာအိုဆရာလေးကို တိတ်တဆိတ်ငေးမော
ကြည့်နေမိကြလေသည်။

(ဖူချန် = တာအိုဆရာများကိုင်သည့် မြင်းမြီးကဲ့သို့သော နှင်တံ
ကိုဆိုလိုသည် - ဘာသာပြန်သူ)

ဂိုဏ်းဂဏမရှိ တစ်ဦးချင်းကျင့်ကြံကြသည့် ကျင့်ကြံသူများမှာ
ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို အသိအမှတ်ပြု လာရောက်ဂါရဝ
ပြုကြလေသည်။

ထို့ကြောင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာလေးရှေ့တွင် ဂါရဝပြုရန် တန်းစီနေကြသည့် လူတန်းကြီးကို တွေ့မြင်နိုင်လေသည်။ သို့သော် ထိုသူများထဲတွင် ထင်ထင်ရှားရှားနာမည်ကြီးသူများတော့ မပါဝင်ပေ။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာလေး၏နာမည်မှာ ဟွမ်ကျန်းဖြစ်လေသည်။ သူက ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် အရေးပါသူတစ်ဦးလည်းဖြစ်သည်။

သူ၏ဘေးနားတွင်တော့ လရောင်ကဲ့သို့ ဖြူစင်ဝင်းပနေသည့် တာအိုဝတ်စုံကိုဝတ်ဆင်ထားသည့် သက်လတ်ပိုင်းအရွယ် တာအိုဆရာသခင် တစ်ပါးထိုင်နေလေသည်။ ထိုသူ၏မျက်နှာက ကြည်လင်ထင်ရှားနေပြီး မုတ်ဆိတ်မွေးများက လေထဲတွင် လွင့်နေလေသည်။

သူက လာရောက်ကြသည့် ဧည့်ပရိတ်သတ်ပေါင်းများစွာကို ကြည့်ရင်း မချီးကျူးဘဲ မနေနိုင်ပေ။

"ကျုပ် ဒီလောက်လူစည်ကားတာမျိုး မတွေ့ရတာကြာလှပြီပဲ ၊ ကျုပ်ရဲ့မိတ်ဆွေကြီး ဟွေခဲ့ဆရာတော်ကတော့ ဒီနေ့ကို ကျော်လွန်ရင် လုန်ဟွာအဆင့်ကို တက်ရောက်နိုင်မလားတောင် မသိဘူး"

ဟု ပြောလိုက်လေသည်။

လုန်ဟွာဆိုသည်မှာ ဗောဓိသတ္တနှင့် နတ်ဘုရားများ ထာဝရအသက်ရှင်သန်သည့်အဆင့်သို့ ရောက်ရှိခြင်းကို ဆိုလိုခြင်းဖြစ်လေသည်။ တာအိုကျမ်းစာများနှင့် ဗုဒ္ဓကျမ်းစာများတွင် လုန်ဟွာပွဲတော်သို့ ထာဝရအသက်ရှင်သူ ဗောဓိသတ္တ ၊ နတ်ဘုရားများအားလုံး တက်ရောက်ကြရလေသည်။

တာအိုဆရာလေး ဟွမ်ကျန်းက ထိုသက်လတ်ပိုင်းအရွယ် တာအိုဆရာကို တစ်ချက်လှမ်းကြည့်ရင်း ပြုံးလိုက်လေသည်။

"အစ်ကိုပိုင်ရှီ ၊ အစ်ကိုက ဖော့ဝမ့်အဆင့်တက်လှမ်းနိုင်ဖို့ လမ်းတစ်ဝက်မှာရောက်နေပြီ ၊ ပြီးတော့ လူ့လောကထဲမှာ ဒီလောက်

အကြာလှည့်လည်သွားလာနေတာတောင် လောကရဲ့ညစ်နွမ်းမှု တွေက အစ်ကို့ရဲ့စိတ်ကို ညစ်နွမ်းအောင် မစွမ်းဆောင်နိုင်ဘူး ၊ ကြည့်ရတာ အစ်ကိုက ကျွန်တော့်ထက်တောင် ကျင့်စဉ်အဆင့် တက်တာ စောနေမယ်ဦးမယ်ထင်တယ်"

ဟု တာအိုဆရာလေး ဟွမ်ကျန်းက ပြောလိုက်လေသည်။

ထိုသက်လတ်ပိုင်းတာအိုဆရာဖြစ်သည့် တာအိုဆရာသခင် ပိုင် ရှီမှာ မိုးမြေတစ်ခွင်တွင် အလွန်မှ နာမည်ကျော်ကြားသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ သူ၏ကျော်ကြားမှုမှာ နှစ်တစ်ရာကျော်ခဲ့ပြီဖြစ်ပြီး သူ၏တန်ခိုးစွမ်းအားများမှာ တိုင်း ဆ၍ပင်မရပေ။ သူက လောကနတ်ဘုရားတစ်ပါး ချန်ထားခဲ့ သည့် "ပိုင်ရှီ" ဟု အမည်ရသည့် အဖြူရောင်ဂူထဲတွင်နေထိုင် သည့်အတွက် သူ့ကို တာအိုဆရာသခင်ပိုင်ရှီဟု ခေါ်ကြခြင်း ဖြစ်လေသည်။

တာအိုဆရာသခင်ပိုင်ရှိတွင် မိတ်ဆွေအပေါင်းအသင်းများစွာရှိပြီး ချင်းရွှမ်နတ်တံခါးမှ ဆရာသခင် ကျန်းရော့ရှီးနှင့်လည်း ခင်မင်သူဖြစ်လေသည်။ ထို့ကြောင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာလေးဟွမ်ကျန်းက သူ့ကိုသိပ်ပြီး နှစ်သက်ခြင်းမရှိပေ။

ချင်းရွှမ်နတ်တံခါးနှင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းတို့မှာ တိုက်ရိုက်ပြဿနာဖြစ်ခြင်းမျိုးမရှိသည့်တိုင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ချင်းရွှမ်နတ်တံခါးကို လျှို့ဝှက်တိုက်ခိုက်နေသည့် ဂိုဏ်းတစ်ခုဖြစ်လေသည်။

တာအိုဆရာလေးဟွမ်ကျန်းမှာ အလွန်မှာ ဉာဏ်ရည်ထက်မြက်သည့်သူတစ်ယောက်ဖြစ်လေသည်။ ထို့ပြင် သူက ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် ချင်းရွှမ်နတ်တံခါးနေရာတွင် အစားထိုးဝင်ရောက်နိုင်လောက်အောင် တန်ခိုးစွမ်းအား ကြီးမားနေသည်ဆိုသည့်အကြောင်းကိုလည်း ဝါဒဖြန့်နေသူတစ်ယောက်ဖြစ်

လေသည်။ ထို့ကြောင့် တာအိုဆရာသခင်ပိုင်ရှီကဲ့သို့ ချင်းရှမ်နတ်တံခါးဘက်မှ ရပ်တည်ပေးမည့် တာအိုဆရာများကို အမြင်ကြည်လင်ခြင်း မရှိပေ။

သူက တာအိုဆရာသခင်ပိုင်ရှီကို မကောင်းတတ်၍သာ စကားပြောလိုက်ခြင်းဖြစ်ပြီး အခြားကိစ္စများ ဆက်လက်ပြောဆိုလိုခြင်းမရှိပေ။

တာအိုဆရာသခင်ပိုင်ရှီကတော့ တာအိုဆရာလေးဟွမ်ကျန်း၏စကားကြောင့် ပြုံးလိုက်မိသည်။

"ကျုပ်ရဲ့စိတ်ကိုသာ ညစ်နွမ်းစေမယ်ဆိုရင် ကျုပ်က ကျုပ်ရဲ့ဂူထဲမှာပဲ ကျင့်ကြံနေမှာပေါ့၊ ဒီလို လူတောထဲကို လာမှာတောင်မဟုတ်ဘူး"

တာအိုဆရာသခင်ပိုင်ရှီက ပြန်ပြောလိုက်လေသည်။

သူ၏တာအိုကျင့်စဉ်လမ်းသာ ပျက်စီးမည်ဆိုလျှင် သူက ယခုကဲ့သို့ ကိစ္စမျိုးတွင် ပါဝင်ပတ်သက်မည်မဟုတ်ပေ။

သို့သော် သူ့အနေဖြင့် ထိုအရာများအားလုံးကို နားလည်ပြီး သားဖြစ်နေသည့် တာအိုဆရာလေးဟွမ်ကျန်းကို သိပ်ပြီး ရှင်း ပြနေရန်လည်း မလိုပေ။

"လောကမှာ သန့်စင်တဲ့နေရာဆိုတာ ဘယ်မှာများရှိလို့လဲ ၊ ကျုပ်တို့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းရဲ့ ကျင့်ကြံသူတွေမှာ ဆရာသခင်တွေက သေချာသင်ပြပေးနေလို့ ကျုပ်တို့ဒီအဆင့် ထိရောက်လာတာ ၊ မိုးကောင်းကင်က သင်ပြပေးမှုကိုတောင် မ လိုပါဘူး"

တာအိုဆရာလေး ဟွမ်ကျန်းက ပြောလိုက်လေသည်။

သူက တာအိုဆရာသခင်ပိုင်ရှီကို လက်သီးပုန်းထိုးပြီး စကား ဖြင့်တိုက်ခိုက်လိုက်ခြင်းဖြစ်သော်လည်း မည်သူကမျှ သူ့ကို အပြစ်မတင်ကြပေ။

အဘယ်ကြောင့်ဆိုသော လောကတွင် မိုးကောင်းကင်အလိုကျ ကျင့်စဉ်လမ်းကို လိုက်လျှောက်သည်ဟု ဆိုကြသည့် ကျင့်ကြံ

သူအချို့ရှိလေသည်။ ထိုသူများက ကျင့်စဉ်လမ်းမအောင်မြင်သည့်အခါ မိုးကောင်းကင်အလိုကျဟု ဆိုတတ်ကြလေသည်။ အမှန်တော့ ထိုသူများမှာ မိုးကောင်းကင်ကို အသုံးချပြီးထိုသို့သော စကားမျိုးပြောသူများဖြစ်လေသည်။

လူတစ်ယောက်သည် ကျင့်စဉ်လမ်းကိုလျှောက်ပြီဆိုသည်နှင့် မနားမနေ ရှေ့သို့သာသွားသင့်လေသည်။ နောက်တွင် ကျန်ရစ်ခဲ့ပြီဆိုပါက ကျိန်းသေပေါက် သေခြင်းတရားကို ရင်ဆိုင်ရမည်ဖြစ်လေသည်။

တာအိုဆရာသခင်ပိုင်ရှီက ရယ်မောလိုက်လေသည်။

"ကျင့်စဉ်လမ်းအကြောင်း ပြောရကြေးဆိုရင် လွန်ခဲ့တဲ့တစ်လလောက်က ရှီးဟွမ်နယ်ဆိုးဘက်မှာ အသက်ဓာတ်စွမ်းအားတွေလှိုင်းလုံးကြီးတစ်ခုလို တလိမ့်လိမ့်တက်နေတာကို ညီငယ်သတိထားမိတယ်မဟုတ်လား ၊ အားလုံးက ဝိညာဉ်စွမ်းအားရတနာပစ္စည်းတစ်ခု ဖြစ်တည်လာလို့ ဒီလိုဖြစ်တယ်လို့ ထင်နေ

ကြတာ ၊ ဒါပေမယ့် တိမ်တိုက်တွေထဲမှာ နဂါးပုံသဏ္ဍာန်နဲ့ ကျား ပုံသဏ္ဍာန်တွေ ပေါ်ထွက်လာတော့မှ တစ်ယောက်ယောက်တော့ ဟိုင်သန်းအဆင့်ကို အောင်မြင်သွားပြီဆိုတာ သိခဲ့ရတယ် ၊ ဒါ ပေမယ့် အဲဒီဟိုင်သန်းကျင့်ကြံသူ ဘယ်နေရာမှာရှိတယ်ဆိုတာ ကို ကျုပ်လိုလူမျိုးတောင် ခြေရာခံလို့မရခဲ့ဘူး ၊ ပြီးတော့ အဲဒီ နေရာက မိုးမြေစွမ်းအားတွေ အမြဲတမ်းပြောင်းလဲနေတဲ့ နေရာ တစ်ခုပဲ ၊ သိပ်ကို အန္တရယ်များတယ် ၊ ဒါပေမယ့် မိုးကောင်းကင်က ခွင့်ပြုရန် မြေပြင်ကအန္တရယ်ဆိုတာ ဘာ တတ်နိုင်မှာလဲ ၊ အန္တရယ်ရှိတဲ့နေရာတောင် အန္တရယ်ကင်းတဲ့ နေရာတစ်ခုအဖြစ်နဲ့ အဲဒီကျင့်ကြံသူဟာ ဟိုင်သန်းအဆင့် တက်ရောက်နိုင်ခဲ့တာပဲ"

"အသက်ဓာတ်စွမ်းအားလှိုင်းလုံးတွေ တလိမ့်လိမ့်တက်နေတာ ကိုးရက်နဲ့ကိုးညတိတိကြာတယ် ၊ ကျုပ် အဲဒီနေရာကို သွားရှာ သေးတယ် ၊ အဲဒီနေရာက တကယ့် မြက်တောင်မပေါက်တဲ့

နယ်ကြမ်းတစ်ခုပဲ ၊ ဒါပေမယ့် အသက်ဓာတ်စွမ်းအားတွေ ပြည့်လာပြီးတိရိစ္ဆာန်တွေတောင် ပျော်မြူးနေကြတယ် ၊ အဲဒီနေရာမှာ တာအိုကျောင်းတော်တစ်ခုဖွင့်လို့မရဘူးဆိုရင်တောင်မှ တကယ့်မြင့်မြတ်တဲ့နေရာတစ်ခုအဖြစ် ပြောင်းလဲသွားတယ်"

"ဒါပေမယ့် ဟိုင်သန်းအဆင့်တက်ရောက်သွားသူက ဘယ်သူဆိုတာကို သဲလွန်စလေးတစ်ခုတောင် မကျန်ခဲ့ဘူး ၊ မင်းက အားလုံးကို သိတယ်ဆိုရင် အဲဒီလူဘယ်သူများလဲ မင်းသိနိုင်မလား"

တာအိုဆရာသခင်ပိုင်ရှီက ရှည်လျားစွာပြောလိုက်လေသည်။

တာအိုဆရာလေးဟွမ်ကျန်းက ဆရာပိုင်ရှီ၏စကားကို အလေးမထားသည့်ပုံစံဖြင့်...

"လောကမှာ အရည်အချင်းရှိတဲ့လူတွေ တစ်ပုံကြီးရှိတာပဲ ၊ ကျုပ်က တာအိုဆရာသခင်ကြီးတစ်ပါးလည်းမဟုတ် ၊ ဗော

ခိသဩကျလည်းမဟုတ်ဘဲနဲ့ ဘယ်လိုလုပ် အရာအားလုံးကို

သိမြင်နိုင်မှာလဲ"

ဟု ပြောလိုက်လေသည်။

တာအိုဆရာသခင်ပိုင်ရှီ၏ မျက်ဝန်းများတွင် အရောင်တစ်

ချက်လက်သွားလေသည်။

"မင်းကို ကျုပ် အကောင်းဘက်ကနေ အကြံဉာဏ်တစ်ခုပေး

မယ်နော်၊ ခုအချိန်မှာ မင်းက ထိပ်တန်းအဆင့် ဟိုင်သန်း

ကျင့်ကြံသူတစ်ယောက်ပဲ၊ ဒါပေမယ့် မင်းမှတ်ထားဖို့က မင်း

ထက်သာတဲ့ ဟိုင်သန်းကျင့်ကြံသူတစ်ယောက်ပေါ်လာဦးမယ်

ဆိုတာပဲ"

တာအိုဆရာလေးဟွမ်ကျန်းက ခနဲ့သလို တစ်ချက်ရယ်မော

လိုက်လေသည်။

"အစ်ကိုပိုင်ရှီက ကျုပ်ကိုစောင်းပြီး သတိပေးနေတာပဲကိုး၊

အဲဒီ ဟိုင်သန်းအဆင့်အောင်မြင်သွားတဲ့သူက ဘယ်သူဆိုတာ

ကျုပ်မသိဘူးများထင်နေလို့လား ၊ သူက ချင်းရှမ်နတ်တံခါးက
တပည့်ငယ်လေးတစ်ယောက်ပဲ ၊ ချန်ကျန့်မေရဲ့ဓားတောင်
ကျုပ်ရဲ့ဖူချန်ကိုတောင် နိုင်အောင်တိုက်ခိုက်နိုင်မှာမဟုတ်ဘူး ၊
ဒီလို တပည့်ငယ်လေးတစ်ယောက်ကို ဘာများ ဂရုစိုက်စရာလို
လဲ ၊ ဒါပေမယ့် အခု သူဟိုင်သန်းအဆင့်အောင်မြင်ပြီဆိုတော့
အနိုင်ကျင့်တယ်လို့မထင်ကြဘူးဆိုရင် ကျုပ်က နည်းနည်း
အပိုးကျိုးအောင် ဆုံးမပေးလိုက်ဦးမယ်"

ဟွမ်ကျန်း၏ စကားဆုံးသည်နှင့် ရောင်စုံရောင်စဉ်တန်း
များသည် အနောက်ဘက်မိုးကောင်းကင်တွင် တစ်ချက်
တောက်ပသွားပြီး တိမ်တိုက်တစ်ခု လွင့်မျောလာလေသည်။
ထိုတိမ်တိုက်မှာ အရောင်ရှစ်မျိုးတောက်ပနေပြီး ထိန်ထိန်သာ
နေသည့် လမင်း၏အလင်းရောင်သည်ပင်လျှော့် ထိုရောင်စဉ်
များ၏ တောက်ပမှုအောက်တွင် မှေးမှိန်သွားရလေသည်။

ကျောင်းကြီးသူများမှာ ထိုမြင်ကွင်းကိုငေးမောကြည့်ရှုနေကြရင်း ထိုမျှ အဆင့်အတန်းမြင့်လွန်းသော ကျောင်းကြီးသူမှာ မည်သူများ လဲဟု သိချင်နေကြလေသည်။

ထိုသူက နီးကပ်လာသည်နှင့် ရောင်စဉ်ရှစ်မျိုးက တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ ထိုအခါမှ လေနှင့် အတူ လွင့်မျောလာသည့် လူငယ်တာအိုဆရာလေးတစ်ပါးကို တွေ့လိုက်ရလေသည်။ သူ၏မျက်ခုံးနှစ်ခုကြားတွင် တောက်ပ လင်းထိန်နေသည့်အပြင် မျက်ဝန်းများမှာလည်း ကြယ်စင် ကဲ့သို့ လင်းလက်နေလေသည်။ သူ၏ပုံသဏ္ဍာန်က လူသား အားလုံးကိုညှို့ယူဖမ်းစားထားလေတော့သည်။

သူ့ကို မြင်တွေ့ကြသည့်လူတိုင်းမှာ မချီးကျူးဘဲ မနေနိုင် ၊ အားမကျဘဲ မနေနိုင်ကြပေ။

ကျောင်းကြီးသူအများစုမှာ ချောမောလှပသည့်သူများပင်ဖြစ်ကြ လေသည်။ အဘယ်ကြောင့်ဆိုသော် ကျင့်စဉ်ကျင့်ကြံရင်းနှင့်

ဆင့်ကဲပြောင်းလဲမှုများ ဖြစ်ပေါ်သွားသောကြောင့် ဖြစ်လေသည်။

သို့သော် ယခုရောက်ရှိလာသည့် တာအိုဆရာလေးမှာတော့ အခြားသူများနှင့်မတူဘဲ ထူးခြားလေသည်။ ရုပ်ရည်ချောမောသည့် တာအိုဆရာများကြားတွင်ပင် သူ၏ချောမောမှု ၊ သန့်စင်မှု ၊ ကျော့ရှင်းမှု ၊ တပ်မက်ဖွယ်ကောင်းမှု ၊ စွဲဆောင်နိုင်စွမ်းရှိမှု တို့မှာ သိသာထင်ရှားလွန်းလေသည်။

သူ၏ ရောင်စဉ်ရှစ်ပါးအလင်းတန်းများကို ရုပ်သိမ်းလိုက်သည့်တိုင် သူ၏တင့်တယ်မှုက ထင်ကျန်နေဆဲဖြစ်လေသည်။

မြင့်မြတ်သည့်ကျောက်စိမ်းအလား လွန်စွာမှ ချောမောလှပလွန်းသည့် လူငယ်လေး ဖြစ်လေသည်။

ထိုလူငယ်လေး အနီးသို့ရောက်ရှိလာတော့မှ သူ၏ပုံသဏ္ဍာန်မှာ တည်ငြိမ်လွန်းသည်ကို အားလုံးက သတိပြုမိကြလေသည်။

ထိုလူငယ်မှာ မောက်မာလွန်းသည့်ဟန်အနေအထားမရှိသည့်

တိုင် လူအားလုံးကို ယုံကြည်ကိုးကွယ်လာစေရန်

စွမ်းဆောင်နိုင်သည့် တန်ခိုးစွမ်းအားနှင့်အပြည့်ရှိကြောင်းကို

တွေ့ရှိလိုက်ရလေသည်။

လူအများက လေးစားအားကျနေကြသည့်အချိန်တွင် အားလုံး

နှင့်ဆန့်ကျင်ဘက်ဖြစ်သည့် အော်သံတစ်ခုထွက်လာလေသည်။

"မင်းက ဘယ်က နတ်မိစ္ဆာကောင်လဲ ၊ ဘာကိစ္စ ဒီကို

ရောက်လာရတာလဲ"

ထိုအော်သံမှ ဟွမ်ကျန်းထံမှ ထွက်ပေါ်လာသည့် အော်သံဖြစ်

လေသည်။

သူ၏အသံမှာ မိုးခြိမ်းသံကဲ့သို့ဖြစ်ပြီး မိုးကောင်းကင်မှ ထွက်

ပေါ်လာည့် အသံကဲ့သို့ တန်ခိုးစွမ်းအားဖြင့် ပြည့်ဝလွန်းလေ

သည်။ သူ၏ ဖူချန်ကို တစ်ချက်ဝေ့ယမ်းလိုက်ပြီး

အလင်းတန်းတစ်ခုက တိမ်များကြားသို့ ခွဲဖြာလင်းလက်သွား

လေသည်။

သူ၏ပုံသဏ္ဍာန်မှာ ရောက်ရှိလာသည့် လူငယ်တာအိုဆရာလေးကို သတ်ဖြတ်တော့မည့်အလား ထင်ရလေသည်။

အခန်း (၁၇၃)

ရင်ထဲကရွှေပြဒါးအမြုတေ

ဆန်းလျန်မှာ အဘယ်မျှ ပြောင်းလဲသွားသောကြောင့် ဟွမ်ကျန်းက ဆန်းလျန်ကို မမှတ်မိနိုင်ဖြစ်နေရပါသနည်း။

အမှန်တော့ ဆန်းလျန်သာ ဟိုင်သန်းအဆင့် မတက်ရောက်နိုင်ခင် ဟွမ်ကျန်းက တိုက်ခိုက်မည်ဆိုလျှင် အနိုင်ကျင့်သည်ဟု အပြောအဆိုခံရမည်ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါးမှ တပည့်တစ်ယောက် ဖြစ်သည့်အတွက် ဆန်းလျန်ကို သတ်မိလျှင် သို့မဟုတ် ဒဏ်ရာရအောင်လုပ်မိလျှင် ဂိုဏ်းနှစ်ဂိုဏ်းကြားတွင် ကြီးမားသည့် ရန်ငြိုးရစများ ဖြစ်ပေါ်လာနိုင်ပြီး ချင်းရွှမ်နတ်တံခါးဘက်မှ ဟွမ်ကျန်းကို အလွတ်ပေးမည် မဟုတ်ပေ။ သူ့အနေဖြင့် နတ်ဘုရားတစ်ပါး ဖြစ်မလာမချင်း ဂိုဏ်းထဲမှ မထွက်ခွာရဲသည့် အခြေအနေသို့ ရောက်ရောက်သွားနိုင်လေသည်။

ဟွမ်ကျန်းမှာ ဆန်းလျန်ထက်အတွေ့အကြုံများသူဖြစ်လေသည်။ သို့သော် ဆန်းလျန်က ဟိုင်သန်းအဆင့် တက်ရောက်အောင်မြင်ခဲ့ပြီဖြစ်သည့်အတွက် ဟွမ်ကျန်းနှင့် အဆင့်တူသွားပြီဟု ဆိုနိုင်လေသည်။ ထို့ကြောင့် ဟွမ်ကျန်းက ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါးမှ ကျင့်ကြံသူမှန်း လူအများမသိခင်တွင် လက်ဦးမှုရအောင် အနိုင်ယူလိုခြင်းဖြစ်လေသည်။ ဆန်းလျန်

ကို အနိုင်ယူပြီးမှ ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါးမှ တပည့် ဖြစ်ကြောင်း အများသိအောင်ဖော်ထုတ်ရင်း ဆန်းလျန်ကိုရော ချင်းရွှမ်နတ်တံခါးကိုပါ အရှက်ခွဲရန် ကြံစည်ထားလေသည်။ ထိုသို့အရှက်ခွဲခံရပါက ဆန်းလျန်ရရှိသွားသည့် စိတ်ဒဏ်ရာ သည် ဖော့ဝမ့်အဆင့်တက်ရောက်နိုင်ရန်အတွက် အတားအဆီး ဖြစ်သွားပြီး ဆန်းလျန်၏ကျင့်စဉ်လမ်းလည်း ပိတ်စို့သွားပေ လိမ့်မည်။ သူ့အစီအစဉ်က တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ် လေသည်။

ထိုအတွေးများကြောင့် ဟွမ်ကျန်းသည် ဆန်းလျန်ကို မမှတ်မိ ချင်ယောင်ဆောင်ကာ တုန့်ဆိုင်းခြင်းမရှိတော့ဘဲ စတင် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ဟွမ်ကျန်း၏ ဖူချန်မှ အလင်းတန်းတစ်ခုမှာ အရှိန်ပြင်းစွာ ထွက်ပေါ်လာပြီး ကောင်းကင်တစ်ခုလုံးတွင် ရွှေရောင် အလင်းတန်းများဖုံးလွှမ်းသွားလေသည်။ထိုတန်ခိုးစွမ်းအားကို

ရွှမ်ချင်းတန်ခိုးစွမ်းအားဟု လူသိများကြသည်။ ထိုတန်ခိုး စွမ်းအားမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ အခြေခံကျင့်စဉ် တစ်ခု ဖြစ်လေသည်။ သို့သော် ဟွမ်ကျန်းကတော့ ထိုတန်ခိုး စွမ်းအားကို ထူးချွန်ထက်မြက်စွာ အသုံးချနိုင်လေသည်။ ထို ကျင့်စဉ်ကို သူကျင့်ကြံခဲ့သည်မှာ နှစ်ပေါင်း နှစ်ရာပင် ကြာခဲ့ ပြီ။ ထို့ကြောင့် ထိုတန်ခိုးစွမ်းအားက သူ့ကို ကိုယ်စားပြုသည့် သင်္ကေတဖြစ်လာပြီး ပြိုင်ဘက်ကျင့်ကြံသူများနှင့် နတ်မိစ္ဆာ များကို အနိုင်ယူခဲ့လေသည်။

တစ်ခါတစ်ရံတွင်တော့ ထိုတန်ခိုးစွမ်းအားကို ကျင့်ကြံမိ သည့်အတွက် သူနောင်တရချင်သလိုဖြစ်မိသည်။

အဘယ်ကြောင့်ဆိုသော် ထိုတန်ခိုးစွမ်းအားများကို အသုံးပြု လျှင် သူ၏စွမ်းအားများများစွာ ကုန်ခမ်းသောကြောင့် ဖြစ်လေ သည်။ သို့သော် သူက ထိုတန်ခိုးစွမ်းအားကို အသုံးပြုနိုင်ခြင်း အတွက်လည်း များစွာဂုဏ်ယူမိပြန်သည်။ အဘယ်ကြောင့်ဆို

သော် ထိုတန်ခိုးစွမ်းအားက အရာအားလုံးကို ဖျက်စီးနိုင်စွမ်းရှိလေသည်။

ထိုတန်ခိုးစွမ်းအားမှာ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းကတည်ရှိသည့် အလင်းဒြပ်စင်စွမ်းအားကို အသုံးပြုထားခြင်းဖြစ်သည်။ ထိုအလင်းဒြပ်စင်စွမ်းအားမှာ စကြာဝဠာတစ်ခုလုံးရှိ အရားအားလုံးကို ဖျက်စီးပစ်နိုင်လေသည်။ ထိုစွမ်းအားကိုယှဉ်နိုင်သည့်စွမ်းအား လောကတွင် မရှိသေးပေ။

ဟွမ်ကျန်း၏ ရှမ်ချင်းတန်ခိုးစွမ်းအားမှာ ထိုရှေးဟောင်းအလင်းဒြပ်စင်စွမ်းအားကို မမီလျှင်တောင်မှ မည်သည့် ဓားဝိညာဉ်မှ သူ၏စွမ်းအားကို ယှဉ်နိုင်မည်မဟုတ်ပေ။ ထိုတန်ခိုးစွမ်းအားမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ ဂုဏ်ပုဒ်တစ်ခုလည်းဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်ရောက်ရှိလာသည်နှင့် ဟွမ်ကျန်းက ရှမ်ချင်းတန်ခိုးစွမ်းအားကို ဆင့်ခေါ်လိုက်ခြင်းဖြစ်လေသည်။

ယခုကဲ့သို့ ဆန်းလျန်ကို တိုက်ခိုက်ခြင်းမှာ ပေါင်ယွဲ့ဆရာတော်ကြီးကို မလေးစားရာရောက်သော်လည်း နောက်မှတောင်းပန်မည်ဟုသာ စိတ်ကူးထားလိုက်မိသည်။

ရွှမ်ချင်းတန်ခိုးစွမ်းအားများမှာ အလွန်မှ ပြင်းထန်လွန်းပါသည်။ သို့သော် ဆန်းလျန်အတွက်တော့ ရယ်စရာပင် ဖြစ်လေသည်။

ဟိုင်သန်းအဆင့်မတက်ရောက်နိုင်ခင် ထိုသို့သော တန်ခိုးစွမ်းအားများကို ရင်ဆိုင်ရမည်ဆိုလျှင်တော့ ဆန်းလျန်အတွက်အခက်အခဲရှိမည်ဖြစ်လေသည်။

ဆန်းလျန်က ဟွမ်ကျန်းကို လျှော့မတွက်ရဲပါ။ ရွှမ်ချင်းတန်ခိုးစွမ်းအားမှ သန့်စင်သည့်စွမ်းအားပေါက်ကွဲမှုသည် လွန်စွာမှပြင်းထန်လွန်းလေသည်။ ကျင့်ကြံသူစားသမားတစ်ယောက်တစ်ဘဝလုံးကျင့်ကြံခဲ့သည့် ဓားဝိညာဉ်ပင်လျှင် ထိုရွှမ်ချင်းတန်ခိုးစွမ်းအား၏ သန့်စင်မှုကို ကျော်လွန်နိုင်မည် မဟုတ်ပေ။

တန်ခိုးစွမ်းအားဆိုသည်က အလွန်မှ ရှုတ်ထွေးလေသည်။ ရှမ်ချင်းတန်ခိုးစွမ်းအားကဲ့သို့ ကြီးမားသည့်စွမ်းအားမျိုးကို အလွန်အစွမ်းထက်သည့် ကျင့်ကြံသူမှသာ ဆင့်ခေါ်နိုင်မည်ဖြစ်လေသည်။ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်မဟုတ်ဘဲ ထိုသို့သောတန်ခိုးစွမ်းအားမျိုးကို သုံးဆွဲမိပါက တန်ခိုးစွမ်းအား ပိုကြီးသည့် ပြိုင်ဘက်နှင့်သာ ရင်ဆိုင်ရလျှင် ထိုပညာ၏ ဟာကွက်ကို တွေ့မြင်သွားနိုင်ပြီး အနိုင်ယူတိုက်ခိုက်သွားမည်ဖြစ်လေသည်။

သာမန်ကျင့်ကြံသူတစ်ယောက်သည် ထိုကဲ့သို့သော အံ့သြဖွယ်ရာတန်ခိုးစွမ်းအားကျင့်စဉ်ကို ရရှိသွားမည်ဆိုလျှင်တောင်မှ အောင်မြင်အောင် ကျင့်ကြံနိုင်စွမ်းရှိမည်မဟုတ်ပေ။

ဆန်းလျန်မှာ မိုးမြေစွမ်းအားများအကြောင်း နားလည်သဘောပေါက်နေသော ဟိုင်သန်းအဆင့်ကျင့်ကြံသူတစ်ယောက် ဖြစ်နေပြီဖြစ်သည်။ ထို့ကြောင့် ရှမ်ချင်းတန်ခိုး

စွမ်းအားကို တွေ့မြင်လိုက်သည်နှင့် ထိုတန်ခိုးစွမ်းအား
နောက်ကွယ်မှ အကြောင်းတရားများကို တန်းပြီးသိမြင်လိုက်
လေသည်။ ထိုပညာ၏ ဟာကွက်ကို သိမြင်သွားခြင်းဖြစ်လေ
သည်။ ထို့ကြောင့် သူက ရယ်မောလိုက်ခြင်းဖြစ်သည်။
သို့သော် ထိုပညာကို သူအမှန်တကယ်လေးစားမိပါသည်။
ဆန်းလျန်က ပညာကိုသာလေးစားမိခြင်းဖြစ်ပြီး ဟွမ်ကျန်းကို
တော့ ရင်ဆိုင်တိုက်ခိုက်မှာ ဖြစ်လေသည်။

ဆန်းလျန်သည် နတ်ဘုရားတစ်ပါး လူ့လောကသို့ဆင်းသက်
လာသကဲ့သို့ လေထဲတွင်ရပ်တန့်နေလေသည်။ သူ၏ဘေး
ပတ်ပတ်လည်တွင် ရောင်စုံတိမ်တိုက်များ ပွင့်လန်းနေကြ
သည်။ ဆန်းလျန်က လက်နှစ်ချောင်းဖြင့် အနီရောင်မီးတောက်
တစ်ခုကို ဖန်ဆင်းလိုက်သည်။ ထိုအခါ ရောင်စုံတိမ်တိုက်များ
မှာ လေနှင့်ထိတွေ့သည့်အလား လွင့်မျောသွားကြလေသည်။

“ကျုပ်ရင်ထဲက ရွှေပြဒါးအမြုတေနဲ့ ကျုပ်ရဲ့ကံကြမ္မာကို ကျုပ် တည်ဆောက်မယ်”

ဆန်းလျန် ရေရွတ်လိုက်လေသည်။

သူ၏အသံသည် တောင်တစ်ခွင်တွင် ပျံ့နှံ့သွားလေသည်။

လူအများသည် သူ့ကို မချီးကျူးဘဲမနေနိုင်ကြပေ။

“တော်လိုက်တဲ့ တာအိုဆရာ”

ဟု ချီးကျူးသံများမှာ နေရာအနှံ့မှ ထွက်ပေါ်လာလေသည်။

အနီရောင်မီးတောက်သည် မီးတံတိုင်းကြီးတစ်ခုဖြစ်သွားပြီး ရှမ်ချင်းတန်ခိုးစွမ်းအားမှ ထွက်ပေါ်လာသည့် ရွှေရောင် အလင်းတန်းများအားလုံးကို စုပ်ယူဝါးမျိုလိုက်လေသည်။

“ကျုပ်ကံကြမ္မာကိုကျုပ်ထိန်းချုပ်နိုင်မှတော့ မီးထဲမှာလည်း ရွှေကြာပင်ကို စိုက်ပျိုးနိုင်တယ်”

ဆန်းလျန်က ထပ်ပြောလိုက်လေသည်။

အနီရောင်မီးတောက်မှ အပြာရောင် အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး ရှမ်ချင်းတန်ခိုးစွမ်းအားအလင်းတန်းကို ဝိုင်းပတ်ထားလိုက်လေသည်။ ထိုအပြာရောင်အလင်းတန်းမှာ ရှမ်ချင်းအလင်းတန်းကို ထိပ်ဖျားမှ အောက်ခြေအထိ လေပွေစက်ဝန်းတစ်ခုအလား ဝိုင်းပတ်ကာ လှည့်ပတ်နေလေသည်။ ရှမ်ချင်းအလင်းတန်းပျောက်ကွယ်သွားသည့်အခါမှ ထိုအပြာရောင်အလင်းတန်းလည်း ပျောက်ကွယ်သွားလေသည်။

တိုက်ပွဲအခြေအနေကိုကြည့်ရသည်မှာ မီးအလှပြကွက်နှင့်ပင်တူနေသေးသည်။ လွန်စွာမှ ရင်သပ်ရှုမောဖွယ်ရာ လှပလွန်းလေသည်။

အယူအဆပိုင်းဆိုင်ရာကိုပြောရမည်ဆိုလျှင် ဟွမ်ကျန်း၏အလင်းတန်းတစ်ခုတည်းကို ဆန်းလျန်ကအလင်းတန်းနှစ်ခုဖြင့် တိုက်ခိုက်လိုက်ရသည့်အတွက် ဟွမ်ကျန်းက သာသကဲ့သို့ ဖြစ်နေလေသည်။

သို့သော် ဆန်းလျန်၏ တိုက်ကွက်က သပ်ရပ်ပြီးလှပလေသည်။

သူတို့နှစ်ယောက်၏တိုက်ပွဲမှာ ပေါင်ယွဲ့ဆရာတော်ကြီးအား မီးအလှဖြင့် မျက်လှည့်ပြကာ ဂုဏ်ပြုနေသကဲ့သို့ပင် ဖြစ်နေလေတော့သည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကျွန်တော်က ချင်းရွှမ်နတ်တံခါးက ဆန်းလျန်ပါ၊ ကျွန်တော် ရိုင်းပြမိတာရှိရင် ခွင့်လွှတ်ပါ"

ဟု ပြောလိုက်လေသည်။

ချင်းရွှမ်နတ်တံခါးဆိုသည့်အမည်နှင့် သူအသုံးပြုခဲ့သည့် တန်ခိုးစွမ်းအားကို ကြည့်ခြင်းအားဖြင့် ခပ်လွယ်လွယ် ကျင့်ကြံသူတစ်ယောက်မဟုတ်ကြောင်း အားလုံးက သိလိုက်ကြလေသည်။ ဟွမ်ကျန်းမှာ သူ၏ဒေါသကို မျိုသပ်ထားထားလိုက်ပြီး မည်သည့်စကားမှ မပြောတော့ပေ။

ထိုစဉ်....

ဖေးထိုင်စေတီတော်ဆီမှ တရားစာရွတ်ဖတ်သံများထွက်ပေါ်လာလေသည်။ တရားစာရွတ်ဖတ်နေသူမှာ ဆယ်ကျော်သက်အရွယ်မျှသာရှိသေးသည့် ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး လရောင်ကဲ့သို့ ဖြူစင်သည့် သက်န်းကိုရုံထားလေသည်။ ထိုဆရာတော်မှာ မည်သူဖြစ်သည်ကို အားလုံးက တီးတိုးမေးမြန်းနေကြလေသည်။ အသိညာဏ်ကြွယ်ဝသည့် လူတစ်ယောက်က ထိုဘုန်းတော်ကြီးမှာ ကျင်းကွမ်းဝတ်ကျောင်းတော်၏ ကျောင်းထိုင်ဆရာတော် ပေါင်ယွဲ့ဆရာတော်ကြီးပင်ဖြစ်ကြောင်း ပြောပြလိုက်လေသည်။ ဆရာတော်မှာ ရွှေခန္ဓာကျင့်စဉ်ကို ကျင့်ကြံအောင်မြင်ထားသူဖြစ်လေသည်။

ပေါင်ယွဲ့ဆရာတော်ကြီးမှာ ပေါင်ကွမ်းဆရာတော်ကဲ့သို့ နာမည်ကျော်ကြားခြင်းကို နှစ်သက်ခြင်းမရှိဘဲ သိုသိုသိပ်သိပ်နေခဲ့သူဖြစ်သည်။ ပေါင်ကွမ်းဆရာတော်မှာ နတ်မိစ္ဆာများကိုနှိမ်နင်းခဲ့

သည့်အပြင် ယွဲ့ထော်တိုင်းပြည်၏ မင်းဆရာတစ်ပါးအဖြစ် နာမည်ကျော်ကြားသူဖြစ်လေသည်။ သို့သော် ပေါင်ယွဲ့ ဆရာတော်ကြီးမှာတော့ အနေအထိုင် သိုသိပ်လှပြီး သူ၏မျက်နှာကိုပင် ဖူးတွေ့ဖူးသူ နည်းပါးလေသည်။ ယနေ့တွင်တော့ သူ၏ငယ်ရွယ်လွန်းသည့် အသွင်သဏ္ဍာန်ကို မြင်ရသူတိုင်းမှာ အံ့သြမင်သက်ကာ လေးစားသွားမိကြရလေ သည်။ ဗုဒ္ဓဘာသာ၏ကြီးမြတ်မှုကိုလည်း လူအများနားလည် သွားကြရသည်။

တရားစာရွတ်ဆိုသံ အဆုံးသတ်သွားသည်နှင့် ပေါင်ယွဲ့ ဆရာတော်ကြီးက ပြောကြားလိုက်သည်။

"မိတ်ဆွေလေး ၊ မိတ်ဆွေလေးကမိတ်ဆွေလေးရဲ့အစ်ကို ချန် ကျန့်မေလိုပဲ မြင့်မြတ်လွန်းလှပါတယ် ၊ ချင်းရွှမ်နတ်တံခါးဟာ မျိုးဆက်တစ်ခုတိုင်းမှာ ဒီလိုအရည်အချင်းရှိတဲ့သူတွေ ပေါ်ထွက်လာစမြဲပဲ ၊ သိပ်ကို လေးစားစရာကောင်းလှပါတယ်"

ဆန်းလျန်မှာ ပေါင်ယွဲ့ဆရာတော်ကြီး၏စကားကြောင့် များစွာ အံ့သြသွားရလေသည်။ ဆရာတော်ကြီး၏ စကားများအရ ချန်ကျန့်မေနှင့် ပေါင်ကွမ်းဆရာတော်ကြား ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို အမျက်သိုထားခြင်း ရှိဟန်မတူပေ။ ထိုအချက်ကို ဆန်းလျန်မှာ စိတ်ထဲတွင် မတင်မကျ ဖြစ်သွားရလေသည်။

ဆန်းလျန်က သူ့စိတ်ထဲမှ သံသယကို မျိုသိပ်လိုက်ပြီး ပေါင်ကွမ်းဆရာတော်ကို ရိုသေစွာဂါရဝပြုလိုက်သည်။ သို့သော် မည်သည့်စကားမှတော့ ပြောခြင်းမရှိပါ။

လေတစ်ချက်တိုက်ခတ်သွားပြီး ပေါင်ယွဲ့ဆရာတော်က လက်ညိုးတစ်ချက်ညွှန်လိုက်သည်နှင့် မြေပြင်ထက်တွင် ကြိမ်ပင်လေးတစ်ပင်ပေါက်လာလေသည်။ ထိုကြိမ်ပင်လေးမှာ ကြိမ်ထိုင်ခုံလေးတစ်ခုအလားဖြစ်သွားပြီး ဟွမ်ကျန်းနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိလေသည်။ ဆန်းလျန်လည်း

စကားမပြောတော့ဘဲ ဆရာတော်စီစဉ်ပေးသည့် ကြိမ်ပင်ထိုင်ခုံ

လေးပေါ်တွင် ထိုင်လိုက်လေသည်။

ပေါင်ယွဲ့ဆရာတော်ကြီးမှာ ဆန်းလျန်နှင့် ဟွမ်းကျန်းကို

တိုက်ခိုက်စေချင်ပုံမပေါ်ပေ။

သို့သော် လူအုပ်ကြီးကတော့ ဆန်းလျန်နှင့် ဟွမ်ကျန်းကို အရိပ်

တကြည့်ကြည့်ဖြစ်နေကြလေသည်။ သူတို့နှစ်ယောက် ထပ်မံ

တိုက်ခိုက်မည်ကို မျှော်လင့်နေကြလေသည်။

ချင်းရှမ်နတ်တံခါးနှင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းတို့မှာ

သမိုင်းဝင် အဆင့်မြင့်နတ်ဘုရားဂိုဏ်းများဖြစ်ကြ

သည့်အတွက် ဆန်းလျန်နှင့် ဟွမ်ကျန်းသာ တိုက်ခိုက်ကြလျှင်

အလွန်ပင်ကြည့်ကောင်းမည့်ပွဲတစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

ထို့ကြောင့် လူတိုင်းက တိုက်ပွဲကို ကြည့်ချင်နေကြခြင်းဖြစ်လေ

သည်။

ဆန်းလျန်၏ဘေးနားသို့ စုန့်ချင်းယီနှင့် ချီးရှိုးတို့ရောက်လာကြ

လေသည်။

စုန့်ချင်းယီက ဆန်းလျန်ကို စိတ်စွမ်းအားအသုံးပြုပြီး

စကားပြောလိုက်သည်။

“မင်းလုပ်တာကောင်းတယ်၊ ငါအဲဒီကောင်ကို ကြည့်မရတာ

တော်တော်ကြာနေပြီ”

ဆန်းလျန်က စုန့်ချင်းယီကို ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံး

နေလိုက်သည်။

ထိုအချိန်အတွင်းမှာပင်....

ခေါင်းလောင်းသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ

သည်။

ခေါင်းလောင်းသံများမှာတောင်ဘက်အရပ်ဆီမှ လွင့်ပျံလာ

ခြင်းဖြစ်သည်။

ခေါင်းလောင်းကြီးတစ်ခုကို ဦးခေါင်းထက်တွင် သယ်ဆောင်လာပြီး လေထဲတွင် ကောင်းကင်ခရီးဖြင့်ကြွလာသည့် ဘုန်းတော်ကြီးတစ်ပါးကို အားလုံး မြင်တွေ့လိုက်ကြရလေသည်။ သူ၏သက်န်းမှာ လေထဲတွင် လွင့်ပျံနေပြီး နတ်ဘုရားတစ်ပါးအလား လျှင်မြန်သည့်အရှိန်ဖြင့် ပျံသန်းလာခြင်းဖြစ်လေသည်။

ထိုဘုန်းတော်ကြီးကိုတွေ့သည်နှင့် လူအုပ်ကြီးမှာ ဆူဆူညံညံဖြစ်သွားကြလေသည်။

“ဟွေ့ခဲ့ဆရာတော်က မင်ဝမ်ဝတ်ကျောင်းတော်က ဆရာတော်တစ်ပါးပဲ ၊ ပြောနေကြတာတော့ တာအိုဆရာဟွမ်ကျန်းနဲ့ အဆင့်အတူတူပဲတဲ့ ၊ ဒါပေမယ့် ခုလာတဲ့ ဆရာတော်ရဲ့အဆင့်က အရမ်းကို မြင့်မားနေတာပဲ ၊ ခန့်မှန်းလို့မရနိုင်ဘူး”

တီးတိုးစကားသံများ ထွက်ပေါ်လာကြလေတော့သည်။

အခန်း (၁၇၄)

 လူသားတိုင်းတရားရနိုင်ရန်

ထိုဆရာတော်မှာ တစ်တန်ခန့်အလေးချိန်ရှိသည့် ကြီးမားသည့် ခေါင်းလောင်းကြီးကို သယ်ဆောင်လာပြီး လေထဲမှ ပျံသန်းလာခြင်းမှာ သူ၏စွမ်းအား မည်မျှ ကြီးမားကြောင်းကို ပြသနေခြင်းဖြစ်လေသည်။

သူက ခေါင်းလောင်းကြီးကို လွှတ်ချခြင်းလည်းမရှိ ထိန်းသိမ်းထားခြင်းလည်းမရှိပေ။ သူ့ပုံစံကိုကြည့်ရသည်မှာ ကျင့်စဉ်လမ်း အဆင့်တက်လှမ်းနိုင်ခဲ့သော်လည်း တရားအဓိပ္ပါယ်ကို သိရှိရန်လိုအပ်နေသေးပုံပေါ်လေသည်။

ကြေးခေါင်းလောင်းကြီးမှာ တောင်ပေါ်ရှိမြေကွက်လပ်အပေါ်သို့ ခေါင်းလောင်းသံများ တီးခတ်ရင်း ရောက်ရှိလာလေသည်။ ထို့နောက် ကောင်းကင်ထက်တွင် အရှိန်လျော့သွားပြီး မြေပြင်ထက်သို့ ဖြည်းဖြည်းချင်း ဆင်းသက်လာသည်။ ခေါင်းလောင်းကြီး မြေပြင်ထက် ကျရောက်သွားသည်နှင့် သိမ်မွေ့သည့်သဏ္ဍာန်နှင့် ဘုန်းတော်ကြီးတစ်ပါးလည်းပေါ်လာလေသည်။

ထိုဘုန်းတော်ကြီးမှာ ဟွေခဲ့ဆရာတော်မဟုတ်ပါ။ ရွှေခန္ဓာကျင့်စဉ်ကို ကျင့်ကြံထားသည့် ကိုယ်တော်တစ်ပါးသာဖြစ်လေသည်။

ခေါင်းလောင်းသံမှ တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။ သို့တိုင်အောင် မြေပြင်တစ်ခုလုံးက တုန်ခါနေလေသည်။

ဘုန်းတော်ကြီးက လက်အုပ်ချီလိုက်ပြီး...

"တပည့်တော်က ဟုန်ကျန်းပါ ၊ ဆရာတော်ကြီးပေါင်ယွဲ့ဆီကို ဟွေ့ခဲ့ဆရာတော်က မေးခွန်း မေးခိုင်းလိုက်လို့ပါ"

ပေါင်ယွဲ့ဆရာတော်ကြီးက ဟုန်ကျန်းဆရာတော်ကို စူးစိုက်ကြည့်လိုက်ပြီး ခပ်ပါးပါးတစ်ချက်ပြုံးလိုက်သည်။

"ကိုယ်တော်က ဘာများမေးချင်လို့လဲ"

ဟုန်ကျန်းဆရာတော်မေးမည့်မေးခွန်းမှာ ဟွေ့ခဲ့ဆရာတော်ကိုယ်စားမေးမည့်မေးခွန်းမှန်း လူတိုင်းသိကြလေသည်။

ဆန်းလျန်က ဟုန်ကျန်းဆရာတော်ကို စိုက်ကြည့်နေလေသည်။ သူ့ဆီသို့လာသည့် ဟုန်ကျန်းဆရာတော် အမှန်ပင် ဖြစ်လေသည်။ သို့သော် သူ၏တန်ခိုးစွမ်းအားမှာတော့ သိသိသာသာ တိုးတက်မြင့်မားလာလေသည်။

သူတို့နှစ်ယောက် တွေ့ဆုံကြသည်မှာ သိပ်မကြာသေးသည့်တိုင် ကျင့်စဉ်လမ်းကတော့ ပင်လယ်ထဲတွင် ရွက်လွှင့်နေသည့် ရွက်လှေပမာ ခရီးရောက်လှပေသည်။ သို့သော် ဟုန်ကျန်း

ဆရာတော်ထံမှ ဝိညာဉ်စွမ်းအားများမှာတော့ အပြောင်းအလဲမရှိ ပြီးခဲ့သည့်တစ်ခေါက်ကနှင့် အတူတူပင်ဖြစ်လေသည်။

တန်ခိုးစွမ်းအားတိုးတက်လာပြီး ဝိညာဉ်စွမ်းအားရပ်တန့်နေခြင်းမှာ တိုးတက်မှုမရှိ၍လား ၊ အခြားအကြောင်းတစ်ခု ရှိသေး၍လားဆိုသည်ကို ဆန်းလျန် စဉ်းစားနေမိလေသည်။

ဆန်းလျန်စိတ်ထဲတွင် ထူးဆန်းမှုတစ်ခုကို ခံစားနေရလေသည်။

လူအုပ်ကြီးမှာ ဟုန်ကျန်းဆရာတော်မေးမည့်မေးခွန်းကို စိတ်ဝင်စားနေကြလေသည်။

ဟုန်ကျန်းဆရာတော်က မျက်လုံးကို တစ်ချက်မှိတ်လိုက်ပြီး ပြန်ဖွင့်လိုက်လေသည်။ သူ၏မျက်ဝန်းများမှာ တစ်လက်လက်တောက်ပနေပြီး သူ၏ရွှေခန္ဓာကျင့်စဉ်မှာ အဆင့်မြင့်နေပြီဖြစ်ကြောင်း သိသာနေလေသည်။

“ဟွေခဲ့ဆရာတော်က ကျမ်းပိုဒ်တစ်ပိုဒ်နဲ့ အမေးစကားပါးလိုက်ပါတယ်”

ဟုန်ကျန်းဆရာတော်က ကြည်လင်သည့် အသံဖြင့်ပြောလိုက်သည်။

“ပုံသဏ္ဍာန်ကနေ အရိပ်လာတယ်…

ဆူညံမှုထဲကနေ ခေါင်းလောင်းသံလာတယ်…

ပုံသဏ္ဍာန်မရှိရင် အရိပ်လည်းမရှိနိုင်ပါဘူး …

ဆူညံသံကိုရပ်လိုက်ရင် ဘယ်နေရာက ခေါင်းလောင်းမြည်လဲဆိုတာ သိနိုင်ပါတယ်….

ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုရောက်ဖို့ဆိုတာ

ပုံသဏ္ဍာန်ကိုဖယ်ခွာ အရိပ်ကိုရှာဖွေတာပါပဲ….

လူ့လောကထဲမှာ တရားရှာဖွေတယ်ဆိုတာ…

တိတ်ဆိတ်မှုထဲမှာ ခေါင်းလောင်းသံကြားမလား နားစွင့်နေသလိုပါပဲ…

ဥပေက္ခာတရားနဲ့ လျစ်လျူရှုခြင်းဆိုတာ မတူညီပါဘူး...

အလုပ်သေးသေးလေးတစ်ခုဆိုတာဟာလည်း နာမည်မကြီးနိုင်

ပါဘူး....

အကြောင်းရှိသည်ဖြစ်စေ...မရှိသည်ဖြစ်စေ...

အငြင်းပွားစရာတွေချည်းပါပဲ...

အဲဒါတွေအားလုံးဟာ...

အတုအယောင်လား....အစစ်အမှန်လား...

အမှန်လား... အမှားလား...

ဘာကရောတည်ရှိပြီး

ဘာကရောမတည်ရှိဘူးလဲ..."

ကျမ်းစာပိုဒ်မှာ အနည်းငယ်ရှည်လျားလေသည်။ သို့သော်

လူအများမှာ ထိုကျမ်းပိုဒ်၏ အဓိပ္ပါယ်ကို နားမလည်ကြပေ။

ဟွမ်ကျန်းပင်လျှင် နားမလည်သောကြောင့် အသဲအသန်

စဉ်းစားနေလေသည်။

ထိုကျမ်းပိုဒ်တွင် ဗုဒ္ဓဘာသာသဘောတရားများသာမက တာအို ဝါဒ သဘောတရားများလည်း ပါဝင်လေသည်။

"ပုံသဏ္ဍာန်မရှိရင် အရိပ်လည်းမရှိနိုင်ပါဘူး" ဟူသည့် စာကြောင်းမှာ နန်ဟွာကျမ်းစာထဲမှ စာကြောင်းဖြစ်လေသည်။ အတိအကျပြောရလျှင် နန်ဟွာကျမ်းစာမှာ နိဗ္ဗာန်သို့ဝင်နိုင်မည့် ကျင့်စဉ်လမ်းကို ညွှန်ပြရာ ပထမဆုံးကျမ်းစာ ဖြစ်လေသည်။ ထိုကျမ်းစာထဲတွင် ရှစ်ချန်ချီက လောင်ကျီ၏ အရိပ်မှ တိတ်တဆိတ်ထွက်ခွာသွားသည့်အကြောင်းကို ဖော်ပြထား လေသည်။ ထွက်ခွာသွားပြီးမှ သူက သူကိုယ်တိုင်ကျင့်ကြံနိုင် မည့် ကျင့်စဉ်လမ်း အကြောင်းကို ရှာဖွေခဲ့လေသည်။ ရှစ်ချန်ချီ က တာအိုဆရာသခင်ကြီးကို ချဉ်းကပ်ခဲ့ခြင်း ဖြစ်လေသည်။ ဆရာသခင်ပြန်ဖြေသည့်အဖြေမှာ “မိမိ သဘောသဘာဝကို ထုတ်ဖော်မပြရန်”အကြောင်းကို အနှစ်ချုပ်ကာ ပြန်ဖြေခဲ့လေ သည်။

"အမှန်တရားကို ရှာဖွေခြင်းနှင့်သံသရာဖြတ်တောက်ခြင်း" ဆိုသည်မှာ အရိပ်မရှိသည့် ပုံသဏ္ဍာန်ကို သင်ယူခြင်းပင်ဖြစ်သည်။ သံသရာလည်ခြင်းမှာ အစစ်အမှန်ဖြစ်လျှင် အရိပ်အောက်တွင် ပုံသဏ္ဍာန်ကိုထားလိုက်ပါက အရိပ်ပျောက်ကွယ်သွားမည်ဖြစ်လေသည်။

သာမန်ကျင့်ကြံသူများမှာ စကားရည်လုပွဲကို မတင်မကျနှင့် သံသယ ဝင်နေကြလေသည်။ ဆရာပိုင်ရှီ ၊ ဟွမ်ကျန်းနှင့် ဆန်းလျန်တို့လောက်သာ ထိုကျမ်းပိုဒ်၏ ဆိုလိုရင်းကို နားလည်သဘောပေါက်ကြလေသည်။

သူတို့သုံးယောက်လုံးမှာ ဖော့ဝမ့်အဆင့်သို့ တက်လှမ်းနိုင်ရန် အရည်အချင်းရှိသူများဖြစ်ကြသည်။ သို့သော် ထိုတရားကျမ်းစာပိုဒ်၏ အဓိပ္ပါယ်ကို နားလည်ရုံမျှဖြင့် ဖော့ဝမ်းအဆင့်သို့ ချက်ချင်းတက်ရောက်နိုင်မည်မဟုတ်ပေ။

သံသရာမလည်လျှင် ဖြစ်တည်မှုလည်း ရှိတော့မည်မဟုတ်ပေ။ တရားအလင်းရရန် အသိတစ်ချက်သာ လိုအပ်လေသည်။ ဆန်းလျန်က ထိုသဘောတရားကို နားလည်ထားသူဖြစ်လေသည်။ သို့သော် ဟွေခဲ့ဆရာတော်ကတော့ အသိတစ်ချက်ဖြင့် ကျင့်စဉ်လမ်း တက်လှမ်းနိုင်ခြင်းကို မေးမြန်းလိုခြင်းတော့ မဖြစ်နိုင်ပေ။ အခြားရည်ရွယ်ချက် တစ်ခု ရှိရမည် ဖြစ်လေသည်။

အသိတစ်ချက်ဆိုသည်မှာ ကိုယ်တွင်းမှ နက်ရှိုင်းစွာသိမြင်ခြင်း ဖြစ်ပြီး အခြားသူများကို ရှင်းပြနိုင်ရန် မဖြစ်နိုင်ပေ။ အချို့သူများသည် ထာဝရအသက်ရှင်သည့်နတ်ဘုရားဖြစ်လာရန် အတွက် နတ်ဘုရားတစ်ပါး သို့မဟုတ် သူတို့၏ ဆရာသခင်များကိုပင် လုပ်ကြံသတ်ဖြတ်ရဲကြလေသည်။ အချို့သူများကတော့ ကောင်းမှုကုသိုလ်များကိုသာ ပြုလုပ်ကြရင်း

တဖြည်းဖြည်းနှင့် အမှန်တရားကို ရှာဖွေတွေ့ရှိသွားကြလေသည်။

သို့သော် အရာအားလုံးက နိယာမတရားများသာဖြစ်လေသည်။

မိစ္ဆာတစ်ယောက်ဖြစ်လာမည်ဆိုပါက သူတော်စင် ဖြစ်မည့်လမ်းကြောင်းမှ အလိုလိုဝေးကွာသွားမည်ဖြစ်လေသည်။

ဦးတည်ချက်ကွဲပြားသည့်အတွက် သွားသည့်လမ်းလည်းကွဲပြားမည်ဖြစ်လေသည်။

ပေါင်ယွဲ့ဆရာတော်ကြီးသည် ကျမ်းစာပိုဒ်ကိုနားထောင်ပြီးသည်နှင့် နေ့ဦးပန်းပွင့်လေးတစ်ပွင့်အလား ကြည်လင်စွာပြုံးလိုက်လေသည်။

"ဟွေခဲ့ဆရာတော်က မေးတယ်ဆိုမှတော့ အခိပ္ပါယ်ကို သူလည်းသိပြီးနေပြီပဲ ၊ ကျုပ်ကို မေးစရာလိုသေးလို့လား"

"ဟွေခဲ့ဆရာတော်က အဖြေကို သိတယ်ဆိုပေမယ့် သူ့သံသယ တွေရှင်းအောင် ဆရာတော်ကြီးဆီက အဖြေကိုလည်း သိချင် နေပါတယ်"

ဟု ဟုန်ကျန်းဆရာတော်က ပြန်ပြောလိုက်လေသည်။

ပေါင်ယွဲ့ဆရာတော်ကြီးက သက်ပြင်းချလိုက်လေသည်။

"သူက ကျမ်းပိုဒ်တစ်ပိုဒ်နဲ့မေးမှတော့ ၊ ကျုပ်ကလည်း ကျမ်း ပိုဒ်တစ်ပိုဒ်နဲ့ပဲ ပြန်ပြီး အဖြေပေးလိုက်ပါ့မယ်"

ပေါင်ယွဲ့ဆရာတော်ကြီး၏ ငယ်ရွယ်သည့်မျက်နှာမှာ တည်ကြည်လေးနက်နေလေသည်။ ထို့နောက် ကျမ်းပိုဒ် ရွတ်ဖတ်သံက တောင်တစ်ခွင်တွင် ပျံ့နှံ့သွားပြီး ကြားနားသူ ပရိတ်သတ်အားလုံး၏နားထဲသို့ စီးဆင်း ဝင်ရောက်သွားလေ သည်။

"အမှန်တရားကိုသိမြင်ဖို့...

ကိုယ်ကိုယ်တိုင်သာကြိုးစားနိုင်တာပါ...

မမျှော်လင့်သော အမှန်တရား ရောက်လာမှာပါ...

အိပ်မက်ပမာဘဝထဲမှာ

ပတ္တမြားရတနာဆိုတာဟာလည်း အလကားပါပဲ

ဒါပေမယ့် အသိ ၊ သတိရှိနေမယ်ဆိုရင်တော့ ပုလဲရတနာလိုပဲ

တန်ဖိုးရှိလှတယ်

ဥပေက္ခာတရားနဲ့ ဉာဏ်ပညာဟာ အတူတူပါပဲ

တစ်ကြိမ် ကျင့်ကြံအောင်မြင်ပြီးရင်

အရာအားလုံး တစ်သမတ်တည်း အတူတူပါပဲ

နောက်မျိုးဆက်သစ်တွေက စာအုပ်တွေရေးကြတဲ့အခါ

မင်းရဲ့ရုပ်ခန္ဓာဟာ ဗောဓိသဿကျနဲ့ မခြားပါဘူး

ဘာလို့ အဝေးကြီးကို မျှော်ကြည့်နေဦးမှာလဲ"

ပေါင်ယွဲ့ဆရာတော်ကြီးရွတ်လိုက်သည့် တရားစာပိုဒ်မှာ တာအို

ကျင့်ကြံသူများကို များစွာ အံ့သြမသွားစေပါ။ သို့သော် ဘုန်း

တော်ကြီးများနှင့် သီလရှင်များကတော့ များစွာ အံ့သြသွားကြရလေသည်။

အဘယ်ကြောင့်ဆိုသော် ပေါင်ယွဲ့ဆရာတော်ကြီး၏ ကျမ်းပိုဒ်မှာ ဟွေခဲ့ဆရာတော်၏ ကျမ်းပိုဒ်ကို ဖြေရှင်းပေးသကဲ့သို့ ဖြစ်သွားသောကြောင့် ဖြစ်လေသည်။

ဟွေခဲ့ဆရာတော်က လူသားများအားလုံးသည် ပါရမီရှိသူများဖြစ်ကြလေသည်။ ထို့ကြောင့် လူသားအားလုံးက သံသရာမှ လွတ်မြောက်လိုလျှင် သစ္စာတရားကို ရှာဖွေနိုင်ကြပြီး တရားရှာတွေ့နိုင်ကြမည်ဟု ယုံကြည်လေသည်။ ထို့ကြောင့် လူသားများအားလုံးမှာ တရားကျင့်ကြံပေါက်ရောက်သူများ ဖြစ်လာနိုင်သည်ဟု ဆိုလိုခြင်းဖြစ်လေသည်။ ထို့ကြောင့် ဘုန်းတော်ကြီးများသာ ဗုဒ္ဓစာပေများကို လေ့လာခြင်းထက် အယုတ် ၊ အလတ် အမြတ်မရွေး လူသားအားလုံး ဗုဒ္ဓစာပေများကို လေ့လာသင့်သည်ဟု သူက ယူဆလေသည်။

သို့သော် ဟေ့ွခဲ့ဆရာတော်၏ အယူအဆမှာလည်း သူ၏ကိုယ်ပိုင်ခံယူချက်မဟုတ်ပေ။ ထိုအယူအဆသည် ဗုဒ္ဓဘာသာတွင် ရှေးယခင်ကတည်းက ယုံကြည်ကြသည့် ယုံကြည်မှုတစ်ခုဖြစ်လေသည်။ အထူးသဖြင့် ဇင်ဗုဒ္ဓဘာသာ ဆိုသည့် ဗုဒ္ဓဘာသာဂိုဏ်း၏ အယူအဆဖြစ်လေသည်။

ဇင်ဗုဒ္ဓဘာသာမှာ တာ့ကျိုးတိုင်းပြည်တွင်လည်း ပျံ့နှံ့လျှက်ရှိပြီး တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့ပြီ ဖြစ်သည်။

သို့သော် ဇင်ဗုဒ္ဓဘာသာ၏အယူအဆများမှာ မူလဗုဒ္ဓဘာသာ ကျောင်းတော်ကြီးရှစ်ခုဖြစ်သည့် ဆန်းလွမ် ၊ ယွိကျား ၊ ထျန်း ထိုင် ၊ ရှန်းရှီး ၊ ချန် ၊ ကျင်းထူ ၊ လွိ နှင့် မီ ကျောင်းတော်များနှင့် တော့ မတူကွဲပြားလေသည်။

သို့သော် ဇင်ဗုဒ္ဓဘာသာမှာ သာမန်လူသားများ နားလည်စေရန် ပိုပြီး ရည်ရွယ်လေသည်။

ပေါင်ယွဲ့ဆရာတော်ကြီးကတော့ ထိုပြဿနာကို ဆန့်ကျင်ဘက်အမြင်တစ်မျိုးဖြင့် ချဉ်းကပ်လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓဘာသာဂိုဏ်းများတွင် ပြောင်းလဲခြင်း စတင်နေပြီကို ပြသလိုက်ခြင်းပင်ဖြစ်လေသည်။

အပြင်းအထန်စကားရည်လုတော့မည်ဟု တွေးထင်ကာလာရောက်ကြသော ဧည့်ပရိတ်သတ်များကတော့ စိတ်ပျက်သွားကြရလေသည်။

ဟွေ့ခဲ့ဆရာတော် ရောက်မလာသေးသည့်တိုင်သူ၏ရည်ရွယ်ချက်ကတော့ အောင်မြင်သွားခဲ့ပြီဖြစ်သည်။ အမှန်တော့ ယခုကဲ့သို့ တရားစကားကို စကားရည်လုရသည့်ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာ၏ဂုဏ်သိက္ခာ တိုးတက်စေရန်အတွက်သာ ဖြစ်လေသည်။

ကျင့်ကြံသူလောကတွင် ဗုဒ္ဓဘာသာဂိုဏ်းများ အသွင်သစ်ဖြင့်အသစ်ပြန်လည်မွေးဖွားလာတော့မည် ဖြစ်လေသည်။

ဟွမ်ကျန်းမှာ စိတ်ပျက်လက်ပျက်ဖြစ်နေလေသည်။

ပထမတစ်ချက်အနေဖြင့် ဆန်းလျန်ကို အရှက်ခွဲမည့်အစီအစဉ်က မအောင်မြင်ခဲ့ပေ။ ထို့ပြင် ဆရာတော်ကြီးနှစ်ပါး၏ စကားရည်လုပွဲကို လာရောက်ကြသည့် ပရိတ်သတ်များမှာ ဗုဒ္ဓဘာသာကျောင်းတော်များ၏ ပြုပြင်ပြောင်းလဲခြင်းနှင့် ရှေးဟောင်းဗုဒ္ဓဘာသာကျောင်းတော်ကြီးများကို စိတ်ဝင်စားမှုမြင့်မားနေကြသည့်အတွက်ကြောင့် ပွဲလန့်တုန်းဖျာခင်းချင်နေသည့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းအတွက် အခွင့်မသာ ဖြစ်သွားရလေသည်။

ထို့ပြင် ပေါင်ယွဲ့ဆရာတော်ကြီးနှင့် ဟွေ့ခဲ့ဆရာတော်ကြီး၏ စကားရည်လုပွဲမှာ တာအိုကျင့်ကြံသူများစွာ၏ စိတ်ဝင်စားမှုကိုလည်း ခံရလေသည်။ တာအိုကျင့်ကြံသူများမှာလည်း ဗုဒ္ဓကျမ်းစာများကို ခံစားနားလည်ပြီး ဖော့ဝမ့်အဆင့်ကျင့်စဉ်လမ်းဖြင့် သဘောထားကွဲပြားခြင်းမရှိကြတော့ပေ။

တစ်ကိုယ်တော်ကျင့်ကြံသူများနှင့် အချို့သောကျင့်ကြံသူ

ဂိုဏ်းများဆိုလျှင် ဗုဒ္ဓဘာသာဂိုဏ်းများဖြင့်ပင် ပူးပေါင်း

ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေကြပြီး အမြင်များပွင့်လင်း

ကုန်ကြပြီဖြစ်လေသည်။

မင်ဝမ်ဝတ်ကျောင်းတော်သည် လွန်ခဲ့သည့်နှစ်ထောင်ပေါင်း

များစွာအတွင်း မည်သည့်ပြုပြင်ပြောင်းလဲမှုမှ မလုပ်ခဲ့သည့်

တိုင် ယခုတော့ လူသားအားလုံး မှတ်ကျောက်တင်နိုင်ဖွယ်ရာ

ပြောင်းလဲမှုကြီးတစ်ခုကို ဦးတည်ပေးခဲ့ပြီ ဖြစ်လေသည်။

အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုမှာလည်း

ဗုဒ္ဓဘာသာနှင့် တာအိုဝါဒကြားတွင် ခြားနားမှု သိပ်ပြီးမရှိသည်

ကို လက်ခံလိုက်ပြီဖြစ်လေသည်။ကျင့်စဉ်လမ်းအားလုံး၏

ဦးတည်ရာမှာ ထာဝရအသက်ရှင်သန်သည့် နတ်ဘုရား

သို့မဟုတ် ဗောဓိသတ္တတစ်ပါးဖြစ်လာရန် ကျင့်ကြံနိုင်ရန်သာ

ဖြစ်လေသည်။

တာအိုဝတ်ရုံဝတ်ဆင်ခြင်း ၊ ဆံပင်ရိတ်ကာ သင်္ကန်းဝတ်သွားခြင်းဆိုသည်မှာ ဝတ်စုံပြောင်းလဲခြင်းမျှသာ ဖြစ်လေသည်။ သွားမည့်လမ်းကတော့ အတူတူပင်ဖြစ်လေသည်။

ထိုအချိန်မှာပင်...

နတ်မိစ္ဆာဆန်သည့်လေပြင်းတစ်ချက်တိုက်ခတ်လာပြီး မိစ္ဆာတိမ်တိုက်တစ်စသည် လမင်းကို ဖုံးကွယ်သွားလေသည်။

ပေါင်ယွဲ့ဆရာတော်ကြီးမှာ ကောင်းကင်ထက်သို့ တစ်ချက်မော့ကြည့်လိုက်ရင်း မျက်နှာပျက်သွားလေသည်။ သူက လက်ကိုမြှောက်လိုက်ပြီး ရွှေရောင်တရားအလင်းတန်းဖြင့် မိစ္ဆာတိမ်တိုက်ကို ဖယ်ရှားရန် ကြိုးစားလိုက်သည်။

မိစ္ဆာတိမ်တိုက်ဆီမှ ရယ်သံတစ်ချက်ထွက်ပေါ်လာလေသည်။

"မသေချင်ရင် အဝေးကိုထွက်သွားစမ်း"

ကောင်းကင်ထက်မှ ဝိညာဉ်စွမ်းအားများ ပြင်းထန်စွာထွက်ပေါ်လာပြီး တန်ခိုးစွမ်းအားလှိုင်းလုံးများ တလိမ့်လိမ့်တက်လာလေသည်။

ထိုဝိညာဉ်စွမ်းအားများမှာ လောကနတ်ဘုရားတစ်ပါး၏ အဆင့်နှင့်ညီသည့် နတ်မိစ္ဆာတစ်ကောင်၏ စွမ်းအားများဖြစ်ကြောင်း အားလုံး သိရှိလိုက်ကြလေသည်။ စကားရည်လုပွဲတွင် တရားစကားလာရောက်ကြားနာကြသည့် ပရိတ်သတ်များထဲတွင် သာမန်လူသားများလည်း ပါဝင်လေရာ နတ်ဘုရားများအချင်းချင်းတိုက်သည့်တိုက်ပွဲတွင် ထိုသူများမှာ ဓားစာခံဖြစ်ရတော့မည်ဖြစ်လေသည်။

ထိုခဏလေးအတွင်းမှာပင် ကျင်းကွမ်းဝတ်ကျောင်းတော်မှ ဘုန်းတော်ကြီးများ ပြေးထွက်လာကြကာ အရပ်လေးမျက်နှာတွင် အသင့်အနေအထား နေရာယူထားလိုက်ကြလေသည်။

အခန်း (၁၇၅)

 ရွှေရောင်အလင်းတန်းကိုပျံ့နှံ့စေသည့်ရေပြင်

တာအိုဆရာဟွမ်ကျန်းမှာ နေရာတွင်ပင် ရပ်နေရင်း ရေရွတ်လိုက်လေသည်။

"သေကုန်တော့မှာပဲ"

ကျင်းကွမ်းဝတ်ကျောင်းတော်ထဲမှ ထွက်လာသည့် ဘုန်းတော်ကြီးများမှာ သူတို့ဆီသို့ တလိမ့်လိမ့်ဝင်ရောက်လာသည့် တန်ခိုးစွမ်းအားလှိုင်းလုံးကြီးများကြောင့် အံ့ဩသွားကြရလေသည်။ ထိုတန်ခိုးစွမ်းအားလှိုင်းလုံးကြီးနှင့် ရိုက်ခတ်လိုက်မိသည်နှင့် ဘုန်းတော်ကြီးများမှာ ပုရွက်ဆိတ်လေးများအလား လွင့်ထွက်သွားကြရလေသည်။

တစ်ချိန်တည်းမှာပင် ကျင်းကွမ်းဝတ်ကျောင်းတော်ကြီးတစ်ခု လုံးကို ထိုတန်ခိုးစွမ်းအားလှိုင်းလုံးကြီးက ဝါးမြိုသွားလေ သည်။ သို့သော် ထွက်ပေါ်နေသည့် ဗုဒ္ဓရောင်ခြည်တော်ကိုတော့ ဝါးမြိုသွားနိုင်ခြင်းမရှိပေ။ ဗုဒ္ဓရောင်ခြည်ဆိုသည်မှာ မကောင်းမှုအားလုံးမှ ကင်းလွတ်ပြီး သတ္တဝါအပေါင်းကို ဒုက္ခ ဆင်းရဲမှကယ်တင်နိုင်သည့် တန်ခိုးစွမ်းအားရှိလေသည်။ သို့သော် ကျင်းကွမ်းဝတ်ကျောင်းတော်မှ ထွက်ခွာရန် ပြင်ဆင် နေကြသည့် ကျင့်ကြံသူများမှာတော့ ထိုတန်ခိုးစွမ်းအားလှိုင်း လုံးကြီးက ပိတ်ဆို့ထားသည့်အတွက် ထွက်ခွာ၍မရ ဖြစ်နေကြ လေသည်။

အချို့ကျင့်ကြံသူများကတော့ အသင့်ရင်ဆိုင်ရန် ပြင်ဆင်ထား လိုက်ကြလေသည်။

လူအများစုမှာ ပေါင်ယွဲ့ဆရာတော်ကြီးကို ဝိုင်းပြီးကြည့်နေကြ လေသည်။

လေထဲမှ တန်ခိုးစွမ်းအားလှိုင်းလုံးကြီးကို ထုတ်လွှတ်လိုက်သည့်သူမှာ အလွန်မှ တန်ခိုးစွမ်းအားကြီးမားသည့် နတ်မိစ္ဆာတစ်ပါးဖြစ်လေသည်။ ထို နတ်မိစ္ဆာကိုပေါင်ယွဲ့ဆရာတော်ကြီးတစ်ပါးတည်းဖြင့် မည်သို့မျှ ရင်ဆိုင်နိုင်မည်မဟုတ်ပေ။

ထို နတ်မိစ္ဆာမှာ လောကနတ်ဘုရားနှင့် အဆင့်တူညီသည့်နတ်မိစ္ဆာဖြစ်သည့်အတွက် မိစ္ဆာနတ်ဘုရားဟုပင် ခေါ်ဆိုနိုင်လေသည်။

ထိုကဲ့သို့ တန်ခိုးစွမ်းအားကြီးမားသည့် နတ်မိစ္ဆာဘုရင်များစွာလောကတွင် ရှိလေသည်။ သို့သော် ထိုသူများသည် မည်သည့်အခါမှ နတ်ဘုရားဟု အမည်ကိုမခံယူကြဘဲ ကိုယ့်ပိုင်နက်နှင့်ကိုယ် အုပ်ချုပ်ကာ နေထိုင်ကြလေသည်။

စုန့်ချင်းယီမှာ အသက်ပင်မရှူနိုင်အောင် ဖြစ်သွားရသည်။

"အစ်ကိုဆန်းလျန်၊ ကျုပ်တို့ဘာလုပ်ကြမလဲ"

သူက ဆန်းလျန်ဘက်သို့ လှည့်ကာမေးလိုက်သည်။

ဆန်းလျန်က တည်ငြိမ်အေးဆေးစွာဖြင့် အခြေအနေကို အကဲခတ်နေလေသည်။

ဆန်းလျန်မှာ ထိုနတ်မိစ္ဆာကို နှိမ်နင်းနိုင်သည့်အဆင့် မရှိသေးပေ။ သို့သော် လက်ရှိရင်ဆိုင်နေရသည့် အခြေအနေမှ လွတ်မြောက်နိုင်အောင်တော့ ကြံဆောင်နိုင်လေသည်။

ဆန်းလျန်က ပေါင်ယွဲ့ဆရာတော်ကြီးကို လှမ်းကြည့်လိုက်သည်။

ပေါင်ယွဲ့ဆရာတော်ကြီးမှာ များစွာတည်ငြိမ်နေသည်ကို တွေ့လိုက်ရလေသည်။ ဆရာတော်ကြီးမှာ လက်ရှိရင်ဆိုင်နေရသည့်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ပြီးထားပြီး ဖြစ်လိမ့်မည်ဟု ဆန်းလျန်တွေးလိုက်သည်။

တောင်တက်လမ်းတစ်လျှောက် စိတ်စွမ်းအားဖြင့်ထွန်းညှိထားသည့် မီးတိုင်များမှာ အလကားမဟုတ်ပေ။ တရားအလင်းမီးအိမ်များမှာ ခပ်မြန်မြန် ငြိမ်းသွားခြင်းမရှိနိုင်ပေ။ ထို မီးတိုင်

များမှာ ရောက်ရှိလာသည့် နတ်မိစ္ဆာ၏ မိစ္ဆာတိမ်တိုက်ကို

တတ်နိုင်သမျှ ကာကွယ်ပေးထားလေသည်။

မီးအိမ်များမှာ မှေးမှိန်သွားသည့်တိုင်အောင် ငြိမ်းသွားခြင်း

တော့မရှိပေ။

ဆန်းလျန်က အခြေအနေများကို ရှုတ်ထွေးအောင် မလုပ်ချင်

ပါ။ နတ်ဘုရားအဆင့် ကျင့်ကြံသူများတိုက်ခိုက်ကြသည့်ပွဲ

တွင် သူပါဝင်ပတ်သက်မိလျှင်လည်း ကူညီရာရောက်မည်

မဟုတ်ပေ။

"ချင်းယီ ၊ ခုက အရေးပေါ်အခြေအနေပဲ ၊ မင်းရဲ့ဆရာ ရှန်ဆန်း

ကျန်းရန်ကိုများ ဆက်သွယ်လို့ရနိုင်မလား"

ဟု ဆန်းလျန်က မေးလိုက်လေသည်။

စုန့်ချင်းယီက စိတ်ညစ်ညစ်ဖြင့် မချိပြုံးပြုံးလိုက်လေသည်။

"မရတော့ဘူး အစ်ကိုဆန်းလျှန် ၊ ဟိုတစ်လောကပဲ နောက်ဆုံး ကျန်တဲ့ အမွေးတိုင်ကို သုံးလိုက်ပြီ ၊ ဆရာ့ကို နောက်ထပ် ဆက်သွယ်ဖို့နည်းလမ်း မသိတော့ဘူး"

ဆန်းလျှန်က စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်ရင်း...

"အဲဒီပစ္စည်းက ဒီလောက်တန်ဖိုးရှိတာ ၊ ဘာလို့ လွယ်လွယ်နဲ့ သုံးပစ်လိုက်ရတာလဲ"

ဟု ပြောလိုက်လေသည်။

"ဆရာက အသုံးပြုဖို့တကယ်လိုအပ်ပြီလို့ထင်တဲ့အချိန်ကျရင် အဲဒီအမွေးတိုင်ကို သုံးဖို့မှာထားတာ ၊ ငါလည်း မသိဘူးလေ ၊ အဲဒီတုန်းက တကယ်သုံးဖို့လိုတယ်လို့ ထင်တာနဲ့ပဲ သုံးလိုက်မိ တာ ၊ ပြီးတော့ အဲဒီလိုအမွေးတိုင်သုံးတိုင်းလည်း ဆရာက အဖြေပြန်ပေးတယ်ဆိုတာရှားပါတယ် ၊ ဘာလို့လဲဆိုတော့ ဆရာက တစ်ပါးတည်း တရားကျင့်နေတတ်တာက များတယ် လေ"

စုန့်ချင်းယီက ကပျာကယာ ရှင်းပြလိုက်ရသည်။

"အေးပါကွာ ၊ ရှန်ဆန်းကျန်းရန်က တကယ်တော်တဲ့ ပညာရှိပုဂ္ဂိုလ်ကြီးပါ ၊ ပြီးတော့ မင်းက အမွေးတိုင်ကို ဒီလို လွယ်လွယ်နဲ့ သုံးလိုက်မိတာက မင်းရဲ့ဆရာကို အရမ်းမမီခိုလို့ သုံးလိုက်တယ်ဆိုတာ ငါသိပါတယ် ၊ ခု မင်းလည်း အန္တရယ်ထဲရောက်နေပြီ ၊ သူလည်း နတ်ဘုရားကျင့်စဉ်တွေ ကျင့်ကြံနေတယ်ဆိုရင် မင်းကို လာကယ်နိုင်မှာ မဟုတ်ပါဘူး"

ရှန်ဆန်းကျန်းရန် လုကျိုးယွမ်မှာ တပည့်တစ်ယောက်ကို ပျက်စီးလောက်သည်အထိတော့ အလိုလိုက်မည့် ဆရာတစ်ယောက်မဟုတ်ပေ။ သူလုပ်သည့်အလုပ်တိုင်းတွင် အဓိပ္ပါယ်ရှိမည်သာဖြစ်လေသည်။ စုန့်ချင်းယီကို တပည့်အဖြစ်လက်ခံထားကတည်းက စုန့်ချင်းယီမှာ လူညံ့တစ်ယောက်မဟုတ်သောကြောင့် ဖြစ်လေသည်။ လောလောဆယ်တွင် ဆန်းလျန်မှာ စုန့်ချင်းယီထက် ခြေတစ်လှမ်းသာနေသည့်တိုင် စုန့်ချင်းယီ

မှာလည်း သူ့နောက်သို့ အနေးနှင့်အမြန် လိုက်လာမည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

"မင်းပြောတာကို ငါနားလည်ပါတယ် ၊ တကယ်လို့ ငါ မလွတ်နိုင်ဘူးဆိုရင်တောင်မှ ချီးရှီးကိုတော့ မင်းက ရအောင် ကယ်သွားပေးနော်"

စုန့်ချင်းယီက ပြောရင်း ချီးရှီးကို တစ်ချက်ကြည့်လိုက်သည်။ သူ၏မျက်နှာမှာ ယခင်ကနှင့်မတူ တည်ကြည်လေးနက်နေလေသည်။

စုန်ချင်းယီက ဆန်းလျန်ကို အစ်ကိုဆန်းလျန်ဟု ပြောင်းလဲခေါ်ဝေါ်လေသည်။ သူက ချန်ကျန့်မေကို သူနှင့်အဆင့်တူသူဟု သတ်မှတ်ကာ နောင်တော်ဟု ပြောဆိုဆက်ဆံခဲ့သူဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်မှာလည်း ဟိုင်သန်းအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည့်အတွက် အစ်ကိုတစ်ယောက်ကဲ့သို့ သတ်မှတ်လိုက်ခြင်းဖြစ်လေသည်။ စုန့်ချင်းယီက မည်

သည့်အရာကိုမှ သိပ်ပြီးဂရုစိုက်သည့်လူမျိုး မဟုတ်သည့်တိုင်

ဆန်းလျန် ဟိုင်သန်းအဆင့်အောင်မြင်သွားပြီးသည့်နောက် သူ

လည်း အောင်မြင်ချင်စိတ်များ ဖြစ်ပေါ်နေခဲ့လေသည်။

တောင်ခြေမှ ပင်လယ်လှိုင်းလုံးကြီးများသည် တောင်

တက်လမ်းတစ်လျှောက် ထွန်းညှိထားသည့် စိတ်စွမ်းအား

မီးတိုင်များဆီသို့ တစ်လိမ့်လိမ့်တက်လာနေလေသည်။

ချီးရှီးသည် ဆန်းလျန်နှင့် စုန့်ချင်းယီ၏ စကားများကို အာရုံမ

ရောက်ပေ။ သူမက တလိမ့်လိမ့်တက်လာပြီး စိတ်စွမ်းအား

မီးတိုင်များကို ရိုက်ခတ်နေသည့် ပင်လယ်လှိုင်းလုံးကြီးများကို

စိတ်ဝင်တစားကြည့်နေလေသည်။

"အဲဒီရေလှိုင်းလုံးတွေက ယိယွမ်ပညာနဲ့ဖန်ဆင်းထားတဲ့ ရေ

လှိုင်းလုံးတွေပဲ၊ ကျွန်မသာ ကျင့်ဖင်ဖန်ပုလင်း ပညာကို

လေ့ကျင့်နိုင်ရင် အဲဒီရေလှိုင်းတွေအားလုံးကို ပုလင်းထဲထည့်

ထားလိုက်နိုင်မှာပဲ"

ဟု ချီးရှိုးကပြောလိုက်လေသည်။

တလိမ့်လိမ့်တက်လာသည့် ပင်လယ်ရေလှိုင်းများမှာ နှစ်ခြမ်းကွဲသွားပြီး ထိုလှိုင်းများအလယ်တွင် ရွှေရောင်ဝတ်ရုံနှင့် လူတစ်ယောက်ပေါ်ထွက်လာလေသည်။ ထိုသူမှာ ဟိုင်သခင်ကြီးပင် ဖြစ်လေသည်။

သူ၏အသံက မီးတိုင်များကို ဖြိုခွင်းပြီး ပြတ်သားစွာထွက်ပေါ်လာလေသည်။

"ပေါင်ယွဲ့၊ ဗောဓိသကျရဲ့ဓာတ်တော်တွေကို ကျုပ်ကို အခုချက်ချင်းထုတ်ပေးစမ်း၊ ဒါဆို ကျုပ်ချက်ချင်းပြန်သွားမယ်၊ မဟုတ်လို့ကတော့ ဒီကလူတွေအားလုံးကို ကျုပ်သတ်ပစ်ရလိမ့်မယ်"

လွှမ်းမိုးနိုင်စွမ်းအပြည့်ရှိသည့် ထိုအသံကို လူတိုင်းကောင်းကောင်း ကြားလိုက်ရလေသည်။

ပေါင်ယွဲ့ဆရာတော်က ရယ်မောလိုက်ရင်း....

"မင်းကတောင်းမှတော့ ဗောဓိသဿကျမ်းစာတော်ကို မင်း

အတွက်ပါပဲ"

ဟု ပြောလိုက်လေသည်။

ပေါင်ယွဲ့ဆရာတော်ကြီး၏စကားကြောင့် ဟိုင်သခင်ကြီး၏

မျက်ဝန်းများ တစ်လက်လက်တောက်ပသွားသည်။ ဟိုင်သခင်

ကြီးဆီမှာ အေးစိမ့်သည့်အငွေ့အသက်များလည်း ထွက်

ပေါ်လာလေသည်။

"မင်းလည့်စားမယ်တော့ မကြံနဲ့နော်၊ မိုင်ငါးထောင်အတွင်းက

ဒီငတုံးကျင့်ကြံသူတွေအကုန်လုံးကို သတ်ပစ်လိုက်မှာ"

ပေါင်ယွဲ့ဆရာတော်ကြီးက ဟိုင်သခင်ကြီးကို တည်ငြိမ်စွာဖြင့်

ကြည့်လိုက်ရင်း...

"ကျုပ်ဘဝမှာ ကတိမတည်ခဲ့တာမျိုး မရှိခဲ့ဖူးဘူး"

ဆရာတော်ကြီးက ဆက်ပြောလိုက်သည်။

"ချုန်းရှောင်၊ ဗောဓိသဿကျအမွေအနှစ်တွေကို ပင့်ဆောင်ခဲ့"

ဝတ်ကျောင်းတော်အတွင်းမှ အသက်သုံးဆယ်အရွယ်ခန့် ဘုန်းတော်ကြီးတစ်ပါးထွက်လာလေသည်။ သူ၏ဦးခေါင်းမှာ အခြားဘုန်းတော်ကြီးများနှင့်မတူဘဲ ပြောင်လက်တောက်ပနေလေသည်။ အခြားဘုန်းတော်ကြီးများကဲ့သို့ ဦးခေါင်းရိတ်ထားသည့်ပုံနှင့်မတူဘဲ မွေးညင်းပေါက်လေးများပင် မရှိအောင် ပြောင်လက်နေသည့် ဦးခေါင်းဖြစ်လေသည်။

ဆန်းလျန်မှာ ထိုသူကို ချက်ချင်းပင်မှတ်မိလိုက်လေသည်။ သူနှင့် နှစ်ပေါင်းများစွာ ကြာအောင် ကွဲကွာနေခဲ့သည့် လင်ချုန်းရှောင်ပင် ဖြစ်လေသည်။

ကူဟော့ဆရာတော်ထံမှ လင်ချုန်းရှောင် ဘုန်းကြီးဝတ်သွားသည့်သတင်းကို ကြားခဲ့ရသည့်တိုင် တကယ်တမ်း ဘုန်းကြီးဝတ်ဖြင့် လင်ချုန်းရှောင်ကို တွေ့လိုက်ရသည့်အခါတွင်တော့ ဆန်းလျန်၏ ရင်ထဲတွင် အမည်မသိခံစားချက်များ တလိမ့်လိမ့်တက်လာလေသည်။

အစိမ်းရောင်ဝတ်လူယွမ်ရှန်နှင့်ပတ်သက်ခဲ့သည့် အတိတ်အကြောင်းအရာများအားလုံးသည် တိမ်တိုက်တစ်စပမာလွင့်မျောသွားပြီး သဲလွန်စပင် မကျန်တော့အောင် လွင့်စင်ခဲ့ပြီဖြစ်လေသည်။

လင်ချုန်းရှောင်က ပေါင်ယွဲ့ဆရာတော်ဆီသို့ လျှောက်သွားလိုက်လေသည်။

သူ၏ပုံစံမှာ ပေါင်ယွဲ့ဆရာတော်ကြီးကဲ့သို့ပင် တည်ငြိမ်နေလေသည်။

အဖုံးထက်တွင် ရှုတ်ထွေးသည့်စာလုံးများရေးသားထားသည့်သေတ္တာငယ်လေးတစ်လုံးကို လင်ချုန်းရှောင်က ထုတ်ယူလိုက်သည်။ လင်ချုန်းရှောင်၏လက်မှ အဖြူရောင်အလင်းတန်းများထွက်ပေါ်လာပြီး သေတ္တာလေးမှာ ဖြည်းဖြည်းချင်းပွင့်သွားလေသည်။ သေတ္တာလေးထဲမှ ထွက်ပေါ်လာသည့်

အလင်းရောင်သည် ကောင်းကင်တစ်ခုလုံးကို လင်းထိန်သွား

စေလေသည်။

သေတ္တာလေးအတွင်းမှာ "ဝမ့်" စြက်ကာပုံသဏ္ဍာန်လေးများမှာ

မီးလုံးလေးများပျံသန်းနေသကဲ့သို့ ထွက်ပေါ်လာလေသည်။

ထို "ဝမ့်" စြက်ကာလေးများသည် ကောင်းကင်ထက်တွင် ဟိုဟိုဒီဒီ

လျှောက်သွား ပျံသန်းနေသည့်တိုင် မြင်ရသူတိုင်း၏စိတ်ကို

ငြိမ်းချမ်းစေလေသည်။

ဟုန်ကျန်းဆရာတော်မှာလည်း ဗောဓိသကျအမွေအနှစ်များကို

မြင်သည်နှင့် ပါးစပ်မှ တစ်စုံတစ်ခုကို ရွတ်ဖတ်လိုက်လေ

သည်။ ထိုအချိန်မှာပင် ဆန်းလျန်ထံမှ ဝိညာဉ်စွမ်းအားပစ္စည်း

လေးတစ်ခုက အလင်းတန်းတစ်ခုအလား ထွက်ပေါ်လာပြီး

ဗောဓိသကျအမွေအနှစ်များကို ဝါးမြိုသွားလေတော့သည်။

ဆန်းလျန်က ဟုန်ကျန်းဆရာတော်ကို သတိထားစောင့်ကြည့်

နေသည့်အတွက် ရုတ်တရက် သူ့ဆီမှထွက်ခွာသွားသည့်

ပစ္စည်းလေးကို မတားဆီးလိုက်နိုင်ပေ။

တစ်ချိန်တည်းမှာပင် ဓားဝိညာဉ်တစ်ခု ပေါ်ထွက်လာပြီး ဆန်း

လျန်၏မျက်ဝန်းများမှာ ဓားရောင်အလား တစ်လက်လက်

တောက်ပနေလေသည်။

ဆန်းလျန်ထံမှ ထွက်ပေါ်လာသည့် ဝိညာဉ်စွမ်းအားပစ္စည်းလေး

မှာ လျှင်မြန်လွန်းသည့်အတွက် ပေါင်ယွဲ့ဆရာတော်ကြီးပင်

တားဆီးချိန်မရလိုက်ပေ။

ဆန်းလျန်၏ဝိညာဉ်စွမ်းအားပစ္စည်းလေးက ဗောဓိသကျ

ဓာတ်တော်ကို ဝါးမြိုထားလိုက်သည်ကို တွေ့မြင်လိုက်ရသည့်

အခါ ဟိုင်သခင်ကြီး ဒေါသထွက်သွားလေသည်။

"မင်းကလုပ်ရဲသလား"

ထိုခဏအတွင်းမှာပင် ကောင်းကင်ထက်မှ မိစ္ဆာတိမ်တိုက်ဆီမှ တန်ခိုးစွမ်းအားများမှာလည်း ကျင်းကွမ်းဝတ်ကျောင်းတော် တစ်ခုလုံးကို သတ်ဖြတ်ရန် တလိမ့်လိမ့်တက်လာလေသည်။

ထိုအချိန်မှာပင်....

ကောင်းကင်တစ်ခုလုံးတွင် ရွှေရောင်နာနတ်ပွင့်သဏ္ဍာန်များဖြင့် ပြည့်သွားလေသည်။ ကောင်းကင်တစ်ခုလုံးမှာ ဗောဓိသကျ ကိုယ်တိုင် ရောက်ရှိလာသည့်အလား သန့်စင်ကြည်လင်သွား လေသည်။

တစ်ချိန်တည်းမှာပင် ကောင်းကင်အပြင်ဘက်ဆီမှ ဓားဝိညာဉ် တစ်ခုထွက်ပေါ်လာလေသည်။ ထိုဓားဝိညာဉ်က လမင်းကို ဖုံးအုပ်ထားသည့် မိစ္ဆာတိမ်တိုက်ဆီမှ တန်ခိုးစွမ်းအားများ အားလုံးကို စုပ်ယူလိုက်လေသည်။ ခေါင်းကိုးလုံးမင်းကြီးမှာ အနက်ရောင်တိမ်တိုက်များကြားထဲတွင် ပိတ်မိနေလေ တော့သည်။

ဓားဝိညာဉ်ကို စေလွှတ်လိုက်သူမှာ လက်တစ်ဖက်တည်းသာရှိသည့် ဘုန်းတော်ကြီးဖြစ်လေသည်။ ဘုန်းတော်ကြီး၏မျက်နှာမှာ ပြုံးနေပြီး တရားရွတ်ဖတ်သံမှာ ကောင်းကင်တစ်ခုလုံး တုန်လှုပ်သွားစေလေသည်။ ဆရာတော်မှာ နာနတ်ပွင့်များ အလည်တွင် ကြည်ညိုဖွယ်ရာဖြစ်နေလေသည်။ နာနတ်ပွင့်များသည် ခေါင်းကိုးလုံးမင်းကြီး ပိတ်မိနေသည့် အနက်ရောင်တိမ်တိုက်အနားသို့ စုဝေးရောက်ရှိသွားကာ အနက်ရောင်တိမ်တိုက်မှာ မျက်စိတစ်မှိတ်အတွင်းတွင်ပင် ပျောက်ကွယ်သွားလေသည်။

အနက်ရောင်တိမ်တိုက်ပျောက်ကွယ်သွားသည်နှင့် ခေါင်းကိုးလုံးမင်းကြီး ထွက်ပေါ်လာလေသည်။

တောက်ပနေသည့် ဓားဝိညာဉ်အောက်တွင် ခေါင်းကိုးလုံးမင်းကြီး၏ ကြောက်မက်ဖွယ်ရာ ရယ်မောသံကြီး ထွက်

ပေါ်လာလေသည်။ သူ၏ရယ်သံကြီးမှာ ကျားဟိန်းသံကြီး

အလား ကောင်းကင်တစ်ခွင်တွင် ပျံ့နှံ့သွားလေတော့သည်။

အခန်း (၁၇၆)

ပြောင်းလဲနေသည့်သဘာဝတရား

ခေါင်းကိုးလုံးမင်းကြီး၏ ခန္ဓာကိုယ်မှာ ထွားကျိုင်းသန်မာလှ

လေသည်။ သူက ဓားဝိညာဉ်ကို ရင်ဆိုင် တိုက်ခိုက်လိုက်လေ

သည်။ ရွှေရောင်နာနတ်ပွင့်များမှာ မိစ္ဆာတိမ်တိုက်ကို ဖြိုခွင်း

လိုက်ပြီး တစ်စုတစ်စည်းတည်း စုစည်းနေကြလေသည်။

ခေါင်းကိုးလုံးမင်းကြီးထံမှ ထူးဆန်းသည့် မိုးခြိမ်းသံကြီး ထွက်ပေါ်လာသည့်အခါတွင်တော့ နာနတ်ပွင့်လေးများမှာ ပြန်လည်ခွဲဖြာထွက်သွားကြလေသည်။

ခေါင်းကိုးလုံးမင်းကြီးထံမှ ဝိညာဉ်စွမ်းအားနှင့် တန်ခိုးစွမ်းအားများ နှစ်ခုရောယှက်ပြီး ပြင်းထန်စွာထွက်ပေါ်လာလေသည်။

စွမ်းအားများမှာ ပြင်းထန်လွန်းသောကြောင့် ကောင်းကင်ထက်မှ လမင်းကိုပင် ဖြုတ်ချတော့မည့် အလားပင်။

ဟော့ခဲ့ဆရာတော်က ဓားကိုဆွဲထုတ်လိုက်သည်။

ဆရာတော်၏တန်ခိုးစွမ်းအားမှာ အလွန်တိုးတက်လာလေသည်။ ဆရာတော်တွင် လက်တစ်ဖက်သာရှိတော့သော်လည်း ဓားသွားကတော့ လွန်စွာမှ ထက်ရှနေလေသည်။ ဓားသွားမှာ လောကရှိအရာအားလုံးကို အပိုင်းပိုင်းဖြတ်တော့မည့်အလားပင် လင်းလက်နေသည်။ မင်ဝမ်ဝတ်ကျောင်းတော်တွင် သူ

ကျင့်ကြံထားခဲ့သမျှ ဝိညာဉ်စွမ်းအားများအားလုံးကို ဖော်ထုတ်ထားခြင်း ဖြစ်လေသည်။

သူ့ပုံစံက ကြောက်လန့်ခြင်းလည်းမရှိ....

စိုးရိမ်ခြင်းလည်းမရှိ...

ဟွေ့ခဲ့ဆရာတော် ကိုင်ဆောင်ထားသည့်ဓားဆီမှ တရားအလင်းတန်ခိုးစွမ်းအားက ထွက်ပေါ်လာလေသည်။

ဆရာတော်၏ ဝိညာဉ်စွမ်းအားများကြောင့် ကောင်းကင်တစ်ခွင်မှာ ထိန်းချုပ်၍မရအောင် တုန်လှုပ်နေလေသည်။

ဟွေ့ခဲ့ဆရာတော်၏လျှင်မြန်မှုမှာလည်း မှန်းဆ၍ မရနိုင်ပေ။

ဆရာတော်က ဓားသွားကို တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့်ဓားရောင်များက မယုံကြည်နိုင်စရာ စီးဆင်းဖြာထွက်လာလေသည်။ ဓားသွားမှာ လရောင်ခြည်ကဲ့သို့ လင်းလက်နေပြီး မြွေတစ်ကောင်အလား လှုပ်ရှားနေလေသည်။ ထိုဓားသွားသည်ခေါင်းကိုးလုံးမင်းကြီး၏ လက်ကို ရစ်ပတ်သွားပြီး ဖိနှိပ်ထား

လိုက်လေသည်။ ဓားသွား၏ အလင်းရောင်ကြောင့် ခေါင်းကိုး လုံးမင်းကြီး၏ ပုံရိပ်ကိုတောင် ကောင်းစွာ မမြင်ရတော့ပေ။ ဓားရိပ်မှာ နဂါးတစ်ကောင်အလား သဏ္ဍာန်ပြောင်းသွားကာ ကောင်းကင်တစ်ခွင်လုံး ဖုံးလွှမ်းသွားလေသည်။ ခေါင်းကိုးလုံး မင်းကြီး၏ ခန္ဓာကိုယ်မှ တဖြည်းဖြည်း ကြီးထွားလာပြီး မိုးကြိုးနတ်ဘုရားအလား ဖြစ်ပေါ်လာလေသည်။ မိုးခြိမ်းသံ များလည်း အဆက်မပြတ်ကြားနေရလေသည်။ ခေါင်းကိုးလုံး မင်းကြီး၏ တန်ခိုးစွမ်းအားမှာလည်း ခန့်မှန်းရခက်လေသည်။ ဟော့ခွဲဆရာတော်၏ မိစ္ဆာနှိမ်နင်းခြင်းပညာနှင့် ခေါင်းကိုးလုံး မင်းကြီး၏ တန်ခိုးစွမ်းအား ထိပ်တိုက်တွေ့ပြီး တိုက်ပွဲက ပိုပြီး ပြင်းထန်လာလေသည်။

ဗောဓိသကျ အရိုးဓာတ်တော်ကို ဆန်းလျှန်ဆီမှ ဝိညာဉ် စွမ်းအားပစ္စည်းလေးက ဝါးမြိုထားလေသည်။

ထိုအချိန်မှာပင် ကောင်းကင်ထက်တွင် သွေးနီရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ ထိုသွေးနီရောင် အလင်းတန်းဆီမှ သွေးနီရောင် အလင်းတန်းငယ်လေးများ ခွဲ ဖြာထွက်သွားလေသည်။ ထိုအလင်းတန်းငယ်လေးများသည် မြေပြင်ထက်မှ ကျင့်ကြံသူများနှင့် သာမန်လူများဆီသို့ ယမ်းမှုန့်များကဲ့သို့ ကျရောက်သွားလေသည်။ ထို သွေးနီရောင် အလင်းတန်းငယ်များဖြင့်ထိမိသူ အားလုံးမှာ ပေါက်ကွဲသွားပြီး သွေးစီးကြောင်းများအဖြစ်ပြောင်းလဲသွားကြကာ ပေါင်ယွဲ့ ဆရာတော်ကြီးကို တိုက်ခိုက်လိုက်ကြလေသည်။

ထိုဖြစ်ရပ်ကြောင့် ဟိုင်သခင်ကြီးထံမှ ဒေါသတကြီး ကြုံးဝါး သံတစ်ချက် ထွက်ပေါ်လာသည်။ ယိယွမ်ပညာဖြင့်ဖန်ဆင်း ထားသည့် လှိုင်းလုံးကြီးများမှာ ပျောက်ကွယ်သွားပြီး ကြီးမား သည့် လက်ကြီးတစ်ဖက် ထွက်ပေါ်လာကာ ဗောဓိသကျ

ဓာတ်တော်ကို ဝါးမြိုထားသည့် ဝိညာဉ်စွမ်းအားပစ္စည်းလေးကို ဆွဲယူလိုက်လေတော့သည်။

ဝိညာဉ်စွမ်းအားပစ္စည်းလေးသည် ရုတ်တရက်ပေါက်ကွဲသွားပြီး အတွင်းမှဗောဓိသကျဓာတ်တော်ထွက်ပေါ်လာလေသည်။

ဗောဓိသကျ၏ ဓာတ်တော်သည် သွေးစီးကြောင်းတစ်ခုဆီသို့ ကျရောက်လုနီးပါးဖြစ်သွားလေသည်။ သို့သော် ဟိုင်သခင်ကြီးက ထိုဓာတ်တော်ကိုဖမ်းစုပ်လိုက်ကာ သိမ်းဆည်းလိုက်လေသည်။

ဟိုင်သခင်ကြီးသည် ခေါင်းကိုးလုံးမင်းကြီး မည်သို့ဖြစ်နေသည်ကို လှည့်ပင်မကြည့်တော့ပါ။ သူက ပင်လယ်လှိုင်းလုံးများဖန်ဆင်းကာ ချက်ချင်းပင် ထွက်ခွာသွားလေတော့သည်။

ပေါင်ယွဲ့ဆရာတော်ကြီးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။ ဆရာတော်က သူ၏ဝိညာဉ်စွမ်းအားကိုအသုံးပြုကာ ဟိုင်သခင်ကြီးကို အဆုံးအစမရှိသည့် စကြာဝဠာတစ်ခုဖန်ဆင်းပြီး

ထင်ယောင်ထင်မှားဖြစ်စေရန် ချုပ်ထားလိုက်လေသည်။ တစ်ချိန်တည်းမှာပင် ဆရာတော်ကြီး၏ဦးခေါင်းနောက်တွင် အဖြူရောင် ရောင်ခြည်စက်ဝန်းတစ်ခု ပေါ်လာလေသည်။ ထိုရောင်ခြည်စက်ဝန်းဆီမှ ခရမ်းရောင်ရောင်စဉ်တန်းတစ်ခုထွက်ပေါ်လာပြီး သွေးနီရောင်စီးကြောင်းများကို တားဆီးထားလိုက်လေသည်။ သွေးနီရောင်စီးကြောင်းများမှာ ခရမ်းရောင်အလင်းတန်းနှင့်ထိတွေ့မိသည်နှင့် သွေးစလေးများအဖြစ်အစိတ်စိတ်အမွှာမွှာကွဲသွားပြီး ကျင့်ကြံသူများနှင့် သာမန်လူများဆီသို့ ပျံ့လွင့်သွားလေသည်။ ထိတ်လန့်တကြား အော်ဟစ်သံများထွက်ပေါ်လာကြလေသည်။

ထိုအချိန်မှာပင်...

ဟွမ်ကျန်းနှင့် တာအိုဆရာပိုင်ရှီတို့တစ်ပြိုင်းတည်း လှုပ်ရှားလိုက်ကြသည်။

ဟွမ်ကျန်းက သူ၏ ရှမ်ချင်းတန်ခိုးစွမ်းအားကို မြားငယ်လေး များဖန်ဆင်းလိုက်ကာ ထိုသွေးစလေးများကို ပစ်ခတ်လိုက် လေသည်။

တစ်ချိန်တည်းမှာပင် တာအိုဆရာပိုင်ရှီက ပန်းချီကားလိပ်တစ် ခုကို ထုတ်ယူလိုက်ပြီး ထိုပန်းချီကားမှာ လူအများဆီသို့ ပျံသန်းသွားပြီး သွေးစလေးများအားလုံးကို စုပ်ယူသွားလေ သည်။ သို့တိုင်အောင် သွေးစလေးများအားလုံးကို မကာကွယ် နိုင်ဘဲ ကျန်ရှိနေသော သွေးစများမှာ အချို့သော ကျင့်ကြံ သူများနှင့် သာမန်လူများကို သွားရောက်ထိခိုက်လေသည်။ ပေါင်ယွဲ့ဆရာတော်ကြီးက ထိုသွေးစများကို သိပ်ပြီး အာရုံမ ထားပါ။ ဆရာတော်က ခရမ်းရောင်အလင်းတန်းနှစ်ခုကို ဟိုင် သခင်ကြီး၏ခြေထောက်ဆီသို့ ပစ်လွှတ်လိုက်လေသည်။

ဆန်းလျန်ကတော့ ဟုန်ကျန်းဆရာတော်ကို အာရုံစိုက်နေလေ သည်။ သွေးစလေးများက ဟုန်ကျန်းဆရာတော်ကို တိုက်ခိုက်

နေပြီးဟုန်ကျန်းဆရာတော်ကို ဆရာတော်က သူ၏ ရွှေခန္ဓာ ကျင့်စဉ်စွမ်းအားဖြင့် ကာကွယ်နေလေသည်။ တိုက်ခိုက်ရင်း ကျင်းကွမ်းဝတ်ကျောင်းတော် ပရဝုဏ်ထဲမှ တဖြည်းဖြည်း ထွက်ခွာသွားလေသည်။

ရုတ်တရက်ပင် ဓားဝိညာဉ်တစ်ခု ပေါ်ထွက်လာပြီး ဟုန်ကျန်း ဆရာတော်ကို ချိန်ရွယ်ထားလိုက်သည်။ ဟုန်ကျန်းဆရာတော် မှာမျက်နှာ တစ်ချက်ပျက်သွားလေသည်။ ဓားဝိညာဉ်မှာ လျှင် မြန်လွန်းလေသည်။ သို့သော် ဟုန်ကျန်းဆရာတော်ကို ထိုးစိုက် လိုက်ခြင်းမရှိပါ။ ဓားဝိညာဉ်က ဟုန်ကျန်းဆရာတော်ကို လှည့်ပတ်နေပြီး ဓားဝိညာဉ်၏အရှိန်ကြောင့် ဆရာတော်၏ ကိုယ်တွင်ကပ်နေသည့် သွေးစလေးတစ်စမှာ လွင့်စင်ထွက် သွားရလေသည်။

ထိုသွေးစလေးမှာ ဓားဝိညာဉ်ကို ထိတ်လန့်ပုံမပေါ်ပါ။ အနည်းငယ်တုန်ခါသွားပြီး သွေးနီရောင်အလင်းတန်းအဖြစ် ပြောင်းလဲသွားလေသည်။

ပေါင်ယွဲ့ဆရာတော်ကြီးက တရားကျမ်းစာတစ်ပုဒ်ရွတ်ဖတ်လိုက်ပြီး သူ၏လက်ဖဝါးထက်တွင် တန်ခိုးစွမ်းအား တစ်ခုကို ဖန်ဆင်းလိုက်သည်။

ထိုအခါ သွေးနီရောင်အလင်းတန်းလေးထဲမှ ရွှေရောင်အလင်းတန်းလေးတစ်ခု ပေါ်ထွက်လာပြီး ဗောဓိသဿကျဓာတ်တော် ပေါ်ထွက်လာလေသည်။ ထိုဗောဓိသဿကျဓာတ်တော်သည် ပေါင်ယွဲ့ဆရာတော်ကြီး၏ ရောင်ခြည်စက်ဝန်းဆီသို့ ပျံသန်းသွားလေတော့သည်။

ချက်ချင်းပင် ပေါင်ယွဲ့ဆရာတော်ကြီးကို ဗောဓိသဿကျ၏ဓာတ်တော်မှ အလင်းတန်းများက ကာကွယ်ပေးလိုက်လေသည်။

ဟိုင်သခင်ကြီးမှာ ဗောဓိသကျ၏ဓာတ်တော်အစွမ်းကို

သဘောပေါက်သွားပြီး သူ့ရရှိထားသည့် ဓာတ်တော်ကို

သူ၏ဝိညာဉ်စွမ်းအားဖြင့် ဆက်သွယ်ရန်ကြိုးစားလိုက်သည်။

ဟိုင်သခင်ကြီး၏ ဝိညာဉ်စွမ်းအားမှာ ဓာတ်တော်နှင့် ထိတွေ့

လိုက်သည်နှင့် သူရရှိထားသည့်ဓာတ်တော်မှာ လှည့်စားမှု

သက်သက်သာဖြစ်ကြောင်း သိရှိလိုက်လေသည်။

"ကောင်းလိုက်တဲ့ လီတိုင်ထောင်ကျန်းပညာ ၊ ကျုပ်ကိုတောင်မှ

လှည့်စားနိုင်တယ်"

ဟိုင်သခင်ကြီးက အေးစက်စွာဖြင့် ပြောလိုက်လေသည်။

လီတိုင်ထောင်ကျန်းပညာမှာ ထင်ယောင်ထင်မှား ဖြစ်အောင်

လှည့်စားသည့် ပညာရပ်ဖြစ်လေသည်။ အရာအားလုံးကို

ထင်ယောင်ထင်မှားဖြစ်အောင် ဖန်ဆင်းနိုင်လေသည်။

“ကျုပ်က နတ်ဘုရားပညာတွေ မတတ်ပါဘူး ၊ မင်းကို

လှည့်စားတဲ့သူကလည်း ကျုပ်မဟုတ်ဘူး”

ပေါင်ယွဲ့ဆရာတော်ကြီးက ပြန်ပြောလိုက်လေသည်။

ဆရာတော်ကြီးက သွေးနီရောင်အလင်းတန်းများမှာ မည်သူ ဆိုသည်ကို အနည်းငယ်ခန့်မှန်းမိလေသည်။ ထို သွေးနီရောင် အလင်းတန်းဖြင့်ထိတွေ့မိသူများအားလုံးမှာရန်သူအသွင် ပြောင်းသွားပြီးကျင့်ကြံသူများကိုတိုက်ခိုက်ကြလေသည်။ ပေါင်ယွဲ့ဆရာတော်ကြီးမှာ ဟိုင်သခင်ကြီးကိုသာ ဂရုစိုက် ထိန်းချုပ်နေလေသည်။ ဟိုင်သခင်ကြီးကို ထိန်းထားနိုင်သရွေ့ အကျိုးမယုတ်နိုင်ပေ။

ဟိုင်သခင်ကြီးက ဟွန့် ခနဲတစ်ချက်လုပ်လိုက်ပြီး စကားပြော ဆိုခြင်းမရှိပေ။ ကံမကောင်းစွာဖြင့်ပင် ဟိုင်သခင်ကြီးမှာ အရှုပ်ထုတ်ထဲသို့ ဝင်ခဲ့မိပြီဖြစ်လေသည်။ ပေါင်ယွဲ့ဆရာတော် ကြီးမှာလည်း သူ့ကို အလွတ်ပေးမည့်ပုံ မပေါ်ပေ။ ယခုအချိန်မှ ထွက်ခွာသွားမည်ဆိုလျှင်လည်း ကိစ္စက ပြီးပြတ်မည်မဟုတ် ပေ။ ဟိုင်သခင်ကြီးက သူ့နောက်တွင် ပင်လယ်ကြီးတစ်ခု

ဖန်ဆင်းလိုက်ပြီး ပင်လယ်ဆီမှ နတ်မိစ္ဆာစစ်သည်များထွက်ပေါ်လာကာ ကျင်းကွမ်းဝတ်ကျောင်းတော်ကို ဝိုင်းထားလိုက်ကြလေတော့သည်။

ပင်လယ်ဆီမှ လှိုင်းသံများက တဝုန်းဝုန်းထွက်ပေါ်နေလေသည်။ ပေါင်ယွဲ့ဆရာတော်ကြီး၏ ခရမ်းရောင်အလင်းတန်းမှာ ထိုလှိုင်းလုံးများကို တားဆီးနိုင်ခြင်းမရှိပေ။ ဟိုင်သခင်ကြီး၏ ယိယွမ်ပညာ တန်ခိုးအစွမ်းမှာ အံ့သြဖွယ်ရာပင်ဖြစ်လေသည်။ ဟိုင်သခင်ကြီးသာ အဆုံးမဲ့စကြာဝဠာထဲတွင် ပိတ်မိနေခြင်းမရှိပါက ထို့ထက်ပိုပြီး အစွမ်းထက်မည်ဖြစ်လေသည်။ ရေတစ်စက်ကိုလည်း ပင်လယ်ကြီးအဖြစ်ဖန်ဆင်းနိုင်မည်ဖြစ်သလို ပင်လယ်ကြီးတစ်ခုလုံးကိုလည်း ရေတစ်စက်အဖြစ် အသွင်ပြောင်းနိုင်မည်ဖြစ်လေသည်။ လောကရှိ မည်သည့်အရာကမှ သူ့ကို တားဆီးနိုင်မည်မဟုတ်ပေ။

ပေါင်ယွဲ့ဆရာတော်နှင့် ဟိုင်သခင်ကြီးတို့၏ ဝိညာဉ်စွမ်းအား

နှစ်ခု ရိုက်ခတ်သွားလေသည်။ ဟိုင်သခင်ကြီး၏ အကြည့်

များက အေးစက်နေလေသည်။ မြောက်မြားစွာသော နတ်မိစ္ဆာ

စစ်သည်တော်များမှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ ရှိသမျှ

လူအားလုံးကို သတ်ဖြတ်ရန် ချီတက်လာကြလေသည်။ ထို

နတ်မိစ္ဆာများအနိုင်ရရှိခြင်း မရှိလျှင်တောင်မှ ပေါင်ယွဲ့

ဆရာတော်ကြီးကို အာရုံလွှဲနိုင်မည်ဖြစ်လေသည်။

ဟိုင်သခင်ကြီးက တစ်ယောက်မကျန် အားလုံးကို သတ်ပစ်ချင်

နေလေသည်။ သူ့အတွက်တော့ လူတွေဘယ်လောက်သေသေ

အရေးမကြီးပေ။ ပေါင်ယွဲ့ဆရာတော်နှင့် သူက အကြိမ်ပေါင်း

များစွာ တိုက်ခိုက်ဖူးလေသည်။ ထို့ကြောင့် ပေါင်ယွဲ့

ဆရာတော်၏တန်ခိုးစွမ်းအားကို သူကောင်းကောင်း နားလည်

လေသည်။

နတ်မိစ္ဆာစစ်သည်တော်များမှာ ဟိုင်သခင်ကြီး အသွင်ပြောင်း
ပေးထားသည့် အသိမရှိသည့် မိစ္ဆာငယ်များသာ ဖြစ်လေသည်။
သို့သော် သူတို့ထဲမှ အချို့မှာ ရုပ်ဝှအဆင့်ကျင့်ကြံသူများကဲ့သို့
ဝိညာဉ်စွမ်းအားမြင့်မားကြလေသည်။ ဟွမ်ကျန်းပင်လျှင် ထို
နတ်မိစ္ဆာများအားလုံးကို တိုက်ခိုက်နိုင်ရန်အတွက် အခက်တွေ့
နေရလေသည်။

အကယ်၍လူအများကသာ သူ့ကိုအာရုံစိုက်နေခြင်းမရှိလျှင် ဟွ
မ်ကျန်းမှာဤနေရာမှ ချက်ချင်းထွက်ခွာသွားမည် ဖြစ်လေ
သည်။ နတ်မိစ္ဆာငယ်ပေါင်းများစွာကို သတ်ဖြတ်နိုင်ခြင်း
အတွက် သူ့ကိုမည်သူမျှ ဂုဏ်ပြုကြမည်မဟုတ်ပေ။
အခြားဘက်တွင်လည်း သွေးနီရောင်အလင်းတန်းမှာ ခဏမျှ
နှောင့်နှေးသွားသည်ကို အခွင့်ကောင်းယူကာ ဓားဝိညာဉ်က
သွေးနီရောင်အလင်းတန်းကို ရစ်ပတ်ပြီး ကျင်းကွမ်း

ဝတ်ကျောင်းတော်အပြင်ဘက်သို့ တိုက်ထုတ်သွားရန် ကြိုးစား

နေလေသည်။

ဓားဝိညာဉ်ကိုထွက်ခွာရန်ပြင်နေသည်ကိုတွေ့သည်နှင့် ဆန်းလျ

န်က တစ်ချက်လှုပ်ရှားလိုက်ရင်း....

“ချင်းယီ ၊ ငါတော့အရေးကြီးကိစ္စတစ်ခုပေါ်လို့ သွားလိုက်ဦး

မယ် ၊ မင်းတို့ ဂရုစိုက်ကြနော်”

ဟု ပြောလိုက်လေသည်။

သူက ခြေတစ်လှမ်းလှမ်းလိုက်ရင်း အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲသွားကာ ဓားဝိညာဉ်နောက်သို့ လိုက်သွားလေ

တော့သည်။

ချန်ကျန့်မေမှာ အသက်ရှင်နေသေးသည်။

ထိုအချက်ကို သိလိုက်ရသည့်ဆန်းလျန်မှာ အလွန်ပျော်ရွှင်

သွားမိလေသည်။

ဗောဓိသကျစာတ်တော်များကို ဆန်းလျန်ဆီမှဝိညာဉ်စွမ်းအား ပစ္စည်းလေးက ဝါးမြိုသွားသည့်အချိန်ကတည်းက ချန်ကျန့် မေ၏ "မလုပ်နဲ့" ဆိုသည့် အသံကို ဆန်းလျန် ကြားလိုက်ရခြင်း ဖြစ်လေသည်။

အခန်း (၁၇၇)

ရှန်ချင်းရွှမ်ချီစားသိုင်းပညာ

ဆန်းလျန်ဆီမှ ဗောဓိသကျစာတ်တော်များကို ဝါးမြိုရန် ထွက်ခွာသွားသည့် ပစ္စည်းလေးမှာ ယွဲ့ထော်တိုင်းပြည်မှ ပစ္စည်းလေး

တစ်ခု ဖြစ်လေသည်။ဆန်းလျန် ထိုပစ္စည်းလေးကို "ကျီးရှင်ရှေးဟောင်းပစ္စည်းဆိုင်" မှ ရရှိလာခြင်းဖြစ်လေသည်။ ဆိုင်ပိုင်ရှင်မှာ သက်လတ်ပိုင်းအရွယ် စာပေသမားတစ်ယောက်ဖြစ်ပြီး ဆန်းလျန်က သူ့ကို တလေးတစားဖြင့် မှတ်မိနေသေးသည်။ သူက ထက်မြက်ပြီး အသိဉာဏ်မြင့်မားသူဖြစ်လေသည်။ သူက ဆန်းလျန်ကို စမ်းသပ်မေးမြန်းပြီးမှ ဆန်းလျန်၏ အဖြေမှန်သည့်အတွက် ထိုဝိညာဉ်စွမ်းအားပစ္စည်းလေးဖြစ်သည့် ဖန်ခွက်လေးကို ပေးခဲ့ခြင်းဖြစ်လေသည်။

ဆန်းလျန်ထိုဖန်ခွက်လေးကို လက်ခံခဲ့သည်မှာလည်း ထိုဖန်ခွက်လေးမှာ "တစ်ဝက်ပြည့်နေသည့်အချိန်တွင် တည့်မတ်နေပြီး ၊ အပြည့်ဖြည့်လိုက်သည့်အချိန်တွင် မှောက်သွားလေသည်" ထိုသဘောတရားမှာ ဗလာနယ်ထဲမှ စွမ်းအားနှင့် ဆင်တူလေသည်။ ထို့ကြောင့် ထူးခြားဆန်းကျယ်သည့် ပစ္စည်းလေးဖြစ်သည့်အတွက် ဟိုင်သန်းအဆင့်တက်ရောက်သည့်

အချိန်တွင် အထောက်အပံ့ဖြစ်နိုင်မည်ဟု ဆန်းလျန် ယူဆခဲ့မိလေသည်။ သူက ဟိုင်သန်းအဆင့်တက်ရောက်ရန်အတွက် အဓိကသော့ချက်ကို နားမလည်နိုင်ဖြစ်နေရပြီး စိတ်ပျက်နေခဲ့လေသည်။ ကျောက်ရှောင်ယွီနှင့်တွေ့ဆုံကာတိုက်ခိုက်ခဲ့ပြီးသည့်နောက်မှ ဟိုင်သန်းအဆင့်ကိုတက်ရောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော် တစ်စုံတစ်ယောက်က ထိုပစ္စည်းလေးပေါ်တွင် အစီအရင်အသုံးပြုလုပ်ထားမည်ဟု ဆန်းလျန် မထင်မှတ်ခဲ့မိပေ။ သို့သော် သူ၏မျက်စိရှေ့တွင်ပင် အရာအားလုံးဖြစ်ပျက်သွားခဲ့ခြင်းဖြစ်လေသည်။ ထိုပစ္စည်းကို အစီအရင်ပြုလုပ်ခဲ့သူမှ လွန်စွာမှ သတိရှိလေသည်။ ထို ပစ္စည်းလေးမှာ ကျင်းကွမ်းဝတ်ကျောင်းတော်တွင် ဗောဓိသကျဓာတ်တော်များပေါ်လာသည်နှင့် စွမ်းအားများမြင့်တက်လာပြီး ချက်ချင်းပင် သူ့ဆီမှ ထွက်ခွာသွားခဲ့လေသည်။

ဆန်းလျန်က ဟုန်ကျန်းကို ဂရုစိုက်ကြည့်နေခဲ့ခြင်းဖြစ်လေသည်။ ဟုန်ကျန်းက တစ်စုံတစ်ခုရှုတ်လိုက်ချိန်တွင် ထူးခြားမှုတစ်ခုဖြစ်ပေါ်လာပြီး ထိုပစ္စည်းလေး လှုပ်ရှားလာခြင်းဖြစ်လေသည်။ ဟုန်ကျန်းဆရာတော်နှင့် ထိုဖန်ခွက်လေးမှာ ဆက်သွယ်မှုတစ်ခုရှိရမည်ဖြစ်လေသည်။

သူက ထိုပစ္စည်းလေးကို သူ၏စွမ်းအားအသုံးပြုပြီး တားဆီးမည်အပြုတွင် ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာပြီး "မလုပ်နဲ့" ဆိုသည့် ချန်ကျန့်မေ၏အသံကို ကြားလိုက်ရခြင်းဖြစ်လေသည်။ ထို့ကြောင့် သူက ထိုပစ္စည်းလေးကို တားဆီးခြင်းမပြုတော့ခြင်းဖြစ်လေသည်။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် ချန်ကျန့်မေမှာ အသက်ရှင်နေသေးသည်မှာ သေချာလေသည်။ သူက လူပြန်ဝင်စားခြင်းမဖြစ်နိုင်ပေ။ လျှို့ဝှက်ကျင့်စဉ်တစ်ခုကိုအသုံးပြုကာ ဓားဝိညာဉ်မှတစ်ဆင့် ဆန်းလျန်ဆီသို့ ဆက်သွယ်စကားပြောလိုက်

ခြင်းဖြစ်လေသည်။ ထိုအဖြစ်အပျက်ကို မည်သူမှ မသိလိုက်ကြပေ။ ချန်ကျန့်မေမှာ ဆရာဘိုးဘိုးယွမ်ချင်း၏ တရားစကားဖြစ်သည့် "ယွမ်" ဆိုသည့်စာလုံးကို အချိန်ကြာမြင့်စွာ နားလည်ခဲ့သည့်သူဖြစ်သည့်အတွက် ဓားဝိညာဉ်မှတစ်ဆင့် မည်သူမျှမသိအောင် ဆက်သွယ်စကားပြောနိုင်ခြင်း ဖြစ်လေသည်။

တန်ခိုးစွမ်းအားကြီးမားသည့်လူတစ်ယောက်သည် ဖုံးကွယ်ပြီးနေရန်မှာ မဖြစ်နိုင်ပါ။ အထူးသဖြင့် ဟိုင်သခင်ကြီးနှင့် ပေါင်ယွဲ့ဆရာတော်ကြီးတို့ သတိပြုမိခြင်းမရှိအောင် ဖုံးကါယ်နေရန်မှာ ပိုပြီးမလွယ်ကူပေ။

သဲလွန်စများအားလုံးကို ဆက်စပ်စဉ်းစားပြီးသည့်နောက် ကျိုးရှင်ရှေးဟောင်းပစ္စည်းဆိုင်ပိုင်ရှင် သက်လတ်ပိုင်းအရွယ်စာပေသမားကို ဆန်းလျန် နားမလည်နိုင်ဖြစ်သွားရသည်။ ထို့ပြင် သူ့ကို ကျင်းကွမ်းဝတ်ကျောင်းတော်တွင် စကားရည်လုပွဲလာရောက်နားထောင်ရန် ဖိတ်ကြားသည့် အမှာစကားကို ယူဆောင်

လာသူမှာ ဟုန်ကျန်းဆရာတော်ဖြစ်လေသည်။ ဟုန်ကျန်းဆရာတော်က ပျော့ခဲ့ဆရာတော်ဖိတ်ကြားခိုင်းသည့်အတွက် ဖိတ်ကြားရသည်ဆိုလေသည်။ သို့သော် ယခုဖြစ်ပျက်သွားသည့်အဖြစ်အပျက်များတွင် ဟုန်ကျန်းမှာလည်း အဓိကပါဝင်ပတ်သက်သူတစ်ယောက်ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်ဆီမှ ဝိညာဉ်စွမ်းအားပစ္စည်းလေးဖြစ်သည့် ဖန်ခွက်လေး ပျံဝဲထွက်ခွာသွားပြီး ဗောဓိသကျဓာတ်တော်များကို ဝါးမြိုကာယူဆောင်ရန်ကြိုးစားခဲ့သည့်အတွက် ဆန်းလျန်မှာ ပြဿနာကို ဖြေရှင်းရတော့မည်ဖြစ်လေသည်။ သို့သော် ဟုန်ကျန်းကတော့ ထိုပြဿနာနှင့် ဘာမှ မဆိုင်သလို လွတ်နေမည်ဖြစ်လေသည်။

ဆန်းလျန်ကို အသုံးချပြီး ဗောဓိသကျဓာတ်တော်များကို ခိုးယူရန်ကြိုးပမ်းခဲ့သည့် ပုဂ္ဂိုလ်မှာ မည်သူမှန်း ဆန်းလျန်မသိပါ။ သို့သော် ထိုသူမှာ ဟိုင်သခင်ကြီးလိုလူမျိုးကိုပင်လှည့်စားကာ

ဟုန်ကျန်းထံတွင် ဓာတ်တော်ကို တိတ်တဆိတ် ထားသိုခဲ့လေသည်။ သို့သော် ထိုသူ၏လုပ်ရပ်များအားလုံးကို ချန်ကျန့်မေကတော့ ခန့်မှန်းနိုင်ခဲ့လေသည်။ ထို့ကြောင့် ချန်ကျန့်မေက သွေးနီးရောင်အလင်းတန်းကို သူ၏ ဓားဝိညာဉ်ဖြင့် တားဆီးထားခဲ့ခြင်း ဖြစ်လေသည်။

ပေါင်ယွဲ့ဆရာတော်မသိအောင် ဓားဝိညာဉ်ကိုယ်ယောင်ဖျောက်နေသည်မှာ မည်သို့မျှ မဖြစ်နိုင်သည့်ကိစ္စဖြစ်လေသည်။

သို့သော် ချန်ကျန့်မေက ထိုသို့ မဖြစ်နိုင်သည့်အရာကို ပြုလုပ်ခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ချန်ကျန့်မေ၏ သဏ္ဍာန်မဲ့ဓားသိုင်းမှာ ခန့်မှန်း၍မရနိုင်လောက်အောင် အဆင့်အတန်းမြင့်မားနေပြီဖြစ်ကြောင်း သိရှိနိုင်လေသည်။

ဓားဝိညာဉ်မှာ ချန်ကျန့်မေဖြစ်ပြီး သွေးနီရောင်အလင်းတန်းမှာ ချန်ကျန့်မေ၏ပြိုင်ဘက်ရန်သူဖြစ်လေသည်။ ထိုသွေးနီရောင်

အလင်းတန်းမှာ ကျီးရှင်ရှေးဟောင်းပစ္စည်းဆိုင်ပိုင်ရှင်

သက်လတ်ပိုင်းအရွယ်စာပေသမား ဖြစ်နိုင်လေသည်။

ဆန်းလျန်မှာ သေစေခြင်းကျောင်းတော်တွင် သူ၏ ထိုက်ရှီး

တန်ခိုးစွမ်းအားများကို ခိုးယူသွားခဲ့သည့် သွေးနီရောင်ဝတ်

လူငယ်ကို သတိရသွားမိလေသည်။

ဆန်းလျန်က သူ၏ သံသယများရှင်းလင်းသွားစေရန်နှင့် ချန်

ကျန့်မေကိုလည်းကူညီရန် ထို သွေးနီရောင်အလင်းတန်း

နောက်သို့ လိုက်ပါသွားခဲ့ခြင်းဖြစ်လေသည်။

ဆန်းလျန်က ချန်ကျန့်မေ၏ဓားဝိညာဉ်ကို ကူညီရန် ပြင်လိုက်

သည့်အချိန်တွင် စကားသံတစ်ခု ထွက်ပေါ်လာလေသည်။

"ဆန်းလျန် ၊ မလောနဲ့"

ထိုအသံမှာလည်း ချန်ကျန့်မေ၏ အသံပင် ဖြစ်လေသည်။

ထို့နောက် ဆန်းလျန်၏ဘေးတွင် အဖြူရောင်ဝတ်စုံနှင့် လူငယ်

တစ်ယောက် ပေါ်လာလေသည်။ သူ၏အဖြူရောင်ဝတ်ရုံမှာ

လေထဲတွင် လွင့်ပျံနေလေသည်။သူ၏မျက်ဝန်းများက ဓား ဝိညာဉ်ကြားမှ သွေးနီရောင်အလင်းတန်းကို အေးစက်စွာဖြင့် စိုက်ကြည့်နေလေသည်။ သူက လက်ဖျောက်တစ်ချက်တီး လိုက်သည်နှင့် သူ၏ လက်ဖျားတွင် အဖြူရောင် အလင်းတစ် ခု ထွက်ပေါ်လာလေသည်။ ထိုအဖြူရောင်အလင်းမှာ ထောင် နှင့်ချီသည့် ဓားဝိညာဉ်များအဖြစ် ခွဲဖြာသွားလေသည်။ ဓား ဝိညာဉ်များမှာ သွေးနီရောင်အလင်းတန်းကို ပတ်ပတ်လည် လှည့်ပတ်ဝန်းရံထားကြပြီး ဓားဝိညာဉ်များကြားတွင် သွေးနီ ရောင်အလင်းတန်းမှာ ပိတ်မိနေလေသည်။ လွတ်မြောက်ရန် လမ်းစမမြင်တော့ပေ။

ထိုဓားသိုင်းပညာမှာသဏ္ဍာန်မဲ့ဓားသိုင်းပညာ၏ အခြေခံဓား သိုင်းဖြစ်သည့် "ရှန်ချင်းရွှမ်ချီ"ဓားသိုင်းပညာ ဖြစ်လေသည်။ ထောင်ပေါင်းများစွာသော ဓားဝိညာဉ်များခွဲဖြာထွက်လာပြီး လူတစ်ယောက်၏ ရုပ်ခန္ဓာကိုသာမက စိတ်ဝိညာဉ်ကိုပါ ဖျက်

စီးပစ်နိုင်လေသည်။ ထိုပညာသည် အလွန်အဆင့်မြင့်လွန်းပြီး နတ်ဘုရားတစ်ပါးမဟုတ်လျှင် ထိုသိုင်းကွက် ဖျက်နိုင်ရန်မှာ ခက်ခဲလွန်းလေသည်။

ချင်းရှမ်နတ်တံခါး၏ လွန်ခဲ့သည့် မျိုးဆက်မှ သဏ္ဍာန်မဲ့ဓား သိုင်းကိုကျင့်ကြံခဲ့ကြသည့် နတ်ဘုရားများထက် ချန်ကျန့်မေ က များစွာသာလွန်လေသည်။ မိုးနှင့်မြေတွင် ချန်ကျန့်မေမှာ ပထမတန်း ဓားသမားတစ်ယောက်ဖြစ်နေပြီဟု ပြောနိုင်လေ သည်။

"မင်းကြောင့်သာမဟုတ်ရင် ငါတို့ဘိုးဘေးရဲ့ မူလဝိညာဉ် အစိတ်အပိုင်းကို ဒီလို ပိတ်မိအောင်လုပ်နိုင်မှာမဟုတ်ဘူး" ချန်ကျန့်မေက ဆန်းလျန်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

ဆန်းလျန်က ချန်ကျန့်မေအနားသို့ တိုးကပ်သွားလိုက်ပြီး လေ ထဲတွင် ရပ်တန့်နေလိုက်သည်။

ချန်ကျန့်မေမှာလည်း မြေဆွဲအားကိုဆန့်ကျင်ပြီး လေထဲတွင် ရပ်နေလေသည်။ သို့သော် သူက ထိုသို့ရပ်တည်နိုင်ရန်အတွက် ဝိညာဉ်စွမ်းအားကို အသုံးပြုထားခြင်းမရှိသလို မိုးမြေစွမ်းအားကိုလည်း အသုံးပြုထားခြင်း မရှိပေ။

"ဘာဖြစ်လို့လဲဟင်"

ဆန်းလျန်က နားမလည်နိုင်စွာဖြင့် မေးလိုက်လေသည်။

ချန်ကျန့်မေက သွေးနီရောင်အလင်းတန်းကို ညွှန်ပြလိုက်ရင်း အေးစက်စွာပြောလိုက်သည်။

"အဲဒီ မူလဝိညာဉ်အစိတ်အပိုင်းဟာ ဆရာသခင်ကျန်းရှော့ရှီးရဲ့ ဂိုဏ်းတူညီ ယန်ရှီးရဲ့ ဝိညာဉ်ပဲ ၊ တကယ်တော့ ငါတို့ သူ့ကို ဆရာဦးလေးလို့ ခေါ်သင့်တယ်"

ဓားဝိညာဉ်များကြားတွင် ပိတ်မိနေသည့် သွေးနီရောင် အလင်းတန်းဆီမှ တည်ငြိမ်သည့် အသံတစ်သံ ထွက်ပေါ်လာလေသည်။

"ရှောင်မေအော်... ကျုပ် ချင်းရွှမ်နတ်တံခါးက ထွက်လာတော့ မင်းတောင် မမွေးသေးဘူးကွဲ့၊ မင်းက ကျုပ်ကို မလေးမစား လုပ်နေရသလား"

"ခင်ဗျားက ချင်းရွှမ်နတ်တံခါးကို သစ္စာဖောက်ခဲ့တဲ့သူပဲ၊ ချင်းရွှမ်နတ်တံခါးမှာ ဘယ်သူမှ ခင်ဗျားကို မလေးစားကြဘူး"

ချန်ကျန့်မေက အေးစက်စွာ ရယ်မောရင်း ပြောလိုက်လေသည်။

အနီရောင်အလင်းတန်းဆီမှ သက်ပြင်းချသံတစ်ချက်ထွက်ပေါ်လာသည်။

"အိုး... ဟုတ်လို့လားကွာ၊ ချိုင်ဝေ့နဲ့ စန်းဝမ့်ကတော့ ကျုပ်ကို လွမ်းနေကြမှာပဲ၊ ပြီးတော့

ကျုပ်သာ မြောက်ဖျားကိုသွားပြီး နတ်ဘုရားအမြုတေ မရှာပေးခဲ့ရင် ဟုန်ချင်းယာလည်း ဟိုင်သန်းအဆင့် တက်ရောက်နိုင်ပါ့မလားတောင် မသေချာဘူး"

ပြီးတော့ ကျုပ်သာ မကူညီရင် ကယ်ယွမ်းတစ်ယောက်လဲ ခုဆို ဂူထဲ အရိုးဆွေးနေလောက်ပြီ ၊ ကျုပ်က ချင်းရွှမ်နတ်တံခါးက လူနည်းနည်းလောက်အပေါ် ကျူးလွန်မိတာ ရှိရင် ရှိခဲ့မှာပေါ့ ၊ ဒါပေမယ့် ချင်းရွှမ်က လူပေါင်းများစွာကတော့ ကျုပ်အပေါ် အများကျူးလွန်ခဲ့ကြတယ်လေ"

"ကော်းပြီလေ ၊ ဒါဆိုလည်း သူတို့ကို ခင်ဗျားကိုယ်တိုင် သွားပြောပေါ့ ၊ ဒါပေမယ့် ဂိုဏ်းတူအစ်ကိုစန်းဝမ့်ကတော့ ဆုံးသွားရှာပြီဆိုတော့ သူနဲ့တွေ့ချင်ရင်တော့ ငရဲကိုးထပ်ကိုသာလိုက်သွားပေတော့"

"စန်းဝမ့်တောင်ဆုံးသွားပြီကိုး ၊ ဒီကလေးက သိပ်ပြီး ခေါင်းမာလွန်းတယ် ၊ ခေါင်းမာတယ်ဆိုတာ ကျင့်စဉ်လမ်းအတွက် မကောင်းဘူး ၊ သူသွားချိန်တန်လို့ပေါ့လေ"

သွေးနီရောင်အလင်းတန်းက ပြောလိုက်လေသည်။

"သိပ်လည်းစိတ်ပူမနေပါနဲ့၊ မင်းရဲ့ဒီ မူလဝိညာဉ်အစိတ်အပိုင်း ကို ကျုပ်က မဖျက်စီးနိုင်ဘူးဆိုရင်တောင်မှ ခင်ဗျား ကျိုလင် နတ်သမီးရဲ့ လက်က လွတ်မှာမဟုတ်ပါဘူး၊ မကြာခင် ငရဲ ပြည်ရောက်မှာပဲ"

သွေးနီရောင်အလင်းတန်းသည် ပုံသဏ္ဍာန်တဖြည်းဖြည်း ပြောင်းလဲသွားပြီး လူသားတစ်ယောက်အသွင်ပေါ်လာလေ သည်။ သူ၏ပုံသဏ္ဍာန်မှာ ကျီးရှင်ရှေးဟောင်းပစ္စည်းဆိုင်မှ သက်လတ်ပိုင်းအရွယ်စာပေသမား၏ ပုံစံဖြစ်သော်လည်း သွေးနီရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

သူ၏ ခန္ဓာကိုယ်ကို သွေးနီရောင်အလင်း အလွှာပါးလေးဖြင့် ကာရံထားသည်။ ထိုအလင်းတန်းအလွှာပါးလေးက ဓားဝိညာဉ် များကို တားဆီးထားလေသည်။

ထိုသူက ဓားဝိညာဉ်များကြားမှပင် တည်ငြိမ်စွာဖြင့် ညီအစ်ကို နှစ်ယောက်ကို ကြည့်လိုက်သည်။

"ပိယွင်ပြီးကတည်းက ထိုက်ရှီးနည်းဗျူဟာနဲ့ ဟိုင်သန်းအဆင့်

တက်ရောက်သူ မရှိခဲ့တာ ၊ ခုတော့ တစ်ယောက်ရှိလာပြီပေါ့ ၊

ပြီးတော့ သဏ္ဍာန်မဲ့ဓားသိုင်းကတော့ မင်းလောက်အဆင့်ရောက်

ခဲ့တဲ့သူတွေ ရှိခဲ့ပါတယ် ၊ ဒါပေမယ့် မင်းလိုလူမျိုးက

နောက်ထပ်မရှိနိုင်ဘူး ၊ မင်းသာ ဖော့ဝမ့်အဆင့်ရောက်ရင်

ပြိုင်ဘက်မရှိတဲ့ လူတစ်ယောက် ဖြစ်လာမှာပဲ"

သူတို့နှစ်ယောက်လုံး၏ ဆရာဦးလေးဖြစ်သူ ယန်ရှီးက ဓား

ဝိညာဉ်ထဲတွင် ပိတ်မိနေသည်မှာ သူမဟုတ်သည့်အလား

အေးအေးဆေးဆေးပင် ပြောနေလေသည်။

ဆန်းလျန်မှာ ထိုသူက မူလဝိညာဉ်အစိတ်အပိုင်းဖြင့်

စကားပြောနေသည်ဟု ချန်ကျန့်မေက ပြောထားသည့်အတွက်

အံ့သြနေရလေသည်။ မူလဝိညာဉ်ဆိုသည်မှာ နတ်ဘုရား

တစ်ပါးဖြစ်မှပင် ရရှိနိုင်မည့် တန်ခိုးစွမ်းအားဖြစ်လေသည်။

ဆန်းလျန်စိတ်ထဲတွင် ချန်ကျန့်မေမှာ ထိုသူကို အနိုင်ယူနိုင်ရန် ခဲယဉ်းမည်ဟု ထင်နေမိလေသည်။ ဆန်းလျန်နှင့် ယန်ရှီးမှာ ကျီးရှင်ရှေးဟောင်းပစ္စည်းဆိုင်တွင် တွေ့ခဲ့ရသည့်တိုင် သူက ဆန်းလျန်မသိအောင် တန်ခိုးစွမ်းအားများကို ဖုံးကွယ်ထားခဲ့သူ ဖြစ်လေသည်။

ချန်ကျန့်မေက ယန်ရှီးကို စိုက်ကြည့်နေလိုက်သည်။

"ခင်ဗျားဘာလို့ ဒါတွေကို ပြောနေရတာလဲ ၊ ခင်ဗျားက ပကတိ ဖန်ဆင်းခြင်းပညာကို လေ့ကျင့်အောင်မြင်သွားပြီဆိုရင်တောင် မှ ကျိုလင်နတ်သမီးကို အနိုင်ယူနိုင်မယ် မထင်နဲ့ ၊ ခင်ဗျားက မူလဝိညာဉ်ရအောင် ဖြတ်လမ်းနည်းနဲ့လေ့ကျင့်ထားပြီးတော့ မူလဝိညာဉ်အစိတ်အပိုင်းတွေကိုလည်း ထောင်နဲ့ချီပြီး ခွဲဖြာနိုင် ပေမယ့် နတ်ဘုရားတစ်ပါးနဲ့တော့ ယှဉ်လို့မရနိုင်ဘူး ၊ ကျိုလင် နတ်သမီးဟာ စိတ်တစ်ချက်အာရုံပြုလိုက်တာနဲ့ မိုင် ထောင်ပေါင်းများစွာအဝေးကို ရောက်နိုင်သလို တောင်တွေကို

လည်း လောင်ကျွမ်းအောင်လည်းလုပ်နိုင်တယ်၊ သမုဒ္ဒရာတွေ

ကိုလည်း ဆူပွက်အောင်လည်း လုပ်နိုင်တယ်၊ ဒီနေ့ ကျုပ်က

မင်းရဲ့မူလဝိညာဉ်အစိတ်အပိုင်းကို သုတ်သင်နိုင်မယ်ဆိုရင် အဲ

ဒါဟာ ဆရာသခင်ကျန်းရှော့ရှီးကို ကျုပ်ရဲ့ ပူဇော်မှုပါပဲ"

ချန်ကျန့်မေက အေးစက်စွာဖြင့်ပြောလိုက်လေသည်။

ယန်ရှီးက ရယ်မောလိုက်ရင်း ဆန်းလျန်ကို ကြည့်လိုက်သည်။

"မင်းရဲ့စိတ်ထဲမှာ မလုံခြုံမှုတွေ ခံစားနေရတာပဲ၊ မင်းသာ ဒီ

နေ့ ကျုပ်ကို ကူညီမယ်ဆိုရင် ပကတိဖန်ဆင်းခြင်းပညာကို

မင်းကိုသင်ပေးမယ်၊ ဒါဆိုရင် မင်းဒီလောကမှာ ဘာကိုမှ

စိတ်ပူစရာမရှိတော့ဘူး၊ ဘယ်သူမှလဲ မင်းကို မသတ်နိုင်တော့

ဘူး"

ယန်ရှီးမှာ တည်ငြိမ်နေလေသည်။ သူ့စကားများမှာလည်း

ထူးဆန်းသည်ဟု ထင်မှတ်ဖွယ်ရာရှိသည်။ သို့သော်

သူ၏စကားများကြောင့် ဆန်းလျန်မှာ တစ်ချက်တုန်လှုပ်သွားရ

လေသည်။ အမှန်တော့ ဆန်းလျှန်မှာ မလုံခြုံမှုများကို အမှန်တကယ်ခံစားနေရခြင်းဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော်သူက အခြားကမ္ဘာတစ်ခုမှ ရောက်လာသူတစ်ယောက်ဖြစ်သည်။ ထို့ပြင် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်၏ ဇစ်မြစ်ကိုလည်း သိရှိခြင်းမရှိပေ။ သူ၏ဖခင်မှာလည်း မည်သူမှန်းမသိပေ။ ထို့ပြင် ဆရာစူး၏ ရှိခြင်းမရှိခြင်းဆားသိုင်းကလည်း သူ့စိတ်ကို ရှုတ်ထွေးစေလေသည်။ သူ့ကံကြမ္မာကို သူနားမလည်သကဲ့သို့ ခံစားနေရလေသည်။ ထို့ကြောင့် သူက ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် ကျင့်စဉ်လမ်းအဆင့်မြင့်အောင် လျှောက်လှမ်းနိုင်ခဲ့သည့်တိုင် သူ၏ရင်ထဲနက်နက်ရှိုင်းရှိုင်းတွင်တော့ မလုံခြုံမှုကို ခံစားနေရဆဲဖြစ်လေသည်။

သို့သော် သူက ထိုခံစားချက်များကို ဘယ်တော့မှ ထုတ်ဖော်ပြလေ့မရှိပေ။ ထိုအတွေးများဝင်လာသည်ကိုပင် လက်မခံဘဲ

မျိုးသိပ်ထားခဲ့သူဖြစ်လေသည်။ သို့သော် ယန်ရှီးကတော့ သူ၏အနက်ရှိုင်းဆုံး ခံစားချက်များကို စကားတစ်ခွန်းနှင့်ပင် ဖော်ထုတ်လိုက်ပြီဖြစ်လေသည်။

ပကတိဖန်ဆင်းခြင်းပညာမှာ မည်မျှ စွမ်းအားကြီးကြောင်း ပြသနေခြင်းဖြစ်လေသည်။ ထိုပညာ၏ အခြေခံပုံစံမှာပင် သုံးဖက်မြင်သုံးနေရာကို သွားလာနိုင်လေသည်။ ထိုသူကို မည်သူမျှ မဖျက်စီးနိုင်ပေ။ ဗောဓိသကျပင်လျှင် ဖျက်စီးနိုင်မည်မဟုတ်ပေ။ အခြားသူများ၏စိတ်များထဲသို့ ဝင်ရောက်ဆက်သွယ်ပြီး ထိုသူများကိုလည်း အသုံးချနိုင်လေသည်။ အတွေးတစ်ချက်နှင့်ပင် ပိတ်မိနေပြီး ဘယ်တော့မှ လွတ်မြောက်နိုင်ခြင်း ရှိတော့မည်မဟုတ်ပေ။

ချန်ကျန့်မေက မည်သည့်စကားမှ ဝင်ပြောခြင်းမရှိပေ။ သူက စိတ်ထားသန့်စင်သူတစ်ယောက်ဖြစ်ပြီး လောကတွင်ရှိသမျှ ရှိရှိသမျှအရာအားလုံး ပျက်စီးသွားပါစေ ရည်မှန်းချက်

အောင်မြင်အောင် ကြိုးစားမည့်သူဖြစ်လေသည်။ ထို့ကြောင့်
သူ့ခေါင်းထဲတွင် မလိုအပ်သည့်အတွေးများကို ထည့်မထား
တတ်ပေ။ ထို့ကြောင့်ပင် ပထမတန်း ဓားသမားတစ်ယောက်
ဖြစ်လာခြင်းဖြစ်လေသည်။

ထိုအချက်မှာ ဆန်းလျန်နှင့် ချန်ကျန့်မေ မတူသည့်အချက်ပင်
ဖြစ်လေသည်။ ဆန်းလျန်မှာလည်း အရည်အချင်းရှိပြီး
ဆုံးဖြတ်ချက်ပြတ်သားသူတစ်ယောက်ဖြစ်သည့်တိုင်
သူ၏စိတ်များက ရှုတ်ထွေးနေလေသည်။

ထိုသို့ စိတ်ထဲတွင် မရှင်းမလင်းဖြစ်နေသည့်အတွက် အဆင့်
မြင့်မြင့်တက်လှမ်းနိုင်မည်ဆိုလျှင်တောင်မှ ထိပ်ဆုံးသို့ ရောက်
နိုင်မည်မဟုတ်ပေ။ ဆန်းလျန်မှာ ဟိုင်သန်းအဆင့် တက်
ရောက်အောင်မြင်ခဲ့ပြီဖြစ်သော်လည်း နောက်ထပ်အဆင့်များ
တက်ရောက်ရန်အတွက် အတားအဆီးများကို ကျော်လွှားနိုင်
မည်မှာ မသေချာလှပေ။

ချန်ကျန့်မေကလည်း အလျင်မလိုပါ။ ယန်ရှီးမှာ အခြား သူများ၏ အားနည်းချက်ကို ထောက်ပြသည့်နေရာတွင် အလွန် တော်သူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်မှာ သူ၏အားနည်းချက်ကို ထောက်ပြခံလိုက်ရသည့်အချိန်တွင် တစ်ယောက်တည်းဖြစ်နေခြင်းထက် သူရှိနေသည့်အတွက် တော်သေးသည်ဟု ချန်ကျန့်မေက တွေးနေမိလေသည်။

အခန်း (၁၇၈)

ချင်းရှောင်းနတ်သမီး

ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါးမှ တပည့်များကြားတွင်
အရည်အချင်းအရှိဆုံး တပည့်တစ်ယောက်ဖြစ်သည့်အပြင်
ဖော့ဝမ့်အဆင့်သို့ပင်တက်လှမ်းနိုင်မည်ဟု ချန်ကျန့်မေက
ယုံကြည်ထားလေသည်။
ထို့ကြောင့် သူက ဆန်းလျန်၏ အဖြေကို တိတ်ဆိတ်စွာ စောင့်
နေလေသည်။
ယန်ရှီးအနေဖြင့် ချန်ကျန့်မေ၏ စိတ်ထဲတွင် အားနည်းချက်
တစ်စုံတစ်ရာကို ရှာမတွေ့ခဲ့ပါ။ သို့သော် မိုးနှင့်မြေတွင် မဖြစ်
နိုင်ဆိုသည့်အချက်မှာမရှိဟု သူနားလည်ထားလေသည်။ အရာ
အားလုံးအတွက် ခြေရာဆိုသည်မှာ ကျန်ခဲ့မည်ပဲ ဖြစ်လေ
သည်။ အားနည်းချက်မရှိသည့်လူတစ်ယောက်သည်လည်း
နောက်ပိုင်းတွင်တော့ အားနည်းချက် ရှိချင်ရှိလာမည်ပဲ ဖြစ်
လေသည်။

ယန်ရှီးက သူ့ဒုက္ခရောက်နေသည့်အချိန်တွင် လွတ်မြောက်နိုင်ရန်အတွက် ဆန်းလျန်ကို အခွင့်အရေးပေးကာ အသုံးပြုနေခြင်းဖြစ်သလို ချန်ကျန့်မေကို အချိန်ဆွဲထားခြင်းလည်းဖြစ်လေသည်။

ဆန်းလျန်က သိမ်မွေ့စွာရယ်မောလိုက်ရင်း...

"ဆရာဦးလေး ယန်ရှီး ၊ ဟို ဝိညာဉ်စွမ်းအားဖန်ခွက်လေးကို ကျုပ်ကို ပေးလိုက်တယ်နော် ၊ မှတ်မိသေးရဲ့လား ၊ အဲဒီပစ္စည်းလေးက ကိုယ့်ကိုကိုယ်သတိပေးဖို့လိုတဲ့လူတွေ အသုံးပြုတာ ၊ ဆရာဦးလေးရော ဘဝမှာ နောင်တရခဲ့ဖူးသလား ၊ မရခဲ့ဘူးဆိုရင်လည်း မသိစိတ်နဲ့လုပ်လိုက်မိတဲ့ အပြုအမူတွေက ဆရာဦးလေးရဲ့စိတ်ထဲမှာ ဘာရှိနေတယ်ဆိုတာကို ဖော်ပြနေတာပဲ"

ဆန်းလျန်က ယန်ရှီး၏အမေးကို မဖြေဘဲ မေးခွန်းပြန်ထုတ်လိုက်လေသည်။ ဆန်းလျန်မှာ အမြဲတမ်း သာမန်ထက် ထူးခြားသူတစ်ယောက်ဖြစ်လေသည်။

ဆန်းလျန်၏စကားမှာ ချန်ကျန့်မေ၏ နှလုံးသားထဲမှ ပွဲတင်သံ ပင်ဖြစ်လေသည်။ ယန်ရှီးမေးသည့်မေးခွန်းကို ဆန်းလျန်က တိုက်ရိုက်မဖြေသည့်တိုင် ဆန်းလျန်၏စိတ်ထားကို ချန်ကျန့် မေက နားလည်သွားသည့်အတွက် စိတ်သက်သာရာရသွားလေ သည်။

ဆန်းလျန်က သူ၏အမေးကို မေးခွန်းပြန်ထုတ်လိမ့်မည်ဟု ယ န်ရှီးက မျှော်လင့်မထားခဲ့မိပေ။ ထို့ကြောင့် ရုတ်တရက် မင် သက်သွားမိလေသည်။ ထိုအချိန်မှာပင် သူ့ကိုဝန်းရံထားသည့် ဓားဝိညာဉ်များက တစ်ချက်လှုပ်ရှားလာလေသည်။ မျက်စိ တစ်မှိတ်အတွင်းမှာပင် ဓားဝိညာဉ်များမှ တန်ခိုးစွမ်းအားများ ကို ယန်ရှီး၏ သွေးနီရောင်အလင်းတန်း အလွှာပါးလေးမှာ တောင့်ခံနိုင်ခြင်းမရှိတော့ပေ။

ဓားဝိညာဉ်များ၏ စွမ်းအားကြောင့် လျှောင်လှုပ်သကဲ့သို့ မြေကြီးများပင် တုန်လှုပ်လာလေသည်။ ဓားဝိညာဉ်များမှ

အလင်းတန်းများမှာ ကောင်းကင်တစ်ဝက်တိုင်အောင် လင်းလက်နေလေသည်။ ဓားဝိညာဉ်မှ စွမ်းအားများကြောင့် လမင်း၏ ပတ်လည်တွင် တိမ်တိုက်များပင် ရစ်သိုင်းနေကြလေသည်။

ရုတ်တရက် ယန်ရှီးက သဏ္ဍာန်ပြောင်းသွားလေသည်။ သူက သွေးနီရောင်မီးခိုးငွေ့များအဖြစ်ပြောင်းလဲကာ ရှန်ချင်းရွှမ်ချီဓားသိုင်းမှ ရုန်းထွက်ရန် ကြိုးစားလိုက်သည်။ ဆန်းလျန်က ထိုအချိန်ကို စောင့်နေခြင်းဖြစ်လေသည်။ ဆန်းလျန်က သူ၏ဓားဝိညာဉ်ကို ချက်ချင်းအသုံးပြုလိုက်သည်။

သူ၏ဓားဝိညာဉ်မှာ နှစ်ခုကွဲသွားလေသည်။ ထို့နောက် လေးခု ၊ ခြောက်ခု ၊ ရှစ်ခု ကွဲသွားပြီး ထိုဓားဝိညာဉ်များမှာ တုန်လှုပ်နေလေသည်။ ဆန်းလျန်၏ ဓားဝိညာဉ်များက ရှန်းချင်းရွှမ်ချီဓားဝိညာဉ်များကြားထဲသို့ ဝင်ရောက်သွားကာ ယန်ရှီး၏မူလဝိညာဉ်အစိတ်အပိုင်းကို ပိတ်ဆို့ထားလိုက်လေသည်။

သွေးနီရောင်အငွေ့များမှာ ဆန်းလျှန်၏ ဓားဝိညာဉ်နှင့်ထိတွေ့မိသည်နှင့် သွေးနီရောင်အစလေးများအဖြစ် ပြောင်းလဲသွားလေသည်။

ချန်ကျန့်မေ၏ အေးစက်စက်မျက်နှာတွင် အပြုံးတစ်ချက်ပေါ်လာလေသည်။ သူ့လက်ထဲတွင် ဓားတစ်လက် ကိုင်ထားလေသည်။ သူက ခုန်ဝင်လိုက်ပြီး နောက်ဆုံးကျန်သည့် မီးခိုးငွေ့များကို ဓားဖြင့်ခုတ်ဖြတ်လိုက်လေသည်။

သွေးနီရောင်အလင်းတန်းမှာ သုတ်သင်ခံလိုက်ရပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှာ သန့်စင်သွားလေသည်။ လရောင်မှာ ဆန်းလျှန်၏ အပြာနုရောင် ဝတ်ရုံပေါ်သို့ ကျရောက်နေလေသည်။

ချန်ကျန့်မေ၏ အဖြူရောင်ဝတ်ရုံမှာ တိမ်ဖြူတစ်စကဲ့သို့ ဖြူစင်လွန်းလေသည်။ သူ့ကိုကြည့်ရသည်မှာ သန့်စင်လွန်းနေ

ပြီး လရောင်က သူ၏မျက်နှာထက်သို့ ဖြာကျနေလေသည်။
နှင်းပေါ်သို့ဖြာကျနေသည့် လရောင်အလားပင်ဖြစ်လေသည်။
"ဂိုဏ်းတူအစ်ကို ၊ ကျွန်တော် ချင်းရွှမ်ကို ပြန်မလို့"
ဆန်းလျန်က ကောင်းကင်ကို မော့ကြည့်ရင်း ပြောလိုက်သည်။
"ဘာဖြစ်လို့ ချင်းရွှမ်ကို ပြန်မှာလဲ"
ချန်ကျန့်မေက လက်ပိုက်လိုက်ရင်း ကောင်းကင်ကို မော့ကြည့်လိုက်သည်။ သူ၏ မျက်ဝန်းများက လပြည့်ဝန်းကို ငေးစိုက်ကြည့်နေလေသည်။ ယန်ရှီး၏ မူလဝိညာဉ် အစိတ်အပိုင်းကို သုတ်သင်လိုက်ရသည့်အတွက် သိပ်ပြီးပျော်ရွှင်နေပုံတော့မရပေ။
"ကျွန်တော် ဆရာသခင်ကျန်းရော့ရှီးဆီ သွားလည်ချင်လို့ပါ ၊ ဆရာသခင်က ကျွန်တော် ဟိုင်သန်းအဆင့်ရောက်ရင် တောင်ပေါ်ပြန်လာလို့ရတယ်လို့ မှာထားဖူးတယ်"
ဆန်းလျန်က ပြန်ဖြေလိုက်သည်။

ဆန်းလျန်က လောကရှိ တိုက်ပွဲများကို သိပ်ပြီး နှစ်သက်ခြင်း မရှိပါ။ ချန်ကျန့်မေ၏ အကြောက်တရားကင်းမဲ့သည့် စိတ်သဘောသဘာဝနှင့် ဆန်းလျန်၏ အေးဆေးသည့် စိတ်သဘောသဘာဝက မတူ ကွဲပြားလွန်းလေသည်။ ဆန်းလျန်က လူ့လောကနှင့် သံသရာစက်ဝန်းမှ ကင်းလွတ်စွာ နေချင်သူ ဖြစ်လေသည်။

သို့သော် ဆန်းလျန် မဖြစ်မနေလုပ်ချင်သည့် ဆန္ဒနှစ်ခုရှိလေသည်။ ပထမအချက်မှာ ရှော့ရှီလေးကို ရှာရန်ဖြစ်ပြီး ဒုတိယအချက်မှာ ဆရာသခင်ကျန်းရှော့ရှီး၏ အသက်ကို ကယ်တင်ပေးလိုခြင်း ဖြစ်လေသည်။ ထိုအလုပ်နှစ်ခုလုပ်ဆောင်ရင်း နတ်ဘုရားတစ်ပါးဖြစ်သည်အထိ ကျင့်စဉ်လမ်း အောင်မြင်လျှင်တော့ အကောင်းဆုံးပင် ဖြစ်လေသည်။

ချန်ကျန့်မေမှာ အတန်ကြာအောင် တိတ်ဆိတ်နေလေသည်။

ပြီးမှ....

"မင်းလုပ်ချင်တာလုပ်ပါ ၊ ငါ့ကို ပြောပြနေစရာ မလိုပါဘူး"

ဟု ချန်ကျန့်မေက ပြန်ပြောလိုက်သည်။

ထို့နောက် ချန်ကျန့်မေသည် ဓားဝိညာဉ်တစ်ခုအသွင်ပြောင်းပြီး ထွက်ခွာသွားလေတော့သည်။ လရောင်အောက်တွင် တိမ်တိုက်လေး အချို့ လှည့်ပတ်နေလေသည်။ ဤနေရာတွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို မည်သူမျှ သိနိုင်မည် မဟုတ်ပေ။

ဆန်းလျန်က အသံတစ်ချက်ပြုလိုက်တော့ ချမ်းမော့နှင့် ရှောင်ရှင်တို့ ပျံသန်းလာကြလေသည်။

လူတစ်ယောက်.....

ငှက်လေးနှစ်ကောင်....

ဦးတည်ရာတစ်ခုဆီသို့....

အတူတူ ပျံသန်းနေကြလေသည်။

ဆန်းလျန် ကျင်းကွမ်းဝတ်ကျောင်းတော်သို့ မပြန်တော့သလို စုန့်ချင်းယီကိုလည်း နှုတ်ဆက်စကား မပြောဖြစ်တော့ပါ။

ကျင်းကွမ်းဝတ်ကျောင်းတော်တွင် အန္တရယ်ရှိနေသည့်တိုင် စုန့်ချင်းယီက ပြဿနာအားလုံးကို ဖြေရှင်းနိုင်လိမ့်မည်ဟု ဆန်းလျန် ယုံကြည်ထားလေသည်။

ဤမျှလောက် ပြဿနာလေးကို မဖြေရှင်းနိုင်လျှင် လုကျိုးယွမ်၏တပည့်ပီသမည်မဟုတ်ပေ။

ဆန်းလျန်မှာ သူငယ်ချင်းများကို ခင်မင်ပါသည်။ ထိုသူငယ်ချင်းများသည် နှစ်ပေါင်းမည်မျှကြာပါစေ သူနှင့်ဝေးကွာနေမည်မဟုတ်ပါ။ စုန့်ချင်းယီက သူ့ကို အစ်ကိုဆန်းလျန်ဟု ပြောင်းလဲခေါ်ဝေါ်လေသည်။ ထိုသို့ခေါ်သည်မှာ သူက ဟိုင်သန်းအဆင့် တက်ရောက်အောင်မြင်သွားသောကြောင့်ဖြစ်လေသည်။ သို့သော် သူတို့နှစ်ယောက်၏ခင်မင်မှုကတော့ မပြောင်းမလဲ အမြဲထာဝရ တည်ရှိနေမည်ပဲဖြစ်လေသည်။

....

ဟန့်ဟိုင်အပြင်ဘက် သဲကန္တာရထဲတွင် သွေးနီရောင်ဝတ်ဆင်ထားသည့် လူတစ်ယောက် ပေါ်လာလေသည်။ စုန့်ချင်းယီနှင့်

ဆန်းလျှန်တို့ တံလျှပ်မျှော်မိစ္ဆာကို အတူတူတိုက်ခိုက်ခဲ့ကြသည့် နေရာဖြစ်လေသည်။ လရောင်အောက်တွင် သူ့မျက်နှာက မပီဝိုးတဝါးဖြစ်နေလေသည်။ လူတစ်ယောက်သာ သူ့ကိုတွေ့မည်ဆိုလျှင် မျက်နှာမရှိသည့်သူဟု ပြောမည်မှာ အသေအချာပင်ဖြစ်လေသည်။

သေသေချာချာကြည့်မည်ဆိုလျှင် သူ၏မျက်နှာမှာ ဖန်ဆင်းခြင်းဖြင့် ဖုံးကွယ်ထားခြင်းဖြစ်ကြောင်း သိနိုင်လေသည်။ သူ၏မျက်နှာသည် ဆယ်ကျော်သက်အရွယ် ၊ သက်လတ်ပိုင်းအရွယ် ၊ အဘိုးအိုအရွယ် အားလုံးကို ဖန်ဆင်းနိုင်မည် ဖြစ်လေသည်။ တစ်ခါတစ်ရံ မုတ်ဆိတ်မွေးများဖြင့် လူတစ်ယောက်အဖြစ်လည်းဖန်ဆင်းနိုင်သလို တစ်ခါတစ်လေ မုတ်ဆိတ်မွေးမပါသည့် လူတစ်ယောက်အဖြစ်လည်း ဖန်ဆင်းနိုင်မည်ဖြစ်လေသည်။ တစ်ခါတစ်ရံတွင် စာပေသမားပုံဖြစ်ပြီး တစ်ခါတစ်ရံတွင် သူခိုးဓားပြတစ်ယောက်ပုံစံလည်း ဖြစ်နိုင်ပေမည်။

ထိုသူပေါ်လာသည်နှင့် ကောင်းကင်ထက်မှ ဝါးရုံတောတစ်ခု
ကျလာလေသည်။ ကန္တရာထဲတွင် အသက်ဓာတ်စွမ်းအား
လည်းမရှိသလို ရေလည်းမရှိပါ။ သို့သော် ထိုဝါးရုံတောမှာ
မြေပြင်ထက်တွင် ရှသန်နေပြီး မျက်နှာမရှိသည့် သွေးနီရောင်
ဝတ်လူမှာ ထိုဝါးရုံတောထဲတွင် ပိတ်မိနေလေတော့သည်။
မျက်နှာမရှိသည့်လူ၏မျက်နှာပေါ်တွင် ရုပ်ပုံများစွာ ပြောင်းလဲ
သွားပြီးသည့်နောက် အစိမ်းရောင်ဝတ်ဆင်ထားသည့် လူငယ်
တာအိုဆရာလေးအသွင်သို့ ပြောင်းလဲသွားလေသည်။ အလွန်
မှ ချောမောပြီး ယောကျ်ားပီသသည့် ပုံသဏ္ဌာန်ဖြစ်လေသည်။
သို့သော် ပိရိသည့်နှုတ်ခမ်းပါးများကြောင့် ချောမောသည့်
မျက်နှာတွင် ရက်စက်မှုများဖြင့် ပြည့်နေသလို ခံစားရမည်ဖြစ်
လေသည်။

သူ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်နေပြီး ဝါးရုံတောထဲတွင်
ပိတ်မိနေသည့်အတွက် စိတ်ပူသည့်ပုံတော့ မပေါက်ပေ။

ဝါးရုံတောအပြင်ဘက်တွင် အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထား
သည့် မိန်းကလေးတစ်ယောက်ရှိနေလေသည်။ ဝါးပင်နှင့်ဝါး
ရွက်များ ကာဆီးနေသည့်တိုင် ထိုမိန်းကလေးသည် သူ့ကို စိုက်
ကြည့်နေသည်ဟု လူငယ်တာအိုဆရာ သိရှိနေပါသည်။

"မင်း ဒီနေ့တော့ မလွတ်နိုင်တော့ဘူး ယန်ရှီး"

မိန်းကလေးက ပြောလိုက်လေသည်။

ယန်ရှီးက အစိမ်းရောင်မိန်းကလေးကို ပြန်စိုက်ကြည့်နေလိုက်
သည်။ သူမမှာ သူ၏ဆရာဒေါ်လေး ကျိုလင်နတ်သမီးပင်ဖြစ်
လေသည်။ လောကတွင် တန်ခိုးစွမ်းအားအမြင့်ဆုံးနတ်ဘုရား
များထဲတွင်ပါဝင်သည့် ကျိုလင်နတ်သမီးပင်။

ကျိုလင်နတ်သမီး သူ့နောက်သို့လိုက်နေသည်မှာ ငါးနှစ်ကြာခဲ့ပြီ
ဖြစ်လေသည်။ ထို့ကြောင့် ယန်ရှီးမှာ သက်တောင့်သက်သာမ
နေနိုင်ဘဲ ပုန်းကွယ်နေခဲ့ရလေသည်။

ထိုငါးနှစ်အတွင်း နေ့ရက်များမှာ ယန်ရှီးအတွက် လွန်စွာမှ ခက်ခဲလွန်းလေသည်။ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာခန့်က သူ့ ဘဝ ယခုကဲ့သို့ ခက်ခဲသည့်ဖြစ်ရပ်များ ရင်ဆိုင်ရလိမ့်မည်ဟု တွေးပင် မကြည့်ခဲ့ဖူးပေ။

သို့သော် အချိန်ကို နောက်ပြန်လှည့်ခွင့်ရမည်ဆိုလျှင်တောင်မှ ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို ပြောင်းလဲပစ်နိုင်မည် မဟုတ်ပေ။

ကျိုလင်နတ်သမီးမှာ များသောအားဖြင့် ခရမ်းရောင် ဝတ်ဆင်လေ့ရှိလေသည်။ သို့သော် ကျိုလင်နတ်သမီး အစိမ်းရောင် ဝတ်ဆင်ပြီဆိုလျှင် သူမ၏ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲနေပြီ ဖြစ်သောကြောင့် ဖြစ်လေသည်။ ကျိုလင်နတ်သမီးမှာ စိတ်နှစ်မျိုးနှင့်နတ်မိမယ် မဟုတ်ပါလား။

သူမက ဓားသမားတစ်ယောက်မဟုတ်ပါ။ သို့သော် စိတ်ထား ပြောင်းလဲသွားသည်နှင့် သူမ၏ဓားပညာမှာ မယုံကြည်နိုင်

လောက်အောင် ထက်မြက်သွားပြီး ဓားသမားများစွာထက်ပင် သာလွန်လေသည်။ ခရမ်းရောင်မဝတ်တော့ဘဲ အစိမ်းရောင် ဝတ်ဆင်ထားပါက သူမ၏နာမည်မှာ ခရမ်းရောင်ဝတ်နတ်မိ မယ် ကျိုလင် မဟုတ်တော့ဘဲ အစိမ်းရောင်ဝတ်နတ်မိမယ် "ချင်းရှောင်း" ဖြစ်သွားလေသည်။ ထိုအချက်ကို ပိယွင်က သူ့ ကို ပြောပြထားခြင်းဖြစ်လေသည်။

အခန်း (၁၇၉)

လေလိုတိမ်လိုစိတ်ထား

ပိယွင်မှာ ကျိုလင်နတ်သမီး၏ တပည့်ဖြစ်ပြီး ကူးချိုင် ဝေ့၏ဆရာဖြစ်လေသည်။ ကူးချိုင်ဝေ့မှာ ဆန်းလျန်ကို ပိယွင်

ကိုယ်စား တပည့်အဖြစ်လက်ခံပေးခဲ့ခြင်းဖြစ်လေသည်။ ထိုမှ
သာ ဆန်းလျန်အနေဖြင့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို
ကျင့်ကြံနိုင်မည်ဖြစ်လေသည်။

ပိယွင်သေဆုံးသွားမှုမှာ ယန်ရှီးနှင့်များစွာပတ်သက်လေသည်။
ပိယွင်မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံပြီး ဟိုင်
သန်းအဆင့်တက်ရောက်နိုင်ခဲ့သည့် ဆရာသခင်တစ်ပါးဖြစ်
သည့်အတွက် လွန်စွာမှတန်ခိုးစွမ်းအားကြီးမားလေသည်။ သူမ
နှင့်အလွန်နီးစပ်သည့် ယန်ရှီးလိုလူမျိုးသာလျှင် သူမကို
လုပ်ကြံနိုင်မည်ဖြစ်လေသည်။

ယန်ရှီးမှာ ပိယွင်ဆီမှ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကိုတော့
ရရှိခြင်းမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူက တန်ခိုး
စွမ်းအား မလုံလောက်သောကြောင့် ဖြစ်လေသည်။ ပိယွင်မှာ
ဆရာဘွားဘွား လီချင်းဆွေနှင့်ကျိုလင်နတ်သမီးပြီးလျှင် ထိုက်

ရှီးနည်းဗျူဟာဖြင့် ဟိုင်သန်းအဆင့်တက်ရောက်နိုင်သည့် တတိယမြောက်ကျင့်ကြံသူဖြစ်လေသည်။

လူအများစုက သူမအပေါ်တွင် များစွာမျှော်လင့်ထားကြလေသည်။ ထိုအချိန်က ကျန်းရော့ရှီးထက်ပင် ပိယွင်ကို ပိုပြီး အားထားကြလေသည်။

လူတစ်ယောက် နတ်ဘုရားတစ်ပါးဖြစ်ရန်ဆိုသည်မှာ အချက်သုံးချက်နှင့် ပြည့်စုံမှ ရမည်ဖြစ်သည်။ အရည်အချင်းရှိရမည်။ အခွင့်အရေးကောင်းရှိရမည်။ ကံတရားကလည်း မျက်နှာသာပေးရမည်ဖြစ်လေသည်။

ယန်ရှီး "ပကတိဖန်ဆင်းခြင်းပညာ" ကိုလေ့ကျင့်နေသည်ကို ပထမဆုံး သတိပြုမိသူမှ ပိယွင် ဖြစ်လေသည်။ ဘဝတွင် အပြစ်ကင်းစင်စွာ နေထိုင်ခဲ့သည့် ပိယွင်သည် မဟာအမှားကြီးတစ်ခုကို ကျူးလွန်ခဲ့မိလေသည်။ ထိုအမှားကြီးမှာ သူမက ယန်ရှီးကို မေတ္တာသက်ဝင်ခဲ့မိခြင်းပင်ဖြစ်လေသည်။

ယန်ရှီးက ချင်းရှမ်မှ တစ်ဂိုဏ်းတည်းသားများအပေါ်တွင် ကောင်းကောင်းဆက်ဆံသည့်တိုင် သူ၏စိတ်ရင်းအမှန်မှာ ကိုယ့်အတွက်သာကိုယ်သာ ကြည့်တတ်ပြီး သွေးအေးသည့် လူတစ်ယောက်ဖြစ်လေသည်။

သူက ပကတိဖန်ဆင်းခြင်းပညာကို စတင်လေ့ကျင့်သည်နှင့် ချင်းရှမ်မှ ဂိုဏ်းတူညီအစ်ကိုများ၏ စိတ်ထဲတွင် မကောင်းမှုမျိုးစေ့လေးများ မသိမသာအစပျိုးထားပေးလေသည်။ အစပိုင်းတွင်မသိသာသော်လည်း နောက်ပိုင်းတွင်တော့ ထိုသူများကို သူ၏ကိုယ်ပွားများအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်လေသည်။ ထိုသို့ စိတ်ရှုးပေါက်သည့်အတွေးများဖြင့် ချင်းရှမ်နတ်တံခါးမှ လူအတော်များများကို သူ၏ကိုယ်ပွားများအဖြစ်သို့ ပြောင်းပစ်ခဲ့လေသည်။

ထိုအချိန်က ချင်းရှမ်နတ်တံခါးမှာ များပြားလှသောတပည့်များစွာရှိသည့် ကြီးမားသည့် နတ်ဘုရားကျောင်းတော်ကြီးတစ်

ခုဖြစ်လေသည်။ ချင်းရွှမ်မှ တပည့်များအားလုံးမှာ လွတ်လပ်ပျော်ရွှင်စွာ နေတတ်ကြသူများလည်းဖြစ်လေသည်။

ထိုဂိုဏ်းတူညီအစ်ကိုများကိုကြည့်ပြီး ယန်ရှီးတွေးမိသည်မှာ "စိတ်ဝင်စားစရာ" ကောင်းသည်ဆိုသည့် အချက်ပင်ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးမှာ အခြားသော နတ်ဘုရားကျောင်းတော်များနှင့်မတူသည့်အချက်မှာ ကျင့်စဉ်လမ်းကို အဓိကထားအာရုံစိုက်ကြပြီး အချင်းချင်းလည်း ကူညီတတ်ကြလေသည်။

ယန်ရှီးကတော့ ကျင့်စဉ်လမ်းကို ထိုသို့မမြင်ပေ။ အခြားသူများက ကျင့်စဉ်လမ်းကို မည်သို့သဘောထားသည်ကို သူနားလည်သည့်တိုင် သူကတော့ ထိုသူများကဲ့သို့ ရှည်လျားသည့်အဆင့်များကို ဖြတ်ကျော်ပြီး ကျင့်စဉ်လမ်းတွင် ဘဝတစ်ခုလုံးမြှုပ်နှံထားလိုသည့် စိတ်ထားမျိုးမရှိပေ။

သူက ကျင့်စဉ်လမ်းသို့လိုက်သည်ဆိုသည်မှာ အသက်ရှည်ရန်နှင့် မမှန်းဆနိုင်သည့် တန်ခိုးစွမ်းအားများရရှိရန် လိုက်ခဲ့ခြင်းဖြစ်လေသည်။ လောကတွင် စိတ်ဝင်စားစရာ ပညာရပ်များများစွာရှိလေသည်။ စြက်ာဝဠာတစ်ခွင်တွင် တန်ခိုးစွမ်းအားဆိုသည်က ရှာဖွေလေ တွေ့ရှိလေ ဖြစ်လေသည်။ ထိုတန်ခိုးစွမ်းအားများက သူ့ကို အမြဲတမ်း ဆွဲဆောင်နေလေသည်။ ပိယွင်က ယန်ရှီးကို စိတ်ဝင်စားမိခြင်းမှာ သူက အခြားသောကျင့်ကြံသူများနှင့် မတူသောကြောင့် ဖြစ်သည်။

ကျင့်ကြံသူအများစုမှာ ကျင့်စဉ်လမ်းကိုသာ အာရုံစိုက်ကြသည့်သူက များလေသည်။ သို့သော် ယန်ရှီးကတော့ ထိုသို့မဟုတ်ပေ။ သူ့ကို ကြည့်ရသည်မှာ တစ်ခုခုကို မျှော်လင့်နေသည့် လူတစ်ယောက်နှင့်တူလေသည်။ ထို့ကြောင့် ပိယွင်က ယန်ရှီးအပေါ်တွင် အခြားသူများနှင့်မတူဘဲ စိတ်ဝင်စားခဲ့မိခြင်းဖြစ်လေသည်။

ထို့ပြင် ယန်ရှီးမှာ တကယ့်ပါရမီရှင်တစ်ယောက်ဖြစ်သည်။

သူက မည်သည့်ပညာရပ်ကိုမဆို လျှင်မြန်စွာသင်ယူနိုင်ပြီး

အခြားသူများထက် ပိုကောင်းအောင်လည်း ကျင့်ကြံနိုင်လေ

သည်။ သူက နားလည်နိုင်စွမ်းမြင့်မားပြီး ပညာရပ်တစ်ခု၏

အဓိကအချက်ကို သိမြင်နိုင်သူဖြစ်လေသည်။

ထို့ကြောင့် သူ့ကို "ကျမ်းစာစုစည်းသူ" ဟုပင် ခေါ်ကြလေ

သည်။

ဆန်းလျန်က ဂိုဏ်းထဲမှ ကျင့်ကြံသူများကို အမြဲတမ်းကျင့်စဉ်

လမ်းနှင့်ပတ်သက်ပြီး ကူညီပေးလေ့ရှိသလို ယန်ရှီးမှာလည်း

ဆန်းလျန်ကဲ့သို့ ပင်ကူညီပေးတတ်သူဖြစ်လေသည်။ သူက

ဆန်းလျန်ထက်ပင် သာသေးသည်။

ထိုအချိန်က ချင်းရွှမ်နတ်တံခါးမှာ အရည်အချင်းရှိသည့်

တပည့်ပေါင်းများစွာဖြင့် အလုပဆုံးပွင့်လန်းနေသည့် အချိန်

ဖြစ်သလို ယန်ရှီးမှာ ချင်းရှမ်နတ်တံခါးတွင် အရေးပါသည့် ကဏ္ဍတွင် ပါဝင်ခဲ့သူဖြစ်လေသည်။

ထိုအချက်ကြောင့်လည်း ပိယွင်က ယန်ရှီးကို လေးစားခဲ့ခြင်း ဖြစ်လသည်။ ယန်ရှီးမှာ သွေးအေးပြီး ရက်ဆက်တတ်သည့်လူ တစ်ယောက်ဟု သူမ လုံးဝထင်မှတ်မထားခဲ့မိပေ။

ယန်ရှီးအတွက်တော့ အတိတ်ဆိုသည်မှာ ဘာမှမဟုတ်ပေ။ ခဏတာသတိပြန်ရစရာ ကိစ္စတစ်ခုမျှသာ ဖြစ်လေသည်။

ကျိုလင်နတ်သမီး တစ်ဖြစ်လဲ ချင်းရှောင်းနတ်သမီး၏ အေး စက်သည့်အသံက ဝါးရုံတောထဲတွင် ပျံ့နှံ့လာလေသည်။

"ဘယ်လိုလဲ ၊ ပြန်စဉ်းစားလို့ ပြီးပြီလား"

ချောမောလှပလွန်းသည့် ချင်းရှောင်းနတ်သမီး၏ အကြည့်များ က အေးစက်လွန်းနေလေသည်။

ယန်ရှီးက တစ်ချက်ရယ်မောလိုက်ရင်း...

"ဆရာဒေါ်လေး ၊ ပြောကြတာကတော့ မင်း မသေခင် မင်းရဲ့ ဘဝတစ်ခုလုံးကို ပြန်မြင်ခဲ့တယ်တဲ့ ၊ အဲဒါ တကယ်ပဲလား"

ချင်းရှောင်းနတ်သမီးက သူ့ကို စိုက်ကြည့်နေလေသည်။ သူမ မျက်နှာမှာ ခံစားချက်ကင်းမဲ့နေသည်။

ရုတ်တရက် ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာလေသည်။

လောကတစ်ခုလုံးမှာ ရေခဲအလွှာပါးလေးဖြင့်ဖုံးအုပ်ထား သကဲ့သို့ အေးစက်တိတ်ဆိတ်နေလေသည်။ လှုပ်ရှားနေသည့် အရာဆို၍ချင်းရှောင်းနတ်သမီး၏ ဓားဝိညာဉ်သာ ရှိလေ သည်။

ဝါးရုံတောမှာ ယန်ရှီး၏ တန်ခိုးစွမ်အားများအပေါ်တွင် များစွာ သက်ရောက်လေသည်။ အထူးသဖြင့် ယန်ရှီးမှာ ချန်ကျန့်မေ နှင့် ဆန်းလျန်ကြောင့် သူ၏ မူလဝိညာဉ်အစိတ်အပိုင်းဆုံးရှုံး ထားသည့်အတွက် အသွင်ပြောင်းပညာကို အပြည့်အဝ အသုံး မပြုနိုင်ဖြစ်နေရလေသည်။

ဓားဝိညာဉ် သူ့ဆီသို့ လွင့်ပျံလာသည်ကို ယန်ရှီး မြင်နေရ
သည်။
ဓားဝိညာဉ်နှင့်အတူ ချင်းရှောင်းနတ်သမီး၏အရိပ်ပါ လွင့်မျော
လာလေသည်။ ချင်းရှောင်းနတ်သမီးကို မြင်ရသည်မှာ
အတိတ်တစ်ချိန်က ပိယွင်ကို မြင်နေရသကဲ့သို့ပင် ခံစားရလေ
သည်။
ဆရာတပည့်နှစ်ယောက်မှာ ခပ်ဆင်ဆင်တူကြလေသည်။ မတူ
သည့်အချက်မှာ ချင်းရှောင်းနတ်သမီးက စိတ်ဓာခိုင်မာ
ပြတ်သားလေသည်။ သူမက ဆုံးဖြတ်ချက်ချပြီးလျှင် မည်
သည့်အခါမှ မပြောင်းလဲတတ်ပေ။
ချင်းရှောင်းနတ်သမီးသုံးသည့် ထိုဓားပညာကို "ဗလာနယ်ဖျက်
ဓားသိုင်း" ဟု ခေါ်လေသည်။ မိုးကောင်းကင်ရှိ နတ်ဘုံနတ်နန်း
ကိုပင် ထို ဗလာနယ်ဖျက်ဓားသိုင်းက အမှုန့်ဖြစ်သည်အထိ
ဖျက်စီးပစ်နိုင်လေသည်။

ချင်းရှောင်းနတ်သမီး၏ ဗလာနယ်ဖျက်ဓားသိုင်းမှာ အထွတ်ထိပ်သို့ ရောက်ရှိခြင်းမရှိသေးပေ။ သို့သော် ဗလာနယ်ဖျက်ဓားဝိညာဉ်အောက်တွင် ယန်ရှီးမှာ သူ၏ပကတိဖန်ဆင်းခြင်းပညာကိုအသုံးပြုကာ ထိုးဖောက်ထွက်၍မရနိုင်အောင် ဖြစ်နေရသည်။ ထိုဓားဝိညာဉ်ဆီမှ လွတ်လမ်းမမြင်နိုင်ပေ။

ပကတိဖန်ဆင်းခြင်းပညာမှာ နှလုံးသားနှင့်စိတ်ဝိညာဉ်ကိုအသုံးပြုရသည့် ပညာဖြစ်လေသည်။ ထိုပညာဖြင့် မတူညီသည့် နေရာများကို ကြိုက်သလိုဖြတ်သန်းသွားလာနိုင်လေသည်။

ချင်းရှောင်းနတ်သမီး၏ ဓားဝိညာဉ်က သူ့ဆီသို့ တည့်တည့်တိုးဝင်လာသည့်အခါတွင်တော့ ယန်ရှီးတစ်ယောက်ဆောက်တည်ရာမရတော့ပေ။ ဓားဝိညာဉ်မှာ ယန်ရှီး၏မျက်ခုံးနှစ်ခုကြားတည့်တည့်သို့တိုးဝင်သွားလေသည်။ ယန်ရှီး

မှာ ရေခဲကဲ့သို့ အသွင်ပြောင်းလဲသွားပြီး အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားလေသည်။

ချင်းရှောင်းက ပေါက်ကွဲထွက်သွားသည်ကို စိတ်မဝင်စားပါ။ သူမက ကိုယ့်ကိုကိုယ်တစ်ချက်ပြန်ငုံ့ကြည့်လိုက်လေသည်။

သူမတစ်ကိုယ်လုံး သွေးနီရောင်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ချင်းရှောင်းနတ်သမီး၏မျက်နှာက ခံစားချက်ကင်းမဲ့နေဆဲဖြစ်လေသည်။ သူမက သူမကိုယ်သူမ ဓားဖြင့် ထိုးစိုက်ချလိုက်သည်။ ထိုအခါ သူမခန္ဓာကိုယ်မှ သွေးနီရောင်အရိပ်တစ်ခု ထွက်ခွာသွားပြီး ကောင်းကင်ထက်မှ လမင်းဆီသို့ အလျှင်အမြန်ထွက်ပြေးသွားလေတော့သည်။

ထိုအရိပ်နောက်သို့ ချင်းရှောင်းနတ်သမီး၏ဓားဝိညာဉ်က ထပ်ကြပ်မကွာ လိုက်ပါသွားလေသည်။

ဓားဝိညာဉ်က ထိုအရိပ်ကို အဆက်မပြတ်တိုက်ခိုက်နေရင်း သွေးနီရောင်အရိပ်မှာ တဖြည်းဖြည်းပျောက်ကွယ်သွားပြီး လရောင်သာလျှင် ကြည်လင်စွာ ကျန်ရစ်ခဲ့တော့သည်။
သို့သော် လရောင်က ရုတ်တရက်ပျောက်ကွယ်သွားပြီး အရိပ် တစ်ခုက ဝါးရုံတောတစ်ခုလုံးကို ဖုံးအုပ်သွားလေသည်။
ချင်းရှောင်းနတ်သမီးမှာ ယန်ရှီးကို လုံးဝသေဆုံးသွားပြီလား ဟု သေသေချာချာ မစဉ်းစားနိုင်ခင်မှာပင် ထိုအရိပ်ကြောင့် ကောင်းကင်ကို မော့ကြည့်လိုက်မိလေသည်။
ကောင်းကင်ထက်တွင် ပေတစ်ထောင်ခန့်အမြင့်ရှိသည့် တောင် ကြီးတစ်တောင်ကို တွေ့လိုက်ရပြီး ထိုတောင်ကြီးမှာ မြေပြင် ပေါ်သို့ ကျလာလေသည်။
ထိုအချိန်....
ကောင်းကင်ထက်မှ ကဗျာရွတ်ဆိုသံထွက်လာလေသည်။
"မင်းရဲ့စိတ်က တိမ်လို လေလို လွင့်မျော....

မင်းကိုဘယ်မှာမှ ရှာလို့မတွေ့နိုင်ဘူး... ဘာလို့လဲဆိုတော့ မင်းက နေရာတိုင်းမှာရှိနေလို့ပဲ...

အရှေ့ပင်လယ်မှာ နေထွက်တာကိုကြည့်ပြီးရင်

တောင်ပင်လယ်မှာ နဂါးကိုစီးမယ်...

ကိုယ့်ကိုကိုယ်နားလည်ရင်းနဲ့...

အမြင့်ဆုံးအထိ တက်လှမ်းမယ်...

မင်းကဖိုထိုးတဲ့အိုးကို ကန်ထုတ်လိုက်တယ်...

မင်းဘယ်တော့မှ လောကသုံးပါးနဲ့ ဒြပ်စင်ငါးပါးကိုမပိုင်ဆိုင်နိုင်တော့ပါဘူး"

တောင်ကြီးမှာ မြေပြင်ထက်သို့ ပြုတ်ကျလာပြီး ဝါးရုံတောလေးကို ဖျက်စီးပစ်လိုက်လေသည်။ ချင်းရှောင်းနတ်သမီးမှာ တောက်အောက်တွင် ပိတ်မိနေလေတော့သည်။

တောင်က တစ်ချက်လှုပ်ခတ်သွားပြီး မိုးခြိမ်းသံတစ်ချက်ထွက်ပေါ်လာလေသည်။ တောင်အလယ်တွင် အပေါက်တစ်ပေါက်

ဖြစ်သွားပြီး ချင်းရှောင်းနတ်သမီး၏ဓားဝိညာဉ်က ထိုအပေါက်ထဲမှ ထွက်လာလေသည်။ ထိုဓားဝိညာဉ်က ကောင်းကင်ကိုထိုးခွဲရန် ပြင်လိုက်သည့်အချိန်တွင် ရွှေရောင်အလင်းတန်းများက ကာဆီးထားလေသည်။ ဓားဝိညာဉ်က ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ပါ။ ထို့နောက် အဝေးသို့ ထွက်ခွာပျောက်ကွယ်သွားလေတော့သည်။

ဓားဝိညာဉ်ပျောက်ကွယ်သွားသည်နှင့် ချင်းရှောင်းနတ်သမီး၏အသံက လေထဲတွင် ပျံ့လွင့် ကျန်ရစ်ခဲ့လေသည်။

"ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာပဲ ၊ တာအိုဆရာတုန်းဖုန်း ၊ တစ်နေ့ကျရင် ကျွန်မ ထိုက်ချန်းတောင်ကိုလာပြီး ကွမ်းချင်းနတ်ဘုရားဂိုဏ်းတစ်ဂိုဏ်းလုံးကို သုတ်သင်ပစ်မယ်"

အခန်း (၁၈၀)

သူ့ကိုဘယ်မှာမှရှာမတွေ့နိုင်တော့

ချင်းရှောင်းနတ်သမီး၏ဓားဝိဉာဉ်ပျောက်ကွယ်သွားပြီးနောက် အဝါရောင်ဝတ်ဆင်ထားသည့်ထားသည့် တာအိုဆရာတစ်ပါး ပေါ်လာလေသည်။ ထိုသူ၏ရင်ပတ်ပေါ်ရှိ ဝတ်ရုံစတွင် ပါးကွပုံ သဏ္ဌာန်ရေးထိုးထားလေသည်။ သူက ချင်းရှောင်းနတ်သမီး ပျောက်ကွယ်သွားသည့်နေရာသို့ ကြည့်နေရင်း ပြုံးလိုက်လေ သည်။

ချင်းရှောင်းနတ်သမီးက ကွမ်းချင်းနတ်ဘုရားတစ်ဂိုဏ်းလုံးကို သုတ်သင်ပစ်မယ်ဟု ပြောသွားသည့်တိုင် သူက ဂရုမစိုက်ပါ။ အဘယ်ကြောင့်ဆိုသော် ရှန်ဆန်းကျန်းရန် လုကျိုးယွမ်ကဲ့သို့ အဆင့်ရောက်မှာသာ တစ်ဂိုဏ်းလုံးကို သုတ်သင်ပစ်ရန် ဖြစ် နိုင်မည်ဖြစ်သောကြောင့်ပင်။

ချင်းရှောင်းနတ်သမီးသည် အမှန်ပင် တန်ခိုးစွမ်းအားကြီးမား

လွန်းပါသည်။ သူနှစ်ပေါင်းငါးဆယ် မရပ်မနားလေ့ကျင့်ထား

သည့်ပညာဖြင့် ချင်းရှောင်းနတ်သမီးကို အငိုက်ဖမ်းကာ

တိုက်ခိုက်ခဲ့သည့်တိုင် လွယ်လွယ်နှင့်ပင် ထိုးဖောက်ထွက်သွား

ခဲ့လေသည်။

အသက်နှစ်ချောင်းဖြင့် နှစ်ကြိမ်တိုင်တိုင် နတ်ဘုရားတစ်ပါး

ဖြစ်အောင် ကျင့်ကြံနိုင်ခဲ့သည့် ချင်းရှောင်းနတ်သမီးမှာ

လေးစားလောက်ပေသည်။

နတ်ဘုရားအများစုမှာ လူပြန်ဝင်စားပြီးနောက် များစွာ ရုန်းကန်

ကြရလေသည်။ အရင်ဘဝက ရရှိခဲ့သည့် အဆင့်သို့ရောက်ရန်

ခက်ခဲစွာ ပြန်လည်ကြိုးစားကြရသည်။ သံသရာလည်မိပြီး လူ

ပြန်ဝင်စားသည့်ပထမဘဝတွင်သာ ကျင့်စဉ်လမ်းကလွယ်ကူ

ခြင်းဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ယခင်ဘဝက

နတ်ဘုရားပါရမီက ကြွင်းကျန်နေသေးသောကြောင့်ဖြစ်သည်။

သို့သော် ထိုသို့လူပြန်ဝင်စားသည့်သူ အများစုမှာ အတိတ်ဘဝကို မှတ်မိနေတတ်ကြသည်က များလေသည်။ ထို့ကြောင့် ဖော့ဝမ့်အဆင့်တက်ရောက်သည့်အခါတွင် အရင်ဘဝမှ အတိတ်အကြောင်းအရာများက များစွာအနှောင့်အယှက်ဖြစ်ရသည်။ များသောအားဖြင့် ဖော့ဝမ့်အဆင့်ကို တက်ရောက်နိုင်ခြင်းမရှိကြတော့ပေ။ ထို့ကြောင့် ဟိုင်သန်းအဆင့်နှင့်ပင်ရပ်တန့်ပြီး အသက်သေဆုံးကြရလေသည်။ နောက်တစ်ဘဝလူပြန်ဝင်စားသည့်အခါတွင်တော့ ကျင့်စဉ်လမ်းသည် ပိုပြီးအချိန်ကြာကာ ခက်ခဲရလေသည်။ တစ်ဘဝပြီးတစ်ဘဝ ကျင့်စဉ်လမ်းနှင့် ပိုပြီးအလှမ်းဝေးသွားရလေသည်။

နတ်ဘုရားတစ်ပါးဖြစ်လာရန်မှာ လူတိုင်းအတွက် ခက်ခဲလွန်းခြင်းမရှိပါ။ သို့သော် လူပြန်ဝင်စားသည့်သူများမှာတော့ လောကနတ်ဘုရား ၊ ဝိညာဉ်နတ်ဘုရား ၊ အဆင့်မြင့်နတ်ဘုရား

၊ မိုးကောင်းကင်နတ်ဘုရား အဆင့်ဆင့်တက်ရောက်ရန်
အတွက် ခက်ခဲရလေသည်။

မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဖြစ် နှစ်ပေါင်းထောင်ချီ
နေထိုင်ပြီးမှ လူပြန်ဝင်စားမည်ဆိုလျှင်တော့ ထိုသို့ ခက်ခဲမှု
များကို ကြုံတွေ့ရမည်မဟုတ်ပေ။ ထိုသူများအတွက်တော့
ကျင့်စဉ်လမ်းက လွယ်ကူချောမွေ့နေပြီး ဖော့ဝမ့်အဆင့်မှာ
လည်း ခက်ခဲခြင်းရှိနိုင်မည်မဟုတ်ပေ။

မိုးကောင်းကင်နတ်ဘုရားအများစု လူပြန်ဝင်စားသည်ဆိုသည်
မှာ ကျင့်စဉ်လမ်းကြောင့်မဟုတ်ပေ။ အကြောင်းအကျိုးနှင့်
ဆိုင်သည့် ကံတရားကြောင့်သာဖြစ်လေသည်။ လူအဖြစ်
ပြန်လည်မွေးဖွားလာပြီး အရင်ဘဝကို မှတ်မိလေ့မရှိကြပေ။
အသစ်သောလူတစ်ယောက်အဖြစ် ပြန်လည်မွေးဖွားလာခြင်း
ဖြစ်လေသည်။

ဤသည်မှာ လောကနတ်ဘုရားနှင့် မိုးကောင်းကင်နတ်ဘုရား တို့၏ ခြားနားချက်ဖြစ်လေသည်။

လောကနတ်ဘုရားတစ်ပါးကို အနိုင်ယူရန်မှာလွယ်ကူလေ သည်။ သို့သော် သတ်ဖြတ်ရန်တော့ ခက်ခဲလွန်းလေသည်။ သူ တို့က သူတို့၏အသက်အန္တရယ်ကို နည်းလမ်းပေါင်းများစွာဖြင့် ကာကွယ်ထားတတ်ကြသည်။

ယနေ့ချင်းရှောင်းကို အနည်းငယ်ဒဏ်ရာရအောင် တိုက်ခိုက် လိုက်ခြင်းက သိပ်မကြာမီအချိန်တွင် ပြဿနာဖြစ်လာရန် မီးမွှေးလိုက်ခြင်းပင်ဖြစ်သည်။ ထို့ပြင် ချင်းရှောင်းကဲ့သို့ နတ်မိ မယ်တစ်ပါးကို အလစ်ချောင်းတိုက်ခိုက်နိုင်ရန်အတွက် နောက် တစ်ကြိမ် အခွင့်အရေးရရှိရန်မှာလည်း သိပ်ပြီးမလွယ်လှပေ။ ယခုအကြိမ်တွင်လည်း တာအိုဆရာတုန်းဖုန်းက အသေးစိတ် စီစဉ်ပြီးမှ တိုက်ခိုက်ခြင်းဖြစ်လေသည်။ သို့သော် ချင်းရှောင်း နတ်သမီးမှာ လွတ်မြောက်သွားခဲ့လေပြီ။

တာအိုဆရာတုန်းဖုန်းက လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်နှင့် ပေတစ်ထောင်မြင့်သည့်တောင်ကြီးမှာ အလင်းတန်းတစ်ခု အသွင်ပြောင်းပြီး သူ၏အင်္ကျီလက်ထဲသို့ ဝင်သွားလေသည်။ သဲကန္တာရထဲတွင် အပေါက်ကြီးတစ်ပေါက်ထင်ကျန်ခဲ့လေ သည်။

တာအိုဆရာတုန်းဖုန်းက ထိုအပေါက်ကြီးကို ဂရုမစိုက်ပါ။ သူ၏ခြေဖဝါးအောက်တွင် တိမ်တိုက်တစ်ခုပေါ်လာပြီး လေထဲ သို့ပျံတက်ကာ ထိုက်ချန်းတောင်သို့ ပြန်သွားလေတော့သည်။ သဲကန္တာရထဲတွင် ခြေထောက်တစ်ချောင်းရှိသည့် ရေမြွေလေး တစ်ကောင်ရှိနေလေသည်။ ထိုရေမြွေလေး၏မျက်ဝန်းများက သွေးရောင်လွှမ်းနေသည်။ ထိုရေမြွေလေးမှာ တံလျှပ်မှော်မိစ္ဆာ ဖြစ်လေသည်။ အခြားသော တံလျှပ်မှော်မိစ္ဆာများနှင့် သူ့ပုံသ ဏ္ဍာန်က သိပ်ပြီးကွဲပြားခြင်းမရှိပါ။

ရုတ်တရက်....

နတ်ဘုရားဝိညာဉ်စွမ်းအားများသည် ထိုသတ္တဝါလေးထံတွင် စုစည်းသွားလေသည်။ ထိုဝိညာဉ်စွမ်းအားများက တံလျှပ်မှော်မိစ္ဆာ၏ စွမ်းအားများကို စုပ်ယူလိုက်သည်။

ထို့နောက် တံလျှပ်မှော်မိစ္ဆာမှာ တစ်ချက်တွန့်သွားပြီး လူတစ်ယောက်အသွင် ပေါ်ထွက်လာလေသည်။ ထိုလူမှာ ယန်ရှီးပင်ဖြစ်လေသည်။

ယန်ရှီးမှာ သူ၏ခန္ဓာကိုယ်အသစ်ကို သဘောကျပုံမပေါ်ပေ။ သို့သော် မတတ်သာဘဲ သဲကန္တာရထဲမှ တိတ်တဆိတ် ထွက်ခွာသွားလေတော့သည်။

အရုဏ်တက်ပြီဖြစ်လေသည်။

နေရောင်က ယန်ရှီး၏မျက်နှာထက်သို့ဖြာကျနေသည်။ ယန်ရှီး၏ နှုတ်ခမ်းများက ကွေးညွတ်နေလေသည်။ သူက ပြုံးနေခြင်းဖြစ်လေသည်။ သူ၏ စွမ်းအားများကျဆင်းနေသည့်တိုင် မျက်ဝန်းများကာ ကြည်လင်နေလေသည်။ တံလျှပ်မှော်မိစ္ဆာ

ငယ်လေးတစ်ကောင်ကို သူ့လက်ထဲတွင် လှည့်ရင်း ကစားနေလေသည်။ ထို့နောက် ယန်ရှီးက လျှာထုတ်လိုက်ပြီး ထို မျော်မိစ္ဆာလေးကို စားတော့မည့်ဟန်ပြင်လိုက်တော့ ထိုတံလျှပ်မျော်မိစ္ဆာလေးက ကြောက်လန့်တကြား ကာကွယ်လိုက်လေသည်။

ယန်ရှီးက ရယ်မောလိုက်ရင်းပြောလိုက်သည်။

"ခုချိန်ကစပြီး ဆရာဒေါ်လေးလိုက်သတ်မှာကို မပူရတော့ဘူး ၊ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက တပည့်သစ်ခေါ်တော့မယ် ၊ ငါ ဝင်ရွေးခြယ်ခံပြီးရင် ဆရာတစ်စုဖြစ်လာအောင် ကျင့်ကြံရမယ်"

ထို့နောက် သူက တံလျှပ်မျော်မိစ္ဆာလေးကို တစ်ချက်ပွတ်သပ်လိုက်ရင်း....

"ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာက အစွမ်းထက်ပေမယ့် ငါတော့ သိပ်မကြိုက်လှပါဘူး ၊ မင်းဘယ်လိုထင်လဲ ၊ ကျုပ် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာ ပညာသင်သင့်သလား"

ဟု မေးလိုက်လေသည်။

မိစ္ဆာငယ်လေးမှာ မည်သို့အဖြေပေးရမှန်းမသိပေ။ သူက ယန်ရှီး၏ကြည်လင်သည့်မျက်ဝန်းများကိုသာ ငေးမောကြည့်နေလေသည်။ ထိုမျက်ဝန်းများမှာ မွေးကာစ ကလေးငယ်တစ်ယောက်၏ မျက်ဝန်းများနှင့် တူညီလေသည်။

ယန်ရှီးက ဆက်လက်လမ်းလျှောက်နေလိုက်သည်။ သူ့ခန္ဓာကိုယ်မှာ အဝတ်မပါ ဗလာဖြစ်နေလေသည်။ သို့သော် သူက ရှက်ကြောက်နေခြင်းမရှိပါ။ မိုးနှင့်မြေကို သူ၏ဝတ်ရုံပမာ သဘောထားလိုက်လေသည်။

....

ချင်းရှမ်နတ်တံခါးသို့ ပြန်လည်ခြေချမိသည်နှင့် ဆန်းလျန်၏ရင်ထဲတွင် အထီးကျန်ဆန်သည့်ခံစားချက်များ ပေါ်ထွက်လာလေသည်။

ချင်းရှမ်နတ်တံခါး တိတ်ဆိတ်ငြိမ်သက်နေလေသည်။ဆန်းလျန်ရင်ထဲတွင်လည်း ဘာကြောင့်မှန်းမသိ ဝမ်းနည်းလာမိသည်။

ချင်းရွှမ်တောင်တွင် နှင်းများကျသည်ကို ဆန်းလျန်တစ်ခါမှ မမြင်ဖူးပေ။ သို့သော် ယခုတော့ တောင်တစ်ခွင်မှာ နှင်းများဖြင့် ဖုံးလွှမ်းနေလေသည်။ အဓိကတောင်ထိပ်ဖြစ်သည့် ထိုက်ယီတောင်တစ်ခုလုံးမှာ နှင်းများဖုံးလွှမ်းပြီး ဖွေးဖွေးလှုပ်နေလေသည်။

ကျင်းချင်းနှင့် ကူးချိုင်ဝေ့တို့က ချင်းရွှမ်ခမ်းမဆောင်ရှေ့တွင် ရပ်နေလေသည်။

သူ၏ဂိုဏ်းတူအစ်မသည် အရင်ကအတိုင်း မပြောင်းမလဲ သိမ်မွေ့စွာပင်ရှိနေလေသည်။ သို့သော် သူမမျက်နှာတွင် စိတ်ပျက်အားငယ်သည့်ပုံများ ပေါ်နေလေသည်။ အခြေအနေသိပ်မကောင်းဟု ဆန်းလျန်တွေးလိုက်မိသည်။

"ဂိုဏ်းတူအစ်မ ၊ ဘာများဖြစ်လို့လဲ"

ကူးချိုင်ဝေ့က ဆန်းလျန်ကို ကြည့်လိုက်သည်။ ဆန်းလျန်မှာ တန်ခိုးစွမ်းအားများလည်းပြည့်ဝလာသလို ရင့်ကျက်လာခဲ့ပြီ။

ဆန်းလျန်ကိုကြည့်ရင်း သူမမျက်ဝန်းတွင် မျက်ရည်များဝဲလာလေသည်။

သူမကိုကြည့်ရသည်မှာ တစ်စုံတစ်ခုကို ဖုံးကွယ်ထားပုံရလေသည်။

ဆန်းလျန်နှင့် မျက်လုံးများလည်းဆင်တူသလို စိတ်ထားလည်းဆင်တူသည့် လူတစ်ယောက်ကို သူမသတိရနေမိသည်။

ဆရာသခင်ပိယွင်ကို စပြီးတွေ့ရသည့်နေ့က ခံစားချက်မျိုးဖြစ်လေသည်။ အမှတ်တရများသည် မနေ့ကကဲ့သို့ပင် ခံစားရလေသည်။ သို့သော် သူမ၏မျက်ဝန်းများက ဆန်းလျန်၏မျက်ဝန်းများကဲ့သို့ အသက်ဝင်ခြင်းမရှိလှပေ။

ဆရာသခင်ကျန်းရော့ရှီးပြောသည့်စကားမှာမှန်လေသည်။

ဆန်းလျန်မှာ ဟိုင်သန်းအဆင့်ကို အလွန်လျှင်မြန်စွာ တက်ရောက်နိုင်ခဲ့ပြီဖြစ်လေသည်။

"အထဲကိုဝင်သွားနော် ၊ ဆရာသခင်က မင်းကိုစောင့်နေတယ်"

ကူးချိုင်ဝေ့က နူးညံ့စွာဖြင့် ပြောလိုက်လေသည်။

ကျင်းချင်း၏ပါးစပ်ထဲတွင် မြက်လေးတစ်ပင်ကို ကိုက်ထား လေသည်။ သူက ဆန်းလျန်ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး အကြည့်လွှဲလိုက်ကာ အဝေးတစ်နေရာမှနှင်းများကို ကြည့်နေ လေသည်။ ထိုသို့နှင်းများကျဆင်းနေရခြင်းမှာ ဆရာသခင် ကျန်းရော့ရှီးက ပြီးခဲ့သည့်မျိုးဆက်မှ ဆရာသခင်များ အသုံးပြုကြသည့် "ရေခဲအလင်း" ပညာကို အသုံးပြုကာ သူ့ ကိုယ်သူအေးခဲအောင်လုပ်ထားသောကြောင့် ဖြစ်လေသည်။ ထိုသို့ အေးခဲအောင်လုပ်ထားခြင်းဖြင့် သူ၏အသက်ကို အနည်းငယ်ဆွဲဆန့်ထားနိုင်ပြီး ဆန်းလျန်ပြန်အလာကို စောင့် နေခဲ့ခြင်းဖြစ်လေသည်။

ထိုရေခဲအလင်းစွမ်းအားကြောင့် ချင်းရွှမ်တောင်တစ်ခုလုံးတွင် နှင်းများကျဆင်းနေရခြင်းဖြစ်သည်။ မြေမွများမှာ သွေးအေးသတ္တဝါဖြစ်သည့်တိုင် ထိုကဲ့သို့နှင်းများကျဆင်းနေ

ခြင်းကို ကျင်းချင်းအလွန်မုန်းတီးလေသည်။ ရာသီဥတုအေး

သည့်အချိန်မျိုးတွင် သူက လုံးဝမလှုပ်ချင်ပေ။ ဆောင်းခိုရ

မည့် ရာသီဥတုမျိုးဖြစ်လေသည်။

ကျန်းရော့ရှီးက ကျင်းချင်း မအီမလည်ဖြစ်နေသည်ကို သိ

သည့်အတွက် ဆန်းလျန်ပြန်လာသည်ကို ကြိုဆိုရန် ကူးချိုင်

ဝေ့ကို အကူအညီတောင်းထားခြင်းဖြစ်လေသည်။

သို့သော် ကျင်းချင်းက ယခုအချိန်တွင် ဆောင်းခိုးချင်စိတ်မရှိ

ပါ။ သူက ကူးချိုင်ဝေ့နှင့်အတူ ဆန်းလျန်ကို စောင့်နေခဲ့လေ

သည်။ ထို့ပြင် သူက ယခုကဲ့သို့ ဆရာသခင်ကျန်းရော့ရှီးက

သူ့ကိုယ်သူအေးခဲထားပြီး လောကမှထွက်ခွာရန် အသင့်ဖြစ်နေ

သည့်အချိန်တွင် ဆန်းလျန်ကိုလည်း ပြန်မလာစေချင်မိပေ။

ကျင်းချင်းမှာ လူပေါင်းများစွာ သူ့ရှေ့တွင် သေဆုံးသွားကြ

သည်ကို မြင်တွေ့နေရမြဲဖြစ်လေသည်။ သို့သော် ဆရာသခင်

ကျန်းရော့ရှီး သေဆုံးရမည်ကိုတော့ သူမခံစားနိုင်ပေ။

ကျင်းချင်းမှာ သွေးအေးသည့်မြွေသတ္တဝါးတစ်ကောင်ဖြစ်သည့်တိုင် လူအများကြားတွင် ကြီးပြင်းခဲ့ရသူဖြစ်လေသည်။ ထို့ပြင် ဆရာသခင်ကျန်းရှော့ရှီးမှာလည်း သူ့ကို မည်သည့်အခါမှ တိရိစ္ဆာန်တစ်ကောင်ကဲ့သို့ မဆက်ဆံခဲ့ပေ။ သူငယ်ချင်းတစ်ယောက်လို အမြဲတမ်း ခင်မင်ခဲ့လေသည်။ ထို့ကြောင့် ကျင်းချင်းမှာ ခံစားနေရခြင်းဖြစ်လေသည်။

ကျင်းချင်းဘာတွေစဉ်းစားနေသလဲ ဆန်းလျန်မသိပါ။ သို့သော် ကျင်းချင်း၏ ပုံစံကြောင့် သူ့ရင်ထဲ လေးလံသွားရသည်။ သူရင်မဆိုင်ချင်သည့်ကိစ္စတစ်ခုကို ရင်ဆိုင်ရတော့မည်လား။ သူ့အပေါ်တွင် အလွန်မှ ကောင်းခဲ့သည့် ဆရာသခင်ကျန်းရှော့ရှီးသည် ကြွေလွင့်ရတော့မည့်အချိန်သို့ ရောက်နေပြီလား ဟု ဆန်းလျန် ကြေကွဲစွာဖြင့် တွေးလိုက်မိလေသည်။

အခန်း (၁၈၁)

ဆန်းလျှန်သည် ဆန်းလျှန်သာဖြစ်သည်

ဆရာသခင်ကျန်းရှော့ရှီးအတွက် အချိန်သိပ်မကျန်တော့ပေ။

ဆရာသခင်ကျန်းရှော့ရှီးသည် နောက်ဆုံးစကားပြောကြားရန်

အတွက် သူ့ကိုစောင့်နေခြင်းဖြစ်မည်ဟု ဆန်းလျှန်တွေးလိုက်မိ

လေသည်။

ယခုတော့ "ဟိုင်သန်းအဆင့်မအောင်မြင်မချင်း ပြန်မလာခဲ့နဲ့"

ဆိုသည့် ဆရာသခင်၏စကားကို ဆန်းလျှန် နားလည်ခဲ့ပြီ။

ဆရာသခင်သည် သူ၏ကျန်းမာရေးအခြေအနေကြောင့် ဆန်း

လျှန် စိတ်အနှောင့်အယှက်ဖြစ်ကာ ကျင့်စဉ်လမ်းတွင်

နှောင့်နှေးရမည်ကို မလိုလားသောကြောင့် ထိုသို့ပြောကြားခြင်းဖြစ်လေသည်။

ချင်းရှမ်ခန်းမဆောင်တံခါးကို ဖွင့်လိုက်သည်နှင့် လေအေးများက သူ့ကို ရိုက်ခတ်လာသည်။ ထိုအအေးဓာတ်ကြောင့် ဆန်းလျန် တုန်ပင်တုန်သွားရသည်။

သူ၏ မြင့်မားသည့်ကျင့်စဉ်အဆင့်နှင့်ပင် အအေးဒဏ်ကို အံတုနိုင်ခြင်းမရှိလျှင် ထိုလေအေးများသည် မည်မျှ အေးကြောင်းကို ပြသနေခြင်းပင်ဖြစ်လေသည်။

သူ ခန်းမထဲသို့ဝင်သွားသည်နှင့် ဆရာသခင်ကျန်းရော့ရှီးထိုင်သည့် ကျောက်ပလ္လင်မှာ ရေခဲထုကြီးဖြစ်နေလေသည်။ ဆရာသခင်ကျန်းရော့ရှီးမှာ ထိုရေခဲပလ္လင်ထက်တွင်ထိုင်ပြီး မျက်လုံးများကို မှိတ်ထားလေသည်။

ဆန်းလျှန်က ကျောက်ပလ္လင်အနားသို့ကပ်သွားလိုက်ပြီး ဒူး ထောက်လိုက်သည်။ ထို့နောက် တိတ်ဆိတ်စွာဖြင့်ပင် ဆရာ သခင်ကို ရှိခိုးကန်တော့လိုက်လေသည်။

ထိုခဏအတွင်းမှာပင် ဆရာသခင်ကျန်းရော့ရှီး၏ မျက်လုံး များပွင့်လာလေသည်။ ကျောက်ပလ္လင်မှ ရေခဲထုကြီးမှာ တဖြည်းဖြည်းအရည်ပျော်သွားလေသည်။ ကျန်းရော့ ရှီး၏အသက်အရွယ်မှာ သုံးဆယ်ခန့်ဟုသာထင်ရသည်။ သူ၏ဆံပင်များနှင့် မုတ်ဆိတ်မွေးများမှာ အနက်ရောင်ဖြစ်နေ ပြီး ကျန်းကျန်းမာမာရှိနေသည့်လူတစ်ယောက်နှင့် မခြားပေ။ သူဝတ်ဆင်ထားသည့် ရွှေရောင်နှင့်ခရမ်းရောင်စပ်ထားသည့် တာအိုဝတ်ရုံမှာ အနည်းငယ် ပွယောင်းနေသယောင်ထင်ရ သည်။ ထိုသို့ဖြစ်ရသည်မှာ ဆရာသခင် ပိန်သွားသောကြောင့် ဖြစ်လေသည်။

"ဒီကောင်စုတ်လေးကတော့လေ..."

ကျန်းရော့ရှီးသက်ပြင်းချရင်း ပြောလိုက်သည်။

"တပည့်အသုံးမကျပါဘူး ၊ ဆရာ့ကိုစိတ်ပူစေခဲ့တယ်"

ဆန်းလျန် ပြောလိုက်လေသည်။

ကျန်းရော့ရှီးက ခေါင်းခါယမ်းလိုက်ရင်း ခပ်ပါးပါးတစ်ချက်

ပြုံးလိုက်သည်။

"မင်းက နောက်မျိုးဆက်မှာ အတော်ဆုံးတပည့်တွေထဲက တစ်

ယောက်ပဲ ၊ ကျုပ်လည်း မင်းအတွက် လုပ်ပေးလိုက်ရတာ ဘာ

မှမရှိပါဘူးကွယ် ၊ ကျုပ်လုပ်ပေးတာဆိုလို့ ဆရာတစ်ယောက်

လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်လောက်ပါပဲ"

ဆရာသခင်က ပြောလိုက်လေသည်။

ကျန်းရော့ရှီး၏စကားများမှ ရင်ထဲက စကားများဖြစ်လေ

သည်။ သူက ဆန်းလျန်ကို ထူးခြားစွာ ဘာမှ သင်ပြမပေးလိုက်

ရပေ။ ထို့ပြင် တာအိုကျင့်စဉ်လမ်းမှာ စိုးရိမ်ဖွယ်ရာရှိသည့်တိုင်

ဆန်းလျန်က သူ့လမ်းသူလျှောက်ခဲ့ရသူ ဖြစ်လေသည်။ ဆန်း

လျှန်ရရှိခဲ့သည့် အောင်မြင်မှုများမှာ သူ၏ကံတရား ၊ စိတ်နေ စိတ်ထားနှင့် ဆုံးဖြတ်ချက်ခိုင်မာမှုများကြောင့်သာဖြစ်လေ သည်။ ကျန်းရော့ရှီးက သူ့ကို လမ်းညွှန်ပေးမှု အနည်းငယ်လုပ် ပေးရုံမျှဖြင့် ဆန်းလျန်က အများကြီး လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ် လေသည်။

"တကယ်တော့ မင်းကိုရော ကျန့်မေကိုရော ကျုပ်စောင့်နေခဲ့ တာပါ ၊ ကျန့်မေက ရောက်မလာတော့ဘူးဆိုတော့ သူက ချင်း ရှမ်နတ်တံခါးရဲ့ဂိုဏ်းချုပ်ရာထူးကို မလိုချင်ဘူးထင်ပါရဲ့ ၊ ဆန်းလျန် ၊ မင်းကျုပ်နေရာကို ယူမလား ၊ အရမ်းတော့မ တိုက်တွန်းချင်ပါဘူးကွယ်"

ဆရာသခင်ကျန်းရော့ရှီးက ခန်းမဆောင်အပြင်ဘက်သို့ တစ် ချက် လှမ်းငေးရင်းပြောလိုက်လေသည်။

ဆန်းလျန်ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။ ချန်ကျ န့်မေပြန်မလာသည့်အကြောင်းအရင်းကို သူနားလည်သွားရ

သည်။ ချန်ကျန့်မေသည် ဆရာသခင်ကျန်းရော့ရှီးအတွက် ဆရာဦးလေးယန်ရှီးကို ထက်ထက်သန်သန်ဖြင့်ပင် တိုက်ခိုက်ခဲ့သူဖြစ်လေသည်။ သို့သော် သူက ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ်ရာထူးကို လိုချင်ခဲ့ပုံမပေါ်ပေ။ ချန်ကျန့်မေသာ ဆန္ဒရှိမည်ဆိုလျှင် ဂိုဏ်းချုပ်ရာထူးသည် သူနှင့်အသင့်တော်ဆုံး ဖြစ်လေသည်။

ချန်ကျန့်မေက အခွင့်အရေးအရှိဆုံး ဆက်ခံသူတစ်ယောက်ဖြစ်သည့်တိုင် သူက သူ့အခွင့်အရေးကို လက်လွှတ်ခဲ့လေပြီ။

"ဆန်းလျန် လက်ခံပါ့မယ် ဆရာ"

တစ်ချက်မျှ တုန့်ဆိုင်းနေပြီးမှ ဆန်းလျန် အဖြေပေးလိုက်သည်။

သူသဘောတူလိုက်ရသည့် အဓိကအကြောင်းအရင်းမှာ ဆရာသခင်ကျန်းရော့ရှီး၏တောင်းဆိုမှုကို မငြင်းပယ်ရက်သောကြောင့် ဖြစ်လေသည်။

ဂိုဏ်းချုပ်ရာထူးအတွက် ဆန်းလျန်ငြင်းမည်ဆိုလျှင် အကြောင်းပြချက်များစွာရှိလေသည်။ ထို့ပြင် သူကလည်း ဂိုဏ်းချုပ်ရာထူးနှင့် သင့်တော်သည့်သူတစ်ယောက် မဟုတ်ပေ။

သို့သော် အကြောင်းပြချက်မျိုးစုံပေးပြီး ဆရာသခင်၏ တောင်းဆိုမှုကို မငြင်းပယ်ရက်နိုင်ပေ။ ထိုအချက် တစ်ချက်တည်းဖြင့်ပင် ဆန်းလျန် ခေါင်းညိတ်ခဲ့ခြင်းဖြစ်လေသည်။ ဂိုဏ်းချုပ်အဖြစ်တာဝန်ယူရမှုသည် မည်မျှပင်ခက်ခဲပါစေ သူအကောင်းဆုံးကြိုးစားမည်ဟု ဆုံးဖြတ်လိုက်လေသည်။ ဆရာသခင်ကျန်းရော့ရှီး၏မျက်ဝန်းများ တစ်ချက်တောက်ပသွားသလို ထိုမျက်ဝန်းထဲတွင် အဓိပ္ပါယ်များစွာ ဖြတ်ပြေးသွားလေသည်။

"မင်းဟာ တခြားသူတွေနဲ့ မတူဘူးပဲ"

ဆရာသခင်ကျန်းရှော့ရှီးက သက်ပြင်းတစ်ချက်ချရင်း ပြော
လိုက်လေသည်။

အစပိုင်းအချိန်တုန်းက ဆန်းလျန်ကို ယန်ရှီးနှင့်ဆင်တူသည်ဟု
ဆရာသခင်က မှတ်ချက်ချခဲ့မိလေသည်။ သူတို့နှစ်ယောက်လုံး
မှာ အရည်အချင်းရှိပြီး ကျင့်စဉ်လမ်းတစ်လမ်းတည်းကိုသာ
စိတ်ဝင်စားသည့် တစ်လမ်းသွားများလည်း မဟုတ်ကြပေ။
ထာဝရရှင်သန်ခြင်းနှင့်တန်ခိုးစွမ်းအားကို ရယူလိုခြင်းများကို
သူတို့နှစ်ယောက်လုံး၏ မျက်ဝန်းထဲတွင် မြင်တွေ့ရလေသည်။
ဆန်းလျန်က ဇွဲကြီးသူတစ်ယောက်ဖြစ်သော်လည်း
တစ်သမတ်တည်းသွားသူတစ်ယောက်မဟုတ်ပေ။ ထိုအချက်
က ဆန်းလျန်ကို ချန်ကျန့်မေနှင့်မတူဘဲ ကွဲပြားသွားစေလေ
သည်။ ထိုအချက်ကိုပင် ဆရာသခင်ကျန်းရှော့ရှီးကလည်း
စိတ်ပူခဲ့ခြင်းဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ကျင့်စဉ်လမ်းတွင် စိတ်ထားရှင်းလင်းခြင်းမရှိလျှင် ထိပ်ဆုံးသို့ရောက်ရန် ခက်ခဲနိုင်လေသည်။ ယန်ရှီးမှာ ဆန်းလျန်နှင့်တူလေသည်။ သို့သော် သူတို့နှစ်ယောက်၏ အခြေခံသဘောသဘာဝကတော့ တူညီခြင်းမရှိပါ။ ဆန်းလျန်က ဘဝနှင့်ပတ်သက်ပြီး စိတ်ခံစားချက်များလွန်းပြီး ယန်ရှီးကတော့ ဘဝကို ကစားပွဲတစ်ခုပမာ သဘောထားသူဖြစ်လေသည်။

"တကယ်တော့ လူတိုင်းက တစ်ယောက်တစ်မျိုးစီပါပဲ ၊ ကျွန်တော် မစွန့်လွှတ်နိုင်တဲ့ကိစ္စတွေအများကြီးပါပဲ ၊ ဒါပေမယ့် ကျွန်တော် စွန့်လွှတ်မယ်လို့လဲ တစ်ခါမှ မတွေးခဲ့မိပါဘူး ၊ ကျွန်တော်က ကျွန်တော်ပဲမဟုတ်လား"

ဆန်းလျန် ပြန်ပြောလိုက်လေသည်။

သူက ဆရာသခင်ကျန်းရှော့ရှီးကို ပြောလိုက်သလို သူ့ကိုယ်သူလည်း ပြောလိုက်ခြင်းဖြစ်လေသည်။ သူက ကျင့်စဉ်လမ်းတွင်

တစ်သမတ်တည်းလျှောက်လှမ်းလိုခြင်းမရှိလျှင်လည်း ဒီအတိုင်း စီးမျောသွားရုံသာရှိလေသည်။

"ချင်းရွှမ်က ကျင့်စဉ်လမ်းမှာ ရုပ်ခန္ဓာထက် စိတ်ဝိညာဉ်ကို ပိုပြီးဦးစားပေးတယ်၊ မင်းကို ကျုပ်အတင်း မပြောင်းလဲ စေချင်ပါဘူး၊ ဂိုဏ်းချုပ်တစ်ယောက် ဘာလုပ်ရမယ်ဆိုတာကိုတော့ မင်းကို သင်ပေးဖို့မလိုဘူးလို့ ကျုပ်ထင်တယ်၊ ဘာလို့လဲဆိုတော့ မင်းတဖြည်းဖြည်းနဲ့ အတွေ့အကြုံရသွားလိမ့်မယ်၊ ခုတော့ ဂိုဏ်းချုပ်ရဲ့တံဆိပ်တော်ကို မင်းကို လွှဲပေးလိုက်တော့မယ်"

ဆရာသခင်ကျန်းရှော့ရှီးက တည်ငြိမ်သည့် လေသံဖြင့်ပြောလိုက်လေသည်။

သူပြောစရာစကားများကို ပြောခဲ့ပြီးပြီဖြစ်လေသည်။ သာမန်လူသားများလို အလွမ်းသယ်နေ၍ မသင့်တော်လှပေ။

ချန်ကျန့်မေကို လုပ်ပေးသကဲ့သို့ပင် ဆရာသခင်က ဆန်းလျန်၏ ဆံပင်များကို ဘေးသို့ အသာသပ်တင်ပေးလိုက်ပြီး မျက်ခုံးနှစ်ခုကြားသို့ လက်နှစ်ချောင်းဖြင့် ညွှန်လိုက်လေသည်။

ထျန်းတိကျန်းကြေးမုံမှန် ပေါ်ထွက်လာပြီး ငွေရောင်အလင်းတန်းလေးက ဆန်းလျန်ကို လှည့်ပတ်သွားလေသည်။ လောကတစ်ခုလုံး၏ သတင်းအချက်အလက်များနှင့် လျှို့ဝှက်ချက်များသည် ဆန်းလျန်၏ နှလုံးသားထဲသို့ စီးဝင်သွားလေသည်။ ရောရှီလေးကို ခေါ်ဆောင်သွားသည့်သူများမှာ ထိုက်စုနတ်ဘုရားဂိုဏ်းမှ တပည့်များဖြစ်သည်ကိုပါ သိရှိလိုက်ရလေသည်။

ထျန်းတိကျန်းထံမှ ဆန်းလျန်မသိသည့် များစွာသော အချက်အလက်များသည် ဆန်းလျန်၏နှလုံးသားထဲသို့ စီးဝင်လာလေသည်။ အကြောင်းအရာများမှာ များလွန်း

သည့်အတွက် ဆန်းလျန်မှာ ကိုယ်နှင့်ဆိုင်သည်များကိုသာ စစ်ထုတ်ပြီး ခေါင်းထဲထည့်နေရလေသည်။

ဤသည်မှာ ဂိုဏ်းချုပ်အဖြစ်တာဝန်ယူမည့်သူနှင့် ထျန်းတိကျန်းတို့ တစ်သားတည်းကျအောင် ပေါင်းစပ်သွားသည့် ဖြစ်စဉ်ပင်ဖြစ်လေသည်။ ထို့ပြင် ထို ရတနာပစ္စည်းထျန်းတိကျန်းကို အခြားသူများအသုံးပြုမည်ဆိုပါက ဂိုဏ်းချုပ်၏ ခွင့်ပြုချက်ပေးမှသာ ရမည်ဖြစ်လေသည်။

"မိုးကောင်းကင်မှာ ပိုင်ယွီကျင်းဆိုတာရှိတယ်... ခွင်လွင်တောင်မှာ မြို့တော်ငါးခုနဲ့ နေရာဆယ့်နှစ်ခုရှိတယ် နတ်ဘုရားတွေက ကျုပ်ရဲ့ဦးခေါင်းကိုထိတွေ့ပြီး ထာဝရအသက်ရှင်ခြင်းလျှို့ဝှက်ချက်ကို လက်ဆင့်ကမ်းပေးပါတယ်"

ဆရာသခင် ကျန်းရှော့ရှီးမှာ နတ်ဘုရားတစ်ပါးမဟုတ်သည့်တိုင် ထာဝရအသက်ရှင်ခြြင်းတရားအလင်းကို ဆန်းလျန်ကို

လက်ဆင့်ကမ်းပေးနိုင်လေသည်။ ဆန်းလျန် စိတ်မကောင်းဖြစ်မိသည်မှာ ဆရာသခင် ဒဏ်ရာသက်သာပျောက်ကင်းအောင် သူလုပ်မပေးနိုင်သည့်အတွက်ဖြစ်လေသည်။ သူက ဂိုဏ်းချုပ်နေရာကို ယူခဲ့သည့်တိုင်အောင် သူ့အတွက် အရေးမပါလှပေ။ ထို့ပြင် ဂိုဏ်းချုပ်ရာထူးဆိုသည်က ကောင်းသည့်အလုပ်မဟုတ်ပေ။ မကောင်းသည့်အပြင် ဆိုးပင်ဆိုးသေးသည်။ ဆရာသခင်ကျန်းရှော့ရှီးအတွက် နောက်ဆုံးအနေဖြင့် တပည့်ကောင်းတစ်ယောက်ပီသချင်သည့်ဆန္ဒဖြင့်သာ ဆန်းလျန်က လက်ခံပေးခဲ့ခြင်းဖြစ်လေသည်။

ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားတွင် အနီရောင် သင်္ကေတတစ်ခုပေါ်လာလေသည်။ ဆန်းလျန်ကို ဂိုဏ်းချုပ်အဖြစ် အသိအမှတ်ပြုသည့် သင်္ကေတပင်ဖြစ်လေသည်။

ဆန်းလျန်က ထိုသင်္ကေတကို ဖျက်မပစ်ပါ။ ထိုအတိုင်းပင် ထားလိုက်လေသည်။

ထျန်းတိကျန်းသည် ဆန်းလျန်၏ ရင်ခွင်ထဲသို့ သက်ဆင်းလာ
လေသည်။

ဆရာသခင်ကျန်းရော့ရှီးမှာ ဖြူဖပ်ဖြူလျော်ဖြင့် အားနည်းနေ
ပုံရသည်။ သို့သော် သူ့ကို ကြည့်ရသည်မှာ စိတ်ကျေနပ်နေပုံ
လည်း ရလေသည်။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားမှာ ကြီးမားလွန်းလေသည်။
ထို့ပြင် ဟိုင်သန်းအဆင့်လည်း အောင်မြင်ခဲ့ပြီဖြစ်သဖြင့်
တာဝန်လွှဲပြောင်းခြင်းဖြစ်စဉ်မှာ ဆန်းလျန်ကို များစွာ
သက်ရောက်ခြင်းမရှိပါ။

ယခုတော့ ဆန်းလျန်သည် မိုးနှင့်မြေတွင် လှည့်လည်သွားလာ
နိုင်ပြီဖြစ်သလို ချင်းရွှမ်နတ်တံခါး၏ တာဝန်များဖြင့်လည်း
ခြေချုပ်မိပြီလည်းဖြစ်လေသည်။ သို့သော် ဆရာသခင်ကျန်း
ရော့ရှီးတွင်လည်း ရွေးခြယ်စရာမရှိပါ။ ထို့ပြင် ဆန်းလျန်မှာ

လည်း ချင်းရွှမ်နတ်တံခါးအတွက် တတ်နိုင်သမျှ ပေးဆပ်သင့်

သည်ဟု ခံစားနေရလေသည်။

ကျင်းချင်းနှင့် ကူးချိုင်ဝေ့တို့ ခန်းမထဲသို့ ဝင်လာကြသည်။

"ချိုင်ဝေ့ ၊ ခေါင်းလောင်းတီးလိုက်"

ဆရာသခင်ကျန်းရော့ရှီးက ကူးချိုင်ဝေ့ကို ပြောလိုက်သည်။

"ဘယ်နှစ်ကြိမ်တီးရမှာလဲ ဆရာ"

ကူးချိုင်ဝေ့က မေးလိုက်သည်။

"ကိုးချက်..."

အလွန်အားနည်းနေသည့်တိုင် ဆရာသခင်ကျန်းရော့ရှီးက

ပြတ်သားစွာဖြင့်ပြောလိုက်သည်။

ကူးချိုင်ဝေ့ တစ်ချက်တုန့်ဆိုင်းသွားပြီးမှ ထွက်ခွာသွားလေ

သည်။

ချန်ကျန့်မေ ဟိုင်သန်းအဆင့်တက်ရောက်ပွဲတုန်းကကဲ့သို့

ခေါင်းလောင်းသံများထွက်ပေါ်လာလေသည်။

သို့သော် ဟိုင်သန်းအဆင့်တက်ရောက်သူတပည့်အတွက် ခေါင်းလောင်းခုနစ်ချက်တီးခတ်ရပြီး ဂိုဏ်းချုပ်နေရာ ဆက်ခံခြင်းအတွက် ခေါင်းလေင်းရှစ်ချက် တီးခတ်ရလေသည်။ သို့သော် ခေါင်းလောင်းကိုးချက်တီးခတ်ခြင်းမှာ လောကနတ်ဘုရားတစ်ပါးဖြစ်မှပင် တီးခတ်ရခြင်းဖြစ်လေသည်။ ဂိုဏ်း၏ဆရာဘိုးဘိုးကိုယ်တိုင် လူ့လောမှ မိုးကောင်းကင်တံခါးသို့ ကြွချီတော့မည့် ဆရာသခင်များအတွက် ခေါင်းလောင်းလေးဆယ့်ကိုးချက်တီးရလေသည်။ ထိုသို့တီးခတ်ခြင်းမှာ အမြင့်ဆုံးဂုဏ်ပြုခြင်းဖြစ်လေသည်။ ဆရာသခင်ကျန်းရှော့ရှီးက ခေါင်းလောင်းကိုးချက်တီးခတ်ခိုင်းသည်ကို ဆန်းလျန်လည်း နားမလည်နိုင်ဖြစ်သွားရလေသည်။

"မင်း တရားအလင်းသိမြင်ပြီး နတ်ဘုရားတစ်ပါးဖြစ်သွားတဲ့အထိ ကျုပ်က မစောင့်နိုင်တော့ဘူးလေ ၊ ဒါကြောင့် မင်းကို

ကြိုပြီးဂုဏ်ပြုတဲ့အနေနဲ့ ခေါင်းလောင်းကိုးချက်တီးခတ်ခိုင်းလိုက်တာ ၊ ဒီလောက်နှစ်ပေါင်းများစွာ ဂိုဏ်းချုပ်လုပ်လာတာ တစ်ခါလောက်တော့ မဟုတ်တာလေး လုပ်လိုက်ဦးမှပေါ့"

ကျန်းရော့ရှီးက ရယ်မောရင်းပြောလိုက်လေသည်။

ဆန်းလျန်မှာ စိတ်သက်သာရာရသွားသည့်တိုင် ဘာပြောရမှန်းမသိပင် ဖြစ်သွားရလေသည်။ ခေါင်းလောင်းသံကိုးချက်ကြားသည်နှင့် ထိုက်ယီတောင်ထိပ်သို့ အခြားသောတောင်ထိပ်များမှ အလင်းတန်းများ တစ်ဖွဲဖွဲကျရောက်လာကာ တပည့်များနှင့် ဆရာသခင်များ ရောက်ရှိလာကြလေတော့သည်။

အခန်း (၁၈၂)

ဆရာဘိုးဘိုး၏ဝိညာဉ်စွမ်းအား

နှင်းများကျဆင်းနေလေသည်။

ချင်းရှမ်နတ်တံခါး၏ တောင်ထိပ်ငါးခုတွင် တိမ်ရိပ်များ ဖုံးလွှမ်းနေလေသည်။ အရောင်ပေါင်းစုံဖြင့် ရောင်စဉ်တန်းများက ကောင်းကင်တွင် ပြေးလွှားနေကြပြီး တိမ်များကို ပျောက်ကွယ်သွားစေလေသည်။ အလင်းတန်းများမှာ ကောင်းကင်ထက်တွင် ဟိုမှ ဒီမှ ပျံသန်းနေကြလေသည်။

ထိုရောင်စဉ်တန်းများကြောင့် တိတ်ဆိတ်နေသည့် ချင်းရှမ်တောင်တစ်ခွင်မှာ ပြန်လည်အသက်ဝင်လာသကဲ့သို့ပင်။ ချင်းရှမ်နတ်တံခါး ထိုသို့အသက်မဝင်သည်မှာ ကြာပြီဖြစ်လေသည်။

အမှန်တော့ ချင်းရှမ်နတ်တံခါးမှ ကျင့်ကြံသူများမှာ အနေအေးပြီး သီးသန့်နေတတ်ကြသည်။ ထိုအချက်မှာလည်း ချင်းရှမ်နတ်တံခါး တဖြည်းဖြည်းကျဆင်းလာရသည့်အချက်တွင် ပါဝင်လေသည်။

ထျန်းယွမ်တောင်နှင့် ကျီဖူတောင်မှ ရောက်လာသော
အလင်းတန်းများကတော့ အနည်းငယ်သာရှိလေသည်။
ထိုတောင်နှစ်ခုမှာ ချင်းရှမ်နတ်တံခါး၏ အမြင့်မားဆုံးကျင့်ကြံ
သူများ နေထိုင်ရာ နေရာနှစ်ခုဖြစ်လေသည်။ အလင်းတန်းများ
မှာ ပေါ့ပါးနေပြီး အများစုက လေကို စီးပြီးလာကြခြင်းဖြစ်
လေသည်။ ချင်းလန်တောင်နှင့် ယွိယန်တောင်မှ တပည့်များ
ကတော့ ဝိညာဉ်စွမ်းအားပစ္စည်းများကို စီးနင်းရန်အသုံးပြုကြ
လေသည်။ ချင်းလန်တောင်မှာ ရှယွမ့်အဆောင်တည်ရှိရာ
တောင်ဖြစ်ပြီး တပည့်များများစားစားမရှိလှပေ။ ယွိယန်
တောင်တွင်တော့ စန့်ယွမ့်အဆောင်ရှိပြီး တပည့်များလည်း
များပြားလေသည်။ စန့်ယွမ့်အဆောင်မှ တပည့်များက အုပ်စု
လိုက်လာလေ့ရှိကြလေသည်။

တပည့်အရေအတွက်မှာ လူပေါင်းတစ်ရာ့ငါးဆယ်ပင်မရှိပေ။ ထိုအချက်မှာ အစိကနတ်ဘုရားကျောင်းတော်ကြီးလေးခုတွင် ဖြစ်လေ့မရှိသည့် အခြေအနေဖြစ်လေသည်။

အလင်းတန်းများမှာ ချင်းရှမ်ခန်းမဆောင်သို့ ရောက်ရှိလာကြလေသည်။ အဝတ်အစားများလည်း မျိုးစုံဝတ်ဆင်ထားကြသည်။

တပည့်များနှင့် ဆရာသခင်များ ခန်းမထဲသို့ အသီးသီး ဝင်ရောက်လာကြလေသည်။ အချို့ကလည်း အိုမင်းနေပြီး အချို့ကလည်း ငယ်ရွယ်နုပျိုကြလေသည်။ အသက်အရွယ်ကြီးရင့်တိုင်းလည်း ဆရာသခင်များမဟုတ်ကြသလို အသက်အရွယ်နုပျိုနေတိုင်းလည်း တပည့်လေးများမဟုတ်ကြပေ။ အတော်ဆုံးကျင့်ကြံသူများမှာ သူတို့အသက် နှစ်ပေါင်းမည်မျှပင် ရှည်ပါစေ အလွန်ဆုံး အသက်လေးဆယ်အောက်ဟုပင် ထင်မှတ်ကြရလေသည်။ ထိုအချက်မှာ ပုံမှန်ဖြစ်ပြီး သူတို့တန်ခိုး

စွမ်းအားသုံးထားပါက ဆယ်ကျော်သက်လေးအသွင်သဏ္ဌာန်ပင် ဖြစ်နိုင်လေသည်။

သို့သော် ကျင့်ကြံသူအများစုက သူတို့၏ ရုပ်ပုံ မည်သို့ဖြစ်သည်ကို သိပ်ပြီး ဂရုမစိုက်ကြပါ။ သဘာဝအတိုင်းပင် နေကြသည့်တိုင် တန်ခိုးစွမ်းအားကြီးမားမှုများကြောင့် အသက်အရွယ်ကြီးရင့်မလာဘဲ ရှိခြင်းဖြစ်လေသည်။

အသက်အရွယ်ကြီးရင့်ပုံပေါက်နေသည့် ဟိုင်သန်းအဆင့်ကျင့်ကြံသူများမှာ အသက်ကြီးမှ ဟိုင်သန်းအဆင့် တက်ရောက်နိုင်ခဲ့သောကြောင့် ဖြစ်လေသည်။ သူတို့၏ တန်ခိုးစွမ်းအားနှင့် သွေးလည်ပတ်မှုများကို မူလအတိုင်းထိန်းသိမ်းထားပြီး ရုပ်သွင်ကိုတော့ အိုမင်းသည့်အတိုင်းပင် နေကြလေသည်။ ဟိုင်သန်းအဆင့်အောင်မြင်ပြီးသည့်အတွက် သူတို့၏ရုပ်သွင်ကို ပြန်လည်ငယ်ရွယ်အောင် ဖန်ဆင်းခြင်း မပြုလုပ်တော့ပေ။ တန်ခိုးစွမ်းအားနှင့်သွေးလည်ပတ်မှုများကို

ထိန်းသိမ်းထားနိုင်သည့်အကြောင်းမှာ ဟိုင်သန်းအဆင့်တွင် မိုးမြေစွမ်းအားနှင့် ယင်ဝိညာဉ်စွမ်းအားကို ပေါင်းစပ်ရသောကြောင့်ဖြစ်လေသည်။ ဟိုင်သန်းအဆင့်တန်ခိုးစွမ်းအားမှာ သာမန်ကျင့်ကြံသူတန်ခိုးစွမ်းအား နှင့်မတူညီတော့ပေ။ စွမ်းအားအနှစ်သာရနှင့်အသက်ဓာတ်စွမ်းအားများပါဝင်လေသည်။ မိုးမြေစွမ်းအားမလုံလောက်ပါက ယင်ဝိညာဉ်စွမ်းအားမှာ တန်ခိုးစွမ်းအားနှင့် ပေါင်းစပ်၍မရနိုင်ပေ။ ထိုသို့မပေါင်းစပ်နိုင်ပါက ဟိုင်သန်းအဆင့်တက်ရောက်နိုင်ခြင်းမရှိပေ။

ကျင့်ကြံသူအများစုမှာ နောက်ဆုံးအချိန်ထိ ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန် မရမနေ ကြိုးစားလေ့ရှိကြလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ မိုးမြေစွမ်းအားနှင့် သွေးလည်ပတ်မှုကို ထိန်းသိမ်းထားနိုင်ပါက အသက်ရှည်အောင် ဆွဲဆန့်ထားနိုင်သောကြောင့်ဖြစ်လေသည်။

ဟိုင်သန်းအဆင့် တက်ရောက်နိုင်ခြင်းမရှိသည့် သာမန်တပည့်များလည်း များစွာရှိသလို အသက်ကြီးမှ ဟိုင်သန်းအဆင့်တက်ရောက်နိုင်သူများလည်း ရှိကြလေသည်။

စန့်ယွမ့်အဆောင်မှာ ရှယွမ့်အဆောင်ထက် တပည့်အရေအတွက် ဆယ်ဆခန့်ပိုမိုများပြားလေသည်။ သို့သော် စန့်ယွမ့်အဆောင်မှ ချူးစန်းအဆင့်နှင့် ရုဟွအဆင့် တက်ရောက်နိုင်သူမှာ ရှယွမ့်အဆောင်လောက် များပြားခြင်းမရှိပေ။

ရှယွမ့်အဆောင်မှ တပည့်များမှာ အရည်အချင်းရော ၊ ကျင့်ကြံမှုပိုင်းတွင်ပါ စန့်ယွမ့်အဆောင်မှ တပည့်များထက်သာလွန်ကြလေသည်။ လွန်ခဲ့သည့်နှစ်ပေါင်းရာနှင့်ချီသည့်အချိန် ၊ ချင်းရွှမ်နတ်တံခါး၏ ကြေကွဲဖွယ်ရာ ဖြစ်ရပ်ကြီးမဖြစ်သေးမီကာလက ပြောင်းလဲခြင်းအဆင့် ခြောက်ဆင့်နှင့် ဟိုင်သန်းအဆင့်တက်ရောက်နိုင်သည့် ကျင့်ကြံသူအများစုမှာ ရှယွမ့်အဆောင်မှသာဖြစ်ကြလေသည်။

အဘယ်ကြောင့်ဆိုသော် ရှယွမ့်အဆောင်မှ တပည့်များမှာ ချင်းရွှမ်နတ်တံခါးနှင့် ပါရမီပါသူများဖြစ်ကြသလို ယခင် ဘဝ ဘဝများစွာကပင် နတ်ဘုရားကျင့်စဉ်များနှင့်ပတ်သက်ပြီး ပါရမီရှိကြသည့်သူများဖြစ်ကြလေသည်။

ချင်းရွှမ်နတ်တံခါး၏ သမိုင်းကိုပြန်ကြည့်မည်ဆိုလျှင် ဆရာဘိုးဘိုးယွမ်ချင်းလက်ထက်ကတည်းက မျိုးဆက်ပေါင်း သုံးဆယ်ဖြတ်သန်းခဲ့ပြီးဖြစ်လေသည်။ ထိုအချိန်မှစ၍ ယခုအချိန်ထိ နတ်ဘုရားအပါးလေးဆယ်တိတိ မွေးထုတ်ပေးနိုင်ခဲ့လေသည်။ ထိုနတ်ဘုရားများတွင် ခြောက်ယောက် ၊ ခုနစ်ယောက်ခန့်မှာ လွန်ခဲ့သည့်ဘဝများစွာက လောကနတ်ဘုရားနှင့် ဝိညာဉ်နတ်ဘုရားများဖြစ်သည်အထိ ကျင့်ကြံခဲ့ကြသူများဖြစ်လေသည်။ သို့သော် သူတို့က လူပြန်ဝင်စားကာ သံသယာလည်ပြီး သူတို့၏အတိတ်ဘဝကို မမှတ်မိကြတော့ဘဲ လက်ရှိဘဝ

တွင် ချင်းရှမ်းနတ်တံခါးတွင် တပည့်အဖြစ် ပြန်လည် ကျင့်ကြံခဲ့ကြသူများဖြစ်သည်။

အတိတ်ဘဝကို မမှတ်မိကြသည့်အတွက် သူတို့၏ကျင့်စဉ်လမ်းက ပိုပြီး လွယ်ကူချောမွေ့ အဆင်ပြေခဲ့ကြလေသည်။

အစိကနတ်ဘုရားဂိုဏ်းကြီးလေးဂိုဏ်းတွင် ချင်းရှမ်းနတ်တံခါးအဆင့်ကျသွားပြီးသည့်နောက်ပိုင်း ကံကြမ္မာကလည်း ဆိုးဝါးခဲ့လေသည်။ ချင်းရှမ်းနတ်တံခါးသို့ အလားအလာကောင်းသည့် တပည့်များလည်း ရောက်မလာကြတော့ပေ။

ရှယွမ့်အဆောင်အတွက် နှစ်ငါးဆယ်လျှင်တစ်ကြိမ် နတ်တံခါးဖွင့်ကာ တပည့်ရွေးခြယ်သည့်ပွဲကျင်းပလေသည်။ တစ်ခါရွေးခြယ်လျှင် တပည့် ဆယ်ယောက်သာလက်ခံလေသည်။

အဘယ်ကြောင့်ဆိုသော် တစ်ဆယ်ဆိုသည့် ဂဏန်းမှာ ဂဏန်းအားလုံး၏ အဆုံးသတ်အရေအတွက်ဖြစ်သလို အခြေခံကျသည့် ဂဏန်းတစ်ခုဖြစ်ပြီး မိုးနှင့်မြေတွင် ရှေးအကျဆုံး

သင်္ကေတတစ်ခုလည်း ဖြစ်လေသည်။ ပြည့်စုံခြင်းဟူ၍လည်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်လေသည်။

ချင်းရှမ်နတ်တံခါးတွင် နှစ်ငါးဆယ်တစ်ကြိမ် တပည့်ရွေးပွဲ ကျင်းပရသည့် အကြောင်းအရင်းကတော့ ငါးဆယ်ဆိုသည့် ဂဏာန်းမှာ "တာ့ယန်" ဂဏာန်းဖြစ်သောကြောင့်ဖြစ်လေသည်။ "တာ့ယန်" ဆိုသည်မှာ မိုးနှင်မြေတွင် ပြောင်းလဲခြင်းဖြစ်ပေါ်သည့် သင်္ကေတဖြစ်လေသည်။ ထို့ကြောင့် ချင်းရှမ်နတ်တံခါးတွင် အပြောင်းအလဲပြုလုပ်သည့်အချိန်ကို "တာ့ယွမ်" ဂဏာန်းဖြစ်သည့် ငါးဆယ်ဖြင့်ဆုံးဖြတ်ခြင်းဖြစ်လေသည်။

ထို့ကြောင့် နှစ်ငါးဆယ်တစ်ခါ အပြောင်းအလဲဖြစ်သည့်အချိန်တွင် လူဆယ်ယောက်သာ ရွေးခြယ်ခြင်းဖြစ်လေသည်။ ချင်းရှမ်နတ်တံခါးအတွက် အလှည့်အပြောင်းများစွာ ဖြစ်ပေါ်မည့် အဓိပ္ပါယ်ပင် ဖြစ်လေသည်။ ဆရာဘိုးဘိုးယွမ်ချင်းမှာ ထို ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့သူတစ်ယောက်ဖြစ်ပြီး လွန်စွာမှ

ထူးချွန်သည့် ဆရာသခင်တစ်ပါးဖြစ်လေသည်။ ထို့ပြင် ဆရာဘိုးဘိုးယွမ်ချင်းမှာ မရမနေကြိုးစားတတ်သည့် ဇွဲလုံ့လနှင့်ပြည့်စုံသူလည်းဖြစ်လေသည်။

"လူတစ်ယောက်သည် ပြည့်စုံအောင်မြင်မှုကို မိမိတစ်ယောက်တည်း ရယူမည့်အစား မျှဝေပေးသင့်သည်။ လူတစ်ယောက်သည် ဘဝတွင် အောင်မြင်မှုကို ကြာရှည်ထိန်းသိမ်းရန်မှာ ခက်ခဲလှလေသည်။ ထို့ကြောင့် အောင်မြင်မှုအတွက် ထောင်လွှားမောက်မာမည်ဆိုလျှင် ဒုက္ခရောက်ရန်နီးစပ်နေပြီဖြစ်လေသည်။ အခြားသူတစ်ယောက်၏အောင်မြင်မှုကို မုဒိတာပွားပြီး လက်ခံနိုင်မှသာလျှင်သဘာဝကျပေမည်"

ဆိုသည့် တာအိုအယူအဆကို လက်ကိုင်ထားသူဖြစ်လေသည်။ ထိုသို့သော ရည်ရွယ်ချက်ကောင်းဖြင့် နတ်တံခါးကိုဖွင့်ကာတပည့်အသစ်များလက်ခံရန်အတွက် ဝမ့်ရှင်းလမ်းကိုလည်း

ဆရာဘိုးဘိုးယွမ်ချင်းက တည်ဆောက်ခဲ့လေသည်။ ချင်းရှမ်၏အနာဂတ်အတွက် ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ပုံရိပ်ကောင်းမွန်မှုရှိစေရန် စီစဉ်သွားခဲ့ခြင်းဖြစ်လေသည်။

ဂိုဏ်းချုပ်ဆရာသခင်အဖြစ် ဆန်းလျန် ဆက်ခံသည့်အချိန်တွင် ထိုအကြောင်းအရာများအားလုံးကို ထျန်းတိကျန်းမှ တစ်ဆင့် သိမြင်ခဲ့ရလေသည်။ အခြားသူများက ထိုရည်ရွယ်ချက်ကို သတိမပြုမိသည့်တိုင် ဂိုဏ်းချုပ်အဆက်ဆက်ကတော့ ထိုအကြောင်းအရာများအားလုံးကို အလေးထားခဲ့ကြလေသည်။

ချန်ကျန့်မေ၏ ဟိုင်သန်းအဆင့်တက်ရောက်ပြီးသည့်နောက်ပိုင်း ဟိုင်သန်းအဆင့် ထပ်မံတက်ရောက်နိုင်သူ ငါးဦးရှိခဲ့လေသည်။ သို့သော် သူတို့ငါးယောက်လုံးမှာ တတိယနည်းလမ်းဖြစ်သည့် ကိုယ်ပိုင်ကျင့်စဉ်စွမ်းအားကိုအသုံးပြုကာ ဝိညာဉ်နှင့် ရွှေပြဒါးအမြုတေ ဟန်ချက်ညီအောင်ပေါင်းစပ်ပြီး ဟိုင်

သန်းအဆင့် တက်ရောက်နိုင်သူ တစ်ယောက်မှ မပါရှိပေ။ သူ
တို့မှာ ဟိုင်သန်းအဆင့်ကို ပုံပြောင်းခြင်းအဆင့် လေးခုမျှ
လောက်ဖြင့်သာ တက်လှမ်းနိုင်ခဲ့ကြသည့်သူများဖြစ်လေ
သည်။

ဆန်းလျန်က ထိုအချက်အလက်များအားလုံးကို တစ်ခဏ
အတွင်းမှာပင် နှလုံးသားထဲတွင်နားလည်အောင် မှတ်သားနေ
လေသည်။ ဆန်းလျန်အနေဖြင့် ထျန်းတိကျန်းဖြင့်ဆက်သွယ်
ရန် စိတ်စွမ်းအားသုံးပြုစရပင် မလိုပေ။ ထျန်းတိကျန်းမှာ သူ့
စိတ်ထဲမှ မတူညီသည့်ဝိညာဉ်စွမ်းအားတုန်ခါမှုကို
ရောင်ပြန်ဟပ်စေသည့် ရေဒါကိရိယာတစ်ခုအလားဖြစ်လေ
သည်။ ဝိညာဉ်စွမ်းအားကောင်းမွန်ခြင်းမရှိပါက ထျန်းတိကျန်း
မှာလည်း သူ့စိတ်ကို ရောင်ပြန်ဟပ်မည်မဟုတ်ပေ။ ထို့ကြောင့်
ဝိညာဉ်စွမ်းအား အဆင့်မြင့်မားခြင်းမရှိပါက ထျန်းတိကျန်းမှ
အချက်အလက်များကိုလည်း လက်ခံရယူနိုင်မည်မဟုတ်ပေ။

ထိုသို့အချက်အလက်များကို လက်ခံရယူနိုင်ခြင်းမရှိပါက ဂိုဏ်းချုပ်နေရာကိုလည်း ဆက်ခံနိုင်မည်မဟုတ်ပေ။ ဆန်းလျန်မှာ ထျန်းတိကျန်းနှင့်ပတ်သက်သည့် ထူးခြားဆန်းကျယ်မှုအားလုံးကို သိရှိခြင်းမရှိသေးပါ။ ဂိုဏ်းချုပ်တစ်ယောက်အဖြစ် အသိအမှတ်ပြုပေးအပ်ထားသည့် အစိတ်အပိုင်းမျှကိုသာ သိရှိပြီး အသုံးပြုနိုင်ခြင်းဖြစ်လေသည်။ ထျန်းတိကျန်းမှာ အသုံးပြုရလွယ်ကူသော ရတနာပစ္စည်းတစ်ပါးမဟုတ်သလို တစ်ယောက်တည်းကိုယ်ကျိုးအတွက်လည်း အသုံးပြု၍မရပေ။

ထျန်းတိကျန်းမှာ တန်ခိုးစွမ်းအားကြီးမားလွန်းသည့် မော်ဝင်ပစ္စည်းတစ်ခုဖြစ်သည့်အတွက် ဆက်ခံသူကို လွှဲပေးရန်မှာလည်း လွန်စွာမှ ခက်ခဲလေသည်။

ထို့ပြင် မော်ဝင်ပစ္စည်းဆိုသည်မှာ ဝိညာဉ်စွမ်းအားပစ္စည်းနှင့် မတူညီပေ။ သူက စတင်ဖြစ်တည်ကတည်းကပင် ဝိညာဉ်

စွမ်းအားပါရှိပြီး လွတ်လပ်သည့် သက်ရှိတစ်ယောက်အလား ဖြစ်တည်နေသော ပစ္စည်းတစ်ခုဖြစ်လေသည်။ မည်မျှတန်ခိုးစွမ်းအားကြီးမားသည့် ဝိညာဉ်စွမ်းအားပစ္စည်း ဖြစ်ပါစေ ထိုပစ္စည်းမှ ဝိညာဉ်စွမ်းအားကို ဝိညာဉ်အလင်း တရားရအောင် ပြောင်းလဲပေး၍မရနိုင်ပေ။ ဝိညာဉ်အလင်း တရားမရှိလျှင် သက်ရှိတစ်ခုအလား ဖြစ်တည်နိုင်မည်မဟုတ် ပေ။ ထို့ကြောင့် ဝိညာဉ်စွမ်းအားပစ္စည်းတစ်ခုသည် မှော်ဝင် ပစ္စည်းတစ်ခု မည်သည့်အခါမှ ဖြစ်မလာနိုင်ပေ။ ဂိုဏ်းချုပ်အဖြစ် အသိအမှတ်ပြုခံရခြင်းသည့် သင်္ကေတရရှိ ပြီးဖြစ်လျှင် ထျန်းတိကျန်းကလည်း ထိုသူကို ဂိုဏ်းချုပ်အဖြစ် အသိအမှတ်ပြုလေသည်။ ထျန်းတိကျန်းကိုယ်တိုင်က ဂိုဏ်းချုပ်အဖြစ် အသိအမှတ်ပြုခံရပြီးလျှင်တော့ ထျန်းတိ ကျန်းက ဂိုဏ်းချုပ်ကို ငြင်းဆန်ခြင်းမရှိတော့ပေ။

ဆန်းလျန်သည် ဆရာသခင်ကျန်းရော့ရှီး၏ ဘေးတွင်ရပ်နေလေသည်။ သူ၏မျက်ခုံးနှစ်ခုကြားတွင် ပြဒါးရောင်က တစ်လက်လက်တောက်ပနေလေသည်။

ဆန်းလျန်၏ပုံစံက တည်ငြိမ်လွန်းနေလေသည်။ ဆံပင်ရှည်များကလွင့်ဝဲနေပြီး သူ၏ပုံသဏ္ဌာန်မှာ ခမ်းနားလှပလွန်းလေသည်။ သူ့ထံမှ ထူးခြားဆန်းကျယ်သည့် တန်ခိုးစွမ်းအားအငွေ့အသက်များ ထွက်ပေါ်နေသည်။

ချင်းရွှမ်ခန်းမ၏ ထူးခြားချက်မှာ လူများဝင်ရောက်လာသလောက် နေရာချဲ့ပေးနိုင်သည့် အစွမ်းရှိလေသည်။ ဆန်းလျန်ဂိုဏ်းချုပ်အဖြစ် အသိအမှတ်ပြုခြင်းခံရပြီးသည့်နောက်ပိုင်း ချင်းရွှမ်ခန်းမဆောင်မှာလည်း ဝိညာဉ်စွမ်းအားရှိသည့် ခန်းမတစ်ခုဖြစ်ကြောင်း နားလည်ခဲ့ရသည်။

ချင်းရွှမ်ခန်းမဆောင် ဖြစ်တည်လာရခြင်းမှာ ဆရာဘိုးဘိုးယွမ်ချင်းဖန်ဆင်းခဲ့၍ဖြစ်ကြောင်းကို ဆန်းလျန်က သိရှိခဲ့ပြီးဖြစ်

လေသည်။ သို့သော် နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီး
သည့်နောက် ချင်း ရှမ်ခန်းမဆောင်မှာ ထိပ်တန်းအဆင့် ဝိညာဉ်
စွမ်းအားရှိသည့် ခန်းမဆောင်တစ်ခု ဖြစ်လာခဲ့လေသည်။
အဘယ်ကြောင့်ဆိုသော် ဂိုဏ်းချုပ်အဆက်ဆက်၏ ဝိညာဉ်
စွမ်းအားများ ပေါင်းစပ်စီးဆင်းနေသောကြောင့်ဖြစ်လေသည်။
ယခုအချိန်တွင်တော့ ဆန်းလျန်၏ ဝိညာဉ်စွမ်းအားမှာလည်း
ချင်ရှမ်ခန်းမဆောင်နှင့် ပေါင်းစပ်မိသွားပြီဖြစ်လေသည်။ ရေ
နှင့်ငါးကဲ့သို့ သဘာဝကျစွာ တစ်ဦးနှင့်တစ်ဦး တိတ်တဆိတ်
အသိအမှတ်ပြုလိုက်ကြပြီဖြစ်လေသည်။

အခန်း (၁၈၃)

မတူညီသည့်တုန့်ပြန်မှုများ

ဆရာသခင်များမှအစ သာမန်တပည့်များအဆုံး ချင်းရှမ်ခန်းမဆောင်တွင်းရှိ အားလုံးသောသူများမှာ ဆန်းလျန်ကို တွေ့လိုက်ရသည်နှင့် အမည်မဖော်နိုင်သည့် ခံစားချက်များကို ခံစားလိုက်ကြရလေသည်။

မိုးနှင့်မြေတွင် တရားဓမ္မအလင်းတန်းတစ်ခုကို မြင်လိုက်ရသည့်အလား ၊ လူ့လောကတွင် တာအိုကျင့်စဉ်လမ်းသည် ကိုယ်ထင်ပြသည့်အလား ခံစားလိုက်ကြရလေသည်။ ထိုခံစား

ချက်သည် သူတို့ရင်ထဲတွင် နင့်နင့်နဲနဲ ဝမ်းနည်းသွားစေလေသည်။

မြစ်ကမ်းနံဘေးတွင် ဘဝ၏ဆုံးရှုံးမှုများစွာအတွက် လွမ်းတေးသီဆိုနေသံကို ကြားရသည့်အလား ဝမ်းနည်းကြေကွဲစွာ ခံစားရခြင်းဖြစ်လေသည်။

ဆန်းလျန်၏ ပုံစံမှာ မူလအစဦးကတည်းက စီးဆင်းနေသည့် မြစ်တစ်စင်းသည် တိတ်ဆိတ်နေသည့်တိုင် နက်ရှိုင်းသည့် အသိဉာဏ်ပညာများပါဝင်နေသကဲ့သို့ဖြစ်နေလေသည်။

ထို့ပြင် ဆရာသခင်များက ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားမှ အနီရောင်သင်္ကေတကို တွေ့မြင်လိုက်ကြရသည့်အခါတွင် တော့ သို့လော သို့လောအတွေးများ ဖြစ်ပေါ်လာကြရလေသည်။

ချင်းရှမ်ခန်းမဆောင်တွင်းသို့ ချင်းရှမ်နတ်တံခါးတစ်ခုလုံးမှ ဂိုဏ်းသားများအားလုံး ရောက်ရှိလာကြခြင်းဖြစ်လေသည်။

"ခေါင်းလောင်းထိုးသံကိုးချက်" သည် ကြီးမားသည့်ဖြစ်ရပ်တစ်ခု ဖြစ်သွားပြီဆိုသည့် အဓိပ္ပါယ်ရသောကြောင့် တစ်ယောက်မကျန်ရောက်လာကြခြင်းဖြစ်လေသည်။

ခန်းမဆောင်ထဲတွင် ဆရာသခင်များအတွက် တစ်ယောက်ထိုင်ကြမ်းခင်းအဝတ်လေးများ ပေါ်လာသည်။ ဟိုင်သန်းအဆင့်ကျင့်ကြံသူများသည် ထိုကြမ်းခင်း အဝတ်လေးများပေါ်တွင် အဆင့်အလိုက် နေရာယူလိုက်ကြလေသည်။

ဆရာသခင် ကယ်ယွမ်းနှင့် ဟုန်ချင်းယာတို့မှာလည်း အသီးသီး နေရာယူလိုက်ကြလေသည်။

ဟုန်ချင်းယာမှာ ဆန်းလျန်ကို အစကတည်းက အထင်ကြီးလေးစားသူဖြစ်လေသည်။ သူက ဆန်းလျန်ကို တပည့်တော်ချင်ခဲ့သော်လည်း အခွင့်မသာခဲ့ပေ။ ယခုတော့ ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ သူ့ထက် မသာလျှင်တောင် မလျော့ကြောင်း ခန့်မှန်းမိလေသည်။

သို့သော် ဆန်းလျှန်မှာ ယခင်က သူသိခဲ့သည့် ဆန်းလျှန်နှင့် အတူတူပင်ဖြစ်လေသည်။ ထူးခြားသွားမှုမှာ ကျင့်စဉ်လမ်း အဆင့်မြင့်တက်သွားခြင်းဖြစ်လေသည်။ ထို့ပြင် သူ့ကိုကြည့်ရ သည်မှာ ဟိုင်သန်းအဆင့်ကို အောင်မြင်သွားပြီ ဖြစ်ပုံရသည်။

"ဆရာသခင် ၊ ခေါင်းလောင်းကိုးချက်တီးခတ်တာဆိုတော့ ဘယ်သူများ နတ်ဘုရားအဆင့်အောင်မြင်သွားလို့လဲ" ဟုန်ချင်းယာက မေးလိုက်လေသည်။

သူက ပထမဆုံး မေးခွန်းမေးလိုက်သည့်သူဖြစ်လေသည်။ ဆန်းလျှန်မှာ ထူးခြားဆန်းကျယ်သည့် အငွေ့အသက်များဖြင့် ပြည့်နေပြီး ခန့်မှန်းရခက်သည့်တန်ခိုးစွမ်းအားများကို ပိုင်ဆိုင် ထားသည့်တိုင် နတ်ဘုရားတစ်ပါးမဖြစ်နိုင်သေးပေ။ နတ် ဘုရားတစ်ပါးဖြစ်ပြီဟု ပြောလျှင် လျှောက်ပြောနေခြင်းဖြစ် မှန်း လူတိုင်းသိမည်ဖြစ်လေသည်။ ဆန်းလျှန် တောင်ပေါ်က ထွက်ခွာသွားသည့်အချိန်တွင် ရုဟွအဆင့်သာ တက်ရောက်နိုင်

ခဲ့သေးသည်။ ထို့ကြောင့် တရားအလင်းပွင့်သည့်အဆင့်ကို ကျော်လွန်ကာ နတ်ဘုရားတစ်ပါးဖြစ်လာရန်မှာ လုံးဝမဖြစ်နိုင်သည့် ကိစ္စတစ်ခုဖြစ်လေသည်။ နတ်ဘုရားတစ်ပါး လူပြန်ဝင်စားပြီး ကျင့်ကြံမည်ဆိုလျှင်တောင် ထိုမျှမြန်မြန်ဆန်ဆန်ကျင့်စဉ်လမ်းအောင်မြင်နိုင်မည်မဟုတ်ပေ။ အချိန်တိုအတွင်း မှုလဝိညာဉ်ရရှိသည့်အဆင့်သို့ ရောက်ရှိရန်မှာ “မိုးမြေတုန်လှုပ်သည့်နတ်ဒေဝါဆေး” ကို ရရှိမှသာ ဖြစ်နိုင်ပေမည်။ တရားအလင်းပွင့်ပြီး ထာဝရအသက်ရှင်သန်သည့် နတ်ဘုရားတစ်ပါးဖြစ်လာရန်မှာ လွန်စွာမှ ခက်ခဲလွန်းသည့် ကိစ္စဖြစ်သည်။ ဆန်းလျန်မှာ နတ်ဘုရားတစ်ပါးဝင်စားသည့် လူတစ်ယောက်မဟုတ်ပါ။ သို့သော် သူက အရည်အချင်းပြည့်ဝသူ တစ်ယောက်ဖြစ်လေသည်။ ထိုအချက်ကို ဟုန်ချင်းယာက ကောင်းကောင်းသိထားလေသည်။ ဆန်းလျန်သည် သူ၏ ကျိဝေ့တုန်းကျင့်စဉ်

အဖြေကို နားလည်ကတည်းက သူက ဆန်းလျှန်၏ ကံကြမ္မာကို ခန့်မှန်းပြီးသားဖြစ်လေသည်။

ထို့ကြောင့် နတ်ဘုရားအဖြစ် အဆင့်တက်ရောက်သူမှာ ဆန်းလျှန်မဟုတ်လျှင် ဆရာသခင်ကျန်းရှော့ရှီးသာ ဖြစ်နိုင်ချေရှိလေသည်။ သို့သော် ဆရာသခင်ကျန်းရှော့ရှီးမှာ ဒဏ်ရာအပြင်းအထန်ရထားပြီး မည်သည့်နည်းနှင့်မျှ ပြန်ကောင်းမွန်နိုင်တော့မည် မဟုတ်ကြောင်း သူတို့အားလုံး သိရှိထားကြသည်။ အမှန်တော့ သူအသက်ဆက်ရှင်သန်နိုင်ရန်အတွက် ရေခဲအလင်းပညာကိုအသုံးပြုကာ သူ၏အသက်ဓာတ်ကို ထိန်းသိမ်းထားခဲ့ရလေသည်။ ထို့ကြောင့် ချင်းရှမ်တောင်တစ်ခွင်လုံးတွင် နှင်းများကျဆင်းနေရခြင်းဖြစ်လေသည်။

ကံကြမ္မာမျက်နှာသာပေးသောကြောင့် သူ၏ဒဏ်ရာပြန်ကောင်းသွားသည်ဆိုလျှင်တောင်မှ လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရန်မှာ မဖြစ်နိုင်သေးပေ။

ထိုသို့ဖြစ်လျှင် မည်သူများ နတ်ဘုရားအဆင့် တက်ရောက်သွားပါသနည်း။ ထို့ကြောင့် ဟုန်ချင်းယာက မယုံမကြည်ဖြင့်ကာ မေးမြန်းလိုက်ခြင်းဖြစ်လေသည်။

ဆရာသခင်ကျန်းရှော့ရှီးမှာ အသက်မျှင်းမျှင်းလေးသာ ရှုနေပြီး ဟုန်ချင်းယာမှာ ဆရာသခင်ကို ကြည့်ရက်နိုင်ခြင်း မရှိတော့ပေ။ ဆရာသခင်ကျန်းရှော့ရှီးသာ နတ်ဘုရားတစ်ပါးဖြစ်သွားမည်ဆိုလျှင် သူ၏အသက်ရှူသံမှာ ထိုကဲ့သို့ ဖြစ်နေမည်မဟုတ်ပေ။ ဆရာသခင်မှာ လောကမှ ထွက်ခွာသွားရန်အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သူရိပ်မိလေသည်။

သို့သော် ခေါင်းလောင်းကိုးကြိမ်တီးခတ်ခဲ့ခြင်းက မျှော်လင့်ချက်ရေးရေးကို ဖြစ်ပေါ်စေသည်။

"ဘယ်သူမှ နတ်ဘုရားအဆင့်တက်ရောက်နိုင်ခြင်းမရှိသေးပါဘူး ၊ မင်းတို့အားလုံးကို ချင်းရွှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်အသစ်နဲ့ မိတ်ဆက်ပေးချင်လို့ပါ"

ဆရာသခင်ကျန်းရော့ရှီးက ခန်းမတစ်ခုလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း ပြောလိုက်လေသည်။

"ဘယ်သူ့ကိုလဲ"

ဟုန်ချင်းယာက မေးလိုက်လေသည်။

"ဆန်းလျန်ရဲ့မျက်ခုံးနှစ်ခုကြားက ဂိုဏ်းချုပ်သင်္ကေတကို မင်းတို့ မမြင်ကြဘူးလား"

ဆရာသခင် ကျန်းရော့ရှီးက တည်ငြိမ်စွာပင် မေးလိုက်လေသည်။

ဆန်းလျန်မျက်ခုံးနှစ်ခုကြားရှိ သင်္ကေတကို အားလုံး သတိထားမိကြပါသည်။ သို့သော် ဆရာသခင်အများစုမှာ သူတို့မြင်သည်ကို "မဖြစ်နိုင်" ဟု တွေးထင်ထားကြလေသည်။ ထို့ပြင် ဆရာသခင်ကျန်းရော့ရှီးသည် ဂိုဏ်းချုပ်အသစ်ရွေးခြယ်လိုက်ခြင်းကို ချင်းရှမ်ရှိ အခြားသော ဆရာသခင်များနှင့် တိုင်ပင်ခဲ့ခြင်း မရှိခဲ့ပေ။

ဟုန်ချင်းယာက ဆန်းလျန်မျက်ခုံးနှစ်ခုကြားမှ သင်္ကေတကို ကောင်းစွာ သတိပြုမိပါသည်။ သို့သော် သူက သေချာအောင် မေးလိုက်ခြင်းဖြစ်လေသည်။ ဟုန်ချန်းယာမှာ စိတ်သဘော ထားကောင်းပြီး တည်ငြိမ်သည့်ဆရာသခင်တစ်ပါးဖြစ်သည့် တိုင် ထိုသတင်းကိုကြားရသည့်အခါတွင်တော့ တုန်လှုပ်သွားရ လေသည်။ မည်သို့ပင်ဖြစ်စေ သူကတော့ ဆရာသခင်ကျန်း ရော့ရှီး၏ဆုံးဖြတ်ချက်ကို လက်ခံမည်ဖြစ်လေသည်။

ချန်ကျန့်မေမှာ ဆရာသခင်ကျန်းရော့ရှီး၏နေရာကို ဆက်ခံရန် အသင့်တော်ဆုံးတပည့်ဖြစ်လေသည်။ သို့သော် ဆန်းလျန်၏ စရိုက်လက္ခဏာကတော့ ဆရာသခင်ကျန်းရော့ရှီးနှင့် ပိုပြီးဆင် တူလေသည်။ ဆန်းလျန်က ပါရမီနှင့်ပြည့်စုံသည့် ယောကျာ်း ကောင်းတစ်ဦးဖြစ်သည့်အပြင် ရေနှင့်တူသည့်လူမျိုးလည်း ဖြစ်လေသည်။ ရေကဲ့သို့ပင် အရာအားလုံးကို လက်ခံနိုင်စွမ်းရှိ လေသည်။ ထို့ပြင် ဆန်းလျန်က ဆုံးဖြတ်ချက်ခိုင်မာပြီး လူ

များနှင့်အဆင်ပြေအောင် နေတတ်သူလည်း ဖြစ်သည်။

ထို့ကြောင့် ဟုန်ချင်းယာက ဆန်းလျန်ကို ငြင်းစရာအကြောင်းမ ရှိပေ။

ခန်းမတစ်ခုလုံးမှာ ဆရာသခင်ကျန်းရော့ရှီး၏စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ရုတ်တရက် ဖြစ်သွားသည့် ပြောင်းလဲမှုကို လက်ခံနိုင်ရန် ခက်ခဲနေကြလေသည်။

ဆရာသခင်များမှာ ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားမှ သင်္ကေတကို သူတို့ ခန်းမအတွင်းသို့ ဝင်ရောက်လာကတည်းက တွေ့မြင်ပါသည်။ သို့သော် သူတို့က မယုံကြည်နိုင်ကြပေ။ သို့သော် သူတို့မယုံကြည်နိုင်သည့်အဖြစ်အပျက်သည် အမှန်တကယ်ပင် ဖြစ်ပျက်လာခဲ့လေပြီ။

သက်လတ်ပိုင်းအရွယ်ဆရာသခင်တစ်ပါးက အနည်းငယ် မကျေမနပ်လေသံဖြင့်ပြောလိုက်သည်။

"ဆန်းလျှန်က ဘယ်လောက်ပဲ အရည်အချင်းရှိရှိ သူက ဘာ အတွေ့အကြုံမှ မရှိသေးဘူး ၊ ဂိုဏ်းချုပ်ရာထူးက သူနဲ့ မ သင့်တော်ပါဘူး ၊ ပြီးတော့ ဆရာသခင်လည်း အသက်ရှင်နေ သေးတာပဲလေ"

ထိုသက်လတ်ပိုင်းအရွယ်တာအိုဆရာမှာ ကျန်းလင်ရှန့်ဖြစ်လေ သည်။ သူက ဆရာသခင်ကျန်းရော့ရှီး၏ တူတော်စပ်လေ သည်။ သူက ပုံပြောင်းအဆင့်ငါးဆင့်ဖြင့် ဟိုင်သန်းအဆင့် တက်ရောက်အောင်မြင်ထားသူ ဖြစ်သည်။ ထို့ကြောင့် အလယ်အလတ်အဆင့်ဆရာသခင်တစ်ပါး ဟုပြောနိုင်လေ သည်။ သူက နတ်ဒေဝါအမြုတေကို အသုံးပြု၍ ဟိုင်သန်း အဆင့်အောင်မြင်ထားသူ ဖြစ်သည်။

သူက ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် ချင်းရွှမ် နတ်တံခါးမှ နတ်ဒေဝါအမြုတေတစ်ခုကို ဆရာသခင်ကျန်း ရော့ရှီးထံ တောင်းခံခဲ့ဖူးလေသည်။ သို့သော် ဆရာသခင်က

ခွင့်မပြုခဲ့ပေ။ ထို့ကြောင့် သူက နတ်ဒေဝါအမြုတေရအောင် အားစိုက်ရှာဖွေခဲ့ရပြီး ကံကောင်းစွာဖြင့် တစ်ခုရရှိကာ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် ငါးဆင့်ဖြင့်တက်ရောက်နိုင်ခဲ့လေသည်။ ထို့ကြောင့် ကျန်းလင်ရှန့်က ဦးလေးဖြစ်သူ ကျန်းရော့ရှီးကို သိပ်ပြီး အမြင်မကြည်လင်လှပေ။ ထို့ကြောင့် ချင်းရွှမ်ခန်းမဆောင်သို့ တစ်ချက်ပင် လာမကြည့်ခဲ့ပေ။

သို့သော် သူရှာဖွေတွေ့ရှိခဲ့သည့် နတ်ဒေဝါအမြုတေမှာ ဆရာသခင်ကျန်းရော့ရှီးက အရိပ်အမြွက်ပြောကြားလိုက်မှုကြောင့် ရှာတွေ့ခဲ့ရခြင်းဖြစ်လေသည်။

ထိုနတ်ဒေဝါအမြုတေမှာ ကျန်းရော့ရှီး လောကတစ်ခွင်သွားလာခဲ့စဉ်က သဲလွန်စရခဲ့သည့် နတ်ဒေဝါအမြုတေဖြစ်ပြီး ချင်းရွှမ်နတ်တံခါးမှ နတ်ဒေဝါအမြုတေမဟုတ်ပေ။ ဆရာသခင်ကျန်းရော့ရှီးသာ တူဖြစ်သူကို ချင်းရွှမ်နတ်တံခါးမှ နတ်ဒေဝါအမြုတေ ပေးလိုက်လျှင် မျက်နှာလိုက်သည်ဟု အမည်

ထွက်ကာ ဂိုဏ်းထဲတွင် သဘောထားကွဲလွဲစရာများ ရှိလာမည် ဖြစ်လေသည်။ ထို့ကြောင့် ဆရာသခင်ကျန်းရော့ရှီးက ကျန်းလင်ရှန့်ကို နတ်ဒေါ၀အမြုတေ တိုက်ရိုက်မပေးဘဲ တစ်ဖက်လှည့်ဖြင့် ရှာဖွေစေခဲ့ခြင်းသာ ဖြစ်သည်။

ထိုကိစ္စကြောင့် သူတို့ တူ၀ရီးနှစ်ယောက်၏ဆက်ဆံရေး ပျက်ပြားသွားရသည့်တိုင် ကျန်းရော့ရှီးက ထိုအကြောင်းကို ရှင်းပြခဲ့ခြင်းမရှိပါ။

ဆန်းလျန်က ထိုအကြောင်းအရာများကို ထျန်းတိကျန်းမှ တစ်ဆင့် သိရှိထားလေသည်။ မှော်ဝင်ပစ္စည်းဖြစ်သည့် ထျန်းတိကျန်းမှာ ဝိညာဉ်စွမ်းအားကောင်းမွန်သည့်အပြင် လူ့သဘောသဘာ၀များကိုပါ နားလည်နိုင်စွမ်းရှိလေသည်။

ထိုအကြောင်းအရာများကို သိခွင့်ရခဲ့သည့်တိုင် ဆန်းလျန် အနေဖြင့် ဆရာသခင်တို့တူ၀ရီးနှစ်ယောက်ကြားတွင် ပါ၀င်ပတ်သက်လိုခြင်းမရှိပါ။

ကျန်းလင်ရှန့်မှာ ဦးလေးဖြစ်သူကျန်းရော့ရှီး၏ ရည်ရွယ်ချက်ကောင်းကို သိရှိခဲ့ခြင်းမရှိပါ။ သူက ဦးလေးဖြစ်သူကို စိတ်နာနေခဲ့လေသည်။

နတ်ဒေဝါအမြုတေ သို့မဟုတ် ပြင်ပပြဒါးရှင်ကို ရှာဖွေနေရသည့်အတွက် သူ့မှာ ဟိုင်သန်းအဆင့်တက်ရောက်ရန် နှစ်ပေါင်းများစွာကြာနေခဲ့ရခြင်းဖြစ်သည်ဟု ကျန်းလင်ရှန့်က တွေးထားလေသည်။

သို့သော် ဆရာသခင်ကျန်းရော့ရှီးအနေဖြင့်လည်း အခက်အခဲရှိလေသည်။ ကျင့်ကြံသူများဆိုသည်က မည်မျှပင် လွတ်လပ်ပြီး ဂရုမစိုက်တတ်သည့် သဘောသဘာဝရှိစေကာမူ ခံစားချက်မဲ့သည့်မြက်ပင်များမဟုတ်ပေ။ သူသာ တူဖြစ်သူကို နတ်ဒေဝါအမြုတေပေးလိုက်လျှင် တရားမျှတခြင်းမရှိဟု အနည်းနှင့်အများ ဝေဖန်ခံရမည်သာဖြစ်လေသည်။

ထျန်းတိကျန်းက ထိုအချက်ကို ဆန်းလျန်ကို သိခွင့်ပေးသည်မှာ ဆရာသခင်ကျန်းရော့ရှီးကို နားလည်နိုင်စေရန်အတွက်ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်ကလည်း ကျန်းလင်ရှန့်ကို အပြစ်မဆိုတော့ပါ။ ထို့ပြင် သူတို့နှစ်ယောက်ကြားတွင် အခြားသော ရန်ငြိုးရန်စလည်း မရှိခဲ့ပေ။

ကျန်းရော့ရှီးက တူဖြစ်သူကို မကြည့်ဘဲ ခပ်ဖြည်းဖြည်းပြောလိုက်သည်။

"မင်းတို့အားလုံးကို ကျုပ်အသတိပေးခဲ့ပါတယ်၊ ဒါပေမယ့် မင်းတို့ဆီက အတည်ပြုချက်တော့မယူခဲ့ရဘူးပေါ့၊ ခေါင်းလောင်းကိုးချက်တီးတယ်ဆိုတာက ဆန်းလျန်နတ်ဘုရားတစ်ပါးဖြစ်လာတဲ့နေ့ကို ကြိုပြီး ဂုဏ်ပြုတဲ့အနေနဲ့ တီးခတ်ခဲ့တာပါ၊ ဘာလို့လဲဆိုတော့ ဆန်းလျန် နတ်ဘုရားတစ်ပါးဖြစ်လာတဲ့အချိန်အထိ ကျုပ်က မနေရတော့ဘူးလေ"

ဟုန်ချင်းယာမှာ ဆရာသခင်၏စကားကို ကြားရသည့်အခါ မှုးမေ့သတိလစ်တော့မလိုပင် ဖြစ်သွားရလေသည်။ နောက်ဆုံးတော့ ဆိုးရွားသည့်အခြေအနေမှ အဆိုးဆုံးအခြေအနေသို့ ရောက်ခဲ့ရပြီ။ ဆရာသခင်ကျန်းရော့ရှီး၏စကားအရဆိုလျှင် သူ၏အခြေအနေမှာ အလွန်ဆိုးဝါးနေပြီဖြစ်လေသည်။ ထို့ပြင် ဆရာသခင်ကျန်းရော့ရှီးသည် ဆန်းလျန်ကို ယုံကြည်ချက်အပြည့်ရှိနေသည့်အတွက်လည်း များစွာ အံ့သြတုန်လှုပ်သွားရသည်။ ထိုကဲ့သို့နတ်ဘုရားတစ်ပါးဖြစ်လာမည်ဟု အတိအကျ ထင်မြင်ချက်မျိုးကို ဆရာသခင်သည် ချန်ကျန့်မေအပေါ်တွင်ပင် ပေးခဲ့ခြင်းမရှိပေ။

ကျန်းလင်ရှန့် စကားပြန်မပြောနိုင်ခင်မှာပင် ကယ်ယွမ်းက ချက်ချင်း ဝင်ပြောလိုက်လေသည်။

"ဒီလိုဆိုမှတော့ ဆရာသခင်ရဲ့ဆုံးဖြတ်ချက်ကို ကျုပ် ငြင်းပယ်စရာမရှိတော့ပါဘူး"

ချင်းရှမ်နတ်တံခါးတွင် ကယ်ယွမ်းမှာ ဂုဏ်သရေရှိ ဆရာသခင်တစ်ပါးဖြစ်သည့်အပြင် စည်းကမ်းဆောင်၏ အကြီးအကဲလည်း ဖြစ်လေသည်။ ထို့ကြောင့် သူ့သဘောထားကို လက်ခံမည့် ဟိုင်သန်းအဆင့်ကျင့်ကြံသူမှာဆယ်ယောက်နှင့်အထက်တွင်ရှိလေသည်။

ဟုန်ချင်းယာကလည်းသဘောတူထားပြီးဖြစ်သဖြင့် သူတို့နှစ်ယောက်အတွက်တော့ ပြောစရာမလိုတော့ပေ။

ဆရာသခင်များ၏ တပည့်များအနေဖြင့်တော့ သူတို့ဆရာများက သဘောတူလျှင် တပည့်များလည်း နာခံကြမည်ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်မှာလည်း ချင်းရှမ်နတ်တံခါးမှ တပည့်များနှင့်လည်း အဆင်ပြေသူတစ်ယောက်ဖြစ်လေသည်။ ဆန်းလျန်ရုတ်တရက် ဂိုဏ်းချုပ်ဖြစ်သွားခြင်းကြောင့် အသားမကျသေး

သည့်အတွက် အံ့သြတုန်လှုပ်ခြင်းဖြစ်သည်ကလွဲပြီး တပည့်
ငယ်များကတော့ ဆန်းလျန်ကိုပြင်းပယ်စရာအကြောင်းမရှိပေ။
လူစောယိမှာ ဆရာသခင်ကျန်းရှော့ရှီး၏ တပည့်ရင်းတစ်
ယောက်ဖြစ်သော်လည်း ဆရာသခင်၏သဘောထားကို
ငြင်းပယ်ခြင်းမရှိပါ။ ဆရာသခင်ကျန်းရှော့ရှီးကိုယ်တိုင်က
လည်း သူ့ကို အစကတည်းကပင် အသိပေးထားပြီးဖြစ်လေ
သည်။
ထို့ပြင် သူကိုယ်တိုင်ကလည်းဆန်းလျန်နှင့် ရင်းနှီးသည့်
သူငယ်ချင်းများဖြစ်သောကြောင့် ဆန်းလျန်ကို ငြင်းပယ်စရာမ
ရှိပေ။

အခန်း (၁၈၄) ပိုင်စုဟွမ်

ဆရာသခင်ကျန်းရှော့ရှီးက ဂိုဏ်းချုပ်အသစ်သည် ချန်ကျန့်မေနှင့် ဆန်းလျန် တစ်ယောက်ယောက်ဖြစ်လာမည်ဟု လူစောယိကို အသိပေးထားခဲ့လေသည်။ အစပိုင်းတုန်းက ကျန်းရှော့ရှီးက လူစောယိကို ဂိုဏ်းချုပ်အသစ်ဖြစ်လာရန် ရည်ရွယ်ထားခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ချန်ကျန့်မေ၏ တစ်သမတ်တည်းသွားတတ်သည့် စရိုက်လက္ခဏာအရ ဂိုဏ်းချုပ်ရာထူးနှင့် သိပ်ပြီးမသင့်တော်လှပေ။ ဆန်းလျန်မှာလည်း လွတ်လပ်စွာ နေထိုင်တတ်သူ တစ်ယောက်ဖြစ်လေသည်။ သို့သော် အခြေအနေအရပ်ရပ်ကြောင့် လူစောယိ ဟိုင်သန်းအဆင့် တက်ရောက်နိုင်သည့်အချိန်ထိ မစောင့်နိုင်တော့ပေ။ ဆရာသခင်ကျန်းရှော့ရှီး၏ ဒဏ်ရာမှ တစ်နေ့တခြားဆိုးဝါးလာပြီး မျှော်လင့်ချက်ကင်းမဲ့လာပြီဖြစ်လေသည်။

အကယ်၍ ယနေ့ဂိုဏ်းချုပ်အသစ်အဖြစ် တာဝန်လွှဲပေးခြင်းခံရသူမှာ ချန်ကျန့်မေဖြစ်နေလျှင်ငြင်းပယ်မည့်သူရှိမည်မဟုတ်ပေ။ သေစေခြင်းကျောင်းတော်၏ဂိုဏ်းသိက္ခာနှင့် ချန်ကျန့်မေ၏ ဓားစွမ်းရည်ကြောင့် မည်သူမျှ ငြင်းပယ်သည့်စကားကိုပြောရဲကြမည်မဟုတ်ပေ။

ယခု ဆန်းလျန်ကိုတော့ အချို့သော ဆရာသခင်များက ထောက်ခံကြသော်လည်း အချို့သောဆရာသခင်များကလည်း မထောက်ခံကြပေ။

ကယ်ယွမ်းနှင့် ဟုန်ချန်းယာအပြင် တန်ခိုးစွမ်းအား ကြီးမားသော နောက်ထပ် ဆရာသခင်နှစ်ပါး ရှိသေးသည်။တစ်ယောက်မှာ ယန့်ပုကွေး၏ ဆရာဖြစ်လေသည်။ အနီရောင်ဘူးသီးခြောက်ကို အမြဲလွယ်ထားသည့် အရက်သမားတာအိုဆရာဖြစ်လေသည်။ သူ၏အမည်မှာလည်း "အရက်သမားတာအို ဆရာ" ပင် ဖြစ်ပြီး ချင်းရှမ်နတ်တံခါး၏ခုနစ်ဆယ့်နှစ်ခု

မြောက်ပညာရပ်ဖြစ်သည့် "အရက်မူးသိုင်းကျင့်စဉ်" ကို ကျင့်ကြံထားသူဖြစ်လေသည်။ "ဧည့်သည်သုံးထောင်အရက်မူး ကျင့်စဉ်" ဖြင့် မြို့တစ်မြို့လုံးကို မည်သူမျှ မသိအောင် အိပ်ငွေ့ချနိုင်သူ ဖြစ်လေသည်။

ထျန်းတိကျန်း၏ ဝိညာဉ်တုန်ခါမှုအရ ထိုအရက်မူးနေသည့် တာအိုဆရာမှာ ဆရာသခင်များကြားတွင် တန်ခိုးစွမ်းအား ဒုတိယအဆင့်ရှိသူဖြစ်လေသည်။

ဆန်းလျန်မှာ ပုံပြောင်းအဆင့်ကိုးခုဖြင့် ဟိုင်သန်းအဆင့်ကို တက်ရောက်အောင်မြင်ခဲ့သည့်တိုင် ပုရှီးအဆင့်နှင့် ဖော့ဝမ့် အဆင့် ကျင့်ကြံသူများကိုတော့ ကောင်းစွာယှဉ်ပြိုင်နိုင်မည် မဟုတ်ပေ။

သို့သော် ထိုသို့အဆင့်တက်ရောက်ထားသူများမှာ ချင်းရှမ်တွင် သိပ်မများလှပေ။ ကျန်းရော့ရှီးပြီးလျှင် နောက်ထပ် နှစ် ယောက်မျှသာ ရှိလေသည်။ ကယ်ယွမ်းကိုပါထည့်ထွက်မည်

ဆိုလျှင်တော့ သုံးယောက်ရှိမည် ဖြစ်လေသည်။ ထိုသုံး
ယောက်ဆိုသည့် အရေအတွက်သည် ကွမ်းချင်းနတ်ဘုရား
ဂိုဏ်းနှင့်ယှဉ်လျှင် ဘာမှ မပြောပလောက်ပေ။
ကယ်ယွမ်းမှာ ပုရှီးအဆင့် တက်ရောက်အောင်မြင်သွားပြီ ဖြစ်
လေသည်။ ပြဒါးရှင်စွမ်းအားကို ယင် ဝိညာဉ်စွမ်းအားဖြင့်
ပေါင်းစပ်ခြင်းမှာ ဟိုင်သန်းအဆင့် ဖြစ်ပြီး ထိုပေါင်းစပ်ထား
သည့် စွမ်းအားကို မြေဆွဲအားနှင့် ဆန့်ကျင်နိုင်အောင်
ဆက်လက်ကျင့်ကြံရသည်မှာ ပုရှီး အဆင့်ဖြစ်လေသည်။
မြေပြင်ပေါ်တွင်ရပ်တည်သည့်အလား လေထဲတွင် ရပ်တည်
သွားလာနိုင်ပြီး လေထဲတွင် လမ်းလျှောက်သည့်အဆင့်ကို "ပု
ရှီး" အဆင့်ဟု ခေါ်ခြင်းဖြစ်လေသည်။
ပုရှီးအဆင့်မှာ ဟိုင်သန်းအဆင့်၏ နောက်ဆက်တွဲ အဆင့်တစ်
ခုဖြစ်ပြီး ဟိုင်သန်းအဆင့်၏ တန်ခိုးစွမ်းအားကို မြှင့်တင်ပေး
သည့်အဆင့်တစ်ခုသာဖြစ်လေသည်။ ဟိုင်သန်းအဆင့်တက်

ရောက်သည့် အရည်အချင်းပေါ်တွင်မူတည်ပြီး ပုရှိုးအဆင့်တွင်လည်း တန်ခိုးစွမ်းအား ကွာခြားသွားမည်ဖြစ်လေသည်။ ဆန်းလျန်မှာ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးခုဖြင့် အမြင့်ဆုံးတက်ရောက်ခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့် မည်သည့် ဟိုင်သန်းအဆင့်ကျင့်ကြံသူကိုမဆို ကောင်းစွာ ရင်ဆိုင်နိုင်လေသည်။ သူက ပေါ့ပါးထက်မြက်သည့် ဓားတစ်လက်အလား အခြားသူများ၏ လေးလံပြီး ထက်မြက်မှုမရှိသည့်ဓားများကို ဖယ်ရှားနိုင်မည်ဖြစ်လေသည်။

တန်ခိုးစွမ်းအား အမြင့်မားဆုံးဆရာသခင် ထိုင်ရသည့် ပထမဆုံးကြမ်းခင်းအဝတ်ပေါ်တွင် ဆရာသခင်တစ်ပါးရှိနေလေသည်။ ထိုသူမှာ သက်လတ်ပိုင်းအရွယ်ဖြစ်ပြီး အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ထားလေသည်။ သူ၏ အသားအရေမှာ လရောင်ကဲ့သို့ ကြည်လင်နေပြီး ထိုအချက်ကြောင့်ပင် လူအများကြားတွင် သူ၏ ပုံသဏ္ဍာန်မှာ ထူးခြားနေလေသည်။

ထိုသူမှာ ဆန်းလျန်၏ ဆရာဘွားဘွားဖြစ်သူ ကျိုလင်နတ်သမီး နှင့် မျိုးဆက်တစ်ခုတည်းဆင်းသက်ခဲ့သည့် ဆရာသခင် တစ်ပါးဖြစ်ကြောင်း ထျန်းတိကျန်းဆီမှ သိခွင့်ရလေသည်။ ထို သူမှာ ခန်းမတစ်ခုလုံးရှိ ဆရာသခင်များထဲတွင် အကြီးဆုံး ဆရာသခင်ဖြစ်လေသည်။ သူလေ့ကျင့်ခဲ့သည့်ပညာမှာ "လမင်းရောင်ခြည်ကျင့်စဉ်" ဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ချင်းရှမ်နတ်တံခါး ဝမ်းနည်း စရာဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည့်အချိန်တွင် သူသာ နတ်တံခါး တွင်ရှိခဲ့လျှင် ယန်ရှီးကို နှိမ်နင်းရန်အတွက် ဆရာသခင်ကျန်း ရှော့ရှီးမှာ ထိုမျှလောက် ဒဏ်ရာအပြင်းအထန် ရခဲ့လိမ့်မည် မဟုတ်ပေ။

ထိုသူ၏အမည်မှာ ထိုက်ယင်းအရှင် ပိုင်စုဟွမ်ဖြစ်ပြီး ဖော့ဝမ့် အဆင့်ကို အောင်မြင်ပြီးသူဖြစ်လေသည်။ သူက တပည့်တစ် ယောက်မျှလက်ခံထားခြင်း မရှိပေ။ ဂိုဏ်းထဲတွင်

တစ်ယောက်တည်းသာ ကျင့်ကြံနေခဲ့သူ ဖြစ်လေသည်။ သူ၏ အသက်အရွယ်နှင့် မျိုးဆက်ရှေးကျမှုကြောင့် ကျန်းရော့ရှီးပင်လျှင် သူ့ကို လေးလေးစားစား ဆက်ဆံလေသည်။

အရက်သမားတာအိုဆရာမှာ တစ်ချိန်တည်းမှာပင် မူးနေသည့်ပုံလည်း ပေါက်သလို အမူးပြေနေသည့်ပုံလည်း ပေါက်နေပြန်လေသည်။

သူက မျက်လုံးကိုဖွင့်လိုက်ပြီး ....

"ဒီမှာ လူတွေ ဘာလို့စုပြီးရောက်နေကြတာလဲ"

ဟု မေးလိုက်လေသည်။

ယန့်ပုကွေးက ပြုံးလိုက်ရင်း....

"ဆရာသခင်ကျန်းရော့ရှီးက ဂိုဏ်းချုပ်အသစ် တင်မြှောက်တဲ့အကြောင်း ကြေငြာနေတာပါ ဆရာ...."

ဟု ပြန်ဖြေလိုက်သည်။

"အော်... အေး အေး ၊ ကျုပ်ကတော့ သူဘာလုပ်လုပ် သဘောတူပြီးသားပဲ"

အရက်သမားတာအိုဆရာသည် ဝမ်းမြောက်ဝမ်းသာဖြင့်ပင် တစ်ခွန်းဝင်ပြောလိုက်ပြီး မျက်လုံး ပြန်မှိတ်သွားလေသည်။ သူ့ သဘောထားကို ပြောပြီးသွားပြီ ဖြစ်သည့်အတွက် အခြား သူများ ပြောဆိုနေကြသည်များကို လုံးဝ ဂရုမစိုက်တော့ပေ။ သူက အမြဲတမ်း လွတ်လပ်ပေါ့ပါးစွာနေတတ်သူဖြစ်ပြီး အရက်သောက်ခြင်းဖြင့်ပင် အချိန်ကုန်နေတတ်သူ ဖြစ်လေသည်။

အရက်သမားတာအိုဆရာ ပြောသည့်စကားမှာ....

"လောကကြီးမှာ လူတွေအရက်မူးနေတဲ့အချိန်ဟာ အရိုးသားဆုံးအချိန်ပဲ"

ဟူ၍ ဖြစ်လေသည်။

ထို အရက်သမားတာအိုဆရာ၏ စကားတစ်ခွန်းကို မည်သူမှ အလေးမထားဘဲ မနေရဲကြပေ။

အရက်သမားတာအိုဆရာ ထိုသို့ဝင်ပြောလိုက်သည့်အခါတွင်တော့ သဘောမတူသည့် တာအိုဆရာအချို့ သဘောတူညီသည့်ဘက်သို့ ရောက်သွားကြပြန်လေသည်။

ကျန်းလင်ရှန့်မှာ ထိုအရက်သမားတာအိုဆရာ၏ စကားကြောင့် မကျေမနပ်ဖြစ်သွားရပြီး ပိုင်စုဟွမ်ကို လှမ်းပြောလိုက်သည်။

"ဆရာဘိုးဘိုး ၊ ဆရာဘိုးဘိုးရော ဒီကိစ္စကို ဘယ်လိုသဘောရလဲ"

သူက ချင်းရှမ်နတ်တံခါးကို စိတ်ပူခြင်းထက် ဆရာသခင်ကျန်းရော့ရှီးစီစဉ်သမျှကို အရှဲ့တိုက်ပြီး ပျက်စီးအောင် လုပ်ချင်နေခြင်းသာ ဖြစ်လေသည်။

ဆရာဘိုးဘိုးပိုင်စုဟွမ်က ဆန်းလျန်ကို တည်ငြိမ်စွာ တစ်ချက်လှမ်းကြည့်လိုက်သည်။ တန်ခိုးစွမ်းအားသိပ်မများသည့်

ဖိအားတစ်ခုသူ့ဆီသို့ ဝင်ရောက်လာသည်ကို ဆန်းလျန် ခံစားလိုက်ရသည်။ ဆန်းလျန်က ထိုစွမ်းအားကို သူ့ကိုယ်ထဲမှ ရွှေပြဒါးအမြုတေတန်ခိုးစွမ်းအားဖြင့် ပြန်လည်တွန်းကန်ထားလိုက်သည်။ ပိုင်စုဟွမ်မှာ ဆန်းလျန်ထက် အဆပေါင်းများစွာ တန်ခိုးစွမ်းအားကြီးမားသူ တစ်ယောက်ဖြစ်ကြောင်း ဆန်းလျန် သိထားလေသည်။ သို့သော် ပိုင်စုဟွမ်နှင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာဟွမ်ကျန်းဆိုလျှင် မည်သူက သာမည်လဲ ဆန်းလျန် မခန့်မှန်းတတ်ပေ။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် လောကနတ်ဘုရား ငါးပါးရှိလေသည်။ ထို နတ်ဘုရားငါးပါးအပြင် ဟိုင်သန်းအဆင့်ကို ကျော်လွန်ပြီး ဖော့ဝမ့်အဆင့်တက်ရောက်နိုင်ရန် ကျင့်ကြံနေကြသည့် ကျင့်ကြံသူ ဆယ့်နှစ်ဦးရှိလေသည်။ ဟွမ်ကျန်းမှာ ထို ဆယ့်နှစ်ဦးထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ထိုဆယ့်နှစ်ဦးကို "ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ နတ်ဘုရားအလောင်းအလျာ

ဆယ့်နှစ်ပါး" ဟု တင်စားခေါ်ဆိုကြလေသည်။ ထိုသို့ နတ်ဘုရားအလောင်းအလျာဟု ခေါ်ဆိုခြင်းမှာ ချီးကျူးခေါ်ဆိုထားခြင်းမျှသာဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများမှာ ဟိုင်သန်းအဆင့်ကို ကြီးမားသည့်တန်ခိုးစွမ်းအားများဖြင့် အောင်မြင်ထားသူများဖြစ်သည့်အတွက် လောကနတ်ဘုရားကျိန်းသေဖြစ်လာမည်ဟု ယူဆကြသောကြောင့်ဖြစ်လေသည်။ ထာဝရအသက်ရှင်သန်သည့် နတ်ဘုရား သို့မဟုတ် ဗောဓိသကျဖြစ်လာရန်ဆိုသည်မှာ မူလဝိညာဉ်ခန္ဓာရရှိအောင်ကျင့်ကြံနိုင်သူ သို့မဟုတ် ရွှေခန္ဓာရရှိသည်အထိ ကျင့်ကြံနိုင်သူများကိုသာ သတ်မှတ်ခေါ်ဆိုခြင်းဖြစ်လေသည်။

ကျင်းကွမ်းဝတ်ကျောင်းတော်တွင် ဆန်းလျန်က ဟွမ်ကျန်း၏ တန်ခိုးစွမ်းအားများကို ထိန်းချုပ်နိုင်ခဲ့သည့်တိုင် ဆန်းလျန်၏ တန်ခိုးစွမ်းအားမှာ ဟွမ်ကျန်းထက်သာသည်ဟု မပြောနိုင်သေး

ပေ။ သူသေကိုယ်သေတိုက်ခိုက်ကြမည်ဆိုလျှင် ဆန်းလျန်သည် ဟွမ်ကျန်းကို ရှုံးနိမ့်နိုင်ချေပိုပြီးများလေသည်။

လက်ရှိအချိန်တွင် ကွမ်းချင်းနတ်ဘုရားကျောင်းတော်၏ အဓိကရည်ရွယ်ချက်မှာ ချင်းရွှမ်နတ်တံခါးကို အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုနေရာမှ ဖြုတ်ချပြီး ထိုနေရာကို သူတို့ဝင်ယူရန်ဖြစ်သည်။

အဓိကနတ်ဘုရားကျောင်းတော်လေးခုတွင် ရှန်ဆန်းကျန်းရန်လုကျိုးယွမ်၏ ရွှမ်ထျန်းဂိုဏ်းမှာ အင်အားအကြီးမားဆုံးဖြစ်လေသည်။ ကျန်ရှိသည့်နှစ်ဂိုဏ်းမှာလည်း အင်အားအသင့်အတင့်ရှိပြီး ကွမ်းချင်းနတ်ဘုရားဂိုဏ်းထက်တော့သာလွန်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းထက်အားနည်းနေသည့် ဂိုဏ်းမှာ ချင်းရွှမ်နတ်တံခါးသာ ဖြစ်နေခဲ့လေသည်။

ချင်းရွှမ်နတ်တံခါးသည် လက်ရှိအချိန်တွင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို လုံးဝယှဉ်ပြိုင်နိုင်သည့် အနေအထားမရှိပေ။

ထိုသို့ဖြစ်ရသည်မှာ ချင်းရွှမ်နတ်တံခါးပိတ်ထားပြီး စည်းကမ်း တင်းကြပ်ထားသောကြောင့် ဖြစ်ရခြင်းမဟုတ်ပေ။ ချင်းရွှမ် နတ်တံခါးတွင် အလေးအမြတ်ထားဖွယ်ရာ လောကနတ်ဘုရား နည်းပါးနေသောကြောင့် ဖြစ်လေသည်။

ကျိုလင်နတ်သမီး နတ်ဘုရားပြန်ဖြစ်လာသည့်အချိန်ရောက်မှ သာ ချင်းရွှမ်နတ်တံခါးမှာ ပြည်လည် အားပြည့်လာခဲ့ရခြင်း ဖြစ်လေသည်။

ဆန်းလျန်နှင့် ထိုက်ယင်းအရှင်ပိုင်စုပ္ပမ်တို့ တန်ခိုးစွမ်းအား ခြင်း ထိခတ်သွားသည်ကို မည်သူမျှ မရိပ်မိလိုက်ကြပေ။

ထိုသို့ ရိုက်ခတ်သွားမိခြင်းမှာ အမှတ်တမဲ့ဖြစ်သွားခြင်းလား ရည်ရွယ်ချက်ရှိရှိလုပ်လိုက်ခြင်းလားဆိုသည်ကိုတော့ ဆန်းလျ န် မသိပါ။

"ဂိုဏ်းချုပ်ဆရာသခင်ရာထူးဆိုတာ ဂုဏ်အရမ်းရှိတဲ့ ရာထူးပါ ပဲ ၊ သူ့မှာအစွမ်းမရှိဘူးဆိုရင် ဒီနေရာကို ကြာရှည်ထိန်းသိမ်း

ထားနိုင်မယ်မထင်ဘူး ၊ ရှော့ရှီး ၊ ကျုပ်က မင်းကို ဆန့်ကျင်တာ မဟုတ်ပါဘူး ၊ ဒါပေမယ့် ဆန်းလျန်က ဒီရာထူးကိုယူမယ်ဆိုမှတော့ သူ့တန်ခိုးစွမ်းအားဘယ်လောက်ရှိလဲဆိုတာ ပြဖို့တော့လိုတယ်လေ"

ထိုက်ယင်းအရှင်ပိုင်စုဟွမ်က ပြောလိုက်လေသည်။

ထိုင်းယင်းအရှင်၏ အသံမှာ သူ၏ပုံစံနှင့်ယှဉ်လျှင် အလွန်အိုမင်းနေလေသည်။ ထိုအချက်က သူ၏အသက်မည်မျှကြီးပြီဖြစ်ကြောင်း ဖော်ပြနေသည်။ ဆရာသခင်ကျန်းရှော့ရှီးမှာ သူ၏စကားကို မလွန်ဆန်ဝံ့ပေ။

ထို့ပြင် ထိုက်ယင်းအရှင်ပိုင်စုဟွမ်ပြောသည့်စကားမှာလည်း သဘာဝကျလေသည်။ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်လာပြီးသည့်နောက်ပိုင်း ဆန်းလျန်အနေဖြင့် ထိုကဲ့သို့ကိစ္စမျိုးကို အနေးနှင့်အမြန် ရင်ဆိုင်ရမည်သာ ဖြစ်လေသည်။

"ဆန်းလျန် ၊ မင်းကရောဘယ်လိုသဘောရလဲ"

ကျန်းရော့ရှီးက မေးလိုက်လေသည်။

ဆရာသခင်၏ စွမ်းအားများမှာ တဖြည်းဖြည်းလျော့နည်းနေပြီး ပျောက်ကွယ်လုနီးပါးပင်ဖြစ်နေလေပြီ။ သူ့အတွက် အချိန်မရွေး လူ့လောကမှ ထွက်ခွာသွားမည့် အခြေအနေ ဖြစ်လေသည်။ သို့သော် သူ၏အသက်ကို သူတတ်နိုင်သမျှ ထိန်းသိမ်းထားပြီး သူ့တွင် တာအိုဆရာသခင်တစ်ပါး၏ သိက္ခာအပြည့်ရှိလေသည်။

ဆန်းလျန်က ဆရာသခင်ကို လက်နှစ်ဖက်စုပ်ကာ ဂါရဝပြုလိုက်သည်။ သူ၏နဖူးထက်မှ အနီရောင်သင်္ကေတသည် လင်းလက်တောက်ပနေလေသည်။ ထို့နောက် သူက ဆရာဘိုးဘိုးပိုင်စုဟွမ်ဘက်သို့ ပြန်လှည့်လိုက်သည်။ သူ့ပုံစံက တည်ငြိမ်လွန်းနေလေသည်။

"ဆရာဘိုးဘိုးက တောင်းဆိုပြီဆိုမှတော့ ကျွန်တော်ဘယ်လိုတန်ခိုးစွမ်းအားမျိုးကို ပြရမလဲ"

ဆန်းလျန် ပေါ့ပေါ့ပါးပါးပင်မေးလိုက်သည်။

"ဒီခန်းမထဲမှာ ကျုပ်ရဲ့သိုင်းကွက်သုံးကွက်ကို ခုခံနိုင်တဲ့သူ

တစ်ယောက်မှမရှိဘူး ၊ မင်းက ခုခံနိုင်မယ်ဆိုရင်တော့ ကျုပ်

ဘက်က မင်းကို ကန့်ကွက်စရာမရှိပါဘူး"

ပိုင်စုဟန်က တည်ငြိမ်စွာ ပြောလိုက်သည်။

သူ့စကားကြောင့် ခန်းမထဲတွင် စကားပြောသံ ဆူဆူညံညံနှင့်

ဝေဖန်သံများ ပြန်လည်ထွက်ပေါ်လာလေသည်။

ချင်းရွှမ်နတ်တံခါး၏စည်းကမ်းအရ အချင်းချင်း

တိုက်ခိုက်သည်ကို တားမြစ်ထားလေသည်။ သို့သော် ဆရာ

ဘိုးဘိုး ပိုင်စုဟွမ်မှာ ဆရာဘိုးဘိုးတစ်ယောက်ဖြစ်သည်က

တစ်ကြောင်း ၊ ဆန်းလျန်၏ တန်ခိုးစွမ်းအားကို စမ်းသပ်ရန်

အတွက် သူပြောသည့်အချက်မှာလည်း သဘာဝကျသည်က

တစ်ကြောင်း ဖြစ်နေသောကြောင့် ဆရာဘိုးဘိုး ပိုင်စုဟွမ်နှင့်

ဆန်းလျန် ပညာပြိုင်ရမည့်အခြေအနေကို လက်ခံရမည့်

အနေအထားဖြစ်သွားရလေတော့သည်။

အခန်း (၁၈၅) မင်းရဲ့တန်ခိုးကျုပ်ကိုခဏငှားပါ

ပိုစုဟွမ်က ဆန်းလျန်နှင့် ယှဉ်ပြိုင်မည်ဟု မပြောဘဲ သူ၏

သိုင်းကွက်သုံးကွက်ကိုသာ ခုခံရန် တောင်းဆိုခဲ့လေသည်။

သို့ဖြစ်လျှင် အနာဂတ်တွင် ဆန်းလျန်သည် သူ့ကို မည်သို့ မျက်နှာပြဝံ့တော့မည်နည်း။

ဆန်းလျန်သည် ပိုင်စုဟွမ်ထက် ညံ့သည့် သူတစ်ယောက်အဖြစ် လူအများကြားတွင် ပြောစမှတ်ပြုသွားမည် ဖြစ်လေသည်။

ဆန်းလျန်၏ အနေအထားမှာ ဆရာသခင်ကျန်းရော့ရှီးနှင့် မတူညီပေ။ ဆရာသခင်ကျန်းရော့ရှီးက ဆရာဘိုးဘိုးပိုင်စုဟွမ်ကို လေးစားသည့်တိုင် သူတို့နှစ်ယောက်စလုံးက ဖော့ဝမ့် အဆင့် ကျင့်ကြံသူများဖြစ်ကြလေသည်။ ထို့ပြင် ဆရာသခင်ကျန်းရော့ရှီးကို အားလုံးက ချစ်ခင်လေးစားကြလေသည်။ ချင်းရှမ်နတ်တံခါးတွင် သူ့ကို မလေးစားသည့်သူမရှိပေ။ ပိုင်စုဟွမ်ပင် သူ့ကို ဝေဖန်ခြင်းမရှိပေ။

သို့သော် ဆန်းလျန်ကတော့ ထိုသို့မဟုတ်ပေ။ ငယ်ရွယ်သည့် ဟိုင်သန်းအဆင့်ကျင့်ကြံသူမျှသာဖြစ်သည့်အတွက် ဂိုဏ်းချုပ်နေရာရယူခြင်းမှာ အတိုက်အခံများစွာ ကြုံတွေ့ရမည်ဖြစ်လေ

သည်။ ထို့ပြင် ယခုလည်း ဆရာဘိုးဘိုးပိုင်စုဟွမ် ကိုယ်တိုင်က သူ့ကိုငြင်းပယ်ခဲ့ပြီဖြစ်သည့်အတွက် သူ့အတွက် ပိုပြီး ကြိုးစားရန်လိုအပ်လေသည်။

အချို့သူများမှာ နားမလည်နိုင်ဖြစ်ကုန်ကြသည်။ ဆရာဘိုးဘိုးပိုင်စုဟွမ်မှာ တစ်ယောက်တည်းနေတတ်သည့်သူ ဖြစ်လေသည်။ သူက ဖော့ဝမ့်အဆင့်အောင်မြင်ပြီးသည့်တိုင် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခြင်းမရှိသေးပေ။ သို့ဖြစ်ပါလျှက် အဘယ်ကြောင့် ယခုကဲ့သို့ ဆန်းလျန်ကို စိန်ခေါ်ရပါသနည်း။

အားလုံးမှာ ကျင့်ကြံသူအချင်းချင်းဖြစ်ကြလေသည်။ ဂိုဏ်းချုပ်တစ်ယောက်အဖြစ်တာဝန်ယူရခြင်းက လွန်စွာမှ တာဝန်ကြီးလှသည်။ သာမန်လူများအတွက်တော့ ထိုရာထူးမှာ ကျောက်စိမ်းကို ရွှေကွပ်ထားသကဲ့သို့ ကောင်းမြတ်လွန်းသည်ဟု ထင်နိုင်ဖွယ်ရာရှိလေသည်။ သို့သော် ကျင့်ကြံ

သူများ၏အမြင်တွင်တော့ ကျင့်စဉ်လမ်း အဆင့်မြင့်မြင့် လျှောက်လှမ်းနိုင်ရန်သာလိုအပ်ပြီး ဂိုဏ်းချုပ်ရာထူးမှာ အသုံးမဝင်လှပေ။

ဆရာဘိုးဘိုးပိုင်စုဟွမ်မှာလည်း ကျင့်စဉ်လမ်းပြီးဆုံးခြင်းမရှိသေးပေ။ ယခုဘဝတွင် ဖော့ဝမ့်အဆင့်အောင်မြင်သည့်တိုင် နတ်ဘုရားတစ်ပါးအဖြစ် တက်ရောက်နိုင်ခြင်းမရှိပါက သံသရာတစ်ပတ်လည်ပြီး လူပြန်ဝင်စားကာ အစမှအဆုံး ပြန်လည်ကျင့်ကြံရမည်ဖြစ်လေသည်။ ထို့ကြောင့် မိမိ၏ကျင့်စဉ်လမ်းကို အာရုံမစိုက်ဘဲ ဆန်းလျန်ကို အခက်တွေ့အောင် အဘယ်ကြောင့် လုပ်ရပါသနည်းဟု နားမလည်နိုင်ဖြစ်နေကြလေသည်။

ထို့ပြင် ဆန်းလျန်သည် ကျင့်စဉ်လမ်းတွင် လျှင်မြန်စွာ တိုးတက်နေသူတစ်ယောက်ဖြစ်သည့်အတွက် အနှေးနှင့်အမြန် ဖော့ဝမ့်အဆင့်သို့ရောက်ရှိလာမည်ဖြစ်လေသည်။ အချိန်

အနည်းငယ်သာ သူ့အတွက် လိုအပ်နေခြင်းဖြစ်လေသည်။ ပိုင်စုဟွမ်အနေဖြင့် မူလဝိညာဉ်ရအောင်သာ မကျင့်ကြံနိုင်လျှင် မကြာခင်တွင် ဘဝအဆုံးသတ်ရပေလိမ့်မည်။ အကျိုးနှင့်အကြောင်းယှဉ်ပြီးစဉ်းစားမည်ဆိုပါက ယခုကဲ့သို့ စိန်ခေါ်ခြင်းသည် အနာဂတ်အကျိုးအတွက် မကောင်းမွန်နိုင်ပေ။ ဆန်းလျန်ရော ၊ ပိုင်စုဟွမ်အတွက်ပါ မကောင်းနိုင်ခြင်းဖြစ်လေသည်။ ထို့ကြောင့် ပိုင်စုဟွမ်၏အပြုအမူသည် ပညာရှိတစ်ယောက်ပြုမူသည့် အပြုအမူမျိုးမဟုတ်ဟု တွေးထင်နေကြလေသည်။ ထိုအချက်များကြောင့်ပင် အခြားသောဆရာသခင်များက ဆရာသခင်ကျန်းရှော့ရှီးပြောသည့်အတိုင်း သဘောတူခဲ့ကြခြင်းဖြစ်လေသည်။ ထို့ပြင် ချင်းရှမ်နတ်တံခါးမှာ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်ခန့်ကကဲ့သို့ အောင်မြင်နေသည့် နတ်ဘုရားဂိုဏ်းတစ်ခု မဟုတ်တော့ပေ။ ထို့ကြောင့် ဆုတ်ယုတ်နေသည့် ဂိုဏ်းတစ်ခု၏ ဂိုဏ်းချုပ်လုပ်ရန်မှာ လွယ်ကူသည့်ကိစ္စ

တော့မဟုတ်ပေ။ ထို့ပြင် နောက်မျိုးဆက်တွင် ဂိုဏ်းချုပ်နေရာ သင့်တော်သူဆို၍ ဆန်းလျန်နှင့် ချန်ကျန့်မေ နှစ်ယောက်သာရှိ လေသည်။

သို့သော် အကျိုးအမြတ်တစ်ခုတော့ရှိလေသည်။ ဆရာဘိုးဘိုး ပိုင်စုဟွမ်၏လုပ်ရပ်ကြောင့် ဆန်းလျန်သည် ချင်းရွှမ်နတ် တံခါး၏ ဂိုဏ်းချုပ်ရာထူးကို လွယ်လွယ်နှင့် ရခဲ့ခြင်းမဟုတ် ဆိုသည်ကိုတော့ အခြားသူများအနေဖြင့် နားလည်သွားမည် ဖြစ်လေသည်။

ဆရာသခင်ကျန်းရော့ရှီးမှာလည်း ထိုအချက်အားလုံးကို နားလည်ထားပါသည်။ ထို့ကြောင့် ဝင်ရောက်စွက်ဖက်ခြင်း မ ပြုလုပ်ပေ။ ထို့ပြင် သူ့အနေဖြင့် ယနေ့နေဝင်ချိန်ပင် မြင်နိုင်ရန် မသေချာတော့သည့် လူတစ်ယောက်ဖြစ်နေလေပြီ။ သူက တိတ်ဆိတ်စွာဖြင့် ဆန်းလျန်ကို ငေးကြည့်နေခဲ့လေသည်။

ချင်းရွှမ်ခန်းမဆောင်တစ်ခုလုံးမှာ ကြက်သီးထစရာကောင်း
လောက်အောင် တိတ်ဆိတ်နေလေသည်။ ဆန်းလျန်မှာ ဆရာ
ဘိုးဘိုးပိုင်စုပှွမ်၏ စကားများကိုကြားသည့်တိုင် တည်ငြိမ်နေ
ဆဲ ဖြစ်လေသည်။ တောက်ပနေသည့် ခန်းမဆောင်ကြမ်းပြင်
ထက်တွင် သူ၏ အပြာနုရောင်ဝတ်ရုံသည် အရိပ်ထင်နေလေ
သည်။ သူ၏ပုံစံမှာလည်း အိပ်မက်ဆန်လွန်းလှလေသည်။
ဆန်းလျန်က မျက်မှောင်ကြုံ့ထားပြီး အကြည့်များကလည်း
ပြတ်သားနေလေသည်။ သို့သော် သူ့စကားသံကတော့ သိမ်မွေ့
လှသည်။

"အရင်ပဲဖြစ်ဖြစ် နောက်မှပဲဖြစ်ဖြစ် အချိန်တန်ရင်တော့
အောင်မြင်မှုက ရမှာပါပဲ ၊ ဆရာဘိုးဘိုးက သိုင်းကွက်သုံး
ကွက်ပဲ ခုခံရမယ်လို့ ပြောလိုက်တာဟာ ကျွန်တော့်ကို
လျှော့တွက်တာပါပဲ ၊ အဲဒီတော့ ကျွန်တော်တို့ ဘယ်သူနိုင်မ
လဲဆိုတာ သိရတဲ့အထိ ယှဉ်ပြိုင်ကြရအောင်"

ဆန်းလျှန်၏စကားကြောင့် ခန်းမထဲရှိ ကျင့်ကြံသူများအားလုံး

အံ့သြသွားကြရလေသည်။ ဟိုင်သန်းအဆင့်သာ အောင်မြင်ရုံ

မျှရှိသော ဆန်းလျှန်သည် ဘယ်လိုသတ္တိမျိုးဖြင့် ပိုင်စုဟွမ်ကို

ယခုကဲ့သို့ စိန်ခေါ်ရဲရပါသနည်း။

ဆန်းလျှန်က ထိုစကားကို တည်တည်ငြိမ်ငြိမ်ဖြင့်ပြောလိုက်

ခြင်းဖြစ်ပြီး သူပြောလိုက်သည့်လေသံကလည်း ပုံမှန်ပင် ဖြစ်

လေသည်။ သူ့ပုံစံကလည်း ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိသည့်

ပုံစံဖြစ်သည့်တိုင် ထောင်လွှားမောက်မာခြင်း အလျဉ်းကင်း

လေသည်။

ဆန်းလျှန်၏ မျက်ဝန်းများသည် တည်ငြိမ်နေသည့် ကန်ရေပြင်

တစ်ခုအလားဖြစ်ပြီး လှိုင်းဂယက် အနည်းငယ်ပင် ထခြင်းမရှိ

ပေ။

သူ၏ပုံစံမှ လရောင်အောက်မှ တိမ်တစ်စအလား ငြိမ်သက်နေ

သည့်တိုင် လှုပ်ရှားနိုင်သည့်စွမ်းအားနှင့်လည်း ပြည့်ဝနေလေ

သည်။ သူ၏ဂုဏ်သရေရှိမှုကို မည်သည့်အရာကမှ ဖုံးကွယ်

ထားနိုင်မည်မဟုတ်ပေ။

"မင်းက တော်တော်သတ္တိကောင်းတာပဲ ၊ ဒီလိုဆိုမှတော့

နောင်တမရလေနဲ့"

ပိုင်စုဟွမ်က ဆန်းလျန်ကို အေးစက်စွာ စိုက်ကြည့်ရင်း ပြော

လိုက်လေသည်။

"ဒါက ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ဖြစ်လို့ ဖြစ်လာသမျှကို

ကျွန်တော်ရင်ဆိုင်မှာပါ ၊ ဒါပေမယ့် ကျွန်တော်တို့ စပြီးမ

တိုက်ခိုက်ခင် ကျွန်တော့်ကို နည်းနည်းလောက် ပြင်ဆင်ချိန်ပေး

ပါ"

ဆန်းလျန်က ပြောလိုက်သည်။

ထို့နောက် သူက ဆရာဘိုးဘိုးပိုင်စုဟွမ်ကို ဦးညွှတ်အရိုအသေ

ပေးရင်း တစ်ချက်ပြုံးလိုက်လေသည်။

ဆန်းလျန်၏ပုံစံမှာ လွတ်လပ်ပေါ့ပါးနေပြီး သူအနိုင်ရမည်ဟု ယုံကြည်နေသည့်ပုံ ပေါက်နေလေသည်။

ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါးတွင် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ဖြင့် ဟိုင်သန်းအဆင့်တက်ရောက်သည့် လေးယောက်မြောက်သောတပည့်ဖြစ်ကြောင်း ပိုင်စုဟွမ် ကောင်းကောင်းသိလေသည်။ သို့သော် နှစ်ပေါင်းရာနှင့်ချီ ကျင့်ကြံခဲ့ပြီး မူလဝိညာဉ်ပင် ရရှိလုနီးပါးဖြစ်နေပြီဖြစ်သည့် သူကဲ့သို့သော အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ကို အနိုင်ရအောင်တိုက်ခိုက်မည်ဟု ဆန်းလျန်ယုံကြည်မှုရှိနေခြင်းကို သူလုံးဝနားမလည်နိုင်ပေ။

ပိုင်စုဟွမ်က ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ရှစ်ခုဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် ပုံပြောင်းအဆင့်ကိုးဆင့်ဖြင့် ဟိုင်သန်းအဆင့်တက်ရောက်ခဲ့သည့် ဆန်းလျန်နှင့်

ယှဉ်လျှင် ကိုယ်တွင်းမှ ရွှေပြဒါးအမြုတေစွမ်းအားတွင်

အရည်အသွေးအနည်းငယ်ကွာမည်ဖြစ်လေသည်။

သို့သော် ထိုမျှလောက် ကွာခြားချက်လေးမှာ မပြောပလောက်

ပေ။

ပိုင်စုဟွမ်မှာ ဖော့ဝမ့်အဆင့်ကျင့်ကြံသူမဟုတ်ဘဲ ပုရှီးအဆင့်

ကျင့်ကြံသူဆိုလျှင်တော့ ဆန်းလျန်အနေဖြင့် အနိုင်ရနိုင်

ကောင်းရနိုင်မည်ဖြစ်လေသည်။ ဆန်းလျန်အနေဖြင့် သူ၏

သိုင်းကွက်သုံးကွက်ကို ခုခံကောင်းခုခံနိုင်မည်ဖြစ်သော်လည်း

သူ့ကို အနိုင်ရရန်မှာ မဖြစ်နိုင်ပေ။

"မင်းကြိုက်သလောက် အချိန်ယူပါ၊ ရော့ရှီး စောင့်နိုင်မယ်ဆို

ရင်ပေါ့"

ပိုင်စုဟွမ်က ပြန်ပြောလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်သည်။

သူက တစ်ချက်အသံပြုလိုက်သည်နှင့် အစိမ်းရောင် အလင်းတန်းလေးတစ်ခု ခန်းမထဲသို့ ဝင်လာလေသည်။ ထို အလင်းတန်းလေးမှာ လျှင်မြန်လှသည့်အတွက် မည်သည့် ကျင့်ကြံသူမှ တားဆီးနိုင်ခြင်းမရှိပေ။

ထိုအလင်းတန်းလေးမှာ ဆန်းလျန်ရှေ့တွင် ရပ်တန့်သွားလေ သည်။ ထိုအခါမှ ထိုအလင်းတန်းမှာ အစိမ်းရောင်အမွေးများရှိ သည့် ငှက်ငယ်လေးတစ်ကောင်ဖြစ်ကြောင်း အားလုံးတွေ့မြင် လိုက်ကြရလေသည်။ တည်ငြိမ်သည့်ကျင့်ကြံသူများပင် လှပ သည့်ငှက်လေးကို သဘောကျသွားမိကြလေသည်။

ချမ်းမော့က ကျင့်ကြံသူများကို ခပ်တည်တည်ပင် ကြည့်လိုက် သည်။ ဆန်းလျန်က ချမ်းမော့၏ဦးခေါင်းလေးကို အသာလေး ပွတ်ပေးလိုက်သည့်တိုင် ချမ်းမော့မှာ သိပ်ပြီး ကျေနပ်ပုံမရ ပေ။ ချမ်းမော့မှာ အလွန်မာနကြီးပြီး ထောင်လွှားသည့်ငှက် ငယ်လေးပဲဟု ကူးချိုင်ဝေ့က တွေးနေမိလေသည်။

ဇာမဏီငှက်ကိုပင်ယှဉ်ပြိုင်နိုင်သည့် "ဟွမ်" ကျမ်းစာထဲမှ ဒဏ္ဍာရီလာ ငှက်လေးနှင့်ဆင်တူနေလေသည်။ ထိုငှက်လေးမျိုးကို ဆန်းလျန်မည်သည့်နေရာက ရှာတွေ့ခဲ့လေသနည်းဟု ကူးချိုင်ဝေ့မှာ သိချင်နေမိလေသည်။ အမှန်တော့ ထိုငှက်လေးကပင် ကျမ်းစာထဲမှာ ငှက်ထက် သာလွန်နေသေးသည်။

ထို့ပြင် သူမသည် မိန်းကလေးတစ်ယောက်ဖြစ်သည့်အတွက် လှပသည့်ငှက်လေးကို သဘောကျနေမိလေတော့သည်။

ချမ်းမော့မှာ စိတ်ရှုတ်နေပုံရလေသည်။ ဆန်းလျန်က ချမ်းမော့ကို စိတ်စွမ်းအားဖြင့် ဆက်သွယ်လိုက်ပြီး ချမ်းမော့ထံမှ ထူးဆန်းသည့်စွမ်းအားများအားလုံးကို သူ့ထံသို့ လွှဲပြောင်းပေးရန် ပြောလိုက်သည်။ ထိုစွမ်းအားများကို ခဏနေလျှင် ပြန်ပေးမည်ဟုလည်း သူက ကတိပေးလိုက်ရသည်။

ချမ်းမော့က ခေါင်းကိုလှည့်လိုက်သည်။ သူက ဆန်းလျန်ကို စိုက်ကြည့်နေလိုက်ပြီးမှ ဆန်းလျန်ကို ခေါင်းနှင့်တစ်ချက်ဝေ့

လိုက်လေသည်။ ချမ်းမော့ထံမှ ထူးဆန်းသည့်စွမ်းအား
များသည် ဆန်းလျန် ဆီသို့ စီးဝင်သွားလေတော့သည်။
ဆန်းလျန် ဟိုင်သန်းအဆင့်တက်ရောက်ပြီးသည့်နောက်
သူ၏အထွတ်ထိပ်ဆုံချက်များအားလုံးမှာ ရှင်းရှင်းလင်းလင်း
ပွင့်သွားခဲ့ပြီဖြစ်လေသည်။ ထိုက်ရှီးတန်ခိုးစွမ်းအားများက ထို
ဆုံချက်များဆီသို့ အကြိမ်ပေါင်းများစွာ ဖြတ်သန်းစီးဆင်းနေ
လေသည်။ ဆန်းလျန်က ဆုံချက်တစ်ခုကို အာရုံစိုက်လိုက်
သည်နှင့် ရောင်စဉ်ရှစ်မျိုးစွမ်းအားများက ခရုပတ်နွယ်လိမ်
ကဲ့သို့ စတင်လှည်ပတ်လေသည်။ ထိုအခါ ထိုက်ရှီးတန်ခိုး
စွမ်းအားသည် ထွက်ပေါ်လာလေသည်။ ထိုတန်ခိုးစွမ်းအား
ထွက်ပေါ်လာသည်နှင့် ရွှေပြဒါးအမြုတေနှင့် ချင်ချင်းပင်
ပေါင်းစပ်သွားလေသည်။ ထိုစွမ်းအားပေါင်းစပ်သွားမှုကို
သူ၏ ယင် ဝိညာဉ်စွမ်းအားက အဆက်မပြတ် သယ်ဆောင်
သွားလေသည်။ ထို့နောက် ယင် ဝိညာဉ်စွမ်းအားသည် ရွှေပြဒါး

အမြုတေ နှင့် ထိုက်ရှီးတန်ခိုးစွမ်းအားပေါင်းစပ်ထားသည့် စွမ်းအားနှင့် ပေါင်းစပ်သွားကာ ခိုင်မာသည့် တန်ခိုစွမ်းအား အစိုင်အခဲတစ်ခု ဖြစ်တည်သွားလေသည်။

ထိုတန်ခိုးစွမ်းအားပေါင်းစပ်မှုထဲတွင် ယင် ဝိညာဉ်စွမ်းအားက ငြိမ်သက်ခြင်းမရှိသည့်စွမ်းအားဖြစ်လေသည်။ ထို ဝိညာဉ် စွမ်းအားက နှလုံးမှသွေးများ ခန္ဓာကိုယ်တစ်လျှောက်သို့ စီး ဆင်းနေသကဲ့သို့ အဆုံးမရှိ စီးဆင်းနေလေသည်။ ထိုသို့ ဝိညာဉ်စွမ်းအားစီးဆင်းနေခြင်းက ယင် နှင့် ယန် ပြောင်းလဲမှု ကို ဖြစ်ပေါ်စေပြီး နတ်ဘုရားစွမ်းအားများ စတင်လည်ပတ်လာ တော့သည်။ ထိုစွမ်းအားများသည် အဆက်မပြတ် ကြီးထွား လာလေသည်။

ထိုတန်ခိုးစွမ်းအားများသည် အဆုံးမရှိသလို တားဆီးနိုင်စွမ်း လည်းမရှိပေ။ မြစ်တစ်စင်း စီးဆင်းနေသကဲ့သို့ပင် ဖြစ်လေ သည်။ တစ်ခါတစ်ရံ တုန်ခါသည့်အသံကိုပင်ကြားရသေး

သည်။ ထိုတုန်ခါမှုက အသွေးအသားထဲမှ မသန့်စင်မှုများ အားလုံးကို သန့်စင်သွားစေလေသည်။ ထိုအခါ ခန္ဓာကိုယ်တစ်ခုလုံး သန့်စင်ခြင်းသို့ ရောက်ရှိသွားရလေသည်။

ချမ်းမော့၏ ထူးဆန်းသည့်စွမ်းအားများသည် ဆန်းလျန်ကိုယ်ထဲသို့ စီးဝင်သွားလေသည်။ ထိုစွမ်းအားသည် ဆန်းလျန်ကိုယ်ထဲမှ တန်ခိုးစွမ်းအားနှင့် ချိတ်ဆက်မိသွားလေသည်။ ထို့နောက် တစ်ခုတည်းသော တန်ခိုးစွမ်းအားအဖြစ် ပေါင်းစည်းသွားလေတော့သည်။ ချမ်းမော့၏ ထူးဆန်းသည့် တန်ခိုးစွမ်းအားကြောင့် တည်ငြိမ်စွာစီးဆင်းနေသည့် မြစ်ရေမှာ ဒီရေမြင့်တက်လာသည့်အလား ဆန်းလျန်၏ ခန္ဓာကိုယ်ထဲတွင် တန်ခိုးစွမ်းအားများ တဖြည်းဖြည်း မြင့်တက်လာလေတော့သည်။

ဆန်းလျန်ကိုယ်တွင်းမှ တန်ခိုးစွမ်းအားမြင့်တက်လာမှုမှာ အံ့ဩစရာကောင်းလွန်းလေသည်။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားမြင့်တက်လာသည်ကို ခန်းမထဲရှိ ကျင့်ကြံသူများအားလုံး ခံစားမိကြလေသည်။ အားနည်းသည့် အချို့သောကျင့်ကြံသူများသည် ထိုတန်ခိုးစွမ်းအား၏ဒဏ်ကို ခံနိုင်ရန် သူတို့၏ဓားများ ၊ ဝိညာဉ်စွမ်းအားပစ္စည်းများကိုပင် ထုတ်ကာ ကာကွယ်ထားကြရသည်။

တန်ခိုးစွမ်အားမြင့်တက်လာမှုမှာ တိမ်ကိုခွင်းသည့် မြားတစ်စင်းပမာ လျှင်မြန်လွန်းလေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် အမြင့်ဆုံးအဆင့်သို့ရောက်ရှိသွားလေတော့သည်။

အသက်ရှူသံဆယ်ချက်မျှအတွင်းတွင် ဆန်းလျန်၏ ဝိညာဉ်စွမ်းအားသည် ထိပ်ဆုံးအဆင့်သို့ရောက်ရှိသွားလေသည်။

ထိုအခါ တန်ခိုးစွမ်းအားမြင့်တက်မှုမှာလည်း ရပ်တန့်သွားလေသည်။ သူ၏တန်ခိုးစွမ်းအားများမှာ ပိုင်စုဟွမ်၏ တန်ခိုးစွမ်းအားများနှင့် မတူညီကြောင်းကို ထျန်းတိကျန်းမှတစ်ဆင့် ဆန်းလျန် သိခွင့်ရလေသည်။ ဆန်းလျန်ကိုယ်တိုင်လည်း ထိုမျှ

တန်ခိုးစွမ်းအားကြီးမားခြင်းမျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးပေ။ ပထမ အကြိမ်ဖြစ်သည့်အတွက် သူ၏ဝိညာဉ်မှာလည်း ထိုတန်ခိုး စွမ်းအားကို ထိန်းချုပ်ရန် အနည်းငယ်ခက်ခဲနေရသည်။

သို့သော် ထိုသို့တန်ခိုးစွမ်းအားကြီးမားရခြင်းမှာ ချမ်းမော့၏ အကူအညီကြောင့်သာဖြစ်လေသည်။ သူက ချမ်းမော့ဆီမှ တန်ခိုးစွမ်အားကို ငှားယမ်းခဲ့ခြင်းဖြစ်လေသည်။

ချမ်းမော့မှာ နွမ်းလျသွားပြီး အစိမ်းရောင်အမွေးလေးများပင် ညိုးနွမ်းခြောက်သွေ့သွားရလေသည်။ ဆန်းလျန်က သူမကို အသာပွေ့ယူလိုက်ရင်း ကူးချိုင်ဝေ့ရှေ့သို့ တစ်ခဏအတွင်း ရောက်သွားလေသည်။ မယုံနိုင်လောက်အောင် လျှင်မြန်လွန်း လေသည်။

"ဂိုဏ်းတူအစ်မ ၊ ဒီငှက်လေးကို ခဏလောက် ကြည့်ပေးထား ပါနော်"

ဟု ဆန်းလျန်က သိမ်မွေ့စွာပြောလိုက်လေတော့သည်။

အခန်း (၁၈၆) ထိုက်ယင်းအလင်းစွမ်းအား

ကူးချိုင်ဝေ့က ဆန်းလျန်တောင်းသည့်အကူအညီကို လက်ခံလိုက်ရင်း ချမ်းမော့ကို တည်ကြည်စွာကြည့်လိုက်သည်။ သူမက ဆန်းလျန်ဆီမှ ငှက်လေးကို ယူလိုက်သည်နှင့် ချမ်းမော့မှာ ပေါ့ပါးနေသည့်အတွက် အံ့သြသွားရသည်။ ထို့ပြင် သူမကိုယ်ထဲမှ ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ ငှက်လေးဆီသို့ စီးဝင်ကုန်လေတော့သည်။

ကူးချိုင်ဝေ့မှာ များစွာ အံ့သြသွားရလေသည်။

"ထိုက်ရှီးတန်ခိုးစွမ်းအားတွေက ဒီငှက်လေးရဲ့အသက်ဓာတ်စွမ်းအားကို ဖြည့်ပေးတယ် ဂိုဏ်းတူအစ်မ ၊ အများကြီးတော့ စီးဝင်သွားအောင်မလုပ်နဲ့ပေါ့ ၊ ကျွန်တော့်ယှဉ်ပြိုင်ပွဲပြီးရင် ကျွန်တော် သူ့ဆီကယူထားတဲ့စွမ်းအားကို သူ့ကိုပြန်ပေးမှာပါ" ဆန်းလျန်က ကူးချိုင်ဝေ့ကို စိတ်စွမ်းအားဖြင့် စကားပြောလိုက်လေသည်။

ဆန်းလျန်စကားကိုကြားမှ ကူးချိုင်ဝေ့မှာ စိတ်သက်သာရာရသွားလေသည်။ သို့သော် ထိုက်ရှီးတန်ခိုးစွမ်းအားများက ငှက်ငယ်လေး၏အသက်ဓာတ်စွမ်းအားကို ဖြည့်ပေးနိုင်သည်ဆိုသည့်အတွက် သူမမှာ အံ့သြမဆုံးဖြစ်နေရသည်။ ထိုငှက်လေးအကြောင်းကို သူမ သိချင်နေမိသည်။ ဆန်းလျန် ပြောစကားအရဆိုလျှင် ဆန်းလျန်က ထိုငှက်လေးထံမှ စွမ်းအားကိုယူထားခြင်းဖြစ်လေသည်။ လွန်စွာမှပင် ထူးဆန်းလှလေသည်တကား။

ဆန်းလျန် ဟိုင်သန်းအဆင့်ကိုပုံပြောင်းအဆင့်ကိုးခုဖြင့် တက်ရောက်ပြီးသည့်နောက် သူ၏တန်ခိုးစွမ်းအားများမှာ များစွာသန့်စင်လာလေသည်။ ထို့ကြောင့် သာမန် အသက်ဓာတ်စွမ်းအားတစ်ခုသည် အချိန်တိုလေးအတွင်းမှာပင် ထိုက်ရှီးတန်ခိုးစွမ်းအားနှင့် ပေါင်းစပ်ရန်မှာ မဖြစ်နိုင်ပေ။ အနည်းငယ်

ပေါင်းစပ်မိသွားလျှင်ပင် ပုံမှန်မဟုတ်သည့် အခြေအနေဖြစ်

လေသည်။

ထို့ကြောင့် ကူးချိုင်ဝေ့မှာ နားမလည်နိုင်ဖြစ်နေရလေသည်။

သို့သော် နောက်မှ ဆန်းလျန်ကို မေးကြည့်တော့မည်ဟု

စိတ်ကူးလိုက်လေသည်။ ဆန်းလျန်က သူသိသမျှ သူမကိုပြော

ပြမည်ပဲ ဖြစ်လေသည်။ ထို့ကြောင့် လောလောဆယ်တွင် ချမ်း

မော့ကိုယ်ထဲသို့ ထိုက်ရှီးတန်ခိုးစွမ်းအားများ သွင်းပေးလိုက်

လေသည်။ သူမသည် တန်ခိုးစွမ်းအားကြီးမားသည့်တိုင် ရုပ်ဝ

အဆင့်တွင်ပင် နှစ်ပေါင်းများစွာကြာအောင် ရပ်တန့်နေခဲ့လေ

သည်။ ထိုသို့ဖြစ်ရသည်မှာ သူမလျှောက်လှမ်းနေသည့်

ကျင့်စဉ်လမ်းကို သူမကိုယ်တိုင် နားမလည်သေးသောကြောင့်

ဖြစ်လေသည်။

သူမသည် ကျင့်ကြံမှုလည်း လျော့နည်းခြင်းမရှိခဲ့သလို ဝိညာဉ်

စွမ်းအားလည်း ကောင်းမွန်သည်တစ်ယောက် ဖြစ်လေသည်။

သို့တိုင်အောင် အဆင့်မတက်နိုင်ဖြစ်နေရခြင်းမှာ ထိုက်ရှီး နည်းဗျူဟာကျင့်စဉ်မှာ ကျင့်ကြံရ ခက်ခဲသည့် ကျင့်စဉ်တစ်ခု ဖြစ်သောကြောင့်ဖြစ်လေသည်။ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်၏ သဘောသဘာဝမှာ ထိုကဲ့သို့ပင်ဖြစ်လေသည်။ သာမန်ထက်ထူးခြားသည့် ဆန်းလျန်ကိုလူမျိုးသာလျှင် ထိုက် ရှီးနည်းဗျူဟာကျင့်စဉ်ဖြင့် ဟိုင်သန်းအဆင့်ကို အချိန်တို အတွင်း တက်ရောက်နိုင်ခြင်းဖြစ်လေသည်။ ထို့ပြင် ဝိညာဉ် မြစ်ထဲတွင် ဆယ့်ခြောက်နှစ်ခန့် ရေစိမ်ပြီးကျင့်ကြံနေခဲ့ခြင်းက ကျင့်စဉ်လမ်းအောင်မြင်ရန်အတွက် များစွာအထောက်အကူ ဖြစ်ခဲ့လေသည်။

ယခုတော့ ဆန်းလျန်မှာ အကြောက်အလန့်မရှိ သတ္တိအပြည့်ရှိ နေလေသည်။

"ကျွန်တော်တို့ ဒီခန်းမထဲမှာ တိုက်ခိုက်လို့မရလောက်ဘူး ၊ ဆရာဘိုးဘိုး ကြွပါ..."

ဆန်းလျန်က ပိုင်စုဟွမ်ကို ပြုံးပြရင်းပြောလိုက်လေသည်။ သူတို့နှစ်ယောက်၏ ကျင့်ကြံမှုအဆင့်မှာ မည်မျှကွာသည်ဖြစ်စေ သူတို့ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ဆုံးဖြတ်ပြီးပြီဖြစ်သည့်အတွက် သူသေကိုယ်သေတိုက်ပွဲတစ်ခုအလား ဖြစ်သွားပေလိမ့်မည်။ အနိုင်အရှုံး ဆုံးဖြတ်နိုင်ရန်မျှသာ တိုက်ခိုက်၍ရမည်မဟုတ်ပေ။ အနိုင်အရှုံးကွဲပြားရန်မှာ သူသေကိုယ်သေ တိုက်မှသာ ရမည်သာဖြစ်လေသည်။

ပိုင်စုဟွမ်ကလည်း နားလည်စွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ဆန်းလျန်၏ တန်ခိုးစွမ်အားများ ရုတ်တရက် မြင့်တက်သွားခြင်းအတွက် သူအံ့ဩမိသော်လည်း ထိုတန်ခိုးစွမ်းအားများက သူ့ကို တားဆီးနိုင်ခြင်းမရှိပါ။ သို့သော် သူ့အနေဖြင့် ဆန်းလျန်တွင် ထိုသို့သော နည်းလမ်းများရှိလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပေ။

ထို့ပြင် ပိုင်စုဟွမ်က မာနကြီးသူတစ်ယောက်ဖြစ်သည့်အတွက် ဆန်းလျန်၏ပညာလေးလောက်ကို အမှုမထားပါ။ သူ၏တန်ခိုးစွမ်းအားဖြင့်ပင် အနိုင်ယူနိုင်လေသည်။

ဆန်းလျန် ခန်းမထဲမှ ထွက်ခွာလာလေသည်။ ထို့နောက် ရောင်စဉ်တန်းလေးတစ်ခုအလား တိမ်ပေါ်သို့ လှစ်ခနဲ တက်သွားလေသည်။ သူ၏တန်ခိုးစွမ်းအားများမှာ ပြင်းထန်လွန်းနေသည့်အတွက်ကြောင့် ဝိညာဉ်စွမ်းအားများမှာလည်း ပြင်းထန်နေလေသည်။ သူ၏တန်ခိုးစွမ်းအားများက တိမ်များကိုပင် ရပ်တန့်သွားစေလေသည်။ ချင်းရှမ်တောင်၏ တောင်ထိပ်ငါးခုသည် နှင်းများဖြင့် ဖုံးလွှမ်းနေလေသည်။ နေ့အလင်းရောင်သည် တောင်များထက်သို့ ဖြာကျနေသည်။ ဆန်းလျန်သည် လေထဲတွင် တည်ငြိမ်စွာ ရပ်တန့်နေလေသည်။ သူ၏ပုံစံမှာ လွန်စွာမှ လှပလွန်းပြီး ပန်းချီကားထဲမှ နတ်ဘုရားတစ်ပါးနှင့်ပင် တူနေလေတော့သည်။

ပိုင်စုဟွမ်၏ မျက်နှာမှာ ခံစားချက်ကင်းမဲ့နေလေသည်။ သူက ကြမ်းခင်းအဝတ်ပေါ်မှထလိုက်ပြီး ခန်းမအပြင်ဘက်သို့ ထွက်လိုက်သည်။ ထို့နောက် လေထဲသို့ အခြေတစ်လှမ်းချင်းလှမ်းကာ တက်သွားလေသည်။ မြေစွဲအားက သူ့ကို သက်ရောက်မှုမရှိပေ။

သူက ကောင်းကင်နှင့်မြေကြီးကို ကြိုက်သလို သွားလာနိုင်သူတစ်ယောက်ဖြစ်လေသည်။

ပိုင်စုဟာန်က ဆန်းလျန်ကို စိုက်ကြည့်လိုက်သည်။ အေးစက်နေသည့်အကြည့်မျိုးမဟုတ်သလို မလိုမုန်းထားအကြည့်မျိုးလည်းမဟုတ်ပါ။ သူက ဆန်းလျန်ကို ဒီအတိုင်းပင် ကြည့်နေခြင်းဖြစ်လေသည်။ နှစ်ပေါင်းများစွာ နတ်ဘုရားတစ်ပါးအဆင့် တက်ရောက်နိုင်လုနီးပါး ကျင့်ကြံခဲ့သည့် သူ၏စိတ်သည် မည်သည့်အကြောင်းကြောင့်မျှ မတုန်လှုပ်တတ်ပေ။ သို့သော် သူ့နေဖြင့် နတ်ဘုရားတစ်ပါးဖြစ်လာရန်မှာ

နတ်ဘုရားတန်ခိုးစွမ်းအားဖြင့် မူလဝိညာဉ်ရရှိအောင် ကျင့်ကြံနိုင်ရန်သာ လိုတော့သည်။

သူက ကျင့်စဉ်လမ်းအဆင့်ကိုးဆင့်လုံးပြီးမြောက်ခဲ့ပြီဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်၏ ဝိညာဉ်စွမ်းအားကြီးမားမှုက သူ့ကို မတုန်လှုပ်စေပါ။ သူက ဆန်းလျန်ကို အေးဆေးစွာပင်ကြည့်လိုက်ပြီး သူ့ကိုယ်ထဲမှ တန်ခိုးစွမ်းအားကို ထုတ်လိုက်သည်။

"ဆရာဘိုးဘိုးက အကြီးဖြစ်လို့ အရင်စတိုက်ပါဗျာ"

ဆန်းလျန်က အပြုံးမပျက်ပြောလိုက်သည်။

ဆန်းလျန်က သူ၏ပြိုင်ဘက်ကို အရင်စတိုက်ရန် ပြောသည့်စကားကိုပင် ပေါ့ပေါ့ပါးပါးဖြင့် သာမန်မျှသာ ပြောလိုက်ခြင်းဖြစ်လေသည်။

ချင်းရှမ်ခန်းမဆောင်ထဲမှ လူများထွက်ခွာလာပြီး တိုက်ပွဲကို စိတ်ဝင်တစားစောင့်ကြည့်နေကြလေသည်။ ဆရာသခင်ကျန်း

ရှော့ရှီးပင်လျှင် ထွက်လာလေသည်။ သူ့ကို လူစောယိက တွဲထားပေးရသည်။ လူ့လောကမှ ထွက်ခွာရမည့်အချိန်နီးနေပြီဖြစ်သည့်တိုင် သူ၏အမြင်အာရုံကတော့ ကောင်းမွန်နေဆဲဖြစ်လေသည်။

ဆန်းလျန်မှာ တန်ခိုးစွမ်းအားများမည်မျှကြီးမားနေပါစေ ပိုင်စုဟွမ်ကို အနိုင်တိုက်ခိုက်နိုင်ရန်မှာ လွယ်ကူသည့်ကိစ္စတော့မဟုတ်ပေ။

သို့သော် ယခုအချိန်ထိ ဆန်းလျန်လုပ်နေသမျှ ကိစ္စတိုင်းသည် ဆရာသခင်ကျန်းရှော့ရှီးကို အံ့သြခြင်းမက အံ့သြနေစေလေသည်။ ဆန်းလျန်ကို ဂိုဏ်းချုပ်ရာထူးပေးခြင်းကို ပိုင်စုဟွမ်က ကန့်ကွက်လျှင်တောင်မှ ကျန်းရှော့ရှီးက သူ၏ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘဲ ဆန်းလျန်ကိုပင် ဂိုဏ်းချုပ်ရာထူးပေးဖို့ဆုံးဖြတ်ထားပြီးသားဖြစ်လေသည်။ သို့သော် ဂိုဏ်းချုပ်ရာထူး

ဖြင့်ထိုက်တန်သူအဖြစ် ဆန်းလျန်ကိုယ်တိုင် သက်သေပြနိုင်လျှင်တော့ အကောင်းဆုံးဖြစ်လေသည်။

အမှန်တော့ ကျင့်ကြံသူအများစုမှာ ကျင့်စဉ်လမ်းကိုသာ လိုက်ချင်ကြသူများဖြစ်ပြီး မည်သူမျှ ဂိုဏ်းချုပ်လုပ်ချင်စိတ် မရှိကြပေ။ ပိုင်စုဟွမ်ပင်လျှင် သူ့ကို ဂိုဏ်းချုပ်ရာထူးပေးလျှင် လက်ခံမည့်လူစားမဟုတ်ပေ။

ဆန်းလျန်မှာ လွတ်လပ်မှုကို ပိုပြီးမြတ်နိုးသူဖြစ်သည့်အတွက် ပိုပြီးပင် ဂိုဏ်းချုပ်မလုပ်ချင်ခဲ့ပေ။

ဆရာသခင်ကျန်းရော့ရှီး ရင်ထဲတွင် သက်ပြင်းတစ်ချက်ကို ကြိတ်ပြီးချလိုက်မိလေသည်။ ဆန်းလျန်သည် ခက်ခဲလှသည့် ဂိုဏ်းချုပ်ရာထူးကို လိုချင်လွန်းသောကြောင့် ရယူခဲ့သူတစ်ယောက်မဟုတ်ခဲ့ရှာပေ။ ဆရာသခင်ဖြစ်သူ၏စကားကို မငြင်းဆန်းလိုသည့်အတွက်ကြောင့်သာ လက်ခံခဲ့ခြင်းရဖြစ်ကြောင်း ကျန်းရော့ရှီး ကောင်းကောင်းသိလေသည်။

"မင်းရဲ့အရည်အချင်းနဲ့ မင်းရဲ့ကျင့်ကြံမှုအဆင့်နဲ့ဆိုရင် ဘာလို့ ဂိုဏ်းချုပ်တစ်ယောက်လုပ်နေမှာလဲ ၊ မင်း ကျန်းရှော့ရှီးကို ကျေးဇူးပြန်ဆပ်ချင်တယ်ဆိုရင်တောင် တခြားနည်းလမ်းနဲ့ ကျေးဇူးဆပ်လို့ရတာပဲ ၊ ဒါပေမယ့် မင်း ဂိုဏ်းချုပ်တစ် ယောက်ဖြစ်လာပြီဆိုရင်တော့ မင်းရဲ့လွတ်လပ်မှုတွေအကုန် ဆုံးရှုံးရလိမ့်မယ် ၊ မင်းကိုယ်မင်း ဒုက္ခရောက်အောင် ဘာလို့ လုပ်ရတာလဲကွာ"

ပိုင်စုဟွမ်က ပြောလိုက်လေသည်။

ဆန်းလျန်က အဝေးရှိ နှင်းများကိုငေးကြည့်နေလေသည်။

"လွတ်လပ်မှုကိုရှာဖွေတယ်ဆိုတာ မရှိလို့ရှာဖွေတာမှမဟုတ် တာ ၊ နန်ဟွာကျမ်းစာထဲမှာ ပြောထားတယ်မဟုတ်လား "အစပြုခြင်းကိုမမေ့သင့်ပေမယ့် အဆုံးသတ်ကိုတော့ မ မေးမြန်းသင့်ဘူး ၊ လွတ်လပ်မှုဆိုတာ ကိုယ့်အပေါ်ပဲမူတည်ပါ တယ် ၊ လွတ်လပ်မှုကိုလိုချင်တယ်ဆိုရင်လည်း မေ့လိုက်ပါ ၊

ဒါဆို နှလုံးသားလည်းမနာကျင်ရသလို ကျင့်စဉ်လမ်းကိုလည်း မထိခိုက်တော့ဘူး ၊ သူတစ်ပါးကိုလည်း ကူညီရာရောက်တယ်" တဲ့ ၊ ကျွန်တော့်နှလုံးသားက စေခိုင်းတဲ့အတိုင်း ကျွန်တော်လုပ်တာပါ ၊ ဖြစ်လာမယ့်အရာအားလုံးကို ကြိုတွေးထားပြီးသားပါ"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ဆန်းလျန်က နန်ဟွာကျမ်းစာကို ရွတ်ပြမိသည်မှာ သူ့ကိုယ်သူမည်သည့်နေရာက လာသည်ဆိုသည့်အချက်နှင့် သူ၏အနာဂတ်ကိုလည်း မသိနိုင်သည်ကို သတိထားမိစေရန် ရွတ်လိုက်မိခြင်းဖြစ်လေသည်။ အရာအားလုံးက သူ့သဘောသူဆောင်သည်ချည်းပင်ဖြစ်သည်။ ဖြစ်လာသမျှကို လက်ခံရမည်သာပင်ဖြစ်လေသည်။ ရှေ့ဆက်ရမည့်ကျင့်စဉ်လမ်း မပျက်စီးရအောင် ထိန်းသိမ်းရမည်ဖြစ်သလို ဖြစ်လာသမျှကိုလည်း ရင်ဆိုင်ရမည်သာဖြစ်လေသည်။

ထိုစကားကိုပြောနေချိန်တွင် ဆန်းလျန်၏ပုံစံမှာ ....

လွတ်လပ်စွာလွင့်မျောနေသည့် တိမ်တိုက်လေးတစ်စနှင့်တူ

သလို တောင်တစ်ခွင် ဖြတ်သန်းစီးဆင်းနေသည့် စမ်းချောင်း

လေးတစ်စင်းနှင့်လည်းတူလေသည်။ သူ့ခန္ဓာကိုယ်ထဲမှ တန်ခိုး

စွမ်းအားများက ပြင်ပသို့စီးထွက်နေပြီး လေပြေတစ်ခုအလား

လည်း ပေါ့ပါးနေသေးသည်။ ဆန်းလျန်ဆီတွင် ခမ်းနားမှုတစ်ခု

ကို ပိုင်စုဟွမ်ပင် မြင်တွေ့နေရလေသည်။

ပိုင်စုဟွမ်မှာ ချင်းရှမ်တောင်တစ်ခွင်မှ မိုးမြေစွမ်းအားများ

ဆန်းလျန်ဆီသို့ စီးဝင်ပေါင်းစပ်နေသည်ကို သိနေလေသည်။

ထို့ကြောင့် ဆန်းလျန်၏တန်ခိုးစွမ်းအားများကို ယခုအချိန်တွင်

တားဆီးနိုင်ခြင်းမရှိပါက သူ့အတွက် နိုင်ချေလျော့နည်းသွား

နိုင်လေသည်။

လူသား၏စွမ်းအားဆိုသည်မှာ သဘာဝတရား၏စွမ်းအား

လောက် မမြင့်မားနိုင်ပေ။

ဆန်းလျန်ဆီမှတန်ခိုးစွမ်းအားများမှာ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်၏ တန်ခိုးစွမ်းအားပင်ဖြစ်လေသည်။ သူက ချင်းရှမ် နတ်တံခါးမှ ဆရာဘိုးဘိုးတစ်ယောက်ဖြစ်သည့်အတွက် ထို တန်ခိုးစွမ်းအားကို ကောင်းစွာသိလေသည်။
"ကောင်လေး ၊ ကျုပ်တိုက်ခိုက်တော့မယ် ၊ သတိထားပါ"
သူက ဖြည်းညင်းစွာပြောလိုက်လေသည်။
ပိုင်စုဟွမ်က မည်သည့်လက်နက်ကိုမှ အသုံးပြုခြင်းမရှိပါ။ သူ့ တွင် လက်နက်မရှိသောကြောင့် အသုံးမပြုချင်းမဟုတ်ပါ။
ဆန်းလျန်ကဲ့သို့ ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်ကို လက်နက်သုံးပြီးတိုက်ခိုက်လျှင် ချင်းရှမ်နတ်တံခါးမှ တပည့် များ သူ့ကို မလေးမစားဖြစ်ကြမည် ဖြစ်သောကြောင့် ဖြစ်လေ သည်။
အနိုင်အရှုံးကွဲပြားအောင် တိုက်ခိုက်ရမည်ဖြစ်သည့်တိုင် သူက ဆန်းလျန်ကို ဒဏ်ရာအပြင်းအထန်ရအောင် တိုက်ခိုက်လိုစိတ်

မရှိပါ။ ထိုသို့တိုက်ခိုက်လိုက်ပါက ဂုဏ်သိက္ခာထိခိုက်သူမှာ သူ

သာလျှင် ဖြစ်ပေလိမ့်မည်။

သူက လက်ဝါးတစ်ချက် ဆန်းလျန်ဆီသို့ ရိုက်ထုတ်လိုက်ပြီး

ငွေရောင်အလင်းတန်းတစ်ချက် လင်းလက်သွားလေသည်။ ထို

အလင်းတန်းမှာ လမင်းရောင်ခြည်ကျင့်စဉ်၏ ထိုက်ယင်း

အလင်းစွမ်းအားဖြစ်လေသည်။

ထိုက်ယင်းလရောင်၏ အနှစ်သာရကို စုပ်ယူပြီး ကျင့်ကြံရ

သည့် တန်ခိုးစွမ်းအားဖြစ်လေသည်။ ထိုထိုက်ယင်းအလင်း

စွမ်းအားမှာ ခန့်မှန်းရခက်လေသည်။ သာမန် ဓားဝိညာဉ်တစ်ခု

ထက်ပိုပြီး တန်ခိုးစွမ်းအား ကြီးမားလေသည်။ ထို့ပြင် ပုံသဏ္ဌာ

န်မျိုးစုံလည်း ပြောင်းလဲနိုင်လေသည်။

ထိုက်ယင်းအလင်းစွမ်းအားထွက်ပေါ်လာသည်နှင့် မိုးမြေ

စွမ်းအားများလည်း တစ်ပြိုင်တည်းဖြစ်တည် လာလေသည်။

စွမ်းအားလှိုင်းများသည် လေထဲတွင်ရပ်နေသည့် ဆန်းလျန်ဆီ

သို့ တစ်ရှိန်ထိုးဝင်ရောက်သွားကြလေသည်။ ထိုကယ်ယင်း အလင်းစွမ်းအား ဖြတ်သန်းသွားလျှင် မြေပြင်တွင်ပင် လမ်း အသစ်တစ်လမ်းဖြစ်လာနိုင်သည်အထိ စွမ်းအားကြီးမားလေ သည်။

ထိုကယ်ယင်းအလင်းစွမ်းအား၏အရှိန်က သူ့မျက်နှာကို ရိုက်ခတ် လာသည်နှင့် ဆန်းလျန်က မျက်လုံးကို အသာမှေးစင်းလိုက်ပြီး လက်နှစ်ချောင်းဖြင့် ဓားဝိညာဉ်တစ်ခုကို ထုတ်လွှတ်လိုက်လေ သည်။ တောက်ပသည့်ဓားဝိညာဉ်အလင်းတန်းသည် ဆန်းလျန် ဆီမှ ပျံသန်းထွက်ခွာသွားလေတော့သည်။

အခန်း (၁၈၇) အချိန်စက်ဝန်း ရေစီးဆင်း

ဓားဝိညာဉ်သည် ပြဒါးအလင်းတန်းတစ်ခုအလား ပျံသန်းသွား ပြီး လေထဲသို့ တိုးဝင်သွားလေသည်။ ထိုဓားဝိညာဉ်မှာ ရောင်စဉ်ရှစ်မျိုးဓားဝိညာဉ်မဟုတ်ပေ။ သန့်စင်သည့်အဖြူ ရောင်အလင်းတန်းရှိသည့် ဓားဝိညာဉ်မျှသာ ဖြစ်လေသည်။ ထိုဓားဝိညာဉ်က ကောင်းကင်ထက်တွင် ဇင်ယော်တစ်ကောင် အလားပျံသန်းသွားပြီး အရိပ်ပင် ထင်ကျန်ခဲ့ခြင်းမရှိပေ။ ဓားဝိညာဉ်သည် ပိုင်စုဟွမ်လက်ဝါးရိုက်ချက်မှ ထွက်ပေါ်လာ သည့် မိုးမြေစွမ်းအားလှိုင်းလုံးများကြားထဲသို့ လျှပ်စီးလက် သည့်အလား တိုးဝင်သွားပြီး မိုးမြေစွမ်းအားများကို ဖြတ် တောက်လိုက်လေသည်။ ထို့နောက် ဓားဝိညာဉ်သည် ထိုက် ယင်းအလင်းစွမ်းအားထဲတွင် ထောင်နှင့်ချီသည့် ကြယ်စင် လေးများအလား ခွဲဖြာထွက်သွားလေသည်။

ခွဲဖြာသွားသည့် ဓားဝိညာဉ်အလင်းစက်လေးများသည် ရွှေ့လျားနေသည့် မိုးမြေစွမ်းအားများနှင့် ဆက်သွယ်သွားပြီး

ထောင်ပေါင်းများစွာသော ဓားဝိညာဉ်အလင်းတန်းများ အလင်းတန်းများ ထွက်ပေါ်လာကာ ထိုအလင်းတန်းများက ထိုက်ယင်းအလင်းစွမ်းအားကို ဖြတ်တောက်လိုက်လေတော့သည်။

ထိုင်ယင်းအလင်းစွမ်းအားမှာ တစ်စစီ ပြတ်တောက်သွားလေသည်။ ပြတ်တောက်သွားသည့် ထိုင်ယင်းအလင်းတန်း အပိုင်းအစများမှာ မက်မွန်ပန်းများကဲ့သို့ လေထဲသို့ကျဆင်းသွားပြီး မိုးမြေစွမ်းအားများဖြင့် ထပ်မံပေါင်းစပ်ကာ ဆန်းလျှန်ဆီသို့ ဆက်လက်တိုးဝင်သွားကြလေသည်။

ပိုင်စုဟွမ်မှာ တည်ငြိမ်နေပြီး အသဲအသန်တိုက်ခိုက်နေရသည့်ပုံမဟုတ်ပေ။ သူ၏မျက်ဝန်းထဲတွင် ဆန်းလျှန်ကို လှောင်ပြောင်သည့် အရိပ်အယောင်များ ဖြတ်ပြေးသွားလေသည်။ ထိုအကြည့်က ဆန်းလျှန်မှာ ကလေးသာသာ အဆင့်မျှသာရှိသေးသည်ဟု ပြောနေသကဲ့သို့ပင်။

ဆန်းလျန်ကလည်း လွယ်လွယ်နှင့် အလျှော့ပေးတတ်သည့် သူမဟုတ်ပါ။ ရေကဲ့သို့တည်ငြိမ်နေသည့် သူ၏စိတ်အစဉ်တွင် အကြောက်တရားလှိုင်းများ တစ်ချက်မျှပင် ရိုက်ခတ်လာခြင်း မရှိပေ။ ဆန်းလျန်က သူ့ဆီသို့ ဝင်ရောက်လာသည့် ထိုက်ယင်း အလင်းစွမ်းအားကို အာရုံခံကြည့်လိုက်သည်။ ထိုက်ယင်း အလင်းတန်းအပိုင်းအစလေးများမှာ ပြန်လည်ပေါင်းစည်းသွားပြီး မြစ်တစ်စင်းအလား ဆန်းလျန်ဆီသို့ ထပ်မံတိုးဝင်လာလေသည်။

ဆန်းလျန်၏ဓားဝိညာဉ်ကလည်း ထိုအလင်းတန်းကို ထပ်မံပြီး အပိုင်းပိုင်းဖြတ်တောက်လိုက်ပြန်လေသည်။ သို့သော် အလင်းတန်းအပိုင်းအစလေးများက ပြန်လည်ပေါင်းစည်းသွားပြီး ဆန်းလျန်ဆီသို့ တိုးဝင်လာဆဲဖြစ်လေသည်။

ဆန်းလျန်အတွေးတစ်ချက် လက်ခနဲဖြစ်သွားလေသည်။ သူက ထိုက်ယင်းအလင်းစွမ်းအားများကို ဓားဝိညာဉ်ဖြင့် ဆက်လက်

တိုက်ခိုက်ရမည်လား သို့မဟုတ် ရှောင်လိုက်ရမည်လား စဉ်းစားနေလေသည်။ သို့သော် ပိုင်စုဟွမ်ကတော့ တည်ငြိမ်နေလေသည်။ ပိုင်စုဟွမ်က ဆန်းလျန်ကို ဝိညာဉ်စွမ်းအားဖြင့် အာရုံစူးစိုက်ထားခြင်းဖြစ်သည်။

ဆန်းလျန်က ဓားဝိညာဉ်ဖြင့် တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်ပြီး ထိုက်ယင်းအလင်းတန်းကိုလည်း တိုက်ခိုက်ခြင်း မပြုလုပ်တော့ပေ။ သူက တည်ငြိမ်စွာဖြင့်ပင် ထိုင်ယင်းအလင်းတန်းများ သူ့ဆီသို့ဝင်ရောက်လာခြင်းကို လက်ခံလိုက်လေသည်။ ထိုအခါ ဆန်းလျန်၏ ထိုက်ရှီးတန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။ ဆန်းလျန်က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ် အဆင့်လေးဆင့်မှ ကန့်သတ်ခြင်းအဆင့်ကို ဖော်ထုတ်လိုက်သည်။ ကန့်သတ်ခြင်းအဆင့်မှ "ဟွ" နည်းဗျူဟာကို အသုံးပြုလိုက်လေသည်။ ကန့်သတ်ခြင်းအဆင့်တွင် ရှန်း ၊ ခွဲ ၊ ကျိ ၊ ဟွ ဆိုသည့် နည်းဗျူဟာလေးခုရှိလေသည်။

ဆန်းလျှန်၏ ခန္ဓာကိုယ်ကို ကာကွယ်ပေးသည့် အလင်းရောင် အလွှာပါးလေးတစ်ခု ထွက်ပေါ်လာသည်။ ဆန်းလျှန်ဆီသို့ ဝင်ရောက်လာသည့် ထိုက်ယင်းအလင်းစွမ်းအားသည် ထို အလွှာပါးလေးထဲသို့ စိမ့်ဝင်သွားပြီး ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားလေတော့သည်။

ထိုင်ယင်းအလင်းစွမ်းအားများအားလုံး ပျောက်ကွယ်သွားသည်နှင့် အလင်းရောင်အလွှာပါးလေးမှာလည်း ပျောက်ကွယ်သွားလေသည်။

ထိုက်ယင်းအလင်းစွမ်းအားများကို အမြစ်ပြတ်သုတ်သင်ရန်မှာ မလွယ်ကူလှပါ။ ဆန်းလျှန်က ထိုက်ရှီးတန်ခိုးစွမ်းအားကို အသုံးပြုပြီး သုတ်သင်လိုက်ခြင်းဖြစ်လေသည်။ ထိုက်ယင်းအလင်းစွမ်းအားမှာ ထိုက်ယင်းလရောင်၏ အနှစ်သာရကို စုပ်ယူပြီး ဖန်ဆင်းထားသည့် တန်ခိုးစွမ်းအား ဖြစ်သည့်အတွက် ခိုင်မာသည့် တန်ခိုးစွမ်းအားတစ်ခုဖြစ်လေသည်။ ထိုတန်ခိုး

စွမ်းအားကို အသန့်စင်ဆုံး “ယင်” စွမ်းအားဟု ပြော၍ရလေသည်။ ဆန်းလျှန်၏ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှ "ဟွ" နည်းဗျူဟာပင်လျှင် ထိုစွမ်းအားများကို စုပ်ယူနိုင်သည့်တိုင် ပြန်လည်ပေါင်းစပ်အသုံးချနိုင်သည်အထိ ပြုလုပ်နိုင်ခြင်းမရှိပေ။

ပိုင်စုဟွမ် မှာ ထိုက်ယင်းအလင်းစွမ်းအားကို တစ်စိုက်မတ်မတ်ကျင့်ကြံခဲ့သည့်သူ ဖြစ်လေသည်။ လောကနတ်ဘုရား တစ်ပါးအဖြစ်တက်ရောက်နိုင်မည်ဆိုလျှင်တောင် ထိုက်ယင်းမူလဝိညာဉ်ခန္ဓာဖြင့် တက်ရောက်မည့်သူဖြစ်လေသည်။ ထိုက်ယင်းအလင်းစွမ်းအားမှာ တာအိုကျင့်စဉ်များထဲတွင် အထင်ကြီးလောက်စရာ ကျင့်စဉ်တစ်ခုဖြစ်လေသည်။ ထိုက်ယင်းခန္ဓာရရှိလျှင် “ထိုက်ယင်းဓားသိုင်း” ဟုခေါ်ဆိုသည့် "အချိန်စက်ဝန်းဓားသိုင်း" ကိုပါ တစ်ခါတည်း ကျင့်ကြံအောင်မြင်မည်ဖြစ်လေ

သည်။ ထိုဓားသိုင်းမှာ တစ်ချက်ထိုးခုတ်ရုံဖြင့် အရာအားလုံးကို ပြာကျသွားစေနိုင်လေသည်။

သို့သော် ပိုင်စုဟွမ်၏ ထိုက်ယင်းအလင်းစွမ်းအားက ထိုမျှလောက် အဆင့်မြင့်မားခြင်းမရှိသေးပေ။ သို့သော် သူက "အချိန်စက်ဝန်းရေစီးဆင်း" အဆင့်ထိ ကျင့်ကြံအောင်မြင်ခဲ့ပြီဖြစ်လေသည်။ ထို့ကြောင့် ထိုက်ယင်းအလင်းစွမ်းအားသည် ဆန်းလျန်ဆီသို့ မြစ်ရေအလားစီးဆင်းလာပြီး ဓားဝိညာဉ်ဖြင့် တားဆီး၍ မရနိုင်ခြင်းဖြစ်လေသည်။ ရေကိုဓားနှင့်ပိုင်း၍မရနိုင်သလို "အချိန်စက်ဝန်းရေစီးဆင်း" အဆင့်ရောက်နေသည့် ထိုက်ယင်းအလင်းစွမ်းအားကိုလည်း ဓားဖြင့်ပိုင်းဖြတ်၍မရနိုင်ပေ။ ထိုသို့ပိုင်းဖြတ်ပါကလည်း မိုးမြေစွမ်းအားများကို ပိုပြီးပြင်းထန်လာစေပြီး ရေကြီးရေလျှံခြင်းဖြစ်သကဲ့သို့ တန်ခိုးစွမ်းအားများ အရှိန်ဖြင့်ဝင်ရောက်လာမည်သာ ဖြစ်လေသည်။

ဆန်းလျန်၏ ဓားဝိညာဉ်ဖြင့် ဖြတ်တောက်မှုက ထိုက်ယင်း အလင်းစွမ်းအားကို ရပ်တန့်နိုင်ခြင်းမရှိသည်ကို ဆန်းလျန်က ချက်ချင်းသဘောပေါက်သွားသည်။

ဆန်းလျန်က ထိုက်ယင်းအလင်းစွမ်းအား၏ မူရင်းအနှစ်သာရကို တစ်ခဏအတွင်းပင် သဘောပေါက် သွားသည့်အတွက် ဓားဝိညာဉ်ကို အသုံးမပြုတော့ဘဲ ထိုက်ရှီးနည်းဗျူဟာကို ပြောင်းလဲ အသုံးပြုလိုက်ခြင်းဖြစ်လေသည်။ ထိုက်ယင်း အလင်းစွမ်းအားများကို ဆန်းလျန်က ထိုက်ရှီးတန်ခိုးစွမ်းအား များ အသုံးပြုကာ စုပ်ယူပစ်လိုက်ပြီး ထိုက်ရှီးအလင်းစွမ်းအား အဖြစ် ပြောင်းလဲပစ်လိုက်လေသည်။

ယခုတစ်ကြိမ်တွင်တော့ ပိုင်စုဟွမ်၏ အကြည့်များက လေးနက်သွားပြီး ဆန်းလျန်ကို သူနှင့် လက်ရည်တူသူ တစ်ဦး အဖြစ် သတ်မှတ်လိုက်လေသည်။ သူ ဆန်းလျန်ကို အထင်မသေးရဲတော့ပေ။

ပိုင်စုဟွမ်က နှစ်ပေါင်းရာနှင့်ချီပြီး ကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများကို လွန်စွာမှတန်ဖိုးထားပြီး ဂုဏ်ယူသူဖြစ်လေသည်။ သူက တပည့်မမွေးဘဲ တစ်ယောက်တည်းနေခဲ့ခြင်းမှာ ဘာမှမဟုတ်သည့် သာမန်လူများကို တပည့်မွေးရန် စိတ်မဝင်စားသောကြောင့် ဖြစ်လေသည်။

ထို့ပြင် အခြားသူများကို သင်ပြပေးရန်လည်းအချိန်မပေးနိုင်ပေ။ သူ၏ကျင့်စဉ်လမ်းတိုးတက်ရန်သာ အာရုံစိုက်ချင်မိလေသည်။

သို့သော်....

လက်ရှိအချိန်တွင်တော့ သူ၏ရည်ရွယ်ချက်များအားလုံးကို မေ့လျော့သွားခဲ့ပြီး ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်သည့် ဆန်းလျန်နှင့်သာ တိုက်ခိုက်ချင်နေတော့သည်။ ပြိုင်ဘက်ကောင်းဆိုသည်က တွေ့ရခဲလေသည်။

တိုက်ပွဲစတိုက်ကတည်းက ဆန်းလျန်မှာ တွေးချိန်ပင် သိပ်မရှိပါ။ သူက ပိုင်စုဟွမ်ကို ပေါ့ပေါ့တန်တန် သဘောမထားဝံ့ပေ။ ယခုတော့ ဆန်းလျန်လက်ထဲတွင် ဓားတစ်လက်ကို ကိုင်ထားလေသည်။ ထိုဓား၏အလယ်တွင် အဝါရောင်များတောက်ပနေလေသည်။

ဆန်းလျန်က ဓားကို ဝှေ့ယမ်းလိုက်သည်။ သူ၏ သိုင်းကွက်မှာ ပေါ့ပါးလွတ်လပ်နေလေသည်။

သူ၏လက်ထဲမှဓားမှာ လရောင်အောင်တွင် ဟိုမှ ဒီမှ ပျံသန်းနေသည့် ငှက်လေးတစ်ကောင်နှင့်ပင်တူလေသည်။ မည်သည့်နေရာမှ ပေါ်ထွက်လာမှန်းမသိသလို မည်သည့်နေရာသို့ ထွက်ခွာမည်လည်း ခန့်မှန်း၍ မရနိုင်ပေ။

"ဆန်းလျန်... မင်းက အတော် သတ္တိကောင်းကိုး..."

ပိုင်စုဟွမ်ပြောလိုက်လေသည်။

ဆန်းလျန်၏ ဓားသိုင်းမှာ ချင်းရှမ်မှတပည့်များကြားတွင် ချန်ကျန်နဲ့မပြီးလျှင် အတော်ဆုံးဖြစ်လေသည်။ သူ၏ ဓားသိုင်းကစားဟန်တွင် တာအိုဆရာတစ်ပါး၏ ခမ်းနားမှုကို တွေ့မြင်ရလေသည်။

ဆန်းလျန်၏ ဓားဝိညာဉ်ကို ပိုင်စုဟွမ်က ရင်ဆိုင်လိုက်သည်။ သူက ဓားဝိညာဉ်ကိုခုခံလိုက်ခြင်းမဟုတ်ဘဲ ပြန်လည်တိုက်ခိုက်ခြင်းဖြင့် ရင်ဆိုင်လိုက်ခြင်းဖြစ်လေသည်။ သူက လေထဲသို့ လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်ပြီး စွမ်းအားလှိုင်းတစ်ခုက ဆန်းလျန်၏ ဓားဝိညာဉ်ဆီသို့ ဝင်ရောက်သွားလေသည်။

ထိုလက်ဝါးရိုက်ချက်တွင် လျှင်မြန်သည့်အရှိန်ဖြင့် တန်ခိုးစွမ်းအားများပါဝင်လေသည်။ ထိုစွမ်းအားကြောင့် ဆန်းလျန်၏ ဓားဝိညာဉ်သာမက တောင်တစ်ခုလုံးကိုပါ အပိုင်းပိုင်းကျိုးပျက်သွားနိုင်လေသည်။

ထိုလက်ဝါးသိုင်းကို "တောင်ဖြိုလက်ဝါးသိုင်း" ဟု ခေါ်လေသည်။

သာမန်ကျင့်ကြံသူတစ်ယောက်သည် ထိုသိုင်းကွက်ကို အသုံးပြုနိုင်မည် မဟုတ်ပေ။ ထိုသိုင်းကွက်အသုံးပြုရန်အတွက် ကြံ့ခိုင်သည့် ခန္ဓာကိုယ်ရှိရန်လိုအပ်သလို တန်ခိုးစွမ်းအား လျှင်မြန်ရန်လည်း လိုအပ်လေသည်။ ကျင့်ကြံသူ၏ခန္ဓကိုယ်တွင်းမှ တန်ခိုးစွမ်းအားကို လျှင်မြန်သည့်အရှိန်ဖြင့် လက်ဝါးတွင်းသို့ပို့ဆောင်ရသည့် သိုင်းကွက်ဖြစ်လေသည်။ ထိုလက်ဝါးရိုက်ချက်ထိမိပါက စွမ်းအားလျှင်မြန်မှုဒဏ်ကိုမခံနိုင်ဘဲ ခန္ဓာကိုယ်မှာ တစ်စစီပေါက်ကွဲထွက်သွားနိုင်လေသည်။

ထိုလက်ဝါးရိုက်ချက်ကြောင့် ဆန်းလျန်က ကြောက်ရွံ့သွားခြင်းမရှိသည့်အပြင် ဓားဝိညာဉ်ကိုပင် ရှေ့သို့ထံမံတိုးဝင်ကာ တိုက်ခိုက်လိုက်သည်။ လက်ဝါးရိုက်ချက်ဖြင့် ဓားဝိညာဉ် ထိ

ခတ်သွားပြီး ဓားဝိညာဉ် ထိပ်ဖျားမှာ တုန်ခါသွားလေသည်။ ကြီးမားသည့် ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာကာ မြေပြင်ထက်တွင် အစိမ်းရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ တိုက်ခိုက်မှုများပြင်းထန်လွန်းသည့်အတွက် ချင်းရှမ်နတ်တံခါးကို ကာကွယ်ထားသည့် အရံအတား ပေါ်ထွက်လာခြင်းဖြစ်လေသည်။ ချင်းရှမ်ခန်းမအပြင်ဘက်ရှိ ကျင့်ကြံသူများမှာ တန်ခိုးစွမ်းအား တုန်ခါမှုများကို ခံစားနေကြရလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ပိုင်စုဟွမ်၏ တောင်ဖြိုလက်ဝါးသိုင်းမှာ မည်မျှကြောက်စရာကောင်းကြောင်း သိနိုင်လေသည်။

ဆန်းလျန်က ဓားဝိညာဉ်ကို ဖြတ်သန်းကာ သူ့ဆီဝင်ရောက်လာသော တိမ်ဖြိုလက်ဝါးသိုင်း စွမ်းအားလှိုင်းများကို ထိုက်ရှိုး

တန်ခိုးစွမ်းအားအသုံးပြုကာ အသာအယာ လမ်းကြောင်းလွှဲ

ပေးလိုက်လေသည်။

ပိုင်စုဟွမ်သည် ယခုကဲ့သို့ တိမ်ဖြိုလက်ဝါးသိုင်းကို လုလုပပ

ခုခံသွားသည်ကို ပထမဆုံးအကြိမ် မြင်တွေ့ဖူးခြင်းဖြစ်လေ

သည်။ ဆန်းလျန်သည် သူကိုယ်တိုင် မရိပ်မိသည့်အချိန်မှာပင်

တန်ပြန်တိုက်ခိုက်မှုတွင် အလွန်တော်သူတစ်ယောက် ဖြစ်နေ

ချေပြီတကား။

ဆန်းလျန်မှာ အလွန်အရည်အချင်းရှိသူဖြစ်ပြီး ထိုက်ရှီးတန်ခိုး

စွမ်းအားများမှာလည်း အံ့ဩစရာကောင်းလောက်အောင်

အစွမ်းထက်သည်ကို ပိုင်စုဟွမ် လေးလေးနက်နက်

အသိအမှတ်ပြုလိုက်မိသည်။

အမှန်တော့ တန်ခိုးစွမ်းအားယှဉ်ပြိုင်ရခြင်းကို ဆန်းလျန်က

ကြောက်ရွံ့ခြင်း အလျဉ်းမရှိပါ။ သူက ကန့်သတ်ခြင်းအဆင့်မှ

"ကျိ" နည်းဗျူဟာကိုအသုံးပြုပြီး တိမ်ဖြိုလက်ဝါးသိုင်းကို

လမ်းကြောင်းလွှဲပေးလိုက်ခြင်းဖြစ်လေသည်။ ထိုက်ရှီး နည်းဗျူဟာကျင့်စဥ်မှာ စွမ်းအင်ရွေ့လျားမှုများကို ကျော်လွှား နိုင်သည့် အပြည့်စုံဆုံး ကျင့်စဥ်တစ်ခု ဖြစ်လေသည်။ တောင်ဖြိုလက်ဝါးသိုင်းမှာ ကြီးမားသိပ်သည်းသည့် တန်ခိုး စွမ်းအားများပါဝင်ပြီး အလွန်အစွမ်းထက်သည်မှာ သံသယ ဖြစ်စရာမလိုပေ။ သို့သော် ထိုလက်ဝါးသိုင်းမှ စွမ်းအင် ရွေ့လျားမှုမှာ တစ်သမတ်တည်း ရွေ့လျားခြင်းဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့်လည်း ခုခံနိုင်မည့်နည်းလမ်းကို တွေ့ရှိသွားခြင်း ဖြစ်လေသည်။

အမှန်တော့ သူ့ဆီသို့ဂင်ရောက်လာသော စွမ်းအားလှိုင်းများကို လမ်းကြောင်းလွှဲပေးလိုက်သည့် ဆန်းလျန်၏လှုပ်ရှားမှုမှာ အန္တ ရယ်များသည့် လုပ်ရပ်ဖြစ်လေသည်။ ဆန်းလျန်လမ်းကြောင်း လွှဲလိုက်သည့် တန်ခိုးစွမ်းအားမှာ လမ်းကြောင်းလွဲသွားခြင်း သာဖြစ်ပြီး ပျက်စီးသွားခြင်း မဟုတ်သည့်အတွက် အခြား

သော တောတောင်ရေမြေများတွင် ထိခိုက်မှုများ ဖြစ်ပေါ်နိုင်လေသည်။

ပိုင်စုဟွမ်က ထိုအချက်ကို သဘောပေါက်ခြင်းမရှိပါ။ သူ၏ပခုံးနှစ်ဖက်မှာ တုန်လှုပ်နေပြီး ဆန်းလျန်ကို ရှုထောင့်ပေါင်းစုံမှ တန်ခိုးစွမ်းအားများ ထုတ်လွှတ်ကာ တိုက်ခိုက်လိုက်လေသည်။

ထိုခဏအတွင်းမှာပင် ဆန်းလျန်မှာ မြစ်ရေစီးကြောင်းများအကြားတွင်ရောက်ရှိနေသလို ခံစားလိုက်ရလေသည်။ ပိုင်စုဟွမ်သာ သက်ညှာမှု မရှိလျှင် ဒုက္ခရောက်သွားနိုင်သည့် အနေအထား ဖြစ်လေသည်။

သို့သော် ဆန်းလျန်မှာ တည်ငြိမ်နေပြီး မိမိကိုယ်ကို ယုံကြည်မှုရှိနေဆဲဖြစ်လေသည်။ သူက ဝင်ရောက်လာသည့် စွမ်းအားလှိုင်းများကို ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

ကောင်းကင်ထက်မှ ဓားဝိညာဉ်သည် နဂါးတစ်ကောင်အလား

ရွေ့လျားလာသည်နှင့် မြေပြင်ထက်မှ ချင်းရှမ်နတ်တံခါး၏

အစုံအတားမှာလည်း လှိုင်းများပြင်းထန်စွာထလာလေ

တော့သည်။

အခန်း (၁၈၈) လူပြန်ဝင်စားခြင်း

တိုက်ပွဲမှာ ဆယ်မိနစ်ခန့် အချိန်ကြာခဲ့ပြီဖြစ်သည်။ ချင်းရှမ်

ခန်းမဆောင်အပြင်ဘက်တွင် တိုက်ပွဲကိုကြည့်ရှုနေကြသည့်

ကျင့်ကြံသူများမှာ ခေါင်းများပင် မူးနေပြီဖြစ်လေသည်။

ပိုင်စုဟွမ်၏ တန်ခိုးစွမ်းအားမှာ ကြောက်မက်ဖွယ်ရာ

ဖြစ်ကြောင်း သူတို့အားလုံး သိထားပြီးသားဖြစ်လေသည်။

သို့သော် ဆန်းလျန်၏တန်ခိုးစွမ်းအားများမှာလည်း သူ့ထက်
မသာလျှင်တောင် မလျော့ကြောင်း ယခုတော့ သိခဲ့ကြရပြီ။
ထို့ပြင် ဆန်းလျန် ကျင့်စဉ်လမ်းကို လျှောက်ခဲ့သည်မှာ အချိန်
တိုလေးမျှပင် ရှိသေးသည်။ ထိုမျှအချိန်တိုလေးဖြင့် ပိုင်စုဟွမ်
နှစ်ပေါင်းရာနှင့်ချီပြီး ကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများကို
ယှဉ်ပြိုင်နိုင်ခြင်းမှာ အံ့သြစရာကောင်းလှလေသည်။ အချို့
သူများမှာ ဆန်းလျန်သည်မကြာမီပင် မူလဝိညာဉ်ရအောင်
ကျင့်ကြံနိုင်ပြီး နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်
နိုင်မည်ဟု ယုံကြည်နေမိကြလေတော့သည်။ ဆန်းလျန်မှာ
အသက်တစ်ရာမပြည့်ခင်ပင် လောကနတ်ဘုရားတစ်ပါး
ဖြစ်လာနိုင်သည်မဟုတ်ပါလား။
အသက်တစ်ရာမပြည့်ခင် လောက နတ်ဘုရား အဆင့်တက်
ရောက်နိုင်ခဲ့သူမှာ ရှန်ဆန်းကျန်းရန် လုကျိုးယွမ်သာ ရှိလေ
သည်။

ဆန်းလျန်ကို လုကျိုးယွမ်နှင့် နှိုင်းယှဉ်ခြင်း မဟုတ်ပါ။

သို့သော် လုကျိုးယွမ်မှာလည်း ဆန်းလျန်ကဲ့သို့ ကျင့်စဉ်လမ်း

လျှင်မြန်ခဲ့သူတစ်ယောက် ဖြစ်သည့်အပြင် လုကျိုးယွမ် ဆန်း

လျန်၏ အသက်အရွယ်လောက်က ဆန်းလျန်လောက်ပင်

တန်ခိုးစွမ်းအား ကြီးမားနေပြီဖြစ်လေသည်။

ပိုင်စုဟွမ်မှာ ဆန်းလျန်ကို အချိန်တိုတိုနှင့် အနိုင်မရနိုင်ဖြစ်နေ

သည့်အတွက် အခက်တွေ့နေရလေတော့သည်။

ထိုစဉ်မှာပင်....

ကောင်းကင်ထက်တစ်နေရာတွင် အအေးဓာတ်များဖြစ်တည်

လာပြီး ကောင်းကင်တစ်ဝက်မှာ အေးခဲသွားလေသည်။

လေအေးများတိုက်ခတ်လာပြီး မိုးမြေစွမ်းအားများ ရပ်တန့်

သွားလေသည်။ ဆန်းလျန်နှင့် ပိုင်စုဟွမ်မှာ ဆက်လက်

တိုက်ခိုက်၍ မရတော့ဘဲ ရပ်တန့်လိုက်ရလေသည်။

ကောင်းကင်အောက်ရှိ ရေခဲပြင်တွင် ဓားရှည်တစ်လက်ကိုင်ထားသည့် မိန်းကလေးတစ်ယောက် လမ်းလျှောက်လာလေသည်။

သူမက အစိမ်းရောင်ဝတ်ဆင်ထားပြီး ချောမောလှပလွန်းလေသည်။ သူမက ခပ်တည်တည်ပင် ဖြည်းဖြည်းချင်းလမ်းလျှောက်လာလေသည်။ ဆန်းလျန်မှာ လွန်စွာမှ ချောမောသူတစ်ယောက်ဖြစ်ပါသည်။ သို့သော် ထိုမိန်းမပျိုကတော့ ဆန်းလျန်ထက် အဆပေါင်းများစွာ နှိုင်းရက်စရာမရှိအောင်ပင် လှပလွန်းလေသည်။ ဘယ်ပန်းချီရေးလို့မမီ ဆိုသည့် အလှတရားမျိုးပင်။

နေရောင်က မိန်းကလေးလျှောက်လာသည့် ရေခဲပြင်ပေါ်သို့ ဖြာကျနေပြီး ရေခဲပြင်မှာ ရောင်စုံတောက်ပနေလေသည်။ သို့သော် ထိုလှပသည့် ရှုခင်းမှာ အစိမ်းရောင်မိန်းကလေး၏ အလှတရားနှင့်ယှဉ်လျှင် မှိန်နှင့်မြေပမာ ကွာခြားလွန်းလေသည်။

ထိုအစိမ်းရောင်မိန်းကလေးမှာ ကျိုလင်နတ်သမီးတစ်ဖြစ်လဲ

ချင်းရှောင်းနတ်သမီးပင်ဖြစ်လေသည်။

ချင်းရှောင်းနတ်သမီး၏ မျက်ဝန်းများက အေးစက်နေပြီး

မျက်ဝန်းများက ကြယ်စင်ပမာ တစ်လက်လက်တောက်ပ

နေသည်။ သူမအကြည့်ကို ရင်ဆိုင်လိုက်ရသည်နှင့် ပိုင်စုဟွမ်

မှာ စိတ်ထဲတွင် တုန်လှုပ်သွားရသည်။

ပိုင်စုဟွမ်နှင့် ချင်းရှောင်းနတ်သမီးတို့မှာ မျိုးဆက်တစ်ခုတည်း

မှ ဆင်းသက်လာကြသည့် ဂိုဏ်းတူမောင်နှမများဖြစ်လေ

သည်။ ချင်းရှောင်းမှာ ကျင့်စဉ်လမ်းကို နှစ်ဘဝတိတိလျှောက်

လှမ်းခဲ့ပြီး နှစ်ဘဝလုံးတွင် နတ်ဘုရားအဆင့် တက်ရောက်နိုင်

ခဲ့သူဖြစ်လေသည်။ သို့သော် ပိုင်စုဟွမ်ကတော့ ယခုအချိန်ထိ

နတ်ဘုရားအဆင့် တက်ရောက်နိုင်ခြင်း မရှိသေးပေ။

ထို့ကြောင့် လောကတွင် သူမမြင်ချင်ဆုံးသူမှာ ချင်းရှောင်းပင်ဖြစ်

လေသည်။ သူမကို မြင်တိုင်း အရှက်ကွဲသကဲ့သို့ ခံစားရလေသည်။

ထို့ပြင် အစိမ်းရောင်ဝတ်ဆင်ထားသည့် ချင်းရှောင်းနတ်သမီးမှာ ခရမ်းရောင်ဝတ်ဆင်ထားသည့် ကျိုလင်နတ်သမီးကဲ့သို့ စိတ်ကောင်းဝင်နေသည့် နတ်ဒေဝါတစ်ပါးမဟုတ်ပေ။ ဒေါသထွက်နေပြီး စိတ်မထင်လျှင်မထင်သလို အချိန်မရွေး ထပြီး တိုက်ခိုက်မည့်သူဖြစ်လေသည်။

ဆန်းလျန်က သူမကို ဂါရဝပြုလိုက်ရင်း...

“ဆရာဘွားဘွားကို ဂါရဝပြုပါတယ်”

ဟု နှုတ်ဆက်လိုက်လေသည်။

ချင်းရှောင်းနတ်သမီးက ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ပိုင်စုဟွမ် ၊ မင်းက ဘယ်လိုကြောင့် ဆန်းလျန်နဲ့တိုက်ခိုက်နေရ တာလဲ ၊ သတ္တိရှိရင် ငါ့ဓားကို လာမြည်းကြည့်စမ်း"

သူမက ပိုင်စုဟွမ်ကို အေးစက်စွာ ပြောလိုက်လေသည်။

ပိုင်စုဟွမ်က သူ၏ဒေါသကို ထိန်းထားလိုက်ရင်း....

"ဆန်းလျန်က ချင်းရှမ်းနတ်တံခါးရဲ့ ဂိုဏ်းချုပ်အသစ်ဖြစ်လာ တော့မှာ ၊ သူက သိပ်ငယ်လွန်းတော့ ပြဿနာတွေ တက်လာ နိုင်တယ် ၊ ဒါကြောင့် သူ့တန်ခိုးစွမ်းအားကို စစ်ဆေးတဲ့အနေနဲ့ ကျုပ်က တိုက်ခိုက်နေတာ ၊ ဒါမှ အားလုံးလည်း သူ့ကို ဂိုဏ်းချုပ်အဖြစ် လက်ခံနိုင်မှာပေါ့"

တတ်နိုင်သမျှ ပေါ့ပေါ့ပါးပါးပုံဖြင့် ပိုင်စုဟွမ်က ပြန်ဖြေလိုက် သည်။

"ကြီးတာ ငယ်တာက ကျင့်စဉ်လမ်းမှာ ဘာအရေးပါလို့လဲ ၊ ဘယ်သူက အရင်ကျင့်စဉ်လမ်းအဆုံးထိလျှောက်လှမ်းနိုင် လဲဆိုတာပဲ အရေးပါတာ ၊ ဆန်းလျန်က အဲဒီသောက်ရူးတွေ

ထက် အဆတစ်ရာလောက်သာတယ်လေ ၊ ဆန်းလျန်ရဲ့

အရည်အချင်းကို မသိရအောင် သူတို့က ကန်းနေကြသလား”

ချင်းရှောင်းက အေးစက်စွာပြုံးရင်း ပြောလိုက်လေသည်။

ထို့နောက်တွင်တော့ ချင်းရှောင်းနတ်သမီးက လေထဲတွင်

ရပ်တန့်ရင်း ဓားကိုကိုင်မြှောက်လိုက်သည်။

“ဆန်းလျန် ဂိုဏ်းချုပ်လုပ်မှာကို မကျေနပ်တဲ့သူရှိရင် သူနဲ့လာ

တိုက်ခွင့်ရှိတယ် ၊ သိုင်းကွက်သုံးကွက်အတွင်း သူက မင်းတို့ကို

အနိုင်မယူနိုင်ဘူးဆိုရင် သူက ဂိုဏ်းချုပ်ဖြစ်ဖို့ မသင့်တော်လို့

ပဲ”

ချင်းရှောင်းနတ်သမီးက အေးစက်စွာပြောလိုက်သည်။

သူမ ကောင်းကင်ထက်တွင် ရှိနေသည့်တိုင် သူမ၏အကြည့်က

မြင်ရသူတိုင်းကို တုန်လှုပ်သွားစေလေသည်။

ထို့ပြင် သူတို့က ဆန်းလျန်နှင့် ပိုင်စုဟွမ်၏တိုက်ပွဲကို မြင်တွေ့

ပြီးသွားပြီဖြစ်သဖြင့် အရက်သမားတာအိုဆရာနှင့် ကယ်ယွမ်း

တို့မှလွဲပြီး ဆန်းလျန်ကို ယှဉ်နိုင်မည့်သူမရှိကြောင်း သဘောပေါက်သွားရပြီဖြစ်လေသည်။

အရက်သမားတာအိုဆရာနှင့် ဆရာသခင်ကယ်ယွမ်းတို့မှာလည်း ဆန်းလျန်ကို ဂိုဏ်းချုပ်ရာထူးပေးအပ်သည်ကို အစကတည်းက သဘောတူထားသူများဖြစ်ကြသည့်အပြင် ချင်းရှောင်းနတ်သမီး၏စကားကိုလည်း မသိချင်ယောင် ဆောင်နေကြလေသည်။

ထိုအချိန်တွင် ပိုင်စုဟွမ်မှာ ကျီဖူတောင်ရှိ သူ၏အဆောင်သို့ ပြန်သွားလေတော့သည်။ သူက ဆန်းလျန်ကို အချိန်ခဏလေးအတွင်းအနိုင်မယူနိုင်ခဲ့သည့်အပြင် ချင်းရှောင်းနတ်သမီးလည်းရောက်လာသည့်အတွက် မနေချင်တော့ဘဲ ပြန်သွားခြင်းဖြစ်လေသည်။

ကျန်းရှော့ရှီးသည် ကျောက်သလွန်ထက်တွင် ထိုင်နေသည်။ ချင်းရှောင်းနတ်သမီးကလည်း သူ့ဘေးတွင် ပလ္လင်ငယ်တစ်ခု

ဖန်ဆင်းပြီး ထိုင်နေလေသည်။ သူမက သူမ၏ဓားကို ရင်ခွင်ထဲတွင် ဖက်ထားပြီး မျက်လုံးများကို မှိတ်ထားလေသည်။ ချင်းရွှမ်နတ်တံခါးတွင် ဂိုဏ်းချုပ်ရာထူးထက် မြင့်မားသည့် ရာထူးမရှိပေ။ ထိုဥပဒေမှာ ဆရာဘိုးဘိုးယွမ်ချင်းကိုယ်တိုင် ချမှတ်ခဲ့သည့် ဥပဒေဖြစ်လေသည်။ ချင်းရှောင်းနတ်သမီးမှာ အစကတည်းက ထိုအမြင့်ဆုံးရာထူးနှင့် ဂုဏ်ပုဒ်ကို လိုချင်စိတ်ရှိသူမဟုတ်ပေ။ သူမက အချုပ်အနှောင်မရှိ လွတ်လပ်သည့်ဘဝကိုသာ လိုချင်သူ တစ်ယောက်ဖြစ်သည်။ ဆန်းလျန်နှင့် ပိုင်စုယွင်၏တိုက်ပွဲကြောင့် ဆန်းလျန်မှာ အားလုံး၏လေးစားမှုကို ရရှိခဲ့လေသည်။ ထို့ပြင် ချင်းရှောင်းလည်းပြန်ရောက်လာကာ ဆန်းလျန်ဘက်မှ ရပ်တည်ပေးခဲ့သည့်အတွက် မည်သူမှ ဆန်းလျန်ကို လူသိရှင်ကြား မဆန့်ကျင်ဝံ့တော့ပေ။

ကျင့်ကြံသူများမှာ ပကာသနများကို နှစ်သက်သူများမဟုတ်ကြသဖြင့် ဆန်းလျန်၏ ဂိုဏ်းချုပ်ရာထူးဆက်ခံပွဲမှာလည်း ရိုးရိုးရှင်းရှင်းနှင့်ပင် ပြီးဆုံးခဲ့လေသည်။

ချင်းရွှမ်နတ်တံခါးမှ ဂိုဏ်းသားအားလုံးက ဆန်းလျန်ကို ဂိုဏ်းချုပ်အဖြစ်အသိအမှတ်ပြုသည့်အနေဖြင့် ဂါရဝပြုကြပြီး ဆန်းလျန်လည်း သူတို့ကို နှုတ်ခွန်းဆက်စကားအနည်းငယ်ပြောခဲ့သည်။ အားလုံး ကိုယ်နေထိုင်ရာ တောင်ထိပ်များသို့ အသီးသီးပြန်သွားကြသည့်အခါတွက်တော့ ဆန်းလျန်က ဆရာသခင်ကျန်းရော့ရှီးကို အဖော်ပြုကာ ချင်းရွှမ်ခန်းမဆောင်တွင် နေခဲ့လေသည်။

နေကတဖြည်းဖြည်းဝင်သွားပြီဖြစ်သလို ဆရာသခင်ကျန်းရော့ရှီး၏ဘဝမှာလည်း ကုန်ဆုံးရန်နီးကပ်လာပြီ ဖြစ်သည်။ ဆန်းလျန်မှာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ဆရာသခင်ကျန်းရော့ရှီးကို ကြည့်နေလေသည်။ ဆရာသခင်ကျန်းရော့ရှီးသည်

အသက်ကိုမျှင်းမျှင်းရှူနေပြီး စကားလည်းမပြောတော့ပေ။

ဂိုဏ်းချုပ်ရာထူးကိုယူပြီးသည့်နောက်ပိုင်း ဆန်းလျှန်သည် အကောင်းဆုံးကြိုးစားမည့် လူငယ်လေးဖြစ်ကြောင်း ကျန်းရော့ရှီး ကောင်းစွာသိလေသည်။ ထို့ကြောင့် သူ့စိတ်ထဲတွင် ချင်းရွှမ်နတ်တံခါးအတွက် စိတ်ချသွားလေသည်။ သူ့ရင်ထဲတွင် တစ်ခါမှမခံစားဖူးသည့် ငြိမ်းချမ်းခြင်းကို ခံစားလိုက်ရလေသည်။

သူပင်ပန်းနေပြီဖြစ်ပြီး နောက်ဆုံးတော့ အနားယူခွင့်ရတော့မည်။

သူ့ခန္ဓာကိုယ်ပေါ်တွင် အလင်းရောင်တစ်ချက်ဖြတ်ပြေးသွားပြီး ဆရာသခင်က မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

"ဆရာဒေါ်လေး ကျုပ်သွားရတော့မယ့်အချိန်ကျပြီ"

ဟု သူကပြောလိုက်လေသည်။

"ဘာများပြောချင်တာရှိသေးလဲ"

ချင်းရှောင်းနတ်သမီးကမေးလိုက်သည်။

ယခုအချိန်တွင် ကျန်းရှော့ရှီးစဉ်းစားနေသူမှာ သူ၏ဂိုဏ်းတူညီ ယန်ရှီးအကြောင်းဖြစ်လေသည်။ ထိုညီငယ်သည် အရည်အချင်းပြည့်ဝသူတစ်ယောက်ဖြစ်ပြီး သူ့နေဖြင့် ညီငယ် ကို အလွန်မုန်းတီးနေခြင်း မရှိခဲ့ပေ။

"ယန်ရှီးသေသွားပြီလား"

သူက ဖြည်းဖြည်းချင်းမေးလိုက်သည်။

ချင်းရှောင်းနတ်သမီးက တစ်ချက်မျှစဉ်းစားလိုက်ပြီးမှ....

"မသေချာဘူး"

ဟု ပြန်ပြောလိုက်လေသည်။

"ဟုတ်လား ၊ သူ့လိုလူမျိုးက လှည့်စားမှုတွေနဲ့ပြည့်နေမှာပဲ ၊ ဒီ တစ်ကြိမ်လည်း သူလွတ်သွားပြန်ပြီထင်တယ်"

ဆရာသခင်ကျန်းရှော့ရှီးက သက်ပြင်းတစ်ချက်ချရင်း ပြော လိုက်လေသည်။

ချင်းရှောင်းနတ်သမီးက စကားပြန်မပြောတော့ပါ။ သူမက

ကျန်းရှော့ရှီး၏ စိတ်ခံစားချက်များ တည်ငြိမ်သွားအောင်

စောင့်ကြည့်နေလေသည်။

နေဝင်သွားပြီဖြစ်လေသည်။

မကြာမီ ညအချိန်ရောက်လာတော့မည်။

ချင်းရှောင်းနတ်သမီးက ဓားကိုကိုင်ကာ မတ်တပ်ရပ်လိုက်ပြီး

ဓားကို လေထဲသို့ ထိုးညွှန်လိုက်သည်။ လေထဲတွင် လှိုင်း

ဂယက်များထသွားပြီး အနက်ရောင်အပေါက်တစ်ခုပေါ်လာ

လေသည်။ ထိုအပေါက်ကို သာမန်မျက်စိဖြင့် မြင်တွေ့နိုင်မည်

မဟုတ်ပေ။

ဆရာသခင်ကျန်းရှော့ရှီး၏ တန်ခိုးစွမ်းအားများ ကုန်ဆုံးသွား

လေသည်။ နတ်ဘုရားဝိညာဉ်သည် သူ၏ ခန္ဓာကိုယ်ထဲမှထွက်

ခွာပြီး ချင်းရှောင်းနတ်သမီး "ဗလာနယ်ဖျက်ဓား" ကိုအသုံးပြု

ကာ ဖန်ဆင်းထားသည့် အနက်ရောင်အပေါက်ထဲသို့ ဝင်ရောက်

သွားလေတော့သည်။ ထိုအနက်ရောင်အပေါက်ထဲမှ ထူးဆန်းသည့် အနက်ရောင်အငွေ့များ ထွက်နေလေသည်။

ဆန်းလျန်၏ဝိညာဉ်မှာ တစ်ချက်လှုပ်ရှားသွားလေသည်။ သူကျင့်ကြံနေသည့် စိတ်ဝိညာဉ်များကိုထိန်းချုပ်နိုင်ခြင်းကျင့်စဉ်တွင် လျှို့ဝှက်ကျင့်စဉ်တစ်ခုပါလေသည်။ ထိုကျင့်စဉ်မှာ "အသူရာချောက်သို့ဆက်သွယ်ခြင်း" ဆိုသည့် ကျင့်စဉ်ဖြစ်လေသည်။ ထိုကျင့်စဉ်ကျင့်ကြံတိုင်း ထိုအနက်ရောင်အပေါက်ထဲမှ ထွက်လာသည့် အနက်ရောင်အငွေ့များဖုံးလွှမ်းနေသည့် လောကတစ်ခုကို ဆန်းလျန်၏ စိတ်အာရုံတွင် ခံစားမိလေသည်။

သူ၏ယင်ဝိညာဉ်စွမ်းအားသည် လူးလွန့်လာပြီး ထိုအပေါက်ထဲသို့ တိုးဝင်သွားရန် ဆန္ဒပြင်းပြလာလေသည်။ ထိုနေရာသည် သူ့အတွက် သေခြင်းရှင်ခြင်းမှ ကင်းလွတ်နိုင်သည့် အခြား

သောပုံသဏ္ဍာန်တစ်ခုကို ပေးတော့မည့် နေရာတစ်ခုအလား ခံစားရလေသည်။

"မင်းရော ဝိညာဉ်နတ်ဘုရားဖြစ်သွားချင်လား ၊ ငါမင်းကို အသူရာချောက်ကိုးထပ်ကို ပို့ပေးလို့ရတယ်"

ချင်းရှောင်းနတ်သမီးက အေးစက်ပြီးကြည်လင်သည့်အသံဖြင့် ပြောလိုက်သည်။

ဆန်းလျန်က သူ၏အတွေးများကို ပြန်စုစည်းလိုက်သည်။

"ဆရာဘွားဘွား ၊ ဆရာသခင်ရဲ့နတ်ဘုရားဝိညာဉ်ကို အသူရာချောက်ကိုးထပ်ကို ပို့လိုက်တာလား ၊ ဒါဆို သူ လူပြန်ဝင်စားလို့ ရမှာလား"

ဆန်းလျန်က မေးလိုက်လေသည်။

(အသူရာချောက်ဆိုတာ တကယ်တော့ မြေအောက်လောကကို ပြောတာပါပဲ ၊ ဘာသာပြန်သူက အသူရာချောက်လို့ပဲ ပြန်လေ့ ရှိလို့ အဲဒီအတိုင်းပဲ ဘာသာပြန်ပေးလိုက်ပါတယ်)

“သူက သံသရာလည်ခြင်းဘုံကိုရောက်သွားပြီ ၊ အဲဒီနေရာက အသူရာချောက်ကိုးထပ်ရဲ့အစိတ်အပိုင်းပဲ ၊ ကျီဖူတောင်အောက်မှာ စီးဆင်းနေတဲ့ ဝိညာဉ်မြစ်ကလည်း အသူရာချောက်ကိုးထပ်က စီးထွက်လာတဲ့ရေပဲ ၊ ဆရာဘိုးဘိုးယွမ်ချင်းဟာ အဲဒီမြစ်ရေထဲကို သူ့ရဲ့ဓားနဲ့တစ်ချက်ထိရုံနဲ့ အသူရာချောက်ကို ဆက်သွယ်နိုင်တယ် ၊ ကျန်းရော့ရှီး လူပြန်ဝင်စားနိုင်မလားဆိုတာကတော့ သူ့ရဲ့ကံတရားအပေါ်လည်းမူတည်တယ် ၊ ငါလုပ်ပေးနိုင်တာက သူသာ လူပြန်ဝင်စားဖို့ အခွင့်အရေးရရင် နောက်ဘဝကျရင် တခြားသတ္တဝါမဖြစ်ဘဲ လူ့ဘဝပြန်ရဖို့ပဲ လုပ်ပေးနိုင်တာ”

ချင်းရှောင်းနတ်သမီးက ရှည်လျားစွာ ရှင်းပြလိုက်လေသည်။ ချင်းရှောင်းက ထိုသို့ စကားအများကြီး ပြောခဲ့လေသည်။ သူမက ဆန်းလျန်ကို အဆုံးမရှိကျယ်ပြောသည့် စြက်ာဝဠာကြီး

အတွင်းမှ လျှို့ဝှက်ချက်တစ်ခုကို ပြောပြလိုက်ခြင်းမျှသာဖြစ်လေသည်။

"ငါ တစ်ယောက်တည်း တံခါးပိတ်တရားကျင့်ကြံမှုလုပ်တော့မယ်၊ ချင်းရွှမ်နတ်တံခါးရဲ့ အတွင်းရေးတွေရော အပြင်ကကိစ္စတွေရော မင်းပဲ ကိုင်တွယ်ရလိမ့်မယ်၊ မင်းမဖြေရှင်းနိုင်တဲ့ကိစ္စမျိုးကြုံလာခဲ့ရင် ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာ ငါ့ရဲ့ဆရာဦးလေးကို သွားရှာပါ"

ချင်းရှောင်းက ဆက်ပြောလိုက်လေသည်။

ပြောပြီးသည်နှင့် သူမသည် ခန်းမဆောင်ထဲမှ လက်ခနဲပျောက်ကွယ်သွားလေတော့သည်။ သူမ၏တန်ခိုးစွမ်းအားများမှာ ခန့်မှန်းရခက်လွန်းလှသည်။ သူမထွက်ခွာသွားသည်နှင့် မည်သည့်တန်ခိုးစွမ်းအားအငွေ့အသက်မှ ကျန်ရစ်ခဲ့ခြင်းမရှိပေ။ သို့မဟုတ် သူမ၏တန်ခိုးစွမ်းအားများမှာ ဆန်းလျှန်အာရုံခံနိုင်စွမ်းမရှိလောက်အောင် မြင့်မားနေခြင်းဖြစ်ပေလိမ့်မည်။

အခန်း (၁၈၉) အသူရာချောက်

ချင်းရှောင်းနတ်သမီးထွက်ခွာသွားသည်နှင့် ချင်းရွှမ်ခန်းမ
ဆောင်တစ်ခုလုံး တိတ်ဆိတ်သွားလေသည်။ အသံတစ်
စက်ကလေးပင် မကြားရတော့ပေ။ ဆရာသခင်ကျန်းရော့ရှီး
သည် ထိုသို့ တိတ်ဆိတ်သည့်ခန်းမဆောင်ထဲတွင် နှစ်ပေါင်း
များစွာ တစ်ယောက်တည်းထိုင်နေကာ ချင်းရွှမ်နတ်တံခါးကို
စောင့်ရှောက်နေခဲ့သူ ဖြစ်လေသည်။

ရှေးခေတ်အခါကတည်းက သူတော်စင်များသည် အမြဲတမ်း
တစ်ကိုယ်တည်း နေလေ့ရှိကြသည်။ ဆန်းလျန်၏ရင်ထဲတွင်
တော့ ဆရာသခင်ကျန်းရော့ရှီးသည် ဆရာသခင်တစ်ပါးသာ

မက သူတော်စင်တစ်ပါးလည်း ဖြစ်လေသည်။ ဆရာသခင်

ကျန်းရော့ရှီးမှာ နတ်ဘုရားတစ်ပါးမဟုတ်သည့်တိုင် သူယူခဲ့ရ

သည့်တာဝန်များ ၊ သူ၏စိတ်ဓာတ်ခိုင်မာခြင်းများကို ဆန်းလျ

န် နားလည်နိုင်စွမ်းမရှိသေးပါ။

ဆန်းလျန် ချင်းရှမ်နတ်တံခါးသို့စတင်ရောက်ရှိသည့်နေ့က

ကျင်းချင်းပြောပြသည့် ဇာတ်လမ်းကို သူ သတိရနေမိသည်။

ဆရာသခင်ကျန်းရော့ရှီးမှာ သာမန်တပည့်တစ်ယောက်မျှသာ

ဖြစ်လေသည်။ သူက ယခင်မျိုးဆက်ဆရာသခင်၏ အမိန့်အရ

ဝါးရုံတောထဲတွင် ဝါးပင်များကို ခုနစ်နှစ်တိုင်တိုင် ခုတ်ခဲ့ရ

သည်။ ဆရာသခင်ခိုင်းသည်ကို အပြစ်မတင် ၊ မငြင်းဆန်ဘဲ

ပြုလုပ်ခဲ့လေသည်။ ထိုကဲ့သို့ စိတ်နေစိတ်ထား ရှိသည့်အတွက်

ကြောင့်ပင် သူ့ဘဝတွင် အခက်အခဲများအားလုံးကိုကြံ့ကြံ့ခံ

ကာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်လေသည်။ ယန်ရှီးကြောင့်သာ

မဟုတ်လျှင် ဆရာသခင်သည် နတ်ဘုရားတစ်ပါးအဖြစ်

အဆင့်တက်ရောက်နိုင်မည် ဖြစ်လေသည်။ ယခုကဲ့သို့ ဘဝ သံသရာလည်ပတ်ခြင်းများကို ရင်ဆိုင်ကြုံတွေ့ရမည်မဟုတ်ပေ။

ဆန်းလျန်အတွေးထဲ နစ်မျောနေသည့်အချိန်တွင် ဆရာသခင် ကျန်းရော့ရှီး၏ ရုပ်အလောင်းသည် ကြယ်ပွင့်လေးများ အလား အသွင်ပြောင်းလဲသွားကာ သဘာဝတရားအတွင်းသို့ စီးဝင်ပေါင်းစပ်သွားလေတော့သည်။

ယခုနောက်ပိုင်းရာစုနှစ်များတွင် သူ၏ရုပ်ခန္ဓာတည်မြဲနေအောင် ဆရာသခင်သည် အမြင့်ဆုံးစွမ်းအားများ အသုံးပြုခဲ့ရလေသည်။ သူ၏နတ်ဘုရားဝိညာဉ်ထွက်ခွာသွားပြီးနောက် သူ၏ရုပ်ခန္ဓာသည် ဆက်လက်တည်မြဲခြင်းငှါ မစွမ်းသာတော့ပေ။ ဆရာသခင်၏ ရုပ်ခန္ဓာပျောက်ကွယ်သွားပြီးနောက် ဝတ်ရုံသာလျှင် ကျန်ရစ်ခဲ့လေသည်။

ဆန်းလျှန် သက်ပြင်းချလိုက်မိသည်။ ဆရာသခင်နှင့် ပြန်လည်ဆုံတွေ့ခွင့်ရမည်ဆိုလျှင်တောင်မှ ဆရာသခင်သည် ဆရာသခင်ကျန်းရော့ရှိး ဖြစ်နိုင်တော့မည်မဟုတ်ပေ။ ထို့အတူ ဆန်းလျှန်မှာလည်း အရင်အတိုင်းပင် ဆန်းလျှန်ဖြစ်နေနိုင်ဦးမည်လား မသေချာလှပေ။

ဆန်းလျှန်က ဆရာသခင်၏ ဝတ်ရုံကို ကောက်ယူလိုက်ပြီး ခန်းမဆောင်အနောက်ဘက်တွင် လှန်းထားလိုက်လေသည်။ ထို့နောက် ဆန်းလျှန်သည် ခန်းမဆောင်ထဲတွင် လှည့်ပတ်လမ်းလျှောက်ရင်း စဉ်းစားခန်း ဝင်နေလေတော့သည်။ ချင်းရှမ်နတ်တံခါး လောလောဆယ်ရင်ဆိုင်နေရသည့် ပြဿနာမှာ ဂိုဏ်းချုပ်တစ်ယောက်အဖြစ် သူ့ကိုအသိအမှတ်ပြုရန်မဟုတ်ပေ။ နောင်နှစ်ပေါင်းနှစ်ဆယ်တွင် ကျင်းပတော့မည့် "လင်ထိုင်" တာအိုပြိုင်ပွဲဖြစ်လေသည်။

ချန်ကျန့်မေရှိနေလျှင်တော့ ချင်းရွှမ်နတ်တံခါးမှာ လင်ထိုင်တာ

အိုပြိုင်ပွဲတွင် နောက်ဆုံးအဆင့်၌ကျန်ရစ်ခဲ့မည်မဟုတ်ပေ။

သို့သော် ချန်ကျန့်မေတစ်ယောက်တည်းအပေါ်တွင်

မျှော်လင့်ချက်ထားနေပြန်လျှင်လည်း သိပ်ပြီး လက်တွေ့မကျ

လှပေ။

လင်ထိုင်တာအိုပြိုင်ပွဲသည် လွန်ခဲ့သည့်အချိန်ကတော့ သိပ်ပြီး

အရေးမကြီးလှပေ။ မဟာပွဲတင်သံဗိမာန်မှ ကျင့်စဉ်များနှင့်

အခြားသော ထူးခြားဆန်းကျယ်မှုများသည် ကျင့်စဉ်လမ်း

အဆင့်ကိုးဆင့်အောင်မြင်ရန်အတွက် အရေးကြီးသည့်

အထောက်အပံ့များဖြစ်လေသည်။ သို့သော် အဓိကနတ်ဘုရား

ကျောင်းတော်ကြီးလေးခုတွင် ကျင့်စဉ်လမ်းအဆင့်ကိုးဆင့်ကို

အလျှင်အမြန်ပြီးမြောက်အောင် ကျင့်ကြံနိုင်ရန်အတွက်

အဆင့်ကျော်ပြီးကျင့်ကြံနိုင်သည့် ဖြတ်လမ်းနည်း မရှိပေ။

အမှန်တော့ လင်ထိုင်တာအိုပြိုင်ပွဲပြုလုပ်သည့်ရည်ရွယ်ချက်မှာ နတ်ဘုရားဂိုဏ်းများ၏ တန်ခိုးစွမ်းအားကို ပြသနိုင်ရန်သာဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးသည် ပြီးခဲ့သည့်ပြိုင်ပွဲတုန်းက ရှုံးနိမ့်ခဲ့ပြီးပြီဖြစ်သည့်အတွက် ယခုတစ်ခေါက်ထပ်မံရှုံးနိမ့်မည်ဆိုလျှင် တစ်လောကလုံးမှာ ချင်းရွှမ်နတ်တံခါးကိုအထင်သေးကြပေတော့မည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာအလွန်တန်ခိုးစွမ်းအားကြီးမားနေပြီဖြစ်သည်။ အားနည်းနေသည့် ချင်းရွှမ်နတ်တံခါးသည် နှစ်တစ်ရာအတွင်းမှာပင်ကျင့်ကြံသူလောကတွင် ဂုဏ်သတင်းမှေးမှိန်ကာ ပျောက်ကွယ်သွားနိုင်လေသည်။ ချင်းရွှမ်နတ်တံခါးပျောက်ကွယ်သွားသည်နှင့် နေရာဝင်ယူရန် အဆင်သင့်စောင့်နေသည့်သူမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းပင်ဖြစ်လေသည်။

ထိုပြဿနာကိုဖြေရှင်းနိုင်ရန်မှာ ချင်းရွှမ်နတ်တံခါးတွင်လောကနတ်ဘုရား တစ်ပါး သို့မဟုတ် နှစ်ပါးခန့် ပေါ်ထွက်လာ

မှသာ ဖြစ်နိုင်ပေလိမ့်မည်။ သို့သော် ချင်းရွှမ်နတ်တံခါး

အနေဖြင့် လောကနတ်ဘုရားများပေါ်ထွက်လာရန်မှာ ကံတရား

အပေါ်တွင်သာ မူတည်လေသည်။

ထို့ပြင် နှစ်နှစ်ဆယ်ဆိုသည့်အချိန်မှာလည်း အလွန်တိုတောင်း

သည့် အချိန်ကာလတစ်ခုဖြစ်သည့်အတွက် ချန်ကျန့်မေပင်

လျှင် တရားအလင်းပွင့်ကာ နတ်ဘုရားတစ်ပါးဖြစ်လာရန် မ

ဖြစ်နိုင်လောက်သေးပေ။

နတ်ဘုရားတစ်ပါးဖြစ်လာရန် မျှော်လင့်ချက်ရှိသူမှာ ပိုင်စုဟွမ်

သာရှိလေသည်။ သို့သော် ဆန်းလျန်က ပိုင်စုဟွမ်နှင့်ပတ်သက်

လျှင် အနည်းငယ်သတိထားနေရသည်။ အမှန်တော့ ဆန်းလျန်

ဂိုဏ်းချုပ်ရာထူးပေးအပ်ခံရခြင်းကို ပိုင်စုဟွမ်တားဆီးခြင်းမှာ

အကြောင်းပြချက်မခိုင်လုံပေ။

သို့သော် ထိုကိစ္စနောက်ကွယ်တွင် အကြောင်းတစ်ခုတော့ ရှိမည်ဖြစ်လေသည်။ ထိုအကြောင်းကို ဆန်းလျန်မသိသေးခြင်းသာ ဖြစ်နိုင်သည်။

ချင်းရွှမ်နတ်တံခါး အတွင်းကိစ္စများမှာတော့ ဆန်းလျန် ဘာမှ သိပ်ပြီး လုပ်ပေးစရာမလိုအပ်လှပေ။

သူ၏ဆရာဘွားဘွားလည်းဖြစ် ၊ ချင်းရွှမ်နတ်တံခါး၏ နတ်ဘုရားတစ်ပါးလည်းဖြစ်သည့် ကျိုလင်နတ်သမီးကိုသာ သူ့ဘက်က တတ်နိုင်သမျှ ကူညီပေးရမည်ဖြစ်လေသည်။ ဆန်းလျန်မှာလည်း အခက်ခဲဆုံးကျင့်စဉ်တစ်ခုဖြစ်သည့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဖြင့် ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးခုဖြင့် အောင်မြင်ထားသူဖြစ်သည့်အတွက် မည်သူ့ကိုမှ စိတ်ပူစရာမရှိလှပေ။ ချန်ကျန့်မေပင်လျှင် သူ့ကို ဆန့်ကျင်ဖို့ ကြိုးစားမည်မဟုတ်ပေ။

ထို့ကြောင့် ချင်းရှမ်နတ်တံခါး အတွင်းကိစ္စများမှာ ပုံမှန်လည်ပတ်သည်ကလွဲပြီး အခြားလုပ်စရာသိပ်ပြီးမရှိလှပေ။ ထို့ပြင် အားလုံးက ကျင့်ကြံသူများဖြစ်ကြသည့်အတွက် ကျင့်စဉ်လမ်းကိုသာ အာရုံစိုက်ကြသည့်သူများဖြစ်လေသည်။ သူတို့ကျင့်စဉ်လမ်းအခက်အခဲများနှင့် သူတို့ဟာသူတို့ အလုပ်ရှုတ်နေကြသည့်အတွက် ဆန်းလျန်အနေဖြင့် ဘာမှသွားပြီး အပိုအလုပ်များ လုပ်ပေးနေစရာမရှိပေ။ စည်းကမ်းတင်းကြပ်ရအောင်လည်း ဆန်းလျန်ကိုယ်တိုင်က စည်းကမ်းတင်းကြပ်သည့် ဂိုဏ်းချုပ်တစ်ယောက်မဖြစ်ချင်လှပေ။

ဆန်းလျန် ဂိုဏ်းချုပ်တာဝန်ကိုယူပြီးသည့်နောက် သူက ဖြစ်လာသမျှအခက်အခဲတိုင်းကို ကြံ့ကြံ့ခံကာ ဖြတ်သန်းနိုင်ဖို့ လိုလေသည်။ သို့သော် သူ၏အစီအစဉ်များမှာ ပြီးဆုံးခြင်းမရှိသေးပေ။ ထို့ပြင် သူ၏ကျင့်စဉ်လမ်းမှာလည်း လိုအပ်ချက်များရှိနေသေးသည်။ ထို့ကြောင့် သူ့အနေဖြင့် ပိုပြီး စွမ်းအား

ကြီးမားလာအောင် ကျင့်ကြံရန်လည်း လိုအပ်နေသေးသည်။ ပု ရှီးအဆင့်ကတော့ အချိန်တန်လျှင် အောင်မြင်သွားမည်ပဲဖြစ် လေသည်။ သို့သော် ဖော့ဝမ့်အဆင့်နှင့် နတ်ဘုရားအဆင့်တက် လှမ်းသည့်အဆင့်ကသာ ခက်ခဲမည်ဖြစ်လေသည်။ တရား အလင်းပွင့်ကာ နတ်ဘုရားတစ်ပါးဖြစ်မှသာ ကျင့်စဉ်လမ်း အောင်မြင်ပြီဟု ပြော၍ရမည်ဖြစ်လေသည်။

လက်ရှိအချိန်တွင်တော့ သူ၏တန်ခိုးစွမ်းအားများကို မြှင့်တင် နိုင်ရန်အတွက် လေ့လာမှုများပြုလုပ်ရမည်ဖြစ်လေသည်။

ထို့ကြောင့် ထိုက်ဝေ့ထိုင်ခန်းမဆောင်ဒုတိယထပ်သို့ သွားရောက်လေ့လာရန် သူဆုံးဖြတ်ထားလေသည်။ ထို့ပြင် ထိုက်ဝေ့ထိုင်ခန်းမဆောင်ကို စောင့်ရှောက်နေသည့် တာအို ဆရာမှာ ချင်းရှမ်နတ်တံခါး၏ နတ်ဘုရားသုံးပါးထဲမှ တစ်ပါး ဖြစ်ကြောင်း သူသိခဲ့ရပြီဖြစ်သည်။

ဆန်းလျန်၏ဆရာဘွားဘွား ကျိုလင်နတ်သမီးလည်း အပြစ်ရင်ဆိုင်ရကာ လူပြန်ဝင်စားသည့်အချိန်၊ အခြားသော နတ်ဘုရားတစ်ပါးကလည်း ဘယ်ဆီခရီးလွန်နေမှန်း မသိသည့်အချိန် ထို ထိုက်ဝေ့ထိုင်မှ နတ်ဘုရားသာမရှိလျှင် ချင်းရှမ်နတ်တံခါး ဒုက္ခရောက်သည်မှာ ကြာပြီဖြစ်လေသည်။

ထို့ပြင် ချင်းရှမ်နတ်တံခါးမှာ နှစ်ပေါင်းတစ်သောင်းခန့်သက်တမ်းရှည်ကြာသည့် နတ်ဘုရားကျောင်းတော်ကြီးတစ်ခုဖြစ်သည့်အတွက် လောကနတ်ဘုရားတစ်ပါးကသာ ထိုက်ဝေ့ထိုင်ခန်းမဆောင်ရှိ ကျမ်းစာများနှင့် ပန်းချီကားများကိုစောင့်ရှောက်နေခြင်းမရှိလျှင် ရှန်ဆန်းကျန်းရန်လုကျိုးယွမ်တို့ကဲ့သို့ အဆင့်မြင့် လောကနတ်ဘုရားများက မျက်စိကျလာမည်ဖြစ်လေသည်။

ဆန်းလျန်က ထိုက်ဝေ့ထိုင်ခန်းမဆောင်သို့ ချက်ချင်းမသွားချင်သေးပါ။ ဟိုင်သန်းအဆင့် တက်ရောက်ပြီးကတည်းက သူ

တောက်လျှောက် စိတ်ပင်ပန်းနေရလေသည်။ ဆရာသခင် ကျန်းရော့ရှီး ကွယ်လွန်သွားသည့်အတွက်လည်း သူ့မှာ ဝမ်းနည်းကြေကွဲနေဆဲဖြစ်သည်။

ဆရာသခင်ဆုံးပါးသွားပြီးသည့်နောက် ချင်းရွှမ်တောင်တစ်ခွင်တွင် နှင်းများကျဆင်းခြင်းမရှိတော့ပေ။ နှင်းများအရည်ပျော်နေပြီဖြစ်သော်လည်း ရာသီဥတုကတော့ အေးစက်နေဆဲဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးမှ ကျင့်ကြံသူများမှာ ရာသီဥတုကို ဂရုပြုသည့်သူများဖြစ်ကြသော်လည်း ပတ်ဝန်းကျင် ရာသီဥတု၏ အပူအအေး ပြောင်းလဲမှုကိုတော့ ခံစားနိုင်ကြလေသည်။

ချင်းရွှမ်မှတပည့်အများစုကလည်း ဂိုဏ်းချုပ်အသစ်ကို တိတ်တဆိတ်လေ့လာနေကြလေသည်။ အမှန်တော့ ဆန်းလျန် အနေဖြင့် ကျန်းလင်ရှန့်ကို အရေးယူမည်ဟု သူတို့က ထင်မှတ်

နေကြခြင်းဖြစ်သည်။ သို့သော် လပေါင်းများစွာကြာသည့်တိုင် ဆန်းလျန်က မည်သည့်အရေးယူမှုမှ ပြုလုပ်ခြင်းမရှိခဲ့ပေ။ ချင်းရွှမ်ခန်းမဆောင်သည် အေးစိမ့်နေလေသည်။ တိမ်များက လည်း ထူထပ်နေလေသည်။ တစ်ခါတစ်ရံ ဆန်းလျန်သည် ချင်းရွှမ်ခန်းမဆောင်အပြင်ဘက်ရှိ ကျောက်ဆောင်ထက်တွင် ရပ်နေပြီး အခြားသော တောင်ထိပ်လေးခုကို တိတ်တဆိတ် ကြည့်နေတတ်သည်။

ထိုလူငယ်ဂိုဏ်းချုပ်လေးသည် အတိတ်တစ်ချိန်က ကျင့်ကြံသူ ဂိုဏ်းတူညီအစ်ကို အချင်းချင်းအပေါ်တွင် ကျင့်စဉ်လမ်းနှင့် ပတ်သက်ပြီး အလွန်မှ ကူညီပေးခဲ့ဖူးလေသည်။ ထို့ကြောင့် သာမန်တပည့်များအနေဖြင့် ဆန်းလျန်ကို ခင်မင်ကြလေ သည်။ သို့သော် ဆရာသခင်အများစုကတော့ ဆန်းလျန်မှာ ကျင့်စဉ်လမ်းကို အလွန်မြန်ဆန်စွာ တက်ရောက်နိုင်သည့် ထူးခြားသည့်စွမ်းရည်ရှိသူတစ်ယောက်မျှသာဖြစ်သည်ဟု

သိရှိထားကြပြီး ဆန်းလျန်၏ စိတ်နေစိတ်ထားကို အပြည့်အဝ နားလည်ခြင်း မရှိကြသေးပေ။

ဆန်းလျန်သည် နှင်းများအရည်ပျော်ကျသွားသည်ကို တိတ်တဆိတ် ငေးကြည့်နေလေသည်။ ချင်းရွှမ်နတ်တံခါးသည် သူရောက်လာစအချိန်ကကဲ့သို့ ပြန်ဖြစ်သွားခဲ့ပြီဖြစ်လေသည်။ သို့သော် လူအချို့ကတော့ သူနှင့်အတူ မရှိတော့ပေ။ တာအိုဆရာစန်းဝမ့်နှင့် ဆရာသခင်ကျန်းရော့ရှီးသာမက သူ၏ဂိုဏ်းတူညီအစ်ကိုအချို့လည်း ကွယ်လွန်သွားခဲ့ကြပြီ။ ကျင့်စဉ်လမ်းဆိုသည်မှာ ခံစားချက်ထား၍ မရပေ။ လူတစ်ယောက်သည် ဘဝအဆုံးသတ်တော့မည်ဆိုလျှင် ကံတရားအတိုင်းသာဖြစ်ပြီး သေခြင်းတရားကို မည်သူမှ တားဆီး၍မရနိုင်ပေ။

ချမ်းမော့နှင့် ရှောင်ရှင်မှာ ကောင်းကင်ထက်တွင် ပျံသန်းရင်း ဆော့ကစားနေကြလေသည်။ မိုးမြေစွမ်းအားများကလည်း

ကောင်းမွန်လှသည့်အတွက် ရှောင်ရှင်က ချင်းရွှမ်နတ်တံခါးကို နတ်ပြည်ဟု ထင်နေပုံရလေသည်။ ချင်းရွှမ်နတ်တံခါးမှ နတ်ဘုရားစွမ်းအားများက ရှောင်ရှင်၏ကိုယ်ထဲမှ နတ်မိစ္ဆာစွမ်းအားများကို ဖျက်စီးပစ်လိုက်ပြီး အသစ်သောဝိညာဉ်စွမ်းအားများကို ရရှိစေသည့်အတွက် ရှောင်ရှင်မှာ ပိုပြီးဝိညာဉ်စွမ်းအားကောင်းလာခဲ့သည်။

ချမ်းမော့အတွက်တော့ ဆန်းလျန်မှာ ထိုက်ရှီးတန်ခိုးစွမ်းအားများစွာ ပြန်ဖြည့်ပေးထားရလေသည်။ သူကောင်းကင်ထက်တွင်ပျံသန်းနေလျှင်တော့ ဆန်းလျန်မှာ သူ၏အရိပ်ကိုပင် တွေ့မြင်ရခြင်းမရှိပေ။

ချမ်းမော့သည့် ဝိညာဉ်မြစ်ဆီသို့လည်း ပျံသန်းသွားတတ်လေသည်။ ဝိညာဉ်မြစ်ရေသည် သူ့အပေါ်တွင် လုံးဝသက်ရောက်မှုမရှိပေ။ ထိုမြစ်ရေက ချမ်းမော့၏အမွေးများကိုပင် ပိုပြီးလှပလာစေလေသည်။

ဝိညာဉ်မြစ်ရေမှာ အသူရာချောက်မှ မြစ်ဖျားခံလာသည့် မြစ်ရေဖြစ်လေသည်။ သို့သော် ချင်းရှမ်းနတ်တံခါးသို့ စီးဝင်လာသည့်အခါတွင်တော့ ချင်းရှမ်းနတ်တံခါးမှ နတ်ဘုရားစွမ်းအားများက မြစ်ရေကို သန့်စင်သွားစေလေသည်။ ထို့ပြင် ဝိညာဉ်ဆင့်ခေါ်သူကြောင့်လည်း အမျက်ဒေါသပြင်းထန်နေသည့် ဝိညာဉ်များ လုံးဝမရှိတော့ပေ။

ဝိညာဉ်မြစ်မှာ အသူရာချောက်မှ ခွဲထွက်လာသည့် မြစ်ငယ်လေးတစ်ခုမျှသာဖြစ်လေသည်။ အခြားနေရာများတွင်လည်း အခြားသော မြစ်ငယ်လေးများရှိနိုင်သေးသလို တစ်ဖက်ကမ်းကို မမြင်နိုင်လောက်အောင် ကျယ်ပြန့်သည့် မြစ်ကြီးတစ်ခုလည်း ရှိနေနိုင်သေးသည်။

……………………………………………

ယခုတွေ့နေရသည့်မြစ်ရေမှာ ချင်းရှမ်းနတ်တံခါးမှ ဝိညာဉ်မြစ်ရေထက် များစွာပိုပြီး ညစ်ပတ်လေသည်။ ထို့ပြင် ထိုမြစ်ရေထဲတွင် မရေတွက်နိုင်အောင်များပြားသည့် ဒေါသထွက်နေ

သည့် ဝိညာဉ်များကလည်း အော်ဟစ်နေကြလေသည်။ နှစ်ပေါင်းတစ်ရာကျော်ကြာထားသည့် တာအိုဆရာတစ်ပါးပင်လျှင် ဤနေရာသို့ရောက်လာလျှင် ကြောက်ရွံ့တုန်လှုပ်မိမည်ဖြစ်လေသည်။

ဤနေရာ၏ကောင်းကင်တွင် လရောင်မရှိသလို ကြယ်များလည်းမလင်းလက်ပါ။ ကောင်းကင်တစ်ခုလုံးက မှောင်မဲနေလေသည်။ အလင်းရောင်ဆို၍ မြစ်တွင်းသို့ပြုတ်မကျသေးသည့် ဒေါသထွက်နေသည့် ဝိညာဉ်များမှ ထွက်နေသည့် အလင်းရောင်သာ ရှိလေသည်။

အချို့သော ဒေါသထွက်နေသည့် ဝိညာဉ်များမှာ ဝိညာဉ်မြစ်ရေထဲမှ လွတ်မြောက်နိုင်ရန် ကူးခတ်နေကြလေသည်။ သူတို့ကမ်းခြေသို့ရောက်လာသည့်အချိန်တွင် မမြင်နိုင်သည့်အားတစ်ခုက သူတို့ကို ပြန်ဆွဲချသွားခြင်းကို ခံရလေသည်။

ထိုမမြင်ရသည့်စွမ်းအားမှာ သွေးနီရောင်ပလ္လင်တစ်ခုဆီမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ ထိုပလ္လင်ထက်တွင် ရေးထွင်းထားသည့်စာများမှာ အဓိပ္ပါယ်ဖော်ရန် ခက်ခဲလေသည်။ သို့သော် အနှိုင်းမဲ့မရဏကျင့်စဉ်ကို ကျင့်ကြံအောင်မြင်သွားလျှင်တော့ ထိုစာများ၏အဓိပ္ပါယ်ကို နားလည်နိုင်မည်ဖြစ်လေသည်။

အဖြူရောင်ဝတ်ဆင်ထားသည့်လူငယ်တစ်ယောက်သည် ထိုပလ္လင်ထက်တွင် ထိုင်နေလေသည်။ ထိုပလ္လင်မှာ သွေးနီရောင်တောက်ပနေလေတော့သည်။

အခန်း (၁၉၀) အသူရာကျမ်းစာ

ထိုလူငယ်၏ အဖြူရောင်ဝတ်ရုံမှာ နှင်းစကဲ့သို့ဖြူဆွတ်နေလေသည်။ ဖုံမှုန့်လေးတစ်စပင် စွန်းထင်းနေခြင်း မရှိပေ။ ထိုလူငယ်က ညစ်ပေနေသည့်ရေများကို စိုက်ကြည့်နေလေသည်။ သူ၏အကြည့်က အဆုံးမရှိ နက်ရှိုင်းနေလေသည်။

မြစ်တစ်ဖက်ကမ်း မြူခိုးများကြားတွင် ကြီးမားသည့် တောင်ကြီးတစ်တောင်ကို တွေ့မြင်နိုင်သည်။တောင်ကြီးမှာ အဆုံးမရှိဟုထင်ရလောက်အောင် မြင့်မားလွန်းလေသည်။

ထိုတောင်ကြီး၏တစ်ဖက်တွင် မြစ်တစ်စင်းရှိလေမလား ၊ သို့မဟုတ် ကုန်းမြေရှိမည်လားဆိုသည်ကို လူအများ သိချင်ကြမည်ဖြစ်လေသည်။ သို့သော် အဖြူရောင်ဝတ်လူငယ်ကတော့ ထိုတောင်ကြီး၏အခြားဘက်တွင် မည်သည့်အရာရှိသည်ကို ရှင်းရှင်းလင်းလင်းသိလေသည်။ အဘယ်ကြောင့်ဆိုသော် လွန်

ခဲ့သည့်နှစ်ပေါင်းများစွာက သူက ထိုတောင်ကြီးတစ်ဖက်မှ ဤနေရာသို့ ရောက်လာခဲ့ခြင်းကြောင့် ဖြစ်လေသည်။

လူအများမရောက်နိုင်သည့် ဒဏ္ဍာရီထဲမှ နေရာများစွာရှိလေသည်။ ထိုနေရာများမှာ မိုးနှင့်မြေကြားတွင် ဖြစ်တည်လာပြီး ရှေးကျကာ မပြောင်းမလဲတည်ရှိသည့်နေရာများဖြစ်လေသည်။

ထိုတောင်ကြီးမှာလည်း ထိုကဲ့သို့သော နေရာများထဲမှ တစ်ခုဖြစ်လေသည်။ ထိုတောင်ကြီးကို မည်သူမျှ တွေ့မြင်ဖူးကြခြင်းမရှိပေ။ ထိုတောင်ကြီး၏အမည်မှာ "ယင်းစန်း" တောင်ဖြစ်လေသည်။ ထိုတောင်ခြေတွင် အသူရာချောက်မှစီးထွက်နေသည့် ဝိညာဉ်မြစ်သည် အဆုံးမရှိစီးဆင်းနေလေသည်။

တောင်၏အလယ်တွင် တိမ်တိုက်များက ဝန်းရံနေသည်ကို တွေ့နိုင်လေသည်။ ထိုလူငယ်ကို "ယင်းစန်းတောင်မှ ယင်း" ဟု

သိကြလေသည်။ ထိုနေရာသည် ကောင်းကင်ကို မမြင်ရသည့် နေရာတစ်ခုဖြစ်လေသည်။

ဝိညာဉ်မြစ်ရေထဲမှ လွတ်မြောက်ရန်ကြိုးစားနေကြသည့် ဒေါသထွက်နေသည့်ဝိညာဉ်များကို အဝါရောင်မြစ်ရေထဲသို့ ပြန်ဆွဲချပြီးသည့်နောက် လူငယ်သည် သွေးနီရောင် အလင်းတန်းတစ်ခုအသွင်ပြောင်းလဲသွားလေသည်။ လူငယ်နှင့်အတူ သွေးနီရောင်ပလ္လင်ပါ ပျောက်ကွယ်သွားခြင်းဖြစ်လေသည်။ ထို့နောက် မိုက်တစ်ရာအဝေးတွင် ထိုလူငယ်ပြန်ပေါ်လာလေသည်။

ထိုနေရာမှာ မြစ်ကမ်းနံဘေးမှ စစ်တပ်စခန်းတစ်ခုဖြစ်လေသည်။

လူငယ်ပေါ်လာသည်နှင့် အစောင့်စစ်သည်က မေးလိုက်သည်။

"ခုရောက်လာတာဘယ်သူလဲ"

လူငယ်၏လက်ထဲတွင် သွေးနီရောင်လက်မှတ်လေးတစ်စောင် ပေါ်လာပြီး အစောင့်စစ်သည်ကို ပေးလိုက်သည်။ ထိုလက်မှတ် လေးဆီမှ ကြီးမားသည့်စွမ်းအားတစ်ခုထွက်ပေါ်နေပြီး အစောင့်စစ်သည်မှာ ထိုလက်မှတ်လေးကိုမြင်သည်နှင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

အစောင့်စစ်သည်က ချက်ချင်းပင် စခန်းထဲသို့ ပြေးဝင်သွားပြီး သူနှင့်အတူ စစ်သည်တော်တစ်စုကို ခေါ်လာလေသည်။

စစ်သည်တော်အုပ်စုကိုဦးဆောင်သူမှ သွေးနီရောင် ဝတ်ရုံကြီး ကို ရုံထားသည့် စစ်သူကြီးတစ်ယောက် ဖြစ်လေသည်။ ထို စစ်သူကြီးထံမှ ထွက်ပေါ်နေသည့်စွမ်းအားများမှာ ဟိုင်သန်း အဆင့်ကျင့်ကြံသူတစ်ယောက်နှင့် ညီမျှလေသည်။

ထိုစစ်သူကြီး၏မျက်နှာတစ်ချမ်းမှာ ပျက်စီးနေပြီး အတွင်းမှ အဖြူရောင်အရိုးများကိုပင် မြင်နေရလေသည်။ ထို့ကြောင့် သူ

ပြီးလိုက်သည့်အခါ လွန်စွာမှ ကြောက်မက်ဖွယ်ကောင်းလေ

သည်။ တစ္ဆေတစ်ကောင်အလားပင် ဖြစ်လေသည်။

"အသူရာချောက်လက်မှတ်ပါလား ၊ ညှော်သည်တော်က ဘယ်

ထူကျူအရှင်ရဲ့လက်အောက်ကလဲ ၊ ဒီကိုဘာလာလုပ်တာလဲ"

စစ်သူကြီးက မေးလိုက်သည်။

သူ၏လေသံကသာ လူငယ်ကို လေးစားသည့်ဟန် ဖြင့်ပြောနေ

ခြင်းဖြစ်လေသည်လည်း လူငယ်ကို စိုက်ကြည့်နေသည့်

အကြည့်များကတော့ ကြောက်မက်ဖွယ်ရာ ဖြစ်လေသည်။

စစ်သူကြီး၏ အတွေးကို ခန့်မှန်းရန် ခက်ခဲလွန်းလှသည်။

စစ်သူကြီး၏ဝတ်ရုံကြီးပေါ်တွင်လည်း ဓားဒဏ်ရာများ အများ

အပြားရှိလေသည်။ မိုးမြေစွမ်းအားအချို့မှာ ထိုဓားဒဏ်ရာ

များပေါ်တွင် ပျံ့သန်းနေကြလေသည်။ ထိုဝတ်ရုံမှာ သာမန်

ပစ္စည်းတစ်ခု မဟုတ်သည်မှာ သိသာလွန်းလှသည်။

စစ်သည်တော်များအားလုံးမှာလည်း ဝိညာဉ်စွမ်းအားများ တုန်ခါနေပြီး ချောင့်တုန့်အဆင့်ကျင့်ကြံသူများကဲ့သို့ စွမ်းအားရှိလေသည်။ အချို့သော စစ်သည်များမှာတန်ခိုးစွမ်းအား ပြင်းထန်ကြပြီး ချူးစန်းနှင့် ရုဟွအဆင့် ကျင့်ကြံသူများနှင့်ပင် အဆင့်ညီမျှကြလေသည်။

ထိုမျှလောက်သောလူအနည်းငယ်လေးမျှဖြင့်ပင် လူ့လောကတွင် နတ်ဘုရားဂိုဏ်းလေးတစ်ဂိုဏ်း တည်ထောင်နိုင်အောင် အဆင့်မြင့်မားကြလေသည်။

ထိုစစ်သည်တော်တပ်ဖွဲ့မှာ အသူရာချောက်မှ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏အစိတ်အပိုင်းတစ်ခုဖြစ်လေသည်။ ဝိညာဉ်မြစ်ကမ်းတစ်လျှောက်တွင် အသူရာချောက်မှ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏ စစ်တပ်စခန်းလေးများ အခုတစ်ရာခန့်ရှိလေသည်။ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှာ မိုးနှင့်မြေတွင် လွှမ်းမိုးမှုကြီးမားသည့် နတ်ဆိုးဂိုဏ်းကြီးတစ်ခုဖြစ်လေသည်။ သို့သော် သူတို့မှာ ယင်း

စန်းတောင်ကြီးကာဆီးထားသည့်အတွက် လူ့လောကသို့ သွားရောက်နိုင်ခြင်းမရှိကြပေ။

ရှန်ဆန်းကျန်းရန်လုကျိုးယွမ် နတ်ဘုရားဖြစ်ကာစအချိန်က ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏ စန်းလော်ခန်းမဆောင်သို့ ခိုးဝင်ကာ ကျမ်းစာတစ်ခုကို ခိုးယူရန် ကြိုးစားဖူးလေသည်။ သို့သော် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကို စောင့်ရှောက်နေသည့် ထူကျူအရှင်တစ်ပါးဖြစ်သည့် အရှင်ဝူကျန့်က တွေ့ရှိသွားကာ သူတို့နှစ်ယောက်တိုက်ခိုက်ခဲ့ကြလေသည်။ လုကျိုးယွမ်မှာ သူလိုချင်သည့် ကျမ်းစာကို ရရှိခဲ့ခြင်းမရှိပေ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှာ သူတို့ကိုယ်ပိုင် ထိပ်တန်းကျင့်စဉ်ပညာများဖြင့်ရပ်တည်နေသည့် ဂိုဏ်းတစ်ခုဖြစ်ပြီး လုကျိုးယွမ်ကိုပင် ဆန့်ကျင်နိုင်လေသည်။

သို့သော် ထူကျူအရှင်တစ်ပါးဖြစ်သည့် အရှင်ဝူကျန့်မှာ လွန်ခဲ့သည့် နှစ်ပေါင်းရှစ်ရာခန့်က ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့

လေသည်။ သူ၏နေရာကို တပည့်ဖြစ်သူ အရှင်ယိုကျန့်က ဆက်ခံခဲ့လေသည်။

ဟွမ်ချမ်နတ်ဆိုးဂိုဏ်းတွင် ဂိုဏ်းခွဲသုံးခုရှိလေသည်။ ထိုဂိုဏ်းခွဲသုံးခုကို "လမ်းခွဲသုံးခု" ဟု ခေါ်လေသည်။ ထိုလမ်းသုံးခုမှာ ငရဲ ၊ တစ္ဆေနှင့် တိရစ္ဆာန်တို့ဖြစ်လေသည်။ လမ်းခွဲတစ်ခုစီတွင် ထူကျူအရှင်တစ်ပါးစီရှိကြပြီး ထူကျူအရှင်များအားလုံးမှာ တန်ခိုးစွမ်းအားကြီးမားသူများ ဖြစ်ကြလေသည်။

တစ္ဆေလမ်းခွဲမှ ထူကျူအရှင်မှာ ဝိညာဉ်နတ်ဘုရားတစ်ပါးဖြစ်ပြီး ကျင့်ကြံခဲ့သည့်နှစ်ပေါင်းမှာ မရေတွက်နိုင်ပေ။ ထို့ကြောင့် သူ၏တန်ခိုးစွမ်းအားမှာလည်း ထူးခြားဆန်းကျယ်ပြီး မခန့်မှန်းနိုင်ပေ။

တိရစ္ဆာန်လမ်းခွဲမှ ထူကျူအရှင်မှာ နတ်မိစ္ဆာဂိုဏ်းမှဖြစ်ပြီး မဟာနတ်မိစ္ဆာဘုရင်အဆင့်သို့ ရောက်ရှိနေပြီဖြစ်လေသည်။

ထိုထူကျုံအရှင်မှာလည်း တန်ခိုးစွမ်းအားကြီးမားလွန်းလေသည်။

အရှင်ဝူကျန့်နှင့် အရှင်ယိုကျန့်တို့နှစ်ယောက်လုံးမှာ ငရဲမှ ထူကျုံအရှင်များဖြစ်ကြလေသည်။ သို့သော် အရှင်ယိုကျန့်မှာ အရှင်ဝူကျန့်လောက် တန်ခိုးစွမ်းအားကြီးမားခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် အရှင်ယိုကျန့်မှာ လူ့လောကသို့ တစ်ကြိမ်ခိုးပြီးသွားရောက်ခဲ့ရာမှ ဒဏ်ရာအပြင်းအထန်ရခဲ့ပြီး ထိုဒဏ်ရာမှာ ပြန်ကောင်းလာခြင်းမရှိတော့ပေ။

ဟွမ်ချွမ်နတ်ဆိုးစစ်တပ်မှာ ထူကျုံအရှင်သုံးပါးလုံး၏ အမိန့်ကို နာခံရလေသည်။ အမှန်တော့ လမ်းခွဲသုံးခု ၊ ထူကျုံအရှင်သုံးပါးနှင့် စစ်တပ်သုံးခု ရှိခြင်းဖြစ်လေသည်။ ထူကျုံအရှင်တစ်ပါးစီတွင် ကိုယ်ပိုင်စစ်တပ် တစ်တပ်စီရှိလေသည်။

တရားဝင်ထုတ်ပြန်ထားဝည့် ဥပဒေမဟုတ်သည့်တိုင်နားလည်မှုဖြင့် ထိုသို့ လုပ်ဆောင်ထားကြခြင်းဖြစ်သည်။

သို့သော်... အရှင်ယိုကျန့် ဒဏ်ရာအပြင်းအထန်ရသည့်အခါ တွင် သူ့လက်အောက်တွင် အင်အားကြီးသည့် စစ်သူကြီးများ မရှိကြတော့သလို စစ်သည်တော်များမှာလည်း အခြားသော အင်အားကြီးသည့် ထူကျူအရှင်များဆီသို့ ခိုဝင်သွားကြလေ သည်။ အချို့စစ်သူကြီးများမှာလည်း အခြားသော ထူကျူ အရှင်များလက်အောက်သို့မခိုဝင်သည့်တိုင် အရှင်ယိုကျန့်၏ စကားကို နားမထောင်ကြတော့ဘဲ ကိုယ့်ဟာကိုယ် အုပ်စုဖွဲ့ပြီး နေကြလေတော့သည်။

အမှန်တော့ စွမ်းအားကြီးသော စစ်သူကြီးများသည် အရှင်ယို ကျန့်ကို ဖြုတ်ချပြီး သူ၏နေရာကို ယူလိုကြခြင်းဖြစ်လေ သည်။

အခြား ထူကျူအရှင်နှစ်ပါးသာ သဘောတူလျှင် သူတို့က ငရဲ၏ ထူကျူအရှင် ယိုကျန့်ကို ဖြုတ်ချကြတော့မည် ဖြစ်လေ သည်။ သို့သော် အခြားသောထူကျူအရှင်နှစ်ပါးမှာ အတိတ်

တစ်ချိန်က ထူကျူုအရှင်ဝူကျန်နှင့် ဆက်ဆံရေးကောင်းမွန်သူများဖြစ်ကြသည့်အတွက် ထိုကိစ္စကို ခပ်မဆိတ်သာ နေကြလေသည်။

ထို့ကြောင့် ငရဲမှ နတ်ဆိုးစစ်တပ်မှာ အကြပ်အတည်းနှင့် ရင်ဆိုင်ရလေသည်။ နောက်ဆုံးတွင်တော့ ငရဲမှ စစ်သူကြီးများသည် အခြားသော ထူကျူုအရှင်များကို ဆက်သွယ်ခြင်း မပြုလုပ်ကြတော့ပေ။ မည်သူ့လက်အောက်မှ မဟုတ်ဘဲ သူတို့ဟာသူတို့ လွတ်လွတ်လပ်လပ်သာ နေကြလေတော့သည်။ အခြားသော ထူကျူုအရှင်များကလည်း ထိုသို့ ပရမ်းပတာဖြစ်နေသည်ကို မသိချင်ယောင် ဆောင်နေကြလေသည်။

တစ္ဆေမျက်နှာနှင့်စစ်သူကြီးမှာ သူ့ကို မည်သူမျှ အမိန့်မပေးသည့်တိုင် အကောင်းဆုံး လုပ်ဆောင်ခဲ့သူဖြစ်လေသည်။ ဝိညာဉ်မြစ်ရေမခမ်းချောက်သရွေ့ နတ်ဆိုးစစ်တပ်မှာလည်း အန္တရယ်ကင်းနေမည်ဖြစ်လေသည်။

ထို့ပြင် နတ်ဆိုးစစ်တပ်ဆိုသည်မှာ အသူရာချောက်ရှိ ဒေါသ ထွက်နေသည့် ဝိညာဉ်များမှ ဖြစ်တည်လာသည့် စစ်တပ်ဖြစ် လေသည်။ သို့သော် စစ်သည်တော်များမှာ သေဆုံးလေ့ရှိကြ သည့်အတွက် မြစ်ကမ်းပါးတစ်လျှောက်ရှိ ဟွမ်ချွမ်နတ်ဆိုး စစ်တပ်မှာ အမြဲတမ်း လူအင်အား ဖြည့်ရလေသည်။

ယခု စခန်းရှိ မျက်နှာတစ်ခြမ်းပျက်နေသည့် တစ္ဆေမျက်နှာနှင့် စစ်သူကြီးမှာ မည်သည့်ထူကျူအရှင်၏ လက်အောက်မှ မဟုတ်ပေ။

အဖြူရောင်ဝတ်လူငယ်လက်ထဲမှ အသူရာချောက်လက်မှတ် သည် သူ့ကို ထိတ်လန့်သွားအောင် မလုပ်နိုင်ပါ။ သူက ထို အသူရာချောက်လက်မှတ်မှာ မည်သည့် ထူကျူအရှင်က ပေးလိုက်သည့် လက်မှတ်လဲ ဆိုသည့်အချက်ကိုပင် သိချင်နေ ခြင်းဖြစ်လေသည်။

အသူရာချောက်လက်မှတ် ဆိုသည်မှာ ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်း၏ ဂိုဏ်းချုပ်ရှိစဉ်အချိန်တုန်းက ပြုလုပ်ထားသည့် လက်မှတ်ဖြစ်လေသည်။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏ နောက်ဆုံးဂိုဏ်းချုပ်သည် ညဏ်မမီ နိုင်လောက်သည့်တန်ခိုးစွမ်းအားများဖြင့် လူ့လောကကို ကျော် လွန်သွားပြီးသည့်နောက်ပိုင်း အသူရာချောက်၏ မူလကျင့်စဉ် ဖြစ်သည့် "အသူရာကျမ်းစာ" နှင့်အတူ ပျောက်ကွယ်သွားခဲ့ လေသည်။ ထိုအချိန်မှစပြီး ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှာ လမ်း ပျောက်ခဲ့ရလေသည်။

ဂိုဏ်းချုပ်မရှိတော့သည့်နောက်ပိုင်း ထူကျူအရှင်သုံးပါးက ဂိုဏ်းကို ယာယီအုပ်ချုပ်ထားသော်လည်း စည်းလုံးခြင်းလည်း မရှိတော့ဘဲ ပရမ်းပတာဖြစ်နေရကာ ယင်းစန်းတောင်ထိပ်မှ ဗုဒ္ဓဘာသာဂိုဏ်း၏ ဖိနှိပ်ခြင်းကိုလည်း များစွာခံကြရလေ သည်။

"ကျုပ်ရဲ့ဆရာက ထူကျူုအရှင် ယိုကျန့်ပါ ၊ အခု ဒီ စခန်းက ကျုပ်ရဲ့ အုပ်ချုပ်မှုအောက်ကို ရောက်သွားပါပြီ"

လူငယ်က တည်ငြိမ်စွာပြောလိုက်လေသည်။

"ကျုပ်တို့စခန်းက ထူကျူုအရှင်တွေရဲ့လက်အောက်ကပါပဲ ၊ မင်းက အရှင်ယိုကျန့်ရဲ့ တပည့်ဆိုမှတော့ မင်းရဲ့အမိန့်ကို မ နာခံနိုင်စရာမရှိပါဘူး ၊ မင်းနာမည်ဘယ်လိုခေါ်သလဲဆိုတာ သိ ပါရစေ"

တစ္ဆေမျက်နှာနှင့် စစ်သူကြီးက မေးလိုက်လေသည်။

လူငယ်က စစ်သူကြီးကို စိုက်ကြည့်လိုက်ရင်း....

"ကျုပ်နာမည်က ရဲ့လျိုယွင်ပါ ၊ ဒါပေမယ့် ဆရာက ကျုပ်ကို "မင်ဟာယ်" ဆိုတဲ့ နာမည် အသစ်ပေးထားတယ် ၊ ဒါပေမယ့် ကျုပ်က နာမည်တွေကို သဘောမကျဘူး ၊ ဒါ့ကြောင့် ကျုပ်ကို သခင်လေးလို့ ခေါ်နိုင်တယ် ၊ လောလောဆယ်တော့ ကျုပ် ဆိုလိုတဲ့ အဓိပ္ပါယ်ကို မင်းတို့ နားလည်ချင်မှ နားလည်မယ် ၊ ဒါ

ပေမယ့် ခုချိန်ကစပြီး မင်းတို့အားလုံး ကျုပ်အမိန့်တစ်ခုကိုပဲ နာခံကြရမယ်"

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ၊ ကျုပ်တို့အားလုံးက ဟွမ်ချွမ် နတ်ဆိုးဂိုဏ်းက လူတွေပဲ ၊ လူတစ်ဦးတစ်ယောက်ရဲ့အမိန့်ကိုပဲ နာခံဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး"

တစ္ဆေမျက်နှာနှင့် စစ်သူကြီးက ခက်ထန်စွာဖြင့် ပြောလိုက်လေသည်။

ထိုသို့ လေသံမာမာဖြင့် ပြောလိုက်ခြင်းမှာ ရဲ့လျိုယွင်မှာ ထူကျူးအရှင်ယိုကျန့်၏ တပည့် ဖြစ်သောကြောင့်ဖြစ်လေသည်။ လက်ရှိအချိန်တွင် ထူကျူးအရှင်ယိုကျန့်၏ အခြေအနေမှာ ဆိုးဝါးနေပြီး မည်သည့်စစ်သူကြီးကမှ သူ့ကို အရေးမလုပ်ကြတော့ပေ။ အရှင်ယိုကျန့်၏ သစ္စာအရှိဆုံးလူယုံများပင် သူ့ကို သစ္စာဖောက်ကုန်ကြပြီ ဖြစ်လေသည်။ မီးမရှိသည့်မီးဖိုကို ပူမှာကြောက်နေစရာ မလိုတော့ပေ။

"စိတ်မကောင်းစရာပဲ ၊ မင်းတော့ သေမင်းနဲ့ တွေ့ရတော့မယ်”

ရဲ့လျိုယွင်က သက်ပြင်းချရင်း ပြောလိုက်လေသည်။

ရဲ့လျိုယွင်က အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်သည့်အခါတွင်

တော့ သွေးနီရောင်အလင်းတန်းတစ်ချက် လင်းလက်သွားလေ

သည်။ တစ္ဆေမျက်နှာနှင့် စစ်သူကြီးမှာ ခုခံချိန်ပင် မရလိုက်

ပေ။ သွေးနီရောင်အလင်းတန်းက သူ၏ လည်ပင်းကို စက်ဝိုင်း

ပုံသဏ္ဍာန်ပိုင်းဖြတ်ပစ်လိုက်လေသည်။

တစ္ဆေမျက်နှာနှင့် စစ်သူကြီး၏ ဦးခေါင်းသည် မြေပြင်ထက်သို့

လိမ့်ဆင်းသွားလေသည်။ အစိမ်းရောင်အမျှင်တန်းလေးသည်

သူ၏ ကိုယ်ထဲမှ ထွက်ခွာသွားလေသည်။ ထိုအငွေ့လေးမှာ

သူ၏ ဝိညာဉ်ဖြစ်လေသည်။ ခန္ဓာကိုယ်မှာ ခဏတာ

အကြောဆွဲနေပြီးမှ ပေါက်ကွဲထွက်သွားလေသည်။ သွေးနီ

ရောင်အလင်းတန်းမှာ ရဲ့လျိုယွင်၏ အင်္ကျီလက်တွင်းသို့ ပြန်

ဝင်သွားလေသည်။

တစ္ဆေမျက်နှာနှင့် စစ်သူကြီးမှာ ဟိုင်သန်းအဆင့်ကျင့်ကြံသူ တစ်ယောက်နှင့် တန်ခိုးစွမ်းအား ညီမျှလေသည်။ သို့သော် ရဲ့ လျိုယွင်ကတော့ လွယ်လွယ်လေးပင် သုတ်သင်ပစ်ခဲ့လေပြီ။ အကယ်၍ ဆန်းလျန်သာ ဤနေရာတွင်ရှိနေမည်ဆိုလျှင် ရဲ့ လျိုယွင်၏ သွေးနီရောင်အလင်းတန်းမှာ ဆရာဘိုးဘိုးယွမ် ချင်း၏ ဓားဝိညာဉ်နှင့် ဆင်တူနေသည်ကို သတိပြုမိမည် ဖြစ် လေသည်။

အခန်း (၁၉၁) ငရဲလမ်းကျင့်စဉ်

တစ္ဆေမျက်နှာနှင့်စစ်သူကြီးကို ရဲ့လျိုယွင်သတ်ဖြတ်လိုက် သည့်နောက်ပိုင်း အခြားသော နတ်ဆိုးစစ်သူကြီးများမှာ ရဲ့လျို

ယွင်ကို ယှဉ်ပြိုင်တိုက်ခိုက်ရဲခြင်း မရှိကြတော့ပေ။ထို့ပြင် ဟွမ် ချွမ်နတ်မိစ္ဆာဂိုဏ်းမှာလည်း ပရမ်းပတာဖြစ်နေလေရာ နီးရာ ဓားကြောက်ရန်သာ ရှိတော့သည်။

နောက်ရက်များတွင်လည်း ရဲ့လျှိုယွင်သည် များစွာသော နတ်ဆိုးစစ်တပ်စခန်းများကို သိမ်းပိုက်လိုက်လေသည်။ အစ ပိုင်းတွင်တော့ စစ်တပ်စခန်းများက ခုခံကြသေးသော်လည်း နောက်ပိုင်းတွင်တော့ သွေးနီရောင်ပလ္လင်ထက်မှ နှင်းဖြူရောင် ဝတ်စုံရှင်လူငယ်၏အစွမ်းကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားကြပြီး များစွာသောစစ်သူကြီးများမှာ သူ့လက်အောက်သို့ ခိုဝင်သွားကြလေတော့သည်။

စစ်သူကြီးများ၏ အတွေ့အကြုံအရ ရဲ့လျှိုယွင်၏ တန်ခိုး စွမ်းအားမှာ ငရဲလမ်းကျင့်စဉ် တန်ခိုးစွမ်းအား ဖြစ်ကြောင်း သိရှိကြလေသည်။ ထူကျူုအရှင်ဝူကျန့်ပင် ထိုကျင့်စဉ်ကို အမြင့်ဆုံးအဆင့်ရောက်အောင် ကျင့်ကြံနိုင်ခြင်းမရှိခဲ့ပေ။ ထို

တန်ခိုးစွမ်းအားမှာ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှ ပျောက်ဆုံးနေသည့် အသူရာကျမ်းစာထဲမှ ကျင့်စဉ်တစ်ခု ဖြစ်လေသည်။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှ ပထမဆုံးမျိုးဆက် ဂိုဏ်းချုပ်သည် အမှတ်မထင် မရဏာဓားတစ်လက်ကို တွေ့ရှိခဲ့ပြီး ထိုဓားဖြင့် လူ့လောကနှင့် ကြယ်စင်များအထိပါ ထိုးဖောက်ဝင်ရောက်ခဲ့လေသည်။ နဂါးငွေ့တန်းရှိ သက်ရှိ သိန်းပေါင်းတစ်ထောင်သည် ထိုဓားဖြင့် သတ်ဖြတ်ခံခဲ့ရပြီးသည့်နောက် ငရဲလမ်းကျင့်စဉ်တန်ခိုးစွမ်းအားကို ရရှိခဲ့လေသည်။

ထိုတန်ခိုးစွမ်းအားမှာ တိကျသည့် တန်ခိုးစွမ်းအားတစ်ခု ဖြစ်သည်။ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းချုပ်တိုင်းတွင် ထိုတန်ခိုးစွမ်းအားရှိကြလေသည်။ သို့သော် ထူကျူးအရှင်ဝူကျန့်မှာ နောက်ဆုံးဂိုဏ်းချုပ်ထံမှ ထိုပညာကို လက်ဆင့်ကမ်းရရှိခဲ့ခြင်း မရှိပေ။

အရှင်ဝူကျန့်သည် တန်ခိုးစွမ်းအားကြီးမားလွန်းသည့်တိုင် ငရဲ

လမ်းကျင့်စဉ်ကို မကျင့်ကြံခဲ့ရသည့်အပြင် အသူရာကျမ်းစာ

ကိုလည်း ရရှိခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ဟွမ်ချွမ်နတ်ဆိုး

ဂိုဏ်းချုပ် ပျောက်ကွယ်သွားပြီး သည့်နောက် အရှင်ဝူကျန့်မှာ

လည်း ထူကျူးအရှင်သုံးပါးတွင် စွမ်းအား အကြီးမားဆုံးဖြစ်

သည့်တိုင် ဂိုဏ်းချုပ်နေရာကို ဆက်ခံခွင့် မရခဲ့ရှာပေ။

အလွန်ဝေးကွာလှသည့် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းတွင် တန်ခိုး

စွမ်းအားများ မြင့်မားနေသည့် ရဲ့လျိုယွင် အကြောင်းကိုသာ

ဆန်းလျန်သိရပါက နားမလည်နိုင်ဖြစ်နေရမည်ဖြစ်လေသည်။

....

ဆန်းလျန်သည် ကောင်းကင်ပြာကြီးကိုမော့ကြည့်ရင်း အသံ

ခပ်တိုးတိုးဖြင့်မေးလိုက်သည်။

"ဂိုဏ်းတူအစ်မ ၊ ဆရာဘွားဘွားရဲ့ ဒဏ်ရာဘယ်လိုနေသေး

လဲ"

ဆန်းလျန်၏ အမေးစကားဆုံးသည်နှင့် မနီးမဝေးတစ်နေရာရှိ ငေါထွက်နေသည့် ကျောက်စောင်တစ်ခုထက်တွင် ကူးချိုင်ဝေ့ ပေါ်လာလေသည်။ သူမက အဝါနုရောင်ဝတ်စုံကိုဝတ်ဆင်ထား ပြီး သူမ၏ဝတ်ရုံမှာ လေထဲတွင် လွင့်ပျံနေလေသည်။ သူမ၏ပုံသဏ္ဌာန်မှာ လေထဲသို့ ပျံဝဲထွက်ခွာသွားတော့မည့် အလား ဖြစ်လေသည်။ သို့သော် သူမက ပျံဝဲထွက်ခွာသွားခြင်း မရှိပါ။

အသက်ဓာတ်စွမ်းအားများမှာ သူမဘေးတွင် ဝန်းရံနေကြလေ သည်။ သို့သော် ကူးချိုင်ဝေ့ဆီသို့ရောက်မလာဘဲ မနီးမဝေး တွင် ဝန်းရံနေကြခြင်းဖြစ်လေသည်။ ထိုသို့ဖြစ်ရသည်မှာ ကူး ချိုင်ဝေ့က ဝေးကွာစေရန် တားဆီးထားသည့်အတွက်ဖြစ်လေ သည်။ ကျင့်စဉ်လမ်းကိုနားလည်နေပြီဖြစ်သည့်ဆန်းလျန်က ကူးချိုင်ဝေ့မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ "ပြီးပြည့်စုံ သည့်ယွမ်မန်" အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိလိုက်

လေသည်။ သို့သော် ကူးချိုင်ဝေ့ကတော့ သိရှိခြင်းမရှိသေး

ပေ။

စြက်ာဝဠာနှင့် သူမကြားတွင် မမြင်ရသည့်အတားအဆီးတစ်ခု

ခြားနေပြီး ထိုအတားအဆီးကို သူမထိုးဖောက်နိုင်ခြင်းမရှိသေး

ပေ။

ကူးချိုင်ဝေ့ထက် ဆန်းလျှန်သာသွားရသည့်အချက်မှာ

သူ၏ဝိညာဉ်စွမ်းအားကြောင့် ဖြစ်လေသည်။ စိတ်အာရုံများကို

ထိန်းချုပ်နိုင်ခြင်းစာအုပ်မှ ကျင့်စဉ်များက ဆန်းလျှ

န်၏ဝိညာဉ်စွမ်းအားကို အလွန်အားကောင်းစေပြီး စြက်ာဝဠာ

သို့ထိုးဖောက်ရာလမ်းကို သိမြင်နိုင်ခဲ့လေသည်။

သိမ်မွေ့ပြီး ဆွဲဆောင်မှုရှိသည့် မိန်းမပျိုသည် ကျင့်စဉ်လမ်း

အဆင့်တက်ရောက်နိုင်ခြင်းမရှိသည့်အတွက် စိတ်ပျက်

အားလျော့ခြင်းမရှိသလို စိတ်ဓာတ်ကျခြင်းလည်းဖြစ်ပုံမပေါ်

ပေ။ သူမသည် ကျောက်ရှောင်ယွီလောက် ဆွဲဆောင်မှုမရှိသည့်

တိုင် သူမ၏အလှက တစိမ့်စိမ့်ထိုင်ကြည့်လေ လှလေဆိုသည့် အကြည့်ခံသည့် အလှမျိုးဖြစ်လေသည်။

သူမ ရုပ္ပအဆင့်မှ ရှေ့မဆက်နိုင်ဖြစ်နေသည်မှာ ချန်ကျန့်မေ ထက်ပင် ကြာနေပြီဖြစ်လေသည်။ သို့သော် သူမအသက်ကို မည်သူမျှ မခန့်မှန်းနိုင်လောက်အောင် နုပျိုငယ်ရွယ် လှပလေ သည်။

ကူးချိုင်ဝေ့က ဆန်းလျန်ကို လှမ်းကြည့်လိုက်သည်။ သူမ နှစ် ပေါင်းများစွာသင်ပြပေးခဲ့ရသည့် မောင်ငယ်လေးသည် ယခု တော့ ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ပင် ဖြစ်နေခဲ့ပြီ။ ထို လူငယ်လေးသည် စရိုက်လက္ခဏာမှာ ဆရာသခင်ကျန်းရှော့ ရှီး၏ စရိုက်လက္ခဏာနှင့် တူလွန်းလှပြီး ကိစ္စရပ်တိုင်းအပေါ် တွင် ခန့်မှန်းတွက်ချက်နိုင်စွမ်း မြင့်မားလွန်းလှလေသည်။

“ဆရာဘွားဘွား ဒဏ်ရာရနေတာ မင်းဘယ်လိုသိတာလဲ”

သူမက ပြန်မေးလိုက်သည်။

လွန်ခဲ့သည့်ရက်အနည်းငယ်ခန့်က သူမနှင့် ဆရာဘွားဘွား တွေ့ဆုံပြီးသည့်နောက်ပိုင်း ဆရာဘွားဘွား ဒဏ်ရာရထားသည် ကို သူမသိခွင့်ရခဲ့သည်။ ထိုအကြောင်းကို သူမကလည်း ဆန်း လျှန်ကို ပြောပြရန် ရည်ရွယ်ထားပါသည်။ ကျိုလင်နတ်သမီး သို့မဟုတ် ချင်းရှောင်းနတ်သမီးသည် နတ်ဘုရားအဆင့်ကို နှစ် ဘဝတိုင်တိုင် အောင်မြင်အောင် တက်ရောက်နိုင်ခဲ့သူဖြစ်လေ သည်။ ထိုသို့တက်ရောက်နိုင်ရန်မှာ လွန်စွာမှ ခက်ခဲပြီး ရှားပါး သည့်ဖြစ်ရပ်တစ်ခုလည်းဖြစ်လေသည်။ သူမအနေဖြင့် အောင်ပွဲခံသင့်လေသည်။ သို့သော် သူမက ချင်းရှမ်နတ်တံခါး သို့ ပြန်ရောက်သည်နှင့် ဆရာတစ်ယောက်တာဝန်ကျေစွာ ဆန်းလျှန်ကို ထောက်ခံပေးခဲ့ပြီး ချက်ချင်းပင် တံခါးပိတ် ကျင့်စဉ်ကျင့်ရန် ဆုံးဖြတ်ခဲ့လေသည်။ အားလုံးက ကျိုလင် နတ်သမီးမှာ လျှို့ဝှက်ကျင့်စဉ်တစ်ခုခုကျင့်ကြံရန် တံခါးပိတ်

လေ့ကျင့်သည်ဟုသာ ထင်မိကြပြီး မည်သူမျှ သူမကို ဒဏ်ရာ ရရှိထားသည်ဟု မသိကြပေ။

အဘယ်ကြောင့်ဆိုသော် သူမကဲ့သို့သော လူမျိုးကို ဒဏ်ရာ ရအောင် တိုက်ခိုက်နိုင်ရန်မှာ လွန်စွာမှ ခက်ခဲသောကြောင့်ဖြစ် လေသည်။

"ကျွန်တော်လည်း ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံနေတဲ့ ကျင့်ကြံသူတစ်ယောက်ပဲလေ အစ်မရယ်၊ အဲဒီနေ့က ချင်းရှမ် ခန်းမဆောင်ထဲမှာ ဆရာဘွားဘွားရဲ့အသက်ရှူသံတွေက သိပ် ပြီးမတည်ငြိမ်ဘူး၊ ပြီးတော့ ဆရာသခင် လူပြန်ဝင်စားလို့ ရအောင် ဗလာနယ်ဖျက်ဓားကိုအသုံးပြုပြီး အသူရာချောက်ကို သွားတဲ့ဝင်ပေါက်ကို ဖွင့်ခဲ့တယ်၊ ဆရာဘွားဘွားရဲ့ဓားသိုင်းက တကယ့်ကို အံ့သြစရာပါပဲ၊ ဒါပေမယ့် ဒီဓားချက်ကို ကျွန်တော် ထျန်းတိကျန်းကနေ အသေးစိတ်ပြန်ကြည့်တဲ့အခါ မှာ ဗလာနယ်ဖျက်ဓားသုံးဖို့ ဆရာဘွားဘွား တော်တော်

အားစိုက်ထားရတယ်၊ နတ်ဘုရားတစ်ပါးအနေနဲ့ဆိုရင် အဲဒီ
လောက်အားစိုက်စရာမလိုဘူးလေ၊ ဆရာဘွားဘွားဒဏ်ရာ
အပြင်းအထန်ရခဲ့လို့သာ သူမရဲ့တန်ခိုးစွမ်းအားရဲ့ ဆယ်
ရာခိုင်နှုန်းလောက်ပဲ သုံးရမယ့် ဓားသိုင်းကို အရမ်းအားစိုက်
ထားရတာပေါ့”

ဆန်းလျန် ကပြန်ပြောလိုက်သည်။

ကူးချိုင်ဝေ့က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း....

“ဆရာသခင်ကျန်းရော့ရှီးဟာ တကယ် လူရွေးမှန်တာပဲ၊ မင်း
ဟာ ဒီလောက်တောင်မှ အရာရာကို အသေးစိတ်ဂရုစိုက်တတ်
တယ်၊ မင်းရဲ့လက်ထက်မှာ ချင်းရှမ်ဟာ ပြန်လည် ဦးမော့လာ
နိုင်မယ်ထင်ပါရဲ့၊ ဒါပေမယ့် ဆရာဘွားဘွား ဒဏ်ရာရတဲ့ကိစ္စ
ကိုတော့ လျှို့ဝှက်ထားသင့်တယ်၊ ခုချိန်က အရမ်းအန္တရယ်
များတဲ့အချိန် ဖြစ်နေတယ်လေ”

ဟု ပြောလိုက်လေသည်။

"အစ်မ ၊ ကျွန်တော့်တို့ ဘယ်သူ့ကိုမှ ဘာမှဖုံးကွယ်ထားစရာ မလိုပါဘူး ၊ ကျွန်တော်တို့ လုပ်သင့်တာကို ဆက်လုပ်ကြတာပေါ့ ၊ ပြီးတော့ ဆရာဘွားဘွား နတ်ဘုရားအဆင့်မတက်ခင်က လည်း ဒီလိုပဲနေလာခဲ့ကြတာမလား ၊ ဒါနဲ့ ဆရာဘွားဘွားကို ဒဏ်ရာရအောင်လုပ်နိုင်တာ ဘယ်သူများလဲ ၊ အစ်မက ကျွန်တော့်ကို လျှို့ဝှက်ထားဦးမလို့လား ၊ ဒါပေမယ့် ကျွန်တော်သိပ်ပြီးသိချင်တာပဲ ၊ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက နတ်ဘုရားငါးပါးထဲက ဘယ်နတ်ဘုရားလုပ်လိုက်တာလဲဟင်"

အခြားသောနတ်ဘုရားတစ်ပါးပါးဖြင့် ယှဉ်ပြိုင်ရင်း ထိုသို့ ဒဏ်ရာရလာခြင်းဖြစ်လျှင် ဆန်းလျန်အနေဖြင့် ထိုမျှလောက် စဉ်းစားမည်မဟုတ်ပေ။ သို့သော် မည်သူမျှ နတ်ဘုရားတစ်ပါးကို အကြောင်းမရှိဘဲ တိုက်ခိုက်မည်မဟုတ်ပေ။ အထူးသဖြင့် နတ်ဘုရားတစ်ပါးကို သတ်ရန်မဖြစ်နိုင်မှန်းသိရက်ဖြင့် မည်သူမျှ ထိုသို့ အဓိပ္ပါယ်မဲ့လုပ်ရပ်ကို လုပ်မည်မဟုတ်ပေ။

ထို့ကြောင့် ဆရာဘွားဘွားကို ဒဏ်ရာရစေသူမှာ စည်းစောင့်ခြင်းမရှိသည့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ လောကနတ်ဘုရားငါးပါးသာ ရှိလေသည်။ ထို့ပြင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းနှင့် ချင်းရှမ်နတ်တံခါးမှာ ရန်သူတွေဖြစ်သွားပြီမှာ သိသာထင်ရှားနေပြီဖြစ်သည်။

ကူးချိုင်ဝေ့က အတန်ကြာတိတ်ဆိတ်နေပြီးမှ ပြောလိုက်သည်။

"ဆရာဘွားဘွားကို တိုက်ခိုက်တဲ့သူက တာအိုဆရာ တုန်းဖုန်းပဲ ၊ ဆရာဘွားဘွားက သူ့ရဲ့ ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာနဲ့ တိုက်ခိုက်ခံရလို့ ဒဏ်ရာရခဲ့တာ ၊ အတော်လေးပြင်းထန်တယ်ထင်တယ် ၊ ပြန်ကောင်းဖို့အတွက် ဆယ်နှစ်လောက်တော့ကြာလိမ့်မယ် ၊ အစ်မလည်း အဲဒီကိစ္စတွေမင်းကို ပြောပြဖို့ ရောက်လာတာပါ ၊ ခုဆို ဆရာဘွားဘွားက ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ရဲ့ အနက်ရှိုင်းဆုံးအဆင့်ကို စပြီးလေ့ကျင့်နေပြီ ၊ သူတံခါးပိတ်

လေ့ကျင့်တာမပြီးမချင်း အစ်မတို့သူ့ကို နှောင့်ယှက်လို့မဖြစ်ဘူး”

ထိုက်ရှီးအနက်ရှိုင်းဆုံးအဆင့်မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ ထူးခြားသည့်အဆင့်တစ်ခုဖြစ်လေသည်။ နတ်ဘုရားတစ်ပါးဖြစ်ပြီးမှသာလျှင် ထိုကျင့်စဉ်ကို ကျင့်၍ရနိုင်မည်ဖြစ်သည်။ ထိုအဆင့်အောင်မြင်သည်နှင့် မိုးနှင့်မြေတွင်ပြိုင်ဘက်ကင်းနတ်ဘုရားတစ်ပါး ဖြစ်သွားမည်ဖြစ်လေသည်။ ထိုကျင့်စဉ်အောင်မြင်သည်နှင့် အမီအခိုကင်းသွားပြီဖြစ်ပြီး အသစ်သောစကြာဝဠာများကိုလည်း တွေ့ရှိလာနိုင်မည်ဖြစ်သည်။ အဆုံးမရှိသည့်စကြာဝဠာများထဲသို့ အကန့်အသတ်မရှိသွားလာနိုင်ပြီး အသက်ဓာတ်စွမ်းအားကိုလည်း အကန့်အသတ်မရှိ ထိန်းချုပ်ထားနိုင်မည်ဖြစ်လေသည်။

သို့သော် ကျိုလင်နတ်သမီးသည် ဒဏ်ရာပြန်လည်သက်သာလာရန်အတွက် အနက်ရှိုင်းဆုံးထိုက်ရှီးအဆင့်မှ စွမ်းအားများကို စုပ်ယူရန်လိုသေးသည်။

"ကွမ်းချင်းနတ်ဘုရားဂိုဏ်းက နတ်ဘုရားငါးပါးထဲမှာ တာအိုဆရာတုန်းဖုန်းက အရမ်းတန်ခိုးစွမ်းအားမြင့်မားတဲ့ နတ်ဘုရားတစ်ပါးထဲမှာတော့ မပါဘူး ၊ သူက ဆရာဘွားဘွားနဲ့သာထိပ်တိုက်ရင်ဆိုင်မယ်ဆိုရင် ဆရာဘွားဘွားကို နိုင်စရာအကြောင်းမရှိဘူး"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း တိုးတိတ်စွာဆိုသည်။

ဆန်းလျန်၏ စကားကြောင့် ကူးချိုင်ဝေ့ရင်ထဲတွင် နင့်သွားရလေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဆရာသခင်များသည် ချင်းရှမ်နတ်တံခါး ယခုကဲ့သို့ ဆုတ်ယုတ်ကျဆင်းသွားမည့်အခြေအနေကို မည်သည့်အချိန်ကတည်းက စောင့်ကြည့်နေကြ

ပါသနည်း။ သူတို့စိတ်ထဲတွင် မည်သည့်လှည့်ကွက်များကို ကြံစည်နေကြပါသနည်း။

သူမ အတွေးများဖြင့် ပျောက်ဆုံးနေစဉ်မှာပင် ဆန်းလျန်မှာ ထိုက်ယီတောင်ထိပ်မှ ထွက်ခွာသွားပြီဖြစ်လေသည်။ သူက ကျီဖူတောင်ထိပ်ရှိ ထိုက်ဝေ့ထိုင်ခန်းမဆောင်သို့ ထွက်ခွာသွားခြင်း ဖြစ်လေသည်။

ဂိုဏ်းချုပ်ဖြစ်ပြီးမှ ထိုက်ဝေ့ထိုင်ခန်းမဆောင်သို့ ဆန်းလျန် ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်လေသည်။

ဆန်းလျန်က ကျီဖူတောင်ထိပ်သို့ ပျံသန်းသွားခြင်းမဟုတ်ပါ။ လမ်းလျှောက်ကာ တက်သွားခြင်းဖြစ်လေသည်။ ကောင်းကင်ကိုဖြတ်ကာ လေကိုစီးပြီးပျံသန်းရသည်မှာ စိတ်ကြည်နူးစရာကောင်းပါသည်။ သို့သော် အမြဲတမ်းတော့ ပျံသန်းနေစရာမလိုပေ။တစ်ခါတစ်ရံတွင်တော့ မြေဆွဲအားကိုခံစားရင်း မြေပြင်ထက်တွင်လမ်းလျှောက်ရသည်က ပို၍ကောင်းလေသည်။

မိုးကောင်းကင်မှာ တန်ခိုးစွမ်းအားနှင့်ပြည့်ဝလေသည်။

ထို့ကြောင့် စွမ်းအားရှိသည့် ယောကျ်ားကောင်းသည် မမောမ

ပန်းလမ်းလျှောက် နိုင်လေသည်။ မြေပြင်မှာလည်း စွမ်းအား

မြင့်မားသည့်အတွက် ယောကျ်ားကောင်းသည် ကျယ်ပြန့်သည့်

လောကတစ်ခုလုံးတွင် စိတ်ထင်တိုင်း ခြေဆန့်နိုင်လေသည်။

ယနေ့ ဆန်းလျန် ကျီဖူတောင်ထိပ်သို့ လမ်းလျှောက်တက်သွား

သည်မှာ ရင်ထဲမှ လေးလံနေမှုများကို သက်သာသွားစေရန်ဖြစ်

လေသည်။ ထိုအတွေ့အကြုံမျိုးကို သူ့ဘဝတွင် ယခင်က မ

ခံစားဘူးပေ။ တောင်ပေါ်သို့တက်သည့်ခရီးရှည်ကို ဆန်းလျန်

စိတ်ဝင်တစားဖြင့်ပင် ခရီးနှင်လာခဲ့လေသည်။

ထိုက်ဝေ့ခန်းမဆောင်ကြီးမှာ ကျီဖူတောင်ထိပ်တွင်

ထီးထီးမားမားကြီး တည်ရှိနေပြီး ကမ္ဘာမြေအပြင်ဘက်တွင်

လွတ်လပ်စွာတည်ရှိနေသည့်အလား ခမ်းနားလွန်းလေသည်။

လွန်စွာမှ စွဲဆောင်မှုရှိလှသည့် ခန်းမဆောင်ကြီးကို ဆန်းလျန်ငေးကြည့်လိုက်မိလေတော့သည်။

အခန်း (၁၉၂) ဖြစ်တည်မှုကာဘာလဲ ငါကရောဘာလဲ

ဆန်းလျန်ရင်ထဲတွင် အသိဉာဏ်တစ်ချက်ပွင့်သွားသလို ရုတ်တရက်ခံစားလိုက်ရလေသည်။ ထိုက်ဝေ့ထိုင်ခန်းမဆောင်ကြီးမှာ ချင်းရှမ်နတ်တံခါး၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်လေသည်။ ခန်းမကြီးထဲတွင် မျိုးရိုးစဉ်ဆက် ကျင့်စဉ်လမ်းလျှောက်လှမ်းခဲ့ကြသည့် ကျင့်ကြံသူများ၏ မှတ်တမ်းများနှင့် အတွေ့အကြုံများကို မှတ်သားထားလေသည်။ ထိုသို့

သော မှတ်တမ်းများမှာ နတ်ဘုရားဂိုဏ်းတစ်ဂိုဏ်းအတွက်
အကြီးမားဆုံး ရတနာပင် ဖြစ်သည်။

ထို့ကြောင့် နတ်ဘုရားတစ်ပါးဖြစ်သည့် ဆရာဘိုးဘိုးကြီးသည်
ထိုက်ဝေ့ထိုင်ခန်းမဆောင်ကို စောင့်ရှောက်ရင်း ခန်းမထဲတွင်
အမြဲတမ်းနေထိုင်သည်မှာ အံ့သြစရာမရှိတော့ပါ။

ဆန်းလျန်က သူဂိုဏ်းချုပ်ဆရာသခင်ဖြစ်လာပြီးသည့်နောက်
ပိုင်း ဆရာသခင်ကျန်းရှော့ရှီး၏ အောင်မြင်ခဲ့မှုများကို ပြန်
စဉ်းစားကြည့်မိလေသည်။ ဆရာသခင်ကျန်းရှော့ရှီး
လက်ထက်တွင် ချင်းရှမ်နတ်တံခါးတွင် နတ်ဘုရားသုံးပါး
ပေါ်ထွက်ခဲ့လေသည်။ နတ်ဘုရားသုံးပါးပေါ်ထွက်သည်
ဆိုသည်မှာ နည်းသည်ဟု ဆို၍မရပေ။ အခြားသောဆရာ
သခင်များလက်ထက်တွင်ဆိုလျှင် နှစ်ပေါင်းတစ်သောင်းကြာမှ
နတ်ဘုရားတစ်ပါး ပေါ်ထွက်သည်ပင် ရှိလေသည်။ အများစုမှာ

ကျင့်စဉ်လမ်း၏ စစ်ဆေးခြင်းသုံးခုကို မခံယူနိုင်ဘဲ လူပြန်ဝင်စားကြရသည်က များလေသည်။

အနည်းစုသာလျှင် လူ့လောကကိုကျော်လွန်ကာ သံသရာလည်မှုကို ဖြတ်တောက်ပြီး လွတ်မြောက်မှုကိုရရှိကြလေသည်။

ထိုက်ဝေ့ထိုင်မှ တာအိုဆရာကို ဆန်းလျန်ငယ်ငယ်က ဟိုင်သန်းအဆင့်ဆရာသခင်တစ်ပါးမျှသာ ဖြစ်မည်ဟု ထင်မှတ်မှားခဲ့ဖူးလေသည်။ သူ၏နဖူးထက်တွင် အစက်အပြောက်အချို့ရှိနေပြီး ထိုအစက်အပြောက်များမှာ ထူးဆန်းသည့် အင်းချပ်တစ်ခုနှင့် ဆင်တူလေသည်။ ထိုအစက်အပြောက်များမှာ နှစ်ပေါင်းများစွာ အသက်ရှည်ခဲ့သည်ကို တိတ်တဆိတ်ဖော်ပြနေသယောင်ရှိလေသည်။

အချိန်မှာ ရေလိုပဲ လျှင်မြန်စွာ ဖြတ်သန်းစီးဆင်းသွားပြီး အချိန်၏ စွမ်းအားသတ္တိကို မည်သူမျှ မဟန့်တားနိုင်ပေ။

သို့သော် တာအိုဆရာအဘိုးအို၏ နဖူးထက်မှ

အစက်အပြောက်များသည် အချိန်ကာလကြာရှည်မှုကြောင့်

ဖြစ်လာသည့် သာမန်အစက်အပြောက်များတော့ မဖြစ်နိုင်ဟု

ဆန်းလျန်တွေးမိလေသည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင်ရှေ့တွင် မြက်ခင်းပြင်လေးတစ်ခုရှိ

လေသည်။ မြက်ခင်းပြင်လေးကိုဖြတ်ပြီး ထိုက်ဝေ့ထိုင် ခန်းမ

ဆောင်သို့ ဝင်လိုက်လျှင်တော့ မာကျောသောကြမ်းခင်းကို နင်း

မိမည် ဖြစ်လေသည်။

မြက်ပင်လေးများမှာ နူးညံ့နေသည့်တိုင် နှစ်တိုင်း အသစ်

ပြန်လည် မွေးဖွားလေ့ရှိသော်လည်း ကြမ်းခင်းမျက်နှာပြင်မှာ

မာကျောနေသည့်တိုင် တဖြည်းဖြည်း ဟောင်းနွမ်းလာပြီး

ပျက်စီးရန် နီးလာပြီ ဖြစ်သည်။ ယခုအချိန်ထိ ကြာရှည်ခံနေ

ခြင်းမှာပင် နတ်ဘုရားတန်ခိုးစွမ်းအားများကြောင့် ဖြစ်လေ

သည်။

ခန်းမထဲသို့ ဆန်းလျန်ဝင်လာသည်နှင့် တာအိုဆရာအဘိုးအိုက မှိတ်ထားသည့်မျက်ဝန်းများကို ဖွင့်ကြည့်လိုက်သည်။

အဘိုးအိုနှင့် အကြည့်တစ်ချက် ဆုံလိုက်ရုံမျှဖြင့် ဆန်းလျန်မှာ အဘိုးအိုဆီမှ အကြည့်ကို လွှဲဖယ်နိုင်စွမ်းမရှိတော့ပေ။

ဆန်းလျန်မှာ ရုတ်တရက် ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲတွင် မဟုတ်တော့ဘဲ အရုပ်ဆိုးသည့် ခူယားကောင်တစ်ကောင်ဘဝ သို့ရောက်သွားလေတော့သည်။ သစ်ရွက်တစ်ရွက်ထိပ်တွင်င် ကပ်နေပြီး ပျော့ပြောင်းသည့် အစိမ်းရောင်သစ်ရွက်ကို တ ကျွတ်ကျွတ်ဝါးစားနေလေသည်။ သစ်ရွက်လေးမှာ ပျော့ ပြောင်းပြီး အရည်ရွှမ်းလှသည်။ ထို့ကြောင့် စား၍အလွန် အရသာရှိလေသည်။

သစ်ရွက်လေးမှာ စားလိုက်တိုင်း အရည်ရွှမ်းပြီး လတ်ဆတ်နေ သည့်အတွက် သူ၏ခန္ဓာကိုယ် ကြီးထွားလာစေရန် စွမ်းအင် များထုတ်ပေးလေသည်။ သို့သော် ဘဝဆိုသည်က သစ်ရွက်

လေးအပေါ်တွင်ပဲ မီခိုနေ၍မရပေ။ ဆန်းလျန်ပတ်ဝန်းကျင်ရှိ
အခြားသောခူယားကောင်လေးများမှာ ရာသီဥတုကြောင့်
သော်လည်းကောင်း ၊ ငှက်များ၏ နှောင့်ယှက်မှုကြောင့်
သော်လည်းကောင်း ၊ အင်းဆက်ပိုးမွှားများကြောင့်
သော်လည်းကောင်း သေဆုံးကုန်ကြရလေသည်။
ခူကောင်အသေလေးများမှာ မြေကြီးပေါ်သို့ပြုတ်ကျကုန်ပြီး
မြေသြဇာဖြစ်သွားကြရလေသည်။
ဆန်းလျန်သည် ထိုဖြစ်ရပ်များအားလုံးကို တိတ်ဆိတ်စွာကြည့်
နေလေသည်။ ဘေးအန္တရယ်ပေါင်းများစွာကို ကျော်ဖြတ်နိုင်
ကာ ယခုအချိန်ထိ အသက်ရှင်နေနိုင်သည်မှာ အင်မတန်မှ
ကံကောင်းသည်ဟု တွေးနေမိသည်။ သူနှင့်မျိုးနွယ်တူ ခူယား
လေးများနှင့်ယှဉ်လျှင် သူက အသက်ရှင်နေသေးသည်မှာ
ကံကောင်းလှသည်မဟုတ်ပါလား။

အမှန်တော့ သူ့ဘဝသည် နှင်းကိုမမြင်ဘူးသည့် ယင်ကောင်လေးများ ၊ နွေရာသီတွင်ပင် ရှင်သန်နိုင်သည့် အင်းဆက်ပိုးမွှားများနှင့် မခြားပေ။ ထိုအကောင်လေးများမှာ အသက်တိုလွန်းသည့်အတွက် နွေရာသီတွင် မွေးဖွားပြီး နွေရာသီတွင်ပင် သေဆုံးရသည့်အတွက် နှင်းကို မမြင်ဖူးကြခြင်းဖြစ်လေသည်။ ခူယားဘဝရောက်နေသည့် ဆန်းလျန်မှာလည်း နှင်းကိုမြင်ဖူးခြင်းမရှိသေးပေ။

ခူယားကောင်လေးမှာ တစ်နေ့တခြား ကြီးပြင်းလာခဲ့ပြီး အကြောင်းအရာတော်တော်များများကို မေ့ကုန်လေသည်။ သူ၏အမည်မှာ ဆန်းလျန်ဖြစ်ကြောင်းကိုပင် ခူယားလေးတစ်ကောင်၏ဦးနှောက်လေးဖြင့် မနည်းမှတ်သားထားရလေသည်။ တဖြည်းဖြည်းမှတ်ဉာဏ်များလည်း ကုန်ဆုံးလာခဲ့ပြီဖြစ်လေသည်။

နောက်ဆုံးတော့ အသက်ရှင်သန်ရန်အတွက် သစ်ရွက်နုနုလေး ကို အဆက်မပြတ် ဝါးစားရန်သာ သူသတိရတော့သည်။ သူ့ခန္ဓာကိုယ်လေးလံလာပြီး သူ့ခြေလက်များလည်း အားအင် ကုန်ခမ်းလာသည့်အချိန်ထိ သစ်ရွက်လေးကိုသာ သူစားနေမိ လေသည်။ သူနှင့်မျိုးနွယ်တူသည့် အခြားသောခူယားကောင် လေးများမှာ သစ်ကိုင်းပေါ်တွင် ငြိမ်သက်နေကြပြီး မလှုပ်ကြ တော့ပေ။ သူတို့ပါးစပ်ထဲမှ အဖြူရောင်ပိုးမျှင်များထုတ်ကာ သူတို့ကိုယ်ခန္ဓာကို သူတို့ပြန်ပြီး ရစ်ပတ်နေကြလေသည်။ ဆန်းလျန်လည်း ထိုအကောင်လေးများပြုလုပ်သလို လိုက်ပြီး ပြုလုပ်လေသည်။ အဖြူရောင်အမျှင်လေးများမှာ သူစားထား သည့် သစ်ရွက်စိမ်းနုနုလေးနှင့် သူ့ကိုယ်တွင်းမှထူးခြားသည့် ဓာတ်တစ်ခုပေါင်းစပ်ကာ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ သူက ရုတ်တရက် ပိုးအိမ် ဆိုသည့် စကားကိုသွားသတိရ မိသည်။ သို့သော် သူ့အနေဖြင့် လူသားများ၏ စကားများကို

သိပ်မမှတ်မိတော့သည့်အတွက် ထိုအခိုပ္ပါယ်မှာ ဘာမှန်းမသိတော့ပေ။

သူ့ခန္ဓာကိုယ်တစ်ခုလုံးသို့ အဖြူရောင်ပိုးချည်မျှင်များ ရစ်ပတ်သွားလေသည်။ နောက်ဆုံးတော့ မည်သည့်အသံမှ မကြားရတော့သလို လှုပ်ရှား၍လည်းမရတော့သည့် အမှောင်ကမ္ဘာထဲသို့ ရောက်ရှိသွားလေတော့သည်။

သူ အသက်လည်းမရှူနိုင်သလို အစားလည်းစား၍မရပေ။

ဤအတိုင်းသာဆက်သွားလျှင် သူသေရတော့မည်ဖြစ်လေသည်။ "သေသည်" ဆိုသည့်စကားအခိုပ္ပါယ်ကို သိပ်ပြီးနားမလည်သည့်တိုင် တွေးမိရုံဖြင့် သူ ကြောက်လန့်လာမိလေသည်။

ထိုကြောက်လန့်မှုက သူ့ကို တွန်းအားများဖြစ်ပေါ်လာစေလေသည်။

ထိုသေခြင်းတရားကို ကြောက်လန့်မှုက လွတ်လပ်မှုဆီသို့

ဦးတည်သွားလေသည်။ ထိုအခါ ရုပ်ခန္ဓာကအစွမ်းသတ္တိကို

ပေးပြီး စိတ်ဝိညာဉ်က မျှော်လင့်ချက်ကို ပေးလေသည်။

ပိုးမျှင်အိမ်ထဲတွင် သေလုနီးနီးဖြစ်လာလေ သူ့စိတ်ထဲတွင်

အကြောင်းအရာများစွာ ပေါ်လာလေလေဖြစ်လေသည်။

လူသားဘဝမှတ်ဉာဏ်များ ၊ ရေထဲတွင်နေခဲ့ရသည့် ငါးဘဝ

မှတ်ဉာဏ်များ ၊ ကောင်းကင်တွင်ပျံသန်းခဲ့ရသည့် ငှက်ဘဝ

မှတ်ဉာဏ်များ ၊ ကြက်ခြံထဲတွင် နေခဲ့ရသည့် ကြက်ဘဝ

မှတ်ဉာဏ်များ သံသရာတစ်လျှောက် ဘဝပေါင်းများစွာ

အားလုံးပါဝင်လေသည်။

ထိုမှတ်ဉာဏ်များအားလုံးမှာ သူ၏ခန္ဓာကိုယ်အပြင်ဘက်တွင်

သူ့ကိုပတ်ထားသည့် ပိုးချည်မျှင်များကဲ့သို့ဖြစ်လေသည်။

နားမလည်သည့်တိုင် သိရှိနေခဲ့သည်။

သူစိတ်ထဲတွင် ပြေးလွှားနေသည့် အတိတ်ပုံရိပ်များကြောင့် သူ့စိတ်များ ရှုတ်ထွေးနေသည့်တိုင် သူ၏ယုံကြည်ချက်မှာတော့ လုံးဝပျောက်ကွယ်သွားခြင်းမရှိခဲ့ပေ။ ထိုယုံကြည်ချက်ဖြင့်ပင် သူအသက်ဆက်ရှင်နေခြင်းဖြစ်လေသည်။ အသက်ရှင်နေသ၍ သူ့ဘဝအတွက် မျှော်လင့်ချက်လည်း ရှိနေသေးသည်။

အသက်ရှင်သန်လိုသည့် ပင်ကိုယ်ဗီဇသည် သူ့ဘဝအစမှ အဆုံးတိုင် နေရာယူထားလေသည်။

သူ၏ ခိုင်မာလွန်းသည့် ဆန္ဒကြောင့် သူ၏ရုပ်ခန္ဓာမှာ အမည်မဖော်နိုင်သည့် ပုံပြောင်းခြင်းအဆင့်သို့ အမြန်ပြောင်းလဲသွားလေတော့သည်။ သူ၏ခန္ဓာကိုယ်မှာ စတင်ပြောင်းလဲလာလေသည်။ ထိုးဖောက်ထွက်ရန် မဖြစ်နိုင်သည့် အဖြူရောင်ပိုးမျှင်များကို ခွဲဖျက်ဖောက်ထွင်းကာ အသစ်သောဘဝသို့ရောက်ရှိသွားလေတော့သည်။

အသက်ရှင်သန်လိုသည့် ပင်ကိုယ်စိတ်ထား၏မောင်းနှင်မှု

ကြောင့် သူ့တွင် စွမ်းအားသတ္တိများ ရလာခြင်းဖြစ်လေသည်။

သူက ပိုးအိမ်လေးထဲမှ ဖောက်ထွက်လိုက်ပြီးသည့်နောက် သူ့

ရှေ့ရှိလောကကြီးတစ်ခုလုံးမှာ ပြောင်းလဲသွားလေသည်။

သူက ထိုက်ဝေ့ထိုင်ခန်းမထဲတွင် မတ်တပ်ရပ်နေဆဲဖြစ်လေ

သည်။

သူ၏ရှုတ်ထွေးနေသည့် စိတ်များမှာ ချက်ချင်းရှင်းလင်းသွား

လေသည်။

သို့သော် သူ့စိတ်အတွင်းပိုင်းတွင်တော့ တစ်စုံတစ်ခုကို

မျှော်လင့်နေသေးပြီး ပိုးကောင်လေးသဏ္ဍာန်ပြောင်းလဲမှု မ

ပြီးဆုံးသေးသည့်အတွက် စိတ်မကောင်းဖြစ်နေမိသေးသည်။

"မင်းက ခူကောင်လေးလား ၊ ဆန်းလျှန်လား"

ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲတွင် ကြည်လင်သည့်အသံတစ်ခု

ထွက်ပေါ်လာလေသည်။

တာအိုဆရာအဘိုးအိုက မေးလိုက်ခြင်းဖြစ်လေသည်။

ထို့နောက် စကားတစ်လုံးမှ ထပ်မပြောတော့ပေ။ ထိုအဘိုးအို

မှာ ဝစီပိတ်များကျင့်နေသလားဟု ဆန်းလျန်တွေးမိလေသည်။

ဆန်းလျန်က တစ်ချက်မျှ စဉ်းစားပြီးမှ အဖြေပေးလိုက်လေ

သည်။

"ကျွန်တော်က ခူကောင်လေးရော ဆန်းလျန်ရော နှစ်ခုလုံး

မဟုတ်ပါဘူး ၊ ကျွန်တော်က ကျွန်တော်ပါပဲ"

"ခူကောင်လေးက ထုတ်လိုက်တဲ့ပိုးမျှင်တွေက ဘာတွေလဲသိ

လား"

နတ်ဘုရားအဘိုးအိုကမေးလိုက်သည်။

"ဖန်တီးမှုတွေပါ"

ဆန်းလျန် ပြန်ဖြေလိုက်လေသည်။

တာအိုဆရာအဘိုးအိုက ရယ်မောလိုက်လေသည်။

"မင်းဟာ ခုချိန်မှာ ခူကောင်လေးလိုပဲ အင်အားမရှိသေးဘူး ကောင်လေး ၊ ဒီပုံစံနဲ့ဆိုရင် မင်းခံရလိမ့်မယ် ၊ ဒါကြောင့် မင်း ကိုယ်မင်းပိုးမျှင်တွေနဲ့ရစ်ပတ်နိုင်တဲ့အဆင့်ထိရောက်အောင် ကြိုးစားပြီးမှ ကျုပ်နဲ့စကားပြန်လာပြောပါ"

အဘိုးအိုသည် ဆန်းလျန်၏အဖြေမှန် မမှန် ပြောမနေတော့ပေ။ မျက်လုံးကိုမှိတ်လိုက်ကာ စကားပြောခြင်းကိုလည်း ရပ်တန့် လိုက်လေသည်။ ထို့နောက် ရုပ်တုကြီးတစ်ခုအလား ငြိမ်သက် သွားလေတော့သည်။ ဆန်းလျန်မှာ အဘိုးအို၏တည်ရှိမှုကိုပင် သေချာမမြင်ရဘဲ မပီဝိုးတဝါးဖြစ်နေလေသည်။

တာအိုဆရာအဘိုးအိုမှာ ရုတ်တုတစ်ခုထက်ပင် တိတ်ဆိတ်နေ ပြီး တည်ရှိမှုမရေမရာ ဖြစ်နေလေသည်။ ဆန်းလျန်မျက်လုံးကို အသာမှိတ်လိုက်သည့်အခါ မိုးမြေစွမ်းအားများ ပြောင်းလဲ နေသည်ကို ခံစားလိုက်ရလေသည်။

ရုပ်တုအစစ်အမှန်သည် တကယ်တည်ရှိနေသောအရာဖြစ်ပြီး အဘိုးအိုကတော့ လောကတွင် တကယ်မရှိသည့် အရာတစ်ခု အလား လွင့်မျောနေသကဲ့သို့ ခံစားရလေသည်။

ခူကောင်လေးက ပိုးမျှင်များကို အန်ထုတ်ပြီး ကိုယ့်ကိုကိုယ်ပြန် ရစ်ပတ်ကာ အသွင်ပြောင်းနိုင်သည့်အဆင့်သို့ ရောက်ရှိရန်မှာ ဆန်းလျန်အတွက် လွန်စွာအလှမ်းဝေးလွန်းသေးသည်။

နတ်ဘုရားအဘိုးအိုသည် ချင်းရွှမ်နတ်တံခါးမှာ ရှိနေပါလျှက် နှင့် အဘယ့်ကြောင့် ယန်ရှီးကို အစကတည်းက တားဆီးခြင်းမ ပြုလုပ်ခဲ့ပါသနည်း။ ထိုသို့မတားဆီးရသည့် အခြားအကြောင်း ရှိကောင်းရှိနေနိုင်လေသည်။

မေးခွန်းများစွာရှိနေသည့်တိုင် ဆန်းလျန်အဘိုးအိုကို မေးမြန်း ခြင်းမပြုတော့ပါ။ အဘယ်ကြောင့်ဆိုသော် အဘိုးအိုသည် သူ ပြောလိုလျှင် ဆန်းလျန်ကို ကျိန်းသေပြောပြမည်ဖြစ်လေ သည်။ "သူ့ကိုယ်သူပိုးမျှင်များဖြင့်ရစ်ပတ်နိုင်သည့်အဆင့်" သို့

ရောက်မှ သူ့ကိုစကားလာပြောရန် အဘိုးအိုက မှာထားလေ
သည်။ ထိုအဆင့်မရောက်ခင် သူ အဘိုးအိုကို မနှောင့်ယှက်
သင့်ပေ။

သူ့ကိုယ်တွင်ရစ်ပတ်ရမည့်ပိုးမျှင်များဆိုသည်မှာ ဘာကို
ဆိုလိုသည်ကို ဆန်းလျန်နားလည်ထားပါသည်။ ပိုးမျှင်များမှာ
ကျင့်စဉ်လမ်းတွင် ဖန်တီးထားသည့် အခက်အခဲများဖြစ်လေ
သည်။ ထို ဖန်တီးထားသည့် အခက်အခဲများကို ထိုးဖောက်
ထွက်နိုင်မှသာ သူက နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်
ရောက်နိုင်မည်ဖြစ်လေသည်။

သူ ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲသို့ ဝင်သွားလိုက်သည်။ ထိုက်
ဝေ့ထိုင်ဒုတိယထပ်သို့သွားရန် လှေကားမရှိပါ။ သို့သော်
ဒုတိယထပ်သို့တက်ရန် အကြောင်းဖန်လာသည့်အချိန်တွင်
အလိုလို ဒုတိယထပ်သို့ တက်နိုင်သွားမည်ဖြစ်လေသည်။

အခန်း (၁၉၃) ပုံတူပန်းချီကားချပ်များ

ဆန်းလျန် ထိုက်ဝေ့ထိုင်ခန်းမအတွင်းသို့ရောက်ဖူးသည်မှာ ပထမအကြိမ်မဟုတ်ပေ။ သို့သော် ဒုတိယထပ်ကိုတော့ ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဟိုင်သန်းအဆင့်ကျင့်ကြံသူများသာ ဒုတိယထပ်သို့ တက်ခွင့်ရကြသောကြောင့် ဖြစ်လေသည်။

သူငယ်စဉ်တုန်းက ဒုတိယထပ်ကို မည်သို့တက်ရမည်လည်း မသိပါ။ သို့သော် ယခုတော့ သူသိသွားပြီဖြစ်လေသည်။

ထိုက်ဝေ့ထိုင် ဒုတိယထပ်သို့ တက်ရောက်သည့်နည်းလမ်းမှာ ရိုးရှင်းပါသည်။ ဒုတိယထပ်သို့တက်မည်ဟု ရိုးရိုးလေးတွေး

လိုက်ရုံမျှဖြင့် ဒုတိယထပ်သို့ရောက်သွားမည်ဖြစ်လေသည်။ စိတ်စွမ်းအင်ကို ရိုးရှင်းစွာ အသုံးပြုရခြင်းပင် ဖြစ်လေသည်။ ထိုက်ဝေ့ထိုင်ဒုတိယထပ်မှာ ဆန်းလျန်နားလည်နိုင်စွမ်းမရှိသည့် အချိန်နှင့်နေရာ၏ နက်နဲသိမ်မွေ့မှုများဖြင့် ဖန်တီးထားသည့် ထူးခြားသည့်နေရာတစ်ခုဖြစ်လေသည်။ ဆန်းလျန် တစ်ချက်တွေးလိုက်မိသည်။ သူသာ ကျင့်စဉ်လမ်းအောင်မြင်ပြီး တရားအလင်းရသွားသည့်တစ်နေ့တွင် အချိန်နှင့်နေရာ နက်နဲသိမ်မွေ့မှုများကို သိရှိသွားနိုင်ပြီး သူလာခဲ့သည့် ခေတ်ပေါ်လောကသို့ ပြန်သွားနိုင်မည်လား ဆိုသည့်အတွေးဖြစ်လေသည်။

စိတ်လေးတစ်ချက် အာရုံစိုက်လိုက်ရုံမျှဖြင့် ထိုက်ဝေ့ထိုင်ဒုတိယထပ်သို့ ရောက်လာနိုင်သကဲ့သို့ သူလာခဲ့သည့် အခြားသောလောကသို့ ပြန်လည်ရောက်ရှိနိုင်မည်လား။

သို့သော် ထိုအတွေးမှာ သိပ်မကြာမီပျောက်ကွယ်သွားလေသည်။

သူက ထိုအတွေးကို သိပ်ပြီး အာရုံမထားဘဲ ဒုတိယထပ်တစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုနေလိုက်သည်။

ဒုတိယထပ်မှာ အလုံပိတ်ထားသည့် နေရာတစ်ခုဖြစ်လေသည်။ ထိုနေရာတွင် မီးတုတ်များ မီးတိုင်များ ထွန်းညှိထားခြင်းမရှိသည့်တိုင်အလင်းရောင်ထွက်ပေါ်နေလေသည်။ သို့သော် ထိုအလင်းရောင် မည်သည့်နေရာကလာသည်ကို မသိရှိရပေ။ ဆန်းလျန်က အလင်းရောင်လာသည့်နေရာကို စိတ်ဝင်တစားလိုက်ရှာကြည့်သည့်တိုင် မည်သည့်နေရာမှ ထွက်ပေါ်နေမှန်း မသိရပေ။

အခန်းထောင့်တိုင်းတွင် အလင်းရောင်လင်းနေပြီး အရိပ်ထင်ခြင်းမရှိပေ။ အမှန်ဆိုလျှင် အလင်းရောင်နှင့် အရိပ်သည်

ယှဉ်တွဲနေရမည်ဖြစ်လေသည်။ သို့သော် ဤနေရာတွင်တော့ အလင်းရောင်သာလျှင် ရှိလေသည်။

ဒုတိယထပ်နေရာမှာ ကျယ်ပြန့်လွန်းပြီး များစွာသော ကျောက်စိမ်းစာလိပ်များဖြင့် ပြည့်နေလေသည်။ ဆန်းလျန်က ကျောက်စိမ်းစာလိပ်တစ်ခုကို ကောက်ကိုင်လိုက်သည်။ ထိုသို့ ကိုင်လိုက်သည်နှင့် ကျောက်စိမ်းစာလိပ်ထဲတွင် ရေးသားထားသော ကျင့်စဉ်သည် သူ့ဦးနှောက်တွင်းသို့ ချက်ချင်းစီးဝင်လာလေသည်။ ထိုကျင့်စဉ်မှာ ထိုက်စန့်ယန်ချီ ပညာဖြစ်လေသည်။ ဆန်းလျန်က လက်ထဲမှ ကျောက်စိမ်းစာလိပ်လေးကို ဆုပ်ကိုင်ထားမှု လွှတ်လိုက်သည်နှင့် ထိုစာလိပ်က လေထဲတွင် လွင့်မျောကာ သူ့နေရာသို့ ပြန်ရောက်သွားလေသည်။ သူ့ခေါင်းထဲသို့ဝင်လာသည့် ကျင့်စဉ်မှာလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

ထိုကျင့်စဉ်မှာ မထူးဆန်းပါ။ ဖန်ဆင်းခြင်းနှင့် ဖြစ်တည်မှု အကြောင်းကို ပြောပြထားသည့် ကျင့်စဉ်တစ်ခုသာ ဖြစ်လေသည်။

ကူးချိုင်ဝေ့မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ် ပထမအဆင့်သာ ကျင့်ကြံအောင်မြင်ထားသူဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်ကို ဆက်လက်သင်ပြပေးနိုင်မည် မဟုတ်တော့ပေ။

ဒုတိယထပ်မှ ကျောက်စိမ်းစာလိပ်များမှာလည်း အပြင်သို့ ယူခွင့်မရှိပေ။ ပထမအချက်အနေဖြင့် ထိုသို့ယူခွင့်မရှိဟု စည်းကမ်းထုတ်ထားသောကြောင့်ဖြစ်လေသည်။ ဒုတိယ အချက်အနေဖြင့် ထိုကျောက်စိမ်းစာလိပ်များမှာ တကယ့် အစစ်အမှန်အရာဝတ္ထုများမဟုတ်ပေ။ ကျင့်စဉ်များကို မှတ်တမ်းတင်ထားသည့်သဘောဖြင့် ဖန်တီးထားခြင်းသာ ဖြစ်လေသည်။

ထိုကျင့်စဉ်ကျမ်းများကို သေသေချာချာနားမလည်ဘဲ မည်သို့မှ ပြန်လည်လေ့ကျင့်နိုင်မည်မဟုတ်ပေ။

ထိုက်ဝေ့ထိုင်ဒုတိယထပ်ရှိ ကျောက်စိမ်းစာလိပ်များတွင် မှတ်တမ်းတင်ထားသည့် ကျင့်စဉ်နှင့် တန်ခိုးစွမ်းအားများကို လေ့လာမည်ဆိုလျှင် အပေါ်ယံသာ သိရှိနိုင်မည်ဖြစ်လေသည်။ သို့သော် ထိုကျင့်စဉ်များကို အသေးစိတ် သေသေချာချာ လေ့လာကျင့်ကြံမည်ဆိုလျှင်တော့ ထိုကျင့်စဉ်များကို ကျေကျေညက်ညက် အလွတ်ရအောင် မှတ်သားထားရန် လိုအပ်လေသည်။

ကျင့်ကြံသူတစ်ယောက်အတွက် အချိန်ဆိုသည်မှာရှည်လျားလွန်းသလို ယာယီမျှသာလည်း ဖြစ်လေသည်။ မှတ်တမ်းတင်ထားသည့် ကျင့်စဉ်များမှာထူးခြားဆန်းကျယ်ပြီး တစ်ကြိမ်တည်းဖတ်ရုံဖြင့် နားလည်နိုင်မည်မဟုတ်ပေ။ ပါရမီရှင်ကျင့်ကြံသူတစ်ယောက်ဖြစ်နေသောကြောင့် ကျင့်စဉ်များ

အားလုံးကို တစ်အုပ်ချင်း ကောင်းကောင်းမှတ်မိနေပြီး ကျင့်ကြံမည်ဆိုလျှင်တောင်မှ ထိုကျင့်စဉ်များကိုကျင့်ကြံရန် အတွက် စွမ်းအားများစွာအသုံးပြုရမည်ဖြစ်လေသည်။ သာမန်ကျင့်စဉ်များကိုလည်း အထင်မသေးသင့်ပေ။ ထိုသာမန် ကျင့်စဉ်လေးများပေါင်းစပ်ကျင့်ကြံရင်း ကိုယ်ပိုင်ကျင့်စဉ် လမ်းကြောင်းတစ်ခု ဖောက်ကောင်းဖောက်နိုင်မည်ဖြစ်လေ သည်။

လောကတွင် အကောင်းဆုံးကျင့်စဉ်ဟူ၍မရှိပေ။ ကိုယ်နှင့် သင့်တော်သည့် ကျင့်စဉ်သာ ကိုယ့်အတွက် အကောင်းဆုံးဖြစ် လေသည်။

လူတိုင်း၏ အရည်အချင်းနှင့် ဉာဏ်ရည်မှာ တူညီမှုမရှိနိုင်ပေ။ လူတစ်ယောက်က ကျင့်စဉ်တစ်ခုကို မြန်မြန်ဆန်ဆန် ကျင့်ကြံ အောင်မြင်သွားသည့်တိုင် နောက်တစ်ယောက်ကတော့ နှေး

ကွေးချင်နေ့ကွေးနေမည်ဖြစ်လေသည်။ နောက်ဆုံးအောင်မြင်မှုရလဒ်ကတော့ ခပ်ပါးပါးလေး ကွဲပြားနိုင်မည်ဖြစ်လေသည်။ တာအိုကျင့်စဉ်ဆိုသည်က မျိုးစေ့မျှသာဖြစ်လေသည်။ မည်သည့်အပင်ပေါက်လာမလဲဆိုသည်ကတော့ စောင့်ကြည့်ရမည်ဖြစ်လေသည်။

သစ်ပင်နှစ်ပင်သည် မည်သည့်နည်းနှင့်မျှ ပုံသဏ္ဍာန်တစ်ထပ်တည်း တူညီနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တာအိုကျင့်စဉ်တစ်ခုတည်းကို ကျင့်ကြံသည့်လူနှစ်ဦးမှာလည်း အခြေခံသဘောသဘာဝတူညီသည့်တိုင် အသေးစိတ်တွင်တော့ ကွဲပြားမှုရှိမည်သာဖြစ်လေသည်။

ဆန်းလျန်သည် ထိုက်ဝေ့ထိုင်ဒုတိယထပ်ကို သဘောကျနေမိသည်။ သူ၏ကျင့်စဉ်လမ်းမှာ မြင့်မားနေပြီဖြစ်သည့်အတွက် သာမန်ကျင့်စဉ်ကျမ်းများကို ကိုင်ကြည့်ယုံမျှဖြင့် နားလည်သဘောပေါက် သွားရလေသည်။ သို့သော် ထိုသာမန် ကျင့်စဉ်

များကို မြန်မြန်ဆန်ဆန် သင်ယူနေသည့်တိုင် သူ့အတွက် သိပ်ပြီးအကျိုးမရှိလှပေ။

သင်္ချာပါရဂူတစ်ယောက်သည် အခြေခံသင်္ချာပညာကို လေ့လာနေသကဲ့သို့ ဖြစ်နေလေသည်။ စိတ်ပေါ့ပေါ့ပါးပါးနှင့်သင်ယူနေသည့်တိုင် ပျော်စရာတော့ သိပ်မကောင်းလှပေ။

ဆန်းလျန် ကျောက်စိမ်းစာလိပ်များကို သိပ်ပြီး အာရုံမစိုက်မိတော့ပေ။ သူက ကျောက်စိမ်းသားနံရံထက်တွင် ချိတ်ထားသည့် ပုံတူပန်းချီကားချပ်များဆီသို့ အာရုံရောက်သွားလေသည်။ ပုံတူပန်းချီကားချပ်တစ်ခုတိုင်းတွင် လူတစ်ယောက်ပုံကို ရေးဆွဲထားလေသည်။ အချို့မှာ ကွန်ဖြူးရှပ်ဝါဒ စာပေသမားဝတ်ရုံများကိုဝတ်ဆင်ထားကြသည်။ အချို့ကာတော့ ဓားကိုကိုင်ထားကြသည်။ အချို့ကတော့ ခေါင်းစည်းပုဝါစည်းထားကြသည်။ အချို့ကတော့ တောတောင်ရေမြေတွင် ပျော်

ရှင်နေပုံရပြီး အချို့မှာလည်း အရက်ခွက်များကို ကိုင်ထားကြလေသည်။ တစ်ပုံနှင့်တစ်ပုံ တူညီခြင်းမရှိကြပေ။

သို့သော် ပုံတူပန်းချီကားချပ်တိုင်းတွင် ဆွဲဆောင်မှု တစ်ခုစီရှိလေသည်။

ထိုပုံတူပန်းချီကားချပ်များမှာ ချင်းရွှမ်နတ်တံခါးမှ နတ်ဘုရားအဖြစ်တက်ရောက်အောင်မြင်ခဲ့ကြသည့် နတ်ဘုရားအပါးလေးဆယ်၏ ပုံတူများ ဖြစ်လေသည်။

ဆန်းလျန် သူ၏ ဆရာဘွားဘွားဖြစ်သူ ကျိုလင်နတ်သမီး၏ပုံတူပန်းချီကိုလည်းတွေ့မြင်ရလေသည်။ သို့သော် ပန်းချီကားထဲတွင် ပုံတူနှစ်ခုကို ရေးဆွဲထားလေသည်။ တစ်ပုံမှာ အစိမ်းရောင်ဝတ်ဆင်ထားပြီး နောက်တစ်ပုံမှာ ခရမ်းရောင်ဝတ်ဆင်ထားလေသည်။ မျက်နှာပုံသဏ္ဍာန်မှာ တူညီသော်လည်း မျက်နှာအမူအရာကတော့ ကွဲပြားနေလေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသည့် တစ်ယောက်က အကြည့်များ အေးစက်နေပြီး ခရမ်းရောင်ဝတ်ဆင်ထားသည့် တစ်ယောက် ကတော့ နှုတ်ခမ်းများ အနည်းငယ်တွန့်ကွေးနေကာ မထီမဲ့မြင် ပုံစံဖြင့် ပြုံးနေလေသည်။

ထိုက်ဝေ့ထိုင်ခန်းမထဲမှ နတ်ဘုရားအဘိုးအို၏ ပုံတူပန်းချီကို လည်း တွေ့ရလေသည်။ အမှန်တော့ သူ့ပုံစံမရေမရာဖြစ်လေ သည်။ လိပ်ပြာပုံသဏ္ဍာန်ကဲ့သို့ ပျံသန်းနေသည့် သိမ်မွေ့သည့် တာအိုဆရာအဘိုးအို၏ ပုံဖြစ်လေသည်။ ပန်းချီကားထဲမှ ပျံသန်းပြီး အပြင်သို့ထွက်လာတော့မည့်အလားပင်။

ဆန်းလျန် စာပိုဒ်လေးတစ်ပိုဒ်ကိုပင် သတိရလိုက်မိသည်။

"ဟိုးအရင်တုန်းက ကျုပ် ကျွမ်းကျိုးဟာ လိပ်ပြာလေးတစ် ကောင် ဖြစ်သွားတယ်လို့ အိပ်မက် မက်ခဲ့တယ် ၊ တကယ့် လိပ်ပြာတစ်ကောင်လို အတောင်ပံ တဖျတ်ဖျတ်ခတ်ရင်း ပျံသန်းလို့ပေါ့ ၊ ကျုပ် အရမ်းပျော်ရွှင်နေခဲ့တယ် ၊ ဘယ်သူကမှ

လည်း ကျုပ်နာမည် ကျွမ်းကျိုးဆိုတာ မသိကြဘူးလေ ၊ ဒါပေ
မယ့် ကျုပ် ရုတ်တရက် အိပ်မက်ကနေ လန့်နိုးသွားတယ် ၊
ကျုပ် ကျွမ်းကျိုး ပြန်ဖြစ်သွားတာကိုတောင် အံ့သြနေမိတယ် ၊
လိပ်ပြာလေးက ကျွမ်းကျိုးအဖြစ် အိပ်မက်မက်နေတာလား ၊
ကျွမ်းကျိုးက လိပ်ပြာလေးအဖြစ်အိပ်မက်မက်နေတာလား ၊
ကျွမ်းကျိုးနဲ့ လိပ်ပြာလေးဟာ တူတော့မတူဘူးပေါ့ ၊ ဒါပေမယ့်
ဒီမတူညီမှုကိုပဲ ပုံသဏ္ဌာန်ပြောင်းလဲခြင်းလို့ ပြောလို့ရပါတယ်"
ထိုစာပိုဒ်ထဲမှ စာသားများမှာ တာအိုဆရာအဘိုးအို၏ အကြည့်
တစ်ချက်ဖြင့် ဆန်းလျန် ခူကောင်လေးဘဝ ပြောင်းလဲသွားရ
ခြင်းနှင့် အဖြစ်အပျက် ဆင်တူလေသည်။ သို့သော် မတူညီမှု
များလည်း ရှိပါသည်။

တာအိုဆရာအဘိုးအိုမှာ ဆန်းလျန်၏ အသွင်သဏ္ဌာန်ပြောင်းလဲ
ခြင်းကို အမှန်တကယ် ဖန်ဆင်းပြခဲ့ခြင်း ဖြစ်လေသည်။ ဆန်း
လျန်မှာ သူ၏ဖန်ဆင်းပြမှုကြောင့် ပိုပြီး အသိတရားရသွားခဲ့

ပြီး သူကိုယ်တိုင်၏ ဖြစ်တည်မှုကိုပင် သိပ်ပြီး တွယ်တာခြင်း မရှိတော့ပေ။

နတ်ဘုရားများ၏ ပုံတူပန်းချီကားတိုင်းမှာ စွဲဆောင်မှု ရှိလှလေသည်။ သူတို့၏ ပုံသဏ္ဍာန်များကိုကြည့်ပြီး ဆန်းလျန်မှာ ပျော်ရွှင်ခြင်း ၊ စိတ်ရှုတ်ထွေးခြင်း ၊ ရယ်မောခြင်းနှင့် ဒေါသတကြီးဖြစ်ခြင်းများကို ခံစားရလေသည်။

အချိန်ခဏလေးအတွင်းမှာပင် သူ့ရင်ထဲ တိုးဝင်လာသည့် ခံစားချက်ပေါင်းများစွာကို ခံစားလိုက်ရပြီး ဆန်းလျန်မှာ ချွေးများပင် ထွက်လာလေသည်။ သူ၏ စိတ်နှင့်စိတ်ဝိညာဉ်မှာလည်း မောပန်းနွမ်းနယ်လာရလေသည်။ အိပ်မက်မှ နိုးထလာသူတစ်ယောက်ပမာ ခံစားနေရလေတော့သည်။

နောက်ဆုံးပန်းချီကားချပ်အနားတွင် ဆန်းလျန်မှာ မဟန်နိုင်တော့ဘဲ ယိုင်လဲကျသွားရသည်။ နောက်ဆုံး ပန်းချီကားမှာ မိန်းမပျိုတစ်ယောက်၏ ပုံတူပန်းချီကား ဖြစ်လေသည်။

သာမန်မျှကြည့်လျှင်တော့ သိပ်ပြီး မထူးခြားသည့် ပန်းချီကား တစ်ချပ်ဖြစ်လေသည်။ သို့သော် သေချာကြည့်မည်ဆိုလျှင် တော့ ထောင်ပေါင်းများစွာသော ပုံသဏ္ဌာန်မျိုးစုံကွဲပြားနေသည် ဟု ခံစားရမည် ဖြစ်လေသည်။

ထိုပန်းချီကားမှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို စတင်ဖန်တီး ခဲ့သည့် တည်ထောင်သူဆရာဘွားဘွား လီချင်းဆွေ သို့မဟုတ် ချင်းဆွေပင် ဖြစ်လေသည်။

အရင်က ထိုက်ရှီးနည်းဗျူဟာစတင်လေ့ကျင့်ရန် ကူးချိုင်ဝေ့ က သူ့ကို ဆရာသခင်ကိုယ်စား တပည့်အဖြစ်လက်ခံပေးခဲ့စဉ် က ပန်းချီကားတစ်ချပ်၏ အဓိပ္ပါယ်ကို မေးခဲ့ဖူးသည်။ လွင့် မျောနေသည့်တိမ်တိုက်များ တည်ငြိမ်နေသည့်ရေကန်တွင် အရိပ်ထင်နေသည့် ပန်းချီကားတစ်ချပ်ဖြစ်လေသည်။ ဆရာ ဘွားဘွား လီချင်းဆွေ၏ ပုံတူပန်းချီနှင့် ထို ရှုခင်းပုံပန်းချီကား

မှာ သဘောသဘာဝ ဆင်တူသည်ဟု ဆန်းလျှန် ခံစားလိုက်ရသည်။

တိမ်ဆိုသည်က ထောင်ပေါင်းများစွာသော ပုံသဏ္ဍာန်ကွဲပြားမှုများရှိသလို တည်ငြိမ်နေသည့်ကန်ရေပြင်တွင် တိမ်များအရိပ်ထင်နေခြင်းက ပုံတူပန်းချီကားထဲမှ မိန်းမပျိုကဲ့သို့ပင် ဖြစ်လေသည်။

ပထမတစ်ကြိမ်ကြည့်ရုံမျှဖြင့် သတိထားမိနိုင်မည်မဟုတ်ပါ။ တစိမ့်စိမ့်ကြည့်လေ တိမ်တိုင်များကဲ့သို့ ပြောင်းလဲနေသည့် ပုံသဏ္ဍာန်များကို ခံစားရလေ ဖြစ်လေသည်။ ကျင့်စဉ်လမ်းက ပုံသဏ္ဍာန်တစ်ခုကို မွေးဖွားပေးသည်။ ပုံသဏ္ဍာန်တစ်ခုက နှစ်ခုဖြစ်တည်လာပြီး ပုံသဏ္ဍာန်နှစ်ခုက သုံးခု ဖြစ်တည်လာသည်။ ပုံသဏ္ဍာန်သုံးခုက ပုံသဏ္ဍာန်တစ်ခုတည်းအဖြစ် ပြန်လည်ပေါင်းစည်းသွားလေသည်။

ဆရာဘွားဘွားလီချင်းဆွေ၏ ပုံတူ ပန်းချီကားချပ်ကို ကြည့်ရင်း ဆန်းလျန်၏ စိတ်အစဉ်မှာ ပြန်လည် တည်ငြိမ်အေးချမ်းလာရသည်။

"မြေပြင်ထက်တွင် လဲလျောင်းရင်း ကောင်းကင်ထက်မှ တိမ်များ ရွေ့လျားနေသည်ကိုငေးကြည့်ရင်း တိမ်တိုက်များမှာ မိမိနှင့်အတူ အရှေ့ဆီသို့ရွေးလျားနေသည်"

ဆိုသည့် စာပိုဒ်ကဲ့သို့ စိတ်ကြည်နူး နှစ်သက်ခြင်းကို ခံစားရလေသည်။

အမှန်တော့ ဆန်းလျန်တစ်ယောက် နတ်ဘုရားပန်းချီကားချပ်လေးဆယ်လုံးကို တစ်ကြိမ်တည်းဖြင့် အကုန်ကြည့်လိုက်သည်ကို ချင်းရှမ်နတ်တံခါးမှလူများသာသိလျှင် အံ့သြတုန်လှုပ်သွားကြမည် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ချင်းရှမ်နတ်တံခါးမှ မထွက်ခွာမီ ထိုက်ဝေ့ထိုင် ဒုတိယထပ်သို့ရောက်လာသည့် ချန်ကျန့်မေပင်

လျှင် သဏ္ဍာန်မဲ့ဓားပညာ၏ တည်ထောင်သူဆရာဘိုးဘိုး၏ ပုံတူကိုသာ ကြည့်ပြီး ဂါရဝပြုသွားခဲ့ခြင်းဖြစ်လေသည်။

ဟိုင်သန်းအဆင့်ကျင့်ကြံသူများသည် ကိုယ်နှင့် သက်ဆိုင်သည့် ကျင့်စဉ်လမ်းဆိုင်ရာ တည်ထောင်သူဆရာသခင်များကိုသာ လာရောက်ကြည့်ရှုလေ့ရှိကြလေသည်။ နတ်ဘုရားများအားလုံးကို စိတ်ဝင်တစားကြည့်ရှုရန်ကြိုးစားသည့် ကျင့်ကြံသူများလည်းရှိပါသည်။ သို့သော် ပန်းချီကားနှစ်ဆယ်ပြည့်အောင်ပင် မကြည့်နိုင်ကြပေ။ စွမ်းအားများကုန်ခမ်းကာ စိတ်ပင်ပန်းလူပင်ပန်းဖြစ်ပြီး ဆက်ကြည့်နိုင်ခြင်းမရှိကြတော့ပေ။ ပန်းချီကားများထဲမှာ နတ်ဘုရားအားလုံး၏ တန်ခိုးစွမ်းအားဒဏ်ကို ခံနိုင်ရန် ခဲယဉ်းလွန်းလှပေသည်။

သို့သော်... ဆန်းလျန်ကတော့ နတ်ဘုရားများ၏ ပုံတူပန်းချီကား လေးဆယ်လုံးကို တစ်ကြိမ်တည်းဖြင့် ကြည့်လိုက်နိုင်

လေသည်။ အခြားသော ဟိုင်သန်းအဆင့် ကျင့်ကြံသူများထဲတွင် သူ့လောက် ဝိညာဉ်စွမ်းအား ကောင်းသူမရှိပေ။ ဆန်းလျန်ကိုယ်တိုင်ပင်လျှင် သူ၏ ဝိညာဉ်စွမ်းအား မည်မျှအထိမြင့်မားပြီး မည်မျှအထိ အကန့်အသတ်ရှိသည်ကို သိရှိခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်းစာအုပ်မှ ကျင့်စဉ်များကို ကျင့်ကြံလေ ဝိညာဉ်စွမ်းအားက တိုးတက်လာလေ ဖြစ်သောကြောင့်ပင်။ ယခုအချိန်ထိ သူကျင့်ကြံနေသည့် ကျင့်စဉ်နှစ်ခု၏ တစ်ခုနှင့် တစ်ခု ဖြတ်သန်းသွားသည့် ဆုံချက်ကို သူမတွေ့ရှိရသေးပေ။

အခန်း (၁၉၄) နတ်ဒေဝါမြေခွေး

မောပန်းနွမ်းနယ်မှုများ ပြေပျောက်သွားသည်နှင့် ဆန်းလျန်ရင်ထဲရှိ ပူပန်မှုများနှင့် ဝန်ထုပ်ဝန်ပိုးများမှာလည်း သိသိသာသာလျော့ပါးသွားသလို ခံစားလိုက်ရလေသည်။ ကလေးတစ်ယောက်အလား စိုးရိမ်ပူပန်မှုများအားလုံး ပျောက်ကွယ်သွားရသည်။

အပါးလေးဆယ်သောနတ်ဘုရားများ၏ တန်ခိုးစွမ်းအားများက သူ၏ဝိညာဉ်စွမ်းအားအတွင်းသို့စိမ့်ဝင်ပြီး သူ၏စိတ်ဝိညာဉ်ကို အခက်အခဲများအားလုံးထဲမှ ရုန်းထွက်နိုင်ရန် တွန်းအားပေးလိုက်ခြင်းဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်၏ တင်းကြပ်နေသည့် စိတ်ဝိညာဉ်ကို ဆရာဘွားဘွားချင်းဆွေ၏ ပုံတူပန်းချီကားက တည်ငြိမ်အေးချမ်းစေလိုက်လေသည်။ အခြားသော နတ်ဘုရားပန်းချီကားချပ်များကြောင့် ဖြစ်ပေါ်နေသည့် ခံစားချက်မျိုးစုံမှာ ပိန်းကြာရွက်တွင် ရေမတင်သည့်အလား လွင့်စင်သွားရလေသည်။

ထိုသို့ဖြစ်သွားခြင်းအတွက် ဆန်းလျန်အနေဖြင့် ကျင့်စဉ်လမ်း အဆင့်တက်သွားခြင်းမရှိသော်လည်း သူ၏စိတ်ဝိညာဉ်မှာ သိမ်မွေ့စွာ ပြောင်းလဲသွားရလေသည်။ တိတိကျကျပြောရလျှင် သူ၏ "ယင်" ဝိညာဉ်စွမ်းအားသည် နတ်ဘုရားတစ်ပါး ပိုင်ဆိုင်သည့် မူလဝိညာဉ်နှင့်ပတ်သက်သည့် အရည်အသွေးများ စတင်ဖြစ်တည်လာလေသည်။ သူ၏ဝိညာဉ်စွမ်းအားများမှာ အရင်ကထက်ပိုပြီး ခိုင်မာလာလေသည်။ သူ၏ "ယင်" ဝိညာဉ်စွမ်းအားသည် မြေကြီးကို မီးနှင့်ဖုတ်ကာ ပြုလုပ်ထားသည့် အုတ်တစ်ချပ်ပမာ အသွင်ပြောင်းသွားလေသည်။ ဆန်းလျန်၏ ဝိညာဉ်စွမ်းအားမှာ အစိမ်းရောင်အုတ်တစ်ချပ်အလား သိပ်သည်းသွားရလေသည်။

သာမန်အုတ်တစ်ချပ်မှာ ကွဲကြေလွယ်သည့်တိုင် အစိမ်းရောင်အုတ်ချပ်ကတော့ ကွဲကြေလွယ်ခြင်းမရှိပေ။ နတ်ဘုရားတစ်ပါး၏ မူလဝိညာဉ်မှာ မိုးမြေစွမ်းအားနှင့်ပေါင်းစပ်ပြီး ပုံသ

လျှာန်ရယူနိုင်လေသည်။ ပုံသလျှာန်ဖြစ်တည်လာသည့်အခါ ဝိညာဉ်ခန္ဓာမှာ ရုပ်ခန္ဓာအလား ဖြစ်တည်လာပြီး သာမန်ဝိညာဉ်ကဲ့သို့ ထိရှလွယ်ခြင်းမရှိတော့ပေ။

ဆန်းလျှန် မတ်တပ်ရပ်လိုက်ပြီး ကျောက်စိမ်းစာလိပ်များကို ပြန်ကြည့်လိုက်ပြန်သည်။ အခြားသော တာအိုကျင့်စဉ်များကို လေ့လာရင်း သူအချိန်ကုန်မခံသင့်ပေ။ သို့သော် ထူးဆန်းသည့် ဂမ္ဘီရကျင့်စဉ်အချို့ကိုတော့ သူကျင့်ကြံထားသင့်လေသည်။

အဘယ်ကြောင့်ဆိုသော် သူက သူရဲဘောကြောင်သူတစ်ယောက်ပမာ ချင်းရှမ်နတ်တံခါးတွင်သာ ပုန်းမနေသင့်ပေ။ ဖော့ဝမ့်အဆင့်အောင်မြင်သည်နှင့် အပြင်လောကသို့ သူထွက်ခွာသင့်လေသည်။ ထို့ကြောင့် အရေးပေါ်တွင် အသုံးပြုရန် လျှို့ဝှက်တန်ခိုးစွမ်းအားတစ်ခုခုကိုတော့ ကျင့်ကြံထားသည့်သည်ဟု သူယူဆထားသည်။

အလွန်တန်ခိုးစွမ်းအားကြီးမားလှသည့် နတ်ဘုရားများပင်လျှင် နတ်ဘုရားအချင်းရင်ဆိုင်တိုက်ခိုက်ကြသည့်အခါ အရေးပေါ် အသုံးပြုရန်အတွက် ဂမ္ဘီရပညာအချို့ကို ကျင့်ကြံထားကြစမြဲ ဖြစ်လေသည်။

ကျောက်စိမ်းစာလိပ်လေးတစ်ခုကို ဆန်းလျန် ငုံ့ကြည့်လိုက်သည်။ ထိုကျောက်စိမ်းစာလိပ်ထဲတွင် မှတ်တမ်းတင်ထားသည့် ကျင့်စဉ်မှာ "အလင်းဝိညာဉ်ကျင့်စဉ်" ဖြစ်လေသည်။ ထိုကျင့်စဉ် တာ့ချန်အဆင့်သို့ရောက်လျှင် အလင်းဝိညာဉ်အဖြစ် ဖန်ဆင်းနိုင်ပြီး မိုင်ပေါင်းထောင်နှင့်ချီသည့်နေရာကို တစ်ခဏအတွင်းပင် သွားနိုင်လေသည်။

အလင်းဝိညာဉ်ကျင့်စဉ်မှာ ထူးခြားဆန်းကျယ်သည့်တိုင် ဆန်းလျန်အတွက် အသုံးမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုကျင့်စဉ်ကို မူလဝိညာဉ်ရရှိပြီးမှသာ ကျင့်ကြံနိုင်မည် ဖြစ်သောကြောင့်ပင်။ မူလဝိညာဉ်ရှိရုံမျှဖြင့်ပင် နတ်ဘုရားတစ်ပါး

အတွက် မျက်စိတစ်မှိတ်အတွင်း ကိုယ်ထင်ပြနိုင်လေသည်။
ထို့ပြင် နတ်ဘုရားတစ်ပါး၏ တန်ခိုးစွမ်းအားများကိုလည်း လို
သလို ပြောင်းလဲအသုံးချနိုင်ပြီး အကန့်အသတ်မရှိပေ။
အလင်းဝိညာဉ်ကျင့်စဉ်မှာ မူလဝိညာဉ်ကို အလင်းစွမ်းအား
အတွင်းသို့ ပေါင်းစပ်ပြောင်းလဲပြီး အသုံးချခြင်းဖြစ်လေ
သည်။ မိုင်ပေါင်း ထောင်နှင့် သောင်းနှင့်ချီပြီး သဲလွန်စတစ်စ
ပင်မကျန်အောင် လျှင်မြန်စွာ သွားလာနိုင်လေသည်။
သို့သော် နတ်ဘုရားတစ်ပါးမဟုတ်သေးသည့်ဆန်းလျန်
ကတော့ သက်ပြင်းတစ်ချက်ချကာ ကျောက်စိမ်းစာလိပ်ကို
ပြန်ချထားလိုက်လေသည်။ သူ့အတွက် ထိုကျင့်စဉ်ကိုကျင့်ကြံ
ရန် တန်ခိုးစွမ်းအားလုံလောက်ခြင်းမရှိသေးပေ။
ထို့နောက် သူက ရှေ့သို့ဆက်သွားလိုက်ပြီး လေထဲတွင်မျောနေ
သည့် နောက်ထပ်ကျောက်စိမ်းစာလိပ်တစ်ခုကို ယူလိုက်
ပြန်သည်။ ယခုတော့ ဆန်းလျန်သည် ကျောက်စိမ်းစာလိပ်များ

ကို တဖြည်းဖြည်းခွဲခြားတတ်လာပြီ။ အရောင်မှိန်နေသည့် စာလိပ်များမှာ တာအိုကျင့်စဉ်လမ်းနှင့်ပတ်သက်သည့် စာလိပ်များဖြစ်လေသည်။ ထိုကဲ့သို့သော စာလိပ်မျိုးအခုနှစ်ရာပင် မပြည့်ပေ။ ထိုကျင့်စဉ်များမှာ ချင်းရှမ်းနတ်တံခါးရှိ ကျင့်စဉ်ပေါင်းတစ်ရာ့ရှစ်ခု အပြင် ချင်းရှမ်းမှကျင့်စဉ်များနှင့်ပတ်သက်သည့် အခြားသောဖြည့်စွက်ချက်များဖြစ်လေသည်။ အချို့မှာ မပြီးဆုံးသေးသည့် ကျင့်စဉ်များဖြစ်လေသည်။

အလင်းရောင်တောက်နေသည့် ကျောက်စိမ်းစာလိပ်များမှာ တာအိုကျင့်စဉ်နှင့်ဆက်စပ်သည့် လျှို့ဝှက်တန်ခိုးစွမ်းအား ကျင့်စဉ်များဖြစ်ကြလေသည်။

ကျင့်စဉ်လမ်းကို မည်ကဲ့သို့ကျင့်ကြံရမည်ကိုဖော်ပြထားသည့် ကျင့်စဉ်များ ၊ စကြဝဠာထဲမှ တရားများကို ရှာဖွေသည့် ကျင့်စဉ်များ စသည်ဖြင့် တန်ခိုးစွမ်းအားများအကြောင်းကို အသေးစိတ် ဖော်ပြထားလေသည်။ ခေတ်ပေါ်ကမ္ဘာတုန်းက သူ

အပေါ်ယံသိခဲ့သည့် သိုင်းပညာနှင့် ကျင့်စဉ်ပညာ ဆိုသည်မှာ ပုံသေဖြစ်လေသည်။ ဤသို့လာလျှင် ဤသို့ဖြေရှင်းမည်ဟု ပုံသေယူဆ၍ရလေသည်။ သို့သော် ယခု ကျင့်စဉ်လမ်းမှာ တော့ထိုသို့မဟုတ်ပါ။

ဆန်းလျန်မှာ လေထဲမှ ကျောက်စိမ်းစာလိပ်ကို ကိုင်လိုက် မိသည်နှင့် အံ့အားသင့်သွားရလေသည်။

ထိုစာလိပ်ထဲမှ ကျင့်စဉ်လမ်းနှင့်ပတ်သက်သည့်စာများသည် သူ၏စိတ်နှင့် စိတ်ဝိညာဉ်ဆီသို့ ဖြည်းဖြည်းချင်း စိမ့်ဝင်လာ လေသည်။ ထိုကျင့်စဉ်သည် သူ့စိတ်ထဲတွင် စွဲထင်သွားလေ သည်။ ထိုစာလိပ်မှာ တန်ခိုးစွမ်းအားကို မှတ်တမ်းတင် ထားသည်သာမက စာတမ်းရှည်တစ်ခုလည်း ဖြစ်လေသည်။

ထိုစာရှည်မှာ နတ်ဒေဝါမြေခွေးတစ်ယောက်က ရေးခဲ့သည့် စာ ရှည်ဖြစ်လေသည်။ နတ်ဘုရားများနှင့် နတ်မိစ္ဆာများ၏ မှတ်တမ်းများထဲတွင် နတ်ဒေဝါမြေခွေးအကြောင်း ရေးသား

ထားလေသည်။နတ်ဒေဝါမြေခွေးဆိုသည်မှာ နှစ်ငါးဆယ်ပြည့်လျှင် မိန်းမပျိုတစ်ယောက်အသွင် ဖန်ဆင်းနိုင်လေသည်။ နှစ်တစ်ရာပြည့်လျှင် အလွန်လှပသည့် နတ်မိမယ်တစ်ပါးအဖြစ် ဖန်ဆင်းနိုင်လေသည်။ မိုင်ပေါင်းထောင်နှင့်ချီသည့်နေရာများဆီမှ သတင်းအချက်အလက်များကိုလည်း သိနိုင်လေသည်။ စွဲဆောင်မှုရှိပြီး လူပေါင်းများစွာကို ရူးသွပ်သွားသည်အထိ ပြုစားနိုင်လေသည်။ နှစ်တစ်ထောင်နတ်ဒေဝါမြေခွေးဖြစ်လာလျှင် မိုးကောင်းကင်နှင့်ဆက်သွယ်နိုင်စွမ်းပင် ရလာမည်ဖြစ်လေသည်။

ဆန်းလျန်သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ချင်ပြည်နယ်မြို့တော်အပြင်ဘက်ရှိ ချယ်လန်းဝတ်ကျောင်းတော်တွင် ဆုံတွေ့ခဲ့ရသည့် မြေခွေးနတ်မိမယ်လေးရှင်းစစ်စစ်နျန်နှင့် သူမ၏ဖခင် မြေခွေးနတ်ဘုရားရှင်းချိပင်းကို သွားပြီးသတိရမိလေသည်။

ထိုမြေခွေးနတ်ဘုရားရှင်းချိပင်း၏ အကြံပေးမှုကြောင့်ပင် ချင်းရှမ်နတ်တံခါးသို့ ဆန်းလျှန် ရောက်လာခဲ့ခြင်းဖြစ်လေသည်။

ထိုမြေခွေးနတ်ဘုရားသားအဖသည် သူသာ ချင်းရှမ်သို့ရောက်သွားလျှင် တစ်ခုခုကို တောင်းဆိုချင်ပုံရလေသည်။

ယခုအတိုင်းဆိုလျှင် ထိုမြေခွေးနတ်ဘုရားသားအဖလိုချင်သည်မှာ နတ်ဒေဝါမြေခွေး၏စာရှည်ဖြစ်နိုင်လေသည်။

နတ်ဒေဝါမြေခွေးဆိုသည်မှာ နတ်မိစ္ဆာဂိုဏ်းဝင်များဖြစ်သော်လည်း နတ်ဘုရားသွေးမှ မွေးဖွားလာသူများဖြစ်သည်ဟု အဆိုရှိကြလေသည်။ သူတို့က ကျင့်ကြံရန်မလိုပေ။ သတ်မှတ်ထားသည့် အသက်အပိုင်းအခြားအတိုင်း တန်ခိုးစွမ်းအားများ အလိုလိုရလာကြသူများဖြစ်လေသည်။ နှစ်တစ်ထောင်ကြာလာသည့်အခါတွင်တော့ လုံးဝအရွယ်ရောက်သည့် နတ်ဒေဝါမြေခွေးဖြစ်လာပြီး နတ်မိစ္ဆာဂိုဏ်းတစ်ခုလုံးကိုပင် အပြတ်ရှင်းနိုင်သည့် စွမ်းအားဖြင့် ပြည့်စုံလာမည်ဖြစ်လေသည်။

လူသားကျင့်ကြံသူများနှင့် အခြားသောသတ္တဝါများမှာ ကျင့်စဉ်လမ်းကို အပတ်တကုတ်ကြိုးစားကျင့်ကြံလျှောက် လှမ်းနေကြရသည့်တိုင် ကျင့်စဉ်လမ်းအောင်မြင်ရန်မှာ မ သေချာပေ။ သို့သော် နတ်ဒေဝါမြေခွေးကတော့ ကံကြမ္မာ၏မျက်နှာသာပေးခြင်းခံရကာ မည်သည့်ကျင့်ကြံမှုမှ မလိုဘဲ အချိန်တန်လျှင် တန်ခိုးစွမ်းအားအလိုလိုရလာသူဖြစ် လေသည်။

သို့သော် နတ်ဒေဝါမြေခွေးများမှာ ပျောက်ကွယ်သွားပြီမှာ ကြာ ပြီဖြစ်လေသည်။ နတ်ဒေဝါမြေခွေး ဤလောကသို့ ထွက်ပေါ်မ လာတော့ပေ။

သို့သော် နတ်ဒေဝါမြေခွေးမှာ မွေးရာပါတန်ခိုးစွမ်းအား ပြည့်ဝသူဖြစ်သည့်အတွက် အခြားသောနေရာတစ်ခုတွင် သွားရောက်နေထိုင်သည်လည်း ဖြစ်နိုင်လေသည်။

ဆန်းလျှန်လက်ထဲတွင်ကိုင်ထားသည့် နတ်ဒေဝါမြေခွေး

ရေးသားခဲ့သည့်စာရှည်မှာ ကျင့်စဉ်နှစ်မျိုးနှင့် သွေးမုန်တိုင်းကို

ဖန်ဆင်းနိုင်သည့် တန်ခိုးစွမ်းအားတစ်ခု ပါဝင်လေသည်။

ပထမကျင့်စဉ်မှာ "မိုးကောင်းကင်ရန့်" ကျင့်စဉ်ဖြစ်လေသည်။

ထိုကျင့်စဉ်မှာ စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်ထဲမှ

စိတ်ဝိညာဉ်မြှင့်တင်ခြင်းကျင့်စဉ်နှင့်ဆင်တူလေသည်။

သို့သော် မိုးကောင်းကင်ရန့်ကျင့်စဉ်မှာ စိတ်အာရုံများကို

ထိန်းချုပ်နိုင်ခြင်းစာအုပ်နှင့် မည်သို့မျှ ယှဉ်၍မရပေ။

မိုးကောင်းကင်ရန့်ကျင့်စဉ်မှာ မသန့်စင်သည့်စိတ်အာရုံများကို

တည်ငြိမ်အောင်သန့်စင်နိုင်ရန် မိုးကောင်းကင်မှ စွမ်းအားများ

ကို ခန္ဓာကိုယ်ထဲသို့ စုပ်ယူသည့် ကျင့်စဉ်ဖြစ်လေသည်။မ

သန့်စင်သည့်စိတ်အာရုံများကို မိုးကောင်းကင်ရန့်ကဲ့သို့သန့်စင်

စေနိုင်လေသည်။ သို့သော် စိတ်အာရုံများကို အပြည့်အဝတော့

သန့်စင်နိုင်စွမ်းရှိမည်မဟုတ်ပေ။ ညစ်နွမ်းနေသည့် စိတ်အာရုံ

များကိုအားလုံးကို သန့်စင်စေဖို့ဆိုသည်မှာ ခက်ခဲစွာကြိုးစားရမည်ဖြစ်လေသည်။

သို့သော် ဝိညာဉ်စွမ်းအားတိုးတက်လာသည်ကတော့ ကြီးမားသည့်အကျိုးအမြတ်ပင်ဖြစ်ပေမည်။

သို့သော် စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်မှ စိတ်ဝိညာဉ်မြှင့်တင်ခြင်းကျင့်စဉ်မှာ ကိုယ်တိုင်လေ့ကျင့်ရသည့်ကျင့်စဉ်ဖြစ်ပြီး မိုးကောင်းကင်စွမ်းအားစုပ်ယူခြင်းကဲ့သို့ ပြင်ပစွမ်းအားအကူအညီများမလိုပေ။ ထိုစာအုပ်မှာ အလွန်ထူးဆန်းသည့် ကျင့်စဉ်စာအုပ်ပင်ဖြစ်လေသည်။

ဝိညာဉ်စွမ်းအားကြီးမားခြင်း၏အကျိုးကျေးဇူးကို ဆန်းလျန်မှာ ကျင့်စဉ်လမ်းလျှောက်လှမ်းသည့်အချိန်တွင် ကိုယ်တွေ့ခံစားခဲ့ရဖူးပြီဖြစ်သည်။ ထို့ကြောင့် မိုးကောင်းကင်ရန်နှင့်ကျင့်စဉ်မှာ အလွန်ထူးခြားပြီး ကျင့်စဉ်လမ်းကိုအထောက်အကူပြုနိုင်သည့် ကျင့်စဉ်တစ်ခုဖြစ်ကြောင်း ဆန်းလျန် ကောင်းကောင်းသိ

လေသည်။ ဝိညာဉ်စွမ်အားမြှင့်တင်ခြင်းနှင့် ကျင့်စဉ်လမ်းတွင် ကျင့်ကြံရသည့်ကျင့်စဉ်ကို တစ်ပြိုင်တည်းလေ့ကျင့်ပါက ကျင့်စဉ်နှစ်ခုပဋိပက္ခမဖြစ်သည့်အပြင် တစ်ခုနှင့်တစ်ခု အထောက်အကူပင်ဖြစ်သေးသည်။

စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းကျင့်စဉ်များကို လေ့ကျင့်ခဲ့သည့်အတွေ့အကြုံကြောင့် မိုးကောင်းကင်ရန့်ကျင့်စဉ်ကို ဆန်းလျန်မှာ လွယ်ကူစွာနားလည်သွားရသည်။ ထို့ပြင် စိတ်ဝိညာဉ်မြှင့်တင်ခြင်းကျင့်စဉ်မှာ ထူးခြားဆန်းကျယ်သည့်တိုင် နတ်ဒေဝါမြေခွေးကတော့ သိပ်ပြီးအလေးထားပုံမပေါ်ပါ။

အကြမ်းဖျင်းမျှသာ ဖော်ပြထားပြီး ကျောက်ရှောင်ယွီ၏ ကြာပန်းကိုးပွင့်ကျင့်စဉ်ထက်ပင် သာလွန်ခြင်းမရှိပေ။

ဆန်းလျန်အနေဖြင့်လည်း နတ်ဒေဝါမြေခွေး၏ စာတမ်းရှည်ထဲမှ မိုးကောင်းကင်ရန့်ကျင့်စဉ်ကို စိတ်ဝင်စားခြင်းမရှိပါ။ ဆန်း

လျှန်မှာ ဒုတိယကျင့်စဉ်ကို စိတ်ဝင်စားခြင်းဖြစ်လေသည်။ ထို ကျင့်စဉ်၏ အမည်မှာ “ထုန်းထျန်းကျင့်စဉ်” ဖြစ်လေသည်။ နတ်ဒေဝါမြေခွေးမှာ မွေးရာပါတန်ခိုးစွမ်းအားနှင့်ပြည့်စုံသူဖြစ် သည့်အတွက် အခြားသောသူများက များစွာမနာလိုဖြစ်ကြ လေသည်။ ထို့ပြင် နတ်ဒေဝါမြေခွေးမှာ နှစ်တစ်ထောင်နတ်ဒေ ဝါမြေခွေးမဖြစ်သေးမချင်း တန်ခိုးစွမ်းအားလည်းကြီးမားခြင်း မရှိသလို စြက်ဝဠာတစ်ခုလုံးကို လိုသလိုလှည့်လည်သွားလာ နိုင်ခြင်းလည်း မရှိသေးပါ။ ထိုအချိန်မျိုးတွင် အခြားသော သူများက ဖမ်းဆီးပြီး ဝိညာဉ်စွမ်းအားသတ္တဝါအဖြစ် အသုံးချ ခြင်းကို မခံရစေရန်နှင့်အခြားနည်းလမ်းတစ်ခုခုဖြင့် အသုံးချ ခြင်းကိုမခံရစေရန် ရှောင်ရှားသည့်ကျင့်စဉ်တစ်ခုလိုအပ်လေ သည်။ ရန်သူများ၏ရန်မှပုန်းကွယ်ပြီး အသက်အန္တရယ်မကျ ရောက်စေရန်အတွက် ကျင့်ကြံရသည့်ကျင့်စဉ်တစ်ခု ဖြစ်လေ သည်။

ထိုကျင့်စဉ်မှာ “ထုန်းထျန်းကျင့်စဉ်” ပင်ဖြစ်လေသည်။ ထို ကျင့်စဉ်ကိုကျင့်ကြံပါက မိုးကောင်းကင်၏ အာရုံခံစွမ်းအားကို ရရှိမည်ဖြစ်လေသည်။ တစ်စုံတစ်ယောက်က နာကျင်အောင် ပြုလုပ်တော့မည်ဆိုပါက ကြိုတင်ပြီးသိမြင်နိုင်လေသည်။ ထိုကျင့်စဉ်မှာ မိုးကောင်းကင်ထိတော့ ရောက်အောင်သွားနိုင် ခြင်းမရှိပါ။ သို့သော် ထိုကျင့်စဉ်မှာ အလွန်ပင် အသုံးဝင်လေ သည်။ အန္တရယ်ရှိသည့်နေရာများသို့လည်း တန်ခိုးစွမ်းအား အသုံးပြုပြီးခိုးဝင်နိုင်သလို အန္တရယ်ကင်းကင်းနှင့် ပြန်လည် ထွက်ခွာလာနိုင်လေသည်။ မည်မျှ တန်ခိုးစွမ်းအားကြီးမား သည့်သူဖြစ်ပါစေ “ထုန်းထျန်းကျင့်စဉ်” ကျင့်ကြံထားသူကို သိမြင်နိုင်ခြင်းမရှိပေ။

နတ်ဒေဝါမြေခွေးက ထပ်မံရေးသားထားသေးသည်မှာ “မည်မျှ တန်ခိုးစွမ်းအားကြီးမားသည့်သူဖြစ်ပါစေ ထုန်းထျန်းကျင့်စဉ်

ကျင့်ကြံထားသူကို သိမြင်နိုင်ခြင်းမရှိ” ဆိုရာဝယ် နတ်ဘုရားများပင်ပါဝင်သည်ဟု ရေးသားထားလေသည်။

နတ်ဒေဝါမြေခွေး အရွယ်မရောက်ခင် သူတို့တွင် ကြီးမားသည့် တန်ခိုးစွမ်းအားမရှိသေးပေ။ ထို့ကြောင့် ထုန်းထျန်းကျင့်စဉ်မှာလည်း ကျင့်ကြံရန် ခက်ခဲခြင်းမရှိပါ။ ထို့ပြင် စာတမ်းရှည်ကို ရေးသားခဲ့သော နတ်ဒေဝါမြေခွေးမှာလည်း အမှန်တကယ် တန်ခိုးစွမ်းအားကြီးမားသူတစ်ယောက်ဖြစ်လေသည်။ ထုန်းထျန်းကျင့်စဉ်မှာ ထိုနတ်ဒေဝါမြေခွေး ကိုယ်တိုင်တီထွင်ခဲ့သည့် မူပိုင်ကျင့်စဉ်ဖြစ်လေသည်။ သို့သော် လွန်စွာမှထူးခြားဆန်းကျယ်လှသည့်ထိုကျင့်စဉ်ကို မည်သည့် လူသား ၊ သတ္တဝါမဆို ကျင့်ကြံ၍ရနိုင်သည်ဟု ရေးသားထားခဲ့လေသည်။

သို့သော် လူတိုင်းတော့လေ့ကျင့်၍ရနိုင်မည်မဟုတ်ပေ။ ဝိညာဉ်စွမ်းအားမြင့်မားသူများသာ ထုန်းထျန်းကျင့်စဉ်ကို ကျင့်ကြံနိုင်မည်ဖြစ်လေသည်။ ထို့ကြောင့် နတ်ဒေဝါမြေခွေးသည် ထုန်း

ထျန်းကျင့်စဉ်နှင့်အတူ ကောင်းကင်ရန့်ကျင့်စဉ်ကိုပါ

ထည့်သွင်းရေးသားထားခဲ့ခြင်းဖြစ်လေသည်။

အခန်း (၁၉၅) ယွင်ဆွေအလင်းဓားသိုင်း

ထိုက်ဝေ့ထိုင်ခန်းမဆောင် ဒုတိယထပ်တွင် ဆန်းလျန် တစ်လ

တိတိ ကျင့်စဉ်ကျင့်ကြံနေခဲ့လေသည်။ နတ်ဒေဝါမြေခွေး၏

ထုန်းထျန်းကျင့်စဉ်မှာ လွယ်မယောင်နှင့်ခက်လေသည်။

ကျင့်ကြံရသည်မှာလည်းရှုတ်ထွေးလွန်းလေသည်။

ဆန်းလျန်မှာ ထုန်းထျန်းကျင့်စဉ်၏ အန္တရယ်အများဆုံးအပိုင်း

ကို လေ့ကျင့်နေခဲ့သည်။ သူ၏ ခန္ဓာကိုယ်အလယ်ရှိ "ယင်"

ဝိညာဉ်စွမ်းအားထဲတွင် ပါးကွအင်းချပ်ပုံသဏ္ဌာန်တဖြည်းဖြည်းပေါ်လာလေသည်။ ကိုယ်တွင်းမှစွမ်းအားပေါ်ထွက်လာသည့် သင်္ကေတဖြစ်လေသည်။ ပါးကွသင်္ကေတက အလှည့်အပြောင်း တစ်လှည့်စီ ပြောင်းလဲ လှည့်ပတ်နေလေသည်။ စကြာဝဠာအနေအထားဖြင့် တန်ခိုးစွမ်းအား ပုံသဏ္ဌာန်ခြောက်ခု အပြန်အလှန် ပြောင်းလဲသွားပြီးနောက် မမြင်နိုင်သည့် လောကတစ်ခုမှ နက်နဲသည့် စွမ်းအင်တစ်ခု ထွက်ပေါ်လာလေသည်။

ဆန်းလျန်၏စိတ်အစဉ်တွင် တတိယမျက်လုံးပေါ်ထွက်လာလေသည်။ တတိယမျက်လုံးဟုဆိုခြင်းထက် မည်သည့်နေရာက ပေါ်ထွက်လာမှန်းမသိသည့် အမြင်အာရုံတစ်ခုကိုရရှိလာခြင်းဖြစ်လေသည်။ ထိုအမြင်အာရုံဖြင့် ထိုက်ဝေ့ထိုင်ခန်းမဆောင်အပြင်ဘက်ရှိအခြေအနေများကို မြင်တွေ့နေရလေသည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင်အပြင်ဘက်ရှိ မြက်ခင်းလေးပေါ်
တွင် လေပြေလေးက ဖြတ်သန်းတိုက်ခတ်နေပြီး ကောင်းကင်
ထက်တွင် တိမ်များကမျောလွင့်နေသည်။ ဆန်းလျန်က
သူ၏စိတ်အာရုံကို ကောင်းကင်ထက်သို့ အာရုံစိုက်လိုက်ချိန်
တွင် အလင်းတန်းတစ်ခုကို မြင်တွေ့လိုက်ရသည်။
ထိုအလင်းတန်းမှာ ဟုန်ချန်းယာဖြစ်လေသည်။
ဆန်းလျန်ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားပြီး သူက ထိုက်ဝေ့
ထိုင်ခန်းမဆောင်ဒုတိယထပ်မှ အပြင်ဘက်သို့ တန်းထွက်သွား
လိုက်လေသည်။
ထုန်းထျန်းကျင့်စဉ်ကို ကျင့်ကြံပြီးသည့်နောက် သူက လူများ
ထံမှ သတင်းအချက်အလက်များကို သိမြင်နိုင်ပြီဖြစ်လေ
သည်။ သို့သော် သူ့အတွက် သိပ်ပြီးအရေးမပါလှပါ။ ချင်းရွှမ်
နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်သည့်အတွက် ထျန်း
တိကျန်းမှတစ်ဆင့် အရာအားလုံးကို သိမြင်နိုင်လေသည်။ ထျ

န်းတိကျန်း၏ အစွမ်းများက မယုံကြည်နိုင်လောက်အောင် များပြားလွန်းလှသည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို အသုံးပြုနိုင်လျှင် ပြုနိုင်သလောက် ထျန်းတိကျန်း၏ တန်ခိုးစွမ်းအားမှာ အတိုင်းအဆမရှိနိုင်ပေ။

ဟုန်ချန်းယာက အနီရောင်တောက်တောက်ဝတ်ရုံကို ဝတ်ဆင်ထားပြီး ကျောက်စိမ်းဆံထိုးကို သူ၏ဆံပင်ထက်တွင် ထိုးစိုက်ထားလေသည်။ သူ၏ပုံစံမှာ မီးနတ်ဘိုးဘိုးဟော်တဲ့ရှင်းကျွင်းနှင့်ပင် ဆင်တူနေလေသည်။ သူက ဆန်းလျန်ကိုတွေ့သည်နှင့် မောပန်းနွမ်းနယ်သည့် အကြည့်များဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင် ဒုတိယပ်မှ ဆန်းလျန် မြေပြင်ထက်သို့ဆင်းသက်လာသည်မှာ အသက်ရှူသံလေးတစ်ချက်လေးပင် မကြားရအောင် သေသပ်ငြိမ်သက်လွန်းလေသည်။ ဟုန်ချန်းယာမှာ ဆန်းလျန်ကို မချီးကျူးဘဲ မနေနိုင်။ ဟိုင်သန်းအဆင့်

ကို ပုံပြောင်းအဆင့်ကိုးဆင့်ဖြင့်အောင်မြင်ထားသည်သာမက သူ၏ဝိညာဉ်စွမ်အားအားမှာ မူလဝိညာဉ်နီးပါး အစွမ်းထက်မြက်နေပြီဖြစ်လေသည်။

အမှန်တော့ သူ့အထင်မှားသွားခြင်းဖြစ်သည်။ ဆန်းလျန်သည် ပုံမှန်အတိုင်းအသက်ရှူနေပါသည်။ သို့သော် သူကျင့်ကြံထားသည့် ထုန်းထျန်းကျင့်စဉ်ကြောင့် အသက်ရှူသံငြိမ်သက်နေရခြင်းဖြစ်လေသည်။ သူ၏ တန်ခိုးစွမ်းအားများမှာလည်း အလိုအလျောက် ဖုံးကွယ်ထားပြီးသား ဖြစ်နေလေသည်။

ဆန်းလျန်က ဟုန်ချန်းယာနှင့် ဆယ်ပေအကွက်တွင် တည်ငြိမ်စွာရပ်တန့်လိုက်ပြီး လက်နှစ်ဖက်ကို အသာနောက်ပစ်လိုက်ရင်း ....

"ဘိုးဘိုးဟုန် ၊ ကျွန်တော့်ကိုလာရှာတာလား"

ဟုန်ချန်းယာက ဦးညွတ်အရိုအသေပေးလိုက်သည်။

ဆန်းလျန်မှာ သူ့ထက်များစွာအသက်ငယ်ရွယ်သည့်တိုင် ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးခုဖြင့် အောင်မြင်ခဲ့ခြင်းနှင့် တုန်လှုပ်အံ့သြစရာ တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားခြင်း အပြင် ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်လည်းဖြစ်သည့်အတွက် ယဉ်ကျေးမှုအရ ဂါရဝပြုရမည်ဖြစ်လေသည်။

"မင်းက ချင်းရွှမ်ခန်းမဆောင်မှာ မရှိဘူးလေ ၊ ကျင်းချင်းက မင်းထိုက်ဝေ့ထိုင်ကိုသွားတယ်ပြောလို့ ၊ ကျုပ်လည်း ဒီကို လိုက်လာတာ”

ဟုန်ချန်းယာက ပြောလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျင့်စဉ်လမ်းကတိုးတက်ပေမယ့် တန်ခိုးစွမ်းအားက မလုံလောက်သေးဘူးလေ ၊ ဒါကြောင့် ဒီမှာ ကျင့်စဉ်တွေလာရှာတာ ၊ ဘိုးဘိုးဟုန် ပင်ပန်းသွားရပြီ ၊ ဒါနဲ့ ကျွန်တော့်ကိုလာရှာ

တာဆိုတော့ သာမန်ကိစ္စမဖြစ်နိုင်ဘူး ၊ ဒီနေရာမှာတော့ပြောလို့

မကောင်းဘူး ၊ ချင်းရွှမ်ခန်းမဆောင်ကိုပဲပြန်ကြရအောင်"

ဟု ပြောလိုက်လေသည်။

"ကျင့်စဉ်လမ်းကတိုးတက်ပေမယ့် တန်ခိုးစွမ်းအားက မ

လုံလောက်သေးဘူးလေ" ဟု ဆန်းလျန်ပြောလိုက်ခြင်းမှာ

တမင်သက်သက် ကြွားဝါပြောဆိုခြင်းမဟုတ်ပါ။ သို့သော် ဟုန်

ချန်းယာမှာတော့ ထိုစကားကိုကြားသည့်အခါ ငိုရမလို ရယ်ရမ

လို ဖြစ်သွားလေသည်။ ဟုန်ချန်းယာမှာ တစ်ချိန်လုံး ကျင့်စဉ်

လမ်းတိုးတက်အောင် ကျင့်ကြံနေရပြီး တန်ခိုးစွမ်းအား

ဆိုသည်မှာလည်း ကျင့်ကြံနေသည့်ကျင့်စဉ်မှ ရရှိသည့် တန်ခိုး

စွမ်းအားသာ ရှိလေသည်။ ထို့ကြောင့် ကျင့်စဉ်လမ်းအဆင့်

တက်ရောက်နိုင်မှသာ တန်ခိုးစွမ်းအားလည်း မြင့်မားနိုင်မည်ဟု

ခံယူထားလေသည်။

ကျင့်စဉ်လမ်းတစ်ခု တစ်ခါအဆင့်တက်ရန်ပင်လျှင် ဆယ်နှစ်မက အနှစ်တရာကြာအောင် ကျင့်ကြံနေရသည်ဖြစ်ရကား အချိန်များစွာ ပေးဆပ်ထားရသည်ဖြစ်လေရာ အခြားကျင့်စဉ်ကျင့်ကြံရန်အတွက် အချိန်မရှိလှပေ။ ထို့ကြောင့် ဆန်းလျန်မှာ မည်သည့်တန်ခိုးစွမ်းအားမလုံလောက်သေးသည့်အတွက်မည်သည့်ကျင့်စဉ်ကို ထပ်မံကျင့်ကြံနေရပါသနည်းဟု ဟုန်ချင်းယာ တွေးနေမိလေသည်။

ချန်ကျန့်မေသည်ပင်လျှင် သဏ္ဍာန်မဲ့ဓားပညာတစ်ခုတည်းကို တစ်စိုက်မတ်မတ်ကျင့်ကြံသည့်တိုင် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် နှစ်ပေါင်းများစွာကြာအောင် ကျင့်ကြံနေခဲ့ရလေသည်။ ရုပ်ပွားအဆင့်မှာပင် သူ၏တန်ခိုးစွမ်းအားမှာ အခြားသော ဟိုင်သန်းအဆင့်ကျင့်ကြံသူများကို ကောင်းကောင်းအနိုင်ယူနိုင်လေသည်။

ချန်ကျန့်မေ ဟိုင်သန်းအဆင့်တက်ရောက်သည့်အခါတွင်တော့ သူ၏ဓားသိုင်းမှာ ပြိုင်ဘက်မရှိတော့ပေ။ ထို့ကြောင့် ကိုယ်လျှောက်လှမ်းသည့်ကျင့်စဉ်လမ်းအပြင် အခြားသောတန်ခိုးစွမ်းအားကို ကျင့်ကြံသည်မှာ ရှားပါးဖြစ်ရပ်ပင်ဖြစ်လေသည်။ ဆန်းလျန်ကတော့ သူ့ဟာနှင့်သူ အဆင်ပြေနေလေသည်။ သူ၏သိုင်းစွမ်းရည်မှာ မြင့်မားသည့်အပြင် သူက ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ကိုလည်းရရှိထားသေးသည်။ ထို့ပြင် ထိုက်ရှီးတန်ခိုးစွမ်းအားများကလည်း မြင့်မားလွန်းပြီး ရှိခြင်းမရှိခြင်းဓားသိုင်းမှာလည်း အစွမ်းထက်မြက်သည့် ဓားသိုင်းတစ်ခုဖြစ်လေသည်။

သူကျင့်ကြံခဲ့သမျှ ကျင့်စဉ်တိုင်းမှာ သူ့အတွက် အကျိုးအမြတ်ရှိလေသည်။ ထို့ပြင် ကျင့်စဉ်တစ်ခုကို ကျင့်ကြံတိုင်း သူ၏အရည်အသွေးမှာ မတူညီဘဲ ကွဲပြားသွားရလေသည်။ ယခုဆိုလျှင် ဆန်းလျန်၏ခေါင်းထဲတွင် ကျင့်စဉ်ပေါင်းများစွာ

ကို သိရှိထားပြီဖြစ်လေသည်။ သို့သော် ထိပ်ဆုံးသို့ရောက်နိုင်သည့် တန်ခိုးစွမ်းအားကို ရရှိခြင်းမရှိသေးပေ။ ထို့ကြောင့် သူက ထိုက်ဝေ့ထိုင်ခန်းမဆောင်သို့လာကာ လေ့လာမှုများ ပြုလုပ်နေခြင်းဖြစ်လေသည်။

သူက ပြိုင်ဘက်ရန်သူကို အပြတ်အသတ်အနိုင်ရနိုင်မည့် တန်ခိုးစွမ်းအားမျိုးကို ရှာဖွေနေခြင်းဖြစ်သော်လည်း မထင်မှတ်စွာ ထုန်းထျန်းကျင့်စဉ်ကိုတွေ့ရှိပြီး လေ့ကျင့်ခဲ့ခြင်းဖြစ်လေသည်။

ထိုကျင့်စဉ်က လက်ရှိအချိန်တွင် သူနှင့်ပိုပြီး သင့်တော်လေသည်။ သူက ချင်းရွှမ်နတ်တံခါး၏တာဝန်များကိုလည်း ထမ်းထားရပြီး ကျင့်စဉ်လမ်းအဆင့်တိုးတက်ရန်လည်း ကျင့်ကြံနေရသေးသည်။ ထို့ကြောင့် သူ့အနေဖြင့် အန္တရာယ်ကင်းကင်းနှင့် ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်နိုင်ရန် လိုအပ်လေသည်။

ဆန်းလျန်က အကျီလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် လေပွေတစ်ချက်တိုက်ခတ်သွားပြီး ထိုလေပွေက သူတို့နှစ်ယောက်လုံးကို ကျီဖူတောင်ထိပ်မှနေပြီး ချင်းရှမ်ခန်းမဆောင်ဆီသို့ လျှင်မြန်စွာ ပို့ဆောင်ပေးလိုက်လေသည်။

ချင်းရှမ်ခန်းမဆောင်မှာ တိတ်ဆိတ်ပြီး အေးစက်နေလေသည်။

ဆန်းလျန်က ...

"ဘာများဖြစ်လို့လဲ ဘိုးဘိုးဟုန်"

"အရှေ့တောင်ဘက် မိုင်ငါးထောင်အကွာမှာ ခေါင်းကိုးလုံးမင်းကြီးအုပ်ချုပ်တဲ့ ပင်လယ်ထဲက ပိုင်နက်နယ်မြေတစ်ခုရှိတယ်၊ အဲဒီနတ်မိစ္ဆာဘုရင်ဟာ ကျင့်စဉ်လမ်းအောင်မြင်ပြီး တန်ခိုးစွမ်းအားလည်း ကြီးမားတယ်၊ သူက ချင်းရှမ်နတ်တံခါးနဲ့ သိပ်မဝေးတဲ့နေရာမှာ နေတာဆိုပေမယ့် သူ့ဟာသူ အေးအေးဆေးဆေးပဲ နေတာပါပဲ၊ ဒါပေမယ့် အဲဒီနတ်မိစ္ဆာ

ဘုရင်ရဲ့ နတ်မိစ္ဆာစစ်တပ်တွေနဲ့ နတ်မိစ္ဆာစစ်သူကြီးက

ပင်လယ်တစ်ဝိုက်က ပုံမှန်မဟုတ်တဲ့ကျင့်ကြံသူတွေနဲ့ ချင်းရှမ်

နတ်တံခါးက အနွယ်တော်တွေကို အကြောင်းမရှိဘဲ

ရုတ်တရက် တိုက်ခိုက်လာတယ်၊ ကျင့်ကြံသူတွေအများကြီး

အသက်ဆုံးရှုံးခဲ့ရတယ်"

ဟုန်ချန်းယာက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်လေ

သည်။

ဆန်းလျန်က တစ်ချက်စဉ်းစားလိုက်ရင်း...

"ချင်းရှမ်နဲ့အနီးတစ်ဝိုက်ပင်လယ်နားကို ကာကွယ်ပေးရမှာက

ချင်းရှမ်နတ်တံခါးရဲ့တာဝန်ပဲမဟုတ်လား၊ ဘိုးဘိုးဟုန်တာဝန်

ယူထားတဲ့ စန့်ကုန်းထန်အဆောင်မှာ ဒီအကြောင်းကြေငြာ

လိုက်ပြီး အဲဒီနတ်မိစ္ဆာတွေကို နှိမ်နင်းနိုင်မယ့်တပည့်ရှာပြီး

လွှတ်လိုက်ပါ၊ သူတို့လည်း မိစ္ဆာနှိမ်နင်းတဲ့ အတွေ့အကြုံရတာ

ပေါ့"

ဟု ပြောလိုက်လေသည်။

"ကျုပ်လည်း ဒီလိုပဲလုပ်လိုက်ပါတယ်၊ အဲဒီကျွန်းပေါ်မှာ ပုံမှန်မဟုတ်တဲ့ကျင့်ကြံသူတွေလည်း ရှိသေးတာဆိုတော့ နတ်မိစ္ဆာတွေကိုသုတ်သင်ဖို့ ကျင့်ကြံသူနှစ်ယောက်ကို လွှတ်လိုက်ပါတယ်၊ အဲဒီကျင့်ကြံသူနှစ်ယောက်က ခြေထောက်တွေလက်တွေအဖြတ်ခံရပြီး ပြန်ရောက်လာကြတယ်"

ဆန်းလျန်၏မျက်နှာမှာ တင်းမာခက်ထန်သွားလေသည်။

"ကြည့်ရတာ တစ်ယောက်ယောက်ကတော့ ကျွန်တော်တို့ကို ရန်စနေပြီနဲ့တူတယ်"

ဟု ဆန်းလျန်က ပြောလိုက်လေသည်။

ဟုန်ချန်းယာက သူ၏မုတ်ဆိတ်မွေးများကို သပ်လိုက်ရင်း...

"ကျုပ်လည်း ဒီလိုပဲထင်တယ်၊ ကျုပ်က ကျင့်ကြံသူနှစ်ယောက်ပို့လိုက်တာ မိုက်တစ်ရာတောင်မရောက်သေးဘူး ဓားဝိညာဉ်တစ်ခုပေါ်လာပြီး သူတို့ ခြေတွေလက်တွေကို ဖြတ်

ပစ်လိုက်တယ် ၊ ပြီးတော့ စက္ကူကြိုးကြာပေါ်တင်ပြီး ပြန်ပို့

ပေးလိုက်တယ်"

ဟု ပြောလိုက်လေသည်။

"အဲဒီဓားဝိညာဉ်ရဲ့ ဇစ်မြစ်ကို ဘိုးဘိုးဟုန် သိသလား"

ဆန်းလျန်က မေးလိုက်သည်။

ဟုန်ချင်းယာ၏ မျက်နှာက တည်ကြည်လေးနက်သွားပြီး...

"ကျုပ်ထင်တာမမှားဘူးဆိုရင်တော့ အဲဒီဓားဝိညာဉ်က ချင်း

ကျန်းဂိုဏ်းက ယွင်ဆွေအလင်းဓားဝိညာဉ်ပဲ"

ဟု ပြောလိုက်လေသည်။

ချင်းကျန်းဂိုဏ်းမှာ အလွန်ကြီးမားသည့် ဓားသိုင်းဂိုဏ်းတစ်ခု

ဖြစ်လေသည်။ ဂိုဏ်းတစ်ခုလုံးမှာ ဓားသိုင်းကိုသာ လေ့ကျင့်

ကြပြီး ယွင်ဆွေအလင်းဓားမှာ သူတို့ဂိုဏ်း၏ မူပိုင်ဓားသိုင်း

ပညာဖြစ်လေသည်။ ထိုဓားသိုင်းကိုကျင့်ကြံပါက တိမ်ပေါ်တွင်

ပင် သွားလာနိုင်မည်ဖြစ်လေသည်။ ထိုဓားသိုင်းမှာ နားလည်ရ

ခက်ခဲလောက်အောင် အစွမ်းထက်မြက်လေသည်။ ဟိုင်သန်း အဆင့်ကျင့်ကြံသူမဟုတ်လျှင် ထိုဓားသိုင်းကို ခုခံနိုင်မည် မဟုတ်ပေ။

ချင်းကျန်းဂိုဏ်းတွင် နတ်ဘုရားပေါ်ထွက်ခြင်းမရှိသည်မှာ နှစ်ပေါင်းငါးရာခန့်ရှိပြီဖြစ်လေသည်။ ထိုဂိုဏ်းတွင် အမြင့်ဆုံး အဆင့်ကျင့်ကြံသူမှာ "သုံးခါရှုံးဓားဘုရင်" ဆိုသည့် ဓားသမား တစ်ယောက်ဖြစ်လေသည်။ သူ၏အမည်ရင်းမှာ မုန့်ရှင်ကျန်း ဖြစ်လေသည်။ သူ၏ဘဝတွင် လူတစ်ယောက်ကိုသာ ရှုံးနိမ့်ခဲ့ဖူးလေသည်။ ရှုံးနိမ့်သည်မှာလည်း သုံးကြိမ်တိုင်တိုင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်လေသည်။ နောက်ဆုံးတွင်တော့ "သုံးခါရှုံးဓားဘုရင်" ဆိုသည့် ဘွဲ့ကိုရခဲ့လေသည်။ သုံးကြိမ်တိုင်တိုင်သူရှုံးနိမ့်ခဲ့ သည့်သူမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာဟွမ် ကျန်းကို ဖြစ်လေသည်။ နောက်ဆုံးတွင်တော့ သုံးခါးရှုံးဓား

ဘုရင်မှာ တာအိုဆရာဟွမ်ကျန်းနှင့် မိတ်ဆွေများဖြစ်လာခဲ့လေသည်။

ချင်းရွှမ်နတ်တံခါးမှ တပည့်နှစ်ယောက်ကို တိုက်ခိုက်သည်မှာ မုန့်ရှင်ကျန်းကိုယ်တိုင်တော့ မဖြစ်နိုင်ပေ။ သူ၏ တပည့်များပင် ဖြစ်ရပေမည်။

ဆန်းလျန်က အတန်ကြာအောင် စဉ်းစားနေပြီးမှ ရန်သူ၏ ဇာတ်ကွက်ကို နားလည်သွားလေသည်။

"သူတို့က ပုံမှန်မဟုတ်တဲ့ကျင့်ကြံသူတွေနဲ့ ချင်းရွှမ်နတ်တံခါးရဲ့အနွယ်တော်တွေနေတဲ့ကျွန်းကို ချင်းရွှမ်က အကူအညီလွှတ်မှာကို တားဆီးနေတာပဲ ၊ ခေါင်းကိုးလုံးမင်းကြီးရဲ့ လက်အောက်မှာ ခေါင်းကိုးလုံးမင်းကြီးကိုယ်တိုင် မဟုတ်ရင် သူတို့ကိုယ်ပိုင်တန်ခိုးစွမ်းအားနဲ့ လူယောင်ဖန်ဆင်းနိုင်တဲ့ နတ်မိစ္ဆာလုံးဝမရှိဘူး ၊ ရုပ်ပွားအဆင့်တပည့်တွေနဲ့တင် အဲဒီ နတ်မိစ္ဆာတွေကို နှိမ်နင်းနိုင်တယ် ၊ ဒါပေမယ့် အခြားသူတွေက

ကျွန်တော်တို့ချင်းရှမ်နတ်တံခါးက ကိုယ့်ပိုင်နက်ကိုတောင်

မကာကွယ်နိုင်ဘူးဆိုပြီး ကျွန်တော်တို့ဂိုဏ်းကို ဂုဏ်သိက္ခာငြိုး

နွမ်းအောင်လုပ်ချင်တာရယ်၊ ကျွန်တော်တို့ဆီက တပည့်တွေ

အသုံးမကျဘူးဆိုတာမျိုး ဖြစ်စေချင်တာကြောင့် ဒီလိုကြံစည်

တာပဲ"

ဆန်းလျန်က ရှည်လျားစွာပြောလိုက်လေသည်။

"ဒီလိုဆိုမှတော့ အဲဒီလူက ဘယ်လောက်အဆင့်မြင့်တဲ့ကျင့်ကြံ

သူလဲဆိုတာ မခန့်မှန်းနိုင်ဘူး၊ ရှေ့ကိုဘာဆက်လုပ်ရမလဲဆို

တာ ဂိုဏ်းချုပ်ကပဲ ညွှန်ပြပေးပါတော့"

ဟုန်ချန်းယာက ပြောလိုက်သည်။

"အဲဒီကျင့်ကြံသူက ဘယ်လောက်အဆင့်မြင့်လဲဆိုတာ ပြောရ

ခက်တယ်၊ မုန့်ရှင်ကျန်းကိုယ်တိုင်ဖြစ်နေရင်တော့ ကျွန်တော်

သူနဲ့ရင်ဆိုင်ရမှာပဲ၊ ဒီကိစ္စအတွက် ကျွန်တော်စီစဉ်လိုက်ပါ့မယ်

၊ ဒါနဲ့ ဘိုးဘိုးဟုန် ၊ ဒဏ်ရာရထားတဲ့ တပည့်နှစ်ယောက်ရော ဘယ်လိုနေသေးလဲ"

ဆန်းလျန်က သူ့အကျင့်အတိုင်း သိမ်မွေ့စွာပင် ဆိုလေသည်။

"တပည့်တွေရဲ့အခြေအနေကတော့ မစိုးရိမ်ရတော့ပါဘူး ၊ ဒါပေမယ့် သူတို့လက်တွေ ခြေတွေအကုန် အဖြတ်ခံထားရတယ်"

ဟုန်ချန်းယာက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်က သက်ပြင်းချလိုက်ရင်း...

"ကျွန်တော်တို့ဆီမှာ ရှန်းစန်းပြဒါးဆေးလုံး သုံးလုံးရှိတယ်မလား ၊ သူတို့အတွက် နှစ်လုံးယူသုံးလိုက်ပါ"

ဟု ပြောလိုက်လေတော့သည်။

အခန်း (၁၉၆) နှစ်ပေါင်းတစ်သောင်းတိုင်အောင်ရပ်တည်ခဲ့

သည့် ချင်းရွှမ်နတ်တံခါး

ရှန်းစန်းပြဒါးဆေးလုံးမှာ ချင်းရွှမ်နတ်တံခါးမှ ပြဒါးဆေးပညာ

ကျင့်စဉ်ဖြင့် ကျင့်စဉ်အောင်မြင်ခဲ့သည့် နတ်ဘုရားတစ်ပါးမှ

ဖော်စပ်ထားခဲ့သည့် ဆေးဖြစ်လေသည်။ ထိုဆေးလုံးဖော်စပ်

ရန်အတွက် အချိန်နှင့် ဝိညာဉ်စွမ်းအားများစွာ အကုန်ခံပြီး

အကြိမ်ပေါင်းများစွာဖိုထိုးကာ ဖော်စပ်ခဲ့ရခြင်းဖြစ်သည်။ ထို

ဆေးမှာ လောကသဘာဝကို ဆန့်ကျင်ပြီး ပြတ်သွားသည့်ခြေ

လက်များကို ပြန်ထွက်လာစေကာ ခန္ဓာကိုယ်ကို ပြန်လည်

တည်ဆောက်ပေးနိုင်သည့် အစွမ်းရှိလေသည်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီးသည့်နောက် ....

ယခုအချိန်တွင်တော့ ချင်းရွှမ်နတ်တံခါးတွင် ထိုဆေးလုံး သုံး

လုံးသာ ကျန်တော့သည်။

ဆန်းလျန်က ထိုဆေးများကို နှမျောတွန့်တိုခြင်းမရှိဘဲ တပည့် နှစ်ယောက်အတွက် ပေးမည်ဆိုသည့်အတွက်ကြောင့် ဟုန်ချန်း ယာ တုန်လှုပ်သွားရသည်။

သူက ဆန်းလျန်ကို ထိုမျှတန်ဖိုးရှိသောဆေးကို အသုံးမပြုရန် တားဆီးဖို့ ကြိုးစားလိုက်သည်။ အကယ်၍ အနာဂတ်တွင် အရေးပေါ်အခြေအနေ ကြုံတွေ့ခဲ့ရသည်ရှိသော် ထိုဆေးမရှိ လျှင် ပြဿနာတက်နိုင်လေသည်။

ဆန်းလျန်က ဟုန်ချန်းယာ၏အတွေးများကို သိနေသည့် အလား သူ့ကို တစ်ချက်ကြည့်လိုက်ရင်း...

"အဲဒီဆေးကို ကျွန်တော်သုံးတယ်လို့ပဲ စာရင်းမှတ်လိုက်ပါ၊ နောက်ကျရင် အဲဒီလိုဆေးပြန်ရနိုင်ဖို့ ကျွန်တော် နည်းလမ်းရှာ ပါ့မယ်၊ အခု ဒီအဖိုးတန်ဆေးတွေသုံးလိုက်တာကို အလကား သုံးတယ်လို့တော့ ဘိုးဘိုးဟုန်ကို မထင်စေချင်ဘူး၊ ဘာလို့ လဲဆိုတော့ ဆေးဆိုတာက ပစ္စည်းတစ်ခုပဲလေ၊ သုံးဖို့ထားတာ

မဟုတ်လား ၊ လူကတော့တန်ဖိုးရှိတယ်လေ ၊ ပြီးတော့ ပစ္စည်းဆိုတာ နောက်ကျရင် ပြန်ရလာမှာပဲလေ ၊ အဲဒီဆေးကို လိုအပ်နေတဲ့ တပည့်နှစ်ယောက်အတွက် အသုံးပြုမှာကို ကျွန်တော်တို့ မနှမြောသင့်ပါဘူးဗျာ"

ဟု ဆန်းလျန်က ပြောလိုက်သည်။

"ဒီလိုသာ သုံးခွင့်ပြုမယ်ဆိုရင် အခြားသူတွေလည်း အလကားလိုချင်နေတော့မှာပေါ့"

ဟုန်ချန်းယာက သံသယများစွာဖြင့် ပြောလိုက်သည်။

ဆန်းလျန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"အားလုံးက ကျင့်ကြံသူတွေပဲ ဘိုးဘိုးဟုန်ရယ် ၊ ချင်းရွှမ်နတ်တံခါးတစ်ခုလုံးမှာ စိတ်ဓာတ်မကောင်းတဲ့ လူတွေပဲရှိနေတာမှ မဟုတ်တာ ၊ အလကားလိုချင်တဲ့သူရှိရင်လည်း အသိသာကြီးပဲလေ ၊ ပြီးတော့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာသာ လုကျိုးယွမ်လိုလူမျိုး တစ်ယောက်ပေါ်လာမယ်ဆိုရင် ကျွန်တော်တို့ကို

ကူညီမယ်များထင်သလား ၊ ချင်းရွှမ်က တပည့်တွေအတွက်ဆို ရင် ချင်းရွှမ်ကပဲ ကူညီပေးရမယ် ဘိုးဘိုးဟုန်"

ဟုန်ချန်းယာသည် ဆန်းလျန်မှာ ကျန်းရှော့ရှီးနှင့် လုံးဝမတူညီ သည့်အချက်ကို ချက်ချင်းပင် သဘောပေါက်သွားရသည်။

ဆရာသခင်ကျန်းရှော့ရှီးမှာ စိတ်ရှည်သည်းခံတတ်သလို ရှေ့ရေးကိုလည်းကြိုတွေးတတ်ကာ သဘောထားကောင်းသူ တစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် ချင်းရွှမ်နတ်တံခါး ဒုက္ခရောက်သည့်အချိန်တွင် ကျန်းရှော့ရှီးက ထိန်းထားနိုင်ခြင်း ဖြစ်လေသည်။

ဆန်းလျန်ကတော့ ထိုသို့မဟုတ်ပေ။ ဆန်းလျန်က ဂရုဏာ တရားကြီးမားလွန်းသူတစ်ယောက် ဖြစ်လေသည်။ သို့သော် သူ၏ ဂရုဏာတရားကြောင့် မဆင်မခြင်လုပ်တတ်သည့် လူ တစ်ယောက်တော့ မဟုတ်ပေ။ သူက ချင်းရွှမ်နတ် တံခါး၏အခြေအနေကို ဓမ္မဓိဌာန်ကျကျသုံးသပ်နိုင်စွမ်းရှိ

သည့် ဩဇာတိက္ကမကြီးမားသူ တစ်ယောက်ဖြစ်လေသည်။

အလုပ်လုပ်သည့်အခါတွင်လည်း အရမ်းကာရော စိုးရိမ်မှု လွန်ကဲနေခြင်း မရှိသလို ဖြစ်နိုင်ချေများအားလုံးကို ထည့်သွင်းစဉ်းထားတတ်လေသည်။

ဆန်းလျန်မှာ စိတ်ဓာတ်ခိုင်မာသည့်သူတစ်ယောက်ဖြစ်ပြီး အခြားသူများက သူ့ကိုလွယ်လွယ်နှင့် လှုမ်းမိုး၍မရပေ။

သူက ဟုန်ချန်းယာကို တပည့်နှစ်ယောက်အတွက် ရှန်းစန်းပြဒါးဆေးနှစ်လုံး အသုံးပြုရန်ပြောလိုက်ပြီး နတ်ဘုရားစိတ်စွမ်းအားဖြင့် ကျင်းချင်းကို ခန်းမထဲဝင်လာရန် ခေါ်လိုက်သည်။

ကျင်းချင်းမှာ ဆရာသခင်ကျန်းရော့ရှီး မရှိတော့သည့်နောက်ပိုင်း သိပ်ပြီး တက်တက်ကြွကြွမရှိလှတော့ပေ။ သို့သော် သူက အမြဲတမ်း ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဆရာသခင်များကို အလုပ်အကျွေးပြုရသည့် တပည့်တစ်ယောက်ဖြစ်

သည့်အတွက် ဆန်းလျန်၏ အမိန့်ကို မနာခံ၍မရပေ။ သူက ချင်းရွှမ်ခန်းမဆောင်အတွင်းသို့ဝင်လိုက်ပြီး အရှိန်အဝါကြီးလှသော ဂိုဏ်းချုပ်လေးကို လှမ်းကြည့်လိုက်လေသည်။ ဆန်းလျန်၏ ငယ်ရွယ်နုပျိုသည့်မျက်နှာကို ချင်းရွှမ်ခန်းမထဲတွင် မြင်တွေ့ရသည်မှာ သူ့အတွက် အသားမကျလှသေးပေ။

ချင်းရွှမ်နတ်တံခါး၏ ယခင် ဂိုဏ်းချုပ်ဆရာသခင်များမှာ ပြတ်သားတည်ငြိမ်သည့် အသက်အရွယ်ရောက်မှပင် ဂိုဏ်းချုပ်ဖြစ်လာကြသည့်သူများဖြစ်လေသည်။ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ဂိုဏ်းချုပ်ဖြစ်လာသူဆို၍ ချင်းရွှမ်နတ်တံခါး၏ သမိုင်းကြောင်းတွင် ဆန်းလျန်က ပထမဆုံးအကြိမ်ဖြစ်လေသည်။

"ဘာများလုပ်ပေးရမလဲ ဂိုဏ်းချုပ်"

ကျင်းချင်းက လေးလေးစားစားဖြင့်ပင် မေးလိုက်လေသည်။

ဆန်းလျန်က ကျင်းချင်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ကျင်းချင်းက မြေမြို့မိစ္ဆာတစ်ကောင်ပဲ ၊ ဒါပေမယ့် သူက လူတွေနဲ့နီးစပ်တယ် ၊ ဒါကြောင့် ကျင့်စဉ်လမ်းအဆင့်တက်နိုင်ဖို့ အခွင့်အရေးရှိနိုင်တယ် ၊ နတ်မိစ္ဆာဘုရင်တွေမှာတောင်မှ တန်ခိုစွမ်းအားအလိုက် အဆင့်အမျိုးမျိုး သတ်မှတ်ထားတာပဲ ၊ နတ်မိစ္ဆာတစ်ယောက် တကယ်တော်လာရင် နတ်ဘုရားတစ်ပါးထက်တော့ တန်ခိုးစွမ်းအား မလျော့နိုင်ဘူး ၊ ဒါပေမယ့် နတ်မိစ္ဆာတွေ ကျင့်စဉ်လမ်း အဆင့်တက်နိုင်ဖို့ ကျမ်းစာအုပ်တွေထဲမှာ ရေးထားတာတော့ မတွေ့မိဘူး"

ထိုအတွေးများကို ဆန်းလျန်စိတ်ထဲမှ တွေးနေခြင်းဖြစ်လေသည်။

လောကတွင် မည်သည့်အရာမှ တသမတ်တည်း မသွားတတ်ပေ။ အရာရာက ပြောင်းလဲတတ်သည့်သဘော ရှိလေသည်။ တိရိစ္ဆာန်များ ကျင့်စဉ်လမ်းအဆင့်တက်သည်ဆိုသည်မှာလည်း ပြောင်းလဲခြင်းပင် ဖြစ်လေသည်။

ကျင်းချင်းသာ တန်ခိုးစွမ်းအားကြီးမားသည့် နတ်မိစ္ဆာကြီးတစ်ယောက်ဖြစ်လာပါက နတ်ဘုရားတစ်ပါးကိုပင် ရင်ဆိုင်နိုင်မည်ဖြစ်လေသည်။ ထိုအခါ ချင်းရွှမ်နတ်တံခါးအတွက် များစွာအထောက်အပံ့ရမည်ဖြစ်လေသည်။

"ဆရာသခင်ကယ်ယွမ်းဆီကိုသွားပြီး သူ့တပည့်ကျောက်ဝူကျိကို ကျုပ်နဲ့လာတွေ့ဖို့ သွားခေါ်ပေးနိုင်မလား ကျင်းချင်း ၊ ကျုပ်သူ့ကို ခိုင်းစရာကိစ္စတစ်ခုရှိလို့"

ဆန်းလျန်က ပြောလိုက်သည်။

ကျင်းချင်းသည် စကားတစ်လုံးမှပင်ပြန်မပြောဘဲ အမိန့်ကိုနာခံကာ ထွက်ခွာသွားလေသည်။

ဆန်းလျန်က ထျန်းတိကျန်းကို ထုတ်လိုက်သည်။ ကြေးမုံမှန်သည် လေထဲသို့ပျံဝဲတက်သွားပြီး ကြမ်းပြင်ပေါ်သို့ပြန်လည်ဆင်းသက်လာကာ လေထဲသို့ အလင်းတန်းတစ်ခု

ထုတ်လွှတ်ပေးလိုက်လေသည်။ ထိုအလင်းတန်းမှ လှိုင်းများ

ထလာပြီး ပုံရိပ်များပေါ်လာတော့သည်။

ကောင်းကင်ပြာထက်တွင် တိမ်ဖြူများရွေ့လျားနေပြီး ဇင်

ယောက်ငှက်လေးများက ပျံသန်းနေကြလေသည်။

မြင်ကွင်းထဲတွင် ကျောက်ဆောင်တစ်ခုကို အနီးကပ် မြင်တွေ့ရ

လေသည်။ ထိုကျောက်ဆောင်ကို ပင်လယ်ရေလှိုင်းများက

ရိုက်ခတ်နေလေသည်။

ဓားတစ်လက်ကိုင်ထားသည့် လူငယ်လေးတစ်ယောက်သည်

ထိုကျောက်ဆောင်ထက်တွင် ထိုင်နေလေသည်။

သူ၏ ဓားပေါ်တွင် ဓားဝိညာဉ်က တစ်လက်လက်တောက်ပနေ

လေသည်။ ဓားဝိညာဉ်၏အရောင်မှာ တိမ်နှင့်ပင်လယ်၏

ပြောင်းလဲမှုအတိုင်းလိုက်လံပြောင်းလဲနေလေသည်။ သူ၏ ပုံစံ

မှာ ဓားတန်ခိုးရှင်နတ်ဘုရားတစ်ပါးနှင့်ပင် ဆင်တူလေသည်။

သူက ကောင်းကင်ထက်သို့ မကြာခဏမော့ကြည့်နေလေ

သည်။ သို့သော် အပြာရောင်ကောင်းကင်နှင့် တိမ်တိုက်များသာ မြင်တွေ့ရပြီး မည်သည့်ထူးခြားချက်မှ မရှိပေ။

ဆန်းလျန်က ထျန်းတိကျန်းကို ပြန်သိမ်းလိုက်သည်။ ဓားကိုင် ထားသည့် လူငယ်လေး၏ ဝိညာဉ်စွမ်းအားမှာ အံ့သြစရာ ကောင်းလောက်အောင် မြင့်မားနေလေသည်။ အရည်အချင်းရှိ သည့် လူငယ်လေးတစ်ယောက်ဖြစ်ပြီး အဓိက နတ်ဘုရား ကျောင်းတော်ကြီးလေးခုမှာ ထိုသို့သောလူငယ်လေးမျိုးကို တပည့်အဖြစ် ကျိန်းသေလိုချင်မည် ဖြစ်လေသည်။

ချင်းကျန်းဂိုဏ်းတွင် ထိုကဲ့သို့ အရည်အချင်းရှိသည့် တပည့် မျိုးရှိနေသည်မှာ ကံကောင်းခြင်းပင် ဖြစ်သည်။ ထိုလူငယ် လေးမှာ မုန့်ရှင်ကျန်း၏ အချစ်ဆုံးတပည့်တစ်ယောက် ဖြစ်နိုင် လေသည်။

သုံးခါရှုံးဓားဘုရင်သည် ယခုကဲ့သို့ အရည်အချင်းရှိသည့် တပည့်လေးတစ်ယောက်ကို ဤသို့သောနေရာသို့

တစ်ယောက်တည်းတော့ လွှတ်မည် မထင်ပေ။ မုန့်ရှင်ကျန်း

ကိုယ်တိုင်လည်း အနီးပတ်ဝန်းကျင်တွင် ရှိနိုင်လေသည်။

ဤနေရာမှာ ချင်းရှမ်နတ်တံခါး၏ ပိုင်နက်ဖြစ်လေသည်။

သို့သော် ယခုတော့ အခြားသူများက စိတ်တိုင်းကျ ဝင်ထွက်

သွားလာနေခဲ့ပြီ။

ဤသည်မှာ ချင်းရှမ်နတ်တံခါး၏ အရိပ်အာဝါသအောက်သို့

ဝင်ရောက်လာပြီး ချင်းရှမ်နတ်တံခါး၏ ဂုဏ်သိက္ခာကို

အလေးမထားခြင်းပင် ဖြစ်လေသည်။

ဆန်းလျန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

သေခြင်း ရှင်ခြင်းဆိုသည်မှာ ဓားတစ်လက်အပေါ်တွင်မူတည်

နေပြီး ဆန်းလျန်မှာ ယခုအချိန်တွင် ဓားတစ်လက်နှင့် ဆင်တူ

နေလေသည်။

ဆယ်မိနစ်ခန့်အကြာတွင်တော့ ခန်းမအပြင်ဘက်တွင် တိမ်နှင့်

မြူများ လှိုင်းဂယက်ထလာပြီး ကျင်းချင်းပြန်ရောက်လာလေ

သည်။ သူ့နောက်တွင် ပိန်ပိန်ပါးပါး လူငယ်လေးတစ်ယောက် ပါလာသည်။ ထိုလူငယ်လေးမှာ ကျောက်ဝူကျိ ဖြစ်လေသည်။ ကျောက်ဝူကျိမှာ ချင်းရွှမ်နတ်တံခါးသို့ ဆန်းလျန်နှင့် တစ်ချိန်တည်း ဝင်ရောက်ခဲ့သည့် တပည့်တစ်ယောက် ဖြစ်လေသည်။ ကျောက်ဝူကျိတွင် ထူးခြားသည့် အရည်အချင်းများ ရှိလေသည်။ ဆရာသခင်ကယ်ယွမ်းက သူ့ကို "ပုံရိပ်မဲ့သိဒ္ဓိကျင့်စဉ်" ကို သင်ကြားပေးထားလေသည်။ ထိုပညာက မည်သည့်ပုံသဏ္ဍာန်မဆို ဖန်ဆင်းနိုင်သည့်ပညာဖြစ်လေသည်။ ထိုကျင့်စဉ်ကို ကျင့်ကြံအောင်မြင်လျှင် ပတ်ဝန်းကျင်တွင် မိမိ၏တည်ရှိမှုကို မည်သူမျှ ရိပ်မိခြင်းမရှိအောင် သွားလာနေထိုင်နိုင်မည်ဖြစ်ပြီး ကြီးမြတ်သည့် နတ်ဒေဝါများကိုပင် လှည့်စားနိုင်မည် ဖြစ်လေသည်။

ကျောက်ဝူကြည့်၏ပုံစံမှာ ထိတ်လန့်ကြောက်ရွံ့နေပြီး ဆန်းလျန်ကိုပင် မော့မကြည့်ရဲပေ။

ဆန်းလျန်က ကျောက်ဝူကျိကို အာရုံခံကြည့်လိုက်သည့်အခါ

တွင်တော့ သူ၏အမူအရာက ကြောက်ရွံ့နေဟန်ရှိသည့်တိုင်

သူ၏အတွင်းစိတ်က လွန်စွာမှတည်ငြိမ်နေလေသည်။

ကြောက်ရွံ့နေသည့်အမူအရာမှာ သူ့အတွက် အကျင့်တစ်ခုလို

ဖြစ်နေခြင်းမျှသာ ဖြစ်လေသည်။

"ဝူကျိ ၊ မင်းကို ခိုင်းစရာကိစ္စတစ်ခုရှိလို့"

ဆန်းလျန်က ပြောလိုက်သည်။

"ကျွန်တော် ဆရာ့ဆီကနေ သိထားပြီးပါပြီ ၊ ဂိုဏ်းချုပ်အတွက်

ဘာတာဝန်များထမ်းဆောင်ပေးရမလဲ"

ကျောက်ဝူကျိက ခေါင်းငုံ့လျှက်ပင် ရိုရိုသေသေဖြင့် ပြန်ပြော

လေသည်။

သူ၏အသံမှာ သာမန်လူများထက်ပေါ့ပါးနေပြီး လေပြေလေး

တစ်ခု လွင့်မျောနေသည့်အလားပင်။

"မင်း လူတစ်ယောက်ကို သွားတိုက်ပေးရမယ်"

ဆန်းလျန်က တည်ငြိမ်သည့်လေသံဖြင့်ပြောလိုက်သည်။

ကျောက်ဝူကျိက ခေါင်းချက်ချင်းမော့လိုက်သည်။

"ဘယ်သူ့ကိုတိုက်ရမှာလဲ"

ကျောက်ဝူကျိ၏စကားကြောင့် ဆန်းလျန် ပြုံးလိုက်မိသည်။

ထိုလူငယ်လေးသည် သူတိုက်ခိုက်ရမည့်သူ၏ အရည်အချင်း

များကို မေးမည့်အစား "ဘယ်သူလဲ" ဟုသာ ပွင့်ပွင့်လင်းလင်း

ပင် မေးလေသည်။ ချင်းရွှမ်ကို သူတို့အတူတူ စရောက်

ကတည်းက ထိုလူငယ်လေးသည် ထိုကဲ့သို့ပင် စိတ်ထား

ရှင်းလင်းဖြူစင်သူဖြစ်လေသည်။ ထို့ကြောင့်ပင် ဆရာသခင်

ကယ်ယွမ်းက သူ့အပေါ်တွင် မျှော်လင့်ချက်များစွာထားကာ

ချစ်ခင်ခြင်းဖြစ်ဟန်တူလေသည်။

ဆန်းလျန်က အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ

သူ၏လက်ထဲတွင် အင်းစာရွက်တစ်ခုပေါ်လာသည်။ အင်း

စာရွက်ပေါ်တွင်ရေးထားသည့်စာများမှာ ရှုတ်ထွေးနေပြီး

အလင်းရောင်များလည်း တောက်ပနေလေသည်။ သူက ထို အင်းစာရွက်ကို ကျောက်ဝူကျိထံသို့ ပစ်လွှတ်လိုက်ပြီး ကျောက်ဝူကျိက အင်းစာရွက်ကို ဖမ်းယူလိုက်လေသည်။ ကျောက်ဝူကျိထံမှ ဝိညာဉ်စွမ်းအားလှိုင်းများကို ဆန်းလျှန် ခံစားလိုက်ရလေသည်။

ထို အင်းစာရွက်လေးမှာ ကျောက်ဝူကျိ ရန်သူကို ရင်ဆိုင်ရာတွင် အသုံးပြုရမည့် အင်းစာရွက်လေးဖြစ်လေသည်။ အင်းစာရွက်လေးထဲမှာပင် ကျောက်ဝူကျိရင်ဆိုင်ရမည့် ရန်သူ၏ တည်နေရာနှင့် ပုံသဏ္ဍာန်ကိုပါ ထည့်သွင်းဖော်ပြပေးထားသည်။

“မင်းအခုပဲ သွားတိုက်ခိုက်တော့ ၊ သူ့အနားတစ်နေရာရာမှာ ပုန်းနေပြီး ဒီအင်းစာရွက်လေးသုံးပြီး ရန်သွားစလာခဲ့ ၊ မင်းသူ့ကို နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ပြဿနာမရှိဘူး ၊ ပြီးရင်

ချက်ချက်းပြန်လာခဲ့ ၊ နောက်ဖြစ်လာမယ့်ကိစ္စကို ကျုပ်ဖြေရှင်းမယ်”

ဆန်းလျန်က ပြောလိုက်လေသည်။

ကျောက်ဝူကျိ ခေါင်းတစ်ချက်ညိတ်ကာ ချက်ချင်းထွက်ခွာသွားလေသည်။ သူက ကောင်းကင်ထက်သို့ ပျံတက်သွားလေသည်။ သို့သော် တိမ်ကိုစီးနှင်ကာ ထွက်ခွာသွားခြင်းမဟုတ်ပါ။ သူက တိမ်ထဲတွင် ရောနှောသွားပြီး တိမ်တိုက်တစ်ခုအဖြစ်ပြောင်းလဲဖန်ဆင်းကာ ထွက်ခွာသွားခြင်းဖြစ်လေသည်။ သူမည်သည့်နေရာသို့ ရောက်သွားသည်လဲဆိုသည်ကို မည်သူမျှသိရှိနိုင်မည်မဟုတ်ပေ။

ပုံရိပ်မဲ့သိဒ္ဓိကျင့်စဉ်မှာ ထိုသို့ပင် ခြေရာခံနိုင်ခြင်းမရှိပေ။ ထို့ကြောင့်ပင် ထိုပညာသည် အဆင့်မြင့်မားသည့် ကျင့်စဉ်တစ်ခုအဖြစ် ရပ်တည်နေခြင်းဖြစ်လေသည်။

ဆန်းလျန်က ကျောက်ဝူကျိထွက်ခွာသွားသည်ကို
မျက်စိတစ်ဆုံးကြည့်နေပြီးမှ ရယ်မောလိုက်သည်။
“ချင်းရွှမ်နတ်တံခါး နှစ်ပေါင်းတစ်သောင်းကြာအောင်
ရပ်တည်နေခဲ့တာဟာ အလကားမဟုတ်ဘူးဆိုတာ ဒီနေ့တော့
မင်းတို့ကို သက်သေပြရတော့မှာပဲ”
ချင်းရွှမ်နတ်တံခါး ဆုတ်ယုတ်ကျဆင်းနေလျှင်တောင်မှ
ထူးခြားဆန်းကျယ်သည့် ကျင့်စဉ်များစွာကို ပိုင်ဆိုင်ထားဆဲ
ဖြစ်လေသည်။
ဆန်းလျန်ပေးလိုက်သည့် အင်းစာရွက်လေး၏အစွမ်းမှာ
အလွန်အံ့သြစရာကောင်းလေသည်။ ထိုအင်းစာရွက်လေးကို
အချက်ကျကျသာ သုံးစွဲနိုင်မည်ဆိုလျှင် ဖော့ဝမ့်အဆင့်
ကျင့်ကြံသူကိုပင်ဒဏ်ရာရအောင် တိုက်ခိုက်နိုင်မည်ဖြစ်သည်။
ချင်းကျန်းဂိုဏ်းမှ တပည့်ငယ်တစ်ယောက်အပေါ်တွင် ထိုကဲ့သို့
သော အစွမ်းထက်အင်းပညာကို အသုံးပြုကာ ဆန်းလျန်

အနေဖြင့် တိုက်ခိုက်လိုခြင်းမရှိပါ။ သို့သော် ချင်းရှမ်နတ်တံခါး နှစ်ပေါင်းတစ်သောင်းတိုင်အောင် ရပ်တည်နေခဲ့သည်မှာ အလကားမဟုတ်ကြောင်းကို ထိုသူများကို သက်သေပြနိုင်ရန် အတွက် ထိုသို့ပင် ပြုလုပ်ရမည်ဖြစ်လေသည်။ ဟိုးအရင်အချိန်က ဆန်းလျန်ကိုတားဆီးရန်အတွက် ထိုက်စု နတ်ဘုရားဂိုဏ်းကလည်း နတ်ဒေဝါနှောင်ကြိုးကို အသုံးပြုခဲ့ ဖူးလေသည်။ ထိုသို့အသုံးပြုခြင်းမှာ ဂိုဏ်း၏အစွမ်းထက် မြက်မှုကို ပြသခြင်းပင်ဖြစ်လေသည်။ သာမန်ဂိုဏ်းလေး များသည် ထိုသို့သော အစွမ်းမျိုးကိုပြသနိုင်မည်မဟုတ်ပေ။ ချင်းရှမ်နတ်တံခါးဂိုဏ်းကဲ့သို့သော နတ်ဘုရားဂိုဏ်းကြီးများ ကသာ ထိုကဲ့သို့သော တန်ခိုးစွမ်းအားမြင့်မားမှုကို ပြသနိုင်လေ သည်။ ထိုသို့ တန်ခိုးစွမ်းအားမြင့်မားမှုကို ပြသထားခြင်းက မိမိတို့၏ဂိုဏ်းကို အခြားသူအထင်မသေးရဲစေရန် ကာကွယ် ထားခြင်းလည်းဖြစ်လေသည်။

အခန်း (၁၉၇)

လူငယ်ဂိုဏ်းချုပ်လေး

ချင်းရွှမ်နတ်တံခါး၏အရှေ့ဘက် ပင်လယ်ကမ်းခြေရှိ ကျောက်ဆောင်တစ်ခုပေါ်တွင် လူငယ်လေးတစ်ယောက်ထိုင်နေလေသည်။ သူ၏လက်ထဲတွင် ဓားတစ်လက် ကိုင်ထားပြီး အစိမ်းနုရောင် ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

သူ၏မျက်လုံးများက ကြည်လင်တောက်ပနေပြီး ဝိညာဉ်စွမ်းအားကောင်းမွန်မှုကို ဖော်ပြနေလေသည်။ ပတ်ဝန်းကျင်ရှိ လေထုနှင့် ပင်လယ်ရေလှိုင်းများသည် သူ၏အရှိန်အဝါကို လွှမ်းမိုးနိုင်ခြင်းမရှိပေ။

ထိုလူငယ်လေး၏နာမည်မှာ ကျော်ရှောင်ချင်း ဖြစ်လေသည်။ သူ့ကို အသက်ခုနစ်နှစ်ကတည်းက ချင်းကျန်းဂိုဏ်းချုပ် သုံးခါရှုံးဓားဘုရင် မုန့်ရွှင်ကျန်းမှ မွေးစားထားခဲ့ခြင်းဖြစ်လေသည်။ အသက်ခုနစ်နှစ်ကတည်းက သူ၏ဓားသည် သူနှင့်မကွဲမကွာ အတူရှိနေခဲ့ကာ ဓားသိုင်းလေ့ကျင့်ခဲ့သူ ဖြစ်လေသည်။ သူ့ အသက်ဆယ့်လေးနှစ်တွင် “ယွင်ဆွေအလင်းဓားသိုင်း” ကို ကျင့်ကြံအောင်မြင်ခဲ့ပြီဖြစ်လေသည်။ ချင်းကျန်းဂိုဏ်းတွင် ထိုမျှလောက် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ယွင်ဆွေအလင်းဓားသိုင်းကို ကျင့်ကြံအောင်မြင်သူမှာ သူတစ်ယောက်တည်းသာ ရှိလေသည်။

ထိုကဲ့သို့ မြန်မြန်ဆန်ဆန် ဓားသိုင်းကိုကျင့်ကြံအောင်မြင်သွားရသည်မှာ ဓားပညာပါရမီဖြင့် မွေးဖွားလာသောကြောင့် ဖြစ်လေသည်။

သူ၏ဆရာဖြစ်သူက သူ့ကို ချင်းရှမ်နတ်တံခါးပိုင်နက်ထဲသို့ စေလွှတ်ပြီး ချင်းရှမ်နတ်တံခါးမှ တပည့်များ ထွက်လာပါက တိုက်ခိုက်ရန် အမိန့်ပေးထားလေသည်။ သူ၏ဆရာမှာ တာအိုဆရာဟွမ်ကျန်းနှင့် အလွန်ခင်မင်သည့် မိတ်ဆွေများဖြစ်ကြသည်။ သို့သော် ချင်းကျန်းဂိုဏ်းအနေဖြင့် ချင်းရှမ်နတ်တံခါးကို ယခုကဲ့သို့ အကြောင်းမဲ့တိုက်ခိုက်သည့်ကိစ္စကို မလုပ်သင့်ပေ။ ချင်းရှမ်နတ်တံခါးမှာ လက်ရှိအချိန်တွင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းလောက် တန်ခိုးသြဇာကြီးမားခြင်းမရှိတော့သည့်တိုင် အဓိကနတ်ဘုရားကျောင်းတော်ကြီးတစ်ခု ဖြစ်နေသေးသည်။ ချင်းကျန်းဂိုဏ်းသို့သော ဂိုဏ်းငယ်လေးတစ်ဂိုဏ်းမှာ ချင်းရှမ်နတ်တံခါး၏ ပြိုင်ဘက်မဟုတ်ပေ။

သို့သော် တာအိုဆရာဟွမ်ကျန်းက သူ၏ဆရာဖြစ်သူနှင့် လာရောက်တွေ့ဆုံခဲ့လေသည်။ သူက လာရောက်တွေ့ဆုံရသည့်အကြောင်းကို မပြောဘဲ ဆရာဖြစ်သူကို တွေ့သည်နှင့် သိုင်းကျမ်းစာအုပ်တစ်အုပ်ကို ထုတ်ပေးလိုက်လေသည်။ ထိုစာအုပ်ကိုတွေ့သည်နှင့် သူ၏ဆရာမှာ များစွာ အံ့သြတုန်လှုပ်သွားလေသည်။

မုန့်ရွှင်ကျန်းက ထိုသိုင်းကျမ်းကို ကျော်ရှောင်ချင်းကိုလည်း လေ့လာစေခဲ့သည်။ ထိုသိုင်းကျမ်းစာအုပ်မှာ လွန်စွာမှ အဆင့်မြင့်မားလွန်းလေသည်။

ထိုသိုင်းကျမ်း၏နာမည်မှာ “နဂါးငွေ့တန်းဓားသိုင်း” ဟူ၍ဖြစ်လေသည်။ မုန့်ရွှင်ကျန်းက ထိုဓားသိုင်းပညာမှာ ယွင်ဆွေဓားအလင်းနှင့် ခပ်ဆင်ဆင်တူသည်ဟု ဆိုလေသည်။ သို့သော် ထိုဓားသိုင်းက ပိုပြီး သန့်စင်ကောင်းမွန်သည့်အပြင် လောကရှိထိပ်တန်းဓားသိုင်းပညာသုံးခုတွင် တစ်ခုအပါအဝင်ဖြစ်သည်

ဟု ပြောလေသည်။ နဂါးငွေ့တန်းသည် ကောင်းကင်ကို ဖြတ်သန်းစီးဆင်းနေသည့် မြစ်တစ်စင်းဖြစ်သည့်အတွက် ထို ဓားသိုင်းကိုသာ ကျင့်ကြံအောင်မြင်လျှင် လောကတွင် အကန့်အသတ်မရှိ စွမ်းအားထက်မြက်သည့် ဓားသမားတစ် ယောက်ဖြစ်လာမည် ဖြစ်လေသည်။ နဂါးငွေ့တန်းဓားသိုင်းကို သာ ကျင့်ကြံနိုင်လျှင် ဟိုင်သန်းအဆင့် ကျင့်ကြံသူကိုပင် အနိုင် ယူ တိုက်ခိုက်နိုင်မည်ဖြစ်လေသည်။

မုန့်ရှင်ကျန်းသည် ထိုသိုင်းကျမ်းကို တာအိုဆရာဟွမ်ကျန်းထံမှ လက်ခံရယူပြီးသည်နှင့် ကျော်ရှောင်ချင်းကို အမိန့်တစ်ခု ပေးလိုက်လေသည်။ ထိုအမိန့်မှာ သူက ဤနေရာတွင်လာ စောင့်နေပြီး ချင်းရှမ်နတ်တံခါးမှ ဟိုင်သန်းအဆင့်ထက်နိမ့် သည့် ကျင့်ကြံသူများ အပြင်သို့ထွက်လာသည်နှင့် ခြေလက် များကို ဖြတ်တောက်ပစ်ပြီး ချင်းရှမ်နတ်တံခါးသို့ ပြန်ပို့လိုက် ရန်ဖြစ်လေသည်။

ကျော်ရှောင်ချင်း၏စရိုက်လက္ခဏာမှာ ဓားတစ်လက်ကဲ့သို့ပင် ဖြစ်လေသည်။ သူ့ဆီသို့ရောက်လာသည့်အရာတိုင်းကို အကြောက်အလန့်မရှိ တိုက်ခိုက်တတ်လေသည်။

အမှန်တော့ ကျင့်စဉ်လမ်းမှာ ဆူးခင်းလမ်းတစ်လမ်းဖြစ်လေ သည်။ သို့သော် သူကဲ့သို့ လူငယ်လေးတစ်ယောက်အတွက် ဓားကိုထုတ်လိုက်သည်နှင့် ခရီးလမ်းက ဖြောင့်ဖြူးသွားမည် ဖြစ်လေသည်။ ထိုချင်းရှမ်မှလူများအားလုံးကို သတ်ပစ်ရမည် ဆိုလျှင်လည်း သူက ဂရုစိုက်မည်မဟုတ်ပါ။

သို့သော် ကျော်ရှောင်ချင်းမှာ မကျေမနပ်ဖြစ်နေရလေသည်။ သူက ကောင်းကင်ထက်မှပျံသန်းလာသည့် ချင်းရှမ်နတ်တံခါး မှ အဆင့်မြင့်ကျင့်ကြံသူနှစ်ယောက်ကို တွေ့ခဲ့ရလေသည်။ သို့သော် ထိုကျင့်ကြံသူနှစ်ယောက်မှာ သူဓားထုတ်လိုက်ရုံမျှနှင့် ပင် ခုခံနိုင်စွမ်းတစ်ချက်ပင်မရှိဘဲ ရှုံးနိမ့်သွားကြရလေသည်။ ထို့ကြောင့် မျက်စိတစ်မှိတ်အတွင်းမှာပင် သူက ထိုကျင့်ကြံသူ

နှစ်ယောက်၏ ခြေလက်များကို ဖြတ်တောက်ပစ်လိုက်နိုင်လေ

သည်။

အမှန်တော့ ကျော်ရှောင်ချင်း၏တန်ခိုးစွမ်းအားမှာ ထိုကျင့်ကြံ

သူနှစ်ယောက်လောက် မြင့်မားခြင်းမရှိပါ။ သို့သော် သူက ဓား

သိုင်းပညာကိုသာ တစ်စိုက်မတ်မတ် လေ့ကျင့်ခဲ့သည့်သူတစ်

ယောက်ဖြစ်လေသည်။ ထို့ကြောင့် သူ၏ဓားသိုင်းတစ်

ချက်သည် မျက်စိတစ်မှိတ်အတွင်းမှာပင် သေခြင်းနှင့်ရှင်

ခြင်းကြားတွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်လေသည်။

သို့သော် ချင်းရွှမ်မှ ကျင့်ကြံသူများသာ ကာကွယ်ရန်အတွက်

ပြင်ဆင်ချိန်ရခဲ့ပါက သူ့အနေဖြင့် ယခုကဲ့သို့ မြန်မြန်ဆန်ဆန်

အနိုင်ရမည်မဟုတ်ပေ။

ယခုတော့ သူက ချင်းရွှမ်နတ်တံခါးကို စိတ်အပျက်ကြီးပျက်နေခဲ့

လေသည်။ ချင်းရွှမ်နတ်တံခါးမှာ နှစ်ပေါင်းတစ်သောင်းကျော်

ရပ်တည်နေခဲ့သည့် သမိုင်းဝင်နတ်ဘုရားကျောင်းတော်ကြီး

တစ်ခု ဖြစ်သည့်တိုင် တပည့်များ၏အရည်အချင်းကတော့

စုတ်ပြတ်လျှက်ရှိလေသည်။

ပင်လယ်ထဲတွင် လှိုင်းများက နိမ့်လိုက် မြင့်လိုက်ဖြင့် လှုပ်ရှား

နေလေသည်။ ပင်လယ်ရေစီးကြောင်းမှာ ခန့်မှန်းရခက်ပြီး

အချိန်တိုင်းပြောင်းလဲနေလေသည်။ ထိုပင်လယ်ရေလှိုင်းထဲ

တွင် ပုံသဏ္ဍာန်တစ်ခု ပုန်းအောင်းနေလေသည်။

ပင်လယ်ရေလှိုင်းများက ကျော်ရှောင်ချင်း၏ စိတ်ကို ဖမ်းစား

လိုက်လေသည်။ သူက ဓားကိုကိုင်လိုက်ပြီး လေထုထဲမှ

ပြောင်းလဲမှုကို အာရုံခံလိုက်လေသည်။

ရုတ်တရက်...

ပင်လယ်ရေလှိုင်းမှာ အနည်းငယ်ထူးဆန်းနေသည်ဟု သူခံစား

လိုက်မိလေသည်။ ရေစီးဆင်းနေသည့်ပုံစံမှာ သူမြင်တွေ့နေကျ

ပုံမျိုးမဟုတ်သည်ကို သတိထားလိုက်မိသည်။

သူ၏စိတ်ဝိညာဉ်နှင့် ဓားသိုင်းမှာ တစ်သားတည်းကျသကဲ့သို့ သူ၏အာရုံစူးစိုက်မှုမှာလည်း ထက်မြက်လှလေသည်။ တစ်ခုခု မှားနေပြီဟု သူသတိထားလိုက်မိသည့်အချိန်တွင် ထိုပင်လယ် ရေလှိုင်းများကို အာရုံစိုက်ကြည့်နေလိုက်လေသည်။ သို့သော် မည်သည့်ထူးခြားချက်မှ မတွေ့ရပေ။

သူ့ဓားကိုဆွဲထုတ်လိုက်ချိန်မှာပင် ပိန်ပိန်ပါးပါးလူငယ်လေး တစ်ယောက် ပေါ်လာလေသည်။ အလွန်တည်ငြိမ်နေသည့် ပိန် ပိန်ပါးပါးလူငယ်လေးကို ကျော်ရှောင်ချင်းစိုက်ကြည့်လိုက် သည်။ လူငယ်လေးကို စိုက်ကြည့်နေရသည်မှာ ကျောက်စိုင် ကျောက်သားတစ်ခုကို စိုက်ကြည့်နေရသကဲ့သို့ပင် ခံစားလိုက် ရလေသည်။

ရုတ်တရက် ပိန်ပိန်ပါးပါးလူငယ်လေး၏လက်ဖျားတွင် ရောင်စဉ်ငါးခုတောက်ပလာပြီး ထိုရောင်စဉ်ငါးမျိုးက ကျော် ရှောင်ချင်း၏ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်သွားလေသည်။

အဖြစ်အပျက်မှာ အလွန်လျှင်မြန်လွန်းလှလေသည်။

သူ၏ပြိုင်ဘက်ရန်သူကို မြင်လိုက်ရုံရှိသေးသည် ထိုသို့ ဖြစ်ပျက်သွားခြင်းဖြစ်သည့်အတွက် ကျော်ရှောင်ချင်းမှာ ဓားသိုင်းအသုံးပြုချိန်ပင် မရလိုက်ပေ။

ထိုအချိန်မှာပင်...

ကောင်းကင်ထက်မှ ဓားခြိမ်းသံကြီးကိုကြားလိုက်ရပြီး ထိုအသံကြီးမှာ ကောင်းကင်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

ပေတစ်ရာခန့်အမြင့်တွင် အစိမ်းနုရောင် ဓားဝိညာဉ်တစ်ခုလှည့်ပတ်နေလေသည်။ ထိုဓားဝိညာဉ်က ပင်လယ်ရေထဲသို့ထိုးစိုက်ကျလာလေသည်။ ပင်လယ်ပြင်မှာ ဓားဝိညာဉ်၏စွမ်းအားကြောင့် နှစ်ခြမ်းကွဲကာ ပင်လယ်အောက်ရှိသန္တာကျောက်တန်းများကိုပင် မြင်လိုက်ရသည်။

ဓားဝိညာဉ်က ရပ်တန့်သွားခြင်းမရှိပါ။ အလွန်ကြီးမားသည့်ပင်လယ်မြွေကြီးတစ်ကောင်ပမာ ပင်လယ်ပေါ်တွင် နေရာတစ်

နေရာသို့ဦးတည်ပြီး ပြေးလွှားနေလေသည်။ သို့သော် ထိုဓား

ဝိညာဉ် သိပ်အဝေးကြီးမရောက်ခင်မှာပင် မမြင်ရသည့်နံရံတစ်

ခုကို တိုက်မိပြီးပျောက်ကွယ်သွားရလေသည်။

ထို့နောက်…

ပင်လယ်ထဲတွင် လူငယ်တာအိုဆရာတစ်ပါး ပေါ်လာလေ

သည်။ ဆန်းလျန်ပင်ဖြစ်လေသည်။

တိမ်တိုက်တစ်ခုသည် ကျော်ရှောင်ချင်းကို ရစ်ပတ်ကာ

ကောင်းကင်ထက်သို့ ပျံတက်သွားလေသည်။ ကောင်းကင်

တစ်ဝက်ခန့်အရောက်တွင် ထိုတိမ်တိုက်ကပြိုကွဲသွားပြီး

သက်လတ်ပိုင်းအရွယ် ဓားသမားတစ်ယောက်ပေါ်လာလေ

သည်။ ထိုလူက ဆန်းလျန်ကို ခပ်တည်တည်ဖြင့် ကြည့်နေလေ

သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း…

"ဓားဘုရင်မုန့်၊ ဘာလို့ ခင်ဗျားလာမယ်ဆိုတာ ကျုပ်ကို ကြိုပြီး အကြောင်းမကြားရတာလဲ၊ ကြိုသိရင် ကျုပ်ကိုယ်တိုင် လာ ကြိုမှာပေါ့ဗျာ"

ထိုသက်လတ်ပိုင်းအရွယ်ဓားသမားမှာ ချင်းကျန်းဂိုဏ်းမှ မုန့် ရှင်ကျန်းပင် ဖြစ်လေသည်။ သူ၏ကျင့်ကြံမှုသက်တမ်းမှာ နှစ် တစ်ရာကျော်တိုင် ရှိခဲ့ပြီ။

ထိုသူ၏ဓားဝိညာဉ်ကို ကြည့်ခြင်းအားဖြင့် သူ၏တန်ခိုး စွမ်းအားမှာ လောကကိုကျော်လွန်နေပြီဖြစ်ကြောင်း သိရှိနိုင် လေသည်။

"မင်းက ချင်းရွှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်အသစ် ဆန်းတန်ခိုး ရှင်လား"

"ကျုပ် ဂိုဏ်းချုပ်ရာထူးယူခဲ့တာ သုံးလတောင်မပြည့်သေးဘူး ခင်ဗျားက သတင်းရနေပြီဆိုတော့၊ ကြည့်ရတာ ခင်ဗျားက ချ င်းရွှမ်နတ်တံခါးကို တော်တော်စိတ်ဝင်စားပုံရတယ်"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် ပြောလိုက်ခြင်းဖြစ်လေသည်။

သူ၏အသံမှာ နွေဦးလေပြေလေးအလား အေးချမ်းလှလေ

သည်။

မုန့်ရှင်ကျန်းကြားထားသည်မှာ ချင်းရွှမ်နတ်တံခါး၏

ဂိုဏ်းချုပ်အသစ်မှာ အလွန်ငယ်ရွယ်လွန်းသည့်အပြင် ဟိုင်

သန်းအဆင့်တက်ရောက်ခဲ့သည်မှာပင် မကြာသေး ဟူ၍ဖြစ်

လေသည်။ ထို့ကြောင့် သူက သိပ်ပြီး အထင်ကြီးခြင်းမရှိပါ။

သို့သော် ဆန်းလျန်ကိုတွေ့လိုက်ရသည့်အခါတွင်တော့ အထင်

နှင့်အမြင် တက်တက်စင်အောင်လွဲပြီဆိုသည်ကို သိလိုက်ရ

လေသည်။

စောစောက သူအသုံးပြုခဲ့သည့်ဓားသိုင်းမှာ ယွင်ဆွေအလင်း

ဓားသိုင်းနှင့် လောလောလတ်လတ် ကျင့်ကြံထားသည့်

နဂါးငွေ့တန်းဓားသိုင်းကို ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်လေ

သည်။ ထိုဓားဝိညာဉ်မှာ သာမန်ဓားဝိညာဉ်ထက် ဆယ်ဆပိုပြီး

အစွမ်းထက်သည့်အပြင် အဆုံးမရှိ အနန္တတန်ခိုးစွမ်းအားများ
ကို ပိုင်ဆိုင်လေသည်။

သို့သော် ဆန်းလျန်ကတော့ ထိုဓားဝိညာဉ်ကို အားပင်မသုံးဘဲ
အချိန်ခဏလေးအတွင်းမှာပင် ဖျက်စီးပစ်ခဲ့လေသည်။

ထို့ကြောင့် မုန့်ရှင်ကျန်းမှာ ဆန်းလျန်ကို အထင်မသေးရဲတော့
သည့်အပြင် အထင်ကြီးလေးစားသွားမိလေသည်။

အမှန်တော့ ဆန်းလျန်က ထိုက်ရှီးတန်ခိုးစွမ်းအားကို အသုံးပြု
ခဲ့ခြင်းဖြစ်လေသည်။ မုန့်ရှင်ကျန်းသာ နဂါးငွေ့တန်းဓားသိုင်း
ကို အောင်မြင်သည်အထိ ကျင့်ကြံထားလျှင်တော့ ဆန်းလျန်
အနေဖြင့် ထိုမျှလောက် လွယ်လွယ်ကူကူ တိုက်ခိုက်နိုင်
လိမ့်မည် မဟုတ်ပေ။

ထို့ပြင် သူက နဂါးငွေ့တန်းဓားသိုင်းကို အပြည့်အဝ အသုံးပြု
ထားခြင်းမရှိဘဲ ယွင်ဆွေအလင်းဓားသိုင်းဖြင့် ပေါင်းစပ်ထား
ခြင်းဖြစ်သည့်အတွက် တန်ခိုးစွမ်းအား အပြည့်အဝမရှိပေ။

ဆန်းလျန်မှာလည်း မုန့်ရှင်ကျန်း၏ ဓားသိုင်းပညာကို အချိန်ခဏလေးအတွင်းမှာပင် နားလည်ခဲ့ရခြင်းမှာ ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ကြောင့် ဖြစ်လေသည်။ ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်က မဆုံးနိုင်သည့် ဓားသိုင်းပညာများအကြောင်းကို ဆန်းလျန်နားလည်အောင် ချက်ချင်းပင် ကူညီခဲ့လေသည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာ လွန်စွာမှ လက်တံရှည်ပုံရလေသည်။တာအိုဆရာရှီကိုလည်း အသုံးချခဲ့သလို ယခုလည်း သုံးခါရှုံးဓားဘုရင် မုန့်ရှင်ကျန်းကို အသုံးချခဲ့ပြန်ပြီ။ နောက်ထပ်မည်သူ့ကို အသုံးချပြီး ချင်းရွှမ်နတ်တံခါးကို တိုက်ခိုက်ဦးမည်လဲ မသိနိုင်ပေ။

ဆန်းလျန်မှာ သူ့အတွေးနှင့်သူ နစ်မျောနေလေသည်။ သို့သော်မုန့်ရှင်ကျန်းကတော့ ဆန်းလျန်မှာ သူ့ကို အရေးမစိုက်ဟု ထင်သွားလေသည်။

ထို့ကြောင့်ပင် မုန့်ရှင်ကျန်းမှာ ဒေါသထွက်သွားရလေသည်။

ဆန်းလျန်မှာ ဂုဏ်သတင်းကြီးမားလှသည့် ချင်းရွှမ်နတ်

တံခါး၏ ဂိုဏ်းချုပ်တစ်ဦးဖြစ်သည့်တိုင် ထိုမျှတော့ မမောက်

သင့်ဟု သူက တွေးလိုက်မိလေသည်။

အခန်း (၁၉၈)

မှော်ဝင်ပစ္စည်းများစွာ

တိမ်များက ရွှေ့လျားနေပြီး ပင်လယ်ရေပြင်တွင်

လှိုင်းကြက်ခွပ်လေးများထနေလေသည်။ ယွင်ဆွေအလင်းဓား

ဘုရင်မှာလည်း စိတ်မတည်မငြိမ်ဖြစ်နေသည့်အပြင် ဒေါသ

လည်း အလွန်ထွက်နေလေသည်။ မုန့်ရှင်ကျန်းဒေါ်သထွက်နေသည့်အတွက် သူ့ခြေထောက်အောက်မှ တိမ်တိုက်မှာ တုန်ခါနေလေသည်။

မုန့်ရှင်ကျန်းက မချိပြုံးပြုံးလိုက်ရင်း...

"ချင်းရှမ်နတ်တံခါးက နှစ်ပေါင်းတစ်သောင်းတိုင်အောင်သက်တမ်းရှည်ကြာခဲ့တဲ့ နတ်ဘုရားကျောင်းတော်ကြီးတစ်ခုပဲ၊ ကျုပ်တို့လို ဂိုဏ်းအသေးအမွှားလေးတွေက အမြဲလေးစားရပါတယ်"

သူက ဆန်းလျန်၏ မောက်မာမှုကို မနှစ်သက်သည့်အတွက် ရွဲ့ပြောလိုက်ခြင်းဖြစ်လေသည်။

"ဓားဘုရင်မုန့်၊ ကျုပ်တို့ ချင်းရှမ်နတ်တံခါးကို ဒီလောက်လေးစားရင်လည်း ကျုပ်နဲ့အတူ တောင်ပေါ်ကို လိုက်လည်ပါလား"

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း ပုံမှန်ပင် ပြန်ပြောလိုက်သည်။

မုန့်ရှင်ကျန်းမှာ ဆန်းလျန်စကားကြောင့် ဒေါသချောင်းချောင်း ထွက်သွားရလေသည်။ ဆန်းလျန်က သူ့ကို ချင်းရွှမ်နတ်တံခါး သို့ ခေါ်သည်မှာ သူ့ကို ဖမ်းဆီးချင်၍ဖြစ်သည်ကို သူကောင်း ကောင်းသိလေသည်။ ဆန်းလျန်က သူ၏တပည့်ဖြစ်သူ ကျော် ရှောင်ချင်းက ချင်းရွှမ်မှတပည့်နှစ်ယောက်ကို ခြေလက်များ ဖြတ်ပစ်ခဲ့သည့် အဖြစ်အပျက်ကို အရိပ်အမြွက်မျှပင် ပြောခဲ့ ခြင်းမရှိပေ။ သို့သော် ယခုတော့သူတို့ကို ချင်းရွှမ်နတ်တံခါးသို့ ဖမ်းဆီးခေါ်ဆောင်ပြီး လက်စားချေတော့မည်ဖြစ်သည်။

ဆန်းလျန်အနေဖြင့် ကျော်ရှောင်ချင်းကို အလစ်ဝင်ရောက် တိုက်ခိုက်စေပြီး မုန့်ရှင်ကျန်း ထွက်လာအောင် မျှားခေါ်ခြင်း မှာ ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင်ပစ်ခြင်းဖြစ်လေသည်။ သူက ဆန်းလျန်ကို ရွံရှာစွာဖြင့် ကြည့်လိုက်ရင်း....

"မင်းပဲ ကျုပ်တို့ ချင်းကျန်းဂိုဏ်းကို လိုက်လည်ပါလား ၊ ကျုပ်တို့ ချင်းကျန်းဂိုဏ်းက ဂိုဏ်းငယ်လေးတစ်ခုဆိုပေမယ့် လက်ဖက်ရည်ကောင်းကောင်းတော့ရှိပါတယ်"

ဟု လှောင်ပြောင်သည့်လေသံဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်က ခေါင်းခါယမ်းပြလိုက်သည်။

ထို့နောက် သူ၏လက်ကို ဆန့်လိုက်လေသည်။ သူ၏လက်ထဲတွင် တောက်ပနေသည့်ဓားဝိညာဉ်တစ်ခု ပေါ်လာလေသည်။

မုန့်ရှင်ကျန်းမှာ ထိုဓားဝိညာဉ်မှထွက်လာသည့် စွမ်းအားကို ခံစားလိုက်ရသည့်အခါ ဆန်းလျန်ကို အထင်မကြီးဘဲ မနေနိုင်တော့ပေ။

ကျင့်ကြံသူတို့၏ဓားဆိုသည်က တိုက်ပွဲပေါင်းများစွာ ရင်ဆိုင်ခဲ့ရသည့် လက်နက်တစ်ခုဖြစ်လေသည်။

မုန့်ရှင်ကျန်း၏ ယွင်ဆွေအလင်းဓားသိုင်းမှာ အလွန်အဆင့်မြင့်ပြီး ဓားဝိညာဉ်ကို စိတ်ဖြင့်ပင် ထိန်းချုပ်နိုင်လေသည်။

သူ၏ဓားစွမ်းက တပည့်ဖြစ်သူ ကျော်ရှောင်ချင်းထက် များစွာ သာလွန်လေသည်။ သူ၏ခြေထောက်အောက်မှ တိမ်များမှာ ရွေ့လျားသွားပြီး သူ၏လက်ထဲမှဓားသွားက ဆန်းလျ န်၏လက်ထဲရှိ ဓားဝိညာဉ်ဆီသို့ ဦးတည်ဝင်ရောက်လာလေ သည်။

မုန့်ရှင်ကျန်း၏ ဓားဝိညာဉ်ထဲတွင် အသက်ဓာတ်စွမ်းအားများ နှင့် မိုးမြေစွမ်းအားများ ပေါင်းစပ်ပါဝင်နေပြီး သမုဒ္ဒရာကိုပင် ပိုင်းဖြတ်နိုင်စွမ်း ရှိနေသကဲ့သို့ပင်။ ဓားဝိညာဉ်သည် စီးဆင်း နေသည့် မြစ်ရေအလား ဆန်းလျန်ဆီသို့ ဝင်ရောက်လာလေ သည်။ ထိုဓားဝိညာဉ်မှ ဓားခြိမ်းသံကြီးမှာ နဂါးဟိန်းသံအလား ဖြစ်ပြီး ကြားရသူ၏ စိတ်ဝိညာဉ်ကို ကွဲကြေနိုင်စေလေသည်။ ဆန်းလျန်လက်ထဲမှ ဓားသွားမှာလည်း ကောင်းကင်ထက်သို့ ပျံ တက်သွားပြီး စက်ဝိုင်းပုံသဏ္ဍာန်လည်ပတ်ကာ မုန့်ရှင်ကျန်း၏ ဓားသွားနှင့် ထိခိုက်သွားလေသည်။ ထိုသို့ထိခိုက်မိသွား

သည်နှင့် ဆန်းလျှန်၏ ဓားဝိညာဉ်က နောက်သို့ လည်ထွက်

သွားရလေသည်။ သာမန်အားဖြင့်ဆိုလျှင် ဆန်းလျှန်၏ဓား

ဝိညာဉ်မှာ မုန့်ရှင်ကျန်း၏ဓားဝိညာဉ်ကို ခံနိုင်ရည်မရှိဘဲ

နောက်သို့ လည်ထက်သွားသည်ဟု ထင်ရဖွယ်ရှိလေသည်။

သို့သော် မုန့်ရှင်ကျန်းမှာ မပျော်နိုင်ခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် နောက်သို့လည်ထွက်သွားသည့်ဓား

ဝိညာဉ်သည် ဓားဝိညာဉ်လေးများအဖြစ် ခွဲဖြာထွက်သွားပြီး

သူ၏ဓားဝိညာဉ်ဆီသို့ ပြင်းထန်လွန်းသည့်အရှိန်ဖြင့် ဝင်

ရောက်လာသောကြောင့် ဖြစ်လေသည်။

ဓားဝိညာဉ်များမှာ သေစေလောက်သည့် ဓားမြောင်လေးများ

ကဲ့သို့ ဖြစ်လေသည်။ လေးမှ လွှတ်လိုက်သည့် မြားပမာ

နောက်ပြန်လည်ပြီးမှ အရှိန်ဖြင့် ဝင်လာကြသည့် ဓားပျံလေး

များဖြစ်လေသည်။

ကောင်းကင်ထက်တွင် ဓားဝိညာဉ်လေးများဖြင့်ပြည့်နေလေ

သည်။ ဓားဝိညာဉ်လေးများက မုန့်ရှင်ကျန်းဆီသို့ အရှိန်ဖြင့်

ပြေးဝင်လာကြသည့်တိုင် မုန့်ရှင်ကျန်းကတော့ တည်ငြိမ်နေဆဲ

ဖြစ်လေသည်။ သူက သေခြင်းရှင်ခြင်းတိုက်ပွဲများကို

အကြိမ်ကြိမ်ဆင်နွှဲဖူးသည့် ယောကျ်ားတစ်ယောက်ဖြစ်လေ

သည်။ ထို့ပြင် သူက သူ၏ဓားသိုင်းကို ယုံကြည်မှုအပြည့်ရှိ

လေသည်။ ဆန်းလျန်ဆိုသည့် လူငယ်လေးမှာ မည်မျှပင်

တန်ခိုးစွမ်းအားကြီးမားပါစေ သူ့ထက်တော့ သာနိုင်မည်

မဟုတ်ပေ။

ထို့ကြောင့် သူက ဝင်ရောက်လာသည့် ဓားဝိညာဉ်လေးများကို

ကာကွယ်ရန် မကြိုးစားတော့ဘဲ သူ၏ဓားဝိညာဉ်နှင့်အတူ

ဆန်းလျန်ဆီသို့ တဟုန်ထိုး ခုန်ဝင်လိုက်လေတော့သည်။

ထိုသို့ခုန်ဝင်လိုက်ချိန်မှာပင်....

သူ့ခြေထောက်အောက်မှ တိမ်တိုက်မှာ ဓားမျက်နှာပြင်တစ်ခု အလား သဏ္ဍာန်ပြောင်းလဲသွားပြီး ဆန်းလျန်၏ ဓားဝိညာဉ် လေးများဆီမှ သူ့ကို ကာကွယ်ပေးလိုက်လေသည်။

ရုတ်တရက်...

မုန့်ရှင်ကျန်းမှာ မိုးခြိမ်းသံများနှင့် မိုးကြိုးမုန်တိုင်း ပစ်ခတ်သံ များကို ကြားလိုက်ရလေသည်။ မုန့်ရှင်ကျန်းကို ကာကွယ်ပေး ထားသည့် ဓားမျက်နှာပြင်မှာ လျှပ်စီးကဲ့သို့ လင်းလက်နေ သည့်အတွက် မိုးကြိုးပထမဆုံးပစ်ချလိုက်သည့် နေရာမှာ ထို ဓားမျက်နှာပြင်ပေါ်သို့ ဖြစ်လေသည်။ ထို့နောက် မိုးကြိုး မုန်တိုင်းတစ်ခု ထွက်ပေါ်လာပြီး မုန့်ရှင်ကျန်းနှင့် ဒဏ်ရာရနေ သည့် ကျော်ရှောင်ချင်းကို ရစ်ပတ်သွားလေတော့သည်။

မုန့်ရှင်ကျန်းအတွက် ရွေးခြယ်စရာမရှိတော့ပါ။ သူက မိုးကြိုး မုန်တိုင်းပျောက်ကွယ်သွားအောင် ရှိသမျှ တန်ခိုးစွမ်းအားများ ကို အသုံးပြုကာ တားဆီးလိုက်လေသည်။ တပည့်ဖြစ်သူ

ကျော်ရှောင်ချင်းကိုလည်း သူ့အနားသို့ ဆွဲခေါ်လိုက်ကာ မိုးကြိုးမုန်တိုင်းဆီမှ ကာကွယ်ပေးထားလိုက်သည်။

သူ၏တန်ခိုးစွမ်းအားများမှာ မိုးကြိုးမုန်တိုင်းကို တံတိုင်းသဖွယ် ကာကွယ်ပေးထားလေသည်။

သို့သော် မိုးကြိုးမုန်တိုင်းက သူ၏ တန်ခိုးစွမ်းအားတံတိုင်းကို ထိုးဖောက်ဝင်ရောက်လာလေသည်။ အလွန်မှ ကြောက်စရာကောင်းသော မိုးကြိုးမုန်တိုင်းကြီးဖြစ်ပြီး မုန့်ရှင်ကျန်း၏ ခန္ဓာကိုယ်တစ်ခုလုံး ထုံကျင်နေလေသည်။ သူက တန်ခိုးစွမ်းအားများ ထပ်ထုတ်ရန် ကြိုးစားလိုက်စဉ်မှာပင် အရပ်လေးမျက်နှာမှ စွမ်းအားတစ်ခုသက်ရောက်လာသည်ကို ခံစားလိုက်ရသည်။

သူ၏ခန္ဓာကိုယ်မှာ သေးသွားသလို ခံစားလိုက်ရပြီး ဗလာနယ်တစ်ခုထဲသို့ ကျသွားလေတော့သည်။

ကောင်းကင်ထက်မှ ပိုက်ကွန်တစ်ခုကျလာခြင်းဖြစ်လေသည်။

ထိုပိုက်ကွန်က မုန့်ရှင်ကျန်းနှင့် ကျော်ရှောင်ချင်းကို ထူးဆန်းသည့်တန်ခိုးစွမ်းအားတစ်ခုဖြင့် ဖိထားပြီး ထိုစွမ်းအားများက သူတို့နှစ်ယောက်၏ သွေးကြောဆုံချက်များကိုပါ ထိန်းချုပ်ထားလေသည်။ မုန့်ရှင်ကျန်း၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားပြီး ပိုက်ကွန်ကို ဖြတ်ထုတ်ရန် ဓားဝိညာဉ်ကို ဆင့်ခေါ်ဖို့ကြိုးစားလိုက်လေသည်။ သို့သော် သူ၏စွမ်းအားများမှာ ကျောရိုးတစ်လျှောက်တွင် ပိတ်မိနေသကဲ့သို့ဖြစ်နေပြီး အသုံးပြု၍မရတော့ပေ။

ဆန်းလျန်က တည်ငြိမ်စွာဖြင့်ပင် ပိုက်ကွန်ကို ဆွဲယူလိုက်လေသည်။

ဆန်းလျန်က ပိုက်ကွန်နှင့်အတူ ပိုက်ကွန်ထဲမှ လူနှစ်ယောက်ကို ဆွဲယူသွားလေသည်။ ထိုအချိန်မှာပင် အဝေးတစ်နေရာမှ မြင့်မားသည့်တန်ခိုးစွမ်းအားတစ်ခုသည် ပြင်းထန်လှသော အရှိန်ဖြင့် ဝင်ရောက်လာလေသည်။ ရုတ်တရက် ငွေရောင်အလင်း

တန်တစ်ခုထွက်ပေါ်လာပြီး ထို တန်ခိုးစွမ်းအားနှင့် ထိခိုက်မိ

ကာ ပေါက်ကွဲမှုဖြစ်သွားလေသည်။ မီးခိုးငွေ့များထွက်ပေါ်လာ

ပြီး ကောင်းကင်ထက်သို့ တက်သွားလေသည်။

ထိုစွမ်းအားမှာ ပျောက်ကွယ်သွားပြီး နောက်ထပ် ထွက်ပေါ်မ

လာတော့ပေ။

ဆန်းလျန်သည် ပိုက်ကွန်ကို ယူလိုက်ပြီး ပင်လယ်ကို ဖြတ်ကာ

ချင်းရွှမ်သို့ အမြန်ပြန်ခဲ့လေသည်။

ပြင်းထန်သည့်တန်ခိုးစွမ်းအားနှင့် ငွေရောင်အလင်းတန်းထိမိ

ခြင်းမှာ နတ်ဘုရားအချင်းချင်း တိုက်ခိုက်နေသည့်အတွက်

နိမိတ်ပေါ်လာခြင်းဖြစ်လေသည်။ ဆန်းလျန်က ထို

အဖြစ်အပျက်ကို သိပ်ပြီးအရေးမထားဘဲ သူ့ကိစ္စကိုသာ ပြီး

အောင် လုပ်နေလေသည်။

ဆန်းလျန်အသုံးပြုလိုက်သည့် မိုးကြိုးမုန်တိုင်းမှာ "လျှပ်စီးငါး

ပါးမိုးကြိုးမုန်တိုင်း" ဟုခေါ်လေသည်။ ချင်းရွှမ်နတ်တံခါးမှ

လောကနတ်ဘုရားတစ်ပါးရေးသားခဲ့သည့် စွမ်းအားကြီးမား
သည့် အင်းအစီအရင် တစ်ခုဖြစ်လေသည်။ ထိုအင်းကို စီရင်
ရန်မှာ အလွန်ခက်ခဲလေသည်။ သို့သော် စီရင်၍အောင်မြင်
သွားလျှင်လည်း အသုံးပြုသည့်ကျင့်ကြံသူ၏ တန်ခိုးစွမ်းအား
ကြီးမားလျှင် ကြီးမားသလောက် အင်းအစီအရင်ကလည်း
စွမ်းအားကြီးမားလာလေသည်။
ထို အင်းအစီအရင်မှာ ချင်းရွှမ်မှ ရှားပါးပစ္စည်းတစ်ခုဖြစ်လေ
သည်။ သာမန်ဂိုဏ်းတစ်ခုကသာ ထိုပစ္စည်းမျိုးကို ပိုင်ဆိုင်
ထားလျှင် ရတနာတစ်ပါးကဲ့သို့ တန်ဖိုးထားပြီး သေရေးရှင်ရေး
အခြေအနေမှသာ ထုတ်သုံးမည် ဖြစ်လေသည်။
သို့သော် ဆန်းလျန်ကတော့ ထိုသို့သော အဖိုးတန်ပစ္စည်းများ
ပေါ်တွင် အစွဲမထားတတ်ပေ။ သူ့အတွက် ထိုပစ္စည်းများမှာ
ပစ္စည်းများသာဖြစ်ပြီး အသုံးပြုရန်လိုအပ်သည့်အချိန်တွင်
အသုံးပြုရမည်ဟုသာ ခံယူထားလေသည်။ အသုံးပြုသည်ဆို

ရာဝယ် ဖြုန်းတီးသည်ကို ဆိုလိုခြင်းမဟုတ်ပါ။ သုံးခြင်းနှင့် ဖြုန်းခြင်းကလည်း မတူကွဲပြားသည်မဟုတ်လား။

မုန့်ရှင်ကျန်းမှာ ကျော်ကြားသည့် စားသမားတစ်ယောက်ဖြစ်လေသည်။ ဆန်းလျန်ကဲ့သို့ မောက်မာပြီး သူ့ကိုယ်သူ အထင်ကြီးနေသည့်လူငယ်မှာ သူနှင့် စားသိုင်းသာယှဉ်ပြိုင်မည်ဟု ထင်ခဲ့မိလေသည်။ ဆန်းလျန်က ထိုကဲ့သို့ အဖိုးတန် အင်းအစီအရင်ကို သုံးလိမ့်မည်ဟု မည်သူက ထင်ပါမည်နည်း။

လျှပ်စီးငါးပါးမိုးကြိုးမုန်တိုင်း အင်းအစီအရင်တွင် အင်းကို စီရင်သူ လောကနတ်ဘုရား၏တန်ခိုးစွမ်းအား နှစ်ဆယ်ရာခိုင်နှုန်း ပါဝင်လေသည်။ ထိုအစီအရင်ကို ချိုးဖျက်ရန် ကြိုးစားပါက ခန္ဓာကိုယ်တစ်ခုလုံး ထုံကျဉ်သည့်ဝေဒနာကို ခံစားရမည်ဖြစ်လေသည်။ မုန့်ရှင်ကျန်းက အင်းအစီအရင်ကို ချိုးဖျက်ရန် တန်ခိုးစွမ်းအားကို စုစည်းလိုက်စဉ်မှာပင် ဆန်း

လျန်က ပိုက်ကွန်ဖြင့်အုပ်ကာ ဖမ်းလိုက်ခြင်းဖြစ်လေသည်။ ထို ပိုက်ကွန်မှာလည်း မည်သည့်သတ္တဝါနှင့် အရာဝတ္ထုမျိုးကိုမဆို ဖမ်းချုပ်ထားနိုင်သည့် မှော်ဝင်ပစ္စည်း တစ်ခုဖြစ်လေသည်။

....

ချင်းရှမ်ခန်းမဆောင်....

ဆန်းလျန်သည် ခန်းမဆောင်အတွင်းသို့ အလင်းတန်းတစ်ခု အသွင်ဖြင့် ဝင်ရောက်လာပြီး ကျောက်ပလ္လင်ထက်တွင် ထိုင် လိုက်လေသည်။ သူ၏ပုံသဏ္ဍာန်မှာ ကျောက်စိမ်းပမာ ကျက်သရေနှင့်ပြည့်စုံလှသလို ဩဇာတိက္ကမနှင့်ပြည့်စုံသည့် ဂိုဏ်းချုပ်တစ်ယောက်အသွင်မှာလည်း အထင်းသားပေါ်လွင် နေလေသည်။

မုန့်ရှင်ကျန်းနှင့် သူ၏တပည့်ဖြစ်သူမှာ ပိုက်ကွန်ထဲတွင် ပိတ်မိ နေပြီး လျှပ်စီးငါးပါးမိုးကြိုးမုန်တိုင်းကြောင့် စိတ်များ ရှုတ် ထွေးနေကြလေသည်။ ကျော်ရှောင်ချင်းမှာ သတိပင်မေ့နေပြီး အသက်ရှူသံမှာလည်း အားနည်းနေလေသည်။ သူ၏ ဓားသိုင်း

စွမ်းရည်မြင့်မားခြင်းနှင့် ဝိညာဉ်စွမ်းအားကောင်းမွန်မှုတို့

ကြောင့်သာ အသက်ရှင်သန်နေသေးခြင်းဖြစ်လေသည်။

မဟုတ်လျှင် အသက်ဆုံးသည်မှာ ကြာပြီဖြစ်သည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ဓားဘုရန်မုန့်၊ ခင်ဗျားကတကယ်တိုက်တော့ ကျုပ်ဘက်က

ရိုင်းပျမိတာ ခွင့်လွှတ်ပါ"

ဟု ပြောလိုက်လေသည်။

မုန့်ရှင်ကျန်း၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ တုန်ယင်နေပြီး

သူ၏မျက်နှာမှာလည်း မခံမရပ်နိုင်မုန်းတီးမှုများဖြင့် ရှုံ့မဲ့နေ

လေသည်။

သူက ဆန်းလျန်ကို ကြည့်လိုက်ရင်း....

"မင်းက မော်ဝင်ပစ္စည်းတွေအားကိုးနဲ့ အနိုင်ရတာ ဘာ

အထင်ကြီးစရာရှိသလဲ၊ သတ္တိရှိရင် ဓား ဓားချင်း ယှဉ်

ရအောင်"

ဟု ပြောလိုက်လေသည်။

သူ့အနေဖြင့် စွမ်းရည်ထက်မြက်သည့် ဂိုဏ်းချုပ်ပေါင်းများစွာ နှင့်တိုက်ခိုက်ဖူးလေသည်။ သို့သော် မော်ဝင်ပစ္စည်းများကို ဆန်းလျှန်အသုံးပြုလိမ့်မည်ဟု သူလုံးမဝ ထင်မထားခဲ့ပေ။ သူ၏စွမ်းရည်များကို မပြသနိုင်ခင်မှာပင် ယခုကဲ့သို့ အဖမ်းခံ ရသည်မှာ အကြီးအကျယ်စော်ကားခြင်းခံရသလို ခံစားနေရ လေတော့သည်။

အခန်း (၁၉၉)

အရှေ့ပင်လယ်ကိုသွားပြီး မိစ္ဆာတွေကို နှိမ်နင်းပါ

ဆန်းလျန်က ခပ်ပါးပါးလေးတစ်ချက်ပြုံးလိုက်သည်။

"ဆားဘုရင်မုန့်၊ ခင်ဗျားလည်း နှစ်ပေါင်းရာနဲ့ချီပြီး ကျင့်ကြံခဲ့တဲ့ ကျင့်ကြံသူတစ်ယောက်ပဲ၊ ဘယ်လိုကြောင့် ဒီလို အသုံးမကျတဲ့စကားမျိုးတွေ ပြောနေရတာလဲ၊ ခင်ဗျားအရင်က ခင်ဗျားလောက်စွမ်းအားမရှိတဲ့သူတွေနဲ့ တိုက်ခိုက်တဲ့အခါ ခင်ဗျားရဲ့စွမ်းအားကို သူတို့နဲ့ အဆင့်ညီသွားအောင် လျှော့ပြီး တိုက်ခိုက်ခဲ့ဖူးလို့လား"

ဆန်းလျန်က ပြောလိုက်သည်။

မုန့်ရှင်ကျန်းက ခါးသက်စွာရယ်မောလိုက်ရင်း...

"အစိပ္ပါယ်မဲ့လိုက်တာ၊ တန်ခိုးစွမ်းအားဆိုတာက မင်းရဲ့ ကိုယ်ပိုင်ကျင့်ကြံမှုပဲ၊ အင်းအစီအရင်နဲ့ မှော်ဝင်ပစ္စည်းတွေဆိုတာက တန်ခိုးစွမ်းအားနဲ့ဘာဆိုင်သလဲ၊ မင်းက အဲဒါတွေကို တန်ခိုးစွမ်းအားလို့ ထင်နေတာလား"

ဆန်းလျန်က သက်ပြင်းချလိုက်ရင်း...

"ရေလမ်းခရီးနဲ့ပဲသွားသွား ၊ ကုန်းလမ်းခရီးနဲ့ပဲသွားသွား ရည်ရွယ်ချက်က ခရီးရောက်ဖို့ပဲမဟုတ်လား ၊ "မျော်ဝင်ပစ္စည်းတွေကို အသုံးပြုနိုင်ခြင်းဟာလည်းတန်ခိုးစွမ်းအားပဲ" ဆိုတဲ့ အယူအဆကို ခင်ဗျားနားမလည်ဘူးပဲ ၊ လွန်ခဲ့တဲ့နှစ်ထောင်ပေါင်းများစွာက ဆွေလင်ကျိ နတ်ဘုရားဖြစ်သွားပြီး နောက်ပိုင်း ခင်ဗျားတို့ဂိုဏ်းမှာ နတ်ဘုရား တစ်ပါးမှ ထပ်ပြီး ပေါ်ထွက်မလာတော့တာ မဆန်းပါဘူးလေ"

"နှစ်ပေါင်းတစ်ရာတောင်ကျော်နေပြီ ၊ မင်းတို့ ချင်းရွှမ်နတ်တံခါးကရော နတ်ဘုရားဖြစ်တဲ့သူ ရှိလို့လား"

မုန့်ရှင်ကျန်းက ဆတ်ဆတ်ထိမခံ ပြန်ချေပလိုက်သည်။

ဆန်းလျန်က တဟားဟား ရယ်မောလိုက်ရင်း....

"ကျုပ်တို့ ချင်းရွှမ်နတ်တံခါးက နတ်ဘုရားတစ်ပါး မကြာခင် ပေါ်ထွက်လာတော့မှာပါ"

"ဘယ်သူလဲ"

မုန့်ရှင်ကျန်းက မေးလိုက်လေသည်။

"ကျုပ်ပဲ..."

ဆန်းလျန်က ရယ်မောရင်းပြန်ဖြေလိုက်လေသည်။

ဆန်းလျန်၏ စကားကြောင့် မုန့်ရှင်ကျန်းကလည်း ရယ်မောလိုက်လေသည်။

"မင်းက အတော်နောက်တတ်တာပဲ ၊ နတ်ဘုရားတစ်ပါးဖြစ်လာဖို့ဆိုတာ ထမင်းစား ရေသောက် ကိစ္စလို လွယ်တယ်များထင်နေသလား"

ဆန်းလျန်က မုန့်ရှင်ကျန်းကို စကားပြန်မပြောတော့ပါ။

အဘယ်ကြောင့်ဆိုသော် ကျောက်စိမ်းလင်ပန်းလေးတစ်ခုကိုင်ထားသည့် ကျင်းချင်းသည် ချင်းရွှမ်ခန်းမဆောင်ထဲသို့ ဝင်လာသောကြောင့် ဖြစ်လေသည်။ ကျင်းချင်းကိုင်လာသည့် ကျောက်စိမ်းလင်ပန်းလေးပေါ်တွင် အစိမ်းရောင်လက်သည်းခွံ

လေးနှစ်ခုပါလာလေသည်။ ကျောက်စိမ်းသားဖြင့်ပြုလုပ်ထား

သည့် လက်သည်းခွံပုံသဏ္ဍာန် ပစ္စည်းလေးနှစ်ခုဖြစ်လေသည်။

ဆန်းလျန်က မုန့်ရှင်ကျန်းနှင့် ကျော်ရှောင်ချင်းကို တစ်ချက်

ညွှန်ပြလိုက်ရင်း....

"ကျင်းချင်း... နတ်ဒေဝါလက်သည်းကို ဒီညည့်သည်နှစ်ယောက်

အတွက် သုံးလိုက်ပြီး တောင်အနောက်ဘက်က အဆောင်ကို

ခေါ်သွားလိုက်ပါ"

"ဒါ ဘာအဓိပ္ပါယ်လဲ"

မုန့်ရှင်ကျန်းက မေးလိုက်သည်။

"ခုန ကျုပ်ပြောခဲ့တယ်လေ ၊ ခင်ဗျားတို့ကို ချင်းရွှမ်တောင်ပေါ်

က ရှုခင်းတွေလိုက်ပြမယ်လို့"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

မုန့်ရှင်ကျန်းက ဆန်းလျန်ကို စကားပြန်ပြောရန်ပြင်လိုက်စဉ် မှာပင် စူးရှသည့်နာကျင်မှုတစ်ခုကို ခံစားလိုက်ရပြီး သတိလစ် သွားလေသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ကျောက်စိမ်းနတ်ဒေဝါလက်သည်းက အလင်းတန်းတစ်ခုအသွင်ကူးပြောင်းပြီး မုန့်ရှင်ကျန်းနှင့် ကျော်ရှောင်ချင်းတို့၏ ကျောရိုးအတွင်းသို့ဝင်ရောက်သွားကာ ကျင့်ကြံထားသည့်တန်ခိုးစွမ်းအားများကို ချိတ်ပိတ်လိုက်လေ သည်။

နတ်ဒေဝါလက်သည်းမှာ တန်ခိုးစွမ်းအားကို ချိတ်ပိတ်ရန် အတွက် အသုံးပြုသည့် မှော်ဝင်ပစ္စည်းဖြစ်လေသည်။ မည်မျှ တန်ခိုးစွမ်းအားကြီးမားသည့် ကျင့်ကြံသူဖြစ်ပါစေ တန်ခိုး စွမ်းအားများအားလုံး သုံးမရတော့အောင် ထိန်းချုပ်ခံရမည် ဖြစ်သည်။ သို့သော် မူလဝိညာဉ်ရရှိထားသည့် နတ်ဘုရား တစ်ပါးကိုတော့ ချိတ်ပိတ်၍မရနိုင်ပေ။

"ဂိုဏ်းချုပ် သူတို့ကို နှိပ်စက်မလို့လား"

ကျင်းချင်းက မသက်သာသလို လေသံဖြင့်မေးလိုက်သည်။

"မလိုပါဘူးကွာ ၊ တောင်အနောက်ဘက်က အဆောင်ထဲမှာသာ ပိတ်ထားလိုက် ၊ သူတို့တန်ခိုးစွမ်းအားတွေ သုံးလို့မရတော့ မိုး မြေစွမ်းအားတွေမစုပ်ယူနိုင်တော့ဘူး ၊ သူတို့အစာငတ်ပြီး မ သေအောင် ရေနဲ့ သစ်သီးလေးဘာလေး ကျွေးထားလိုက်ပေါ့ ၊ သူတို့ကို သေတော့မသေစေနဲ့ ၊ သူတို့က ကျုပ်အတွက် အသုံးဝင်နေသေးတယ်"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ဆန်းလျန်၏ ရည်ရွယ်ချက်ကို ကျင်းချင်းမသိပါ။ သူက ဆန်း လျန် ညွှန်ကြားသည့်အတိုင်းသာ လုပ်ရသူဖြစ်လေသည်။

သူက မြွေမိစ္ဆာကြီးအသွင်ပြောင်းလဲလိုက်ပြီး မုန့်ရှင်ကျန်းနှင့် ကျော်ရှောင်ချင်းတို့ကို ရစ်ပတ်လိုက်လေသည်။ ထို့နောက် အမြီးကို တစ်ချက်ခါလိုက်ကာ ထွက်ခွာသွားလေသည်။

ဆန်းလျန်က ကျောက်ပလ္လင်ထက်တွင် တရားထိုင်နေသည်။ မုန့်ရှင်ကျန်းကို အနိုင်ရခဲ့သည်မှာ သူ့အတွက် အသေးအဖွဲ့ကိစ္စလေးသာဖြစ်သည်။ ထို့ကြောင့် သိပ်ပြီး အလေးအနက်ထားခြင်းမရှိခဲ့ပါ။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် ချင်းရွှမ်နတ်တံခါးကို တရားဝင်အတိအလင်း စိန်ခေါ်ရဲမည်မဟုတ်ပေ။ သူတို့က ချင်းရွှမ်နတ်တံခါး တစ်ဆင့်ချင်းကျဆုံးအောင် အကွက်ချကြံစည်နေကြခြင်းဖြစ်သည်။ သူတို့ဘက်က အပြည့်အဝလက်ဦးမှုရယူပြီးမှသာ ချင်းရွှမ်နတ်တံခါးကို နောက်ဆုံးအပြုတ်ဖြုတ်ဖို့ ကြံရွယ်ထားခြင်းဖြစ်သည်။

ထို့ပြင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာ ချင်းရွှမ်နတ်ဘုရားဂိုဏ်းကို ထိပ်တိုက်ရင်ဆိုင်ရန် သတ္တိလည်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ချင်းရွှမ်နတ်တံခါးတွင် မည်သည့်အခါမှ မရှုံးနိမ့်နိုင်

သည့် လောကကိုကျော်လွန်နေသည့် ဆရာသခင်များနှင့် နတ်ဘုရားများ ရှိနေသေးသည် မဟုတ်ပါလား။

ဆန်းလျန် အတွေးထဲတွင်နစ်မျောနေဆဲ တောင်အနောက်ဘက်မှ အလင်းတန်းတစ်ခု လွင့်မျောလာသည်။ ထိုအလင်းတန်းသည် ချင်းရွှမ်ခန်းမဆောင်အပြေင်ဘက်သို့ သက်ဆင်းလာပြီး ပန်းချီကားတစ်ချပ်အလား လှပသည့် မိန်းမပျိုတစ်ယောက်အသွင်ပေါ်လာလေသည်။

အခြားသူမဟုတ်ပါ။ ကူးချိုင်ဝေ့ပင်ဖြစ်လေသည်။

သူမက ချင်းရွှမ်ခန်းမဆောင်ထဲသို့ နွေရာသီစမ်းချောင်းလေးပမာ ကျက်သရေရှိစွာ လှမ်းဝင်လာလေသည်။

ဆန်းလျန်က သူမကို ခေါင်းတစ်ချက်ညိတ်အသိအမှတ်ပြုလိုက်ရင်းပြောလိုက်သည်။

"အစ်မ ၊ ရောက်လာပြီလား"

"လူတွေဟာ အကြောင်းမရှိဘဲ ဝတ်ကျောင်းတော်ကို မသွား တတ်သလို မင်းလည်း အစ်မကို အကြောင်းမရှိဘဲ ခေါ်မှာ မဟုတ်ဘူး ၊ ဘာကိစ္စများရှိလို့လဲ မောင်လေး"

ကူးချိုင်ဝေ့က ရယ်မောရင်းမေးလိုက်သည်။

ဆန်းလျန်ကလည်း ကူးချိုင်ဝေ့၏ နောက်ပြောင်သည့်စကား ကြောင့် ရယ်မောလိုက်မိလေသည်။

သူတို့နှစ်ယောက်၏ မောင်နှမသံယောဇဉ်နှင့် ခင်မင်မှုမှာ အခြားသူများထက်ပိုပြီး နက်ရှိုင်းလေသည်။ ဆန်းလျန်က ကူး ချိုင်ဝေ့ အရယ်ရပ်သည်အထိစောင့်ပြီးမှ စကားကိုဆက်လိုက် သည်။

"အရှေ့ပင်လယ်မှာ သောင်းကြမ်းနေတဲ့ နတ်မိစ္ဆာတွေကို နှိမ်နင်းပြီး ကျောင်းတော်တစ်ခု တည်ထောင်ချင်တယ် အစ်မ ၊ အဲဒီမှာ ချင်းရွှမ်နတ်တံခါးမှာ တပည့်ဖြစ်ချင်သူတွေကို စုစည်း မယ် ၊ အဲဒီလူတွေကို ချင်းရွှမ်ရဲ့ အပြင်စည်းတပည့်တွေအဖြစ်

သတ်မှတ်မယ် ၊ အဲဒီတပည့်တွေထဲက အရည်အချင်းရှိတဲ့သူ

တွေကို အတွင်းစည်းတပည့်အဖြစ် ချင်းရွှမ်တောင်ပေါ်ကို ခေါ်

ယူပြီး ကျင့်စဉ်တွေ သင်ကြားပေးချင်တယ်"

"မောင်လေးက ဒီအလုပ်လုပ်ဖို့ အစ်မကို ခေါ်တာပေါ့"

ကူးချိုင်ဝေ့အမေးကြောင့် ဆန်းလျန် သက်ပြင်းချလိုက်ရင်း...

"ဒီအလုပ်က အစ်မနဲ့အသင့်တော်ဆုံးပဲလေ ၊ ဒါပေမယ့် အစ်မ

သဘောအတိုင်းပါ ၊ အစ်မမလုပ်ချင်ရင် ကျွန်တော်က အတင်း

မလုပ်ခိုင်းပါဘူး"

ကူးချိုင်ဝေ့က "အမလေး ဖြစ်ရလေ" ဆိုသည့် သဘောဖြင့်

နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်သည်။ သူမ၏ အမူလေးမှာ

အလွန်ချစ်စရာကောင်းလှလေသည်။ ကူးချိုင်ဝေ့မှာ အလွန်

ချောမောလှပသည့် မိန်းကလေးတစ်ယောက်မဟုတ်သည့်တိုင်

အလွန်ချစ်စရာကောင်းသူတစ်ယောက်ဖြစ်လေသည်။ ဆန်းလျ

န်မှာ သူမ၏ချစ်စဖွယ်မျက်နှာလေးကို ဘယ်နှစ်ခါကြည့်ရ ကြည့်ရ ရိုးမသွားနိုင်ပေ။

ကူးချိုင်ဝေ့က ရုတ်တရက် သူမ၏ အမူအရာကို ဆင်ခြင်လိုက် ရင်း...

"ဂိုဏ်းချုပ်ဖြစ်လာတဲ့နောက်ပိုင်း ဒီကလေးဟာ ရက်လည်း ရက်ဆက်တတ်လာသလို အရေလည်းထူလာတယ်"

ဟုတွေးလိုက်မိသည်။

သို့သော် သူမ၏အတွေးများကို ချက်ချင်းရပ်တန့်ပစ်လိုက် သည်။ ထိုအတွေးများက ဂိုဏ်းချုပ်တစ်ယောက်ဖြစ်သည့် ဆန်းလျန်ကို မလေးစားရာရောက်နိုင်လေသည်။

သူမက မျက်နှာထားကို ချက်ချင်းပင် ပြန်တည်လိုက်ပြီး ...

"မင်းက ဒီလိုဆုံးဖြတ်ထားမှတော့ ၊ အစ်မ ဘယ်ငြင်းလို့ရပါ့မ လဲ ၊ နောက်နှစ်နှစ်ဆယ် သုံးဆယ်လောက်မှ ဟိုင်သန်းအဆင့် ကို မတက်ရောက်နိုင်ရန် အစ်မအတွက် မျှော်လင့်ချက်မရှိ

တော့ဘူး ၊ နောက်ဘဝကို ကူးရတော့မယ် ၊ ချင်းရွှမ်နတ်တံခါး

မှာ နေရတာလဲ ပျင်းနေပါပြီ ၊ အပြင်ထွက်ရမယ်ဆိုရင်လည်း

ဆိုးတော့မဆိုးလှပါဘူးလေ"

"အဲဒီအတွက်တော့ စိတ်မပူပါနဲ့ အစ်မ ၊ ထိုက်ရှီးနည်းဗျူဟာနဲ့

ပတ်သက်ပြီး ကျွန်တော် သိထားတာတွေရှိပါတယ် ၊ နောက်သုံး

လေးနှစ်အတွင် အစ်မကို ကျင့်စဉ်အဆင့်တက်နိုင်အောင်

ကူညီပေးပါ့မယ်"

ဆန်းလျန်က ပြောလိုက်သည်။

"ဒါဆို အရမ်းကောင်းတာပေါ့ ၊ အစ်မက မင်းနဲ့လည်း အရမ်း

သူစိမ်းမဆန်ချင်ပါဘူး ၊ အရှေ့ပင်လယ်မှာ ကျောင်းတော်တစ်

ခု တည်ထောင်ဖို့ အစ်မကို တာဝန်ပေးမယ်ဆိုရင် ကျောင်း

တော်အတွက်နာမည်နဲ့ အန္တရယ်ကင်းဖို့ အစီအရင်တစ်ခု အစ်မ

ကို လုပ်ပေးလေ"

ဆန်းလျန်၏ စကားများကြောင့် ကူးချိုင်ဝေ့ မှာ စိတ်ဓာတ်

တက်ကြွလာလေသည်။

ချင်းရွှမ်နတ်တံခါးမှာ လွန်ခဲ့သည့်နှစ်တစ်ရာခန့်က

အကြီးအကျယ်ဆုံးရှုံးခဲ့ရမှုများကြောင့် များစွာ အဆင့်အတန်း

နိမ့်ကျ နေခဲ့လေသည်။ ယခုတော့ ချင်းရွှမ်နတ်တံခါးသည်

ပြန်လည် ဦးမော့လာခဲ့ပြီဖြစ်သည်။ ထပ်မံကျဆင်းမည့်

အခြေအနေသို့ မရောက်နိုင်တော့ပြီ။ အချိန်ကာလကလည်း

ပြောင်းလဲ ခဲ့ပြီမဟုတ်လား။

ကူးချိုင်ဝေ့မှာ နားလည်မှုရှိသူတစ်ယောက်ဖြစ်ကြောင်း ဆန်း

လျန်သိလေသည်။ သူမက ဆရာသခင်ကျန်းရှော့ရှီးကိုလည်း

များစွာကူညီပေးခဲ့သူဖြစ်ပြီး ထိုအချက်ကြောင့်ပင် ဆန်းလျန်

ကလည်း သူမကို အားကိုးခြင်းဖြစ်လေသည်။

"အမိန့်အင်းစာရွက်တစ်ခု ကျွန်တော် အစ်မအတွက် လုပ်ထား

ပေးပါတယ် ၊ အဲဒါကိုအသုံးပြုပြီး ကျောင်းတော်အသစ်ကို

တည်ဆောက်ပါ၊ ကျောင်းတော်ရဲ့နာမည်ကတော့ အစ်မ ကြိုက်သလိုဆုံးဖြတ်ပါ၊ အခုချိန်မှာ နတ်မိစ္ဆာတွေလည်း သောင်းကြမ်းနေတာဆိုတော့ အဲဒီနတ်မိစ္ဆာတွေကို နှိမ်နင်းပြီး အစ်မရဲ့အစွမ်းကို လောကတစ်ခုလုံးသိအောင် ကြေငြာလိုက်စမ်းပါ"

"ဒီတစ်ခါတော့ ဘယ်သူမှ မတားဆီးတော့ဘူးပေါ့"

ကူးချိုင်ဝေ့ကပြောလိုက်သည်။

ဆန်းလျန်က အဝေးသို့ ငေးကြည့်နေလေသည်။

"အစ်မ ၊ ချင်းရွှမ်နတ်တံခါးကို ထောင်ပေါင်းများစွာသော နည်းလမ်းတွေနဲ့ နှောင့်ယှက်ဖို့လာစမ်းပါစေ ၊ တစ်ယောက်တည်းနဲ့တင် အကုန်လုံးကို အမှုန့်ချေပစ်နိုင်တယ်"

ကူးချိုင်ဝေ့ကပြုံးလိုက်ရင်း...

"အဲဒီလူက ဘယ်သူများလဲ"

"ကျွန်တော်ပဲပေါ့ အစ်မရယ်..."

ဆန်းလျန်က ချက်ချင်းပြန်ဖြေလိုက်လေသည်။
ဆန်းလျန်၏ လေသံမှာ ဆုံးဖြတ်ချက်ခိုင်မာသည်သာမက
ယုံကြည်မှုအပြည့်နှင့် လွှမ်းမိုးမှုအပြည့်ရှိနေလေသည်။
ကူးချိုင်ဝေ့မှာ ကြက်သေသေသွားလေသည်။ ဆန်းလျန်ကို
ကြည့်ရသည်မှာ ဆရာဘွားဘွားလီချင်းဆွေကို သတိရမိ
စေသည်။ လီချင်းဆွေသည် နွေးထွေးသောနှလုံးသားကို
ပိုင်ဆိုင်သလို ဘာမထီစိတ်ထား အပြည့်ရှိသူဖြစ်လေသည်။
လောကတွင် မည်သူ့ကိုမှ အထင်မကြီးတတ်ဘဲ ဩဇာတိက္ကမ
နှင့်ပြည့်စုံသူဖြစ်လေသည်။
ထို့ပြင် ဆန်းလျန်မှာလည်း ကျိုလင်နတ်သမီးကဲ့သို့ လူတစ်
ကိုယ်နှင့် စိတ်နှစ်မျိုးကို ပိုင်ဆိုင်ထားသည့် ပုံစံနှင့်လည်း ဆင်
တူနေပြန်သည်။
ဤသို့ဖြစ်ရသည်မှာ ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံကြသည့်
ကျင့်ကြံသူများအားလုံး ရင်ဆိုင်ရသည့် ကံကြမ္မာလေပဲလား။

ကူးချိုင်ငွေ့ ခန့်မှန်းနိုင်စွမ်းမရှိပါ။ ဆန်းလျန်မှာ ဆရာသခင် ကျန်းရော့ရှီးကို စိတ်ပျက်အောင်လုပ်မည့်သူ မဟုတ်ကြောင်း သူမယုံကြည်ထားလေသည်။ ရှန်ဆန်းကျန်းရန် လုကျိုးယွမ် သာမရှိလျှင် ရွှမ်ထျန်းဂိုဏ်းသည် ချင်းရွှမ်နတ်တံခါးထက် မသာနိုင်ပေ။ သို့သော် လောကနတ်ဘုရား လုကျိုးယွမ်ထွက် ပေါ်လာပြီးသည့်နောက် ရွှမ်ထျန်းဂိုဏ်းသည် လောကပထမ နတ်ဘုရားဂိုဏ်းတစ်ခု ဖြစ်လာခဲ့လေသည်။

ချင်းရွှမ်နတ်တံခါးမှာလည်း ဆန်းလျန်တစ်ယောက်တည်းဖြင့် လောကပထမ နတ်ဘုရားဂိုဏ်းတစ်ခု ဖြစ်လာနိုင်သည်ပဲလေ။

အတွေးများဖြင့်ပင် သူမ ပြုံးလိုက်မိသည်။

"ဟုတ်ပါပြီလေ ၊ ဒါဖြင့်လည်း အမိန့်အင်းစာရွက် အစ်မကိုပေး ပါ ၊ ပြီးတော့ အဲဒီ နှောင့်ယှက်နေတဲ့ နတ်မိစ္ဆာတွေအကုန်လုံးကို လည်း သုံးရက်အတွင်း သုတ်သင်ပစ်လိုက်မယ်"

အခန်း (၂၀၀)

ခန့်မှန်းရခက်သည့်စစ်တုရင်ကစားပွဲ

"ဟုတ်ပြီ ၊ ကျွန်တော် သတင်းကောင်းကို စောင့်နေမယ်"

ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်နှင့် အဖြူနှင့် စိမ်းပြာရောင်ပေါင်းစပ်ထားသည့် အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။ ထိုအလင်းတန်းသည် ကူးချိုင်ဝေ့ရှေ့သို့ ရောက်ရှိသွားပြီး အင်းစာရွက်တစ်ခုအသွင် ကူးပြောင်းသွားလေသည်။ အင်းစာရွက်လေးပေါ်မှ စကားလုံးများမှာ ရိုးရှင်းပြီး စုတ်ချက်အနည်းငယ်သာ ပါရှိသည်။ သို့သော် အဓိပ္ပါယ်ကတော့ နက်နဲလွန်းသည်။

ထိုအင်းစာရွက်မှာ ချင်းရှမ်နတ်တံခါး၏ အမိန့်အင်းစာရွက် ဖြစ်လေသည်။ ထိုအင်းစာရွက်ကို ဂိုဏ်းချုပ်ကသာလျှင်

ရေးသားနိုင်ပြီး ချင်းရွှမ်နတ်တံခါးကို ကိုယ်စားပြုလေသည်။

ချန်ကျန့်မေတွင်လည်း ထိုသို့သော အင်းစာရွက်တစ်ရွက်ရှိ

ကြောင်း ဆန်းလျန်သိထားလေသည်။ သို့သော် တွေ့မြင်ဖူး

ခြင်းတော့မရှိပေ။

ကူးချိုင်ဝေ့က အင်းစာရွက်ကို ယူပြီး သိမ်းလိုက်သည်။

ထို့နောက် ဆန်းလျန်ကို ပြုံးပြလိုက်ရင်း…

"ဘာပြောစရာရှိသေးလဲ"

ဟုမေးလိုက်သည်။

ဆန်းလျန်၏ မျက်နှာသည် တည်ကြည်လေးနက်သွားလေ

သည်။ သူက ကျောက်ပလ္လင်ထက်မှ ဆင်းလိုက်ပြီး ကူးချိုင်ဝေ့

အနားသို့သွားလိုက်သည်။

"အစ်မ အစစအရာရာ ဂရုစိုက်ပါနော်"

ဆန်းလျန်က အစ်မဖြစ်သူကို လေးလေးစားစား သိမ်သိမ်မွေ့

မွေ့ဖြင့် အမှာစကားဆိုသည်။

ကူးချိုင်ဝေ့ ရယ်မောလိုက်လေသည်။ ယခုမှ ဆန်းလျန်သည် သူမ ယခင်က သိကျွမ်းခဲ့သည့် သဘောကောင်းပြီး နွေးထွေးသည့် ဆန်းလျန် ပြန်ဖြစ်သွားပြီဖြစ်သည်။ တစ်ခဏအတွင်းမှာပင် ပုံစံမျိုးစုံ လုပ်ပြနိုင်လေသည်။

တတ်လည်းတတ်နိုင်တဲ့ ချစ်စရာကောင်းသည့် ကောင်လေးပဲဟု သူမတွေးလိုက်မိလေသည်။

ဆန်းလျန်က ကူးချိုင်ဝေ့ကို ခန်းမအပြင်ဘက်သို့ရောက်သည်အထိ လိုက်ပို့ပေးလိုက်သည်။

ခန်းမအပြင်ဘက်ရောက်သည်နှင့် ကူးချိုင်ဝေ့က ကျောက်စိမ်းပုလွေလေးတစ်ခုထုတ်ကာ မှုတ်လိုက်လေသည်။ ကျောက်စိမ်းပုလွေမှ ဂီတသံသည် ချင်းရှမ်တောင်တစ်ခွင်သို့ ပျံ့နှံ့သွားပြီး နတ်ကြိုးကြာကြီးတစ်ကောင် ပျံသန်းလာလေသည်။ နတ်ကြိုးကြာကြီး၏အမွေးများမှာ ဖြူစင်ပြီး နူးညံ့လွန်းသည်။ လည်ပင်းကလည်း ရှည်ရှည်နှင့်ဖြစ်လေသည်။ အော်မြည်သံ

ကလည်းသာယာသလို သူ့ဆီမှ နတ်ဘုရားဝိညာဉ်

အငွေ့အသက်များ ထွက်ပေါ်နေလေသည်။

ဆန်းလျန်က ချမ်းမော့လေးကိုမေးထားသည်ကို အားကျပြီး

သူမကလည်း ထိုကြိုးကြာငှက်ကြီးကို မေးထားခြင်းဖြစ်လေ

သည်။

ကြိုးကြာငှက်ကြီး၏ ပျံသန်းနှုန်းမှာ ချမ်းမော့လောက် မြန်ဆန်

ခြင်းမရှိသည့်တိုင် သူ့သဘာဝနှင့်သူတော့ အထာကျကျ

ပျံသန်းနိုင်လေသည်။

ကူးချိုင်ဝေ့က ကြိုးကြာငှက်ကြီးကို ဆင့်ခေါ်လိုက်သည်မှာ

ခရီးထွက်ရန်အတွက်သာဖြစ်ပြီး ဝါကြွားလိုခြင်းမရှိပါ။ သူမ

က အရှေ့ပင်လယ်တွင် ကျောင်းတော်အသစ်ကို ဦးစီးရမည်

ဖြစ်သည့်အတွက် တခြားနည်းဖြင့်ခရီးနှင်ခြင်းထက်

ကြိုးကြာငှက်ဖြင့်ခရီးနှင်ခြင်းက ပိုပြီး အဆင်ပြေနိုင်လေ

သည်။ သူမက ကြိုးကြာငှက်ကြီးပေါ်သို့ အသာအယာတက်

လိုက်ပြီး ကြုံးဝါးသံတစ်ချက်ပြုလိုက်လေသည်။

ကြိုးကြာငှက်ကြီးသည် ချက်ချင်းပင် လျှင်မြန်စွာ ပျံသန်းသွားပြီး တိမ်ဖြူများကြားတွင် ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်သည် ကူးချိုင်ဝေ့ ထွက်ခွာသွားသည်ကို မျက်စိတစ်ဆုံးငေးကြည့်နေမိသည်။

"ဒီနှစ်တွေအတွင်းမှာ ငါတို့ကျောင်းတော်ဟာ သိပ်ကို ရိုးရှင်းခဲ့တာပဲကိုး"

ဆန်းလျန်တွေးလိုက်မိသည်။

သူက ကူးချိုင်ဝေ့ စီးတော်ယဉ်လုပ်ရန်အတွက် မှော်ဝင်ပစ္စည်းတစ်ခုကို ရှာဖွေကာ ကူးချိုင်ဝေ့ကို လေးစားသည့်အနေဖြင့် လက်ဆောင်ပေးဦးမည်ဟု တွေးထားလိုက်မိလေသည်။

"နဂါးခြောက်ကောင်ကိုစီးကာ မိုးကောင်းကင်ဆီသို့" ဟူသည့် စာသားအတိုင်း သူကတော့ စီးတော်ယဉ်အဖြစ် နဂါးတစ်ကောင်လိုချင်မိလေသည်။ တစ်ချိန် သူနတ်ဘုရားတစ်ပါး

ဖြစ်လာသည့်အခါ တကယ့်နဂါးကိုစီးသည့် ထူးဆန်းသည့်နတ်ဒေဝါတစ်ပါးဖြစ်ချင်မိလေသည်။

ခမ်းခမ်းနားနားနေထိုင်ခြင်းသည် မှားယွင်းခြင်းဟု ဆန်းလျန်မယူဆမိပါ။ ထိုသို့သော ဘဝမျိုးကိုလည်း သူရယူချင်မိသေးသည်။

သို့သော် ထိုရည်ရွယ်ချက်က အနာဂတ်တွင် အကျိုးဆက်များကိုဖြစ်ပေါ်စေပြီး ဒုက္ခလှလှရောက်စေမည်ကို သူ သိရှိခဲ့ခြင်းမရှိပါ။

....

တစ်လကြာပြီးသည့်နောက်....

ဆန်းလျန်က မုန့်ရွှင်ကျန်းနှင့် ကျော်ရှောင်ချင်းတို့ကို အခြေအနေကို စုံစမ်းကြည့်လေသည်။ သူက တောင်အနောက်ဘက်တွင် သူတို့နှစ်ယောက်ကို ဖမ်းဆီးထားခဲ့သည်ကို အလေးမထား မေ့နေဟန်ပင်ရှိလေသည်။ ကျင်းချင်းက တောင်အနောက်ဘက်သို့သွားပြီး ထိုသူများအတွက်

ဝက်သစ်ချသီးများနှင့် သောက်ရေများ သွားရောက်ပေးလေ့ရှိသည့်တိုင် စကားပြောဆိုခြင်းမပြုပေ။

ဆန်းလျန်က ထိုနှစ်ယောက်အကြောင်းကို တစ်လတိတိ မေးမြန်းခြင်းမရှိခဲ့ပေ။ မုန့်ရှင်ကျန်းနှင့် ကျော်ရှောင်ချင်းတို့မှာ စိတ်များရှုတ်ထွေးနေကြလေသည်။ ကျင့်ကြံသူတစ်ယောက်ကို တန်ခိုးစွမ်းအားများ ထိန်းချုပ်ထားပြီး သာမန်လူတစ်ယောက်ကဲ့သို့ဖြစ်စေလိုက်ပါက စိတ်ဆန္ဒများဖောက်ပြန်ကုန်မည်ဖြစ်သည်။ ထို့ပြင် မုန့်ရှင်ကျန်းမှာ ယွင်ဆွေအလင်းဓားကို ဆင့်ခေါ်ရန်ကြိုးစားသည့်တိုင် အရာမထင်ခဲ့ပေ။

ယခုတော့ ဆန်းလျန်မှာ ထျန်းယွမ်တောင်သို့ ရောက်ရှိနေခဲ့လေသည်။

တောင်ထိပ်တွင် မက်မွန်တောလေးတစ်ခုရှိနေပြီး နေရောင်ကို ကာကွယ်ပေးထားကာ သဘာဝအတိုင်း အရိပ်ရနေလေသည်။

ဆန်းလျှန်၏ အဖြူရောင်စစ်တုရင်ရုပ်လေးများက ကယ်ယွမ်း၏ အနက်ရောင်စစ်တုရင်ရုပ်လေးများကို ထိုးစစ်ဆင်နေလေသည်။ ဆန်းလျှန်နှင့် ကယ်ယွမ်းမှာ စစ်တုရင် ကစားနေကြခြင်းဖြစ်လေသည်။

တရုတ်စစ်တုရင်ကစားနည်းမှာ ကျားစေ့လေးများဖြင့်ကစားရခြင်းဖြစ်ပြီး အနက်ရောင်ကျားစေ့ တစ်ရာရှစ်ဆယ့်တစ်စေ့ ၊ အဖြူရောင်ကျားစေ့ တစ်ရာ့ရှစ်ဆယ်ဖြင့် ကစားရခြင်းဖြစ်သည်။ ကျားကွက်မှာလည်း မျဉ်းကြောင်းဆယ့်ကိုးကြောင်းကန့်လန့်ဖြတ်ပါဝင်ပြီး ဆုံမှတ် သုံးရာခြောက်ဆယ့်တစ်ခုပါရှိလေသည်။

စစ်တုရင်ကစားပွဲတစ်ပွဲ၏ ဖြစ်နိုင်ခြေကို ခန့်မှန်းနိုင်ရန်မှာ ခက်ခဲလွန်းသည်။ နတ်ဘုရားများပင်လျှင် အနက်ရောင်ကျားစေ့နှင့် အဖြူရောင်ကျားစေ့များကြားမှ မခန့်မှန်းနိုင်သည့် ပြောင်းလဲမှုများကို အံ့သြကြရလေသည်။

ကယ်ယွမ်းမှာ ပုရှီးအဆင့်အောင်မြင်ခဲ့ပြီဖြစ်ပြီး ဖော့ဝမ့်အဆင့်အောင်မြင်ရန်မှာလည်း သိပ်မလိုတော့ပေ။ သူ၏ ယင်ဝိညာဉ်စွမ်းအားမှာ အလွန်ကြွခိုင်နေပြီး ယင် ဝိညာဉ်စွမ်းအားကိုသာမက ယန် ဝိညာဉ်စွမ်းအား၏ ပြောင်းလဲမှုများကိုပင်ထိန်းချုပ်နိုင်နေပြီဖြစ်သည်။ ချင်းရွှမ်နတ်တံခါးသို့ ဆန်းလျန်စတင်ရောက်ရှိသည့်အချိန်က ကယ်ယွမ်းနှင့် ယခုကယ်ယွမ်းသည် လားလားမှမဆိုင်အောင် ပြောင်းလဲခဲ့ပြီဖြစ်လေသည်။ သို့သော် စစ်တုရင်ပြိုင်ပွဲတွင်တော့ သူ ဆန်းလျန်ကို အနိုင်ရခြင်းမရှိသေးပါ။ သူက ဆန်းလျန်ကို အနိုင်ရပြီဟုတွေးမိတိုင်း ဆန်းလျန်၏ ရွှေ့ကွက်က ပြောင်းလဲသွားကာ ကစားပွဲအခြေအနေက ပြောင်းပြန်ပြန်ဖြစ်သွားရပြန်လေသည်။ ဆန်းလျန်က တည်ကြည်လေးနက်စွာ စဉ်းစားနေရင်းမှ အဖြူရောင် ကျားစေ့လေးတစ်စေ့ကို နေရာရွှေ့လိုက်သည်။

သူ၏ဝတ်ရုံမှာ လေထဲတွင် လွင့်မျောနေပြီး မြင်တွေ့ရသူ

အပေါင်းမှ တပ်မက်ဖွယ်ရာ ဖြစ်နေလေသည်။

ကယ်ယွမ်းမှာ စိတ်မရှည်တော့ပေ။

သူက ကျားစေ့လေးကို ချထားလိုက်ပြီး ...

"ဝူကျိ၊ ခုတလော စည်းကမ်းဆောင်မှာ အလုပ်တွေများနေ

သလား"

ဟု မေးလိုက်လေသည်။

ကယ်ယွမ်း၏ မျက်နှာက တင်းမာခက်ထန်နေပြီး စည်းကမ်း

ဆောင်မှ ကိစ္စများမှာ အလွန်အရေးကြီးနေပုံရလေသည်။

ကယ်ယွမ်း၏ဘေးတွင် ကျောက်ဝူကျိပေါ်လာလေသည်။

သူ၏ ပုံရိပ်မဲ့သိဒ္ဓိကျင့်စဉ်မှာ အလွန်အဆင့်မြင့်နေပြီး ဟိုင်

သန်းအဆင့် ကျင့်ကြံသူတစ်ယောက်ပင်လျှင် သူ၏ တည်ရှိမှု

ကို မခန့်မှန်းနိုင်တော့ပေ။

ကောင်းကင်ကို ထိုးခွဲပျံသန်းသွားသည့် သိန်းငှက်တစ်ကောင်

အလား အမြင်အာရုံစူးရှသည့်လူတစ်ယောက်သည် မြေပြင်

ထက်မှ အရေးမပါသည့် ကျောက်တုံးများနှင့် မြက်များကို

အာရုံစိုက်မိမည်မဟုတ်ပါ။

သို့သော် ကျောက်ဝူကျိမှာ အရေးမပါသည့် ကျောက်တုံးနှင့်

မြက်များဖြစ်နေသည့်အတွက် အာရုံမစိုက်မိကြခြင်းမဟုတ်ပါ။

အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ဖြစ်နေသည့်အတွက်

သူ၏တည်ရှိမှုကို မသိနိုင်တော့ခြင်းဖြစ်လေသည်။

"သိပ်မများပါဘူး ဆရာ"

ကျောက်ဝူကျိက သူ့အကျင့်အတိုင်း မဝံ့မရဲပုံစံဖြင့် ပြန်ဖြေ

လေသည်။

ကယ်ယွမ်းကချောင်းတစ်ချက်ဟန့်လိုက်ရင်း...

"ဟုတ်လို့လား..."

ဟု ထပ်မေးလိုက်သည်။

ကျောက်ဝူကျိက ခေါင်းညိတ်ပြလိုက်လေသည်။

ဆန်းလျန်က စစ်တုရင်ခုံကို လက်ဖြင့် မွှေနှောက်လိုက်လေသည်။ အဖြူရောင်ကျားစေ့နှင့် အနက်ရောင်ကျားစေ့များ ရောနှောပြန့်ကျဲသွားသည်။

"ဒီကစားပွဲက အနိုင်အရှုံးဆုံးဖြတ်ဖို့ခက်နေမှာတော့ ထားလိုက်ပါတော့"

ဆန်းလျန်က ပြောလိုက်သည်။

တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည့် ပိန်ပိန်ပါးပါးကောင်လေး ကျောက်ဝူကျိကို ကယ်ယွမ်းက တစ်ချက်ကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။

"ဒါကြောင့် သူက ဂိုဏ်းချုပ်ဖြစ်နေပြီး မင်းကတော့ နှစ်တွေ ဒီလောက်ကြာနေပြီ ကျင့်စဉ်လမ်းအဆင့်မတက်နိုင်သေးဘူး"

"ဂိုဏ်းတူအစ်ကိုဆန်းလျန်က တကယ်တော်တဲ့ဂိုဏ်းချုပ်ပါ၊ သူသာမကယ်ရင် ယွင်ဆွေအလင်းဓားကြောင့် ကျွန်တော်သေလောက်နေပြီ"

ကယ်ယွမ်းက တစ်ချက်ညည်းညူသံပြုလိုက်ပြီး ဆန်းလျန်နှင့် စကားဆက်ပြောလိုက်သည်။

"ဂိုဏ်းချုပ်၊ မုန့်ရှင်ကျန်းနဲ့ သူ့တပည့်ကို ဘာလုပ်မယ်လို့ စဉ်းစားထားလဲ"

"ခုလောက်ဆိုရင် ချင်းကျန်းဂိုဏ်းကလူတွေ ကျုပ်တို့ဆီကို ရောက်လာတော့မယ်လေ"

ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်တွင် အကြံအစည်တစ်ခုခုရှိမည်ကို ကယ်ယွမ်းသိထားလေသည်။

ဆန်းလျန်က မုန့်ရှင်ကျန်းနှင့် ကျော်ရှောင်ချင်းကို ဖမ်းဆီးထားသည်ကို ချင်းရှမ်နတ်တံခါးမှ တပည့်များအားလုံးကို

အသိပေးထားလေသည်။ သို့သော် ထိုလူနှစ်ယောက်ကို အရေးယူခြင်းတော့မရှိသေးပေ။ ကျော်ရှောင်ချင်း၏ ယွမ်ဆွေ အလင်းဓားလက်ချက်ဖြင့် ခြေလက်များပြတ်တောက်သွားကြရသည့် တပည့်နှစ်ယောက်မှာ ရှန်းစန်းပြဒါးဆေးလုံးအစွမ်းဖြင့် ခြေလက်များပြန်ပေါက်လာသည့်တိုင် မူလအတိုင်းပြန်လည်ကောင်းမွန်ခြင်းမရှိသေးပေ။ သူတို့လက်နှင့်ခြေထောက်များမှ သွေးကြောဆုံချက်များကို ပြန်ပွင့်အောင်ထပ်မံကျင့်ကြံရမည်ဖြစ်လေသည်။ ထို့ကြောင့် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် အချိန်ကြာသွားတော့မည်ဖြစ်သည်။

ထိုတပည့်နှစ်ယောက်မှာ စန့်ယွမ့်အဆောင်တွင် အလွန်တော်သည်ဟု သတင်းထွက်သည့် တပည့်နှစ်ယောက်ဖြစ်လေသည်။ သူတို့နှစ်ယောက်အတွက် ခံပြင်းနေကြသည့် အခြားတပည့်များကတော့ ဆန်းလျန်က မုန့်ရှင်ကျန်းနှင့် ကျော်ရှောင်

ချင်းတို့ကို ယခုထိ အရေးယူခြင်းမရှိသေးသည့်အတွက် မကျေနပ်ကြပေ။

စန့်ယွမ့်အဆောင်မှတပည့်များမှာ တန်ခိုးစွမ်းအားကို ခုံမင်ကြသူများဖြစ်ကြလေသည်။ သူတို့ထဲမှ အများစုမှာ ချင်းရှမ်နတ်တံခါးမှ အနွယ်တော်များဖြစ်ကြလေသည်။ မုန့်ရှင်ကျန်းနှင့်ကျော်ရှောင်ချင်းကို အရေးမယူသေးသည့်အတွက် သူတို့ကဆန်းလျန်ကို ကွယ်ရာတွင် အတင်းပြောနေကြလေသည်။

ကယ်ယွမ်းမှာလည်း ဆန်းလျန်၏ အစီအစဉ်ကို သိချင်နေမိသည်။ ထို့ကြောင့်လည်း သူက ဆန်းလျန်ကို သူနှင့်အတူစစ်တုရင်ထိုးဖို့ ဖိတ်ခေါ်လိုက်ခြင်းဖြစ်လေသည်။

စစ်တုရင်ကစားပွဲမှာ ဆန်းလျန်ကို စစ်ဆေးခြင်းဖြစ်လေသည်။ သူက ဆန်းလျန်ကို ချောင်ပိတ်မိအောင် တိုက်စစ်ဆင်ကစားသော်လည်း ဆန်းလျန်က အေးအေးဆေးဆေးပင်သူ၏အကွက်များထဲမှ ဖောက်ထွက်သွားလေသည်။

ကယ်ယွမ်းက လက်ဦးမှုရယူလိုက်တိုင်း ဆန်းလျန်က ဖောက်ထွက်လိုက်မြဲ ဖြစ်လေသည်။ ထိုအခါ ကယ်ယွမ်း၏ ကစားကွက်မှာ ပြန်ပျက်သွားရမြဲ ဖြစ်လေသည်။

ထို့ကြောင့် သူက ကစားပွဲကို ကြားဖြတ်ကာ ဆန်းလျန်အကြံကို သိရရန်အတွက် တပည့်ဖြစ်သူ ကျောက်ဝူကျိကို မေးခွန်းတွေ ထုတ်လိုက်ခြင်းဖြစ်သည်။

ကယ်ယွမ်းမှာ ဆန်းလျန်၏ စိတ်နေစိတ်ထားနှင့် စရိုက်သဘာဝကို နားလည်စပြုနေပြီဖြစ်သည်။ ဆန်းလျန်မှာ ပိုင်စုဟွမ်နှင့် ယှဉ်ပြိုင်တိုက်ခိုက်သည့်နေ့တွင် အလွန်မှ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိနေခဲ့လေသည်။ သို့သော် ထိုအကြောင်းအရာ တစ်ချက်တည်းကြောင့် ဂိုဏ်းချုပ်ရာထူးနှင့် ထိုက်တန်ခဲ့ခြင်း မဟုတ်ပေ။

ဆန်းလျန်မှာ သူမျှော်လင့်သည်ထက်ပိုပြီး သာလွန်သူတစ်ယောက်ဖြစ်ကြောင်း သူ သိခဲ့ရလေပြီ။

အခန်း (၂၀၁)

ကျင့်ကြံခြင်းဆိုသည်မှာ

ကယ်ယွမ်းကတစ်ချက်စဉ်းစားလိုက်ရင်း...

"ဂိုဏ်းချုပ် ၊ သူတို့ကဘယ်လို ရောက်လာမှာလဲ"

ဆန်းလျန်ကကယ်ယွမ်းအမေးကို ပြန်မဖြေပါ။ ထျန်းတိကျန်း ထံမှ ထွက်ပေါ်လာသည့် အပူရှိန်ကိုဆန်းလျန်ခံစားလိုက်ရ သည်။

"သူတို့ရောက်လာကြပြီ"

ဆန်းလျန်၏ မိုးနှင်မြေကိုကျော်လွန်ပြီးသိနိုင်ကြားနိုင်သည့်

အတတ်မှာကယ်ယွမ်းထက်သာလွန်လေသည်။

အဘယ်ကြောင့်ဆိုသော်ဆန်းလျန်ကထျန်းတိကျန်းကို

ထိန်းချုပ်နိုင်သူဖြစ်သလိုထုန်းထျန်းတန်ခိုးစွမ်းအားကိုလည်း

ပိုင်ဆိုင်ထားသောကြောင့်ဖြစ်လေသည်။

ဂိုဏ်းချုပ်မှာထျန်းတိကျန်းကိုထိန်းချုပ်နိုင်သူဖြစ်သဖြင့် အရာ

ရာကိုသိမြင်နိုင်သူဖြစ်ကြောင်းကယ်ယွမ်းကလည်းသိထား

ပါသည်။

"ဒါဆိုဘာဆက်လုပ်ကြမလဲ"

ကယ်ယွမ်းကမေးလိုက်သည်။

"သူတို့ဘက်ကစပြီးမလှုပ်ရှားမချင်း ကျွန်တော်တို့ ဘာမှလုပ်

စရာမလိုဘူး ၊ ဘိုးဘိုးကယ်ယွမ်းဒဏ်ရာရသွားတဲ့ တပည့်နှစ်

ယောက်ကိုခေါ်ပြီး ချင်းရွှမ်ခန်းမဆောင်ကို သွားပါ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ဆန်းလျန်၏လေသံကိုကြည့်ရသည်မှာအားလုံးကိုခန့်မှန်းထား ပြီး ဖြစ်ပုံရလေသည်။

ကယ်ယွမ်းသက်ပြင်း တစ်ချက်ချလိုက်မိသည်။

ချင်းရွှမ်နတ်တံခါးသည် တစ်ချိန်ကမိုးမြေတစ်ခွင်တွင် ထိပ်တန်းနတ်ဘုရားကျောင်းတော်တစ်ခု ဖြစ်ခဲ့လေသည်။

သို့သော် လွန်ခဲ့သည့်နှစ်များတွင်တော့ ထိုအချက်ကိုမေ့လျော့ နေခဲ့ကြသည်။ ကယ်ယွမ်းသည် ဆန်းလျန်ကိုကြည့်ပြီးသူစိတ် ထဲတွင် မလုံမလဲပင်ခံစားလိုက်ရသည်။

"ဝူကျိ ၊ စိုကျင့်နဲ့ စိုရွှမ် တို့နှစ်ယောက်ကိုခေါ်လာခဲ့လိုက်"

စိုကျင့်နှင့် စိုရွှမ်မှာကျော်ရှောင်ချင်း၏ဆားချက်ကြောင့် ခြေ လက်များပြတ်ကာဒဏ်ရာရခဲ့သူတပည့်နှစ်ယောက်ဖြစ်လေ သည်။ ကျောက်ဝူကျိက သူတို့နှစ်ယောက်ကိုသွားခေါ်ရန် ထွက် သွားလေသည်။

ဆန်းလျန်ကမတ်တတ်ရပ်လိုက်ပြီး...

"ကျွန်တော် လမ်းလျှောက်ထွက်လိုက်ဦးမယ် ဘိုးဘိုးကယ်

ယွမ်း ၊ တပည့်နှစ်ယောက်ရောက်လာရင် ဘိုးဘိုးကသူတို့နဲ့

သွားနှင့်နော် ၊ ကျွန်တော်လိုက်လာခဲ့မယ်"

ဆန်းလျန်ကတောအုပ်လေးထဲသို့ ထွက်သွားလေသည်။

ဆန်းလျန်ကချင်းရွှမ်ခန်းမဆောင်ကိုမပြန်သေးဘဲထျန်းယွမ်

တောင်ပေါ်လျှောက်ကြည့်နေလေသည်။ ဆန်းလျန် နောက်ကျ

လိမ့်မည်ဟုကယ်ယွမ်းကတွေးထားလေသည်။ သို့သော် ဆန်း

လျန်ကအာမခံချက်ပေးထားသဖြင့် သိပ်ပြီးတော့ စိတ်မပူမိ

ပေ။ စိုကျင့်နှင့် စိုရွှမ်ရောက်သည့်အထိစောင့်ပြီးချင်းရွှမ်ခန်းမ

ဆောင်သို့ သွားနှင့်ရုံသာရှိလေသည်။

ချင်းရွှမ်တောင်မှ တောင်ထိပ်ငါးခုတွင် အဓိက တောင်မကြီး

မှာ ထိုက်ယီတောင်ဖြစ်လေသည်။သို့သော် အလယ်တည့်တည့်

တွင် တည်ရှိသည့်တောင်မှာ ထျန်းယွမ်တောင် ဖြစ်လေသည်။

ထို့ကြောင့် မိုးမြေစွမ်းအား ဗဟိုချက်ကျသည့်တောင်ဖြစ်လေသည်။

ဆန်းလျန်က ထိုက်ရှီးတန်ခိုးစွမ်းအားများသာမက ထုန်းထျန်းကျင့်စဉ်ကိုပါ အောင်မြင်ထားသူဖြစ်သည်။ ထို့ကြောင့် သူ၏မိုးမြေစွမ်းအားများကို စုပ်ယူနိုင်စွမ်းသည် နတ်ဘုရားတစ်ပါး မဖြစ်သေးခင်မှာပင် အဆင့်လွန်အနေအထားသို့ ရောက်နေပြီဖြစ်လေသည်။ ထျန်းယွမ်တောင်တွင် လမ်းလျှောက်ထွက်ရင်း မိုးမြေစွမ်းအားအနေအထားများကို ဆန်းလျန် သုံးသပ်နေမိသည်။ မိုးမြေစွမ်းအားများကို နားလည်ရန် မခက်ပါ။

သို့သော်...

ထိုမိုးမြေစွမ်းအားနှင့်ကျင့်စဉ်လမ်းချိတ်ဆက်နိုင်မှုကိုတော့ သိရှိရန်ခက်ခဲလေသည်။ ဆန်းလျန်က လမ်းလျှောက်ထွက်ရင်း မိုးမြေစွမ်းအားများကို များပြားစွာစုပ်ယူလိုက်လေသည်။

လမ်းလျှောက်ရင်း တပည့်အချို့နှင့်လည်းတွေ့ရပြီး သူတို့က ဆန်းလျန်ကို ဂါရဝပြုနှုတ်ဆက်ကြသည်။

အမြင်စူးရှသည့် ကျင့်ကြံသူတပည့်များသည် ဆန်းလျန်၏ ခြေလှမ်းများကို သတိထားမိကြလေသည်။ တန်ခိုးစွမ်းအားနှင့် ပြည့်ဝနေသော ဆန်းလျန်၏ ခြေလှမ်းတိုင်းသည် ကြာပန်းများ အလား တင့်တယ်လွန်းလှသည်။

ရေတံခွန်တစ်ခုရှေ့တွင် ဆန်းလျန် ခြေလှမ်းများရပ်တန့်လိုက် သည်။ သူက ရေတံခွန်ရှေ့တွင် ဓားဝိညာဉ်တစ်ခုကို ဖန်ဆင်း လိုက်လေသည်။ ကြာပန်းပုံသဏ္ဍာန်ဓားဝိညာဉ်တစ်ခုပေါ်လာ လေသည်။ ထိုဓားက ပတ်ဝန်းကျင်မှ ပန်းများ၏အသက်ဓာတ် ကိုစုပ်ယူပြီး ရေတံခွန်ဆီသို့ ပျံသန်းထွက်ခွာသွားလေသည်။

တောင်အမြင့်ထက်မှ အရှိန်ဖြင့်စီးဆင်းလာသည့် ရေတံခွန် သည် ကျောက်တုံးကျောက်စိုင်များကို တိုက်စားသွားလေ

သည်။ ပတ်ဝန်းကျင်မှာလည်း ရေတံခွန်မှကျသည့်ရေကြောင့်

မြူငွေ့လေးများဖုံးလွှမ်းနေလေသည်။

သို့သော်...

ဆန်းလျန်၏ ဓားဝိညာဉ် ရေတံခွန်ဆီသို့ ပျံသန်းသွားသည်နှင့်

မြူငွေ့လေးများ ပျောက်ကွယ်သွားလေသည်။ မြင်ကွင်းကို

ကြည့်ရသည်မှာ အလွန် အံ့သြစရာကောင်းလေသည်။

ဆန်းလျန်က သူ၏ လက်ကိုအသုံးပြုကာ ဓားဝိညာဉ်ကို

ထိန်းချုပ်ထားလေသည်။ သူ၏လက်ချောင်းများမှာ ပန်းချီ

ကားတစ်ချပ်ကိုဆွဲနေသည့် စုတ်ချက်များအလားပင်

ဖြစ်သည်။ လက်ချောင်းများ၏ လှုပ်ရှားမှုတိုင်းသည် ပုံမှန်

အတိုင်းမဟုတ်ဘဲ ခန့်မှန်းရခက်လှသည်။

တစ်စုံတစ်ယောက်သာ ဆန်းလျန်ကို ကြည့်နေမည်ဆိုလျှင်

သူ၏ အံ့သြစရာ တန်ခိုးစွမ်းအားကို တွေ့ရှိရမည်ဖြစ်လေ

သည်။ ဆန်းလျန်အသုံးပြုနေသည့် ပညာသည် ချင်းရွှမ်နတ်

တံခါးရှိ တစ်ရာ့ရှစ်မျိုးသောကျင့်စဉ်များထဲမှ တစ်ခုမှမဟုတ်

ပေ။

ခဏအကြာတွင် ဆန်းလျန် ရပ်တန့်လိုက်သည်။ ထို့နောက် ...

ဓားဝိညာဉ်လည်း ပျောက်ကွယ်သွားလေသည်။

သူက နောက်သို့လှည့်ကြည့်လိုက်ပြီး....

"ချိုးရှီ... မင်းတစ်ချိန်လုံးကြည့်နေတာ ၊ ဘာများသင်ယူလိုက်

နိုင်သလဲ"

ဟု မေးလိုက်လေသည်။

ဆန်းလျန်နောက်တွင်ရပ်နေသည့် ထျန်းယွမ်တောင်မှ တပည့်

တစ်ယောက်ကို တွေ့ရလေသည်။ ထိုတပည့်က အသက်သုံး

ဆယ်ခန့်မျှရှိပြီ။ သို့သော် ကျင့်ကြံသူများက သူတို့ရှိရင်းစွဲ

အသက်ထက် အမြဲတမ်း နုပျိုကြလေသည်။ ထို့ကြောင့် ထို

တပည့်၏ အသက်မှာ သုံးဆယ်ကျော်လောက်ပြီ ဖြစ်လေ

သည်။ သူ၏ ကျင့်ကြံမှုအဆင့်ကတော့ သာမန်မျှသာရှိပြီး
အလွန်ထူးချွန်သည့် တပည့်တစ်ယောက်တော့ မဟုတ်ပေ။
ချိုးရှိမှာ ဆရာသခင်ဆန်းလျန်က သူ့ကို သိနေသည့်အတွက်
အံ့သြသွားရလေသည်။ သူ့လို သာမန်တပည့်တစ်ယောက်ကို
ဂိုဏ်းချုပ်ဆရာသခင်က မှတ်မိနေသည်မှာ အံ့သြစရာပင်။
အမှန်တော့ ဆန်းလျန် ထျန်းယွမ်တောင်ပေါ်တွင် လမ်းလျှောက်
နေသည်ကို မည်သူမျှ နောက်က လိုက်လာရဲခြင်းမရှိကြပေ။
ချိုးရှိကသာ သိချင်စိတ်ကို မထိန်းနိုင်သည့်အတွက် စပ်စပ်စုစု
နှင့် လိုက်လာခြင်းဖြစ်လေသည်။ ထို့နောက် ဆန်းလျန်၏
ထူးဆန်းသည့် ဓားဝိညာဉ်ကို တွေ့မြင်ခွင့်ရခဲ့လေသည်။
သို့သော် ထိုဓားသိုင်းပညာကို သူတစ်လုံးမှ နားမလည်ပါ။
ထိုပညာမှာ ချင်းရွှမ်နတ်တံခါးမှ ရှိပြီးသားပညာများမဟုတ်ဘဲ
ဆရာသခင်ဆန်းလျန်ကိုယ်တိုင် တီထွင်ထားသည့် ပညာဖြစ်
မည်ဟု ချိုးရှိတွေးလိုက်မိသည်။

ချိုးရှီမှာ ချင်းရွှမ်နတ်တံခါးမှ တပည့်တစ်ယောက်ဖြစ်

သည့်အတွက် ချင်းရွှမ်မှ ပညာရပ်များအားလုံးကို

အနည်းနှင့်အများတော့ တွေ့ကြုံမြင်တွေ့ဖူးသူဖြစ်လေသည်။

ယခု ဆန်းလျန်သုံးလိုက်သည့် ဓားသိုင်းမှာ လွန်စွာမှ ထူးခြား

သာလွန်သည့် အသစ်သော ဓားသိုင်းပညာတစ်ခု ဖြစ်လေ

သည်။

"ကျုပ်တီထွင်ထားတဲ့ ဓားသိုင်းပညာကို မင်းဘယ်လိုမြင်လဲ ၊

သာမန်ပဲလား ၊ ထူးခြားမှုတစ်ခုခုရှိလား ၊ မင်းထင်တာ ပြော

ကြည့်လေ"

ချိုးရှီက တစ်ချက်မျှတုန့်ဆိုင်းနေပြီးမှ...

"ဓားသိုင်းက ရိုးရှင်းတယ် ၊ ဒါပေမယ့် ကြည့်ရတာ ဆရာသခင်

ကဒီဓားသိုင်းကို အခုမှ ချက်ချင်းတီထွင်လိုက်ပုံပဲ ၊ ဒီဓား

သိုင်းက မပြည့်စုံသေးဘူးမဟုတ်လား ၊ ထပ်ပြီးတော့သာ

ပြည့်စုံအောင်တီထွင်လိုက်ရင် ချင်းရှမ်မှာ နောက်ထပ် ကျင့်စဉ်
တစ်ခု ပေါ်ပေါက်လာနိုင်တာပဲ”

ချိုးရှီက အမှန်အတိုင်းပြောလိုက်ခြင်းဖြစ်သည်။

ဆန်းလျန်ကဲ့သို့ အဆင့်မြင့်ကျင့်ကြံသူများကို ဖားယား
မြှောက်ပင့်ပြောဆိုလျှင်လည်း အကျိုးမရှိကြောင်းသူသိ
ပါသည်။

ချင်းရှမ်မှ တပည့်များစွာတွင် ဆန်းလျန်ကို မလေးစားသည့်သူ
မရှိသလောက်ပင် ဖြစ်လေသည်။ ဟိုး ယခင်အချိန်များ
ကတည်းကပင် ဆန်းလျန်က အခြားသူများကို ကျင့်စဉ်လမ်း
နှင့်ပတ်သက်ပြီး တတ်နိုင်သမျှ ကူညီပေးခဲ့သည်များရှိ
သည့်အတွက် လေစားခြင်းအရင်းခံရှိပြီးသားဖြစ်လေရာ
ယခုကဲ့သို့ ဂိုဏ်းချုပ်ဆရာသခင်တစ်ပါးဖြစ်လာပြီးနောက်ပိုင်း
ပြောစရာပင် မလိုတော့ပေ။

ထို့ပြင် ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးဆင့်ဖြင့် တက်ရောက်နိုင်ခဲ့သည့်အပြင် ပိုင်စုဟွမ်လိုလူမျိုးကိုပင် ကောင်းကောင်းယှဉ်ပြိုင်နိုင်သည့်အတွက် ပိုပြီး လေးစားကြလေသည်။ ဆရာသခင်အဆင့်ရောက်သူများတွင် ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအားကြီးမားသူ သိပ်ပြီးမရှိနိုင်ပေ။ ဆန်းလျန်မှာ တစ်ရာမှာ တစ်ယောက် ရှာမှရှားသည့်သူ ဖြစ်သည်။

ချိုးရှီက အစကတည်းက ဆန်းလျန်ကို ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး မေးမြန်းရန် ဆန္ဒရှိလေသည်။ သို့သော် ဆန်းလျန်ကို မေးချင်သည့်တပည့်ပေါင်းများစွာရှိနေသည့်အတွက် သူ့မှာ အခွင့်မသာခဲ့ပေ။ သို့သော် ယခုတော့ ဆန်းလျန်က သူ့ကို မှတ်မိနေသည့်အတွက် အံ့သြနေရသလို ပိုပြီးတော့လည်း လေးစားသွားမိသည်။

ဆန်းလျန်က ချိုးရှီ၏ စကားကြောင့်ရယ်မောလိုက်ရင်း…

"အဲဒီလောက်လည်းမဟုတ်ပါဘူးကွာ ၊ မင်းပြောတာနဲ့ ကျုပ်ကို အရင်မျိုးဆက်က ဆရာသခင်တွေ ရယ်ကုန်ကြပါဦးမယ် ၊ ဒါနဲ့ မင်းကျုပ်နောက်လိုက်လာတာဆိုတော့ ကျုပ်အကူအညီတစ်ခု လောက်တောင်းလို့ရမလား"

"ဆရာသခင်ရဲ့အမိန့်ပေးမယ်ဆိုရင် သေရမယ်ဆိုလည်း လိုက်နာပါ့မယ်"

ချိုးရှီက လေးစားစွာဖြင့် ပြန်ပြောလိုက်သည်။

"သေဖို့မလိုသေးပါဘူး ၊ ဆရာသခင်တွေက မင်းတို့ကို ကျင့်စဉ်လမ်းတွေသင်ပြပေးတဲ့အခါ မင်းတို့အချင်းချင်း ကူညီပေးပြီး ကျင့်ကြံဖို့လိုတယ် ၊ အချင်းချင်းကူညီကြဖို့တော့ ကျုပ်ပြောချင်တယ် ၊ ဒါပေမယ့် အခုမင်းကို အကူအညီတောင်းမှာကသေခိုင်းဖို့တော့မဟုတ်ပါဘူးကွာ"

ဟု ဆန်းလျန် ပြောလိုက်လေသည်။

ဆရာသခင်အများစုမှာ ထိုအချက်ကို သဘောမတူကြပေ။

သို့သော် ကျင့်စဉ်လမ်းတွင် အချင်းကူညီပေးခြင်းက တိုးတက်

နိုင်သည်ဟု ဆန်းလျန်ယူဆလေသည်။

ဆရာသခင်အဆင့်ရှိသည့် အဆင့်မြင့်ကျင့်ကြံသူအချင်းချင်း

ပညာပြိုင်ကြသည့်အခါ လက်စားချေခြင်းနှင့် ခင်မင်မှုများမှာ

သိပ်ပြီးအရေးမပါလှပေ။ အသက်သေဆုံးသည့်တိုင်

အရေးကြီးသည့်ကိစ္စမဟုတ်ပေ။ သို့သော် စိန်ခေါ်လာလျှင်

တော့ ရင်ဆိုင်ကြရသည်ပဲဖြစ်သည်။

ငြိမ်းချမ်းရေးမှာ အရေးကြီးမှန်း လူတိုင်းသိပါသည်။ သို့သော်

မဖြစ်မနေ တိုင်းပြည်နှစ်ခုစစ်ပွဲဖြစ်တော့မည်ဆိုလျှင်တော့

အသက်ပေါင်းများစွာ စတေးရမည်ပဲဖြစ်လေသည်။

ဆန်းလျန်ကလည်း သူ၏စကားကို အားလုံးက လက်ခံကြမည်

ဟု မမျှော်လင့်ပါ။ သို့သော် သူက လွယ်လွယ်နှင့် လူသတ်

တတ်သူတစ်ယောက်မဟုတ်ပေ။ သို့သော် သတ်ရတော့မည်ဆိုလျှင်လည်း သူ၏ နှလုံးသားတွင် ခံစားမနေတတ်ပေ။

ဆန်းလျန်က ခဏတာမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ စကားဆက်ပြောလိုက်သည်။

"ဒီဓားသိုင်းပညာက အရမ်းတော့ အစွမ်းထက်တဲ့အထဲမှာမပါဘူး ၊ ဒါပေမယ့် သင်ယူဖို့လည်း မလွယ်ကူဘူး ၊ ဒါပေမယ့် ဒီဓားသိုင်းပညာနဲ့ ဓားဝိညာဉ်ကို မင်းရဲ့ကိုယ်ထဲကို ထည့်ပေးမယ် ၊ ပြီးရင် ကျုပ်နဲ့ ချင်းရှမ်ခန်းမဆောင်ကို လိုက်ခဲ့ပါ"

ချိုးရှီမှာ ဆန်းလျန်ထံမှ ထိုသို့သောစကားကို မျှော်လင့်မထားပါ။ ဆန်းလျန်က သူ့ကို ထိခိုက်အောင်လုပ်မည့်သူမဟုတ်ကြောင်း သိထားပါသည်။ သို့သော် ဓားသိုင်းပညာကို ကိုယ်ထဲသို့ ထည့်ပေးမည်ဆိုလျှင် ကျင့်ကြံသူအများစုက တုန့်ဆိုင်းသွားတတ်ကြသည်။ ထိုသို့ပြုလုပ်လိုက်လျှင် သူတို့စိတ်ဝိညာဉ်

အတွင်းမှ လျှို့ဝှက်ချက်များကို အခြားသူက သိမြင်သွားနိုင်မည်ဖြစ်လေသည်။

သို့သော် ချိုးရှီကတော့ တစ်ချက်မှ တုန့်ဆိုင်းခြင်းမရှိပါ။

"ဆရာသခင် အမိန့်ရှိမယ်ဆိုရင် ဘယ်တော့မှ မငြင်းပါဘူး"

ဆန်းလျန်က သူ၏စိတ်အာရုံကို ချိုးရှီထံသို့ပို့လိုက်ပြီး ဓားဝိညာဉ်ကို ချိုးရှီ၏ခန္ဓာကိုယ်တွင်းသို့ ထည့်သွင်းပေးလိုက်သည်။

ဓားဝိညာဉ်သည် သူ၏ကိုယ်တွင်းသို့ ဝင်ရောက်လာသည်ကို ချိုးရှီ ခံစားနေရသည်။ ထိုဓားဝိညာဉ်သည် သူ၏ တန်ခိုးစွမ်းအားများနှင့် ပေါင်းစပ်သွားလေသည်။ ကိုယ်တွင်းမှ တန်ခိုးစွမ်းအားနှင့် ဓားဝိညာဉ်မှာ တူညီခြင်းမရှိသည့်တိုင် အဆင်ပြေစွာ ပေါင်းစပ်သွားပြီး တန်ခိုးစွမ်းအားများပင် တိုးတက်သွားလေသည်။

ဓားဝိညာဉ်မှာ ဆန်းလျန်၏ သန့်စင်လွန်းသည့် တန်ခိုးစွမ်းအား

မှ မွေးဖွားလာခြင်းဖြစ်သည့်အတွက် ချိုးရှီ၏တန်ခိုးစွမ်းအား

များမှာလည်း တိုးတက်သွားရခြင်းဖြစ်လေသည်။

ထို့ပြင် ဓားဝိညာဉ်ဆီမှ လျှို့ဝှက်ချက်တစ်ခုကိုလည်း ချိုးရှီ

ခံစားလိုက်ရသည်။ တန်ခိုးစွမ်းအားမြင့်မားလာခြင်းနှင့် ဓား

ဝိညာဉ်၏လျှို့ဝှက်ချက်အတွက် ချိုးရှီမှာ ဝမ်းမြောက်ပီတိဖြစ်

နေလေသည်။

သို့သော် ချိုးရှီတစ်ယောက် ကြာကြာ ပီတိမဖြစ်လိုက်ရပါ။

“အခု ထိုက်ယီတောင်ထိပ်ကိုသွားကြစို့”

ဆန်းလျန်က ပြောလိုက်လေတော့သည်။

အခန်း (၂၀၂) ကျန်းဆွေကျယ်

ချင်းရှမ်တောင်ဆီသို့ အလင်းတန်းတစ်ခုပျံသန်းလာလေသည်။ ပတ်ဝန်းကျင်မှာ မြူခိုးများဝေနေသည့်အတွက် ထိုအလင်းတန်းကို ပီပီပြင်ပြင်မြင်တွေ့ရခြင်းမရှိပေ။ ထိုအလင်းတန်းက ချင်းရှမ်တောင်ပေါ်သို့ ရောက်လာခြင်းမရှိပါ။ ချင်းရှမ်တောင်ခြေရှိ နန်ခယ်မြို့လေးဆီသို့ ဆင်းသက်သွားလေသည်။

ထိုအလင်းတန်းမှ သက်လတ်ပိုင်းအရွယ် တာအိုဆရာတစ်ပါးပေါ်လာလေသည်။ သူက နန်ခယ်မြို့ဆိုသည့် ဆိုင်းဘုတ်ကို တစ်ချက်ကြည့်လိုက်ပြီး မြို့လေးထဲသို့ လမ်းလျှောက်ဝင်လာသည်။

ချင်းရှမ်နတ်တံခါးကို ကာကွယ်ပေးထားသည့် အရံအတားသည် အလွန်မှ စွမ်းအားကြီးမားလေသည်။ ထိုအရံအတားကို

ထိုးဖောက်ပြီး မည်သူမျှ ချင်းရွှမ်နတ်တံခါးအတွင်းသို့ ဝင်ရောက်နိုင်မည်မဟုတ်ပေ။

အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုလုံးက မြေနေရာအနေအထားနှင့် မိုးမြေစွမ်းအားအနေအထားအရ အကာအကွယ်အရံအတားများကို ထားရှိကြလေသည်။ ထိုသို့ပြုလုပ်ထားသည်မှာ မိုးမြေဆန္ဒအတိုင်းဖြစ်ပြီး သက်ရောက်မှုက အလွန်မှ ပြင်းထန်လေသည်။ သက်လတ်ပိုင်းအရွယ်တာအိုဆရာမှာလည်း အတွေ့အကြုံရင့်ကျက်သူတစ်ယောက်ပီပီ ချင်းရွှမ်နတ်တံခါး၏ အရံအတားကို ထိုးဖောက်ဝင်ရောက်သည်အထိ မိုက်မဲခြင်းမရှိပါ။

ထို့ကြောင့် သူက တောင်ခြေမြို့လေးသို့ဝင်ရောက်ကာ သတင်းစုံစမ်းရန် ဆုံးဖြတ်လိုက်လေသည်။

သူမြို့လေးထဲသို့ လှမ်းဝင်လိုက်သည်နှင့် မုတ်ဆိတ်မွေးများနှင့် လူတစ်ယောက်က သူ့ဆီသို့ တန်းတန်းမတ်မတ်လျှောက်လာ

လေသည်။ သူ၏ကိုယ်ခန္ဓာက သန်မာပြီး မျက်ဝန်းများက တောက်ပနေလေသည်။ အကြည့်များက သားရဲတစ်ကောင် အလားဖြစ်နေပြီး သာမာန်လူတစ်ယောက်သာဆိုလျှင် သူ၏အကြည့်တစ်ချက်ဖြင့်ပင် မြေပြင်ထက်တွင် ဒူးထောက် ကျသွားနိုင်လေသည်။ သက်လတ်ပိုင်းအရွယ် တာအိုဆရာမှာ တန်ခိုးစွမ်းအားလည်းအသင့်အတင့်ရှိသလို ဝိညာဉ်စွမ်းအား လည်းကောင်းသည့်အတွက် ထိုသူ၏အကြည့်ကို ကြောက်ရွံ့ သွားခြင်းမရှိပါ။

ထိုသူမှာ ချင်းရွှမ်နတ်တံခါးမှ တပည့်တစ်ယောက်လားဟု သက်လတ်ပိုင်း တာအိုဆရာက တွေးလိုက်သည်။ သို့သော် ထို မှတ်ဆိတ်မွေးနှင့်လူ၏ကိုယ်မှထွက်နေသည့် တန်ခိုးစွမ်းအား များ၏ အလင်းဓာတ်ကို သူခံစား၍ရလေသည်။ ထိုသူကျင့်ကြံ သည့်ကျင့်စဉ်မှာ အလွန်ထူးခြားသည့်ကျင့်စဉ်ဖြစ်ရမည်ဟု သူ တွေးလိုက်မိလေသည်။

သူက နေရာတွင်ပင်ရပ်နေလိုက်ပြီး သူ့ဆီသို့လျှောက်လာသည့် မုတ်ဆိတ်မွေးများနှင့်လူကို နှုတ်ဆက်လိုက်သည်။

“ခင်ဗျားက ချင်းရွှမ်နတ်တံခါးက အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်များလား”

မုတ်ဆိတ်မွေးနှင့်လူက ရယ်မောလိုက်ရင်း...

“အဆင့်မြင့်ကျင့်ကြံသူလို့ မခံယူဝံ့ပါဘူးဗျာ ၊ ကျုပ်က လေ့လာသင်ယူနေဆဲပါ ၊ ဒါနဲ့ ခင်ဗျားက ပေါ်ယွင်တောင်က ရောက်လာတဲ့ဧည့်သည်များလား”

မုတ်ဆိတ်နှင့်လူ၏အမေးကြောင့် သက်လတ်ပိုင်းအရွယ်တာအို ဆရာမှာ ကြက်သေသေသွားလေသည်။ ပေါ်ယွင်တောင် ဆိုသည်မှာ ချင်းဆွေမြစ်အောက်ပိုင်းတွင် တည်ရှိသည့် တောင် တစ်ခုဖြစ်သည်။ ချင်းဆွေမြစ်မှာ ယွမ်ကျိုးပြည်နယ် ၊ နန် ကျန်းမြို့တွင် အလွန်ကျယ်ပြန့်သည့်မြစ်ကြီးတစ်ခုဖြစ်လေ သည်။ ထိုဒေသက တစ်နှစ်ပတ်လုံးမိုးကောင်းသည့်ဒေသတစ်

ခုဖြစ်သည်။ ချင်းဆွေမြစ်မှာမိုင်ပေါင်းတစ်သောင်းခန့် ရှည်လျားလေသည်။ ချင်းကျန်းဂိုဏ်းမှာ ပေါယွမ်တောင်ပေါ် တွင်တည်ရှိသည့် ဂိုဏ်းတစ်ခုဖြစ်ပြီး ချင်းဆွေမြစ်မှ မိုးမြေ စွမ်းအားများကိုရယူကာ ကျင့်ကြံမှုများပြုလုပ်ကြသည်။ နန်ကျင်းမြို့တွင် မှော်ပညာကို အသုံးပြုသည့်သူများ များပြား သလို လျှို့ဝှက်မှော်ပညာများစွာလည်း ထွန်းကားလေသည်။ သူတို့က နတ်ဘုရားဖြစ်လိုသူများလည်း မဟုတ်ကြပေ။ သူ တို့၏ မှော်ပညာများမှာလည်း ထူးခြားဆန်းကျယ်ကြပြီး ရက်စက်ကြလေသည်။ သို့သော် ချင်းကျန်းဂိုဏ်း၏ ယွင်ဆွေ အလင်းဓားကတော့ ထိုမှော်ပညာများနှင့်မတူ တစ်မူထားခြား လေသည်။ ထိုဓားသိုင်း ချင်းဆွေမြစ်၏တန်ခိုးစွမ်းအားဖြင့် ဖြစ်တည်လာသည့် ဓားသိုင်းဖြစ်လေသည်။

သက်လတ်ပိုင်းအရွယ်တာအိုဆရာ အံ့သြသွားရခြင်းမှာ ချင်းရှ မ်နတ်တံခါးက သူရောက်လာမည်ကို ကြိုသိနေပြီး ထို

မုတ်ဆိတ်မွေးနှင့်လူကို အကြိုလွှတ်လိုက်သည့်အချက်ကို သဘောပေါက်သွားသောကြောင့် ဖြစ်လေသည်။

အမှန်တော့ ထိုတာအိုဆရာသည် မုန့်ရှင်ကျန်းက ချင်းရှမ်နတ်တံခါးကို သွားရောက်ရန်စသည့်ကိစ္စကို မနှစ်သက်ခဲ့ပေ။ သို့သော် မုန့်ရှင်ကျန်းမှာ ဂိုဏ်းထဲတွင် ဓားသိုင်းပညာအဆင့်အမြင့်ဆုံးလူတစ်ယောက်ဖြစ်သလို ဂိုဏ်း၏အဓိကထောက်တိုင်တစ်ခုကဲ့သို့ အရေးပါသူတစ်ဦးလည်းဖြစ်လေသည်။ မုန့်ရှင်ကျန်းမရှိလျှင် ချင်းကျန်းဂိုဏ်းမှာ ဒုက္ခရောက်နိုင်လေသည်။

ဂိုဏ်းတစ်ဂိုဏ်းအတွက် ရန်သူရှိသည်ဆိုသည်မှာ အဆန်းမဟုတ်ပေ။ သို့သော် နန်ကျင်းမြို့တွင် ချင်းကျန်းဂိုဏ်း စတင်တည်ထောင်စဉ်ကတည်းက ရန်သူများစွာနှင့်ရင်ဆိုင်ခဲ့ရသည်။ အချို့ရန်သူများဆိုလျှင် အလွန်အဆင့်မြင့်သည့် ကျင့်ကြံသူများပင် ဖြစ်နေသေးသည်။ သို့သော် ချင်းကျန်းဂိုဏ်း၏ ယွ

င်ဆွေအလင်းဓားသိုင်းမှာ အလွန်မှ အစွမ်းထက်မြက်လေ

သည်။ ဓားချက်တစ်ချက်တည်းဖြင့် ရန်သူတစ်ယောက်၏

အသက်ကို နှုတ်ယူနိုင်လေသည်။ ထို့ကြောင့် ရန်သူများက သူ

တို့ကို တဖြည့်းဖြည်းကြောက်ရွံ့လာကြသည်။

မိုးနှင့်မြေတွင် နတ်ဘုရားတစ်ပါးဖြစ်လာရန်မှာ အလွန်ရှားပါး

သည့် ဖြစ်ရပ် ဖြစ်လေသည်။ အဓိကနတ်ဘုရားကျောင်းတော်

ကြီးလေးခုတွင်ပင် နတ်ဘုရားစုစုပေါင်း ဆယ့်ငါးပါးခန့်သာရှိ

လေသည်။ ထိုဆယ့်ငါးပါးမှာ ကျင့်ကြံသူလောကရှိနတ်ဘုရား

အားလုံး၏ တစ်ဝက်ပင် ဖြစ်လေသည်။ ထို့ကြောင့် အဓိကတာ

အိုကျောင်းတော်ကြီးလေးခုမှာ ကျင့်ကြံသူလောကကို

ကိုယ်စားပြုလေသည်။

ကျန်သည့်နတ်ဘုရားများဆယ့်ငါးပါးထဲတွင် ကွမ်းချင်းနတ်

ဘုရားဂိုဏ်းတစ်ဂိုဏ်းတည်းတွင်ပင် နတ်ဘုရားငါးပါးရှိနေ

လေသည်။

အခြားဂိုဏ်းငယ်လေးများအတွက်တော့ ကျင့်စဉ်လမ်းအဆင့် ကိုးဆင့်တွင် ပုရှီးအဆင့်နှင့် ဖော့ဝမ့်အဆင့်ရောက်လျှင်ပင် ထိပ်တန်းအဆင့် ကျင့်ကြံသူတစ်ယောက် အဖြစ်သတ်မှတ်နိုင်ပြီဖြစ်သည်။

ထို့ကြောင့် ချင်းရှမ်နတ်တံခါးအတွက် ကျိုလင်နတ်သမီးမှာ အရေးပါလွန်းသကဲ့သို့ ချင်းကျန်းဂိုဏ်းအတွက်မုန့်ရှင်ကျန်းမှာလည်း အရေးပါလှလေသည်။

ချင်းရှမ်နတ်တံခါးသည် မုန့်ရှင်ကျန်းတို့ ဆရာတပည့်နှစ်ယောက်ကို ဖမ်းသွားခဲ့လေသည်။ သို့သော် သူတို့နှစ်ယောက်၏ ဝိညာဉ်မီးအိမ်က လင်းနေသေးသည့်အတွက် အသက်ရှင်နေသေးသည်ဟု ခန့်မှန်းနိုင်ခဲ့လေသည်။ သူတို့နှစ်ယောက် အဖမ်းခံထားရသည်မှာ တစ်လခွဲခန့်ရှိနေပြီဖြစ်သည့်အတွက် တာအိုဆရာမှာ ချင်းရှမ်သို့ အမြန်ပင် လိုက်လာရခြင်းဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးမှာ ချင်းကျန်းဂိုဏ်းနှင့် မိုင်ပေါင်းတစ်

သောင်းမျှ ကွာဝေးလေသည်။ ထို့ကြောင့် နေ့နေ့ညည

မနားတမ်းပျံသန်းခရီးနှင်ခဲ့ရာ ငါးရက်အကြာတွင် ချင်းရွှမ်န

တ်တံခါးသို့ စိုက်စိုက်မြိုက်မြိုက်ရောက်လာတော့သည်။

သူက တောင်ခြေသို့ရောက်ရောက်ချင်းယခုကဲ့သို့ သူ့ကို စောင့်

ကြိုနေသည့်သူရှိလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပေ။

တာအိုဆရာသည် ချင်းရွှမ်နတ်တံခါးမှ အကြိုလွှတ်လိုက်သူကို

လှည့်စား၍မရနိုင်မှန်း သိလိုက်လေသည်။

"ကျုပ်နာမည်က ကျန်းဆွေကျယ်ပါ ၊ ချင်းကျန်းဂိုဏ်းက

ဆရာသခင်တစ်ပါးအနေနဲ့ မင်းတို့ရဲ့ဂိုဏ်းကို လာရောက်

လည်ပတ်တာပါ ၊ ကျုပ်ကို ခွင့်ပြုမယ်လို့ မျှော်လင့်ပါတယ်"

"ကျုပ်တို့ဂိုဏ်းချုပ်ရဲ့ အမိန့်နဲ့ ကျုပ်က ခင်ဗျားကို ဒီမှာလာ

စောင့်နေတာပါ ၊ ခင်ဗျား လွန်ခဲ့တဲ့ ငါးရက်လောက်ကတည်းက

ခရီးထွက်လာခဲ့တာထင်တယ် ၊ ဒါပေမယ့် ဒီနေ့မှရောက်လာ

လိမ့်မယ်လို့ ကျုပ်က ထင်မထားမိဘူး ၊ လူတွေပြောကြတာ
တော့ နတ်ဓားသခင်ဟာ လျှပ်စီးလက်သလိုပဲ လျှင်မြန်တယ်
တဲ့ ၊ ခုတော့ ဒီသတင်းက မမှန်ဘူးပဲ"

မုတ်ဆိတ်နှင့်လူက ပြောလိုက်လေသည်။

မုတ်ဆိတ်နှင့်လူမှာ ယန့်ပုကွေးပင်ဖြစ်လေသည်။

သက်လတ်ပိုင်းအရွယ်တာအိုဆရာမှာ ထိုစကားကြောင့်
စော်ကားခံရသလို ခံစားလိုက်ရသော်လည်း မခံချင်စိတ်ကို
မျိုသိပ်ထားလိုက်သည်။

"ကျုပ်က ကျင့်စဉ်လမ်းမှာ အမြင့်ဆုံးအဆင့်ထိ မရောက်
သေးပါဘူး ၊ ဒါကြောင့် ကျုပ်ရဲ့လျှပ်စီးလမ်းကျင့်စဉ်ကလည်း
နည်းနည်းတော့ နှေးနေတာပေါ့ ၊ ကျုပ်ကြားတာတော့ လက်ရှိ
ချင်းရှမ်နတ်တံခါးရဲ့ဂိုဏ်းချုပ်က ဆန်းတန်ခိုးရှင်လို့ကြား
တယ် ၊ သူ့ကိုဂုဏ်ပြုဖို့ ကျုပ်တတ်နိုင်သမျှ လက်ဆောင်လေး
လည်း ပြင်ဆင်လာပါတယ်"

ဟု နတ်ဓားသခင်ကျန်းဆွေကျယ်က ပြောလိုက်လေသည်။

"ခင်ဗျားက လက်ဆောင်ပေးချင်တယ်ဆိုမှတော့ ကျုပ်နဲ့ လိုက်ခဲ့ပါ"

ယန့်ပုကွေးက ပြောလိုက်လေသည်။

ကျန်းဆွေကျယ်လည်း ယန့်ပုကွေးနောက်သို့ လိုက်သွားလေသည်။ သူတို့ ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်ခဲ့ကြလေသည်။ ဝမ့်ရှင်းလမ်းသည် ကျင့်ကြံသူ အဆင့်အနိမ့်အမြင့်မခြားဘဲ အားလုံး၏ စိတ်ကို စစ်ဆေးသည့် လမ်းဖြစ်လေသည်။ ကျန်းဆွေကျယ်မှာ ဝမ့်ရှင်းလမ်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်ဖူးသူဖြစ်လေသည်။ ဝမ့်ရှင်းလမ်း၏ ထင်ယောင်ထင်မှား ပုံရိပ်ယောင်များအလယ်တွင် နာရီဝက်ခန့် ဖြတ်သန်းသွားပြီးသည့်နောက် သူ တောင်ထိပ်သို့ရောက်လာလေသည်။

ယန့်ပုကွေးမှာ တောင်ထိပ်တွင် သူ့ကို အဆင်သင့်စောင့်နေလေသည်။

ယန့်ပုကွေးမှာ ချင်းရွှမ်နတ်တံခါးမှ တပည့်တစ်ယောက်ဖြစ် သည့်အတွက် ဝမ့်ရှင်းလမ်း၏ ပုံရိပ်ယောင်များမှာ သူ့ကို မ သက်ရောက်နိုင်ပေ။

ယန့်ပုကွေးက ချင်းကျန်းဂိုဏ်းမှ ကျန်းဆွေကျယ်မှာ ဝမ့်ရှင်း လမ်းကို ယခုလောက် မြန်မြန်ဆန်ဆန် ကျော်ဖြတ်လာနိုင် လိမ့်မည်ဟု ထင်မထားမိပေ။ ဂိုဏ်းချုပ်ဆန်းလျန်က ထိုသူ၏ စိတ်သဘောထားနှင့် ကိုယ်ကျင့်တရားကို စစ်ဆေးရန် သူ့ကို မှာထားလေသည်။ ထို့ကြောင့်လည်း သူက ကျန်းဆွေကျယ်ကို ဝမ့်ရှင်းလမ်းမှ တမင်သက်သက် ခေါ်လာခဲ့ခြင်းဖြစ်လေသည်။ ယခုတော့ ထိုသူမှာ ဝမ့်ရှင်းလမ်းကို ခပ်မြန်မြန်ပင် ဖြတ်ကျော် နိုင်ခဲ့သည့်အတွက် ကိုယ်ကျင့်တရားကောင်းမွန်သူ ဖြစ်နိုင်လေ သည်။

လောကတွင် ကျင့်ကြံသူအများစုက တာအိုကျင့်စဉ်လမ်း၏ စည်းကမ်းများကို နားလည်ခြင်း မရှိကြပေ။ သူတို့က ကျင့်ကြံ

ချင်စိတ်သာရှိကြပြီး ကိုယ်ကျင့်တရားကောင်းမွန်အောင် နေထိုင်လိုစိတ် မရှိကြပေ။ ထို့ကြောင့် သူတို့၏ ကျင့်ကြံမှုသည် ဖုန်မှုန့်များပေကျံသကဲ့သို့ စွန်းထင်းလျှက်ရှိကြလေသည်။ ထိုသူများသည် ရုပ်ဟွအဆင့်သို့ရောက်သည့်တိုင် ဟိုင်သန်းအဆင့်ကို ကိုယ်ပိုင် ကျင့်စဉ်လမ်းဖြင့် တက်ရောက်ရန် ခက်ခဲကြလေသည်။ ထို့ကြောင့် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် ပြင်ပပြဒါးရှင်နှင့် နတ်ဒေဝါအမြုတေများကိုသာ အားကိုးကြရလေသည်။

ချင်းရှမ်နတ်တံခါးမှတပည့်များ၏ အားသာချက်မှာ စိတ်နှလုံးနှင့် ကိုယ်ကျင့်တရားကို အရင်ကောင်းမွန်အောင် ကျင့်ကြံပြီးမှသာ ကျင့်စဉ်လမ်းကို စတင်လျှောက်လှမ်းကြရလေသည်။ ထို့ကြောင့် ကိုယ်ပိုင်ကျင့်စဉ်လမ်းဖြင့် ဟိုင်သန်းအဆင့်ကို တက်ရောက်ကြသည်က များလေသည်။ ကိုယ်ပိုင်ကျင့်ကြံမှုဖြင့် ဟိုင်သန်းအဆင့်တက်ရောက်ရန်မှာ ခက်ခဲသည့်တိုင် ပြင်ပ

ပြဒါးရှင်ကို အားကိုးခြင်းထက်တော့ တန်ခိုးစွမ်းအား ထက်မြက်လေသည်။

ကျန်းဆွေကျယ်မှာ ကိုယ်ကျင့်တရားကောင်းမွန်သော်လည်း အဓိကနတ်ဘုရားဂိုဏ်းကြီးလေးဂိုဏ်းတွင် တပည့်အဖြစ်ဝင် ရောက်ရန် အခွင့်မသာခဲ့သောကြောင့် ဂိုဏ်းငယ်လေးတစ်ခု ဖြစ်သည့် ချင်းကျန်းဂိုဏ်းသို့ပင် ဝင်ရောက်ကာ ကျင့်ကြံခဲ့ရ ခြင်း ဖြစ်လေသည်။ ကျင်းချန်းဂိုဏ်းတွင် ကျင့်စဉ်ပညာများ က နည်းပါးသည့်အတွက် ကိုယ်နှင့်ကိုက်ညီမည့်ကျင့်စဉ် ရွေးချယ်ရာတွင်လည်း အခက်အခဲဖြစ်ရလေသည်။

ထို့ကြောင့် ကျန်းဆွေကျယ်အနေဖြင့် ပြင်ပပြဒါးရှင်ဖြင့် ဟိုင် သန်းအဆင့် တက်ရောက်မည်ဆိုလျှင်တောင် ဟိုင်သန်းအဆင့် အောင်မြင်ရန်မလွယ်ကူလှပေ။ သူ့ဘဝတွင် ကျင့်စဉ်လမ်း အောင်မြင်နိုင်ရန်အတွက် ဖြစ်နိုင်ချေ နည်းပါးလှလေသည်။

ကျန်းဆွေကျယ်မှာ ဝမ့်ရှင်းလမ်းမှ ထင်ရောင်ထင်မှားပုံရိပ်ယောင်များကို ဖြတ်သန်းခဲ့သည့်တိုင် ယန့်ပုကွေး၏ ရည်ရွယ်ချက်ကို မသိခဲ့ပါ။ သူက ဖြစ်လာသမျှကို ရင်ဆိုင်နေခြင်းသာ ဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးတွင် နဂါးများ ၊ ကျားများ စောင့်ဆိုင်းနေဦးတော့ မုန့်ရှင်ကျန်းတို့ ဆရာတပည့်နှစ်ယောက်ကို ကယ်တင်ရန်အတွက် သူကတော့ ရင်ဆိုင်ရမည်ပဲ ဖြစ်လေသည်။

အမှန်တော့ ချင်းကျန်းဂိုဏ်းအနေဖြင့် ချင်းရွှမ်နတ်တံခါးကဲ့သို့သော နေရာကို ရန်သွား မစခဲ့သင့်ပေ။ အခန့်မသင့်လျှင် ချင်းကျန်းဂိုဏ်းတစ်ခုလုံး ပျောက်ကွယ်သွားနိုင်လေသည်။ နဂါးငွေ့တန်းသိုင်းကျမ်းအတွက်ဖြင့် ယခုကဲ့သို့ အခြေအနေဖြစ်အောင် ဖန်တီးသည်မှာ မုန့်ရှင်ကျန်း၏ မိုက်မဲမှုပင် ဖြစ်လေသည်။ ကျန်းဆွေကျယ်မှာလည်း မုန့်ရှင်ကျန်းကို တားဆီးလိုသည့်တိုင် တားဆီးခွင့် မရခဲ့ပေ။

ချင်းရှမ်တောင်အတွင်းပိုင်းသို့ ဝင်ရောက်မိလေ အသက်ဓာတ်စွမ်းအားများနှင့် မိုးမြေစွမ်းအားများ အားကောင်းနေမှုကို ခံစားရလေဖြစ်လေသည်။ ချင်းရှမ်တောင်တစ်ခွင်မှာ မြူခိုးများဝေဆိုင်းနေပြီး နတ်ဘုံနတ်နန်းအလား သာယာလွန်းသည့်နေရာတစ်ခုဖြစ်လေသည်။ ကျန်းဆွေကျယ်မှာ တအံ့တသြဖြင့်ငေးမောလိုက်ပါလာရင်း ထိုက်ယီတောင်ထိပ်ရှိ ချင်းရှမ်ခန်းမဆောင်သို့ ရောက်ရှိလာလေတော့သည်။

ကျန်းဆွေကျယ်က ယန့်ပုကွေးနောက်မှ လိုက်သွားပြီး ချင်းရှမ်ခန်းမဆောင်ထဲသို့ ဝင်သွားလေသည်။ ခန်းမဆောင်ထဲတွင် လူအချို့ရှိနေလေသည်။

ခန်းမအလယ်တွင် တပည့်နှစ်ယောက်ခြံရန်ပြီး တည်ကြည်သောမျက်နှာထားဖြင့် ကျင့်ကြံသူ တစ်ယောက်ရပ်နေလေသည်။

ထိုသူထံမှထွက်ပေါ်နေသည့် ဝိညာဉ်စွမ်းအား အရှိန်အဝါမှာ

စွမ်းအားပြင်းထန်လွန်းလေသည်။ ကျန်းဆွေကျယ်မှာ

ကြောက်ရွံ့၍ပင် လာမိလေသည်။

ထို့ကြောင့် ထိုသူမှာ ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဆရာ

သခင် ဖြစ်ရမည်ဟု ယူဆလိုက်သည်။

"ချင်းကျင်းဂိုဏ်းက ဆရာတစ်ယောက်ဖြစ်တဲ့ ကျုပ် ကျန်းဆွေ

ကျယ် ဆန်းတန်ခိုးရှင်ကို နှုတ်ဆက်ဂါရဝပြုပါတယ်"

ဟု ပြောလိုက်လေတော့သည်။

အခန်း (၂၀၃) ဓားသိုင်းသုံးကွက်

ကျန်းဆွေကျယ်ဂါရဝ ပြုလိုက်သည့်အတွက် တည်ကြည်သည့် မျက်နှာထားရှိသည့်ကျင့်ကြံသူ၏နောက်တွင်ရပ်နေသည့် လူငယ်နှစ်ယောက်က ရယ်မောလိုက်ကြလေသည်။

ထို လူငယ်နှစ်ယောက်မှာ ကျော်ရှောင်ချင်းက ခြေလက်များ ဖြတ်ပစ်ခဲ့သည့် စိုကျင့်နှင့် စိုရွှမ် တပည့်နှစ်ယောက်ဖြစ်လေ သည်။ သူတို့က ချင်းကျန်းဂိုဏ်းကို အလွန်မှမုန်းတီးနေသည့် တိုင် ကျန်းဆွေကျယ်၏ အပြုအမူကို ရယ်ချင်နေကြလေ သည်။

မျက်ခုံးမျက်ဖန်လှလှနှင့် ချောမောသည့် လူငယ်တစ်ယောက် ဖြစ်သည့် စိုကျင့်က ဝင်ပြောလိုက်သည်။

"ဒီဆရာသခင်က စည်းကမ်းဆောင်အုပ်ချုပ်ရေးမှူး ကယ်ယွမ်း တန်ခိုးရှင်ပါ ၊ ကျုပ်တို့ဂိုဏ်းချုပ်မဟုတ်သေးဘူး ၊ ကျုပ်တို့

ဂိုဏ်းချုပ်က လူငယ်လေးတစ်ယောက်ပဲ ၊ မကြာခင်

ရောက်လာလိမ့်မယ်"

စိုရှမ်၏ မျက်နှာကတော့ တင်းမာခက်ထန်နေလေသည်။ စို

ကျင့်က ကျန်းဆွေကျယ်ကို စကားသွားပြောနေသည့်အတွက်

သူက မကျေမနပ်ဖြစ်နေလေသည်။

စိုကျင့်၏ အမည်မှ "ကျင့်" ဆိုသည့်စာလုံးအဓိပ္ပါယ်မှာ

တိတ်ဆိတ်ခြင်းဟု အဓိပ္ပါယ်ရလေသည်။ မည်သည့်အခါမှ

တိတ်တိတ်မနေပဲ စကားချည်းများနေသူဖြစ်သည့်အတွက်

သတိပေးသည့်အနေဖြင့် စိုကျင့်ဟု အမည်ပေးထားခြင်းဖြစ်

လေသည်။

ယခုလည်း ကျန်းဆွေကျယ်မှာ ချင်းကျန်းဂိုဏ်းမှ လူမှန်းသိ

လျက်ဖြင့် မနေနိုင်မထိုင်နိုင် ရိုက်မစစ်ရဘဲ စကားတွေပြောနေ

ပြီဖြစ်သည်။ စိုကျင့်၏နှလုံးသားသည် ပေါ့ပေါ့ပါးပါးရှိလေ

သည်။ ထို့ကြောင့် စိုရှမ်နှင့်အတူ ဒဏ်ရာပြင်းထန်စွာရခဲ့သည့် တိုင် သူက စိုရှမ်လောက် ခံစားရခြင်းမရှိပေ။

စိုရှမ် ဒေါသထွက်နေသည်ကို သိသွားသည့်အတွက် စိုကျင့် လည်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

"ခဏစောင့်ပါလေ ၊ ဂိုဏ်းချုပ် မကြာခင်ရောက်လာပါလိမ့် မယ်"

ဆရာသခင်ကယ်ယွမ်းက ပြောလိုက်သည်။

ထိုအချိန်မှာပင် အပြင်ဘက်တွင် ဆူညံသံတစ်ချက်ကြားလိုက် ရပြီး လူငယ်လေးတစ်ယောက် ခန်းမအတွင်းသို့ ဝင်ရောက်လာ လေသည်။

ကျန်းဆွေကျယ်က လူငယ်လေးကို လှမ်းကြည့်လိုက်သည်။ ထို လူငယ်လေး၏ ခန္ဓာကိုယ်ဆီမှ သိပ်သည်းသည့် ဓားဝိညာဉ် တန်ခိုးစွမ်းအားကို ခံစားလိုက်ရသည်။ ထို့ပြင် အသက်ဓာတ်

စွမ်းအားများကလည်း အားကောင်းစွာဖြင့် လှည့်ပတ်နေလေသည်။

ကျန်းဆွေကျယ်မှာ လှုပ်ပင် မလှုပ်ရဲပေ။ သူက ထိုလူငယ်လေးမှာ ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်ရမည်ဟု တွေးလိုက်မိလေသည်။

သူက အရှေ့သို့တိုးသွားပြီး ထိုလူငယ်လေးကို နှုတ်ဆက်ရန်ပြင်လိုက်သည်။ တစ်ချိန်တည်းမှာပင် ကယ်ယွမ်းနှင့် တပည့်နှစ်ယောက်ကလည်း ရှေ့သို့ တိုးလိုက်ကြသည့်အတွက် ကျန်းဆွေကျယ်မှာ ဒီတစ်ယောက်ကတော့ သေချာပြီဟု တွေးလိုက်မိတော့သည်။

ထိုလူငယ်လေး၏ နောက်တွင် အလွန်မှာ ချောမောပြီး ဆယ်ကျော်သက်အရွယ်မျှ ငယ်ရွယ်လွန်းသည့် လူငယ်လေးတစ်ယောက်ကို တွေ့သည့်တိုင် ကျန်းဆွေကျယ်က သူ့အတွေး

နှင့်သူ ရှေ့မှဝင်လာသည့် လူငယ်လေးကိုသာ ဂါရဝ ပြုလိုက်

လေတော့သည်။

လူငယ်မှာ ရုတ်တရက် ဂါရဝ အပြုခံလိုက်ရသည့်အတွက်

ကြောင်တောင်တောင်ဖြစ်သွားရသည်။

"ခင်ဗျား ဘာလုပ်တာလဲ"

ချိုးရှီမှာ အခြားဂိုဏ်းမှ ကျင့်ကြံသူတစ်ယောက်က သူ့ကို

ဂါရဝလာပြုနေသည့်အတွက် ကြောင်တောင်တောင်ဖြစ်ကာ အ

မြန်ရှောင်တိမ်းလိုက်လေသည်။

ကျန်းဆွေကျယ်မှာ လူမှားပြန်ပြီဟု သိလိုက်ရပြန်သည်။

ကျန်းဆွေကျယ်မှာ ခပ်ညံ့ညံ့ကျင့်ကြံသူတစ်ယောက်တော့

မဟုတ်ပါ။ ထို့ပြင် အတွေ့အကြုံလည်း များသူဖြစ်လေသည်။

ထို့ပြင် သူက ချင်းရွှမ်နတ်တံခါးသို့ရောက်လျှင် မည်သည့်

အကြောင်းအရာများ ကြုံတွေ့ရမည်ကို မခန့်မှန်းနိုင်သဖြင့်

အကောင်းဆုံး ပြင်ဆင်လာခဲ့လေသည်။

သို့တိုင်အောင်....

ယခုတော့ သူ ရင်တုန်စပြုလာပြီ ဖြစ်လေသည်။ ရင်တုန်သည်ဆိုခြင်းထက် ထိတ်လန့်တုန်လှုပ်လာခြင်း ဖြစ်လေသည်။

သူက အရှက်ပြေ ရယ်မောလိုက်သည်။

ထိုအချိန်မှာပင်....

ယန့်ပုကွေး ၊ ကယ်ယွမ်းနှင့် အခြားတပည့်နှစ်ယောက်တို့က နောက်ဆုံးမှဝင်လာသည့် ချောမောသိမ်မွေ့လွန်းသည့် လူငယ်လေးကိုညဂါရဝ ပြုလိုက်ကြလေသည်။

"ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်"

ကျန်းဆွေကျယ်မှာ အံ့သြခြင်းများစွာဖြင့် ထိုလူငယ်လေးကို လှမ်းကြည့်လိုက်လေသည်။ ထိုလူငယ်လေး၏ မျက်ခုံးနှစ်ခုကြားတွင် အနီရောင် သင်္ကေတစ်ခုရှိနေလေသည်။

သူ၏မျက်ဝန်းများမှာ ကြယ်စင်များကဲ့သို့ တဖျတ်ဖျတ်လင်းလက်နေပြီး လှပသောနှုတ်ခမ်းများကိုလည်း ပိုင်ဆိုင်လေ

သည်။ အသက်ဆယ့်ရှစ်နှစ်ပင် မပြည့်တတ်သေးသော ထို လူငယ်လေးသည် အဘယ်သို့ လောဘရမ္မက်တရားကိုပယ် သတ်ကာ တရားရှာနိုင်မည်နည်း။

ကျန်းဆွေကျယ်က ထိုချောမောလွန်းသောလူငယ်လေးကို ငေး ကြည့်နေစဉ်မှာပင် သူ့ရှေ့တွင် သံမဏိတံတိုင်းကြီးတစ်ခု ကာဆီးနေသည့်အလား ခံစားလိုက်ရပြီး ခေါင်းများမူးဝေလာရ လေသည်။ သူ့ခန္ဓာကိုယ်ပေါ်သို့လည်း တောင်တစ်တောင် အလား ဖိအားတစ်ခုက လေးလံစွာသက်ရောက်လာလေသည်။ ထို့ကြောင့် သူက လူငယ်လေးကို အကဲခတ်နေခြင်းကို ရပ်တန့် လိုက်လေသည်။ ထိုအခါကျမှ မူးဝေလေးလံခြင်းများ သက်သာသွားရသည်။

လူငယ်က သူ့ဘေးကဖြတ်သွားပြီး ကယ်ယွမ်းနှင့်အခြား သူများ လူငယ်၏နောက်မှ လိုက်ပါသွားကြသည်။ ကျန်းဆွေ

ကျယ်မှာလည်း ယောင်လည်လည်ဖြင့် အနောက်မှ လိုက်သွားမိလေသည်။

ဆန်းလျှန်သည် ကျောက်ပလ္လင်ထက်တွင် ထိုင်လိုက်ပြီး ကယ်ယွမ်းက ဆန်းလျှန်၏ညာဘက်ရှိ ထိုင်ခုံပေါ်တွင်ထိုင်လိုက်သည်။ အခြားတပည့်များက ဘေးနားတွင် မတ်တပ်ရပ်နေကြလေသည်။

ယခုမှ ချင်းရွှမ်နတ်တံခါး၏ တကယ့်အစစ်အမှန်ဂိုဏ်းချုပ်ကို တွေ့မြင်ရပြီဖြစ်ကြောင်း ကျန်းဆွေကျယ် သဘောပေါက်လိုက်လေသည်။

သူ့မှာ နှစ်ခါလောက်လည်း မှားပြီးပြီ။

ထို့ကြောင့် စိတ်ကို တည်ငြိမ်အောင်ကြိုးစားလိုက်ပြီးမှ ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ်လေးကို ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ချင်းကျန်းဂိုဏ်းက ဆရာသခင်တစ်ယောက်ဖြစ်တဲ့ ကျုပ်

ကျန်းဆွေကျယ် ဆန်းတန်ခိုးရှင်ကို နှုတ်ဆက်ဂါရဝပြုပါ

တယ်"

ဆန်းလျန်က ယန့်ပုကွေးကိုတစ်ချက်ကြည့်လိုက်သည်။ ယန့်ပု

ကွေးခေါင်းညိတ်ပြသည်ကို မြင်တော့မှ ဤသူမှာ

ကိုယ်ကျင့်တရားနှင့်ပြည့်စုံသည့် ကျင်စဉ်လမ်းလျှောက်လှမ်း

သူတစ်ဦး ဖြစ်ကြောင်း အတည်ပြုလိုက်လေသည်။

“ခင်ဗျားက ဓားဘုရင်မုန့်အတွက် ဒီကိုရောက်လာတာလား”

ဆန်းလျန်က မေးလိုက်သည်။

ကျန်းဆွေကျယ်မှာ အလာပ သလာပ စကားများပြောဦးမည်

ဟု ပြင်ဆင်ထားသော်လည်း ရုတ်တရက်ကြီး ဆန်းလျန်က ပွင့်

ပွင့်လင်းလင်းမေးလိုက်သည့်အတွက် အမူအရာပျက်သွားရ

လေသည်။

သူက ခေါင်းတစ်ချက် ညိတ်ပြလိုက်ရင်း....

“ကျုပ်ရဲ့ဆရာဦးလေးက ဖော့ဝမ့်အဆင့်တက်ရောက်ခါနီး

တော့ စိတ်တွေရှုတ်ထွေးနေတာပါ ၊ ဂိုဏ်းတူညီလေးကျော်

ရှောင်ချင်းကလည်း ငယ်သေးတော့ ဘာမှမသိပါဘူး ၊ ဒါ

ကြောင့် ဆန်းတန်ခိုးရှင်တို့ကို တိုက်ခိုက်မိသလိုဖြစ်သွားပါ

တယ် ၊ ခွင့်လွှတ်ပေးဖို့ သူတို့ကိုယ်စား ကျုပ်ကပဲ တောင်းပန်ပါ

တယ်”

ဟု ပြောလိုက်သည်။

“ကျုပ်တို့ ချင်းရွှမ်က ဓားဘုရင်မုန့်ကို ကောင်းကောင်းညွှတ်ခံ

ထားပါတယ် ၊ သူ့ကို လက်ဖျားနဲ့တောင်မထိဘူး”

ဆန်းလျန်က ပြောလိုက်သည်။

“တန်ခိုးရှင်က ကြင်နာတတ်ပြီး သဘောထားကြီးလို့

ကျေးဇူးတင်ပါတယ် ၊ တန်ခိုးရှင်အတွက် ဂိုဏ်းချုပ်ကိုယ်စား

လက်ဆောင်တွေယူလာခဲ့ပါတယ် ၊ ဆရာဦးလေးရဲ့အမှား

အတွက် တောင်းပန်တဲ့အနေနဲ့ပေးအပ်တာဖြစ်လို့ လက်ခံပေး

စေလိုပါတယ်၊ တခြားလိုအပ်တဲ့အကူအညီတွေရှိဦးမယ်ဆိုရင်လည်း ကျုပ်က ဖြည့်ဆည်းပေးမှာပါ”

ကျန်းဆွေကျယ်က ပြောလိုက်သည်။

ကျန်းဆွေကျယ်၏ စကားကြောင့် စိုရွှမ်က ရယ်မောလိုက်ရင်း…

“ကျုပ်တို့ ချင်းရွှမ်နတ်တံခါးက မင်းတို့ ချင်းကျန်းဂိုဏ်းကနေ ဘာအကူအညီမှ မလိုဘူး”

ဟု ပြောလိုက်လေသည်။

ထိုစကားကြောင့် ကျန်းဆွေကျယ်မှာ ရှက်သွားလေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း စိုကျင့်နှင့် စိုရွှမ်ကို လက်ညှိုးတစ်ချက် ညွှန်ပြလိုက်ပြီး…

“ဒီတပည့်နှစ်ယောက်က ကျော်ရှောင်ချင်းကြောင့် ဒဏ်ရာအပြင်းအထန်ရသွားကြတဲ့ တပည့်နှစ်ယောက်ပဲ၊ သူတို့အခုထိ မူလအခြေအနေအတိုင်း ပြန်မဖြစ်ကြသေးဘူး၊ ဒါကြောင့် သူ

တို့နှစ်ယောက်က ဒေါသတွေထွက်နေကြတာ အပြစ်မတင်စေ

ချင်ဘူး”

ဆန်းလျန်က၏ စကားလုံးများက နှစ်သိမ့်သည့်စကားလုံးများ

ဖြစ်သည့်တိုင် ကျန်းဆွေကျယ်မှာ ဆန်းလျန်၏ စိတ်ထားကို မ

ခန့်မှန်းနိုင်ပေ။

“ချင်းရွှမ်နတ်တံခါးကို တိုက်ခိုက်ခဲ့တာ ကျုပ်တို့ဆရာဦးလေး

ရဲ့ အမှားပါပဲ ၊ ဒီလူငယ်နှစ်ယောက်အတွက် ကျုပ်ဘယ်လို

တာဝန်ယူပေးရမလဲ”

ကျန်းဆွေကျယ်က ပြန်မေးလိုက်သည်။

“ဒီတပည့်နှစ်ယောက် ကြိုးစားပြီးမကျင့်ကြံလို့ ကျော်ရှောင်

ချင်းကို ရှုံးရတာလို့ပဲ ယူဆတယ် ၊ ဒါပေမယ့် ဒါက ကျုပ်တို့ချ

င်းရွှမ်နတ်တံခါးရဲ့ကျင့်စဉ်တွေ အားနည်းလို့ မဟုတ်ဘူး ၊

ကျင်းချင်း ဝင်လာခဲ့ပါ”

ကျင်းချင်းက မုန့်ရှင်ကျန်းနှင့် ကျော်ရှောင်ချင်းကို ခန်းမ

အတွင်းသို့ ခေါ်လာလေသည်။

ကျန်းဆွေကျယ်မှာ သူတို့နှစ်ယောက်ကို တွေ့သည့်အတွက်

စိတ်လှုပ်ရှားသွားရလေသည်။

သူတို့နှစ်ယောက်လုံးမှာ အနည်းငယ် အားနည်းနေပုံရသည်မှ

အပ ဘာမှ ထူးထူးခြားခြား ဖြစ်ပုံမပေါ်ပေ။ တာအိုကျင့်စဉ်

များမှာလည်း မပျက်စီးသေးပေ။

"မင်းကဒီကို ဘာလာလုပ်တာလဲ"

မုန့်ရှင်ကျန်းက ကျန်းဆွေကျယ်ကိုတွေ့သည်နှင့် လှမ်းမေး

လိုက်သည်။

"ဆရာဦးလေး ၊ ဂိုဏ်းချုပ်ရဲ့အမိန့်နဲ့ ခင်ဗျားတို့ကို ပြန်လာခေါ်

တာပါ"

ကျန်းဆွေကျယ်က မုန့်ရှင်ကျန်း သိက္ခာမကျရအောင် စကား

ကို ထိန်းပြီးပြောလေသည်။

မုန့်ရွှင်ကျန်းက စကားပြန်မပြောတော့ပါ။

ကျော်ရှောင်ချင်းကလည်း တိတ်ဆိတ်နေလေသည်။

သူ၏ဒဏ်ရာမှာ သက်သာသွားပြီဖြစ်သည့်တိုင် တန်ခိုး

စွမ်းအားများကတော့ အသုံးပြု၍မရသေးပေ။

"ခင်ဗျားတို့အချင်းချင်း နောက်မှပဲ စကားပြောကြပါ ၊ ခုတော့

လူငယ်လေးကျော်ရှောင်ချင်းကို မေးချင်တာက ၊ မင်းက ကျုပ်

တို့ရဲ့ တပည့်နှစ်ယောက်ကို ဒဏ်ရာရအောင် လုပ်ခဲ့တယ် ၊ မင်း

ကို ကျုပ်ဘာလုပ်သင့်သလဲ"

ဆန်းလျန်က မေးလိုက်လေသည်။

ကျော်ရှောင်ချင်းက ခေါင်းကိုမော့လိုက်ပြီး ...

"ခင်ဗျား ကျုပ်ကိုသတ်မယ်ဆိုရင်လဲ ကျုပ်လက်ခံပါ့မယ်"

"ချင်းရွှမ်နတ်တံခါးဆိုတာ လူသတ်တဲ့နေရာမဟုတ်ဘူး ၊ ကျုပ်

ရဲ့တပည့်နှစ်ယောက်မင်းကို ရှုံးရတာဟာ သူတို့ကျင့်ကြံမှု

လျော့နည်းခဲ့လို့ပဲဆိုတာ ကျုပ်ပြောခဲ့ပြီးပြီ ၊ ဒါပေမယ့် ချင်းရွှ

မ်ရဲ့ကျင့်စဉ်တွေအားနည်းလို့တော့မဟုတ်ဘူး ၊ မင်းက သိပ်တော်တဲ့ ဓားသမားတစ်ယောက်ပဲ ၊ မင်းအသက်အရွယ်မှာ ဒီလောက်တော်တဲ့သူ ရှားပါးလွန်းတယ် ၊ ဒီတော့ မင်းက ကျုပ်တို့ရဲ့တပည့်နှစ်ယောက်ကို အနိုင်ယူလိုက်နိုင်တာနဲ့ ချင်းရွှမ်နတ်တံခါးကို အထင်သေးနေတယ်မဟုတ်လား”

ဆန်းလျန်ကပြောလိုက်သည်။

ကျော်ရှောင်ချင်းက ဆန်းလျန်စကားကို ပြန်လည်ဖြေကြားခြင်းမရှိပါ။ သို့သော် သူ့အကြည့်များက ဆန်းလျန်ပြောသည့်စကားများမှန်ကန်ကြောင်း ဖော်ပြနေလေသည်။

သူက သူတော်သောကြောင့် လက်ရှိအခြေအနေကို ရင်ဆိုင်နေရသည်ဟု တွေးနေမိလေသည်။

"နတ်ဘုရား ဆွေလင်ကျိုက ယွင်ဆွေအလင်းဓားသိုင်းကို တီထွင်ခဲ့တယ် ၊ ဒါပေမယ့် လောကမှာ အကောင်းဆုံးဓားသိုင်းလို့ ပြောလို့မရဘူး ၊ မင်းရဲ့ အရည်အချင်းနဲ့ဆိုရင် ဒီလို ဓား

သိုင်းမျိုးကိုလေ့ကျင့်နေတာ သက်သက်အချိန်ဖြုန်းနေတာပဲ ၊ ဒီနေ့ ကျုပ်ရဲ့ ဒီတပည့်ကို နိုင်အောင်တိုက်နိုင်မယ်ဆိုရင် မင်းကို လွှတ်ပေးမယ်"

ဆန်းလျန်က ချိုးရှီကို ညွှန်ပြရင်း ပြောလိုက်သည်။

သူ၏စကားလုံးတိုင်းက ချင်းကျန်းဂိုဏ်းကို စော်ကားနေသည့် စကားများသာ ဖြစ်လေသည်။

မုန့်ရှင်ကျန်းမှာ ထိုစကားများကြောင့် ဒေါသထွက်နေသည့်တိုင် မည်သည့်စကားမှ ဝင်ပြောခြင်းမရှိပါ။ နတ်ဒေဝါလက်သည်းက သူ၏တန်ခိုးများကို ထိန်းချုပ်ထားသည့်အတွက် တန်ခိုးစွမ်းအားများလည်း သုံးမရဖြစ်နေရသည် မဟုတ်ပါလား။

ဒေါသကို မပေါက်ကွဲနိုင်ခြင်းက စိတ်နှင့် ဝိညာဉ်ကို နာကျင်စေလေသည်။ သူ့ကိုကြည့်ရသည်မှာ ပေါက်တော့မည့် မီးအိုးတစ်လုံးနှင့် တူနေလေသည်။

သို့သော် သူ့ကို မည်သူမျှ ဂရုမစိုက်အားကြပါ။

ကျော်ရှောင်ချင်းက ချိုးရှီကို ကြည့်လိုက်ရင်း...

"သူသာ တခြား မော်ဝင်ပစ္စည်းတွေ ၊ အင်းစာရွက်တွေ မသုံးဘဲ

ကျုပ်ရဲ့သိုင်းကွက် သုံးကွက်ကို ခုခံနိုင်ရင် ယွင်ဆွေအလင်း

ဓားကိုသင်ယူခဲ့တာဟာ အချိန်ဖြုန်းမိတာပဲလို့ ကျုပ်

သဘောတူမယ်"

ဆန်းလျန်က ပြုံးလိုက်ရင်း....

"ချိုးရှီ... ယွင်ဆွေအလင်းဓားရဲ့ သိုင်းကွက်သုံးကွက်ကို မင်းမ

ခုခံနိုင်ဘူးဆိုရင် တံခါးပိတ်ဆယ်နှစ်ကျင့်ကြံပြီး ကိုယ့်ရဲ့

ကျင့်စဉ်လမ်းကို ပြန်သုံးသပ်ရမယ်"

စကားပြောနေရင်းနှင့်ပင် ဆန်းလျန်ဆီမှ အလင်းတန်းတစ်ခုက

ကျော်ရှောင်ချင်း၏ ကိုယ်ပေါ်သို့ ကျရောက်သွားလေသည်။

ထိုအခါ ကျော်ရှောင်ချင်း၏ မျက်ခုံးနှစ်ခုကြားမှ အလင်းတန်း

လေးတစ်ခု ပျံသန်းထွက်ပေါ်လာပြီး ဆန်းလျန်၏ လက်ပေါ်သို့

ကျရောက်သွားသည်။ တန်ခိုးစွမ်းအားထိန်းချုပ်ထားသည့်

နတ်ဒေဝါလက်သည်းကို ဖယ်ရှားပေးလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျှန် ဤကဲ့သို့လုပ်နေသည်မှာ အဓိပ္ပါယ်ရှိလေသည်။

ရန်သူကို နှိမ်နင်းရန်မှာ အဓိကမကျပေ။ သို့သော် ရန်သူ၏

စိတ်ကို ရိုက်ချိုးနိုင်မှသာ တကယ် အနိုင်ယူနိုင်ခြင်းဖြစ်လေ

သည်။ ထိုသို့ ရန်သူ၏ စိတ်ကို အနိုင်ယူထားနိုင်မှသာ ချင်းရွှမ်

နတ်တံခါးအနေဖြင့် ဂိုဏ်းအငယ်လေးများကို ထိန်းချုပ်နိုင်

မည်ဖြစ်လေသည်။

အခန်း (၂၀၄) ချေဖျက်ဓားသိုင်း

ကျော်ရှောင်ချင်း၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ တုန်ယင်နေလေ

သည်။ ထိန်းချုပ်ခံထားရသော တန်ခိုးစွမ်းအားများက သူ့

ခန္ဓာကိုယ်တစ်လျှောက် ပြန်လည် စီးဝင်လာသောကြောင့်ဖြစ်လေသည်။ သူက သူ၏ဓားစွမ်းဖြင့်အရာရာကို အောင်နိုင်မည်ဟု ခံစားနေရလေသည်။

သူက လေသံ ခပ်တိုးတိုးဖြင့်....

"ဆန်းတန်ခိုးရှင် ၊ ခင်ဗျားရဲ့ တပည့်နဲ့ ခန်းမဆောင် အပြင်ဘက်မှာ တိုက်ခိုက်ပါရစေ ၊ ကျွန်တော့်ကြောင့် ခန်းမဆောင်ပျက်စီးသွားမှာ စိုးရွံ့မိပါတယ်"

သူ့စကားကြောင့် စိုကျင့်က ရယ်မောလိုက်ရင်း....

"မင်းအဆင့်လောက်နဲ့ ငါတို့ချင်းရှမ်ခန်းမဆောင်ပျက်စီးလို့ကတော့ ထပ်အရှက်ကွဲခံပစ်လိုက်မယ် ၊ ဒီလိုသာဖြစ်လာရင် ငါတို့ချင်းရှမ်နတ်တံခါးကို ကျင့်ကြံသူလောကမှာ သိက္ခာအဖတ်ဆယ်လို့ရမှာတောင် မဟုတ်တော့ဘူး"

ကျော်ရှောင်ချင်းက ရယ်မောလိုက်သည်။

"ဒါဖြင့် ကျုပ် အားမနာတော့ဘူး"

ဟု ပြောလိုက်လေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း လက်တစ်ဖက်ကို ဝေ့ယမ်း လိုက်လေသည်။ ချင်းရွှမ်ခန်းမဆောင်သည် ရုတ်တရက်ပင် အလွန်ကြီးမားကျယ်ပြန့်သည့် ခန်းမဆောင်ကြီး တစ်ခုအဖြစ် ပြောင်းလဲသွားလေသည်။ ကျော်ရှောင်ချင်းနှင့် ချိုးရှီ တို့နှစ် ယောက် ကောင်းကောင်းတိုက်ခိုက်နိုင်လောက်အောင် နေရာက ကျယ်ပြန့်လေသည်။

ချိုးရှီက ချက်ချင်းပင် ကျော်ရှောင်ချင်းနှင့် မျက်နှာချင်းဆိုင် တွင် နေရာယူလိုက်သည်။ အခြားသူများက ခပ်လှမ်းလှမ်းသို့ အသာရှောင်ပေးလိုက်ကြလေသည်။

ချင်းရွှမ်ခန်းမမှာ လိုသလို ချုံ့နိုင် ချဲ့နိုင်သည့် မှော်ဝင်ခန်းမ ဆောင်တစ်ခုဖြစ်ပြီး ခန်းမဆောင်အကျယ်အဝန်း အနေအထား ကို ဂိုဏ်းချုပ်တစ်ယောက်ဖြစ်သည့် ဆန်းလျန်က တန်ခိုး စွမ်းအားဖြင့် ကောင်းစွာထိန်းချုပ်နိုင်လေသည်။ ထို့ပြင် ဓား

သိုင်းယှဉ်ပြိုင်ကြမည့် လူငယ်နှစ်ယောက်၏ တန်ခိုးစွမ်းအား မှာလည်း သိပ်ပြီးကြီးမားခြင်းမရှိပါ။ ထို့ကြောင့် ချင်းရှမ်ခန်းမ ဆောင် ပျက်စီးသွားအောင် လုပ်နိုင်မည်မဟုတ်ပေ။

အမှန်တော့ ယွင်ဆွေအလင်းဓားမှာလည်း သိပ်ပြီး အစွမ်းထက် လှသည့် ဓားသိုင်းတစ်ခုမဟုတ်ပါ။ ဓားကွက်အလှည့်အ ပြောင်းများသည့်အတွက်သာ အစွမ်းထက်သည်ဟု ထင်နေရ ခြင်းဖြစ်လေသည်။

ကျော်ရှောင်ချင်း၏မျက်ဝန်းများက တောက်ပနေလေသည်။ မျက်ဝန်းထဲမှ ဓားတစ်လက်ထွက်လာတော့မည့်အလား ထက်ရှ နေလေသည်။ ထိုမျက်ဝန်းများထဲတွင် သူ၏ဓားဝိညာဉ် ကိန်းအောင်းနေခြင်းကို ဖော်ပြနေခြင်းဖြစ်လေသည်။ သူက လက်တစ်ဖက်ကို ရှေ့သို့ဆန့်တန်းလိုက်လေသည်။

သူ၏လက်ဝါးထက် တစ်လက်မခန့်အလိုတွင် အဖြူရောင်ဓား တစ်လက်ပေါ်လာလေသည်။

ထို အဖြူရောင်ဓားဝိညာဉ်ထဲတွင် သူ၏ဘဝတစ်ခုလုံးကို ထည့်သွင်းထားလေသည်။ သူ၏ဘဝသည် ယွင်ဆွေအလင်းထားနှင့် ပေါင်းစပ်သွားလေသည်။

တိုက်ပွဲဆိုသည်က ကြုံတွေ့နေကျပင်ဖြစ်လေသည်။ မိမိဘက်မှ အကောင်းဆုံးတိုက်ခိုက်ရန်သာ လိုလေသည်။

ချိုးရှီမှာ ကျော်ရှောင်ချင်းဆီမှ ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားများကြောင့် စိတ်ရှုတ်ထွေးလာလေသည်။ သို့သော် သူ၏ကိုယ်ထဲသို့ ဆန်းလျှန်သွင်းပေးထားသည့် ဓားဝိညာဉ်၏ မပျက်စီးနိုင်သော တန်ခိုးစွမ်းအားကလည်း ပေါ်ထွက်လာလေသည်။ ထိုဓားဝိညာဉ်၏တန်ခိုးစွမ်းအားမှာ ကျော်ရှောင်ချင်း၏ တန်ခိုးစွမ်းအားထက် ပို၍သာလွန်လေသည်။

ထို့ကြောင့် ချိုးရှီမှာ ပြန်လည်တည်ငြိမ်သွားရသည်။ ဓားဝိညာဉ်သည် သူ၏တန်ခိုးစွမ်းအားများနှင့် ပေါင်းစည်းကာ သူ့ကိုယ်ထဲတွင် လှည့်ပတ်နေလေသည်။ ထိုဓားဝိညာဉ်က ဗဟို

ထိန်းချုပ်မှုတစ်ခုအလား သူ၏တန်ခိုးစွမ်းအားများအားလုံးကို ထိန်းချုပ်သွားသည်။

ချိုးရှီက ကျော်ရှောင်ချင်းကို လက်နှစ်ဖက်စုပ်ကာ အရိုအသေပေးလိုက်ရင်း...

"စပြီးတိုက်ပါ..."

ဟု ပြောလိုက်သည်။

အမှန်တော့ ချိုးရှီက တိုက်ခိုက်လိုခြင်းမရှိပါ။ သို့သော် ဂိုဏ်းချုပ်ဖြစ်သူက သူ့ကို တိုက်ခိုက်ရန် စေခိုင်းသည့်အတွက်သာ တိုက်ခိုက်ရခြင်းဖြစ်လေသည်။ ဂိုဏ်းချုပ်မှာလည်း သူ့အကြောင်းနှင့်သူရှိမည်ဖြစ်လေသည်။ ထို့ပြင် သူက ချင်းရွှမ်ခန်းမထဲတွင် ဂိုဏ်းချုပ်၏ မျက်စိအောက်တွင်ရှိနေခြင်းဖြစ်သည့်အတွက် စိတ်ပူစရာမရှိဟု တွေးလိုက်မိသည်။

ထိုသို့တွေးလိုက်မိသည်နှင့် ချိုးရှီစိတ်အေးသွားရလေသည်။

ချိုးရှီမှာ အားနည်းချက်များဖြင့်ပြည့်နေသည့် ကျင့်ကြံသူတစ်ယောက်ဟု ကျော်ရှောင်ချင်းက သတိပြုလိုက်မိသည်။

သို့သော် ချိုးရှီမှာ ကျော်ရှောင်ချင်းကို ကြောက်ရွံ့ခြင်းမရှိပါ။ ကျော်ရှောင်ချင်းက ချိုးရှီကို စိတ်ထဲမှ လျှောင်ပြောင်လိုက်မိလေသည်။ ဓားသမားများပြောလေ့ရှိသည့် စကားပုံတစ်ခုရှိလေသည်။

"လူတစ်ယောက်သည် အားနည်းချက်များနှင့်ပြည့်နေလျှင် ထိုသူကို တိုက်ခိုက်ရန်ခက်ခဲနိုင်လေသည်။ အားနည်းချက်ပြည့်နေသည်ဆိုသည်မှာ အားနည်းချက်လုံးဝမရှိဟု အဓိပ္ပါယ်ရသောကြောင့်ပင်ဖြစ်သည်"

ဆိုသည့် စကားပုံပင်ဖြစ်လေသည်။

သူကဲ့သို့ ဓားသိုင်းပညာ တစ်ဖက်ကမ်းခတ်ကျွမ်းကျင့်သူတစ်ယောက်အတွက်တော့ ထိုစကားပုံသည် ဟာသတစ်ခုမျှသာဖြစ်လေသည်။ သူ့အတွက်တော့ အားနည်းလျက်မှာ

အားနည်းချက်သာဖြစ်လေသည်။ အားနည်းချက်၏အခြေခံ

သဘောတရားမှာ ပြောင်းလဲသွားမည်မဟုတ်ပေ။

သူက ဓားသိုင်းကို စွဲစွဲလန်းလန်းလေ့ကျင့်ခဲ့သူဖြစ်သည်။ သူက

မုန့်ရှင်ကျန်းထက်ပင် ဓားသိုင်းကို မြတ်နိုးသေးသည်။ သူက

ဓားကိုကိုင်ကာတိုက်ပွဲဝင်ပြီဆိုလျှင် သူ့ခေါင်းထဲတွင် မည်

သည့်အတွေးမှ ရှိမနေတတ်ပေ။

သူ့လက်ထဲမှ ဓားဝိညာဉ်ဆီမှ အလင်းတန်းတစ်ခု ထွက်ခွာသွား

လေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ထွက်ခွာသွားခြင်း

ဖြစ်ပြီး ခန့်မှန်းရခက်သည့် ဓားဝိညာဉ်တစ်ခုအဖြစ် ခွဲဖြာထွက်

သွားလေသည်။

ချိုးရှီမှာ သူ့ကိုယ်ထဲမှ ဓားဝိညာဉ်မှာ ရုတ်တရက်ပေါက်ကွဲ

ထွက်တော့မလို ခံစားလိုက်ရသည်။ကျော်ရှောင်ချင်း၏ ဓား

ဝိညာဉ်က သူ၏ညာဘက်ပခုံးကို တိုက်ခိုက်လိုက်သည့်အချိန်

တွင် ကြာပန်းမှမွေးဖွားလာသည့် ဓားဝိညာဉ်တစ်ခုပေါ်ထွက်

လာကာ ကျော်ရှောင်ချင်း၏ ယွင်ဆွေအလင်းဓားဝိညာဉ်ကို ပြန်လည်ခုခံလိုက်လေသည်။

ကျော်ရှောင်ချင်းက စိတ်အာရုံကို တစ်ချက်စူးစိုက်လိုက်သည့် အခါ သူ၏ဓားဝိညာဉ်မှာ မြွေတစ်ကောင်အလားတွန့်လိမ်သွားပြီး ကြာပန်းဓားဝိညာဉ်ကို ရှောင်တိမ်းလိုက်သည်။ ထို့နောက် ကြာပန်းဓားဝိညာဉ် လွတ်ကင်းသည့်ဘက်သို့ လခြမ်းပုံသဏ္ဍာန် ရွေ့လျားသွားပြီး ချိုးရှီကို ထပ်မံတိုက်ခိုက်လိုက်လေသည်။

ထိုအခါ နောက်ထပ် ကြာပန်းဓားဝိညာဉ်တစ်ခုထွက်ပေါ်လာပြီး သူ၏ဓားဝိညာဉ်ကို ခုခံပိတ်စို့ထားလိုက်ပြန်လေသည်။ ယွင်ဆွေအလင်းဓားဝိညာဉ်မှာ ကျော်ရှောင်ချင်း၏ စိတ်ဝိညာဉ်နှင့် ပေါင်းစပ်ထားခြင်းဖြစ်သည့်အတွက် ဓားဝိညဉ်နှစ်ခု ထိခိုက်မိသည့်အခါ ကျော်ရှောင်ချင်း၏ စိတ်ဝိညာဉ်မှာလည်း တုန်ခါသွားရလေသည်။

ထိုအချိန်မှာပင် ချိုးရှီထံမှ စွမ်းအားကြီးမားသော ဓားဝိညာဉ်တစ်ခုသည် စက်ဝိုင်းပုံသဏ္ဍာန်လည်ပတ်ကာ ကျော်ရှောင်ချင်းဆီသို့ ဝင်ရောက်လာလေသည်။

ဓားဝိညာဉ်ထဲတွင် အသက်ဓာတ်စွမ်းအားများ စီးဆင်းနေလေသည်။ ထိုဓားဝိညာဉ်သည် သူ့ကို လာရောက်ဖျက်စီးသည့် တန်ခိုးစွမ်းအားတိုင်းကို အလွယ်တကူပင် ခုခံနိုင်စွမ်းရှိသည့် အလား အရှိန်အဟုန်ပြင်းထန်လွန်းလေသည်။

ကြာပန်းဓားဝိညာဉ်သည် ယွင်ဆွေအလင်းဓားကို ရေကိုပိုင်းဖြတ်သကဲ့သို့ ထက်ရှစွာဖြင့် ပိုင်းဖြတ်ပစ်လိုက်လေတော့သည်။

ယွင်ဆွေအလင်းဓား၏ စွမ်းအား မည်မျှကြီးမားပါစေ ချိုးရှီ၏ ဓားဝိညာဉ်က ဖုံးလွှမ်း ဝါးမြိုသွားလေသည်။ နောက်ဆုံးတော့ လေထဲတွင် ယွင်ဆွေအလင်းဓားဝိညာဉ်၏ အရိပ်အယောင်ပင် ထင်ကျန်ရစ်ခြင်း မရှိတော့ပေ။ ကြာပန်းဓားဝိညာဉ်က ကျော်

ရှောင်ချင်း၏ ခန္ဓာကိုယ်ကို ကြိုးတစ်စအလား ရစ်ပတ်သွား လေသည်။

ကျော်ရှောင်ချင်းမှာ တစ်ကိုယ်လုံး အရိုက်ခံလိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။

ထိုခဏမှာပင် ကျော်ရှောင်ချင်းက သူ၏လက်ထဲမှ အဖြူ ရောင်ဓားကို ကိုင်မြှောက်လိုက်သည်။ အဖြူရောင်ဓားဝိညာဉ်မှ ရောင်စဉ်များ ဖြာထွက်လာလေသည်။ ကျော်ရှောင်ချင်း၏ ခန္ဓာကိုယ်ကို ရစ်ပတ်ထားသည့် ကြာပန်းဓားဝိညာဉ်မှာ မျက်စိ တစ်မှိတ်အတွင်းမှာပင် ထိုဓားရောင်စဉ်များကို ဝါးမြိုပစ်လိုက် လေသည်။

ထိုမြင်ကွင်းကြောင့် ဆရာသခင်ကယ်ယွမ်းပင်လျှင် အလွန်တရာ အံ့သြမင်သက်သွားရလေသည်။

ချိုးရှို၏ လှည့်စားတတ်သည့် ကြာပန်းဓားဝိညာဉ်ကြောင့် အံ့ သြရခြင်းမဟုတ်ပါ။

ကြာပန်းဓားဝိညာဉ်မှာ မပြည့်စုံသေးသည့် ဓားသိုင်းတစ်ခု ဖြစ်ကြောင်း ကယ်ယွမ်းရိပ်မိထားလေသည်။ သို့သော် ပြည့်စုံခြင်းမရှိသေးသည့် ကြာပန်းဓားဝိညာဉ်သည် ယွင်ဆွေအလင်းဓားကို လှပစွာ အနိုင်ယူလိုက်နိုင်သည်က လွန်စွာမှ အံ့ဩစရာကောင်းသည့်အချက် ဖြစ်လေသည်။

ကျော်ရှောင်ချင်း၏ ယွင်ဆွေအလင်းဓားသိုင်းမှာ အဆုံးသတ်တွင်တော့ ဟန်ပြ သက်သက်မျှသာ ဖြစ်သွားရလေသည်။

မုန့်ရွှန်းကျန်းနှင့် ကျန်းဆွေကျယ်တို့နှစ်ယောက်မှာ ထိတ်လန့်သွားရလေသည်။ သူတို့ဂိုဏ်း၏ အဓိကကျင့်စဉ်မှာ ယွင်ဆွေအလင်းဓားသိုင်းဖြစ်လေသည်။ အခြားသော ကျင့်စဉ်အနည်းငယ် ရှိသည့်တိုင် ယွင်ဆွေအလင်းဓားသိုင်းကသာ သူတို့ဂိုဏ်း၏ အဓိက အားထားရာ ဓားသိုင်းပညာ ဖြစ်လေသည်။

ကြာပန်းဓားဝိညာဉ်သည် ချိုးရှီဆီသို့ ပြန်လည်ရောက်ရှိသွားလေသည်။

ကျော်ရှောင်ချင်း၏လက်ထဲမှ အဖြူရောင်ဓားသည် ကြမ်းပြင်ပေါ်သို့ပြုတ်ကျသွားပြီး အရောင်များမှေးမှိန်သွားလေသည်။ ဖုန်များပေကျံသွားသည့် ပုလဲတစ်လုံးကဲ့သို့ပင် ညစ်နွမ်းသွားရလေပြီ။

"ကျုပ်ကို သက်ညှာပေးလို့ ကျေးဇူးပါ"

ချိုးရှီက ပြုံးရင်းပြောလိုက်သည်။

"ဒီဓားသိုင်းပညာကို ဘယ်လိုခေါ်လဲ"

ကျော်ရှောင်ချင်းက နာကျည်းသည့်လေသံဖြင့် မေးလိုက်သည်။

"ဒီဓားသိုင်းက ဂိုဏ်းချုပ်က အခုပဲ တီထွင်ထားတဲ့ဓားသိုင်းပါ၊ နာမည်မသိပါဘူး"

ချိုးရှီက ပြန်ပြောလိုက်လေသည်။

ကျော်ရှောင်ချင်းက ဆန်းလျန်ကို လှမ်းကြည့်လိုက်လေသည်။

ကျော်ရှောင်ချင်းမှာ ညဏ်ရည်ထက်မြက်သူတစ်ယောက်ဖြစ်

လေသည်။ သူက ယွင်ဆွေအလင်းဓားသိုင်းကို ချေဖျက်ရန် အတွက် ထိုဓားသိုင်းကို ဆန်းလျန် တီထွင်ခဲ့ခြင်းဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်လေသည်။

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

"ဒီဓားသိုင်းက ပြည့်စုံတဲ့အဆင့်ရောက်ဖို့ အဝေးကြီးလိုပါသေး တယ်၊ ဒီဓားသိုင်းကိုကျင့်ကြံပြီး နတ်ဘုရားအဖြစ်တက် ရောက်နိုင်တဲ့ အဆင့်ထိတော့ မဖြစ်နိုင်သေးဘူး၊ ဒါပေမယ့် ဒီ ဓားသိုင်းက ယွင်ဆွေအလင်းဓားကို ချေဖျက်တဲ့ဓားသိုင်းပါပဲ" ဟု ပြောလိုက်လေသည်။

ဆန်းလျန်စကားကို ကြားသည့်အခါတွင်တော့ မုန့်ရှင်ကျန်းမှာ သွေးများအန်ထုတ်လိုက်လေသည်။ ထို့နောက် သူက ဒေါသတ ကြီးဖြင့်....

"မင်းက ကျုပ်တို့ကို ဖမ်းထားပြီး ကျုပ်တို့ လျှို့ဝှက်ဓားသိုင်း ပညာကို ခိုးယူတယ်ပေါ့လေ"

ဟုပြောလိုက်လေသည်။

သို့သော် သူတို့၏ ယွင်ဆွေအလင်းဓားသိုင်းပညာကို ဆန်းလျန်မည်သို့ခိုးယူလိုက်ပြီး တန်ပြန်ချေဖျက်သည့်ဓားသိုင်းကို မည်သို့တီထွင်လိုက်ကြောင်း သူမသိခဲ့ပါ။

သူပိုပြီး ထင်မှတ်မထားမိသည်မှာ တန်ပြန်ချေဖျက်သည့် သိုင်းပညာကို တီထွင်နိုင်သည့်အချက်ကိုပင် ဖြစ်လေသည်။

ဆန်းလျန်က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို နားလည်သည့်အတွက်ကြောင့် ထိုသို့တီထွင်နိုင်ခဲ့ခြင်းဖြစ်လေသည်။ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှာ ဒြပ်စင်စွမ်းအားရှစ်ခုပေါ်တွင် အခြေခံသည့် ကျင့်စဉ်ဖြစ်လေသည်။ ထိုကျင့်စဉ်က အခြားသောတာအိုကျင့်စဉ်များ၏ တန်ခိုးစွမ်းအားကို ချင်ချင်းစုပ်ယူနိုင်စွမ်းရှိလေသည်။

ထို့ကြောင့် ဆန်းလျန်က တန်ပြန်သိုင်းပညာများကို တီထွင်နိုင်ခြင်းဖြစ်လေသည်။ သိုင်းပညာတစ်ခု၏ အခြေခံအချက်ကို

နားလည်လိုက်သည်နှင့် ထိုသိုင်းပညာကို တန်ပြန်တိုက်ခိုက်နိုင်သည့်နည်းလမ်းကိုပါ ဆန်းလျန်က ရှာဖွေနိုင်စွမ်းရှိလေသည်။ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ် အမြင့်ဆုံးအဆင့်သို့ရောက်လျှင် လောကတွင် မချေဖျက်နိုင်သည့် သိုင်းပညာ မရှိတော့ သလောက် နည်းပါးသွားမည်ဖြစ်လေသည်။

ကျန်းဆွေကျယ် ရင်ထဲတွင် နားလည်သဘောပေါက်သွားရလေသည်။

ချင်းကျန်းဂိုဏ်းသည် သူတို့၏ အဓိကဓားသိုင်းပညာဖြစ်သည့် ယွင်ဆွေအလင်းဓားသိုင်းကို ပြောင်းလဲလျှင်ပြောင်းလဲ ၊ မပြောင်းလဲနိုင်လျှင်တော့ ချေဖျက်နိုင်သည့်ဓားသိုင်းတစ်ခုအောက်တွင် အမြဲတမ်း နေသွားရတော့မည်ဖြစ်သည် ဆိုသည့် အချက်ပင် ဖြစ်လေသည်။

အခန်း (၂၀၅) အသက်ရှင်မလား ၊ သေမလား

"ဒီတော့... မင်းရှုံးရင် ဘာလုပ်မယ်လို့ ပြောခဲ့သလဲ ၊ လူငယ်လေးကျော်ရှောင်ချင်း"

ဆန်းလျန်က ပြုံးရင်း မေးလိုက်သည်။

ကျော်ရှောင်ချင်း၏ မျက်နှာမှာ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

"ကျွန်တော့်စကားကို ပြန်ရုတ်သိမ်းပါရစေ ၊ ခင်ဗျား ဘယ်လိုအပြစ်ပေးပေး ကျွန်တော်လက်ခံပါ့မယ် ဆန်းတန်ခိုးရှင်"

ကျော်ရှောင်ချင်းက အပြစ်ပေးရန်သာတောင်းဆိုခဲ့သော်လည်း ခွင့်လွှတ်ဖို့ မတောင်းဆိုခဲ့ပေ။ ပထမအနေဖြင့် သူက မတောင်းပန်ချင်သောကြောင့်ဖြစ်သည်။ ဒုတိယအနေဖြင့် ဆန်းလျန်ကဲ့သို့လူမျိုးက တောင်းပန်ရုံဖြင့် ခွင့်လွှတ်မည့်သူ မဟုတ်ပေ။

"ကောင်းပြီလေ ၊ မင်းက စိုကျင့်နဲ့ စိုရှမ်ရဲ့ ခြေတွေ လက်တွေကို ဖြတ်ပစ်ခဲ့တာ ၊ ကျုပ်က သူတို့နှစ်ယောက်ကို ရှန်းစန်းပြဒါးဆေးလုံးနဲ့ ကုသပေးထားခဲ့ရတာ ၊ ဒီတော့ မင်း သူတို့ကိုလုပ်ခဲ့တဲ့အတိုင်း မင်းရဲ့ခြေတွေလက်တွေကို ဖြတ်ပစ်ရမယ်ဆိုရင်ရော ၊ ဒီလိုလုပ်လို့ ကျုပ်တပည့်နှစ်ယောက်စိတ်ဆိုးပြေသွားနိုင်ပေမယ့် အကျိုးတော့ သိပ်မရှိလှဘူး ၊ ဒီတော့ မင်းအနေနဲ့ကျုပ်တို့ဂိုဏ်းမှာ ဓားကျွန်အဖြစ် နှစ်ပေါင်းသုံးရာ အစေခံရမယ်ဆိုရင် လက်ခံမလား"

မုန့်ရှင်ကျန်းမှာ ဒေါသကို ထိန်းထားနိုင်ခြင်း မရှိတော့ပေ။

"မလုပ်ရဘူး"

သူ အော်ဟစ်လိုက်လေသည်။

ဆန်းလျန်မှာ ယွင်ဆွေအလင်းဓားကို ချေဖျက်သည့် ဓားသိုင်းကို တီထွင်ခဲ့ရုံသာမက ချင်းကျန်းဂိုဏ်းကို အမြစ်ပြတ်သုတ်သင်ရန် ကြိုးစားနေပြီ မဟုတ်ပါလား။ ချင်းကျန်းဂိုဏ်း

အတွက် ကျော်ရှောင်ချင်းကဲ့သို့ အရည်အချင်းပြည့်ဝသည့် လူငယ်လေးတစ်ယောက်ကို ရရှိရန်မှာ လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။

မုန့်ရှင်ကျန်းသာ မရှိတော့လျှင် ချင်းကျန်းဂိုဏ်းတွင် ဟိုင်သန်း အဆင့်ကျင့်ကြံသူ ပေါ်ထွက်လာရန်ပင် အခွင့်အရေးနည်းပါး လှလေသည်။ မုန့်ရှင်ကျန်းမှာ ချင်းကျန်းဂိုဏ်း၏ အဓိက ထောက်တိုင်တစ်ခုအဖြစ် ရပ်တည်ပေးထားခြင်း ဖြစ်လေ သည်။

ဟိုင်သန်းအဆင့်တက်ရောက်ရန်မှာ လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပါ။ ချင်းရွှမ်နတ်တံခါးတွင်ပင်လျှင် နှစ်တစ်ရာနေမှ ကိုယ်ပိုင်စွမ်းအားဖြင့် ဟိုင်သန်းအဆင့်အောင်မြင်သူဆို၍ ချန် ကျန့်မေနှင့် ဆန်းလျန် နှစ်ယောက်သာ ပေါ်ထွက်ခဲ့သည်။ ကျော်ရှောင်ချင်းမှာ ဟိုင်သန်းအဆင့် တက်ရောက်နိုင်ရန် အတွက် အလားအလာရှိသူ တစ်ယောက်ဖြစ်လေသည်။ ကျော်

ရှောင်ချင်းသော ချင်းရွှမ်နတ်တံခါးတွင် အစေခံရသည့် ဓား ကျွန်တစ်ယောက် ဖြစ်သွားမည်ဆိုလျှင် ချင်းကျန်းဂိုဏ်း၏ အနာဂတ်မျိုးဆက်အတွက်တော့ မတွေးဝံ့စရာပင် ဖြစ်လေသည်။

ဆန်းလျန်က မုန့်ရှင်ကျန်းကို တစ်ချက် လှမ်းကြည့်လိုက်ရင်း....

"ကျုပ်တို့နောက်မှပြောကြတာပေါ့၊ ဓားဘုရင်မုန့်"

ဆန်းလျန်က ကျော်ရှောင်ချင်းကို စကားဆက်ပြောလိုက်သည်။

"ဆိုရိုးတစ်ခုရှိတယ်၊ "ရန်သူဆိုတာ ပြန်လက်စားမချေနိုင်အောင် အမြစ်ပြတ်သုတ်သင်ရတယ်" တဲ့၊ မင်းသင်ယူခဲ့တဲ့ ဓားသိုင်းက အနှစ်သာရမရှိ၊ အသုံးမဝင်တဲ့ ဓားသိုင်းဆိုပေမယ့် မင်းကတော့ အရည်အချင်းရှိတဲ့ လူငယ်လေးပဲ၊ ဒီတော့ မင်းကို လွယ်လွယ်နဲ့တော့ လွှတ်မပေးနိုင်ဘူး၊ ကျုပ်ပြောတာကို သဘောမတူဘူးဆိုရင်တော့ မင်းကို လူပြန်ဝင်စားလို့

ရအောင် နောက်ဘဝကို ပို့ပေးရမှာပဲ ၊ ဒီဘဝမှာတောင် ယွင်ဆွေအလင်းဓားကို အသက်ငယ်ငယ်နဲ့ ကျင့်ကြံအောင်မြင်ခဲ့တာ လူပြန်ဝင်စားပြီး ပြန်မွေးဖွားလာရင် ဒီထက်ကောင်းတဲ့ ဓားသိုင်းမျိုးကို လေ့ကျင့်နိုင်မှာပဲ"

ကျော်ရှောင်ချင်း၏ ခေါင်းထဲတွင် အတွေးပေါင်းများစွာ ပြေးလွှားသွားလေသည်။ ထို့နောက် ဓားသမားတစ်ယောက်၏ လျှင်မြန်မှုမျိုးဖြင့် ဆုံးဖြတ်ချက်ချလိုက်သည်။

"ကျွန်တော် ချင်းရွှမ်နတ်တံခါးမှာ ဓားကျွန်လုပ်ပါ့မယ် ၊ ဒါပေမယ့် တောင်းဆိုစရာ တစ်ခုတော့ရှိတယ်"

"မင်းအဆင့်နဲ့ ကျုပ်ကို တောင်းဆိုခွင့်မရှိဘူး ၊ မင်းရွေးရမှာနှစ်လမ်းပဲရှိတယ် ၊ အသေခံမလား ၊ အသက်ရှင်ချင်သေးလား ဆိုတာပဲ"

ဆန်းလျန်က ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

သူက ကျော်ရှောင်ချင်း၏ ဓားစွမ်းရည်ကို လေးစားသောကြောင့် ထိုသို့ အခွင့်အရေးပေးနေခြင်းဖြစ်လေသည်။ သူကဲ့သို့ နတ်ဘုရားကျောင်းတော်ကြီးတစ်ခုမှ ဂိုဏ်းချုပ်တစ်ယောက်အနေဖြင့် သေဆိုသေ ၊ ရှင်ဆိုရှင် အမိန့်တစ်ချက်ပေးလိုက်ရုံမျှသာ ရှိလေသည်။

ကျော်ရှောင်ချင်း၏ စကားများမှာ လည်ပင်းမှာတွင်တစ်သွားပြီး ပြောထွက်မလာတော့ပေ။ သူတောင်းဆိုချင်သည့်အချက်မှာ ဆန်းလျန် မည်သည့်ကိစ္စကိုခိုင်းပါစေ သူလုပ်မည်ဖြစ်လေသည်။ သို့သော် ချင်းကျန်းဂိုဏ်းကို ပြန်လည်တိုက်ခိုက်ခိုင်းမည်ဆိုလျှင်တော့ ထိုအလုပ်ကို သူမလုပ်နိုင် ဆိုသည့်အချက်ပင် ဖြစ်လေသည်။

သို့သော် ဆန်းလျန်က သူ့စိတ်ကို သိမြင်နေသည့်အလား တောင်းဆိုခွင့် မပေးခဲ့ပေ။ သူ့မှာ သေလမ်းနှင့် ရှင်လမ်း နှစ်လမ်းသာ ရွေးခွင့်ရှိတော့သည်။

ဆန်းလျန်ခိုင်းသည့် အလုပ်ကို မလုပ်ချင်လျှင် သူ့ဘက်က သေလမ်းကို ရွေးရန်သာရှိတော့သည်။ ဓားကျွန်ဆိုသည်မှာ ခိုင်းသည့်အလုပ်ကို စောဒကတက်ခြင်းမရှိဘဲ လုပ်ရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူက တပည့်တစ်ယောက်မဟုတ်ဘဲ အစေခံတစ်ယောက် ဖြစ်သောကြောင့်ပင်။

"ကျွန်တော် သဘောတူပါတယ်၊ ဒါပေမယ့် ကျွန်တော်က ခင်ဗျားကို သစ္စာဖောက်မှာ မကြောက်ဘူးလား"

ကျော်ရှောင်ချင်းက မေးလိုက်သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းက ဓားကျွန်အဖြစ် ကျင့်ကြံသူစိတ်ထားနဲ့ သစ္စာဆိုရမှာပဲ၊ မင်းသာ ကျုပ်ကို သစ္စာဖောက်မယ်ဆိုရင် ဘဝဆက်တိုင်းမှာ ဘယ်တော့မှ ကျင့်စဉ်လမ်းအောင်မြင်ပြီး တရားရမှာ မဟုတ်တော့ဘူး"

ကျင့်ကြံသူစိတ်ထားဖြင့် သစ္စာဆိုရမည်ဆိုသည်မှာ အလွန်ပြင်းထန်သည့် ကျိန်စာပင် ဖြစ်လေသည်။ သစ္စာပျက်သည့် ကျင့်ကြံသူသည် ကျင့်စဉ်လမ်းတွင် အကြီးအကျယ် ထိခိုက်လိမ့်မည် ဖြစ်လေသည်။ သစ္စာမပျက်ဘဲ အဆုံးတိုင်အောင် သစ္စာတည်မည်ဆိုပါက သစ္စာတည်ခြင်းအတွက် အကျိုးအမြတ်များစွာကို ခံစားရမည် ဖြစ်လေသည်။

"သစ္စာဆိုတယ်ဆိုတဲ့အချက်လောက်နဲ့ ကျုပ်ကို ထိန်းချုပ်ထားနိုင်မှာမဟုတ်ဘူး"

ကျော်ရှောင်ချင်းက အေးစက်စွာ ပြောလိုက်လေသည်။

"မင်း ဓားသိုင်းပညာကို သိပ်မြတ်နိုးတယ် မဟုတ်လား"

ဆန်းလျန်က မေးလိုက်သည်။

"ဟုတ်ပါတယ်"

"မင်းသစ္စဖောက်ရင် ဓားသိုင်းကျင့်နိုင်ပါဦးမလား ၊ ဒါဆို မင်း ဘာအသုံးကျဦးမှာလဲ”

ဆန်းလျန်၏ စကားများက ကျော်ရှောင်ချင်းရင်ထဲသို့ စူးနစ်ဝင်ရောက်သွားလေသည်။

ဆန်းလျန်မှာ ကျော်ရှောင်ချင်းကို ဓားကျွန်အဖြစ်ခေါ်ထားရခြင်းမှာ အကြောင်းရှိလေသည်။ ကျော်ရှောင်ချင်းကဲ့သို့ ဓားသိုင်းပညာ ပါရမီပါသူမှာ ရှားပါးသူဖြစ်လေသည်။ ထို့ပြင် ဂိုဏ်းချုပ်တစ်ယောက်အနေဖြင့်ဘာအရာရာတိုင်းကို ကိုယ်တိုင်လိုက်မလုပ်နိုင်ပေ။ ကျင်းချင်းတစ်ယောက်တည်းကလည်း အရာရာကို လိုက်လုပ်ပေးနေ၍ မတတ်နိုင်ပေ။ ထို့ကြောင့် သူ့အတွက် လူတစ်ယောက် လိုအပ်လေသည်။

ကျော်ရှောင်ချင်းမှာ ရုပ်ဝှအဆင့်သို့ ရောက်နေပြီဖြစ်သည့် ကျင့်ကြံသူ တစ်ယောက်ဖြစ်လေသည်။ ကံကောင်းမည်ဆိုလျှင် ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် ခြောက်ဆင့် ခုနစ်နစ်ဆင့် ဖြင့် တက်ရောက်နိုင်မည်ဖြစ်လေသည်။ ထိုအခါ သူ့အတွက် ပိုပြီး အသုံးဝင်လာနိုင်လေသည်။

ကျော်ရှောင်ချင်းက တိတ်ဆိတ်ငြိမ်သက်နေသလို ဆန်းလျန်က လည်း စကားဆက်လက်ပြောဆိုခြင်း မရှိပါ။

အခြေအနေက ရက်စက်လွန်းလှလေသည်။

ကျန်းဆွေကျယ်က ဓားကျွန်အဖြစ် သစ္စာဆိုလိုက်ပါဟု တိုက်တွန်းသည့် အကြည့်ဖြင့် ကျော်ရှောင်ချင်းကို လှမ်းကြည့် လိုက်သည်။ သို့သော် မုန့်ရှင်ကျန်း၏ အကြည့်ကတော့ မလုပ် နဲ့ ဟု တားဆီးသည့် အကြည့်မျိုးဖြစ်လေသည်။

အခြေအနေအနည်းငယ် တည်ငြိမ်သွားမှ ဆန်းလျန်က မုန့်ရှင် ကျန်းကို မေးလိုက်သည်။

"ဓားဘုရင်မုန့်၊ ကျုပ်တို့ချင်းရွှမ်နတ်တံခါးက ခင်ဗျားတို့ကို စ ပြီး စော်ကားခဲ့ဖူးတာများ ရှိခဲ့ဖူးသလား"

မုန့်ရှင်ကျန်းက မဖြေသည့်အတွက် ဆန်းလျန် ရယ်မောလိုက် လေသည်။

သို့သော် ... မုန့်ရှင်ကျန်းက ဆန်းလျန်၏ အမေးကို မဖြေဘဲ စကားလွှဲလိုက်လေသည်။

"တန်ခိုးရှင်က တကယ်အစွမ်းထက်သူပါ၊ ကျုပ်လေးစားမိပါတယ်"

ထိုသို့ပြောလိုက်သည့်တိုင် "လေးစားသည်" ဆိုသည့်စကားမှာ ရင်ထဲမှပါသည့် စကားမဟုတ်ပေ။

ဆန်းလျန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း....

"ကျုပ်ကို တာအိုဆရာဟွမ်ကျန်းလိုလူမျိုးလို့ ခင်ဗျားက ထင်နေလား၊ ခင်ဗျားကို တစ်ခါအနိုင်ယူ၊ နှစ်ခါအနိုင်ယူပြီး သုံးခါမြောက်မှာ အချိုလေးသပ်ပြီး မိတ်ဆွေဖြစ်လာမယ်များ ထင်နေသလား"

"မင်းက မင်းစိတ်နဲ့ နှိုင်းနေတာပဲ ဆန်းတန်ခိုးရှင်"

မုန့်ရှင်ကျန်းက ရွှံ့လျာစွာဖြင့်ပြောလိုက်သည်။

ဆန်းလျန်က....

"ဒါဖြင့် ခင်ဗျားဘက်က စကားတစ်ခုခု ပြောကြည့်ပါဦး"

ဟု ပြောလိုက်လေသည်။

သို့သော် မုန့်ရှင်ကျန်းက ဆန်းလျန်၏ စကားကို နားလည်ပုံမရပါ။ သူက တစ်ယောက်တည်း သီးသန့်နေတတ်သည့် ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး လူမှုရေးကို သိပ်နားမလည်ပေ။

ကျန်းဆွေကျယ်ကတော့ ပိုပြီး လူမှုရေးနားလည်လေသည်။

ကျန်းဆွေကျယ်က ဆန်းလျန်ကို လက်နှစ်ဖက်စုပ်ကာ

အရိုအသေပေးလိုက်ရင်း....

“ဆန်းတန်ခိုးရှင်၊ ကျုပ်တို့ဂိုဏ်းက တောင်းဆိုမှုလေးတစ်ခု

လုပ်ချင်ပါတယ်၊ ကျုပ်တို့ ချင်းကျန်းဂိုဏ်းက ဟိုးအရင်

ကတည်းက ချင်းရွှမ်နတ်တံခါးကို လေးစားခဲ့တာပါ၊ အခု

လည်း ချင်းရွှမ်နတ်တံခါးနဲ့ပူးပေါင်းပြီး ချင်းရွှမ်နတ်တံခါးရဲ့

အမိန့်ကိုနာခံပါ့မယ်”

ကျန်းဆွေကျယ်၏ အပြုအမူကြောင့် မုန့်ရှင်ကျန်းမှာ ဒေါသ

ထွက်သွားလေသည်။

“ဆရာကျန်း ၊ မင်းလုပ်ရဲသလား”

ကျန်းဆွေကျယ်မှာ မုန့်ရှင်ကျန်းဒေါသထွက်နေသည်ကို သိ

လေသည်။ ထို့ကြောင့် သူက စိတ်စွမ်းအင်အသုံးပြုကာ ရှင်းပြ

လိုက်ရသည်။

ဆန်းလျန်က ချင်းကျန်းဂိုဏ်း၏ ဓားသိုင်းပညာကို လုံးဝ

ထိန်းချုပ်ထားလိုက်ပြီဖြစ်လေသည်။ ထိုသတင်းသာပျံ့နှံ့သွား

ပါက နန်ကျန်းမြို့တွင် သူတို့ဂိုဏ်းမှာ ရပ်တည်နိုင်မည် မဟုတ်

တော့ပေ။

သူတို့ဂိုဏ်းကို တိုက်ခိုက်ရန် ချောင်းမြောင်းနေကြသည့် ရန်သူ

များကလည်း များစွာရှိလေသည်။

သူတို့အနေဖြင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို အားကိုး၍မရ

ပေ။ ချင်းရှမ်နတ်တံခါးကို စမ်းသပ်သည့်ကိစ္စကိုပင် ကွမ်းချင်း

နတ်ဘုရားဂိုဏ်းက သူတို့ထံမှ တပည့်တစ်ယောက်လွှတ်ပြီး

စေခိုင်းခြင်းမရှိဘဲ ချင်းကျန်းဂိုဏ်းကို အသုံးချခဲ့လေသည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် သူတို့၏တပည့်များကိုတော့

လွန်စွာတန်ဖိုးထားပြီး အခြားသောဂိုဏ်းမှ တပည့်များကိုတော့

သေသေရှင်ရှင် ဂရုစိုက်မည်မဟုတ်ပေ။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် အခြားသူများကိုအသုံးပြု

သည့်နေရာတွင်တော်လွန်းသည့်အတိုင်း အခြားသူများ

ဒုက္ခရောက်လျှင်တော့ ကူညီမည်မဟုတ်ပေ။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် နတ်ဘုရားငါးပါးပေါ်ထွက်

သည်မှာ လေးစားစရာကောင်းလှပါသည်။ ထို့ကြောင့်လည်း

မည်သို့ပင် အခြားသူများကို အသုံးချနေပါစေ မည်သူမျှ

အပြစ်ဆိုရဲကြမည် မဟုတ်ပေ။

မုန့်ရွှင်ကျန်းမှာ ဒေါသဖုံးလွှမ်းနေသည့်အတွက် ထိုအချက်များ

ကို မြင်ခဲ့ခြင်းမရှိပေ။ ယခုတော့ အခြေအနေမှန်ကို သုံးသပ်နိုင်

သွားပြီဖြစ်လေသည်။ ဆန်းလျန်သည် သူတို့အားနည်းချက်များအားလုံးကို ချုပ်ကိုင်ထားပြီး ဖြစ်လေသည်။ ချင်းကျန်းဂိုဏ်းအနေဖြင့် ချင်းရှမ်နတ်တံခါးကို သစ္စာခံလျှင်ခံ ၊ မခံလျှင်အမြစ်ပြုတ်သုတ်သင်ခြင်းခံရရန်သာ ရှိတော့သည်။

မုန့်ရှင်ကျန်းမှာ ဆန်းလျန်သည် အချိန်တိုတိုလေးအတွင်းမှာ ပင် ယွင်ဆွေအလင်းဓားကို ချေဖျက်နိုင်မည့် ဓားသိုင်းကို တီထွင်နိုင်လိမ့်မည်ဟု ထင်မထားခဲ့မိပေ။

မုန့်ရှင်ကျန်းမှာ ထိပ်တန်းဓားသိုင်းတစ်ခုဖြစ်သည့် နဂါးငွေ့တန်းဓားကျမ်းကို ရရှိထားသည့်တိုင် ထိုသိုင်းကျမ်းထဲတွင် အရေးကြီးသည့်အချက်တစ်ခုက ပျောက်နေခဲ့လေသည်။ မဟုတ်လျှင် ဟွမ်ကျန်းကလည်း နဂါးငွေ့တန်းဓားကျမ်းကို သူ့ကို လွယ်လွယ်နှင့် ပေးလိမ့်မည်မဟုတ်ပေ။

ပျောက်နေသည့်အချက်မှာ အဓိကအချက်ဖြစ်သည့် နဂါးငွေ့ဓားသိုင်း၏ အဓိကဓမ္မအစိပ္ပါယ်ပင်ဖြစ်လေသည်။ သူ့

အနေဖြင့် ထိုဓားသိုင်း၏လိုနေသည့်အပိုင်းကို ရှာဖွေရန်လည်း မဖြစ်နိုင်ပေ။ သူက ကျင့်စဉ်လမ်းအဆင့်တက်နိုင်ရန်အတွက်သာ ထိုဓားသိုင်း၏အချို့အစိတ်အပိုင်းများကို အသုံးပြု၍ ရကောင်းရနိုင်လေသည်။

ထို့ကြောင့် ချင်းကျန်းဂိုဏ်း၏ အဓိကကျင့်စဉ်ကို နဂါးငွေ့တန်းဓားသိုင်းဖြင့် အစားထိုး၍မဖြစ်နိုင်ပေ။ ချင်းကျန်းဂိုဏ်း၏ အဓိကကျင့်စဉ်မှာ ယွင်ဆွေအလင်းဓားပင်ဖြစ်နေမည်ဖြစ်လေသည်။ ယခုတော့ သူတို့ဂိုဏ်း၏အဓိကကျင့်စဉ်ကို ချေဖျက်သည့်ဓားသိုင်းကို ဆန်းလျန်က တီထွင်ခဲ့ပြီဖြစ်လေသည်။

ဆန်းလျန်က မည်သည့်စကားမှမဆိုဘဲ မုန့်ရှင်ကျန်းထံမှ ထွက်လာမည့် စကားသံကိုစောင့်နေလေသည်။

အမှန်တော့ ဆန်းလျန်၏အစီအစဉ်မှာ ချင်းကျန်းဂိုဏ်းအတွက်လည်း ပိုပြီးအဆင်ပြေနိုင်မည့် နည်းလမ်းဖြစ်လေသည်။ ဆန်း

လျှန်၏အစီအစဉ်ကို ငြင်းပယ်မည်ဆိုလျှင် ဦးနှောက်မရှိသည့် အရူးတစ်ယောက်သာ ဖြစ်ရပေလိမ့်မည်။

အခန်း (၂၀၆) အလျှော့ပေးခြင်း

မုန့်ရှင်ကျန်းမှာ ကျင့်စဉ်လမ်းတွင် အဆင့်မြင့်သည့်တိုင် ကျိုးကြောင်းဆင်ခြင်တတ်သူ မဟုတ်ပေ။ ထို့ပြင် ဖော့ဝမ့်အဆင့်သို့လည်းတက်လှမ်းနေသည့်အတွက် သူ့စိတ်များက မတည်မငြိမ်ဖြစ်နေရလေသည်။ သူက စိတ်အေးအေးဖြင့်တွေးကြည့်လိုက်သည့် အခါတွင်တော့ အရာရာကို သဘောပေါက်သွားရပြီဖြစ်သည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ပြည့်စုံခြင်းမရှိသည့်

နဂါးငွေ့တန်းဓားသိုင်းကိုပေးကာ သူ့ကိုအသုံးချလိုက်ခြင်းဖြစ်လေသည်။

ယခုတော့ မုန့်ရှင်ကျန်းသည် ဆန်းလျန်ကိုသာမက ဟွမ်ကျန်းကိုပါ မုန်းတီးနေပြီဖြစ်လေသည်။

ထိုန္ဒားသူတောင်းစားသော နဂါးငွေ့တန်းဓားသိုင်းပြပြီး သူ့အတွေးများကို ရှုတ်ထွေးအောင်မလုပ်လျှင် သူ့ဘဝနှင့်သူဂုဏ်ယူစွာဖြင့်ရပ်တည်နေနိုင်မည်ဖြစ်လေသည်။ ယခုကဲ့သို့ ချင်းရွှမ်နတ်တံခါးဖြင့် ပတ်သက်မိပြီး ပြဿနာပေါင်းများစွာကြုံတွေ့ရမည် မဟုတ်ပေ။

ယခုတော့ အများအမုန်မဝေခွဲနိုင်ဘဲ ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်ခဲ့ပြီ။ ထို့ပြင် ဟွမ်ကျန်းအနေဖြင့် မိတ်ဆွေကောင်းတစ်ယောက်၏ သဘောထားဖြင့် သူ့ကိုယ်ကယ်တင်ချင်လျှင်ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ လူများစေလွှတ်ပြီး သူ့ကိုချင်းရွှမ်နတ်တံခါးမှ ကယ်တင်၍ရလေသည်။

သို့သော် ကွမ်းချင်းနတ်ဘုရားဂိုဏ်းက သူ့ကို အရေးပင်မလုပ်ခဲ့ပါ။ ချင်းရွှမ်နတ်တံခါးက သူ့ကိုသတ်မည်ဆိုလျှင်လည်း ကြည့်နေမည်သာ ဖြစ်လေသည်။ သို့သော် ချင်းကျန်းဂိုဏ်းနှင့် ချင်းရွှမ်နတ်တံခါးမှာတော့ အကြီးအကျယ်မငြိမ်းဖွယ် ပြဿနာများတက်ခဲ့ရပြီ ဖြစ်သည်။

ချင်းကျန်းဂိုဏ်းမှာ သေးငယ်သည့်ဂိုဏ်းလေးတစ်ခုမျှသာဖြစ်သည့်အတွက် ချင်းရွှမ်နတ်တံခါးက အမြစ်ပြတ်သုတ်သင်ကာ လက်စားချေမည်ဆိုလျှင် မည်သို့မျှ တတ်နိုင်မည်မဟုတ်ပေ။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းကလည်း ဂိုဏ်းငယ်လေးတစ်ဂိုဏ်းကို အရေးအရာလုပ်ပြီး ကူညီမည်မဟုတ်ပေ။ ချင်းရွှမ်နတ်တံခါးက ချင်းကျန်းဂိုဏ်းကို သုတ်သင်ပစ်မည်ဆိုလျှင်လည်း ဂိုဏ်းငယ်လေးတစ်ဂိုဏ်းကို အနိုင်ကျင့်သည်ဟုဆိုကာ နာမည်ပျက်ရမည်ဖြစ်လေသည်။ နောက်ဆုံးတော့ ထိခိုက်မည့်သူများမှာ ချင်းကျန်းဂိုဏ်းနှင့် ချင်းရွှမ်နတ်တံခါးသာဖြစ်ပြီး ကွမ်း

ချင်းနတ်ဘုရားဂိုဏ်းက ကြားထဲမှအကျိုးအမြတ်ရသွားမည်

ဖြစ်လေသည်။

အတွေးများရှင်းလင်းသွားသည်နှင့် ဟွမ်ကျန်းမှာ မည်မျှ

ကောက်ကျစ်သူဖြစ်ကြောင်း မုန့်ရှင်ကျန်းသိသွားရလေပြီ။

အိုး မုန့်ရှင်ကျန်းရယ်...

မင်းဟာ ဘယ်လောက်တောင် တုံးလိုက်သလဲ။

ဒီနွားသူတောင်းစားကိုမှ မိတ်ဆွေကောင်းဟု ထင်မိခဲ့လေခြင်း။

ဆန်းလျန်မှာ မုန့်ရှင်ကျန်း၏ စိတ်ကို ထုန်းထျန်းတန်ခိုး

စွမ်းအားဖြင့် ထိုးဖောက်ကြည့်နေလေသည်။ ထို့ကြောင့်

သူ၏အတွေးများကို သိနေရသည်။ ယွင်ဆွေအလင်း

ဓား၏အခြေခံသဘောတရားကိုလည်း သူက ထုန်းထျန်း

တန်ခိုးစွမ်းအားဖြင့် ကြည့်ခဲ့ခြင်းဖြစ်လေသည်။

ပထမအနေဖြင့် ဆန်းလျန်က မုန့်ရှင်ကျန်း၏ တန်ခိုးစွမ်းအား

များကို နတ်ဒေဝါလက်သည်းဖြင့် ချိတ်ပိတ်ထားလိုက်သည်။

ပြီးမှ အမှန်တရားကိုနားလည်ရန်အတွက် လှည့်စားမှုလေး အနည်းငယ် သုံးလိုက်ခြင်းဖြစ်လေသည်။

ဤသည်မှာ ယန်ရှီး၏ "ပကတိဖန်ဆင်းခြင်း" ပညာကဲ့သို့ပင် ဖြစ်လေသည်။ မမျှော်လင့်နိုင်သည့်အလှည့်အပြောင်းများဖြင့် လူတစ်ယောက်၏ စိတ်ဝိညာဉ်ကို မသိမသာ ချိုးဖျက်ပြီး အခြားသူများ၏ တန်ခိုးစွမ်းအားကို လုယူခြင်းဖြစ်လေသည်။ ထိုနည်းလမ်းဖြင့် အခြားသူများကို မိမိစိတ်တိုင်းကျ ထိန်းချုပ်နိုင်မည်ဖြစ်လေသည်။

မုန့်ရှင်ကျန်းသက်ပြင်းချလိုက်ရင်း...

"ကျုပ်တို့ ချင်းကျန်းဂိုဏ်းက ချင်းရွှမ်နတ်တံခါးရဲ့အမိန့်ကို နာခံပါ့မယ်"

ဟု ပြောလိုက်လေတော့သည်။

အမှန်တော့ ချင်းကျန်းဂိုဏ်း၏ ဂိုဏ်းချုပ်မှာ ဘဝအဆုံးသတ်ချိန်နီးနေပြီဖြစ်လေသည်။ ကျန်းဆွေကျယ်မှာ အသစ်တက်မည့်ဂိုဏ်းချုပ်ဖြစ်လာနိုင်ချေရှိလေသည်။

သူဂိုဏ်းချုပ်ဖြစ်လာသည့်အချိန်တွင် သူပြောခဲ့သည့် စကားကိုပြန်လည် ရုတ်သိမ်းရန် မဖြစ်နိုင်တော့ပေ။

ကျန်းဆွေကျယ်မှာ စိတ်သက်သာရာရသွားသည့်တိုင် စိတ်မကောင်းလည်း ဖြစ်နေမိလေသည်။ သူတို့ ချင်းကျန်းဂိုဏ်းတွင်သာ နတ်ဘုရားတစ်ပါးရှိနေခဲ့လျှင် ယခုကဲ့သို့ ဖြစ်ရပ်မျိုးကြုံတွေ့ရမည်မဟုတ်ပေ။

....

ထိုက်ချန်းတောင်မှာ လွန်စွာမှ မြင့်မားသည့် တောင်တစ်ခုဖြစ်လေသည်။ မိုင်ထောင်ပေါင်းများစွာမြင့်မားပြီး မည်သူမျှတောင်အမြင့်ကို မခန့်မှန်းနိုင်ပေ။ ထိုက်ချန်းတောင်ကြီးကိုဝန်းရံထားသည့် အရံတောင်များမှာ များစွာရှိလေသည်။ ထိုက်ချန်းတောင်မှာ အရံတောင်များအလယ်တွင် လွန်စွာမှ ခမ်းနား

လှသည့် တောင်ကြီးတစ်တောင်ဖြစ်လေသည်။ လပြည့်ဝန်းကို ဝန်းရံထားသည့် ကြယ်စင်များအလားပင်ဖြစ်လေသည်။ ထိုက်ချန်းတောင်ပေါ်တွင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းတည်ရှိလေသည်။

လူတိုင်းက ကွမ်းချင်းနတ်ဘုရားဂိုဏ်းသို့ဝင်ရောက်သည့် တောင်တံခါးကို သိရှိကြလေသည်။ သို့သော် ထိုတံခါးကို ရေစက်ရှိသူများသာ ဖြတ်ကျော်နိုင်လေသည်။

တာအိုဆရာပွမ်ကျန်းသည် နင်ချွေ့ချောက်ကမ်းပါးထိပ်တွင် ရပ်နေလေသည်။ သူ၏ဝတ်ရုံမှာလေထဲတွင် လွင့်ပျံနေလေသည်။ သူ့ထံမှ အဆုံးမရှိသည့် နတ်ဘုရားစွမ်းအားများ ထွက်ပေါ်နေလေသည်။ ကွမ်းချင်းဂိုဏ်း၏ဂိုဏ်းချုပ်မှာ သူ၏ဆရာရင်းဖြစ်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ နတ်ဘုရားငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် "ယွိမင်နတ်ဘုရား" ဖြစ်လေသည်။

ဟွမ်ကျန်းမှာ ယွိမင်နတ်ဘုရား၏ တပည့်ရင်းဖြစ်သည့်အတွက် ကွမ်းချင်းဂိုဏ်းတွင် ဂိုဏ်းချုပ်နေရာကို ဆက်ခံရမည့်သူတစ်ယောက်ဖြစ်လေသည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် နတ်ဘုရားငါးပါးပြီးလျှင် ဟွမ်ကျန်းက တန်ခိုးစွမ်းအား အမြင့်မားဆုံးဖြစ်လေသည်။

ရုတ်တရက်...

ဟွမ်ကျန်း၏နောက်တွင် မိန်းမလှလေးတစ်ယောက်ပေါ်လာလေသည်။

"ဟွမ်ကျန်းအရှင်၊ ဘာတွေကြည့်နေတာလဲ"

ဟွမ်ကျန်းက နောက်သို့လှည့်ကြည့်လိုက်သည်။

သူနောက်သို့လှည့်လိုက်သည်မှာ နင်ချွေ့ကမ်းပါးကြီးတစ်ခုလုံးနောက်သို့လည်ထွက်သွားသည့်အလားပင် ခံစားလိုက်ရလေသည်။ ထိုသို့ဖြစ်ရသည်မှာ စြက်ာဝဌာနှင့် လူသား ဟန်ချက်ညီ

ခြင်းကြောင့် ဖြစ်ပေါ်လာသည့် တန်ခိုးစွမ်းအားဖြစ်ကြောင်းကို ကျင့်ကြံသူတိုင်းနားလည်ကြလေသည်။

ထို့ကြောင့် မိန်းမလှလေးမှာ ဟွမ်ကျန်းအပေါ်တွင် ပိုပြီး လေးစားသွားမိလေသည်။ ဟွမ်ကျန်းမှာ နတ်ဘုရားတစ်ပါး ဖြစ်လာရန် လက်တစ်ကမ်းသာလိုတော့သည်။ သိပ်မကြာမီပင် ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ ဆဌမမြောက်နတ်ဘုရား ဖြစ်လာတော့မည့်သူဖြစ်လေသည်။

အမှန်တော့ ဟွမ်ကျန်းမှာ ဖော့ဝမ့်အဆင့်သို့ တက်ရောက်နိုင် တော့မည်ဖြစ်လေသည်။ သို့သော် သူက ကွမ်းချင်းနတ်ဘုရား ဂိုဏ်းတိုးတက်ရန်အတွက် အရေးကိစ္စများကို လိုက်ပါ ဆောင်ရွက်နေရသည့်အတွက် ကျင့်စဉ်လမ်းအဆင့်တက်ရန် မ ကြိုးစားနိုင်သေးပေ။

နတ်ဘုရားဂိုဏ်းတစ်ခုတွင် နတ်ဘုရားငါးပါးပေါ်ထွက်သည်မှာ ပန်းများဝေဆာနေသည့် ပန်းဥယျာဉ်နှင့် အလားသဏ္ဍာန်တူလေ

သည်။ နတ်ဘုရားခြောက်ပါး ပေါ်ထွက်လာမည်ဆိုလျှင် မိုးကောင်းကင်၏ မနာလိုမှုကိုပင် ခံရနိုင်လေသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် အင်အားအလွန်ကြီးမားနေသည့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာ အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုနေရာကို ရယူလိုခြင်းမှာ မဆန်းလှပေ။ အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုနေရာတွင် ဝင်ရောက်နေရာယူနိုင်မည်ဆိုလျှင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာ ဒုတိယနဂါးငွေ့တန်းနတ်ဘုရားဂိုဏ်းအလား ဖြစ်လာမည်ဖြစ်လေသည်။ နဂါးငွေ့တန်းနတ်ဘုရားဂိုဏ်းဆိုသည်မှာ အလွန်ဂုဏ်သတင်းထွန်းလင်းသည့် နတ်ဘုရားဂိုဏ်းကြီးတစ်ခုဖြစ်လေသည်။ သို့သော် နောက်ဆုံးတွင်တော့ ဆက်ခံသူမရှိတော့ဘဲ ပျောက်ကွယ်သွားခဲ့ရလေသည်။

"ချင်းယင်း ၊ ချင်းကျန်းဂိုဏ်းက ချင်းရွှမ်နတ်တံခါးကို သစ္စာခံလိုက်ပြီလား"

ဟွမ်ကျန်းက ရုတ်တရက်မေးလိုက်လေသည်။

“ဟွမ်ကျန်းအရှင် ဘယ်လိုသိတာလဲ ၊ ကျွန်မက အခုမှ အရှင့်ကို ဒီအကြောင်းလာပြောတာပါ”

ချင်းယင်းက တအံ့တဩဖြင့် ပြောလိုက်လေသည်။

ဟွမ်ကျန်းသည် ချင်းယင်း၏ဆံနွယ်လေးများကို ငေးကြည့်နေလေသည်။ သူမ၏ ပိတုန်းရောင်ကေသာများမှာ ဖြောင့်စင်းလှပလွန်းလေသည်။ ဤမိန်းကလေးသည် သူ၏ကျင့်စဉ်လမ်းကို များစွာအကူအညီပေးခဲ့သူဖြစ်သည့်အပြင် သူ၏ဂုဏ်သတင်းကျော်ကြားရန်အတွက်လည်း နောက်ကွယ်မှ ပံ့ပိုးပေးခဲ့သူ ဖြစ်လေသည်။ "လော်" ဝါဒကို အစိတ်စိတ်အမွှာမွှာကွဲပြားသွားစေရန် နောက်ကွယ်မှ ကြိုးကိုင်ပြီး စွမ်းဆောင်ခဲ့သည့် မိန်းကလေးမှာ ချင်းယင်းပင်ဖြစ်လေသည်။

ဟွမ်ကျန်းက ပြုံးလိုက်ရင်း…

“လူတစ်ယောက်ရဲ့အတွေးအကြံတွေကို မိုးမြေက သိမြင်နိုင်တယ်လေ ၊ မိုးမြေကို နားလည်အောင် ကြည့်နိုင်ရန် အကြောင်းအရာအတော်များများကို မင်းသိမြင်လာလိမ့်မယ် ၊ ဆန်းလျန်ဟာ သိပ်တော်တဲ့ ရန်သူတစ်ယောက်ပဲ ၊ သူ့ကို အရင်တုန်းက မသတ်ခဲ့မိတာ နောင်တရမိတယ်”

နောင်တရသည်ဆိုရာဝယ် ထိုခံစားချက်က သူ၏ကြည်လင်သည့်စိတ်ကို ညစ်နွမ်းအောင် မစွမ်းဆောင်နိုင်ပါ။ ဖော့ဝမ့်အဆင့်သို့တက်ရောက်တော့မည့်အချိန်တွင် ဟွမ်ကျန်းကဲ့သို့ စိတ်ကြည်လင်နေသည့်ကျင့်ကြံသူမှာ လွန်စွာမှ ရှားပါးသူဖြစ်လေသည်။ လောကတွင် ဖော့ဝမ့်အဆင့် ကျင့်ကြံသူအများစုသည် စိတ်များရှုတ်ထွေးကုန်တတ် ကြလေသည်။ ထို့ကြောင့် လောကီကိစ္စများတွင် သိပ်ပြီးပါဝင်ပတ်သက်ခြင်းမရှိကြတော့ပေ။ စိတ်ကြည်လင်ရန် လိုအပ်နေသည့်အချိန်တွင် လောကီရေးရာများက ရှုတ်ထွေးစေသောကြောင့် ဖြစ်လေ

သည်။ များသောအားဖြင့် တစ်ကိုယ်တည်းနေကာ ကျင့်စဉ်ကျင့်ကြံနေကြသည်က များလေသည်။

ကြီးမားသည့်အကြောင်းကိစ္စမရှိဘဲ လူအများရှိရာသို့ လာရောက်ခြင်းလည်း မပြုလုပ်ကြတော့ပေ။

ချင်းယင်းက နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ရင်း...

"နောက်ထပ်ဘာများလုပ်ဖို့ ညွှန်ကြားလိုပါသလဲ ဟွမ်ကျန်းအရှင်"

ထိုခဏလေးအတွင်းမှာပင် ဓားဝိညာဉ်တစ်ခုက ပျံသန်းဝင်ရောက်လာပြီး ဇာမဏီငှက်ကဲ့သို့ အော်မြည်ကာ ကောင်းကင်ကိုထိုးခွဲလိုက်လေသည်။ ထို့နောက် ထိုဓားဝိညာဉ်သည် ဟွမ်ကျန်းလက်တွင်းသို့ ဆင်းသက်လာလေသည်။ ငွေရောင်ဓားလေးတစ်လက်ဖြစ်ပြီး ထိုဓားနှင့်အတူ စာလေးတစ်စောင်ကိုချည်နှောင်ထားလေသည်။

ဟွမ်ကျန်းက စာလေးကို ဖွင့်ဖတ်လိုက်လေသည်။ လျို့ဝှက်တာအိုစာဖြင့်ရေးထားသည့်စာလေးတစ်စောင်ဖြစ်လေသည်။ စာဖတ်ပြီးသည်နှင့် ဟွမ်ကျန်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"လူသာတကယ်တော်ရင် မိုးကောင်းကင်ရဲ့အကြံအစည်တောင် ပြောင်းလဲနိုင်တယ်ဆိုတာ တကယ်မှန်တာပဲ"

ဟု ပြောလိုက်လေသည်။

ချင်းယင်းက အံ့အားသင့်သွားပြီး...

"ဘာများဖြစ်လို့လဲ ဟွမ်ကျန်းအရှင်"

ဟွမ်ကျန်းအရှင် မျက်နှာပျက်သည်ဆိုသည်မှာ ရှားပါးသည့်ကိစ္စဖြစ်လေသည်။

ဟွမ်ကျန်းအရှင်မှာ ဟွေ့ခဲ့ဆရာတော်ကဲ့သို့ တန်ခိုးစွမ်းအားကြီးမားသူကိုပင် မိတ်ဆွေဖွဲ့ထားနိုင်ပြီး ပေါင်ယွဲ့ဆရာတော်ကြီးကိုယ်တိုင် ကျင်းကွမ်းဝတ်ကျောင်းတော်သို့လာရောက်ရန်

ဖိတ်ကြားခြင်းခံရသူဖြစ်လေသည်။ အခြားအကြောင်းအရာများစွာရှိသည့်တိုင် ဟွမ်ကျန်းမှာ အမှန်တကယ်တော်သည့်သူတစ်ယောက်ဖြစ်သည်ကို ငြင်း၍မရနိုင်ပေ။

ထိုကဲ့သို့သော တည်ငြိမ်သည့်ဟွမ်ကျန်း မျက်နှာပျက်သည်ဆိုခြင်းမှာ အလွန်အံ့သြတုန်လှုပ်စရာ ကိစ္စတစ်ခုကြောင့်သာ ဖြစ်ပေလိမ့်မည်။

"ယင်းစန်းတောင်မှာ ကျုပ်တို့ဂိုဏ်းကပိုင်တဲ့ ဝိညာဉ်လိုဏ်ဂူငါးခုရှိတယ်မလား ၊ ခုတလော အသူရာချောက်က နတ်ဆိုးစစ်သည်တော်တွေ အကြောင်းမရှိဘဲ ထွက်လာကြတယ်တဲ့ ၊ ကျုပ်တို့ရဲ့ ဝိညာဉ်လိုဏ်ဂူတစ်ခုကို ဖျက်စီးလိုက်ရုံတင်မကဘူး အဲဒီက တပည့်တွေကိုလည်း သတ်ပစ်လိုက်တယ်တဲ့"

ဟွမ်ကျန်းက ပြောလိုက်လေသည်။

ဝိညာဉ်လိုဏ်ဂူဆိုသည်မှာ မိုးနှင့်မြေမှ ဝိညာဉ်စွမ်းအားများစုစည်းထားသည့် ဂူကိုခေါ်ခြင်းဖြစ်သည်။ ထိုဂူများထဲတွင် မိုး

နှင့်မြေမှ ဖြစ်တည်လာသည့် ရတနာပစ္စည်းများစွာ ထွက်ပေါ်လေ့ရှိတတ်လေသည်။ ထိုရတနာများမှာ လွန်စွာမှ တန်ဖိုးရှိလေသည်။

ယင်းစန်းတောင်မှာ ကျယ်ပြန့်သည့်နယ်နိမိတ်ရှိပြီး ဝိညာဉ်လိုဏ်ဂူများလည်းရှိလေသည်။ ထိုဝိညာဉ်လိုဏ်ဂူများထဲမှ လိုဏ်ဂူငါးခုကို ကွမ်းချင်းနတ်ဘုရားဂိုဏ်းက သိမ်းယူထားလေသည်။ နတ်ဘုရားငါးပါးကို လိုဏ်ဂူငါးခုဖြင့် ဂုဏ်ပြုထားခြင်းဖြစ်လေသည်။

ယခုတော့ အသူရာချောက်မှ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းသည် ကွမ်းချင်းနတ်ဘုရားဂိုဏ်းပိုင်ဆိုင်သည့် ဝိညာဉ်လိုဏ်ဂူကိုသာ ရွေးခြယ်ဖျက်စီးခဲ့ကြလေပြီ။ ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်မှာ ထင်ရှားနေပြီး ထိုကိစ္စမှာ အရေးကြီးးကိစ္စတစ်ခုဖြစ်လေသည်။

ထူကျူအရှင်ဝူကျန့်ပျောက်ကွယ်သွားပြီးသည့်နောက်ပိုင်း နတ်ဆိုးစစ်သည်တော်များမှာ ယင်းစန်းတောင်မှ ထွက်ပေါ်လာလေ့ သိပ်မရှိပေ။ ယခု ထွက်ပေါ်လာသည့်အချိန်တွင်တော့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့ကြလေသည်။ တစ်ခုခုမှားနေပြီဟု ဟွမ်ကျန်းခံစားလိုက်ရလေသည်။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏ "လမ်းခွဲသုံးခု" ဖြစ်သည့် ငရဲ ၊ တစ္ဆေနှင့် တိရိစ္ဆာန် ဂိုဏ်းခွဲများတွင် ငရဲဂိုဏ်းခွဲမှာ လူ့လောကနှင့် လုံးဝပိတ်ဆို့ ကန့်သတ်ထားသည့် ဂိုဏ်းခွဲတစ်ခုဖြစ်လေသည်။ သူတို့က လုံးဝ လူ့လောကသို့ ဝင်ရောက်နှောင့်ယှက်ခြင်းမရှိကြပေ။ တစ္ဆေနှင့် တိရိစ္ဆာန်ဂိုဏ်းခွဲများကတော့ လူ့လောကနှင့် အနည်းငယ် ဆက်နွယ်နေသေးသည်။

ယခုတော့ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းဖြင့် ပြဿနာဖြစ်လာလေပြီ။ ထိုပြဿနာကိုအဖြေရှာနိုင်သရွေ့ သူ့အနေဖြင့် ချင်းရှမ်နတ်

တံခါးဘက်သို့ အာရုံစိုက်နိုင်မည်မဟုတ်ပေ။ ထိုအချက်ကို ဟွမ်ကျန်းက စိုးရိမ်နေမိလေသည်။

အခန်း (၂၀၇) "လော်" ဝါဒ စည်းဝေးပွဲကြီး

ချင်းကွမ်းနတ်ဘုရားဂိုဏ်း အောင်မြင်နေသည့်အခြေအနေတွင် ထိုကဲ့သို့အဖြစ်အပျက်မျိုး ဖြစ်ပေါ်လာလိမ့်မည်ဟု ချင်းယင်းမျှော်လင့်မထားခဲ့မိပေ။ သို့သော် ယခုနှစ်များအတွင်းတွင် အခြေအနေအရပ်ရပ်က သိပ်ပြီးမလွယ်ကူခဲ့ပါ။

လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာခန့်က အကြီးအကျယ်ပျက်စီးမှုကြီးကို ရင်ဆိုင်ခဲ့ရသည့် ချင်းရွှမ်နတ်တံခါးကတော့ ချန်ကျန့်

မေနှင့် ဆန်းလျန်တို့ကဲ့သို့ အရည်အချင်းရှိသူများ ပေါ်ထွက်လာခဲ့ကာ ပြန်လည်တိုးတက်လာခဲ့ပြီဖြစ်လေသည်။

ချန်ကျန့်မေမှာ တန်ခိုးစွမ်းအား အလွန်ကြီးမားနေပြီး သူ၏ကျင့်ကြံမှုအဆင့် မည်သည့်အဆင့်သို့ရောက်နေပြီကို ခန့်မှန်း၍မရနိုင်တော့ပေ။ ဟွမ်ကျန်းသိထားသလောက် လောကနတ်ဘုရားများပင်လျှင် သူ့ကိုခြေရာခံ၍မရ ဖြစ်နေရလေသည်။

ဆန်းလျန်က ချင်းရှမ်နတ်တံခါး၏ဂိုဏ်းချုပ်ဖြစ်လာပြီး နတ်တံခါးကို အုပ်ချုပ်နေချိန်တွင် ချန်ကျန့်မေမှာ ရှီးဟွမ်နယ်တစ်ဝိုက်တွင် နာမည်ကျော်ကြားလာကာ ချင်းရှမ်၏ဂိုဏ်းသတင်းမှာ တက်သည်ထက်တက်လာလေသည်။

“ဟွမ်ကျန်းအရှင် စိတ်မပူပါနဲ့၊ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းက ကျွန်မတို့ကို ဦးတည်ချက်ထားပြီးတိုက်ခိုက်တာ မဖြစ်နိုင်ပါဘူး”

ချင်းယင်းက နူးညံ့စွာပြောလိုက်သည်။

“ဒီလောကမှာ ပုံမှန်မဟုတ်တာ ဘာမှမရှိပါဘူး ၊ ဒါနဲ့ လော်ဝါဒနဲ့ ပတ်သက်ပြီး မင်း လုပ်နေတာရော ဘယ်အထိ ခရီးရောက်ပြီလဲ”

ဟွမ်ကျန်းက ပေါ့ပေါ့ပါးပါးဟန်ဖြင့် မေးလိုက်သည်။

“လော်ဝါဒက ပြိုကွဲသွားတာကြာလှပါပြီ ၊ ခုတော့ ဂိုဏ်းသေးသေးလေးတွေ အစိတ်စိတ်အမွှာမွှာကွဲပြီး တည်ရှိနေပါတယ် ၊ ဝူဝေဂိုဏ်း ၊ ဟုန်ယာဂိုဏ်း တို့လိုမျိုးပေါ့ ၊ ဒါပေမယ့် အားလုံးက ဂိုဏ်းသေးသေးလေးတွေပါပဲ ၊ ဘာအင်အားမှ မရှိကြဘူး ၊ ပြီးတော့ ဘယ်သူမှ ကျွန်မလုပ်တယ်ဆိုတာကို သတိမထားမိကြပါဘူး”

ချင်းယင်းက တီးတိုးပြောလိုက်လသည်။

"လော်ဝါဒထဲမှာလည်း နတ်ဘုရားပေါ်ထွက်မလာတာ ကြာလှပါပြီ ၊ မင်းလုပ်တယ်ဆိုတာသိသွားလည်း အရေးမကြီးပါဘူး ၊

လော်ဝါဒစည်းဝေးပွဲကြီးလုပ်ဖို့ ဆယ်နှစ်တောင်လိုသေးတယ်၊ အဲဒီမတိုင်ခင် လော်ဝါဒပျက်စီးသွားရင် ပြီးတာပဲ၊ မင်းက လော်ဝါဒစည်းဝေးပွဲကြီးကျမှ လော်ဝါဒရဲ့ သူတော်စင်အနေနဲ့ ထွက်ပြလိုက်ပေါ့၊ ပြီးတော့ ဂိုဏ်းသေးလေးတွေကို သိမ်းပိုက်လိုက်ရုံပဲ၊ အဲဒီအချိန်ဆို မင်းရဲ့အောင်မြင်မှုအတွက် တောင်ပေါ်ကို မျက်နှာပန်းလှလှနဲ့ ပြန်လာလို့ရပြီ"

ဟွမ်ကျန်းက ပြောလိုက်လေသည်။

ချင်းယင်း၏ မျက်ဝန်းလှလှလေးများက ဟွမ်ကျန်း၏ စကားကြောင့် စိတ်လှုပ်ရှားသွားခြင်း မရှိပါ။

"ကျွန်မကြောင့် ဟွမ်ကျန်းအရှင် စိတ်ဓာတ်မကျစေရပါဘူး"

သူမကပြောလိုက်လေသည်။

ဟွမ်ကျန်းက သူမကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

"ရှန်လမ်းစဉ်ကိုလိုက်မယ်ဆိုရင်တော့ မင်းအတွက် အောင်မြင်ဖို့ ခက်ခဲမှာပဲ"

ချင်းယင်းက ခေါင်းငုံ့ထားလိုက်ရင်း....

"ဟွမ်ကျန်းအရှင်ရဲ့ တပည့်ဖြစ်တဲ့ ကျွန်မအတွက် လောကနတ်ဘုရားတစ်ပါးဖြစ်လာဖို့လည်း အခွင့်မသာခဲ့ပါဘူး ၊ အခု ရှန်လမ်းစဉ်ကို လျှောက်လှမ်းခွင့်ရတာ ကံကောင်းလွန်းနေပါပြီ"

နတ်ဘုရားငါးမျိုးရှိလေသည်။ မိုးကောင်းကင်နတ်ဘုရား ၊ လောကနတ်ဘုရား ၊ လူသားနတ်ဘုရား ၊ နတ်ဒေဝါနတ်ဘုရား နှင့် ဝိညာဉ်နတ်ဘုရားတို့ဖြစ်လေသည်။

ထိုနတ်ဘုရားငါးမျိုးတွင် မိုးကောင်းကင်နတ်ဘုရားမှာ အခြားသော နတ်ဘုရားလေးမျိုးနှင့် မတူဘဲ ကွဲပြားလေသည်။ မိုးကောင်းကင်နတ်ဘုရားမှာ မိုးနှင့်မြေတွင် အသာလွန်ဆုံး နတ်ဘုရားဖြစ်လေသည်။ ထို့ပြင် လောကနတ်ဘုရား ၊ လူသားနတ်ဘုရား ၊ နတ်ဒေဝါနတ်ဘုရားနှင့် ဝိညာဉ်နတ်ဘုရားတို့၏ ဦးတည်ရာမှာလည်း မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်လာရန်ပင် ဖြစ်လေသည်။

လောကနတ်ဘုရားဆိုသည်မှာ ကျင့်ကြံသူမှ နတ်ဘုရားအဖြစ် အဆင့်တက်သွားအောင် ကျင့်ကြံနိုင်သူကို ခေါ်ဆိုခြင်းဖြစ်လေသည်။ လောကနတ်ဘုရားတစ်ပါးသည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်လာရန် များစွာအခွင့်အရေးများလေသည်။ အဘယ်ကြောင့်ဆိုသော် စစ်မှန်သည့် တာအိုကျင့်စဉ်ကို ကျင့်ကြံပြီး နတ်ဘုရားဖြစ်လာသူဖြစ်သည့် စစ်မှန်သည့်နတ်ဘုရားဖြစ်သောကြောင့်ပင်။

လူသားနတ်ဘုရားများမှာတော့ မိုးကောင်းကင်၏ ဆုလာဘ်ဟု ပြော၍ရလေသည်။ သူတို့တွင် ကြီးမားသည့် တန်ခိုးစွမ်းအားများရှိကြပြီး ပါရမီရင့်သန်သူများဖြစ်ကြသည်။ များသောအားဖြင့် "ဘုရင့်မျိုးနွယ်များ" ဖြစ်ကြလေသည်။ သို့သော် သူတို့က မိုးကောင်းကင်နတ်ဘုရား၏ ကျင့်စဉ်လမ်းသို့မသွားဘဲ တိုင်းပြည်ကိုသာအာရုံစိုက်နေပါက သံသရာစက်ဝန်းမှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။

နတ်ဒေဝါနတ်ဘုရားများမှာ "နတ်ဘုရားဖြစ်ရန်မွေးဖွားလာသူများ" ဖြစ်လေသည်။

သူတို့က နတ်ဘုရားဖြစ်ရန်အတွက် ကျင့်စဉ်များကို ကျင့်ကြံစရာမလိုပေ။ မွေးရာပါ တန်ခိုးစွမ်းအားများ ပါလာပြီးသားဖြစ်လေသည်။ တဖြည်းဖြည်းနှင့် သူတို့ကိုယ်တွင်းမှ နတ်ဒေဝါမျိုးစေ့ရှင်သန်လာပြီး သဘာဝအတိုင်း နတ်ဘုရားဖြစ်သွားကြလေသည်။

ဝိညာဉ်နတ်ဘုရားဆိုသည်မှာတော့ အနည်းငယ် ရှုတ်ထွေးလေသည်။ သူတို့က လူ့လောကတွင်နေထိုင်ကြသည့် ဝိညာဉ်သို့မဟုတ် တစ္ဆေများပင်ဖြစ်လေသည်။ သူတို့က ကျင့်ကြံပြီး တန်ခိုးစွမ်းအားများရရှိလာကြလေသည်။ သူတို့က အသူရာချောက်သို့လည်း ဝင်ထွက်သွားလာနိုင်စွမ်းရှိကြလေသည်။ သို့သော် ဝိညာဉ်နတ်ဘုရားမှာ သေသွားသည့်သူ၏ဝိညာဉ်ဖြစ်သည့်အတွက် မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဖြစ် အဆင့်

တက်လိုလျှင် မိုးကြိုးတရားစီရင်မှုကို ရင်ဆိုင်ရမည်ဖြစ်လေသည်။ ထိုသို့ မိုးကြိုးနှင့် အပစ်ခံရပြီးမှသာ မိုးကောင်းကင်နတ်ဘုရားတစ်ပါး ဖြစ်နိုင်မည်ဖြစ်လေသည်။ မိုးကြိုးတရားစီရင်မှုကိုခံရလျှင် မခံမရပ်နိုင်အောင် နာကျင်ခံစားရမည်ဖြစ်လေသည်။ ဤသည်မှာ ကျင့်ကြံသူမဟုတ်သည့် ဝိညာဉ်နတ်ဘုရားများ သွားရမည့် လမ်းဖြစ်လေသည်။

သို့သော် ရုပ်ခန္ဓာမရှိသည့် ကျင့်ကြံသူမှာ ထိုလမ်းသို့သာ သွားရမည်ဖြစ်လေသည်။

လောကတွင် ကျင့်စဉ်လမ်းကြောင်းပေါင်း သုံးထောင်ရှိလေသည်။ လမ်းစဉ်အားလုံးက နတ်ဘုရားဖြစ်လာရေးအတွက်သာ ဦးတည်လေသည်။ ထို့ကြောင့် ပိုကောင်းသည့်နည်းလမ်းဟူ၍ မရှိပေ။ သို့သော် တာအိုကျင့်စဉ်ဖြင့်ဖြင့် လောကနတ်ဘုရားအဆင့်တက်ရောက်နိုင်သူက အခြားသောသူများထက်ပိုပြီးသာလွန်လေသည်။ ထို့ကြောင့် ကျင့်ကြံသူတို့လမ်းတွင် တာအို

လမ်းစဉ်ကို စစ်မှန်သည့်လမ်းစဉ်ဟု ပြောလေ့ရှိကြသည်။ လောကနတ်ဘုရားတစ်ပါးမှာလည်း များစွာလေးစားခြင်းကို ခံရလေသည်။

ဟွမ်ကျန်း၏ဝတ်ရုံသည် လေမတိုက်ပါဘဲ လေထဲတွင် လွင့်ပျံနေလေသည်။ သူက လက်ထဲမှဓားပျံလေးကို လေထဲသို့ ပစ်လွှတ်လိုက်သည့်အခါ ဓားပျံလေးသည် ဓားဝိညာဉ်အသွင် ပြောင်းလဲသွားပြီး ကောင်းကင်ကို ထိုးခွဲပျံသန်းသွားလေသည်။ ဓားပျံဖြင့်စာပို့ခြင်းကို ဟိုင်သန်းအဆင့်ကျင့်ကြံသူများသာ ပြုလုပ်နိုင်လေသည်။ စာပို့သူမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ နတ်ဘုရားအလောင်းအလျာ ဆယ့်နှစ်ပါးထဲမှ သူ၏ဂိုဏ်းတူညီလေးဖြစ်လေသည်။

လက်ရှိ ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ အနေအထားဖြင့်ဆိုလျှင် လုကျိုးယွမ်၏ ရှမ်ထျန်းဂိုဏ်းမှလွဲပြီး မည်သည့်နတ်ဘုရားဂိုဏ်းကိုမှ ကြောက်စရာမလိုပေ။

ဟွမ်ကျန်းကလည်း သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိလေသည်။ သူက ပြဿနာများကို ဖြေရှင်းရန်အတွက် ဉာဏ်ပညာထက် အာဏာကို အသုံးပြုသူ ဖြစ်လေသည်။

"ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကိစ္စကို ကျုပ် အမြန်ဖြေရှင်းမှာပါ ၊ ဒါပေမယ့် လော်ဝါဒစည်းဝေးပွဲကြီးမစခင်တော့ မင်းကို တစ်ခေါက်လာတွေ့ပါဦးမယ် ၊ ချင်းရွှမ်နတ်တံခါးကိစ္စကတော့ ခဏထားလိုက်ဦး ၊ ဆန်းလျန်ရဲ့ စစ်မှန်တဲ့တန်ခိုးစွမ်းအားကို ဘယ်အရာနဲ့မှ လှည့်စားလို့မရနိုင်သေးဘူး"

ဟွမ်ကျန်းက တည်ငြိမ်စွာ ပြောလိုက်သည်။

လော်ဝါဒပျက်စီးသွားပြီ ဖြစ်သည့်အတွက် လော်ဝါဒ၏ ကံတရားသည် သူ၏ဆရာဖြစ်သူ ယွိမင်နတ်ဘုရား၏ လက်ခုပ်ထဲမှရေ ဖြစ်သွားပြီ ဖြစ်သည်။ လော်ဝါဒပြိုကွဲသွားသည်ကို အခွင့်ကောင်းယူပြီး လော်ဝါဒတွင် ကျန်ရှိနေသည့် ကျင့်စဉ်များကိုလေ့လာရန် ဟွမ်ကျန်းက ကြံစည်ထားလေသည်။ ထို

ကျင့်စဉ်များက သူ့အတွက် ဖော့ဝမ့်အဆင့်ကိုကျော်လွန်ပြီး နတ်ဘုရားတစ်ပါးဖြစ်လာသည်အထိ အထောက်အကူပြုမည် ဟု မျှော်လင့်ထားသည်။

စကားဆုံးသွားသည်နှင့် ဟွမ်ကျန်းက လမ်းလျှောက်ထွက်ခွာ သွားလေသည်။

သူ့ရှေ့တွင် နက်ရှိုင်းသည့် ချောက်ကြီးတစ်ခုသာရှိသည့်တိုင် သူက လေထဲတွင် ခြေတစ်လှမ်းချင်းလှမ်းကာ လျှောက်လှမ်း သွားခြင်း ဖြစ်လေသည်။ သူက လမ်းလျှောက်ရင်း ကောင်းကင်ထက်သို့ တစ်ဆင့်ချင်းတက်လှမ်းသွားလေသည်။

ကောင်းကင်ထက်သို့ရောက်သည်နှင့် သူ့ခြေထောက်အောက် တွင် တိမ်တိုက်တစ်ခုပေါ်လာပြီး ပျံသန်းပျောက်ကွယ်သွားလေ သည်။

ဟွမ်ကျန်းအရှင်ပျောက်ကွယ်သွားသည်အထိ ချင်းယင်းသည် မျက်စိတစ်ဆုံး ငေးမောကြည့်နေမိလေသည်။ ပြီးမှ သူမလည်း

တောင်အောက်သို့ဆင်းလာခဲ့သည်။ သူက မည်သူမျှမသိ

အောင် တိတ်ဆိတ်စွာဖြင့် တောင်တံခါးမှ ထွက်ခွာသွားလေ

သည်။ သူမက သူမ၏ ဓားဝိညာဉ်ကို စီးနှင်ကာ ထိုက်ချန်း

တောင်မှ ထွက်ခွာရန် ပြင်ဆင်လိုက်သည်။

ထိုအချိန်မှာပင် လူငယ်တစ်ယောက်သူမဆီသို့ လျှောက်လာ

လေသည်။

"နတ်မိမယ် ၊ ခဏလောက်စောင့်ပါဦး"

လူငယ်က သူမကို လှမ်းအော်ပြောလိုက်သည်။

ချင်းယင်းက ထိုလူငယ်ကို လှမ်းကြည့်လိုက်သည်။ လူငယ်မှာ

အဆင့်နိမ့်ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ ဆံပင်ကတို

တို ၊ မျက်ခုံးကလည်းပါးပါးနှင့် ဖြစ်လေသည်။ ရုပ်ရည်

ကတော့ ချောမောလှပပြီး မျက်ဝန်းလေးများက ကလေးငယ်

တစ်ယောက်အလား ကြည်လင်တောက်ပနေလေသည်။

"မင်းက ဘယ်သူလဲ"

ချင်းယင်းက အေးစက်စွာဖြင့် မေးလိုက်သည်။

"နတ်မိမယ်က ထိုက်ချန်းတောင်၊ ကွမ်းချင်းနတ်ဘုရားဂိုဏ်း

ကလား"

လူငယ်က ပြန်မေးလိုက်သည်။

"မင်းက ဘာလုပ်မလို့လဲ"

လူငယ်က သူမကို ခေါင်းမော့ကြည့်လိုက်ရင်း....

"ကွမ်းချင်းနတ်ဘုရားဂိုဏ်းက လူသစ်ရွေးပွဲအတွက် တောင်

တံခါးဖွင့်ပြီဆိုလို့ပါ၊

ဒါကြောင့် ကျွန်တော်များ ပညာသင်ခွင့် ရမလားလို့ပါ"

"အော်... တောင်တံခါးဖွင့်ပြီး လူသစ်တွေတောင် ထပ်ရွေးပြီ

လား"

ဟု ချင်းယင်း တွေးလိုက်မိသည်။

သို့သော် သူမမျက်နှာထားကတော့ အေးစက်တင်းမာနေဆဲ

ပင်။.

"တပည့်ခံချင်တည်ဆိုလည်း ကိုယ့်ဟာကိုယ်သွားပါလား ၊ ဘာ လို့ ငါ့ကို လာမေးနေသလဲ"

"နတ်ဘုရားတောင်တွေကို အရင်က တစ်ခါမှ မရောက်ဖူးပါဘူး ၊ ဒါကြောင့် လမ်းလည်းမသိဘူးဗျ ၊ နတ်မိမယ်ရဲ့ပုံက အရမ်း ကို တန်ခိုးစွမ်းအားမြင့်မားတဲ့ပုံပေါက်နေတော့ နတ်ဘုရား အနွယ်တော်တစ်ပါးဖြစ်ရမယ်လို့ ထင်မိလို့ မေးမိတာပါ ၊ ကျွန်တော်ရိုင်းပြသွားရင် ခွင့်လွှတ်ပါ ၊ ကျွန်တော့်မှာ နှောင့်ယှက်လိုတဲ့ ရည်ရွယ်ချက် မရှိပါဘူး"

လူငယ်က တောင်းပန်စကား ဆိုလိုက်သည်။

"ဒီကောင်လေးရဲ့ အရိုးအဆစ်ဖွဲ့စည်းပုံက သင့်တော်တယ် ၊ အသက်တော့ အရမ်းမငယ်ပေမယ့် ဒုက္ခပေးမယ့်ပုံတော့ မရှိ ဘူး ၊ သူသာ တောင်တံခါးကိုသွားရင် တပည့်အဖြစ် အရွေးခံရ နိုင်ချေရှိတယ်"

ဟု ချင်းယင်းတွေးလိုက်မိလေသည်။

"ဒီအတိုင်းတည့်တည့်လျှောက်သွား၊ မိုင်သုံးဆယ်လောက်သွားပြီးရင် တောင်ကြားလမ်းတစ်ခုတွေ့ရလိမ့်မယ်၊ တောင်ကြားလမ်းအတိုင်းဝင်သွားရင် မြစ်တစ်ခုတွေ့လိမ့်မယ်၊ အဲဒီမြစ်ထဲမှာ လှေတစ်စင်းမင်းကိုစောင့်နေလိမ့်မယ်၊ ကျန်တာကတော့ မင်းရဲ့ ကံတရားအတိုင်းပဲ"

ချင်းယင်းက ပြောပြလိုက်သည်။

လူငယ်က ချင်းယင်းကို လက်နှစ်ဖက်စုပ်ကာ အရိုအသေပေးလိုက်ရင်း....

"ကျေးဇူးတင်ပါတယ် နတ်မိမယ်"

ဟု ပြောလိုက်လေသည်။

ချင်းယင်းက သူ့ကို အဖက်လုပ်စကားပြောမနေတော့ဘဲ လျှင်မြန်သော အရှိန်ဖြင့် ထွက်ခွာသွားလေတော့သည်။

လူငယ်လေးက ပင့်သက်တစ်ချက်ရှိုက်လိုက်သည့်အတွက်

ချင်းယင်း၏ ခန္ဓာကိုယ်မှ ကျန်ရစ်ခဲ့သည့် နတ်ဘုရားမွှေးရနံ့က

သူ့နှာခေါင်းတွင်းသို့တိုးဝင်လာသည်။

"အမွှေးတိုင်နံ့ကျနေတာပဲ ၊ အသက်ရှူတောင်ကြပ်တယ်"

လူငယ်က တစ်ချက်ရေရွတ်လိုက်ရင်း ရှေ့သို့ တည့်တည့်

လျှောက်သွားလေတော့သည်။

လူငယ်၏မျက်နှာထက်တွင် အပြုံးတစ်စကို မြင်ရနိုင်လေ

သည်။ ထိုအပြုံးက အေးစက်နေသယောင်ထင်ရပြီး ထိုသူမှာ

ယန်ရှီးပင် ဖြစ်လေတော့သည်။

....

အချိန် (၅) နှစ်ကြာခဲ့လေပြီ.... ။

ချင်းရှမ်နတ်တံခါး.....

ကျီဖူတောင်ထိပ်ရှိ ထိုက်ဝေ့ထိုင်ခန်းမဆောင် ဒုတိယထပ်တွင်

ဆန်းလျန် ရှိနေလေသည်။ သူ့လက်ထဲတွင် ကျောက်စိမ်း

စာလိပ်တစ်ခုကို ကိုင်ထားပြီး ဟိုမှသည်မှ လမ်းလျှောက်နေ

လေသည်။ သူ၏ အာရုံထဲတွင် လေ နှင့် မီးတောက်များ ၊ လင်း လက်နေသည့် ဓားရောင်များ မြင်တွေ့နေရသည်။ သို့သော် အမြင်အာရုံမျှသာ ဖြစ်ပြီး အစစ်အမှန်မဟုတ်ပါ။

ချိတ်ဆွဲထားသည့် နတ်ဘုရား အပါးလေးဆယ်၏ ပုံတူပန်းချီ ကားများက အလွန်အသက်ဝင်လှပြီး ဆန်းလျန်၏ ခြေလှမ်း တိုင်းကို ကြည့်ရှုနေကြသကဲ့သို့ ရှိလေသည်။

ဆန်းလျန်ခြေလှမ်းများက ပုံမှန်မဟုတ်ပါ။ ဒြပ်စင်စွမ်းအားရှစ် မျိုး လှည့်ပတ်သည့် ပုံသဏ္ဍာန်အတိုင်း လမ်းလျှောက်နေခြင်း ဖြစ်လေသည်။ ထို့နောက် ဒြပ်စင်စွမ်းအားရှစ်မျိုးမှ ဒြပ်စင် စွမ်းအား ငါးမျိုးသို့ ကူးပြောင်းသွားပြန်သည်။

ဆန်းလျန်၏ခြေလှမ်းတိုင်းတွင် ထောင်နှင့်ချီသည့် တာအို ကျင့်စဉ်များ၏ အနှစ်သာရများ ပါဝင်နေလေသည်။

တဖြည်းဖြည်း သူ၏ခြေလှမ်းအရှိန်များနှေးသွားလေသည်။

ဆန်းလျန်က မျက်ဝန်းများကို မှိတ်ထားပြီး သူ့ခန္ဓာကိုယ်မှ ခရမ်းရောင် အငွေ့များ ထွက်ပေါ်နေလေသည်။

သူ့လက်ထဲမှ ကျောက်စိမ်းစာလိပ်သည် အဝေးသို့ ပြန်လည် လွင့်မျောသွားလေသည်။ ထိုစာလိပ်ထဲမှ ကျင့်စဉ်စွမ်းအား များသည် ဆန်းလျန်နှင့် ဖြည်းဖြည်းချင်းပေါင်းစပ်သွားပြီး တံလျှပ်နှင့်တူသည့်ပုံရိပ်တစ်ခုအလား ဆန်းလျန်ကို ဝန်းရံနေ လေသည်။

သူ၏ခန္ဓာကိုယ်မှထွက်ပေါ်နေသည့် ခရမ်းရောင်အငွေ့ များသည် သူ၏ ခန္ဓာကိုယ်အတွင်းသို့ ပြန်ဝင်သွားပြီး ပျောက် ကွယ်သွားလေသည်။

ဆန်းလျန်က အသက်ကို ခပ်ဖြည်းဖြည်း ရှူထုတ်လိုက်ပြီး မျက်ဝန်းများကို အသာအယာဖွင့်လိုက်သည်။

သူ၏မျက်ဝန်းဆီမှ ရွှေရောင်အလင်းတန်းနှစ်ခုထွက်ပေါ်လာ

လေသည်။ ထိုက်ဝေ့ထိုင်ခန်းမ၏ စွမ်းအားကြီးသည့်

အရံအတားကြောင့်သာ ထိုရွှေရောင်အလင်းတန်းများအောက်

တွင် ခန်းမဆောင် ပျက်စီးမသွားခြင်း ဖြစ်လေသည်။

ငါးနှစ်ဆိုသည့်အချိန်အတွင်း....

ကူးချိုင်ဝေ့မှာ ဆန်းလျန်၏ ညွှန်ကြားချက်အတိုင်း သူမလုပ်ရ

မည့်အလုပ်များကို ဆက်လက်လုပ်ဆောင်နေလေသည်။ ဆန်း

လျန်၏ သင်ကြားပေးမှုကို လာရောက်ခံယူသည့် ဟိုင်သန်း

အဆင့်ကျင့်ကြံသူများလည်း များစွာ ရောက်ရှိလာကြလေ

သည်။ ဆန်းလျန်သည် ကျင့်ကြံသူများ၏ ကျင့်စဉ်လမ်း

အတွက် မျိုးစေ့ချပေးသူတစ်ယောက် ဖြစ်လာခဲ့သည်။

သို့သော် ငါးနှစ်ဆိုသော အချိန်တိုလေးအတွင်းတွင် ချင်းရှမ်

နတ်တံခါးတွင် တပည့်အဖြစ်သတ်မှတ်ရန် အရည်အချင်း

ပြည့်မီသူကတော့ တစ်ဦးသာ ပေါ်ထွက်ခဲ့လေသည်။

သို့သော် ချင်းရှမ်နတ်တံခါးသို့လာရောက်သည့် ဧည့်သည် အရေအတွက်ကတော့ များပြားလာခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ကျင့်ကြံသူများသည် မိုင်ထောင်ပေါင်းများစွာဝေးကွာသည့် ချင်းရှမ်နတ်တံခါးထိ လာရောက်ကြပြီး ဆန်းလျန်ထံတွင် တရားဆွေးနွေး တပည့်ခံကာ ပညာယူကြလေသည်။ ချင်းရှမ်နတ်တံခါး၏စကားအရဆိုလျှင် လူသားအားလုံးကို သာတူညီမျှဆက်ဆံလေသည်။ သို့သော် ချင်းရှမ်နတ်တံခါးသို့ တပည့်အဖြစ်ဝင်ရောက်ရန်မှာတော့ လွန်စွာမှ ခက်ခဲလေသည်။ နှစ်ပေါင်းငါးဆယ်မှတစ်ခါ နတ်တံခါးဖွင့်မှသာ ကျင့်ကြံသူများအတွက် အခွင့်အရေးရမည်ဖြစ်လေသည်။

နတ်ဘုရားဂိုဏ်းများမှာ ဝင်ခွင့်ရရန်လွန်စွာမှ ခက်ခဲသလို ဝင်ရောက်ခွင့်ရလျှင်လည်း နတ်ဘုရားတစ်ပါးဖြစ်သည်အထိ ကျင့်စဉ်လမ်းလျှောက်လှမ်းနိုင်ရန် အခွင့်အလမ်းများစွာရှိလေသည်။

ယခုတော့ ငါးနှစ်ဆိုသည့်အချိန်တွင်း ဆန်းလျန်၏အရှိန်အဝါ
မှာ မြင့်မားလာပြီး ပုရှိုးအဆင့်သို့ပင် တက်ရောက်နိုင်ခဲ့ပြီ
ဖြစ်သည်။ ထို့အတူ သူ၏ထုန်းထျန်းတန်ခိုးစွမ်းအားမှာလည်း
လောကအသစ်များသို့ ဝင်ရောက်နိုင်သည်အထိ စွမ်းအား
ကြီးမားလာပြီဖြစ်လေသည်။ သူ၏ဝိညာဉ်စွမ်းအားများမှာ
လည်း အစဉ်တစိုက်တိုးတက်လာလေသည်။ သို့သော် လွန်ခဲ့
သည့် တစ်နှစ်ခန့်ကတော့ ဝိညာဉ်စွမ်းအားတိုးတက်မှုရပ်တန့်
သွားပြီး သူ့အတွက် ကျင့်စဉ်လမ်းအခက်အခဲကို စတင်
ရင်ဆိုင်ရပြန်လေသည်။

သို့သော် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ
ကျင့်စဉ်များကြောင့် ဝိညာဉ်စွမ်းအား ပြန်လည်တိုးတက်လာခဲ့
လေသည်။ ထိုအခါမှ ဆန်းလျန်လည်း စိတ်သက်သာရာရသွား
ခဲ့သည်။ သို့သော်... ရုတ်တရက် ဝိညာဉ်စွမ်းအားတိုးတက်မှု
ရပ်တန့်သွားခြင်းမှာ ကောင်းသည့်လက္ခဏာတော့မဟုတ်ပေ။

ယခုအချိန်တွင်တော့ ဆန်းလျန်အတွက် ထုန်ထျန်းတန်ခိုး စွမ်းအားများနှင့် ထိုက်ရှီးတန်ခိုးစွမ်းအားများပေါင်းစပ်မှုသည် အမြင့်ဆုံးအနေအထားသို့ရောက်ရှိနေပြီဖြစ်လေသည်။ ဆန်းလျန်အနေဖြင့် နတ်တံခါးမှထွက်ခွာပြီး အချို့ကိစ္စရပ်များကို အဆုံးသတ်ရန် အချိန်တန်ပြီဖြစ်လေသည်။

အခန်း (၂၀၈) ထူးခြားသည့်စိတ်နေစိတ်ထားရှိသူ

ဆန်းလျန် ဒုတိယထပ်မှ ထွက်လာတော့ သူ၏ခံစားချက်များက အေးအေးဆေးဆေးပင် ဖြစ်နေလေသည်။ အမြဲတမ်း မျက်လုံးမှိတ်ထားတတ်သည့် အတာအိုဆရာအဘိုးအိုသည်ပင် ဆန်းလျန်ကို မျက်လုံးဖွင့်ပြီးကြည့်လိုက်လေသည်။ အဘိုးအို

က ယခုအခါတွင်တော့ ဆန်းလျန်ကို ခူယားကောင်လေးဖြစ်အောင် ဖန်ဆင်းမပြတော့ပါ။ သူက ဆန်းလျန်ကိုကြည့်ပြီး ပြုံးလိုက်လေသည်။

ဆန်းလျန်က အဘိုးအိုကို လေးစားသမှုဖြင့် ဂါရဝပြုလိုက်သည်။

အဘိုးအိုက သူ့ဟာသူနေသည်ဖြစ်သော်လည်း ဆန်းလျန်ကတော့ အဘိုးအိုကို အမြဲတမ်း ဂါရဝပြုလေ့ရှိလေသည်။

ဆရာဘိုးဘိုးမှာ မည်မျှအသက်ကြီးပြီဖြစ်သည်ကို ဆန်းလျန်အတိအကျမသိနိုင်ပါ။ အသက်ရှင်နေသည့်ကျောက်ဖြစ်ရုပ်ကြွင်းနှင့်ပင် တူနေပြီဖြစ်လေသည်။ အဘိုးအိုသည် လူ့လောကတွင်နေထိုင်သည့် နတ်ဘုရားဖြစ်သည့်အတွက် လူတစ်ယောက်၏ ကျင့်စဉ်လမ်း တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းများကို သိမြင်နိုင်သူ ဖြစ်လေသည်။

သူက မိုးနှင့်မြေတွင် ကျင့်စဉ်လမ်းကိုလျှောက်လှမ်းနေသည့်တိုင် ထိုအဘိုးအိုကဲ့သို့ဖြစ်လာရန်မှာတော့ အလှမ်းဝေးဆဲဖြစ်လေသည်။

ဆန်းလျန် ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ တိတ်ဆိတ်စွာထွက်ခွာလာခဲ့သည်။ သူက ချင်းရွှမ်ခန်းမဆောင်ရှိရာ ထိုက်ယီတောင်ထိပ်သို့ ပြန်မသွားတော့ပါ။ နတ်တံခါးမှ ထွက်ခွာလာပြီး နယ်ခယ်မြို့သို့ရောက်ရှိလာခဲ့လေသည်။

တန်ခိုးစွမ်းအားအသုံးပြုခြင်းမရှိသည့်တိုင် ဆန်းလျန်၏လျှင်မြန်မှုက မယုံကြည်နိုင်စရာကောင်းလောက်အောင် လျှင်မြန်လေသည်။ သူက နတ်တံခါးမှထွက်လိုက်သည်နှင့် ယန့်ပုကွေးတည်းခိုးရိပ်သာရှေ့သို့ လျှပ်စီးလက်သကဲ့သို့ ရောက်ရှိသွားလေသည်။ စိတ်လည်းကြည်လင်နေသည့်အတွက် သေရည်အနည်းငယ်သောက်လျှင်ကောင်းမလားဟု သူစဉ်းစားလိုက်မိသည်။

လောလောဆယ်တွင် ယောင်ချီနတ်အရက်ကလည်း

နာမည်ကြီးနေလေသည်။ အခြားအရက်များနှင့် အရသာ

ကွာခြားမှုမရှိသည့်တိုင် နတ်ဆေးပင်များဖြင့်ဖော်စပ်ထားသည့်

အရက်ဖြစ်လေသည်။

အရက်သောက်ခြင်းက ကျန်းမာရေးကို ထိခိုက်စေနိုင်လေ

သည်။ တစ်ခါတစ်ရံ ပျော်သည့်အချိန် ၊ ဝမ်းနည်းသည့်အချိန် ၊

စိတ်ကြည်လင်နေသည့်အချိန် များတွင်သာ သောက်သင့်လေ

သည်။

သို့သော် အချို့ကတော့ အရက်ကို ကြိုက်၍သောက်ကြလေ

သည်။ ချင်းရွှမ်နတ်တံခါးမှ အရက်သမားတာအိုဆရာကတော့

သောက်ချင်၍သောက်ခြင်းဖြစ်လေသည်။

အရက်သမားတာအိုဆရာ၏ တပည့်ဖြစ်သည့် ယန့်ပုကွေးမှာ

တော့ ဆရာဖြစ်သူထက်သာလေသည်။ သူက သူကိုယ်တိုင်

သောက်ရုံသာမက အခြားသူများကိုပါ အရက်တိုက်လေ့ရှိ

သည်။ သို့သော် သူကိုယ်တိုင်ကျတော့ အရက်အစစ်ကိုသောက်
လေ့ရှိပြီး အခြားသူများကိုတော့ ရေကို အင်းပညာဖြင့်အသွင်
ပြောင်းထားသည့် အရက်အတုများတိုက်ခြင်းဖြစ်လေသည်။
သူက လူအများကိုလှည့်စားသည်ဟု မခံယူထားပါ။ လူများက
လည်း အရက်အတုကို လာသောက်ကြသည်ပဲ ဖြစ်လေသည်။
ဆန်းလျန်က ယန့်ပုကွေးတည်းခိုရိပ်သာ အတွင်းသို့လှမ်းဝင်
လိုက်သည်။

ဆိုင်ထဲတွင် ဧည့်သည်သိပ်မရှိပါ။ စားသောက်ခန်းမတစ်ခုလုံး
မှာ တိတ်ဆိတ်နေလေသည်။ ရာသီဥတုအုံ့ဆိုင်းနေ
သည့်အတွက် နေကလည်း သာခြင်းမရှိပေ။ ထို့ကြောင့် စား
သောက်ခန်းမထဲတွင် အနည်းငယ် မှောင်မိုက်နေလေသည်။
သို့သော် ဆန်းလျန်ဝင်ရောက်သွားလိုက်သည်နှင့် အခန်းတစ်ခု
လုံး လင်းလက်သွားလေသည်။

ဆန်းလျန်က ကိုယ်ယောင်ကိုယ်ဝါများတောက်ပနေခြင်းမရှိပါ။ သို့သော် စားသောက်ခန်းမအတွင်းရှိ လူအားလုံး၏စိတ်ထဲတွင် မီးအိမ်တစ်ခု ထွန်းညှိလိုက်သည့်အလား လင်းလက်မှုကို ခံစားလိုက်ရလေသည်။ နွေးထွေးလင်းလက်နေသည့် မီးအိမ်တစ်ခုကဲ့သို့ ဖြစ်လေသည်။

ဆန်းလျန်မှာလည်း စိတ်ကြည်လင်နေလေသည်။ လွန်ခဲ့သည့် နှစ်နှစ်ဆယ်ခန့်က ဆန်းလျန်နှင့် ဆုံတွေ့ခဲ့သည့် စားပွဲထိုးမှာ များစွာပြောင်းလဲသွားခဲ့လေပြီ။ ထိုသူမှာ အသက်အရွယ်ကြီးရင့်နေလေပြီ။ ဆံပင်များဖြူနေပြီး နဖူးပေါ်တွင်လည်း အရေးအကြောင်းများထင်နေပြီဖြစ်လေသည်။ သို့သော် သူက စားပွဲခုံများကိုတော့ ကျွမ်းကျင်စွာ သုတ်နေလေသည်။

စားပွဲထိုးမှာ လူပေါင်းများစွာနှင့် ဆက်ဆံခဲ့ရလေသည်။ ရေခြားမြေခြားမှ ရောက်လာကြသည့် သိုင်းလောကသားများ ၊

ကျင့်ကြံသူများစွာဖြစ်လေသည်။ ထို့ကြောင့် သူက လူတိုင်းကို

မမှတ်မိနိုင်တော့ပေ။

သို့သော် ...

သူက ဆန်းလျန်ကိုတော့ ကောင်းကောင်းမှတ်မိနေလေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်မှာ ထူးခြားသည့် စိတ်နေ

စိတ်ထားရှိသူတစ်ယောက် ဖြစ်သောကြောင့် ဖြစ်လေသည်။

သိမ်မွေ့ပြီးသိက္ခာရှိသူတစ်ယောက်ဖြစ်သည့်အပြင် လူသား

များ၏လှည့်စားမှုပရိယာယ်များကိုလည်း စိတ်မဝင်စားတတ်

ပေ။

ယခု ဆန်းလျန်ကို ပြန်လည်ဆုံတွေ့ရသည့်အခါ....

ဆန်းလျန်၏ပုံစံမှာ ပိုမိုချောမောခန့်ညားလာသည်ကလွဲပြီး

လွန်ခဲ့သည့်နှစ်နှစ်ဆယ်ကအတိုင်းပင်ဖြစ်လေသည်။ အချိန်

ကာလသည် သူ၏နုပျိုခြင်းများကို တိုက်စားမသွားနိုင်ပေ။

ထို့ပြင် ဆန်းလျှန်မှာ ချင်းရှမ်းနတ်တံခါးသို့ ဝင်ခွင့်ရခဲ့ပြီး ကျင့်ကြံသူတစ်ယောက်ဖြစ်လာခဲ့သည်ဆိုသည့်အကြောင်းကို ယန့်ပုကွေးထံမှ သတင်းအနည်းငယ် ကြားထားလေသည်။ ကျင့်ကြံသူများမှာ များသောအားဖြင့်နေပျိုကြလေသည်။ သို့သော် ချင်းရှမ်းနတ်တံခါးနှင့် အနေနီးသည့်တိုင် နန်ခယ်မြို့မှ လူများမှာတော့ ဆန့်ကျင်ဘက်ပင်ဖြစ်လေသည်။

ထို့ကြောင့် ချင်းရှမ်းနတ်တံခါးတွင် ဂိုဏ်းချုပ်အပြောင်းအလဲ ဖြစ်သည့်တိုင် တောင်ခြေရှိ နန်ခယ်မြို့မှလူများအတွက်တော့ မည်သည့်ပြောင်းလဲမှုမျှ မဖြစ်ခဲ့ပေ။ ချင်းရှမ်းနတ်တံခါး၏ အတွင်းရေးကိစ္စများကို နန်ခယ်မြို့ရှိမည်သူမျှ သိရှိနိုင်ခြင်းမရှိကြပေ။

လူသားများနှင့် နတ်ဘုရားများကို မည်သူကမှ ခွဲခြားထားခြင်း မဟုတ်ပေ။ သဘာဝအတိုင်း အလိုလို ကွဲပြားသွားကြခြင်းသား ဖြစ်လေသည်။

တာအိုကျမ်းစာထဲတွင်ပါသည့်အတိုင်း “ဂဠုန်ငှက်ကြီး မည်မျှ အမြင့်ထိတိုင် ပျံသန်းနိုင်သည်ကို စာကလေးငှက်သည် စိတ်မဝင်စား” ဆိုသကဲ့သို့ပင် နတ်ဘုရားများမည်မျှတန်ခိုးစွမ်းအား မြင့်မားသော်လည်း သာမန်လူများက ကျင့်စဉ်လမ်းကို စိတ်မဝင်စားကြပေ။

စားပွဲထိုးက ဆန်းလျန်ဆီသို့လျှောက်လာလေသည်။

“နတ်ဘုရားအရှင်၊ ဘာများသုံးဆောင်ပါမလဲ၊ သူဌေးဒီနေ့ ဆိုင်မှာရှိပါတယ်၊ သူဌေးကို ကျွန်တော်ခေါ်ပေးပါ့မယ်”

ဆန်းလျန်က စားပွဲထိုးကို ကြည့်ရင်းပြုံးလိုက်သည်။

“မင်းတောင် အတော်အသက်ကြီးသွားပြီပဲ၊ အိမ်ထောင်ပြုပြီး သားသမီးတွေရော ရနေပြီလား”

စားပွဲထိုးမှာ ဆန်းလျန်က သူ့ကိုမှတ်မိနေသည့်အတွက် များစွာ အံ့သြသွားရလေသည်။ သူက ဆန်းလျန်၏ထူးခြားမှုကြောင့်

သာ ဆန်းလျန်ကို မှတ်မိနေခြင်းဖြစ်ပြီး ဆန်းလျန်ကတော့ သူ့လိုလူမျိုးကို အရေးလုပ်မည်ဟု ထင်မထားခဲ့မိပေ။

သူက မဝံ့မရဲဖြစ်သွားပြီး ဆံပင်များကို ယောင်ယမ်းကိုင်လိုက်မိသည်။ သူက အသက်အရွယ်ကြီးရင့်မှုကြောင့် ခါးပင်ကိုင်းနေပြီဖြစ်လေသည်။

"နတ်ဘုရားအရှင်က ကျုပ်ကိုမှတ်မိနေမယ်လို့ထင်မထားမိဘူး၊ ကျုပ်လက်ထပ်ပြီးတာကြာလှပေါ့၊ ကျုပ်သားတောင် အိမ်ထောင်ကျလို့ ချစ်စရာကောင်းတဲ့မြေးလေးတစ်ယောက်တောင်ရနေပြီ"

"ဝမ်းသာစရာပါပဲ၊ ဂုဏ်ယူပါတယ်ဗျာ"

ဆန်းလျန်က ပြောလိုက်လေသည်။

"အာ... အထဲကိုသွားပြီး သူဌေးကိုခေါ်လိုက်ဦးမယ်ဗျ၊ ကျုပ်ကတော့ အရှင်နဲ့ ဘာပြောလို့ပြောရမှန်းမသိဘူးလေ"

စားပွဲထိုးကပြောလိုက်သည်။

ဆန်းလျန်က သာမန်လူများကိုလည်း အထင်သေးတတ်သည့် အကျင့်မရှိပါ။ သို့သော် စားပွဲထိုးကတော့ သူက သာမန်လူမျှသာဖြစ်ပြီး ဆန်းလျန်ကတော့ နတ်ဘုရားတစ်ပါးဖြစ်နေသည့်အတွက် ဘာပြောရမှန်းမသိဘဲ ရှိန်ဖြစ်နေရခြင်းဖြစ်လေသည်။ သူပြောနိုင်သည့်စကားများထက် ဆန်းလျန်က ပိုမိုသာလွန်သည့်ပုဂ္ဂိုလ်တစ်ပါးဖြစ်နေသည်ဟု ထင်မှတ်ထားလေသည်။

ဆန်းလျန်က သူ့ကိုမှတ်မှတ်ရရရှိနေပြီး ခင်ခင်မင်မင်စကားပြောခြင်းကပင် သူမျှော်လင့်သည်ထက် အဆမတန်များပြားနေပြီဖြစ်လေသည်။

“မခေါ်နဲ့တော့ ၊ သူထွက်လာပြီ”

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

ယန့်ပုကွေးပုံမှာ အိပ်ယာမှ နိုးလာသည်နှင့် တူနေလေသည်။ ယန့်ပုကွေးက တစ်လတွင် ဆယ်ရက် နန်ခယ်မြို့တွင်နေလေသည်။

အမှန်တော့ ယန့်ပုကွေးမှာ သိုင်းလောကမှ တောင်ပေါ်ဓားပြတစ်ယောက်ဖြစ်လေသည်။ သို့သော် သူ၏အဘိုးဖြစ်သူက အရက်သမားတာအိုဆရာနှင့် သူငယ်ချင်းဖြစ်လေသည်။ ထို့ကြောင့် ကျင့်စဉ်လမ်းသို့လိုက်လျှောက်ရန် အရက်သမားတာအိုဆရာက သူ့ကို ချင်းရှမ်နတ်တံခါးသို့ အတင်းအဓမ္မ ခေါ်ဆောင်လာခြင်းဖြစ်လေသည်။

အရက်သမားတာအိုဆရာရောက်လာပြီး ကျင့်စဉ်လမ်းသို့လိုက်လျှောက်ရန် လာခေါ်သည့်အချိန်တွင် ယန့်ပုကွေးမှာ တောင်ပေါ်တွင် ဓားပြတိုက်ရင်း ၊ သောက်သောက်စားစား လူမင်းသားလုပ်ကာ အဆင်ပြေသာယာနေသည့်အချိန်ဖြစ်လေသည်။

သူက ကြွယ်ဝချမ်းသာသူတစ်ယောက်ဖြစ်ပြီး မိတ်ဆွေ
အပေါင်းအသင်းလည်း များစွာရှိလေသည်။
ထိုအချိန်တွင် သူ၏ မိတ်ဆွေတစ်ယောက်မှာ အာဏာပိုင်များမှ
ဖမ်းဆီးခြင်းကိုခံလိုက်ရလေသည်။ ထို့ကြောင့် သူက လူစုကာ
တရားရုံးကို တိုက်ခိုက်ရန် တောင်ပေါ်မှ ဆင်းလာခဲ့လေသည်။
ထိုအချိန်မှာပင် အရက်သမားတာအိုဆရာက သူ့ကို
အတင်းအဓမ္မ ချင်းရှမ်းသို့ ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။ သူက
လုံးဝ လိုက်လိုစိတ်မရှိပေ။
ကံအားလျော်စွာ ချင်းရှမ်းနတ်တံခါးဖွင့်ချိန်နှင့် တိုက်ဆိုင်နေ
သည့်အတွက် အရက်သမားတာအိုဆရာက သူ့ကို ဝမ့်ရှင်းလမ်း
ရှေ့တွင် ချထားပေးခဲ့လေသည်။ အရက်သမားတာအိုဆရာ
မျှော်လင့်သည့်အတိုင်းပင် ယန့်ပုကွေးသည် ကျင့်စဉ်လမ်းနှင့်
ပါရမီပါသူ တစ်ယောက်ဖြစ်လေသည်။ သူက ဝမ့်ရှင်းလမ်း၏

ပုံရိပ်ယောင်များကို ဖြတ်ကျော်နိုင်ခဲ့ပြီး တရားကိုစတင်သိမြင်ကာ ဆရာဖြစ်သူကိုလည်း ကလန်ကဆန် မလုပ်တော့ပေ။ သူ ချင်းရွှမ်နတ်တံခါးသို့ ဝင်ရောက်ခဲ့သည့်အချိန်တွင် သူ့အသက်က နှစ်ဆယ်ကျော်ပြီ ဖြစ်လေသည်။ စည်းကမ်းအတိုင်းသာဆိုလျှင် သူ့အနေဖြင့် ဝင်ခွင့်ရမည် မဟုတ်ပေ။ သို့သော် ဆရာသခင်ကျန်းရော့ရှီးက အရက်သမားတာအိုဆရာ၏ မျက်နှာကိုထောက်ထားသည့်အနေဖြင့် သူ့ကို တပည့်အဖြစ်လက်ခံပေးခဲ့ပြီး သူ့ဆန္ဒအတိုင်း တောင်ပေါ်မှတစ်ခါတစ်ရံ အပြင်သို့ပင် ထွက်ခွာခွင့် ပြုထားလေသည်။ ကျင့်ကြံသူများ၏ သဘောသဘာဝကို နားလည်သည့်နေရာတွင်တော့ လောကတွင် ဆရာသခင်ကျန်းရော့ရှီးကို မီသည့်သူမရှိပေ။ ဆရာသခင်ကျန်းရော့ရှီးသည် တပည့်များကိုကျင့်စဉ်လမ်းအတွက် လမ်းညွှန်မှုကောင်းကောင်းပေးနိုင်သူဖြစ်လေသည်။ ကျင့်ကြံသူများသည် သူ၏ လမ်းညွှန်မှု

တစ်ချက်တည်းဖြင့်ပင် ကျင့်စဉ်လမ်းကို ကောင်းကောင်း

လျှောက်လှမ်းသွားနိုင်ကြလေသည်။

ဆရာသခင်ကျန်းရော့ရှီးသည် သူတတ်နိုင်သည့်

အတိုင်းအတာအတွင်းမှ ကျင့်ကြံသူများကို မျိုးစေ့ချထားပေး

ခဲ့သူ ဖြစ်လေသည်။

ဆန်းလျန်မှာ ယန့်ပုကွေး၏ တွေ့သည်နှင့် အတောမသတ်နိုင်

အောင် ရယ်မောမိလေသည်။

"အိုး... သူငယ်ချင်းရေ ၊ မင်းတော့ကျင့်စဉ်အောင်တော့မယ်"

ဆန်းလျန် အလွန်ပျော်ရွှင်နေပြီး ယန့်ပုကွေးကို ပြောလိုက်လေ

တော့သည်။

ယန့်ပုကွေးမှာ အရက်မူးနေပြီး တစ်ချိန်တည်းမှာပင် အမူးပြေ

နေသကဲ့သို့လည်း ဖြစ်နေကြောင်း ဆန်းလျန်ရိပ်မိလိုက်လေ

သည်။ သူ့ထံမှ နတ်ဘုရားအငွေ့အသက်များထွက်ပေါ်နေလေ

သည်။

ကျင့်စဉ်လမ်း အဆင့်တော့မည့် သင်္ကေတဖြစ်ပြီး ဟိုင်ဟန်း အဆင့် တက်ရောက်တော့မည့် သဘောပင်ဖြစ်လေသည်။ ဆန်းလျန်မှာ ယန့်ပုကွေး ကျင့်စဉ်အဆင့်တက်တော့မည်ဖြစ်သည့်အတွက် အလွန်ပျော်ရွှင်သွားမိလေသည်။ ယန့်ပုကွေးသာ ကျင့်စဉ်လမ်းအဆင့်တက်သွားလျှင် ချင်းရှမ်နတ်တံခါး အတွက် အားသစ်တစ်ခုတိုးတော့မည်ဖြစ်လေသည်။

ဆန်းလျန်က ကူးချိုင်ဝေ့က ဟိုင်သန်းအဆင့်ကို ယန့်ပုကွေး ထက်စောပြီး တက်ရောက်နိုင်လိမ့်မည်ဟု ထင်မှတ်ထားခဲ့လေသည်။ သို့သော် ယခုတော့ ယန့်ပုကွေးက ခြေတစ်လှမ်းစောနေခဲ့ပြီ။

ကူးချိုင်ဝေ့ ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက် ဆန်းလျန်တွင် နည်းလမ်းတစ်ခုတွေ့ထားလေသည်။ သူတောင်ပေါ်မှ ထွက်ခွာရန် ဆုံးဖြတ်ရသည့်အကြောင်းထဲတွင် ထိုအချက်လည်း အပါအဝင်ပင်ဖြစ်လေသည်။

အခန်း (၂၀၉) မိုးကောင်းကင်ရယ်... ကျုပ်တို့အပေါ်ရက်စက်လိုက်လေခြင်း

ယန့်ပုကွေးက ပြုံးလိုက်ရင်း...

"တိုက်ဆိုင်လိုက်တာ ဂိုဏ်းချုပ်၊ ကျုပ်တို့နှစ်ယောက်လုံး ပျော်နေကြတာ၊ နည်းနည်းလောက်သောက်ကြရအောင်လား"

လူတိုင်းကျင့်စဉ်လမ်း အဆင့်တက်လှမ်းနိုင်ရန်မှာ မလွယ်ကူလှပေ။ ထို့ကြောင့် တကယ်တမ်း ကျင့်စဉ်လမ်း အဆင့်တက်လှမ်းနိုင်သည့်အခါတွင်တော့ ကျေနပ်ပီတိဖြစ်ရကာ ပျော်ရွှင်စိတ်လှုပ်ရှားရလေသည်။

ယန့်ပုကွေးက တည်းခိုရိပ်သာကို ပိတ်လိုက်လေသည်။ သူက ဆန်းလျန်ကို အရက်ကောင်းဖြင့် ဧည့်ခံရန် ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်နေ့တွင်တော့ ချင်းရှမ်တောင်အပြင်ဘက်ရှိ လေနှင့်တိမ်တိုက်များသည် ရှစ်ရက်တိတိ မရပ်မနား မိုးခြိမ်းသံများ ထွက်ပေါ်နေလေတော့သည်။ ချင်းရှမ်နတ်တံခါးအပြင်ဘက်တွင် ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် အပြင်ဘက်ရှိကျင့်ကြံသူအားလုံး တွေ့မြင်ကြရလေသည်။

နှစ်ပေါင်းငါးဆယ်အတွင်း ချင်းရှမ်နတ်တံခါးတွင် ကိုယ်ပိုင်ကျင့်စဉ်စွမ်းအားဖြင့် ဟိုင်သန်းအဆင့်သို့တက်ရောက်နိုင်သည့် ကျင့်ကြံသူသုံးဦး ပေါ်ထွက်လာခဲ့ပြီဖြစ်လေသည်။ ချင်းရှမ်နတ်တံခါး ပြန်လည်ဦးမော့လာခဲ့ပြီဆိုသည့် အစိပ္ပါယ်ပင်ဖြစ်သည်။ ဟိုင်သန်းအဆင့်အောင်မြင်ပြီးသည့် ကျင့်ကြံသူသည် ဆရာသခင်တစ်ပါးအဖြစ် တရားဟောပြောခွင့် ၊

ပညာသင်ကြားပေးခွင့်ရှိလေသည်။ ထိုသူသည် တရားဝင် တာ
အိုဆရာတစ်ပါးဖြစ်သွားပြီဖြစ်လေသည်။
ထို့ပြင် နတ်ဘုရားကျောင်းတော်များတွင် ကိုယ်ပိုင်ကျင့်စဉ်
စွမ်းအားဖြင့် ဟိုင်သန်းအဆင့်တက်ရောက်သူများမှာ ပြင်ပ
ပြဒါးရှင် သို့မဟုတ် နတ်ဒေဝါအမြုတေများ၏စွမ်းအားဖြင့် ဟို
င်သန်းအဆင့်တက်ရောက်သူများထက် ပိုပြီးဂုဏ်ပြုခံရလေ့ရှိ
လေသည်။
အဘယ်ကြောင့်ကိုဆိုသော် ကိုယ်ပိုင်ကျင့်စဉ်စွမ်းအားမှာ
နားလည်သဘောပေါက်ရန် ပိုပြီးအားစိုက်ရသည့်အတွက်ဖြစ်
လေသည်။ ထို့ပြင် မူလဝိညာဉ်ရရှိသည့်အခါတွင်လည်း ပိုပြီး
ခိုင်မာသည့် အခြေခံကောင်းကိုရရှိလေသည်။ ခိုင်မာသည့်အ
ခြေခံကောင်းမရှိသည့်အတွက် မူလဝိညာဉ်ရရှိအောင် ကျင့်ကြံ
သည့်အဆင့်သို့ရောက်သည့်အခါတွင် အရှုံးနှင့်ရင်ဆိုင်ရသည့်

အခါ တစ်ဘဝလုံး ကျင့်ကြံခဲ့သမျှ အလကား ဖြစ်သွားတတ်လေသည်။

ထိုသို့သောအဖြစ်အပျက်မျိုး ကျင့်ကြံသူများကြားတွင် မကြာခဏကြုံတွေ့ရတတ်လေသည်။

ချင်းရှမ်နတ်တံခါး၏ ဆောင်ပုဒ်ဖြစ်သည့် "အဆင့်မြင့်ကျင့်စဉ်လမ်းကို တက်လှမ်းချင်ပါက စိတ်နှလုံးကိုအရင်ဆုံးပြုပြင်ရမည်" ဟူသည့်စကားအတိုင်း စိတ်ရင်းအခံနှင့်ကိုယ်ကျင့်တရားကောင်းမှသာ ကျင့်စဉ်လမ်းတွင်လည်း အရာရာကို ရင်ဆိုင်နိုင်မည်ဖြစ်လေသည်။

ချင်းရှမ်ခန်းမဆောင်တွင် လူအများစုဝေးရောက်ရှိနေကြလေသည်။ ယခင်အချိန်များကဲ့သို့ပင် ဆရာသခင်များ ၊ တပည့်များ အစီအစဉ်တကျ တန်းစီလျှက် နေရာယူထားကြလေသည်။

ဆန်းလျန်က ယန့်ပုကွေးအတွက် ဟိုင်သန်းအဆင့် တက်ရောက်ခြင်း အောင်ပွဲအခမ်းအနားကို ကျင်းပပေးနေခြင်း ဖြစ်လေသည်။ ဟိုင်သန်းအဆင့်တက်ရောက်သည့်အောင်ပွဲကို "ရွှေပြဒါးအမြုတေအောင်ပွဲ" ဟုလည်း ခေါ်ကြလေသည်။ ရွှေက မပျက်စီးနိုင်ခြင်းကိုဖော်ပြပြီး ပြဒါးက ပြည့်ဝမှုကိုဖော်ပြလေသည်။

ဆန်းလျန်က ဆရာဘိုးဘိုးယွမ်ချင်း၏ဓားဝိဉာဉ်ကို ချန်ကျန့်မေဆီမှ တစ်ဆင့်ရရှိထားခြင်းဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန် ဟိုင်သန်းအဆင့်အောင်မြင်ပြီး ဂိုဏ်းချုပ်နေရာဆက်ခံသည့်ပွဲတွင် ဆရာဘိုးဘိုးယွမ်ချင်းထံမှ ဓမ္မအမွေကို ထပ်မံရရှိခဲ့ခြင်းမရှိပေ။

ယန့်ပုကွေးသည် တာအိုဝတ်ရုံကိုဝတ်ဆင်ကာ ချင်းရှမ်ခန်းမဆောင်အတွင်းသို့ ကျက်သရေရှိစွာဖြင့်လှမ်းဝင်လာလေသည်။ ကျင့်စဉ်လမ်းကိုလိုက်လျှောက်ရန်မှာ သူ၏ရည်မှန်းချက်

မဟုတ်ခဲ့ပေ။ မတတ်သာသောကြောင့်သာကျင့်စဉ်လမ်းကို

လျှောက်ခဲ့ရခြင်းဖြစ်လေသည်။ သို့သော် ယခုတော့

လူ့လောကရှိ လောကီရေးရာ ပျော်စရာပေါင်းများစွာကို

စွန့်လွှတ်ကာ ကျင့်စဉ်လမ်းကို အဆင့်တက်လှမ်းနိုင်ခဲ့ပြီ။

ယန့်ပုကွေးက ဒူးထောက်လိုက်သည်။ ဆန်းလျန်ကို ဒူးထောက်

ခြင်းသာမဟုတ် ချင်းရှမ်နတ်တံခါး၏ ခေတ်အဆက်ဆက်မှ

ဆရာသခင်များအားလုံးရှေ့တွင် ဒူးထောက်လိုက်ခြင်းဖြစ်လေ

သည်။ ခေတ်အဆက်ဆက်မှ ဆရာသခင်များသာမရှိခဲ့လျှင်

ယခုလက်ရှိအချိန်တွင်လည်း ချင်းရှမ်နတ်တံခါးဆိုသည်မှာ ရှိ

လာမည်မဟုတ်ပေ။

ရေကိုသောက်သည့်အခါ ရေရရှိသည့် အရင်းအမြစ်ကို

အလေးထား ကျေးဇူးတရားသိရသကဲ့သို့ပင်ဖြစ်လေသည်။

ဆရာသခင်များကလည်း ယန့်ပုကွေးကို ဥပမာပြကာ သူ

တို့၏တည့်များကို နမူနာယူကြရန် သင်ပြပေးနေကြလေသည်။

ကျင့်ကြံသူဆိုသည်က မီးအိမ်ကိုထွန်းညှိသူကဲ့သို့ပင်ဖြစ်လေ

သည်။ မိမိကိုယ်တိုင်အလင်းရသလို အခြားသူများ၏

သွားရာလမ်းကိုလည်း အလင်းပေးနိုင်လေသည်။

"နတ်ဘုရားတွေက ကျုပ်ရဲ့ဦးခေါင်းကိုထိတွေ့ပြီးထာဝရ

အသက်ရှင်ခြင်းလျှို့ဝှက်ချက်ကို လက်ဆင့်ကမ်းပေးပါတယ်"

ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်၏ရင်ထဲတွင် ပျော်ရွှင်ခြင်း ၊ ဝမ်းနည်းခြင်း မည်

သည့်အရာကိုမှ မခံစားရပါ။ သူက ယန့်ပုကွေး၏ မျက်ခုံးနှစ်ခု

ကြားတွင် သင်္ကေတတစ်ခုရေးဆွဲပေးလိုက်သည်။ နက်ရှိုင်း

သည့် တရားဓမ္မအဓိပ္ပါယ်တစ်ခု၏ သင်္ကေတသည် ယန့်ပု

ကွေး၏ မျက်ခုံးနှစ်ခုကြားတွင်ပေါ်လာလေသည်။ ပထမဆုံး

အကြိမ်တုန်းကနှင့်မတူ ကြီးမားသည့် တန်ခိုးစွမ်းအားလှိုင်း

တစ်ခုကို ဆန်းလျန် ခံစားလိုက်ရလေသည်။

နဂါးငွေ့တန်းရှိ ထျန်းဟယ်မြစ်အဆုံးတွင် လက်ပိုက်ပြီး ရပ်နေ

သည့် တာအိုဆရာတစ်ပါးကို ဆန်းလျန် မြင်တွေ့လိုက်ရလေ

သည်။ သူ၏ခန္ဓာကိုယ်မှ ဓားဝိညာဉ်သည် ကြယ်စင်များဆီသို့

ပင် ထိုးဖောက်ဝင်ရောက်နေပြီး သဘာဝတရားနှင့် ဒြပ်စင်

စွမ်းအားများက ထိုဓားဝိညာဉ်၏ ကျက်သရေရှိမှုကို

ချီးမြှောက်နေကြလေသည်။

ထိုတာအိုဆရာ၏ မျက်နှာက တည်ကြည်လေးနက်နေပြီး ဆန်း

လျန်ကို စိုက်ကြည့်နေလေသည်။ သူ၏အကြည့်က စာကြောင်း

တစ်ခုအလား ပြောင်းလဲသွားသည်။

"ကျင့်စဉ်လမ်းက မိုးကောင်းကင်လိုပဲ ကျယ်ပြန့်လွန်းတယ် ၊

ကျုပ်တစ်ယောက်တည်းမဖြစ်နိုင်ဘူး"

အထီးကျန်ခြင်း...

ဝမ်းနည်းခြင်း....

ခံစားချက်ပေါင်းများစွာကို ဆန်းလျန် ခံစားလိုက်ရလေသည်။

ယန့်ပုကွေးနှင့် အခြားသူများလည်း ထိုစာကြောင်းကို ခံစားရ

သည်လား မသေချာပေ။

ဆန်းလျန်၏ ခံစားချက်များသာ ရောထွေးကာ တုန်လှုပ်သွားရ

ခြင်း ဖြစ်လေသည်။

သူလျှောက်လှမ်းခဲ့သည့် ကျင့်စဉ်လမ်းသည် ထောင်ချောက်

တစ်ခုအလား ပိတ်မိနေပြီလား.....။

ထို စာကြောင်းက အသစ်သော ဖွင့်ပြချက်များလား....။

ဖြစ်ကောင်းဖြစ်နိုင်ပေမည်။

သို့သော်...

နားလည်ရန်ခက်ခဲလှလေသည်။ သူသိထားသည့် ကျင့်စဉ်

လမ်းဆိုသည်က ကျင့်ကြံသူက ကျင့်စဉ်နှင့်တစ်သားတည်း

ကျအောင်ပေါင်းစပ်ပြီး သဘာဝတရားကို အနိုင်ယူခြင်းဖြစ်

လေသည်။

အခြားသူများမှာ ဆန်းလျန်ကဲ့သို့ ခံစားသိမြင်နေရသည့်ပုံ မပေါ်ပါ။ ယန့်ပုကွေး၏ မျက်နှာမှာလည်း တည်ငြိမ်နေလေသည်။

ဆန်းလျန်က ယန့်ပုကွေး မျက်ခုံးနှစ်ခုကြား သင်္ကေတ ရေးဆွဲပေးပြီးပြီ ဖြစ်သည့်အတွက် လက်ကို ပြန်ရုတ်သိမ်းလိုက်သည်။

သူ၏ စိတ်ပူပန်မှုများကို ထိန်းချုပ်ထားလိုက်လေသည်။

ရုတ်တရက်...

အပြင်ဘက်တွင် အလင်းတန်းတစ်ခု လင်းလက်သွားလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တုန်ခါသွားပြီး ခန်းမတွင်းရှိ လူအားလုံးပင် ယိုင်လဲကုန်ကြရလေသည်။

ဆန်းလျန် လဲကျရာမှ မတ်တပ်ထရပ်လိုက်သည်။ အခြားသူများမှာလည်း အခြေအနေကိုလေ့လာရန် ခန်းမအပြင်ဘက်သို့ အသီးသီးထွက်ခွာသွားကြလေသည်။

အရှေ့ဘက်ကောင်းကင်ဆီတွင် ရောင်စုံတိမ်တိုက်များ ဖုံးလွှမ်းနေလေသည်။ ထိုတိမ်တိုက်များမှ အရောင်ငါးမျိုး ဖြာထွက်နေပြီး အလွန်ထူးခြားပြီး ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်.....

မိုးအောက်မြေပြင်တစ်ခွင်လုံးရှိ နတ်ဘုရားကျောင်းတော်များ ၊ ကျင့်ကြံသူဂိုဏ်းများ ၊ ဗုဒ္ဓဘာသာကျောင်းတော်ကြီးများ အားလုံးသည် ထိုမြင်ကွင်းကို ကြည့်နေကြလေသည်။

အသူရာချောက်....

များသောအားဖြင့် နေရောင်မရှိ မှောင်မိုက်နေတတ်သည့် အသူရာချောက်တွင်တော့ ရောင်စဉ်းငါးမျိုး ဖြာထွက်နေသည့် တိမ်တိုက်များ နေရာ အနှံ့တွင် ဖုံးလွှမ်းနေလေသည်။

ထို့ပြင် ကြိုးဝါးသံကြီးတစ်ခုလည်းထွက်ပေါ်လာပြီး နတ်ဆိုး
စစ်သည်များမှာ မခံမရပ်နိုင်အောင်ဖြစ်ကာ သူတို့နားများကို
ပိတ်ရင်း လူးလှိမ့်နေကြလေသည်။

ရဲ့လျိုယွင်သည် သေွးနီရောင်ပလ္လင်ထက်တွင် မတ်တပ်ရပ်နေ
လေသည်။ သူက သွေးနီရောင်စဉ် တန်ခိုးစွမ်းအားများဖြင့် သူ့
ကိုယ်သူ ကာကွယ်ထားလိုက်လေသည်။

ရဲ့လျှိုယွင်နှင့် မလှမ်းမကမ်းတစ်နေရာတွင် ရဲ့လျိုယွင်နှင့်
တိုက်ခိုက်နေသည့် တာအိုဆရာတစ်ပါး ရပ်နေလေသည်။ သူ
ကလည်း သူ၏ အလင်းစွမ်းအားများကို ပြန်လည်ရုတ်သိမ်း
လိုက်ကာ အကာအကွယ်ယူလိုက်ပြီး အခြေအနေကို ကြည့်
လေသည်။

ယင်းစန်းတောင်၏ အခြားဘက်ခြမ်းတွင်တော့ ရှည်လျားလွန်း
သည့် ရောင်စဉ်ငါးမျိုးသက်တံ့ကြီးတစ်စင်း ဖြာထွက်နေလေ

သည်။ ထိုသက်တန့်ရောင်စဉ်များသည် ကောင်းကင်တစ်ခုလုံး တွင် ဖြာလင်းနေလေသည်။

ကျင်းကွမ်းဝတ်ကျောင်းတော်မှ ပေါင်ယွဲ့ဆရာတော်ကြီးသည် ဘုံကိုးဆင့်ရှိသည့် ဖေးထိုင်စေတီတော်အပေါ်ဆုံးထပ်မှနေပြီး ထိုမြင်ကွင်းကို ကြည့်ရှုနေလေသည်။ နုပျိုငယ်ရွယ်လွန်းသည့် ဆရာတော်ကြီး၏မျက်နှာက တည်ကြည်နေလေသည်။

ဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"ရှုပနတ်ဘုရားမင်းကြီးက ဗုဒ္ဓတရားတော်တွေရဲ့ အနှစ်သာရ ကိုသိမြင်အောင် သူ့ကို နှစ်ပေါင်းများစွာ ပိတ်လှောင်ထားခဲ့တာ ၊ ခုတော့ လောကကိုကျော်လွန်ပြီး လွတ်မြောက်အောင်မြင် သွားပြီပေါ့"

ပေါင်ယွဲ့ဆရာတော်ကြီးနောက်တွင် ဘုန်းတော်ကြီးတစ်ပါး ရပ်နေလေသည်။ ထိုဘုန်းတော်ကြီးမှာ ဆံပင်များရိတ်ပြီး ဘုန်းကြီးဝတ်ထားသည့် ဟိုင်သခင်ကြီးပင်ဖြစ်လေသည်။

"ဘုန်းကြီး ၊ မင်းဆိုလိုတာ ကျုပ်လည်း ဗုဒ္ဓတရားတွေကို နားလည်သွားရင် အဲဒီလို လွတ်မြောက်အောင်မြင်သွားနိုင်မလား"

ဟု မကျေမနပ်လေသံဖြင့်မေးလိုက်သည်။

ပေါင်ယွဲ့ဆရာတော်ကြီးက ဟိုင်သခင်ကြီးကို လှည့်ကြည့်ရင်း ပြုံးလိုက်သည်။

"ဒါတော့ မသေချာဘူး ၊ မင်းကို မခံမရပ်နိုင်အောင် အပြစ်ပေးထားတာမှ မဟုတ်တာ"

ဟိုင်သခင်ကြီးမှာ ဆံပင်များရိတ်ပြီး ဘုန်းကြီးဝတ်ထားရသည့် တိုင် သူ့ကို ဘုန်းကြီးအတင်းဝတ်ခိုင်းထားသည့် ပေါင်ယွဲ့ ဆရာတော်ကြီးကို မကျေမနပ် ဖြစ်နေဆဲဖြစ်လေသည်။

သူက မချိပြုံးပြုံးလိုက်ရင်း....

"အခု ကျုပ်က ကျင်းကွမ်းဝတ်ကျောင်းတော်မှာနေတာနော် ၊ ကျုပ် အပြစ်ခံရတဲ့အချိန်ကျ မင်းတို့ကျောင်းတော်ပါ ပျက်စီးမှာ"

ပေါင်ယွဲ့ဆရာတော်ကြီးက ပြုံးလိုက်သည်။

"အော်မီတော်ဖော်... ကျုပ်တို့ ဒီကိစ္စကို ဂရုမစိုက်ပါဘူး ၊ မင်းသာ အပြစ်ဝန်ခံပြီးသွားရင် တရားပြန်ကျင့်နိုင်မှာပဲ ၊ အဲဒီလိုသာဆို ကျုပ် သိပ်ကို ဝမ်းမြောက်မိမှာပဲ"

ဟု ပြောလိုက်လေသည်။

ဟိုင်သခင်ကြီးက ဟွန့် ခနဲ တစ်ချက်လုပ်လိုက်ရင်း စကားမပြောတော့ပေ။ သူက ထွက်ပေါ်လာသည့် သက်တံ့ကြီးကို ကြည့်ရင်း ရင်ထဲတွင် တုန်လှုပ်ကြောက်လန့်နေမိလေသည်။

အောင်မြင်မှုကို ရရှိသွားပြီဖြစ်သည့် ထိုသူကို မနာလို ဖြစ်နေမိတော့သည်။

ရှုပနတ်ဘုရားမင်းကြီးဆိုသော ခေါင်းပြောင်သူခိုးကြီးသာသူ့ကို မင်ဝမ်ဝတ်ကျောင်းတော်တွင် ပိတ်လှောင်ထားလျှင် ယခုအချိန်လောက်ဆို သူလည်း လွတ်မြောက်အောင်မြင်နိုင်မည်ဟု တွေးနေမိလေသည်။ ထိုသို့တွေးမိသောအခါ ဒေါသများ ထွက်လာရပြန်လေသည်။ သူ၏ ခံစားချက်များသည် ပြောမပြနိုင်လောက်အောင် ရှုတ်ထွေးလျှက်ရှိလေသည်။

ထိုအချိန်....

လုကျိုးယွမ်၏ ရှမ်ထျန်းဂိုဏ်းတွင် သက်လတ်ပိုင်းအရွယ်ကွန်ဖြူးရှပ်ဝတ်စုံဝတ်ဆင်ထားသည့် ဆရာသခင်တစ်ပါးတရားဟောကြားနေလေသည်။

ထိုဆရာသခင်က ကောင်းကင်ထက်တွင် ထွက်ပေါ်လာသည့်သက်တန့်ကြီးကို တွေ့သည်နှင့်.....

"ဒီနေ့တော့ ဒီလောက်နဲ့ နားမယ်"

ဟု ပြောကာ တရားဟောခြင်းကို ရပ်တန့်လိုက်လေသည်။

ထို့နောက်သူက လက်ပိုက်လိုက်ကာ ခန်းမဆောင် အပြင်ဘက်သို့ ထွက်ခွာသွားလေသည်။ တပည့်များကလည်း ဆရာသခင်နောက်မှ လိုက်ပါသွားပြီး ကောင်းကင်ထက်မှ သက်တန့်ကြီးကို လိုက်ပါကြည့်ရှုကြလေသည်။ တပည့်များမှာ မြင်ကွင်းကိုကြည့်ရှုရင်း အံ့သြမင်သက်ကုန်ကြရလေသည်။

ရှန်ဆန်းကျန်းရန် လုကျိုးယွမ်သည် အဝေးဆီမှ သက်တန့်ကြီးကို ငေးကြည့်နေရင်း ထိုသက်တံ့ကြီးဆီမှ ထွက်ပေါ်နေသည့်အမည်မသိအငွေ့အသက်များကို ခံစားနေရလေသည်။

"ကျုပ်ဟာ အသိဉာဏ်ပညာ ထိပ်ဆုံးအဆင့်ရောင်အောင်ကျင့်ကြံခဲ့တယ်၊ ဒါပေမယ့် လောကမှာ လူတွေနားမလည်နိုင်တဲ့အရာတွေ အများကြီးရှိပါသေးလား၊ မိုးကောင်းကင်ရယ်၊ ကျုပ်တို့အပေါ် ရက်စက်လိုက်လေခြင်း"

ဟု ရေရွတ်လိုက်လေသည်။

"မိုးကောင်းကင်ရယ်... ကျုပ်တို့အပေါ် ရက်စက်လိုက်လေခြင်း" ဆိုသည့်စကားမှာ ရင်ကိုထိရှစေသည့် စကားဖြစ်လေသည်။

တပည့်များထဲတွင် ရှိနေသည့် စုန့်ချင်းယီမှာ ဆရာဖြစ်သူ၏ စကားကြောင့် အတွေးများသွားရလေသည်။

"လူတိုင်းကတော့ မိုးနဲ့မြေမှာ အတော်ဆုံးသူ ဖြစ်ချင်တာပဲ ၊ ကြည့်ရတာ ဆရာက မိုးနဲ့မြေက လူတွေကို စိတ်ထားကောင်းကောင်းထားစေဖို့ တွေးနေတာဖြစ်ရမယ်"

ဟု တွေးလိုက်မိလေသည်။

ရှန်ဆန်းကျန်းရန် လုကျိုးယွမ်ရေရွတ်လိုက်သည့် "ကျုပ်တို့အပေါ် ရက်စက်လိုက်လေခြင်း" ဆိုသည့်စကားမှ "ကျုပ်တို့" ဆိုသည့်နာမ်စားမှာ မှာ လုကျိုးယွမ်က သူ့ကိုယ်သူပြောခြင်းမဟုတ်ပါ။ လောကတစ်ခွင်ရှိ လူသားအားလုံးကို ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်လေသည်။

အခန်း (၂၁၀)

ထိုက်စန်နတ်ဘုရားဂိုဏ်း

ဆန်းလျန်ကတန်ခိုးစွမ်းအားမြင့်မားလွန်းသည့်အတွက် ထို ရောင်စုံတိမ်တိုက်များ မည်သည့်နေရာက ထွက်ပေါ်နေသည်ကို ချက်ချင်းပင် သိမြင်လိုက်လေသည်။ ထိုရောင်စုံတိမ်တိုက်များ မှာ မင်ဝမ်ဝတ်ကျောင်းတော်မှ ထွက်ပေါ်နေခြင်း ဖြစ်လေ သည်။

ယခင် ရှုပနတ်ဘုရားမင်းကြီးသည် လောကကိုကျော်လွန်ခဲ့ ပြီး ကြယ်စင်များဆီသို့ ထွက်ခွာသွားခဲ့သည်မှာ ကြာပြီဖြစ်လေ

သည်။ ယခု တစ်စုံတစ်ယောက်သည်လည်း ထိုသို့ပင် လောက ကို ကျော်လွန်ခဲ့ပြီဖြစ်သည်။ ထိုသူမှာ ဘယ်သူများလဲဟု ဆန်း လျန်သိချင်နေမိလေသည်။

မင်ဝမ်ဝတ်ကျောင်းတော်မှ တစ်စုံတစ်ယောက်သည် လောက ကိုကျော်လွန်ကာ လွတ်မြောက်အောင်မြင်သွားပြီ ဖြစ်လေ သည်။ သို့သော် သူ၏ တန်ခိုးစွမ်းအားမှာ စစ်မှန်သည့် ဗုဒ္ဓဘာသာတန်ခိုးစွမ်းအားတော့ မဟုတ်ပေ။ ဂိုဏ်းတစ်ခုခုမှ တန်ခိုးစွမ်းအားဖြင့် ပေါင်းစပ်ထားခြင်းမျိုးဖြစ်လေသည်။ ထူးဆန်းသည့်အချက်မှာ ဆန်းလျန်မှာ ထိုတန်ခိုးစွမ်းအားကို အလွန်ရင်းနှီးနေခြင်းဖြစ်လေသည်။

ထိုအချိန်မှာပင်....

ချမ်းမော့မှာ အတောင်များကို တဖျတ်ဖျတ်ခတ်ရင်း ပျံသန်း လာလေသည်။ ထို့နောက် သူ၏ ခေါင်းကို အတောင်များကြား

တွင်ဝှက်ထားရင်း တစ်စုံတစ်ခုကို စဉ်းစားနေသည့်ဟန် ပြုလုပ်နေလေသည်။

ဆန်းလျန်မှာ ချမ်းမော့ကို ထိုက်ရှီးတန်ခိုးစွမ်းအားများ ထည့်သွင်းပေးလေ့ရှိသည့်အတွက် သူတို့နှစ်ယောက်၏ စိတ်ဝိညာဉ်သည် ဆက်နွယ်မှု ရှိနေလေသည်။ ထို့ကြောင့် ချမ်းမော့၏စိတ်များ ရှုတ်ထွေးနေသည်ကို ဆန်းလျန် ခံစားမိလေသည်။

"လောကကိုကျော်လွန်သွားတဲ့ ဒီသူတော်စင်ဟာ ချမ်းမော့နဲ့များ တစ်ခုခုပတ်သက်နေမလား"

ဟု ဆန်းလျန်တွေးလိုက်မိသည်။

ရောင်စုံတိမ်တိုက်များဆီမှ တန်ခိုးစွမ်းအားများမှာ ဆန်းလျန်နှင့် ရင်းနှီးသလိုခံစားနေရခြင်းမှာ ချမ်းမော့ဆီမှ တန်ခိုးစွမ်းအားများနှင့် မူလအရင်းအမြစ်ဆင်တူသောကြောင့် ဖြစ်လေသည်။

ယနေ့အတွက်တော့....

ချင်းရှမ်ခန်းမဆောင်တွင် အံ့သြစရာများဖြင့်သာ ပြည့်နေလေတော့သည်။ ဟိုင်သန်းအဆင့်မတက်ရောက်နိုင်သေးသည့်ကျင့်ကြံသူများက ယန့်ပုကွေးကို မြင်တွေ့ပြီး အားကျမိကြသလို ဆရာသခင်အဆင့် ကျင့်ကြံသူများကလည်း လောကကိုကျော်လွန်သွားသည့် မင်ဝမ်ဝတ်ကျောင်းတော်မှ ကျင့်ကြံသူတစ်ယောက်ကို မြင်တွေ့ခဲ့ကြရလေသည်။

ထိုသို့ လောကကို ကျော်လွန်သည့် သူတော်စင်တစ်ပါးပေါ်ထွက်သည့် မြင်ကွင်းမျိုးမှာ နှစ်တစ်ထောင်နေမှ တစ်ခါမြင်တွေ့နိုင်ရခဲလှသည့် မြင်ကွင်းမျိုး ဖြစ်လေသည်။

ကျင့်စဉ်အဆင့်နက်ရှိုင်းလေ ပိုပြီး အားကျဖွယ်ကောင်းလေဖြစ်လေသည်။

ရှန်ဆန်းကျန်းရန် လုကျိုးယွမ်မှာလည်း လောကကိုကျော်လွန်သည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။ လုကျိုးယွမ်ကဲ့သို့

သောလူမျိုး နောက်တစ်ယောက်မရှိနိုင်ဟူ၍ပင် ထင်ရလောက်အောင် တန်ခိုးစွမ်းအားမြင့်မားလွန်းလေသည်။

သို့သော်....

လုကျိုးယွမ်၏ တန်ခိုးစွမ်းအားမှာ ခန့်မှန်းရခက်သည့်တိုင် ယခု ကျင့်စဉ်အောင်မြင်သွားသူနှင့်ယှဉ်လျှင် ပိုပြီးမသာနိုင်ပေ။

....

ယန့်ပုကွေး ဟိုင်သန်းအဆင့်တက်ရောက်အောင်မြင်သွားပြီးနောက် ဆန်းလျန်က ချင်းရွှမ်တောင်ပေါ်တွင် လဝက်ခန့် နေလိုက်သေးသည်။ ထို့နောက် ဆန်းလျန်က ခရီးထွက်ခွာမည်ဖြစ်သည့်အတွက် ချင်းရွှမ်နတ်တံခါး၏ တာဝန်များကို ဟုန်ချန်းယာနှင့် ယန့်ပုကွေးတို့ကို လွှဲပြောင်းပေးလိုက်လေသည်။

ဝါးဖောင်လေးတစ်ခုသည် လေကြောင်းအတိုင်း သွားနေလေသည်။ ဆန်းလျန်က ဝါးဖောင်လေး၏ ရှေ့တွင် ရပ်နေပြီး

ကျော်ရှောင်ချင်းက ဝါးဖောင်လေးကို လှော်ခတ်လာလေသည်။

ဆန်းလျန်သည် ရိုးရှင်းသည့် တာအိုဝတ်စုံကို ဝတ်ဆင်ထားခြင်း မရှိတော့ပါ။ သူ၏ဆံနွယ်များကို ပုဝါတစ်ခုဖြင့် စည်းနှောင်ထားပြီး တန်ဖိုးကြီးမားသည့် အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားလေသည်။ သူ့ကိုကြည့်ရသည်မှာ ခရီးထွက်လာသည့် ဂုဏ်သရေရှိသခင်လေးတစ်ပါးနှင့်ပင် တူနေလေသည်။ ကျော်ရှောင်ချင်းက အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထားလေသည်။ ဆန်းလျန်ကို စောင့်ရှောက်ရန်လိုက်ပါလာသည့် ကိုယ်ရံတော်နှင့် တူနေလေသည်။

သူက ဆန်းလျန်ထက် ဆယ်နှစ်တိတိငယ်သည့်တိုင် ဆန်းလျန်ထက် အသက်ကြီးသည်ဟု ထင်ရသည်။

ငါးနှစ်ကြာခဲ့ပြီးနောက်....

ချင်းကျန်းဂိုဏ်းသည် ချင်းရှမ်နတ်တံခါး၏ သစ္စာခံဖြစ်လာပြီး နောက်ပိုင်း ချင်းရှမ်နတ်တံခါးနှင့် မိုင်ပေါင်းတစ်သောင်း ပတ်ဝန်းကျင်သည် ငြိမ်းချမ်းသည့်ဒေသတစ်ခုဖြစ်လာခဲ့လေ သည်။ အနောက်ဘက် မိုင်ပေါင်းငါးထောင်ခန့်ထပ်သွားမည်ဆို လျှင်တော့ မြူခိုးများဆိုင်းနေပြီး သတ္တဝါဆိုးကြီးများနေထိုင် သည့် ကုန်းမြေတစ်ခုရှိလေသည်။ ထိုနေရာမှာ သမုဒ္ဒရာကမ်း တစ်လျှောက် တည်ရှိသည့် ကုန်းမြေကြီးတစ်ခုဖြစ်ပြီး တာအို ဆရာအနည်းငယ်သာ အရောက်အပေါက်ရှိလေသည်။

ဆန်းလျန်က အရှေ့ပင်လယ်ကို နက်ရှိုင်းစွာ ငေးကြည့်နေ ရင်း....

"သမုဒ္ဒရာတစ်ဖက်မှာ ဘာရှိလဲဆိုတာ ကျုပ်တို့မသိနိုင်ဘူး ၊ အဲဒီဘက်ခြမ်းက ကျင့်စဉ်လမ်းတွေဟာလည်း ကျုပ်တို့နဲ့ တူ ချင်တူနိုင်သလို ကွဲပြားချင်လည်း ကွဲပြားနိုင်တယ်"

ဟု ပြောလိုက်လေသည်။

ကျော်ရှောင်ချင်းက လှော်တက်ကိုကိုင်ထားပြီး ရေမျက်နှာပြင်ကို တိတ်ဆိတ်စွာလှော်ခတ်နေသည်။ လှိုင်းများက နိမ့်လိုက်မြင့်လိုက် ဖြစ်နေပြီး ကျော်ရှောင်ချင်းက သူ၏ ယွင်ဆွေအလင်းဓားကို စိတ်ဖြင့်လေ့ကျင့်နေလေသည်။

ဆန်းလျန်ဆီတွင် ဓားကျွန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည့် ငါးနှစ်အတွင်း သူ၏တန်ခိုးစွမ်းအားများမှာ တိုးတက်လာခြင်းမရှိပါ။ သို့သော် သူ၏ ဓားသိုင်းမှာ ပိုပြီး သန့်စင်လာခဲ့လေသည်။

သူ၏ဆရာဖြစ်သူ မုန့်ရှင်ကျန်းက“သူ၏ကျင့်ကြံမှုမှာ အခြားသူများထက်သာလွန်သည့်တိုင် ကျင့်စဉ်လမ်းကိုနားလည်နိုင်စွမ်းကတော့ အလှမ်းဝေးနေသေးသည်” ဟု ပြောခဲ့လေသည်။

ဆန်းလျန်က ကျော်ရှောင်ချင်းကို တိုက်ရိုက်ပညာသင်ကြားပေးခြင်းမျိုး မရှိပါ။ လုကျိုးယွမ်းဘေးတွင် လက်ဖက်ရည်ငှဲ့ပေးသော အစေခံသည် နှစ်ပေါင်းတစ်ရာတိုင်သည့်အချိန်တွင်

ကျင့်စဉ်လမ်းကို နားလည်သွားခဲ့လေသည်။ လူ့လောကတွင်

လည်း စာပေသမားတစ်ယောက်၏အိမ်မှ အိမ်အကူ

မိန်းကလေးသည် ကဗျာစာပေများနှင့် အလိုလိုရင်းနှီးကျွမ်းဝင်

သွားပြီး သူမ၏ အရည်အချင်းမှာ အခြားသော သာမာန်စာပေ

သမားများနှင့် ကောင်းကောင်းယှဉ်နိုင်လေသည်။

ကျော်ရှောင်ချင်းမှာလည်း ထိုကဲ့သို့ပင်ဖြစ်လေသည်။

“သခင်လေးက အဲဒီကိုသွားချင်လို့လား”

ကျော်ရှောင်ချင်းက မေးလိုက်လေသည်။

သူက ချင်းရှမ်းနတ်တံခါးမှ တပည့်တစ်ယောက်မဟုတ်ဘဲ

အစေခံတစ်ယောက်သာဖြစ်သည့်အတွက် ဂိုဏ်းချုပ်ဟု မခေါ်

ဘဲ သခင်လေးဟုသာ ခေါ်လေ့ရှိသည်။

“နောက်ပိုင်းမှ အခွင့်အရေးကြုံရင် သွားကြည့်ကြတာပေါ့ ၊ ခု

တော့ မအားသေးဘူးလေ ၊ ထိုက်စန့်နတ်ဘုရားဂိုဏ်းက

အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုထဲမှာ အထူးခြား

ဆုံး နတ်ဘုရားကျောင်းတော်တစ်ခုလို့ သတင်းကြားထားတယ်
၊ အဲဒီကျောင်းတော်က အရှေ့ဘက်ကုန်းမြေတွေဘက်မှာ
တည်ရှိတယ်”

ဆန်းလျန်က ပြုံးရင်းပြန်ပြောလိုက်သည်။

အထူးခြားဆုံးနတ်ဘုရားကျောင်းတော်တစ်ခုဖြစ်သည့်အတွက် ထိုက်စန့်နတ်ဘုရားဂိုဏ်းသည် အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုတွင် ထိပ်ဆုံးအဆင့်ကျောင်းတော်တစ်ခု ဖြစ်လေသည်။ သို့သော် လူအနည်းငယ်သာ ထိုက်စန့်နတ်ဘုရားကျောင်းတော်အကြောင်းကို သိကြလေသည်။ ထိုက်စန့်နတ်ဘုရားဂိုဏ်း၏ကျင့်စဉ်များမှာလည်း သိပ်ပြီး များပြားကျယ်ပြန့်ခြင်းမရှိပေ။ သို့သော် “ထိုက်စန့်စကြာ့တန်ခိုး” ကျင့်စဉ်မှာတော့ ကျင့်စဉ်လမ်းအတွက် အလွန်ကောင်းမြတ်သည့် ကျင့်စဉ်တစ်ခုဖြစ်လေသည်။

ထို “ထိုက်စန့်စက္ခုတန်ခိုး” ကျင့်စဉ်သည် ချင်းရွှမ်နတ်တံခါးမှ “ထိုက်ရှီးနည်းဗျူဟာ” ကျင့်စဉ်နှင့် ရှန်ဆန်းကျန်းရန် လုကျိုးယွမ်၏ “တရားအလင်းသိမြင်ခြင်း” ကျင့်စဉ်ကျမ်းများနှင့် ကောင်းစွာယှဉ်ပြိုင်နိုင်လေသည်။

ဆန်းလျန် ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်လာပြီးသည့်နောက် စာအုပ်စာပေများစွာကို လေ့လာခဲ့သည့်တိုင် ထိုက်စန်နတ်ဘုရားဂိုဏ်းအကြောင်းကို အနည်းငယ်သာတွေ့ရလေသည်။ ထိုနတ်ဘုရားဂိုဏ်းမှာထူးဆန်းပြီး ထိုဂိုဏ်းမှထွက်ပေါ်လာသည့် ကျင့်ကြံသူများမှာလည်း လောကတစ်ခွင်တုန်လှုပ်ရလောက်အောင် တန်ခိုးစွမ်းအား ကြီးမားကြလေသည်။

ဝါးဖောင်လေးမှာ ရုတ်တရက်ရပ်တန့်သွားလေသည်။ ပင်လယ်ရေလှိုင်းတစ်ခုက မြင့်တက်လာပြီး ဆန်းလျန်၏ အဝတ်များတွင် ရေများစိုကုန်လေသည်။ သို့သော် ဆန်းလျန်က တန်ခိုး

စွမ်းအားဖြင့် မမြင်ရသည့်တံတိုင်းတစ်ခုဖန်ဆင်းကာ ကာရံထားလိုက်သည့်အတွက် ဝါးဖောင်တစ်ခုလုံး ရေမြုပ်သွားခြင်းတော့မရှိပေ။

ကျော်ရှောင်ချင်းက အရှေ့သို့ လှမ်းကြည့်လိုက်သည့်အခါတွင်တော့ မခန့်မှန်းနိုင်လောက်အောင် မြင့်မားသည့် ရေတိုင်လုံးကြီးတစ်ခု မြင့်တက်လာသည်ကို မြင်တွေ့လိုက်ရလေသည်။ ထိုရေတိုင်လုံးကြီးမှာ တိမ်ဆိုင်များထဲအထိ တိုးဝင်သွားပြီး မိုးရွာချသည့်အလား ရေများပြန်လာရွာချလာလေတော့သည်။ ထိုရေတိုင်လုံးကြီးမှာ ကျောက်တိုင်ကြီးတစ်ခုဖြစ်ပြီး ထိုတိုင်ကြီးအောက်တွင် အနက်ရောက် ကျောက်ဆောင်တစ်ခုကိုတွေ့နိုင်လေသည်။ ကျောက်သားမှာ ချောမွေ့ပြောင်လက်နေပြီး ကေပေါင်းများစွာ ကျယ်ပြန့်ပုံရလေသည်။

တစ်ချိန်တည်းမှာပင် သီချင်းညည်းသံတစ်သံကိုကြားလိုက်ရပြီး ရေတိုင်လုံးကြီးမှာ သမုဒ္ဒရာထဲသို့ ပြန်ကျသွားလေသည်။

ထိုအရာကြီးအနားသို့တိုးကပ်သွားသည်နှင့် မိုးမြေစွမ်အားများ စုစည်း၍ မရတော့ပေ။ ရေလှိုင်းများကလည်း နိမ့်လိုက်မြင့်လိုက်ဖြစ်နေလေသည်။

ဆန်းလျန်မှာ တန်ခိုးစွမ်းအား အလွန်မြင့်မားနေပြီဖြစ်သည့်အတွက် မိုးမြေစွမ်းအားမစုစည်းနိုင်ခြင်းက သူ့အပေါ် သက်ရောက်မှုမရှိတော့ပေ။ သာမန်ကျင့်ကြံသူတစ်ယောက်ဆိုလျှင်တော့ တန်ခိုးစွမ်းအားများအားလုံး သုံး၍မရလောက်အောင် ဖြစ်သွားနိုင်လေသည်။

ရုတ်တရက် အလင်းရောင်တစ်ချက်လင်းလက်လာပြီး မီးခိုးရောင်ဝတ်ဆင်ထားပြီး ရုပ်ရည်သန့်ပြန့်သည့် ကျင့်ကြံသူတစ်ယောက် ရောက်လာလေသည်။

“မိတ်ဆွေ ၊ ဒီနေရာက အဝေးကိုထွက်သွားဖို့အကြံပေးချင်ပါတယ် ၊ မှော်ဝင်ဝေလငါးကြီး အသက်ရှူနေတဲ့အချိန်ဖြစ်တဲ့

အတွက် သူ့အနားကိုရောက်သွားရင် အသက်အန္တရာယ်ရှိနိုင်ပါ

တယ်”

မီးခိုးရောင်ဝတ်ကျင့်ကြံသူက ပြောလိုက်လေသည်။

“ဒီ မော်ဝင်ဝေလငါးကြီးက ဘယ်လိုလုပ် ဒီနေရာမှာရောက်နေ

ရတာလဲ”

ဆန်းလျန်က ရေရွတ်လိုက်သည်။

အမှန်တော့ ကေပေါင်းများစွာ ကျယ်ပြန့်သည့် ကျောက်ဆောင်

ကြီးမှာ ကြီးမားသည့် ပင်လယ်သတ္တဝါကြီး၏ ကျောပြင်ကြီး

ဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ဆန်းလျန် တောင်ပင်လယ် ဖေး

ရှန်းနတ်ဘုရားကျွန်းစွယ်မှ အပြန်ခရီးတွင် ထိုသတ္တဝါကြီးဖြင့်

တစ်ကြိမ်ဆုံတွေ့ခဲ့ဖူးလေသည်။ ထိုသတ္တဝါကြီးကြောင့် ကျွန်း

တစ်ကျွန်းတွင်သောင်တင်ကာ ဟိုင်သခင်ကြီး၏

ကိုယ်လုပ်တော်ဖြစ်သည့် မြွေမိစ္ဆာမတစ်ကောင်ကိုပင် နှိမ်နင်းခဲ့သေးသည်။

အဖြစ်အပျက်များက ကြာခဲ့ပြီဖြစ်လေသည်။

“ဘယ်သိမှာလဲ ၊ ဒီလိုသတ္တဝါကြီးမျိုးက ဒီလိုပဲ အသက်ရှူဖို့ထွက်ထွက် လာတတ်တာပဲ ၊ တစ်ခါအသက်ရှူပြီးရင် ရေအောက်ထဲမှာ သွားအိပ်နေပြန်ရော ၊ တစ်ခါတစ်လေ ဆယ်နှစ်လောက်နဲ့ ထွက်မလာတတ်ဘူး ၊ ဒါပေမယ့် လွန်ခဲ့တဲ့ငါးနှစ်လောက်ကစပြီးတော့ ဒီသတ္တဝါကြီးက ခြောက်လတစ်ကြိမ်အသက်ထွက်ထွက် ရှူတတ်တယ် ၊ ကျင့်ကြံသူတွေအတော်များများ သူ့ဗိုက်ထဲရောက်ကုန်ကြတာလေ ၊ ပြီးတော့ ကျုပ်က“ရှင်သန်စေခြင်းကျောင်းတော်” က ကျင့်ကြံသူပါ ၊ ဒီနားတစ်ဝိုက် ကင်းလှည့်နေတုန်း မိတ်ဆွေတို့ ဖြတ်သွားတာတွေ့လို့အသက်အန္တရာယ်ထိခိုက်မှာစိုးလို့ လာတားရတာပါ”

မီးခိုးရောင်ဝတ်ကျင့်ကြံသူက ပြောပြလိုက်လေသည်။

ဆန်းလျန်ရယ်မောလိုက်လေသည်။ "ရှင်သန်စေခြင်းကျောင်းတော်" မှာ ဆန်းလျန်၏ ဂိုဏ်းတူအစ်မကူးချိုင်ဝေ့ တည်ထောင်ထားသည့် ကျောင်းတော်ဖြစ်ပြီး ချင်းရွှမ်နတ်တံခါး၏ အနွယ်တော်ဂိုဏ်းခွဲတစ်ခုဖြစ်လေသည်။

ချန်ကျန့်မေ၏ "သေစေခြင်းကျောင်းတော်" နှင့် ဆန့်ကျင့်ဘက်ဖြစ်သည့် "ရှင်သန်စေခြင်းကျောင်းတော်" ဟု သူမက အမည်ပေးထားလေသည်။

ရှင်သန်ခြင်းနှင့် သေဆုံးခြင်း ...။

ယင် နှင့် ယန် ...။

ရှင်သန်စေခြင်းကျောင်းတော်မှာ အရှေ့ပင်လယ်ဒေသ တစ်ဝိုက်ရှိ ကျင့်ကြံသူများနှင့် လူအများအပေါ်တွင် များစွာ ကောင်းကျိုးပြုလျှက်ရှိလေသည်။

ပုံမှန်မဟုတ်သည့်ကျင့်ကြံသူများမှာလည်း ကျောင်းတော်တွင် လာရောက် ကျင့်ကြံကြသည်။ ရှင်သန်စေခြင်းကျောင်းတော်

က သူတို့ကို တတ်နိုင်သမျှ ပံ့ပိုးပေးပြီး တစ်လတစ်ခါ တရားဟောပြော သင်ပြပေးလေသည်။ ထို့ကြောင့် ကျောင်းတော်သို့ ကျင့်ကြံသူအများအပြားလာရောက်လေ့ရှိပြီး လုပ်စရာရှိသည့် အလုပ်များကိုလည်း ကူညီလုပ်ဆောင်ပေးကြလေသည်။

ဆန်းလျှန်အနေဖြင့် ထိုသို့သော ပုံမှန်မဟုတ်သည့် ကျင့်ကြံသူများကို အားကိုးအားထားပြုခြင်းမရှိပါ။ သို့သော် ကျင့်ကြံသူအချင်းချင်း မိတ်ဆွေဖွဲ့ပြီး ချင်းရွှမ်နတ်တံခါး၏ ပညာမျိုးစေ့ကို ဖြန့်ဝေနိုင်သည်ကတော့ ကောင်းသည့်အချက်ပင် ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါး အချိန်တိုအတွင်း မြင့်မားတိုးတက်လာချင်သည်ဆိုလျှင် စာအုပ်ကြီးအတိုင်းလုပ်နေ၍ မဖြစ်နိုင်ပေ။ လုပ်ရိုးလုပ်စဉ်များမှ ခွဲထွက်ကာ အရည်အချင်းများကို ပြသရမည် ဖြစ်လေသည်။

သို့သော် ချင်းရှမ်နတ်တံခါး၏ တပည့်ရင်းတစ်ယောက်

ဖြစ်လာရန်မှာတော့ သတ်မှတ်ထားသည့် စည်းကမ်းများ

အတိုင်း တင်းတင်းကြပ်ကြပ်ပင် ထားရှိဆဲဖြစ်လေသည်။

“ စိတ်မပူပါနဲ့၊ ကျုပ်က သူ့ကို ဘာများဖြစ်သလဲဆိုတာ သွား

မေးကြည့်ချင်လို့ပါ”

ဆန်းလျန်က ပြုံးရင်း ပြန်ပြောလိုက်လေသည်။

အခန်း (၂၁၁)

ပင်လယ်မျက်လုံး

"ဒီလူတော့ ကိုယ့်ဒုက္ခကိုယ်ရှာတာပဲ"

ဟု မီးခိုးရောင်ဝတ်ကျင့်ကြံသူက တွေးလိုက်မိသည်။

ဆန်းလျန်က သူ့အတွေးကို အရေးမလုပ်ပါ။ သူက ဝါးဖောင်ဆီမှ ရှေ့သို့ခြေတစ်လှမ်းလှမ်းလိုက်သည်နှင့် ပေတစ်ထောင်ခန့် အကွာအဝေးသို့ရောက်ရှိသွားလေသည်။

မှော်ဝင်ဝေလငါးကြီးနှင့်နီးကပ်လာလေ မိုးမြေစွမ်းအားများက ရှုတ်ထွေးလာလေ ဖြစ်လေသည်။ မီးခိုးရောင်ဝတ် ကျင့်ကြံသူမှာ သူ၏ဝိညာဉ်စွမ်းအားပစ္စည်းဖြင့် အကာအကွယ်ယူထားသည့်တိုင် မှော်ဝင်ဝေလငါးကြီးအနားသို့ မကပ်ရဲပေ။

ဝေလငါးကြီး သူ့ကို မြိုချလိုက်မည်ကို စိုးရိမ်နေလေသည်။

မှော်ဝင်ပင်လယ်ရေသတ္တဝါကြီးမှာ နတ်မိစ္ဆာတစ်ကောင်မဟုတ်သည့်တိုင် သူ့အနားသို့ရောက်လာသူမှန်သမျှကို စား

မည်သာဖြစ်လေသည်။ သူက သက်ရှိဖြစ်စေ ၊ သက်မဲ့ဖြစ်စေ

အနားသို့ ကပ်လာသည့်အရာတိုင်းကို မျိုချတတ်လေသည်။

သို့သော် အားလုံးတော့ အစာကျေပျက်သွားခြင်းမရှိပါ။

ဝေလငါးဗိုက်ထဲမှ ရေနှင့်မျောပြီး အသက်ရှင်လျှက်ပြန်ထွက်

လာကြသည့် လူများလည်း ရှိလေသည်။

ပေတစ်ထောင်အကွာအဝေးသို့ရောက်သည်နှင့် ဆန်းလျန်က

ခပ်ဖြည်းဖြည်းပင်လှို့ုင်းစီးကာ မော်ဝင်ဝေလငါးကြီးအနီးသို့

တိုးကပ်သွားလေသည်။

ဆန်းလျန် အာရုံခံလိုက်သည်နှင့် မော်ဝင်ဝေလငါးကြီး

အကြောင်းသိသွားရလေသည်။ မော်ဝင်ဝေလငါးကြီးမှာ ဟိုင်

သခင်ကြီး၏စီးတော်ယဉ်ဖြစ်လေသည်။ ဟိုင်သခင်ကြီး ကျင်း

ကွမ်းဝတ်ကျောင်းတော်တွင် ဘုန်းကြီးဝတ်လိုက်ပြီး

သည့်နောက်ပိုင်း မော်ဝင်ဝေလငါးကြီးမှာ ပိုင်ရှင်မဲ့ကာ

ပင်လယ်ထဲတွင် လှည့်လည်သွားလာနေခြင်းဖြစ်လေသည်။

ဆန်းလျန်က သူ၏ရွှေပြဒါးအမြုတေစွမ်းအားကိုအသုံးပြုကာ အလင်းတန်းတစ်ခုဖန်ဆင်းပြီး မိုးမြေစွမ်းအား ရှုတ်ထွေးနေမှုများကို တားဆီးလိုက်သည်။ ထိုပညာမှာ မိုးမြေစွမ်းအား ထိန်းချုပ်သည့် နတ်ဘုရားစွမ်းအားပင် ဖြစ်လေသည်။ မိုးမြေစွမ်းအားများအပေါ်တွင် အလွန်အမင်းအားထားလွန်းသော ကျင့်ကြံသူနှင့် ရင်ဆိုင်တိုက်ခိုက်ရသည့်အခါမျိုးတွင် ထိုပညာကို အသုံးပြုနိုင်လေသည်။

မိုးမြေစွမ်းအားများကို ဖယ်ရှားလိုက်သည့်အတွက် မှော်ဝင်ဝေလငါးကြီး၏ စွမ်းအားများလည်း ကျသွားရလေသည်။

မိုးမြေစွမ်းအားများမရှိတော့သော်လည်း ရေကတော့ လှိုင်းများ ထနေဆဲဖြစ်လေသည်။ မှော်ဝင်ဝေလငါးကြီးမှာ ရောမ ဝေလငါးကြီးတစ်ကောင်ဖြစ်ပြီး မိုးမြေစွမ်းအားများကို စုပ်ယူနိုင်ခြင်းမရှိတော့သည့်အခါတွင်တော့ ရေပေါ်တွင် ဖြည်းညင်းစွာ ပေါလောမျောနေလေတော့သည်။ သူ၏ကိုယ်

တစ်ဝက်မှာရေပေါ်တွင်ပေါ်နေပြီး အလွန်ကြီးမားသည့် သတ္တဝါကြီးဖြစ်လေသည်။

မီးခိုးရောင်ဝတ်ကျင့်ကြံသူမှ ဆန်းလျှန်က မိုးမြေစွမ်းအားများကို နတ်ဘုရားစွမ်းအားအသုံးပြုကာ တားဆီးလိုက်သည့်အတွက် အံ့သြတုန်လှုပ်သွားရလေသည်။

သူ၏အတွေ့အကြုံအရဆိုလျှင် နှစ်ဆွေးနေအောင် ကျင့်ကြံထားသည့် နတ်မိစ္ဆာကြီးများသာလျှင် ထိုစွမ်းအားကို အသုံးပြုနိုင်လေသည်။ ထိုနတ်မိစ္ဆာကြီးများမှာလည်း သူတို့နေထိုင်ရာဒေသမှ အပြင်သို့ ထွက်ခွာခြင်းမရှိကြပေ။ သူတို့က ရှင်သန်စေခြင်းကျောင်းတော်မှ တရားပွဲကိုပင် လာလေ့မရှိကြပေ။

ထိုနတ်မိစ္ဆာကြီးများမှာ ပြီးခဲ့သည့်မျိုးဆက်တွင် လောကနတ်ဘုရားများဖြစ်သွားကြသည့် ကျင့်ကြံသူများဆီမှ ရတနာပစ္စည်းများကို ကံကောင်းစွာဖြင့် ရရှိထားကြသူများဖြစ်ပြီး တန်ခိုးစွမ်းအားများလည်း မြင့်မားကြလေသည်။ သူတို့က

အခြားသောကျောင်းကြီးသူများကိုလည်း အထင်အမြင်သေးကာ ကင်းကင်းရှင်းရှင်းနေကြလေသည်။

ထို့ပြင် ဆန်းလျန်မှာ ဆယ်ကျော်သက်လူငယ်လေးတစ်ယောက်ကဲ့သို့ ငယ်ရွယ်ပြီး ချောမောလွန်းသည့်အပြင် တန်ခိုးစွမ်းအားလည်းမြင့်မားလှသည့်အတွက် ထူးခြားသူတစ်ယောက်ဖြစ်လေသည်။ သာမန်ကျောင်းကြီးသူတစ်ယောက်တော့ မဖြစ်နိုင်ပေ။ မီးခိုးရောင်ဝတ်ကျောင်းကြီးသူသည် ဆန်းလျန်ပေါ်တွင် ထင်မြင်ချက်မပေးရဲပေ။

သူက ကျော်ရှောင်ချင်းထံမှ အလွန်သိပ်သည်းသည့် ဓားဝိညာဉ်စွမ်းအားကိုလည်း ခံစားလိုက်ရလေသည်။ ထို့ကြောင့် လူငယ်မှာ နတ်ဘုရားကျောင်းတော်တစ်ခုခုမှ တပည့်တစ်ယောက်ဖြစ်မည်ဟု တွေးလိုက်မိလေသည်။ သာမန်ဓားသမားတစ်ယောက်သည် ထိုကဲ့သို့ ဓားဝိညာဉ်စွမ်းအားမျိုး ပိုင်ဆိုင်ထားနိုင်မည်မဟုတ်ပေ။

ကျော်ရှောင်ချင်းမှာ ဆန်းလျန်ကို အလွန်လေးစားသည့်ပုံ ပေါက်နေသည့်အတွက်ကြောင့် မီးခိုးရောင်ဝတ်ကျင့်ကြံသူမှာလည်း ဆန်းလျန်ကို အလိုလိုနေရင်း လေးစားသွားမိလေသည်။ သို့သော် မီးခိုးရောင်ဝတ်ကျင့်ကြံသူမှာ ကြောက်ရွံ့သွားခြင်း တော့မရှိပါ။ သူက လက်ရှိအချိန်တွင် ချင်းရှမ်နတ်တံခါး အတွက်အလုပ်လုပ်ပေးနေသူဖြစ်လေသည်။ အဓိကနတ် ဘုရားကျောင်းတော်ကြီးလေးခုကို ဆန့်ကျင်ရဲသူဆို၍ လောက တွင်မရှိသလောက်ရှားလေသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ် က သုံးခါရှုံးခဲ့ဘူးရင် မုန့်ရှင်ကျန်းက ချင်းရှမ်နတ်တံခါးကို ဆန့်ကျင်ခဲ့လေသည်။ အဆုံးသတ်တွင်တော့ မည်သည့်ဂိုဏ်း ကမှ သူ့ကို လူရာမသွင်းတော့ပေ။ ထိုအဖြစ်အပျက်က အလွန် မှ ကျော်ကြားခဲ့လေသည်။

မော်ဝင်ဝေလငါးကြီးမှာလည်း ဆန်းလျန်မည်မျှ အစွမ်းထက် ကြောင်းသိရှိသွားပုံရလေသည်။ သူ၏ခန္ဓာကိုယ်ကြီးဖြင့် ရေ

လှိုင်းများထအောင် ပြုလုပ်ကာ ဆန်းလျန် အနားသို့မကပ်နိုင်အောင် ပြုလုပ်နေလေသည်။ ထိုလှိုင်းလုံးများမှာ အသေးစားဆူနာမီလှိုင်းလုံးများနှင့်ပင် တူလေသည်။ အရာအားလုံးကို နှစ်မြှုပ်ပစ်နိုင်စွမ်းရှိလေသည်။

ဆန်းလျန်က ပြုံးလိုက်သည်။ ဆန်းလျန်၏ဦးခေါင်းထက်တွင် တိမ်တိုက်တစ်ခုပေါ်လာလေသည်။ ထိုတိမ်တိုက်က လေထဲတွင်လွင့်မျောသွားပြီး ပင်လယ်လှိုင်းလုံးကြီးများကို ဖိထားလိုက်လေသည်။

ဆန်းလျန်၏ သန့်စင်နက်ရှိုင်းလှသည့် တန်ခိုးစွမ်းအားများမှာ အခြားသော ပုရှိုးအဆင့် ကျင့်ကြံသူများထက် အဆပေါင်းများစွာ သာလွန်လေသည်။

လှိုင်းများငြိမ်သက်သွားလေသည်။ မိုးမြေစွမ်းအားအကူအညီမရတော့သည့်အတွက် မျော်ဝင်ဝေလငါးကြီးမှာ မည်သည့်တန်ခိုးစွမ်းအားမှ အသုံးမပြုနိုင်တော့ပေ။ ဆန်းလျန်၏ တန်ခိုး

စွမ်းအားဖြင့် ဖန်ဆင်းထားသည့် တိမ်တိုက် ရွေ့လျားသွား

သည့်တိုင် ပင်လယ်ပြင်သည် ပုံမှန်အတိုင်း ငြိမ်သက်လျှက်

ကျန်ရစ်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားမှာ လောကနတ်ဘုရားများကဲ့သို့

တောင်ကိုအမှုန့်ဖြစ်စေပြီး သမုဒ္ဒရာကို ဆူပွက်စေခြင်းမရှိ

သည့်တိုင် လူသားကျင့်ကြံသူများအားလုံးနှင့်ယှဉ်လျှင်

ထိပ်တန်းအဆင့် ဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးမှ ပြဒါးဆေးများကို အသုံးပြုခဲ့

သည့်အတွက်လည်း ဆန်းလျန်၏ တန်ခိုးစွမ်းအားက အချိန်တို

အတွင်း တိုးတက်လာခဲ့ ခြင်းဖြစ်လေသည်။ အခြားသူများဆို

လျှင် သူကဲ့သို့ တန်ခိုးစွမ်းအားရရှိရန် နှစ်ပေါင်းရာချီပြီး

ကျင့်ကြံရမည်ဖြစ်လေသည်။

သူ၏တန်ခိုးစွမ်းအားများက သန့်စင်ပြီး နက်ရှိုင်းသကဲ့သို့ သူ

ကျင့်ကြံခဲ့သမျှ ကျင့်စဉ်များ၏ တန်ခိုးစွမ်းအားများမှာ

ကောင်းမွန်စွာ ပေါင်းစည်းသွားမြဲဖြစ်လေသည်။ ထိုအချက်မှာ သူ၏ အားသာချက်ပင် ဖြစ်သည်။ သို့သော် သူက တန်ခိုးစွမ်းအား မြင့်မားရန် အပြင်းအထန်ကြိုးစားနေသည့်တိုင် လမ်းလွဲသို့ မလိုက်မိစေရန် သူ၏ စိတ်နှလုံးကိုတော့ တည်ငြိမ်အောင် ထိန်းသိမ်းထားလေသည်။

ပင်လယ်လှိုင်းများကို ဖိထားသည့်တိမ်တိုက်သည် မော်ဝင်ဝေလငါးကြီး အပေါ်သို့ ကျရောက်သွားလေသည်။

သူ၏တန်ခိုးစွမ်းအားများက ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာကဲ့သို့ တောင်ကြီးတစ်ခုလုံးကို ရွှေ့ပြောင်းနိုင်ခြင်းမရှိသေးသည့်တိုင် မော်ဝင်ဝေလငါးကြီးကို စိတ်တန်ခိုးဖြင့် ဆက်သွယ်ပြောဆိုနိုင်လောက်အောင်တော့ စွမ်းအားကြီးမားလေသည်။

မော်ဝင်ဝေလငါးကြီးရှေ့တွင် ဆန်းလျန် ရပ်နေလေသည်။

ဝေလငါးကြီးနှင့်ယဉ်လျှင် ဆန်းလျန်မှာ အလွန်သေးငယ်သွားပြီး ဆင်နှင့် ကြွက်ပမာပင်ဖြစ်လေသည်။ သို့သော် လူက မည်

မျှသေးငယ်ပါစေ တန်ခိုးစွမ်းအားများကတော့ ဝေလငါးကြီး

ကို ဖိနှိပ်ထားနိုင်လေသည်။

"ဘာလို့ ကျုပ်ကို နှောင့်ယှက်ရတာလဲ"

မော်ဝင်ဝေလငါးကြီးက စိတ်စွမ်းအင် အသုံးပြုကာ ဆန်းလျန်

ကို မေးလိုက်သည်။

မော်ဝင်ဝေလငါးကြီးမှာ လူလိုနားလည်ကြောင်း ဆန်းလျန်

သဘောပေါက်သွားလေသည်။

"မင်းကရော ဘာလို့ ပင်လယ်ပြင်ကို နှောက်ယှက်နေရတာလဲ"

ဆန်းလျန်က ပြန်မေးလိုက်သည်။

"ကျုပ်က တန်ခိုးစွမ်းအားကြီးမားလွန်းတဲ့ ဟိုင်သခင်ကြီးရဲ့ စီး

တော်ယဉ်ပါ၊ ဒါပေမယ့် လွန်ခဲ့တဲ့ ငါးနှစ်က သူ ပျောက်သွား

တယ်၊ သူ ကုန်းပေါ်တက်သွားတယ်ဆိုတာ ကျုပ်သိပါတယ်၊

ဒါပေမယ့် ကျုပ်ကတော့ ကုန်းပေါ်လိုက်သွားလို့ မရဘူးလေ၊

အရင်တုန်းကလည်း ကျုပ်သခင်က ဒီလိုပဲ ပျောက်သွားဖူးပါ

တယ်။

ဒါပေမယ့် အခုတစ်ကြိမ်တော့ စိတ်ချင်းတောင် ဆက်သွယ်လို့မရတော့ဘူး။ အဲဒါနဲ့ ကျုပ်လည်း ရေအောက်မှာ အိပ်နေခဲ့တာ။ ကျုပ်အိပ်ယာကနိုးလောက်တဲ့အချိန်ကျ ကျုပ်သခင်လည်း ပြန်ရောက်လာမယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် ကံဆိုးစွာနဲ့ပဲ ကျုပ် ပင်လယ်မျက်လုံးနားကို ရောက်သွားတယ်။ အဲဒီ ပင်လယ်မျက်လုံးထဲမှာ တစ်ခုခုရှိနေတယ်။ ကျုပ်ရဲ့ဝမ်းဗိုက်မှာ ဓားရှရာလို ဒဏ်ရာအကြီးကြီးရသွားအောင် အဲဒီအရာက လုပ်လိုက်တယ်။ ကျုပ်ကိုယ်ထဲက အသက်ဓာတ်စွမ်းအားတွေက အဲဒီ ဒဏ်ရာကနေ ထွက်ကုန်တယ်။ ဒဏ်ရာကလည်း လုံးဝမပျောက်တော့ဘူး။ ဒဏ်ရာသက်သာဖို့အတွက် အသက်ဓာတ်စွမ်းအားတွေ အများကြီးလိုတယ်။ ဒါကြောင့်မို့လို့ ရေပေါ်တက်ပြီး မိုးမြေစွမ်းအားတွေကို စုပ်ယူနေရတာပါ။ ခြောက်လတစ်ခါလောက် မိုးမြေစွမ်းအားတွေ လိုအပ်နေတယ်"

မှော်ဝင်ဝေလငါးကြီးက ပြန်ဖြေလိုက်လေသည်။

မှော်ဝင်ဝေလငါးကြီးမှာ တစ်ခါ အသက်ရှူပြီးလျှင် နှစ်ပေါင်းများစွာ အသက်မရှူဘဲ နေနိုင်လေသည်။ သို့သော် ယခုတော့ ဒဏ်ရာရနေသည့်အတွက် မကြာခဏ ရေပေါ်သို့တက်လာကာ မိုးမြေစွမ်းအားများကို စုပ်ယူနေရခြင်းဖြစ်လေသည်။ ထိုသို့ မကြာခဏ ရေပေါ်သို့တက်ကာ မိုးမြေစွမ်းအားများ စုပ်ယူသည့်အတွက် အသက်ပေါင်းများစွာမှာလည်း ထိခိုက်ပျက်စီးရလေသည်။ မှော်ဝင်ဝေလငါးကြီးမှာ အဆင့်အတန်းမြင့် သတ္တဝါတစ်ကောင်မဟုတ်သည့်တိုင် သူ၏တန်ခိုးစွမ်းအားကတော့ နက်ရှိုင်းလေသည်။ ထို့ကြောင့် ကျင့်ကြံသူအများစုက သူ့ကို မတိုက်ခိုက်နိုင်ကြပေ။

"ကောင်းပြီလေ ၊ မင်းပြောတာ ဟုတ် မဟုတ် ကျုပ်စစ်ဆေးကြည့်မယ်"

ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်က ရေကိုထိုးခွဲကာ ပင်လယ်တွင်းသို့ ငုပ်ဆင်းလိုက်ပြီး မှော်ဝင်ဝေလငါးကြီး၏ ဝမ်းဗိုက်အောက်သို့ ဝင်သွားလိုက်လေသည်။ ဝေလငါးကြီး၏ ဝမ်းဗိုက်တွင် အလွန်ကြီးမားသည့် ပြွတ်ရှရာကြီးတစ်ခုကို တွေ့ရလေသည်။ ထိုဒဏ်ရာမှ သွေးထွက်နေခြင်းမရှိပါ။ သို့သော် အသက်ဓာတ်စွမ်းအားများ စိမ့်ထွက်နေလေသည်။

ဆန်းလျန်က သူ၏ဝိညာဉ်စွမ်းအားကိုအသုံးပြုကာ ဒဏ်ရာကို ကုသပေးရန် ကြိုးစားလိုက်သည်။ သို့သော် ထိုဒဏ်ရာဆီမှ မိစ္ဆာအအေးစွမ်းအားတစ်ခုထွက်လာပြီး ဆန်းလျန်၏ ဝိညာဉ်စွမ်းအားများပင် အေးခဲသွားမတတ်ဖြစ်သွားရလေသည်။

ဆန်းလျန်က သူ၏ဝိညာဉ်စွမ်းအားများကို အချိန်ကြာမြင့်စွာ စုစည်းပြီး ကြိုးစားကြည့်သည့်တိုင် အအေးဓာတ်က ပျောက်ကွယ်မသွားပေ။

ဆန်းလျန်၏ တန်ခိုးစွမ်းအားဖြင့်ပင် ကူသပေးခြင်းဌာ မတတ်နိုင်လျှင် မော်ဝင်ဝေလငါးကြီး၏ ဒဏ်ရာမှာ ပျောက်နိုင်တော့မည်မဟုတ်ပေ။

ဒဏ်ရာက သိပ်ပြီးမကြီးမားလျှင်တော့ ကိစ္စမရှိပေ။ ယခုတော့ ဝေလငါးကြီး၏ ဒဏ်ရာမှာ ဆိုးသည်ထက် ဆိုးနေပြီဖြစ်လေသည်။

ထိုဒဏ်ရာဆီမှ အသက်ဓာတ်စွမ်းအားများ စိမ့်ထွက်နေခြင်းမှာ ပုံမှန်မဟုတ်ပေ။

လောကကြီးက ကျယ်ပြောသည့်တိုင် ပင်လယ်မျက်လုံးဆီမှ ထိုသို့သောဒဏ်ရာမျိုးရရှိအောင် လုပ်နိုင်သည်မှာ ရှားပါးသည့်ကိစ္စရပ်ဖြစ်လေသည်။ ဆန်းလျန်မှာ မည်သို့ဖြစ်သည်ကို သိချင်စိတ် ပြင်းထန်လာလေသည်။

ဆန်းလျန်က ရေပေါ်သို့ ပြန်တက်လာပြီး …

"မင်း ကျုပ်ကို လိမ်မပြောဘူးဆိုတာကျုပ်သိပြီ ၊ ပင်လယ်မျက်လုံးဆိုတာ ဘယ်နေရာမှာလဲ ၊ ကျုပ်ကို အဲဒီနေရာ ခေါ်သွားပေးနိုင်မလား"

"ကျုပ် အဲဒီကို ထပ်မသွားရဲတော့ဘူး"

မော်ဝင်ဝေလငါးကြီးက ကြောက်လန့်စွာဖြင့် ပြောလိုက်လေသည်။

"ကျုပ်က မင်းဒဏ်ရာပြန်ကောင်းသွားအောင် ကူညီပေးမယ်လေ ၊ ကျုပ်ကို အဲဒီကို ခေါ်သွားပေးနိုင်မလား"

ဆန်းလျန်က ပြောလိုက်လေတော့သည်။

အခန်း (၂၁၂)

အကာအကွယ်

ပင်လယ်ဝေလငါးကြီးမှာ အံ့သြသွားရလေသည်။

သူ၏ဒဏ်ရာကို ကုသနိုင်ရန်အတွက် ဆန်းလျန်က ကူညီ

လိမ့်မည်ဟု ထင်မှတ်မထားခဲ့မိပေ။ ဆန်းလျန်၏ နတ်ဘုရား

စွမ်းအားများမှာ သူ၏သခင်ဖြစ်သူ ဟိုင်သခင်ကြီးလောက်

မြင့်မားခြင်းမရှိသည့်တိုင် အလွန်တန်ခိုးစွမ်းအားကြီးမားသူ

တစ်ယောက် ဖြစ်သည်ကိုတော့ သူရိပ်မိလေသည်။ ထို့ကြောင့်

သူ၏စကားမှာ အလကားသက်သက်လျှောက်ပြောသည့်

စကားမျိုးတော့ မဖြစ်နိုင်ဟု တွေးလိုက်မိသည်။

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ခန့်က ဆန်းလျန်မှာ မော်ဝင်

ဝေလငါး မြို့ချခံရမည့်ဘေးမှ သီသီလေးလွတ်ခဲ့သော

ကျင့်ကြံသူလေးတစ်ယောက်ဖြစ်ခဲ့လေသည်။ ယခုတော့

အဆင့်လွန်တန်ခိုးရှင်တစ်ပါး ဖြစ်နေခဲ့ပြီး မော်ဝင်ဝေလငါး

ကြီးကိုပင် သူ၏တန်ခိုးဖြင့် ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပြီ။

မည်သူမျှ စိတ်ကူးဖြင့်ပင် မှန်းကြည့်နိုင်လိမ့်မည် မဟုတ်ပေ။

ဆန်းလျန်က မော်ဝင်ဝေလငါးကြီးထံမှ အဖြေကို စောင့်နေလေသည်။

မော်ဝင်ဝေလငါးကြီး၏ ဒဏ်ရာမှာ တဖြည်းဖြည်းပြင်းထန်လာနေလေသည်။ ထိုဒဏ်ရာမှ မိစ္ဆာအအေးစွမ်းအားသည် သာမန်ကျင့်ကြံသူတစ်ယောက်သာဆိုလျှင် အေးခဲသွားနိုင်သည်အထိ ပြင်းထန်လေသည်။ အအေးစွမ်းအားကြောင့် စိတ်ဝိညာဉ်ပင် ပျက်စီးသွားနိုင်လေသည်။

ဆန်းလျန်မှာ ဝိညာဉ်မြစ်ထဲတွင် နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သည့်အတွက်သာ ထိုအအေးဒဏ်ကို ခံနိုင်ခြင်းဖြစ်လေသည်။ ဖော့ဝမ့်အဆင့်ကျင့်ကြံသူများထက်ပင် သူ၏ ဝိညာဉ်စွမ်းအားက သာလွန်နေသေးသည်။ ထို့ကြောင့် မော်ဝင်ဝေလငါးကြီး၏ ဒဏ်ရာမှထွက်နေသည့် မိစ္ဆာအအေးဓာတ်စွမ်းအားကို သူက ကောင်းကောင်း ခုခံနိုင်ခြင်းဖြစ်လေသည်။

မော်ဝင်ဝေလငါးကြီးက သိပ်ပြီး စဉ်းစားလေ့ရှိသူမဟုတ်ပါ။ သို့သော် ယခုတစ်ကြိမ်တွင်တော့ သတိရှိရှိဖြင့် စဉ်းစားလိုက်လေသည်။

"မင်းက ကျုပ်ဒဏ်ရာကို ကုသပေးမယ်ဆိုတော့ တစ်ခုတော့ တောင်းဆိုချင်တယ်"

ဟု ပြောလိုက်သည်။

"ဘာများလဲ"

ဆန်းလျန်က ပြန်မေးလိုက်သည်။

"ကျုပ်ရဲ့ သခင်ဖြစ်တဲ့ ဟိုင်သခင်ကြီးနဲ့ စိတ်စွမ်းအား အဆက်အသွယ်မရတော့ဘူး ၊ ဒါကြောင့် အခု ကျုပ်ဟာ သခင်မရှိဘဲလေလွင့်နေရတယ် ၊ ကျုပ် ကြောက်လည်း ကြောက်နေတယ် ၊ သင်ကတော့ အစွမ်းထက်တဲ့ တန်ခိုးရှင် တစ်ယောက်ပဲ ၊ ကြည့်ရတာ နတ်ဘုရားဂိုဏ်းတစ်ခုခုက ဖြစ်

မယ်ထင်တယ်၊ ဒါကြောင့် ကျုပ်ရဲ့ သခင်အဖြစ် ကျုပ်ကို ခေါ်ထားပါလား"

မော်ဝင်ဝေလငါးကြီးက တောင်းဆိုလိုက်သည်။

"တကယ်တော့ မင်းရဲ့သခင်က ကျင်းကွမ်းဝတ်ကျောင်းတော်က ပေါင်ယွဲ့ဆရာတော်ကြီးရဲ့ တပည့်ဖြစ်သွားပြီ၊ သူမင်းကိုပြန်လာရှာတဲ့အချိန်ကျ မင်းကို သူ့အပြစ်တင်မှာကို မကြောက်ဘူးဆိုရင်တော့ ကျုပ်က မင်းကိုခေါ်ထားဖို့အတွက် ငြင်းစရာအကြောင်းမရှိပါဘူး"

ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်မှာလည်း သူ့အကြံနှင့်သူရှိလေသည်။ မော်ဝင်ဝေလငါးကြီးအသက်ရှုလျှင် မိုးမြေစွမ်းအားများ ပျက်စီးကုန်လေသည်။ သို့သော် ထိုသတ္တဝါကြီးကိုသာ နည်းမှန်လမ်းမှန်သင်ပြပေးနိုင်လျှင် သဘာဝ စွမ်းအားများကို စုစည်းသည့်သတ္တဝါကြီးတစ်ကောင် ဖြစ်လာမည်ဖြစ်လေသည်။ ကူးချိုင်

ဝေ့၏ ရှင်သန်စေခြင်းကျောင်းတော်တွင်သာ မော်ဝင်ဝေလငါး ကြီး၏ မိုးမြေစွမ်းအားစုစည်းထားမှုကို အသုံးချနိုင်မည်ဆို လျှင် ကျောင်းတော်မှာ ချင်းရွှမ်နတ်တံခါးကဲ့သို့ပင် မိုးမြေ စွမ်းအားများ အားကောင်းသည့် နေရာတစ်ခု ဖြစ်လာနိုင်လေ သည်။

ရှင်သန်စေခြင်းကျောင်းတော် တည်နေရာသည် နေရာကောင်း တစ်ခုမဟုတ်ပေ။ ပင်လယ်နှင့်နီးစပ်သော်လည်း မိုးမြေ စွမ်းအားများ နည်းပါးလွန်းလှလေသည်။

ချင်းရွှမ်နတ်တံခါး၏ အနွယ်တော်ဂိုဏ်းခွဲတစ်ခုဖြစ်သည့် ရှင်သန်စေခြင်းကျောင်းတော်တွင် ထိုကဲ့သို့ မိုးမြေစွမ်းအား နည်းပါးနေရခြင်းမှာ မဖြစ်သင့်သည့် ကိစ္စတစ်ခု ဖြစ်လေ သည်။

"ကျုပ်ရဲ့သခင်က ကျင်းကွမ်းဝတ်ကျောင်းတော်မှာ ရောက်နေ တာကိုး ၊ အဲဒီနေရာက အနောက်ဘက် သိပ်ကိုဝေးတဲ့နေရာမှာ

ရှိတာ ၊ ကျုပ်လည်း လိုက်မသွားနိုင်ဘူးလေ ၊ ပြီးတော့ သူက ကျုပ်ကိုလည်း အဆက်အသွယ် ဖြတ်လိုက်ပြီ ၊ သူ ကျုပ်ကို အရေးမလုပ်တော့ဘူး ထင်ပါတယ် ၊ တန်ခိုးရှင်က ကျုပ်ကို ခေါ်မထားချင်ဘူးဆိုလည်း ခဏတော့စောင့်ရှောက်ပေးထားလို့ ရတာပဲ မဟုတ်လား ၊ နှစ်တွေအများကြီးကြာလာရင် ကျုပ် လည်း တန်ခိုးရှင်ကို ကူညီပေးနိုင်တာ ရှိကောင်းရှိမှာပေါ့" မှော်ဝင်ဝေလငါးကြီးက ပြောလိုက်သည်။

မှော်ဝင်ဝေလငါးကြီးမှာ သူ့ကိုကာကွယ်ပေးမည့် နတ်ဘုရား တစ်ပါးသာမရှိလျှင် မကြာမီအချိန်အတွင်းမှာပင် ပင်လယ်ထဲ မှ အန္တရယ်များကြောင့် တစ်စစီ ဖြစ်သွားရတော့မည်ဖြစ်လေ သည်။ ဝေလငါးကြီးတွေးတောပူပန်နေသည်မှာလည်း ထိုကိစ္စ ပင်ဖြစ်လေသည်။

ဆန်းလျန်မှာ နတ်ဘုရားကျောင်းတော်တစ်ခုမှ တန်ခိုးရှင် တစ်ပါးဖြစ်သည့်အတွက် သူ့ကိုသာ စောင့်ရှောက်ပေးမည်ဆို

လျှင် အခြားသော နတ်မိစ္ဆာဘုရင်များနှင့် မိစ္ဆာကျင့်စဉ် ကျင့်ကြံသူများ၏ ဒုက္ခပေးမည့်ရန်မှ ကင်းဝေးမည် ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်ထံမှ သူ့ကိုနှစ်သိမ့်ပေးနိုင်သည့် စွမ်းအားတစ်ခုကိုခံစားရသည့်အတွက်လည်း မီခိုချင်စိတ် ဖြစ်နေမိလေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း....

"ကျုပ်တို့ ချင်းရှမ်နတ်တံခါးက မင်းရဲ့အကူအညီကို မလိုပါဘူးကွာ ၊ ဒါပေမယ့် မင်းကိုတော့ ကျုပ်က ကူညီပေးပါ့မယ်" ဟု ပြောလိုက်လေသည်။

ချင်းရှမ်နတ်တံခါးဆိုသည့်အသံကြားသည်နှင့် မော်ဝင်ဝေလငါးကြီး ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။ သူက အသက်ရှည်သည့် ဝေလငါးကြီးတစ်ကောင်ဖြစ်သည့်အတွက် ချင်းရှမ်နတ်တံခါးအကြောင်း ကြားဖူးလေသည်။ ချင်းရှမ်နတ်

တံခါးဆိုသည်က အရှိန်အဝါကြီးမားသည့် နတ်ဘုရားကျောင်းတော်ကြီးတစ်ခု မဟုတ်လား။ ယခုတော့ ချင်းရွှမ်နတ်တံခါး၏ အကာအကွယ်အောက်သို့ သူရောက်ရှိရတော့မည်။ သူ့အနေဖြင့် တရားအလင်းရရန် မလွယ်ကူသည့်တိုင် မည်သူမျှ ချင်းရွှမ်နတ်တံခါးမှ မော်ဝင်သတ္တဝါကို ဖမ်းဆီးကာ ဒုက္ခပေးရဲမည် မဟုတ်ပေ။

သူက ပတ်ဝန်းကျင်မှ မိုးမြေစွမ်းအားများစွာကို စုပ်ယူနိုင်သည့် တန်ခိုးစွမ်းအားကို ပိုင်ဆိုင်ထားသည့်အတွက် ကျင့်ကြံသူများနှင့် နတ်မိစ္ဆာဘုရင်အချို့က သူ့ကိုကြောက်ကြလေသည်။ သို့သော် အမှန်တကယ်တွင်တော့ သူ့တွင် မိုးမြေစွမ်းအားများကို စုပ်ယူနိုင်သည်ကလွဲပြီး မည်သည့်အရည်အချင်းမှ သိပ်မရှိလှပါ။ ငါးတစ်ကောင်သာဖြစ်သည့်အတွက် ဒုက္ခပေးမည့်သူနှင့် တွေ့လျှင် ခံရမည်သာဖြစ်လေသည်။

လက်ရှိအချိန်တွင်လည်း ဆန်းလျန်သာ ရောက်မလာလျှင် မိစ္ဆာအဒေအးစွမ်းအားနှင့် ကြီးမားသည့်ဒဏ်ရာကြီးကြောင့် သေရမည်သာဖြစ်လေသည်။

မီးခိုးရောင်ဝတ်ကျင့်ကြံသူမှာ ဆန်းလျန် ရေထဲသို့ ငုပ်ဆင်းသွားပြီး ခဏချင်းပင်ပြန်တက်လာသည်ကို တွေ့ရသည့်အပြင် မျော်ဝင်ဝေလငါးကြီးဖြင့် စိတ်ချင်းဆက်သွယ်စကားပြောနေသည်ကိုလည်း ရိပ်မိလိုက်လေသည်။ ထို့ကြောင့် ဆန်းလျန်၏ ဇစ်မြစ်ကို သိချင်စိတ်များ မထိန်းနိုင် မသိမ်းနိုင်ဖြစ်လာရသည်။

သူက ထိုလူငယ်တန်ခိုးရှင်မှာ မည်သူ မည်ဝါ ဖြစ်ကြောင်းကို သိရှိခြင်းမရှိပါ။ သို့သော် ရှင်သန်စေခြင်းကျောင်းတော်သို့ ဖိတ်ခေါ်မည်ဟု စဉ်းစားထားလိုက်လေသည်။ ထို့ပြင် ကူးချိုင်ဝေ့မှာလည်း ပြင်ပမှ ကျင့်ကြံသူများနှင့် တရားဆွေးနွေးတတ်

သည့်အတွက် ထိုလူငယ်တန်ခိုးရှင်နှင့်တွေ့ရလျှင် သူမအတွက်လည်း အကျိုးရှိနိုင်လေသည်။

ကူးချိုင်ဝေ့ကို ထိုလူငယ်တန်ခိုးရှင်နှင့် မိတ်ဆက်ပေးနိုင်လျှင် သူ့အနေဖြင့်လည်း ကျောင်းတော်တွင် မျက်နှာပန်းလှမည်ဖြစ်လေသည်။

မီးခိုးရောင်ဝတ်ကျင့်ကြံသူသည် သူ့ဘဝတွင် ကျင့်စဉ်လမ်းအဆင့်တက်လှမ်းနိုင်ရန်မှာ မသေချာတော့ပေ။ သို့သော် သူ၏မျိုးဆက်များမှာ နောင်အနာဂတ်တွင် ချင်းရွှမ်နတ်တံခါးတွင် တပည့်အဖြစ် ဝင်ခွင့်ရနိုင်ရန် အခွင့်အရေးလိုချင်သည့်အတွက် ချင်းရွှမ်နှင့်ဆက်သွယ်ထားခြင်းဖြစ်လေသည်။ ထို့ပြင် သူကဲ့သို့သော ပုံမှန်မဟုတ်သည့် ကျင့်ကြံသူများမှာ ကျင့်စဉ်လမ်းကိုသာ အာရုံစိုက်သည့်တိုင် မိစ္ဆာကျင့်စဉ်ကျင့်ကြံသူများနှင့်တွေ့လျှင် အကြောင်းမဲ့ သတ်ဖြတ်ခံရနိုင်လေသည်။

ထို့ကြောင့် ချင်းရှမ်နတ်တံခါးနှင့် ချိတ်ဆက်ထားခြင်းအားဖြင့် သူ့အတွက်လည်း အန္တရယ်လည်း ကင်းနိုင်လေသည်။

မီးခိုးရောင်ဝတ်ကျင့်ကြံသူက သူ့အတွေးနှင့်သူရှိနေစဉ် ကျော်ရှောင်ချင်းကလည်း ဆန်းလျန် ဘာတွေများလုပ်နေသည်လဲဟု စဉ်းစားနေလေသည်။ ငယ်ရွယ်သည့်ဂိုဏ်းချုပ်လေး၏ အပြုအမူများသည် အမြဲတမ်း ခန့်မှန်းရခက်လွန်းလေသည်။ ကျော်ရှောင်ချင်းသည်ပင်လျှင် ဆန်းလျန်နှင့်နေရင်း ထိုသို့သော အပြုအမူများ ကူးဆက်နေပြီဖြစ်လေသည်။

အရင်တုန်းကတော့ ကျော်ရှောင်ချင်းသည် ဆန်းလျန်ကို အလွန်မုန်းတီးခဲ့မိလေသည်။ သို့သော် ငါးနှစ်တာအချိန် အတွင်းတွင် သူဆန်းလျန်ကို စတင်လေးစားလာခဲ့မိလေသည်။ ဆန်းလျန်က လွတ်လပ်ပြီး ပွင့်လင်းသူဖြစ်သည်။ သို့သော် တွေးတောဆင်ခြင်မှုအလွန်ကောင်းပြီး စိတ်ထင်တိုင်းလုပ်တတ်သည့် လူတစ်ယောက်တော့ မဟုတ်ပေ။

မော်ဝင်ဝေလငါးကြီးမှာ အလွန်ကြီးမားသည့် အန္တရယ်တစ်ခု

ကို ရင်ဆိုင်နေရပုံရပြီး ဆန်းလျန်မှာ ထိုပြဿနာကို ဖြေရှင်းနိုင်

ပါမည်လားဟု ကျော်ရှောင်ချင်းတွေးနေမိလေသည်။

ဆန်းလျန်က မော်ဝင်ဝေလငါးကြီးကို အဝေးသို့မောင်းထုတ်

မည် ၊ သို့မဟုတ် သတ်ပစ်မည် ၊ သို့မဟုတ် ဒီအတိုင်းပင်ထားခဲ့

မည်ဟု ကျော်ရှောင်ချင်းကတွေးမိလေသည်။ သို့သော် ဆန်း

လျန်က ထိုသုံးခုလုံး တစ်ခုမှ မလုပ်ခဲ့ပေ။ ဆန်းလျန်ကို ကြည့်

ရသည်မှာ ဝေလငါးကြီးဖြင့် အကြောင်းအရာ တစ်ခုခုကို

ဆွေးနွေးနေပုံရလေသည်။

ကျွန်းတစ်ခုအလား ကြီးမားလှသည့် ရောမဝေလငါးကြီးတစ်

ကောင်နှင့် လူငယ်တာအိုဆရာလေးတစ်ယောက်....

မြင်ကွင်းက ဆန်းကျင်ဘက်ပင် ဖြစ်လေသည်။

ဆန်းလျန်သည် ဝေလငါးကြီးကို မွေးမြူရန် ခေါ်ဆောင်လာ

မည်ဟု မည်သူက ထင်ပါမည်နည်း။

သို့သော် ဆန်းလျှန်ကတော့ မော်ဝင်ဝေလငါးကြီးကို ကတိပေး ပြီးသွားပြီဖြစ်သည့်အတွက် ကတိအတိုင်း လုပ်မည်ဖြစ်လေ သည်။

ဆန်းလျှန်က ပင်လယ်ရေအောက်သို့ ထပ်မံသွားရောက် လိုက်ကာ ဝေလငါးကြီး၏ ဝမ်းဗိုက်အောက်တွင် ရေခဲပြင်ကြီး တစ်ခုဖြစ်အောင် ဖန်ဆင်းလိုက်လေသည်။

ရေခဲပြင်ကြီးမှ အအေးဓာတ်မှာ ကျော်ရှောင်ချင်းနှင့် မီးခိုးရောင်ဝတ်ကျင့်ကြံသူတို့အနားထိရောက်ရှိလာ သည့်အတွက်ကြောင့် သူတို့နှစ်ယောက်မှာ နောက်သို့ ဆုတ် လိုက်ကြရလေသည်။

မီးခိုးရောင်ဝတ်ကျင့်ကြံသူမှ အအေးဒဏ်ကြောင့် တုန်၍ပင် လာလေသည်။

ကျော်ရှောင်ချင်းကတော့ ဓားဝိညာဉ်ဖြင့် အအေးဒဏ်ကို ကာ ကွယ်ထားသည့်အတွက် အအေးဒဏ်ကို မခံစားရပေ။ ကျော်

ရှောင်ချင်း၏ ဓားဝိညာဉ်ဆီမှ အဖြူရောင်အလင်းတန်းများ ဖြာထွက်နေလေသည်။

မော်ဝင်ဝေလင်ါးကြီးနှင့် မနီးမဝေးတစ်နေရာတွင် ဆန်းလျန်မှာ အေးခဲစပြုနေပြီဖြစ်လေသည်။

ကျော်ရှောင်ချင်းမှာ အံ့သြတုန်လှုပ်သွားပြီး ဓားဝိညာဉ်ကို စီးနှင်ကာ ဆန်းလျန်ရှိရာသို့ ပျံသန်းသွားလိုက်လေသည်။ ဆန်းလျန်မှာ ရေခဲတုံးကြီးတစ်ခုထဲတွင် ပိတ်မိနေပြီဖြစ်လေသည်။

ရေခဲတုံး၏ထုထည်မှာ အလွန်ထူထပ်သည့်အတွက် ကျော်ရှောင်ချင်း၏ ဓားဝိညာဉ်ဖြင့် ဖျက်စီး၍မရနိုင်ပေ။ ထက်မြက်လှသည့်ဓားဝိညာဉ်မှာ ရေခဲတုံးကြီးကို ထိုးဖောက်သွားသည့်တိုင် ရေခဲတုံးကြီးက ပျက်စီးမသွားပေ။

မီးခိုးရောင်ဝတ်ကျင့်ကြံသူကလည်း သူ၏ဝိညာဉ်စွမ်းအားပစ္စည်းကို စီးနှင်ကာ အနားသို့ရောက်လာလေသည်။ သူက တူလေးတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုတူလေးထဲတွင်

သူ၏တန်ခိုးစွမ်းအားကိုထည့်သွင်းပြီး ရေခဲတုံးကြီးကို ထု

ကြည့်လိုက်လေသည်။ သို့သော် အနည်းငယ်သာ ထု၍ရပြီး

ကျော်ရှောင်ချင်းလောက်ပင် အရာမရောက်ပေ။

မာကျောလှသော ရေခဲပြင်ကို ထုလိုက်မိသည့်အတွက် သူ့မှာ

သွေးများအန်ထွက်မလိုပင် ဖြစ်သွားရလေသည်။

ကျော်ရှောင်ချင်းက ရေခဲတုံးကြီးကို ထပ်မံတိုက်ခိုက်ရန်

ပြင်ဆင်လိုက်စဥ်မှာပင် ရေခဲတုံးကြီးထဲမှ ဆန်းလျန်၏ အပြုံး

တစ်ချက်ကို မြင်လိုက်ရလေသည်။

အခန်း (၂၁၃)

ရေခဲအလင်း

ရေခဲတုံးကြီးထဲတွင် ဆန်းလျန်၏ လက်များ လှုပ်ရှားလာလေသည်။ ဆန်းလျန်လက်ချောင်းထိပ်ဖျားဆီမှ အပြာရောင်အလင်းတန်းတစ်ခု ပေါ်ထွက်လာသည်။ ထိုအပြာရောင်အလင်းတန်းမှာ အပြာရောင် အလင်းလုံးတစ်ခုအဖြစ်ပြောင်းလဲသွားလေသည်။ ထိုအလင်းလုံးက ရေခဲတုံးကြီးကိုလင်းထိန်သွားစေပြီး အပြာရောင်ရောင်စဉ်များ ဖြာထွက်သွားလေသည်။

ထို့နောက် ရေခဲတုံးကြီးမှာ အရည်ပျော်သွားပြီး အပြာရောင်အလင်းလုံးမှာ ဆန်းလျန်၏လက်ချောင်းထိပ်တွင် ဘဲဥလုံးမျှလောက်သာ ရှိတော့သည်။

ဆန်းလျန်က မှော်ဝင်ဝေလငါးကြီး၏ ကျောပေါ်သို့ တက်လိုက်လေသည်။ ဆန်းလျန်တက်လိုက်သည့် နေရာမှာရေလှိုင်းလုံး

အမြင့်ကြီးများကို ဖြစ်စေသည့် ကျောက်တိုင်ပုံသဏ္ဍာန်ရှိသည့် ဝေလငါးရေပြွန်ပေါက်ကြီး ရှိရာ နေရာဖြစ်လေသည်။

ထို မီးပြတိုက်မျှကြီးမားသည့် ကျောက်တိုင်ပုံသဏ္ဍာန်ရေပြွန် ပေါက်ကြီးက မြင့်တက်သွားပြီး ဆန်းလျှန်ကို ကောင်းကင် ထက်သို့ ပို့ဆောင်လိုက်လေသည်။

မှော်ဝင်ဝေလငါးကြီး၏ မီးပြတိုက်ပုံသဏ္ဍာန်ရေပြွန်တိုင်ကြီး ထိပ်တွင်ရပ်နေသည့် ချောမောလှပသည့်လူငယ်လေး၏ ပုံသဏ္ဍာန်မှာ မှော်ဆန်လှလေသည်။ ရေပြွန်တိုင်ထိပ်ဆီမှ ရေစက်များက ဖြာကျနေပြီး နေရောင်ခြည်က ရေစက်များထံတွင် ရောင်ပျံ့ဟပ်ကာ သက်တန့်ရောင် တောက်ပနေလေသည်။

ကျော်ရှောင်ချင်းက ဓားဝိညာဉ်ကို စီးနှင်ပြီး ဆန်းလျှန်ရှိရာသို့ ပျံတက်သွားလိုက်သည်။

"ဘာတွေဖြစ်နေတာလဲ သခင်လေး"

သူက မေးလိုက်သည်။

"ဒီ မှော်ဝင်ဝေလငါးကြီးကို ဂိုဏ်းတူအစ်မကို လက်ဆောင်ပေး မလို့လေ ၊ မင်းအခု ဝါးဖောင်ကို ဆက်လှော်စရာ မလိုတော့ဘူး"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

ဆန်းလျန်၏ ထူးဆန်းသည့် အပြုအမူများဖြင့် အသားကျနေသည့် ကျော်ရှောင်ချင်းမှာ ထူးခြားပြီး အံ့သြမနေမိတော့ပါ။ သို့သော် မီးခိုးရောင်ဝတ်ကျင့်ကြံသူမှာတော့ ဆန်းလျန်မှာ ထိုမှော်ဝင်သတ္တဝါကြီးကို ထိန်းချုပ်လိုက်နိုင်သည့်အတွက် မယုံကြည်နိုင်လော်ကအောင် တုန်လှုပ်နေလေတော့သည်။

ထို့ပြင် မီးခိုးရောင်ဝတ်ကျင့်ကြံသူမှာ ဖြစ်စဉ်တစ်ခုလုံးကိုလည်း နားလည်ခြင်းမရှိပေ။ အဘယ်ကြောင့် အရမ်းအေးလာရပါနည်း။ အဘယ့်ကြောင့် ရေခဲတုံးကြီးမှာ ထိုးခွဲ၍မရနိုင်လောက်အောင် သံမဏိကဲ့သို့ မာကျောနေရပါသနည်း။

နောက်ဆုံး ဆန်းလျန်ဖန်ဆင်းလိုက်သည့် အပြာရောင်အလင်း

လုံးမှာတော့ သူလုံးဝ နားမလည်နိုင်သည့် အချက်ပင်ဖြစ်နေလေသည်။

သူကလည်း သူ၏ဝိညာဉ်စွမ်းအားပစ္စည်းကို စီးနှင်ကာ ဆန်းလျန်အနားသို့ ရောက်လာလေသည်။

"ဆရာသခင်၊ ခုန အသုံးပြုလိုက်တဲ့ တန်ခိုးစွမ်းအားက ဒဏ္ဍာရီထဲက ရေခဲအလင်းစွမ်းအားလား"

ဟု မေးလိုက်လေသည်။

မျော်ဝင်ဝေလငါးကြီးကိုပင် ထိန်းချုပ်လိုက်နိုင်အောင် တန်ခိုးစွမ်းအားကြီးမားသည့်အတွက် ဆန်းလျန်၏ တန်ခိုးစွမ်းအားကို သူမခန့်မှန်းနိုင်တော့ပေ။ ထို့ကြောင့် သူက ဆရာသခင်ဟု တလေးတစား ခေါ်လိုက်ခြင်းဖြစ်လေသည်။

"ဒီတန်ခိုးစွမ်းအားက လောကမှာ ပျောက်ကွယ်နေတာကြာလှပြီပဲ၊ ဒီကမိတ်ဆွေကတော့ သိနေပါလား"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

မီးခိုးရောင်ဝတ်ကျင့်ကြံသူက လက်နှစ်ဖက်စုပ်အရိုအသေ

ပေးလိုက်ပြီး…

"ဆရာသခင်က မိတ်ဆွေလို့ခေါ်တာကို မခံယူဝံ့ပါဘူး ၊ ကျွန်

တော့်နာမည်က ချင်းဟုန်ကျီပါ ၊ ဒီရေခဲအလင်းစွမ်းအား

အကြောင်းကိုတော့ ရှင်သန်စေခြင်းကျောင်းတော်ကိုရောက်တဲ့

အချိန်မှ ကြားဖူးတာပါ"

ဟု သူကပြောလိုက်လေသည်။

တာအိုကျင့်စဉ်များထဲတွင် ယင်နှင့်ယန် ၊ ဒြပ်စင်ငါးမျိုး

စွမ်းအားနှင့်ကင်းလွတ်သည့် ကျင့်စဉ်ဟူ၍ မရှိပေ။ ဒြပ်စင်

စွမ်းအားရှစ်မျိုးကို ပေါင်းစပ်အသုံးပြုရသည့် ထိုက်ရှီး

နည်းဗျူဟာကျင့်စဉ်ပင်လျှင် ယင် နှင့် ယန်၏ စွမ်းအားကို

ပစ်ပယ်နိုင်ခြင်းမရှိပေ။

ကူးချိုင်ဝေ့မှာ ရုပ်ပွားအဆင့်တွင် နှစ်ပေါင်းများစွာကြာနေပြီး ဟို

င်သန်းအဆင့်ကို ယခုထိ တက်ရောက်နိုင်ခြင်း မရှိသေးပေ။

သို့သော် သူမက ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အတွက် ကျင့်စဉ်များအကြောင်းကို ကောင်းစွာနားလည်သူဖြစ်လေသည်။ ထို့ကြောင့် သူမက ရှင်သန်စေခြင်းကျောင်းတော်တွင် ကျင့်စဉ်ပေါင်းများစွာကို ဟောပြောသင်ပြပေးလေသည်။

ရေခဲအလင်းစွမ်းအားမှာ ချင်းရှမ်နတ်တံခါးမှ ကျင့်စဉ်တစ်ခုဖြစ်လေသည်။ သို့သော် ကျင့်ကြံအောင်မြင်သူ သိပ်မရှိကြပေ။ လွန်ခဲ့သည့်နှစ်ပေါင်းသုံးထောင်ခန့်က ချင်းရှမ်နတ်တံခါးမှ လောကနတ်ဘုရားတစ်ပါးသည် အသူရာချောက်မှ မှော်မီးတောက်ကျင့်ကြံသူတစ်ယောက်နှင့် တိုက်ခိုက်ခဲ့လေသည်။ ထိုလောကနတ်ဘုရား အသူရာချောက်မှ ကျင့်ကြံသူကို သုတ်သင်ပစ်ခဲ့လေသည်။ ထိုကျင့်ကြံသူကို သုတ်သင်ပြီးသည့်နောက် ရေခဲအလင်းစွမ်းအားကို ရရှိခဲ့ခြင်းဖြစ်လေသည်။

နောက်ထပ် လောကနတ်ဘုရားမှာ အင်းနှင့်မန္တန်ပညာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်လေသည်။ သူက ရေခဲအလင်းကျင့်စဉ်ကို တီထွင်ခဲ့သူဖြစ်သည့်အပြင် ရေခဲအလင်းစွမ်းအားကို ထိန်းသိမ်းထားနိုင်သည့် အင်းစက္ကူများစွာကိုလည်း တီထွင်ခဲ့သေးသည်။ ရေခဲအလင်းစွမ်းအားသည် ရန်သူကို တိုက်ခိုက်ရန်အတွက်သာမဟုတ် လူအသက်ကယ်ရန်အတွက်လည်း အသုံးပြုနိုင်လေသည်။ ဒဏ်ရာအပြင်းအထန်ရထားပြီး အချိန်တိုအတွင်း ကုသ၍မရနိုင်သည့် ဒဏ်ရာမျိုးကို ရေခဲအလင်းစွမ်းအားဖြင့် အေးခဲထားပြီး အသက်ဓာတ်ကို ထိန်းထားပေးနိုင်လေသည်။

ဆန်းလျန်က ဝေလငါးကြီး၏ဒဏ်ရာကြီးကို ရေခဲအလင်းစွမ်းအားဖြင့် ထိန်းပြီး ကုသပေးလိုက်ခြင်းဖြစ်လေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်ကာ ဆန်းလျန်

ကိုယ်တိုင်လည်း ရေခဲတုံးကြီးထဲတွင် ပိတ်မိသွားရခြင်းဖြစ်

လေသည်။

ဆရာသခင်ကျန်းရှော့ရှီးမှာလည်း ရေခဲအလင်းစွမ်းအားကို

အသုံးပြုပြီး အသက်ဓာတ်ကိုထိန်းထားကာ ဆန်းလျန်ပြန်

အလာကို စောင့်နေခဲ့သေးသည် မဟုတ်ပါလား။

ထိုရေခဲအလင်းစွမ်းအားမှာ ကျင့်ကြံရန် အလွန်မှ ခက်ခဲသလို

ရှုတ်လည်းရှုတ်ထွေးလေသည်။ ထိုတန်ခိုးစွမ်းအားကို ကျင့်ကြံ

ရန်အတွက် အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအား

လိုအပ်လေသည်။

အစွန်းရောက် ယင် စွမ်းအားများပြားနေသည့် ပတ်ဝန်းကျင်မှာ

ရှာဖွေရန်ခက်ခဲလှလေသည်။ ကျင့်စဉ်အောင်မြင်သည့်တိုင် စွမ်

အားအရင်းအမြစ်ဆီသို့သွားကာ အမြဲတမ်း အားပြန်ဖြည့်နေ

ရတတ်လေသည်။

ရေခဲအလင်းကျင့်စဉ်ကိုတီထွင်ခဲ့သည့် လောကနတ်ဘုရားမှာ အစွန်းရောင် ယင် စွမ်းအားနှင့် အအေးစွမ်းအားနှစ်ခုလုံး တည်ရှိရာ ဂူတစ်ခုကို အချိန်အတော်ကြာအောင် ရှာဖွေခဲ့ပြီးမှ ထိုကျင့်စဉ်ကို တီထွင်ခဲ့ခြင်းဖြစ်လေသည်။ သို့သော် ထိုဂူမှာ အအေးစွမ်းအား လုံလောက်ခြင်းမရှိသည့်အတွက် လောကနတ်ဘုရားကျင့်စဉ်တီထွင်ပြီးသွားသည်နှင့် ထိုဂူထဲမှ အအေးစွမ်းအားများအားလုံး ကုန်ဆုံးသွားခဲ့ရလေသည်။ ထိုအကြောင်းအရာများကို ချင်းဟုန်ကျီနားလည်ရန်မှာ ခက်ခဲလှပါသည်။ သူက ယင်စွမ်းအားဖြင့် ကျင့်ကြံရသည့် ရေခဲအလင်းစွမ်းအားအကြောင်းကို ကူးချိုင်ဝေ့ထံမှ ကြားဖူးခြင်းဖြစ်ပြီး ထိုကျင့်စဉ်မှာ ထိပ်တန်းကျင့်စဉ်တစ်ခုဖြစ်ကြောင်းမျှသာ သိရှိထားလေသည်။

ရှေးအချိန်ကာလများတုန်းက တာအိုကျင့်စဉ်လမ်း များစွာရှိလေသည်။ ထိုကျင့်စဉ်များထဲတွင်မှ ယင်စွမ်းအားနှင့် အအေး

ဓာတ်ကို ပေါင်းစပ်ပြီးကျင့်ကြံရသည့် ရေခဲအလင်းကျင့်စဉ်မှာ ထိပ်တန်းအဆင့် ကျင့်စဉ်တစ်ခုအဖြစ် သတ်မှတ်ခံရသလို အလွန်လည်း အစွမ်းထက်လေသည်။ ဆန်းလျန်အသုံးပြုလိုက်သည့် အပြာရောင်အလင်းမှာ ကူးချိုင်ဝေ့ပြောပြထားသည့် ရေခဲအလင်းစွမ်းအားဖြင့် ဆင်တူနေသည့်အတွက်သာ သူက ခန့်မှန်းလိုက်ခြင်းဖြစ်လေသည်။

သို့သော် ဆန်းလျန်က သူ၏ခန့်မှန်းမှု မှန်ကန်ကြောင်း ပြောလိုက်သည့်အခါတွင်တော့ ဆန်းလျန်ကို အတိုင်းထက်အလွန်လေးစားသွားမိလေတော့သည်။

"ကျုပ်က ရှင်သန်စေခြင်းကျောင်းတော်ကို သွားမလို့ပါ၊ လမ်းပြပေးနိုင်မလား"

ဆန်းလျန်က ချင်းဟုန်ကျီကို အကူအညီတောင်းလိုက်လေသည်။

ထိုစကားကိုကြားသည့်အခါ ချင်းဟုန်ကျီမှာ အပျော်လွန်သွား

လေသည်။ သူကလည်း ဆန်းလျန်ကို ရှင်သန်စေခြင်းကျောင်း

တော်သို့ ဖိတ်ခေါ်ရန် ကြံစည်နေသည်မဟုတ်ပါလား။

"ကျွန်တော် အခုပဲ လမ်းပြပေးပါ့မယ်"

ဟု ပြောလိုက်လေတော့သည်။

ချင်းဟုန်ကျီက သူစီးနင်ထားသည့် ဝိညာဉ်စွမ်းအားပစ္စည်းကို

စီးနင်ပြီး လမ်းပြရန် ပြင်ဆင်လိုက်လေသည်။

သို့သော် ... ဆန်းလျန်က မော်ဝင်ဝေလင်ငါးကြီးကို ညွှန်ပြလိုက်

ရင်း....

"လမ်းပြောလိုက်ရင်ရပြီ ၊ ဒီမော်ဝင်ဝေလင်ငါးကြီးက ကျုပ်တို့

ကို ခေါ်သွားလိမ့်မယ်"

ဟု ပြောလိုက်လေသည်။

"ကျွန်တော် ရုတ်တရက် ဒီ ဝေလင်ငါးကြီးကို မေ့သွားတာ"

ဟု ချင်းဟုန်ကျီက ပြောလိုက်လေသည်။

ဆန်းလျန်က မှော်ဝင်ဝေလငါးကြီးကို ရေပြွန်တိုင်ကြီးကို ပြန်ချရန် စိတ်စွမ်းအားဖြင့် အမိန့်ပေးလိုက်သည်။ ထို့နောက် သူတို့သုံးယောက်လုံး ဝေလငါးကြီး၏ ကျောပေါ်တွင် စီးနင်းရင်းလိုက်ပါသွားကြလေသည်။

ချင်းဟုန်ကျီမှာ ဆန်းလျန်ဆီမှ သိပ်သည်းသည့် ဝိညာဉ်စွမ်းအားဖြင့် ဝေလငါးကြီး၏ ခန္ဓာကိုယ်ကို ထိန်းချုပ်ထားသည်ကို တွေ့ရှိရပြီး ဆန်းလျန်ကို ပိုပြီး လေးစားရပြန်သည်။

ယခုကဲ့သို့ မှော်ဝင်ရေသတ္တဝါကြီးကို ထိန်းချုပ်နိုင်သည်မှာ အလွန်ပင် လေးစားအားကျစရာဖြစ်လေသည်။ ထိုသို့ တန်ခိုးစွမ်းအားကြီးမားသည့် ဆရာသခင်တစ်ပါးကို ရှင်သန်စေခြင်းကျောင်းတော်သို့ ပင့်ဖိတ်လာနိုင်သည်ကိုသာ ကူးချိုင်ဝေ့သိလျှင် သူ့ကို များစွာသဘောကျသွားမည်ဟု ချင်းဟုန်ကျီ တွေးနေမိလေတော့သည်။

ရှင်သန်စေခြင်းကျောင်းတော်မှာ အရှေ့ပင်လယ်ရှိ ကျွန်း တစ်ကျွန်းပေါ်တွင် တည်ရှိလေသည်။ ထိုကျွန်းပေါ်တွင် မီးတောင်များလည်းရှိပြီး ပေါက်ကွဲလေ့ရှိလေသည်။ ထို့ကြောင့် ထိုဒေသတွင် မိုးမြေစွမ်းအားများ နည်းပါးရခြင်း ဖြစ်လေသည်။

ကူးချိုင်ဝေ့ကဲ့သို့ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်မှာ ဟိုင် သန်းအဆင့် တက်ရောက်နိုင်ခြင်းမရှိသေးသည့်တိုင် အသက် ဓာတ်စွမ်အားနှင့် မိုးမြေစွမ်းအားနည်းပါးခြင်းကသူမအတွက် အရေးမပါပေ။ သူမ၏ ကျင့်ကြံသူခန္ဓာသည် သန့်စင်နေမြဲဖြစ် လေသည်။

ကူးချိုင်ဝေ့၏ဦးခေါင်းထက်တွင် သရဖူတစ်ခုဆောင်းထားပြီး သူမသည် မိန်းကလေးဆန်လွန်းသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ သို့သော် သူမထံတွင် ထက်မြက်မှုကိုလည်းတွေ့

မြင်နိုင်လေသည်။ သူမက တရားဟောပလ္လင်ထက်တွင်ထိုင်နေပြီး အခြေခံကျင့်စဉ်များကို ဟောပြောပေးနေလေသည်။

အခြေခံကျင့်စဉ်ကို နားလည်သဘောပေါက်မှသာ ကျင့်စဉ်လမ်းကို မှန်မှန်ကန်ကန်နှင့် မြန်မြန်လျှောက်လှမ်းနိုင်မည် ဖြစ်လေသည်။

"အမှန်တရားသည် ရိုးရှင်းသည် ၊ သို့သော် လိမ်လည်မှုကတော့ ထပ်ကာ ထပ်ကာ လိမ်လည်ရပြီး ပိုပြီး ရှုတ်ထွေးကုန်လိမ့်မည်" ဆိုသည့် ဆိုရိုးစကားရှိလေသည်။

ထို့ကြောင့် ကူးချိုင်ဝေ့က အဆင့်နိမ့်ကျင့်ကြံသူများနားလည်အောင် ရိုးရှင်းစွာပင် သင်ပြေပေးလေ့ရှိလေသည်။

ရုတ်တရက်....

အပြင်ဘက်မှ မိုးမြေစွမ်းအားများ ရှုတ်ထွေးသွားသလို ခံစားလိုက်ကြရလေသည်။ ကြီးမားသည့် ဝိညာဉ်စွမ်အားဖြစ်တည်မှု

ကြီးတစ်ခု ချဉ်းကပ်လာသကဲ့သို့ အရှိန်အဟုန်က ကြီးမား

လွန်းလေသည်။

ထို စွမ်းအားထုကြီးမှာ ကျွန်းတစ်ခုလုံးကို ဖျက်စီးပစ်နိုင်

လောက်အောင်ပင် ကြီးမားလွန်းလေသည်။

ကူးချိုင်ဝေ့သည် တရားဟောပလ္လင်ထက်မှနေပြီး အရှေ့ဆီသို့

မျှော်ကြည့်လိုက်လေသည်။

ထို့နောက် သူမ၏မျက်နှာသည် နူးညံ့သိမ်မွေ့သွားပြီး စိတ်

အစဉ်သည် ကြည်နူးချမ်းမြေ့သွားရလေသည်။

အခန်း (၂၁၄)

ဂိုဏ်းတူအစ်မ

ကျောင်းတော်ခန်းမထဲတွင် ကူးချိုင်ဝေ့၏ သင်ပြပေးမှုများကို နားထောင်နေကြသည့် ကျင့်ကြံသူများမှာ ကူးချိုင်ဝေ့မျက်နှာ ထိုသို့နူးညံ့သိမ်မွေ့သွားသည်ကို တစ်ခါမှ မမြင်ဖူးကြပေ။ ကူးချိုင်ဝေ့သည် ချင်းရှမ်နတ်တံခါး၏ အစိကမဏ္ဍိုင်နေရာတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပြီး ဆန်းတန်ခိုးရှင်း၏ ဂိုဏ်းတူအစ်မ အရင်းအချာဖြစ်သည်ဟု သူတို့က ကြားဖူးထားကြလေသည်။ သူမသည် ဟိုင်သန်းအဆင့် တက်ရောက်နိုင်ခြင်းမရှိသေးသည့်တိုင် ယခင်အချိန်က ဆန်းတန်ခိုးရှင်ကို ကျင့်စဉ်ပညာသင်ပြပေးခဲ့သူဖြစ်သည်ဟု ပြောလေ့ရှိကြလေသည်။ သူမသည် ဟိုင်သန်းအဆင့် ကျင့်ကြံသူမဟုတ်သည့်တိုင် သာမန်ဟိုင်သန်းအဆင့် ကျင့်ကြံသူများပင် သူမကို မယှဉ်နိုင်ကြပေ။

ချင်းရှမ်နတ်တံခါးမှ ရှင်သန်စေခြင်းကျောင်းတော်သို့ လာရောက်ကြသည့် ဆရာသခင်တိုင်းက သူမကို လေးစားစွာဆက်ဆံလေ့ရှိကြသည်။

ယခုတော့ သူမမျက်နှာ ပျော့ပျောင်းနူးညံ့သွားရခြင်းက ကျင့်ကြံသူများအားလုံးကို အံ့သြစေလေသည်။

သို့သော်...

အပြင်ဘက်တွင် မည်သည့်အရာဖြစ်ပျက်နေသည်ကို သူတို့စိတ်ပူသွားကြရလေသည်။ သူတို့အားလုံး တန်ခိုးစွမ်းအားများကို ထုတ်လွှတ်လိုက်ကာ ကာကွယ်ရန် အသင့်ပြင်ထားလိုက်ကြသည်။

တရားနားထောင်နေကြသည့် ကျင့်ကြံသူများကြားတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည့်အချိန်တွင် ကူးချိုင်ဝေ့၏ မိန်းကလေးဆန်ဆန် လှပသည့်မျက်နှာထက်တွင် အပြုံးတစ်ပွင့် ထင်ဟပ်လာလေသည်။

"ဒီမှာပဲ ရပ်ကြရအောင်"

သူမက သင်ပြပေးခြင်းကို ရပ်တန့်လိုက်သည်။

ထိုက်ရှီးတန်ခိုးစွမ်းအားကို ကျင့်ကြံသူချင်းဖြစ်သည့်အတွက်

တန်ခိုးစွမ်းအားအချင်းချင်း ဆက်သွယ်ခံစားမိလေသည်။ မိုး

မြေစွမ်းအားများ လည်ပတ်လာသည်ကို ခံစားရသည့်တိုင်

ရောက်လာသည့်သူမှာ ဆန်းလျန်ဖြစ်ကြောင်း ကူးချိုင်ဝေ့

ချက်ချင်းသိလိုက်သည်။

ပင်လယ်ထဲတွင် ကြီးမားသည့် မြေသားထုကြီးကဲ့သို့သော

အရာတစ်ခုပေါ်လာပြီး ရှင်သန်စေခြင်းကျောင်းတော်တည်ရှိရာ

ကျွန်းလေးဆီသို့ ချဉ်းကပ်လာလေသည်။ ထိုရွေ့လျားလာ

သည့် အရာကြီးကြောင့် မိုးမြေစွမ်းအာများ လည်ပတ်သွားရ

ခြင်းဖြစ်လေသည်။ ထိုအရာကြီး၏ ခန္ဓာကိုယ်တစ်ဝက်မှာ ရေ

ပေါ်တွင်ပေါ်နေသည့်အတွက်ကြောင့် ဝေလငါးကြီးတစ်ကောင်

ဖြစ်ကြောင်း ကျင့်ကြံသူများအားလုံး ရိပ်မိလိုက်ကြသည်။

ရောမဝေလငါးကြီး၏ ခန္ဓာကိုယ်မှာ ဆယ်မိုင်ပတ်လည်ခန့်ပင် ကြီးမားနိုင်ပြီး ပိုလျှင်လျှင်သာပိုမည် မလျော့နိုင်ပေ။ ထို ဝေလငါးကြီးအသက်ရှူလိုက်တိုင်း မိုးမြေစွမ်းအားများစွာကို စုပ်ယူသွားသလို ငါးနှင့်ပုဇွန်များကိုလည်း စားသုံးပြစ်လိုက် လေသည်။

ကျင့်ကြံသူအများစုက ထိုဝေလငါးကြီးကို မှတ်မိကြလေ သည်။ ထိုငါးကြီးမှာ ငါးနှစ်အတွင်းတွင် ခြောက်လတစ်ခါ ပင်လယ်ပြင်ပေါ်သို့ ထွက်လာပြီး အသက်ရှူသည့် မှော်ဝင် ဝေလငါးကြီးဖြစ်လေသည်။ ထိုငါးကြီး မကြာခဏအသက်ရှူ နေသည့်အတွက် ကျင့်ကြံသူများစွာ ဒုက္ခရောက်ခဲ့ကြရလေ သည်။

အချို့သူများဆိုလျှင် ထိုဝေလငါးကြီး မြို့ချခံရသည်ပင် ခံရ သေးသည်။

မော်ဝင်ဝေလငါးကြီးပေါ်တွင် လူသုံးယောက်ရပ်နေလေသည်။ အလယ်တွင် ရပ်နေသူသည် အလွန်ချောမောလှပသော လူငယ်လေးတစ်ယောက်ဖြစ်လေသည်။ ထိုလူငယ်လေး၏ ဘေးနားတွင် လူနှစ်ယောက်ရပ်နေကြသည်။ ဘယ်ဘက်တွင်ရပ်နေသူမှာ တောက်ပသည့်မျက်ဝန်းများရှိပြီး သူ၏မျက်ခုံးများက ဓားသွားများအလား ထက်ရှနေလေသည်။ ညာဘက်မှ တစ်ယောက်ကတော့ ချင်းဟုန်ကျိဖြစ်ကြောင်း လူတိုင်းမှတ်မိကြသည်။ ချင်းဟုန်ကျိက မော်ဝင်ဝေလငါးကြီး ပေါ်ထွက်လာသည့် ပတ်ဝန်းကျင်တွင် လူအများဒုက္ခမရောက်ရန် သွားရောက်ကြည့်ရှုသည့်အလုပ်ကို တာဝန်ယူထားသူဖြစ်လေသည်။ သူက အသက်အရွယ် မငယ်တော့သည့် ပုံမှန်မဟုတ်သည့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအားကတော့ အလယ်အလတ်အဆင့် ရှိလေသည်။

ရုတ်တရက် ဝေလငါးကြီး၏ ကျောပြင်ထက်မှ တိုင်ပုံသဏ္ဌာန်
ရေပြွန်ကြီး ထွက်ပေါ်လာပြီး ရေမှုံရေမွှားများဖြာကျလာလေ
သည်။ လေကတိုက်ခတ်နေသည့်အတွက် ရေမှုံရေမွှား
များသည် ရှင်သန်စေခြင်းကျောင်းတော်တည်ရှိရာ ကျွန်းလေး
ပေါ်သို့ မိုးရွာချသကဲ့သို့ ပက်ဖြန်းကျလာတော့သည်။
တိုက်ခတ်လာသည့်လေသံမှာလည်း ထူးခြားဆန်းကျယ်နေပြီး
မိုးနှင့်မြေမှလည်း ထစ်ချုန်းသံများ ထွက်ပေါ်လာလေသည်။
ကျွန်းပေါ်သို့ ကျရောက်လာသည့် ရေများတွင် မိုးမြေစွမ်းအား
နှင့် အသက်ဓာတ်စွမ်းအားများ ပါဝင်နေကြောင်းကို ကျင့်ကြံ
သူများ တအံ့တသြဖြင့် ရိပ်မိသွားကြလေသည်။ ထိုရေများ
ကျွန်းပေါ်သို့ ကျသွားသည်နှင့် မျိုးစေ့လေးများမှ အပင်ပေါက်
လေးများထွက်ပေါ်လာကြပြီး ရောင်စုံပန်းများ ချက်ချင်းပင်
ပွင့်လန်းလာကြလေသည်။

ကျောင်းတော်ထဲမှ ကူးချိုင်ဝေ့ထွက်လာပြီး သူမက ဆန်းလျန်ကို နူးညံ့စွာဖြင့် ငေးမောကြည့်နေလေသည်။

ဆန်းလျန်က သူမကိုမြင်သည်နှင့် ပြုံးပြလိုက်သည်။ ထို့နောက် လေထဲသို့ ခြေတစ်လှမ်းချင်းလှမ်းကာ သူမဆီသို့လျှောက်လှမ်းလာလိုက်လေသည်။

ပန်းရနံ့လေးများက လေထဲတွင် ပျံ့လွင့်နေပြီး ရေမှုံရေစက်လေးများက ကူးချိုင်ဝေ့ မျက်နှာထက်သို့ မိုးစက်များအလား ကျဆင်း လာလေသည်။ သို့သော် သူမက ရေစက်လေးများကို သုတ်ပစ်ခြင်းမရှိပါ။

သူမက ဒူးထောက်လိုက်ပြီး…

"ကူးချိုင်ဝေ့ ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်"

သူမ၏ အသံသည် ခေါင်းလောင်းသံလေးအလား ချိုမြစွာ ထွက်ပေါ်လာလေသည်။

သူမ၏ ရိုးရှင်းစွာ ဂါရဝပြုမှုကလေးကပင် ကျင့်ကြံသူအများ

ကို အံ့သြမင်သက်သွားစေလေသည်။

ချင်းဟုန်ကျီမှာ ဆန်းလျန်ကို ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်

ဟု ထင်မှတ်မထားခဲ့မိပေ။

ယခုတော့ သူနှင့်ဆုံတွေ့ခဲ့သူမှာ ဒဏ္ဍာရီတွင်လောက်အောင်

ထင်ရှားကျော်ကြားလှသည့် ဆန်းတန်ခိုးရှင် ဖြစ်လို့နေခဲ့ပြီ။

ကျင့်ကြံသူများက ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်မှာ ထိုမျှ

ငယ်ရွယ်သူတစ်ယောက်ဖြစ်နေလိမ့်မည်ဟု ထင်မထားကြပေ။

သို့သော် မှော်ဝင်ဝေလငါးကြီးကို ထိန်းချုပ်လာနိုင်ပြီး လေထဲ

တွင်ပင် မြေပြင်တွင် လမ်းလျှောက်သကဲ့သို့ အတားအဆီးမရှိ

လျှောက်လှမ်းလာသူသည် ဆန်းတန်ခိုးရှင် မဖြစ်နိုင်စရာ

အကြောင်းမရှိပေ။

ထိုမျှလောက်တန်ခိုးစွမ်းအားကြီးမားနေသော ဆန်းတန်ခိုးရှင်

မှာ အသက်တစ်ရာပင် မပြည့်သေးသည်မှာ အံ့သြစရာကောင်း

လှသည်။ ငယ်ရွယ်လွန်းသည့်အသက်ဖြင့် ထိုမျှ တန်ခိုး

စွမ်းအားမြင့်မားသည့် အဆင့်မြင့်ကျင့်ကြံသူမျိုးကို ယခင့်

ယခင်အချိန်များတုန်းက သူတို့ သိရှိခဲ့ဖူးခြင်း မရှိပေ။

ချန်ကျန့်မေ၏ တန်ခိုးစွမ်းအားမှာလည်း အတိုင်းအဆမရှိ မြင့်

မားလွန်းပါသည်။

ဆန်းလျန် နှင့် ချန်ကျန့်မေ....

သူတို့နှစ်ယောက်လုံးမှာ ချင်းရွှမ်နတ်တံခါးမှ ဖြစ်ကြ

သည့်အတွက် ချင်းရွှမ်နတ်တံခါး၏ အရှိန်အဝါသည်

တဖြည်းဖြည်း ပြန်လည်ကြီးထွားလာခဲ့လေပြီ။

ကူးချိုင်ဝေ့၏ ဂါရဝပြုသည့်စကားဆုံးသည်နှင့် ကျင့်ကြံသူ

အားလုံးကလည်း ဆန်းလျန်ကို ဦးညွှတ်အရိုအသေပေးလိုက်

ကြသည်။

ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်၏ ကျက်သရေနှင့် ဂုဏ်

အရှိန်အဝါမှာ စကားဖြင့်ဖော်ပြရန်ပင် မစွမ်းသာပေ။

ထို့ပြင် ချင်းရှမ်နတ်တံခါးက အနွယ်တော်ဂိုဏ်းခွဲများထားရှိပေးကာ များစွာသော ပုံမှန်မဟုတ်သည့်ကျင့်ကြံသူများကို အကူအညီများပေးခဲ့လေသည်။

ဆန်းလျန်က ကူးချိုင်ဝေ့ရှေ့သို့ ရောက်လာပြီး သူမ၏လက်နှစ်ဖက်ကို စုပ်ကိုင်လိုက်ပြီး ဒူးထောက်ထားသည့် အစ်မဖြစ်သူကို အသာဆွဲထူလိုက်သည်။

"ဂိုဏ်းတူအစ်မ ၊ အရမ်းခက်ခဲခဲ့မှာပဲနော်"

ဆန်းလျန်၏ ရင်ထဲတွင် ပြောစရာစကားပေါင်းများစွာ ပြည့်နက်နေသည့်တိုင် ထိုစကားတစ်ခွန်းသာ ပြောထွက်ခဲ့လေသည်။ သို့သော် ထိုစကားတစ်ခွန်းတည်းက သူ၏ရင်ထဲမှ ဆန္ဒများနှင့် ခံစားချက်များအားလုံးကို ထင်ဟပ်လေသည်။ ချင်းရှမ်နတ်တံခါး အဖက်ဖက်မှ ကျရှုံးနေသည့်အချိန်တွင် ဆန်းလျန်က ဂိုဏ်းချုပ်ဖြစ်လာခဲ့ရလေသည်။ ခက်ခဲသည့်အချိန်များ

တွင် ကူးချိုင်ဝေ့သည် ဆန်းလျန်ကို များစွာ အကူအညီပေးခဲ့
သူဖြစ်လေသည်။
ထို့ပြင် သူတို့နှစ်ယောက်သည် စည်းကမ်းအရ ဆရာတစ်ပါး
တည်း၏ တပည့်များဖြစ်သည့်တိုင် ဆန်းလျန်ကို
တကယ်တမ်းပညာသင်ပေးသူမှာ ကူးချိုင်ဝေ့ပင် ဖြစ်လေ
သည်။ ဆန်းလျန်အနေဖြင့် သူမ၏ကျေးဇူးတရားကို
ထုတ်ဖော်ပြောဆိုနေခြင်းထက် အလုပ်ဖြင့်သက်သေပြကာ
ကျေးဇူးဆပ်ရန် အချိန်တန်ပြီဖြစ်သည်။
ကူးချိုင်ဝေ့၏လက်များသည် ဆန်းလျန်၏လက်များနှင့်
ထိမိသည်နှင့် ဆန်းလျန်ထံမှ မြင့်မားလွန်းသည့် တန်ခိုး
စွမ်းအားကို သူမခံစားလိုက်ရလေသည်။ ထိုတန်ခိုးစွမ်းအား
မည်မျှမြင့်မားကြောင်းကို ကူးချိုင်ဝေ့ မခန့်မှန်းနိုင်ပေ။
မတွေ့ကြရသည့် အချိန်ငါးနှစ်အတွင်းတွင်....

သူမ၏ ဂိုဏ်းတူမောင်ငယ်သည် တန်ခိုးစွမ်းအားများ

အဆမတန်မြင့်မားလာကြောင်း သူမရိပ်မိလိုက်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားမြင့်မားလာခြင်းအတွက် ပျော်ရွှင်

ခြင်းကို ခံစားလိုက်ရသလို တစ်ချိန်တည်းမှာပင် တစ်စုံတစ်ခု

ကို ဆုံးရှုံးလိုက်ရသကဲ့သို့လည်း ခံစားလိုက်ရလေသည်။

သူမ မည်သည့်စကားမှ ပြောမထွက်တော့ပါ။ သို့သော် သူမ

မျက်ဝန်းများဆီတွင်တော့ အပြုံးများကို တွေ့မြင်နိုင်လေ

သည်။

ဆန်းလျန်က သူ့ကို ဂါရဝပြုနေကြသည့် ကျင့်ကြံသူများကို

တစ်ချက်ဝေ့ ကြည့်လိုက်ပြီး...

"မိတ်ဆွေတို့ ၊ ဂါရပြုဖို့မလိုပါဘူး"

ဟု ပြောလိုက်လေသည်။

ထိုကျောင်ကြီးသူများမှာ ချင်းရွှမ်နတ်တံခါးမှ တပည့်များမဟုတ်ကြသည့်အတွက် သူက "မိတ်ဆွေတို့" ဟူ၍သာ သုံးနှုန်းလိုက်ခြင်းဖြစ်သည်။

ဆန်းလျန်အနေဖြင့် ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်လာခြင်းမှာ ဆရာသခင်ကျန်းရော့ရှီးကို ကျေးဇူးဆပ်လိုသည့် ဝတ္တရားအရသာဖြစ်လေသည်။ ထို့ကြောင့် သူ့အနေဖြင့် ဟိတ်ကြီးဟန်ကြီး လုပ်နေစရာမလိုပေ။ ဗုဒ္ဓဘုရားပင်လျှင် လူသားအားလုံးကို တန်းတူညီမျှဆက်ဆံကာ မေတ္တာထားခဲ့လျှင် သူ့အနေဖြင့် ဘုရား၏လမ်းစဉ်ကို မလိုက်နိုင်စရာအကြောင်းမရှိပေ။ ထို့ပြင် ဆန်းလျန်က သိပ်ပြီး အပိုများလုပ်တတ်သူမဟုတ်ပါ။ သူက ကျောင့်ကြီးသူများကို နှုတ်ဆက်စကားအနည်းငယ်ပြောပြီး ကူးချိုင်ဝေ့နှင့်အတူ ကျောင်းတော်ခန်းမတွင်းသို့ ဝင်သွားလေသည်။ မော်ဝင်ဝေလငါးကြီးမှာလည်း ဆန်းလျန်က

သူ၏ဒဏ်ရာမှ အသက်ဓာတ်စွမ်းအားများ စိမ့်ထွက်နေမှုကို ထိန်းချုပ်ပေးထားသည့်အတွက် မိုးမြေစွမ်းအားများကို သိပ် ပြီးစုပ်ယူခြင်းမရှိတော့ပေ။ ထို့ကြောင့် ပင်လယ်တွင်းရှိ အခြား သတ္တဝါများလည်း ဒုက္ခမရောက်ကြတော့ပေ။

ဆန်းလျန်နှင့် ရှင်သန်စေခြင်းကျောင်တော်မှ ဆရာသခင်ကူး ချိုင်ဝေ့ ထွက်ခွာသွားသည်နှင့် ကျင့်ကြံသူများက မော်ဝင် ဝေလငါးကြီးနှင့် ကျော်ရှောင်ချင်း အကြောင်းကို စတင်စပ်စု ကြလေတော့သည်။

အချို့ကျင့်ကြံသူများက ကျော်ရှောင်ချင်းမှာ ဆန်းလျ န်၏တပည့်ဖြစ်မည်ဟု ယူဆပြီး သူ့ကို ဖားနေကြလေသည်။ အချို့ကတော့ ချင်းဟုန်ကျီအနားသို့သွားကာ ဆန်းတန်ခိုးရှင် အကြောင်းများကို မေးမြန်းနေကြသည်။

ခန်းမဆောင်အတွင်းသို့ရောက်ရှိသည်နှင့် ကူးချိုင်ဝေ့က ဆန်း လျန်စုပ်ကိုင်ထားသည့် သူမ၏လက်ကို ပြန်လည် ရုတ်သိမ်း

လိုက်သည်။ သူမအမူအရာမှာ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်နေလေသည်။ သူမက ယောကျာ်းလေးတစ်ယောက်နှင့်မျှ ထိတွေ့ဖူးခြင်းမရှိသည့် အပျိုစင်မိန်းကလေးတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်က သူမလက်ကို စုပ်ကိုင်ထားသည့်အခါ ရှက်ကိုးရှက်ကန်းဖြစ်သွားရလေသည်။

သို့သော် ဆန်းလျန်က သူမလက်ကို တမင်ကိုင်ထားခြင်း မဟုတ်ကြောင်းကိုလည်း သူမသိလေသည်။

အခန်း (၂၁၅)

အတိတ်ကရယူခဲ့တယ် ၊ အခုတော့ ပြန်လည်ပေးဆပ်မယ်

ဆန်းလျန် ဝိညာဉ်မြစ်ထဲတွင် ရေငုပ်သည့်အခါတိုင်း ကူးချိုင်ဝေ့က အကျီဝတ်မထားသည့် ဆန်းလျန်၏ ခန္ဓာကိုယ် အပေါ်ပိုင်းကို မြင်ဖူးနေကျပင်ဖြစ်လေသည်။ သို့သော် သူမက ဆန်းလျန်ကို သူမ၏မောင်ငယ်လေးတစ်ယောက်ပမာ သဘောထားသည့်အတွက် သူမရင်ထဲ မည်သို့မျှ မခံစားခဲ့ရပေ။ သူမ၏ရင်ထဲတွင် ဆန်းလျန်သည် သူမ သင်ပြပေးရသည့် မောင်ငယ်လေးတစ်ယောက်ဟုသာ အမြဲတမ်း သဘောထားခဲ့သူဖြစ်လေသည်။

သို့သော် ဆန်းလျန် ဟိုင်သန်းအဆင့်အောင်မြင်ပြီး ချင်းရွှမ်တောင်ပေါ်သို့ ပြန်ရောက်လာပြီးသည့်နောက် ထိုမောင်ငယ်လေးသည် သူမလေးစားရသည့် ဂိုဏ်းချုပ်တစ်ယောက်ဖြစ်လာခဲ့လေသည်။ ဆန်းလျန်အပေါ်တွင် သူမ၏စိတ်များ မပြောင်းလဲရအောင် ထိန်းသိမ်းထားသည့်တိုင် ယခု ဆန်းလျန်

က သူမ၏လက်အစုံကို စုပ်ကိုင်ထားသည့်အခါတွင်တော့ ရင်ခုန်စိတ်လှုပ်ရှားမိသည်က အမှန်ပင်ဖြစ်လေသည်။ ဆန်းလျန်ကတော့ ကူးချိုင်ဝေ့အပေါ်တွင် ထူးဆန်းသည့် သဘောထားများ မရှိပါ။ သူက ကူးချိုင်ဝေ့၏ စိတ်ဝိညာဉ်လှုပ်ခတ်သွားသည်ကို ခံစားမိသည့်တိုင် ကူးချိုင်ဝေ့၏ ခံစားချက်များကိုတော့ သတိထားမိခြင်းမရှိပေ။

"အစ်မ ၊ သတိထားမိလားဟင်"

ဆန်းလျန်က မေးလိုက်လေသည်။

ဆန်းလျန်ဆီမှ အမေးစကားသံကို ကြားရမှ ကူးချိုင်ဝေ့ သတိပြန်ဝင်လာသည်။

ကူးချိုင်ဝေ့ မျက်တောင်လေးများကို ပုတ်ခတ်ပုတ်ခတ် တစ်ချက်လုပ်လိုက်ပြီး သူမ၏ လှပသည့်မျက်ဝန်းများဖြင့် ချောမောလွန်းသည့် ဆန်းလျန်၏ မျက်နှာကို မော့ကြည့်လိုက်လေသည်။ ဆန်းလျန်က ထိုင်ခုံတစ်ခုတွင် ထိုင်လိုက်သည့်

အချိန်တွင်တော့ သူမက ဆန်းလျန်အတွက်

လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ့ပေးလိုက်သည်။

လက်ဖက်ခြောက်ရနံ့လေးသည် ခန်းမအတွင်းတွင် ပျံ့နှံ့နေပြီး

စိတ်ကို ငြိမ်းချမ်းစေလေသည်။

ဆန်းလျန်က လက်ဖက်ရည်တစ်ငုံကို သောက်လိုက်သည့်

အချိန်တွင် ကူးချိုင်ဝေ့က ဖြည်းညင်းစွာ မေးလိုက်သည်။

"ဂိုဏ်းချုပ် ၊ ဘာပြောလိုက်တာလဲဟင်"

ရင်ခုန်စိတ်လှုပ်ရှားမှုကို ရုတ်တရက် ခံစားလိုက်ရ

သည့်အတွက် ဆန်းလျန် ဘာမေးလိုက်မှန်း သူမ မသိလိုက်ပေ။

ထို့ကြောင့် သူမက ဆန်းလျန်ကို လက်ဖက်ရည်ကြမ်းတစ်ခွက်

ငှဲ့ပေးပြီး မသိသလိုလုပ်ကာ မေးခွန်းပြန်မေးလိုက်ခြင်း ဖြစ်

လေသည်။

ဆန်းလျန်မှာ အစ်မဖြစ်သူ၏ ထူးထူးဆန်းဆန်း အပြုအမူ

ကြောင့် အနည်းငယ် အံ့သြသွားရလေသည်။ ဆန်းလျန်က

သူမလက်ကို ကိုင်လိုက်သည်မှာ သူ၏ကိုယ်တွင်းမှ ထိုက်ရှီး တန်ခိုးစွမ်အားများ မည်မျှ မြင့်မားနေသည်ကို သတိထားမိစေလိုသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် "သတိထားမိလား" ဟု ဆန်းလျန်က ကူးချိုင်ဝေ့ကို မေးလိုက်ခြင်းဖြစ်သည်။ ယခုတော့ ကူးချိုင်ဝေ့၏ နားမလည်သလိုပုံစံကြောင့် ဆန်းလျန်မှာ သေချာရှင်းပြရန် ဆုံးဖြတ်လိုက်ရတော့သည်။

"အစ်မ ၊ ဗုဒ္ဓဘုရားက ရွှေရောင်ကြာပန်းကို လှမ်းယူလိုက်တဲ့အချိန်မှာ ၊ မဟာကျားရဲ့ကိုယ်တော်ကြီး ပြိုးတော်မူတဲ့အကြောင်းကို သိတယ်မဟုတ်လား ၊ အဲဒါ ရင်ထဲက တရားဓမ္မကို ဖြန့်ဝေပေးခြင်းဆိုတဲ့အဓိပ္ပါယ်ပဲ ၊ အဲဒီလိုပဲ ကျွန်တော်ကလည်း အစ်မနဲ့ စိတ်ချင်းဆက်သွယ်ပြီး ကျွန်တော့်ရင်ထဲက ကျင့်စဉ်လမ်းအဓိပ္ပါယ်ကို အစ်မကို သိမြင်စေချင်တယ်" ဟု ဆန်းလျန်က ရှင်းပြလိုက်သည်။

အလွန်ညဏ်ရည်ထက်မြက်လွန်းသည့် ကူးချိုင်ဝေ့သည် ဆန်းလျန် ဆိုလိုသည့်အဓိပ္ပါယ်ကို ချက်ချင်း သဘောပေါက်သွားလေသည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"မင်းက မင်းရင်ထဲက ကျင့်စဉ်လမ်းအဓိပ္ပါယ်ကို အစ်မကို လွှဲပြောင်းပေးမလို့လား"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"အစ်မ ၊ အရင်တုန်းကဆိုရင် အစ်မက ကျွန်တော့်ကို ပညာသင်ပေးတာလေ ၊ ခုတော့ ကျွန်တော် အစ်မကို ကျေးဇူးဆပ်ရမယ့် အချိန်ကျပြီ ၊ အပြန်အလှန်ပေါ့ အစ်မရယ်"

ဆန်းလျန်၏ ပြောဆိုပုံက ရှင်းလင်းပြတ်သားလွန်းသည်။ ထိုစကားကြောင့် ကူးချိုင်ဝေ့၏ ရင်တွင်းမှ စိုးရိမ်စိတ်များလည်း လွင့်စင်ပျောက်ကွယ်သွားရလေသည်။

ဆန်းလျန်၏ သဘောထားကတော့ ရိုးရှင်းသည်။ တစ်ချိန်က အစ်မဖြစ်သူသည် သူ့အပေါ်တွင် ကျေးဇူးရှိခဲ့ဖူးသည်။ ယခု ထိုကျေးဇူးကို ပြန်ဆပ်မည်ဆိုသည့် သဘောသာဖြစ်လေသည်။

ကူးချိုင်ဝေ့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အဘယ်ကြောင့်ဆိုသော် စိတ်လှုပ်ရှားနေသောကြောင့် ဖြစ်လေသည်။လူတစ်ယောက်၏ရင်ထဲမှ ကျင့်စဉ်လမ်းအဓိပ္ပါယ်ကို အခြားတစ်ယောက်၏ရင်ထဲသို့ တိုက်ရိုက်လွှဲပြောင်းပေးခြင်းသည် လွယ်ကူသည့် ကိစ္စမဟုတ်ပေ။

ထိုသို့လွှဲပြောင်းပေးလျှင် သူမ၏စိတ်ဝိညာဉ်သည် ဆန်းလျန်၏စိဝိညာဉ်နှင့် တစ်သားတည်းကျအောင် ပေါင်းစပ်သွားမည် ဖြစ်ပြီး တစ်ယောက်၏စိတ်ကို တစ်ယောက်က အလုံးစုံထိုးဖောက်မြင်တွေ့နိုင်မည် ဖြစ်လေသည်။

ဆန်းလျန်က ကျင့်စဉ်လမ်းအဓိပ္ပါယ်ကို သူမကို လွှဲပြောင်းပေး

မည်ဟု ပြောခြင်းမှာ သူမအပေါ်တွင် ဆန်းလျန်၏

သဘောထားသည် တိမ်ကင်းစင်သည့် လမင်းမပါ ကြည်လင်

သန့်စင်လွန်းသောကြောင့် ဖြစ်လေသည်။ ကူးချိုင်ဝေ့သည်

မောင်ငယ်ဖြစ်သူအပေါ်တွင် ရင်ခုန်စိတ်လှုပ်ရှားမိ

သည့်အတွက် သူမကိုယ်သူမ စိတ်ပျက်သွားမိလေသည်။

သို့သော် ကူးချိုင်ဝေ့အနေဖြင့် ဆန်းလျန်အပေါ် တစ်ခဏမျှ

စိတ်လှုပ်ရှားရသည့်အကြောင်းရင်းကို သူမကိုယ်သူမ အဖြေ

ရှာ၍မရသေးပါ။

သူမက လက်ဖက်ရည်ကြမ်းတစ်ငုံသောက်လိုက်ရင်း....

"အစ်မ မငြင်းပယ်ချင်ပါဘူး"

ဟု ပြောလိုက်လေသည်။

ကျင့်စဉ်လမ်းအဓိပ္ပါယ်ကို လွှဲပြောင်းပေးတိုင်းလည်း ဟိုင်သန်း

အဆင့်တက်ရောက်နိုင်မည်ဟု ယူဆ၍မရပေ။ သို့သော် သူတို့

နှစ်ယောက်လုံးမှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံ

သူများဖြစ်သည့်အတွက် စိတ်စွမ်းအားခြင်း ဆက်သွယ်မှုရှိ

သည်က တစ်ကြောင်း ၊ဆန်းလျန်က ယောကျ်ားလေးဖြစ်ပြီး

ကူးချိုင်ဝေ့က မိန်းကလေးဖြစ်သည့်အတွက် သူတို့နှစ်

ယောက်၏ စိတ်ဝိညာဉ် ပေါင်းစပ်သည့်အခါ ယင်နှင့်ယန်

စွမ်းအား၏ မတူညီမှု ထွက်ပေါ်လာပြီး အမြင့်ဆုံးတန်ခိုး

စွမ်းအား ထွက်ပေါ်လာနိုင်သည်က တစ်ကြောင်း ၊ ထို

အကြောင်းနှစ်ရပ်ကြောင့်သာ ကျင့်စဉ်လမ်းအဆင့်တက်လှမ်း

နိုင်မည်ဟု မျှော်လင့်ရခြင်းဖြစ်လေသည်။

ကျင့်စဉ်လမ်းအစိပ်ပွါယ်လွှဲပြောင်းပေးလျှင် ကူးချိုင်ဝေ့သည်

ဆန်းလျန်ဆီမှ ကျင့်စဉ်အောင်မြင်ရသည့် လျှို့ဝှက်ချက်ကို

သိရှိနိုင်မည်ဖြစ်လေသည်။

ငါးနှစ်တာကာလအတွင်းတွင် ဆန်းလျန်မှာသူ၏တန်ခိုး

စွမ်းအားများ မြင့်မားရန်အတွက်သာ ကျင့်ကြံခဲ့သည့်မဟုတ်ခဲ့

ပေ။ ကျင့်စဉ်လမ်းကို ပိုပြီးပြည့်စုံစေရန်အတွက် လျှို့ဝှက်နည်းလမ်းများကိုလည်း သုတေသနပြု ရှာဖွေနေခဲ့လေသည်။

ဆန်းလျန်က ကူးချိုင်ဝေ့ကို စိုက်ကြည့်လိုက်ရင်း...

"အသက်ရှင်နေသရွေ့တော့ မျှော်လင့်ချက်ရှိတာပဲမဟုတ်လား အစ်မ ၊ ကျွန်တော်က အစ်မကို နတ်ဘုရားတစ်ပါးဖြစ်လာဖို့ အထိ မျှော်လင့်ထားတာ"

ဟု ပြောလိုက်လေသည်။

ကူးချိုင်ဝေ့သည်ငယ်ရွယ်နုပျိုမှုကို ထိန်းသိမ်းထားနိုင်သည့် တိုင် ဟိုင်သန်းအဆင့်သို့သာ တက်ရောက်နိုင်ခြင်းမရှိလျှင် အသက်သိပ်ရှည်နိုင်မည်မဟုတ်တော့ပေ။ မကြာမီပင် ဘဝ အဆုံးသတ်ရမည့်အချိန်သို့ ရောက်ရှိလာတော့မည် ဖြစ်လေသည်။

ထိုက်ရှီးနည်းဗျူဟာ၏ ထူးခြားချက်မှာ ထိုက်ရှီးနည်းဗျူဟာ ကိုကျင့်ကြံသူသည် ပြင်ပပြဒါးရှင်ကိုအသုံးပြုပြီး ဟိုင်သန်း အဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိပေ။

ထို့ကြောင့်ပင် ထိုက်ရှီးနည်းဗျူဟာကို တီထွင်ခဲ့သူ ဆရာ ဘွားဘွားလီချင်းဆွေပြီးလျှင် ထိုက်ရှီးနည်းဗျူဟာဖြင့် ဟိုင် သန်းအဆင့် တက်ရောက်နိုင်သူမှာ သုံးယောက်သာ ထွက်ပေါ် သေးခြင်းဖြစ်လေသည်။ ကျိုလင် ၊ ပိယွင် နှင့် ဆန်းလျန်တို့ဖြစ် လေသည်။

ဆန်းလျန်၏ အပြောလေးကြောင့် ကူးချိုင်ဝေ့ မရယ်မောဘဲ မ နေနိုင်တော့။

"ဟုတ်ပါပြီ ၊ မင်းပြောနေတာတွေ တော်ပါတော့ ၊ မင်းက အစ်မကောင်းဖို့အတွက် လုပ်ပေးချင်တာပဲ ၊ အစ်မ ဘယ်လို လုပ်ငြင်းနိုင်မလဲ"

အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အားလျော်စွာ ကူးချိုင်ဝေ့သည် သူမ၏ စိတ်လှုပ်ရှားမှုများကို ချက်ချင်း ဖယ်ရှားပစ်လိုက်လေသည်။ ဆန်းလျန်၏ သူမအပေါ်တွင်ထားရှိသည့် စေတနာအမှန်ကိုလည်း အလေးထားမိလိုက်သည်။

"ပြီးတော့ အစ်မ ဟိုင်သန်းအဆင့်အောင်မြင်သွားရင် ကျွန်တော့်အတွက်လည်း အကျိုးရှိတယ်လေ ၊ ချင်းရှမ်နတ်တံခါးအတွက်ရောပေါ့ ၊ ကျွန်တော့်မှာက လုပ်စရာတွေ အများကြီးရှိသေးတယ် ၊ တကယ်တော့ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဟာ ဟိုင်သန်းအဆင့်တက်ဖို့ခက်ခဲတာဟာ သဘာဝပဲ ၊ ဒါကြောင့် အစ်မအဆင့်တက်ဖို့အတွက် ဆန်းလျန် တစ်ခြားနည်းလမ်း မစဉ်းစားတတ်တော့ဘူး"

ဟု ဆန်းလျန်က ထပ်ရှင်းပြနေပြန်သည်။

ကူးချိုင်ဝေ့မှာ မောင်ငယ်ဖြစ်သူကိုကြည့်ရင်း ပြုံးလိုက်မိလေသည်။

သူမက ဆန်းလျန်ကို ရှင်သန်စေခြင်းကျောင်းတော်နှင့် တွေ့ကြုံခဲ့ရသည့်အတွေ့အကြုံများကို ပြောပြလိုက်လေသည်။ မည်သို့ပင် ဆက်သွယ်၍ရသည့် နည်းလမ်းပေါင်းများစွာရှိသည့်တိုင် မျက်နှာချင်းဆိုင် ပြောရသည်က ပိုပြီးကောင်းလေသည်။

မိုင်ငါးထောင်ပတ်လည်အတွင်းမှ ကျင့်ကြံသူများသည် ရှင်သန်စေခြင်းကျောင်းတော်ကို လွန်စွာမှ အားကိုးကြလေသည်။ သူတို့က ရှင်သန်စေခြင်းကျောင်းတော်၏ အလုပ်များကို ကူညီလုပ်ကိုင်ပေးကြသလို တရားဆွေးနွေးခြင်းများလည်း ပြုလုပ်ကြသည်။ သို့သော် ရှင်သန်စေခြင်းကျောင်းတော်၏ တည်နေရာက ကောင်းမွန်ခြင်းမရှိပေ။ ထို့ကြောင့် စွဲဆောင်မှုသိပ်မရှိ ဖြစ်နေရသည်။

ထို့ကြောင့် ရှင်သန်စေခြင်းကျောင်းတော်တွင် အလွန်တော်သည့် ကျင့်ကြံသူများ မရှိသလို ပုံမှန်မဟုတ်သည့် ကျင့်ကြံ

သူများမှာလည်း ကျင့်စဥ်လမ်းအဆင့်တက်နိုင်ရန် ခက်ခဲနေရလေသည်။

ကူးချိုင်ဝေ့၏ စကားများကို ဆန်းလျန်က နားထောင်ပြီး နက်နက်ရှိုင်းရှိုင်းစဥ်းစားလိုက်သည်။

"အစ်မ ၊ အစ်မက ဒီကျောင်းတော်မှာ အများကြီးကြိုးစားခဲ့တာပဲ ၊ ဒီဒေသမှာဖြစ်နေတဲ့ပြဿနာက မိုးမြေစွမ်းအားတွေနည်းပါးလို့ ဖြစ်နေရတာ ၊ အဲဒီပြဿနာကို မကြာခင်ဖြေရှင်းပေးပါ့မယ် ၊ ဒါပေမယ့် အစ်မက တစ်ခုတော့ သတိထားရမယ်"

"ဘာများ သတိထားရမှာလဲ"

ကူးချိုင်ဝေ့က ပြန်မေးလိုက်သည်။

"ဂိုဏ်းအတွက်ဆိုတာထက် ကျင့်စဥ်လမ်းကလည်း အရေးကြီးပါတယ် ၊ ကျင့်ကြံသူတစ်ယောက်အတွက် ကျင့်စဥ်လမ်းထက် အရေးကြီးတာ ဘာမှမရှိပါဘူး"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်အနေဖြင့် ထို စကားမျိုး မပြောသင့်ကြောင်း ဆန်းလျန် သိပါသည်။ သို့သော် ကူးချိုင်ဝေ့မှာ ချင်းရွှမ်နတ်တံခါး တိုးတက်ရာ တိုးတက်ကြောင်း တစ်ခုတည်းအတွက်သာ အချိန်များ ကုန်ဆုံးနေခြင်း မျိုး မဖြစ်စေလိုပေ။

လူတစ်ယောက်၏ဘဝတွင် လုပ်စရာအလုပ်ပေါင်းများစွာရှိလေသည်။ သို့သော် ဘဝသည် သက်တမ်းအရ တိုတောင်းသည့်အတွက် သာမန်လူတစ်ယောက်အနေဖြင့် အလုပ်တစ်ခုတည်းကိုသာ အာရုံစိုက်ဖို့လိုလေသည်။ သို့သော် ကျင့်ကြံသူများကတော့ သာမန်လူသားများနှင့်မတူပေ။ ကျင့်ကြံသူများမှာ အသက်ရှည်နိုင်သမျှရှည်အောင် နေထိုင်နိုင်ပြီး လောကတွင် လုပ်စရာများစွာကို လုပ်နိုင်လေသည်။ သဘာဝ အလှတရားများစွာကိုလည်း ခံစားနိုင်လေသည်။

ထို့ကြောင့် မိမိဂိုဏ်းတိုးတက်ရေးအတွက် အာရုံစိုက်သည်မှာ မမှားသည့်တိုင် ကိုယ့်အတွက်လည်း ကိုယ် ကြည့်ရမည်ဖြစ်လေသည်။

ဆန်းလျန်၏စကားကြောင့် ကူးချိုင်ဝေ့ရင်ထဲတွင် ထိရှသွားလေသည်။ ဆန်းလျန်ပြောသည့် စကားမျိုးကို ဆရာသခင်ကျန်းရော့ရှီး တစ်ခါမှ ပြောဆိုခဲ့ခြင်းမရှိပေ။ သို့သော် ထိုစကားများမှာ ဆရာဘိုးဘိုးယွမ်ချင်း၏ စကားများဖြစ်နေလေသည်။ ဆရာဘိုးဘိုးယွမ်ချင်းသည် တောတောင်ရေမြေများကို ဖြတ်ကျော်ကာ နတ်ဘုရားတစ်ပါးဖြစ်ရန်အတွက် ကျင့်စဉ်လမ်းကိုသာ တစ်စိုက်မတ်မတ်ရှာဖွေခဲ့သူ ဖြစ်လေသည်။

ကူးချိုင်ဝေ့က ထိုအကြောင်းကို ဆက်မပြောချင်သည့်အတွက် စကားလမ်းကြောင်းလွှဲလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်လလောက်နေရင် ဒီမှာ နတ်ဘုရားဈေးပွဲတော်ရှိတယ် ၊ အဲဒီမှာ နတ်ဘုရားသချႋင်းက ရှားပါးပစ္စည်းတွေ ရှိ

တတ်တယ် ၊ အစ်မက မင်းကို အဲဒီသတင်းပြောမလို့ပဲ ၊ မင်းက ရောက်လာတာနဲ့ အတော်ပဲဖြစ်သွားတယ် ၊ အဲဒီမှာလျှောက်ကြည့်ပြီး ပစ္စည်းကောင်းတွေတွေ့ရင် ယူခဲ့ပေါ့"

ချင်းရှမ်နတ်တံခါးသည် ပြည့်စုံပြီးသား နတ်ဘုရားဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်သည့်အတွက် သာမန်ဝိညာဉ်စွမ်းအား ပစ္စည်းလေးများကို အရေးမထားတတ်ပေ။ သို့သော် နတ်ဘုရားသချႋင်းမှ ပစ္စည်းများကိုတော့ စိတ်ဝင်စားလေသည်။ ထို့ပြင် နတ်ဘုရားသချႋင်းမှာ မိုးနှင့်မြေကြားတွင် စီးမျောနေသည့် နေရာတစ်ခုဖြစ်ပြီး တစ်နေရာတည်းတွင် အတည်တကျမရှိပေ။

လုကျိုးယွမ် နတ်ဘုရားမဖြစ်ခင်က နတ်ဘုရားသချႋင်းသို့ ဝင်ရောက်ခဲ့ဖူးလေသည်ဟု ကောလဟာလများရှိလေသည်။ အချို့လူများက လုကျိုးယွမ် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်

ရောက်နိုင်ခြင်းမှာ ထိုနတ်ဘုရားသချင်းနှင့် ဆက်စပ်မှုရှိ
နေသည်ဟုပင် ပြောဆိုကြလေသည်။

အခန်း (၂၁၆)

ရွှမ်ထုံနတ်မိစ္ဆာဘုရင်

လုကျိုးယွမ် နတ်ဘုရားသချင်းအတွင်းသို့ တကယ်ဝင်ရောက်
ခဲ့ခြင်း ရှိ မရှိကိုတော့ မည်သူမျှ အတိအကျမသိကြပေ။
သို့သော် နတ်ဘုရားသချင်းနှင့်ပတ်သက်သည့် ထူးဆန်းသည့်
ကောလဟာလ များစွာကတော့ ထွက်နေစမြဲဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်သည့် ဆန်းလျန်ကတော့ မိုးနှင့်မြေအကြားရှိ လျှို့ဝှက်ချက်များကို အခြားသူများထက် ပိုပြီး သိရှိလေသည်။ ဆန်းလျန်၏ မိတ်ဆွေဟောင်းလေး ကျောက်ရှောင်ယွီ၏ ကြာပန်းကိုးပွင့်ကျောင်းတော်မှ ဘိုးဘေး တစ်ယောက်သည် နတ်ဘုရားသချႋင်းသို့ ရောက်ခဲ့ဖူးလေ သည်။ ထိုဘိုးဘေးက နတ်ဘုရားသချႋင်းမှ ကျင့်စဉ်ကျမ်း တစ်ခုကိုပင် ယူလာခဲ့သေးသည်။ ထိုအချိန်က ကြာပန်းကိုးပွင့် ကျောင်းတော်မှ ထိပ်ဆုံးအဆင့်ထိ အောင်မြင်နေသည့်ဂိုဏ်း တစ်ခုဖြစ်ပြီး လော်ဝါဒကြီးတစ်ခုလုံးကို ပြန်လည်ပေါင်းစည်း နိုင်ရန် ကြိုးစားခဲ့လေသည်။

နတ်ဘုရားသချႋင်းမှ ထိုဘိုးဘေးယူဆောင်လာသည့် တာအို ကျင့်စဉ်ကျမ်းအမည်မှာ "မန္တန်အလင်းချေဖျက်ခြင်းကျမ်း" ဖြစ်လေသည်။ ထိုကျမ်းစာအုပ်ထဲတွင် အလွန်မှ ကြောက်မက်

ဖွယ်ရာ ကျင့်စဉ်များပါဝင်လေသည်။ သို့သော် ဆန်းလျန်က ထိုကျမ်းစာအုပ်အကြောင်းကို သိပ်မသိပါ။

"ပင်လယ်ဆိုတာက ကျယ်ပြန့်လွန်းတယ်၊ လူတိုင်းက ကိုယ်နဲ့ သက်ဆိုင်တဲ့ ကမ်းမှာပဲ နေလေ့ရှိကြတယ်၊ တစ်ယောက်နဲ့တစ် ယောက် တွေ့ဆုံဖို့ဆိုတာ ခက်ခဲလွန်းပါတယ်၊ ဒါကြောင့် နတ် ဘုရားဈေးပွဲတော်ကျင်းပတဲ့နောက်ကွယ်မှာ တန်ခိုးစွမ်းအား ကြီးမားတဲ့ တစ်စုံတစ်ယောက်တော့ရှိမယ်ထင်တယ်၊ ဒီဈေး ပွဲတော်ကို စီစဉ်တဲ့သူကဘယ်သူလဲ၊ အစ်မကို ဈေးပွဲတော်ရှိ တယ်လို့ သတင်းပေးတာရော ဘယ်သူလဲ"

ဆန်းလျန်က မေးလိုက်သည်။

နောက်ကွယ်မှ အကြောင်းအရာများအထိ အသေးစိတ်မှအစ စဉ်းစားတတ်သည့် ဆန်းလျန်၏ ဉာဏ်ရည်ထက်မြက်မှုကို ကူး ချိုင်ဝေ့ မလေးစားဘဲ မနေနိုင်ပေ။ သူက အကြောင်းအရာတစ်

ခု၏ အဓိကအချက်ကို အမြဲတမ်း စုပ်ကိုင်နိုင်သူဖြစ်လေ

သည်။

"နတ်ဘုရားဈေးပွဲတော်ကို စီစဉ်တဲ့သူက ရွှမ်ထုံနတ်မိစ္ဆာဘုရင်

ပဲ"

ကူးချိုင်ဝေ့က ပြန်ဖြေလိုက်သည်။

"ဩော် ... သူကိုး..."

ဆန်းလျန်က အံ့သြစွာဖြင့် ဆိုလိုက်သည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်မှာ လေးစားစရာကောင်းသည့် နတ်မိစ္ဆာ

ဘုရင်တစ်ပါးဖြစ်လေသည်။ သို့သော် သူ၏ဇစ်မြစ်ကို မည်သူ

မျှ မသိကြပေ။ သူ့တွင် ကျင့်ကြံသူတို့၏ ကောင်းမွန်သည့်

စိတ်ထားမျိုးကိုပိုင်ဆိုင်လေသည်။ သူက တာအိုတရားသံကြား

ရရန်အတွက် အမြဲတမ်း ကြိုးစားနေလေ့ရှိသည်။ ကျင့်စဉ်

လမ်း လျှောက်လှမ်းနိုင်ရန် တစ်ခုတည်းသောရည်ရွယ်ချက်

ဖြင့် လောကတွင် အသက်ရှင်နေခြင်းဖြစ်လေသည်။

သူက နတ်မိစ္ဆာတစ်ယောက်ဖြစ်သည့်အတွက် ကျင့်ကြံသူများ ကြားတွင် အမြဲတမ်းခွဲခြားဆက်ဆံခံရလေသည်။ ထို့ပြင် သူ့ကို ဒုက္ခပေးချင်သူများစွာလည်း ရှိလေသည်။ သို့တိုင်အောင် သူက လက်မလျှော့ခဲ့ပါ။ သူက ရှမ်ထျန်းဂိုဏ်းသို့ပင် သွားရောက်ကာ လုကျိုးယွမ်၏ တရားစကားများကို နာယူခဲ့သည်။

ထို့နောက်သူက ပင်လယ်တစ်ဖက်ဆီသို့ ထွက်ခွာသွားပြီး ကျင့်စဉ်လမ်းအဆင့်တက်ခဲ့လေသည်။ နတ်မိစ္ဆာများအနေဖြင့် ကျင့်စဉ်လမ်းကိုလိုက်ရန် ခက်ခဲလွန်းလေသည်။ ထို့ကြောင့် ရှမ်ထုံနတ်မိစ္ဆာကအခြားသောနတ်မိစ္ဆာများကိုလည်း ဝိညာဉ်စွမ်းအားကောင်းမွန်စေရန် သင်ကြားပေးမှုများ ပြုလုပ်ပေးတတ်သည်။ အချိန်ကာလကြာလာသည်နှင့်အမျှ သူ့ဆီတွင် သင်ယူကြသည့် နတ်မိစ္ဆာများ များပြားလာပြီး အင်အားကြီးလာလေသည်။

သူက ရှမ်ထျန်းဂိုဏ်းသို့အန္တရယ်ကင်းကင်းဖြင့် ဝင်ရောက်ကာ လုကျိုးယွမ်ထံမှ တရားစကားနာယူနိုင်ခဲ့ခြင်းမှာ သူ၏တန်ခိုးစွမ်းအား ကြီးမားလွန်းသောကြောင့်မဟုတ်ပေ။ သူက လုကျိုးယွမ်ကို ကျင့်စဉ်လမ်းအကြောင်း ရိုးရိုးသားသား သိချင်စိတ်ဖြင့် မေးမြန်းခဲ့သောကြောင့် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ရှမ်ထုံနတ်မိစ္ဆာဘုရင်မှာ နှယ်နှယ်ရရနတ်မိစ္ဆာတစ်ယောက်တော့ မဟုတ်ပေ။

နောက်နှစ်လနေလျှင် ကျင်းပမည့် နတ်ဘုရားဈေးပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ကျင့်ကြံသူများ လာရောက်ကြမည် ဖြစ်လေသည်။ ထိုသို့ ကျင့်ကြံသူများ တစ်နေရာတည်းတွင် စုစည်းမိရန်မှာ ကြုံတောင့်ကြုံခဲကိစ္စပင် ဖြစ်လေသည်။

ရှင်သန်စေခြင်းကျောင်းတော်တွင် ကျင့်စဉ်သင်ယူနေကြသည့် ကျင့်ကြံသူများစွာရှိလေသည်။ သို့သော် ထိုကျင့်ကြံသူများမှာ ကျင့်စဉ်လမ်းကို တက်လှမ်းနိုင်ခြင်းမရှိကြသေးပေ။ ကျင့်စဉ်

လမ်းကို တက်ရောက်နိုင်ပြီဖြစ်သည့် ကျင့်ကြံသူများကတော့ သိပ်ပြီးမလာရောက်ကြပေ။

အကယ်၍ ချင်းရွှမ်နတ်တံခါး၏ ကျင့်စဉ်တစ်ရာ့ရှစ်ခုကို သင်ကြားပို့ချပေးမည်ဆိုလျှင်တော့ အားလုံးသောကျင့်ကြံသူများ လာရောက်ကြမည်ဖြစ်လေသည်။ သို့သော် ချင်းရွှမ်နတ်တံခါးကလည်း ထိုသို့ ပြုလုပ်မည်မဟုတ်ပေ။ မည်သည့်နတ်ဘုရားဂိုဏ်းမှ ထိုသို့ ပြုလုပ်ခြင်းမရှိပေ။

တကယ့်ပညာအစစ်အမှန်ကို လွယ်လွယ်နှင့် မပေးနိုင်ပေ။ ထိုသို့ မပေးရခြင်းမှာ အတ္တကြီးခြင်းကြောင့် မဟုတ်။ ကျင့်စဉ်များမှာ မိုးနှင့်မြေမှာ ပေါ်ထွက်လာသည့် ကျင့်စဉ်ပညာရပ်များဖြစ်သည့်အတွက် သေသေချာချာ ထိန်းသိမ်းရန် လိုအပ်သောကြောင့်ဖြစ်လေသည်။ တန်ဖိုးကြီးသည့် ကျင့်စဉ်ပညာရပ်များ လွယ်လွယ်နှင့် ပျံ့နှံ့သွားပါက လူသားများ

အလယ်တွင် မဖြစ်သင့်သည့်ကိစ္စရပ်များ ဖြစ်ကုန်မည်ဖြစ်လေသည်။

ဆန်းလျှန်မှာ နတ်ဘုရားဈေးပွဲတော်သို့ သွားရောက်ရန်အတွက် မပြင်ဆင်နိုင်အားသေးပါ။ သူ့တွင် ဖြေရှင်းရမည့် ပြဿနာနှစ်ခုရှိနေလေသည်။ ပထမတစ်ခုမှာ မော်ဝင်ဝေလငါးကြီးဆီမှ တန်ခိုးစွမ်းအားများကို ထိန်းချုပ်ပြီး မိုးမြေစွမ်းအားများကို စုစည်းအသုံးချနိုင်ရန်ဖြစ်ပြီး ဒုတိယတစ်ခုမှာ မော်ဝင်ဝေလငါးကြီးပြောသည့် ပင်လယ်မျက်လုံးကို ရှာဖွေရန်ဖြစ်လေသည်။ သူ့အနေဖြင့် ရေခဲအလင်းတန်ခိုးစွမ်းအားအသုံးပြုနိုင်ရန်အတွက် အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအား များစွာလိုအပ်လေသည်။

ထိုရေခဲအလင်းစွမ်းအားဖြင့် နတ်ဘုရားဈေးပွဲတော်တွင် များစွာသော ပစ္စည်းများကို လဲလှယ်နိုင်မည် ဖြစ်လေသည်။

ကူးချိုင်ဝေ့ ဟိုင်သန်းအဆင့် တက်ရောက်နိုင်ရန်အတွက်တော့ သူမ၏ စိတ်ဝိညာဉ်မှာ အကောင်းဆုံးခြေအနေဖြစ်အောင် ပြင်ဆင်မှုများ ပြုလုပ်ရဦးမည်ဖြစ်လေသည်။ ထိုအဆင့်ပြီးမှ ဆန်းလျန်က သူ၏ ဝိညာဉ်စွမ်းအားများကို အသုံးပြုကာ ယင်နှင့် ယန် ကိုပေါင်းစပ်ပြီး ဟိုင်သန်းအဆင့်တက်လှမ်းနိုင်အောင် ကူညီနိုင်မည် ဖြစ်လေသည်။

ထိုကိစ္စမှာလည်း သိပ်ပြီးအလျှင်လိုစရာမရှိပါ။ နတ်ဘုရားဈေးပွဲတော်ပြီးမှ ပြုလုပ်၍လည်း ရလေသည်။

ဆန်းလျန်က စကားမပြောဘဲ ငြိမ်သက်နေသည့်တိုင် ကူးချိုင်ဝေ့က ဆန်းလျန်၏ စိတ်ထားကို နားလည်လေသည်။ ဆန်းလျန်သည် သူ၏ ကျင့်စဉ်လမ်းအခိပ္ပါယ်ကို လွှဲပြောင်းပေးပြီး သူမဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန် ကူညီမည်ဟုဆိုလေသည်။ ဆန်းလျန် သူမအပေါ်ထားရှိသည့် ယုံကြည်မှုသည် သူမ၏နှလုံးသားကို များစွာ လှုပ်ခတ်စေလေသည်။

ဆန်းလျန်ကဲ့သို့ အသိဉာဏ်မြင့်မားသည့် လူတစ်ယောက်သည် သူ့လုပ်ရပ်၏ အကျိုးသက်ရောက်မှုကို မသိ၍မဟုတ် ၊ သိရှိမည်သာဖြစ်လေသည်။ သို့သော် ဆန်းလျန်သည် လွတ်လပ်မှုကို မြတ်နိုးသည့်တိုင် တာဝန်ယူမှုလည်းရှိသူ ဖြစ်လေသည်။ ဆရာသခင်ကျန်းရှော့ရှီးက ဂိုဏ်းချုပ်နေရာကို ဆန်းလျန်ကို ပေးအပ်သည့်အချိန်တွင် ဆန်းလျန် မငြင်းဆန်ခဲ့ပေ။ ဆန်းလျန်အနေဖြင့် အလွန်တာဝန်ကြီးသည့်တိုင် မဖြစ်မနေ လုပ်ဆောင်ပေးခဲ့လေသည်။ သူက ချင်းရွှမ်နတ်တံခါးအတွက် တာဝန်ယူမှုကို ထားရှိခဲ့သူဖြစ်လေသည်။

ယခု ကူးချိုင်ဝေ့အနေဖြင့် ဆန်းလျန်၏ ယုံကြည်မှုဖြင့် ကူညီခြင်းကို လက်မခံလျှင် သူမအတွက် အောင်မြင်မှုရရန် အခြေအနေရှိတော့မည် မဟုတ်ပေ။ ထို့ကြောင့် ဆန်းလျန်က အစ်မဖြစ်သူကို ပြန်ပေးဆပ်သည့်အနေဖြင့် ကူညီခြင်းဖြစ်ပြီး

ဖြစ်လာမည့် အကျိုးဆက်များကိုလည်း သူကတာဝန်ယူမည့်သူ ဖြစ်လေသည်။

ထိုစဉ်...

အပြင်ဘက်ဆီမှ ဆူညံသံများ ထွက်ပေါ်လာလေသည်။

ဆန်းလျန်က အပြင်ဘက်မှ အသံများကို တန်ခိုးစွမ်းအား အသုံးပြုကာ နားထောင်လိုက်ပြီး ကူးချင်ဝေ့ကို ပြောလိုက်သည်။

"အစ်မ ၊ အပြင်ထွက်ကြည့်ရအောင်"

သူတို့နှစ်ယောက် ခန်းမဆောင်တွင်းမှ အပြင်သို့ထွက်လိုက်ကြလေသည်။

အပြင်ဘက်တွင် လက်ပြတ်ကြီးတစ်ခုကို ကိုင်ထားသည့် လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုသူမှာ လက်တစ်ခုလုံးမှာ အဖြတ်ခံထားရပြီး သွေးများက တလဟော ကျဆင်း

နေလေသည်။ သူက သူ၏ လက်ပြတ်ကြီးကို ပြန်ကိုင်ထား ခြင်းဖြစ်လေသည်။

သူက ဆန်းလျန်နှင့် ကူးချိုင်ဝေ့ကိုတွေ့သည်နှင့် ဒူးထောက်ကာ အော်ဟစ်ငိုကြွေးလေသည်။

"ကျုပ်ကို သတ်လိုက်ပါ ၊ ဆန်းတန်ခိုးရှင်"

မလှမ်းမကမ်းတစ်နေရာတွင် ကျော်ရှောင်ချင်းသည် ဓားရှည် ကိုကိုင်ကာ ရပ်နေလေသည်။ သူက စကားတစ်ခွန်းမှ မပြော ပါ။ သူ့ဘေးနားတွင်လည်း လူတစ်ယောက်မှ မရှိပါ။ အားလုံး က ခပ်ဝေးဝေးတစ်နေရာတွင် ရပ်နေကြလေသည်။

ဆန်းလျန်က ထိုသူကိုကြည့်ပြီး ခပ်ဖြည်းဖြည်းပင်မေးလိုက် သည်။

"ဘာဖြစ်တာလဲ"

"ဒီတပည့်က စကားပြောမဆင်ခြင်ဘဲ ဆန်းတန်ခိုးရှင်ရဲ့ ဓား သမားကို စော်ကားမိခဲ့ပါတယ် ၊ ဒါကြောင့် သေသင့်ပါတယ်"

ထိုသူက ဆန်းလျှန်ကို ဦးအကြိမ်ကြိမ် ချရင်း ပြောလိုက်လေသည်။

သူ၏လက်မောင်းမှ သွေးများအဆက်မပြတ်ထွက်နေပြီး မြေပြင်ပေါ်ရှိသွေးကွက်များမှာ ကြောက်စရာပင် ကောင်းလေသည်။

ခြေလက်များ အဖြတ်ခံရသည့် ကျင့်ကြံသူသည် ဆေးဝါးများဖြင့် အချိန်မီ ပြန်ဆက်နိုင်ပါက အကောင်းအတိုင်း ပြန်ဖြစ်နိုင်လေသည်။ ထို့ပြင် ခြေလက်ကို ဖြတ်ပစ်သူက အခြားသော တန်ခိုးပညာတစ်ခု သုံးထားခြင်းမရှိလျှင် သွေးတိတ်အောင် လုပ်ပေးရန်မှာလည်းခက်သည့် ကိစ္စမဟုတ်ပေ။

ထိုကျင့်ကြံသူ၏ ဒဏ်ရာမှာ ဓားဖြင့်သာ အဖြတ်ခံရခြင်းဖြစ်ပြီး မည်သည့် တန်ခိုးစွမ်းအားမှ ပါဝင်ခြင်းမရှိပေ။

ကျော်ရှောင်ချင်းကြောင့် ခြေလက်များပြတ်ကုန်သည့် တပည့်နှစ်ယောက်ဖြစ်သည့် စိုကျင့်နှင့် စိုရွှမ်မှာ သူတို့၏ ခြေလက်

များမှာ ပင်လယ်ထဲသို့ ကျကုန်သည့်အတွက် ဆန်းလျန်က ရှန်းစန်းပြဒါးဆေးလုံးဖြင့် ကုသပေးခဲ့ရခြင်းဖြစ်လေသည်။

ယခု သူ့ရှေ့မှ ကျင့်ကြံသူကတော့ ပြတ်သွားသည့် လက်တစ်ဖက်လုံး မျက်စိရှေ့တွင် ရှိနေသေးသည်။ ထို့ပြင် သူ၏ဒဏ်ရာမှာလည်း သာမာန်ဒဏ်ရာပင်ဖြစ်လေသည်။ ထို့ကြောင့် အကောင်းအတိုင်းဖြစ်အောင် ပြန်လည်ကုသနိုင်မည်ဖြစ်လေသည်။ သို့သော် ထိုသူ၏ "သေသင့်သည်" ဟု တောင်းပန်နေမှုမှာ လိမ်စဉ်သက်သက်မျှသာဖြစ်လေသည်။

"မင်းက သေသင့်တယ်ပြောမှတော့ မင်းဆန္ဒအတိုင်းဖြည့်ဆည်းပေးရမှာပေါ့"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်က သူ၏လက်ညှိုးနှင့်လက်ခလယ်နှစ်ချောင်းကို ထိုသူဆီသို့ ထိုးညွှန်လိုက်ပြီး တောက်လောင်နေသည့်မီးများ

ထွက်ပေါ်လာလေသည်။တောက်လောင်နေသည့်မီးများက ထို

သူဆီသို့ လောင်ကျွမ်းစေရန် ဝင်ရောက်သွားလေသည်။

လက်တစ်ဖက်ပြတ်နေသည့် ကျင့်ကြံသူမှာ ဆန်းလျှန် ထိုကဲ့သို့

ပြုလုပ်လိမ့်မည်ဟု မထင်မှတ်ထားသည့်အတွက် ရုတ်တရက်

ပင် သူ၏တန်ခိုးစွမ်းအားကို ဖော်ထုတ်ကာ မီးများကို ကာ

ကွယ်ထားလိုက်လေသည်။

သို့သော် ဆန်းလျှန်ဆီမှ ထွက်ပေါ်လာသည့်မီးများမှာ ထိုသူဆီ

သို့ ရောက်ရှိသွားခြင်းမရှိပါ။ လမ်းတစ်ဝက်တွင် ပျောက်ကွယ်

သွားလေသည်။

ဆန်းလျှန်က ထိုသူကို အေးစက်စွာဖြင့် စိုက်ကြည့်လိုက်ပြီး...

"မင်းရဲ့ တန်ခိုးစွမ်းအားက မဆိုးဘူးပဲ ၊ ဒါပေမယ့် မင်းက သိပ်

ပြီးမိုက်မဲတဲ့သူပဲ ၊ ရှောင်ချင်း ဒီမိတ်ဆွေကို နောက်ဘဝကို ပို့

ပေးလိုက်တော့"

ဆန်းလျန်က စကားဆုံးသည်နှင့် ထိုသူကို လှည့်ပင်မကြည့်တော့ဘဲ ထွက်ခွာသွားလေသည်။ ကျော်ရှောင်ချင်းထံမှ အစိမ်းရောင်ဓားဝိညာဉ် လက်ခနဲတစ်ချက်တောက်ပသွားပြီး လက်ပြတ်နေသည့်ကျင့်ကြံသူမှာ အပိုင်းပိုင်းပြတ်သွားလေတော့သည်။

အမှန်တော့ ထိုကျင့်ကြံသူမှာ ကျော်ရှောင်ချင်းအကြောင်းကို လျှောက်ပြောနေခြင်းဖြစ်လေသည်။ သူက ချင်းကျန်းဂိုဏ်းမည်မျှ အသုံးမကျကြောင်း စော်ကားပြောနေသည့်အတွက် ကျော်ရှောင်ချင်းက ဒေါသထွက်ပြီး သူ၏လက်ကို ဖြတ်လိုက်ခြင်းဖြစ်လေသည်။

ထိုကျင့်ကြံသူက ထိုအခွင့်အရေးကို အသုံးချကာ ဆန်းလျန်ကို ချဉ်းကပ်ဖို့ ကြိုးစားခြင်းဖြစ်လေသည်။ သို့သော် ဆန်းလျန်က မေးခွန်းတစ်ခုပင်မမေးဘဲ ထိုသူ၏ တန်ခိုးစွမ်းအားကို စမ်းသပ်ကြည့်လိုက်လေသည်။ ထိုသူ အသုံးပြုလိုက်သည့်

တန်ခိုးစွမ်းအားမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ထင်ရှားသည့် တန်ခိုးစွမ်းအားတစ်ခုဖြစ်လေသည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ လူများသည် ချင်းရွှမ်နတ်တံခါး အကြောင်း စုံစမ်းရန်အတွက် ရှင်သန်စေခြင်းကျောင်းတော် တွင် လာရောက်ခိုလှုံချင်ယောင်ဆောင်လေ့ ရှိကြလေသည်။ ထိုသူမှာလည်း ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ လူတစ်ယောက် ပင် ဖြစ်လေသည်။ သို့သော် ထိုသူက ရုတ်တရက် သတိလွတ် သွားပြီး ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တန်ခိုးစွမ်းအားကို ပြသ လိုက်သည့်အတွက် မည်သူမည်ဝါဖြစ်ကြောင်းကို အလိုလို ဖော်ထုတ်ပြီးသား ဖြစ်သွားရလေသည်။

ဆန်းလျန်သည် ထိုကဲ့သို့သော သူများအကြောင်းကို ခေါင်းထဲ သို့ မထည့်ချင်ပါ။

အချို့သောသူများသည် သူတို့ကိုသူတို့ ဉာဏ်ကောင်းလှပြီဟု ထင်နေကြသည့်တိုင် အလွန်တုံးသည့်သူများ ဖြစ်ကြလေသည်။

အခန်း (၂၁၇)

ပြန်ရောက်လာသူ

လောကတွင် ကျင့်စဉ်လမ်းကို တက်လှမ်းနိုင်သည့်သူ အနည်းငယ်သာ ရှိကြလေသည်။ ပညာရှင်အစစ်အမှန်ဖြစ်လျှင် သူ့လူကိုယ့်ဘက်သား ဓားလျှိုများလွှတ်ကာစုံစမ်းစရာ မလိုပေ။

ဆန်းလျန်ဆိုသည်ကလည်း ရက်စက်ရမည့် အခြေအနေမျိုးတွင် ကမ်းကုန်အောင် ရက်စက်တတ်လေသည်။ သူ၏နှလုံးသားက အကြင်နာတရားကင်းမဲ့ခြင်းမရှိသည့်တိုင် လုပ်သင့်လုပ်ထိုက်သည်ကို တစ်ချက်မဆိုင်းဘဲ ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် ပြုလုပ်တတ်သူဖြစ်လေသည်။

ထိုအချက်ကြောင့်ပင် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်သူ ဆန်းတန်ခိုးရှင် "ဆန်းကျန်းရန်" ဆိုသည်မှာ ကျင့်ကြံသူများအလယ်တွင် နာမည်ကျော်ကြားနေခဲ့ခြင်းဖြစ်လေသည်။ ချင်းရှမ်နတ်တံခါး၏ဂိုဏ်းချုပ်သည် တန်ခိုးစွမ်းအား အဆမတန်မြင့်မားလွန်းသည့်အပြင် ချင်းရှမ်နတ်တံခါးကို ထိပ်ဆုံးအဆင့်သို့ရောက်အောင် ပို့ဆောင်ပေးမည်ဆိုသည့် ရည်မှန်းချက်မှာ အပြောသက်သက်မဟုတ် ၊ အလုပ်ဖြင့် သက်သေပြနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီ။

နတ်ဘုရားကျောင်းတော်ကြီးတစ်ခုမှ ခေါင်းဆောင်တစ်ယောက်၏ တည်ငြိမ်မှု ၊ တိကျပြတ်သားမှုနှင့် အရှိန်အဝါကြီးမားမှုများမှာ မြင်တွေ့ရသူအပေါင်းကို လေးစားအားကျစေမည်ဖြစ်သည်။

ဆန်းလျန်က သူ၏လုပ်ရပ်အတွက် ကျင့်ကြံသူများကို ရှင်းပြနေခြင်းမရှိပေ။ ကိုယ်လုပ်သည့်လုပ်ရပ်အတွက် အသေးစိတ်အချက်အလက်များကို ကိုယ်သိရန်သာလိုပြီး အခြားသူများသိရှိရန် မလိုပေ။

ဆန်းလျန်သည် တင်းမာခက်ထန်သည့် မျက်နှာထားမျိုး ထားတတ်သူမဟုတ်ပါ။ သို့သော် ယခုတော့ သူ၏ မျက်နှာမှာတင်းမာခက်ထန်နေပြီး မည်သည့်ကျင့်ကြံသူမှ သူ့အနား မကပ်ရဲကြတော့ပေ။ ကျော်ရှောင်ချင်းမှာလည်း ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ သူလျှိုကို ဓားဝိညာဉ်ဖြင့် အပိုင်းပိုင်းဖြတ်ပြီးသည့်နောက် ဆန်းလျန်နောက်သို့ လိုက်ပါသွားလေသည်။

ကျော်ရှောင်ချင်းမှာ ယခင်က ဆန်းလျန်ကို လေးစားမှုမရှိဘဲ ဟန်ဆောင်နေခဲ့သည့်တိုင် အနေကြာလာသည်နှင့်အမျှ ဆန်းလျန်၏ တန်ခိုးစွမ်းအားမြင့်မားမှုနှင့် စိတ်နေစိတ်ထားများကြောင့် တဖြည်းဖြည်း လေးစားလာခဲ့ပြီဖြစ်သည်။

ဆန်းလျန် ကျွန်းပေါ်ရောက်သည့်အချိန်တွင် မှော်ဝင်ဝေလငါးကြီး၏ အသက်ဓာတ်စွမ်းအားများကို အသုံးပြုကာ ကျွန်းပေါ်တွင် မိုးရွာကျစေခဲ့လေသည်။ ထိုဝိညာဉ်စွမ်းအားမိုးရေစက်များကြောင့် ကျွန်းပေါ်တွင် ပန်းများချက်ချင်းပွင့်လန်းလာခဲ့သလို လေပြေလေးများတိုက်ခတ်လာပြီး လှပသည့်ပင်လယ်လှိုင်းကြက်ခွပ်လေးများဖြင့် ရှင်သန်စေခြင်းကျောင်းတော်ပတ်ဝန်းကျင်သည် နတ်ဘုံနတ်နန်းတစ်ခုအလား သာယာအေးချမ်းသွားခဲ့လေသည်။

ဆန်းလျန်က မှော်ဝင်ဝေလငါးကြီး၏ စွမ်းအားစုစည်းမှုကို စမ်းသပ်ကြည့်သည့်အနေဖြင့် ထိုသို့ပြုလုပ်လိုက်ခြင်းဖြစ်လေ

သည်။ ထို့ပြင် သူက ယောကျ်ားလေးတစ်ယောက်ဖြစ်

သည့်အတွက် ပန်းများကို နှစ်သက်ခြင်းမရှိလှပါ။ သူက

တိတ်ဆိတ်ငြိမ်သက်သည့်နေရာများ ၊ ဝါးရုံတောများ ၊

မိုးမခပင်များကို နှစ်သက်သူ ဖြစ်လေသည်။

သို့သော် သူ၏ ဂိုဏ်းတူအစ်မကတော့ မိန်းကလေးတစ်

ယောက်ဖြစ်သည့်အတွက် ပန်းများကို နှစ်သက်မည်ဖြစ်လေ

သည်။ ထို့ကြောင့် ဆန်းလျန်က အစ်မဖြစ်သူအတွက် ပန်းများ

ပွင့်လန်းစေလိုက်ခြင်း ဖြစ်သည်။

ယခုတော့ ရှင်သန်စေခြင်းကျောင်းတော်ပတ်ဝန်းကျင်တွင်

ဝိညာဉ်စွမ်းအားများ စတင်စုစည်းလာပြီဖြစ်လေသည်။

ဆန်းလျန်သည် လေထဲတွင် ရပ်တန့်နေလေသည်။

သူ၏ခန္ဓာကိုယ်မှ ဒြပ်စင်စွမ်းအားရှစ်မျိုးရောင်စဉ်တန်းများ

ဖြာထွက်နေလေသည်။ သူ၏ကိုယ်ရောင်ကိုယ်ဝါမှာ နေနှင့်လ

အလားပင် ထွန်းလင်းတောက်ပနေလေသည်။

ဆန်းလျှက်က ထိုက်ရှီးတန်ခိုးစွမ်းအားများကို အသုံးပြုကာ ကျွန်းပေါ်တွင် ရေစီးကြောင်းများကို စတင်ဖန်ဆင်းလိုက်လေသည်။ ရေစီးကြောင်းများမှ စမ်းချောင်းလေးများအသွင် ပြောင်းလဲသွားပြီး စမ်းချောင်းလေးများ ပေါင်းဆုံစီးဆင်းမှုမှ တစ်ဆင့် မြစ်တစ်စင်း ဖြစ်တည်လာလေသည်။ စမ်းချောင်းလေးများနှင့် မြစ်ရေ၏ စီးဆင်းမှုကြောင့် ကျွန်းတစ်ခုလုံးသည် အသက်ဓာတ်စွမ်းအားများ ပြည့်ဝလာလေတော့သည်။

ကျင့်ကြံသူများသည် ထိုမြင်ကွင်းကို သူတို့ဘဝတွင် မည်သည့်အခါမှ မေ့နိုင်ကြမည် မဟုတ်တော့ပေ။ မိုးနှင့်မြေမှ ဖန်ဆင်းခြင်းမဟုတ်ဘဲ လူသားတစ်ယောက်၏စွမ်းအားဖြင့် သဘာဝတရားကို ဖန်ဆင်းပြခြင်းဖြစ်လေသည်။

ချင်းရှမ်နတ်တံခါး၏ ဂရုဏာဖြင့် အသက်ဓာတ်စွမ်းအားပြည့်ဝသည့် နတ်ဘုရားကျောင်းတော်တစ်ခု မွေးဖွားလာခဲ့ပြီဖြစ်လေသည်။

ကူးချိုင်ဝေ့က ကြည်နူးစွာဖြင့် ပန်းလေးတစ်ပွင့်ကို ခူးယူလိုက်သည်။ ပန်းပွင့်လေးဆီမှ မွှေးကြိုင်သည့်ရနံ့ မရှိသည့်တိုင် လတ်ဆတ်သည့်ရနံ့ကို ခံစားရလေသည်။ ဂိုဏ်းချုပ်ဖြစ်သူ ဆန်းလျန်ပြောသကဲ့သို့ပင် “ကမ္ဘာလောကကြီးသည် အလှတရားများဖြင့်ပြည့်နေသည်” မဟုတ်ပါလား။ ထိုသို့တွေးလိုက်မိသည်နှင့် သူမရင်ထဲတွင် တစ်ချက်လင်းလက်သွားကာ စကြာဝဠာတစ်ခုလုံးကို သိမြင်သွားသကဲ့သို့ ခံစားလိုက်ရလေသည်။

ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ် ဆန်းတန်ခိုးရှင် "ဆန်းကျန်းရန်" သည် ရှင်သန်စေခြင်းကျောင်းတော်တွင် ရောက်ရှိနေသည့် သတင်းသည် တမဟုတ်ချင်း ပျံ့နှံ့သွားလေသည်။ တစ်ချိန်တည်းမှာပင် ဆန်းတန်ခိုးရှင်သည် သူ၏မြင့်မားလွန်းသည့် တန်ခိုးစွမ်းအားကိုအသုံးပြုပြီး ခြောက်သွေ့နေသည့် ရှင်သန်စေခြင်းကျောင်းတော်နေရာကို နတ်ပြည်အလား သာယာလှပ

သည့်နေရာတစ်ခုဖြစ်အောင် ပြောင်းလဲပေးလိုက်သည့်သတင်း
မှာလည်း ပျံ့နှံ့သွားလေသည်။
မော်ဝင်ဝေလငါးကြီး၏ ဝိညာဉ်စွမ်းအားကို ဗဟိုပြုကာ
အသုံးချပြီး မိုးမြေစွမ်းအားများကို စုစည်းကာ အသက်ရှည်စေ
ခြင်းကျောင်းတော်တည်ရှိရာ ကျွန်းကို မြေနေရာအနေအထား
ပြုပြင်ပေးခဲ့သည်သာမက ကာကွယ်မှုပါ ဆန်းလျန်က ပြုလုပ်
ပေးခဲ့လေသည်။
နောင်နှစ်ပေါင်း ရာထောင်ချီသည့်အချိန်တွင် ကျွန်းတစ်ခုလုံး
မှာ မိုးမြေစွမ်းအား အမြင့်မားဆုံးနေရာတစ်ခု ဖြစ်လာတော့
မည် ဖြစ်လေသည်။
ထိုသတင်းကိုကြားသည်နှင့် ထိပ်တန်းကျင့်ကြံသူများသည်
ဆန်းတန်ခိုးရှင်ရှိရာ ရှင်သန်စေခြင်းကျောင်းတော်သို့ အလျှင်
အမြန် ရောက်ရှိလာကြလေတော့သည်။ သူတို့က ချင်းရွှမ်နတ်
တံခါးမှ ဆရာသခင်ဖြစ်သူ ဆန်းတန်ခိုးရှင်နှင့် တရားဆွေးနွေး

လိုကြလေသည်။ သို့သော် သူတို့အားလုံး နောက်ကျသွားခဲ့ပြီ။

ဆန်းလျန်မှာ ရှင်သန်စေခြင်းကျောင်းတော်မှ ထွက်ခွာသွားခဲ့ပြီ

ဖြစ်ပြီး မည်သည့်နေရာသို့ ထွက်ခွာသွားသည်ကို ကူးချိုင်ဝေ့

ပင် သိရှိခြင်းမရှိပေ။

ကောလဟလများအရတော့ ဆန်းတန်ခိုးရှင်မှာပင်လယ်ထဲသို့

ထွက်ခွာသွားသည် ဟူ၍ဖြစ်လေသည်။

....

ကွမ်းချင်းနတ်ဘုရားဂိုဏ်းတည်ရှိရာ ထိုက်ချန်းတောင်ထိပ်....

ခန်းမဆောင်ကြီးတစ်ခုသည် လေထဲတွင် လွင့်မျောနေလေ

သည်။

တာအိုဆရာဟွမ်ကျန်းသည် ထိုခန်းမဆောင်ကြီးဆီသို့ ပျံသန်း

သွားလေသည်။ ထို့နောက် ခန်းမဆောင်ကြီးရှေ့တွင် သူက

ရပ်တန့်လိုက်သည်။

"လင်ရှောင်ခန်းမဆောင်"

ခန်းမဆောင်ကြီးရှေ့တွင် ရေးထိုးထားလေသည်။

ဟွမ်ကျန်းအရှင်၏ ပုံစံမှာ လွန်ခဲ့သည့်ငါးနှစ်ကပုံစံအတိုင်းပင် မပြောင်းလဲပေ။ သို့သော် ခံစားချက်မရှိသည့် သူ၏မျက်နှာထက်တွင် ပင်ပန်းနွမ်းနယ်နေသည့် အရိပ်အယောင်များ ပေါ်လွင်နေလေသည်။

သူက ခန်းမဆောင်ကြီးအတွင်းသို့လှမ်းဝင်လိုက်သည်။ သူက ကိုင်ဆောင်ထားသည့် ဖူချန်ကို အသာဝေ့ရမ်းလိုက်ပြီး ဒူး ထောက်ချလိုက်သည်။

"ဆရာ... တပည့်ပြန်ရောက်ပါပြီ"

သူ့ရှေ့တွင် အဆင့်ကိုးဆင့်ရှိသည့် ကျောက်ဖြူလှေကားထစ်များရှိလေသည်။ ကျောက်ဖြူသားများမှာ ကြည်လင်တောက်ပနေလေသည်။ သို့သော် လှေကားထစ်များဆီမှ တိမ်တိုက်များကဲ့သို့ မြူခိုးငွေ့များ ထွက်ပေါ်နေလေသည်။ ထိုသို့ တိမ်ခိုးနှင့် မြူခိုးများ ထုတ်လွှတ်ပေးနိုင်သည့် ကျောက်ဖြူသားမှာ အလွန်မှ အရည်အသွေးကောင်းမွန်သည့်

ကျောက်ဖြူသားဖြစ်လေသည်။ ထိုသို့သော ပစ္စည်းကောင်း မျိုးကို ရည်ရွယ်ချက်ပေါင်းများစွာဖြင့် အသုံးပြုကြလေ သည်။

တိမ်တိုက်မြူခိုးများထွက်နေသည့် ကျောက်ဖြူလှေကားကိုး ထစ်အဆုံးတွင် ပလ္လင်တစ်ခုရှိလေသည်။ ထိုပလ္လင်မှာ ရွှေသား အတိဖြင့် ပြုလုပ်ထားပြီး နဂါးပုံသဏ္ဍာန်ထွင်းထုထားခြင်းဖြစ် လေသည်။ တိမ်တိုက်မြူခိုးများအလယ်တွင် နဂါးတစ်ကောင် ပျံသန်းနေသကဲ့သို့ပင် အသက်ဝင်လှလေသည်။ ထိုနဂါးပလ္လင် ထက်တွင် နတ်ဒေဝါတစ်ပါး ထိုင်နေလေသည်။

“ထပါ…”

ထိုနတ်ဒေဝါက ပြောလိုက်သည်။

စကားဆုံးသည်နှင့် ဟွမ်ကျန်းက မတ်တပ်ရပ်လိုက်သည်။

နဂါးပလ္လင်ထက်တွင်ထိုင်နေသူမှာ ကွမ်းချင်းနတ်ဘုရား ဂိုဏ်း၏ ဂိုဏ်းချုပ်ဆရာသခင် "ယွိမင်နတ်ဘုရား" ပင်ဖြစ်လေ

သည်။ ယွိမင်နတ်ဘုရားမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ နတ်ဘုရားငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်လေသည်။

"ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းက ရဲ့လျှိုယွင်ဟာ နဂါး ဇာမဏီတွေလို တကယ်တော်တဲ့သူပါပဲ ၊ တပည့်နဲ့အတူ နံပါတ်သုံးဂိုဏ်းတူညီလေးနဲ့ နံပါတ်ငါးဂိုဏ်းတူညီလေးတို့ ငါးနှစ်လုံးလုံးတိုက်ခိုက်ခဲ့ပြီးမှ အသူရာချောက်က နတ်ဆိုးစစ်တပ်တွေကို အနိုင်ယူနိုင်ခဲ့ပါတယ် ၊ ဒါပေမယ့် ဒီကိစ္စတွေလုပ်နေရတာနဲ့ ချင်းရွှမ်နတ်တံခါးကို မတည်မငြိမ်ဖြစ်အောင် နှောင့်ယှက်ဖို့ လက်လွှတ်လိုက်ရတယ်"

ဟွမ်ကျန်းကပြောလိုက်သည်။

"စိတ်မပူပါနဲ့ ၊ မကြာခင်မှာပဲ ကျုပ်တို့တွေ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကို ထိန်းချုပ်နိုင်မှာပါ ၊ ဒါပေမယ့် ဟွမ်ချွမ်နတ်တဆိုးဂိုဏ်းမှာ ကျုပ်တို့တိုက်ခိုက်မှုကို တွန်းလှန်နိုင်မယ့် ဒီလိုမျိုးလူတော်တစ်ယောက်ရှိနေမယ်လို့ ထင်မထားမိဘူး"

ယှိမင်နတ်ဘုရားက ပြောလိုက်လေသည်။

“တပည့်လည်း ဒီလိုပဲထင်မိပါတယ် ၊ တစ္ဆေလမ်းခွဲနဲ့ တိရိစ္ဆာန်လမ်းခွဲက ထူကျူအရှင်တွေက တန်ခိုးစွမ်းအားကြီးမားပေမယ့် နတ်ဘုရားတွေလိုတော့ အဆင့်မမြင့်မားကြပါဘူး ၊ ထူကျူအရှင်ယိုကျန့် ဒဏ်ရာပြန်သက်သာလာပြီး တန်ခိုးစွမ်းအားပြန်မြင့်မားလာမှာကိုပဲ စိုးရိမ်ရတာ”

ဟွမ်ကျန်းက ပြန်ပြောလိုက်သည်။

“ဖြစ်နိုင်ပါတယ် ၊ ဒါပေမယ့် ကျုပ်တို့ဘာပဲလုပ်လုပ် လောကကြီးကို ဖုံးကွယ်ထားဖို့ဆိုတာ မဖြစ်နိုင်ဘူး ၊ အထူးသဖြင့် လုကျိုးယွမ်ကို ဘာမှ ဖုံးကွယ်လို့မရနိုင်ဘူး ၊ ဒီတော့ ကျုပ်တို့နတ်ဘုရားငါးပါး ဘာကိုပဲလုပ်လုပ် လုကျိုးယွမ်ဆီက အကြံညဏ်ကို ယူရလိမ့်မယ် ၊ ပြီးတော့ တုန်းဖုန်းကလည်း ကျိုလင်ကို တိုက်ခိုက်လိုက်တယ်မဟုတ်လား ၊ ကျိုလင်ရဲ့ စိတ်ဓာတ်နဲ့ဆိုရင် သိပ်မကြာခင်မှာပဲ ဒီကိုရောက်လာလိမ့်မယ်

၊ ဆယ်နှစ်အတွင်း ကျုပ်တို့အခြေအနေသာ တိုးတက်မလာဘူး ဆိုရင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းဟာ နောက်မှာကျန်ရစ်ခဲ့လိမ့်မယ် ၊ ကျုပ်ပြောတဲ့စကားကို မင်းနားလည်မယ်လို့ မျှော်လင့်ပါတယ်”

ယွိမင်နတ်ဘုရားက ပြောလိုက်သည်။

“အားလုံးကို တပည့်တာဝန်ထားလိုက်ပါ ဆရာ ၊ ပြီးတော့ တပည့် တောင်ပေါ်ပြန်လာတဲ့လမ်းမှာ ဆန်းလျန်က ချင်းရှမ်တောင်က ထွက်သွားတယ်ဆိုတဲ့သတင်းကြားရတယ် ၊ သူ့ကို ဘယ်လိုရှင်းလိုက်မရမလဲ ဆရာ”

ဟိုင်ကျန်းက လေးနက်သည့်အသံဖြစ်ပြောလိုက်လေသည်။

“ဆန်းလျန်ကိုသာ သတ်လိုက်မယ်ဆိုရင် ကျုပ်တို့နဲ့ ချင်းရှမ် နတ်တံခါးကြားမှာ မပြေနိုင်တဲ့ ရန်ငြိုးတွေဖြစ်ကုန်လိမ့်မယ် ၊ ကျုပ်တို့တွေထဲက တစ်ယောက်ယောက် လောကကိုကျော်လွှန်ပြီး မိုးကောင်းကင်တံခါးကိုသွားတဲ့အခါ ချင်းရှမ်နတ်တံခါးရဲ့

ဘိုးဘေးနတ်ဘုရားတွေနဲ့တွေ့ရင် ဖြေရှင်းလို့ရမှာ မဟုတ်တော့ဘူး၊ တာအိုကျင့်စဉ်လမ်းကို လျှောက်လှမ်းတယ်ဆိုတာ လောကနဲ့အညီ အသက်ရှည်ဖို့အတွက် လျှောက်လှမ်းတာပဲ၊ အာဏာအတွက် တိုက်ခိုက်စရာမလိုဘူး၊ ကျုပ်တို့လုပ်ဖို့က ဆန်းလျန်ရဲ့ ကျင့်စဉ်လမ်း နှောင့်နှေးသွားအောင် လုပ်ဖို့ပဲ၊ သူ့ရဲ့ အရည်အချင်းနဲ့ဆိုရင် နှစ်တစ်ရာတောင်မကြာဘူး နတ်ဘုရားတစ်ပါး ဖြစ်လာနိုင်တယ်”

ယွိမင်နတ်ဘုရား၏ စကားကြောင့် ဟွမ်ကျန်း သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

သူ၏ဆရာပြောသည်မှာ မှန်လေသည်။ ယခုအချိန်တွင် ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်နေပြီဖြစ်သည်။ ပြဿနာများကို ကိုင်တွယ်ရာတွင်ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ ဂုဏ်သိက္ခာမထိခိုက်စေရန်အတွက် သူပိုပြီး သတိထားရမည်ဖြစ်လေသည်။

“မင်း အဝေးကိုရောက်နေတဲ့ ငါးနှစ်အတွင်း တပည့်အသစ်တစ်ယောက် ရထားတယ်၊ သူ့အရည်အချင်းက ဆန်းလျှန်ထက်မနိမ့်ဘူး၊ သူ့ကို မင်းနည်းနည်းလေ့ကျင့်ပေးလိုက်ပြီး လော်ဝါဒနဲ့ ပတ်သက်တဲ့ ကိစ္စမှာ ပါဝင်ခိုင်းလိုက်ပါ”

ယွိမင်နတ်ဘုရားက ပြောလိုက်လေသည်။

အခန်း (၂၁၈)

ပင်လယ်ရေအောက်

ဟွမ်ကျန်းမှာ ဆရာဖြစ်သူက တပည့်ငယ်အသစ်တစ်ယောက်ကို ယခုကဲ့သို့ ချီးကျူးနေသည့်အတွက် အံ့သြသွားရလေ

သည်။ ဆန်းလျန်နှင့်ပင် နှိုင်းယှဉ်ပြီးပြောသည့်အတွက် သိချင်စိတ်ပိုပြီး ပြင်းထန်လာရသည်။

ဟွမ်ကျန်းက ပြုံးလိုက်ရင်း...

“ဆရာက ဒီလောက်ချီးကျူးနေမှတော့ တကယ်တော်တဲ့သူပဲ ဖြစ်ရမယ်၊ သူဘယ်မှာလဲ ဆရာ၊ ကျွန်တော် သူ့ကို တွေ့ချင်ပါတယ်”

“သူက လွန်ခဲ့တဲ့ငါးနှစ်ကမှ ဂိုဏ်းထဲကို ရောက်လာတာ၊ ဒါတောင် အခု ဟိုင်သန်းအဆင့် တက်ရောက်နိုင်တော့မယ်၊ သူဒီလောက်မြန်မြန်အဆင့်တက်နိုင်တာ ကျုပ်စိုးရိမ်နေမိတယ်၊ ဒါကြောင့် ဂိုဏ်းတူညီလေးတုန်းဖုန်းအတွက် မီးထိုးတဲ့အလုပ် လုပ်ပေးဖို့ သူ့ကိုတာဝန်ပေးထားတယ်”

ယှိမင်နတ်ဘုရား၏ စကားကြောင့် ဟွမ်ကျန်းမှာ များစွာ အံ့သြသွားရပြီး....

“သူက ဆရာဦးလေး ပြဒါးဆေးဖော်တဲ့ဖိုကိုတောင် မီးထိုးပေးဖို့ ကူညီနေပြီလား ၊ ငါးနှစ်အတွင်း ဒီလောက်တောင် တန်ခိုး စွမ်းအားတွေများလာတာ အံ့ဩစရာပဲ”

ဟု ပြောလိုက်မိလေသည်။

တာအိုဆရာတုန်းဖုန်းမှာ သူ၏ ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာ ကြောင့် တန်ခိုးစွမ်းအားကြီးမားသူတစ်ဦးဖြစ်သလို ပြဒါးကို လည်း ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူဖြစ်လေသည်။ ကွမ်း ချင်းနတ်ဘုရားဂိုဏ်းမှ ပြဒါးဆေးအားလုံးမှာ တာအိုဆရာ တုန်းဖုန်း၏ ဖိုဖြင့်ထိုးကာဖော်စပ်ထားခြင်းဖြစ်လေသည်။ ထို့ကြောင့် ဆရာတုန်းဖုန်း၏ ဖိုကို မီးထိုးပေးရန်မှာ လွယ်သည့် ကိစ္စတော့မဟုတ်ပေ။ တန်ခိုးစွမ်းအားများစွာ အသုံးပြုရလေ သည်။

သို့သော် ထိုအလုပ်ကိုလုပ်နိုင်ပါကလည်း ပြဒါးဖိုမှထွက်သည့် အစွမ်းများကို ရရှိနိုင်မည်ဖြစ်လေသည်။ ထိုပြဒါးဖိုမှ စွမ်းအား

များသည် ကျင့်စဉ်လမ်းအတွက် များစွာအထောက်အကူပြု
လေသည်။ ခက်ခဲသော်လည်း အကျိုးရှိသည့် အလုပ်တစ်ခု
ဖြစ်လေသည်။

"သူက သိပ်ပြီးတော့လည်း ကံကောင်းတယ်၊ သူတောင်ပေါ်
ရောက်လာပြီး သိပ်မကြာဘူး နှစ်တစ်ထောင်ပြဒါးဆေးတွေကို
ရှာတွေ့သွားပြီး စားပစ်လိုက်တယ်၊ သူအဲဒါလည်းစားပြီးရော
တန်ခိုးစွမ်းအားတွေ တိုးတက်လာပြီး တစ်နေ့ကို မိုင်တစ်
ထောင် ခရီးနှင်နိုင်တဲ့အထိပဲ၊ ဒါပေမယ့် သူ့ကိုယ်ထဲမှာ ကျန်
နေတဲ့ပြဒါးတွေကြောင့် နာကျင်မှုကို အကြာကြီး ခံစားနေရ
တယ်၊ ဒါကြောင့် သူ့ကို တုန်းဖုန်းဆီမှာ မီးထိုးပေးဖို့ ပြောရ
တာပဲ၊ အဲဒီလိုလုပ်မှ သူ့ကိုယ်ထဲက ပြဒါးက သူနဲ့
တစ်သားတည်းကျသွားမှာ"

ယွိမင်နတ်ဘုရားက ပြောလိုက်လေသည်။

လောကတွင် ဝိညာဉ်စွမ်းအားပစ္စည်း များစွာရှိလေသည်။ ရှေး ယခင်ကတည်းက ထိုသို့သော ပစ္စည်းများ အကူအညီဖြင့် ကျင့်ကြံသူများက အသက်ရှည်အောင် ကြိုးစားကြလေသည်။ အမြဲတမ်းအသက်ရှင်နိုင်မည့် ဆေးဝါးများလည်းရှိသလို ဝိညာဉ်အလင်းတရားရစေသည့် ဆေးများလည်း များစွာရှိလေ သည်။ ထိုဆေးများအကူအညီဖြင့် သာမန်လူများပင် နတ် ဘုရားတစ်ပါးကဲ့သို့ အစွမ်းထက်နိုင်လေသည်။

နောက်ပိုင်းတွင်တော့ "ပြင်ပပြဒါးရှင်" က ကျင့်ကြံသူများ အကြားတွင် ခေတ်စားလာပြီး ကျင့်ကြံသူအများစုက ဟိုင် သန်းအဆင့် တက်ရောက်နိုင်ရန်အတွက် ပြင်ပပြဒါးရှင်ကို မရမနေ ရှာဖွေကြလေတော့သည်။ လူအများက ရှာဖွေ အသုံးပြုကြသည့်အတွက် ပြင်ပပြဒါးရှင်မှာလည်း တဖြည်းဖြည်း ရှားပါးလာခဲ့လေသည်။

နတ်ဘုရားဂိုဏ်းများအတွက်တော့ ကျင့်စဉ်ကျင့်ကြံပြီး ဟိုင်သန်းအဆင့်တက်ရောက်နိုင်သော်လည်း ပုံမှန်မဟုတ်သည့် ကျင့်ကြံသူများအတွက်တော့ ပြင်ပပြဒါးရှင်ကိုသာ အားကိုးကြရလေသည်။ ထို့ကြောင့် နတ်ဘုရားဂိုဏ်းများသို့ ဝင်ရောက်လိုကြသည့် ကျင့်ကြံသူများစွာရှိကြပြီး တည်တံ့ခိုင်မြဲနေကြရခြင်းဖြစ်လေသည်။

လက်ရှိအချိန်တွင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် လောကနတ်ဘုရားငါးပါးရှိနေလေသည်။ သို့သော် တကယ်တမ်းနှိုင်းယှဉ်ကြည့်မည်ဆိုလျှင်တော့ ချင်းရှမ်နတ်တံခါးက သာလွန်နေဆဲဖြစ်လေသည်။

နှစ်ပေါင်းတစ်သောင်းကျော် ရပ်တည်လာခဲ့သည့် ချင်းရှမ်နတ်တံခါးတွင် နတ်ဘုရားအပါးလေးဆယ် ပေါ်ထွက်ခဲ့ဖူးလေသည်။ နတ်ဘုရားဂိုဏ်းများထဲတွင် အရေအတွက်အများဆုံးဖြစ်လေသည်။ ချင်းရှမ်နတ်တံခါး၏ လွန်ခဲ့ပြီးသော ဆရာ

သခင် ကျန်းရှောရှီး ၊ ကျိုလင်နတ်သမီး၏ တပည့်ဖြစ်သူ ပိယွ
င်နှင့် ယန်ရှီးတို့၏ ပြဿနာရှုတ်ထွေးမှုများဖြင့် ကြေကွဲစရာ
ဖြစ်ရပ်ကြီးသာ မဖြစ်ခဲ့လျှင် နတ်ဘုရား ရှစ်ပါး သို့မဟုတ် ကိုး
ပါးအထိ ထပ်မံပေါ်ထွက်လာနိုင်သေးသည်။

ကျိုလင်နတ်သမီး ၊ ချင်းရွှမ်ကို စောင့်ရှောက်နေသည့် နတ်
ဘုရားအဘိုးအိုနှင့် မည်သည့်နေရာသို့ရောက်နေမှန်း မသိ
သည့်နောက်ထပ်နတ်ဘုရားများကိုပါ ထည့်တွက်မည်ဆိုလျှင်
ချင်းရွှမ်နတ်တံခါးတွင် နတ်ဘုရား ခြောက်ပါးရှိမည် ဖြစ်လေ
သည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းထက်ပင် များပြားနေသေး
သည်။

ဟွမ်ကျန်းသည် အသစ်ရောက်ရှိလာသည့် ဂိုဏ်းတူညီငယ်
အကြောင်းကို စဉ်းစားမိသည့်အခါ ကွမ်းချင်းနတ်ဘုရားဂိုဏ်း
အင်အား ကြီးမားလာရန်အတွက် မျှော်လင့်ချက်ရောင်ခြည်ကို
ခံစားမိလေသည်။ နောက်ထပ် တစ်ယောက်နှစ်ယောက်ခန့် နတ်

ဘုရားအဆင့် တက်လှမ်းနိုင်မည်ဆိုလျှင် သူတို့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် အစိကနတ်ဘုရားဂိုဏ်းကြီးလေးဂိုဏ်းတွင် ပါဝင်နိုင်မည်ဖြစ်လေသည်။ နောက်နှစ်ပေါင်းအနည်းငယ်အတွင်း ချင်းရှမ်နတ်တံခါးနှင့် ယှဉ်လျှင် နောက်တန်းသို့ ရောက်နေမည်မဟုတ်ပေ။

"ဆရာဦးလေးတုန်းဖုန်းနဲ့လည်း မတွေ့ရတာကြာပါပြီ ၊ ဆရာ့ဆီက ပြန်ရင် ဂိုဏ်းတူညီလေးကိုသွားတွေ့ရင်းနဲ့ သူ့ကို ပါ တစ်ခါတည်း သွားတွေ့လိုက်ပါဦးမယ် ၊ ဒါနဲ့ အဲဒီညီလေး နာမည်က ဘယ်လိုခေါ်ပါသလဲ ဆရာ"

ဟွမ်ကျန်းက မေးလိုက်လေသည်။

"ချင်းဝေး လို့ခေါ်တယ်"

ယွိမင်နတ်ဘုရားက ပြန်ဖြေလိုက်သည်။

....

ထိုအချိန်တွင်....

ထိုက်ချန်းတောင်ထိပ်တစ်နေရာတွင် လူငယ်လေးတစ်ယောက်

ရှိနေလေသည်။ သူက တန်ခိုးစွမ်းအားကို အသုံးပြု၍ ဖိုကို

မီးထိုးပေးနေလေသည်။ လူငယ်လေးက ရုတ်တရက် နှာချေ

လိုက်သည့်အတွက် ဖိုမှ မီးများမှာ ပုံပျက်သွားရလေသည်။

အဝေးရှိ ကျောက်လှေကားထစ်များပေါ်တွင် တာအိုဆရာတုန်း

ဖုန်းက ခြေထောက်ချိတ်ပြီး ထိုင်နေလေသည်။

လူငယ်လေး၏နှာချေသံကြောင့် သူက မှိတ်ထားသည့်မျက်လုံး

များကို ဖွင့်လိုက်ပြီး...

"မင်းကြောင့် ဒီဖိုထဲက ပြဒါးဆေးပျက်စီးသွားလို့ကတော့

နောက်ထပ်ငါးနှစ် မီးထပ်ထိုးခိုင်းမှာနော်"

လူငယ်လေးက တန်ခိုးစွမ်းအားများအသုံးပြု၍

အဆက်မပြတ် မီးထိုးပေးနေရင်း ပြောင်စပ်စပ်မျက်နှာထား

ဖြင့်....

"ဆရာဦးလေးက ကျွန်တော့်ကို လျှော့တွက်တာကိုး ၊ ကျွန်တော်က ဘက်စုံတော်တဲ့သူပါနော် ၊ ခုလို နှာချေတာ ဘာလို့လဲသိလား ၊ တစ်ယောက်ယောက်တော့ ကျွန်တော့် အကြောင်းပြောနေလို့ပဲ ၊ ဒါပေမယ့်မပူပါနဲ့ ၊ ဒီနေ့ နေ့ဝက်မကျိုးခင်မှာ ဒီပြဒါးဆေးဖော်လို့ပြီးသွားမှာပါ ၊ အဲဒါဆိုရင် ကျွန်တော့်ကို ချီးကျူးတဲ့အနေနဲ့ ပြဒါးဆေးနည်းနည်းလောက်ပေးမယ်မလားဟင် ဆရာဦးလေး"

တာအိုဆရာတုန်းဖုန်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း....

"မင်း လွှန်ခဲ့တဲ့ငါးနှစ်က ကျုပ်ဆီက ခိုးသွားတာတွေ ပြန်ပေးမယ်ဆိုရင် ဒီဖိုက ကျတဲ့ ပြဒါးဆေးကို မင်းကိုပေးမယ်"

လူငယ်က ရယ်မောလိုက်ရင်း....

"အရင်တုန်းက မသိခဲ့လို့ ဆရာဦးလေးရဲ့ ဆေးတွေကို စားပစ်မိတာပါ ၊ ဒါပေမယ့် အဲဒီလိုစားလိုက်လို့လည်း ခု ဆရာဦးလေး အတွက် အလုပ်လုပ်ပေးနိုင်တာပေါ့"

ဟု ပြောလိုက်လေသည်။

လူငယ်၏စကားကြောင့် တာအိုဆရာတုန်းဖုန်းမှာ မရယ်ဘဲ မနေနိုင်တော့ပေ။ ချင်းဝေးဆိုသည့်လူငယ်လေးမှာ သွက်လက်ပြီး စကားတတ်သူဖြစ်လေသည်။ ထို့ပြင် တန်ခိုးစွမ်းအားကလည်း အံ့သြစရာကောင်းလှသည်။ သူက ပြဒါးဆေးများကို စားပစ်လိုက်သည့်အချိန်တွင် ပြဒါးဆေးများက လွယ်လွယ်နှင့် ကျေညက်သွားပြီး ကျင့်စဉ်လမ်းအဆင့် တိုးတက်လာခဲ့လေသည်။ ထိုသို့သော တန်ခိုးစွမ်းအားမျိုးမှာ လူပြန်ဝင်စားသည့် နတ်ဘုရားများတွင်သာ ရှိနိုင်သည့် တန်ခိုးစွမ်းအားမျိုးဖြစ်လေသည်။

တာအိုဆရာတုန်းဖုန်းမှာ ထိုလူငယ်လေး၏ ဇစ်မြစ်ကို ကြည့်နိုင်ရန် ကြိုးစားခဲ့လေသည်။ သို့သော် လူငယ်လေးမှာ အဖြူရောင်စာရွက်တစ်စအလား ဖြူစင်လွန်းသည်။ မျိုးဆက်သုံးဆက်အတွင်း မည်သည့်ကျင့်ကြံမှုမှ ပြုလုပ်ခဲ့ခြင်းမျိုး မတွေ့ရ

ပေ။ သို့သော် ထိုအချက်နှင့်ပတ်သက်ပြီး တာအိုဆရာတုန်းဖုန်းမှာ မတင်မကျတော့ ဖြစ်နေရလေသည်။

ပြဒါးဆေးများက ချင်းဝေး၏ ရုပ်ခန္ဓာကိုရော စိတ်ဝိညာဉ်ကိုပါ ထိခိုက်ခြင်းမရှိခဲ့ပေ။ ထို့ပြင် ကျင့်စဉ်လမ်းအဆင့်ကိုပင် တိုးတက်သွားစေလေသည်။

ချင်းဝေ့မှာ ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး ပင်ကိုယ်ပါရမီရှိသူဖြစ်လေသည်။ သူ၏စိတ်နှလုံးက ဖြူစင်ပြီး မည်သည့်အရာကိုမှ စိုးရိမ်တတ်ခြင်းမရှိပေ။ နတ်ဘုရားတစ်ပါးဝင်စားခြင်းလည်း မဟုတ်ပေ။ သို့သော် လောကကြီးက ကျယ်ပြန့်လှပြီး မသိနိုင်သည့်အရာများစွာရှိသည်ကတော့ အမှန်ပင်ဖြစ်လေသည်။ ချင်းဝေးကဲ့သို့ ထူးချွန်သည့်ပါရမီရှင်လေးတစ်ယောက်ကွမ်းချင်းနတ်ဘုရားဂိုဏ်းသို့ရောက်ရှိလာခြင်းက ဂိုဏ်းအတွက် ကောင်းမွန်သည့်အချက်ပင် ဖြစ်သည်ဟု တာအိုဆရာတုန်းဖုန်း တွေးနေမိလေသည်။

ချင်းဝေးဆိုသည်မှာ အမှန်တော့ ယန်ရှီးပင်ဖြစ်လေသည်။

သူ၏ ပကတိဖန်ဆင်းခြင်းပညာမှာ ကျိုလင်နတ်သမီးကြောင့်

ပျက်စီးသွားခဲ့ရလေသည်။ သို့သော် လုံးဝပျက်စီးသွားခြင်း

မဟုတ်ပါ။ ကျိုလင်နတ်သမီး၏ ဗလာနယ်ဖျက်ဓားကြောင့်

ပကတိဖန်ဆင်းခြင်းပညာ၏ မိစ္ဆာစွမ်းအားများ ပျက်စီးသွား

ပြီး ကျင့်စဉ်ကတော့ မပျက်မစီးကျန်ရစ်ခဲ့လေသည်။

ထို့ကြောင့် ယွီမင်နတ်ဘုရားနှင့် တာအိုဆရာတုန်းဖုန်းတို့ကိုပင်

လှည့်စားနိုင်ခဲ့လေသည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ကျင့်စဉ်အချို့မှာ ချင်းရွှေမ်နတ်

တံခါးမှ ကျင့်စဉ်များထက် နိမ့်ကျခြင်းမရှိပေ။ ထို့ကြောင့်

လည်း နတ်ဘုရားငါးပါးထွက်ပေါ်လာသည်အထိအောင်မြင်

လာခြင်းဖြစ်လေသည်။ တာအိုဆရာတုန်းဖုန်း၏ ထိုက်ယွဲ့သ

လွှာန်မှန်ပညာမှာ ချင်းရွှေမ်နတ်တံခါး၏ အဆုံးမဲ့ပင်လယ်

ကျင့်စဉ်နှင့် ကောင်းကောင်းယှဉ်ပြိုင်နိုင်လေသည်။ ထို

ကျင့်စဉ်နှစ်ခုကိုပေါင်းစပ်လိုက်ပါက တောင်တစ်လုံးနှင့်

ပင်လယ်ပြင်တစ်ခုပမာ ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားကို

ရရှိမည်ဖြစ်လေသည်။

သို့သော် ယန်ရှီးကတော့ ထိုပညာများကို စိတ်ဝင်စားခြင်းမရှိ

ပါ။ သူက ပကတိဖန်ဆင်းခြင်းပညာကိုသာ စွဲစွဲလန်းလန်း

ကျင့်ကြံမည့်သူ ဖြစ်လေသည်။ ထိုကျင့်စဉ်အောင်မြင်သွား

လျှင် မည်သည့်အနှောင်အဖွဲ့ကိုမှ ကြောက်စရာမလိုဘဲ

လွတ်လပ်သွားမည်ဖြစ်သည်။

သူက ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို စိတ်ဝင်စားခဲ့ခြင်းမှာ ဖော့

ဝမ့်အဆင့်ကျင့်ကြံသူ ဆယ့်နှစ်ယောက်ရှိသောကြောင့် ဖြစ်

လေသည်။ ထိုဆယ့်နှစ်ယောက်ကိုသာ ပကတိဖန်ဆင်းခြင်း

ပညာဖြင့် သူ၏ ကိုယ်ပွားများအဖြစ်ပြုလုပ်နိုင်ပါက သူ့

အတွက် အကျိုးအမြတ်များစွာ ရရှိမည်ဖြစ်လေသည်။ သူ့

အနေဖြင့် ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာကို မအောင်မြင်ခင် ကျိုလင်

က သူ့ကိုရှာတွေ့သွားမည်ဆိုလျှင်လည်း ကြောက်စရာမလို

တော့ပေ။ ဆရာဒေါ်လေးကျိုလင်ကို ကောင်းကောင်းအနိုင်ယူ

နိုင်မည် ဖြစ်လေသည်။ ယန်ရှီးအနေဖြင့် ကျိုလင်ကိုသာ မ

လှည့်စားနိုင်လျှင် ယန်ရှီးလုပ်နေတော့မည် မဟုတ်ပေ။

ယွိမင်နတ်ဘုရား ကျင့်ကြံသည့် ကျင့်စဉ်သည် အလွန်

ကောင်းမွန်သည့် ကျင့်စဉ်တစ်ခုဖြစ်ကြောင်း ယန်ရှီး ရိပ်မိလေ

သည်။

 သို့သော်.... သူ၏အရည်အချင်းဖြင့် ထိုကျင့်စဉ်၏ ဇစ်မြစ်ကို

သိနိုင်စွမ်းမရှိပေ။

 ထို့ကြောင့်ပင် ချင်းရွှမ်မှ ထိုက်ဝေ့ထိုင်ခန်းမဆောင်နှင့် ကျန်း

ရော့ရှီးကို သူ လွမ်းမိလေသည်။

ချင်းရွှမ်နတ်တံခါးတွင် နေထိုင်ခဲ့ရသည့်ဘဝသည် ကွမ်းချင်း

နတ်ဘုရားဂိုဏ်းတွင် နေရသည်နှင့်တော့ မတူပေ။ ကွမ်းချင်း

နတ်ဘုရားဂိုဏ်းကဲ့သို့ နတ်ဘုရားဂိုဏ်းအသစ်တစ်ခုသည် ချင်းရွှမ်ကို မည်သို့ယှဉ်နိုင်ပါမည်နည်း။

ချင်းရွှမ်နတ်တံခါးတွင် ဂိုဏ်းချုပ်နေရာဆက်ခံသူသည် ထျန်းတိကျန်းမှတစ်ဆင့် လျို့ဝှက်ချက်များအားလုံးကို သိမြင်ခွင့်ရလေသည်။ ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ လျို့ဝှက်ကျဉ်စဉ်များစွာကိုလည်း စိတ်ကြိုက်လေ့လာခွင့်ရသည်။ ဆန်းလျန်မှာ အလွန်ပင်ကံကောင်းလှသည်ဟု သူတွေးနေမိသည်။

သို့သော်... သူ့အနေဖြင့် ချင်းရွှမ်နတ်တံခါးသို့ ပြန်သွားရဲသည့် အထိ သတ္တိမရှိပါ။

အတိတ်တစ်ချိန်က ဖြစ်ရပ်ကိုပြန်ကြည့်မည်ဆိုလျှင်.... မသေနိုင်သောအဘိုးအိုကြီးသာ ကျင့်စဉ်လမ်း စမ်းသပ်မှု အခက်အခဲနှင့် ရင်ဆိုင်နေရခြင်းမရှိလျှင် သူ့အနေဖြင့် အသက်ရှင်လျက် လွတ်မြောက်လာမည်မဟုတ်ပေ။ သူ့ကိုသတ်ချင်နေသည့်သူများထဲတွင် ကျိုလင်နတ်သမီးသာမဟုတ် ထိုနတ်

ဘုရားအဘိုးအိုကြီးလည်း ထိပ်ဆုံးက ပါဝင်လေသည်။ ထို အကြောင်းများကိုတွေးမိသည့်အခါ ယန်ရှီး ခေါင်းများကိုက် လာရသည်။ သူက သူစိတ်ဝင်စားသည့် ကျင့်စဉ်ကိုကျင့်ကြံခဲ့ ပြီး သူ့လမ်းသူလျှောက်ခဲ့ခြင်းဖြစ်သည့်တိုင် အခြားသူများ၏ အပြစ်တင်ခြင်းကို ခံခဲ့ရလေသည်။

သူ၏ကိုယ်ပွားအဖြစ်ပြောင်းလဲပစ်ခဲ့သည့် ချင်းရှမ်နတ်တံခါး မှ တပည့်များမှာ ဟိုင်သန်းအဆင့်တက်ရောက်ရန်ပင် အရည်အချင်းမရှိသူများဖြစ်လေသည်။ ကျင့်စဉ်လမ်း အဆင့် မတက်ရောက်နိုင်သည့်အတွက် အချိန်တန်လျှင် သေဆုံးသွား ကြရမည့်သူများဖြစ်လေသည်။ ကျန်းရော့ရှီးနှင့် ပိယွင် ကတော့ လွယ်ကူသည့်သူများမဟုတ်ကြသလို အတိတ်မှ အဖြစ်အပျက်များတွင် အဓိကပါဝင်ပတ်သက်သည့်သူများ လည်း ဖြစ်ခဲ့ကြလေသည်။

ယန်ရှီး၏ ခေါင်ထဲတွင် အတွေးပေါင်းများစွာ ပြေးလွှားနေသည့်တိုင် ဖိုကိုတော့ တည်ငြိမ်စွာဖြင့် မီးထိုးပေးနေဆဲ ဖြစ်လေသည်။ မီးတောက်များက အရှိန်ပြင်းစွာ လောင်ကျွမ်းနေလေသည်။ တာအိုဆရာတုန်းဖုန်းကတော့ ချင်းဝေးမှာ အလုပ်ကို စိတ်ဝင်တစားနှင့် သေသေချာချာလုပ်နေသည်ဟု အထင်ရောက်နေလေသည်။

ယန်ရှီး၏ ကြိုးစားပုံနှင့်ဆိုလျှင် ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာဖြင့် ဟိုင်သန်းအဆင့်ကို အခက်အခဲမရှိ တက်ရောက်နိုင်မည်ဖြစ်လေသည်။ သူ့အတွက် ပြဒါးဆေးနည်းနည်း ထပ်ရမည်ဆိုလျှင် လျှင်မြန်စွာ ကျင့်စဉ်လမ်း အဆင့်တက်နိုင်တော့မည်ဖြစ်သည်။ ထိုသို့သာ တက်ရောက်နိုင်မည်ဆိုလျှင် နတ်ဘုရားတစ်ပါးဖြစ်လာရန် အလားအလာရှိသည့် နောက်ထပ်ထိပ်တန်းကျင့်ကြံသူတစ်ယောက် ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် ပေါ်ထွက်လာမည်ဖြစ်လေသည်။

သို့သော်.... ထိုကလေးကိုကြည့်ရသည်မှာ ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာကို စိတ်ဝင်စားပုံမရပေ။ ထို့ကြောင့် တာအိုဆရာတုန်းဖုန်းက သူ့ကို အရမ်းဖိအားမပေးခြင်း ဖြစ်လေသည်။

ယန်ရှီးက ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဟွမ်ကျန်းအပေါ်အဝင်ဖော့ဝမ့်အဆင့်ကျင့်ကြံသူ ဆယ့်နှစ်ပါးလုံးကို သူ၏ကိုယ်ပွားများအဖြစ် ပြောင်းလဲပစ်ရန်ကြံစည်နေသည်ကိုသာ သိရှိပါက ဆရာတုန်းဖုန်းသည် သူ့ကို ချက်ချင်းပင် ထသတ်မိမည်ဖြစ်လေသည်။

....

ပင်လယ်ရေအောက်ကြမ်းပြင်....

ပင်လယ်ရေအောက်ကြမ်းပြင်သို့ ဆန်းလျန် ပထမဆုံးအကြိမ်ရောက်ဖူးခြင်း ဖြစ်လေသည်။

ရေအောက်ကမ္ဘာမှာ ကုန်းမြေနှင့်မတူ ၊ အခြေအနေကွာခြားလွန်းလှသည်။ ပထမတွင်တော့ ဆန်းလျန်က ရေကိုထိုးခွဲသည့်ပညာကို အသုံးပြုကာ ပင်လယ်အောက်သို့ ဆင်းသွားခြင်းဖြစ်

လေသည်။ သို့သော် ပေပေါင်းရာနှင့်ချီသည့် ရေအနက်သို့ ရောက်ရှိလာသည့်အခါတွင်တော့ ထိုပညာကို အသုံးပြု၍မရ တော့ပေ။ ရေအောက်မှဖိအားမှာ အလွန်ပြင်းထန်လာလေ သည်။ ဖိအားမှာ အလေးချိန် ငါးတန်ခန့်ရှိသည့်အတွက် ခုခံနိုင် ရန် လွန်စွာမှ ခဲယဉ်းလေသည်။ သူရေအောက်သို့ ပိုရောက်လေ ဖိအားက ပိုများလာလေဖြစ်လေသည်။

သူက ထိုက်ရှီးတန်ခိုးစွမ်းအားများကို အသုံးပြုကာ ခုခံထား သည့်အတွက် ရေဖိအားက သူ့ကို သက်ရောက်မှု မရှိပေ။ သို့သော် ရေအောက်သို့ နက်လာသည်နှင့်အမျှ ဖိအားက ဘက် ပေါင်းစုံမှ သက်ရောက်လာလေသည်။

ဆန်းလျန် ရောက်နေသည့်နေရာမှာ ရေအောက်တွင် မည်မျှနက် နေပြီလည်း သူကိုယ်တိုင် မသိနိုင်တော့ပေ။ ရေဖိအားများမှာ လည်း တောင်တစ်လုံးကို ထမ်းထားရသကဲ့သို့ လေးလံနေပြီ

ဖြစ်လေသည်။ သူ၏ သွေးကြောဆုံချက်များနှင့် ရုပ်ခန္ဓာ အသွေးအသားများသည် ရေဖိအားကို ခံနိုင်စွမ်း မရှိတော့ပေ။ သူ့တွင် တန်ခိုးစွမ်းအား အနည်းငယ် ကျန်ရှိနေသေးသည့်တိုင် သူ၏ခန္ဓာကိုယ်က ရေဖိအားကို တွန်းလှန်နိုင်ခြင်း မရှိတော့ပေ။

သူက ရုပ်ခန္ဓာမှာ ဝိညာဉ်မြစ်ထဲတွင် ကျင့်ကြံထားသည့်အတွက် အခြားသော ကျင့်ကြံသူများနှင့်ယှဉ်လျှင် များစွာ ခံနိုင်ရည်ရှိလေသည်။ သို့သော် ရွှေခန္ဓာကျင့်စဉ် အောင်မြင်ထားသည့်သူများနှင့်တော့ မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်ပေ။ ဆန်းလျန်က သူ၏ခန္ဓာကိုယ်မှာ ရေဖိအားကို တောင့်ခံမထားနိုင်တော့သည့်အတွက် ခုခံတွန်းလှန်နေခြင်းကို ရပ်တန့်လိုက်သည်။ ထို့နောက် သူ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ အဏ္ဏဝါလူသားတစ်ယောက်အသွင် ပြောင်းလဲသွားလေတော့သည်။

ထိုသို့ပြောင်းလဲနိုင်ရန်အတွက်ဆန်းလျှက ထျန်းကန်းပုံ ပြောင်းပညာ သုံးဆယ့်ခြောက်မျိုး ကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

အခန်း (၂၁၉)

မဟူရာအဏ္ဏဝါနန်းတော်

ထျန်းကန်းပုံပြောင်းပညာ သုံးဆယ့်ခြောက်မျိုးမှာ စြက်ာဝဠာ အဆင့် ကျင့်စဉ်ပညာဖြစ်ပြီး လောကနတ်ဘုရားများသာလျှင် ကျင့်ကြံနိုင်သည့် ကျင့်စဉ်ဖြစ်လေသည်။

ကောလဟာလများအရ ရှေးခေတ်အခါတုန်းက လောကနတ်ဘုရားများသည် ထိုကျင့်စဉ်ကို ကျင့်ကြံလေ့ရှိကြလေသည်။ သို့သော်... ထိုကျင့်စဉ်ပညာ ပျောက်ကွယ်နေသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ဆန်းလျန်မှာ ထျန်းကန်းပုံပြောင်းပညာ သုံးဆယ့်ခြောက်မျိုးကို အပေါ်ယံမျှသာ သိရှိခြင်းဖြစ်လေသည်။ သူက ခန္ဓာကိုယ်ဖွဲ့စည်းပုံ အနည်းငယ်ကိုသာ ပြောင်းလဲနိုင်ပြီး အခြားသတ္တဝါများ ၊ ပစ္စည်းများအသွင်သို့ ပြောင်းလဲနိုင်ခြင်း မရှိသေးပေ။ ထိုသို့ ပြောင်းလဲနိုင်ရန်မှာ ကျင့်စဉ်တစ်ခုလုံး အောင်မြင်မှသာ ဖြစ်နိုင်ပေမည်။

ဆန်းလျန်၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ ရေအောက်ကမ္ဘာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ပြောင်းလဲသွားသည်နှင့် အဖက်ဖက်မှ ထိုးနှက်နေသည့် ရေဖိအားများ ပျောက်ကွယ်သွားပြီး ပင်လယ်ထဲတွင် လွတ်လွတ်လပ်လပ် ကူးခတ်သွားနိုင်လေတော့သည်။

သူ၏ခန္ဓာကိုယ်မှာ ရေများဖြင့်ပြည့်နေပြီး ပင်လယ်သတ္တဝါ

တစ်ကောင်အလား ဖြစ်သွားလေသည်။

ခန္ဓာကိုယ်ဖွဲ့စည်းပုံပြောင်းလဲခြင်းကို သူယခင်က ပြုလုပ်ဖူး

သည့်တိုင် အဏ္ဏဝါလူသားအဖြစ်ပြောင်းလဲခြင်းကိုတစ်ခါမှ

ပြုလုပ်ခဲ့ဖူးခြင်းမရှိပေ။ ဖြစ်နိုင်လျှင် သူက အရာဝတ္ထုများ ၊

သားရဲကြီးများနှင့် တောင်နှင့်မြစ်ချောင်းများ သဏ္ဍာန်ပင် ပုံ

ပြောင်းနိုင်သည်အထိ ကျင့်စဉ်အောင်မြင်ချင်မိလေသည်။

သို့သော် မည်သည့်ပုံသဏ္ဍာန်ကိုပင် ပြောင်းလဲနိုင်ပါစေ လူသား

တစ်ယောက်အတွက် လူသားပုံစံကသာ အကောင်းဆုံး

ဖြစ်သည်ကို သူနားလည်ထားလေသည်။

ဆန်းလျန်က မော်ဝင်ဝေလငါးကြီးဆီမှ ပင်လယ်

မျက်လုံး၏တည်နေရာကိုမေးမြန်းကာ ပင်လယ်တွင်းသို့ ဆင်း

လာခြင်းဖြစ်လေသည်။ ယခု သူရောက်ရှိနေသည့်နေရာနှင့်

သိပ်ပြီးဝေးကွာလှခြင်းမရှိသည့် ပင်လယ်ရေအောက်ကြမ်းပြင်

တွင် ပင်လယ်မျက်လုံး တည်ရှိလေသည်။ သို့သော် ထိုမျှ

နက်ရှိုင်းသည့်ရေနက်ထဲသို့ မည်သည့် ဟိုင်သန်းအဆင့်

ကျင့်ကြံသူမှ သွားရောက်နိုင်မည် မဟုတ်ပေ။

ပင်လယ်ရေအောက်တွင် အလင်းရောင်မရှိပေ။

ပင်လယ်ကြမ်းပြင်မှာလည်း ရွှံ့မြေများဖြစ်လေသည်။

သို့သော် ကမ္ဘာ့မြေအောက်လွှာရှိ ချော်ရည်ပူများကြောင့် နွေး

ထွေးနေလေသည်။ ရေအောက်ကြမ်းပြင်ရွှံ့မြေများပေါ်တွင်

ထူးဆန်းသည့် ရေအောက်သစ်ပင်များ ပေါက်ရောက်နေသည်

ကိုတွေ့နိုင်ပြီး ထိုအပင်များမှ အလင်းရောင်များ ထွက်နေကြ

လေသည်။ မော်ဝင်ဝေလငါးကြီးပြောပုံအရဆိုလျှင် ပင်လယ်

မျက်လုံး၏တည်နေရာသည် ထိုအလင်းရောင်ထွက်နေသည့်

အပင်များနှင့် သိပ်ပြီးမဝေးလှပေ။

မော်ဝင်ဝေလငါးကြီးမှာ အစွန်းရောက် ယင် စွမ်းအားနှင့်

အအေးစွမ်းအားများတည်ရှိသည့် ပင်လယ်မျက်လုံးအနားသို့

သတိမထားမိဘဲ အမှတ်မထင်ရောက်ရှိသွားရကာ ဒဏ်ရာရ လာခြင်းဖြစ်လေသည်။

သူက မော်ဝင်ဝေလငါးကြီးကဲ့သို့ မဖြစ်ရအောင် စိတ်ဝိညာဉ် အာရုံစူးစိုက်မှုကို ဖြန့်ကျက်ထားပြီး ပတ်ဝန်းကျင်ပြောင်းလဲမှု ကို သေချာ မှတ်သားနေလေသည်။

ပင်လယ်ရေအောက်တွင် စိတ်ဝိညာဉ်အာရုံစူးစိုက်ထားရန်မှာ လွယ်ကူသည့်ကိစ္စတော့မဟုတ်ပေ။ ပင်လယ်ရေအောက်၏ အဆုံးမရှိကျယ်ပြန့်မှုက အံ့သြစရာပင်ဖြစ်သလို ရေအောက် ကမ္ဘာ၏အလှတရားမှာလည်း လူတိုင်းကို စွဲဆောင်နိုင်စွမ်းရှိ လေသည်။

ဆန်းလျန်က ရေအောက်ထဲတွင် ကူးခတ်နေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေပြီး ရှေးခေတ်အခါက ပင် အချိန်ကြာမြင့်စွာ လူသူအရောက်အပေါက်မရှိသည့် နေရာ တစ်ခုဖြစ်မှန်း သိသာလေသည်။ ရေက ဖြည်းညင်းစွာ စီးဆင်း

နေပြီး နွေးထွေးသည့်အငွေ့ဓာတ်ကိုခံစားနေရလေသည်။

အပင်ငယ်များမှလွဲပြီး မည်သည့်အရာကိုမှ မြင်တွေ့ရခြင်းမရှိ

ပေ။

ဆန်းလျန်မှာ အပင်များသာ ရှင်သန်နေသည်ကို တွေ့မြင်နေရ

လေသည်။ နတ်မိစ္ဆာသားရဲကြီးများမှာလည်း မြင့်မားလွန်း

သည့်ရေဖိအားတွင် အသက်ရှင်သန်နိုင်ရန်မှာ မဖြစ်နိုင်ပေ။

နတ်မိစ္ဆာသားရဲများရှိခဲ့လျှင်လည်း ထူးခြားသည့်မျိုးနွယ်များ

သာ ဖြစ်နိုင်လေသည်။

ရုတ်တရက် ဆန်းလျန်၏ စိတ်အာရုံထဲတွင် ထူးခြားမှုတစ်ခုကို

ခံစားလိုက်ရလေသည်။ အစွန်းရောက် ယင် စွမ်းအားတစ်ခုနှင့်

အအေးစွမ်းအားတစ်ခုက သူ့ကို အဝေးသို့ရောက်အောင် တွန်း

ထုတ်နေသကဲ့သို့ ခံစားလိုက်ရလေသည်။ ပင်လယ်မျက်လုံးရှိ

ရာသို့ရောက်ပြီဟုတွေးမိကာ ဆန်းလျန် ပျော်ရွှင်သွားရသည်။

သူက ပင်လယ်မျက်လုံးဆီမှ အအေးစွမ်းအားကိုအသုံးပြုကာ ရေခဲအလင်းဖန်ဆင်းချင်နေမိလေသည်။

ဆန်းလျန်က သူ၏တန်ခိုးစွမ်းအားများကို ထုတ်လိုက်ပြီး ရေကို ထိုးခွဲလိုက်သည်။ အချိန်ခဏလေးအတွင်းမှာပင် ဆယ်ပေကျော်သို့ သူ၏ခန္ဓာကိုယ်က ရောက်ရှိသွားပြီး အအေးစွမ်းအားထွက်ပေါ်နေသည့်နေရာနှင့် ပိုပြီးနီးကပ်လာလေသည်။

ပင်လယ်ရေအောက်ကြမ်းပြင်တွင် ချော်ရည်ပူများစီးဆင်းနေသည့်တိုင် အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားတည်ရှိနေခြင်းမှာ ထူးဆန်းသည့်အချက်တော့မဟုတ်ပါ။ ယင်နှင့် ယန် သည် အမြဲတမ်း ယှဉ်တွဲနေသည့် စကြာဝဠာစွမ်းအားနှစ်ခုပင်ဖြစ်လေသည်။

ထိုအချိန်မှာပင်...

အရိပ်တစ်ခုသည် ဆန်းလျန်အနားသို့ ရုတ်တရက်ရောက်ရှိလာလေသည်။

ဆန်းလျန်၏ စိတ်ဝိညာဉ်အာရုံစူးစိုက်မှုသာ ထက်မြက်ခြင်းမရှိလျှင် ထိုအရိပ်ရောက်ရှိလာသည်ကို အချိန်မီသိနိုင်မည်မဟုတ်ပေ။ ထိုအရိပ်၏တိုက်ခိုက်မှုကို ဆန်းလျန် ချက်ချင်းရှောင်တိမ်းလိုက်သည့်တိုင် သူ၏လက်ကို တစ်ခုခုနှင့် ရှသွားပြီး ဒဏ်ရာရသွားလေသည်။ ဆန်းလျန်က ချက်ချင်းပင် ဒဏ်ရာကို သွေးတိတ်အောင် အကြောပိတ်လိုက်ပြီး ဒေါသများထွက်လာလေသည်။

ကျင့်စဉ်လမ်းကိုလျှောက်လှမ်းခဲ့သည့်အချိန်မှစပြီး သူ့ဘဝတွင် ထိခိုက်ဒဏ်ရာ ရခဲ့သည်မှာ ရှားပါးလေသည်။

အရိပ်က ဆန်းလျန်ဘေးမှ ဖြတ်သန်းသွားလေသည်။ ဆန်းလျန်မှာ ဒဏ်ရာရသွားပြီဖြစ်သည့်အတွက် ပိုပြီး သတိထားနေရသည်။ ထိုသတ္တဝါမှာ ငါးမန်းနှင့်ဆင်တူလေသည်။ သို့သော် နဖူးထက်တွင် ဦးချိုတစ်ခု ပါရှိလေသည်။ သူဖြတ်သွားသည်နှင့် ရေပြင်မှာ လက်ခနဲလင်းလက်သွားလေသည်။

ထိုသတ္တဝါ၏ခန္ဓာကိုယ်က ရှည်မျောမျောနှင့်ဖြစ်ပြီး အရေခွံက သတ္တုသားကဲ့သို့ ချောမွေ့ကြည်လင်နေလေသည်။ မျက်လုံး များကတော့ အပြာရောင်တောက်ပနေလေသည်။ ဦးချိုပါ သောငါးမန်းတစ်ကောင်နှင့်ဆင်တူနေလေသည်။

ထိုသတ္တဝါမှာ ပင်လယ်ရေအောက်တွင် နေထိုင်သည်မှာ ကြာပြီ ဖြစ်သည့် နှစ်ချို့သတ္တဝါတစ်ကောင်ဖြစ်ရမည်ဟု ဆန်းလျန် ကတွေးလိုက်မိပြီး အမြန်ဆုံး ကိစ္စဖြတ်ရန် ဆုံးဖြတ်လိုက်လေ သည်။

ယူနီကွန်းငါးမန်းမှာ သူ၏ ဆူးတောင်များကို ဖြန့်ကားပြီး ဆန်း လျန်ကို တိုက်ခိုက်ရန် ဝင်ရောက်လာပြန်သည်။

ထိုသတ္တဝါမှာ ခန္ဓာကိုယ်ကြီးမားသည့်တိုင် တန်ခိုးစွမ်းအား နည်းပါးသည့် သာမန်ပင်လယ်ငါးတစ်ကောင်သာဖြစ်ကြောင်း ဆန်းလျန်ကသိလိုက်ရသည်။

ဆန်းလျန်က စိတ်ထဲမှ တစ်ချက်ရယ်မောလိုက်ရင်း

သူ၏လက်ချောင်းများမှတစ်ဆင့် တန်ခိုးစွမ်းအား စီးကြောင်း

တစ်ခု ဖော်ထုတ်လိုက်သည်။ ယူနီကွန်းငါးမန်းမှာ လျှပ်စီးလက်

သကဲ့သို့ လျှင်မြန်သည့်တိုင် ဆန်းလျန်၏ တန်ခိုးစွမ်းအား

လောက်တော့ လျှင်မြန်ခြင်း မရှိပါ။ ဆန်းလျန်၏ ပြင်းထန်

သည့်တန်ခိုးစွမ်းအားများသည် ယူနီကွန်းငါးမန်းကို ပိုက်ကွန်

သဖွယ် ပိတ်ဆို့ထားလိုက်လေတော့သည်။

ယူနီကွန်းငါးမန်းမှာ အလွန်ကြီးမားပြီး သန်မာသည့် ပင်လယ်

သတ္တဝါကြီးတစ်ကောင်ဖြစ်သည့်တိုင် ဆန်းလျန်၏ တန်ခိုး

စွမ်းအားများနှင့် ရင်ဆိုင်လိုက်ရသည့်အခါတွင်တော့ သူ၏

စွမ်းအားများအားလုံး ပျောက်ဆုံးသွားရကာ မလှုပ်နိုင်ဖြစ်သွား

ရလေသည်။ သူ၏စွမ်းအားများကို ဆန်းလျန်၏ တန်ခိုး

စွမ်းအားပိုက်ကွန်က စုပ်ယူပစ်လိုက်လေသည်။

ထိုသတ္တဝါက ဆန်းလျန်ကိုအေးစက်စွာစိုက်ကြည့်နေလေသည်။ သူ၏ မျက်ဝန်းများမှာ ဓားထက်ထက်နှစ်လက်နှင့်ပင်တူလေသည်။

ယူနီကွန်းငါးမန်း၏ အပြာရောင်မျက်လုံးများမှ အပြာရောင်အလင်းတန်းနှစ်ခု ဆန်းလျန်ဆီသို့ ဖောက်ထွင်း ဝင်ရောက်လာလေသည်။ ဆန်းလျန်၏ စိတ်ဝိညာဉ်ကို ထိုးဖောက်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

အရေးမပါသည့် တိုက်ကွက်အတွက် ဆန်းလျန်က ရယ်မောလိုက်မိသည်။ သတ္တဝါကြီးမှာ သူ၏ တန်ခိုးစွမ်းအားထဲတွင် ပိတ်မိနေသည့်တိုင် အလျှော့မပေးဘဲ တုက်ခိုက်နေသေးသည်။

သို့သော် ယူနီကွန်းငါးမန်း၏ ကြိုးစားမှုမှာ လိပ်ပြာလေးတစ်ကောင်က သစ်ပင်ကြီးတစ်ပင်ကို တွန်းလှဲရန် ကြံစည်နေသကဲ့သို့ပင် အရာမထင်ပေ။

ဆန်းလျန်က အပြာရောင်အလင်းတန်းနှစ်ခုကို တန်ခိုးစွမ်းအား ဒိုင်းတစ်ခုဖန်ဆင်းကာ ခုခံကာကွယ်လိုက်သည်။

သူ၏တိုက်ခိုက်မှု အရာမထင်သည့်အတွက် ယူနီကွန်းငါးမန်း မှာ စိတ်ပျက်သွားရလေသည်။

ထို့နောက် ဆန်းလျန်၏ တန်ခိုးစွမ်းအားဒဏ်ကိုမခံနိုင်ဘဲ ပင်လယ်ကြမ်းပြင်၌ရှိ ထဲသို့ ပြုတ်ကျကာ နစ်မြုပ်သွားလေ သည်။

ဆန်းလျန်က ထိုသတ္တဝါအနားသို့ ဖြည်းဖြည်းချင်း တိုးကပ် သွားလိုက်သည်။ ဆန်းလျန် အနားသို့ရောက်သည်နှင့် ယူနီ ကွန်းငါးမန်းသည် ရုတ်တရက် ခေါင်းထောင်လာပြီး သူ့ ဦးခေါင်းထက်မှ ချွန်ထက်သည့် ဦးချိုဖြင့် ဆန်းလျန်ကို ထိုး လိုက်လေတော့သည်။

ချွန်ထက်သည့် ဦးချိုသည် ဆန်းလျန်၏ နှလုံးသားတည့်တည့် သို့ ထိုးလိုက်ခြင်းဖြစ်လေသည်။

သို့သော်....

ယူနီကွန်းငါးမန်းမှာ ဝမ်းမသာလိုက်နိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်မှာ သူ့ရှေ့မှ ပျောက်ကွယ်သွားပြီး သူ့ဦးခေါင်းထက်တွင် လေးလံသည့်အရာတစ်ခုက ဖိထားသကဲ့သို့ ခံစားလိုက်ရသောကြောင့် ဖြစ်လေသည်။

ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းတစ်ခုက သူ့ကိုယ်ထဲသို့စီးဝင်လာပြီး သူ သူ့တစ်ကိုယ်လုံး လှုပ်ရှားနိုင်စွမ်း မရှိတော့ပေ။

ပေါင်တစ်သောင်းကျော် အလေးချိန်ရှိသည့် ယူနီကွန်းငါးမန်းကြီးမှာ ယခုတော့ ဆန်းလျန်၏ ထိန်းချုပ်မှုအောက်တွင် ပြားပြားဝပ်လျှက်ရှိချေပြီ။

ယူနီကွန်းငါးမန်းဆီမှ တောင်းပန်နေသည့် အငွေ့အသက်များကို ဆန်းလျန်ခံစားနေရသည်။

ဆန်းလျန်က ရယ်မောလိုက်ပြီး သူ၏ နတ်ဘုရားစိတ်စွမ်းအား ကိုအသုံးပြုကာ ယူနီကွန်းငါးမန်းကို ဆက်သွယ်စကားပြော လိုက်သည်။

"မင်းကဘယ်ကလာတဲ့ သားရဲလဲ"

"ကျုပ်က မဟူရာအဏ္ဏဝါမင်းကြီးလက်အောက်က ငါးမန်း စစ်ဗိုလ်ချုပ်ပဲ ၊ မင်းက ဘယ်သူလဲ ၊ ရေသူထီးလည်းမဟုတ် ၊ လူလည်းမဟုတ် နဲ့၊ ဒါပေမယ့် တန်ခိုးစွမ်းအားတော့ အတော် ကြီးတာပဲ ၊ မင်းကို လေးစားမိပါတယ်"

ယူနီကွန်းငါးမန်းက စိတ်စွမ်းအားဖြင့် ပြန်ဖြေလိုက်သည်။ ဆန်းလျန်မှာ အဏ္ဏဝါလူသားအဖြစ် အသွင်ပြောင်းထားသည့် လူသားတစ်ဦးဖြစ်ကြောင်းကို ယူနီကွန်းငါးမန်းက ရိပ်မိခြင်းမ ရှိပေ။ ထို့ကြောင့် ဆန်းလျန်၏ ပုံစံကိုကြည့်ကာ ထူးဆန်းနေ လေသည်။

“မဟူရာအဏ္ဏဝါမင်းကြီးဆိုတာ ဘယ်သူလဲ ၊ တစ်ခါမှလည်း မကြားဖူးဘူး”

ဆန်းလျန်က ပြောလိုက်သည်။

“ကျုပ်တို့မင်းကြီးက ဒီလောက်နာမည်ကျော်ကြားတာ ၊ မင်းက မကြားဖူးဘူးဆိုတော့ တော်တော် အသိဉာဏ်နည်းတဲ့သူပဲ”

ယူနီကွန်းငါးမန်းက ပြန်ပြောလိုက်သည်။

ဆန်းလျန်က ရယ်မောလိုက်လေသည်။ လောကတစ်ခုလုံးက ကြောက်ရွံ့လေးစားကြသည့် သူကဲ့သို့သော ချင်းရှမ်နတ်တံခါးမှ ဂိုဏ်းချုပ်ကြီးကို အသိဉာဏ်နည်းသည်ဟု ပြောရက်လေခြင်း။

သို့သော် မဟူရာအဏ္ဏဝါမင်းကြီးဆိုသည်ကိုတော့ ဆန်းလျန် မသိသည်မှာ အမှန်ပင်ဖြစ်လေသည်။ နာမည်ကြားသည်နှင့် နတ်မိစ္ဆာဘုရင်တစ်ပါးဖြစ်မည်ဟု ခန့်မှန်းရလေသည်။

“မင်းက ဘာလို့ ကျုပ်ကို တိုက်ခိုက်ရတာလဲ”

ဆန်းလျန်က မေးလိုက်သည်။

“မင်းက မဟူရာအဏ္ဏဝါနန်းတော် ပိုင်နက်ထဲကို ကျူးကျော်လာတာကိုး ၊ မင်းကြီးက ဘယ်သူပဲ ဝင်လာ ဝင်လာ သတ်ရမယ်လို့ မှာထားတာ”

“မင်းက တော်တော်ကို သတ်ချင်ဖြတ်နေတာပဲကိုး ၊ ဒါပေမယ့် ခုတော့ မင်း ကျုပ်ကို ဘာမှ မလုပ်နိုင်တော့ဘူးမလား ၊ ကဲ ပြောစမ်း မင်းကို ကျုပ်ဘာလုပ်ပစ်ရမလဲ”

ဆန်းလျန်က ရယ်မောရင်းပြောလိုက်သည်။

ငါးမန်းစစ်ဗိုလ်ချုပ်မှာ စိတ်ပူသွားလေသည်။

“မင်းက ဘာလိုချင်လို့လဲ”

“မဟူရာအဏ္ဏဝါနန်းတော်ဆိုတာ အအေးစွမ်းအားတွေ စုစည်းနေတဲ့နေရာလား"

ဆန်းလျန်က မနီးမဝေးမှ အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားများ ထွက်ပေါ်နေရာ နေရာတစ်ခုကို လက်ညိုးညွှန်ပြလိုက်ရင်း မေးလိုက်လေတော့သည်။

အခန်း (၂၂၀)

ပင်လယ်မျက်လုံးဆိုသည်မှာ

ဆန်းလျန် လက်ညိုးညွှန်ပြလိုက်သည့်နေရာတွင် အပြာရောင် အလင်းလေးများ တောက်ပနေလေသည်။ ရေအောက်ကမ္ဘာက

မှောင်မိုက်နေသည့်အတွက် အလင်းရောင်များက ပို၍လင်း

လက်နေသလို ခံစားရလေသည်။

အပြာရောင်အလင်းများမှာ လေဝင်ပေါက်မှ မှုတ်ထုတ်လိုက်

သကဲ့သို့ ပေါ်လာပြီး အမှတ်မထင် ပျောက်ကွယ်သွားပြန်လေ

သည်။

ထိုနေရာတွင် မိစ္ဆာစွမ်းအားများလည်း ပြင်းထန်နေလေသည်။

အပြာရောင်အလင်းလေးများ ထွက်ပေါ်လာပြီး ချက်ချင်း

ပျောက်ကွယ်သွားလေသည်။

မိစ္ဆာစွမ်းအားများက ထိုအပြာရောင်အလင်းများကို ရစ်ပတ်

ထားပြီး ပင်လယ်ရေထဲသို့ ပျော်ဝင်သွားလေသည်။ ထိုအပြာ

ရောင်အလင်းလေးများ ရေထဲသို့ပျော်ဝင်သွားသည်နှင့်

ပင်လယ်ရေသည် မသိမသာ တုန်ခါသွားရလေသည်။

ထိုမိစ္ဆာစွမ်းအားများ အတူတကွ စုစည်းနေမှုမှာ မယုံကြည်နိုင်

လောက်အောင် စွမ်းအားကြီးမားလွန်းနေလေသည်။ ထို

စွမ်းအားက ရေအောက်အပင်များကို တစ်ခဏချင်းအတွင်းပင် ဖြတ်တောက်ပစ်လိုက်လေသည်။ ဆန်းလျန်၏ ဘယ်ဘက်လက်ဖဝါးထက်တွင် အပြာရောင်အလင်းတန်းတစ်ခု ဖြစ်တည်လာလေသည်။ ဆန်းလျန်က အဝေးဆီမှ မိစ္ဆာစွမ်းအားများကို သူ့ထံသို့ရောက်လာအောင် ဆွဲယူလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်က ရေခဲတံတိုင်းတစ်ခုဖန်ဆင်းလိုက်ပြီး မိစ္ဆာစွမ်းအားများမှာ ရေခဲတံတိုင်းဆီသို့ စုဝေးရောက်ရှိလာကြလေသည်။ သို့သော် ရေဖိအားများလွန်းသည့်အတွက်ကြောင့် ရေခဲတံတိုင်းကြီးက အက်ကွဲစပြုလာသည်။

မိစ္ဆာစွမ်းအားများ ရေခဲတံတိုင်းတွင် စုစည်းသွားသည်နှင့် ထွက်ပေါ်နေသည့် အပြာရောင်အလင်းများ ရပ်တန့်သွားပြီး ပင်လယ်မျက်လုံး ထွက်ပေါ်လာလေသည်။

ပင်လယ်မျက်လုံးမှာ ကုန်းမြေပေါ်ရှိ ရေတွင်းဝတစ်ခုနှင့် အလားသဏ္ဍာန်တူလေသည်။ အဝတွင် အမည်မသိ ကျောက်

တုံးများဖြင့် ဝန်းရံနေပြီး အတွင်း၌ကြည်လင်တောက်ပနေလေ

သည်။ ပင်လယ်မျက်လုံးမှာ မိစ္ဆာစွမ်းအားများ၏ ကာကွယ်

ပေးမှုအောက်တွင် တည်ရှိနေခြင်း ဖြစ်ဟန်တူလေသည်။

“မဟူရာအဏ္ဏဝါနန်းတော်က အဲဒီထဲမှာ ရှိတာလား”

ဆန်းလျန်က မေးလိုက်သည်။

ငါးမန်းစစ်ဗိုလ်ချုပ်မှာ မည်သည့်စကားမှ မပြောတော့ပေ။

ဖြစ်ပျက်နေသည့်အကြောင်းအရာများကို ဆန်းလျန်

အကြမ်းဖျင်းနားလည်လိုက်သည့်အတွက် ပြုံးလိုက်မိသည်။

မဟူရာအဏ္ဏဝါမင်းကြီးမှာ ပင်လယ်ရေအောက် ဗဟိုချက်ဖြစ်

သည့် ပင်လယ်မျက်လုံးတည်ရှိရာနေရာတွင်

ပင်လယ်ကြမ်းပြင်အောက်တွင် ချော်ရည်ပူစီးကြောင်းတည်ရှိ

နေသည့်တိုင် ပင်လယ်မျက်လုံးတည်ရှိရာနေရာမှာ အစွန်း

ရောင် ယင် စွမ်းအားများဖြင့် ပြည့်ဝနေလေသည်။

အစွန်းရောက် ယင် စွမ်းအားသည် ချော်ရည်ပူစီးကြောင်းဖြစ်သည့် ယန် စွမ်းအားကို လွှမ်းမိုးထားခြင်းဖြစ်လေသည်။

ဆန်းလျန်က ငါးမန်းစစ်ဗိုလ်ချုပ်ကို ဆွဲခေါ်သွားပြီး ပင်လယ်မျက်လုံးအနားသို့ ဖြည်းဖြည်းချင်းတိုးကပ်သွားလေသည်။ ပင်လယ်မျက်လုံးအတွင်းဘက်တွင် အသက်ဓာတ်စွမ်းအားများရှိနေပြီး လူတစ်ယောက် အသက်ရှူနေသကဲ့သို့ပင် ဖြစ်လေသည်။

အနားသို့ကပ်လာသည်နှင့် အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားများက ပိုပြီးပြင်းထန်လာလေသည်။ သို့သော် ဆန်းလျန်ကတော့ စိုးရိမ်ခြင်းမရှိပါ။ အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားများ မည်မျှများပြားပါစေ သူ၏တန်ခိုးစွမ်းအားဖြင့် သုတ်သင်ပစ်နိုင်လေသည်။

အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားများမှာ ကြီးထွားသည်ထက် ကြီးထွားလာလေသည်။

ငါးမန်းစစ်ဗိုလ်ချုပ်က…

“ရှမ်မင်မိစ္ဆာအလင်းစွမ်းအားကို မင်းမကြောက်ဘူးလား”

ဟု မေးလိုက်သည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း….

“ဒီ အစွန်းရောက် ယင် စွမ်းအားနဲ့ အအေးစွမ်းအားပေါင်းစပ်ထားတာကို ရှမ်မင်မိစ္ဆာအလင်းစွမ်းအားလို့ ခေါ်တာလား ၊ ဒီစွမ်းအားက သာမန်ပါပဲ ၊ ဒါပေမယ့် ကြည့်ရတာ တစ်ယောက်ယောက်က ဒီနေရာမှာ ဒီစွမ်းအားကို တမင်တကာထားထားတာဖြစ်ရမယ်"

“ဒါ ကျုပ်တို့မင်းကြီးလုပ်ထားတဲ့ အရံအတားပဲ ၊ မင်း ဒီထဲကို ဝင်သွားရင် အသက်ရှင်ရက် ထွက်လာနိုင်မှာမဟုတ်ဘူး”

ဆန်းလျန်က ယူနီကွန်းငါးမန်းကို လှည့်ကြည့်လိုက်ပြီး…

"ဟုတ်လို့လား…"

ဟု မေးလိုက်လေသည်။

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ကို လှုပ်ရှားလိုက်ပြီး ငါးမန်းစစ်ဗိုလ်ချုပ်ကို ပင်လယ်မျက်လုံးအတွင်းသို့ ပစ်ထည့်လိုက်လေတော့သည်။

ငါးမန်းစစ်ဗိုလ်ချုပ်မှာ ဆန်းလျန်းထိုသို့ပြုလုပ်လိမ့်မည်ဟု ထင်မထားမိပေ။ငါးမန်းစစ်ဗိုလ်ချုပ်မှာ ဆန်းလျန်၏ တန်ခိုးစွမ်းအားပိုက်ကွန်နှင့်ရစ်ပတ်လျှက်ပင် ပင်လယ်မျက်လုံးအတွင်းသို့ ကျရောက်သွားလေတော့သည်။ ပင်လယ်မျက်လုံးတွင်းသို့ကျရောက်သွားသည့်ရှမ်မင်မိစ္ဆာအလင်းစွမ်းအားသည် ဆန်းလျန်၏ တန်ခိုးစွမ်းအားပိုက်ကွန်ကိုရော ငါးမန်းစစ်ဗိုလ်ချုပ်ကိုပါ အေးခဲပစ်လိုက်လေတော့သည်။

ရှမ်မင်မိစ္ဆာအလင်းစွမ်းအားမှာ ကြီးမားသည့် အန္တရာယ်မရှိကြောင်း ဆန်းလျန်သိလိုက်ရသည်။ ထိုအလင်းစွမ်းအားမှာ ပင်လယ်မျက်လုံးဝင်ပေါက်ကို အရံအတားပြုလုပ်ထားခြင်းသာဖြစ်လေသည်။

ယူနီကွန်းငါးမန်းမှာ ပင်လယ်မျက်လုံးအတွင်းသို့ တစ်ခါမှ ဝင်ရောက်ဖူးပုံမပေါ်ပေ။

အမှန်တော့ ပင်လယ်မျက်လုံးမှာ ပင်လယ်ရေများကို စုပ်ယူပြီး အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားများကို သိပ်သည်းစေပြီး အပြင်သို့ ပြန်လည်ထုတ်လွှတ်နေခြင်းဖြစ်လေသည်။ ထို့ကြောင့် အပြာရောင်အလင်းတန်းများ ထွက်ပေါ်နေပြီး ရေအောက် သစ်ပင်များကို ပိုင်းဖြတ်ပစ်သည်အထိ ထက်မြက်နေခြင်းဖြစ်လေသည်။

မော်ဝင်ဝေလငါးကြီး ဤနေရာသို့ရောက်လာသည့်အချိန်တွင် ကံမကောင်းစွာဖြင့်ပင် ပင်လယ်မျက်လုံးမှာ ပြန်လည်ထုတ်လွှတ်လိုက်သည့် ရွှမ်မင်မိစ္ဆာအလင်းစွမ်းအားဟုခေါ်သည့် အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားပေါင်းစပ်ထားသည့် အပြာရောင်အလင်းတန်းနှင့် ထိခိုက်မိသွားပြီး ဝမ်းဗိုက်တွင် ပြတ်ရှရာဒဏ်ရာ ကြီးမားစွာရရှိကာ ထိုဒဏ်ရာမှ

အအေးစွမ်းအားများ ထွက်နေခြင်းဖြစ်လေသည်။ ထို့ကြောင့် ဒဏ်ရာကမပျောက်ကင်းနိုင်ဘဲ အသက်ဓတ်စွမ်းအားများပင် စိမ့်ထွက်နေရခြင်းဖြစ်လေသည်။

ပင်လယ်မျက်လုံးက ဖြည်းဖြည်းမှန်မှန်ပင် အသက်ရှူသွင်း ရှူထုတ် ပြုလုပ်နေလေသည်။ ပင်လယ်မျက်လုံးမှာ ဝိညာဉ် စွမ်းအားကောင်းမွန်သည့်တိုင် ပုံသဏ္ဍာန်ရရှိရန်အတွက် နှစ်ပေါင်း ရာနှင့် ထောင်နှင့်ချီပြီး ကျင့်ကြံရန် လိုအပ်နေသေးသည်။ ဆန်းလျန်က သူ၏တန်ခိုးစွမ်းအားများဖြင့် ရှမ်မင်မိစ္ဆာ အလင်းစွမ်းအားကို ကာကွယ်ကာ ပင်လယ်မျက်လုံးအတွင်းသို့ ဝင်ရောက်သွားလေသည်။ ပင်လယ်မျက်လုံးအတွင်းမှ ရေစီးကြောင်းမှာ ကြမ်းတမ်းခြင်းမရှိဘဲ ငြင်သာစွာ ကွေ့ပတ် စီးဆင်းနေလေသည်။

သူဝင်ရောက်လိုက်သည်နှင့် ရေဖိအားက လျော့နည်းသွားလေ သည်။ သို့သော် ရှမ်မင်မိစ္ဆာအလင်းစွမ်းအားများကတော့ သူ့ ကို တိုက်ခိုက်ကြလေသည်။

ဆန်းလျန် မည်မျှ နက်နက်ရှိုင်းရှိုင်းဝင်သွားမိသည်မသိ။

ရုတ်တရက် သူ၏ ခန္ဓာကိုယ်က ပေါ့ပါးသွားရလေသည်။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည့်အခါတွင်တော့ တောက်ပကျယ်ဝန်းသည့် ဖန်သားနန်းဆောင်တစ်ခုကို တွေ့ လိုက်ရလေသည်။

နန်းဆောင်ထောင့်တစ်နေရာတွင် ရေခဲပန်းပုရုပ်တုတစ်ခုကို တွေ့လိုက်ရလေသည်။ ရေခဲရုပ်ဖြစ်နေသည့် ငါးမန်းစစ်ဗိုလ် ချုပ်ပင် ဖြစ်လေသည်။

ရေခဲများဖြင့်အေးခဲနေပြီး မလှုပ်နိုင်ဖြစ်နေသည့်တိုင် အသက် ရှင်နေသေးသည်။

ဆန်းလျန်က ယူနီကွန်းငါးမန်းကို ဂရုမစိုက်နိုင်အားပါ။ ထို
သတ္တဝါကလည်း သူ့ကိုယ်သူ ဘာဖြစ်နေမှန်းပင် နားလည်ပုံမရ
ပေ။ မဟူရာအဏ္ဏဝါမင်းကြီးမှာ မည်သူမှန်း ယခုအချိန်ထိ မ
သိရသေးပေ။

ဆန်းလျန်က မြေပြင်ပေါ်သို့ခြေချလိုက်သည်။ ဖန်သားနန်း
ဆောင်အလယ်တွင် ရေကန်လေးတစ်ခုရှိနေလေသည်။
ရေကန်ပတ်လည်တွင် ပုလဲရတနာများဖြင့်ဝန်းရံထားပြီး
ပုလဲလုံးများမှ အလင်းရောင်လေးများ ထွက်ပေါ်နေလေသည်။
ရေကန်အပေါ်တည့်တည့်တွင် မျက်နှာကျက်တစ်ခုရှိလေ
သည်။ ထိုမျက်နှာကျက်ဆီမှ ရေတံခွန်ကဲ့သို့ ရေစီးကြောင်းနှစ်
ခုက ရေကန်ငယ်လေးအတွင်းသို့ စီးဝင်နေလေသည်။
မျက်နှာကျက်မှာ ပုလဲရေကန်ဆီသို့ အခြားသောပင်လယ်ရေ
များဝင်ရောက်မလာရန် ကာကွယ်ထားခြင်းဖြစ်ပုံရလေသည်။

ဆန်းလျန်က အသက်တစ်ချက် ရှူသွင်းလိုက်သည်။ အသက်ဓာတ်စွမ်းအားများမှာ သန့်စင်နေလေသည်။ ကျင့်ကြံသူမဟုတ်သည့် သာမန်လူများပင် ဤနေရာတွင်နေထိုင်လျှင် အသက်တစ်ရာ့ငါးဆယ် တစ်ရာ့ခြောက်ဆယ်ခန့်အထိ ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည်နေနိုင်မည်ဖြစ်လေသည်။

ညဘက်ခြမ်းတွင်တော့ စြက်န်လမ်းလေးတစ်ခုကို တွေ့ရလေသည်။ ဆန်းလျန်က ခဏမျှ စဉ်းစားနေပြီးမှ စြက်န်လမ်းလေးအတိုင်းလျှောက်သွားလိုက်သည်။ ရေကန်လေးမှာ ယင်စွမ်းအားနှင့် ယန် စွမ်းအားကို ထိန်းညှိပေးနိုင်သည့် ရေကန်ငယ်လေးတစ်ခုဖြစ်လေသည်။ အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားများမှာ ရေကန်ငယ်လေးဆီမှ မြစ်ဖျားခံလာခြင်းဖြစ်လေသည်။ သို့သော် ရေကန်ငယ်မှာ အစွန်းရောက်ယင် စွမ်းအားနှင့် အအေးစွမ်းအားများ ဖြစ်တည်ရာ မူလနေရာတော့မဟုတ်ပေ။

ဆန်းလျန်က စြက်န်လမ်းလေးအတိုင်း လျှောက်သွားလိုက်လေ

သည်။ စြက်န်လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ကျောက်နံရံထက်

တွင်အင်းသင်္ကေတများရေးဆွဲထားလေသည်။ သို့သော် ထို

အင်းသင်္ကေတများ၏ အဓိပ္ပါယ်ကို ဆန်းလျန် နားလည်နိုင်

ခြင်းမရှိပေ။ မိုးနှင့်မြေ ၊ တောတောင် မြစ်ချောင်းအင်းအိုင်များ

၊ နေနှင့်ည ၊ ကြယ်စင်ပုံစံများပါဝင်သည့် အင်းသင်္ကေတများ

ဖြစ်လေသည်။

ဆန်းလျန်မှာ ထိုသင်္ကေတများကို ယခင်က မြင်တွေ့ဖူးခြင်းမရှိ

ပါ။ ရေးဆွဲထားသည့်စုတ်ချက်တိုင်းက ခပ်ကွေးကွေးဖြစ်နေ

သော်လည်း သဘာဝကျပြီး ပြတ်သားလေသည်။

စြက်န်လမ်းလေးမှာရှည်လျားခြင်းမရှိပါ။ ထိုစြက်န်လမ်းလေး

မှ ထွက်လိုက်သည်နှင့် ကြီးမားသည့် နန်းတော်ကြီးတစ်ခုကို

တွေ့လိုက်ရလေသည်။ နန်းတော်ရှေ့တွင် ဆိုင်းဘုတ်တစ်ခုရှိနေ

ပြီး ထိုဆိုင်းဘုတ်ပေါ်တွင် စာလုံးအချို့ကို ပြတ်သားစွာ ရေးသားထားလေသည်။

ဆိုင်းဘုတ်ပေါ်တွင် ရေးသားထားသည့် လက်ရေးမှာ စြက်န် လမ်းလေးဆီမှ အင်းသကော်တများရေးသားထားသည့် လက်ရေးနှင့် ဆင်တူသော်လည်း ပိုပြီး စွမ်းအားပြည့်ဝလေ သည်။ စာလုံးတိုင်းသည် ဆိုင်းဘုတ်ဆီမှ ခုန်ထွက်တော့မည့် ပမာ အသက်ဝင်လှသည်။

ဆိုင်းဘုတ်မှာ သာမန်ဆိုင်းဘုတ်တစ်ခုမဟုတ်ပါ။ ဆိုင်းဘုတ်မှ အငွေ့အသက်အချို့ ထွက်ပေါ်နေပြီး ထိုအငွေ့အသက်က ဆန်း လျန်၏စိတ်ကို အေးချမ်းသွားစေလေသည်။

"ပင်လယ်ရေအောက်ထဲမှာ....

နှစ်တစ်သောင်းသစ်သားရှိတယ်...

ဘယ်သူပိုင်ဆိုင်လဲ မသိပေမယ့် အတွေးတွေကို ရှင်းလင်းသွား စေပြီး စိတ်ဝိညာဉ်ကို ငြိမ်းချမ်းစေတယ်"

ဟူသည့် စာပိုဒ်ကို ဆန်းလျန် သတိရလိုက်မိသည်။ ယခု ဆိုင်းဘုတ်ပြုလုပ်ထားသည့် သစ်သားမှာ ထိုစာပိုဒ်ထဲမှ သစ်သားဖြစ်ဟန်တူလေသည်။

တစ်ခါက ထင်ရှားသည့် ဘုန်းတော်ကြီးတစ်ပါးသည် ပင်လယ်ကိုဖြတ်ကာ ခရီးသွားရင်း ထိုသစ်သားအပိုင်းအစကိုတွေ့ကာ စိပ်ပုတီးပြုလုပ်ပြီး ကျင့်စဉ်လမ်း အောင်မြင်သွားခဲ့ဖူးလေသည်။

ဤနန်းတော်ကတော့ ထိုသို့သော အဖိုးတန်သည့်သစ်သားမျိုးကို ဆိုင်းဘုတ်ပြုလုပ်ထားလေသည်။ ထိုသစ်သားပေါ်တွင် ရေးသားထားသည့် စာများကို ဆန်းလျန်နားမလည်ပါ။ ငါးမန်းစစ်ဗိုလ်ချုပ်ပြောသသည့် "မဟူရာအဏ္ဏာဝါနန်းတော်" ဟု ရေးသားထားခြင်းများလေလား......

ဆန်းလျန် စဉ်းစားနေမိလေသည်။

အခန်း (၂၂၁)

မလိမ့်တပတ်

ဆန်းလျန်မှာ ရေအောက်နန်းတော်ကြီးကို ကြည့်ပြီး အတွေး

ရေယဉ်ကြောတွင် နစ်မျောနေမိလေသည်။

ထို့နောက် သူက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး

အလင်းတန်းတစ်ခုဖြင့် ရေအောက်နန်းတော်ကြီးဆီသို့ ပစ်

လွှတ်လိုက်လေသည်။ ရေအောက်နန်းတော်မှာ တားမြစ်ထား

သည့် မန္တန် သို့မဟုတ် အင်းပညာတစ်ခုခု ရှိ မရှိ စမ်းသပ်ကြည့်

လိုက်ခြင်းဖြစ်လေသည်။ သို့သော် ဆန်းလျန်လက်မှ

အလင်းတန်းသည် ရေအောက်နန်းတော်ကြီးကို မည်သို့မျှ

သက်ရောက်ခြင်းမရှိပါ။

ဆန်းလျန် မျက်မှောင်တစ်ချက် ကြုံ့လိုက်သည်။ ရေအောက်

နန်းတော်မှာ တင်းကြပ်စွာတားမြစ်ထားသည့်မထိုးဖောက်နိုင်

သည့် ခံတပ်တစ်ခုနှင့် တူနေလေသည်။

ထိုနန်းတော်ကြီးကို အမည်မသိ တန်ခိုးစွမ်းအားတစ်မျိုး

အသုံးပြုကာ တည်ဆောက်ထားခြင်းဖြစ်ပြီး ထိုတန်ခိုး

စွမ်းအားမျိုးကို ဆန်းလျန်နှင့် တွေ့မြင်ဖူးခြင်းမရှိပေ။

ကျင့်ကြံသူလောကတွင် အဆုံးမရှိသည့် ကျင့်စဉ်လမ်းပေါင်း

များစွာနှင့် တန်ခိုးစွမ်းအားပေါင်းများစွာရှိလေသည်။ သို့သော်

ယခု ရေအောက်နန်းတော်ကြီးကတော့ ပုံမှန်မဟုတ်သည့်

တန်ခိုးစွမ်းအားဖြင့် တည်ဆောက်ထားခြင်းဖြစ်လေသည်။

နန်းတော်ကြီးတစ်ခုလုံးမှာ ကျောက်စိုင်ကျောက်သားအလား

ဖြစ်နေပြီး စိန်ကဲ့သို့ပင် မာကျောလွန်းသည်။ တည်ဆောက်ထားပုံမှာလည်း ပြည့်စုံလွန်းလှသည်။

ဝိညာဉ်စွမ်းအားမြင့်မားလွန်းသည့် ဆန်းလျန်သည်ပင်လျှင် မည်သည့်အရာကိုမှ အာရုံခံမိခြင်းမရှိပေ။

မိနစ်သုံးဆယ်ခန့် ကြာသွားပြီးသည့်နောက်....

ရေအောက်နန်းတော်ကြီးအပြင်ဖက်မှာ အနည်းငယ်လှုပ်ခါလာလေသည်။ ဆန်းလျန်မှာ သူတတ်သမျှ ပညာပေါင်းစုံဖြင့် ရေအောက်နန်းဆောင်ကြီးကို စမ်းသပ်ကြည့်ပြီးပြီ ဖြစ်လေသည်။ သို့သော် မည်သို့မျှ အရာမထင်ပေ။

ရုတ်တရက်...

လေပူများ အရှိန်ဖြင့် ဝင်ရောက်လာသည်ကို ဆန်းလျန် ခံစားလိုက်ရလေသည်။

ဆန်းလျန်မှာ အံ့ဩသွားရလေသည်။ ဤရေအောက်နန်းတော်ကြီးမှာ ချော်ရည်ပူစီးကြောင်းတစ်ခုအတွင်းတွင် တည်ရှိနေပုံရလေသည်။

အပြည့်စုံဆုံးပုံစံဖြင့် တည်ရှိနေခြင်းမှာ ရေကန်ငယ်လေးမှ စွမ်းအားနှင့် ချော်ရည်ပူစီးကြောင်း ပေါင်းစပ်ကာ ခိုင်မာသည့် နန်းတော်ကြီး တစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်လေသည်။

ချော်ရည်ပူစီးကြောင်းကို ယခုကဲ့သို့ ပြောင်းလဲအသုံးပြုနိုင်သည့် တန်ခိုးစွမ်းအားမှာ မည်သို့သော တန်ခိုးစွမ်းအားများဖြစ်ပါသနည်း။

ဆန်းလျန် မူလဝိညာဉ်ရရှိပြီး လောကနတ်ဘုရားတစ်ပါးဖြစ်သွားလျှင်တောင် ယခုကဲ့သို့ တန်ခိုးစွမ်းအားကို အသုံးပြု၍ ရနိုင်မည်မထင်ပေ။

ခိုင်မာစွာ အလုံပိတ်ထားသည့် ရေအောက်နန်းတော်ကြီး၏ နောက်ကွယ်တွင် မည်သည့်အရာများရှိမည်လဲဟု ဆန်းလျန် သိချင်နေမိလေသည်။

ဆန်းလျန်က စြက်န်လမ်းလေးထဲသို့ ပြန်သွားလိုက်ပြီး ကျောက်နံရံထက်တွင်ရေးသားထားသည့် အဓိပ္ပါယ်မသိသည့် သင်္ကေတများကို ကြည့်နေလိုက်သည်။ ဆန်းလျန်မှာ တစ်ခါ ကြည့်ရုံဖြင့် မှတ်မိသည့် မှတ်ဉာဏ်ပိုင်ဆိုင်ထားသူဖြစ်သည့် တိုင် ထိုသင်္ကေတများကို မှတ်မိနိုင်ခြင်းမရှိပေ။

ဆန်းလျန်က ကျောက်နံရံထက်မှ သင်္ကေတများကို အလွတ် ရအောင် မှတ်သားနေလေသည်။ စာလုံးတစ်လုံး၏ စုတ်ချက် တစ်ခု သူ၏စိတ်ထဲတွင် ပေါ်လာတိုင်း စွမ်းအားပြင်းထန်သည့် အားတစ်ခုက သူ၏ ခန္ဓာကိုယ် ၊ အသွေးအသားများကို ရိုက်ခတ်နေသကဲ့သို့ ခံစားရလေသည်။

စြက်န်လမ်းလေးအဆုံးသို့ရောက်သည့်အခါတွင်တော့ အသက်ဓာတ်စွမ်းအားများသည် သူ၏ခန္ဓာကိုယ်ထဲမှ ကြမ်းတမ်းစွာဖောက်ထွက်သွားလေသည်။ ဆန်းလျန်မှာ အမှောင်ထုတစ်ခုထဲတွင်ရောက်ရှိနေသကဲ့သို့ ခံစားလိုက်ရပြီး အမှောင်ထုထဲတွင် ကြယ်များကလင်းလက်နေလေသည်။ သို့သော် သိပ်ပြီးမကြာလိုက်ပေ။ ပြင်းထန်သည့် နာကျင်မှုတစ်ခုကို ခံစားလိုက်ရပြီး မူလနေရာသို့ ပြန်ရောက်လာလေသည်။

ထိုသို့ဖြစ်ရသည်မှာ သူ၏ခန္ဓာကိုယ်မှ ခံနိုင်ရည်နောက်ဆုံးအဆင့်ရောက်ရှိသွားခြင်းကြောင့်ဖြစ်လေသည်။

ဆန်းလျန် သင်္ကေတများကို လေ့လာခြင်းကို ရပ်တန့်လိုက်လေသည်။ ထိုသင်္ကေတများကို လေ့လာနိုင်ရန်အတွက် သူ၏တန်ခိုးစွမ်းအားနှင့် ဝိညာဉ်စွမ်းအားများ မလုံလောက်သလိုခန္ဓာကိုယ်မှာလည်း အားနည်းနေပြီဖြစ်လေသည်။ သူ၏

ခန္ဓာကိုယ်မှာ ထိုသင်္ကေတများကို မှတ်သားရန်ကြိုးစားလိုက်တိုင်း မခံမရပ်နိုင်နာကျင်ရလေသည်။

စြက်နံလမ်းလေး၏ ကျောက်နံရံတစ်ဖက်တစ်ချက်တွင် ရေးထွင်းထားသည့် သင်္ကေတပေါင်း တစ်ရာ့ရှစ်ခု ရှိလေသည်။

ဆန်းလျန်က သင်္ကေတများကိုရေတွက်ပြီး ရေကန်ငယ်လေးတည်ရှိရာ နန်းဆောင်လေးထဲသို့ ပြန်ဝင်လာခဲ့လေသည်။ သူကရေခဲများအရည်ပျော်နေပြီဖြစ်သည့် ငါးမန်းစစ်ဗိုလ်ချုပ်ကိုခြေထောက်ဖြင့် တစ်ချက်ကန်လိုက်သည်။

ယူနီကွန်းငါးမန်းမှာ ရေမရှိသည့်နေရာတွင်ရောက်နေသည့်တိုင်အသက်ရှူနေသေးသည်။ သို့သော် မလှုပ်မယှက် ငြိမ်သက်နေလေသည်။

သူက ခေါင်းထောင်ကြည့်လိုက်ပြီး ဆန်းလျန်ကို စိတ်စွမ်းအားဖြင့် မေးလိုက်သည်။

"မင်း ဘာလိုချင်လို့လဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်ကို တစ်ခုခုပြောစမ်းပါကွာ...."

ငါးမန်းစစ်ဗိုလ်ချုပ်က သူ၏ တစ်ချောင်းတည်းသော ဂျိုကို ခါယမ်းလိုက်သည်။

ဆန်းလျန်က သူ၏လက်ကို ဆန့်တန်းလိုက်သည်။ ရေခဲအလင်းဓားဝိညာဉ်ပေါ်ထွက်လာလေသည်။ ဓားဝိညာဉ်မှာ ရေခဲအလင်းစွမ်းအားဖြင့် သိပ်သည်းနေပြီး ထက်မြက်လွန်းလေသည်။

ဆန်းလျန်က ချွန်ထက်သည့် ဓားဝိညာဉ်ထိပ်ဖျားဖြင့် ငါးမန်းစစ်ဗိုလ်ချုပ်၏ မျက်လုံးကို ချိန်ထားလိုက်သည်။ ငါးမန်းစစ်ဗိုလ်ချုပ်မှာ ကြောက်လွန်းသဖြင့် မျက်လုံးကို တင်းကြပ်စွာမှိတ်ထားလိုက်လေသည်။ ဆန်းလျန်က တည်ငြိမ်သည့် စိတ်စွမ်းအားကို ပို့လွှတ်ပြီး စကားပြောလိုက်သည်။

"မင်း ကျုပ်ကိုဘာမှ ပြောမပြဘူးဆိုရင် မင်းမျက်လုံးတွေကို ဖောက်ပစ်မယ်၊ မျက်လုံးတင်မဟုတ်ဘူးနော်၊ မင်းရဲ့ ဦးခေါင်းခွံကိုပါ ဖောက်ပစ်မယ်"

ဟု ပြောလိုက်လေသည်။

ငါးမန်းစစ်ဗိုလ်ချုပ်မှာ ထိတ်လန့်သွားပြီး...

"ဒီနေရာက မဟူရာအဏ္ဏဝါမင်းကြီးရဲ့ ရေအောက်နန်းတော်ပါပဲ၊ တကယ်တော့ ကျုပ်က သူ့ရဲ့ စစ်ဗိုလ်ချုပ်မဟုတ်ပါဘူး၊ သူက နတ်မိစ္ဆာစစ်သည်တော်တွေ အသုံးပြုလေ့မရှိဘူး၊ ကျုပ်က ဒီနားတစ်ဝိုက်မှာနေတဲ့ သာမန် နတ်မိစ္ဆာငယ်လေးပါ၊ တကယ်တော့ ဒီနန်းတော်ထဲကိုတောင် ပထမဆုံးအကြိမ် ရောက်ဖူးတာပါ"

"ဒါဆို ဒီနေရာက မဟူရာအဏ္ဏဝါနန်းတော်ဆိုတာ မင်းက ဘယ်လိုလုပ်သိတာလဲ"

ဆန်းလျန်က ပြုံးရင်း မေးလိုက်သည်။

"မင်းလိုပဲ တန်ခိုးစွမ်းအားကြီးတဲ့သူတစ်ယောက် ဒီနေရာကို ရောက်လာသေးတယ်၊ သူက ဒီနေရာကို မဟာ့ရာအဏ္ဏဝါ နန်းတော်လို့ ပြောသွားတာပဲ၊ မဟာ့ရာအဏ္ဏဝါမင်းကြီးကတော့ အဲဒီသူက တာအိုဆရာရွှမ်မင်လို့ ပြောတယ်"

ဆန်းလျန်က ယူနီကွန်းငါးမန်းကို စိုက်ကြည့်လိုက်သည်။ ယူနီကွန်းငါးမန်းမှာ ထိုအကြည့်ကြောင့် ကျောရိုးတစ်လျှောက်လုံး စိမ့်သွားရလေသည်။ ဆန်းလျန်၏အကြည့်မှာ ရွှမ်မင်မိစ္ဆာ အလင်းစွမ်းအားထက်ပင် အေးစက်နေသေးသည်။

"ကျုပ်သိတာ ဒါအကုန်ပါပဲ"

သူက သနားစဖွယ်လေသံဖြင့်ပြောလိုက်သည်။

"မင်း အသက်ဘယ်လောက်ရှိပြီလဲ"

ဆန်းလျန်က မေးလိုက်သည်။

"မသိပါဘူး"

ယူနီကွန်းငါးမန်းက ပြန်ဖြေလေသည်။

ရေအောက်ကမ္ဘာတွင် အချိန်သတ်မှတ်ရန်မှာ ခက်ခဲလေသည်။

လူ့လောကကဲ့သို့ နှစ် ၊ လ ၊ ရက် များလည်း သတ်မှတ်ထား

မည် မထင်ပေ။

ထို့ကြောင့် ဆန်းလျန်က မေးခွန်းပြောင်းပြီး မေးလိုက်သည်။

"မင်း တာအိုဆရာရှမ်မင်ကို တွေ့ပြီးတဲ့နောက် အစားဘယ်နှစ်

ကြိမ်စားပြီးပြီလဲ"

တာအိုဆရာ ရှမ်မင်ဆိုသည်မှာလွန်ခဲ့သည့်နှစ်ပေါင်း သုံး

ထောင်က ရေခဲအလင်းကို တီထွင်ခဲ့သည့် ဆရာသခင်ဖြစ်လေ

သည်။ ထို့ကြောင့် ဆန်းလျန်က ယူနီကွန်းငါးမန်း၏ အသက်ကို

ခန့်မှန်းနိုင်ရန် အစားဘယ်နှစ်ကြိမ်စားခဲ့ပြီလဲ ဟု မေးလိုက်

ခြင်းဖြစ်လေသည်။ ထိုအခါမှ ငါးမန်းစုတ် သူ့ကို လိမ်ပြော မ

ပြော ခန့်မှန်းနိုင်မည်ဖြစ်လေသည်။

"ကျုပ်ဘာမှ မစားရသေးဘူး”

ယူနီကွန်းငါးမန်းက ပြန်ဖြေလိုက်လေသည်။

"စောစောကပဲ မင်းပြောခဲ့တယ်လေ ၊ မဟူရာအဏ္ဏမင်းကြီးရဲ့ ပိုင်နက်ကျူးကျော်တဲ့သူက သေရမယ်ဆို"

ဆန်းလျန်က မေးလိုက်သည်။

"အဲဒီစကားတွေက မဟူရာအဏ္ဏဝါမင်းကြီးပြောတဲ့စကားတွေကို ကျုပ်က လိုက်ပြောတာပါ"

ယူနီကွန်းငါးမန်းက ခေါင်းခါယမ်းရင်း ပြောလိုက်သည်။

ဆန်းလျန်က ယူနီကွန်းငါးမန်း၏ စကားများကို သုံးသပ်ကြည့်လိုက်သည်။ သူရောက်စအချိန်တုန်းက ယူနီကွန်းငါးမန်းက "ကျူးကျော်လာရင် အသတ်ခံရမယ်" ဟု သာပြောခဲ့ပြီး မဟူရာအဏ္ဏဝါမင်းကြီးက ပြောသည့်အကြောင်း ထည့်မပြောခဲ့ပေ။ ယူနီကွန်းငါးမန်းမှာ ခြသေ့်အရေခွံခြုံထားသည့် မြည်းငတုံးတစ်ကောင်မျှသာ ဖြစ်လေသည်။

မဟူရာအဏ္ဏဝါမင်းကြီးဆိုသည့် နတ်မိစ္ဆာဘုရင်သာ သူ့ရင်ထဲတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပုံရလေသည်။

"ဒါဖြင့် ဟိုအအေးစွမ်းအားတွေကို ရှမ်မင်မိစ္ဆာအလင်း

စွမ်းအားလို့ မင်းက ဘယ်လိုလုပ်သိရတာလဲ"

ဆန်းလျန်က မေးလိုက်သည်။

"ဘာလို့လဲဆိုတော့ တာအိုဆရာရှမ်မင်က အဲဒီလိုပြောသွားလို့

ပါ ၊ သူက ဒီနေရာကို အအေးစွမ်းအားရှာဖို့လာတာပါ ၊ ဒါပေ

မယ့် မင်းကြီးက သဘောမတူတာနဲ့ သူတို့နှစ်ယောက်တိုက်ခိုက်

ကြတယ် ၊ အဲဒီတာအိုဆရာရဲ့ အလင်းတန်းတွေက မင်းဆီက

အလင်းတန်းနဲ့ ဆင်တူတယ် ၊ အဲဒီတာအိုဆရာရဲ့ အလင်းတန်း

က ကျုပ်ကို ထိမိပြီး သတိမေ့သွားတာ ၊ ကျုပ်သတိရလာ

တော့ အစားစားမလို့ရှာပေမယ့် စားစရာ ဘာတစ်ခုမှ မတွေ့

ဘူး"

ယူနီကွန်းငါးမန်းက ပြောလိုက်လေသည်။

ဆန်းလျန်မှာ သဘောပေါက်သလို ရှိသွားလေသည်။ တစ်ချိန်

က တာအိုဆရာရှမ်မင်သည် ရှမ်မင်မိစ္ဆာအလင်းစွမ်းအားဟု

ခေါ်သည့် အစွန်းရောက် ယင် စွမ်းအားနှင့် အအေးစွမ်းအားမှ ရေခဲအလင်းပြုလုပ်ရန်အတွက် ဤနေရာသို့ ရောက်လာခြင်း ဖြစ်လေသည်။ သို့သော် နတ်မိစ္ဆာဘုရင်တစ်ပါး၏ တားဆီးခြင်းကိုခံရပြီး တိုက်ခိုက်ခဲ့ကြသည်။ တာအိုဆရာရွှမ်မင်၏ ရေခဲအလင်းစွမ်းအားနှင့် ထိခိုက်မိပြီး ယူနီကွန်းငါးမန်းမှာ နှစ်ပေါင်းများစွာ အေးခဲသွားပြီး ယခုမှ ပြန်လည်သတိရလာခြင်း ဖြစ်လေသည်။

ယခုအချိန်တွင်တော့ တာအိုဆရာရွှမ်မင်ရော မဟူရာအဏ္ဏဝါမင်းကြီးပါ ဤနေရာတွင် ရှိမနေတော့ပေ။ တိုက်ပွဲတွင် မည်သူအနိုင်ရခဲ့သည်လဲဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။ တာအိုဆရာရွှမ်မင်မှာ လောကနတ်ဘုရားအဆင့် တက်ရောက်ပြီးမှ ဤနေရာသို့ လာခဲ့ခြင်း ဖြစ်နိုင်လေသည်။ ထို့ကြောင့် ဤမျှနက်သည့် ရေအောက်သို့ ဆင်းသက်လာနိုင်ခြင်း ဖြစ်သည်။

ထို့ပြင် တာအိုဆရာရှမ်မင်ကိုပင် ဆန့်ကျင်ရဲသည့် နတ်မိစ္ဆာဘုရင်မှာလည်း လောကနတ်ဘုရားထက်ပင် သာလွန်သည့် တန်ခိုးစွမ်းအားရှိရမည်ဖြစ်လေသည်။ သို့သော် ရေအောက်နန်းတော်ကိုသွားသည့် လမ်းကျဉ်းလေးတွင် ရေးသားထားသည့် သင်္ကေတများသည် လောကနတ်ဘုရားအဆင့်ကိုပင် ကျော်လွန်နေသေးသည်။

ထို့ပြင် ယူနီကွန်းငါးမန်းကလည်း မဟူရာအဏ္ဏဝါမင်းကြီးတွင် နတ်မိစ္ဆာစစ်သည်များ ထားရှိခြင်းမရှိဟု ပြောခဲ့လေသည်။ ထိုသတ္တဝါမှာ ရေအောက်နန်းတော်သို့ပင် မရောက်ဖူးပေ။ မဟူရာအဏ္ဏဝါမင်းကြီးသည် ရေအောက်နန်းတော်ကြီးတွင် လျှို့ဝှက်ချက်တစ်ခုကိုများ ဖုံးကွယ်ထားလေသလား။

ဤသည်မှာ ဆန်းလျန်၏ ခန့်မှန်းချက်များသာဖြစ်လေသည်။ သူ့အနေဖြင့် ရေအောက်နန်းတော်ကိုလည်း ချိုးဖျက်ဝင်ရောက်နိုင်စွမ်း မရှိပေ။ ထို့ပြင် စြက်န်လမ်းလေးတစ်လျှောက်

ထူးဆန်းသည့် သင်္ကေတများကိုလည်း နားမလည်ပေ။ သူ၏
နေရာသို့ လာရသည့် ရည်ရွယ်ချက်မှာ ရေခဲအလင်းဖန်ဆင်း
ရန်အတွက် အအေးစွမ်းအား လာရှာခြင်းသာဖြစ်လေသည်။
သူလက်လှမ်းမမီသေးသည့် အခြားသော အရာများကို
အတင်းအဓမ္မနားလည်အောင်ကြိုးစားရန် မလုပ်သင့်သေးပေ။

အခန်း (၂၂၂)

တုန်းယီမျိုးနွယ်စု

ထိုသို့တွေးလိုက်မိသည်နှင့် ဆန်းလျန် မှန်ကန်သည့်
ဆုံးဖြတ်ချက်ကို ချလိုက်သည်။ ရေကန်ငယ်လေးဆီမှ ပုလဲ

များမှ ထွက်ပေါ်နေသည့် အလင်းရောင်များက သူ၏

စိတ်နှလုံးကို သန့်ရှင်းစင်ကြယ်သွားစေလေသည်။

မိုးအောက်မြေပြင်တွင် ရတနာပစ္စည်းများစွာနှင့် ထူးဆန်းသည့်

ကျင့်စဉ်ပညာ များစွာရှိလေသည်။ ထို့ကြောင့် သူမသိနိုင်သည့်

အရာများအတွက် အချိန်ဖြုန်းမနေသင့်တော့ပေ။

ဤခရီးမှ ရေခဲအလင်းဖန်ဆင်းရန် အအေးစွမ်းအားရလျှင်

လုံလောက်ပြီ ဖြစ်သည်။ အခြားအရာများကို လျှောက်ပြီး

စဉ်းစားနေစရာ မလိုတော့။

မည်သည့်အရာမှ အလွန်အကျွံမဖြစ်သင့်ပေ။

ဆန်းလျန်သည် တစ်ခဏတာမျှ လောဘစိတ် ဝင်ခဲ့မိလေ

သည်။ သို့သော် အခိက သူလာရသည့် ရည်ရွယ်ချက်ကို

ချက်ချင်းပင် ပြန်လည် သတိရသွားသည်။

ထိုသို့ဆုံးဖြတ်ချက်ချပြီးသည့်နောက်တွင်တော့…

ရွှမ်မင်မိစ္ဆာအလင်းစွမ်းအားဟုခေါ်သည့် အစွန်းရောက် ယင်စွမ်းအားနှင့် အအေးစွမ်းအားပေါင်းစပ်ထားသည့် စွမ်းအားကို အသုံးပြုပြီး ရေခဲအလင်းကျင့်စဉ်ကို သူ ဆယ်ရက်ခန့် ကျင့်ကြံလိုက်လေသည်။

သူ၏ ဝိညာဉ်စွမ်းအားနှင့် တန်ခိုးစွမ်းအားမြင့်မားမှုကြောင့် ရေခဲအလင်းကျင့်စဉ် ကျင့်ကြံသည့်အခါ လွန်စွာမှ လျှင်မြန်လေသည်။

နောက်ဆယ်ရက်တွင်တော့ သူက အအေးစွမ်းအားများကို သူနှင့်အတူ ယူဆောင်သွားရန် ပြင်ဆင်ခြင်းကို ပြုလုပ်လေသည်။ သူက ယူနီကွန်းငါးမန်းကိုလည်း လွှတ်ပေးလိုက်သည်။ ယူနီကွန်းငါးမန်းမှာ ရေအောက်တွင်နေသည့် သတ္တဝါတစ်ကောင်မျှသာဖြစ်လေသည်။ တန်ခိုးစွမ်းအားလည်း သိပ်မရှိပေ။ ဤမျှနက်သည့်ရေအောက်သို့ရောက်လာနိုင်သည့် ကျင့်ကြံသူနှင့်

နတ်မိစ္ဆာများကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း မရှိပေ။ ထို့ကြောင့် ဆန်းလျန်က သူ့ကို လွှတ်ပေးလိုက်ခြင်းဖြစ်လေသည်။

ထူးဆန်းသည်မှာ ယူနီကွန်းငါးမန်းမှာ ရှမ်မင်မိစ္ဆာအလင်းစွမ်းအားကြောင့် ဒဏ်ရာရသွားခြင်းမရှိဘဲ အေးခဲသွားခြင်းမျှသာရှိလေသည်။ သူ၏ မွေးရာပါ ဇီဝဖြစ်တည်မှု ထူးဆန်းသည့်အတွက် ထိုသို့ ဖြစ်ရခြင်းလည်း ဖြစ်နိုင်လေသည်။

သူ့ကို လွှတ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်သည့်အနေဖြင့် ယူနီကွန်းငါးမန်းက ဝိညာဉ်စွမ်းအားများနှင့်ပြည့်နေပြီး ရှားပါးသည့် နှစ်တစ်သန်းသန္တာကျောက်ကို ဆန်းလျန်ကို လက်ဆောင်ပေးလေသည်။

ယူနီကွန်းငါးမန်း၏စေတနာကို ဆန်းလျန်က မငြင်းတော့ပါ။

ရေခဲအလင်းဖန်ဆင်းမှု လုံလောက်ပြီဟု ဆန်းလျန် ယူဆလိုက်သည်။ ရှမ်မင်အလင်းစွမ်းအားများမှာ လေထဲတွင် တောက်ပနေလေသည်။ သူသာ ရေခဲအလင်း ဆက်လက်ဖန်ဆင်းနေမည်

ဆိုလျှင် ပင်လယ်များကိုလုံး၏ ဟန်ချက်ညီမှု ပျက်စီးသွားပြီး အအေးစွမ်းအားများ ခမ်းခြောက်သွားမည် ဖြစ်လေသည်။

ဤကဲ့သို့သောနေရာမျိုးတွင် အအေးစွမ်းအား ခမ်းခြောက်သွားလျှင် များစွာ နှမြောစရာကောင်းမည် ဖြစ်သည်။

ထို့ပြင် ရည်ရွယ်ချက်လည်း အောင်မြင်ခဲ့ပြီ ဖြစ်သဖြင့် ဆန်းလျန် ဆက်မနေသင့်တော့ပေ။

သူ ဆုံးဖြတ်ချက်ချပြီးသည်နှင့် ထွက်ခွာရန် ပြင်ဆင်လိုက်သည်။

"မင်းပြန်တော့မလို့လား"

ရွှမ်မင်မိစ္ဆာအလင်းစွမ်းအားများ မှိန်သွားသည့်အတွက် ဆန်းလျန်အနားတွင်ရှိနေသည့် ယူနီကွန်းငါးမန်းက မေးလိုက်ခြင်းဖြစ်သည်။

ဆန်းလျန်က ထိုသတ္တဝါကို လှမ်းကြည့်ပြီး တစ်ချက်ပြုံးလိုက်သည်။

"မင်းက ဘာလုပ်မလို့လဲ"

ဟု မေးလိုက်လေသည်။

"နတ်ဘုရားတွေမှာ သူတို့ကိုယ်ပိုင် စီးတော်ယဉ်တွေရှိကြတယ်လို့ ကြားဖူးတယ် ၊ ဒါမှ ခရီးသွားရင် ဂုဏ်ရှိတာပေါ့ ၊ ကျုပ်ကို မင်းရဲ့ စီးတော်ယဉ် လုပ်ခွင့်ပေးပါလား"

ယူနီကွန်းငါးမန်းက ခွင့်တောင်းလိုက်လေသည်။

ဆန်းလျန်နှင့် ရက်အနည်းငယ် အတူနေခဲ့ပြီးသည့်နောက် ဆန်းလျန်၏ တန်ခိုးစွမ်းအား မည်မျှကြီးမားကြောင်း ယူနီကွန်းငါးမန်းက သိနေပြီဖြစ်သည်။

နတ်မိစ္ဆာများအတွက် ကျင့်စဉ်လမ်းလျှောက်လှမ်းနိုင်ရန်မှာ မလွယ်ကူလှပေ။ ဆန်းလျန်နှင့်သာ အတူရှိနေလျှင် သူ လူသားအသွင်ပြောင်းရန်အတွက် ဆန်းလျန်က ကူညီပေးနိုင်သည့်အပြင် သူ၏ကျင့်စဉ်လမ်းတိုးတက်အောင်လည်း ကူညီပေးနိုင်

လေသည်။ ထို့ပြင် ဆန်းလျန်၏ စိတ်နေစိတ်ထားမှာ မဟူရာ အဏ္ဏဝါမင်းကြီးထက် များစွာသာလွန်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း....

"မင်းက တန်ခိုးစွမ်းအား နည်းသေးတယ်၊ ရေအောက်မှာပဲနေပြီး ကျင့်ကြံမှုတွေပြုလုပ်ပါဦး၊ အနာဂတ်မှာ ကျုပ်တို့ ပြန်ဆုံချင်မှ ဆုံကြလိမ့်မယ်၊ ဒါပေမယ့် မင်းကို တစ်ခုတော့ အကြံပေးချင်တယ်၊ ပင်လယ်မျက်လုံးထဲမှာ မဟူရာအဏ္ဏဝါနန်းတော်ရှိတယ်၊ ကျုပ်က အဲဒီနန်းတော်ကို တန်ခိုးစွမ်းအား လှိုင်းတွေနဲ့ စမ်းသပ်ခဲ့တဲ့အတွက် တစ်နှစ်ကျော်ရင် ဒုက္ခဖြစ်လာလိမ့်မယ်၊ မင်းအသက်ရှင်ချင်တယ်ဆိုရင် ဒီနေရာမှာ မနေနဲ့တော့"

ဟု ပြောလိုက်လေသည်။

ဆန်းလျန်မှာ သားရဲတစ်ကောင်ကို လွယ်လွယ်ကူကူ မွေးတတ်သူတစ်ယောက်မဟုတ်ပေ။ ထို့ပြင် သူ့တွင် ချမ်းမော့လည်း ရှိနေပြီးသားဖြစ်လေသည်။

ထို့ပြင် သူက ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်သည့်အတွက် သူလုပ်သည့်အလုပ်တိုင်းသည် ချင်းရွှမ်နတ်တံခါး၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေလေသည်။ ထို့ကြောင့် လေပေါ်တွင် နဂါးစီးပြီး ခရီးနှင်နိုင်သည့်သူ မဖြစ်သေးမချင်း ဇစ်မြစ်မသိသည့် နတ်မိစ္ဆာများကို မွေးမြူမထားချင်ပေ။

ကောလဟာလဆိုသည်က ပျံ့နှံ့လွယ်ပြီး တကယ်တမ်းပျံ့နှံ့လျှင်လည်း ကောင်းသတင်းထက် ဆိုးသတင်းကသာ အရင်ပျံ့နှံ့မည် ဖြစ်လေသည်။ ဆန်းလျန်က ကောလဟာလများကို ဂရုစိုက်တတ်သူမဟုတ်သည့်တိုင် အနေအထိုင် မဆင်ခြင်၍တော့ မရပေ။

ထို့ပြင် ယူနီကွန်းငါးမန်းကိုလည်း ကောင်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် သူက အကြံပေးလိုက်ခြင်းဖြစ်လေသည်။ သူ ၏တန်ခိုးစွမ်းအားများဖြင့် စမ်းသပ်တိုက်ခိုက်ခဲ့မှုများ သည် နောင်တစ်ချိန်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်လာနိုင်ကြောင်း ကို သူ၏ ထန်ထျန်းတန်ခိုးစွမ်းအားဖြင့် သိမြင်နေခဲ့လေသည်။ ယူနီကွန်းငါးမန်းသာ ဤနေရာတွင် ဆက်လက်နေထိုင်လျှင် မုချသေရမည် ဖြစ်လေသည်။

ဆန်းလျန်က အကြံပေးရုံသာ တတ်နိုင်ပြီး နားထောင်မည် မ ထောင်မည်ကတော့ ယူနီကွန်းငါးမန်း၏ သဘောအတိုင်းသာ ဖြစ်လေသည်။

ဆန်းလျန်က စကားဆုံးသွားသည်နှင့် အလင်းရောင်တစ်ချက် တောက်ပသွားပြီး ပျောက်ကွယ်သွားလေသည်။ ကြီးမားလွန်း သည့် ရေဖိအားကိုသူခံစားရပြီး တည်ငြိမ်နေသည့်ရေကို ဖောက်ခွဲထွက်လိုက်လေသည်။ ရေမျက်နှာပြင်ပေါ်သို့ အလွန်

လျှင်မြန်စွာ သူပြန်ရောက်လာလေသည်။ သူက ရေထဲမှ လေပေါ်သို့တက်လိုက်ကာ တိမ်များနောက်ကွယ်တွင် ပျောက်ကွယ်သွားလေသည်။

ရေခဲအလင်းစွမ်းအားအချို့ကို ရရှိခဲ့သော်လည်း ပျော်ရွှင်မှုကို သူမခံစားရပါ။

သူသွားခဲ့သည့်ခရီး၏ တန်ဖိုးရှိသည့်အချက်မှာ ရေခဲအလင်းမဟုတ်ခဲ့ပါ။ ထူးဆန်းလွန်းသည့် မဟူရာအဏ္ဏဝါနန်းတော်ကြီးဖြစ်လေသည်။ ဆန်းလျန်က သူ၏နတ်ဘုရားစွမ်းအားဖြင့်စိတ်တွင်ဖြစ်ပေါ်နေသည့်လောဘများကို ပယ်သတ်လိုက်ပြီးစိတ်ကို သန့်စင်စေလိုက်သည်။ ထိုနန်းတော်ကြီးမှာ သူလက်လှမ်းမီနိုင်လောက်အောင် အဆင့်မြင့်မားသည့်အရာတစ်ခုဖြစ်နေသည် မဟုတ်ပါလား။

ဆန်းလျန် တိမ်ကိုစီးနှင်ကာ နတ်ဘုရားဈေးပွဲတော်သို့တန်းသွားလိုက်သည်။

ငှက်များကြားတွင် တိမ်ဖြူကိုစီးနှင်ပြီး ကျယ်ပြောလှသည့် ကောင်းကင်တစ်ခွင်တွင် ပျံသန်းရသည်မှာ ဆန်းလျန်အတွက် တော့ အသားကျနေခဲ့ပြီ။

ရုတ်တရက်...

မြေပြင်ဆီမှ ထက်မြက်သည့်မြားတစ်စင်းသည် လေထုကို ထိုးခွင်းကာ ဆန်းလျန်ဆီသို့ ဝင်ရောက်လာလေသည်။

ဝင်ရောက်လာသည့်မြားမှာ လျှပ်စီးလက်သကဲ့သို့ လျှင်မြန်လှသည်။ သို့သော် ဆန်းလျန်က ပို၍လျှင်မြန်လေသည်။

သူ့လို အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ကို မည်သူက အလစ်ဖမ်းပြီး တိုက်ခိုက်ပါသနည်း။

ဆန်းလျန်က အစိမ်းရောင်အလင်းတန်းတစ်ခု ထုတ်လွှတ်လိုက်ပြီး အလင်းတန်းက လေထဲတွင် အရှိန်အဟုန်ပြင်းစွာ လှည့်ပတ်သွားလေသည်။ အလင်းတန်းသည် မြွေတစ်ကောင် အလား မြားကိုရစ်ပတ်ကာ ထိန်းချုပ်ထားလိုက်လေသည်။

ဆန်းလျန်က လေကိုလှည့်ပတ်သည့် သာမန်ပညာလေးတစ်ခု ကိုသာ အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။ တန်ခိုးစွမ်းအားမှ ကြီးကြီးမားမား သုံးလိုက်ခြင်းမဟုတ်ပေ။

ဆန်းလျန်မှာ သူနှင့်အဆင့်တူကျင့်ကြံသူများထဲတွင် တန်ခိုး စွမ်းအား အမြင့်မားဆုံးသူတစ်ယောက် ဖြစ်လေသည်။ ဆန်း လျန်၏ တန်ခိုးစွမ်းအားမှာ သန့်စင်ပြီး သူ၏ ရွှေပြဒါး အမြုတေစွမ်းအားမှာလည်း ပြင်းထန်လွန်းလေသည်။

ထို့ကြောင့် သာမန်ပညာလေးတစ်ခုကို အသုံးပြုသည့်တိုင် တန်ခိုးစွမ်းအားက ကြီးမားနေလေသည်။

သို့သော် အချိန်တစ်ခဏလေးအတွင်းမှာပင် မြားက အစိမ်း ရောင်အလင်းတန်းများကြားမှ ဖောက်ထွက်ပြီး ဆန်းလျန်ဆီ သို့ အလွန်လျှင်မြန်သည့်အရှိန်ဖြင့် ထပ်မံဝင်ရောက်လာလေ သည်။

ထိုသို့ စွမ်းအားပြင်းထန်သည့် မြားကိုပစ်လွှတ်နိုင်သူမှ တန်ခိုး စွမ်းအား မည်မျှကြီးမားသည်ကို မခန့်မှန်းနိုင်ပေ။ ထို့ပြင် လေးသမားက မြားကို နှစ်ဆင့်ခုန်ပြီး ပစ်ခတ်လိုက်ခြင်းဖြစ် လေသည်။

ရိုးရှင်းသည်ဟု ထင်ရသည့်တိုင် အလွန်မြင့်မားသည့် မြားပစ် စွမ်းရည်ပင် ဖြစ်လေသည်။ ဒုတိယအကြိမ် ပစ်ခတ်လိုက်သည့် မြားချက်က ပထမအကြိမ်ပစ်ခတ်လိုက်သည့် မြားချက်ထက် ပင် ပိုပြီး လျှင်မြန်လေသည်။

ဆန်းလျန်က ထိတ်လန့်သွားခြင်းမရှိပါ။ သူက လက်တစ်ဖက် ကိုဝှေ့ယမ်းလိုက်ပြီး မြားကို ဖမ်းလိုက်လေသည်။ သူ့ထံသို့ ဝင် ရောက်လာသည့်မြားက စွမ်းအားကြီးမားသည့်တိုင် သူ၏ တန်ခိုးစွမ်းအားက ပိုပြီး ပြင်းထန်လွန်းလေသည်။

ဆန်းလျန်က မြားကို သိမ်းဆည်းလိုက်ပြီး အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်သည်။ ပင်လယ်ထဲတွင် ကျွန်းတစ်ကျွန်းကို တွေ့မြင်ရလေသည်။

သူ့ကို မြားဖြင့်ပစ်သည့်သူမှာ မည်သူဖြစ်သည်ကို ဆန်းလျန် သိချင်နေမိသည်။

ထို့ကြောင့် သူက ဥက္ကာပျံတစ်စင်းအလား မြေပြင်ပေါ်သို့ ဆင်းသက်လိုက်လေသည်။ လေထဲတွင် ရောင်စင်ရှစ်မျိုး ဖြာလင်းပြီး ကျန်ရစ်ခဲ့လေသည်။

ဆန်းလျန်က မြေပြင်ပေါ်သို့ ဆင်းသက်ခြင်းမရှိဘဲ တိမ်များကြားတွင်ပျံဝဲရင်း မြေပြင်ကို လေ့လာကြည့်လိုက်သည်။

သူ့ရှေ့တွင် လူတစ်စုကိုတွေ့လိုက်ရလေသည်။ ထိုလူစု၏ခေါင်းဆောင်မှာ လူငယ်တစ်ယောက်ဖြစ်ပြီး ကျားအရေခွံကို ဝတ်ဆင်ထားလေသည်။ ထိုလူငယ်ခေါင်းဆောင်၏ လက်ထဲတွင် ကြီးမားသည့်လေးတစ်စင်းကို ကိုင်ဆောင်ထား

ပြီး သူ၏မျက်ခုံးနှစ်ခုကြားတွင် မီးတောက်ပုံသဏ္ဍာန် အနီရောင် သင်္ကေတတစ်ခု ရှိနေလေသည်။

လူငယ်မှာ ပိန်ပိန်ပါးပါးဖြစ်သည့်တိုင် ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများက ပေါက်ကွဲလုမတတ် ပြင်းထန်နေလေ သည်။

ထိုလူငယ်မှာ ဆန်းလျန်ကိုတွေ့သည်နှင့် ပါးစပ်မှ စကားလုံး များစွာ ရေရွတ်ပြောဆိုလိုက်လေသည်။

ဆန်းလျန်က ထိုလူငယ်ကို အပြစ်တင်ရန် ပြင်ဆင်လိုက် သော်လည်း လူငယ် ရေရွတ်လိုက်သည့် စကားများကို ကြားလိုက်ရသည်နှင့် အပြစ်တင်ခြင်းမပြုတော့ပေ။

“မင်းက တုန်းယီ မျိုးနွယ်စုကလား…”

ဆန်းလျန်က လူငယ်ရေရွတ်ပြောဆိုနေသည့် ဘာသာစကားကို ပင် အသုံးပြုကာ မေးမြန်းလိုက်လေတော့သည်။

အခန်း (၂၂၃)

သူစိမ်းများ

တုန်းယီမျိုးနွယ်စုဆိုသည်မှာ ရှေးဟောင်းမျိုးနွယ်စုတစ်ခုဖြစ်ပြီး သာမန်လူများနှင့်မတူဘဲ ထူးဆန်းသူများဖြစ်ကြလေသည်။ တုန်းယီမျိုးနွယ်စုမှလူများ၏ သွေးကြောဖွဲ့စည်းပုံများက ထူးခြားပြီး မွေးရာပါတန်ခိုးစွမ်းအား ပိုင်ဆိုင်ထားကြသူများဖြစ်သည်။ မျိုးနွယ်စုခေါင်းဆောင်မှာ တစ်တန်ကျော်လေးသည့် လေးကို ကိုင်ဆောင် ပစ်ခတ်နိုင်စွမ်းရှိလေသည်။

ရှေးယခင်တုန်းက တုန်းယီမျိုးနွယ်စုမှ စစ်သည်တော်တစ်ယောက်ဆိုလျှင် အရှေ့ပင်လယ်ရှိ ကန္တာရကျွန်းတစ်ကျွန်းပေါ်မှ မြားကိုးစင်းပစ်လွှတ်ပြီး ခေါင်းကိုးလုံးမြွေပျံမိစ္ဆာကို တစ်ချက်တည်းဖြင့် နှိမ်နင်းခဲ့ဖူးလေသည်။

ထိုအဖြစ်အပျက်များကို "နတ်ဘုရားများနှင့်နတ်မိစ္ဆာများ၏ထူးဆန်းသည့်သမိုင်းကြောင်းများ" ဆိုသည့် စာအုပ်တွင် ရေးသားထားသည်ကို ဆန်းလျန် ဖတ်ခဲ့ရခြင်းဖြစ်လေသည်။

ထိုစစ်သည်တော်မှာ အသက်နှစ်ရာရှည်ခဲ့လေသည်။ စွမ်းအားကြီးမားလွန်းသည့် စစ်သည်တော်တစ်ပါးဖြစ်သည့်တိုင် သေခြင်းတရားကိုတော့ လွန်ဆန်နိုင်ခြင်းမရှိခဲ့ပေ။ သို့သော် တုန်းယီမျိုးနွယ်စုမှ လူသားများမှာ လေးအတတ်ကျွမ်းကျင်မှု ထိပ်ဆုံးအဆင့်သို့ရောက်ရှိသည့်သူများ ဖြစ်သည့်အတွက် လောကနိယာမတရားများကို နားလည်သူများဖြစ်သလို သူတို့ကိုယ်သူ

တို့လည်း နားလည်ကြလေသည်။ ထို့ကြောင့် အသက်ရှည်ခြင်း အခြေခံအကြောင်းရင်းများကို သိရှိသည့်အတွက် အသက်ရှည် ကြသည်မှာတော့ မဆန်းလှပေ။

ခေါင်းဆောင်လူငယ်မှာ ဆန်းလျန်က သူတို့မျိုးနွယ်စု ဘာသာစကားကို ပြောလိုက်သည့်အတွက် အံ့သြဝမ်းသာသွား လေသည်။

အမှန်တော့ လူငယ်ခေါင်းဆောင်သည် ဆန်းလျန်ကို ငှက်တစ် ကောင်နှင့် အမှတ်မှားကာ မြားဖြင့်ပစ်လိုက်ခြင်းဖြစ်လေ သည်။ သူတို့က ဆန်းလျန်မှာ လေတွင်ပျံသန်းနေသည့် တန်ခိုး ရှင်တစ်ပါးဟု ထင်မှတ်မထားမိပေ။ သို့သော် ယခုတော့ သူတို့ ကြောင့် ဆန်းလျန် ဒဏ်ရာရသွားခြင်းမရှိသည့်အတွက်ပင် ဝမ်းသာနေကြသည်။ လူငယ်ခေါင်းဆောင်က ဆန်းလျန်ကို တောင်းပန်းစကားအကြိမ်ကြိမ်ပြောကြားပြီး မှားယွင်းပစ်ခတ်

မိသည့်အတွက် လျော်ကြေးမည်မျှပေးရမည်လဲ မေးမြန်းနေလေသည်။

ဆန်းလျန်ပျံသန်းနေသည့်အချိန်တွင် ကောင်းကင်တစ်ခုလုံးမှာ တိမ်များမြူများဖြင့်ဖုံးလွှမ်းနေပြီး ဆန်းလျန်ဝတ်ဆင်ထားသည့် ဝတ်ရုံမှအင်္ကျီလက်နှစ်ဖက်မှာလည်း လေထဲတွင် လွင့်ပျံနေသည့်အတွက် အတောင်နှစ်ဖက်ခတ်ကာ ပျံသန်းနေသည့် ငှက်တစ်ကောင်အလား ထင်မှားသွားရခြင်းဖြစ်လေသည်။ အဘယ်ကြောင့် လူငယ်ခေါင်းဆောင်သည် မြားကို မစူးစမ်းဘဲ အလျှင်စလို ပစ်ခတ်လိုက်ရပါသနည်း။ ကောင်းကင်တွင် ငှက်များစွာ ပျံသန်းနေသည့်အတွက် ထိုသို့ အထင်မှားကာ အလျင်စလိုပစ်ခတ်လိုက်ရခြင်း ဖြစ်သည်ဟု ဆိုလေသည်။

ဆန်းလျန်က လူငယ်ခေါင်းဆောင်ကို မသိမသာလေ့လာနေလိုက်သည်။ လူငယ်မှာ ငယ်ရွယ်ပြီး ကြည်လင်သည့် မျက်ဝန်းများကို ပိုင်ဆိုင်ထားလေသည်။ သူ၏လက်ထဲတွင် ထူးဆန်း

သည့်လေးကို တင်းကြပ်စွာစုပ်ကိုင်ထားသည်။ လေးပေါ်တွင် မည်သည့်အင်းစာလုံးမှ ရေးထွင်းထားခြင်းမရှိဘဲ လေးကြိုးမှာလည်း တင်းကြပ်နေလေသည်။ ထိုလေးကိုတင်နိုင်ရန်အတွက် အလွန်ခွန်အားကြီးမှပင်ရမည်ဖြစ်လေသည်။

ဆန်းလျန်က လူငယ်ခေါင်းဆောင်၏နောက်မှ လူအုပ်စုကို ကြည့်လိုက်သည်။ ထိုလူအုပ်၏မျက်လုံးထဲတွင် ကြောက်ရွံ့မှုများ အထင်းသားပေါ်လွင်နေလေသည်။ ထို့ပြင် သူတို့ကိုကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်နေပုံလည်းရလေသည်။

လူငယ်ခေါင်းဆောင်၏မျက်ဝန်းအစုံမှာလည်း ကြည်လင်ပြီး စွမ်းအားပြည့်ဝနေသည့်တိုင် သူ၏ပုံစံမှာ တစ်စုံတစ်ခုကို စိတ်ပူပန်ပြီး အသင့်စောင့်စိုင်းနေသည့်အနေအထားမျိုးဖြစ်လေသည်။

သူက ဆန်းလျန်ကို တောင်းပန်စကားပြောနေရင်းနှင့်ပင် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်နေလေသည်။

ဆန်းလျန်လည်း တစ်စုံတစ်ခုကို မသင်္ကာဖြစ်လာပြီး သူ၏စိတ်အာရုံစူးစိုက်မှုစွမ်းအားကို ထုတ်လွှတ်လိုက်လေသည်။ ထိုအခါ လေထဲမှ ထူးဆန်းသည့်အသံတစ်ခုကို ကြားလိုက်ရလေသည်။ ကောင်းကင်ထက်တွင် တိမ်တစ်အုပ်သည် လျှင်မြန်သည့်အရှိန်ဖြင့် ပျံသန်းနေလေသည်။ ထိုတိမ်များဆီမှ လျှပ်စီးမှိန်မှိန်လေး ထွက်ပေါ်နေပြီး မိုးခြိမ်းသံများကိုလည်း ကြားနေရလေသည်။ ထိုတိမ်တိုက် ရွေ့လျားနေပုံမှာ ဆန်းလျန် ကောင်းကင်ထက်တွင်ပျံသန်းနေသည့်ပုံသဏ္ဍာန်နှင့်ဆင်တူလေသည်။ သို့သော် သေသေချာချာကြည့်မည်ဆိုလျှင်တော့ တူညီမှုလုံးဝမရှိသည်ကို သတိပြုနိုင်မည်ဖြစ်လေသည်။

ထိုတိမ်တိုက်ကိုမြင်သည်နှင့် လူငယ်ခေါင်းဆောင်၏ ခန္ဓာကိုယ်မှာ တစ်ချက်တောင့်တင်းသွားပြီး လေးကိုတင်ကာ ကောင်းကင်ထက်သို့ မြားတစ်စင်းကို ပစ်လွှတ်လိုက်လေသည်။

သူ့ဘေးနားရှိ စစ်သည်တော်အုပ်စုမှာလည်း ချက်ချင်းပင် အသင့်အနေအထား ပြင်ဆင်လိုက်ကြပြီး သူတို့၏လက်ထဲမှ သစ်သားလှံတံများကို မိုးပေါ်သို့ ကိုင်မြှောက်လိုက်ကြလေသည်။

စစ်သည်တော်များအားလုံးမှာ ကြွက်သားများဖြင့်တောင့်တင်းသည့် ခန္ဓာကိုယ်ရှိကြပြီး ကြည့်ကောင်းကြလေသည်။

သာမန်လူသားများနှင့်ယှဉ်လျှင် ထိပ်တန်းအဆင့် စစ်သည်တော်များဖြစ်လေသည်။

ကောင်းကင်ထက်တွင်ပျံသန်းနေသည့် တိမ်တိုက်ဆီမှ မိစ္ဆာစွမ်းအားများထွက်ပေါ်နေလေသည်။

လူငယ်ခေါင်းဆောင်ပစ်လွှတ်လိုက်သည့် မြားသည် မသိမသာ တိမ်းစောင်းသွားပြီး လေထဲတွင် လှပသည့်စက်ဝိုင်းပုံသဏ္ဍာန် ကွေ့ဝိုက်သွားကာ တိမ်တိုက်ဆီမှ ထူးဆန်းသည့်အရာကို ထိုးစိုက်လိုက်လေသည်။

တိမ်းတိုက်များ ရုတ်တရက် စုစည်းသွားပြီး တိမ်တိုက်ထဲမှ အရာက မြားကို ပြန်လည်တိုက်ခိုက်လိုက်သည်။တိုက်ခိုက်လိုက်သည့်အတွက် တိမ်တိုက်ထဲမှအရာကို မြင်တွေ့လိုက်ရလေသည်။ ထိုသတ္တဝါမှာ ငှက်ဦးခေါင်းနှင့် လူခန္ဓာကိုယ်ရှိပြီး သူ၏နံရိုးများကြားမှ အတောင်နှစ်ဖက် ငေါ်ထွက်နေလေသည်။ ထိုအတောင်များကို တဖျတ်ဖျတ်ခတ်လိုက်လျှင် မိုးကြိုးမုန်တိုင်းငယ်တစ်ခုကို ဖြစ်ပေါ်စေလေသည်။

ထိုသတ္တဝါ၏ပုံသဏ္ဍာန်မှာ လူသားနှင့်ဆင်တူလေသည်။ ဆန်းလျှန်မှာ လူသားနှင့်ဆင်တူသည့် သတ္တဝါများအကြောင်းကို စာအုပ်များထဲတွင် များစွာဖတ်ဖူးလေသည်။

သို့သော် ယခုကဲ့သို့ နံရိုးများကြားမှ အတောင်ပံများပေါက်နေပြီး မိုးကြိုးမုန်တိုင်းကိုဆင့်ခေါ်နိုင်သည့် သတ္တဝါမျိုးကိုတော့ ပထမဆုံးအကြိမ်တွေ့ဖူးခြင်း ဖြစ်လေသည်။

တိမ်တိုက်အစုအဝေးက လူငယ်ခေါင်းဆောင်ပစ်လွှတ်လိုက်

သည့်မြားကို ရိုက်ချလိုက်လေသည်။ လေထဲမှ လေချွန်သံ

ကဲ့သို့ စူးရှသည့်အသံတစ်ချက် ထွက်ပေါ်လာပြီး မြားမှာ

အစိတ်စိတ်အမွှာမွှာဖြစ်သွားရလေသည်။

ထိုခဏလေးအတွင်းမှာပင် တိမ်တိုက်များမှာ အမြင့်ဆုံးအဆင့်

ထိ သိပ်သည်းသွားပြီး ကြောက်မက်ဖွယ်ရာ ပေါက်ကွဲထွက်

သွားလေသည်။

သို့သော် အလွန်ဝေးလံလှသဖြင့် အဖြစ်အပျက်များကို ဆန်း

လျန် သေသေချာချာ မမြင်တွေ့လိုက်ရပေ။ သို့သော် သူအလွန်

စိတ်ဝင်စားသွားမိလေသည်။

ငှက်လူသားမှာ ရပ်တန့်သွားခြင်းမရှိပါ။ သို့သော် အောက်သို့

ဆင်းလာလေသည်။ မိုးခြိမ်းသံများမှာလည်း ကျယ်လောင်လာ

ပြီး အပြာရောင်အလင်းဖျော့ဖျော့လေးများ သူ၏ခန္ဓာကိုယ်ပ

တန်ဝန်းကျင်တွင် တောက်ပနေလေသည်။ သူ၏ လျှင်မြန်

သည့်အဟုန်ကတော့ အံ့သြလောက်စရာပင်။

စစ်သည်တော်များက သူတို့၏လှံတံများကို ၄က်လူသားထံသို့

ပစ်လွှတ်လိုက်ကြသည်။

သို့သော် ၄က်လူသားက လှံတံများကို လွယ်ကူစွာပင်

ရှောင်တိမ်းလိုက်လေသည်။ မရှောင်နိုင်သည့်လှံတံများကို

လည်း သူ၏အတောင်ပံဖြင့် ခတ်ထုတ်ပစ်လိုက်လေသည်။

လှံတံအချို့မှာ မိုးကြိုးမုန်တိုင်းကြားတွင် ကျိုးပဲ့ကုန်ကြလေ

သည်။

လူငယ်ခေါင်းဆောင်မှာ ဆန်းလျန်ကို ရှင်းပြနေရန် အချိန်မရ

တော့ပေ။ သူက လေးကိုတင်ကာ ချက်ချင်းပစ်ခတ်လိုက်လေ

သည်။ သူ၏ပစ်ခတ်မှုမှာ လျှင်မြန်လွန်းလှသည်။

လူငယ်ခေါင်းဆောင်က မျက်စိတစ်မှိတ်အတွင်းမှာပင် မြား

ခြောက်ချောင်းပစ်လွှတ်လိုက်ခြင်းဖြစ်လေသည်။

များစွာအားစိုက်ထုတ်လိုက်ရသည့်အတွက် လူငယ်

ခေါင်းဆောင်နဖူးထက်တွင် ချွေးများပင် စို့နေလေသည်။

သို့သော်... သူ၏ နှုတ်ခမ်းများကို တင်းတင်းစေ့ထားပြီး ငှက်

လူသားကို စူးစိုက်ကြည့်နေလေသည်။

မြားခြောက်စင်းမှ လေကိုထိုးခွဲသည့်အသံများထွက်ပေါ်လာပြီး

နဂါးတစ်ကောင်အလား ငှက်လူသားဆီသို့ ထိုးဖောက်ဝင်

ရောက်သွားလေသည်။ မြားခြောက်စင်းဆီမှ ကြီးမားသည့် မိုး

မြေစွမ်းအား လှိုင်းလုံးကြီးကို ဆန်းလျှန်ခံစားမိလေသည်။

လူငယ်ခေါင်းဆောင် လေးတင်လိုက်သည်နှင့် သူ၏ မျက်ခုံး

နှစ်လုကြားမှ အနီရောင်မီးတောက်သင်္ကေတမှာ တစ်

လက်လက် တောက်ပလာလေသည်။ လောင်ကျွမ်းနေသည့်

မီးတောက်တစ်ခုအလားပင်ဖြစ်လေသည်။

လူငယ်ခေါင်းဆောင်၏ စွမ်းအားမှာ ရှေးဟောင်းနတ်ဘုရား

တစ်ပါးကဲ့သို့ သိပ်သည်းပြီး အေးစက်လေသည်။

မည်သည့်တန်ခိုးစွမ်းအားနှင့်မျှ ဆင်တူခြင်းမရှိသည့် စွမ်းအား

တစ်မျိုးဖြစ်လေသည်။

သေသေချာချာ နှိုင်းယှဉ်ပြရမည်ဆိုလျှင် မဟူရာအဏ္ဏဝါ

နန်းတော်မှ ထူးဆန်းသည့် စွမ်းအားနှင့် ဆင်တူနေလေသည်။

ဆန်းလျန်က သူတို့၏ တိုက်ခိုက်မှုကို ဝင်ရောက် စွက်ဖက်ခြင်း

မရှိပါ။ ငှက်လူသားနှင့် တုန်းယီမျိုးနွယ်စုတို့မှာ ရန်သူများဖြစ်

ကြဟန်တူလေသည်။

ဆန်းလျန်က တိုက်ပွဲကို လေ့လာနေလိုက်သည်။

လူငယ်ခေါင်းဆောင်သည် ရက်စက်သည့် နဂါးတစ်ကောင်

အလား ငှက်လူသားကို မြားဖြင့် ချိန်ရွယ်ထားလေသည်။

သူတို့နှစ်ယောက်၏တိုက်ပွဲမှာ သူမသာ ကိုယ်မသာ ဖြစ်နေပြီး

လူငယ်ခေါင်းဆောင်သည် မြားကို အဆက်မပြတ်ပစ်ခတ်နေ

လေသည်။

သူက ရှေးဟောင်းဂါထာတစ်ပုဒ်ကိုလည်း ဗျာန်ကရိုင်းကျကျ ရွတ်ဆိုနေပြီး သူ၏ နဖူးထက်မှ အနီရောင်မီးတောက် သင်္ကေတမှာ ထိုဂါထာရွတ်ဖတ်သည်နှင့် ပိုပြီးတောက်ပလာ လေသည်။ သို့သော် လူငယ်ခေါင်းဆောင်၏ ကိုယ်ထဲမှ စွမ်းအားသည် လျော့နည်းလာပြီဖြစ်သည်ကို ဆန်းလျန် ရိပ်မိ လိုက်လေသည်။

လူငယ်ခေါင်းဆောင်၏ မျက်ခုံးနှစ်ခုကြားမှ အနီရောင် မီးတောက်သင်္ကေတမှာ လူငယ်က ငှက်လူသားဆီသို့ မြားတစ် စင်း ပစ်လွှတ်လိုက်တိုင်း တောက်ပမှုလျော့နည်းသွားရသည်။ ထိုအနီရောင်သင်္ကေတမှ အပူရှိန်များထွက်ပေါ်နေပြီး မီးတောက်မှာ လေထုထဲအထိ စီးဝင်သွားလေသည်။

ထို့နောက်....

လူငယ်သည် အားအင်ကုန်ခမ်းကာ မြေပြင်ထက်သို့ လဲကျ သွားလေတော့သည်။

အခန်း (၂၂၄)

 ပျောက်ဆုံးနေသည့် ကျူးထျန်းတိမ်လွှာ တန်ခိုးစွမ်းအား လေထဲတွင် ကျယ်လောင်သည့် အသံကြီးတစ်ခုထွက်ပေါ်လာပြီး လူငယ်၏ မျက်ခုံးနှစ်ဖက်ကြားရှိ အနီရောင်မီးတောက်မှာ လေထုထဲတွင်စီးမျောသွားပြီး ငှက်လူသားကို ထိမှန်သွားလေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် ငှက်လူသား၏ ငေါထွက်နေသည့် အတောင်ပံများမှာ မီးတောက်ထဲတွင် လောင်ကျွမ်းသွားပြီး မြေပြင်ထက်သို့ ပြုတ်ကျလာလေသည်။

ငှက်လူသားကို သုတ်သင်လိုက်နိုင်သည့်တိုင် လူငယ်ခေါင်းဆောင်မှာလည်း မသက်သာလှပါ။

ဆန်းလျန်က တောက်ပနေသည့် ပြဒါးဆေးလုံးတစ်လုံးကို ထုတ်ယူလိုက်သည်။ ဆေးလုံးမှ သင်းပျံ့သည့်ရနံ့သည် ပတ်ဝန်းကျင်တွင် ပျံ့လွင့်သွားလေသည်။ စစ်သည်တော်များမှာ ထိုဆေးလုံးကိုကြည့်ပြီး စားချင်စိတ်များဖြစ်ပေါ်ကာ သွားရည်များပင် ကျလာကြသည်။

သို့သော် စစ်သည်တော်များက လူငယ်ခေါင်းဆောင်အတွက် စိတ်ပူနေသည့်အတွက် ဆန်းလျန်ကို သတိထားပြီး စောင့်ကြည့်နေကြသည်။

ဆန်းလျန်က သူတို့ကို ဂရုမစိုက်ဘဲ ပြဒါးဆေးလုံးကို လဲကျနေသည့် လူငယ်ခေါင်းဆောင်၏ ပါးစပ်အတွင်းသို့ ထည့်ပေးလိုက်သည်။ ထိုပြဒါးဆေးလုံးမှာ ဒဏ်ရာကို ကုသနိုင်ခြင်းမရှိပါ။

သို့သော်... ထိုဆေးလုံးမှာ "ရနံ့ကိုးပါးဂျင်ဆင်းဆေးလုံး" ဖြစ်ပြီး မှော်ဆေးပင်ကိုးမျိုးဖြင့်ဖော်စပ်ထားခြင်း ဖြစ်လေသည်။

အချိန်တိုအတွင်းတွင် အသက်ဓာတ်စွမ်းအားကို ပြန်လည် အားပြည့်စေလေသည်။

လူငယ်ခေါင်းဆောင်၏ မျက်ခုံးနှစ်ခုကြားမှ မီးတောက်ပုံသဏ္ဍာန်သင်္ကေတမှာ တောက်ပခြင်းလုံးဝမရှိတော့ဘဲ မီးတောက်ပုံအနာရွတ်တစ်ခုမျှသာ ကျန်တော့သည်။ သို့သော်... ဆန်းလျှန်၏ ရန့်ကိုးပါးဂျင်ဆင်းဆေးကို မျိုချလိုက်သည်နှင့် အနီရောင်မီးတောက်သည် ချက်ချင်းပင် ပြန်တောက်ပလာလေသည်။ သို့သော် မှိန်ဖျော့နေပြီး ယခင်ကလောက် တောက်ပခြင်းမရှိတော့ပေ။

"ဆေးအတွက် ကျေးဇူးတင်ပါတယ် တာအိုဆရာ ၊ ကျုပ်နာမည်က ကျိမုန်ပါ ၊ ကျုပ်မျိုးနွယ်စုဆီ ပြန်ရောက်တာနဲ့ ကျေးဇူးပြန်ဆပ်ပါ့မယ်"

လူငယ်က ဆန်းလျှန်ကို ပြုံးပြရင်း ပြောလိုက်သည်။

လူငယ်က တုန်းယီဘာသာစကားဖြင့် ပြောလိုက်ခြင်းဖြစ်သည့်တိုင် အလွန် ယဉ်ကျေးသိမ်မွေ့လေသည်။ ဆန်းလျန်မှာ လူငယ်ကို ထိုမျှ ယဉ်ကျေးသိမ်မွေ့လိမ့်မည်ဟု ထင်မထားမိပေ။

"ကျုပ်က တာအိုဆရာတစ်ယောက်ဆိုတာ မင်းဘယ်လိုလုပ်သိတာလဲ ၊ ကျုပ်လိုလူမျိုးတွေနဲ့ ဆုံတွေ့ခဲ့ဖူးလို့လား"

ဆန်းလျန်က မေးလိုက်သည်။

"ကျုပ်တို့မျိုးနွယ်စုထဲက အကြီးအကဲ တစ်ယောက် ခရီးထွက်သွားတုန်းက ခင်ဗျားတို့လို လူမျိုးတွေနဲ့ ဆုံခဲ့ဖူးတယ်လေ ၊ ပြီးတော့ ခင်ဗျားတိုက်တဲ့ဆေးကိုကြည့်ပြီးတော့ ကျုပ်က ခန့်မှန်းကြည့်လိုက်တာပါ"

ကျိမုန်က ပြောလိုက်သည်။

တုန်းယီမျိုးနွယ်စုကဲ့သို့ ထူးဆန်းသည့် မျိုးနွယ်စုမှ လူများမှာ သာမန်လူများမရောက်နိုင်သည့်နေရာများကို သွားရောက်နိုင်စွမ်းရှိကြလေသည်။ သူတို့က ရေခဲပြင်များဆီသို့လည်း ခြေ

ဆန့်နိုင်ကြသလို အမြင့်ဆုံးတောင်ထိပ်များသို့လည်း တက်ရောက်နိုင်ကြသည်။ မွေးရာပါစွမ်းအားကြီးမားသူများဖြစ်ကြလေသည်။

"အဲဒီ ငှက်လူသားက ဘယ်သူလဲ"

ဆန်းလျှန်ကမေးလိုက်သည်။

"ဒီကောင်က ခွန်စန်းတောင်က ရာနဲ့ချီတဲ့ မျိုးနွယ်တွေထဲက အတောင်ပါတဲ့မျိုးနွယ်သတ္တဝါတစ်ကောင်ပဲ ၊ ကျုပ်တို့စောင့်ရှောက်နေတဲ့ နတ်ဘုရားမင်မွန်ပင်ကအအသီးကိုသာ ခိုးစားမထားဘူးဆိုရင် သူလား ဒီလောက်တန်ခိုးကြီးမှာ ၊ စောစောက ခင်ဗျားတိမ်ပေါ်ပျံလာတာကို သူနဲ့မှားပြီး မြားနဲ့ပစ်မိတာပါ"

ကျိမုန်က ဒေါသတကြီးဖြင့် ပြောလိုက်သည်။

"ဒီအကောင်က နတ်ဘုရားမက်မွန်သီးလဲစားပြီးရော လေနဲ့မိုးကြိုးကိုတောင် ဆင့်ခေါ်နိုင်လောက်အောင် တန်ခိုးစွမ်းအား

ကြီးလာတယ်လေ ၊ ကျုပ်တို့အကြီးအကဲက အဲဒီ နတ်ဘုရား မက်မွန်သီးကို ရှမ်ထုံနတ်မိစ္ဆာဘုရင်စီစဉ်တဲ့ နတ်ဘုရားဈေးပွဲတော်မှာ လေလံတင်ဖို့ စီစဉ်ထားတာ ၊ ဒီသတ္တဝါက ခိုးစားသွားမယ်လို့ ဘယ်ထင်မှာလဲ ၊ ဒါနဲ့ ခင်ဗျားလည်း နတ်ဘုရားဈေးပွဲတော်ကို သွားမလို့လား"

ကျိုမုန် စကားဆက်ပြောရင်း မေးမြန်းလိုက်သည်။

ဆယ်ကျော်သက်လူငယ်တစ်ယောက်ပမာ နုပျိုနေဆဲ ဆန်းလျန်မှာ ကျိုမုန်နှင့် သက်တူရွယ်တူခန့်ဟု ထင်ရလေသည်။ ကျိုမုန်မှာ ငယ်စဉ်ကပင် မျိုးနွယ်စုခေါင်းဆောင်၏တပည့်ရင်းအဖြစ်ကြီးပြင်းလာခဲ့သူဖြစ်ပြီး အခြားသူများထက် အသိဉာဏ်ပညာသာလွန်လေသည်။ သူ၏မျိုးနွယ်စုအကြီးအကဲက....

"တာအိုဆရာများမှာ များသောအားဖြင့် ငယ်ရွယ်နုပျိုကြပြီး အသက်လည်းရှည်ကြကြောင်း ၊ အလွန်အစွမ်းထက်သည့်တာအိုဆရာများဆိုလျှင် သမုဒ္ဒရာများကိုပင် ခမ်းခြောက်အောင်

ပြုလုပ်နိုင်ကြပြီး သိပ်ပြီးအစွမ်းမထက်သည့်တာအိုဆရာများ ပင်လျှင် အနည်းဆုံး မြေရှူးမိုးပျံနိုင်ကြကြောင်း ၊ ထို့ပြင် သူတို့က ထူးဆန်းသည့်ဆေးဝါးများကိုလည်း ဖော်စပ်နိုင်ပြီး သေသူကိုပင်အသက်ပြန်သွင်းနိုင်စွမ်းရှိသလို မျိုးနွယ်စုတစ်ခုလုံးကိုလည်း တစ်ခဏတည်းဖြင့် သတ်ဖြတ်ပစ်နိုင်ကြောင်း”

ကျိုမုန်ကို ပြောပြထားလေသည်။

ထို့ပြင် တာအိုဆရာအများစုမှာ အခြားသူများကို ဘယ်တော့မှ စတင်ပြီး ဒုက္ခပေးလေ့မရှိဟု သူ၏ဆရာဖြစ်သူ အကြီးအကဲက မှာလိုက်သေးသည်။

“မင်းတို့မျိုးနွယ်စုက ဒီနေရာကနေ အရမ်းဝေးတဲ့နေရာမှာ နေတာမဟုတ်လား ၊ ပျံသန်းနိုင်တာလည်းမဟုတ်ဘူး ၊ သမုဒ္ဒရာကို ဘယ်လိုများဖြတ်သန်းလာကြတာလဲ”

ဆန်းလျန်က တစ်ချက်းစဉ်းစားလိုက်ရင်း မေးလိုက်လေသည်။

ကျိုမုန်က ဒယိမ်းဒယိုင်ဖြင့် မတ်တပ်ထရပ်လိုက်သည်။

“အရမ်းဝေးတဲ့နေရာကနေ ဒီနေရာအထိ ဘယ်လိုရောက်လာလဲဆိုတာ တာအိုဆရာက သိချင်နေတာလား၊ ပြောမပြနိုင်စရာမရှိပါဘူးဗျာ၊ ကျုပ်တို့မျိုးနွယ်စုအကြီးအကဲက မှော်ပညာအသုံးပြုပြီး ဒီနေရာကိုပို့လိုက်တာ၊ တကယ်တော့ ရှမ်ထုံနတ်မိစ္ဆာဘုရင်စီစဉ်တဲ့ နတ်ဘုရားဈေးပွဲတော်ကို တန်းပြီးရောက်သွားရမှာ၊ ဒါပေမယ့် ဘာဖြစ်သွားတာလဲမသိဘူး ဒီကျွန်းပေါ်ကိုရောက်လာပြီး ဟို အတောင်ပါတဲ့မျိုးနွယ်သတ္တဝါတိုက်ခိုက်တာ ခံရတော့တာပဲ၊ အဲဒါနဲ့ ဒီကျွန်းပေါ်မှာသောင်တင်နေရတာပါ၊ ပြီးတော့ ရှမ်ထုံနတ်မိစ္ဆာဘုရင်စီစဉ်တဲ့နတ်ဘုရားဈေးပွဲတော်အကြောင်းကို ဘယ်လိုကြားတာလဲဆိုတော့ အရင် မျိုးနွယ်စုအကြီးအကဲလက်ထက်တုန်းက ရှမ်ထုံနတ်မိစ္ဆာဘုရင်က ကျုပ်တို့ဆီ ရောက်လာခဲ့ဖူးတယ်၊ ယခင်မျိုးနွယ်စုအကြီးအကဲက မှော်ပညာနဲ့ ရှမ်ထုံနတ်မိစ္ဆာဘုရင်ရဲ့

အသက်ကို ကယ်ခဲ့ဖူးတယ် ၊ သူက ကျုပ်တို့မျိုးနွယ်စုနဲ့ ခင်မင်

နေပြီး အဆက်အသွယ်လည်း အမြဲရှိခဲ့တယ်”

ကျိမုန်က ရှည်လျားစွာ ရှင်းပြလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

“ဒီလောက်လည်း အများကြီးရှင်းပြမနေပါနဲ့ကွာ ၊ မင်းတို့ နတ်

ဘုရားဈေးပွဲတော်ကို သွားမယ်ဆိုရင် မင်းတို့အားလုံးကို ကျုပ်

ခေါ်သွားပေးလို့ရပါတယ်”

ကျိမုန်က အနည်းငယ်တုန့်ဆိုင်းနေပြီးမှ ဆန်းလျန်၏စကားကို

လက်ခံလိုက်လေသည်။

“တန်ခိုးစွမ်းအားကြီးမားသူများက အကူအညီပေးလျှင် မ

ငြင်းဆန်ရ ၊ ငြင်းဆန်မိလျှင် ဒုက္ခရောက်တတ်သည်”

ဟု အကြီးအကဲက သူ့ကိုမှာထားသည့်စကားကို သတိရမိသွား

သောကြောင့် ဖြစ်လေသည်။

ဆန်းလျှန်ကတော့ "မည်သို့သောမှော်ပညာက စစ်သည်တော်အုပ်စုတစ်စုလုံးကို အလွန်ဝေးကွာသို့နေရာသို့ ချက်ချင်းပို့ဆောင်ပေးနိုင်ပါသနည်း" ဟု စဉ်းစားရင်း အနည်းငယ်အံ့သြနေမိသေးသည်။ ဆန်းလျှန်နားမလည်နိုင်သည့် လောကကိုကိုထိုးဖောက်နိုင်သည့် ထူးဆန်းသည့်မှော်ပညာတစ်ခု ဖြစ်နိုင်လေသည်။

တကယ်တော့ ချင်းရှမ်နတ်တံခါးတွင်လည်း လောကကိုထိုးဖောက်နိုင်သည့် မှော်အင်းစက္ကူများစွာရှိခဲ့ဖူးလေသည်။ သို့သော်… ထိုအင်းစက္ကူများကို လောကနတ်ဘုရားတစ်ပါးက ယူသွားခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် မတူညီသည့်နေရာများမှ ထူးခြားဆန်းကျယ်မှုများကိုရှာဖွေရန် ခရီးဆန့်မည်ဖြစ်သည့်အတွက် ယူဆောင်သွားခဲ့ခြင်းဖြစ်လေသည်။

အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုတွင် လောကကိုထိုးဖောက်ကာ ဖြတ်သန်းသွားလာမှုကို ပြုလုပ်နိုင်သည့် နတ်ဘုရားဂိုဏ်းမှာ ထိုက်စုနတ်ဘုရားဂိုဏ်းဖြစ်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းဟု စဉ်းစားလိုက်မိသည်နှင့် ဆန်းလျန်မှာ ရှော့ရှီလေးကို သတိရလာမိသည်။ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်နေပါလျှက်နှင့် ချင်းရွှမ်နတ်တံခါးမှ ထွက်ခွာလာရသည့် အကြောင်းအရင်းမှာ အစ်မဖြစ်သူကူးချိုင်ဝေ့၏ရှင်သန်စေခြင်းကျောင်းတော်ကို ကူညီချင်၍ဖြစ်သလို ရှော့ရှီလေးကိုလည်း ပြန်လည်ရှာဖွေချင်၍ဖြစ်လေသည်။ အချိန်ခြောက်နှစ်ခုနစ်နှစ်ခန့်ပင် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ရှော့ရှီလေးသည် သူ့ကိုပင် မှတ်မိပါဦးမည်လား မသေချာပေ။

ရှော့ရှီမှာ ဆန်းလျန်၏ဘဝတွင် တစ်ဦးတည်းကျန်ရစ်သည့် သွေးသားရင်းချာတစ်ယောက်ဖြစ်သည့်အတွက် မည်သည့်နည်းနှင့်မျှ သူမကို မစွန့်ပစ်နိုင်ပေ။

ထို့ပြင် ဆန်းလျန်မှာ လက်ရှိအချိန်တွင် ချင်းရွှမ်နတ်တံခါး၏
ဂိုဏ်းချုပ်တစ်ယောက်ဖြစ်နေပြီဖြစ်သည့်အတွက် ရော့ရှီကို
ကောင်းကောင်းကာကွယ်ပေးနိုင်ပြီ ဖြစ်လေသည်။
ဆန်းလျန်အနည်းငယ်မျက်နှာပျက်သွားသည်ကို ကျိမုန်က
ရိပ်မိလိုက်သော်လည်း အကြောင်းရင်းကိုတော့ သိရှိခြင်းမရှိ
ပေ။ သူတို့ယူဆောင်လာသည့် နတ်ဘုရားမက်မွန်သီး မရှိတော့
သည့်တိုင် ရွှမ်ထုံနတ်မိစ္ဆာဘုရင်ကိုတွေ့ဆုံရန်အတွက်နတ်
ဘုရားဈေးပွဲတော်သို့ သွားရောက်ရဦးမည်ဖြစ်လေသည်။
အကြီးအကဲ၏မှာကြားမှုအရ လောကဝတ္တုရားအတိုင်း
သွားရောက်တွေ့ဆုံနှုတ်ဆက်ရမည်ဖြစ်လေသည်။
ကျိမုန်တွေးနေသည့်အချိန်မှာပင် ဆန်းလျန်က
သူ၏လက်ချောင်းများကို လှုပ်ရှားလိုက်သည်။ လျှင်မြန်လွန်း
သည့်အတွက်ကြောင့် ကျိမုန်မှာ အရိပ်တစ်ခုလှုပ်ရှားသွားသည်
ကိုသာ မြင်တွေ့လိုက်ရသည်။ သိပ်မကြာမီ မုန်တိုင်းတစ်ခုဖြစ်

တည်လာပြီး သူတို့အားလုံးကို ကောင်းကင်ထက်သို့ ခေါ်ဆောင်သွားလေတော့သည်။

စစ်သည်တော်များမှာ ကြောက်လန့်လွန်းသောကြောင့် တစ်ယောက်နှင့်တစ်ယောက် ဖက်ထားကြလေသည်။ ကျိုမုန်မှာ ကြောက်လန့်နေမိသော်လည်း ဆန်းလျန်က တန်ခိုးစွမ်းအားအသုံးပြုထားခြင်းဖြစ်ကြောင်း သိရှိနေသည့်အတွက် ကြောက်လန့်မှုကို မျိုသိပ်ထားလိုက်လေသည်။

မကြာမီမှာပင် သူတို့ ကမ်းခြေတစ်ခုသို့ ရောက်ရှိလာကြလေသည်။ ဆန်းလျန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်ပြီး ကောင်းကင်ထက်တွင်ရပ်တန့်လိုက်လေသည်။

ကောင်းကင်ထက်တွင် နန်းဆောင် အဆောက်အဦးများကို တွေ့လိုက်ရလေသည်။ အဆောက်အဦးများ ပတ်လည်တွင် အဝါရောင် ရောင်စဉ်တစ်ခု တောက်ပနေလေသည်။

တိမ်တိုက်များအလယ်မှ အဆောက်အဦးများသည် မြေပြင်ပေါ်မှ အဆောက်အဦးပေါင်းများနှင့် မတူဘဲ တစ်မူထူးခြားနေလေသည်။

ကောင်းကင်နန်းတော်ကြီးတစ်ခုအလား ခမ်းနားလွန်းလေသည်။

အဆင့်မြင့်ကျင့်ကြံသူများအနေဖြင့် ထိုအဆောက်အဦးများမှာ ပျောက်ဆုံးနေသည့် “ကျူးထျန်းတိမ်လွှာ” တန်ခိုးစွမ်းအားဖြင့် ဖန်ဆင်းထားခြင်းဖြစ်ကြောင်း သိရှိနိုင်မည်ဖြစ်လေသည်။

ကျူးထျန်းတိမ်လွှာတန်ခိုးစွမ်းအားမှာ ကောင်းကင်ထက်တွင် ထိုကဲ့သို့ အဆောက်အဦးများ ဖန်ဆင်းနိုင်သည့် ပညာဖြစ်လေသည်။

တိမ်လွှာအဆောက်အဦးတစ်ခု၏ အခန်းတစ်ခုထဲတွင် အမွှေးတိုင်လေးတစ်တိုင် ထွန်းညှိထားလေသည်။ အမွှေးတိုင်လေးမှ မွှေးရနံ့လေးက သင်းပျံ့စွာ ထွက်ပေါ်နေလေသည်။

ထိုအချိန်....

အခန်းတွင်းရှိ လိုက်ကာတစ်ခု နောက်ကွယ်မှ အသံတစ်

သံထွက်ပေါ်လာလေသည်။

"ထုံအော်၊ ဧည့်သည်တွေရောက်လာကြပြီ ၊ သွားကြိုလိုက်ပါ

ဦး"

အသံမှာ ခံစားချက်ကင်းမဲ့နေပြီး မိန်းကလေးတစ်

ယောက်၏အသံလား ယောကျ်ားလေးတစ်ယောက်၏အသံ

လား ခွဲခြား၍မရနိုင်ပေ။

အခန်း (၂၂၅)

ခရမ်းရောင်နန်းဆောင်

“ကောင်းပါပြီ မင်းကြီး”

အပြင်ဘက်မှ ကြည်လင်သည့်အသံက ပြန်ပြောလိုက်သည်။

လိုက်ကာအနည်းငယ်ပွင့်သွားပြီး အသံပိုင်ရှင်က စကားဆက်ပြောလိုက်သည်။

“တုန်းယီမျိုးနွယ်စုက ဧည့်သည်တွေကို ကျုပ်ဆီခေါ်လာခဲ့၊ တာအိုဆရာကိုတော့ ခရမ်းရောင်နန်းဆောင်ကို ခေါ်သွားလိုက်...”

ထိုအော်ဆိုသည့် လူငယ်လေးမှာ စိတ်ဝင်စားသွားမိသည်။ ခရမ်းရောင်နန်းဆောင်ဆိုသည်မှာ နန်းတော်၏ အရှေ့ဘက်ခြမ်းတွင်ရှိလေသည်။ နံနက်ခင်းတိုင်းတွင် ခရမ်းရောင်နန်းဆောင်မှာ နံနက်ခင်းနေရောင်ခြည်ကို အရင်ဦးဆုံးမြင်ရသည့်

နေရာဖြစ်ပြီး ရှုခင်းများလည်း လွန်စွာလှပလေသည်။ အထူး ဧည့်သည်တော်များကိုသာ ဧည့်ခံသည့်နေရာဖြစ်လေသည်။ နတ်ဘုရားဈေးပွဲတော် စတင်ရန် အချိန်နီးကပ်လာပြီဖြစ်သည့်တိုင် ခရမ်းရောင်နန်းဆောင်တွင်နေထိုင်သည့် ဧည့်သည်မှာ ခြောက်ယောက်မျှသာ ရှိသေးသည်။ ထိုဧည့်သည့်အားလုံးမှာ ကျော်ကြားသည့်နတ်မိစ္ဆာဘုရင်များနှင့် အဆင့်မြင့်ကျင့်ကြံသူများသာ ဖြစ်ကြလေသည်။ ရောက်ရှိနေသည့် အထူးဧည့်သည်တော်များထဲတွင် ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ တာအိုဆရာတစ်ပါးပင် ပါဝင်လေသည်။

ဆန်းလျန်နှင့် ကျိမုန်တို့မှာ ဖြက်န်လမ်းအဆုံးတွင် ရွက်လှေကြီးတစ်စင်းပေါ်လာသည်ကို မြင်တွေ့လိုက်ရလေသည်။ ရွက်လှေကြီးမှာ အလွန်ကြီးမားပြီး ရွက်လှေပေါ်တွင် လူငယ်လေးတစ်ယောက် ပါရှိလေသည်။

ဆန်းလျန်က ကျိမုန်တို့အဖွဲ့ကို လှမ်းကြည့်လိုက်ရင်း....

"ရွှမ်ထုံနတ်မိစ္ဆာဘုရင်က အကြိုလွှတ်လိုက်ပြီ"

ဟု ပြောလိုက်လေသည်။

ထိုအော်သည် ကျိမုန်နှင့် စစ်သည်တော်အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ ဆန်းလျန်ကို လှမ်းပြီးခိုးကြည့်လိုက်လေသည်။

ချောမောလှပသည့် တာအိုဆရာလေးမှာ မယုံကြည်နိုင်လောက်အောင် တန်ခိုးစွမ်းအားကြီးမားသူဖြစ်ကြောင်း ချက်ချင်းပင်ရိပ်မိလိုက်သည်။ တစ်ချက်ကြည့်ရုံမျှဖြင့် မိုးကောင်းကင်နှင့်သမုဒ္ဒရာတို့၏ ကျယ်ပြန့်တည်ငြိမ်ခြင်းစွမ်းအားကို တာအိုဆရာလေးထံမှ ခံစားလိုက်ရလေသည်။

ကျိမုန်နှင့် သူ၏အဖွဲ့သားများမှာ စြက်န်လမ်းကိုဖြတ်သန်းပြီးပျံသန်းနေသည့် ရွက်လှေကြီးပေါ်သို့ တက်သွားကြလေသည်။

ရွက်လှေကြီးမှာ ကြီးမားပြီးလေထဲတွင် တည်ငြိမ်စွာ ရပ်တန့်နေလေသည်။

ထိုအော်က ကျိမုန်ဘက်သို့လှည့်လိုက်ပြီး....

"တုန်းယီမျိုးနွယ်စုရဲ့သခင်လေး ၊ ကျုပ်တို့မင်းကြီးက သခင်လေးကို သူ့ထံကိုလာခဲ့ဖို့ ဖိတ်ခေါ်ထားပါတယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး...

"ဒီကနတ်ဘုရားကတော့ ခရမ်းရောင်နန်းဆောင်မှာ အနားယူဖို့ ကျွန်တော်စီစဉ်ပေးထားပါတယ်"

ထံအော်က ကျိမုန်ကိုတော့ စိတ်စွမ်းအားနှင့်ဆက်သွယ်စကားပြောလိုက်ခြင်းဖြစ်ပြီး ဆန်းလျန်ကိုတော့ အသံထွက်ပြီး စကားပြောကာ ဖိတ်ကြားလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်က သိမ်မွေ့စွာပင် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ကျိမုန်က ဆန်းလျန်ဘက်သို့လှည့်လိုက်ပြီး...

"ကျုပ်က ခင်ဗျားရဲ့နာမည်များ သိခွင့်ရှိမလား"

"ကျုပ်ကို ချင်းရှသခင်လေးလို့ ခေါ်လို့ရပါတယ်"

ဆန်းလျန်က ပြုံးရင်း ပြန်ဖြေလိုက်သည်။

ဆန်းလျန်က တုန်းယီဘာသာစကားဖြင့်ပြောလိုက်ခြင်းဖြစ်သည့်အတွက် ထိုအော်မှာ နားမလည်ဖြစ်သွားရသည်။

အချိန်တိုအတွင်းမှာပင် ပျံသန်းနေသည့်ရွက်လှေကြီးသည် ရှမ်ထုံနတ်မိစ္ဆာဘုရင်၏ ပိုင်နက်ဖြစ်သည့် နတ်ဘုရားဈေးပွဲတော်သို့ ရောက်ရှိသွားလေသည်။ ဆန်းလျန်က ပတ်ဝန်းကျင်တစ်ခုလုံးကို အကဲခတ်လိုက်သည်။ ကျူုးထျန်းတိမ်လွှာတန်ခိုးစွမ်းအားကိုအသုံးပြုနိုင်ကတည်းက ရှမ်ထုံနတ်မိစ္ဆာဘုရင်၏တန်ခိုးစွမ်းအားအတိမ်အနက်ကို ခန့်မှန်းကြည့်နိုင်လေသည်။

ရှမ်ထုံနတ်မိစ္ဆာဘုရင်သည် ဟိုင်သခင်ကြီးလောက် တန်ခိုးစွမ်းအားမကြီးလျှင်တောင်မှ ဟိုင်သခင်ကြီးနီးပါး တန်ခိုးစွမ်းအားကြီးမားသူတစ်ယောက်ဖြစ်လေသည်။

နတ်မိစ္ဆာတို့၏ ကျင့်စဉ်လမ်းမှာ လူသားများနှင့်တူညီခြင်းမရှိပေ။ လူသားသဏ္ဍာန်အသွင်ပြောင်းပြီးမှသာ သူတို့၏တန်ခိုး

စွမ်းအားကို ခန့်မှန်းနိုင်လေသည်။ နတ်မိစ္ဆာတစ်ကောင်သည် "မဟာတန်ခိုးရှင်" အဆင့်မရောက်သေးလျှင် အလယ်အလတ် ကျင့်စဉ်လမ်းတွင်ပင် ရှိနေနိုင်သေးသည်။

နတ်မိစ္ဆာများ၏ကျင့်စဉ်လမ်းတွင် လူသားကျင့်ကြံသူများ ကဲ့သို့ အဆင့်ကိုးဆင့် မရှိပေ။ လူသားကျင့်ကြံသူများမှာလည်း ရှေးယခင်အချိန်များစွာက ဟိုင်သန်းအဆင့် ကျင့်ကြံသူများကို "ရွှေပြဒါးအမြုတေအောင်မြင်သည့်အဆင့်" ဟု သတ်မှတ်ကြ ပြီး နောက်တစ်ဆင့်ကို မိုးကောင်းကင်နတ်ဘုရားအဖြစ် တက် ရောက်နိုင်သည့်အဆင့် "ထျန်းရှန်းအဆင့်" ဟု ခေါ်ကြလေ သည်။

ထိုအော်က ဆန်းလျန်ကို ခရမ်းရောင်နန်းဆောင်သို့ လိုက်ပို့လေ သည်။ ခရမ်းရောင်နန်းဆောင်မှာ ကြီးမားကျယ်ပြန့်သည့်နန်း ဆောင်တစ်ခုဖြစ်ပြီး တစ်ထပ်တည်းတွင် နေရာကိုးနေရာခွဲပြီး

"နန်းဆောင်ကိုးခု" တည်ဆောက်ထားလေသည်။ သို့သော် မိုး

မြေစွမ်းအားများတော့ ပြင်းထန်ခြင်းမရှိပေ။

ခရမ်းရောင်နန်းဆောင်ကိုရောက်သည်နှင့် အစေခံမိန်းကလေး

တစ်ယောက်က ကြိုဆိုနေလေသည်။ သူမက ချောင့်တုန့်

အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည့် အဆင့်နိမ့်ကျင့်ကြံသူတစ်

ယောက်ဖြစ်လေသည်။ မိန်းကလေး၏ အတွင်းအားများက

ရှုတ်ထွေးလေသည်။ သို့သော် သူမသည် အနည်းငယ်ဖြူဖျော့

နေသည့်တိုင် ချောမောလှပသည့် မိန်းမပျိုတစ်ယောက်ဖြစ်

လေသည်။

မိန်းကလေးက ဆန်းလျန်ကို မသိမသာလေ့လာနေလိုက်ပြီး

“တန်ခိုးစွမ်းအားထက်မြက်သည့်လူတစ်ယောက်ပဲ” ဟု

မှတ်ချက်ချလိုက်မိသည်။

ထုံအော်က အစေခံမိန်းကလေးကိုပြောလိုက်သည်။

"ဒါက မင်းကြီးရဲ့ အထူးဧည့်သည်တော်ပဲ ၊ သူ့ကို ကောင်းကောင်း ဧည့်ခံပေးလိုက်နော် ၊ ခရမ်းရောင်နန်းဆောင်မှာ ဘယ်အခန်းတွေလွတ်နေသေးလဲ"

ခရမ်းရောင်နန်းဆောင်တွင် နန်းဆောင်ကိုးခုရှိပြီးနန်းဆောင်တစ်ခုလျှင် လူတစ်ယောက်တည်းခိုနိုင်ရန် စီစဉ်ထားခြင်းဖြစ်လေသည်။ သို့သော် မည်သည့်အခါမှ ဧည့်သည်ပြည့်နေသည်ဟူ၍မရှိပေ။ နန်းဆောင်မှာ အလွန်တိတ်ဆိတ်နေပြီး နတ်ဘုရားဈေးပွဲတော်သာမရှိလျှင် မည်သူမျှ လာရောက်ကြမည်မဟုတ်ပေ။

"နန်းဆောင်သုံးခုလွတ်နေပါသေးတယ် ၊ နန်းဆောင်အမှတ်တစ် ၊ နန်းဆောင်အမှတ်ငါးနဲ့ နန်းဆောင်အမှတ်ခုနစ်ပါ"

အစေခံမိန်းကလေးက ပြန်ဖြေလိုက်သည်။

"နတ်ဘုရားက ဘယ်နန်းဆောင်မှာနေချင်ပါသလဲ"

ထုံအော်က ဆန်းလျန်ကို မေးလိုက်သည်။

"နန်းဆောင်အမှတ်ခုနစ်မှာနေမယ်"

ဆန်းလျန်က ပြန်ဖြေလိုက်လေသည်။

ထုံအော်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဒီမိန်းကလေးက နတ်ဘုရားကို လမ်းပြပေးပါလိမ့်မယ် ၊

ကျွန်တော်ကတော့ တုန်းယွီမျိုးနွယ်စုက သခင်လေးနဲ့စစ်သည်

တော်တွေကို မင်းကြီးနဲ့တွေ့ရအောင် ခေါ်သွားလိုက်ပါဦးမယ်"

"ကောင်းပါပြီ ၊ သွားပါ"

ဆန်းလျန်က ပြုံးပြီး ပြန်ပြောလိုက်သည်။

ထုံအော်တို့ထွက်သွားကြသည်နှင့် အစေခံမိန်းကလေးက

စကားစပြောလိုက်သည်။

"အထူးဧည့်သည်တော် ကျွန်မနောက်ကိုလိုက်ခဲ့ပါ"

သူမက လှပစွာဖြင့် ဆန်းလျန်ရှေ့မှ လမ်းလျှောက်သွားလေ

သည်။

ဆန်းလျန်က သူမနောက်မှ သင်တောင့်သက်သာပင်လိုက်သွား
ရင်း မေးခွန်းထုတ်လိုက်သည်။

"မင်းက လူသားတစ်ယောက်ပဲ ၊ ဘာလို့ ဒီမှာ အလုပ်လုပ်နေရ
တာလဲ"

အစေခံမိန်းကလေးက ရယ်မောလိုက်ရင်း...

"ကျွန်မနာမည်က ဖုန်းဟယ်လို့ ခေါ်ပါတယ် ၊ ဒီပင်လယ်ဒေသ
တစ်ဝိုက်က ရွှမ်ထုံမင်းကြီးရဲ့နယ်မြေပါ ၊ မလိုအပ်တာတွေမ
ဖြစ်ရလေအောင် မင်းကြီးက ကာကွယ်ပေးထားပါတယ် ၊
မင်းကြီးပြောတာက နတ်မိစ္ဆာတွေက ရိုင်းစိုင်းတယ် ၊
အသေးစိတ်ကို မလိုက်နာတတ်ဘူးတဲ့ ၊ ဒါ့ကြောင့် နတ်ဘုရား
မိတ်ဆွေတွေလာရင် ပြဿနာဖြစ်မှာစိုးလို့ ကျွန်မတို့လို
ကျင့်ကြံသူတွေကို အလုပ်လုပ်ခွင့်ပေးထားတာပါ ၊ အစေခံတွေ
ကလည်း မင်းကြီးရဲ့ကြင်နာမှုအတွက် ဝမ်းမြောက်ဝမ်းသာရှိ
ကြပါတယ် ၊ ပြီးတော့ သခင်လေးတို့လိုမျိုး အထူးဧည့်သည်

တော်တွေကလည်း နတ်ဘုရားဈေးပွဲတော်ကျင်းပတဲ့အချိန်ကျ ရင် ရောက်လာကြတယ်လေ ၊ သူတို့က ကျွန်မတို့အတွက် ကျင့်စဉ်လမ်းနဲ့ပတ်သက်တဲ့အကြံဉာဏ်တွေပေးသွားကြတယ် လေ ၊ ကျွန်မတို့အတွက်လည်း အကျိုးမယုတ်ဘူးပေါ့"

အစေခံမိန်းကလေး၏စကားကြောင့် ဆန်းလျန်မှာ ရှမ်ထုံ မင်းကြီးကို လေးစားသွားရသည်။ ရှမ်ထုံနတ်မိစ္ဆာဘုရင်မှာ နတ်မိစ္ဆာဘုရင်တစ်ပါးဖြစ်လင့်ကစား အခြားသော နတ်မိစ္ဆာ များနှင့် မတူဘဲ တစ်မူထူးခြားလေသည်။ သူ၏အတွေးအခေါ် အယူအဆများသည် လူသားများနှင့် ဆင်တူလေသည်။

နတ်ဘုရားဈေးပွဲတော် ကျင်းပရသည့်ရည်ရွယ်ချက်မှာလည်း ပစ္စည်းများအရောင်းအဝယ် ၊ အလဲအလှယ်ပြုလုပ်ကြရင်း ကျင့်ကြံသူများ ဆုံစည်းဖြစ်အောင် စီစဉ်ပေးခြင်းဖြစ်လေ သည်။ရှေးယခင်အချိန်များတုန်းကလည်း ကုန်ပစ္စည်းချင်း

အလဲအလှယ်ပြုလုပ်ကာ မိတ်ဆွေဖွဲ့သည့် သာဓကများ ရှိခဲ့ဖူး လေသည်။

ကျင့်ကြံသူများမှာ နတ်မိစ္ဆာများထက် အဆင့်မြင့်ကြလေ သည်။ အဘယ်ကြောင့်ဆိုသော် နတ်မိစ္ဆာများမှာ စည်းလုံးမှု မ ရှိကြသလို အမြင်လည်းမကျယ်လှပေ။ တန်ခိုးစွမ်းအား ကြီးမားသည့် နတ်မိစ္ဆာတစ်ပါး ဖြစ်လာသည်မှာ အလွန် ကံကောင်းသောကြောင့်သာ ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း....

"မင်းပြောတာနဲ့ မိတ်ဆွေ ရှမ်ထုံကို တကယ် စိတ်ဝင်စားသွားမိ ပြီ ၊ သူက ညှော်သည်တွေကို တွေ့ဆုံလေ့ရှိသလား"

ရှမ်ထုံမင်းကြီးကို လေးစားသည့်အနေဖြင့် ဆန်းလျန်က မိတ်ဆွေဟု ခေါ်လိုက်ခြင်းဖြစ်သည်။ ဆန်းလျန်ကတန်ခိုး စွမ်းအားကြီးမားခြင်းထက် နှလုံးသားထဲမှအသိဉာဏ်ကို ပိုပြီး အလေးထားသူ ဖြစ်လေသည်။

သူက တစ်စုံတစ်ယောက်ကို စိတ်ဝင်စားခြင်းမရှိလျှင် ထိုသို့ မေးမြန်းစုံစမ်းနေမည်မဟုတ်ပေ။

ဖုန်းဟယ်က ဆန်းလျန်ကို ဦးညွှတ်လိုက်ရင်း....

"ဒီကိစ္စကိုတော့ တာဝန်ခံကိုသာ မေးကြည့်ပါ၊ ဒါပေမယ့် ခရမ်းရောင်နန်းဆောင်က ညှော့သည်တွေအနေနဲ့တော့ မင်းကြီး နဲ့တွေ့ဆုံဖို့ အခက်အခဲ မရှိနိုင်ပါဘူး"

ဆန်းလျန်က ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ဖုန်းဟယ် နောက်မှ နန်းဆောင်အမှတ်ခုနစ်သို့ လိုက်ပါသွားလေ တော့သည်။

ခရမ်းရောင်နန်းဆောင်၏ နန်းဆောင်ကိုးခု ဖွဲ့စည်းပြင်ဆင် ထားပုံမှာ တစ်ပုံစံတည်းဖြစ်လေသည်။

အခန်းပြင်ဆင်ထားပုံက ရိုးရှင်းပြီး မည်သည့်အဖိုးတန်ပစ္စည်း နှင့်မျှ တန်ဆာဆင်ထားခြင်းမရှိပေ။ သို့သော် အခန်းမှာ သန့်ရှင်းကြည်လင်နေလေသည်။

"ရွှမ်ထုံနတ်မိစ္ဆာဘုရင်က ပေါ့သေးသေးတော့ မဟုတ်ဘူးပဲ ၊

အထူးညှော်သည်တော်တွေအတွက်နေရာကို အရမ်းကို

ခမ်းခမ်းနားနား ပြင်ဆင်ထားမယ်လို့ ထင်ခဲ့တာ ၊ ဒီလောက်

ရိုးရိုးရှင်းရှင်းပြင်ဆင်ထားမယ်လို့ ဘယ်သူထင်မှာလဲ"

ဆန်းလျန် စိတ်ထဲမှ တွေးလိုက်မိသည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်မှာ နတ်မိစ္ဆာဘုရင်ဆိုခြင်းထက် တာအို

ကျင့်ကြံသူတစ်ယောက်နှင့် ပိုတူသည်ဟု ဆိုနိုင်လေသည်။

ဆန်းလျန်မှာ သူ့အကြောင်းကို ပိုပြီး စိတ်ဝင်စားလာမိ

တော့သည်။

ဖုန်းဟယ်က အခန်းညာဘက်ထောင့်တွင် ချိတ်ဆွဲထားသည့်

ခေါင်းလောင်းလေးတစ်ခုကို ညွှန်ပြလိုက်ရင်း....

"တစ်ခုခုလိုအပ်လို့ ကျွန်မကိုခေါ်ချင်ရင် ဒီခေါင်းလောင်းလေး

ကို တီးလိုက်ပါ ၊ ပြီးတော့ မင်းကြီးက ကျင့်ကြံသူတွေအတွက်

မှော်ဆေးလက်ဖက်ရည် စီစဉ်ထားပေးပါတယ်၊ သခင်လေး

သောက်မယ်ဆိုရင် ကျွန်မ ကျိုပေးပါ့မယ်"

"ကောင်းပါပြီ၊ လက်ဖက်ရည်တစ်အိုးလောက်ပေးပါ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ထို့နောက် ဆန်းလျန်က အခန်းကို လှည့်ပတ် ကြည့်ရှုနေလိုက်သည်။ အလွန်ကျယ်ဝန်းသည့် အခန်းတစ်ခုဖြစ်ပြီး အိပ်ယာပြင်ဆင်ပေးထားခြင်းမရှိပါ။ သို့သော် အမည်မသိမြက်တစ်မျိုးဖြင့် ယက်လုပ်ထားသည့် ကြမ်းခင်းအဝတ်တစ်မျိုးပေးထားလေသည်။ ဆန်းလျန်က တစ်ချက်ကြည့်လိုက်ရုံဖြင့် ထိုကြမ်းခင်းအဝတ်မှာ ချင်းရှင်းအသွင်ပြောင်းမန္တန်ဖြင့် ယက်လုပ်ထားခြင်းဖြစ်ကြောင်း သိရှိလိုက်လေသည်။

ထိုမန္တန်မှာ ဆွေယွဲ့ဝတ်ကျောင်းတော်မှ တန်ခိုးကြီးမားသည့် မန္တန်ပညာဖြစ်ပြီး ထိုမန္တန်ဖြင့်စီရင်ထားသည့် ကြမ်းခင်းအဝတ်ပေါ်တွင် တရားထိုင်လျှင် လျှင်မြန်စွာသမာဓိ တည်နိုင်လေ

သည်။ကြမ်းခင်းအဝတ်များမှာ ဆွေယွဲ့ဝတ်ကျောင်းတော်မှ ရှ
မ်ထုံနတ်မိစ္ဆာဘုရင်ကို လက်ဆောင်ပေးထားခြင်းလား ၊
သို့မဟုတ် ရှမ်ထုံနတ်မိစ္ဆာဘုရင်ကိုယ်တိုင်က ထိုမန္တန်ကို
အသုံးပြုဖန်တီးထားခြင်းလား ဆန်းလျန်သိချင်နေမိသည်။
ဆန်းလျန်ကြားဖူးသည်မှာ ရှမ်ထုံမင်းကြီးသည်နတ်ဘုရား
ဂိုဏ်းပေါင်းများစွာမှ ကျင့်စဉ်နှင့် မန္တန်ပေါင်းများစွာကို
တတ်မြောက်လေသည်။ ရှမ်ထျန်းဂိုဏ်းသို့ပင် ဝင်ရောက်ကာ
သင်ယူခဲ့သေးသည်မဟုတ်လား။
ကြမ်းခင်းအဝတ်လေးရှေ့တွင် ဗျတ်ဆောင်းတစ်လက် ရှိနေ
လေသည်။
ထိုနေရာမှ အပြင်သို့ အပြင်သို့ ကြည့်လိုက်မည်ဆိုလျှင် တိမ်
များကို မြင်တွေ့နိုင်ပြီး လေတိုက်ခတ်နေသည့် အသံကို ကြားရ
မည်ဖြစ်သည်။

ဆန်းလျှန်မှာ စိတ်ကြည်နူးစရာကောင်းပြီး အေးချမ်းတိတ်ဆိတ်သည့် နေရာလေးကို သဘောကျနေမိလေသည်။

ထိုအချိန်....

မှော်ဆေးလက်ဖက်ရည် ရနံ့လေးပျံ့လွင့်လာသည့်အတွက် ဆန်းလျှန် လှည့်ကြည့်လိုက်မိသည်။ လက်ဖက်ရည်စားပွဲလေးပေါ်တွင် ဖုန်းဟယ်က ဆန်းလျှန်အတွက် လက်ဖက်ရည်ငှဲ့ပေးနေလေသည်။

နှင်းပွင့်ကဲ့သို့ ဖြူစင်သည့် လက်ဖက်ရည်အမြှုပ်လေးများမှာ လက်ဖက်ရည်ပန်းကန်မျက်နှာပြင်ထက်တွင် တောက်ပနေလေသည်။

လက်ဖက်ရည်ငှဲ့ပြီးသည်နှင့် ဖုန်းဟယ်က ဆန်းလျှန်ထံ ကမ်းပေးလိုက်ရင်း...

"လက်ဖက်ရည်သုံးဆောင်ပါ သခင်လေး"

"ကျုပ်မသောက်ချင်သေးဘူး ၊ ကျုပ်ကိုယ်စား မင်းပဲသောက်လိုက်ပါ"

ဆန်းလျန်က ပြုံးရင်းပြောလိုက်သည်။

နှင်းပွင့်မှော်ဆေးလက်ဖက်ရည်မှာ ဝိညာဉ်စွမ်းအား ပြည့်ဝစေသည့် လက်ဖက်ရည် တစ်မျိုးဖြစ်လေသည်။ ကျင့်ကြံသူများအနေဖြင့် ထိုလက်ဖက်ရည်ကိုသောက်လျှင် စိတ်ဝိညာဉ် ငြိမ်းအေးပြီး ခန္ဓာကိုယ်လည်း ကျန်းမာစေမည်ဖြစ်လေသည်။

သို့သော်... ဆန်းလျန်အတွက်တော့ သိပ်ပြီး အသုံးမဝင်လှပေ။ ဆန်းလျန်စကားကြောင့် ဖုန်းဟယ်မှာ လက်ဖက်ရည်ကို သောက်ရမလိုလို မသောက်ရမလိုလို ဖြစ်သွားရလေသည်။

"သခင်လေးက ကျွန်မကို အခက်တွေ့အောင်လုပ်ပြီ"

ဟု သူမက ပြောလိုက်လေသည်။

"သောက်လိုက်ပါ ၊ ဒီလက်ဖက်ရည်က မင်းအတွက် အကျိုးရှိလိမ့်မယ် ၊ ကျုပ်အတွက်တော့ မလိုအပ်ပါဘူး"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ဆန်းလျန်ကဲ့သို့ သဘောကောင်းသည့် ညဲ့သည်ကို ဖုန်းဟယ် ပထမဆုံးတွေ့ဖူးခြင်း ဖြစ်လေသည်။ ဆန်းလျန်၏ စေတနာအတွက် သူမ ဘယ်လိုကျေးဇူးတင်ရမှန်းမသိပင် ဖြစ်သွားရလေသည်။ သူမက လက်ဖက်ရည်ပန်းကန်ကို မော့သောက်လိုက်ပြီး ဆန်းလျန်ကို လေးစားစွာဖြင့် ဦးညွတ် အရိုအသေပေးလိုက်လေသည်။

သူမ ဂါရဝပြုသည်ကို လက်ခံပြီးမှ ဆန်းလျန်က မေးလိုက်သည်။

"နတ်ဘုရားဈေးပွဲတော်က ဘယ်တော့ စမှာလဲ"

"နောက်ဆယ်ရက်နေရင် စပါပြီ"

ဖုန်းဟယ်က ပြန်ဖြေလိုက်သည်။

"ပစ္စည်းအလဲအလှယ်လုပ်ချင်ရင် ဘယ်လိုလုပ်ရမလဲ"

ဆန်းလျန်က မေးလိုက်သည်။

ကျင့်ကြံသူလောကတွင် ငွေကြေးအတိအကျ သတ်မှတ်ထား ခြင်းမျိုးမရှိပေ။ အဆင့်နိမ့်ကျင့်ကြံသူများက အတွင်းအားကို သန့်စင်စေသည့် ပစ္စည်းများ ၊ မှော်ကျောက်စိမ်းများ ၊ ပြဒါး ဆေးများနှင့် အသက်ဓာတ်စွမ်းအားပြည့်ဝသည့် ကျောက်မျက်ရတနာများကို လဲလှယ်ကြလေသည်။ ဟိုင်သန်းအဆင့်အောင်မြင်ပြီးသူများကတော့ ဝိညာဉ်စွမ်းအား ပြည့်ဝသူများဖြစ်ကြသဖြင့် ထိုသို့သော အသေးအဖွဲ့ပစ္စည်း များကို အသုံးပြုရန် မလိုအပ်ကြတော့ပေ။ ဝိညာဉ်စွမ်းအားပစ္စည်းများကို ငွေကြေးဖြင့် ရောင်းချမည်ဆို လျှင် မသင့်တော်လှပေ။ ထိုသို့သာ ရောင်းချမည်ဆိုလျှင် တာ အိုဆရာများနှင့် နတ်ဘုရားဂိုဏ်းများမှာလည်း သူဌေးသူကြွယ် များ ဖြစ်ကုန်ကြတော့မည်ဖြစ်လေသည်။ ထို့ကြောင့် ငွေကြေး ဖြင့် ရောင်းချခြင်း မပြုကြဘဲ ကုန်ပစ္စည်းလဲလှယ်သည့် အလုပ်ကိုသာ လုပ်ကြလေသည်။

ထိုနည်းလမ်းက ကျင့်ကြံသူများနှင့် အသင့်တော်ဆုံးဖြစ်ပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်စေလေသည်။

ဆန်းလျန်ကို လေးစားနေပြီဖြစ်သည့် ဖုန်းဟယ်က ဆန်းလျန်၏ အမေးကို ရိုရိုသေသေဖြင့်ပင် ဖြေလိုက်သည်။

"သခင်လေးရဲ့ ဝိညာဉ်စွမ်းအားပစ္စည်းတွေနဲ့ အင်းစက္ကူတွေကို မင်းကြီးက ယိယွမ်ပြဒါးဆေးနဲ့တန်ဖိုးညှိပေးမှာပါ ၊ အခြားတစ်ယောက်ကလည်း သူ့ရဲ့ပစ္စည်းကို သူတန်ဖိုးညှိထားမှာပဲ ၊ အရောင်းအဝယ်လုပ်သူတွေ အရှုံးမရှိရအောင် မင်းကြီးက စီစဉ်ထားပါတယ် ၊ အရမ်းအစွမ်းထက်တဲ့ပစ္စည်းတွေဆိုရင်တော့ ရောင်းတဲ့သူက သတ်မှတ်တဲ့ တန်ဖိုးအတိုင်း လေလံတင်လို့ရပါတယ် ၊ ပစ္စည်းမှန်တယ် ဆိုရင်ပေါ့လေ”

အခန်း (၂၂၆)

ဒဏ္ဍာရီထဲကနတ်မိစ္ဆာဘုရင်

ယိယွမ်ပြဒါးဆေးဆိုသည်မှာ မိုးမြေစွမ်းအားများဖြင့်ပြည့်နေသည့် အလွန်သန့်စင်သည့်ပြဒါးဆေးကို ပြောခြင်းဖြစ်လေသည်။

ထိုဆေးကိုစားသုံးခြင်းဖြင့် ကျင့်ကြံသူများသည် အစားအသောက် မစားဘဲ တရားထိုင်ခြင်းဖြင့်သာ နေထိုင်နိုင်ကြသည်။ ထို့ပြင် အတွင်းအားနှင့် အသက်ဓာတ်စွမ်းအားများ တိုးတက်လာမည်ဖြစ်လေသည်။ အဆင့်နိမ့်ကျင့်ကြံသူများ အနေဖြင့် ရေရှည်စွဲပြီးစားသုံးလျှင် ခန္ဓာကိုယ်ကျန်းမာရေး ကောင်းမွန်စေနိုင်လေသည်။ သို့သော် ဝိညာဉ်စွမ်းအားကိုတော့ တိုးမြှင့်ပေးနိုင်ခြင်းမရှိပါ။

ချောင့်တုန့်အဆင့်ကျင့်ကြံသူများပင်လျှင် ယိယွမ်ပြဒါးဆေး
ကို ဖော်စပ်နိုင်လေသည်။ သို့သော် ချောင်တုန့်အဆင့်မရောက်
ရှိနိုင်သေးသည့်ကျင့်ကြံသူများနှင့် ချောင့်တုန့်အဆင့်တက်
ရောက်ပြီးသည့်တိုင် ဆေးဖော်စပ်ရန် အချိန်မပေးနိုင်သည့်
ကျင့်ကြံသူများက ယိယွမ်ပြဒါးဆေးကိုဝယ်ယူကြလေသည်။
ဆန်းလျန်ကဲ့သို့သော အဆင့်မြင့်ကျင့်ကြံသူများအတွက်တော့
ယိယွမ်ပြဒါးဆေးမှာ ရှားပါးပစ္စည်းမဟုတ်ပါ။ ထို့ပြင် အဆင့်
မြင့်ကျင့်ကြံသူများက ခရီးသွားသည့်အချိန်တွင် ယိယွမ်ပြဒါး
ဆေးကို ဆောင်သွားလေ့ရှိလေသည်။ ခရီးသွားရင်း ကျင့်ကြံ
သည့်အခါ မိုးမြေစွမ်းအား အလွန်နည်းပါးသည့်နေရာဒေသသို့
ရောက်ရှိလျှင် ထိုဆေးမျိုးကို အသုံးပြုကာ ကျင့်ကြံလေ့ရှိလေ
သည်။

ဆန်းလျန်သည်ပင် ယိယွမ်ပြဒါးဆေးကို အမြဲဆောင်ထားလေ့
ရှိလေသည်။

သို့သော် ချင်းကျန်းဂိုဏ်းသို့သော ဂိုဏ်းငယ်လေးများအတွက်တော့ ယိယွမ်ပြဒါးဆေးသည် အမှတ်တကယ်အဖိုးတန်သည့်ပစ္စည်းဖြစ်လေသည်။

ရှမ်ထုံနတ်မိစ္ဆာဘုရင်မှာ ကျင့်ကြံသူများအတွက် များစွာစဉ်းစားပေးပြီး ထိုသို့ ပြုလုပ်ခြင်းဖြစ်လေသည်။ သို့သော်ဆန်းလျှန်အနေဖြင့် ရှမ်ထုံနတ်မိစ္ဆာဘုရင်မှာ အဘယ်ကြောင့်နတ်ဘုရားဈေးပွဲတော်အတွက် ထိုမျှအားစိုက်ကာ လုပ်ဆောင်ပေးနေသည်ကို နားမလည်နိုင်ဖြစ်နေရလေသည်။ ယိယွမ်ပြဒါးဆေးကို လဲလှယ်သည့်ငွေကြေးအဖြစ် အသုံးပြုသည်မှာ ရှမ်ထံနတ်မိစ္ဆာဘုရင်၏ ပိုင်နက်တွင်သာ ကြားဖူးခြင်းဖြစ်လေသည်။

ကျင့်ကြံသူလောကတွင် ယိယွမ်ပြဒါးဆေးကို ငွေကြေးအဖြစ်သဘောထားကာ လဲလှယ်မှုပြုနိုင်အောင် စီစဉ်ပေးနိုင်သည့်စွမ်းရည်နှင့် တန်ခိုးစွမ်းအား မည်သူ့တွင်မျှမရှိပေ။

ရှန်ဆန်းကျန်းရန် လုကျိုးယွမ်ပင်လျှင် ထိုသို့ စီစဉ်ပေးခြင်းမရှိ ပေ။ အစိကနတ်ဘုရားကျောင်းတော်ကြီးလေးခု အတူတကွ ပူးပေါင်းပြီးလုပ်ဆောင်မည်ဆိုလျှင်တော့ ထိုသို့သော အစီအစဉ်မှာ အထမြောက်နိုင်မည်ဖြစ်လေသည်။

ဆန်းလျန် ပြုံးလိုက်သည်။ သူက နတ်ဘုရားဈေးပွဲတော်ကို အကြီးအကျယ်စိတ်ဝင်စားနေမိပြီ ဖြစ်လေသည်။

မိုးမြေစွမ်းအားများမှာ အကန့်အသတ်ရှိလေသည်။ ကမ္ဘာပေါ် တွင် ကျင့်ကြံမှုများ များပြားလာပြီး မိုးမြေစွမ်းအားများကို စုပ်ယူမှု လျှင်မြန်စွာမြင့်တက်လာလျှင် မိုးမြေစွမ်းအားပျက်စီးမှု များ ဖြစ်ပေါ်လာမည်ဖြစ်လေသည်။ ထိုသို့ဖြစ်ရသည်မှာ ကံ တရားအတိုင်းပင်ဖြစ်လေသည်။ သဘာဝတရားကို ဖျက်စီး ခြင်းသည် အဆိုးဆုံးအပြစ်တစ်ခုဖြစ်ပြီး ကျော်လွှားနိုင်ရန် ခက်ခဲလေသည်။ သဘာဝတရားပျက်စီးသွားလျှင်မည်သည့်

ပညာရှိ ၊ မည်သည့် သူတော်စင်မှ ပြုပြင်ပေးနိုင်မည် မဟုတ်ပေ။

ဆန်းလျန်အတွေးလွန်နေလေသည်။ ဖုန်းဟယ်မှာ ချောမော လွန်းသည့် ကျင့်ကြံသူလူငယ်သည် ကျင့်ကြံသူလောက တစ်ခု လုံးကို ပြုပြင်ပြောင်းလဲပေးနိုင်မည့်အတွေးများကို တွေး နေသည်ကို သိရှိခြင်းမရှိပါ။

ဆန်းလျန်မှာ ကျင့်ကြံသူလောကတွင် လေးစားစရာအကောင်း ဆုံးကျင့်ကြံသူများထဲမှ တစ်ယောက်အပါအဝင်ဖြစ်သည်ကို သူမက သတိပြုမိခြင်းမရှိပါ။

“ကျုပ်နားလည်ပါပြီ ၊ ခုတော့ ဘာကိစ္စမှမရှိသေးလို့ မင်းသွား လို့ရပါပြီ ၊ လိုရင်ခေါ်လိုက်ပါ့မယ်”

ဆန်းလျန်က ပြောလိုက်လေသည်။

ဖုန်းဟယ်မှာ အနည်းငယ်စိတ်ပျက်သွားရလေသည်။ ဆန်းလျန် ကဲ့သို့ အဆင့်မြင့်ကျင့်ကြံသူများမှာ ဩဇာတိက္ကမနှင့်ပြည့်စုံ

သလို ချောမောလှပကြလေသည်။ သို့သော် မာနကြီးသူများ ဖြစ်ကြလေသည်။ ဆန်းလျန်မှာလည်း အနည်းငယ်မာနကြီးပုံရသည့်တိုင် သူ၏ သဘောကောင်းပြီးနွေးထွေးသူတစ်ယောက် ဖြစ်လေသည်။

ဖုန်းဟယ်မှာ ဆန်းလျန်ကို စိတ်ဝင်စားနေမိပြီး ဆန်းလျန်နှင့် အဖော်ပြုပေးချင်မိသေးသည်။

ဖုန်းဟယ်က ဆန်းလျန်နှင့် အဆင့်အတန်းချင်း မတူညီပါ။ သို့သော် ဆန်းလျန်နှင့် ရင်းနှီးလိုသည့် ဆန္ဒများ ဖြစ်ပေါ်နေမိလေသည်။ သို့သော် ဆန်းလျန်က သူ့အတွေးနှင့်သူနစ်မျောနေပြီး သူမကို ဂရုစိုက်ခြင်းမရှိပါ။

ရေနွေးအိုးနှင့် လက်ဖက်ရည်ပန်းကန်ကို သယ်ဆောင်ကာ သူမ အခန်းထဲမှ ထွက်ခွာသွားလေသည်။

ခရမ်းရောင်နန်းဆောင်မှာ ထင်ရှားသည့်အဆောက်အဦးတစ်ခု ဖြစ်သော်လည်း မည်သည့်အရံအတားမှ ထားရှိခြင်းမရှိပေ။

အရံအတားထားရှိထားလျှင်လည်း ရွှမ်ထုံနတ်မိစ္ဆာဘုရင်ကို ကျင့်ကြံသူများက အထင်သေးကြမည် ဖြစ်လေသည်။

ဆန်းလျန်က ခရမ်းရောင်နန်းဆောင်တွင် နေထိုင်ကြသည့် အခြားသောဧည့်သည်ခြောက်ယောက်ကို သွားရောက် တွေ့ဆုံ နှုတ်ဆက်ခြင်းမရှိပါ။ ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ်တစ်ယောက်သည် ကိုယ့်ကိုကိုယ် ဝါကြွားစွာဖြင့် အခြားသူများကို စတင်မိတ်ဆက်ကာ လိုက်လံနှုတ်ဆက်နေပါက ဆရာဘွားဘွားကျိုလင်သာသိလျှင် သူ့ကို အလွတ်ပေးမည်မဟုတ်ပေ။

ဖုန်းဟယ်က အခန်းထဲမှ ထွက်ခွာသွားပြီး ရေနွေးအိုးနှင့် လက်ဖက်ရည်ပန်းကန်ကို ဝိညာဉ်ရေကန်လေးထဲတွင် ဆေးကြောနေလေသည်။

ထိုအချိန်မှာပင်…

ရွှမ်ထုံမင်းကြီးက သူမကို မိနစ်သုံးဆယ်ကြာလျှင် ရွှမ်ကွမ်း
နန်းဆောင်သို့လာရန် စိတ်စွမ်းအားဖြင့် ညွှန်ကြားသည့်အသံကို
ကြားလိုက်ရလေသည်။ ရွှမ်ကွမ်းနန်းဆောင်ဆိုသည်မှာ ရွှမ်ထုံ
မင်းကြီး နေထိုင်သည့် နန်းဆောင်ဖြစ်လေသည်။

ရွှမ်ထုံမင်းကြီးက မိနစ်သုံးဆယ်ဟု အတိအကျမှာ
သည့်အတွက် သူမအနေဖြင့် မိနစ်သုံးဆယ်ထက်
နောက်ကျ၍လည်းမရသလို စော၍လည်းမဖြစ်ပေ။ ဖုန်းဟယ်
က ရေနွေးအိုးနှင့် လက်ဖက်ရည်ပန်းကန်များကို ဆေးပြီး
လမ်းလျှောက်သွားလျှင် ကြာမည့်အချိန်ကို တွက်ချက်နေလိုက်
သည်။

ထိုအချိန်မှာပင် နန်းဆောင်အမှတ်ကိုးတွင် နေထိုင်သည့် အဖြူ
ရောင်ဝတ်မိန်းကလေးရောက်လာသည်ကို တွေ့လိုက်ရလေ
သည်။ သူမ၏ပုံစံမှာ ချောမောလှပပြီး ကြာပန်းဖြူတစ်ပွင့်

အလား သန့်စင်လွန်းလေသည်။ ဖုန်းဟယ်က ထိုမိန်းကလေးကို ချက်ချင်းပင် ဦးညွှတ်အရိုအသေပေးလိုက်သည်။

မိန်းကလေးက ဖုန်းဟယ်ကိုတွေ့သည်နှင့် ပြုံးလိုက်ပြီး...

"မင်း ဘယ်သွားမလို့လဲ"

ဖုန်းဟယ်မှာ ထိုမိန်းကလေးကို သိလေသည်။ ဖုန်းဟယ်၏ အစ်မဖြစ်သူက သူမအတွက် ဝန်ဆောင်မှုပေးနေရသူဖြစ်လေသည်။ သူမက ထူးဆန်းသူတစ်ယောက်မဟုတ်ပါ။ သို့သော် အစားအသောက်နှင့်ပတ်သက်ပြီး အလွန်ဇီဇာကြောင်သူတစ်ယောက် ဖြစ်လေသည်။ လွန်ခဲ့သည့်ဆယ်ရက် သူမရောက်ရှိလာသည့်အချိန်မှစပြီး နတ်ဘုရားဈေးပွဲတော်တာဝန်ခံနှင့် စဆင်ပြဿနာတက်လေသည်။ သို့သော် ခရမ်းရောင်နန်းဆောင်မှ ဧည့်သည်များတောင်းဆိုသမျှကို ဖြည့်ဆည်းပေးရမည်ဟု ရွှမ်ထုံမင်းကြီးက မှာကြားထားသည့်အတွက် သူမ၏တောင်းဆိုမှုများကို မည်သူမျှ မငြင်းဆန်ရဲကြပေ။

“မင်းကြီးက ကျွန်မကို ဆင့်ခေါ်လို့ပါ”

ဖုန်းဟယ်က ယဉ်ကျေးစွာပင် ပြန်ပြောလိုက်သည်။

“အိုး… မင်းတို့မင်းကြီးက မင်းလို အစေခံငယ်လေးကို ဆင့်ခေါ်တယ်ဆိုတော့ ဘာအကြောင်းများ ရှိလို့လဲ”

အဖြူရောင်မိန်းကလေးက စပ်စုလိုက်သည်။

“မင်းကြီးက ဘာကိစ္စရှိလို့ခေါ်လဲဆိုတာ ဘယ်သိမှာလဲ ၊ ပြီးတော့ သိလဲ သူ့ကို ဘာလို့ပြောပြရမှာလဲ”

ဖုန်းဟယ်က စိတ်ထဲမှ တွေးလိုက်လေသည်။

မိန်းကလေးက ဖုန်းဟယ်၏စိတ်ထဲမှာတွေးသည့်အတွေးကို သိသည့်အလား တစ်ချက်ရယ်မောလိုက်ရင်း…

“ကောင်းပြီလေ”

သူမက ပေါ့ပါးသည့်ခြေလှမ်းများဖြင့် ဖုန်းဟယ်ဘေးမှ ထွက်ခွာသွားလေသည်။

“မင်းခုန ကြိုဆိုလိုက်တဲ့ညှော်သည်က အတော်ချောတာပဲ ၊ မင်းကိုတောင် လက်ဖက်ရည်တစ်ခွက် တိုက်လိုက်သေးတယ်မဟုတ်လား ၊ သူက ယောကျ်ားလေးတစ်ယောက်ဆိုပေမယ့်မင်းသူ့ကို သွားတော့ သဘောမကျမိစေနဲ့၊ ယောကျ်ားတွေဆိုတာ ကျင့်စဉ်လမ်းအဆင့်မြင့်မားလာလေ အကြင်နာတရားကင်းမဲ့လေပဲ”

သူမက ဖုန်းဟယ်ဘေးမှ ဖြတ်သွားရင်း ထိုစကားကို ပြောလိုက်ခြင်းဖြစ်လေသည်။

သူမ၏လေသံမှာ မကျေနပ်မှုများဖြင့် ပြည့်နေလေသည်။

ဖုန်းဟယ်မှာ အဖြူရောင်ဝတ်မိန်းကလေး၏စကားကြောင့်ရှက်သွေးဖြာသွားလေသည်။

ခရမ်းရောင်နန်းဆောင်တွင် တည်းခိုနေသည့် ဧည့်သည်တိုင်းမှာ အံ့သြစရာများဖြင့် ပြည့်နက်နေလေသည်။ ဆန်းလျန်မှာအကြင်နာတရားကင်းမဲ့ပြီး ရက်စက်တတ်သူ မဖြစ်နိုင်ကြောင်း

ဖုန်းဟယ်တွေးနေမိသည်။ သို့သော် ဆန်းလျန်ကဲ့သို့သော လူမျိုးမှာ သူမကဲ့သို့သောအဆင့်နိမ့်ကျင့်ကြံသူတစ်ယောက်ကို မည်သို့စိတ်ဝင်စားပါမည်နည်း။ ထိုသို့တွေးလိုက်မိသည့်အခါ တွင်တော့ သူမ ဝမ်းနည်းသွားရလေသည်။

ဖုန်းဟယ်က သူမကိုယ်သူမ အဖြူရောင်ဝတ်မိန်းကလေးနှင့် နှိုင်းယှဉ်ကြည့်လိုက်သည်။ အဖြူရောင်ဝန်မိန်းကလေးက တော်ဝင်ပန်းလေးဆိုလျှင် သူမကတော့ ပန်းရိုင်းတစ်ပွင့်မျှသာ ဖြစ်သည်။

"သူ့လိုမိန်းကလေးမျိုးကသာ ဟိုသခင်လေးနဲ့ သင့်တော်မှာပါ လေ"

ဖုန်းဟယ် ဝမ်းနည်းစွာဖြင့်တွေးလိုက်မိလေသည်။

သူမ၏အရည်အချင်းဖြင့် နတ်ဘုရားတစ်ပါးဖြစ်လာနိုင်မည် မဟုတ်ပါ။ တန်ခိုးစွမ်းအားအချို့ရရှိသည်အထိသာ ကျင့်ကြံ နိုင်မည်ဖြစ်လေသည်။ ထို့ပြင် သူမဘဝကလည်း သူတစ်ပါးထံ

တွင် အလုပ်လုပ်နေရသည့် အစေခံတစ်ယောက်ဖြစ်လေသည်။ သူမအနေဖြင့် ဆန်းလျန်ကဲ့သို့သော အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ကို စိတ်ကူးယဉ်ခွင့်ပင် ရှိနိုင်မည်မဟုတ်ပေ။ ဆန်းလျန် သူမကို ချစ်ခဲ့မည်ဆိုလျှင်တောင်မှ အချစ်ဆိုသည့်အရာသည် ကျင့်စဉ်လမ်းတွင် အရေးမပါလှပေ။ ထို့ကြောင့် သူမအပေါ်တွင် အရူးအမူးချစ်မိသွားရန်မှာ မဖြစ်နိုင်ပေ။

စိတ်မကောင်းခြင်းများစွာဖြင့် သူမ ရွှမ်ကွမ်းနန်းဆောင်သို့ ရောက်လာခဲ့လေသည်။

တိုက်တိုက်ဆိုင်ဆိုင် သူမရောက်သည်နှင့် ထုံအော်ကလည်း နန်းဆောင်ရှေ့သို့ ထွက်လာလေသည်။

ရွှမ်ကွမ်းနန်းဆောင်မှာ မြင့်မြတ်သည့်နန်းဆောင်ဖြစ်သည့်အတွက် ဖုန်းဟယ်အနေဖြင့် အရမ်းကာရော ဝင်မသွားရဲပေ။ နန်းဆောင်အတွင်း တစ်စုံတစ်ယောက်ထွက်လာပြီး ခေါ်မှသာ ဝင်ရဲလေသည်။

ထိုအော်က သူမကိုကြည့်လိုက်ရင်း....

“မင်းကြီးအထဲမှာစောင့်နေတယ် ၊ ကျုပ်နဲ့လိုက်ခဲ့ပါ”

သူမ ထိုအော်နောက်မှ လိုက်ပါလာခဲ့လေသည်။

စကြံလမ်းရှည်တစ်ခုကိုဖြတ်သန်းလာကြလေသည်။ စကြံလမ်းဘေးတွင် တိမ်တိုက်များလွင့်မျောနေပြီး ပန်းများလည်း လှပစွာ ပွင့်နေကြလေသည်။ ကောင်းကင်ဘုံမှ ပန်းဥယျာဉ်လေးတစ်ခုအလားပင် ဖြစ်လေသည်။

တန်ခိုးစွမ်းအားမကြီးမားဘဲ ထိုသို့ ဖန်ဆင်းထားရန်မှာ မဖြစ်နိုင်ပေ။

ရှမ်ထံမင်းကြီးမှာ ကောင်းကင်ထက်တွင် ထိုမျှကြီးမားသည့် နတ်ဘုရားနန်းတော်ကြီးကို တည်ဆောက်ထားနိုင်သောကြောင့် လူအများက စိတ်ဝင်စားကြလေသည်။ ထို့ပြင် ထိုနန်းတော်ကြီးကို ထိန်းသိမ်းထားရန်မှာလည်း များစွာခက်ခဲမည်ဖြစ်လေသည်။ အချို့က မှော်ပညာဖြင့်ဆောက်လုပ်ထားသည်ဟု ပြော

ကြပြီး အချို့ကတော့ အင်းပညာဖြင့်ဆောက်လုပ်ထားသည်ဟု ဆိုကြလေသည်။ သို့သော် ကောင်းကင်ထက်တွင် အချိန်ကြာမြင့်စွာ တည်ရှိနေသည့် နန်းတော်ကြီးအကြောင်းကို မည်သူမျှ သေသေချာချာ သိရှိနိုင်ခြင်းမရှိကြပေ။

ဒဏ္ဍာရီအရတော့ ရှေးအချိန်တုန်းက "မိုးကောင်းကင်နန်းတော်" ဆိုသည့်နန်းတော်ကြီးတစ်ခု ရှိခဲ့ဖူးလေသည်။ နဂါးငွေ့တန်းရှိ ထျန်းဟယ်မြစ်နံဘေးတွင် မိုးကောင်းကင်နန်းတော်တည်ရှိလေသည်။ သို့သော် ရက်အနည်းငယ်အတွင်းမှာပင် မိုးကောင်းကင်နန်းတော်မှာ နဂါးငွေ့တန်းမှ ပျောက်ကွယ်သွားခဲ့လေသည်။

ဖုန်းဟယ်မှာ ထုံအော်နောက်မှလိုက်လာရင်း ပတ်ဝန်းကျင်ကိုပင် တစ်ချက် မကြည့်ရဲပါ။

ထိုအချိန်ခြေသံများကြားလိုက်ရပြီး လူတစ်စု ဖြက်န်လမ်းတစ်လျှောက် လမ်းလျှောက်လာကြလေသည်။ သူမမော့ကြည့်

လိုက်တော့ ကျားသရေကိုဝတ်ဆင်ထားသည့် စစ်သည်တော်

တစ်စုကို တွေ့လိုက်ရသည်။

စစ်သည်တော်အဖွဲ့၏ခေါင်းဆောင်မှာ ဖုန်းဟယ်ကို တအံ့တ

သြဟန်ဖြင့် ငေးစိုက်ကြည့်နေလေသည်။

ဖုန်းဟယ်မှာ လူငယ် သူမကို ထိုသို့စိုက်ကြည့်နေသည့်အတွက်

မနေတတ် မထိုင်တတ် ဖြစ်သွားရလေသည်။ သို့သော် လူငယ်

က ယဉ်ကျေးစွာဖြင့်ပင် သူမထံမှ အကြည့်လွှဲလိုက်ပြီး သူမ

ဘေးမှ ဖြတ်လျှောက်သွားလေသည်။

ခန်းမတွင်းသို့ ဖုန်းဟယ်ရောက်လာလေသည်။ သူမ မွှေးရနံ့

တစ်ခုကိုရလိုက်ပြီး ရှုတ်ထွေးနေသည့်အတွေးများ ချက်ချင်း

ပျောက်ကွယ်သွားရလေသည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်သည် လိုက်ကာနောက်တွင် ရှိနေလေ

သည်။ လိုက်ကာမှာ ပုလဲလုံးလေးများကို ငွေချိတ်လေးများ

ဖြင့် ချိတ်ထားသည့် ပုလဲလိုက်ကာဖြစ်သည့်အတွက် လုပ

သည့်ဂီတသံအလား တဖျောက်ဖျောက်မြည်သံလေးများ ထွက်ပေါ်နေလေသည်။

သူမအတွက် ရှမ်ထုံနတ်မိစ္ဆာဘုရင်နှင့်ဆုံတွေ့သည်မှာ ဒုတိယအကြိမ်ဖြစ်လေသည်။ ပထမအကြိမ်တွေ့ဆုံခြင်းမှာ လွန်ခဲ့သည့်သုံးနှစ် သူမအလုပ်စတင်ဝင်ရောက်သည့်အချိန်က ဖြစ်လေသည်။

“မင်း စောစောကကြိုဆိုခဲ့တဲ့ ညွှေ့သည်အကြောင်း ကျုပ်ကိုပြောပြစမ်း…”

လိုက်ကာနောက်မှ တည်ငြိမ်အေးဆေးသည့် အသံတစ်ခု ထွက်ပေါ်လာလေသည်။

ဖုန်းဟယ်လည်း မည်သည့်အကြောင်းအရာကိုမှ ဖုံးကွယ်ထားရဲခြင်းမရှိဘဲ ဆန်းလျန်အကြောင်းအသေးစိတ်ကို ပြောပြလိုက်လေသည်။ သူမနှင့် ဆန်းလျန်မှာ အချိန်ခဏလေးသာ တွေ့ခွင့်ရခဲ့သည့်အတွက် ဆန်းလျန်အကြောင်း သိပ်ပြီးသိရှိခြင်းမရှိ

ပါ။ သို့သော် သူမက ရွှမ်ထုံမင်းကြီးမေးသမျှကို သူမသိသမျှ မချွင်းမချန် ဖြေကြားလိုက်လေသည်။

ရွှမ်ထုံမင်းကြီးက သူမပြောသမျှကို တစ်လုံးမကြွင်းနားထောင်ပြီးမှ…

"အနားလာခဲ့…"

ဖုန်းဟယ်က ရွှမ်ထုံမင်းကြီး၏ အမိန့်ကိုနာခံကာ လိုက်ကာအနားသို့ တိုးကပ်သွားလိုက်သည်။ လိုက်ကာအတွင်းမှ နှင်းပွင့်ကဲ့သို့ ဖြူဖွေးပြီး ပိန်သွယ်သည့်လက်တစ်ဖက်ထွက်လာပြီး ဖုန်းဟယ်၏ခေါင်းကို အနည်းငယ် ဖိကိုင်လိုက်လေသည်။

ဖုန်းဟယ်ခေါင်းထဲသို့ ပထမဆုံးရောက်လာသည့်အတွေးတစ်ခုမှာ "မင်းကြီးဟာ မိန်းကလေးတစ်ယောက်များလား" ဟူ၍ ဖြစ်လေသည်။

ရုတ်တရက် သူမခေါင်းထဲသို့ အလင်းတန်းတစ်ခု စီးဝင်သွားသလိုခံစားလိုက်ရပြီး တစ်စုံတစ်ယောက်က သူမ၏စိတ်ထဲမှ

အတွင်းကျကျအရာအားလုံးကို သိမြင်သွားသလို ခံစားလိုက်ရလေသည်။

ဆန်းလျန်၏ပုံရိပ်သည် သူမခေါင်းထဲတွင် ထင်ထင်ရှားရှားဝင်ရောက်လာလေသည်။ ဆန်းလျန်၏ မျက်ခုံးထူထူလေးများကိုပင် ထင်ရှားစွာ သူမအတွေးထဲတွင် တွေ့မြင်နေရသည်။

ဆန်းလျန်နှင့် တွေ့သည့်အချိန်မှစတင်ပြီး ဆန်းလျန်၏အခန်းထဲမှ နောက်ဆုံးထွက်လာသည့်အချိန်ထိ အချိန်ခဏလေးကိုထင်ရှားစွာ ပြန်လည်အမှတ်ရသွားမိလေသည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်က လက်ကို ရုတ်သိမ်းလိုက်ပြီး....

"မင်းသွားလို့ရပြီ ၊ အဲဒီဆေးသည် လိုအပ်တာမှန်သမျှ အကုန်ဖြည့်ဆည်းပေးလိုက် ၊ မင်းဆုံးဖြတ်လို့မရတဲ့ကိစ္စမျိုးဆိုရင်တော့ ကျင့်ထင်ထုံအော်ကို လာရှာလိုက်ပါ"

ကျင့်ထင်ထုံအော်ဆိုသည်မှာ ရွှမ်ထုံနတ်မိစ္ဆာဘုရင်၏လက်အောက်တွင် တာဝန်ထမ်းဆောင်သည့် လူငယ်လေးထုံ

အော်ကို ပြောခြင်းဖြစ်လေသည်။ ကျင့်ထင်တောင်မှ ခေါ်လာ ပြီး လူသားသဏ္ဍာန်အသွင်ပြောင်းပေးထားသောကြောင့် ကျင့် ထင်ထုံအောင်ဟု ခေါ် ခြင်းဖြစ်လေသည်။ ကျင့်ထင်တောင်မှာ ကြာပန်းစိမ်းဂိုဏ်းတည်ရှိရာတောင်ဖြစ်လေသည်။ နတ်ဘုရား တစ်ပါးချန်ရစ်ခဲ့သည့် "ကြာပန်းစိမ်းဓားကျမ်း" ကို အဓိက ကျင့်စဉ်အဖြစ် လေ့ကျင့်ကြသည့်ဂိုဏ်းတစ်ဂိုဏ်းဖြစ်လေ သည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်သည် ကြာပန်းစိမ်းဂိုဏ်းသို့ ထိုဓား ပညာသင်ယူရန် သွားရောက်ခဲ့လေသည်။ သို့သော် ထိုဂိုဏ်းမှ လူများက ခွင့်မပြုသည့်အပြင် သူ့ကို သတ်ဖြတ်ရန် ကြိုးစားခဲ့ ကြလေသည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင် ကျင့်စဉ်အဆင့်တက်လှမ်းပြီး သည့်နောက်ပိုင်းတွင်တော့ ကျင့်ထင်တောင်သို့ နောက်တစ် ကြိမ်ထပ်မံသွားရောက်ခဲ့လေသည်။ ထိုအချိန်တွင်တော့ ကြာ

ပန်းစိမ်းဂိုဏ်းတစ်ဂိုဏ်းလုံးမှာ သူ့ကို မယှဉ်နိုင်တော့ဘဲ အရှုံးပေးခဲ့ကြရပြီး ကြာပန်းစိမ်းဓားကျမ်းကို သူမကို ပေးခဲ့ရလေသည်။ ထို့နောက်သူက ကြာပန်းစိမ်းဓားကျမ်းကို ယူလာခဲ့ပြီး မည်သူမျှ သူ့ကို မတားဆီးရဲကြတော့ပေ။

ကျင့်ထင်ထုံအော်မှာ ရွှမ်ထုံမင်းကြီး ကျင့်ထင်တောင်မှ ယူဆောင်လာသည့် ဓားဝိညာဉ်ကျောက်တုံးတစ်တုံးဖြစ်လေသည်။ရွှမ်ထုံနတ်မိစ္ဆာဘုရင်မှာ တန်ခိုးစွမ်းအားကြီးမားလွန်းသည့်အတွက် ကျောက်တုံးကိုပင် လူသားအသွင်အဖြစ် လွယ်လွယ်ကူကူ ပြောင်းလဲပေးနိုင်ခဲ့လေသည်။

ထိုဒဏ္ဍာရီအရ ကြာပန်းစိမ်းဂိုဏ်းမှာ အကြီးအကျယ်အရှက်ကွဲခဲ့ရလေသည်။

သို့သော် ရွှမ်ထုံနတ်မိစ္ဆာဘုရင်အတွက်တော့ အသေးအမွှားကိစ္စလေးမျှသာဖြစ်ပြီး ထိုကိစ္စကို သူက ခေါင်းထဲသို့ပင်မထည့်ခဲ့ပေ။

အခန်း (၂၂၇)

ဝူချင်ကျီ

ဖုန်းဟယ်ထွက်ခွာသွားပြီးသည့်နောက် ကျင့်ထင်ထုံအော် ဝင်လာလေသည်။

"လောကကြီးက ကျယ်ပြောလိုက်တာ ၊ တန်ခိုးစွမ်းအားမြင့်မားတဲ့လူတွေအကုန်လုံးကို ငါမသိနိုင်တာ အံ့သြစရာတော့မရှိပါဘူး ၊ ဒါပေမယ့် ဒီလူရဲ့တန်ခိုးစွမ်းအားက အားနည်းနေသလိုပဲ ၊ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ သူ့ရဲ့တန်ခိုးစွမ်းအားက နက်ရှိုင်းနေပြန်တယ် ၊ တကယ်ရှားပါးတဲ့တန်ခိုးရှင်တစ်

ယောက်ပဲ ၊ ပြီးတော့ သူ့ကိုယ်သူလည်း ချင်းရှသခင်လေးလို့ ပြောတယ် ၊ ဒါပေမယ့် သူ့အကြောင်းခန့်မှန်းကြည့်ရတာတော့ မခက်ပါဘူးလေ”

ရွှမ်ထုံနတ်မိစ္ဆာဘုရင်က တီးတိုးရေရွတ်လိုက်လေသည်။

ကျင့်ထင်ထုံအော်က ဦးညွှတ်လိုက်ရင်း...

"ကျွန်တော် သူ့ကိုလိုက်ပို့တုန်းက သူရဲ့ ဝိညာဉ်စွမ်းအား အရမ်းထက်မြက်တာ ခံစားလိုက်မိတယ် ၊ ဒါပေမယ့် အရမ်းသိသိသာသာကြီးတော့ မဟုတ်ဘူး ၊ သူက ပုံမှန်မဟုတ်တဲ့ ကျင့်ကြံသူတော့ မဖြစ်နိုင်ဘူး ၊ ကြည့်ရတာ နတ်ဘုရားဂိုဏ်းတစ်ခုခုကပဲ ဖြစ်ရမယ် ၊ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက အခုတလော အရမ်းနာမည်ကြီးနေတာ ၊ အရည်အချင်းရှိသူတွေလည်း အများကြီးထွက်ပေါ်လာတယ် ၊ သူက ကွမ်းချင်းနတ်ဘုရားဂိုဏ်းကများလား"

"ကွမ်းချင်းနတ်ဘုရားဂိုဏ်းကဆိုရင် အငွေ့အသက်က ရက်စက်ပြီး ကြမ်းတမ်းတယ်၊ ဒါပေမယ့် ဒီလူငယ်ရဲ့ အငွေ့အသက်က သိမ်မွေ့တယ်၊ ပြီးတော့ အသက်လည်း အရမ်းငယ်သေးတယ်၊ ကြည့်ရတာ အသက်တစ်ရာတောင် မပြည့်လောက်သေးဘူး၊ အင်း.... ပထမ ထိုက်စန့်စန့်နတ်ဘုရားဂိုဏ်းက ဝူချင်ကျို ရောက်လာတယ်၊ အခု ဒီလူငယ်လည်း ရောက်လာတယ်၊ စိတ်ဝင်စားစရာပဲ"

ရှမ်ထုံမင်းကြီးက နူးညံ့စွာ ရယ်မောရင်း ပြောလိုက်လေသည်။ ကျင့်ထင်ထုံအော်က တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူ့အနေဖြင့် ရှမ်ထုံမင်းကြီး၏ ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် ထိုငြည့်သည်များကို လေးလေးစားစား ဆက်ဆံရမည် ဖြစ်လေသည်။

ရှမ်ထုံနတ်မိစ္ဆာဘုရင်က ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး...

"တကယ်တော့ ဒီ ချင်းရှုသခင်လေးဆိုတဲ့လူကို ရိပ်မိသလို တော့ရှိပါတယ်၊ ဒါပေမယ့် သေချာတော့လည်း မပြောနိုင်ဘူး၊ ပြီးတော့ သူက ကျိုမုန်တို့အဖွဲ့ကို ကူညီခဲ့တယ်ဆိုတော့ သူ့ အပေါ် အကြွေးတင်နေတယ်၊ သူ ဒီနေရာကိုလာတာ အဖိုးတန် ပစ္စည်းလေလံပွဲက ရှားပါးပစ္စည်း နည်းနည်းလောက်ကို စိတ်ဝင်စားလို့ ရောက်လာတာပဲဖြစ်ရမယ်"

"ဒါဖြင့် သူက ဘယ်သူလဲ"

ကျင့်ထင်ထုံအော်က သိချင်စိတ်ကို ထိန်းမရဘဲ မေးမြန်းလိုက်သည်။

ကျင့်ထင်ထုံအော်မှာ အစေခံတစ်ယောက်ဖြစ်သော်လည်း အခြားသူများထက်ပိုပြီး ရှမ်ထုံမင်းကြီးနှင့် ရင်းနှီးသူ ဖြစ်လေသည်။ ထို့ပြင် သူ့ကို လူသားအသွင်ပြောင်းပေးသူမှာလည်း ရှမ်ထုံမင်းကြီးပင်ဖြစ်လေသည်။ သို့သော် သူက ဓားဝိညာဉ်

ကျောက်တုံးတစ်တုံး ဖြစ်သည့်အတွက် စကားအပြောအဆို သိပ်ပြေပြေပြစ်သူမဟုတ်ပေ။

"အဲဒီလူမှာ ပြဿနာတွေ အများကြီးရှိတယ် ၊ မသိချင်ယောင်ဆောင်နေတာပဲကောင်းတယ်"

ရွှမ်ထုံမင်းကြီးက ပြန်ပြောလိုက်လေသည်။

ရွှမ်ထုံမင်းကြီး၏ စကားဆုံးသွားသည်နှင့် လိုက်ကာနောက်ကွယ်မှ ခေါင်းလောင်းသံလေးများ ထွက်ပေါ်လာလေသည်။

ထို့နောက် အနက်ရောင်အငွေ့များ စိမ့်ထွက်လာပြီး နတ်မိစ္ဆာဘုရင်က ကျင့်စဉ် စတင်ကျင့်ကြံလိုက်လေသည်။ ကျင့်ထင်ထုံအော်က အခန်းတွင်းမှ အသာထွက်သွားပြီး ခန်းမဆောင်အပြင်ဘက်တွင် စောင့်နေလိုက်လေသည်။

ဆန်းလျန်မှာ ခရမ်းရောင်နန်းဆောင်ရှိ နန်းဆောင်အမှတ်ခုနစ်တွင် တစ်ယောက်တည်း ရှိနေလေသည်။ သူက ထိုက်ရှီး

နည်းဗျူဟာကျင့်စဉ်ကို တိတ်ဆိတ်စွာ ကျင့်ကြံနေလေသည်။ သူ၏တန်ခိုးစွမ်းအားများသည် သွေးကြောဆုံချက်တိုင်းတွင် တုန်ခါနေလေသည်။ တန်ခိုးစွမ်းအားများက တဖြည်းဖြည်း နက်ရှိုင်းလာပြီး သွေးကြောများတစ်လျှောက် မြစ်တစ်စင်း အလား စီးဆင်းသွားလေသည်။

သူ၏ကျင့်စဉ်ကျင့်ကြံမှု ပြီးဆုံးသွားသောကြောင့် မျက်လုံးဖွင့် ကြည့်လိုက်သည့်အချိန်တွင် ကောင်းကင်ထက်တွင် လမင်း ကထိန်ထိန်သာနေပြီဖြစ်လေသည်။ လရောင်ခြည်မှာ ငွေရောင် စမ်းချောင်းလေးအလား တိမ်တိုက်များအပေါ်သို့ စီးဆင်းနေ လေသည်။ ဆန်းလျန်က ထိန်ထိန်သာနေသည့် လမင်းကို ကြည့်နေလေသည်။ လောကီကိစ္စများမှ လွတ်ကင်းစေရန် အတွက် ထိုလမင်းရှိရာနေရာသို့ တစ်ယောက်တည်းသာ သွားရောက် နေထိုင်နိုင်လျှင်ကောင်းမည်ဟု သူခံစားနေ မိသည်။

ထိုခံစားချက်ကြောင့်ပင် ဆန်းလျှန်သည့် ဗျတ်စောင်းကို စတင်တီးခတ်လိုက်မိလေသည်။

ဂီတသံသည် တောင်ပေါ်တွင်စီးဆင်းနေသည့် စမ်းချောင်းလေးအလား ပျံ့လွင့်သွားလေသည်။ အခြားသော နန်းဆောင်များဆီမှပင် ဆန်းလျှန်တီးခတ်သည့် ဂီတသံကို ကြားနိုင်မည်ဖြစ်လေသည်။

ခန်းဆောင်အမှတ်သုံးတွင် ထိုက်ကျိဝတ်စုံကိုဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက်ရှိနေလေသည်။ သူ၏မျက်ဝန်းများက ကြည်လင်ပြီးနက်ရှိုင်းလေသည်။ သူက ပြတင်းတံခါးနားတွင်ရပ်နေပြီး ထိန်ထိန်သာနေသည့် လမင်းကို ကြည့်နေလေသည်။

ထိုခဏမှာပင်...

ဂီတသံသည် သူ့ထံသို့ ပျံ့လွင့်လာလေသည်။

ဂီတသံမှ သဘာဝဆန်လွန်းလှပြီး ငှက်ငယ်လေးများအော်မြည်သံကိုပင် ကြားယောင်လာရသလို ခံစားလိုက်ရသည်။

သေသေချာချာ နားထောင်ကြည့်သည့်အခါ ထိုဂီတသံထဲတွင် မြင့်မြတ်မှုတစ်ခုကို ရှာတွေ့လေသည်။ သာမန်ဗျတ်စောင်းသံထက် သာလွန်သည့် ဂီတသံဖြစ်လေသည်။

ဗျတ်စောင်းဂီတသံစဉ်နှင့်လူသားတစ်ယောက် ...

ဗျတ်စောင်းတီးခတ်သံဖြင့်စတင်ပြီး လူသားတစ်ယောက်၏စိတ်ခံစားချက်ဖြင့် အဆုံးသတ်သွားသည့် ဂီတသံမျိုးဖြစ်လေသည်။ လူတစ်ယောက်၏ စိတ်ခံစားချက်ကို ဂီတဖြင့်ပေါင်းစပ်ပေးနိုင်သည့်အတွက် တီးခတ်သူကို သူက အလွန်လေးစားသွားမိသည်။ တီးခတ်သူသည် လောက၏ မရေမတွက်နိုင်သည့် အရှုတ်အထွေးများစွာမှ ကင်းစင်နေသည့် သူတော်စင်တစ်ပါးအလား ဖြစ်လေသည်။

ထိုဂီတသံကိုနားထောင်ပြီးသည်နှင့် တီးခတ်သည့်သူကို သိချင်သည့်စိတ်ကို ထိန်း၍မရတော့ပေ။

ထိုလူရွယ်၏ရုပ်ခန္ဓာမှာ မှော်ဆန်လွန်းသည်။

သူကပြတင်းတံခါးနားတွင်ရပ်နေရာမှ အလင်းမှုံလေးများအဖြစ် အသွင်ပြောင်းသွားပြီး ထိုအလင်းမှုံလေးများသည်ဆန်းလျန်နေထိုင်သည့် နန်းဆောင်ခုနစ်တံခါးရှေ့သို့ ရောက်ရှိသွားလေသည်။ အလင်းမှုံလေးများမှာ ထိုလူရွယ်၏ပုံသဏ္ဍာန်ပြန်လည်ဖြစ်တည်လာလေသည်။

ဗျတ်စောင်းသံကို ပိုပြီး ထင်ရှားကြည်လင်စွာ ကြားနေရလေသည်။ ထိုသံစဉ်မျိုးကို ဘဝတွင် နောက်တစ်ခါ နားထောင်ခွင့်ရနိုင်ရန်မှာ မဖြစ်နိုင်ပေ။

ထို့ကြောင့် မနေနိုင်ဘဲ လက်ခုပ်တီးလိုက်မိလေသည်။

ဗျတ်စောင်းသံသည် ချက်ချင်းတိတ်ဆိတ်သွားလေသည်။

"ဂီတသံ အရမ်းကောင်းလို့ ရောက်လာရတာပါ ၊ ကျုပ်ကြောင့် အနှောင့်အယှက်များ ဖြစ်သွားသလား"

လူရွယ်က ရယ်မောရင်းပြောလိုက်သည်။

အမှန်ဆိုလျှင် လူရွယ်က ထိုသို့စတင်မိတ်ဖွဲ့တတ်သူတစ်ယောက် မဟုတ်ပါ။ ယခုတော့ ဂီတသံ၏သာယာမှုက သူ၏ရင်ထဲမှ ဆန္ဒများကို ကင်းစင်သွားစေသောကြောင့် ယခုကဲ့သို့ ရောက်လာရခြင်းဖြစ်လေသည်။

" မိတ်ဆွေရောက်လာလို့ အနှောင့်အယှက် မဖြစ်ရပါဘူးဗျာ ၊ အပြင်မှာ ဘာလို့ရပ်နေတာလဲ ၊ အထဲကိုဝင်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

လူရွယ်က အသံထွက်၍ရယ်မောလိုက်လေသည်။ နန်းဆောင်ခုနစ်မှ ညှော်သည်သည် ထူးဆန်းသည်ဟု ခံစားရနေရလေသည်။

"ကျုပ်နာမည်က ဝူချင်ကျီပါ ၊ ကျုပ်ဝင်လာလို့

အနှောင့်အယှက်မဖြစ်ပါဘူးနော်"

"ညခင်းက သာယာတယ် ၊ ဧည့်သည်တစ်ယောက်

အလည်အပတ်လာတော့ ကောင်းတာပေါ့ဗျာ"

နန်းဆောင်တွင်းမှ အသံမှာတောင်ပေါ်စမ်းချောင်းလေး စီးဆင်း

သွားသည့်အလား အေးဆေးတည်ငြိမ်ပြီး ပေါ့ပါးနေလေသည်။

ဝူချင်ကျီမှာ ကြည်လင်ပြီး သဘာဝဆန်သည့် အသံကြောင့်

စိတ်ကြည်နူးသွားမိသည်။ သူက တံခါးကို တွန်းဖွင့်ပြီး ဝင်

လိုက်သည်နှင့် ဗျတ်စောင်းရှေ့တွင် ထိုင်နေသည့် လူငယ်လေး

တစ်ယောက်ကို တွေ့ရလေသည်။ သူ၏ဝတ်ရုံမှာ လေထဲတွင်

လွင့်နေလေသည်။ လူငယ်မှာ ငယ်ရွယ်ပြီး ချောမောသန့်စင်

လွန်းလေသည်။

“မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် ချောမောလှပ

လွန်းသူပဲ” ဟု ဝူချင်ကျီ စိတ်ထဲမှ တွေးလိုက်သည်။

ဝူချင်ကျိုမှာ လူငယ်ကို သဘောကျသွားမိလေသည်။ လူငယ်ကို မြင်တွေ့ရသည်မှာ နတ်ဘုရားတစ်ပါးကို မြင်တွေ့ရသကဲ့သို့ပင် ခံစားရလေသည်။ ထိုလူငယ်ကို ယခင်က တွေ့ဆုံခဲ့ခြင်းမရှိသည်ကိုပင် နှမျောနေမိလေသည်။စောစောသာတွေ့ဆုံခွင့်ရခဲ့လျှင် ထိုက်စန့်နတ်ဘုရားဂိုဏ်းသို့ ခေါ်မိမည်ဖြစ်လေသည်။ သို့သော် လူငယ်သည် ခရမ်းရောင်နန်းဆောင်တွင်နေသည်ကို ကြည့်ခြင်းအားဖြင့် ကိုယ်ပိုင်ကျင့်စဉ်လမ်းကို လျှောက်လှမ်းအောင်မြင်ပြီးသည့် လူငယ်တစ်ယောက် ဖြစ်ပုံရလေသည်။ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်မဟုတ်ပါက နတ်မိစ္ဆာတစ်ယောက်ဖြစ်နိုင်လေသည်။

ကျင့်ကြံသူပင်ဖြစ်စေ ၊ နတ်မိစ္ဆာပင်ဖြစ်စေ လူငယ်ကို သူ၏ထိုက်စန့်နတ်ဘုရားဂိုဏ်းသို့ ခေါ်ဆောင်နိုင်ရန်မှာ မဖြစ်နိုင်တော့ပေ။ လောကတွင် ဝူချင်ကျိုး မျက်စိကျသည့်သူ သိပ်မရှိပေ။ သို့သော် ယခုသူတွေ့မြင်နေရသည့် လူငယ်လေးကိုတော့

အလွန်မှ သဘောကျနေမိပြီ ဖြစ်လေသည်။ ထိုလူငယ်မှာ မည်သူမှန်းမသိသည့်တိုင် စိတ်ထဲမှ သဘောအကျကြီး ကျနေမိတော့သည်။

ဆန်းလျန်က ဝူချင်ကျီကို မော့ကြည့်လိုက်သည်။

ဝူချင်ကျီ၏အသားအရေမှာ ကျောက်စိမ်းသားကဲ့သို့ နူးညံ့နေပြီး အနက်ရောင်ဆံပင်ရှည်များမှာ ရေတံခွန်တစ်ခုအလား ကျောပေါ်တွင်ကျနေလေသည်။ သူ၏ မျက်လုံးများက နက်ရှိုင်းပြီး ခန့်မှန်းရခက်သည့် မျက်ဝန်းများကို ပိုင်ဆိုင်ထားသည်။ သူက ဆန်းလျန်ကို အလွန်ချစ်ခင်လေးစားသည့် အကြည့်ဖြင့် ကြည့်နေလေသည်။

ဝူချင်ကျီ၏ ခပ်သွယ်သွယ်ပုံရိပ်က ဆန်းလျန်ရှေ့သို့ ရွေ့လျားလာလေသည်။ သို့သော် အသံတစ်စက်ကလေးမျှပင် ထွက်ပေါ်ခြင်းမရှိပေ။

ကျင့်စဉ်နှင့် ရုပ်ခန္ဓာ ၊ စြကာဝဠာနှင့် လူသား ဟန်ချက်ညီခြင်း ကြောင့် ဖြစ်ပေါ်လာသည့် တန်ခိုးစွမ်းအားဖြစ်ကြောင်း ဆန်းလျန် နားလည်လိုက်သည်။ သူက ဝူချင်ကျီ၏ ကျင့်စဉ်လမ်း အဆင့်မြင့်ခြင်းကို အလွန်လေးစားသွားရလေသည်။ လူသား နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် လေးစား သဘောကျနေမိကြလေတော့သည်။

ဝူချင်ကျီက ရင်းရင်းနှီးနှီးဖြင့်ပင် ဆန်းလျန်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ သူတို့နှစ် ယောက်လုံး တင်ပျဉ်ခွေချိတ်ပြီးထိုင်နေကြခြင်းဖြစ်လေသည်။ ဝူချင်ကျီက ကျောက်စိမ်းသစ်ပင်တစ်ပင်အလားဖြစ်ပြီး ဆန်း လျန်ကတော့ သစ်ခွပန်းပင်လေးတစ်ပင်နှင့် အလားသဏ္ဍာန်တူ နေလေသည်။

"မိတ်ဆွေ စောစောက တီးခတ်လိုက်တဲ့ ဗျတ်စောင်းသံစဉ်ကို အရင်က တစ်ခါမှ မကြားဖူးဘူး ၊ ကောင်းကင်ဘုံက သံစဉ်

လားလို့တောင် ထင်မှတ်မှားမိတယ် ၊ အဲဒီသံစဉ်ရဲ့နာမည်လေး များ သိရမလား"

ဝူချင်ကျီက ပြုံးရင်း မေးလိုက်သည်။

"လကလည်းသာနေတော့ စိတ်ကလည်း ငြိမ်းချမ်းနေတယ်လေ ၊ ဒါနဲ့ ဒီသံစဉ်လေးကို သတိရပြီး တီးခတ်မိတာပါ ၊ ဒီဂီတ သံစဉ်ရဲ့နာမည်က "မဟူရာည" တဲ့"

ဆန်းလျန်ကလည်း ပြုံးရင်း ပြန်ဖြေလိုက်သည်။

ဝူချင်ကျီမှာ တန်ခိုးစွမ်းအား အလွန်ကြီးမားသူတစ်ယောက် ဖြစ်လေသည်။ ဆန်းလျန်ပင်လျှင် ဝူချင်ကျီ၏ တန်ခိုးစွမ်းအား များကို မခန့်မှန်းနိုင်ပါ။ ထိုသူလှုပ်ရှားမှုများကို ကြည့်ခြင်း အားဖြင့် ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ “ထိုက်စန့်စကြဝဠာတန်ခိုး” နှင့် ဆင်တူနေလေသည်။

အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုမှာ အချင်းချင်း ပတ်သက်မရှိဘဲ ကင်းကင်းရှင်းရှင်းရှိကြလေသည်။ အမည် နာမအားဖြင့်သာ ပတ်သက်မှုရှိကြခြင်းဖြစ်လေသည်။

အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုတွင် ထိုက်စန့်နတ် ဘုရားဂိုဏ်းမှာ အထူးဆန်းဆုံး နတ်ဘုရားဂိုဏ်းတစ်ခု ဖြစ်လေ သည်။ သို့သော် သူတို့၏စွမ်းအားက မသေးလှပေ။ ထိုက်စန့် နတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ်ဆရာသခင်မှာ ရှန်ဆန်းကျန်းရန် လုကျိုးယွမ်ထက် အဆင့်မနိမ့်ဟူ၍ပင် ပြောစမှတ်ရှိကြလေ သည်။ သို့သော် ထိုက်စန့်နတ်ဘုရားဂိုဏ်းမှာ သီးသန့်ဆန်ပြီး လောကနှင့် အဆက်အသွယ်မရှိပေ။ ထို့အတူ သူတို့၏ တန်ခိုး စွမ်းအားများကိုလည်း ထုတ်ဖော်ပြသခြင်းမရှိကြပေ။

သို့သော် လုကျိုးယွမ်နှင့် ထိုက်စန့်နတ်ဘုရား ဂိုဏ်း၏ဂိုဏ်းချုပ်ကို နှိုင်းယှဉ်ပြီးပြောသည်မှာ ကောလဟာလ

လည်း ဖြစ်လျှင်ဖြစ်နိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် လုကျိုးယွမ်မှာ လောကပထမ ဖြစ်သောကြောင့်ပင်။

နှစ်ပေါင်းတစ်သောင်းအတွင်းတွင် လုကျိုးယွမ်ကို ယှဉ်ပြိုင်နိုင်မည့်သူ တစ်ယောက်မှ ပေါ်ထွက်ခဲ့ခြင်းမရှိပေ။

ဝူချင်ကျီက ရယ်မောလိုက်သည်။

"မဟူရာည တဲ့လား ၊ ကျုပ်စိတ်ကို တကယ်ဖမ်းစားလိုက်နိုင်တာပဲ ၊ မဟူရာညအမှောင်က ရှည်လျားတယ် ၊ လရောင်က တိမ်တွေဆီကနေ မြေပြင်ဆီကို နူးညံ့စွာ ဖြာကျလာတယ်"

ဝူချင်ကျီက ပြုံးရင်း ပြန်ပြောလိုက်လေသည်။

အခန်း (၂၂၈) လေစွမ်းအားသားရဲ

ဆန်းလျန်နှင့် ဝူချင်ကျီမှာ စကားလက်ဆုံကျနေကြလေသည်။ ဝူချင်ကျီက လိုရင်းတိုရှင်းနှင့် တိတိကျကျ စကားပြောတတ်သူဖြစ်လေသည်။ သူ၏စကားများက အမြဲတမ်း လေးလေးနက်နက်ရှိတတ်သည်။ ဆန်းလျန်ကတော့ ပုံမှန်အတိုင်း ပေါ့ပေါ့ပါးပါးပင် ပြောခြင်းဖြစ်သော်လည်း စကားများက တည်ငြိမ်လေသည်။

စကားအနည်းငယ်ပြောပြီးသည်နှင့်ပင် ဆန်းလျန်မှာ ဝူချင်ကျီ၏ အသိဉာဏ်ပညာနှင့် အတွေ့အကြုံမြင့်မားမှုကို နားလည်သွားရသည်။

ဝူချင်ကျီမှာ ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ ဟုတ် မဟုတ် မသေချာသေးသည့်တိုင် ဆန်းလျန်မှာ သူ့ကို အလွန်လေးစား နေမိလေသည်။

ဝူချင်ကျီမှာလည်း ဆန်းလျန်အပေါ်တွင် ထိုကဲ့သို့ပင် ခံစားနေရလေသည်။ ဆန်းလျန်မှာ ထုန်ထျန်းကျင့်စဉ် အောင်မြင်ထားသူ

ဖြစ်သည့်အတွက် သူ၏တန်ခိုးစွမ်းအားများကို ဖုံးကွယ်ထား

နိုင်လေသည်။ ထို့ကြောင့် ဝူချင်ကျီမှာ ဆန်းလျန်၏ကျင့်စဉ်

လမ်းကို ခန့်မှန်း၍မရဖြစ်နေရလေသည်။ ထို့ပြင် သူက

လူ့လောကသို့ မရောက်သည်မှာ ကြာပြီဖြစ်သည့်အတွက်

ကြောင့် ပြောင်းလဲနေသည့် အပြောင်းအလဲများကိုလည်း သိရှိ

ခြင်းမရှိသေးပေ။

ထိုစဉ်မှာပင်....

မနီးမဝေးဆီမှ ဆူညံသံများကို ကြားလိုက်ရလေသည်။

ဝူချင်ကျီက ပြုံးလိုက်ရင်း...

"ရတနာပစ္စည်းလေလံတင်ပွဲတော့ မစသေးဘူး ၊ ဒါပေမယ့်

ကျင့်ကြံသူတွေအများကြီးရောက်ပြီး နတ်ဘုရားဈေးပွဲတော်က

စည်ကားနေပြီ ၊ လောကကြီးမှာ ထူးဆန်းတဲ့အရာတွေ အများ

ကြီးရှိပမေယ့် ကျုပ်တို့က သိပ်စိတ်မဝင်စားပါဘူး ၊ ဒါပေမယ့်

တစ်ခါတစ်လေကျတော့ နတ်ဘုရားဈေးပွဲတော်မှာ ရှားပါး

ပစ္စည်းလေးတွေ တစ်ခု နှစ်ခု ပါလာတတ်တယ်၊ ဒီက ညီငယ်
အဆင်ပြေမယ်ဆိုရင် ကျုပ်တို့ သွားကြည့်ကြရအောင်လား"
ဝူချင်ကျီကဲ့သို့ လူမျိုးမှာ ထိုသို့သော ကိစ္စများကို စိတ်ဝင်စား
လိမ့်မည်ဟု ဆန်းလျန်က ထင်မထားမိပေ။

"ဒီက အစ်ကို သွားချင်တယ်ဆိုရင် ကျုပ်လည်း မငြင်းပါဘူး"
ဆန်းလျန်က ပြန်ပြောလိုက်သည်။

ဆန်းလျန်က အခန်းထောင့်မှ ခေါင်းလောင်းလေးကို တီးခတ်
လိုက်သောကြောင့် အစေခံမိန်းကလေး ဖုန်းဟယ် ရောက်ရှိလာ
လေသည်။

"ကျုပ်နဲ့ ကျုပ်မိတ်ဆွေနဲ့ နတ်ဘုရားဈေးပွဲတော်ကို သွားကြည့်
ချင်လို့၊ မင်းများ လမ်းပြပေးနိုင်မလား"
ဆန်းလျန်က မေးလိုက်သည်။

ဖုန်းဟယ်မှာ ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အတွက် ည

ဘက်တွင် အိပ်လေ့ရှိသူတစ်ယောက်မဟုတ်သည့်အပြင် သူမ

က ဆန်းလျန်၏အခေါ်ကို စောင့်နေခြင်းဖြစ်လေသည်။

ဖုန်းဟယ်က ဆန်းလျန်ကို ဦးညွှတ်လိုက်ပြီး နတ်ဘုရားဈေး

ပွဲတော်ဆီသို့ လမ်းပြခေါ်ဆောင်သွားလေသည်။ တိမ်များကြား

တွင် မြေပြင်ကဲ့သို့ လမ်းလျှောက်နိုင်ရန် ကျူးထျန်းတိမ်လွှာ

တန်ခိုးစွမ်းအားဖြင့် ဖန်ဆင်းပေးထားလေသည်။ နူးညံ့သည့်

တိမ်ခိုးများကို ခံစားနိုင်ပြီး ပျော့ပျောင်းသည့်တိုင် ခိုင်မာမှု

လည်းရှိလေသည်။ ပြုတ်ကျမည်ကို ကြောက်စရာမလိုပေ။

လရောင်က တိမ်များကြားတွင် ဖြာဆင်းနေလေသည်။ အဖြူ

ရောင်တိမ်ခိုးငွေ့များကြောင့် ကောင်းကင်နန်းတော်သို့ ရောက်

နေသည့်အလား ခံစားရလေသည်။ ဖုန်းဟယ်က ကြေးနီရောင်

မီးအိမ်လေးကို ကိုင်ဆောင်ကာ သူတို့ရှေ့မှ လမ်းပြသွားလေ

သည်။ မီးအိမ်လေးအလင်းရောင်နှင့် ထိမိသည်နှင့် တိမ်ခိုးများ

ပျောက်ကွယ်သွားပြီး လမ်းလေး တစ်လမ်းပေါ်လာလေသည်။

သိပ်မကြာမီပင် အစိမ်းရောင်သစ်များဖြင့် ဆောက်လုပ်ထား

သည့် စင်မြင့်တစ်ခုဆီသို့ ရောက်ရှိလာလေသည်။ စင်မြင့်ရှေ့

တွင် "ချင်းယွင်ထိုင်" ဟု ရေးသားထားလေသည်။

ဆိုင်းဘုတ်အောက်နားတွင်...

"လေအဝေ့မှာ တိမ်တွေဆီကိုရောက်အောင် လမ်းပြပေးပါ"

ဟု ကဗျာလေးနှစ်ကြောင်း ရေးသားထားလေသည်။

ကဗျာမှာ နားလည်ရန် လွယ်ကူသော်လည်း လက်ရေးမူ

ကတော့ ပညာရှင်ဆန်လေသည်။

စင်မြင့်၏ လေှကားရင်းတွင် ဖုန်းဟယ်က ရပ်တန့်လိုက်သည်။

"ဒီ နှစ်ကြောင်းကဗျာက ရှမ်ထုံမိတ်ဆွေရေးသားထားတဲ့ကဗျာ

လား"

ဆန်းလျန်က မေးလိုက်သည်။

ဖုန်းဟယ်က ခေါင်းညိတ်လိုက်ရင်း...

"မှန်ပါတယ် သခင်လေး ၊ ဒီကဗျာလေးကို မင်းကြီးရေးထား

တာပါ"

ဆန်းလျန်က လက်ရေးထဲမှ တန်ခိုးစွမ်းအားကို သတိပြုမိ

လိုက်သလို နူးညံ့မှုတစ်ခုကိုလည်း ခံစားမိလေသည်။ စာလုံး

များမှာ တစ်ဆက်တည်း ရေးသားထားခြင်းဖြစ်လေသည်။ ရွှမ်

ထုံနတ်မိစ္ဆာဘုရင်မှာ စာပေပညာကို နားလည်တတ်ကျွမ်းသည့်

နတ်မိစ္ဆာဘုရင်တစ်ပါးဖြစ်ရမည်ဟု ဆန်းလျန် ခန့်မှန်းလိုက်

သည်။

"ဒီကိုရောက်မှတော့ ပစ္စည်းတစ်ခုခုတော့ ဝယ်ရမှာပေါ့ ၊

အလဲအလှယ်လုပ်ရမှာက ယိယွမ်ပြေဒါးဆေးနဲ့ မဟုတ်လား ၊

ကျုပ်အတွက် နည်းနည်းလဲပေးပါလား"

ဆန်းလျန်ကပြောရင်း ဖုန်းဟယ်ကို ဝိညာဉ်စွမ်းအားပစ္စည်းနှစ်

ခုထုတ်ပေးလိုက်လေသည်။

"သခင်လေး ၊ ဒီအတွက်စိတ်မပူပါနဲ့ ၊ ကျွန်မမှာ ယိယွမ်ပြဒါးဆေးတစ်အိတ်ရှိတယ် ၊ အိတ်ထဲမှာ ပြဒါးဆေးတစ်သောင်းပါတယ် ၊ သခင်လေး အဲဒါကို သုံးလို့ရပါတယ်"

ဖုန်းဟယ်က ပြောရင်း အိတ်လေးတစ်အိတ်ကို ထုတ်ယူလိုက်သည်။ အမွှေးနံ့သာအိတ်လေးနှင့် တူလေသည်။ သူမက အိတ်လေးကို ဆန်းလျန်ထံသို့ ကမ်းပေးလိုက်သည်။ အိတ်လေးမှာ သူမ ကိုယ်ငွေ့လေးကြောင့် နွေးနေလေသည်။ လမ်းတစ်လျှောက်လုံး ထိုအိတ်လေးမပျောက်ရအောင် သေချာထိန်းသိမ်းလာခြင်း ဖြစ်ဟန် တူလေသည်။

ဆန်းလျန်က အိတ်လေးကို လက်ခံယူလိုက်ရင်း...

"ယိယွမ်ပြဒါးဆေး တစ်သောင်းတောင်ဆိုတော့ အားနာစရာကြီး ၊ မင်းက ဘယ်လိုရထားတာလဲ"

"ကျွန်မက တာဝန်ခံ ညွှန်ကြားတဲ့အတိုင်း လုပ်တာပါ ၊ သခင်လေး ယိယွမ်ပြဒါးဆေးလိုချင်ရင် လိုသလောက်ထုတ်ပေးဖို့

မင်းကြီးက ကျွန်မတို့ကို မှာထားပါတယ် ၊ ကျွန်မတို့က စာရင်း မှတ်ထားမယ် ၊ သခင်လေးပြန်တော့မှ ပစ္စည်းနဲ့ ပြန်လဲသွား ပေါ့"

ဖုန်းဟယ်က ပြန်ပြောလိုက်လေသည်။

"မင်းတို့ မင်းကြီးက တကယ်သဘောကောင်းတာပဲ ၊ ဒါပေမယ့် ကျုပ်ကိုကျတော့ ဒီလိုမျိုးလုပ်မပေးပါဘူး ၊ ယိယွမ်ပြဒါးဆေး ကို ကျုပ်ရဲ့ပရိတ်ရေ နှစ်ပုလင်းနဲ့ လဲလိုက်ရတယ်"

ဝူချင်ကျီက ရယ်ရယ်မောမောနှင့် ဝင်ပြောလိုက်လေသည်။

ဖုန်းဟယ်မှာ ရှက်သွေးဖြာသွားပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ် သွားရလေသည်။

ရှမ်ထုံနတ်မိစ္ဆာဘုရင်မှာ အတွေ့အကြုံများသလို သတင်းရယူ မှုလည်း မြန်ဆန်သူဖြစ်သည့်အတွက် ဆန်းလျန် မည်သူမည်ဝါ ဖြစ်သည်ကို ခန့်မှန်းမိပုံရလေသည်။ ချင်းရှမ်နတ် တံခါး၏ဂိုဏ်းချုပ်ဆိုသည့် ဂုဏ်ပုဒ်မှာ အလွန်မြင့်မားသည့်

ဂုဏ်ပုဒ်တစ်ခုဖြစ်လေသည်။ သို့သော် လက်ရှိ ချင်းရွှမ်နတ်တံခါး၏ အခြေအနေမှာ အနည်းငယ် ထိလွယ် ရှလွယ် ဖြစ်နေသည့်အတွက် နတ်မိစ္ဆာဘုရင်အနေဖြင့် ချင်းရွှမ်နတ်တံခါးကို မဆန့်ကျင်ချင်သလို ပတ်သက်ချင်ပုံလည်း မရှိပေ။ သို့သော် ရွှမ်ထုံနတ်မိစ္ဆာဘုရင်သည် ဆန်းလျန်ကို လုံးဝ လျစ်လျူရှုထားခြင်းမရှိပါ။ ထို့ကြောင့် ဆန်းလျန်အပေါ်တွင် သူ၏ည့်ဝတ်ကျေပွန်မှုကို ပြသခြင်းဖြစ်လေသည်။

"ကြည့်ရတာ အစ်ကို့ရဲ့ ပရိတ်ရေက အစွမ်းထက်တော့ ရွှမ်ထုံမိတ်ဆွေက လိုချင်လို့ ပြဒါးဆေးနဲ့ လဲတာ ဖြစ်ပါလိမ့်မယ်" ဆန်းလျန်က ပြောလိုက်လေသည်။

ဝူချင်ကျီက မည်သည့်စကားမှ မဆိုဘဲ ဆန်းလျန်ကို ပြုံးပြလိုက်သည်။

ဖုန်းဟယ်မှာ သူမ အဖြေရခက်နေသည့် မေးခွန်းကို ဆန်းလျန်က ကူညီဖြေရှင်းပေးလိုက်သည့်အတွက် ဆန်းလျန်ကို

ကျေးဇူးတင်စွာဖြင့်လှမ်းကြည့်လိုက်သည်။ ဆန်းလျန်က သူမကို ပြုံးပြလိုက်လေသည်။ သူမက ဆန်းလျန်နှင့် ဝူချင်ကျီကို ချင်းယွင်ထိုင်စင်မြင့်ထက်သို့ ဦးဆောင်ခေါ်သွားလေသည်။ စင်မြင့်မှာ ပေတစ်ရာခန့်မြင့်ပြီး အလွန်ကျယ်ပြန့်လေသည်။ ဖုန်းဟယ်က လူတစ်ယောက်ကို တီးတိုးပြောလိုက်ပြီး ဆန်းလျန်နှင့် ဝူချင်ကျီတို့နှစ်ယောက်ကို အထူးဧည့်သည်တော် ထိုင်ခုံများဆီသို့ ခေါ်ဆောင်သွားလေသည်။ အထူးဧည့်သည်တော်နေရာမှာ ရှုခင်းအလွန်လှလေသည်။ စင်မြင့်အလယ်တွင် ရေကန်ငယ်လေးတစ်ခုကို တွေ့မြင်နိုင်လေသည်။ လေထဲမှ ကြက်န်လမ်းလေးတစ်ခုရှိနေပြီး ကြက်န်လမ်းအဆုံးတွင် ပစ္စည်းများတင်ကာ ပြသသည့် စင်မြင့်လေးတစ်ခုရှိလေသည်။ ထိုစင်မြင့်လေးထက်တွင် ကျောက်စိမ်းပြားတစ်ခုကို ပြသထားလေသည်။ စင်မြင့်လေးဘေးရှိ ကြက်န်လမ်းလေးတွင် မိန်းကလေးကျင့်ကြံသူတစ်ယောက် ရပ်နေပြီး ထိုကျောက်စိမ်း

ပြားလေးမှာ တောင်ပေါ်နတ်ဘုရားတစ်ပါး၏ ကျောက်စိမ်းပြားဖြစ်ပြီး နတ်ဘုရားစွမ်းအားများ ပါဝင်ကြောင်း ရှင်းပြနေလေသည်။ ထိုကျောက်စိမ်းပြားကို ဆောင်ထားပါက မိစ္ဆာစွမ်းအားများကို ကာကွယ်နိုင်လေသည်။

ဝူချင်ကျီနှင့် ဆန်းလျန်တို့မှာ ထိုသို့သော အသေးအဖွဲပစ္စည်းလေးများကို စိတ်ဝင်စားခြင်းမရှိပါ။ ထို့ပြင် ဝူချင်ကျီမှာ စင်မြင့်ထက်တွင် ပြသထားသည့် ပစ္စည်းကို စိတ်ဝင်စားခြင်းမရှိေပေ။သူက ညာဘက်ရှိ အထူးဧည့်သည်တော်နေရာကို စိတ်ဝင်စားနေလေသည်။ ထိုနေရာမှာ ဆန်းလျန်တို့ ထိုင်နေသည့် နေရာနှင့် မတူပေ။ ထိုင်ခုံများကို တိမ်ခိုးလိုက်ကာလေးများဖြင့် ကာထားလေသည်။ အထဲတွင် မည်သူရှိနေသည်ကို မသိနိုင်ပေ။

တိမ်ခိုးလိုက်ကာနောက်ကွယ်တွင် အဖြူရောင်ရောင် အရိပ်တစ်ခုရှိနေပြီး ထိုအဖြူရောင်ရောင်အရိပ်မှာ သူ့ကို ကြည့်

နေသည်ကို ဆန်းလျန် ခံစားမိလေသည်။ ထိုအဖြူရောင်အရိပ်မှာ မည်သူဖြစ်ကြောင်းကို ဆန်းလျန် ချက်ချင်းသိရှိသွားလေသည်။

သို့သော် ဆန်းလျန်က မသိချင်ယောင်ဆောင်နေလိုက်ကာ စင်မြင့်ထက်တွင် ခင်းကျင်းပြသနေသည့် ပစ္စည်းများကို အာရုံစိုက်နေလိုက်သည်။

တောင်ပေါ်နတ်ဘုရားကျောက်စိမ်းကို ယိယွမ်ပြဒါးဆေး ငါးဆယ်ဖြင့် ရောင်းလိုက်ရလေသည်။

နတ်ဘုရားဈေးပွဲတော်သို့ ရောက်ရှိနေကြသည့်ကျင့်ကြံသူအများစုမှာ ပုံမှန်မဟုတ်သည့် ကျင့်ကြံသူများဖြစ်ကြလေသည်။ အချို့မှာလည်း တိုင်တစ်ပါးမှ ကျင့်ကြံသူများဖြစ်ကြလေသည်။

ချင်းရွှမ်နတ်တံခါးမှ ကျောက်စစ်မင်သည်ပင်လျှင် တိုင်းတစ်ပါးမှ ရောက်လာသည့် ကျင့်ကြံသူဖြစ်လေသည်။ သူက

ပထမတွင် လူစောယိနှင့် အဆင်မပြေဖြစ်ခဲ့ပြီး နှစ်ပေါင်းများ
စွာကြာလာသည့်နောက်တွင်တော့ သူ့စိတ်ကိုသူ ပြုပြင်နိုင်ခဲ့
လေသည်။ ယခုတော့ ကျောက်စစ်မင်မှာ ရုပ်ဝအဆင့်သို့ပင်
တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဆန်းလျန်က ကျောက်စစ်မင်ကို
စိတ်ဝင်စားမိလေသည်။ အနာဂတ်တွင် ကျောက်စစ်မင်နှင့် လူ
စောယိ နှစ်ယောက်လုံးသည် ချင်းရွှမ်နတ်တံခါးအတွက်
အရေးပါသူများ ဖြစ်လာနိုင်သည် မဟုတ်ပါလား။
သို့သော် ချင်းရွှမ်နတ်တံခါးအတွက် ချန်ကျန့်မေနှင့် ဆန်းလျန်
ကဲ့သို့ ပါရမီရှင်များ ထပ်မံပေါ်ထွက်လာခြင်းမရှိသေးပေ။ ချန်
ကျန့်မေနှင့် ဆန်းလျန်သာလျှင် နတ်ဘုရားအဆင့်တက်ရောက်
နိုင်ရန် အလားအလာကောင်းရှိသူများဖြစ်ကြပြီး အခြားသူများ
မှာ အလားအလာမရှိကြသေးပေ။
သို့သော် ထိုအချက်မှာ ပုံမှန်ပင်ဖြစ်ပါသည်။ နတ်ဘုရား
တစ်ပါး ဖြစ်လာရန်မှာ ခက်ခဲလွန်းလှသည် မဟုတ်ပါလား။

ဆန်းလျန်မှာ တန်ခိုးစွမ်းအားအဆမတန် မြင့်မားလာသလို ချ
င်းရွှမ်နတ်တံခါး၏တပည့်များထဲတွင်ဆန်းလျန်၏ ခြေဖျားကို
မီသည့်သူပင် တစ်ယောက်မှမရှိပေ။

ထိုကိစ္စနှင့်ပတ်သက်ပြီး ဆန်းလျန် အနည်းငယ်စိတ်ပူသည့်
တိုင် စိတ်အနှောင့်အယှက်တော့ မဖြစ်မိပါ။ ဆန်းလျန်က
တပည့်များအားလုံးကို ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး တတ်နိုင်
သမျှ ကူညီပေးလေသည်။ သို့သော် ကျင့်စဉ်လမ်း အောင်မြင်
သည် မအောင်မြင်သည်ကတော့ ကျင့်ကြံသူကိုယ်တိုင်အပေါ်
တွင်သာ မူတည်လေသည်။

နောက်ထပ်ပစ္စည်းတစ်ခုမှာ ထက်ရှသည့်လေစွမ်းအားနှင်တံ
တစ်ခုဖြစ်လေသည်။ ဆန်းလျန်က ထိုပစ္စည်းကို စိတ်ဝင်စားနေ
မိသည်။ ထိုပစ္စည်းမှာ လေစွမ်းအားသားရဲနှင့် အတူတကွ မွေး
ဖွားလာသည့် ပစ္စည်းဖြစ်လေသည်။ လေစွမ်းအားသားရဲ၏
ဇစ်မြစ်မှာတော့ စိတ်ဝင်စားစရာကောင်းလေသည်။

လွန်ခဲ့သည့်မျိုးဆက်မှ နတ်ဘုရားတစ်ပါး ရေးသားခဲ့သည့် တာအိုကျမ်းစာတစ်ခုတွင် နတ်ဘုရားဆေးမတစ်မျိုး အကြောင်းကို ရေးသားထားလေသည်။ ထိုကျမ်းစာအုပ်ထဲ တွင်...

"လေစွမ်းအားသားရဲ၏ပုံသဏ္ဌာန်မှာ အမွေးပါသည့် သားရဲတစ်ကောင်းဖြစ်ပြီး အစိမ်းရောင်ရှိလေသည်။ အလွန်ကြီးမားပြီး တောင်ပင်လယ်ဒေသရှိ တောနက်ထဲတွင် နေတတ်သည်။ ထိုသတ္တဝါကို ပိုက်ကွန်နှင့်ဖမ်းသည့်တိုင် ပိုက်ကွန်ကို မီးရှို့ပစ်နိုင်စွမ်းရှိလေသည်။ သူ၏အမွေးများက ထိုးထိုးထောင်ထောင်နှင့် ဖြစ်လေသည်။ သူ့ခေါင်းနှင့် အတွေ့ခံရလျှင်လည်း သေဆုံးနိုင်လေသည်။ ထို့ပြင် ပါးစပ်မှလည်း လေစွမ်းအားများကို မှုတ်ထုတ်နိုင်လေသည်။ သူ၏နှာခေါင်းကို တိုက်ခိုက်မှသာ သေနိုင်လေသည်။ ထိုသားရဲ၏ဦးနှောက်ကို ဂန္ဓမာပန်းနှင့်ရောပြီး ဆေးဖော်စပ်ကာ မှီဝဲလျှင် အသက်ငါးရာပိုရှည်နိုင်သည်"

ဟု ရေးသားထားလေသည်။

လူတစ်ယောက်၏အသက်ကို အနှစ်ငါးရာ ထပ်မံအသက်ရှည်စေခြင်းမှာ အလွန်တန်ဖိုးရှိလေသည်။ မည်သူမဆို ထိုသို့သောဆေးမျိုးကို လိုချင်ကြမည်ပဲဖြစ်လေသည်။

သို့သော် နတ်ဘုရားဈေးပွဲတော်သို့ ရောက်ရှိလာကြသည့်ကျင့်ကြံသူအများစုမှာ လေစွမ်းအားသားရဲ အကြောင်းကို သိပုံမပေါ်ပေ။ ထို့ကြောင့် လေစွမ်းအားနှင်တံကို မည်သူမျှအလေးမထားကြပေ။

လေစွမ်းအားနှင်တံကိုပိုင်ဆိုင်ထားလျှင် လေစွမ်းအားသားရဲတည်ရှိသည့်နေရာကို ခြေရာခံနိုင်မည်ဖြစ်လေသည်။

လေစွမ်းအားနှင်တံကို ရောင်းနေသည့် ကျင့်ကြံသူသာ ထိုအကြောင်းကို သိမည်ဆိုလျှင် နှင်တံကို ရောင်းမည် မဟုတ်ပေ။ ဆန်းလျန်က လေစွမ်းအားနှင်တံကို ဝယ်ယူရန် ဆုံးဖြတ်လိုက်လေသည်။

ဆန်းလျန် ငြိမ်သက်နေစဉ်မှာပင် တစ်ယောက်က စျေးခေါ်လိုက်သည်။ ဆန်းလျန်အနေဖြင့်လောစရာ မလိုပေ။ စျေးပြိုင်ခေါ်နေကြသည့်သူများကို ခေတ္တစောင့်ကြည့်နေလိုက်သည်။ နောက်ဆုံးစျေးနှုန်းအမြင့်ဆုံးမှာ ယိယွမ်ပြဒါးဆေးငါးဆယ်တွင် ရပ်တန့်သွားလေသည်။

"ခြောက်ဆယ်...."

ဆန်းလျန်က အမြင့်ဆုံးစျေးထက် ယိယွမ်ပြဒါးဆေး တစ်ဆယ်ပိုပေးကာ စျေးခေါ်လိုက်သည်။

သို့သော်....

သူ့ကို ပြိုင်ဆိုင်မည့်သူတစ်ယောက် ပေါ်လာလေသည်။

ဆန်းလျန်က နှင်တံကို သူရတော့မည်ဟု ထင်လိုက်မိသည့်အချိန်မှာပင်.....

"တစ်ရာ့နှစ်ဆယ်...."

တိမ်ခိုးလိုက်ကာဖြင့်ကာရံထားသည့် အထူးဧည့်သည်တော်

ထိုင်ခုံမှ နူးညံ့သည့် အသံတစ်သံက ပြောလိုက်လေသည်။

ဆန်းလျန်ပေးသည့်ဈေးထက် နှစ်ဆဈေးခေါ်လိုက်ခြင်းဖြစ်

လေသည်။

တိမ်ခိုးလိုက်ကာနောက်မှ အဖြူရောင်အရိပ်သည် ဆန်းလျန်ကို

စိုက်ကြည့်နေသည်ကို ဆန်းလျန် ခံစားသိရှိလိုက်လေသည်။

ဆန်းလျန်က ဂရုမစိုက်ပါ။ သူက ဈေးထပ်တိုးပေးရန် ပြင်ဆင်

လိုက်ချိန်တွင်....

"တစ်ရာ့ငါးဆယ်..."

ဝူချင်ကျီ ဈေးခေါ်လိုက်သည့်အသံ ထွက်ပေါ်လာခြင်းဖြစ်လေ

သည်။

"နတ်မိမယ်က လိုချင်မှတော့ ကျုပ်က လက်ဆောင်ဝယ်ပေးရ

မှာပေါ့"

ဝူချင်ကျီက အေးဆေးစွာဖြင့် ဆက်ပြောလိုက်လေသည်။

တိမ်ခိုးလိုက်ကာနောက်ကွယ်မှ အဖြူရောင်အရိပ်က ရယ်မောလိုက်လေသည်။

"ကျွန်မက ဒီပစ္စည်းကို မကြိုက်ပါဘူး ၊ ရယ်ယူချင်ရုံသက်သက်ပါ"

သူမက ပြန်ပြောလိုက်သည်။

"သုံးရာ..."

သူမက ဆက်ပြောလိုက်သည်။

သူမ၏ စကားကိုကြားသည်နှင့် ဝူချင်ကျီက ဆန်းလျန်ဘက်သို့လှည့်လိုက်ပြီး....

"ဒီက ညီငယ်နဲ့ ရှောင်ယွီနတ်သမီးကြားမှာ ပြဿနာတစ်ခုခုများရှိသလား"

ဟု မေးလိုက်လေသည်။

အတွေ့အကြုံများသည့် ဝူချင်ကျီက မိန်းမပျိုမှာ ဆန်းလျန်ကို တမင်သက်သက် အရွဲ့တိုက်ကာ လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

"သုံးရာ့တစ်..."

ဆန်းလျန်က တိုးတိတ်စွာ ပြောလိုက်သည်။

ထို့နောက် သူက ဝူချင်ကျီကို ပြန်ကြည့်လိုက်ပြီး စိတ်ရှည်ရှည် ထားပါဆိုသည့်သဘောဖြင့် လက်ကာပြလိုက်သည်။

"ခြောက်ရာ..."

တိမ်ခိုးလိုက်ကာနောက်ကွယ်မှ ကျောက်ရှောင်ယွီက ထပ်ပြော လိုက်သည်။

လူတိုင်းက လေလံပွဲကို ဆူညံစွာဖြင့် စိတ်ဝင်တစား ကြည့်နေ ကြလေတော့သည်။

အထူးဧည့်သည်တော်နေရာမှ ကျင့်ကြံသူနှစ်ယောက် ဈေးပြိုင် ကြလိမ့်မည်ဟု သူတို့က မျှော်လင့်မထားမိကြပေ။ သူတို့က

လေစွမ်းအားနှင်တံပိုင်ရှင်မှာ ကံကောင်းတာပဲဟု တွေးနေကြ

လေသည်။

သို့သော်....

ဆန်းလျန်က ဆက်ပြီး စျေးမတင်တော့ပါ။ တိတ်ဆိတ်နေလိုက်

လေသည်။ ထို့ကြောင့် လေစွမ်းအားနှင်တံကို ကျောက်ရှောင်

ယွီ ရရှိသွားလေသည်။

သို့သော်....

ဆန်းလျန် လုံးဝမျှော်လင့်မထားသည့် အဖြစ်အပျက်တစ်ခု

ဖြစ်ပျက်သွားခဲ့ပြီးဆန်းလျန်၏ နားလည်နိုင်ခြင်းများ

ပျောက်ဆုံးသွားရလေတော့သည်။

အခန်း (၂၂၉)

 အကြင်နာတရားမရှိ

ဆန်းလျန်၏နားလည်နိုင်ခြင်းများ ပျောက်ဆုံးသွားရသည့်

အချက်မှာ....

ကျောက်ရှောင်ယွီက ဆန်းလျန်ကို မရရအောင် အနိုင်ယူကာ

ဝယ်ယူခဲ့သည့် လေစွမ်းအားနှင်တံကို ဆန်းလျန်ထံသို့

လက်ဆောင်အဖြစ် ပေးပို့ခိုင်းလိုက်ခြင်းပင် ဖြစ်လေသည်။

ထို့နောက် ကျောက်ရှောင်ယွီထိုင်နေသည့် အထူးဧည့်သည်

တော်နေရာမှ တိမ်ခိုးလိုက်ကာ ပျောက်ကွယ်သွားလေသည်။

စူးရှသော မျက်ဝန်းများဖြင့် ဆန်းလျန်ကို စိုက်ကြည့်နေပြီး

နှုတ်ခမ်းအစုံက လှပစွာ ပြုံးနေသည့် အလွန်တရာ ချောမော

လှပလွန်းသော မိန်းမပျို ကျောက်ရှောင်ယွီကို လူတိုင်းမြင်တွေ့

လိုက်ကြရလေသည်။

ဆန်းလျန်က သူမစိတ်ထဲမှ အတွေးများကို ခန့်မှန်းကြည့်နေ

မိသည်။ သူမ၏ အလှတရားများက ဆန်းလျန်ကို စိတ်လှုပ်ရှား

မိစေခြင်းဟှာ မတတ်နိုင်ပေ။

သို့သော်... ဝူချင်ကျိုမှာတော့ သူမ၏အလှတရားတွင် ယစ်မူး

လျှက်ရှိရလေပြီ။

ဆန်းလျန်က လေစွမ်းအားနှင်တံကို သိက္ခာရှိရှိဖြင့်ပင် လက်ခံ

ယူလိုက်သည်။ ဆန်းလျန်က အစကတည်းက ကျောက်ရှောင်

ယွီလုပ်သမျှ အလျှော့ပေးမည်ဟု ဆုံးဖြတ်ထားခဲ့သူ ဖြစ်လေ

သည်။ နောက်မှ သူလိုချင်သည့် ပစ္စည်းကို သူမလက်ထဲမှ

ရအောင်ပြန်ယူမည်ဟု စဉ်းစားထားခဲ့သည်။

သို့သော်...

ကျောက်ရှောင်ယွီက သူနှင့် အတိုက်အခံလုပ်ပြီး ရအောင်

ယူထားသည့် ပစ္စည်းတစ်ခုကို သူ့ကို လက်ဆောင်အဖြစ်ပြန်

ပေးမည်ဟု ဆန်းလျန်က လုံးဝ မျှော်လင့်မထားခဲ့မိပေ။ ဆန်း

လျန်မှာ သူမ၏ အပြုအမူကြောင့် များစွာ စိတ်ရှုတ်သွားရလေ

တော့သည်။

အမှန်ဆိုလျှင် သူတို့နှစ်ယောက်မှာ မိတ်ဆွေများ မဟုတ်ကြ

ပေ။ ယွဲ့ထော်တိုင်းပြည်တွင် သူတို့နှစ်ယောက် အပြင်းအထန်

ပင် တိုက်ခိုက်ခဲ့ကြသေးသည်။ ထိုတိုက်ပွဲကြောင့်ပင် ဆန်းလျ

န်မှာ ဟိုင်သန်းအဆင့် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်ကတော့ အတိတ်ကို အတိတ်မှာပင် ထားခဲ့ပြီ

ဖြစ်သည်။

အချိန်ငါးနှစ်ကျော်တောင် ကြာခဲ့ပြီပဲလေ..... ။

ဆန်းလျန်လည်း ကျင့်စဉ်လမ်း အဆင့်မြင့်လာသလို ကျောက်

ရှောင်ယွီမှာလည်း သိသိသာသာ တန်ခိုးစွမ်းအားများ တိုးတက်

လာခဲ့ပြီဖြစ်သည်။ သူမ၏ တန်ခိုးစွမ်းအားများမှာ မည်မျှ

နက်ရှိုင်းနေပြီကို ခန့်မှန်း၍ပင် မရနိုင်တော့ပေ။

အတိတ်မှုကိစ္စများကို မကျေနပ်သည့်အတွက်ကြောင့် သူ့ကို လူပုံအလယ်တွင် အရှုးလုပ်နေခြင်းများလားဟု ဆန်းလျန် တွေးနေမိသည်။

ဆန်းလျန်အတွက် အတိတ်ဆိုသည်က အရေးမကြီးလှပါ။ ထို့ပြင်... လက်ရှိအချိန်တွင် ဆန်းလျန်၏ တန်ခိုးစွမ်းအားများ က အလွန်မြင့်မားနေပြီး ထုန်ထျန်းတန်ခိုးစွမ်းအားကိုပါ ပိုင်ဆိုင်ထားသည့်အပြင် ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ် ယောက်လည်း ဖြစ်နေခဲ့ပြီ။ ကျောက်ရှောင်ယွီ မည်သည့် လှည့်ကွက်သုံးပြီး လှည့်စားတိုက်ခိုက်လာပါစေ ဆန်းလျန်က စိုးရိမ်မည့်သူမဟုတ်ပေ။

ဆန်းလျန်က ကျောက်ရှောင်ယွီပေးသည့်လက်ဆောင်ကို တုန့် ဆိုင်းခြင်းမရှိ တည်တည်ငြိမ်ငြိမ် သိက္ခာရှိရှိဖြင့် လက်ခံလိုက် သည်။ သူ့ရင်ထဲတွင် စိုးရိမ်ခြင်း အလျဉ်းကင်းစင်နေလေ သည်။

"ညီငယ်လေး ၊ မင်းနဲ့ ရှောင်ယွီနတ်သမီး ဘယ်တုန်းကတည်း
က သိနေကြတာလဲ ၊ မင်းတို့နှစ်ယောက်ကြည့်ရတာ ရင်းနှီးကြ
တဲ့ပုံပဲ"

ဝူချင်ကျီက စိတ်ရှုတ်ထွေးစွာဖြင့် ပြောလိုက်သည်။

"ကျုပ်ကသာ အစ်ကို့စိတ်ထဲ ဘာတွေ တွေးနေလဲဆိုတာ မေးရ
မှာ မဟုတ်ဘူးလားဗျာ ၊ အစ်ကိုက ခုနပဲ သူလိုချင်တာကို ဈေး
မတန်တဆပေးပြီး ဝယ်ပေးတော့မလို့ လုပ်နေတာ မဟုတ်
လား"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"မင်းကို ဖုံးကွယ်ထားစရာ မရှိပါဘူးကွာ ၊ ကျုပ်က ထိုက်စန့်
စကျွတန်ခိုးစွမ်းအားကို ကျင့်ကြံနေတဲ့ ကျင့်ကြံသူတစ်ယောက်
ပဲ ၊ ကျုပ်မှာသာ ပြင်းပြတဲ့ခံစားချက်မရှိရင် အရေးတောင်လုပ်
မှာမဟုတ်ဘူး ၊ ဒါပေမယ့် ရှောင်ယွီနတ်သမီးကတော့ ကျုပ်
တကယ် မြတ်နိုးရတဲ့သူပါ ၊ သူ့ဆန္ဒတိုင်းကို ကျုပ်က

ဖြည့်ဆည်းပေးချင်တာပါ ၊ ခက်တာက သူက ကျုပ်ကို တစ်ချက်လေးတောင် အရေးမလုပ်ဘူးလေ”

ဝူချင်ကျီက ပွင့်ပွင့်လင်းလင်းပင် ပြောပြလိုက်လေသည်။

ဝူချင်ကျီမှာ လူတစ်သန်းမှာတစ်ယောက် ရှာမှရှားသည့် တန်ခိုးရှင်ဖြစ်လေသည်။ ကျောက်ရှောင်ယွီထံမှ လေးစားမှုတစ်ခုတော့ ရသင့်သည် မဟုတ်လား။

အရှေ့ပင်လယ်မှသည် အနောက်ဘက် ရှီးဟွမ်နယ်အထိ ဝူချင်ကျီလုပ်သမျှအလုပ်တိုင်းကို ကျောက်ရှောင်ယွီက တစ်ချက်ပင် ဂရုမစိုက်ပေ။ သို့သော်... ဝူချင်ကျီအတွက်တော့ လောကတွင် ကျောက်ရှောင်ယွီထက်ပိုပြီး ဂရုစိုက်ရမည့်သူ မရှိပေ။

သို့သော်... သူဘယ်လိုပင်ကြိုးစားကြိုးစား ကျောက်ရှောင်ယွီ၏ ကျောက်သားပမာ နှလုံးသားကို အရည်ပျော်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိပေ။

ဝူချင်ကျီမှာ အစပိုင်းတွင်တော့ သူ၏ ကျင့်စဉ်လမ်းအဆင့်
တက်လှမ်းနိုင်ရန်အတွက် အသုံးချရုံသက်သက်ဖြင့် ကျောက်
ရှောင်ယွီကို စိတ်ဝင်စားခဲ့မိခြင်းဖြစ်လေသည်။ သို့သော်... ယခု
တော့ အချစ်များကျွမ်းကာ အချစ်ရူးကြီးလုံးလုံးဖြစ်ခဲ့ရပြီ။
နောက်တစ်ယောက်ကိုမရှာလို။ ကျောက်ရှောင်ယွီမှ ကျောက်
ရှောင်ယွီ အရူးအမူးဖြစ်နေရလေသည်။ ထိုမေတ္တာရေး
အခက်အခဲကို ကျော်လွှားနိုင်ခြင်းမရှိလျှင် သူ၏ ကျင့်စဉ်လမ်း
မှာလည်း အဆင့်မတက်နိုင်ဘဲ ရပ်တန့်နေရတော့မည် ဖြစ်လေ
သည်။

"အစ်ကိုရာ အဲဒီလောက်ကြီး ရှင်းမပြနဲ့လေ ၊ ပြီးတော့ ကျုပ်တို့
ပြောနေတာတွေ သူကြားတယ်ဗျ"

ဆန်းလျန်က သက်ပြင်းချရင်း ပြောလိုက်လေသည်။

"ကျုပ်က တကယ်ခံစားနေရတာဗျ ၊ ဘာများ ဖုံးကွယ်ထား
စရာလိုလို့လဲ"

ဝူချင်ကျီက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်မှာ ဝူချင်ကျီကို အမှန်ပင် လေးစားသွားမိလေသည်။

သူသာ ထိုမိန်းကလေးကို တကယ်တမ်း မြတ်နိုးခြင်းမရှိလျှင်

ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ ထွက်ခွာလာမည်မဟုတ်ပေ။

သို့သော် ကျင့်ကြံသူတစ်ယောက်ဖြစ်နေရဲ့သားနဲ့ မိန်းကလေး

တစ်ယောက်ကို ဤမျှအသဲအသန် မေတ္တာရှိနေရသလားဟု

ဆန်းလန်မှာ တွေးဖြစ်အောင် တွေးလိုက်မိသေးသည်။

ဆန်းလျန်လည်း မည်သည့်စကားမှ မပြောတော့ဘဲ နတ်ဘုရား

ဈေးပွဲတော်မှ ပစ္စည်းများကိုသာ လေ့လာနေလိုက်တော့သည်။

မျက်လုံးတစ်လုံးတည်းသာပါသည့် အသားတစ်တုံး ၊ သို့သော်

ထိုအသားကို ဘယ်လောက်ပင်စားစား ကုန်မသွားသည့်အပြင်

ပို၍ပင်များလာလေသည်။ စားမကုန်နိုင်သည့်အသားတုံးပင်

ဖြစ်လေသည်။ ထိုအသားကို “မပျက်စီးနိုင်သည့်အသား” ဟု

ခေါ်လေသည်။

ထို့နောက် ရှေးဟောင်းမှန်တစ်ချပ် ၊ ထိုမှန်ကိုကြည့်လိုက်သည်နှင့် ကိုယ်တွင်းအင်္ဂါများကိုပါ ဖောက်ထွင်းမြင်ရလေသည်။

ထို့နောက် များစွာသောပစ္စည်းများကို ရောင်းချကြလေသည်။

ပစ္စည်းများအားလုံးက စိတ်ဝင်စားစရာကောင်းသည့်တိုင် ဆန်းလျန်အတွက်တော့ အရေးမပါလှပေ။

"မပျက်စီးနိုင်သည့်အသားမှာ" သာမန်လူတစ်ယောက်အတွက်တော့ အမှန်တကယ်ပင် အသုံးဝင်မည်ဖြစ်လေသည်။

ထို့အတူ ရှေးဟောင်းမှန်မှာလည်း ချေင်တုန့်အဆင့်ကျင့်ကြံသူတစ်ယောက်အတွက် အသုံးဝင်မည်ဖြစ်လေသည်။

သို့သော် ဆန်းလျန်မှာ ဆေးပညာတိုးတက်သည့် ခေတ်ပေါ်ကမ္ဘာမှ ရောက်လာခဲ့သည့် ဆရာဝန်တစ်ယောက်ဖြစ်သည့်အတွက် လူတို့၏ ကိုယ်တွင်းအင်္ဂါဖွဲ့စည်းပုံများကို အစ

ကတည်းက သိရှိပြီးဖြစ်လေသည်။ ထို့ကြောင့် ထိုရှေးဟောင်းမှန်ချပ်မှာ ဆန်းလျန်အတွက် အသုံးမဝင်ပေ။

လေစွမ်းအားနှင်တံကိုရရှိပြီးသည့်နောက်ပိုင်း ဆန်းလျန်စိတ်ဝင်စားသည့်ပစ္စည်းမရှိတော့ပေ။

ပစ္စည်းပြသရောင်းချသည့် ဈေးပွဲတော်အစီအစဉ် ပြီးဆုံးသွားသည့်အခါတွင်တော့ ဈေးပွဲတော်တစ်ခုလုံးမှာ အားလုံးတိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

ယခုတော့ ပျော်ရွှင်စရာအစီအစဉ်က ပြီးဆုံးသွားပြီဖြစ်လေသည်။

ထိုအချိန်မှာပင် နတ်ဘုရားဈေးပွဲတော်တာဝန်ခံက ပစ္စည်းတစ်ခုကို ထုတ်ယူလာလေသည်။ ဝိုင်းစက်နေသည့် ကျောက်တုံးတစ်တုံးဖြစ်လေသည်။ ထိုကျောက်တုံး၏ထိပ်တွင် မီးတောက်တစ်ခုကဲ့သို့ပင် အနီရောင်အလင်းတန်းများ လင်းလက်နေလေသည်။

ဆန်းလျှန်ထိုင်နေသည့် နေရာမှပင် ထိုအလင်းတန်းမှ ထွက်ပေါ်လာသည့် အပူငွေ့ကို ခံစားနေရလေသည်။

ထိုအရာမှာ နတ်မိစ္ဆာတစ်ယောက်၏ ရွှေပြဒါးအမြုတေဖြစ်လေသည်။ ထိုအမြုတေကိုအသုံးပြုပြီး ဟိုင်သန်းအဆင့်တက်ရောက်နိုင်မည်ဖြစ်လေသည်။

လေထုတစ်ခုလုံးငြိမ်သက်သွားလေသည်။ အချို့သူများ၏ အသက်ရှူသံပြင်းပြင်းများကို ကြားနေရသည်။

ချင်းရှမ်နတ်တံခါးတွင်ပင် ထိုသို့ အရည်အသွေးကောင်းသည့် နတ်မိစ္ဆာရွှေပြဒါးအမြုတေ မရှိပါ။ ထို့ပြင် ချင်းရှမ်နတ်တံခါးတွင် နတ်မိစ္ဆာဘုရင်တစ်ပါးကို သတ်ဖြတ်နိုင်သည့်တပည့် တစ်ယောက်မှ မရှိသေးပေ။ ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန် အတွက်လည်း မည်သူမှ နတ်မိစ္ဆာဘုရင်တစ်ပါးကို သွား၍သတ်ဖြတ်မည်မဟုတ်ပေ။ အင်အားကြီးမားသည့်

နတ်မိစ္ဆာဘုရင်နှင့်သာသွားတွေ့လျှင် ကိုယ်ပင် ဒုက္ခရောက်သွား

နိုင်လေသည်။

သမိုင်းကြောင်းတစ်လျှောက် ပြန်ကြည့်မည် ဆိုလျှင်တော့ ချ

င်းရှမ်နတ်တံခါးတွင် နတ်မိစ္ဆာရွှေပြဒါးအမြုတေ ခြောက်ခု

သို့မဟုတ် ခုနစ်ခုခန့် ပိုင်ဆိုင်ခဲ့ဖူးလေသည်။ ယခု လေလံပြပွဲ

တွင် တင်ထားသည့် အမြုတေထက် များစွာပင် သာလွန်သေး

သည်။

နတ်မိစ္ဆာရွှေပြဒါးအမြုတေကို ပြင်ပပြဒါးရှင်အဖြစ် အသုံးပြု

ပြီး ကျင့်စဉ်လမ်းတက်ရောက်သူသည် ဟိုင်သန်းအဆင့်ကို ပုံ

ပြောင်းအဆင့်တစ်ဆင့်ဖြင့် တက်ရောက်နိုင်မည်ဖြစ်လေ

သည်။ သို့သော် ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် တစ်ဆင့်

ဖြင့် တက်ရောက်နိုင်ခြင်းမှာ မည်သည့်တန်ခိုးစွမ်းအားမှ

ထူးခြားလာမည်မဟုတ်ပေ။

သို့သော် ပုံမှန်မဟုတ်သည့် ကျင့်ကြံသူအများစုကတော့ ထို အခွင့်အရေးကိုပင် လက်လွှတ်မခံလိုကြပေ။

ပုံမှန်မဟုတ်သည့်ကျင့်ကြံသူများနှင့် သာမန်ကျင့်ကြံသူဂိုဏ်းများမှာ ဟိုင်သန်းအဆင့်တက်ရောက်နိုင်ခြင်းကို အသဲအသန်မက်မောကြလေသည်။ ဟိုင်သန်းအဆင့်တက်ရောက်နိုင်လျှင် သက်တမ်းရှစ်ရာနှင့်အထက် အသက်ရှည်နိုင်တော့မည်ဖြစ်သည့်အတွက် မမက်မောသူ မည်သူရှိပါမည်နည်း။ ထို့ပြင် ဟိုင်သန်းအဆင့်တက်လှမ်းနိုင်လျှင် ကျင့်စဉ်လမ်းသို့ စတင်ဝင်ရောက်နိုင်ပြီဖြစ်သည့်အတွက် နတ်ဘုရားတစ်ပါးဖြစ်သည် အထိ အပူအပင်ကင်းကင်းဖြင့် ကျင့်စဉ်လမ်းကို ဆက်လက်လျှောက်လှမ်းနိုင်မည်ဖြစ်လေသည်။

နတ်ဘုရားဈေးပွဲတော်တာဝန်ခံက နတ်မိစ္ဆာရွှေပြဒါးအမြုတေကို ယိယွမ်ပြဒါးဆေး ငါးထောင်ဖြင့် ဈေးစခေါ်လေသည်။

ပရိတ်သတ်ထဲတွင် ပြောနေကြသည်မှာ ထိုပစ္စည်းမှာ ရွှမ်ထုံ
နတ်မိစ္ဆာဘုရင် ပိုင်ဆိုင်သည့် ပစ္စည်းဟုပြောနေကြလေသည်။
ကျင့်ကြံသူများအနေဖြင့် ယိယွမ်ပြဒါးဆေး မရှိလျှင်လည်း
ထပ်မံလဲလှယ်၍ရနိုင်လေသည်။ သို့သော် ယိယွမ်ပြဒါးဆေး
များကို ပြန်အမ်းပေးမည်တော့ မဟုတ်ပေ။
အခြားပစ္စည်းဆိုလျှင်တော့ ကျင့်ကြံသူများအနေဖြင့် ဝယ်သင့်
မဝယ်သင့် စဉ်းစားကြမည်ဖြစ်သော်လည်း ဟိုင်သန်းအဆင့်
တက်ရောက်နိုင်ခွင့်ရှိသည့်ပစ္စည်းကိုတော့ လက်လွှတ်မခံလို
ကြပေ။ ထို့ပြင် ယိယွမ်ပြဒါးဆေးများ ပိုနေ၍လည်း သူတို့
အတွက် အကျိုးမယုတ်ပေ။
ထိုသို့ပြုလုပ်ခြင်းကို ဆန်းလျန် လေးစားသွားမိသည်။
နတ်ဘုရားဈေးပွဲတော်သို့ ပုံမှန်မဟုတ်သည့် ကျင့်ကြံသူများ
အလာများကြလေသည်။ ထိုကျင့်ကြံသူများအတွက် ဈေး
ပွဲတော်တာဝန်ခံက ရောင်းချပေးခြင်းဖြစ်လေသည်။

ကျင့်ကြံသူများက နတ်မိစ္ဆာရွှေပြဒါးအမြုတေကို ဝယ်ယူရန် အတွက် ယိယွမ်ပြဒါးဆေးများကို အပြေးအလွှားလဲလှယ်နေ ကြလေသည်။ စျေးပွဲတော်တာဝန်ခံက လဲလှယ်ပြီးသည့်အထိ အချိန်စောင့်ပေးနေလေသည်။

“ကြည့်ရတာ ဒီပစ္စည်းက နောက်ဆုံးပဲထင်ပါတယ် ၊ ကျုပ်တို့ နေကြဦးမလား ၊ ဒါမှမဟုတ် သွားကြမလား”

ဆန်းလျန်က ဝူချင်ကျီကို မေးလိုက်လေသည်။

ဝူချင်ကျီက ကျောက်ရှောင်ယွီ ထိုင်နေသည့်နေရာကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ကျောက်ရှောင်ယွီမှာလည်း ပြန်ရန် မတ်တပ်ရပ်နေပြီဖြစ်သည်။ လေစွမ်းအားနှင်တံကို ဆန်းလျန် နှင့် အပြိုင်လုဝယ်ပြီးသည့်နောက်ပိုင်း သူမက မည်သည့် ပစ္စည်းကိုမှ ဝယ်ယူခြင်းမရှိတော့ပါ။

ဖုန်းဟယ်မှာ နတ်မိစ္ဆာရွှေပြဒါးအမြုတေကို စိတ်ဝင်စားနေလေ သည်။ သို့သော် သူမ၏တာဝန်က ပစ္စည်းဝယ်ခြင်းထက် ဆန်း

လျှန်ကို ဝန်ဆောင်မှုပေးရမည့်တာဝန်ဖြစ်သည့်အတွက် ဆက်ပြီး စိတ်မဝင်စားနိုင်တော့ပေ။ သူမက ဆန်းလျှန်ကို ချင်းယွင်ထိုင်စင်မြင့်ထက်မှ ဆင်းသက်ရန် ဦးဆောင်ပြီးခေါ်သွားလေသည်။ ဆန်းလျှန်က သူမဆီမှ ယူထားသည့် ယိယွမ်ပြဒါးဆေးတစ်သောင်းကို အသုံးပြုရခြင်းမရှိသေးပါ။ သို့သော် သူက ပြန်မပေးတော့ဘဲ သိမ်းထားလိုက်လေသည်။ နောက်ပိုင်း သုံးချင်သုံးရဦးမည်။

"ဖုန်းဟယ် ၊ လေစွမ်းအားနှင်တံရောင်းတဲ့သူကို စုံစမ်းပေးနိုင်မလား"

ဆန်းလျှန်က စင်မြင့်ထက်မှ ဆင်းရင်း မေးလိုက်သည်။

ဖုန်းဟယ်က အနည်းငယ်တုန့်ဆိုင်းသွားသည်။ သူတို့တွင် ပစ္စည်းရောင်းချသူ မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော်ပြောကြားခွင့်မရှိပေ။ သို့သော် ဆန်းလျှန်မှာ ရှမ်ထုံနတ်မိစ္ဆာဘုရင်၏ အထူးဧည့်သည်တော်ဖြစ်သည့်အပြင် ဆန်းလျှန်

လိုအပ်သမျှ ဖြည့်ဆည်းပေးရန်လည်း နတ်မိစ္ဆာဘုရင်က မှာကြားထားလေသည်။

“ကျွန်မကတော့ ပြောပြခွင့်မရှိပါဘူး ၊ ဒါပေမယ့် တာဝန်ခံကို မေးပေးပါ့မယ်”

ဖုန်းဟယ်က ပြန်ပြောလိုက်သည်။

ထိုအချိန်မှာပင်....

“ဆန်းကျွင်းအရှင်က လေစွမ်းအားနှင်တံရောင်းတဲ့သူ အကြောင်းသိချင်တာများ ၊ ဘာလို့ ကျွန်မကို မမေးရတာလဲ”

စမ်းချောင်းလေးအလား ကြည်လင်နေသည့်အသံလေးသည် ဆန်းလျန်၏နားတွင်းသို့ ဝင်ရောက်လာလေသည်။

ကျောက်ရှောင်ယွီ၏ အသံဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် ချင်းယွင်ထိုင်စင်မြင့်ထက်မှ ကျက်သရေရှိလွန်းသည့် အလှတရားဖြင့် ဆင်းသက်လာလေသည်။ အလွန်မှ စွဲဆောင်မှုရှိစွာ တင့်တယ်လှပလွန်းသည့်

မိန်းမပျိုလေး ဖြစ်လေသည်။ ကောင်းကင်ထက်မှ မိုးနတ်သူဇာ တစ်ပါး လူ့လောကသို့ ဆင်းသက်လာသည်နှင့်ပင် တူလွန်းလှ သည်။ သူမ၏ ရေစင်ကဲ့သို့ကြည်လင်နေသည့် မျက်ဝန်းများ မှာ ယခင်ကဲ့သို့ အေးစက်နေခြင်းမျိုးမရှိဘဲ နူးညံ့သိမ်မွေ့နေ လေသည်။

ကျောက်ရှောင်ယွီမှာ နတ်ဘုရားတစ်ပါးဖြစ်လာရန် အလွန် နီးစပ်နေပြီဟု ဆန်းလျန် သိရှိလိုက်လေသည်။

ကျောက်ရှောင်ယွီမှာ စစ်မှန်သည့် ပါရမီရှင်တစ်ယောက်ဖြစ် လေသည်။ အမှန်တော့ ဆန်းလျန်သာ “စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း” စာအုပ်ကိုသာ ကျင့်ကြံထားခြင်းမရှိလျှင် ချန်ကျန့်မေနှင့် ကျောက်ရှောင်ယွီကို မီအောင် ကျင့်ကြံနိုင်ဦး မည် မဟုတ်ပေ။

ကြာပန်းကိုးပွင့်ကျောင်းတော်မှ သူတော်စင်မိန်းမပျိုသည် ကျင့်စဉ်လမ်းတွင် စဉ်ဆက်မပြတ် တိုးတက်လာနေပုံရလေ

သည်။ ယွဲ့ထော်တိုင်းပြည်တွင် ဆန်းလျန်က သူမကို အနိုင်တိုက်ခိုက်ခဲ့သော်လည်း သူမက စိတ်ဓာတ်ကျသွားခြင်းမရှိဘဲ ထပ်မံ ကြိုးစားခဲ့လေသည်။

သူမက ယခင်ကထက်ပိုပြီးတော့ပင် ကြိုးစားကျင့်ကြံခဲ့ပြီး ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်း၏ ကန့်သတ်ချက်ကိုပင် ဖောက်ထွက်ခဲ့ကာ သူမကိုယ်ပိုင်ကျင့်စဉ်လမ်းကိုပင် လျှောက်လှမ်းနိုင်နေပြီဖြစ်လေသည်။

ဆန်းလျန်က သူမကို လေးစားစွာဖြင့် တစ်ချက်ကြည့်လိုက်သည်။

"ရှောင်ယွီ ၊ မတွေ့ရတာကြာပြီနော် ၊ အရင်ကထက်တောင် ပိုချောလာသေးတယ်"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

ကျောက်ရှောင်ယွီက မျက်လွှာလေးချလိုက်ရင်း နူးညံ့သည့် အသံလေးဖြင့် ပြန်ပြောလိုက်သည်။

"ဆန်းကျွင်းအရှင်ဆီက ဒီလိုစကားမျိုးကြားရတာ တခြားသူ

တွေဆီက ကြားရတာထက်ပိုပြီး ပျော်ရွှင်မိပါတယ်"

"ကြည့်ရတာ မင်းတို့နှစ်ယောက်က မိတ်ဆွေတွေထင်တယ်၊

ဆန်းကျွင်းအရှင်နဲ့ ကျုပ်နဲ့ကလည်း အခု မိတ်ဆွေတွေဖြစ်သွား

ပြီ၊ ရှောင်ယွီနတ်သမီးက ကျုပ်နှစ်သက်သဘောကျရတဲ့သူ၊

ကျုပ်တို့ မိတ်ဖြစ်ဆွေဖြစ် သွားသောက်ကြရအောင်လား"

ဝူချင်ကျီက ဝင်ပြောလိုက်လေသည်။

"ဆန်းကျွင်းအရှင်နဲ့ဆိုရင်တော့ အဆင်ပြေပါတယ်၊ ဒါပေမယ့်

ကျွန်မ ရှင့်ကိုတော့ မတွေ့ချင်ဘူး"

ကျောက်ရှောင်ယွီက ဝူချင်ကျီကို အေးစက်စွာကြည့်ရင်း ပြော

လိုက်လေသည်။

"ရှောင်ယွီ၊ မင်းဘာလို့ ကျုပ်ကို ဒီလောက်မုန်းနေရတာလဲကွာ၊

ကျုပ်မင်းအပေါ် တစ်ခါမှ အမှားမလုပ်ခဲ့ဖူးပါဘူး၊ မင်းကျုပ်

ကို မကြြင်နာရင်နေပါ ၊ မုန်းနေတာတော့ မဟုတ်သေးပါဘူး

ကွာ”

ဝူချင်ကျီက ပြန်ပြောလိုက်လေသည်။

“ဝူချင်ကျီ ၊ ရှင်က ထိုက်စန့်နတ်ဘုရားဂိုဏ်းကပဲ ၊ ရှင့်ရဲ့

ကျင့်စဉ်လမ်းကလည်း မခန့်မှန်းနိုင်ဘူး ၊ နတ်ဘုရားတစ်ပါး

လည်း ဖြစ်ကာနီးနေပြီ ၊ ရှင့်ရဲ့ရုပ်ရည်ချောမောမှုနဲ့ဆိုရင်

မိုးကောင်းကင်က နတ်မိမယ်ကို ရယူချင်တယ်ဆိုရင်တောင် ရ

နိုင်သေးတယ် ၊ ကျွန်မက ဘာလို့ရှင့်ကို မုန်းရမှာလဲ”

ကျောက်ရှောင်ယွီက သက်ပြင်းချရင်း ပြောလိုက်လေသည်။

“ဒါဖြင့် မင်းဘာလို့ ကျုပ်ကို ရှောင်နေရတာလဲ”

ဝူချင်ကျီက မေးလိုက်သည်။

“ရှင်က ထိုက်စန့်စကြဝဠာတန်ခိုး ကျင့်စဉ်အောင်မြင်ဖို့အတွက်

ကျွန်မကို အသုံးချချင်နေတာပဲ ၊ ဒါကိုလူတိုင်းသိသလို၊ ကျွန်မ

လည်းသိတယ် ၊ ပြီးတော့ ထိုက်စန့်စကြဝဠာတန်ခိုးကျင့်စဉ်က

နက်ရှိုင်းတဲ့ခံစားချက်အရင်းအမြစ်တွေအထိ ကျင့်ကြံရတာ ၊ ဒါကြောင့် ရှင့်နှလုံးသားတစ်ခုလုံးနဲ့ ကျွန်မကို ချစ်ပြနေတာ မထူးဆန်းလှပါဘူး ၊ ဒါကြောင့် ကျွန်မရှင့်ကို မုန်းစရာလည်းမလိုသလို သဘောကျစရာအကြောင်းလဲ မရှိဘူး ၊ ရှင်က ကျွန်မအတွက် သမုဒ္ဒရာကြီးလေးစင်းကို ခမ်းခြောက်စေမယ်ဆိုရင်တောင် ကျွန်မကတော့ ရှင့်အပေါ်သဘောထား ပြောင်းလဲလာမှာမဟုတ်ဘူး ၊ ရှင့်အနေနဲ့ ဒါကို နားလည်သင့်တယ်”

ကျောက်ရှောင်ယွီက အေးအေးဆေးဆေးပင် ပြောလိုက်လေသည်။

ဆန်းလျန်က သူတို့နှစ်ယောက် စကားပြောနေသည်ကို တိတ်ဆိတ်စွာပင် နားထောင်နေလိုက်သည်။ သူတို့နှစ်ယောက်၏အချစ်ရေးကိစ္စတွင် ဝူချင်ကျီမှာ အရှုံးသမားသက်သက်သာဖြစ်လေသည်။ ဝူချင်ကျီသည် သူ၏ဂုဏ်သိက္ခာကိုပင် မထောက်ထားဘဲ ကျောက်ရှောင်ယွီကို

မြတ်နိုးခဲ့သူဖြစ်သည့်တိုင် ကျောက်ရှောင်ယွီ၏ စိတ်နှလုံး

ကတော့ တစ်ချက်လေးပင် ယိမ်းယိုင်ခဲ့ခြင်းမရှိပေ။

အမှန်တော့ ကျောက်ရှောင်ယွီမှာ အကြြင်နာတရားကင်းမဲ့သူ

တစ်ယောက်ဖြစ်လေသည်။ ကျင့်စဉ်လမ်းအပြင် အခြားသော

အကြောင်းအရာများ သူမခေါင်းထဲတွင်မရှိပေ။ ပူချင်ကျီမှာ

တော့ ကျောက်ရှောင်ယွီကို မြတ်နိုးခြင်းတစ်ခုတည်းအတွက်

ဖြင့် ကျင့်စဉ်လမ်းကို စွန့်လွှတ်ကာ လူ့လောကသို့ ထွက်ခွာလာ

ခဲ့သူတစ်ယောက် ဖြစ်လေသည်။

အခန်း (၂၃၀)

စန့်တုန့်နတ်ဘုရားရှစ်ပါး

ရုတ်တရက်ပင်...

ဝူချင်ကျီ၏ ဆံပင်များမှာ လေတိုက်ခတ်ခြင်းမရှိဘဲ လေထဲသို့ လွင့်မျော သွားလေသည်။ သူ၏ နက်မှောင်သော ဆံနွယ်များမှာ ချက်ချင်းပင် အဖြူရောင်သို့ ပြောင်းလဲသွားသည်။

အလွန်အမင်းဒေါသထွက်နေသည့် စိတ်ခံစားချက်ကြောင့် ထိုသို့ ပြောင်းလဲသွားရခြင်း ဖြစ်လေသည်။

လေထုထဲတွင် လူသတ်လိုသည့် အရိပ်အယောင်များ ဖုံးလွှမ်းသွားပြီး ဝူချင်ကျီ၏ ဦးခေါင်းထက်တွင် ထူးဆန်းသည့် ပန်းသုံးပွင့် ထွက်ပေါ်လာလေသည်။ ပမ်းများ၏ အရောင်မှာ ထူးဆန်းပြီး အတိအကျပြောနိုင်ခြင်းမရှိပေ။

ကျင့်စဉ်လမ်းအဆင့်တက်သွားပြီး နောင်တစ်ချိန်တွင် မူလဝိညာဉ်ခန္ဓာဖြစ်တည်ရန်အထိ ဦးတည်သွားလျှင် ဦးခေါင်း

ထက်တွင် ထိုသို့ ပန်းသုံးပွင့် ပေါ်လာလေ့ရှိလေသည်။ မိုးမြေ

စွမ်းအားများက ဝူချင်ကျီ၏ ခန္ဓာကိုယ် အစိတ်အပိုင်းငါးခုဆီ

သို့ ပျံ့နှံ့သွားပြီး နတ်ဘုရားတစ်ပါးဖြစ်လာတော့မည့်အလား

ခံစားရလေသည်။ အဆင့်မြင့်ဆုံးသော ကျင့်စဉ်လမ်းကို

ရောက်ရှိသွားခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် ဝူချင်ကျီကို ကြည့်နေလေသည်။

ကြည့်နေရုံမှလွဲပြီး သူမ ဘာမှမတတ်နိုင်ပေ။

ပတ်ဝန်းကျင်တွင် နတ်ဘုရားအငွေ့အသက်များ ပြည့်နက်နေ

လေသည်။ ချင်းယွင်ထိုင်စင်မြင့်ပေါ်တွင် နတ်မိစ္ဆာရွှေပြဒါး

အမြုတေကို ဝယ်ယူရန်အတွက် ယိယွမ်ပြဒါးဆေး လဲလှယ်နေ

ကြသည့် ကျင့်ကြံသူ အချို့လည်း ရှိနေလေသည်။ သူတို့က

လည်း ပြောင်းလဲသွားသည့်အခြေအနေများကြောင့် အံ့သြ

တုန်လှုပ်ကာ ကြည့်နေကြလေသည်။

ရုတ်တရက်ဖြစ်တည်လာသည့် ဝိညာဉ်စွမ်းအားဖိအားများ ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးသာမက ကျူးထျန်းတိမ်လွှာ တန်ခိုးစွမ်းအားဖြင့် ဖန်ဆင်းထားသည့် တိမ်တိုက်နန်းဆောင်များပါ တုန်ခါလာကြလေသည်။ အဝေးဆီမှလမင်းကို စွမ်းအားလှိုင်းများကြားတွင် တုန်ခါနေသယောင် မြင်တွေ့ရလေသည်။

စွမ်းအားလှိုင်းများက ပြင်းထန်နေပြီး ထိုက်စန့်စကျွတန်ခိုးစွမ်းအားများ ပေါ်ထွက်လာလေသည်။ ကျင့်စဉ်အဆင့် တက်လှမ်းခြင်းတွင် မိုးမြေစွမ်းအားများက ဆန်းကျယ်စွာ ပေါင်းစည်းနေကြသည်။

တိမ်တိုက်နန်းဆောင်ကြီးပေါ်တွင် ယင် စွမ်းအား နှင့် ယန် စွမ်းအားများ တဖြည်းဖြည်း ပေါင်းစည်းသွားပြီး မိုးကြိုးပစ်ခတ်သံများနှင့် မိုးခြိမ်းသံကြီးများ ထွက်ပေါ်လာလေသည်။

သဘာဝတရားသည် ဝူချင်ကျီ၏ စိတ်သဘောအတိုင်း ရောင်ပြန်ဟပ်နေလေသည်။

ဝူချင်ကျီ ကျင့်စဉ်လမ်းအဆင့်တက်သွားသည်မှာ ကျောက်ရှောင်ယွီကြောင့် ဖြစ်ကြောင်း ဆန်းလျန် ရိပ်မိလိုက်သည်။ အမှန်တော့ ဝူချင်ကျီမှာ ကျင့်စဉ်လမ်းအဆင့်မတက်နိုင်ဘဲ ရပ်တန့်နေသည့် အခြေအနေကို ကိုရင်ဆိုင်နေရခြင်းဖြစ်လေသည်။ သို့သော် သူ၏ ကျောက်ရှောင်ယွီအပေါ်ထားသည့် မေတ္တာတရားများမှာ ဒေါသတရားအဖြစ် ကူးပြောင်းသွားပြီး ခံစားချက်အရင်းအမြစ်ထိ ပေါက်ကွဲကာ ကျင့်စဉ်လမ်းအဆင့် တက်သွားရခြင်း ဖြစ်လေသည်။

ဆန်းလျန်မှာ ဖော့ဝမ့်အဆင့် အောင်မြင်သွားသည့် ကျင့်ကြံသူ တစ်ယောက်ကို မျက်စိရှေ့တွင် ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်လေသည်။ ဆန်းလျန်မှာ ဝူချင်ကျီကိုကြည့်ရင်း ဖော့ဝမ့်

အဆင့်တက်ရောက်နိုင်ရန်မှာ ခက်ခဲသလို အခွင့်အရေးကောင်း လည်း လိုအပ်သည်ဟု သုံးသပ်နေမိသည်။

ဝူချင်ကျိုမှာ ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ တပည့်တစ်ယောက် ဖြစ်ပြီး နှလုံးသားနှင့် စိတ်ခံစားချက်များကို ကောင်းကောင်း ထိန်းချုပ်နိုင်သူ တစ်ယောက်ဖြစ်လေသည်။ သူက အချိန်တိုင်း တွင် ကျင့်စဉ်လမ်းအတွက် အာရုံစိုက်နေခဲ့ပြီး ယခုအချိန်တွင် တော့ တရားအလင်းရကာ ဖော့ဝမ့်အဆင့်သို့ တက်ရောက်နိုင်ခဲ့ ပြီ ဖြစ်လေသည်။

တာအိုဆရာဟွမ်ကျန်းမှာလည်း ဖော့ဝမ့်အဆင့်တက်ရောက်ပြီး သူတစ်ယောက်ဖြစ်လေသည်။ သို့သော် သူက ကွမ်းချင်းနတ် ဘုရားဂိုဏ်း၏ ကိစ္စများကို ဆောင်ရွက်နေသည့်အတွက် နတ် ဘုရားတစ်ပါးဖြစ်သည့်အဆင့်သို့ တက်ရောက်နိုင်ခြင်း မရှိ သေးပေ။ ဟွမ်ကျန်းမှာ ဆန်းလျန်မျှော်လင့်ထားသည်ထက်ပို ပြီး ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်လေသည်။

ကောင်းကင်ထက်တွင် မိုးကြိုးများဖြစ်တည်နေပြီး ဓားတစ်လက်ပုံသဏ္ဌာန်ပေါ်လာလေသည်။ ရုတ်တရက်ပင် ထိုဓားရိပ်သည် အောက်သို့ ထိုးစိုက်ကျလာလေသည်။ မိုးနတ်မင်းကိုယ်တိုင် သူ၏လက်ဖြင့် ဒေါသတကြီး ထိုးစိုက်လိုက်သကဲ့သို့ ဖြစ်လေသည်။

ဝူချင်ကျီ၏ဦးခေါင်းထက်တွင် ဖြစ်တည်နေသည့် ပန်းသုံးပွင့်သည် ယင် နှင့် ယန် စွမ်းအားများနှင့်ပေါင်းစပ်သွားလေသည်။ ထိုက်စန့်စကျွဲတန်ခိုးစွမ်းအားဖြစ်တည်လာပြီး ချင်ဝူကျီ၏ ခံစားချက်များ သန့်စင်သွားလေသည်။ ထိုက်စန့်စကျွဲတန်ခိုးစွမ်းအားက ယင် နှင့် ယန်ကို ထိန်းချုပ်ထားလိုက်သည်။ ကျောက်ရှောင်ယွီ၏ လှပသည့် မျက်နှာထက်တွင် မည်သည့်ခံစားချက်မှ ရှိမနေပါ။ သူမက အနက်ရောင်ကြာပန်းတစ်ပွင့် ဖန်ဆင်းလိုက်ပြီး ကောင်းကင်ထက်သို့ လွှတ်တင်လိုက်သည်။

သူမ၏တန်ခိုးစွမ်းအားမှာ အလွန်နက်ရှိုင်းသည့်အပြင် နတ်ဘုရားတစ်ပါးကဲ့သို့ အမိန့်အာဏာနှင့်လည်း ပြည့်စုံလေသည်။

အနက်ရောင်ကြာပန်းမှာ ကောင်းကင်ထက်သို့ပျံတက်သွားပြီး ကောင်းကင်ထက်မှ ထိုးစိုက်ကျလာသည့် မိုးကြိုးဓားကို အချိန်မီ တားဆီးထားလိုက်လေသည်။

ကောင်းကင်ထက်တွင် မိုးခြိမ်းသံများ ထွက်ပေါ်လာပြီး လေထဲတွင် လျှပ်စီးများ လင်းလက်နေလေသည်။ နတ်ဘုရားဈေးပွဲတော်တစ်ခုလုံး လျှပ်စီးများကြောင့်လင်းထိန်နေပြီး ကောင်းကင်ထက်မှဓားသည် အနက်ရောင်ကြာပန်းကို တစ်စစီခုတ်ပိုင်းပစ်လိုက်လေသည်။

တိမ်တိုက်တစ်ခုလုံးမှာ မမြင်ရသည့်စွမ်းအားများကြောင့် တုန်ခါသွားရလေသည်။

နောက်ဆုံးတွင် အိတ်တစ်လုံး ပျံသန်းထွက်ပေါ်လာပြီး မိုးကြိုးဓားနှင့် အနက်ရောင်ကြာပန်းနှစ်ခုလုံးကို သိမ်းယူသွားလေ

သည်။ ထို့နောက် ဝိညာဉ်စွမ်းအားဖိအားများအားလုံး လုံးဝ

ပျောက်ကွယ်သွားလေတော့သည်။

ဝူချင်ကျီက သူ၏တန်ခိုးစွမ်းအားများကို ပြန်လည်သိမ်းယူ

လိုက်သည်။ ပန်းပွင့်သုံးပွင့်သည် ဝူချင်ကျီ၏ဦးခေါင်းထက်ရှိ

ပိုင်ဟွေ့ဆုံချက်ဆီသို့ ဖြည်းဖြည်းချင်း ကျဆင်းပျောက်ကွယ်

သွားပြီး ဝူချင်ကျီ၏ ဆံပင်များမှာလည်း အနက်ရောင်အဖြစ်

ပြန်လည်ပြောင်းလဲသွားလေသည်။ သူ၏ မျက်ဝန်းများက

ယခင်ကထက် ပိုမိုတောက်ပနေလေသည်။

"ရှောင်ယို့ ၊ ကျုပ်မင်းအပေါ် ရိုင်းပြမိသွားတယ်"

ဝူချင်ကျီက သက်ပြင်းချရင်း ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်ကို ခေါင်းတစ်ချက်ညိတ်ပြကာ နှုတ်ဆက်

လိုက်ပြီး အလင်းတန်းတစ်ခုအသွင်ဖြင့် ထွက်ခွာသွားလေ

တော့သည်။

ဝူချင်ကျီမှာ ကျင့်စဉ်လမ်းအဆင့်တက်သွားပြီဖြစ်လေသည်။ သူ၏ဦးခေါင်းထက်တွက် ပန်းပွင့်သုံးပွင့် ပွင့်လန်းလာပြီး "ဖော့ဝမ့်" အဆင့်သို့ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပြီ။ ထိုက်စန့် စက္ကူတန်ခိုးကျင့်စဉ်မှာ အလွန် တန်ခိုးစွမ်းအားကြီးမားသည့် ကျင့်စဉ်တစ်ခုဖြစ်လေသည်။ ဆန်းလျန် အံ့သြသွားရသည့် အချက်မှာ ဝူချင်ကျီသည် ကျောက်ရှောင်ယွီကို သူ၏စိတ်ခံစားချက်များအတွက် အသုံးချသွားပြီး ကျင့်စဉ်လမ်းအဆင့် တက်သွားနိုင်ခြင်းပင် ဖြစ်လေသည်။

"ထိုက်စန့်နတ်ဘုရားဂိုဏ်းကလူတွေက အမြဲတမ်း မာနကြီးကြတာပဲ ၊ ပြီးတော့ ရှင်မသိတဲ့ အချက်တစ်ချက်လည်း ရှိသေးတယ်"

ကျောက်ရှောင်ယွီက ပြုံးရင်းပြောလိုက်လေသည်။

"ဘာများလဲ..."

ဆန်းလျန်က ပြန်မေးလိုက်သည်။

"ဟိုး လွန်ခဲ့တဲ့တစ်ချိန်တုန်းကလည်း ထိုက်စန့်နတ်ဘုရားဂိုဏ်းက တပည့်တစ်ယောက်က ကျင့်စဉ်တက်လှမ်းဖို့အတွက် အချစ်နဲ့ပတ်သက်တဲ့ခံစားချက်အခက်အခဲကို ကျော်လွန်နိုင်ဖို့ ချင်းရွှမ်နတ်တံခါးက ဆရာဘွားဘွားလီချင်းဆွေကို အသုံးချခဲ့ဖူးတယ်"

ကျောက်ရှောင်ယွီက ပြောလိုက်သည်။

"ဒါကို ကျုပ်မသိခဲ့တာအမှန်ပါ၊ နောက်ဆုံးတော့ ဘာများဖြစ်သွားလဲ"

ဆန်းလျန်က ပြုံးရင်းမေးလိုက်လေသည်။

"ဘာဖြစ်ရမလဲ၊ ဆရာဘွားဘွားလီချင်းဆွေလက်ချက်နဲ့ တန်းအသတ်ခံလိုက်ရတာပေါ့၊ နောက်တော့ ဘာတွေဆက်ဖြစ်သေးလဲ ရှင်လည်း မသိသလို ကျွန်မလည်း မသိတော့ဘူး"

ကျောက်ရှောင်ယွီက သူမ၏ နူးညံ့လှပသည့် လက်လေးများဖြင့် ဆံပင်လေးကို နားရွက်နောက်သို့ အသာသပ်တင်ရင်း ပြောလိုက်လေသည်။

ဆန်းလျန် မအံ့သြတော့ပါ။

စာအုပ်များထဲတွင်ရေးသားထားသည့် ဆရာဘွားဘွားလီချင်းဆွေ၏ ဒေါသကို သူသိပြီးသားဖြစ်လေသည်။ သူမက ကျိုလင်နတ်သမီး၏ အခြားဘက်ခြမ်းဖြစ်သည့် ချင်းရှောင်းနတ်သမီးနှင့် ဆင်တူလေသည်။ အမြဲတမ်း သတ်ချင်ဖြတ်ချင်နေသူဖြစ်လေသည်။

"မင်းကလည်း ကိစ္စတော်တော်များများကို သိထားတာပဲ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ဆန်းလျန်မှာ ပညာဗဟုသုတနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်လေသည်။ သို့သော် ကျောက်ရှောင်ယွီကတော့ အခြားသူများမ

သိသည့် လျှို့ဝှက်ချက်များစွာကို သိထားသူတစ်ယောက်ဖြစ်

လေသည်။

ထို့နောက် ကျောက်ရှောင်ယွီက ဖုန်းဟယ်ကိုတစ်ချက်လှမ်း

ကြည့်လိုက်ပြီး....

"မင်းက ဒီမှာ ဘာလုပ်နေတာလဲ ၊ ငါတို့စကားပြောတာကို

နားထောင်မနေသင့်ဘူးလေ"

ဖုန်းဟယ်မှာ ထိတ်လန့်သွားပြီး တောင်းပန်လိုက်လေသည်။

ထို့နောက် ဆန်းလျန်ကို ခွင့်တောင်းသလို တစ်ချက်လှမ်းကြည့်

လိုက်သည်။

"မင်းသွားနှင့်တော့နော် ၊ ကျုပ်အကူအညီလိုရင် မင်းကိုခေါ်လို

က်ပါ့မယ်"

ဆန်းလျန်က သိမ်မွေ့စွာပြောလိုက်သည်။

ဖုန်းဟယ် ထွက်ခွာသွားလေသည်။

"ဒီတိမ်တိုက်ပေါ်မှာပဲ ကျုပ်တို့ စကားပြောကြရအောင်လေ ၊ မကြာခင် နေလည်း ထွက်လာတော့မှာပဲ"

ဆန်းလျန်က ကျောက်ရှောင်ယွီကို ပြောလိုက်လေသည်။

"ဆန်းကျွင်းအရှင်က အရင်ကထက်ပိုပြီး ကျွန်မကို ရင်းနှီးလာသလိုပဲ"

ကျောက်ရှောင်ယွီက ပြုံးရင်းပြောလိုက်သည်။

သူမက ရိုးသားပွင့်လင်းစွာ ပြောလိုက်မိခြင်းဖြစ်လေသည်။

ကျောက်ရှောင်ယွီ တကယ်တမ်းပျော်ရွှင်နေသည်ကို ဆန်းလျန်ကိုယ်တိုင်လည်း ခံစားသိရှိမိလေသည်။ ကျောက်ရှောင်ယွီမှာ ကျင့်စဉ်လမ်းတစ်ခုတည်းကိုသာ အာရုံစိုက်ပြီး အရာအားလုံးကို ကျောခိုင်းထားသူဖြစ်လေသည်။ သို့သော် ယနေ့တော့ သူမသည် လူသားဆန်နေလေသည်။

ထိုခံစားချက်က အလွန်မှ ထူးဆန်းပြီး ဆန်းလျန်မှာ လူသား ဆန်နေသည့် ကျောက်ရှောင်ယွီကို သဘောကျနေမိ တော့သည်။

သူတို့နှစ်ယောက် မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် သူငယ်ချင်းဟောင်းနှစ်ယောက် အမှတ်မထင်ဆုံတွေ့မိပြီး စကားလက်ဆုံကျနေသည်နှင့်ပင် တူနေလေတော့သည်။

ဆန်းလျန်မှာ အမြဲတမ်း နတ်ဘုရားတစ်ပါးဖြစ်လာရန် ရည်ရွယ်ရှိသည့်တိုင် လူသားဆန်သူတစ်ယောက်ဖြစ်လေ သည်။

သူတို့နှစ်ယောက် တိမ်တိုက်ပေါ်တွင် ဘေးချင်းယှဉ် လမ်းလျှောက်နေကြလေသည်။ တိမ်ခိုးများက သူတို့နှစ် ယောက်ဘေးတွင် ဝေ့ဝဲပျံသန်းနေကြသည်။

သူတို့နှစ်ယောက် လမ်းလျှောက်သွားရင်း တိမ်တိုက်အစွန်း တစ်ဖက်သို့ ရောက်ရှိသွားကြလေသည်။ လမင်းနှင့်နီးကပ်နေ

သလို ခံစားရပြီး ကြယ်စင်လေးများကလည်း ကောင်းကင်ထက်တွင် တစ်လက်လက်တောက်ပနေလေသည်။ အဝေးဆီမှ နဂါးငွေ့တန်းကို မြင်တွေ့နေကြရလေသည်။

လမင်းကထိန်ထိန်သာနေပြီး ကြည်လင်သည့်ကောင်းကင်အောက်တွင် ဆန်းလျန်မှာ မိန်းမလှလေးတစ်ယောက်နှင့် အတူရှိနေလေသည်။ လေပြေလေးက တိုက်ခတ်လာသည့်အတွက် တိမ်ခိုးလေးများက လွင့်ပျံ့သွားရလေသည်။

"ကျွန်မက ရှင့်လောက်မသိပါဘူး ၊ ဒါပေမယ့် ရှင်မသိတဲ့အရာတွေကိုလည်း ကျွန်မသိထားတယ်လေ ၊ ရှင်က ထိုက်စန်နှတ်ဘုရားဂိုဏ်းနဲ့ပတ်သက်လို့ ဘာမှမသိဘူး ၊ ကျွန်မကတော့ သိတယ်လေ"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

ဆန်းလျန်သည် နဂါးငွေ့တန်းကို ငေးမောကြည့်နေလေသည်။

နဂါးငွေ့တန်းကို ကြည့်ရသည့်အတွက် မည်သည့်အခါမှ ရိုး

သွားသည်ဟူ၍မခံစားရပေ။

"ရှောင်ယွီ ၊ ကျုပ်ကို ပြောမပြချင်ဘူးလား"

ဆန်းလျန်က ပြောလိုက်သည်။

"ဒါပေါ့ ၊ ဆန်းကျွင်းအရှင်သိချင်ရင် ပြောပြရမှာပေါ့"

ကျောက်ရှောင်ယွီက ပြုံးရင်းပြောလိုက်လေသည်။

သူမ၏အပြုံးမှာ အဓိပ္ပါယ်ဖော်၍မရသည့် အပြုံးတစ်ခုဖြစ်

လေသည်။

"ထိုက်စန့်နတ်ဘုရားဂိုဏ်းဆိုတာ အရင်တုန်းကဟိုးပင်လယ်

တစ်ဖက်က တိုင်းတစ်ပါးမှာတည်ရှိတဲ့ နတ်ဘုရားဂိုဏ်းတစ်

ဂိုဏ်းပဲ ၊ အခု ကျွန်မတို့သိထားတဲ့ ထိုက်စန့်နတ်ဘုရားဂိုဏ်းဆို

တာ ထိုက်စန့်နတ်ဘုရားဂိုဏ်းကိုးဂိုဏ်းရဲ့ ပင်မဂိုဏ်းကြီးကို

ပြောတာ ၊ ထိုက်စန့်နတ်ဘုရားဂိုဏ်းကိုးဂိုဏ်းရဲ့ ပင်မဌာနချုပ်လို့ ပြောလို့ရတယ် ၊ တခြားဂိုဏ်းရှစ်ခုရှိသေးတယ် ၊ ထိုက်စန့်စက္ခုတန်ခိုးစွမ်းအားကတော့ ထိုက်စန့်နတ်ဘုရားဂိုဏ်းရဲ့ အဓိကကျင့်စဉ်ပဲ ၊ အဲဒီကျင့်စဉ်ကို ထိုက်စန့်နတ်ဘုရားဂိုဏ်းရဲ့ ပင်မဂိုဏ်းကြီးက တပည့်တွေပဲ ကျင့်ကြံခွင့်ရှိတယ် ၊ ကျန်တဲ့ဂိုဏ်းခွဲရှစ်ခုကိုစန့်တုန့်နတ်ဘုရားရှစ်ပါးက အုပ်ချုပ်ကြတယ် ၊ အဲဒီ စန့်တုန့်နတ်ဘုရားရှစ်ပါးလုံးဟာ တစ်ယောက်ပြီးတစ်ယောက် မိုးကောင်းကင်နတ်ဘုရားတွေ ဖြစ်သွားကြတယ် ၊ ဒါဟာ ထိုက်စန့်နတ်ဘုရားဂိုဏ်းရဲ့ ထိပ်ဆုံးအဆင့်ပဲပေါ့ ၊ ဒီလိုမျိုးနတ်ဘုရားရှစ်ပါး တစ်ပြိုင်တည်းထွက်ပေါ်တယ်ဆိုတာ တကယ့်ရှားပါးဖြစ်ရပ်ပဲလေ ၊ အဲဒီနောက်မှာတော့ စန့်တုန့်နတ်ဘုရားရှစ်ပါးဟာ ထိုက်စန့်စက္ခုတန်ခိုးစွမ်းအားကျင့်စဉ်ကိုယူဖို့အတွက် ထိုက်စန့်နတ်ဘုရားဂိုဏ်းရဲ့ ပင်မဂိုဏ်းကြီးကို သွားခဲ့ကြတယ်”

အခန်း (၂၃၁)

လူ့လောကသို့အလာ

ကြယ်လေးတစ်စင်း ကောင်းကင်ထက်မှ ကြွေသွားလေသည်။ ဆန်းလျန်သည် ကြယ်ကြွေသွားသည်ကို ငေးကြည့်နေလေသည်။ ကြယ်စင်က လေကို ထိုးခွင်းဖြတ်သန်းသွားသည့်အသံကို ဆန်းလျန် ကြားနေရသည်။ သို့သော် မျက်စိတစ်မှိတ်အတွင်းမှာပင် အလင်းတန်းလေးက ပျောက်ကွယ်သွားလေသည်။ သို့သော် အချိန်ခဏလေးအတွင်းမှာပင် ထုတ်လွှတ်လိုက်သည့်စွမ်းအင်ကတော့ များပြားလွန်းလေသည်။

ဥက္ကာပျံဖြတ်သန်းသွားခြင်းကို ဆန်းလျန် အသေးစိတ် သတိပြုမိနေလေသည်။

သို့သော်... အရာအားလုံးက မျက်စိတစ်မှိတ်အတွင်း လျှင်မြန်စွာ ဖြစ်ပျက်သွားခြင်းဖြစ်ပြီး ကြယ်ကြွေသည်ကို မြင်လိုက်ရသည့် တစ်ခဏသည် ချက်ချင်းပင် အတိတ်တစ်ခု ဖြစ်သွားလေသည်။

ဆန်းလျန်က ကြယ်ကြွေသွားသည်ကို ပြီးဆုံးအောင်ကြည့်ပြီးမှ စကားဆက်လိုက်သည်။

"နတ်ဘုရားရှစ်ပါးက တစ်စိတ်တစ်ဝမ်းတည်းဖြစ်နေမှတော့ ဘယ်သူက တားဆီးနိုင်တော့မှာလဲ ၊ ထိုက်စန်နတ်ဘုရားဂိုဏ်းက ထိုက်စန့်စက္ကူတန်ခိုးကျင့်စဉ်ကို သူတို့ကိုမပေးဘူးဆိုရင် နတ်ဘုရားရှစ်ပါးက ကျိန်းသေ ပြဿနာရှာမှာပဲလေ"

ဆန်းလျန်က ပြောလိုက်သည်။

"အမှန်ပါပဲ ၊ ထိုက်စန့်စကြွတန်ခိုးကျင့်စဉ်ကျမ်းကို ဒီတိုင်း အလွတ်ရွတ်ပြပြီး ပေးလိုက်ရတာက မခက်ပါဘူး ၊ ခက်တာက စန့်တုန့်နတ်ဘုရားရှစ်ပါးက ထိုက်စန့်နတ်ဘုရားဂိုဏ်းကို တည်ထောင်ခဲ့တဲ့ ဆရာသခင်ထိုက်စန့်ကိုယ်တိုင်ရေးသားခဲ့တဲ့ လက်ရေးမူကျမ်းစာအုပ်ကို လိုချင်ကြတာ ၊ အဲဒီကျမ်းက စြက် ဝဋ္ဍာရဲ့ အမှန်တရားတွေကိုရေးထားတာ ၊ သာမန်လူသားတွေ ကိုတောင် ဝိညာဉ်စွမ်းအား မြင့်တက်စေပြီး အသိဉာဏ်ပညာ တွေ တိုးတက်စေတယ်"

ကျောက်ရှောင်ယီက ဆိုသည်။

နတ်ဘုရားများသည် အိုခြင်း ၊ နာခြင်း ၊ သေခြင်းမှ ကင်းလွတ် လေသည်။

သို့သော်... တိုက်ပွဲနှင့်ရင်ဆိုင်ရာသည့်အခါ အနည်းနှင့်အများ ဒဏ်ရာတော့ ရကြသည်ပဲ ဖြစ်လေသည်။ ဗောဓိသကျ သို့မဟုတ် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်သွားလျှင်တော့

အသိဉာဏ်ပညာက အလွန်အဆင့်မြင့်သွားပြီဖြစ်သလို မည်သည့်စွမ်းအားကမှ ထိခိုက်အောင်လုပ်၍ မရတော့ပေ။ ထိုအဆင့်သို့ရောက်ရှိပါက သေခြင်း ရှင်ခြင်းတရားများမှ လုံးဝကင်းလွတ်ပြီ ဖြစ်လေသည်။ ထိုအဆင့်သို့ ရောက်ရှိခြင်းကို လောကတွင် မည်သူမျှ မသိရှိနိုင်ပေ။ လောကရှိ မည်သည့်ဖြစ်တည်မှုကမှ နားမလည်နိုင်ပေ။

ထို့ပြင် ကျင့်ကြံခြင်းဖြင့် ထိုအဆင့်သို့ ရောက်မည်လားဟု မည်သူမှ အာမမခံနိုင်ပေ။ နီးစပ်သည်အထိ ကျင့်ကြံနိုင်ကြသည့်တိုင် ထိုအဆင့်ကို ရောက်ရှိရန်မှာ ခဲယဉ်းလွန်းလေသည်။

"ထိုက်စန့်စက္ခုတန်ခိုးကျင့်စဉ်ကျမ်းက ဆရာသခင်ထိုက်စန့်ကိုယ်တိုင် ရေးသားခဲ့တာဆိုရင်တော့ တကယ့်ကို တန်ခိုးစွမ်းအားကြီးမားမှာပဲ ၊ ဒါဆို ထိုက်စန့်နတ်ဘုရားအဓိကဂိုဏ်းကြီးက စန့်တုန့်နတ်ဘုရားရှစ်ပါးကို ရင်ဆိုင်ဖို့ တစ်ခုခုတော့ လုပ်ရမှာပေါ့"

ဆန်းလျန်က ပြုံးရင်း ပြောလိုက်သည်။

"ကောလဟာကတွေကလည်း ချဲ့ကားပြောတာမျိုးတွေရှိမှာပေါ့လေ ၊ ဒါပေမယ့် တကယ့်ဖြစ်ရပ်ကိုတော့ ဘယ်သူမှ မသိနိုင်ကြပါဘူး ၊ဒါပေမယ့် ထိုက်စန့်စကျွတန်ခိုးကျင့်စဉ်ကျမ်းကတော့ တကယ်ပဲ ဆရာသခင်ထိုက်စန့်ရေးထားတဲ့ ကျမ်းစာအုပ်ပဲ ၊ ပြီးတော့ အဲဒီထဲမှာ တကယ့်လျှို့ဝှက်ကျင့်စဉ်တွေလည်း ပါဝင်တယ် ၊ ဒါကြောင့် ထိုက်စန့်နတ်ဘုရား ဂိုဏ်းချုပ်က အဲဒီကျမ်းကိုပေးဖို့ စန့်တုန့်နတ်ဘုရားရှစ်ပါးကို ငြင်းလိုက်တယ်"

ကျောက်ရှောင်ယွီက နူးညံ့သည့်လေသံလေးဖြင့် ပြောလိုက်သည်။

"ဒါပေမယ့် သူတို့က တစ်ဂိုဏ်းထဲပဲလေ ၊ ဘာလို့ ငြင်းရတာလဲ"

ဆန်းလျန် စိတ်ရှုတ်စွာဖြင့်မေးလိုက်သည်။

“ကျွန်မလည်း အဲဒီကိစ္စကို သိပ်မသိဘူး ၊ ဒါပေမယ့် နောက်ဆုံး ဘာဖြစ်သွားလဲဆိုတာတော့ သိတယ် ၊ နှစ်ဖက်လုံးမကောင်း ဘူးဖြစ်သွားတာပေါ့ ၊ ထိုက်စန့်နတ်ဘုရားအဓိကဂိုဏ်းကြီးဟာ ကျွန်မတို့ရှိတဲ့ ယွမ်ကျိုးပြည်နယ်ဘက်ကို ရွှေ့လာခဲ့တယ် ၊ စန့် တုန့်နတ်ဘုရားရှစ်ပါးကတော့ ထိုက်စန့်နတ်ဘုရားဂိုဏ်းကခွဲ ထွက်သွားခဲ့တယ် ၊ တစ်ချိန်ထဲမှာပဲ စန့်တုန့်နတ်ဘုရားရှစ်ပါး လည်း ပျောက်ကွယ်သွားခဲ့တယ် ၊ သူတို့အားလုံးလောကကို ကျော်လွန်ပြီး ဘယ်တော့မှ ပြန်မလာတော့တာလည်း ဖြစ်နိုင် တယ် ၊ တစ်ချို့တွေကပြောကြတာတော့ သူတို့အားလုံး လူပြန် ဝင်စားတယ်လို့လည်း ပြောကြတယ်”

ကျောက်ရှောင်ယွီက ပြောလိုက်သည်။

ပတ်ဝန်းကျင်တွင် တိမ်ခိုးများက လွင့်မျောနေလေသည်။

တိမ်ခိုးများက ဆန်းလျန်၏ နဖူးထက်ဆီသို့ပင် လာရောက် ရိုက်ခတ်နေကြလေသည်။ ဆန်းလျန်က လက်ကိုဆန့်တန်းကာ

တိမ်ခိုးများကို ဖမ်းဆုပ်လိုက်သည်။ တိမ်ခိုးများသည် မမြင်ရ
သည့်ပိုက်ကွန်တစ်ခုဖြင့် ထိန်းချုပ်ခံရသည့်အလား ဆန်းလျ
န်၏လက်ထဲတွင် တည်နေလေသည်။

နောက်ဆုံးတော့ ဆန်းလျန်က လက်ချောင်းလေးများကို
ဆန့်တန်းရင်း တိမ်ခိုးလေးများကို လေထဲသို့ ပြန်လွှတ်ပေး
လိုက်သည်။ တိမ်ခိုးလေးများသည် တိမ်တိုက်များနှင့်
တစ်သားတည်း ပေါင်းစည်းသွားလေသည်။

“စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းပါပဲ ၊ ဒါပေမယ့် နေ
တောင်ထွက်လာတော့မယ် ၊ ရှောင်ယွီ စိတ်မရှိဘူးဆိုရင် ကျုပ်
တို့နှစ်ယောက် နေထွက်တာကို အတူတူကြည့်ရအောင်နော်”
ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်က ထိုက်စန့်နတ်ဘုရားဂိုဏ်းနှင့် စန့်တုန့်နတ်ဘုရား
ရှစ်ပါးအကြောင်းကို စဉ်းစားချင်စိတ်မရှိပါ။ လောကတွင် မသိ
နိုင်သည့်အကြောင်းအရာ များစွာရှိသည်မဟုတ်လား။ လောက

ရှိအရာအားလုံးကိုသိမြင်သွားလျှင်လည်း ငြိမ်းချမ်းစရာကောင်း သွားမည် ဖြစ်လေသည်။

ကျင့်ကြံသူတစ်ယောက်၏ဘဝဆိုသည်က ရှည်လျားလွန်းလှသည်။ စိတ်ဝင်စားစရာအဖြစ်အပျက်ပေါင်းများစွာကိုလည်း ကြုံတွေ့ရမည်ဖြစ်လေသည်။

သို့သော် ပစ္စုပ္ပန်အချိန်တွင်တော့ ဆန်းလျန်သည် နေထွက်သည် ကိုသာ ကြည့်ချင်နေမိသည်။ သူ့ခေါင်းထဲတွင် မည်သည့် အကြောင်းအရာကိုမှ တွေးတောမနေချင်ပေ။ ကျောက်ရှောင် ယွီမှာ အသိဉာဏ်ပညာကြွယ်ဝသည့် မိန်းမပျိုတစ်ယောက်ဖြစ် လေသည်။ ထိုက်စန့်နတ်ဘုရားဂိုဏ်းအကြောင်းမှာ အတိတ်မှ ဇာတ်ကြောင်းတစ်ခုမျှသာ ဖြစ်သော်လည်း နောက်ကွယ်တွင် လျှို့ဝှက်ချက်တစ်ခုတော့ ရှိမည်ဖြစ်လေသည်။ သို့သော် ထို အကြောင်းများကို ဆန်းလျန် မစဉ်းစားချင်သေးပါ။

လပြည့်ဝန်းသည်ထွန်းလင်းတောက်ပနေပြီး ကောင်းကင်က ညို့မှိုင်းနေလေသည်။ ထိုအချိန်မှာပင် ဆန်လျန်မှာ သဘာဝတရားနှင့် တစ်သားတည်းကျနေသလို ခံစားနေရပြီး သူကိုယ်တိုင်၏ ဖြစ်တည်မှုကိုပင် မေ့လျော့သွားရလေသည်။ သူက စကြာဝဠာ၏ဗလာနယ်စွမ်းအားကို ခံစားနေပြီး သူ၏ခံစားချက်များမှာ ဗလာနယ်ထဲတွင် တည်ရှိနေလေသည်။ ထိုခံစားချက်ကို စကားလုံးများဖြင့် ဖော်ပြခြင်းငှာ မစွမ်းသာပေ။

လေအေးများသည် ဆန်းလျန်၏ ဝတ်ရုံကို တိုက်ခတ်နေသည့်အတွက် လူငယ်၏ဝတ်ရုံသည် လေထဲတွင် လွင့်မျောနေလေသည်။

ချောမောလှပလွန်းသည့် လူငယ်လေးဘေးတွင် ငြိမ်သက်စွာ ရပ်တန့်နေသူက နတ်မိမယ်တစ်ပါးအလား ချောမောလှပလွန်းလှသည့် မိန်းမပျိုတစ်ယောက်ဖြစ်လေသည်။ တိမ်ပင်လယ်ထဲ

တွင် သူတို့နှစ်ယောက် နေထွက်လာသည်ကို ကြည့်နေသည့် မြင်ကွင်းမှာ အလွန်တရာလှပပြီး လိုက်ဖက်ညီသည့် မြင်ကွင်း တစ်ခုပင်ဖြစ်လေသည်။

လေက ဖြတ်သန်းတိုက်ခိုက်သွားပြီး တိမ်ခိုးများက ပျံ့လွင့် သွားသည်။

ကျောက်ရှောင်ယွီသည် ထိုကဲ့သို့သော ခမ်းနားသည့် သဘာဝ ရှုခင်းမျိုးကို တစ်ခါမှ အရသာခံ ကြည့်ရှုခဲ့ခြင်းမျိုးမရှိပေ။ ယခုတော့ လှပသည့်ရှုခင်းသည် သူမ၏ရင်ကို ထိရှစေလေ သည်။

ကျင့်စဉ်လမ်းကိုကျော်လွန်သည့် အခြားသော သဘာဝတရား အလှအပများလည်း ရှိပါသေးလားဆိုသည်ကို သူမ နားလည် သဘောပေါက်စပြုလာပြီဖြစ်သည်။ ထိုခံစားချက်က ပျော်ရွှင် ခြင်းမဟုတ် ၊ နှလုံးသားထဲမှ ဆန္ဒလည်းမဟုတ်။ သူမ

ဝိညာဉ်၏ နက်ရှိုင်းမှုတစ်နေရာမှ စိတ်လှုပ်ရှားမှုတစ်ခုပင် ဖြစ်လေသည်။

ပိုးအိမ်ထဲတွင်ပိတ်မိနေသည့် ခူယားကောင်လေးတစ်ကောင်သည် မျက်လုံးဖွင့်ပြီး လှပသည့် လောကကြီးကို ကြည့်လိုက်သကဲ့သို့ ဖြစ်လေသည်။ ပိုးအိမ်ထဲမှရုန်းထွက်ကာ လိပ်ပြာတစ်ကောင်အဖြစ် ပျံသန်းထွက်ခွာပြီး သဘာဝတရားကို ကိုယ်တိုင်သိမြင်ခံစားရင်း ရပ်တည်ရှင်သန်ချင်သေးသည်။

ပုဇွန်ဆီရောင်အလင်းတန်းတစ်ခုသည် တဖြည်းဖြည်းပေါ်ထွက်လာလေသည်။ ထိုအလင်းတန်းသည် တဖြည်းဖြည်းကောင်းကင်ထက်တွင် ဖုံးလွှမ်းသွားလေသည်။

သဘာဝတရား၏ခမ်းနားကြီးကျယ်ခြင်းသည် လူတစ်ယောက်၏ စိတ်နှလုံးကို နက်ရှိုင်းစွာ ကြည်နူးစေလေသည်။

တိတ်ဆိတ်သည့်ညအမှောင်ကို ပုဇွန်ဆီရောင်အလင်းတန်းက ထိုးခွင်းလိုက်သည်။ အလင်းရောင်လဲ့လဲ့ထွက်ပေါ်လာပြီး

ကောင်းကင်တစ်ခွင်လုံး ပြောင်းလဲသွားလေသည်။ ပုဇွန်စီ ရောင်အလင်းများနောက်မှ အနီရောင်နေဝန်းကြီး စတင်ထွက် ပေါ်လာလေသည်။ ထိုခဏလေးအတွင်းမှာပင် နေရောင်ခြည် ကြောင့် မြူခိုးများအားလုံး လွင့်စင်ပျောက်ကွယ်သွားလေ သည်။ နတ်ဘုရားဈေးပွဲတော်နေရာတစ်ခုလုံးသည် နေရာင် ခြည်အောက်တွင် ရွှေရောင်အလား ထွန်းလင်းလာတော့သည်။ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် ပုဇွန်ဆီရောင်တိမ်တိုက် ပေါ်တွင် မတ်တပ်ရပ်နေကြလေသည်။ သူတို့နှစ်ယောက်လုံး သည် လူ့လောက၏ ဒုက္ခတရားများမှ ကင်းဝေးရာ နေရာတစ် ခုတွင် ရောက်ရှိနေသည့် နတ်ဘုရားများကဲ့သို့ပင် ဖြစ်လေ သည်။

တိမ်တိုက်များက သူတို့နှစ်ယောက်ဘေးတွင် လွင့်မျောနေလေ သည်။

ကောင်းကင်တစ်ခုလုံးတောက်ပလာပြီး နေ့သစ်တစ်နေ့သည် မျှော်လင့်ချက်အသစ်များဖြင့် လန်းဆန်းစွာ ထွက်ပေါ်လာလေသည်။

"ဒီလောကမှာနေမှတော့ ဒီလိုရှုခင်းမျိုးကို ခံစားသင့်တယ်လို့ မင်းမထင်ဘူးလား"

ဆန်းလျန်ကပြောလိုက်သည်။

ဆန်းလျန်က သူ့ကိုယ်သူရေရွတ်သကဲ့သို့ ပြောလိုက်ခြင်းဖြစ်ပြီး သဘာဝတရား၏အလှအပသည် သူ့ရင်တွင်းသို့ မေတ္တာတရားကို သယ်ဆောင်ပေးလေသည်။ ဆန်းလျန်သည် ခေတ်ပေါ်ကမ္ဘာတွင် တစ်ကြိမ်သေဆုံးခဲ့ပြီး ယခုလက်ရှိ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သူက ဘဝနှင့် ဘဝနှင့်သက်ဆိုင်သည့် အရာအားလုံးကို တန်ဖိုးထားလေသည်။ သို့သော် သူက မည်သည့်နှောင်ဖွဲ့ခြင်းကိုမှ မ

လိုလားပေ။ ဤသည်မှာ သူလက်ခံထားသည့် အမှန်တရားပင် ဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် ဆန်းလျန်၏ ဘေးတစောင်းမျက်နှာကို ငေးကြည့်နေမိသည်။

နေရောင်ခြည်သည် ဆန်းလျန်၏မျက်နှာပေါ်သို့ဖြာကျနေပြီး လင်းလက်တောက်ပနေလေသည်။ ဆန်းလျန်မှာ စစ်မှန်လွန်း လှသည်ဟု သူမစဉ်းစားနေမိသည်။

....

ရှမ်ထုံနတ်မိစ္ဆာဘုရင် နေထိုင်ရာနန်းဆောင်....

ပုလဲစေ့လိုက်ကာလေး၏အပြင်ဘက်တွင် ကြေးမုံမှန်တစ်ချပ် ရှိနေပြီး ထိုမှန်သည် လေထဲရှိ နှစ်ပေအမြင့်တွင် တည်ရှိနေလေ သည်။ ကြေးမုံမှန်တွင် ခရမ်းပြာရောင် အနားသပ်များ ကွပ် ထားလေသည်။

ကြေးမုံအလယ်တွင် ကျောက်ဖြူသားတစ်ခုရှိနေပြီး ကြည်လင်တောက်ပနေလေသည်။ သလင်းကျောက်နှင့် အလားသဏ္ဍာန်တူလေသည်။

ကြေးမုံမှန်မှ ရွှေရောင်အလင်းတန်းများတောက်ပနေလေသည်။ ကြေးမုံ၏အလယ်တွင် ဆန်းလျှန်နှင့် ကျောက်ရှောင်ယှဉ်နေထွက်သည့်ရှုခင်းကို အတူတူကြည့်နေသည့် မြင်ကွင်းကို မြင်တွေ့ရလေသည်။

ထိုကြေးမုံမှန်မှာ "အဏ္ဏဝါကြေးမုံပြာ" ဖြစ်လေသည်။ မိုင်တစ်ရာပတ်လည်အတွင်း ဖြစ်ပျက်နေသည့် အဖြစ်အပျက်များကို ထိုကြေးမုံမှန်မှတစ်ဆင့် သိမြင်နိုင်လသည်။သို့သော် ဗောဓိသကျနှင့် နတ်ဘုရားများကတော့ ထိုကြေးမုံမှန်တွင် မြင်ရမည်မဟုတ်ပေ။

လိုက်ကာအပြင်ဘက်တွင်စောင့်နေသည့် ကျင့်ထင်ထုံအော်က...

“မင်းကြီး သူတို့ကိုဘာလို့ ကြည့်နေတာလဲ”

“ကျောက်ရှောင်ယွီက ကြာပန်းကိုးပွင့်ကျောင်းတော်က သူတော်စင်မိန်းမပျိုပဲ ၊ သူက လျှို့ဝှက်ချက်တွေနဲ့ပြည့်နေတာ ၊ ဒါပေမယ့် ဒီလူက သူနဲ့ ရင်းနှီးမယ်လို့တော့ ထင်မထားမိဘူး ၊ ပြီးတော့ သူက သိပ်ညဏ်များတယ် ၊ စောင့်ကြည့်ရမယ် ၊ ရတနာပစ္စည်းလေလံပွဲမှာ တစ်ခုခုဖြစ်မှာ စိတ်ပူမိတယ်"

ရှမ်ထုံနတ်မိစ္ဆာဘုရင်က ပြန်ပြောလိုက်သည်။

“ချင်းရှသခင်လေးကတော့ လူကောင်းတစ်ယောက်ဖြစ်မယ့်ပုံပါပဲ ၊ သူ့ကို သွားမနှောက်ယှက်သရွေ့ ကျွန်တော်တို့ကိုလည်း ဒုက္ခပေးမယ်မထင်ဘူး ၊ ပြီးတော့ ဒီ နတ်ဘုရားဈေးပွဲတော်ကို လုပ်တာ မင်းကြီးဂုဏ်သိက္ခာ ကြီးမားချင်လို့မဟုတ်လား”

ကျင့်ထင်က မေးလိုက်သည်။

“ခုတလော စိတ်ထဲထင့်နေတယ် ၊ ကျုပ်အတွက် ကံဆိုး မိုးမှောင်ကျတော့မလားမသိဘူး ၊ နတ်ဘုရားဈေးပွဲတော်

ကျင်းပရတာက ကျုပ်ဂုဏ်သိက္ခာအတွက်သာမဟုတ်ပါဘူး ၊

ဒီကံဆိုးမိုးမှောင်ကျတာကို ကာကွယ်နိုင်မယ့် ရတနာပစ္စည်း

အချို့ကိုလည်း လိုချင်မိလို့ပါ ၊ ဒီတစ်ခါတော့ ရတနာပစ္စည်း

လေလံပွဲမှာ အစွမ်းထက်တဲ့လူအများကြီး ရောက်လာကြမှာပဲ ၊

သူတို့တွေသာ ပြဿနာရှာရင်တော့ တကယ့်ကို ပြဿနာတက်

ပြီ”

ရှမ်ထုံနတ်မိစ္ဆာဘုရင်က ပြောလိုက်လေသည်။

"အခြေအနေတွေ ဆိုးလာပြီဆိုရင် ကျွန်တော့်ကို မင်းကြီးရဲ့ဓား

အဖြစ် အသုံးပြုလိုက်လေ ၊ ဒါဆို မင်းကြီး ဘယ်လောက်

တန်ခိုးကြီးလဲဆိုတာ သူတို့ သိရမှာပါ"

ကျင့်ထက်ထုံအော်က ပြောလိုက်လေသည်။

"ရှန်ဆန်းကျန်းရန်ပြောဖူးတယ် ၊ ကျုပ်က လူသတ်လိုစိတ်

သိပ်ပြင်းထန်တယ် တဲ့ ၊ ဒါကြောင့် မလိုအပ်ဘဲ မတိုက်ခိုက်

ချင်ဘူး"

ရှမ်ထုံနတ်မိစ္ဆာဘုရင်က ပြောလိုက်သည်။

ကြေးမုံထက်မှ ချင်းရှသခင်လေးက ကောင်းကင်ထက်သို့ မော့ကြည့်ပြီး တစ်ချက်ပြုံးလိုက်လေသည်။ ထို့နောက် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်နှင့် အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး ကြေးမုံမှန်မျက်နှာပြင်မှာ မြူများကာဆီးသွားလေသည်။ အဖြူရောင်များသာ မြင်ရပြီး မည်သည့်အရာကိုမှ တွေ့မြင်ရခြင်း မရှိတော့ပေ။ ကြေးမုံမှန်မှာ လေထဲမှ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။

ကျင့်ထင်ထုံအော်က မှန်ကို အပြေးအလွှားဖြင့် ဖမ်းထားလိုက်လေသည်။ ကျင့်ထင်ထုံအော်မှာ အေးစက်မာကျောသည့် ဓားကျောက်တုံးမှ လူသားအသွင်ပြောင်းထားခြင်းဖြစ်သည့်တိုင် အဏ္ဏဝါကြေးမုံပြာကို ထိလိုက်သည်နှင့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရလေသည်။

“သူက ရေခဲအလင်းစွမ်းအားကို ကျင့်ကြံထားတာပဲ ၊ အစွန်းရောက် ယင် စွမ်းအားနဲ့ အအေးစွမ်းအားကို သူဘယ်က နေ ရှာတွေ့လဲ မသိဘူး"

ရှမ်ထုံနတ်မိစ္ဆာဘုရင်က ပြောလိုက်သည်။

ကျင့်ထင်ထုံအော်၏လက်များမှာ ရေခဲများဖုံးလွှမ်းနေပြီး အဏ္ဏဝါကြေးမုံပြာနှင့် ကပ်နေလေသည်။ ခွဲမရအောင် ကော် နှင့်ကပ်ထားသကဲ့သို့ ကပ်နေခြင်းဖြစ်လေသည်။ သူက သူ၏ဓားဝိညာဉ်ကိုအသုံးပြုကာ ရေခဲများကို အလွှာလိုက်ခွာ ရန်ကြိုးစားလိုက်လေသည်။

“ဒါ ရေခဲအလင်းစွမ်းအားလား ၊ ဒါဆိုသူက ချင်းရှမ်နတ်တံခါး ကလား”

ကျင့်ထင်ထုံအော်မှာ ရှမ်ထုံနတ်မိစ္ဆာဘုရင်၏ စကားကြောင့် ထိတ်လန့်စွာဖြင့်အော်လိုက်မိလေသည်။

"ဒီကိစ္စထားလိုက်တော့..."

ရွှမ်ထုံနတ်မိစ္ဆာဘုရင်က ပြောလိုက်သည်။

ကျင့်ထင်ထုံအော်မှာ ပါးစပ်ပိတ်သွားပြီး ဓားဝိညာဉ်ကို အသုံးပြုကာ ရေခဲများကို ခွာနေလေသည်။ ထို့ပြင် သူက ဆန်းလျန်မည်သူမည်ဝါဖြစ်သည်ကို စဉ်းစားနေမိလေသည်။ ထိုသူမှာ ချန်ကျန့်မေ သို့မဟုတ် ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ်တစ်ယောက်ယောက်ဖြစ်နိုင်လေသည်။

သို့သော် ချန်ကျန့်မေက ဓားဝိညာဉ်အသွင်ပြောင်းကာ သွားလာတတ်သူဖြစ်သည့်အတွက် သူ့အနေဖြင့် ချန်ကျန့်မေဆိုလျှင် ကောင်းကောင်းသိမည်ဖြစ်လေသည်။ ထို့ကြောင့် ချင်းရှာသခင်လေးဆိုသည်မှာ ချင်းရွှမ်နတ်တံခါးမှ ဆန်းတန်ခိုးရှင်ပင် ဖြစ်ရပေမည်။

အရှေ့ပင်လယ်ဒေသတစ်ဝိုက်တွင် ရွှမ်ထုံနတ်မိစ္ဆာဘုရင်မှာ နာမည်ကျော်ကြားလှသည့်တိုင် ချင်းရွှမ်နတ်တံခါး၏

ဂိုဏ်းချုပ်ဖြင့်ယှဉ်လျှင် သူမ၏ဂုဏ်သတင်းမှာ မပြောပလောက်ပေ။

ချင်းရွှမ်မှာ နှစ်ပေါင်းတစ်သောင်းကျော် နာမည်ကျော်ကြားခဲ့သည့် နတ်ဘုရားဂိုဏ်းကြီးတစ်ခု ဖြစ်လေသည်။ လွန်ခဲ့သည့် အချိန်အတွင်း အနည်းငယ် ကျဆင်းလာသည့်တိုင် ဂုဏ်သရေရှိနေဆဲဖြစ်လေသည်။ ထို့ပြင် လက်ရှိအချိန်တွင် ချင်းရွှမ်နတ်တံခါးမှာ ပြန်လည်ဦးမော့လာပြီဖြစ်ပြီး ထိုသို့ ပြန်လည်ဦးမော့လာနိုင်ရန်အတွက် ဆန်းတန်ခိုးရှင်၏ ကြိုးစားအားထုတ်မှုများမှာ ကြီးမားလွန်းလေသည်။

ကျင့်ထင်ထုံအော်မှာ ထိုမျှဂုဏ်သရေကြီးမြတ်သူတစ်ယောက် နတ်ဘုရားဈေးပွဲတော်သို့ရောက်လာသည်မှာ များစွာဂုဏ်တက်စေသည်ဟု တွေးနေမိလေသည်။

ထိုက်စန်နတ်ဘုရားဂိုဏ်းမှ ဝူချင်ကျီ ရောက်ရှိလာသော်လည်း သူက ထိုက်စန်နတ်ဘုရားဂိုဏ်းမှ ဆရာသခင်တစ်ယောက်မျှ

သာ ဖြစ်လေသည်။ ဂုဏ်ပုဒ်ချင်းယှဉ်မည်ဆိုလျှင် ဝူချင်ကျီမှာ ဆန်းတန်ခိုးရှင်နှင့် မည်သို့မျှ ယှဉ်နိုင်မည် မဟုတ်ပေ။ ကျင့်ကြံသူများသည် ကျင့်စဉ်လမ်းကိုသာ စိတ်ဝင်စားကြလေသည်။ သို့သော် ဂုဏ်သရေရှိခြင်းကတော့ ကျင့်စဉ်လမ်းနှင့် မဆိုင်လှပေ။ ကြောက်မက်ဖွယ်ရာသတင်းတစ်ခုအရဆိုလျှင် ဆန်းတန်ခိုးရှင်မှာ အသက်ငါးဆယ်ပင် မပြည့်သေးသော်လည်း နတ်ဘုရားတစ်ပါးဖြစ်ရန် အလွန်ပင် နီးစပ်နေပြီဟူ၍ဖြစ်လေသည်။

ဆန်းလျန်၏ကျင့်စဉ်လမ်းလျှောက်လှမ်းသည့်သက်တမ်းမှာ အနှစ်သုံးဆယ်ပတ်ဝန်းကျင်မျှသာ ရှိသေးသည့်အတွက် ဆန်းလျန်၏အသက်မှာ အလွန်ဆုံးရှိလျှင် လေးဆယ်ဝန်းကျင်သာရှိဦးမည်ဟု ကျင့်ထင်ထုံအော် တွေးနေမိသည်။ လူ့လောကတွင်ဆိုလျှင်တော့ အရွယ်ကောင်းဟုပြောနိုင်မည်ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးမှ ကျင့်ကြံသူများအားလုံးမှာလည်း ထို အချက်ကို သိထားကြပါသည်။ သို့သော် သူတို့က ဆန်းလျန် အပေါ်တွင် လေးလေးစားစားရှိကြလေသည်။ ဆန်းလျန်မှာ နတ်ဘုရားမဖြစ်လျှင်တောင်မှ အလွန်ဆုံး အသက်ခုနစ်ရာ ရှစ် ရာ အသက်ရှည်ဦးမည်ဖြစ်လေသည်။

သို့သော် ချင်းရွှမ်နတ်တံခါးမှတပည့်များသည် ဆန်းလျန်မှာ ဖော့ဝမ့်အဆင့်ကို တက်ရောက်နိုင်ရန် အချိန်ယူရဦးမည်ဖြစ်ပြီး နတ်ဘုရားတစ်ပါးဖြစ်လာရန်မှာလည်း အချန်ကြာဦးမည်ဟု သာ မှတ်ယူထားကြလေသည်။

အဏ္ဏဝါကြေးမုံပြာဖြင့် သူတို့ကို တိတ်တဆိတ်ကြည့်ရှု နေသည်ကို ဆန်းလျန်က သတိပြုမိကာ တားဆီးလိုက် သည့်အတွက် ကျောက်ရှောင်ယွီက မေးလိုက်သည်။

“ဘယ်သူက ကျွန်မတို့ကို ကြည့်နေတာလဲ”

ဆန်းလျန်က အနည်းငယ်တွေးဆလိုက်ရင်း....

"ရွှမ်ထုံနတ်မိစ္ဆာဘုရင်ဖြစ်လိမ့်မယ်ထင်တယ်၊ ဒါပေမယ့် သူက ဒီလိုလုပ်စရာအကြောင်းမရှိပါဘူး"

ရွှမ်ထုံနတ်မိစ္ဆာဘုရင်မှာ သူ့ကို မည်သူမည်ဝါမှန်း သိချင်နေကြောင်း ဆန်းလျန်ရိပ်မိလေသည်။ သို့သော် ယခုကဲ့သို့ တိတ်တဆိတ်ကြည့်ရှုခြင်းကတော့ မယဉ်ကျေးရာကျလေသည်။

"ကျွန်မအကြောင်းသိချင်လို့ ဒီလိုကြည့်နေတာပဲဖြစ်ရမယ်၊ ကျွန်မက ညဏ်နီညဏ်နက်များတဲ့ မိစ္ဆာမဆိုတော့ နတ်ဘုရားဈေးပွဲတော်မှာ ကျွန်မရှိနေတာကို နတ်မိစ္ဆာဘုရင်က စိတ်ပူနေတယ်ထင်ပါရဲ့"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

"ဒါက မင်းတန်ခိုးစွမ်းအား ဘယ်လောက်မြင့်မားလဲဆိုတာပြနေတာပဲ၊ ဟုတ်တယ်မလား"

ဆန်းလျန်က ရှေ့သို့ ဆက်သွားနေရင်းမှ ပြောလိုက်သည်။

ကျောက်ရှောင်ယွီကလည်း ဆန်းလျန်နောက်မှ လိုက်ပါလာရင်း...

"တကယ်တော့ ကျွန်မက သူ့ကိုမနာလိုဖြစ်နေမိတာ ၊ သူက လုကျိုးယွမ်ဆီက သင်ပြပေးမှုကို ရထားတာလေ ၊ ကျင့်စဉ်လမ်းမှာ အမှားမရှိနိုင်တော့ဘူးပေါ့"

ကျောက်ရှောင်ယွီက ပြောလိုက်သည်။

"မင်း ဒီလိုစကားမျိုးပြောလိမ့်မယ်လို့ ထင်မထားမိဘူး ၊ ရှောင်ယွီ မင်း အရင်ကနဲ့ လုံးဝမတူတော့ဘူးပဲ ၊ အရမ်းပြောင်းလဲသွားတယ်နော်"

ဆန်းလျန်က မှတ်ချက်ပြုလိုက်သည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် စကားတစ်ပြောပြောဖြင့် တိမ်တိုက်များထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

အချိန်များတဖြည်းဖြည်း ကုန်ဆုံးသွားပြီး...

ရတနာပစ္စည်းလေလံပွဲ ကျင်းပမည့်နေ့သို့ ရောက်ရှိလာလေ

တော့သည်။

အခန်း (၂၃၂)

ရတနာပစ္စည်းလေလံပွဲ

ဆန်းလျန်မှာ နောက်ရက်များတွင် အပြင်သို့ထွက်ပြီးလည်ပတ်ခြင်းမရှိသလို ကျင့်စဉ်ကျင့်ကြံခြင်းလည်း မရှိပါ။ သူက သာမန်လူတစ်ယောက်ကဲ့သို့ စားလိုက်အိပ်လိုက်လုပ်နေလေသည်။

နတ်ဘုရားဈေးပွဲတော်တွင် ကျွေးသည့်အစားအသောက်များမှာ သာမာန်အစားအသောက်များမဟုတ်ပါ။ နတ်ဘုရားစွမ်းအားများပါဝင်သည့် လတ်ဆတ်သည့်အစားအသောက်များဖြစ်လေသည်။

ဆန်းလျန်၏နေ့ရက်များမှာ အလွန်အဆင်ပြေနေလေတော့သည်။

ဆန်းလျန်မျှော်လင့်မထားသည့်အချက်မှာ ကျောက်ရှောင်ယွီသည် လေစွမ်းအားနှင်တံ၏အသုံးဝင်ပုံကို မသိဘဲနှင့် သူနှင့်အပြိုင်ဈေးပွဲတော်တွင် လေလံဆွဲခဲ့ခြင်းပင် ဖြစ်လေသည်။

အမှန်တော့ ကျင့်ကြံသူများကြားတွင် လူအနည်းငယ်သာ လေစွမ်းအားနှင်တံအကြောင်းကို သိရှိကြခြင်းဖြစ်သည့်အတွက် ကျောက်ရှောင်ယွီ မသိသည်မှာလည်း မထူးဆန်းပါ။

သို့သော် ဆန်းလျန်ကတော့ လေစွမ်းအားနှင်တံအကြောင်းကို သိရှိနေသူဖြစ်သည့်အတွက် လိုချင်ခဲ့မိလေသည်။ ထိုအချိန်မှာပင် ကျောက်ရှောင်ယွီကဆန်းလျန်ကို အနိုင်ပိုင်းကာ လေစွမ်းအားနှင်တံကို မရမက ဝယ်ယူသွားလေသည်။ အဆမတန်ဈေးကြီးနေသည့်တိုင် သူမအတွက် မှုလောက်စရာမရှိပါ။

သူမက အတိတ်မှ ဖြစ်ရပ်များအတွက် ဆန်းလျန်ကို အနိုင်လိုချင်ရုံသက်သက်ဖြင့်သာ ထိုသို့ပြုလုပ်လိုက်ခြင်းဖြစ်လေသည်။ ထိုသို့ပြုလုပ်ပြီးသည်နှင့် သူမက ဆန်းလျန်နှင့် သူမကြားရှိ အတိတ်ဖြစ်ရပ်များအားလုံးကို သင်ပုန်းချေလိုက်ပြီဖြစ်ပြီး သူမနှင့် ဆန်းလျန်ကြားမှ ဆက်ဆံရေးကို သိက္ခာရှိရှိပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် လေစွမ်းအားနှင်တံကို ဆန်း

လျှန်ဆီသို့ လက်ဆောင်ပြန်လည် ပေးအပ်ခဲ့ခြင်းဖြစ်လေ
သည်။

ထိုအကြောင်းအရာများအားလုံးကို ကျောက်ရှောင်ယွီက ဆန်း
လျှန်ကို ရှင်းပြဝန်ခံသွားခြင်းဖြစ်လေသည်။

လေစွမ်းအားသားရဲဖြင့်ဖော်စပ်သည့်ဆေးသည် လူတစ်
ယောက်၏အသက်ကို အန္တရာယ်ရှိသည့်ငါးရာရှည်စေလေသည်။ ဆန်းလျှ
န်က ထိုဆေးကို ကူးချိုင်ဝေ့အတွက် ဖော်စပ်ပေးလိုခြင်းဖြစ်
လေသည်။

အစပိုင်းတွင် ဆန်းလျှန်က သူ၏ကျင့်စဉ်လမ်းအခိပ္ပါယ်ကို ကူး
ချိုင်ဝေ့အား လွှဲပြောင်းပေးပြီး ကျင့်စဉ်လမ်းအဆင့်တက်လှမ်း
နိုင်ရန် ကူညီမည်ဟု ဆုံးဖြတ်ထားခဲ့လေသည်။ သို့သော် ထိုသို့
ပြုလုပ်လိုက်လျှင် ကူးချိုင်ဝေ့ နတ်ဘုရားတစ်ပါးဖြစ်ရန်
အတွက် မူလဝိညာဉ်ရအောင် ကျင့်ကြံသည့်အခါတွင်
အခက်အခဲများစွာနှင့် ရင်ဆိုင်ရမည်ဖြစ်လေသည်။ ထို့ကြောင့်

လေစွမ်းအားသားရဲဖြင့်ဆေးဖော်ကာ အသက်ရှည်စေခြင်းက

ကူးချိုင်ဝေ့အတွက် ပိုပြီးကောင်းသည့် နည်းလမ်းဖြစ်မည်ဟု

ဆန်းလျန် စဉ်းစားမိလေသည်။

ထို့ပြင် ကူးချိုင်ဝေ့မှာ ချင်းရှမ်နတ်တံခါးတွင် အရေးပါသူတစ်

ယောက်ဖြစ်လေသည်။ သူမသာ ဟိုင်သန်းအဆင့်တက်ရောက်

နိုင်လျှင် လင်ထိုင်တာအိုပြိုင်ပွဲအတွက်လည်း များစွာ

အထောက်အကူပြုမည်ဖြစ်လေသည်။

သို့သော် ကူးချိုင်ဝေ့မှာ အချိန်သိပ်မကျန်တော့ပေ။ ဟိုင်သန်း

အဆင့်တက်ရောက်နိုင်ခြင်းမရှိလျှင် ဘဝအဆုံးသတ်ရတော့

မည် ဖြစ်လေသည်။

လေစွမ်းအားနှင်တံကိုတွေ့လိုက်ရသည့်အတွက် ဆန်းလျန်က

ကူးချိုင်ဝေ့အတွက် လေစွမ်းအားသားရဲဖြင့်ဆေးဖော်ရန်

ဆုံးဖြတ်လိုက်လေသည်။ သူသာဆေးဖော်နိုင်လျှင် ကူးချိုင်ဝေ့

မှာ နောက်ထပ်အနှစ်ငါးရာ ထပ်မံအသက်ရှင်သန်နိုင်မည် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်နှင့်ကျောက်ရှောင်ယွီ သဘောတူညီမှုတစ်ခု ပြုလုပ်လိုက်လေသည်။ ကျောက်ရှောင်ယွီသာ ဆန်းလျန်ကို ကူညီပြီး လေစွမ်းအားသားရဲကို ရှာဖွေပေးမည်ဆိုလျှင် နောင်လေးနှစ်တွင်ကျင်းပမည့် လော်ဝါဒစည်းဝေးပွဲကြီးတွင် သူမကို လော်ဝါဒ၏ သူတော်စင်မိန်းမပျိုတစ်ပါးဖြစ်လာရန် ဆန်းလျန်က ကူညီမည်ဟူ၍ကတိပေးလိုက်လေသည်။

ကျောက်ရှောင်ယွီကလည်း ဆန်းလျန်ဆီမှ အကူအညီရယူရန် ဆုံးဖြတ်လိုက်လေသည်။

လော်ဝါဒ၏ သူတော်စင်မိန်းမပျိုဆိုသည်မှာ ဂုဏ်ပုဒ်တစ်ခုမျှသာ မဟုတ်ပေ။ ကျန်ရှိနေသေးသည့် လော်ဝါဒကျင့်ကြံသူများအားလုံး၏ ကံကြမ္မာလည်း ဖြစ်လေသည်။ သူမသည် လော်ဝါဒ၏သူတော်စင်မိန်းမပျိုဖြစ်လာလျှင် လော်ဝါဒ၏ဆက်ခံသူ

ဖြစ်လာပြီး လော်ဝါဒဂိုဏ်းကြီးကို ပြန်လည် တည်ထောင်နိုင်မည် ဖြစ်လေသည်။ လော်ဝါဒဂိုဏ်းကြီးသာ ပြန်လည်အားကြီးလာလျှင် အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုနှင့် အဆင့်အတန်း တူညီသွားမည် ဖြစ်လေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်ကို ယုံကြည်စွာဖြင့် အရာအားလုံးပြောပြခဲ့လေသည်။

ဆန်းလျန်ကလည်း ကျောက်ရှောင်ယွီတောင်းသည့် အကူအညီကို ငြင်းပယ်ခြင်း မရှိပါ။ ဆန်းလျန်အတွက်တော့ ကူးချိုင်ဝေ့အတွက် လေစွမ်းအားသားရဲကို ရှာဖွေနိုင်ရန်သာအရေးကြီးနေလေသည်။ ထို့ပြင် လေစွမ်းအားသားရဲဆေးကို ပိုပြီးဖော်စပ်နိုင်မည်ဆိုလျှင်လည်း ချင်းရှမ်နတ်တံခါးအကျိုးအတွက် သုံးစွဲရမည် ဖြစ်လေသည်။

လေစွမ်းအားနှင်တံမှာ ဆန်းလျန်အတွက်တော့အလွန်အဖိုးတန်သည့် ပစ္စည်းဖြစ်နေလေတော့သည်။

....

နေဝင် နေထွက် နေ့ရက်များစွာ ဖြတ်သန်းခဲ့ပြီးသည့်နောက်

ဆန်းလျန်မှာ စိတ်အေးချမ်းသာလျှက်ရှိပြီး စိတ်စွမ်းအားများ

ပြည့်ဝနေလေတော့သည်။

ရတနာပစ္စည်းလေလံပွဲ ပြီးသွားလျှင် သူနှင့် ကျောက်ရှောင်ယို

လေစွမ်းအားသားရဲကို သွားရောက်ရှာဖွေမည်ဖြစ်သည်။

ထို့နောက် ဆေးဖော်စပ်ပြီး ဂိုဏ်းတူအစ်မကူးချိုင်ဝေ့ကို ပေး

မည်။ ထို့နောက် ထိုက်စု နတ်ဘုရားဂိုဏ်းသို့သွားကာ ရှော့ရှီ

လေးကို ပြန်ခေါ်မည်ဟု အစီအစဉ် ဆွဲထားလေသည်။ ဆန်းလျ

န်မှာ သူ့အစီအစဉ်နှင့်သူ ဟုတ်နေလေသည်။

ထိုအချိန်...

ဖုန်းဟယ်က ဆန်းလျန်အတွက် နံနက်စာ လာပို့လေသည်။

"ရတနာပစ္စည်း လေလံပွဲက ဘယ်တော့ စမှလဲ"

ဆန်းလျန်က မေးလိုက်သည်။

"လေလံပွဲမစခင် သခင်လေးကို လာဖိတ်ပါလိမ့်မယ်၊ ပွဲပြီးရင်တော့ ဖုန်းဟယ် သခင်လေးကို ထပ်ပြီး ဝန်ဆောင်မှု မပေးနိုင်တော့ပါဘူး"

သူမ အသံတွင် စိတ်ပျက်ဝမ်းနည်းသံများ ထင်ဟပ်နေလေသည်။

သူမဘဝတွင် ဆန်းလျန်နှင့် နောက်တစ်ကြိမ် ထပ်မံဆုံတွေ့နိုင်ရန် မဖြစ်နိုင်တော့ပေ။

ဖုန်းဟယ် မည်သို့ခံစားနေရသည်ကို ဆန်းလျန် နားလည်မိပါသည်။ သို့သော်... သူက ဝမ်းနည်းနေသည့် မိန်းကလေးကို မည်သည့်စကားမှ ပြန်မပြောဖြစ်ပါ။

သိန်းငှက်သည် ကောင်းကင်အမြင့်ထက်တွက်ပျံသန်းပြီး မြင့်မားသည့် တောင်ကမ်းပါးထက်တွင်သာ နားခိုမည် ဖြစ်သော်လည်း စာကလေးငှက်ကတော့ မြေပြင်နှင့် နီးကပ်သည့် သစ်တောလေးထဲတွင် နားခိုမည်ဖြစ်လေသည်။ မာန်ဟုန်ပြင်း

လွန်းသည့် သိန်းငှက်တစ်ကောင်သည် စာကလေးနှင့် မည်သို့

ယှဉ်တွဲနိုင်ပါမည်နည်း။

ဆန်းလျန်မှာ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်တိုင်

သူက အဆင့်အတန်းခွဲခြားတတ်သူတစ်ယောက်မဟုတ်ခဲ့ပါ။

သူက သာမာန်လူများနှင့်လည်း ရောရောနှောနှောဖြင့် ခင်မင်စွာ

နေတတ်သူ ဖြစ်လေသည်။

သို့သော်....

လက်ရှိအချိန်တွင်...

သူက ယခင်ဘဝကကဲ့သို့ ဆရာဝန်လေးတစ်ယောက်မဟုတ်

တော့။

ချင်းရှဝတ်ကျောင်းတော်မှ တာအိုဆရာလေးလည်း မဟုတ်

တော့။

ချင်ပြည်နယ်မြို့တော်ရှိ ဆန်းအိမ်တော်မှ တတိယသခင်လေး

လည်း မဟုတ်တော့ပါ။

နွားကျောင်းသားလေးနှင့် ယက္ကန်းခတ်သည့်နတ်မိမယ်လေး

တို့၏ အချစ်ဇာတ်လမ်း ၊ တုန်ယုံနှင့် နတ်သမီးခုနစ်ဖော် ကဲ့သို့

သော ဇာတ်လမ်းမျိုးမှာ လက်တွေ့ဘဝတွင် ဖြစ်လာနိုင်စရာ

အကြောင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် နတ်ဒေဝါများနှင့်

သာမန်လူသားများဆိုသည်မှာ အခြေအနေကွာခြားလွန်းလှ

သောကြောင့် ဖြစ်လေသည်။

ထိုအချိန်တွင်....

အခန်းအပြင်ဘက်ဆီမှ ကျင့်ထင်ထုံအော်၏ အသံကို

ကြားလိုက်ရလေသည်။

"ချင်းရှသခင်လေး ၊ မင်းကြီးက သခင်လေးကို ရတနာပစ္စည်း

လေလံပွဲတက်ရောက်ဖို့ ဖိတ်ကြားလိုက်လို့ လာခေါ်တာပါ"

"ကောင်းပြီ ၊ ကျုပ်လာပြီ"

ပြောပြီးသည်နှင့် ဆန်းလျန်မှာ အခန်းထဲမှ ထွက်ခွာသွားလေ

သည်။

ဖုန်းဟယ်သည် ဆန်းလျန်၏ ကျောပြင်ကိုသာ ရိပ်ခနဲ မြင်လိုက်ရလေသည်။ သူမသည် ဆန်းလျန်၏ ဘဝတွင် မီးခိုးငွေ့တစ်မျှင်ကဲ့သို့သာ ဖြစ်လေသည်။ မကြာမီ ဆန်းလျန်သည် သူမကို မေ့ပျောက်သွားမည် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ဖုန်းဟယ်မှာ နတ်ဘုရားတစ်ပါးနှင့် လူသားတစ်ယောက်ကြား မတူညီသည့်အဆင့်အတန်းကို ကြေကွဲစွာဖြင့် ခံစားနားလည်လိုက်ရလေသည်။

သို့သော်....

နောင်နှစ်ပေါင်းများစွာကြာသည့်အချိန်တွင် သူမနှင့် ဆန်းလျန် ပြန်လည်ဆုံတွေ့ရဦးမည်ဆိုသည်ကိုတော့ သူမအနေဖြင့် ကြိုတင်သိရှိနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

ကျင့်ထင်ထုံအော်က ဆန်းလျန်ကိုတွေ့သည်နှင့် ချက်ချင်းပင် ဦးညွှတ်အရိုအသေပေးလိုက်လေသည်။

သူက ဆန်းလျန်ကို ပထမတစ်ကြိမ်တွေ့ဆုံစဉ်ကထက်ပိုပြီး ရိုသေလေးစားစွာ ဆက်ဆံနေလေသည်။

ဆန်းလျန်မှာ ဓားသိုင်းလမ်းစဉ်ဖြင့် ကျင့်စဉ်လမ်းအဆင့်တက်ရောက်ခဲ့သည့်သူတစ်ယောက်မဟုတ်ပါ။ သို့သော် သူ၏ ဓားစွမ်းမှာ ဓားသိုင်းကျင့်ကြံသူတစ်ယောက်ထက် နိမ့်ကျခြင်းမရှိပေ။

ကျင့်ထင်ထုံအော်၏ မူလပုံသဏ္ဍာန်မှာ ဓားကျောက်တုံးတစ်တုံးဖြစ်လေသည်။ ဓားသိုင်းကျင့်ကြံသူများ သို့မဟုတ် ဓားသမားများက ဓားကိုလေးစားသမှုဖြင့် သူ့အပေါ်တွင် တင်ထားလေ့ရှိလေသည်။ ထို့ပြင် လက်ရှိအချိန်တွင် သူက ရှမ်ထုံမင်းကြီး၏ လက်သုံးတော်ဓား ဖြစ်လေသည်။ ထို့ကြောင့် သူက ဓားသိုင်းလမ်းစဉ်ကို နားလည်သည့်သူများကို အလွန်လေးစားလေ့ရှိလေသည်။

ထို့ကြောင့် သူက ဆန်းလျန်ကို သူ၏ ထက်မြက်သည့် ဓား ဝိဉာဉ်စွမ်းအားဖြင့် အာရုံခံကြည့်လိုက်လေသည်။သို့သော် ဆန်းလျန်ထံတွင် မည်သည့်ဓားဝိဉာဉ်ကိုမှ အာရုံခံ၍မရပေ။ ကျင့်ထင်ထုံအော်မှာ နားမလည်နိုင် ဖြစ်သွားရလေသည်။ ကောလဟာလများအရဆိုလျှင် ဆန်းလျန်မှာ ဓားသိုင်း ထက်မြက်သူ တစ်ယောက်ဖြစ်လေသည်။ ယခု ဆန်းလျန်ထံ တွင် ဓားဝိဉာဉ်တန်ခိုးစွမ်းအားကို အာရုံခံ၍မရခြင်းမှာ ဆန်း လျန်က သူ၏ ဓားစွမ်းအားများကို ဖုံးကွယ်ထားခြင်းလေလား။ ဆန်းလျန်၏ ဝတ်ရုံမှာ လေထဲတွင် လွင့်မျောနေလေသည်။ သူ၏လှုပ်ရှားမှုက လျှင်မြန်သည့်တိုင် ခြေသံလုံးဝ ကြားရခြင်း မရှိပေ။

ရုတ်တရက် …

ကျင့်ထင်ထုံအော်၏ကိုယ်ထဲသို့ တိမ်တိုက်များထဲမှ စွမ်းအား တစ်ခု စီးဝင်လာသလို ခံစားလိုက်ရလေသည်။

စွမ်းအား၏တုန်ခါမှုက သိပ်ပြီးမပြင်းထန်ပါ။ သို့သော် စည်းချက်ညီသည့် တုန်ခါမှုတစ်ခုကို ဖြစ်ပေါ်နေစေလေသည်။ ထိုတုန်ခါမှုက သူ၏ခန္ဓာကိုယ်ထဲတွင် ပြောင်းလဲမှုများစွာကို ဖြစ်ပေါ်သွားပြီး သူ၏ခန္ဓာကိုယ်ကို စည်းချက်ညီညီ ဆွဲခေါ်သွားလေသည်။ သူ၏ ခြေလှမ်းများမှာ ဆန်းလျန်၏ခြေလှမ်းများနှင့် တစ်ထပ်တည်းကျသွားလေသည်။ သူ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားပြီး အထိန်းအကွပ်မဲ့ကာ အရုပ်ကြိုးပြတ်ဖြစ်သွားရလေသည်။

ထိုစွမ်းအားကို သူတောင့်မခံနိုင်တော့သည့်အချိန်တွင် ဆန်းလျန်က ထိုစွမ်းအားကို ပြန်လည်ရုတ်သိမ်းလိုက်လေသည်။ ရုတ်တရက် ဗလာနယ်တစ်ခုထဲသို့ကျရောက်သွားသလိုခံစားလိုက်ရပြီး လဲကျတော့မည်ကဲ့သို့ ဖြစ်သွားရလေသည်။ ဆန်းလျန်က စွမ်းအားတစ်ခုထုတ်လွှတ်ပြီး သူ့ကိုလဲမကျစေဂုန် ထိန်းထားပေးလိုက်လေသည်။ ထိုစွမ်းအားက

သူ၏ကိုယ်တွင်းသို့ စီးဝင်သွားပြီး အအေးဓာတ်များသည် သူ၏ခြေဖဝါးမှတစ်ဆင့် ထွက်ခွာသွားလေသည်။ ယခုမှ ကျင့်ထင်ထုံအော် နားလည်သွားရသည်။ သူက အဏ္ဏဝါကြေးမုံပြာကို လှမ်းပြီးဖမ်းလိုက်သည့်အချိန်တွင် ဆန်းလျန်၏ရေခဲအလင်းမှ အအေးစွမ်းအားများသည့် သူ၏ကိုယ်ထဲသို့ ဝင်သွားခဲ့လေသည်။ သူ၏ တန်ခိုးစွမ်းအားက ထိုအအေးစွမ်းအားကို တိုက်ခိုက်နိုင်ခြင်းမရှိဘဲ သူ၏ခန္ဓာကိုယ်ထဲတွင် အအေးအဆိပ်များဖြစ်ပေါ်လာလေသည်။ ဆန်းလျန်က ထိုအအေးအဆိပ်များကို ဖယ်ရှားပေးလိုက်ခြင်းဖြစ်လေသည်။ ဆန်းလျန်သာ ထိုသို့မပြုလုပ်ပေးပါက နောင်တစ်ချိန်တွင် ကျင့်ထင်ထုံအော်မှာ အတွင်းဒဏ်ရာ ရသွားနိုင်လေသည်။

သူက ဆန်းလျန်ကို ကျေးဇူးတင်စကားပြောချင်သော်လည်း ရွှမ်ထုံမင်းကြီးအပြစ်ပေးမည်ကို စိုးတိတ်ပူနေသည့်အတွက် မပြောဖြစ်တော့ပေ။

တစ်ချိန်တည်းမှာပင် သူက ဆန်းလျန်၏အပြုအမူမှာ တကယ့်တာအိုဆရာသခင်တစ်ပါးပီသသည်ဟု ခံစားလိုက်မိလေသည်။ ထို့ကြောင့်ပင် ဆန်းလျန်သည် နတ်ဘုရားဂိုဏ်းကြီးတစ်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်နေရသည် မဟုတ်ပါလား။

ဆန်းလျန်ကတော့ ကျင့်ထင်ထုံအော်ကိုယ်ထဲမှ အအေးအဆိပ်ကို ထုတ်ပေးလိုက်ခြင်းသာ ဖြစ်လေသည်။ ရွှမ်ထုန်နတ်မိစ္ဆာဘုရင်က သူ့ကို ကူညီခဲ့သည့်အတွက် သူက တစ်ချက်ပင်မဆိုင်းဘဲ ကျင့်ထင်ထုံအော်ကို ကယ်တင်ပေးခဲ့ခြင်းဖြစ်လေသည်။

ဆန်းလျန်က နတ်မိစ္ဆာများအပေါ်တွင် မုန်းတီးခြင်းမရှိပါ။

သူက နတ်မိစ္ဆာများကိုလည်း ကျင့်ကြံသူများနှင့်မခြား တန်

တူညီမျှ ဆက်ဆံတတ်သူဖြစ်လေသည်။

ယခုသူတို့သွားရသည့်နေရာမှာ ချင်းယွင်ထိုင်စင်မြင့်ကဲ့သို့

သာမန်နေရာတစ်ခုမဟုတ်ပေ။ အနောက်ဘက်ရှိ

မိုးကောင်းကင် နန်းဆောင်တစ်ခုဆီသို့ ဖြစ်လေသည်။

"ရတနာပစ္စည်းများသည် အနောက်အရပ်တွင်ရှိသည်" ဆိုသည့်

ရှေးဟောင်းဆိုရိုးတစ်ခုအတိုင်းပင် ရတနာပစ္စည်းလေလံပွဲကို

နတ်ဘုရားဈေးပွဲတော်၏ အနောက်ဘက်နန်းဆောင်တွင်

ပြုလုပ်ခြင်းဖြစ်လေသည်။ ကံကောင်းစေခြင်းသင်္ကေတဖြစ်

လေသည်။

အနောက်ဘက်နန်းဆောင်တွင် လူသူကင်းရှင်းနေလေသည်။

နန်းဆောင်အတွင်းသို့ ဝင်လိုက်သည်နှင့် ကြာပန်းရေကန်တစ်ခု

ကို တွေ့မြင်ရပြီး ထိုနေရာတွင် ကျင့်ကြံသူဆယ့်နှစ်ယောက်

ရောက်နှင့်နေကြပြီဖြစ်လေသည်။ ကျောက်ရှောင်ယွီမှာလည်း ရောက်ရှိနေပြီဖြစ်လေသည်။ သူတို့အသီးသီးမှာ သီးသန့်ထိုင်ခုံများတွင် ထိုင်နေကြလေသည်။

ဝူချင်ကျီလည်း ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရပြီး သူ၏မျက်နှာအမူအရာက အေးဆေးတည်ငြိမ်နေလေသည်။ သူက ဖော့ဝမ့်အဆင့်ကို ပုံမှန်မဟုတ်ထူးထူးခြားခြားဖြင့် အဆင့်တက်လှမ်းခဲ့သည့်တိုင် ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ ဆရာသခင်တစ်ပါးဖြစ်သည့်အလျှောက် အဆင်ပြေပြေနှင့် အောင်မြင်ခဲ့လေသည်။

ဆန်းလျန်က လွတ်နေသည့် သီးသန့်ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်လေသည်။

သီးသန့်ထိုင်ခုံအားလုံးမှာ ကြာပန်းရေကန်ပေါ်ရှိ လေထဲတွင် လွင့်မျောနေကြလေသည်။

လေလံတင်မည့်ရတနာပစ္စည်းများမှာ နတ်ဘုရားစွမ်းအားရှိ

သည့် အဖိုးတန်ပစ္စည်းများသာ ဖြစ်ပုံရလေသည်။ ရှမ်ထုံ

နတ်မိစ္ဆာဘုရင်၏ ကြွယ်ဝချမ်းသာမှုကို ဆန်းလျှန် လေးစား

သွားမိသည်။

အတူတကွရောက်ရှိလာကြပုံရသည့် ကျင့်ကြံသူ သုံးဦးလည်းရှိ

လေသည်။ ယောကျာ်းလေးနှစ်ယောက်နှင့် မိန်းကလေးတစ်

ယောက် ဖြစ်လေသည်။ သူတို့မှာ ဟိုင်သန်းအဆင့်ပင်

အောင်မြင်ကြသည့်ပုံ မပေါ်သေပေ။ သူတို့ကလည်း သီးသန့်

ထိုင်ခုံတစ်ခုတွင် နေရာယူလိုက်ကြလေသည်။

သူတို့သုံးယောက်ထဲမှ ကျင့်ကြံသူမိန်းမပျိုမှာ အစိမ်းရောင်

ဝတ်ဆင်ထားပြီး သူမ၏မျက်ဝန်းများက စမ်းချောင်းလေး

အလား ကြည့်လင်နေလေသည်။ သူမက သူမဘေးတွင်ထိုင်နေ

သည့် အစိမ်းရောင်ဝတ်လူရွယ်ကို တီးတိုးပြောလိုက်သည်။

"အစ်ကိုငါး ၊ အဲဒီခပ်ချောချောလူငယ်လေးပေါ့ ၊ ဟိုနေ့က မိစ္ဆာမကျောက်ရှောင်ယွီနဲ့ အတူတူလမ်းလျှောက်နေတာ ၊ သူတို့နှစ်ယောက် ဘယ်လိုများ ပတ်သက်နေလဲမသိဘူး"

"ညီမလေး ၊ ရှောင်ယွီနတ်သမီးက ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး ၊ ဘာလို့ သူ့ကို မိစ္ဆာမလို့ခေါ်ရတာလဲ"

အစိမ်းရောင်ဝတ်လူရွယ်က ပြန်ပြောလိုက်လေသည်။

"အစ်ကိုငါးကလည်း အဲဒီမိစ္ဆာမကို စွဲလန်းနေပြီထင်တယ် ၊ ဆရာသာ သိလို့ကတော့ အစ်ကိုငါးကို နှစ်ဝက်လောက် အခန်းပိတ်ကျင့်ကြံခိုင်းလိမ့်မယ်"

မိန်းကလေးက သူမပါးစပ်ကို လက်ဖြင့်အုပ်ရင်း ပြောလိုက်လေသည်။

"မင်းတို့နှစ်ယောက် တော်ကြစမ်း ၊ ဒီကိုလာတာ အမြဲစိမ်းပန်းပွင့်ကို ပြန်ယူဖို့လာတာ ၊ စကားလျှောက်ပြောဖို့ မဟုတ်ဘူး"

သူတို့နှစ်ယောက်ထက် အနည်းငယ်အသက်ကြီးပုံရသည့် နောက်ထပ်လူရွယ်တစ်ယောက်က ဝင်ပြောလိုက်လေသည်။

အစိမ်းရောင်ဝတ်မိန်းကလေးက...

"အစ်ကိုသုံး ၊ ကျွန်မက လျှောက်ပြောရုံပဲပြောတာပါ ၊ အစ်ကိုငါးကတော့ မိစ္ဆာမကျောက်ရှောင်ယွီကို တန်းတန်းစွဲဖြစ်နေပြီ ၊ ဟင့် ကျွန်မက ဟို ခပ်ချောချောသခင်လေးကို စိတ်ဝင်စားနေတာ ၊ ကြည့်ရတာ အဲဒီသခင်လေးသာ မိန်းကလေးတစ်ယောက်ဖြစ်မယ်ဆိုရင် မိစ္ဆာမကျောက်ရှောင်ယွီထက်တောင် ချောဦးမယ်"

သီးသန့်ထိုင်ခုံတစ်ခုစီကို မမြင်ရသည့်အလွှာလေးများဖြင့် ကာကွယ်ထားသည့်အတွက် အသံလုံလေသည်။ ထို့ကြောင့် သူတို့သုံးယောက်ပြောနေသည့် စကားများကို အခြားသူများ မကြားရနိုင်ပေ။ အကယ်၍ သူတို့ပြောနေသည့်စကားများကိုသာ

ဆန်းလျှန်ကြားမည်ဆိုပါက ရယ်ရမလို ငိုရမလို မအီမလည်
ကြီး ခံစားရမည်ဖြစ်လေသည်။

အခန်း (၂၃၃) သူတော်စင်တေးသွား

ထိုအချိန်ခဏအတွင်းမှာပင်...

ဂီတသံတစ်ခုနှင့်အတူ လေထုထဲသို့ တန်ခိုးစွမ်းအားလှိုင်းတစ်
ခု ဝင်ရောက်လာလေသည်။ ထိုဂီတသံသည် အသံလုံသည့်
သီးသန့်ထိုင်ခုံများအတွင်းသို့ပင် ထိုးခွင်းဝင်ရောက်လာနိုင်စွမ်း
ရှိလေသည်။

သီးသန့်ထိုင်ခုံများမှာ မမြင်ရသည့် အလွှာတစ်ခုဖြင့် အလုံပိတ်
ထားခြင်းဖြစ်သည့်အတွက် အတွင်းသို့ ထွင်းဖောက်မြင်နေရ

လေသည်။ တစ်ယောက်နှင့်တစ်ယောက်ဆက်သွယ်ချင်သည် ဆိုလျှင်တော့ စိတ်စွမ်းအားကို အသုံးပြုကာဆက်သွယ်ရမည် ဖြစ်လေသည်။

လေထဲတွင် အဝါနုရောင်ဝတ်ဆင်ထားသည့် ချောမောလှပ သည့် အမျိုးသမီးတစ်ယောက် ပျံသန်းလာလေသည်။ ထို အချိန်မှာပင် ကြာကန်အစွန်းဘက်တစ်နေရာတွင် ကျောက်စိမ်း ပလ္လင်တစ်ခုပေါ်လာလေသည်။ အမျိုးသမီးက လေထဲတွင် လမ်းလျှောက်သွားပြီး ကျောက်စိမ်းပလ္လင်ထက်တွင် ထိုင်လိုက် သည်။ အလွန်မှ ညို့ယူဖမ်းစားနိုင်စွမ်းရှိသည့် အလှတရားကို ပိုင်ဆိုင်သည့် အမျိုးသမီးဖြစ်လေသည်။

လေထဲတွင် လွင့်မျောနေသည့် သီးသန့်ထိုင်ခုံများမှာ ကျောက်စိမ်းပလ္လင်ထက်တွင် အမျိုးသမီးထိုင်လိုက်သည်နှင့် ဘေးတစ်ဖက်တစ်ချက်တွင် အတန်းနှစ်တန်းအဖြစ် အစီအရီ ရပ်တန့်သွားကြသည်။

ဆန်းလျှန်မှာ ရှမ်ထုံနတ်မိစ္ဆာဘုရင်မှာ မိန်းကလေးတစ်ယောက်

ဖြစ်နေမည်ဟု ထင်မထားခဲ့မိပေ။

နတ်မိစ္ဆာဘုရင်မဆိုသည်က တန်ခိုးစွမ်းအားထက်မြက်သလို

ရှားပါးသူများဖြစ်လေသည်။ နတ်မိစ္ဆာဘုရင်များကလည်း

မိဖုရားမြှောက်ရန်အတွက် နတ်မိစ္ဆာဘုရင်မများကို ဖမ်းဆီးလို

ကြသည်။ သို့သော်.. တကမ်တမ်း နတ်မိစ္ဆာဘုရင်မ

အစွမ်းထက်ပြီဆိုလျှင် နတ်မိစ္ဆာဘုရင်များ မယှဉ်ပြိုင်နိုင်ကြ

ပေ။

ကျင့်ထင်ထုံအော်က ရှမ်ထုံနတ်မိစ္ဆာဘုရင်မ၏ ညာဘက်တွင်

ရပ်နေပြီး ပြုံးလိုက်ရင်း....

"ကျုပ်တို့မင်းကြီးကိုယ်စား လာရောက်တဲ့ဧည့်သည်တော်

အားလုံးကို ကျေးဇူးတင်စကားပြောကြားလိုပါတယ် ၊ ယခု

ပြုလုပ်မှာကတော့ ရတနာပစ္စည်းလေလံပွဲပါပဲ ၊ ဒီလေလံပွဲ

ပထမပိုင်းမှာမင်းကြီးက ရတနာပစ္စည်းသုံးခုကို ရောင်းမှာဖြစ်

ပါတယ် ၊ လေလံပွဲ ဒုတိယပိုင်းမှာတော့ မိတ်ဆွေတို့ဘက်က ရောင်းချလိုတဲ့ပစ္စည်းတွေကို ရောင်းချပေးမှာဖြစ်ပါတယ် ၊ ကျုပ်တို့မင်းကြီး ပြသမယ့် ရတနာပစ္စည်းတွေကိုတော့ ယိယွမ် ပြဒါးဆေးနဲ့ ဝယ်ယူလို့ရပါတယ် ၊ မိတ်ဆွေတို့ရောင်းချလိုတဲ့ ပစ္စည်းတွေကိုတော့ ကုန်ပစ္စည်းချင်းလဲလှယ်တဲ့စနစ်နဲ့ ဝယ်ယူ ရောင်းချလို့ရပါတယ် ၊ ဒါကြောင့် အထူးဧည့်သည်တော်တို့က ပစ္စည်းလဲလှယ်ချင်တယ်ဆိုရင် လဲလှယ်မယ့် ရတနာပစ္စည်း တွေကို သီးသန့်ထိုင်ခုံရှေ့က ကျောက်စိမ်းသေတ္တာလေးထဲမှာ ထားရှိပေးရုံပါပဲ ၊ ကျွန်တော့်ရဲ့ လျှို့ဝှက်စွမ်းအားတစ်ခုကို အသုံးပြုပြီး ကျောက်စိမ်းသေတ္တာလေးထဲက ပစ္စည်းကို ကြည့် မှာဖြစ်ပြီး ရောင်းသူဝယ်သူ သဘောတူတယ်ဆိုရင် အခြားသူ တွေမသိခင်မှာပဲ ပစ္စည်းချင်း လဲလှယ်လိုက်မှာဖြစ်ပါတယ်" ကျင့်ထင်ထုံအော်က ရှည်လျားစွာ ပြောလိုက်လေသည်။

ထိုအချိန်တွင် ကြမ်းတမ်းသည့် အသံတစ်ခု ထွက်ပေါ်လာလေသည်။

"ယိယွမ်ပြဒါးဆေးမလောက်ရင် ဘယ်လိုလုပ်ရမလဲ"

ဒုတိယမြောက် သီးသန့်ထိုင်ခုံတွင်ထိုင်နေသည့် အနက်ရောင်ဝတ်လူတစ်ယောက်က မေးလိုက်ခြင်း ဖြစ်လေသည်။

ကျင့်ထင်ထုံအော်က ထိုသူကို လေးစားစွာဖြင့် လက်နှစ်ဖက်စုပ်ကာ အရိုအသေပေးလိုက်ရင်း....

"ဒီက ဧည့်သည်တော်အားလုံးက ဂုဏ်သရေရှိလူကြီးလူကောင်းတွေပါ၊ တကယ်လို့ ယိယွမ်ပြဒါးဆေးလိုခဲ့မယ်ဆိုရင် ကျွန်တော်က ဒီစာအုပ်ထဲမှာ စာရင်းမှတ်ထားပါမယ်၊ လေလံအောင်တဲ့ လူကြီးမင်းတို့ရဲ့ ရတနာပစ္စည်းတွေကို ထုတ်ယူတဲ့အချိန်မှာ အခြားပစ္စည်းတစ်ခုနဲ့ ယိယွမ်ပြဒါးဆေးကိုထပ်မံလဲလှယ်ပြီး ပေးချေလို့ရပါတယ်၊ လူကြီးမင်းတို့အတွက် အကျိုးမယုတ်စေရပါဘူး"

ကျင့်ထင်ထုံအော်က အနက်ရောင်ဝတ်စုံနှင့်သူကိုကြည့်ပြီး ပြုံးရင်းပြောလိုက်လေသည်။

ရွှမ်ထုံနတ်မိစ္ဆာ ဘုရင်မ၏ ယိယွမ်ပြဒါးဆေးများမှာ အရည်အသွေးသန့်စင်ကြောင်း အားလုံး သိကြလေသည်။

ထို့ကြောင့် နတ်ဘုရားဈေးပွဲတော်တွင် မသုံးရဘဲ ပိုနေလျှင်လည်း ပြင်ပတွင်သုံးဆွဲနိုင်သလို ဆရာသမားများကို လက်ဆောင်ပေးလျှင်လည်း သင့်တော်လေသည်။

ထို့နောက်တွင်တော့ မေးခွန်းမေးမြန်းကြသူများ မရှိကြတော့ပေ။

ထိုအခါမှ ကျင့်ထင်ထုံအော်က စကားဆက်ပြောလိုက်သည်။

"ယခုတော့ နတ်ဘုရားဈေးပွဲတော်ရဲ့ ရတနာပစ္စည်းလေလံပွဲ စတင်ပါတော့မယ် ၊ လူကြီးမင်းတို့ရောင်းချလိုတဲ့ ပစ္စည်းများရှိရင် ကျွန်တော့်ကို သီးသန့်အကြောင်းကြားနိုင်ပါတယ်"

အချိန်ခဏကြာပြီးသည့်အခါတွင်တော့...

ကျင့်ထင်ထုံအော်က ရေထဲသို့ လက်ဖြင့် ညွှန်လိုက်လေသည်။

ရေထဲမှ ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာပြီး ဓားဝိညာဉ်

နောက်တွင် ကြာပန်းတစ်ပွင့်ပေါ်လာလေသည်။

ကြာပန်းမှာ အလွန်မှ ဆွဲဆောင်မှုရှိလေသည်။ ကြာပန်းထက်

တွင် အလင်းရောင်များတောက်ပနေပြီး ပုလဲရတနာတစ်ခုကို

မြင်နိုင်လေသည်။

"ဒီပုလဲက ရေဖြိုခွင်းပုလဲရတနာပါ ၊ ပါးစပ်ထဲကို ငုံထားလိုက်

တာနဲ့ ရေအနက်ဘယ်လောက်ပဲဖြစ်ဖြစ် မြေပြင်ပေါ်မှာလိုပဲ

သွားလာနိုင်မှာပါ ၊ ကြမ်းခင်းဈေး ယိယွမ်ပြဒါးဆေး တစ်

သောင်းနဲ့ လေလံစပြီးတင်ပါမယ် ၊ စိတ်ဝင်စားသူများအနေနဲ့

ဈေးပြိုင်ပေးပြီး လေလံဆွဲနိုင်ပါတယ်"

ရှမ်ထုံနတ်မိစ္ဆာဘုရင်မက ပြောလိုက်ခြင်းဖြစ်လေသည်။

သီးသန့်ထိုင်ခုံတစ်ခုမှ ရယ်မောသံတစ်ခုထွက်ပေါ်လာလေ

သည်။

"မင်းသုံးထားပြီးသားကြီးဖြစ်နေရင် ဘယ်လိုလုပ်မလဲ ရှမ်ထုန်... ၊ မင်းသုံးပြီးသားကြီးဆိုရင် ကျုပ်က တခြားလူပြန်ရောင်းရင်တောင် ဝယ်မှာ မဟုတ်တော့ဘူး"

ရှမ်ထုံနတ်မိစ္ဆာဘုရင်ကို စ နောက်ရဲသူမှာ မည်သူများလဲ ဟုဆန်းလျန်က လှမ်းကြည့်လိုက်သည်။

ရှမ်ထုံနတ်မိစ္ဆာဘုရင်မကို စနောက်လိုက်သည့်သူမှာ အဝါရောင်မုတ်ဆိတ်မွေးများရှိပြီး မျက်နှာက အစိမ်းရောင်ဖြစ်လေသည်။ သူ့ထံမှ မိစ္ဆာအငွေ့အသက်များ တစိမ့်စိမ့်ထွက်နေလေသည်။ နတ်မိစ္ဆာဘုရင်တစ်ပါး ဖြစ်ပုံရလေသည်။

ရှမ်ထုံက ထိုသူကို စိုက်ကြည့်လိုက်ပြီး အေးစက်စွာပြောလိုက်သည်။

"ချင်းဟွမ်အော် ၊ ဒီလို ရိုင်းစိုင်းနေမယ်ဆိုရင် ဒီလေလံပွဲက ထွက်သွားလိုက်စမ်း"

ချင်းဟွမ်အော်ဆိုသည့် နတ်မိစ္ဆာဘုရင်က တဟဲဟဲ ရယ်မောလိုက်ရင်း....

"ကျုပ်က စတာပါ ၊ စတာပါ ၊ စိတ်မဆိုးပါနဲ့"

ထို့နောက် ချင်းဟွမ်အော်က ဆက်ပြောလိုက်သည်။

"ကျုပ်က ပြဒါးဆေးနှစ်သောင်းပေးမယ် ၊ ဘယ်သူစျေးပြိုင်ချင်ပါသလဲ"

ကျင့်ကြံသူအများစုက ချင်းဟွမ်အော် မည်သူမည်ဝါဖြစ်ကြောင်းကို သိကြလေသည်။ ထို့ကြောင့် ချင်းဟွမ်အော်နှင့်ပြိုင်ပြီး ရေဖြိုခွင်းပုလဲကို စျေးပြိုင်ခြင်းမပြုလုပ်ကြတော့ပေ။

ဆန်းလျန်က ချင်းဟွမ်အော်၏ အမည်ကြောင့် တစ်စုံတစ်ခုကိုစဉ်းစားလိုက်မိသည်။

နတ်မိစ္ဆာဘုရင်များ အမြင့်ဆုံးအဆင့်ရောက်ရှိသွားလျှင် "မဟာတန်ခိုးရှင်" ဟု ခေါ်ကြလေသည်။

"မဟာတန်ခိုးရှင်" အဆင့် နတ်မိစ္ဆာဘုရင်မှာ အလွန်မှ တန်ခိုးစွမ်းအားကြီးမားပြီး မဟာတန်ခိုးရှင်နတ်မိစ္ဆာတစ်ပါး လောကကိုကျော်လွန်သွားလျှင်တောင်မှ သူ၏မျိုးဆက်များမှာ တော်ဝင်နတ်မိစ္ဆာမျိုးနွယ်အဖြစ် သတ်မှတ်ခံရလေသည်။ ထိုတော်ဝင်နတ်မိစ္ဆာမျိုးနွယ်များမှာ သာမန်မျှသာ ကြီးပြင်းလာကြလျှင်တောင်မှ အချိန်တန်လျှင် လူသားအသွင်ပြောင်းနိုင်လေသည်။ အလွန်အဖိုးတန်သည့် "မဟာတန်ခိုးရှင်" ၏မျိုးဆက်ပင် ဖြစ်လေသည်။

ချင်းဟွမ်အော်မှာ မဟာတန်ခိုးရှင်တစ်ပါး၏ အနွယ်တော်ဖြစ်ပြီး တော်ဝင်နတ်မိစ္ဆာမျိုးနွယ်မှ ဆင်းသက်လာသူတစ်ဦးဖြစ်လေသည်။ နတ်မိစ္ဆာဘုရင်အဖြစ် ကျင့်စဉ်အောင်မြင်ခဲ့သည်မှာ နှစ်ပေါင်းငါးရာခန့်ပင် ရှိပြီဖြစ်လေသည်။ သို့သော် ခေါင်းကိုးလုံးမင်းကြီးလောက်တော့ တန်ခိုးစွမ်းအားကြီးမားခြင်း မရှိသေးပေ။

မည်သူမှ ဈေးပြိုင်မခေါ်ကြသည့်အတွက် ရေဖြို့ခွင်းပုလဲကို ဟွမ်ချင်းအော်ရသွားလေသည်။

ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မမှာ ဟွမ်ချင်းအော်က သူမကို မလေးမစားလုပ်သည့်အတွက် ဒေါသထွက်နေဆဲဖြစ်လေသည်။ နောက်မှ သူမအကြောင်းသိအောင် ပညာပြလိုက်ဦးမည်ဟု စိတ်ထဲတေးမှတ်ထားလိုက်လေသည်။

နောက်ထပ် ရတနာပစ္စည်းတစ်ခု ရေကန်ထဲမှ ထွက်ပေါ်လာပြန်လေသည်။

ယခုတစ်ကြိမ်တွင်တော့ ရေကန်ထဲတွင် တိမ်တိုက်တစ်ခု ပေါ်လာပြီး တိမ်တိုက်ပေါ်တွင် ကုချင်ဗျတ်ဆောင်းတစ်လက်ကို တွေ့မြင်ရလေသည်။

ခုနစ်ကြိုးတပ် ကုချင်ဗျတ်စောင်းတစ်လက်ဖြစ်ပြီး အရင်းပိုင်းတွင် လုံးဝန်းပြီး အဖျားမှာ ရှည်သွယ်သွားလေသည်။ ဗျတ်စောင်းမှာ အနက်ရောင်ဖြစ်ပြီး အနည်းငယ်ရှေးဆန်လေသည်။

နဂါးဇာမဏီရေကန်ပုံသဏ္ဍာန်ဖြစ်ပြီး အလယ်တွင် ရွှေရောင်သင်္ကေတတစ်ခုပါရှိလေသည်။ဗျတ်စောင်းကို ထင်းရှူးသား ဖြင့်ပြုလုပ်ထားလေသည်။

ဗျတ်စောင်းအရင်းပိုင်းတွင် "သူတော်စင်တေးသွား" ဟု ရေးသားထားလေသည်။

ဗျတ်စောင်း၏အလျားလိုက်ထိပ်ပိုင်းနှစ်ဖက်ဆီတွင်...

"လျှိုမြောင်ထဲမှာ နှင်းဦးရာသီကိုကြိုဆိုတယ် ၊ အေးမြကြည်လင်တဲ့မြစ်ရေထဲမှာ လစန္ဒာရဲ့အရိပ်ကထင်ဟပ်လို့ ၊ ဂီတသံစဉ်တိုင်းကလွတ်လပ်တယ် ၊ အထီးကျန်မှုကတော့ အက်ကြောင်းထင်ကျန်ရစ်လို့ပေါ့"

ဆိုသည့် ကဗျာလေးကို ရေးထွင်းထားလေသည်။

ရှမ်ထုန်နတ်မိစ္ဆာဘုရင်မက သူမ၏လက်တစ်ဖက်ကို ဖြည်းငြင်းစွာ ဝှေ့ယမ်းလိုက်သည်။

တန်ခိုးစွမ်းအားတစ်ခုက စောင်းကြိုးများကိုထိခတ်သွားပြီး သံစဉ်တစ်ခု ပျံ့လွင့်သွားလေသည်။ထိုသို့ သံစဉ်ကိုတီးခတ်လိုက်သည်နှင့် သံစဉ်လှိုင်းများမှ တန်ခိုးစွမ်းအားများစွာ ထွက်ပေါ်လာလေသည်။ ထိုတန်ခိုးစွမ်းအားများမှာ လေထဲတွင် ပျံ့နှံ့သွားပြီးနောက် ရေကန်တွင်းသို့ ကျရောက်သွားလေသည်။ ရေကန်မှာ ဓားသွားပေါင်းများစွာဖြင့် ပိုင်းဖြတ်ခံလိုက်ရသည့်အလား အပိုင်းပိုင်းပြတ်တောက်သွားလေတော့သည်။

အခန်း (၂၃၄) ကျင့်ယယ်ကျန်းရန်

ဗျတ်စောင်းကိုမြင်သည်နှင့် လေလံပွဲတက်ရောက်လာသည့်

ဧည့်သည်တော်များမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

“ဒီဗျတ်စောင်းက သူတော်စင်တေးသွား ဗျတ်စောင်းလား”

ဝူချင်ကျီက မေးလိုက်လေသည်။

ထိုက်စန်နှတ်ဘုရားဂိုဏ်းမှ ဆရာသခင်တစ်ပါးအနေဖြင့် ထို

ရတနာပစ္စည်းမှာ ရှားပါးပစ္စည်းတစ်ခုဖြစ်ကြောင်း ချက်ချင်း

ပင် သိရှိလိုက်သည်။

ဝူချင်ကျီသာမဟုတ် အားလုံးကလည်း သိချင်နေကြပြီဖြစ်လေ

သည်။

သူတော်စင်တေးသွားဗျတ်စောင်းကို "သူတော်စင်ဗျတ်စောင်း"

ဟူ၍လည်းခေါ်ကြပြီး ထိုဗျတ်စောင်းကိုပြုလုပ်သူမှာ အလွန်

နာမည်ကျော်ကြားသော ရှေးခေတ်ဘုရင်တစ်ပါးဖြစ်သည့် “ဖူ

ရှီ” မင်းကြီးပင်ဖြစ်လေသည်။ ဖူရှီမင်းကြီးမှာ နတ်မိစ္ဆာ

များ၏သူတော်စင်တစ်ပါးဖြစ်ပြီး နောက်ပိုင်းတွင် နာမည်ကျော်ကြားသည့် ဘုရင်တစ်ပါးဖြစ်လာခဲ့လေသည်။

ယခုလေလံပွဲတွင်ပြသထားသည့် ဗျတ်စောင်းမှာ သူတော်စင်ဖူရှီချန်ရစ်ခဲ့သည့် ဗျတ်စောင်းသာမှန်လျှင် တန်ဖိုးမဖြတ်နိုင်လောက်အောင်ပင် အဖိုးအနဂ္ဃထိုက်တန်မည်ဖြစ်လေသည်။

ရှမ်ထုံနတ်မိစ္ဆာဘုရင်မက ရယ်မောလိုက်ရင်း…

"မဟုတ်ရပါဘူးရှင်…"

သူမ၏စကားကြောင့် အားလုံးမှာ စိတ်ပျက်သွားကြသည့်တိုင်စိတ်သက်သာရာလည်း ရသွားကြလေသည်။ ရှမ်ထုန်နတ်မိစ္ဆာဘုရင်မကဲ့သို့သောလူမျိုးက အလွန်အဖိုးတန်သည့်သူတော်စင်တေးသွားဗျတ်စောင်းကို လေလံတင်မည်ဆိုလျှင်ရူးမိုက်လို့သာ လေလံတင်ခြင်းဖြစ်ပေလိမ့်မည်။

ဆန်းလျန်က ဗျတ်စောင်းကို စူးစိုက်ကြည့်နေလေသည်။ ထိုဗျတ်စောင်းမှာ သူတော်စင်တေးသွားဗျတ်စောင်းအစစ် မဟုတ်

သည့်တိုင် ကောင်းမြတ်သည့်မူလအရင်းခံဇာတ်ကြောင်းရှိ
သည့် ဗျတ်စောင်းတစ်လက် ဖြစ်လေသည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်မက သူမ၏တန်ခိုးစွမ်းအားအသုံးပြုကာ
စောင်းကြိုးကိုတီးခတ်လိုက်စဉ်က ဗျတ်စောင်းသံစဉ်သည် ရေ
ကိုထိုးခွင်းလိုက်သည်ကို ကြည့်ခြင်းအားဖြင့် ထိုဗျတ်စောင်းမှ
ထွက်ပေါ်လာသည့်သံစဉ်သည် တန်ခိုးစွမ်းအားပြင်းထန်လေ
သည်။ ရေကိုပင် ထိုးခွင်းနိုင်ပြီး မောလီကျူးများကို ယာယီ
ဖျက်စီးပစ်နိုင်သည့်သဘောရှိကြောင်း ဆန်းလျန်သိလိုက်
သည်။

ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မက စကားဆက်ပြောလိုက်သည်။

"ဒါပေမယ့် ဒီဗျတ်စောင်းက သူတော်စင်တေးသွားဗျတ်စောင်း
ပုံစံအတိုင်း ကျင့်ယယ်ကျန်းရန်က ပြုလုပ်ထားခဲ့တဲ့ ဗျတ်
စောင်းပါ၊ သူတော်စင်တေးသွားဗျတ်စောင်းအစစ်ကိုပြုလုပ်
တဲ့ သစ်သားနဲ့ပြုလုပ်ထားတာပါ၊ တကယ့်အစစ်လောက်

ကောင်းချင်မှကောင်းပါလိမ့်မယ်၊ ဒါပေမယ့် ဒီဗျတ်စောင်းက

လည်း ဝိညာဉ်စွမ်းအားတွေနဲ့ ပြည့်ဝနေတဲ့ပစ္စည်းပါ၊ သင်က

ဂီတကိုဝါသနာပါသူဖြစ်လို့ ဒီဗျတ်စောင်းနဲ့ ဂီတတီးခတ်တာကို

လေ့ကျင့်မယ်ဆိုရင် နတ်ဘုရားတစ်ပါးအဆင့်တက်ရောက်တဲ့

အချိန်ကျရင် ဒီဗျတ်စောင်းက သင့်ရဲ့ မှော်ဝင်ဗျတ်စောင်းတစ်

လက်အဖြစ် ပြောင်းလဲသွားနိုင်ပါတယ်”

ကျင့်ယယ်ကျန်းရန်ဆိုသည့် အမည်ကိုကြားလိုက်ရသည်နှင့်

ဆန်းလျန် ရင်ခုန်သွားရလေသည်။

ကျင်ယယ်ကျန်းရန်ဆိုသည်မှာ လွန်ခဲ့သည့်မျိုးဆက်မှ ဂီတ

သူတော်စင်တစ်ပါးဖြစ်လေသည်။ သူက တိုင်းပြည်တစ်ခုမှ ဘု

ရင့်ထံခစားရသည့် တော်ဝင်ဂီတပညာရှင်တစ်ယောက် ဖြစ်

လေသည်။ သူက တာအိုကျမ်းစာများကိုဖတ်ရင်း ကျင့်ကြံသူ

တစ်ယောက် ဖြစ်လာခဲ့လေသည်။ တာအိုကျမ်းစာများကို

ကိုယ်တိုင်လေ့လာပြီး နတ်ဘုရားတစ်ပါးဖြစ်သည်အထိ

အဆင့်တက်ရောက်နိုင်သည်မှာ အလွန်မှအရည်အချင်းရှိ

သောကြောင့် ဖြစ်လေသည်။

သို့သော် ကျင့်ယယ်ကျန်းရန်၏ဘဝတွင် ကျင့်စဉ်လမ်းထက်

ဂီတပညာကသာ ပိုပြီးအရေးကြီးလေသည်။

သူ၏ဂီတပညာအပေါ်တွင် တစိုက်မတ်မတ် လေ့ကျင့်ခဲ့မှု

ကြောင့် အသက်နှစ်ဆယ်တွင် မျက်လုံးနှစ်ဖက် အမြင်အာရုံ

ဆုံးရှုံးခဲ့ရလေသည်။ သို့သော် သူက လက်မလျှော့ခဲ့ပေ။

သူ၏နားကို မျက်လုံးကဲ့သို့ အသုံးပြုကာ ဂီတပညာကို

ဆက်လက်လေ့လာခဲ့လေသည်။ နောက်ဆုံးတွင်တော့ နတ်

ဘုရားတစ်ပါးဖြစ်သွားခဲ့လေသည်။

ဆန်းလျန်က ကျင့်ယယ်ကျန်းရန်အကြောင်းကို

ကောင်းကောင်းသိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျင့်

ယယ်ကျန်းရန်သည် ချင်းရွှမ်သို့ လာရောက်လည်ပတ်လေ့ရှိသူ

တစ်ယောက် ဖြစ်သောကြောင့်ပင်။ ယခင်မျိုးဆက် ဆရာ

သခင်ကလည်း သူ့ကိုအလွန်ခင်မင်ပြီး ထိုက်ဝေ့ထိုင်ခန်းမ ဆောင်တွင် အမြဲတမ်း သူတီးခတ်သည့် ဗျတ်စောင်းသံစဉ်ကို နားထောင်လေ့ရှိလေသည်။ ထိုအကြောင်းများကို ချင်းရွှမ်နတ် တံခါးရှိ မှတ်တမ်းများတွင် ရေးသားထားလေသည်။ “တစ်ကြိမ်တီးခတ်လိုက်သည်နှင့် ကြိုးကြာနီကြီးနှစ်ကောင် ထွက်ပေါ်လာသည်။ နှစ်ကြိမ်တီးခတ်လိုက်သည်နှင့် ကြိုးကြာနီ ကြီးများက ဘေးချင်းယှဉ်ကာ ရပ်တန့်လိုက်သည်။ သုံးကြိမ် တီးခတ်လိုက်သည်နှင့် ကြိုးကြာနီကြီးများမှာ သံစဉ်ဆိုညည်း ရင်း အတောင်များကိုဖြန့်ကာ ကခုန်ကြသည်။ ထို့နောက် သူက “ချင်းကျောင်” သံစဉ်ကိုတီးခတ်သည့်အခါတွင်တော့ အနောက် ဆီမှ နတ်ဘုရားတိမ်တိုက်များ ပျံ့လွင့်လာကြလေသည်။ ထို တိမ်တိုက်များနှင့်အတူ လေနှင့်မိုးကိုပါခေါ်ဆောင်လာပြီး လေ နှင့်မိုးက ခန်းမဆောင်၏ လိုက်ကာများကို ထိုးခွဲပစ်လိုက်

သည်။ အသက်ရှူရပ်မတတ်ပင် အံ့သြထိတ်လန့်စရာ ဂီတ တန်ခိုးစွမ်းအားပါပေ”

ဟု ချင်းရှမ်နတ်တံခါးရှိ မှတ်တမ်းများထဲတွင် ရေးသားထား လေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ကျင့်ယယ်ကျန်းရန်မှာ ဂီတ နှင့် တာအိုကျင့်စဉ်ကို ပေါင်းစပ်ပြီး ချင်းရှမ်နတ်တံခါးမှ ဆရာ သခင်များကိုပင် ညို့ယူဖမ်းစားသွားနိုင်ခဲ့သူတစ်ယောက်ဖြစ် လေသည်။

ထိုမျှ ဂီတမော်ဝင်သော ကျင့်ယယ်ကျန်းရန်မှာ သူတော်စင် တေးသွားဗျတ်စောင်းကို ပုံစံတူပြုလုပ်နိုင်ခြင်းမှာ မထူးဆန်း လှတော့ပါ။ ထို့ပြင် ကျင့်ယယ်ကျန်းရန်မှာ သူတော်စင်ဖူရှီ၏ မျိုးဆက်မှ ဆင်းသက်လာသူတစ်ယောက်ဖြစ်လေသည်။ နှစ် ပေါင်းများစွာကြာမြင့်သွားသည့်အတွက်သာ ကျင့်ယယ်ကျန်း

ရန်နှင့် ဖူရှီမင်းကြီးကို မဆက်စပ်မိကြတော့ခြင်းဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ ထိုအကြောင်းများအားလုံးကို သိထားလေသည်။

အခြားသူများ ကျင့်ယယ်ကျန်းရန်အကြောင်းသိသည်ဆိုသည်မှာ အပေါ်ယံမျှသာဖြစ်လေသည်။

အားလုံးက ထိုဗျတ်စောင်းမှာ အလွန်ကောင်းမွန်သည့် ရတနာပစ္စည်းတစ်ခုဖြစ်ကြောင်း သိရှိကြလေသည်။ သို့သော် ဗျတ်စောင်းဖြင့် ဂီတသံစဉ်လေ့ကျင့်မည်ဆိုလျှင်ပင် တန်ခိုးစွမ်းအားများစွာကို အသုံးပြုရမည်ဖြစ်သလို ထိုဗျတ်စောင်းမှာ အစစ်မဟုတ်သည့်အတွက် တန်ခိုးစွမ်းအားမည်မျှကြီးမားကြောင်း အာမခံချက်မရှိပေ။

ကျင့်ယယ်ကျန်းရန်မှာ ကျော်ကြားသည့်နတ်ဘုရားတစ်ပါးဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် သူတို့အတွက်တော့ နာမည်

သိပ်မကြီးလှသည့် နတ်ဘုရားတစ်ပါးသာဖြစ်လေသည်။

ထို့ပြင် ကျင့်ယယ်ကျန်းရန်သည် အခြားသူများနှင့် တိုက်ခိုက်ခဲ့ဖူးခြင်း သိပ်မရှိပေ။ တိုက်ခိုက်သည့်အချိန်တွင်လည်း သူကဗျူတ်စောင်းသံစဉ်ဖြင့်သာ တိုက်ခိုက်ခဲ့လေသည်။

ကျင့်ယယ်ကျန်းရန်ကို လူသိများသည့်အချက်မှာ တာအိုကျင့်စဉ်နှင့် ဂီတပညာပေါင်းစပ်ခြင်းအတွက် မျက်စိကွယ်သွားရသည့်အချက်ပင်ဖြစ်လေသည်။

ယခုတော့ သူတော်စင်တေးသွားဗျူတ်စောင်း ပုံစံတူကိုစိတ်ဝင်စားသူ အနည်းငယ်သာ ရှိတော့သည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်မက ဗျူတ်စောင်းကိုလေလံတင်ရန်အတွက် ကြမ်းခင်းဈေးသတ်မှတ်ပေးခြင်းမရှိပါ။ ဈေးပြိုင်ခေါ်ယူခြင်းကို တန်းပြီးပြုလုပ်လေသည်။

ယိယွမ်ပြဒါးဆေး ငါးသောင်းဖြင့် ဝူချင်ကျိုက စတင်ဈေးခေါ်လေသည်။

ဂူချင်ကျီစျေးခေါ်သည်ကို ကြားသည်နှင့် အစိမ်းရောင်

မိန်းကလေးက လျှာတစ်ချက်ထုတ်လိုက်ရင်း...

"ဒီလူက တကယ်ချမ်းသာတာပဲ"

ဟု ပြောလိုက်လေသည်။

အစ်ကိုသုံးဆိုသူက ...

"ဒီလူက ထိုက်စန့်နတ်ဘုရားဂိုဏ်းက ဆရာသခင်တစ်ပါးပဲ ၊

ပြဒါးဆေးငါးသောင်းလောက်က သူ့အတွက် ဘာအရေးလဲ"

အစိမ်းရောင်ဝတ်မိန်းကလေးမှာ အဓိကနတ်ဘုရားကျောင်း

တော်ကြီးလေးခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကျင့်ကြံသူ

လောကတွင် ရှေ့တန်းမှ ဦးဆောင်နေသည့် ထိုက်စန့်နတ်ဘုရား

ဂိုဏ်းအကြောင်းကို ကောင်းကောင်းသိပါသည်။ ထိုက်စန့်နတ်

ဘုရားဂိုဏ်း၏ ကြွယ်ဝချမ်းသာမှုကို အပြင်လူများမည်သို့

ခန့်မှန်းနိုင်မည်နည်း။

“ဒီနေရာမှာ ဒီလိုလူမျိုးတွေနဲ့ပြည့်နေတာ ကျွန်မတို့လိုချင်တာကို ရမှရနိုင်ပါတော့မလားဟင် အစ်ကိုသုံး”

မိန်းကလေးက မေးလိုက်လေသည်။

အစ်ကိုသုံးဆိုသည်က စိတ်မရှည်သလို တစ်ချက်ရေရွတ်လိုက်ရင်း...

“နောက်ပိုင်းလေလံတင်မယ့်ပစ္စည်းတွေက ပစ္စည်းချင်းလဲမှာလေ ၊ တခြားတစ်ယောက်က ငါတို့လိုချင်တဲ့ပစ္စည်းကိုဝယ်သွားမယ်ဆိုရင်လည်း ဆရာပြောတဲ့အစီအစဉ်အတိုင်း ဆက်လုပ်ကြတာပေါ့ ၊ ငါတို့မချမ်းသာလဲ အဆင်ပြေနိုင်ပါတယ်ဟာ”

ချင်းဟွမ်အော်က ဝူချင်ကျီကို ဈေးပြိုင်ခေါ်လိုက်သည်။

“ခြောက်သောင်း”

ဝူချင်ကျီက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

“မင်းလို အရိုင်းအစိုင်းကောင်က ဘယ်လိုလုပ်ဂီတအကြောင်း နားလည်မှာလဲ ၊ ကျုပ် တစ်သိန်း စျေးခေါ်မယ်”

ဝူချင်ကျိုမှာ ချင်းဟွမ်အော်က စ နောက် လိုက်သည်ကိုပင် သည်းမခံနိုင်ဘဲ လေးသောင်း တိုးပေးလိုက်လေသည်။

ချင်းဟွမ်အော်မှာ အမှန်ပင် အရိုင်းအစိုင်းတစ်ယောက်ဖြစ်လေသည်။ သူက ဝူချင်ကျိုမှာ ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ ဆရာသခင်မှန်းသိသည့်တိုင် ကြောက်လန့်ခြင်းမရှိပေ။

“ကျုပ်က အရိုင်းအစိုင်းဆိုရင် မင်းကတော့ဂုဏ်သရေရှိချင်ယောင်ဆောင်နေတဲ့ ကြောင်သူတော်ကြွက်သူခိုးပဲ ၊ မင်းအသဲကွဲအောင် လုပ်ပစ်လိုက်မယ် ၊ မင်းနဲ့ ဒီဗျတ်စောင်းကို အဆုံးထိပြိုင်ပြီးမရ ရအောင်ယူမယ်မှတ်"

သူတို့နှစ်ယောက်၏စကားသံများမှ ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားများကြောင့် တည်ငြိမ်နေသည့် ကြာပန်းရေကန်မှာပင် လှိုင်းဂယက်များ ထလာရလေသည်။

အစိမ်းရောင်မိန်းကလေးမှာ ဝူချင်ကျီနှင့် ချင်းဟွမ်အော်တို့
စကားသံများမှ ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားများ၏
ဒဏ်ကိုမခံနိုင်ဘဲ စိတ်များရှုတ်ထွေးသွားရလေသည်။
အစ်ကိုသုံးဆိုသူက အင်းစက္ကူလေးများကိုထုတ်ကာ သူ၏ ညီ
နှင့် ညီမကို ပေးလိုက်သည်။ ထိုအင်းစက္ကူလေးများမှ
အလင်းတန်းလေးတစ်ခုဖြာထွက်လာပြီး သူတို့ကို ကာကွယ်
ပေးထားလိုက်လေသည်။
ဆန်းလျန်က တစ်ချက်လှမ်းကြည့်လိုက်ပြီး ထိုအင်းပညာမှာ
ကျန့်ယီဂိုဏ်းမှ "ထျန်းရှစ်ဖူအင်းပညာ" ဖြစ်ကြောင်း ချက်ချင်း
သိလိုက်သည်။
ကျန့်ယီဂိုဏ်းမှာ ကျင့်ကြံသူဂိုဏ်းတစ်ဂိုဏ်းပင်ဖြစ်လေသည်။
အင်းနှင့် မန္တန်ပညာကို ဦးစားပေးလေ့ကျင့်ကြပြီး ဟိုင်သန်း
အဆင့်ကိုလည်း အင်းနှင့်မန္တန်ပညာဖြင့်ပင် တက်ရောက်ကြ
လေသည်။ ကျန့်ယီဂိုဏ်းသားများမှာ အင်းနှင့်မန္တန်ပညာအလွန်

တော်ကြာပြီး အင်းစက္ကူတစ်ရွက် ၊ မန္တန်တစ်ပုဒ်ဖြင့် မိုးနှင့်လေကို တားဆီးနိုင်သလို ရန်သူစစ်တပ်ကိုလည်း ပဲစေ့များအဖြစ်ပြောင်းပစ်နိုင်ကြလေသည်။

ထင်ရှားသည့်အင်းပညာတစ်ခုမှာ “စာကိုးလုံးအမှန်တရား” အင်းပညာဖြစ်လေသည်။ ထိုအင်းပညာဖြင့် မည်သည့်တန်ခိုးစွမ်းအားကိုမဆို အနိုင်ယူနိုင်လေသည်။ ထိုအင်းပညာကို အသုံးပြုသူသည် ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးဆင့်ဖြင့် အောင်မြင်ထားသည့် ကျင့်ကြံသူနှင့် တန်ခိုးစွမ်းအား ညီမျှလေသည်။

သို့သော် ထိုအင်းပညာပျောက်ကွယ်နေသည်မှာ ကြာပြီဖြစ်လေသည်။

သို့သော် ...

ကျန့်ယီဂိုဏ်း၏ ဂိုဏ်းချုပ်မှာ လောကနတ်ဘုရားတစ်ပါးဖြစ်သည့်အတွက်ကြောင့် ကျန့်ယီနတ်ဘုရားဂိုဏ်းကို အထင်သေး၍မရပေ။

အစိမ်းရောင်ဝတ်မိန်းကလေးမှာ ဆန်းလျန် သူတို့ဘက်သို့ လှမ်းကြည့်လိုက်သည်ကို သတိပြုလိုက်မိလေသည်။ ဆန်းလျန်က သူမကို ကြည့်လိုက်သည်ထင်ပြီး မိန်းမပျိုမှာ ရှက်သွေးဖြာသွားလေသည်။

“သူနင့်ကိုကြည့်နေတာမဟုတ်ဘူးဟဲ့”

အစ်ကိုငါးဆိုသူက သတိပေးလိုက်သည်။

“နင်နဲ့ဘာဆိုင်လဲ”

အစိမ်းရောင်မိန်းကလေး ရှက်ရမ်းရမ်းလေတော့သည်။

ဝူချင်ကျီနှင့် ချင်းဟွမ်အော်တို့နှစ်ယောက်ကြားမှ အငြင်းပွားမှုက ကြီးမားလာသည်။ ဝူချင်ကျီမှာ ချင်းဟွမ်အော်ကဲ့သို့သော အရိုင်းအစိုင်းမျိုးကို မတွေ့ဖူးပေ။ ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ

တာအိုဆရာတစ်ပါးသည် တော်ဝင်နတ်မိစ္ဆာမျိုးနွယ်ကို အရေး
လုပ်ကာ ဂရုစိုက်နေမည်မဟုတ်ပေ။

ထိုက်စန့်နတ်ဘုရားဂိုဏ်းမှာ ဆရာသခင်ထိုက်စန့်၏ ဆက်ခံ
သူများဖြစ်ကြလေသည်။ နတ်မိစ္ဆာတစ်ကောင်ကို
အဘယ်ကြောင့် အရေးလုပ်နေပါမည်နည်း။ တာအိုဆရာသခင်
ထိုက်ယီပင်လျှင် ဆရာသခင်ထိုက်စန့်ကို အလေးအမြတ်
ထားခဲ့လေသည်။

သူတို့နှစ်ယောက်ဈေးပြိုင်လာကြရာ ပြဒါးဆေး နှစ်သိန်းထိပင်
ရောက်ရှိလာပြီဖြစ်လေသည်။

ထိုအချိန်ရောက်မှပင် သူတို့နှစ်ယောက်လုံး သတိဝင်လာကြ
လေသည်။ ယိယွမ်ပြဒါးဆေးမှာ သူတို့နှစ်ယောက်လုံးအတွက်
အရေးပါသည့်ပစ္စည်းမဟုတ်ပေ။ သို့သော် နှစ်သိန်းဆိုသည့်
ပမာဏကတော့ နှမြောစရာကောင်းသည့်အနေအထားဖြစ်လေ
သည်။ ထိုမျှများပြားသည့် ပမာဏရရှိရန်အတွက် သူတို့

ပိုင်ဆိုင်သည့် အဖိုးတန်မှော်ဝင်ပစ္စည်းတစ်ခုခုနှင့်လဲလှယ်မှသာ ရနိုင်မည်ဖြစ်လေသည်။

သူတို့နှစ်ယောက် အနည်းငယ်တွန့်ဆုတ်သွားသည့်အချိန်တွင်....

“သုံးသိန်း...”

နူးညံ့သည့်အသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသည်။

ဆန်းလျန်၏ အသံပင်ဖြစ်လေသည်။

ဆန်းလျန်၏အသံမှာ တည်ငြိမ်နက်ရှိုင်းစွာ ထွက်ပေါ်လာလေသည်။ အသံလှိုင်းများသည် ကျယ်လောင်ခြင်းမရှိသည့်တိုင် ပတ်ဝန်းကျင်တစ်ခုလုံးသို့ ငြင်သာစွာဖြင့် ပျံ့လွင့်သွားလေသည်။ ဆန်းလျန်၏အသံကို ကြားရသူတိုင်းသည် စိတ်ထဲတွင် အေးချမ်းသွားသလိုခံစားလိုက်ကြရသည်။

ဆန်းလျန်၏အသံကိုကြားသည်နှင့် ဝူချင်ကျီက ဆက်လက်စျေးမခေါ်တော့ပေ။ ဆန်းလျန်သည် စိတ်ဓာတ်ခိုင်မာသည့်

ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ ထို့ပြင် ချင်းဟွမ်အော် ဆိုသည့်အရိုင်းအစိုင်းကောင်နှင့် လားလားမျှ မဆိုင်စွာ ချောမောလှပပြီး ကျက်သရေရှိလွန်းလှလေသည်။

ချင်းဟွမ်အော်မှာလည်း ဆန်းလျန်၏တန်ခိုးစွမ်းအားကို ကျိတ်ပြီး အံ့အားသင့်သွားလေသည်။ သူက ဆန်းလျန်ကို စိုက်ကြည့်လိုက်သည်။ ဆန်းလျန်၏ မျက်ဝန်းများသည် ကန်ရေပြင်အလား တည်ငြိမ်ကြည်လင်နေလေသည်။ သူ့အကြည့်ဖြင့် မည်မျှပင်ထိုးဖောက်ပါစေ လှိုင်းဂယက်တစ်ချက် ရိုက်ခတ်သွားခြင်းမရှိပေ။

ဆန်းလျန်၏မျက်ဝန်းထဲတွင် မရှိမှုတရားနှင့် သန့်စင်ခြင်းတရားကိုတွေ့မြင်ရလေသည်။ ဝိညာဉ်စွမ်းအားကောင်းမွန်မှုကြောင့် ထိုမျက်ဝန်းများထံမှ အနွေးဓာတ်ငွေ့ငွေ့ကိုပါ ခံစားလိုက်ရလေသည်။

ချင်းဟွမ်အော်မှာ အစအနောက်သန်ကာ ရမ်းကားတတ်သူဖြစ်သော်လည်း ထိုသူနှင့်တော့ ရန်သူမဖြစ်လိုပေ။ ထို့ပြင် ဆန်းလျန် စျေးခေါ်သည့် ပြဒါးဆေးသုံးသိန်းမှာလည်း အလွန်တန်ဖိုးမြင့်နေလေသည်။ ဆန်းလျန်က ကုချင်ဗျတ်စောင်းကို မရရအောင် ဝယ်ယူရန် စိတ်ဆုံးဖြတ်ထားပုံရလေသည်။ ထို့ကြောင့် နောက်ထပ်လေလံတင်မည့်ပစ္စည်းကိုသာ စူးစမ်းရန် ဆုံးဖြတ်လိုက်လေသည်။

ယခုတော့ လေလံပွဲမှ ကျင့်ကြံသူများအားလုံးက ဆန်းလျန်ကို အာရုံစိုက်မိသွားကြပြီဖြစ်လေသည်။ လူငယ်လေးတစ်ယောက်သည် ဘယ်လောက်ထိ ကြွယ်ဝချမ်းသာသည့်အတွက် ပြဒါးဆေးသုံးသိန်းဖိုးကို ဖြုန်းတီးနိုင်ရပါသနည်း။

အမှန်တော့ ဆန်းလျန်၏အမည်မှာ ကျင့်ကြံသူလောကတွင် အလွန်ကျော်ကြားလေသည်။ သို့သော် သူ့ကိုမြင်တွေ့ဖူးသူ

တော့ သိပ်မရှိကြပေ။ ထို့ကြောင့် ဆန်းလျှန် မည်သူဖြစ်သည်ကို သူတို့က သိရှိကြခြင်းမရှိပေ။

သူတော်စင်တေးသွားဗျတ်စောင်းပုံစံတူကို ဆန်းလျှန်ရရှိသွားသည့်အတွက် ရှမ်ထုန်နတ်မိစ္ဆာဘုရင်မက ကျေနပ်စွာဖြင့်ပြုံးလိုက်လေသည်။

“မိတ်ဆွေလေးက တကယ့်ကို ဆုံးဖြတ်ချက်ခိုင်မာတာပဲကိုး ၊ တကယ်တော့ ဒီဗျတ်စောင်းကလည်း မိတ်ဆွေလေးနဲ့သာ အသင့်တော်ဆုံးပါပဲ”

ရှမ်ထုံနတ်မိစ္ဆာဘုရင်က ပြောလိုက်လေတော့သည်။

အခန်း (၂၃၅)

နဂါးသဏ္ဍာန်ပြောင်းပညာ

ဆန်းလျန်က ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မ၏စကားကို ပြန်လည်ပြုံးပြလိုက်ရင်း အသိအမှတ်ပြုလိုက်လေသည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်မမှာ တည်ကြည်ဖြောင့်မတ်သည်ဟု ဂုဏ်သတင်းကြီးသူ ဖြစ်လေသည်။ သို့သော် သူမက ဆန်းလျန်ကို နှစ်သက်သဘောကျသည့်ဟန်ဖြင့် ကြည့်နေလေသည်။ ထိုအကြည့်ကြောင့် အခြားသူများမှာ များစွာ အံ့သြသွားကြရသည်။ ဖော့ဝမ့်အဆင့်ကျင့်ကြံသူများကိုပင် ရွှမ်ထုန်နတ်မိစ္ဆာဘုရင်က ခပ်တည်တည်ပင် ဆက်ဆံသူ ဖြစ်လေသည်။

ဆန်းလျန်မှာ တန်ခိုးစွမ်းအားကြီးမားပုံရသည့်တိုင် နတ်ဘုရားတစ်ပါးတော့ ဟုတ်ဟန်မတူသေးပေ။ "ထိုလူငယ်မှာ မည်သူပါလိမ့်" ဟု အားလုံးက စဉ်းစားနေမိကြလေသည်။

နောက်ထပ်ပစ္စည်းတစ်ခုမှာ စြက်ာဝဋ္ဌာသံမဏိဖြစ်လေသည်။ ဓားသိုင်းလမ်းစဉ် ကျင့်ကြံသူတစ်ယောက်ဖြစ်လျှင် အလွန်အသုံးဝင်မည့် ရတနာပစ္စည်းဖြစ်လေသည်။ ဆယ်စုနှစ်တစ်ခု ကြာအောင် သန့်စင်ပြီးလျှင် စစ်မှန်သည့် ဓားဝိညာဉ်တစ်ခုကို ရရှိမည် ဖြစ်လေသည်။

ကျန်ယီဂိုဏ်းမှ တပည့်သုံးယောက်မှာ အပြိုင်အဆိုင်ဈေးခေါ်နေကြသည့် ချမ်းသာကြွယ်ဝသည့် ကျင့်ကြံသူများကို ငေးကြည့်နေကြလေသည်။

အစိမ်းရောင်ဝတ်မိန်းကလေးမှာ ထိုမြင်ကွင်းကိုကြည့်ရင်း အားကျနေမိလေသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ ရည်မှန်းချက်မှာ ဓားသိုင်းလမ်းစဉ်ဖြင့် နတ်ဘုရားအဖြစ်တက်ရောက်လိုခြင်း ဖြစ်လေသည်။ သို့သော် ကျန်ိယီဂိုဏ်းသို့ဝင်ရောက်ခဲ့သည့် သူမအတွက် အင်းနှင့်မန္တန်ပညာကို သင်ယူရန်သာ အခွင့်သာခဲ့လေသည်။

နောက်ဆုံးတော့ စြက်ဝဥ္စာသံမဏိကို ကျင့်ကြံသူတစ်ယောက်

က ရရှိသွားလေသည်။ ထိုကျင့်ကြံသူမှာ အသက်အရွယ်

ကြီးရင့်နေပြီဖြစ်လေသည်။ သို့သော် ထိုသူမှာ လျှို့ဝှက်

ကျင့်စဉ်တစ်ခုကို ကျင့်ကြံနေသူဖြစ်ကြောင်း ဆန်းလျန် ရိပ်မိ

လိုက်လေသည်။

ရှမ်ထုံနတ်မိစ္ဆာဘုရင်မ၏ ရတနာပစ္စည်းသုံးမျိုး လေလံပွဲ

ပြီးဆုံးသွားပြီ ဖြစ်လေသည်။

လေလံပွဲနောက်တစ်ပိုင်းမှာ ကုန်ပစ္စည်းချင်းလဲလှယ်သည့်

အပိုင်းဖြစ်လေသည်။ ကျင့်ကြံသူအများစုမှာ ထိုအစီအစဉ်ကို

စောင့်မျှော်နေကြလေသည်။

ကျင့်ထင်ထုံအော်က ဆေးပင်တစ်ပင်ကို ထုတ်ယူလိုက်သည်။

ဆေးပင်မှာ အစိမ်းရင့်ရောင်တောက်ပနေလေသည်။

သစ်ပင်၏ ပုံသဏ္ဍာန်မှာ လူသားတစ်ယောက်ပုံသဏ္ဍာန်ဖြစ်လေ

သည်။ ဦးခေါင်းနှင့် ခြေထောက်လေးများ ထင်ရှားစွာပါရှိလေ

သည်။

"ဒီရတနာပစ္စည်းကိုတော့ အားလုံးပဲ သိကြမယ်ထင်ပါတယ် ၊ ဒီ

ပစ္စည်းကို မိတ်ဆွေတစ်ယောက်က မထင်မှတ်ဘဲ တွေ့ခဲ့တာပါ

၊ ဒီပစ္စည်းနဲ့ ပစ္စည်းချင်း လဲလှယ်လိုတဲ့သူတိုင်း သင်တို့

လဲလှယ်မယ့် ရတနာပစ္စည်းကို ကျောက်စိမ်းသေတ္တာလေးထဲ

မှာ ထည့်ထားနိုင်ပါတယ် ၊ ကျွန်မရဲ့လက်ထောက်က

ကျောက်စိမ်းသေတ္တာလေးထဲက ပစ္စည်းတွေကိုကြည့်ပြီး

သင့်တော်ပြီး စိတ်ဝင်စားစရာပစ္စည်းနဲ့ လဲလှယ်မှာဖြစ်ပါတယ်

၊ အားလုံးပဲ ယုံကြည်စိတ်ချစွာ လဲလှယ်နိုင်ပါတယ် ၊ ကျွန်မက

ကြားလူအဖြစ်ဆောင်ရွက်ပေးတာဖြစ်ပြီး ဝယ်ယူသူနဲ့

ရောင်းချသူတို့ရဲ့ သတင်းအချက်အလက်တွေ ပေါက်ကြား

ခြင်း မရှိစေရပါဘူး"

ရွှမ်ထုန်ဘုရင်မက ကြေငြာလိုက်လေသည်။

ကြေငြာချက်အရ ရောင်းသူနှင့် ဝယ်သူ ပစ္စည်းအလဲအလှယ် ပြုလုပ်ခြင်း အထမြောက်သွားသည်ကို ရှမ်ထုံဘုရင်မတစ် ယောက်သာလျှင် သိရှိမည်ဖြစ်လေသည်။ သို့သော် သူမက နတ်ဘုရားဈေးပွဲတော် စီစဉ်သူဖြစ်သည့်အတွက် သတင်း ပေါက်ကြားခြင်းမရှိစေရန် ဂုဏ်သိက္ခာရှိရှိဖြင့် တာဝန်ယူလေ သည်။

ရုတ်တရက်...

ပတ်ဝန်းကျင်တစ်ခုလုံးရှိ အလင်းရောင်များ မှိန်ကျသွားလေ သည်။

ပစ္စည်းချင်းလဲလှယ်မည့်သူများက ကျောက်စိမ်းသေတ္တာလေး များထဲသို့ ပစ္စည်းများထည့်ပြီးသည်နှင့် ကျောက်စိမ်းသေတ္တာ လေးများက ပိတ်သွားကြလေသည်။ သေတ္တာလေးထဲမှပစ္စည်း ကို မည်သူမှ မြင်တွေ့ရခြင်း မရှိပေ။ ထို့ပြင် အရံအတားလည်း ပြုလုပ်ထားသည့်အတွက် အခြားသူများက ဝိညာဉ်စွမ်းအား

အသုံးပြုပြီး အာရုံခံရန်ကြိုးစားပါက ချက်ချင်းသိရှိမည် ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည် လင်းလက်လာလေသည်။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်က လူသားပုံသဏ္ဍာန်ဆေးပင်လေးကို ယူဆောင်သွားရန်ပြောလိုက်လေသည်။ ပစ္စည်းကိုရရှိသွားသူမှာ မည်သူဖြစ်ကြောင်း သိရှိရခြင်း မရှိပေ။

ပစ္စည်းကို ရသွားသည့်သူကလည်း လျှို့ဝှက်ထားလိုသည့်အတွက် အမှုအရာမပျက် ငြိမ်သက်နေမည်သာ ဖြစ်လေသည်။

ဆန်းလျန်ကလည်း ထိုလူသားပုံသဏ္ဍာန်ဆေးပင်ကို စိတ်ဝင်စားမိသည့်အတွက် ကုန်ပစ္စည်းလဲလှယ်မှုတွင် ပါဝင်ခဲ့သော်လည်း ရောင်းချသူက စိတ်ဝင်စားခဲ့ခြင်း မရှိသောကြောင့် ရရှိခဲ့ခြင်းမရှိပေ။

အခြားသော ရှားပါး ရတနာပစ္စည်းသုံးခု ထပ်မံလဲလှယ်မှု ပြုလုပ်ကြလေသည်။ ရတနာပစ္စည်းအားလုံးမှာ အလွန်ရှားပါးသည့် ရတနာပစ္စည်းများဖြစ်လေသည်။

"နောက်ထပ် ရတနာပစ္စည်းကတော့ လုံးဝ လက်မလွှတ်သင့်တဲ့ ရတနာပစ္စည်းပါပဲ"

ရွှမ်ထုံနတ်မိစ္ဆာဘုရင်မက ပြောလိုက်သည်။

ထို့နောက် သူမက ရေကန်အတွင်းသို့ လက်ဖြင့် ထိုးညွှန်လိုက်ရာ ရေကန်ထဲမှ မီးခိုးငွေ့များထွက်ပေါ်လာပြီး အစိမ်းရောင် အလင်းတန်းများ လင်းလက်လာလေသည်။ အလင်းရောင်များ ပျောက်ကွယ်သွားသည်နှင့် အစိမ်းရောင် ပန်းပွင့်တစ်ပွင့် ပေါ်လာလေသည်။ ပန်းပွင့်၏ ပွင့်ဖတ်များမှာ ကြာရွက်များကဲ့သို့ အရွက်ဖားဖားနှင့် ဖြစ်လေသည်။

ထိုပန်းပွင့် ထွက်ပေါ်လာသည်နှင့် ရေကန်မှာပိုပြီး ကြည်လင်သွားပြီး ကြာပန်းများပင် ပွင့်လန်းလာလေသည်။ အစိမ်းရောင်

ပန်းပွင့်၏ တန်ခိုးစွမ်းအားက ရေကန်တစ်ခုလုံးကို ထိန်းချုပ်လိုက်လေသည်။

လေလံပွဲမှ လူများအားလုံးမှာ စိတ်လှုပ်ရှားပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"မှော်ဝင်ပစ္စည်းများနှင့်ဝိညာဉ်စွမ်းအားပစ္စည်းများမှတ်တမ်း" စာအုပ်ထဲတွင် ထူးဆန်းသည့် သစ်ပင်တစ်ပင်အကြောင်း ဖော်ပြထားလေသည်။ ထိုအပင်၏ သစ်ရွက်များမှာ ကြာရွက်နှင့်တူပြီး ပင်စည်မှာ သစ်ကြံပိုးပင်နှင့် တူလေသည်။ ထိုသစ်ပင်မှ ရာသီအလိုက် အပွင့်ရောင်စုံ ပွင့်လန်းလေ့ရှိလေသည်။ အစိမ်းရောင်ပန်းပွင့်မှာ နွေဦးတွင်ပွင့်ပြီး အနီရောင်ပန်းပွင့်ကတော့ နွေရာသီတွင်ပွင့်လေသည်။ အဖြူရောင်ပန်းပွင့်မှာတော့ ဆောင်းဦးရာသီတွင်ပွင့်ပြီး ခရမ်းရောင်ပန်းပွင့်ကတော့ ဆောင်းရာသီတွင်ပွင့်လေသည်။ ထိုသစ်ပင်ကို “အမြဲစိမ်းသစ်ပင်” ဟု ခေါ်လေသည်။

ယခုရေကန်ထဲမှ အမြဲစိမ်းပန်းမှာ အစိမ်းရောင်ဖြစ်သည့်အတွက် နေ့ဦးတွင်ပွင့်သည့် အမြဲစိမ်းပန်းပွင့်ဖြစ်ပြီး အသက်ဓာတ်စွမ်းအားနှင့် ပြည့်ဝလေသည်။ ထိုအစိမ်းရောင်ပန်းကို အလင်းသုံးပါးပရိတ်ရေဖြင့်ရောစပ်ပြီး ဆေးဖော်စပ်ပါက တန်ခိုးစွမ်းအားကို သန့်စင်စေသည့် မှော်ဆေးရည်ကို ရရှိမည်ဖြစ်လေသည်။

ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ခြောက်ဆင့် သို့မဟုတ် ခုနစ်ဆင့်ဖြင့် တက်ရောက်ထားသူများအနေဖြင့် ထိုဆေးကို အသုံးပြုပါက ပုံပြောင်းအဆင့်တစ်ဝက်သို့မဟုတ် တစ်ခုထပ်မံအဆင့်တိုးတက်လာနိုင်လေသည်။ ဟိုင်သန်းအဆင့်တွင် ပုံပြောင်းအဆင့်များလေ နတ်ဘုရားအဆင့်တက်ရောက်နိုင်ရန်အတွက် မူလဝိညာဉ်ရရှိရန် အခွင့်အလမ်း ပိုများလေဖြစ်လေသည်။

ယခုကဲ့သို့ တန်ဖိုးကြီးမားသည့် ပစ္စည်းကို လေလံပွဲတွင်

လဲလှယ်မည်ဟု မည်သူမျှ ထင်မထားမိကြပေ။

ထိုပစ္စည်းနှင့်ထိုက်တန်အောင် မည်သည့်ပစ္စည်းဖြင့်လဲလှယ်ရ

မည်ကိုပင် မသိဖြစ်နေကြရလေသည်။

ထို့ပြင် ထိုပန်းပွင့်မှာ နတ်ဘုရားသချုင်းမှ ပစ္စည်းတစ်ခု

ဖြစ်ကြောင်း လူတိုင်းသိရှိကြလေသည်။

နတ်ဘုရားသချုင်းသို့ဝင်ရောက်ခွင့်ရသည့် ကျင့်ကြံသူများမှာ

အလွန်ကံကောင်းသည့် ကျင့်ကြံသူများဖြစ်လေသည်။ နတ်

ဘုရားသချုင်းမှ ပြန်ထွက်လာသည်နှင့် တန်ခိုးစွမ်းအားများ

မြင့်တက်လာတတ်ကြပြီး ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်

ကိုးဆင့်ဖြင့်အောင်မြင်ထားသည့် ကျင့်ကြံသူကိုပင် ကောင်

ကောင်း ယှဉ်ပြိုင်နိုင်ကြလေသည်။

ဆန်းလျန်အတွက်တော့ အမြဲစိမ်းပန်းပွင့်က အသုံးမဝင်လှပေ။

အခြားသူများကတော့ လဲလှယ်မည့်ပစ္စည်းများကို

ကျောက်စိမ်းသေတ္တာလေးများထဲသို့ အသီးသီး ထည့်လိုက်ကြ

လေသည်။

ခဏအကြာတွင်တော့ ရွှမ်ထုန်နတ်မိစ္ဆာဘုရင်က ပြောလိုက်

သည်။

“အားလုံးပဲ နောက်ထပ်ရတနာပစ္စည်းတစ်ခုကို ကြည့်ရှုကြပါ

ဦး”

ကျင့်ကြံသူများမှာ မကျေမနပ်ဖြင့် သူမကို ကြည့်လိုက်ကြလေ

သည်။ အမြဲစိမ်းပန်းပွင့်ကို မည်သူရရှိသွားသည်ကို သူတို့

အားလုံးက သိချင်နေကြလေသည်။

ရုတ်တရက်မှာပင်....

တိမ်တိုက်ကြီးတစ်ခုလုံး တုန်ခါလာပြီး သူတို့ဆီသို့ ရှည်လျား

သည့် အရာကြီးတစ်ခု ရွေ့လျားလာသည်ကို တွေ့မြင်လိုက်ကြ

ရလေသည်။

သေသေချာချာကြည့်မည်ဆိုလျှင် ရွေ့လျားလာသည့်အရာမှာ အဝါရောင်နဂါးကြီးတစ်ကောင်ဖြစ်ကြောင်း သိရှိနိုင်မည် ဖြစ်သည်။ ရှည်လျားသည့် နဂါးကြီးတစ်ကောင်ဖြစ်ပြီး လက်သည်းများမှာလည်း ထက်ရှနေလေသည်။

အဝါရောင်နဂါးကြီးက ရတနာပစ္စည်းလေလံပွဲမှ လူများ အားလုံးကို စူးရှစွာဖြင့် တစ်ချက်ကြည့်လိုက်ပြီး အနားသို့ တိုး ကပ်လာလေသည်။

ထို့နောက် အဝါရောင်ဝတ်ဆင်ထားသည့် တာအိုဆရာတစ်ပါး အသွင် ချက်ချင်းပြောင်းလဲသွားလေသည်။ ထိုတာအိုဆရာ ဝတ်ဆင်ထားသည့် အဝါရောင်ဝတ်စုံ၏ ရင်ပတ်ပေါ်တွင် ပါး ကွသင်္ကေတတစ်ခု ရေးထားလေသည်။ သူက အဝါရောင် တိမ်တိုက်ပေါ်တွင်ရပ်တန့်နေပြီး ရွှမ်ထုန်နတ်မိစ္ဆာဘုရင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

“ကျုပ်က ကွမ်းချင်းနတ်ဘုရားဂိုဏ်းက အဝါရောင်နဂါး ဟွမ်လုန်ကျီပဲ ၊ ခုန မင်း ပြသထားတဲ့ အမြဲစိမ်းပန်းပွင့်ကို လိုချင်တယ် ၊ ဈေးကောင်းပေးမယ်လို့ အာမခံတယ်”

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ အဝါရောင်နဂါးဟွမ်လုန်ကျီမှာ နဂါးသဏ္ဍာန်ပြောင်းပညာကို ကျင့်ကြံအောင်မြင်ထားသူ ဖြစ်ကြောင်း လူတိုင်းသိကြလေသည်။ ယခုတော့ အမှန်တကယ်ပင် ဟွမ်လုန်ကျီကို မြင်တွေ့ကြရပြီ။

ရွှမ်ထုံနတ်မိစ္ဆာဘုရင်မက အဝါရောင်နဂါး ဟွမ်လုန်ကျီကို မျက်စိတစ်ချက်ဆွေကာ ကြည့်လိုက်ရင်း…

“အမြဲစိမ်းပန်းပွင့်က မိတ်ဆွေတစ်ယောက်ကို ရောင်းချပြီးသွားပါပြီ ၊ အားနာမိပေမယ့် ဒီကမိတ်ဆွေက နောက်ကျသွားပါပြီ”

ဟွမ်လုန်ကျီက ပြုံးလိုက်ရင်း…

“ကောင်းပြီလေ ၊ အဲဒီရတနာကို ဘယ်တစ်ယောက်ကို ရောင်းလိုက်တာလဲသာပြောပါ ၊ ကျုပ်ရအောင် ပြန်ဝယ်ပါ့မယ် ၊ မင်းအတွက်လည်း မနစ်နာစေရပါဘူး”

ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း...

“ကျွန်မက ရတနာပစ္စည်းလေလံပွဲကို စီစဉ်တဲ့သူပါ ၊ ပြီးတော့ ဒီလေလံပွဲမှာ ရှင့်ကိုလည်း ဖိတ်ကြားထားခြင်း မရှိပါဘူး ၊ ရှင်က အရောင်းအဝယ်မှာ ပါဝင်ချင်တယ်ဆိုရင်တော့ ရတနာပစ္စည်းလေလံပွဲမဟုတ်တဲ့ အပြင်က နတ်ဘုရားဈေးပွဲတော်မှာပဲ ပါဝင်လို့ရမှာ ဖြစ်ပါတယ်”

ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မ၏ ပိုင်နက်အတွင်းသို့ ယခုကဲ့သို့ မပြောမဆိုဝင်ရောက်လာခြင်းမှာ အလွန်ပင်ရိုင်းစိုင်းရာကျလွန်းသည်ဟု ကျင့်ကြံသူများက တွေးနေကြလေသည်။

ထို့ကြောင့် ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မ ဒေါသထွက်မည်ဆိုလျှင်လည်း ထွက်ချင်စရာပင်ဖြစ်လေသည်။

အခန်း (၂၃၆)

အမှောင်ကောင်းကင်မိစ္ဆာစွမ်းအား

ဟွမ်လုန်ကျီရောက်ရှိလာကာ အမြဲစိမ်းပန်းပွင့်ကို ဝယ်ယူသည့်အတွက်ကြောင့် ကျန့်ယီဂိုဏ်းမှ တပည့်သုံးယောက်မှာ အံ့ဩမင်သက်သွားကြလေသည်။

အစိမ်းရောင်ဝတ်မိန်းကလေးသည် လက်သီးကို ကျစ်ကျစ်ပါအောင် စုပ်ထားလိုက်သည်။ ကျန့်ယီဂိုဏ်းမှာ ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည့်တိုင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းနှင့်ယှဉ်လျှင်တော့ မိုးနှင့်မြေပမာ အဆင့်ကွာခြားလွန်းလေသည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို လောကနတ်ဘုရားငါးပါးက စောင့်ရှောက်နေကြသည့်အတွက် မည်သည့်ကျင့်ကြံသူဂိုဏ်းကမှ ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို မဆန့်ကျင်ရဲကြပေ။

ကျန့်ယီဂိုဏ်းမှ တပည့်သုံးယောက်မှာ သူတို့ဆရာ၏အမိန့်ဖြင့် ရတနာပစ္စည်းလေလံပွဲသို့ ရောက်ရှိလာကြခြင်းဖြစ်ပြီး ရှမ်ထုံနတ်မိစ္ဆာဘုရင်မကလည်း သူတို့ကို အထူးဂရုစိုက်လေသည်။

အမြဲစိမ်းပန်းပွင့်ကို လဲလှယ်သည့်ပိုင်ရှင်ကလည်း သူတို့သုံးယောက်ဘက်မှလဲလှယ်သည့်၏ပစ္စည်းကို သဘောကျသည့်အတွက် အမြဲစိမ်းပန်းပွင့်သည် သူတို့လက်တွင်းသို့ ရောက်ရှိနေပြီဖြစ်လေသည်။

ဟွမ်လုန်ကျိသာ မနှောင့်ယှက်လျှင် သူတို့က အဆင်ပြေပြေဖြင့် အမြဲစိမ်းပန်းပွင့်ကို ကျန့်ယီဂိုဏ်းသို့ပြန်ယူသွားနိုင်မည်ဖြစ်လေသည်။

“မင်းတို့ ကျုပ်တို့ဆိုတာ မိုးကောင်းကင်ကမွေးဖွားပြီး မြေပြင်မှာ သေကြရမယ့်လူတွေပဲ ၊ ကျုပ်တို့တွေဟာ ကံတရားကိုမလွန်ဆန်နိုင်တဲ့ သက်ရှိတွေပါပဲ ၊ ကျုပ်တို့က မသေမျိုးဖြစ်တဲ့ နတ်ဘုရားလမ်းစဉ်ကို လျှောက်လှမ်းနေကြပေမယ့် မြေပြင်ဆိုတာ မိုးကောင်းကင်အလိုအတိုင်း ရှိနေကြတာပါပဲ ၊ အားလုံးက သေကြရမယ့်သူတွေပဲကို မင်းကဘာလို့ ပန်းပွင့်လေးတစ်ပွင့်အတွက်နဲ့ ကျုပ်ကို ရန်လုပ်နေရတာလဲ”

ဟွမ်လုန်ကျီမှာ စကားများအရတော့ အလွန်မှ မြင့်မြတ်သူကြီးတစ်ယောက်ပမာ ဟိတ်ဟန် ထုတ်နေလေသည်။

သူ၏ခန္ဓာကိုယ်မှ နတ်ဘုရားအငွေ့အသက်များထွက်ပေါ်နေပြီး သူ၏ခြေထောက်အောက်မှ အဝါရောင်တိမ်တိုက်မှာ တည်ငြိမ်နေလေသည်။ သူ၏ကျင့်စဉ်လမ်းအဆင့် မြင့်မားခြင်းကို ပြသနေခြင်းဖြစ်လေသည်။

နဂါးသဏ္ဍာန်ပြောင်းပညာကို ကျင့်ကြံလျှင် လက်ငါးချောင်းပါ သည့် နဂါးကြီးတစ်ကောင်အဖြစ် အသွင်ပြောင်းနိုင်မည်ဖြစ် လေသည်။ ဟွမ်လုန်ကျီမှာ လူသားအသွင်ကိုယူထားသည့်တိုင် နဂါးတစ်ကောင်၏အငွေ့အသက်များက ပတ်ဝန်းကျင်တွင် ပျံ့လွင့်နေလေသည်။ နဂါးဆိုသည်က ရာဇသွေး ရာဇမာန်ဖြင့် ပြည့်နေသည့် တော်ဝင်သတ္တဝါဖြစ်ပြီး အခြားသော သတ္တဝါ များက သူ့ကိုဦးညွှတ်ရလေသည်။

ရတနာပစ္စည်းလေလံပွဲမှ ကျင့်ကြံသူများမှာ အဆင့်မြင့် ကျင့်ကြံသူများဖြစ်ကြသည့်တိုင် ဟွမ်လုန်ကျီထံမှ ထွက်ပေါ် နေသည့် ဝိညာဉ်စွမ်းအားများကြောင့် စိတ်ကျဉ်းကြပ်လျက် ရှိ ကြလေသည်။

အထူးသဖြင့် နတ်မိစ္ဆာဘုရင်များမှာ ပိုပြီး စိတ်ကျဉ်းကြပ်သလို ခံစားနေကြရလေသည်။

သို့သော် ချင်းဟွမ်အော်နှင့် ရှမ်ထုန်နတ်မိစ္ဆာဘုရင်မကိုတော့ ဟွမ်လုန်ကျီ၏ နဂါးဝိညာဉ်စွမ်းအားများက သက်ရောက်နိုင်ခြင်းမရှိပါ။ ချင်းဟွမ်အော်က အခြေအနေတစ်ခုလုံးကို ငြိမ်သက်စွာဖြင့် ကြည့်နေလေသည်။ သူက ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ ရက်စက်ကြမ်းကြုတ်မှုများကို သိထားသူပီပီ ကွမ်းချင်းနတ်ဘုရားဂိုဏ်းဖြင့် ရန်သူမဖြစ်ချင်ပေ။

ဟွမ်လုန်ကျီ၏ စကားများကြောင့် ရှမ်ထုံနတ်မိစ္ဆာဘုရင်မက ရယ်မောလိုက်လေသည်။

ချင်းရှမ်နတ်တံခါး၏ဂိုဏ်းချုပ်ဖြစ်သည့် ဆန်းတန်ခိုးရှင်ပင်လျှင် ယဉ်ကျေးသိမ်မွေ့ပြီး လောကဝတ်ကို နားလည်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ကျင့်ကြံသူများကတော့ ရိုင်းစိုင်းလွန်းသည်။ သူမက ရန်မလိုဘဲ အေးဆေးစွာနေခဲ့သည့်အတွက် နှစ်ပေါင်းများစွာ သူမကျင့်ကြံခဲ့သည့်

သူမ၏တန်ခိုးစွမ်းအားများကို လူအများက မေ့နေကြပြီ

ထင်သည်။

“ကောင်းပြီလေ ၊ ရှင်က စကားတွေ ဒီလောက်တောင်ပြောပြီးပြီ

ဆိုတော့ ကျွန်မအနေနဲ့ ဘာမှပြန်ပြောစရာ မရှိတော့ပါဘူး ၊

ကျွန်မရဲ့ဓားသိုင်းကို ခုခံနိုင်မယ်ဆိုရင် ရှင်လိုချင်တဲ့ပစ္စည်း

ပေးလိုက်မယ်”

ရွှမ်ထုန်နတ်မိစ္ဆာဘုရင်က ပေါ့ပေါ့ပါးပါးလေသံဖြင့် ပြောလိုက်

လေသည်။

ဟွမ်လုန်ကျိဳက ပြုံးလိုက်ရင်း...

“ကောင်းပြီလေ ၊ မင်းက တကယ့်ကို ပွင့်ပွင့်လင်းလင်းသမားပဲ

၊ ကျုပ်ကလည်း အမြဲစိမ်းပန်းပွင့်ကိုမရရင် အလျှော့မပေးနိုင်

ဘူး ၊ ကျုပ်ကြောင့် ဒီမှာ ဒုက္ခဖြစ်ရမှာတော့ အားနာမိပါရဲ့”

စကားဆက်ပြောစရာမလိုတော့ပေ။ တိုက်ခိုက်ရန်သာ ရှိ

တော့သည်။

ကျင့်ကြံသူများဆိုသည်က မလိုအပ်ဘဲ တိုက်ခိုက်ခြင်းကို မပြုလုပ်ကြပေ။ သို့သော် တကယ်တမ်းတိုက်ခိုက်ပြီဆိုလျှင်လည်း နောက်ပြန် မဆုတ်တတ်ကြပေ။

ဟွမ်လုန်ကျီမှာ အမြဲစိမ်းပန်းပွင့်ကို အမှန်တကယ်ပင် လိုချင်နေသူဖြစ်လေသည်။ သို့သော် ရောင်းချပြီးသွားပြီး ဖြစ်သည့်အတွက် သူမရနိုင်တော့သည်ကိုလည်း သိထားလေသည်။ ထို့ကြောင့် ဖြစ်လာမည့် အခြေအနေများအားလုံးကို ခန့်မှန်းထားပြီးသားဖြစ်လေသည်။

ဆန်းလျန်အက အခြေအနေကို စူးစိုက်လေ့လာနေလေသည်။ ယနေ့တော့ ရှမ်ထုန်နတ်မိစ္ဆာဘုရင်မ၏ တန်ခိုးစွမ်းအား မည်မျှမြင့်မားသည်ကို တွေ့မြင်ရတော့မည် ဖြစ်လေသည်။ ရှမ်ထုန်နတ်မိစ္ဆာဘုရင်မမှာ တန်ခိုးစွမ်းအားပေါင်းများစွာကို ကျင့်ကြံထားသူဖြစ်လေသည်။ နတ်မိစ္ဆာဘုရင်များကြားတွင် ထိပ်တန်းနတ်မိစ္ဆာဘုရင်မတစ်ပါးဟု သတ်မှတ်၍ရနိုင်လေသည်။

ယနေ့တွင်တော့ ဟွမ်လုန်ကျီကိုရင်ဆိုင်ရန်အတွက် သူမ၏ဓား

သိုင်းအစွမ်းကို မြင်တွေ့ရတော့မည်ဖြစ်လေသည်။

“ကျင့်ထင်ထုံအော်…”

ရှမ်ထုန်နတ်မိစ္ဆာဘုရင်က ခေါ်လိုက်သည်။

ကျင့်ထင်ထုံအော်က ပြုံးလိုက်ပြီး သူ၏ခန္ဓာကိုယ်ကို တစ်ချက်

ခါးရမ်းလိုက်ပြီး ဓားဝိညာဉ်တစ်ခုအသွင် ချက်ချင်းကူးပြောင်း

သွားလေသည်။

ရှမ်ထုန်နတ်မိစ္ဆာဘုရင်မသည် ဓားဝိညာဉ်ကို သူမလက်ထဲတွင်

ကိုင်ဆောင်ထားလေသည်။

ကျင့်ထင်ထုံအော်မှာ ကြာပန်းစိမ်းဂိုဏ်းမှ ဓားတင်ဆောင်သည့်

အနှစ်လေးရာသက်တမ်းရှိ ကျောက်တုံးတစ်တုံးဖြစ်လေသည်။

ထို့ကြောင့် ဓားဝိညာဉ်ပေါင်းများစွာ၏ တန်ခိုးစွမ်းအားများ သူ့

အထဲတွင် စိမ့်ဝင်နေလေသည်။ ထို့ကြောင့် ဝိညာဉ်စွမ်းအား

အလွန်ကောင်းသော ဓားဝိညာဉ်တစ်ခုဖြစ်လေသည်။

ဓားဝိညာဉ်သည် ရှမ်ထုန်နတ်မိစ္ဆာဘုရင်၏လက်ထဲတွင် ရေကဲ့သို့ ကြည်လင်နေပြီး ရှမ်ထုန်နတ်မိစ္ဆာဘုရင်မမှာ ဓားနှင့်လူတစ်သားတည်းကျသွားလေသည်။ ထွက်ပေါ်နေသည့် ဓားတန်ခိုးစွမ်းအားများမှာ ရှမ်ထုန်နတ်မိစ္ဆာဘုရင်မထံမှလား ၊ ဓားဝိညာဉ်ထံမှလား ခွဲခြား၍ မရနိုင်တော့ပေ။ ဓားသိုင်းလမ်းစဉ်ကိုကျင့်ကြံကြသည့် ဓားသမားအများစုသည် သူတို့ဘဝတစ်လျှောက်လုံး ဓားသိုင်းကို ကျင့်ကြံခဲ့ကြသည့်တိုင် ရှမ်ထုန်နတ်မိစ္ဆာဘုရင်မကဲ့သို့ အဆင့်မြင့်ဓားတန်ခိုးစွမ်းအားကို ရရှိနိုင်ရန် ခဲယဉ်းလှလေသည်။

ရှမ်ထုန်နတ်မိစ္ဆာဘုရင်မက လေထဲသို့ ခုန်ဝင်လိုက်ပြီး ဟွမ်လုန်ကျီရှေ့သို့ရောက်ရှိသွားလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြလေသည်။

ရုတ်တရက် ဓားဝိညာဉ်က ကောင်းကင်ကို လျှင်မြန်စွာပင် ထိုး ခွဲလိုက်လေသည်။

ဟွမ်လုန်ကျီက ရှမ်ထုန်နတ်မိစ္ဆာဘုရင်မ၏ လှုပ်ရှားမှုကို သတိထားပြီး စောင့်ကြည့်နေသည့်တိုင် ထိုမျှလောက်မြန်ဆန် လိမ့်မည်ဟု ထင်မထားခဲ့မိပေ။

မျက်စိတစ်မှိတ်အတွင်းမှာပင် ဖြစ်ပျက်သွားခြင်းဖြစ်ပြီး ဟွမ် လုန်ကျီမှာ ရှောင်ချိန်ပင် မရလိုက်ပေ။

ယွမ်လုန်ကျီ၏ခြေဖဝါးအောက်မှ အဝါရောင်တိမ်တိုက်သည် တစ်ချက်တုန်ခါသွားပြီး နှစ်ပိုင်းကွဲကာ လေထဲသို့ လွင့်စင်သွား လေသည်။

ထိုအဖြစ်အပျက်ကိုကြည့်ရင်း လူအားလုံးမှာ အံ့သြသွားကြရ သည်။

ဟွမ်လုန်ကျီ၏ တန်ခိုးစွမ်းအားမှာ သာမန်တန်ခိုးစွမ်းအား မဟုတ်ပေ။ အလွန်သန့်စင်ပြီး ပြိုင်ဘက်ကင်းလေသည်။

လေထုက ရုတ်တရက် လှုပ်ရှားသွားပြီး နဂါးအမြီးရိုက်ချက်တစ်ခုအလား ရှမ်ထုန်နတ်မိစ္ဆာဘုရင်မဆီသို့ ဝင်ရောက်လာကာ ဓားဝိညာဉ်ကို ရိုက်ချလိုက်လေသည်။

သို့သော် ဓားဝိညာဉ်မှာ သာမန်ဓားဝိညာဉ်မဟုတ်။ အလွန်အစွမ်းထက်ကာ ထူးခြားသည့် ဓားဝိညာဉ်တစ်ခုဖြစ်ရကား ဓားဝိညာဉ်မှာ ကြာပန်းစိမ်းကိုးပွင့်အသွင်သို့ ရုတ်တရက်ကူးပြောင်းသွားလေသည်။

ကြာပန်းစိမ်းကိုးပွင့်သည် လေထဲတွင် စီးမျောနေပြီး ရေကန်လေးထဲမှ ရေ၏အနှစ်သာရကို စုပ်ယူလိုက်လေသည်။

ကြာပန်းစိမ်းကိုးပွင့်က လေထဲတွင် တစ်ပတ်လည်သွားပြီး အဖြူရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။

အလင်းတန်းမှာ သလင်းကျောက်ကဲ့သို့ ကြည်လင်နေပြီး ကြာပန်းစိမ်းများမှာ တောက်ပနေလေသည်။

ရတနာပစ္စည်းလေလံပွဲမှ ကျင့်ကြံသူအားလုံးမှာ ဓား ဝိညာဉ်၏အစွမ်းကို ရင်သပ်ရှုမောအံ့သြစွာဖြင့် ကြည့်နေကြလေသည်။ ကြာပန်းပွင့်ချပ်များပေါင်းစည်းသွားပြီး ဓားဝိညာဉ် ပြန်လည်ဖြစ်တည်လာကာ ဟွမ်လုန်ကျီကို ထိုးစိုက်ချလိုက်လေတော့သည်။ သူ့ထံသို့ဓားဝိညာဉ်ဝင်ရောက်လာသည်ကို တွေ့လိုက်သည်နှင့် ဟွမ်လုန်ကျီမှာ အံ့သြတုန်လှုပ်သွားပြီး သူ၏သွေးကြောဆုံချက်များ လောင်ကျွမ်းသွားသကဲ့သို့ပင် ခံစားလိုက်ရလေသည်။

ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မမှာ အမှန်တကယ်ပင် ကြောက်စရာကောင်းသူဖြစ်လေသည်။ သူမက ကြာပန်းစိမ်းဓားကျမ်းကို ကျင့်ကြံအောင်မြင်ထားသည့်အပြင် "ကြာပန်းစိမ်းကိုးပွင့်ဓား ဝိညာဉ်" ကိုပါ တီထွင်ထားသူ ဖြစ်လေသည်။ ကြာပန်းစိမ်းကိုး ပွင့်ဓားဝိညာဉ်မှာ ရေ၏အနှစ်သာရနှင့် ကြာပန်းကို ပေါင်းစပ်ထားသည့် ထိပ်တန်းဓားသိုင်းပညာတစ်ခု ဖြစ်လေသည်။

ရှမ်ထုန်နတ်မိစ္ဆာဘုရင်မက ဓားသိုင်းတစ်ကွက်ကိုသာ ထုတ်လိုက်ခြင်းဖြစ်သော်လည်း ထိုဓားသိုင်းတစ်ကွက်တွင် ထောင်ပေါင်းများစွာသော အလှည့်အပြောင်းများ ပါဝင်လေသည်။

ဟွမ်လုန်ကျီမှာ ထိုဓားဝိညာဉ်ဖြင့် အဆက်မပြတ်တိုက်ခိုက်ခံရလျှင် ရေရှည်တွင် သူ့အတွက် ခုခံရန် မလွယ်ကူလှကြောင်း ကောင်းကောင်း သိသွားလေသည်။

ဟွမ်လုန်ကျီမှာ အနည်းငယ် ရင်ထိတ်သွားပြီး ချက်ချင်းပင် တန်ခိုးစွမ်းအားကို ထုတ်လွှတ်လိုက်ကာ အဝါရောင်နဂါးကြီး အသွင် ပြန်လည်ဖန်ဆင်းလိုက်လေသည်။

ဓားဝိညာဉ်၏အရိပ်များက နဂါးကြီးကို ဖုံးလွှမ်းထားလိုက်ပြီး ရွှေနှင့် သတ္တုရိုက်ခတ်သံကဲ့သို့ အသံများထွက်ပေါ်လာလေသည်။ ဓားဝိညာဉ်မှာ နဂါးအကြေးခွံနှင့်ရိုက်ခတ်မိခြင်းဖြစ်လေသည်။

သို့သော် ဓားဝိညာဉ်မှာ နဂါးအကြေးခွံကိုတော့ ထိုးဖောက်နိုင်ခြင်းမရှိပေ။

"အဝါရောင်နဂါးဟွမ်လုန်ကျီဆိုတာ တကယ့်ကို အံ့သြစရာပဲ" ဟု တိုက်ပွဲကို ကြည့်နေကြသည့် ကျင့်ကြံသူများအားလုံးက တွေးမိလိုက်ကြလေသည်။

သူတို့အတွေးမဆုံးမီမှာပင် ရှမ်ထုန်နတ်မိစ္ဆာဘုရင်မက တန်ခိုးစွမ်းအားတစ်ခု ထုတ်လွှတ်လိုက်လေသည်။ သူမ၏လက်များဆီမှ မိစ္ဆာစွမ်းအားတစ်ခုကို ထွက်ပေါ်လာပြီး သူမက ထိုစွမ်းအားကို အဝါရောင်နဂါးကြီးထံသို့ ပစ်လွှတ်လိုက်လေသည်။ ထိုစွမ်းအားက နဂါးအကြေးခွံများ အားဖြင့်ထုချေပစ်လိုက်ပြီး လေထဲတွင် သွေးမြူမှုံများ ပြန့်နှံ့သွားလေတော့သည်။

တိုက်ပွဲကို ကြည့်နေကြသည့် ပရိတ်သတ်များအားလုံးမှာ အံ့သြတုန်လှုပ်သွားကြရလေသည်။

ဟွမ်လုန်ကျီက နာကျင်စွာဖြင့် တစ်ချက်အော်ဟစ်လိုက်သည်။

"အမှောင်ကောင်းကင်မိစ္ဆာစွမ်းအားပဲ ၊ မင်းဒီလို မိစ္ဆာကျင့်စဉ်

မျိုးကျင့်ကြံထားမယ်လို့ ထင်မထားမိဘူး"

ထိုသို့ပြောပြီးသည့်နောက်တွင်တော့ ဟွမ်လုန်ကျီမှာ တိမ်ထဲသို့

သို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

သူ၏နဂါး၏ခန္ဓာကိုယ်မှ သွေးမှုံများလွင့်ပျံနေသည်ကို

အားလုံး မြင်တွေ့လိုက်ကြရလေသည်။ ဟွမ်လုန်ကျီမှာ ရှမ်ထု

န်နတ်မိစ္ဆာဘုရင်မက ပျောက်ဆုံးနေသည်မှာကြာပြီဖြစ်သော

"အမှောင်ကောင်းကင်မိစ္ဆာစွမ်းအား" ဖြင့် သူ့ကို တိုက်ခိုက်

လိမ့်မည်ဟု ထင်မထားမိပေ။

အမှောင်ကောင်းကင်မိစ္ဆာစွမ်းအားမှာ နတ်မိစ္ဆာများကျင့်ကြံကြ

သည့် ကျင့်စဉ်တစ်ခုဖြစ်လေသည်။ နတ်မိစ္ဆာများ ကျင့်စဉ်

လမ်း မအောင်မြင်သေးခင်အချိန်တွင် အနှောင့်အယှက်ရန်

အပေါင်းကိုကာကွယ်ရန် ထိုကျင့်စဉ်ကို ကျင့်ကြံကြလေသည်။

ရန်သူမှာ မည်မျှပင် ခံနိုင်ရည်ရှိပြီး မာကျောသည့်ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပါစေ ဒဏ်ရာပြင်းထန်စွာရအောင် တိုက်ခိုက်နိုင်မည် ဖြစ်လေသည်။

သို့သော် အမှောင်ကောင်းကင်မိစ္ဆာစွမ်းအားမှာ တစ်ကြိမ်အသုံးပြုပြီးလျှင် နောက်တစ်ကြိမ်အသုံးပြုရန်အတွက် အချိန်ကြာမြင့်စွာ ပြန်လည်အားဖြည့်ရလေသည်။ အားဖြည့်ရန်အတွက် မိစ္ဆာအအေးစွမ်းအားလိုအပ်လေသည်။ ပြန်လည်အားဖြည့်ပြီးသည်နှင့် အလွန်အကျွံမသုံးမိစေရန်လည်း အရေးကြီးလေသည်။

ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မက ဟွမ်လုန်ကျီကို သူသေကိုယ်သေ တိုက်ခိုက်လိုက်သည့်အတွက် ဒုက္ခအကြီးအကျယ်တော့ရောက်တော့မည်ဟု ကျင့်ကြံသူများက တွေးနေကြလေသည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ လောကနတ်ဘုရားငါးပါးကို အသာထား ဟွမ်လုန်ကျီ၏ ဂိုဏ်းတူညီအစ်ကိုများဖြစ်သည့်

ဖော့ဝမ့်အဆင့်ကျင့်ကြံသူ ဆယ့်တစ်ယောက်နှင့်ပင် ဒုက္ခ

အကြီးအကျယ်ရောက်မည် ဖြစ်လေသည်။ အထူးသဖြင့် နတ်

ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်တော့မည့် ဟွမ်ကျန်း

ပင်ဖြစ်လေသည်။

ဟွမ်လုန်ကျီသာ လက်စားချေရန်အတွက် သူ၏ ဂိုဏ်းတူ

ညီအစ်ကိုများကို ခေါ်လာမည်ဆိုလျှင် ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မ

အနေဖြင့် မည်သို့မျှ ခုခံနိုင်မည်မဟုတ်ပေ။

ရွှမ်ထုမ်နတ်မိစ္ဆာဘုရင်မက တိမ်လွှာနန်းတော်မှ နတ်ဘုရား

ဈေးပွဲတော်ကို စွန့်ခွာထွက်ပြေးမည် ဆိုလျှင်တောင်မှ

သူမ၏ပိုင်နက်ကို ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ သိမ်းယူကာ

နတ်ဘုရားဈေးပွဲတော်ကို ချုပ်ကိုင်တော့မည် ဖြစ်လေသည်။

ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မမှာ လုကျိုးယွမ်ထံတွင် ပညာသင်ခဲ့သူ

ဖြစ်သော်လည်း တကယ်တမ်းပြဿနာဖြစ်လာလျှင် ရွှမ်ထျန်း

နတ်ဘုရားဂိုဏ်းကလည်း သူမဘက်မှ ရပ်တည်ပေးရန်မှာ မသေချာလှပေ။

လုကျိုးယွမ်သာ ပါဝင်ပတ်သက်မည်ဆိုလျှင်တော့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက နောက်ဆုတ်မည်ဖြစ်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာ မည်မျှပင် မောက်မာပါစေ လောကပထမနတ်ဘုရားဂိုဏ်းဖြစ်သည့် ရွှမ်ထျန်းဂိုဏ်းကိုတော့ ထိပ်တိုက်ရင်ဆိုင်ရဲမည် မဟုတ်ပေ။

အစိမ်းရောင်ဝတ်မိန်းကလေးက သက်ပြင်းတစ်ချက်ချလိုက်ရင်း တီးတိုးပြောလိုက်သည်။

"ကျွန်မတို့ ဘာလုပ်ကြမလဲ အစ်ကိုသုံး ၊ ကျွန်မတို့အတွက်နဲ့ ရွှမ်ထုန်ဘုရင်မက ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို တိုက်ခိုက်လိုက်တာ ၊ ဒါ မကောင်းဘူးထင်တယ်နော်"

အစ်ကိုသုံးဆိုသူက တည်တည်ငြိမ်ငြိမ်ရှိလှသည်။

"ရွှမ်ထုန်ဘုရင်မ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့အချိန် တုန်းက မင်းတို့ ငါတို့တောင် မမွေးသေးတာမဟုတ်ဘူး ၊ သူ ဒီ လိုမျိုးလုပ်တာ သူ့အကြောင်းနဲ့သူ ရှိမှာပေါ့ ၊ ကွမ်းချင်းနတ် ဘုရားဂိုဏ်းက တော်တော် မိုက်ရိုင်းတာပဲ ၊ ဆရာပြောတာ မှတ်မိတယ်မလား ၊ သူတို့တွေ အဆုံးထိ ပွင့်လန်းပြီးရင် ကြွေ လွင့်ရမှာပဲ ဆိုတာလေ ၊ ဒီတော့ ငါတို့ ကျန့်ယီဂိုဏ်းက သူတို့ ကျဆုံးတဲ့အချိန်ကို ထိုင်ကြည့်နေရုံပဲပေါ့"

အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုက ပုံမှန်အတိုင်း ဣန္ဒြေမပျက်ရှိနေသည့်တိုင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူလောကတွင် လွှမ်းမိုးမှုရရှိရန် အရှိန်အဟုန်ဖြင့် ကြိုးစားလာလေသည်။

အတိုင်းအတာတစ်ခုထိ ကျင့်ကြံသူလေကကို လွှမ်းမိုးလာနိုင် သည့်တိုင် ကျင့်ကြံသူဂိုဏ်းအများစုကတော့ သူတို့နှင့် ပတ်သက်လိုခြင်း သိပ်မရှိကြပေ။

ကျင့်ကြံသူများက လွတ်လပ်စွာနေထိုင်ကြသူများဖြစ်လေသည်။ သေးငယ်သည့် ဂိုဏ်းလေးတစ်ဂိုဏ်းပင် ဖြစ်ပါစေ လွတ်လပ်စွာသာ ရပ်တည်ချင်ပြီး အခြားဂိုဏ်းတစ်ဂိုဏ်းမှ လာရောက်ခြယ်လှယ်သည်ကို မည်သို့မျှ လက်ခံနိုင်မည် မဟုတ်ပေ။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဟွမ်လုန်ကျီကို ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မက သူသေကိုယ်သေ တိုက်ခိုက်လိုက်ခြင်းအတွက် ဆန်းလျန်မှာ နားမလည်နိုင် ဖြစ်နေရလေသည်။ ရွှမ်ထုန်နတ်မိစ္ဆာဘုရင်မမှာ တန်ခိုးစွမ်းအားအလွန်ကြီးမားသူ ဖြစ်သည့်တိုင် ဟိုင်သခင်ကြီးကိုတော့မမီသေးပေ။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားအလောင်းလျာ ဆယ့်နှစ်ပါးမှာ အလွန်အဆင့်မြင့်သည့် ကျင့်ကြံသူများဖြစ်ကြလေသည်။ ဆယ့်နှစ်ပါးလုံးမဆိုထားနှင့် နှစ်ယောက် သုံးယောက်ကိုပင်လျှင် တိုက်ခိုက်ရန် ခဲယဉ်းမည်ဖြစ်လေသည်။

ရတနာပစ္စည်းလေလံပွဲမှာ ပြီးဆုံးသွားပြီ ဖြစ်လေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီကို တစ်ချက်ရှာဖွေလိုက်သည်။

ကျောက်ရှောင်ယွီသည် အဝေးတစ်နေရာရှိ တိမ်တိုက်များ

အလယ်တွင် တစ်ယောက်တည်း ရပ်နေလေသည်။

သူမ၏အလှမှာ ရေကန်အလယ်တွင် တစ်ပွင့်တည်းပွင့်လန်းနေ

သည့် ကြာဖြူပန်းလေးအလားပင် ဖြစ်လေသည်။ အဝေးမှ

ငေးကြည့်ရသည်ပင်လျှင် ကျက်သရေရှိလွန်းလှသည်။

ဆန်းလျန်က သူမထံသို့ လျှောက်သွားလိုက်လေသည်။

သူမဆီသို့လျှောက်လာသော ဆန်းလျန်ကို မြင်လိုက်သည့်အခါ

တွင်တော့ ကျောက်ရှောင်ယွီ မပြုံးဘဲ မနေနိုင်တော့ပေ။

"ဆန်းကျွင်းအရှင် ဒီလိုမျိုး ကျွန်မကိုလာရှာတယ်ဆိုတာ ပထမ

ဆုံးအကြိမ်ဘဲ ၊ အံ့သြစရာကောင်းလိုက်တာ"

သူမ၏မျက်နှာတွင် အံ့သြပျော်ရွှင်နေမှုများကို အထင်းသား တွေ့မြင်နေရလေသည်။ သူမမှာ ဆန်းလျန်က သူမကိုလာရှာ သည့်အတွက် အလွန်မှ စိတ်ကြည်နူးပျော်ရွှင်နေပုံရလေသည်။ ဆန်းလျန်မှာ ဝမ်းသာအားရပြောလိုက်သော သူမ၏စကား ကြောင့် ဘာပြန်ပြောရမှန်းမသိပင် ဖြစ်သွားရလေသည်။ ထို မိန်းမပျို၏စိတ်ကို ခန့်မှန်းနိုင်ရန်မှာ ခက်ခဲလွန်းလေစွ။ သူမ၏စကားများနှင့် အပြုအမူများမှာ ဆန်းလျန်အတွက် တော့ ယုံရခက်ခက်ပင် ဖြစ်နေရလေတော့သည်။

အခန်း (၂၃၇)

မြစ်ကမ်းနံဘေးမှာဆုံတွေ့ခြင်း

ဟွမ်လုန်ကျီမှာ အဝါရောင်နဂါးကြီးအသွင်ပြောင်းပြီး ရက်ပေါင်းအတော်ကြာ ပျံသန်းနေခဲ့လေသည်။

ထိုသို့ပျံသန်းနေရင်း....

ပင်လယ်အတွင်းသို့ စီးဝင်နေသည့် မြစ်တစ်စင်းကို တွေ့မြင်လိုက်ရသည်။ မြစ်မှာ မိုင်ပေါင်းရာနှင့်ချီအောင် ရှည်လျားကျယ်ပြန့်လေသည်။

ထိုမြစ်မှာ ယွမ်ကျိုးပြည်နယ် ၊ နန်ကျန်းမြို့မှ ချင်းဆွေမြစ်ကြီးပင်ဖြစ်လေသည်။ မိုးများစွာရွာသွန်းခြင်းအားဖြင့် မြစ်ရေသည် အမြဲတမ်းသန့်စင်များပြားလျှက် ရှိလေသည်။

မြစ်ကြောင်းအတိုင်း ဆန်တက်သွားမည်ဆိုပါက မြစ်ဖျားခံရာနေရာတွင် တောင်တန်းများနှင့် စိမ့်မြေများကိုတွေ့ရမည်ဖြစ်ပြီးထိုနေရာများတွင် တစ်ခါတစ်ရံ နဂါးများနှင့် မြွေများကိုပင်တွေ့ရမည်ဖြစ်လေသည်။

ချင်းဆွေမြစ်ကြောင်းတစ်လျှောက် နာမည်ကျော်ကြားသည့် ဂိုဏ်းမှာ ချင်းကျန်းဂိုဏ်းပင် ဖြစ်လေသည်။

ဟွမ်လုန်ကျီသည် ချင်းဆွေမြစ်ကိုတွေ့လိုက်သည်နှင့် ချင်းကျန်းဂိုဏ်းကို သတိရသွားမိလေသည်။ ယခုတော့ ချင်းကျန်းဂိုဏ်းမှာ ချင်းရှမ်နတ်တံခါး၏ သစ္စာခံဂိုဏ်းတစ်ခုဖြစ်သွားပြီ ဖြစ်လေသည်။ မည်မျှ ရှုံလျှာစရာကောင်းလိုက် ပါသနည်း။

ရှ္မ်ထုန်နတ်မိစ္ဆာဘုရင်မ၏ အမှောင်ကောင်းကင်မိစ္ဆာ စွမ်းအားကြောင့် ဟွမ်လုန်ကျီရရှိခဲ့သည့် ဒဏ်ရာမှာ ပြန်လည် သက်သာခြင်း မရှိသေးပေ။ သူ့ကိုယ်ထဲတွင် မိစ္ဆာစွမ်းအားများ က ဒုက္ခပေးနေပြီး မိစ္ဆာစွမ်းအားများကို ဖယ်ထုတ်နိုင်ခြင်း မရှိ သေးပေ။

သို့တိုင်အောင် ချင်းကျန်းဂိုဏ်းအကြောင်းစဉ်းစားမိသည့်အခါ စိတ်ထဲတွင် မနာလိုမုန်းတီးမှုများ ဖြစ်ပေါ်လာရလေသည်။

ထို့ကြောင့် သူက ချင်းကျန်းနတ်ဘုရားဂိုဏ်းကို တိုက်ခိုက်ကာ

မော်ဆေးများရယူရန် ဆုံးဖြတ်လိုက်လေသည်။ ထိုသို့ဖြစ်ရ ခြင်းမှာ သူကျင့်ကြံထားသည့် နဂါးသဏ္ဍာန်ပြောင်းကျင့်စဉ် ကြောင့်လည်း ဖြစ်လေသည်။ ဒဏ်ရာရထားသည့်နဂါးသည် ရန်လိုစိတ်ပြင်းပြနေသည်မှာ သဘာဝပင်ဖြစ်လေသည်။ ဟွမ်လုန်ကျိသည် တိမ်ကိုနှိမ့်လိုက်ပြီး ချင်းဆွေမြစ်နားတွင် ဆင်းသက်လိုက်လေသည်။

ထိုအချိန်မှာပင် မြစ်အထက်ပိုင်းမှ စုန်ဆင်းလာသည့် လှေငယ် တစ်စင်းကို တွေ့မြင်လိုက်ရလေသည်။

ချင်းဆွေမြစ်မှာ ကြီးမားကျယ်ပြန့်သည့် မြစ်ကြီးတစ်စင်းဖြစ် သည့်အတွက် ပင်လယ်သို့သွားမည့် ခရီးသွားများ ၊ ကုန်သည် များနှင့် စစ်သည်တော်များ ဖြတ်သန်းသွားလာကြသည်မှာ မ ထူးဆန်းပေ။ သို့သော် ချင်းဆွေမြစ်ကဲ့သို့ ကြီးမားကျယ်ပြန့် သည့်မြစ်ကြီးထဲတွင် လှေတစ်စင်းဖြင့် မကြောက်မရွံ့ ဖြတ်သန်းလာသည်မှာတော့ အလွန်သတ္တိကောင်းသောကြောင့်

ဖြစ်နိုင်သလို တန်ခိုးစွမ်းအားကြီးမားသောကြောင့်လည်း ဖြစ်နိုင်လေသည်။

လေ့မှာ ဟွမ်လုန်ကျိုရှိရာနေရာနှင့် အနည်းငယ် ဝေးကွာနေသေးသည်။ ဟွမ်လုန်ကျိုက သူ၏တန်ခိုးစွမ်းအားကို အသုံးပြုလိုက်သည့်အတွက် သူ၏နဂါးမျက်လုံးများမှာ စူးရှတောက်ပလာပြီး လေ့ပေါ်တွင် လိုက်ပါလာသည့် လူငယ်လေးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ လူငယ်လေးက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူ၏ဝတ်စုံက လေထဲတွင် ပျံ့လွင့်နေလေသည်။ သူ၏ပုံစံမှာ မြင့်မြတ်ပြီးကျက်သရေရှိလှပြီး နတ်ဘုရားတစ်ပါး လှိုင်းစီးလာသည်နှင့်ပင် တူလေသည်။

လူငယ်က ဟွမ်လုန်ကျိုကိုတွေ့သည်နှင့် ပြုံးပြလိုက်လေသည်။

ထို့နောက် လှေငယ်သည် ချက်ချင်းပင် အလွန်လျှင်မြန်လှ
သည့်အရှိန်ဖြင့် မြားတစ်စင်းအလား ဟွမ်လုန်ကျီ အနားသို့
ရောက်ရှိလာလေတော့သည်။

ထို့နောက် လှေငယ်လေးသည် စီးဆင်းနေသည့် ရေပေါ်တွင်ပင်
တည်ငြိမ်စွာ ရပ်တန့်လိုက်လေသည်။

လှေပေါ်မှ အဖြူရောင်ဝတ်လူငယ်လေးက ဟွမ်လုန်ကျီကို
ဦးညွှတ်အရိုအသေပေးလိုက်လေသည်။ ကွမ်းချင်းနတ်ဘုရား
ဂိုဏ်းမှ ဆရာတပည့်များ အချင်းချင်းတွေ့ဆုံကြလျှင် ဂါရဝပြု
ကြသည့် ပုံစံအတိုင်း နည်းလမ်းတကျ ဂါရဝပြုလိုက်ခြင်းဖြစ်
လေသည်။ ဟွမ်လုန်ကျီ သံသယဝင်သွားရသည်။ သူတောင်
ပေါ်သို့ မပြန်သည်မှာ နှစ်အနည်းငယ်သာရှိသေးသည်။
ယခုကဲ့သို့ အရည်အချင်း ပြည့်ဝလွန်းသည့် တပည့်တစ်
ယောက် မည်သည့်အချိန်က သူတို့ဂိုဏ်းထဲသို့ ရောက်နေရပါ
သနည်းဟု သူတွေးလိုက်မိလေသည်။

ဟွမ်လုန်ကျီ စဉ်းစားခန်းဝင်နေချိန်မှာပင် အဖြူရောင်ဝတ်
လူငယ်ထံမှ စကားသံထွက်ပေါ်လာသည်။
"ချင်းဝေး ဂိုဏ်းတူအစ်ကိုဟွမ်လုန်ကျီကို ဂါရဝပြုပါတယ်"
ချင်းဝေးဆိုသည့်ကား ကွမ်းချင်းနတ်ဘုရားဂိုဏ်းသို့ ရောက်ရှိ
နေသည့် ယန်ရှီးပင်ဖြစ်လေသည်။ ယန်ရှီးအနေဖြင့် သူ့ဘဝ
တွင် မဖြစ်နိုင်ဘူးဆိုသည့်အရာ မရှိပေ။ ကွမ်းချင်းနတ်ဘုရား
ဂိုဏ်းသို့ ဝင်ရောက်ခဲ့သော ငါးနှစ်တာအချိန်အတွင်းတွင် သူက
လျှို့ဝှက်စွာဖြင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို မသိမသာ
ထိန်းချုပ်မှု ရယူနိုင်ခဲ့လေသည်။ နတ်ဘုရားငါးပါးကိုသာလျှင်
သူအလျှင်စလို မထိန်းချုပ်ရဲသေးသဖြင့် စောင့်နေရခြင်းဖြစ်
လေသည်။
ဟွမ်လုန်ကျီမှာ ချင်းဝေးဆိုသည့်အမည်ကိုကြားသည်နှင့်
ဆရာဦးလေး၏ တပည့်အသစ်ဖြစ်ကြောင်း ချက်ချင်းမှတ်မိ
လိုက်လေသည်။ ငါးနှစ်အတွင်းမှာပင် ချင်းဝေး၏တန်ခိုး

စွမ်းအားများ အဆမတန်မြင့်မားလာသည့်အတွက် ဟွမ်လုန်

ကျီမှာ များစွာ အံ့ဩနေလေတော့သည်။

ဟွမ်ကျန်းမှာ သူ့ဆီသို့စာပို့တိုင်း ချင်းဝေးအကြောင်း ချီးကျူး

ပြောဆိုလေ့ရှိလေသည်။ သို့သော် သူက ဂိုဏ်းတူညီငယ်ချင်း

ဝေးမှာ ယခုလောက်ထိ ကျင့်စဉ်လမ်းအဆင့်မြင့်ကာ တန်ခိုး

စွမ်းအားကြီးမားနေလိမ့်မည်ဟု ထင်မှတ်မထားခဲ့မိပေ။

လောကတွင် ကျင့်စဉ်လမ်းအဆင့်တက်ရောက်သည်မှာ အမြန်

ဆုံးဟုဆိုနိုင်သည့် ချန်ကျန့်မေသည်ပင်လျှင် ချူးစန်းအဆင့်

ကို သုံးနှစ် ၊ ရှဟွအဆင့်ကို ဆယ်နှစ်ကြာအောင် ကျင့်ကြံခဲ့ရ

လေသည်။ သို့သော် ဂိုဏ်းတူညီငယ်ချင်းဝေး၏ ကျင့်စဉ်လမ်း

အဆင့်တိုးတက်မှုမှာ ချန်ကျန့်မေထက် များစွာ မြန်ဆန်လျှက်

ရှိနေလေသည်။

ချန်ကျန့်မေဆိုသည့်အမည်ကို စဉ်းစားလိုက်မိသည်နှင့် ဟွမ်လု

န်ကျီမှာ ကျောရိုးထဲစိမ့်သွားရလေသည်။ ချန်ကျန့်မေ၏ ဓား

သိုင်းပညာနှင့် တန်ခိုးစွမ်းအားမြင့်မားမှုကို သူ့အနေဖြင့် ဘဝ
တစ်လျှောက်လုံး ယှဉ်ပြိုင်နိုင်မည် မဟုတ်ပေ။ ရွှမ်ထုံနတ်မိစ္ဆာ
ဘုရင်မမှာ သူ့ကို ဒဏ်ရာရအောင် တိုက်ခိုက်နိုင်ခဲ့သည့်တိုင်
ချန်ကျန့်မေနှင့်ယှဉ်လျှင်တော့ များစွာ အဆင့်နိမ့်ကျသူဖြစ်
လေသည်။ ချန်ကျန့်မေနှင့်သာ တကယ်တမ်း ရင်ဆိုင်ရမည်ဆို
လျှင် "ဓားနှင့်လူတစ်သားတည်းကျ" သွားပြီး အကြွင်းနာတရား
ကင်းမဲ့စွာ တိုက်ခိုက်တတ်သည့်အတွက် ရင်ဆိုင်နိုင်ရန် အလွန်
မှ ခက်ခဲမည်ဖြစ်လေသည်။

အမှန်တော့ ဟွမ်လုန်ကျီမှာ ချန်ကျန့်မေနှင့် ဆန်းလျန်ကြောင့်
ချင်းရွှမ်နတ်တံခါး ပြန်လည်သက်ဝင်နိုးထလာသည်ကို မကျေ
မနပ်ဖြစ်နေခဲ့လေသည်။ သို့သော် ယခုတော့ ချင်းဝေးကဲ့သို့
သော အရည်အချင်းပြည့်ဝသည့် လူငယ်လေးတစ်ယောက် သူ
တို့ဂိုဏ်းသို့ ဝင်ရောက်လာသည်မှာ မိုးကောင်းကင်က သူတို့ကို
မျက်နှာသာပေးခြင်းပင်ဖြစ်လေသည်။

ဟွမ်လုန်ကျိဳက ခန္ဓာကိုယ်ကိုတစ်ချက်လှုပ်ရမ်းလိုက်ပြီး လူသားအသွင်းသို့ ပြန်လည် ကူးပြောင်းလိုက်လေသည်။ သူက သန့်စင်ကြည်လင်သည့် တန်ခိုးစွမ်းအားဘောလုံးတစ်ခုပေါ်တွင် ရပ်တန့်လိုက်ပြီး ရေမျက်နှာပြင်ထက်သို့ ဆင်းသက်လိုက်သည်။ မြစ်ရေထဲတွင် လှိုင်းတံပိုးများပြင်းထန်နေသည့်တိုင် သူ၏ဝတ်ရုံစကိုပင် ရေတစ်စက်လေးမျှ စိုခြင်းမရှိပေ။ သူက နဂါးသဏ္ဍာန်ပြောင်းကျင့်စဉ်ကို အောင်မြင်ထားသူဖြစ်သည့်အတွက် ရေကိုအောင်နိုင်သူတစ်ယောက်ဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအားဖြင့် ရေမှုံရေမွှားလေးတစ်စက်ကိုပင် သန့်စင်ပေးနိုင်သည့် စွမ်းရည်ရှိလေသည်။

ဟွမ်လုန်ကျိဳက ရယ်မောလိုက်ရင်း...

"ဂိုဏ်းတူညီလေး ချင်းဝေးကိုး ၊ မင်းအကြောင်းတွေ ကြားထားပြီးပါပြီကွာ ၊ မင်းက တောင်ပေါ်မှာ ကျင့်ကြံနေသင့်တာမဟုတ်ဘူးလား ၊ ဘာလို့ တောင်အောက်ကို ဆင်းလာရတာလဲ"

"ကျွန်တော်က ဂိုဏ်းတူအစ်ကိုဟွမ်ကျန်းနဲ့အတူ အတွေ့အကြုံ ရအောင်ဆိုပြီး တောင်အောက်ဆင်းလာတာပါ ၊ အရှေ့ ပင်လယ်မှာ နတ်ဘုရားဈေးပွဲတော်ရှိတာလည်း သတင်းကြား တာနဲ့ သွားကြည့်မလားဆိုပြီး ထွက်လာတာ ၊ ဂိုဏ်းတူအစ်ကို ဟွမ်လုန်ကျီနဲ့ ခုလိုတွေ့မယ်လို့ ဘယ်ထင်ထားမလဲ ၊ တော်သေး တယ် ကျွန်တော်တောင်အောက်မဆင်းခင် ဆရာက အစ်ကို့ အကြောင်းပြောပြထားလို့ ၊ မဟုတ်ရင် တကယ့်နဂါးကြီးတစ် ကောင်လို့ ထင်မိမှာပဲ ၊ အစ်ကို့ရဲ့ နဂါးသဏ္ဍာန်ပြောင်းကျင့်စဉ် က တကယ့်ကို အံ့သြစရာ ၊ လေးစားစရာပဲနော်"

ယန်ရှီးတစ်ဖြစ်လဲ ချင်းဝေးက ပြန်ဖြေလိုက်သည်။

ယန်ရှီးက ပြောရင်းနှင့်ပင် ဟွမ်လုန်ကျီ၏ ဝတ်ရုံညာဘက်တွင် စွန်းထင်းနေသည့် သွေးစများကို မသိမသာ အကဲခတ်လိုက် လေသည်။

ဟွမ်လုန်ကျိဳက ယန်ရှီး၏အကြည့်ကို သတိမထားလိုက်မိပေ။ ထို့ပြင် နတ်ဘုရားဈေးပွဲတော်ဟု ပြောသံကြားသည်နှင့် ဒေါသ ချောင်းချောင်းထွက်လာတော့သည်။

"မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြမယ် ညီလေး ၊ ကျုပ် အခု လို ဒဏ်ရာရလာတာ ရှမ်ထုန်နတ်မိစ္ဆာဘုရင်မက လုပ်လိုက် တာပဲ ၊ သူက အရှေ့ပင်လယ်က နတ်ဘုရားဈေးပွဲတော်ကို စီစဉ်တဲ့သူလေ ၊ သူ့ရဲ့ အမှောင်ကောင်းကင်မိစ္ဆာစွမ်းအားနဲ့ တိုက်ခိုက်လိုက်တာကို ကျုပ်ခံလိုက်ရတာပဲ ၊ ကျုပ်က အခုပဲ ဒဏ်ရာအတွက် ချင်းကျန်းဂိုဏ်းမှာ ဆေးသွားယူမလို့"

ဟွမ်လုန်ကျိဳက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်လေသည်။

"ဆေးလိုချင်တာများ အဝေးကြီးကို သွားစရာမလိုပါဘူး ဂိုဏ်း တူအစ်ကိုရာ ၊ ကျွန်တော့်မှာ ဆရာဦးလေးတုန်းဖုန်းပေးလိုက် တဲ့ ချိကျင်းပြဒါးဆေးရှိတယ် ၊ အဲဒီဆေးက ဒဏ်ရာကို သက်သာစေတယ်လေ"

ယန်ရှီးက ပြုံးပြီးပြောလိုက်ရင်း ကျောက်စိမ်းပုလင်းလေးတစ်ခုကို ထုတ်ယူလိုက်ပြီး ဖော့ဆို့ကိုဖွင့်လိုက်လေသည်။

ပြဒါးဆေးလုံးတစ်လုံးထွက်ပေါ်လာပြီး ဆေးလုံးမှာ နဂါးမျက်လုံးတစ်လုံးကဲ့သို့ ကြီးမားလေသည်။ အနီရောင်တိမ်တိုက်များက ဆေးလုံးပတ်ဝန်းကျင်တွင် ဝန်းရံနေကြသည်။ အလွန်မှ အရည်အသွေးကောင်းသည့် ပြဒါးဆေးတစ်လုံးပင် ဖြစ်လေသည်။

ပြဒါးဆေးလုံးမှ မွှေးကြိုင်သောရနံ့များထွက်ပေါ်နေသည့်အတွက် မြစ်ရေထဲမှ ငါးများမှာ ဆေးလုံးကိုတွတ်ရန် တစ်ကောင်ပြီး တစ်ကောင် ခုန်တက်လာကြလေသည်။

သို့သော် ဟွမ်လုန်ကျီ၏ သန့်စင်ကြည်လင်သည့် တန်ခိုးစွမ်းအားဒဏ်ကိုမခံနိုင်ဘဲ လမ်းတစ်ဝက်မှာပင် ရေထဲသို့ ပြန်ပြုတ်ကျကုန်လေသည်။

"ဒီဂိုဏ်းတူညီလေးက တကယ်စိတ်ကောင်းရှိတာပဲကိုး ၊ ဒီ ချိကျင်းပြဒါးဆေးက ဆရာဦးလေးတုန်းဖုန်း အသစ်ဖော်စပ်ထားတဲ့ဆေးပဲ ဖြစ်ရမယ် ၊ အရင်ကစားခဲ့ဖူးတဲ့ ချိကျင်းပြဒါးဆေးထက် အာနိသင်ကောင်းမယ့်ပုံပဲ ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီလိုဝိညာဉ်အားဖြည့်ဆေးမျိုးမစားရတာလဲ နှစ်တော်တော်ကြာနေပြီ ၊ ဒီကောင်လေးက စေတနာရှိရှိနဲ့ ပေးနေမှတော့ ငါ့ဒဏ်ရာလည်းသက်သာသွားအောင် လက်ခံလိုက်တာကောင်းမယ်"

ဟွမ်လုံကျီက စိတ်ထဲမှာပင် တွေးနေလိုက်လေသည်။

ဟွမ်လုန်ကျီက အတွေးဆုံးသွားသည်နှင့် တုန့်ဆိုင်းနေခြင်းမရှိတော့ဘဲ ...

"ဒီလိုဆေးမျိုး ကျုပ်မှာ မရှိတော့တာ ကြာလှပြီ ၊ ဒါကြောင့်မင်းရဲ့ချိကျင်းပြဒါးဆေးကို ကျုပ်မငြင်းတော့ဘူးနော်"

ဟု ပြုံးရင်းပြောလိုက်လေတော့သည်။

အမှန်တော့ ဟွမ်လုန်ကျိုမှာ စိတ်ထားရိုးရှင်းသူတစ်ယောက်ဖြစ်လေသည်။ သူက ယန်ရှီးထံမှ ချိကျင်းပြဒါးဆေးကို ယူလိုက်ကာ ပါးစပ်ဟပြီး မျိုချလိုက်လေသည်။ ထို့နောက်သူက နဂါးစွမ်းအားကို ခန္ဓာကိုယ်အတွင်းသို့ လှည့်ပတ်လိုက်ကာ ပြဒါးဆေး၏ အစွမ်းကို ပျံ့နှံ့စေပြီး ဒဏ်ရာကို ကုသလိုက်သည်။

ချိကျင်းပြဒါးဆေးမှာ အမှန်တကယ်ပင် အံ့သြစရာကောင်းလွန်းလှသည်။ ဆရာတုန်းဖုန်း၏သန့်စင်ထားသည့် ပြဒါးဆေးမှာ သူ၏ခန္ဓာကိုယ်ထဲမှ အမှောင်ကောင်းကင်မိစ္ဆာစွမ်းအားများကို ဖယ်ထုတ်ပေးလိုက်လေသည်။ ထို့နောက် ဟွမ်လုန်ကျိုက တန်ခိုးစွမ်းအားများ လှည့်ပတ်ခြင်းကို ရပ်တန့်လိုက်သည်။ ပြဒါးဆေးမှာ အစွမ်းထက်လွန်းသည့်အတွက် ပျက်စီးသွားသည့်ကလာပ်စည်းများကို ပြန်လည်ကောင်းမွန်လာစေပြီး သွေးလည်ပတ်မှုကို မှန်ကန်သွားစေလေသည်။ ဟွမ်လုန်ကျို၏

ဒဏ်ရာမှာ ချက်ချင်းပင် သက်သာပျောက်ကင်းသွားလေ

သည်။

"ဂိုဏ်းတူညီလေး ၊ ဒီချိကျင်းပြဒါးဆေးက တကယ်ကို

အစွမ်းထက်တာပဲ ၊ ကြည့်ရတာ ဆရာဦးလေးက တန်ဖိုးမဖြတ်

နိုင်တဲ့ ဆေးပင်တွေ ၊ ဒါမှမဟုတ် ဓာတ်တွေကို ရှာဖွေတွေ့ရှိပြီး

ပြဒါးဆေးဖော်စပ်နည်း တိုးတက်လာပုံရတယ်"

ဟွမ်လုန်ကျီက ကျေးဇူးတင်သည့် အမူအရာဖြင့် ယန်ရှီးကို

ပြောလိုက်လေသည်။

"ကျုပ်က မင်းကို အပိုတောင်ဖြည့်ပေးလိုက်သေးတယ် ၊ အဲဒါ

က ဟိုန္ဒားငတုံးကြီး တုန်းဖုန်းရဲ့ ပြဒါးဆေးထက်တောင် ပိုပြီး

အစွမ်းထက်သေးတယ်"

ယန်ရှီးက စိတ်ထဲတွင် ကျိတ်ပြီးရယ်မောရင်း တွေးလိုက်လေ

သည်။

သူက ထိုသို့တွေးနေသည့်တိုင် မျက်နှာကတော့ တည်ငြိမ်နေလေသည်။

မိုးကောင်းကင်က သူ့ကိုကူညီနေခြင်း ဖြစ်ပေလိမ့်မည်။ ဒီ ဟွမ်လုန်ကျီဆိုသည့်သူသည် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဖော့ဝမ့်အဆင့်ကျင့်ကြံသူဆယ့်နှစ်ယောက်ထဲတွင် အဆင့်အနိမ့်ဆုံးတစ်ယောက်ဖြစ်လေသည်။ ဟွမ်လုန်ကျီ ဒဏ်ရာရနေစဉ်တွင် ယန်ရှီးနှင့် တွေ့ဆုံခဲ့ရသည်မှာ ယန်ရှီးအတွက် အလွန်ကံကောင်းခြင်းပင်ဖြစ်လေတော့သည်။

အခန်း (၂၃၈)

ကျင့်စဉ်လမ်းလျှောက်ဖို့ရွေးခြယ်ခဲ့တာ ရင်ထဲကဆန္ဒအတိုင်းပါ

ဟွမ်လုန်ကျီမှာ ယန်ရှီးကို အထင်ကြီးသည်ထက် ကြီးနေမိလေတော့သည်။ သို့သော် ယန်ရှီးက ချိကျင်းပြဒါးဆေးထဲတွင် တစ်စုံတစ်ခုရောပြီး ထည့်တိုက်လိုက်သည်ကိုတော့ ရိပ်မိလိုက်ခြင်းမရှိခဲ့ပေ။

ယန်ရှီးမှာ တာအိုဆရာတုန်းဖုန်း၏ ပြဒါးဆေးဖော်သည့်ဖိုကို မီးထိုးပေးသည့်အလုပ်ကို ကြာမြင့်စွာ လုပ်ပေးခဲ့သူဖြစ်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် သူ့ဘဝငြိမ်းချမ်းရေးရနေသည့်အချိန်များတွင် သူက ပကတိဖန်ဆင်းခြင်းကျင့်စဉ်ကို အဆင့်မြင့်သည်ထက်မြင့်လာအောင် ကျင့်ကြံနေခဲ့လေသည်။ ကျင့်ကြံသူများသည် ဖော့ဝမ့်အဆင့်သို့တက်ရောက်သည့်အခါတွင် မိစ္ဆာအဖျက်စိတ်များ ဝင်ရောက်လွှယ်ကြသလို စိတ်လည်းပျံ့လွင့်လွယ်တတ်ကြလေသည်။ အမှန်တော့ ကျင့်ကြံသူ၏စိတ်ထဲတွင် အစကတည်းကတည်ရှိနေသည့် မိစ္ဆာဆန်သည့် မကောင်းစိတ်ဘက်ခြမ်း ထွက်ပေါ်လာခြင်းကြောင့်

ထိုသို့ဖြစ်ရခြင်းဖြစ်လေသည်။ စိတ်နှလုံးမစင်ကြယ်သေး

သရွေ့ မကောင်းစိတ်ထားကတော့ ရှိနေဦးမည်ဖြစ်လေသည်။

ထို့ကြောင့် ယန်ရှီးသည် ပကတိဖန်ဆင်းခြင်းကျင့်စဉ်ဖြင့် ဖော့

ဝမ့်အဆင့်သို့ တက်လှမ်းနိုင်ရန်မဖြစ်နိုင်ပေ။ အဘယ်ကြောင့်

ဆိုသော် သူကိုယ်တိုင်က ကျင့်စဉ်မှ မိစ္ဆာစွမ်းအား၏

အစိတ်အပိုင်းဖြစ်နေခဲ့သောကြောင့်ဖြစ်လေသည်။ သူ့အတွက်

နတ်ဘုရားများကဲ့သို့ ကျင့်စဉ်အဆင့်တက်လှမ်းနိုင်ရန် အလွန်

ခက်ခဲလေသည်။

ပကတိဖန်ဆင်းခြင်းပညာဖြင့် မိုးကောင်းကင်နတ်မိစ္ဆာတစ်ပါး

ဖြစ်မလာသေးသည့်တိုင် ယန်ရှီးမှာ အလွန်မှ ကြောက်စရာ

ကောင်းသူတစ်ယောက် ဖြစ်နေခဲ့ပြီဖြစ်သည်။ သို့သော်

သူ၏ကျင့်စဉ်လမ်းတွင် တစ်စုံတစ်ခုလိုအပ်နေသလို ခံစားနေ

ရလေသည်။ သူ့အတွက် ပကတိဖန်ဆင်းခြင်းပညာ၏

အကန့်အသတ်ကို ကျော်လွန်ပြီး မိစ္ဆာခန္ဓာတည်ဆောက်ရန်
လိုအပ်နေလေသည်။
ရန်သန်းဗောဓိသကျသည် တရားအလင်းကို ယူဆောင်လာပြီး
ပင်လယ်ပုလဲနှစ်ဆယ့်လေးလုံးတွင်ထွန်းညှိခဲ့ပြီး မိုးနှင့်မြေတွင်
ဖန်ဆင်းခြင်းနှစ်ဆယ့်လေးမျိုးကို ပြုလုပ်နိုင်ခဲ့လေသည်။
ယန်ရှီးလျှောက်လှမ်းသည့်လမ်းစဉ်မှာ ထိုနည်းနှင့် ခပ်ဆင်ဆင်
တူလေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဖော့ဝမ့်အဆင့်
ကျင့်ကြံသူဆယ့်နှစ်ပါး၏ ကိုယ်ခန္ဓာတွင်းသို့ သူ၏မိစ္ဆာမျိုးစေ့
ကို ထည့်သွင်းကာ သူ၏ကိုယ်ခွဲများအဖြစ်ပြောင်းလဲနိုင်မည်
ဆိုပါက စကြာဝဠာတစ်ခုလုံးတွင် အကြီးမားဆုံးခွန်အားကိုရရှိ
အောင် လျှို့ဝှက်လုပ်ဆောင်နိုင်မည် ဖြစ်လေသည်။
တဖြည်းဖြည်းနှင့်အချိန်ကျလာလျှင် ပကတိဖန်ဆင်းခြင်း
ပညာ၏ မူလပုံစံကို ဖျက်စီးပြီး အသစ်သော ပုံစံတစ်ခုကို
တည်ဆောက်နိုင်မည် ဖြစ်လေသည်။ ထိုအချိန်ရောက်လျှင်

တော့ မိုးနှင့်မြေတွင် သူ၏တန်ခိုးစွမ်းအားကို ယှဉ်ပြိုင်နိုင်တော့မည့်သူ မရှိသည့် အနန္တတန်ခိုးရှင်တစ်ပါး ဖြစ်လာမည်ဖြစ်သည်။

ယန်ရှီးက ပြုံးလိုက်ရင်း...

"ကျွန်တော့်ကို အားနာမနေပါနဲ့ ဂိုဏ်းတူအစ်ကိုဟွမ်လုန်ကျီ၊ ကြည့်ရတာ အခု အစ်ကို့ဒဏ်ရာလည်း သက်သာလာပြီထင်တယ်၊ ဒါဆိုရင် ချင်းကျန်းဂိုဏ်းကိုသွားပြီး ဆေးယူစရာမလိုတော့ဘူးပေါ့"

ယန်ရှီးထိုစကားပြောလိုက်သည့်အချိန်တွင် ချိကျင်းပြဒါးဆေးနှင့်အတူ ဟွမ်လုန်ကျီ၏ကိုယ်ထဲသို့ သူထည့်ပေးလိုက်သည့် ပကတိဖန်းဆင်းခြင်းမိစ္ဆာမျိုးစေ့သည် လျှို့ဝှက်စွာဖြင့် စတင်ပြန့်ပွားနေပြီ ဖြစ်လေသည်။ ဟွမ်လုန်ကျီမှာ ဒေါသလည်းထွက်နေသောကြောင့် ထိုမိစ္ဆာမျိုးစေ့မှာ ပိုပြီး ပျံ့နှံ့များပြားသွားလေတော့သည်။

ဤသည်မှာ ပကတိဖန်ဆင်းခြင်းပညာ၏ သိမ်မွေ့မှုပင်ဖြစ်လေသည်။ ဟွမ်လုန်ကျီမှာ မိစ္ဆာမျိုးစေ့ သူ့ကိုယ်တွင်းသို့ဝင်ရောက်သွားပြီး သူ၏နှလုံးသားနှင့် စိတ်ဝိညာဉ်တွင် အမြစ်တွယ်သွားပြီဖြစ်သည်ကို လုံးဝ သတိပြုမိခြင်းမရှိပေ။ ထို့ပြင် သူ၏လက်ရှိအခြေအနေအရ ယန်ရှီး၏လှည့်စားမှုကို သတိမထားခဲ့မိသည့်အတွက် တစ်ခါတစ်ရံ စိတ်ပျံ့လွင့်လျှင်ပင် ဖော့ဝမ့်အဆင့်ကျင့်ကြံသူတို့ ကြုံတွေ့ရလေ့ရှိသည့် မိစ္ဆာစိတ်အနှောက်အယှက်ဝင်ခြင်း ဖြစ်မည်ဟုသာ တွေးထင်မိမည်ဖြစ်လေသည်။

"ချင်းကျုန်းဂိုဏ်းက ချင်းရွှမ်နတ်တံခါးကို သစ္စာခံပြီး ချင်းရွှမ်နတ်တံခါး လိုအပ်တာတွေကို ဖြည့်ဆည်းပေးနေတာပဲ ၊ တကယ်တော့ ဂိုဏ်းတူအစ်ကိုဟွမ်ကျုန်းကလည်း သူတို့အပေါ် ကောင်းခဲ့တာပဲ ၊ ဂိုဏ်းတူအစ်ကိုက သူတို့ကို ဒေါသထွက်ပေမယ့် အပြစ်မပေးခဲ့ဘူး ၊ ဒါပေမယ့် ကျုပ်ကတော့ ဒီလို

စော်ကားတာကို ရှုံမှုန်းလွန်းတယ်၊ သူတို့ကို ပညာတော့ ပေးလိုက်ချင်တယ်၊ ဒီတော့မှ ချင်းရှမ်နတ်တံခါးက သူတို့ ဘက်က ရပ်တည်ပေးမလားဆိုတာ ကြည့်ကြသေးတာပေါ့" ဟွမ်လုန်ကျီက ဒေါသတကြီးဖြင့်ပြောလိုက်လေသည်။

ယန်ရှီးက ချင်းရှမ်နတ်တံခါးဆိုသည့် အမည်ကိုကြားသည့် တိုင် သိပ်ပြီး အရေးမစိုက်ပါ။ ချင်းရှမ်နတ်တံခါးတွင် သူ အနည်းငယ်ဂရုစိုက်သည့်သူ နှစ်ယောက်သာရှိလေသည်။ ကျန်းရော့ရှီးနှင့် ပိယွင် ဖြစ်လေသည်။ သို့သော် သူတို့နှစ် ယောက်လုံးမှာ လူ့လောကတွင်မရှိကြတော့ပါ။ သူတို့နှစ် ယောက်သေဆုံးရခြင်းမှာလည်း သူနှင့်သက်ဆိုင်နေလေသည်။ သူက ဟွမ်လုန်ကျီ၏ ခန္ဓာကိုယ်ထဲတွင် သူထည့်သွင်းထား သည့် မိစ္ဆာမျိုးစေ့ကို ချင်းကျန်းဂိုဏ်းကို ရန်စရန် လှုံ့ဆော် ပေးလိုက်လေသည်။ ထိုအခါမှ ဟွမ်ချင်ကျီမှာ သတ်ဖြတ်သူ တစ်ယောက်ဖြစ်လာပြီး ပိုပြီးပျောက်ဆုံးသွားမည် ဖြစ်လေ

သည်။ တစ်ချိန်တည်းမှာပင် ချင်းကျန်းဂိုဏ်းမှ ကျင့်ကြံ
သူများ၏ စွမ်းအားများ ၊ သွေးများနှင့် ဝိညာဉ်များကို ရယူပြီး
သွေးဓားကျင့်စဉ်ကိုလည်း ကျင့်ကြံနိုင်မည်ဖြစ်သည်။
ယခင်အချိန်က ယန်ရှီးအနေဖြင့် ရှောင်းစစ်ယိကို အသုံးချကာ
သွေးဓားကျင့်စဉ်ဖြင့် ဆန်းလျန်ကို သူ၏ကိုယ်ခွဲအဖြစ်
အသုံးချရန် စီစဉ်ခဲ့ဖူးသေးသည်။ သွေးဓားကျင့်စဉ်ကျင့်ကြံသူ
တစ်ယောက်သည် လျှို့ဝှက်ပြီး သတိရှိရန်လိုအပ်လေသည်။
ယခုတော့ ဟွမ်လုန်ကျီကို သူ့ကိုယ်စား အရာရာကို စေခိုင်းနိုင်
ပြီ။ ယန်ရှီးလုပ်သမျှ ကိစ္စတိုင်းအတွက် ဟွမ်လုန်ကျီ ခေါင်းခံရ
တော့မည် ဖြစ်လေသည်။ သူကတော့ ထိုင်ပြီး အကျိုးအမြတ်
ကို စောင့်စားရုံသာ ရှိလေသည်။
လက်ရှိအချိန်တွင် ဆရာဒေါ်လေးကျိုလင်ကလွဲပြီး သူကြောက်
ရမည့်သူမရှိပေ။

ထို့ပြင် နှစ်နှစ်ဆယ်အတွင်း သူ့ရည်မှန်းချက်များပြည့်သွားပြီ ဆိုလျှင်တော့ ဆရာဒေါ်လေးကျိုလင်ကိုလည်း ကြောက်စရာမ လိုတော့သလို ထိုက်ရှီးနည်းဗျူဟာကျင့်စဥ်ကိုလည်း ကြောက် နေစရာ မလိုတော့ပေ။

ယွိမင်နတ်ဘုရား၏ကျင့်စဥ်မှာ ထူးခြားသည့်ကျင့်စဥ်တစ်ခု ဖြစ်ပြီး ယန်ရှီးအနေဖြင့် သင်ယူနိုင်ခွင့်မရှိသေးပေ။ သူသိ သလောက်ဆိုလျှင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် အဓိက နတ်ဘုရားကျောင်းတော်ကြီးလေးခု၏နေရာကို ရယူချင်ရုံသာ မက ကြီးမားသည့် အကြံအစည်တစ်ခုလည်း ရှိနေသေးသည်။ သို့သော် ယန်ရှီးက ထိုအကြံအစည်ကိုသိရန် ဉာဏ်နီဉာဏ်နက် ရှိသမျှ အကုန်ထုတ်ပြီး သိအောင် ကြိုးစားခဲ့သည့်တိုင် သိရှိခဲ့ရ ခြင်း မရှိခဲ့ပေ။

သူကလည်း အခြားသူများ သံသယဝင်မည်ကို စိုးရိမ် သောကြောင့် အရမ်းကာရော မစုံစမ်းရဲပေ။ ယွိမင်နတ်ဘုရား

နှင့် တာအိုဆရာတုန်းဖုန်းတို့မှာ လွယ်ကူသောသူများမဟုတ်ပေ။

တာအိုဆရာတုန်းဖုန်း၏ ထိုက်ယွဲ့သတ္တန်မှန်ပညာမှာ ရှားပါးအစွမ်းထက်သည့် တန်ခိုးစွမ်းအားတစ်ခုဖြစ်လေသည်။ သို့သော် ယန်ရှီးကတော့ ယွိမင်နတ်ဘုရား၏ ခန့်မှန်း၍မရသည့် ကျင့်စဉ်ပညာကိုသာ စိတ်ဝင်စားနေမိလေသည်။ ယွိမင်နတ်ဘုရား၏ ကျင့်စဉ်မှာ ချင်းရွှမ်နတ်တံခါးမှ အရှုးအဖိုးအိုကြီး၏ကျင့်စဉ်ကဲ့သို့ပင် ဖြစ်လေသည်။

ထို အရှုးအဖိုးအိုကြီးမှာ လွန်စွာမှ နားလည်ရခက်သူဖြစ်လေသည်။ ထိုအဘိုးကြီးမှာ ထိုက်ဝေ့ထိုင်ခန်းမဆောင်ကို စောင့်ကြည့်နေပြီး လူသေတစ်ယောက်လို မလှုပ်မယှက်အချိန်ဖြုန်းနေသူ ဖြစ်လေသည်။ ရှေးရိုးစွဲ နတ်ဘုရားအိုကြီးတစ်ပါးနှင့်ပင် တူလေသည်။

ယန်ရှီးက ဘဝတွင် မည်သည့်အရာကိုမှ အလေးအနက်ထား ခြင်းမရှိပေ။ သူလုပ်ခဲ့သည့်အလုပ်များအတွက်လည်း နောင်တရခြင်းမရှိပါ။ ထိုသို့ နောင်တမရတတ်ခြင်းမှာ ဆန်းလျ န်၏စရိုက်သွားပြီးဆင်တူလေသည်။

....

ယန်ရှီးသည် ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို အကြီးအကျယ် ဒုက္ခရောက်အောင် လုပ်ဆောင်တော့မည်ဖြစ်ကြောင်းကို ဆန်း လျန်ကတော့ မသိရှာပါ။ သူက ကျောက်ရှောင်ယွီနှင့်အတူ ကောင်းကင်ထွက်တွင် ပျံသန်းနေပြီး မြေပြင်ထက်မှ ပင်လယ် ပြာကို ငေးကြည့်နေလေသည်။

ကောင်းကင်လေအေးက ဆန်းလျန်၏ ဆံပင်များကို ဖြတ်သန်း တိုက်ခတ်သွားလေသည်။ ကောင်းကင်၏အရိပ်သည် ပင်လယ် ပြာတွင် ရောင်ပြန်ဟပ်နေလေသည်။

"ဆန်းကျွင်းအရှင် ၊ ကျွန်မတော့ ဒီလိုခရီးထွက်လာရတာ အရမ်းပျော်တာပဲ"

ကျောက်ရှောင်ယွီက ချိုမြသည့် လေသံလေးဖြင့် ပြောလိုက်သည်။

သူမ၏စကားကြောင့် ဆန်းလျန်က ပင်လယ်ပြင်ကို ငေးကြည့်နေခြင်းကို ရပ်တန့်လိုက်သည်။

သူက ကျောက်ရှောင်ယွီ၏စကားကြောင့် အံ့သြသွားရပြီး....

"ဘယ်လိုဖြစ်လို့ ပျော်နေရတာလဲ"

ဟု ပြန်မေးလိုက်မိလေသည်။

"ဘာလို့လဲဆိုတော့ ဒီအချိန်တွေမှာ ကျွန်မဘာမှ မစဉ်းစားဘဲ စိတ်ထဲပေါ့ပါးနေတယ်လေ ၊ ကောင်းကင်ကိုပဲကြည့်ကြည့် ပင်လယ်ကိုပဲကြည့်ကြည့် အရာရာက အေးချမ်းနေတာပဲ ၊ ပြီးတော့ ရှင်ကလည်း ကျွန်မကိုစိတ်ချမ်းသာစေနိုင်တဲ့ တစ်ယောက်တည်းသောလူပဲလေ ၊ ကျွန်မကိုမှမဟုတ်ပါဘူး ၊ ရှင်က လူသားတိုင်းကို စိတ်ချမ်းသာစေနိုင်တဲ့လူတစ်ယောက်ပါ"

ကျောက်ရှောင်ယွီက နူးညံ့စွာဖြင့်ဆိုသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်းက သာမန်မိန်းကလေးတစ်ယောက်ဆိုရင်တော့ ၊ မင်းဘဝ

တစ်ခုလုံး ကျုပ်ကိုပုံအပ်တော့မှာလားလို့တောင် ထင်မိမှာပဲ ၊

ဒါပေမယ့် မင်းက ဒီလိုမိန်းကလေးမျိုးမဟုတ်ပါဘူးလေ ၊

လောကကြီးတစ်ခုလုံးက ဒုက္ခနွံထဲနစ်နေတာ ၊ မင်းနဲ့ကျုပ်ဟာ

လည်း ဒီဒုက္ခတောထဲ ကူးခတ်နေကြရဆဲပါပဲ ၊ ဘယ်အချိန်

မုန်တိုင်းထန်လာမလဲဆိုတာ မသိနိုင်ဘူး ၊ အနာဂတ်ဆိုတာက

ခန့်မှန်းနိုင်ဖို့ ခက်ခဲတယ်မဟုတ်လား"

ဆန်းလျန်၏စကားကြောင့် ကျောက်ရှောင်ယွီ၏မျက်နှာထက်

တွင် ခပ်ပါးပါးအပြုံးတစ်ပွင့် ဖြတ်ပြေးသွားသည်။

"အမှန်ပါပဲရှင် ၊ ကျင့်စဉ်လမ်းကိုလိုက်ရတယ်ဆိုတာ ရေကို

ဆန်တက်ပြီး ရွက်လွှင့်ရသလိုပါပဲ ၊ ဒီလောက်ရှည်ကြာလွန်းတဲ့

ကျင့်စဉ်လမ်းမှာ အရေးမပါတာတွေကို ဘာလို့ စဉ်းစားနေ

တော့မလဲ ၊ ဒါပေမယ့် ရှင်ကျွန်မကိုပေးတဲ့ခံစားချက်ကတော့ အသုံးမရှိတဲ့ ရွက်လှွင့်ခြင်းလိုပါပဲ ၊ ရှင်က ရှင့်ဘဝနဲ့ရှင် ကျေနပ်ပျော်ရွှင်နေတာလေ ၊ လေမုန်တိုင်းထန်နေလည်း ရှင်က အေးအေးဆေးဆေးပဲ ၊ လူ့လောကမှာ ရုန်းကန်နေရတဲ့ ဒုက္ခ ဆင်းရဲတွေထဲမှာလည်း ရှင့်နှလုံးသားက ကျောက်သားလိုပဲ ၊ ရှင့်ရည်ရွယ်ချက်လမ်းကြောင်းဆီကနေ သွေဖည်သွားအောင် ဘယ်အရာကမှ မပြုလုပ်နိုင်ဘူးလေ”

ကျောက်ရှောင်ယွီ၏စကားကို ဆန်းလျန်က ရယ်ပဲရယ်နေ လိုက်ပြီး စကားပြန်မပြောတော့ပါ။ ကျောက်ရှောင်ယွီခံစား ရသကဲ့သို့ပင် အခြားသူများလည်း သူ့အပေါ် ထိုသို့ပင် ခံစားရ သည်ကို ဆန်းလျန်က သိရှိထားခဲ့ပါသည်။

ဆန်းလျန်ရယ်မောနေသည်ကိုကြည့်ရင်း ကျောက်ရှောင် ယွီ၏ရင်ထဲတွင်လည်း ကြည်နူးမှုလေးတစ်ခုကို ခံစားလိုက်ရ လေသည်။

"ကြည့်ရတာ ကျင့်စဉ်လမ်းလျှောက်ဖို့ရွေးခြယ်ခဲ့တာ သူ့ရင်ထဲက ဆန္ဒအတိုင်းပဲထင်ပါရဲ့"

သူမ တိတ်ဆိတ်စွာဖြင့် တွေးလိုက်မိလေသည်။

ဆန်းလျန်မှာ နူးညံ့သိမ်မွေ့သူတစ်ယောက် ဖြစ်ကြောင်းကို ကျောက်ရှောင်ယွီ၏ ရင်တွင်းမှ ခံစားနားလည်သွားမိလေသည်။ သူ၏ပုံစံက ချန်ကျန့်မေကဲ့သို့ ရက်စက်ပြီး စိတ်ဓာတ်ပြင်းထန်သူ မဟုတ်ပေ။ သို့သော် ဆန်းလျန်က ကျောက်စိမ်းသားကဲ့သို့ ခိုင်ခန့်ပြီး သူ့ကို မည်သူမျှ မဖျက်စီးနိုင်ပေ။ ထို့ပြင် သူက လူများအပေါ်တွင်လည်း ဘက်လိုက်မှုကင်းကာ စိတ်ထားရှင်းလင်းသူ ဖြစ်လေသည်။

အခြားသူများအနေဖြင့် ကတိမတည်နိုင်သည့်တိုင် ဆန်းလျန်ဆိုသည်က ကတိပေးပြီးလျှင် တည်တတ်သည့်လူမျိုးဖြစ်လေသည်။

မဟုတ်လျှင် လွတ်လွတ်လပ်လပ် ရှင်သန်တတ်သူ ဆန်းလျန်သည် ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ်အဖြစ် ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းထားမည်မဟုတ်ပေ။ ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ်ဆိုသည့် ဂုဏ်ပုဒ်သည် ဆန်းလျန်ကို များစွာ ဂုဏ်တက်စေသည့်တိုင် များစွာသော ဒုက္ခကိုလည်း ဖန်တီးပေးနိုင်လေသည်။

ကျင့်စဉ်လမ်းကို ဘဝတစ်ခုလုံးနှစ်ထားသည့် ကျင့်ကြံသူများသည် ကျင့်စဉ်လမ်းကို တားဆီးမည့် အရာအားလုံးကို ဘေးချိတ်ထားခဲ့မည်ပင် ဖြစ်လေသည်။ မိမိပညာသင်နေသည့်ဂိုဏ်းအတွက်ဆိုလျှင်ပင် ကျင့်စဉ်လမ်းကို အတားအဆီးဖြစ်မည်ဆိုပါက လက်ရှောင်သွားကြမည် ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့ ထိုသို့မဟုတ်ခဲ့ပေ။

ဆန်းလျန်က နတ်ဘုရားမဖြစ်လိုလျှင် ကျင့်စဉ်လမ်းကို လျှောက်မည့်သူတစ်ယောက်မဟုတ်ပါ။

သို့သော် သူ့တွင် ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး အခြေခံ

ကောင်းက ပါလာခဲ့ပြီး ဖြစ်လေသည်။

သို့သော် သက်ရှိများကို သတ်ဖြတ်ပြီးမှ ကျင့်စဉ်လမ်းကို

လျှောက်လှမ်းရမည်ဆိုလျှင် ကျောက်ရှောင်ယွီကတော့ တစ်

ချက်မဆိုင်းဘဲ သတ်ပစ်မည်သာဖြစ်လေသည်။ သို့သော် ဆန်း

လျန်ကတော့ သတ်လိမ့်မည်မဟုတ်ပေ။ ဆန်းလျန်မှာ ကျင့်ကြံ

သူတစ်ယောက်ဖြစ်သော်လည်း ကျိုးကြောင်းဆင်ခြင်တတ်

သည့် ရှားပါးကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

ဆန်းလျန်ကိုကြည့်ရင်း ကျောက်ရှောင်ယွီမှာ သွေးအေးပြီး

ရက်စက်တတ်သည့် သူမကိုယ်သူမ မုန်းတီးသလိုဖြစ်လာမိ

လေသည်။ သို့သော် သူမ၏ပင်ကိုယ်သဘာဝကို ပြောင်းလဲရန်

တော့ မစဉ်းစားမိပါ။ သူမနှင့် ဆန်းလျန် မည်သူသာမည်နည်း

ဟု မေးခွန်းထုတ်ခဲ့မည်ဆိုလျှင်တော့ ရှေးဟောင်းနတ်ဘုရား

တစ်ပါးပင် အဖြေပေးနိုင်မည်မဟုတ်ပေ။

သူတို့နှစ်ယောက် မည်မျှကြာအောင် ပင်လယ်ပြင်အထက် တိမ်များပေါ်တွင် ခရီးနှင်လာခဲ့မိသည်လည်း မသိပေ။

ရုတ်တရက်... သူတို့ရှေ့တွင် ကုန်းမြေတစ်ခုကို တွေ့လိုက်ရလေသည်။ ပင်လယ်ထဲမှ ကြီးမားသည့် ကျွန်းကြီးတစ်ကျွန်းပင်ဖြစ်လေသည်။ ကျွန်းတစ်ခုလုံးတွင် စိမ်းလန်းစိုပြေသည့်သစ်တောများ ၊ တောင်တန်းများဖြင့် ဖုံးလွှမ်းနေလေသည်။ သစ်ပင်များမှာ ရှေးဟောင်းသစ်ပင်ကြီးများဖြစ်ကြီး မြင့်မားခိုင်ခန့်ကြလေသည်။

"ဒီနေရာများလား..."

ဆန်းလျန်က ငြင်သာစွာမေးလိုက်သည်။

ကျောက်ရှောင်ယွီက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဒီနေရာကို ယန်ကျိုးနယ်လို့ခေါ်တယ် ၊ ဒီကျွန်းကြီးတစ်ခုလုံးက မိုင်ငါးထောင်ပတ်လည်လောက်ကျယ်တယ် ၊ ရှင်ပြောတဲ့လေစွမ်းအားသားရဲက ဒီနေရာမှာ ရှိတာဖြစ်နိုင်တယ် ၊ ဒါပေ

မယ့် ရှင့်ရဲ့တန်ခိုးစွမ်းအားနဲ့ ကျွန်မရဲ့ တန်ခိုးစွမ်းအား နှစ်ခု

ပေါင်းတာတောင် ဒီလောက်ကျယ်တဲ့ ကျွန်းကြီးပေါ်မှာ ဒီ

သတ္တဝါကို ဘယ်လိုရှာကြမလဲ ၊ မဖြစ်နိုင်ဘူးထင်တယ်နော်"

"အမှန်ပဲ ၊ ဒါပေမယ့် ဖြစ်နိုင်ချေရှိတဲ့နေရာကို ခန့်မှန်းပြီး ရှာ

ကြည့်ကြတာပေါ့"

ဆန်းလျန်က တစ်လက်လက်တောက်ပနေသည့် မျက်ဝန်းများ

ဖြင့် အဆုံးမရှိကျယ်ပြန့်လွန်းသည့် ယန်ကျိုးနယ်ကိုကြည့်ပြီး

ပြောလိုက်လေသည်။

"ဒါနဲ့ တစ်ခုလောက်များမေးလို့ရမလား"

ကျောက်ရှောင်ယွီက မေးလိုက်သည်။

"ကျုပ်လို သတ္တဝါတွေကို သတ်ဖြတ်ရတာ မကြိုက်တဲ့လူတစ်

ယောက်က ဘာလို့ လူတစ်ယောက်အတွက်နဲ့ ဒီဝိညာဉ်သားရဲ

ကို ဖမ်းချင်ရတာလဲဆိုတာ မင်းမေးမလို့ မဟုတ်လား"

ဆန်းလျန်က သူ့အကျင့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြန်မေး လိုက်သည်။

ကျောက်ရှောင်ယွီမှာ ဆန်းလျန်၏ ထိုးထွင်းသိမြင်နိုင်မှုများနှင့် အသားကျနေသည့်တိုင် ယခုတစ်ကြိမ်တွင်လည်း ဆန်းလျန်ကို လေးစားသွားရပြန်သည်။ ဆန်းလျန်ဆိုသည်က အချိန်တိုင်း တွင် ခန့်မှန်းရခက်သူဖြစ်လေသည်။

ဆန်းလျန်က အဖြေကိုပါဆက်ပြောလိုက်သည်။

"ကျုပ်လုပ်ရမယ်လို့ ယူဆမိလို့ လုပ်တာပါ၊ တခြား ဘယ် အရာကမှ ကျုပ်ကို ဖိအားပေးတာ မရှိပါဘူး"

ဆန်းလျန်၏အဖြေကို ကျောက်ရှောင်ယွီ နားလည်သွားသလို လို ရှိလိုက်သည်။ သို့သော် တကယ်တမ်းတော့ နားမလည်ခဲ့ ပေ။

သူတို့နှစ်ယောက်လုံး ကောင်းကင်ထက်မှ ဆင်းသက်လိုက်ကြ လေသည်။

သူတို့ရှေ့တွင် အကန့်အသတ်မရှိသော သစ်တောများက ပိတ်ဆို့နေလေသည်။ သို့သော် သူတို့နှစ်ယောက်အတွက် ထို သစ်တောများကိုကျော်လွှားရန် မခက်ခဲပေ။ သူတို့၏တန်ခိုး စွမ်းအားများနှင့်ဆိုလျှင် ရှေ့တွင်ပိတ်ဆို့နေသည့် သစ်တော များကို ဖျက်စီးပစ်နိုင်လေသည်။

သို့သော် သူတို့နှစ်ယောက်လုံး ထိုသို့ မပြုလုပ်ခဲ့ကြပေ။ သူတို့ နှစ်ယောက်က လွတ်လပ်ပေါ့ပါးစွာဖြင့် သစ်တောထဲသို့ ဝင် သွားကြလေသည်။ သစ်ရွက်ကြွေများက လေထဲတွင် လွင့်ဝဲ ကျန်ရစ်ခဲ့ကြလေသည်။

ရုတ်တရက် သူတို့ရှေ့တွင် ကြီးမားသည့် သစ်ပင်ကြီးတစ်ပင် တွေ့ရလေသည်။

ထိုသစ်ပင်ကြီး၏ပင်စည်တွင် ရောမမြွေကြီးတစ်ကောင် ရစ်ပတ်ထားလေသည်။ မြွေကြီးက အနီရောင်လျှာကြီးကို

ထုတ်ထားပြီး မျက်လုံးကြီးများက မီးအိမ်ကြီးများအလား တောက်ပနေလေသည်။

ထိုမြေကြီးမှာ အလွန်အန္တရယ်များသည့် သတ္တဝါကြီးဖြစ်လေသည်။ သို့သော် ဆန်းလျန်က သူ၏ဝိညာဉ်စွမ်းအားကို ထုတ်လွှတ်လိုက်သည့်အခါတွင်တော့ ဧရာမမြေကြီးမှာ ဘုရင်တစ်ပါးနှင့်တွေ့ဆုံသည့်အလား ဆန်းလျန်ကို ဦးညွှတ်လိုက်လေသည်။

ထိုကဲ့သို့သော သတ္တဝါကြီးများသည် ဝိညာဉ်အလင်းရှိကြလေသည်။ သူတို့အတွက်လိုအပ်သည်မှာ ပြင်းပြင်းထန်ထန်ကျင့်ကြံနိုင်မှုတစ်ခုပင် ဖြစ်လေသည်။ သာမန်သတ္တဝါများသည် သူတို့ကဲ့သို့သော ဝိညာဉ်အလင်းရှိသည့် သတ္တဝါများကို ကြောက်ရွံ့ကြလေသည်။ သူတို့ကလည်း သူတို့ထက်အဆင့်မြင့်သည့်သူများအပေါ်တွင် လေးစားကြလေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီမှာ မည်မျှကြာအောင် လမ်းလျှောက်လာမိသည်မသိပေ။

ဆန်းလျန်က ခြေလှမ်းများ ရုတ်တရက်ရပ်တန့်လိုက်ပြီး...

"မင်းသတိထားလိုက်မိလား..."

"အရင်တစ်ခေါက် ကျွန်မဒီနေရာကို ရောက်တုန်းက ဒီ တောအုပ်ကြီးထူးဆန်းတာကို သိပ်ပြီး သတိမထားလိုက်မိဘူး ၊ အမှန်ပဲ ၊ ဒီလိုနေရာမျိုးမှာ နတ်မိစ္ဆာသားရဲ ဒါမှမဟုတ် နတ်မိစ္ဆာဘုရင်တစ်ပါးပါးတော့ ရှိနေမှာပဲ ၊ ဒါပေမယ့် အခုထိ တော့ နတ်မိစ္ဆာအငွေ့အသက်ဘာတစ်ခုမှမရသေးဘူး ၊ ဒါပေ မယ့် ပုံမှန်မဟုတ်တာတော့ အသေအချာပဲ"

ဟု ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

အခန်း (၂၃၉)

ချွင်ယန်တာအိုနန်းတော်

တောင်ကြားတစ်ခုဆီသို့ သူတို့နှစ်ယောက်ရောက်ရှိလာလေသည်။

ထိုနေရာတွင် သစ်ပင်များကျဲပါးနေပြီး ကျောက်တုံးများပြန့်ကျဲနေလေသည်။

အချို့ကျောက်တုံးများမှာ ကြီးမားပြီး အချို့မှာ သေးငယ်လေသည်။ ထိုကျောက်တုံးများမှာကြီးမားခိုင်မာသည့် အပင်မြင့်ကြီးများနှင့် တောင်ကုန်းငယ်လေးများကို ဝန်းရံထားကြလေ

သည်။ လူများက ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ထားသည့် ထောင်ချောက်တစ်ခုနှင့် ဆင်တူလေသည်။
လူသူမရှိ တိတ်ဆိတ်သည့် တောအုပ်ထဲတွင် ယခုကဲ့သို့သော မြင်ကွင်းကို တွေ့မြင်ရသည်မှာ ဆီလျော်မှုမရှိလှပေ။
ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် တိုင်ပင်ထားခြင်းမရှိပါဘဲ ခြေလှမ်းများကို ပြိုင်တူရပ်လိုက်ကြသည်။
"ကြည့်ရတာ ဒီနေရာကို ကျုပ်တို့အရင် ကြိုပြီးရောက်နှင့်တဲ့သူ ရှိနေပြီ"
ဆန်းလျန်က ရေရွတ်လိုက်သည်။
ကျောက်ရှောင်ယွီ၏လှပသောမျက်ဝန်းလေးများက တစ်ချက် မှေးစင်းသွားသည်။ သူမက အင်္ကျီလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး လေပြင်းတစ်ချက်တိုက်ခတ်စေလိုက်သည်။

"အမှန်ပဲ ၊ ဒီကျောက်တုံးတွေက တစ်ခုခုကို ထောင်ချောက်ဆင်ထားတဲ့ပုံပဲ ၊ ကျွန်မတို့လိုပဲ ဒီနေရာမှာ လေစွမ်းအားသားရဲကိုဖမ်းဖို့ ရောက်လာတာလားမသိဘူး”

ကျောက်ရှောင်ယွီက အင်္ကျီလက်ကို ထပ်မံဝှေ့ယမ်းလိုက်ရာ လေပြင်းတစ်ချက် ထပ်မံတိုက်ခတ်လာပြီး ထိုလေမှာ သစ်ပင်ကြီးများကိုပင် ပြိုလဲသွားနိုင်အောင် ပြင်းထန်လေသည်။ ထိုလေပြင်းသည် သူတို့ရှေ့ရှိ တောင်ကြားလေးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ထို့နောက် တောင်ကြားလေးထဲတွင် အဖြူရောင်မြူခိုးများထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး မြူများဆိုင်းသွားလေတော့သည်။

ကျောက်ရှောင်ယွီကအန္တရာယ်ကိုဖော်ထုတ်ရန်အတွက် တန်ခိုးစွမ်းအားတစ်ခုကို အသုံးပြုလိုက်ခြင်းဖြစ်လေသည်။

သိပ်မကြာမီမှာပင်....

အဖြူရောင်မြူခိုးများကြားမှ လူငယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက် လျှင်မြန်စွာ ပျံသန်းထွက်ခွာလာကြလေသည်။ သူတို့က အဖြူနှင့်အနက်ရောင် ပေါင်းစပ်ထားသည့် ဝတ်စုံကို ဝတ်ဆင်ထားကြပြီး လက်ထဲတွင် ဓားရှည်များကိုင်ဆောင်ထားလေသည်။

ကြည့်လိုက်သည်နှင့်ပင် သူတို့နှစ်ယောက်လုံးမှာ အဆင့်မြင့်ကျင့်ကြံသူများဖြစ်ကြောင်းသိရှိနိုင်လေသည်။ သူတို့နှစ်ယောက်လုံးမှာ အလွန်ငယ်ရွယ်နုပျိုကြသူများဖြစ်သော်လည်း ကျင့်ကြံသူများဖြစ်ကြသည့်အတွက် သူတို့၏ အသက်ရွယ်ကို မခန့်မှန်းနိုင်ပေ။

သူတို့နှစ်ယောက်သည် ချက်ချင်းပင် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီအနားသို့ ရောက်လာကြလေသည်။ မိန်းကလေးက ကျောက်ရှောင်ယွီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ကျောက်ရှောင်ယွီက သူမကို ပြုံးပြလိုက်လေသည်။

မိန်းကလေး၏ဘေးမှ လူငယ်ကတော့ ဆန်းလျန်ကို ကြည့်နေလေသည်။

သူတို့နှစ်ယောက်မှာ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီတို့အနား သို့မရောက်မီ ပေသုံးဆယ်ခန့်အကွာတွင် ရပ်တန့်လိုက်ကြသည်။

"ဒီနေရာက ချွင်ယန်တာအိုနန်းတော်က အရံအတား ထောင်ချောက်လုပ်ထားတဲ့နေရာပဲ ၊ မိတ်ဆွေနှစ်ယောက် ဘယ်ဘက်မိုင်တစ်ရာလောက်ကနေ လမ်းလွှဲပြီး သွားစေချင်ပါတယ်"

လူငယ်ကပြောလိုက်သည်။

သူက ချွင်ယန်တာအိုနန်းတော်ဟူသည့်အမည်ကို အသုံးပြုလိုက်သော်လည်း ရန်လိုသည့် အပြုအမူမျိုးမရှိပေ။ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကို လမ်းလွှဲမှသွားရန် ယဉ်ကျေးစွာပင် တောင်းဆိုလိုက်ခြင်းဖြစ်လေသည်။

သို့သော် မိန်းကလေးကတော့ သူတို့နှစ်ယောက်ကို အေးစက်စွာဖြင့် စိုက်ကြည့်နေလေသည်။ သူမကိုယ်တွင်းမှ ဓားဝိညာဉ်တန်ခိုးစွမ်းအားများထွက်ပေါ်နေပြီး ဆန်းလျန်တို့သာ စကားနားမထောင်ပါက ချက်ချင်းတိုက်ခိုက်ရန် အသင့်ပြင်ထားလေသည်။

ဆန်းလျန်က တစ်ခုခုပြောရန် ဟန်ပြင်လိုက်စဉ်တွင် ကျောက်ရှောင်ယွီက ဆန်းလျန်လက်ကိုဆွဲလိုက်ပြီး...

"သတိပေးတာ ကျေးဇူးတင်ပါတယ် မိတ်ဆွေတို့ ၊ ကျွန်မတို့ ခုပဲ သွားပါတော့မယ်"

ဟု ပြောလိုက်လေသည်။

"ဒါဖြင့်ကောင်းတာပေါ့ဗျာ..."

လူငယ်က ပြုံးလိုက်ရင်း ယဉ်ကျေးစွာဖြင့်ပြောလိုက်သည်။

ဆန်းလျန်က ကျောက်ရှောင်ယွီမှာ အကြောင်းရှိသောကြောင့် ယခုကဲ့သို့ပြောလိုက်ခြင်းဖြစ်မည်ကို ရိပ်မိသည့်အတွက် ဘာမှ

မပြောတော့ပေ။ ကျောက်ရှောင်ယွီသည် ဆန်းလျန်လက်ကိုဆွဲကာ ထိုလူငယ်နှင့် မိန်းကလေး၏မျက်စိရှေ့မှ လျှင်မြန်စွာထွက်ခွာသွားလေတော့သည်။

ချွင်ယန်တာအိုနန်းတော်မှ မိန်းကလေးက သူတို့နှစ်ယောက်ထွက်ခွာသွားသည်ကို မျက်စိတစ်ဆုံးကြည့်နေရင်း...

"ဒီနှစ်ယောက် တကယ်ထွက်သွားတာ မဖြစ်နိုင်ဘူး"

"မိုးကောင်းကင်က သတ္တဝါတွေရဲ့အသက်ကို စောင့်ရှောက်တယ်၊ ဒါကြောင့် သူတို့ကို သတိပေးလိုက်တာပဲ၊ သူတို့သာ ယိချီရှမ်ယန်အရံအတားထောင်ချောက်ထဲကို ဝင်လာလို့ကတော့ သူတို့ထိုက်နဲ့သူတို့ကံပဲလေ၊ သူတို့ သေကြရမှာပဲ"

ဟု လူငယ်ကပြောလိုက်လေသည်။

"ဒါပေမယ့် ခုနမိန်းကလေးက ဘယ်သူလဲဆိုတာ ငါ မခန့်မှန်းနိုင်ဘူး၊ သူ့ရဲ့ဝိညာဉ်စွမ်းအားက အရမ်းတည်ငြိမ်တယ်၊ သာမန်ကျင့်ကြံသူတော့ မဖြစ်နိုင်ဘူး"

မိန်းကလေးက ပြောလိုက်သည်။

"ငါ့အမြင်ပြောရရင်တော့ အဲဒီမိန်းကလေးနဲ့အတူပါလာတဲ့ လူငယ်က ပိုပြီးကြောက်စရာကောင်းတာ ၊ သူ့ရဲ့ အသက်ရှူသံကိုတောင်မကြားရတာ နင်သတိမထားမိဘူးလား ၊ ပြီးတော့ သူက တောတောင်ထဲမှာ လွင့်မျောသွားတဲ့ တိမ်တစ်စလိုပဲ ၊ သူကျင့်ကြံထားတဲ့ကျင့်စဉ်က တကယ်အံ့သြစရာကောင်းတာပဲ"

လူငယ်က ပြုံးပြီး ပြောလိုက်လေသည်။

သူက ဆန်းလျန်ကို အံ့သြစရာကောင်းသည်ဟု ပြောလိုက်သည့်တိုင် စိတ်ထဲမှ သိပ်မပါပေ။ ချီးကျူးစရာဖြစ်၍သာ ချီးကျူးလိုက်ခြင်းဖြစ်လေသည်။ သူတို့ ချွင်ယန်တာအို နန်းတော်မှ ကျင့်စဉ်ပညာများက အခြားသောကျင့်စဉ်ပညာများထက်ပိုပြီး အံ့သြစရာကောင်းသည် မဟုတ်ပါလား။

"သူတို့ဘယ်လောက်ပဲ ကြောက်စရာကောင်းကောင်း ဂိုဏ်းတူအစ်မကို ယှဉ်နိုင်မှာတဲ့လား ၊ ဒါပေမယ့် ဂိုဏ်းတူအစ်မက ချန်

ကျန့်မေနဲ့ လျှိုပေါ်တောင်မှာ ဓားသိုင်းပြိုင်ဖို့ချိန်းထားတော့ ငါ တို့ လေစွမ်းအားသားရဲ ဖမ်းတာကို လာမကူနိုင်မှာပဲ စိုးရိမ်ရ တယ်"

မိန်းကလေးက သက်ပြင်းချရင်း ပြောလိုက်သည်။

"ယွမ်ကျိုးနယ်မှာ ချန်ကျန့်မေလိုမျိုး တန်ခိုးစွမ်းအားကြီးမား တဲ့ ဓားတန်ခိုးရှင်တစ်ပါးထွက်ပေါ်လာတာ တကယ့်ကို အံ့သြ စရာပဲ ၊ ဒါပေမယ့် ငါသိသလောက်တော့ ချန်ကျန့်မေမှာ သူ့ ထက်အဆင့်မနိမ့်တဲ့ ဂိုဏ်းတူညီလေးတစ်ယောက် ရှိသေး တယ်တဲ့ ၊ ကြည့်ရတာ ယွမ်ကျိုးနယ်ကတော့ ဒီနှစ်တစ်ရာ အတွင်းမှာ အများကြီး တိုးတက်လာတာပဲ"

လူငယ်က ပုံမှန်လေသံဖြင့်ပင် ပြောလိုက်လေသည်။

"ဆရာတောင်ပြောသေးတယ် ၊ ယွမ်ကျိုးနယ်က တဖြည်းဖြည်း ပျက်စီးလာနေပြီ ၊ ဒါပေမယ့် ရှေးအချိန်ကတည်းက မိုးကောင်းကင်နတ်ဘုရားတွေ များစွာပေါ်ထွက်ခဲ့တယ်ဆိုတာ

ကိုတော့ ငြင်းလို့မရဘူးတဲ့ ၊ ဒါကြောင့် အံ့သြစရာတော့မရှိပါ

ဘူး ၊ ပြီးတော့ လောကပထမ ရှန်ဆန်းကျန်းရန် လုကျိုးယွမ်ဆို

တာလည်း ယွမ်ကျိုးနယ်ကပဲ မဟုတ်ဘူးလား"

မိန်းကလေးက ပြန်ပြောလိုက်သည်။

ထို့နောက် စကားပြောရင်းဖြင့်ပင် သူတို့နှစ်ယောက်သည်

မြူခိုးများကြားသို့ တိုးဝင်ပျောက်ကွယ်သွားကြလေ

တော့သည်။

အမှန်တော့ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီမှာ အဝေးသို့ ထွက်

ခွာသွားခြင်းမရှိပါ။ ဆန်းလျန်၏ ထုန်ထျန်းတန်ခိုးစွမ်းအားဖြင့်

အနီးအနားတွင်ပင် ပုန်းကွယ်နေကြခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့် သူတို့နှစ်ယောက်ပြောသည့် စကားများကို

အတိုင်းသား ကြားလိုက်ကြရလေသည်။

"ချင်ယန်တာအိုနန်းတော်ဆိုတာဘာလဲ”

ဆန်းလျန်က မေးလိုက်သည်။

"စန့်တုန့်နတ်ဘုရားရှစ်ပါးထဲက ချင်ယန်နတ်ဘုရားချန်ထားခဲ့တဲ့ ကျင့်စဉ်တွေကိုဆက်လက်ထိန်းသိမ်းထားကြတဲ့ နတ်ဘုရားဂိုဏ်းတစ်ခုပဲ ၊ ရှင်သူတို့ကို အထင်တော့သေးလို့မရဘူး ၊ သူတို့ရဲ့ ကျင့်စဉ်စွမ်းအားတွေက ရှင်တို့ ချင်းရှမ်နတ်တံခါးထက်မနိမ့်ဘူး ၊ ယွမ်ကျိုးနယ်ရဲ့ ပင်လယ်တစ်ဖက်ခြားက ထျန်းဟွာနယ်မှာ ထိပ်တန်းအဆင့်ရှိတဲ့ နတ်ဘုရားဂိုဏ်းတစ်ဂိုဏ်းပဲ ၊ အဲဒီမှာ လောကကို ကျော်လွန်တဲ့ နတ်ဘုရားတွေ အများကြီး ပေါ်ထွက်လေ့ရှိတယ်"

ကျောက်ရှောင်ယီက ပြန်ဖြေလိုက်လေသည်။

"ဒါဆို ထိုက်စန့်နတ်ဘုရားဂိုဏ်းက ယွမ်ကျိုးနယ်ကိုရွှေ့မလာခင် အရင်က ထျန်းဟွာနယ်မှာ ရှိခဲ့တာပေါ့"

ဆန်းလျန်က မေးလိုက်တော့ ကျောက်ရှောင်ယွီက ခေါင်းညိတ်လိုက်ရင်း...

"အမှန်ပဲ ၊ ထျန်းဟွာနယ်နဲ့ ကျွန်မတို့ရဲ့ ယွမ်ကျိုးနယ်က မိုင်ပေါင်းတစ်သန်းကျော်ဝေးတယ် ၊ တစ်နယ်နဲ့တစ်နယ်ကြားမှာ ပင်လယ်ခြားရုံတင်မကဘူး နတ်မိစ္ဆာသားရဲတွေလည်း ပေါများသေးတယ် ၊ ဒါကြောင့် ဒီနယ်နှစ်ခုက အဆက်အသွယ်မရှိသလောက်နည်းတယ် ၊ မိုးမြေစွမ်းအားနဲ့ပတ်သက်ရင် ယွမ်ကျိုးနယ်ဟာ ထျန်းဟွာနယ်ကို ဘယ်ယှဉ်နိုင်မှာလဲ ၊ ဒါကြောင့် ဘယ်လောက်ပဲ အရည်အချင်းအရှိတဲ့သူတွေပေါ်ထွက်ပါစေ သူတို့က ယွမ်ကျိုးနယ်ကို အထင်မကြီးကြဘူးလေ ၊ ဒါကြောင့်လည်း အဆက်အသွယ်မလုပ်ကြတာ"

ဆန်းလျန်မှာ ချင်းရှမ်နတ်တံခါးမှ ပညာရပ်နှင့် ဗဟုသုတပေါင်းများစွာကို လေ့လာထားသူဖြစ်သည့်တိုင် ယခု ကျောက်ရှောင်ယွီပြောပြသည့်အကြောင်းများကို သိရှိခြင်းမရှိပေ။

ထျန်းတိကျန်းသည် စြက်ဝဠာတစ်ခွင်နှင့် ကောင်းကင်ကိုးထပ်အထိ သိမြင်နိုင်လေသည်။ သို့သော် သူ့အနေဖြင့် ချင်းရှမ်နတ်

တံခါးမှ ထျန်းတိကျန်းကို ယူဆောင်လာခွင့်မရှိပေ။ ထျန်းတိကျန်းသာပျောက်ဆုံးသွားလျှင် ချင်းရွှမ်နတ်တံခါးသည် အကြီးအကျယ် ပြဿနာဖြစ်ရပေမည်။

ထို့ပြင် ကျောက်ရှောင်ယွီမှာ ယခုကိစ္စများအားလုံးကို သိရှိနေသည့်အတွက် ဆန်းလျန်စိတ်ထဲတွင် မတင်မကျဖြစ်နေမိလေသည်။ ကြာပန်းကိုးပွင့်ကျောင်းတော်၏ သူတော်စင်မိန်းမပျိုဖြစ်ရုံမျှဖြင့် ယခုအကြောင်းအရာများကို သိရှိနေစရာအကြောင်းမရှိပေ။ ကျောက်ရှောင်ယွီတွင် သူမသိသည့် အခြားသော လျှို့ဝှက်ချက်များရှိနေဦးမည်ဟု ဆန်းလျန် တွေးလိုက်မိလေသည်။

သို့သော် သူတစ်ပါး၏လျှို့ဝှက်ချက်ကို ဆန်းလျန်က စိတ်မဝင်စားပါ။ ဆန်းလျန်ကိုယ်တိုင်မှာလည်း အခြားသော ခေတ်ပေါ်ကမ္ဘာမှရောက်ရှိလာခဲ့သည့်ကိစ္စနှင့် စိတ်ဝိညာဉ်များကိုထိန်းချုပ်နိုင်ခြင်းစာအုပ်ကို ကျင့်ကြံခဲ့သည့်အကြောင်းများ

ကို မည်သူ့ကိုမှ အသိမပေးဘဲ လျှို့ဝှက်ထားခဲ့လေသည်။

ဆရာသခင်ကျန်းရော့ရှီးတစ်ယောက်ကိုသာ ပြောပြခဲ့ခြင်းဖြစ်

ပြီး အခြားမည်သူ့ကိုမျှ ပြောပြခဲ့ခြင်းမရှိပေ။

"အဲဒီလိုလား ၊ ဒါပေမယ့် စောစောက သူတို့က ဂိုဏ်းတူအစ်ကို

ချန်ကျန့်မေနဲ့ ကျုပ်ကို ချီးကျူးစကားပြောသွားတာတော့

ကျုပ်အရမ်းပျော်တာပဲ"

ဟု ဆန်းလျန်က ရယ်မောရင်း အရွှန်းဖောက်လိုက်လေသည်။

"သူတို့ပြောပုံအရဆိုရင်တော့ သူတို့ရဲ့ဂိုဏ်းတူအစ်မဆိုတဲ့သူ

က တော်တော်ကြောက်စရာကောင်းမယ့်ပုံပဲ ၊ သူတို့ဂိုဏ်းတူ

အစ်မ ရှင့်ကို အနိုင်ကျင့်တော့မှ ဒီလိုမျိုးရယ်နိုင်မလား စောင့်

ကြည့်ဦးမယ်"

ကျောက်ရှောင်ယွီက ဆန်းလျန်ကို ပြန်လည် စ နောက် လိုက်

လေသည်။

"အမလေး ဘယ်လောက်တော်တော်ပါဗျာ ၊ လောကမှာ တောင်တစ်တောင်ထက် နောက်တစ်တောင်က ပိုမြင့်စမြဲပါပဲ ၊ ကျုပ်ကတော့ မာနမကြီးရဲပါဘူး"

ဆန်းလျန်က ပြန်ဖြေလိုက်လေသည်။

ထို့နောက်တွင်တော့ သူတို့နှစ်ယောက်သည် "မည်သူ့ကိုမှ ဂရုမစိုက်" ဆိုသည့်ပုံစံဖြင့် ယိချီရွှမ်ယန်အရံအတားထောင်ချောက်ထဲသို့ ဝင်ရောက်သွားကြလေတော့သည်။ သူတို့နှစ်ယောက်လုံး၏ ဝိညာဉ်စွမ်းအားမြင့်မားမှုကြောင့် ယိချီရွှမ်ယန်အရံအတားထောင်ချောက်သည် သူတို့ကို အနှောက်အယှက် မပေးနိုင်ခဲ့ပေ။

အခန်း (၂၄၀)

ကျန်းဟန်ယင်း

ဆန်းလျန်က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ ထိန်းချုပ်မှု အဆင့်ကို အသုံးပြုထားသည့်အတွက် မည်သည့်အရံအတား ကိုမဆို ထိုးဖောက်ဝင်ရောက်နိုင်လေသည်။

ချွင်ယန်တာအိုနန်းတော်မှာ တပည့်နှစ်ယောက်မှာ ဆန်းလျန်မှာ ကြီးမြတ်သည့် ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက် ဖြစ်သည်ဟု မည်သို့မျှ ထင်မှတ်မည်မဟုတ်ပေ။ ထျန်းဟွာနယ် ရှိ နတ်ဘုရားဂိုဏ်းဆယ်ဂိုဏ်းထက် ချင်းရွှမ်နတ်တံခါးက အဆင့်နိမ့်ကျခြင်းမရှိပေ။ ထျန်းဟွာနယ်တစ်ခုလုံးတွင်ပင် ချ င်းရွှမ်နတ်တံခါးမှ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ယှဉ်ပြိုင် နိုင်သည့် ကျင့်စဉ်မရှိပေ။

ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်ရုံသာမက ယွမ်ကျိုးနယ်ရှိ ကျင့်ကြံသူလောကတွင် အထင်ကရပုဂ္ဂိုလ်

တစ်ယောက် ဖြစ်လေသည်။ ယိချီရွှမ်ယန်အရံအတား ထောင်ချောက်သည် သူ့ကိုသာ တားဆီးနိုင်မည်ဆိုလျှင် လူ ရယ်စရာဖြစ်ပေလိမ့်မည်။

ကျောက်တုံးများ ၊ သစ်မာပင်များ ၊ မြက်ရိုင်းများမှာ တကယ် တော့ အသက်ဓာတ်စွမ်းအားများကို အသွင်ပြောင်းကာ ဖန်ဆင်းထားခြင်းဖြစ်လေသည်။ အရံအတားထောင်ချောက် အတွင်းသို့ ဝင်ရောက်လာပါက ထိုအသက်ဓာတ်စွမ်းအားများ မှာ သားရဲများအသွင်ကူးပြောင်းသွားပြီး ဝင်ရောက်လာသူကို တိုက်ခိုက်ကြမည်ဖြစ်လေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီမှာ ထိုသားရဲများဖြင့် တိုက်ခိုက်ရမည်ကို ကြောက်ရွံ့ခြင်းမရှိပါ။ သို့သော် သူတို့က အရံအတာထောင်ချောက်ကိုဖျက်စီးပြီး ကိုယ့်ဒုက္ခကိုယ်မရှာ ချင်သောကြောင့်သာ လျှို့ဝှက်ပြီး ထောင်ချောက်အတွင်းသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်လေသည်။

ကျောက်ရှောင်ယွီက သူနှင့် ဆန်းလျန်မှာ တန်ခိုးစွမ်းအား သိပ် ပြီးကွာခြားခြင်းမရှိဟု ယူဆထားသည့်တိုင် စိတ်ပျက် အားလျော့နေမိလေသည်။ ဆန်းလျန်မှာ ကျင့်စဉ်လမ်းအဆင့် ကိုးဆင့်မှ နောက်ဆုံးအဆင့်ဖြစ်သည့် ဖော့ဝမ့်အဆင့်သို့ပင် တက်ရောက်နိုင်ခြင်းမရှိသေးသည့်တိုင် သူ၏တန်ခိုးစွမ်းအား မှာ ခန့်မှန်း၍မရနိုင်လောက်အောင် မြင့်မားနေပြီဖြစ်လေသည်။ သို့သော် ကျောက်ရှောင်ယွီက အချိန်အကြာကြီး စိတ်ပျက် အားလျော့နေခြင်းတော့ မရှိပါ။ သူမရင်ထဲမှ ရည်မှန်းချက်များ အတွက် စိတ်အားပြန်တင်းလိုက်လေသည်။

ကျောက်ရှောင်ယွီမှာ ဆန်းလျန်အကြောင်းကို တွေးနေသည့် တိုင် သတိလွတ်သွားခြင်းတော့မရှိပါ။ သူတို့နှစ်ယောက်သည် အလွန်လျှင်မြန်လှသောအရှိန်ဖြင့် လမ်းလျှောက်လာလေရာ မိုင်သုံးဆယ် လေးဆယ်ခန့်ပင် ခရီးရောက်လာပြီဖြစ်လေ သည်။

ဆန်းလျန်က ရုတ်တရက် ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး ကျောက်တုံးကြီးတစ်ခုထက်တွင် မတ်တပ်ရပ်လိုက်သည်။

"ကျွန်မတို့ ထောင်ချောက်ရဲ့ အတွင်းပိုင်းကို ရောက်လာကြပြီလား"

ကျောက်ရှောင်ယွီက မေးလိုက်သည်။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း....

"ဟုတ်မယ်ထင်တယ်၊ ပြီးတော့ ကြည့်ရတာ ထောင်ချောက်ထဲကို ဝင်လာတာ ကျုပ်တို့နှစ်ယောက်တည်း မဟုတ်ဘူးထင်တယ်"

"ရှင်ကတော့ တကယ့်အချိန်ကောင်းမှာ လေစွမ်းအားသားရဲကို လာဖမ်းမိတာပဲ၊ လူကိုစုံနေတာပဲ"

ကျောက်ရှောင်ယွီက ရယ်မောရင်းပြောလိုက်လေသည်။

ဆန်းလျန်က ပတ်ဝန်းကျင်မှ သစ်ပင်များကိုလေ့လာနေလိုက်သည်။ မိုးမခပင်များမှာ အောက်ဘက်ပိုင်းတွင် အစီအရီပေါက်

နေကြလေသည်။ ထိုသစ်ပင်များကြားမှ စမ်းချောင်းလေးထဲ
တွင် ရေများ တစ်ဖွမ်းဖွမ်းစင်သံ ထွက်ပေါ်လာလေသည်။
ကြည့်ရသည်မှာ ထိုနေရာမှ သားရဲနှစ်ကောင် သုံးကောင်ခန့်
ဖြတ်သန်းသွားကြသည့် အသံမျိုးဖြစ်လေသည်။
ဆန်းလျန်က မိုးမြေစွမ်းအားများကို အာရုံခံကြည့်လိုက်သည့်
အခါတွင်တော့ ကျင့်စဉ်အမျိုးမျိုးကို ကျင့်ကြံထားကြသည့်
ကျင့်ကြံသူ ခြောက်ယောက်ထက်မနည်း ရောက်နေကြသည်ကို
အာရုံခံလိုက်မိလေသည်။ သူတို့အားလုံး မှာ အဆင့်မြင့်
ကျင့်ကြံသူများဖြစ်ကြလေသည်။
သူတို့၏ တည်ရှိမှုကို အာရုံခံနိုင်ရန်မှာ အလွန်ခက်ခဲလေသည်။
ဆန်းလျန်၏ ထုန်ထျန်းတန်ခိုးစွမ်းအားနှင့် ထိုက်ရှီးတန်ခိုး
စွမ်းအားများကြောင့်သာမဟုတ်လျှင် ထိုလူများရောက်ရှိ
နေသည်ကို အာရုံခံ၍ရနိုင်မည် မဟုတ်ပေ။ ထိုအချိန်မှာပင် မိုင်
ငါးဆယ်ခန့်အဝေးဆီမှ ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာလေ

သည်။ ထိုဓားဝိညာဉ်မှာ မြစ်ရေပြင်ထက်မှ ရေခိုးရေငွေ့များကဲ့သို့ အေးစက်လွန်းနေလေသည်။ ထိုဓားဝိညာဉ်ကိုခံစားမိသူတိုင်း ကျောရိုးထဲအထိ အေးစိမ့်သွားလောက်လေသည်။ ထိုဓားဝိညာဉ်ကိုကြည့်ခြင်းအားဖြင့် ဓားသိုင်းကျင့်ကြံသူမှာ ဓားပညာတွင် တစ်ဖက်ကမ်းခတ်ထက်မြက်သူဖြစ်ကြောင်း သိရှိနိုင်လေသည်။ ထိပ်တန်းအဆင့် ဓားသိုင်းသမားတစ်ယောက်ဖြစ်မည်မှာ မလွဲပေ။

ကျင့်ကြံသူများထဲတွင် ဓားသိုင်းကျင့်ကြံသူများမှာ တန်ခိုးစွမ်းအား အဆင့်အမြင့်မားဆုံးသူများဟု ဆိုနိုင်လေသည်။ ထို့ပြင် ဓားသိုင်းကျင့်ကြံသူများသည် အခြားသောကျင့်ကြံသူများနှင့် တူညီခြင်းမရှိကြပေ။ နတ်ဘုရားကျောင်းတော်များနှင့် ကျင့်ကြံသူဂိုဏ်းများသည် နတ်ဘုရားတစ်ပါးဖြစ်ချင်သောကြောင့်သာ ကျင့်ကြံကြခြင်းဖြစ်လေသည်။ ဓားသိုင်းကျင့်ကြံသူများကတော့ သူတို့ရှေ့မှရှိသမျှအရာအားလုံးကို

ဓားတစ်လက် ၊ ဓားချက်တစ်ချက်တည်းဖြင့်ဖြေရှင်းလိုက်သည်ချည်းပင်ဖြစ်လေသည်။

ဆန်းလျန်၏ အစ်ကိုဖြစ်သူ ချန်ကျန့်မေသည်ပင် ထိုသို့သောလူစားမျိုးဖြစ်လေသည်။

ဆန်းလျန်မှာဓားသိုင်းကျွမ်းကျင်သူတစ်ယောက်ဖြစ်သည့်တိုင်ဓားသိုင်းကျင့်ကြံသူတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် သူကတော့ ကိစ္စရပ်အားလုံးကို ဓားတစ်လက်ဖြင့် ဖြေရှင်းတတ်သူမဟုတ်ပေ။

ကျောက်ရှောင်ယွီကလည်း ဓားဝိညာဉ်ကို ခံစားလိုက်လိုက်လေသည်။ ထို့ကြောင့် သူမက မျက်မှောင်တစ်ချက်ကြုံ့လိုက်သည်။

"ကျုပ်တို့ သွားကြည့်ကြရအောင်"

ဆန်းလျန်က ပြောလိုက်တော့ ကျောက်ရှောင်ယွီကခေါင်းညိတ်ပြလိုက်သည်။

သူမနှင့် ဆန်းလျန် လေထဲသို့ တစ်ချက်ခုန်ဝင်လိုက်လေသည်။

ကျောက်ဆောင်များကြားထဲတွင် တောင်ပေါ်စမ်းချောင်းလေး

တစ်ခုကို တွေ့လိုက်ရလေသည်။ ထိုစမ်းချောင်းလေးမှာ ခြုံ

ပုတ်များနှင့် သစ်ပင်ကြီးများကြားမှ ဖြတ်သန်းပြီး လှပစွာစီး

ဆင်းနေလေသည်။

စမ်းချောင်းလေးစီးဆင်းသံမှာလည်း သာယာနာပျော်ဖွယ်ရှိလှ

သည်။ သဘာဝဆန်လွန်းလှလေသည်။ သဘာဝတရား၏ ဂီတ

သံဟုပင်ဆိုနိုင်လေသည်။

သူတို့နှစ်ယောက် စမ်းချောင်းလေးနားတွင်ဆင်းသက်လိုက်ပြီး

ရှေ့သို့ အနည်းငယ်ဆက်လျှောက်လိုက်ကြသည်။

ထိုအချိန်မှာပင်...

ရှေ့ဘက်ပေတစ်ရာခန့်အကွာအဝေးရှိ သစ်ပင်ကြီးတစ်ပင်တွင်

ကပ်နေသည့် လူတစ်ယောက်ကို သူတို့တွေ့လိုက်ရလေသည်။

ထိုသူ၏ဝမ်းဗိုက်တွင် ဓားနှစ်လက်စိုက်ဝင်နေပြီး ထိုဓားနှစ်

လက်ကြောင့်ပင် ထိုသူမှာ သစ်ပင်ကြီးတွင် စိုက်ဝင်နေရခြင်း ဖြစ်လေသည်။ ဓားနှစ်လက်မှာ တစ်လက်ကအနက်ရောင် တောက်ပနေပြီး ကျန်ဓားတစ်လက်က အဖြူရောင်တောက်ပ နေလေသည်။

ကျောက်ရှောင်ယွီ၏ခြေလှမ်းများတစ်ချက်တုန့်ဆိုင်းသွား ပြီး...

"ဒါ တာအိုဆရာချီရှုံရဲ့ ဓားမောင်နှံပဲ ၊ ဘယ်လိုလုပ် ဒီနေရာကို ရောက်နေရတာလဲ"

တာအိုဆရာချီရှုံမှာ အလွန်ကျော်ကြားသည့် ပုံမှန်မဟုတ်သည့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ သူက အမှတ်မထင် နတ်ဘုရားချစ်သူမောင်နှံနှင့် ဆုံတွေ့ခဲ့ရပြီး ဓားမောင်နှံကို ရရှိခဲ့ ခြင်းဖြစ်လေသည်။ ထိုဓားမောင်နှံမှာ ရှေးကျပြီး နတ်ဘုရား မောင်နှံရောင်စဉ်ဓားဟုလည်း လူသိများကြလေသည်။

ထို့ပြင် ဓားမောင်နှံဓားသိုင်းပညာတွင် လောကအမှန်တရားများပါဝင်ပြီး အလွန်အစွမ်းထက်မြက်သည့် ဓားသိုင်းတစ်ခုဖြစ်လေသည်။ လူအများပြောကြသည်မှာ တာအိုဆရာချီရှုံမှာနတ်ဘုရားအမြုတေကိုရရှိပြီး ဟိုင်သန်းအဆင့်ကို အဆင့်လေးဆင့်ဖြင့် တက်ရောက်ခဲ့သူတစ်ယောက်ဖြစ်လေသည်။ သူ၏ဂုဏ်သတင်းမှာကြီးမားသည့်တိုင် သူ၏အသက်မှာ နှစ်ပေါင်းရှစ်ရာနီးကပ်လာပြီဖြစ်သည့်အတွက် လူ့ဘဝသက်တမ်းကုန်ဆုံးရမည့်အချိန်သို့ နီးကပ်လာပြီဖြစ်လေသည်။ ထို့ကြောင့်တာအိုဆရာချီရှုံမှာလည်း လေစွမ်းအားသားရဲကို လာရှာသည့်သူဖြစ်နိုင်လေသည်။

ကျောက်ရှောင်ယွီက နတ်ဘုရားစွမ်းအားအသုံးပြုကာ ထိုသူမှာ တာအိုဆရာချီရှုံ ဟုတ် မဟုတ် အာရုံခံကြည့်လိုက်လေသည်။ ထိုသူမှာ တာအိုဆရာချီရှုံ ကိုယ်တိုင်ပင်ဖြစ်လေသည်။

သို့သော် တာအိုဆရာချီရှုံမှာ သူပိုင်ဆိုင်သည့်ဓားနှစ်လက်ဖြင့် အဘယ့်ကြောင့် သေဆုံးနေရပါသနည်း။

ဆန်းလျန်ကတော့ရှေ့သို့ ဆက်သွားလိုက်လေသည်။ သို့သော် သူက အခြေအနေကိုလေ့လာရင်း ခပ်ဖြည်းဖြည်းသာ သွားနေခြင်းဖြစ်လေသည်။

စမ်းချောင်းလေးနံဘေးရှိ ခြုံပုတ်တစ်ခုပေါ်တွင် အပ်စြက်ာဗူးလေးတစ်ခုကို တွေ့လိုက်ရလေသည်။ အပ်စြက်ာဗူးလေးမှာ အရောင်မှိန်နေပြီဖြစ်သည်။ ခြုံပုတ်ပေါ်ရှိ သစ်ကိုင်းတစ်ခုထက်တွင် အလောင်းတစ်လောင်းကို တွေ့လိုက်ရလေသည်။

ထိုအပ်စြက်ာဗူးလေးမှာအသူရာအပ်စြက်ာ ဖြစ်ကြောင်း ဆန်းလျန်သိလိုက်လေသည်။ ထိုအပ်စြက်ာဗူးလေးထဲတွင် စွမ်းအားလှည့်ပတ်မှုနှင့်ဆက်စပ်သည့် အပ်စြက်ာ သုံးရာခြောက်ဆယ့်ငါးခု ပါဝင်လေသည်။ ထိုအပ်စြက်ာဗူးလေး စွမ်းအားမြင့်လာသည်အချိန်နှင့် ကျင့်ကြံသူ၏တန်ခိုးစွမ်းအား ပေါင်းစပ်

လိုက်ပါက မည်သို့မျှ ကာကွယ်ရန် မဖြစ်နိုင်တော့ပေ။ ထိုအပ်ဖြက်ာများဖြင့် ထိမိသူတိုင်းမှာ အသက်ဆုံးရှုံးရပြီး ဝိညာဉ်သည် အသူရာချောက်သို့ ကျိန်းသေရောက်ရှိသွားမည်ဖြစ်လေသည်။

ချောင့်တုန့်အဆင့်ကျင့်ကြံသူတစ်ယောက်သည် အသူရာအပ်ဖြက်ာကိုအသုံးပြုပြီး ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်ကိုပင် သတ်ဖြတ်ခဲ့ဖူးလေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် အသူရာအပ်ဖြက်ာမှာ မည်မျှအစွမ်းထက်ကြောင်း သိသာနိုင်လေသည်။ သို့သော် အသူရာအပ်ဖြက်ာကို ပိုင်ဆိုင်သူမှာ လူကောင်းထက် လူဆိုးတစ်ယောက်သာ ဖြစ်နိုင်လေသည်။

သူတို့နှစ်ယောက် အနည်းငယ်ရှေ့ဆက်သွားသည့်အခါတွင်တော့ ကျောက်ဆောင်တစ်ခုထက်တွင် အလောင်းတစ်လောင်းကို ထပ်မံတွေ့မြင်ရပြန်လေသည်။ ထိုအလောင်းပေါ်တွင် ဓား

ဒဏ်ရာနက်နက်တစ်ချက်ရှိနေလေသည်။ဓားဒဏ်ရာမှာ အနက်ရောင်နှင့်အဝါရောင်ဖြစ်နေပြီး ဒဏ်ရာမှ သွေးများထွက်နေခြင်းမရှိပေ။ ထိုသူ၏ခန္ဓာကိုယ်မှာ သာမန်ထက်အနည်းငယ်ကြီးမားနေလေသည်။

ထို့ပြင် သူ၏ခန္ဓာကိုယ်မှာ သက်ရှိသံမဏိတိုင်တစ်ခုအလားမာကျောကြံ့ခိုင်လွန်းလေသည်။ ထိုသူမှာ ဗုဒ္ဓဘာသာကျောင်းတော်များမှ ရွှေခန္ဓာကျင့်စဉ်နှင့် အရည်အချင်းညီမျှသည့် "နတ်ဘီလူးကျင့်စဉ်" ကိုကျင့်ကြံထားသည့် လူတစ်ယောက်ဖြစ်လေသည်။ နတ်ဘီလူးကျင့်စဉ်မှာ တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရှေးဟောင်းကျင့်စဉ်တစ်ခုဖြစ်လေသည်။

ဒဏ္ဍာရီများထဲတွင်တော့ နတ်ဘီလူးကျင့်စဉ်ကိုကျင့်ကြံလျှင်အဆုံးထိကျင့်ကြံနိုင်မှသာ နတ်ဘုရားတစ်ပါးဖြစ်လာနိုင်သည်ဟု အဆိုရှိလေသည်။ ထိုကျင့်စဉ် ကျင့်ကြံအောင်မြင်ပါကတောင်များကိုပင်မနိုင်ပြီး မြစ်များကိုလည်း ထက်ပိုင်းခွဲနိုင်

မည်ဖြစ်လေသည်။ထိုပညာသည် ရွှေခန္ဓာကျင့်စဉ်ထက်

အဆင့်မနိမ့်ပေ။

ရှေးခေတ်အချိန်အခါတုန်းက ဒေသတစ်ခုတွင်တောင်ကြီး

တစ်လုံးကာဆီးနေသည့်အတွက် ရေကြီးရေလျှံမှုများဖြစ်ပေါ်

ခဲ့လေသည်။ မြစ်ရေများမှာ ပင်လယ်ထဲသို့စီးမဝင်နိုင်

သည့်အတွက် ဒေသတစ်ခုလုံးမှာ ရေနစ်မြုပ်ရလေသည်။

လူသားများမှာ ထိုဘေးဒုက္ခကိုမခံစားနိုင်တော့သည့်အတွက်

အနီးအနားရှိကျင့်ကြံသူများကို အကူအညီတောင်းခဲ့ကြလေ

သည်။

ထိုအချိန်မှာပင် နတ်ဘီလူးကျင့်စဉ်ကိုကျင့်ကြံသည့် အဆင့်

မြင့်ကျင့်ကြံသူတစ်ဦးပေါ်ထွက်လာပြီး ပိတ်ဆို့နေသည့်တောင်

ကို ညတွင်းချင်းပင်ရွှေ့ပြောင်းကာ ဒေသတစ်ခုလုံးကို ရေကြီး

ရေလျှံဘေးအန္တရာယ်မှ ကယ်တင်ပေးခဲ့လေသည်။

ထို့ကြောင့်ပင် အချို့သောဒေသများတွင်နတ်ဘီလူး

ဝတ်ကျောင်းတော်များ တည်ထားကိုးကွယ်ကြပြီး ဆုတောင်းမှု

များ ပြုလုပ်လေ့ရှိကြလေသည်။

ကျောက်ဆောင်ပေါ်တွင် သေဆုံးနေသည့်လူ၏ နတ်ဘီလူး

ကျင့်စဉ်စွမ်းအားမှာ သိပ်ပြီး နက်ရှိုင်းခြင်း မရှိသေးပါ။

ထို့ကြောင့် အန္တရယ်ကို မကျော်လွှားနိုင်ခြင်း ဖြစ်ဟန်တူလေ

သည်။ သူ၏ ဓားဒဏ်ရာမှာ သွေးမထွက်ဘဲ အနက်ရောင်နှင့်

အဝါရောင် ပြောင်းသွားသည်ကိုကြည့်ခြင်းအားဖြင့် တောင်

များကို လှုပ်ခါနိုင်သည့် နတ်ဘီလူးကျင့်စဉ် ပထမအဆင့်သာ

အောင်မြင်သေးသူ ဖြစ်ဟန်တူလေသည်။ သို့သော် သူ၏

ခန္ဓာကိုယ်တည်ဆောက်ပုံနှင့် တန်ခိုးစွမ်းအားများကို သာမန်

အဆင့် ပုရှီးအဆင့်ကျင့်ကြံသူတစ်ယောက်ပင်လျှင် ရင်ဆိုင်

ရန်ခက်ခဲမည်ဖြစ်လေသည်။

ထို့ပြင် နတ်ဘီလူးကျင့်စဉ်တွင် နောက်ထပ်ထူးခြားချက်တစ်ခု ရှိသေးသည်။နတ်ဘီလူးကျင့်စဉ်ကျင့်ကြံသူ၏အတွင်းအားမှာ သန့်စင်ပြီး အလွန်မှသိပ်သည်းလေသည်။ ထိုသန့်စင်သည့်နတ်ဘုရားအတွင်းအား ကိုယ်ထဲတွင် စီးဆင်းနေသရွေ့ သူ၏အသက်သေဆုံးနိုင်မည် မဟုတ်ပေ။ ရန်သူမှာ ကြောက်စရာကောင်းလွန်းပြီး သူ၏ကိုယ်ထဲမှ နတ်ဘုရားအတွင်းအားကို ရပ်တန့်လိုက်နိုင်မှသာလျှင် ထိုသို့သောသူမျိုးကို အသေသတ်နိုင်မည်ဖြစ်လေသည်။

လက်ရှိအချိန်တွင်တော့ နတ်ဘီလူးကျင့်စဉ်ကိုလေ့ကျင့်သည့်သူမှာမရှိသလောက် နည်းပါးလာခဲ့ပြီဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် လေ့ကျင့်ရခက်ခဲပီး ကျင့်ကြံစဉ်တွင်လည်း နာကျင်မှုကို ပြင်းထန်စွာခံစားရလေသည်။ ကျင့်စဉ် မအောင်မြင်မချင်း သာမန်လူတစ်ယောက်ကဲ့သို့ပင် အသက်တို

မည်ဖြစ်ပြီး သက်တမ်းကို ဆွဲဆန့်မထားနိုင်ပေ။ ထို့ကြောင့် သက်တမ်းမကုန်မီ အပြင်းအထန်လေ့ကျင့်ရလေသည်။ ယခုတော့ ရှားရှားပါးပါး နတ်ဘီလူးကျင့်စဉ် ကျင့်ကြံသူတစ်ယောက် သေဆုံးသွားပြီဖြစ်သည့်အတွက် ထိုပညာကို ဆက်ခံသူပင် မရှိလောက်တော့ပေ။ စိတ်မကောင်းစရာ ဖြစ်ရပ်ပင်ဖြစ်လေသည်။

"ရှင်နဲ့ ကျွန်မ နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်မယ်ဆိုရင်တောင် ဒီ ကျင့်ကြံသူသုံးယောက်ကို ဒီလောက်မြန်မြန် အနိုင်ယူနိုင်မှာ မဟုတ်ဘူး ၊ ဒီသုံးယောက်ကို တစ်ချက်တည်းနဲ့တိုက်ခိုက်လိုက်နိုင်တဲ့သူရဲ့ ဓားသိုင်းက တကယ့် ကြောက်စရာဓားတန်ခိုးစွမ်းအားပဲ"

ကျောက်ရှောင်ယွီက လေးလေးနက်နက်ဖြင့် ပြောလိုက်လေသည်။

ကျင့်ကြံသူသုံးယောက်ကို တိုက်ခိုက်သူမှာ ဆန်းလျန်နှင့်
ကျောက်ရှောင်ယွီတို့ ခံစားမိသည့် အေးစက်သည့်ဓားဝိညာဉ်
ကို ပိုင်ဆိုင်သူ ဖြစ်ရပေမည်။ ထိုသူမှာ ချွင်ယန်တာအိုနန်းတော်
မှ တပည့်နှစ်ယောက်ပြောနေကြသည့် ဂိုဏ်းတူအစ်မဆိုသူ
ဖြစ်နိုင်လေသည်။

သူတို့နှစ်ယောက် ရှေ့ဆက်လျှောက်လာကြလေသည်။
သူတို့ရှေ့တွင် အဖြူရောင်မြူခိုးပါးပါးလေးများကိုတွေ့ရပြီး
လေထုက အေးစက်နေလေသည်။ အဆင့်မြင့်ကျင့်ကြံသူဖြစ်
သည့် သူတို့နှစ်ယောက်ပင်လျှင် အေးစိမ့်မှုကို ခံစားလိုက်ကြရ
လေသည်။

ထိုအေးစိမ့်မှုမှာ ယိချီရွှမ်ယန် အရံအတားထောင်ချောက်
ကြောင့် ခံစားရခြင်းမဟုတ်ပေ။ ထိုအဖြူရောင်မြူခိုးများမှာ
ဓားဝိညာဉ်မှ ထွက်ပေါ်လာသည့် မြူခိုးများဖြစ်ပြီး ထိုမြူခိုး
များက သဘာယဝအလျှောက် အသက်ဓာတ်စွမ်းအားများနှင့်

ပေါင်းစပ်သွားသည့်အတွက် အေးစိမ့်မှုကို ခံစားရခြင်းဖြစ်လေသည်။

မြူခိုးများမှာ ထူထပ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် မြင်တွေ့ရခြင်း မရှိတော့ပေ။

နေရောင်ခြည်ကတော့ မြူခိုးများကို ထိုးဖောက်ကျဆင်းနေလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အိပ်မက်ဆန်သည့် နတ်ဘုံနတ်နန်းတစ်ခုအလားပင် ထင်မှတ်ရလေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီမှာ သတိမမူမိခင်မှာပင် တိတ်ဆိတ်ငြိမ်သက်နေသည့် ချောက်ကမ်းပါးယံ တစ်ခုအနားသို့ ရောက်ရှိလာကြလေသည်။

သူတို့ရှေ့တွင် ရေကန်ငယ်လေးတစ်ခုကိုတွေ့ရပြီး တောင်ထိပ်ပေါ်မှ မြစ်ရေများက ထိုရေကန်ငယ်လေးအတွင်းသို့ စီးဝင်နေလေသည်။ ရေကန်လေးမှပြန်လည် စီးထွက်နေသည့်ရေမှာ

ချောက်ကမ်းများယံထက်မှ ရေတံခွန်လေးအလားစီးဆင်းသွား
လေသည်။

ထိုရေကန်လေးဘေးတွင် အနီရောင်ဝတ်စုံဝတ်ဆင်ထားသည့်
မိန်းမပျိုတစ်ယောက်ရှိနေလေသည်။

အေးစိမ့်သည့် မြူခိုးတိမ်တိုက်များက သူမကို ဝန်းရံထားလေ
သည်။ သူမ၏ ခြေထောက်နားတွင် အစိမ်းရောင် အမွေးရှိ
သည့် သတ္တဝါလေးတစ်ကောင် ရှိနေလေသည်။ ထိုသတ္တဝါ
လေးမှာ သတိလစ်နေပုံရပြီး ဆန်းလျန်လိုချင်နေသည့် လေ
စွမ်းအားသားရဲပင်ဖြစ်လေသည်။

ဆန်းလျန်၏ စိတ်အာရုံစူးစိုက်မှုမှာ မိုင်ပေါင်းများစွာအဝေးမှ
လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကိုပင် အသေးစိတ် အာရုံခံနိုင်
လေသည်။ သို့သော် ထို အနီရောင်ဝတ်မိန်းမပျို၏ ပုံသဏ္ဌာန်ကို
တော့ ဆန်းလျန်မှာ ရှင်းလင်းစွာ အာရုံမခံနိုင်ဖြစ်နေရလေ
သည်။

ဆန်းလျှန်က ပိုပြီး စိတ်အာရုံစူးစိုက်လေ...

သူ၏စိတ်များပိုပြီး အာရုံစိုက်မရလေ ဖြစ်နေရလေသည်။

ကျောက်ရှောင်ယွီက လက်ညိုးနှင့်လက်ခလယ်ကို မြူခိုးများ

အတွင်းသို့ ထိုးညွှန်လိုက်လေသည်။ သူမ၏ လက်မှ

အလင်းတန်းတစ်ခု ဖြာထွက်လာပြီး အဖြူရောင် မြူခိုးများကို

ထိုးခွင်းလိုက်လေသည်။ သူမ၏ ဝူရှန်သိုင်းကွက်မှာ ယခင်က

ထက်ပိုပြီး စွမ်းအားကြီးမားလာသည်ဟု ဆန်းလျှန်စိတ်ထဲမှ

တွေးလိုက်မိသည်။ သူမသုံးလိုက်သည့် သိုင်းကွက်ကြောင့်

အနီရောင်ဝတ်မိန်းမပျို၏ အကြည့်က သူတို့ထံသို့ ကျ

ရောက်လာလေသည်။

သို့သော် သူမ၏ ဝူရှန်သိုင်းကွက်မှာ အေးစက်နေသည့် မြူခိုး

များကြားတွင် ပျောက်ကွယ်သွားပြီး အနီရောင်ဝတ်မိန်းမပျို၏

ဓားဝိညာဉ်ကို တွန်းလှန်နိုင်ခြင်းမရှိပေ။

အနီရောင်မိန်းမပျို၏ ဆန်းသစ်စလဆန်းအလား မျက်ခုံးလေး

များက တွန့်ချိုးသွားပြီး မျက်မှောင် တစ်ချက်ကြုံ့လိုက်လေ

သည်။ သူမ၏ မျက်နှာကျမှာ ဘဲဥပုံသဏ္ဍာန်ဖြစ်ပြီး

အသားအရေမှာ နှင်းပွင့်လေးအလား ဖြူစင်လွန်းလေသည်။

သူမ၏ ခန္ဓာကိုယ်မှာလည်း သွယ်လျ လှပလွန်းလေသည်။

သူမကိုကြည့်ရသည်မှာ မက်မွန်ပွင့်လေးတစ်ပွင့်နှင့်ပင် ဆင်တူ

လေသည်။

"ဆောင်ဦးရာသီ....

အေးစက်စက်မြစ်ရေပြင်ဆီမှာ....

အရိပ်ထင်နေသော ပိုးသားလေးအလား"

ဆိုသည့်ကဗျာကို ဆန်းလျှန်သတိရလိုက်မိသည်။

ထိုကဗျာလေးမှာ အနီရောင်ဝတ်မိန်းမပျိုနှင့် လွန်စွာမှ

လိုက်ဖက်ညီသည့် ကဗျာလေးပင်ဖြစ်လေသည်။

“ဝူရှန်သိုင်းကွက်ပါလား ၊ မင်းက ကြာပန်းကိုးပွင့်ကျောင်းတော်က သူတော်စင်မိန်းမပျိုလား”

အနီရောင်ဝတ်မိန်းကလေးက မေးလိုက်သည်။

သူမ၏ပုံစံက သန့်စင်ပြီး မာနကြီးသည့်ပုံလည်း ပေါက်လေသည်။ သူမ ကျောက်ရှောင်ယွီကို ကြည့်လိုက်သည့်အကြည့်က သာမန်မျှသာ ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ မျက်နှာတွင် အနည်းငယ်ပြုံးယောင်သန်းသွားလေသည်။ ထိုအပြုံးက အနီရောင်ဝတ်မိန်းမပျို၏စကားမှန်ကန်ကြောင်း ဝန်ခံလိုက်ခြင်းပင်ဖြစ်လေသည်။

“ဒါဖြင့် ရှင်ကရော ဘယ်သူလဲ”

အနီရောင်ဝတ်မိန်းမပျိုက သူမ၏ လှပသွယ်လျသည့်လက်ညိုးလေးဖြင့် ဆန်းလျန်ကို လက်ညိုးထိုးကာမေးလိုက်လေသည်။

“ကျုပ်ကဆန်းလျန်ပါ ၊ မင်းက ချင်ယန်တာအိုနန်းတော်က ဂိုဏ်းတူအစ်မဆိုတဲ့သူပဲဖြစ်ရမယ် ၊ မင်းရဲ့နာမည်လေးများ သိခွင့်ရှိနိုင်မလား”

ဆန်းလျန်က ပြန်မေးလိုက်လေသည်။

“ကျန်းဟန်ယင်း…”

“လှလိုက်တဲ့နာမည်လေး ၊ ဒါနဲ့ လက်ညိုးကြီး တစ်ထိုးထိုးမလုပ်စမ်းပါနဲ့ ၊ ကျုပ်ကို သူများတွေ လက်ညိုးထိုးရင် တကယ်ပဲ နေရခက်တယ်”

ဆန်းလျန်က ရယ်မောရင်း ပြောလိုက်လေသည်။

အခန်း (၂၄၁)

ဓားတစ်လက်ထဲနဲ့ နေနဲ့လကို ဝါးမြိုပစ်မယ်

ကျန်းဟန်ယင်းက သူမလက်ကို ပြန်ချလိုက်လေသည်။

သူမကိုယ်ထဲမှ ဓားဝိညာဉ်မှာ ပိုပြီး သိပ်သည်းလာပြီး အရပ်

မျက်ရှစ်မျက်နှာမှ မထင်မှတ်ဘဲ ထွက်ပေါ်လာတော့မည့်

အလား ထင်မှတ်ရလေသည်။

"ရှင်တို့ကလည်း လေစွမ်းအားသားရဲကိုဖမ်းဖို့ ဒီနေရာကို

ရောက်လာကြတာလား"

ကျန်းဟန်ယင်းက ဆန်းလျန်ကိုစိုက်ကြည့်ပြီးမေးလိုက်သည်။

သူမအကြည့်က သာမန်မျှသာဖြစ်လေသည်။

ဆန်းလျန်မှာ တောက်ပသည့်မျက်ဝန်းများနှင့် ချောမောလှပ

သော လူငယ်လေးတစ်ယောက်ဖြစ်ပြီး သူ့ထံတွင် အန္တရယ်ပေး

မည့် အရိပ်အယောင်မတွေ့မြင်ရပေ။ သို့သော် ကျန်းဟန်ယင်း

က သူ့ကိုလျှော့မတွက်ရဲပါ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျ

န်မှာ ကြာပန်းကိုးပွင့်ကျောင်းတော်မှ မိစ္ဆာမထက်ပင်ပိုပြီး တန်ခိုးစွမ်းအားကြီးမားပုံရကြောင်း သူမခန့်မှန်းမိလေသည်။ ချင်ယန်တာအိုနန်းတော်မှ ဂိုဏ်းတူအစ်မတစ်ယောက်အနေဖြင့် သူမသည် အထူးချွန်ဆုံးနှင့် ဉာဏ်ရည်အထက်မြက်ဆုံး ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ သူမအနေဖြင့် တန်ခိုး စွမ်းအားမြင့်မားသည်ဟု ခန့်မှန်းသည့်သူမှာ အနည်းငယ်မျှသာ ရှိလေသည်။ စောစောကပင် သူမသတ်ဖြတ်ခဲ့သည့် လူသုံး ယောက်ထဲတွင် နတ်ဘီလူးကျင့်စဉ်ကျင့်ကြံထားသည့် လူကို သာ သူမက အနည်းငယ်အထင်ကြီးခဲ့မိလေသည်။ ကျန်နှစ် ယောက်ကတော့ သူမအတွက် အသေးအမွှားပင်ဖြစ်လေ သည်။

ကျောက်ရှောင်ယွီနှင့် ဆန်းလျန်မှာ မည်မျှပင် တန်ခိုးစွမ်းအား ကြီးမားပါစေ သူမထက်တော့ သာနိုင်မည်မဟုတ်ပေ။ လေ စွမ်းအားသားရဲကိုဖမ်းဆီးသည့်အလုပ်မှာ သိပ်ပြီးခက်ခဲသည့်

အလုပ်မဟုတ်ပေ။ သို့သော် ယခုတော့ အခက်အခဲများစွာဖြင့် ရင်ဆိုင်ရပြီ။ "အခက်အခဲတွေများတော့လည်း သိပ်မပျင်းရတော့ဘူးပေါ့" ဟု သူမတွေးလိုက်မိလေသည်။

ချန်ကျန့်မေနှင့် ရင်မဆိုင်ခင် လက်ရည်သွေးသည်ဟုသာ သဘောထားလိုက်မိသည်။

"သိနေပြီးသားကိစ္စကို ဘာလို့မေးနေသေးတာလဲ"

ကျောက်ရှောင်ယွီက အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"မိုးအောက်မြေပြင်မှာ ကျင့်ကြံသူတွေအများကြီးရှိတယ် ၊ ကျွန်မအမြင်ပြောရရင် ကျင့်စဉ်လမ်းဆိုတာ တန်ခိုးစွမ်းအားပဲ ၊ ရှင်တို့ရဲ့တန်ခိုးစွမ်းအားက ကျွန်မထက်ပိုပြီး အစွမ်းထက်မယ်ဆိုရင် လေစွမ်းအားသားရဲကို ဖမ်းသွားပေါ့"

ကျန်းဟန်ယင်းဆိုသည်မှာ အလွန်မှ ပွင့်လင်းပြီး ရက်စက်သည့် မန်းမပျိုပင်ဖြစ်လေသည်။

လူဆိုသည်က မတူညီသည့်ပတ်ဝန်းကျင်တွင်ကြီးပြင်းခဲ့ကြပြီး မတူညီသည့်အတွေ့အကြုံများ ရှိကြစမြဲဖြစ်လေသည်။ ထို့ကြောင့် ကိစ္စရပ်တစ်ခုအပေါ်တွင် ရှုမြင်သုံးသပ်မှုများလည်း တူညီကြမည်မဟုတ်ပေ။

“သူတော်စင်များပင်လျှင် တရားရပုံရနည်းခြင်းမတူညီကြပေ” ဟူသည့် ဗုဒ္ဓကျမ်းစာထဲမှ စာသားအတိုင်းပင်ဖြစ်လေသည်။ ကျင့်ကြံသူများ၏ နောက်ဆုံးဦးတည်ချက်မှာ တူညီသည့်တိုင် မတူညီသည့်လူများက မတူညီသည့် ကျင့်စဉ်များကို ကျင့်ကြံကြခြင်း ဖြစ်လေသည်။

ကျန်းဟန်ယင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ခြင်းမှာ ကျောက်ရှောင်ယွီ၏ လှည့်စားတတ်သည့်သဘောနှင့်တော့ လုံးဝတူညီမှုမရှိဟု ဆန်းလျန်တွေးလိုက်မိလေသည်။

ကျန်းဟန်ယင်းကဲ့သို့သောသူမျိုးကို အပြတ်အသတ်အနိုင်

တိုက်ခိုက်နိုင်လျှင်တိုက်ခိုက် ၊ မဟုတ်လျှင်တော့ သူမက

ညို့နှိုင်း၍ရမည့်သူမျိုးမဟုတ်ပေ။

သို့သော်... ကျန်းဟန်ယင်းကို အနိုင်ယူရန်မှာ မလွယ်ကူလှပေ။

မည်သို့ပင်ဖြစ်စေ ဆန်းလျန်က လေစွမ်းအားသားရဲကို လိုချင်

သူဖြစ်သည့်အတွက် လွယ်လွယ်နှင့်တော့ အလျှော့မပေးနိုင်

ပေ။

ဆန်းလျန်က ဘဝတွင် လွတ်လပ်ပေါ့ပါးစွာနေတတ်

သော်လည်း ဆုံးဖြတ်ထားသည့်အလုပ်ကိုတော့ လွယ်လွယ်နှင့်

အလျှော့ပေးတတ်သူမဟုတ်ပေ။

ဆန်းလျန်ဆီမှ တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာလေသည်။

ကျန်းဟန်ယင်းက ဆန်းလျန်ကို ပိုပြီး အာရုံစူးစိုက်လိုက်သည်။

ဆန်းလျန်မှာ ဓားချက် တစ်ချက် နှစ်ချက်ဖြင့် ပွဲသိမ်းနိုင်မည့်

သူ မဟုတ်ပေ။

သို့သော်… ဆန်းလျန် တန်ခိုးစွမ်းအားကြီးမားလေ…

သူမက ပျော်လေပဲ ဖြစ်လေသည်။

သူမအနေဖြင့် ပြိုင်ဘက်က တန်ခိုးစွမ်းအားကြီးမားလေ

ပြိုင်ဘက်ကို အနိုင်ယူရသည်မှာ စိတ်ကျေနပ်မှုရလေ ဖြစ်လေ

သည်။

ကျန်းဟန်ယင်းဆိုသည်က သူမရှေ့မှ အခက်အခဲတိုင်းကို ဓား

တစ်လက်ဖြင့် ဖြေရှင်းသည့်သူဖြစ်ပြီး သူမ၏ဓားတန်ခိုး

စွမ်းအားထက်မြက်မှုအတွက် အမြဲတမ်းကျေနပ်နေသူဖြစ်လေ

သည်။

ကျောက်ရှောင်ယွီက နောက်သို့အသာဆုတ်လိုက်သည်။

သူမက ဆန်းလျန်နှင့် ကျန်းဟန်ယင်းတို့ ရင်ဆိုင်တိုက်ပွဲတွင်

ပါဝင်မည်မဟုတ်ပေ။ ယခုတိုက်ပွဲတွင် ဆန်းလျန်၏ အမြင့်မား

ဆုံး တန်ခိုးစွမ်းအားကို မြင်တွေ့ရမည်ဖြစ်သည့်အတွက် သူမ

မှာလည်း စိတ်လှုပ်ရှားနေလေသည်။

ထျန်းဟွာနယ်တွင် ချင်ယန်တာအိုနန်းတော်မှာ အလွန်ဂုဏ်သတင်းကြီးမားသည့် နတ်ဘုရားကျောင်းတော်တစ်ခု ဖြစ်လေသည်။ ချင်ယန်တာအိုနန်းတော်မှ အခြားသောတပည့်များထဲတွင် ကျန်းဟန်ယင်းက အတော်ဆုံးဖြစ်လေသည်။ သူမသည် မိုးကောင်းကင်မှ မျက်နှာသာပေးခြင်းခံရသည့် တပည့်တစ်ယောက်ဟုပင် ဆို၍ရလေသည်။

ကျောက်ရှောင်ယွီကတော့ ဆန်းလျန်သာလျှင် အနိုင်ရမည်ဟု ယုံကြည်ထားလေသည်။

ငါးနှစ်အတွင်း ဆန်းလျန်၏ တန်ခိုးစွမ်းအားများ အဆမတန် တိုးတက်လာမှုကို သူမအလွန်ပင် လေးစားအားကျနေမိလေသည်။ ထို့ပြင် ဆန်းလျန်၏ စိတ်ဓာတ်ခိုင်မာမှုကိုလည်း သူမအလွန်လေးစားလေသည်။ သာမန်ကြည့်မည်ဆိုလျှင် ဆန်းလျန်၏ စိတ်ဓာတ်ခိုင်မာမှုကို မည်သူမျှ သတိပြုမိမည်မဟုတ်ပေ။

ယခုအချိန်တွင်တော့ သူမအနေဖြင့် ဆန်းလျန်ကို သေချာ လေ့လာဖို့ အခွင့်အရေးရပြီ ဖြစ်လေသည်။

ဆန်းလျန်က လက်တစ်ဖက်ကို အသာမြှောက်လိုက်သည်နှင့် ရေကန်ငယ်ထဲမှရေများအားလုံး ရွေ့လျားသွားလေသည်။ ရေလှိုင်းလုံးများထလာပြီး ရောမလက်ဝါးကြီးတစ်ခုအလား မိုးနှင့်မြေကြားတွင် လှိုင်းလုံးကြီးတစ်ခု မြင့်တက်လာလေသည်။ ထိုရေလှိုင်းလုံးကြီးသည် ကျန်းဟန်ယင်းကို အပိုင်းပိုင်းပြတ်သွားအောင် ရိုက်ချလိုက်လေသည်။

စြက်ဝဥာအတွင်းရှိ အရာအားလုံးကို တန်ခိုးစွမ်းအားမြင့်မားစွာဖြင့် ထိန်းချုပ်နိုင်သည့်အစွမ်း ဆန်းလျန်က ပြသလိုက်ခြင်း ဖြစ်လေသည်။

မြက်ပင်ကိုပင်ဖြစ်စေ ၊ သစ်သားကိုဖြစ်စေ ၊ ဝါးပင်ကိုဖြစ်စေ ၊ ကျောက်တုံးကိုဖြစ်စေ ၊ လွင့်မျောနေသည့်တိမ်တိုက် သို့မဟုတ် ကြည်လင်သည့်ရေကန်ဖြစ်ပါစေ အရာအားလုံးကို

ရန်သူကိုတိုက်ခိုက်နိုင်သည့် လက်နက်အဖြစ် ဆန်းလျန်က ပြောင်းလဲပစ်နိုင်လေသည်။

ဓမ္မဆိုသည်က နည်းလမ်းဖြစ်ပြီး တာအိုကျင့်စဉ်ဆိုသည်က ကနဦးမူလ ဖြစ်လေသည်။

ကနဦးမူလဖြစ်သည့် တာအိုကျင့်စဉ်က အရာအားလုံးကို ထိန်းချုပ်နိုင်လေသည်။

ရေကန်ထဲမှ သာမန်ရေကတော့ ကျန်းဟန်ယင်းကို မည်သို့မှ ထိခိုက်နိုင်မည်မဟုတ်ပါ။ သို့သော် ဆန်းလျန်ဖန်ဆင်းလိုက်သည့် ရေလှိုင်းလုံးကြီးကတော့ တန်ခိုးစွမ်းအား သိပ်သည်းပြီး ကျောက်နံရံကြီးတစ်ခုအလား မာကျောသိပ်သည်းလေသည်။

ကျန်းဟန်ယင်း၏ မျက်ဝန်းများတောက်ပလာပြီး သူမ၏ နူးညံ့လှပသည့် လက်လေးများကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

သူမ၏ တန်ခိုးစွမ်းအားမှာလည်း သိပ်သည်းလွန်းပြီး မုန်တိုင်းတစ်ခုထက်ပင် ကြောက်စရာကောင်းသည်။

"ဆောင်းဦးရာသီမြစ်ရေပြင်" ကဲ့သို့ တည်ငြိမ်အေးချမ်းပုံရသည့် မိန်းကလေးသည် တည်ငြိမ်နေသည့်တိုင်အောင် မြစ်ကမ်းနံဘေးမှ နှင်းခဲများအားလုံးကို တိုက်စားသွားတော့မည် ဖြစ်လေသည်။

ပိုးမျှင်လေးပမာ သဏ္ဍာန်ရှိသည့် ဓားဝိညာဉ်သည် တိမ်တိုက်တစ်ခုအဖြစ်သို့ ရုတ်တရက်ပြောင်းလဲသွားလေသည်။ ထိုတိမ်တိုက်ထဲတွင် ဓားဝိညာဉ်၏ မြင့်မားသည့် ဓားတန်ခိုးစွမ်းအားများ ပါဝင်လေသည်။ ထိုတိမ်တိုက်က ဆန်းလျန်ဖန်ဆင်းထားသည့် ရေလှိုင်းလုံးကြီးကို ခုခံလိုက်လေသည်။ ဓားဝိညာဉ်တိမ်တိုက်သည် မှော်ဝင်ဓားတစ်လက်အလား ရေလှိုင်းလုံးကြီးကို နှစ်ပိုင်းခွဲပစ်လိုက်လေသည်။ သူမ၏ ဓားချက်မှာ အကြွင်းနာတရား ကင်းမဲ့လှလေသည်။

ဓားဝိညာဉ်က ရေလှိုင်းကြီးကို ထိုးခွဲပြီးသည်နှင့် ဆန်းလျန်၏ သွယ်လျသည့် ခန္ဓာကိုယ်ဆီသို့ ချက်ချင်းပင် တိုက်ခိုက်လိုက်သည်။

ဆန်းလျန်မှာ ကြီးမားသည့် တန်ခိုးစွမ်းအားထဲသို့ မျောပါသွားပြီး သူ၏ ခန္ဓာကိုယ်မှာ ရုတ်တရက် ထက်ခြမ်းကွဲသွားလေသည်။

ဓားဝိညာဉ်က အလွန်မှ ကြောက်မက်ဖွယ်ရာထိုးခုတ်လိုက်သည့်တိုင် ဆန်းလျန်၏ ခန္ဓာကိုယ်တွင် အသွေးအသားမရှိပေ။ အဘယ်ကြောင့်ဆိုသော် ဓားဝိညာဉ်ထိုးခုတ်လိုက်သည့်ဆန်းလျန်မှာ ဆန်းလျန်အစစ်မဟုတ်ပေ။ ဆန်းလျန်၏ အရိပ်မျှသာဖြစ်လေသည်။ ဆန်းလျန်မှာ လျှင်မြန်လွန်းသည့်အတွက် ဓားဝိညာဉ်မှာ ဆန်းလျန်လျှင်မြန်မှုကို လိုက်မမီဖြစ်သွားရလေသည်။

ဆန်းလျန်က မည်သည့် ဂါထာမန္တန်ကိုမှ အသုံးပြုခြင်းမရှိ သလို မည်သည့် မှော်ပညာကိုမှလည်း အသုံးပြုခြင်းမရှိပါ။ ရိုးရှင်းစွာဖြင့်ပင် သူကိုယ်တိုင်က အလွန်လျှင်မြန်နေခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီက တိုက်ပွဲကို စူးစိုက်ကြည့်နေလေသည်။ ကျန်းဟန်ယင်း တိုက်ခိုက်လိုက်သည့် ဓားဝိညာဉ်မှာ မြက်ပင်များနှင့် ကျောက်တုံးများကိုသာ ထိခိုက်မိသွားပြီး အားလုံးမှာ အမှုန့်ဖြစ်သွားလေသည်။ ကျန်းဟန်ယင်း၏ ဓားတန်ခိုးစွမ်းအားမှာ ကျောက်ရှောင်ယွီထင်ထားသည်ထက် ပိုမိုမြင့်မားနေလေသည်။

ချွင်ယန်တာအိုနန်းတော်မှ ဓားသိုင်းပညာမှာ ပေါ့ပေါ့တန်တန်မဟုတ်ပေ။ သို့သော် ကျန်းဟန်ယင်းမှာ သူမ၏ တကယ့်ဓားစွမ်းအားကို အသုံးမပြုသေးကြောင်း ထင်ရှားနေလေသည်။

အဘယ်ကြောင့်ဆိုသော် သူမ၏ ဓားအစစ်အမှန်ကို မမြင်တွေ့ရသေးသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် လေထဲတွင် ရပ်တန့်နေလေသည်။

သူ၏ ပုံသဏ္ဍာန်မှာ လောကသတ္တဝါများကို ငုံ့ကြည့်နေသည့် နတ်ဘုရားတစ်ပါးနှင့်တူနေလေသည်။ တစ်ပါးတည်း မာနကြီးစွာ ကောင်းကင်ထက်တွင် ရပ်တည်နေပြီး သူ၏ ကျက်သရေရှိမှုကို စကားလုံးများဖြင့် တင်စားရန်ပင် မတတ်နိုင်ပေ။

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး တန်ခိုးစွမ်းအားတစ်ခုပေါ်ထွက်လာလေသည်။ ထိုတန်ခိုးစွမ်းအားက ချောက်ကမ်းပါးကြီးကို ထက်ပိုင်းခွဲပစ်လိုက်လေသည်။

ကျန်းဟန်ယင်း၏ ခြေထောက်နားရှိ လေစွမ်းအားသားရဲမှာ ကြောက်ရွံ့တုန်လှုပ်နေလေသည်။ လေစွမ်းအားသားရဲသည် မြေပြင်တွင် ဝပ်နေပြီး တစ်ကိုယ်လုံးတုန်နေလေသည်။ သူက ဝိညာဉ်စွမ်းအားသားရဲ တစ်ကောင်ဖြစ်သည့်တိုင် မြင့်မားလွန်း

သည့် တန်ခိုးစွမ်းအားများကြောင့် ရင်ထဲတွင်

ဆောက်တည်ရာမရ ဖြစ်နေလေတော့သည်။

ကျန်းဟန်ယင်း၏ မျက်နှာမှာ ခံစားချက်ကင်းမဲ့နေပြီး မိုးကုတ်

စက်ဝိုင်းထက်တွင် ရပ်တန့်နေလေသည်။ သူမ၏ပုံစံမှာ

ဆောင်းရာသီမက်မွန်ပန်းလေးတစ်ပွင့်အလားပင်ဖြစ်လေ

သည်။

သူမက ထိတ်လန့်တုန်လှုပ်သွားခြင်း မရှိသည့်တိုင် သူမ၏

အေးစက်စက် မျက်ဝန်းများထဲတွင် အံ့ဩသည့်

အရိပ်အယောင် များ ထင်ဟပ်နေလေသည်။

ဆန်းလျန်မှာ ယခုအချိန်ထိ သူ၏ စစ်မှန်သည့် တန်ခိုးစွမ်းအား

များကို အသုံးပြုခြင်းမရှိသေးပေ။ သာမန်တန်ခိုးစွမ်းအားများ

ဖြင့်သာ တိုက်ခိုက်နေခြင်းဖြစ်လေသည်။

ဆန်းလျန်သည် သူ၏ အခြေခံတန်ခိုးစွမ်းအားများ ထုတ်သုံး

နေရသည်ကို ပျော်နေလေသည်။ သူ၏ အဆုံးမရှိသည့် တန်ခိုး

စွမ်းအားများအတွက်လည်း အမှန်တကယ်ပင် ကျေနပ်နေမိသည်။

ရုတ်တရက်...

ကျောက်ရှောင်ယွီ၏ အော်သံတစ်ချက် ထွက်ပေါ်လာသည်။

"ဆန်းလျန် ၊ သူ့ကို တိုက်တော့..."

သူ၏လေသံမှာ အားပေးမှုအပြည့်နှင့်ဖြစ်လေသည်။ သူမ၏အသံမှာ စြက်ဝဋ္ဌာထိတိုင် ဟိန်းထွက်သွားပြီး မိုင်တစ်ရာပတ်လည်မှပင် ကြားနိုင်လေသည်။ သို့သော် ကျောက်ရှောင်ယွီ၏ အသံကိုကြားသည်နှင့် ဆန်းလျန် နှုတ်ခမ်းလေးများတွန့်ခနဲ ဖြစ်သွားရလေသည်။

ဘယ်လိုကြောင့်များ ထိုမိန်းမပျိုသည် ထ အော်ရပါလိမ့်။

သူမ ထိုကဲ့သို့ ရုတ်တရက် ထအော်လိမ့်မည်ဟု ဆန်းလျန် ထင်မထားခဲ့မိပေ။

သို့သော် ကျောက်ရှောင်ယွီကလည်း တမင်တကာလုပ်ခြင်း မဟုတ်ပါ။ မိုးကုတ်စက်ဝိုင်းဆီမှ အလင်းတန်းနှစ်ခု လင်းလက်လာသောကြောင့် သူမက အော်ဟစ်လိုက်ခြင်းဖြစ်လေသည်။

ထိုအလင်းတန်းများမှာ အလွန်လျှင်မြန်လှပြီး ချက်ချင်းပင် သူတို့အနီးသို့ ရောက်ရှိလာလေသည်။

စောစောကပင် သူမတို့နှင့် ရင်ဆိုင်တွေ့ခဲ့သည့် ကျန်းဟန်ယင်း၏ ဂိုဏ်းတူမောင်နှမနှစ်ယောက် ရောက်လာခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီက လေထဲသို့ ခုန်ဝင်လိုက်ပြီး ထိုနှစ်ယောက်ကို ရင်ဆိုင်လိုက်သည်။

လေထုထဲတွင် ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအား ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားလေသည်။

ကျန်းဟန်ယင်း၏ ဂိုဏ်းတူမောင်နှမ နှစ်ယောက်မှာ ကျောက်ရှောင်ယွီကို မည်သို့မျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့်

ကျောက်ရှောင်ယွီက ကျန်းဟန်ယင်း၏ ဂိုဏ်းတူမောင်နှမနှစ်ယောက်ကို တိုက်ခိုက်ကာ ကျန်းဟန်ယင်းကို အာရုံလွှဲနိုင်မည်လားဟု မျှော်လင့်လိုက်မိလေသည်။

ကျန်းဟန်ယင်းကို စိတ်ပူပန်သွားအောင်လုပ်နိုင်လျှင် သူမ၏ဓားတန်ခိုးစစွမ်းအားမှာ အနည်းငယ် တုန့်ဆိုင်းသွားမည်ဖြစ်လေသည်။

သို့သော် ကျန်းဟန်ယင်းက တည်ငြိမ်နေဆဲဖြစ်လေသည်။

ကျန်းဟန်ယင်း၏ ခန္ဓာကိုယ်မှာ ဓားတစ်လက်အလား ထက်ရှနေလေသည်။ သူမထံမှာ ဓားတန်ခိုးစွမ်းအားများထွက်ပေါ်နေပြီး ကောင်းကင်ကိုပင် ပိုင်းဖြတ်တော့မည့် အလားထင်ရလေသည်။

မရေမတွက်နိုင်အောင် များပြားသည့် ဓားဝိညာဉ်များသည် ကောင်းကင်ထက်တွင် ကျိုင်းကောင်များကဲ့သို့ ပျံဝဲနေပြီး ဆန်းလျန်၏ လက်ဝါးရိုက်ချက်ကို တိုက်ခိုက်လိုက်သည်။

ဆန်းလျန်ဆီမှ ပြင်းထန်သည့် လက်ဝါးရိုက်ချက်များ တစ်ချက်ပြီးတစ်ချက် ထွက်ပေါ်လာပြီး ထိုလက်ဝါးရိုက်ချင်များမှာ မိုးနှင့် မြေကိုပင် ဟန့်တားတော့မည့်အလား ထင်ရလေသည်။
ဆန်းလျန်ဆီမှ နတ်ဘုရားစွမ်းအားများမှာ တစ်လှာခြင်း ပေါ်ထွက်လာလေသည်။ နတ်ဘုရားစွမ်းအားများမှာ ဖြစ်ပေါ်လာလိုက် ပျောက်ကွယ်သွားလိုက် ၊ ပျောက်ကွယ်သွားလိုက် ဖြစ်ပေါ်လာလိုက်နှင့် ခန့်မှန်းရခက်လှလေသည်။
ကျန်းဟန်ယင်း၏ တန်ခိုးစွမ်းအားကြီးမားလှသည့် ဓားဝိညာဉ်သည် ဆန်းလျန်၏ လက်ဝါးရိုက်ချက်ကို မထိုးဖောက်နိုင် ဖြစ်နေရသည်။
ကြောက်မက်ဖွယ်ရာ နတ်ဘုရားစွမ်းအား စီးဆင်းမှုများကြောက် ချောက်ကမ်းပါးကြီးပင် တဖြည်းဖြည်း ပြိုကျနေလေသည်။

ကျန်းဟန်ယင်း၏ မျက်နှာမှာ တည်ငြိမ်နေပြီး သူမ၏ အနက်ရောင်ဆံနွယ်များမှာ လေထဲတွင် ပျံဝဲနေလေသည်။

သူမလက်ထဲတွင် ဓားတစ်လက်ပေါ်လာလေသည်။

"ဓားတစ်လက်ထဲနဲ့ နေနဲ့လကို ဝါးမြိုပစ်မယ်"

သူမက ကြွေးကြော်လိုက်သည်။

သူမလက်ထဲတွင်ကိုင်ထားသည့် ဓားသွားမှာ ပြောမပြနိုင်လောက်အောင်ပင် တန်ခိုးစွမ်းအားများထက်မြက်နေပြီး နေနှင့်လကိုပင် ဝါးမြိုပစ်နိုင်သည့် ထိတ်လန့်ကြောက်မက်ဖွယ်ရာ ရှေးဟောင်းတန်ခိုးစွမ်းအားများဖြင့် ပြည့်နေလေသည်။

ဓားဝိညာဉ်က လေထဲသို့ ပျံသန်းသွားသည့်အခါ ကောင်းကင်သည် တဖြည်းဖြည်းမှောင်မိုက်လာလေသည်။ ကြောက်မက်ဖွယ်ရာဓားဝိညာဉ်ကတော့ ဆန်းလျန်ကို အခက်တွေ့စေပြီ ဖြစ်လေသည်။

ဆန်းလျန်၏ စိတ်အာရုံစူးစိုက်မှုဖြင့် ဓားဝိညာဉ်၏ တန်ခိုး စွမ်းအားကို အာရုံခံလိုက်သည့်တိုင် မအောင်မြင်ဘဲဖြစ်နေရသ် ည။

ကျန်းဟန်ယင်းမှာ ချွင်ယန်တာအိုနန်းတော်မှ ဒဏ္ဍာရီဆန်သည့် ဓားသိုင်းကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ သူမကဲ့သို့ မိုး မြေကိုတုန်လှုပ်စေပြီး ခန့်မှန်းရခက်သည့် ဓားသိုင်းကို ကျင့်ကြံ နိုင်သူမှာ ရှာမှရှားပင်ဖြစ်လေသည်။

သူမ၏ ဓားသိုင်းပညာမှာ ရှေးဟောင်းအချိန်ကတည်းကပင် ဖြစ်တည်ခဲ့သည့် ဓားသိုင်းတစ်ခုဖြစ်လေသည်။ "နေနှင့်လကို ဝါးမြိုပစ်မယ်" ဟု ပြောမည့်အစား ယင်နှင့်ယန်ကို ဝါးမြိုပြီး ရန်သူ၏တန်ခိုးစွမ်းအားများကို ဖျက်စီးပစ်မည်ဟု ဆိုလျှင် ပို မှန်မည်ဖြစ်လေသည်။ ဓားဝိညာဉ်သည် ဆန်းလျန်၏ နတ် ဘုရားစွမ်းအားများကို ဝါးမြိုလိုက်ပြီး ဖျက်စီးပစ်လိုက်လေ

သည်။ အမြင့်မားဆုံးဓားတန်ခိုးစွမ်းအားတစ်ခုဖြစ်ပြီး

တုန်လှုပ်စရာကောင်းလွန်းလေသည်။

ဆန်းလျန်က ချက်ချင်းပင် သူ၏ တန်ခိုးစွမ်းအားများကို ရုတ်

သိမ်းလိုက်သည်။ ဆန်းလျန်၏ပုံရိပ်က ကောင်းကင်ထက်တွင်

ဟိုမှ သည်မှ ရွေ့လျားနေလေသည်။

ဓားဝိညာဉ်ကလည်း သားရဲတစ်ကောင်အလား ဆန်းလျန်၏ပုံ

ရိပ်ရွေ့လျားသည့်နေရာတိုင်းကို လိုက်လံပိတ်စို့နေလေသည်။

သို့သော် ဆန်းလျန် ရွေ့လျားလိုက်တိုင်း ကြီးမားသည့်တန်ခိုး

စွမ်းအားများ ထွက်ပေါ်လာပြီး ပုံသဏ္ဍာန်တစ်ခုဖန်ဆင်း

နေသည်ကို ကျန်းဟန်ယင်း ရိပ်မိလိုက်သည်။

အမှန်တော့ ဆန်းလျန်က လေထဲတွင် ရွေ့လျားနေပြီး

သူမ၏ဓားဝိညာဉ်ကို တန်ပြန်တိုက်ခိုက်နိုင်သည့် အရံအတား

တစ်ခုကို ဖန်ဆင်းနေခြင်းပင်ဖြစ်လေသည်။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားနှင့် တန်ခိုးစွမ်းအားများမှာ ကျန်းဟန်ယင်းခန့်မှန်းနိုင်သည်ထက်ပင် ကျော်လွန်နေလေသည်။

ဆန်းလျန်က သူ၏ခန္ဓာကိုယ် ရွေ့လျားမှုဖြင့် အင်းသကော်တတစ်ခုရေးဆွဲကာ တန်ပြန်တိုက်ခိုက်လိုက်ခြင်းဖြစ်ပြီး ကျန်းဟန်ယင်း၏ဓားဝိညာဉ်မှာ ထိုအင်းသကော်တထဲမှ ရုန်းထွက်၍ မရတော့ဘဲ ပိတ်မိနေလေတော့သည်။

အခန်း (၂၄၂)

ဝိညာဉ်စွမ်းအားသားရဲ

အင်းပညာဆိုသည်မှာ မိုးနှင့်မြေတွင် ရှေးအကျဆုံး ပညာရပ်တစ်ခုဖြစ်လေသည်။

ရှေးခေတ်အခါတုန်းက အင်းနှင့် မန္တန်ပညာမှာ နတ်ဘုရားကျောင်းတော်များစွာတွင် အလွန်နာမည်ကြီးသည့် ပညာရပ်တစ်ခုဖြစ်လေသည်။ သို့သော် ယနေ့ခေတ်အချိန်တွင်တော့ အင်းပညာကို အဓိကထားသင်ကြားပေးသည့်ဂိုဏ်းဆို၍ ကျန့်ယီဂိုဏ်းကဲ့သို့သောဂိုဏ်းမျိုးသာ ရှိတော့သည်။ အခြားသောနတ်ဘုရားကျောင်းတော်များတွင် အင်းပညာကို သင်ကြားပေးခြင်း မရှိတော့ပေ။ သို့သော် ကျန့်ယီဂိုဏ်း၏ အင်းပညာဖြင့်ဟိုင်သန်းအဆင့်တက်ရောက်နိုင်ခြင်းမှာလည်း ရှေးခေတ်အချိန်က အင်းပညာများနှင့် တူညီမှု သိပ်မရှိတော့ပေ။ ထျန်းဟွာနယ်မှ ကျင့်ကြံသူများမှာ အင်းပညာကို လုံးဝလေ့လာခြင်းမပြုကြတော့ပေ။ ထို့ကြောင့် ဆန်းလျန် အင်းပညာကို

အသုံးပြုလိုက်သည့်အခါ ကျန်းဟန်ယင်း၏ စိတ်နှလုံး
သားတစ်ခုလုံးမှာ ထူးဆန်းခြင်းကို ခံစားလိုက်ရလေသည်။
ဆန်းလျန်အသုံးပြုလိုက်သည့် အင်းသကော်တမှာ ဟိုးယခင်
အချိန်ကပင် သူလေ့ကျင့်ထားခဲ့သည့် တိမ်နှင့်မိုးကြိုးအင်း
တံဆိပ်တော်ပင် ဖြစ်လေသည်။ထိုအင်းသကော်တ အစွမ်းထက်
ပါက နတ်ဘုရားတစ်ပါး၏ တန်ခိုးစွမ်းအားကိုပင် တားဆီးနိုင်
စွမ်းရှိလေသည်။

နဂါးဇာမဏီအင်းတံဆိပ်တော်နှင့် ကောင်းကင်ဘုံလက်ရေး
အင်းသကော်တများကို ဆန်းလျန်က အသုံးပြုခြင်းမရှိသေးပါ။
ထိုအင်းသကော်တများက ပိုပြီးပင်ကြောက်စရာကောင်းလေ
သည်။

တိမ်နှင့်မိုးကြိုးအင်းတံဆိပ်တော်ကတော့ မည်သည့်ကျင့်ကြံ
သူမဆိုရေးသားနိုင်သည့် အင်းသကော်တ ဖြစ်လေသည်။ တိမ်
နှင့်မိုးကြိုးအင်းသကော်တမှာ အခြေခံအကျဆုံး အင်းသကော်တ

ဖြစ်ပြီး ကောင်းကင် ၊ မြေကြီး ၊ တောင် ၊ ရွှံ့နွံ ၊ ရေ ၊ မီး ၊ လေ
နှင့် လျှပ်စီး ဆိုသည့် ဒြပ်စင်စွမ်းအားရှစ်မျိုးကို ပိုပြီး
အစွမ်းထက်စေရန် တွန်းအားပေးလေသည်။

ဆန်းလျန်ရေးဆွဲလိုက်သည့် အင်းသင်္ကေတများက မိုးမြေ
စွမ်းအားနှင့် အသက်ဓာတ်စွမ်းအားများကို အဆက်မပြတ် စုပ်
ယူလိုက်လေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ဆန်းလျ
န်၏ ပုံရိပ်ရှစ်ခုထွက်ပေါ်လာပြီး ကျန်းဟန်ယင်း၏ နေနှင့်လကို
ပင် ဝါးမြိုပစ်မည့် ဓားဝိညာဉ်သည် ထိုပုံရိပ်ရှစ်ခုကို ထိုးဖောက်
နိုင်ခြင်း မရှိတော့ပေ။

ပုံရိပ်ရှစ်ခုသည် ဆန်းလျန်ရွှေ့လျားသည့်အတိုင်း လိုက်ပါ
ရွေ့လျားနေကြပြီး ဒြပ်စင်စွမ်းအား ရှစ်မျိုးကို ကိုယ်စားပြု
လေသည်။

ထိုဒြပ်စင်စွမ်းအားရှစ်မျိုးမှ ကျင့်ကြံသူတစ်ယောက် မတတ်နိုင်သည့် နတ်ဘုရားတစ်ပါး၏ တန်ခိုးစွမ်းအားများ စတင်ဖြစ်တည်လာလေသည်။

ဆန်းလျန်ဖော်ထုတ်လိုက်သည့် နတ်ဘုရားတစ်ပါး၏ တန်ခိုးစွမ်းအားများမှာတကယ့်နတ်ဘုရားတစ်ပါးကဲ့သို့ ပြီးပြည့်စုံခြင်း မရှိသည့်တိုင် လွန်စွာမှ အဆင့်မြင့်လေသည်။

ဆန်းလျန်က နတ်ဘုရားတစ်ပါးကဲ့သို့ တန်ခိုးစွမ်းအားများကိုဖော်ထုတ်နိုင်ခြင်းမှာ ထိုက်ရှီးနည်းဗျူဟာကြောင့်သာမဟုတ် ၊ အသူရာချောက်သို့ပင် ဝင်ရောက်ဆက်သွယ်နိုင်နေပြီဖြစ်သည့်သူ၏ ဝိညာဉ်စွမ်းအားကြောင့်လည်းဖြစ်လေသည်။

ထိုစွမ်းအားနှစ်ခု ထိရောက်စွာပေါင်းစပ်မိသည်နှင့် ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ လောကနတ်ဘုရားတစ်ပါးထက်ပင်ကျော်လွန်သွားလေသည်။ လောကနတ်ဘုရားမှ ဝိညာဉ်နတ်ဘုရားတစ်ပါးအသွင် ကူးပြောင်းမည်ဆိုလျှင်လည်း ဆန်းလျန်

အနေဖြင့် လွယ်ကူစွာ ကူးပြောင်းသွားနိုင်မည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း ကျင့်စဉ်များက အခြားသော သဏ္ဍာန်ပြောင်းပညာများနှင့် ဖန်ဆင်းခြင်းပညာများထက် များစွာ သာလွန်လေသည်။

သို့သော် ယခုကဲ့သို့ တန်ခိုးစွမ်းအားနှစ်ခုပေါင်းစပ်ပြီး မိုးမြေ စွမ်းအားများကို အသုံးပြုကာ ပုံရိပ်များဖန်ဆင်းထားရခြင်းမှာ ဆန်းလျန်အတွက်တော့ လွယ်ကူသည့်ကိစ္စမဟုတ်ပေ။

သို့သော် ကျန်းဟန်ယင်းကို ရင်ဆိုင်ရန်အတွက် ထိုသို့ ပြုလုပ်မှ ပင်ဖြစ်ပေမည်။

ဆန်းလျန်က ထိုသို့ပြုလုပ်ရသည်မှာ လေစွမ်းအားသားရဲကို ရယူချင်သောကြောင့်သာမဟုတ် အစ်ကိုဖြစ်သူ ချန်ကျန့်မေကို ပါ ကူညီချင်သောကြောင့်ဖြစ်လေသည်။

ကျန်းဟန်ယင်းမှာ ချန်ကျန့်မေနှင့် ဓားချင်းယှဉ်ပြိုင်ရန် ချိန်းဆို ထားလေသည်။ ဆန်းလျန်က အစ်ကိုဖြစ်သူချန်ကျန့်မေ၏ ဓား

တန်ခိုးစွမ်းအားကို အကြွင်းမဲ့ယုံကြည်သည့်တိုင် ချန်ကျန့်မေ၏ပြိုင်ဘက်ကို အားနည်းအောင်လုပ်ပြီး ချန်ကျန့်မေကို ကူညီချင်ခဲ့လေသည်။

ချန်ကျန့်မေသာသိလျှင် ဆန်းလျန် ယခုကဲ့သို့ပြုလုပ်သည်ကို လက်ခံမည်မဟုတ်ပေ။ သို့သော်... ဆန်းလျန်ကတော့ ကူညီမည်ပဲ ဖြစ်လေသည်။

အမှန်တော့ ဆန်းလျန်က ပြိုင်ဘက်ကင်း နတ်ဒေဝါတစ်ပါး မဟုတ်ပါ။ ထို့ပြင် ဓားသိုင်းကျင့်ကြံသူတစ်ယောက်လည်း မဟုတ်ပါ။ သို့သော် လက်ရှိအချိန်တွင် သူက မည်သည့်အရာကိုမှ ဂရုစိုက်ခြင်းမရှိတော့ပေ။ အနိုင်အရှုံးဆိုသည်မှာပင် သူ့ခေါင်းထဲတွင် မရှိတော့ပေ။

အင်းသကော်တမျှားက စိတ်ဝိညာဉ်ကို လမ်းပြသည့် သကော်တများဖြစ်ပြီး ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို တစ်စတစ်စ နက်ရှိုင်းလာအောင် ကူညီပေးလေသည်။ အင်းသကော်တများ

ကြောင့်သာ ဆန်းလျှန်ဖန်ဆင်းထားသည့် ပုံရိပ်များက တည်ငြိမ်နေခြင်းဖြစ်လေသည်။ တန်ခိုးစွမ်းအားက ခိုင်မာပြီး သဘာဝတရားက အခြေခံကျလေသည်။ ထိုပုံရိပ်များထဲတွင် ဆန်းလျှန်၏ ဝိညာဉ်စွမ်းအားများလည်း ပါဝင်လေသည်။ ထို့ကြောင့် ထိုဖန်ဆင်းခြင်းမှာ ပုံစံတူလည်းမဟုတ်သလို အစစ်အမှန်လည်း မဟုတ်ပေ။

သို့သော်.... လွန်စွာမှ ကြောက်စရာကောင်းလေသည်။ ထိုက်ရှီးတန်ခိုးစွမ်းအား ရှစ်မျိုးလှည့်ပတ်နေသည်မှာ အလွန် ပင် ကြောက်စရာကောင်းလှလေသည်။ သို့သော် ထိုက်ရှီး တန်ခိုးစွမ်းအားများဖြစ်သည့် ဒြပ်စင်စွမ်းအားရှစ်မျိုးကို ဟန်ချက်ညီစွာ အသုံးပြုနိုင်ရန် လိုအပ်လေသည်။ ဆန်းလျှန်၏ ပုံရိပ်ရှစ်ခုမှာ ဓားဝိညာဉ်ကို နတ်ဆိုးတစ်ကောင် အလား လှည့်ပတ်နေလေသည်။

ဆန်းလျန်နှင့် ကျန်းဟန်ယင်း၏ တိုက်ပွဲအခြေအနေမှာ မည်သူ
အနိုင်ရမည်ကို ခန့်မှန်းနိုင်ရန် အလွန်ခက်ခဲလေသည်။
ကျန်းဟန်ယင်းမှာ တိုက်ပွဲပေါင်းများစွာ ရင်ဆိုင်ခဲ့ဖူးသည့်တိုင်
ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအားကြီးမားသူမျိုးကို တစ်ခါမှ မ
တွေ့ခဲ့ဖူးပေ။ ဆန်းလျန်သည် ချန်ကျန့်မေလောက် တော်ချင်မှ
တော်မည်ဖြစ်သည့်တိုင် ဆန်းလျန်အသုံးပြုသည့် တန်ခိုး
စွမ်းအားများမှာ လွန်စွာမှ ထူးဆန်းလွန်းလေသည်။
ဆန်းလျန်၏ မခန့်မှန်းနိုင်သည့် တန်ခိုးစွမ်းအားများအောက်
တွင် ကျန်းဟန်ယင်းမှာ အသက်ပင်မရှူနိုင်ပေ။ အလွန်
သတိထားကာ တိုက်ခိုက်နေရလေသည်။
ပုံရိပ်များကြားတွင် တကယ့်ဆန်းလျန်အစစ်အမှန်မှာ မည်သူ
ဖြစ်သည်ကို သူမ မဝေခွဲနိုင်ဖြစ်နေရလေသည်။ သူမစားချက်
ထိမိသည့်ပုံရိပ်တိုင်းသည် ဆန်းလျန်၏ ပုံရိပ်ယောင်များသာ

ဖြစ်နေလေသည်။ ထို့ကြောင့် ကျန်းဟန်ယင်းမှာ အခက်တွေ့နေရလေသည်။

ဒြပ်စင်စွမ်းအားရှစ်မျိုးဖြင့် ဖန်ဆင်းထားသည့် ပုံရိပ်များမှာ အလွန်မှပင် ကြောက်မက်ဖွယ်ရာကောင်းလေသည်။ ထိုပုံရိပ်များမှာ နေနှင်လကိုဝါးမြိုပစ်နိုင်သည့် ကျန်းဟန်ယင်း၏ ဓားဝိညာဉ်ကို ထိန်းချုပ်ထားလိုက်လေသည်။

ကျန်းဟန်ယင်းမှာ သူမလေ့ကျင့်ထားသည့် ဖန်ဆင်းခြင်းတရားဓားဝိညာဉ်ကို အသုံးပြုခြင်းမရှိသေးပေ။ သူမ ပညာကုန်ထုတ်မသုံးခြင်းမှာ ဆန်းလျန်ကို အထင်သေးသောကြောင့် မဟုတ်ပေ။ ထိုဓားပညာကို အသုံးပြုပြီးတိုင်း သူမ၏တန်ခိုးစွမ်းအားများ နည်းပါးသွားရသောကြောင့် ဖြစ်လေသည်။

သူမက ချန်ကျန့်မေနှင့် ရင်ဆိုင်ရန်အတွက် ပြင်ဆင်ထားရဦးမည်ဖြစ်လေသည်။

ချန်ကျန့်မေနှင့် ဓားချင်းယှဉ်ရသည်မှာ အကြောင်းရှိလေသည်။ လူတစ်ယောက်၏ တောင်းဆိုမှုကြောင့် သူမက ဆောင်ရွက်ပေးရခြင်းဖြစ်လေသည်။

သူမခြေထောက်အောက်မှ ကျောက်တုံးသည် ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို မခံနိုင်ဘဲ အစိတ်စိတ်အမွှာမွှာ ကွဲသွားလေသည်။

တစ်ချိန်တည်းမှာပင် လေစွမ်းအားသားရဲမှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် ကျောက်တုံးများအတွင်းသို့တိုးဝင်ကာ ပုန်းအောင်း နေလေတော့သည်။

ကျန်းဟန်ယင်း၏လက်ထဲမှာ ဓားရှည်မှာ ပျောက်ကွယ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် လေထဲမှဓားဝိညာဉ်ကို ဆန်းလျန်က ဖျက်စီးလိုက်သောကြောင့်ဖြစ်လေသည်။

ကျန်းဟန်ယင်းက ချက်ချင်းပင် လက်ဟန်တစ်ခုပြုလုပ်လိုက်ပြီး တန်ခိုးစွမ်းအားတစ်ခုကို ဖော်ထုတ်လိုက်လေသည်။ သူမ

နှုတ်ခမ်းမှလည်း ဂါထာတစ်ပုဒ်ကို ရွတ်ဖတ်လိုက်လေရာ သူမ ရှေ့တွင် အဝါရောင်စာရွက်တစ်ရွက်ပေါ်လာလေသည်။ ထို အဝါရောင်စာရွက်သည် မီးလောင်ကျွမ်းသွားပြီး သူမလက်မှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားနှင့်ပေါင်းစပ်သွားလေသည်။ ကျန်းဟန်ယင်း၏လက်များဆီမှ နတ်ဘုရားအလင်းတန်းများ ထွက်ပေါ်လာလေသည်။

လျှပ်စီးတစ်ချက်လက်သွားပြီး ကောင်းကင်တစ်ခုလုံး မှောင်မိုက်သွားလေသည်။

လျှပ်စီးအလင်းရောင်မှတစ်ဆင့် ကြီးမားသည့် ပါးစပ်ဝကြီး တစ်ခုပေါ်လာလေသည်။

ထိုပါးစပ်ကြီးက ဆန်းလျန်၏ ဒြပ်စင်စွမ်းအားရှစ်မျိုးဖြင့် ဖန်ဆင်းထားသည့် ပုံရိပ်ရှစ်ခုလုံးကို စုပ်ယူသွားပြီး အစစ်အမှန်ဆန်းလျန် ပေါ်ထွက်လာလေသည်။

ထိုသို့ ဂမ္ဘီရပညာအသုံးပြုလိုက်သည့်အတွက် ကျန်းဟန်ယင်း၏ တန်ခိုးစွမ်းအားများမှာ သိသိသာသာ လျော့နည်းသွားလေသည်။

သူမက ဓားဝိညာဉ်ကို ကျောက်ရှောင်ယွီဆီသို့ ဦးတည်လိုက်ကာ ကျောက်ရှောင်ယွီနှင့် တိုက်ခိုက်နေသည့် သူမ၏ ဂိုဏ်းတူ မောင်နှမနှစ်ယောက်ကို ကယ်တင်ရန်ပြင်ဆင်လိုက်သည်။

သူတို့နှစ်ယောက်မှ ကျောက်ရှောင်ယွီ၏ တန်ခိုးစွမ်းအားအောက်တွင် အလူးအလဲခံနေကြရလေသည်။

လျှပ်စီးအလင်းရောင်မှ ပေါ်ထွက်လာသည့် ပါးစပ်ကြီးမှာ ဆန်းလျန်၏ တန်ခိုးစွမ်းအားများကိုစုပ်ယူသွားပြီး ဆန်းလျန်ကိုပါ မလှုပ်နိုင်အောင် ချုပ်ထားလိုက်လေသည်။ အမှန်တော့ ထိုပါးစပ်ဝကြီးမှာ တောင်တစ်လုံးကဲ့သို့ကြီးမားသည့် နတ်ဖားပြုတ်ကြီးတစ်ကောင်၏ ပါးစပ်ကြီးပင်ဖြစ်လေသည်။ ထိုနတ်

ဖားပြုတ်ကြီးက တောင်များ ၊ မြစ်များနှင့် ပင်လယ်များကိုပါ မြိုချနိုင်စွမ်းရှိပုံရလေသည်။

ရှေးခေတ်အချိန်များတုန်းကတော့ နတ်ဖားပြုတ်ကြီးများသည် မိုးနှင့်မြေကိုပင် မြိုချနိုင်စွမ်းရှိသည်ဟု အဆိုရှိကြလေသည်။

ကျန်းဟန်ယင်းသုံးလိုက်သည့် ပညာကို ဆန်းလျန် သိရှိခြင်းမရှိပါ။ သို့သော် နတ်ဖားပြုတ်ကြီး၏ တန်ခိုးစွမ်းအားမှာ နတ်ဘုရားများထက် သာလွန်ကြောင်းကိုတော့ ဆန်းလျန် သိလေသည်။

နတ်ဖားပြုတ်ကြီးကို ဆန်းလျန် မည်သို့မျှ ခုခံကာကွယ်နိုင်မည်မဟုတ်ပေ။ ချောက်ကမ်းပါးကြီးမှ ကျောက်ဆောင်ကြီးများကိုပင် နတ်ဖားပြုတ်ကြီးက မြိုချလိုက်ပြီဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ တိုက်ခိုက်ခြင်းကို အလူးအလဲ ခံနေရသည့် သူမ၏ ဂိုဏ်းတူမောင်နှမနှစ်ယောက်ကို ကြည့်ပြီး ကျန်းဟန်ယင်း စိတ်မကောင်းဖြစ်သွားရလေသည်။

သို့သော် စိတ်မကောင်းဖြစ်သွားရသည်မှာ ဆန်းလျန်က သူမ ရှေ့တွင်ပေါ်လာပြီး သူမကို ပြုံးပြီး ကြည့်နေခြင်းပင်ဖြစ်လေ သည်။

နတ်ဖားပြုတ်ကြီးရှေ့တွင်ပိတ်မိနေသူက ဆန်းလျန်အစစ်လား ၊ ယခုသူမရှေ့ရောက်နေသည်က ဆန်းလျန်အစစ်လား ၊ ကျန်း ဟန်ယင်းမှာ ဝေခွဲမရဖြစ်ကာ စိတ်များရှုတ်ထွေးလာလေ တော့သည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ သူမခန့်မှန်း နိုင်သည်ထက် ကျော်လွန်သွားပြီဖြစ်လေသည်။

နတ်ဖားပြုတ်ကြီးကို ဆင့်ခေါ်လိုက်ခြင်းမှာ သူမ၏ တန်ခိုးစွမ်း အား အားလုံးနီးပါးကို အသုံးပြုလိုက်ရခြင်းဖြစ်လေသည်။ သူမက တိုက်ပွဲကို အမြန်အဆုံးသတ်လိုသည့်အတွက် ထိုပညာ ကို အသုံးပြုလိုက်ခြင်းဖြစ်လေသည်။ သို့သော် သူမရှေ့သို့ ဆန်းလျန်ရောက်လာမည်ဟု သူမ လုံးဝမျှော်လင့် မထားခဲ့မိ ပေ။

သူမမှာ ဆန်းလျှန်အသုံးပြုနေသည့် တန်ခိုးစွမ်းအားကို သူမ ညာဏ်မီသမျှဖြင့် နားမလည်တော့သည့်အတွက် ရင်ထဲတွင်နင့် သွားရလေသည်။ သူမကိုပင် လှည့်စားနိုင်သည့် တန်ခိုး စွမ်းအားသည် မည်သို့သော တန်ခိုးစွမ်းအားများပါလိမ့်။

ကျန်းဟာန်ယင်းသာ နားမလည်နိုင်ခြင်းမဟုတ်ပါ။ ကျောက် ရှောင်ယွီလည်း နားမလည်နိုင်ဖြစ်နေရလေသည်။

ချောက်ကမ်းပါးဆီမှ ကျောက်ဆောင်များကို ဝါးမြိုနေသည့် နတ်ဖားပြုတ်ကြီးမှာ တဖြည်းဖြည်းစတင်ပျောက်ကွယ်နေပြီ ဖြစ်လေသည်။

ကျန်းဟာန်ယင်းအနေဖြင့် ထိုနတ်ဖားပြုတ်ကြီးကို ဆင့်ခေါ်ရန် သာ တတ်နိုင်ပြီး ထိန်းချုပ်ရန်မှာ မတတ်နိုင်ပါ။ ဆင့်ခေါ်ရန်ပင် လျှင် သူမ၏တန်ခိုးစွမ်းအားများစွာကို အသုံးပြုခဲ့ရသည်မ ဟုတ်ပါလား။

သူမက အားနည်းနေသည့်တိုင် သူမ၏ဓားဝိညာဉ်မှာ အံ့ဩ စရာတန်ခိုးစွမ်းအားများဖြင့် ပေါက်ကွဲထွက်သွားပြီး ဆန်းလျန် ဆီသို့ တိုးဝင်သွားလေသည်။ ဓားဝိညာဉ်မှာ မိုးနှင့်မြေကိုပင် ထိုးခွင်းတော့မည့်အလား ထက်ရှနေလေသည်။

ဓားဝိညာဉ်စွမ်းအားကြောင့် လေထုမှာ တုန်ခါသွားရုံသာမက တွန့်ခေါက်၍ပင်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ဓား ဝိညာဉ်၏အရှိန်မှာ လေထုမှခံနိုင်ရည်ရှိသည့်အနေအထား ထက်ပိုပြီး လျှင်မြန်နေသောကြောင့်ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ကျန်းဟန်ယင်းသည် သူမ၏ဂိုဏ်းတူ မောင်နှမနှစ်ယောက်ကို ဆွဲခေါ်ကာ ကောင်းကင်ထက်သို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်မှာ အရှိန်အဟုန်ပြင်းထန်လှသည့် ကျန်းဟန်ယင်း၏ ဓားဝိညာဉ်ကို အလျှင်အမြန်ရှောင်တိမ်းလိုက်သည့်တိုင် ဓား

ဝိညာဉ်က သူ၏ဝတ်ရုံကိုထိခိုက်မိသွားပြီး ဝတ်ရုံတွင် ဓားရာများ ထင်သွားလေသည်။

"ကျွန်မတို့ သူတို့နောက်ကို လိုက်သွားရင် မီသေးတယ်၊ ချင်ယန်တာအိုနန်းတော်က တာအိုကျင့်စဉ်တွေနဲ့ ဂမ္ဘီရကျင့်စဉ်တွေက ချင်းရွှမ်နတ်တံခါးထက်တော့ မနိမ့်ဘူးဆိုတာ ရှင်လည်းသိတာပဲ၊ သူတို့ကိုသာဖမ်းမိရင် အများကြီး အကျိုးရှိနိုင်တယ်"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

"သနားစရာပြိုင်ဘက်လေးတွေနောက်ကို လိုက်မနေပါနဲ့တော့၊ ခုန သူ့ဓားချက်သာထိမိရင် အနှစ်နှစ်ဆယ်လောက်ကုသရင်တောင် ပျောက်မယ့်ဒဏ်ရာမျိုးမဟုတ်ဘူး၊ အဲဒီလိုတော့ အဖြစ်မခံနိုင်ပါဘူးဗျာ"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်မှာ ကျန်းဟန်ယင်းကဲ့သို့သော ဓားသိုင်းကျင့်ကြံသူမှာ အဘယ့်ကြောင့် နတ်ဖားပြုတ်ကြီးကိုဆင့်ခေါ်သည့် ဂမ္ဘီရ

ပညာကို သုံးရပါသနည်းဟု တွေးနေမိလေသည်။ ဓားသိုင်းကျင့်ကြံသူတစ်ယောက်က ဂမ္ဘီရပညာကိုအသုံးပြုလိုက်သည်မှာ အလွန်မှ နားမလည်နိုင်စရာ ကိစ္စဖြစ်လေသည်။ ချန်ကျန့်မေနှင့်တိုက်ခိုက်ရမည်ဖြစ်သည့်အတွက် တန်ခိုးစွမ်းအားကျဆင်းရခြင်းမရှိရအောင် ဆန်းလျန်ကို အမြန်ပွဲသိမ်းစေသည့်ပုံမျိုးလည်းမဟုတ်ပေ။ တစ်ခုခုမှားနေသလိုမျိုး ဆန်းလျန်ခံစားလိုက်ရလေသည်။

ကျန်းဟန်ယင်း၏ တန်ခိုးစွမ်းအားများကို လျော့ကျသွားစေရန်ရည်ရွယ်ခဲ့သည့် ဆန်းလျန်၏ရည်ရွယ်ချက် အောင်မြင်ခဲ့သည့်တိုင် ဆန်းလျန်ရင်ထဲတွင် သံသယများဖြင့် ပြည့်နေလေသည်။ အမှန်တော့ ယနေ့တိုက်ပွဲတွင် ဆန်းလျန်အနိုင်ရခဲ့သည့်လျှို့ဝှက်ချက်မှာ“လီတိုက်ထောင်ကျန်း” အင်းသင်္ကေတကိုအသုံးပြုခဲ့ခြင်းကြောင့်ဖြစ်လေသည်။ သူက တိုက်ပွဲစတင်

သည့်အချိန်မှာပင် ထိုအင်းသင်္ကေတကို အသုံးပြုကာ

သူ၏ကိုယ်ပွားကိုဖန်ဆင်းထားခဲ့ခြင်းဖြစ်လေသည်။

ထိုအင်းသင်္ကေတမှ ချင်းရှမ်နတ်တံခါးမှ ရတနာတစ်ပါးဖြစ်

လေသည်။ အခြားသူများအတွက်တော့ ထိုသို့သောအင်း

သင်္ကေတမျိုးမှာ ရှားပါးလှသည့် အင်းသင်္ကေတမျိုးပင်ဖြစ်

လေသည်။

ချွင်ယန်တာအိုနန်းတော်မှာ ခမ်းနားကြီးကျယ်သည့် နတ်ဘုရား

ဂိုဏ်းတစ်ခု ဖြစ်ချင်ဖြစ်မည်။ ထျန်းဟွာနယ်သည် ယွမ်ကျိုး

နယ်ထက်ပိုပြီး ဒဏ္ဍာရီဆန်ချင်ဆန်မည်။ သို့သော် ဆန်းလျန်

အသုံးပြုသည့် နတ်ဘုရားအင်းသင်္ကေတမျိုးသည် ထျန်းဟွာ

နယ်တွင် ရှိလိမ့်မည် မဟုတ်ပေ။

"ဟုတ်ပါတယ်လေ ၊ ရှင့်ရဲ့အုပ်ချုပ်မှုအောက်မှာ ချင်းရှမ်နတ်

တံခါးဟာ ဘယ်တော့မှ ကျရှုံးမှာ မဟုတ်ပါဘူး ၊ ဒါနဲ့ ရှင်က

အခုချိန်မှာချင်းရွှမ်နတ်တံခါးရဲ့ အဓိကမဏ္ဍိုင်ဖြစ်နေပါလျက်နဲ့ ဘာလို့ ချင်းရွှမ်က ထွက်လာရတာလဲ"

ကျောက်ရှောင်ယွီက ပြုံးရင်းမေးလိုက်လေသည်။

"မဖြေလို့မရဘူးလား ရှောင်ယွီရယ်..."

"ရတာပေါ့ရှင်..."

ဆန်းလျန်အမေးကို ကျောက်ရှောင်ယွီက အပြုံးလေးဖြင့် တုန့်ပြန်လိုက်ရင်း ရှေ့သို့ ဆက်လျှောက်သွားလေသည်။

ချောက်ကမ်းပါးထက်မှ ကျောက်နံရံများကို ဝါးမြိုနေသည့် နတ်ဖားပြုတ်ကြီး၏ ပါးစပ်ကြီးမှာ ပျောက်ကွယ်သွားပြီဖြစ်လေသည်။

များစွာသော ကျောက်တုံးများကျိုးပဲ့ကာ သစ်ပင်များလည်း အမြစ်မှ ပြုတ်ထွက်ကုန်ကြလေသည်။

ကျောက်ရှောင်ယွီက အစိမ်းရောင် မွေးပွသတ္တဝါလေးကို ကောက်ချီလိုက်လေသည်။ သတ္တဝါလေးမှာ မျက်လုံးများ မှိတ်နေပြီး အသက်ပင်မရှူတော့ပေ။

ကျောက်ရှောင်ယွီက လေပြေလေးဖန်ဆင်းပြီး ထိုသတ္တဝါလေး၏ နှာခေါင်းနားဆီသို့ တိုက်ခတ်စေလိုက်သည်။ ထိုအခါမှ သတ္တဝါလေးသည် မျက်လုံးများပွင့်လာကာ သနားစရာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကျောက်ရှောင်ယွီကို ငေးကြည့်နေလေသည်။ ကျောက်ရှောင်ယွီမှာ သနားစိတ်ကို ထိန်းမရတော့ဘဲ သတ္တဝါလေးကို တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်လေတော့သည်။

"ရှင်ပြောတော့ လေစွမ်းအားသားရဲဆိုတာ ကြောက်စရာသတ္တဝါကြီးဆို ၊ ခုကျ သနားစရာသတ္တဝါသေးသေးလေးဖြစ်နေပါလား ၊ ဒီလို အကောင်လေးက လူတစ်ယောက်အသက်ကို အနှစ်ငါးရာအထိ ရှည်စေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား...."

ကျောက်ရှောင်ယွီက ရယ်မောရင်း ပြောလိုက်လေတော့သည်။

အခန်း (၂၄၃)

တာအိုတေချင်

ဆန်းလျန်က လေစွမ်းအားသားရဲကို တစ်ချက်ကြည့်လိုက်

ရင်း....

“ဒီသတ္တဝါလေးက သက်ရှိသတ္တဝါလေးပဲ ၊ အင်္ကျီလက်ထဲ

ထည့်သယ်သွားလို့မရလောက်ဘူး ၊ သိပ်မခက်ဘူးဆိုရင် သူ့ကို

ရှောင်ယွီ ပွေ့ချီပြီးခေါ်လာခဲ့ပါနော်”

ကျောက်ရှောင်ယွီက ရယ်မောလိုက်ရင်း...

“အမယ် ၊ ကျွန်မကိုများ ရှင့်အလုပ်သမားကျနေတာပဲ ၊ သယ်ချင်ရင် ကိုယ့်ဟာကိုယ် သယ်ခဲ့ပါလား ရော့”

သူမက လေစွမ်းအားသားရဲငယ်လေးကို ဆန်းလျန်ထံသို့ ပစ်ပေးလိုက်လေသည်။ သားရဲလေးမှာ ကြောက်ရွံ့နေလေသည်။ လေစွမ်းအားသားရဲမှာ လေအသွင်ပြောင်းနိုင်သည့် စွမ်းအားရှိလေသည်။ ထို့ကြောင့်သူက ကျောက်ရှောင်ယွီသူ့ကို ဆန်းလျန်ထံသို့ပစ်ပေးလိုက်သည်နှင့် လေအသွင်ပြောင်းလဲကာ ထွက်ပြေးရန် ကြိုးစားလိုက်သည်။

သို့သော်... သူ၏ အကြံအစည် မအောင်မြင်ခဲ့ပါ။ သူ့ကို သံမဏိနံရံတစ်ခုက ပိတ်ဆို့ထားသလိုခံစားလိုက်ရလေသည်။ သံမဏိနံရံနှင့်တိုက်မိပြီး သားရဲလေးမှာ ခေါင်းမူးသွားရလေသည်။ ဆန်းလျန်က လေကို ပိုက်ကွန်အသွင်ပြောင်းလဲကာ သတ္တဝါလေးကို ဖမ်းဆီးလိုက်ပြီး ပွေ့ချီလိုက်လေသည်။

သားရဲလေးမှာ မလွတ်မြောက်နိုင်တော့သည့်အတွက် တအီအီ ညည်းညူနေလေတော့သည်။ သူ၏ အနက်ရောင်မျက်ဝန်းများမှာ စိုးရိမ်မှုများဖြင့်ပြည့်နေပြီး မျက်ရည်များပင်ဝဲနေလေသည်။

သူ့ကို ရင်ခွင်ထဲတွင် ပွေ့ချီထားသည့် လူငယ်သည် လေပေါ်သို့ ပျံသန်းထွက်ခွာသွားပြီး သူ၏မွေးရပ်ဒေသမှ အမည်မသိတစ်နေရာသို့ သူ့ကို ခေါ်ဆောင်သွားခဲ့လေပြီ။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီမှာ ဘေးချင်းယှဉ်ပျံသန်းနေကြပြီး ကျောက်ရှောင်ယွီက လေစွမ်းအား သားရဲလေးကို တစ်ချက်စောင်းကြည့်လိုက်သည်။ သူမက အကြင်နာတရားကင်းမဲ့သူတစ်ယောက်ဖြစ်သည့်တိုင် မိန်းကလေးတို့သဘာဝအတိုင်း သတ္တဝါလေးကို သနားနေမိလေသည်။

အချို့လူများသည် လူပေါင်းများစွာကို သတ်ဖြတ်ခြင်း ၊ သတ်ဖြတ်ရန် အမိန့်ပေးခြင်းများပြုလုပ်ကြသည့်တိုင်

တစ်ခါတစ်ရံတွင် အားနည်းသူများကို သနားစိတ်ဝင်မိကြသည်မှာမထူးဆန်းပါ။ ထိုသို့ဖြစ်သည်မှာ ထူးဆန်းသည့် လူ့သဘာဝပင်ဖြစ်လေသည်။

"ဆန်းကျွင်းအရှင်၊ ရှင်က ကြင်နာတတ်တဲ့သူပဲ၊ ဒီဝိညာဉ်သားရဲလေးကို တကယ်ပဲ ဆေးဖော်ပစ်တော့မှာလား၊ ရှင်ကိုယ်တိုင်မလုပ်ဘဲ အခြားသူလုပ်ခိုင်းရင်တောင်မှ ဒီလိုလုပ်တာ ရှင့်ရဲ့စရိုက်နဲ့တော့ မကိုက်ဘူးလေ"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

သူမ၏ စကားကြောင့် ဆန်းလျန်က ရယ်မောလိုက်လေသည်။

"အရင်တုန်းက ကျောက်ရှောင်ယွီဘယ်ရောက်သွားပါလိမ့်၊ အရင်က ကျောက်ရှောင်ယွီသာဆိုရင် ဒီလိုစကားမျိုးတွေပြောမယ်မထင်ဘူး၊ ဒါပေမယ့် မင်းဒီလိုပြောင်းလဲလာပြီး လူသားဆန်တဲ့စိတ်တွေဝင်လာတာ ကျုပ်တကယ်ပဲဝမ်းသာမိပါတယ်ဗျာ၊ အကြင်နာတရားရှိတယ်ဆိုတာ ကောင်းတဲ့အလုပ်ပဲလေ၊

ဗောဓိသကျတောင်မှ သူ့အသားကိုဖဲ့ပြီး သိမ်းငှက်တွေကို

အစာကျွေးခဲ့တာပဲလေ ၊ သူ့လောက်အကြင်နာတရားပြည့်တဲ့

သူ ရှိဦးမှာလား”

“ရှင် ဒီအကောင်လေးကို လွှတ်ပေးမှာလား”

ကျောက်ရှောင်ယွီက မေးလိုက်သည်။

ဆန်းလျန်က သူ့ရင်ခွင်ထဲမှ လေစွမ်းအားသားရဲလေးကို ကြည့်

လိုက်ရင်း....

“မင်းက လေကိုအောင်နိုင်သူအဖြစ်မွေးဖွားလာပြီး ဝိညာဉ်

စွမ်းအားပြည့်ဝတဲ့ သတ္တဝါလေးဆိုပေမယ့် မင်းရဲ့ အစွမ်းတွေ

က အကန့်အသတ်ရှိတယ် ၊ မင်းအသက်ဘယ်လောက်ပဲရှည်

ရှည် ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်မှာမဟုတ်ဘူး ၊ အခု

မင်းကို လူသားတစ်ယောက်အဖြစ် အသက်ရှင်နိုင်အောင်

ကျုပ်က ကူညီပေးမယ် ၊ ဒါဆိုရင် မင်းက ဝိညာဉ်စွမ်းအား

ကောင်းတဲ့အတွက် ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်သူ

ဖြစ်လာမှာပဲ ၊ ကျင့်စဉ်လမ်းတက်ဖို့ အချိန်ကြာနေတယ်ဆို ရင်တောင်မှ မင်းအခက်အခဲတွေကို ကျော်လွှားနိုင်မှာပါ ၊ အဲဒီ အချိန်ကျရင် မင်း ချင်းရွှမ်နတ်တံခါးကို ပညာသင်ဖို့လာခဲ့ပါ ၊ မင်းရဲ့ ခန္ဓာကိုယ်ကို ပေးဆပ်ခဲ့တဲ့အတွက် ကျုပ်က ကျေးဇူး ပြန်ဆပ်ပါ့မယ် ၊ ပြီးတော့ ကျုပ်က မင်းကို အခု လွှတ်ပေး လိုက်တယ်ဆိုရင်တောင်မှ နောက်ကျရင် မင်းက သေရမှာပဲ လေ ၊ ဒါဆို လူသားတစ်ယောက်ဖြစ်ခွင့်ရဖို့ အခွင့်အရေး တောင် ရမှာမဟုတ်တော့ဘူး”

လေစွမ်းအားသားရဲလေးမှာ မွေးရာပါ ဝိညာဉ်စွမ်းအားကောင်း သူဖြစ်လေသည်။ သူက လေအသွင်သို့ကူးပြောင်းနိုင်သည့် တန်ခိုးစွမ်းအားဖြင့် ကျင့်ကြံသူများရန် ပုန်းရှောင်ခဲ့သော်လည်း သူ့တွင် အခြားသော တန်ခိုးစွမ်းအားမရှိပေ။

လေစွမ်းအားသားရဲငယ်လေးသည် ဆန်းလျန်၏ရင်ပတ်ကို ခေါင်းဖြင့်တိုးဝှေ့လိုက်ရင်း ခေါင်းညိတ်သလိုတစ်ချက်ပြုကာ မျက်တောင်ခတ်ပြလိုက်လေသည်။

ဆန်းလျန်မှာ အစပိုင်းတုန်းက ထိုသို့သောအကြံဉာဏ်ကို မရခဲ့ပေ။ သို့သော် ဝိညာဉ်စွမ်းအားအလွန်ကောင်းသည့် ထိုသတ္တဝါလေးကို ဆန်းလျန်မှာ မသတ်ရက်တော့ပေ။ သူ့အတွက်သာဆိုလျှင် သူက ထိုသတ္တဝါလေးကို အသုံးပြုမည်မဟုတ်ပေ။ သို့သော် ချင်းရှမ်နတ်တံခါးအတွက် ဖြစ်နေသည့်အတွက် သူ့တွင် ရွေးခြယ်စရာမရှိပေ။

ဆန်းလျန်က ထုန်ထျန်းတန်ခိုးစွမ်းအားကို ကျင့်ကြံအောင်မြင်ထားသူဖြစ်သည့်အတွက် အာရုံခံနိုင်စွမ်းထူးခြားလေသည်။ သူက ပြန်လည်မွေးဖွားခြင်းအတွက် ကံကြမ္မာကို မပြောနိုင်သည့်တိုင် ဘဝသံသရာလည်ခြင်းနှင့် ကုသိုလ် အကုသိုလ်ကို သူနားလည်ထားလေသည်။

ကျင့်ကြံသူများကြားတွင် မူလအရင်းခံမှာ "တာအိုတေချင်ကျမ်း" ဟုခေါ်သည့် "တောက်တယ်ကျင်း" ကျမ်းပင်ဖြစ်လေသည်။ "တောက်တယ်" ဆိုသည့်အဓိပ္ပါယ်မှာ "ကိုယ်ကျင့်တရား" ဟူ၍ဖြစ်သည်။

တာအို (တောက်) ဆိုသည်မှာ စကြာဝဠာသဘာဝတရား၏ ကျင့်စဉ်လမ်းကိုသာ ဆိုလိုခြင်းမဟုတ်ပါ။ တရားအလင်းရရှိအောင် ကျင့်ကြံအားထုတ်ရမည့် "လမ်း" ဟူ၍လည်း အဓိပ္ပါယ်ရလေသည်။ "တေ" (တယ်) ဆိုသည်မှာ ကိုယ်ကျင့်တရား ၊ အပြုအမူဟုဆိုခြင်းထက် "လောကကို မှန်ကန်စွာရှုမြင်နိုင်ခြင်း" နှင့် ကျင့်ကြံသူတစ်ယောက်၏ အခြားသူများကို ပြုမူဆက်ဆံပုံကို ဆိုလိုခြင်းဖြစ်လေသည်။

"တာအိုတေ" ဆိုသည့် "တောက်တယ်" အတိုင်း ဖြည့်ကျင့်နေထိုင်သရွေ့ လူတစ်ယောက်သည် လောကတွင် အောင်မြင်မှု

ကိုရရှိမည်ဖြစ်ပြီး မလိုအပ်သည့်အန္တရယ်များအားလုံးကို လည်း ရှောင်ရှားနိုင်မည်ဖြစ်လေသည်။

နတ်မိစ္ဆာသားရဲတစ်ကောင်က ဆန်းလျန်ကို တိုက်ခိုက်မည်ဆို လျှင် ဆန်းလျန်က ထိုနတ်မိစ္ဆာသားရဲကို သတ်ပစ်မည်ဖြစ်လေ သည်။ သို့သော် လုပ်ရပ်တိုင်းအတွက် အကျိုးဆက်ကိုရင်ဆိုင် ရမည်မှာတော့ လောကနိယာမတရားပင်ဖြစ်လေသည်။

လေစွမ်းအားသားရဲကဲ့သို့ ဝိညာဉ်စွမ်းအားပြည့်ဝသည့် သားရဲ လေးကို ဆန်းလျန်အနေဖြင့် သတ်ရန်မသင့်ပေ။

ကံကြမ္မာတစ်ပတ်လည်လာသည့်အခါ ဆန်းလျန်အနေဖြင့် ဝဋ်ကြွေးဆပ်ရမည်ဖြစ်လေသည်။

ဝိညာဉ်စွမ်းအားပြည့်ဝသည့် သားရဲတိုင်းသည် လူသားအဖြစ် ပြောင်းလဲနိုင်ခွင့်မရှိပါ။ ဆန်းလျန်ကဲ့သို့သော တန်ခိုးရှင်မျိုးက ကူညီမှသာ အခွင့်အရေးရနိုင်မည်ဖြစ်လေသည်။

လူသားအဖြစ်ပြောင်းလဲခွင့်သည် ဆရာသခင်ကျန်းရှော့ရှီး လူ့ဘဝပြန်ဝင်စားခြင်းကဲ့သို့ ဘဝခြားနားသွားခြင်းနှင့် မတူညီပေ။

လေစွမ်းအားသားရဲလေးအတွက် လေစွမ်းအားသားရဲရုပ်ခန္ဓာကိုစွန့်လွှတ်ပြီး လေစွမ်းအားသားရဲငယ်၏ဝိညာဉ်နှင့် အခြားသောလူသားတစ်ဦးခန္ဓာကိုယ်တစ်ခုဖြင့် ပြန်လည်ရှင်သန်ခြင်းကို ဆိုလိုခြင်းဖြစ်လေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီတို့ ဆယ်ရက်ကျော်ခန့်ခရီးနှင်ပြီးသည့်နောက်တွင်တော့ မိသားစုလေးတစ်စုကို ရှာဖွေတွေ့ရှိခဲ့ကြလေသည်။

ထိုမိသားစုလေးမှာ ရွာငယ်လေးတစ်ရွာတွင်နေထိုင်သူများဖြစ်ကြလေသည်။

အချိန်က ညနေခင်းအချိန်ဖြစ်လေသည်။

ရွာလေး၏ပုံစံမှာ "ကျီးကန်းများပျံသန်းနေပြီး ရေပတ်လည် ဝိုင်းနေသည့် စွန့်ပစ်ထားသည့်ရွာလေး" ဆိုသည့် စာသားထဲမှ အတိုင်းပင်ဖြစ်လေသည်။

ထိုမိသားစုလေးတွင် မွေးပြီးပြီးချင်းမှာပင် ကံဆိုးစွာဖြင့် ဆုံးပါးသွားသည့် ကလေးငယ်လေးတစ်ဦးရှိလေသည်။ ကလေးတစ်ယောက်ကို မွေးဖွားရန်မှာ ချမ်းသာသည့်သူများ အတွက်ပင် လွယ်ကူခြင်းမရှိလေရာ ဆင်းရဲသည့် မိသားစု လေးအတွက်တော့ ခက်ခဲခဲ့လေသည်။ ထို့ကြောင့် ဆင်းရဲသည့် ဒဏ်ကိုမခံနိုင်ဘဲ ကလေးငယ်မှာ ဆုံးပါးသွားရခြင်း ဖြစ်လေ သည်။

ဆန်းလျှန်သည် ထိုမိသားစုလေး၏အိမ် တည်ရှိရာ ကောင်းကင်ထက်တွင်ရှိနေလေသည်။

သူက စပါးပင်နှင့် ခပ်ဆင်ဆင်တူသည့် သစ်ရွက်ငယ်လေးတစ် ခုကို ယူလိုက်သည်။ ထိုသစ်ရွက်ငယ်လေးမှာ နှစ်တစ်ရာ

မြက်ပင်လေး ဖြစ်လေသည်။ ဆန်းလျန်က ထိုမြက်ပင်လေးကို လေစွမ်းအားသားရဲငယ်လေး၏ နှာခေါင်းတွင်းသို့ ထည့်လိုက်လေသည်။

သိပ်မကြာမီပင် ထိုသားရဲငယ်လေး၏ ဦးခေါင်းဆီမှ အစိမ်းရောင် အငွေ့များ ထွက်ပေါ်လာလေသည်။ ထိုအငွေ့များက လေစွမ်းအားသားရဲငယ်လေးနှင့် ပုံသဏ္ဍာန်ဆင်တူလေသည်။ ထိုအငွေ့ရိပ်လေးက ဆန်းလျန်ကို နှုတ်ဆက်နေသည့်အလား လေထဲတွင် ယိမ်းနွဲ့နေလေသည်။

ဆန်းလျန်က ထိုအငွေ့လေးများကို သေဆုံးသွားသည့် ကလေးငယ်၏ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ပြီး ဘဝကူးပြောင်းရန် အမိန့်ပေးလိုက်လေသည်။

သေဆုံးနေသည့် ကလေးငယ်မှာ အသက်ပြန်ဝင်လာပြီး ရုတ်တရက် ထငိုလိုက်လေသည်။ ကလေးငယ်ထငို

သည့်အတွက် ကလေးကို ပွေ့ချီထားသည့် ဖခင်ဖြစ်သူမှာ ထိတ်လန့်သွားပြီး ကလေးကို လွှတ်ချလိုက်မိလေသည်။ ရုတ်တရက် ဆန်းလျန်က သူ့အနားတွင်ပေါ်လာပြီး ကလေးငယ် ပြုတ်ကျမသွားစေရန် အချိန်မီ ထိန်းထားပေးလိုက်သည်။ ဆန်းလျန်က ယခုအခါ စာပေသမားလူငယ်တစ်ယောက်ပုံစံ ဝတ်ဆင်ထားပြီး သူ့ကိုကြည့်ရသည်မှာ စာကြမ်းပိုးပုံပေါက်နေလေသည်။

"အစ်ကိုကြီး ၊ ကလေးကို ပြုတ်မကျအောင် ချီမှပေါ့"

ဆန်းလျန်က ပြောလိုက်လေသည်။

ရွာလေးတွင် နေထိုင်သည့်သူများမှာ စာပေသမားများကို လေးစားကြလေသည်။

ကလေးငယ်၏ ဖခင်ဖြစ်သူက ကလေးကို ဆန်းလျန်လက်ထဲမှ ပြန်ယူလိုက်ရင်း သူ၏ကလေး အသက်ပြန်ရှင်လာသည့်အတွက် အံ့သြပျော်ရွှင်မဆုံး ဖြစ်နေလေသည်။

"ဒီက သခင်လေးက ဘယ်ကရောက်လာတာလဲ ၊ ကျေးဇူး

အများကြီးတင်ပါတယ်"

ဟု ပြောလိုက်လေသည်။

သို့သော် သူ့စကားမဆုံးမီမှာပင် ဆန်းလျန်က သူ့ရှေ့မှ ပျောက်

ကွယ်သွားပြီ ဖြစ်လေသည်။

နေ့ခင်းကြောင်တောင်ကြီး အိပ်မက်များမက်နေသည်လားဟု

လယ်သမားကြီးက တွေးလိုက်မိပြီး သူ့ရင်ခွင်ထဲမှ ကလေးငယ်

ကို ကြည့်လိုက်သည့်အခါတွင်တော့ မျက်တောင်လေးများ

တစ်ဖျတ်ဖျတ်ခတ်ရင်း သက်ဝင်လှုပ်ရှားနေလေသည်။

သူ့ဘေးနားတွင် မြစိမ်းရောင်ဝါးတုတ်လေးတစ်ခုကိုလည်း

တွေ့ရလေသည်။ မည်သူလာထားသွားမှန်းပင်သိရပေ။

လယ်သမားမိသားစုဖြစ်သည့် ဖုန်းမိသားစုမှ ကလေးငယ်လေး

အသက်ပြန်ရှင်လာသည့်သတင်းမှာ တစ်ရွာလုံးသို့ ပျံ့နှံ့သွား

လေသည်။

ထိုဖြစ်ရပ်ကြောင့် တစ်ရွာလုံးမှာ အံ့အားသင့်နေကြရပြီး

ကလေးငယ်၏ ဖခင်က ကလေးအသက်ပြန်ရှင်လာသည့်နေ့က

စာပေသမားတစ်ယောက်ကို တွေ့လိုက်ရပြီး မျက်စိတစ်မှိတ်

အတွင်း ပြန်လည်ပျောက်ကွယ်သွားသည်ဟု ပြောပြလေ

သည်။

အချို့လူများကလည်း ထိုနေ့ညက ကောင်းကင်တွင် စာပေ

သမားကြယ် တောက်ပနေသည်ဟု ဆိုကြလေသည်။

လယ်သမားကြီးက သူ၏သားငယ်မှာ စာပေသမားဖြစ်ဖို့ကံ

ပါသည်ဟု ယူဆကာ ကလေးငယ်ကို ပြုစုပျိုးထောင်ပေးလေ

သည်။

သိပ်မကြာမီပင် ရွာထဲသို့ ဗေဒင်ဆရာတစ်ယောက်ရောက်လာ

ပြီး ကလေးငယ်မှာ ပါရမီရှင်တစ်ယောက်ဖြစ်သည်ဟု

နိမိတ်ဖတ်ကာ "ဖုန်းချင်းယန်" ဟု အမည်ပေးသွားခဲ့လေသည်။

ရွာထဲမှ ကလေးငယ်များမှာ များသောအားဖြင့် ကော်တန့်၊ အော့တန့် ဟု သာမန် နာမည်များသာ ပေးထားကြလေရာ ဖုန်း မိသားစုမှ သားငယ်ကတော့ လှပသည့်နာမည်လေးကိုပိုင်ဆိုင် သည့် ပထမဆုံး ကလေးငယ်ဖြစ်လေသည်။

ကလေးငယ် ဖုန်းချင်းယန်မှာ အသက်လေးနှစ်တွင် ပထမဆုံး ကဗျာတစ်ပုဒ်ကို ရေးစပ်ခဲ့ပြီး နိမိတ်အတိုင်း ထူးချွန်သည့် ကလေးဖြစ်ကြောင်း သက်သေပြလိုက်လေသည်။

ထို့ပြင် ဖုန်းအိမ်မှ ကလေးမှာ သူ၏ မြစိမ်းရောင်ဝါးတုတ်လေး ကိုကိုင်ကာ ကျွဲများ နွားများကို ကျောင်းလေ့ရှိပြီး ကျွဲများ နွား များမှာ အဝေးသို့ မပြေးဘဲ သူ့အနားတွင်ပင် ယဉ်ပါးစွာ ငြိမ် သက်နေကြမြဲ ဖြစ်လေသည်။

ထိုအဖြစ်အပျက်များအားလုံးမှာ ဆန်းလျန်နှင့် ကျောက်ရှောင် ယွီ ရှင်သန်စေခြင်းကျောင်းတော်သို့ ရောက်ရှိသွားပြီး

နောက်ပိုင်းမှ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများသာ ဖြစ်လေသည်။

အခန်း (၂၄၄)

ကောရာဇ်တံဆိပ်တော်

ထိုနေ့က...

ကူးချိုင်ဝေ့မှာ ကျင့်စဉ်ကျင့်ကြံမှုပြီးဆုံးသွားသည့်အတွက် မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ သူမစိတ်များက ကြည်လင်နေလေသည်။ ခန်းမဆောင်ထဲသို့ သက်တန့်ရောင် အလင်းတန်းများ ဝင်ရောက်လာလေသည်။

"ဂိုဏ်းတူမောင်လေး ပြန်လာပြီပဲ"

ကူးချိုင်ဝေ့က ရေရွတ်လိုက်လေသည်။

သူမက အခန်းထဲမှ ထွက်လိုက်သည့်အခါတွင်တော့

ကောင်းကင်ထက်မှ ပျံသန်းလာသည့် အလင်းတန်းနှစ်ခုကို

တွေ့မြင်လိုက်ရလေသည်။

အလင်းတန်းတစ်ခုမှာ မိုးပြာရောင်အလင်းတန်းဖြစ်ပြီး ရေ

ကဲ့သို့ကြည်လင်နေလေသည်။ ထိုအလင်းတန်းမှာ သူမ၏

ဂိုဏ်းတူမောင်လေးဖြစ်ကြောင်း ကူးချိုင်ဝေ့ ချက်ချင်းသိ

လိုက်သည်။ အခြားအလင်းတန်းတစ်ခုမှာတော့ ကြာပန်းသဏ္ဍာ

န်နှင့် ဆင်တူလေသည်။

ထို့နောက် ကောင်းကင်ထက်တွင် လူနှစ်ယောက်ပေါ်လာလေ

သည်။

ချောမောလှပပြီး သိမ်မွေ့ဟန်ရှိသည့် လူငယ်လေးမှာတော့ ဆန်းလျန်ဖြစ်ပြီး ဆန်းလျန်၏ဘေးတွင် အလွန်ချောမောလှပ သည့် မိန်းမပျိုတစ်ယောက် ရှိနေလေသည်။

ထိုမိန်းကလေးမှာ ချောမောလွန်းသည့်အတွက် ကူးချိုင်ဝေ့ပင် လျှင် ငေးကြည့်နေမိလေသည်။

မိန်းမပျို၏ မျက်ဝန်းများမှာ ကြည်လင်တောက်ပနေပြီး သူမ က လူတိုင်းကိုဖမ်းစားနိုင်သည့် အပြုံးလှလှလေးကို မျက်နှာ ထက်တွင် ဆင်မြန်းထားလေသည်။ သူမ၏ အဖြူရောင်ဝတ်ရုံ မှာ လေထဲတွင် လွင့်ပျံနေပြီး မိုးကောင်းကင်ထက်မှ နတ်မိမယ် များပင် သူမ၏ အလှကို မီနိုင်မည်မဟုတ်ပေ။

"ဂိုဏ်းတူမောင်လေးက မိန်းကလေးတွေကို စိတ်ဝင်စားတတ် တဲ့သူမဟုတ်ပါဘူး ၊ ဘယ်လိုဖြစ်လို့ ဒီနတ်မိမယ်လေးကို ခေါ် လာတာပါလိမ့်"

ကူးချိုင်ဝေ့က တွေးနေမိလေသည်။

သူတို့နှစ်ယောက် မြေပြင်ထက်သို့ ဆင်းသက်လာကြလေသည်။

ကူးချိုင်ဝေ့က ပြုံးလိုက်ရင်း...

"ဂိုဏ်းတူမောင်လေး ၊ မင်းထွက်သွားတာကြာလိုက်တာ ၊ နတ်ဘုရားစျေးပွဲတော်ပြီးသွားတာ တစ်လတောင်ကြာနေပြီ ၊ ခုမှပဲပြန်ရောက်လာတော့တယ် ၊ ပြီးတော့ ဒီက မိန်းကလေးကရောဘယ်ဂိုဏ်းကများလဲ ၊ ချိုင်ဝေ့ နှုတ်ဆက်ပါတယ်နော်"

ဆန်းလျန်က ပြုံးလိုက်ပြီး ကျောက်ရှောင်ယွီကို ကူးချိုင်ဝေ့နှင့်မိတ်ဆက်ပေးလိုက်သည်။

"ဒါ ကျုပ်ရဲ့ ဂိုဏ်းတူအစ်မ ကူးချိုင်ဝေ့ပါ"

ကျောက်ရှောင်ယွီက သူမရှေ့မှ မိန်မပျိုကို တစ်ချက်ကြည့်လိုက်သည်။ ကူးချိုင်ဝေ့မှာ ကျက်သရေရှိပြီး နူးညံ့သိမ်မွေ့ဟန်ရှိလေသည်။ အလွန်ချောမောလှပခြင်းမရှိသည့်တိုင်ကြည်လင်ရှင်းလင်းသည့် အလှတရားကိုပိုင်ဆိုင်ပြီး

အမျိုးသမီးကျင့်ကြံသူများထဲတွင် ထူးခြားသူတစ်ယောက်

ဖြစ်ကြောင်း ပေါ်လွင်လေသည်။ ကျောက်ရှောင်ယွီမှာ

ချက်ချင်းပင် ကူးချိုင်ဝေ့ကို ခင်မင်သွားမိလေသည်။

ကူးချိုင်ဝေ့မှာ ဟိုင်သန်းအဆင့် အောင်မြင်ခြင်းမရှိသေးသည့်

တိုင် သူမဆီမှထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများမှာ ဆန်း

လျန်ဆီမှ တန်ခိုးစွမ်းအားများနှင့် ဆင်တူလေသည်။ သူတို့နှစ်

ယောက်မှာ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်တစ်ခုတည်းကို

ကျင့်ကြံကြသည့်သူများဖြစ်သည်မှာ သိသာလှလေသည်။

ထို့ကြောင့် ကူးချိုင်ဝေ့မှာလည်း ကျိုလင်နတ်သမီး၏ တပည့်

ပင်ဖြစ်ရမည်ဟု ကျောက်ရှောင်ယွီယူဆလိုက်သည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဒါဆို အစ်မက မမကူးချိုင်ဝေ့ပေါ့၊ မမအကြောင်း ကြားဖူး

တာတော့ ကြာပါပြီ၊ ခုမှပဲ တွေ့ဖူးတော့တယ်၊ ညီမလေး

ကျောက်ရှောင်ယွီ မမကို နှုတ်ဆက်ပါတယ်"

ကျင့်ကြံသူတို့စည်းကမ်းများအရ သူမက ဆန်းလျန်နှင့် ကျိ
လင်နတ်သမီးကို လေးစားသည့်အနေဖြင့် ကူးချိုင်ဝေ့ကို အစ်မ
ဟု သတ်မှတ်ခေါ်ဝေါ်လိုက်ခြင်းဖြစ်လေသည်။ ကူးချိုင်ဝေ့ကို
လည်း သူမက ခင်မင်ခဲ့မိပြီ မဟုတ်ပါလား။

သူမက ဆန်းလျန်နှင့် ပူးပေါင်းရန် ရည်ရွယ်ထားသဖြင့် ချင်းရွှ
မ်နတ်တံခါးတွင် သူမကိုယ် သူမ နှိမ့်ချဆက်ဆံခြင်းပြုလုပ်
သင့်သည်ဟုလည်း သူမက ယူဆထားလေသည်။

ကျောက်ရှောင်ယွီကို နားလည်ပြီးသားဖြစ်သည့် ဆန်းလျန်
ကတော့ မည်သည့်စကားမှ ဆိုခြင်းမရှိပါ။ သူ့အနေဖြင့်
ကျောက်ရှောင်ယွီက သူ့ကိုကူညီခဲ့သည့်အတွက် သူ့ဘက်က
လည်း ပြန်လည်ကူညီရမည်ဟု ဆုံးဖြတ်ထားပြီးသား ဖြစ်လေ
သည်။

ကျောက်ရှောင်ယွီနှင့် ဆန်းလျန်မှာ လေစွမ်းအားသားရဲကို
ဖမ်းဆီးပြီးသည့်နောက် လမ်းခွဲရတော့မည်ဖြစ်လေသည်။

သို့သော် ကျောက်ရှောင်ယွီက ချင်းရွှမ်နတ်တံခါး၏ အနွယ်တော်ဂိုဏ်းခွဲတစ်ခုဖြစ်သည့် ရှင်သန်စေခြင်းကျောင်းတော်သို့ လိုက်ပါလည်ပတ်လိုသည်ဟု ဆိုသဖြင့် ဆန်းလျန်က သူမကို ဧည့်သည်အဖြစ် ခေါ်လာခဲ့ခြင်းဖြစ်သည်။

သူတို့သုံးယောက် ခန်းမဆောင်အတွင်းသို့ဝင်လိုက်ကြပြီး ဆယ်မိနစ်ခန့် စကားစမြည်ပြောနေကြလေသည်။ ထို့နောက်မှ ကျောက်ရှောင်ယွီက ဟိုနား ဒီနား လျှောက်ကြည့်ဦးမည်ဟု ဆိုကာ ထွက်ခွာသွားလေသည်။

ကျောက်ရှောင်ယွီထွက်ခွာသွားတော့မှ ဆန်းလျန်က ကူးချိုင်ဝေ့ကို ပြောလိုက်သည်။

"ဂိုဏ်းတူအစ်မ ၊ ကျွန်တော့်ကို ပြောစရာကိစ္စတွေရှိရင် ပြောလို့ရပြီ"

"ကောင်းပါပြီ ၊ လွန်ခဲ့တဲ့ ရက်နှစ်ဆယ်လောက်က ချင်းကျန်းဂိုဏ်းက ချင်းရွှမ်နတ်တံခါးကို သတင်းပို့တယ် ၊ မင်းမရှိတာနဲ့

ဆရာဦးလေးဟုန်က အစ်မကို လှမ်းပြီး ဆက်သွယ်တယ် ၊ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ဟွမ်လုန်ကျီ ကျူးကျော်လာပြီး ချင်းကျန်းဂိုဏ်းကို တိုက်ခိုက်တယ် ၊ သူက နဂါးသဏ္ဍာန်ပြောင်း ပညာကို လေ့ကျင့်ထားလို့ အဝါရောင်နဂါးသဏ္ဍာန်နဲ့ တိုက်ခိုက်တဲ့အပြင် ရေမိစ္ဆာတွေကို အမိန့်ပေးပြီး ချင်းကျန်းဂိုဏ်းက ဘယ်သူမှ အပြင်ထွက်လို့မရအောင် ဝိုင်းထားတယ်”

ဆန်းလျန်က မျက်မှောင်တစ်ချက် ကြုံ့လိုက်ရင်း....

"ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူဂိုဏ်းအချင်းချင်းကို ဘာလို့ဒီလိုလုပ်ရတာလဲ ၊ ဒီလိုလုပ်ရင် သူတို့နာမည်ပျက်မှာပဲ မဟုတ်ဘူးလား ၊ ဒီလိုသိက္ခာမရှိတဲ့ လုပ်ရပ်မျိုးကို မလုပ်သင့်ပါဘူး"

"ဒါပေမယ့် ပြဿနာက ဖြစ်ပြီးသွားပြီလေ ၊ ကျော်ရှောင်ချင်းက သူ့ရဲ့ဂိုဏ်းကို ပြန်ပါရစေလို့ အစ်မကိုပြောနေတာ ခဏခဏ

ပဲ ၊ ဒါပေမယ့် အစ်မသူ့ကို မလွှတ်လိုက်ဘူး ၊ မင်းပြန်လာရင်
ဘယ်လိုဆုံးဖြတ်မလဲဆိုတာ စောင့်နေတာ"
ဆန်းလျန်ရင်ထဲမှ သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။ ချ
င်းရွှမ်နတ်တံခါးတွင် အဆင့်မြင့်ကျင့်ကြံသူများစွာရှိလျှင် ထို
ပြဿနာကို ဖြေရှင်းရန် လွယ်သော်လည်း ယခုက ထိုသို့မဟုတ်
ပြီ။
ဟွမ်လုန်ကျီမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ နတ်ဘုရား
အလောင်းအလျာ ဆယ့်နှစ်ပါးတွင် တန်ခိုးစွမ်းအား
အနည်းဆုံးကျင့်ကြံသူဖြစ်သည့်တိုင် သူက ဖော့ဝမ့်အဆင့်
ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးတွင်
ပိုင်စုဟွမ်နှင့် အရက်သမားတာအိုဆရာမှလွဲလျှင် သူ့ကို
ယှဉ်ပြိုင်နိုင်မည့်သူ မရှိပေ။
ထို့ပြင် ထိုဆရာသခင်နှစ်ပါးကလည်း လွယ်လွယ်နှင့်
တိုက်ခိုက်မည်မဟုတ်ပေ။ အထူးသဖြင့် သူနှင့် ပြဿနာရှိခဲ့ဖူး

သည့် ပိုင်စုဟွမ်ကို ဆန်းလျန်က မည်သို့မျှ စေခိုင်းလို့ရမည် မဟုတ်ပေ။

ဆန်းလျန်က ချက်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်သည်။

"ကျွန်တော့်ကို အရေးပေါ်ဆက်သွယ်လို့ရအောင် စီစဉ်မပေးမိဘဲ ထွက်သွားမိတာကိုက ကျွန်တော့်အမှားပါပဲ ၊ ချင်းကျန်းဂိုဏ်းက ချင်းရှမ်ကို သတင်းပို့နိုင်သေးတယ်ဆိုတော့ အခြေအနေအရမ်းမဆိုးလောက်သေးဘူး"

"မင်းအမှားမဟုတ်ပါဘူးကွယ် ၊ အစ်မက မင်းကိုသာ လူလွှတ်ပြီးရှာခိုင်းမိရင်သာ ပြဿနာတွေ ပိုပြီးရှုတ်ကုန်မှာ ၊ ချင်းကျန်းဂိုဏ်းကို ကူညီဖို့က အလျှင်စလို လုပ်လို့ရတဲ့ကိစ္စလည်း မဟုတ်ဘူးလေ ၊ အစ်မတို့ဘက်က အများကြီးပါဝင်ပတ်သက်မိသွားရင် ချင်းရှမ်ရဲ့အခြေအနေကို အားလုံးသိအောင်ချပြလိုက်သလိုဖြစ်သွားပြီး အကုန်ရှုတ်ကုန်လိမ့်မယ်"

ကူးချိုင်ဝေ့ကပြောလိုက်သည်။

ဟွမ်လုန်ကျီမှာ နတ်ဘုရားတစ်ပါးမဟုတ်သည့်အတွက် ချင်းကျန်းဂိုဏ်းအတွင်းသို့ အချိန်တိုအတွင်း ထိုးဖောက်ဝင်ရောက်ရန်မှာမဖြစ်နိုင်ပေ။ ထို့ကြောင့် သူက ရေမိစ္ဆာများ၏အကူအညီကိုယူကာ ချင်းကျန်းဂိုဏ်းကို ဝိုင်းထားခြင်း ဖြစ်လေသည်။

"ကျွန်တော့်အနေနဲ့တော့ ဟွမ်လုန်ကျီကို အနိုင်ယူဖို့ မခက်ပါဘူး ၊ဒါပေမယ့် ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်ပါဝင်ဖို့ကျတော့ တော်တော်ခက်တယ် ၊ ကျွန်တော့်အနေနဲ့ ခြေလှမ်းမကျွံသင့်ဘူးထင်တယ်"

ဂိုဏ်းချုပ်တစ်ယောက်ဖြစ်သည့် ဆန်းလျန်၏စိတ်ထားကို ကူးချိုင်ဝေ့ ကောင်းကောင်းနားလည်ပါသည်။

ဟွမ်လုန်ကျီမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဖော့ဝမ့်အဆင့်ကျင့်ကြံသူ ဆယ့်နှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ယွိမင်နတ်ဘုရား၏ ဂိုဏ်းတူတူလေး တော်စပ်သူဖြစ်လေသည်။

ထို့ကြောင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဂိုဏ်းချုပ်၏ တူဖြစ်

သူကို ချင်းရွှမ်နတ်တံခါးမှ ဂိုဏ်းချုပ်ဖြစ်သည့် ဆန်းလျန်က တိုက်ခိုက်မည်ဆိုလျှင် ဘောင်ကျော်ရာရောက်လေသည်။ ဆန်းလျန်ကိုယ်တိုင်သာ ပါဝင်ပတ်သက်၍ကောင်းသည့် ကိစ္စမဟုတ်ပေ။

အခြားဂိုဏ်းဆိုလျှင် ကိစ္စမရှိသော်လည်း ကွမ်းချင်းနတ်ဘုရားဂိုဏ်းဖြစ်နေသည့်အတွက် ပိုပြီး သတိထားနေရလေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်း မည်သည့်ခြေလှမ်းလှမ်းနေသည်လည်း မသိရခင် သူတို့၏ထောင်ချောက်အတွင်းသို့ တိုးဝင်သွား၍မဖြစ်ပေ။

"ကျန့်မေကို လွှတ်မယ်ဆိုရင်ရော..."

ကူးချိုင်ဝေ့ကပြောလိုက်လေသည်။

"ဂအစ်ကိုချန်ကို လွှတ်လိုက်မယ်ဆိုရင် ဟွမ်လုန်ကျီရဲ့ဂိုဏ်းက တခြားသူတွေပါ ပါလာမှာကို စိတ်ပူမိတယ် ၊ မသင့်တော်ဘူးထင်တယ် အစ်မ"

ဆန်းလျန်က ပြောလိုက်သည်။

ကျောက်ရှောင်ယွီကို အကူအညီတောင်းလျှင်တော့ ရနိုင်လေသည်။ သို့သော် ကျောက်ရှောင်ယွီကို ချင်းရွှမ်နတ်တံခါး၏ အမည်အတိအလင်းအသုံးပြုကာ ကူညီခိုင်းခြင်းက သူမနှင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို ထိပ်တိုက် ရင်ဆိုင်ခိုင်းလိုက်သလို ဖြစ်သွားပေလိမ့်မည်။ ကျောက်ရှောင်ယွီ ပေးဆပ်ရသည့်တန်ဖိုး များသွားမည် ဖြစ်လေသည်။

"ကျွန်တော် တခြားနည်းလမ်း စဉ်းစားပါဦးမယ် အစ်မ၊ စိတ်မပူပါနဲ့၊ အစ်မက တောင်ပေါ်ကိုပြန်ပါ၊ ပြီးရင် သေစေခြင်းကျောင်းတော်ကို ယန့်ပုကွေးကို လွှတ်လိုက်ပါ၊ ကျွန်တော် အစ်မကို ပေးစရာတစ်ခုရှိတယ်"

ဆန်းလျန်က လေစွမ်းအားသားရဲဖြင့် ဖော်စပ်ထားသည့် ဆေးအကြောင်းကို ကူးချိုင်ဝေ့ကို ပြောပြလိုက်လေသည်။

....

တာ့ကျိုးတိုင်းပြည်.....

ငါးနှစ်ကြာပြီးသည့်နောက် ဘုရင်မကြီး မကျန်းမမာဖြစ်ခဲ့လေသည်။

ဝန်ကြီးတစ်ပါးဖြစ်သူ ယွီထျန်းလင်က ထိုအခွင့်အရေးကို အသုံးချကာ များစွာသော ဝန်ကြီးများနှင့်အတူ ဘုရင်မကြီးကို ထီးနန်းစွန့်ရန်ဖိအားပေးပြီး အိမ်ရှေ့မင်းသား ကျောက်ရွှမ်ကို နန်းတက်စေခဲ့သည်။

ကျောက်ရွှမ် နန်းတက်ပြီးသည့်နောက် မယ်တော်ဖြစ်သူ ဘုရင်မကြီးကို "ထျန်းစန့်ဟွမ်" ဆိုသည့် ဂုဏ်ထူးဆောင်ဘွဲ့ကို ပေးအပ်ခဲ့လေသည်။

ယခုတော့ တာ့ကျိုးတိုင်းပြည်မှာ တာ့ဝေ့တိုင်းပြည်ပြန်ဖြစ်သွားခဲ့ပြီ ဖြစ်လေသည်။

ဘုရင်အသစ်နန်းတက်ပြီးသည့်နောက်ပိုင်း တိုင်းရေးပြည်ရာများမှာ တည်တည်ငြိမ်ငြိမ်ရှိလေသည်။ ကောလဟာလများ

အရ “ထျန်းစန့်ဟွမ်”မှာ တိုင်းရေးပြည်ရာများတွင် အာဏာရှိနေဆဲဖြစ်လေသည်။

တာ့ကျိုးတိုင်းပြည်မှ တာ့ဝေ့တိုင်းပြည်ဟု ပြန်လည်အမည်ပြောင်းလဲလိုက်သည့်တိုင် ဘုရင်မင်းမြတ်ကတော့ ယခင်ဘုရင်မကြီး၏ စကားကို နားထောင်ဆဲဖြစ်လေသည်။

ပိုပြီးအံ့သြစရာကောင်းသည်မှာ ဘုရင်မကြီးကို ထီးနန်းစွန့်ရန်ဖိအားပေးခဲ့သည့် ဝန်ကြီး ယွိထျန်းလင်မှာ နှစ်ဝက်အတွင်းရာထူးမှ အနားယူသွားခြင်း ဖြစ်လေသည်။

ဝန်ကြီးဖြစ်စဉ်က အမြဲတမ်း လူသူစည့်သည်မပြတ်ရှိနေခဲ့သည့် ယွိထျန်းလင်၏ အိမ်တော်မှာ ဝန်ကြီးရာထူးမှ အနားယူသွားသည်နှင့် ချက်ချင်းပင် ချောက်ကပ် တိတ်ဆိတ်သွားလေသည်။

ပညာရှိအများစုက သူ့အခြေအနေကို တရားကျခဲ့မိကြလေသည်။ ကံကြမ္မာ ဒီရေအတက်အကျသည် မြန်ဆန်လိုက်လေ

ခြင်း။ အချို့သော အနုပညာသမားများကတော့ မင်းမျိုးမင်းနွယ်များ၏ ရက်စက်မှုများကို ကဗျာ ရေးစပ်ကြလေသည်။

ကျောက်ရွှမ် နန်းတက်ပြီးနောက်ပိုင်း သူက အစစအရာရာကို သတိထားကာ ပြုမူနေထိုင်လေသည်။ သူက အနားပင် မယူခဲ့ဘဲ အလုပ်ကြိုးစားသည့် ဘုရင်တစ်ပါးဖြစ်သည့်အတွက် နန်းတွင်းရေးနှင့် တိုင်းပြည်အရေးများကတော့ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့လေသည်။ သူ၏ကြိုးစားအားထုတ်မှုများအတွက် သူကိုယ်တိုင်လည်း များစွာ ကျေနပ်နေခဲ့မိလေသည်။ ဘုရင်မင်းမြတ်ကျောက်ရွှမ်သည် တိုင်းရေးပြည်ရာကိစ္စများပြီးသည်နှင့် ဘုရင့်ပန်းဥယျာဉ်ထဲတွင် ပန်းများကြည့်ရင်း စိတ်အပန်းဖြေတတ်လေသည်။

ယနေ့လည်း ဘုရင်မင်းမြတ်သည် ပန်းဥယျာဉ်ထဲတွင် ပန်းများကြည့်ရင်း လမ်းလျှောက်နေလေသည်။ ပန်းဥယျာဉ်မှာ အလွန်

ကြီးမားသည့် ပန်းဥယျာဉ်ကြီးဖြစ်ပြီး စြက်န်လမ်းလေးများရှိ

လေသည်။ ဘုရင်မင်းမြတ်မှာ အတွေးတွင် နစ်မျောနေရင်း

လမ်းလျှောက်နေလေသည်။

ဘုရင်မင်းမြတ်က စြက်န်လမ်းလေးတစ်ခုအတိုင်း

လမ်းလျှောက်လာပြီး မျက်စိရှေ့တွင် အပန်းဖြေဆောင်လေး

တစ်ခုကို တွေ့လိုက်ရလေသည်။

သူ၏နှာခေါင်းတွင်းသို့ တိုးဝင်လာသည့် လက်ဖက်ရည်ကြမ်း

ရနံ့လေးကြောင့် စိတ်အစဉ်မှာ ကြည်လင်လန်းဆန်းသွားရပြီး

မောပန်းနွမ်းနယ်ခြင်းများမှာ ယူပစ်သလို ပျောက်ဆုံးသွားလေ

သည်။

အပန်းဖြေဆောင်လေးထဲတွင် သားမွေးဝတ်စုံကိုဝတ်ဆင်ထား

ပြီး ကြယ်စင်သရဖူကိုဆောင်းထားသည့် တာအိုဆရာတစ်ပါး

ထိုင်နေလေသည်။ ထိုတာအိုဆရာက လက်ဖက်ရည်ကြမ်း

သောက်နေခြင်းဖြစ်ပြီး မွှေးပျံ့လတ်ဆတ်သည့် လက်ဖက်ရည်

ရနံ့လေးက တာအိုဆရာ၏ လက်ဖန်ရည်ပန်းကန်ဆီမှ ထွက်ပေါ်နေခြင်းဖြစ်လေသည်။

ကျောက်ရွှမ်မှာ ကေရစ်တစ်ပါး၏ အရှိန်အဝါနှင့် ပြည့်ဝသည့်တိုင် အပန်းဖြေဆောင်ထဲတွင် လူစိမ်းတစ်ယောက်တစ်ယောက်ကို မြင်လိုက်ရသည့်အခါ ထိတ်လန့်အံ့ဩသွားပြီး အမူအရာပျက်သွားလေသည်။

တာအိုဆရာက ရယ်မောလိုက်ရင်း....

"မင်းကြီး ၊ ကျုပ်ကိုမေ့သွားပြီလား"

ကျောက်ရွှမ်မှာ ထိုအသံကို ရင်းနှီးသလိုလို မရင်းနှီးသလိုလိုခံစားလိုက်ရသည်။ သူ့ဘေးနားရှိ အစေခံများမှာလည်း မည်သည့်နေရာသို့ရောက်ရှိသွားကြမှန်း မသိကြပေ။ အပန်းဖြေဆောင်မှာလည်း သူတစ်ခါမှ မရောက်ဖူးသည့် အပန်းဖြေဆောင် ဖြစ်နေလေသည်။ တစ်ခုခုမှားနေပြီဟု သူချက်ချင်းသိလိုက်သည်။

သူက အပန်းဖြေဆောင်လေးထဲသို့ လှမ်းဝင်လိုက်သည့် အခါ

တွင်တော့ တာအိုဆရာမှာ အလွန်ငယ်ရွယ်သည့် လူငယ်လေး

တစ်ယောက်ဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။

ကျောက်ရွှမ်က အသံတိုးတိုးဖြင့်ပြောလိုက်သည်။

"ချင်းရှု မဟုတ်လား"

"မင်းကြီး ကျုပ်ကို မှတ်မိနေတဲ့အတွက် ဝမ်းသာမိပါတယ် ၊

လက်ဖက်ရည် သုံးဆောင်ပါဦး မင်းကြီး"

ဆန်းလျန်က ပြောလိုက်လေသည်။

ကျောက်ရွှမ်က ဆန်းလျန်မှာ အလွန်တန်ခိုးစွမ်းအားကြီးမား

သည့် တန်ခိုးရှင်တစ်ပါးဖြစ်ပြီး သူ၏ စစ်သည်တော် တစ်

သောင်းပင်လျှင် ဆန်းလျန်ကို နိုင်အောင် တိုက်ခိုက်နိုင်မည်

မဟုတ်ကြောင်း ကောင်းကောင်းသိရှိထားလေသည်။

သူ၏ မိခင်ဖြစ်သူ ဘုရင်မကြီးပင်လျှင် ဆန်းလျန်ကို

အမြဲတမ်း ချီးကျူးပြောဆိုလေ့ရှိလေသည်။

ဆန်းလျန်ကို မတွေ့ရသည်မှာ ခုနစ်နှစ်ခန့်ရှိပြီဖြစ်လေသည်။ သို့သော် ဆန်းလျန်၏ပုံစံမှာ အရင်အတိုင်းပင် ငယ်ရွယ်နုပျို နေဆဲဖြစ်လေသည်။ အရင်ကထက်ပင် ပိုပြီးငယ်ရွယ်နေသေးသည်ဟု ပြောလျှင် ပိုမှန်ပေမည်။ အမှန်တော့ ဆန်းလျန်၏အသက်မှာ လေးဆယ်ခန့်ရှိပြီဖြစ်လေသည်။ သို့သော် ဆန်းလျန်၏ ငယ်ရွယ်နုပျိုမှုများကို ကျောက်ရှမ်မှာ အားကျနေမိလေသည်။

ကျင့်ကြံသူများသည် လိုချင်လောဘ နည်းပါးကြသလို အသက်ရှည်ရှည်ဖြင့် ငယ်ရွယ်နုပျိုစွာ နေထိုင်နိုင်ကြလေသည်။ သို့သော် ကျင့်စဉ်လမ်းကို လိုက်လျှောက်နိုင်မည်လားဟု ကျောက်ရှမ်ကို မေးလျှင် သူလုပ်နိုင်မည်မဟုတ်ပါ။ ကျောက်ရှမ်က ဆန်းလျန်တိုက်သည့် လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်လေသည်။

လက်ဖက်ရည်၏အရသာမှာ ပန်းဝတ်မှုံအရသာကဲ့သို့ ဖြစ်လေသည်။ လက်ဖက်ရည်မှ အနွေးဓာတ်က သူ၏သွေးကြောဆုံချက်များအားလုံးဆီသို့ လှည့်ပတ်သွားသေည့်အခါ ကောင်းကင်ဘုံသို့ရောက်နေသည့်အလား ခံစားလိုက်ရပြီး အကျောအချဉ်များ ပြေလျော့သွားလေသည်။ သူက ကောင်းလွန်းသည့် ခံစားချက်အတွက် မနေနိုင်ဘဲ အော်ဟစ်ညည်းညူလိုက်မိလေသည်။

ပြီးမှ ရာဇက္ကန္ဒြေ ပျက်ယွင်းသလို ဖြစ်သွားရသည့်အတွက် ရှက်ကိုးရှက်ကန်းဖြင့် ပြုံးလိုက်မိလေသည်။

ကျောက်ရွှမ်၏အသက်က ငါးဆယ်ပင် မပြည့်သေးပေ။ သို့သော် သူက ဘုရင်တစ်ပါးအဖြစ် တိုင်းရေးပြည်ရာများနှင့် များစွာသောအလုပ်များကို လုပ်နေရသည့်အတွက် ဆံပင်များ ပင်ဖြူနေပြီဖြစ်လေသည်။ သူက သားတော်ဖြစ်သူ မင်းသားကျောက်ရှန့်ကို တာဝန်အချို့ခွဲဝေပေးရန် စဉ်းစားထားလေ

သည်။သို့သော် ကျောက်ရှန့်မှ အရည်အချင်းရှိပြီး ဉာဏ်ရည်ထက်မြက်သူတစ်ယောက်ဖြစ်သည့်တိုင် သူ့အနေဖြင့် ပညာကိုဆုံးခန်းတိုင်အောင် သင်ရန်လိုအပ်သေးသည်။

ကျောက်ရွှမ်က သက်ပြင်းချလိုက်ရင်း....

"တစ်ခါတစ်လေတော့လည်း မင်းလိုလူမျိုးတွေကို အားကျမိသား ချင်းရှရယ် ၊ မင်းမှာတော့ ဘာမှ အပူအပင်မရှိ ပျော်ရွှင်နေသလိုပဲ"

"မင်းကြီး ၊ မင်းကြီးမှာ သမုဒ္ဒရာလေးခုလုံးကိုပိုဆိုင်နိုင်တဲ့ ကြွယ်ဝချမ်းသာမှုမျိုးတွေ ရှိနေတာပဲ ၊ ဒီထက်ပိုပြီးမလိုချင်နဲ့တော့လေ"

ဆန်းလျန်က ကျောက်ရွှမ်ကိုကြည့်ပြီး ပြုံးရင်းပြောလိုက်သည်။

"မင်းတို့လိုမျိုး ကိုယ့်ဘဝကိုယ် ကျေနပ်ပြီး ပျော်ရွှင်နေတဲ့ လူတွေကတော့ ဒီစကားမျိုးပြောမှာပေါ့ ၊ ဒါနဲ့ ချင်းရှ ဒီနေ့ ကျုပ်

ဆီလာလည်ပြီး လက်ဖက်ရည်နဲ့ညှိခံတာ ဘာကိစ္စများရှိလို့လဲ ၊ ကြည့်ရတာ ကျုပ်ဆီကများ အကူအညီတစ်ခုခု တောင်းစရာ ရှိလို့လား ၊ ကျုပ်ကူညီနိုင်တဲ့ကိစ္စဆိုရင် ကျုပ်မငြင်းပါဘူး" ကျောက်ရွှမ်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

ဘုရင်ဧကရစ်များသည် စကားပြောလျှင် သူတို့ကိုယ်သူတို့ "ငါ ကိုယ်တော်" ပြောဆိုသုံးစွဲလေ့ရှိကြလေသည်။ သို့သော်... ကျောက်ရွှမ်ကတော့ ဆန်းလျန်ကို ရိုးရိုးပင် "ကျုပ်" ဟုသာ ပြောဆိုသုံးစွဲနေမိလေသည်။ ထိုအချက်ကို သတိပြုလိုက်မိ သည့်အချိန်တွင်တော့ ဧကရစ်တစ်ပါးကိုပင် လွှမ်းမိုးနိုင်သည့် ဆန်းလျန်၏ တန်ခိုးစွမ်းအားကို များစွာအံ့ဩသွားမိလေ သည်။

"ကျုပ်က မင်းကြီးဆီက ပစ္စည်းလေးတစ်ခုငှါးချင်လို့ပါ"

ဆန်းလျန်က ပြောလိုက်သည်။

"ကျုပ်ဆီမှာ ရတနာပစ္စည်း မျိုးစုံရှိတယ်၊ ဒါပေမယ့် ဒီရတနာ

တွေက ချင်းရှအတွက် တောင်ပေါ်က မြက်ပင်တွေလောက်

တောင် တန်ဖိုးရှိပါ့မလား၊ မင်းက ဘယ်လိုပစ္စည်းမျိုးများ

လိုချင်ပါသလဲ"

ကျောက်ရွှမ်က မေးမြန်းလိုက်သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း....

"တကယ့်နဂါးကြီးတစ်ကောင်ကိုနှိမ်နင်းဖို့အတွက် ဧကရာဇ်

တံဆိပ်တော်ကို လိုချင်တာပါ"

ကျောက်ရွှမ်မှာ ဆန်းလျန်၏ စကားကြောင့် သောက်နေသည့်

လက်ဖက်ရည်ပင် သီးမလို ဖြစ်သွားရလေသည်။

ဆန်းလျန်က ဧကရာဇ် တံဆိပ်တော်ကို တောင်းဆိုလိမ့်မည်ဟု

ယောင်၍ပင်တွေးမထားခဲ့မိပေ။

ယခုတော့ ကျောက်ရွှမ်မှာ အခက်တွေ့ရပြီ။

"အခြား ပစ္စည်းဆိုရင်တော့ ပေးပါတယ် ချင်းရှ၊ ဒါပေမယ့် ဒီတံဆိပ်တော်ကတော့ တကယ့်အရေးကြီးပစ္စည်းဖြစ်နေတော့...."

"ကျုပ်က အဲဒီပစ္စည်းကလွဲပြီး တခြား ဘာပစ္စည်းမှ မလိုချင်ဘူး၊ မင်းကြီးရဲ့အသက်ထက်ပဲ ဧကရာဇ်တံဆိပ်တော်က ပို အရေးကြီးသလား"

ဆန်းလျန်က မေးလိုက်သည်။

ကျောက်ရွှမ်မှာ ဆန်းလျန်စကားကြောင့် ဒေါသ ထောင်းကနဲ ထွက်သွားရလေသည်။

"မင်းက နတ်ဘုရားတစ်ပါးဆိုတာနဲ့ပဲ ငါကိုယ်တော်ကို ဒီလို ခြိမ်းခြောက်လို့ရမလား...."

ထိုစကားကို ကျောက်ရွှမ်က စိတ်ထဲမှ ပြောလိုက်ခြင်း ဖြစ်သည်။

သို့သော်...

ဆန်းလျှန်၏ ကြည်လင်နေသည့် မျက်ဝန်းများတွင်

ခြိမ်းခြောက်သည့်အရိပ်အယောင်ကို မတွေ့ရပေ။ ထို

မျက်ဝန်းများကိုငေးစိုက်ကြည့်မိရင်း.....

"ချင်းရှုက ဒီလို ခြိမ်းခြောက်တတ်တဲ့ လူမျိုးတော့ မဟုတ်ပါ

ဘူး"

ဟု ကျောက်ရွှမ် တွေးလိုက်မိပြန်လေသည်။

အခန်း (၂၄၅)

မြစ်စောင့်နတ်သမီး

သို့သော် ကျောက်ရှမ်မှာ ဘုရင်တစ်ပါးဖြစ်သည့်အတွက်

ဣန္ဒြေချက်ချင်းဆည်လိုက်လေသည်။ သူက အတွေ့အကြုံ

အလွန်များသည့် ဧကရာဇ်တစ်ပါး ဖြစ်သည့်အတွက်

သူ၏တည်ငြိမ်မှုမှာ ကျင့်ကြံသူများထက် မသာလျှင်တောင်မှ

မလျော့ပေ။

သူက ရွှေရောင်ဝတ်ရုံကိုအသာပင့်တင်လိုက်ပြီး

လက်ဖက်ရည်ပန်းကန်ကို ပြန်ချထားလိုက်ရင်း...

"ဘာလို့ဒီလိုပြောရတာလဲ"

ဟု တည်ငြိမ်စွာဖြင့်မေးလိုက်လေသည်။

ဆန်းလျန်က ကျောက်ရှမ်ကို အကဲခတ်နေလေသည်။

မတွေ့ဆုံရသည်မှာ ကြာပြီဖြစ်သည့်တိုင် ကျောက်ရှမ်မှာ

လေးစားစရာကောင်းဆဲဖြစ်လေသည်။ ကျောက်ရှမ်မှာ ဘုရင်

တစ်ပါးဖြစ်သော်လည်း ရက်စက်ကြမ်းကြုတ်သူတစ်

ယောက်မဟုတ်ပေ။ ဆုံးဖြတ်ချက်ခိုင်မာပြီး တည်ငြိမ်

အေးဆေးသူဖြစ်လေသည်။ ကျောက်ရွှမ်သာ ကျင့်စဉ်လမ်းကို
လိုက်မည်ဆိုလျှင် အောင်မြင်မှုကျိန်းသေရမည် ဖြစ်လေသည်။
ထို့ကြောင့်ပင် တစ်ချိန်က ဘုရင်မကြီးသည် ကျောက်ရွှမ်ကို
အိမ်ရှေ့စံအရာပေးခဲ့ခြင်းဖြစ်လေသည်။
ဘုရင်မကြီးမှာ ကျောက်ရှောင်ယွီနှင့်တိုက်ခိုက်ပြီးသည့်နောက်
ပိုင်း ဒဏ်ရာအပြင်းအထန်ရခဲ့သည့်အတွက် နဂါးစွမ်းအားကို
အသုံးပြုနိုင်ခြင်းမရှိတော့ပေ။ ထို့ကြောင့် ကျင့်စဉ်လမ်းတွင်
လည်း အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရပြီး အာဏာကို လက်လွှတ်ခဲ့
ရသည်အထိ ဖြစ်ခဲ့ရလေသည်။ သူမ၏နဂါးစွမ်းအားသာ မ
ဆုံးရှုံးလျှင် ဝန်ကြီး ယွိထျန်းလင်က သူမကို ဖိအားပေးပြီး
ထီးနန်းချနိုင်မည် မဟုတ်ပေ။
ကျောက်ရွှမ်မှာ ဘုရင်မကြီးထက်ပင်ပိုပြီး တည်ငြိမ်သူဖြစ်လေ
သည်။ အာဏာရယူပြီးသည့်အချိန်တွင်ပင် ဝန်ကြီးများနှင့်
အိမ်ရှေ့စံ ပူးပေါင်းကြံစည်သည့်ပုံစံမျိုး မဖြစ်ရလေအောင် ဝန်

ကြီးယို့ထျန်းလင်ကို ရာထူးမှ အနားပေးလိုက်သည်။ အခြားသူများကတော့ သူ့ကိုအေးစက်ပြီး အကြင်နာတရားကင်းမဲ့သူ ဟု ပြောကြမည် ဖြစ်လေသည်။ သို့သော် ထိုသို့ပြုလုပ်လိုက်ခြင်းက ယို့ထျန်းလင်ကို ကာကွယ်ပေးလိုက်ခြင်းဖြစ်သလို ထီးနန်းအာဏာလုချင်သည့် အခြားများကိုလည်း ငြိမ်သက်အောင် ထိန်းချုပ်လိုခြင်းပင်ဖြစ်လေသည်။ ကျောက်ရွှမ်ကဲ့သို့ ဆင်ခြင်ဉာဏ်ရှိသူသည် ဘဝတွင် ခပ်မြန်မြန် ကျဆုံးမည့်သူ တစ်ယောက် မဟုတ်ပေ။

ဆန်းလျန်က ပြုံးလိုက်ရင်း…

“မင်းကြီး နန်းတက်ကတည်းက မင်းကြီးရဲ့ညီမတော်ရှင်းယန်မင်းသမီးက မင်းကြီးကို အများကြီး ကူညီပေးခဲ့တယ်မလား ၊ သူမသာ မင်းကြီးရဲ့မယ်တော်ကြီးရဲ့ လူဟောင်းတွေကို ရှင်းမပစ်ခဲ့ဘူးဆိုရင် ခုချိန် ဒီရာဇပလ္လင်မှာ မင်းကြီး စိတ်အေးလက်အေး ဘယ်ထိုင်နေနိုင်မှာလဲ ၊ ကျုပ်အထင်ပြောရရင် မင်းကြီး

ရဲ့ညီမတော်ဟာ နန်းတွင်းညီလာခံရဲ့ တစ်ဝက်လောက်ကို အနာဂတ်မှာ ထိန်းချုပ်နိုင်တဲ့သူဖြစ်လာလိမ့်မယ်”

ဆန်းလျန်ပြောသည့်စကားများမှာ အမှန်ပင်ဖြစ်လေသည်။ ကျောက်ရွှမ်က နန်းတွင်းအခြေအနေများကို တည်ငြိမ်အောင် ထိန်းသိမ်းထားနိုင်သည့်တိုင် ထိုကိစ္စကိုမရှင်းနိုင်ပါက နောက်ပိုင်းတွင် နန်းတွင်းညီလာခံ၌နှစ်ခြမ်းကွဲမည်ဖြစ်လေသည်။ တစ်ခြမ်းမှာ သားတော်ဖြစ်သူ အိမ်ရှေ့မင်းသား ကျောက်ရှန့်ဘက်မှ ဖြစ်ပြီး နောက်တစ်ခြမ်းမှာ မင်းသမီးရှင်း ယန်ဘက်မှ ဖြစ်ပေလိမ့်မည်။

ဆန်းလျန်က ဆက်ပြောလိုက်သည်။

“အဲဒီလိုအခြေအနေကြုံလာခဲ့ရင် မင်းကြီးရဲ့ညီမတော်က နန်းတွင်းညီလာခံရဲ့အခြေအနေတွေကို တည်ငြိမ်အောင် ညှိနှိုင်းပေးမယ်လို့များ ထင်နေသလား”

"ချင်းရှ ၊ မင်းက အခြားကမ္ဘာကရောက်လာတဲ့လူတစ်ယောက်လိုပါပဲ ၊ ပြီးတော့ ဒီနန်းတွင်းရေးတွေအားလုံးကို ပြတ်ပြတ်သားသား နားလည်နေတယ် ၊ ကျုပ်ကတော့ နန်းတွင်းရေးတွေမှာ ကိုယ်တိုင် ပါဝင်ပတ်သက်နေရတဲ့သူဆိုတော့ သိပ်ပြီးရှင်းရှင်းလင်းလင်း မမြင်နိုင်ဘူး ၊ မင်း ပွင့်ပွင့်လင်းလင်းပဲပြောလိုက်ပါတော့"

ကျောက်ရှမ်က ပြောလိုက်လေသည်။

ဆန်းလျန်က ....

"ဒါဖြင့်လည်း ပွင့်ပွင့်လင်းလင်းပြောရတာပေါ့ ၊ မင်းကြီးဘုရင်ဖြစ်လာတာ ကံတရားအတိုင်းမဟုတ်ဘူး ၊ မင်းကြီးရဲ့ညီမတော်မှာလည်း အာဏာရှိနေတယ် ၊ တစ်ချိန်ကျရင်မင်းသမီးက အိမ်ရှေ့စံနေရာကို ခြိမ်းခြောက်လာပဲ ၊ အဲဒီအချိန်ကျမှ မင်းကြီးရဲ့သားတော်အိမ်ရှေ့စံက မင်းကြီးရဲ့ညီမတော်ကို လုပ်ကြံမယ်ဆိုရင် မင်းကြီး ဘယ်လိုလုပ်မလဲ"

ကျောက်ရှမ်မှာ ထိုအကြောင်းကို တွေးထားပြီးသားဖြစ်လေ သည်။ သူက မင်းမျိုးမင်းနွယ်တစ်ပါးဖြစ်သည့်အတွက် ငယ် စဉ်ကပင် မိသားစုအတွင်း သတ်ဖြတ်မှုများကို မရိုးနိုင်အောင် မြင်တွေ့ခဲ့ပြီးပြီဖြစ်လေသည်။ ထို့ကြောင့် နောက်ထပ် သတ်ဖြတ်မှုများအကြောင်းကို မစဉ်းစားချင်တော့သလို နဖူး တွေ့ ဒူးတွေ့ကြုံတွေ့ရလျှင်လည်း မည်သို့ဖြေရှင်းရမည်မှန်း မ သိပေ။

အခြားသူဆိုလျှင်တော့ ဆန်းလျန်၏စကားများကြောင့် ဒေါသ ချောင်းချောင်းထွက်မည်ဖြစ်လေသည်။ သို့သော်ဆန်းလျန်မှာ နတ်ဘုရားတစ်ပါးဖြစ်လေသည်။ ကျောက်ရှမ်မှာ တိုင်းပြည် တစ်ပြည်လုံးကို အမိန့်ပေးနိုင်ပြီး လူပေါင်းများစွာ၏အသက် ကို နှုတ်ယူနိုင်သည့် ရေမြေ့အရှင် ဘုရင်တစ်ပါးဖြစ်သည့်တိုင် ဆန်းလျန်ကိုတော့ လှမ်းမိုးနိုင်သူမဟုတ်ပေ။ သူ၏မိခင်မှာ ကျင့်စဉ်လမ်းကိုလျှောက်လှမ်းခဲ့သည့်သူ တစ်ယောက်ဖြစ်

သည့်အတွက် မိုးကောင်းကင်၏အလိုကိုဆန့်ကျင်ကာ တရား အလင်းကို ရှာဖွေနေကြသည့် ကျင့်ကြံသူများအကြောင်းကို သူကောင်းကောင်းသိလေသည်။

ထိုကျင့်ကြံသူများကို မည်သည့်ဘုရင်ကမှ ထိန်းချုပ်နိုင်မည် မဟုတ်ပေ။ ထိုသူများသည် ဘုရင့်နန်းတော်အတွင်းသို့ပင် သူ တို့ဆန္ဒရှိသည့်အတိုင်း ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်နေ ကြသည်ပဲ မဟုတ်ပါလား။

"မင်း ကျုပ်ရဲ့နန်းတော်ထဲဝင်လာတာကို တားဆီးလို့မရသလို ဒီ လိုဖြစ်လာရင်လည်း ကံတရားအတိုင်းပဲပေါ့၊ ဘယ်တားဆီးလို့ ရပါ့မလဲ"

ကျောက်ရှမ်ကပြောလိုက်လေသည်။

အလွန်ဉာဏ်ရည်ထက်မြက်သည့် ဆန်းလျှန်သည် ဘုရင် တစ်ပါးဖြစ်သည့် ကျောက်ရှမ်မှာ အခြားသော ဘုရင်များနှင့် တူသူမဟုတ်ကြောင်း သိရှိထားပြီးသားဖြစ်လေသည်။

ဆန်းလျန်က....

“အဲဒီလိုနန်းတွင်းအရေးတော်ပုံဖြစ်လာရင် အရင်ဆုံး နတ်ရွာလားရတဲ့သူက မင်းကြီးပဲဖြစ်လာလိမ့်မယ်၊ မင်းကြီးရဲ့မယ်တော်ကို ထျန်းစန့်ဟွမ် ဘွဲ့ပေးထားသလိုမျိုး ဘယ်သူမှ မင်းကြီးကိုတော့ ထျန်းစန့်ဟွမ်ဘွဲ့ပေးထားကြမှာ မဟုတ်ဘူး”

“တော်ပါတော့ ချင်းရှုရယ်၊ မင်းလိုလူမျိုးက ဧကရာဇ်တံဆိပ်တော်ကို ယူသွားချင်ရင် လွယ်လွယ်လေးပါ၊ ဘာလို့ ဒီလိုကိစ္စတွေပြောနေရသေးတာလဲ၊ မင်းလိုချင်ရင် ဧကရာဇ်တံဆိပ်တော်ကို ယူသွားပါတော့၊ ငါကိုယ်တော် သဘောတူပါတယ်”

ကျောက်ရွှမ်ပြောလိုက်လေသည်။

ဆန်းလျန်က သူ့အင်္ကျီလက်ထဲမှ ကျောက်စိမ်းပြားလေးတစ်ခုကို ထုတ်ယူလိုက်ပြီး...

"မင်းကြီး အန္တရယ်နဲ့ရင်ဆိုင်ရတဲ့အခါ ဒီကျောက်စိမ်းပြားလေးကိုကိုင်ပြီး ကျုပ်နာမည်သာ ခေါ်လိုက်ပါ"

ကျောက်ရှမ်က ကျောက်စိမ်းပြားလေးကိုယူလိုက်ရင်း....

"ဘာများ ပြောစရာရှိသေးလဲ...."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းကြီးရဲ့ကတိအတိုင်း ဧကရာဇ်တံဆိပ်တော်ကို ကျုပ်ယူသွားပြီနော်"

ဆန်းလျန်က စကားဆုံးသွားသည်နှင့် ပျောက်ကွယ်သွားလေသည်။ ဆန်းလျန်နှင့်အတူ အပန်းဖြေခန်းဆောင်လေးပါ ပျောက်ကွယ်သွားလေသည်။

လေပြေလေးတိုက်ခတ်လာသလိုခံစားလိုက်ရပြီး ကျောက်ရှမ် မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

သူ့ကို ငုံ့ကြည့်နေသည့် အစေခံတစ်ယောက်ကို တွေ့လိုက်ရသည်။

"မင်းကြီး နိုးလာပြီလား...."

ကျောက်ရှမ်မှာ သူ၏စာကြည့်စားပွဲပေါ်မှာပင် အိပ်ပျော်နေခြင်းဖြစ်လေသည်။

သူ့လက်ထဲတွင် ကျောက်စိမ်းပြားလေးတစ်ခုကို စုပ်ကိုင်ထားလေသည်။

ထိုကျောက်စိမ်းပြားလေးမှာ ဆန်းလျန် သူ့ကိုပေးခဲ့သည့် ကျောက်စိမ်းပြားလေးဖြစ်လေသည်။ အိပ်မက်တစ်ခု မဟုတ်ကြောင်း ကျောက်ရှမ်သိရှိသွားရသည်။

ကျောက်ရှမ်က မည်သည့်စကားမှမပြောဘဲအစေခံများကို နှင်လွှတ်လိုက်လေသည်။

ဧကရာဇ်တံဆိပ်တော်ထားရှိသည့် သေတ္တာလေးကိုဖွင့်ကြည့်လိုက်သည့်အခါတွင်တော့ တံဆိပ်တော်မှာ ပျောက်ခြင်းမလှပျောက်ဆုံးသွားပြီဖြစ်လေသည်။ သေတ္တာလေးထဲတွင် စာတိုလေးတစ်စောင်ချန်ထားခဲ့လေသည်။

"ငါးသွားတဲ့ပစ္စည်းကို ပြန်လာပေးပါ့မယ်..."

ဟု စာတိုလေးတွင်ရေးသားထားလေသည်။

သို့သော် ဧကရာဇစ်တံဆိပ်တော်ပျောက်ဆုံးသွားခြင်းအတွက်

ကျောက်ရွှမ် စိတ်အနှောင့်အယှက် မဖြစ်မိပါ။

သူ့အတွက် ဧကရာဇ်တံဆိပ်တော်မှာ အစစ်ဖြစ်ဖြစ် အတု

ဖြစ်ဖြစ် ပြဿနာမရှိပါ။ အတုတစ်ခုလုပ်ထားလိုက်၍လည်း

အဆင်ပြေလေသည်။ သို့သော် အိပ်မက်ထဲတွင် ဆန်းလျန်က

တကယ့်နဂါးကြီးတစ်ကောင်ကို နှိမ်နင်းရန်အတွက် ဧကရာဇ်

တံဆိပ်တော်ကို အသုံးပြုမည်ဟု ပြောသွားခဲ့လေသည်။ ဆန်း

လျန်၏ ပုံစံမှာ လိမ်ပြောသည့်ပုံမပေါ်ပေ။ ထိုအကြောင်းအရာ

ကိုသာ ကျောက်ရွှမ်မှာ စိတ်ဝင်စားနေမိလေတော့သည်။

ဘုရင်မကြီး နန်းကျပြီးသည့်နောက် တာ့မင်နန်းတော်ရှိ ဆွေလျ

န်နန်းဆောင်တွင် စံမြန်းလျှက်ရှိလေသည်။ သူမကို ဆွေလျန်

နန်းဆောင်ကို နှစ်သက်ရသည့် အချက်နှစ်ချက်ရှိလေသည်။

ပထမအအချက်မှာ ဆွေလျှန်နန်းဆောင်မှာ ရှုခင်းများလှပလေ

သည်။ ဒုတိယအချက်မှာ လူသွားလူလာသိပ်မရှိသည့်အတွက်

တိတ်ဆိတ်သောနေရာတစ်ခုဖြစ်လေသည်။

ဘုရင်မကြီးသည် စာကြည့်စားပွဲတွင်ထိုင်ပြီး ဗုဒ္ဓကျမ်းစာတစ်

အုပ်ကို ဖတ်နေလေသည်။ ဗုဒ္ဓကျမ်းစာအုပ်မှာ နှင်းဆီသားဖြင့်

ပြုလုပ်ထားပြီး သဘာဝအတိုင်း အစင်းကြောင်းလေးများပါရှိ

လေသည်။ထိပ်တန်းစာပေသမားမျိုးပင် ထိုကဲ့သို့သော တန်ဖိုး

ကြီးသည့် စာရွက်မျိုးကို အသုံးပြုနိုင်မည်မဟုတ်ပေ။ ထို့ပြင်

သဘာဝအတိုင်း အစင်းကြောင်းလေးများပါရှိသည့်အတွက်

စာလုံးကို ညီအောင်ရေးသွားရန်မှာလည်း ခက်ခဲလွန်းလေ

သည်။

ဗုဒ္ဓကျမ်းစာအုပ်ထဲတွင် စာပိုဒ်တစ်ပိုဒ် ရေးသားထားလေ

သည်။

"လောကမှာ အကန့်အသတ်မရှိတဲ့ ကျင့်စဉ်လမ်းပေါင်းများစွာ ရှိလေတယ်၊ ကံမကောင်းအကြောင်းမလှရင် ကျင့်စဉ်တစ်ခု ကိုတောင် ကျင့်ဖို့ခက်ခဲတယ်၊ ဒီနေ့မှာတော့ ကျုပ်ဟာ သင်ယူ ခွင့်ရခဲ့ပြီ၊ ပြီးတော့ ရှုလိုင်ရဲ့ စစ်မှန်တဲ့အဓိပ္ပါယ်ကို နားလည် နိုင်မယ်လို့လည်း မျှော်လင့်မိပါတယ်"

ဘုရင်မ၏ရှေ့တွင် ချောမောလှပသည့် လူငယ်ကျင့်ကြံသူ လေးတစ်ယောက်ထိုင်နေလေသည်။ ထိုလူငယ်မှာ ဆန်းလျန် ပင်ဖြစ်လေသည်။

ဘုရင်မနှင့် ဆန်းလျန် မျက်လုံးချင်းဆုံးလိုက်သည်နှင့် ခန်းမ ဆောင်ထဲမှ လေထုမှာ လှိုင်းများထသွားသလို ခံစားလိုက်ရ လေသည်။ လေထုက အထက်အောက် လှုပ်ရှားရိုက်ခတ်သွား ပြီး ကျင့်ကြံသူနှစ်ယောက် သို့မဟုတ် ဓားသမားနှစ်ယောက် တရားဆွေးနွေးသည်နှင့်ပင် ဆင်တူနေလေသည်။

ဘုရင်မက ဆန်းလျန်ကို စူးစိုက်ကြည့်လိုက်ရင်း...

"ဒီကျမ်းစာပိုဒ်ထက် ငါ သဘောကျတဲ့ ကျမ်းပိုဒ်မရှိနိုင်ဘူး ၊ ငါ သိပ်သဘောကျတယ်"

"မတွေ့ရတာ အရမ်းကြာပြီပဲနော် ဘုရင်မ ၊ အတွေ့အကြုံသစ် အမြင်သစ်တွေလည်း ရနေပြီထင်တယ်"

ဆန်းလျန်က ပြုံးရင်းပြောလိုက်သည်။

ဗုဒ္ဓဘာသာကျမ်းပိုဒ်မှာ ဝူကျယ်ထျန်းရေးသားထားသည့် ကျမ်းပိုဒ်ဖြစ်လေသည်။ ဝူကျယ်ထျန်းနှင့် ဘုရင်မကြီးမှာ ဖြစ်ရပ်ချင်း ခပ်ဆင်ဆင်တူလေသည်။ နှစ်ယောက်လုံးမှာ တိုင်းပြည်တစ်ပြည်၏ ဘုရင်မများဖြစ်ခဲ့ကြပြီး ယောကျ်ား သား ဘုရင်များထက်ပင် ကြောက်စရာကောင်းခဲ့ကြလေသည်။

"မင်းကြောင့်သာမဟုတ်ရင် ငါ ဒီနေ့အထိ အသက်ရှင်နေနိုင်မှာ မဟုတ်ဘူး ၊ မင်းကို ပြန်ကျေးဇူးဆပ်မယ်လို့လည်း အမြဲတမ်း စဉ်းစားနေခဲ့တယ် ၊ ခုလည်း မင်းအကူအညီလိုရင် ပြောလို့ရ တယ်နော်"

"အရင်ကတော့ ဘုရင်မအကူအညီမလိုခဲ့ပါဘူး ၊ အခုတော့ ဘုရင်မကို လာရှာရတာက နည်းလမ်းတစ်ခုလောက် ပြောပြချင်လို့ပါ"

ဆန်းလျန်က ပြောလိုက်လေသည်။

ဘုရင်မကြီးက မျက်ခုံးတစ်ချက်ပင့်လိုက်ရင်း...

"မင်းစကားက ဘာအဓိပ္ပါယ်လဲ"

"မိုင်သုံးသောင်းဝန်းကျင်က လူတွေရဲ့ဆုတောင်းသံတွေကိုခံယူပြီး ရေမိစ္ဆာတွေကို ညီညွတ်စေတဲ့ ထာဝရအသက်ရှင်တဲ့ မြစ်စောင့်နတ်သမီးတစ်ပါး မဖြစ်ချင်ဘူးလား ၊ ဘုရင်မကြီး စိတ်ဝင်စားမယ်ဆိုရင်ပေါ့လေ"

ထိုစကားကို ဆန်းလျန်က တည်ငြိမ်စွာပြောလိုက်ခြင်းဖြစ်သည့်တိုင် အလွန်မှ ကြက်သီးထဖွယ် တုန်လှုပ်စေသည့် စကားဖြစ်လေသည်။

အခန်း (၂၄၆)

ကူညီမည့်သူကိုစောင့်နေခြင်း

သို့သော် ဆန်းလျှန်ပြောသည့်စကားကို ဘုရင်မကြီးက တုန်လှုပ်ခြောက်ခြားသွားခြင်းမရှိပါ။ သူမသည် လှိုင်းဂယက်များကင်းစင်သည့် ရေကန်တစ်ခုအလား တည်ငြိမ်အေးဆေးနေဆဲ ဖြစ်လေသည်။

ကျောက်ရှောင်ယွီနှင့်တိုက်ပွဲတွင် ဒဏ်ရာအပြင်းအထန်ရခဲ့ပြီး နဂါးစွမ်းအားများကို ဆုံးရှုံးခဲ့ပြီးသည့်နောက်ပိုင်း ဘုရင်မကြီး၏ကျင့်စဉ်လမ်းမှာ လမ်းပျောက်ခဲ့ရလေသည်။ ထို့ကြောင့် သားဖြစ်သူကို ထီးနန်းလွှဲအပ်ပြီးသည့်နောက်ပိုင်း သူမက ဗုဒ္ဓစာပေများကိုသာ လေ့လာနေခဲ့လေသည်။ ယခင်က စူးရှ

ထက်မြက်ခဲ့သော ဘုရင်မ၏ မျက်ဝန်းများသည် ယခုတော့ နူးညံ့သိမ်မွေ့နေလေသည်။ သူမသည် တရား၌မွေ့လျော်သည့် အမျိုးသမီးတစ်ဦးဖြစ်နေခဲ့ပြီး ဘုရင်မတစ်ပါး၏ ဟိတ်ဟန် မျိုးမရှိတော့ပေ။

"ဆန်းလျန် လောကမှာ အလကားရတာဆိုလို့ ဘာမှမရှိဘူး ၊ နတ်ဘုရားတစ်ပါးဖြစ်ဖို့ ဒါမှမဟုတ် မိုင်သုံးသောင်းပတ်လည် ဒေသက လူတွေရဲ့ကိုးကွယ်မှုကိုရဖို့ ငါ့ဘက်က ဘာပြန်လုပ် ပေးရမှာလဲ"

ဘုရင်မက ဖြည်းညင်းစွာဆိုလေသည်။

သို့သော် ဧကရီတစ်ပါးသည် မည်မျှပင် နူးညံ့သွားသည်ဆိုစေ ကာမူ သူမ၏ စကားပြောဟန်တွင် ရာဇမာန်ကတော့ အပြည့်ရှိ နေဆဲ ဖြစ်လေသည်။

ဘုရင်မကို ဆွဲဆောင်ရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်မှန်း ဆန်းလျန်နားလည်ထားပါသည်။ သို့သော် ဘုရင်မမှာ အလွန်

ညာဏ်ရည်ထက်မြက်သူဖြစ်သည့်အတွက် ခက်ခဲမည်ဟုလည်း ဆန်းလျန် ထင်မထားခဲ့ပေ။

ဘုရင်မမှာ လောကရှိသူရဲကောင်းများစွာထက်ပင် သာလွန်သည့် စိတ်ထားရှိသူဖြစ်လေသည်။ သူမသည် ကျောက်ရှောင်ယွီထက်ပင် ပိုပြီး မိတ်ဆွေကောင်းစိတ်ဓာတ်ရှိလေသည်။

"ကျုပ်အထင်မမှားဘူးဆိုရင် ဘုရင်မက "နတ်ဘုရားအပ်နှင်းခြင်းပညာ" ကိုသိမယ်ထင်ပါတယ်"

ဆန်းလျန်က ပြောလိုက်သည်။

"အမှန်ပါပဲ ၊ ဒါပေမယ့် နတ်ဘုရားတစ်ပါးအဖြစ် အပ်နှင်းခံရဖို့ဆိုတာ လွယ်တဲ့ကိစ္စတော့မဟုတ်ဘူး"

ဘုရင်မက ပြန်ပြောလိုက်လေသည်။

နတ်ဘုရားအပ်နှင်းခြင်းပညာမှာ ရှေးအချိန်ကပင် လက်ဆင့်ကမ်းဆင်းသက်လာသည့် ပညာတစ်ခုဖြစ်လေ

သည်။ အချို့ဘုရင်များသည် သေလွန်ပြီးသည့်နောက် နတ်ဘုရားဖြစ်ရန်အတွက် ထိုပညာကို အသုံးပြုကြလေသည်။ သို့သော် နတ်ဘုရားအပ်နှင်းခြင်းအောင်မြင်ရန်မှာ ကံတရားနှင့်လည်းဆိုင်လေသည်။ အောင်မြင်သူအနည်းငယ်သာ ရှိခဲ့ပြီး အသူရာချောက်ကိုးထပ်တွင် နတ်ဘုရားဖြစ်ခွင့်ရခဲ့လေသည်။ နတ်ဘုရားအပ်နှင်းခြင်းပညာမှာ လူ့လောကတွင် ကျင့်စဉ်လမ်းကိုလျှောက်လှမ်းပြီး နတ်ဘုရားဖြစ်ရခြင်းနှင့် အနည်းငယ်သာကွာခြားသော်လည်း အောင်မြင်မှုရရှိပါက ထာဝရအသက်ရှင်သန်သည့် နတ်ဘုရားတစ်ပါးဖြစ်လာမည်ဖြစ်လေသည်။

"ဒီပညာကို ရေမှာအသုံးပြုမယ်ဆိုရင်တော့ နည်းနည်းတော့ကွဲပြားလိမ့်မယ်၊ မိုင်ပေါင်းသုံးသောင်းပတ်လည် မြစ်ကြောင်းတစ်လျှောက်က သက်ရှိတွေအားလုံးရဲ့ ကိုးကွယ်ခြင်းကိုခံရမယ်ဆိုရင် အဆုံးမရှိတဲ့ တန်ခိုးစွမ်းအားကို ဘုရင်မရရှိနိုင်တယ်၊ ဒါပေမယ့် တစ်ခုတော့လိုနေတယ်"

ဆန်းလျှန်က ပြောလိုက်သည်

"နဂါးအစစ်တစ်ကောင်လိုတယ်လေ..."

ဘုရင်မက ဆန်းလျှန်စကားကို ဖြည့်ပြောပေးလိုက်လေသည်။

ဘုရင်မမှာ ဆန်းလျှန်က နတ်ဘုရားအပ်နှင်းခြင်းပညာနှင့်

ပတ်သက်ပြီး အတော်များများ သိထားသည့်အတွက် အံ့သြနေ

မိလေသည်။

မြစ်စောင့်နတ်ဘုရားသုံးမျိုးရှိလေသည်။

တစ်မျိုးမှာ သဘာဝအတိုင်း ဖြစ်တည်လာသည့် မြစ်စောင့်နတ်

ဘုရား ဖြစ်လေသည်။ ရှေးခေတ်အချိန်အခါတုန်းကဆိုလျှင်

ထိုသို့ သဘာဝအလျှောက်ဖြစ်တည်လာသည့် မြစ်စောင့်နတ်

ဘုရားနှင့် ပင်လယ်စောင့်နတ်ဘုရားများမှာ အလွန်မှ ကြီးမြတ်

ကြလေသည်။ ရေပိုင်နက်ဆယ်ခုကို အုပ်ချုပ်ပြီး ပြိုင်ဘက်မရှိ

တန်ခိုးစွမ်းအားကြီးမားကြသူများ ဖြစ်လေသည်။ တာအိုဆရာ

သခင်ကြီးပင်လျှင် ထိုမြစ်စောင့်နတ်ဘုရားများကို မလွန်ဆန်နိုင်ပေ။

ဒုတိယ မြစ်စောင့်နတ်ဘုရားမှာ မိုးကောင်းကင်မှ ခန့်အပ်ပေးသည့် မြစ်စောင့်နတ်ဘုရားဖြစ်လေသည်။ ထိုမြစ်စောင့်နတ်ဘုရားများမှာ မိုးကောင်းကင်၏ အမိန့်အာဏာအောက်တွင် ရှိသည့်တိုင် တန်ခိုးစွမ်းအားသိပ်မကြီးမားကြပေ။ တန်ခိုးစွမ်းအားကြီးမားသည့် လက်နက် သို့မဟုတ် အဆောင်ပစ္စည်းတစ်ခုခုကို ကိုင်ဆောင်ရလေသည်။ များသောအားဖြင့် တာအိုဆရာများကို မိုးကောင်းကင်က သတ်မှတ်ပေးလေ့ ရှိလေသည်။ သို့သော် မိုးကောင်းကင်က လူ့လောကကိစ္စများကို ပါဝင်ပတ်သက်ခြင်း မရှိတော့သည့်နောက်ပိုင်းတွင်တော့ ထိုမြစ်စောင့်နတ်ဘုရားများမှာလည်း တဖြည်းဖြည်းပျောက်ကွယ်သွားကြရလေသည်။ သူတို့၏တည်ရှိမှုမှာ ဒဏ္ဍာရီသဖွယ်ဖြစ်သွားခဲ့ကြရလေသည်။

တတိယ မြစ်စောင့်နတ်ဘုရားအမျိုးအစားမှာ နတ်ဘုရား အပ်နှင်းခြင်းပညာဖြင့် နတ်ဘုရားအဖြစ်ခန့်အပ်ရခြင်းဖြစ်လေ သည်။ ရှေးခေတ်အချိန်က မိုးကောင်းကင်က မင်းမျိုးမင်းနွယ် များကို လူသားများကို အုပ်ချုပ်ရန်အတွက် အင်းနှင့် မန္တန် ပညာကို အသုံးပြုရန် ပေးအပ်ခဲ့လေသည်။ ထိုအင်းနှင့်မန္တန် ပညာက နတ်ဘုရားအဖြစ် ခန့်အပ်နိုင်စွမ်း ရှိလေသည်။နတ် ဘုရားအဖြစ် ခန့်အပ်ခြင်းခံရသူသည် တောင်စောင့်နတ်ဘုရား များနှင့် မြစ်စောင့်နတ်ဘုရားများကဲ့သို့ တန်ခိုးစွမ်းအားကို ရရှိ လေသည်။ ရှေးခေတ်အခါက ဘုရင်များသည် လူ့လောကတစ် ခုလုံးကို ဘုန်းတန်ခိုးဖြင့် အုပ်ချုပ်ကြပြီး ယခုကဲ့သို့ တိုင်းပြည် သေးသေးလေးများကို အုပ်ချုပ်ကြခြင်းမျိုး မဟုတ်ပေ။ ထို့ပြင် နဂါးပြည်မှ နဂါးမင်းများကလည်း လူသားဘုရင်များ နှင့် လာရောက် မဟာမိတ်ဖွဲ့ကြလေသည်။ နဂါးမင်းများက ရေ ကိုအုပ်ဆိုးပြီး လူသားဘုရင်များက မြေကိုအုပ်ဆိုးလေသည်။

ထို့ကြောင့် ရှေးအချိန်ကတည်းက နတ်ဘုရားအပ်နှင်းခြင်း ပညာဖြင့် မြစ်စောင့်နတ်ဘုရားတစ်ပါးခန့်အပ်လိုပါက တကယ့် နဂါးအစစ်တစ်ကောင်၏ ခွင့်ပြုချက်ရယူရန် သို့မဟုတ် တကယ့်နဂါးအစစ်တစ်ကောင်ကို အောင်နိုင်ရန် လိုအပ်လေသည်။ နတ်ဘုရားအပ်နှင်းခြင်းပညာမှာ ဒဏ္ဍာရီထဲမှ ဘုရင်များကို နတ်ဘုရားအဖြစ်အပ်နှင်းကြသည့် မိုးကောင်းကင်မှပေးအပ် သည့် အင်းနှင့် မန္တန်ပညာမှ ဆင်းသက်လာခြင်းဖြစ်လေသည်။ ထိုအင်းနှင့်မန္တန်ပညာ ပျောက်ကွယ်သွားပြီးသည့်နောက် ဘုရင် များက ထိုအင်းနှင့်မန္တန်ပညာအစား ဧကရာဇ်တံဆိပ်တော်ကို အစားထိုး အသုံးပြုကြလေသည်။ ထို့ကြောင့် လူအများက ဧကရာဇ်တံဆိပ်တော်ကို မိုးကောင်းကင်မှ ဂုဏ်ပြုသည့် ပစ္စည်းတစ်ခုအဖြစ် တန်ဖိုးထားကြခြင်းဖြစ်လေသည်။

"နဂါးအစစ်က တကယ်ကိုရှားပါးတယ်၊ အခု ကျုပ်ပြောတဲ့ နဂါးတစ်ကောင်က သိပ်တော့ မစစ်ဘူး၊ ဒါပေမယ့် တကယ့်

နဂါးအစစ်လို့လည်း ပြောလို့ရတယ်၊ အဲဒီနဂါးက ကျုပ်ရဲ့ ရန်သူလည်းဖြစ်တယ်၊ ဒါ့ကြောင့် အဲဒီနဂါးကို နှိမ်နင်းဖို့ ဘုရင်မရဲ့ အကူအညီလိုနေပါတယ်၊ ဘုရင်မသာအောင်မြင် ရင် မိုင်ပေါင်းသုံးသောင်းပတ်လည်က လူအများကိုးကွယ်ကြ တဲ့ မြစ်စောင့်နတ်သမီးဖြစ်လာမှာပဲ၊ လောကကြီးက ကျယ် ပြောလို့ ဘုရင်မကို ဒုက္ခပေးချင်တဲ့သူရှိရင်တောင် လူနည်းစုပဲ ဖြစ်ပါလိမ့်မယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

"ငါ အခုလို အသက်ရှင်ခွင့်ရခဲ့တာ မင်းကြောင့်ဆိုတာ ပြောခဲ့ ပြီးပြီပဲလေ၊ ငါ့အနေနဲ့ ကျေးဇူးပြန်ဆပ်ရမယ့် တာဝန်ရှိပါ တယ်၊ မင်း ငါ့ကို ဒီလောက်အများကြီး ရှင်းပြနေစရာမလိုပါ ဘူး၊ မင်းအကြောင်းကို ငါ ကောင်းကောင်းသိတယ်၊ မင်းဟာ လူတွေအပေါ်မှာ အမြတ်မထုတ်တတ်ဘူး၊ ဒီကိစ္စကို ငါကူညီ ပါ့မယ်"

ဘုရင်မကြီးက ပြောလိုက်လေသည်။

ထိုစကားကို ပြောသည့်အချိန်တွင် ဘုရင်မ၏ မျက်ဝန်းများမှာ တစ်လက်လက်တောက်ပနေလေသည်။သူမက စိန်ခေါ်မှုများ ကို အမြဲတမ်း နှစ်သက်သဘောကျသူဖြစ်လေသည်။ မည် သည့်အခါမှ နောင်တမရတတ်ပေ။

ဆန်းလျန်က ဘုရင်မကြီး၏ မျက်ဝန်းများကို စိုက်ကြည့်လိုက် လေသည်။ ဆန်းလျန်၏ အကြည့်များထဲမှ အဓိပ္ပါယ်ကို ဘုရင်မကြီး နားလည်လိုက်လေသည်။

ထိုအကြည့်များထဲတွင် အာမခံချက်နှင့် သစ္စတရားများပါဝင် လေသည်။

ဆန်းလျန်ဆိုသည်က သူမဘက်မှ တစ်ကြိမ်သာ ကူညီခဲ့လျှင် နောက်ပိုင်းတစ်လျှောက်လုံးတွင် သူမတောင်းသမျှ အကူအညီ တိုင်းကို အပေးအယူမရှိဘဲ ပြန်လည်ကူညီမည့်လူမျိုး ဖြစ်လေ သည်။

……………………………………………

ရေများက လွင့်စင်သွားပြီး အစိမ်းရောင်အရိပ်က ရေထဲတွင် ရောင်ပြန်ဟပ်နေလေသည်။

ထိုနေရာမှာ ချင်းကျန်းဂိုဏ်းပင် ဖြစ်လေသည်။ ချင်းကျန်း ဂိုဏ်းမှာ ဓားဝိညာဉ်တည်ရှိရာ အခြားသောကမ္ဘာတစ်ခုကဲ့သို့ ပင်ဖြစ်လေသည်။ ထိုသဘောတရားမှာ ချင်းကျန်းဂိုဏ်းကို တည်ထောင်သူဆရာသခင်၏ရည်ရွယ်ချက်ဖြစ်ပြီး နောက်ပိုင်း ဆက်ခံသူအများစုက ထိုရည်ရွယ်ချက်ကို သိပ်ပြီးအလေးမ ထားကြပေ။ ယခုမျိုးဆက်တွင်တော့ အလေးထားသူ တစ် ယောက်ပင် မကျန်တော့ပေ။

ဆန်းလျန်၏ဘေးတွင်ရပ်နေသည့် ကျော်ရှောင်ချင်းကတော့ ထိုရည်ရွယ်ချက်ကို အနည်းငယ်နားလည်ပုံရလေသည်။ သို့သော် သူ့အနေဖြင့် လောကကို အောင်နိုင်သည့် ဓားတန်ခိုး စွမ်းအားမရှိသေးပေ။ ကျော်ရှောင်ချင်းသည် တောင်ပေါ်တစ် နေရာတွင်ရပ်နေရင်း သူ၏ဂိုဏ်းသားများကို ကြည့်နေလေ

သည်။ ရေလှိုင်းလုံးကြီးများက ချင်းကျန်းဂိုဏ်းတောင်တံခါး အတွင်းသို့ စီးဝင်နေလေသည်။ ရေများအလွန်များပြားလာပါက ချင်းကျန်းဂိုဏ်းမှ တည်ဆောက်ထားသည့် တောင်ပေါ်ရေကာတာမှာ ခံနိုင်ရည်ရှိမည်မဟုတ်တော့ပေ။

ကျော်ရှောင်ချင်း၏ခန္ဓာကိုယ်မှ စူးရှထက်မြက်သည့်ဓားဝိညာဉ်အငွေ့အသက်များထွက်ပေါ်နေပြီး ရေမိစ္ဆာအချို့ကို သတ်ဖြတ်နေလေသည်။ သူက ချင်းကျန်းဂိုဏ်းအတွင်းသို့ ရေလှိုင်းလုံးများ ဝင်ရောက်လာသည်ကို ကြည့်နေရင်းမှ ကောင်းကင်ထက်မှ အဝါရောင်နဂါးကြီးကိုလည်း တစ်ချက်လှမ်းကြည့်လိုက်သည်။ နဂါးကြီးက ကြီးမားသည့်ဟိန်းသံကြီးကိုပြုလုပ်နေလေသည်။

ချင်းကျန်းဂိုဏ်းမှ တပည့်များသည် သူတို့၏ဓားဝိညာဉ်များဖြင့် ရေမိစ္ဆာစစ်သည်များကို တိုက်ခိုက်နေကြလေသည်။ နေရာအနှံ့တွင် သွေးနံ့များနှင့် မိစ္ဆာနံ့များပျံ့နှံ့နေလေသည်။

ဟွမ်လုန်ကျီ သို့မဟုတ် ယန်ရှီး၏ကိုယ်ပွား မှာ ထိုမြင်ကွင်းမျိုး ကို မြင်ချင်နေခြင်းဖြစ်လေသည်။ ယခုတော့ ဆန္ဒပြည့်ခဲ့ပြီ။ ကျော်ရှောင်ချင်းမှာ ကူညီမည့်လူ မည်သည့်အချိန်မှ ရောက်လာမည်လဲဟု တွေးနေမိလေသည်။ ထိုကူညီမည့်လူ သည် အချိန်မီမှရောက်လာပါမည်လား။ သို့သော် ဆန်းလျန်က ကူညီမည့်လူတစ်ယောက်ရောက်လာလိမ့်မည်ဟု သူ့ကို ကတိ ပေးထားခဲ့လေသည်။ သို့သော် ယခုအချိန်ထိ ရောက်မလာ သေးသည့်အတွက် ကျော်ရှောင်ချင်းမှာ စိတ်ဓာတ်ပင်ကျချင် သလိုလိုဖြစ်နေမိလေတော့သည်။

ချင်းကျန်းဂိုဏ်းမှ စတေးခဲ့ရသည့်သွေးစက်များ မည်မျှ များပြားနေပြီလဲဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။

ဟွမ်လုန်ကျီတစ်ယောက်တည်းဖြင့် ချင်းကျန်းဂိုဏ်းကို တိုက်ခိုက်နိုင်သော်လည်း သူက ချင်းကျန်းဂိုဏ်း တဖြည်းဖြည်းနှင့်ပျက်စီးသွားသည်ကို အရသာခံကာ ကြည့်လို

ခြင်းဖြစ်လေသည်။ ဤသည်မှာ ယန်ရှီးပေးသည့်အကြံညာဏ်ဖြစ်ပြီး လူများကို တဖြည်းဖြည်းညှင်းပန်းကာ သတ်ဖြတ်ခြင်းက ပိုပြီး စိတ်ဝင်စားစရာကောင်းလေသည်။ လူများ၏အကြောက်တရားများကို ဟွမ်လုန်ကျီသည် ကောင်းကင်ထက်မှပင် ခံစားနေရလေသည်။

အရှူးအဘိုးကြီး မုန့်ရှင်ကျန်းက သူနှင့်တိုက်ခိုက်ရန် ကြိုးစားခဲ့သေးသည်။

သို့သော် သူ့လို နဂါးတစ်ကောင်ကို ထိုအဘိုးကြီးမည်သို့အနိုင်ရနိုင်မည်နည်း။

နောက်ဆုံးတွင်တော့ မုန့်ရှင်ကျန်းမှာ သူ၏ ဓားတန်ခိုးစွမ်းအားများကို ဆုံးရှုံးခဲ့ရုံသာမက ကျင့်ကြံမှုစွမ်းအားတစ်ဝက်ကိုပါ ဆုံးရှုံးခဲ့ရလေသည်။ ယခုတော့ တန်ခိုးစွမ်းအားများမရှိသည့် အသုံးမကျသော လူတစ်ယောက်မျှသာ ဖြစ်သွားခဲ့ပြီ။

ရှမ်ထုန်နတ်မိစ္ဆာဘုရင်၏ အမှောင်ကောင်းကင်မိစ္ဆာစွမ်းအားမှ လွဲပြီး ဟွမ်လုန်ကျီ၏နဂါးခန္ဓာကိုယ်ကို ထိခိုက်အောင်လုပ်နိုင်သည့်ပညာ လောကတွင် မရှိပေ။ ထို့ပြင် ဟွမ်လုန်ကျီမှာ တစ်ခါတည်းဖြင့် လုံလောက်သည့် အတွေ့အကြုံရခဲ့ပြီဖြစ်သဖြင့် သူ့ကိုနာကျင်အောင်လုပ်သူမှန်သမျှကို ဒုတိယအခွင့်အရေးမပေးတော့ပေ။

အခန်း (၂၄၇)

တောင်များကိုပင် ချိုးဖျက်ပစ်နိုင်သည့်အထိ

ဆယ့်ငါးမိနစ်မျှကြာသည့်အခါတွင်တော့ တောင်ပေါ် ရေကာတာမှာ အားနည်းလာပြီး ရေကာတာကို ထိန်းထားပေး

သည့် ဓားဝိညာဉ်များမှာလည်း အားနည်းသည်ထက်အားနည်း

လာပြီဖြစ်သည်။

ကျော်ရှောင်ချင်းက သူ၏ဓားရိုးကို တင်းတင်းဆုပ်ကိုင်ထား

လေသည်။

ချင်းကျန်းဂိုဏ်း၏ တောင်တံခါးအဝင်ဝတွင် သူပြုလုပ်ထား

သည့် ဆယ်ပေအမြင့်ရှိသည့် ကျောက်တုံးတုံးကြီးမှာ တောင်

ပေါ်ရေကာတာ၏ ဗဟိုအချက်အချာဖြစ်လေသည်။ ကျော်

ရှောင်ချင်းမှာ ထို့ထက်ပိုပြီး လုပ်ပေးနိုင်စွမ်းမရှိတော့ပေ။

ဆန်းလျန်သာ သူ့နေရာမှာဆိုလျှင် မည်သို့လုပ်မည်လဲ သူ

စဉ်းစားကြည့်လိုက်မိသည်။

သို့သော် ဆန်းလျန်၏စိတ်ကို သူမခန့်မှန်းနိုင်ပေ။ ထို့ပြင် ဆန်း

လျန်ကဲ့သို့ တန်ခိုးစွမ်းအားများလည်း သူ့တွင်မရှိသလို ဆန်း

လျန်ကဲ့သို့ လွတ်လပ်ပေါ့ပါးသည့်စိတ်ဓာတ်လည်း သူ့တွင်မရှိ

ပေ။

ထိုအချိန်တွင် ....

အနက်ရောင်ဆံပင်များဖြင့် သက်လတ်ပိုင်းအရွယ်တာအိုဆရာ တစ်ပါး တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာလေသည်။ သူ၏ ဆံပင် များမှာ ပြေကျနေပြီး သူ့လက်ထဲတွင် ဓားတစ်လက်ကို တင်းတင်းစုပ်ကိုင်ထားလေသည်။ သူက လေထဲသို့ ခုန်ပျံတက် လိုက်ပြီး ရေမိစ္ဆာတစ်ကောင်ကို ဓားဖြင့်ထိုးစိုက်ချလိုက်သည်။ လေထဲမှ အော်သံအကျယ်ကြီးတစ်ခုထွက်ပေါ်လာပြီး ရောမ ပု ဇွန်ခေါင်းကြီးတစ်ခု ပြတ်ထွက်သွားလေသည်။ ထိုပုဇွန်ခေါင်း ကြီးက မြေပြင်ထက်သို့ တအိအိဖြင့် ပြုတ်ကျသွားသည်။ ထိုသူမှာ ကျန်းဆွေကျယ်ပင်ဖြစ်လေသည်။ သူက သူ့ဘဝတစ် ခုလုံးကို ချင်းကျန်းဂိုဏ်းအတွက် ပေးဆပ်ထားသည့် ဓား သမားတစ်ယောက် ဖြစ်လေသည်။ သူ၏ဂိုဏ်းတူညီအစ်ကို များနှင့်အတူ ဓားသမားတစ်ယောက်ပီသစွာ သေအတူရှင်မ ကွာ တိုက်ပွဲဝင်နေခဲ့လေသည်။

ရေမိစ္ဆာများမှာ ကျန်းဆွေကျယ်၏ ဓားဝိညာဉ်အောက်တွင်

အလုံးအလဲ ကျဆုံးကုန်ကြလေသည်။

ရေမိစ္ဆာများ၏ အသွေးနှင့်အသားများမှာ နေရာအနှံ့တွင် ပျံ့

ကျဲနေလေသည်။ ကျန်းဆွေကျယ်၏ ထက်ရှသည့်ဓားသွား

သည် ဆည်းဆာနေရောင်ခြည်ထက်ပင် တောက်ပနေသေး

သည်။

ကောင်းကင်ပေါ်မှ အဝါရောင်နဂါးကြီးက ကျန်းဆွေ

ကျယ်၏ဓားဝိညာဉ်ကြောင့် ရေမိစ္ဆာများ အတုန်းအရုန်းကျဆုံး

ကုန်သည်ကို တွေ့မြင်လိုက်သည်နှင့် ချင်းဆွေမြစ်ထဲသို့ဆင်း

ကာ ရေမိစ္ဆာများကြားတွင် ကူးခတ်သွားလိုက်လေသည်။

"မင်းတို့အရှုံးလုပ်နေတာ မခံတော့ဘူးဟေ့"

နဂါးကြီးက နှာတစ်ချက်မှုတ်ရင်းပြောဆိုလိုက်ပြီး သူ၏နဂါး

မျက်ဝန်းများမှ အေးစက်သည့်အငွေ့အသက်များ ထွက်

ပေါ်လာလေသည်။

သူက ရေကို ဝဲကန်တော့အသွင် မွှေနှောက်လိုက်ပြီး နဂါးအမြီး ဖြင့်ရိုက်ချလိုက်ရာ ရေမလှိုင်းလုံးကြီးတစ်ခု ဖြစ်ပေါ်လာလေ သည်။ ဟွမ်လုန်ကျီ၏တန်ခိုးစွမ်းအားများဖြင့် ပေါင်းစပ်ထား သည့် ရေလှိုင်းလုံးကြီးမှာ သံနှင့်ကြေးနီကဲ့သို့ မဖျက်စီးနိုင် လောက်အောင် မာကျောလွန်းပြီး အလွှာပေါင်းများစွာပါဝင် လေသည်။ ထိုရေလှိုင်းလုံးကြီးသည် ချင်းကျန်းဂိုဏ်း တောင် တံခါးသို့ အရှိန်အဟုန်ပြင်းစွာဖြင့် ဝင်ရောက်သွားလေ တော့သည်။

ရဲ့ရဲ့လေးသာကျန်တော့သည့် တောင်ပေါ်ရေကာတာသည် ထို သံမဏိကဲ့သို့မာကျောသည့် ရေလှိုင်းလုံးကြီးဖြင့် ရိုက်ခတ်မိ သည့်အခါ တစ်စစီ ပြိုကွဲသွားလေသည်။

ရေကာတာကို ထိန်းပေးထားသည့် ချင်းကျန်းဂိုဏ်းသားများ၏ ဓားဝိညာဉ်များမှာလည်း တစ်စစီဖြစ်သွားလေသည်။

ကျော်ရှောင်ချင်းမှာ သူ၏ဂိုဏ်းသားများကို မကြည့်ရက်တော့ပေ။

ချင်းကျန်းဂိုဏ်း တောင်တံခါးဆီသို့ တဖြည်းဖြည်းနီးကပ်လာနေသည့် အဝါရောင်နဂါးကြီးကို တွေ့မြင်နေရလေသည်။ နဂါးကြီးနှင့်အတူ ရေမိစ္ဆာများလည်း အလုံးအရင်းနှင့် ဝင်ရောက်လာကြလေသည်။ တစ်ချက်တည်းဖြင့်ပင် ချင်းကျန်းဂိုဏ်းမှ လူပေါင်းများစွာကို သတ်ပစ်တော့မည့် အရိပ်အယောင်များ ပေါ်ထွက်နေလေသည်။

ဟွမ်လုန်ကျီမှာ မိတ်ဆွေလား ရန်သူလား မခွဲခြားတော့ဘဲ မြင်မြင်သမျှကို သတ်ပစ်သည်အထိ ဆိုးသွမ်းနေလေသည်။

သူ့အတွက်တော့ ချင်းကျန်းဂိုဏ်းသားများကိုလည်း သတ်ပစ်မည်ဖြစ်သလို သူအမိန့်ပေးထားသည့် ရေမိစ္ဆာများ၏ အသက်မှာလည်း တန်ဖိုးမရှိလှပေ။

ထိုအချိန်မှာပင်...

ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး နဂါးကြီး၏ ပတ်ဝန်းကျင်မှ ရေမိစ္ဆာဆယ်ကောင်ထက်မနည်း သေဆုံးသွားလေသည်။

ကျော်ရှောင်ချင်း၏ ဓားဝိညာဉ်မှာ ကောင်းကင်ကိုးခုကိုပင် ထိုးခွင်းတော့မည့်အလား ထက်ရှနေလေသည်။ သူ့ကို မည်သူမှ တားဆီးနိုင်တော့မည်မဟုတ်ပေ။

သူ၏ ဓားဝိညာဉ်သည် အဝါရောင်နဂါးကြီးကို နှစ်ပိုင်းပိုင်းပစ်တော့မည့်အလား ဖြစ်လေသည်။

ကျော်ရှောင်ချင်း၏ ယွင်ဆွေအလင်းဓားမှ အဆုံးမရှိသော တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

ကျော်ရှောင်ချင်းသည် တိုက်ပွဲအတွင်းမှာပင် ယွင်ဆွေအလင်းဓား၏ အနှစ်သာရကို နားလည်သွားခဲ့လေသည်။ ချင်းကျန်းဂိုဏ်းကိုတည်ထောင်သူ ဆရာဘိုးဘိုးဖြစ်သူ၏ ကနဦးကျင့်စဉ်ကို သူသဘောပေါက်သွားလေသည်။

လိမ့်တက်လာသည့် ရေလှိုင်းလုံးကြီးများသည် သံမဏိထက်ပင် မာကျောပြီး အရာအားလုံးကို ဖျက်စီး ပစ်နိုင်လေသည်။ သို့သော် ကျော်ရှောင်ချင်း၏ ယွင်ဆွေအလင်းဓားနှင့် ထိတွေ့လိုက်သည့်အခါတွင်တော့ ယွင်ဆွေအလင်းဓားဝိညာဉ်သည် ရေလှိုင်းများအားလုံးကို စုပ်ယူလိုက်လေသည်။

ကျော်ရှောင်ချင်း၏ ဓားတန်ခိုးစွမ်းအားများမှာ ပိုပြီးပြင်းထန်လာပြီး သူ၏ခန္ဓာကိုယ်ရှိ သွေးကြောဆုံချက်ဆယ့်နှစ်နေရာသို့ လှည့်ပတ်စီးဆင်းသွားလေသည်။ သူ၏တန်ခိုးစွမ်းအားများမှာ တောင်တစ်တောင်ကိုပင် ချိုးဖျက်ပစ်နိုင်သည်အထိ အဆုံးမရှိ မြင့်မားလာလေသည်။ ဟွမ်လုန်ကျီနှင့်အတူ ချင်းကျန်းတောင်တံခါးဆီသို့ ချီတက်လာကြသည့်ရေမိစ္ဆာများစွာမှာ ကျော်ရှောင်ချင်း၏ ဓားချက်အောက်တွင် ဇီဝိန်ချုပ်ကုန်ကြလေသည်။

ယွင်ဆွေအလင်းဓားဝိညာဉ်မှာ တိမ်လိုရေလို လွင့်မျောသွားကာ မိုးကောင်းကင်ကိုပင် ထိုးခွင်းသွားပြီး နဂါးငွေ့တန်းကိုပင် အကန့်အသတ်မဲ့စွာ ပိုင်းဖြတ်လိုက်သည့်အလားပင်။

အဝါရောင်နဂါးကြီး ဟွမ်လုန်ကျီမှာ တစ်ချက်ကြုံးဝါးလိုက်ပြီး ကောင်းကင်ထက်သို့ခုန်တက်ကာ ယွင်ဆွေအလင်းဓားဝိညာဉ်ကို ရင်ဆိုင်တိုက်ခိုက်လိုက်သည်။

တိုက်ပွဲဖြစ်နေသည့် မနီးမဝေးတစ်နေရာတွင် လှေငယ်တစ်စင်း ရှိနေလေသည်။

ထိုလှေငယ်ထက်တွင် အဖြူရောင်ဝတ်ဆင်ထားသည့် ယန်ရှီးရှိနေလေသည်။

သူ၏ပုံသဏ္ဍာန်မှာ တိမ်တစ်စအလား သန့်စင်လျှက်ရှိပြီး သူ၏လက်ထဲတွင်သွေးကျောက်စိမ်းဖြင့်ပြုလုပ်ထားသည့် ဘူးသီးချောက်တစ်ခုကို ကိုင်ထားလေသည်။ သူက တိုက်ပွဲအတွင်းမှ ထွက်လာသည့် ချင်းကျန်းဂိုဏ်းသားများ၏ သွေး

များနှင့် ရေမိစ္ဆာများ၏ မိစ္ဆာသေွးများကို ထိုဘူးသီးချောက်

အတွင်းသို့ စုပ်ယူနေခြင်းဖြစ်လေသည်။ ရေမိစ္ဆာများ၏ မိစ္ဆာ

စွမ်းအားများလည်း ဘူးသီးချောက်အတွင်းသို့ စိမ့်ဝင်နေပြီး

ဘူးသီးချောက်ဆီမှ သေွးများ တစ်စက်စက် ကျနေလေသည်။

ယန်ရှီးက ကျော်ရှောင်ချင်းကို ပြုံးပြီးကြည့်နေရင်း အလွန်

တော်တဲ့ကောင်လေးဟု မှတ်ချက်ပြုလိုက်မိသည်။ ကျော်

ရှောင်ချင်း၏ ဓားဝိညာဉ်တွင် ချင်းရှမ်နတ်တံခါး၏

အငွေ့အသက်များကိုလည်း ခံစားနေရလေသည်။

အဘယ့်ကြောင့် ချင်းရှမ်နတ်တံခါး၏အငွေ့အသက်များထွက်

ပေါ်နေသည်ကို ယန်ရှီး သိချင်နေမိသည်။ ထိုသို့ဖြစ်ရသည်မှာ

လူတစ်ယောက်၏နှလုံးသားမှ ဖြစ်တည်လာသည့် ကျင့်စဉ်

လမ်းကြောင့် ဖြစ်ကောင်းဖြစ်မည်ဟု သူတွေးလိုက်မိသည်။ ထို

လူငယ်သည် စစ်မှန်သည့် တာအိုကျင့်စဉ်လမ်းကို နားလည်

သဘောပေါက်သွားခြင်းမည်ပေမည်။

သို့သော် အသုံးမဝင်တော့ပေ။

ထိုလူငယ်၏ ဓားဝိညာဉ်မှာ အသုံးမဝင်တော့ပေ။

ကျော်ရှောင်ချင်း၏ ယွင်ဆွေအလင်းဓား မည်မျှပင်

အစွမ်းထက်ပါစေ နဂါးကြီးတစ်ကောင်ကိုတော့ မည်သို့မျှ

အနိုင်ယူနိုင်မည် မဟုတ်ပေ။

"နဂါးငွေ့တန်းဓားသိုင်းဆိုရင်မှ စိတ်ဝင်စားဖို့ ကောင်းဦးမယ်"

ယန်ရှီးတွေးလိုက်သည်။

နဂါးအမောက်ကြီးက ကျော်ရှောင်ချင်းကို တားဆီးထားလိုက်

ပြီး ကျော်ရှောင်ချင်း၏ ဓားဝိညာဉ်မှာ တစ်စစီဖြစ်သွားရလေ

သည်။ ကျော်ရှောင်ချင်းမှာ တောင်ပေါ်တစ်နေရာသို့ လွင့်စင်

ထွက်သွားပြီး ရေကာတာကျောက်တုံးကြီးမှာလည်း တစ်စစီ

ပြိုကွဲပျက်စီးသွားလေသည်။

ယခုတော့ ရေကာတာများအားလုံး ပျက်စီးသွားပြီဖြစ်ပြီး ချင်း

ဆွေမြစ်မှ ရေလှိုင်းလုံးကြီးများသည် ချင်းကျန်းတောင်တံခါး

နှင့် ပတ်ဝန်းကျင်ဒေသများဆီသို့ တရကြမ်း ဝင်ရောက်လာလေတော့သည်။

ဟွမ်လုန်ကျိုမှာ သူတစ်ယောက်တည်းဖြင့်သိုင်းဂိုဏ်းတစ်ဂိုဏ်းလုံးကို နှိမ်နင်းလိုက်နိုင်သည့်အတွက် ကျေနပ်ပီတိဖြစ်လျှက်ရှိလေသည်။ သူကတော့ ကျင့်ကြံသူလောကတွင် ဂုဏ်သတင်းကြီးတော့မည် ဖြစ်လေသည်။

သူက ရေမိစ္ဆာများကို ဆက်လက်တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

သူ၏ နဂါးခန္ဓာကိုယ်ကြီးဖြင့် ရေလှိုင်းလုံးကြီးများကို ထပ်မံဖြစ်ပွားစေလိုက်သည်။ ရေကိုပိုင်ဆိုးသည့် ရှေးဟောင်းနတ်နဂါးတစ်ပါးအလား နဂါးတန်ခိုးစွမ်းအားများ ထွက်ပေါ်နေလေသည်။

သူက သူ၏ ဂိုဏ်းတူအစ်ကိုကြီးနှင့် ဆရာဦးလေးသာ ယခုကိစ္စကိုသိလျှင် မည်သို့ဖြစ်မည်လဲ သိချင်နေမိသည်။ မည်သို့

ပင်ဖြစ်စေ သူ့ကို ဆန့်ကျင်သူမှန်သမျှကို နှိမ်နင်းပစ်မည်ပဲ ဖြစ်လေသည်။ သူ့ကိုအာခံလျှင် အသက်နှင့်ကိုယ် အိုးစားကွဲရမည်သည် ဖြစ်သည်။ မည်မျှ လွတ်လပ်လွယ်ကူလိုက်ပါသနည်း။

ရှေးဟောင်းနဂါးပြည်သည် ပင်လယ်လေးခုနှင့် ရေသတ္တဝါများကို ဩဇာလွှမ်းမိုးခဲ့လေသည်။ နဂါးများက အမြဲတမ်းတိုက်ခိုက်ရသည်ကို နှစ်သက်လေသည်။ နဂါးသဏ္ဍာန်ပြောင်းကျင့်စဉ်ကို ကျင့်ကြံခြင်းက ဟွမ်လုန်ကျီကို တကယ့်နဂါးကြီးတစ်ကောင်အဖြစ် အသွင်ပြောင်းနိုင်ခွင့်ကို ပေးသည့်အပြင် နဂါးတစ်ကောင်၏ စိတ်ထားမျိုးကိုလည်း ဖြစ်ပေါ်စေလေသည်။

တကယ့် နဂါးတစ်ကောင်၏ ခန္ဓာကိုယ်သည် ပေထောင်ပေါင်းများစွာရှည်လျားလေသည်။ နဂါးအမြီးတစ်ချက်ခတ်ရုံမျှဖြင့်

တောင်ကို ပြိုစေပြီး သစ်ပင်များနှင့် မြေကြီးများကို တစ်စစီ ဖြစ်အောင် ရိုက်ချနိုင်လေသည်။

ထို့ပြင် သူက ယန်ရှီး၏ ပကတိဖန်ဆင်းခြင်းပညာဖြင့် ထိန်းချုပ်မှုအောက်သို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ပိုပြီး ဆိုးသွမ်းနေလေသည်။

ယန်ရှီးက ဟွမ်လုန်ကျီကို ပမာမခန့် မျက်လုံးများဖြင့် ကြည့်နေလေသည်။

သူက ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို အစကတည်းက အထင်ကြီးခဲ့ခြင်း မရှိပါ။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် ယွီမင်နတ်ဘုရားနှင့် ဟွမ်ကျန်းမှလွဲပြီး အခြားသူများမှာ တန်ခိုးစွမ်းအားကြီးမားသည့်တိုင် ငတုံးများသာ ဖြစ်လေသည်။

ဤသို့ဖြစ်ရသည်မှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် တပည့်ရွေးခြယ်သည့်အခါ အလားအလာကောင်း ရှိ မရှိကိုသာ ကြည့်ပြီး ရွေးခြယ်လေ့ရှိပြီး စိတ်နေစိတ်ထားကို ကြည့်ပြီး မရွေး

ခြယ်သောကြောင့် ဖြစ်လေသည်။ ထိုအချက်က ကွမ်းချင်းနတ်ဘုရားဂိုဏ်းနှင့် ချင်းရှမ်နတ်တံခါးတို့၏ မိုးနှင့်မြေလို ကွာခြားသည့် အချက်ပင် ဖြစ်လေသည်။

အမှန်တော့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ လောကနတ်ဘုရားငါးပါးပေါ်ထွက်လာခြင်းမှာ ကံကောင်းလွန်း၍သာ ဖြစ်လေသည်။

ထို့ပြင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် ဖော့ဝမ့်အဆင့် ကျင့်ကြံသူ ဆယ့်နှစ်ပါးရှိသည့်တိုင် နတ်ဘုရားအဆင့်တက်ရောက်နိုင်ရန် ဖြစ်နိုင်ချေရှိသူမှာ ဟွမ်ကျန်းတစ်ယောက်သာရှိလေသည်။

အခြားသူများမှာ အမှိုက်များလိုပင် အသုံးမကျလှပေ။

အမှိုက်ဆိုသော်လည်း သူ၏အကြံအစည်ကြီးကို အကောင်အထည်ဖော်ရာတွင်တော့ အသုံးချ၍ရသေးသည်။

သူ့အနေဖြင့် ချန်ကျန့်မေနှင့် ဆန်းလျန်တို့ကဲ့သို့သောသူမျိုးများနှင့် ရင်ဆိုင်ရမည်ဆိုလျှင် ကျိန်းသေ ခေါင်းကိုက်ရမည် ဖြစ်လေသည်။ သူက စိန်ခေါ်မှုများကို နှစ်သက်သည့်တိုင်

အလွယ်လမ်းကိုသာ လိုက်ချင်သူဖြစ်လေသည်။ ထို့ကြောင့် ဖော့ဝမ့်အဆင့်ကျင့်ကြံသူများကိုသာ သူ၏ကိုယ်ပွားများ အဖြစ် ပြောင်းလဲထားနိုင်ပါက အရာရာသည် လွယ်ကူနေမည် ဖြစ်လေသည်။

ယန်ရှီး မျက်မှောင်တစ်ချက် ကြုံ့လိုက်မိသည်။ အန္တရာယ်ကို ရှောင်ချင်ပါသည်ဆိုမှ အန္တရယ်က သူ့လမ်းကို တားဆီးပြီဖြစ် လေသည်။

ကောင်းကင်ထက်တွင် ရောင်စုံတိမ်တိုက်တစ်ခု ထွက်ပေါ်လာ လေသည်။ ထိုတိမ်တိုက်မှ ရွှေရောင်အလင်းတန်းများက တောင်နှင့် မြစ်ရေပေါ်သို့ ဖြာကျနေလေသည်။

ဟွမ်လုန်ကျီ၏ နဂါးအကြေးခွံမှာ ရွှေရောင်အလင်းတန်းများ အောက်တွင် တလက်လက် တောက်ပနေလေသည်။

ရောင်စုံတိမ်တိုက်မှ ထွက်ပေါ်နေသည့် ရွှေရောင်အလင်းတန်း များမှာ လွန်စွာမှ မော်ဆန်လွန်းလေသည်။

ထိုအလင်းတန်းများကြောင့်ယန်ရှီးပင်လျှင် စိတ်မသက်မသာ ခံစားလိုက်ရသည်။ ရေခဲနှင့်နှင်းများသည် နေရောင်နှင့်ထိတွေ့သည့်အခါ အရည်ပျော်ကျရသကဲ့သို့သော ခံစားချက်မျိုး ဖြစ်လေသည်။

ဟွမ်လုန်ကျီမှာ စိတ်မသက်မသာဖြစ်ရုံသာမက ရွှေရောင်အလင်းတန်းများက ရွှေရောင်ကြိုးတစ်ချောင်းအသွင်ပြောင်းလဲသွားပြီး သူ့ကို ချုပ်နှောင်ထားလိုက်လေသည်။ သူ၏ နဂါးအလေးချိန်မှာ ပေါင်ချိန်များစွာလေးလေသည်။ သို့သော် ရွှေရောင်အလင်းတန်းများမှာ တန်ခိုးစွမ်းအား အလွန်ကြီးမားလေသည်။ ရွှေရောင်ကြိုးသည် သူ၏ကိုယ်ပေါ်တွင် စွဲကပ်နေပြီး လုံးဝ ချိုးဖျက်နိုင်ခြင်းမရှိပေ။

ရွှေရောင်အလင်းတန်းများမှ အလွန်ထူးခြားသည့် တန်ခိုးစွမ်းအားကို ဟွမ်လုန်ကျီ သတိပြုလိုက်မိသည်။ ထိုစွမ်းအားက သူ့ကို လောကထဲသို့ ဖိနှိပ်ထားပြီး မလွတ်မြောက်နိုင်တော့ပေ။

ရှံ့တောထဲတွင် ပိတ်မိနေသည့်အဖြစ်မှာ မည်သို့မျှ မသက်သာ

လှပေ။

နဂါးကြီးက ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

အသံနက်ကြီးကြောင့် ချင်းကျန်းဂိုဏ်းတောင်တံခါးမှ သစ်ပင်

များ ထက်ပိုင်းကျိုးကုန်ပြီး ရေမိစ္ဆာများနှင့် ချင်းကျန်းဂိုဏ်းမှ

ဂိုဏ်းသားများမှာလည်း သတိလစ်ကုန်ကြလေသည်။

နဂါးကြီး၏ အသံလှိုင်းများကြောင့် ရောင်စုံတိမ်တိုက်မှ ထွက်

ပေါ်နေသည့် ရွှေရောင်အလင်းတန်းများမှာ တုန်ခါနေလေ

သည်။

ထို့နောက် ဟွမ်လုန်ကျီ၏ အစွန်းရောက် တန်ခိုးစွမ်းအားများ

အားလုံး ပေါက်ကွဲထွက်သွားလေတော့သည်။

အခန်း (၂၄၈)

လက်စသတ်တော့ မင်းကိုး

ဟွမ်လုန်ကျီ၏ နဂါးခန္ဓာကိုယ်ကြီးမှာ တုန်လှုပ်နေလေသည်။

နဂါးလည်ဆံမွေးများမှာလည်း ထောင်နေလေသည်။

သူ၏တန်ခိုးစွမ်းအားများမှာ အလွန်မြင့်မားနေပြီး

သူ၏ဝိညာဉ်စွမ်းအားများမှာ ပတ်ဝန်းကျင်တစ်ခုလုံးသို့ ပျံ့နှံ့

သွားပြီး မြစ်ရေများမှာ လေထဲတွင် လွင့်ပျံတက်လာကြလေ

သည်။ ပုဇွန် ၊ ဂဏန်း ရေမိစ္ဆာအချို့မှာ မြစ်ရေထဲတွင် မျော

ပါသွားကြပြီး အပိုင်းပိုင်းပြတ်ထွက်ကုန်ကြလေသည်။

ကြောက်မက်ဖွယ်ရာမြင်ကွင်းပင် ဖြစ်သည်။

ထိုတန်ခိုးစွမ်းအားမှာ “ရေနီတန်ခိုးစွမ်းအား” ဖြစ်လေသည်။

ရှေးယခင်အချိန်များတုန်းက ဖန်ဆင်းရှင်ဒေါ်သထွက်ကာ
ကမ္ဘာကြီးကို ရေနှင့်ဆေးကြောခဲ့ပြီး အရာအားလုံးကို သန့်စင်
ပစ်ခဲ့သည့် ဒဏ္ဍာရီတစ်ခုရှိလေသည်။

"ရေနီတန်ခိုးစွမ်းအား" မှာလည်း ထိုကဲ့သို့ပင် ရေကြီးရေလျှံ
ခြင်းကို ဖြစ်ပေါ်စေသည့် တန်ခိုးစွမ်းအား ဖြစ်လေသည်။ ကမ္ဘာ
မြေတစ်ခုလုံးကို ရေလွှမ်းမိုးစေပြီး သက်ရှိသတ္တဝါများ
အားလုံးအသက်ဆုံးကာ ကျင့်စဉ်လမ်းများပါ ကုန်ဆုံးသွားရ
မည်ဖြစ်လေသည်။

ယခုအချိန်တွင် ဟွမ်လုန်ကျီ၏စိတ်ရိုင်းများကို မည်သူမျှ မ
ထိန်းချုပ်နိုင်တော့ပေ။ ဟွမ်လုန်ကျီလုပ်သမျှ ခံကြရတော့မည်
ဖြစ်လေသည်။

နဂါးကြီးနှင့်အတူ အနီရောင်ရေများသည် ကောင်းကင်ထက်သို့
ပျံသန်းသွားပြီး လေထဲတွင် ရောင်စုံအလင်းတန်းများ
တောက်ပနေလေသည်။

ဟွမ်လုန်ကျိထံမှ လူသတ်လိုသည့် အရိပ်အငွေ့များထွက်ပေါ်
နေလေသည်။ သူ့ကို နာကျင်အောင် လုပ်မည့်သူမှန်သမျှ နှစ်ဆ
ပြန်လည်ပေးဆပ်စေရမည် ဖြစ်သည်။

ရောင်စုံတိမ်တိုက်ပျောက်ကွယ်သွားပြီး နဂါးဝတ်ရုံဝတ်ဆင်
ထားသည့် ဘုရင်မတစ်ပါး ပေါ်လာလေသည်။

သူမ၏ပုံသဏ္ဍာန်က အလွန်ထက်မြက်သည့်ပုံသဏ္ဍာန်ဖြစ်လေ
သည်။ သူမလက်မှ ရွှေရောင်အလင်းတန်းများ ဖြာထွက်နေ
လေသည်။ ထိုအလင်းတန်းများသည် ပေထောင်ပေါင်းများစွာ
ရှည်လျားပြီး ကောင်းကင်ထက်မှ ထွက်ပေါ်လာသည့် ရွှေရောင်
လုံရှည်ကြီးတစ်ခုအလားပင် ဖြစ်လေသည်။ ဘုရင်မက ထို
ရွှေရောင်အလင်းတန်း လုံရှည်ကြီးဖြင့် အနီရောင်ရေများဆီသို့
ထိုးစိုက်ချလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ဘုရင်မ၏နောက်တွင် ရှေးကျသည့်
မျက်နှာရှိပြီး ဦးထုပ်ရှည်ကိုဆောင်းထားသည့် စာပေသမားပုံစံ

တာအိုဆရာတစ်ပါးပေါ်လာလေသည်။ ထိုတာအိုဆရာ၏ရုပ်ခန္ဓာမှာ မပျက်စီးနိုင်သည့် နတ်ဘုရားခန္ဓာအလားဖြစ်လေသည်။

ထိုတာအိုဆရာမှာ သူ၏တိုင်းပြည်ကိုကျူးကျော်လာသည့် နတ်မိစ္ဆာသားရဲများအားလုံးကို နှိမ်နင်းခဲ့သည့် သူတော်စင်ထျန်းကျီနှင့် ဆင်တူလေသည်။ သူတော်စင် ထျန်းကျီသည် သားရဲများကိုနှိမ်နင်းခဲ့ပြီး သက်ရှိသတ္တဝါများကို ဘေးအန္တရာယ်မှ ကာကွယ်ခဲ့သူဖြစ်လေသည်။

ဘုရင်မကျင့်ကြံခဲ့သည့် ထျန်းကျီဝမ့်ချိ ကျင့်စဉ်နှင့် မပျက်စီးနိုင်သော နတ်ဘုရားခန္ဓာကျင့်စဉ်တို့ကြောင့် တာအိုဆရာပေါ်လာခြင်းဖြစ်လေသည်။

ပေထောင်ပေါင်းများစွာရှည်သည့် ရွှေရောင်အလင်းတန်းလုံးရှည်ကြီးမှာ တန်ခိုးစွမ်းအား အလွန်သိပ်သည်းလေသည်။ တောင်ကုန်းများကိုပင် အသာလေးရိုက်ချသွားနိုင်လေသည်။

သို့သော် ဟွမ်လုန်ကျီ၏ ရေနီတန်ခိုးစွမ်းအားမှာ အလွန်မှ ခိုင်ခန့်လွန်းသည့်အတွက်ကြောင့် ရွှေရောင် အလင်းတန်းလုံ့တံ ရှည်သည် ရေနီတန်ခိုးစွမ်းအားထဲတွင် ပိတ်မိနေလေသည်။

ဟွမ်လုန်ကျီက သူ၏နဂါးပါးစပ်ကြီးကို ဖြဲလိုက်ကာ ဖြူဖွေး ထက်ရှသော နဂါးသွားများဖြင့် ရွှေရောင်အလင်းတန်းလုံ့တံ ရှည်ကို ကိုက်ချလိုက်လေသည်။ ရွှေရောင်အလင်းတန်းလုံ့တံ ရှည်မှာ ထက်ပိုင်းကျိုးသွားပြီး ဘုရင်မမှာ မကျေမနပ်ဖြင့် တစ်ချက် ညည်းညူလိုက်လေသည်။

ဟွမ်လုန်ကျီနှင့် ဘုရင်မမှာ တန်ခိုးစွမ်းအားကွာခြားသူများဖြစ် သည့်အတွက် ဘုရင်မအနေဖြင့် သူမ၏တန်ခိုးစွမ်းအားတစ်ခု တည်းဖြင့် ဟွမ်လုန်ကျီကို အနိုင်ယူနိုင်မည်မဟုတ်ပေ။

ထိုခဏအတွင်းမှာပင် ဘုရင်မ၏လက်ထဲတွင် ကျောက်စိမ်း ပြားတစ်ခု ပေါ်လာလေသည်။

ထိုကျောက်စိမ်းပြားမှာ တာ့ဝေ့တိုင်းပြည်၏ ကေရာဇစ်တံဆိပ်တော်ပင်ဖြစ်လေသည်။ တံဆိပ်တော်ထက်တွင် ရိုက်နှိပ်ထားသည့် နဂါးပုံသဏ္ဍာန်မှာ တကယ့်နဂါးအစစ်အလား အသက်ဝင်နေလေသည်။ တိမ်တိုက်များက တံဆိပ်တော်နားတွင် ပျံဝဲနေပြီး တံဆိပ်တော်မှ ရွှေရောင်အလင်းတန်းများတောက်ပနေလေသည်။

အမှန်တော့ ကေရာဇစ်တံဆိပ်တော်သည် ထိုမျှ တန်ခိုးစွမ်းအားကြီးမားခြင်းမရှိပါ။ ဆန်းလျန်က တံဆိပ်တော်အတွင်းသို့ တန်ခိုးစွမ်းအားများ ထည့်သွင်းပေးထားခြင်းဖြစ်လေသည်။

ထိုအချိန်မှာပင်...

ချင်းဆွေမြစ်ကမ်းတစ်နေရာတွင် ဝတ်ကျောင်းတော်တစ်ခု ပေါ်လာလေသည်။

ထိုဝတ်ကျောင်းတော်တံခါးဝတွင်

"ချင်းဆွေမြစ်စောင့်နတ်သမီးဝတ်ကျောင်းတော်"

ဟု ရေးသားထားလေသည်။

ဆန်းလျန်သည် ထိုဝတ်ကျောင်းတော်ထဲတွင်ရှိနေပြီး သူ့လက်ထဲတွင် ရွှမ်တယ်ဓားဟု သူအမည်ပေးထားသည့် စန္ဒကူးဓားကို ကိုင်ထားလေသည်။

သူက ဘိုးဘွားတာအိုဆရာများကို ဦးညွှတ်ဝတ်ပြုနေပြီး ပါးစပ်မှလည်း ဂါထာတစ်ပုဒ်ကို ရွတ်ဆိုနေလေသည်။ထို ဂါထာမှာ ဘိုးဘွားနတ်ဘုရားများကို ဆက်ကပ်ပူဇော်သည့် ကျိ ရှန်းဂါထာဖြစ်လေသည်။

ဆန်းလျန်က ဂါထာရွတ်ဖတ်နေရင်းဖြင့်ပင် ကောင်းကင်ထက်တွင်ရေများကို ဖန်ဆင်းလိုက်လေသည်။ ထိုရေများသည် ချင်းဆွေမြစ်ထဲသို့ အလုံးအရင်းနှင့် စီးဝင်သွားကြပြီး မြစ်ရေမှာ လှိုင်းများပြင်းထန်လာတော့သည်။

ဆန်းလျန်၏ ဦးခေါင်းထက်မှ အဖြူအငွေ့များထွက်ပေါ်လာလေသည်။ ထိုအငွေ့များမှာ ဆန်းလျန်၏ သန့်စင်လွန်းသည့်

တန်ခိုးစွမ်းအားများဖြစ်ပြီး ဆန်းလျှန်ဖန်ဆင်းထားသည့် ရေ များနှင့်ပေါင်းစပ်သွားကာ ချင်းဆွေမြစ်ထဲသို့ စီးဝင်သွားလေ တော့သည်။

ချင်းဆွေမြစ်ထဲသို့ ဆန်းလျှန်ဖန်ဆင်းထားသည့် ရေများစီးဝင် သွားသည်နှင့် မရေမတွက်နိုင်သည့် တန်ခိုးစွမ်းအားများနှင့် ဂါထာစွမ်းအားများမှာ မြစ်ရေနှင့်အတူ ပေါင်းစပ်သွားလေ သည်။ မြစ်ရေများမှ လူသားများနားမလည်နိုင်သည့် အသံများ ထွက်ပေါ်လာလေသည်။

ချင်းဆွေမြစ်ထဲတွင်နေထိုင်ကြသည့် ဝိညာဉ်စွမ်းအား ရေသတ္တဝါများမှာ ထိုအသံများကို ကြားသည်နှင့် အော်မြည်သံ များထွက်ပေါ်လာကြလေသည်။ ငါးများပွက်လာပြီး ရေထဲမှ ခုန်ထွက်လာကြသည်။ အချို့ငါးများက ဆန်းလျှန်ဖန်ဆင်း လိုက်သည့် ရေများကို မျိုချလိုက်ကြပြီး ရေပေါ်သို့တက်လာ

ကြလေသည်။ သူတို့၏ပုံစံမှာ ထူးခြားစွာဖြင့် မြူးတူးနေကြလေသည်။

မြစ်ရေမှာ ဆန်းလျှန်ဖန်ဆင်းထားသည့် ရေများနှင့်ရောစပ်ပြီး ချင်းကျန်းဂိုဏ်းတောင်တံခါးသို့ စီးဆင်းသွားလေသည်။

ထို့နောက် မြစ်ရေများသည် လေထဲသို့ ပျံသန်းသွားပြီး ဧကရာဇ်တံဆိပ်တော်မှ ရွှေရောင်အလင်းတန်းများဖြင့် ပေါင်းစပ်သွားလေသည်။

ထိုအခါ အလွန်ကြီးမားသည့် ဧရာမရွှေရောင်နဂါးကြီးတစ်ကောင်သည် ဧကရာဇ်တံဆိပ်တော်ထဲမှ ထွက်ပေါ်လာလေတော့သည်။

ထိုအချိန်မှာပင် ...

ရွှေရောင်မီးတောက်တစ်ခုသည် ဘုရင်မ၏ ခန္ဓာကိုယ်ကို လောင်ကျွမ်းသွားပြီး ရွှေရောင်အလင်းတန်းတစ်ခုအဖြစ် အသွင်ပြောင်းသွားလေသည်။ ထိုရွှေရောင်အလင်းတန်းက

ရွှေရောင်နဂါးကြီးနှင့် တစ်သားတည်းကျအောင် ပေါင်းစပ်သွားလေသည်။

ရွှေရောင်နဂါးကြီးက သူ့အောက်မှ အဝါရောင်နဂါးကြီးကို တစ်ချက်စောင်းကြည့်လိုက်သည်။

ထိုအကြည့်မှာ ဘုရင်မ၏အကြည့်နှင့် ဆင်တူလေသည်။

မြစ်ရေထဲမှ ဆန်းလျှန်၏တန်ခိုးစွမ်းအားများနှင့် ကျိရှန်းဂါထာအစွမ်းများသည် နဂါးခန္ဓာကိုယ်ထဲတွင် စီးဆင်းနေပြီး နဂါးကြီးမှာ ပိုပြီး ခွန်အားကြီးမားလာလေသည်။

ရွှေနဂါးကြီးကိုမြင်သည်နှင့် ဟွမ်လုန်ကျိုက တိုက်ခိုက်ရန် ထခုန်လိုက်သည်။

သို့သော် စောစောက သူကိုက်ဖြတ်လိုက်သည့်သည့် ရွှေရောင်အလင်းတန်းလုံ့ရှည်ကြီးထဲတွင် "နှလုံးစိုက်ဓား" ဓားတစ်လက်ရှိနေခဲ့လေသည်။

ထို နှလုံးစိုက်ဓားမှာ ချင်းကျန်းဂိုဏ်းမှဓားလည်းမဟုတ်သလို ဘုရင်မ၏ဓားလည်းမဟုတ်ပေ။

မည်သူက သူ့ကို အလစ်ဖမ်းကာ တိုက်ခိုက်လိုက်မှန်း မသိပေ။

သို့သော် ထိုဓားကြောင့် သူ့မှာ ဒဏ်ရာရထားသည့်အပြင် ရွှေနဂါးကြီးဆီမှ တန်းခိုးစွမ်းအားများကြောင့် ခေါင်းများလည်းမူးဝေ လာရသည်။

ဟွမ်လုန်ကျီက ရယ်မောလိုက်သည့်အတွက် နဂါးဟိန်းသံကြီး ထွက်ပေါ်လာလေသည်။

"အောင်မာ ... နဂါးအတုကများ ငါ့လာပြီး တိုက်ရဲသလား"

ရေနီတန်ခိုးစွမ်းအားများကလည်း စီးဆင်းနေမြဲဖြစ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှာ ရေများဖုံးလွှမ်းနေလေသည်။

ရွှေနဂါးကြီးက ရေနီတန်ခိုးစွမ်းအားများကို တားဆီးထားလိုက်ပြီး တောင်တစ်ခွင်တွင် နဂါးဟိန်းသံများဖြင့် ပွဲတင်ထပ်နေလေတော့သည်။

အဝါရောင်နဂါးကြီးနှင့် ရွှေရောင်နဂါးကြီးသည် ကောင်းကင်

ထက်တွင် ရင်ဆိုင်တိုက်ခိုက်ကြလေပြီ။

ဆန်းလျှန်၏ တန်ခိုးစွမ်းအားနှင့် ကျိရှန်းဂါထာစွမ်းအားများပါ

သည့် ဒီရေက အဆုံးမသတ် မြင့်တက်နေဆဲ ဖြစ်လေသည်။

ထိုဒီရေများက ရွှေနဂါးကြီး၏ တန်ခိုးစွမ်းအားများကို

အဆက်မပြတ် ဖြည့်ပေးနေလေသည်။

ထိုဒီရေများမှာ ရွှေရောင်နဂါးကြီးကို အားဖြည့်ပေးရုံသာမက

ရေနီတန်းခိုးစွမ်းအားများကိုလည်း တားဆီးထားကြောင်း ဟွမ်

လုန်ကျီက မရိပ်မိပေ။

ယန်ရှီးက မျက်မှောက်တစ်ချက်ကြုံ့လိုက်ရင်း...

"သူမကို ဘယ်သူက ကူညီနေတာလဲ"

ဟု တွေးနေလေသည်။

ဟွမ်လုန်ကျီမှာ ရေမိစ္ဆာများကို စည်းရုံးပြီး ပတ်ဝန်းကျင်ဒေသ

ကို ရေဘေးသင့်စေခဲ့သည့်အတွက် များစွာသော သက်ရှိ

သတ္တဝါများ သေကြေခဲ့ရလေသည်။ သူတစ်ပါးအသက်ကို သတ်ခြင်းအပြစ်ကို ကျူးလွန်ခဲ့သည့် ဟွမ်လုန်ကျီကို ရွှေနဂါးကသာ နှိမ်နင်းပြီး နဂါးသွေးကို အရယူနိုင်ခဲ့လျှင် ရွှေနဂါးသည် နဂါးခန္ဓာအစစ်ကို ရမည်ဖြစ်လေသည်။ ထိုအခါ မိုင်ပေါင်းသုံးသောင်းပတ်လည်တွင် မြစ်စောင့်နတ်ဘုရား နတ်နဂါးတစ်ပါး ဖြစ်လာမည်ဖြစ်လေသည်။ အလွန်တန်ခိုးစွမ်းအားကြီးမားပြီး မိုးကောင်းကင်ကိုယ်စား မိုးနှင့်လေကိုပင်အစိုးရသူ ဖြစ်လာပေလိမ့်မည်။ ဤသည်မှာ နတ်ဘုရားအပ်နှင်းခြင်းပညာဖြင့် နတ်ဘုရားတစ်ပါး ဖြစ်တည်လာစေမည့် နည်းလမ်းပင်ဖြစ်လေသည်။

ဘုရင်မသာ မြစ်စောင့်နတ်သမီးဖြစ်လာခဲ့လျှင် မိုင်ပေါင်းသုံးသောင်းပတ်လည်မှ သတ္တဝါများ၏ ကိုးကွယ်ဆည်းကပ်ခြင်းကိုခံရမည်ဖြစ်ပြီး လောကနတ်ဘုရားများကပင်လျှင် သူမကို နှောင့်ယှက်ရဲတော့မည် မဟုတ်ပေ။

ဤကိစ္စများအားလုံး၏အရင်းအမြစ်မှာ ရေထဲတွင် မျောပါနေသည့် တန်ခိုးစွမ်းအားနှင့် ကျိရှန်းဂါထာစွမ်းအားကြောင့်ဖြစ်လေသည်။ တစ်စုံတစ်ယောက်က နတ်ဘုရားအပ်နှင်းခြင်းကို အောင်မြင်အောင် ကူညီပေးနေခြင်းဖြစ်လေသည်။

ဧကရာဇ်တံဆိပ်တော်သည် အဝါရောင်နဂါးကြီးကို လွှမ်းမိုးထားပြီး ရေထဲမှ တန်ခိုးစွမ်းအားများက နတ်ဘုရားအပ်နှင်းခြင်းကို ပြုလုပ်ပေးနေလေသည်။

ဘုရင်မသည် အစွမ်းကုန်ကြိုးစားပြီး တိုက်ခိုက်နေခဲ့သည်။

ယန်ရှီးက သူ၏စိတ်စွမ်းအားကိုအသုံးပြုကာ ထောင်နှင့်ချီသည့် နတ်မိစ္ဆာများကို မြစ်ရေထဲသို့ ပို့လွှတ်လိုက်သည်။

မြစ်ရေထဲသို့ရောက်သွားသည့် နတ်မိစ္ဆာတစ်ကောင်၏ မျက်လုံးမှတစ်ဆင့် ရေထဲသို့ တန်ခိုးစွမ်းအားများ ထုတ်လွှတ်ပေးနေသည့် ဝတ်ကျောင်းတော်တစ်ခုကို ယန်ရှီးတွေ့မြင်လိုက်ရလေသည်။ သို့သော် မည်သူမှန်း သူမဆုံးဖြတ်နိုင်ခင်မှာ

ပင် သူပို့လွှတ်လိုက်သည့် နတ်မိစ္ဆာများကို ဓားဝိညာဉ်တစ်ခုက သုတ်သင် ပစ်လိုက်လေသည်။

"လက်စသတ်တော့ မင်းကိုး..."

ယန်ရှီးက ပြုံးရင်းတွေးလိုက်လေသည်။

သူက ကောင်းကင်ထက်တွင် အပြင်းအထန်တိုက်ခိုက်နေသည့် နဂါးကြီးနှစ်ကောင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် အလင်းတန်းတစ်ခုအဖြစ်ဖန်ဆင်းကာ "ချင်းဆွေမြစ်စောင့်နတ်သမီးဝတ်ကျောင်းတော်" ဆီသို့ ထွက်ခွာသွားလေတော့သည်။

ချင်းဆွေမြစ်စောင့်နတ်သမီးဝတ်ကျောင်းတော်ထဲတွင် ဆန်းလျှန်သည် ဘိုးဘွားတာအိုဆရာများကို ဝတ်ပြုခြင်းအမှု ပြီးဆုံးသွားပြီဖြစ်လေသည်။ သူ၏မျက်ဝန်းများမှာ ကြည်လင်သန့်စင်နေလေသည်။

သူ့ထံသို့ ရုတ်တရက်ဝင်ရောက်လာသည့် နတ်မိစ္ဆာများကို ဓား ဝိညာဉ်ဖြင့် သုတ်သင်ပစ်လိုက်သည်။ ထို့နောက် သူဖန်ဆင်း ထားသည့် ရေများကို ရုပ်တန့်လိုက်ပြီး သက်ပြင်းတစ်ချက်ချ လိုက်ရင်း...

"လူက အစီအရင်ပဲ ပြုလုပ်ပေးနိုင်ပါတယ်၊ အောင်မြင်မလား မအောင်မြင်ဘူးလားဆိုတာကတော့ ဘိုးဘွားနတ်ဘုရားတွေရဲ့ အလိုအတိုင်းပါပဲ၊ အားလုံးကို ဘိုးဘွားနတ်ဘုရားတွေလက် ထဲ အပ်လိုက်ပါပြီ"

ဟု တိုင်တည်လိုက်သည်။

မြစ်ကြောင်းတစ်လျှောက် မိုင်ပေါင်းသုံးသောင်းပတ်လည်တွင် မြစ်စောင့်နတ်သမီးဖြစ်တည်လာရန်အတွက် "နတ်ဘုရား အပ်နှင်းခြင်း" အစီအရင်မှာ ပြီးဆုံးသွားပြီးဖြစ်လေသည်။ ဟွမ်လုန်ကျိကို နှိမ်နင်းရန်မှာ ဘုရင်မ၏ တာဝန်ဖြစ်လေသည်။

ထို့အတူ နတ်မိစ္ဆာများကို စေလွှတ်လိုက်သူကို နှိမ်နင်းရန်မှာ
တော့ ဆန်းလျှန်တာဝန်ဖြစ်သွားခဲ့ပြီ။

အနောက်ဘက်သို့ နေဝင်တော့မည်ဖြစ်လေသည်။

ဆည်းဆာရောင်ခြည်သည် မြစ်ရေပြင်ထက်သို့ ဖြာကျနေလေ
သည်။ မြစ်ရေက ဖြည်းညင်းစွာစီးဆင်းနေပြီး တလက်လက်
တောက်ပနေသည့် လှိုင်းကြက်ခွပ်လေးများက ရေပြင်ထက်
တွင် ဖြတ်ပြေးနေလေသည်။

အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် ယန်ရှီးသည်
တိမ်တိုက်ပေါ်မှဆင်းသက်လာပြီး ချင်းဆွေမြစ်စောင့်နတ်သမီး
ဝတ်ကျောင်းတော်ရှေ့တွင် မတ်တပ်ရပ်နေလေသည်။ သူက
မည်သူ့ကိုမှ ဂရုမစိုက်သည့် အမူအရာဖြင့် ဝတ်ကျောင်းတော်
အတွင်း စိုက်ကြည့်နေလေသည်။

သို့သော်... ဝတ်ကျောင်းတော်ထဲတွင် မည်သူမျှ ရှိမနေခဲ့ပါ။

ဝတ်ကျောင်းတော်တည်ရှိရာ မြစ်ကမ်းပါးတစ်ခုလုံးမှာ ဆည်းဆာရောင်ခြည်အောက်တွင် ပုဇွန်ဆီရောင်သန်းနေလေသည်။

ယန်ရှီးသည် ဝတ်ကျောင်းတော်အနားသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

တစ်စုံတစ်ခုရှိနေသည်ကို သူ့စိတ်က ခံစားလိုက်ရပြီး ဝတ်ကျောင်းတော်ခေါင်မိုးပေါ်သို့ မော့ကြည့်လိုက်လေသည်။

ခေါင်မိုးထက်တွင် လူတစ်ယောက်ရပ်နေလေသည်။ ထိုသူက အစိမ်းနုရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး တည်ငြိမ်နေသည့် ရေအစိမ်းရောင်အလား ကြည်လင်သန့်စင်နေလေသည်။

ဆန်းလျန်သည် ဝတ်ကျောင်းတော်ခေါင်မိုးထက်တွင် ရပ်နေပြီး ယန်ရှီးကို စိုက်ကြည့်နေလေသည်။

ထိုလူငယ်မှာ ဟွမ်လုန်ကျီနှင့်အတူလိုက်လာသည့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တပည့်တစ်ယောက်ဖြစ်လေသည်။ ထို

လူငယ်လေးက ချင်းကျန်းဂိုဏ်းသားများနှင့် ရေမိစ္ဆာများထံမှ သွေးများနှင့် မိစ္ဆာစွမ်းအားများကို ဗူးသီးချောက်တစ်လုံးဖြင့် တိတ်တဆိတ်စုဆောင်းနေသည့်အချိန်ကတည်းက ဆန်းလျန် ထိုလူငယ်ကို သတိပြုမိခဲ့ခြင်း ဖြစ်လေသည်။ သူက လူငယ်ကို ငုံ့ကြည့်လိုက်သလို တစ်ချိန်တည်းမှာပင် ကွမ်းချင်းနတ်ဘုရား ဂိုဏ်းကိုလည်း အထင်သေးသွားမိလေသည်။

သို့သော် ထိုလူငယ်လေးက နတ်မိစ္ဆာများကို စေလွှတ်နိုင်သူဖြစ် နေမည်ဟု ဆန်းလျန်ထင်မှတ်မထားခဲ့မိပေ။ ထို့ကြောင့် အနည်းငယ်တော့ အံ့သြသွားရလေသည်။

ဆန်းလျန်မှာ ထုန်းထျန်းတန်ခိုးစွမ်းအားရရှိပြီးနောက်ပိုင်း ကံ တရားကို အမြဲတမ်း ကြိုတင်သိမြင်နိုင်ခဲ့လေသည်။

သူ၏ထက်မြက်သည့်အာရုံထဲတွင် ထိုလူငယ်မှာ အန္တရာယ်ရှိ သည်ဟု ခံစားနေရလေသည်။

သို့သော် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ လူငယ်တပည့်လေးထံမှ အဘယ့်ကြောင့် အန္တရယ်အငွေ့အသက်များ ခံစားနေရသနည်း။ ဆန်းလျန်နားမလည်နိုင်ဖြစ်ရသည်။

ထိုလူငယ်လေးမှာ အလားအလာရှိသည့် လူငယ်တစ်ယောက်ဖြစ်သည့်တိုင် ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်မဟုတ်သေးပေ။

ထို့ကြောင့် ထိုလူငယ်က အန္တရယ်ရှိသည်ဟု ခံစားနေမိခြင်းမှာ အနည်းငယ်တော့ ကြောင်တောင်တောင် နိုင်လေသည်။

ယန်ရှီးက ဆန်းလျန်နှင့် ပေတစ်ရာခန့်အကွာတွင် ခြေလှမ်းများကို ရပ်တန့်လိုက်သည်။

ဆန်းလျန်က ထိုလူငယ်ကို တိုက်ခိုက်ခြင်းမရှိပါ။

အဘယ်ကြောင့်ဆိုသော် သူက "နတ်ဘုရားအပ်နှင်းခြင်း" အစီအရင်ကို ပြုလုပ်ပေးခဲ့သည့်အတွက် တန်ခိုးစွမ်းအားများ လျော့နည်းနေလေသည်။

ယန်ရှီးက ဆန်းလျန်ကို မော့ကြည့်ပြီး ပြုံးလိုက်လေသည်။

သူက အကြည့်တစ်ချက်တည်းဖြင့် ဆန်းလျန်၏ကျင့်စဉ်လမ်းမှာ မည်သည့်အဆင့်သို့ရောက်ရှိနေပြီလဲဆိုသည်ကို တန်းသိလိုက်သည်။

သူကလည်း ဆန်းလျန်ကို မတိုက်ခိုက်ပါ။

သူက ချင်းရှမ်နတ်တံခါးအကြောင်းကို ကောင်းကောင်းသိသူတစ်ယောက်ဖြစ်သည်။ သူက ဆန်းလျန်မှာ ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်သည့်အတွက် ဆန်းလျန်ထံတွင် ဝိညာဉ်စွမ်းအားပစ္စည်းနှင့် မှော်ဝင်ပစ္စည်းများစွာရှိမည်ကို သိထားလေသည်။

သူတို့နှစ်ယောက်လုံး တစ်ယောက်ကို တစ်ယောက် အတန်ကြာစိုက်ကြည့်နေကြသည်။

ထိုအချိန်ခဏလေးအတွင်းမှာပင် ဆန်းလျန်က

သူ၏သွေးကြောဆုံချက်များဆီသို့ သူ၏တန်ခိုးစွမ်းအားများ

ကို လှည့်ပတ်လိုက်သည်။

မိုးမြေစွမ်းအားများသည် ဆန်းလျန်၏ကိုယ်ထဲသို့စီးဝင်လာပြီး

တန်ခိုးစွမ်းအားများ ပြန်လည်ပြည့်ဝလာလေသည်။

လေပြေတစ်ချက်တိုက်ခတ်လာပြီး ဆန်းလျန်၏ ဆံနွယ်

များသည် လေထဲတွင် လွင့်ပျံနေလေသည်။ သို့သော် ဆန်းလျ

န်၏အကြည့်များကတော့ တည်ငြိမ်နေလေသည်။

"ချင်းရွှမ်နတ်တံခါးက ဆန်းတန်ခိုးရှင်က ဒီလိုမျိုး

ခိုးကြောင်ခိုးဝှက်လုပ်နေမယ်လို့ ထင်မထားမိဘူး ၊ ခင်ဗျားဒီမှာ

ရှိနေမှတော့ ဘာလို့ ကိုယ်တိုင်ထွက်မလာရတာလဲ ၊ ဘာလို့

လျှို့ဝှက်ဂမ္ဘီရပညာတွေ သုံးနေရတာလဲ"

ယန်ရှီးက စကားစပြောလိုက်လေသည်။

ဆန်းလျန်က မျက်မှောင်တစ်ချက်ကြုံ့လိုက်ပြီး စကားပြန်ပြော ခြင်းမရှိပါ။

သူက မိုးမြေစွမ်းအားများကို စုပ်ယူခြင်းကို ရပ်တန့်လိုက် သည်။

သူ၏သွေးကြောဆုံချက်များမှ အနက်ရောင်အငွေ့များထွက် လာလေသည်။ ဓားဝိညာဉ်က အနက်ရောင်အငွေ့များကို ချက်ချင်းပင် သုတ်သင်ပစ်လိုက်သည်။ လေထဲတွင် အော်ဟစ် သံများ ဆူညံသွားလေသည်။ ဒေါသထွက်နေသည့် ဝိညာဉ် များ၏ နောက်ဆုံးအော်ဟစ်သံများ ဖြစ်လေသည်။

ဆန်းလျန်၏ အကြည့်များက တည်ငြိမ်နေဆဲဖြစ်သည်။

"လက်စသတ်တော့... မင်းကိုး ၊ မင်းက ကွမ်းချင်းနတ်ဘုရား ဂိုဏ်းကို ရောက်နေတာကိုး"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်စုပ်ယူလိုက်သည့် မိုးမြေစွမ်းအားများထဲတွင် ယန်ရှီး၏ မိစ္ဆာမျိုးစေ့များ လျှို့ဝှက်စွာ ပါဝင်နေလေသည်။ ဆန်းလျန်သာ သတိမရှိလျှင် ယန်ရှီး၏ ပကတိဖန်ဆင်းခြင်းပညာအောက် ကျရောက်ကာ ယန်ရှီး၏ ကိုယ်ပွားတစ်ခု ဖြစ်လာရတော့မည်ဖြစ်လေသည်။

ယခုတော့ သူ ယန်ရှီးကို ဆန်းလျန် မှတ်မိသွားပြီဖြစ်လေသည်။

ဆန်းလျန်မှာ ယန်ရှီးအသက်ရှင်နေသေးသည်ကို သိသော်လည်း လောကနတ်ဘုရားငါးပါးရှိသည့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းထဲသို့ ဝင်ရောက်နေလိမ့်မည်ဟု ထင်မထားခဲ့မိပေ။ အစကတည်းက ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှလူငယ်ကို ရင်းနှီးသလိုဖြစ်နေသည့်အပြင် အန္တရာယ်ရှိသည်ဟုလည်း ထင်နေခဲ့သည့်အချက်ကို ဆန်းလျန်သဘောပေါက်သွားရပြီဖြစ်သည်။

မိုးမြေစွမ်းအားများနှင့်အတူ မိစ္ဆာမျိုးစေ့ သူ့ကိုယ်ထဲသို့ဝင်ရောက်လာသည့်အခါတွင်တော့ ချက်ချင်းပင် ပကတိဖန်ဆင်းခြင်းပညာကိုကျင့်ကြံသူ ယန်ရှီးမှန်း မှတ်မိသွားရလေတော့သည်။

ဆန်းလျန်က သူ့ကို မှတ်မိသွားသည့်အတွက် ယန်ရှီးကလည်း အံ့သြသွားခြင်းမရှိပါ။

သူက ဆန်းလျန်ကို မထိတထိ အကြည့်များဖြင့် ကြည့်လိုက်လေသည်။

သူသဘောအကျဆုံး အရုပ်လေးတစ်ရုပ်ကို ကြည့်နေသကဲ့သို့ ကြည့်နေခြင်းဖြစ်လေသည်။

လောကနတ်ဘုရားအဆင့်သို့ မတက်ရောက်နိုင်သေးသည့်သူ မှန်သမျှသည် ယန်ရှီးအတွက်တော့ အသေးအဖွဲ့များသာ ဖြစ်လေသည်။

အခန်း (၂၄၉)

မိုးကောင်းကင်မိစ္ဆာနယ်မြေ

ဆန်းလျန်သည် ခေါင်မိုးထက်တွင်ရပ်နေလေသည်။

သူ၏ပုံစံက ဝတ်ကျောင်းတော်နှင့် တစ်သားတည်းကျနေလေ

သည်။ ဝတ်ကျောင်းတော်နှင့်သာ တစ်သားတည်းကျနေသည်မ

ဟုတ်နေဝင်ဆည်းဆာနှင့် လောကသဘာဝတရားတစ်ခုလုံးနှင့်

တစ်သားတည်း ကျနေခြင်းဖြစ်လေသည်။

"ငါ" ဆိုသည့်အစွဲကွယ်ပျောက်သွားပြီး ဆန်းလျန်က လောက

ကြီးတစ်ခုလုံးနှင့် တစ်သားတည်းကျနေလေသည်။ သို့သော်

ယန်ရှီးကတော့ လောကအပြင်ဘက်သို့ ရောက်နေလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ တန်ခိုးစွမ်းအားလည်းမဟုတ် ၊ ကျင့်စဉ်လမ်းလည်းမဟုတ်ပါ။ "ဖိအား" ကြောင့်ပင်ဖြစ်လေသည်။ ဆန်းလျန်မှာ တန်ခိုးစွမ်းအား အလွန်မြင့်မားသည့်တိုင် စိတ်မသက်မသာ ဖြစ်နေမိလေသည်။

ယန်ရှီးမှာ အလွန်ကြောက်စရာကောင်းသည့် လူတစ်ယောက်ဖြစ်ပြီး သူ၏ တန်ခိုးစွမ်းအားများမှာလည်း ဆန်းလျန်ခန့်မှန်းနိုင်သည်ထက် အဆင့်မြင့်နေကြောင်း ဆန်းလျန် သိလိုက်ရပြီ။ မိုးမြေစွမ်းအားများက ယန်ရှီးအပေါ်တွင် သက်ရောက်မှုမရှိပါ။ လောကအပြင်ဘက်သို့နေသူတစ်ယောက်ကို မိုးမြေစွမ်းအားများက အဘယ်သို့ သက်ရောက်နိုင်ပါမည်နည်း။

ရုတ်တရက်ပင်....

ယန်ရှီးမှာ မိုးကောင်းကင်နတ်မိစ္ဆာတစ်ပါး အဖြစ်ပြောင်းလဲသွားပြီး လောကသုံးပါးတွင် အကန့်အသတ်မရှိ သွားလာနေလေသည်။ အရာရာတိုင်းသည် သူ့ဆန္ဒအတိုင်း ဖြစ်လာရမည်

ဖြစ်လေသည်။ ယန်ရှီးမှာ ခန့်မှန်းရခက်ပြီး လျှို့ဝှက်ကျင့်စဉ်များစွာကိုလည်း အသုံးပြုနိုင်လေသည်။ ဆန်းလျန်မှာ ထိုမျှကြောက်စရာကောင်းသည့် ရန်သူမျိုးကို တစ်ခါမှ ရင်မဆိုင်ခဲ့ဖူးပေ။ ယန်ရှီးကို အနိုင်ယူရန်မှာ လွန်စွာမှ ခက်ခဲမည်ဖြစ်လေသည်။

ဆန်းလျန်သည် ခေါင်မိုးထက်တွင် ရပ်နေပြီး ယန်ရှီးသည် မြေပြင်ထက်တွင်ရပ်နေလေသည်။

ယန်ရှီး လှုပ်ရှားမှုမှန်သမျှကို ဆန်းလျန် အပေါ်စီးမှ အကုန်မြင်နေရလေသည်။ သို့သော်... သူ့ကိုယ်သူ ယန်ရှီးထက် သာသည်ဟု လုံးဝ ခံစားရခြင်းမရှိတော့ပေ။

သူက ယန်ရှီးကို ကြည့်နေသည့်တိုင် တကယ့် အစစ်အမှန် ယန်ရှီးကို မြင်နိုင်စွမ်းမရှိပေ။

ဆန်းလျန်သည် ဆက်မစောင့်ချင်တော့ပေ။ သို့သော် ထွက်ခွာသွား၍လည်း မဖြစ်ပေ။ ဟွမ်လုန်ကျီနှင့် ဘုရင်မ တိုက်ပွဲပြီးဆုံးသည်အထိ စောင့်နေရန် သူ့တွင်တာဝန်ရှိလေသည်။

ယန်ရှီးက ဆန်းလျန်၏ အတွေးများကို သိနေသည့်အလားတစ်ချက်ပြုံးလိုက်သည်။

"လျန်လေးရယ် ၊ မင်းခုနေထွက်သွားရင် လွတ်နိုင်သေးတယ်နော် ၊ ဘာလို့ စောင့်နေမှာလဲ ၊ မင်းအသက်ထက်ဘယ်အရာကအရေးကြီးမှာလဲ ၊ မင်းက ငါ့ရဲ့ဂိုဏ်းတူအစ်ကို ကျန်းရှော့ရှီးလိုဖြစ်သွားချင်တာလား"

ဆရာသခင်ကျန်းရှော့ရှီး၏နာမည်ကို ကြားလိုက်ရသည့်အတွက် ဆန်းလျန်ဒေါသထွက်သွားလေသည်။

သူ့ဘဝတွင် ထိုသို့ တစ်ခါမှ ဒေါသမထွက်ဖူးပေ။ သူက ဒေါသကို မထိန်းနိုင်တော့သလို ဒေါသကို ထိန်းထားလိုစိတ်လည်း မရှိတော့ပေ။

ညလေပြေထဲတွင် ဓားဝိညာဉ်၏အသံထွက်ပေါ်လာလေသည်။

ထိုဓားဝိညာဉ်၏အသံမှာ ကြေကွဲဖွယ်ရာ ရှေးဟောင်း ဂီတသံ

အလား ဖြစ်လေသည်။

နေဝင်သွားပြီဖြစ်လေသည်။

လောကတစ်ခုလုံးသည် မှောင်မဲတိတ်ဆိတ်နေလေသည်။

ညအမှောင်တွင် ဓားဝိညာဉ်၏ အသံကိုသာ ကြားနေရသည်။

ဆန်းလျန် သက်ပြင်းရှည်တစ်ချက်ချလိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် ထွက်ခွာသွားရန် မဖြစ်

နိုင်ပါ။

သူ့ဒေါသများ ပြေပျောက်သွားခဲ့ပြီ။ သို့သော် သူ့နှလုံးသားအ

နက်ရှိုင်းဆုံးနေရာတွင် အမှောင်တရားကို ခံစားနေရလေသည်။

ဓားဝိညာဉ်သည် မဟူရာကောင်းကင်ထက်တွင် ကြယ်တစ်စင်း

ကြွေသည့်အလား တောက်ပစွာ ဖြတ်သန်းလာလေသည်။

သတ်ဖြတ်လိုသည့်စွမ်းအားများဖြင့် ကောင်းကင်ကို ထိုးခွင်း လာခြင်းဖြစ်လေသည်။

သို့သော် ထိုဓားဝိညာဉ်သည် မည်သည့်အရာကိုမျှ ထိုးခွင်းနိုင် ခြင်းမရှိတော့ပါ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်သည် ဗလာနယ်တစ်ခု အတွင်းသို့ ကျရောက်သွားသောကြောင့် ဖြစ်လေသည်။

သူခန့်မှန်းသည်မှာမမှားလျှင် ထိုဗလာနယ်မှာ "မိုးကောင်းကင် နတ်မိစ္ဆာနယ်မြေ" ဖြစ်လေသည်။ ထိုဗလာနယ်ကို ဖန်ဆင်း ခြင်းမှာ ပကတိဖန်ဆင်းခြင်းပညာ၏ တစ်စိတ်တစ်ဒေသဖြစ် လေသည်။

ထို မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေမှာ ယခင် ကျောက်ရှောင်ယွီ နှင့် ဘုရင်မ၏ တိုက်ပွဲတွင် နတ်ဘုရားမြေမှုန့်ဖြင့် ကျောက် ရှောင်ယွီဖန်ဆင်းခဲ့သည့် နေရာကဲ့သို့ လောကနှင့် ကင်းလွတ် သည့် ဗလာနယ် တစ်ခုဖြစ်လေသည်။ သူ ထိုက်ရှီးနည်းဗျူဟာ

ပထမအဆင့် အောင်မြင်ခဲ့သည့်အတွက် ကျောက်ရှောင်ယွီ ဖန်ဆင်းထားသည့် ဗလာနယ်ထဲမှ ဖောက်ထွက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်မှာ ထိုအချိန်ကထက် တန်ခိုးစွမ်းအားများစွာ မြင့်တက်လာခဲ့ပြီ ဖြစ်လေသည်။

သို့သော်.... ယန်ရှီးသည် ကျောက်ရှောင်ယွီမဟုတ်ပေ။ အလွန်ကြောက်စရာကောင်းသည့် ရန်သူဖြစ်လေသည်။

"လျန်လေး.... မင်းက ငါနဲ့သိပ်တူတာပဲ ၊ ဘယ်လောက်ပဲအခြေအနေတွေဆိုးနေပါစေ ဘယ်တော့မှ လက်မလျှော့တတ်ဘူး ၊ ဒါပေမယ့် ဒီနေ့တော့ မင်းက ကျုပ်ယ်ရဲ့ မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေထဲက ဘယ်လို လွတ်အောင်လုပ်မလဲဆိုတာ သိရတော့မှာပဲ"

ဆန်းလျန်မှာ ယန်ရှီးကို မြင်တွေ့ရခြင်းမရှိတော့ပါ။ အသံကိုသာကြားရခြင်ဖြစ်သည်။

ယန်ရှီး၏ အသံမှာ ဆန်းလျန်၏ အရှေ့ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

သို့သော် ဆန်းလျန်က တိုက်ခိုက်ခြင်းမပြုဘဲ သူ၏ ဓားဝိညာဉ်ဖြင့် ကိုယ့်ကိုကိုယ် ကာကွယ်ထားလိုက်လေသည်။ ဓားဝိညာဉ်၏အသံက သူ့အနားပတ်လည်တွင် လှည့်ပတ်နေလေသည်။

ရုတ်တရက်ပင် နွားဦးချိုများရှိသည့် ပိုးကောင်ကြီးတစ်ကောင်သည် ဆန်းလျန်ကို တွေ့ရန် ပြေးဝင်လာလေသည်။

သို့သော် ထိုပိုးကောင်ကြီးမှာ ဆန်းလျန်၏ ဓားဝိညာဉ်နှင့် ခုတ်ပိုင်းခြင်းကို ခံလိုက်ရပြီး တစ်စစီကွဲကြေသွားကာ အနက်ရောင်အဆိပ်ငွေ့များအဖြစ်ပြောင်းလဲသွားလေသည်။ ဓားဝိညာဉ်က အဆိပ်ငွေ့များကို ဆန်းလျန်ဆီသို့ ရောက်မလာအောင် တားဆီးထားလိုက်သည်။

ထို ပိုးကောင်ကြီးမှာ လူမျက်နှာနှင့် နွားဦးချိုကြီး ရှိနေသည့် မိစ္ဆာပိုးကောင်တစ်ကောင်ဖြစ်လေသည်။ ထိုပိုးကောင်ကြီးမှာ ဒေါသထွက်နေသည့် ဝိညာဉ်များဖြင့် ဖန်ဆင်းထားသည့် မိုးကောင်းကင်မိစ္ဆာပိုးကောင်ကြီး ဖြစ်လေသည်။ လူသားပုံသဏ္ဍာန်ဖြစ်နေရခြင်းမှာ သူတိုက်ခိုက်ရမည့် ဆန်းလျန်မှာ လူသားတစ်ယောက်ဖြစ်သောကြောင့်ဖြစ်လေသည်။ အခြားသတ္တဝါကို တိုက်ခိုက်မည်ဆိုလျှင် အခြားသတ္တဝါပုံသဏ္ဍာန်အဖြစ် ပြောင်းလဲသွားမည်ဖြစ်လေသည်။

အစိတ်စိတ်အမွှာမွှာဖြစ်သွားသည့် မိုးကောင်းကင်မိစ္ဆာ ပိုးကောင်၏ အပိုင်းအစများ ပြန်လည်ပေါင်းစည်းသွားပြီး အသစ်ပြန်လည်မွေးဖွားလာလေသည်။ အသစ်ပြန်လည်မွေးဖွားလာသည့် မိစ္ဆာပိုးကောင်မှာ နွားဦးချိုကြီးအပြင် အနက်ရောင်အတောင်ပံများပင် ပါလာသေးသည်။ ထိုအတောင်ပံများမှာ သံမဏိအလား ထက်ရှမာကျောနေလေသည်။ ထိုမိစ္ဆာ

ပိုးကောင်ကောင်က ဆန်းလျန်ထံသို့ ပျံသန်းဝင်ရောက်လာပြန်လေသည်။

ထိုမိစ္ဆာပိုးကောင်မှာ ယခင်က အကောင်ထက်ပင် ပိုပြီးစွမ်းအားကြီးမားနေသေးသည်။

သို့သော် ဆန်းလျန်က အသစ်မွေးဖွားလာသော မိစ္ဆာပိုးကောင်ကို ဓားဝိညာဉ်ဖြင့် ထပ်မံထိုးခုတ်သတ်ဖြတ်လိုက်ပြန်လေသည်။

ထိုမိစ္ဆာပိုးကောင်ကြီး တစ်စစီဖြစ်သွားပြီး ဒေါသထွက်နေသည့် ဝိညာဉ်ဆိုးများစွာ ထွက်ပေါ်လာလေသည်။ဆန်းလျန်၏ ဓားဝိညာဉ်က ထိုအရာများကို တားဆီးထားလိုက်သည်။

ယခုတစ်ကြိမ်တွင်တော့ ဒေါသထွက်နေသည့် ဝိညာဉ်ဆိုးများပေါင်းစည်းသွားကာ မိုးကောင်းကင်မိစ္ဆာပိုးကောင် အုပ်လိုက်ကြီး ထွက်ပေါ်လာလေသည်။ ထိုမိစ္ဆာပိုးကောင်များကို ဓား

ဝိညာဉ်ဖြင့် ထိုးခုတ်နှိမ်နင်းလေ ပိုပြီးများပြားလာလေ ဖြစ်နေရလေသည်။
ဆန်းလျန်က ထိုမိစ္ဆာပိုးကောင်များကို ဓားဝိညာဉ်ဖြင့် အဆက်မပြတ် သုတ်သင်ပစ်နေလေသည်။
မိစ္ဆာကောင်များမှာလည်း စွမ်းအားကြီးမားသည်ထက်ကြီးမားလာပြီး ဆန်းလျန်ရှိရာသို့ ဦးချိုများဝှေ့ကာ အဆက်မပြတ်ဝင်ရောက်လာကြသည်။ ပျံသန်းနေသည့် မိစ္ဆာပိုးကောင်များသည် ဆန်းလျန်၏ ပတ်လည်တွင် များသည်ထက် များပြားလာကြလေသည်။ ထို့နောက် အနက်ရောင်ပိုးချည်မျှင်များဖြင့် ဆန်းလျန်ကို ရစ်ပတ်နေကြလေသည်။ ရောမပိုးအိမ်ကြီးတစ်အိမ်ဖြစ်လာပြီး ထိုပိုးအိမ်ကြီးမှာညအမှောင်နှင့် တစ်သားတည်းကျနေလေတော့သည်။
အနက်ရောင်ပိုးအိမ်ကြီးပတ်လည်တွင် ဆန်းလျန်၏ ဓားဝိညာဉ်က အလင်းရောင်များ ဖြာထွက်နေလေသည်။ သို့သော်

ဓားဝိညာဉ်၏အလင်းရောင်မှာတဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ အနက်ရောင်ပိုးအိမ်ကြီးက ဓားဝိညာဉ်၏အလင်းရောင်ကို ဝါးမြိုသွားခြင်းဖြစ်ပြီး ဓားဝိညာဉ်၏အသံကတော့ ထွက်ပေါ်နေဆဲဖြစ်လေသည်။

ချင်းဆွေမြစ်ရေမှ စီးဆင်းနေသည့်ရေ မရပ်တန့်သကဲ့သို့ ဓားဝိညာဉ်ကလည်း ရပ်တန့်သွားခြင်းမရှိပေ။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ရိပ်များဖုံးလွှမ်းနေလေသည်။ ဆန်းလျန်နှင့် ယန်ရှီး၏ တိုက်ပွဲမှာ တကယ့်နေရာတွင်ဖြစ်ပွားနေခြင်းမဟုတ်ပေ။ ဖန်ဆင်းထားသည့် ဗလာနယ်ထဲတွင် တိုက်ခိုက်နေကြခြင်းဖြစ်လေသည်။

ပြင်ပကမ္ဘာတွင်တော့....

ချင်းဆွေမြစ်ရေသည် ခမ်းနားစွာဖြင့် အဆက်မပြတ်စီးဆင်းနေဆဲဖြစ်လေသည်။

သို့သော်...

ရေက နိမ့်ရာမှ မြင့်ရာသို့ စီးဆင်းနေခြင်းဖြစ်လေသည်။

ရွှေနဂါးကြီးကလည်း မဆုံးနိုင်သည့် တန်ခိုးစွမ်းအားများကို

ရေထဲသို့ထုတ်လွှတ်နေလေသည်။ တစ်ချိန်တည်းမှာပင် ရေထဲ

မှ တန်ခိုးစွမ်းအားများကိုလည်း စုပ်ယူနေလေသည်။

ထိုခဏလေးအတွင်းမှာပင်...

မြစ်ရေက ပြောင်းပြန်စီးဆင်းသွားပြီး အဝါရောင်နဂါးကြီးကို

ထိုးစိုက်ချလိုက်လေတော့သည်။

"ကျွန်မရဲ့ ကြီးမားတဲ့ ရည်မှန်းချက်အောင်မြင်ဖို့အတွက်

ကျွန်မကိုယ်ကျွန်မ စတေးခံပါတယ် ၊ လောကကို အသစ်

ပြန်လည်မွေးဖွားစေမယ်...."

ကြီးမားသည့်ရည်မှန်းချက်မရှိဘဲ လောကကို အသစ်ပြန်လည်

မွေးဖွားစေရန်မှာ မဖြစ်နိုင်ပေ။

အမှန်တော့ ဘုရင်မက ဆန်းလျန်ကို ကူညီပြီး ဟွမ်လုန်ကျီကို

တိုက်ခိုက်ပေးခြင်းဖြစ်လေသည်။ သို့သော် တဖြည်းဖြည်းနှင့်

ဆန်းလျှန်ကို ကူညီခြင်းသာမက လူပေါင်းများစွာ၏အသက်ကို ကယ်တင်ရန် သူမ စိတ်အားထက်သန်လာလေသည်။

ထိုစိတ်ထားကြောင့်ပင် ဘုရင်မသည် မပျက်စီးနိုင်သော နတ်ဘုရားခန္ဓာကျင့်စဉ်၏ အနှစ်သာရကို နားလည်သွားခဲ့ပြီ။

ကိုယ့်ကိုကိုယ် စတေးမခံဘဲ လောကကို အသစ်ပြန်လည်မွေးဖွားစေသည်အထိ ကျင့်စဉ်အဆင့် တက်ရောက်နိုင်မည်မဟုတ်ပေ။

မြစ်ရေက ပြောင်းပြန် စီးဆင်းနေသည်။

ဘုရင်မ၏ စိတ်ထားက ကြည်လင်သန့်စင်နေလေသည်။

ဘုရင်မ၏ စိတ်ထားသည် ချင်းဆွေမြစ်ကြောင်းတစ်လျှောက် မိုင်ပေါင်းသုံးသောင်းပတ်လည်မှ သက်ရှိသတ္တဝါများအားလုံး၏ ဆုတောင်းသံနှင့် တစ်သားတည်းကျသွားလေသည်။

သက်ရှိသတ္တဝါအားလုံးမှာ ရေကြီးရေလျှံခြင်းကင်းဝေးပြီး အသက်ဘေးမှ ကင်းလွတ်လိုကြလေသည်။ ဘုရင်မကို မြစ်စောင့်နတ်သမီးအဖြစ် နတ်ဘုရားအပ်နှင်းခြင်းအစီအရင်မှ တန်ခိုးစွမ်းအားများနှင့် ဘုရင်မ၏ မပျက်စီးနိုင်သော နတ်ဘုရားခန္ဓာကျင့်စဉ်၏ တန်ခိုးစွမ်းအားများ ပေါင်းစပ်သွားပြီး မြစ်ကြောင်းတစ်လျှောက်ရှိ သက်ရှိသတ္တဝါများအားလုံး အတွက် အကာအကွယ်တစ်ခုဖြစ်ပေါ်လာလေသည်။

ကျော်ရှောင်ချင်းက သူ၏ဓားရှည်ကို ဆွဲကိုင်ကာ မတ်တပ်ရပ်လိုက်သည်။ ထို့နောက် သူ၏ဓားဖြင့် အဝါရောက်နဂါးကြီးကို ချိန်ရွယ်ထားလိုက်ပြီး....

"မြစ်စောင့်နတ်သမီး ဒီမိစ္ဆာကောင်ကို နှိမ်နင်းတာကို ကျုပ် ကူညီမယ်"

ကျန်းဆွေကျယ်ကလည်း သူ၏ဓားဖြင့် ဟွမ်လုန်ကျီကို ချိန်ရွယ်ထားလိုက်ပြီး...

"မြစ်စောင့်နတ်သမီး ဒီမိစ္ဆာကောင်ကို နှိမ်နင်းတာကို ကျေးပ်

လည်းကူညီမယ်"

ချင်းကျန်းဂိုဏ်းသားများ၏ မရေမတွက်နိုင်အောင်များပြား

သည့် ဓားများမှာလည်း ဟွမ်လုန်ကျီကို ချိန်ရွယ်ထားလိုက်ကြ

လေသည်။

သူတို့အားလုံးမှာ မြစ်စောင့်နတ်သမီး၏ စစ်သည်တော်များ

အလား တူညီသည့်စိတ်ဓာတ်ဖြင့် နဂါးကြီးကို သုတ်သင်ရန်

ဆုံးဖြတ်ချက်ချလိုက်ကြလေသည်။ သူတို့၏ ကြွေးကြော်သံ

များသည် မိုးနှင့်မြေတွင် ပဲ့တင်ထပ်သွားလေသည်။ သူတို့

အားလုံး၏ရင်ထဲမှ ဖြစ်တည်လာသည့်ဆန္ဒများသည် ဘုရင်မ

ဖန်ဆင်းထားသည့် ရွှေနဂါးကြီးကို တကယ့်နဂါးတစ်ကောင်

အဖြစ် ပြောင်းလဲသွားစေခဲ့လေသည်။

ဟွမ်လုန်ကျီသည် သူ၏ရင်ထဲမှ ထိတ်လန့်မှုကို ဖုံးကွယ်ပြီး

တစ်ချက် ကြုံးဝါးလိုက်သည်။

ထိုလူသားများသည် ယခုအချိန်ထိ အဘယ့်ကြောင့် စိတ်ဓာတ်ခိုင်မာစွာဖြင့် ရပ်တည်နေကြသည်ကို သူနားမလည်နိုင်ဖြစ်နေရလေသည်။

ထို့နောက် ချင်းကျန်းဂိုဏ်းသားများကိုင်ဆောင်ထားသည့် ဓားသွားများသည် ဓားဝိညာဉ်များအဖြစ် ဟွမ်လုန်ကျီကို ပြိုင်တူ တိုက်ခိုက်လိုက်ကြလေတော့သည်။

အခန်း (၂၅၀)

နှလုံးသားထိန်းချုပ်ကျိန်စာ

နတ်ဘုရားများသည် တောင်များနှင့် ပင်လယ်များကိုပင် ရွှေ့နိုင်စွမ်းရှိသည့် တန်ခိုးစွမ်းအားများနှင့် ပြည့်စုံလေသည်။ နတ်

ဘုရားများသည် လောကကိုကျော်လွန်ပြီး မြင့်မြတ်သည့်လမ်းကို လျှောက်လှမ်းသူများ ဖြစ်ကြလေသည်။ သူတို့သည် လူ့လောကမှ ခွဲထွက်သွားပြီး လူသားများအားလုံး၏ အထက်တွင်ရှိလေသည်။

လူသားများသည် နတ်ဘုရားများအတွက် အရေးမပါလှပေ။ သို့သော် နတ်ဘုရားများအနေဖြင့် ထိုလူသားများ၏နှလုံးသားထဲမှ ပြင်းပြသည့် ဆန္ဒနှင့် ဆုတောင်းမှုများ စုပေါင်းသွားသည့် တန်ခိုးစွမ်းအားကို အလေးမထား၍မရပေ။ လူသားများ၏ နှလုံးသားထဲမှ ဆန္ဒများမှာ တောင်များ ၊ မြစ်ချောင်းအင်းအိုင်များနှင့် သဘာဝတရားတစ်ခုလုံးဆီသို့ တစ်ညီတစ်ညွတ်တည်း ပေါင်းစည်းသွားသည့်အခါ နတ်ဘုရားများကိုပင် ကြောက်ရွံ့စေသည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

အတိတ်ကိုပြန်ကြည့်မည်ဆိုလျှင်...

ဘုရင်မသည် တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်ခဲ့သူဖြစ်ပြီး ပြည်သူများအပေါ်တွင် စေတနာထားခဲ့သူ ဖြစ်လေသည်။ ထို့ပြင် သူမက ကျင့်စဉ်လမ်းကိုလည်း လျှောက်လှမ်းခဲ့သူဖြစ်ပြီး ယခုအချိန်တွင် သက်ရှိသတ္တဝါပေါင်းများစွာကို ကယ်တင်ရန်အတွက် ဟွမ်လုန်ကျီကို တိုက်ခိုက်နေခြင်းဖြစ်လေသည်။ ဘုရင်မ၏စောင့်ရှောက်မှုအောက်တွင် သက်ရှိသတ္တဝါများစွာက တက်ညီလက်ညီ ပါဝင်လာကြလေသည်။ ထို့ကြောင့် သူမ၏တန်ခိုးစွမ်းအားများမှာ အတိုင်းအဆမရှိ မြင့်မားလာခဲ့လေသည်။

ထို့ကြောင့် ဟွမ်လုန်ကျီကို အနိုင်ရရန် ဘုရင်မဘက်မှ အခွင့်အရေးများလာခဲ့ပြီ ဖြစ်လေသည်။

ကောင်းကင်ထက်တွင် ပျံဝဲနေသည့် ဓားဝိညာဉ်ပေါင်းများစွာသည် ဟွမ်လုန်ကျီ၏ နဂါးအကြေးခွံဆီသို့ မိုးရွာကျသည့်အလား ထိုးစိုက်ကျလာလေသည်။ သို့သော် အချို့သောဓား

ဝိညာဉ်များကသာ နဂါးအကြေးခွံကို ထိုးဖောက်နိုင်ကြပြီး ဓား

ဝိညာဉ်အများစုမှာ နဂါးအကြေးခွံကို ထိုးဖောက်နိုင်စွမ်း မရှိ

ကြပေ။

သို့သော် စူးရှသည့် နာကျင်မှုကြောင့် အဝါရောင်နဂါးကြီးမှာ

ဒေါသထွက်လာသလို ကြောက်လည်း ကြောက်လာမိလေ

သည်။

တန်ခိုးစွမ်းအားလှိုင်းလုံးကြီးတစ်ခု မြင့်တက်လာပြီး အဆုံးမရှိ

သည့် အသက်ဓာတ်စွမ်းအားများက ဘုရင်မကို ဝန်းရံထားကြ

သည်။ ထိုတန်ခိုးစွမ်းအားလှိုင်းလုံးကြီးသည် ဟွမ်လုန်ကျီ၏

နဂါးခန္ဓာကိုယ်ကြီးကို ကြိတ်ချေပစ်လိုက်လေသည်။

မြစ်ကြောင်းတစ်လျှောက်ရှိ သက်ရှိသတ္တဝါများ၏ နှလုံးသား

ထဲမှ ဆုတောင်းသံများကြောင့် ဖြစ်ပေါ်လာသည့် တန်ခိုး

စွမ်းအားများမှာလည်း ဟွမ်လုန်ကျီကို မသက်မသာဖြစ်စေ

လေသည်။ ထို့ပြင် ရေထဲတွင်ပါဝင်သည့် ဆန်းလျန်၏ တန်ခိုး

စွမ်းအားနှင့် ကျိရှန်းဂါထာအစွမ်းကလည်း ဟွမ်လုန်ကျီ၏ ရေနီတန်ခိုးစွမ်းအားကို ဖျက်စီးပစ်လိုက်သည်။

တိုင်းပြည်၏ကံကြမ္မာကိုပြဌာန်းသည့် ဧကရာဇ်တံဆိပ်တော်ကလည်း ဟွမ်လုန်ကျီ၏ ဝိညာဉ်ကို ဖိနှိပ်ထားလေသည်။

အဝါရောင်နဂါးကြီး၏ အော်ဟစ်သံကြီးသည် မြစ်ကြောင်းတစ်လျှောက်နှင့် တောင်ကြောတစ်လျှောက် ပဲ့တင်ထပ်သွားလေသည်။

ကောင်းကင်ထက်တွင် ထိန်ထိန်သာနေသည့် လမင်းကတော့ တိုက်ပွဲကို တိတ်ဆိတ်စွာဖြင့် ကြည့်နေလေသည်။

လူ့လောက၏ အပြောင်းအလဲများကို တိတ်ဆိတ်စွာကြည့်နေရသည်မှာ အသားကျနေပုံရလေသည်။

မိုးကောင်းကင်နတ်မိစ္ဆာတိုင်းပြည်ထဲတွင် ပိတ်မိနေသည့် ဆန်းလျန်မှာတော့ သူ့ဘဝသက်တမ်းတစ်လျှောက်တွင် မကြုံဖူး

သည့် ဆိုးရွားလှသော ရင်ဆိုင်တိုက်ပွဲနှင့် ကြုံတွေ့နေရလေ

သည်။

မိုးကောင်းကင်မိစ္ဆာပိုးကောင်များ ပြုလုပ်ထားသည့် အနက်

ရောင်ပိုးအိမ်ကြီးသည် တောင်ကုန်းတစ်ခုအလားကြီးမားနေပြီ

ဖြစ်လေသည်။ ဆန်းလျန်သည် တည်ငြိမ်စွာဖြင့်ပင် ဓားဝိညာဉ်

ကို ထုတ်လွှတ်ကာ ကြွဲကြွဲခံ တိုက်ခိုက်နေလေသည်။ ဆန်းလျ

န်သတ်လိုက်သည့် မိစ္ဆာပိုးကောင်အရေအတွက်များလေလေ

ထပ်မံဖြစ်တည်လာသည့်မိစ္ဆာပိုးကောင်များက ပိုမိုများပြားလာ

လေ ဖြစ်နေခဲ့လေသည်။

"တာအိုကျင့်စဉ်က တစ်ပေတက်လာလျှင် နတ်မိစ္ဆာက ဆယ်

ပေတက်လာလိမ့်မည်"

ဟူသည့် ဆိုရိုးစကားအတိုင်းပင် ဖြစ်လေသည်။

ဆန်းလျန်မှာ အနက်ရောင်ပိုးအိမ်ထဲတွင် ပိတ်မိနေပြီး ရုန်း

ထွက်နိုင်ခြင်းမရှိတော့ပေ။

ထိုအချိန်တွင်...

နူးညံ့သည့်အသံတစ်ခုထွက်ပေါ်လာလေသည်။

တိတ်ဆိတ်ပြီး ခြောက်သွေ့နေသည့် မိုးကောင်းကင်နတ်မိစ္ဆာ နယ်မြေထဲတွင် ယန်ရှီးသာလျှင် အရာအားလုံးကို ပိုင်စိုးသူ နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ ယန်ရှီး၏ အသံတစ်ချက် ဖြင့်ပင်ဤနေရာကို ထိန်းချုပ်ထားနိုင်လေသည်။

"မင်းသတ်ဖြတ်နေတာတွေက မင်းရဲ့နှလုံးသားထဲက အတွေး တွေပဲဆိုတာ မင်းနားမလည်သေးဘဲကိုး လျန်လေး ၊ အတွေး ဆိုတာနှလုံးသားကလာတာလေ ၊ ဘယ်လိုလုပ်အဆုံးသတ်နိုင် မှာလဲ"

ယန်ရှီးက ပြောလိုက်လေသည်။

နက်ရှိုင်းသည့် မိစ္ဆာစကားသံသည် ထူထဲလွန်းသည့် ပိုးချည် မျှင်အနက်ရောင်များကို ဖြတ်သန်းကာ ဆန်းလျန်၏ နားထဲသို့ ဝင်ရောက်လာလေသည်။ သို့သော် ထိုအသံက ဆန်းလျန်၏

သမာဓိကို ပျက်ပြားသွားစေရန် မတတ်နိုင်ပါ။ သူက ဓား ဝိညာဉ်ကို အဆက်မပြတ်ဝေ့ယမ်းကာ တည်ငြိမ်စွာဖြင့် တိုက်ခိုက်နေဆဲဖြစ်လေသည်။

အချိန်အနည်းငယ်ကြာသွားခဲ့ပြီ....

အချိန်အနည်းငယ်လား ၊ အချိန်တစ်ခဏမျှလား သို့မဟုတ် နှစ်ပေါင်းတစ်ရာလား ...။

ဓားဝိညာဉ်သည် ရှည်လျားသည့် မြစ်ကြီးတစ်စင်းအလား ပြောင်းလဲသွားပြီး အနက်ရောင် မိစ္ဆာပိုးအိမ်ကြီးကို ထိုးခွဲလိုက်လေတော့သည်။ ထိုဓားဝိညာဉ်မှာ ကောင်းကင်ထက်ရှိ မရေမတွက်နိုင်သည့် ကြယ်များကြားတွင် ဖြတ်သန်းစီးဆင်းနေသည့် နဂါးငွေ့တန်းတစ်ခုအလားပင် ဖြစ်လေသည်။ ထိုဓားဝိညာဉ်ထဲတွင် အဆုံးမရှိသည့် ကျင့်စဉ်လမ်းအဓိပ္ပါယ်များပါဝင်နေပြီး မိစ္ဆာအညစ်အကြေးများအားလုံးကို သန့်စင်ပစ်လိုက်လေသည်။

မိစ္ဆာပိုးကောင်များကို တိုက်ခိုက်နေရင်း ဆန်းလျှန်၏ ဓား

ဝိညာဉ်မှာ သန့်စင်သည်ထက် သန့်စင်လာလေသည်။ သူက

လောကီအညစ်အကြေးများကို ပယ်သတ်လိုက်နိုင်ပြီ။ စိတ်

အာရုံပျံ့လွင့်စေသည့် အတွေးများအားလုံးကိုလည်း သန့်စင်

လိုက်နိုင်ပြီ။

ထိုအခါ သူကိုယ်တိုင်၏ သန့်စင်တောက်ပသည့်

သဘောသဘာဝကို စတင်တွေ့မြင်ခဲ့လေသည်။သူ၏သမာဓိ

သည် ထာဝရပြောင်းလဲစီးဆင်းနေသည့် နဂါးငွေ့တန်းကဲ့သို့ မ

ပျက်စီးနိုင်တော့ပေ။

"နဂါးငွေ့တန်းဓားသိုင်းကို မင်းဘယ်ကနေ သင်ခဲ့တာလဲ"

ယန်ရှီး၏ တအံ့တဩမေးသံ ထွက်ပေါ်လာလေသည်။

"ဒါ နဂါးငွေ့တန်းဓားသိုင်း အစစ်အမှန်မဖြစ်နိုင်ဘူး ၊ ကြည့်ရ

တာ မင်းနဂါးငွေ့တန်းဓားသိုင်းကို မြင်ဖူးခဲ့တာဖြစ်ရမယ် ၊

ကြည့်ရတာ မင်းက ကျုပ်ထင်ထားတာထက် တော်နေတာပဲကိုး

၊ ဒါပေမယ့် မင်းဒီနေ့ကျုပ်နဲ့တွေ့ရတာတော့ ကံမကောင်းနိုင်

တော့ဘူး"

ယန်ရှီးက တအံ့တသြဖြစ်သွားမှုကို ထိန်းလိုက်ပြီး ချက်ချင်း

ပင် ပေါ့ပေါ့ပါးပါးပုံစံဖြင့်ပြောလိုက်လေသည်။

အမှောင်ထုမှာ သိပ်သည်းနေဆဲဖြစ်သည်။

ဆန်းလျန်မှာလည်း အနက်ရောင်မိစ္ဆာပိုးအိမ်ထဲတွင် ပိတ်မိနေ

ဆဲဖြစ်လေသည်။

သူ၏ နဂါးငွေ့တန်းဓားဝိညာဉ်က လှည့်ပတ်တိုက်ခိုက်နေသည့်

တိုင် ဆန်းလျန်မှာ အန္တရယ်တွင်းမှ မလွတ်မြောက်သေးပေ။

ရုတ်တရက်....

တောက်ပသည့် နဂါးငွေ့တန်းဓားဝိညာဉ်ပျောက်ကွယ်သွားလေ

သည်။

နဂါးငွေ့တန်းဓားဝိညာဉ်သည် တစ်ချက်လင်းလက်သွားပြီး မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေကို ထိုးခွင်းဖျက်စီးပစ်လိုက်လေသည်။

ပြင်ပလောကရှိ ကောင်းကင်ထက်မှ ကြယ်စင်များ၏အလင်းရောင်က ဗလာနယ်ထဲသို့ တိုးဝင်လာပြီး အနက်ရောင်မိစ္ဆာပိုးအိမ်ကြီးမှာ တစ်စစီဖြစ်အောင် ပျက်စီးသွားလေသည်။ ပိုးအိမ်ကြီးအတွင်းမှ လိပ်ပြာကြီးတစ်ကောင်ထွက်ပေါ်လာပြီး ထိုလိပ်ပြာကြီးက အတောင်များကိုဖြန့်ကာ ပျံသန်းထွက်ခွာသွားလေသည်။

"အိပ်မက်လိုပါပဲ..."

ဆန်းလျန်ဆီမှ ရေရွတ်သံ တစ်ချက်သာ ထွက်ပေါ်လာလေသည်။

ကျွမ်းကျိုးသည် အိပ်မက်မှ နိုးထလာသည့်အခါ "လိပ်ပြာလေးက ကျွမ်းကျိုးအဖြစ် အိပ်မက်မက်နေတာလား၊ ကျွမ်းကျိုးက

လိပ်ပြာလေးအဖြစ် အိပ်မက်မက်နေတာလား" မသဲကွဲခဲ့ပေ။

ထို့အတူပင် အစစ်အမှန်နှင့်အတုအယောင်ကိုခွဲခြားသိမြင်ရန်

ခက်ခဲလှသည်။ ကိုယ်တိုင်နှင့် အခြားသူများကြားတွင် မတူညီ

မှုကိုသိမြင်ရန်မှာလည်း ခက်ခဲလှသည်။

လိပ်ပြာကြီးသည် အတောင်များကို တဖျတ်ဖျတ်ခတ်လိုက်

လေသည်။

အမှောင်ထဲမှ မကျေမနပ်ဖြင့် ဟင့် ခနဲ အသံတစ်ချက်ပြည်သံ

ကြားလိုက်ရပြီး ကြိုးရှည်များထွက်ပေါ်လာကာ လိပ်ပြာကြီးကို

ဖမ်းဆီးချုပ်နှောင်ရန် ကြိုးစားလိုက်လေသည်။

ယန်ရှီးက အေးစက်စွာဖြင့်ပြုံးလိုက်သည်။

ထိုလိပ်ပြာကြီးမှာ ထိုက်ဝေ့ထိုင်မှ အရှုးအဘိုးအိုကြီး၏ တရား

ဓမ္မဖြစ်ကြောင်း သူ ကောင်းကောင်းသိလေသည်။ သူ မည်

သည့်အခါမှ မေ့မည်မဟုတ်ပေ။ ထိုအရှုးအဘိုးအိုကြီးသည်

ယခုနှစ်များအတွင်းတွင် အစိပ္ပါယ်မဲ့ အချိန်ဖြုန်းနေခဲ့ခြင်း မရှိခဲ့ဘူးပေါ့ဟု ယန်ရှီးတွေးလိုက်မိလေသည်။

လောကသည် သူ့သဘောသူဆောင်နေပြီး လမင်းက ထိန်ထိန်သာနေဆဲဖြစ်လေသည်။

ဆန်းလျန်၏ အစိမ်းနုရောင် တာအိုဝတ်စုံမှာ ဖရိုဖရဲဖြစ်နေပြီး ဆံပင်များမှာလည်း ပြေကျနေလေသည်။

သူ၏ ဆံပင်ရှည်များမှာ လေထဲတွင် လွင့်ပျံနေပြီး သူ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော် ဖြစ်နေလေသည်။ သူ့မျက်နှာတွင် သွေးရောင်တစ်စက်လေးပင် မတွေ့ရတော့ပေ။

အနက်ရောင်မိစ္ဆာစွမ်းအားများသည် သူ၏ ခန္ဓာကိုယ်ရှိ သွေးကြောဆုံချက်များအားလုံးဆီသို့ ဖြတ်သန်းဝင်ရောက်သွားလေသည်။ ဆန်းလျန်က သူ၏တန်ခိုးစွမ်းအားများကို အသုံးပြုကာ ထိုမိစ္ဆာစွမ်းအားများကို ခန္ဓာကိုယ်ပြင်ပသို့ ထုတ်ပစ်ရန်ကြိုးစားလိုက်သည်။ သို့သော် ထိုမိစ္ဆာငွေ့များက

သူ့ကိုယ်ထဲမှ ထွက်ခွာသွားခြင်းမရှိသည့်အပြင် သူ၏ ဖြူဖျော့နေသည့် မျက်နှာထက်တွင် အနက်ရောင်အကွက်များ ထွက်ပေါ်လာလေသည်။

ဆန်းလျန် သိပ်အများကြီးစဉ်းစားမနေတော့ပေ။ သူက ချက်ချင်းပင် ချင်းဆွေမြစ်ရေထဲသို့ ခုန်ချလိုက်လေတော့သည်။

ဆန်းလျန် ရေထဲခုန်ချသွားသည်နှင့် ယန်ရှီး၏ ပုံရိပ်ထွက်ပေါ်လာလေသည်။

သူက ဟွမ်လုန်ကျီနှင့် ဘုရင်မ၏ တိုက်ပွဲကို စိတ်မဝင်စားတော့ပါ။ သူက မြစ်ရေထဲသို့ စူးစိုက်ကြည့်နေလေသည်။ ထို့နောက် လက်ညိုးနှင့်လက်ခလယ်ကို မြစ်ရေပြင်ဆီသို့ ညွှန်ပြလိုက်လေသည်။ ထိုအခါ ရေမျက်နှာပြင်ထက်တွင် လှေတစ်စင်းပေါ်လာလေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ယန်ရှီးသည် လှေပေါ်သို့ ရောက်ရှိသွားလေသည်။

သူက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး တိမ်ဖြူတစ်စ

အလား ၊ နှင်းပွင့်တစ်ပွင့်အလား ဖြူစင်နေလေသည်။

"ကျုပ်ရဲ့ နှလုံးသားထိန်းချုပ်ကျိန်စာမိသွားတာတောင်မှ မင်း

က ထွက်ပြေးချင်နေတုန်းပဲလား"

ယန်ရှီးက ပြုံးရင်း ရေရွတ်လိုက်သည်။

ယန်ရှီး၏ခန္ဓာကိုယ်မှာ ကြည်လင်နေသည့်အတွက် လရောင်

ပင် ဖောက်ထွင်းသွားနိုင်လေသည်။

ထို့ပြင် သူ၏ခန္ဓာကိုယ်မှာ လေ့ပေါ်တွင် အရိပ်ထင်နေခြင်း

လည်းမရှိပေ။ သူ၏ခန္ဓာကိုယ်မှာ အသွေးအသားများဖြင့်

ဖွဲ့စည်းထားသည့် ခန္ဓာကိုယ်တစ်ခုမဟုတ်ပေ။ သို့သော် ယန်ရှီး

သည် အရင်ကလောက်ကြောက်စရာမကောင်းလှသေးပေ။

သူ၏ ပကတိဖန်ဆင်းခြင်းပညာ၏ တနိခိုးစွမ်းအားများ

အပြည့်အဝ ပြန်လည်ရရှိခြင်းမရှိသေးပေ။ ပွင့်ပွင့်လင်းလင်း

ပြောရလျှင် သူနှင့် ဆန်းလျန် တိုက်ခိုက်ခဲ့သည့်တိုက်ပွဲတွင် မည်သူက အနိုင်ရသည်ကို ရေရေရာရာ ပြော၍မရနိုင်ပေ။ သို့သော် ယန်ရှီးသည် ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်ကို အလွတ်မပေးတော့ဟု ဆုံးဖြတ်ထားလေသည်။

နောက်ပိုင်းတွင် ဆန်းလျန်၏ ကျင့်စဉ်လမ်းအဆင့်မြင့်သွားပြီး နတ်ဘုရားတစ်ပါးဖြစ်သွားပါက သူ့အနေဖြင့် ပိုပြီး ဒုက္ခရောက်မည်ဖြစ်လေသည်။ ထိုအခါ ယခုကဲ့သို့ သူ့ကိုသတ်နိုင်မည့် အခွင့်အရေးမျိုးလည်း ရနိုင်တော့မည်မဟုတ်ပေ။ ယခင်ကတော့ သူက ဆန်းလျန်ကို ထူးချွန်သည့် ကျင့်ကြံသူလူငယ်တစ်ယောက်ဟုသာ သဘောထားခဲ့မိသည်။ ယခုအခါတွင်တော့ ဆန်းလျန်သည် အန္တရယ်ရှိသည့် ပြိုင်ဘက်တစ်ယောက်ဖြစ်လာခဲ့ပြီ။

အမှန်တော့ မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေထဲတွင် ပိတ်မိနေချိန်တွင် မိစ္ဆာပိုးကောင်များကို အဆက်မပြတ်တိုက်ခိုက်ရန်

ဆန်းလျန်ရွေးခြယ်ခဲ့သည့် လုပ်ရပ်မှာ မှန်ကန်သွားခဲ့လေသည်။ သူက မတိုက်ခိုက်ဘဲ ခံစစ်ဖြင့်သာ ခုခံနေမည်ဆိုပါက သူ့အတွက် အကူအညီမဲ့သကဲ့သို့ ခံစားလာရမည်ဖြစ်လေသည်။ ထိုသို့ခံစားရပြီဆိုသည်နှင့် ယန်ရှီးသည် သူ၏အားနည်းချက်ကိုနင်းကာ သူ့ကို လုံးဝအမြစ်ပြတ်ချေမှုန်းပစ်မည် ဖြစ်လေသည်။

ဆန်းလျန်သည် ကျိုးကြောင်းဆက်စပ်စဉ်းစားတတ်သည့် နေရာတွင် အလွန်တော်ပြီး ထိုမျှဆုံးဖြတ်ချက်ခိုင်မာလိမ့်မည်ဟု ယန်ရှီး မျှော်လင့်မထားခဲ့မိပေ။ ဆန်းလျန်က သူတို့နှစ်ယောက်၏ တိုက်ပွဲကိုပင်အသုံးချကာ သူ၏ဓားဝိညာဉ်ကို သန့်စင်သည်ထက်သန့်စင်အောင် အဆင့်မြှင့်သွားခဲ့သေးသည်။ ထိုဓားဝိညာဉ်ဖြင့် ယန်ရှီး၏ မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေကိုပင် နဂါးငွေ့တန်းဓားသိုင်းဖြင့် ဖောက်ထွက်သွားနိုင်ခဲ့သည်။ ထိုမျှမက ဆန်းလျန်က အရှုးအဘိုးကြီး၏ "အိပ်မက်

လိပ်ပြာ" တန်ခိုးစွမ်းအားကိုပင် နားလည်သဘောပေါက်ကာ

အသုံးပြုပြသွားလိုက်သေးသည်။

ယန်ရှီးသည် အတွေးများထဲတွင်နစ်မျောနေပြီး မြစ်ကြောင်း

အတိုင်း လှေကို စုန်ဆင်းသွားလေသည်။ သူ၏လှေမှာ မြား

တစ်စင်းအလား အလွန်းလျှင်မြန်လှပြီး တဖြည်းဖြည်းဝေးကာ

ပျောက်ကွယ်သွားလေတော့သည်။

မြစ်ရေသည် လမ်းကြောင်းအတော်များများကို ဖုံးကွယ်နိုင်

လေသည်။

သို့သော် ယန်ရှီးကို ဖုံးကွယ်ထားရန်မှာတော့ မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ယန်ရှီးမှာ လောကနတ်ဘုရားတစ်ပါး

ကဲ့သို့ တန်ခိုးစွမ်းအားကြီးမားသောကြောင့် ဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ ထုန်ထျန်းတန်ခိုးစွမ်းအားကို

အသုံးပြုကာ ပုန်းကွယ်နေလိုက်လေသည်။ ထုန်ထျန်းတန်ခိုး

စွမ်းအားနှင့်ပုန်းကွယ်နေလျှင် မည်သူမျှ သူ့ကို ရှာဖွေတွေ့ရှိနိုင်

မည် မဟုတ်ပေ။

သို့သော် ယန်ရှီး၏ ပကတိဖန်ဆင်းခြင်းပညာမှာ မိုးနှင့်မြေတွင်

အလွန်ထူးဆန်းသည့် ပညာတစ်ခုဖြစ်လေသည်။

ဆန်းလျန်က မိုင်တစ်ရာခန့်အဝေးသို့ ထွက်ပြေးလွတ်မြောက်

သွားသည့်တိုင် ယန်ရှီး၏အရိပ်ကို သူ့နှလုံးသားထဲတွင် ခံစား

နေရဆဲဖြစ်လေသည်။ ယန်ရှီးသည် သူရှိသည့်နေရာကို

အနေးနှင့်အမြန် ခြေရာခံကာ လိုက်လာမည် ဖြစ်လေသည်။

ဆန်းလျန် မြစ်ရေထဲမှ ကုန်းပေါ်သို့ တက်လာသည့်အချိန်တွင်

လမင်းက ကောင်းကင်ထက်တွင် ထိန်ထိန်သာနေဆဲဖြစ်လေ

သည်။ ဆန်းလျန်က သူသိသမျှသော လျှို့ဝှက်ကျင့်စဉ်

အားလုံးကို အသုံးပြုပြီး ခြေရာဖျောက်ကာ တောနက်ထဲသို့ဝင်

ရောက်သွားလေတော့သည်။

အခန်း (၂၅၁)

ထျန်းကွမ်းတိစော

ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ အနက်ရောင်မိစ္ဆာ

စွမ်းအားများနှင့် ရောနှောကုန်ပြီဖြစ်လေသည်။

အနက်ရောင်မိစ္ဆာစွမ်းအားများသည် သူ၏တန်ခိုးစွမ်းအားများ

ကို တဖြည်းဖြည်းဝါးမြိုနေပြီး သူ၏ ဝိညာဉ်ကိုပင် စတင်

တိုက်ခိုက်နေပြီဖြစ်လေသည်။ ဆန်းလျန်မှာ အားနည်းနေပြီး

အမြင်များပင် ဝေဝါးနေလေသည်။

ဆန်းလျန်သည်အားတင်းကာသူ၏တန်ခိုးစွမ်းအားများကို မြှင့်

တင်လိုက်ပြီး အခိုးအငွေ့အတစ်ခုအလား တောအုပ်အတွင်းမှ

လျှင်မြန်စွာဖြတ်သန်းသွားလိုက်သည်။ နေထွက်လာတော့မည်

ဖြစ်ပြီး ယန်ရှီးနှင့် အတော်ဝေးဝေးသို့ ပြေးလာနိုင်ခဲ့ပြီဖြစ်လေသည်။ သူက ရောမသစ်ပင်ကြီးတစ်ပင်ထိပ်သို့ တက်လိုက်ပြီး အခြေအနေကို လေ့လာလိုက်သည်။ ယန်ရှီးသည် သူ့ကို အချိန်တိုအတွင်း ခြေရာခံမိဦးမည်မဟုတ်ပေ။

နံနက်ခင်းနေရောင်အောက်တွင် ထူးဆန်းသည့် အနက်ရောင်အကွက်များဖြင့်ပြည့်နေသည့် သူ့လက်ကို သူပြန်မြင်နေရသည်။

သူ၏တန်ခိုးစွမ်းအားများနှင့် ပေါင်းစပ်နေသည့် အနက်ရောင်မိစ္ဆာစွမ်းအားများကို ဆန်းလျှန် မည်သို့မျှ ဖယ်ရှားပစ်နိုင်ခြင်းမရှိပေ။ အချိန်အတော်ကြာကြိုးစားမည်ဆိုလျှင်တောင်မှ ဖယ်ရှားနိုင်ပါမည်လား မသေချာလှပေ။

မိုးကောင်းကင်နတ်မိစ္ဆာများကို ရင်ဆိုင်ရာတွင် တာအိုကျင့်စဉ်များတွင်နည်းလမ်းသိပ်မရှိပေ။

သို့သော် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကတော့ မိုးကောင်းကင် နတ်မိစ္ဆာများကို ကောင်းကောင်း နှိမ်နင်းနိုင်လေသည်။ ကွမ်ရင် မယ်တော်သည်ပင် တရားအလင်းရပြီးနောက် ထောင်ပေါင်း များစွာသော မိုးကောင်းကင်နတ်မိစ္ဆာများကို နှိမ်နင်းခဲ့ဖူးလေ သည်။ ထို့ပြင် ဘုရားပွင့်တော်မူသည့်အချိန်တုန်းကလည်း မိုးကောင်းကင်နတ်မိစ္ဆာက လာရောက် နှောက်ယှက်သေး သည်။ သို့သော် ဘုရားရှင်ကို အနိုင်ယူနိုင်ခြင်းမရှိပေ။ ထို့ကြောင့် မိုးကောင်းကင်နတ်မိစ္ဆာကြောင့် ရရှိလာသည့် မိစ္ဆာ စွမ်းအားကို သန့်စင်နိုင်ရန်မှာ ဗုဒ္ဓ၏တရားဓမ္မသာလျှင်ရှိလေ သည်။ ဆန်းလျန်အနေဖြင့် ယန်ရှီးကို ရင်ဆိုင်နိုင်ရန်အတွက် မြင့်မြတ်သည့် ဗုဒ္ဓဘာသာဝတ်ကျောင်းတော်ရှိရာနယ်မြေတစ် ခုသို့ သွားရောက်ရမည် ဖြစ်လေသည်။

ဆန်းလျန် လုပ်မည်ဟု အစီအစဉ်ဆွဲထားသည့်အလုပ်များ သည် တစ်ခုမှ မလုပ်ဖြစ်တော့ပေ။

လောလောဆယ်အချိန်တွင် သူ့အတွက် အရေးပေါ်အခြေအနေ ဖြစ်နေပြီဖြစ်လေသည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲရှိ ရှေးဟောင်းစာအုပ်တစ်အုပ်ထဲတွင် "ထျန်းကွမ်းတိစော" ကျင့်စဉ်အကြောင်းကို သူဖတ်ဖူးလေသည်။ ထိုကျင့်စဉ်သည် ယခုလိုနေ့မျိုးတွင် အသုံးဝင်လာလိမ့်မည်ဟု သူထင်မထားခဲ့မိပေ။

ဆန်းလျန်၏ ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ ပုံမှန်အတိုင်းပင် ခရုပတ်နွယ်လိမ်သဖွယ် သူ၏ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်နေလေသည်။ သို့သော် အနက်ရောင်မိစ္ဆာစွမ်းအာများမှာလည်း ထိုက်ရှီးတန်ခိုးစွမ်းအာများနှင့် ပေါင်းစပ်ကာ သူ့ကိုယ်ထဲတွင် လိုက်ပါ လှည့်လည်နေလေသည်။

အနက်ရောင်မိစ္ဆာစွမ်းအားသည် အခြားသော တန်ခိုးစွမ်းအားများကို ဝါးမြိုပစ်နိုင်သော်လည်း ထိုက်ရှီးတန်ခိုးစွမ်းအားများကိုတော့ ဝါးမြိုပစ်နိုင်ခြင်းမရှိပေ။ ထိုက်ရှီးတန်ခိုးစွမ်းအားများ

က ခရုပတ်နွယ်လိမ်သဖွယ် လှည့်ပတ်နေသည့်အတွက်ကြောင့် အနက်ရောင်မိစ္ဆာစွမ်းအားမှာ ထိုက်ရှီးတန်ခိုးစွမ်းအားများ ကြားတွင် ဘောလုံးတစ်လုံးအလား လိမ့်နေပြီး ပိတ်မိနေလေသည်။

ထျန်းကွမ်းတိစောကျင့်စဉ်မှာ ခန္ဓာကိုယ်ထဲသို့ ဝင်လာသည့် ချက်ချင်းဖယ်ထုတ်၍မရသော အခြားသော တန်ခိုးစွမ်းအား များကို ထိန်းချုပ်သည့် ပညာဖြစ်လေသည်။ သို့သော် ထိုသို့ ပြုလုပ်ခြင်းအားဖြင့် ကိုယ်တွင်းရှိတန်ခိုးစွမ်းအားများမှာ လည်း ဝင်ရောက်လာသော တန်ခိုးစွမ်းအား၏ အရည်အသွေး ပေါ်တွင်မူတည်ပြီး အနည်းနှင့်အများ ထိန်းချုပ်ခံရမည် ဖြစ်လေသည်။

ယန်ရှီး၏ မိစ္ဆာစွမ်းအားများမှာ ထိုမျှ ပြင်းထန်မည်ဟု ဆန်းလျှန် မျှော်လင့်မထားမိပေ။

ထိုမိစ္ဆာစွမ်းအားများသည် သူ၏ တန်ခိုးစွမ်းအား အစေတော်များ

များကို ဝါးမြိုထားပြီဖြစ်လေသည်။

ဆန်းလျန်နှင့် ရင်ဆိုင်သည့်အချိန်တွင် ယန်ရှီးမှာ သူ၏တန်ခိုး

စွမ်းအားများကို အပြည့်အဝ ပြန်လည်ရရှိထားခြင်း မရှိသေး

ပေ။ သို့တိုင်အောင် ပြင်းထန်လွန်းလှလေသည်။

သို့တိုင်အောင် ယန်ရှီး၏ တန်ခိုးစွမ်းအားများမှာ ဆန်းလျန်

ထက်များစွာ သာလွန်သည်ဟု ပြောနိုင်လေသည်။

ဆန်းလျန်ကိုယ်ထဲသို့ ဝင်ရောက်နေသည့် အနက်ရောင်မိစ္ဆာ

စွမ်းအားများမှာ ယန်ရှီး၏ နှလုံးသားထိန်းချုပ်ကျိန်စာကြောင့်

ဖြစ်လေသည်။ထိုပညာသည် ယန်ရှီးတစ်ယောက်တည်းသာ

တတ်သည့်ပညာဖြစ်လေသည်။ အကယ်၍ ဆန်းလျန်သည် ထို

ကျိန်စာကို မချေဖျက်နိုင်လျှင် အကြီးအကျယ် ဒုက္ခရောက်ရ

မည် ဖြစ်လေသည်။

ထျန်ကွေးမ်တိစောကျင့်စဉ်နှင့် မိစ္ဆာစွမ်းအားများကို ထိန်းချုပ်လိုက်ပြီးနောက်ပိုင်း ဆန်းလျန်၏နှလုံးသားထဲမှ ယန်ရှီး၏ပုံရိပ်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့လေသည်။

သို့သော် အန္တရယ်အရိပ်အငွေ့ကိုတော့ အာရုံခံမိနေဆဲဖြစ်သည်။

လက်ရှိအချိန်တွင် ဆန်းလျန်အနေဖြင့် ချင်းရွှမ်နတ်တံခါးသို့ပြန်ရန်မဖြစ်နိုင်တော့ပေ။

သူ့အခြေအနေသည် ယန်ရှီးကို လုံးဝရင်ဆိုင်နိုင်ခြင်းမရှိတော့သည့်အတွက် ယန်ရှီးမရိပ်မိအောင် ပုန်းအောင်းနေသည်ကသာ သူ့အတွက် အကောင်းဆုံးဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးသို့သာပြန်လျှင် ယန်ရှီးနှင့် တည့်တည့်တိုးသွားနိုင်ပြီး လွတ်မြောက်ရန် မဖြစ်နိုင်တော့ပေ။

ဆန်းလျှန်ဆုံးဖြတ်ချက်ချပြီးသည်နှင့် ချင်းရှမ်နတ်တံခါးနှင့် ဆန့်ကျင်ဘက်အရပ်ဖြစ်ရာ အနောက်မြောက်အရပ်သို့ထွက်ခွာလာခဲ့လေသည်။

ဟွမ်လုန်ကျီနှင့် ဘုရင်မ၏တိုက်ပွဲပင် မည်သို့အဆုံးသတ်သွားသည်လည်း သူသိခွင့်မရတော့ပေ။

နတ်ဘုရားအပ်နှင်းခြင်းပညာ၏ တန်ခိုးစွမ်းအားများကို အသုံးပြုကာ ဘုရင်မ အနိုင်ရသွားနိုင်မည်ဟု ဆန်းလျှန်မျှော်လင့်ထားမိသည်။

ထို့နောက် မိုင်ပေါင်းသုံးသောင်းပတ်လည်မှ သက်ရှိသတ္တဝါများအားလုံး၏ ကိုးကွယ်ဆည်းကပ်မှုများဖြင့် မပျက်စီးနိုင်သည့် မြစ်စောင့်နတ်သမီးတစ်ပါးအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်လေသည်။

ဘုရင်မသည် ကြီးမြတ်ပြီး စိတ်ဓာတ်ခိုင်မာသည့် ကျင့်ကြံသူ
တစ်ယောက်ဖြစ်သူပီပီ သူမ၏ရည်မှန်းချက်အတွက် သူမ
ကိုယ်တိုင် လုပ်ဆောင်မည်ဖြစ်လေသည်။

ဆန်းလျန်ဝင်ရောက်သွားသည့် တောအုပ်၏တစ်ဖက်ခြမ်းတွင်
ယန်ရှီးမှာ ဖရိုဖရဲပုံစံဖြင့် ရှိနေလေသည်။

သူ၏အဖြူရောင်ဝတ်ရုံတွင် ဖုံမှုန့်များပေကျံနေလေသည်။

သူက လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်နှင့် ဝတ်ရုံမှာ
ချက်ချင်းပင် ဖြူစင်သန့်ရှင်းသွားပြီး သပ်သပ်ရပ်ရပ်ပြန်ဖြစ်
သွားလေသည်။

သူ၏ခန္ဓာကိုယ်မှာ အခိုးအငွေ့အလား ထင်မှတ်ရလေသည်။

ထို့နောက်သူက ကောင်းကင်ထက်သို့ ပျံတက်သွားပြီး တိမ်များ
ပေါ်တွင် ရပ်နေလေသည်။ တောအုပ်သည် အတော်အတန်
ကျယ်ပြန့်သည့် တောအုပ်တစ်ခုဖြစ်သည့်အတွက် ဆန်းလျန်

မည်သည့်နေရာတွင်ရှိနေသည်လဲ မခန့်မှန်းနိုင်ဖြစ်နေရလေသည်။

သူက ဆန်းလျန်ကိုယ်ထဲသို့ထည့်သွင်းပေးထားသည့် နှလုံးသားထိန်းချုပ်ကျိန်စာကို အာရုံခံကြည့်လိုက်သော်လည်း မည်သည့်တုန့်ပြန်မှုမှ ဖြစ်ပေါ်မလာပေ။ ထိုကျိန်စာမှာ သူနှင့် ဆန်းလျန်ကြားတွင် ကြိုးတစ်ချောင်းပမာဆက်သွယ်ပေးထားမည်ဖြစ်ပြီး ဆန်းလျန်မည်သည့်နေရာသို့ရောက်ရောက် ခြေရာခံနိုင်မည်ဖြစ်လေသည်။ သို့သော်ယခုတော့ ဆန်းလျန်ကို ခြေရာခံ၍မရနိုင်ဖြစ်နေရသည်။ ဆန်းလျန်များ သူ၏ကျိန်စာကို ချေဖျက်လိုက်ပြီလားဟု သူတွေးနေမိသည်။

သို့သော် သူချက်ချင်းပင် တစ်စုံတစ်ခုကို သဘောပေါက်သွားပြီး ပြုံးလိုက်လေသည်။ သူက ဆန်းလျန်ထွက်ခွာသွားသည့် အနောက်မြောက်ဘက်သို့ စူးစိုက်ကြည့်လိုက်ရင်း…

"လက်စသတ်တော့ ထျန်းကွမ်းတိစောပညာအသုံးပြုထားတာ ကိုး ၊ ဟင်း ဆရာဒေါ်လေးကျိုလင်က ကျုပ်ကို အလွတ်မပေးခဲ့ ဘူး ၊ ဒီနေ့တော့ ကျုပ်ကလည်း သူ့ရဲ့မြေးတပည့်ကို အလွတ် ပေးမယ် မထင်နဲ့ ၊ ဒါက မျက်လုံးတစ်လုံးအတွက် မျက်လုံး တစ်လုံး လက်စားချေတာပဲ"

"မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး" ဆိုသည့်စကားမှာ ယန်ရှီးပြောသင့်သည့်စကားမဟုတ်ပေ။ အမှန်တော့ ယန်ရှီး ပြုလုပ်ခဲ့သည့်မကောင်းမှုများသည် ဆေးကြောသန့်စင်၍မရနိုင် လောက်အောင် များပြားလွန်းလှသည် မဟုတ်ပါလား။

တိမ်ပေါ်တွင် ရပ်နေသည့် ယန်ရှီး၏ပုံမှာ အလွန်ခမ်းနားလှလေ သည်။ မိုးကောင်းကင်မှ နတ်မိမယ်လေးများ၏ နှလုံးသားကို ပင်လျှင် ကြွေကျအောင်ဖမ်းစားနိုင်သည့် ခမ်းနားမှုမျိုးဖြစ်လေ သည်။

သူက ခြေတစ်လှမ်းလှမ်းလိုက်သည်နှင့် သူရပ်နေသည့်တိမ်သည် တစ်ပိုင်းကွဲထွက်သွားပြီး ထိုတိမ်တိုက်သည် သူ့ကို အနောက်မြောက်အရပ်ဆီသို့ခေါ်ဆောင်သွားလေသည်။

ယန်ရှီးသည် တိမ်ကိုစီးပြီး တောင်များကြားတွင်ပျောက်ကွယ်သွားလေသည်။

သူမည်သည့်အရပ်သို့ထွက်ခွာသွားသည်လဲ မည်သူမျှ မသိနိုင်ပေ။

....

မြစ်အတော်များများသည် အနောက်မှ အရှေ့သို့ဆီးဆင်းသွားကြပြီး အရှေ့ပင်လယ်ဆီတွင် အဆုံးသတ်သွားကြလေသည်။

ယွီကွမ်းမြို့လေးမှ ယွီစွေမြစ်ရေသည်လည်း ထိုကဲ့သို့ပင် စီးဆင်းလေသည်။ ယွီစွေမြစ်သည် ယွီကွမ်းမြို့တွင် အလှပဆုံးရှုခင်းတစ်ခုလည်းဖြစ်လေသည်။ ထို့ပြင် မိုးများသည့်ဒေသဖြစ်သည့်အတွက်လည်း မြစ်ကမ်းတစ်လျှောက်တွင် မည်သူမျှ သီးပင် ၊ စားပင်များ စိုက်ပျိုးလုပ်ကိုင်ကြခြင်းမရှိပေ။ မြစ်

ရေလျှံလျှင် သီးပင် ၊ စားပင်များ ပျက်စီးမည်စိုးသောကြောင့် ဖြစ်လေသည်။ သို့သော် ကူရှန်နတ်မိမယ်ဝတ်ကျောင်းတော် တည်ထားကိုးကွယ်ပြီးသည့်နောက်ပိုင်း မိုးလေဝသမှန်ကန်ကာ ရေကြီးရေလျှံခြင်းလည်း မဖြစ်တော့ပေ။ ယွီကွမ်းမြို့လေး သည် လူအများ ငြိမ်းချမ်းစွာနေထိုင်ရာ မြို့လေးတစ်မြို့ ဖြစ်လာခဲ့လေသည်။

ကူရှန်နတ်မိမယ်သည် အလွန်တန်ခိုးစွမ်းအားကြီးမားသည့် နတ်မိမယ်တစ်ပါးတော့မဟုတ်ပါ။ သူမက လူအ များ၏ဆုတောင်းမှန်သမျှကို ဖြည့်ဆည်းပေးနိုင်ခြင်းငှာမစွမ်း သာသော်လည်း မိုင်တစ်ရာပတ်လည်အတွင်းတွင် ကောင်းကျိုးများရရှိရန် ကြိုးစားဆောင်ရွက်လေသည်။ ယခင်က လောင်းကစားသမားကြီးဖြစ်ခဲ့သော ကျောင်းစောင့် ကြီးချီးစန်းကွမ်းမှာ ယခုတော့ ကူရှန်နတ်မိမယ်ဝတ်ကျောင်း တော်တွင် အလုပ်အကျွေးပြုရင်း ဘဝသစ်ဖြင့် ရှင်သန်နေပြီ

ဖြစ်လေသည်။ သူ့အသက်မှာ ငါးဆယ်ခန့်ရှိနေပြီဖြစ်သော်လည်း ဆံပင်ဖြူတစ်ပင်မှပင်မပေါက်သေးဘဲ နုပျိုနေလေသည်။

ချီးစန်းကွမ်းသည် ကျောင်းတော်တံခါးဝမှနေပြီး မြစ်ထဲမှ တံငါသည်များ ငါးဖမ်းနေကြသည်ကို ငေးကြည့်နေလေသည်။ သူသည် သူ့ဘဝကို ကျေနပ်ရောင့်ရဲလျှက်ရှိလေသည်။ ကူရှန်ဝတ်ကျောင်းတော်မှာ သိပ်ပြီး နာမည်ကြီးခြင်းမရှိပါ။ သို့သော် သူက ကျောင်းစောင့်တာဝန်ယူထားပြီးသည့်နောက်ပိုင်း မပျင်းမရိ အလုပ်ကြိုးစားခဲ့လေသည်။ သူက လူအများကြားသွားကာ ဒုက္ခခံနေရသည့်လူများကို တွေ့ရှိလျှင် နတ်မိမယ်ကို သတင်းပို့လေသည်။ နတ်မိမယ်က သူမတတ်နိုင်လျှင် ထိုလူများကို အကူအညီပေးလေ့ရှိလေသည်။ ထိုသို့ကောင်းမှုကုသိုလ်ပြုလုပ်နေရခြင်းက လောင်းကစားဝိုင်းတွင် အနိုင်ရသည်ထက်ပင် ကျေနပ်ပီတိဖြစ်ရသေးသည်။

နတ်မိမယ်ကိုကိုးကွယ်ကြသည့်သူများ လှူဒါန်းသည့်ငွေများကို ချီးစန်းကွမ်းက မြေအချို့ဝယ်ကာ စိုက်ပျိုးမြေအဖြစ် ငှားယမ်းထားလေသည်။ မြေငှားယမ်းအလုပ်လုပ်သူများသည့် မြေငှားယမ်းခကိုတော့ ပုံမှန်ပေးရလေသည်။ သူ့အပေါ် မရိုးမသား မည်သူမှ မလုပ်ရဲကြပေ။ အဘယ်ကြောင့်ဆိုသော် ကူရှန်နတ်မိမယ်က အပြစ်ပေးမည်ကို စိုးရိမ်သောကြောင့် ဖြစ်လေသည်။ မြေငှားယမ်းခရသည့်ငွေဖြင့် သူက ဝတ်ကျောင်းတော်ဝေယျာဝစ္စများနှင့် လိုအပ်သည်များကို လုပ်ဆောင်လေသည်။ လစဉ် လဆန်းတစ်ရက်နှင့် ဆယ့်ငါးရက်နေ့မှလွဲလျှင် ကူရှန်ဝတ်ကျောင်းတော်တွင် သိပ်ပြီး လူစည်ကားခြင်း မရှိပေ။ လူမစည်ကားသည့်အချိန်မျိုးတွင် ဗေဒင်ဆရာများပင် တွက်ချေမကိုက်သည့်အတွက် လာရောက်ဟောပြောခြင်း မရှိကြပေ။

ယနေ့တော့...

ကူရှန်ဝတ်ကျောင်းတော်ဆီသို့ အဖြူရောင်ဝတ်စုံဖြင့် လူငယ်

တစ်ယောက် လျှောက်လာလေသည်။

သူ့လက်ထဲတွင် ယပ်တောင်တစ်ချောင်းကို ကိုင်ထားပြီး

ယပ်တောင်မှာ ဖြန့်ထားခြင်းမရှိပါ။ ယပ်တောင်တွင်

ကျောက်စိမ်းပြားလေးတစ်ခု ချည်နှောင်ထားလေသည်။

ယပ်တောင်တွင် ချိတ်ဆွဲထားသည့် ကျောက်စိမ်းပြားမှာ

တန်ဖိုးကြီးသည့်ပစ္စည်းတစ်ခုဖြစ်ပြီး ယွီကွမ်းမြို့ရှိ ဆိုင်

အနည်းငယ်တွင်သာ ဝယ်ယူ၍ရနိုင်လေသည်။

ထိုလူငယ်နီးကပ်လာသည်နှင့်အမျှ ထိုလူငယ်မှာ တစ်ခုခု

ထူးခြားနေကြောင်း ကျောင်းစောင့်ကြီး ရိပ်မိလိုက်လေသည်။

ယပ်တောင်ကို ကိုင်ထားသည့် လူငယ်၏လက်များသည် အဖြူ

ရောင်ကျောက်စိမ်းသားကဲ့သို့ နုဖတ်ဖြူဖွေးနေလေသည်။

အလွန်လှပသည့် မိန်းမလှလေးတစ်ယောက်၏ လက်များပင်

လျှင် ထိုလူငယ်၏ လက်လောက်လှပနိုင်မည် မဟုတ်ပေ။

သူက ကူရှန်ဝတ်ကျောင်းတော်ရှေ့သို့ ရောက်လာသည့်အခါ တွင်တော့ ယပ်တောင်ကိုဖွင့်ပြီး တဖျတ်ဖျတ်ခတ်လိုက်ပြီး တစ်ချက်ပြုံးလိုက်လေသည်။

ဝတ်ကျောင်းတော်ထဲတွင် ဆုတောင်းဝတ်ပြုနေကြသည့် မိန်းကလေး နှစ်ယောက် သုံးယောက်ခန့်သာရှိလေသည်။ ထို မိန်းကလေးများက လူငယ်ကိုတွေ့သည့်အခါ ရှက်သွေးဖြာ သွားကြသည့်တိုင် ငေးမကြည့်ဘဲ မနေနိုင်ကြပေ။

သူတို့သည် ချောမောသောလူငယ်ကို မျက်စိအကြည့်တစ် ချက်မလွှဲနိုင်ဘဲ ငေးမောမိကြလေတော့သည်။

အခန်း (၂၅၂)

ယင်းစန်းတောင်ခြေ

ထိုလူငယ်က ဝတ်ကျောင်းတော်ရှေ့တွင် အချိန်အကြာကြီး ရပ်နေလေသည်။

သူက ဝတ်ကျောင်းတော်အတွင်းသို့ ဝင်ရောက်ခြင်းမရှိသလို ထွက်ခွာသွားခြင်းလည်း မရှိပါ။

ချီးစန်းကွမ်းမှာ သိချင်စိတ်ကို ထိန်းချုပ်မရတော့ဘဲ ထိုလူငယ်ဆီသို့ လျှောက်သွားပြီး နှုတ်ဆက်စကားဆိုလိုက်လေသည်။

"ဘာများကူညီပေးရမလဲ သခင်လေး"

အဖြူရောင်ဝတ်လူငယ်က သူ၏ယပ်တောင်ကို ပြန်ခေါက်လိုက်ပြီး ယပ်တောင်ကို သူ၏လက်ဖြင့်လှည့်ကာ ဆော့ကစားနေလေသည်။

"ကျုပ် ကူရှန်နတ်မိမယ်နဲ့ တွေ့ချင်လို့ပါ"

လူငယ်က ပြန်ပြောလိုက်လေသည်။

လူငယ်က "တွေ့ချင်လို့ပါ" ဆိုသည့် စကားကို ချီးစန်းကွမ်း

သတိပြုလိုက်မိသည်။ ထိုသူသည် နတ်မိမယ်ကို ဝတ်ပြု

ကိုးကွယ်ရန် ရောက်ရှိလာသူတစ်ဦးမဟုတ်ပေ။

"ကူရှန်နတ်မိမယ်နဲ့တွေ့ချင်တယ်ဆိုရင် ဝတ်ကျောင်းတော်ထဲ

ကို ကြွပါဗျာ"

ချီးစန်းကွမ်းက စကားကို သတိထားပြီးပြောလိုက်သည်။

"ကျုပ်သိချင်တာက ဆန်းလျန် ဒီမှာရှိသလား ဆိုတာပဲ"

လူငယ်က ဝတ်ကျောင်းတော်ဆီသို့ ယပ်တောင်ဖြင့် ညွှန်ပြရင်း

မေးလိုက်သည်။

ထိုမေးခွန်းကို ချီးစန်းကွမ်းသာ ကြားလိုက်ရခြင်းဖြစ်ပြီး

အခြားမည်သူမျှ ကြားလိုက်ရခြင်းမရှိပေ။

ချီးစန်းကွမ်းမှာ ကူရှန်နတ်မိမယ်ကို အလုပ်အကြွေးပြုနေသူ

တစ်ယောက်ဖြစ်လေသည်။ နတ်မိမယ်မှာ အလွန်တရာ

တန်ခိုးကြီးမားခြင်းမရှိသည့်တိုင်အောင် သူ့ကို သာမန်လူများ
နှင့်တော့ အနည်းငယ်ကွဲပြားစေလေသည်။
ထို့ကြောင့် လူငယ်ပြောလိုက်သည့်စကားမှာ သူ
တစ်ယောက်တည်းသာ ကြားနိုင်သည့် စကားဖြစ်ကြောင်း ချီး
စန်းကွမ်းက ခွဲခြားသိမြင်နိုင်လေသည်။ ဝတ်ကျောင်းတော်ထဲ
တွင် ဝတ်ပြုနေကြသည့် အခြားသူများနှင့်မတူဘဲ လူငယ်နှင့်
ချီးစန်းကွမ်းမှာ သီးသန့်နေရာတစ်ခုတွင် ခွဲထွက်နေသကဲ့သို့
ဖြစ်လေသည်။
ထိုအချိန်တွင် ဝတ်ကျောင်းတော်အတွင်းမှ နတ်မိမယ်ရုပ်တုက
မျက်လုံးဖွင့်ကြည့်လိုက်လေသည်။ ထို့နောက် ရုပ်တုအတွင်းမှ
ချောမောလှပသည့် နတ်မိမယ်တစ်ပါး ထွက်ပေါ်လာလေ
သည်။ သူမ၏ပုံသဏ္ဍာန်မှာ ရုပ်တုပုံသဏ္ဍာန်နှင့် တစ်ပုံတည်းဖြစ်
လေသည်။ သူမလက်ထဲတွင် စပါးပင်များကိုင်ထားပြီး သူမ

မျက်ဝန်းများက ကြည်လင်နေလေသည်။ သူမက

ဝတ်ကျောင်းတော်တံခါးဝသို့ရောက်လာလေသည်။

"တာအိုမိတ်ဆွေလေး ၊ ရှင်ရှာနေတဲ့လူက ဒီနေရာမှာ မရှိပါဘူး"

သူမက နူးညံ့စွာဖြင့် ဆိုလိုက်လေသည်။

"သူ ဒီမှာ ရှိကိုရှိရမယ် ၊ သူဘယ်မှာလဲဆိုတာပြောပြရင် မင်း

ဒုက္ခမရောက်စေရဘူး ၊ ဘယ်လိုလဲ"

လူငယ်က ပုံမှန်လေသံဖြင့်ပင်ပြောလိုက်သည်။

နတ်မိမယ်သည် ခဏတာမျှ တိတ်ဆိတ်ငြိမ်သက်သွားပြီးမှ...

"ကျွန်မ မပြောနိုင်ပါဘူး"

အဖြူရောင်ဝတ်လူငယ်သည် ယပ်တောင်ကို ကျစ်ကျစ်ပါ

အောင် စုပ်ထားလိုက်လေသည်။ ထို့နောက်မှ လက်သီးစုပ်ကို

အသာလေးဖြေလျှော့လိုက်သည်။ ထို့နောက် ယပ်တောင်ဖြင့်

နတ်မိမယ်၏ ရင်ဝတည့်တည့်သို့ ပစ်ပေါက်လိုက်လေ

တော့သည်။

ဝတ်ကျောင်းတော်တံခါးဝတွင် ရေတံတိုင်းကြီးတစ်ခုပေါ်လာလေသည်။

ယပ်တောင်မှာ ရေတံတိုင်းနှင့်ထိခိုက်မိသွားပြီး ဝတ်ကျောင်းတော်တစ်ခုလုံး တုန်လှုပ်သွားရလေသည်။ သို့သော်ယပ်တောင်သည် ရေတံတိုင်းကိုကျော်ဖြတ်နိုင်ခြင်းမရှိသလိုနတ်မိမယ်ကိုလည်း ထိခိုက်အောင် လုပ်နိုင်ခြင်းမရှိပါ။

ယပ်တောင်မှာ ပြန်ကန်ထွက်လာပြီး အဖြူရောင်ဝတ်လူငယ်ဆီသို့ ပြန်လည် ဝင်ရောက်လာလေသည်။

လူငယ်က သူ့ထံသို့ အရှိန်ဖြင့်ဝင်ရောက်လာသည့် ယပ်တောင်ကို အသာလေးပင် ပြန်လည်ဖမ်းယူလိုက်သည်။

သူက ဝတ်ကျောင်းတော်ကို စိုက်ကြည့်လိုက်ပြီး...

"ကျုပ်ပြန်လာခဲ့မယ်"

မိုးများရွာသွန်းလာပြီး အဖြူရောင်ဝတ်လူငယ်သည် မိုးရေထဲတွင် ပျောက်ကွယ်သွားလေသည်။

လူငယ်ကို စိုက်ကြည့်နေရကြသည့် ဝတ်ကျောင်းတော်ထဲမှ မိန်းကလေးများမှာ သတိလက်လွတ်ဖြစ်နေလေသည်။ မိုးရွာသည်ကိုပင် သတိထားမိကြခြင်းမရှိပေ။

ချီးစန်းကွမ်းက ချောင်းတစ်ချက်ဟန့်လိုက်တော့မှ သူတို့ သတိပြန်ဝင်လာကြလေသည်။ သူတို့မှာ အဖြူရောင်ဝတ်လူငယ်ကိုလည်း မမှတ်မိကြတော့သလို ဖြစ်ပျက်ခဲ့သည့် အအဖြစ်အပျက်များကိုလည်း မမှတ်မိကြတော့ပေ။ ထို့နောက် သူတို့အားလုံး ထွက်ခွာသွားကြလေသည်။

ချီးစန်းကွမ်းသည် ဝတ်ကျောင်းတော်ထဲသို့ ဝင်လိုက်သည့်အချိန်တွင်တော့ ကူရှန်နတ်မိမယ်ရုပ်တုမှာ အနည်းငယ်အရောင်မှိန်နေသည်ကို သတိပြုလိုက်မိလေသည်။

သာမန်လူတစ်ယောက်သည် နတ်မိမယ်၏ နတ်ဘုရားအလင်းကို မှေးမှိန်အောင် လုပ်နိုင်မည်မဟုတ်ပေ။ ကိုးကွယ်သူများ

ပြားလာလေ နတ်မိမယ်ရုပ်တုက ပိုပြီးတောက်ပလာလေ ဖြစ်လေသည်။

ဝတ်ကျောင်းတော် ကြမ်းခင်မြေကြီးမှာ ရွှံ့များဖြစ်နေပြီး ချီးစန်းကွမ်း၏ခြေထောက်များမှာ ရွှံ့ထဲသို့ နစ်ဝင်သွားလေသည်။

ဝတ်ကျောင်းတော်သည် ယခင်အတိုင်းပင် မပြောင်းမလဲ တည်ရှိနေသည့်တိုင် နတ်မိမယ်ရုပ်တုသည် တစ်ခုခုကို လေးလေးနက်နက်စဉ်းစားနေသည့်အလား မျက်မှောင်အနည်းငယ်ကြုံ့နေလေသည်။

ဝတ်ကျောင်းတော်မှာ နတ်မိမယ်၏ နတ်ဘုရားနယ်မြေဖြစ်သည့်အတွက် သူမ၏ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ဝင်ရောက်နိုင်ခြင်းမရှိပေ။

"စောစောက ရောက်လာတဲ့လူက တန်ခိုးစွမ်းအားမြင့်မားလွန်းတယ်၊ ပြဿနာအကြီးအကျယ်တော့ ဖြစ်တော့မယ်၊ ဒါကြောင့်မင်း ဒီနေရာက ဝေးရာကို ထွက်သွားပါတော့"

နတ်မိမယ်က ချီးစန်းကွမ်းကို စကားပြောလာလေသည်။

"ကျုပ်ဒီမှာနေတာ ဆယ်နှစ်တောင်ကျော်ခဲ့ပြီ ၊ နတ်မိမယ်ကို အလုပ်အကျွေးပြုနေရတာ ကျုပ်ဘဝအဓိပ္ပါယ်ပြည့်စုံတယ်လို့ ခံစားရစေတယ် ၊ ကျုပ်ဘယ်နေရာကိုမှ မသွားချင်ပါဘူး ၊ ဒီမှာနေလို့ ကံဆိုးခြင်းတွေ ရောက်လာမယ်ဆိုရင်တောင် ကျုပ် နောင်တမရပါဘူး"

ချီးစန်းကွမ်းက သူ့ခေါင်းကို ခါယမ်းရင်းပြောလိုက်လေသည်။

"ခုနလူက တကယ်အစွမ်းထက်တယ် ၊ လောကမှာ သူ့ကိုယှဉ်နိုင်မယ့် ကျင့်ကြံသူ သိပ်မရှိဘူး ၊ သူပြန်သွားတာ ကျွန်မကို မနိုင်လို့မဟုတ်ဘူး ၊ ပြဿနာမဖြစ်ချင်သေးလို့"

ကူရှန်နတ်မိမယ်၏ ရုပ်တုတွင် စိုးရိပ်ပူပန်သည့် အမူအရာတစ်ချက် လက်ခနဲ ပေါ်သွားလေသည်။

ယခုနှစ်များအတွင်းတွင် သူမသည် ယခင်ကကဲ့သို့ ရေငန်းသီးပင်လေးတစ်ပင် မဟုတ်တော့ပါ။ နတ်ဘုရားစွမ်းအားများ

က သူမ၏မိစ္ဆာစွမ်းအားများနေရာတွင် အစားထိုးခဲ့ပြီဖြစ်လေသည်။ သူမကို ယုံကြည်ကိုးကွယ်ကြသူများထံမှ အသိဉာဏ်ပညာနှင့် လူ့သဘောသဘာဝများကို ရယူနိုင်ခဲ့ပြီး တည်ငြိမ်သည့် နတ်မိမယ်တစ်ပါးဖြစ်လာခဲ့လေသည်။

အဖြူရောင်ဝတ်လူငယ်မှာ ကျင့်ကြံသူတစ်ယောက်ဖြစ်ကြောင်း ယခုမှ ချီးစန်းကွမ်းနားလည်သွားရလေသည်။

ချီးစန်းကွမ်းက တွေးတောနေရင်းမှ...

"ခုန သူက ဆန်းလျန်ဘယ်မှာလဲ လို့မေးသွားတာ ၊ ဆန်းလျန်ဆိုတာ ဟိုးအရင်တုန်းက လူငယ်တာအိုဆရာလေးကို ပြောတာလား"

"အမှန်ပဲ ၊ လွန်ခဲ့တဲ့ဆယ်ရက်လောက်က သူ ကျွန်မဆီကို ရောက်လာပြီး အကူအညီတောင်းတယ် ၊ သူ့ကြည့်ရတာ အားနာနေသလိုပဲ ၊ ဘယ်သူကများ သူ့လို အစွမ်းထက်တဲ့သူကို ဒီလောက်ဒုက္ခရောက်အောင်လုပ်လိုက်တာလဲလို့ ကျွန်မစဉ်းစား

နေတာ ၊ ဒီနေ့ ဒီအဖြူရောင်ဝတ်လူငယ်ကိုတွေ့ရတော့မှ ဘယ်လောက်ကြောက်စရာကောင်းလဲဆိုတာ သိရတော့တယ်"

ကူရှန်နတ်မိမယ်က ပြန်ပြောလိုက်လေသည်။

"ကျုပ် နတ်မိမယ်ကို ဘာများကူညီပေးရမလဲ"

ချီးစန်းကွမ်းက မေးလိုက်လေသည်။

"သူပြန်လာတာကို စောင့်ရုံပဲ ရှိတော့တာပေါ့"

ကူရှန်နတ်မိမယ်၏စကားကြောင့် ချီးစန်းကွမ်း တိတ်ဆိတ်သွားသည်။

ဆန်းလျန်သာ ပြန်မလာခဲ့လျှင် အခြေအနေမည်သို့ဖြစ်မည်လဲ သူမမေးတော့ပါ။ သူက ဆန်းလျန် မည်သည့်နေရာသို့ ထွက်သွားပြီး မည်သည့်အချိန်တွင် ပြန်လာမည်လဲဆိုသည်ကိုလည်း မမေးတော့ပါ။

ကူရှန်နတ်မိမယ်ရော ၊ သူကိုယ်တိုင်ပါ ဆန်းလျန်၏ ကျေးဇူးမကင်းကြသူများဖြစ်လေသည်။ အလွန်ဆုံးတော့ သူ

တို့၏အသက်ကို ဆန်းလျန်အတွက် ပေးဆပ်လိုက်ကြရုံသာရှိလေသည်။

ကူရှန်နတ်မိမယ်၏ လက်ထဲတွင် အရောင်တောက်ပနေသည့် ပုလဲတစ်လုံးပေါ်လာလေသည်။ ထိုပုလဲမှ အရောင်ရှစ်မျိုး လှည့်ပတ်နေပြီး နတ်ဘုရားအလင်းတန်းများ ဖြာထွက်နေလေသည်။ ထိုနတ်ဘုရားအလင်းတန်းများအောက်တွင် အနက်ရောင်မိစ္ဆာစွမ်းအား အလုံးတစ်ခုကို တွေ့ရလေသည်။ ထိုအရာမှာ ဆန်းလျန် သူမကို ပေးခဲ့သည့်အရာဖြစ်လေသည်။ ထိုအရာကြောင့်ပင် အဖြူရောင်ဝတ်စုံနှင့်လူက ကူရှန်ဝတ်ကျောင်းတော်သို့ ရောက်ရှိလာရခြင်းဖြစ်လေသည်။

ထိုပုလဲလုံးထဲတွင် ဆန်းလျန်၏ တန်ခိုးစွမ်းအားများစွာ ပါဝင်နေပြီး အဖြူရောင်ဝတ်လူ၏ ကျိန်စာစွမ်းအားများလည်း ပါဝင်နေလေသည်။

အဖြူရောင်ဝတ်လူငယ်သည် ဆန်းလျန်ပေးခဲ့သည့် ပုလဲလုံး ကြောင့်သာ ကူရှန်ဝတ်ကျောင်းတော်ကို ခြေရာခံနိုင်ခဲ့ခြင်း ဖြစ် လေသည်။

ထို့ပြင် ဆန်းလျန်က ဝတ်ကျောင်းတော်ထဲတွင် ဓားသင်္ကေတ တစ်ခုကိုလည်း ရေးဆွဲခဲ့လေသည်။ ထိုဓားသင်္ကေတတွင် ဆန်း လျန်၏ ရှိခြင်းမရှိခြင်းဓားဝိညာဉ် စွမ်းအားများ ပါဝင်နေလေ သည်။ ထိုဓားဝိညာဉ်တွင်သတ်ဖြတ်လိုသည့် စွမ်းအားများ ပြင်းထန်နေပြီး အဖြူရောင်ဝတ်လူငယ်သည် ဝတ်ကျောင်း တော်ကို အတင်းကြပ်အန္တရယ်ပြုရန်ကြိုးစားပါက အရံအတား ဖြင့် ချုပ်နှောင်ထားမည်ဖြစ်လေသည်။

သို့သော်...

ဆန်းလျန်မည်သည့်နေရာသို့ ထွက်ခွာသွားသည်ကိုတော့ ကူရှန် နတ်မိမယ် သိရှိနိုင်ခြင်းမရှိခဲ့ပါ။

....

ဝိညာဉ်မြစ်ရေထဲတွင် သေလွန်ပြီးသူများ၏ အစွဲအလန်းများ နှင့် စိတ်ဆန္ဒများ ပါဝင်နေလေသည်။ ထိုမြစ်သည် မိုးနှင့်မြေ တွင် သေခြင်းနှင့်ရှင်ခြင်း ၊ ရှင်ခြင်းနှင့်သေခြင်းတို့ကို ဆက် သွယ်ပေးထားသည့် မြစ်တစ်စင်း ဖြစ်လေသည်။ ထိုမြစ်သည် ရှေးကျပြီး နဂါးငွေ့တန်းမှ ထျန်းဟယ်မြစ်ကဲ့သို့ပင် ထူးဆန်းလှ သည်။

ထို့ပြင် ဝိညာဉ်မြစ်ရေသည် သံသရာလည်ခြင်းနှင့် လူပြန် ဝင်စားခြင်းများအတွက်လည်း အရေးပါသည့် အရာတစ်ခု ဖြစ် လေသည်။

ဆန်းလျန်သည် ဝိညာဉ်မြစ်၏ အဆုံးထိ သွားရောက်ခဲ့ခြင်းမရှိ ပါ။ သူက ယင်းစန်းတောင်သို့သာ သွားလိုခြင်းဖြစ်လေသည်။ ယင်းစန်းတောင်မှာ အလွန်ကြီးမားပြီး အကန့်အသတ်မရှိ မြင့် မားသည့် တောင်ကြီးတစ်တောင်ဖြစ်လေသည်။ ထိုတောင်ကြီး က အသူရာချောက်နှင့် လူ့လောကကို ပိုင်းခြားပေးထားလေ

သည်။ ဝိညာဉ်မြစ်ရေကသာ ထိုယင်းစန်းတောင်ကြီးကို ဖြတ်သန်းစီးဆင်းသွားသည့် တစ်ခုတည်းသော မြစ်တစ်စင်း ဖြစ်လေသည်။

ယင်းစန်းတောင်၏ အခြားဘက်ခြမ်းတွင် ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်းရှိလေသည်။ ထိုဂိုဏ်းသည် လောကတွင် အင်အားအကြီး ဆုံး ဂိုဏ်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ဆန်းလျန်သည် ယင်းစန်းတောင်ခြေတွင် ရောက်ရှိနေလေ သည်။

ယင်းစန်းတောင်သည် အလွန်အေးသည့် နေရာတစ်ခုဖြစ်လေ သည်။ အေးခဲသွားသည့်ရာသီဥတုကဲ့သို့ အေးခြင်းမျိုးမဟုတ် ဘဲ လူတစ်ယောက်၏ စိတ်ဝိညာဉ်ထဲအထိ စိမ့်ပြီးအေးသည့် အအေးဓာတ်မျိုးဖြစ်လေသည်။

ဆန်းလျန်က တောင်ပေါ်သို့ ဖြည်းဖြည်းမှန်မှန်တက်သွားလေ သည်။

ယင်းစန်းတောင်ထိပ်တစ်နေရာတွင် ဝတ်ကျောင်းတော်ကြီး တစ်ခုရှိလေသည်။ ထိုဝတ်ကျောင်းတော်ကြီးမှာ ချင်းရွှမ်နတ်တံခါးကဲ့သို့ပင် ရှေးကျသည့် ဝတ်ကျောင်းတော်တစ်ခုဖြစ်လေသည်။

"မင်ဝမ်ဝတ်ကျောင်းတော်" ပင်ဖြစ်လေသည်။

မင်ဝမ်ဝတ်ကျောင်းတော်သို့ လာရောက်လိုသည့်အတွက် ဆန်းလျန် ယင်းစန်းတောင်သို့ အရောက်လာခဲ့ရခြင်းဖြစ်လေသည်။

ယန်ရှီးကို ရင်ဆိုင်ရခက်နေသည်မှာ ယန်ရှီး၏ တန်ခိုးစွမ်းအားကြီးမားလွန်းသောကြောင့် မဟုတ်ပေ။ သူက ချင်းရွှမ်နတ်တံခါးအကြောင်း အသေးအစိတ်ပါမကျန် အကုန်သိနေသောကြောင့် ဖြစ်လေသည်။ ယန်ရှီးမှာ ချင်းရွှမ်မှ ဆင်းသက်လာသည့် တပည့်အစစ်အမှန်တစ်ဦးဖြစ်လေသည်။ ထို့ကြောင့် ချင်းရွှမ်မှ ကျင့်စဉ်များဖြင့် ယန်ရှီးကို နှိမ်နင်းနိုင်ရန်မှာ မဖြစ်နိုင်တော့ပေ။

ထို့ပြင် ယန်ရှီး၏ ပကတိဖန်ဆင်းခြင်းပညာကို တာအိုကျင့်စဉ်များဖြင့် တွန်းလှန်နိုင်ရန်မှာ ခဲယဉ်းလေသည်။

ထို့ကြောင့် ဆန်းလျန်က အခြားနည်းလမ်းတစ်ခုကို ကြိုးစားကြည့်ချင်မိသည်။

သူက မင်ဝမ်ဝတ်ကျောင်းတော်မှ ဟော့ခဲ့ဆရာတော်နှင့် ခင်မင်ခဲ့သူဖြစ်သည့်အတွက် ယန်ရှီးကို ရင်ဆိုင်ရန်အတွက် ဟော့ခဲ့ဆရာတော်ထံမှ အကြံဉာဏ်ရယူရန် ရောက်လာခဲ့ခြင်းဖြစ်လေသည်။

ဆန်းလျန်ရင်ထဲတွင် အချိန်ကာလကြာမြင့်စွာ သိချင်နေသည့် မေးခွန်းတစ်ခုရှိလေသည်။

ထိုမေးခွန်းမှာ "ပကတိဖန်ဆင်းခြင်းပညာ" ကို ယန်ရှီးသည် မည်သည့်နေရာမှ ရရှိခဲ့သလဲ ဆိုသည့် မေးခွန်းပင် ဖြစ်လေသည်။ ထို မိစ္ဆာကျင့်စဉ်၏ ဇစ်မြစ်ကို မင်ဝမ်ဝတ်ကျောင်း

တော်မှ သိရှိနိုင်မည်လားဟူ၍လည်း မျှော်လင့်ထားခဲ့မိလေ
သည်။

အခန်း (၂၅၃)

ယင်းစန်းတောင်ထိပ်

ယင်းစန်းတောင်ပတ်ဝန်းကျင်မှ ကောင်းကင်တစ်ခုလုံးသည် မှုန်မှိုင်းလျှက်ရှိလေသည်။ အလွှာတစ်ခုဖြင့် ကောင်းကင်ကို ဖုံးအုပ်ထားသကဲ့သို့ဖြစ်နေပြီး နေ ၊ လနှင့် ကြယ်တာရာများကို မြင်တွေ့ရခြင်းမရှိပေ။

မြေပြင်မှာလည်း အေးစက်ပြီး ခြောက်သွေ့နေလေသည်။

ဆန်းလျန်မှာ ပတ်ဝန်းကျင်ကို ကောင်းစွာမြင်တွေ့ရခြင်းမရှိ တော့ပေ။

ဆန်းလျန်က သူ၏မျက်လုံးများကို လက်ဖြင့်တစ်ချက်ပွတ် လိုက်သည့်အခါတွင်တော့ သူ၏မျက်ဝန်းများမှာ ရွှေရောင် တောက်ပလာလေသည်။ တန်ခိုးစွမ်းအားမျက်လုံးများကို အသုံးပြုလိုက်ခြင်းဖြစ်လေသည်။ ယခုတော့ တောင်ခါးပန်း တွင် တည်ရှိနေသည့် ယင်စွမ်းအားများကိုပင် တွေ့မြင်နိုင်ပြီ ဖြစ်သည်။

အဝေးတစ်နေရာတွင် မြူခိုးများရစ်သိုင်းနေသည့် နေရာတစ်ခု

ကို တွေ့ရလေသည်။

မြင့်မြတ်သည့် ဗုဒ္ဓဘာသာကျောင်းတော်တစ်ခုဖြစ်သည့် မင်

ဝမ်ဝတ်ကျောင်းတော်သည် ထိုမြူခိုးများနောက်ကွယ်တွင်ရှိ

ကြောင်း ဆန်းလျန်သိထားလေသည်။

လွန်ခဲ့သည့်နှစ်ဝက်ခန့်က မင်ဝမ်ဝတ်ကျောင်းတော်မှ တန်ခိုး

ရှင်တစ်ပါးသည် လောကကိုကျော်လွန်သွားပြီး ကျင့်စဉ်

လမ်းခရီးဆုံးတိုင်လျှောက်လှမ်းနိုင်ခဲ့သည်ကို လောကတစ်ခွင်

မှ မြင်တွေ့ခဲ့ရလေသည်။ ဆန်းလျန်လည်း ချင်းရှမ်နတ်တံခါး

တွင် ယန့်ပုကွေး၏ဟိုင်သန်းအဆင့်တက်ရောက်ခြင်း အောင်ပွဲ

အခမ်းအနား ပြုလုပ်ပေးနေရင်း ထိုမြင်ကွင်းကို မြင်တွေ့ခဲ့ရ

လေသည်။

ဆန်းလျန်သည် ခြေလှမ်းမှန်မှန်ဖြင့်ပင် သွားနေလေသည်။

ယင်းစန်းတောင်မှာ ထူးခြားဆန်းကျယ်သည့် တောင်တစ်တောင်ဖြစ်ပြီး မင်ဝမ်ဝတ်ကျောင်းတော်ကလည်း ထိုဒေသတစ်ဝိုက်တွင် လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားခြင်းမျိုးမရှိခဲ့ပါ။ ယင်းစန်းတောင်၏ နက်ရှိုင်းသည့်နေရာတစ်နေရာတွင် နောက်ထပ် ဗုဒ္ဓဘာသာ ကျောင်းတော်တစ်ခုရှိနေသေးသည်။ သို့သော် ထိုကျောင်းတော်၏တည်နေရာနှင့် ကျောင်းတော်အမည်ကို မည်သူမျှ သိရှိခဲ့ခြင်းမရှိပါ။ မည်သည့် တန်ခိုးရှင်များ ထိုကျောင်းတော်တွင် နေထိုင်သလဲဆိုသည်ကိုလည်း သိရှိရခြင်းမရှိပါ။

ထိုစဉ် …

အဝေးတစ်နေရာမှ ကောင်းကင်တွင်ပြောင်းလဲမှုတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

လူဆယ့်သုံးယောက်ပါဝင်သည့် စစ်သည်တော်အုပ်စုတစ်စုသည် ဆန်းလျန်ရှိရာသို့ ပျံသန်းလာခြင်းဖြစ်လေသည်။ သူတို့

အားလုံးမှာ မြင်းနက်ကြီးများကို စီးထားကြပြီး သူတို့၏

သံချပ်ကာများတွင် သွေးများ စွန်းထင်းနေကြသည်။ လမ်း

တစ်လျှောက်လုံးတွင် မြင်မြင်သမျှ သက်ရှိသတ္တဝါများကို

သတ်ဖြတ်ခဲ့ကြသည်မှာ ထင်ရှားနေလေသည်။

မြင်းစီးသမားများ၏ သံချပ်ကာများတွင်လည်း ရှုတ်ထွေး

သည့် သင်္ကေတများ ရေးသားထားလေသည်။

ထို နတ်ဆိုးစစ်သည်များ၏ပုံစံမှာ လူသေများကဲ့သို့ဖြစ်ပြီး သူ

တို့ဆီမှ ဒေါသတရား ၊ မုန်းတီးမှုတရားများနှင့် မိစ္ဆာစွမ်းအား

များ၏ စိမ့်ထွက်နေကြလေသည်။ သေခြင်းတရားကို

ကိုယ်စားပြုနေသည့်အလားပင်ဖြစ်လေသည်။

မင်ဝမ်ဝတ်ကျောင်းတော်သည် သိပ်မဝေးတော့ပေ။

ဝိညာဉ်မြစ်ကမ်းမှ နတ်ဆိုးစစ်သည်များသည် အဘယ့်ကြောင့်

ဤနေရာသို့ ရောက်ရှိနေရပါသနည်း။ မင်ဝမ်ဝတ်ကျောင်း

တော် အမျက်ရှမည်ကို အဘယ်ကြောင့် မကြောက်ကြပါနည်း။

မင်ဝမ်ဝတ်ကျောင်းတော်သာ အမျက်ရှလျှင် နောက်ဆက်တွဲ
ဆိုးကျိုးများလည်း ဖြစ်ပေါ်လာမည်ဖြစ်လေသည်။
နတ်ဆိုးစစ်သည်များ တဖြည်းဖြည်းနီးကပ်လာပြီး ဆန်းလျန်
မှာ သိပ်အများကြီး စဉ်းစားနေရန် အချိန်မရှိတော့ပြီ။
အသွေးနှင့်အသားနှင့် တည်ဆောက်ထားသည့် သက်ရှိမှန်သမျှ
ကို သူတို့က သတ်ဖြတ်ပစ်မည်ဖြစ်လေသည်။ သူတို့ကို ရှင်းပြ
ညှိနှိုင်းနေ၍ရမည်မဟုတ်ပေ။
ဆန်းလျန်သည် ချက်ချင်းပင် သူ၏လက်ဖဝါးများကို ဖြန့်
လိုက်ပြီး မီးတောက်များ ဖန်ဆင်းလိုက်လေသည်။ အနီရောင်
မီးတောက်များထွက်ပေါ်လာပြီး ထိုမီးတောက်များက လေထဲ
သို့ ပျံသန်းသွားလေသည်။ လုံရှည်များကို ကိုင်ထားသည့်
နတ်ဆိုးစစ်သည်များအားလုံးမှာ မီးလောင်ကျွမ်းသွားပြီး
တစ်ခါတည်း အမှုန့်ဖြစ်သွားလေသည်။ ကောင်းကင်ထက်တွင်
နတ်ဆိုးစစ်သည်များဝတ်ဆင်လာကြသည့် သံချပ်ကာများနှင့်

လုံတံများမှာ စွမ်းအားများကြောင့် တုန်ခါနေပြီး မြေပြင်ပေါ်သို့ ပြုတ်ကျလာကြလေသည်။

ဆန်းလျန်က ထိုအရာများကို ကြည့်မနေတော့ပါ။

ယင်းစန်းတောင်ပေါ်တွင် ဝိညာဉ်မြစ်ကမ်းမှ နတ်ဆိုးစစ်သည်များကို မြင်တွေ့ရသည်မှာ ထူးဆန်းလွန်းလှလေသည်။

သို့သော် ဆန်းလျန် သိပ်ပြီးခေါင်းစားမခံတော့ပါ။ ဟွမ်ချွမ် နတ်ဆိုးဂိုဏ်းမှာလည်း လျှို့ဝှက်ချက်များနှင့် ပြည့်နေသည့် ဂိုဏ်းတစ်ခုဖြစ်လေသည်။

ဆန်းလျန်သည် တောင်ပေါ်သို့ ဆက်လက်တက်လာပြီး ပတ်ဝန်းကျင်ကလည်း ပိုမိုမှောင်မိုင်းလာလေသည်။

ယင်းစန်းတောင်တွင် သစ်ပင်များစွာ ပေါက်ရောက်ခြင်းမရှိပါ။

သို့သော် ယင်းစန်းတောင်တွင် ရှင်သန်နိုင်သည့် သစ်ပင်မှာလည်း အလွန်အဖိုးတန်သည့် သစ်ပင်မျိုးသာလျှင်ဖြစ်လေ

သည်။ ဆန်းလျန်ကတော့ ထူးခြားသည့်သစ်ပင်များကို ယခုထိ တွေ့ရှိရခြင်း မရှိသေးပေ။

ယင်းစန်းတောင်မှ ကျောက်တုံးများကတော့ အသုံးဝင်သည့် ကျောက်တုံးများဖြစ်လေသည်။ ယင်စွမ်းအားပြင်းထန်သည့် နေရာတွင် ရှိနေသည့် ကျောက်တုံးများဖြစ်သည့်အတွက် နေ့ရာသီတွင် အေးမြမှုကို ရရှိစေနိုင်လေသည်။ သို့သော် ကြာရှည်စွာ လူနှင့်ထိတွေ့ပါက ဖျားနာမှုကို ဖြစ်စေနိုင်လေ သည်။

သို့သော် ယင်းစန်းတောင်မှ ကျောက်တုံးများမှာ မာကျောလွန်း လှသည့်အတွက် ထိုကျောက်တုံးများကို ခွာပြီးယူသွားရန်မှာ မလွယ်ကူလှပေ။

ထိုအချိန်မှာပင် တောင်ပေါ်မှ ပြုတ်ကျနေသည့် ကျောက်တုံး ကြီးတစ်တုံးကို ဆန်းလျန်တွေ့ရလေသည်။ တစ်စုံတစ်ယောက် က တန်ခိုးစွမ်းအားအသုံးပြုကာ ရိုက်ချထားခဲ့ပုံရလေသည်။

ဆန်းလျန်က ထိုကျောက်တုံးကြီးကို လက်ဝါးဖြင့်ရိုက်ကြည့်

လိုက်ရာ အက်ကြောင်းသေးသေးလေးတစ်ကြောင်းမျှသာ

ပေါ်လာလေသည်။

ယင်းစန်းတောင်မှ ကျောက်တုံးများ၏ မာကျောမှုမှာ

သူ၏တန်ခိုးစွမ်းအားကိုပင် အံ့တုနိုင်လေသည်။ ကျောက်တုံး

များမှာ သံမဏိအလားပင်ဖြစ်လေသည်။

တောင်ထိပ်နှင့် နီးကပ်လာလေလေ အပျက်အစီးများစွာကိုတွေ့

ရလေဖြစ်လေသည်။ ပြင်းထန်သည့် တိုက်ပွဲတစ်ခု ဖြစ်ခဲ့သည့်

လက္ခဏာပင်ဖြစ်လေသည်။

တိုက်ပွဲ၏ နောက်ဆက်တွဲ ဖြစ်ရပ်ကြောင့် ပတ်ဝန်းကျင်လေထု

ထဲတွင် စွမ်းအားများ တုန်ခါနေဆဲ ဖြစ်လေသည်။

ဤနေရာတွင် မည်သည့်အရာများဖြစ်ပျက်ခဲ့ပြီလဲ။ ဆန်းလျန်

သိချင်နေမိလေသည်။

ဆန်းလျန်သည် မြူခိုးများအလွန်ထူထပ်နေသည့် နေရာသို့ ရောက်လာခဲ့ပြီဖြစ်လေသည်။ ဆန်းလျန်သည် သတိထားပြီး မြူခိုးများအတွင်းသို့ ဝင်ရောက်လိုက်လေသည်။

ဆန်းလျန် မြူခိုးများအတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် မိုးခြိမ်းသံထက်ပင် ကျယ်လောင်သည့် အသံကြီးတစ်သံကို ကြားလိုက်ရလေသည်။

ရုတ်တရက်ပင် အန္တရယ်အငွေ့အသက်များထွက်ပေါ်လာလေ သည်။

နွားခေါင်းနှင့် လူခန္ဓာကိုယ်ရှိသည့် နတ်မိစ္ဆာတစ်ကောင်ပေါ်လာ လေသည်။ သူက လက်ထဲမှ သံမဏိခက်ရင်းခွကြီးဖြင့် ဆန်း လျန်ကို ထိုးစိုက်လိုက်လေသည်။

သံမဏိခက်ရင်းခွကြီးမှာ အလွန်ပင် ချွန်ထက်လေသည်။ လေ ကိုထိုးခွင်းသွားသည့်အသံမှာလည်း အလွန်ပင် လျှင်မြန်လှ သည်။

ဆန်းလျန်က သူ၏စိတ်အာရုံကို စုစည်းလိုက်ပြီး သူ့ရင်ဝသို့ သံမဏိခက်ရင်းခွကြီး ထိုးစိုက်သည်ကို ခုခံခြင်းမရှိဘဲ ငြိမ်ခံလိုက်လေသည်။

နွားဦးခေါင်းနှင့် လူခန္ဓာကိုယ်ရှိသည့် နတ်မိစ္ဆာကြီးမှာ ပျောက်ကွယ်သွားလေသည်။ ထိုမိစ္ဆာကြီးမှာ စိတ်ကိုစစ်ဆေးသည့် ပုံရိပ်ယောင်မျှသာဖြစ်လသည်။

ဆန်းလျန် ရှေ့သို့အနည်းငယ် ဆက်သွားလိုက်သည့်အခါတွင်တော့ သူ့ရှေ့တွင် ပိတ်စို့ထားသည့် တောင်တစ်တောင်ကို တွေ့ရလေသည်။ တောင်တစ်ခုလုံးမှာ မိုးပေါ်သို့ထောင်ထားသည့် ဓားသွားများနှင့်ပြည့်နေလေသည်။

ဓားသွားများမှာ စောစောက ရင်ဆိုင်ခဲ့ရသည့် သံမဏိခက်ရင်းခွထက်ပင် ထက်ရှနေသေးသည်။

ထိုကဲ့သို့သော ဓားတောင်မျိုးကို မည်သူမျှ လမ်းလျှောက်ပြီး ဖြတ်ကျော်သွားမည်မဟုတ်ပေ။ ကျင့်ကြံသူများဆိုလျှင် ပျံသန်းပြီး ဖြတ်ကျော်သွားကြမည်ဖြစ်လေသည်။

ဆန်းလျန်က စက္ကူကြိုးကြာရုပ်တစ်ရုပ်ကို ထုတ်ယူကာ လေထဲသို့ ပစ်လွှတ်လိုက်လေသည်။ စက္ကူကြိုးကြာသည် တကယ့်ကြိုးကြာဖြူတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားပြီး ဓားတောင်ကို တုန့်ဆိုင်း တုန့်ဆိုင်းဖြင့် ဖြတ်သန်းသွားလေသည်။

သို့သော် လမ်းတစ်ဝက်တွင် ရုတ်တရက် ပြုတ်ကျသွားလေသည်။

ဆန်းလျန်သည် ထိုဓားတောင်တွင် မည်သည့်လှည့်စားမှုများရှိနေသည်ကို မခန့်မှန်းနိုင်တော့။

သူသည် အတန်ကြာအောင် စဉ်းစားနေမိလေသည်။

နောက်ဆုံးတော့ သူက ဓားတောင်ထက်သို့ လှမ်းတက်သွား

လိုက်လေတော့သည်။ ဓားသွားများသည့် သူ၏အရေခွံအပေါ်

လွှာကို ထိုးခွဲပြီး စူးရှသည့် နာကျင်မှုကို ခံစားရလေသည်။

ခြေတစ်လှမ်းလှမ်းလိုက်တိုက် အသားများ ပြတ်ရှကာ သွေး

များစိုရွှဲကုန်လေသည်။

ထို့ပြင် ဓားများက တည်ငြိမ်ခြင်းမရှိပါ။ အသားတွင်းသို့ထိုး

စိုက်ရုံသာမက အသားထဲထိပါ ထိုးဖောက်မွှေနှောက်နေလေရာ

အသားများပဲ့ထွက်ပြီး အရိုးများကိုပင် မြင်နေရပြီဖြစ်လေ

သည်။

ဆန်းလျန်က အေးချမ်းတည်ငြိမ်နေဆဲဖြစ်လေသည်။

အလွန်အမင်းနာကျင်သည့်ဝေဒနာက သူ့ကို စိတ်

အနှောင့်အယှက်မဖြစ်စေပါ။

ဆန်းလျန်သည် တဖြည်းဖြည်းနှင့် ဓားတောင်ထိပ်သို့ရောက်သွားလေသည်။ ထိုအခါ ဓားများသည် မြေကြီးထဲသို့ ပြန်လည်ဝင်ရောက်သွားကြလေသည်။

ဆန်းလျန်၏ ဒဏ်ရာများလည်း ချက်ချင်းပင် ပြန်လည်ပျောက်ကင်းသွားကြပြီး အနာရွတ်ပါးပါးလေးများသာ ထင်ကျန်ရစ်တော့သည်။ ထိုအနာရွတ်များက အလွန်အမင်းနာကျင်မှုကို ခံစားခဲ့ရသည့် သက်သေဖြစ်လေသည်။

ဓားတောင်ကိုဖြတ်ပြီး မီးပင်လယ်ကို ကျော်ရဦးမည်လားဟု ဆန်းလျန်တွေးနေမိသည်။

စောစောက သူခံစားခဲ့ရသည့် နာကျင်မှုများမှာ အစစ်အမှန်ဖြစ်သည့်တိုင် ဒဏ်ရာကတော့ မထင်ကျန်ခဲ့ပေ။

သို့သော် ထိုကဲ့သို့သောနာကျင်မှုကို လူသားများခံစားရပါက တစ်ချက်တည်းဖြင့် အသက်ပျောက်သွားမည် ဖြစ်လေသည်။

ရှေ့သို့အနည်းငယ်ဆက်သွားပြီးသည့်နောက် ဆန်းလျန်ကို စောင့်ကြိုနေသည့်အရာမှာ မီးပင်လယ်တော့ မဟုတ်ခဲ့ပါ။ ရွှေရောင်လမ်းလေး တစ်လမ်း ဖြစ်လေသည်။ ထူးဆန်းသော ရနံ့တစ်မျိုးထွက်ပေါ်နေသည့် အမည်အသိအပင်များက ရွှေရောင်လမ်းလေး၏ ဘေးတစ်ဖက် တစ်ချက်စီတွင် ပေါက်ရောက်နေကြလေသည်။

ဆန်းလျန်က ရွှေရောင်လမ်းလေးအတိုင်း လမ်းလျှောက်သွား လိုက်ရင်း သစ်ပင်များကို သတိထားလိုက်မိသည်။ သစ်ပင် များမှ သစ်ရွက်လေးများမှာ အလွန်သေးငယ်ပြီး သစ်ပင်၏ပင်စည်မှာ ကြက်ပေါင်စေးကဲ့သို့ အလွှာတစ်ခုဖြင့် ကာရံထားလေသည်။ ထူးဆန်းသည့်ရနံ့မှာ ပင်စည်မှ ထွက်နေ ခြင်းဖြစ်လေသည်။

ထူးဆန်းသည့်ရနံ့မှာ စိတ်ကိုကြည်နူးစေပြီး မက်မွန်ပန်းရနံ့ ထက်ပင် မွှေးပျံ့နေသေးသည်။

ဆားတောင်တွင်နာကျင်ခံစားခဲ့ရသမျှ ယခုတော့ ကောင်းကင်ဘုံရောက်နေသည့်အလား ခံစားရလေသည်။ ထူးဆန်းသည့် ရနံ့များက နာကျင်မှုများကို သက်သာသွားစေသည်။ သူ့ခြေဖဝါးအောက်မှ ယုန်ခွဲချမ်ဆုံချက်တည်ရှိရာနေရာသို့ ရွှေရောင်လမ်းလေးမှ ဝိညာဉ်စွမ်းအားများ စိမ့်ဝင်လာလေသည်။

ဆန်းလျန်မှာ ပြန်လည်လန်းဆန်းလာသလို ခံစားလိုက်ရလေတော့သည်။

အခန်း (၂၅၄)

နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်

ပြင်းထန်စွာနာကျင်ပြီးမှ ခံစားရသည့် စိတ်ကြည်နူးမှုမှာ လူကို ပေါ့ပါးသွားစေလေသည်။ ဆန်းလျန်မှာ ပျော်ရွှင်နေလေသည်။ ရွှေရောင်လမ်းလေးမှ ဝိညာဉ်စွမ်းအားများကြောင့် ဆန်းလျန်မှာ သူ့ကိုယ်သူ နတ်ဘုရားတစ်ပါးအဖြစ်ပြောင်းလဲသွားသည့် အလား ခံစားနေရလေသည်။
ပြီးပြည့်စုံခြင်းနှင့် လွတ်မြောက်ခြင်းကို အဆုံးစွန်ထိ ခံစားနေရလေသည်။ ကျင့်စဉ်လမ်းပြီးဆုံးသည့်အဆင့်ရောက်ရှိကာ နတ်ဘုရားတစ်ပါးဖြစ်ရခြင်းလောက် မည်သည့်အရာက ပျော်ရွှင်စရာကောင်းနိုင်ပါမည်နည်း။
ထိုအချိန်မှာပင် မိုးကောင်းကင်တေးသွားလေးကလည်း လေထဲတွင် ပျံ့လွင့်လာလေသည်။ ရွှေရောင်လမ်း၏ ဘေး တစ်ဖက်တစ်ချက်ဆီမှ သစ်ပင်များမှ ရွှေရောင်ပန်းများက ပွင့်လန်းလာလေသည်။ ပန်းလေးများမှာ ပင်လယ်ထဲတွင် မျော နေသကဲ့သို့ လေထဲတွင် လွင့်မျောနေကြလေသည်။ မိန်းမလှ

လေးများက ဆန်းလျှန်ကို လက်ဝှေ့ယမ်းပြနေသည့်အလား

လှုပလွန်းလေသည်။

အရားအားလုံးက အဆင်ပြေနေဆဲမှာပင်....

ရုတ်တရက်....

ရွှေရောင်ပန်းပွင့်လေးများကို မီးများလောင်ကျွမ်းသွားလေ

သည်။

ရွှေရောင်လမ်းလေး၏ဘေးတစ်ဖက်တစ်ချက်ဆီမှ သစ်ပင်

များအားလုံးကိုလည်း မီးလောင်ကျွမ်းသွားလေသည်။

မိုးကောင်းကင်တေးသွားမှာ ဘီလူးဆိုင်းသံအလား ကြမ်းတမ်း

သည့် မုံသံအဖြစ်ပြောင်းလဲသွားပြီး မုံသံကြမ်းလေ မီးများပိုမို

လောင်ကျွမ်းလာလေဖြစ်လေသည်။

ဆန်းလျှန်၏ပတ်ဝန်းကျင်တစ်ခုလုံးတွင် မီးများ အရှိန်အဟုန်

ပြင်းစွာဖြင့် လောင်မြိုက်နေလေတော့သည်။

မီးညွန့်များက ဆန်းလျန်၏ တာအိုဝတ်ရုံကို လာရောက်လောင်မြိုက်ကြလေသည်။

ထို့နောက် ဆံပင်များ ၊ မျက်ခုံးမွေးများ နှင့် အသွေးအသားများအားလုံးကိုပင် လောင်မြိုက်ကုန်တော့သည်။ ထူးခြားမွှေးပျံ့သည့်ရနံ့လေးမှာ ပျောက်ကွယ်သွားပြီး အသားများတူးခြစ်သည့် ညှော်နံ့များ ထွက်လာလေသည်။

သို့သော်.... ဆန်းလျန်ကတော့ အပြုံးမပျက်ပါ။ သူက လမ်းလေးအတိုင်း တည်ငြိမ်သည့်ခြေလှမ်းများဖြင့် ဆက်လျှောက်သွားလေသည်။

အဆုံးမရှိသည့် မီးပင်လယ်ထဲတွင် သူက ယုံကြည်မှုရှိရှိဖြင့် လျှောက်လှမ်းနေလေသည်။

နောက်ဆုံးတွင်တော့ အနက်ရောင်အလင်းတန်းတစ်ခုပေါ်လာပြီး မိုးများရွာချလာလေသည်။ ခဏအတွင်းမှာပင် မီးပင်လယ်တစ်ခုလုံးမှ မီးများငြိမ်းသွားရလေသည်။

မီးနှင့်ရေ ပေါင်းစပ်ပြီး တိုက်စားမှုကြောင့် ဆန်းလျန်၏

အသားအရေမှာ ယခင်ကထက်ပင် ဖြူစင်လှပလာလေသည်။

ရေကမီးကိုထိန်းချုပ်လိုက်သည့်နောက်ပိုင်း ပတ်ဝန်းကျင်တွင်

မီးစွမ်းအားများ ကျန်ရစ်ခဲ့လေသည်။ ထိုစွမ်းအားများကို ဆန်း

လျန်က စုပ်ယူပြီး သူ၏တန်ခိုးစွမ်းအားကို ဖြည့်ဆည်းလိုက်

သည်။

အရှေ့ဆီတွင် မြူခိုးများက ကာဆီးထားဆဲဖြစ်လေသည်။

ရုတ်တရက်... မြူခိုးငွေ့များ ပို၍သိပ်သည်းစွာကျလာပြီး

ကောင်းကင်ထက်တွင် လျှပ်စီးတစ်ချက်လက်သွားလေသည်။

ထိုလျှပ်စီးမှာ ဓားဝိညာဉ်တစ်ခုဖြစ်လေသည်။ ယင်စွမ်းအား

များ ပြင်းထန်စွာပါဝင်ပြီး အလွန်ကြောက်စရာကောင်းသည့်

ဓားဝိညာဉ် ဖြစ်လေသည်။ ဓားဝိညာဉ်မှာ ကျောက်စိမ်းသား

ကဲ့သို့မာကျောပြီး ရေကဲ့သို့ ကြည်လင်နေလေသည်။

ထိုဓားဝိညာဉ်သည် ဆန်းလျန်ဆီသို့ အရှိန်ဖြင့် ဝင်ရောက်လာလေသည်။

ဓားဝိညာဉ်မှာ အလွန်အမင်းထက်ရှနေပြီး သတ်ဖြတ်လိုသည့် အငွေ့အသက်များလည်း ပြင်းထန်နေလေသည်။ ဓားဝိညာဉ်က ဆန်းလျန်နှင့် တဖြည်းဖြည်းနီးကပ်လာလေသည်။ ထိုဓားဝိညာဉ်မှာ ဓားတောင်နှင့် မီးပင်လယ်များကဲ့သို့ ပုံရိပ်ယောင်မဟုတ်ဘဲ ဓားဝိညာဉ်အစစ်တစ်ခုဖြစ်လေသည်။ ထိုဓားဝိညာဉ်ဖြင့်သာ တိုက်ခိုက်ခံရပါက ဒဏ်ရာပြင်းထန်စွာရမည်မှာ မလွဲဧကန်ပင်။

ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ထက်ပင် ကြောက်စရာကောင်းနေသေးသည်။

ယင်စွမ်းအားများဖြင့် ဖွဲ့စည်းထားသည့်ဓားဝိညာဉ်သည် မိုးကောင်းကင်မှ နတ်ဘုရားများအားလုံးကို နတ်သက်ခြွေနိုင်စွမ်းရှိလေသည်။

ဆန်းလျန်သည် သူ့နေရာတွင် ရပ်မြဲရပ်နေလေသည်။
သူ၏ဦးခေါင်းထက်တွင် နဂါးငွေ့တန်းပုံရိပ်တစ်ခု ဖြစ်တည်လာလေသည်။ ဆန်းလျန်က ဝိညာဉ်စွမ်းအားကိုအသုံးပြုကာ နဂါးငွေ့တန်းဓားသိုင်းနှင့် နတ်သက်ခြေဓားသိုင်းကို ပေါင်းစပ်ပြီး ဖန်ဆင်းလိုက်ခြင်းဖြစ်လေသည်။
ဆန်းလျန်ဖန်ဆင်းထားသည့် နဂါးငွေ့တန်းသည် ဓားဝိညာဉ်ဖြင့် ရိုက်ခတ်သွားလေသည်။ နဂါးငွေ့တန်း၏မူလမှာ မပျက်စီးနိုင်သည့် ကောင်းကင်မြစ်တစ်စင်းဖြစ်လေသည်။ သို့သော် ဆန်းလျန်ဖန်ဆင်းထားသည့် နဂါးငွေ့တန်းသည် ဓားဝိညာဉ်ဖြင့် ထိခတ်မိသည်နှင့် အပိုင်းပိုင်း အစစ ပျက်စီးသွားလေသည်။
နဂါးငွေ့တန်းမှာ ဆန်းလျန်၏ ဝိညာဉ်စွမ်းအားဖြင့် ဖန်ဆင်းထားခြင်းဖြစ်သည့်အတွက် တည်ငြိမ်သည့် အရံအတား တစ်ခုဖြစ်လေသည်။ သို့သော် ယခုတော့ ဆန်းလျန်၏ဝိညာဉ်

စွမ်းအားများမှာ တစ်စစီပိုင်းဖြတ်ခံလိုက်ရလေပြီ။ ထို့ပြင် ဓား ဝိညာဉ်သည် သူ၏ဝိညာဉ်အတွင်းသို့ပင် ဝင်ရောက်လာလေ သည်။

သို့သော် နဂါးငွေ့တန်းဓားသိုင်းမှာ ဟန်ပြကာကွယ်သည့် အရံအတားသာဖြစ်ပြီး ဓားဝိညာဉ်ကို တကယ်တမ်းတိုက်ခိုက် လိုက်သည်က ဆန်းလျန်၏ ဝိညာဉ်တစ်နေရာတွင် ပုန်းအောင်း နေသည့် ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ပင်ဖြစ်လေ သည်။

သို့သော် ဓားဝိညာဉ်မှာ ဆန်းလျန်၏ ဝိညာဉ်အတွင်းသို့ စီး ဆင်းဝင်ရောက်လာသည်နှင့် "စိတ်အာရုံများကိုထိန်းချုပ်နိုင် ခြင်း" စာအုပ်မှ ဆန်းလျန်ပုံဖော်လေ့ရှိသည့် နတ်ဘုရားပုံရိပ် သည် ဆန်းလျန်၏နှလုံးသားထဲမှ ပေါ်ထွက်လာလေသည်။ဓား ဝိညာဉ်က ဆန်းလျန်၏ နှလုံးသားကို ထိုးစိုက်ချလိုက်သည့် အခါတွင်တော့ ထိုနတ်ဘုရားပုံမှာ မာကျောသွားပြီး ဆန်းလျ

န်၏နှလုံးသားကို ကာကွယ်ပေးထားကာ ဓားဝိညာဉ်ကို စုပ်ယူလိုက်လေသည်။ သို့သော် ထိုနတ်ဘုရားသည် အစစ်အမှန်မဟုတ်ပေ။

ဝိညာဉ်လောကထဲမှ ပြင်ပကမ္ဘာသို့ ဆန်းလျှန် ပြန်လည်ရောက်ရှိလာလေသည်။

သို့သော်....

သူ့မျက်စိရှေ့တွင် မြင်တွေ့လိုက်ရသည့် မင်ဝမ်ဝတ်ကျောင်းတော်၏မြင်ကွင်းကြောင့် များစွာတုန်လှုပ်သွားရလေသည်။ ရှေးဟောင်းကျောင်းတော်ကြီးမှာ ဓားချက်တစ်ချက်ဖြင့် ခုတ်ပိုင်းခံထားရပြီး နှစ်ခြမ်းကွဲထွက်နေလေသည်။ "မင်ဝမ်ဝတ်ကျောင်းတော်" ဆိုသည့်ဆိုင်းဘုတ်မှာ အရောင်မှိန်ကာမည်းမှောင်နေလေသည်။ ဝတ်ကျောင်းတော်သည် တရားခမ္မကို ဆုံးရှုံးခဲ့လေပြီ။

ဆန်းလျန်မှာ သူ့မျက်စိရှေ့မှ မြင်ကွင်းကို မယုံကြည်နိုင်ဖြစ်နေရလေသည်။

မည်ကဲ့သို့သော ဓားတန်ခိုးရှင်က မင်ဝမ်ဝတ်ကျောင်းတော်ကို နှစ်ပိုင်းပိုင်းလိုက်နိုင်ရပါသနည်း။ မင်ဝမ်ဝတ်ကျောင်းတော်မှာ ဗုဒ္ဓဘာသာ၏အထွတ်အမြတ်နေရာဖြစ်လေသည်။ လောကတွင် ရှေးအကျဆုံး ဝတ်ကျောင်းတော်ကြီး တစ်ခုဖြစ်လေသည်။

ဆန်းလျန်ရင်ထဲတွင် နားမလည်နိုင်ခြင်းများစွာ ပြည့်နက်လို့နေလေသည်။

သူတောင်ပေါ်တက်လာစဉ်က တောင်ပေါ်မှ ကျောက်တုံးကြီးတစ်တုံးပြိုကျနေပြီး တိုက်ပွဲတစ်ခုဖြစ်ခဲ့သည့် လက္ခဏာမျိုးမြင်တွေ့ခဲ့ရလေသည်။ သို့သော် ထိုတိုက်ပွဲကို တိုက်ခိုက်သူက မင်ဝမ်ဝတ်ကျောင်းတော်ကို နှစ်ပိုင်းပိုင်းလိုက်သူ မဖြစ်နိုင်ပေ။ တိုက်ပွဲကိုတိုက်ခိုက်သည့်လူမှာ အခြားသောတန်ခိုးစွမ်းအားကို

အသုံးပြုထားခြင်းဖြစ်ပြီးဓားဖြင့် တိုက်ခိုက်သည့် တိုက်ပွဲ
မဟုတ်ပေ။

အနည်းဆုံးတော့ တန်ခိုးရှင် နှစ်ပါးဖြစ်ရမည်ဖြစ်သည်။
တစ်ဦးက တောင်ကိုဖြိုပြီး တိုက်ပွဲကိုပြုလုပ်သည့်သူဖြစ်ပြီး
နောက်တစ်ဦးကတော့ ဝတ်ကျောင်းတော်ကို ဓားဖြင့် နှစ်ပိုင်း
ပိုင်းသူဖြစ်လေသည်။ သူတို့နှစ်ယောက်မှာ တစ်ယောက်တည်း
မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် တောင်ကိုဖြိုခဲ့သူ၏တန်ခိုးစွမ်းအား
နှင့် ကျောင်းတော်ကိုနှစ်ပိုင်းပိုင်းလိုက်သည့် ဓားတန်ခိုးရှင်၏
တန်ခိုးစွမ်းအားမှာ တူညီခြင်းမရှိသည့်အတွက် ဖြစ်လေသည်။
အကယ်၍ တစ်ယောက်တည်းသာ ဖြစ်ခဲ့မည်ဆိုလျှင်တော့
အလွန်မှ ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်မည်မှာ
အသေအချာပင်။

ထို့ပြင် ကျောင်းတော်ကို နှစ်ပိုင်းပိုင်းလိုက်သည့် ဓားချက်မှ ကျန်ရစ်ခဲ့သည့် ဓားဝိညာဉ်သည်ပင်လျှင် ဆန်းလျန်ကို ဒဏ်ရာအပြင်းအထန်ရသည်အထိ တိုက်ခိုက်နိုင်စွမ်းရှိခဲ့လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ထိုဓားတန်ခိုးရှင်သည် သာမန်လောကနတ်ဘုရားတစ်ပါး မည်သို့မျှ မဖြစ်နိုင်ပေ။

မင်ဝမ်ဝတ်ကျောင်းတော်တစ်ခုလုံးသည် သုသာန်တစ်စပြင်အလား ခြောက်သွေ့နေလေသည်။

ဆန်းလျန်မှာ ကျောင်းတော်အတွင်းသို့ မဝင်ခင်မှာပင် ပျက်စီးနေသည့်ကျောင်းတော်ကြီးကို ငေးကြည့်နေမိလေသည်။

ဆရာတော်ပေါင်းများစွာအသက်ဆုံးရှုံးပျံလွန်တော်မူခဲ့ရပြီဟု သူတွေးနေမိသည်။

သူက တရားရှာဖွေရန် လာခဲ့ခြင်းဖြစ်လေသည်။ သို့သော် တရားကိုသင်ပြပေးနိုင်ရာ မင်ဝမ်ဝတ်ကျောင်းတော်က ပျက်စီးနေခဲ့လေပြီ။

“မင်း အံ့သြနေတာလား ၊ ဟွေခဲ့ဆရာတော်က မဟာကျားရဲ့ ကိုယ်တော်ကြီးရဲ့ဓားပညာကို အောင်မြင်ထားတဲ့သူပဲ ၊ သူက ဓားတစ်လက်တည်းနဲ့ မြစ်တစ်စင်းကိုတောင် နှစ်ပိုင်းခွဲနိုင် တယ် ၊ လောကမှာကျော်ကြားတဲ့ နတ်မိစ္ဆာဘုရင် ခေါင်းကိုးလုံး မင်းကြီးလောက်တော့ သူက အသာလေးအနိုင်ယူနိုင်တယ် ၊ ဒါ ပေမယ့်... သူက ဓားချက်တစ်ချက်တည်းနဲ့ဒဏ်ရာရသွား ဝိညာဉ်မြစ်ရေထဲကို ခုန်ချပြီး လွတ်မြောက်သွားခဲ့တယ် ၊ ဒီလို ဖြစ်လာမယ်လို့ တွေးတောင် တွေးမကြည့်ခဲ့မိဘူး”

အသံတစ်သံက ဆန်းလျန်နားထဲသို့ ဝင်ရောက်လာလေသည်။ ဆန်းလျန်က အသံလာရာသို့ လှည့်ကြည့်လိုက်သည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သွေးနီရောင်ပလ္လင် ထက်တွင်ထိုင်နေသည့် လူငယ်တစ်ယောက်ကို တွေ့ရလေ သည်။ ထိုလူငယ်က လေထဲတွင်တည်ရှိနေခြင်းဖြစ်လေသည်။

ထိုလူငယ်က ဆန်းလျန်ကို စိုက်ကြည့်နေလေသည်။ သူ့
မျက်ဝန်းတွင် လှိုင်းဂယက်များထနေလေသည်။ သူ့မျက်ဝန်း
ထဲမှ အပြုံးကိုဖုံးကွယ်၍မရနိုင်ပေ။
သူက ဆန်းလျန်ကို ပြုံးပြလိုက်သည်။
ဆန်းလျန်ကလည်း သူ့ကို ပြန်ပြုံးပြလိုက်လေသည်။
"တိုင်းတစ်ပါးမှာ သူငယ်ချင်းဟောင်းနဲ့ မထင်မှတ်ဘဲ ပြန်ဆုံရ
ပြီ" ဆိုသည့် စကားပုံအတိုင်းပင်ဖြစ်လေသည်။
ဆန်းလျန် လေထဲသို့ ခုန်ဝင်လိုက်သည်။ ယင်စွမ်းအား
များ၏လှုပ်ခတ်သံများ သူ့နားထဲတွင် ကြားနေရလေသည်။
"အစ်ကိုရဲ့လျိုယွင် ၊ မတွေ့ရတာ နှစ်တွေ ဘယ်လောက်တောင်
ကြာနေပြီလဲ"
ဆန်းလျန်က တည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။
ရဲ့လျိုယွင်က ဆန်းလျန်ကို မော့ကြည့်လိုက်သည်။

လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ်ကအတိုင်း ဆန်းလျန်သည် ငယ်ရွယ်ချောမောနေဆဲ ဖြစ်လေသည်။ ဆန်းလျန် လေပေါ်တွင် ရပ်တန့်နေသည်မှာ နတ်ဘုရားတစ်ပါးနှင့်ပင် ဆင်တူလှသည်။

ရဲ့လျိုယွင်ကု ခေါင်းကို အသာညိတ်ပြလိုက်သည်။

ထို့နောက် ရဲ့လျိုယွင်က ဝတ်ကျောင်းတော်ကို နှစ်ပိုင်းပိုင်းထားသည့် ဓားချက်ကို လှမ်းကြည့်လိုက်လေသည်။ သူက ထိုဓားချက်ထဲတွင် ရှိနေသည့် ဓားဝိညာဉ်ကို ပြန်လည်အမှတ်ရလိုက်မိသည်။

ဝတ်ကျောင်းတော်ကို နှစ်ပိုင်းပိုင်းလိုက်သည့်ဓားချက်ထဲမှ ဓားဝိညာဉ်မှာ ပျောက်ဆုံးနေပြီဖြစ်လေသည်။

“ဆန်းလျန် ၊ မင်းက တကယ့်ကိုထူးဆန်းတဲ့သူပဲ ၊ နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်ကို မင်းဘယ်လိုလုပ် စုပ်ယူလိုက်နိုင်တာလဲ”

ရဲ့လျိုယွင်က သိချင်စိတ်ဖြင့် မေးလိုက်လေသည်။

ဓားဝိညာဉ်ကို သူ၏ဝိညာဉ်စွမ်းအားက စုပ်ယူလိုက်သည်ကို ဆန်းလျန်လည်း ရိပ်မိလိုက်လေသည်။ သို့သော် ဆန်းလျန် ကိုယ်တိုင်လည်း ထိုအချက်ကို သိပ်ပြီး နားလည်ခြင်းမရှိပေ။

“ငါလည်း သိပ်နားမလည်ပါဘူး ၊ ဖြစ်နိုင်ချေကိုတော့ရိပ်မိပေမယ့် မင်းကိုတော့ ပြောပြလို့မဖြစ်သေးလို့ ခွင့်လွှတ်ပေးပါဦး ကွာ”

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ဆန်းလျန်အနေဖြင့် “စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း” စာအုပ်အကြောင်းကို မည်သူ့ကိုမှ ပြောပြလိုခြင်းမရှိသေးပေ။

အခန်း (၂၅၅)

နတ်ဘုရားနှိမ်နင်းခြင်းအင်းကွက်

“မင်းက အရင်ကအတိုင်းပဲနော် ၊ ဘာမှ မပြောင်းလဲဘူး ၊ ကဲ

အထဲကို ဝင်ကြည့်ရအောင်”

ရဲ့လျိုယွင်က ပြောလိုက်လေသည်။

ထို့နောက် ရဲ့လျိုယွင်က လက်ဟန်တစ်ခုပြုလုပ်ကာ သွေးနီ

ရောင်ပလ္လင်ကို တန်ခိုးဖြင့် ရွှေ့လျားစေလိုက်သည်။

ရဲ့လျိုယွင်မှ အပေါ်ယံအားဖြင့် ယဉ်ကျေးသိမ်မွေ့နေသည့်တိုင်

သူ့ဆီမှ လူသတ်လိုသည့်အရိပ်အငွေ့များထွက်ပေါ်နေလေ

သည်။ ဆန်းလျန်ကို သတ်ဖြတ်လိုသည့် အရိပ်အယောင်

မဟုတ်သည့်တိုင် သူ့လက်ဖြင့် လူပေါင်းများစွာကို သတ်ဖြတ်

ပြီးခဲ့ကြောင်း သိသာထင်ရှားနေလေသည်။

အတိတ်တစ်ချိန်က တိမ်ဖြူတစ်စလိုသန့်စင်ခဲ့သည့် ရဲ့လျိုယွင်၏လက်သည် ယခုတော့ လူ့အသက်များစွာ၏သွေးများ စွန်းထင်းခဲ့ပြီဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ်အတွင်း ရဲ့လျိုယွင်တစ်ယောက် မည်သည့်အဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့ရသည်ကို ဆန်းလျန်သိချင်နေမိသည်။ သို့သော် မေးရန်လည်း မသင့်တော်သောကြောင့် မမေးမြန်းတော့ပေ။ သက်ရှိသတ္တဝါပေါင်းများစွာကို သတ်ဖြတ်ပြီး အသက်ရှင်သန်နေရသည့် လူတစ်ယောက်အတွက် ပြောမပြနိုင်သည့်စကားပေါင်းများစွာ ရှိနေမည်ကို ဆန်းလျန်သိထားပါသည်။ အကြောင်းပြချက်ကိုမသိသေးဘဲ ဆန်းလျန်အနေဖြင့် ရဲ့လျိုယွင်ကို အထင်သေးစက်စုပ်ခြင်းမဖြစ်မိပါ။

"အစ်ကိုရဲ့ ၊ အထဲကို ခုထိဝင်မကြည့်ရသေးဘူးလား ၊ ကြည့်ရတာ မင်းက ဒီကအဖြစ်အပျက်တွေကို တော်တော်သိထားတာပဲကို"

သူ့စိတ်ထဲမှ သိချင်သည့်ကိစ္စကတခြား တကယ်တမ်း ဆန်းလျှန်မေးလိုက်သည်က တခြားဖြစ်လေသည်။

"ငါ့ကို အများကြီးတွေ မေးမနေနဲ့ ၊ မင်းကို ငါ တစ်ခုမှာလိမ်မပြောဘူး ၊ ဒီကိစ္စမဖြစ်ခင်ကတည်းက မင်ဝမ်ဝတ်ကျောင်းတော်ကို ငါ တစ်ခါမှ မရောက်ဖူးဘူး ၊ ဒါပေမယ့် ငါ့ရဲ့ တန်ခိုးစွမ်းအားတွေအရ အကြောင်းအရာတွေကို သိမြင်ခွင့်ရခဲ့တာ ၊ ဒါက ရှောင်လွှဲလို့မရတဲ့ ကံတရားပဲ ၊ ဒီနေ့မတိုင်ခင် တစ်ခါမှ ဒီနေရာကို မလာခဲ့ဖူးဘူး ၊ ဒီနေ့ရောက်လာပြန်တော့လည်း မင်းနဲ့တွေ့ရမယ်လို့ မထင်ခဲ့မိဘူး"

ရဲ့လျိုယွင်က ပြုံးရင်းပြောလိုက်လေသည်။

ရဲ့လျိုယွင်၏အနောက်ဘက်တွင် တိုက်ခတ်နေသည့် လေပြေ
လေးကို ဆန်းလျန်ကြည့်လိုက်လေသည်။ ထိုလေပြေလေးမှာ
ရဲ့လျိုယွင်၏ အဖြူရောင်အကျီလက်၏ ထောင့်တစ်နေရာမှ
တိုက်ခတ်နေခြင်း ဖြစ်လေသည်။ ထိုလေပြေများက ယင်
စွမ်းအားများကို တိမ်ခိုးများအလား သိပ်သည်းသွားစေလေ
သည်။ အလွန်မှ ထူးဆန်းလွန်းပြီး ယင်းစန်းတောင်တွင်
နေသည်မှာ အချိန်ကြာသည့်အတွက် ထိုသို့ဖြစ်ရခြင်းလားဟု
ဆန်းလျန်တွေးနေမိသည်။ လေပြေလေးနှင့် တိမ်ခိုးများမှာ ရဲ့
လျိုယွင်ကိုထောက်ပံ့ပေးနေလေသည်။

ထိုတန်ခိုးစွမ်းအားများမှာ ရဲ့လျိုယွင်၏ ကျင့်စဉ်လမ်း
အဆင့်အတန်းမြင့်မားမှုကို ပြခြင်းဖြစ်လေသည်။

“ဒါဖြင့်လည်း ရှေ့ကအရင်သွားပြီး အစ်ကိုရဲ့အတွက်
လမ်းရှင်းထားပေးပါ့မယ်”

ဆန်းလျန်က ပြောလိုက်လေသည်။

ဓားချက်တစ်ချက်တည်းဖြင့် နှစ်ပိုင်းပိုင်းခံလိုက်ရသည့်

ဝတ်ကျောင်းတော်ကြီးမှာ မှောင်မှိုင်းတိတ်ဆိတ်နေလေသည်။

လူလည်းတစ်ယောက်မှ မရှိတော့ပေ။

နွားဦးခေါင်းနှင့် လူခန္ဓာကိုယ်ရှိသည့် မိစ္ဆာကြီး ၊ ဓားတောင် ၊

ရွှေရောင်လမ်းလေးနှင့် မီးပင်လယ်တို့မှာ မင်ဝမ်ဝတ်ကျောင်း

တော်မှ လောကကိုကျော်လွန်သွားသည့် ဆရာတော်

များ၏တန်ခိုးစွမ်းအားကြောင့် ပျက်စီးသွားပြီဖြစ်သည့်

ကျောင်းတော်ကြီးကိုကာကွယ်ရန် အလိုလိုပေါ်လာခြင်းဖြစ်ပုံရ

လေသည်။ မင်ဝမ်ဝတ်ကျောင်းတော်ကြီးဆီသို့ ပြင်ပမှလူများ

ဝင်ရောက်လာနိုင်ခြင်းမရှိစေရန်အတွက် မိုးနှင့်မြေမှ ဖြစ်တည်

လာသည့် သဘာဝအရုံအတားများပင် ဖြစ်လေသည်။ ထို

အရံအတားများကို မင်ဝမ်ဝတ်ကျော်းတော်ကို နှစ်ပိုင်းပိုင်းခဲ့

သည့် ဓားဝိညာဉ်ကပင် အန္တရယ်ပြုနိုင်ခြင်းမရှိပေ။

သို့သော် မင်ဝမ်ဝတ်ကျောင်းတော် လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများကို ဆန်းလျန်အနေဖြင့် ခန့်မှန်းနိုင်ခြင်း မရှိသေးပေ။

ဆန်းလျန်မှာ စိတ်ကသာတွေးတောနေသည့်တိုင် လူကတော့ မည်သူ့ကိုမှ ဂရုမစိုက်သည့်ပုံစံဖြင့် မင်ဝမ်ဝတ်ကျောင်းတော် အတွင်းသို့ ဝင်သွားလေသည်။

ရဲ့လျိုယွင်၏ သွေးနီရောင်ပလ္လင်မှာလည်း သွေးနီရောင် အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲသွားပြီး ဆန်းလျန်နောက်မှ လိုက်ပါသွားလေသည်။

ဝတ်ကျောင်းတော်ကြီးထဲတွင် ဘုန်းတော်ကြီးတစ်ပါးတစ်လေ ကိုပင်မတွေ့ရပေ။ ကျောင်းတော်အဝင် တံခါးမကြီးမှာ ကျိုးပဲ့နေပြီး ယင်စွမ်းအားများ၏ရိုက်ခတ်မှုကြောင့် သစ်ပင်များမှာ အစိမ်းရင့်ရောင်ပြောင်းနေကြလေသည်။ ထိုသစ်ပင်များကို အနီးကပ်သေချာကြည့်မည်ဆိုပါက လူသား

များ၏မျက်နှာများနှင့်ဆင်တူပြီး အလွန် ကြောက်မက်ဖွယ်ရာကောင်းလေသည်။

မင်ဝမ်ဝတ်ကျောင်းတော်မှ သစ်ပင်များမှာ နှစ်ပေါင်းများစွာကြာအောင် ဗုဒ္ဓဘာသာ၏ ဘုရားရိပ် ၊ တရားရိပ်တွင် ရှိခဲ့သည့်အပင်များဖြစ်သည့်အတွက် ဝိညာဉ်စွမ်းအားအလွန်ကောင်းလေသည်။ သို့သော် ယင်းစန်းတောင်မှ ယင်စွမ်းအားများဝင်ရောက်လာသည့်အခါတွင်တော့ ဝိညာဉ်စွမ်းအားများမှာ အမျက်ဒေါသထွက်နေသည့်ဝိညာဉ်ဆိုးများအဖြစ် ပြောင်းလဲသွားလေတော့သည်။ ထို့ကြောင့် အစိမ်းရင့်ရောင် ဝိညာဉ်သစ်ပင်များအဖြစ် ပြောင်းလဲသွားပြီး အသက်ဝင်လျှက်ရှိလေသည်။

ဝိညာဉ်သစ်ပင်များမှာ အမျက်ဒေါသများဖြင့်ပြည့်နေလေသည်။ တစ်ချိန်ထဲမှာပင် သတ်ဖြတ်လိုသည့်အငွေ့အသက်များလည်း ထွက်ပေါ်နေလေသည်။

ထိုအချိန်မှာပင်.... သစ်ပင်အချို့၏ သစ်ရွက်များမှာသံကြိုး

များကဲ့သို့သော လက်တံရှည်များအဖြစ် ပြောင်းလဲသွားပြီး

ဆန်းလျန်ကို တိုက်ခိုက်လိုက်ကြလေသည်။ သစ်ရွက်လက်

တံရှည်များမှာ ဓားသွားကဲ့သို့ ထက်ရှနေကြလေသည်။ ဆန်း

လျန် ကမန်းကတန်းရှောင်တိမ်းလိုက်သည့်အတွက် ဆန်းလျန်

ကို ထိခိုက်မိခြင်းမရှိပေ။ သို့သော် ဆန်းလျန်ရှေ့မှ ကျောက်

တုံးကြီးမှာ ထက်ပိုင်းပြတ်သွားရလေသည်။

ထို့နောက်သစ်ရွက်လက်တံရှည်များမှာ ဓားသွားများအလား

ဆန်းလျန်ထံသို့ တိုးဝင်လာကြပြန်သည်။

ရုတ်တရက်...

လျှပ်စီးလက်သကဲ့သို့ လျှင်မြန်လွန်းသည့် ဓားဝိညာဉ်တစ်ခု

ထွက်ပေါ်လာပြီး ပေငါးဆယ်ပတ်လည်အတွင်းမှာ မြက်ပင်

များ ၊ သစ်ပင်များ ၊ ဝါးပင်များနှင့် ကျောက်တုံးများအားလုံး

ကို အမှုန့်ဖြစ်သွားသည်အထိ ပိုင်းဖြတ်ပစ်လိုက်လေသည်။

ဝိညာဉ်သစ်ပင်များအားလုံး ပျက်စီးသွားပြီး သန့်စင်သည့်ယင်စွမ်းအားအဖြစ်သို့ ပြောင်းလဲသွားကာ မိုးနှင့်မြေတွင်ပေါင်းစည်းသွားလေသည်။

ထိုဓားဝိညာဉ်မှာ ဆန်းလျန်၏ ဓားဝိညာဉ်မဟုတ်ပါ။ ရဲ့လျိုယွင်၏ ဓားဝိညာဉ်ဖြစ်လေသည်။

ရဲ့လျိုယွင်၏လက်ထဲတွင် ရေကဲ့သို့ကြည်လင်နေသည့် ဓားတိုတစ်လက်ကို ကိုင်ထားလေသည်။ ထိုဓားတိုမှာ ရေကဲ့သို့ကြည်လင်နေလေသည်။ ရဲ့လျိုယွင်က ဓားမျက်နှာပြင်ကိုလက်ဖြင့်တစ်ချက်သပ်လိုက်ပြီး ဝိညာဉ်စွမ်းအားတုန်ခါမှုများကို ခါထုတ်လိုက်သည်။

ရဲ့လျိုယွင် အသုံးပြုလိုက်သည့် ဓားသိုင်းကို "ဓားဝှက်ဓား" ဟုခေါ်ပြီး သိုင်းလောကမှ သာမန်ဓားသိုင်းပညာတစ်ခုဖြစ်လေသည်။ သို့သော် ရဲ့လျိုယွင်၏လက်ထဲတွင်တော့ သာမန်သိုင်း

ပညာသည်ပင်လျှင် နတ်ဘုရားများ ၊ နတ်မိစ္ဆာများ၏ ဓား ဝိညာဉ်ကဲ့သို့ အစွမ်းထက်လွန်းလှလေသည်။

“ဆန်းလျန် ၊ မင်းခုတလော ဘာတွေများ ဖြစ်ခဲ့လို့လဲ ၊ မင်းကို ကြည့်ရတာ သိပ်နေမကောင်းသလိုပဲ”

ရဲ့လျိုယွင်က မျက်မှောင်တစ်ချက်ကြုံ့ရင်းမေးလိုက်သည်။ အမှန်တော့ ရဲ့လျိုယွင်၏ ဓားဝိညာဉ်က ဆန်းလျန်ဆီသို့လည်း တိုးဝင်လာခြင်းဖြစ်လေသည်။

ဆန်းလျန်က ရှောင်တိမ်းရန် ကြိုးစားလိုက်သည့်တိုင် စိတ်ကူး ဖြင့်သာ ရှောင်တိမ်းလိုက်နိုင်ပြီး ရုပ်ခန္ဓာက စိတ်၏လျှင်မြန်မှု ကို မလိုက်နိုင်ဖြစ်သွားရလေသည်။ ဆန်းလျန်သည် ရဲ့လျိုယွ င်၏ ဓားဝိညာဉ်ကို ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပေ။

ထိုအချက်ကို ရဲ့လျိုယွင်က ချက်ချင်းရိပ်မိလိုက်လေသည်။ ထို့ကြောင့် ရဲ့လျှိုယွင်က ဆန်းလျန်ရှေ့ သုံးပေခန့်အကွာတွင်

ဓားဝိညာဉ်ကို ပြန်လည်ရုတ်သိမ်းလိုက်ပြီး မေးခွန်းထုတ်လိုက်ခြင်းဖြစ်လေသည်။

“ငါ့ရဲ့ ကျင့်ကြံမှုတန်ခိုးစွမ်းအား ခုနစ်ဆယ်ရာခိုင်နှုန်းဆုံးရှုံးထားတယ်၊ အဲဒီအတွက် ဖြေရှင်းနိုင်တာများရှိမလားလို့ မင်ဝမ်ဝတ်ကျောင်းတော်ကိုလာခဲ့တာပဲ၊ ဒါပေမယ့် မင်ဝမ်ဝတ်ကျောင်းတော်က ဒီလိုဖြစ်နေမယ်လို့ ဘယ်ထင်မိမှာလဲ"

ဆန်းလျန်က မချိပြုံးပြုံးရင်း ပြောလိုက်လေသည်။

“ဆန်းလျန်၊ မင်းက သိပ်ပွင့်လင်းတာပဲ၊ မင်းအခြေအနေကို ငါသိသွားရင် မင်းကို ဒုက္ခပေးမှာမကြောက်ဘူးလား”

ရဲ့လျိုယွင်က ဆန်းလျန်ကို စိုက်ကြည့်ပြီးမေးလိုက်လေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

“ငါက အမှန်ကိုမပြောလည်း ခုန မင်းစမ်းသပ်လိုက်တာကို မခုခံနိုင်ကတည်းက ငါ့အခြေအနေကို မင်းသိသွားမှာပဲလေ၊ ပွင့်ပွင့်လင်းလင်းပြောလိုက်တာက ပိုမကောင်းဘူးလား”

"ဒါလည်းဟုတ်တာပဲ"

ရဲ့လျိုယွင်က ခပ်တိုးတိုးပင် ပြန်ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် စကားပြောခြင်းကို ရပ်တန့်လိုက်ပြီး မင်ဝမ်ဝတ်ကျောင်းတော် ပတ်ပတ်လည်ကို လေ့လာနေလိုက်ကြလေသည်။ ဝတ်ကျောင်းတော်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဆန်းလျန်၏ရင်ထဲတွင် ပျက်စီးနေသည့် ဝတ်ကျောင်းတော်ကြီးကိုကြည့်ကာ စိတ်မကောင်းများစွာ ဖြစ်သွားရသည်။

သို့သော် ရဲ့လျိုယွင်ကတော့ တည်ငြိမ်နေလေသည်။

ရဲ့လျိုယွင်က ဆန်းလျန်ရင်ထဲမှ စိတ်မကောင်းဖြစ်နေသည့် ခံစားချက်များကို ခံစားလိုက်မိသည့်အတွက် ဆန်းလျန်းကို လှမ်းပြီး ပြုံးပြလိုက်သည်။

ရဲ့လျိုယွင်၏ တည်ငြိမ်သည့်အကြည့်နှင့် ခပ်ပါးပါးအပြုံးကို မြင်တွေ့လိုက်ရသည်နှင့် ဆန်းလျန် တစ်ချက် တုန်လှုပ်သွားမိသည်။

မင်ဝမ်ဝတ်ကျောင်းတော် ကျောင်းဝန်းထဲတွင် ဝိညာဉ်သစ်ပင်များအပြင် သီးခြားအဆောင်လေးများကိုလည်း တွေ့ရလေသည်။ ထိုအဆောင်လေးများအလယ်တွင် ပြိုကျနေသည့် စေတီတော်တစ်ဆူရှိလေသည်။ ကျောင်းတော်ကို နှစ်ပိုင်းပိုင်းလိုက်သည့်ဓားချက်မှာ စေတီတော်နေရာတွင် အဆုံးသတ်သွားခြင်းဖြစ်လေသည်။ စေတီတော်အောက်ခြေတွင် ကြီးမားသည့် အပေါက်ကြီးတစ်ပေါက်ရှိနေပြီး တစ်စုံတစ်ခုကို တူးထုတ်ထားသည်နှင့် တူလေသည်။

ရဲ့လျိုယွင်က ထိုအပေါက်ကြီးကိုကြည့်ရင်း သက်ပြင်းချလိုက်သည်။

"အမှန်ပဲ ၊ သူတို့တွေက နတ်ဘုရားနှိမ်နင်းခြင်းအင်းကွက်အတွက် ရောက်လာကြတာပဲ"

"နတ်ဘုရားနှိမ်နင်းခြင်းအင်းကွက်ဆိုတာ ဘာလဲ"

ဆန်းလျန်က မေးလိုက်သည်။

"မင်ဝမ်ဝတ်ကျောင်းတော်က ပထမရှုပနတ်ဘုရားမင်းကြီးက ဘယ်သူလဲဆိုတာ မင်းသိလား"

ရဲ့လျိုယွင်က မေးလိုက်သည်။

"ပထမရှုပနတ်ဘုရားမင်းကြီးအကြောင်းကို ငါက နည်းနည်းပဲ သိတာပါ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"ဒါဖြင့်ပြောကြည့်ပါဦး"

ရဲ့လျိုယွင်က တိုက်တွန်းလိုက်သည်။

ရဲ့လျိုယွင်က သူ့ကို စမ်းသပ်နေခြင်းဖြစ်ကြောင်း ဆန်းလျန် ရိပ်မိလိုက်သည်။ သို့သော် သူကလည်း နတ်ဘုရားနှိမ်နင်းခြင်း

အင်းကွက်အကြောင်းကို သိချင်နေသည့်အတွက် ရဲ့လျိုယွင်မေးသည်ကို ပြောပြလိုက်လေသည်။

“အရင်တုန်းက ဗောဓိသကျက တရားအလင်းရတဲ့အခါမှာ မိုးကောင်းကင်နတ်မိစ္ဆာပေါင်းများစွာကို နှိမ်နင်းခဲ့တယ်၊ ဒါပေမယ့် မိုးကောင်းကင်နတ်မိစ္ဆာတွေဟာ နှိမ်နင်းလို့ မကုန်နိုင်ဘူး၊ ဒါကြောင့် ဗောဓိသကျက မမြင်ရတဲ့ ဓမ္မအလင်းတစ်ခုဖြစ်တဲ့ ရှုပနတ်ဘုရားဆိုတဲ့ ပန်းချီကားတစ်ချပ်ကိုဖန်ဆင်းခဲ့ရာကနေ ရှုပနတ်ဘုရားမင်းကြီး ဖြစ်တည်လာခဲ့တယ်၊ အဲဒီရှုပနတ်ဘုရားမင်းကြီးဟာ ဓမ္မအလင်းကိုအထောက်အပံ့ပြုပြီး မိုးကောင်းကင်နတ်မိစ္ဆာတွေကို နှိမ်နင်းခဲ့တယ်၊ ကြည့်ရတာ အဲဒါက မင်ဝမ်ဝတ်ကျောင်းတော်နဲ့ ဆက်စပ်နေမယ်ထင်တယ်”

ဆန်းလျန်က ပြောပြလိုက်လေသည်။

“ဆန်းလျန်၊ မင်းက တကယ့်ကို ဗဟုသုတ ကြွယ်ဝတာပဲ၊ အဲဒီအကြောင်းက ဗုဒ္ဓစာပေတွေထဲမှာပါတယ်၊ မင်းပြောတာ မမှား

ပါဘူး ၊ ဒါပေမယ့် မင်းမသိတာတစ်ခုရှိသေးတယ် ၊ ဗောဓိ

သကျက ရှုပနတ်ဘုရားပန်းချီကားတစ်ခုတည်းကိုပဲ ဖန်ဆင်း

လိုက်တာမဟုတ်ဘူး ၊ အဲဒီပန်းချီကားနဲ့အတူ ကျင့်စဉ်လမ်းနဲ့

ဆက်စပ်နေတဲ့ အင်းကွက်တစ်ခုကိုပါ ဖန်ဆင်းခဲ့တာ ၊ အဲဒီ

အင်းကွက်ကို နတ်ဘုရားနှိမ်နင်းခြင်းအင်းကွက်လို့ခေါ်တယ် ၊

အဲဒီအင်းကွက်ကို မင်ဝမ်ဝတ်ကျောင်းတော်ရဲ့ စေတီတော်

အောက်ခြေမှာ ဌာပနာထားတာ ၊ ဒီစေတီတော်ကြောင့်သာ

မဟုတ်ရင် မင်ဝမ်ဝတ်ကျောင်းတော်ဟာ ဒေါင်းစိမ်းမင်းကြီးကို

ဘယ်လိုလုပ် ထိန်းချုပ်ထားနိုင်မှာတဲ့လဲ”

ရဲ့လျိုယွင်က ပြန်ပြောလိုက်လေသည်။

အခန်း (၂၅၆)

ဓားသူတော်စင်ကျီဝေး

ဒေါင်းစိမ်းမင်းကြီးဟုပြောလိုက်သည့်အချိန်တွင် ရဲ့လျိုယွင်၏လေသံမှာ လေးစားမှုများဖြင့် ပြည့်နေလေသည်။ သူက ဒေါင်းစိမ်းမင်းကြီးကို အထင်ကြီးပုံရလေသည်။

“ဒေါင်းစိမ်းမင်းကြီးဆိုတာ လွန်ခဲ့တဲ့နှစ်ဝက်လောက်က လောကကို ကျော်လွန်သွားတဲ့ တန်ခိုးရှင်လား”

ဆန်းလျန်က မေးလိုက်သည်။

“အမှန်ပဲ ၊ သူကလွန်ခဲ့တဲ့နှစ်ပေါင်းသုံးထောင်လောက်က ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှာ တန်ခိုးစွမ်းအားအကြီးမားဆုံးပဲ ၊ သူက ဒီလောကကထွက်ခွာသွားပြီး မဟာတန်ခိုးရှင်တစ်ပါးဖြစ်လာခဲ့တယ် ၊ သူ့ခေတ်သူ့အခါကဆိုရင် သူ့လောက်အစွမ်းထက်တဲ့သူ မရှိသလောက်ရှားတယ်"

ရဲ့လျိုယွင်မှာ ဆန်းလျန်ကို စိတ်ပါလက်ပါဖြင့် ရှင်းပြနေလေသည်။

"ဒါဖြင့် နတ်ဘုရားနှိမ်နင်းခြင်းအင်းကွက်ကို ဘယ်သူယူသွားတာလဲ ၊ ပြီးတော့ တန်ခိုးစွမ်းအားသုံးပြီး တောင်ကိုဖြိုချလိုက်တဲ့သူကရော ဘယ်သူလဲ"

ဆန်းလျန်က ရဲ့လျိုယွင်ကို စိုက်ကြည့်ပြီးမေးလိုက်သည်။

ဆန်းလျန်က ရဲ့လျိုယွင်၏မျက်ဝန်းထဲတွင် အဖြေတစ်ခုကိုရှာနေသည့်အလား စိုက်ကြည့်နေခြင်းဖြစ်လေသည်။

"တန်ခိုးစွမ်းအားနဲ့ တောင်ကိုဖြိုလိုက်တဲ့သူက တကယ့်ကိုတော်တဲ့သူပဲ ၊ ပွင့်ပွင့်လင်းလင်းပြောရရင် မင်းသူ့အကြောင်း မသိချင်တာ ပိုကောင်းလိမ့်မယ် ၊ ပြီးတော့ အဲဒီလူက ကျုပ်ရဲ့နတ်ဆိုးစစ်သည်တော်တစ်ရာလောက်ကိုလည်း မြို့ချခဲ့သေးတယ် ၊ ကျုပ်လည်းဘာမှမတတ်နိုင်ဘူး ၊ ဝတ်ကျောင်းတော်ကိုဓားနဲ့ပိုင်းသွားတဲ့လူကတော့ ထိပ်တန်းဓားတန်ခိုးရှင်တစ်ပါးပဲ ၊

သူ့ကို ဓားသူတော်စင်ကျီဝေးက အနိုင်ယူခဲ့ဖူးတယ် ၊ အဲဒါ

ကြောင့် သူမကို လက်စားချေဖို့အတွက် နတ်ဘုရားနှိမ်နင်းခြင်း

အင်းကွက်ကို အဲဒီလူက ရှာနေခဲ့တာ"

ရဲ့လျိုယွင်က ဆန်းလျန်ကို သေသေချာချာ ရှင်းပြလိုက်သည်။

ဆန်းလျန်မှာ ရဲ့လျိုယွင်ထံမှ စကားများကြောင့် ထိတ်လန့်

တုန်လှုပ်သွားရသည်။

ဓားသူတော်စင်ကျီဝေးအကြောင်းကို ဆန်းလျန်ကြားဖူးလေ

သည်။

သူသည် လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထောင်ကျော်က ပြိုင်ဘက်

ကင်းသည့် ဓားသိုင်းကျင့်ကြံသူတစ်ယောက် ဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် သူ့သတင်းမှာ ပျောက်ကွယ်သွားလေ

သည်။ လောကကို ကျော်လွန်သွားပြီလည်းဖြစ်နိုင်သလို

ကျင့်စဉ်လမ်းတွင် စစ်ဆေးခြင်းနှင့်ရင်ဆိုင်ရပြီး ကျဆုံးသွာ

ခြင်းလည်း ဖြစ်နိုင်လေသည်။ သို့သော် ရဲ့လျိုယွင်၏စကား

များအရဆိုလျှင်တော့ ဓားသူတော်စင်ကျီဝေးသည် ဤ လောကတွင် ရှိနေသေးသည့်ပုံပင်ဖြစ်သည်။

“ဓားသူတော်စင်ကျီဝေး ငယ်ငယ်တုန်းက ကျင့်ကြံခဲ့တဲ့ ဓား သိုင်းပညာက ဘာတဲ့လဲ သိလား ၊ "ရှိခြင်းမရှိခြင်းဓားသိုင်း ပညာ" တဲ့ ၊ တဖြည်းဖြည်း သူ့ရဲ့ဓားသိုင်း အဆင့်တက်လာတဲ့ အခါကျတော့ ရှိခြင်းမရှိခြင်းဓားသိုင်းကို အထွတ်ထိပ်ရောက် တဲ့အထိ သန့်စင်အောင် တီထွင်လိုက်ပြီး “ကိုယ်ပျောက်ဓား ဝိညာဉ်” လို့ အမည်ပေးခဲ့တယ် ၊ အဲဒီဓားသိုင်းပညာနဲ့ လောက တစ်ခွင်က စိန်ခေါ်မှုတိုင်းကို အနိုင်ရခဲ့တာချည်းပဲ ၊ နောက် တော့ သူ့ရဲ့ဓားကို ချိတ်ပိတ်လိုက်ပြီး အနားယူလိုက်တယ် ၊ သူ အနားယူသွားပြီးမှ လုကျိုးယွမ်က နတ်ဘုရားအဆင့်တက် လှမ်းနိုင်ခဲ့တာ ၊ မဟုတ်လို့ကတော့ လုကျိုးယွမ်လည်း သူ့ကို နိုင်မှာမဟုတ်ဘူး"

ရဲ့လျိုယွင်က ဆန်းလျန်ကို ပြုံးပြီးကြည့်ရင်း ပြောလိုက်လေသည်။

ရဲ့လျိုယွင်၏ စကားများကြောင့် ဆန်းလျန်မှာ ယိုင်လဲကျမတတ်ပင် ဖြစ်သွားရလေသည်။

ဆန်းလျန်မှာ ဆရာစူးထံမှ ရှိခြင်းမရှိခြင်းဓားသိုင်းကို သင်ယူခဲ့သူဖြစ်လေသည်။

ထိုဓားသိုင်းပညာမှာ အလွန်မှ ထူးဆန်းလှပြီး ထိုဓားသိုင်း၏ဆန်းကျယ်မှုကို ဆန်းလျန်သည် ယနေ့အချိန်ထိနားလည်မကုန်နိုင်သေးပေ။ ထိုဓားသိုင်း၏ဇစ်မြစ်မှာ ဓားသူတော်စင်ကျီဝေးထံမှ ဆင်းသက်လာမည်ဟု မျှော်လင့်မထားခဲ့မိပေ။ ဆရာစူးနှင့် ဓားသူတော်စင်ကျီဝေးမှာ အကြောင်းတစ်ခုခုဆက်စပ်နေရမည်ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်က ရှိခြင်းမရှိခြင်းဓားသိုင်းအသုံးပြုခဲ့သည်ကို ရဲ့လျိုယွင် တွေ့မြင်ခဲ့ဖူးလေသည်။

အတိတ်မှ အကြောင်းအရာများသည် အတွေးထဲဝယ် အသစ်ပြန်လည် ဖြစ်တည်လာခဲ့လေသည်။ ဆန်းလျန်မှာသူ၏ဓားဖြင့် ရှောင်းကျူကို မတော်တဆ သတ်ခဲ့မိသည့်အတွက် အပြစ်ရှိသည်ဟု ခံစားနေရဆဲဖြစ်လေသည်။

သူက ရဲ့လျိုယွင်ကို တောင်းပန်သည့်အကြည့်များဖြင့် ကြည့်လိုက်မိသည်။

"သူမ သေဆုံးသွားရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ငါ မင်းကို အပြစ်မတင်ပါဘူးကွာ ၊ ဒါကြောင့်လည်း မင်းကို ချင်းရှမ်နတ်တံခါးကို သွားနိုင်ဖို့အတွက် ငါပြောပြပေးခဲ့တာပေါ့ ၊ အခုတော့ ဒီဓားသိုင်းပညာရဲ့ဇစ်မြစ်ကို မင်းသိသွားပြီ မဟုတ်လား ၊ ဆန်းလျန်ရာ ဆန်းလျန် ၊ မင်းအခု ဒီအခြေအနေထိရောက်လာတာ ကံကောင်းလို့ရောက်လာတယ်လို့များ ထင်နေသေးတာလား"

ရဲ့လျိုယွင်ကပြောလိုက်လေသည်။

“ငါသိပါတယ်ကွာ ၊ ငါ့မှာသာ အရည်အချင်းမရှိရင် ငါ ဒီ အခြေအနေထိ ရောက်လာမှ မဟုတ်ပါဘူး”

ဆန်းလျန် ပြန်ပြောလိုက်လေသည်။

ရဲ့လျိုယွင်၏မျက်ဝန်းထဲတွင် ဆန်းလျန်ကို လေးစားသည့် အကြည့်တစ်ချက် လက်ခနဲ ဖြတ်ပြေးသွားသည်။

“တကယ်တော့ မင်းနဲ့ငါက တော်တော်တူတာနော် ၊ ပြီးတော့ မင်းကို ဒီအကြောင်းတွေကို ပြောပြရတာလည်း ငါပြောပြချင် လို့ပါ ၊ မင်းကငါ့ကို အရင်ကအတိုင်း ရဲ့လျိုယွင်လို့ မြင်နေ သရွေ့ ငါကလည်းမင်းကို ငါသိခဲ့တဲ့ ဆန်းလျန်အတိုင်း ခင် ခင်မင်မင်ဆက်ဆံမှာပါ”

“ဒါပေါ့ကွာ…”

ဆန်းလျန် ပြုံးရင်း ပြောလိုက်သည်။

သူတို့နှစ်ယောက်သည် ယခုတော့ တစ်ယောက်ကိုတစ်ယောက် ပိုပြီး ယုံကြည်လာခဲ့ပြီ။

ရဲ့လျိုယွင် ဆိုလိုသည့်အဓိပ္ပါယ်ကို ဆန်းလျန် သဘောပေါက်လေသည်။ သူက ဆန်းလျန်အနေဖြင့် သူ့ကို ယုံကြည်ရန် သွယ်ဝိုက်ပြောဆိုနေခြင်းဖြစ်လေသည်။ ဆန်းလျန်ကဲ့သို့ပင် ရဲ့လျိုယွင်၏ဘဝမှာလည်း အလှည့်အပြောင်းများစွာဖြင့် ရင်ဆိုင်ခဲ့ရပြီးပြီဖြစ်လေသည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ် ဆန်းလျန်လက်ထဲသို့ရောက်လာသည့်ကိစ္စမှာလည်း ထူးဆန်းသည့် လျှို့ဝှက်ချက်တစ်ခုဖြစ်လေသည်။

လျိုယွင်နှင့်ဆန်းလျန်မှာ လွန်ခဲ့သည့်အချိန်များကတည်းက လက်ရည်တူသူများဖြစ်လေသည်။ ထို့ကြောင့် ရဲ့လျိုယွင်တွင်လည်း ဆန်းလျန်ကဲ့သို့ပင် အခြားသောလျှို့ဝှက်ချက်များရှိနိုင်လေသည်။

"ဒီတော့ မင်း မင်ဝမ်ဝတ်ကျောင်းတော်ကို ဘာလာလုပ်တာလဲဆိုတာ ငါ့ကိုပြောပြနိုင်မလား"

ရဲ့လျှိုယွင်က မေးလိုက်သည်။

“ငါက မိုးကောင်းကင်နတ်မိစ္ဆာကို ဘယ်လိုနှိမ်နင်းရမလဲဆိုတဲ့ တရားဓမ္မကို သိချင်လို့ ဒီကိုရောက်လာခဲ့တာ ၊ ဒီလိုဖြစ်နေမယ်လို့ မျှော်လင့်မထားခဲ့မိဘူး”

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

“ဟုတ်တာပေါ့ ၊ မိုးကောင်းကင်နတ်မိစ္ဆာကို တရားဓမ္မကပဲ နှိမ်နင်းနိုင်မယ် ၊ နတ်ဘုရားနှိမ်နင်းခြင်းအင်းကွက်ကို မင်းသာ ရသွားမယ်ဆိုရင် တကယ်အသုံးဝင်မှာ ၊ စိတ်ပျက်စရာကောင်းတာက ငါတို့ နောက်ကျသွားပြီလေ ၊ ဒါပေမယ့် မိုးကောင်းကင်နတ်မိစ္ဆာဆိုတာ ဘာကောင်မှမဟုတ်ဘူး ၊ မင်းကိုငါကူညီနိုင်ပါတယ် ၊ ဒါပေမယ့် မင်းကလည်း ငါ့ကို ကူညီရမယ် ၊ မင်း ငါ့ အတွက် နေရာတစ်ခုကိုသွားပေးနိုင်မလား"

ရဲ့လျှိုယွင်က ပြောလိုက်သည်။

“ဘယ်နေရာလဲ”

"အဲဒီနေရာကိုသွားဖို့ တံခါးတစ်ခုကနေ ဝင်သွားရမယ်၊ အချိန်ကျတဲ့အခါ မင်းကို ငါအကြောင်းကြားလိုက်မယ်၊ ဒါပေမယ့် မင်းရဲ့ပြဿနာကိုတော့ ငါအခုပဲ လိုက်ကူညီပေးမယ်"

ရဲ့လျိုယွင်က ထူးဆန်းစွာပြုံးရင်း ပြောလိုက်လေသည်။

ဆန်းလျန်က တစ်ခဏမျှ စဉ်းစားနေပြီးမှ...

"ကောင်းပြီလေ"

ဟု ပြောလိုက်သည်။

"ဒါဖြင့် အခုပဲ သွားကြစို့"

ရဲ့လျိုယွင်က ပြုံးရင်းပြောလိုက်သည်။

"အခုလား..."

ဆန်းလျန်က တအံ့တသြဖြင့်မေးလိုက်သည်။

"မင်းကိုကြည့်ရတာ မင်ဝမ်ဝတ်ကျောင်းတော်က ဘုန်းတော်ကြီးတွေ ဘယ်ရောက်သွားလဲဆိုတာ စုံစမ်းဖို့ ရောက်လာတာ မဟုတ်ဘူးမလား၊ ငါကလည်း ဒီကိုလာတာ နတ်ဘုရားနှိမ်နင်း

ခြင်းအင်းကွက် ပါသွားပြီလားဆိုတာ လာကြည့်တာ ၊ နေဦး တစ်ခုမေးစရာရှိသေးတယ် ၊ မင်း တောင်ပေါ်တက်လာတော့ စစ်သည်တော်အုပ်စုတစ်စုကို သတ်လိုက်မိသေးလား”

ရဲ့လျိုယွင်က မေးလိုက်သည်။

ဆန်းလျန်က ခေါင်းညိတ်ပြလိုက်သည်။

“အဲဒါ တစ္ဆေဂိုဏ်းခွဲက ထူကျူအရှင်ရဲ့ စစ်သည်တော်တွေပဲ ၊ မြင်မြင်သမျှ သက်ရှိမှန်သမျှ အကုန်လိုက်သတ်နေတာ ၊ တစ္ဆေဂိုဏ်းခွဲက ထူကျူအရှင်က အဲဒီလိုသတ်ဖို့ အမိန့်ပေးထားတာလေ ၊ သိပ်ကို အမြင်ကျဉ်းတဲ့ ထူကျူအရှင်ပဲ ၊ မင်းရောက်နေတာ သူမသိခင် ဒီကနေထွက်သွားမှ ဖြစ်မယ် ၊ မဟုတ်ရင်တော့ သူကမင်းကို အရေခွံစုတ်ပစ်လိမ့်မယ်”

ရဲ့လျိုယွင်က သက်ပြင်းတစ်ချက်ချရင်းပြောလိုက်လေသည်။

....

ယွီကွမ်းမြို့လေး၏ မြို့တော်ခန်းမ...

ယွီကွမ်းတစ်မြို့လုံးတွင် အခမ်းနားဆုံး နေရာတစ်ခုဖြစ်လေ
ည်။

မည်မျှပင် ဝေးလံခေါင်သီသည့်ဒေသဖြစ်ပါစေ ယွီကွမ်းမြို့မှ
လူများမှာ လူဆင်းရဲများ မဟုတ်ကြပါ။ သူတို့က ရိုးသား
ကြိုးစားကြသူများဖြစ်လေသည်။ လက်ရှိ မြို့နယ်အုပ်ချုပ်
ရေးမှူးဖြစ်သည့် မြို့တော်ဝန်ချန်မှာလည်း ရိုးသားကြိုးစား
သည့် မင်းမှုထမ်းအရာရှိတစ်ယောက်ဖြစ်လေသည်။ သူက ဘု
ရင့်နန်းတော်စာပေပညာရှင်စာမေးပွဲတွင် ဒုတိယအဆင့်ဖြင့်
အောင်မြင်ခဲ့သူဖြစ်လေသည်။ သို့သော် သူ၏ရိုးသား
ဖြောင့်မတ်မှုများကြောင့် ဝေးလံသည့်ဒေသဖြစ်သည့် ယွီကွမ်း
မြို့လေးသို့ အပို့ခံလိုက်ရခြင်း ဖြစ်လေသည်။

သူက အသိအမှတ်ပြုခြင်းမခံခဲ့ရပေ။ သို့သော် မင်းပြောင်းမင်း
လွဲဖြစ်ပြီး အဘုရင်အသစ်နန်းတက်ပြီဖြစ်သည့်အတွက်
အရာရှိအသစ်များကို ချီးမြှောက်နေသည့်အချိန်ဖြစ်

သည့်အတွက် သူ့အနေဖြင့် ကြိုးစားအလုပ်လုပ်ပြီး
အရည်အချင်းပြရန်သာ လိုလေသည်။
အစပိုင်းတုန်းကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးချန်သည် ယွီ
ကွမ်းမြို့ကို ဆင်းရဲသားများနေထိုင်သည့်မြို့လေးဟု ထင်ခဲ့မိ
လေသည်။ သို့သော် သူရောက်ရှိလာပြီးသည့် အချိန်နှစ်နှစ်
အတွင်း အရာအားလုံးက အဆင်ပြေပြေရှိနေခဲ့လေသည်။ မြို့
ပြင်တွင် ကူရှန်နတ်မိမယ်ဝတ်ကျောင်းတော်ရှိပြီး
ဆုတောင်းပြည့်သည်ဟု ဆိုကြလေသည်။ ယွီကွမ်းမြို့လေးမှ
လူအများမှာ နတ်မိမယ်အပြစ်ပေးမည်ကို စိတ်ပူကြပြီး
မကောင်းမှုများ သိပ်မလုပ်ကြပေ။ ထို့ကြောင့် မြို့နယ်
အုပ်ချုပ်ရေးမှူးချန်မှာ အလုပ်မရှိဘဲ အားလပ်နေလေ
တော့သည်။
မြို့တော်ခန်းမမှ ရုံးစောင့်များမှာလည်း အလုပ်သိပ်မရှိကြ
သည့်အတွက် အားနေကြလေသည်။

ထိုအချိန်...

မိုးလေးဖွဲဖွဲရွာကျလာလေသည်။

မြို့တော်ခန်းမမှ အစောင့်နှစ်ယောက်မှာ တံခါးထောင့်တွင်ထိုင်ရင် မြေပဲလှော်နှင့် အရက်ကို ခိုးကြောင်ခိုးဝှက် သောက်စားနေကြသည်။

ရုတ်တရက်...

တံခါးကို အပြင်မှ တစ်စုံတစ်ယောက်က စောင့်ကန်လိုက်သည့်အတွက် အစောင့်နှစ်ယောက်၏ မြေပဲလှော်များ မှောက်ကုန်တော့မလို ဖြစ်သွားရသည်။

သူတို့နှစ်ယောက်မှာ မြို့တော်ခန်းမသို့ ထိုမျှ ရိုင်းရိုင်းစိုင်းစိုင်း ဝင်လာရဲသူမှာ မည်သူလဲဟု သိချင်သွားမိလေသည်။

တံခါးဝတွင် အဖြူရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်ရပ်နေလေသည်။ သူ့လက်ထဲတွင် ယပ်တောင်တစ်

ချောင်း ကိုင်ထားပြီး မင်းမျိုးမင်းနွယ်တစ်ပါးကဲ့သို့ အလွန်

ချောမောလှပလွန်းလေသည်။

အစောင့်များမှာ ထိုလူငယ်ကိုဆန့်ကျင်သည်ထက်

ကောင်းကောင်းမွန်မွန်ပြောဆိုသင့်သည်ဟု တွေးလိုက်မိပြီး....

"ဒီကို ဘာကိစ္စရှိလို့လာတာလဲ သိပါရစေ ၊ အမိန့်စာရောပါလာ

ပါသလား"

အစောင့်တစ်ယောက်က မေးလိုက်လေသည်။

ထို အဖြူရောင်ဝတ်လူငယ်မှာ ယန်ရှီးပင် ဖြစ်လေသည်။ သူက

မြို့တော်ခန်းမအတွင်းသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"ဒီနေရာက ဒီမြို့ရဲ့အချက်အချာအကျဆုံးနေရာပဲ ၊ ဟုတ်

တယ် မဟုတ်လား"

ထို့နောက် သူက အစောင့်နှစ်ယောက်ကို တစ်စက်ကလေးပင်

အရေးမလုပ်ဘဲ ခန်းမအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

အစောင့်နှစ်ယောက်ကလည်း ရပ်ကြည့်မနေဘဲ ယန်ရှီးကို တိုက်ခိုက်လိုက်ကြသည်။

သို့သော် သူတို့ ယန်ရှီးအနား မရောက်နိုင်ခင်မှာပင် လက်ထဲမှ မြေပဲလှော်များမှာ ခုန်ထွက်လာကြလေသည်။ခုန်ထွက်လာ သည့် မြေပဲလှော်များမှာ အစောင့်နှစ်ယောက်၏ ဦးခေါင်းပေါ် သို့ ပြုတ်ကျလာပြီး ဦးခေါင်းခွံများကို အပေါက်ကြီးများဖြစ် အောင် ထိုးဖောက်ပစ်လိုက်ကြလေသည်။ အစောင့်နှစ် ယောက်၏ ဦးခေါင်းခွံများမှ သွေးများယိုစီးထွက်လာလေ သည်။

ထို့နောက် အစောင့်နှစ်ယောက်ကိုင်ထားသည့် အရက်အိုးများ အတွင်းမှ အရက်များလွင့်ပျံထွက်လာပြီး အစောင့်နှစ် ယောက်၏ ခန္ဓာကိုယ်များပေါ်သို့ အရက်များဖြန်းပက်ပြီးသား ဖြစ်သွားလေသည်။

ယန်ရှီးက မီးပွားလေးတစ်ခုဖန်စင်းလိုက်ပြီး အစောင့်နှစ်ယောက်ဆီသို့ ပစ်လွှတ်လိုက်လေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် အစောင့်နှစ်ယောက်မှာ ပြာမှုန့်ဘဝသို့ကူးပြောင်းသွားလေတော့သည်။

ယန်ရှီးက ခန်းမအတွင်းသို့ ဆက်လက်ဝင်ရောက်လာသည်။

မြို့တော်အုပ်ချုပ်ရေးမှူးချန်မှာ ခန်းမထဲတွင် စာဖတ်နေလေသည်။ သူက ယန်ရှီးဝင်လာသည်ကို မြင်တွေ့လိုက်သည်နှင့်....

"ခင်ဗျားကဘယ်သူလဲ ၊ ဘယ်လိုလုပ်အထဲဝင်လာတာလဲ"

"လာခဲ့စမ်း..."

ယန်ရှီးက ပြုံးရင်းအမိန့်ပေးလိုက်သည်။

သူက မြို့တော်အုပ်ချုပ်ရေးမှူးချန်၏အရှေ့တွင် လေပြေတစ်ခုဖန်ဆင်းလိုက်ပြီးမြို့နယ်အုပ်ချုပ်ရေးမှူးကို လေထဲသို့ လွင့်စင်လာအောင် ဆွဲခေါ်လိုက်လေသည်။ သို့သော် မြို့နယ်အုပ်ချုပ်ရေးမှူးချန်ထံမှ ကြိုးဝါးသံတစ်ချက် ထွက်ပေါ်လာပြီး

သူ၏ဦးခေါင်းထက်မှ အဖြူရောင်အလင်းတန်းများတောက်ပ
လာလေသည်။ ယန်ရှီး၏လေပြေက သူ့ကို တစ်လက်မပင်
ရွေ့လျားအောင်မလုပ်နိုင်ပေ။

ယန်ရှီးအေးစက်စွာပြုံးလိုက်လေသည်။

သူက စစ်မှန်သည့် ကွန်ဖြူးရှပ်ဝါဒ ကျင့်ကြံသူတစ်ယောက်နှင့်
တွေ့ဆုံရလိမ့်မည်ဟု မျှော်လင့်မထားမိပေ။

ယန်ရှီးသည် ချက်ချင်းပင်အရိပ်တစ်ခုအဖြစ်သို့ပြောင်းလဲသွား
ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးချန်ရှေ့သို့ ရောက်ရှိလာလေသည်။
သူက လက်တစ်ဖက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ဦးခေါင်း
ကို ဖိနှိပ်ထားလိုက်လေသည်။ ထိုအခါ မြို့နယ်အုပ်ချုပ်ရေး
မှူး၏ ဦးခေါင်းထက်မှ အဖြူရောင်အလင်းတန်းမှာ ပျောက်
ကွယ်သွားလေသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးချန်မှာ သူ၏ငယ်ထိပ်ဆီမှ ထူးဆန်း
သည့်စွမ်းအားတစ်ခု စိမ့်ဝင်လာသည်ဟု ခံစားနေရပြီး

သူ၏ခန္ဓာကိုယ်မှာလည်း တုန်ခါနေလေသည်။ ထို့နောက် ခန်းမ

ထဲမှ လွင့်ထွက်ကာ လမ်းမပေါ်သို့ ရောက်ရှိသွားလေ

တော့သည်။

လူအများက လမ်းပေါ်သို့လွင့်ထွက်လာသည့် မြို့နယ်အုပ်ချုပ်

ရေးမှူးချန်ကို ဝိုင်းဝန်း တွဲထူပေးလိုက်ကြသည်။

ယန်ရှီးက လူသတ်ချင်စိတ်မရှိသည့်အတွက်သာ သက်သာ

သွားရခြင်းဖြစ်လေသည်။

ထိုအချိန်မှာပင်... အနက်ရောင်လေများ စတင်တိုက်ခတ်လာ

လေတော့သည်။

အနက်ရောင်လေများနှင့်အတူ မကောင်းဆိုးဝါးများ ထွက်

ပေါ်လာလေသည်။ မြွေကိုယ်ခန္ဓာနှင့် လူဦးခေါင်းရှိသည့်

မကောင်းဆိုးဝါးတစ်ကောင် အရင်ဆုံး ထွက်လာလေသည်။

ထိုမကောင်းဆိုးဝါးနောက်မှ လူသားခန္ဓာကိုယ်နှင့် ငှက်

ဦးခေါင်းရှိသည့် မကောင်းဆိုးဝါးတစ်ကောင်လိုက်လာ

ပြန်သည်။ ခြေလေးချောင်းနှင့်မြွေများ ၊ ခေါင်းနှစ်လုံးနှင့်ငှက်များအပြင် အခြားထူးဆန်းသည့် ပုံသဏ္ဍာန်မျိုးစုံဖြင့် မကောင်းဆိုးဝါးများစွာ ထွက်ပေါ်လာလေသည်။ ထိုမကောင်းဆိုးဝါးများအားလုံးမှာ ယွီကွမ်းမြို့၏ လမ်းမထက်တွင် လမ်းသလားနေကြလေတော့သည်။

သတ္တိကောင်းသည့်လူငယ်အချို့က မကောင်းဆိုးဝါးများကို တိုက်ခိုက်ကြလေသည်။ သို့သော် လူသားများသည် မကောင်းဆိုးဝါးများကို ရေရှည်မတိုက်ခိုက်နိုင်ပါ။ နောက်ဆုံးတော့ မိစ္ဆာများ၏တိုက်ခိုက်မှုဖြင့် သတိလစ်မေ့မျောကုန်ကြရလေသည်။

မကောင်းဆိုးဝါးများမှာ ပိုမိုများပြားလာပြီး လူအများမှာ ထိတ်လန့်တုန်လှုပ်နေကြလေသည်။

ဈေးရောင်းသူများမှာလည်း ဆက်လက်ဈေးမရောင်းရဲကြတော့ပေ။

မြို့နယ်အုပ်ချုပ်ရေးမှူးချန်မှာ မိစ္ဆာနတ်ဘုရားတစ်ပါး ရောက်ရှိလာ၍ဤသို့ဖြစ်ရခြင်းဖြစ်ကြောင်း ခန့်မှန်းလိုက်လေသည်။ သူခိုး ဓားပြများဆိုလျှင်တောင် မြို့တော်ခန်းမမှ တပ်သားများက နှိမ်နင်းနိုင်ဦးမည်။ ယခုတော့ တာအိုဆရာများပင် မနှိမ်နင်းနိုင်သည့် တန်ခိုးစွမ်းအားကြီးမားသည့် မိစ္ဆာနတ်ဘုရားရောက်လာခြင်း ဖြစ်လေသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးချန်မှာ ဤသို့သောအဖြစ်အပျက်မျိုးကို တစ်ခါမှ ကြုံတွေ့ဖူးခြင်း မရှိပေ။

သို့သော်.... ကြံရာမရသည့်အဆုံး အနီးအနားမှ တာအိုဆရာများကို ခေါ်ရလေတော့သည်။ သို့သော် တာအိုဆရာများနှင့် ဘုန်းတော်ကြီးများမှာ မိစ္ဆာနတ်ဘုရားကို နှိမ်နင်းဖို့နေနေသာသာ မြို့တော်ခန်းမထဲမှ လွင့်ထွက်လာကြရလေသည်။ အကြောက်လွန်ပြီး ရူးသွပ်သွားကြကာ စကားပင်ကောင်းကောင်း မပြောနိုင်ကြတော့ပေ။

ကံကောင်းသည်မှာ မကောင်းဆိုးဝါးများမှာ မြို့နေပြည်သူများ ကို ခြောက်လှန့်နှောင့်ယှက်သည်မှလွဲပြီး သတ်ဖြတ်ခြင်း မပြု ကြပေ။ မြို့ထဲမှထွက်ခွာသွားကြသည့်လူများကိုတော့ မကောင်းဆိုးဝါးများက ပိတ်ဆို့တားဆီးကာ မြို့ထဲသို့ ပြန်ပို့ ကြလေသည်။

သုံးရက်မြောက်နေ့သို့ရောက်လာပြီဖြစ်သည်။

မြို့ထဲတွင် မကောင်းဆိုးဝါးများ နေရာအနှံ့တွင် သွားလာနေ ကြလေသည်။ လူအများမှာ ကူရှန်ဝတ်ကျောင်းတော်သို့ ရောက်လာကြလေသည်။ တာအိုဆရာများမှာလည်း မိစ္ဆာနတ် ဘုရားကို မနိုင်တော့သည့်အတွက် ကူရှန်နတ်မိမယ်များ ကယ်တင်နိုင်မည်လားဟု လူအများက မျှော်လင့်ကြသည်။ လူအချို့က မြို့နယ်အုပ်ချုပ်ရေးမှူးချန်ကို ကူရှန်နတ်မိမယ်ကို အကူအညီတောင်းရန် အကြံပေးကြလေသည်။ သူမသာ ကူညီ မည်ဆိုလျှင်မိစ္ဆာနတ်ဘုရားမှာ မြို့ထဲမှ ထွက်ခွာသွားပြီး ယို

ကွမ်းမြို့လေး ပြန်လည် ငြိမ်းချမ်းလာမည်ဟု မျှော်လင့်နေကြလေသည်။

အမှန်တော့ ယန်ရှီးက ထိုသို့ဖြစ်လာအောင် တမင်ပြုလုပ်ခြင်းဖြစ်လေသည်။ ယခုတော့ ယန်ရှီးဖြစ်ချင်သည့် ဆန္ဒအတိုင်းဖြစ်လာခဲ့ပြီ။

ကူရှန်ဝတ်ကျောင်းတော်ထဲတွင်တော့ ချီးစန်းကွမ်းမှာ မျက်မှောင်ကြုံ့ထားပြီး နတ်မိမယ်ရုပ်တုနှင့် စကားပြောနေလေသည်။

"မြို့သူမြို့သားတွေကတော့ နတ်မိမယ်ဆီက အကူအညီတောင်းခံကြပြီ ၊ အခု နတ်မိမယ် ဘယ်လိုလုပ်မှာလဲ"

အခန်း (၂၅၇)

လေနှင့်မိုးကိုဆင့်ခေါ်ခြင်း

ကူရှန်ဝတ်ကျောင်းတော်ရှေ့တွင် မြို့သူမြို့သားများ စုရုံး ရောက်ရှိနေကြလေသည်။ ထိုသူများကို ဦးဆောင်သူမှာ မြို့နယ်အုပ်ချုပ်ရေးမှူးချန်ဖြစ်လေသည်။

ကူရှန်နတ်မိမယ်မှာ မြို့သူမြို့သားများ ယုံကြည်ကိုးကွယ်ကြသည့် နတ်မိမယ် ဖြစ်လေသည်။ ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူးချန်မှာလည်း အကြံကုန်နေပြီဖြစ်သည့်အတွက် ကူရှန်ဝတ်ကျောင်းတော်သို့သာ ရောက်လာရလေသည်။

ကူရှန်နတ်မိမယ်က မိစ္ဆာပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိပါက လူအများ၏ ယုံကြည်မှုကို ဆုံးရှုံးရမည်ဖြစ်လေသည်။ ထိုသို့ ဖြစ်သွားပါကလည်းမြို့နယ်အုပ်ချုပ်ရေးမှူးချန်အနေဖြင့် မတတ်နိုင်ပေ။

သူ၏ ရည်ရွယ်ချက်မှာ အများအကျိုးဆောင်ရွက်ရန်သာ ဖြစ်လေသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးချန်သည် နန်းတွင်းစာပေပညာရှင် ဝတ်စုံကို ဝတ်စုံပြည့် ဝတ်ဆင်ထားပြီး သူ့မျက်နှာက တည်ကြည်လေးနက်နေလေသည်။ သူက ပူဇော်သက္ကာယများဖြင့် နတ်မိမယ်ကိုပူဇော်ပြီး ဆုတောင်းစာများကို ရွတ်ဖတ်နေလေသည်။ သူက ဘုရင့်နန်းတော်စာပေပညာရှင်စာမေးပွဲတွင် ဒုတိယအဆင့်ဖြင့် အောင်မြင်ခဲ့သည့် စာပေပညာရှင်ဖြစ်သည့်အတွက် ဆုတောင်းစာကို စာသံပေသံကျကျစွာ ရွတ်ဖတ်တတ်သူတစ်ယောက်ဖြစ်လေသည်။

ဝတ်ကျောင်းတော်ထဲတွင်တော့ ချီးစန်းကွမ်းမှာ ကူရှန်နတ်မိမယ်နှင့်စကားပြောနေလေသည်။

ရုတ်တရက်...

ဝတ်ကျောင်းတော်ထဲတွင် အဖြူရောင်အလင်းတန်းများ လင်း

လက်လာလေသည်။ ချီးစန်းကွမ်းမှာ စွမ်းအားအနည်းငယ်ရှိ

သည့်အတွက်သာ ထိုအလင်းတန်းများကိုမြင်နိုင်ပြီး အခြား

သူများကတော့ မြင်တွေ့ရမည် မဟုတ်ပေ။

ကူရှန်နတ်မိမယ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး နတ်မိ

မယ်ရုပ်တုထဲမှ ထွက်ခွာသွားလေသည်။ အဖြူရောင်

အလင်းတန်းများက သူမခန္ဓာကိုယ်မှ ဖြာထွက်နေလေသည်။

သူမ၏မျက်နှာသည် သူတော်စင်ကဲ့သို့ ကြည်လင်နေလေ

သည်။

သူမသည် ယွီကွမ်းမြို့ရှိ အလှဆုံးမိန်းမပျိုထက်ပင် ချောမော

လှပနေသေးသည်။

အဖြူရောင်အလင်းတန်းများက ကြာပန်းများအသွင်

ပြောင်းလဲသွားကြပြီး သူမနောက်မှ မျောလွင့်ပြီး လိုက်ပါသွား

ကြလေသည်။ သူမက ဝတ်ကျောင်းတော်အပြင်သို့ ထွက်လိုက်လေသည်။

လက်ထဲတွင် စပါးပင်များကို ပွေ့ကိုင်ထားသည့် မြင့်မြတ်သည့် နတ်မိမယ်ကို လူသားတိုင်း မြင်တွေ့ကြရလေသည်။

ဝတ်ကျောင်းတော်ရှေ့မှ လူများအားလုံးက ဒူးထောက်လိုက်ကြပြီး နတ်မိမယ်ကို ဝပ်တွားကန်တော့လိုက်ကြသည်။

"နတ်မိမယ် ၊ ကျေးဇူးပြုပြီး ကျုပ်တို့ကို ကယ်ပါဦး"

မြို့နယ်အုပ်ချုပ်ရေးမှူးချန်မှာ လွန်စွာမှ အံ့သြသွားရလေသည်။

ယခုကဲ့သို့ နတ်မိမယ်တစ်ပါး ကိုယ်ထင်ပြခြင်းကို သူ့ဘဝတွင် ပထမဆုံးအကြိမ်မြင်ဖူးခြင်းဖြစ်လေသည်။ နတ်မိမယ်မှာ အလွန်ကျက်သရေရှိလှပြီး မျက်ဝန်းများကလည်း တောက်ပနေလေသည်။ ဝတ်ကျောင်တော်ထဲမှ ရုပ်တုနှင့်ဆာလျှင် လွန်စွာမှ ချောမောလှပလွန်းနေလေသည်။

ကူရှန်နတ်မိမယ်က တောက်ပနေသည့်မျက်ဝန်းများဖြင့်

ဝတ်ကျောင်းတော်ရှေ့မှ မြို့သူမြို့သားများကို တစ်ချက်ကြည့်

လိုက်သည်။

“သင်တို့ ဝတ်ပြုကိုးကွယ်ကြတဲ့ ပူဇော်ပသမှုတွေအတွက်

ကျွန်မ ပြန်ပေးဆပ်ပါ့မယ် ၊ သင်တို့အတွက် မိစ္ဆာနတ်ဘုရားကို

ရင်ဆိုင်ပေးပါ့မယ်"

သူမက ကြည်လင်သည့်အသံဖြင့် ပြောလိုက်လေသည်။

စကားဆုံးသွားသည်နှင့် နတ်မိမယ်နောက်မှ ကြာပန်းလေး

များသည် နတ်မိမယ်ရှေ့သို့ ပျံသန်းရောက်ရှိလာကြလေသည်။

သူမက ထိုကြာပန်းလေးများကိုနင်းကာ တစ်လှမ်းချင်း

လမ်းလျှောက်သွားလေသည်။ သူမခြေလှမ်းပြီးသည်နှင့် ကြာ

ပန်းလေးများက ပျောက်ကွယ်သွားလေသည်။ သို့သော် သူမ

နောက်ထပ်ခြေလှမ်းတစ်လှမ်း ထပ်မံလှမ်းနိုင်ရန်အတွက် သူမ

ရှေ့တွင် ကြာပန်းတစ်ပွင့်ပေါ်လာလေသည်။

ကြာပန်းလေးများပေါ်တွင် ခြေလှမ်းလှမ်းရင်း ကူရှန်နတ်မိမယ်သည် ယွီကွမ်းမြို့လေးထဲသို့ ဝင်သွားလေသည်။ သူမ၏လှပသည့်ကျောပြင်လေးကို ဝတ်ကျောင်းတော်ရှေ့မှ မြို့သူမြို့သားများက ငေးမောရင်း ကျန်ရစ်ခဲ့ကြလေသည်။ သူတို့စိတ်ထဲတွင် ကြောက်ရွံ့ခြင်းများကင်းဝေးသွားသော်လည်း ဝမ်းနည်းမှုကို ခံစားလိုက်ရလေသည်။ သူတို့က ကူရှန်နတ်မိမယ်၏ အမည်ကို အော်ဟစ်ရွတ်ဆိုကြလေသည်။

မြို့တော်ခန်းမထဲတွင် မျက်လုံးမှိတ်ပြီးထိုင်နေသည့် ယန်ရှီး၏မျက်လုံးများပွင့်လာပြီး....

"ဒီနတ်မိမယ်က တော်တော်သတ္တိကောင်းတာပဲ ၊ ပြီးတော့ သူ့ရဲ့နတ်ဘုရားစွမ်းအားတွေကလည်း တော်တော်သန့်စင်တယ် ၊ အံ့သြစရာပဲ"

ဟုရေရွတ်လိုက်လေသည်။

ကူရှန်နတ်မိမယ်သည် တိုက်ခိုက်ရန်အတွက် မည်သည့်
လက်နက်ကိုအသုံးပြုရမည်လဲဟု တစ်ချက်စဉ်းစားလိုက်ပြီးမှ
သူမလက်ထဲတွင် ဓားရှည်တစ်လက်ကို ဖန်ဆင်းလိုက်လေ
သည်။

သူမက ရေငန်းသီးပင်လေးအဖြစ် စတင်မွေးဖွားဖြစ်တည်လာ
သည့်အချိန်တွင် သူမ ပထမဆုံး တွေ့မြင်ခဲ့ရသည့်အရာမှာ ဓား
တစ်လက်ဖြစ်လေသည်။ သခင်ကြီးနှင့် သခင်မကြီးသည် သူမ
ရှေ့တွင် ဓားသိုင်းလေ့ကျင့်လေ့ရှိကြလေသည်။ ထိုဓားသိုင်းမှာ
အလွန်မှော်ဆန်လွန်းသည့်တိုင် သူမအနေဖြင့် နားလည်ခြင်း
တော့မရှိခဲ့ပေ။

သခင်မကြီး ကွယ်လွန်သွားပြီးသည့်နောက် သူမ သေမလိုဖြစ်
ခဲ့ရသေးသည်။

သခင်ကြီးက နောက်အိမ်ထောင်ပြုလိုက်ပြီးနောက်ပိုင်း ဓား
သိုင်းလေ့ကျင့်ခြင်းမပြုလုပ်တော့ပေ။ သခင်

ကြီး၏နောက်အိမ်ထောင်မှာ ငယ်ရွယ်ပြီး သခင်မကြီးထက်ပင် ချောမောလှပသေးသည်။ သို့သော် သခင်ကြီးက သူမနှင့် ဓား သိုင်းလေ့ကျင့်လေ့ မရှိပေ။

နောက်ပိုင်းတွင်တော့ သခင်ကြီးမှာ ထိုအမျိုးသမီးကိုခေါ်ကာ နောက်ထပ်အိမ်တော်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်လေသည်။ ပြောင်းရွှေ့သွားပြီးသည့်နောက်ပိုင်း သခင်ကြီးသည် သူမကို လာကြည့်လေ့မရှိတော့ပေ။

နောက်ဆုံးတစ်ကြိမ် သခင်ကြီးရောက်လာသည့် အခါတွင် တော့ အိမ်အဟောင်းနှင့်အတူ သူမကိုပါ လူ့လောကသို့ ယူဆောင်သွားခဲ့လေသည်။ ထို့နောက် အလွန်ချောမောလှပ သည့် သခင်လေးတစ်ယောက်ကို အိမ်သို့ခေါ်လာကာ ဓား ပညာသင်ကြားပေးလေသည်။

သို့သော် သခင်ကြီး၏နောက်မိန်းမ လူ့လောကသို့ လိုက်လာသည့်အခါတွင်တော့ သူမကို လူ့လောကတွင်ထားခဲ့ကာ သခင်ကြီးလည်း ပျောက်ကွယ်သွားခဲ့လေသည်။

သခင်ကြီးထံမှ ဓားပညာသင်ယူခဲ့သည့် သခင်လေးနှင့် ထပ်မံဆုံတွေ့သည့်အချိန်တွင်တော့ သူမက သေလုမျောပါး ဒဏ်ရာရထားခြင်းဖြစ်လေသည်။ အသွင်ပြောင်းရန်အတွက် မိုးကြိုးပစ်ခံရမှုတွင် ကျရှုံးခဲ့ရပြီး အစိမ်းရောင်တစ္ဆေမင်းကြီး၏တိုက်ခိုက်မှုကိုလည်း ခံခဲ့ရလေသည်။ သူမကို သခင်ကြီးပေးခဲ့သည့် အသွင်ပြောင်းအိမ်ပုံသဏ္ဍာန် ပစ္စည်းလေးကိုလည်း ဆုံးရှုံးခဲ့ရသည်။

သခင်ကြီးထံမှ ဓားသိုင်းသင်ယူခဲ့သည့်လူငယ်လေးသည် သခင်ကြီး၏တပည့်ဖြစ်သည့်အတွက် လူသားများ၏အလေ့အထအရ သူမက သခင်လေးဟု သတ်မှတ်ခဲ့လေသည်။

သခင်လေးမှာ သခင်ကြီးဆီတွင် ဓားသိုင်းသင်ယူစဉ်က

အတိုင်းပင် ငယ်ရွယ်ချောမောနေဆဲဖြစ်လေသည်။ သို့သော်

ယခုအခါတွင်တော့ သူ၏တန်ခိုးစွမ်းအားများမှာ အလွန်

ကြီးမားနေပြီး "ရှန်" ဝါဒလမ်းစဉ်ကိုအသုံးပြုကာ သူမကို နတ်

မိမယ်တစ်ပါးအဖြစ်ရပ်တည်နိုင်ရန် ကူညီပေးခဲ့လေသည်။

ထို့နောက်တွင်တော့ သခင်လေးလည်းထွက်ခွာသွားခဲ့လေ

သည်။

သခင်ကြီးကဲ့သို့ပင် သခင်လေးကိုလည်း ဘယ်သောအခါမှ

ပြန်လည်တွေ့ရတော့မည်မဟုတ်ဟု သူမထင်ခဲ့မိလေသည်။

သို့သော်...

ယခုတော့ သခင်လေး သူမဆီသို့ ပြန်ရောက်လာခဲ့လေသည်။

အချိန်ခုနစ်နှစ်ကြာခဲ့ပြီးသည့်တိုင် သခင်လေးမှာ အရင်က

အတိုင်းချောမောလှပနေဆဲဖြစ်လေသည်။ သို့သော် သူ့ကို

ကြည့်ရသည်မှာ ဒုက္ခရောက်နေပုံရသည်။

သခင်လေး၏ရန်သူက သခင်လေးနောက်သို့ လိုက်နေပြီး သခင်လေးအနေဖြင့် ထိုရန်သူကို မျက်ခြေမပြတ်နိုင်ပေ။ ထို့ကြောင့် သခင်လေးက ထိုသူကို တားဆီးရန်အတွက် သူမကို အကူအညီတောင်းခဲ့လေသည်။ ရန်သူကိုရင်ဆိုင်ရန်အတွက် ဆယ့်ငါးရက်ခန့် အချိန်ယူရမည်ဟု သခင်လေးက ပြောခဲ့သည်။

နည်းလမ်းရှာ၍မရလျှင်လည်း ဆယ့်ငါးရက်ပြည့်သည်နှင့် သူ ပြန်လာမည်ဟု သခင်လေးက မှာခဲ့လေသည်။

ယခုတော့ ဆယ့်ငါးရက်ပြည့်ခါနီးပြီဖြစ်လေသည်။

သခင်လေးပြန်ရောက်မလာခင်မှာပင် သခင်လေး၏ရန်သူသည် ယွီကွမ်းမြို့ထဲသို့ မကောင်းဆိုးဝါးများခေါ်လာခဲ့ပြီ။ သူမအနေဖြင့် ထိုမိစ္ဆာနတ်ဘုရားကို မနိုမ်နင်းနိုင်လျှင် လူအများ၏ယုံကြည်မှုဆုံးရှုံးကာ နတ်မိမယ်တစ်ပါးအဖြစ် ရပ်တည်နိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် မြို့သူမြို့သားများအတွက် မိစ္ဆာနတ်ဘုရားကို သူမ ရင်ဆိုင်ရမည်ဖြစ်လေသည်။ မိစ္ဆာနတ်ဘုရားကို သူမ အနိုင်မယူနိုင်သည့်တိုင် သူမအနေဖြင့် ထိုင်ကြည့်မနေသင့်ပေ။

ယွီကွမ်းမြို့လေးမှ လူအများ၏ဆုတောင်းသံက သူမကိုယ်တွင်းသို့ စီးဆင်းဝင်ရောက်လာလေသည်။

သူမ၏နတ်ဘုရားတန်ခိုးစွမ်းအားမှာလည်း တဖြည်းဖြည်းကြီးမားလာလေသည်။ သို့သော် သူမအနည်းငယ်တော့ တုန်လှုပ်နေလေသည်။ ထို့ကြောင့်ပင် သူမက ရန်သူကို တိုက်ခိုက်ရန်အတွက် ဓားတစ်လက် ဖန်ဆင်းလိုက်ခြင်းဖြစ်လေသည်။

သူမဖန်ဆင်းလိုက်သည့်ဓားမှာ သူမမှတ်မိနေသည့် သခင်ကြီး ကိုင်ဆောင်လေ့ရှိသည့် ဓားဖြစ်လေသည်။ သူမ၏ နတ်ဘုရားစွမ်းအားများ မြင့်တက်လာလေ အတိတ်မှ အကြောင်းအရာများကို ပိုပြီး မှတ်မိလာလေ ဖြစ်လေသည်။

ကောင်းကင်မှာ တဖြည်းဖြည်း မှောင်မိုက်လာလေသည်။

မြို့တော်ခန်းမထဲတွင် မကောင်းဆိုးဝါးများစွာ ရှိနေပြီး ဝင်လိုက်ထွက်လိုက် ပြုလုပ်နေကြလေသည်။ မကောင်းဆိုးဝါးများက သူမအနားသို့ တိုးကပ်ရန်ကြိုးစားသော်လည်း သူမကိုယ်မှ ထွက်ပေါ်နေသည့် အဖြူရောင်အလင်းတန်းများကြောင့် အနားသို့ မကပ်နိုင်ကြပေ။

မြို့တော်ခန်းမတံခါးမှာ ပိတ်ထားခြင်းမရှိပါ။

ဟာလာဟင်းလင်း ပွင့်နေလေသည်။

လှပသည့်နတ်မိမယ်လေးသည် မြို့တော်ခန်းမရှေ့တွင်ရပ်နေလေသည်။ သူမမှာ ဆုတောင်းသံများကြောင့် တန်ခိုးစွမ်းအားများ မြင့်တက်လာပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များလည်း ထွက်ပေါ်နေလေသည်။

သို့သော် ယန်ရှီးက လေတစ်ချက်မှုတ်လိုက်သည်နှင့် နတ်မိမယ်ထံမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့်အငွေ့အသက်များက ပျောက်ကွယ်သွားရလေသည်။

ယန်ရှီးဆိုသူက ထိုကဲ့သို့သော နတ်မိမယ်မျိုးကို ကြောက်ရွံ့သူမှ မဟုတ်ပေပဲ။

ယန်ရှီးမှုတ်လိုက်သည့်လေမှာ သာမန်မဟုတ်ပါ။ ထိုလေက နတ်မိမယ်၏ သတ်ဖြတ်လိုသည့်အငွေ့အသက်များကို ငြိမ်းသတ်လိုက်ပြီးသည့်နောက် ကောင်းကင်ထက်သို့ ရောက်ရှိသွားကာ လေနှင့်မိုးကို ဆင့်ခေါ်လိုက်လေသည်။

ယှီကွမ်းမြို့လေးတွင် မိုးများစွာ ရွာသွန်းလာလေတော့သည်။ ပတ်ဝန်းကျင်တစ်ခုလုံးမိုးရေများ လျှံနေပြီး ယှီစွေမြစ်တွင်လည်း ရေများဒရကြမ်း စီးဆင်းနေလေသည်။

“မင်း အရှုံးမပေးရင် မိုးကရပ်မှာမဟုတ်ဘူးနော်”

ယန်ရှီး၏အသံမှာ မိုးသံကိုဖုံးလွှမ်းသွားရုံသာမက ယွီကွမ်းတစ်မြို့လုံးမှ လူများပင် ကြားရလေသည်။

မြို့သူမြို့သားများမှာ ယန်ရှီး၏အသံကိုကြားသည်နှင့် စိုးရိမ်စိတ်များဖြစ်ပေါ်လာတော့သည်။

ယခုနှစ်များအတွင်းတွင် မိုးလေဝသမှန်ကန်ပြီး စိုက်ပျိုးရေးမှာလည်း အောင်မြင်ခဲ့လေသည်။ ယခုတော့ မိုးများစွာရွာသွန်းနေသည့်အတွက် စိုက်ခင်းများ ပျက်စီးရတော့မည်။

သူတို့က ကူရှန်နတ်မိမယ်ကို ယန်ရှီးကို နှိမ်နင်းရန်အတွက် ဆုတောင်းမှုပြုခဲ့ကြသည်။ သို့သော် ယခုတော့ သူမ အရှုံးမပေးလျှင် မိုးကြီးလေကြီးကျမည်ကို စိတ်ပူမိကြပြန်ပြီ။

ယန်ရှီးသည် မတ်တပ်ရပ်လိုက်ပြီး မြို့တော်ခန်းမ အပြင်ဘက်သို့ ထွက်ခွာလာလေသည်။

အခန်း (၂၅၈)

လူတို့၏စိတ်နေစိတ်ထား

မိုးများက သည်းထန်စွာရွာသွန်းနေသည့်တိုင် မိုးရေစက်များက ယန်ရှီးကို ထိခိုက်ခြင်းမရှိပေ။ မိုးရေများက အရိပ်တစ်ခုကို ဖြတ်သန်းသွားသည့်အလား ယန်ရှီးကို ဖြတ်သန်းသွားကြလေသည်။

သို့သော် ဓားဝိညာဉ်အငွေ့အသက်ကို ယန်ရှီး ခံစားနေရလေသည်။ ထိုဓားဝိညာဉ်မှာ ဆန်းလျန်ဆီမှ ဓားဝိညာဉ်နှင့်ဆင်တူလေသည်။ သို့သော် ဆန်းလျန်သည် ယွီကွမ်းမြို့တွင် ရှိပုံမပေါ်ပေ။

သို့မဟုတ် ဆန်းလျန်သည် တစ်နေရာတွင် ပုန်းအောင်းနေပြီး သူ့ကိုလှေ့လာနေသည်များလား။

ဆန်းလျှန်ကိုယ်ထဲတွင် သူထည့်ပေးလိုက်သည့် နှလုံးသား ထိန်းချုပ်ကျိန်စာ ခြေရာပျောက်သွားသည်မှာ မခံချင်စရာ တော့ ကောင်းလေသည်။

မြို့တော်ခန်းမ အပြင်ဘက်ရှိ မိုးထဲလေထဲတွင် လှပသည့် နတ်မိမယ်လေးတစ်ပါး ကြာပန်းများထက်တွင် ရပ်နေလေသည်။ သူမကိုကြည့်ရသည်မှာ တခြားကမ္ဘာမှရောက်လာသည့် နတ်မိမယ်တစ်ပါးနှင့်ပင်တူလေသည်။ မိုးရေစက်များသည် သူမ အနားသို့ရောက်သည်နှင့် ပျောက်ကွယ်သွားကြလေသည်။

ယန်ရှီးက သူမကို ကြည့်လိုက်သည်။

ထို့နောက် သူမလက်ထဲမှ ဓားကိုကြည့်လိုက်လေသည်။ ကြာပန်းပေါ်တွင်ရပ်နေသည့် နတ်မိမယ်သည် သူမဓားကို အသာအယာ ဝှေ့ယမ်းလိုက်သည်။ ထိုအခါ ဓားသွားမှာ တုန်ခါသွားပြီး ရေပန်းများ ထွက်ပေါ်လာလေသည်။ ထိုရေပန်းများ

မှာ ထောင်ပေါင်းများစွာသော မြားတံများကဲ့သို့ ချွန်ထက်လျှ

က်ရှိလေသည်။

ရေမြားတံများက လေကိုထိုးခွင်းပြီး မိုးရေထဲတွင်ဖြတ်သန်း

ကာ ယန်ရှီးရှေ့သို့ရောက်ရှိလာလေသည်။

ယန်ရှီးက ပါးစပ်ကိုဟကာ သွားများကို ဖြဲလိုက်ပြီး ထိုရေမြား

တံများကို မျိုချလိုက်လေသည်။

ထို့နောက် သူက မျက်စိတစ်မှိတ်အတွင်းမှာပင် ကူရှန်နတ်မိ

မယ်ရှေ့သို့ရောက်ရှိသွားပြီး နတ်မိမယ်၏ မျက်ခုံးနှစ်ခုကြား

သို့ လက်နှစ်ချောင်းဖြင့်ထောက်လိုက်လေသည်။

ကူရှန်နတ်မိမယ်က သူမ၏ဓားကိုဝှေ့ယမ်းကာ ကာကွယ်လိုက်

ပြီး လေထဲသို့ ပျံဝဲတက်သွားလေသည်။

ယန်ရှီးကလည်း နတ်မိမယ်နောက်သို့ လိုက်ပါသွားလေသည်။

လက်သီးချက်တစ်ချက်က နတ်မိမယ်၏ဝမ်းဗိုက်ဆီသို့ကျ

ရောက်သွားပြီး အလင်းတန်းများဖြာထွက်လာလေသည်။ သူ

တို့နှစ်ယောက်၏တိုက်ပွဲကို လူအများက ကြည့်နေကြလေ

သည်။

ကူရှန်နတ်မိမယ်နှင့် မိစ္ဆာနတ်ဘုရားမှာ ကလေးနှင့် လူကြီး

တိုက်ခိုက်နေသည့်အလား အင်အားမျှတမှုမရှိပေ။

မြို့သူမြို့သားများမှာ စိတ်ပျက်လာပြီး စတင် ဆဲဆိုကြလေ

တော့သည်။

မိစ္ဆာနတ်ဘုရားပြောခဲ့သလိုပင် ကူရှန်နတ်မိမယ်သည် အစ

ကတည်းက အရှုံးပေးခဲ့သင့်လေသည်။ မဟုတ်ပါက မိုးများ

ရွာသွန်းသည့်အတွက် လယ်မြေများ ပျက်စီးကြရမည်ဖြစ်လေ

သည်။ လူအများစုမှာ နတ်မိမယ်အပေါ်တွင် ယုံကြည်မှုမရှိကြ

တော့ပေ။

ထိုခဏလေးအတွင်းမှာပင်...

မုံသံများထွက်ပေါ်လာလေသည်။ မုံသံမှာ အလွန်အသံကျယ်

လောင်ပြီး စွမ်းအားနှင့်လည်း ပြည့်ဝလေသည်။

လူအများက ဗုံသံထွက်ပေါ်လာရာသို့ ကြည့်လိုက်သည့်အခါ

တွင်တော့ ဗုံတီးနေသည့် ကျောင်းစောင့်ကြီး ချီးစန်းကွမ်းကို

မြင်တွေ့လိုက်ရလေသည်။

ဗုံသံမှာ ရှည်လျားပြီးလေးလံလေသည်။

ကျောင်းစောင့်ကြီးက နတ်မိမယ်၏တန်ခိုးစွမ်းအားပိုမိုများပြား

လာစေရန် ရည်ရွယ်ချက်ဖြင့် နတ်မိမယ်ကို ဗုံသံဖြင့် ကိုးကွယ်

ဆုတောင်းနေခြင်းဖြစ်လေသည်။ ချီးစန်းဝမ်း၏ဗုံသံမှာ

နားထောင်၍သိပ်မကောင်းလှသည့်တိုင် လူအများ၏စိတ်ထဲ

တွင် လေးလံသွားရလေသည်။

ထိုဗုံသံသည် အဆိုးဆုံးအခြေအနေမှာပင် အရှုံးမပေးဘူးဆို

သည့် ခံစားချက်ကို လူအများကို ခံစားစေလေသည်။

ဆဲဆိုနေကြသည့်လူများမှ ငြိမ်သက်သွားကြသည်။ ကျောင်း

စောင့်ကြီးကတော့ ဗုံကို ဆက်တီးနေလေသည်။

သို့သော် ကောင်းကင်ထက်တွင် မိစ္ဆာနတ်ဘုရားဖြင့်ရင်ဆိုင်နေရသည့် ကူရှန်နတ်မိမယ်မှာတော့ ကျောင်းစောင့်ကြီးတီးနေသည့် ဗုံသံကို မကြားနိုင်ခဲ့ပါ။

မိစ္ဆာနတ်ဘုရား၏ လက်သီးချက်ကိုခံလိုက်ရသည့်တိုင် ကူရှန်နတ်မိမယ်သည် ကောင်းကင်ထက်မှ ပြုတ်ကျသွားခြင်းမရှိသေးပါ။

လှပသည့်နတ်မိမယ်လေးသည် သူမလက်ထဲမှ ဓားကိုသာ အဆက်မပြတ်ဝှေ့ယမ်းနေလေသည်။ သူမသည် နတ်မိမယ်တစ်ပါးဖြစ်သည့်တိုင် သူမ၏မူလရင်းမြစ်သည် ရေငန်းသီးပင်လေးမျှသာဖြစ်လေသည်။

သူမအနေဖြင့် ယွီကွမ်းမြို့ထဲမှ လူများကို ကယ်တင်ရန်မစွမ်းသာတော့ပြီ။

ယန်ရှီးထံမှ အနက်ရောင်ကြိုးတစ်ချောင်းက သူမကို ချည်နှောင်ထားလိုက်လေသည်။

မြေပြင်ထက်မှ ဗုံသံက ပျောက်ကွယ်သွားခြင်းမရှိပါ။ သို့သော် ကူရှန်နတ်မိမယ်ကတော့ အရှုံးပေးလိုက်ရပြီဖြစ်လေသည်။

"မင်း အရှုံးပေးပြီလို့ဝန်ခံလိုက်စမ်းပါ၊ ကျုပ် မိုးကိုရပ်ပေးမယ်"

ယန်ရှီး၏စကားကို နတ်မိမယ်က တုန့်ပြန်ခြင်းမရှိပါ။ အနက်ရောင်ကြိုးက သူမကို ချည်နှောင်ထားပြီး သူမဖန်ဆင်းထားသည့် ဓားမှာလည်း ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ယန်ရှီးသည် နတ်မိမယ်ကို ဖမ်းချုပ်ကာ မြို့တံခါးထိပ်တွင် ရပ်နေလေသည်။ သူ့ပုံစံက လောကကြီးတစ်ခုလုံးကို အမှုန့်ချေပစ်တော့မည့်အလားပင်။

သို့သော် သူက နတ်မိစ္ဆာများကဲ့သို့ ဟားတိုက်ရယ်မောနေခြင်းမျိုးမပြုလုပ်ပါ။

သူက တိတ်ဆိတ်စွာ ရပ်နေခြင်းဖြစ်လေသည်။ နတ်မိမယ်၏ဦးခေါင်းထက်တွင် ဓားဝိညာဉ်က ပျံဝဲနေသေးသည်။

သို့သော် တန်ခိုးစွမ်းအားတော့မရှိတော့ပေ။

ယန်ရှီးက ကူရှန်နတ်မိမယ်အပေါ်တွင် လူသားများထားသည့် ယုံကြည်ကိုးကွယ်မှုကို ပျောက်ကွယ်သွားစေလိုခြင်းဖြစ်လေသည်။ ထိုအခါမှ နတ်မိမယ်သည် ထာဝရပျောက်ကွယ်သွားမည်ဖြစ်လေသည်။

မိုးက အဆက်မပြတ်ရွာသွန်းနေဆဲဖြစ်လေသည်။

ယွီစွေမြစ်ရေလျှံတက်လာပြီး စပါးခင်းများဆီသို့ မြစ်ရေများစတင် ဝင်ရောက်လာလေသည်။ အစိမ်းရောင်စပါးခင်းများနှင့် အခြားသော ကောက်ပဲသီးနှံခင်းများမှာ ရေအောက်သို့ တဖြည်းဖြည်းရောက်ရှိကုန်ကြပြီ။ လူအများစုက မြို့တံခါးတွင် ဒူးထောက်ကာ ကူရှန်နတ်မိမယ်ကို အရှုံးပေးပြီဟု ဝန်ခံလိုက်ရန် တောင်းပန်နေကြလေသည်။

သို့သော် ထိုလူများထဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးချုပ် ပါဝင်ခြင်းမရှိပေ။

မြို့နေပြည်သူများက ရာသီဥတုကောင်းမွန်ရန်အတွက် ကူရှန်နတ်မိမယ်ကို ဝတ်ပြုကိုးကွယ်ခဲ့ကြလေသည်။ သူတို့သည်ပင်နတ်မိမယ်ကို မိစ္ဆာနတ်ဘုရားကို နှိမ်နင်းပေးရန် ဆုတောင်းဝတ်ပြုကြသည်။ သို့သော် ယခုတော့ သူတို့ကပင် နတ်မိမယ်ကို မိစ္ဆာနတ်ဘုရားကို အရှုံးပေးလိုက်ရန် တောင်းဆိုနေကြပြန်ပြီ။

မြို့နယ်အုပ်ချုပ်ရေးမှူးချုပ်သည် လူအများကို ကူညီလိုစိတ်ရှိသူဖြစ်လေသည်။ သို့သော် ယခုကဲ့သို့ စိတ်ထားအမျိုးမျိုးရှိသောလူသားများမှာ ကူညီရန် တိုက်တန်ပါရဲ့လား။ သေသင့်သည့်သူများဟု သူက တွေးနေမိလေသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးချုပ်သည် လူအများကိုအဝေးမှ ရပ်ကြည့်နေလေသည်။

မိုးက ပိုပြီး သဲကြီးမဲကြီးရွာသွန်းနေဆဲ....။

နတ်မိမယ်၏ဆံပင်များမှာ အရောင်များလွင့်ပျယ်လာလေ သည်။ အနက်ရောင်ကြိုးအောက်မှ သူမ၏ခန္ဓာကိုယ်မှာလည်း အနည်းငယ် မှိန်ဖျော့သွားလေသည်။ လူအများက သူမကို တောင်းပန်နေကြပြီး သူမကတော့ ယခင်ကအတိုင်း သန့်စင် မြင့်မြတ်သည့် နတ်မိမယ်တစ်ပါးအဖြစ်ပင် ရပ်တည်နေလေ သည်။

ယခုတော့ သူမကိုတောင်းဆုပြုသည့် ဆုတောင်းခြင်း များသည် ဆဲဆိုကျိန်စာတိုက်သည့် စကားများဖြစ်ခဲ့ပြီ။ သူမ သာ မိစ္ဆာနတ်ဘုရားကို အရှုံးပေးပြီဟု ဝန်မခံလျှင် သူမသည် အပြစ်အားလုံး၏တရားခံအလား ၊ အငွေ့ပျံပျောက်ကွယ်သွား ရန် ထိုက်တန်သူတစ်ယောက်အလား သူမကို ဆဲဆို ကျိန်စာ တိုက်နေကြလေသည်။

အမှန်တော့ လူများ၏ စိတ်ပြောင်းလဲသွားမှုများကို ကူရှန်နတ်မိမယ်က နားမလည်နိုင်ဖြစ်နေရခြင်းဖြစ်လေသည်။

သူမ သခင်လေးကို ကူညီခဲ့သည်မှာ အပြစ်ရှိခဲ့လေသလား။

သို့မဟုတ် ယခင်က ယွီကွမ်းမြို့ရာသီဥတုကောင်းမွန်ရန်အတွက် သူမက အကျိုးပြုခဲ့သည်များကို လူအများက မေ့သွားကြပြီလား။

"ကူရှန်နတ်မိမယ်က မင်းတို့ကို မကူညီနိုင်တော့ဘူးဆိုတာ သိကြပြီ မဟုတ်လား ၊ မင်းတို့ကိုယ့်ကိုယ်ကိုပဲ ကယ်တင်ကြရမယ် ၊ သွားကြ … ကူရှန်ဝတ်ကျောင်းတော်ကို မီးတင်ရှို့လိုက်ကြ ၊ ကျုပ် မိုးရွာတာကို ရပ်ပေးမယ်"

ယန်ရှီး၏အသံက အနိမ့်အမြင့်မရှိ တစ်သမတ်တည်းထွက်ပေါ်လာလေသည်။

သို့သော် စကားလုံးတိုင်းက လူတိုင်း၏နားထဲသို့ ဝင်ရောက်သွားကာ လူများ၏စိတ်ကို လွှမ်းမိုးသွားလေသည်။ သူပြောသည့်စကားများကို မည်သူမျှ သံသယမဝင်ကြတော့ပေ။

ဆယ်မိနစ်အတွင်းမှာပင် လူအများသည် ကောက်ရိုးများ ၊ ထင်းချောင်းများ သယ်ဆောင်ကာ ကူရှန်ဝတ်ကျောင်းတော်ကို မီးတင်ရှို့ရန် ထွက်ခွာသွားကြလေသည်။

ချီးစန်းကွမ်းသည် ဝတ်ကျောင်းတော်အဝင်ဝတွင်ရပ်နေပြီး မုံကိုအဆက်မပြတ်တီးနေလေသည်။ သူကဝတ်ကျောင်းတော်ကို မီးရှို့ရန်ရောက်လာကြသည့်သူများကို ဝတ်ကျောင်းတော်အတွင်းသို့ ဝင်ခွင့်မရအောင် တားဆီးထားလေသည်။

မိုးကာများ ၊ ဝါးခမောက်များဆောင်းထားကြသည့် လူများက ချီးစန်းကွမ်းကို စိုက်ကြည့်နေကြလေသည်။

ချီးစန်းကွမ်းက…

"မိစ္ဆာနတ်ဘုရားပြောတာကို မယုံကြပါနဲ့၊ ဒီဝတ်ကျောင်းတော် မရှိရင် ကူရှန်နတ်မိမယ် တန်ခိုးစွမ်းအားတွေကုန်သွားပြီး မင်းတို့ကို ဘယ်တော့မှ ကူညီနိုင်မှာမဟုတ်တော့ဘူး"

ဟုပြောလိုက်သည်။

"အခု အဲဒီနတ်မိမယ်က သူ့ကိုယ်သူတောင် မကယ်နိုင်တော့ဘူးလေ"

"သူက ဘာလို့ အရှုံးပေးပါပြီလို့ ဝန်မခံရတာလဲ"

"ဒီ မိစ္ဆာနတ်ဘုရား ရောက်လာရတာ အဲဒီနတ်မိမယ်ကြောင့် မဟုတ်ဘူးလား"

"ချီးစန်းကွမ်းက ဘာကောင်မို့လို့လဲ၊ လောင်းကစားသမားတစ်ယောက်ပဲ၊ သူ့မိသားစုထဲမှာ ကျင့်ကြံသူတွေရှိခဲ့ဖူးတော့ ကူရှန်နတ်မိမယ်ဆိုတာ သူက မော်အတတ်နဲ့ဖန်ဆင်းထားတာနေမှာ"

လူအများ၏စကားသံများက ဆိုးသည်ထက်ဆိုးလာကြလေသည်။

ကူရှန်နတ်မိမယ်ကြောင့်ပင် ချီးစန်းကွမ်းတွင် တန်ခိုးစွမ်းအား အနည်းငယ်ရှိလေသည်။ ထိုတန်ခိုးစွမ်းအားမှာ လူအ များ၏ဆုတောင်းသံမှ ဖြစ်တည်လာခြင်းဖြစ်လေသည်။

ယခု လူအများ၏ကျိန်ဆဲမှုကို ခံရသည့်အခါတွင်တော့ တန်ခိုး စွမ်းအားများမှာ ပျောက်ကွယ်သွားကြလေသည်။

ချီးစွမ်းကွမ်းသာ အရင်စိတ်မျိုးနှင့်ဆိုလျှင် ရှောင်ထွက်သွား မည်ဖြစ်လေသည်။

သို့သော် ကူရှန်နတ်မိမယ်ကို အလုပ်အကျွေးပြုရသည့် အချိန် များသည် သူ့ဘဝတွင် ပျော်စရာအကောင်းဆုံး အချိန်များ ဖြစ် ခဲ့လေသည်။ ထိုနေ့ရက်များတွင် သူ့ဘဝအဓိပ္ပါယ်ပြည့်စုံခဲ့ရ သည်။

ထို့ကြောင့် သူသည် ဗုံကိုကိုင်ကာ ဝတ်ကျောင်းတော်တံခါးဝ တွင် မလှုပ်မယှက်ရပ်တန့်နေလေသည်။

ကူရှန်နတ်မိမယ်အတွက် သူ့ဘဝကို စတေးခံရန် အသင့်ပေ။

သို့သော် လူအများက ကူရှန်ဝတ်ကျောင်းတော်ကို မီးတင်ရှို့

သည်အထိ ပြုလုပ်ကြလိမ့်မည်ဟု ချီးစန်းကွမ်း ထင်မထားခဲ့မိ

ပေ။ ထိုလူအုပ်ထဲတွင် ပါဝင်သူအချို့မှာ သူတို့ဘဝဒုက္ခရောက်

ချိန်တွင် ကူရှန်နတ်မိမယ်က ကယ်တင်ထားခဲ့သူများ ဖြစ်လေ

သည်။ သူတို့ကို ပိုက်ဆံပေးသည်။ စိုက်ပျိုးစားသောက်ရန်

မြေဌားပေးခဲ့သည်။

ယန်ရှီးသည် အေးဆေးတည်ငြိမ်သည့် မျက်ဝန်းများဖြင့်

အဖြစ်အပျက်များကို စိုက်ကြည့်နေလသည်။

လူ့စိတ်သဘောများ၏ အရုပ်ဆိုးအကျည်းတန်မှုကို မြင်တွေ့

နေရပြီး သူ့ရင်ထဲတွင် မည်သို့မှ မခံစားရပေ။

သူခံစားနေရသည်မှာ ဓားဝိညာဉ်တစ်ခု နီးကပ်လာခြင်းဖြစ်

လေသည်။

ဆန်းလျန် အနားတွင်ရှိနေသည်လား....။

ကူရှန်ဝတ်ကျောင်းတော်ထဲတွင် ဆန်းလျှန်ချန်စားခဲ့သည့် ဓား သကော်တရှိနေသည်ကို ကူရှန်နတ်မိမယ် သတိရလိုက်မိလေ သည်။

အခန်း (၂၅၉)

လွှဲလော်

သူမ သခင်လေးအကြောင်း ပြန်စဉ်းစားနေမိသည်။

ထိုဓားသကော်တကိုရေးဆွဲရန်အတွက် သခင်လေး၏သွေးများ ကို အသုံးပြုခဲ့ခြင်းဖြစ်လေသည်။ အစကတည်းက ဒဏ်ရာ ရထားဟန်ရှိသည့်သခင်လေး၏မျက်နှာမှာ ထိုဓားသကော်တကို ရေးဆွဲချိန်တွင် သွေးရောင်ပင် မရှိတော့ပေ။

အရေးပေါ်အခြေအနေနှင့် မကြုံတွေ့ရဘဲ ထိုဓားသကော်တကို အသုံးမပြုရန်လည်း သူမကို သခင်လေးက အထပ်ထပ်မှာ သွားခဲ့လေသည်။

ယခုတော့ သူမ၏ဝတ်ကျောင်းတော်လည်း ဖျက်စီးခံရတော့မည်ဖြစ်သလို သူမ၏တန်ခိုးစွမ်းအားများလည်း တဖြည်းဖြည်းပျောက်ကွယ်နေပြီ။ ယခုအခြေအနေကို အရေးပေါ်အခြေအနေဟု ခေါ်ဆိုနိုင်ပါမည်လား။

လူအများ၏အားကိုးတကြီးဆုတောင်းသံများသည် ယခုတော့ ဆဲဆိုကျိန်စာတိုက်သည့် အမုန်းစကားများ အဖြစ် ပြောင်းလဲသွားခဲ့ပြီ။

သူမက မိစ္ဆာနတ်ဘုရားကို မနိုမ်နင်းနိုင်သည့်အတွက် အမုန်းတရားများ ...

သူမက အရှုံးပေးပြီဟု ဝန်မခံသည့်အတွက် အမုန်းတရားများ ...

သူမက မိစ္ဆာနတ်ဘုရားစကားကို နားမထောင်သည့်အတွက်

အမုန်းတရာများ..

အမုန်းတရားများက သူမ၏ တန်ခိုးစွမ်းအားများကို ဝါးမြို

သွားကြပြီး ပြင်းထန်သည့် နာကျင်မှုကို သူမ ခံစားရလေ

သည်။

ထိုသို့သောနာကျင်မှုမျိုးကို ရေငန်းသီးပင် ဘဝတုန်းကလည်း

သူမ ခံစားခဲ့ရဖူးပါသည်။

ယခုတော့ သူမ နာကျင်မှုကို ဂရုမစိုက်တော့ပါ။ သို့သော် သူမ

ဝမ်းနည်းကြေကွဲမှုကို ခံစားနေရလေသည်။

ချီးစန်းကွမ်းသည် ဗုံကို ကိုင်ထားဆဲဖြစ်လေသည်။

လူအုပ်ကြီးကြားထဲတွင် ချီးစန်းကွမ်းမှာ နစ်မြုပ်နေလေသည်။

လူအုပ်ကြီးက ကူရှန်ဝတ်ကျောင်းတော်တံခါး ဖျက်စီးပစ်လိုက်

ကြပြီ။ ထို့နောက် ဝတ်ကျောင်းတော်အတွင်းသို့ ဝင်သွားကြပြီး

ယူဆောင်လာကြသည့် ကောက်ရိုးများ ၊ ထင်းများကို ကူရှန်

နတ်မိမယ်ရုပ်တုအောက်တွင် ပုံလိုက်ကြသည်။ သူတို့ နတ်မိမယ်ရုပ်တုကို ဖျက်စီးကြတော့မည်။

နတ်မိမယ်၏ နှလုံးသားမှ ထိုမြင်ကွင်းကို ကြည့်လိုစိတ်မရှိတော့ပေ။ သူမ မျက်လုံးများကို မှိတ်ထားလိုက်မိလေသည်။

ထိုအချိန်မှာပင် ဝတ်ကျောင်းတော်ထဲတွင် ရေးဆွဲထားသည့် ဓားဝိညာဉ်သည် ပေါက်ကွဲထွက်သွားလေသည်။

ဝတ်ကျောင်းတော်ထဲတွင် လှိုင်းများထသွားပြီး ဝတ်ကျောင်းတော်အတွင်းမှ လူများမှာ အပြင်သို့လွင့်စင်ထွက်သွားကြလေတော့သည်။ လွင့်ထွက်သွားသည့်လူများသည် မိုးရေထဲတွင်ရှိများပေကျုံကုန်ကြလေသည်။

လူများမှာစိတ်ရှုတ်ထွေးကုန်ကြပြီး ချက်ချင်းပင် ကြောက်လန့်လာကြလေသည်။

ကူရှန်နတ်မိမယ်မှာ နတ်မိမယ်တစ်ပါးဖြစ်လေသည်။ သူတို့ကဲ့သို့ သာမန်လူတစ်ယောက်မဟုတ်ပေ။

နတ်မိမယ်အပေါ်ထားသည့် အမုန်းတရားများသည်

အကြောက်တရားအဖြစ်သို့ ကူးပြောင်းသွားလေသည်။

ထိုအခါ ကူရှန်နတ်မိမယ်ခံစားနေရသည့် နာကျင်မှုများ

သက်သာသွားပြီး တန်ခိုးစွမ်းအားများပျောက်ကွယ်နေခြင်းမှာ

လည်း ချက်ချင်းပင် ရပ်တန့်သွားလေသည်။ သို့သော် သူမမှာ

ယန်ရှီး၏ အနက်ရောင်ကြိုးဖြင့် တုပ်နှောင်ခံထားရ

သည့်အတွက် မည်သို့မျှ လှုပ်ရှားရ၍မရပေ။

ထိုအချိန်မှာပင်....

ဝတ်ကျောင်းတော်ထဲမှ လျှပ်စီးကဲ့သို့လျှင်မြန်သည့် ဓားဝိညာဉ်

တစ်ခု ထွက်ပေါ်လာလေသည်။ ထိုဓားဝိညာဉ်က ယန်ရှီးကို

တိုက်ခိုက်ခြင်းမရှိပါ။ သို့သော် ကူရှန်နတ်မိမယ်ကို တုပ်နှောင်

ထားသည့် အနက်ရောင်ကြိုးများကို ဖြတ်တောက်ပစ်လိုက်

လေသည်။

နတ်မိမယ်သည် လေထဲသို့ ပျံတက်သွားပြီး တောက်ပသည့်ဓား

ဝိညာဉ်က သူမကို ဝန်းရံထားလေသည်။

ဓားဝိညာဉ်ထဲမှ ဆန်းလျန်၏ဝိညာဉ်စွမ်းအားများကို ယန်ရှီး

ခံစားလိုက်ရသည်။ အစကတည်းက သူအာရုံရနေသည့် ဓား

ဝိညာဉ်သည် ထိုဓားဝိညာဉ်ပင်ဖြစ်လေသည်။

ယန်ရှီးက ရယ်မောလိုက်ရင်း....

"ဓားသင်္ကေတတစ်ခုပဲ ၊ ဘာလဲ … သူက မင်းအတွက်ထားခဲ့

တာလား"

နတ်မိမယ်သည် နှုတ်ခမ်းကိုကိုက်လိုက်ပြီး မည်သည့်စကားမှ

မဆိုပေ။ သူမ၏နတ်ဘုရားစွမ်းအားများကို စုစည်းလိုက်ပြီး

အချိန်မရွေးပေါက်ကွဲနိုင်သည့်အနေအထားတွင်ရှိနေလေ

သည်။

ယန်ရှီးကတော့ သူမကို ဂရုမစိုက်ပါ။

"သူ ဒီနေရာမှာ တကယ် ရှိမနေဘူးပဲ ၊ ကြည့်ရတာ သူတစ်နေရာရာကို ထွက်သွားပြီပေါ့လေ"

"အဲဒီတော့ ဘာဖြစ်သလဲ"

နတ်မိမယ်က ပြန်ပြောလိုက်သည်။

ယန်ရှီးက ရယ်မောလိုက်ပြန်လေသည်။

"ဘာမှ မဖြစ်ရပါဘူးကွာ ၊ ကျုပ်က အတည်ပြုချက်ယူနေတာပါ ၊ ကျုပ် နည်းနည်းတော့ နားလည်သွားပြီ ၊ အင်း … သူက မင်းအတွက် အကာအကွယ်ဓားဝိညာဉ်တောင်ဓားခဲ့တယ်ဆိုတော့…."

သူက လှပသည့်နတ်မိမယ်လေးကို တစ်ချက်ကြည့်လိုက်ပြီး သတ်ဖြတ်လိုသည့်အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

ထိုအချိန်မှာပင် နတ်မိမယ်ကို ဝန်းရံထားသည့် ဓားဝိညာဉ်က ယန်ရှီးကို တိုက်ခိုက်လိုက်လေသည်။

ယန်ရှီးက ရုတ်တရက်ပျောက်ကွယ်သွားပြီး ဓားဝိညာဉ်က မြို့တော်ခန်းမ နံရံကို ထိုးစိုက်မိသွားလေသည်။ မြို့တော်ခန်းမ နံရံမှာ ကျောက်မှုန့်များဖြစ်သွားပြီး မိုးရေထဲတွင်မျောပါသွားလေသည်။

ကူရှန်နတ်မိမယ်နှင့် မနီးမဝေးတွင် ယန်ရှီးပြန်ပေါ်လာလေသည်။ သူက နတ်မိမယ်၏ ရင်ဘတ်ပေါ်သို့ လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်သည်။ ထိုနေရာမှ နတ်မိမယ်၏ တန်ခိုးစွမ်းအားတည်ရှိရာ နှလုံးသားနေရာဖြစ်လေသည်။

နတ်မိမယ်၏ခန္ဓာကိုယ်မှ အလင်းရောင်များ ဖြာထွက်နေလေသည်။

နတ်ဘုရားစွမ်းအားများသည် သူမကိုယ်ထဲတွင် အရှိန်အဟုန်ပြင်းစွာဖြင့် လှည့်ပတ်နေလေသည်။ အမြင့်ဆုံးစွမ်းအားရရှိရန်အတွက် နတ်မိမယ်က သူမကိုယ်သူမ လောင်ကျွမ်းပစ်ရန်ကြိုးစားလိုက်သည်။

သို့သော် ယန်ရှီး၏ မျက်ဝန်းနက်နက်များကို ရင်ဆိုင်လိုက်ရသည်နှင့် စိတ်အာရုံများပျံ့လွင့်သွားပြီး စွမ်းအားလှည့်ပတ်မှု နှေးကွေးသွားရလေသည်။

ဓားဝိညာဉ်ထွက်ပေါ်လာပြီး ယန်ရှီး၏နှလုံးသားနေရာသို့ ထိုးစိုက်ချလိုက်လေသည်။

ယန်ရှီးက သူ၏လှပသည့်လက်လေးများဖြင့် သူ့ထံသို့ထိုးစိုက်လာသည့် ဓားဝိညာဉ်ကို ဖမ်းစုပ်လိုက်လေသည်။

ဓားဝိညာဉ်မှာ အသက်ဝင်နေပြီး သူ့လက်မှ လွတ်မြောက်ရန် လူးလွန့်နေလေသည်။

ယန်ရှီး မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

နတ်သက်ခြေဓားသိုင်းတဲ့လား…။

သူ့ကို ဘယ်လိုလုပ် နှိမ်နင်းနိုင်မှာတဲ့လဲ…။

ယန်ရှီးလက်တွင်းမှ တကြွပ်ကြွပ်မြည်သံများထွက်ပေါ်လာလေသည်။

ယန်ရှီးမှာ ဆန်းလျန်ချန်ထားခဲ့သည့် ဓားဝိညာဉ်ကို ချေမွဖျက်
စီးပစ်လိုက်ပြီဖြစ်ကြောင်း နတ်မိမယ်သိလိုက်လေသည်။
သခင်လေး၏သွေးဖြင့်ရေးထားခဲ့သည့် ဓားသင်္ကေတသည်ပင်
ထိုမိစ္ဆာနတ်ဘုရားကို နည်းနည်းလေးမှ ထိခိုက်နိုင်ခြင်းမရှိပေ။
ရုတ်တရက် သူမနှလုံးသားနေရာမှ အေးခနဲခံစားလိုက်ရလေ
သည်။ သူမမသိလိုက်မီမှာပင် သူမနှလုံးသားနေရာမှ နတ်
ဘုရားတန်ခိုးစွမ်းအားများမှာ ယန်ရှီးလက်တွင်းသို့ ပါသွားလေ
သည်။

ယန်ရှီး၏လက်ထဲတွင် တောက်ပကြည်လင်နေသည့် ပုလဲလုံး
တစ်လုံးကို ကိုင်ထားလေသည်။ ထိုပုလဲလုံးမှာကူရှန်နတ်မိ
မယ်၏ နတ်ဘုရားတန်ခိုးစွမ်းအားတည်ရှိရာ နေရာဖြစ်လေ
သည်။ ထိုပုလဲလုံးသည် တဖြည်းဖြည်းကြီးမားလာပြီး တံခါးဝ
တစ်ခုပေါ်လာလေသည်။ ထိုတံခါးဝမှာ ကူရှန်ဝတ်ကျောင်း
တော်တံခါးဝနှင့် ဆင်တူနေလေသည်။

နတ်မိမယ်မှာ မိစ္ဆာနတ်ဘုရားက သူမ၏နတ်ဘုရားတန်ခိုး

စွမ်းအားတံခါးကို မည်သို့ဖွင့်လိုက်နိုင်သည်လဲ နားမလည်နိုင်

ဖြစ်နေရလေသည်။

ယန်ရှီးသည် ပုံရိပ်ယောင်အဖြစ်ဖန်ဆင်းကာ နတ်မိ

မယ်၏တန်ခိုးစွမ်းအားတံခါးအတွင်းသို့ ဝင်ရောက်သွားပြီး

ပြန်ထွက်လာလေသည်။

ပြန်ထွက်လာသည့်အခါတွင်တော့ သူ၏လက်ထဲတွင် အနက်

ရောင်မိစ္ဆာစွမ်းအားများပါဝင်နေသည့် ပုလဲလုံးတစ်လုံးသည်

သူ့လက်ထဲတွင်ပါလာလေသည်။ ထိုပုလဲလုံးမှာ ဆန်းလျန်

ကိုယ်တွင်းသို့ သူထည့်သွင်းပေးခဲ့သည့် နှလုံးသားချုပ်ကျိန်စာ

ကို ဖိနှိပ်ထားသည့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများပင်ဖြစ်

လေသည်။

ယန်ရှီးက မြို့တံခါးထိပ်တွင် ရပ်တန့်နေပြီး ကူရှန်နတ်မိမယ်ကတော့ တန်ခိုးစွမ်းအားများ ကုန်ဆုံးကာ မြေပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။

ယန်ရှီးက နတ်မိမယ်၏ နတ်ဘုရားစွမ်းအားတည်ရှိရာ ပုလဲလုံးကို ရှုံ့ထဲသို့ လွှင့်ပစ်လိုက်လေသည်။ ပုလဲလုံးမှာ တောက်ပမှုမရှိတော့ဘဲ ရှုံ့ထဲတွင် နစ်နေလေသည်။

ယန်ရှီးက သူ့လက်ထဲမှ ဆန်းလျန်ချန်ထားခဲ့သည့် တန်ခိုးစွမ်းအားပုလဲလုံးကို စိုက်ကြည့်လိုက်သည်။ သူက အနက်ရောင်မိစ္ဆာစွမ်းအားများက သူ့ကိုယ်ထဲသို့ ပြန်စုပ်ယူလိုက်လေသည်။

သူ၏ နှလုံးသားချုပ်ကျိန်စာကို ပြန်လည်ရုတ်သိမ်းလိုက်ခြင်းဖြစ်လေသည်။ အနက်ရောင်မိစ္ဆာစွမ်းအားများကို စုပ်ယူလိုက်သည်နှင့် သူ၏ခန္ဓာကိုယ်မှာ ပိုပြီး ကြွခိုင်လာပြီး ကြောက်မက်ဖွယ်ရာကောင်းလာလေသည်။

သူက ဆန်းလျှန်၏တန်ခိုးစွမ်းအားများသာ ကျန်တော့သည့် တောက်ပနေသည့် ပုလဲလုံးကို ထပ်ကြည့်လိုက်သည်။ သူအနိုင်ရသည်ဆိုလျှင်တောင်မှ သူ့အနေဖြင့် မိုးကောင်းကင် မိစ္ဆာခန္ဓာမရနိုင်သေးပေ။ ထို့ကြောင့် သူ့အနေဖြင့် ဆန်းလျှန်၏ တန်ခိုးစွမ်းအားပုလဲလုံးကို အသုံးချကာ ထိုက်ရှီးတန်ခိုး စွမ်းအားများကို နားလည်အောင် ကြိုးစားသင့်လေသည်။ ထိုခဏလေးအတွင်းမှာပင် သူ့လက်ထဲမှ ပုလဲလုံးမှာ လေပွေ မုန်တိုင်းတစ်ခုဖြစ်ပေါ်လာလေသည်။

ယန်ရှီး၏တည်ငြိမ်သည့်မျက်နှာမှာ ချက်ချင်းပင် အံ့သြ တုန်လှုပ်သည့်အသွင်သို့ ပြောင်းလဲသွားလေသည်။ သူ့မျက်နှာ တွင် မယုံကြည်နိုင်သည့်အရိပ်အယောင်များပေါ်ထွက်လာလေ သည်။

“မင်း ဘယ်လိုလုပ်ပြီး ဒီလိုလုပ်ရတာလဲ”

ထိုအချိန်မှာပင်....

ယှီကွမ်းမြို့အပြင်ဘက်မှ ရောင်စုံအလင်းရောင်များတောက်ပ လာပြီး ယန်ရှီးရပ်နေသည့် မြို့တံခါးထိပ်နှင့်ပ ပတ်ဝန်းကျင် တစ်ခုလုံးကို စုပ်ယူပစ်လိုက်လေသည်။ ကြောက်စရာ အကောင်းဆုံးမှာ မြို့ရိုးတစ်ခုလုံးကို စုပ်ယူပစ်လိုက်ပြီး မြေပြင်တစ်ခုလုံးမှာ ရွှံ့များဖြင့် ပြည့်သွားလေသည်။ ကောင်းကင်ထက်မှ ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာပြီး ရွှံ့ထဲသို့ ထိုးစိုက်ချလိုက်လေသည်။

ထိုအခါ ရွှံ့ထဲမှ အနက်ရောင်အရိပ်တစ်ခု ထွက်ပေါ်လာလေ သည်။ ရွှံ့ထဲတွင် နစ်နေသည့် ယန်ရှီး၏အရိပ်ပင်ဖြစ်လေ သည်။

ထိုအချိန်မှာပင် အလွန်လျှင်မြန်သည့် သွေးနီရောင်ဓားဝိညာဉ် တစ်ခုပေါ်ထွက်လာပြီးအနက်ရောင်အရိပ်ကို အပိုင်းပိုင်းဖြတ် ပစ်လိုက်လေသည်။

အနက်ရောင်အရိပ်မှာ တစ်စစီပြတ်ထွက်သွားပြီး တုန်လှုပ်ခြောက်ခြားနေကြသည့် အနီးပတ်ဝန်းကျင်မှ လူအချို့အပေါ်သို့ ကျရောက်သွားလေသည်။

မိုးများစဲသွားပြီဖြစ်သည်။

ချောင်းဟန့်သံသဲ့သဲ့ကို ကြားလိုက်ရပြီး လူငယ်နှစ်ယောက်ပေါ်လာလေသည်။

ဆန်းလျန်နှင့် ရဲ့လျိုယွင် ပင်ဖြစ်လေသည်။

“ပကတိဖန်ဆင်းခြင်းပညာဟာ မိုးနဲ့မြေမှာ တကယ်ထူးခြားတဲ့ကျင့်စဉ်တစ်ခုပဲ ၊ မင်းက မင်းရဲ့ တန်ခိုးစွမ်းအားတွေ အကုန်သုံးမယ်ဆိုရင်တောင်မှ ဒီမိုးကောင်းကင်နတ်မိစ္ဆာကို မမြစ်ပြတ်သုတ်သင်မပစ်နိုင်လောက်ဘူး”

“အမှန်ပဲ ၊ ငါ့ရဲ့ဆရာဘွားဘွားက သူ့နောက်ကို အချိန်အကြာကြီးလိုက်ပြီး တိုက်ခိုက်တာတောင်မှ သူ့ကို အမြစ်ပြတ် မသုတ်သင်နိုင်ခဲ့ဘူး”

ဆန်းလျန် ထိုစကားကိုပြောလိုက်သည့်အချိန်တွင် နောင်တရသည့်အသံများ ပါဝင်နေလေသည်။

ယန်ရှီးကို နောက်ဆုံးတိုက်ခိုက်လိုက်သည့် တန်ခိုးစွမ်းအားသည် ဓားဝိညာဉ်တစ်ခုမဟုတ်ဘဲ မိုးကောင်းကင်နတ်မိစ္ဆာနှိမ်နင်းသည့်ပညာသာဖြစ်ခဲ့လျှင် ယန်ရှီးအနေဖြင့် လွတ်မြောက်နိုင်မည်မဟုတ်ပေ။ ယခုတော့ ယန်ရှီးမှာ လွှတ်မြောက်သွားပြန်ပြီဖြစ်လေသည်။

ရဲ့လျိုယွင်က ကြောက်ရွံ့နေကြသည့် လူများကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

“ဒီလူတွေထဲက တစ်ယောက်ယောက်ရဲ့ နှလုံးသားထဲကိုဝင်ပြီး ဒီကောင် ပုန်းနေတာဖြစ်နိုင်တယ်၊ ဒီလူတွေကိုရော ငါတို့သတ်ပစ်ကြမလား”

ဆန်းလျန်က လက်တစ်ဖက်ကာပြလိုက်ရင်း...

"သူက ငါတို့နှလုံးသားထဲကို မိစ္ဆာမျိုးစေ့တွေ တိတ်တဆိတ်

ထည့်ပေးတဲ့ လျှို့ဝှက်နည်းလမ်းကို အသုံးပြုတာ ၊ ဒီလူတွေ

အားလုံးသာ သူ့ရဲ့ကိုယ်ပွားတွေဖြစ်ကုန်ရင် ငါတို့တော့

ပြဿနာတက်ပြီပေါ့ ၊ ဒါပေမယ့် သူ ဒီမှာ မရှိလောက်တော့ပါ

ဘူး"

"ဘာဖြစ်လို့လဲ"

ရဲ့လျိုယွင်ကမေးလိုက်သည်။

"ဘာလို့လဲဆိုတော့ သူ့လိုလူမျိုးက အသက်ရှင်ရဖို့အဓိကပဲ

လေ ၊ ဒီမှာဘယ်နေတော့မလဲ ၊ ပြေးပြီပေါ့"

ဆန်းလျန်က ရွှံ့ရေများဖြင့်ပြည့်နေသည့် ယွီစွေမြစ်ကို တစ်

ချက်လှမ်းကြည့်လိုက်လေသည်။ မြစ်တစ်ခုလုံးသည် ညစ်ပတ်

လျှက်ရှိချေပြီ။

မြစ်ရေသည် တည်ငြိမ်နေလျှင် ကြည်လင်နေပြီး လှိုင်းထလျှင်

တော့ နောက်ကျိသွားတတ်လေသည်။

လူ့စိတ်သဘောများကဲ့သို့ပင်ဖြစ်လေသည်။ တည်ငြိမ်နေသည့် အချိန်တွင်တော့ စိတ်ကောင်းဝင်နေတတ်ကြပြီး လောကဓံဖြင့် ကြုံတွေ့ရလျှင်တော့ သည်းမခံနိုင်ကြဘဲ နောက်ကျိသွားတတ် ကြလေသည်။

စစ်မှန်သည့် တာအိုကျင့်ကြံသူကတော့ မည်မျှပင် လောကဓံ ကိုရင်ဆိုင်ရပါစေ အေးဆေးတည်ငြိမ်ဆဲဖြစ်လေသည်။

တန်ခိုးစွမ်းအားများအားလုံး ဆုံးရှုံးရပြီဆိုလျှင်တောင်မှ စိတ်နှလုံးမှ လွတ်မြောက်ခြင်းတရားကတော့ ပျောက်ဆုံးသွား မည်မဟုတ်ပေ။

နှလုံးသားထိန်းချုပ်ကျိန်စာကို ဖိနှိပ်ထားရန်အတွက် ဆန်းလျ န်၏ တန်ခိုးများစွာ ဆုံးရှုံးခဲ့ရသည့်တိုင် သူ့စိတ်က အေးဆေး နေဆဲဖြစ်လေသည်။ တန်ခိုးစွမ်းအားဆိုသည်က ပြန်လည် ကျင့်ကြံ၍ရလေသည်။

သို့သော် လူတစ်ဦး၏ စိတ်နေစိတ်ထားပျက်စီးသွားလျှင်တော့ အလွယ်တကူ ပြုပြင်ယူ၍ရနိုင်မည်မဟုတ်ပေ။

ရဲ့လျိုယွင်က ဆန်းလျန်၏ သန့်စင်သည့်စိတ်ထားကို လေးစားလိုက်မိသည်။

တန်ခိုးစွမ်းအားများ ဆုံးရှုံးလိုက်ရသည့်တိုင် ဆန်းလျန်သည် တည်ငြိမ်နေဆဲဖြစ်လေသည်။ သူ့ကိုကြည့်ရသည်မှာ ညအမှောင်တွင် ထွန်းလင်းနေသည့် မီးအိမ်လေးတစ်လုံးပမာ နွေးထွေးပြီး သက်တောင့်သက်သာရှိလှသည်။

………………………………

ကူရှန်ဝတ်ကျောင်းတော်ကို ဆန်းလျန်က အသစ်ပြန်လည်တည်ဆောက်ပေးလေသည်။

ကူရှန်နတ်မိမယ်မှာလည်း သတိပြန်ရလာပြီး လူအများ၏နွေးထွေးသည့်ဆုတောင်းသံများကို ပြန်လည်ခံစားလိုက်ရလေသည်။ ထိုအခါ သူမ၏ တန်ခိုးစွမ်းအားများ ပြန်လည်ရရှိလာလေသည်။

သူမမျက်လုံးဖွင့်ကြည့်လိုက်သည့်အခါတွင်တော့ သခင်လေး၏ နွေးထွေးသည့်အကြည့်များနှင့် ရင်ဆိုင်လိုက်ရသည်။

"ကျေးဇူးတင်ပါတယ်"

ဆန်းလျန်က ပြောလိုက်သည်။

ထိုစကားတစ်ခွန်းတည်းနှင့်ပင် သူမပေးဆပ်ခဲ့သမျှ တန်ဖိုးရှိလှသည်ဟု နတ်မိမယ်လေးခံစားလိုက်ရလေသည်။

ဆန်းလျန်၏ ကျေးဇူးတင်စကားတစ်ခွန်းက သူမကို အရာအားလုံးထက်ပိုပြီး ပျော်ရွှင်စေလေသည်။

ထိုခံစားချက်ကို သူမ နားလည်မိသလိုရှိလေသည်။ လူသားများက ထိုခံစားချက်ကို "အချစ်" ဟု အမိပ္ပါယ်ဖွင့်ကြသည်။

လူသားများက ထိုအချစ်ကြောင့်ပင် မွေးဖွားလာကြသည်။

အသက်တွေကြီးပြင်းသည့်တိုင် ၊ နာမကျန်းသည့်တိုင် ၊ သေသည်အထိ သက်ဆုံးတိုင် ပေါက်းဖက်ကြလေသည်။ သာမန်လူသားများအတွက်တော့ အချစ်က အရေးကြီးလေသည်။

“တကယ်တော့ ကျွန်မ အများကြီးလည်း မကူညီလိုက်ရပါဘူး”

သူမက နူးညံ့စွာပြောလိုက်သည်။

သူမရင်ထဲမှ သခင်လေးဟု ခေါ်ချင်မိသော်လည်း ဘာကြောင့်

မှန်းမသိ မခေါ်လိုက်မိပေ။

ဆန်းလျန်ကတော့ အခေါ်အဝေါ်များကို သိပ်ပြီးဂရုစိုက်တတ်

သူမဟုတ်၍ သတိမထားလိုက်မိပေ။

“မင်းအပေါ်မကောင်းခဲ့ကြတဲ့ ယွီကွမ်းမြို့ကလူတွေကို

အပြစ်ပေးချင်သေးလား”

ဆန်းလျန်က မေးလိုက်သည်။

“ဒါပေမယ့် အခု သူတို့က ကျွန်မကို ပြန်ကိုးကွယ်နေကြပြီပဲ ၊

အရင်ကထက်တောင် ကြည်ညိုကြသေးတယ်”

သူမက ဆန်းလျန်စကားကြောင့် တအံ့တသြဖြင့် ပြန်ဖြေလိုက်

သည်။

လူအများ၏ဆုတောင်းသံများနှင့်အတူ သူမအပေါ် ကြောက်ရွံ့လေးစားခြင်းကိုလည်း သူမ ခံစားနေရလေသည်။ လူအများ၏ကိုးကွယ်ဆည်းကပ်မှုမှာ ယခင်ကထက်ပင်ပိုပြီးပြင်းထန်နေလေသည်။ သူမ၏တန်ခိုးစွမ်းအားများမှာလည်းပြန်လည် မြင့်တက်လာပြီဖြစ်လေသည်။

သို့သော် သူမတန်ခိုးစွမ်းအားများ မြင့်တက်လာခြင်းအတွက်သူမ ပျော်ရွှင်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူမမွေးကတည်းက သူမထက် တန်ခိုးစွမ်းအား အဆမတန်မြင့်မားသူများကို မြင်တွေ့ခဲ့ရသောကြောင့်ဖြစ်လေသည်။

ပင်လယ်နှင့် မြစ်များကို မြင်တွေ့ခဲ့ဖူးသူအတွက် စမ်းချောင်းလေးကို ကျယ်သည်ဟု မထင်မိတော့ပေ။

"မင်း သူတို့ကို မမုန်းဘူးလား"

ဆန်းလျန်က သူမကို တစ်ချက်လှမ်းကြည့်ရင်း မေးလိုက်သည်။

"မမုန်းပါဘူး"

ထိုစကားမှာ သူမရင်ထဲမှ စကားဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူမ တကယ် မမုန်းသောကြောင့် ဖြစ်လေသည်။ သူမရေစင်းသီးပင်လေးဘဝတုန်းက သူမပင်စည်ပေါ်တွင် တွယ်ကပ်နေသည့် နွယ်ပင် တစ်ပင်ရှိခဲ့ဖူးလေသည်။ သူမ ပင်စည်ထဲမှ အာဟာရများကို စုပ်ယူပြီး အသက်ရှင်သန်လေသည်။ သို့သော်... တဖြည်းဖြည်းနှင့် သေဆုံးသွားပြီး အမှုန့် ဖြစ်သွားရှာလေသည်။

ထိုအပင်လေးသေဆုံးသွားတော့ သူမ အလွန်ဝမ်းနည်းခဲ့ရဖူးလေသည်။

လူသားများသည်လည်း အချိန်တန်လျှင် ထိုနွယ်ပင်လေးကဲ့သို့ပင် အမှုန့်ဖြစ်သွားရမည်ဖြစ်ပြီး သူမက လူသားများအတွက် စိတ်မကောင်းပင် ဖြစ်မိလေသည်။

"ဒါလည်း ကောင်းတာပဲလေ..."

ဆန်းလျန်သက်ပြင်းတစ်ချက်ချရင်းပြောလိုက်သည်။

ဆန်းလျန်က မတ်တပ်ရပ်လိုက်ပြီး သူမ၏ မျက်ခုံးနှစ်ခုကြား

သို့ လက်ဖြင့် ထောက်လိုက်သည်။

ယခုမှ သူမ၏ဝိညာဉ်မှာ နတ်မိမယ်ရုတ်တုထဲတွင် ရှိနေခြင်း

ဖြစ်ကြောင်း သူမ သတိရလိုက်မိသည်။

သူမ၏ မျက်ဝန်းထဲတွင် ပင်လယ်ကြီးတစ်ခုကို မြင်တွေ့ရပြီး

ပင်လယ်၏အလယ်တွင် ကျွန်းကြီးတစ်ကျွန်းရှိနေလေသည်။

ထိုကျွန်းပေါ်တွင် နတ်ဘုရားတောင်တစ်တောင် ရှိလေသည်။

တောင်ထိပ်တွင် လှပသည့် မြူခိုးတိမ်တိုက်များ ရစ်သိုင်းနေ

လေသည်။

"ဒီနေရာကို ချင်းရွှမ်နတ်တံခါးလို့ခေါ်တယ် ၊ ချီးစန်းကွမ်းနေ

ကောင်းသွားရင် အဲဒီကို လွှတ်လိုက်ပါ"

"ကျွန်မရော အဲဒီကိုလာလို့မရဘူးလား"

နတ်မိမယ်က မျက်ဝန်းတောက်တောက်လေးများဖြင့် ဆန်းလျှ
န်ကို ကြည့်ရင်းမေးလိုက်သည်။

"မင်း ဒီနေရာက ထွက်ခွာလို့ရတဲ့တစ်နေ့ကျ ချင်းရှမ်မှာ ကျုပ်
ကို လာရှာနိုင်ရပါတယ် ၊ ဒါနဲ့ မင်းမှာနာမည်ရှိသလား ၊ မင်း
နာမည်ကိုတောင် ကျုပ်မသိရသေးဘူး"

ဆန်းလျှန်က ရယ်မောရင်းပြောလိုက်သည်။

"ကျွန်မမှာ နာမည်မရှိဘူး ၊ ဒီဒေသမှာပဲ သီးနှံတွေအထွက်တိုး
စေဖို့ ကူရှန်နတ်မိမယ်လို့ပဲခေါ်ကြတာ"

"ဒါဖြင့်လည်း မင်းကို နာမည်တစ်ခုပေးမယ်လေ ၊ မင်းက ရေ
ငန်းသီးပင်လေးက မွေးဖွားလာတာမို့လို့ မင်းကို လွိုင်လော်လို့
နာမည်ပေးလိုက်မယ်"

(လွိုင်လော် = အစိမ်းရောင်သစ်ပင်ဟုအဓိပ္ပါယ်ရ - ဘာသာပြန်
သူ)

"ဟုတ်..."

နတ်မိမယ်သည် သူမ၏နာမည်ကို သဘောကျသွားပြီး စိတ်လည်းလှုပ်ရှားသွားလေသည်။ သူမသာ လူသားတစ်ယောက်ဖြစ်ခဲ့လျှင် အရမ်းကောင်းမှာပဲဟု တွေးနေမိလေသည်။ သူမ သွားချင်သည့်နေရာတိုင်းသို့ သွားနိုင်မည်ဖြစ်လေသည်။ သူမ စိတ်ကူးယဉ်၍ကောင်းနေဆဲမှာပင် ဆန်းလျန်က ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

အဝေးဆီမှ ကဗျာရွတ်ဆိုသံ သဲ့သဲ့ကို ကြားလိုက်ရလေသည်။

"အစိမ်းရောင်သစ်ပင်လေး(လွိလော်)နဲ့ ကျောက်စိမ်းသစ်ပင်တို့ ဆုံတွေ့ခဲ့ကြတယ်...

သစ်ပင်နှစ်ပင်လုံး လင်းလက်တောက်ပလို့...

နတ်ဘုရားနှစ်ပါးက သစ်ပင်နှစ်ပင်အောက်မှာထိုင်နေတယ်...

ပြီးတော့ သူတို့တွေ မိုးကောင်းကင်ထက် အတူတူပျံသန်းထွက်ခွာသွား...

သစ်ပင်လေးလည်းစိတ်လှုပ်ရှားစွာ သူတို့နဲ့အတူတူ ပျံသန်း

လိုက်ချင်ရဲ့...

အစိမ်းရောင် ရှီးယွဲ့တောင်ထိပ်မှာ...

အလှစိုက်ထားတဲ့ ပန်းဥယျာဉ်လေးဟာ မိုးကောင်းကင်နဲ့

ဆက်နွယ်...

အဲဒီဥယျာဉ်လေးထဲမှာ ရသေ့ကြီးတစ်ပါးရှိတယ်...

မှတ်ဆိတ်တွေရော ဆံပင်တွေရော ဖြူဖွေးလို့...

တောင်ဝှေးတစ်ချောင်းကိုင်ပြီးခရီးထွက်သွားတဲ့အခါ...

အရာရာကိုမေ့ပျောက်လိုက်ဖို့ သင်ကြားပေးသွားတယ်..."

အခန်း (၂၆၀)

မြောက်ဖျားဒေသ

ဆန်းလျန် တိမ်ပေါ်သို့တက်လိုက်သည့်အချိန်တွင် ရဲ့လျိုယွင်
က သူ့ကိုစောင့်နေလေသည်။

"ဆန်းလျန် ၊ မင်းက မိန်းကလေးတွေကို ဂရုစိုက်တတ်လာတာ
ပဲ ၊ အရင်က ဒီလိုမဟုတ်ပါဘူး ၊ ကြည့်ရတာ ချစ်သူတွေ ဘာ
တွေများ ရနေပြီလား"

ရဲ့လျိုယွင်က ပြုံးရင်းမေးလိုက်လေသည်။

"ဘယ်ကဟုတ်ရမှာလဲ ၊ ငါက ဒီလိုပဲ လွတ်လွတ်လပ်လပ် စိတ်
ထဲရှိတဲ့အတိုင်းနေတာပါ ၊ ဒါပေမယ့် တစ်နေ့ကျရင်တော့
ပြောင်းလဲချင်လည်း ပြောင်းလဲသွားမှာပေါ့ ၊ အဲဒီကျရင်သာ
မင်းက မအံ့သြနဲ့နော်"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"ငါတို့နှစ်ယောက်လုံးအတွက် ကိုယ်လုပ်ချင်တာလုပ်ဖို့ဆိုတာ
လွယ်တဲ့ကိစ္စမှမဟုတ်တာကွာ ၊ မင်းရဲ့ဂိုဏ်းတူအစ်ကို ချန်ကျန့်

မေကိုပဲကြည့်လေ ၊ စိန်ခေါ်မှုတွေအများကြီးနဲ့ရင်ဆိုင်နေရတာ ၊ သူ့ဘဝကိုရော လွတ်လပ်တယ်လို့ မင်းပြောနိုင်မလား"

"အစ်ကိုရဲ့ ၊ မင်းက ချင်းရှမ်နတ်တံခါးအကြောင်း တော်တော်သိနေတာပဲ ၊ ဘာလဲ မင်းတို့ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းက ငါတို့ချင်းရှမ်နတ်တံခါးကို မသိမသာများ လေ့လာနေတာလား"

ဆန်းလျန်က ပြောလိုက်သည်။

"မင်းမသိတာတွေအများကြီးကို ငါသိထားပါတယ်လို့ ပြောပြီးပြီလေ ၊ ပြီးတော့ ငါမင်းကိုတောင်းထားတဲ့အကူအညီက မင်းကို အရမ်းလိုအပ်ရုံတင်မကဘူး မင်းအပေါ်မှာလည်း အများကြီးမူတည်နေတယ်"

ရဲ့လျိုယွင်က သူ၏သွေးနီရောင်ပလ္လင်ကို လက်ဖြင့်အသာခေါက်ရင်းပြောလိုက်လေသည်။ ပလ္လင်ဆီမှ ထွက်ပေါ်လာသည့်အသံလေးမှာ သာယာနာပျော်ဖွယ်ဖြစ်လေသည်။

"ငါကူညီနိုင်တာဘာမဆို ကူညီပါ့မယ်ကွာ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

တိမ်တိုက်များမှ အရောင်များပြောင်းလဲသွားလေသည်။

"အေးပါ၊ ငါအခု ပြန်တော့မယ်၊ မင်းရဲ့အကူအညီလိုတဲ့

အချိန်ကျရင် ငါမင်းကို လှမ်းအကြောင်းကြားလိုက်မယ်"

ရဲ့လျိုယွင်က စကားဆုံးသည်နှင့် ထွက်ခွာရန်ပြင်လိုက်သည်။

"အစ်ကိုရဲ့၊ မင်ဝမ်ဝတ်ကျောင်းတော်က ဟွေ့ခဲ့ဆရာတော်

ဘယ်ရောက်နေလဲဆိုတာ မင်းတကယ်မသိဘူးလား"

ဆန်းလျန်က မေးလိုက်လေသည်။

ဆန်းလျန်က ဟွေ့ခဲ့ဆရာတော်ကို အလွန်လေးစားသူဖြစ်လေ

သည်။

ထို့ပြင် မင်ဝမ်ဝတ်ကျောင်းတော်၏အဖြစ်ဆိုးကို တွေ့မြင်ခဲ့ရ

ပြီးသည့်နောက်ပိုင်း ဟွေ့ခဲ့ဆရာတော် အန္တရယ်ကင်းကင်းရှိနေ

စေရန်လည်း မျှော်လင့်မိလေသည်။ ထို့ပြင် မင်ဝမ်

ဝတ်ကျောင်းတော်ကဲ့သို့ ရှေးဟောင်းဝတ်ကျောင်းတော်ကြီး

တစ်ခု ပျက်စီးသွားရသည်ကို ဆန်းလျန်မှာ စိတ်မကောင်းဖြစ်နေဆဲဖြစ်လေသည်။

အခြေအနေအရပ်ရပ်က ခန့်မှန်းရန်ခက်ခဲနေခဲ့ပြီး ဆန်းလျန်မှာ ချင်းရှမ်အတွက်လည်း စိတ်ပူနေမိလေသည်။

"ဟွေ့ခဲ့ဆရာတော်က အရင် ရှူပနတ်ဘုရားမင်းကြီးတွေနဲ့ မတူဘူး ၊ သူက ပြန်ပေါ်လာဦးမှာပါ ၊ အဲဒီအချိန်ကျ ဗုဒ္ဓဘာသာကျောင်းတော်တွေအတွက် စိတ်ဝင်စားစရာတွေ ဖြစ်ချင်ဖြစ်လာမှာပေါ့"

ရဲ့လျိုယွင်၏ လေသံမှာ ဝမ်းသာနေသည့် လေသံဖြစ်လေသည်။ သူက ဟွေ့ခဲ့ဆရာတော်ဒုက္ခရောက်ရသည်ကို ကျိတ်ပြီး ပျော်နေဟန်ရှိလေသည်။ အမှန်တော့ ဗုဒ္ဓဘာသာကျောင်းတော်များနှင့် ဟွမ်ချမ်နတ်ဆိုးဂိုဏ်းမှာ အစကတည်းက ဆက်ဆံရေးကောင်းခဲ့ကြသည် မဟုတ်ပေ။

ရဲ့လျိုယွင်ထွက်ခွာသွားပြီးသည့်နောက် ဆန်းလျန်မှာ တစ်ယောက်တည်း အတွေးနက်လျှက် ကျန်ရစ်ခဲ့လေသည်။ မင်ဝမ်ဝတ်ကျောင်းတော်ပျက်စီးသွားရခြင်းမှာ လုံးဝမျှော်လင့်မထားသည့် ကိစ္စဖြစ်လေသည်။ ထို့အတူ ရဲ့လျိုယွင်နှင့် ပြန်ဆုံရန်လည်း လုံးဝမျှော်လင့်မထားမိပေ။ သို့သော် ရဲ့လျိုယွင်ကိုတော့ သူက အကြွေးတင်သွားခဲ့ပြီ။ ဤဖြစ်ရပ်များအားလုံး၏နောက်ကွယ်တွင် ဆန်းလျန်မသိသေးသည့် လျှို့ဝှက်ချက်များ ရှိနေမည်မှာ အသေအချာပင်ဖြစ်လေသည်။

ဟွေ့ခဲ့ဆရာတော်ပျောက်ဆုံးသွားခဲ့ပြီး ရဲ့လျိုယွင်က ထူးထူးခြားခြားပြန်ပေါ်လာလေသည်။ ဓားတန်ခိုးရှင်တစ်ယောက်က နတ်ဘုရားနှိမ်နင်းခြင်းအင်းကွက်ကို ရယူသွားခဲ့လေသည်။ လောကကြီးက မည်သည့်အခါမှ ရိုးရှင်းခြင်းမရှိပေ။

သို့သော် ဆန်းလျှန်တွင် တန်ခိုးစွမ်းအားများမရှိတော့လျှင် အမှန်တရားကိုသိလျှင်တောင်မှ အလကားပင်ဖြစ်လေသည်။ ဆန်းလျှန်၏ တန်ခိုးစွမ်းအားများမှာ တစ်ဝက်ကျော်ကျော် ဆုံးရှုံးသွားခဲ့လေသည်။ သို့သော် တန်ခိုးစွမ်းအားများ ဆုံးရှုံး သွားသည့်တိုင် ကျန်ရှိနေသေးသည့်တန်ခိုးစွမ်းအားများက ပို၍သန့်စင်ပြီး သိပ်သည်းလာလေသည်။ အရှုံးထဲက အမြတ် ထွက်သည်ဟုပင် ပြောရမည်လားမသိပေ။

သူ့အတွက် သုံးနှစ် သို့မဟုတ် ငါးနှစ်ခန့်အချိန်ယူပြီး ကျင့်စဉ် များ ပြန်လည်ကျင့်ကြံမှသာ တန်ခိုးစွမ်းအားများပြန်လည်ရရှိ နိုင်မည်ဖြစ်လေသည်။ သို့သော် ဆန်းလျှန် ထိုမျှ အချိန်မပေး နိုင်ပေ။ သူ့တွင် အချိန်မရှိပေ။

ကံကောင်းစွာဖြင့် ဆန်းလျှန်၏တန်ခိုးများ ပြန်လည်ရရှိရန် အတွက် အခြားနည်းလမ်းတစ်ခုရှိလေသည်။

ဘုရင်မက ဟွမ်လုန်ကျီကိုအနိုင်ရကာ ချင်းဆွေမြစ်စောင့်

နတ်သမီးအဖြစ် နတ်ဘုရားအသွင်ခံယူနိုင်ခဲ့ပါက အရာ

အားလုံး အဆင်ပြေသွားမည်ဖြစ်လေသည်။

....

ချင်းဆွေမြင်မှာ ကျယ်ပြန့်သည့် မြစ်တစ်စင်းဖြစ်လေသည်။

မြစ်အကျယ်ဆုံးနေရာမှာ မိုင်ပေါင်းငါးထောင်ခန့်ရှိပြီး

မစ်၏အကျင်းဆုံးနေရာမှာပင်လျှင် အနည်းဆုံး မိုင်တစ်ရာခန့်

ကျယ်လေသည်။ သို့သော် ယွမ်ကျိုးနယ်တွင် ချင်းဆွေမြစ်မှာ

အကျယ်ဆုံးမြစ်တစ်စင်း မဟုတ်သေးပေ။

ယွမ်ကျိုးနယ်မြောက်ဖျားတွင် ထုန်ထျန်းမြစ်ဟုခေါ်သည့် မြစ်

တစ်စင်းရှိသေးသည်။ ထိုမြစ်သည် မည်သည့်နေရာက

မြစ်ဖျားခံလာသည်ကို မည်သူမျှ မသိကြပေ။ ထိုမြစ်သည်

မိုးကောင်းကင်အထိရောက်သည်ဟု ပြောသည့်သူများက

လည်း ပြောကြလေသည်။

ဆန်းလျန် တိမ်ပေါ်မှဆင်းသက်လိုက်လေသည်။

သူဆင်းသက်လိုက်သည့်နေရာမှာ "ချင်းဆွေမြစ်စောင့် နတ်သမီးဝတ်ကျောင်းတော်" ရှေ့တွင်ဖြစ်လေသည်။

မိုင်တစ်ထောင်ပတ်ဝန်းကျင်မှ ဝိညာဉ်စွမ်းအားများ စုစည်းနေပြီး ဝတ်ကျောင်းတော်ပတ်ဝန်းကျင်တစ်ခုလုံးမျာ တန်ခိုးစွမ်းအားများ မြင့်မားလျှက်ရှိလေသည်။

ဝတ်ကျောင်းတော်တံခါးက အလိုလိုပွင့်သွားပြီး ဘုရင်မ ထွက်ပေါ်လာလေသည်။

သူမက ဆန်းလျန်ကို ကြည့်လိုက်ရင်း...

"နောက်ဆုံးတော့ မင်းပြန်လာပြီပေါ့၊ မိုက်တစ်ထောင်ပတ်လည်အတွင်းမှာ ငါ မင်းကို လိုက်ရှာခဲ့သေးတယ်၊ မင်းတော့ ကြောက်စရာကောင်းတဲ့ ရန်သူတစ်ယောက်နဲ့ရင်ဆိုင်နေရပြီဆိုတာ ငါသိလိုက်တယ်၊ ဒါပေမယ့် ငါလည်း ဒီမြစ်ကနေ ခွာလို့မရဘူးလေ၊ ဒါကြောင့် မင်းကို မကူညီနိုင်ခဲ့ဘူး"

"အဲဒီရန်သူက တကယ်အစွမ်းထက်တယ်၊ ဘုရင်မကူညီမယ်ဆိုရင်တောင်မှ အရာမထင်နိုင်ဘူး၊ ဒါနဲ့ မြစ်စောင့်နတ်သမီးအဖြစ် အပ်နှင်းခံရပေမယ့် ဘုရင်မကိုကြည့်ရတာ ထင်သလောက် တန်ခိုးစွမ်းအားမရှိသလိုပဲ"

ဆန်းလျန်က ပြောလိုက်သည်။

"ဟွမ်လုန်ကျီရဲ့ နဂါးသွေးအစစ်ကို တစ်ဝက်ပဲရလိုက်တယ်လေ၊ သူက အမြီးပြတ်ခံပြီး ထွက်ပြေးသွားတာကိုး၊ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက တကယ်ကို အစွမ်းထက်ပါတယ်၊ လွန်ခဲ့တဲ့ငါးရက်က ဟွမ်လုန်ကျီရဲ့အစ်ကို ဟွမ်ကျန်းရောက်လာသေးတယ်၊ သူတို့ဂိုဏ်းက တပည့်တစ်ယောက်ကိုလာရှာတာတဲ့၊ ဒီမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ဘာတပည့်မှမရှိဘူးလေ၊ ဒါပေမယ့် သူက မယုံဘူး၊ ငါလိမ်ပြောတယ်ပဲထင်နေတာ၊ အဲဒါနဲ့ငါတို့ တိုက်ခိုက်ကြတယ်လေ၊ ဧကရာဇ်တံဆိပ်တော်နဲ့ မြစ်ကမ်းတစ်လျှောက်က ဝိညာဉ်စွမ်းအားတွေ

ကြောင့်သာမဟုတ်ရင် သူက ငါ့ဝတ်ကျောင်းတော်ကို ဖျက်စီး

ပစ်တော့မလို့ဘဲ"

ဘုရင်မက စိတ်ကြည်လင်နေပုံရလေသည်။

သူမက ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို အစွမ်းထက်သည်ဟု

ပြောနေသည့်တိုင် သိပ်ပြီး အလေးထားပုံမပေါ်ပေ။

"ဘုရင်မက အခုဆိုရင် ချင်းဆွေမြစ်နဲ့ တစ်သားတည်းကျသွား

ပြီ ၊ ဘယ်အရာကမှ ခွဲခြားနိုင်မှာမဟုတ်တော့ဘူး ၊ ဘယ်သူက

မှလည်း ဘုရင်မကို သတ်နိုင်မှာမဟုတ်တော့ဘူး ၊ ဒါပေမယ့် ဒီ

နေရာက မထွက်ခွာနိုင်တော့ဘူးဆိုတော့ လောကကိုတော့ မ

ကျော်လွှန်နိုင်တော့ဘူးပေါ့"

မယုံနိုင်စရာကောင်းလောက်သည့် အကျိုးကျေးဇူးများကိုရလို

လျှင် ပြင်းထန်သော အကျိုးဆက်များကိုလည်း ရင်ဆိုင်

ရတတ်လေသည်။ ဘုရင်မမှာ ချင်းဆွေမြစ်စောင့်နတ်သမီးဖြစ်

သွားခဲ့ပြီး ချင်းဆွေမြစ်၏ ကံကြမ္မာသည် ဘုရင်မနှင့်

ချည်နှောင်ပြီးသားဖြစ်သွားလေသည်။ သူမအနေဖြင့် လွတ်မြောက်နိုင်တော့မည် မဟုတ်ပေ။

"နောက်ကိစ္စကို နောက်မှပဲပြောကြတာပေါ့၊ အခု ငါ မြစ်စောင့်နတ်သမီးဖြစ်လာပြီးမှ ထူးဆန်းတာတစ်ခုတွေ့ထားတယ်"

"ဘာများလဲ..."

"ငါ့နောက်လိုက်ခဲ့..."

ဘုရင်မက ဆန်းလျန်ကို ဝတ်ကျောင်းတော်အတွင်းသို့ ခေါ်သွားခြင်းမဟုတ်ပေ။

ထူးဆန်းသည့် နေရာတစ်ခုသို့ ခေါ်သွားခြင်းဖြစ်လေသည်။ ထိုနေရာသည် နတ်ဘုရားတန်ခိုးစွမ်းအားတံခါးနှင့်ဆင်တူလေသည်။ သို့သော် ကူရှန်နတ်မိမယ်၏ နတ်ဘုရားတန်ခိုးစွမ်းအားတံခါးနှင့်တော့မတူပေ။ ကူရှန်နတ်မိမယ်၏ နတ်ဘုရားတံခါးက ကူရှန်နတ်မိမယ်၏ ဝတ်ကျောင်းတော်တံခါးနှင့် ဆင်တူလေသည်။

သို့သော် ယခု ဘုရင်မ ပြသသည့်နေရာက ချင်းဆွေမြစ်ထဲတွင် တည်ရှိသည့် နေရာတစ်ခုဖြစ်လေသည်။ ထိုနေရာမှာ ငါးများ ဝန်းရံနေသည့် ဖန်သားနန်းတော်တစ်ခုဖြစ်လေသည်။ ထိုနေရာကို သာမန်လူများ မတွေ့မြင်နိုင်ပေ။ ဆန်းလျန်နှင့် ဘုရင်မမှာလည်း ထိုနေရာသို့ ဝင်၍မရပေ။

သူတို့ တစ်နေရာတွင် ထိုင်လိုက်ကြသည်။

" ငါကောင်းကင်ဘုံနန်းတော်ကိုတွေ့ခဲ့တယ်"

"ဘယ်လိုဖြစ်တာလဲ"

ဆန်းလျန်မှာ အနည်းငယ် အံ့သြတုန်လှုပ်သွားရလေသည်။ ကောင်းကင်ဘုံနန်းတော်ဆိုသည်က ရှေးခေတ်အချိန်အခါကသာ တည်ရှိခဲ့သည့် နေရာတစ်ခုဖြစ်ပြီး ပျောက်ဆုံးသွားသည်မှာ ကြာပြီဖြစ်လေသည်။

ကောင်းကင်ဘုံနန်းတော်ဆိုသည်မှာ နတ်ဘုရားများနှင့် ဗောဓိသကျများ အုပ်ချုပ်သည့် နေရာတစ်ခုဖြစ်လေသည်။

ထိုနေရာကို နတ်ဘုရားနယ်မြေ သို့မဟုတ် တရားအလင်း

သိမြင်ရာနေရာဟု ခေါ်ဆိုနိုင်လေသည်။ အချို့က ထိုနေရာကို

"လင်ပေါင်" ဟုခေါ်ဆိုကြသည်။ ထိုနေရာမှာ နဂါးငွေ့တန်းရှိ

ထျန်းဟယ်မြစ်နားတွင် တည်ရှိလေသည်။ ထိုခေတ်ထိုအခါ

ကတော့ ကောင်းကင်ဘုံနန်းတော်တည်ရှိရာနေရာကို ကျန်းကျဲ့

ဟုလည်း ခေါ်ကြလေသည်။ နတ်ဘုရားများကို လာရောက်

နေထိုင်ရန် ကြိုဆိုသည့် ထျန်းကျဲ့များမှာ တစ်ခုထက်မကရှိ

သည်ဟု ပြောစမှတ်ရှိကြလေသည်။

"ငါ ကျင့်စဉ်ကျင့်ကြံနေတုန်း ကောင်းကင်ဘုံနန်းတော်က ခေါ်

သံကြားရတယ် ၊ အရမ်းတိုးတိုးလေးပဲ ၊ ငါ့ဘက်က ပြန်ဆက်

သွယ်ဖို့မဖြစ်နိုင်ဘူး"

ဘုရင်မက အသံတိုးတိုးဖြင့်ပြောလိုက်သည်။

"ကောင်းကင်ဘုံနန်းတော်အကြောင်း ကောလဟာလတွေက အများကြီးပဲ ၊ ကောင်းကင်ဘုံနန်းတော်က ခေါ်တယ်လို့ ဘုရင်မက ဘယ်လိုလုပ် သိတာလဲ"

ဆန်းလျန်က ပြန်မေးလိုက်သည်။

"ငါလည်း သိပ်မသေချာပါဘူး ၊ ထင်ယောင်ထင်မှားဖြစ်နေတာလည်း ဖြစ်နိုင်တာပဲ"

ဘုရင်မက ရယ်မောရင်း ပြန်ပြောလိုက်သည်။

ဘုရင်မစကားမှာ ဘုရင်မ၏ခံစားချက်ဖြစ်သည့်အတွက် မှန်ကန်နိုင်ကြောင်း ဆန်းလျန် ရိပ်မိလိုက်သည်။ ဘုရင်မ၏ ကျင့်စဉ်လမ်းအဆင့်ဖြင့်ဆိုလျှင် သူမစကားများက လက်ခံနိုင်ဖွယ်ရာရှိလေသည်။

"ဒါတကယ်လည်း ဖြစ်နိုင်ပါတယ် ၊ အဲဒီခေါ်သံက ဘယ်နေရာကလာတယ်ဆိုတာ နေရာအတိအကျ ဘုရင်မ ခန့်မှန်းမိလား"

"ဟင့်အင်း"

"ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ သိပ်တွေးမနေပါနဲ့ ဘုရင်မ ၊ ကိုယ့်ကိုယ်ကိုပဲ တန်ခိုးစွမ်းအားကြီးမားအောင် ကျင့်ကြံတာ အကောင်းဆုံးပါပဲ ၊ ဘုရင်မရဲ့တန်ခိုးစွမ်းအားသာ ချင်းဆွေမြစ်ကြောင်း တစ်လျှောက်လုံးပျံ့နှံ့သွားပြီဆိုရင် လောကကိုကျော်လွန်သွားတဲ့သူကတောင် ဘုရင်မကို ဆန့်ကျင်ရဲမှာမဟုတ်ပါဘူး"

"ငါလည်း ဒါကိုပဲစဉ်းစားနေတာပဲ ၊ မင်းအခု တန်ခိုးစွမ်းအားတွေဆုံးရှုံးထားတယ် မဟုတ်လား၊ ကျုပ်ရဲ့မြစ်ကြောင်းတစ်လျှောက်က ဝိညာဉ်စွမ်းအားတွေကို ယူသုံးလို့ရတယ်လေ" ဘုရင်မက လှပစွာပြုံးရင်း ပြောလိုက်လေသည်။

မိုင်ပေါင်းသုံးသောင်းပတ်လည်မှ ဆုတောင်းဝတ်ပြုမှုများဖြင့် ဘုရင်မမှာ ဝိညာဉ်စွမ်းအားများ ပြည့်ဝနေလေသည်။ သို့သော် နတ်ဘုရားစွမ်းအားများဖြန့်ကျက်ပြီး ချင်းဆွေမြစ်နှင့် သူမ၏ရုပ်ခန္ဓာ တစ်သားတည်းကျသွားစေရန် လုပ်ဖို့လိုလေ

သည်။ ထိုအခါမှသာ မပျက်စီးနိုင်သည့် အခြေခံတန်ခိုး

စွမ်းအားကို ရရှိမည်ဖြစ်လေသည်။

ထိုကဲ့သို့သော နည်းလမ်းကို အသုံးပြုခဲ့ဖူးသူတစ်ယောက် ရှိခဲ့

ဖူးလေသည်။ ထိုသူက နဂါးငွေ့တန်းမှ ထျန်းဟယ်မြစ်နှင့်

သူ၏ရုပ်ခန္ဓာကို တစ်သားတည်းကျစေပြီး တန်ခိုးစွမ်းအား

အလွန်ကြီးမားသူတစ်ယောက်ဖြစ်လာခဲ့သည်။ သူအောင်မြင်

ရန် နီးစပ်ခဲ့သည်ဟုတော့ ကောလဟာလများအရ သိရလေ

သည်။

နဂါးငွေ့တန်းမှ ထျန်းဟယ်မြစ်နှင့်ယှဉ်လျှင် ချင်းဆွေမြစ်မှာ

သေးငယ်သည်ဟု မဆိုသာပေ။

သို့သော် မိုးကောင်းကင်မှ မြစ်နှင့် မြေပြင်မှ မြစ်ဖြစ်

သည့်အတွက် အဆင့်အတန်းချင်းတော့ ကွာခြားလေသည်။

မည်သို့ပင်ဖြစ်စေ ဘုရင်မအတွက်တော့ ရည်မှန်းချက်

အောင်မြင်သည်အထိ ကျင့်ကြံရမည်ဖြစ်လေသည်။

"ကျုပ်လည်း အဲဒီအကူအညီတောင်းဖို့ ရောက်လာတာပါ"

ဆန်းလျန်ကလည်း ပြုံးရင်းနှင့်ပင် ဘုရင်မကို ပြန်ပြောလိုက်သည်။

ထို့နောက် ဆန်းလျန် မျက်လုံးများကို မှိတ်လိုက်လေသည်။ သူကိုယ်တိုင်နှင့် သူ၏ပတ်ဝန်းကျင်ကိုပါ မေ့လျော့သွားရလေတော့သည်။

ချင်းဆွေမြစ်ရေမှ ဝိညာဉ်စွမ်းအားများသည် ဆန်းလျန်၏ တန်ခိုးစွမ်းအားများ ပြန်လည်ရရှိရန်အတွက် များစွာ အထောက်အကူပြုလေသည်။ အသက်ဓာတ်စွမ်းအားများနှင့် ဝိညာဉ်စွမ်းအားများကို ဆန်းလျန်စုပ်ယူလိုက်သည်နှင့် တန်ခိုးစွမ်းအားအဖြစ် တိုက်ရိုက်ပြောင်းလဲသွားလေသည်။

ဆန်းလျန်က ချင်းဆွေမြစ်မှ ဝိညာဉ်စွမ်းအားများကို သုံးစွဲလိုက်သည့်အတွက် ဘုရင်မ၏စွမ်းအားများ လျော့ကျသွားမည်ကိုလည်း စိုးရိမ်စရာမရှိပါ။ ဘုရင်မ၏ နတ်ဘုရား

နှလုံးသားအတွင်းသို့ ဝိညာဉ်စွမ်းအားများ အမြဲမပြတ်စီးဆင်း ဝင်ရောက်နေသရွေ့ ဘုရင်မ၏စွမ်းအားများက ကြီးမားနေမည်ဖြစ်လေသည်။

သို့သော် ချင်းဆွေမြစ်မှ ဝိညာဉ်စွမ်းအားများနှင့် အသက်ဓာတ်စွမ်းအားများကို အခြားသော ကျင့်ကြံသူများအနေဖြင့် စုပ်ယူချင်တိုင်း စုပ်ယူ၍ရမည်မဟုတ်ပေ။

ထိုသို့စုပ်ယူခွင့်ရရန်မှာ ဘုရင်မအပေါ်တွင် မူတည်လေသည်။ ဘုရင်မမှာ ချင်းဆွေမြစ်စောင့်နတ်သမီးဖြစ်သွားပြီဖြစ်သည့်အတွက် ချင်းဆွေမြစ်နှင့်မြစ်ဝှမ်းဒေသတစ်ခုလုံးသည် သူမ၏ အသက်ဓာတ်ပင်ဖြစ်လေသည်။ ထို့ကြောင့် သူမထံမှ ဝိညာဉ်စွမ်းအားများနှင့် အသက်ဓာတ်စွမ်းအားများ စုပ်ယူလိုက်ပါက ပြန်လည်ပေးအပ်ရန် လိုအပ်လေသည်။ စွမ်းအားများကို ပြန်လည်ပေးအပ်ခြင်းမပြုဘဲ အမြောက်အမြားစုပ်ယူသွားပါက ဘုရင်မအနေဖြင့် ဒဏ်ရာရရှိသွားနိုင်လေသည်။

သို့သော် ဘုရင်မသည် ဆန်းလျန်၏ တန်ခိုးစွမ်းအားများ အမြန်ပြန်လည်ရရှိစေရန်အတွက် သူမ၏ ဝိညာဉ်စွမ်းအားများကို သုံးစွဲခွင့် ပြုလိုက်ခြင်းပင်ဖြစ်လေသည်။

ဘုရင်မ၏ သဘောထားကြီးမှုကြောင့် ဆန်းလျန်မှာ သူ၏ တန်ခိုးစွမ်းအားများအားလုံးကို တစ်လအတွင်းမှာပင် ပြန်လည်ရရှိသွားလေသည်။ သူ့အတွက် တန်ခိုးစွမ်းအားများ ပြန်လည်ရရှိရန် သုံးနှစ် သို့မဟုတ် ငါးနှစ်အထိ ကျင့်စဉ်များ ပြန်လည်ကျင့်ကြံရန် မလိုအပ်တော့ပေ။

ဆန်းလျန်မျက်လုံးများကို ဖွင့်ကြည့်လိုက်လေသည်။

သူ၏မျက်ဝန်းများက အဆုံးမရှိ တည်ငြိမ်နေလေသည်။

ဘုရင်မမှာ ဆန်းလျန် တန်ခိုးစွမ်းအားများအားလုံး ပြန်လည်ရရှိသွားသည့်အတွက် ပျော်ရွှင်နေလေသည်။

ဘုရင်မက လုပ်ခုပ်တစ်ချက်တီးလိုက်ရင်း သဘောကျစွာ ရယ်မောပြီး...

"ကြည့်စမ်း ၊ ခုတော့ မင်း နတ်ဘုရားတစ်ပါးတောင် ဖြစ်ခါနီး တော့မယ်"

ဟု ပြောလိုက်လေသည်။

"နတ်ဘုရားတစ်ပါးဖြစ်ဖို့တော့ သိပ်မလွယ်ပါဘူးဗျာ ၊ ကျုပ် ဖော့ဝမ့်အဆင့်ကို နှစ်တစ်ရာအတွင်း တက်ရောက်နိုင်မယ်ဆို ရင်တောင် တော်တော်ဝမ်းသာစရာကောင်းနေပြီ"

"ငါတို့အတွက်တော့ နှစ်ပေါင်းတစ်ရာဆိုတာ ဘာကြာလို့လဲ ၊ ထည့်ပြောစရာတောင် မလိုပါဘူး ၊ ဒါနဲ့ မင်းအခု ပြန်တော့မလို့ လား"

ဘုရင်မ၏ "ပြန်တော့မလို့လား" ဆိုသည့်မေးခွန်းတွင် ခွဲခွာရ တော့မည့်အတွက် စိတ်မကောင်းသံများ ပါဝင်နေလေသည်။

"ဟုတ်တယ် ၊ ကျုပ်သွားရတော့မယ် ၊ ဒီတစ်ခေါက် တောင်ပေါ် ကဆင်းလာတာ ကိစ္စတစ်ခုရှိလို့သာ ဆင်းလာတာ ၊ တကယ်

တော့ ကျုပ်အနေနဲ့ ချင်းရွှမ်ကနေ ထွက်မလာသင့်ဘူး ၊ တောင်ပေါ်မှာပဲ ရှိနေသင့်တာ"

ဆန်းလျန်က မြောက်ဘက်သို့ ငေးကြည့်ရင်း ပြောလိုက်လေသည်။

"မင်းနဲ့ ငါက မတူညီတဲ့အချက်တွေ အများကြီးပဲ ၊မင်းက သိမြင်တာတွေများတယ် ၊ ဒါပေမယ့် သံယောဇဉ် မပြတ်နိုင်ဘူးပဲ ၊ ငါကတော့ ဘာကိုမှ ပြန်လှည့်မကြည့်တတ်ဘူး"

ဘုရင်မက သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်လေသည်။

သူတို့နှစ်ယောက်သည် ယခုတော့ ချင်းဆွေ မြစ်ရေပေါ်တွင် မတ်တပ်ရပ်နေကြလေသည်။

"ကျုပ်က သံယောဇဉ်မပြတ်တာမဟုတ်ပါဘူးဗျာ ၊ ကျုပ် လုပ်သင့်တယ်လို့ ထင်တာတွေကို လုပ်နေတာပါ ၊ အချို့အရာတွေက ကျုပ်ဘဝရဲ့ အစိတ်အပိုင်း ဖြစ်နေတယ်လေ ၊ ဒီအတိုင်း

ဖြစ်ချင်ရာဖြစ်ဆိုပြီး အကြြင်နာတရားမရှိဘဲ ဘယ်လိုလုပ်ပစ်ထားခဲ့ရက်ပါ့မလဲဗျာ"

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်သည် လှိုင်းကိုစီးကာထွက်ခွာသွားပြီး ဘုရင်မ၏ မျက်စိရှေ့မှ လျှင်မြန်စွာ ပျောက်ကွယ်သွားလေတော့သည်။

....

ယွမ်ကျိုးနယ်၏ မြောက်ဖျားဒေသတွင် နှင်းများဖုံးလွှမ်းနေသည့် တောင်တန်းနှင့် တောအုပ်များတည်ရှိလေသည်။

ထိုမြောက်ဖျားဒေသတွင် ထိုက်စုနတ်ဘုရားဂိုဏ်းတည်ရှိလေသည်။ သို့သော် ထိုက်စုနတ်ဘုရားဂိုဏ်းကို ရှာဖွေရန်မှာ လွယ်ကူသည့် ကိစ္စတော့မဟုတ်ပေ။

နေဝင်သွားပြီဖြစ်လေသည်။

နေဝင်သွားသည်နှင့် ဒဏ္ဍာန်ရီထဲမှ ဂဠုန်ငှက်ကြီးက အတောင်ဖြန့်ကာ ကောင်းကင်ကို ဖုံးကွယ်လိုက်သကဲ့သို့ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်မိုက်သွားရလေသည်။

ဆန်းလျန်သည် ကွင်းပြင်ထဲတွင် တစ်ယောက်တည်းထိုင်နေလေသည်။ သူ၏မျက်ခုံးများကို ဖြေလျော့ထားပြီး သူမ၏မျက်ဝန်းများက ကြည်လင်နေလေသည်။ သူ၏မျက်ဝန်းများထဲတွင် ထူးခြားဆန်းကျယ်သည့် တန်ခိုးစွမ်းအားများတည်ရှိနေပြီး တစ်ခါတစ်ရံတွင် သူ၏မျက်ဝန်းများမှာ ကြယ်စင်များလက်သကဲ့သို့ ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက်သွားလေသည်။

ညက တိတ်ဆိတ်နေလေသည်။

မြောက်ဖျားဒေသသည် ဆန်းလျန်နှင့်ရင်းနှီးသည့် ပင်လယ်ဒေသနှင့်ဆင်တူလေသည်။

အဆုံးမရှိ ၊ တိတ်ဆိတ် ၊ ငြိမ်သက် ၊ အေးချမ်းလျှက်ရှိလေသည်။ ထို့အတူ မာယာလည်းများလွန်းလေသည်။

ဆန်းလျှန်က ကောင်းကင်ထက်မှပျံသန်းသွားသည့် အရာတစ်ခုကို ကြည့်နေလေသည်။ ထိုအရာမှာ သက်တန့်ကဲ့သို့ အလင်းတန်းရောင်စုံတောက်ပနေပြီး အခိုးအငွေ့များကဲ့သို့ ဖြစ်လေသည်။ တစ်ခါတစ်ရံတွင် ငြိမ်သက်နေပြီးတ စ်ခါတစ်ရံတွင် လှုပ်ရှားနေပြန်သည်။

ထို့နောက် အလင်းရောင်စက်ဝန်းတစ်ခု ထိုအရာ၏ပတ်ဝန်းကျင်တွင် ထွန်းလင်းတောက်ပသွားလေသည်။ ထိုအလင်းရောက်စက်ဝန်းများမှာ တဖြည်းဖြည်း တောက်ပသည်ထက် တောက်ပ လာလေသည်။ နောက်ဆုံးတွင် ကောင်းကင်ထက်တွင် လတစ်စင်း သာနေသည့်အလားပင် လင်းထိန်နေတော့သည်။

ထိုအလင်းရောင်စက်ဝန်းမှ အလင်းရောင်ကြောင့် ကွင်းပြင်တစ်ခုလုံး မီးထွန်းလိုက်သလို လင်းလက်သွားရလေသည်။

ယခုတော့ အရာအားလုံးကို ရှင်းလင်းစွာ မြင်တွေ့ရပြီဖြစ်လေ

သည်။

မြောက်ဖျားအလင်းတန်းပေါ်ထွက်လာခဲ့ပြီ။

ဆန်းလျှန် ရက်ပေါင်းများစွာစောင့်ဆိုင်းနေခဲ့ရသည့် "မြောက်

ဖျားအလင်းတန်း" သည် ထွက်ပေါ်လာခဲ့ပြီ ဖြစ်လေသည်။

အခန်း (၂၆၁)

ထိုက်စုနတ်ဘုရားဂိုဏ်းသို့တိတ်တဆိတ်ဝင်ရောက်ခြင်း

ထိုက်စုနတ်ဘုရားဂိုဏ်းမှာ ဗလာနယ်တစ်ခုအတွင်းတွင်တည်ရှိ

သည့် နတ်ဘုရားဂိုဏ်းတစ်ခုဖြစ်လေသည်။ လက်ရှိနေထိုင်

သည့်လောကမှခွဲထွက်ကာ အသစ်ဖန်ဆင်းထားသည့်

ဗလာနယ်ထဲတွင် တည်ရှိလေသည်။

လူအများက ထိုက်စုနတ်ဘုရားဂိုဏ်းမှာ မြောက်ဖျားဒေသတွင်

တည်ရှိသည်ဟုသာသိရှိထားကြလေသည်။

သို့သော် ... အခြားနတ်ဘုရားဂိုဏ်းများကဲ့သို့ တောင်ပေါ်တွင်

တည်ရှိခြင်းမဟုတ်ဘဲ ဗလာနယ်ထဲတွင် တည်ရှိခြင်းဖြစ်သည်

ကို မည်သူမျှ မသိကြပေ။ ထိုက်စုနတ်ဘုရားတည်ရှိရာ

ဗလာနယ်ရှေ့တည့်တည့်သို့ ရောက်ရှိနေသည့်တိုင် အတွင်းသို့

ဝင်ရောက်နိုင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ပေ။

မြောက်ဖျားအလင်းတန်းမှာ မိုးမြေစွမ်းအားများနှင့် ဆက်စပ်

တည်ရှိပြီး ထိုက်စုနတ်ဘုရားဂိုဏ်းတည်ရှိရာ ဗလာနယ်ကို ကာ

ကွယ်ပေးထားသည့် မူလအရံအတားတစ်ခုဖြစ်လေသည်။

သာမန်လူသားများကတော့ မြောက်ဖျားအလင်းတန်းမှာ

သဘာဝအတိုင်းဖြစ်တည်လာသည့် အလင်းတန်းတစ်မျိုးဟု

သာ ထင်ကြလေသည်။ ထိုအလင်းတန်းကို အနီးကပ်လေ့လာ ကြည့်ရှုပါက ဝိညာဉ်စွမ်းအားများလှည့်ပတ်နေသည်ကို တွေ့ရှိ ရမည်ဖြစ်သည်။

မြောက်ဖျားအလင်းတန်း၏ ထူးခြားချက်ကို သိရှိသည့် တိုင်အောင် အရံအတားကို ကျော်ဖြတ်ကာ အတွင်းသို့ ခိုးဝင် ရန်မှာ မည်သို့မျှ မဖြစ်နိုင်ပေ။

ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံသူဖြစ်သည့် ဆန်းလျန် ကတော့ မိုးမြေစွမ်းအားများအကြောင်းကို ကောင်းစွာနားလည် သူ ဖြစ်လေသည်။ သူက မြောက်ဖျားအလင်းတန်းကို တစ် ချက်ကြည့်ရုံမျှဖြင့် ထိုအလင်းတန်းဖွဲ့စည်းပုံနှင့် ဝင်ရောက်ရ မည့်လမ်းကြောင်းကို ချက်ချင်းနားလည်သွားခဲ့သည်။

မြောက်ဖျားအလင်းတန်းမှာ ကြီးမားသည့် ကွန်ယက်ကြီးတစ်ခု အလား ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဆုံးမရှိ ပြောင်းလဲနေလေ သည်။ အဆက်မပြတ်ပြောင်းလဲနေသည့် ကွန်ယက်များကို

ဖြတ်ကျော်ဝင်ရောက်ရန်မှာ လွယ်ကူသည့်ကိစ္စတော့မဟုတ်

ပေ။

ဆန်းလျန်က အလျင်လိုခြင်းမရှိပါ။ သူက အလင်းတန်း

နောက်သို့ လိုက်သွားပြီး ဝင်ရောက်ခြင်းမရှိသေးဘဲ လေ့လာနေ

လေသည်။

ဖြောက်ဖျားအလင်းတန်းနောက်သို့လိုက်ပြီး ကိုးရက်ခန့်

လေ့လာပြီးသည့်နောက်တွင်တော့ အဆက်မပြတ်ပြောင်းလဲနေ

သည့် ကွန်ရက်၏ အနေအထားများကို ဆန်းလျန် လုံးဝ

နားလည်သွားခဲ့လေသည်။

မြောက်ဖျားအလင်းတန်းကွန်ယက်ထဲတွင် အလွန်လျှို့ဝှက်

သည့် ကွန်ယက်ပြောင်းလဲမှုပုံစံကို ဆန်းလျန် တွေ့ရှိသွားလေ

သည်။

ထိုအခါတွင်တော့… ဆန်းလျန်က အင်းချပ်တစ်ခုကို ထုတ်ယူလိုက်ပြီး သူ၏စိတ်အာရုံစူးစိုက်မှုများကို အင်းချပ်အတွင်းသို့ ထည့်သွင်းလိုက်သည်။

ထိုအင်းချပ်သည် ဆန်းလျန်နှင့်တစ်ထေရာတည်းတူသည့် လူငယ်တစ်ယောက်အသွင်သို့ ချက်ချင်းပင် ကူးပြောင်းသွားလေသည်။

ဆန်းလျန်အသုံးပြုလိုက်သည့်အင်းချပ်ထဲတွင် နတ်ဘုရားကျင့်စဉ်တစ်ခုဖြစ်သည့် "အသွင်သုံးပါးဖန်ဆင်းခြင်းပညာ" ထည့်သွင်းထားလေသည်။ အလွန်အဖိုးတန်သည့် အင်းချပ်ဖြစ်ပြီး ချင်းရှမ်နတ်တံခါးတွင် တစ်ခုသာကျန်ရှိတော့သည်။ ဆန်းလျန်အနေဖြင့်လည်း မသုံးမဖြစ်သည့်အတွက်သာ သုံးရခြင်းဖြစ်လေသည်။

အင်းချပ်ထဲတွင်ထည့်သွင်းထားသည့် "အသွင်သုံးပါးဖန်ဆင်းခြင်းပညာ" ဖြင့် ဖော့ဝမ့်အဆင့် ကျင့်ကြံသူသုံးယောက်ကို

ဖန်ဆင်းနိုင်လေသည်။ သို့သော် နှစ်ပေါင်းများစွာကြာခဲ့ပြီး

သည့်နောက် ဖော့ဝမ့်အဆင့် ကျင့်ကြံသူနှစ်ယောက်ကို

ဖန်ဆင်းအသုံးပြုခဲ့ပြီး ယခု တစ်ယောက်သာလျှင် ဖန်ဆင်း၍ရ

တော့မည်။ သို့သော် ဆန်းလျန်အတွက်တော့ အသုံးဝင်နေဆဲ

ဖြစ်လေသည်။

ဖန်ဆင်းထားသည့် ဖော့ဝမ့်အဆင့်ကျင့်ကြံသူသည်

တစ်နေ့တခြား တန်ခိုးစွမ်းအားလျော့နည်းလာမည်ဖြစ်ပြီး ရက်

ပေါင်းသုံးဆယ်ကြာလျှင် အလိုလိုပျောက်ကွယ်သွားမည်ဖြစ်

လေသည်။ လူပေါင်းများစွာကို ကိုယ်ပွားအဖြစ်ပြောင်းလဲပစ်

နိုင်သည့် ယန်ရှီး၏ ပကတိဖန်ဆင်းခြင်းပညာနှင့်ယှဉ်လိုက်

လျှင်တော့ ခြေဖျားပင်မမီမည် မဟုတ်ပေ။

ကိုယ်ပွားဖန်ဆင်းနိုင်သည့် ကျင့်စဉ်မှာ အနည်းငယ်သာရှိပြီး

လောကနတ်ဘုရားများသာလျှင် ကျင့်ကြံနိုင်လေသည်။ ယန်

ရှီးကျင့်ကြံထားသည့် ပကတိဖန်ဆင်းခြင်းပညာမှာတော့

အလွန်မှ ထူးဆန်းပြီး ရှားပါးသည့် ပညာရပ်တစ်ခု ဖြစ်လေသည်။

အမှန်တော့ အသွင်သုံးပါးဖန်ဆင်းခြင်းပညာမှာ ကိုယ်ပွားဖန်ဆင်းသည့် ကျင့်စဉ်တစ်ခုမဟုတ်ပေ။ ထိုပညာကို တီထွင်ခဲ့သူမှာ တာအိုဆရာသခင်ထိုက်စန်ဖြစ်ပြီး ကျင့်စဉ်လမ်းအဆင့်တက်ရန်အတွက်သာ တီထွင်ခဲ့ခြင်းဖြစ်လေသည်။ သို့သော် ရှေးခေတ်အချိန်များကတည်းကပင် ထိုပညာကို ကျင့်ကြံအောင်မြင်သည့်သူ အနည်းငယ်သာရှိလေရာ ယခုအချိန်တွင်တော့ ကျင့်ကြံသူ မရှိသလောက်နည်းပါးခဲ့ပြီဖြစ်လေသည်။ ဖော့ဝမ့်အဆင့်ကျင့်ကြံသူ တစ်ယောက်မျှ ဖန်တီးနိုင်ရုံဖြင့် ချင်းရှမ်နတ်တံခါးအတွက်လည်း အသုံးမဝင်လှသည့်အတွက် ဆန်းလျန်က ထိုအင်းချပ်ကို ကိုယ်ကျိုးအတွက် အသုံးပြုလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျှန်အနေဖြင့် ကိုယ်တိုင်ဝင်ရောက်ခြင်းမရှိဘဲ ကိုယ်ပွား ဖန်ဆင်းပြီး ဝင်ရခြင်းမှာ အကြောင်းရှိလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုက်စုနတ်ဘုရားဂိုဏ်းအတွင်းသို့ ဝင်ပြီးပါက ပြန်ထွက်လာနိုင်ရန် လမ်းမမြင်ပေ။ ထို့ကြောင့် သူက ထိုသို့ပြုလုပ်ရခြင်းဖြစ်လေသည်။

သူက တူမလေးဖြစ်သူ ရော့ရှီကို ရှာဖွေချင်လွန်း၍သာ ယခုကဲ့သို့ ပြုလုပ်ရခြင်းဖြစ်ပြီး သူမကို ပြန်ခေါ်မလာနိုင်သည့်တိုင် သူမ၏အခြေအနေ မည်သို့ရှိသည်ကို သိချင်မိလေသည်။ မဟုတ်လျှင် သူ့ဘဝတစ်ခုလုံး နောင်တရ၍ဆုံးမည်မဟုတ် တော့ပေ။

ထိုက်စုနတ်ဘုရားဂိုဏ်းမှာ အလွန် ထူးဆန်းသည့် နတ်ဘုရား ဂိုဏ်းတစ်ခု ဖြစ်သည့်အတွက်ကြောင့် ဂိုဏ်းအတွင်းသို့ ဝင် ရောက်ရသည် စွန့်စားရသည့် အလုပ်တစ်ခုပင် ဖြစ်လေသည်။

ဆန်းလျန်က သူ၏ကိုယ်ပွားအတွင်းသို့ သူ၏စိတ်အာရုံစူးစိုက်မှုများကိုထည့်သွင်းပေးလိုက်လေသည်။ ထိုသို့ထည့်သွင်းပေးလိုက်သည်နှင့် သူ၏စိတ်မှာပေါ့ပါးသွားပြီး မီရာတွယ်ရာကင်းမဲ့သွားသကဲ့သို့ ခံစားလိုက်ရလေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်၏ကိုယ်ပွားသည် ကွန်ယက်များဖြင့်ဖွဲ့စည်းထားသည့် မြောက်ဖျားအလင်းတန်းအတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

ဝိညာဉ်စွမ်းအားကွန်ယက်များအတိုင်း လိုက်ပါသွားပြီးသည့်နောက် တုန်ခါနေသည့် နေရာတစ်ခုသို့ရောက်ရှိလာလေသည်။ ထိုနေရာအတွင်းသို့ သူပြုတ်ကျသွားပြီး မှန်ရောင်ကဲ့သို့ကြည်လင်သည့် ရေကန်တစ်ခုကို တွေ့ရလေသည်။ ရေကန်ပတ်ဝန်းကျင်တွင် မြူနှင်းများဝန်းရံနေလေသည်။

ဆန်းလျန်က ကိုယ်ယောင်ဖျောက်ထားလိုက်ပြီး အခြေအနေကိုလေ့လာနေလိုက်သည်။

ထိုစဉ်…

အဝေးတစ်နေရာမှ အဝါရောင်တိမ်တိုက်တစ်ခု လွင့်မျောလာလေသည်။ တိမ်တိုက်အတွင်းမှ အလွန်ချောမောလှပသည့် အဝါရောင်ဝတ်မိန်းမပျိုတစ်ယောက် ထွက်ပေါ်လာလေသည်။

သူမက ကျောက်ဆောင်တစ်ခုဘေးတွင်ရပ်လိုက်ပြီး မှန်သားကဲ့သို့ကြည်လင်သည့်ရေကန်ကို ငေးကြည့်နေလေသည်။

ထို့နောက် သူမ၏အဝတ်အစားများကို ချွတ်လိုက်ပြီး ရေကန်အတွင်းသို့ ဆင်းသွားလေသည်။

ကိုယ်ယောင်ဖျောက်ထားသည့်ဆန်းလျန်မှာ မျက်မှောင်တစ်ချက်ကြုတ်လိုက်မိသည်။ ကျင့်ကြံသူမိန်းကလေးတစ်ယောက်သည် ရေကန်ထဲတွင် အဘယ်ကြောင့် ရေလာချိုးရပါသနည်း။

ထိုက်စုနတ်ဘုရားဂိုဏ်းမှာ ချင်းရှမ်နတ်တံခါးကဲ့သို့ပင် အသက်ဓာတ်စွမ်းအားများ ပြည့်ဝနေသည့် နေရာတစ်ခုဖြစ်

လေသည်။ ကြည်လင်နေသည့်ရေကန်မှာလည်း ဝိညာဉ်စွမ်းအားများနှင့်ပြည့်ဝနေပြီး အလွန်သန့်စင်နေလေသည်။ သို့သော် ကျင့်ကြံသူတစ်ယောက်၏ကိုယ်ခန္ဓာလောက် ရေကန်က သန့်စင်ခြင်းမရှိနိုင်ပေ။

ကိုယ်ခန္ဓာတွင် အညစ်အကြေးများရှိနေလျှင်လည်း ကျင့်ကြံသူများအနေဖြင့် တန်ခိုးစွမ်းအားဖြင့် ဖယ်ရှားပစ်နိုင်လေသည်။ ရေချိုးရန် မလိုအပ်လှပေ။ သို့သော် အဘယ့်ကြောင့် ထိုမိန်းကလေးက ရေချိုးနေရပါသနည်း။ ရေကူးရသည်ကို ဝါသနာပါလို့များလားဟု ဆန်းလျန် တွေးလိုက်မိသည်။

ဆန်းလျန်မှာ မိန်းကလေးများရေချိုးသည်ကို ခိုးကြည့်တတ်သူမျိုးမဟုတ်ပါ။

သို့သော် သူ့မှာလည်း အခြေအနေကို မသိရသေးသည့်အတွက် ခိုးကြောင်ခိုးဝှက်ဖြစ်နေရလေသည်။ ထိန်မိန်းကလေးကို ရော့

ရှီလေးကို ရှာဖွေရန်အတွက် အသုံးချရန် ဆန်းလျန်တွေးလိုက်မိသည်။

အခြေအနေက အနည်းငယ်တော့ ကြောင်တောင်တောင်နိုင်လေသည်။

ထို့ကြောင့် ဆန်းလျန်က တစ်ခဏမျှ လုပ်သင့် မလုပ်သင့် ချီတုံချတုံဖြစ်နေသေးသည်။

နောက်ဆုံးတွင်တော့ ဆုံးဖြတ်ချက်ကျသွားပြီး ဆန်းလျန်၏လက်မှ အလင်းရောင်တစ်ချက်လက်ခနဲပေါ်ထွက်လာကာ မိန်းမပျိုရေချိုးနေသည့်ရေကန်တစ်ခုလုံးမှာ အေးခဲသွားလေသည်။

ဆန်းလျန်က ရေခဲအလင်းတန်ခိုးစွမ်းအားကို အသုံးပြုလိုက်ခြင်းဖြစ်လေသည်။ အဝါရောင်ဝတ်မိန်းကလေးမှာ ရှဟွာအဆင့်ကျင့်ကြံသူတစ်ယောက်မျှသာဖြစ်သည့်အတွက် ဆန်းလျန်၏ရေခဲအလင်းစွမ်းအားကို မခုခံနိုင်ခဲ့ပေ။

ရေခဲထဲတွင် အဝတ်အစားမရှိဘဲ ပိတ်မိနေသည့် မိန်းမပျိုလေး

သည် ထိတ်လန့်တုန်လှုပ်နေလေသည်။ ဘာဖြစ်လို့ဖြစ်သွားမှန်း

ပင် သူမမှာ သိရှိလိုက်ခြင်းမရှိပေ။

ဆန်းလျန်မှာ မိန်းမပျို၏အဝတ်အစားများကို ယူလိုက်ပြီး

ရေညှိများတက်နေသည့် ကျောက်တုံးကြီးတစ်တုံးနောက်သို့

ဝင်ပုန်းနေလိုက်သည်။ ကျောက်တုံးကြီးပတ်ဝန်းကျင်တွင် မက်

မွန်ပင်များကာရံထားလေသည်။

ထို့နောက် ဆန်းလျန်က ရေခဲအလင်းများကို အရည်ပျော်

စေလိုက်ပြီး အဝတ်အစားများကို မိန်းမပျိုထံသို့ တန်ခိုး

စွမ်းအားသုံးကာ ပစ်ပေးလိုက်သည်။

"အဝတ်အစားအရင်ဝတ်လိုက်ပါဦး"

ထိုက်စုနတ်ဘုရားဂိုဏ်းမှာ မိန်းကလေးများကိုသာ သီးသန့်

လက်ခံသည့် နတ်ဘုရားဂိုဏ်းတစ်ခုဖြစ်လေသည်။ ထိုက်စု

နတ်ဘုရားဂိုဏ်းမှ မိန်းမပျိုများမှာ လွန်စွာမှ ချောမောလှပကြသည်။

ယခု အဝါရောင်ဝတ်မိန်းမပျိုလေးမှာလည်း ကျောက်ရှောင်ယီ့လောက်လှပခြင်းမရှိသည့်တိုင် အလွန်ချောမောသည်ဟု ဆိုနိုင်လေသည်။

သူမက ဆန်းလျန်ကို တွေ့လိုက်သည့်အခါတွင်တော့ မူးမေ့သတိလစ်မတတ် ဖြစ်သွားရလေသည်။ ချောမောလှပပြီး နူးညံ့သိမ်မွေ့သည့် ယောကျ်ားပျိုတစ်ယောက်ကို မြင်တွေ့လိုက်ရသည့်အတွက် ရင်ထဲတွင်လည်း များစွာတုန်လှုပ်သွားရသည်။ ကျင့်ကြံသူများသည် ရမ္မက်ဆန္ဒများ နည်းနိုင်သမျှနည်းအောင်ကြိုးစားကြသည့်တိုင် တစ်ခါတစ်ရံတွင်တော့ ထိုဆန္ဒကို မလွန်ဆန်နိုင်ကြပေ။ အချို့ကျင့်ကြံသူများက ယင်စွမ်းအားကို ယန်စွမ်းအားဖြင့် ဖြည့်ဆည်းကျင့်ကြံကြလေသည်။ ထို့ကြောင့် ဘဝလက်တွဲဖော်ရှာဖွေကြခြင်းဖြစ်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ ကျင့်ကြံသူမိန်းကလေးများသည် အလွန်သန့်စင်သည့် အပျိုစင်စစ်စစ်လေးများဖြစ်ကြလေ သည်။ သို့သော် သူတို့ လူ့လောကသို့ သွားရောက်ကြသည့် အခိုက်အတန့်တွင် ရိုင်းစိုင်းသော ကျင့်ကြံသူများ၏ အတင်းအဓမ္မသိမ်းပိုက်ခြင်းများကို ခံရသည်လည်း ရှိလေ သည်။

သို့သော် ထိုက်စုနတ်ဘုရားဂိုဏ်းမှ ကျင့်စဉ်များမှာ တန်ခိုး စွမ်းအားအလွန်ထက်မြက်ရကား ထိုသို့ အတင်းအဓမ္မ သိမ်းပိုက်သည့် ကျင့်ကြံသူများမှာ အဆုံးသတ်မလှကြသည် က များလေသည်။

ယခု ထိုက်စုနတ်ဘုရားဂိုဏ်းအတွင်းသို့ ဝင်ရောက်လာသည့် လူငယ်မှာ သူမကို အတင်းအဓမ္မသိမ်းပိုက်လိုသည့် မိစ္ဆာ ကျင့်ကြံသူများလေလား။ အတွေးက သူမကို ကြောက်ရွံ့ တုန်လှုပ်စေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းအတွင်းသို့ ယောကျ်ားလေးတစ်ယောက် ခိုးဝင်လာသည်မှာ ပထမဆုံးအကြိမ်ဖြစ်လေသည်။ မြောက်ဖျားအလင်းကို ထိုးဖောက်ဝင်ရောက်လာနိုင်သူသည် ပုရှိုးအဆင့်ထက်မနိမ့်သော ကျင့်ကြံသူ ဖြစ်ရပေမည်။

ဆန်းလျန်က ကြက်သေသေနေသည့် အဝါရောင်ဝတ်မိန်းကလေး၏ သွေးချောဆုံချက်များအားလုံးကို ပိတ်ပစ်လိုက်သည်။ ထို့ကြောင့် သူမ၏တန်ခိုးစွမ်းအားများအသုံးပြု၍ မရတော့ပေ။ သူမအော်ဟစ်လိုက်ရမလား ၊ သို့မဟုတ် တစ်စုံတစ်ယောက်ကြားအောင် စိတ်စွမ်းအားဖြင့်ဆုတောင်းလိုက်ရမလား စဉ်းစားနေမိသည်။

သို့သော် ဆန်းလျန်က သူမကို အဝတ်အစားများဝတ်လိုက်ရန်ပြောသည့်အတွက် သူမကို အတင်းအဓမ္မပြုကျင့်မည့် မိစ္ဆာကျင့်ကြံသူတစ်ယောက်တော့ မဖြစ်နိုင်ဟု တွေးလိုက်မိသည်။

သို့သော် သူမ၏ ဝတ်လစ်စလစ်ခန္ဓာကိုယ်ကို ယောကျာ်းပျို တစ်ယောက်တွေ့မြင်သွားသည့်အတွက် သူမမှာ ရှက်နေမိလေ သည်။ ဒီနေ့ရေလာချိုးမိတာ မှားတာပဲဟူ၍သာ ကိုယ့်ကိုယ်ကို ကျိန်ဆဲမိတော့သည်။

ဆန်းလျန်၏ပုံမှာ နူးညံ့ချောမောလွန်းသည့်အတွက် သူမစိတ် ထဲတွင် စက်စုပ်ရွံလှျာခြင်းတော့ မဖြစ်မိပေ။

ထို့ပြင် ဆန်းလျန်မှာ ကိုယ်ပွားရုပ်သွင်ဖြစ်သည့်အတွက် တန်ခိုးစွမ်းအားများက ပိုပြီးသန့်စင်နေကာ လောကမှ အခြား သောယောကျာ်းလေးများနှင့်မတူဘဲ ကွဲပြားခြားနားနေလေ သည်။

မိန်းကလေးက အဝတ်များကို ကမန်းကတန်း ပြန်ဝတ်လိုက် သည်။

သူမခန္ဓာကိုယ်ပေါ်တွင် ရေစက်လေးများ ထင်ကျန်နေပြီး အနက်ရောင်ဆံနွယ်များမှာလည်း ရေများစိုနေသည့်အတွက်

သူမ၏ပုံစံမှာ နှင်းစက်လေးများစိုနေသည့် ကြာပန်းလေးတစ်ပွင့်နှင့်ပင် တူလေသည်။

ကမ္ဘာ့ထိပ်တန်းအလှတရားတစ်ခုကို မြင်တွေ့နေရသည့်တိုင် ဆန်းလျန်ရင်ထဲတွင် မည်သို့မျှ မခံစားရပါ။

ထို့ပြင် သူ၏ကိုယ်ပွားမှာလည်း တန်ခိုးစွမ်းအားဖြင့်ဖန်ဆင်းထားသည့် ကိုယ်ပွားတစ်ခုမျှသာဖြစ်သည့်အတွက် ရမ္မက်ဆန္ဒတစ်စက်မျှ မရှိပေ။

သို့သော် မိန်းမပျိုလေးမှာ ရှက်နေလေတော့သည်။ ထို့ကြောင့် ဆန်းလျန်က သူမ စိတ်တည်ငြိမ်သွားသည်အထိ စောင့်နေလိုက်လေသည်။

"ရှင်ကဘယ်သူလဲ ၊ ထိုက်စုနတ်ဘုရားဂိုဏ်းထဲကို ဘာ့ကြောင့်ခိုးဝင်လာရတာလဲ"

အဝါရောင်မိန်းကလေးမှာ အနည်းငယ်စိတ်တည်ငြိမ်သွားသည်နှင့် ဆန်းလျန်ကို မေးခွန်းထုတ်လိုက်လေသည်။

"လူပြန်ဝင်စားတဲ့ ယွမ်ကျွင်းကောရီ ဘယ်မှာလဲ မင်းသိလား"

ဆန်းလျန်က မေးလိုက်လေသည်။

အဝါရောင်မိန်းကလေးမှာ အံ့သြသွားပြီး...

"လူပြန်ဝင်စားတဲ့ယွမ်ကျွင်းကောရီဆိုတာ ဘယ်သူလဲ"

ဟု ပြန်မေးလိုက်လေသည်။

သူမ၏ စိတ်ခံစားချက်နှင့် အမူအရာများမှာ လိမ်ပြောနေခြင်း

မဟုတ်ကြောင်း ဆန်းလျန် ရိပ်မိလိုက်သည်။

"လွန်ခဲ့တဲ့ခုနစ်နှစ်လောက်က မင်းတို့ဂိုဏ်းက ခေါ်သွားတဲ့

အသက်လေးငါးနှစ်လောက်အရွယ် ကလေးမလေးတစ်

ယောက်လေ ၊ သူမပုံစံက ဒီလိုမျိုး ၊ သူမက ကျုပ်တူမလေးပဲ"

ဆန်းလျန်က ကျောက်ဆောင်ပေါ်တွင် သူ၏လက်ချောင်းများ

ဖြင့် ရော့ရှီလေး၏မျက်နှာကို ပုံဆွဲပြလိုက်သည်။ ရော့ရှီ

လေး၏မျက်နှာမှာ ထင်ရှားစွာပေါ်လာလေသည်။

ကျောက်ဆောင်ထက်မှ ကလေးမလေး၏ ပန်းချီပုံမှာ အလွန်ချစ်စရာကောင်းပြီး အသက်ဝင်လွန်းလှသည်။

သူမ၏မျက်လုံးများမှာ ဝိုင်းစက်လှပနေလေသည်။

ဆန်းလျန်ပဲ ပန်းချီဆွဲတော်ခြင်းလေလား ၊ ထိုကလေးမလေးကပဲ တကယ်လှပလွန်းခြင်းလား မဝေခွဲနိုင်ပေ။

"သူမကို တစ်ခါမှ မတွေ့ဖူးပါဘူး"

မိန်မပျိုက ပြန်ဖြေလိုက်လေသည်။

အဝါရောင်မိန်းကလေးက ဆန်းလျန်မှာ ကလေးမလေးတစ်ယောက်ကို ရှာဖွေရန်အတွက် ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရှိလိုက်ရသည့်အတွက် စိတ်အေးသွားရလေသည်။ သူမက ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်တိုင် မိန်းကလေးတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် သူမဘဝ တစ်ခုခုဖြစ်သွားမည်ကိုတော့ ကြောက်လေသည်။

သို့သော် တူမလေးကို ရှာဖွေရန်အတွက် ထိုက်စုနတ်ဘုရား ဂိုဏ်းအတွင်းသို့ စွန့်စားဝင်ရောက်လာသည့် လူငယ်သည် မည်သို့မျှ လူဆိုးတစ်ယောက် မဖြစ်နိုင်ပေ။

ဆန်းလျန်မှာ ယခင်တစ်ချိန်က "တူမလေးအတွက်စိတ်ပူစရာမရှိ" ဟု မြွေမိစ္ဆာကြီးကျင်းချင်းကို စေလွှတ်ပြီး ဆရာသခင် ကျန်းရော့ရှီး အမှာစကားရှိခဲ့သည်ကို သတိရနေမိလေသည်။ ဆရာသခင်ကျန်းရော့ရှီးကတော့ သူ့ကိုလိမ်ပြောမည့်သူမ ဟုတ်ပေ။

ထို့ပြင် ထိုက်စုနတ်ဘုရားဂိုဏ်းမှ ရော့ရှီလေးကို ခေါ်ဆောင်သွားသည်မှာလည်း အသေအချာပင်ဖြစ်လေသည်။ ထိုနေ့က မိန်းမပျိုသုံးဦးဝတ်ဆင်ထားသည့် အဝတ်အစားများက သက်သေဖြစ်လေသည်။ ထို့ပြင် ထိုက်စုနတ်ဘုရားဂိုဏ်းနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများစွာကို ဆန်းလျန် လေ့လာထားခဲ့လေသည်။

"ကျွန်မက ထိုက်စုနတ်ဘုရားဂိုဏ်းကိုရောက်တာ သုံးနှစ်ပဲရှိပါသေးတယ်၊ အရင်က ရွှမ်ကျန်းကျောင်းတော်ကပါ၊ ကြည့်ရတာ ဒီကလေးမလေးက ကျွန်မတို့ဂိုဏ်းထဲမှာ ရှိပေမယ့် ကျွန်မက မသိတာလည်း ဖြစ်နိုင်ပါတယ်"

မိန်းမပျိုက ပြောလိုက်လေသည်။

ရွှမ်ကျန်းကျောင်းတော်ဆိုသည်မှာ မြောက်ဖျားရှိ တိုင်းပြည်တစ်ခုတွင်တည်ရှိသည့် ကျောင်းတော်တစ်ခုဖြစ်လေသည်။ ထိုကျောင်းတော်တွင် ကျင့်ကြံသူမိန်းကလေးများ အများအပြားရှိကြလေသည်။

ရွှမ်ကျန်းကျောင်းတော်မှာ ထိုက်စုနတ်ဘုရားဂိုဏ်း၏ အနွယ်တော်ဂိုဏ်းခွဲတစ်ခုဖြစ်လေသည်။

ရှင်သန်းစေခြင်းကျောင်းတော်မှာ ချင်းရွှမ်နတ်တံခါး၏ အနွယ်တော်ဂိုဏ်းခွဲဖြစ်သကဲ့သို့ပင်ဖြစ်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းသည် ရွှမ်ကျန်းကျောင်းတော်မှ တပည့်များကို အချိန်ကြာမြင့်စွာ စောင့်ကြည့်လေ့လာပြီးမှ ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ခေါ်ဆောင်လေသည်။ သို့သော် ရွှမ်ကျန်းကျောင်းတော်မှ ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ဝင်ခွင့်ရသည့် တပည့်များမှာ မရှိသလောက် ရှားပါးလေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းသည် မြောက်ဖျားဒေသတွင် ဩဇာလွှမ်းမိုးမှု များစွာရှိလေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းက တပည့်သစ်စုဆောင်းခြင်းသည့် ပုံစံကလည်း ထူးခြားလေသည်။ သူတို့က မြောက်ဖျားတိုင်းပြည်များနှင့် မျိုးနွယ်စုများမှ အရည်အချင်းရှိသည့် မိန်းကလေးငယ်လေးများကို ငယ်စဉ်ကပင် ထိုက်စုနတ်ဘုရားဂိုဏ်းသို့ခေါ်ဆောင်ကာ လေ့ကျင့်သင်ကြားပေးခြင်းကို ပြုလုပ်လေသည်။

အဝါရောင်ဝတ်မိန်းမပျိုလေးမှာ ငယ်စဉ်ကပင် ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ခေါ်ဆောင်ခြင်းခံရသူတစ်ယောက် မဟုတ်ပေ။

ထို့ကြောင့် သူမသည် အဆင့်မြင့်တပည့်တစ်ယောက် မဖြစ်နိုင်ပေ။

ရှမ်ကျန်းကျောင်းတော်မှ ထိုက်စုနတ်ဘုရားဂိုဏ်းသို့ အကြောင်းတစ်ခုခုဖြင့် ဝင်ရောက်ခွင့်ရလာသည့် တပည့်တစ်ယောက်သာ ဖြစ်လေသည်။

ထိုအချိန်မှာပင် သာယာသည့် ခေါင်းလောင်းသံများထွက်ပေါ်လာပြီး အဝေးတစ်နေရာတွင် နန်းတော်ကြီးတစ်ခု ပေါ်လာလေသည်။

ခေါင်းလောင်းသံများမှာ နန်းတော်ကြီးဆီမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

"ရှင်အမြန်ထွက်သွားသင့်တယ် ၊ နန်းတော်သခင်မသာ ရှင့်ကို ဖမ်းမိသွားရင် လွတ်နိုင်မှာမဟုတ်ဘူး"

အဝါရောင်မိန်းကလေးက ဆန်းလျန်ကို ပြောလိုက်သည်။

နန်းတော်သခင်မဆိုသူမှာ ထိုက်စုနတ်ဘုရားဂိုဏ်း၏

ဂိုဏ်းချုပ်ဖြစ်ရမည်ဟု ဆန်းလျန်တွေးလိုက်သည်။

ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ်မှာ နှစ်ပေါင်းနှစ်ရာနီးပါး

ကျင့်ကြံနေခဲ့သည့် ကျင့်ကြံသူတစ်ဦးဖြစ်ပြီး ရန်သူအားလုံးကို

အရှုံးမရှိ အနိုင်ယူထားသည့်နတ်သမီးတစ်ပါး ဖြစ်လေသည်။

ထို့ကြောင့် ရော့ရှီလေး၏အခြေအနေကို မသိရသေးခင် ဆန်း

လျန်က သူမနှင့် တွေ့ဆုံလိုစိတ်မရှိပါ။

ထို့ပြင် ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ်အပြင် လွန်ခဲ့

သည့်မျိုးဆက်မှ လောကနတ်ဘုရားသုံးပါးလည်း ရှိနေသေး

သည်။

ထိုနတ်ဘုရားသုံးပါးမှာ အပြင်သို့ ထွက်လာခဲ့လေသည်။

ထိုနတ်ဘုရားသုံးပါးသာ ပေါ်ထွက်လာခဲ့လျှင် ဆန်းလျန်မှာ

ရော့ရှီကို ရှာနိုင်တော့မည် မဟုတ်သလို သူ၏ကိုယ်ပွားကို

လည်း ကြာရှည်ထိန်းထားနိုင်တော့မည် မဟုတ်ပေ။

အခန်း (၂၆၂)

လူပြန်ဝင်စားသည့် ယွမ်ကျွင်းကေရီ

"ကျုပ်သွားပါတော့မယ် ၊ မင်းက တကယ်စိတ်ကောင်းရှိတာပဲ ၊ ဒီနေ့ မင်းကို နှောင့်ယှက်မိတာတောင်းပန်ပါတယ် ၊ ဒီ တန်ခိုးစွမ်းအားသန့်စင်တဲ့ဂါထာက ကျုပ်ရေးစပ်ထားတာပါ ၊ မင်းအတွက် အသုံးဝင်မယ်ထင်ပါတယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေသည်။ ကျောက်ဆောင်ထက်မှ ရှော့ရှီ၏ပန်းချီကားလေးပေါ်တွင် ဂါထာတစ်ပုဒ်ပေါ်လာလေသည်။

ဆန်းလျှန်၏ တန်ခိုးစွမ်းအားကို မိန်းမပျိုမှာ အံ့သြသွားရလေသည်။

သူမက ဂါထာကို ဖတ်လိုက်သည်။ တန်ခိုးစွမ်းအားသန့်စင်စေသည့် အချက်များကို ပြောပြထားသည့် ဂါထာတစ်ပုဒ်ဖြစ်ပြီး သူမ ထိုဂါထာကို ကောင်းကောင်းနားလည်နိုင်စွမ်းရှိလေသည်။ သူမဆုံတွေ့ခဲ့ရသည့်လူငယ်မှာ မိစ္ဆာတစ်ယောက်မဟုတ်ကြောင်း ယုံကြည်စိတ်ချသွားပြီး ဒေါသထွက်မိခြင်း မရှိတော့ပေ။

ထိုလူငယ်က တူမလေးကို ရှာဖွေရန်အတွက်ရောက်လာခြင်းဖြစ်လေသည်။ ထိုလူငယ်၏ရင်ထဲမှ တူမလေးအပေါ်ထားရှိသည့် မေတ္တာတရားကို သူမခံစားမိလေသည်။ သို့သော် လူငယ်သည် အဘယ့်ကြောင့် ထိုက်စုနတ်ဘုရားဂိုဏ်းသို့ တိုက်ရိုက်လာရောက်တွေ့ဆုံကာ မမေးမြန်းဘဲ ခိုးချောင်ခိုးဝှက်ဖြင့် ဝင်လာရပါသနည်းဟု တွေးနေမိလေသည်။

သူမက ထွက်ခွာရန်ပြင်နေသည့် ဆန်းလျန်ကို လှမ်းကြည့်လိုက်ရင်း...

"ရှင့်နာမည် ဘယ်လိုခေါ်ပါသလဲ ၊ ရှင်ပြောတဲ့ ကလေးမလေးကိုရှာတွေ့ရင် ကျွန်မအကြောင်းကြားလိုက်မယ်လေ"

ဆန်းလျန်က ခေါင်းတစ်ချက်ခါယမ်းပြလိုက်ပြီး ထွက်ခွာရန်ပြင်လိုက်သည်။

"ကျွန်မနာမည်က ယန်မြောင်ယွင်ပါ ၊ ရှင်အဖမ်းခံခဲ့ရရင် ကျွန်မနာမည်ပြောလိုက်လို့ရပါတယ်"

ဆန်းလျန်က သူမကိုလှည့်ကြည့်ပြီး တစ်ချက်ပြုံးလိုက်သည်။

"ကောင်းပါပြီ"

မျက်စိတစ်မှိတ်အတွင်းမှာပင် ဆန်းလျန် ပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှာပင် ရေကန်နားသို့ ရွေ့လျားလာနေသည့် အဖြူရောင်တိမ်တိုက်တစ်ခုကို တွေ့လိုက်ရလေသည်။

ယန်မြောင်ယွင်က သူမ၏အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ကမန်းကတန်း ပြင်ဆင်လိုက်ပြီး ကောင်းကင်ထက်သို့ ပျံတက်သွားလေသည်။

အဖြူရောင်တိမ်တိုက်သည် ယန်မြောင်ယွင်ရှေ့သို့ ရောက်လာလေသည်။ တိမ်တိုက်ပေါ်တွင် အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ရှိလေသည်။ သူမက ဆံပင်ကို တြိဂံပုံသဏ္ဍာန်ထုံးဖွဲ့ထားပြီး ဆံပင်ရှည်များမှာ ခါးထိရှည်လျားလေသည်။ အသားအရေမှာလည်း နှင်းပွင့်ကဲ့သို့ ဖြူစင်လွန်းလေသည်။

သို့သော် သူမက ယန်မြောင်ယွင်လောက် ချောမောလှပခြင်းမရှိပေ။ တစ်ချွင်ချွင်မြည်သံ သာယာစွာထွက်ပေးနေသည့် ကျောက်စိမ်းပြားလေးတစ်ခုကို သူမ၏ခါးတွင် ချိတ်ဆွဲဝတ်ဆင်ထားလေသည်။

"ဂိုဏ်းတူအစ်မ လျို့စူး"

ယန်မြောင်ယွင်က နှုတ်ဆက်လိုက်သည်။

အဖြူရောင်ဝတ်မိန်းကလေးမှာ လျိုစူးဖြစ်လေသည်။ သူမက ပိုင်စုခန်းဆောင်မှ ဂိုဏ်းတူအစ်မ ဖြစ်ပြီး နောင်တစ်ချိန်တွင် သူမသည် ပိုင်စုခန်းဆောင်၏ နန်းဆောင်သခင်မ ဖြစ်လာမည့် မိန်းမပျိုဖြစ်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ တပည့်များအားလုံးက ထိုက်စု နန်းတော်တွင်ပင် နေထိုင်ကြလေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်း၏ဂိုဏ်းချုပ်မှာ နန်းတော်သခင်မဖြစ် ပြီး နန်းတော်သခင်မ၏ လက်အောက်တွင် ကျီစုနန်းဆောင် သခင်မ ၊ ဟွမ်စုနန်းဆောင်သခင်မနှင့် ပိုင်စုနန်းဆောင်သခင်မ များ ရှိကြလေသည်။

လျိုစူးမှာ နန်းတော်သခင်မ အားထားရသည့် တပည့်တစ် ယောက်ဖြစ်လေသည်။ သူမက အသက်ငယ်စဉ်ကပင် ပိုင်စု နန်းဆောင်တွင် ပညာသင်ကြားခဲ့သူဖြစ်လေသည်။

ယန်မြောင်ယွင်ကတော့ ဟွမ်စုနန်းဆောင်မှ တပည့်တစ်ယောက် ဖြစ်လေသည်။

"မြောင်ယွင်မင်းသမီးလေး ၊ ဘယ်လိုလုပ်ဒီကိုရောက်နေရတာလဲ ၊ ဒီနေ့ ငါတို့ဂိုဏ်းထဲကို လူတစ်ယောက်ခိုးဝင်လာတယ် သိလား ၊ နန်းတော်သခင်မက အဲဒီကိစ္စကို အသေးစိတ်စုံစမ်းခိုင်းလိုက်တယ် ၊ မင်းအားနေရင် အဲဒီခိုးဝင်တဲ့သူကို ငါနဲ့အတူလိုက်ရှာပေးပါလား"

လျိုစူးက ပြောလိုက်လေသည်။

ယန်မြောင်ယွင်က ခိုးဝင်သည့်လူငယ်နှင့် ဆုံတွေ့ခဲ့သည့်အကြောင်းကို လျိုစူးကို ပြောပြသင့် မပြောသင့် စဉ်းစားနေလေသည်။ ထို့နောက် ပြောမပြတော့ရန်ဆုံးဖြတ်လိုက်လေသည်။

ထိုလူငယ်မှာ တန်ခိုးစွမ်းအားကြီးမားလေသည်။ သူမကသာ လျိုစူးကိုပြောပြလိုက်၍ လျိုစူးက ထိုလူငယ်ကို ရှာတွေ့သွားလျှင် နှစ်ဦးနှစ်ဖက် အကျိုးမရှိနိုင်ပေ။

နောက်တစ်ချက်မှာ ယန်မြောင်ယွင်က သနားတတ်သူတစ်ယောက်ဖြစ်လေသည်။ သူမနှင့်တွေ့ခဲ့သည့်လူငယ်မှာလူယုတ်မာတစ်ယောက်မဟုတ်ပေ။ သူမကိုလည်း ဒုက္ခမပေးခဲ့ပေ။ သူ၏တူမလေးကို ရှာဖွေရန်အတွက်သာ ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ရောက်လာခြင်းဖြစ်လေသည်။ ထိုက်စုနန်းတော်ဆီမှ အချက်ပေးခေါင်းလောင်းသံများထွက်ပေါ်လာသည့်အချိန်တွင်ပင် သူမက ထိုလူငယ်ကို အမြန်ထွက်သွားရန်ပြောခဲ့သေးသည်။

တစ်နေရာသို့ငေးနေရင်း အတွေးထဲတွင်နစ်မျောနေသည့် ယန်မြောင်ယွင်ကို လျိုစူးက စိုက်ကြည့်နေလိုက်သည်။

"မြောင်ယွင်မင်းသမီးလေး ၊ ဘာတွေအတွေးလွန်နေတာလဲ ၊ ဘာလဲ... ခိုးဝင်လာတဲ့သူနဲ့များ တွေ့လိုက်လို့လား"

လျိုစူး၏အမေးကို ယန်မြောင်ယွင်က ပြာပြာသလဲ ငြင်းလိုက်သည်။

"ဟင့်အင်း ... မတွေ့ပါဘူး အစ်မလျိုစူး ၊ ပြီးတော့ ကျွန်မကို မင်းသမီးလေးလို့ မခေါ်ပါနဲ့ ၊ ရှက်စရာကြီး"

လျိုစူးက ယန်မြောင်ယွင်ကို အဖြူရောင်တိမ်တိုက်ပေါ်သို့ ဆွဲတင်လိုက်သည်။

"ဘာလို့မင်းသမီးလေးလို့ မခေါ်ရမှာလဲ ၊ ငါဆိုရင် မင်းသမီးအရမ်းဖြစ်ချင်တာ ၊ မဟုတ်ဘူး ၊ ငါသာ ယောကျ်ားလေးဖြစ်ရင် မြောင်ယွင်မင်းသမီးလေးရဲ့ ချစ်သူဖြစ်ချင်တာ"

လျိုစူးက ယန်မြောင်ယွင်၏ နားနားသို့ကပ်ကာ ပြောလိုက်ခြင်းဖြစ်လေသည်။ ယန်မြောင်ယွင်မှာ ထိုစကားများကြောင့် တစ်ကိုယ်လုံး ပျော့ခွေကျမတတ်ဖြစ်သွားရလေသည်။

ဆန်းလျန်ကမိန်းမပျိုနှစ်ယောက်နှင့် မနီးမဝေးတစ်နေရာတွင် ပုန်းအောင်းနေခြင်း ဖြစ်လေသည်။

သူက အဖြူရောင်ဝတ်မိန်းမပျိုကိုတွေ့လိုက်သည်နှင့် လွန်ခဲ့သည့်ခုနစ်နှစ်ခန့်က ရော့ရှီလေးကို ဖမ်းခေါ်သွားသည့်

မိန်းကလေးသုံးယောက်မှ တစ်ယောက်ဖြစ်ကြောင်း ချက်ချင်း
မှတ်မိလိုက်သည်။
ဆန်းလျန်မှာ ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်
နေသည့်တိုင် ထိုက်စုနတ်ဘုရားဂိုဏ်းသို့ တိုက်ရိုက်လာရောက်
ခြင်းမရှိဘဲ ခိုးကြောင်ခိုးဝှက်ဝင်လာရသည်မှာ အကြောင်းရှိ
လေသည်။
ထိုက်စုနတ်ဘုရားဂိုဏ်းမှာ ချင်းရှမ်နတ်တံခါးကဲ့သို့ပင် နှစ်
ပေါင်းတစ်သောင်းကျော်ကြာပြီဖြစ်သည့် အထင်ကရ နတ်
ဘုရားဂိုဏ်းကြီးတစ်ခုဖြစ်လေသည်။ ထို့ပြင် အဓိကနတ်
ဘုရားဂိုဏ်းကြီးလေးဂိုဏ်းတွင်လည်း တစ်ဂိုဏ်းအပါအဝင်
ဖြစ်လေသည်။
ရှော့ရှီလေးမှာ ထိုက်စုနတ်ဘုရားဂိုဏ်းတွင် အရေးပါသူတစ်
ယောက်ဖြစ်နိုင်လေသည်။

အကယ်၍ ဆန်းလျန်သာ ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ရောက်လာပြီး ရော့ရှီကို မေးမြန်းခဲ့လျှင် ထိုက်စုနတ်ဘုရား ဂိုဏ်းက ရော့ရှီလေးအကြောင်း ပွင့်ပွင့်လင်းလင်းပြောပြလျှင် ကိစ္စမရှိပေ။ ထိုသို့မဟုတ်ဘဲ ရော့ရှီလေးမရှိဘူးဟု ငြင်းဆန် လိုက်ပါက နတ်ဘုရားဂိုဏ်းနှစ်ဂိုဏ်း အချင်းများရပေမည်။ ထို့ကြောင့် ဆန်းလျန်က ရော့ရှီလေးအကြောင်းကို ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် တိတ်တဆိတ် အရင်စုံစမ်းသည်က ပိုကောင်း သည်ဟု ယူဆခဲ့ခြင်းဖြစ်လေသည်။ သူ့ကို ဖမ်းမိသွားခဲ့လျှင် လည်း သူ၏ကိုယ်ပွားကို ဖျက်စီးပစ်လိုက်ရုံသာဖြစ်ပြီး ထိုက်စု နတ်ဘုရားဂိုဏ်းသို့ ခိုးဝင်သူမှာ ဆန်းလျန်ဖြစ်သည်ဟု မည်သူ မျှ သိရှိမည်မဟုတ်ပေ။

သူ့ကိုမဖမ်းမိသေးသရွေ့ပြဿနာမရှိဘဲ ရော့ရှီလေးအကြောင်း ကို စုံစမ်းနိုင်မည် ဖြစ်လေသည်။

ထို့ပြင် သူက ထိုက်စုနတ်ဘုရားဂိုဏ်းသို့ တိုက်ရိုက်လာခဲ့ပါက ထိုက်စုနတ်ဘုရားဂိုဏ်းက ရှော့ရှီလေးကို အခြားတစ်နေရာသို့ ပို့ချင်ပို့ပစ်လိုက်နိုင်သေးသည်။ ထိုအခါ သူကလည်း ချင်းရှမ် နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်အနေဖြင့် သိက္ခာထိန်းချင်မှထိန်းနိုင်မည်ဖြစ်သည်။

ထိုက်စုနတ်ဘုရားဂိုဏ်းနှင့် ပြဿနာဖြစ်လျှင် သူ့အတွက် မည်သို့မျှ မကောင်းနိုင်ပေ။

ယန်မြောင်ယွင်က လျိုစူးကို သူနှင့်တွေ့သည့်အကြောင်း ပြောမပြသည့်အတွက် ဆန်းလျန်က အံ့ဩသွားမိသည်။သူက လျိုစူးမှတစ်ဆင့် ရှော့ရှီအကြောင်း စုံစမ်းရန် ဆုံးဖြတ်လိုက်လေသည်။

....

ထိုက်စုနန်းတော်တွင် နန်းဆောင်လေးခုရှိလေသည်။ ကျီစုနန်းဆောင် ၊ ဟွမ်စုနန်းဆောင် ၊ ပိုင်စုနန်းဆောင် နှင့် နန်းတော်သခင်မနေသည့် နန်းဆောင်ဖြစ်လေသည်။ နန်းတော်သခင်မ

နေသည့် နန်းဆောင်မှာ ထိုက်စုနန်းတော်၏ အတွင်းပိုင်းတွင် တည်ရှိသည့် အတွင်းနန်းဆောင် ဖြစ်လေသည်။

ခရမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့်မိန်းမပျိုတစ်ယောက် သည် အတွင်းနန်းဆောင်သို့ရောက်လာလေသည်။

သူမက တိမ်တိုက်များအပေါ်တွင်ဆောက်လုပ်ထားသည့် စကြံ လမ်းအတိုင်း လမ်းလျှောက်လာပြီး တံခါးတစ်ခုရှေ့တွင် ရပ်တန့်လိုက်သည်။ တံခါးမှာ ကျောက်ဖြူတံခါးတစ်ချပ်ဖြစ် ပြီး တံခါးပေါ်တွင် "ထိုက်စုကောင်းကင်ဘုံ" ဟု ရေးထိုးထား လေသည်။

"ကျီယွဲ့ ... နန်းတော်သခင်မကို ဂါရဝပြုပါတယ်"

ခဏကြာပြီးသည့်နောက် ကျောက်ဖြူတံခါး ဖြည်းညင်းစွာ ပွင့် လာပြီး အသက် ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်ခန့်သာရှိဦးမည့် ကလေးမလေးတစ်ယောက် ထွက်လာလေသည်။

ဆန်းလျန်သာ ရှိမည်ဆိုလျှင် ထိုမိန်းကလေးမှာ သူ၏တူမလေး

မှန်း ချက်ချင်းမှတ်မိမည်ဖြစ်လေသည်။

ရှော့ရှီလေးမှာ ယခင်ကထက်ပိုပြီး ချောမောလှပလာလေ

သည်။ သူမ၏ပုံစံမှာ တိုင်းပြည်ကို အုပ်စိုးတော့မည့် ဘုရင်မ

တစ်ပါးအလား ခမ်းနားလှလေသည်။

"ဆရာက အထဲမှာစောင့်နေပါတယ် မမကျီယွဲ့၊ ကျွန်မနောက်

က လိုက်ခဲ့ပါ"

ကျီယွဲ့က သူမကိုကြည့်ရင်း...

"ယွမ်ကျွင်းကေရီလူဝင်စားတဲ့မိန်းကလေးငယ်က

တစ်နေ့တခြား ချောမောလှပလာတာပဲ"

ဟု တွေးလိုက်မိလေသည်။

ရှော့ရှီလေးသည် တစ်နေ့တွင် ထိုက်စုနတ်ဘုရားဂိုဏ်းတွင်

အလှဆုံး မိန်းမပျိုလေး ဖြစ်လာမည်မှာ အသေအချာပင်။

သို့သော် ကျီယွဲ့က သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ရှော့ရှီ

လေး၏ကံကြမ္မာကို ကျီယွဲ့အနေဖြင့် မည်သို့ ခန့်မှန်းနိုင်ပါမည်နည်း။

"ရော့ရှီ ၊ ညီမလေးလိုချင်တာ တစ်ခုခုများရှိသေးလား ၊ လိုချင်တာရှိရင် မှာလိုက်နော် ၊ မမ နောက်တစ်ခါ ယူလာခဲ့မယ် ၊ ပြီးတော့ ညီမလေး ထန်ဟူလူတုတ်ထိုးမုန့်တွေ ကြိုက်တယ်မဟုတ်လား ၊ မမ နှစ်တစ်ထောင်ဝိညာဉ်သစ်သီးတွေကို တုတ်ထိုးလုပ်ခဲ့မယ်လေ"

ကျီယွဲ့က နူးညံ့စွာဖြင့်ပြောလိုက်သည်။

ထန်ဟူလူတုတ်ထိုးမုန့်ဆိုသည့်အသံကြားသည်နှင့် ရော့ရှီ မျက်ဝန်းလေးများ တောက်ပသွားလေသည်။

သို့သော် သူမက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"ရပါတယ် မမ ၊ ဆရာကပြောတယ် အခု ကျွန်မက ကျင့်စဉ်လမ်းမှာ အရေးကြီးတဲ့ အဆင့်ရောက်နေပြီတဲ့ ၊ စိတ်ကိုသာ

သန့်စင်အောင်မလုပ်နိုင်ရင် ကျင့်စဉ်လမ်းအဆင့်တက်ဖို့ ခက်ခဲလိမ့်မယ်တဲ့"

"ကျင့်စဉ်လမ်းမြန်မြန်အောင်မြင်လေ ၊ ညီမလေးအသက်ရှင်ဖို့ အချိန်နည်းလေပဲကွယ်"

ထိုစကားကို ကျီယွဲ့စိတ်ထဲမှ ပြောလိုက်မိခြင်းဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ရော့ရှီလေး ကျင့်စဉ်လမ်းအောင်မြင်ရန်အတွက် နောက်ထပ်နှစ်ပေါင်း အနှစ်သုံးဆယ် ၊ လေးဆယ်ခန့်တော့ ကြာဦးမည်ဖြစ်လေသည်။ အခြားသော ကျင့်ကြံသူများထက် သူမက အသက်တိုမည်ဖြစ်လေည်။ ကျီယွဲ့ကတော့ ရော့ရှီလေး၏ဘဝကို စိတ်ချမ်းချမ်းသာသာနှင့် အကောင်းဆုံးဖြတ်သန်းစေချင်ခဲ့မိလေသည်။

"အထဲကို သွားကြစို့နော်"

ဟူ၍သာ ကျီယွဲ့ပြောလိုက်မိလေသည်။

ရော့ရှီလေးက ကျီယွဲ့၏လက်ကို ကိုင်လိုက်ရင်း...

"မမကျီယွဲ့၊ သမီးရဲ့ဦးလေးဘယ်ရောက်နေလဲ သိလားဟင်"

ရော့ရှီလေးသည် ဆန်းလျန်မှာ သူမ၏အစ်ကိုမဟုတ်ဘဲ ဦးလေးဖြစ်ကြောင်း သိရှိနားလည်နေခဲ့ပြီ။

သူမ၏ ဦးလေးဖြစ်သူ ဆန်းလျန်ကို အလွန်သတိရလေသည်။ သို့သော် ဆရာဖြစ်သူက ကျင့်စဉ်လမ်း မအောင်မြင်မချင်း ဘယ်မှမသွားရဟု အမိန့်ထုတ်ထားလေသည်။ ထို့ကြောင့် သူမက မနားမနေ ကြိုးစားပြီး ကျင့်စဉ်များကို ကျင့်ကြံခဲ့လေသည်။ သူမကျင့်စဉ်လမ်းအောင်မြင်လျှင် ဆန်းလျန်နှင့် တွေ့ရမည်ဟု မျှော်လင့်ထားမိလေသည်။

"ညီမလေးရဲ့ဦးလေးက အဆင်ပြေနေပါတယ်ကွယ်၊ နန်းတော်သခင်မက ညီမလေးကျင့်စဉ်လမ်းအဆင့်တက်နိုင်ရင် ညီမလေးရဲ့ဦးလေး ဘယ်မှာလဲဆိုတာ ပြောပြလိမ့်မယ်"

ကျီယွဲ့က ပြောလိုက်သည်။

"ဟုတ်..."

ဟု သာ ရော့ရှီလေးက ပြန်ပြောလိုက်သည်။

ကျီယွဲ့မှာ ရော့ရှီလေး၏ ဦးလေးမှာ ချင်းရှမ်နတ်တံခါးမှ ဆန်း လျန်ဆိုသည်ကို သိထားပြီဖြစ်လေသည်။

သူမကြားရသည့် သတင်းများအရဆိုလျှင် ဆန်းလျန်မှာ ချင်း ရှမ်နတ်တံခါး၏ ဂိုဏ်းချုပ် ဆန်းတန်ခိုးရှင်ဟု နာမည်ဂုဏ် သတင်းကြီးသည့် တန်ခိုးစွမ်းအားအလွန်ကြီးမားသူတစ် ယောက် ဖြစ်နေပေပြီ။

သို့သော် အနာဂတ်တစ်ချိန်တွင် ထိုက်စုနတ်ဘုရားဂိုဏ်းနှင့် ချ င်းရှမ်နတ်တံခါးတို့၏ ဆက်ဆံရေးမှာ ကောင်းမွန်လာနိုင်မည် မဟုတ်ပေ။ ရန်ဘက်များပင် ဖြစ်လာနိုင်လေသည်။

နန်းတော်သခင်မဘက်ကတော့ မည်သည့်နည်းနှင့်မှ အ လျှော့ပေးမည့်ပုံမပေါ်ပေ။

အပြစ်တင်မည်ဆိုလျှင် ယွမ်ကျွင်းဧကရီလူပြန်ဝင်စားသည့် ရော့ရှီလေး၏ကံကြမ္မာကိုပင် အပြစ်တင်ရမည်ဖြစ်လေသည်။

အခန်း (၂၆၃)

ခရမ်းစိမ်းမြူခိုးအရံအတား

ခဏအကြာတွင်တော့ ...

ကျီယွဲ့နှင့် ရော့ရှီမှာ ခန်းမတစ်ခုအတွင်းသို့ ရောက်ရှိလာကြ

လေသည်။ ခန်းမ၏ ခေါင်မိုးထက်တွင် ပုလဲလုံးသုံးလုံးရှိနေပြီး

ထိုပုလဲသုံးလုံးမှ အလင်းရောင်များ ဖြာထွက်ကာ ခန်းမတစ်ခု

လုံးမှာ လင်းထိန်တောက်ပ နေလေသည်။

ကျောက်လှေကားထစ်များထက်တွင် ဝိညာဉ်ကမ္ဘာမှအလှတရား

မျိုးဖြင့် အမျိုးသမီးတစ်ဦးရပ်နေလေသည်။ သူမ၏ ဆံနွယ်

များက တိမ်များကဲ့သို့လွင့်မျောနေပြီး မျက်ဝန်းများက

ခက်ထန်တင်းမာနေလေသည်။ သူမက အသက်အရွယ်

ငယ်ရွယ်သည့်ပုံတော့ မပေါက်ပေ။

သို့သော် အိုမင်းမှုနှင့် ခက်ထန်တင်းမာမှုများက သူမ၏အလှ

တရားကို ထိခိုက်သွားခြင်းမရှိပေ။ သူမ၏အလှတရားကို

ကြယ်စင်များနှင့် ရှုမျှော်ခင်းများကပင် ယှဉ်ပြိုင်နိုင်မည်

မဟုတ်ပေ။

ထို အမျိုးသမီးမှာ ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ် ထျန်း

မုန့်နတ်သမီးပင် ဖြစ်လေသည်။

"နန်းတော်သခင်မကို ဂါရဝပြုပါတယ်"

ကျီယွဲ့က ဂါရဝပြုလိုက်သည်။

ကျီယွဲ့မှာ နန်းတော်သခင်မကို ပထမဆုံးတွေ့ဖူးခြင်း မဟုတ်

ပေ။ သို့တိုင်အောင် သူမ၏ စိတ်များမှာ မတည်မငြိမ်ဖြစ်နေရ

သည်။

ထိုက်စုနတ်ဘုရားဂိုဏ်းတွင် လွန်ခဲ့သည့်မျိုးဆက်မှ နတ်ဘုရား

သုံးပါးရှိသေးသည်။ သို့သော် သူတို့က ထိုက်စုနတ်ဘုရား

ဂိုဏ်း၏ကိစ္စရပ်များတွင် ပါဝင်ပတ်သက်လေ့မရှိပေ။

ထို့ကြောင့် ထျန်းမုန့်နတ်သမီးတွင်သာ အာဏာအပြည့်ရှိလေ

သည်။ သူမ၏တန်ခိုးစွမ်းအားများမှာလည်း နန်းတော်တစ်ခု

လုံးတွင် ထိပ်တန်းအဆင့် ဖြစ်လေသည်။

အခြားသော နန်းဆောင်သခင်မသုံးယောက်မှာ သူမနှင့် အဆင့်

တူသည့်သူများဖြစ်သည့်တိုင် သူမကို မဆန့်ကျင်ရဲကြပေ။

ကျီယွဲ့၏စိတ်များ မတည်မငြိမ်ဖြစ်နေသည်ကို ထျန်းမုန့်

နတ်သမီး သတိပြုလိုက်မိလေသည်။ သို့သော် သူမက မည်

သည့်စကားမှ မဆိုပေ။

သူမက ရှော့ရှီလေးကို ခေါ်လိုက်သည်။

"သမီးလေးရှီအော်.... ဒီကိုလာခဲ့ပါ"

သူမ၏ မျက်ဝန်းများက ရော့ရှီလေးကို ရတနာတစ်ပါးကို တန်ဖိုးထားသလို ချစ်ခင်မြတ်နိုးစွာဖြင့် ကြည့်နေလေသည်။

သူမ၏အသံမှာလည်း အလွန်ပင် နူးညံ့သိမ်မွေ့နေလေသည်။

ရော့ရှီက သူမအနားသို့ ရိုသေစွာဖြင့်လျှောက်သွားလိုက်သည်။

ထျန်းမုန်နတ်သမီးက ရော့ရှီလေး၏ လက်လေးကိုကိုင်လိုက်သည်။

ရော့ရှီလေး ထိုက်စုနန်းတော်သို့ရောက်လာသည်မှာ ခုနစ်နှစ်ရှိပြီဖြစ်လေသည်။

သို့သော် သူမ အခြားနေရာများသို့ မရောက်ဖူးပေ။ သူမကိုခေါ်လာသည့် ဂိုဏ်းတူအစ်မသုံးယောက်မှလွဲပြီး မည်သူ့ကိုမှလည်း သူမ သိရှိခြင်းမရှိပေ။ မည်သူ့ကိုမှလည်း သူမ မတွေ့ရပေ။

နန်းတော်မှလူများမှာလည်း ထျန်းမုန့်နတ်သမီး တပည့်တစ်ယောက်မွေးထားသည်ဆိုသည့်အချက်မှလွဲပြီး ထိုတပည့်မှာ မည်သူမှန်း မသိကြပေ။

"ငါတို့ ထိုက်စုဂိုဏ်းက တန်ခိုးစွမ်းအား မပြလို့ထင်တယ် ၊ ခိုးဝင်ရဲတဲ့သူတောင် ပေါ်လာပြီ ၊ ဒီ ခရမ်းစိမ်းမြူခိုးအရံအတားကို နန်းတော်အပြင်ဘက်မှာထားလိုက် ၊ ခိုးဝင်လာတဲ့သူ ဘယ်သူလဲဆိုတာ ငါသိချင်တယ်"

သူမက စကားဆိုးသွားသည်နှင့် ခရမ်းရောင်မြူခိုးများရစ်သိုင်းနေသည့် ပန်းချီကားလိပ်လေးတစ်လိပ်ကို ကျီယွဲ့ထံသို့ ပစ်ပေးလိုက်လေသည်။

ထိုပန်းချီကားလိပ်လေးမှာ ခရမ်းစိမ်းမြူခိုးအရံအတား ဖြစ်လေသည်။ ထျန်းမုန့်နတ်သမီး နှစ်ပေါင်းရာနှင့်ချီကျင့်ကြံထားသည့် တန်ခိုးစွမ်းအားများပါဝင်လေသည်။ ခရမ်းစိမ်းမြူခိုးအရံအတား၏ ဆန်းကျယ်မှုများကို ကျီယွဲ့ပင် နားမလည်နိုင်ပေ။

လွန်ခဲ့သည့်နှစ်ငါးဆယ်ခန့်က ပုရှီးအဆင့်ကျင့်ကြံသူတစ်ယောက် နန်းတော်သခင်မကို နှောင့်ယှက်ဖူးလေသည်။ထျန်း

မုန့်နှတ်သမီးက ထိုသူမှာ ခရမ်းစိမ်းမြူခိုးပန်းချီကားလိပ်ထဲ တွင် ပိတ်ထားလိုက်လေသည်။ ထိုသူမှာ သုံးရက်အတွင်း အရိုး စုဘဝသို့ ကူးပြောင်းသွားရလေသည်။

ကျီယွဲ့ကပန်းချီကားလိပ်လေးကို လက်ခံယူလိုက်ပြီး ထွက်ခွာ ရန် ပြင်ဆင်လိုက်လေသည်။

“နောက်ရက်တွေကျရင် ငါ ကျင့်စဉ်တစ်ခုလေ့ကျင့်စရာရှိတယ် ၊ သမီးလေးရှီအော်ပျင်းနေမယ်ဆိုရင် ကျီယွဲ့တို့ လျိုစူးတို့နဲ့ အတူ နန်းတော်ထဲလျှောက်လည်လို့ရတယ်နော်”

ထျန်းမုန်နှတ်သမီးက ရှော့ရှီလေးကို ပြောလိုက်တော့ ရှော့ရှီ လေးက ခေါင်းညိတ်ပြလိုက်သည်။

သို့သော် သူမပျော်ရွှင်ခြင်းမရှိပါ။

သူမဘဝသည် ငယ်စဉ်အခါက ဖခင်ဖြစ်သူချင်းဟယ်ကျွှမ်း ဝမ်၏အိမ်တော်တွင်နေရသကဲ့သို့ အကျယ်ချုပ်ကျနေသည့်

သဖွယ်ပင်ဖြစ်လေသည်။ ထိုသို့သောဘဝမျိုးက အဘယ်မှာ

ပျော်ရွှင်စရာကောင်းပါမည်နည်း။

သူမ၏ဦးလေးကိုသာ သူမ အရမ်းသတိရနေမိလေသည်။

....

ယန်မြောင်ယွင်နှင့် လျိုစူးတို့မှာ အဖြူရောင်တိမ်တိုက်ပေါ်တွင်

ပျံသန်းနေကြလေသည်။

လျိုစူးက...

"တခြားနေရာတွေကို သွားကြည့်ရအောင်၊ ဘာမှ မတွေ့ဘူးဆို

ရင် ခုန ရေကန်ထဲမှပဲ ငါတို့တွေ ရေသွားကစားကြမယ်လေ"

လျိုစူး၏စကားကြောင့် ယန်မြောင်ယွင်မှာ ရေကန်နားတွင်

ဆန်းလျန်နှင့် တွေ့ခဲ့သည့်အကြောင်းများကို ပြန်စဉ်းစားလိုက်

မိလေသည်။

ထို့ကြောင့်...

"ကျွန်မတော့ ရေမကစားချင်တော့ဘူး"

ဟု ပြောလိုက်လေသည်။

မြောင်ယွင်၏စကားကြောင့် လျိုစူးက တအံ့တသြဖြင့်...

“ဘာလဲ ၊ ငါ့ကို ညစ်ပတ်နေတယ်ထင်လို့လား ၊ မင်းကိုယ်မင်း တော့ သန့်တယ်ထင်နေတယ်ပေါ့လေ ၊ ငါက အများကြီး ကျင့်ကြံထားတာ ၊ ငါ့ရဲ့ကျောရိုးထဲက ရွှေပြဒါးအမြုတေထဲ အထိ သန့်စင်တယ် ၊ မင်းမယုံဘူးလား”

ပြောရင်းနှင့်ပင် လျိုစူးက မြောင်ယွင်၏နူးညံ့သည့်နှုတ်ခမ်း လေးများကို သူမ၏လက်ချောင်းလေးများဖြင့် တို့ထိလိုက်လေ သည်။

လျိုစူး၏ မယဉ်ကျေးသည့် အပြုအမူများမှာ လွန်လာပြီဖြစ် လေသည်။ သို့သော် မြောင်ယွင်က သူမကို တွန်းလှန်နိုင်ခြင်းမ ရှိပါ။

“ရေကန်မှာရေသွားကစားရင် ခိုးဝင်လာတဲ့သူက ကျွန်မတို့ကို လာခိုးကြည့်ရင်း ဘယ်လိုလုပ်မလဲ”

လျိုစူးကပြုံးလိုက်ရင်း...

“ဘာလဲ ၊ ဝင်လာတဲ့သူက ယောကျ်ားလေးမို့လို့ ငါတို့ကို လာခိုးကြည့်မှာလား ၊ မင်းက ဘယ်လိုလုပ်သိတာလဲ”

“မသိပါဘူး ၊ ဒါပေမယ့် ယောကျ်ားလေးဖြစ်နေခဲ့ရင် ကျွန်မတို့တော့ ဒုက္ခပဲလို့ တွေးမိလို့ပါ”

မြောင်ယွင် ပြာပြာသလဲ ပြန်ဖြေလိုက်သည်။

“ကြည့်စမ်း ၊ မင်းစိတ်တွေ အရမ်းကို မတည်မငြိမ်ဖြစ်နေတာပဲ ၊ ကြည့်ရတာ တစ်ခုခုဖြစ်လာတာလားပဲ”

လျိုစူးက မြောင်ယွင်၏ နားရွက်ဖျားလေးများကို ကိုက်လိုက်ရင်း တိုးလျစွာ ဆိုလိုက်သည်။

မြောင်ယွင် မည်သို့တုန့်ပြန်ရမှန်းမသိဖြစ်နေချိန်မှာပင် ရုတ်တရက် လျိုစူးက မြောင်ယွင်၏လည်ပင်းကို ညှစ်ထားလိုက်ပြီး အဓိကသွေးကြောများကို ပိတ်ပစ်လိုက်လေသည်။

မြောင်ယွင်၏တန်ခိုးစွမ်းအားများအားလုံးကို ထိန်းချုပ်လိုက်လေသည်။

“ရှင်ထွက်လာခဲ့စမ်း၊ ထွက်မလာရင် သူမကို သတ်ပစ်လိုက်မယ်”

လျိုစူးက အေးစက်စွာပြောလိုက်သည်။

ယန်မြောင်ယွင်မှာ လျိုစူးက ထိုသို့လုပ်လိမ့်မည်ဟု ထင်မထားမိပေ။

“အစ်မလျိုစူး၊ ဘာလုပ်တာလဲ”

လျိုစူးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း…

“ငါတို့ ထိုက်စုနတ်ဘုရားဂိုဏ်းမှာ အစွန်းရောက်ယင်စွမ်းအားနဲ့ အအေးစွမ်းအားကို ကျင့်ကြံတဲ့ ပညာမျိုးမရှိဘူး၊ မင်းကိုယ်ပေါ်က အအေးစွမ်းအားကို ဖုံးကွယ်လို့ရမယ်များထင်နေလား၊ မင်းဘာလို့ အဲဒီလူကို ကာကွယ်ပေးနေရတာလဲ”

ကိုယ်ယောင်ဖျောက်ထားသည့် ဆန်းလျန်မှာ သက်ပြင်းတစ်ချက်သာ ချလိုက်မိတော့သည်။

သူအသုံးပြုလိုက်သည့် ရေခဲအလင်းစွမ်းအားများမှာ ယန်မြော
င်ယွင်၏ကိုယ်ပေါ်တွင်ကျန်ရှိနေခဲ့သည်ကို သူသတိမထားခဲ့မိ
ပေ။

ကောင်းကင်ထက်တွင် ဆန်းလျှန်ပေါ်လာလေသည်။

"ဒီမိန်းကလေးကို ဒုက္ခမပေးပါနဲ့၊ ကျုပ်က သူ့ကို ခြိမ်းခြောက်
ခဲ့တာပါ"

"အိုး… ရှင်က အရမ်းချောတာပဲ၊ မြောင်ယွင်မင်းသမီးလေး၊
သူက မင်းကိုလာရှာတာဆိုရင်လည်း ဘာလို့ ဖုံးကွယ်ထားရ
တာလဲ၊ ငါတို့ ထိုက်စုနတ်ဘုရားဂိုဏ်းမှာ ချစ်သူမရှာရဘူးလို့
တားမြစ်မထားပါဘူး"

လျိုစူးက ပြောလိုက်လေသည်။

"ကျွန်မနဲ့ သူနဲ့ ဒီနေ့မှ တွေ့ဖူးတာပါ အစ်မလျိုစူး၊ အစ်မ
အထင်လွဲနေပြီ၊ ဒါပေမယ့် သူက လူဆိုးတစ်ယောက်မဟုတ်ပါ
ဘူး"

ယန်မြောင်ယွင်က ဆန်းလျန်ကို တောင်းပန်သည့် မျက်ဝန်းများ ဖြင့်ကြည့်လိုက်လေသည်။
ဆန်းလျန်မှာ တန်ခိုးစွမ်းအားကြီးမားသူတစ်ယောက် ဖြစ်ကြောင်း သူမသိလေသည်။ လျိုစူးမှာ ဆန်းလျန်ကို ယှဉ်ပြိုင်နိုင်မည်မဟုတ်ပေ။ သူတို့နှစ်ယောက်တိုက်ခိုက်ကြ လျှင် ဆန်းလျန်မှာလည်း ဤနေရာမှ အေးအေးဆေးဆေး ထွက်ခွာသွားနိုင်တော့မည်မဟုတ်သလို လျိုစူးမှာလည်း ကျိန်းသေဒဏ်ရာရရှိမည်ဖြစ်လေသည်။
ထို့ကြောင့် သူမက ဆန်းလျန်ကို အမြန်ထွက်ခွာသွားစေချင်မိ လေသည်။
မြောင်ယွင်အနေဖြင့် အပြစ်ပေးခံရမည်ဆိုလျှင်တောင် အသက်အန္တရာယ်ထိခိုက်သည်အထိတော့ ဖြစ်မည်မဟုတ်ပေ။

“ဟုတ်ပါတယ် ၊ ဒီမိန်းကလေးနဲ့ ကျုပ်နဲ့က ဒီနေ့မှ ပထမဆုံး အကြိမ်တွေ့ဖူးတာပါ ၊ ဒါပေမယ့် မင်းနဲ့ကတော့ ပထမဆုံး အကြိမ် တွေ့ဖူးတာ မဟုတ်ဘူးနော် လျိုစူး”

“ဘာလဲ ၊ ကျွန်မတို့က အရင်က တွေ့ဖူးလို့လား ၊ ကျွန်မကို လှည့်စားဖို့ မကြိုးစားနဲ့နော်”

လျိုစူးက ပြန်ပြောလိုက်သည်။

“ငါတို့အားလုံးက ကျင့်ကြံသူတွေပဲ ၊ မင်းမှတ်ဉာဏ်တော့ ကောင်းလောက်မှာပါ ၊ လွန်ခဲ့တဲ့ခုနစ်နှစ်တုန်းက မင်းတို့ခေါ် သွားတဲ့ ကလေးမလေးကို မှတ်မိသေးလား”

ဆန်းလျန်က တည်ငြိမ်စွာဖြင့်စကားကိုဆိုလိုက်သည်။

သို့သော် ထိုစကားလုံးများနောက်တွင် အချိန်မရွေးပေါက်ကွဲ ထွက်နိုင်သည့် မျိုသိပ်ထားသည့် ဒေါသတရားများရှိနေလေ သည်။

ဆန်းလျန်၏စကားကြောင့် လျိုစူးတစ်ကိုယ်လုံးတောင့်တင်း

သွားရသည်။

“လက်စသတ်တော့ ရှင်ကိုး ၊ ရှင့်အဆင့်အတန်းနဲ့ ဒီနေရာကို ခိုး

ဝင်လို့ မသင့်တော်ပါဘူး"

“အော်.. မင်းက ကျုပ်အဆင့်အတန်းကို သိနေပြီးသားပေါ့လေ"

ဆန်းလျန်က အေးစက်စွာဖြင့် ပြန်ပြောလိုက်သည်။

ယန်မြောင်ယွင်မှာ စိတ်ရှုတ်သွားရသည်။ ဤလူငယ်လေးမှာ

ဂုဏ်သရေရှိ ကျင့်ကြံသူအသိုင်းအဝိုင်းမှ လူငယ်တစ်ယောက်

လေလား။

လျိုစူး စိတ်မသက်မသာခံစားနေရသည်ကိုတော့ သူမ ရိပ်မိ

လိုက်လေသည်။

“ရှင်ပြန်ပါတော့ ၊ ရှင့်တူမလေး အစစအရာရာ အဆင်ပြေနေပါ

တယ် ၊ ကျွန်မတို့ နန်းတော်သခင်မက သူမကို ရှင်နဲ့ ပြန်ထည့်

ပေးမှာမဟုတ်ဘူး ၊ ရှင်လက်လျှော့လိုက်တာကောင်းမယ်”

လျှိုစူးက ပြောလိုက်သည်။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း....

“မင်းက ဒီလိုပြောတော့မှပဲ ကျုပ်တူမလေးကို တကယ်ပဲ ပြန်ခေါ်သွားချင်နေပြီ ၊ မင်းတို့ထိုက်စုနတ်ဘုရားဂိုဏ်းက ကလေးမလေးတစ်ယောက်ကို ဘာလို့ အသုံးချနေတာလဲ ၊ ဘာအကြောင်းပြချက်နဲ့လဲ”

ဆရာသခင်ကျန်းရှော့ရှီးပြောခဲ့သည့် “တူမလေးအတွက် စိတ်ပူစရာမရှိ” ဟူသည့်စကားကြောင့်သာ မဟုတ်လျှင် သူမက လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ရှော့ရှီလေးကို လိုက်ရှာမှာ ဖြစ်လေသည်။

သို့သော် လျှိုစူး၏စကားများက သူ့ကို သံသယဝင်စေလေသည်။

သို့သော် ဆရာသခင်ကျန်းရော့ရှီးကို သူယုံကြည်ဆဲဖြစ်လေသည်။ ဆရာသခင်ကျန်းရော့ရှီးသည် အမြဲတမ်း အကျိုးသင့်အကြောင်းသင့် လုပ်ဆောင်တတ်သူဖြစ်လေသည်။

လျိုစူး၏ပြောစကားအရဆိုလျှင် ရော့ရှီလေးသည် အစစအရာရာ အဆင်ပြေနေသည်။ သို့သော် ဆန်းလျန်ကတော့ ရော့ရှီလေးကို ခေါ်သွားခွင့်မရှိပေ။ ထိုက်စုနတ်ဘုရားဂိုဏ်းမှာ တန်ခိုးစွမ်းအားကြီးမားသည့် နတ်ဘုရားဂိုဏ်းတစ်ခုဖြစ်လေသည်။ သူတို့အနေဖြင့် ဆန်းလျန်မှာ ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်သည်ကို မသိမဟုတ် ၊ သိမည်ဖြစ်လေသည်။ သို့တိုင်အောင် ယခုကဲ့သို့ စကားပြောထွက်သည်မှာ အံ့သြစရာပင် ဖြစ်လေသည်။

ထို့ပြင် ရော့ရှီလေးမှာ ထိုက်စုနတ်ဘုရားဂိုဏ်းထဲတွင် လျှို့ဝှက်စွာဖြင့် ရှိနေခဲ့ခြင်းဖြစ်လေသည်။ လွန်ခဲ့သည့် သုံးနှစ်က ထိုက်

စုနတ်ဘုရားဂိုဏ်းအတွင်းသို့ ဝင်ရောက်လာခဲ့သည့် ယန်မြောင်ယွင်ပင်လျှင် ရော့ရှိလေးအကြောင်းကို တစ်လုံးမှမသိပေ။

လျိုစူးမှာ သူမရင်ဆိုင်နေရသည့်သူမှာ အလွန်ညဏ်ထက်သလို တန်ခိုးစွမ်းအားကြီးမားသူတစ်ယောက်လည်း ဖြစ်ကြောင်း ချက်ချင်းသဘောပေါက်သွားသေည်။ ထိုလူငယ်သည် ယွမ်ကျိုးနယ်တစ်ခုလုံးတွင် သြဇာအကြီးမားဆုံး လူတစ်ယောက်ဖြစ်လာသည်ကို သူမ မအံ့သြတော့ပေ။

သူမသည် ချက်ချင်းပင် စိတ်စွမ်းအားကိုအသုံးပြုကာ ဂိုဏ်းထဲမှ အခြားသူများကို ခိုးဝင်သည့်သူအကြောင်း သတင်းပို့လိုက်လေတော့သည်။

အခန်း (၂၆၄)

ထိုက်စုနန်းတော်ဆီသို့

ထိုအခဏလေးအတွင်းမှာပင် ဆန်းလျန်၏လက်တစ်ဖက်လှုပ်ရှားသွားပြီး ပိုက်ကွန်တစ်ခုက လျိုစူးနှင့် ယန်မြောင်ယွင်ကို ရစ်ပတ်ထားလိုက်လေတော့သည်။

လျိုစူးက ရုန်းလိုက်သည်နှင့် ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာပြီး သူမ၏ နဖူးတည့်တည့်သို့ ချိန်ရွယ်ထားလိုက်လေသည်။ ဓားဝိညာဉ်မှ အေးစိမ့်သည့်အငွေ့အသက်သည် သူမ၏တန်ခိုးစွမ်းအားများ အသုံးပြု၍မရအောင် တားဆီးထားလေသည်။

ဆန်းလျန်က ယန်မြောင်ယွင်ကို တောင်းပန်သည့်အကြည့်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

သို့သော် ယန်မြောင်ယွင်မှာ ဒေါသထွက်နေလေသည်။ သူမက ဆန်းလျန်အပေါ်တွင် ကိုယ်ချင်းဆာပေးခဲ့သည့်တိုင် ဆန်းလျန်ကတော့ သူမကိုယုံကြည်ခဲ့ခြင်းမရှိပေ။

လျိုစူး၏နဖူးကိုချိန်ရွယ်ထားသည့် ဓားဝိညာဉ်သည် ရှေ့သို့ အနည်းငယ်သာရောက်လာလျှင် သူမ၏ဝိညာဉ်မှာ ပျက်စီး သွားရမည်ဖြစ်လေသည်။

"ရှင်က ဘာဖြစ်ချင်တာလဲ"

လျိုစူးက မုန်းတီးစွာဖြင့်မေးလိုက်သည်။

"ပြောစမ်း ၊ ရှော့ရှီလေးကို ဘာလို့ခေါ်သွားရတာလဲ"

ဆန်းလျန်၏လေသံက သိမ်မွေ့သည့်တိုင် အေးစက်နေလေ သည်။ ပတ်ဝန်းကျင်မှ လေထုတစ်ခုလုံးအေးခဲသွားမတတ်ပင် ထင်ရသည်။

"ရှင့်ရဲ့အဆင့်အတန်းနဲ့ဆိုရင် ဘာလို့ကျွန်မကို ဒီလိုခြိမ်းခြောက် နေရတာလဲ ၊ သိချင်ရင် ထိုက်စုနန်းတော်က နန်းတော်သခင်မ ကို တိုက်ရိုက်သွားမေးပါလား ၊ ရှော့ရှီအဲဒီမှာရှိတယ်"

သူမက ခနဲ့သလို ရယ်မောရင်း ပြောလိုက်လေသည်။

“ဒါပေါ့ ၊ ကျုပ်သွားမေးမှာပါ ၊ ဒါပေမယ့် ဘာလို့ သူ့ကိုခေါ်သွားရလဲဆိုတာ မင်းဆီက အရင်ကြားချင်လို့”

ဆန်းလျန်က တည်ငြိမ်စွာပင် ပြန်ပြောလိုက်လေသည်။

လျိုစူးက ဆန်းလျန်၏အမေးကိုပြန်မဖြေပါ။ သူမ၏မျက်နှာထားက တင်းမာခက်ထန်နေလေသည်။

ဆားဝိညာဉ်က တစ်ချက်ရွေ့လျားသွားပြီး လျိုစူး၏လက်တစ်ဖက်ကို ဖြတ်တောက်ပစ်လိုက်လေသည်။

ဆားဝိညာဉ်၏အေးစိမ့်မှုကြောင့် ချက်ချင်းရေခဲသွားသည့်အတွက် လျိုစူး၏လက်မှ သွေးများထွက်မလာသလို နာကျင်မှုကိုလည်းမခံစားရပေ။ သို့သော် ပိုက်ကွန်ထဲသို့ ပြုတ်ကျသွားသည့် သူမ၏လက်ပြတ်ကြီးကို မြင်နေရလေသည်။

နာကျင်ခြင်းမရှိသည့်တိုင် သူမ ကြောက်လန့်သွားမိလေသည်။

လျိုစူး၏လက်ကို ဖြတ်ပစ်လိုက်သည့်တိုင် ဆန်းလျန်၏မျက်ဝန်းများက တည်ငြိမ်နေဆဲဖြစ်လေသည်။

ဆန်းလျန် ထိုမျှ သွေးအေးအေးဖြင့် ရက်ဆက်လိမ့်မည်ဟု လျို စူးထင်မထားခဲ့မိပေ။

ထို့ပြင် ထိုက်စုနတ်ဘုရားဂိုဏ်းထဲသို့ ခိုးဝင်လာပြီး ထိုက်စုနတ်ဘုရားဂိုဏ်းမှ တပည့်တစ်ယောက်ကို ဒဏ်ရာရအောင် တိုက်ခိုက်သည်မှာ ဆန်းလျန်အနေဖြင့် လုံးဝမလုပ်သင့်သည့် အလုပ်ဖြစ်လေသည်။

အထူးသဖြင့် ချင်းရွှမ်နတ်တံခါးသည် အဖက်ဖက်မှ ကျဆင်းနေသည့်အချိန်တွင် ထိုက်စုနတ်ဘုရားဂိုဏ်းနှင့် ပြဿနာမဖြစ်သည်က အကောင်းဆုံးဖြစ်လေသည်။ မဟုတ်ပါက လင်ထိုင်တာအိုပြိုင်ပွဲတွင် ချင်းရွှမ်နတ်တံခါးမှာ ကျိန်းသေဒုက္ခရောက်ရမည်ဖြစ်လေသည်။

ဆန်းလျန် ရှူးများနေပြီလားဟု လျိုစူးတွေးလိုက်မိသည်။

သို့သော် ဆန်းလျန်၏ အေးစက်လွန်းသည့် အကြည့်ကြောင့် လျိုစူးမှာ ကျောရိုးထဲထိ စိမ့်သွားမတတ် ကြောက်ရွံ့သွားမိလေသည်။

လျိုစူးမှာ သူမကိုယ်သူမ ကျင့်ကြံမှုအားကောင်းပြီး တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဟု ယူဆထားခဲ့လေသည်။ သို့သော် ယခုတော့သူမကြောက်ရွံ့နေခဲ့ပြီ။ သူမ၏တန်ခိုးစွမ်းအားများ ထိန်းချုပ်ခံထားရသည့်အခါ သူမသည် သာမန်လူတစ်ယောက်နှင့် မခြားလှပေ။

ဆန်းလျန်၏ကိုယ်ပွားမဟုတ်ဘဲ ဆန်းလျန်ကိုယ်တိုင်သာဖြစ်ခဲ့ပါက သူမကို ယခုကဲ့သို့ ပြဿနာရှာနေမည်မဟုတ်ပေ။ အဖြေကိုရရှိရန်အတွက် လျိုစူး၏ဝိညာဉ်ကို နှုတ်ယူကာ စစ်ဆေးမှုပြုလုပ်မည် ဖြစ်လေသည်။ ဆန်းလျန်မှာ ဒေါသကိုထိန်းချုပ်ကာ အတော်သည်းခံနေရခြင်းဖြစ်သည်။

လျိုစူး၏စိတ်ဓာတ်များ ကြွေကြွေမခံနိုင်တော့ဘဲ ပြိုလဲသွားရပြီ။

ယန်မြောင်ယွင်မှာ ဆန်းလျန်မှာ နူးညံ့သိမ်မွေ့ပုံရသည့်တိုင်

ယခုကဲ့သို့ သွေးအေးအေးနှင့် ရက်စက်တတ်လိမ့်မည်ဟု ထင်မ

ထားမိပေ။ သူမက ဆန်းလျန်ကို ကူညီခဲ့မိသည့်အတွက်

နောင်တရနေမိလေသည်။

သို့သော် ဆန်းလျန်က လျိုစူးကိုသာ ဒုက္ခပေးခြင်းဖြစ်ပြီး သူမ

ကိုတော့ ပြဿနာမရှာခဲ့ပေ။

"ပြောစမ်း..."

ဆန်းလျန် သာမန်လေသံဖြင့်ပင် ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် လျိုစူးမှာ တုန်ခန် ဖြစ်သွားလေသည်။ ဆန်းလျ

န်၏စကားသံသည် သူမ၏နှလုံးသားကို တူတစ်ချောင်းဖြင့်

ပြင်းပြင်းထန်ထန်ထုနှက်လိုက်သည့်အလား ခံစားလိုက်ရလေ

သည်။

"ရှင့်ရဲ့တူမလေးက ယွမ်ကျွင်းဇေကရီ လူပြန်ဝင်စားတာပါ၊ ယွမ်

ကျွင်းဇေကရီလူပြန်ဝင်စားတယ်ဆိုတာ နှစ်ထောင်ပေါင်းများစွာ

မှာ တစ်ခါ ဖြစ်ခဲလွန်းတဲ့ကိစ္စပါ ၊ ကျွန်မတို့အဆင့် ကျင့်ကြံသူတွေဟာ ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိနိုင်မှာလဲ ၊ ကျွန်မတောင်မှ အကြောင်းတိုက်ဆိုင်လို့ သိခွင့်ရခဲ့တာ ၊

မိုးကောင်းကင်ကနတ်ဘုရားတွေ လူပြန်ဝင်စားတဲ့အကြောင်းရှင်လည်းသိမှာပါပဲ ၊ ဒါပေမယ့် ဒီတစ်ခါ သူမ လူ့ပြည်ဆင်းလာတာဟာ ကျင့်ကြံဖို့မဟုတ်ဘူး ၊ အစစ်ဆေးခံဖို့ရောက်လာတာ ၊ သူမ ထိုက်စုနတ်ဘုရားဂိုဏ်းကို ရောက်လာရတာဟာ ကံတရားအတိုင်းပါပဲ ၊ ဒါပေမယ့် နန်းတော်သခင်မက သူမကိုတာ့တုန့်ကျမ်းစာကို သင်ကြားမပေးဘူး ၊ သူမကို နှလုံးသာစည်းချက်ကျင့်စဉ်ကို သင်ကြားပေးထားတယ်”

တာ့တုန့်ကျမ်းစာဆိုသည်မှာ ချင်းရွှမ်နတ်တံခါးမှ ထိုက်ရှီးနည်းဗျူဟာကဲ့သို့ပင် အဆင့်အတန်းမြင့်သည့် ကျင့်စဉ်တစ်ခုဖြစ်လေသည်။ ထိုကျင့်စဉ်က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်လောက် တန်ခိုးစွမ်းအားကြီးမားခြင်းမရှိသည့်တိုင် နတ်ဘုရား

အဖြစ်ကို တန်းပြီးရောက်ရှိနိုင်လေသည်။ ထိုကျင့်စဉ်ကို ကျင့်ကြံလျှင် ရော့ရှီအနေဖြင့် မည်သည့်အခက်အခဲမှ ရှိမည်မဟုတ်ပေ။ သို့သော် နှလုံးသားစည်းချက်ကျင့်စဉ်ကိုတော့ ဆန်းလျန် သိရှိခြင်းမရှိပေ။

“နှလုံးသားစည်းချက်ကျင့်စဉ်ဆိုတာ ဘာလဲ"

ဆန်းလျန်က မေးလိုက်သည်။

“အဲဒါက ဝိညာဉ်စွမ်းအားမြှင့်တင်တဲ့ကျင့်စဉ်ပါပဲ ၊ စပြီး ကျင့်ကြံလိုက်တာနဲ့ ရပ်တန့်လို့မရနိုင်ဘူး ၊ ရပ်လိုက်တာနဲ့ အကြီးအကျယ်ဒဏ်ရာရလိမ့်မယ် ၊ ဒီကျင့်စဉ်ကို စကျင့်ကြံပြီဆိုတာနဲ့ အရင်ကကျင့်ကြံသူရဲ့ ဝိညာဉ်ဟာ လက်ရှိကျင့်ကြံသူရဲ့ နှလုံးသားဗဟိုချက်နဲ့ ရွှေပြဒါးအမြုတေထဲမှာ တစ်ခါတည်း အမြစ်တွယ်သွားတယ် ၊ ပြီးတော့ အတူတူ ကြီးထွားလာကြတယ် ၊ နောက်ဆုံး ယခင်ကျင့်ကြံသူရဲ့ ဝိညာဉ်နဲ့တန်ခိုးစွမ်းအားအားလုံးက လက်ရှိကျင့်ကြံနေသူကို လွှမ်းမိုးသွား

တယ် ၊ ဒီကျင့်စဉ်ကို နှလုံးသားစည်းချက်ကျင့်စဉ် လို့ခေါ်ပါ
တယ်”

လျိုစူးမှာ အရာအားလုံးကို ဖွင့်ပြောပြီးသည့်နောက် စိတ်ထဲ
ပေါ့သွားသလို ခံစားလိုက်ရလေသည်။

ဤလျို့ဝှက်ချက်ကို သူမထိန်းသိမ်းထားခဲ့သည်မှာ နှစ်ပေါင်း
များစွာကြာခဲ့ပြီဖြစ်လေသည်။ သူမတို့သုံးယောက်မှာ
နန်းတော်သခင်မအယုံကြည်ရဆုံးလူများဖြစ်သည့်အတွက်
နန်းတော်သခင်မက ထိုအကြောင်းများကို ပြောပြထားခြင်းဖြစ်
လေသည်။ မဟုတ်လျှင် သူမအနေဖြင့် သိခွင့်ရမည်မဟုတ်
ပေ။

ဆန်းလျန်၏စိတ်ထဲတွင် ဒေါသတရားများဖြင့်ပြည့်လာ
တော့သည်။

ဆန်းလျန်သည် သူ့ကိုယ်သူ စိတ်တည်ငြိမ်သူတစ်ယောက်ဟု အမြဲတမ်းယူဆခဲ့လေသည်။ သို့သော် ယခုအကြိမ်တွင်တော့ သူ့စိတ် မတည်ငြိမ်နိုင်တော့ပါ။

အမှန်တော့ လိုသည်ထက်ပိုပြီး ဒေါသထွက်နေရခြင်းမှာ ဖော့ဝမ့်အဆင့်တက်ရောက်နိုင်တော့မည့် နိမိတ်လက္ခဏာများဖြစ်လေသည်။ ဖော့ဝမ့်အဆင့်သို့ စတင်တက်လှမ်းနေပြီဖြစ်သည့်အတွက် စိတ်ဂယောက်ဂယက်ဖြစ်နေရခြင်း ဖြစ်လေသည်။

သို့သော် ဆန်းလျန်သည် တူမလေးရော့ရှီအတွက်တော့ သူ့ကိုယ်သူအပြစ်တင်မိပြီး များစွာလည်း ယူကျုံးမရဖြစ်နေရလေသည်။

ထို့ကြောင့် ဖော့ဝမ့်အဆင့်တက်ရောက်နိုင်မည့် နိမိတ်လက္ခဏာများပြသနေသည့်တိုင် သူမပျော်ရွှင်နိုင်တော့ပါ။

ဆန်းလျန် စိတ်ကိုတည်ငြိမ်အောင် အတတ်နိုင်ဆုံးကြိုးစား လိုက်သည်။

"အခု ရှော့ရှီ ဘယ်မှာလဲ"

"သူမက နန်းတော်သခင်မရဲ့ အတွင်းနန်းတော်မှာပဲ အမြဲနေတာပါ"

လျိုစူးမှာ အစမှအဆုံးပြောပြီးနေပြီဖြစ်သဖြင့် မထူးဇာတ်ခင်းကာ အကုန်ပြောပြလိုက်လေသည်။

ဆန်းလျန်၏ ဓားဝိညာဉ်က ပိုက်ကွန်ကို နှစ်ခြမ်းခွဲလိုက်လေသည်။

ထို့နောက် သူ၏တန်ခိုးစွမ်းအားကိုအသုံးပြု၍ ယန်မြောင်ယွင်ကို ရေကန်ဘေးရှိ ကျောက်ဆောင်ကြီးအနားသို့ ပို့ပေးလိုက်လေသည်။

လျိုစူးကိုတော့ ထိုက်စုနန်းတော်ဆီသို့ ခေါ်သွားလေသည်။

ထိုက်စုနန်းတော်သို့ဝင်သည့်တံခါးမှာ တစ်ခုသာရှိလေသည်။ နန်းတော်တံခါးပတ်ဝန်းကျင်တွင် တိမ်ခိုးနှင့် မြူခိုးများက ဝန်းရံနေကြလေသည်။ သို့သော် နန်းတော်တံခါးမှာ ပန်းချီကားချပ်တစ်ခုအလားဖြစ်နေပြီး ဆန်းလျန် မည်သို့ပင်ကြိုးစားပါစေ တံခါးနားသို့ပင် မရောက်နိုင်ဖြစ်နေရသည်။

"တံခါးကို ဘယ်လိုဖွင့်ရမလဲ"

ဆန်းလျန်က မေးလိုက်သည်။

လျိုစူးသည် ဆန်းလျန်ကို မဆန့်ကျင်ရဲတော့ပေ။ တံခါးဖွင့်နည်းကို ပြောပြလိုက်လေသည်။

ဆန်းလျန်က လျိုစူးပြောပြသည့်အတိုင်း တသွေမတိမ်းလိုက်လုပ်လေသည်။ ထိုအခါ သူတို့ရှေ့တွင် ကျောက်ဖြူစြက်ႏလမ်းလေးတစ်ခုပေါ်လာလေသည်။ ထိုစြက်ႏလမ်းအဆုံးတွင် နန်းတော်တံခါးရှိနေလေသည်။ တံခါးထက်တွင် ထိုက်စုနတ်

ဘုရားကိုကိုယ်စားပြုသည့် နဂါးဇာမဏီသင်္ကေတကို ရေးထွင်း ထားသည်။

နန်းတော်တံခါးကို တားဆီးထားသည့်အရံအတားမှာ လောက တစ်ခွင်ရှိ ဂမ္ဘီရပညာများထဲတွင် အဆင့်အမြင့်ဆုံး ပညာတစ်ခု ဖြစ်လေသည်။

ထိုအချိန်မှာပင်...

သူ့ရှေ့တွင် ခရမ်းရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ် ယောက်ကို တွေ့လိုက်ရလေသည်။ သူမ၏မျက်နှာမှာ ဆောင်းရာသီတွင်သာသည့်လပြည့်ဝန်းပမာ ကြည်လင်လှပ လွန်းလေသည်။ သူမက ဝိညာဉ်တစ်ခုအလား ဆန်းလျန်အနား သို့ ဖြည်းညင်းစွာတိုးကပ်လာလေသည်။

သူမမှာလည်း ရှော့ရှီကိုခေါ်ယူသွားသည့် မိန်းမပျိုသုံးယောက် တွင် တစ်ယောက်အပါအဝင်ဖြစ်သည်ကို ဆန်းလျန် ချက်ချင်း မှတ်မိလိုက်သည်။

သို့သော် ကျီယွဲ့ကတော့ ဆန်းလျန်ကို ရုတ်တရက် မှတ်မိခြင်း

မရှိပါ။

သူမလက်ထဲတွင် ပန်းချီကားလိပ်လေးတစ်ခုကိုကိုင်ထားလေ

သည်။ ဆန်းလျန်က လျိုစူးကို ဖမ်းဆီးခေါ်ဆောင်လာသည်ကို

မြင်လိုက်ရသည့်အခါ သူမ များစွာအံ့သြသွားရသည်။

သူမက ချက်ချင်းပင် ပန်းချီကားလိပ်လေးကို ဆန်းလျန်ဆီသို့

ပစ်လွှတ်ကာ တိုက်ခိုက်လိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသို့ပန်းချီကားလိပ်လေးက လွှမ်းခြုံ

သွားပြီး ခရမ်းရောင်အငွေ့များက ဆန်းလျန်ကို လာရောက်

ရိုက်ခတ်လေသည်။ ဆန်းလျန်က လက်တစ်ဖက်တည်းဖြင့်ပင်

လေနှင့်မိုးကြိုးကိုဖန်ဆင်းလိုက်ပြီး ခရမ်းရောင်အငွေ့များကို

ဖျက်စီးပစ်လိုက်လေသည်။ ထို့နောက် ရေများဖန်ဆင်းပြီး လျို

စူးကို ထိန်းချုပ်ကာ အဝေးသို့ တွန်းပို့လိုက်လေသည်။

ဆန်းလျန်သည် ပန်းချီကားလိပ်ထဲတွင် ပိတ်မိနေလေသည်။

သူက ပတ်ဝန်းကျင်ကို တစ်ချက်လေ့လာလိုက်သည်။

သူ့ပတ်ဝန်းကျင်တွင် ရေများနှင့် ခရမ်းရောင်အငွေ့များ မျော လွင့်နေလေသည်။ ရေစီးဆင်းသံများကို ဂီတသံအလားကြား နေရပြီး ထိုရေစီးဆင်းသံက လူတစ်ယောက်၏စိတ်ကို ပျော် ရွှင်လာစေလေသည်။

အမှန်တော့ ထိုရေစီးသံက လူတစ်ယောက်၏အသက်ကို သတ်ဖြတ်ပစ်နိုင်သည့်အစွမ်းရှိလေသည်။

ခရမ်းရောင်ဝတ်မိန်းမပျိုကျီယွဲ့က...

“ဒါက ခရမ်းစိမ်းမြူခိုးအရံအတားပဲ ၊ ရှင်လွတ်မြောက်နိုင်မယ် လို့ မထင်နဲ့တော့”

ဟု သာယာသည့်အသံလေးဖြင့် ပြောလိုက်လေသည်။

ကျီယွဲ့မှာ ပုံမှန်အားဖြင့် အေးဆေးတည်ငြိမ်သည့် မိန်းမပျိုတစ် ယောက်ဖြစ်လေသည်။

သို့သော် လက်တစ်ဖက်အဖြတ်ခံထားရသည့် လျိုစူးကို တွေ့လိုက်ရသည့်အခါတွင်တော့ ဒေါသများ အလိပ်လိုက် ထွက်လာလေသည်။ သို့သော် လျိုစူးကို ထိန်းချုပ်ထားသည့် ရေများမှာ တန်ခိုးစွမ်းအားကြီးမားလွန်းသည့်အတွက် သူမအနေဖြင့် ချိုးဖျက်၍ မရနိုင်ပေ။

ခရမ်းစိမ်းမြူခိုးအရံအတားမှာ အလွန်မှ တန်ခိုးစွမ်းအားကြီးမားလေသည်။ လူတစ်ယောက်ကို သေစေနိုင်သည့် တန်ခိုးစွမ်းအားများပါဝင်လေသည်။ သို့သော် ဆန်းလျန်က ထိတ်လန့်သွားခြင်းမရှိပါ။

ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံထားသည့် ကျင့်ကြံသူတစ်ယောက်အနေဖြင့် ခရမ်းစိမ်းမြူခိုးအရံအတား၏ အားနည်းချက်ကို တစ်ချက်ကြည့်ရုံမျှဖြင့်ပင် သိသွားလေသည်။

သို့သော် အားနည်းချက်ဟုတော့မဆိုသာပေ။ ဝိညာဉ်စွမ်းအား လမ်းကြောင်းတစ်ခုမျှသာ ဖြစ်လေသည်။ ထိုနေရာမှ ခရမ်းရောင်မြူခိုးများထွက်နေပြီး အရုံအတား၏အဓိက ဗဟိုချက်ဖြစ်လေသည်။

ခရမ်းရောင်မြူခိုးများက လူတစ်ယောက်၏တန်ခိုးစွမ်းအား များကို ဝါးမြိုပစ်ပြီး ရေများကတော့ အသားများကို တိုက်စား သွားနိုင်သည့် အစွမ်းရှိလေသည်။ စီးဆင်းနေသည့်ရေသံများ ကတော့ ဝိညာဉ်ကို တိုက်စားသွားနိုင်လေသည်။

ခရမ်းရောင်မြူခိုးအရုံအတားသည် ကျင့်ကြံသူတစ်ယောက်၏ အဓိကဖြစ်တည်မှုသုံးခုဖြစ်သည့် “တန်ခိုးစွမ်းအား ၊ ကိုယ်ခန္ဓာ ၊ ဝိညာဉ်” သုံးနေရာကို တစ်ပြိုင်နက်တည်း တိုက်စားသွားခြင်း ဖြစ်လေသည်။ အရုံအတားကို ဖန်တီးသူမှာ အသေးစိတ် အကွက်ကျကျ ဖန်တီးထားခြင်းဖြစ်လေသည်။

ဆန်းလျန်က သူ၏ဓားဝိညာဉ်ဖြင့် ခရမ်းရောင်မြူခိုးများကို

တားဆီးထားလိုက်သည်။ ထို့နောက် မိုးကြိုးစွမ်းအားအင်း

သင်္ကေတဖြင့် ရေများကို တားဆီးထားလိုက်လေသည်။

မိုးကြိုးစွမ်းအားများမှာ စွမ်းအားပြင်းထန်လွန်းသည့်အတွက်

အရံအတားတစ်ခုလုံးမှာ တုန်ခါလာလေသည်။ ခရမ်းရောင်

မြူခိုးများနှင့် ရေများမှာ မိုးကြိုးစွမ်းအားဖြင့်ရိုက်ခတ်မိကြ

လေသည်။

ဆန်းလျန်သည် မိုးကြိုးစွမ်းအားအင်းသင်္ကေတကို အသုံးပြု

ကာ အရံအတား၏ ဗဟိုချက်နေရာကို အဆက်မပြတ်

တိုက်ခိုက်လိုက်လေသည်။

ထိုမိုးကြိုးအင်းသင်္ကေတများမှာ ရှမ်ထုံနတ်မိစ္ဆာ

ဘုရင်မ၏နတ်ဘုရားဈေးပွဲတော်တွင် ရေခဲအလင်းဖြင့်

လဲလှယ်လာခဲ့သည့် အင်းသေက်တများဖြစ်လေသည်။ ထို

အင်းသင်္ကေတများ သာမန်အင်းသင်္ကေတများသာဖြစ်

သော်လည်း အရံအတားများကို ဖျက်စီးသည့်နေရာတွင် အလွန်အသုံးဝင်လေသည်။ သို့သော် ကျင့်ကြံသူအချင်းချင်း တိုက်ခိုက်သည့်အခါတွင်တော့ သိပ်ပြီးအသုံးမဝင်လှပေ။ အချိန်ခဏလေးအတွင်းမှာပင် ခရမ်းစိမ်းမြူခိုးအရံအတား တစ်ခုလုံးက တုန်ခါလာလေသည်။ မိုးကြိုးပစ်သံများ ထွက်ပေါ်လာပြီး ခရမ်းစိမ်းမြူခိုးအရံအတားပန်းချီကားသည် ကျီယွဲ့ လက်ထဲသို့ ပြန်ရောက်လာလေသည်။ ပန်းချီကားထဲမှ အစိမ်းရောင်မြစ်နှင့် ခရမ်းရောင်မြူခိုးများမှာ ပျောက်ကွယ်နေပြီဖြစ်လေသည်။ အရံအတားမှာ ပျက်စီးသွားရပြီဖြစ်သည်။

ဆန်းလျန်၏ တာအိုဝတ်ရုံသည် လေထဲတွင် လွင့်မျောနေလေသည်။

ဆန်းလျန်ရပ်တန့်နေသည့်ပုံသဏ္ဍာန်မှာ လွန်စွာမှခမ်းနားလွန်းလှလေသည်။

ဆန်းလျန်ကိုကြည့်ပြီး ကျီယွဲ့မှာ အရိုးထဲထိ စိမ့်သွားအောင် ကြောက်ရွံ့သွားလေသည်။

ဆန်းလျန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း....

“ထိုက်စုနန်းတော်သခင်မ ၊ ကျုပ်တို့တွေ့ကြရအောင်လား"

ယခုတော့ ထိပ်တိုက်ရင်ဆိုင်ရမည့် အချိန်သို့ ရောက်ခဲ့ပြီဖြစ်လေသည်။

“သတ္တိရှိတဲ့လူငယ်ပဲ ၊ ဝင်လာခဲ့ပါ”

ထိုက်စုနန်းတော်အတွင်းမှ နူးညံ့သည့်အသံတစ်သံထွက်ပေါ်လာလေသည်။

ထိုအချိန်မှာပင် နန်းတော်တံခါးအပြင်ဘက်တွင် ခရမ်းရောင် ၊ အဝါရောင်နှင့် အဖြူရောင်ဝတ်ဆင်ထားကြသည့် တပည့်များစွာ ရောက်ရှိလာကြလေသည်။ သူတို့အားလုံးမှာသူတို့၏လက်နက်များကိုကိုင်ဆောင်ထားကြပြီး ဆန်းလျန်ကိုဝိုင်းထားကြလေသည်။

ထျန်းမုန့်နတ်သမီး၏ စကားသံထွက်ပေါ်လာတော့မှ သူတို့က ဆန်းလျန်ကို လမ်းဖယ်ပေးလိုက်ကြလေသည်။

အဝါရောင်ဝတ်ဆင်ထားသည့် မိန်းကလေးက ဆန်းလျန်ကို ဖိတ်ခေါ်လိုက်သည်။

"ကြွပါ..."

ဆန်းလျန်မှာ ထိုက်စုနတ်ဘုရားဂိုဏ်းသို့သာမက ထိုက်စုနန်းတော်အတွင်းထိ ထိုးဖောက်ဝင်ရောက်လာနိုင်သည့်အပြင် ခရမ်းစိမ်းမြူခိုးအရံအတားကိုပင် ချိုးဖျက်ပစ်လိုက်နိုင်လေသည်။

အဝါရောင်ဝတ်မိန်းကလေးမှာ များစွာအံ့သြနေမိလေသည်။

ထိုက်စုနန်းတော်၏အနောက်ဘက်တွင် အစိမ်းရောင်တောင်ကြီးတစ်လုံးရှိလေသည်။

ထိုတောင်ကြီးသည် လေထဲတွင် လွင့်မျောနေခြင်းဖြစ်ပြီး ထိုတောင်ပေါ်တွင် နန်းတော်တစ်ခုရှိနေလေသည်။

ရုတ်တရက် ...

ထိုနန်းတော်ထဲမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ထျန်းမုန့်တော့ ပြဿနာတက်ပြီထင်တယ်"

"ဝင်မပါနဲ့ အစ်မကြီး ၊ ထျန်းမုန့်က အဲဒီလူငယ်ကို အကြွေးတင်နေခဲ့တာပဲ"

နောက်ထပ်အသံတစ်သံက ပြောလိုက်လေသည်။

"ဟွန့် ... ဒုတိယအစ်မ ၊ ထျန်းမုန့်ရဲ့အမှားသာမဟုတ်ရင် အဲဒီလူငယ်ကို ငါပညာပေးလိုက်ချင်တာ"

တတိယအသံက ထပ်မံထွက်ပေါ်လာလေသည်။

အသံများမှာ အမျိုးသမီးအသံများဖြစ်ကြလေသည်။

"ယွမ်ကျွင်းကေရီ လူပြန်ဝင်စားတာက ပြန်လည်အစစ်ဆေးခံဖို့ရောက်လာတာ ၊ ကံတရားအတိုင်း သူ့ဟာနဲ့သူ ဖြစ်သွားမှာပဲ ၊ ဒါပေမယ့် ငါတို့ဂိုဏ်းက နှစ်ထောင်ပေါင်းများစွာ ပျင်းစရာ

ကောင်းနေတာ ၊ ခုလို ပြဿနာလေးဖြစ်တော့လည်း

အပျင်းပြေတာပေါ့"

ပထမအသံက ပြောလိုက်လေသည်။

“အစ်မကြီးပြောတာ တကယ်မှန်တယ်”

ဒုတိယအစ်မက ရယ်မောရင်း ထောက်ခံလိုက်သည်။

ထို့နောက် နန်းတော်ထဲတွင် အသံများပြန်လည်တိတ်ဆိတ်သွား

ကြလေသည်။

ဆန်းလျန်ကတော့ ထိုက်စုနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားသုံး

ပါး၏ စကားသံများကို ကြားနိုင်ခြင်းမရှိပါ။

သူက အဝါရောင်အမျိုးသမီးခေါ်ဆောင်ရာသို့ လိုက်ပါသွား

လေသည်။

ထိုက်စုနန်းတော်ထဲတွင် သူ့ကိုစိုက်ကြည့်နေသည့် အကြည့်တစ်

ချက်ကို ဆန်းလျန် ရင်ဆိုင်လိုက်ရလေသည်။

အခန်း (၂၆၅)

ခိုင်မာသည့်ဆုံးဖြတ်ချက်

ဆိုးသွမ်းသည့်အကြည့်များ ၊ အေးစက်သည့်အကြည့်များ ၊

ချစ်ခင်မြတ်နိုးသည့်အကြည့်များ....။ ဆန်းလျန်၏ဘဝတွင်

ထိုသို့သော အကြည့်ပေါင်းများစွာကို ရင်ဆိုင်ခဲ့ရဖူးပါသည်။

သို့သော် ယခုသူ့ကို စိုက်ကြည့်နေသည့်အကြည့်ကတော့ သူ

မျှော်လင့်မထားသည့် အကြည့်မျိုးဖြစ်လေသည်။

ထိုအကြည့်သည် စိတ်ဝိညာဉ်အတွင်းပိုင်းထိ အသေးစိတ် ထိုး

ဖောက်ဝင်ရောက်နိုင်သည့် အကြည့်မျိုးဖြစ်လေသည်။

ထိုအကြည့်က ဆန်းလျှန်ထံသို့ ကျရောက်လာသည်။ ဆန်းလျှန်သည် ထိုအကြည့်တစ်ချက်ကြောင့် ဖြစ်ပေါ်လာသည့်ခံစားချက်ကို ဖော်ပြ၍ မရနိုင်ပေ။ သူ့အပေါ်သို့ မိုးရေစက်များ ရွာသွန်းကျလာသကဲ့သို့ပင်ဖြစ်လေသည်။

ထိုက်စုနန်းတော်ထဲတွင် အနုပညာဖြင့်ဖန်တီးထားသည့် တောင်အတုတစ်ခုရှိနေသည်။ ထိုတောင်ပေါ်မှ ရေတံခွန်အတုမှ ရေများကျဆင်းနေလေသည်။

အသက်ဓာတ်စွမ်းအားများစိမ့်ထွက်နေပြီး ရေစီးဆင်းသံကို ကြားနေရသည်။

နန်းတော်သခင်မသည် နန်းတော်အတွင်းရှိ အနုပညာများထဲတွင် အလှပဆုံး အနုပညာတစ်ခုဖြစ်လေသည်။ ထိုအချက်က သူမသည် မည်မျှ ထူးခြားသည့်အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း မီးမောင်းထိုးပြနေလေသည်။

လှပစွာထုံးဖွဲ့ထားသည့် သူမ၏ဆံထုံးထက်တွင် ကျောက်စိမ်းဆံထိုးတစ်ခု ထိုးစိုက်ထားပြီး အဖြူရောင်နှင့် အစိမ်းရောင်ပေါင်းစပ်ထားသည့် ဝတ်စုံကိုဝတ်ဆင်ထားသည်။ သူမကိုကြည့်ရသည်မှာ မြင့်မြတ်သည့်နတ်ဘုရားတစ်ပါးနှင့်တူပြီးဝိညာဉ်ကမ္ဘာမှ ဝိညာဉ်နတ်ဘုရားတစ်ပါးနှင့် ပိုပြီးဆင်တူလေသည်။

သူမသည် အိပ်မက်ကမ္ဘာထဲမှ နတ်သမီးတစ်ပါးအလား ဖြစ်လေသည်။ သူမကို မြင်တွေ့ရပြီး ဘယ်တော့မှ အိပ်မက်မှ နိုးထလိုစိတ် မရှိတော့သလိုပင်ဖြစ်ရလေသည်။

ဆန်းလျန်က သူမကို မော့ကြည့်လိုက်သည်။

သူ၏မျက်ဝန်းထဲတွင် အိပ်မက်ကမ္ဘာကိုထိုးဖောက်ပြီးသတ်ဖြတ်လိုသည့် အရိပ်အငွေ့များဖြင့် ပြည့်နေလေသည်။

“ကျုပ်တူမလေး ဘယ်မှာလဲ”

ဆန်းလျန်၏အသံက သိမ်မွေ့စွာထွက်ပေါ်လာသည်။

သူ၏ပုံစံက တည်ငြိမ်နေလေသည်။ သို့သော် သူ့ရင်ထဲမှ ပေါက်ကွဲထွက်တော့မည့် ဒေါသများကိုတော့ မည်သူမျှ တွေ့မြင်နိုင်မည်မဟုတ်ပေ။

"ရော့ရှီက ယွမ်ကျွင်းကောရီလူပြန်ဝင်စားတာပဲ ၊ အဲဒါဘာအဓိပ္ပါယ်လဲ မင်းသိလား"

ထျန်းမုန့်နတ်သမီးက သူမထိုင်နေသည့်ထိုင်ခုံလက်တန်းကို တတောက်တောက်ခေါက်ရင်း ပြောလိုက်သေည်။

ဆန်းလျန်က သူမကို စကားပြန်မဆိုပါ။

အမှန်တော့ ဆန်းလျန်က သူ၏အစစ်အမှန်ခန္ဓာကိုယ်ကို ဆင့်ခေါ်နေခြင်းဖြစ်လေသည်။ မည်သည့်နည်းနှင့်ဖြစ်စေ ရော့ရှီလေးကို ခေါ်သွားမည်ဟု ဆန်းလျန် ဆုံးဖြတ်ချက် ခိုင်မာစွာချလိုက်ပြီဖြစ်သည်။

ထိုအချိန်မှာပင်...

ဆန်းလျန်အစစ်သည် ထုန်ထျန်းတန်ခိုးစွမ်းအားကိုအသုံးပြု
ကာ တိတ်တဆိတ်ဝင်ရောက်လာခဲ့ပြီဖြစ်လေသည်။

ထျန်းမုန့်နတ်သမီးသည် သူနှင့် ရင်ဆိုင်ဆုံတွေ့နေသူမှာ ဆန်း
လျန်၏ ကိုယ်ပွားဖြစ်သည်ကိုသိရှိခြင်းမရှိပေ။

သာမန်မိုးကြိုးအင်းသင်္ကေတလေးကိုသာအသုံးပြုပြီး သူမ၏
ခရမ်းစိမ်းမြူခိုးအရံအတားကို ချိုးဖျက်နိုင်ကတည်းက သူမ
သည် ဆန်းလျန်ကို အထင်မသေးဝံ့တော့ပေ။

သူမက ဆန်းလျန်နှင့် မတိုက်ခိုက်လိုပါ။

သူမက နှလုံးသားစည်းချက်ကျင့်စဉ်ကို ကျင့်ကြံခဲ့
သည့်အတွက် ယခင်မျိုးဆက်မှ နတ်ဘုရားအဘွားကြီးသုံးပါး
မှာ သူမနှင့် သိပ်ပြီးအဆင်မပြေလှပါ။ နတ်ဘုရားသုံး
ပါး၏အကူအညီမပါလျှင် သူမအနေဖြင့် ဆန်းလျန်ကို အနိုင်
ယူရန်မှာ ခက်ခဲမည်ဖြစ်လေသည်။

“ဟိုးအရင်အချိန်တွေတုန်းက ယွမ်ကျွင်းကေရီလို့ခေါ်တဲ့ ထိုက်စုယွမ်ကျွင်းဟာ မြောက်ဖျားဒေသကို အပိုင်သိမ်းထားတဲ့ ဖယောင်းနဂါးကြီးကျူကျိုယင်းကို နှိမ်နင်းခဲ့တယ်၊ ပြီးတော့ သူမချန်ထားခဲ့တဲ့ တာအိုကျင့်စဉ်တွေနဲ့ ထိုက်စုနတ်ဘုရားဂိုဏ်းကို စတင်တည်ထောင်ခဲ့တယ်၊ ငါတို့ရဲ့ဘိုးဘွားဆရာသခင်တွေက ထိုက်စုယွမ်ကျွင်းရဲ့ ပညာတွေကို ခေတ်အဆက်ဆက် ထိန်းသိမ်းခဲ့ကြတယ်၊ အဲဒီအချိန်ကစပြီး ထိုက်စုနတ်ဘုရားဂိုဏ်းဆိုတာ ပေါ်ထွက်လာတာပဲ၊ ထိုက်စုနတ်ဘုရားဂိုဏ်းအပြင်ဘက်က မြောက်ဖျားအလင်းတန်းဟာ ကျူကျိုယင်းရဲ့အကြွင်းအကျန်တွေနဲ့ အစီအရင်လုပ်ထားခဲ့တာ၊ ထိုက်စုယွမ်ကျွင်းဟာ ကြယ်စင်တွေအားလုံးထဲမှာ အတောက်ပဆုံးကြယ်စင်ပဲ၊ သူမက ကျူကျိုယင်းကိုသတ်ပြီးတဲ့နောက် ကြယ်တွေကြားထဲမှာ တိတ်တဆိတ်နေထိုင်ခဲ့တယ်၊ သူမဟာ တာအိုဆရာသခင်ကြီးနဲ့ ဗောဓိသကျကိုတောင်

အထင်ကြီးခဲ့တဲ့သူ မဟုတ်ဘူး ၊ ဒါပေမယ့် သူမရဲ့ တာအို ကျင့်စဉ်နဲ့ တန်ခိုးစွမ်းအားတွေက တာအိုဆရာသခင်ကြီးနဲ့ ဗောဓိသကျလိုမျိုး ပြီးပြည့်စုံခြင်းမရှိဘူး ၊ ဒါကြောင့် သူမက သူမရဲ့နတ်ဘုရားညဏ်စဉ်တွေကို အပိုင်းပိုင်းခွဲလိုက်ပြီး စကြာဝဠာပေါင်းများစွာမှာ ဖြန့်ကျက်ထားလိုက်တယ် ၊ စစ်ဆေးမှုပေါင်းထောင်နဲ့ချီပြီးပြုလုပ်နိုင်ဖို့ ၊ ကျင့်စဉ်လမ်းနဲ့ တန်ခိုးစွမ်းအား ပြီးပြည့်စုံမှုရရှိဖို့ အဲဒီနတ်ဘုရားညဏ်စဉ်တွေကို အသုံးပြုခဲ့တယ် ၊ ထိုက်စုယွမ်ကျွင်းရဲ့ ဖြန့်ကျက်ထားတဲ့ နတ်ဘုရားညဏ်စဉ်တွေ လူသားအဖြစ် ဖြစ်တည်လာတာကို ယွမ်ကျွင်းဧကရီလူ့ပြန်ဝင်စားတယ်လို့ ခေါ်တာပဲ ၊ ရှော့ရှီဟာ ယွမ်ကျွင်းဧကရီရဲ့ ထောင်ပေါင်းများစွာသော နတ်ဘုရားညဏ်စဉ်တွေထဲက တစ်ခုပဲ ၊

အရင်က ငါတို့ ထိုက်စုနတ်ဘုရားဂိုဏ်းထဲမှာ ယွမ်ကျွင်းဧကရီ ဝင်စားတဲ့သူ တစ်ယောက်နှစ်ယောက် ရှိခဲ့ဖူးတယ် ၊ ကျင့်စဉ်

လမ်းအောင်မြင်ပြီး သူတို့လိုချင်တဲ့ တရားစစ်ဆေးမှုကိုရသွား

တာနဲ့ သူတို့က ပျောက်ကွယ်သွားကြတာပါပဲ ၊ အရင်ကယွမ်

ကျွင်းကေရီလူဝင်စားတွေအကြောင်းကို အသေးစိတ် ပြောပြမ

နေတော့ပါဘူး ၊ ဒါပေမယ့် ငါမင်းကို သိစေချင်တာက ရှော့ရှီရဲ့

ကျင့်ကြံမှုအဆင့်က ဘယ်လောက်ပဲမြင့်မားနေပါစေ

အဆုံးသတ်မှာ သူမဟာ ပျောက်ကွယ်သွားမှာပဲ”

ထျန်းမုန့်နတ်သမီးက လျှို့ဝှက်ချက်ကို ဆန်းလျန်သိအောင်

သေချာရှင်းပြခဲ့လေသည်။ ထိုက်စုနန်းတော်ထဲတွင် ဆန်းလျန်

နှင့် ထျန်းမုန့်နတ်သမီးနှစ်ယောက်သာရှိလေသည်။

“ဒီတော့ ခင်ဗျားပြောလို့ ပြီးသွားပြီလား”

ဆန်းလျန်က ပြောလိုက်သည်။

ထျန်းမုန့်နတ်သမီးက ဆန်းလျန်ကို စိုက်ကြည့်ရင်း သက်ပြင်း

တစ်ချက်ချလိုက်မိလေသည်။

ပတ်ဝန်းကျင်ရှိလေထုမှာ အနည်းငယ်တုန်ခါနေပြီး သူတို့နှစ်ယောက်လုံးမှာ စိတ်ဖိစီးမှု ကိုယ်စီခံစားနေကြရလေသည်။

"ရော့ရှီသာ နှလုံးသားစည်းချက်ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်သွားရင် သူနဲ့ ငါက တစ်သားတည်း ဖြစ်သွားလိမ့်မယ်၊ ဒါဆိုရင် ရော့ရှီက မူလထိုက်စုယွမ်ကျွင်းနဲ့ အဆက်အသွယ်ပြတ်သွားလိမ့်မယ်၊ အနည်းဆုံးတော့ သူမပျောက်ကွယ်မသွားတော့ဘူးပေါ့၊ ငါနဲ့တစ်သားတည်းကျသွားမယ်ဆိုပေမယ့် သူမရဲ့ မှတ်ဉာဏ်တွေနဲ့ ခံစားချက်တွေက အရင်အတိုင်းကျန်ရစ်ခဲ့မှာပါ၊ မင်းအနေနဲ့ ငါ့ကိုအခက်တွေ့အောင်မလုပ်စေချင်ဘူး၊ မင်းသာ ရော့ရှီကို လက်လွှတ်လိုက်မယ်ဆိုရင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းနဲ့ရင်ဆိုင်ရတဲ့ခါ ငါ မင်းဘက်ကနေ ကူညီပါ့မယ်၊ ဒါ ငါမင်းကို အဆုံးစွန်ထိ တောင်းဆိုတဲ့ အပေးအယူပါပဲ"

လူပြန်ဝင်စားခြင်းကို ဖြတ်တောက်သည့် လျှို့ဝှက်နည်းလမ်းပေါင်းများစွာရှိလေသည်။ ထျန်းမုန့်နတ်သမီးပြောသည့်

နှလုံးသားစည်းချက်ကျင့်စဉ်အပြင် အခြားသော နည်းလမ်းများစွာရှိလေသည်။

"သုံးဘဝခြား" ဆိုသည့် ကျင့်စဉ်တစ်ခုမှာလည်း လူပြန်ဝင်စားခြင်းကို သုံးဘဝတိုင်တိုင် ဖြတ်တောက်ပေးနိုင်သည့် အစွမ်းထက်သည့် ကျင့်စဉ်တစ်ခု ဖြစ်လေသည်။

ဆန်းလျန်က ထျန်းမုန့်နတ်သမီး၏စကားများကို ယုံကြည်ပါသည်။

သို့သော်...

"ကျုပ်တူမလေးကို ပြန်ခေါ်သွားမယ်"

ဟု ပြောလိုက်လေသည်။

"နှလုံးသားစည်းချက်ကျင့်စဉ်က စတင်ကျင့်ကြံပြီဆိုတာနဲ့ ရပ်တန့်လို့မရဘူး ၊ အဲဒါကို မင်းသိလား"

ထျန်းမုန့်နတ်သမီးက သက်ပြင်းတစ်ချက်ချရင်းပြောလိုက်သည်။

ဆန်းလျန်သည် အဘယ့်ကြောင့် သံယောဇဉ်ကြီးမားနေရသည်လဲဆိုသည်ကို သူမနားမလည်နိုင်ပေ။ တာအိုကျင့်စဉ်လမ်းလျှောက်လှမ်းရာတွင် ဆွေမျိုးသားချင်းဆိုသည်က အရေးကြီးသည့် ကိစ္စမဟုတ်ပေ။ ကျင့်စဉ်လမ်းကို အတားအဆီးဖြစ်လာပါက မိဘများကိုပင်လျှင် စွန့်ပစ်ကြသည့် သာဓကများ ရှိခဲ့လေသည်။

ထျန်းမုန့်နတ်သမီး၏စကားကြောင့် ဆန်းလျန် နာကျည်းစွာဖြင့် ရယ်မောလိုက်သည်။

သူ၏ဒေါသများ ထိန်းမရတော့ပေ။

ဆန်းလျန်ဆီမှဓားဝိညာဉ်သည် ထျန်းမုန့်နတ်သမီးထံသို့ လွင့်ပျံထွက်သွားလေသည်။

ထျန်းမုန့်နတ်သမီးက ကိုယ်ကိုယ်လှည့်ကာရှောင်တိမ်းလိုက်သည့်အတွက် ဓားဝိညာဉ်က နန်းတော်တစ်နေရာသို့ စိုက်ဝင်သွားသည်။

နန်းတော်ခေါင်မိုးတစ်ခုလုံးတွင် သတ်ဖြတ်လိုသည့်

အငွေ့အသက်များ စတင်ဖုံးလွှမ်းလာလေသည်။

ကျီယွဲ့နှင့် အခြားတပည့်များမှာ မျက်နှာများ ဖြူဖပ်ဖြူလျော

ဖြစ်သွားကြလေသည်။

"ငါတို့တော့ ဘာမှ လုပ်လို့ရမှာမဟုတ်ဘူး ၊ ငါတို့ နန်းဆောင်

သခင်မသုံးယောက်နဲ့ ဆရာဘွားဘွားသုံးယောက်ကို သွားခေါ်

ကြမယ်လေ"

ကျီယွဲ့ကပြောလိုက်သည်။

အဝါရောင်မိန်းမပျိုက ခေါင်းကိုခါယမ်းလိုက်ရင်း...

"ငါတို့ မရဏထောင်ချောက်ကို လုပ်ရမယ် ၊ ဆရာတွေနဲ့ ဆရာ

ဘွားဘွားတွေကို အကြောင်းကြားဖို့ ညီမတစ်ယောက်ကို ငါ

လွှတ်လိုက်ပြီးပြီ"

ထိုက်စုနတ်ဘုရားဂိုဏ်းတွင် တပည့်ပေါင်းရာနှင့်ချီပြီးရှိလေ

သည်။ တပည့်အများစုမှာ ရုပ်ရွှအဆင့် ကျင့်ကြံသူများဖြစ်ကြ

ပြီး ကျီဝေ့နှင့် အဝါရောင်မိန်းမပျိုတို့မှာ ဟိုင်သန်းအဆင့်ကျင့်ကြံသူများဖြစ်ကြလေသည်။ သူတို့က တန်ခိုးစွမ်းအားများကို အကာအကွယ်ပုံသဏ္ဍာန်ပြုလုပ်ကာ ဆန်းလျန်လွတ်မြောက်သွားခြင်းမရှိအောင် စတင်ပိတ်ဆို့ထားကြလေသည်။

ထျန်းမုန့်နတ်သမီးမှာ တန်ခိုးစွမ်းအားကြီးမားသူဖြစ်လေသည်။ ထို့ကြောင့် သူတို့က ထျန်းမုန့်နတ်သမီးကို စိုးရိမ်ခြင်းမရှိပါ။

သို့သော် နန်းတော်တစ်ခုလုံးကို ဖုံးလွှမ်းနေသည့် သတ်ဖြတ်လိုသည့်အငွေ့အသက်များကတော့ စိတ်ပူစရာပင်ဖြစ်လေသည်။ သူတို့သည် ဆရာဘွားဘွားသုံးယောက်နှင့် နန်းဆောင်သခင်မသုံးယောက်ကို စောင့်မျှော်နေကြလေသည်။

သူတို့ဘဝတွင် ထိုက်စုနတ်ဘုရားဂိုဏ်းထဲသို့ ထိုမျှ ရမ်းရမ်းကားကားဝင်လာရဲသည့်သူမျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးပေ။

ထို့ကြောင့် စိုးရိမ်ပူပန်ကာ စိတ်မတည်မငြိမ်ဖြစ်နေကြရလေသည်။

လူတစ်ရာခန့်က မရဏထောင်ချောက်ကို ပြုလုပ်ထားကြသည့်တိုင် နန်းတော်ခေါင်မိုးတစ်ခုလုံးတွင် ပျံ့နှံ့နေသည့် ဆန်းလျန်၏ လူသတ်လိုသည့် အငွေ့အသက်များကိုး တားဆီးနိုင်ခြင်းမရှိပေ။

ထိုက်စုနတ်ဘုရားဂိုဏ်းမှာ မြောက်ဖျားတွင် တန်ခိုးစွမ်းအားအကြီးမားဆုံး နတ်ဘုရားဂိုဏ်းတစ်ခု ဖြစ်လေသည်။ သူတို့အတွက် အရှုံးဆိုသည့်အရာကို ရင်ဆိုင်ဖူးခြင်းမရှိပေ။

ထို့ပြင် ထိုက်စုနတ်ဘုရားဂိုဏ်းမှာ တပည့်အရေအတွက်များသည့်တိုင် ဟိုင်သန်းအဆင့်ကျင့်ကြံသူမှာ သိပ်မရှိလှပေ။

သူတို့က နန်းတော်နေရာတစ်ခုလုံးကို ဝန်းရံထားကြလေသည်။ နန်းတော်ထဲတွင် နတ်ဘုရားအလင်းတန်းများ ဖြာလင်းနေလေသည်။ ဆန်းလျန်၏ ဓားဝိညာဉ်မှာ ဦးတည်ချက်အမျိုးမျိုး

ပြောင်းလဲကာ ထျန်းမုန့်နတ်သမီးကို တိုက်ခိုက်နေလေသည်။

အဝေးမှ တပည့်များမှာ တိုက်ပွဲကို တွေ့မြင်နေကြရလေသည်။

သူတို့သည် ဆန်းလျန်၏ဓားသိုင်းပညာကို မချီးကျူးဘဲ မနေနိုင်ကြပေ။

နန်းတော်သခင်မမှာ တန်ခိုးစွမ်းအားကြီးမားလွန်းပြီး တပည့်များကလည်း မရဏထောင်ချောက်များပြုလုပ်ကာ အရံအတားပြုလုပ်ထားကြသည့်အတွက်သာ အနည်းငယ် စိတ်အေးနေကြရလေသည်။

သူတို့က ဆန်းလျန်မှာ လွတ်လမ်းမရှိဟု တွေးထင်ထားကြလေသည်။

ဆန်းလျန်နှင့် ထျန်းမုန့်နတ်သမီး၏တိုက်ပွဲမှာ နေ့တစ်ဝက်ခန့်ကြာမြင့်ခဲ့ပြီဖြစ်လေသည်။

နေဝင်တော့မည်ဖြစ်လေသည်။

သို့သော်… ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဆန်းလျန်နှင့် ထျန်းမုန့်နတ်သမီး၏ တန်ခိုးစွမ်းအားအလင်းတန်းများဖြင့် တောက်ပနေလေသည်။

ထျန်းမုန့်နတ်သမီးက တိုက်ပွဲတွင် တဖြည်းဖြည်းအသာရလာလေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏ ဓားဝိညာဉ်မှာ အားနည်းသွားသောကြောင့်ဖြစ်လေသည်။

အမှန်တော့ ထိုသို့မဟုတ်ပေ။ ထျန်းမုန့်နတ်သမီးနှင့် တိုက်ခိုက်နေသူမှာ ဆန်းလျန်၏ ကိုယ်ပွားမျှသာဖြစ်ပြီး တန်ခိုးစွမ်းအား တဖြည်းဖြည်းလျော့နည်းလာခြင်းကြောင့်သာ ဖြစ်လေသည်။

……………………………………………..

ယန်မြောင်ယွင်မှာ ထိုက်စုနန်းတော်အတွင်းသို့ တစ်ယောက်တည်း ဝင်လာလေသည်။ သူမဘေးတွင် မည်သူမျှ ရှိမနေပါ။

သို့သော် သူမက …

“ရှင့်ကို နန်းတော်သခင်မနေတဲ့ အတွင်းနန်းဆောင်ကို ခေါ်သွားပေးမယ်၊ ရှင့်တူမလေး အဲဒီမှာရှိတယ်၊ ရှင့်တူမလေးကို ခေါ်ပြီးရင်တော့ ရှင်ထွက်သွားပါတော့”

ဟု ပြောနေလေသည်။

အခန်း (၂၆၆)

တောင်များနှင့်မြစ်များကိုပင် ဝါးမြိုပစ်နိုင်သည့်တန်ခိုးစွမ်းအား

“ဒါဖြင့်လည်း သွားကြစို့…”

ဆန်းလျန်က ယန်မြောင်ယွင်၏စကားကို စိတ်စွမ်းအားဖြင့် ဆက်သွယ်တုန့်ပြန်လိုက်သည်။

ဆန်းလျန်၏အသံမှာ စွဲဆောင်မှုရှိလွန်းလှလေသည်။ ယန်မြောင်ယွင်မှာ ဆန်းလျန်၏အသံကိုကြားလိုက်သည်နှင့် တစ်ချက်ပင် မတုန့်ဆိုင်းဘဲ ဆန်းလျန်၏စကားကို နာခံလိုက်လေသည်။ ယန်မြောင်ယွင်နှင့် အတူရှိနေသည့် ဆန်းလျန်မှာ ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ထုန်ထျန်းတန်ခိုးစွမ်းအား အသုံးပြု၍ ဝင်ရောက်လာသည့် ဆန်းလျန် အစစ်ပင် ဖြစ်လေသည်။ ဆန်းလျန်အစစ်သည် ကိုယ်ဖျောက်ထားပြီး ယန်မြောင်ယွင်၏ဘေးတွင် ရှိနေလေသည်။

နန်းတော်အတွင်းရှိလူအများစုမှာ တိုက်ပွဲကိုစိတ်ဝင်စားနေကြသည့်အတွက် ယန်မြောင်ယွင်ပျောက်နေသည်ကို မည်သူမျှ သတိမထားမိကြပေ။

ယန်မြောင်ယွင်သည် ထိုက်စုနတ်ဘုရားဂိုဏ်းမှဖြစ်သည့်အတွက် အရံအတားများကို ကောင်းကောင်း သိရှိလေသည်။ ထို့ကြောင့် သူမက အရံအတားများကို ရှောင်ရှားပြီး အတွင်းနန်းဆောင်တည်ရှိရာသို့ ဆန်းလျန်ကို ခေါ်ဆောင်လာခဲ့လေတော့သည်။

အမှန်တော့ ယန်မြောင်ယွင်သည် ဆန်းလျန်ကို အလွန်မှပင် မေတ္တာသက်ဝင် ချစ်ခင်သွားမိလေသည်။

ထို့ကြောင့် ဆန်းလျန်စကားကို တသွေမတိမ်း နားထောင်ကာ ထျန်းမုန့်နတ်သမီးနေထိုင်သည့်အတွင်းနန်းဆောင် အထိ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်လေသည်။

ထိုသို့ဖြစ်ရသည်မှာ ဆန်းလျန်က သူမကို အချစ်ကျိန်စာ တိုက်လိုက်သောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်စကားကို နားထောင်ကာ ဆန်းလျန်ကို ကူညီခဲ့ခြင်းဖြစ်လေသည်။

အချစ်က လူသားတစ်ယောက်၏စိတ်ကို အမြဲတမ်းလွှမ်းမိုး

ထားသည့် အရာဖြစ်လေသည်။ သို့သော် ဆန်းလျန်က ဖြစ်နိုင်လျှင် ထိုကျိန်စာမျိုးကို အသုံးမပြုချင်ခဲ့ပါ။

ယန်မြောင်ယွင်ကို အသုံးချခဲ့ရသည့်အတွက် ဆန်းလျန် စိတ်မကောင်းဖြစ်ခဲ့ရလေသည်။

ထျန်းမုန့်နတ်သမီးသည် ရှော့ရှီလေးကို အလွန်ဂရုစိုက်သည့်အတွက် အတွင်းနန်းဆောင်တွင် ခေါ်ထားခဲ့လေသည်။

ထို့ကြောင့်ပင် ယန်မြောင်ယွင်ကဲ့သို့သော သာမန်တပည့်တစ်ယောက်သည် ရှော့ရှီအကြောင်း သိရှိခြင်းမရှိသည်မှာ မထူးဆန်းပါ။

သို့သော် ဆန်းလျန်ကတော့ ယွမ်ကျွင်းကေရီလူပြန်ဝင်စားခြင်းကိုဖြစ်စေ ၊ ထိုက်စုနတ်ဘုရားဂိုဏ်း၏ နှလုံးသားစည်းချက်ကျင့်စဉ်ကိုဖြစ်စေ လုံးဝဂရုမစိုက်တော့ပါ။ သူဂရုစိုက်သည်က ရှော့ရှီလေးကို ဤနေရာမှ ခေါ်ထုတ်သွားရန်သာ ဖြစ်လေသည်။

အတွင်းနန်းဆောင်ကို တွေ့လိုက်ရသည်နှင့် ဆန်းလျန်က သက်ပြင်းချလိုက်သည်။ ထို့နောက် လက်တစ်ဖက်ကို ဝှေ့ယမ်း လိုက်ရာ ယန်မြောင်ယွင်မှာ သတိလစ်သွားရလေသည်။

ထို့နောက် ဆန်းလျန်၏ပုံသဏ္ဍာန်သည် ယန်မြောင်ယွင်အဖြစ် တဖြည်းဖြည်းပြောင်းလဲသွားလေသည်။ဆန်းလျန်က ထျန်း ကန်းပုံပြောင်း သုံးဆယ့်ခြောက်မျိုးပညာဖြင့် ယန်မြောင်ယွ င်၏ပုံသဏ္ဍာန် ဖန်ဆင်းလိုက်ခြင်းဖြစ်လေသည်။

ရေခဲအလင်းစွမ်းအားကျင့်ကြံရန်အတွက် ရေအောက်ကမ္ဘာသို့ သွားစဉ်ကလည်း ဆန်းလျန် ထိုပညာကို အသုံးပြုခဲ့ဖူးလေ သည်။

ဆန်းလျန်က ယန်မြောင်ယွင်၏ ပုံသဏ္ဍာန်ဖန်ဆင်းကာ အတွင်း နန်းဆောင်သို့သွားသည့် စကြ်ာလမ်းများကိုဖြတ်ကျော်ခဲ့လေ သည်။ လမ်းတစ်လျှောက်တွင် အဆင့်နိမ့်တပည့်များ အားလုံး ကို လှည့်စားနိုင်ခဲ့လေသည်။

ယခုတော့....

ယန်မြောင်ယွင်အယောင်ဆောင်ထားသည့် ဆန်းလျန်၏ ရှေ့တွင် စြက်ဳလမ်းတစ်ခုရှိနေလေသည်။

ထိုစြက်ဳလမ်းသည် နောက်ဆုံးစြက်ဳလမ်းဖြစ်ပြီး စြက်ဳလမ်းအဆုံးတွင် အတွင်းနန်းဆောင်ကျောက်ဖြူတံခါးကို မြင်တွေ့နေရလေသည်။

သို့သော် ကျောက်ဖြူတံခါးကို နရီစည်းကိုးချက်အရံအတားဖြင့်ကာကွယ်ထားသည့်အတွက် ယန်မြောင်ယွင်အယောင်ဆောင်ထားသည့် ဆန်းလျန်မှာ ထိုအရံအတားကိုမည်သို့ ချိုးဖျက်ရမည်မသိဖြစ်နေလေသည်။

ရုတ်တရက် ယန်မြောင်ယွင်၏ ခန္ဓာကိုယ်မှာ ပုံသဏ္ဍာန်ပြောင်းလဲသွားပြီး ဆန်းလျန်အဖြစ်သို့ ပြောင်းလဲသွားလေသည်။

နရီစည်းကိုးချက်အရံအတားသည် ထိုက်စုနန်းတော်၏ နေရာတိုင်းနှင့်ဆက်သွယ်ထားလေသည်။ ထိုအရံအတားကိုကျော်ဖြတ်ရန်မှာ မလွယ်ကူသလို အချိန်များစွာ အသုံးပြုရမည်ဖြစ်လေသည်။

ထျန်းမုန့်နတ်သမီးနှင့်တိုက်ခိုက်နေသည့် ဆန်းလျန်၏ကိုယ်ပွားမှာ ဆယ်မိနစ်ခန့်သာ တောင့်ခံနိုင်တော့မည်။

ထျန်းမုန့်နတ်သမီးမှာ ဆန်းလျန်၏ ကိုယ်ပွားကို တန်ခိုးစွမ်းအား အားကုန်သုံးကာ မတိုက်ခိုက်၍သာ ထိုမျှ တောင့်ခံနိုင်ခြင်းဖြစ်လေသည်။

သူမက သူမ၏ဂိုဏ်းသားများပြုလုပ်ထားသည့်မရဏာထောင်ခြောက်တန်ခိုးစွမ်းအားအခြေအနေကို သိရှိချင်သည့်အတွက် ဆန်းလျန်ကို အလျှော့ပေးပြီး တိုက်ခိုက်နေခြင်းဖြစ်လေသည်။

ထို့ပြင် သူမက တစ်ခေတ်မှာတစ်ခါပေါ်ထွက်ခဲ့လှသော ဆန်းလျန်ကဲ့သို့ ပါရမီရှင်ကျင့်ကြံသူတစ်ယောက်ကို ကြောင်က

ကြွက်ကို ကစားသကဲ့သို့ တိုက်ခိုက်ချင်သောသူ ဖြစ်လေသည်။ ထျန်းမုန့်နတ်သမီး၏အတွက်ကြီးမှုက တိုက်ပွဲကို နှောင့်နှေးစေလေသည်။

မဟုတ်ပါက ဆန်းလျန်အနေဖြင့် တိုက်ပွဲမပြီးဆုံးမီ နန်းတော်ထဲသို့ ခိုးဝင်နိုင်မည် မဟုတ်ပေ။

ဆန်းလျန်ကကျောက်ဖြူတံခါးရှေ့တွင် ရပ်နေလေသည်။

ဆန်းလျန်က နရီစည်းကိုးချက်အရံအတားကို ဖျက်စီးလိုက်ပြီး ကျောက်ဖြူတံခါးကို ချိုးဖျက်လိုက်သည့်အချိန်တွင်တော့....

ဆန်းလျန်၏ကိုယ်ပွားနှင့်တိုက်ခိုက်နေသည့် ထျန်းမုန့်နတ်သမီးမှာ အံ့သြတုန်လှုပ်သွားရလေသည်။

သူမက ဆန်းလျန်၏ကိုယ်ပွားကို အေးစက်စွာဖြင့် စိုက်ကြည့်လိုက်ရင်း....

“ငါမင်းကို လျှော့တွက်ခဲ့မိတယ်”

ဆန်းလျန်၏ ကိုယ်ပွားက ပြုံးလိုက်လေသည်။

ထို့နောက် လေ ၊ မိုးကြိုး ၊ ရေ နှင့် မီး ဒြပ်စင်စွမ်းအားငါးမျိုး

အဖြစ် ပေါက်ကွဲထွက်ကာ ပျောက်ကွယ်သွားလေတော့သည်။

မရဏထောင်ချောက်ဖြင့် အရံအတားပြုလုပ်ထားကြသည့်

တပည့်များမှာလည်း မယုံကြည်နိုင်ဖြစ်သွားကြရလေသည်။

အဘယ်ကြောင့် ဆန်းလျန်ပေါက်ကွဲထွက်သွားရပါသနည်းဟု

သူတို့က အံ့သြနေကြသည်။

ထျန်းမုန့်နတ်သမီးမှာ အကြီးအကျယ်ဒေါသထွက် နေလေ

သည်။

သူမက ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်သည်။ ဆန်း

လျန်၏ လှည့်ကွက်အတွင်းသို့ ကျရောက်လိမ့်မည်ဟု သူမထင်

မထားမိပေ။

"အသွင်သုံးပါးဖန်ဆင်းခြင်းပညာ" အင်းသင်္ကေတမှာ နတ်

ဘုရားများပြုလုပ်ထားသည့် အင်းသင်္ကေတဖြစ်သည့်အတွက်

လောကနတ်ဘုရားများပင်လျှင် အတုနှင့်အစစ် ခွဲခြားနိုင်စွမ်း

မရှိပေ။ ထျန်းမုန့်နတ်သမီးမှာ နောင်တအနည်းငယ်ရသွားလေသည်။

သို့သော် သူမတွင် ရှင်းပြနေရန် အချိန်မရှိတော့ဘဲ အလင်းတန်းတစ်ခုအဖြစ်ဖန်ဆင်းကာ အတွင်းနန်းဆောင်ဆီသို့ ချက်ချင်းသွားရောက်လိုက်လေတော့သည်။

ဆန်းလျန်မှာလည်း အိပ်ပျော်နေသည့်ရော့ရှီလေးကိုပွေ့ချီကာ အတွင်းနန်းဆောင်မှ ပြေးထွက်လာလေသည်။ အလင်းတန်းတစ်ခုအလား လျှင်မြန်စွာ ပြေးထွက်လာသည့် ဆန်းလျန်မှာ ထျန်းမုန့်နတ်သမီးနှင့် တည့်တည့်တိုးလေတော့သည်။

ဆန်းလျန်က လက်ဖျောက်တစ်ချက်တီးလိုက်ပြီး နဂါးငွေ့တန်းဓားဝိညာဉ်ကို ဖန်ဆင်းလိုက်သည်။ နဂါးငွေ့တန်းဓားဝိညာဉ်သည် မဆုံးနိုင်သည့်မြစ်တစ်စင်းအလား ထျန်းမုန့်နတ်သမီးဆီသို့ တိုးဝင်သွားလေသည်။

ထျန်းမုန့်နတ်သမီးက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေသည်။ မီးတောက်တစ်ခု ထွက်ပေါ်လာပြီး နဂါးငွေ့တန်းဓားဝိညာဉ်ကို တွန်းထုတ်လိုက်ရာ နဂါးငွေ့တန်းဓားဝိညာဉ်မှာ ဆန်းလျန်ဆီသို့ ပြန်လည်ဝင်ရောက်လာလေသည်။

ဆန်းလျန်မှာ မျက်မှောင်တစ်ချက်ကြုံ့လိုက်ပြီး ထိုက်စုနတ်ဘုရားဂိုဏ်း၏ တန်ခိုးစွမ်းအားများမှာ ထိုးဖောက်ရန် ခက်ခဲလှသည်ဟု တွေးနေမိသည်။

ထိုအချိန်မှာပင် ဟွမ်လုန်ကျီထက်အဆင့်မနိမ့်သည့် အမျိုးသမီးသုံးယောက် ရောက်ရှိလာကာ ဆန်းလျန်ကို ဝန်းရံထားလိုက်လေသည်။ သူတို့သုံးယောက်က ကောင်းကင် ၊ မြေကြီးနှင့် လူသားပုံသဏ္ဍာန် သိုင်းကွက်ဖွဲ့စည်းပုံကို ပြုလုပ်လိုက်ကာ ဆန်းလျန်ကို ဝန်းရံထားကြလေသည်။

ထိုအမျိုးသမီးသုံးယောက်မှာ ကျီစုနန်းဆောင်သခင်မ ၊ ပိုင်စုနန်းဆောင်သခင်မနှင့် ဟွမ်စုနန်းဆောင်သခင်မတို့ ဖြစ်လေသည်။

ဆန်းလျန်က သူ့ဆီသို့ဝင်ရောက်လာသည့် နဂါးငွေ့တန်းဓားဝိညာဉ်ကို နန်းဆောင်သခင်မသုံးယောက်ဆီသို့ တွန်းပို့လိုက်ကာ လျှင်မြန်သောအရှိန်ဖြင့် ဖောက်ထွက်လိုက်သည်။ ရုတ်တရက် သူ၏ သွေးကြောဆုံချက်များမှ တန်ခိုးစွမ်းအားများ လှိုင်းထသွားသည်ကို ခံစားလိုက်ရပြီး ဒဏ်ရာအနည်းငယ်ရသွားလေသည်။

ကျီစုနန်းဆောင်သခင်မက ဆန်းလျန် ထွက်ပြေးတော့မည်ကို ရိပ်မိသည်နှင့် ခရမ်းရောင်ဓားတစ်လက်ကို ကောင်းကင်ထက်သို့ ပစ်တင်လိုက်လေသည်။ ထိုဓားက ဆန်းလျန်ရှိရာသို့ တည့်တည့်မတ်မတ်ဝင်ရောက်လာလေသည်။

ထိုအချိန်မှာပင် ဟွမ်စုနန်းဆောင်သခင်မကလည်း သူမ၏ဓား ဆန်းလျန်ဆီသို့ ပစ်လွှတ်လိုက်လေသည်။ အဝါရောင်တန်ခိုး စွမ်းအားများ လှည့်ပတ်သွားပြီး ဓားဝိညာဉ်က ဆန်းလျန်ရှိရာ သို့ ဝင်ရောက်သွားလေသည်။

သူတို့နှစ်ယောက်သည် ဆန်းလျန်ကို ဘယ်နှင့်ညာ နှစ်ဖက်ညှပ် ကာ ပိတ်ဆို့တိုက်ခိုက်နေကြခြင်းဖြစ်လေသည်။

ပိုင်စုနန်းဆောင်သခင်မကလည်း သူမ၏ကျောက်စိမ်းပြားကို ထုတ်ကာ ဆန်းလျန်ထံသို့ ပစ်လွှတ်လိုက်သည်။ ကျောက်စိမ်း ပြားသည် ဆန်းလျန်ဆီသို့ တန်ခိုးစွမ်းအားကြီးမားစွာဖြင့် ဝင် ရောက်သွားလေသည်။

နန်းဆောင်သခင်မသုံးယောက်နှင့် တစ်ပြိုင်တည်းတိုက်ခိုက်နေ ရခြင်းမှာ ဆန်းလျန်အတွက် ယန်ရှီးနှင့် တိုက်ခိုက်ရသည်ထက် ပင် အန္တရယ်များလေသည်။

ဆန်းလျန်မှာ ကောင်းကင်ထက်တွင် ဟိုမှ သည်မှ ရွေ့လျားနေလေသည်။ သူရွေ့လျားနေသည့်ပုံစံမှာ မည်သည့်အရပ်သို့သွားနေသည်ကို ခန့်မှန်းရခက်လွန်းလှသည်။

သူ၏လမ်းလျှောက်ဟန်မှာလည်း ထူးဆန်းနေလေသည်။ သူက ခရမ်းရောင်ဓားဝိညာဉ်နှင့် အဝါရောင်ဓားဝိညာဉ်ကိုရှောင်တိမ်းနိုင်ရန်အတွက် အင်းသင်္ကေတပုံစံတစ်မျိုးဖန်တီးကာလမ်းလျှောက်နေခြင်းဖြစ်လေသည်။

ဓားဝိညာဉ်နှစ်ခုနှင့် လှည့်ပတ်ဝင်ရောက်လာသည့်ကျောက်စိမ်းပြားကို တစ်ပြိုင်တည်းတိမ်းရှောင်နိုင်ရန်မှာ ခက်ခဲလွန်းလေသည်။ မည်သူမျှ ဆန်းလျန် အသက်ရှင်မည်ဟု မထင်ကြတော့ပေ။

ဆန်းလျန်မှာရှေ့ရှိလေးကို မလွှတ်တမ်းပွေ့ချီထားရင်း နန်းဆောင်သခင်မသုံးယောက်၏ စုပေါင်းတိုက်ကွက်ကို ရှောင်တိမ်းနေရလေသည်။

ဆန်းလျန်မှာ စိတ်တည်ငြိမ်သူတစ်ယောက်ဖြစ်သလို အဆင့်မြင့်လွန်းသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အတွက်သာ နန်းဆောင်သခင်မသုံးယောက်၏ စုပေါင်းတိုက်ကွက်မှ လက်မတင်ကလေး ပွတ်ကာသီကာ ရှောင်တိမ်းလိုက်နိုင်ခြင်း ဖြစ်လေသည်။

သို့သော် ဆန်းလျန်မှာ နန်းဆောင်သခင်သုံးယောက်၏ စုပေါင်းတိုက်ကွက်ကို ရှောင်တိမ်းလိုက်နိုင်သည့်တိုင် ဖောက်ထွက်နိုင်ခြင်း မရှိသေးပေ။

ဆန်းလျန်သည် မျက်မှောင်ကို ကြုတ်ထားလေသည်။

သူအမြန်ဆုံး ဖောက်ထွက်ချင်နေမိပြီ။ ယခုအချိန်တွင် ဖောက်ထွက်နိုင်ခြင်းမရှိပါက ထျန်းမုန့်နတ်သမီး တိုက်ပွဲအတွင်းသို့ဝင်လာသည့်အချိန်တွင် သူ့အနေဖြင့် ဒုက္ခအကြီးအကျယ်ရောက်မည်ဖြစ်လေသည်။ ထျန်းမုန့်နတ်သမီးသာ တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာပါက သူ၏တန်ခိုးစွမ်းအားမည်မျှပင်ထက်မြက်

ပါစေ ၊ ဝိညာဉ်စွမ်းအားမည်မျှပင်ကောင်းပါစေ လွတ်မြောက်နိုင်မည်မဟုတ်ဘဲ ကျိန်းသေ ရှုံးနိမ့်ရပေမည်။

ထျန်းမုန့်နတ်သမီး၏ဝတ်ရုံသည် လေထဲတွင် လွင့်ပျံနေလေသည်။

သူမက တန်ခိုးစွမ်းအားတစ်ခုထုတ်လွှတ်လိုက်ပြီး ထိုတန်ခိုးစွမ်းအားက မိုးမြေစွမ်းအားများနှင့် တစ်သားတည်းကျသွားလေသည်။ သူမပတ်ဝန်းကျင်တွင် တိမ်ခိုးတိမ်စများ ရစ်သိုင်းလာပြီး သူမသည် လောကကိုကျော်လွန်နေသည့် ကောင်းကင်ကိုးခုမှ နတ်ဒေဝါတစ်ပါးအလားပင် ဖြစ်လေသည်။

သူမ၏တန်ခိုးစွမ်းအားက ပေါက်ကွဲထွက်သွားပြီး အလင်းတန်းတစ်ခုအသွင်ပြောင်းကာ ဆန်းလျန်ဆီသို့ ပြင်းထန်စွာ ဝင်ရောက်လာလေသည်။ အလင်းတန်းသည် ကောင်းကင်နှင့်နေရောင်ခြည်ကို ဖုံးကွယ်သွားပြီး မိုးနှင့်မြေကို ဆန့်ကျင်သည့်အလား အရှိန်အဟုန် ပြင်းထန်လွန်းလေသည်။

ထိုတန်ခိုးစွမ်းအားမှာ ထိုက်စုနတ်ဘုရားဂိုဏ်း၏ နာမည်ကျော်ကြားသည့် "ယင်စွမ်းအားလက်ဝါးသုံးဆင့်" ပညာပင်ဖြစ်လေသည်။

ထိုလက်ဝါးသိုင်းတွင် ထိုက်ယင်၊ ရှောင်ယင်နှင့် ကြွယ်ယင်ဆိုသည့် စွမ်းအားသုံးဆင့်ပါဝင်လေသည်။ ထိုသိုင်းပညာတွင် အားနည်းချက်မရှိသလောက်နည်းပါးပြီး တန်ခိုးစွမ်းအားမြင့်မားလွန်းသည့်အတွက် တိုက်ခိုက်ခံရသူသည် လွတ်လမ်းမရှိနိုင်ပေ။

ကမ္ဘာ့ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားများဖြစ်သည့် ထိုက်ရှီးတန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားသည့် ဆန်းလျန်သည်ပင်လျှင် သူမ၏လက်ဝါးရိုက်ချက်ကြောင့် ထိတ်လန့်တုန်လှုပ်သွားရလေသည်။ ဆန်းလျန် ကျင့်စဉ်လမ်းသို့ စတင်လျှောက်လှမ်းသည့်အချိန်ကတည်းက ထိုမျှ တန်ခိုးစွမ်းအားမြင့်မားသည့် သိုင်းပညာမျိုးကို မကြုံတွေ့ဖူးသေးပေ။

ထို့ကြောင့်ပင် ထိုက်စုနတ်ဘုရားဂိုဏ်းသည့် မြောက်ဖျားဒေသ တစ်ခုလုံးကို ဩဇာလွှမ်းမိုးနေခြင်းဖြစ်လေသည်။ မြောက်ဖျား ဒေသတွင် ထိုက်စုနတ်ဘုရားဂိုဏ်း၏နေရာကို မည်သူမျှ ယှဉ်ပြိုင်ရယူနိုင်ခြင်းမရှိပေ။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ ကျင့်ကြံသူများမှာ မိန်းကလေးများ ဖြစ်ကြသည့်တိုင် တန်ခိုးစွမ်းအားများမှာတော့ အံ့ဩမကုန် ၊ ယှံနိုင်စရာပင်မရှိအောင် ကြီးမားကြလေသည်။

တစ်ယောက်ချင်းယှဉ်ပြိုင်ရမည်ဆိုလျှင်တော့ ဆန်းလျန်က မည်သူ့ကိုမှ ကြောက်မည်မဟုတ်ပါ။ သို့သော် ယခုအချိန်တွင် တော့ ရင်ဆိုင်တိုက်ခိုက်ခြင်းထက် ထွက်ပြေးလွတ်မြောက် သွားရန်က ပိုပြီးအရေးကြီးနေလေသည်။

ဆန်းလျန်က လက်တစ်ဖက်ဖြင့် သင်္ကေတတစ်ခုကို လျှင်မြန် စွာရေးဆွဲလိုက်လေသည်။

ထိုသင်္ကေတမှာ ထိုက်ငွေထိုင်ခန်းမဆောင်တွင် သူလေ့လာခဲ့ဖူးသည့် “တောင်နှင့်မြစ်ရေ” သင်္ကေတဖြစ်လေသည်။ ထိုပညာကိုတီထွင်ခဲ့သူ ဆရာဘိုးဘိုး မှာ တောင်များနှင့် မြစ်များကိုပင် ဝါးမြိုပစ်နိုင်သည့် တန်ခိုးစွမ်းအားပါရှိလေသည်။

ထိုပညာသည် တာအိုဆရာတုန်းဖုန်း၏ ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာဖြင့် ဖန်ဆင်းထားသည့် တောင်ကိုပင် ဝါးမြိုပစ်နိုင်လေသည်။

ဆန်းလျန်မှာ ထိုပညာကိုတီထွင်သူ ဆရာဘိုးဘိုးလောက်ကျွမ်းကျင်စွာ အသုံးပြုနိုင်ခြင်းမရှိပါ။

သို့သော် ထိုသင်္ကေတကိုရေးဆွဲလိုက်သည်နှင့် သူ၏ကိုယ်တွင်းမှ စွမ်းအားများ မြင့်တက်လာလေသည်။

သူ၏ခန္ဓာကိုယ်ထဲမှ ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ စွမ်းအားနှစ်ခုအဖြစ်ခွဲထွက်သွားလေသည်။ စွမ်းအားတစ်ခုမှ တောင်ဖြစ်ပြီး နောက်ထပ်စွမ်းအားတစ်ခုမှ မြစ်ရေ ဖြစ်လေသည်။ ထို

တန်ခိုးစွမ်းအားများမှာ နတ်ဘုရားတစ်ပါးသို့မဟုတ် ဗောဓိသကျတစ်ပါးရောက်လာသကဲ့သို့ပင် စွမ်းအားကြီးမားလှလေသည်။
ဆန်းလျန်အနေဖြင့် ထိုသို့ ပညာပေါင်းစုံကို အသုံးပြုနိုင်ခြင်းမှာ ချင်းရွှမ်နတ်တံခါးမှ နတ်ဘုရားအပါးလေးဆယ်၏ ပုံတူပန်းချီကားများကိုကြည့်ကာ သူတို့၏ဓမ္မကို ခံယူခဲ့ခြင်းကြောင့်ဖြစ်လေသည်။ သူက နတ်ဘုရားအပါးလေးဆယ်၏ တန်ခိုးစွမ်းအားများကို သူ၏နှလုံးသားထဲသို့ ဖြတ်သန်းစီးဆင်းစေခဲ့လေသည်။
ဆန်းလျန်မှာ သူကဲ့သို့ပင် ချင်းရွှမ်နတ်တံခါးမှ ကျဉ့်စဉ်များအားလုံးကို သိရှိနေသည့် ယန်ရှီးကိုသာ ကံဆိုးစွာဖြင့် အနိုင်မယူနိုင်ခဲ့ခြင်းဖြစ်လေသည်။

သို့သော် ဆန်းလျန်လောက် တန်ခိုးစွမ်းအားများအားလုံးကို အသေးစိတ်နားလည်ပြီး အသုံးပြုနိုင်သည့်သူလောကတွင်မရှိနိုင်ပေ။

အခန်း (၂၆၇)

ထျန်းယင်းဖန်ဆင်းခြင်းပညာ

ထိုက်စုနတ်ဘုရားဂိုဏ်းမှ တပည့်များက ဆန်းလျန်မှာ ငယ်ရွယ်လွန်းသည့်အတွက် တန်ခိုးစွမ်းအားလည်း နည်းပါးမည်ဟု အထင်ရှိကြလေသည်။ သို့သော် ထိုလူငယ်လေးကပင် နန်းဆောင်သခင်မသုံးယောက်ကို နဂါးငွေ့တန်းဓားဝိညာဉ်ဖြင့် ထိုးဖောက်တိုက်ခိုက်ခဲ့လေသည်။

ယခုလည်း ထိုလူငယ်လေးသည် တောင်နှင့်မြစ်ရေသင်္ကေတကိုအသုံးပြုကာ နတ်ဘုရားတစ်ပါးအလား တန်ခိုးစွမ်းအားများ မြင့်တက်လာလေပြီ။

တောင်နှင့်မြစ်ရေသင်္ကေတ၏ တန်ခိုးစွမ်းအားကိုအသုံးပြုကာ ဆန်းလျန်သည် ထျန်းမုန့်နတ်သမီး၏ ယင်စွမ်းအားလက်ဝါးသုံးဆင့်ကို နှစ်ခြမ်းခွဲပစ်လိုက်လေသည်။ တောင်များနှင့်မြစ်များကိုပင် ဝါးမြိုပစ်နိုင်သည့် "တောင်နှင့်မြစ်ရေသင်္ကေတ" တန်ခိုးစွမ်းအားသည် ယင်စွမ်းအားလက်ဝါးသုံးဆင့်ကိုလည်း ဝါးမြိုပစ်လိုက်ပြီ ဖြစ်လေသည်။

ပတ်ဝန်းကျင်ရှိ မိုးမြေစွမ်းအားများမှာ ရေဆူမှတ်ရောက်သည်

အထိ ပူလောင်နေလေသည်။ သတ်ဖြတ်လိုသည့်

အငွေ့အသက်များက လေထဲတွင် ပြည့်နက်နေသည်။

ကြောက်မက်ဖွယ်ရာ ပေါက်ကွဲသံကြီးများက နေရာအနှံ့မှ

ထွက်ပေါ်နေလေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ အဆင့်နိမ့်ကျင့်ကြံသူအချို့မှာ

တန်ခိုးစွမ်းအားများ ပေါက်ကွဲမှုဒဏ်ကိုမခံနိုင်ဘဲ သတိလစ်မေ့

မြောကုန်ကြလေသည်။

ထိုအချိန်မှာပင် ဆန်းလျန်ပွေ့ချီထားသည့် ရော့ရှီလေးမှာ

အိပ်ပျော်နေရာမှ လန့်နိုးလာလေသည်။

သူမ၏ ချစ်စရာကောင်းသည့်မျက်နှာလေးတွင် စိတ်ရှုတ်ထွေး

မှုများဖြင့် ပြည့်နေရှာသည်။ သို့သော် ဆန်းလျန်ကို တွေ့လိုက်ရ

သည့်အခါတွင်တော့သူမအလွန်ပျော်ရွှင်သွားရသည်။ ဦးလေး

ဖြစ်သူကို မထင်မှတ်ဘဲ တွေ့လိုက်ရသည့်အတွက် သူမ မျက်လုံးများကိုပင် သူမ မယုံနိုင်အောင် ဖြစ်သွားရလေသည်။

"ရှော့ရှီ ၊ ကိုကိုမင်းကို ဒီကနေခေါ်ထုတ်သွားပေးမယ်နော်"

ဆန်းလျှန် သက်ပြင်းတစ်ချက်ချလိုက်ရင်း ပြောလိုက်သည်။ ဆန်းလျှန်သည် မည်သည့်အရာကိုမှ ကြောက်ရွံ့တတ်သူ မဟုတ်ပေ။

သို့သော် ယခုတော့ ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ နတ်ဘုရားအဘိုးအို ဖန်ဆင်းပြခဲ့သည့် ခူကောင်လေးမှ လိပ်ပြာလေးဘဝသို့ ရောက်ရှိသွားသည့် အဖြစ်အပျက်ကို သူ နားလည်သွားခဲ့ပြီ။ နတ်ဘုရားအဘိုးအိုက သူ့ကို တရားပြခဲ့သည့်အတိုင်းပင် ဆန်းလျှန်သည် ယခုအချိန်ထိ လိပ်ပြာတစ်ကောင်အဖြစ် မပြောင်းလဲနိုင်ခဲ့သေးပေ။ ခူယားကောင်အဆင့်တွင်ပင် ပိတ်မိနေဆဲဖြစ်လေသည်။

တိုက်ပွဲအတွင်းမှာပင် ဆန်းလျန်သည် ဖော့ဝမ့်အဆင့်တက်ရောက်ရန် စတင်ခြေလှမ်းခဲ့ပြီဖြစ်သည်။ ထို့ကြောင့် သူ့စိတ်သည် အနည်းငယ်ထိလွယ်ရှလွယ်ဖြစ်နေခဲ့လေသည်။ သူ့အတွေးများကို တိမ်သလ္လာများ ဖုံးနေသည့်အတွက် အမှန်ကို မမြင်နိုင်ခြင်းမျိုးလည်း ဖြစ်နိုင်လေသည်။

သူမှန်သည်ဟု ထင်သည့်အရာများကလည်းမှားနေနိုင်သလိုကန်ရေပြင်ကဲ့သို့ တည်ငြိမ်သည်ဟု သူထင်မှတ်ထားသည့် သူ့နှလုံးသားတွင်လည်း စိတ်လှုပ်ရှားမှုများ ၊ တပ်မက်မှုဆန္ဒများနှင့်ဒေါသတရားများက ကိန်းအောင်းနေနိုင်သေးသည်။

သူက ရော့ရှီလေးကို ခေါ်ယူရန်အတွက် ထိုက်စုနတ်ဘုရားဂိုဏ်းသို့ရောက်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် ကျင့်စဉ်လမ်းတွင် ကြီးမားသည့် အစစ်ဆေးခံရမှုနှင့် ရင်ဆိုင်ခဲ့ရပြီဖြစ်လေသည်။ ကြီးမားသည့်ဖိအားများအောက်တွင် နတ်ဘုရားတစ်ပါးအဖြစ် တက်ရောက်

နိုင်ရန်အတွက် မိုးကောင်းကင်မှ သူ၏ကျင့်စဉ်လမ်းကို စစ်ဆေးခဲ့ပြီဖြစ်လေသည်။

အမှန်တော့ ဆန်းလျန်အတွက် ထိုက်စုနတ်ဘုရားဂိုဏ်းဖြင့် တိုက်ခိုက်နေသည်မှာ မသင့်တော်လှပေ။ သူ့ကိုယ်သူ အန္တရယ်တွင်းနက်ထဲသို့ ဆွဲချနေသကဲ့သို့ပင် ဖြစ်လေသည်။ ယခုသူ လုပ်နေသည့်လုပ်ရပ်များသည် ယခင်က သူလုပ်လေ့ရှိသည့် လုပ်ရပ်များနှင့် လားလားမှ တူညီခြင်းမရှိပေ။

သူသာ အချိန်တိုအတွင်း လျှင်မြန်စွာဖြင့် ကျင့်စဉ်လမ်းအဆင့် မတက်ရောက်နိုင်ခဲ့လျှင် သူပြုလုပ်ခဲ့သည့်အရာများအတွက် နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ရတော့မည် ဖြစ်လေသည်။

ယခုတော့ ချန်ကျန့်မေတောင်ပေါ်သို့ ပြန်မလာရသည့်အချက်ကို ဆန်းလျန် နားလည်သွားခဲ့ပြီ။ သူက လောကတစ်ခုလုံးကို

စိန်ခေါ်ပြီး သူ၏ကျင့်စဉ်လမ်း အဆင့်တက်လိုသည့်အတွက် တောင်ပေါ်သို့ ပြန်မလာခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန် သို့မဟုတ် ချန်ကျန့်မေ တစ်ယောက်ယောက်သာ ကျင့်စဉ်လမ်း အဆင့်တက်သွားနိုင်ခဲ့လျှင် ချင်းရှမ်နတ်တံခါး ရင်ဆိုင်နေရသည့်အခက်အခဲများ လျော့နည်းသွားမည်ဖြစ် လေသည်။ သို့မှသာ အဖက်ဖက်မှ ကျဆင်းနေသည့် ချင်းရှမ် နတ်တံခါး၏ ဂုဏ်သိက္ခာကို ပြန်လည် အဖတ်ဆယ်နိုင်မည် ဖြစ်လေသည်။

တကယ်တမ်း တန်ခိုးစွမ်းအားခြင်း ယှဉ်ပြိုင်ကြသည့်အခါ အင်းပညာ ၊ မန္တန်ပညာနှင့် မှော်ဝင်ပစ္စည်းများအကူအညီကို ရယူအသုံးပြုသည့် လှည့်ကွက်လေးများသည် အသုံးမဝင်လှ တော့ပါ။

ထို့ပြင် ဆန်းလျန်၏ရင်ထဲတွင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားငါးပါးကို အမြဲတမ်းစိတ်ပူနေခဲ့လေသည်။

တာအိုဆရာတုန်းဖုန်းသည် ကျိုလင်နတ်သမီးကို အငိုက်ဖမ်းကာ လုပ်ကြံခဲ့လေသည်။ သူတို့က ချင်းရှမ်နတ်တံခါးကို ဆန့်ကျင်ရန်အတွက် အကွက်ချစီစဉ်ထားကြလေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုနေရာတွင် နေရာတစ်နေရာ ရယူနိုင်ရန် ကြိုးစားနေကြပြီး သူတို့တွင် မည်သည့် အကြံအစည်များ ရှိနေသေးသည်လဲ မပြောနိုင်ပေ။

အမှန်တော့ ဆန်းလျန်သည် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်လာပြီးသည့်နောက်ပိုင်း ကွမ်းချင်းနတ်ဘုရားဂိုဏ်းကိုရင်ဆိုင်ရန်အတွက် တစ်ချိန်လုံး စိတ်ပူနေခဲ့ရသည်။ စိုးရိမ်စိတ်များက သူ့နောက်သို့ အရိပ်ပမာတောက်လျှောက်လိုက်နေပြီး ကြိုးတန်းပေါ်တွင်လမ်းလျှောက်ရသကဲ့သို့ ခံစားနေခဲ့ရလေသည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ဟွမ်လုန်ကျီကို နှိမ်နင်းနိုင်လိုက်နိုင်သည့်တိုင် သူ့ရင်ထဲတွင် လေးလံနေဆဲဖြစ်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ဟွမ်လုန်ကျီအတွက် သူ့ကို လက်တုန့်ပြန်ခြင်းမရှိသေးသည်မှာလည်း စဉ်းစားစရာဖြစ်နေလေသည်။ ထိုသို့ ပူပန်နေရသည့် ဝန်ထုပ်ဝန်ပိုးများနှင့် စိတ်ပင်ပန်းမှုများအားလုံးကို ဆန်းလျန်သည် "တောင်နှင့်မြစ်ရေ" သင်္ကေတအတွင်းသို့ အကုန်ထည့်သွင်းပစ်လိုက်လေသည်။ ထို့ကြောင့် တန်ခိုးစွမ်းအားများမှာ အဆမတန် ပေါက်ကွဲထွက်သွားရခြင်းဖြစ်လေသည်။

တိုက်ပွဲသည် တော်တော်နှင့် အဆုံးသတ်မည့်ပုံမပေါ်သေးပေ။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ နတ်ဘုရားတစ်ပါးအလားမြင့်တက်လာသည်ကို ထျန်းမုန့်နတ်သမီး သတိပြုလိုက်မိသည်။ သူမ၏ ယင်စွမ်းအားလက်ဝါးသုံးဆင့်သိုင်းကွက်ကို

ဆန်းလျှန်က ချေဖျက်လိုက်နိုင်သည့်အတွက်လည်း

အနည်းငယ်အံ့သြသွားရသည်။

သို့သော် ဆန်းလျှန်အနေဖြင့် လောကနတ်ဘုရားတစ်ပါး၏

သင်္ကေတတစ်ခုကို ယူသုံးပြီး နတ်ဘုရားတစ်ပါးကဲ့သို့ တုပ

ထားသည့် စွမ်းအားလောက်ဖြင့်သူမကို အနိုင်ယူနိုင်မည်ဆို

လျှင် ရယ်စရာဖြစ်ပေလိမ့်မည်။

အနက်ရောင်ဗျတ်စောင်းတစ်လက်သည် ထျန်းမုန့်

နတ်သမီး၏လက်ထဲတွင် ပေါ်လာလေသည်။ စောင်းကြိုးများ

မှာ ငွေရောင်တောက်ပနေလေသည်။ သူမက ဗျတ်စောင်းကို

စတင်တီးခတ်လိုက်သည်နှင့် သံစဉ်များထဲမှ ကြောက်မက်

ဖွယ်ရာ သားရဲတစ်ကောင် ဖြစ်တည်လာလေသည်။

ထိုပညာမှာ ထိုက်စုနတ်ဘုရားဂိုဏ်း၏ "ထျန်းယင်းဖန်ဆင်း

ခြင်း" ပညာဖြစ်လေသည်။ အသံလှိုင်းဖြင့် မိစ္ဆာသားရဲများ

ဖန်ဆင်းနိုင်သည့် အံ့သြဖွယ်ရာ သဘာဝလွန်တန်ခိုးစွမ်းအား တစ်ခုဖြစ်လေသည်။

ထျန်းမုန့်နတ်သမီး နန်းတော်သခင်မဖြစ်လာပြီးသည့်နောက် ပိုင်း ထိုပညာကို တစ်ခါမှ အသုံးပြုခဲ့ခြင်း မရှိပေ။

ဂီတသံစဉ်နှင့်အတူ လေထုထဲတွင် သတ်ဖြတ်လိုသည့် အငွေ့အသက်များဖုံးလွှမ်းသွားလေသည်။ လေထဲတွင် အသံလှိုင်းများ တုန်ခါသွားလေသည်။ ကြောက်မက်ဖွယ်ရာ သားရဲကြီးက ဆန်းလျန်ထံသို့ ခုန်ဝင်လာလေသည်။ ရှော့ရှီ လေးမှာ ကြောက်လွန်းသောကြောင့် တုန်နေလေသည်။

သူမ၏ဆရာက သူမ၏ဦးလေးဖြစ်သူကို အဘယ်ကြောင့် တိုက်ခိုက်နေရသည်ဆိုသည့်အချက်ကို နားမလည်နိုင်ဖြစ်နေရ လေသည်။

ဆန်းလျန်၏ အကြည့်များက အေးစက်နေလေသည်။

သူ၏မျက်ဝန်းများဆီမှ ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာလေ
သည်။ နတ်သက်ခွေခြားသိုင်းကို အသုံးပြုလိုက်ခြင်းဖြစ်လေ
သည်။

မျက်ဝန်းထဲမှ ဓားနှစ်လက်သည် ကြောက်မက်ဖွယ်ရာသားရဲ
ကြီး၏ ဝိညာဉ်အတွင်းသို့ စိုက်ဝင်သွားလေသည်။ သားရဲကြီး
မှာ ချက်ချင်းပင် အသက်ပျောက်သွားလေသည်။ သားရဲကြီး
မှာ ထျန်းမုန့်နတ်သမီး၏ ဝိညာဉ်စွမ်းအားများဖြင့် ဖန်ဆင်း
ထားခြင်းဖြစ်သည့်အတွက် သားရဲကြီးသေဆုံးသွားသည်နှင့်
ထျန်းမုန့်နတ်သမီး၏ ဝိညာဉ်စွမ်းအားအချို့ပါ ပျက်စီးသွားရ
လေသည်။ ဝိညာဉ်စွမ်းအားမကောင်းဘဲ ထျန်းယင်းဖန်ဆင်း
ခြင်းပညာကို အသုံးပြု၍မဖြစ်နိုင်ပေ။

တန်ခိုးစွမ်းအားပေါင်းများစွာကို အသုံးပြုကာ သူတို့နှစ်
ယောက် တိုက်ခိုက်နေကြလေသည်။

ဆန်းလျန်၏ လက်ထဲတွင် ရော့ရှီလေးရှိနေသည့်အတွက် ထျ
န်းမုန့်နတ်သမီးက ဆန်းလျန်ကို သက်ညှာနေခြင်းဖြစ်လေ
သည်။ မဟုတ်ပါက ရှိသမျှ တန်ခိုးစွမ်းအားအကုန်သုံးကာ ထို
လူငယ်ကို မသေသေအောင် သတ်မည်ဖြစ်လေသည်။ သူမ
ဆယ်နှစ်ကြာကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများ ဆုံးရှုံးသွား
ပါစေ ဆန်းလျန်ကို အမှုန့်ချေပစ်မည်ဖြစ်လေသည်။
တိုက်ခိုက်ရင်းနှင့်ပင် သူမရှေ့တွင်ရပ်နေသည့် ချောမောလှပ
သည့်လူငယ်လေးသည် လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာမှ လူတစ်
ယောက်နှင့် အလွန်ဆင်တူသည်ဟု ခံစားလာရလေသည်။
ထိုအခါ သူမ၏ အမုန်းတရားများ ကြီးထွားသည်ထက်ကြီး
ထွားလာပြီး ထိန်းချုပ်မှု ကင်းမဲ့သွားရတော့သည်။
ဆန်းလျန်၏စိတ်များ ပြန်လည်တည်ငြိမ်လာပြီ ဖြစ်သည်။
သူက ထျန်းမုန့်နတ်သမီး၏ နှလုံးသားထဲမှ ဟာကွက်ကို တွေ့ရှိ
သွားခဲ့လေသည်။ ထို့ကြောင့် တစ်ယောက်ချင်းသာ တိုက်ခိုက်

ရမည်ဆိုပါက ဆန်းလျှန်ဘက်မှ ထျန်းမုန့်နတ်သမီးကို အနိုင်ရရန် ခြောက်ဆယ်ရာခိုင်နှုန်းရှိလေသည်။

သို့သော် ဆန်းလျှန်မှာ ယခုအချိန်တွင် ခြသေ့်တွင်းထဲသို့ရောက်ရှိနေသည့် အနေအထားဖြစ်လေသည်။ ထျန်းမုန့်နတ်သမီးနှင့် တိုက်ခိုက်နေချိန်တွင် နန်းဆောင်သခင်မသုံးယောက်ကလည်း ဆန်းလျှန်ကို ဝန်းရံထားလေသည်။

ထို့ကြောင့်ဆန်းလျှန်မှာ လွတ်လမ်းမရှိပေ။

ကျီစုနန်းဆောင်သခင်မ ၊ ဟွမ်စုနန်းဆောင်သခင်မနှင့် ပိုင်စုနန်းဆောင်သခင်မတို့မှာ သူတို့၏တန်ခိုးစွမ်းအားများကို ထုတ်လွှတ်ကာ ဆန်းလျှန်ကို ဝန်းရံထားကြလေသည်။ ကောင်းကင်ထက်တွင် ခရမ်းရောင်တိမ်တိုက် ၊ အဝါရောင်တိမ်တိုက်နှင့် အဖြူရောင်တိမ်တိုက်များ တဖြည်းဖြည်းပေါင်းစပ်နေကြသည်။

နန်းဆောင်သခင်မသုံးယောက်၏ တန်ခိုးစွမ်းအားပေါင်းစည်းမှု

မှာ အလွန်ပြင်းထန်လှပြီး ဆန်းလျန်ကို အမှုန့်ချေပစ်တော့မည့်

အလားပင်ဖြစ်လေသည်။

ဆန်းလျန် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သူက ရော့ရှီလေး၏ မျက်လုံးများကို သူ၏လက်ဖြင့် ဖုံးအုပ်

ထားလိုက်သည်။

ဆန်းလျန်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ တုန်ခါနေပြီး သူ့တွင်

နောက်ဆုံးကျန်ရှိသည့် ရေခဲအလင်းစွမ်းအားကို အသုံးပြု

လိုက်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ ပြောင်းလဲသွားပြီး

သူ၏မျက်နှာမှာ နှင်းကဲ့သို့ ဖြူဖွေးနေလေသည်။ သူ့တစ်ကိုယ်

လုံးမှာ အေးစက်နေပြီး သူ့ဆီမှ သတ်ဖြတ်လိုသည့်

အငွေ့အသက်များ ပေါ်ထွက်နေလေသည်။ သူ၏စိတ်ထားမှာ

ဆရာဘွားဘွားဖြစ်သူ ကျိုလင်နတ်သမီး၏ အခြားသော စိတ်

တစ်ခုဖြစ်သည့် ချင်းရှောင်းနတ်သမီး၏စိတ်ထားကဲ့သို့ ပြောင်းလဲသွားလေသည်။

ဆန်းလျန်သည် ဓားအိမ်အတွင်းမှ ထုတ်လိုက်သည့် ဓားသွား ပမာ ထက်ရှနေလေသည်။

ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်တွင် ယင်နှင့်ယန် ၊ ဒြပ်စင် စွမ်းအားငါးမျိုး ၊ ဒြပ်စင်စွမ်းအားရှစ်မျိုး ပေါင်းစည်းခြင်းသုံး ခု ဖြင့်ကျင့်ကြံနိုင်လေသည်။ ကျိုလင်နတ်သမီးက ယင်နှင့်ယန် ကို ပေါင်းစပ်ကျင့်ကြံပြီး နတ်ဘုရားတစ်ပါးအဖြစ် အဆင့် တက်ရောက်နိုင်ခဲ့သူဖြစ်သည့်အတွက် သူ၏စိတ်မှာ ယင် စွမ်းအားဘက်ခြမ်းနှင့် ယန် စွမ်းအားဘက်ခြမ်း ဟူ၍ နှစ်မျိုး ဖြစ်နေရလေသည်။ ထို့ကြောင့် ကျိုလင် နှင့် ချင်းရှောင်း ဟူ၍စရိုက်နှစ်မျိုးကွဲပြားနေရခြင်းဖြစ်လေသည်။

ယင် နှင့် ယန် သည် တာအိုကျင့်စဉ်လမ်းတွင် အဓိက ကျလေသည်။ ယင် နှင့် ယန် တန်ခိုးစွမ်းအားများကို မည်သူမျှ အဆုံးထိ နားလည်နိုင်မည် မဟုတ်ပေ။

သို့သော် ချင်းရှောင်းနတ်သမီး၏ သဘောသဘာဝကို ဆန်းလျန်က ယူ၍သုံးဆွဲသည်ဆိုသည်မှာ မဖြစ်နိုင်သည့်ကိစ္စဖြစ်လေသည်။ ဆန်းလျန်မှာ ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံခဲ့သော်လည်း ယင် နှင့် ယန် ကို ပေါင်းစပ်ကျင့်ကြံခဲ့သူ မဟုတ်ပေ။ ထို့ကြောင့် ကျိုလင်ကဲ့သို့ စရိုက်နှစ်မျိုးကွဲပြားနေသည့် တန်ခိုးစွမ်းအားမျိုးကို မည်သည့်နည်းနှင့်မျှ ရရှိနိုင်မည် မဟုတ်ပေ။ ကျိုလင်ကဲ့သို့ စရိုက်နှစ်မျိုးဖြစ်အောင် မရမက ကျင့်ကြံမည်ဆိုလျှင်လည်း မအောင်မြင်သည့်အပြင် ကိုယ့်ဒုက္ခ ကိုယ်ရှာသလိုသာ ဖြစ်ရပေမည်။

အမှန်တော့ ဆန်းလျန်က ရေခဲအလင်းစွမ်းအားကို အသုံးပြုကာ ချင်းရှောင်း၏ တန်ခိုးစွမ်းအားကို တုပပြီးပုံဖော်လိုက်ခြင်း

သာဖြစ်လေသည်။ ချင်းရှောင်းသည် သတ်ချင်ဖြတ်ချင်သည့် အငွေ့အသက်များဖြင့် ပြည့်နက်နေသည့် နတ်မိမယ်တစ်ပါး ဖြစ်လေသည်။ ဆန်းလျန်က ထိုသတ်ချင်ဖြတ်ချင်သည့် အငွေ့အသက်များကို အသုံးပြုကာ နန်းဆောင်သခင်မသုံး ယောက်၏ တန်ခိုးစွမ်းအားများကို ပယ်ဖျက်ပစ်လိုက်ခြင်းသာ ဖြစ်လေသည်။

နန်းဆောင်သခင်မသုံးယောက်၏ တန်ခိုးစွမ်းအားသုံးခုမှာ တန်ခိုးစွမ်းအားတိမ်တိုက်ကြီးတစ်ခုအဖြစ် ပေါင်းစည်းနေလေ သည်။ ဆန်းလျန်၏ သတ်ချင်ဖြတ်ချင်သည့်အငွေ့အသက် များကနန်းဆောင်သခင်မသုံံယောက်၏ တန်ခိုးစွမ်းအား တိမ်တိုက်ကြီးကို အဆက်မပြတ် ထိုးဖောက်လိုက်လေ တော့သည်။

ထိုးဖောက်သွားနိုင်လျှင် သူ့အနေဖြင့် လွတ်မြောက်နိုင်ပြီဖြစ် လေသည်။ နန်းဆောင်သခင်မသုံးပါး၏ တန်ခိုးစွမ်းအားများ

ပေါက်ကွဲထွက်သွားသည့်အချိန်တွင် သူလွတ်မြောက်အောင် မကြိုးစားနိုင်လျှင် သူ့အနေဖြင့် လွတ်မြောက်နိုင်တော့မည်မဟုတ်ပေ။

ရေခဲအလင်းစွမ်းအားကြောင့် ပေတစ်ထောင်ပတ်လည်ရှိလေထုသည် ရေခဲပြင်ကြီးတစ်ခုဖြစ်သွားလေသည်။ ဆန်းလျန်က ခံစစ်မတိုက်ခိုက်တော့ဘဲ တိုက်စစ်ကို ပြောင်းလဲတိုက်ခိုက်လိုက်သည်။

ဆန်းလျန်က သူ၏ဓားကိုဝှေ့ယမ်းလိုက်ကာ နန်းဆောင်သခင်မသုံးယောက်ဆီသို့ ထိုးစိုက်ချလိုက်လေတော့သည်။

အခန်း (၂၆၈)

ကျဉ်းထဲကြပ်ထဲအခြေအနေ

နန်းဆောင်သခင်မသုံးယောက်ကို ဆန်းလျန်ထိုးစိုက်ချလိုက်သည့်ဓားမှာ ရွှမ်တယ်ဓားဖြစ်လေသည်။

ရွှမ်တယ်ဓားသည် ထူးခြားဆန်းကျယ်ပြီး ကောင်းကင်မီးတောက်ကို စုပ်ယူထားသည့် ဓားဖြစ်လေသည်။ ဆန်းလျန်က ရွှမ်တယ်ဓားကို ဆရာဘိုးဘိုးယွမ်ချင်း၏ဓားဝိညာဉ်ဖြင့်ပေါင်းစပ်လိုက်သည့်အခါတွင်တော့ ဓားသွားမှာ သက်ဝင်လှုပ်ရှားလာလေသည်။ ဓားသွားသည် လေကိုထိုးခွင်းပျံသန်းသွားပြီး နန်းဆောင်သခင်မသုံးပါးကို ထိုးစိုက်ချလိုက်လေသည်။

ဆရာဘိုးဘိုးယွမ်ချင်း၏ဓားဝိညာဉ်မှာလည်း သတ်ဖြတ်လိုသည့်အငွေ့အသက်များပြည့်နက်နေသည့် ဓားဝိညာဉ်တစ်ခု

ဖြစ်လေသည်။ ထို့ကြောင့် ရှမ်တယ်ဓားဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်နှင့် နန်းဆောင်သခင်မသုံးယောက်မှာ ဝိညာဉ် ထဲအထိ တုန်လှုပ်သွားကြရလေသည်။ မြွေတစ်ကောင်ကဲ့သို့ လွင့်မျောလာသည့်ဓားသွားကိုကြည့်ရင်း အန္တရယ် အငွေ့အသက်များကို ချက်ချင်းခံစားလိုက်ကြရသည်။ ထို့ပြင် ရေခဲအလင်းစွမ်းအားဖြင့် ဖန်ဆင်းထားသည့်ရေခဲပြင် ကြီးမှ အအေးဓာတ်များကလည်း နန်းတောင်သခင်မသုံး ယောက်၏ တန်ခိုးစွမ်းအားများကို နှေးကွေးသွားစေလေ သည်။

ဆန်းလျန်က တန်ခိုးစွမ်းအားများပေါက်ကွဲသည်နှင့် လွတ်မြောက်အောင် ဖောက်ထွက်လိုခြင်းသာဖြစ်ပြီး နန်း ဆောင်သခင်မသုံးယောက်ကို ဒဏ်ရာရသွားစေလိုစိတ် အမှန် ပင်မရှိခဲ့ပါ။ သို့သော် ထျန်းမုန့်နတ်သမီးနှင့် နန်းဆောင်သခင်မ

သုံးယောက် ပူးပေါင်းတိုက်ခိုက်နေသည့်အတွက် ဆန်းလျန်ဘက်မှလည်း သက်ညှာနေ၍ရသည့် အခြေအနေမဟုတ်ပေ။

ထျန်းမုန့်နတ်သမီးနှင့် နန်းဆောင်သခင်မသုံးယောက် စုပေါင်းတိုက်ခိုက်မှုက လက်ဦးသွားလျှင် သူ့အနေဖြင့် တိုက်ပွဲတွင်းမှ ရုန်းမထွက်နိုင်တော့ဘဲ ပိတ်မိနေပြီး နောက်ဆုံးတွင် ရှုံးနိမ့်ရမည်ဖြစ်လေသည်။

ရွှမ်တယ်ဓားသည် နန်းဆောင်သခင်မသုံးပါး၏ တန်ခိုးစွမ်းအားများပေါင်းစည်းထားသည့် တိမ်တိုက်ကြီးကို ထိုးဖောက်ဝင်ရောက်သွားလေသည်။

ထက်ရှသည့်ဓားသွားမှာ အရောင်တဖျတ်ဖျတ်လင်းလက်နေပြီး ဆီအိုးအတွင်းသို့ကျသွားသည့်မီးတောက်ပမာ မီးတောက်များထွက်ပေါ်လာကာ တန်ခိုးစွမ်းအားတိမ်တိုက်ကြီးမှာ ပြိုကွဲသွားလေသည်။

ဆန်းလျန်၏ရေခဲအလင်းစွမ်းအားများကြောင့် နန်းဆောင်သခင်မသုံးယောက်မှာ အေးခဲသွားကြပြီး သူတို့၏ တန်ခိုးစွမ်းအားတိမ်တိုက်ကြီးကိုတော့ ကောင်းကင်မီးတောက်ကလောင်ကျွမ်းပစ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ကြီးမားသည့် တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးဖြစ်ပေါ်လာလေတော့သည်။

ကျယ်လောင်သည့်ပေါက်ကွဲသံကြီးများထွက်ပေါ်လာလေသည်။

ထျန်းမုန့်နတ်သမီးမှာ ထိုဖြစ်ရပ်ကြောင့် အလွန်အမင်းဒေါသထွက်သွားရလေသည်။ သူမက ဆန်းလျန်ကို တိုက်ခိုက်ရန်တန်ခိုးစွမ်းအားများကို စုစည်းလိုက်သည်။ သို့သော် တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးမှ ထွက်ပေါ်လာသည့် ကောင်းကင်မီးတောက်များကြောင့် သူမသည် ဆန်းလျန်ကို မတိုက်ခိုက်နိုင်တော့ဘဲ သူမကိုယ်သူမ ကာကွယ်လိုက်ရလေသည်။ ထို့ပြင်

သူမ၏တန်ခိုးစွမ်းအားများကို ဖြန့်ကျက်ကာ ထိုက်စုနတ်

ဘုရားဂိုဏ်းမှ တပည့်များကိုလည်း ကာကွယ်ပေးလိုက်ရလေ

သည်။

ဆန်းလျန်၏ တွက်ချက်မှု မှန်ကန်သွားခဲ့လေသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာသည့်တိုက်

လျှပ်စီးကဲ့သို့ လျှင်မြန်သည့်အရှိန်ဖြင့် ထိုက်စုနတ်ဘုရားဂိုဏ်း

မှ ထိုးဖောက်ထွက်ခွာသွားခဲ့လေတော့သည်။

သို့သော်....

လောကတွင် မျှော်မှန်းသည့်အတိုင်း ဖြစ်လာသည်ဆိုသည်မှာ

ရှားပါးလေသည်။

ဆန်းလျန်၏ ခြေလှမ်းများကို မမြင်ရသည့် စွမ်းအားလှိုင်းတစ်

ခုက ပိတ်ဆို့ထားလိုက်လေသည်။ ဆန်းလျန်မှာ နံ့ထဲတွင် နစ်

နေသကဲ့သို့ခံစားလိုက်ရပြီး ရှေ့ဆက်မသွားနိုင်တော့ပေ။

ကောင်းကင်ထက်တွင် အဘွားအိုတစ်ဦးပေါ်လာလေသည်။

သူမဆံပင်များက ဖွေးဖွေးဖြူနေပြီး နှင်းပွင့်များအလား လေထဲတွင်လွင့်မျောနေလေသည်။ သူမလက်ထဲတွင် နဂါးဦးခေါင်းပုံသဏ္ဍာန်တောင်ဝှေးတစ်ချောင်းကို ကိုင်ထားလေသည်။

တောင်ဝှေးမှ နဂါး၏မျက်လုံးများမှာ မှေးစင်းနေပြီး တကယ့်နဂါးတစ်ကောင်အလားပင် ထင်ရလေသည်။

သူမက ကောင်းကင်ထက်မှ ဖြည်းညင်းစွာ လမ်းလျှောက်ဆင်းလာခြင်း ဖြစ်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ တပည့်များအားလုံးက သူမကို ရိုသေလေးစားစွာဖြင့် ဦးညွှတ်ဂါရဝပြုလိုက်ကြသည်။ ထျန်းမုန့်နတ်သမီးနှင့် နန်းဆောင်သခင်မသုံးယောက်သည်ပင် သူမကို ဂါရဝပြုလိုက်ကြလေသည်။

အဘွားအို၏ရုပ်သွင်မှာ အိုမင်းနေသည့်တိုင် အသံကတော့ အိုမင်းခြင်းမရှိပေ။ သူမက ချောင်းတစ်ချက်ဟန့်လိုက်ရင်း ကြည်လင်သည့်လေသံဖြင့် စကားစလိုက်သည်။

“လူငယ်လေး ၊ မင်းလုပ်ရပ်တွေ သိပ်လွန်နေပြီ ၊ မင်းကို အပြစ်ပေးတဲ့အနေနဲ့ ထိုက်စုနတ်ဘုရားဂိုဏ်းရဲ့ တောင်ပေါ်မှာ အချိန်ဆယ်နှစ်ပိတ်ထားမယ် ၊ မင်း ကိုယ့်လုပ်ရပ်တွေကို ပြန်သုံးသပ်ရမယ် ၊ ဒါမှ လူတွေက ထိုက်စုနတ်ဘုရားဂိုဏ်းဆိုတာ အပြင်လူတွေ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်ပြီး နှောင့်ယှက်လို့မရဘူးဆိုတာ သိသွားမှာ ဖြစ်တယ်”

သူမက ထိုက်စုနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားသုံးပါးမှ တတိယနတ်ဘုရားဖြစ်လေသည်။ သူမက ဆန်းလျန်၏လုပ်ရပ်များမှာ လွန်နေပြီဖြစ်သည့်အတွက် သူမ၏အစ်မနှစ်ယောက်က တားနေသည့်ကြားမှပင် ဝင်ရောက်စွက်ဖက်ရန် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

“ခင်ဗျားတို့ ထိုက်စုနတ်ဘုရားဂိုဏ်းက ကျုပ်တူမလေးကို ဖမ်းခေါ်ထားတာလေ ၊ ကျုပ်အခု တူမလေးကို ပြန်လာခေါ်တာ ၊ ဘာများမှားလို့လဲ”

ဆန်းလျန်က အေးစက်စွာပြုံးရင်းပြောလိုက်သည်။

“သူမက အစကတည်းက ထိုက်စုနတ်ဘုရားဂိုဏ်းနဲ့ ရေစက်ပါတဲ့သူပဲ ၊ မင်းစကားပြောဆင်ခြင်သင့်တယ် ၊ ငါကလည်း မင်းရဲ့ဘိုးဘေးဆရာသမားတွေမျက်နှာကိုထောက်နေလို့ မင်းနဲ့ ဒီလောက်စကားပြောနေရတာပါ”

သူမ၏လေသံက ဆန်းလျန်ကို ဆုံးမစကားပြောနေသကဲ့သို့ဖြစ်လေသည်။

ဆန်းလျန် အနည်းငယ်တုန်လှုပ်သွားမိသည်။

ထိုအဘွားအိုမှာ ထိုက်စုနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားတစ်ပါးဖြစ်လေသည်။ သူမနှင့် တိုက်ခိုက်လျှင် ဆန်းလျန်မှာဒုက္ခရောက်သွားနိုင်လေသည်။ ထို့ပြင် သူမကလည်း ဆန်းလျန်၏ဂုဏ်သိက္ခာကို လေးစားသမှုရှိ၍သာ ချက်ချင်းတိုက်ခိုက်မှုမပြုသေးခြင်းဖြစ်လေသည်။

သို့သော် ဆန်းလျန်မှာ သူမပြောသလို ထိုက်စုနတ်ဘုရားဂိုဏ်း တွင်တော့ ဆယ်နှစ် အချုပ်အနှောင် မခံလိုပေ။

လောကနတ်ဘုရားတစ်ပါးနှင့် ရင်ဆိုင်ရမည်မှာတော့ အလွန် ဆိုးဝါးသည့် အခြေအနေပင်ဖြစ်လေသည်။

ဆန်းလျန်မှာ ရှော့ရှီ၏ လူပြန်ဝင်စားခြင်းနှင့် ပတ်သက်သည့် အကြောင်းကိုသာ သိရှိခြင်းမရှိခဲ့လျှင် ထိုမျှ ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီး ရှော့ရှီကို ကယ်ထုတ်မိမည် မဟုတ်ပေ။

ယခုတော့ ဆန်းလျန်သည် နောက်ပြန်လှည့်မည် မဟုတ်တော့ ပေ။

“ထိုက်စုနတ်ဘုရားဂိုဏ်းမှာ နတ်ဘုရားသုံးပါးရှိတယ်လို့ကြား ဖူးတယ်၊ ဒီကအဘွားက ဘယ်တစ်ပါးလဲ မသိဘူး”

ဆန်းလျန်က လောကနတ်ဘုရားတစ်ပါးနှင့် ရင်ဆိုင်နေရသည့် တိုင် တည်ငြိမ်စွာဖြင့် မေးလိုက်သည်။

သူ၏တည်ငြိမ်လွန်းနေသည့်အမူအရာကြောင့် နန်းဆောင်

သခင်မသုံးယောက်ပင်လျှင် ဆန်းလျန်ကို လေးစားသွားမိလေ

သည်။ ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်ထိုက်

သည်ဟု တွေးမိလိုက်ကြလေသည်။

ထျန်းမုန့်နတ်သမီးမှာ စိတ်ညစ်သွားရလေသည်။

သူမက ဆန်းလျန်ကြောင့် စိတ်ညစ်ခြင်းမဟုတ်ပါ။

သူမ၏ကိစ္စတွင် အဘွားအိုလာရှုတ်သည့်အတွက် စိတ်ညစ်

သွားရခြင်းဖြစ်လေသည်။

နတ်ဘုရားအဘွားအိုက ဆန်းလျန်အတွက် စကားကို ထိန်းပြီး

ပြောနေသည်ကို သူမက မခံချင်ဖြစ်နေရလေသည်။ သူမသာ

ကျင့်စဉ်လမ်းအောင်မြင်ပြီး နတ်ဘုရာတစ်ပါးဖြစ်လာသည့်

တစ်နေ့တွင် ထိုက်စုနတ်ဘုရားဂိုဏ်းချုပ်ဖြစ်သည့် သူမ

အကြောင်း ကောင်းကောင်းသိစေရမည်ဟုသာ စိတ်ထဲတွင်

တေးမှတ်ထားလိုက်လေသည်။

“ကျုပ်က နတ်ဘုရားသုံးပါးမှာ တတိယမြောက်နတ်ဘုရားပါ၊ ကျုပ်ရဲ့တန်ခိုးစွမ်းအားကတော့ သိပ်မကြီးလှပါဘူးလေ၊ ဒါပေမယ့် မင်းကိုတော့ နည်းနည်းသင်ပြပေးနိုင်ပါသေးတယ်”

နတ်ဘုရားအဘွားအိုက ထိုစကားများကို ဒေါသတကြီးပြောနေခြင်းမဟုတ်ပါ။

ဆုံးမစကားပြောနေသည့်အလား အေးဆေးစွာ ပြောနေခြင်းဖြစ်လေသည်။

သူမ ဆန်းလျန်ကိုနှိမ်နင်းနိုင်မည်မှာ သံသယဝင်စရာမရှိပါ။

လောကနတ်ဘုရားဆိုသည်မှာ လောကတွင် တန်ခိုးစွမ်းအားအမြင့်မားဆုံးဖြစ်လေသည်။ ကျင့်ကြံသူဂိုဏ်းများနှင့် နတ်ဘုရားဂိုဏ်းများစတင်တည်ထောင်သည့်အချိန်တွင် လောကနတ်ဘုရား တစ်ပါး သို့မဟုတ် နှစ်ပါးက စတင်ဦးဆောင်ကာ အခြေတည်အောင် အုတ်မြစ်ချပေးကြရစမြဲဖြစ်လေသည်။

“ကောင်းပါပြီ ၊ ကြီးသူစကားကို ကျုပ်မှတ်သားထားပါ့မယ် ၊ ဒါပေမယ့် ကျုပ်မှာ ကိုယ်ပိုင်ကျင့်စဉ်ရှိပြီးသားဖြစ်တဲ့အတွက် အဘွားအနေနဲ့ ကျုပ်ကို သင်ပြပေးဖို့မလိုပါဘူး ၊ နောင် အနာဂတ်မှာ အခွင့်ရှိမယ်ဆိုရင် အဘွားကို ကျုပ်တို့ဆီကို ဧည့်သည်အနေနဲ့လာရောက်လည်ပတ်ဖို့ ဖိတ်ကြားလိုပါတယ် ၊ ကျုပ်ကတော့ ဧည့်သည်ကို ကောင်းကောင်းဧည့်ခံမှာပါ ၊ တောင်ထဲမှာ ဆယ်နှစ်ပိတ်ထားတဲ့အထိတော့ ပညာပြမှာ မဟုတ်ပါဘူး"

ဆန်းလျန်က အေးအေးဆေးဆေးပင်ပြန်ပြောလိုက်လေသည်။ သူ၏စကားများက ကိုယ့်ကိုယ်ကိုအထင်ကြီးနေသည့် စကား များဖြစ်နေသည့်အတွက် ထိုက်စုနတ်ဘုရားဂိုဏ်းမှ တပည့် များမှာ များစွာအံ့သြကုန်ကြရလေသည်။

လောကနတ်ဘုရားတစ်ပါးကို ထိုသို့သော စကားမျိုးသွားပြော ရဲသည့် ဆန်းလျန်မှာ စိတ်မှ မှန်ပါသေးရဲ့လား။

“အင်း… အင်မတန်စိတ်ဓာတ်ခိုင်မာတဲ့လူငယ်လေးပဲ ၊ ဒါပေ မယ့် မင်းစကားတွေကို ကျုပ်တော့ ဒေါသထွက်သွားပြီ” အဘွားအိုက ရယ်မောရင်းပြောလိုက်လေသည်။

စကားဆုံးသွားသည်နှင့် အဘွားအိုသည် ဆန်းလျန်ဆီသို့ တန်ခိုးစွမ်းအားများပို့လွှတ်ကာ စတင်တိုက်ခိုက်လိုက်လေ သည်။ သူမ၏တန်ခိုးစွမ်းအားများမှာ နန်းဆောင်သခင်မသုံး ယောက်ပေါင်းထားသည့် တန်ခိုးစွမ်းအားများထက်ပင် ပြင်းထန်လွန်းလေသည်။

ဆန်းလျန်မှာ အသက်အသက်ရှူများပင် ကြပ်လာရလေသည်။ သို့သော် အမူအရာတစ်ချက်မပျက် တည်ငြိမ်နေဆဲ ဖြစ်လေ သည်။

နန်းဆောင်သခင်မသုံးယောက်၏တန်ခိုးစွမ်းအားများကို ဖောက်ခွဲထွက်ခဲ့စဉ်က ဒဏ်ရာရပြီး သွေးများအန်ထားသည့်

တိုင် ဒဏ်ရာကို အရေးမစိုက်သည့်အလား

အေးအေးဆေးဆေးပင် ဖြစ်နေလေသည်။

နတ်ဘုရားအဘွားအိုက နဂါးတောင်ဝှေးကို တစ်ချက်ဝှေ့ယမ်း

လိုက်သည့်အခါတွင်တော့ နဂါးတစ်ကောင်၏အရိပ်ထွက်

ပေါ်လာလေသည်။ ထိုနဂါးသည် ဆန်းလျှန်ဆီသို့ ဝင်

ရောက်လာလေသည်။

နဂါးအရိပ်ထဲမှ တန်ခိုးစွမ်းအားများမှာ ကြီးမားရုံသာမက

တရားအဓိပ္ပါယ်များလည်း ပါဝင်နေလေသည်။ နဂါးအရိပ်

သည် တကယ့်နဂါးအစစ်တစ်ကောင် မွေးဖွားလာသည့်အလား

သက်ဝင်လှုပ်ရှားလျှက်ရှိသည်။ နဂါးဟိန်းသံမှာ လေနှင့်မိုးကို

ပင် ဆင့်ခေါ်တော့မည့်အလားဖြစ်လေသည်။

အဘွားအိုက လောကနတ်ဘုရားများ၏ အမြင့်မားဆုံး တန်ခိုး

စွမ်းအားကို ပြသလိုက်ခြင်း ဖြစ်လေသည်။ လောကနတ်ဘုရား

တစ်ပါး၏ တန်ခိုးစွမ်းအားမှာ ကိုယ်တွင်းမှ တန်ခိုးစွမ်းအား ၊

သဘာဝတရားနှင့် တာအိုကျင့်စဉ် သုံးခုပေါင်းစပ်ထားခြင်း

ဖြစ်လေသည်။ ထို့ကြောင့် လောကနတ်ဘုရားများ၏ တန်ခိုး

စွမ်းအားမှာ အလွန်အစွမ်းထက်ပြီး မဖြစ်နိုင်သည့်အရာများကို

ပင် ဖြစ်လာအောင် လုပ်ဆောင်နိုင်ကြလေသည်။

သူတို့၏ ကျင့်စဉ်လမ်းသည် အဆင့်လွန်နေပြီဖြစ်

သည့်အတွက် လောကဓမ္မနှင့် သဘာဝတရားများကိုပင်

ထိန်းချုပ်နိုင်ကြလေသည်။ တောင်များကိုရွှေ့နိုင်သလို

ပင်လယ်ကိုလည်း ထက်ပိုင်းခွဲနိုင်လေသည်။

လေထုသည် စက္ကူတစ်စအလား အလွှာပါးလေးတစ်ခုပမာ

ပြောင်းလဲသွားလေသည်။ လေထုက နဂါးပုံရိပ်စွမ်းအားကို

တောင်ခံနိုင်ခြင်းမရှိတော့ပေ။ နဂါးပုံရိပ်သည် ဆန်းလျန်ဆီသို့

တစ်ရှိန်ထိုးဝင်ရောက်လာလေသည်။ ဆန်းလျန်ကို အပိုင်းပိုင်း

ဖြတ်ပစ်တော့မည့်အလားပင် ထင်ရလေသည်။

ဆန်းလျန်၏ အနက်ရှိုင်းဆုံးဝိညာဉ်တစ်နေရာတွင် ခမ်းနား သည့် ဓားဝိညာဉ်တစ်ခု ကိန်းအောင်းနေလေသည်။ ဆန်းလျန် က စိုးရိမ်စိတ်များကိုဖယ်ရှားကာ စိတ်ကိုသမာဓိတည်အောင် ကြိုးစားလိုက်သည်။

ထိုအခါ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ စိတ် အာရုံစူးစိုက်မှုကျင့်စဉ်အဆင့်သည် အထွတ်ထိပ်သို့ ရောက်ရှိ သွားလေသည်။ ထိုအခါ ဆန်းလျန်ပုံဖော်လေ့ရှိသည့် ကျောက်စိမ်းကျိုင်းတံကိုကိုင်ထားသည့် နတ်ဘုရားသည် ဆန်း လျန်၏နှလုံးသားထဲမှ ထွက်ပေါ်လာလေတော့သည်။

နတ်ဘုရားအဘွားအိုက သူ့ကိုအလွတ်ပေးမည် မဟုတ်ပေ။ ထို့ကြောင့် ဆန်းလျန်အတွက် မင်ဝမ်ဝတ်ကျောင်းတော်မှ နတ် ဘုရားထောင်ချောက်ဓားဝိညာဉ်ကို စုပ်ယူထားသည့် ကျောက်စိမ်းကျိုင်းတံကိုင်ထားသည့် နတ်ဘုရားကို ဆင့်ခေါ် လိုက်ရခြင်းပင်ဖြစ်လေသည်။

ထိုကဲ့သို့သော တိုက်ကွက်ကို ဆန်းလျှန် မည်သည့်အခါမှ အသုံးပြုခဲ့ခြင်းမရှိသလို သိရှိခဲ့ခြင်းလည်းမရှိပေ။ ယခု ပထမဆုံးအကြိမ် စမ်းသပ်အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။ သူသာရှုံးနိမ့်သွားခဲ့လျှင်တော့ ကျိန်းသေအသက်ဆုံးရမည်ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ပြောင်းလဲမှုတစ်ခု ပြုလုပ်ရန် အချိန်တန်ပြီဖြစ်လေသည်။

အခန်း (၂၆၉) နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်

နတ်ဘုရားအဘွားအိုဧ၏နဂါးပုံရိပ်တန်ခိုးစွမ်းအားသည် ဆန်း

လျန်ဆီသို့ လျှင်မြန်လွန်းသည့် အရှိန်ဖြင့် ဝင်ရောက်လာလေ

သည်။ ဆန်းလျန်ကို အပိုင်းပိုင်းဖြတ်ပစ်ရန် အဆင်သင့်ဖြစ်နေ

လေပြီ။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ တပည့်များမှာ အသက်ပင် မရှူနိုင်

ကြတော့ပေ။

ဆန်းလျန်ကဲ့သို့ အရည်အချင်းရှိသည့် အဆင့်မြင့်ကျင့်ကြံသူ

တစ်ယောက် အသက်ဆုံးရှုံးရမည်ကို သူတို့က နှမြောတသဖြစ်

သွားမိကြလေသည်။

ဆန်းလျန်က သူတို့ဂိုဏ်းကို တိုက်ခိုက်ခဲ့သည့် ရန်သူတစ်ဦးဖြစ်

သည့်တိုင် ကမ္ဘာပေါ်တွင် ဆန်းလျန်လောက် ဆွဲဆောင်မှုရှိသည့်

လူမျိုးကို သူတို့ဘဝတွင် မတွေ့ဖူးခဲ့ကြပေ။

ဆန်းလျန်၏ ပတ်ဝန်းကျင်တွင်တော့ အချိန်က ရုတ်တရက်

နှေးကွေးသွားလေသည်။

ဆန်းလျန်၏ နှလုံးသားမှာ သန့်စင်နေပြီး ပြင်ပမှ လေထုမှာ အလှာလိုက်ကွာကျနေသည်ကိုတွေ့မြင်နေရလေသည်။ လေထုကိုထိုးဖောက်လာသည့် နဂါးပုံရိပ်စွမ်းအားမှာသူ၏စိတ်အာရုံတွင် အနေးပြကွက်တစ်ခုအလား ထင်ရှားနေလေသည်။

သေခြင်းရှင်ခြင်းနှင့် ရင်ဆိုင်ရသည့်အခါ ဆန်းလျန်၏နှလုံးသားထဲမှ ကျောက်စိမ်းကျိုင်းတံကိုင်ထားသည့် နတ်ဘုရားသည် ထွက်ပေါ်လာလေသည်။

ဆန်းလျန်ပင်ဖြစ်သည့်တိုင် ဆန်းလျန်၏ ပုံသဏ္ဍာန်က ပြောင်းလဲသွားလေသည်။

ဆယ်ကျော်သက်အရွယ်လူငယ်လေးသဏ္ဍာန်ပျောက်ကွယ်သွားပြီး အသက်နှစ်ဆယ်အရွယ် လူတစ်ယောက်အဖြစ်ပြောင်းလဲသွားလေသည်။ ဆန်းလျန်၏ သိမ်မွေ့သည့် ပိန်ပိန်သွယ်သွယ်ကိုယ်နေဟန် ပျောက်ကွယ်သွားပြီး ယေကျားပီသပြီး သန်မာသည့်လူတစ်ယောက်အသွင်ပြောင်းလဲသွားလေသည်။

သူ၏မျက်ဝန်းများထဲတွင် တိုက်ပွဲကို အနိုင်ယူတော့မည့် အရိပ်အငွေ့များထင်ဟပ်နေလေသည်။ သူ့လက်ထဲတွင်ကိုင်ထားသည့် ကျောက်စိမ်းကျိုင်းတံမှ ငြိမ်းချမ်းခြင်းတရားများကို ထုတ်လွှတ်ပေးနေသည်။

သူ၏အခြားလက်တစ်ဖက်တွင် ပုတီးတစ်ကုံးကို ကိုင်ထားလေသည်။ သို့သော် ထိုပုတီး၏ပုံသဏ္ဍာန်မှာ မှုံဝါးနေသည့်အတွက် ဆန်းလျန် သေသေချာချာ မြင်ရခြင်းမရှိပေ။

ကျောက်စိမ်းကျိုင်းတံကိုင်ထားသည့် နတ်ဘုရားသဏ္ဍာန်နှင့်အတူ နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်သည် ဆန်းလျန်၏ဝိညာဉ်အတွင်းမှ ထွက်ပေါ်လာလေသည်။ ဓားဝိညာဉ်သည် ဆန်းလျန်၏နှလုံးသွေးအရောင်ဖြစ်သည့် သွေးနီရောင်ထင်ဟပ်နေလေသည်။ဓားဝိညာဉ်မှာ ဆရာဘိုးဘိုးယွမ်ချင်း၏မှတ်ဉာဏ်များထဲမှ ဆန်းလျန်ရယူခဲ့သည့် အသူရာချောက်ကိုး

ထပ်ရှိ သွေးပင်လယ်ထဲမှ ဓားကဲ့သို့ သတ်ဖြတ်လိုသည့်

အငွေ့အသက်များဖြင့် ပြည့်နက်နေလေသည်။

နတ်ဘုရားအဘွားအိုထံမှ နဂါးပုံရိပ်စွမ်းအားသည် ဆန်းလျန်

ထံသို့ရောက်ရှိလာလေသည်။

တစ်ချိန်တည်းမှာပင် နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်

သည် တိတ်ဆိတ်စွာထွက်ပေါ်လာပြီး ဆန်းလျန်ကို ကာကွယ်

ပေးထားလိုက်လေသည်။

ဓားသွားမှာ သွေးနီရောင်တောက်ပနေပြီး ကောင်းကင်တစ်ခွင်

လုံး သွေးနီရောင်လွှမ်းသွားလေသည်။

နတ်ဘုရားအဘွားအိုထံမှ တုန်လှုပ်စွာဖြင့် အော်ဟစ်သည့်အသံ

ထွက်ပေါ်လာသည်။

“ဗီဇဝိညာဉ်မရဏဓား”

ဓားဝိညာဉ်မှာ အရိပ်တစ်ခုမျှသာဖြစ်သည့်တိုင် သူမ၏စိတ်နှင့်

ဝိညာဉ်ကို ထိခိုက်စေလေသည်။

နတ်ဘုရားအဘွားအို၏ ရင်ထဲတွင် ကြောက်စိတ်များတဖွား

ဖွား ပေါ်ထွက်လာလေသည်။

ထိုသွေးနီရောင်ဓားအလင်းတန်းမှာ မရေမတွက်နိုင်သည့်

နတ်မိစ္ဆာများနှင့် နတ်ဘုရားများကို သတ်ဖြတ်ပစ်တော့မည့်

အလား ဓားခြိမ်းသံကြီးထွက်ပေါ်လာလေသည်။

ရှေးယခင်အချိန်ကတည်းကပင် တန်ခိုးစွမ်းအားကြီးမားသည့်

နတ်ဘုရားများစွာသည် ထိုဓားဝိညာဉ်အောက်တွင် ကျရှုံးခဲ့ရ

သည်ချည်းပင်ဖြစ်လေသည်။

ဆန်းလျန်ဆီမှထွက်ပေါ်လာသည့်ဓားဝိညာဉ်မှာ လောကတစ်

ခွင်ကို ဖျက်စီးပစ်နိုင်သည့်အထိ စွမ်းအားကြီးမားခြင်းမရှိ

သေးပါ။ သို့သော် နတ်ဘုရားအဘွားအို၏ စိတ်နှင့်ဝိညာဉ်ကို

တော့ အမှန်တကယ်ပင် ထိခိုက်စေခဲ့လေသည်။

အဘွားအိုမှာ နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်ပြီး သည့်နောက်ပိုင်း ပထမဆုံးအကြိမ် ကြောက်လန့်ခြင်းကို ခံစား လိုက်ရလေသည်။

ထိုအချိန်မှာပင် ဆန်းလျန်၏ မျက်ဝန်းများ ၊ နားများ ၊ နှာခေါင်းနှင့် ပါးစပ်များမှာ သွေးများကျဆင်းလာလေသည်။ သို့သော် သွေးရောင်မှာ အနီရောင်မဟုတ်ဘဲ ငွေရောင် တောက်ပနေလေသည်။

ဆန်းလျန်၏တန်ခိုးစွမ်းအားအရင်းအမြစ်ဖြစ်တည်ရာ ရွှေ ပြဒါးအမြုတေမှထွက်လာသည့် သွေးများဖြစ်သည့်အတွက် ပြဒါးရောင်တောက်ပနေခြင်းဖြစ်လေသည်။

ထိုအချက်မှာထူးဆန်းသည့်အချက်မဟုတ်ပေ။ အဆင့်မြင့် ကျင့်ကြံသူများ၏ သွေးထဲတွင် ပြဒါးစွမ်းအားများပါဝင်နေမြဲ ဖြစ်လေသည်။ ဆန်းလျန်၏လူသားခန္ဓာကိုယ်မှာ နတ်ဘုရား

တစ်ပါးအဖြစ် ပြောင်းလဲထားသည့်အတွက် ထိုသို့သောသွေးများကျဆင်းလာရခြင်းဖြစ်လေသည်။

တာအိုကျင့်စဉ်ကျမ်းစာအုပ်တစ်အုပ်တွင် "စွမ်းအားနှင့်သွေးသည် ပြဒါးနှင့်ပေါင်းစပ်သွားသည်" ဟု ရေးသားထားဖူးလေသည်။

ထိုသို့ ပြဒါးရောင်သွေးများထွက်လာရခြင်းမှာ ဆန်းလျန်၏ခန္ဓာကိုယ်မှာ ခံနိုင်ရည်ကို ကျော်လွန်သွားသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က ပြဒါးရောင်သွေးများကို နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်အတွင်းသို့ စီးဝင်စေလိုက်သည်။

ထို့နောက် နတ်ဘုရားအဘွားအိုကို ဓားဝိညာဉ်ဖြင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။ နတ်ဘုရားအဘွားအိုမှာ နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်အတွင်း ပိတ်မိနေလေတော့သည်။

ထိုအချိန်မှာပင် ဆန်းလျန်သည် အရိပ်တစ်ရိပ်အဖြစ် ထိုက်စု နတ်ဘုရားဂိုဏ်းမှ ပျောက်ကွယ်သွားလေတော့သည်။

သွေးနီရောင်တောက်ပနေသည့် နတ်ဘုရားထောင်ချောက်ဓား ဝိညာဉ်အရိပ်ထဲတွင် နတ်ဘုရားအဘွားအိုမှာ ပိတ်မိနေလေ သည်။

နန်းတော်သခင်မနှင့် နန်းဆောင်သခင်မသုံးယောက်မှလည်း အဘွားအို၏အခြေအနေကိုကြည့်ရင်း ကြက်သေသေနေကြ လေသည်။ ဆယ်စက္ကန့်မျှကြာသည့်အခါတွင်တော့ နတ်ဘုရား အဘွားအိုသည် နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်အရိပ် အတွင်းမှ ထွက်ပေါ်လာလေသည်။ သူမ၏ အင်္ကျီလက်များမှာ ဓားချက်များဖြင့် စုတ်ပြဲနေလေသည်။ သူမ၏နဂါးတောင်ဝှေး မှ နဂါးခေါင်းတွင်လည်း ဓားချက်ပေါင်းများစွာကို ထင်ရှားလျှ က်ရှိလေသည်။

နတ်ဘုရားအဘွားအိုမှာ စကားတစ်ခွန်းပင် မပြောနိုင်တော့ပေ။

သူမသည် ဒေါသအလွန်အမင်းထွက်နေပြီး ကြောက်လည်း ကြောက်ရွံ့နေလေသည်။

သို့သော် ဆန်းလျန်၏ဓားဝိဉာဉ်မှာ ဟန်ပြသက်သက်သာဖြစ်ပြီး သူမကို အမှန်တကယ်သေစေနိုင်ခြင်းမရှိသည်ကို သဘောပေါက်သွားသည်နှင့် သူမက အလင်းတန်းတစ်ခု ဖန်ဆင်းပြီး ဆန်းလျန်နောက်သို့ လိုက်သွားလေသည်။

သူမက ထိုက်စုနတ်ဘုရားဂိုဏ်းအပြင်အထိထွက်ကာ ဆန်းလျန်ကို ရှာဖွေလေသည်။ သို့သော် ဆန်းလျန်မှာ မျက်ချေပြတ်သွားပြီ ဖြစ်လေသည်။ ဆန်းလျန်က နတ်ဘုရားများပင် ခြေရာမခံနိုင်သည့် ထုန်ထျန်းတန်ခိုးစွမ်းအားကို အသုံးပြုကာ တိတ်တဆိတ်ထွက်ခွာသွားပြီ ဖြစ်လေသည်။

သူမ ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ပြန်ရောက်လာသည့်အခါတွင်တော့ ထျန်းမုန့်နတ်သမီးက တပည့်များကို မကြောက်လန့်ရန်

နှစ်သိမ့်နေလေသည်။ သူမ၏ပုံစံက အလွန်တည်ငြိမ်နေလေ

သည်။

ထျန်းမုန့်နတ်သမီး၏ တည်ငြိမ်နေသည့် ပုံစံကိုကြည့်ပြီး နတ်

ဘုရားအဘွားအိုမှာ စိတ်တိုသွားရလေသည်။ ယခု ဖြစ်ပျက်ခဲ့

သည့် ကိစ္စတစ်ခုလုံး၏ အရင်းအမြစ်မှာ ထျန်းမုန့်နတ်သမီး

ကြောင့်ဖြစ်ရခြင်းဖြစ်လေသည်။ လူပြန်ဝင်စားသည့်ယွမ်ကျွင်း

ဧကရီကို ဆန်းလျန်၏လက်ထဲမှ ခေါ်လာကတည်းက ပြဿနာ

က စခြင်းဖြစ်လေသည်။

သို့တိုင်အောင် သူမက တည်ငြိမ်နေနိုင်အားသေးသည်။

"ထျန်းမုန့်၊ နင့်တပည့်က နှလုံးသားစည်းချက်ကျင့်စဉ်ကို

ကျင့်ကြံနေတာမဟုတ်လား၊ နင်သူ့ကို ခြေရာခံလို့မရဘူးလား၊

သူတို့ဘယ်မှာလဲ ခုပဲ ငါ့ကိုပြောပြစမ်း"

အဘွားအိုက စိတ်ဆိုးမာန်ဆိုးဖြင့်ပြောလိုက်သည်။

ထျန်းမုန့်နတ်သမီးက အဘွားအိုကို ယဉ်ယဉ်ကျေးကျေးပင် ဂါရဝပြုလိုက်ပြီး...

“ဆရာဒေါ်လေး ၊ စိတ်မဆိုးပါနဲ့ ၊ အဲဒီလူငယ်က ကျွန်မနဲ့ရော့ရှီ ကြားက ကျင့်စဉ်လမ်းဆက်နွယ်မှုကို နည်းလမ်းတစ်ခုသုံးပြီး ဖြတ်တောက်ထားတယ် ၊ ဒါပေမယ့် သူဘယ်သူလဲဆိုတာ ကျွန်မတို့သိနေတာပဲ ၊ လင်ထိုင်တာအိုပြိုင်ပွဲရောက်ဖို့ ဆယ်နှစ် လိုသေးတယ် ၊ အဲဒီကျ သူနဲ့ထပ်တွေ့ကြတာပေါ့”

သူမက ပြောလိုက်လေသည်။

“ဟွန့် နင်က နန်းတော်သခင်မပဲလေ ၊ နင့်စကားအတိုင်းပဲပေါ့”

နတ်ဘုရားအဘွားအိုက အေးစက်စွာဖြင့် ပြန်ပြောလိုက်လေ သည်။

ထို့နောက်သူမသည် အင်္ကျီလက်တစ်ဖက်ဝှေ့ယမ်းလိုက်ပြီး ထျ န်းမုန့်နတ်သမီးရှေ့မှ ပျောက်ကွယ်သွားလေသည်။

ထျန်းမုန့်နတ်သမီးမှာ နတ်ဘုရားတစ်ပါးအဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိသေးသည့်တိုင် သူမက ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်လေသည်။ နတ်ဘုရားအဘွားအိုများအနေဖြင့် သူမကို မကြိုက်ကြသည့်တိုင် ဆန့်ကျင်လိုခြင်းမရှိကြပေ။

ထျန်းမုန့်နတ်သမီးသည် အနည်းငယ် စိတ်ပြေသွားပြီဖြစ်လေသည်။

ဆန်းလျန်က သူမနှင့် ရှော့ရှီကြားတွင်ဆက်သွယ်နေသည့်နှလုံးသားစည်းချက်တန်ခိုးစွမ်းအားကို ဖြတ်တောက်ထားလေသည်။

သို့သော် နှလုံးသားစည်းချက်ကျင့်စဉ်သည် ရှော့ရှီ၏ခန္ဓာကိုယ်ထဲတွင် အမြစ်တွယ်နေပြီဖြစ်လေသည်။ ရှော့ရှီက ကျင့်စဉ်ကိုဆက်ပြီးမကျင့်ကြံလျှင်တောင်မှ အမြစ်တွယ်နေသည့်ကျင့်စဉ်က သူ့အလုပ်သူ ဆက်လုပ်သွားမည်ဖြစ်လေသည်။

တဖြည်းဖြည်းနှင့် ကျင့်စဉ်စွမ်းအားသည် ရော့ရှီနှင့် ဆက်စပ်

နေသည့် ယွမ်ကျွင်းကောရီ၏ နတ်ဘုရားဉာဏ်စဉ်

ပျောက်ကွယ်သည်အထိ နေရာယူသွားမည်ဖြစ်လေသည်။

သူမအလုပ်က ပြီးခဲ့ပြီဖြစ်သည်။

ဆန်းလျန်လုပ်နိုင်လျှင် ရော့ရှီကျင့်စဉ်လမ်းအဆင့်တက်ခြင်း

နှောင့်နှေးရန်သာ လုပ်နိုင်မည်ဖြစ်လေသည်။

သို့သော် သူမက ဆန်းလျန်ကို အလွန်မကျေမနပ်ဖြစ်နေပြီဖြစ်

လေသည်။ ထို့ကြောင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းနှင့်ပူးပေါင်း

ရန် ဆုံးဖြတ်လိုက်လေသည်။

ချက်ချင်းပင်သူမ၏တပည့်တစ်ယောက်ကို ကွမ်းချင်းနတ်

ဘုရားဂိုဏ်းမှ တပည့်တစ်ယောက်နှင့် လက်ဆက်ပေးရန် စီစဉ်

လိုက်လေတော့သည်။

……………………………….

တောတောင်အထပ်ထပ်နှင့် မြစ်ချောင်းအသွယ်သွယ်ကို ဖြတ်ကျော်လာပြီးသည့်နောက် ဆန်းလျန်သည် တောင်တစ်တောင်ပေါ်တွင် ရပ်တန့်လိုက်လေသည်။

ဆန်းလျန်က ရှော့ရှီလေး၏ကိုယ်ပေါ်တွင် အင်းစက္ကူသုံးခုကပ်ထားပေးလိုက်သည်။ သူမကို ထိုက်စုနတ်ဘုရားဂိုဏ်းမှ ကယ်ထုတ်လာနိုင်ခဲ့သည့်တိုင် သူမကို ကာကွယ်ပေးထားရန်လိုအပ်နေသေးသည်။

ရှော့ရှီမှာ အရပ်အလွန်ရှည်လာပြီး သူမ၏အရပ်သည် ဆန်းလျန်၏ရင်ပတ်နားသို့ပင် ရောက်လုနီးနေပြီဖြစ်လေသည်။

သူမသည် သူမ၏မိခင်ဖြစ်သူ ဆန်းရှော့ရှီနှင့် အလွန်ဆင်တူလေသည်။ သို့သော် သေသေချာချာကြည့်မည်ဆိုလျှင် သူမက ဆန်းလျန်နှင့်ပိုပြီး ရုပ်ချင်းဆင်လေသည်။

ရှော့ရှီလေးကို ပြန်တွေ့ရသည့်အတွက် ဝမ်းသာခြင်းနှင့်အတူ အမည်မဖော်နိုင်သည့်ခံစားချက်များ ဆန်းလျန်၏ရင်ထဲတွင်

ပြည့်နက်နေလေသည်။ လောကတွင် သွေးသားရင်းချာတစ်ယောက် ရှိနေသေးခြင်းက အထီးကျန်သည့် ခံစားချက်ကို သက်သာစေလေသည်။

စကားဖြင့်ပင် ပြောမပြနိုင်လောက်အောင် နက်ရှိုင်းသည့် သံယောဇဉ်ကြိုးသည် သူ့ရင်ထဲတွင် တစ်ရစ်ချင်း ချည်နှောင်နေလေသည်။

ရုတ်တရက် ဆန်းလျန်ရင်ထဲမှ စူးရှသည့်နာကျင်မှုကိုခံစားလိုက်ရပြီး ရင်ပတ်ကိုဖိရင်း လဲကျသွားရလေသည်။

"ကိုကို …အဲ ဦးဦး ၊ ဘာဖြစ်လို့လဲ"

ရှော့ရှီက မေးလိုက်သည်။

ဆန်းလျန်၏နှလုံးသားဗဟိုချက်နေရာတွင် ဒဏ်ရာရထားလေသည်။ နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်ကို ထုတ်ဖော်အသုံးပြုလိုက်သည့်အတွက် ထိုသို့ဒဏ်ရာရသွားခြင်း ဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် ဓားဝိညာဉ်သည် သူ၏ဝိညာဉ်ထဲ

တွင် တိတ်တဆိတ်တည်ရှိနေသည်ကိုလည်း ခံစားလိုက်ရလေသည်။

နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်၊ စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်းစာအုပ်နှင့် ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့်နတ်ဘုရားတို့အကြောင်းကို ဆန်းလျန် ဆက်စပ်စဉ်းစားကြည့်နေမိသည်။

ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့် နတ်ဘုရားမှာ အရင်ဘဝက သူသိခဲ့သည့် ဒဏ္ဍာရီထဲမှ "ထုန်ထျန်းကျောက်ကျူနတ်မင်း" များလားဟု ဆန်းလျန် စဉ်းစားနေမိလေသည်။

နတ်ဘုရားများမှာ နာမည်ပေါင်းများစွာရှိကြလေသည်။ "ထုန်ထျန်းကျောက်ကျူနတ်မင်း" ဆိုသည်မှာ ဆန်းလျန်လာခဲ့သည့် ခေတ်ပေါ်ကမ္ဘာမြေမှ ထိုနတ်မင်းကို ခေါ်သည့်နာမည် ဖြစ်လေသည်။

နတ်ဘုရားများအကြောင်းရေးသားထားသည့်စာအုပ်များထဲ

တွင်တော့ ထိုနတ်မင်းမှာ မြေ ၊ ရေ ၊ လေ ၊ မီး

ဓာတ်ကြီးလေးပါးကို ပြောင်းလဲပစ်နိုင်သည့် ကြောက်မက်

ဖွယ်ရာနတ်မင်းတစ်ပါးဖြစ်လေသည်။

လောကကြီးတစ်ခုလုံးကိုပင် ပြောင်းလဲပစ်နိုင်စွမ်းရှိလေသည်။

တာအိုဆရာသခင်ကြီးပင်လျှင် ထိုနတ်မင်းနှင့် ယှဉ်ပြိုင်နိုင်

မည်မဟုတ်ပေ။ ထိုကဲ့သို့သော နတ်မင်းတစ်ပါးသည်

သူ၏ကျင့်စဉ်လမ်းတွင် ပါဝင်ပတ်သက်နေခြင်းမှာ ကောင်း

သည့်လက္ခဏာမှ ဟုတ်ပါ့မလားဟု ဆန်းလျန် သံသယဝင်မိ

လေသည်။

ဆန်းလျန်၏အရင်ဘဝတုန်းက နေထိုင်ခဲ့သည့် ခေတ်ပေးကမ္ဘာ

တွင် ဗုဒ္ဓဘုရားလည်းပွင့်ခဲ့သလို ထုန်ထျန်းကျောက်ကျူနတ်

မင်းလည်း ပေါ်ထွက်ခဲ့လေသည်။

ထို့ပြင် ယခု သူရောက်ရှိနေသည့်လောကမှ ဗုဒ္ဓစာပေများမှာ လည်း သူနေထိုင်ခဲ့သည့် ခေတ်ပေါ်ကမ္ဘာမှဗုဒ္ဓစာပေများနှင့် အတူတူပင်ဖြစ်လေသည်။ ထို့ကြောင့် ယခင် သူနေထိုင်ခဲ့သည့် ကမ္ဘာမြေနှင့် ယခု သူရောက်ရှိနေသည့် ကမ္ဘာသည် ဆက်စပ်မှု ရှိနေနိုင်လေသည်။

ထို့ပြင် သူယခင်နေထိုင်ခဲ့သည့်လောကနှင့် ယခုလောကသည် များစွာဆင်တူလေသည်။

ကဗျာစာပေများလည်းဆင်တူလေသည်။ လင်ချုန်းရှောင်ပြောပြခဲ့သည့် ဇာတ်လမ်းထဲမှ ချင်းရှမ်နတ်တံခါးတစ်နေရာတွင် ရေးသားထားခဲ့သည့်ကဗျာမှာလည်း ယခင် ခေတ်ပေါ်ကမ္ဘာ တွင်သူနေထိုင်စဉ်က ကြားဖူးသည့် ကဗျာတစ်ပုဒ်ဖြစ်လေ သည်။

သို့သော် လင်ချုန်းရှောင်ပြောပြခဲ့သည့် ကဗျာရေးသားထား သည့်နေရာကို ချင်းရှမ်နတ်တံခါးတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိ

ပေ။ ထို့ပြင် ချင်းရွှမ်နတ်တံခါးတွင်ရေးသားထားသည့် စာပေ

ပေါင်းများစွာတွင်လည်း ထိုကဗျာကို တွေ့မိခြင်းမရှိပေ။

သို့သော် လင်ချုန်းရှောင်ကလည်း သူ့ကို လိမ်ပြောမည့်သူမျိုး

မဟုတ်ပေ။

ဆန်းလျန်၏ဘဝတွင် ကြုံတွေ့ခဲ့ရသည့်ကိစ္စရပ်တိုင်း ၊ ဖြစ်ရပ်

တိုင်းသည် တိုက်ဆိုင်မှုမဟုတ် ဆိုသည့်အချက်ကို စတင်

သဘောပေါက်စပြုလာလေသည်။

အတွေးတွင် ခဏတာမျှ နစ်မျောနေမိသည့်အတွက် ဆန်းလျ

န်၏နှလုံးသားဗဟိုချက်မှ စူးရှသည့်နာကျင်မှုမှာလည်း

အနည်းငယ်သက်သာသွားလေသည်။

"ဘာမှ မဖြစ်ပါဘူးကွယ်…"

ဆန်းလျန်က ရှော့ရှီလေး၏ အမေးကို ပြန်ဖြေလိုက်မိလေ

သည်။

အခန်း (၂၇၀)

ပြောင်းလဲခြင်း

ရော့ရှီမှာ ခုနစ်နှစ်ကြာပြီးမှ ဆန်းလျန်ကိုပြန်တွေ့ရခြင်းဖြစ်လေသည်။ ဆန်းလျန်သည် ထူးဆန်းနေသည့်တိုင် သူမနှင့် အရင်အတိုင်းရင်းနှီးနေသည်ဟု ခံစားနေရဆဲ ဖြစ်လေသည်။

သူမက ဆေးလုံးအနီရောင်လေးတစ်လုံးထည့်ထားသည့် ဖန်ပုလင်းတစ်လုံးကို ထုတ်ယူလိုက်သည်။ ထိုဆေးလုံးမှ နတ်မြွေတစ်ကောင်ကဲ့သို့ အလင်းရောင်များ ဖြာထွက်နေလေသည်။ သေသူကိုပင် ပြန်ရှင်အောင် ကုသပေးနိုင်သည့် အဖိုးတန်ဆေးမျိုးဖြစ်နိုင်လေသည်။

ရှော့ရှီလေး၏ အဖြူရောင်အင်္ကျီထက်တွင် သွေးများပေကျံနေလေသည်။ ဆန်းလျန်၏ သွေးများဖြစ်လေသည်။

သာမန်ကလေးမလေးများဆိုလျှင် ထိုသွေးများကြောင့် ထိတ်လန့်သွားမည်ဖြစ်လေသည်။ သို့သော် ရှော့ရှီကတော့ သူမ၏အင်္ကျီတွင်စွန်းထင်းနေသည့် သွေးစများကိုအရေးမစိုက်ဘဲ ဆန်းလျန်ကိုသာ ဂရုစိုက်နေလေသည်။

“ဦးဦး ၊ ဒီဆေးကိုသောက်လိုက်ပါလား ၊ ဒါဆို နာတာသက်သာသွားမှာ”

သူမက ကြည်လင်သောအသံလေးဖြင့် နူးညံ့စွာဆိုလေသည်။ သူမ၏မျက်ဝန်းများက စမ်းချောင်းလေးတစ်ခုအလားဖြစ်လေသည်။ ထိုမျက်ဝန်းလေးများသည် ငယ်စဉ်အချိန်ကလောက် အပြစ်ကင်းစင်ခြင်းမရှိတော့သည့်တိုင် ဆုံးဖြတ်ချက်ခိုင်မာခြင်းများ ထင်ဟပ်နေလေသည်။

ဆန်းလျန်က ဆေးလုံးကို တစ်ချက်ကြည့်လိုက်သည်။

ထိုဆေးလုံးမှာ ထျန်းမုန့်နတ်သမီးက ရှော့ရှီလေးအတွက် ဖော်စပ်ပေးထားသည့် ဆေးဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။ ရှော့ရှီ မတော်တဆတစ်ခုခုဖြစ်သွားလျှင် အရေးပေါ် ကယ်တင်နိုင်ရန် ထိုဆေးကို ဖော်စပ်ထားခြင်းဖြစ်လေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ရှော့ရှီမှာ ထျန်းမုန့်နတ်သမီး အတွက် မည်မျှအရေးပါသည်ကို ဖော်ပြနေခြင်းဖြစ်လေ သည်။

ရှော့ရှီလေးကို ထိုက်စုနတ်ဘုရားဂိုဏ်းမှ ကယ်ထုတ်လာနိုင် ခြင်းသည် ပထမအဆင့်မျှသာရှိသေးသည်။ ထျန်းမုန့် နတ်သမီးသည် သူတို့ကို မည်သည့်နည်းနှင့်မှ အလွတ်ပေးမည် မဟုတ်ပေ။ သို့သော် ကျင့်ကြံသူများဆိုသည်က ကံတရားကို ဆန့်ကျင်ကာ တရားဓမ္မကို ရှာဖွေကြသူများ ဖြစ်လေသည်။ ဆန်းလျန်နှင့် ထိုက်စုနတ်ဘုရားဂိုဏ်း ရန်သူများဖြစ်ခဲ့သည့် တိုင် ကျင့်စဉ်လမ်းတွင် ထိုအချက်က အသေးအဖွဲမျှသာ ဖြစ်

လေသည်။ အခက်အခဲကြားမှ ရုန်းကန်ရမှုများသည် ဆန်းလျန် အတွက် မထူးဆန်းတော့ပါ။

ဆန်းလျန်၏လုပ်ရပ်များမှာ မှန်သည်ဖြစ်စေ ၊ မှားသည်ဖြစ်စေ မည်သူ့တွင်မှ ဝေဖန်ပိုင်ခွင့်မရှိပေ။ ဆန်းလျန်သည် သူ၏တူမ လေးကို မည်သည့်နည်းနှင့်မှ လျစ်လျူရှုထားနိုင်မည် မဟုတ် ပေ။

ဆန်းလျန်၏ထိုစိတ်ထားမှာ -

“ဖြောင့်မတ်ခြင်းတရားအတွက်ဆိုလျှင် ရာနှင့် ထောင်နှင့်ချီ သည့် လူများသည်လည်း ကျုပ်ကိုတားဆီးနိုင်မည်မဟုတ်” ဆိုသည့် သူတော်စင်တစ်ပါး၏စကားထဲမှ စိတ်ထားမျိုးဖြစ် လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ လွတ်မြောက်လာခဲ့သည့်အချိန်တွင် ပင် ဆန်းလျန်သည် ဖော့ဝမ့်အဆင့်သို့ အောင်မြင်စွာ တက် ရောက်နိုင်ခဲ့လေသည်။ သူ၏ စိတ် ၊ ဝိညာဉ်နှင့်နှလုံးသားသည်

တရားရေစင်ဖြင့်ဆေးကြောခံထားရသလို သန့်စင်နေလေ

သည်။ တန်ခိုးစွမ်းအားများတိုးတက်လာသည်သာမက

စိတ်ထားများလည်း ပြောင်းလဲသွားခဲ့လေပြီ။

သို့သော် ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်များကို ပြန်လည်

သုံးသပ်နေရန် ဆန်းလျန်တွင် အချိန်မရှိပြီ။

ဆန်းလျန်က ရှော့ရှီလေး၏လက်ထဲမှ ဆေးပုလင်းလေးကို

ရှော့ရှီလေးထံသို့ အသာအယာ ပြန်တွန်းပို့လိုက်ရင်း…

“ဦးဦးရဲ့ဒဏ်ရာက အရေးမကြီးပါဘူးကွယ်၊ ဒီဆေးကို သမီးပဲ

သိမ်းထားလိုက်နော်၊ ခုတော့ နားဖို့နေရာတစ်နေရာရှာကြ

ရအောင်၊ ပြီးရင် သမီးကို ဦးဦးနေတဲ့နေရာကို ခေါ်သွားမယ်

နော်”

ဆန်းလျန်က ရှော့ရှီလေးကို ပြုံးပြရင်းပြောလိုက်သည်။

ရှော့ရှီက ခေါင်းညိတ်ပြလိုက်လေသည်။ သူမသည် ယခင်က

လို အနောက်အပြောင်သန်သည့် ကလေးငယ်လေးတစ်

ယောက်မဟုတ်တော့ပေ။ အတော်ပင် ရင့်ကျက်လာပြီဖြစ်လေသည်။

သူမသည် ဉာဏ်ရည်ထက်မြက်သူဖြစ်သည့်အတွက် အကြောင်းအရာများစွာကို နားလည်သဘောပေါက်လေသည်။ သူမ၏ဆရာသည် သူမထင်ထားသလောက် ကောင်းမွန်မြင့်မြတ်သည့်လူတစ်ယောက်မဟုတ်ခဲ့ပေ။ သူတို့က သူမ၏ဦးလေးကို စုပေါင်းပြီး ဖိအားပေးကာ တိုက်ခိုက်ခဲ့ကြသည်။ ထို့ပြင် သူမ၏ဦးလေးက သူမ၏ဆရာထံမှ သူမကို မရမကခေါ်ထုတ်လာခြင်းမှာ အကြောင်းတစ်ခုတော့ရှိရမည်ဟု တွေးနေမိလေသည်။

သို့သော် သူမက သူမသိချင်သည့်အကြောင်းအရာများကို သူမရင်ထဲတွင်သာ သိမ်းဆည်းထားလိုက်လေသည်။ ဦးလေးဖြစ်သူကို ထုတ်ဖော်မေးမြန်းနေခြင်းမျိုး မလုပ်တော့ပေ။ သူမ

သည် ခုနစ်နှစ်ဆိုသောအချိန်အတွင်းတွင် သူမသည် ဆန်းလျန် ခန့်မှန်းထားသည်ထက်ပိုပြီး ရင့်ကျက်လာခဲ့ပြီဖြစ်လေသည်။

ဆန်းလျန်က ချင်းရွှမ်နတ်တံခါးသို့ အလျှင်စလို မပြန်လိုသေးပေ။ သူက ခေတ္တနားရန်အတွက် နေရာတစ်နေရာ ရှာလိုက်လေသည်။

ဆန်းလျန်က ထုန်ထျန်းတန်ခိုးစွမ်းအားဖြင့် လူ့လောကတွင် သွားလာနေခြင်းဖြစ်လေသည်။ ထို့ကြောင့် နတ်ဘုရားများနှင့် ကျင့်ကြံသူများ အနေဖြင့် ဆန်းလျန်ကို ခြေရာခံနိုင်မည် မဟုတ်ပေ။

ဆယ်ရက်ခန့်ကြာပြီးသည့်နောက်....

ဆန်းလျန်နှင့်ရှော့ရှီသည် မြို့ငယ်လေးတစ်မြို့သို့ရောက်လာခဲ့လေသည်။

ဆန်းလျန်က ရှော့ရှီလေးကို အဝတ်အစားအသစ်များ ဝယ်ပေးလိုက်ပြီး သွေးများစွန်းပေနေသည့် အဝတ်အစားများကို

လဲလှယ်စေလိုက်သည်။ ဆန်းလျန်က သာမန်ချည်ထည် အဝတ်အစားများကို ဝယ်ယူကာ ရှော့ရှီလေးကို ဝတ်ဆင်ပေးလိုက်ခြင်းဖြစ်သော်လည်း ရှော့ရှီလေးသည် လွန်စွာမှ လှပလေသည်။ ပွင့်လန်းတော့မည့် ပန်းလေးတစ်ပွင့်အလားပင် ဖြစ်လေသည်။ လူပေါင်းများစွာကပင် ငေးမောကြည့်ရှုကြရလေသည်။

သို့သော် သူမက လူအများက အကြည့်ခံရသည့်အတွက် ဂရုနြေပျက်မသွားပါ။ နှလုံးသားစည်းချက်ကျင့်စဉ်ကို ကျင့်ကြံခဲ့သူဖြစ်သည့်အတွက် သူမ၏ စိတ်နှလုံးသည် လှိုင်းမထသည့် ကန်ရေပြင်အလား တည်ငြိမ်လေသည်။

အမှန်တော့ သူမက ကျင့်စဉ်များကို သေလုမျောပါးဖြစ်သည် အထိ လေ့ကျင့်ခဲ့သူဖြစ်လေသည်။ ထို့ကြောင့် ကျင့်စဉ်လမ်းတွင် အဆင့်တစ်ခုသို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ဆန်းလျန်တည်းခိုရန်ရွေးခြယ်လိုက်သည့်တည်းခိုရိပ်သာမှာ တစ်ချိန်က သူဦးစီးခဲ့သည့် "အန်းတည်းခိုရိပ်သာ" လောက် ကောင်းမွန်ခြင်းမရှိပါ။ သို့သော် ပြတင်းတံခါးများက ကျယ်ပြန့်ပြီး အလင်းရောင်ကောင်းစွာ ရလေသည်။ ဆန်းလျန် အနေဖြင့် ကျယ်ပြန့်သည့် ပြတင်းတံခါးများမှတစ်ဆင့် မြို့ ငယ်လေး၏ လမ်းမထက်မှအခြေအနေများကိုလေ့လာ၍ရ လေသည်။

မြို့ငယ်လေး၏လမ်းမှာ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင် စိမ်းများ ပေါက်ရောက်နေလေသည်။ သန့်ရှင်းသပ်ရပ်နေပြီး ဆွဲဆောင်မှုရှိသည့် လမ်းလေးတစ်ခု ဖြစ်လေသည်။

ညက မှောင်မိုက်နေလေသည်။

ဆန်းလျန်က ရှော့ရှီကို သူငယ်စဉ်က ကျင့်ကြံခဲ့သည့် စန်းကျူ ကျင့်စဉ်ကို သင်ကြားပေးလေသည်။ ရှော့ရှီ၏ သွေးကြောဆုံ

ချက် အတော်များများမှာ ပွင့်နေပြီသည့်အတွက်ထိုကျင့်စဉ်ကို ကျင့်ကြံရန် မခက်ခဲပေ။

သူမက အသက်ကို ရှူသွင်း ရှူထုတ်လုပ်နေပြီး မိုးမြေစွမ်းအားများက သူမပတ်ဝန်းကျင်တွင် ဝန်းရံနေလေသည်။ ရော့ရှီမှာ မြူနှင်းငွေ့များ ဝန်းရံထားသည့် နတ်သမီးလေးတစ်ပါးနှင့်ပင် တူနေလေသည်။

ညလေပြေလေးက တိုက်ခတ်နေလေသည်။

သစ်ပင်များက လေအဝေ့တွင် ယိမ်းနွဲ့နေကြသည်။

သစ်ပင်များကို လေတိုးသံထွက်ပေါ်နေသည်မှလွဲ၍ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဆန်းလျှန်သည် လရောင်အောက်တွင် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေလေသည်။

ရုတ်တရက်...

ဆန်းလျန်၏မျက်ဝန်းများက ပြတင်းတံခါးအပြင်ဘက်သို့

လှမ်းကြည့်လိုက်လေသည်။

ညလေပြေလေးနှင့်အတူ သင်းပျံ့သည့်ရနံ့တစ်ခုကို ရရှိလိုက်

လေသည်။ ဆန်းလျန်က လမ်းမထက်ရှိ သစ်ပင်များကို စိုက်

ကြည့်နေလေသည်။

တိတ်တဆိတ် ချဉ်းကပ်လာသည့်သူသည် အသံတစ်ချက်ပင်

မထွက်ပေ။

သို့သော် မိုးမြေစွမ်းအားများ အနည်းငယ်ပြောင်းလဲသွား

သည့်အတွက် ဆန်းလျန်က ရိပ်မိလိုက်ခြင်းဖြစ်လေသည်။

သို့သော် အန္တရယ်အငွေ့အသက်တော့ မရမိပေ။

ထိုအချိန်မှာပင်...

လေထဲတွင် အဖြူရောင်ကြာပန်းများ လွင့်မျောလာသည်ကို

တွေ့မြင်လိုက်ရလေသည်။ သိပ်မကြာမီပင် လမ်းမထက်တွင်

ကျောက်ရှောင်ယွီ ပေါ်လာလေသည်။

သူမက မိုးပေါ်သို့ပျံတက်သွားပြီး ဆန်းလျန်နှင့်

မျက်နှာချင်းဆိုင်တွင်ရှိသည့် အိမ်ခေါင်မိုးပေါ်သို့ ပျံဝဲတက်

သွားလေသည်။

နတ်သမီးလေးအလား အမြဲထာဝရ လှပနေသည့် "ကျောက်

ရှောင်ယွီ" ပင် ဖြစ်လေသည်။

သူမ၏ သိမ်မွေ့လှပသည့်အပြုံးသည် အလွန်မှ စွဲမက်စရာပင်

ဖြစ်လေသည်။

ဆန်းလျန်က ရိပ်ခနဲတစ်ချက်လှုပ်ရှားလိုက်ပြီး ကျောက်ရှောင်

ယွီရှိနေသည့် မျက်နှာချင်းဆိုင်ရှိ အိမ်ခေါင်မိုးပေါ်သို့ ရောက်ရှိ

သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်နေလေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ ဆီသို့ လရောင်က နူးညံ့စွာစီး

ဆင်းဖြာကျ နေလေသည်။

"မင်း ကျုပ်ကို ဘယ်လိုရှာတွေ့တာလဲ"

ဆန်းလျန်က မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။

ဆန်းလျန်က သူရှိသည့်နေရာကို ထုန်ထျန်းတန်ခိုးစွမ်းအားဖြင့် ဖုံးကွယ်ထားခြင်းဖြစ်ပြီး လောကနတ်ဘုရားတစ်ပါးပင် သူ့ကို ခြေရာခံနိုင်မည်မဟုတ်ပေ။

ကျောက်ရှောင်ယွီက အဘယ့်ကြောင့် ခြေရာခံနိုင်ရပါသနည်း။

"တန်ခိုးစွမ်းအားသုံးမှ ရှင့်ကိုရှာလို့တွေ့နိုင်မှာလား ဆန်းကျွင်း အရှင်၊ ကြာပန်းကိုးပွင့်ကျောင်းတော်ဆိုတာ ရှင်သိထားတာ ထက်ပိုပြီး လက်တံရှည်ပါတယ်၊ ပြီးတော့ ရှင် လူ့လောကထဲ လျှောက်သွားနေတာ၊ ကျွန်မတို့ ကျောင်းတော်ကလူတွေက ရှင့်ကို မမှတ်မိဘဲ ရှိမလား"

ကျောက်ရှောင်ယွီက ရယ်မောရင်းပြောလိုက်လေသည်။

ထိုအချက်ကို မစဉ်းစားလိုက်မိဘူးဟု ဆန်းလျန်တွေးလိုက် မိသည်။

သူက လူ့လောကသို့ မလာသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် ထိုအချက်ကို မေ့လျော့သွားခဲ့ခြင်းဖြစ်လေသည်။ တန်ခိုးစွမ်းအားဖြင့်ခြေရာခံခြင်းထက် လူသားများဖြင့်ခြေရာခံခြင်းကိုလည်း လျှော့တွက်၍မရပေ။

သို့သော် ဟာကွက်ကို သိရှိသွားလျှင်တော့ အချိန်မီ ပြန်လည်ပြုပြင်ရမည်ဖြစ်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှာ မြောက်ဖျားဒေသတစ်လျှောက်တွင် ဩဇာအာဏာကြီးမားသည့် နတ်ဘုရားဂိုဏ်းတစ်ခုဖြစ်လေသည်။ သို့သော် သူတို့၏လက်တံက လူသားများအားလုံးဆီသို့တော့ ရောက်ရှိနိုင်ခြင်းမရှိပေ။

သို့သော် ကြာပန်းကိုးပွင့်ကျောင်းတော်ကတော့ လူ့လောကတွင် စိမ့်ဝင်နေပြီး လူသားများကို နားများ မျက်စိများအလားအသုံးပြုကာ ခြေရာခံနိုင်လေသည်။ "ရှန်" ဝါဒလမ်းစဉ်ဖြင့်နတ်ဘုရားဖြစ်လာသူများမှာ သူတို့ကိုကိုးကွယ်ဆည်းကပ်ကြ

သည့် လူအများမှတစ်ဆင့် ပတ်ဝန်းကျင်ရှိအဖြစ်အပျက်များ

အားလုံးကို သိမြင်နိုင်လေသည်။

"ကျုပ် ဒီကိစ္စကို သတိလွတ်သွားတယ်"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

"ချစ်ရတဲ့ ဆန်းဂိုဏ်းချုပ်ရယ် ၊ ရှင်တကယ့်ကို တန်ခိုးစွမ်းအား

တွေကြီးမားနေတာပဲ ၊ ထိုက်စုနတ်ဘုရားဂိုဏ်းထဲကိုဝင်ပြီး ထျ

န်းမုန့်နတ်သမီးရဲ့တပည့်ကို သွားခိုးလာတဲ့အပြင် ရှင့်ရဲ့

ကြောက်စရာဓားဝိညာဉ်ကြောင့် ထိုက်စုဂိုဏ်းက နတ်ဘုရား

သုံးပါးကတောင် ရှင့်ကိုမတားဆီးနိုင်ခဲ့ဘူးဆိုပဲ ၊ ရှင်က

တော်တော်နာမည်ကြီးနေတာနော်"

ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

"လျှောက်ပြောမနေစမ်းပါနဲ့ ရှောင်ယွီရယ် ၊ အဲဒါ ကောလဟာလ

တွေပါ ၊ ထိုက်စုနတ်ဘုရားဂိုဏ်းက နတ်ဘုရားသုံးပါးဆိုတာ

လောကနတ်ဘုရားတွေလေ ၊ သူတို့သုံးယောက်လုံးသာပေါင်း

ပြီးတိုက်ခိုက်ရင် ကျုပ်လား အသက်ရှင်လျက် လွတ်လာနိုင်မှာ၊ ကျုပ်က လုကျိုးယွမ်မှ မဟုတ်ဘဲဗျာ"

ဆန်းလျန် ပြုံးရင်းပြောလိုက်လေသည်။

"ကျွန်မက နောက်နေတာပါရှင်၊ ထိုက်စုနတ်ဘုရားဂိုဏ်းမှာ လူတစ်ယောက်က သူ့တူမလေးကို သွားကယ်တယ်ဆိုတဲ့သတင်းကို ကျွန်မရဲ့လူတွေဆီကနေ သတင်းကြားတာပါ၊ သူတို့ပြောတဲ့ပုံအရ အဲဒီလူက ရှင်နဲ့တစ်ပုံစံတည်းပဲ၊ သတင်းကြားကြားချင်း ယုံတောင်မယုံနိုင်ဘူး၊ ဒါပေမယ့် ကောလဟာလတွေ မပျံ့သွားအောင် ကျွန်မထိန်းထားပေးပါတယ်၊ ထိုက်စုနတ်ဘုရားဂိုဏ်းထဲကို ဝင်တဲ့သူက ဆန်းလျန်ဆိုတာ ဘယ်သူမှ မသိကြပါဘူး၊ အများစုကတော့ ထိပ်တန်းဓားတန်ခိုးရှင်တစ်ယောက်က ထိုက်စုနတ်ဘုရားဂိုဏ်းကို လက်စားချေဖို့ ရောက်လာတယ်လို့ပဲ ခန့်မှန်းနေကြတာပါ"

ကျောက်ရှောင်ယွီက ရှင်းပြလိုက်သည်။

ကျောက်ရှောင်ယွီကကောလဟာလများထွက်နေသည့် ထိပ်တန်းဓားတန်ခိုးရှင်မှာ ဆန်းလျန်ဟုတ်မဟုတ် သေချာအောင် လာကြည့်ခြင်းဖြစ်လေသည်။ သူမက ဆန်းလျန်မှာ နတ်ဘုရားသုံးပါး စောင့်ရှောက်နေသည့် ထိုက်စုနတ်ဘုရားဂိုဏ်းမှ တူမလေးကို ကယ်တင်ပြီး အဘယ်သို့ ထိုးဖောက်ထွက်လာခဲ့သည်ကို သိချင်နေမိလေတော့သည်။

အခန်း (၂၇၁)

ထျန်းရှန်းအမိန့်တော်ဂိုဏ်း

ဆန်းလျန်က ကျောက်ရှောင်ယွီ၏ မျက်နှာအမူအရာကိုကြည့်

လိုက်သည်နှင့် သူမစိတ်ထဲတွင် သိချင်နေသည်များကို

ချက်ချင်းရိပ်မိလိုက်သည်။

"ကျုပ်လည်း ကံကောင်းသွားတာပါ၊ တကယ်တော့ ကျုပ်တူမ

လေးကို ခုလိုခေါ်ထုတ်လာဖို့ဆိုတာ ယုံကြည်ချက်တောင် မရှိခဲ့

ပါဘူး"

ဆန်းလျန် သိမ်မွေ့စွာဆိုသည်။

ဆန်းလျန်က ရှော့ရှီလေးရှိရာ တည်းခိုးခန်းအတွင်းသို့ လှမ်း

ကြည့်လိုက်လေသည်။ ရှော့ရှီလေးသည် နတ်သမီးလေး

တစ်ပါးနှင့်တူပြီး အလွန်ချစ်စရာကောင်းလေသည်။ သူမသည်

အပြင်ဘက်တွင်အလွန်တန်ခိုးစွမ်းအားကြီးမားသည့် နတ်မိ

မယ်တစ်ပါးရောက်နေသည်ကို သိရှိခြင်းမရှိပေ။

"ဒါပေမယ့် ရှင်လုပ်နိုင်ခဲ့တာပဲလေ၊ ဒါ တကယ့်ကို မယုံနိုင်

စရာပဲ၊ ရှင့်လိုလူမှ နတ်ဘုရားတစ်ပါးအဖြစ် အဆင့်မတက်နိုင်

ရင် လောကမှာ နတ်ဘုရားဖြစ်တဲ့သူ ရှိမှာမဟုတ်မဟုတ်တော့ဘူး"

ကျောက်ရှောင်ယွီက ပြုံးရင်းပြောလိုက်လေသည်။

"ဒီလိုကြီးတော့ မန္နိုင်းသင့်ပါဘူးဗျာ ၊ ကျင့်စဉ်တွေကို ခဏဖယ်ထားလိုက် ၊ နတ်ဘုရားတစ်ပါးဖြစ်လာဖို့ဆိုတာက ကျင့်ကြံသူတိုင်းရဲ့ နောက်ဆုံးပန်းတိုင်ပဲမဟုတ်လား ၊ ပါရမီရှိတဲ့သူက တရားအလင်းရသွားနိုင်တာပဲလေ ၊ ခက်ခဲတဲ့ကျင့်စဉ်ကိုကျင့်ပြီး နတ်ဘုရားဖြစ်မလာဘဲ သေသွားတဲ့သူနဲ့ လွယ်ကူတဲ့ကျင့်စဉ်ကိုကျင့်ပြီး နတ်ဘုရားဖြစ်သွားတာမျိုးတွေလည်း ရှိတာပဲ မဟုတ်လား ၊ တစ်ထစ်ချကြီး ဆုံးဖြတ်လို့တော့ မရဘူးပေါ့လေ"

ဆန်းလျန်က ခေါင်းတစ်ချက်ခါယမ်းရင်း သူမကို ရှင်းပြလေသည်။

ဆန်းလျှန်က ပွင့်လင်းလွန်းလေသည်။ ဆန်းလျှန်အနေဖြင့် ထိုက်စုနတ်ဘုရားဂိုဏ်းကို ထိုးဖောက်ထွက်လာနိုင်ခဲ့သည်မှာ တစ်ဝက်ကကံကောင်း၍လည်းဖြစ်သလို တစ်ဝက်က သူ၏ကြိုးစားအားထုတ်မှုကြောင့် ဖြစ်လေသည်။ သူကဲ့သို့ သောသူသာ နတ်ဘုရားဖြစ်နိုင်ပြီး အခြားသူများ နတ်ဘုရားမဖြစ်နိုင်ဆိုသည့်စကားဖြင့် ကျင့်စဉ်လမ်းကို ကန့်သတ်၍မှ မရဘဲလေ။

"ရှင်ပြောင်းလဲသွားတယ် သိလား ၊ ရှင်က အရင်ကထက်ပိုပြီး ဆုံးဖြတ်ချက်ခိုင်မာလာတယ် ၊ ရှင့်ကိုယ်ရှင်လည်း ရှင်းရှင်းလင်းလင်းသိမြင်နေပြီ ၊ ရှင့်စကားတွေကလည်း မြင့်မြတ်နေတယ် ၊ ရှင်ဖော့ဝမ့်အဆင့် တက်ရောက်နိုင်သွားပြီ ထင်တယ် ၊ ဒါကြောင့် အမြင်တွေပြောင်းလဲသွားတာ ၊ ပွင့် ပွင့်လင်းလင်းပြောရရင် ဒါတွေကြောင့်ပဲ ကျွန်မရှင့်ကို အမြဲတမ်းလေးစားနေခဲ့တာ ၊ ရှင်က အမြဲတမ်း ကျင့်စဉ်လမ်းနဲ့

ပတ်သက်ရင် အကောင်းမြင်ဝါဒရှိတယ်၊ အေးစက်တဲ့

နှလုံးသားမျိုးမရှိဘဲ ကျင့်စဉ်လမ်းကိုလျှောက်လှမ်းနိုင်တဲ့သူပဲ"

သူမက ချိုမြစွာဆိုလေသည်။

"မင်းပြောတာဟုတ်နိုင်ပါတယ်၊ ဒါနဲ့ မင်း ညကြီးမင်းကြီး

ကျုပ်ဆီရောက်လာတာ၊ ဘာကိစ္စရှိလို့လဲ"

ဆန်းလျန်က မေးလိုက်သည်။

"ကျွန်မက ကိစ္စရှိမှလာရမှာလား..."

ကျောက်ရှောင်ယီက မျက်နှာပျက်စွာဖြင့် ဆိုရှာသည်။

သူမ၏လှပသည့်မျက်နှာလေးတွင် ဝမ်းနည်းကြေကွဲသည့်

အရိပ်အယောင်များ ချက်ချင်းထင်ဟပ်လာလေသည်။

သူမ၏မျက်နှာအမူအရာလေးမှာ သံမဏိနှလုံးသားကို ပိုင်ဆိုင်

သူပင် အရည်ပျော်သွားမည်ဖြစ်လေသည်။

တစ်ခေတ်မှာတစ်ခါ အံ့သြစရာပေါ်ထွက်လာသည့် တန်ခိုးရှင်

တစ်ပါးဖြစ်သည့် ဆန်းလျန်သည် ရုတ်တရက်ပင် မိန်းမလှ

လေးကို ငေးကန် ဖြစ်သွားရလေသည်။ ကျောက်ရှောင်ယို့၏ မျက်နှာမှ ဝမ်းနည်းသည့် အရိပ်အယောင်များကြောင့် ဆန်းလျ န်မှာ စိတ်များပင် လှုပ်ရှားသွားရသည်။ နောက်မှ သတိဝင်ပြီး သူ့ကိုယ်သူ စိတ်တည်ငြိမ်အောင် ပြန်ထိန်းလိုက်ရလေသည်။

"နောက်ဆုံးတော့ ကျွန်မရဲ့အလှတရားကို ရှင် အသိအမှတ်ပြု ပြီပေါ့၊ ရှင်က အမြဲတမ်းတည်ငြိမ်နေတော့ ကျွန်မမှာ ရှင်နဲ့တွေ့ တိုင်း ကိုယ့်ကိုကိုယ်များ မလှလို့လားဆိုပြီး သံသယဝင်နေရ တယ်...."

ကျောက်ရှောင်ယို့က ပြုံးရင်းပြောလိုက်သည်။

"ရှောင်ယို့၊ တစ်ခါတစ်လေကျတော့ မိန်းကလေးတစ်ယောက် က အရမ်းတော်နေပြန်ရင်လည်း မကောင်းဘူးနော်"

ဆန်းလျန် သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်သည်။

ကျောက်ရှောင်ယို့ဆိုသည့်မိန်းကလေးသည် အလွန်မှ လူကဲခတ်တော်ပြီး လှမ်းမိုးနိုင်စွမ်းလည်း မြင့်မားလေသည်။

ထိုအချက်က သူမနှင့်ဆန်းလျန်၏ တူညီသည့်အချက်ပင်ဖြစ်လေသည်။

အစပိုင်းအချိန်များတုန်းက သူမနှင့်ဆန်းလျန်မှာ ရန်သူတွေဖြစ်ကောင်းဖြစ်ခဲ့မည်။ သို့သော် ဆန်းလျန်ကတော့ သူမကိုမုန်းတီးမိခြင်းမရှိပါ။ ထိုမိန်းကလေးကို ရှေ့ဆက်၍လည်း မုန်းနိုင်မည် မဟုတ်ပါ။

"ရှင်နဲ့ယှဉ်လိုက်ရင် ကျွန်မက ဘယ်နေရာများတော်လို့လဲ ၊ အမြဲတမ်းရှင့်ကို ရှုံးခဲ့ရတာပဲလေ..."

ကျောက်ရှောင်ယွီက ပြောလိုက်သည်။

"လော်ဝါဒစည်းဝေးပွဲကြီးမှာ ကျွန်မက လော်ဝါဒရဲ့ သူတော်စင်မိန်းမပျို နေရာကိုယူဖို့ ရှင့်ကို အကူအညီတောင်းခဲ့တာလေ ၊ ရှင်လည်း ကျွန်မကို ကူညီမယ်လို့ ကတိပေးခဲ့တယ် ၊ ဒါပေမဲ့ ရှင်မကူညီချင်တော့ဘူးဆိုရင်လည်း ရပါတယ်နော်"

ကျောက်ရှောင်ယွီက တည်ကြည်လေးနက်စွာဖြင့်ပြောလိုက်သည်။

"လော်ဝါဒစည်းဝေးပွဲကြီးက လေးနှစ်လိုသေးတယ် မဟုတ်လား"

ဆန်းလျန်က မေးလိုက်သည်။

"အင်း... ဟုတ်တယ်၊ ဒါပေမယ့် လော်ဝါဒက ဂိုဏ်းတွေအများကြီး အစိတ်စိတ်အမွှာမွှာ ကွဲနေပြီ၊ ကျွန်မကို ပုန်ကန်တဲ့ ဂိုဏ်းလေးတွေကို ကျွန်မ ကြိုပြီး လက်ဦးမှုရယူထားရမယ်၊ ပြီးတော့ ရှင်က ဒီလောကမှာ ပြိုင်ဘက်ကင်းတဲ့လူတစ်ယောက်၊ အရှိန်အဝါလည်းကြီးတယ်၊ ဒီဂိုဏ်းလေးတွေဟာ ရှင့်အတွက်တော့ အသေးအဖွဲလေးတွေပါ၊ ဒါကြောင့် ရှင် ချင်းရွှမ်ကိုပြန်ရောက်ရင် ကျွန်မကို နည်းနည်းလောက် ကူညီပါလားဟင်၊ အပြန်အလှန်အနေနဲ့ ကျွန်မက ရှင့်တူမလေးကို ပညာသင်ပေးမယ်လေ၊ ချင်းရွှမ်နတ်တံခါးက တာအိုကျင့်စဉ်တွေနဲ့ယှဉ်ရင်

ကျွန်မတို့ ကြာပန်းကိုးပွင့်ကျောင်းတော်က ပညာတွေက ဘာမှ မပြောပလောက်ပါဘူး ၊ ဒါပေမယ့် ထူးဆန်းတဲ့ ပညာနည်းနည်းတော့ရှိပါသေးတယ် ၊ နောက်ပိုင်းမှာ ရှင့်တူမလေး အတွက် အသုံးဝင်မှာပါ ၊ ရှင်လည်း ရှင့်တူမလေးကို တစ်ဘဝလုံးကာကွယ်ပေးနိုင်ဖို့ဆိုတာမဖြစ်နိုင်ဘူးလေ ၊ ဟုတ်တယ်မလား"

ကျောက်ရှောင်ယွီက ပြောလိုက်သည်။

"ကျုပ်ကို အသေးစိတ်ပြောပြပါ ၊ တတ်နိုင်ရင် ကူညီပါ့မယ် ၊ ဒါပေမယ့် အရမ်းတော့ မျှော်လင့်မထားစေချင်ဘူး ၊ အခု ကျုပ်က ဖော့ဝမ့်အဆင့်တက်ရောက်နိုင်ပြီဆိုပေမယ့် ဒဏ်ရာရထားတယ်"

ဆန်းလျန်က လေသံခပ်တိုးတိုးဖြင့်ပြောလိုက်သည်။

"ရှင် ဒဏ်ရာရထားတယ် ဟုတ်လား ၊ ကျွန်မ ဘာလို့ မရိပ်မိရတာလဲ"

ကျောက်ရှောင်ယွီက ထိတ်လန့်တကြားဖြင့်ဆိုသည်။

"ကျုပ်ဒဏ်ရာရတာကို မင်းတို့လိုလူမျိုးတွေ အကုန်ရိပ်မိကုန်ရင် ကျုပ် ဒီလိုတောင် နေနိုင်မှာမဟုတ်ဘူး"

ဆန်းလျန်က ပြောလိုက်သည်။

သူ၏ဒဏ်ရာမှာ အကောင်းဆုံးဆေးဝါးများဖြင့်ပင် သက်သာပျောက်ကင်းနိုင်မည့် ဒဏ်ရာမျိုးမဟုတ်ပေ။

နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်ကို သူအသုံးပြုလိုက်သည့်အချိန်တွင် သူ၏နှလုံးသားတွင် မရဏဓားချက်တစ်ချက်ထိမိသွားလေသည်။ ထို့ကြောင့် မရဏဓားဒဏ်ရာကို သူ၏ဝိညာဉ်စွမ်းအားဖြင့် ဖြည်းဖြည်းချင်းကုသမှသာ ပျောက်ကင်းနိုင်မည် ဖြစ်လေသည်။

သို့သော် ထိုဒဏ်ရာက အဆိုးလည်းဖြစ်သလို အကောင်းလည်းဖြစ်လေသည်။

နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်သည် လောကရှိ ကျင့်စဉ်စွမ်းအားများအားလုံးနှင့် တန်ခိုးစွမ်းအားများအားလုံးထက် သာလွန်လေသည်။ ထိုဓားဝိညာဉ်ကို သူ၏ဝိညာဉ်စွမ်းအားဖြင့် တဖြည်းဖြည်းပေါင်းစပ်သွားအောင်လုပ်ပြီး ဓားဒဏ်ရာကို ကုသရမည်ဖြစ်လေသည်။ ထိုသို့ကုသခြင်းမှာ ကျင့်စဉ်တစ်ခု ကျင့်ကြံသကဲ့သို့ ဖြစ်သွားပြီး နတ်သက်ခြွေဓားသိုင်းကို အဆင့်တက်သွားစေမည် ဖြစ်လေသည်။

နတ်သက်ခြွေထားသိုင်းအဆင့်တက်သွားပါက မျက်ဝန်းမှ အကြည့်တစ်ချက်ဖြင့်ပင် လူသတ်နိုင်သည့် ဆရာတစ်ဆူ ဖြစ်သွားနိုင်လေသည်။ "နှလုံးသားထဲမှဓားသွား" ဟု ခေါ်ဆိုနိုင်သည့် ထိပ်တန်းဓားသိုင်းပညာတစ်ခုကိုရရှိမည် ဖြစ်လေသည်။

"ရှင် ဒဏ်ရာရထားတယ်ဆိုတော့ ချင်းရွှမ်ကိုရောက်တဲ့အထိ ကျွန်မကိုယ်တိုင် စောင့်ရှောက်ပြီး လိုက်ပို့ပေးမယ်လေ..." ကျောက်ရှောင်ယွီက အလေးအနက်ပြောလိုက်ခြင်းဖြစ်သည်။

သူမက ဆန်းလျန်အတွက် အမှန်တကယ် စိတ်ပူနေခြင်း ဖြစ်လေသည်။

သူမ၏စကားသည် ဆန်းလျန်၏ နှလုံးသားကို ထိရှသွားစေလေသည်။ ထိုမိန်းမပျိုနှင့် ခင်မင်ခဲ့ရသည်ကို ဆန်းလျန် တစ်ဘဝလုံး မေ့နိုင်တော့မည် မဟုတ်ပေ။

"ကျုပ်တကယ်လိုအပ်ရင် မင်းပေးတဲ့အကူအညီကို မငြင်းပါဘူး ၊ ဒါပေမယ့် အခု ကျုပ်အဆင်ပြေပါတယ်ဗျာ ၊ မင်းလိုအပ်တဲ့ အကူအညီကိုသာ ကျုပ်ကိုပြောပြပါ ၊ ချင်းရွှမ်ပြန်ရောက်မှ မဟုတ်ပါဘူး ၊ အခုလည်း ကူညီပေးနိုင်ပါတယ် ၊ ဖော့ဝမ့်အဆင့်တက်ရောက်နိုင်ပေမယ့် နတ်ဘုရားအဆင့်က ဘယ်တော့မှ တက်ရောက်နိုင်မလဲ မသိသေးဘူး ၊ ကျုပ်က ရှော့ရှီလေးကိုပဲ အဆင်ပြေစေချင်တာပါ ၊ သူ့အတွက် ချင်းရွှမ်က ဆရာသခင်တွေနဲ့လည်း ပြန်ပြီးတိုင်ပင်ရဦးမယ်လေ"

ဆန်းလျန်က ဖြေးညင်းစွာပြောလိုက်သည်။

နတ်ဘုရားတစ်ပါးအဖြစ်တက်ရောက်ရန်မှာ ခန့်မှန်း၍ခက်လှ လေသည်။ အချို့သူများမှာ နှစ်ပေါင်းရာနှင့်ချီပြီး အခန်းပိတ် ကျင့်ကြံရင်း တရားအလင်းပွင့်သွားတတ်ပြီး အချို့မှာတော့ ဓားကိုဆွဲကိုင်ကာ ရန်သူများနှင့် တိုက်ခိုက်ရင်း တရားအလင်း ပွင့်သွားကြသည်လည်းရှိလေသည်။ အချို့သူများမှာ မည်မျှ ပင်ကျင့်ကြံသည့်တိုင် သေသည်အထိပင် တရားအလင်းမရကြ သည်လည်း ရှိလေသည်။

ဆန်းလျန်မှာ တရားအလင်းပွင့်ကာ နတ်ဘုရားတစ်ပါးဖြစ်ချင် နေသည်မှာ တစ်ပိုင်းသေနေပြီဖြစ်လေသည်။ သို့သော် အလျင် လို၍မရကြောင်းလည်း သူသိနေလေသည်။

သို့သော်.... အရာရာကို အဆင်သင့်ပြင်ထားနိုင်လျှင်တော့ အခွင့်အရေးရသည်နှင့် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက် ရောက်နိုင်မည် ဖြစ်လေသည်။

ထို့ပြင် ကျောက်ရှောင်ယွီနှင့် မိတ်ဆွေဖွဲ့ထားခြင်းက ချင်းရှမ်နတ်တံခါးအတွက်လည်း အကျိုးမယုတ်နိုင်ပေ။

ထုန်ထျန်းတန်ခိုးစွမ်းအားဖြင့် ခြေရာဖျောက်ထားသည့် ဆန်းလျန်ကို မရ ရအောင် ခြေရာခံနိုင်သည့် ကျောက်ရှောင်ယွီ၏ ကြာပန်းကိုးပွင့်ကျောင်းတော်ကို လျှော့တွက်၍မရပေ။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းကိုရင်ဆိုင်သည့်အခါ ကြာပန်းကိုးပွင့်ကျောင်းတော်က သတင်းအချက်အလက်ပိုင်းဆိုင်ရာတွင် များစွာအထောက်အကူရနိုင်လေသည်။

ထို့ပြင် သူတို့သည် ယောကျ်ားလေးနှင့် မိန်းကလေးဖြစ်ခြင်းကို ကျော်လွန်ပြီး လှပသည့်သံယောဇဉ်များရှိခဲ့ကြပြီဖြစ်သည်။ သူတို့၏ခင်မင်မှုက အရှုံးအမြတ်တွက်ချက်ထားသည့် ခင်မင်မှုမျိုး မဟုတ်ပါ။ သို့သော် သူူတို့၏ ခင်မင်မှုက အရောင်မဆိုးသော ဖြူစင်ကြည်လင်သည့် ခင်မင်မှုဖြစ်လေသည်။

"ကောင်းပြီလေ ၊ ကူညီရမှာက မကောင်းတဲ့အလုပ်တော့

မဟုတ်ပါဘူး ၊ ရှင်ရှိနေတော့ ကျွန်မလည်းအားရှိတယ်လေ ၊

အမှားအယွင်းလည်း မရှိနိုင်တော့ဘူးပေါ့ ၊ ကျွန်မရဲ့ ဂိုဏ်းခွဲ

ဆယ့်ငါးခုလောက် လောလောဆယ် အနှိမ်နင်းခံလိုက်ရတယ် ၊

အဲဒါကိုနောက်ကွယ်ကကြိုးကိုင်တဲ့သူက ထျန်းရှန်းအမိန့်တော်

ဂိုဏ်းပဲ"

ဂိုဏ်းခွဲဆယ့်ငါးခုအနှိမ်နင်းခံလိုက်ရသည်ဆိုသော်လည်း

ကျောက်ရှောင်ယွီက စိတ်အနှောက်အယှက် ဖြစ်သည့်ပုံ မပေါ်

ပေ။ သို့သော် ကျောက်ရှောင်ယွီဆိုသည်က ကြာပန်းကိုးပွင့်

ကျောင်းတော်မှ သူတော်စင်မိန်းမပျိုဖြစ်ပြီး စိတ်ခံစားချက်

များကို ဖော်ပြတတ်သူ မဟုတ်ပေ။

"ကျုပ်သိသလောက် ထျန်းရှန်းအမိန့်တော်ဂိုဏ်းက ဟိုးအရင်

ကတည်းက ပျက်စီးသွားပြီမဟုတ်ဘူးလား ၊ အဲဒီဂိုဏ်းမှာ ဟိုင်

သန်းအဆင့်ကျင့်ကြံသူတစ်ယောက်ပေါ်ထွက်ခဲ့တာ လွန်ခဲ့တဲ့

နှစ်နှစ်ရာလောက်က နောက်ဆုံးပဲလေ ၊ သူတို့က မင်းကို ဘယ်လိုလုပ် ဆန့်ကျင်ရဲရတာလဲ"

ဆန်းလျန်က သိချင်စိတ်ဖြင့်မေးလိုက်သည်။

ကျောက်ရှောင်ယွီသည် ပါရမီရှင်တစ်ဦးဖြစ်လေသည်။ သူမ၏ကျင့်စဉ်လမ်းအဆင့်တိုးတက်မှုသည် အလွန်လျှင်မြန်ပြီး ကြာပန်းကိုးပွင့်ကျောင်းတော်၏ ဘိုးဘွားဆရာသခင်များထက်ပင် သာလွန်လေသည်။ သူမသည် ဒဏ္ဍာရီထဲမှ မိုးကောင်းကင်နတ်ဘုရားတစ်ပါး ပြန်လည်လူဝင်စားသည်ဟုပင် ပြောဆိုနိုင်လောက်သည်။

တာ့ကျိုးတိုင်းပြည်ဘုရင်မကြီးနှင့် သူမ၏တိုက်ပွဲတွင် ဆန်းလျန်ကြောင့် သူမအကြံအစည်များ ပျက်စီးခဲ့ရသလို ယွဲ့ထော်တိုင်းပြည်တွင်လည်း ဆန်းလျန်ကို အရှုံးပေးခဲ့ရသည့်တိုင် သူမ၏ကျင့်စဉ်လမ်းသည် အဆက်မပြတ် မြင့်တက်လျှက်ရှိလေသည်။ အနေးနှင့်အမြန်မှာပင် "ရှန်" လမ်းစဉ်ဖြင့် နတ်

ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်တော့မည့်

အနေအထားဖြစ်လေသည်။

သူမ၏ လျှို့ဝှက်ဆန်းကျယ်ပြီး ခန့်မှန်းရခက်သည့် တန်ခိုး

စွမ်းအားများကို ဆန်းလျှန်ခံစား၍ရနိုင်လေသည်။

အခန်း (၂၇၂)

ကျောက်ဘုရားမြစ်ဆုံ

ကျောက်ရှောင်ယွီက သူမနဖူးပေါ်ကျနေသည့် ဆံပင်လေးများ

ကို သပ်တင်လိုက်သည်။

သူမ၏မျက်နှာကို ဘေးတိုက်အနေအထားတွေ့မြင်နေရ

သည်မှာ လွန်စွာမှပင် ချောမောလှပလွန်းလေသည်။ ည

လေအေးကတိုက်ခတ်လိုက်သည့်အချိန် သူမ၏ဝတ်ရုံလေးက

အနည်းငယ်လွင့်သွားသည့်အတွက် ခြေသလုံးဖြူဖြူလေးများ

ကို မြင်တွေ့လိုက်ရသည်။ ထိုခြေထောက်လေးများသည်ပင်

ဦးညွတ်ကိုးကွယ်ချင်စရာ ကောင်းလောက်အောင် လှပလွန်း

လေသည်။

အလွန်မှ ကျက်သရေရှိသည့်အလှတရားမျိုးကို မြင်တွေ့ရ

သည့်တိုင် ဆန်းလျန်၏စိတ်အစဉ်တွင် သူမအပေါ်တွင် ရမ္မက်

ဆန္ဒဖြင့် တပ်မက်ခြင်းမရှိခဲ့။ ရိုးသားဖြူစင်လျှက်ရှိနေဆဲပင်။

ကျောက်ရှောင်ယွီက မသိမသာသက်ပြင်းတစ်ချက်ချလိုက်

ရင်း...

"ထျန်းရှန်းအမိန့်တော်ဂိုဏ်းက တကယ်တော့ ဘာမှမဟုတ်ပါ

ဘူး ၊ ဒါပေမယ့် မကြာခင်ကပဲ ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှာ

စွမ်းအားကြီးမားတဲ့ ထူးဆန်းတဲ့မိန်းကလေးတစ်ယောက်

ပေါ်ထွက်လာတယ်၊ သူမက တန်ခိုးစွမ်းအားကြီးမားရုံတင်

မကဘူး သူမရဲ့ဇာစ်မြစ်က ကျွန်မကို ထိတ်လန့်စေတယ်"

"သူ့ရဲ့ဇာစ်မြစ်က ဘာမို့လို့လဲ"

ဆန်းလျန်က မေးလိုက်သည်။

"ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှာလွှတ်ထားတဲ့ ကျွန်မရဲ့လူသုံး

ယောက်ကို သူမက ရှာတွေ့သွားတယ်၊ အဲဒီနောက်တော့ ကျွန်မ

ကို စပြီးဆန့်ကျင်တော့တာပဲ၊ ကျွန်မသာ ဝိညာဉ်စွမ်းအားမ

ကောင်းရင် သူ့ကြောင့် ဒဏ်ရာတောင်ရသွားနိုင်တယ်၊ ဒါနဲ့

သူမရဲ့ ကျင့်စဉ်ကို လေ့လာကြည့်လိုက်တော့ ချင်းချိုးက

ဆင်းသက်လာတာပဲ"

ကျောက်ရှောင်ယွီက မဲ့ပြုံးတစ်ချက်ပြုံးရင်း ပြောလိုက်လေ

သည်။

သူမ၏ဘဝတွင် အန္တရယ်ပေါင်းများစွာကို ရင်ဆိုင်ခဲ့ရလေသည်။ ယခုရင်ဆိုင်ရသည့် ပြဿနာမှာလည်း သူမအတွက်ဘာမှမပြောပလောက်ပေ။ သို့သော် သူမက အရှုံးကိုတော့ရင်မဆိုင်ချင်ပေ။ သူမ ရှုံးနိမ့်ခဲ့သည်ဆိုသည့်အချက်ကို သူမလက်မခံနိုင်ခဲ့ပေ။ အထူးသဖြင့် ထိုမိန်းမပျိုရော သူမပါ လော်ဝါဒဂိုဏ်းခွဲမှ ဆင်းသက်လာသည့်သူများဖြစ်ကြသည့်အတွက်သူမက ပိုပြီး မခံချင်ဖြစ်နေရလေသည်။

ချင်းချိုးဆိုသည်က ရှေးအချိန်ကြာမြင့်စွာကတည်းက တည်ရှိခဲ့သည့် နတ်ဘုရားများနေထိုင်သည့် နတ်ဘုရားတောင်တစ်ခုဖြစ်လေသည်။

သို့သော် ချင်းချိုးသည် အခြားသော နတ်ဘုရားတောင်များဖြစ်သည့် ဖိန်လိုင် ၊ ဖန်းကျန့်နှင့် ယင်ကျိုးတို့နှင့်မတူဘဲအနည်းငယ်ကွဲပြားလေသည်။ ချင်းချိုးမှာ မြေခွေးနတ်ဘုရားမျိုးနွယ်များနေထိုင်သည့်နေရာဖြစ်လေသည်။ ဆန်းလျန်

သင်ယူခဲ့သည့် ထုန်ထျန်းကျင့်စဉ်ကို ရေးသားခဲ့သည့် နတ်ဒေဝါမြေခွေးမှာ ချင်းချိုးမှ ဆင်းသက်လာသူတစ်ယောက်ဖြစ်လေသည်။

"ခုခေတ်မှာ ချင်းချိုးကဆင်းသက်လာတဲ့သူဆိုတာ တော်တော်ရှားသွားပြီပဲ ၊ ချင်းချိုးက ကျင့်စဉ်ပညာကို အသုံးပြုတယ်ဆိုရင်တောင် ချင်းချိုးကတော့ မဖြစ်နိုင်လောက်ဘူး"

ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်ပင်လျှင် နတ်ဒေဝါမြေခွေး၏ စာတမ်းရှည်ကိုဖတ်ကာ ထုန်ထျန်းကျင့်စဉ်ကို သင်ယူခဲ့သည့်တိုင် သူကိုယ်တိုင်က ချင်းချိုးမှ ဆင်းသက်လာသည့်သူမဟုတ်ပေ။

"ရှင်ပြောတာဖြစ်နိုင်ပါတယ် ၊ ဒါပေမယ့် သူမရဲ့ကျင့်စဉ်တွေက မြေခွေးနတ်ဘုရားတွေသာ ကျင့်ကြံနိုင်တဲ့ ကျင့်စဉ်တွေပဲ ၊ မြေခွေးနတ်ဘုရားဆိုတာတောင်မှ နတ်ဒေဝါမြေခွေးအဆင့်

ရောက်နိုင်တဲ့ မြေခွေးနတ်ဘုရားတွေသာ ကျင့်ကြံနိုင်တဲ့ ကျင့်စဉ်မျိုးကို သူမက ကျင့်ကြံထားတာ"

ကျောက်ရှောင်ယွီက လျို့ဝှက်ချက်ကို ဖွင့်ပြောပြလိုက်လေသည်။

ကျောက်ရှောင်ယွီ၏ အသိပညာကြွယ်ဝမှုမှာ ဆန်းလျှန်ထင်ထားသည်ထက်ပင် သာလွန်နေလေသည်။ ကျောက်ရှောင်ယွီ၏ စွမ်းဆောင်နိုင်မှုမှာ အစိကနတ်ဘုရားကျောင်းတော်ကြီးလေးမှ အသိပညာများနှင့်ပင် ယှဉ်ပြိုင်နိုင်လုနီးပါးဖြစ်လေသည်။

ရှေးခေတ်အချိန်အခါကတည်းက လောကတစ်ခွင်တွင် နတ်ဘုရားများ ၊ တန်ခိုးရှင်များ ၊ တရားဟောကြားပြသသူများနှင့် သူတော်စင်များ များစွာ ပေါ်ထွက်ခဲ့လေသည်။ နောက်ပိုင်းတွင် တာအိုကျင့်ကြံသူများမှ အစပြုပြီး ကျင့်ကြံသူဂိုဏ်းပေါင်းများစွာ ပေါ်ထွက်လာခဲ့လေသည်။ ဤသည်မှာ ယဉ်ကျေးမှု ဖွံ့ဖြိုး

တိုးတက်လာခြင်းပင်ဖြစ်လေသည်။ ယခုဆန်းလျန်ရောက်ရှိ

နေသည့် လောကသည် သူ၏အတိတ်ဘဝက နေခဲ့ဖူးသည့်

ခေတ်ပေါ်ကမ္ဘာနှင့် တစ်ခုမဟုတ်တစ်ခု ဆက်စပ်နေသည်ဟု

သေချာသည်ထက် သေချာလာမိလေသည်။

ကျောက်ရှောင်ယွီမှာလည်း တန်ခိုးစွမ်းအားကြီးမားသည့်

ပုဂ္ဂိုလ်တစ်ယောက်ထံမှ တစ်စုံတစ်ခုကို အမွေဆက်ခံလာခဲ့

သည့် မိန်းကလေးတစ်ယောက် ဖြစ်နိုင်လေသည်။ ထို့ကြောင့်

သူမသည်လည်း အသိဉာဏ်ပညာများ အလွန်ပြည့်ဝနေရခြင်း

ဖြစ်သည်ဟု ခန့်မှန်းကြည့်နိုင်လေသည်။

သို့သော် မည်မျှပင် အသိပညာကြွယ်ဝသူဖြစ်ပါစေ နတ်ဘုရား

တစ်ပါးဖြစ်လာရန်အတွက်တော့ ကိုယ့်အားကိုယ်ကိုးပြီး

ကိုယ်တိုင်ကြိုးစားမှသာ ရမည်ဖြစ်လေသည်။

"ဒါဖြင့် ကျုပ်မင်းနဲ့အတူ လိုက်ပြီးကူညီပေးပါ့မယ်"

ဆန်းလျန် ပြောလိုက်လေသည်။

....

ကျောက်ဘုရားမြစ်ဆုံ...

ကျောက်ဘုရားမြစ်ဆုံဆိုသည်က ယွမ်ကျိုးနယ်အလယ်ပိုင်း တွင်တည်ရှိသည့် နေရာတစ်ခုဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ကောင်းကင်မှ ကျောက်ဘုရားဆင်းတုတော်ကြီးတစ်ဆူ ဆင်းသက်လာပြီး မြစ်သုံးစင်းဆုံစည်းရာ မြစ်ဆုံအရပ်ရှိ ကျောက်ဆောင်ကြီး ထိပ်တွင် စံပယ်တော်မူခဲ့လေသည်။ ထိုအချိန်မှစတင်ပြီး ထို ဒေသကို ကျောက်ဘုရားမြစ်ဆုံဟု ခေါ်ဆိုခဲ့ကြလေသည်။

ထျန်းရှန်းအမိန့်တော်ဂိုဏ်း၏ ဌာနချုပ်သည် ကျောက်ဘုရား မြစ်ဆုံ တစ်နေရာတွင် တည်ရှိလေသည်။

"မင်းပြောတော့ ဒီမှာ မင်းရဲ့ရန်သူကို လာရှာတယ်လည်း ပြော သေးတယ် ၊ ဘာလို့ မင်းနဲ့အတူ မင်းရဲ့လူတွေကို ခေါ်မလာရ တာလဲ"

ဆန်းလျန်က မေးလိုက်သည်။

ကျောက်ရှောင်ယွီက ရယ်မောလိုက်ရင်း...

"နတ်စစ်သည်တစ်သန်းလောက် အစွမ်းကြီးမားတဲ့ ရှင့်လို ဆရာကြီးတစ်ပါး ပါနေမှတော့ ကျွန်မက ဘယ်သူ့ကို ခေါ်ရဦးမှာလဲရှင့်၊ ထိုက်စုနတ်ဘုရားဂိုဏ်းကနေတောင် တစ်ယောက်တည်း တိုက်ခိုက်ပြီး ဖောက်ထွက်လာတဲ့ ကျွန်မရဲ့ ဆန်းဂိုဏ်းချုပ်တစ်ယောက်လုံး ကျွန်မနဲ့အတူ ရှိနေပြီပဲလေ"

သူမ၏စကားကြောင့် ဆန်းလျန်မျက်နှာတစ်ခုလုံးမဲမှောင်သွားပြီး တံတွေးပင် သီးသွားရလေသည်။

ရော့ရှီမှာတော့ ပတ်ဝန်းကျင်တစ်ခုလုံးကို စိတ်ဝင်တစား ငေးမောကြည့်ရှုနေလေသည်။

သူမမှာ အပြင်သို့ မထွက်ရသည်မှာ ကြာပြီဖြစ်သည့်အတွက် ဦးလေးဖြစ်သူနှင့် ယခုကဲ့သို့ ခရီးထွက်နေရသည်ကို အလွန်ပျော်ရွှင်နေမိလေသည်။ သို့သော် ကျောက်ရှောင်ယွီဆိုသည့်

မမကြောင့်တော့ သူမက အနည်းငယ် စိတ်ကသိကအောက်ဖြစ်

နေရလေသည်။

ဆန်းလျန်၏မျက်နှာတွင် အဝါရောင်အလင်းတန်းတစ်ခု

ရုတ်တရက်လင်းလက်သွားပြီး ကျန်းမာရေးကောင်းပုံမရသည့်

အသက်သုံးဆယ်အရွယ် အမျိုးသားတစ်ဦးအသွင် ပြောင်းလဲ

သွားလေသည်။

ကျောက်ရှောင်ယွီကတော့သူမ၏ လှပလွန်းသည့်မျက်နှာလေး

ကို မျက်နှာဖုံးဇာပုဝါဖြင့် ဖုံးအုပ်ထားလေသည်။

ရော့ရှီလေးမှာ ပျိုဖော်ဝင်စအရွယ် ဆယ့်နှစ်နှစ်ခန့်ရှိပြီဖြစ်

သဖြင့် သူတို့သုံးယောက်ကို ကြည့်ရသည်မှာ ခရီးထွက်လာ

သည့် မိသားစုတစ်စုနှင့် ဆင်တူနေလေသည်။

မိန်းကလေးများမှာ ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်သည့်

ဓလေ့ရှိသည့်အတွက် အသက်နှစ်ဆယ့်ခုနစ် ၊ နှစ်ဆယ့်ရှစ်

အရွယ်မိန်းကလေးတစ်ယောက်က အသက်ဆယ်နှစ်အရွယ် သမီးတစ်ယောက်ရှိသည်မှာ မဆန်းလှပေ။

သူတို့သုံးယောက်လုံးက လေတွင်ပျံသန်းသွားလာနိုင်သူများ ဖြစ်ကြလေသည်။ သို့သော် မပျံသန်းချင်သူက ဆန်းလျန်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ရှော့ရှီလေးမှာ အပြင်လောကတွင် ခရီးထွက်လည်ပတ်ရခြင်းမရှိသည်မှာ ကြာပြီဖြစ်သည့်အတွက် ဆန်းလျန်က ရှော့ရှီလေးကို ကမ္ဘာလောကကြီးကို ပြသချင်၍ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်က ပျံသန်းခြင်းမပြုဘဲ လမ်းလျှောက်ခရီးနှင်ရန် အကြံပေးလိုက်ခြင်းဖြစ်လေသည်။

ရှော့ရှီလေးကတော့ လမ်းတစ်လျှောက်လုံး ဆန်းလျန်သင်ကြားပေးသည့် ကျင့်စဉ်များကို လေ့ကျင့်ရင်း လိုက်ပါလာခဲ့လေသည်။

နှလုံးသားစည်းချက်ကျင့်စဉ်မှာ ဝိညာဉ်စွမ်းအားမြှင့်တင်သည့် ကျင့်စဉ်ဖြစ်လေသည်။ ရှော့ရှီ၏ သွေးကြောဆုံချက်များ အားလုံးကို ဖွင့်ရန်အတွက် အတွင်းအားကျင့်စဉ်ကိုသာ စတင် သင်ကြားပေးရမည်ဖြစ်သော်လည်း ထျန်းမုန့်နတ်သမီးက နှလုံးသားစည်းချက်ကျင့်စဉ်ကို စတင်သင်ကြားပေးထားလေ သည်။ အဘယ်ကြောင့် ထျန်းမုန့်နတ်သမီး ထိုသို့ပြုလုပ်ရ သည်လဲ ဆန်းလျန် နားမလည်သေးပါ။

ယခုတော့ ဆန်းလျန်က ရှော့ရှီကို အတွင်းအားကျင့်စဉ်ကို ပြန်လည်သင်ကြားပေးထားလေသည်။ ရှော့ရှီလေးမှာ ဉာဏ် ရည်ထက်မြက်သူဖြစ်သည့်အတွက် ကိုယ်တွင်းမှစွမ်းအားကို မိုးမြေစွမ်းအားနှင့်ဆက်သွယ်နိုင်ပြီး ချောင့်တုန့်အဆင့်သို့ပင် ရောက်ခါနီးပြီဖြစ်လေသည်။

သိပ်သည်းသည့် တန်ခိုးစွမ်းအားများရရှိရန်အတွက် ရှော့ရှီ လေးမှာ ခြေတစ်လှမ်းသာလိုတော့သည်။

ဆန်းလျန်က ရှော့ရှီလေးကို အတင်းအဓမ္မ သင်ကြားပြသပေး ခြင်းမျိုးမရှိပေ။

သူက ရှော့ရှီလေးကို သူမ၏ ကိုယ်ခန္ဓာဖွဲ့စည်းပုံနှင့် တန်ခိုး စွမ်းအားအကြောင်းကို သေသေချာချာရှင်းပြခဲ့ပြီး နှလုံးသား စည်းချက်ကျင့်စဉ်ကို သူမ၏စိတ်ဆန္ဒအတိုင်းသာ ရပ်တန့်စေ ခဲ့သည်။ သို့သော် နှလုံးသားစည်းချက်ကျင့်စဉ်၏ထူးခြားချက် မှာ ကျင့်ကြံခြင်းကို ရပ်တန့်ထားသည့်တိုင် ကျင့်စဉ်က ရပ်တန့် မသွားဘဲ နှေးကွေးသည့်အရှိန်ဖြင့် ဆက်လက်မြင့်တက်နေဆဲ ဖြစ်လေသည်။

ရှော့ရှီလေးက ဆရာဖြစ်သူ ထျန်းမုန့်နတ်သမီးကို အိပ်မက်ထဲ တွင် အမြဲတမ်းတွေ့နေရသည်ဟု ပြောလေ့ရှိလေသည်။

ထိုသို့ဖြစ်ရသည်မှာ နှလုံးသားစည်းချက်ကျင့်စဉ်ကြောင့် ဖြစ် ရသည်ကို ဆန်းလျန်သိလေသည်။ သို့သော် ထိုကျင့်စဉ်မှာ နှလုံးသားဗဟိုချက်တွင် ရှိနေသည်ကို ဆန်းလျန်သိရှိလိုက်

သည့်အတွက် လောလောဆယ် ပြဿနာမရှိနိုင်သေးကြောင်း ဆန်းလျန် သိလိုက်သည်။

သူက နှလုံးသားစည်းချက်ကျင့်စဉ်တစ်ခုလုံး၏ ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ချန်းရွှမ်နတ်တံခါးသို့ ပြန်ရောက်မှသာ နည်းလမ်းရှာတော့မည်ဟု ဆုံးဖြတ်ထားလေသည်။ ထိုက်ဝေ့ ထိုင်ခန်းမဆောင်တွင် အဖြေတစ်ခုတော့ ရှိလေမလားဟု မျှော်လင့်ထားမိသည်။

သို့သော် ဆန်းလျန်မှာထိုက်ဝေ့ထိုင်ခန်းမဆောင်မှ ကျမ်းစာများအားလုံးကို ဖတ်ပြီးသွားပြီဖြစ်သည့်အတွက် သိပ်တော့ မျှော်လင့်ချက်မရှိလှပေ။ ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင် နှလုံးသားဗဟိုချက်နှင့်ပတ်သက်ပြီး ရေးသားခဲ့သည့်ဆရာ သခင်တစ်ယောက်မှ မရှိခဲ့ပေ။ နှလုံးသားဗဟိုချက်သည် နတ်ဘုရားများပင် ထိတွေ့နိုင်ခြင်းမရှိသည့် နေရာတစ်ခုဖြစ်လေသည်။

ကျောက်ဘုရားမြစ်ဆုံသည် မြစ်သုံးခုပေါင်းဆုံရာ မြစ်ဆုံဒေသဖြစ်ပြီး ဝိညာဉ်စွမ်းအားများဖြင့် ပြည့်ဝနေလေသည်။ မြစ်မကြီးနှင့် မြစ်လက်တက်များမှာ နဂါးသွေးကြောများကဲ့သို့ဖြစ်လေသည်။ ကျောက်ဆောင်ထက်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးတွေ့နိုင်ပြီး မြစ်သုံးခုမှ နဂါးသုံးကောင်က ဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်ထားသည့်အလားပင် ဖြစ်လေသည်။

နှစ်ပေါင်းများစွာ မိုးဒဏ် လေဒဏ်များခံခဲ့ရသည့်တိုင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် မပြောင်းလဲ မပျက်စီးဘဲ ကျောက်ဆောင်ကြီးထက်တွင် ကိန်းဝပ်စံပယ်တော်မူနေလေသည်။ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော် ၊ ခန္ဓာကိုယ်တော်နှင့် ခြေဖဝါးတော်တို့မှအစ နတ်ဘုရားများထုလုပ်ထားသည့်အလား အသက်ဝင်လှလေသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ သပ္ပါယ်လှသည့်အတွက် မြင်ရသူ တိုင်း လက်အုပ်ချီမိုး ရှိခိုးကန်တော့ခြင်း မပြုဘဲ မနေနိုင်ကြ ပေ။

ထို့ကြောင့် လမ်းတစ်လျှောက်တွင် ဘုရားဖူးခရီးသွားများစွာကို တွေ့နိုင်လေသည်။

ထို့ကြောင့် ဆန်းလျန်တို့သုံးယောက်မှာလည်း ခရီးသွားများနှင့် ရောနှောကာ သွားလာနေကြလေသည်။

ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှာ ထိုကဲ့သို့ ပတ်ဝန်းကျင်ကောင်း တွင် တည်ရှိသည့်တိုင် လွန်ခဲ့သည့် နှစ်များအတွင်းတွင် အလွန် ကျဆင်းသည့်အခြေအနေသို့ရောက်လာခဲ့လေသည်။

ခရီးသွားများက ဆန်းလျန်တို့သုံးယောက်ကို ကွက်ကြည့် ကွက် ကြည့် လုပ်သွားကြလေသည်။

ခရီးသွားတစ်ယောက်က...

"မင်းတို့ ဒီကို ဘာလာလုပ်ကြတာလဲ"

ဟု မေးလိုက်လေသည်။

"ထျန်းရှန်းအမိန့်တော်ဂိုဏ်းကို လာရှာတာ"

ဟု ကျောက်ရှောင်ယွီက တီးတိုးပြန်ဖြေလိုက်သည်။

ခရီးသွားက သူတို့သုံးယောက်ကို ကြည့်နေလေသည်။

ဆန်းလျန်မှာ အမှန်တကယ် နေမကောင်းသည့်ပုံပေါက်နေလေ

သည်။ သို့သော် သူ၏ကျောထက်တွင် ဓားတစ်လက်လွယ်ထား

လေသည်။ သူ့ပုံစံက လွယ်မည့်ပုံမပေါ်ပေ။

မိန်းကလေးငယ်လေးမှာ ချစ်စရာကောင်းသော်လည်း

မျက်ဝန်းများက စူးရှတောက်ပနေလေသည်။

မျက်နှာကို ဇာပုဝါအုပ်ထားသည့် အမျိုးသမီးကတော့ အလွန်မှ

မောက်မာပုံရပြီး သာမန်လူတစ်ယောက် ဟုတ်ပုံမပေါ်ပေ။

ထို့ကြောင့် သူက အခြားနေရာသို့ အမြန်ထွက်သွားပြီး သူတို့

အကြောင်းကို အခြားသူများကိုသွားပြီး ပြောလေသည်။

"မမရှောင်ယွီ ၊ မမက ခြံပုတ်ကိုရိုက်ပြီး မြွေထွက်လာအောင်ခြောက်လှန့်နေတာလား"

ရှော့ရှီက မေးလိုက်လေသည်။

ကျောက်ရှောင်ယွီက ရှော့ရှီ၏ပါးလေးကို အသာအယာလိမ်ဆွဲလိုက်ပြီး...

"သမီးရဲ့ဦးလေးပေါ့ ၊ မမကို ဒီလိုလုပ်ရမယ်လို့ သင်ပေးထားတာ ၊ မမတို့က ခြံပုတ်ကို ရိုက်နေတာတော့ဟုတ်တယ် ၊ ဒါပေမယ့် မြွေထွက်လာမှာတော့မဟုတ်ဘူး ၊ ဒီထျန်းရှန်းအမိန့်တော်ဂိုဏ်းဆိုတာကလေ မြွေမဟုတ်ဘူး သိလား ၊ တီကောင်လေးတွေ"

ကျောက်ရှောင်ယွီက ရှော့ရှီလေးကို ခပ်တည်တည်နှင့် ပြန်ပြောလိုက်လေသည်။

အခန်း (၂၇၃)

အနီရောင်ဝတ်စုံဝတ်ဆင်ထားသည့်ဂိုဏ်းချုပ်

သူတို့သုံးယောက် ဆက်လက်လမ်းလျှောက်လာခဲ့ကြလေသည်။

သူတို့က မြစ်လက်တက်လေးအတိုင်း မြစ်ဆုံနေရာသို့ လျှောက်လာကြသည်။ မြစ်ဆုံနေရာမှာ ရေစီးအလွန်သန်လေသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကျောဘက်နေရာတွင် တောင်နံရံတစ်ခုရှိလေသည်။

သူတို့သုံးယောက်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှေ့တွင် ထိုင်လိုက်ကြသည်။ နေရောင်က တိမ်များကြားမှ ဖြာကျနေပြီး ခရမ်းရောင်မြူခိုးလေးများကို တွေ့မြင်နိုင်လေသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးတွေ့ရသည်မှာလည်း သက်ဝင်ကြည်ညိုဖွယ်ရာကောင်းလှသည်။

ဆန်းလျန်က ကျောက်ဘုရားဆင်းတုတော်ကြီးကို စိုက်ကြည့်နေလေသည်။ ရေလှိုင်းအချို့က ရုပ်ပွားတော်မြတ်ကြီး၏ ခြေတော်ရင်းကို အဆက်မပြတ်ရိုက်ခတ်နေလေသည်။

"ဒီကျောက်ဆင်းတုတော်ကြီးက လေတွေမိုးတွေဒဏ် ဒီလောက်ခံရတာတောင် မပျက်စီးဘဲ တည်ရှိနေတာ ၊ ဘယ်သူမှ သုတေသနလုပ်မကြည့်ကြဘူးလား"

ဆန်းလျန်က မေးလိုက်သည်။

"အင်း... လူတစ်ယောက်ကတော့ ဗုဒ္ဓရုပ်ပွားတော်က ကျောက်တွေကိုခွာဖို့ကြိုးစားကြည့်ဖူးတယ် ၊ ဒါပေမယ့် မိုးကြိုးပစ်ခံလိုက်ရတယ်လေ ၊ တကယ့်ကို မိုးကောင်းကင်က စောင့်ရှောက်နေတာပဲ ၊ ထျန်းရှန်းအမိန့်တော်ဂိုဏ်းက ဒီနေရာကိုပိုင်တာ ၊ ဒါပေမယ့် သူတို့လည်း ဒီဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ထူးခြားမှုကို မသိကြဘူး ၊ ပြီးတော့ ကျင့်ကြံသူတွေအတော်များများလည်းလာပြီး ဘုရားဖူးကြတယ်လေ ၊ ဘယ်သူမှ ထူးခြားချက် မ

ခံစားကြရပါဘူး ၊ ဘုန်းတော်ကြီးတစ်ပါးဆိုရင် နှစ်ပေါင်းရာချီ ပြီးတော့တောင် ဒီမှာ တရားထိုင်သွားတယ် ၊ ပျံလွန်တော်မူ သွားတဲ့အထိပဲတဲ့"

ကျောက်ရှောင်ယွီက ပြောပြလိုက်လေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီသိနေသည့် လျို့ဝှက်ချက်များ အတွက် အံ့ဩမနေတော့ပါ။ ဒီမိန်းကလေးကတော့ သိလိုက် ပြန်ပြီဟုသာ တွေးလိုက်မိလေသည်။ သို့သော် ဘုရားဖူးများ ဒီ လောက်များပြားနေမှတော့ ဇာတ်လမ်းမျိုးစုံ အဖုံဖုံရှိမည်ပဲဖြစ် လေသည်။

ဆန်းလျန်က သူသာ ချင်းရှမ်းနတ်တံခါး၏ဂိုဏ်းချုပ်ဆိုသည့် ရာထူးဖြင့် ဝန်ထုပ်ဝန်ပိုးများကို ထမ်းမထားရဘူးဆိုလျှင် နာမည်ကြီးဒေသများ ၊ တောတောင်ရေမြေများကို ခရီးဆန့် ရင်း ဘဝကို ပျော်ရွှင်စွာဖြတ်သန်းမှာ ဖြစ်လေသည်။

ရေထဲတွင် အမြီးလေးခါယမ်းပြီး ကူးခတ်သွားသည့် ငါးလေး
များကို ရှော့ရှီလေးက သဘောကျနေလေသည်။ သူမက
မြစ်ကမ်းနံဘေးတွင် ငါးလေးများကို လိုက်ဖမ်းနေလေသည်။
သူမဘဝတွင် တစ်ခါမှ ငါးမဖမ်းခဲ့ဖူးပေ။ သို့သော် သူမက ငါး
တစ်ကောင်ဖမ်းလိုက်တိုင်း သီသီလေး လွတ်လွတ်သွားလေ
သည်။ သူမက ဖမ်းယူလိုက်တိုင်း ငါး၏တည်ရှိမှုလမ်းကြောင်း
နှင့် လွဲလွဲသွားသည်ကို သတိပြုလိုက်မိလေသည်။ ထို့ကြောင့်
သူမက ငါး၏တည်ရှိရာကို အာရုံခံလိုက်ပြီး ဖြည်းဖြည်းချင်း
ဖမ်းယူလိုက်လေသည်။ ငါးဆယ်ကောင်တွင် ကိုးကောင်
လောက် သူမဖမ်းမိလေသည်။ သူမမှာ ငါးများကို ဖမ်းလိုက်
ပြန်လွှတ်လိုက်ဖြင့် ဆော့ကစားရင်း ပျော်ရွှင်နေလေ
တော့သည်။

ကျောက်ရှောင်ယွီက သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"ရှင့်တူမလေးကို ကျွန်မတပည့်ဖြစ်စေချင်လိုက်တာ ၊ ရှင် ဘယ်လိုသဘောရလဲ"

ရော့ရှီကဲ့သို့ ပါရမီရှင်လေးမျိုးမှာ တွေ့ရခဲသည်ဟု သူမတွေး နေမိသည်။

ငါး၏ပုံရိပ်သည် အစစ်အမှန်မှ အနည်းငယ်သွေဖယ်သွားသည် ကို တွက်ချက်နိုင်သည်မှာ စိတ်အာရုံစူးစိုက်မှု ကောင်းမွန်လွန်း သောကြောင့် ဖြစ်လေသည်။

"မင်းဘယ်လိုလုပ် သူမကို သင်ပေးနိုင်မှာလဲကွာ..."

ထိုစကားကို ဆန်းလျန်စိတ်ထဲမှ ပြောလိုက်မိခြင်းဖြစ်လေ သည်။

သို့သော် လက်တွေ့တွင်တော့....

"သူက သိပ်နေမကောင်းဘူး ၊ ဆေးကုပေးရဦးမယ် ၊ နောက်မှ ထပ်စဉ်းစားကြတာပေါ့"

ဟု ပြောလိုက်လေသည်။

ကျောက်ရှောင်ယွီက ရယ်မောလိုက်ရင်း...

"ကျွန်မတော့ သူ့ကို နေမကောင်းဘူးလို့ မထင်ပါဘူး ၊ ရှင်က ရှင့်တူမကို တပည့်အဖြစ် မပေးချင်လည်း ရပါတယ်နော်"

ထိုအချိန်မှာပင် ရှော့ရှီလေးမှာ ငါးဖမ်းရင်း အဝေးသို့ တဖြည်းဖြည်းရောက်သွားသည့်အတွက် ဆန်းလျန်က ပြန် အော်ခေါ်လိုက်သည်။

"ရှော့ရှီ ၊ အဝေးကြီးလျှောက်မသွားနဲ့ ၊ ပြန်လာတော့"

"ရှင်က သူ့ကိုတော်တော်ဂရုစိုက်တာပဲနော် ၊ ရှင်ရော ကျွန်မရော ရှိနေတာပဲ ၊ သူ ဘာမှမဖြစ်ပါဘူး"

ကျောက်ရှောင်ယွီက လက်နှစ်ဖက်ကို ပွတ်သပ်ရင်း ပြောလိုက်သည်။

ထို့နောက်သူမက မတ်တပ်ထရပ်လိုက်သည်။

ယခုအချိန်ထိ ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှလူများပေါ်မလာ

သေးသည့်အတွက် အသုံးမကျသည့်ဂိုဏ်းဟု သူမတွေးနေမိ

လေသည်။

ရုတ်တရက်...

ဆန်းလျန်မျက်မှောင်တစ်ချက်ကြုတ်လိုက်မိသည်။

ကျောက်ရှောင်ယွီ၏စိတ်ထဲတွင်လည်း အေးစက်သည့်အန္တ

ရယ်အရိပ်အငွေ့ကို ခံစားလိုက်ရလေသည်။ အန္တရယ်

အငွေ့အသက်မှာ ကောင်းကင်ထက်မှ ပေါ်ထွက်လာခြင်းဖြစ်

လေသည်။

ချွန်ထက်သည့်မြားသုံးစင်းသည် ကောင်းကင်ကိုထိုးခွင်းကာ

မြေပြင်ဆီသို့ ထိုးစိုက်ကျလာလေသည်။

မြားသုံးစင်း၏ဦးတည်ရာမှာ ဆန်းလျန် ၊ ကျောက်ရှောင်ယွီနှင့်

ရှော့ရှီတို့ ရှိရာသို့ဖြစ်လေသည်။

ယုတ်မာသည့်တိုက်ခိုက်မှုအတွက် ဆန်းလျန်မှာ ဒေါသထွက်သွားရလေသည်။

ကျောက်ရှောင်ယွီက ပို၍ပင် ဒေါသထွက်သွားရသည်။

သူမက အင်္ကျီလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး သူမဆီသို့ဝင်ရောက်လာသည့်မြားကို ရိုက်ထုတ်လိုက်သည်။ မြားက ရွှေရောင်အလင်းတန်းများတောက်ပသွားပြီး ကျောက်ရှောင်ယွီ၏ အင်္ကျီလက်မှာ ပြဲသွားလေသည်။

ဆန်းလျန်ကတော့ ဓားရှည်ကိုဆွဲထုတ်လိုက်လေသည်။ သူက လေထဲမှ မြားနှစ်စင်းကို ဓားဖြင့်ခုတ်ထုတ်လိုက်လေသည်။ ဓားထိပ်ဖျားမှာတုန်ခါနေပြီး ဗလာနယ်ကိုပင် ထိုးဖောက်ပစ်လိုက်လေသည်။

ဆန်းလျန်မှာ ဆရာဘွားဘွားကျိုလင်၏ ဗလာနယ်ဖျက်ဓားသိုင်းကို အသုံးပြုလိုက်ခြင်းဖြစ်သည်။ သူ၏ဓားသိုင်းမှာ ကျိုလင်နတ်သမီးကိုပင် မီလုနီးနေလေပြီ။ မြားနှစ်စင်းမှာ

ဗလာနယ်ထဲသို့ ဝင်ရောက်သွားပြီး လိပ်ပြာပုံသဏ္ဌာန်

အစိတ်စိတ်အမွှာမွှာလွင့်စင်သွားလေသည်။

ကျောက်ရှောင်ယွီ၏လက်ထဲတွင်တော့ မြားတစ်စင်းကို

ဖမ်းထားလေသည်။ ထို့နောက် သူမက ကျောက်စိမ်းဆံထိုး

လေးကို ကောင်းကင်ထက်သို့ ပစ်လွှတ်လိုက်သည်။

ရုတ်တရက်ပင် ကောင်းကင်ထက်မှ သွေးမိုးများ ရွာကျလာ

လေသည်။ သူတို့ကို လုပ်ကြံသူများမှာ လူရုပ်ပင်မမြင်ရဘဲ

သွေးမိုးအဖြစ်ပြောင်းလဲသွားကြပြီ ဖြစ်သည်။

ဆန်းလျန်က ရှော့ရှီလေးကို သူ၏ရင်ခွင်ထဲတွင် ကာကွယ်ပေး

ထားလေသည်။

မိန်းကလေးငယ်သည် ဦးလေးဖြစ်သူကို ယုံကြည်မှုအပြည့်ရှိ

သည့်အတွက် ကြောက်ရွံ့ခြင်းများ ကင်းဝေးသွားရသည်။

ကျောက်ရှောင်ယွီက သူမလက်ထဲမှ မြားကို သေချာကြည့်

လိုက်ရင်း...

"ဒါ တိမ်ခွင်းမြားပဲ ၊ ကျွန်မကို လုပ်ကြံချင်တာဖြစ်ရမယ်"
"မင်းကို ဆန့်ကျင်နေတာ ထျန်းရှန်းအမိန့်တော်ဂိုဏ်း တစ်ခု
တည်း မဟုတ်ဘူးပဲ"
ဆန်းလျန်က ပြောလိုက်သည်။
တိမ်ခွင်းမြားကိုပြုလုပ်ထားသည့် သတ္တုမှာ လွန်စွာမှ မာကျော
သည့်သတ္တုတစ်မျိုးဖြစ်လေသည်။ မြားပေါ်မှာရေးထွင်းထား
သည့် တာအိုစာလုံးမျာ ထိပ်တန်းအဂ္ဂိရတ်ပညာစကားလုံးများ
ဖြစ်လေသည်။ မြားမှာ အလွန်တန်ဖိုးကြီးမားသည့် မြားဖြစ်
လေသည်။
ဆန်းလျန်သာ မရှိလျှင် ကျောက်ရှောင်ယွီမှာ ကျိန်းသေဒဏ်ရာ
ရသွားမည်ဖြစ်လေသည်။
"ကျွန်မက ဒါကိုဆန့်ကျင်တယ်လို့ မယူဆဘူး ၊ ခုတလောမှာ
လော်ဝါဒဂိုဏ်းတွေ အတော်များများဟာ အမည်မသိအဖွဲ့တစ်
ဖွဲ့ကတိုက်ခိုက်တာခံနေရတယ် ၊ သူတို့က ကျွန်မတို့လိုဂိုဏ်း

ကြီးမဟုတ်တဲ့ ဂိုဏ်းသေးသေးလေးတွေကို အကုန်နှိမ်နင်းပစ်တာ ၊ ဒါပေမယ့် အခုတော့ သူတို့က အင်အားကြီးမားလာပြီး ကျွန်မရဲ့ ကြာပန်းကိုးပွင့်ကျောင်းတော်ကိုတောင် ထိပါးရဲလာပြီပဲ"

ကျောက်ရှောင်ယွီက ထိုစကားများကို ပုံမှန်လေသံဖြင့်ပင် ပြောပြနေခြင်းဖြစ်လေသည်။ သူမဘဝတွင် အန္တရယ်ပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ရပြီး ထိုသို့သော အဖြစ်အပျက်များက ထူးဆန်းခြင်းမရှိတော့ပေ။

အမည်မသိအဖွဲ့မှာလည်း သူမနှင့် ရည်ရွယ်ချက်တူသည့် အဖွဲ့ဖြစ်ရမည်ဟု ကျောက်ရှောင်ယွီက ယူဆထားလေသည်။

ထို့ကြောင့် လော်ဝါဒစည်းဝေးပွဲကြီးတွင် သူတော်စင်မိန်းမပျိုအဖြစ်နေရာယူရန်အတွက် ဆန်းလျန်ကို အကူအညီတောင်းခဲ့ရခြင်း ဖြစ်လေသည်။

သူမတွင်လည်း သူမအစီအစဉ်နှင့် သူမရှိလေသည်။

သူမသာ လောဝါဒ၏ သူတော်စင်မိန်းမပျိုဖြစ်လာခဲ့လျှင် နောက်တစ်ဆင့်တွင် ယိဖန်းဧကေရီအဖြစ် တက်လှမ်းနိုင်မည် ဖြစ်လေသည်။ ထိုအခါ ကွမ်းချင်းနတ်ဘုရားဂိုဏ်းကိုသာမက အဓိကနတ်ဘုရားကျောင်းတော်ကြီး လေးခုကိုပင် ကြောက်စရာမလိုတော့ပေ။ ထိုအချိန်သို့ရောက်လာလျှင် လောကကြီး တစ်ခုလုံးကိုပင် ကိုင်လှုပ်နိုင်သည့် တန်ခိုးစွမ်းအားကို ရရှိမည် ဖြစ်လေသည်။

ခဏကြာသည့်အခါတွင်တော့ ဗုဒ္ဓရုပ်ပွားတော်ကြီး နောက်ကျောဘက်မှ လှေလေးတစ်စင်း ထွက်ပေါ်လာလေ သည်။ ထိုလှေလေးတွင် အကန့်သုံးခုကန့်ထားလေသည်။

လှေငယ်ကိုလှော်ခတ်လာသူ လှေထိုးသမားက...

"မင်းတို့သုံးယောက်က ရှန်းထျန်းအမိန့်တော်ဂိုဏ်းကိုလာတဲ့ ဂုဏ်သရေရှိဧည့်သည်တွေပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မလား"

ဟု လှမ်းအော်ပြောလိုက်သည်။

"ကျွန်မတို့က ညော့်သည်မဟုတ်ဘူး၊ တိုက်ခိုက်ဖို့လာတာ"

ကျောက်ရှောင်ယွီက ပြန်ဖြေလိုက်သည်။

သူမ၏အသံက တန်ခိုးစွမ်းအားများဖြင့် ပြည့်ဝနေလေသည်။

သူမ၏အသံလှိုင်းများက လေ့ထိုးသမားလူငယ်ကို ရိုက်ခတ်

သွားလေသည်။

လေ့ထိုးသမားက အသံလှိုင်းများဝင်ရောက်လာသည့်အတွက်

အနောက်သို့ ခုန်ရှောင်လိုက်လေသည်။

သို့သော် သူ၏ မျက်လုံး၊ နှာခေါင်း၊ နားရွက်နှင့် ပါးစပ်များထဲ

မှ သွေးများစီးကျလာလေသည်။ သို့တိုင်အောင် လေ့ထိုးသမား

က တစ်ချက် မအော်ဟစ်ဘဲ မတ်တပ်ရပ်နေဆဲဖြစ်လေသည်။

ကျောက်ရှောင်ယွီက သူမ၏တန်ခိုးစွမ်းအားများကို ပြန်လည်

ရုတ်သိမ်းလိုက်ပြီး....

"ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှာ မင်းလိုလူမျိုးတွေလည်း ရှိ

သေးတာကိုး၊ မဆိုးဘူး၊ မဆိုးဘူး"

"နတ်သမီးက ချီးကျူးစကားဆိုတာကို မခံယူဝံ့ပါဘူး ၊ ဒါနဲ့ မင်းတို့ဘာလို့ ကျုပ်ရဲ့လှေပေါ်မတက်ကြသေးတာလဲ ၊ ကျုပ်ရဲ့လှေက သေးနေလို့လား"

လှေထိုးသမားက ပြန်ပြောလိုက်သည်။

လှေထိုးသမားမှာ ကျောက်ရှောင်ယွီကို မယှဉ်နိုင်သည့်တိုင် အဆင့်နိမ့်သူတစ်ယောက်တော့မဟုတ်ပေ။

သို့သော် ကျောက်ရှောင်ယွီကတော့ သူမ၏ရန်သူဖြစ်ပါက အဆင့်နိမ့်သည်ဖြစ်စေ ၊ အဆင့်မြင့်သည်ဖြစ်စေ သတ်ပစ်ရန် ဝန်လေးမည်မဟုတ်ပေ။ သူမကို အသနားခံမည်ဆိုလျှင်တောင် သူမက အလွတ်မပေးတတ်ပေ။

"ဒါဖြင့်လည်း လှေပေါ်တက်ကြရအောင်"

ဆန်းလျန်ကပြောလိုက်ခြင်းဖြစ်သည်။

ကျောက်ရှောင်ယွီထံမှ လူသတ်လိုသည့်အရိပ်အငွေ့များကို

ဆန်းလျန်ခံစားလိုက်မိသောကြောင့် ထိုသို့ ပြောလိုက်ခြင်းဖြစ်

လေသည်။ သူက လှေထိုးသမားကိုသေစေလိုခြင်း မရှိပေ။

ကျောက်ရှောင်ယွီက ဆန်းလျန်ကို အဓိပ္ပါယ်ပါပါတစ်ချက်

ကြည့်လိုက်သည်။ သူမ၏ အကြံအစည်ကို ဆန်းလျန် သိထား

ပြီးသားဖြစ်လေသည်။

ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှာ ကျောက်ဘုရားဆင်းတုတော်

ကြီး၏အနောက်ဘက်ရှိ တောင်ပေါ်တွင် တည်ရှိလေသည်။

အလွန်လျှို့ဝှက်သည့်နေရာတစ်ခုဖြစ်ပြီး ဂိုဏ်းအတွင်းသို့ဝင်

ရန်အတွက် ဂိုဏ်း၏ တံဆိပ်ပါမှသာ ဝင်ခွင့်ရလေသည်။

ထျန်းရှန်းအမိန့်တော်ဂိုဏ်း၏ ဌာနချုပ်မှာ တောင်ထိပ်တွင်

တည်ရှိလေသည်။

ထျန်းရှန်းအမိန့်တော်ဂိုဏ်း၏ ဂိုဏ်းချုပ်အသစ်သည် သူတို့ကို

စောင့်ကြိုနေလေသည်။ သူမသည် အနီရောင်ဝတ်စုံကို

ဝတ်ဆင်ထားပြီး နောက်လိုက်နောက်ပါဂိုဏ်းသားများ ခြံရံကာ

သူတို့ကို စောင့်နေလေသည်။

သူမက သူမ၏လက်အောက်ခံဂိုဏ်းခွဲမှူးတစ်ယောက်ဖြစ်သည့်

လေ့ထိုးသမားနှင့်အတူ ရောက်လာသည့် ဆန်းလျန်တို့ သုံး

ယောက်ကို ကြည့်နေလေသည်။

သူမနှင့် ဆန်းလျန် အကြည့်ချင်းဆုံလိုက်သည့်အချိန်တွင်တော့

သူမ၏မျက်ဝန်းများတွင် လှိုင်းများတစ်ချက် ရိုက်ခတ်သွား

လေသည်။

သူတို့နှစ်ယောက်လုံး အံ့သြမင်သက်သွားမိကြလေသည်။

"သူမဖြစ်နေတာကိုး..."

ဟု ဆန်းလျန်တွေးလိုက်မိလေသည်။

ကျောက်ရှောင်ယွီကလည်း အနီရောင်ဝတ်စုံဝတ်ဆင်ထားသည့်

ဂိုဏ်းချုပ်မိန်းမပျိုကို ကြည့်နေလေသည်။

သူမ၏ အနီရောင်ဝတ်ရုံမှာ မီးတောက်တစ်ခုကဲ့သို့တောက်ပနေပြီး သူမ၏ပုံသဏ္ဍာန်မှာလည်း မက်မွန်ပန်းလေးတစ်ပွင့်အလား လှပလွန်းလှလေသည်။

အခန်း (၂၇၄)

ပန်းချီကား

ထျန်းရှန်းအမိန့်တော်ဂိုဏ်း၏ ဂိုဏ်းချုပ်သည် သစ်ကြံပိုးပင်များဖြင့်ပြည့်နေသည့် တောင်ကုန်းတစ်ခုပေါ်တွင် ရပ်နေခြင်းဖြစ်လေသည်။ သစ်ကြံပိုးရနံ့လေးများသည် ကောင်းကင်တစ်ခွင်တွင် ပျံ့နှံ့နေလေသည်။

ဆန်းလျန်တို့သုံးယောက်သည် လှေထိုးသမား၏နောက်မှ တောက်ထိပ်ဆီသို့ တက်လာကြသည်။

ထျန်းရှန်းအမိန့်တော်ဂိုဏ်းချုပ်သည် နောက်ပါများခြံရံလျှက် သူတို့သုံးယောက်ကို ကြိုဆိုနေလေသည်။

ထျန်းရှန်းဂိုဏ်းသားများသည် ဇာပုဝါဖြင့်မျက်နှာကို ဖုံးအုပ်ထားသည့် ကျောက်ရှောင်ယွီကို လှမ်းကြည့်လိုက်ကြသည်။

သူမ၏မျက်နှာတစ်ခုလုံးကို မမြင်ရသည့်တိုင် သူမ၏မျက်ခုံးမျက်လုံးများမှာ နတ်မိမယ်တစ်ပါးအလား ချောမောလှပလွန်းလေသည်။ သူမ၏အလှမှာ သူတို့၏ ဂိုဏ်းချုပ်မိန်းမပျိုထက် မလျော့ပေ။

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"လူစုံ တက်စုံ ရှိနေကြတာကိုး ၊ ကောင်းပြီလေ ၊ မင်းတို့အားလုံး ကျွန်မကို တိုက်ခိုက်ဖို့ စောင့်နေကြတာလား"

သူမသည် ကြာပန်းဖြူလေးတစ်ပွင့်အလား လှပလွန်းသူဖြစ်လေသည်။ သို့သော် သူမ၏စကားလုံးများကတော့ သံမဏိအလား ခိုင်မာလွန်းလှသည်။ သူမ၏ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိသည့် ပုံသဏ္ဍာန်သည် လူတိုင်းကို တုန်လှုပ်စေသည်။

အနီရောင်ဝတ်ဂိုဏ်းချုပ်မိန်းမပျိုက ကျောက်ရှောင်ယွီကို လှမ်းကြည့်လိုက်ရင်း...

"ရှင်က ကြာပန်းကိုးပွင့်ကျောင်းတော်က ကျောက်ရှောင်ယွီပဲ ဖြစ်ရမယ်"

သူမစကားဆုံးသည်နှင့် ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှ ဂိုဏ်းသားများမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။ တိုက်ခိုက်အနိုင်ယူရန် ခက်ခဲလွန်းသည့် ကြာပန်းကိုးပွင့်ကျောင်းတော်မှ ကျောက်ရှောင်ယွီဖြစ်နေသောကြောင့်သာ သတ္တိရှိစွာဖြင့် ထျန်းရှန်းအမိန့်တော်ဂိုဏ်းရှိရာသို့ ရောက်ရှိလာခြင်းဖြစ်လေသည်။ သူတို့က ကျန်းမာရေးကောင်းပုံမရသော

ယောကျာ်းတစ်ယောက်နှင့် ကလေးမလေးတစ်ယောက်ကိုခေါ်ကာ ထျန်းရှန်းအမိန့်တော်ဂိုဏ်း၏ ဌာနချုပ်သည့်ရောက်လာရဲသည့် ကျောက်ရှောင်ယွီကို အံ့သြနေကြလေသည်။

သူမ၏တန်ခိုးစွမ်းအားမည်မျှကြီးမားပါစေ ထျန်းရှန်းအမိန့်တော်ဂိုဏ်းကို ယခုကဲ့သို့ပုံစံမျိုးဖြင့် အနိုင်ယူနိုင်မည်မဟုတ်ပေ။

ကျောက်ရှောင်ယွီက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း…

"ရှင်က ထျန်းရှန်းအမိန့်တော်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်အသစ်လား ၊ မိုးမြေခြေရာဖျောက်တန်ခိုးစွမ်းအားက တကယ်အစွမ်းထက်တယ်လို့ ကြားဖူးတယ် ၊ ဒါပေမယ့် ရှင့်အစွမ်း ဘယ်လောက်ရှိလဲဆိုတာတော့ အခုကြည့်ရတော့မှာပေါ့"

အနီရောင်ဝတ် ဂိုဏ်းချုပ်မိန်းမပျိုက ကျောက်ရှောင်ယွီ၏စကားကို ဂရုမစိုက်ပါ။ သူမက ဆန်းလျန်ကို ကြည့်လိုက်ရင်း တည်ငြိမ်စွာပြောလိုက်သည်။

"ဆန်းသခင်လေး ၊ ရှင်က ကျောက်မိန်းကလေးကို ကူညီပြီး တိုက်ခိုက်ပေးဖို့ ဒီကိုရောက်လာတာလား"

မေးခွန်းမေးလိုက်ခြင်းဖြစ်သည့်တိုင် သူမ၏စကားသံတွင် လေးစားမှုများစွာ ပါဝင်နေလေသည်။

ထျန်းရှန်းဂိုဏ်းသားများမှာ ကျောက်ရှောင်ယွီ တစ်ယောက်တည်းကိုပင် အနိုင်ရအောင် ခက်ခက်ခဲခဲကြိုးစား ရမှာ ဖြစ်လေသည်။ ယခု သူတို့ဂိုဏ်းချုပ်က နေမကောင်းပုံရ သည့် လူငယ်ကို လေးလေးစားစားဆက်ဆံနေလေသည်။ ဤ သည်ကို ကြည့်ခြင်းအားဖြင့် လူငယ်မှာ ကျောက်ရှောင်ယွီ ထက်ပင် တန်ခိုးစွမ်းအားကြီးမားပုံရလေသည်။ ထို့ကြောင့် ကျောက်ရှောင်ယွီက သတ္တိရှိရှိဖြင့် ထျန်းရှန်းအမိန့်တော်ဂိုဏ်း သို့ ချီတက်လာခြင်းဖြစ်ဟန်တူသည်။

ထျန်းရှန်းဂိုဏ်းတွင် တန်ခိုးစွမ်းအားအမြင့်မားဆုံးမှာ ဂိုဏ်းချုပ်မိန်းမပျို တစ်ယောက်သာလျှင် ရှိလေသည်။ အခြား

သော ဂိုဏ်းသားများမှာ ရုပ်ပွားအဆင့်ထက် မကျော်လွန်နိုင်ကြ
သေးပေ။ သူတို့ဂိုဏ်းချုပ်၏ တန်ခိုးစွမ်းအားမြင့်မားမှုကြောင့်
သာ ထျန်းရှန်းအမိန့်တော်ဂိုဏ်းက ပြန်လည်ဦးမော့လာခြင်း
ဖြစ်လေသည်။ သူမသာ တိုက်ပွဲတွင် ရှုံးနိမ့်ခဲ့လျှင် ထျန်းရှန်း
အမိန့်တော်ဂိုဏ်းတစ်ခုလုံး ပျက်စီးရမည် ဖြစ်လေသည်။
သူတို့တစ်ဂိုဏ်းလုံးသည် ဂိုဏ်းချုပ်တစ်ယောက်တည်းကိုသာ
မှီခိုအားထားနေရခြင်း ဖြစ်လေသည်။

ဆန်းလျန်နှင့် အနီရောင်ဝတ်မိန်းကလေးမှာ "မိတ်ဆွေဟောင်း
တွေများလား" ဟု ကျောက်ရှောင်ယွီတွေးလိုက်မိသည်။ ဆန်း
လျန်က အသက်သုံးဆယ်အရွယ် ကျန်းမာရေးမကောင်းသည့်
လူတစ်ယောက်အသွင် ရုပ်ဖျက်ထားသည့်တိုင် အနီရောင်ဝတ်
မိန်းကလေးက ဆန်းလျန်ကို မှတ်မိနေလေသည်။

"ကျုပ်တို့မတွေ့ကြတာ အနှစ်နှစ်ဆယ်တောင် ရှိပြီနော်၊ ရှင်းမိန်းကလေးက ပိုပြီးလှလာတာပဲ၊ မင်းရဲ့အဖေရော ကျန်းမာပါရဲ့လား"

အတိတ်တစ်ချိန်က ဆန်းလျန်နှင့် သိကျွမ်းခဲ့ကြသည့် မြေခွေးနတ်ဘုရားသားအဖမှာ အလွန်ပင် ထူးဆန်းသူများဖြစ်ကြလေသည်။

ယခုလည်း ဆန်းလျန် ရုပ်ဖျက်ထားသည့်တိုင် ရှင်းစစ်စစ်နျန်သည် သူ့ကို ကောင်းကောင်းမှတ်မိနေလေသည်။

ရှင်းစစ်စစ်နျန်က သက်ပြင်းချလိုက်ရင်း...

"ကျွန်မ အဖေဆုံးသွားခဲ့ပါပြီ..."

ဆန်းလျန်မှာ သူမစကားကြောင့် အံ့သြသွားသလို စိတ်မကောင်းလည်း ဖြစ်သွားရသည်။

"လောကမှာ ဘာကိုမှ ကြိုမသိနိုင်ခဲ့ဘူးပဲ၊ ကျုပ်တို့တွေ ပြန်ဆုံကြဦးမယ်လို့ ထင်နေတာ၊ အရင်တုန်းက မီးဖိုနံဘေးမှာ စကား

အတူတူပြောခဲ့ကြတဲ့ ပျော်စရာအချိန်တွေကို ကျုပ်သတိရနေ
တုန်းပါပဲ ၊ မင်းရဲ့အဖေပေးခဲ့တဲ့ အကြံဉာဏ်တွေကို ကျုပ်နား
ထဲမှာ အခုထိကြားယောင်နေဆဲပါ"

"ကျွန်မတို့ ဂုဏ်မယူရဲပါဘူးရှင် ၊ ရှင့်အောင်မြင်မှုတွေကို အဖေ
ရော ကျွန်မရော ကြားပါတယ် ၊ အဖေကပြောတယ် ရှင်ဟာ တ
ကယ့်ကို မိုးကောင်းကင်ကချီးမြှောက်တဲ့ ပါရမီရှင်ပဲတဲ့ ၊ ရှင်
အခုရရှိထားတဲ့ အောင်မြင်မှုတွေဟာ ကျွန်မတို့နဲ့ ဘယ်လို
လုပ်သက်ဆိုင်ပါ့မလဲရှင်"

ရှင်းစစ်စစ်နျန်က တည်ငြိမ်စွာပြောလိုက်လေသည်။

"ကျွန်မဒီနေ့လာခဲ့တာ လက်စားချေဖို့လာခဲ့တာ ၊
ရှေးဟောင်းနှောင်းဖြစ်တွေ နားထောင်ဖို့မဟုတ်ဘူး"

ကျောက်ရှောင်ယွီက ရှင်းစစ်စစ်နျန်၏စကားကို ဖြတ်ပြော
လိုက်လေသည်။

ကျောက်ရှောင်ယွီ၏စကားကြောင့် ရှင်းစစ်စစ်နျန်က လှပစွာ ပြုံးလိုက်လေသည်။ သူမ၏အပြုံးက မြစ်တစ်စင်းကဲ့သို့ ကျယ်ပြန့်ပြီး မီးစတစ်စအလား နွေးထွေးလှလေသည်။

"ဆန်းသခင်လေး ၊ နှစ်ဖက်စလုံးကို ကူပြီးတိုက်ခိုက်မှာလား ၊ ဒါမှမဟုတ် ဘယ်သူ့ကိုမှ မကူညီဘဲနေမှာလား"

ရှင်းစစ်စစ်နျန်က မေးလိုက်ခြင်းဖြစ်သည်။

ကျောက်ရှောင်ယွီ၏မျက်နှာကတော့ အေးအေးဆေးဆေးပင် ဖြစ်လေသည်။ ဆန်းလျန်သည် မိတ်ဆွေဟောင်းတစ်ယောက် အတွက် သူမအပေါ်တွင် စိတ်ထားပြောင်းလဲသွားမည့်သူမျိုး မဟုတ်ပေ။ ထို့ပြင် ဆန်းလျန် စိတ်ထားပြောင်းလဲသွားခဲ့လျှင် လည်း ကျောက်ရှောင်ယွီဆိုသည်က သူမကိုယ်သူ ယုံကြည်မှု အပြည့်ရှိသူ တစ်ယောက်ဖြစ်လေသည်။

"ရှင်းမိန်းကလေး ၊ ကျုပ်က မင်းနဲ့တိုက်ခိုက်ဖို့ဆိုတာ ဘယ်ဖြစ် နိုင်မှာလဲ ၊ မင်းဘက်ကသာ ကျောက်မိန်းကလေးကို မ

တိုက်ခိုက်ဘဲ နောက်ဆုတ်ပေးလိုက်ရင် ကျုပ်တို့တိုက်ခိုက်စရာ

မလိုတော့ဘူးပေါ့"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

ဆန်းလျန်၏စကားကြောင့် ထျန်းရှန်းဂိုဏ်းသားများမှာ

ထိတ်လန့်တုန်လှုပ်သွားကြလေသည်။ သူတို့က ဆန်းလျန်နှင့်

ကျောက်ရှောင်ယွီကို ရင်မဆိုင်ရဲသောကြောင့် ထိတ်လန့်သွား

ကြခြင်းမဟုတ်ပါ။ သူတို့၏ဂိုဏ်းချုပ်က အလျှော့ပေးလိုက်

မည်ကို စိုးရိမ်သောကြောင့် ဖြစ်လေသည်။

"ဂိုဏ်းချုပ် ၊ သူတို့တွေ ဘယ်လောက်ပဲ အစွမ်းကြီးပါစေ ၊

ကျုပ်တို့ မကြောက်ပါဘူး ၊ အသက်ပေးပြီး တိုက်ခိုက်မယ်"

ဂိုဏ်းသားအချို့က ရှင်းစစ်စစ်နျန်ကို စိတ်ထက်သန်စွာဖြင့်

ပြောလိုက်ကြသည်။

ကျောက်ရှောင်ယွီက ရယ်မောလိုက်လေသည်။

ထို့နောက် သူမက အကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး တောင်ထိပ်ရှိ ကျောက်တုံးကြီးကို ရိုက်ချလိုက်လေသည်။ ထို ကျောက်တုံးကြီးမှာ တောင်ပေါ်တွင် နှစ်ပေါင်းတစ်သောင်း ကျော်တည်ရှိနေသည့် ကျောက်တုံးကြီးဖြစ်ပြီး သာမန်ဓားများ ၊ လက်နက်များပင် ထိုးခုတ်နိုင်ခြင်းမရှိပေ။

သို့သော် ကျောက်ရှောင်ယွီ၏ လက်တစ်ဖက်ဝှေ့ယမ်းလိုက် သည်နှင့် အပိုင်းပိုင်းအစစဖြစ်သွားရလေသည်။

ထျန်းရှန်းအမိန့်တော်ဂိုဏ်းနှင့် ကြာပန်းကိုးပွင့်ကျောင်းတော် နှစ်ခုလုံးသည် လော်ဝါဒမှ ခွဲထွက်သွားသည့် ဂိုဏ်းခွဲများ ဖြစ် ကြလေသည်။ ထို့ကြောင့် ကျောက်ရှောင်ယွီအသုံးပြုသည့် ပညာကို ထျန်းရှန်းအမိန့်တော်ဂိုဏ်းသားများက သိရှိကြလေ သည်။

"တာ့လော်မိုးဖြိုလက်ဝါးသိုင်း..."

ထျန်းရှန်းအမိန့်တော် ဂိုဏ်းသားများ ရေရွတ်အော်ဟစ်လိုက်ကြသည်။

တာ့လော်မိုးဖြိုလက်ဝါးသိုင်းမှာ ပထမဆုံးမျိုးဆက်မှ လော်ဝါဒ၏သူတော်စင်မိန်းမပျို တီထွင်ခဲ့သည့် သိုင်းပညာဖြစ်လေသည်။ ထိုသိုင်းပညာမှာ ထိပ်တန်းသိုင်းပညာတစ်ခုတော့မဟုတ်ပေ။ သို့သော် ကျင့်ကြံသူ၏ တန်ခိုးစွမ်းအားမြင့်မားလေ ထိုသိုင်းပညာကလည်း မြင့်မားလေ ဖြစ်လေသည်။ ပထမဆုံးမျိုးဆက်မှ လော်ဝါဒ၏သူတော်စင်မိန်းမပျိုသည် တာ့လော်မိုးဖြိုလက်ဝါးသိုင်းကို အသုံးပြုကာ နတ်ဘုရားဂိုဏ်းများစွာနှင့် ကျင့်ကြံသူဂိုဏ်းများစွာကို အောင်နိုင်ခဲ့သူဖြစ်လေသည်။

ထိုအချိန်ကာလများသည် လော်ဝါဒ ဩဇာလွှမ်းမိုးသည့်ကာလများ ဖြစ်လေသည်။ လော်ဝါဒကျင့်ကြံသူများသည် ယခုအချိန်

အထိပင် ထိုကာလ၏အောင်မြင်မှုများကို တသသ ဖြစ်နေကြရသေးသည်။

ကျောက်ရှောင်ယွီက တာ့လော်မိုးဖြိုလက်ဝါးသိုင်းကို အသုံးပြုကာ ကျောက်တုံးကြီးကို အစိတ်စိတ်အမွှာမွှာဖြိုခွဲပြလိုက်ခြင်းမှာ သူမ၏တန်ခိုးစွမ်းအား မည်မျှကြီးမားကြောင်း ပြသလိုက်ခြင်းဖြစ်လေသည်။ ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှ ဂိုဏ်းသားများကို တိုက်ခိုက်ရန်မှာ ထိုကျောက်တုံးကြီးကို ဖြိုခွဲရန်လောက်ပင် မခက်ခဲလှပေ။

ထျန်းရှန်းအမိန့်တော်ဂိုဏ်းသားအချို့မှာ ကျောက်တုံးကြီးတစ်စစီဖြစ်သွားပြီး ကျောက်မှုံများလေထဲလွင့်သွားသည်ကို ကြည့်နေကြလေသည်။ ကျောက်ရှောင်ယွီကို ဆန့်ကျင်လျှင် သူတို့လည်း ထိုကျောက်မှုံများကဲ့သို့ ဖြစ်သွားနိုင်သည်ဟု တွေးတောကာ တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။

သို့သော် ရှင်းစစ်စစ်နျန်ကတော့ ကျောက်ရှောင်ယွီ၏ တာ့လော် မိုးဖြိုလက်ဝါးသိုင်းကြောင့် ကြောက်လန့်သွားခြင်းမရှိပါ။

သူမက ဆန်းလျန်ကို လှမ်းကြည့်လိုက်ပြီး...

"ဆန်းသခင်လေး ၊ ကျွန်မကို ဘာလို့ ဒီလို အခက်တွေ့အောင် လုပ်ရတာလဲ"

"ကျုပ် မင်းကို အခက်တွေ့အောင် လုပ်တာမဟုတ်ပါဘူး ၊ အ ရှင်တုန်းက မင်းရဲ့အဖေ တောင်းဆိုထားတဲ့အရာကို မင်းကို ပေးချင်တာပါ"

ဆန်းလျန်က ပြောလိုက်သည်။

ရှင်းစစ်စစ်နျန်၏မျက်နှာမှာ လင်းလက်တောက်ပသွားလေ သည်။

"ရှင် အဲဒါကို ရှာတွေ့ပြီလား"

"မင်းလည်း အဲဒါကို လိုချင်မယ်လို့ထင်ပါတယ် ၊ အဲဒါက ကျုပ်နဲ့တော့ပါမလာခဲ့ဘူး ၊ ဒါပေမယ့် ကျုပ်ခေါင်းထဲမှာ

အကုန်မှတ်မိတယ်၊ ဒါကြောင့် မင်းကို အကုန်ပြောပြလို့ရပါတယ်"

ဆန်းလျန်က ရှင်းပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆန်းသခင်လေး၊ ထျန်းရှန်းအမိန့်တော်ဂိုဏ်းဆိုတာ ကျွန်မအတွက် ယာယီပါပဲ၊ ကျောက်မိန်းကလေးက ပြီးခဲ့တဲ့ကိစ္စတွေအားလုံးကို သင်ပုန်းချေပစ်မယ်ဆိုရင် ကျွန်မဘက်က အလျှော့ပေးပါ့မယ်"

ရှင်းစစ်စစ်နျန်က ကျောက်ရှောင်ယွီကို တစ်ချက်လှမ်းကြည့်လိုက်ရင်း ပြောလိုက်လေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူမက တိုက်ခိုက်ချင်သော်လည်း ဆန်းလျန်ကြောင့်တော့ ပျင်းစရာကောင်းသွားပြီ ဖြစ်သည်။

ဆန်းလျန်က ကျောက်ရှောင်ယွီကို ပြန်ပြုံးပြလိုက်သည်။ ဆန်းလျန်၏အပြုံးမှာ "တိုက်ခိုက်တာထက်ဆာရင် ဒီလိုက ကောင်းပါတယ်ဗျာ" ဟု ပြောနေသယောင်ဖြစ်လေသည်။

"ဘယ်တတ်နိုင်တော့မလဲလေ ၊ ဒါဆို ခုချိန်ကစပြီး ထျန်းရှန်းအမိန့်တော်ဂိုဏ်းက ကျွန်မရဲ့လက်အောက်ခံ ဖြစ်သွားပါပြီ" ဟု ကျောက်ရှောင်ယွီက ပြောလိုက်လေသည်။

ထျန်းရှန်းအမိန့်တော်ဂိုဏ်းသားများမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

ဆန်းလျန်တို့သုံးယောက်ကို တောင်ပေါ်သို့ ခေါ်လာသည့် လှေထိုးသမားက...

"ကျွန်တော်တို့ လက်မခံနိုင်ပါဘူး ဂိုဏ်းချုပ် ၊ ကျွန်တော်တို့က ဂိုဏ်းချုပ်ရဲ့အမိန့်ကိုပဲ နာခံချင်တာပါ"

"ရှင်တို့အားလုံး ကျွန်မကို ဂိုဏ်းချုပ်လို့ သတ်မှတ်တယ်ဆိုရင် ကျွန်မပြောတဲ့စကားကို နာခံရမှာပေါ့"

ရှင်းစစ်စစ်နျန်ကပြောလိုက်သည်။

သူမ၏ တန်ခိုးစွမ်းအားများမှာ ယခင် ထျန်းရှန်းအမိန့်တော် ဂိုဏ်းချုပ်များထက် သာလွန်လေသည်။ ထို့ပြင် သူမက စိတ်သဘောထားကောင်းမွန်သူတစ်ယောက်ဖြစ်ပြီး တပည့်များကိုလည်း သင်ကြားပြသပေးလေ့ရှိသည်။ ထို့ကြောင့် ထျန်းရှန်းအမိန့်တော်ဂိုဏ်းသားများက သူမကို များစွာလေးစားကြလေသည်။

သူမက မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်နှင့် ဂိုဏ်းသားများသည် သူမ၏စကားကို မဆန့်ကျင်ရဲကြတော့ပေ။

အမှန်တော့ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ နှစ်ယောက်ပေါင်းပြီးသာတိုက်ခိုက်လျှင် ရှင်းစစ်စစ်နျန်အနေဖြင့် မည်သို့မျှ အနိုင်ရမည်မဟုတ်ပေ။

ထို့ပြင် ဆန်းလျန်က သူမကို ချင်းဖုန်းနတ်သမီး၏ဂါထာဖြစ်သည့် နတ်ဒေဝါမြေခွေးစာတမ်းရှည်ကို ပေးမည်ဖြစ်လေ

သည်။ ထိုစာတမ်းရှည်မှာ သူမအနေဖြင့် လုံးဝမငြင်းသင့်သည့် အရာဖြစ်လေသည်။

"ဆန်းသခင်လေး ၊ ရှင့်ကိုပြောစရာတစ်ခုရှိသေးတယ် ၊ ဟို ပန်းချီကားလေ ၊ ကျွန်မတို့ အဲဒီပန်းချီကားကို ရှင့်ကိုပေးဖို့ သိမ်းထားခဲ့ပါတယ် ၊ ဒါပေမယ့် မထင်မှတ်ဘဲ ပျောက်သွားခဲ့ တယ်"

ရှင်းစစ်စစ်နျန်ကပြောလိုက်သည်။

"ရပါတယ်ဗျာ ၊ အဲဒီပန်းချီကားက သိပ်အရေးမကြီးပါဘူး"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ရှင်းစစ်စစ်နျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း သူမ၏ဂိုဏ်းသားများကို ပြောလိုက်သည်။

"မင်းတို့အားလုံး သွားကြတော့ ၊ ငါ ဆန်းသခင်လေးနဲ့ ပြော စရာတွေရှိသေးတယ်"

အခန်း (၂၇၅)

ကမ္ဘာ့ရှေ့ပြေးပုံစံပန်းချီကား

ထျန်းရှန်းအမိန့်တော်ဂိုဏ်းမှ ဂိုဏ်းသားများ အသီးသီးထွက်ခွာသွားကြလေသည်။

ဆန်းလျန် ၊ ကျောက်ရှောင်ယွီ ၊ ရှော့ရှီနှင့် ရှင်းစစ်စစ်နျန်တို့သာ ကျန်ခဲ့ကြလေသည်။

ရှင်းစစ်စစ်နျန်က ကျောက်ရှောင်ယွီကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ကျောက်ရှောင်ယွီက မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း...

"ငါတောင်နားထောင်လို့မရတဲ့ ကိစ္စမျိုးလား..."

ဟု တစ်ချက်ရေရွတ်ကာ ရှော့ရှီလေးကို ခေါ်ပြီး ထွက်ခွာသွားလေသည်။

"သူ... နားထောင်မယ်ဆိုလည်း ကိစ္စမရှိပါဘူးဗျာ"

ဆန်းလျန်ကပြောလိုက်တော့ ရှင်းစစ်စစ်နျန်က ပြုံးလိုက်သည်။

"သူက ရှင့်ရဲ့ချစ်သူလား..."

"မဟုတ်ပါဘူး..."

"စိတ်မကောင်းစရာပဲ ၊ ရှင်တို့နှစ်ယောက်က တော်တော်လိုက်ဖက်တာ"

ရှင်းစစ်စစ်နျန်က ပြောလိုက်သည်။

"ရှင်းမိန်းကလေး ၊ သူနဲ့ ကျုပ်နဲ့လိုက်ဖက်တာကိုပြောဖို့ ကျုပ်နဲ့စကားပြောချင်တာမဟုတ်လောက်ပါဘူးနော် ၊ ကဲပါ.. ပန်းချီကားဘာဖြစ်သွားတာလဲ ပြောပြပါဦး"

ဆန်းလျန်က မေးလိုက်သည်။

"အဖေက အဲဒီပန်းချီကားကို ရှင့်ကို မပေးလိုက်ရလို့ နောင်တရနေတာ ၊ နောက်တော့ ပျောက်သွားတယ်လေ ၊ တကယ်တော့ အဲဒီပန်းချီကားက ကမ္ဘာ့ရှေ့ပြေးပုံစံပဲ"

ရှင်းစစ်စစ်နျန်က တီးတိုးပြောလိုက်လေသည်။

"ကမ္ဘာ့ရှေ့ပြေးပုံစံဆိုတာ ဘာကိုဆိုလိုတာလဲ"

ဆန်းလျန်မှာ ရှင်းစစ်စစ်နျန်၏စကားကြောင့် တုန်လှုပ်သွားလေသည်။ သူက အစိပ္ပါယ်ကို နားလည်သလိုရှိသော်လည်း မယုံကြည်ရဲပေ။

"အဲဒီပန်းချီကားကို အနန္တတန်ခိုးရှင်တစ်ပါးက ဆွဲခဲ့တာ ၊ ဖြစ်မလာသေးတဲ့ကမ္ဘာတစ်ခုကို အဲဒီပန်းချီကားထဲမှာ ရေးဆွဲထားတာ ၊ ဒါပေမယ့် အဲဒီအနန္တတန်ခိုးရှင်က နောက်ဆုံးအဆင့် အချောမသတ်ရသေးဘူး ၊ ဒါကြောင့် အဲဒီပန်းချီကားထဲမှာ ဘာပုံမှ မမြင်ရဘဲ အဖြူရောင်သက်သက်ဖြစ်နေတာ ၊ တောင်

တွေ ၊ စမ်းချောင်းတွေ ၊ မြစ်တွေလို သဘာဝတရားတွေကို ဖုံးကွယ်ထားတာ"

ရှင်းစစ်စစ်နျန်က ရှင်းပြလိုက်သည်။

"မင်းအဖေက ဒီအကြောင်းတွေကို အရင်ကတည်းက သိခဲ့တာလား"

"ဟင့်အင်း ၊ ဘယ်သိခဲ့မှာလဲ ၊ အဲဒီပန်းချီကားကြောင့်ပဲ ကျွန်မတို့သားအဖ ဒုက္ခအကြီးအကျယ်ရောက်ခဲ့ကြတာ ၊ အဲဒီပန်းချီကားကို ချင်းရွှမ်နတ်တံခါးကို ရှင်နဲ့အတူထည့်ပေးလိုက်ရင်တောင် ဒီလိုဖြစ်မှာမဟုတ်ဘူး"

သူမအသံတွင် ဝမ်းနည်းရိပ်များလွှမ်းနေလေသည်။

ဆန်းလျန်မှာ ဘာပြောရမှန်းပင် မသိတော့ပေ။

မြေခွေးနတ်ဘုရားအဘိုးအိုမှာ ထူးဆန်းသောသူတစ်ယောက်ဖြစ်လေသည်။ လူကြီးလူကောင်းလည်းပီသသလို အသိဉာဏ်လည်း ကြွယ်ဝသူဖြစ်သည်။ ဆန်းလျန်မှာ မြေခွေးနတ်ဘုရား

အဘိုးအိုကို ခင်မင်မိလေငဘ်. ယခုတော့ အဘိုးအိုမှာ အပြစ်မ ရှိပါပဲလျှက် ပန်းချီကားတစ်ချပ်ကြောင့် အသက်ဆုံးရသည်မှာ စိတ်မကောင်းစရာ ဖြစ်လေသည်။

ဆန်းလျန်သည် ရှင်းစစ်စစ်နျန်ကို မည်သို့နှစ်သိမ့်ရမည်မသိ တော့ပေ။

"အဲဒီလူက ပန်းချီကားကို လာယူတာ ၊ သူက အဖေ့ကို ဒဏ်ရာ ရအောင် လုပ်လိုက်တယ် ၊ သူကအရမ်းစွမ်းအားကြီးလွန်းလို့ အဖေရော ကျွန်မရော သူ့ကိုနိုင်အောင် မတိုက်ခိုက်နိုင်ခဲ့ဘူး ၊ အဖေလည်း ဒဏ်ရာကြောင့် အသက်ရှင်ဖို့လမ်းမရှိ ဖြစ်ခဲ့ရ တယ် ၊ အဖေက သူ့ဘဝတစ်လျှောက်လုံးကျင့်ကြံခဲ့တဲ့ စွမ်းအားတွေကို ကျွန်မဆီလွှဲပေးခဲ့ပြီးတော့ ဆုံးပါးသွားတော့ တာပါပဲ"

ရှင်းစစ်စစ်နျန်က ဆက်ပြောလိုက်သည်။

မြေခွေးနတ်ဘုရားအဘိုးအို၏တန်ခိုးစွမ်းအားများမှာ လောကနတ်ဘုရားတစ်ပါးအဆင့် မဟုတ်လျှင်တောင်မှ ဖော့ဝမ့်အဆင့်တော့ အနည်းဆုံးရှိလေသည်။ ပန်းချီကားကိုလုယူသွားသည့်သူအား အဘိုးအိုက နိုင်အောင် တိုက်ခိုက်နိုင်ခြင်းမရှိလျှင် သူလည်း နိုင်အောင် တိုက်ခိုက်နိုင်မည်မဟုတ်ကြောင်း ဆန်းလျန် သိလိုက်သည်။

ထိုသူသည် မည်သူများပါလိမ့်။

နှစ်ပေါင်းနှစ်ဆယ်အတွင်း ရှင်းစစ်စစ်နျန်၏ တန်ခိုးစွမ်းအားများ မြင့်မားလာရသည်မှာ ဖခင်ဖြစ်သူက တန်ခိုးစွမ်းအာများ လွှဲပြောင်းပေးသွားသောကြောင့် ဖြစ်လေသည်။ မြေခွေးနတ်ဘုရားအဘိုးအို ရှင်းချိုပင်ကျိရှောင်အန်းသည် သူ၏သမီးဖြစ်သူကို အလွန်ချစ်ခင်သည့်အတွက် သူ၏ ကျင့်စဉ်လမ်းတစ်လျှောက် ကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများအားလုံးကို ပေးအပ်သွားခဲ့လေသည်။ ထိုသို့ တန်ခိုးစွမ်းအားလွှဲပြောင်းပေး

သွားသည့်အတွက် အဘိုးအိုမှာ လူပြန်ဝင်စားနိုင်ခြင်း ရှိတော့မည် မဟုတ်ပေ။

"ပန်းချီကားကို ယူသွားတာ ဘယ်သူလဲ"

ဆန်းလျန်က အသံကို နှိမ့်ပြီးမေးလိုက်သည်။

"သူ့မျက်နှာကိုတော့ မှတ်မိလိုက်တယ် ၊ သူ့ခေါင်းမှာ ချိုနှစ်ခုရှိတယ် ၊ ခန္ဓာကိုယ်က အရမ်းကြီးမားပြီးတော့ နွားမွေးလိုမျိုး အနက်ရောင်အမွေးတွေဖုံးနေတယ် ၊ သူ့ခြေထောက်ကလည်း နွားခွာတွေလိုပဲ ၊ သူ့မျက်လုံးကလည်း နွားမျက်လုံးနဲ့ဆင်တယ် ၊ နွားကနေအသွင်ပြောင်းထားတဲ့ နတ်မိစ္ဆာဘုရင်တစ်ပါးဖြစ်မယ်ထင်တယ် ၊ ကျွန်မ ထျန်းရှန်းအမိန့်တော်ဂိုဏ်းချုပ်ဖြစ်လာပြီးတဲ့နောက်ပိုင်း သူ့အကြောင်းကို စုံစမ်းသေးတယ် ၊ ဒါပေမယ့် သတင်းအစအနတောင် မရခဲ့ဘူး"

ရှင်းစစ်စစ်နျန်က ပြောသည်။

ထို နတ်မိစ္ဆာဘုရင်၏မျက်နှာကို ရှင်းစစ်စစ်နျန်သည် မည်သည့်အခါမှ မေ့ပျောက်လိမ့်မည်မဟုတ်ပေ။ ထိုနတ်မိစ္ဆာဘုရင်သည် သူမအတွက် အိပ်မက်ဆိုးကြီးတစ်ခုပမာ ဖြစ်နေရလေသည်။

ရှင်းစစ်စစ်နျန်၏စိတ်ထဲမှ နာကျည်းမှုများကို ဆန်းလျန်ကိုယ်ချင်းဆာလိုက်မိသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မင်းရဲ့အဖေက သူ့ဘဝတစ်ခုလုံးကျင့်ကြံခဲ့တဲ့ တန်ခိုးစွမ်းအားတွေ မင်းကိုလွှဲပြောင်းပေးခဲ့တာ ၊ ဒါကြောင့် မင်းအဖေအတွက် မင်းက ကောင်းကောင်းအသက်ရှင်သန်သွားရမယ်နော်"

ဆန်းလျန်ဆိုလိုသည့်အဓိပ္ပါယ်ကို သူမကောင်းကောင်းနားလည်ပါသည်။

ထို့ပြင် ထိုနတ်မိစ္ဆာဘုရင်မှာ အလွန်တန်ခိုးစွမ်းအားကြီးမားလှလေသည်။ ထို့ကြောင့် ထိုနတ်မိစ္ဆာဘုရင်ကို ရှာတွေ့လျှင်လည်း

သူမအနေဖြင့် မည်သို့မျှ အနိုင်ရအောင် တိုက်ခိုက်နိုင်မည်မဟုတ်ပေ။

"ကျွန်မသိပါတယ်ရှင်၊ ဒါပေမယ့် ရှင်နတ်ဘုရားတစ်ပါးဖြစ်လာတဲ့တစ်နေ့ကျရင် အဲဒီပန်းချီကားကို ပြန်ရှာပါနော်၊ ဖြစ်မလာသေးတဲ့ကမ္ဘာတစ်ခုရဲ့ ပုံကြမ်းပန်းချီကားဟာ လောကနတ်ဘုရားတွေအတွက် အရမ်းအသုံးဝင်တယ်၊ မိုးမြေဖွဲ့စည်းပုံတွေအကုန်လုံးကို နားလည်သွားလိမ့်မယ်၊ အဲဒီပန်းချီကားသာရရင် ရှင်ဟာ လောကတစ်ခုလုံးမှာ ပြိုင်ဘက်ကင်းဖြစ်သွားမှာပဲ"

ရှင်းစစ်စစ်နျန်က ပြောလိုက်သည်။

"ဒီလိုဆိုရင် အဲဒီနတ်မိစ္ဆာဘုရင်ကလည်း ပန်းချီကားရဲ့ လျှို့ဝှက်ချက်ကို သိသွားပြီးလောက်ပြီပေါ့"

ဆန်းလျန်က ပြောလိုက်သည်။

"ဒါပေမယ့် ရှင်က နတ်မိစ္ဆာဘုရင်တစ်ပါးထက် ပိုပြီး ဒီပန်းချီးကားကို နားလည်နိုင်စွမ်းရှိတဲ့သူပါ ၊ အနန္တတန်ခိုးရှင် တာအိုဆရာသခင်ထိုက်ယီလုပ်ထားတဲ့ ပန်းချီကားပေါ်ကအရုံအတားကို ဘယ်သူမှ ဖျက်ဆီးမပစ်နိုင်ပါဘူး"

ရှင်စစ်စစ်နျန်က လေးနက်သောမျက်ဝန်းများဖြင့် ဆန်းလျန်ကိုကြည့်ပြီးပြောလိုက်လေသည်။

ပန်းချီကားချပ်သည် ပိုင်ရှင်အစစ်အမှန်ကို သူကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းရှိလေသည်။ ချင်းရှမ်နတ်တံခါး၏ ကျင့်စဉ်ပညာများမှာ တာအိုဆရာသခင်ထိုက်ယီမှ ဆင်းသက်လာခြင်းဖြစ်လေသည်။ ထို့ကြောင့် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်သည့် ဆန်းလျန်သည် ပန်းချီကား၏ ဆက်ခံသူ ပိုင်ရှင်ဖြစ်လာနိုင်လေသည်။

ဆန်းလျန်က ကျင့်စဉ်လမ်းတွင် အဆင့်တက်ရောက်ခြင်းအလွန်လျှင်မြန်လေသည်။ ထို့ပြင် အစိကနတ်ဘုရားကျောင်း

တော်ကြီးလေးခုမှ ဂိုဏ်းချုပ်များထဲတွင် အသက်အငယ်ဆုံး ဂိုဏ်းချုပ်လည်းဖြစ်လေသည်။ ကျိန်းသေပင် မိုးကောင်းကင်မှ ချီးမြှောက်ခံရခြင်းခံရသူတစ်ယောက် ဖြစ်လေသည်။

မျိုးဆက်တစ်ခုတွင် လောကပထမ ပါရမီရှင်တစ်ယောက် ပေါ်ထွက်စမြဲဖြစ်လေသည်။ ပြီးခဲ့သည့်မျိုးဆက်တွင် ရှန်ဆန်း ကျန်းရန် လုကျိုးယွမ်ပေါ်ထွက်ခဲ့ပြီးပြီ။ ယခုမျိုးဆက်တွင် တော့ ကျိန်းသေ ဆန်းလျန်သာ ဖြစ်ပေလိမ့်မည်။

လုကျိုးယွမ် လောကပထမနေရာကို ရယူထားသည်မှာ အချိန် များစွာ ကြာခဲ့ပြီဖြစ်လေသည်။ မည်သူမျှ လောကပထမနေရာ ကို ထာဝရ ရယူထားနိုင်မည် မဟုတ်ပေ။

"ရှေ့လျှောက် ဘာတွေဖြစ်မလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး ဗျာ ၊ နတ်ဒေဝါမြေခွေးရဲ့စာတမ်းရှည်ကို ကျုပ်မင်းကို တစ်လုံး ချင်းနှုတ်တိုက်သင်ပေးမယ် ၊ မင်းဟာ တန်ခိုးအကြီးမားဆုံး နတ်ဒေဝါမြေခွေးတစ်ယောက် ဖြစ်လာမှာပါ"

ဆန်းလျှန် ပြောလိုက်သည်။

ရှင်းစစ်စစ်နျန်သည် ဆန်းလျှန်ကို ချက်ချင်းပင် ဦးညွှတ်ဂါရဝ ပြုလိုက်လေသည်။

ချင်းဖုန်းနတ်သမီး၏ဂါထာ(သို့မဟုတ်) နတ်ဒေဝါ မြေခွေး၏စာတမ်းရှည်ကို ရရှိရန်အတွက် သူမနေဖြင့် ထျန်းရှ န်းအမိန့်တော်ဂိုဏ်းဆယ်ဂိုဏ်းဖြင့်ပင် အလဲအလှယ်ပြုလုပ်နိုင် လေသည်။

ဆန်းလျှန်သည် မည်သည့်အခါမှ သူတစ်ပါးနစ်နာမည့် အလဲအလှယ်မျိုးကို ပြုလုပ်ခဲ့ခြင်းမရှိခဲ့ပေ။

"ဖခင်ဖြစ်သူ၏ခန့်မှန်းချက်များသည် လုံးဝမှန်ကန်သည်" ဟု ရှင်းစစ်စစ်နျန် တွေးနေခဲ့လေသည်။ ဆန်းလျှန်သည် အမှန် တကယ်ပင် ဖြောင့်မတ်မှန်ကန်သည့် လူတစ်ယောက်ဖြစ်လေ သည်။

…………………………………

ကျောက်ရှောင်ယွီ၏ အဖြူရောင်ဝတ်ရုံသည် လေထဲတွင် လွင့်နေလေသည်။

သူမက ဆန်းလျန်နှင့် ဘေးချင်းယှဉ်ပြီး လမ်းလျှောက်နေခြင်းဖြစ်ပြီး ရော့ရှီလေး၏လက်ကိုလည်း ကိုင်ထားလေသည်။

ပြဿနာများလည်း ဖြေရှင်းပြီးသွားပြီဖြစ်သည့်အတွက် သူတို့သုံးယောက် လာရာလမ်းအတိုင်း ပြန်ခဲ့ကြလေသည်။ သို့သော် ဆန်းလျန်သည် တစ်လမ်းလုံး တိတ်ဆိတ်နေခဲ့လေသည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဘာလဲ ၊ ဟို ရှင်းစစ်စစ်နျန်ဆိုတဲ့ မိန်းမကို သတိရနေတာလား ၊ ရှင် သူ့ကိုသဘောကျတယ်ဆိုလည်း ချင်းရွှမ်ကို ခေါ်သွားလိုက်ပေါ့"

"ကောင်းသားပဲ ၊ ချင်းရွှမ်မှာ မြွေမိစ္ဆာလေးတစ်ကောင်ရှိတယ် ၊ သူ့ကိုသာခေါ်သွားရင် နတ်မိစ္ဆာစုံတွဲရပြီ ၊ ယင်နဲ့ယန် လုံးဝဘက်ညီသွားမှာပဲ"

ဆန်းလျန်က ပြောလိုက်သည်။

"ဟွန့် ဒါပေမယ့် ရှင်သာသူ့ကို ချင်းရွှမ်ကိုခေါ်သွားကြည့်ပါ

လား ၊ ဟို ချင်းရွှမ်က နတ်ဘုရားအဘိုးကြီး ရှင့်ကို သေအောင်

ရိုက်လိမ့်မယ်"

ကျောက်ရှောင်ယွီက ပြန်ပြောလိုက်လေသည်။

"ဘာဖြစ်လို့လဲဟင် ၊ အဲဒီမမက အရမ်းလှတာပဲကို ၊ သူ့ကို လူ

တိုင်းက ချစ်ကြမှာပါ"

ရှော့ရှီက ဝင်ပြောလိုက်လေသည်။

ရှော့ရှီလေး၏စကားကြောင့် ကျောက်ရှောင်ယွီမှာ ကိုယ့်နဖူး

ကိုယ်ပင် ပြန်ရိုက်လိုက်မိသည်။

"အဲဒီရှင်းစစ်စစ်နျန်ဆိုတဲ့မိန်းမက သမီးရဲ့ဦးလေးဆီကနေ နတ်

ဒေဝါမြေခွေးစာတမ်းရှည်ကို ယူသွားတာ ၊ သူက နောက်ဆို

နတ်ဒေဝါမြေခွေးတစ်ယောက်ဖြစ်လာတော့မှာ ၊ နတ်ဒေဝါ

မြေခွေးဆိုတာ မွေးရာပါတန်ခိုးစွမ်းအားကြီးမားပြီးသားပဲ ၊ ဒါ

ပေမယ့် နတ်ဒေဝါမြေခွေးဖြစ်လာတဲ့အထိ လျှောက်လှမ်းနိုင်ဖို့ ကလည်း တကယ်မလွယ်ကူလှဘူး ၊ အဓိကအကြောင်းရင်း ကတော့ သူတို့က အရမ်းလှလို့ပဲ ၊ ဒါပေမယ့် လှသလောက် လည်း ကြောက်စရာကောင်းလွန်းတယ် ၊ အရင်တုန်းက နတ်ဒေ ဝါမြေခွေးတစ်ယောက်ကြောင့် နတ်ဘုရားကျောင်းတော်တစ်ခု ပျက်စီးသွားခဲ့ဖူးတယ် ၊ ဘုရင်တစ်ပါးကလည်း သူ့ကိုယ်သူ သတ်သေရတဲ့အထိ ဖိအားပေးခံခဲ့ရဖူးတယ်"

"ကံကောင်း ကံဆိုးဆိုတာ အမြဲတမ်းဒွန်တွဲနေတာပဲဗျာ ၊ တစ် ဦးတစ်ယောက်တည်းကိုပဲ အပြစ်တင်လို့ မရနိုင်ပါဘူး ၊ ဒါနဲ့ ထျန်းရှန်းအမိန့်တော်ဂိုဏ်းက အခုဆို မင်းလက်ထဲရောက်လာ ပြီပဲ ၊ သူတို့ကို အခြေကျသွားအောင်အုပ်ချုပ်ဖို့ မင်း ဘာလို့ မ နေခဲ့ရတာလဲ"

ဆန်းလျန်က ပြောလိုက်သည်။

"အားလုံးကို ကျွန်မလိုက်လုပ်နေဖို့ မလိုပါဘူးရှင်၊ ကျွန်မ လက်အောက်ငယ်သားတွေက ဘာလုပ်ဖို့ထားတာလဲ၊ ကျွန်မ မှာ အသုံးမကျတဲ့လက်အောက်ငယ်သားတွေချည်းရှိတယ်လို့ ရှင်ကထင်နေတာလား"

ကျောက်ရှောင်ယွီက ဆန်းလျန်ကို စ နောက် လိုက်လေသည်။

"မင်းပြောတာမှန်တယ်၊ ကျုပ်လည်း အရည်အချင်းရှိတဲ့ တပည့်တွေမွေးထားရမယ်"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"ချစ်ရတဲ့ ဆန်းဂိုဏ်းချုပ်၊ ကျွန်မကို တပည့်အဖြစ်မွေးပါလား ၊ ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာ နှစ်ဝက်လောက်သာ နေ ခိုင်းလိုက်ပါ၊ ပြီးရင် ရှင်ကြိုက်တာ ခိုင်းလို့ရပါတယ်"

ကျောက်ရှောင်ယွီက လှပသည့် မျက်ဝန်းလေးများကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ဆန်းလျန်ကို မော့ကြည့်ကာ ပြောလိုက် သည်။

သူမစကားကြောင့် ဆန်းလျန်က ချောင်းတစ်ချက် ဟန့်လိုက်ရင်း....

"အမလေး... ကျုပ်တို့ချင်းရှမ်မှာ မင်းလို ကြီးမြတ်တဲ့ နတ်သမီးတစ်ပါးကို တပည့်အဖြစ် လက်မခံဝံ့ပါဘူး၊ ကဲ ကဲ ဒီမှာပဲ လမ်းခွဲကြစို့၊ ကျုပ် ရှော့ရှီလေးကို ချင်းရှမ်ကို ခေါ်သွားရဦးမယ်"

ဟု ပြောလိုက်လေတော့သည်။

အခန်း (၂၇၆)

သစ္စာဖောက်

"အင်းပေါ့လေ ၊ ကြည့်ရတာ ကျွန်မကိုမလိုတော့ဘူးဆိုတော့ လမ်းခွဲကြရုံပေါ့ ၊ နောက်လေးနှစ်ကြာရင် ကျီမော့တောင်မှာ ပြန်တွေ့ကြမယ်နော် ၊ အဲဒီအချိန်ကျရင် ကျွန်မ လော်ဝါဒရဲ့ သူတော်စင်မိန်းမပျိုနေရာကို ရအောင် ယူနိုင်ဖို့ ရှင်က ကူညီ ပေးရမယ်နော် ၊ မဟုတ်လို့ကတော့ ချင်းရွှမ်ထိလိုက်လာပြီး ချ င်းရွှမ်နတ်တံခါးရဲ့ဂိုဏ်းချုပ်က ဒီက အားနွဲ့သူ မိန်းကလေး တစ်ယောက်ကို ဘယ်လို စွန့်ပစ်ခဲ့တယ်ဆိုတဲ့ အကြောင်းတွေ ကို ရှင့်တပည့်တွေသိအောင် လျှောက်ပြောပစ်မယ်"

ကျောက်ရှောင်ယွီက ရယ်မောရင်းပြောလိုက်လေသည်။

ဆန်းလျန်မှာ ဘာပြန်ပြောရမှန်းပင်မသိ။ စိတ်ပျက်လက်ပျက် ဖြင့် ကျောက်ရှောင်ယွီ၏ မျက်နှာကိုသာ ငေးကြည့်နေမိ တော့သည်။

ရော့ရှီလေးမှာ မနေနိုင်တော့ဘဲ ရယ်မောလိုက်မိလေသည်။ မမ ကျောက်ရှောင်ယွီမှာ တကယ်ပင် မလွယ်သည့်လူတစ်ယောက်

ဖြစ်လေသည်။ သူမ၏ဦးလေးကို တစ်ချက်မှ မလှုပ်နိုင်အောင်

ချုပ်ထားနိုင်သူ ဖြစ်လေသည်။

ဆန်းလျန်က လက်ဝှေ့ယမ်းပြလိုက်ရင်း...

"အင်းပါ၊ ကျုပ်လာခဲ့ပါ့မယ်၊ နောက်လေးနှစ်ကြာရင် ကျီမော့

တောင်မှာ မင်းကို သေသေချာချာလာတွေ့ပါ့မယ်"

ကျောက်ရှောင်ယွီသည် ဆန်းလျန်ကို တစ်ချက်ငေးကြည့်လိုက်

ပြီး တိမ်ပေါ်သို့ ပျံသန်းထွက်ခွာ ပျောက်ကွယ်သွားလေ

တော့သည်။ သူမထိုသို့ ရုတ်တရက်ထွက်ခွာသွားသည့်အတွက်

ဆန်းလျန်ပင် အံ့ဩမင်သက်ပြီး ကျန်ရစ်ခဲ့ရလေသည်။

"ဦးဦး၊ အခု သမီးတို့ ဦးဦးရဲ့ဂိုဏ်းကိုသွားမှာလားဟင်"

ရော့ရှီလေးက ပျော်ရွှင်စွာဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်က မိန်းကလေးငယ်၏ ဆံပင်လေးများကို ပွတ်သပ်

ပေးလိုက်ရင်း ဆံပင်တောင် တော်တော်ရှည်နေပြီဟု တွေး

လိုက်မိလေသည်။ ရော့ရှီလေး၏ဆံပင်များသည် ခါးထိ

ရှည်လျားပြီး နက်မှောင်တောက်ပကာ လှပလွန်းလေသည်။ ခရီးတစ်လျှောက်ကျောက်ရှောင်ယွီက သူမဆံပင်လေးများကို ဖြီးသင်ရှင်းလင်းပေးလေ့ရှိလေသည်။ ယခု ကျောက်ရှောင်ယွီ မရှိတော့သဖြင့် ဦးလေးဖြစ်သည့်သူကသာ တာဝန်ယူ လုပ်ပေးရတော့မည်။

"ဒါပေါ့ သမီးရယ် ၊ ဦးဦးရဲ့ဂိုဏ်းက သမီးရဲ့ဂိုဏ်းပါပဲ ၊ အခုချိန်ကစပြီး သမီးက ချင်းရွှမ်နတ်တံခါးက တပည့်ဖြစ်သွားပြီနော်"

ဆန်းလျန်က တီးတိုးပြောကြားလိုက်သည်။

ရှော့ရှီက နားလည်သလိုလို မလည်သလိုလိုနှင့် ခေါင်းညိတ်ပြလိုက်သည်။ သူမအတွက် ဂိုဏ်းဂဏများက အရေးမကြီးလှပါ။ သူမချစ်သည့်ဦးလေးနှင့် အတူနေရရန်သာ အရေးကြီးလေသည်။

ဆန်းလျန်က ဖြစ်ပျက်သမျှအားလုံးကို ရှော့ရှီကိုပြောပြသည့်တိုင် အတွေ့အကြုံမရင့်ကျက်သေးသော ကလေးမသည် နားလည်နိုင်လိမ့်မည်မဟုတ်ပေ။ လောကတွင် ကြာရှည်စွာ ရပ်တည်ခဲ့ပြီး လောကကြီးအကြောင်း များစွာသိရှိလာသည့် တစ်နေ့တွင်တော့ သူမလည်း အလုံးစုံကို နားလည်လာမည်ဖြစ်လေသည်။

အမှန်တော့ ရှော့ရှီလေး ထိုမျှ နားလည်မည်ဟူ၍ပင် ဆန်းလျန် တွေးထင်မထားခဲ့ပါ။ ရန်ငြိုးရန်စထားရှိခြင်းသည် ပျော်ရွှင်ရခြင်းထက် နာကျင်ရခြင်းက ပိုများမည်ကို ဆန်းလျန်က သူမကို အမြဲတမ်းသင်ကြားပေးမိလေသည်။

ဆန်းလျန်မှာ ရှော့ရှီလေးကို ထိုက်စုနတ်ဘုရားဂိုဏ်းမှ ခေါ်ထုတ်လာနိုင်ခဲ့သည့်တိုင် သူမနှင့် ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဆက်သွယ်မှုကို လုံးဝဖြတ်တောက်နိုင်ခြင်းမရှိသေးပေ။

နှလုံးသားစည်းချက်ကျင့်စဉ်ကြောင့် ရှော့ရှီ၏ နှလုံးသား

ဗဟိုချက်တွင်ရရှိထားသည့် ဒဏ်ရာကို ဖြေရှင်းနိုင်ရန် နည်းလမ်းရှာရဦးမည် ဖြစ်လေသည်။ ထျန်းမုန့်နတ်သမီးကူညီလျှင်တော့ ပိုကောင်းမှာဖြစ်လေသည်။ ပြုလုပ်သူက ပြန်လည်ဖြေရှင်းပေးနိုင်လျှင် အကောင်းဆုံးပင်မဟုတ်ပါလား။

ဆန်းလျန်က သူ့ဘဝတစ်ခုလုံးကျင့်ကြံခဲ့သည့် ကျင့်စဉ်စွမ်းအားများကို ရှော့ရှီကိုလွှဲပြောင်းပေးရမည်ဆိုလျှင်တောင် သူမ၏ဒဏ်ရာကို ကုသပေးမှာဖြစ်လေသည်။ သို့သော် နောက်ဆုံးစမ်းသပ်စစ်ဆေးမှုကို ကျော်လွှားနိုင်ရန်မှာတော့ သူမအပေါ်တွင်သာ မူတည်လေသည်။

"ရှော့ရှီ ၊ ဦးဦးပြောတာကို မှတ်ထားပါ ၊ ဖြစ်ချင်တဲ့ဆန္ဒသာရှိရင် အမြဲတမ်းနည်းလမ်းဆိုတာရှိတယ် ၊ သမီးဘက်က လက်မလျှော့သရွေ့ နည်းလမ်းဆိုတာရှိစမြဲပဲ"

ဆန်းလျန်က အလေးအနက်ပြောလိုက်သည်။

"သမီးမှတ်ထားပါ့မယ် ဦးဦး"

....

ဆန်းလျှန်က ချင်းရှမ်နတ်တံခါးသို့ တန်းမပြန်သေးပါ။ သူက ချင်းကျန်းဂိုဏ်းသို့ ခဏဝင်ခဲ့လေသည်။

ချင်းကျန်းဂိုဏ်းသည် ဟွမ်လုန်ကျီ၏ တိုက်ခိုက်မှုကြောင့် အကြီးအကျယ် ပျက်စီးခဲ့ရလေသည်။

ဆောင်းဝင်တော့မည့်ဖြစ်သည့်အတွက် တောင်တစ်ခုလုံးတွင် အနီရောင်သစ်ရွက်များဖြင့် ဖုံးအုပ်လျှက်ရှိလေသည်။ အနီရောင်သစ်ရွက်ကြွေများမှာ ချင်းဆွေမြစ်ရေထဲတွင်လည်း စီးမျောနေပြီး မြစ်တစ်ခုလုံးမှာလည်း အနီရောင်သန်းနေလေသည်။

ချင်းကျန်းဂိုဏ်းတည်ရှိရာ ပေါယွင်တောင်ပေါ်တွင် ခမ်းနားစွာ ကျဆင်းနေသည့် ရေတံခွန်ကြီးတစ်ခုကိုလည်း တွေ့မြင်နိုင်လေသည်။ ထိုရေတံခွန်မှာ ဟွမ်လုန်ကျီနှင့်တိုက်ပွဲတွင် တောင်ပေါ်မှ ရေကြောကို တိုက်ခိုက်မိသောကြောင့် ဖြစ်တည်လာသည့် ရေတံခွန်ကြီးဖြစ်လေသည်။ ထိုရေတံခွန်ကိုမြင်တိုင်း

ချင်းကျန်းဂိုဏ်းသားများသည် မခံချင်စိတ်များ မြင့်တက်လာစမြဲဖြစ်လေသည်။

ရေတံခွန်အောက်တွင် ဓားသိုင်းလေ့ကျင့်နေသူ ချင်းကျန်းဂိုဏ်းသား သုံးဆယ့်သုံးဦးရှိလေသည်။

သူတို့က အသက်ဆယ့်နှစ်နှစ်ခန့် မိန်းကလေးငယ်လေးတစ်ဦး၏လက်ကို ကိုင်ဆွဲကာ ကောင်းကင်ထက်မှ ဆင်းသက်လာသည့် လူငယ်တစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ ထိုလူငယ်မှာ တပည့်ဖြစ်သူ နတ်သူငယ်မလေးဖြင့် ကောင်းကင်မှ ကြွဆင်းလာသည့် နတ်ဘုရားတစ်ပါးနှင့်ပင်တူလေသည်။

ဓားသမားများကို ဦးဆောင်ပြီး ဓားသိုင်းသင်ကြားပေးနေသူမှာ ကျော်ရှောင်ချင်းဖြစ်လေသည်။ သူက ဆန်းလျန်ကိုတွေ့သည်နှင့် သူ၏ဂိုဏ်းတူညီအစ်ကိုများနှင့်အတူ ဆန်းလျန်ကို ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ဆန်းတန်ခိုးရှင်ကို ဂါရဝပြုပါတယ်"

သူတို့အားလုံးမှာ သွေးအေးသည့်ဓားသမားဖြစ်သည့်တိုင်

ခမ်းနားသည့် တာအိုဆရာသခင်ကို ကြိုဆိုရသည့်အတွက်

စိတ်လှုပ်ရှားနေကြလေသည်။

ဆန်းလျန်နှင့် ရော့ရှီမှာ ကောင်းကင်ထက်မှ ဖြည်းဖြည်းချင်း

ဆင်းသက်လာလေသည်။

လေတိုက်ခတ်နေသည့်အတွက် သူတို့၏ဝတ်ရုံများမှာ လေထဲ

တွင် လွင့်ပျံနေလေသည်။ ဆန်းလျန်ဆီမှထွက်ပေါ်နေသည့်

သိမ်မွေ့သည့်စွမ်းအားတစ်ခုကို ဓားသမားသုံးဆယ့်သုံး

ယောက်လုံးခံစားလိုက်ရလေသည်။

ဓားသမားအားလုံးမှာ တစ်ယောက်မျက်နှာတစ်ယောက် အံ့သြ

စွာဖြင့် ကြည့်လိုက်ကြပြီး ဆန်းလျန်ကို အထင်ကြီးစွာဖြင့်

ပြန်လည်ကြည့်လိုက်ကြလေသည်။

ဆန်းတန်ခိုးရှင်သည် အသက်ငါးဆယ်ပင် မပြည့်သေးသည့်တိုင် တန်ခိုးစွမ်းအားများက အဆမတန် မြင့်မားနေပြီဖြစ်သည်။

"အားလုံးပဲ နေသာသလို နေကြပါ၊ ကျုပ်တို့အားလုံးက ကျင့်ကြံသူတွေပဲ၊ ကျုပ်က မင်းတို့ထက် ခြေလှမ်းနည်းနည်းသာတာပဲရှိတာပါ"

ဆန်းလျန်က သိမ်မွေ့စွာဖြင့် ပြောလိုက်သည်။

ဓားသမားများက တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ပြီး ဆန်းလျန်ကို ခေါင်းညိတ်ပြလိုက်ကြလေသည်။

"ရှောင်ချင်း၊ မင်းကတကယ့်ကို စွမ်းအားကြီးတဲ့လူတစ်ယောက်ဖြစ်လာပြီ၊ အရင်တုန်းက မလုပ်မဖြစ်လို့သာ မင်းကို ကျုပ်ရဲ့ဓားကျွန်ဖြစ်စေခဲ့ရတာပါ၊ မင်းကို သိမ်ငယ်စေခဲ့မိတယ်၊ အခုတော့ ဒီကိစ္စတွေအားလုံးပြီးသွားပါပြီ၊ မင်းဟာ လွတ်လပ်တဲ့လူတစ်ယောက်ဖြစ်သွားပါပြီ"

ဆန်းလျန်က ကျော်ရှောင်ချင်းကို ပြောလိုက်လေသည်။

ဆန်းလျန်၏စကားကြောင့် ကျော်ရှောင်ချင်း၏မျက်ဝန်းတွင် မျက်ရည်များဖြင့်ပြည့်လာလေသည်။

"ကျွန်တော် သခင်လေးဆီက အများကြီး သင်ယူခဲ့ရတာပါ၊ သိမ်ငယ်တယ်လို့ နည်းနည်းလေးတောင် မခံစားခဲ့ရပါဘူး၊ သခင်လေးဆီမှာ ဓားကျွန်အဖြစ် ဆက်ပြီး တာဝန်ထမ်းဆောင်ချင်ပါသေးတယ်"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မရှုးမိုက်စမ်းပါနဲ့ကွာ၊ မင်းမှာ တကယ့်ဓားသမားကောင်းတစ်ယောက် ဖြစ်လာမယ့် ပါရမီပါပြီးသားပါ၊ ဒါနဲ့ တောင်ပေါ်မှာ ဘယ်သူ့ကိုမှလည်း မတွေ့ပါလား"

ကျော်ရှောင်ချင်းမျက်နှာတစ်ချက်ပျက်သွားပြီး အသံမှာလည်း တိမ်ဝင်သွားလေသည်။

"ဟွမ်လုန်ကျီနဲ့ တိုက်ပွဲဖြစ်ပြီးကတည်းက ကျွန်တော်တို့ ချင်းကျန်းဂိုဏ်းက ဂိုဏ်းသားတွေ အတော်များများ ဒဏ်ရာအပြင်းအထန်ရခဲ့ကြတယ်၊ ကျင့်ကြံမှုတွေပျက်စီးကုန်ပြီးဆက်ပြီး ကျင့်စဉ်လမ်းကို လျှောက်လှမ်းလို့မရကြတော့ဘူးလေ၊ ဒါကြောင့် ဂိုဏ်းတူအစ်ကိုကျန်းဆွေကျယ်က သူတို့ကိုလူ့လောကမှာပဲ သာမန်ဘဝနဲ့နေဖို့ အခြေတကျဖြစ်အောင်လိုက်လုပ်ပေးနေရတယ်၊ အခု ဒီမှာသုံးဆယ့်သုံးယောက်ပဲကျန်ခဲ့တော့တယ်"

"ဒါဖြင့် ဓားဘုရင်မုန့်ရော ဘယ်ရောက်နေလဲ"

ဆန်းလျန်က မေးလိုက်သည်။

ဆန်းလျန်မေးလိုက်သည်နှင့် ကျော်ရှောင်ချင်းအပါအဝင် ချင်းကျန်းဂိုဏ်းသားများအားလုံး၏မျက်နှာများမှာ မဲမှောင်သွားကြလေသည်။ အရှက်ကွဲခဲ့ခြင်းကို ဖုံးကွယ်၍မရပေ။

"ဆရာက ကျွန်တော်တို့ ဘိုးဘွားပိုင်ဖြစ်တဲ့ ယွင်ဆွေအလင်း

ဓားကျမ်းကိုရော ၊ နဂါးငွေ့တန်းဓားကျမ်းကိုရော ကွမ်းချင်း

နတ်ဘုရားဂိုဏ်းက ချင်းဝေးဆိုတဲ့လူကိုပေးလိုက်တယ် ၊ ဆရာ

က ကျွန်တော်တို့ဂိုဏ်းချုပ်ကိုတောင်သတ်ပြီး ကွမ်းချင်းနတ်

ဘုရားဂိုဏ်းကို ခိုဝင်သွားခဲ့တယ်"

ဆန်းလျန် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကြောင်း မင်းရဲ့မျက်လုံးတွေထဲမှာ သွေးစတွေမြင်နေရပြီး

မင်းရဲ့တန်ခိုးစွမ်းအားတွေလည်း ရပ်တန့်နေတာကိုး ၊ မင်း

ဒဏ်ရာရထားတာ မပျောက်သေးဘူးမဟုတ်လား ၊ ဒီဒဏ်ရာက

မင်းရဲ့ဆရာကြောင့် ရခဲ့တာလား"

ကျော်ရှောင်ချင်း က ဆန်းလျန်အမေးကို ပြန်မဖြေဘဲ

တိတ်ဆိတ်နေလေသည်။

မုန်ရှင်ကျန်းမှာမည်မျှပင် ဂွကျသောသူဖြစ်ပါစေ သူ၏ဆရာ

နှင့် ဘိုးဘေးများကိုသစ္စာဖောက်မည့်သူမဟုတ်ပေ။ ချင်းဝေး

အဖြစ်ဟန်ဆောင်ထားသည့် ယန်ရှီးက မုန့်ရှင်ကျန်း၏စိတ်

အတွင်းသို့ သူ၏မိစ္ဆာမျိုးစေ့ကိုထည့်ကာ သူ၏ကိုယ်ပွားအဖြစ်

ပြုလုပ်လိုက်ခြင်းကြောင့်သာ မုန့်ရှင်ကျန်း၏စိတ်များ

ဖောက်ပြန်သွားရခြင်းဖြစ်လေသည်။ ထို့ကြောင့် မလုပ်သင့်

သည့်အလုပ်များကို လုပ်ခြင်းဖြစ်ကြောင်း ဆန်းလျန်ကတော့

နားလည်ထားလေသည်။

ဆန်းလျန်က နဂါးငွေ့တန်းဓားသိုင်းကို မုန့်ရှင်ကျန်းနှင့်ကျော်

ရှောင်ချင်းကိုဖမ်းထားစဉ်က လေ့လာနိုင်ခဲ့ခြင်းဖြစ်လေသည်။

ယန်ရှီးက နဂါးငွေ့တန်းဓားသိုင်းကို စိတ်ဝင်စားနေသူ ဖြစ်လေ

သည်။

အမှန်တော့ မုန့်ရှင်ကျန်း၏ နဂါးငွေ့တန်းဓားသိုင်းမှာ ပြည့်စုံ

ခြင်းသိပ်မရှိပေ။

သို့သော် ဆန်းလျန်က ပိုင်ရှောက်လျိုထံမှ စမ်းရေဓားကျမ်းကို

ကြည့်ခဲ့ဖူးလေသည်။

အစပိုင်းကတည်းကပင် စမ်းရေဓားကျမ်းက ထူးဆန်းသည်ဟု သူက ထင်ခဲ့မိသည်။ နဂါးငွေ့တန်းဓားသိုင်းကို လေ့လာမိသည့် အခါတွင်တော့ မပြည့်စုံသည့် နကားငွေ့တန်းဓားကျမ်း၏ လိုအပ်နေသည့်အစိတ်အပိုင်းမှာ စမ်းရေ ဓားကျမ်း ဖြစ်နေခဲ့ ကြောင်း သိရှိခဲ့ရလေသည်။ စမ်းရေဓားကျမ်းမှာ နဂါးငွေ့တန်း ဓားကျမ်း၏ အနှစ်ချုပ်သဘောများကို ရေးသားထားခြင်း ဖြစ်သည်။ ဆန်းလျန်မှာ တစ်ခါကြည့်ရုံဖြင့် မှတ်မိသည့် မှတ်ဉာဏ်ရှိသည့်အတွက်သာ ထိုသို့ ဆက်စပ်ကြည့်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော် သူက စမ်းရေဓားကျမ်းကို အပေါ်ယံ မျှသာ ကြည့်ခဲ့မိသည့်အတွက် နဂါးငွေ့တန်းဓားသိုင်းကို လေ့ကျင့်ရာတွင် နားမလည်သည့်အချက်များရှိနေသေးသည်။ ယန်ရှီးအကြောင်း သိနေသည့်တိုင် ဆန်းလျန်မှာ ယန်ရှီး အကြောင်းကို ဖော်ထုတ်၍မဖြစ်နိုင်သေးပေ။ အထူးသဖြင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်းသည် သူ့စကားကို မည်သည့်နည်း

နှင့်မှ ယုံကြည်မည် မဟုတ်ပေ။ သို့သော်... ကွမ်းချင်းနတ်ဘုရားဂိုဏ်းတွင် ယန်ရှီးရောက်နေခြင်းက ဆန်းလျန်အတွက် မကောင်းသည့်အနေအထားဖြစ်လေသည်။

ကျော်ရှောင်ချင်းတို့အဖွဲ့က ဆန်းလျန်နှင့် ရှော့ရှီလေးတို့ကို ရေတံခွန်ထိပ်ရှိ ချင်းကျန်းဂိုဏ်း ခန်းမဆောင်ရှိရာသို့ ခေါ်ဆောင်ညွှန်ပြကြလေသည်။ ချင်းကျန်းဂိုဏ်း၏ ဓားခန်းမဆောင်သည် တောအုပ်တစ်ခုအတွင်းတွင်တည်ရှိလေသည်။

အခန်း (၂၇၇)

တာအိုတရားဟောကြားခြင်း

ချင်းကျန်းဂိုဏ်း၏ ဓားခန်းမအတွင်းသို့ ဆန်းလျန် ခြေချလိုက်မိသည်နှင့် ခန်းမတစ်ခုလုံး ပွန်းရာပွဲရာများ ၊ ဓားခုတ်ရာများနှင့် ပြည့်နေသည်ကို တွေ့လိုက်ရလေသည်။ အုတ်ကြွပ်များကြေမွနေပြီး အပျက်အစီးများဖြင့် ရှုတ်ပွလျှက် ရှိလေသည်။ ခန်းမထဲတွင် တိုက်ပွဲတစ်ခု ဖြစ်ခဲ့ဟန်ရှိလေသည်။

"ဆန်းတန်ခိုးရှင် ၊ ဒီခန်းမထဲမှာ ဆရာမုန့်ရှင်ကျန်းနဲ့ ကျုပ်တို့ဂိုဏ်းချုပ် တိုက်ခိုက်ခဲ့တာ ၊ ပြီးတော့ ဆရာမုန့်ရှင်ကျန်းဟာ သစ္စာဖောက်ပြီး ထွက်ပြေးသွားတော့တာပဲ"

တပည့်တစ်ယောက်က ပြောပြလိုက်သည်။

ချင်းကျန်းဂိုဏ်းတည်ရှိရာ ပေါယွင်တောင်မှာ မိုးမြေစွမ်းအားများ နည်းပါးသည့်နေရာတစ်ခု မဟုတ်ပေ။

သို့သော်.... ဟွမ်လုန်ကျီက တောင်ပေါ်ရှိ မိုးမြေစွမ်းအားတည်ရှိမှုနေရာများကို ဖျက်စီးသွားသည့်အတွက် မိုးမြေစွမ်းအားများ အားနည်းသလိုဖြစ်နေရခြင်းဖြစ်လေသည်။

မုန့်ရှင်ကျန်းနှင့် ချင်းကျန်းဂိုဏ်းချုပ်၏ တိုက်ပွဲမှာ ပြင်းထန်ပုံရလေသည်။ ထို့ကြောင့် ဓားခန်းမတစ်ခုလုံး ပျက်စီးနေရခြင်းဖြစ်လေသည်။

"ကျုပ်ရဲ့ သစ္စာခံဂိုဏ်းဖြစ်ပြီးမှ ချင်းကျန်းဂိုဏ်းဒီလိုကျဆင်းသွားတာ ကျုပ်မှာတာဝန်ရှိပါတယ်၊ မင်းတို့အားလုံး စိတ်မပူကြပါနဲ့၊ ကျုပ် တောင်ပေါ်မှာ တစ်လလောက်နေပြီး မင်းတို့ရဲ့အခက်အခဲတွေကို ဖြေရှင်းပေးပါ့မယ်၊ ပြီးတော့ ရှောင်ချင်းကလည်း မင်းတို့ကို သင်ပြပေးနိုင်ပါတယ်"

ဆန်းလျန်က လက်နှစ်ဖက်နောက်ပစ်ရင်း အေးဆေးစွာ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆန်းတန်ခိုးရှင်၊ ဒါပေမဲ့ နောက်ကိစ္စတစ်ခု ရှိသေးတယ်"

တပည့်တစ်ယောက်က ဝင်ပြောလိုက်ပြန်သည်။

ကျော်ရှောင်ချင်းက ထိုတပည့်ကို တားလိုက်သည်။

"တော်ပြီ ၊ မပြောနဲ့တော့"

ဆန်းလျန်က ကျော်ရှောင်ချင်းကို လက်တစ်ဖက်ကာပြလိုက်ရင်း...

"ဘာကိစ္စဖြစ်လို့လဲ ၊ ပြောပါ"

ထိုတပည့်က ကျော်ရှောင်ချင်းကို စိတ်ဆိုးမာန်ဆိုးဖြင့် တစ်ချက်ကြည့်လိုက်ပြီးမှ ဆန်းလျန်ကို ရိုသေစွာဦးညွတ်လိုက်ရင်း....

"ခုတလော ချီယန်ဂိုဏ်း ၊ အဆိပ်ငါးပါးဂိုဏ်းနဲ့ လေနက်ဂူကလူတွေ ကျွန်တော်တို့ဂိုဏ်းကို မသိမသာ ပြဿနာရှာနေကြပါတယ် ၊ ဒီကိစ္စကို ဖြေရှင်းပေးဖို့ ဆန်းတန်ခိုးရှင်ကို တောင်းပန်ပါတယ်"

ဆန်းလျန် တစ်ချက်မျှ စဉ်းစားလိုက်သည်။

ထိုဂိုဏ်းသုံးဂိုဏ်းမှာ နန်ကျန်းမှ သာမန်မျှသာအဆင့်ရှိသည့် ဂိုဏ်းသုံးဂိုဏ်းဖြစ်လေသည်။ ယခင် ချင်းကျန်းဂိုဏ်း

အင်အားကြီးမားခဲ့စဉ်က ထိုဂိုဏ်းများသည် ချင်းကျန်းဂိုဏ်းကို လွှန်ဆန်ရဲကြသူများ မဟုတ်ပေ။ သို့သော် ယခုတော့ ချင်းကျန်းဂိုဏ်းမှာ ကြောင်ပေါက်လေးတစ်ကောင်ပမာ အင်အားလျော့နည်းလျှက် ရှိလေသည်။ ထို့ကြောင့် သူတို့က ချင်းကျန်းဂိုဏ်းကို ရန်စကြခြင်း ဖြစ်လေသည်။

ကျော်ရှောင်ချင်းက ဆန်းလျန်ကို အားနာသည့်အတွက် ထိုကိစ္စများကို ပြောမပြလိုပေ။ သူက ပြဿနာကို သူကိုယ်တိုင်ရင်ဆိုင်ရန် ဆုံးဖြတ်ထားသည်။

ဟွမ်လုန်ကျီနှင့်တိုက်ပွဲအပြီးတွင် ကျော်ရှောင်ချင်း၏ဓားသိုင်းမှာ ယခင်ကထက် မြင့်မားလာလေသည်။ သူ၏ ယွင်ဆွေအလင်းဓားမှာ နောင်တစ်ချိန်တွင် ဆရာဖြစ်သူ မုန့်ရှင်ကျန်းထက်ပင် သာသွားနိုင်သည့် အနေအထား ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကိစ္စမရှိပါဘူး ၊ နောက်တစ်ခါ မနှောက်ယှက်နိုင်အောင် ကျုပ်သူတို့ကို ပညာပေးလိုက်ပါ့မယ်"

ချင်းကျန်းဂိုဏ်းတစ်ခုလုံးအတွက် သူ့တွင်တာဝန်ရှိသည်ဟု ဆန်းလျန်က ခံယူထားလေသည်။ ချင်းကျန်းဂိုဏ်းမှာ ချင်းရှမ်နတ်တံခါး၏ သစ္စာခံဂိုဏ်းတစ်ခု ဖြစ်သည် မဟုတ်ပါလား။

ဆန်းလျန်ထံမှ စကားကြောင့် ကျော်ရှောင်ချင်းတို့အုပ်စုမှာ စိတ်သက်သာရာရသွားကြလေသည်။

ချင်းကျန်းဂိုဏ်းပျက်စီးနေသည့်အချိန်တွင် ဆန်းလျန်က သူတို့ကိုပစ်မထားသည့်အတွက်လည်း များစွာ ဝမ်းသာသွားကြလေသည်။

ရုတ်တရက်ပင် ဆန်းလျန်က ချင်းကျန်းဂိုဏ်း၏ ဓားခန်းမဆောင်၏ အပျက်အစီးများကြားတွင် ထိုင်ချလိုက်လေသည်။ ရှော့ရှီလေးကလည်း ဦးလေးဖြစ်သူ၏ဘေးတွင် ချစ်စရာကောင်းစွာ ဝင်ထိုင်လိုက်လေသည်။ ပျက်စီးနေသည့် ခေါင်မိုး

ကြားမှ နေရောင်ခြည်တစ်စသည် ဆန်းလျန်ဆီသို့ ဖြာကျနေလေသည်။ ထို့ကြောင့်ဆန်းလျန်မှာ နေရောင်ခြည်အောက်တွင် နတ်ဘုရားဆန်စွာ တောက်ပနေလေတော့သည်။

"မင်းတို့တွေကို ဓားသိုင်းတာအိုကျင့်စဉ်အကြောင်း သိချင်ကြလား"

ဆန်းလျန်က မေးလိုက်သည်။

တပည့်တစ်ယောက်က....

"သိချင်ပါတယ်၊ ဓားသိုင်းတာအိုကျင့်စဉ်ရဲ့ အဓိက အချက်က ဘာများပါလဲ၊ တန်ခိုးရှင် ကျေးဇူးပြုပြီး သင်ပြပေးပါ"

"ဓားသမားတစ်ယောက်ဟာ ဓားကိုကိုင်လိုက်ပြီဆိုတာနဲ့ တိုက်ပွဲကို ရင်ဆိုင်ရတော့မှာပဲ၊ ဘယ်လောက်စွမ်းအားကြီးမားတဲ့ရန်သူဖြစ်ပါစေ ဓားသမားဟာ အနိုင်ယူလိမ့်မယ်၊ အောင်ပွဲဟာ သူ့ဘဝကို ပီတိဖြစ်စေတဲ့အရာပဲ၊ ဒါပေမယ့် ဓားသိုင်းတာအိုကျင့်စဉ်ကတော့ ဒီလိုမဟုတ်ဘူး၊ တာအိုကျင့်စဉ်ဆိုတာ

အကြောင်းအကျိုးနဲ့ အနိုင်အရှုံးကိုနားလည်ခြင်းပဲ ၊ ဓားသမား တစ်ယောက်ရဲ့စိတ်ဝိညာဉ်က လွတ်လပ်နေသည့်တိုင်အောင် ရုပ်ခန္ဓာက စိတ်ဝိညာဉ်အတိုင်း လွတ်လပ်မှုမရှိရင် ကျင့်စဉ် လမ်းကို မလျှောက်လှမ်းနိုင်ဘူး ၊ အဲဒီလိုဆိုရင် တဖြည်းဖြည်း အသက်ကြီးလာပြီး နောက်ဆုံးမှာ မြေကြီးထဲရောက်သွားမှာပဲ ၊ ဘယ်သူမှ အဲဒီလိုဓားသမားမျိုးကို အမှတ်ရနေမှာတော့ မဟုတ်ဘူး”

ဆန်းလျန်က ဆက်ပြောလိုက်သည်။

“ကျွန်တော် ချင်းကျန်းဂိုဏ်းကိုစရောက်ကတည်းက အောင်ပွဲရ တဲ့ပီတိဆိုတာ တစ်ခါမှ မခံစားခဲ့ရဘူး ၊ အဲဒါ ဘာဖြစ်လို့လဲ ဆန်းတန်ခိုးရှင်”

တပည့်တစ်ယောက်က မေးမြန်းလိုက်လေသည်။

ဆန်းလျန်က ရယ်မောလိုက်သည်။

“အဲဒါကတော့ မင်းရဲ့ဓားကတုံးနေလို့ပဲ ဖြစ်ရမယ်”

ဆန်းလျန်၏အဖြေကြောင့် ရယ်မောသံများ ခန်းမထဲတွင်ဆူညံသွားလေသည်။

ဆန်းလျန်သည် မြင့်မြတ်သည့် တန်ခိုးရှင်တစ်ယောက်ဖြစ်သည့်တိုင် အခြားသော တာအိုဆရာများကဲ့သို့ ဟိတ်ကြီးဟန်ကြီးမရှိလှပေ။

နောက်ထပ်တပည့်တစ်ယောက်က အော်ပြောလိုက်သည်။

"တန်ခိုးရှင်၊ ဓားသိုင်းအကြောင်းရော တာအိုကျင့်စဉ်လမ်းအကြောင်းရော အကျဉ်းချုပ်ပြီး ပြောပြပေးပါဦး"

"ဆန်းတန်ခိုးရှင်ကို ဟိုဟာပြောခိုင်း ဒီဟာပြောခိုင်း မလုပ်နဲ့လေ"

ကျော်ရှောင်ချင်းက ထိုတပည့်ကို ဟန့်တားလိုက်လေသည်။

သို့သော် တပည့်များက ဆန်းလျန်မှာ ဟိတ်ကြီးဟန်ကြီးမရှိဘဲ ခင်မင်နှစ်လိုဖွယ်ရှိသည့်အတွက် သိပ်ပြီး အလေးမထားတော့ဘဲ ပေါ့ပေါ့ပါးပါးပင် ပြောဆိုဆက်ဆံနေကြလေသည်။ သူတို့

မှာ တောရွာတစ်ရွာတွင် ဆရာတစ်ယောက်က စာသင်ပေး နေသည်ကို ကလေးများက သဘောကျစွာ ဝိုင်းဝန်းနားထောင် နေကြသကဲ့သို့ပင်ဖြစ်လေသည်။ ဆရာဖြစ်သူက ခင်မင်စရာ ကောင်းလေ ကလေးများက ပိုပြီးအတင့်ရဲလာကြလေဆို သကဲ့သို့ပင် ဖြစ်လေသည်။

သူတို့၏အသံများ ကျယ်လောင်သည်ထက်ကျယ်လောင်လာ ကြပြီး စိတ်လွတ်ကိုယ်လွတ် ပြောဆိုဆွေးနွေးနေကြလေ တော့သည်။ ဆန်းလျန်နှင့် ကျင့်စဉ်လမ်းအကြောင်းပြောဆို ဆွေးနွေးရင်း အားလုံးမှာ စိုးရိမ်ပူပန်မှုများကိုပင် မေ့သွားကြ လေသည်။

"ကဲ… အားလုံးပဲ ခဏနားထောင်ကြပါဦး ၊ မင်းတို့အားလုံးသိ ချင်တဲ့ကိစ္စတွေအားလုံးကို ဒီရက်တွေအတွင်း အဓိကအချက် တွေဆွဲထုတ်ပြီး ပြောပြသွားပါ့မယ်"

ဆန်းလျန်က အေးချမ်းစွာဆိုသည်။

သူ့အသံက ကျယ်လောင်ခြင်းမရှိသည့်တိုင် ဝိညာဉ်စွမ်းအား နှင့် ပြည့်ဝလျှက်ရှိလေသည်။ တစ်ယောက်တစ်ပေါက် ဆူညံနေသည့် တပည့်များမှာ ချက်ချင်းပင် ငြိမ်ကျသွားကြလေသည်။

ချင်းကျန်းဂိုဏ်းဓားခန်းမ၏ကြမ်းပြင်မှာ ဖုံများတက်နေသည့်တိုင် သူတို့အားလုံး ဆန်းလျန်ဘေးတွင် ဝိုင်းပြီး ထိုင်လိုက်ကြသည်။ ချင်းကျန်းဂိုဏ်း၏ ဓားသိုင်းကျင့်စဉ်ဖြစ်သည့် ယွင်ဆွေအလင်းဓားသိုင်းမှာ လွယ်ကူသည့် ကျင့်စဉ်တစ်ခု မဟုတ်ပေ။ ထို့ပြင် မုန့်ရှင်ကျန်းက ဂိုဏ်းကို သစ္စာဖောက်သွားပြီး ဓားခန်းမကိုဖျက်စီးသွားသည့်အတွက် ဂိုဏ်းသားများမှာ နေရေးထိုင်ရေးပင် အခက်တွေ့ကြရလေသည်။ သူတို့မှာ အတွင်းအားပင် ကောင်းကောင်းမလေ့ကျင့်နိုင်ကြပေ။

ဂိုဏ်း၏အကြီးအကဲအဖြစ် အားထားရသူ ကျန်းဆွေကျယ်မှာလည်းဒဏ်ရာရကာ ဓားသိုင်းမကျင့်နိုင်တော့သည့် ဂိုဏ်းသား

များအခြေတကျနေထိုင်နိုင်ရေးအတွက် လိုက်ပါဆောင်ရွက်ပေးနေရသည့်အတွက် ချင်းကျန်းဂိုဏ်းကို ပြန်လည်ပြုပြင်နိုင်ခြင်းမရှိသေးပေ။ ဓားခန်းမဆောင်ကို ပြန်လည်ပြုပြင်ရန်မှာလည်း ကျန်းဆွေကျယ်ပြန်ရောက်လာမှသာ စီစဉ်ရမည်ဖြစ်လေသည်။

ကျော်ရှောင်ချင်းမှာ ချင်းကျန်းဂိုဏ်း တပည့်များကြားတွင် အတော်ဆုံးတပည့် ဖြစ်သော်လည်း သူ၏ဂိုဏ်းတူညီအစ်ကိုများကို ဦးဆောင်ကာ ဂိုဏ်းကိုပြန်လည်တည်ဆောက်နိုင်သည်အထိ မလုပ်နိုင်သေးပေ။

ထို့ပြင် သူက ဂိုဏ်းတူညီအစ်ကိုများကို ဓားသိုင်းလည်း သင်ကြားပေးနေရသေးသည်။

သူက သူ၏ဂိုဏ်းတူညီအစ်ကိုများကို ဆရာစားလုံးဝမချန်ဘဲ သူတတ်သမျှ သင်ကြားပေးခဲ့လေသည်။ ယခင်က စိတ်ထားမျိုးနှင့်ဆိုလျှင် သူက ထိုသို့ သင်ကြားပေးမည် မဟုတ်ပေ။

သို့သော် ဆန်းလျန်နှင့် ငါးနှစ်ခန့်အတူတူနေလာပြီးသည့်နောက် ဆန်းလျန်၏ ကောင်းမွန်သည့်အကျင့်စရိုက်များသည် သူ့ကို ကူးစက်လာခဲ့လေသည်။

တပည့်များအားလုံး ငြိမ်သက်သွားပြီဖြစ်လေသည်။

ရှော့ရှီလေးမှာလည်း ဆန်းလျန်၏ဘေးတွင် ငြိမ်သက်စွာ ထိုင်နေလေသည်။

ထိုအခါကျမှ ဆန်းလျန်က သူ၏ သင်ပြပေးခြင်းကို စတင်လိုက်သည်။

"ဘဝရယ်လို့ရလာရင် သေခြင်းတရားကို ရင်ဆိုင်ရမှာပဲ ၊ ဒါပေမယ့် သံသရာစက်ဝန်းကလွတ်မြောက်ပြီး သန့်စင်မြင့်မြတ်ခြင်းကိုလိုချင်တယ်ဆိုရင်တော့ တွယ်တာမှု ၊ စွဲလန်းမှုတွေမရှိရဘူး ၊ ဟိုင်သန်းအဆင့်ရောက်ပြီဆိုတာနဲ့ မသေနိုင်တဲ့ဘဝကို အစပြုတယ် ၊ လူတစ်ယောက်ဟာ ကိုယ့်စိတ်ကို အရင်ဆုံး သိမြင်နားလည်သွားပြီဆိုရင် နတ်ဘုရားတစ်ပါးဖြစ်ဖို့ အစပြု

တာပဲ ၊ ဒါက တကယ့် ကျင့်စဉ်လမ်းအစစ်အမှန်ပဲ ၊ ဟိုးအရင်ကတည်းက ကျင့်စဉ်လမ်းအောင်မြင်ခဲ့ကြတဲ့ နတ်ဘုရားတွေ အများကြီးရှိတယ် ၊ ဒါပေမယ့် သူတို့က ဟိုင်သန်းအဆင့်ကို မဖော်ပြခဲ့ကြဘူး…”

ဆန်းလျန်က ဟိုင်သန်းအဆင့်အကြောင်းကို ပြောပြနေခြင်းဖြစ်သည့်အတွက် တပည့်များအားလုံးမှာ စိတ်ဝင်တစားနားထောင်နေကြလေသည်။ မည်သူမျှ ဖြတ်ပြီး မေးခွန်းမေးမြန်းခြင်းလည်းမပြုလုပ်ကြပေ။ ဆန်းလျန်က သူတို့ကို “ဟိုင်သန်းအဆင့်” အကြောင်း သင်ကြားပေးလိမ့်မည်ဟု ထင်မထားခဲ့ကြပေ။

ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်မှာ အလွန်မှ ခက်ခဲလေသည်။ လောကရှိကျင့်ကြံသူအများစုတွင် ဟိုင်သန်းအဆင့်တက်ရောက်နိုင်သူမှာ အလွန်ပင် နည်းပါးလွန်းလေသည်။

အချို့မှာ ပြင်ပပြဒါးရှင်နှင့် နတ်ဒေဝါအမြုတေ
များ၏အကူအညီဖြင့်သာ တက်ရောက်နိုင်ကြလေသည်။
သို့သော် ကိုယ်ပိုင်ကျင့်စဉ်လမ်းဖြင့် ဟိုင်သန်းအဆင့်
တက်ရောက်ခြင်းမဟုတ်ကြသည့်အတွက် သူတို့က ဟိုင်သန်း
အဆင့်၏အနှစ်သာရကို နားမလည်ကြပေ။ ထို့ကြောင့် နောက်
အဆင့်များတွင် အောင်မြင်မှုမရကြသည်က များလေသည်။
အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုတွင်ပင် ဟိုင်သန်း
အဆင့်ကို ကိုယ်ပိုင်ကျင့်စဉ်လမ်းဖြင့်တက်ရောက်နိုင်သူမှာ နှစ်
တစ်ရာတွင် နှစ်ယောက် သုံးယောက်သာ ပေါ်ထွက်လေသည်။
ငါးယောက် ခြောက်ယောက်မျှပေါ်ထွက်လျှင် အလွန်မှ ဂုဏ်ယူ
ဖွယ်ရာဖြစ်နေပြီဖြစ်လေသည်။
ထို့ပြင် ဟိုင်သန်းအဆင့်ကို ကိုယ်ပိုင်ကျင့်စဉ်လမ်းဖြင့် တက်
ရောက်နိုင်သူသည် ဖော့ဝမ့်အဆင့်တွင်လည်း အရည်အချင်း
မြင့်မားလေသည်။ ကိုယ်ပိုင်ကျင့်စဉ်လမ်းဖြင့် ဖော့ဝမ့်အဆင့်

ထိ တက်လှမ်းနိုင်ခဲ့သူသည် နတ်ဘုရားတစ်ပါးအဖြစ်ကိုရရှိရန်အတွက် ကိုးဆယ့်ကိုးရာခိုင်နှုန်း သေချာသလောက်ရှိလေသည်။

ဟိုင်သန်းအဆင့်တက်ရောက်ရန်မှာ ခက်ခဲလွန်းသည့်တိုင် ဆန်းလျန်၏သင်ပြပေးမှုကိုကြားရသူ တပည့်များသည် စိတ်ထဲတွင် ရှင်းရှင်းလင်းလင်း စတင် သိမြင်လာခဲ့ကြလေသည်။

အထူးသဖြင့် ဟိုင်သန်းအဆင့်တက်ရောက်ရန် နီးကပ်နေပြီဖြစ်သည့် ကျော်ရှောင်ချင်းပင်ဖြစ်လေသည်။ သို့သော် သူ့အတွက် လမ်းပွင့်သွားခြင်းတော့ မရှိသေးပေ။

ဆန်းလျန်က သူ့ကို တိုက်ရိုက်သင်ကြားပေးခြင်းမဟုတ်သည့်တိုင် ဆန်းလျန်၏သင်ပြပေးမှုက သူ့အတွက် များစွာအထောက်အပံ့ဖြစ်လေသည်။

သာမန်ကျင့်ကြံသူများနှင့် အဓိကနတ်ဘုရားကျောင်းတော်ကြီး လေးခုမှ ကျင့်ကြံသူများကြားတွင် ခြားနားမှုများစွာ ရှိလေသည်။

အဓိကနတ်ဘုရားကျောင်းတော်များမှ တပည့်များမှာ စစချင်းမှာပင် ကျင့်စဉ်လမ်းများကို လေ့လာရသည်။ ကျင့်စဉ်လမ်း အဆင့်အတိုင်း စနစ်တကျ တစ်ဆင့်ချင်း ကျင့်ကြံသွားရသည်။ ထို့နောက် ဟိုင်သန်းအဆင့်ကို ပါရမီပါရှိသည့်အတိုင်း တက်လှမ်းသွားကြလေသည်။

"ကျင့်စဉ်လမ်းကိုစတင်သည်နှင့် စိတ်ထားကိုအရင်ပြုပြင်ရမည်" ဆိုသည်မှာ ချင်းရှမ်နတ်တံခါး၏ ဆောင်ပုဒ်ပင်ဖြစ်လေသည်။

ထို့ကြောင့် ချင်းရှမ်နတ်တံခါး၏ သင်ပြပေးမှုပုံစံမှာ တပည့်များကို ဂရုမစိုက်သလိုဖြစ်နေတတ်သည့်တိုင် စစ်မှန်သည့် ကျင့်စဉ်လမ်းကို အဆင့်တက်လှမ်းနိုင်ရန် မီးမောင်းထိုးပြနေမြဲ

ဖြစ်လေသည်။ ချင်းရှမ်နတ်တံခါး၏ဆရာများသည် တပည့်များကို အစိပ္ပါယ် ၊ သဘောတရား နားလည်အောင်သာ သင်ပြပေးတတ်ကြပြီး ကျင့်စဉ်တစ်ခုလုံးတွင် သေချာဂရုတစိုက် လက်ထပ်သင်ကြားပေးခြင်းမျိုးမရှိကြပေ။

ချန်ကျန့်မေကိုကြည့်မည်ဆိုလျှင် ချူးစန်းအဆင့်တွင် သုံးနှစ် ၊ ရုပ်ပွအဆင့်တွင် ဆယ်နှစ်ကြာခဲ့လေသည်။ အခြားနတ်ဘုရားဂိုဏ်းများဆိုလျှင် ချန်ကျန့်မေကို လူ့လောကသို့ စေလွှတ်ကာ ဆက်လက်ကျင့်ကြံခိုင်းမည်ဖြစ်လေသည်။

သို့သော် ဆရာသခင်ကျန်းရော့ရှီးကတော့ ချန်ကျန့်မေအကြောင်းကို အစမှ အဆုံးတိုင် နားလည်ခဲ့လေသည်။

ထို့ကြောင့် ချန်ကျန့်မေကို တောင်ပေါ်တွင်ပင် တစ်ယောက်တည်း ကျင့်ကြံစေခဲ့သည်။ နောက်ဆုံးတွင်တော့ ချန်ကျန့်မေသည် ဟိုင်သန်းအဆင့်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့လေသည်။

ဆန်းလျန်အနေဖြင့် ချင်းကျန်းဂိုဏ်းမှ တပည့်များကို ဟိုင်

သန်းအဆင့်တက်ရောက်နိုင်သည်အထိ သင်ပြပေးခွင့်မရှိပေ။

သို့သော် သူက ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန်အတွက်

အခြေခံသဘောတရားများကို ပြောပြနေခြင်း ဖြစ်လေသည်။

ဆန်းလျန်ပြောသည့်စကားအတိုင်း လိုက်နာမည် ၊ မလိုက်နာ

မည်ကတော့ သူတို့၏စိတ်ထားအတိုင်းပင် ဖြစ်လေသည်။

ဆန်းလျန်၏ သင်ပြပေးမှုက အကျယ်တဝင့်မဟုတ်သည့်တိုင်

တပည့်များအားလုံးက စိတ်ဝင်တစားနားထောင်နေကြလေ

သည်။ ရှော့ရှီပင်လျှင် စိတ်ဝင်တစားနားထောင်လျှက်ရှိလေ

သည်။

ထိုအချိန်မှာပင်...

တောင်ခြေမှ ဆူဆူညံညံအသံများထွက်ပေါ်လာသည်ကို

ကြားလိုက်ကြရလေသည်။

အခန်း (၂၇၈)

မည်သူမျှ မတားဆီးနိုင်

"နတ်ဘုရားငါးပါးဂိုဏ်းက ကျုပ် မုချိုးဖုန်း... ချင်းကျန်းဂိုဏ်းကို လာရောက်လည်ပတ်ဂါရဝပြုတာပါ"

အသံမှာ အေးစက်ပြီး တန်ခိုးစွမ်းအားနှင့်ပြည့်ဝလေသည်။

ကြားသည်နှင့် ဖျားသွားလောက်သည့် အသံမျိုးဖြစ်လေသည်။

ဆန်းလျန်၏တရားကိုနာကြားရင်း အေးချမ်းနေသည့်စိတ်လေးများပင် ချက်ချင်းပျောက်ကွယ်ကုန်ကြရလေသည်။

ဆန်းလျန်က သင်ပြပေးခြင်းကိုရပ်နားလိုက်ပြီး တောင်ခြေမှ လွင့်မျောလာသည့် အနက်ရောင်အဆိပ်ငွေ့များကို ကြည့်နေလိုက်သည်။ ထိုအနက်ရောင်အငွေ့များနှင့်ထိမိသည့် မြက်ပင်

များ ၊ သစ်ပင်များအားလုံးမှာ ချက်ချင်းပင် သေဆုံးကုန်ကြ

လေသည်။

ထို့နောက် အနက်ရောင်အဆိပ်ငွေ့များပျောက်ကွယ်သွားပြီး

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် အသက်နှစ်ဆယ်

အရွယ်ခန့် လူငယ်တစ်ယောက် ထွက်ပေါ်လာလေသည်။

နတ်ဘုရားငါးပါးဂိုဏ်းဆိုသည်မှာ အဆိပ်ငါးပါးဂိုဏ်းကိုပင်

ခေါ်ဆိုခြင်းဖြစ်လေသည်။ နတ်ဘုရားငါးပါးဂိုဏ်းဆိုသည်က

တရားဝင်ဂိုဏ်းနာမည်ဖြစ်ပြီး အဆိပ်ကိုအသုံးပြုကြ

သည့်အတွက် အဆိပ်ငါးပါးဂိုဏ်းဟု အခြားသူများက

အမည်ပေးထားကြခြင်းဖြစ်လေသည်။

"နတ်ဘုရားငါးပါးဂိုဏ်း" ဟု အမည်ပေးထားသည့်အတွက်

ကျင့်စဉ်လမ်းကိုလျှောက်လှမ်းကြသည့် နတ်ဘုရားဂိုဏ်းတစ်

ဂိုဏ်း ဖြစ်သည်ဟု အထင်ရောက်ဖွယ်ရာရှိသည်။ သို့သော်

အဆိပ်ငါးပါးဂိုဏ်းမှာ အဆိပ်ငါးပါးကျင့်စဉ်မှလွဲပြီး မည်သည့်ကျင့်စဉ်ကိုမှ မလေ့ကျင့်ကြပေ။

အဆိပ်ငါးပါးဂိုဏ်းကိုတည်ထောင်သူ ဆရာဘိုးဘိုးသည် အဆိပ်ပညာဖြင့် လောကနတ်ဘုရားတစ်ပါးကိုတောင် သတ်ခဲ့သည်ဟု ဒဏ္ဍာရီရှိခဲ့ဖူးလေသည်။

"မင်းက ချင်းကျန်းတောင်ပေါ်ထိလာပြီး ပြဿနာရှာနေတာလား"

ကျော်ရှောင်ချင်းက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

"မဟုတ်ရပါဘူး ၊ မဟုတ်ရပါဘူး ၊ ကျုပ်တို့ အဆိပ်ငါးပါးဂိုဏ်းက ချင်းကျန်းဂိုဏ်းနဲ့ ခင်မင်ကြတာပဲကို ၊ ကျုပ်တို့ခင်မင်မှုက ကြာရှည်ခဲ့ပါတယ် ၊ အခု ချင်းကျန်းဂိုဏ်း ဒုက္ခရောက်နေတယ်လို့ သတင်းတွေကြားလို့ ၊ ကျုပ်ဆရာရဲ့အမိန့်နဲ့ ကူညီဖို့ရောက်လာတာပါ ၊ ကျုပ်က ရန်မူဖို့လာတာ မဟုတ်ပါဘူးဗျာ"

မုချိုးဖုန်းဆိုသူက ပြောလိုက်လေသည်။

ပြောနေရင်းနှင့်ပင် မုချိုးဖုန်းထံမှ သစ်ခွပန်းရနံ့တစ်မျိုးထွက်ပေါ်လာပြီး ကျော်ရှောင်ချင်းမှာ ခေါင်းများမူးဝေလာရလေသည်။ ကျော်ရှောင်ချင်းမှာ ဓားကိုဆွဲထုတ်လိုက်သည့်တိုင် ခေါင်းများမူးဝေလာရခြင်းကြောင့် တိုက်ခိုက်နိုင်ခြင်းမရှိတော့ပေ။

ကျော်ရှောင်ချင်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း…

“ကျုပ်တို့က မင်းတို့ရဲ့အကူအညီမလိုဘူး”

ကျော်ရှောင်ချင်း၏စကားကြောင့် မုချိုးဖုန်းက ဒေါသထွက်သွားခြင်းမရှိပါ။

သူက ဖြည်းဖြည်းချင်းရှေ့တိုးလာလေသည်။ မုချိုးဖုန်းမှာ အဆိပ်ငါးပါးဂိုဏ်းမှ အတော်ဆုံးတပည့်တစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် ချင်းကျန်းဂိုဏ်းကို တစ်ယောက်တည်းလာရဲသည်အထိ သတ္တိကောင်းနေခြင်း ဖြစ်လေသည်။

“ချင်းကျန်းဂိုဏ်းက နန်းကျန်းဒေသမှာ ဩဇာကြီးမားတဲ့ဂိုဏ်းကြီးတစ်ဂိုဏ်းပဲ ၊ ခုချိန်မှာတော့ ဒုက္ခရောက်နေတာပေါ့လေ ၊ ဒီလိုနေ့မျိုးရောက်လာဖို့ စောင့်လိုက်ရတာဗျာ ၊ ကူညီချင်လွန်းလို့ပါ ၊ ကူညီချင်လွန်းလို့ပါ ၊ ကျုပ်ရဲ့ဆရာအမှာရှိလိုက်တာက အခုရင်ဆိုင်နေရတဲ့ပြဿနာတွေကို မင်းတို့ချင်းကျန်းဂိုဏ်းကလူတွေ ဖြေရှင်းနိုင်မှာမဟုတ်ဘူးတဲ့ ၊ ဒါကြောင့် မင်းတို့ဂိုဏ်းက အဖိုးတန်သိုင်းကျမ်းတွေနဲ့ စာကြီးပေကြီးတွေကို ကျုပ်တို့က ကူညီပြီး ထိန်းသိမ်းထားပေးချင်လို့ပါ ၊ ဒါမှ အဖိုးတန်တဲ့အရာတွေ ဆုံးရှုံးမှုမရှိတော့မှာပေါ့ဗျာ ၊ မင်းတို့ဂိုဏ်းအခြေအနေပြန်ကောင်းတဲ့တစ်နေ့ကျရင်တော့ ကျုပ်တို့က မူမပျက်ပြန်ပေးမှာပါ”

မှချိုးဖုန်းက စကားပြောနေရင်း ဓားခန်းမကိုလည်း တစ်ချက်ဝေ့ကြည့်လိုက်လေသည်။ သူ့အကြည့်က ဆန်းလျန်ကို ကျော်သွားပြီး ဆန်းလျန်ဘေးမှ ရှော့ရှီလေးဆီသို့ ကျရောက်

သွားလေသည်။ ပျိုဖော်ဝင်စအရွယ် ချောမောလှပလွန်းသည့် ရော့ရှီလေး၏အလှကို မြင်လိုက်ရသည့်အခါ မုချိုးဖုန်း၏ မျက်ဝန်းများ အရောင်တစ်လက်လက် တောက်ပသွားလေ သည်။

ကျောက်ရှောင်ချင်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း....

"ကောင်းလိုက်တဲ့ အကြံညဏ်၊ ကျုပ်တို့ကချင်းကျန်းဂိုဏ်းက မင်းတို့ကို အညံ့ခံမယ်များ ထင်နေသလား"

မုချိုးဖုန်းက ခြေလှမ်းများကို ရပ်တန့်လိုက်ရင်း ပြုံးလိုက်လေ သည်။

"ကျုပ်တို့ နတ်ဘုရားငါးပါးဂိုဏ်းက မကောင်းတဲ့ရည်ရွယ်ချက် မရှိပါဘူးဗျာ၊ ဒါပေမယ့် ချီယန်ဂိုဏ်းနဲ့ လေနက်ဂူကတော့ မင်းတို့ကို တိုက်ခိုက်ကြတော့မှာနော်၊ မင်းသာ ကျုပ်ပေးတဲ့ အကူအညီကို သဘောတူမယ်ဆိုရင် ကျုပ်ရဲ့ဆရာက အဲဒီနှစ် ဂိုဏ်းကို မင်းတို့ကို မတိုက်ခိုက်ရအောင် တားဆီးပေးမှာပါ၊ ဒါ

ကြောင့် ဒီကအစ်ကိုကို ကျုပ်က ရန်မူမယ့်သူ မဟုတ်ပါဘူးလို့ ပြောခဲ့သားပဲ”

“မင်းပြောလို့ပြီးပြီလား...”

ထိုစကားကို ဆန်းလျန်က ပြောလိုက်ခြင်းဖြစ်လေသည်။

မုချိုးဖုန်းက အသံလာရာဆီသို့ ကြည့်လိုက်လေသည်။

ဓားခန်းမ၏ အပျက်အစီးများကြားတွင်ထိုင်နေသည့် ချောမော လှပလွန်းသည့် လူငယ်လေးတစ်ယောက်ကို တွေ့လိုက်ရလေ သည်။

“အား... ကျုပ်ပြောချင်တာရှိသေးတယ်ဗျ ညီငယ်လေး၊ ဟို မိန်းကလေးငယ်လေးက အရည်အချင်းရှိတဲ့ ပါရမီရှင်လေး နော်၊ သူ့ကိုသာ ကျုပ်တို့ဂိုဏ်းမှာ ပညာသင်ခွင့်ပြုမယ်ဆိုရင် သူက ဆရာတစ်ဆူဖြစ်လာမှာဗျ”

“ရယ်စရာတွေလာပြောနေတယ်”

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ဆန်းလျန်က လက်တစ်ဖက်ကို အသာလေးလှုပ်ရှားလိုက်လေသည်။

မုချိုးဖုန်းမှာ ခုခံချိန်ပင်မရလိုက်ပေ။ အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး လေပွေမုန်တိုင်းတစ်ခု ပေါ်ထွက်လာလေသည်။ ထိုလေပွေမုန်တိုင်းက မုချိုးဖုန်းကို ပေါယွင်တောင်တစ်လျှောက်လှည့်ပတ်ခေါ်ဆောင်သွားလေသည်။ သူ၏ အဆိပ်ငါးပါးစွမ်းအားများမှာလည်း သုံး၍မရတော့ပေ။ လေပွေမုန်တိုင်းရပ်တန့်သွားသည့်အခါတွင်တော့ မုန်ချိုးဖုန်းမှာ မြေပြင်ပေါ်သို့ပုံပျက်ပန်းပျက် ပြုတ်ကျသွားလေသည်။

သူ့ကိုကြည့်ရသည်မှာ အတော်နာကျင်ခံစားနေရပြီး အရိုးများပင် ကျိုးသွားပုံရလေသည်။ သူ၏အဖြူရောင်ဝတ်စုံမှာလည်းညစ်ပတ်စုတ်ပြတ်သွားပြီဖြစ်လေသည်။

ဆန်းလျန်က…

“မင်းရဲ့ဆရာကိုပြောလိုက် ၊ မနက်ဖန်ညနေမတိုင်ခင် ကျုပ်တို့ကိုလာတောင်းပန်ပါ ၊ မဟုတ်လို့ကတော့ နန်ကျန်းဒေသမှ အဆိပ်ငါးပါးဂိုဏ်းဆိုတာ ပျောက်ကွယ်သွားရလိမ့်မယ်”

မုချိုးဖုန်းမှာ ဆန်းလျန်က လက်တစ်ဖက်လှုပ်ရှားရုံမျှဖြင့် သူ့တန်ခိုးစွမ်းအားများပျောက်ကွယ်သွားရသည့်အတွက် ကြောက်လန့်သွားမိလေသည်။ ဆန်းလျန်မည်သူမှန်း သူမသိပါ။ သို့သော် တန်ခိုးစွမ်းအားကတော့ ကြောက်စရာကောင်းလွန်းလှသည်။

မုချိုးဖုန်းသည် ဒဏ်ရာရသည်ကိုပင် ဂရုမစိုက်အားတော့ဘဲ တောင်ပေါ်မှ ခွေးပြေးဝက်ပြေး ပြေးဆင်းသွားလေတော့သည်။

ကျော်ရှောင်ချင်းက ဆန်းလျန်ကို ဦးညွှတ်လိုက်ရင်း…

“ရှောင်ချင်းအသုံးမကျလို့ သခင်လေး တိုက်ခိုက်လိုက်ရတယ်”

“ဒီနေ့ မင်းခံစားရတဲ့ခံစားချက်ကို မှတ်ထားပါ ၊ မင်းကိုယ်မင်း တိုးတက်အောင် ကျင့်ကြံဖို့အတွက် ခွန်အားတွေရလာလိမ့်မယ်”

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ကျော်ရှောင်ချင်းက ဆန်းလျန်ကို မည်သည့်စကားမှ ပြန်မပြောပါ။ သို့သော် သူက လက်သီးကို ကျစ်ကျစ်ပါအောင် စုပ်ထားလေသည်။

“မင်းတို့ကို တာအိုကျင့်စဉ်ထက် ဓားသိုင်းပညာကိုပဲ အရင်သင်ပေးရတော့မယ်ထင်တယ် ၊ ဒီတော့ မင်းတို့ကို ဓားသိုင်းပညာတစ်ခုသင်ပေးမယ် ၊ အဲဒီဓားသိုင်းကိုသေချာလေ့ကျင့်ပါ ၊ ဒါဆိုရင် နန်ကျန်းဒေသတစ်ခုလုံးမှာ အခက်အခဲမရှိ ရပ်တည်နိုင်လိမ့်မယ် ၊ ကျုပ် ဒီမှာ တစ်လတိတိနေပြီး သင်ပြပေးမယ်”

ဆန်းလျန်က ပြောလိုက်လေသည်။

ချင်းကျန်းဂိုဏ်းမှ တပည့်များက ဆန်းလျန်က သူတို့ကို အဆင့်မြင့်ဓားသိုင်းတစ်ခု သင်ကြားပေးမည်ဟု ထင်မိကြလေသည်။

သို့သော် ဆန်းလျန်က သူတို့ကို ယွင်ဆွေအလင်းဓားသိုင်း သုံးဆယ့်ခြောက်ကွက်ကိုသာ ပြန်လည်သင်ကြားပေးခြင်းဖြစ်လေသည်။

သို့သော် ဆန်းလျန်သင်ပြပေးပုံက တစ်မူထူးခြားသည်။ သူက ယွင်ဆွေအလင်းဓားသုံးဆယ့်ခြောက်ကွက်ကို တိမ်တိုက်(ယွင်) နှင့် ရေ(ဆွေ) ဆိုပြီး နှစ်ပိုင်းခွဲလိုက်လေသည်။ တစ်ပိုင်းတွင် ဓားသိုင်းဆယ့်ရှစ်ကွက်ပါဝင်လေသည်။ သူက တပည့်များကို လူကိုးယောက်တစ်ဖွဲ့ခွဲလိုက်ပြီး ဓားသိုင်းကို အသေးစိတ် သေသေချာချာ ရှင်းပြကာ သင်ကြားပေးလေသည်။

ချင်းကျန်းဂိုဏ်းသားများအားလုံးမှာ ယွင်ဆွေအလင်းဓားကို တတ်ကျွမ်းကြသူများဖြစ်ကြလေသည်။ သို့သော် တကယ့်

အနှစ်သာရကိုနားလည်ပြီး ဓားဝိညာဉ်ထုတ်လွှတ်နိုင်သည့်
အဆင့်ထိ ရောက်ရှိသူမှာ အနည်းငယ်သာ ရှိလေသည်။
ဆန်းလျန်၏သင်ပြပေးမှုက သူတို့၏တန်ခိုးစွမ်းအားများကို
ဓားသိုင်းနှင့် တစ်သားတည်းကျအောင် ပေါင်းစည်းသွား
စေသည်။ တိမ်နှင့်ရေကြားမှ မတူညီမှုများကိုလည်း ဆက်စပ်
ပေးလိုက်လေသည်။ ထိုအခါ ယွင်ဆွေအလင်းဓား၏ စစ်မှန်
သည့် ဓားဝိညာဉ်သည် စတင်ဖြစ်တည်လာလေသည်။ ယွင်
ဆွေအလင်းဓားဝိညာဉ်သည် အလွန်တန်ခိုးစွမ်းအားကြီးမား
သည့် ဓားဝိညာဉ်ဖြစ်လေသည်။ အချိန်တိုအတွင်းမှာပင် ချင်း
ကျန်းဂိုဏ်းမှ တပည့်များ၏ ဓားသိုင်းစွမ်းရည်များ မြင့်တက်
လာကြလေသည်။

တစ်ညတာ အချိန်ကုန်ဆုံးသွားခဲ့ပြီ။

ဆန်းလျန်က ချင်းကျန်းဂိုဏ်းသားများကို တစ်နေကုန်အောင်
ဓားသိုင်းပညာကို အသေးစိတ်သင်ကြားပေးနေခဲ့သည့်အတွက်

တပည့်များအားလုံးမှာ ခေါင်းများပင် မူးနောက်နေကြပြီဖြစ်လေသည်။

နောက်တစ်နေ့နံနက်....

နံနက်ခင်းနေရောင်ခြည်သည် ကောင်းကင်ကိုထိုးခွင်းပြီး အနီရောင် နေဝန်းကြီးထွက်ပေါ်လာပြီဖြစ်လေသည်။ မိုးမြေတစ်ခွင်တွင် ရောင်စုံတိမ်ခိုးများ တောက်ပနေလေသည်။

ချင်းကျန်းဂိုဏ်းသားများ နိုးထလာကြပြီး ရောင်စုံတိမ်တိုက်များကို သတိပြုမိလိုက်ကြသည်။

မြေပြင်မှ ပေတစ်ထောင်ခန့်ဝေးသည့် ရောင်စုံတိမ်တိုက်တစ်ခုအပေါ်တွင် ဆန်းလျန်နှင့် ရှော့ရှီ ထိုင်နေလေသည်။ နတ်ဘုရားတစ်ပါး ကိုယ်ရောင်ကိုယ်ဝါများတောက်ပကာ လူ့လောကတွင်ကိုယ်ထင်ပြသည့်အလား ထင်မှတ်ရလေသည်။

ထို့နောက်တွင်တော့ တပည့်များအားလုံး သူတို့၏ဘဝတွင် မည်သည့်အခါမှ မေ့နိုင်တော့မည် မဟုတ်သည့် မြင်ကွင်းကို တွေ့မြင်လိုက်ကြရလေသည်။

ကျောက်တုံးကြီးများရွေ့လျားလာပြီး အဆောက်အဦးကြီးတစ်ခု ဖြစ်တည်လာလေသည်။ အဆောက်အဦး ပတ်ဝန်းကျင်တွင် နွယ်ပင်လေးများမှာလည်းရှင်သန်ပေါက်ရောက်လာပြီး စမ်းချောင်းလေးများလည်း စီးဆင်းလာလေသည်။ နေ့တစ်ဝက်အတွင်းမှာပင် ပျက်စီးနေသည့်ဓားခန်းမဆောင်မှာ ခမ်းနားလွန်းသည့် တာအိုကျောင်းတော်ကြီးတစ်ခုအသွင် ပြောင်းလဲသွားလေသည်။

တာအိုကျောင်းတော်ကြီးအပြင်ဘက်တွင်လည်း ဆန်းလျန်က အရုံအတားတစ်ခုကိုဖန်ဆင်းလိုက်လေသည်။ ထိုအရုံအတားက ချင်းကျန်းဂိုဏ်းတည်ရှိရာ ပေါ်ယွင်တောင်တစ်ခွင်လုံးမှ မိုးမြေစွမ်းအားများကို စုပ်ယူနိုင်လေသည်။ ယခင်က ချင်းကျန်း

ဂိုဏ်းကဲ့သို့ မိုးမြေစွမ်းအားများ အများအပြားမရှိတော့သည့်တိုင် သင့်တင့်သည့် မိုးမြေစွမ်းအားများတော့ ရရှိနိုင်မည် ဖြစ်လေသည်။

ရေတံခွန်ကြီးက စီးဆင်းနေဆဲဖြစ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးက တည်ငြိမ်အေးချမ်းနေလေသည်။

တာအိုကျောင်းတော်ကြီးတစ်ခုကို နေ့တစ်ဝက်နှင့် အပြီးဆောက်လုပ်ဖန်ဆင်းလိုက်ခြင်းမှာ လောကနတ်ဘုရားများအတွက်ပင် ခက်ခဲသည့်အလုပ်ဖြစ်လေသည်။ ဆန်းလျန်က ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံထားသူတစ်ယောက် ဖြစ်သည့်အတွက်ကြောင့်သာ ထိုသို့ ဆောက်လုပ်ပေးနိုင်ခြင်းဖြစ်လေသည်။

ယခုတော့ ချင်းကျန်းဂိုဏ်းသားများ၏ရင်ထဲတွင် ဆန်းလျန်မှာ ချင်းရှမ်နတ်တံခါး၏ဂိုဏ်းချုပ်တစ်ယောက်သာမကတော့ပေ။

သူတို့ကိုးကွယ်ဆည်းကပ်ရမည့် နတ်ဘုရားတစ်ပါးအလား ထင်မြင်လာပြီဖြစ်လေသည်။

ချင်းကျန်းဂိုဏ်းသားများသည် ဆန်းလျန် အသစ်ဆောက်လုပ်ပေးလိုက်သည့် တာအိုကျောင်းတော်ကြီးအတွင်းသို့ ဝင်ရောက်ကာ လှည့်ပတ်ကြည့်ရှု ကြလေသည်။ အေးချမ်းပြီးနေချင်စဖွယ်ကျောင်းတော်ကြီးဖြစ်ပြီး အရင် ဓားခန်းမဆောင်ထက်များစွာသာလွန်လေသည်။

ဆန်းလျန်က ချင်းကျန်းဂိုဏ်းအတွက် တာအိုကျောင်းတော်ကြီးဆောက်လုပ်ပေးလိုက်ရသည်မှာ အကြောင်းရှိလေသည်။ ဓားသိုင်းကျင့်ကြံသူတစ်ယောက်သည် ထိပ်တန်းဓားသမားတစ်ယောက်ဖြစ်လာရန်အတွက် စိတ်ပျက်စရာပတ်ဝန်းကျင်တွင် ကြာရှည်နေထိုင်ရန် မသင့်တော်ပေ။ စိတ်ပျက်စရာများများပြားလာပါက ဓားသိုင်းလမ်းစဉ်မှ လွဲချော်သွားပြီး အောင်မြင်မှုနှင့် ဝေးရမည်ဖြစ်လေသည်။

ချန်ကျန့်မေ ဟိုင်သန်းအဆင့် တက်ရောက်နိုင်ခြင်းမရှိ
သည့်အတွက် တောင်ပေါ်မှ ဆင်းသွားရန် ဆုံးဖြတ်စဉ်တွင်
ဆရာသခင်ကျန်းရော့ရှီးက တားဆီးခဲ့လေသည်။ ဆရာသခင်
သည် ချန်ကျန့်မေကို အေးချမ်းတိတ်ဆိတ်သည့် ချင်းရွှမ်
တောင်တွင်သာ နေစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ချန်
ကျန့်မေ၏စိတ်ထားသည် ဓားသမားတစ်ယောက်၏စိတ်ထား
စစ်မှန်သည့်အတွက် ထက်ရှလွန်းသောကြောင့်ဖြစ်လေသည်။
ဓားသမားတစ်ယောက်၏စိတ်ထားသည် ပြင်ပ
ပတ်ဝန်းကျင်၏ သက်ရောက်မှုနှင့် များစွာ ဆက်စပ်နေလေ
သည်။

ဆန်းလျန်ကတော့ ချန်ကျန့်မေနှင့်ပြောင်းပြန်ဖြစ်လေသည်။
ဆန်းလျန်၏ စိတ်ထားက မွေးရာပါ တာအိုကျင့်ကြံသူ
စိတ်ထားမျိုးဖြစ်သည့်အတွက် အေးဆေးတည်ငြိမ်လေသည်။
ထို့ကြောင့် ဓားသိုင်းနှင့်ပတ်သက်လျှင် ဆန်းလျန်က အားနည်း

လေသည်။ ထို့ကြောင့် ဆရာသခင်ကျန်းရော့ရှီးက သူ့ကို တောင်ပေါ်မှ ထွက်သွားခိုင်းခြင်းဖြစ်လေသည်။ ထို့ကြောင့် သူသည် လူ့လောကတွင် သေလုနီးနီး ရှင်သန်ရပ်တည်ရသည့် အချိန်များတွင် ရှင်သန်နိုင်မည့်နည်းလမ်းကို ရှန်းကန်ရှာဖွေရင်း ကျင့်စဉ်လမ်းအဆင့်တက်ခဲ့ရခြင်းဖြစ်လေသည်။

"မင်းရင်ဆိုင်နေရတဲ့အခက်အခဲတွေက မင်းရဲ့ကိုယ်တွင်းမှာပဲရှိတယ်" ဆိုသည့် ဆရာသခင်ကျန်းရော့ရှီးပြောခဲ့သည့် စကားအတိုင်းပင်ဖြစ်လေသည်။

ဆန်းလျန်သည် အခက်အခဲပြဿနာများကို သူ၏မွေးရာပါတာအိုကျင့်ကြံသူစိတ်ထားဖြင့် ရင်ဆိုင်ဖြေရှင်းရင်း တဖြည်းဖြည်း ဓားတစ်လက်ကဲ့သို့ ထက်ရှလာမည့်သူမျိုးဖြစ်လေသည်။

ထိုအကြောင်းအရာများကို ဆန်းလျန်နားလည်လာခဲ့သည်မှာ မကြာသေးပါ။ ထိုအကြောင်းများကို နားလည်လာရသည့်အခါ

ဆရာသခင်ကျန်းရှော့ရှီး၏ ကျေးဇူးတရားများကို ပိုပြီး

သိမြင်နားလည်လာရလေသည်။ သို့သော် ဆရာသခင်မရှိတော့

သည့်အတွက် သူများစွာ စိတ်မကောင်းဖြစ်ရလေသည်။

ညနေစောင်းသွားခဲ့လေပြီ။

ချင်းကျန်းတောင်ပေါ်သို့ မည်သူမျှ ရောက်မလာခဲ့ပါ။

အဆိပ်ငါးပါးဂိုဏ်းသည် ဆန်းလျန်၏သတိပေးစကားကို မ

ကြားရလောက်အောင် နားများကန်းနေခဲ့ကြလေသလား။

အခန်း (၂၇၉)

ကွမ်ဖား

လထွက်လာပြီ ဖြစ်လေသည်။

လမင်းသည် ကောင်းကင်ထက်တွင် ကြည်လင်စွာ တောက်ပ နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်နေလေသည်။ ဆန်းလျန်သည် အသစ်ဆောက်လုပ်ထားသည့် တာအိုကျောင်းတော်ကြီး၏ ခန်းမဆောင်ထဲတွင် ထိုင်နေလေသည်။ ဖယောင်းတိုင်မီးလေးက သူ့ဘေးနားတွင် လင်းလက်နေလေသည်။

ရော့ရှီနှင့် ဆန်းလျန်မှာ စစ်တုရင်ကစားနေကြလေသည်။ ရော့ရှီလေး၏ဝိညာဉ်စွမ်းအားမှာ ဆန်းလျန်ချင်းရှမ်နတ်တံခါးသို့ ရောက်လာသည့်အချိန်က ဝိညာဉ်စွမ်းအားနီးပါး ကောင်းမွန်လေသည်။ သူမသည်လည်း တစ်ကြိမ်မြင်ရုံမျှဖြင့် အလွတ်ရအောင်မှတ်နိုင်သည့် မှတ်ဉာဏ်ကောင်းကို ဆန်းလျန်ကဲ့သို့ပင် ပိုင်ဆိုင်ထားလေသည်။ နှလုံးသားစည်းချက်ကျင့်စဉ်ကြောင့် သူမ၏ဝိညာဉ်စွမ်းအားမှာ မှန်မှန်တိုးတက်လျှက်ရှိလေ

သည်။ နောက်ဆုံးတွင် သူမသည် ထျန်းမုန့်နတ်သမီး၏ ဝိညာဉ်စွမ်းအားကို ရရှိမှာဖြစ်လေသည်။

ဆန်းလျန်က သူ၏စိတ်ပိုင်းဆိုင်ရာနားလည်မှုကို ရှော့ရှီ၏နားလည်မှုနှင့် တူညီအောင် ညှိယူကာ ကစားပေးနေခြင်းဖြစ်လေသည်။

ဆန်းလျန်က စစ်တုရင်တစ်ကွက်ကိုရွှေ့လိုက်သည်။ ရှော့ရှီကလည်း တစ်ချက်မျှ စဉ်းစားပြီး စစ်တုရင်ကွက်ကို ရွှေ့လိုက်သည်။ သူတို့ကစားပွဲကြာလာလေလေ ရှော့ရှီက ပိုပြီးကြာကြာစဉ်းစားလာရလေဖြစ်လေသည်။ သို့တိုင်အောင် ရှော့ရှီသည် ဆန်းလျန်နှင့်အပြိုင်ကစားနေနိုင်သေးသည်။

အတန်ကြာကစားနေကြပြီးမှ ဆန်းလျန်သည် စစ်တုရင်တစ်ကွက်ကို ရွှေ့လိုက်လေသည်။ ရှော့ရှီက သူမ၏မေးဖျားလေးကို လက်ဖြင့်ကိုင်ရင်း...

"ဦးဦး ၊ ဒီတစ်ကွက်ကို ဘယ်လိုပြန်ရွှေ့ရမလဲ သမီးမသိသေးဘူး ၊ နည်းနည်းလောက် စဉ်းစားလို့ရမလား"

ဟုမေးလိုက်လေသည်။

ဆန်းလျန်က ခန်းမဆောင်အပြင်ဘက်မှ ကောင်းကင်ကို မော့ကြည့်ရင်း တစ်ချက်ပြုံးလိုက်သည်။

"ညတောင်ရောက်နေပြီပဲ ၊ သမီး အတွင်းအားမကျင့်ရသေးဘူးနော် ၊ ပြီးမှ ဆက်ကစားကြမယ်လေ"

ထို့နောက် ဆန်းလျန်က သူတို့အနားတွင်ရှိနေသည့် ကျော်ရှောင်ချင်းဘက်သို့ လှည့်လိုက်ပြီး...

"ရှော့ရှီကို ခဏလောက်ကြည့်ထားပေးပါကွာ ၊ သူ အတွင်းအားသေချာကျင့်ပါစေ ၊ ကျုပ်ပြန်လာခဲ့မယ်"

"သခင်လေး ဘယ်သွားမလို့လဲ"

ဆန်းလျန်က ကျော်ရှောင်ချင်းမှာ သူ၏ဓားကျွန်မဟုတ်တော့ကြောင်း တရားဝင်ကြေငြာပြီးသည့်တိုင် သူက ဆန်းလျန်ကို "သခင်လေး" ဟူ၍ပင် ဆက်ခေါ်လေသည်။

ဆန်းလျန်က အဖြေပြန်မပေးဘဲ ပြုံးရုံသာပြုံးလိုက်သည်။

ထို့နောက် ဓားဝိညာဉ်တစ်ခုကိုဖန်ဆင်းကာ ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

"ဦးဦးက အဆိပ်ငါးပါးဂိုဏ်းကို သွားတာလေ"

ရှော့ရှီက ကျော်ရှောင်ချင်းကို လှမ်းပြောလိုက်လေသည်။

ထို့နောက် သူမ၏မျက်ဝန်းများကို မှိတ်လိုက်ကာ အတွင်းအားလေ့ကျင့်နေတော့သည်။ မိုးမြေစွမ်းအားများသည် သူမထံသို့စီးဝင်ပေါင်းစပ်လာပြီး ပတ်ဝန်းကျင်တွင် မြူခိုးများ ရစ်သိုင်းလာတော့သည်။ ရှော့ရှီလေးသည် ဝင်သက် ထွက်သက် မှန်မှန်ပြုလုပ်နေပြီး သူမ၏ကိုယ်တွင်းမှ စွမ်းအားများသည် သန့်စင်သည်ထက် သန့်စင်လာလေသည်။

....

အဆိပ်ငါးပါးဂိုဏ်းမှာ ယခင်ချင်းကျန်းဂိုဏ်းလောက်အင်အား မကြီးမားသည့်တိုင် နန်ကျန်းဒေသတွင် နာမည်ကြီးသည့် ဂိုဏ်း တစ်ဂိုဏ်းဖြစ်လေသည်။ အဆိပ်ပညာကို လေ့ကျင့်သင်ကြား သည့် ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည့်အတွက် အခြားသော ဂိုဏ်းများနှင့်မတူ တစ်မူထူးခြားလေသည်။

သို့သော် သူတို့ဂိုဏ်း၏ကျင့်ကြံမှုက ထာဝရအသက်ရှင်သန် သည့် နတ်ဘုရားတစ်ပါးဖြစ်လာရန် ကျင့်ကြံကြခြင်းမဟုတ် ပေ။ လူသတ်စွမ်းအားမြင့်တက်လာရန်အတွက်သာ ကျင့်ကြံ ကြသည့်ဂိုဏ်း ဖြစ်လေသည်။

သူတို့က ရှေးဟောင်းကျမ်းစာများမှ အဆိပ်ကျင့်စဉ်များနှင့် ယခုခေတ်တွင် ကျင့်ကြံနေကြသည့် အဆိပ်ကျင့်စဉ်များကို ပေါင်းစပ်ကာ အဆိပ်ကျမ်းတစ်ခုတီထွင်နိုင်ခဲ့လေသည်။ ထို အဆိပ်ကျမ်းကို “အဆိပ်ငါးပါးကျမ်း” ဟု ခေါ်လေသည်။ ထို ကျမ်းထဲတွင် အဆိပ်ပေါင်းများစွာကိုဖန်တီးနိုင်သည့်ကျင့်စဉ်

များနှင့် မိစ္ဆာကျင့်စဉ်များ များစွာပါဝင်လေသည်။ သတိမထား
မိသည့် အချိန်မှာပင် အဆိပ်မိသွားနိုင်လေသည်။
အဆိပ်ငါးပါးဂိုဏ်းသည် ချင်းကျန်းဂိုဏ်းနှင့် မိုင်ခြောက်ရာခန့်
အဝေးတွင် တည်ရှိလေသည်။ ထိုနေရာတွင် ကြီးမားသည့်
ရေကန်ကြီးတစ်ခုရှိပြီး ရေကန်မှာ မှန်သားအလား ကြည်လင်
နေလေသည်။ ရေကန်ထဲတွင် ထိန်ထိန်သာနေသည့်
လမင်း၏အရိပ်က ထင်ဟပ်နေလေသည်။
ရေကန်ထိပ်တွင် များစွာသောအဆောက်အဦးများကို တွေ့မြင်
နိုင်လေသည်။ အားလုံးမှာ သစ်သားအဆောက်အဦးများဖြစ်
ပြီး တစ်ခုနှင့်တစ်ခု စြင်္ကံလမ်းများဖြင့် ဆက်သွယ်ထားလေ
သည်။ ထိုသစ်သားအိမ်များဆီမှ အလင်းရောင်လေးများ ထွက်
ပေါ်နေလေသည်။ သေသေချာချာကြည့်မည်ဆိုလျှင် အဆိပ်
ပိုးမွှားကောင်များ၏ မျက်စိများမှ လင်းလက်နေကြခြင်းဖြစ်
လေသည်။ အဆိပ်ပိုးကောင်များမှာ မျိုးစုံဖြစ်လေသည်။ မြွေ

များ ၊ ပင့်ကူများနှင့် အခြားသော အမျိုးအစားစုံလင်သည့် အဆိပ်ပိုးကောင်များ ဖြစ်လေသည်။

ရေကန်မှ ထွက်ပေါ်နေသည့် မြူခိုးငွေ့များသည် သစ်သားအိမ်လေးများကို သဘာဝအရံအတားတစ်ခုအလား ဝန်းရံထားကြလေသည်။

အဆိပ်ဖြေဆေးကိုပုံမှန်သောက်ပြီး အဆိပ်ငါးပါးကျင့်စဉ်ကို ကျင့်ကြံထားခြင်းမရှိလျှင် မည်သည့်ကျင့်ကြံသူမှ အဆိပ်ငါးပါးဂိုဏ်းနားသို့ ကပ်နိုင်မည်မဟုတ်ပေ။

ရေကန်ထဲမှ ငါးနှင့်ပုဇွန်များ၏ ခန္ဓာကိုယ်ထဲတွင်ပင် အဆိပ်များဖြင့်ပြည့်နေကြလေသည်။

ဆန်းလျန်သည် အဆိပ်ငါးပါးဂိုဏ်းနှင့် မိုင်အနည်းငယ်ခန့်အဝေးတွင် မြေပြင်ဆီသို့ဆင်းသက်လိုက်လေသည်။ မိုင်အနည်းငယ်ဝေးနေသည့်တိုင်အောင် အဆိပ်ရနံ့နှင့် သွေးရနံ့

များကို ရနေရလေသည်။ အဆိပ်ရန့်များသည် သူ၏အသားကို ဖောက်ဝင်ပြီး သူ၏အသွေးထဲသို့ စီးဝင်သွားကြသည်။

သို့သော် ဆန်းလျန်ကျင့်ကြံထားသည့် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်မှာ ကမ္ဘာ့ထိပ်တန်းကျင့်စဉ်တစ်ခုဖြစ်လေသည်။

ဆန်းလျန်၏ ထိုက်ရှီးတန်ခိုးစွမ်းအားများက အဆိပ်ငွေ့များကို တန်ခိုးစွမ်းအားအဖြစ် ပြောင်းလဲပေးလိုက်လေသည်။

ထို့ကြောင့် ဆန်းလျန်၏ ခန္ဓာကိုယ်တွင်းသို့ စီးဝင်သွားသည့် အဆိပ်ငွေ့များမှာ တန်ခိုးစွမ်းအားအဖြစ်သို့ အလိုလိုပြောင်းလဲ သွားလေသည်။

ဆန်းလျန် အသက်ရှူသွင်း ရှူထုတ်လိုက်တိုင်း သူ့ကိုယ်ထဲသို့ဝင် လာသည့် အဆိပ်ငွေ့များမှာ သူ၏ခန္ဓာကိုယ်ကို အားဖြည့်ပေး နေသကဲ့သို့ပင် ဖြစ်နေသေးသည်။

ဆန်းလျန်ကကန်ရေပြင်ကို ဖြတ်ကာ လမ်းလျှောက်လာလေ သည်။

“ဘယ်သူလဲဟေ့”

အဆိပ်ငါးပါးဂိုဏ်း၏ ရေတံခါးဂိတ်တွင်စောင့်နေသည့် တပည့်တစ်ယောက်က အော်ဟစ်လိုက်လေသည်။ ကျောတွင်ဓားတစ်လက်လွယ်ကာ ကန်ရေပြင်ပေါ်တွင် လမ်းလျှောက်လာသည့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည့်အတွက် အစောင့်များမှာ ထိတ်လန့်သွားကြလေသည်။ လူငယ်သည် ရေကန်ပေါ်တွင် လမ်းလျှောက်လာသည့်တိုင် ရေကန်ထဲတွင် လှိုင်းလေးတစ်စက်ပင် မထပေ။ ထိုသို့သော ကျင့်ကြံသူမျိုးကို အဆိပ်ငါးပါးဂိုဏ်းသားများ၏ ဘဝတွင် တွေ့မြင်ဖူးခြင်းမရှိကြပေ။

အမှန်တော့ ဆန်းလျန်မှာ ရေပေါ်တွင် လမ်းလျှောက်လာခြင်း မဟုတ်ပါ။ ရေကန်အပေါ်ရှိ လေထုအလွှာပါးလေးပေါ်တွင် လမ်းလျှောက်လာခြင်းဖြစ်လေသည်။ သို့သော် လေထုအလွှာ

ပါးလေးနှင့် ရေကန်မှာ နီးကပ်လွန်းသည့်အတွက် ရေပေါ်တွင်
လမ်းလျှောက်သကဲ့သို့ ဖြစ်နေရခြင်း ဖြစ်လေသည်။
အဆိပ်ငါးပါး ဂိုဏ်းသားများမှာ လေပေါ်တွင်လမ်းလျှောက်နိုင်
သည့် ပုရှီးအဆင့်ကျင့်ကြံသူများအကြောင်းကို ကြားဖူးနားဝ
ရှိကြလေသည်။
ချင်းကျန်းဂိုဏ်းမှ ဓားဘုရင်မုန့်ရှင်ကျန်းသည်လည်း လေပေါ်
တွင် လမ်းလျှောက်နိုင်လေသည်။
ချီယန်ဂိုဏ်းနှင့် လေနက်ဂူမှ ဂိုဏ်းချုပ်များမှာလည်း ထိုသို့
လေပေါ်တွင်လမ်းလျှောက်နိုင်သည်ဟု ကြားဖူးလေသည်။
သို့သော် ယခုတော့ ကြားဖူးသည်မဟုတ် အစစ်အမှန်မြင်တွေ့
နေရပြီဖြစ်လေသည်။
ဆန်းလျန်မှာ အသက်အရွယ်အလွန်ငယ်ရွယ်သည့်ပုံပေါက်နေ
သည့်အတွက် သူတို့က သာမန်ဂါထာမန္တန်တစ်ခုကို အသုံးပြု
ထားသည်ဟု ထင်နေကြလေသည်။

အဆိပ်ငါးပါးကျင့်စဉ်များမှာ အခြားသောကျင့်ကြံသူဂိုဏ်း များနှင့် တူညီမှုမရှိပေ။ ကျင့်စဉ်အချို့ကို ကျင့်ကြံအောင်မြင် လျှင် အသက်နှစ်ရာသုံးရာအထိ ရှည်နိုင်သည့်တိုင် သာမန် တပည့်များကတော့ သာမန်လူများကဲ့သို့ပင် အသက်မရှည်ကြ ပေ။ အဆိပ်ကျင့်စဉ်များကြောင့် မအိုမင်းဘဲ အမြဲတမ်း နုပျို နေသည်ကတော့ ရှိလေသည်။

ဆန်းလျန်က အစောင့်များကို တစ်ချက်ပြုံးပြလိုက်ပြီး လမ်း ဆက်လျှောက်လာလေသည်။

ထို့နောက် ဆန်းလျန်၏ခန္ဓာကိုယ်သည် အရိပ်တစ်ခုအလား ပြောင်းလဲသွားပြီး အစောင့်လူငယ်များ၏ခန္ဓာကိုယ်များကို တစ္ဆေတစ်ကောင်အလား ထိုးဖောက်ကာ ဖြတ်လျှောက်သွား လေသည်။

အစောင့်တပည့်များမှာ လေပြင်းတစ်ချက်တိုက်ခတ်သွားသည် ကိုသာ ခံစားလိုက်ရပြီး မလှုပ်မယှက်ဖြစ်သွားကြလေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့ခန္ဓာကိုယ်များမှာ အေးခဲနေပြီး မရွေ့လျားနိုင်တော့သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က ရပ်တန့်ခြင်းမရှိဘဲ သူ၏စိတ်အာရုံစူးစိုက်မှုကို ဖြန့်ကျက်ကာ ရှေ့ဆက်သွားနေလေသည်။ အဆိပ်ငါးပါးဂိုဏ်းမှ အဆောက်အဦးများထဲတွင် ဝိညာဉ်စွမ်းအားအမြင့်မားဆုံး ထွက်ပေါ်နေသည့် နေရာကို လိုက်ရှာနေခြင်းဖြစ်လေသည်။

ထိုအချိန်မှာပင်...

တိတ်ဆိတ်နေသည့် အဆောက်အဦးတစ်ခုဆီမှ ဝိညာဉ်စွမ်းအားများ သိပ်သည်းစွာ ထွက်ပေါ်နေသည်ကို ဆန်းလျန် သတိပြုလိုက်မိသည်။ ထိုအဆောက်အဦး၏တိုင်လုံးတွင် နွယ်ပင်များ ရစ်ပတ်နေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဆန်းလျန်က အဆောက်အဦးဆီသို့ လျှောက်သွားလိုက်ပြီး တံခါးရှေ့တွင် ရပ်တန့်လိုက်လေသည်။

“ဘယ်က ဧည့်သည်တော်များလဲ ၊ ညဉ့်နက်နေပြီး ကျုပ်ဆီကို ဘာကြောင့် ရောက်လာရတာလဲ ၊ အန္တရယ်ပြုဖို့ရောက်လာတာလား”

အဆောက်အဦးထဲမှ အသံတစ်သံက ပြောလိုက်လေသည်။ အသံမှာ တိုးတိတ်ပြီး ခပ်ရှရှဖြစ်လေသည်။ အလွန်အသက်အရွယ်ကြီးနေသည့် အဘိုးအိုတစ်ယောက်၏ အသံမျိုးဖြစ်လေသည်။

ထို့နောက် အဆောက်အဦးတံခါးက အလိုလိုပွင့်သွားလေသည်။

အဆောက်အဦးအတွင်းပိုင်းမှာ အလွန်ပင်သပ်ရပ်သန့်ရှင်း နေလေသည်။ အဆောက်အဦးခေါင်မိုးမှာ မှန်ကဲ့သို့ ကြည်လင်သည့် ဖန်သားဖြင့် ကာရံထားသည့်အတွက် လရောင်က အဆောက်အဦးအတွင်းသို့ ဖြာကျနေလေသည်။ ထို့ကြောင့်

ဖယောင်းတိုင် ထွန်းညှိထားစရာ မလိုဘဲ အလင်းရောင်ရနေ
လေသည်။

အခန်းထဲတွင် အနက်ရောင်ဝတ်ဆင်ထားသည့် အသက်သုံး
ဆယ်အရွယ်လူတစ်ယောက်ထိုင်နေလေသည်။ သူ၏လက်ထဲ
တွင် လက်ဖက်ရည်ကြွမ်းပန်းကန်တစ်ခုကို ကိုင်ထားလေ
သည်။ လသာသည့်ညတွင် တစ်ယောက်တည်း လက်ဖက်ရည်
သောက်နေဟန် ရှိလေသည်။

ထိုလူက လက်ဖက်ရည်စားပွဲကို တစ်ချက်ရိုက်လိုက်သည်နှင့်
လက်ဖက်ရည်ကြွမ်းပန်းကန်ငယ်တစ်ခု ဆန်းလျန်ဆီသို့ ပျံဝဲ
ရောက်ရှိလာလေသည်။ သို့သော် ပန်းကန်အတွင်းမှ
လက်ဖက်ရည်ကြွမ်းတစ်စက်မှ ဖိတ်စင်ခြင်းမရှိပေ။
လက်ဖက်ရည်ပန်းကန်သည် ဆန်းလျန်ရှေ့သို့ရောက်လာလေ
သည်။ ဆန်းလျန်က လက်ဖက်ရည်ပန်းကို အသာဖမ်းယူလိုက်
သည်။

လက်ဖက်ရည်ထဲတွင် အမြှုပ်လေးများထနေသည်ကို တွေ့ရပြီး အဆိပ်တစ်မျိုးခတ်ထားပုံရလေသည်။

"နှစ်တစ်ထောင်ခံစားချက်မဲ့မြက်ပင်ပါလား ၊ တော်တော်ရှားပါးတဲ့ပစ္စည်းပါပဲ"

ဆန်းလျန်က ပြောလိုက်လေသည်။

"ဒီကညှော်သည်တော်က တကယ်ဗဟုသုတ ကြွယ်ဝတာပဲကိုး"

အနက်ရောင်ဝတ်လူရွယ်က ပြောလိုက်လေသည်။

"ဒီမြက်ပင်ကို စွဲပြီးစားသုံးရင် အရွယ်တင်နုပျိုစေတယ် ၊ ခန္ဓာကိုယ် ကျန်းမာစေတယ် ၊ ဒါပေမယ့် ရေရှည်စားသုံးမယ်ဆိုရင်တော့ လူတစ်ယောက်ဟာ ခံစားချက်ကင်းမဲ့သွားလိမ့်မယ် ၊ ဒါကြောင့်လည်း ခံစားချက်မဲ့မြက်ပင်လို့ ခေါ်တာပေါ့လေ"

ဆန်းလျန်က ဆက်ပြောလိုက်လေသည်။

အနက်ရောင်ဝတ်လူရွယ်က သူ၏ပေါင်ကို လက်ဖြင့်တစ်ချက်ပုတ်လိုက်ပြီး...

"မှန်လိုက်လေ..."

ဟု ပြောလိုက်လေသည်။

ဆန်းလျန်က လက်ဖက်ရည်ကြမ်းကို မော့သောက်လိုက်လေသည်။

ပြီးမှ...

"မင်းက အဆိပ်ငါးပါးဂိုဏ်းချုပ် မဟုတ်ဘူးပဲ"

ဟု ပြောလိုက်လေသည်။

အနက်ရောင်ဝတ်လူရွယ်၏မျက်နှာမှာ ခံစားချက်ကင်းမဲ့နေသည့်တိုင် သူ၏ဝတ်ရုံမှာ တစ်ချက်လှုပ်ခတ် သွားလေသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဆန်းတန်ခိုးရှင်ဟာ မျိုးဆက်တစ်ခုမှာ တစ်ခါပေါ်ထွန်းတဲ့ ပါရမီရှင်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ တကယ်ထိုက်တန်ပါတယ် ၊ ကျုပ်ကွမ်ဖား... ဆန်းတန်ခိုးရှင်ကို နှုတ်ဆက်ပါတယ်"

ဟု ပြောလိုက်လေတော့သည်။

အခန်း (၂၈၀)

မုန်တိုင်းထန်ချိန်

ကွမ်ဖားသည် ဆန်းလျန်ကို လှည့်စား၍မရတော့သည့်အတွက် စကားလုံးလှလှလေးများဖြင့် ဝန်ခံစကားပြောလိုက်ရခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင် အရှေ့ဘက်၊ တောင်ဘက် ၊ မြောက်ဘက် အရပ်သုံးမျက်နှာမှ ပုရှီးအဆင့် ကျင့်ကြံသူသုံးယောက် ပေါ်ထွက်လာကြလေသည်။ သူတို့၏မျက်လုံးများက အေးစက်နေပြီး ဆန်းလျန်ကို စားတော့ဝါးတော့မတတ် စိုက်ကြည့်နေကြလေသည်။

“ဒီက တာအိုရောင်းရင်းသုံးယောက်က ချီယန်ဂိုဏ်းချုပ်၊ လေနက်ဂူဂိုဏ်းချုပ်နဲ့ အဆိပ်ငါးပါးဂိုဏ်းချုပ်တို့ပဲဖြစ်ရမယ်”

ဆန်းလျန်က ထိုစကားကို အနောက်အရပ်ရှိ အဆောက်အဦးအတွင်းမှ ကွမ်ဖားကို အကြည့်တစ်ချက်မလွှဲဘဲ စိုက်ကြည့်နေရင်းဖြင့်ပင် ပြောလိုက်ခြင်းဖြစ်လေသည်။

သူ၏စိတ်အာရုံထဲတွင် ပုရှီးကျင့်ကြံသူသုံးယောက်၏အငွေ့အသက်နှင့် ပုံရိပ်များ ထင်ဟပ်လာသည့်အတွက် ထိုသို့ ပြောလိုက်ခြင်းဖြစ်သည်။

အခြားသူများအမြင်တွင် ပုရှီးအဆင့်ကျင့်ကြံသူသုံးယောက်က ဆန်းလျန်ကို ဝိုင်းထားကြသည်ဟု ထင်မှတ်ဖွယ်ရာရှိလေသည်။ သို့သော် ဆန်းလျန်မှာ စကြာဝဠာဗဟိုချက်တွင် ရပ်တည်နေခြင်းဖြစ်ပြီး သူ့ကို ဝန်းရံထားသူများမှာ နေ ၊ လ ၊ နှင့် ကြယ်စင်များအလား ဖြစ်ကြလေသည်။ ဆန်းလျန်၏

သန့်စင်သည့် တန်ခိုးစွမ်းအားစီးကြောင်းထဲတွင်ပါဝင်နေသည့် ဟန်ချက်ညီမှုများသာ ဖြစ်ကြလေသည်။

အရှေ့ဘက်မှ ပုဂ္ဂိုလ်သည် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားလေသည်။ သူ၏အငွေ့အသက်မှာ အဆိပ်ငါးပါးဂိုဏ်းမှ မုချိုးဖုန်းနှင့် ခပ်ဆင်ဆင်တူလေသည်။ အသက်ကတော့ သုံးဆယ်ကျော်ခန့်ဟု ထင်ရလေသည်။

တောင်ဘက်အရပ်မှပုဂ္ဂိုလ်ကတော့ သက်လတ်ပိုင်းအရွယ်ကျင့်ကြံသူအမျိုးသမီးတစ်ယောက် ဖြစ်လေသည်။ သူမ၏ဝိညာဉ်စွမ်းအားများက အေးစက်နေလေသည်။ သို့သော် ချောမောလှပသည့် အမျိုးသမီး ဖြစ်သည်ကိုတော့ ငြင်း၍မရပေ။

မြောက်ဘက်အရပ်မှလူကတော့ ထွားကျိုင်းသန်မာသည့် လူသန်ကြီးတစ်ယောက်ဖြစ်လေသည်။ သူက အနီရောင်ဝတ်စုံ

ကို ဝတ်ဆင်ထားပြီး သူ့ထံမှ မီးဖိုကြီးတစ်ခုအလား ပူလောင်

သည့်အငွေ့အသက်များ ထွက်ပေါ်နေလေသည်။

ထိုပုဂ္ဂိုလ်သုံးယောက်လုံးမှာ အင်အားကြီးမားသည့် ပုရှီး

အဆင့် ကျင့်ကြံသူများဖြစ်ကြလေသည်။

သို့သော် ကြောက်စရာအကောင်းဆုံးသူမှာဆန်းလျန်၏ရှေ့

တည့်တည့်မှ ကွမ်ဖားဆိုသူဖြစ်လေသည်။ ယနေ့ညတွင် ဆန်း

လျန် ရင်ဆိုင်ရမည့် ကြောက်စရာအကောင်းဆုံးရန်သူမှာ ကွမ်

ဖားပင်ဖြစ်လေသည်။

"ဒီပုဂ္ဂိုလ်သုံးယောက်က ကျုပ်ရဲ့မိတ်ဆွေတွေပါ၊ ကျုပ်က

ဆန်းတန်ခိုးရှင်ကို တစ်ယောက်တည်း ရင်ဆိုင်နိုင်စွမ်းမရှိလို့

အကူအညီခေါ်ထားရတာပါ"

ကွမ်ဖားက ပြောလိုက်လေသည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

“ဒီအရည်အချင်းရှိတဲ့ မိတ်ဆွေသုံးယောက်က ကျုပ်ကို ခဏ တော့ တားဆီးနိုင်ပါလိမ့်မယ်၊ ပြီးတော့ ကွမ်းချင်းနတ်ဘုရား ဂိုဏ်းက နတ်ဘုရားအလောင်းလျာ ဆယ့်နှစ်ပါးထဲမှာပါဝင်တဲ့ တာအိုဆရာကွမ်ဖား အကြောင်းကိုလည်း ကြားဖူးနေတာ ကြာ ပါပြီ၊ အင်မတန်မှ အသိဉာဏ်ပညာကြွယ်ဝတယ်လို့ နာမည်ကြီးတဲ့သူပဲလေ”

ကွမ်ဖားက ပြုံးလိုက်ရင်း....

“ချီးကျူးတာကို မခံယူဝံ့ပါဘူး၊ ဒီနေ့ အစီအစဉ်တွေအများ ကြီးဆွဲထားပေမယ့်၊ ဆန်းတန်ခိုးရှင်ရောက်လာမယ်လို့ သိပ် တောင် မျှော်လင့်မထားမိဘူး”

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“မင်းရဲ့ အခြားဂိုဏ်းတူညီအစ်ကိုတွေကိုရော ခေါ်မထားဘူး လား၊ အဲဒီလိုသာဆိုရင် ဒီည ကျုပ်တော့ ကောင်းကောင်း အခက်တွေ့မှာပဲ”

"တခြားညီအစ်ကိုတွေသာ အတူရှိနေရင် ဆန်းတန်ခိုးရှင်အလာ ကိုတောင် စောင့်မနေတော့ဘူး"

ကွမ်ဖားက ဆန်းလျန်ကို တစ်ချက်စိုက်ကြည့်ရင်း အေးစက်စွာ ဆိုလိုက်လေသည်။

"ဟုတ်သားပဲ ၊ 'ဆောင်းဝင်လာတာကို ရိပ်မိလိုက်ပေမယ့် ပုဇင်း ရင်ကွဲလေးဟာ မပျံသန်းနိုင်တော့ဘူး ၊ ဘယ်လိုအဆုံးသတ်မ လဲဆိုတာ ဘယ်သူသိနိုင်မှာလဲ' ဆိုတဲ့ ကဗျာထဲကအတိုင်းပဲ ၊ သိပ်ပြီးအန္တရယ်များနေရင် ကျုပ်အန္တရယ်ကို ခံစားမိမှာပဲ ၊ တာအိုဆရာကွမ်ဖားက တခြားသူတွေကိုလည်း စည်းရုံးနိုင် တယ် ၊ မိုးနဲ့မြေရဲ့ ဥပဒေတွေကိုလည်းနားလည်တယ် ၊ ကျုပ် ဘဝမှာ ကြုံတွေ့ရခဲ့တဲ့ ပြိုင်ဘက်တစ်ယောက်ပါပဲ ၊ မင်းက လောကမှာရှိတဲ့ ထောင်နဲ့ချီတဲ့လူတွေထက် သာလွန်တဲ့သူတစ် ယောက်ပဲ ၊ ဒါပေမယ့် စိတ်မကောင်းစရာပဲ"

ဆန်းလျန်က ပြောလိုက်သည်။

“ဘာကိုစိတ်မကောင်းဖြစ်ရတာလဲ ဆန်းတန်ခိုးရှင်”

ကွမ်ဖားက မေးလိုက်လေသည်။

“ဘာလို့လဲဆိုတော့ မင်းက ကိုယ့်ကိုကိုယ်အထင်ကြီးနေလို့လေ ၊ မင်းနဲ့ မင်းရဲ့မိတ်ဆွေ သုံးယောက်ပေါင်းရင် ကျုပ်ကို အနိုင်ရမယ်လို့ ထင်နေတာကိုး”

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။

အဆိပ်ငါးပါးဂိုဏ်းချုပ်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း...

“မင်းက သေဖို့နီးနေပြီဆိုတာကို မသိသေးဘူးကိုး ၊ လက်ဖက်ရည်ကြမ်းထဲမှာ နှစ်တစ်ထောင်ခံစားချက်မဲ့မြက်နဲ့ အတူ ကျုပ်ခတ်ထားတဲ့ ဝိညာဉ်ခွဲအဆိပ်ကို မင်းဖြေနိုင်မယ် များထင်လို့လား”

ဝိညာဉ်ခွဲအဆိပ်မှာ မြွေနှင့် အဆိပ်ရှိပိုးမွှားဆယ်မျိုးမှ အဆိပ်များကို ရွေးဟောင်းနဂါးကြီးတစ်ကောင်၏မျိုးနွယ်မှ

ဆင်းသက်လာသည့် အဆိပ်ရှိသည့်နဂါးသွေးနှင့် ရောစပ်ပြီး ဖော်စပ်ထားသည့်အဆိပ်ဖြစ်လေသည်။

ဆန်းလျန် အဆိပ်ငါးပါးဂိုဏ်းအတွင်းသို့ ဝင်လာကတည်းက ရရှိနေသည့် အဆိပ်ငွေ့ရနံ့သည် ဝိညာဉ်ခွဲအဆိပ်ရနံ့ပင်ဖြစ်လေ သည်။ တန်ခိုးစွမ်းအားမည်မျှပင် ကြီးမားပါစေ ဝိညာဉ်ခွဲ အဆိပ်ကို တွန်းလှန်နိုင်သူ လောကတွင်မရှိပေ။ ဝိညာဉ်ခွဲ အဆိပ်တက်လာလျှင် ခန္ဓာကိုယ်တစ်ခုလုံးနှင့် သွေးများပင် အနက်ရောင်ပြောင်းသွားမည် ဖြစ်လေသည်။

သို့သော် ဝိညာဉ်ခွဲအဆိပ်ကို သန့်စင်ပစ်နိုင်သည့် ထူးဆန်း သည့်လျှို့ဝှက်ကျင့်စဉ်အချို့ လောကတွင် ရှိလေသည်။ ဆန်းလျန်၏ ကမ္ဘာ့ထိပ်တန်းထိုက်ရှီးနည်းဗျူဟာကျင့်စဉ် သည် ထိုကဲ့သို့သော လျှို့ဝှက်ကျင့်စဉ်များထဲတွင် အပါအဝင် ဖြစ်လေသည်။ ထို့ကြောင့် ဝိညာဉ်ခွဲအဆိပ်မှာ ဆန်းလျန်ကို အဘယ်သို့ သက်ရောက်နိုင်ပါမည်နည်း။

သို့သော် ထူးခြားချက်တစ်ခုရှိလေသည်။နတ်ဘုရားနွယ်စိမ်း

ပင်သည် အဆိပ်များကို နှစ်ဆပျံ့နှံ့စေလေသည်။

အထူးသဖြင့် အဆိပ်ကို တန်ခိုးစွမ်းအားဖြင့် သန့်စင်လိုက်

သည့်အချိန်တွင် ပြင်ပသို့ထွက်လာသည့် အဆိပ်များမှာ နတ်

ဘုရားနွယ်စိမ်းပင်၏ ဖိအားကြောင့် မသန့်စင်ခင်ကအဆိပ်

ထက် ဆယ်ဆခန့်ပိုပြီးပြင်းထန်နေမည် ဖြစ်လေသည်။

ကွမ်ဖားရှိရာ အဆောက်အဦး၏တိုင်များကို တွယ်တက်နေ

သည့် နွယ်ပင်များမှာ နတ်ဘုရားနွယ်စိမ်းပင်များဖြစ်လေ

သည်။ အဆိပ်ပညာကို လေ့ကျင့်သည့်သူများအတွက် အလွန်

အသုံးဝင်သည့် အပင်များ ဖြစ်လေသည်။

ထို့ပြင် နှစ်တစ်ထောင်ခံစားချက်မဲ့မြက်ပင်မှာ အသက်အရွယ်

အိုမင်းခြင်းကို တားဆီးရုံသာမက တန်ခိုးစွမ်းအားကြီးမား

သူများအတွက် အဆိပ်ဖြေဆေးအဖြစ် အသုံးပြုနိုင်လေသည်။

နှစ်တစ်ထောင်ခံစားချက်မဲ့မြက်ပင်တွင် သွေးလည်ပတ်မှုကို ရပ်တန့်သွားစေသည့် အစွမ်းရှိလေသည်။ ထို့ကြောင့် အဆိပ်မိနေသည့် ကျင့်ကြံသူ၏ ခန္ဓာကိုယ်တွင်းမှ အဆိပ်များကို ခေတ္တရပ်တန့်ထားစေနိုင်လေသည်။

ထို့ကြောင့် ဆန်းလျန်က ကွမ်ဖားတိုက်သည့် လက်ဖက်ရည်ကို ချက်ချင်းပင် သောက်လိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်ကမထီမဲ့မြင် အမူအရာဖြင့် အဆိပ်ငါးပါးဂိုဏ်းချုပ်ကို လှမ်းကြည့်လိုက်သည်။ သူ၏အကြည့်က စူးရှနေပြီး အဆိပ်ငါးပါးဂိုဏ်းချုပ်၏ နှလုံးသားထဲထိ ထိုးဖောက်သွားသည့် ဓားတစ်လက်ကဲ့သို့ အကြည့်မျိုးဖြစ်လေသည်။ အဆိပ်ငါးပါးဂိုဏ်းချုပ်မှာ ဆန်းလျန်၏အကြည့်ကြောင့် သူ၏နှလုံးသားထဲတွင် စူးရှသည့်နာကျင်မှုကို ခံစားလိုက်ရလေသည်။ သူက နာကျင်မှုကို ချုပ်တည်းမထားနိုင်တော့ဘဲ ချောင်းတစ်ချက်ဟန့်သလိုနှင့် ညည်းညူ လိုက်လေသည်။

အဆိပ်ငါးပါးဂိုဏ်းချုပ်မှာ သိုင်းပညာတွင် အခြားဂိုဏ်းချုပ်နှစ်ယောက်ထက်သာလေသည်။ သို့သော် တန်ခိုးစွမ်းအားကတော့ အခြားဂိုဏ်းချုပ်နှစ်ယောက်လောက် မြင့်မားခြင်းမရှိပေ။

ထိုအချိန်မှာပင်....

ဆန်းလျန်၏လက်ထဲတွင်ကိုင်ထားသည့် လက်ဖက်ရည်ကြမ်းပန်းကန်လေးမှာ တောက်ပနေသည့် ငွေရောင်တိုင်လုံးတစ်ခုအဖြစ် ပြောင်းလဲသွားလေသည်။ တစ်ချိန်တည်းမှာပင် ထိုတိုင်မှ ငွေရောင်ကွင်းတစ်ခုပေါ်ထွက်လာပြီး ဆန်းလျန်၏ညာဘက်လက်ကို ချုပ်နှောင်ထားလိုက်လေသည်။

ငွေရောင်ကွင်းလေးမှာ ဆန်းလျန်၏ လက်ကောက်ဝတ်တွင်နစ်မြုပ်နေပြီး ရုန်းထွက်ရန် ခက်ခဲလှသည်။ ဆန်းလျန်မှာ တိုင်နှင့်ပူးပြီး လက်ထိပ်ခတ်ခံထားရသလိုဖြစ်ကာ လွတ်လွတ်လပ်လပ် လှုပ်ရှား၍ မရတော့ပေ။

ကွမ်ဖားက လက်ဖက်ရည်ကြမ်းပန်းကန်တွင် အစီအရင်ပြုလုပ်ကာ ဆန်းလျန်ကို ထောင်ချောက်ဆင်ထားခဲ့ခြင်းဖြစ်လေသည်။

ငွေရောင်တိုင်လုံးနှင့် ဆန်းလျန်ချုပ်မိနေသရွေ့ မည်သို့မျှ လွတ်လပ်စွာ လှုပ်ရှားနိုင်မည် မဟုတ်ပေ။ ထို့ပြင် အဆိပ်ကို သန့်စင်ရန်အတွက် ဆန်းလျန် တန်ခိုးစွမ်းအားကို အသုံးပြုထားရသည့်အတွက် သူ၏စွမ်းအားများမှာ လျော့နည်းနေပေလိမ့်မည်။ ဤသည်ကို အခွင့်ကောင်းယူကာ ဆန်းလျန်ကို တိုက်ခိုက်နိုင်မည်ဖြစ်လေသည်။

ကွမ်ဖားက အဆိပ်ငါးပါးဂိုဏ်းချုပ်၏ ဝိညာဉ်ခွဲအဆိပ်မှာ အလုပ်ဖြစ်မည်ဟု အစကတည်းက ထင်မထားခဲ့ပေ။ ထို အဆိပ်က ဆန်းလျန်၏ တန်ခိုးစွမ်းအားကိုသာ အနည်းငယ် လျော့နည်းသွားစေမည်ဖြစ်လေသည်။ ထိုအချိန်ကိုစောင့်ကာ

ကွမ်ဖားကလည်း သူ၏မော်ဝင်ပစ္စည်းကို ချက်ချင်း
အသက်ဝင်စေလိုက်ခြင်းဖြစ်လေသည်။
"ကောင်းလိုက်တဲ့ မော်ဝင်ပစ္စည်း ၊ ရှားပါးပစ္စည်းတစ်ခုပဲ"
ဆန်းလျန်က တည်ငြိမ်စွာပင် ဆိုလိုက်သည်။
"ဒီမော်ဝင်ပစ္စည်းက ရှေးဟောင်းမော်ဝင်လက်နက်တစ်ခုဖြစ်တဲ့
နဂါးတိုင်လုံးကို တုပပြီး ကျုပ်ကိုယ်တိုင် ပြုလုပ်ထားတာ ၊ ဒီ
ပစ္စည်းကိုလိုချင်လွန်းလို့ ကျုပ်အနှစ်လေးဆယ်တောင် ပြုလုပ်
ခဲ့ရတယ် ၊ နဂါးတိုင်လုံးအစစ်မဟုတ်လို့ ကျုပ်က "ပုံပြောင်း
နဂါးတိုင်လုံး" လို့ အမည်ပေးထားတယ် ၊ တကယ့်နဂါးကိုတော့
ဖမ်းချုပ်မထားနိုင်ပေမယ့် မင်းကိုတော့ ခဏလောက် ဖမ်းချုပ်
ထားနိုင်ပါတယ်"
ဆန်းလျန်မှာ အရှက်တကွဲဖြင့် တိုင်လုံးတစ်ခုတွင် ချုပ်နှောင်
ခံထားရသော်လည်း အေးဆေးတည်ငြိမ်နေဆဲ ဖြစ်လေသည်။

“မင်းက တကယ့်ကို ထူးချွန်တဲ့သူပါပဲ ၊ ကျုပ်ကိုလည်း ကောင်းကောင်းနားလည်တယ် ၊ ကြည့်ရတာ ကျုပ်ကို တိုက်ခိုက်နိုင်ဖို့ ဘေးနားမှာ အကြံကောင်းကောင်းပေးနိုင်တဲ့ လူတစ်ယောက် ရှိနေတယ် ထင်တယ်”

ကွမ်ဖားမှာ ဆန်းလျန်၏စကားကြောင့် သူအနိုင်ရတော့မည်ဟု ခံစားလိုက်ရလေသည်။

သူက မတ်တပ်ထရပ်လိုက်ပြီး...

“ဆန်းတန်ခိုးရှင်က တစ်ပတ်အတွင်း လူပေါင်းများစွာကို တိုက်ခိုက်ခဲ့တာပဲ ၊ မင်းကို မကျေနပ်တဲ့သူတွေက ကျုပ်ကို အကူအညီပေးတာပေါ့ ၊ အဲဒီလူတွေက မင်းနဲ့ရင်းနှီးတဲ့သူတွေ လည်း ဖြစ်နိုင်တာပဲလေ ၊ ဘယ်သူလဲလို့မေးရင်တော့ မသိဘူး လို့ပဲ ဖြေရမှာပဲ ၊ သိခဲ့ရင်လည်း ကျုပ်က ပြောပြမှာမဟုတ် ဘူး”

ကွမ်ဖားက ထိုစကားများကို တမင်ပြောလိုက်ခြင်းဖြစ်လေ

သည်။

သူ၏ စကားများကို ကြားသည့်အခါ ဆန်းလျန်မှာ ချင်းရှမ်

နတ်တံခါးတွင် သူလျှိုတစ်ယောက်ရှိနေပြီလားဟု သံသယဝင်

ကာ စိတ်လှုပ်ရှားသွားမည်ဖြစ်လေသည်။ ထိုအချိန်မျိုးတွင်

ဆန်းလျန်ကို အလစ်အငိုက် ဖမ်းနိုင်လေသည်။

ဆန်းလျန်မှာ အလွန်ကြောက်စရာကောင်းသူဖြစ်လေသည်။

သူက ဆန်းလျန်ကို ဖမ်းဆီးမိပြီဖြစ်သည့်တိုင် သူ၏စိတ်ထဲ

တွင် ဆန်းလျန်မှာ လွတ်မြောက်သွားနိုင်သည်ဟု ခံစားနေရဆဲ

ဖြစ်သည့်အတွက် ထိုသို့ အကောက်ဉာဏ် သုံးလိုက်ခြင်း ဖြစ်

လေသည်။

ဆန်းလျန်အတိတ်မှအကြောင်းများကို ပြန်စဉ်းစားလိုက်

မိသည်။

“အဲဒီသစ္စာဖောက် ဘယ်သူလဲဆိုတာ ကျုပ်သိပြီးသားပါ ၊ ဒါပေမယ့် ကျုပ်ကိုသတ်ဖို့အတွက် ဘာလို့ မင်းကိုယ်တိုင်လာရတာလဲ”

ဆန်းလျန်ထံမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များထွက်ပေါ်လာလေသည်။

မြစ်ရေမှ လှိုင်းများထန်လာသကဲ့သို့ ခံစားလိုက်ရပြီး မိုးများရွာသွန်းတော့မည်အလား အရိပ်အငွေ့များ ထင်ဟပ်လာလေသည်။

မုန်တိုင်းထန်တော့မည် ဖြစ်လေသည်။

အခန်း (၂၈၁)

ငရဲမှတက်လာသည့် မသေနိုင်သည့် မိစ္ဆာကဲ့သို့

ဆန်းလျန်၏ ညာဘက်လက်ကို ချုပ်နှောင်ထားသည့် ပုံပြောင်း

နဂါးတိုင်လုံးသည် သာမန်သစ်သားခြောက်တိုင်တစ်ခုအဖြစ်

ပြောင်းလဲသွားလေသည်။ ဆန်းလျန်မှာ သစ်သားခြောက်တိုင်

မှာ အသာအယာပင် ရုန်းထွက်လိုက်သည်။

ကွမ်ဖားမှာ တည်ငြိမ်နေသည့်တိုင် ရင်ထဲတွင် တုန်လှုပ်သွား

လေသည်။

ဆန်းတန်ခိုးရှင်ဆိုသူ၏ တန်ခိုးစွမ်းအားများသည် သူတွေးထင်

ထားသည်ထက် နက်နဲနေလေပြီ။ သူကိုယ်တိုင်ပြုလုပ်ထား

သည့် ပုံပြောင်းနဂါးတိုင်လုံး၏ လျို့ဝှက်ချက်ကို သူသာလျှင်

သိလေသည်။

ထို့နောက် ဆန်းလျန်က လက်ဖျောက်တစ်ချက်တီးလိုက်လေ

သည်။

ထိုအခါ ကောင်းကင်ထက်မှ အနက်ရောင်မိုးရေများ ရွာကျလာလေသည်။ ထိုရေများမှာ ဝိညာဉ်ခွဲအဆိပ်ရေများပင် ဖြစ်လေသည်။ ဆန်းလျန်က နဂါးငွေ့တန်းဓားဝိညာဉ်ကို အသုံးပြုကာ ကိုယ်တွင်းမှ အဆိပ်များကို ထုတ်လိုက်ပြီး မိုးအဖြစ်ရွာကျစေလိုက်ခြင်း ဖြစ်လေသည်။ ထို့ပြင် အပြင်သို့ရောက်သွားသည့် ဝိညာဉ်ခွဲအဆိပ်များမှာ နတ်ဘုရားနွယ်ပင်၏ ဖိအားများကြောင့် ဆယ်ဆပြင်းထန်လာလေသည်။

ဆန်းလျန်နှင့်အနီးဆုံးနေရာတွင် ရှိနေသူမှာ ကွမ်ဖားဖြစ်လေသည်။ ထို့ကြောင့် သူက မိုးရေများကို ကမန်းကတန်းပင် ကာကွယ်လိုက်ရသည်။ ကွမ်ဖားက လက်ဟန်တစ်ခု ပြုလုပ်လိုက်ပြီး အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ ထိုအလင်းတန်းက အနက်ရောင် မိုးရေများကို တားဆီးထားလိုက်လေသည်။

ကွမ်ဖားအသုံးပြုလိုက်သည့်ပညာမှာ ရှမ်ချင်းအလင်းတန်း

တန်ခိုးစွမ်းအားဖြစ်လေသည်။ ကွမ်ဖား၏ ရှမ်ချင်း

အလင်းတန်းမှာ ဟွမ်ကျန်းကဲ့သို့ပင် တန်ခိုးစွမ်းအားကြီးမားပြီး

လျှင်မြန်လွန်းလေသည်။

သို့သော် ထိုအလင်းတန်းတွင် ချက်ချင်းပင် အပေါက်တစ်

ပေါက်ဖြစ်လာလေသည်။ အနက်ရောင် အဆိပ်မိုးရေများ

တိုက်စားလိုက်သည့်အတွက် တန်ခိုးစွမ်းအားအလင်းတန်း

ပေါက်သွားရခြင်း ဖြစ်လေသည်။

ကွမ်ဖားနောက်သို့ အသာဆုတ်လိုက်သည်။

ရှမ်ချင်းအလင်းတန်းများလည်း အဆက်မပြတ်ထုတ်လွှတ်ကာ

အဆိပ်မိုးရေများကို ကာကွယ်နေရလေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် အလင်းတန်းကွန်ယက် သုံး

ဆယ့်ခြောက်ခုထွက်ပေါ်လာလေသည်။ ကွမ်းချင်းနတ်ဘုရား

ဂိုဏ်းတွင် လူတော်များစွာရှိသည့်တိုင် ရှမ်ချင်းအလင်း

စွမ်းအားကို ယခုကဲ့သို့ အသုံးပြုနိုင်သူမှာ ရှားပါးလေသည်။

သို့သော် ဆန်းလျန်၏ဦးတည်တိုက်ခိုက်လိုသူက ကွမ်ဖား

မဟုတ်သေးပါ။

ဆန်းလျန်က ကြိုးဝါးသံတစ်ချက်ပြုလုပ်လိုက်ပြီး သူ့ကျော

တွင်လွယ်ထားသည့် ရှမ်တယ်ဓားကို ဆွဲထုတ်လိုက်လေသည်။

ဓားသွားတွင် အနက်ရောင်နှင့်အဝါရောင် အလင်းတန်းများစီး

ဆင်းနေလေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်ဖန်ဆင်းထားသည့်

နဂါးငွေ့တန်းဓားဝိညာဉ်မှာလည်း ကောင်းကင်ထက်တွင် ကြယ်

စင်အလား တောက်ပနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် လူသူမရှိသည့်အလား

တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဆန်းလျန်ထံမှ လူသတ်လိုသည့်အငွေ့အသက်များက ကြောက်မက်ဖွယ်ရာ ထွက်ပေါ်နေလေသည်။ အဆိပ်ငါးပါး ဂိုဏ်းတွင် မွေးမြူထားသည့် အဆိပ်ရှိမြွေများနှင့် ပိုးကောင်များမှာ ကြောက်လွန်းသဖြင့် ပုန်းအောင်းနေကြလေသည်။ ဆန်းလျန်သည် ကောင်းကင်ထက်သို့ ခုန်တက်သွားလေသည်။ သူ၏ခြေထောက်အောက်တွင် မီးခိုးရောင် တိမ်တိုက်တစ်ခု ရှိနေလေသည်။ ထိုမီးခိုးရောင်တိမ်တိုက်မှာ ကြာပန်းပုံသဏ္ဌာန်၊ ဘဲငန်းပုံသဏ္ဌာန်နှင့် ကျားပုံသဏ္ဌာန် စသည်ဖြင့် ပုံသဏ္ဌာန်မျိုးစုံ ပြောင်းလဲနေလေသည်။ ဓားခြိမ်းသံကြီးက အဆက်မပြတ် ထွက်ပေါ်နေပြီး ကောင်းကင်တစ်ခုလုံးမှာ ပင်လယ်ပြင်တစ်ခု အလား ဆန်းလျန်၏ တန်ခိုးစွမ်းအား လှိုင်းလုံးကြီးများဖြင့် တဝုန်းဝုန်း ရိုက်ခတ်လျှက်ရှိလေသည်။

ဆန်းလျန်၏ပုံစံမှာ စကြာဝဠာတစ်ခုလုံးမှ ရန်အပေါင်းကို နှိမ်နင်းရန်အတွက် ဗောဓိသကျမှစေလွှတ်လိုက်သည့် နတ်ဒေ

ဝါတစ်ပါးအလားပင်ဖြစ်လေသည်။ မကောင်းမိစ္ဆာတိုင်းကို သုတ်သင်ပစ်တော့မည်အလား ဝင့်ကြွားလျှက်ရှိလေ၏။ ချီယန်ဂိုဏ်းချုပ် ၊ အဆိပ်ငါးပါးဂိုဏ်းချုပ်နှင့် လေနက်ဂူဂိုဏ်းချုပ်တို့က လေထဲသို့ ခုန်တက်လိုက်ကြလေသည်။ ထို့နောက် သူတို့၏ တန်ခိုးစွမ်းအားအလင်းတန်းများကို ဖန်ဆင်းလိုက်ကြပြီး ကောင်းကင်ထက်သို့ ပစ်လွှတ်လိုက်ကြလေသည်။ သူတို့က ဆန်းလျန်ကို စတင် တိုက်ခိုက်လိုက်ကြခြင်းဖြစ်လေသည်။

အနက်ရောင် ၊ အနီရောင်နှင့် အဖြူရောင်အလင်းတန်းများမှာ ဆန်းလျန်ဆီသို့ အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်လာလေသည်။ ဆန်းလျန်၏ ဆံနွယ်ရှည်များသည် လေထဲတွင် လွင့်နေလေသည်။ သူ့ကိုကြည့်ရသည်မှာ ငယ်ရွယ်သည့်နတ်လုလင်ပျိုလေးနှင့်ပင် ဆင်တူသည်။

ဆန်းလျှန်၏ဝိညာဉ်စွမ်းအားများမြင့်တက်လာပြီး

သူ၏နှလုံးသားဆီမှ ကျောက်စိမ်းကျိုင်းတံကိုကိုင်ဆောင်ထား

သည့်နတ်ဘုရား ထွက်ပေါ်လာလေသည်။ သူ၏ပုံစံက မည်သူ့

ကိုမှ ဂရုမစိုက်သည့်ဘာမထီစိတ်ထားကိုပေါ်လွင်နေစေသည်။

သူ၏မျက်ဝန်းများကလည်း တစ်လက်လက်တောက်ပနေလေ

သည်။

လေနက်ဂူဂိုဏ်းချုပ် ကျင့်ကြံသူအမျိုးသမီးက မဲ့ပြုံးတစ်ချက်

ပြုံးလိုက်ရင်း...

"လွတ်မယ်လို့မထင်နဲ့..."

ဟု အော်ပြောလိုက်သည်။

သူတို့သုံးယောက်မှာ ကွမ်ဖားထံမှ အကျိုးအမြတ်များစွာ ရယူ

ထားကြသူများဖြစ်ကြလေသည်။ ထို့ကြောင့် ရရှိမည့်

အကျိုးအမြတ်များကိုမက်မောသည်ကတစ်ကြောင်း ၊ သူတို့

ကိုယ်တိုင်မှာလည်း ပုရှီးအဆင့်ကျင့်ကြံသူများဖြစ်သည်က

တစ်ကြောင်းကြောင့် ကွမ်ဖားနှင့်သာ ပူးပေါင်းတိုက်ခိုက်လျှင် ဆန်းလျန်ကို ကျိန်းသေအနိုင်ရမည်ဟု ထင်နေကြလေသည်။ ကွမ်ဖားကလည်း ဆန်းလျန်ကို နှိမ်နင်းနိုင်လျှင် သူက ဆန်းလျန်ဆီမှ မည်သည့်အရာမှမယူဘဲ သူတို့သုံးယောက်ကိုသာပေးမည်ဟု ကတိပေးထားလေသည်။ ထိုအကျိုးအမြတ်များကို မျှော်ကိုးသည့်အတွက် ဆန်းလျန်ကို တိုက်ခိုက်နေကြခြင်းဖြစ်လေသည်။ သူတို့သုံးယောက်မှာ အကျိုးအမြတ်သာရမည်ဆိုပါက ဆန်းလျန်မှမဟုတ် ၊ မည်သူ့ကိုမဆို တိုက်ခိုက်မည့်သူများ ဖြစ်လေသည်။

သို့သော် ဆန်းလျန်သည် ကွမ်ဖား၏ ပုံပြောင်းနဂါးတိုင်လုံးကို လွယ်လွယ်နှင့် ချိုးဖျက်ပစ်နိုင်မည်ဟု သူတို့သုံးယောက်လုံး တွေးထင်ထားမိခြင်းမရှိခဲ့ပေ။ စီစဉ်ထားသည့်အတိုင်း ဆန်းလျန်သာ ပုံပြောင်းနဂါးတိုင်လုံးတွင် ချုပ်မိနေပါက သိပ်ပြီး တိုက်ခိုက်စရာပင် လိုမည် မဟုတ်ပေ။

ဆန်းလျန်က သူ့ကိုထဲမှ ဝိညာဉ်ခွဲအဆိပ်ရေများကို ထုတ်လိုက်ပြီးကွမ်ဖားကိုတိုက်ခိုက်လိုက်သည်မှာ ဟန်ပြသာဖြစ်လေသည်။ သူတကယ်ဦးတည်တိုက်ခိုက်လိုက်သည်က ဂိုဏ်းချုပ်သုံးယောက်ကို ဖြစ်လေသည်။

ဆန်းလျန်ကို သူတို့သုံးယောက် ပူးပေါင်းတိုက်ခိုက်လိုက်သည့် သိုင်းကွက်မှာ "ပါရမီရှင်သုံးပါးစုပေါင်းတိုက်ကွက်" ဖြစ်လေသည်။ သူတို့၏ စုပေါင်းတိုက်ကွက်ကို ဖောက်ထွက်နိုင်သည့်သူ လောကတွင် မရှိသလောက်ရှားလေသည်။

ဆန်းလျန်မှာ သူတို့သုံးယောက်၏ တိုက်ကွက်ထဲတွင် ပိတ်မိနေလေသည်။

ဆန်းလျန်က လေထဲတွင်ရပ်တန့်နေရင်း သူ၏ ရှမ်တယ်ဓားကို ဂိုဏ်းချုပ်သုံးယောက်ထံသို့ ပစ်လွှတ်လိုက်လေသည်။

သူ၏ဓားမှာ ငှက်မွေးလေးအလား ပေါ့ပါးစွာဖြင့် ဝင်ရောက်လာလေသည်။ ဓားဆီမှ ထူးဆန်းသည့် တန်ခိုးစွမ်းအား

များ ထွက်ပေါ်လျှက်ရှိလေသည်။ ဓားထဲမှ စွမ်းအားလှိုင်းများ ကို ဂိုဏ်းချုပ်သုံးယောက်လုံး သတိပြုမိလိုက်ကြသည်။ အချိန် မရွေးပေါက်ကွဲထွက်သွားနိုင်သည့် စွမ်းအားများ ဖြစ်လေ သည်။

ဓားဆီမှထွက်ပေါ်နေသည့် ကြောက်မက်ဖွယ်ရာစွမ်းအား ကြောင့် ဂိုဏ်းချုပ်သုံးယောက်မှာ ပုရှိုးအဆင့်ကျင့်ကြံသူများ နှင့်မတူညီစွာ အားနည်းသူများကဲ့သို့ခံစားလိုက်ကြရလေ သည်။ သူတို့သုံးယောက်လုံးမှာ စွမ်းအားမြင့်ဓာတ်ပေါင်းဖိုကြီး တစ်ခုနှင့်ရင်ဆိုင်လိုက်ရသည့်အလား မသက်မသာခံစားလိုက် ကြရလေသည်။

ထိုတန်ခိုးစွမ်းအားများနောက်ကွယ်တွင် လျှို့ဝှက်ချက်တစ်ခုရှိ နေသည်ကိုလည်း သူတို့သုံးယောက်ရိပ်မိလိုက်ကြသည်။

ဓားဆီမှ ထူးဆန်းသည့်စွမ်းအားသည် ရုတ်တရက်ပင် ပေါက်ကွဲထွက်သွားပြီး သန့်စင်သည့်အလင်းတန်းတစ်ခု ထွက်

ပေါ်လာလေသည်။ ထိုအလင်းတန်းကြောင့် ကောင်းကင်တစ်ခု လုံးပင် တုန်လှုပ်သွားရသည်။ မည်သို့မျှ ခုခံတွန်းလှန်ရန် မဖြစ် နိုင်သည့် တန်ခိုးစွမ်းအား ဖြစ်လေသည်။

အဆောက်အဦးတိုင်လုံးကို နွယ်ပတ်တက်နေကြသည့် နတ် ဘုရားနွယ်ပင်များပင် တန်ခိုးစွမ်းအားဒဏ်ကို မခံနိုင်ဘဲ အမှုန့် ဖြစ်သွားကြရလေသည်။ တည်ငြိမ်နေသည့်ရေကန်မှာလည်း လှိုင်းများပြင်းထန်ကာ ဆူညံသံများထွက်ပေါ်နေလေသည်။

အဆိပ်ငါးပါးဂိုဏ်း၏ သစ်သားအိမ်များမှာ တစ်စစီကျိုးပဲ့ကုန် ကြလေသည်။

အဆိပ်ငါးပါးဂိုဏ်းမှတပည့်များမှာ ရေကန်အတွင်းသို့ ပြုတ် ကျကုန်ကြသည်။ မွေးထားသည့်အဆိပ်မြွေများနှင့် ပိုးကောင် များမှာလည်း ရေကန်အတွင်းသို့ဆင်းသွားပြီး ပြန်တက်မလာ တော့ပေ။ တန်ခိုးစွမ်းအားများမှာ သေစေနိုင်သည့် စွမ်းအား များဖြစ်ကြောင်း သတ္တဝါများက ခံစားသိရှိကြလေသည်။

ထို့ကြောင့် ရေကန်အတွင်းတွင် ပုန်းအောင်းနေကြခြင်းဖြစ်လေ
သည်။

အချို့ စွမ်းအားနည်းပါးသည့် တပည့်များမှာ ကြီးမားသည့်
တန်ခိုးစွမ်းအားဒဏ်ကို မခံနိုင်ဘဲ ခန္ဓာကိုယ်မှာ သွေးမှုံများ
အဖြစ် ပေါက်ကွဲထွက်ကုန်ကြရလေသည်။ နေရာအနှံ့တွင်
နာကျင်စွာအော်ဟစ်နေကြသည့်အသံများ ထွက်ပေါ်နေလေ
သည်။

ဆန်းလျန်သည် စစ်မှန်သည့် ကျင့်စဉ်လမ်းကို လျှောက်လှမ်းခဲ့
သည့် အဆင့်မြင့်တန်ခိုးရှင်တစ်ယောက်ဖြစ်လေသည်။
သူ၏ရုပ်ခန္ဓာမှာ သူ၏တန်ခိုးစွမ်းအားများကို ကောင်းကောင်း
ခံနိုင်ရည်ရှိလေသည်။ ထို့ပြင် သူက ဝိညာဉ်စွမ်းအားအလွန်
မြင့်မားသူ ဖြစ်သည့်အတွက် သူဖောက်ခွဲပစ်လိုက်သည့်တန်ခိုး
စွမ်းအားများကို ကောင်းစွာကိုင်တွယ်နိုင်လေသည်။

အဆိပ်ငါးပါးဂိုဏ်းချုပ်မှာ သူ့ကိုယ်သူပင် ကာကွယ်နိုင်စွမ်းမရှိတော့ပေ။ သူက ဆန်းလျှန်၏စူးရှသည့် ဓားသွားကဲ့သို့ အကြည့်ကြောင့်လည်း ဒဏ်ရာရထားသေးသည်။ ထို့ကြောင့် တိုက်ခိုက်မှုမှာ တဖြည်းဖြည်းနှေးကွေးလာရလေသည်။ ဆရာသခင်အဆင့် ကျင့်ကြံသူများ၏ တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာလေသည်။

ဂိုဏ်းချုပ်သုံးယောက်တွင် အဆိပ်ငါးပါးဂိုဏ်းချုပ်၏ သိုင်းကွက်များက အထူးခြားဆုံးဖြစ်လေသည်။ သို့သော် ဝိညာဉ်စွမ်းအားအနည်းပါးဆုံးသူမှာလည်း အဆိပ်ငါးပါးဂိုဏ်းချုပ်ပင် ဖြစ်လေသည်။ သူက အဆိပ်ကိုသာကျွမ်းကျင်သူတစ်ယောက်ဖြစ်ပြီး စစ်မှန်သည့် တာအိုကျင့်ကြံသူတစ်ယောက် မဟုတ်ပေ။

သူက ရန်သူ၏အားနည်းချက်ကိုဖွေရှာကာ အဆိပ်ပညာဖြင့် တိုက်ခိုက်တတ်သူ ဖြစ်လေသည်။ ထိုသို့တိုက်ခိုက်ခြင်းက

လည်း သူ့ဘဝတစ်လျှောက်တွင် အမြဲတမ်းအကျိုးရှိခဲ့လေ

သည်။

ရွှမ်တယ်ဓားမှာ ဆန်းလျန်နှင့်တစ်သားတည်းကျနေလေသည်။

ဆန်းလျန်၏ အဆင့်လွန်ဓားရေးမှာ မရပ်တန့်နိုင်သည့်

မိုးကောင်းကင် စွမ်းအားတစ်ခုအလားပင် ဖြစ်လေသည်။

ဂိုဏ်းချုပ်သုံးယောက်၏ စုပေါင်းတိုက်ကွက်ကို အသာ

လေးပင် ဖျက်စီးပစ်လိုက်လေသည်။ ပါရမီရှင်သုံးပါးတိုက်

ကွက်သည် ဆန်းလျန်အတွက်တော့ အလကားတိုက်ကွက်ပင်

ဖြစ်လေသည်။

ပါရမီရှင်သုံးပါးတိုက်ကွက်မှာ ရန်သူကိုတိုက်ခိုက်ရန်

ဂိုဏ်းချုပ်သုံးယောက်၏ တန်ခိုးစွမ်းအားသုံးခု ပေါင်းစပ်ထား

ခြင်းသာဖြစ်ပြီး အခြေခံ ဝိညာဉ်စွမ်းအားများပေါင်းစပ်ထား

ခြင်းမရှိပေ။ ထို့ကြောင့် ထိုတိုက်ကွက်၏ ဟာကွက်ကို ဆန်း

လျန်မှာ လွယ်လွယ်နှင့် ရှာတွေ့ခဲ့လေသည်။

အမှန်တော့ ပုရွှီးအဆင့်ကျင့်ကြံသူသုံးယောက်၏ စုပေါင်းတိုက်ကွက်မှာ အစွမ်းထက်သင့်သလောက်တော့ထက်လေသည်။ သို့သော် အဆိပ်ငါးပါးဂိုဏ်းချုပ်မှာ ဒဏ်ရာရထားသည့်အတွက် သူ၏ တိုက်ကွက်က နှေးကွေးနေလေသည်။ ထို့ကြောင့် လျှပ်တစ်ပြက်ထိုးဖောက်ဝင်ရောက်လာသည့် ဆန်းလျန်၏ ဓားချက်ကို မကာကွယ်နိုင်ဖြစ်သွားရခြင်းဖြစ်လေသည်။

ရွှမ်တယ်ဓား၏ အနက်ရောင်နှင့် အဝါရောင် အလင်းတန်းများသည် ဂိုဏ်းချုပ်သုံးယောက်၏ တန်ခိုးစွမ်းအားများကြားတွင် စီးဆင်းနေလေသည်။ တောက်ပလင်းထိန်လွန်းသည့် အလင်းတန်းများကြောင့် မည်သူမျှ ကောင်းကင်ထက်သို့ မော့မကြည့်ဝံ့ပေ။

ထို့ပြင် ကောင်းကင်ထက်တွင် တန်ခိုးစွမ်းအားလှိုင်းလုံးများကလည်း မြင့်တက်လျှက်ရှိလေသည်။

လူသန်ကြီးတစ်ဦးဖြစ်သည့် ချီယန်ဂိုဏ်းချုပ်နှင့် လေနက်ဂူ ဂိုဏ်းချုပ် အမျိုးသမီးတို့၏ ဝိညာဉ်များမှာ တုန်ခါသွားကြရလေသည်။ အေးစက်လွန်းသည့်ဓားဝိညာဉ်က သူတို့၏ဝိညာဉ်များကို လာရောက်ရိုက်ခတ်သည့်အတွက် ထိုသို့တုန်ခါသွားရခြင်း ဖြစ်လေသည်။

အဆိပ်ငါးပါးဂိုဏ်းချုပ်ထံမှာ နာကျင်စွာအော်ဟစ်သည့် အသံနက်ကြီးထွက်ပေါ်လာလေသည်။ သူ့တစ်ကိုယ်လုံးတွင် ဓားဒဏ်ရာများဖြင့် ပြည့်နေလေသည်။

ထိုအချိန်မှာပင် အဆိပ်ငါးပါးဂိုဏ်းချုပ်၏ မျက်ခုံးနှစ်ခုကြားတွင် အနီရောင် အစက်တစ်စက် ဖြစ်ပေါ်လာပြီး ကောင်းကင်ထက်မှ ပြုတ်ကျသွားလေတော့သည်။ အသက်ပျောက်သွားပြီ ဖြစ်လေသည်။

အဆိပ်ငါးပါးဘုရင်၏ အဖြစ်ဆိုးကိုကြည့်ကာ အခြား

ဂိုဏ်းချုပ်နှစ်ယောက်မှာ အသည်းထဲထိစိမ့်အောင် ကြောက်ရွံ့

ထိတ်လန့်သွားကြလေသည်။

သူတို့သည် ချောမောလှပသည့် လူငယ်လေးကို ငေးစိုက်ကြည့်

ရင်း ငရဲမှတက်လာသည့် မသေနိုင်သည့် မိစ္ဆာတစ်ကောင်

အလား ထင်မှတ်လိုက်မိကြလေသည်။

ဆန်းလျန်၏နှုတ်ခမ်းဖျားလေးများ တွန့်ကွေးသွားပြီး အေး

စက်စွာပြုံးလိုက်လေသည်။ ထိုအပြုံးတစ်ပွင့်သည် သူတို့ဘဝ

တွင် မည်သည့်အခါမှ မမေ့နိုင်သည့် အိပ်မက်ဆိုးတစ်ခုအလား

ဖြစ်သွားရလေသည်။

"မင်းတို့က ကျုပ်ကို သတ်ချင်မှတော့ ကျုပ်ကလည်း ညှာနေ

မှာမဟုတ်ဘူး"

ဆန်းလျန်က ပြောလိုက်သည်။

ထိုအချိန်မှာပင်....

တိုက်ပွဲကို တစ်ချိန်လုံးကြည့်နေသည့် ကွမ်ဖားသည် များစွာသော အလင်းတန်းများကို ထုတ်လွှတ်လိုက်လေသည်။

အလင်းတန်းများထဲတွင် ထူးဆန်းသည့် သင်္ကေတတစ်ခု ပေါ်ထွက်လာလေသည်။

ကွမ်ဖား၏ တန်ခိုးစွမ်းအားများမှာ ကြောက်မက်ဖွယ်ရာကောင်းလှလေသည်။ ကွမ်ဖားတိုက်ပွဲအတွင်းသို့ဝင်ရောက်လာသည်နှင့် အခြားဂိုဏ်းချုပ်နှစ်ယောက်သည် မျှော်လင့်ချက်များ ပြန်ပြည့်လာကာ စိတ်ဓာတ်များလည်း ပြန်တက်ကြွလာကြလေတော့သည်။

အခန်း (၂၈၂)

ပညာအရမ်းတော်တယ် ဒါပမေယ့် ဉာဏ်မရှိဘူး

လေနက်ဂူဂိုဏ်းချုပ် အမျိုးသမီးသည် သူမလက်ထဲတွင် မြေမှုန့်တစ်စုပ်ကို ကိုင်ထားလေသည်။ သူမက ထိုမြေမှုန့်များ ထဲတွင် သင်္ကေတတစ်ခုရေးလိုက်သည်။ ထိုအခါ ပတ်ဝန်းကျင် တွင် အနက်ရောင်လေများတိုက်ခတ်လာပြီး လရောင်ကိုပင် ဖုံးလွှမ်းသွားလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်အတိ ကျသွားလေတော့သည်။

သူမက ဘဝတစ်လျှောက်လုံးကျင့်ကြံခဲ့သည့် လေနက်တန်ခိုး စွမ်းအားကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။ သေခြင်းရှင် ခြင်းတိုက်ပွဲကို ရင်ဆိုင်ရခြင်းဖြစ်သည့်အတွက် သူမ၏တန်ခိုး စွမ်းအားများမှာလည်း အထွတ်ထိပ်သို့ ရောက်နေလေသည်။ သူမ၏ ကိုယ်တွင်းမှ အတွင်းအားများ ဆူပွက်နေလေသည်။

သူမ၏မျက်ခုံးနှစ်ဖက်ဆီမှ အမွှေးနုံ့တစ်ခုထွက်ပေါ်လာပြီး သွေးစက်များ ကျဆင်းလာလေသည်။

သူမ၏ ခန္ဓာကိုယ်အတွင်းရှိ အတွင်းအားနှင့်သွေးများ ပေါင်းစပ်သွားသည့်အတွက်ကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်လေသည်။ သူမက နောက်ဆုံးတိုက်ကွက်ကိုဖော်ထုတ်လိုက်ခြင်းဖြစ်လေသည်။

ချီယန်ဂိုဏ်းချုပ်၏ ထွားကြိုင်းသန်မာသည့် ခန္ဓာကိုယ်ကြီးမှာလည်း အဆမတန် ကြီးထွားလာလေသည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံး နတ်မိစ္ဆာတစ်ပါးအလား အနီရောင်မီးတောက်များ ဖြာထွက်နေလေသည်။ အပူရှိန်ကြောင့် ပတ်ဝန်းကျင်လေထုပင်လျှင် တုန်ခါနေလေသည်။ သူ၏ဆံပင်များမှာ ကြက်သွေးရောင်တောက်ပနေပြီး မီးတောက်များအလား လေထဲတွင် လွင့်ပျံနေလေသည်။

သူက ဆန်းလျန်ကို တန်ခိုးစွမ်းအားအကုန်သုံးကာ တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်လေသည်။

ဆန်းလျန်က လေထဲတွင်ရပ်တန့်ရင်း သူတို့ကို မထီမဲ့မြင် အကြည့်ဖြင့် ကြည့်နေလေသည်။ သူ၏မျက်နှာအမူအရာက လုံးဝအေးအေးဆေးဆေးပင်။ သေခြင်းရှင်ခြင်းတိုက်ပွဲတစ်ခုကို ကလေးကစားသကဲ့သို့ အလေးမထားသည့်ပုံမျိုး ပေါက်နေလေသည်။

ဆန်းလျန်က သူ့ဆီသို့ဝင်ရောက်လာသည့် ကွမ်ဖားဲ၏ တန်ခိုးစွမ်းအားလှိုင်းလုံးများကိုလည်း အရေးထားသည့်ပုံ မပေါ်ပေ။ ဆန်းလျန်၏လက်ထဲတွင်ကိုင်ထားသည့် ရှမ်တယ်ဓားက သွေးဆာနေသည့်အလား အနက်ရောင်နှင့်အဝါရောင်များ တစ်လက်လက်တောက်ပနေလေသည်။ ဓားဝိညာဉ်၏မှ တန်ခိုးစွမ်းအားများက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးထားလေသည်။ ထိုဓားဝိညာဉ်မှထွက်ပေါ်နေသည့်အငွေ့အသက်များမှာ

နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်၏ အရိပ်အငွေ့များပင် ဖြစ်လေသည်။

ဓားဝိညာဉ်မှာ မိုးနှင့်မြေကိုကျော်လွန်သွားပြီး ကောင်းကင်ထက်မှ နဂါးငွေ့တန်းထက်ပင် တောက်ပနေလေသည်။ လူ့လောကသို့ ဆင်းသက်လာသည့် နတ်ဘုရားတစ်ပါးကိုပင် ဘဝပြောင်းပေးနိုင်မည့် ဓားဝိညာဉ်တစ်ခု ဖြစ်လေသည်။ သို့သော် ဆန်းလျန်၏ ဓားဝိညာဉ်မှာ နတ်ဘုရားထောင်ချောက်ဓားဝိညာဉ် အစစ်အမှန်မဟုတ်သေးပေ။ ထို့အတူ သူ့ရှေ့မှ ကျင့်ကြံသူနှစ်ယောက်မှာလည်း နတ်ဘုရားများမဟုတ်ကြသေးပေ။

နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်မှာ ဆန်းလျန်၏ဝိညာဉ်စွမ်းအားများထဲတွင် လှည့်ပတ်နေပြီး ပုန်းကွယ်နေသည့် ဓားဝိညာဉ်တစ်ခုဖြစ်လေသည်။ ဆန်းလျန်က အခွင့်အရေးရသည်နှင့် ထိုဓားဝိညာဉ်ကို ဖော်ထုတ်နိုင်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားအဘွားအိုနှင့် တိုက်ခိုက်စဉ်က ထိုဓားဝိညာဉ်ကြောင့် ဆန်းလျန်၏ဝိညာဉ်မှာ ဒဏ်ရာအနည်းငယ်ရထားခဲ့လေသည်။ သို့သော် သူက ထိုဓားဝိညာဉ်ကို တစ်ကြိမ်အသုံးပြုခဲ့ပြီးပြီဖြစ်သည့်အတွက် နောက်တစ်ကြိမ်အသုံးပြုရန်အတွက် အဆင်ပြေအောင် လုပ်ဆောင်နိုင်ခဲ့လေသည်။

ချီယန်ဂိုဏ်းချုပ်နှင့် လေနက်ဂူဂိုဏ်းချုပ်တို့မှာ ထိုကဲ့သို့သော ထိပ်တန်းဓားဝိညာဉ်ကို ယခုမှ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ဖူးခြင်းဖြစ်လေသည်။ ပုရှီးကျင့်ကြံသူများဖြစ်သည့်တိုင် အလွန်တုံးပြီး အသုံးမကျသောသူများဖြစ်ကြလေသည်။ ထို့ပြင် သူတို့၏တန်ခိုးစွမ်းအားများမှာလည်း ဟာကွက်များစွာရှိနေလေသည်။

ဘေးကြပ်နံကြပ်တိုက်ပွဲထဲတွင် ဆန်းလျန်၏ တိုက်ကွက်များမှာ မည်သူမျှ ထင်မထားသည့် လှည့်ကွက်များဖြင့် ပြည့်နေ

လေသည်။ ရွှမ်တယ်ဓားမှတစ်ဆင့် ထွက်ပေါ်လာသည့် နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်သည် လေနက်ဂူဂိုဏ်းချုပ်အမျိုးသမီး၏ လေနက်တန်ခိုးစွမ်းအားများကို ထိုးခုတ်ပစ်လိုက်လေသည်။

ကောင်းကင်ထက်တွင် ကြောက်မက်ဖွယ်ရာ သွေးများဖြာထွက်သွားပြီး ချောမောလှပသော အမျိုးသမီးကြီး၏ဦးခေါင်းသည် လေထဲတွင် ပျံဝဲသွားလေသည်။ သွေးစက်များမှာ မိုးရေစက်များအလား လေထဲတွင် ပြန့်ကျဲသွားလေသည်။

လေနက်ဂူဂိုဏ်းချုပ်အမျိုးသမီး၏ ခေါင်းပြတ်ကြီးကို ကြည့်လိုက်မည်ဆိုလျှင် ထိတ်လန့်မှုနှင့် မယုံကြည်မှုများဖြင့် ပြည့်နေသည့် အမျိုးသမီး၏ မျက်နှာကို မြင်တွေ့ရမည် ဖြစ်လေသည်။

ခေါင်းပြတ်ဦးခေါင်းခွံအတွင်းမှ ထွက်လာသည့် လေနက်ဂူဂိုဏ်းချုပ်၏ ဝိညာဉ်မှာ အပြာရောင်ဖြစ်လေသည်။ ဆန်းလျ

န်၏ ဓားဝိညာဉ်က ထိုဝိညာဉ်ကိုပါ အမြစ်ပြတ်သုတ်သင်ပစ်လိုက်လေသည်။ သူမအတွက် နောက်ဘဝဆိုသည်မှာ ရှိတော့မည်မဟုတ်ပေ။

ချီယန်ဂိုဏ်းချုပ်မှာ ထိုအဖြစ်အပျက်ကိုကြည့်ပြီး များစွာတုန်လှုပ်သွားလေသည်။ သူနှင့်အဆင့်တူဖြစ်သည့် အဆိပ်ငါးပါးဂိုဏ်းချုပ်နှင့် လေနက်ဂူဂိုဏ်းချုပ်တို့မှာ မျက်စိရှေ့တွင်ပင်သေဆုံးသွားပြီဖြစ်လေသည်။

ဆန်းလျန်မှာ ဗလာနယ်ကိုပင် ထိန်းချုပ်နိုင်သည့်တန်ခိုးရှင်တစ်ပါးဖြစ်လေသည်။ လောကတွင် နတ်ဘုရားကျောင်းတော်များ ၊ ကျင့်ကြံသူဂိုဏ်းများ ၊ ကျင့်ကြံသူပေါင်းများစွာ ရှိကြလေသည်။ သို့သော် ဆန်းလျန်ကဲ့သို့ နက်ရှိုင်းသည့်တန်ခိုးစွမ်းအားကို ပိုင်ဆိုင်သူသည် လူသားသန်းပေါင်းတစ်သောင်းတွင် တစ်ယောက်သာရှိနိုင်လေသည်။ ဆန်းလျန်မှာ ရှာမှရှားသည့် အစစ်အမှန် ပါရမီရှင်တစ်ယောက် ဖြစ်လေသည်။

သူနှင့်အတူ နှစ်ပေါင်းရာနှင့်ချီအသက်ရှည်ခဲ့ကြသော မိတ်ဆွေ
နှစ်ယောက်သည် သူ့မျက်စိရှေ့တွင်ပင် အသက်နှင့်ကိုယ်
အိုးစားကွဲသွားကြပြီ။ မကြာမီပင် သူ့အလှည့်ရောက်လာပေ
တော့မည်။

ထိုသို့တွေးမိသည်နှင့် ချီယန်ဂိုဏ်းချုပ်သည် အနီရောင်
မီးတောက် အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ ထွက်ပြေး
သွားလေတော့သည်။ ဆန်းလျန် သူ့နောက်မှ လိုက်လာမည်ကို
ကြောက်ရွံ့သည့်အလား တစ်ချက်ကလေးပင် နောက်လှည့်မ
ကြည့်တော့ဘဲ တစ်ချိုးတည်း ထွက်ပြေးသွားလေပြီ။

ဆန်းလျန်က လေထဲတွင် ကိုယ်ကိုတစ်ပတ်လှည့်လိုက်သည်။
သူ၏ဓားမှာလည်း တုန်ခါလာပြီး စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်
သွားလေသည်။ ဓားဝိညာဉ်သည် ကွမ်ဖားဖန်ဆင်းထားသည့်
အလင်းတန်းသင်္ကေတများကို ရေကန်အတွင်းသို့ ရိုက်ချလိုက်
လေသည်။တန်ခိုးစွမ်းအားနှစ်ခု ရိုက်ခတ်မိသည်နှင့် ကျယ်

လောင်သည့် ပေါက်ကွဲသံကြီးတစ်ခုထွက်ပေါ်လာပြီး အဆိပ်ငါးပါးဂိုဏ်း၏ အဆောက်အဦးများအားလုံး တစ်စစီပေါက်ကွဲကာ အမှုန့်ဖြစ်သွားလေတော့သည်။

သို့သော် ပေါက်ကွဲသွားသည့် တန်ခိုးစွမ်းအားများက ကွမ်ဖားနှင့် ဆန်းလျန်အပေါ်တွင်တော့ လုံး၀ သက်ရောက်မှုမရှိပေ။

သူတို့နှစ်ယောက်သည် ကောင်ကင်ထက်တွင်ရပ်တန့်ပြီး တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြလေသည်။

ကောင်းကင်ထက်တွင် လျှပ်စီးများ အဆုံးမသတ်နိုင်အောင် တဖျတ်ဖျတ်လက်လျှက်ရှိလေသည်။ သူတို့နှစ်ယောက်၏ ၀ိညာဉ်စွမ်းအားများ အချင်းချင်းရိုက်ခတ်လျှက်ရှိပြီး တရားဆွေးနွေးနေကြခြင်း ဖြစ်လေသည်။ နောက်ဆုံးတွင်တော့ အစစ်အမှန်တရားက အနိုင်ရရှိသွားလေသည်။

ကွမ်ဖားက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"တကယ်လို့ ချီယန်ဂိုဏ်းချုပ်သာ ထွက်ပြေးမသွားရင် မင်းကို ကျုပ် အနိုင်ရမှာပဲ"

ဆန်းလျန်က…

"လောကမှ ဘယ်တော့မှ "တကယ်လို့" ဆိုတာ မရှိဘူးဗျ ၊ အချိန်ကို နောက်ပြန်လှည့်နိုင်မယ်ဆိုရင်တောင်မှ ဘာကိုမှ ပြောင်းလဲလို့ရမှာ မဟုတ်ဘူး"

ပုရှီးအဆင့် ကျင့်ကြံသူနှစ်ယောက်ကို တစ်ခဏအတွင်း သတ်ဖြတ်လိုက်နိုင်သည်မှာ လွယ်ကူသည့်အလုပ်တစ်ခုမဟုတ်ပေ။ ဆန်းလျန်သည် လောကနတ်ဘုရားတစ်ပါးမဟုတ်သေးသည့်တိုင် မြင့်မားသည့်တန်ခိုးစွမ်းအားများဖြင့်အံ့သြဖွယ်ရာ ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။

ဟိုင်သန်းအဆင့် ၊ ပုရှီးအဆင့်နှင့် ဖော့ဝမ့်အဆင့်ဆိုသည်မှာ တန်ခိုးစွမ်းအားအနေဖြင့် ကြည့်မည်ဆိုလျှင်များစွာ ကွာခြားလှခြင်းမရှိပေ။

ပုရှီးအဆင့်နှင့် ဟိုင်သန်းအဆင့်နှင့် ကွာခြားချက် အနည်းငယ်သာ ရှိလေသည်။ ပုရှီးအဆင့်ကျင့်ကြံသူများသည် မိုးကောင်းကင်၏နိယာမတရားကို စတင်ဆန့်ကျင်ကာ စစ်မှန်သည့်လွတ်လပ်မှုကို အစပြုလေသည်။ သူတို့သည် ကျင့်စဉ်လမ်းဟောင်းများကို ရပ်တန့်ပြီး အသစ်သောကျင့်စဉ်လမ်းကို စတင်လျှောက်လှမ်းလေသည်။

ပုရှီးအဆင့်ကျင့်ကြံသူများသည် ကိုယ်နှင့်သင့်တော်သည့် ကျင့်စဉ်လမ်းကို စတင် သုတေသနပြု ရှာဖွေနိုင်မည် ဖြစ်လေသည်။ စကြာဝဠာ၏အမှန်တရားနှင့် ကိုယ်ပိုင်ကျင့်စဉ်လမ်းပေါင်းစပ်မှုကိုလည်း ပြုလုပ်နိုင်ပြီ ဖြစ်လေသည်။

သူတို့သည် ပြင်ပဖိအားများ၏ သက်ရောက်မှုကိုလည်း ကျော်လွန်သွားပြီး ကောင်းကင်ထက်တွင် မြေပြင်ပေါ်တွင်ကဲ့သို့ လမ်းလျှောက်နိုင်ပြီဖြစ်လေသည်။

ဖော့ဝမ့်အဆင့်ဆိုသည်က မိုးကောင်းကင်နှင့် စတင်ပေါင်းစပ်သည့်အဆင့် ဖြစ်လေသည်။ ကျင့်ကြံသူသည် သူ၏သဘောသဘာဝနှင့် ကိုယ်ပိုင်လမ်းကို စတင်သိမြင်သည့်အဆင့် ဖြစ်လေသည်။ အဆုံးသတ်တွင်တော့ တွယ်တာမှုများအားလုံးကို ဖြတ်တောက်နိုင်ပြီး မူလဝိညာဉ်ခန္ဓာကို ရရှိမည်ဖြစ်လေသည်။ မူလဝိညာဉ်ခန္ဓာရရှိသည်နှင့် တရားအလင်းပွင့်သည့် နတ်ဘုရားတစ်ပါးအဖြစ် စတင် စာရင်းဝင်မည်ဖြစ်လေသည်။

ဖော့ဝမ့်အဆင့်ကျင့်ကြံသူတစ်ယောက်ဖြစ်သည့် ဆန်းလျန်သည် ပုံမှန်အားဖြင့်ဆိုလျှင် ပုရှီးအဆင့်ကျင့်ကြံသူနှစ်ယောက်ကို လွယ်လွယ်နှင့်သတ်နိုင်မည် မဟုတ်ပါ။ သို့သော် ဆန်းလျန်က ဓားသိုင်းထူးချွန်သူတစ်ယောက်ဖြစ်သည့်အပြင် မွေးရာပါနားလည်နိုင်စွမ်း မြင့်မားသူဖြစ်လေသည်။ သူ၏ ဝိညာဉ်စွမ်းအားမှာလည်း အလွန်မြင့်မားလွန်းလေသည်။ ထိုအချက်

များ ပေါင်းဆုံလိုက်သည့်အခါ ထိပ်တန်းအဆင့် ဓားတန်ခိုးရှင်

တစ်ပါးအလား ဖြစ်သွားလေသည်။ ထို့ကြောင့်သူက ရန်သူ၏

အားနည်းချက်ကို သိရှိပြီး သူ၏အားသာချက်ကို အသုံးချကာ

တိုက်ခိုက်နိုင်ခြင်း ဖြစ်လေသည်။

ထို့ပြင် သူက တိုက်ပွဲအတွင်းတွင် နတ်ဘုရားထောင်ချောက်

ဓားဝိညာဉ်ကိုလည်း ထုတ်ဖော်သုံးဆွဲခဲ့လေသည်။ ထိုဓား

ဝိညာဉ်သည် ထိုက်စုနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားအဘွားကြီး

ကိုပင် ထိတ်လန့်တုန်လှုပ်စေခဲ့သည်ဖြစ်လေရာ ပု ရှီးအဆင့်

ကျင့်ကြံသူလောက်ကတော့ ပြောနေစရာပင် မလိုတော့ပေ။

ပထမဦးဆုံး ဆန်းလျန်က နတ်သက်ခွဲဓားသိုင်းကို အဆင့်

မြင့်ထားသည့် "နှလုံးသားထဲမှဓားသွား" သို့မဟုတ် "နှလုံးစိုက်

ဓားသွား" ဖြင့် အဆိပ်ငါးပါးဂိုဏ်းချုပ်ကို အရင်ဆုံး ကြိုတင်

တိုက်ခိုက် ထားခဲ့လေသည်။ ထို့ကြောင့် တကယ်တမ်း

တိုက်ခိုက်သည့်အချိန်တွင် အဆိပ်ငါးပါးဂိုဏ်းချုပ်ကို အရင်

ဆုံး သတ်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ထို့နောက် နတ်ဘုရား ထောင်ချောက်ဓားဝိညာဉ်ကို အသုံးပြုလိုက်သည့်အခါ ကျန် သည့်ဂိုဏ်းချုပ်နှစ်ယောက်မှာ သေွးပျက်သွားရလေသည်။ ထို့နောက် နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်ဖြင့် လေနက်ဂူ ဂိုဏ်းချုပ်ကို သတ်ဖြတ်နိုင်ခဲ့လေသည်။ ထို့ကြောင့်ပင် ချီယန် ဂိုဏ်းချုပ်မှာ စိတ်ဓာတ်ပျက်ပြားပြီး ဝိညာဉ်စွမ်းအားများပါ ပျက်စီးကာ ထွက်ပြေးသွားရခြင်းဖြစ်လေသည်။

နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်ကို အသုံးပြုလိုက် သည့်အတွက် ဆန်းလျန်ကိုယ်တိုင်မှာလည်း ထိခိုက်မှုရှိခဲ့လေ သည်။ သို့သော် များစွာထိခိုက်ခြင်းတော့ မရှိခဲ့ပေ။

ချီယန်ဂိုဏ်းချုပ်သာ ဆက်လက်တိုက်ခိုက်မည်ဆိုလျှင် ဆန်း လျန်အနေဖြင့် ရင်ဆိုင်ရန်ခဲယဉ်းမည်ဖြစ်လေသည်။ ချီယန် ဂိုဏ်းချုပ်နှင့်တိုက်ခိုက်ပြီးလျှင် ကွမ်ဖားနှင့်ဆက်ပြီးစာရင်း ရှင်းရမည် ဖြစ်သည့်အတွက် ဆန်းလျန်အတွက် အလွန်အန္တ

ရယ်များသည့် အနေအထားဖြစ်လေသည်။ ထိုအခြေအနေမျိုး သား တကယ်တမ်းကြုံလာပါကဆန်းလျန်အနေဖြင့် တိုက်ပွဲမှ ရှောင်ထွက်သွားခြင်းကသာလျှင် အသက်သာဆုံးအခြေအနေ ဖြစ်ပေလိမ့်မည်။

သို့သော် ချီယန်ဂိုဏ်းချုပ်က သိပ်ပြီးစဉ်းစားခြင်းမရှိဘဲ သေွးပျက်ပြီး ထွက်ပြေးသွားသည့်အတွက်သာ ဆန်းလျန် သက်သာသွားရခြင်းဖြစ်လေသည်။

ချီယန်ဂိုဏ်းချုပ်မရှိတော့သည့်အတွက် ကွမ်ဖားမှာလည်း ဆန်းလျန်ကို ရင်ဆိုင်ရန် အခွင့်ကောင်းကို ဆုံးရှုံးခဲ့ရလေ သည်။ သူတို့နှစ်ယောက်လုံးမှာ ဖော့ဝမ့်အဆင့်ကျင့်ကြံသူများ ဖြစ်ကြသည့်အတွက် တိုက်ခိုက်မည်ဆိုလျှင် မည်သူမျှ အကျိုး မရှိနိုင်ပေ။

ဆရာသခင်အဆင့် ကျင့်ကြံသူများတိုက်ပါက အနည်းငယ်မျှ

သောတိုက်ခိုက်မှုလေးသည်ပင် ပြောင်းလဲမှုများစွာကို ဖြစ်ပေါ်

စေလေသည်။

အမှန်တော့ ဆန်းလျန်မှာ ကံကိုယုံ၍ ဆူးပုံနှင်းသကဲ့သို့ မျက်စိ

မှိတ်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ကံကောင်းသွားရခြင်းဖြစ်

လေသည်။ သူကိုယ်တိုင်ကလည်းအခြေအနေကို သုံးသပ်နိုင်

ပြီး ရဲစွမ်းသတ္တိရှိသောကြောင့်လည်းဖြစ်လေသည်။

ကွမ်ဖားမှာ ဆန်းလျန်ကို ပိုပြီးကြောက်ရွံ့လာမိလေသည်။ ဖော့

ဝမ့်အဆင့်ပြိုင်ဘက်များထဲတွင် ဆန်းလျန်မှာ ချန်ကျန့်မေ

ထက်ပင် ကြောက်စရာကောင်းနေသေးသည်။

ချန်ကျန့်မေမှာ “လူတစ်ယောက်ဓားတစ်လက်” ဆိုသည့်

အတိုင်း ဓားနှင့်လူ တစ်သားတည်းကျနေသည့် စရိုက်

လက္ခဏာမျိုးရှိသူဖြစ်လေသည်။ ချန်ကျန့်မေက ပါရမီရှင်

တစ်ပါးဖြစ်သည့်အတိုင်း ဆန်းလျန်ကဲ့သို့ ဉာဏ်များလွန်းခြင်းမ

ရှိပေ။ ဆန်းလျန်ကတော့ ပင်လယ်တစ်ခုအလား နက်ရှိုင်းပြီး ခန့်မှန်းရခက်လွန်းလေသည်။

ဆန်းလျန်သည် ထိပ်ဆုံးအဆင့်သို့ရောက်နိုင်သည့် ကျင့်ကြံသူ တစ်ယောက်ဖြစ်သည့်အပြင် တာအိုကျင့်စဉ်လမ်းနှင့်ပတ်သက် ပြီး ကျယ်ပြန့်ထက်မြက်သည့် အသိပညာများစွာရှိသူ ဖြစ်လေ သည်။ တာအိုကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး ပင်ကိုယ်နားလည် နိုင်မှုစွမ်းအားများမှာလည်း တစ်နေ့တခြား မြင့်မားလာလျက်ရှိ လေသည်။ ထို့ကြောင့်ပင် လူတစ်ယောက်သည် သူ့ကိုတွေ့မြင် လိုက်သည်နှင့် ကျောရိုးထဲထိ စိမ့်သွားသည်အထိ တုန်လှုပ်ရ ခြင်း ဖြစ်လေသည်။

"မင်းဆက်တိုက်ချင်သေးလား ၊ ဒါပေမယ့် ဆက်တိုက်ရင် မင်း လည်းနိုင်မှာမဟုတ်သလို ကျုပ်လည်းနိုင်မှာမဟုတ်ဘူး"

ကွမ်ဖားဓါ်အသံများက အက်ရှနေလေသည်။

ကွမ်ဖားမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဖော့ဝမ့်အဆင့်

ကျင့်ကြံသူဆယ့်နှစ်ပါးထဲတွင် အတော်ဆုံးတစ်ယောက် တော့

မဟုတ်ပေ။ သို့သော် ထိပ်တန်းခြောက်ယောက်ထဲတွင် ပါဝင်

သူတစ်ယောက် ဖြစ်လေသည်။ ဆန်းလျန်လောက်မတော်သည့်

တိုင် သူ၏လေ့လာနိုင်စွမ်းနှင့် တန်ခိုးစွမ်းအားများမှာ ဆန်းလျ

န်နီးပါးများပြားသူဖြစ်လေသည်။

ကွမ်ဖား၏ ဝိညာဉ်စွမ်းနက်ရှိုင်းမှုများကို ဆန်းလျန်ပင် အာရုံခံ

မိလေသည်။ သူ၏ဝိညာဉ်စွမ်းအားများမှာ ဆန်းလျန်ကဲ့သို့

အသူရာချောက်အထိ ဆက်သွယ်နိုင်ခြင်းမရှိသေးသည့်တိုင်

အလွန်အဆင့်မြင့်သည့် ဝိညာဉ်စွမ်းအားဖြစ်လေသည်။

ဆန်းလျန်က တစ်ချက်ရယ်မောလိုက်သည်။

သူ၏ရယ်မောသံသည် နွေဦးလေပြေလေးတိုက်ခတ်လာ

သကဲ့သို့ပင်ဖြစ်လေသည်။ တိတ်ဆိတ်အေးစက်နေသည့်ညအ

မှောင်သည် သူ၏ရယ်မောသံကြောင့် အသက်ဝင်သွားရလေသည်။

“ကွမ်ဖား ၊ မင်းက အရမ်းတော်တဲ့သူတစ်ယောက်ပဲ ၊ ဒါပေမယ့် မင်းမှာ အဓိကအားနည်းချက်တစ်ခုရှိတယ် ၊ အဲဒီ အားနည်းချက်ကြောင့်ဘဲ မင်းဟာ နတ်ဘုရားတစ်ပါးဖြစ်လာမှာ မဟုတ်ဘူး"

ဆန်းလျန်၏စကားကြောင့် ကွမ်ဖန်းများလုံးများ မကျေမနပ်ဖြင့် ကျဉ်းမြောင်းသွားသည်။

“ဘာ....”

“မင်းက ပညာအရမ်းတော်တယ် ၊ ဒါပေမဲ့ ဉာဏ်မရှိဘူး ၊ ခုပဲကြည့်လေ ၊ မင်းမှာပဲ အကူအညီတွေရှိပြီး ကျုပ်မှာတော့ အကူအညီမရှိဘူးလို့ ထင်နေတာလား”

ဆန်းလျန်၏လေသံက အဓိပ္ပါယ်တစ်မျိုးကိုဆောင်နေလေသည်။

သူက ကွမ်ဖားဧ၏အားနည်းချက်ကို ထောက်ပြလိုက်သလိုလို

နှင့် လှောင်ပြောင်လိုက်ခြင်းဖြစ်လေသည်။

ကွမ်ဖားမှာ ရှေ့ပြဒါးအမြုတေထဲအထိ ထိတ်လန့်တုန်လှုပ်သွား

ရလေသည်။

အလွန်ကြီးမားသည့် အန္တရယ်အငွေ့အသက်တစ်ခုသည် သူ့ဆီ

သို့ အရှိန်အဟုန်ပြင်းစွာဖြင့် ချဉ်းကပ်လာသည်ကို ခံစားလိုက်

ရလေတော့သည်။

အခန်း (၂၈၃) ညနေခင်းမှာထွက်ခွာသွားပြီး အရုဏ်တက်မှ

ပြန်လာသူ

ရုတ်တရက်ပင် ရွှေရောင်အလင်းတန်းတစ်ခု ကောင်းကင်ထက်တွင်တောက်ပလာပြီး ကောင်းကင်တစ်ဝက်ကို ဖုံးလွှမ်းသွားလေသည်။ ထိုရွှေရောင်အလင်းတန်းကြောင့် နဂါးငွေ့တန်းပင်အရောင်မှိန်သွားသလို ထင်လိုက်ရသည်။ လမင်းမှာလည်းတောက်ပမှုကင်းမဲ့သွားလေသည်။

ထိုရွှေရောင်အလင်းတန်းထဲတွင် နဂါးဝတ်ရုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းထက်တွင် သရဖူကိုဆောင်းထားသည့် အလွန်မှခမ်းနားသည့် နတ်သမီးတစ်ပါးကို တွေ့ရမည်ဖြစ်လေသည်။ သူမ၏လက်ထဲတွင်လည်း ဧကရာဇ်တံဆိပ်တော်ကိုကိုင်ဆောင်ထားပြီး သူမသည် လေထဲတွင် ခမ်းနားစွာရပ်တန့်နေလေသည်။

သူမလက်ထဲတွင်ကိုင်ထားသည့် ဧကရာဇစ်တံဆိပ်တော်မှအဆုံးမရှိသည့် ရွှေရောင်အလင်းတန်းများ ထွက်ပေါ်နေခြင်းဖြစ်လေသည်။

သူမမှာ ချင်းဆွေမြစ်စောင့်နတ်သမီးဖြစ်သွားသည့် ဘုရင်မ ကြီးပင်ဖြစ်လေသည်။ သူမသည် နဂါးမင်းတစ်ဝက်လည်းဖြစ် လေသည်။

နဂါးမင်းဆိုသည်မှာ မိုးကောင်းကင်မှ ညွှန်ကြားချက်ကိုယူကာ မြစ်ကိုစောင့်ရှောက်ရသည့်သူဖြစ်လေသည်။ ဘုရင်မသည် မိုင် ပေါင်းသုံးသောင်းပတ်လည်မှ ဆုတောင်းစကားသံများကိုခံယူ ကာ အဆုံးမရှိသည့် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်သူဖြစ်လေ သည်။

သို့သော် မြစ်စောင့်နဂါးမင်းဆိုသည်က ကိုယ်စောင့်သည့်မြစ် နှင့် အဝေးနေရာသို့ သိပ်ပြီး သွားလာ၍မရပေ။ ဆုတောင်းသံ များရှိရာ ပတ်ဝန်းကျင်နှင့် ဝေးကွာသွားပါက တန်ခိုးစွမ်းအား အားနည်းသွားတတ်သောကြောင့် ဖြစ်လေသည်။

ထိုသို့အားနည်းသွားပါက နတ်ဘုရားတန်ခိုးစွမ်းအားများ ပျောက်ကွယ်သွားတတ်ပြီး အသက်အန္တရယ်ရင်ဆိုင်ရနိုင်လေသည်။

ချင်းဆွေမြစ်စောင့်နတ်သမီးအသစ်စက်စက်သည် ဆန်းလျန်ကို ကူညီရန်အတွက် အသက်အန္တရယ်ကိုပင် အမှုမထားဘဲ ရောက်လာလိမ့်မည်ဟု ကွမ်ဖား လုံးဝမျှော်လင့်မထားခဲ့မိပေ။

ထို့ပြင် ဆန်းလျန်က မြစ်စောင့်နတ်သမီး ကိုမည်သို့ အကြောင်းကြားလိုက်သည်လဲ ကွမ်ဖားလုံးဝမသိရှိလိုက်ပေ။

ကွမ်ဖားမှာ ဆန်းလျန်အပေါ် နားမလည်နိုင်ခြင်းများမှာ ပိုပြီး ကြီးမားလာလေတော့သည်။

သူက ဆန်းလျန်နှင့် သူ့ကိုယ်သူ ယှဉ်ကြည့်လိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် အသက်ပေးပြီးခင်မင်ကြသည့် ဆန်းလျန်နှင့် ဘုရင်မ၏ ခင်မင်မှုမျိုးကို သူ နားလည်နိုင်ခြင်းမရှိပေ။

ဘုရင်မသည်၏မျက်ဝန်းများကတောက်ပနေလေသည်။

သို့သော် ထိုမျက်ဝန်းများထဲတွင် အကြင်နာတရား တစ်

စက်ကလေးမှ ရှိမနေပေ။ သူမက လေထဲတွင်ရပ်တန့်နေလေ

သည်။ သူမထံမှ ထွက်ပေါ်နေသည့် ကြောက်မက်ဖွယ်ရာ

စွမ်းအားတစ်ခုက ကွမ်ဖားကို စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်နေ

လေသည်။

ကွမ်ဖားအနေဖြင့် ကိုယ်ခံရတော့မည့်အလှည့် သို့ရောက်လာခဲ့

ပြီ။ သို့သော် သူက စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်

သည်။ သူက အတွေးများကိုစုစည်းလိုက်ကာ ထူးဆန်းသည့်

လက်ဟန်တစ်ခုပြုလုပ်လိုက်လေသည်။ ထို့နောက် ဂါထာတစ်

ပုဒ်ကို ရွတ်ဆိုလိုက်သည်။ ရုတ်တရက်ပင် ကောင်းကင်ထက်

တွင် အနက်ရောင်တိမ်တိုက်တစ်ခု ထွက်ပေါ်လာပြီး ထို

တိမ်တိုက်ထဲမှ မိုးကြိုးတစ်စင်းသည် ဘုရင်မကို ပြင်းထန်စွာ

ပစ်ခတ်လိုက်လေတော့သည်။

ထိုပညာမှာ “ယွိရှောင်းနတ်ဘုရားမိုးကြိုး” ပညာဖြစ်လေသည်။ မိုးကြိုးပုံစံပြောင်းပညာများထဲတွင် အမြင့်ဆုံးအဆင့် ပညာ တစ်ခုဖြစ်လေသည်။

မိုးကြိုးက ဘုရင်မ၏ရွှေရောင်အလင်းတန်းများနှင့် ရိုက်ခတ်မိ သွားပြီး ဘုရင်မကို ထိခိုက်ခြင်းအလျဉ်းမရှိပေ။ သို့သော် ဧကရာဇ်တံဆိပ်တော်မှ ရွှေရောင်အလင်းတန်းများက မိုးကြိုး ကို စုပ်ယူလိုက်လေသည်။

ထို့နောက် ဧကရာဇ်တံဆိပ်တော်သည် အလွန်ကြီးမားသည့် တံဆိပ်တော်ကြီးတစ်ခုအဖြစ်ပြောင်းလဲသွားပြီး ကောင်းကင် ထက်သို့ပျံသန်းသွားလေသည်။ တံဆိပ်တော်သည် ကွမ် ဖားး၏ဦးခေါင်းထက်သို့ပျံသန်းသွားပြီး ကြီးမားသည့် အရှိန်အဟုန်ဖြင့် ဖိနှိပ်ထားလေသည်။

တာအိုဆရာကွမ်ဖားမှာ ကြီးမားသည့်အရှိန်အဟုန်ကြောင့် မတ်မတ်ပင် မရပ်နိုင်တော့ပေ။

ဆန်းလျန်က လက်နှစ်ဖက်ဖြင့် သူ၏ဓားကို ဝေ့ယမ်းလိုက်လေသည်။

အဆုံးမရှိ သိပ်သည်းလွန်းသည့် မိုးမြေစွမ်းအားများနှင့် ကိုယ်တွင်းမှတန်ခိုးစွမ်းအားများ ပေါင်းစပ်မှုကြောင့် ဆန်းလျန်၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ခြစ်ခြစ်တောက် ပူနေလေသည်။

လေ ၊ မိုးကြိုး ၊ ရေ နှင့် မီး တို့က မတူကွဲပြားစွာ ဓားအတွင်းသို့ စီးဝင်နေလေသည်။ လောကတစ်ခွင်တုနှိုင်းမမီနိုင်သည့် ဓားဝိညာဉ်သည် ထက်မြက်လွန်းနေပြီး ကွမ်ဖားကို မလှုပ်နိုင်အောင် ထိန်းချုပ်ထားလေသည်။

ပြိုင်ဘက်မရှိသည့် တန်ခိုးစွမ်းအားနှစ်ခုသည် တိမ်ကိုဖြိုပြီး မြေကြီးကို ကိုင်လှုပ်နိုင်တော့မည့်အလား ပြင်းထန်လွန်းလေသည်။ တန်ခိုးစွမ်းအားများ၏ အရှိန်အဟုန်ကြောင့် ရေကန်အတွင်းမှရေများအားလုံးပင် ခမ်းခြောက်သွားရလေသည်။

ကောင်းကင်ထက်မှ ဧကရာဇ်တံဆိပ်တော်သည်ကွမ်ဖားကို ဖိနှိပ်ထားလေသည်။

ဆန်းလျန်၏ အနိုင်းမဲ့သော ဓားဝိညာဉ်မှာလည်း တောင်ကိုနှစ်ခြမ်းခွဲတော့မည့်အလား ကွမ်ဖား၏ တာအိုကျင့်ကြံသူခန္ဓာကို ခွဲဖျက်ပစ်တော့မည် ဖြစ်လေသည်။

ကွမ်ဖားတွင် မျှော်လင့်ချက်မရှိတော့ပေ။ ကျိန်းသေပေါက် အသက်ပျောက်ရတော့မည် ဖြစ်လေသည်။

ကွမ်ဖားက ရွှမ်ချင်းအလင်းတန်းကို တိမ်တိုက်တစ်ခုအလား ဖန်ဆင်းကာဧကရာဇ်တံဆိပ်တော်ကို တားဆီးထားလိုက်လေသည်။

သို့သော် ဆန်းလျန်၏ အတုမရှိသော ဓားဝိညာဉ်က ကွမ်ဖား၏ ဝိညာဉ်ကို ထိုးဖောက်တိုက်ခိုက်လိုက်လေသည်။

ဓားဝိညာဉ်သည် ဧကရာဇ်တံဆိပ်တော်ထက် များစွာ ကြောက်စရာကောင်းလေသည်။

ကွမ်ဖားက ဧကရာဇ်တံဆိပ်တော်ကို ထိုးဖောက်ရန်အတွက် တန်ခိုးစွမ်းအားများကို စုစည်းလိုက်သည်။ ဆန်းလျန်၏ ဓားဝိညာဉ်ကိုလည်း ရင်ဆိုင်ရဦးမည်ဖြစ်လေသည်။ ဓားဝိညာဉ်သည် သူ့ထံသို့ မည်သည့်အချိန်တွင် ဝင်ရောက်လာမည်လဲ မခန့်မှန်းနိုင်ပေ။

ကွမ်ဖားအတွက် ထွက်ပေါက်ပိတ်နေသည့် အနေအထားဖြစ်လေသည်။

ဧကရာဇ်တံဆိပ်တော်မှာ သူ့ဦးခေါင်းထက်သို့ တဖြည်းဖြည်းဆင်းသက်လလေသည်။ ရွှေရောင်အလင်းတန်းများကြောင့် ရှမ်ချင်းအလင်းဖြင့်ဖန်ဆင်းထားသည့်တိမ်တိုက်မှာ တဖြည်းဖြည်း ပျောက်ကွယ်စပြုလာပြီဖြစ်လေသည်။

ကွမ်ဖားမှာ တဖြည်းဖြည်းခုခံနိုင်စွမ်း ကျဆင်းလာရပြီ။ ကွမ်ဖား၏မျက်လုံးနှစ်ဖက်လုံးတွင် သွေးရောင်များ လွှမ်းနေလေသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးရှိသွေးများမှာလည်း ဆူပွက်

နေသကဲ့သို့ ခံစားနေရသည်။ ရှမ်ချင်းအလင်းတန်းဖြင့် ဖန်ဆင်းထားသည့်တိမ်တိုက်သည်ပင် သွေးရောင်ပြောင်းသွားလေသည်။

ထိုအချိန်မှာပင်...

ပုံပြောင်းနဂါးတိုင်လုံးမှာ သူ၏ခြေထောက်အောက်တွင် ပေါ်လာပြီး ငွေရောင်ကြာပန်းတစ်ပွင့်အဖြစ်ပြောင်းလဲသွားလေသည်။ ထိုကြာပန်းက သူ့ကို ရပ်တည်နိုင်အောင် ထောက်ပံ့ပေးထားလေသည်။ ထို့ပြင် ငွေရောင်ကြာပန်းပွင့်ချပ်လေးများ ပေါ်လာပြီး ကွမ်ဖားကို ကာကွယ်ပေးထားလေသည်။

ကွမ်ဖား၏မျက်နှာမှာ အနီရောင်မှ အဖြူရောင်သို့ ပြောင်းလဲသွားလေသည်။ ကွမ်ဖား၏ ခြေထောက်အောက်မှ ငွေရောင်ကြာပန်းနှင့် သူ့ကိုကာကွယ်ပေးထားသည့် ငွေရောင်ကြာပန်းပွင့်ချပ်လေးများမှာ ဧကရာဇ်တံဆိပ်တော်၏ ဖိအားအောက်တွင် တဖြည်းဖြည်း ပျောက်ကွယ်စပြုလာလေပြီ။

ထိုအချိန်မှာပင် ကောင်းကင်ထက်မှ ဂီတသံစဉ်တစ်ခု ထွက်ပေါ်လာလေသည်။

"ရေကန်နံဘေးမှာ လရောင်သာနေတယ်...

ရေကန်စပ်မှာ အစိမ်းရောင်မိုးမခပင်ရှိတယ်...

မက်မွန်ပင်မှာလည်း မက်မွန်ပန်းတွေ ဝေလို့ပေါ့"

ကဗျာရွတ်သံနှင့်အတူ အဖြူရောင်တိမ်တိုက်တစ်ခု လွင့်မျောလာလေသည်။

"ဆန်းတန်ခိုးရှင်၊ ကျုပ်ရဲ့ဂိုဏ်းတူညီအစ်ကိုအပေါ်မှာ သက်ညှာပေးပါ၊ ကျုပ် မုကျန်းကျီက ဆန်းတန်ခိုးရှင်ကို နှုတ်ခွန်းဆက်သပါတယ်"

ကောင်းကင်ထက်မှ ဂီတသံများ ရပ်တန့်သွားလေသည်။ အဖြူရောင်တိမ်တိုက်တစ်ခု ကောင်းကင်ထက်တွင်ရှိနေပြီး တိမ်တိုက်ပေါ်တွင် လူနှစ်ယောက်ရှိနေလေသည်။ တစ်ယောက်မှာ ချင်းဝေးအဖြစ် ဟန်ဆောင်ထားသည့် ယန်ရှီးဖြစ်လေ

သည်။ သူက ဆန်းလျန်ကို မထီမဲ့မြင်အပြုံးဖြင့် စိုက်ကြည့်နေလေသည်။

အခြားတစ်ယောက်ကတော့ ဦးခေါင်းထက်တွင် ခေါင်းစည်းတစ်ခုစည်းနှောင်ထားပြီး တာအိုဝတ်ရုံပွကြီးကို ဝတ်ဆင်ထားလေသည်။ သူ၏အင်္ကျီလက်များမှာ လေထဲတွင် လွင့်နေပြီး သူ၏လက်ထဲတွင် ဝါးစိမ်းတုတ်တစ်ချောင်းကို ကိုင်ထားလေသည်။ ထိုသူမှာ နတ်ဘုရားတစ်ပါး၏ဟန်ပန် အပြည့်ရှိလေသည်။

ထိုသူမှာ ကွမ်ဖား၏ ဂိုဏ်းတူညီအစ်ကို မုကျန်းကျီဖြစ်လေသည်။

ဆန်းလျန်သည် သူ၏ဓားဝိညာဉ်ကို ချက်ချင်းပင် ကွမ်ဖားဆီသို့ ပစ်လွှတ်လိုက်လေသည်။

ထို့နောက် မိုးကြိုးအင်းသင်္ကေတတစ်ခုကိုလည်း ကောင်းကင်ထက်သို့ ပစ်လွှတ်လိုက်လေသည်။ မုကျန်းကျီလာရာလမ်းတွင်

လှျပ်စီးများလက်သွားပြီး မိုးကြိုးများက သူတို့ကို တားဆီးထားလိုက်လေသည်။

ထို့နောက် လှျပ်စီးတစ်ချက်က ကောင်းကင်ကို ထိုးခွင်းသွားပြီး ဘုရင်မနှင့် ဆန်းလျန်မှာ ခြေရာတစ်စပင်မကျန်အောင် ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်မှာ ယန်ရှီးကို တွေ့သည်နှင့် ပြဿနာတွေ မီးခိုးကြွက်လှျောက် မဆုံးနိုင်အောင်ဖြစ်တော့မည်ကို သိလိုက်လေသည်။ ထို့ကြောင့် ဘုရင်မကို အမြန်ဆုံးဆုတ်ခွာမည့် အကြောင်း စိတ်စွမ်းအားနှင့်အသိပေးလိုက်ပြီး အတူတူ ဆုတ်ခွာသွားကြခြင်း ဖြစ်လေသည်။

ဆန်းလျန်ပစ်လွှတ်ခဲ့သည့် ဓားဝိညာဉ်သည် ကွမ်ဖားကိုကာရံထားသည့် ငွေရောင်ကြာပန်းပွင့်ချပ်လေးများ အားလုံးကို ဖျက်စီးပစ်လိုက်လေသည်။

ကွမ်ဖားး၏ ရင်ပတ်ထက်တွင် ရှည်လျားသည့်ဓားဒဏ်ရာကြီး တစ်ခု ရှိနေလေသည်။ ကွမ်ဖားး၏ ဖြူဖွေးသည့်အသားများ ပေါ်နေပြီး ဓားဒဏ်ရာပတ်လည်တွင် ဓားဝိညာဉ်အရိပ်အငွေ့ များ ထင်ကျန်နေလေသည်။

ကွမ်ဖားး၏ပါးစပ်မှ ပြဒါးနှင့်ရောနှောနေသည့် သွေးများ အဆက်မပြတ်အန်ကျလာပြီး သူ၏မျက်နှာမှာလည်း စက္ကူ တစ်စအလား ဖြူဆွတ်သွားလေသည်။

မုကျန်းကျီက သူ၏အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး ကွမ်ဖားးဆီသို့ တန်ခိုးစွမ်းအားများ ထည့်သွင်းပေးလိုက်သည်။ ကွမ်ဖားး၏ဒဏ်ရာမှာ အနည်းငယ် သက်သာစပြုလာလေ သည်။ သို့သော် ဓားဒဏ်ရာပျောက်ကင်းရန်အတွက် ဆယ်နှစ် မှ အနှစ်နှစ်ဆယ်အတွင်း အစွမ်းကုန်ကျင့်ကြံမှသာ ပျောက်ကင်းနိုင်မည်ဖြစ်လေသည်။

ယခုတိုက်ပွဲသည် ကွမ်ဖားဧ။်ဘဝတွင် အိပ်မက်ဆိုးကြီးအလား ဖြစ်ခဲ့ရလေပြီ။ ကွမ်ဖားသည် ဆန်းလျန်နှင့် တရားဆွေးနွေး သည့်အချိန်တွင် အစမှ အဆုံးတိုင် ဆန်းလျန်ကို အရေးနိမ့်ခဲ့ လေသည်။ ထိုအချက်သည် သူ့ဘဝတွင် ကျန်ရှိသည့်ကျင့်စဉ် လမ်းတစ်လျှောက် ဒုက္ခပေးတော့မည် ဖြစ်လေသည်။

ကွမ်ဖားဧ။်မျက်ဝန်းများတွင် နောင်တတရားများ ထင်ဟပ်နေ လေသည်။ သူဧ။်အသံများကလည်းအားနည်းနေလေသည်။

"မင်းတို့ ဘယ်လိုလုပ်အချိန်မီရောက်လာတာလဲ"

သူ့အသံမှာ ကြေကွဲမှုများဖြင့် ပြည့်နေလေသည်။

မုကျန်းကျီက ယန်ရှီးကို ညွှန်ပြလိုက်ရင်း...

"ဂိုဏ်းတူညီလေး ချင်းဝေးကို ကျေးဇူးတင်ရမယ် ၊ သူ့ကြောင့် သာအချိန်မီရောက်လာနိုင်တာ"

ကွမ်ဖားက ယန်ရှီးကို လေးစားသမှုဖြင့် လက်နှစ်ဖက်စုပ်ကာ ဂါရဝပြုလိုက်ရင်း...

"ကျေးဇူးတင်ပါတယ် ဂိုဏ်းတူညီလေးချင်းဝေး"

ယန်ရှီးက ကွမ်ဖားကို အလွန်စိုးရိမ်နေသည့်လေသံဖြင့်...

"ကျွန်တော့်ကို ကျေးဇူးတင်ဖို့မလိုပါဘူးဗျာ ၊ ညီတစ်ယောက် အနေနဲ့ လုပ်ရမယ့်တာဝန်ကိုလုပ်တာပါ ၊ ဆန်းလျန်က တကယ် မလွယ်တဲ့သူပဲ ၊ ဒါကြောင့် ဂိုဏ်းတူအစ်ကိုမုကျန်းကျီကို အကြောင်းကြားပြီး ချက်ချင်းလိုက်လာတာ ၊ အချိန်မီလို့ တော် သေးတာပေါ့"

ကွမ်ဖားက ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။ သူတို့သုံး ယောက်လုံး သက်ပြင်းကိုယ်စီချလိုက်မိပြီး တိမ်ကိုစီးနှင်ကာ ပျောက်ကွယ်သွားကြလေတော့သည်။

....

ဆန်းလျန်နှင့် ဘုရင်မသည် ချင်းဆွေမြစ်သို့ ရောက်ရှိလာကြ လေသည်။ ချင်းဆွေမြစ်မှာ ဘုရင်မ၏ ပိုင်နက်ဖြစ်လေသည်။ ကွမ်ချင်းနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားတစ်ပါး ကြွလာခြင်း မဟုတ်ပါက ဘုရင်မသည် မည်သူ့ကိုမှ ကြောက်မည့်သူ

မဟုတ်ပေ။ မုကျန်းကျီလို ဖော့ဝမ့်အဆင့်ကျင့်ကြံသူလောက်

ကတော့ ဘုရင်မက ကျိန်းသေ အနိုင်ယူနိုင်လေသည်။

"ဘာလို့ သူတို့ကို အလွတ်ပေးလိုက်ရတာလဲ ၊ ဒီတစ်ခေါက်

မင်းနဲ့ ငါ ပေါင်းပြီးတိုက်ခိုက်တာ မုကျန်းကျီရောက်လာလည်း

ဘာအရေးလဲ ၊ သူတို့ကို အနိုင်ရမှာပဲ"

ဘုရင်မက မကျေမနပ်ဖြစ်ကာ ပြောလိုက်သည်။

သူမက ချင်းဆွေမြစ်ဧရိယာမှ တော်ရုံနှင့် ထွက်ခွာတတ်သူမ

ဟုတ်ပေ။ ယနေ့တော့ ကျိန်းသေအနိုင်ရမည့်အခွင့်အလမ်း

ကြောင့်သာ သူမက ထွက်ခွာလာခြင်းဖြစ်လေသည်။

သူမက ဆန်းလျန် ပြန်လည်ဆုတ်ခွာလာလိမ့်မည်ဟု ထင်မ

ထားခဲ့မိပေ။

ထိုသို့ ဆုတ်ခွာပြေးသည်မှာ ဆန်းလျန်လုပ်တတ်သည့်ပုံစံမျိုး

မဟုတ်ပေ။

"မုကျန်းကျီဘေးက လူငယ်ကို ဘုရင်မ တွေ့တယ်မလား"

ဆန်းလျန်က မေးလိုက်သည်။

"အဲဒီလူငယ်ရဲ့ တန်ခိုးစွမ်းအားက သန့်စင်တယ်၊ ပါရမီရှင်တစ်ယောက်လို့တောင် ပြောလို့ရတယ်၊ ဒါပေမယ့် သူက ငါတို့ကို ဒုက္ခမပေးနိုင်ပါဘူး"

"တကယ်တော့ ဘုရင်မကို ရှင်းပြလို့မရတဲ့ ကိစ္စတစ်ခုရှိတယ်၊ အဲဒီလူငယ်က ချင်းရှမ်ရဲ့ သစ္စာဖောက်တစ်ယောက်ပဲ၊ သူ့နာမည်က ယန်ရှီးလို့ခေါ်တယ်၊ သူက နတ်ဘုရားတစ်ပါးတော့ မဟုတ်ဘူး၊ ဒါပေမယ့် သာမန် လောကနတ်ဘုရားတစ်ပါးကတောင် သူ့ကို ဘာမှ မလုပ်နိုင်ဘူး၊ ပြီးတော့ သူက ချင်းရှမ်ရဲ့ လျို့ဝှက်ချက်တွေ အကုန်လုံးကို သိထားတယ်၊ သူ့ကို ကွမ်းချင်းနတ်ဘုရားဂိုဏ်းထဲ ဝင်ရဲတဲ့သတ္တိရှိလိမ့်မယ်လို့ ကျုပ်က ဘယ်ထင်မိမလဲ၊ ဘုရင်မ ဟွမ်လုန်ကျီနဲ့ တိုက်ခိုက်နေတုန်း ကျုပ်ရင်ဆိုင်ခဲ့ရတဲ့ ရန်သူက အခြားသူမဟုတ်ဘူး၊ သူပဲလေ"

ဆန်းလျန်က ဘုရင်မကို အကြမ်းဖျင်း ရှင်းပြလိုက်လေသည်။

"ဒါဖြင့် သူ ကွမ်းချင်းနတ်ဘုရားဂိုဏ်းထဲ ဝင်ရတဲ့

ရည်ရွယ်ချက်က ဘာများလဲ"

ဘုရင်မက မေးလိုက်သည်။

“အဲဒီအချက်ကို ကျုပ်လည်းနားလည်ရခက်နေတာ ၊ ကွမ်းချင်း

နတ်ဘုရားဂိုဏ်းမှာ နတ်ဘုရားငါးပါးတောင်ရှိတာ ၊ သူက

ဘယ်လောက်အစွမ်းထက်တယ်ပြောပြော အဲဒီဂိုဏ်းထဲကိုဝင်

သွားတယ်ဆိုတာ အရမ်းအန္တရာယ်များတယ် ၊ တာအိုကျင့်စဉ်

အသစ်တွေလိုချင်လို့များလား မသိဘူး ၊ သူ့ရဲ့အစွမ်းအစနဲ့ဆို

ရင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ပညာတွေအကုန်လုံးကို

လေ့လာဖို့ သိပ်တောင်အချိန်ယူရမယ်မထင်ဘူး ၊ ပြီးတော့

ကွမ်းချင်းနတ်ဘုရားဂိုဏ်းရဲ့ မျိုးဆက်ဆက်ခံမှုပုံစံကလည်း

ကျုပ်တို့ချင်းရွှမ်နတ်တံခါးနဲ့ နည်းနည်းဆင်တူတယ် ၊ သူ့မှာ

အကြောင်းတစ်ခုတော့ရှိ မှာပဲ ”

ဆန်းလျန်က တိုးလျစွာဖြင့် ပြန်ပြောလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ဒီလူက မိတ်ဆွေမဟုတ်ဘူး ၊ ရန်သူပဲ မဟုတ်လား ၊ မင်းရဲ့အနေအထားနဲ့ဆိုရင် သူဘယ်သူလဲ ဆိုတာသွားဖော်ထုတ်လို့လည်း မရပြန်ဘူး ၊ မင်းသူ့ကို ဒီတိုင်းလွှတ်ထားတော့မှာလား”

ဘုရင်မက အမြဲတမ်း ပြတ်သားသူတစ်ယောက်ဖြစ်လေသည်။ သူက ရန်သူနှင့် မိတ်ဆွေကို ပြတ်ပြတ်သားသားခွဲခြားတတ်ပြီး ရန်သူဆိုပါက တုန့်ဆိုင်းခြင်းမရှိဘဲ အပြတ်ရှင်းတတ်သူဖြစ်လေသည်။

“သူ့ကို ဘယ်သူမှန်းသိသွားတာပဲ ကျုပ်အတွက် ကံကောင်းလှပြီ ၊ သူ့အကြောင်း အဖော်ထုတ်နိုင်လည်း ကိစ္စတော့မရှိပါဘူး ၊ အခုလည်း ကွမ်ဖားကို ဒီလိုအခြေအနေဖြစ်အောင် တွန်းပို့လိုက်တာ သူပဲလေ ၊ ဒါပေမယ့် ဒီပြဿနာအားလုံးရဲ့နောက်ကွယ်ကကြိုးကိုင်နေတဲ့သူက ယန်ရှီးပဲဆိုတောတော့ ကွမ်ဖားကတော့ သိပုံမပေါ်ဘူး ၊ သူက ချင်းရွှမ်နတ်တံခါးမှာ

အခြားသစ္စာဖောက်တစ်ယောက်ရှိနေပြီး သတင်းတွေပေါက်ကြားနေတယ်လို့ပဲ ထင်နေပုံရတယ်”

ဆန်းလျန်က ပြန်ပြောလိုက်သည်။

“ဒီလိုလုပ်လို့ သူ့အတွက်ရော ဘာအကျိုးရှိမှာမို့လို့လဲ ၊ သူမင်းကို ပြဿနာရှာချင်တယ်ဆိုရင်လည်း အစကတည်းက သူကိုယ်တိုင် လာရင်ဆိုင်ပေါ့ ၊ ဘာလို့ ကွမ်ဖားဒဏ်ရာရတော့မှ မုကျန်းကျီနဲ့အတူ ရောက်လာသေးလဲ”

ဘုရင်မက သံသယရှိစွာဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်၏မျက်ဝန်းများ လက်ခနဲတစ်ချက်ဖြစ်သွားပြီး...

“ဒါနဲ့ ဘုရင်မလက်ကနေ ဟွမ်လုန်ကျီ ဘယ်လိုလွတ်သွားတာလဲ”

“သူ့ဟာသူ လွတ်သွားတာပဲ ၊ ဒါပေမယ့် နည်းနည်းတော့ ထူးဆန်းတယ် ၊ သူ ဘယ်လိုမှ ငါ့ကိုမနိုင်တော့ဘူးဆိုတာ

လည်းသိရော သူ့ခန္ဓာကိုယ်တစ်ပိုင်းကို သူ့ဟာသူခုတ်ဖြတ်ပြီး

တော့ ထွက်ပြေးသွားတာ”

ဘုရင်မက ပြန်ဖြေလိုက်လေသည်။

ဆန်းလျန်ကသက်ပြင်းတစ်ချက်ချလိုက်ရင်း....

“ကွမ်ဖားလည်း ဒီနေ့ဒဏ်ရာရသွားပြီ...”

ဘုရင်မက အတန်ကြာစဉ်းစားနေပြီးမှ...

“ဒီကိစ္စနှစ်ခုက ဆက်စပ်မှုရှိနေတယ် ထင်တယ်”

"ကျုပ်တို့က ယန်ရှီးကို ကူညီနေသလို ဖြစ်နေမှာပဲ စိုးရိမ်မိ

တယ် ၊ သူ့ဦးတည်ချက်က ကျုပ်မဟုတ်ဘဲ ကွမ်းချင်းနတ်

ဘုရားဂိုဏ်းက ဆရာသခင်တွေများ ဖြစ်နေမလားပဲ ၊ ဘာ

ကြောင့် သူ ဒီလိုလုပ်ရလဲဆိုတာကျုပ်လည်းမသိနိုင်ဘူး ၊ သူ့

စိတ်ထဲ ဘာတွေကြံစည်နေလဲဆိုတာ သူပဲ သိမှာပေါ့လေ"

ဆန်းလျန်မှာ ယန်ရှီး၏ အကြံအစည်ကို ရိပ်မိသလိုရှိလာသည့်

တိုင် အပြည့်အဝတော့ နားမလည်သေးပေ။

ယန်ရှီး၏လုပ်ရပ်များမှာ ရက်စက်ပြီး ထူးဆန်းနေသော်လည်း ရည်ရွယ်ချက်တစ်ခုတော့ ရှိရပေမည်။

ဥပမာအားဖြင့် ကျီးရှင်ရှေးဟောင်းပစ္စည်းဆိုင်တွင် ဆန်းလျန် ပထမဆုံးအကြိမ် ယန်ရှီးနှင့် တွေ့ဆုံခဲ့သည့်အချိန်က ထူးဆန်းသည့်ပစ္စည်းလေးတစ်ခုကို သူ့ကို လက်ဆောင်ပေးခဲ့လေသည်။ ရည်ရွယ်ချက်မှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ ဗောဓိသကျဓာတ်တော်ကို ခိုးယူရန်ဖြစ်လေသည်။

ကွမ်ဖားမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားအလောင်းလျာဆယ့်နှစ်ပါးတွင် ဗဟုသုတ အကြွယ်ဝဆုံးသူဖြစ်လေသည်။ သို့သော် ယန်ရှီးနှင့် ယှဉ်လိုက်လျှင်တော့ သူ၏ အသိဉာဏ်ပညာနှင့် ဗဟုသုတများက မပြောပလောက်တော့ပေ။ ဖယောင်းတိုင်နှင့် လမင်းပမာ ကွာခြားလွန်းလေသည်။

“သူ့မှာ ဘာအကြံပဲရှိရှိပါလေ ၊ ဆယ်နှစ် ဒါမှမဟုတ် နှစ်ပေါင်းနှစ်ဆယ်အတွင်း မင်းနတ်ဘုရားတစ်ပါးဖြစ်လာမယ်ဆိုရင်

ပြဿနာအားလုံးဖြေရှင်းပြီးသွားမှာပဲပေါ့ ၊ လောကမှာ
အားကြီးတဲ့သူက အနိုင်ရတာပဲလေ”

ဘုရင်မက ပြောလိုက်သည်။

ဆန်းလျန်က ခေါင်းညိတ်လိုက်သည်။

“အမှန်ပဲ ၊ ချင်းကျန်းဂိုဏ်းကကိစ္စပြီးသွားရင်တော့ တောင်ပေါ်ကိုပြန်တော့မယ် ၊ ပြီးရင် ကျင့်စဉ်လမ်းအတွက် အချိန်ပေးရမယ် ၊ ကျုပ်ချင်းကျန်းဂိုဏ်းမှာနေတဲ့ ဒီတစ်လအတွင်းတော့ ဘုရင်မနဲ့ ကျုပ်နဲ့ ကျင့်စဉ်လမ်းအကြောင်းတွေ ဆွေးနွေးဖလှယ်ကြတာပေါ့”

“ငါလည်း ဒီလိုပဲ စဉ်းစားထားပါတယ်”

ဘုရင်မနှင့် ဆန်းလျန်သည် အတန်ကြာအောင် စကားပြောနေကြလေသည်။

လသည် အနောက်ဘက်သို့ ဝင်သွားပြီဖြစ်လေသည်။

အရုဏ်တက်တော့မည် ဖြစ်လေသည်။

ဆန်းလျန်သည် ကောင်းကင်ထက်သို့ ပျံဝဲတက်သွားပြီး ချင်းဆွေမြစ်ကမ်းနံဘေးရှိ ချင်းကျန်းဂိုဏ်းတည်ရှိရာတောင်ပေါ်သို့ ပြန်လာခဲ့လေသည်။

ချင်းကျန်းဂိုဏ်း၏ တာအိုကျောင်းတော်ကြီးတည်ရှိရာ ခြံဝန်းအတွင်းသို့ ဝင်လိုက်သည်နှင့် ဖယောင်းတိုင်မီးလေး လင်းလက်နေသေးသည်ကို ဆန်းလျန်တွေ့လိုက်ရသည်။ ရှော့ရှီလေး စာရေးနေခြင်းဖြစ်လေသည်။

"ဘာတွေများရေးနေတာလဲ"

ဆန်းလျန်က တူမလေးကို ငြင်သာစွာဖြင့်မေးလိုက်သည်။

"ဦးဦးက ဒီကဗျာထဲမှာ ရေးထားတာနဲ့ လုံးဝမတူဘူးပဲ"

ရှော့ရှီလေးက ပြန်ဖြေလိုက်သည်။

ဆန်းလျန်က စာရွက်ဖြူပေါ်တွင် ရေးသားထားသည့် ကဗျာလေးကို ဖတ်ကြည့်လိုက်သည်။

“မျက်ခုံးထူထူအောက်က မျက်ဝန်းနက်များက အဓိပ္ပါယ်များ

စွာ...

မတရားမှုကိုသိရှိရတဲ့အခါ

သူရဲကောင်းဟာ လက်ဖက်ရည်ကြမ်းပန်းကိုချထားပြီး ထွက်

ခွာသွား...

ဓားကိုယူပြီး ကောင်းကင်ကိုဖြတ်ကျော်ကာ

ညနေခင်းမှာ ထွက်ခွာသွားသူဟာ

ညဦးယံအချိန်မှာ ပြန်ရောက်လာ...”

“ဦးဦး၊ ဦးဦးကတော့ ညနေခင်းမှာ ထွက်ခွာသွားပြီး

အရုဏ်တက်မှပဲ ပြန်ရောက်လာတော့တယ်”

ရှော့ရှီက ခပ်တည်တည်မျက်နှာထားဖြင့် ပြောလိုက်လေသည်။

သူမ၏စကားကို ကြားသည်နှင့် ဆန်းလျန်မှာ ဓားတန်ခိုးရှင်

ဒဏ္ဍာရီများကို သူမကို ပြောပြမိသည်ကို နောင်တရသွားမိလေ

သည်။ ဆန်းလျန်၏နှုတ်ခမ်းထောင့်လေးများ တွန့်ကွေးသွားပြီး မချိပြုံးတစ်ချက်ပြုံးလိုက်မိရင်း...

"သွားအိပ်တော့နော်..."

ဟူ၍သာ တူမလေးကို ပြောလိုက်မိလေသည်။

အခန်း (၂၈၄) ဘယ်သူမှကယ်တင်ရှင်မလုပ်နိုင်

ရှော့ရှီလေးက မချိမချဉ်ပြုံးလိုက်ပြီး အတွင်းခန်းအတွင်းသို့ အိပ်ရန် ဝင်သွားလေတော့သည်။ သူမရောက်ရှိနေသည့် ကျင့်စဉ်လမ်းအဆင့်ဖြင့်ဆိုလျှင် တစ်နာရီမျှ အိပ်ရုံလောက်ဖြင့် လုံလောက်လေသည်။

ကျင့်ကြံသူများသည် သာမန်လူများကဲ့သို့ များစွာ အိပ်လေ့မရှိကြပေ။ သူတို့အသက်မရှည်ခဲ့လျှင် ကျင့်စဉ်လမ်းအတွက် အချိန်မကျန်သောကြောင့်ဖြစ်လေသည်။

ထိုအချိန်မှာပင်.... ကျော်ရှောင်ချင်းရောက်လာလေသည်။

သူက ဆန်းလျန်ကို လက်နှစ်ဖက်စုပ်ဂါရဝပြုလိုက်ရင်း...

"ဂိုဏ်းတူအစ်ကိုကျန်းဆွေကျယ်ဆီက စာရောက်လာပါတယ် ၊ ဒီရက်ပိုင်းအတွင်း သူပြန်လာမယ်လို့ သိရပါတယ်"

ဆန်းလျန်က လက်နှစ်ဖက်ကိုနောက်ပစ်လိုက်ရင်း တစ်ချက်ပြုံးလိုက်သည်။

"ဒါက မင်းတို့ ဂိုဏ်းရဲ့အတွင်းရေးကိစ္စပါလေ ၊ ကျုပ်ကို သတင်းပို့စရာမလိုပါဘူး"

"သခင်လေး ၊ ကျွန်တော်တို့ဂိုဏ်းကို သခင်လေးက ပြန်တည်ထောင်ပေးခဲ့တာပါ ၊ ကျွန်တော်တို့ ဂိုဏ်းတူမောင်နှမတွေ

အားလုံးက ဒီဂိုဏ်းကို သခင်လေးပိုင်တယ်လို့ ဆုံးဖြတ်ထားကြပါတယ်”

ကျော်ရှောင်ချင်းက ပြန်ပြောလိုက်သည်။

ဆန်းလျန်ကပြုံးလိုက်ရင်း....

“ချင်းကျန်းဂိုဏ်းကို ဟွမ်လုန်ကျီတိုက်ခိုက်တော့ မင်းတို့ဂိုဏ်းကလူတွေပဲ နှိမ်နင်းခဲ့ကြတာပါ၊ ကျုပ်က ချင်းကျန်းဂိုဏ်းကို ပြန်တည်ထောင်ပေးတယ်ဆိုတာက မင်းက ချင်းရှမ်အတွက် အလုပ်လုပ်ပေးခဲ့ဖူးတဲ့အတွက် လုပ်ပေးရမယ့်တာဝန်ရှိတယ်လို့ ယူဆလို့ပါ၊ ဒီကိစ္စကို စိတ်ထဲ သိပ်မထားနဲ့နော်”

ကျော်ရှောင်ချင်းက ဆန်းလျန်ကို တည်ငြိမ်စွာဖြင့် စိုက်ကြည့်လိုက်သည်။

“ကျွန်တော်လည်း အဲဒီလို တွေးမိပါတယ်၊ ဒါပေမယ့် သခင်လေးလိုမျိုး ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ကျွန်တော်တို့အပေါ် ကောင်းခဲ့တာ မရှိပါဘူး၊ ကျွန်တော့်ဆရာကလည်း မလုပ်သင့်

တာလုပ်သွားတယ် ၊ ကျွန်တော် သူ့ကိုရှာတွေ့ရင် ချင်းကျန်း ဂိုဏ်းကို ပြန်ခေါ်လာမှာပါ”

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“မင်း တကယ်ရင့်ကျက်လာပြီပဲ ၊ မင်းရဲ့အရည်အချင်းအရဆို ရင် ဒီနေရာမှာပဲ ဘဝကို မြှုပ်နှံမထားနဲ့ ၊ မင်းရဲ့အစ်ကို ကျန်း ဆွေကျယ်ပြန်လာရင် မင်းခရီးလေးဘာလေးထွက်ပြီး လောက ကြီးအကြောင်းလေ့လာပါ ၊ အခြားကျင့်စဉ်ပညာတွေကိုလည်း လေ့လာပါ ၊ လူ့လောကမှာ ဒုက္ခရောက်နေတဲ့သူတွေလည်း အများကြီးပါပဲ ၊ မင်းသူတို့ကို ကုသိုလ်လေးဘာလေးပြုပြီး ကူညီပေးလိုက်ပါဦး”

ကျော်ရှောင်ချင်းက မျက်ခုံးနှစ်ဖက်ကိုပင့်လိုက်ရင်း...

“ဒါပေမယ့် ကျွန်တော့်ဂိုဏ်းက ခုမှ ပြန်တည်ထောင်နေတုန်း လေ ၊ ကျွန်တော်မရှိရင် သူတို့ဘယ်လိုလုပ်မလဲ”

“တကယ်တမ်းမှာ ဘယ်သူမှ ကယ်တင်ရှင်မလုပ်နိုင်ပါဘူးကွာ ၊ မင်းရဲ့ ဂိုဏ်းတူညီအစ်ကိုတွေကို ယုံကြည်မှုထားပါ။ မင်းရဲ့ အရည်အချင်းက သူတို့အားလုံးထက်သာတယ် ၊ ကျင့်စဉ်လမ်း အတွေ့အကြုံလည်းများတယ် ၊ ဒါပေမဲ့ မင်းမရှိဘဲနဲ့ သူတို့မ ရပ်တည်နိုင်ဘူးဆိုတာတော့ မဟုတ်ပါဘူး ၊ ပြီးတော့ ခုလို မုန်တိုင်းထန်တဲ့အချိန်မှာ သူတို့ကိုယ်တိုင် မရင်ဆိုင်ရင် သူတို့ ဘယ်လိုလုပ် ရင့်ကျက်လာမှာတဲ့လဲ ၊ မင်း သူတို့ကို ယုံကြည်မှု ထားလိုက်ပါကွာ”

ဆန်းလျန်က အလေးအနက်ပြောလိုက်လေသည်။

ကျဲ့ရှောင်ချင်း တိတ်ဆိတ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် မုန့်ရှင်ကျန်း ပြောသောစကားများနှင့် ဆန်းလျန်ပြောသောစကားများမှာ ခြားနားနေသော ကြောင့်ဖြစ် လေသည်။ မုန့်ရှင်ကျန်းက သူ့ကို အတော်ဆုံးလူတစ်ယောက် ဖြစ်အောင် ကြိုးစားပြီး ဂိုဏ်းတစ်ခုလုံးက ယုံကြည်အားထား

သူတစ်ယောက်ဖြစ်အောင် ကြိုးစားရမည်ဟု သင်ပြပေးထား

လေသည်။

ဆန်းလျန်က သူ့ကို မကြိုးစားခိုင်းခြင်း မဟုတ်ပါ။ သို့သော်

ဂိုဏ်းတူညီအစ်ကိုများကို ယုံကြည်စိတ်ထားပြီး ကိုယ့်ကိုကိုယ်

လည်း လွတ်လပ်မှု ရှာဖွေခိုင်းခြင်း ဖြစ်လေသည်။

"ဒါဖြင့် သခင်လေးကရော ချင်းရွှမ်က တခြားသူတွေကို အဲဒီ

လိုပဲ ယုံကြည်ခဲ့သလား"

အတန်ကြာတိတ်ဆိတ်နေပြီးမှ ကျော်ရှောင်ချင်းကမေးလိုက်

ခြင်း ဖြစ်လေသည်။

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း....

"ယုံကြည်တာပေါ့၊ ချင်းရွှမ်ဟာ သူတို့ကြောင့်ရော ကျုပ်

ကြောင့်ရော စကြာဝဠာတစ်ခုလုံးမှာ အထူးခြားဆုံး နတ်ဘုရား

ဂိုဏ်းတစ်ဂိုဏ်း ဖြစ်လာမှာပဲ၊ အဲဒီလိုပဲ ချင်းကျန်းဂိုဏ်းဟာ

လည်း အတော်ဆုံး ဓားသိုင်းကျင့်ကြံသူဂိုဏ်းတစ်ဂိုဏ်း

ဖြစ်လာရမယ်၊ ဟွမ်လုန်ကျီနဲ့ ရင်ဆိုင်ရတုန်းက မင်းရခဲ့တဲ့ အတွေ့အကြုံက မင်းဘဝမှာ အရမ်းတန်ဖိုးရှိတဲ့ အတွေ့အကြုံ ဖြစ်လာလိမ့်မယ်၊ အစပိုင်းမှာ မင်းပင်ပန်းလိမ့်မယ်၊ နောက်ပိုင်းအဆင့်တွေတက်လာတဲ့အခါကျရင် ပိုတောင် ပင်ပန်းလာဦးမယ်၊ ဒါပေမယ့် အကောင်းမြင်တတ်ဖို့တော့လို တယ်လေ၊ ကျင့်စဉ်လမ်းရဲ့ သဘောတရားကို မမေ့တဲ့သူဟာ နတ်ဘုရားတစ်ပါးဖြစ်လာဖို့ နီးစပ်တာပါပဲ"

နောက်ရက်များမကြာမီတွင် ကျန်းဆွေကျယ်ပြန်ရောက်လာခဲ့ လေသည်။

သူက ဟွမ်လုန်ကျီနှင့်တိုက်ပွဲတွင် ဒဏ်ရာရပြီး ကျင့်စဉ်လမ်း ထိခိုက်ကာ ဆားသိုင်းကျင့်ကြံနိုင်ခြင်းမရှိတော့သည့် ချင်းကျန်း ဂိုဏ်းသားများကို အခြေတကျနေထိုင်နိုင်ရန် လိုက်လံ စီစဉ် ပေးနေခြင်းဖြစ်လေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်က သက်သေပြုပေးပြီး ကျန်း ဆွေကျယ်သည် ချင်းကျန်းဂိုဏ်း၏ ဂိုဏ်းချုပ်အသစ်ဖြစ်လာ ခဲ့လေသည်။

နှစ်ပေါင်းတစ်ထောင်ကျော်သက်တမ်းရှိခဲ့သည့် ချင်းကျန်း ဂိုဏ်းသည် စတင်တည်ထောင်ပြီးသည့်အချိန်မှစပြီး ပထမဆုံး အကြိမ် အခက်ခဲဆုံးအချိန်ကို ရင်ဆိုင်ခဲ့ရခြင်း ဖြစ်လေသည်။ ယခုတော့ ချင်းကျန်းဂိုဏ်းတွင် လူပေါင်း သုံးဆယ်ကျော်မျှ သာ ကျန်တော့သည်။ ဂိုဏ်းသားတိုင်းသည် အတွေ့အကြုံ ကောင်းကောင်းရခဲ့ပြီဖြစ်ပြီး ရင့်လည်းရင့်ကျက်လာခဲ့ကြ သည်။

ဆန်းလျန်က ချင်းကျန်းဂိုဏ်းသားများကို ကျင့်စဉ်လမ်း အကြောင်း သင်ကြားပေးတိုင်း ဟိုင်သန်းအဆင့် တက်ရောက် နိုင်မှုကို အကျဉ်းချုံးပြီး ထည့်သွင်းပြောကြားလေ့ရှိလေသည်။

ဆန်းလျန်သည် ထိုအကြောင်းကို ထပ်ခါ ထပ်ခါ သင်ကြားပေး ခဲ့လေသည်။

ထို့ပြင် ဆန်းလျန်က ဓားသိုင်းပညာအကြောင်းကိုလည်း သင်ပြပေးလေသည်။ ဆန်းလျန်၏ဓားသိုင်းသင်ပြပေးမှုသည် မုန့်ရွှင်ကျန်းထက် များစွာသာလွန်လေသည်။ သူက နဂါးငွေ့တန်းဓားသိုင်းနှင့် ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားသိုင်း အစိပ်ပိုင်းများကို သင်ကြားပေးခဲ့လေသည်။

ဆန်းလျန်၏ကိုယ်တွင်းမှ နတ်ဘုရားထောင်ချောက်ဓားဝိညာဉ် ကြောင့် သူ၏ဓားသိုင်းပညာမှာ သာမာန်ထက် ထူးခြားလျှက် ရှိ လေသည်။

ချင်းကျန်းဂိုဏ်းသားများကို ဓားသိုင်းကျင့်စဉ် သင်ကြားပေး ရင်းနှင့်ပင် ဆန်းလျန်က သူသင်ယူခဲ့သည့် ဓားသိုင်းပညာများ ကို အစီအစဉ်တကျဖြစ်အောင် ပြန်လည် ပြုပြင်ခဲ့လေသည်။

ထို့နောက် ဓားသိုင်းပညာများအားလုံးကို တစ်ညီတည်းဖြစ်

အောင် ညှိယူခဲ့လေသည်။

သို့သော် သူ၏ဓားသိုင်းမှာ ချန်ကျန့်မေကိုမီနိုင်ရန်မှာတော့

အလှမ်းဝေးလွန်းလှလေသည်။

ထို့ပြင် သူက ဓားသိုင်းကျင့်ကြံသူစစ်စစ်မဟုတ်သည့်အတွက်

သူ၏ဓားသိုင်းသည် ကိုယ့်ကိုယ်ကို ကာကွယ်ရန်ထက် မပိုပေ။

ထို့ကြောင့်သူက ဘိုးဘေးများ၏ ဓားသိုင်းပညာမှ မူခွဲထွက်

ခြင်းကို သိပ်ပြီးအလေးမထားပေ။

ထို့နောက် ဆန်းလျန်သည် ချင်းကျန်းဂိုဏ်း၏ နတ်ဘုရား

တစ်ပါးဖြစ်သည့် ဆွေလင်ကျိ၏ ဗိမာန်ကိုလည်း သွားရောက်

ဂါရဝပြုခဲ့လေသည်။ နတ်ဘုရားဆွေလင်ကျိ၏ ဗိမာန်မှာ

သာမန်မြက်တဲလေးတစ်ခုသာဖြစ်လေသည်။ နှစ်ပေါင်းများစွာ

ကြာခဲ့ပြီးသည့်နောက် မြက်တဲလေးနံဘေးရှိတောင်နံရံတွင်

ရေးထိုးထားသည့် ဆွေလင်ကျိုဟူသည့် အမည်ပင်လျှင် မှုန်ဝါး စွာသာ ရှိနေတော့သည်။

ဆွေလင်ကျိုသည် ကျင့်စဉ်လမ်းတွင် အစစ်ဆေးခံခဲ့ရပြီး စကြာဝဠာအတွင်းမှ သဲလွန်စပင်မကျန်ဘဲ ပျောက်ကွယ်သွားခဲ့ ရလေသည်။ ဆွေလင်ကျို၏ဓားသိုင်းကို ဆက်ခံသူများက သုံး ဆယ်ရာခိုင်နှုန်းကျော်ကျော်ခန့်သာ ဆက်ခံနိုင်ခဲ့ကြလေသည်။ ထိုအချက်မှာ လောကနတ်ဘုရားများစွာ ရင်ဆိုင်ရသည့် အချက်ပင်ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးမှာပင်လျှင် လောကနတ်ဘုရားအပါးလေး ဆယ်ရှိသည့်တိုင် ထိုအပါးလေးဆယ်လုံး၏ ကျင့်စဉ် အစစ်အမှန်ကို ဆက်ခံနိုင်သည့်တပည့်မှာ များစွာ နည်းပါးလေ သည်။

အချိန်၏အကြင်နာတရားကင်းမဲ့စွာ တိုက်စားမှုများကို ဆန်း လျှန် သံဝေဂရနေမိသည်။

အချိန်ကြာလာသည်နှင့်အမျှ တန်ခိုးစွမ်းအားမြင့်မားသည်ဟု မှတ်ကျောက်တင်ခဲ့သည့် အရာများမှာလည်း မေ့ပျောက်ခံသွားကြရသည်ချည်းပင် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် မျိုးဆက်သစ်များက နေရာယူလာပြီး လောကပထမ ထိပ်တန်းပညာရှင်များအဖြစ် လူသိများလာခဲ့ကြရပြန်လေသည်။

ရှော့ရှီလေးသည် ထိုက်စုနတ်ဘုရားဂိုဏ်းတွင် ပညာသင်ကြားခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာ များစွာ တိုးတက်ခြင်းမရှိသည့်တိုင် ကျင့်စဉ်လမ်းကတော့ အလွန်မှ တိုးတက်လေသည်။ သို့သော် သူမက ဆန်းလျန်နှင့်အတူ ရှိသည့်နောက်ပိုင်းတွင်တော့ သူမ၏စိတ်ပိုင်းဆိုင်ရာများလည်း အများကြီး တိုးတက်လာခဲ့လေသည်။ ထို့အတူ သူမ၏ ကျင့်စဉ်လမ်းမှာလည်း အလျှင်အမြန်တိုးတက်လျှက်ရှိလေသည်။

တစ်ခါတစ်လေ သူမ၏စကားများမှာသူမသာ ဟိုင်သန်းအဆင့်သာအောင်မြင်ပြီးလျှင် လောကကို ကိုင်လှုပ်မည့်အလားပင်ဖြစ်လေသည်။

ထိုသို့ ဖြစ်ရသည်မှာ ယွမ်ကျွင်းကေရီလူပြန်ဝင်စားခြင်းဖြစ်၍လား ၊ နှလုံးသားစည်းချက်ကျင့်စဉ်ကိုလေ့ကျင့်ပြီး ထျန်းမုန့်နတ်သမီး၏ အသိဉာဏ်များက သူမကိုယ်တွင်း၌စိမ့်ဝင်နေသောကြောင့်လား ဆန်းလျန် ဝေခွဲ၍မရပေ။

နောက်ဆုံးတော့ ဆန်းလျန်သည် ချင်းရှမ်တောင်ပေါ်သို့ ပြန်ခဲ့လေတော့သည်။

မြင့်မားသည့်ကောင်းကင်ထက်တွင် တိမ်ဖြူဖြူတို့ ရစ်သိုင်းလျှက် ချင်းရှမ်နတ်ဘုရားတောင်သည် လွန်စွာမှ ခမ်းနားလွန်းလေသည်။

ဆန်းလျန်သည် ရှော့ရှီလေး၏လက်ကိုဆွဲကာ ချင်းရှမ်တောင်ခြေရှိ နယ်ခယ်မြို့လေးသို့ ရောက်လာခဲ့လေသည်။

ဆန်းလျန်မှာ ချင်းရှမ်နတ်တံခါး၏ဂိုဏ်းချုပ်ဖြစ်ပြီး အလွန်ဂုဏ်ကြီးသူတစ်ယောက်ဖြစ်သည့်အကြောင်းကို နန်ခယ်မြို့လေးတွင် သိသူသိပ်မရှိကြပေ။သိရှိသူများကလည်း ရောက်ရှိလာသည့်လူငယ်မှာ ဆန်းလျန် ဟုတ် မဟုတ်ကို မမှတ်မိကြပေ။

လူသားများသည် ကျင့်ကြံသူများနှင့် မည်မျှပင် နီးစပ်ပါစေ လမ်းမတူသည့်အတွက် ကမ္ဘာခြားနေသကဲ့သို့ပင် ဖြစ်ရလေသည်။

ချင်းရှမ်နတ်တံခါးက ခွဲခြားထားခြင်းမရှိသည့်တိုင် အလိုလိုပင် ကွဲပြားသွားရလေသည်။

ဆန်းလျန်က ယန့်ပုကွေးတည်းခိုရိပ်သာသို့ရောက်ရှိလာလေသည်။

သူက ရော့ရှီလေး၏လက်ကိုဆွဲကာ တည်းခိုရိပ်သာအတွင်းသို့ဝင်သွားလိုက်လေသည်။ စားသောက်ဆိုင်ထဲတွင် အရက်နှင့်

အသားများကို အားပါးတရ စားသောက်နေကြသည့် တာအို

ကျင့်ကြံသူနှစ်ယောက် ရှိနေလေသည်။

"မင်းတို့ကြည့်ရတာ တော်တော်ဟုတ်နေကြတာပဲ"

ဆန်းလျန်က ပြုံးရင်းပြောလိုက်သည်။

ဆန်းလျန်က တာအိုကျင့်ကြံသူနှစ်ယောက်ကို တိတ်တဆိတ်

ကြည့်နေရင်း ရုတ်တရက်ပြောလိုက်ခြင်းဖြစ်လေသည်။

ရုတ်တရက်ထွက်ပေါ်လာသည့် ဆန်းလျန်၏စကားသံကြောင့်

ကျင့်ကြံသူနှစ်ယောက်မှာ ဝိညာဉ်လွင့်မတတ် ထိတ်လန့်သွား

ကြရလေသည်။

သူတို့က ဆန်းလျန်ဘက်သို့ ချက်ချင်းလှည့်လိုက်ပြီး ဦးညွှတ်

အရိုအသေပေးလိုက်ကြရင်း...

"ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ရပါပြီ ၊ ဒါနဲ့ မင်းတို့က ဘယ်လိုလုပ် တောင်ခြေကို ရောက်နေကြတာလဲ"

ထိုတာအိုဆရာနှစ်ယောက်မှာ ချင်းရွှမ်နတ်တံခါးမှ စိုကျင့်နှင့် စိုရွှမ်တို့ ဖြစ်ကြလေသည်။ သူတို့၏လက်နှင့် ခြေထောက်များကို ကျော်ရှောင်ချင်းက ဖြတ်ပစ်လိုက်သည့်အတွက် ရှန်းစန်းပြဒါးဆေးဖြင့် ဆန်းလျန်က ကုသပေးထားရသူများ ဖြစ်လေသည်။

"တိတ်ဆိတ်ခြင်း" ဟု အဓိပ္ပါယ်ရသည့် အမည်ကိုပိုင်ဆိုင်သူ စိုကျင့်ကပင် တိတ်ဆိတ်မနေနိုင်ဘဲ ဆန်းလျန်၏ အမေးကို ဖြေလိုက်လေသည်။

"ဂိုဏ်းချုပ် ကျန်းမာပါစ ၊ ဂိုဏ်းတူအစ်ကို စိုရွှမ်နဲ့ ကျွန်တော်နဲ့ ရေလမ်းခရီးထွက်ပြီး ရွှေစင်သံမဏိပန်းကို ရှာဖွေမလို့ပါ ၊ အဖိုးတန်ဓားသွန်းလုပ်မလို့လေ ၊ ပြီးတော့ ဆရာဦးလေးယန့်ပုကွေးကိုလည်း ရှင်သန်စေခြင်းကျောင်းတော်မှာဝင်တွေ့ရင်းနဲ့

သူကြိုက်တဲ့အရက် လက်ဆောင်ပေးမလို့ ဒီမှာဝင်ဝယ်နေကြတာပါ"

ဟု ပြောလိုက်လေတော့သည်။

အခန်း (၂၈၅) အကန့်အသတ်များကိုမေ့ပျောက်ရန် အဆုံးသတ်ကိုရောက်ပြီ

"ကောင်းပြီလေ ၊ သွားကြပါ..."

စိုကျင့်နှင့် စိုရွှမ်တို့က ဆန်းလျန်ကို တည်းခိုရိပ်သာ အပြင်ဘက်သို့ ပြန်လိုက်ပို့လိုက်ကြလေသည်။ စိုကျင့်က အသံတိုးတိုးဖြင့်...

"အဲဒီကောင်မလေးက ဝိညာဉ်စွမ်းအားတော်တော်ကောင်းတာပဲ ၊ အသက်က ဆယ့်တစ်နှစ် ၊ ဆယ့်နှစ်နှစ်လောက်ပဲ ရှိဦးမယ်နော် ၊ အဲဒါ ဂိုဏ်းချုပ်ရဲ့ သမီးလေးလား မသိဘူး"

"အဓိပ္ပါယ်မရှိတာတွေ ၊ ဂိုဏ်းချုပ်က လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကတည်းက တောင်ပေါ်မှာ ကျင့်ကြံနေတာ ၊ ဘယ်က သမီးတစ်ယောက်က ရလာရမှာလဲ"

စိုရွှမ်က ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်သည်။

"ဘယ်ပြောလို့ရမလဲကွ ၊ ဂိုဏ်းချုပ်က ခန့်မှန်းရခက်တယ် ၊ ပြီးတော့ ဟိုင်သန်းအဆင့်မတက်ခင်ကလည်း တောင်ပေါ်ကလည်း ဆင်းသွားသေးတယ်လေ ၊ ပြီးတော့ အဲဒီကလေးမလေးက ဂိုဏ်းချုပ်နဲ့ ရုပ်ချင်း တော်တော်ဆင်တာ"

စိုကျင့်က ခပ်တိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

စိုရွှမ်က စိုကျင့်ကို စိတ်ပျက်လက်ပျက် အမူအရာဖြင့် ကြည့်လိုက်ရင်း သက်ပြင်းချလိုက်လေသည်။

သူက စားပွဲပေါ်တွင် အရက်ဖြင့် စာကြောင်းတစ်ကြောင်းရေးပြလိုက်သည်။

"ငါတို့ပြောတဲ့စကားတွေကို ဂိုဏ်းချုပ် မကြားဖူးများ ထင်နေသလား"

စိုကျင့် ချက်ချင်းပင် မျက်နှာပျက်သွားလေသည်။ ဆန်းလျန်က အပြစ်ပေးပြီဆိုလျှင် သွေးအေးအေးနှင့် ရက်စက်တတ်သူဖြစ်လေသည်။

စကားတွေလျှောက်ပြောတတ်သည့် သူ့အကျင့်ကိုသာ အပြစ်တင်ရမည်ဖြစ်သည်။ သို့သော် စကားအကုန်ပြောပြီးမှ သတိပေးရကောင်းလားဟု သူ၏ ဂိုဏ်းတူအစ်ကိုစိုရှမ်ကို စိတ်တိုသွားလေသည်။

အပြစ်ပေးမခံရအောင် ဆရာဦးလေးယန်နံ့ပုကွေး၏ ရှင်သန်စေခြင်းကျောင်းတော်တွင်သာ အပြီးနေလိုက်တော့မည်ဟု ကျိတ်ပြီး ဆုံးဖြတ်လိုက်လေသည်။

ဆန်းလျန်နှင့် ရော့ရှီတို့မှာ ဝမ့်ရှင်းလမ်းအဝင်တွင် ရောက်ရှိနေကြလေသည်။

"ဦးဦး ၊ ဟို အစ်ကိုနှသ်ယောက်က သမီးကို ဦးဦးရဲ့ သမီးဖြစ်မယ်လို့ ပြောနေကြတယ်"

ဆမ်းလျန်က ရော့ရှီလေး၏ ခေါင်းကို အသာအယာ ပွတ်သပ်လိုက်သည်။ ရော့ရှီမှာကလေးမဟုတ်တော့။ အရွယ်ရောက်နေပြီဖြစ်သည့်အတွက် သူမ၏ဆံပင်ရှည်များကို ဆန်းလျန်အနေဖြင့် ပြင်ဆင်ထုံးဖွဲ့ပေးရန် မသင့်တော်တော့ဟု တွေးလိုက်မိသည်။

"ဒီလောက်အဝေးကြီးကနေတောင် သူတို့ပြောတာကို သမီးကြားတာ အရင်နှစ်တွေတုန်းက သမီးက အပြင်းအထန်ကျင့်ကြံခဲ့တယ်ထင်တယ် ၊ တောင်ပေါ်ရောက်တာနဲ့ သမီးကို ချင်းရှမ်နတ်တံခါးရဲ့ တရားဝင် တပည့်အဖြစ် သတ်မှတ်ပေးမယ်"

ဆန်းလျန်က အေးဆေးစွာ ပြောလိုက်သည်။

"ကောင်းလိုက်တာ ၊ ဦးဦး...သမီးဘယ်တော့လောက် လေထဲမှာ ပျံလို့ရမလဲဟင် ၊ အခုတောif မိုးမြေစွမ်းအားတွေအသုံးပြုပြီး လေထဲကို နည်းနည်းပျံနိုင်နေပြီ ၊ ကောင်းကင်ပေါ်မှာ ပျံကြည့်ချင်နေပြီ"

ရှော့ရှီက ပျော်ရွှင်စွာဖြင့် ပြောလိုက်သည်။

"မလောနဲ့ ၊ တစ်ဆင့်ချင်းသွားရမယ်..."

ဆန်းလျန်က ပြုံးရင်း ပြောလိုက်တော့ ရှော့ရှီလေး၏ မျက်နှာက ညှိုးနွမ်းသွားသည်။

သူမက ခေါင်းကို ငုံ့လိုက်ရင်း....

"သမီး မစောင့်နိုင်မှာ စိုးရိမ်မိတယ် ၊ အရင်ရက်တွေကလည်း အာရုံထဲမှာ ဆရာ့ကိုတွေ့တယ် ၊ တစ်နေ့ကျရင် သူတို့ သမီးကို ပြန်လာခေါ်သွားမှာ ကြောက်လို့"

ဆန်းလျန်က ရှော့ရှီပခုံးကို ဖက်လိုက်ရင်း....

"ရော့ရှီ... ဘာတွေပဲ ဖြစ်လာ ဖြစ်လာ ၊ သမီးက ရော့ရှီဆိုတာ မမေ့နဲ့ ၊ သမီးရဲ့ မေမေက ဦးဦးရဲ့ ညီမ ၊ သမီးက ဦးဦးရဲ့ တူမလေးပဲ ၊ အမြဲတမ်းမှတ်ထားရမယ်နော်"

"ဟုတ်..."

ရော့ရှီက ခေါင်းငုံ့ရင်း ပြန်ဖြေလိုက်သည်။

ဝမ့်ရှင်းလမ်းတစ်လျှောက် သူတို့နှစ်ယောက် တိတ်ဆိတ်စွာဖြင့် လမ်းလျှောက်လာကြလေသည်။

ဝမ့်ရှင်းလမ်းမှ ပြင်းထန်သည့် ဖိအားများနှင့် ပုံရိပ်ယောင်များမှာ ရော့ရှီအပေါ်တွင် လုံး၀ သက်ရောက်မှုမရှိပေ။ ထို့ကြောင့် သူမသည် ဝမ့်ရှင်းလမ်းကို အမြန်ဆုံးဖြတ်ကျော်လာနိုင်ကာ ချင်းရှမ်နတ်တံခါးသို့ ရောက်ရှိလာခဲ့လေတော့သည်။

ဝမ့်ရှင်းလမ်းကို ဖန်တီးခဲ့သူမှာ ဆရာဘိုးဘိုးယွမ်ချင်း ဖြစ်လေသည်။ ဝမ့်ရှင်းလမ်း၏ အဓိကရည်ရွယ်ချက်မှာ တပည့်အသစ်များရွေးချယ်ရာတွင် စိတ်နေစိတ်ထားကို စစ်ဆေးရန်အတွက်

ပြုလုပ်ထားခြင်းဖြစ်လေသည်။ အချို့သော အဆင့်မြင့် ကျင့်ကြံသူများပင် ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်နိုင်ခြင်း မရှိကြပေ။

ရှော့ရှီကတော့ ထူးခြားသည့် စွမ်းရည်များ ပိုင်ဆိုင်ထားသူ ဖြစ်သည့်အတွက် ဝမ့်ရှင်းလမ်းကို လွယ်လွယ်ကူကူပင် ဖြတ်သန်းနိုင်ခဲ့လေသည်။

နှလုံးသားစည်းချက်ကျင့်စဉ်ကြောင့်သာမက ယွမ်ကျွင်းကေရီ ဝင်စားသည့် မိန်းကလေးလည်းဖြစ်သည့်အတွက် ဝိညာဉ်စွမ်းအားကို စစ်ဆေးသည့် ပုံရိပ်ယောင်များသည် သူမကို မည်သို့မှ မသက်ရောက်နိုင်ပေ။

နတ်ဘုရားများမှ လူပြန်ဝင်စားသူများသည် ဝိညာဉ်စွမ်းအား ကောင်းမွန်လေ့ရှိလေသည်။ ရှော့ရှီမှာလည်း ထိုသို့ပင်ဖြစ်လေသည်။ လူ့လောက၏ မကောင်းမှုများက သူတို့အပေါ်တွင် သက်ရောက်မှုမရှိကြပေ။

သူမသည် ချင်းရွှမ်နတ်တံခါးသို့ အားအင်အများကြီး စိုက်ထုတ်ရခြင်းမရှိဘဲ ဝင်ရောက်လာနိုင်ခဲ့လေသည်။
ဆန်းလျန်နှင့် ရှော့ရှီ ထိုက်ယီတောင်ထိပ်သို့ ရောက်ရှိလာခဲ့လေသည်။
ကူးချိုင်ဝေ့က သူတို့နှစ်ယောက်ကို အသင့်စောင့်ကြိုနေလေသည်။ ဆန်းလျန်နှင့် ကူးချိုင်ဝေ့မှာ ထိုက်ရှီးနည်းဗျူဟာကျင့်ကြံကြသူများဖြစ်သည့်အတွက် စိတ်ချင်းဆက်သွယ်မှုရှိလေသည်။
ရှော့ရှီလေးက နူးညံ့သိမ်မွေ့ပုံရသည့် ကူးချိုင်ဝေ့ကို စိတ်ဝင်တစားကြည့်နေလေသည်။
ကူးချိုင်ဝေ့သည် တောင်ပေါ်မှ ရေပူစမ်းလေးအလား နွေးထွေးလှလေသည်။ ထို့အတူ တိတ်ဆိတ်သည့်ဝါးရုံတောလေးထဲသို့ ဖြာကျနေသည့် လရောင်လေးအလားလည်း သိမ်မွေ့လှလေသည်။

ကူးချိုင်ဝေ့က ပြုံးလိုက်ရင်း…

“ဒါဖြင့် သူက မောင်လေးရဲ့တူမလေးပေါ့၊ မင်းနဲ့တော်တော်တူတာပဲ”

ဆန်းလျန်က ရှော့ရှီလေးကို ကူးချိုင်ဝေ့နှင့် မိတ်ဆက်ပေးလိုက်သည်။

“ဒါက ဒေါ်လေးကူးချိုင်ဝေ့တဲ့၊ ဦးဦးရဲ့ ဂိုဏ်းတူအစ်မပေါ့”

ရှော့ရှီလေးက သွက်လက်စွာဖြင့်ပင် ချက်ချင်းပြန်နှုတ်ဆက်လိုက်သည်။

“မင်္ဂလာပါ ဒေါ်လေးကူး၊ ဒေါ်လေးကအရမ်းလှတာပဲ”

“မမရှောင်ယွီလိုပဲ အရမ်းလှတယ်”

ရှော့ရှီက ဆက်ပြောလိုက်သည်။

ရှော့ရှီလေး၏ စကားကြောင့် ကူးချိုင်ဝေ့ မနေနိုင်တော့ဘဲ ရယ်မောလိုက်မိလေသည်။

“ဆန်းလျန်ရယ် ၊ ရှောင်ယွီနဲ့ ထပ်တွေ့ကြသေးတာလား ၊ နောက်တစ်ခါ သူနဲ့တွေ့ရင် သူက မင်းတူမလေးရဲ့ ဒေါ်လေး အသစ်တော်ရတော့မယ်ထင်တယ်"

ဆန်းလျန်က ချောင်းတစ်ချက်ဟန့်လိုက်ရင်း...

"အစ်မ ၊ လျှောက်စ မနေနဲ့တော့ ၊ ဒါနဲ့ ဆရာဘွားဘွားရော ဘယ်လိုနေသေးလဲ"

ကူးချိုင်ဝေ့က မျက်နှာပိုးသတ်လိုက်ရင်း...

"ဆရာဘွားဘွား တံခါးပိတ်ကျင့်ကြံနေတာ အပြင်တော့ ထွက်မလာသေးဘူး ၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ ဆရာဘွားဘွား အများကြီး သက်သာလာပါပြီ ၊ ဒဏ်ရာက ပြင်းထန်ပေမယ့် မပျောက်နိုင်တဲ့ ဒဏ်ရာမျိုးတော့ မဟုတ်ပါဘူး ၊ အော်... ပြီးတော့ ထိုက်စုနတ်ဘုရားဂိုဏ်းက တပည့်တစ်ယောက်နဲ့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက တပည့်တစ်ယောက် လက်ဆက်ပေး

ပြီး ဂိုဏ်းနှစ်ဂိုဏ်း ပူးပေါင်းသွားတဲ့သတင်းက ကျင့်ကြံသူ
လောကမှာ ဟိုးလေးတကြော်ကိုဖြစ်နေတာပဲ"
ထိုက်စုနတ်ဘုရားဂိုဏ်းမှာ နှစ်ပေါင်းတစ်သောင်းကျော်ကြာ
ထင်ရှားကျော်ကြားခဲ့သည့် အဓိကနတ်ဘုရားဂိုဏ်းကြီးတစ်ခု
ဖြစ်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာလည်း လက်ရှိ
အချိန်တွင် တန်ခိုးစွမ်းအားမြင့်မားနေလေ သည်။ ထို့ကြောင့်
ထိုက်စုနတ်ဘုရားဂိုဏ်းနှင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်း
ပူးပေါင်းသည့် သတင်းကြားရသည့်အခါ ကျင့်ကြံသူလောက
တစ်ခုလုံးကို တုန်လှုပ်သွားကြရခြင်း ဖြစ်လေသည်။
ထိုက်စုနတ်ဘုရားဂိုဏ်းတွင် နတ်ဘုရားသုံးပါးရှိပြီး ကွမ်းချင်း
နတ်ဘုရားဂိုဏ်းတွင် နတ်ဘုရားငါးပါး ရှိလေသည်။ ဂိုဏ်းနှစ်
ဂိုဏ်းပေါင်းလျှင် နတ်ဘုရားရှစ်ပါး ဖြစ်သွားမည်ဖြစ်လေ
သည်။ နတ်ဘုရားရှစ်ပါး ပေါင်းစည်းသည့်အင်အားမှာ

ကြောက်စရာကောင်းလွန်းလှပြီး ရွှမ်ထျန်းဂိုဏ်းကိုပင် စိန်ခေါ်နိုင်မည့် အနေအထားဖြစ်လေသည်။

“ကျွန်တော့်ကြောင့် ဖြစ်ရတာပါ”

ဆန်းလျန်သက်ပြင်းချရင်း ပြောလိုက်သည်။

ဆန်းလျန်က ရှော့ရှီလေးကို ထိုက်စုနတ်ဘုရားဂိုဏ်းမှ ကယ်တင်ခဲ့သည့်အဖြစ်အပျက်များ အားလုံးကို ကူးချိုင်ဝေ့ကို စိတ်စွမ်းအားအသုံးပြုကာ သတင်းပို့ပြီးပြီဖြစ်လေသည်။

ထို့ကြောင့် ကူးချိုင်ဝေ့ကလည်း ဖြစ်ကြောင်းကုန်စင်ကို သိထားလေသည်။

သို့သော် ကူးချိုင်ဝေ့က မောင်ငယ်ဖြစ်သူကို အပြစ်တင်ခြင်းအလျဉ်းမရှိခဲ့ပါ။

“မင်းနေရာမှာ အစ်မဆိုလည်း ဒီလိုပဲလုပ်မိမှာပါပဲ ၊ ပြီးတော့ ဆရာဘွားဘွားလီချင်းဆွေနဲ့ ဆရာဘွားဘွားကျိုလင်တို့ ငယ်ငယ်တုန်းကဆိုရင် မင်းထက်တောင် ပြဿနာရှာကြသေးတယ်

၊ ဆရာသခင်ပိယွင်ပြောပြတာအရဆိုရင် ဆရာဘွားဘွားချင်း

ဆွေက ငယ်ငယ်တုန်းက လူမှုန်းများသလားမမေးနဲ့၊

လောကနတ်ဘုရားဆယ်ပါးလောက် သူ့ဆီရောက်လာပြီး

ပြဿနာလာရှင်းကြတဲ့အထိပဲ ၊ ကောင်းတဲ့နတ်ဘုရားတွေရော

၊ ဆိုးတဲ့နတ်ဘုရားတွေရောပဲတဲ့ ၊ ဒါပေမယ့် အစ်မတို့ချင်းရွှမ်

နတ်တံခါးက အားလုံးကို ဖြေရှင်းနိုင်ခဲ့ပါတယ်”

ဆန်းလျန်မှာ ဆရာဘွားဘွားလီချင်းဆွေအကြောင်းကို

မှတ်တမ်းစာပေများထဲတွင် များစွာဖတ်ဖူးလေသည်။ သို့သော်

လောကနတ်ဘုရားဆယ်ပါးဖြင့် ပြဿနာတက်သည့်

အကြောင်းကိုတော့ ယခုမှသာ ကြားဖူးခြင်း ဖြစ်လေသည်။

“ဒီအကြောင်း အခုမှပဲကြားဖူးတော့တယ်”

ဆန်းလျန်က ပြောလိုက်သည်။

“အချို့ကိစ္စတွေက စာအုပ်တွေထဲမှာ ရေးမထားဘူးလေ ၊

အချို့လျှို့ဝှက်စာအုပ်တွေကလည်း ဆရာဦးလေးယန်ရှီး

ကြောင့် ဖျက်စီးခံလိုက်ရသေးတယ်၊ မင်းက ချင်းရှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်ဆိုတော့ အစ်မထက်ပိုပြီး ဗဟုသုတကြွယ်ဝပါတယ်၊ မင်းသာ နတ်ဘုရားတစ်ပါးဖြစ်သွားရင် ထျန်းတိကျန်းကနေတစ်ဆင့် အတိတ်နဲ့အနာဂတ်ကို သိမြင်နိုင်လိမ့်မယ်၊ ဒါဆိုရင် လောကမှာ မင်းမသိတဲ့အရာ ဘာမှ မရှိတော့ဘူး"

ကူးချိုင်ဝေ့က ပြုံးရင်း ပြောလိုက်သည်။

ဆန်းလျန်က ထျန်းတိကျန်းအကြောင်းကို အခြားသူများထက်ပိုသိသူ ဖြစ်လေသည်။ ထျန်းတိကျန်းသည် ချင်းရှမ်နတ်တံခါး၏ အဖိုးအတန်ဆုံးသော မော်ဝင်ပစ္စည်းဖြစ်လေသည်။ သို့သော် ဆရာသခင်ကျန်းရော့ရှီး၏ လက်ထက်တွင်ပင် ထျန်းတိကျန်း၏ စွမ်းအားအကုန်လုံးကို ထုတ်ဖော်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ထို့ပြင် ထျန်းတိကျန်းသည် ပြီးပြည့်စုံမှုလည်း မရှိသေးပေ။

ဆန်းလျန်က…

“ကျွန်တော် ကျင့်စဉ်ကျင့်ကြံဖို့လိုသေးတယ်၊ ခု

လောလောဆယ်မှာတော့ အများကြီးသိထားလည်း ဘာမှလုပ်

လို့မရသေးပါဘူး”

“အမှန်ပဲ၊ ပြီးတော့ ဆရာဘိုးဘိုးက မင်းဒီနေ့ပြန်ရောက်လာ

မယ်လို့ပြောနေတယ်၊ သူက မင်းပြန်လာတာနဲ့ သူ့ကိုတွေ့ဖို့လာ

ခဲ့ပါလို့ မှာခိုင်းထားတယ်"

ကူးချိုင်ဝေ့က ပြန်ပြောလိုက်သည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း…

“အခုပဲသွားလိုက်ပါ့မယ်"

ဆရာဘိုးဘိုးဆိုသည်မှာ ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ နတ်

ဘုရားအဘိုးအိုကို ပြောခြင်းဖြစ်လေသည်။

ထိုနတ်ဘုရားအဘိုးကြီးမှာ အလွန်မှ ရှေးကျပြီဖြစ်သည့် နတ်

ဘုရားကြီးတစ်ပါးဖြစ်လေသည်။ သူ၏နာမည်ကိုပင် မည်သူမျှ

မမှတ်မိကြတော့ပေ။ သို့သော် ချင်းရှမ်နတ်တံခါး၏မှတ်တမ်း များတွင်တော့ ထိုနတ်ဘုရားအဘိုးအိုကို "ထျန်းယန်စန်းကျွင်း ဘိုးဘိုး" ဟု ခေါ်ကြလေသည်။

သို့သော် ဆရာဘိုးဘိုးက ထိုနာမည်ကို ခေါ်ဆိုခြင်းမပြုရန် တားမြစ်ထားလေသည်။ ဆရာဘိုးဘိုးသည် ထိုနာမည်ကို ကြားရလျှင် အတိတ်ဆိုးများကို ပြန်လည်အမှတ်ရဟန်ရှိလေ သည်။

ကျီဖူတောင်ထိပ်…

ထိုက်ဝေ့ထိုင် ခန်းမဆောင်….

"လူကလေးဆန်းလျန်၊ မင်းတောင် ဖော့ဝမ့်အဆင့် တက် ရောက်နိုင်ခဲ့ပြီပဲ၊ အဲဒီတော့ ဘယ်လိုခံစားရလဲ"

နတ်ဘုရားအဘိုးအိုက သူ၏အိပ်ငိုက်နေဟန်ရှိသည့် မျက်လုံး များကိုဖွင့်ကြည့်ရင်း မေးလိုက်လေသည်။

ဆန်းလျန်သည် နတ်ဘုရားအဘိုးအိုကို မြင်လိုက်ရသည့်အခါ

များစွာ အံ့သြသွားရလေသည်။

အဘိုးအို၏ဆံပင်ဖြူများမှာ အတော်များများ ကျွတ်နေပြီ

ဖြစ်သည်။ မျက်ခုံးမွေးများမှာလည်း တစ်ဝက်တစ်ပျက်

ပျောက်ကွယ်နေလေသည်။ ထို့ပြင် အဘိုးအိုသည် များစွာ

ပိန်သွားပြီး ငရဲမှ တစ္ဆေတစ်ကောင်အလား ကြောက်မက်

ဖွယ်ရာ ပုံသဏ္ဌာန်ဖြစ်နေလေသည်။

ဆန်းလျန်က အဘိုးအိုကို ရိုသေစွာ ဦးညွှတ်လိုက်ရင်း...

"ဆရာဘိုးဘိုး ၊ ဘာများဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။

အဘိုးအိုကတော့ သူ့အခြေအနေကို စိတ်အနှောက်အယှက်ဖြစ်

သည့်ပုံ မပေါ်ပေ။

သူက အေးဆေးသည့်လေသံဖြင့်...

“ကျင့်စဉ်လမ်းအစစ်ဆေးခံရတာပဲ ၊ ကျုပ်က ဒါကိုရှေ့ဆိုင်းထားခဲ့ပေမယ့် နောက်ဆုံးတော့ရောက်လာခဲ့ပြီ ၊ ဒါပေမဲ့ နတ်ဘုရားပေါင်းများစွာမှာ ကျုပ်အဆင့်ကို ဘယ်သူမှ မရောက်နိုင်ကြဘူး”

"လောကနတ်ဘုရားတွေကလည်း ဒီလို ဘေးအန္တရယ်တွေနဲ့ အစစ်ဆေးခံရတာပဲလား"

ဆန်းလျန်က မေးလိုက်သည်။

ဆန်းလျန်အမေးကြောင့် နတ်ဘုရားအဘိုးအိုက ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

"ကျုပ်က အသက်လည်း ကြီးမလာသလို သေလည်းမသေနိုင်ဘူး ၊ ဒါပေမယ့် ကျုပ်က မိုးနဲ့မြေကိုလည်း စွန့်ခွာသွားလို့ မရဘူး ၊ ဒီ ဘေးအန္တရယ်က နှစ်ပေါင်းများစွာ မိုးနဲ့မြေမှာ နေခဲ့တဲ့ အတွက်ကြောင့် ရင်ဆိုင်ရတဲ့ ကံတရားပါပဲ"

အဘိုးအိုစကားကြောင့် ဆန်းလျန် ငြိမ်သက်သွားလေသည်။ နတ်ဘုရားအဘိုးအို၏ စကားမှာ မှန်ကန်လေသည်။ ကျင့်ကြံသူတစ်ယောက်သည် မိုးမြေကို နာခံလျှင် လူသားတစ်ယောက်မျှသာ ဖြစ်ပေမည်။ မိုးမြေကို ဆန့်ကျင်လျှင်တော့ နတ်ဘုရားတစ်ပါးဖြစ်လာပေလိမ့်မည်။

လူသားရယ်လို့ ဖြစ်လာပါက မွေး ၊ အို ၊ နာ ၊ သေ သံသရာ စက်ဝန်းမှ လွတ်မည် မဟုတ်ပေ။ နောက်ဆုံး မြေမှုန့်ဘဝဖြင့် အဆုံးသတ်ရမည် ဖြစ်လေသည်။

သို့သော် ကျင့်ကြံသူများကတော့ မိုးမြေစွမ်းအားနှင့် အသက်ဓာတ်စွမ်းအားများကို စုပ်ယူကာ ထာဝရအသက်ကိုရရှိအောင် ကျင့်ကြံခဲ့ကြလေသည်။ သို့သော် လူသားက သဘာဝတရားကို ဆန့်ကျင်ကာ ထာဝရအသက်ရအောင် ကျင့်ကြံသည့်အတွက် မိုးနှင့်မြေတွင် ဆိုးကျိုးကို ဖြစ်ပေါ်စေလေသည်။

လောကနတ်ဘုရားများက အိုခြင်း ၊ သေခြင်း ကင်းဝေးသလို တန်ခိုးစွမ်းအားများကလည်း အဆုံးမရှိကြီးမားလေသည်။ သူတို့၏ မိုးနှင့်မြေကိုဆန့်ကျင်ခြင်းသည် သဘာဝတရားကြီးကို ဓားထက်ထက်များဖြင့် ဖျက်စီးနေသကဲ့သို့ ဖြစ်လေသည်။

ထို့ကြောင့် နန်ဟွာကျမ်းစာတွင် ရေးသားထားသည်မှာ -

"ကျင့်ကြံသူတွေ အသက်ရှင်နေသရွေ့ သဘာဝတရားများကို ခိုးယူနေကြဦးမည်"

ဟူ၍ဖြစ်လေသည်။

နတ်ဘုရားအဘိုးအိုက ဆက်ပြောလေသည်။

"ဖော့ဝမ့်အဆင့်အောင်မြင်ပြီးရင် မူလဝိညာဉ်ခန္ဓာကို ရလိမ့်မယ် ၊ မူလဝိညာဉ်ခန္ဓာရပြီးတဲ့နောက်ပိုင်း ကျင့်စဉ်လမ်းမှာ အစစ်ဆေးခံရတဲ့ ဘေးအန္တရာယ်သုံးခုရှိတယ် ၊ စစ်ဆေးခံရမှု ပြီးတိုင်း မင်းကိုယ်မင်း ပိုပြီးအားကြီးလာမယ်လို့တော့ ဘယ်တော့မှ မမျှော်လင့်လေနဲ့ ၊ အဲဒီလို စစ်ဆေးခံရမှုတွေ မင်း

တကယ်တမ်းရင်ဆိုင်ရပြီဆိုရင် ကျုပ်ကို လာတိုင်ပင်လို့ရပါတယ်၊ ကျုပ်မရှိတော့ဘူးဆိုရင် ကျိုလင်ကို မေးကြည့်ပါ၊ ကျင့်စဉ်လမ်းနဲ့ပတ်သက်ရင် နောက်ပိုင်းကျ ကျိုလင်က ကျုပ်ထက်တောင် သာချင်သာသွားဦးမှာ၊ ခုချိန်မှာတော့ ဒီအကြောင်းတွေကို မင်းကိုပြောပြလို့မရသေးဘူး၊ ဒါနဲ့ ဒီတစ်ခေါက် အပြင်ကိုသွားတော့ ယန်ရှီးနဲ့ တွေ့ခဲ့တယ်မဟုတ်လား" နတ်ဘုရားအဘိုးအိုက စကားလမ်းကြောင်းပြောင်းကာ ယန်ရှီးအကြောင်းကို ပြောလိုက်လေသည်။

"သူက ချင်းရှမ်နတ်တံခါးအကြောင်း အကုန်သိထားတဲ့သူပဲ၊ ကျွန်တော် သူ့ကို နိုင်အောင် မတိုက်ခိုက်ခဲ့နိုင်ဘူး"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"မင်းလား သူ့ကိုနိုင်အောင် တိုက်နိုင်မှာ၊ မင်းသာ သူ့ကို နိုင်အောင်တိုက်နိုင်ရင် ကျိုလင်တောင် သူ့ကိုယ်သူ သတ်သေသွားဦးမယ်၊ သူနဲ့ရင်ဆိုင်ရလို့ မင်းသိပ်အများကြီး ဒဏ်ရာရမသွား

တာပဲ ကျေးဇူးတင်ရမယ် ၊ ဒါပေမယ့် ယန်ရှီး မင်း

အသက်အရွယ်လောက်တုန်းက မင်းလောက်မတော်ပါဘူးကွာ"

စကားပြောလေ့မရှိသော အဘိုးအိုသည် ယခုတစ်ကြိမ်တွင်

တော့ စကားများစွာ ပြောနေလေသည်။

ဆန်းလျန်မှာ အဘိုးအိုကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေလေ

သည်။

အဘိုးအို၏ပုံစံမှာ များစွာပြောင်းလဲနေပြီး သေခါနီးလူတစ်

ယောက်အလား ထင်မှတ်ရလေသည်။

"နေပါဦး ၊ ကျုပ်က သေခါနီးမို့လို့ စကားတွေအများကြီးပြော

နေတယ်လို့ မင်းက တွေးနေတာလား"

အဘိုးအိုက ဆန်းလျန်၏စိတ်ကို သိနေသည့်အလား

မေးခွန်းထုတ်လိုက်သည်။

"ဆန်းလျန် မထင်ရဲပါဘူး"

ဆန်းလျန်က ပြာပြာသလဲ ပြန်ဖြေလိုက်သည်။

ဆန်းလျန်အဖြေကြောင့် အဘိုးအိုက ရယ်မောလိုက်လေသည်။ အဘိုးအိုမှာ အလွန်ပိန်လှီနေသည့်အတွက် သူရယ်လိုက်သည့်အခါ ပါးရိုးများမှာ ငေါထွက်လာလေသည်။ အဘိုးအို၏အပြုံးမှာ ကြောက်မက်ဖွယ်ရာဖြစ်နေသော်လည်း ဆန်းလျန်က ကြောက်ရွံ့မိခြင်းမရှိပါ။

"အောင်မြင်မှုရသွားတဲ့အချိန်ကျတော့ အောင်မြင်မှုရအောင် ကြိုးစားခဲ့ရတာတွေကို မေ့သွားကြတာပေါ့ကွာ ၊ သေခြင်းတရားကကြောက်စရာကောင်းတယ်လို့ မင်းကထင်နေတယ် ၊ ဘာဖြစ်လို့လဲဆိုတော့ သေခြင်းတရားရဲ့နိယာမကို မင်းက မသိသေးလို့ပဲ ၊ ကျုပ်လည်း မသိခဲ့ဘူးကွ ၊ ဒါကြောင့်လည်း ကျုပ်က ရော့ရှီးနဲ့ ယန်ရှီးကို နာကျင်စေခဲ့မိတယ် ၊ ခုချိန်မှာ မင်းကို နာကျင်အောင် မလုပ်မိတာပဲ ကျေးဇူးတင်ရဦးမယ်"

နတ်ဘုရားအဘိုးအို၏ စကားများနောက်ကွယ်တွင် အဓိပ္ပါယ်များစွာရှိသည်ဟု ဆန်းလျန် ခံစားလိုက်မိလေသည်။ ဆန်းလျန်

က အဘိုးအိုကို မေးကြည့်မည်ဟု ကြံရွယ်လိုက်မိစဉ်မှာပင် အဘိုးအိုက ဆန်းလျန်ဆီသို့ လက်ညိုးတစ်ချက် ညွှန်ပြလိုက်လေသည်။

မိုးမြေတစ်ခုလုံး ချာချာလည်သွားပြီး ဆန်းလျန်သည် မွှေးရနံ့များသင်းပျံ့နေသည့် မက်မွန်တောတစ်ခုအတွင်းသို့ ရောက်ရှိသွားလေတော့သည်။

အခန်း (၂၈၆) နတ်ဘုရားအဘိုးအိုထွက်ခွာသွားပြီ

"ဆရာဘိုးဘိုး ၊ ကျွန်တော့်ကို ဘာလို့ ဒီနေရာကိုပို့လိုက်တာလဲ"

ဆန်းလျန်က မေးလိုက်သည်။

"အဲဒီနေရာက အရင်တုန်းက ဆရာသခင်လီချင်းဆွေနေခဲ့တဲ့နေရာပဲ ၊ သူမ လောကကို ကျော်လွန်သွားတဲ့အချိန်မှာ သူမက အဲဒီနေရာကို သီးခြားဗလာနယ်တစ်ခုအဖြစ် ပြောင်းလဲပေးခဲ့တယ် ၊ ဒီနေရာဟာ နတ်ဘုရားတွေ တရားအလင်းပွင့်ရာနယ်မြေလို့ ပြောလို့ရတယ် ၊ မင်းကိုယ်မင်း အစစ်အမှန်ဘယ်သူလဲဆိုတာ သိမြင်လာတဲ့အချိန်ကျရင် အဲဒီနေရာက ထွက်လာလို့ရလိမ့်မယ်"

နတ်ဘုရားအဘိုးအို၏ စကားသံကို ကြားနေရလေသည်။

သို့သော် ထိုအသံက မည်သည့်နေရာက ထွက်လာသည်မှန်း မသိရပေ။

"ကျွန်တော့်အတွက်က အဆင်ပြေပါတယ် ၊ ဒါပေမယ့် ကျွန်တော့်တူမလေး ရှော့ရှီတော့ ဒုက္ခရောက်တော့မှာပဲ ၊ ကျွန်တော် ဆယ်နှစ်နေလို့မှ ထွက်လာလို့မရရင် ကျွန်တော့်တူမလေးတော့ ပြီးသွားနာပဲ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

နတ်ဘုရားအဘိုးအိုက ရယ်မောလိုက်ရင်း...

"ဒါဆိုလည်း မြန်မြန်ထွက်လာနိုင်အောင် ကြိုးစားပေါ့"

နတ်ဘုရားအဘိုးအို စကားဆုံးသွားသည်နှင့် နေရာတစ်ခုလုံးမှာ တိတ်ဆိတ်သွားလေသည်။ ဆန်းလျန်မည်မျှပင် အော်ခေါ်သော်လည်း သူ၏အသံကိုသာ ပဲ့တင်ထပ်ပြီး ပြန်ကြားနေရလေသည်။

နတ်ဘုရားအဘိုးအိုက သူ့ကို အန္တရယ်ပေးမည့်သူ မဟုတ်မှန်း ဆန်းလျန်သိပါသည်။

သို့သော် ဤနေရာမှ ထွက်ခွာသွားရန်မှာတော့ မည်သူ့ကိုမှ အားကိုး၍မရတော့ပေ။ သူ့အစွမ်းအစကို အသုံးပြုပြီး ကြိုးစားရတော့မည် ဖြစ်လေသည်။

....

ထိုက်ဝေ့ထိုင်ခန်းမဆောင်တံခါးဝတွင် နတ်ဘုရားအဘိုးအို ရပ်နေလေသည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင် အပြင်ဘက်တွင်တော့ ရှော့ရှီလေးရှိနေလေသည်။

ရှော့ရှီက အဘိုးအိုကို ကြည့်ပြီး မေးလိုက်သည်။

"ဘိုးဘိုးကြီး ၊ သမီးရဲ့ဦးလေးကို ဘယ်နေရာကို ပို့လိုက်တာလဲ"

အဘိုးအို၏ မျက်နှာမှာ အရိုးများငေါထွက်နေပြီး ကြောက်စရာကောင်းအောင် ပိန်လှီနေသည့်တိုင် ရှော့ရှီက ကြောက်လန့်ခြင်းမရှိပါ။ သူမက စမ်းချောင်းလေးကဲ့သို့ကြည်လင်သည့် မျက်ဝန်းများဖြင့် အဘိုးအိုကို စိုက်ကြည့်နေလေသည်။

အဘိုးအိုက ပြုံးလိုက်ရင်း...

"တစ်နေရာကိုပေါ့ကွယ်..."

"အဲဒီနေရာက ဘယ်မှာလဲ"

ရှော့ရှီက ထပ်မေးလိုက်လေသည်။

အဘိုးအိုကပြုံးရုံသာပြုံးနေပြီး သူမကို စကားပြန်မပြောပေ။

ရှော့ရှီက အဘိုးအိုကို အေးစက်စွာစိုက်ကြည့်နေလေသည်။

သူမ၏ အကြည့်များကြောင့် ထိုက်ဝေ့ထိုင်ခန်းမဆောင်တစ်ခု လုံးပင် အေးစက်လာသယောင် ထင်ရလေသည်။

သူမ၏မျက်ဝန်းများတွင် ငွေရောင်အလင်းတန်းလေးများ ဖြာထွက်နေလေသည်။ သူမကို ကြည့်ရသည်မှာ ကောင်းကင် ကိုးခုမှ မြင့်မြတ်လှသည့် နတ်ဘုရားတစ်ပါးနှင့်ပင်တူလေ သည်။

ပြင်းထန်လွန်းသည့်စိတ်အာရုံစူးစိုက်မှုကြောင့် သူမ၏မျက်ခုံး နှစ်ခုကြားတွင် လှိုင်းများပင် ထနေလေသည်။ သူမဆီမှ ထူးဆန်းလွန်းသည့် အငွေ့အသက်များ ထွက်ပေါ်လာပြီး သူမ၏ရှေ့တွင် ရေစက်များကဲ့သို့ အရာများ ပေါ်ထွက်လာလေ သည်။

ရှော့ရှီက သူမ၏လက်ဖဝါးများကို အသာဖြန့်လိုက်ပြီး ထို ရေစက်များကို အသာစုပ်ကိုင်လိုက်လေသည်။ ရေစက်များမှာ ငွေရောင်မီးတောက်များအသွင်သို့ ကူးပြောင်းသွားလေသည်။

ငွေရောင်မီးတောက်များမှ အပူငွေ့ကို မခံစားရပါ။ သို့သော် သေခြင်းတရားအငွေ့အသက်များကတော့ ထွက်ပေါ်နေလေသည်။

ရော့ရှီ၏ပုံသဏ္ဍာန်မှာ ထူးခြားဆန်းကျယ်နေလေသည်။ ငွေရောင်မီးတောက်များက သူမ၏လှပသည့် မျက်နှာတွင် အရိပ်ထင်နေလေသည်။ သို့သော် သူမ၏မျက်နှာကတော့ ရေခဲတမျှအေးစက်နေလေသည်။ သူမအသက်အရွယ်မိန်းကလေးများနှင့် မသင့်တော်လှသည့် မျက်နှာထားမျိုးဖြစ်လေသည်။

သူမသည် ရော့ရှီပင်ဖြစ်သည့်တိုင် ပိုပြီး အသက်ကြီးလာသယောင်ထင်ရလေသည်။ သူမလက်ထဲမှ ငွေရောင်မီးတောက်ဖြင့် ထိုက်ဝေ့ထိုင်ခန်းမဆောင်ကြီးတစ်ခုလုံးကို ပြာချပစ်တော့မည့်အလားပင်။

"သမီးရဲ့ဦးလေး ဘယ်ရောက်သွားတာလဲ"

သူမက အေးစက်စွာဖြင့်မေးလိုက်သည်။

ဆန်းလျန်က သူမကို ထိုက်ဝေ့ထိုင်သို့ ခေါ်လာရသည့်ရှယ်ရှယ်ချက်မှာ နတ်ဘုရားအဘိုးအိုထံတွင် သူမအတွက် အကူအညီတောင်းရန် ဖြစ်လေသည်။ သို့သော် ဆန်းလျန် အကူအညီ မတောင်းလိုက်နိုင်မီမှာပင် ဗလာနယ်တစ်ခုထဲသို့ အဘိုးအိုက ပို့ဆောင်လိုက်ခြင်းဖြစ်လေသည်။

နတ်ဘုရားအဘိုးအိုမှာ ရော့ရှီလေး၏ ထူးဆန်းသည့်ပုံစံကြောင့် အံ့သြသွားခြင်းမရှိပါ။ သူက မိန်းကလေးငယ်ကို အေးဆေးစွာပင် မေးခွန်းထုတ်လိုက်သည်။

"ဘိုးဘိုးက မပြောဘူးဆိုရင် သမီးက ဒီနေရာကို မီးရှို့ပစ်တော့မလို့လား"

"ဟုတ်တယ် ၊ သမီး မီးရှို့ပစ်မှာ"

ရော့ရှီက ပြန်ပြောလိုက်သည်။

အဘိုးအိုက ပြုံးလိုက်ရင်း...

"ဒါဖြင့်လည်း လုပ်ပေတော့..."

ရော့ရှိ၏ လက်များမှာ တုန်နေလေသည်။ သူမကိုယ်သူမလည်း ထူးဆန်းသည်ဟု ခံစားနေရလေသည်။ သို့သော် သူမသည် ရော့ရှိသာဖြစ်ပြီး အခြားသူတစ်ယောက်တော့ မဟုတ်သေးပေ။

တစ်ချိန်တည်းမှာပင် မမြင်ရသည့် တည်ရှိမှုတစ်ခုက သူမကို ထိန်းချုပ်နေသလို ခံစားနေရလေသည်။ သူမကို ထိန်းချုပ်နေသည့် စွမ်းအားများမှာ သူမ၏ဦးလေးနှင့်ပင် တန်ခိုးစွမ်းအားချင်း တူညီလေသည်။

နတ်ဘုရားအဘိုးအိုမှာ ဆန်းလျန်၏ ဆရာဘိုးဘိုးဖြစ်ကြောင်း သူမ သိလေသည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာလည်း ချင်းရွှမ်နတ်တံခါး၏ အရေးပါသည့် နေရာတစ်ခုဖြစ်ကြောင်း သူမသိထားလေသည်။ သူမ၏ဦးလေးမှာလည်း ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်ကြောင်းလည်း သူမသိထားလေသည်။ သူမ

အနေဖြင့် ထိုက်ဝေ့ထိုင်ခန်းမဆောင်ကို မီးရှို့မပစ်သင့်ပေ။

သို့သော် အဘိုးအိုက သူမ၏ဦးလေး မည်သည့်နေရာတွင်ရှိ

သည်ကို ပြောမပြသည့်အတွက် ရော့ရှီမှာ အလွန်မှ ဒေါသ

ထွက်နေလေသည်။ ဒေါသစိတ်ကြောင့်သာ စိတ်လိုက်မာန်ပါ

လုပ်နေခြင်း ဖြစ်လေသည်။

နတ်ဘုရားအဘိုးအိုသည် သူမ၏ဦးလေးကို ဒုက္ခပေးမည့်သူမ

ဟုတ်ကြောင်း သူမသိထားလေသည်။ သို့သော် သူမ၏

ဦးလေးတစ်ခုခုဖြစ်သွားမည်ကို သူမ အလွန်စိတ်ပူနေမိလေ

သည်။

သူမ၏ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းနှင့် စိတ်ခံစားချက်များ

ရှုတ်ထွေးကုန်သည့်အတွက် သူမကိုယ်တွင်းမှ ဖုံးကွယ်နေ

သည့်တန်ခိုးစွမ်းအားများ နိုးထလာခြင်းပင်ဖြစ်လေသည်။

သူမကျင့်ကြံခဲ့သည့် ကိုယ်တွင်းမှ တန်ခိုးစွမ်းအားသည် သိပ်ပြီး အားကောင်းခြင်းမရှိသေးပေ။ သို့သော် သူမ၏ ဝိညာဉ်စွမ်းအားကတော့ အလွန်ပြင်းထန်လေသည်။

နတ်ဘုရားအဘိုးအိုက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။ ထို့နောက် သူက လက်ညှိုးနှင့် လက်ခလယ်ကို ရှော့ရှီထံသို့ ညွှန်ပြလိုက်လေသည်။ အဘိုးအိုထံမှ ငွေရောင်မီးတောက်တစ်ခု ထွက်ပေါ်လာပြီး ရှော့ရှီ၏လက်ဖဝါးထက်မှ ငွေရောင်မီးတောက်ကို သူ၏ကိုယ်ထဲသို့ ပြောင်းယူလိုက်လေသည်။

ရှော့ရှီ၏ လက်ဖဝါးများထက်မှ ငွေရောင်မီးတောက်မှာ အဘိုးအို၏လက်များနှင့်ထိတွေ့သွားသည်နှင့် ပိန်လှီလွန်းလှသည့် အဘိုးအို၏ခန္ဓာကိုယ်တစ်ခုလုံးမှာ လင်းထိန်သွားလေသည်။ အဘိုးအိုမှာ မီးတောက်ကြောင့် တောက်ပလင်းထိန်နေသည့်တိုင် မီးလောင်ကျွမ်းသွားခြင်းမရှိပေ။ အဘိုးအိုမှာ သန့်စင်သည့်မီးတောက်တစ်ခုအလားဖြစ်နေပြီး အသားအရေများမှာ

ဖန်သားအလား ကြည်လင်နေကာ အရိုးများကိုပင် မြင်တွေ့နေရလေသည်။

ရော့ရှီမှာ အဘိုးအို၏ တန်ခိုးစွမ်းအားကို မခံနိုင်ဘဲ နောက်သို့ဆုတ်လိုက်ရင်း မြေပြင်ပေါ်သို့ နောက်ပြန် လဲကျသွားလေသည်။ သူမသည် အော်ဟစ်ငိုယိုလေတော့သည်။

နတ်ဘုရားအဘိုးအိုက ပြုံးလိုက်ရင်း...

"ဘာလို့ငိုနေတာလဲကွယ် ၊ ဘိုးဘိုးအပြင်မထွက်တာ သိပ်ကြာနေပြီ ၊ လာ... ဘိုးဘိုးနဲ့အဖော်ပြုပြီး လမ်းလျှောက်ထွက်ကြရအောင်လား"

အဘိုးအိုက ရော့ရှီလေး၏ လက်ကိုဆွဲကာ ထူလိုက်လေသည်။ ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံး လှိုင်းများ ထလာပြီး အဘိုးအိုနှင့် မိန်းကလေးငယ်လေးတို့သည် ချင်းရှမ်နတ်တံခါးရှိ ထိုက်ဝေ့ထိုင်ခန်းမဆောင်ရှေ့မှ ပျောက်ကွယ်သွားကာ ပင်လယ်ကမ်းခြေတစ်ခုသို့ ရောက်ရှိသွားကြလေတော့သည်။

ဆန်းလျှန်သာရှိမည်ဆိုလျှင် ရှော့ရှီလေး၏ မီးတောက်ကို စုပ်ယူလိုက်သည့် လင်းလက်နေသည့် အဘိုးအို၏ ခန္ဓာကိုယ်တွင်းမှ မီးတောက်ကို တွေ့မြင်ရမည်ဖြစ်လေသည်။ ထိုမီးတောက်မှာ အလွန်စွမ်းအားကြီးမားသည့် "သမာဓိမီးတောက်" တန်ခိုးစွမ်းအားပင် ဖြစ်လေသည်။

ဒဏ္ဍာရီများအရဆိုလျှင် ထိုမီးတောက်ကို ကျင့်ကြံနိုင်သူနှစ်မျိုးသာရှိလေသည်။ပထမတစ်မျိုးမှာ မိုးကောင်းကင်နတ်ဘုရားမျိုးနွယ်များဖြစ်လေသည်။ ဒုတိယတစ်မျိုးမှာသမာဓိမီးတောက်ကို ကျင့်ကြံနိုင်ရန် ပင်ကိုယ်ပါရမီပါလာသူများ ဖြစ်လေသည်။

သမာဓိမီးတောက်တန်ခိုးစွမ်းအားကို ကျင့်ကြံထားသူအားတော်ရုံလူက ယှဉ်နိုင်မည်မဟုတ်ပေ။ ထိုမီးတောက်ဖြင့်တိုက်ခိုက်ခံရပါက လောကနတ်ဘုရားတစ်ပါးပင်လျှင် ဒဏ်ရာအပြင်းအထန်ရသွားနိုင်လေသည်။

နတ်ဘုရားအဘိုးအိုသည် "သမာဓိမီးတောက်" ကျင့်စဉ်ကို ကျင့်ကြံထားသူတစ်ယောက်ဖြစ်သည်ကို ဆန်းလျန် သိရှိခဲ့ခြင်း မရှိပါ။

နတ်ဘုရားအဘိုးအိုသည် လောကကိုကျော်လွန်သည့် နတ်ဘုရားတစ်ပါး ဖြစ်လာရန် အလွန်နီးစပ်နေပြီဖြစ်လေသည်။ သူကျင့်ကြံထားသည့် သမာဓိမီးတောက်ကျင့်စဉ်သည် လောကတွင် စွမ်းအားအကြီးဆုံးကျင့်စဉ်တစ်ခုဖြစ်လေသည်။ ရှန်ဆန်းကျန်းရန် လုကျိုးယွမ်ကဲ့သို့ လောကပထမ နတ်ဘုရားတစ်ပါး ပင်လျှင် သမာဓိမီးတောက်ကို ရင်ဆိုင် အနိုင်ယူနိုင်မည် မဟုတ်ပေ။

ဆန်းလျန်မှာတော့ အစိမ်းရောင်ကျောက်တုံးလေးများဖြင့် ခင်းထားသည့် လမ်းကျဉ်းလေးတွင် လမ်းလျှောက်နေလေသည်။ လမ်းကျဉ်းလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် မက်မွန်းပန်းများ ပွင့်လန်းနေလေသည်။ မည်သည့်နေရာက ထွက်ပေါ်နေ

မှန်းမသိသည့် အလင်းတန်းတစ်ခုက လှည့်ပတ်နေ
သည့်အတွက် တစ်ချိန်တည်းမှာပင် နေ့နှင့်ည တစ်လှည့်စီ ဖြစ်
နေသည့်အလား ခံစားရစေလေသည်။
ကောင်းကင်ထက်တွင်တော့တိမ်လည်းမရှိသလို ၊ ကြယ်စင်
များလည်း မရှိပေ။
မက်မွန်ပန်းအကြွေများကတော့ အစိမ်းရောင်ကျောက်တုံး
လမ်းလေးပေါ်တွင်လည်း ကြွေကျနေသလို မြေပြင်ထက်တွင်
လည်း ပျံ့ကျဲလျှက်ရှိလေသည်။
ဆန်းလျန်က လမ်းကျဉ်းလေးအတိုင်းလျှောက်လာပြီး မက်မွန်
ပင်တောအုပ်လေးအတွင်းသို့ ဝင်ရောက်လာခဲ့လေသည်။ ထို
မက်မွန်ပင်တောအုပ်လေးမှာ အတိတ်တစ်ချိန်က လင်ချုန်း
ရှောင်ပြောပြခဲ့သည့် ဇာတ်လမ်းထဲမှ မက်မွန်ပင်တောအုပ်
လေးဖြစ်မည်ဟု ဆန်းလျန် တွေးလိုက်မိသည်။

ဆန်းလျန်သည် အစိမ်းရောင်ကျောက်တုံးလမ်းလေးအဆုံးထိ လျှောက်သွားလိုက်လေသည်။ ထိုအခါ လမ်းကျဉ်းလေး၏ အလယ်တည့်တည့်တွင် နှစ်ချို့မက်မွန်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရလေသည်။ အလွန်ကြီး မားသည့်မက်မွန်ပင်ကြီးတစ်ပင် ဖြစ်လေသည်။ မက်မွန်ပင်ကြီး၏ ပင်စည်ထက်တွင် အချိန်၏တိုက်စားမှုကြောင့် ပျောက်ကွယ်လုနီးပါးပင် ဖြစ်နေသည့် ကဗျာတစ်ပုဒ်ကို တွေ့လိုက်ရလေသည်။ ကဗျာမှာ မှေးမှိန်နေသော်လည်း ဖတ်၍ရသေးသည်။

"ကျုံးနန်တောင်က ချုန်းယန်...

လောကကြီးက ဆရာသခင်ကို

ရှုးနေပြီလို့ ထင်ကြလိမ့်မယ်...

လွတ်လပ်ပေါ့ပါး ဂရုမထားဘဲ သူနေထိုင်ခဲ့လို့...

သေခြင်းတရားကနေ လွတ်မြောက်စေခဲ့တယ်...

တိမ်နဲ့ရေကို အဖော်ပြုလို့...

မရှိမှုတရားနဲ့ မိတ်ဆွေဖွဲ့မယ်...

လောကအကြောင်းအမှန်တရားကို သိမြင်တဲ့အခါ...

ရမ္မက်ဆန္ဒတွေရဲ့ ရှုတ်ထွေးမှုဆိုတာ မရှိတော့ပါ..."

ထိုကဗျာမှာ လင်ချုန်းရှောင်ပြောပြခဲ့သည့် ဇာတ်လမ်းထဲမှ

ကဗျာနှင့် အတူတူပင်ဖြစ်လေသည်။

မက်မွန်ပင်ကြီး၏နောက်ဘက်တွင် စမ်းချောင်းလေးတစ်ခုနှင့်

သစ်သားအိမ်လေးတစ်လုံးကို တွေ့ရလေသည်။

ဤနေရာလေးမှာ သန့်စင်ပြီး လောကမှ မကောင်းမှုတရားများ

နှင့်ကင်းဝေးနေသည့်အတွက် ဆန်းလျန်၏စိတ်များ

တဖြည်းဖြည်း တည်ငြိမ်အေးချမ်းလာကာ လူ့လောကနှင့်

အလှမ်းဝေးသွားသကဲ့သို့ ခံစားလိုက်ရလေသည်။

သစ်သားအိမ်လေးမှာ တံခါးမရှိပါ။

ဆန်းလျန်က သစ်သားအိမ်လေးအတွင်းသို့ ဝင်လိုက်လေသည်။ အိမ်လေးထဲတွင် ဝါးကွပ်ပျစ်လေးတစ်ခုမှလွဲပြီး မည်သည့်အရာမှ ရှိမနေပါ။

အိမ်တံခါးဝနှင့် မျက်နှာချင်းဆိုင်နံရံထက်တွင် ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားခဲ့ဖူးဟန် ရှိလေသည်။ သို့သော် ယခုအချိန်တွင်တော့ ထိုနံရံထက်တွင် မည်သည့် ပန်းချီကားမှ ရှိမနေပါ။

အခန်း (၂၈၇) မသိမှု

ဆန်းလျန်က စိတ်အာရုံစူးစိုက်မှုကို အသုံးပြု၍ အိမ်လေးတစ်ခုလုံးကို အာရုံခံကြည့်လိုက်လေသည်။ သို့သော် မည်သည့်

ထူးခြားချက်ကိုမှ မတွေ့ရပေ။အချိန်အလွန်ကြာမြင့်ပြီဖြစ်သည့်အတွက်လည်း ထူးခြားချက်မတွေ့ရခြင်း ဖြစ်ကောင်းဖြစ်နိုင်လေသည်။ ဆရာဘွားဘွားလီချင်းဆွေချန်ထားခဲ့သည့် တာအိုတရားဓမ္မများကို မည်သည့်နေရာ တွင်မှရှာ၍မတွေ့တော့ပေ။

သူ အိမ်လေးထဲမှ ပြန်ထွက်လိုက်သည့်အချိန်တွင်တော့ အိမ်လေးကို ဆောက်လုပ်ထားသည့် သစ်သားများကို သတိထားလိုက်မိသည်။ အိမ်လေးကို ဆောက်လုပ်ထားသည့် သစ်သားများမှာ ထုံးကျောက်နှင့်ဆင်တူပြီး အရောင်နှင့် ပုံသဏ္ဍာန်မရှိပေ။ အမှတ်တမဲ့ဆိုလျှင် သစ်သားအိမ်နှင့်မတူဘဲ ကျောက်တုံးအိမ်လေးနှင့် တူနေလေသည်။

ထို့ကြောင့် လင်ချူန်းရှောင်ပြောပြသည့်ဇာတ်လမ်းထဲတွင် "မက်မွန်တောထဲရှိ ကျောက်တုံးအိမ်လေး" ဟု မှားယွင်းကာ ပြောပြမိခြင်း ဖြစ်ဟန်တူလေသည်။

သို့သော် ထိုသစ်သားများတွင် ထူးခြားချက်တစ်စုံတစ်ရာကို တော့ ဆန်းလျန် ရှာတွေ့ချေ။ သူ့အနေဖြင့် အိမ်လေးတစ်ခုလုံး ကို ဖြိုချပြီး ဖိုထဲထည့်ထိုး၍ စမ်းသပ်ကြည့်ရန်လည်း မဖြစ်နိုင် ပေ။

ရုတ်တရက်...

ဆန်းလျန်သည် လေပြေလေးတစ်ခုဖန်ဆင်းကာ ကောင်းကင် ထက်သို့ ပျံတက်သွားလေသည်။ ဆန်းလျန်သည် ကောင်းကင် ထက်ပေပေါင်းများစွာအမြင့်တွင် လေပြေကို တွန်းကန်ထား လိုက်လေသည်။

သူ၏လက်ထဲတွင် ရှမ်တယ်ဓားကို ကိုင်ထားပြီး ဓားသွား ထိပ်ဖျားမှာ တုန်ခါနေလေသည်။ဆန်းလျန်က ဗလာနယ်ဖျက် ဓားသိုင်းကို အသုံးပြုကာ သီးခြားဗလာနယ်ကို ထိုးဖောက်ရန် ကြိုးစားလိုက်လေသည်။

ဗလာနယ်ဖျက်ဓားကိုကျင့်ကြံပါက လောကကိုကျော်လွန်ပြီး

မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဖြစ် တက်လှမ်းနိုင်ရန်

အတွက် များစွာအထောက်အကူပြုလေသည်။ ဆန်းလျန်မှာ

နတ်ဘုရားတစ်ပါးမဖြစ်သေးသည့်တိုင် ဗလာနယ်ဖျက်ဓားကို

ဗလာနယ်ကိုခွဲသည့်အဆင့်ထိတော့ အသုံးပြုနိုင်လေသည်။

ထို့ကြောင့်ပင် မက်မွန်တောအုပ်လေးတည်ရှိရာနေရာတွင်

အက်ကြောင်းတစ်ခု ထင်သွားလေသည်။

သို့သော် စကြာဝဠာတစ်ခုလုံးပျက်စီးသွားလျှင်တောင်မှ သူ

ရောက်ရှိနေသည့်နေရာမှ ထွက်ခွာသွားရန် မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ပြင်ပလောကမှာ အမှန်တကယ်

တည်ရှိသည့်လောကဖြစ်ပြီး ဆန်းလျန်ရောက်ရှိနေသည့်နေရာ

နှင့် သုံးဖက်မြင်အလွှာပေါင်းများစွာ ကွာခြားနေသောကြောင့်

ဖြစ်လေသည်။ ဗလာနယ်တစ်ခုကို ဖျက်စီးလိုက်နိုင်လျှင်

တောင်မှ နောက်ထက် မရေတွက်နိုင်သည့် အလွှာပေါင်းများစွာ

ဖြင့် ဖုံးကွယ်ထားပြီး ပြင်ပလောကကို သက်ရောက်နိုင်မည်မဟုတ်ပေ။

ဆန်းလျန်မှာ အကြိမ်ပေါင်းများစွာ ကြိုးစားပြီးမှ ထိုသို့နားလည်သွားခြင်းဖြစ်လေသည်။

ဆန်းလျန်၏ စိတ်အခြေအနေသည် ပိုမိုနက်ရှိုင်းလာပြီး ကိစ္စရပ်များအပေါ်တွင် မတူညီသည့်ရှုထောင့်မှ ရှုမြင်လာနိုင်လေသည်။ လူတစ်ယောက်သည် ကိစ္စရပ်များကို ရှုထောင့်အမျိုးမျိုးမှ ရှုမြင်လာနိုင်လျှင် အခြေအနေကိုလည်း ရှုထောင့်အမျိုးမျိုးမှ နားလည်လာမည်ဖြစ်လေသည်။ ဗောဓိသကျနှင့် တာအိုဆရာသခင်ကြီးများ၏ အဆင့်သို့ရောက်လျှင် ထိုကဲ့သို့ ရှုမြင်နိုင်မည်ဖြစ်ပြီး မတည်ရှိမှုကိုပင် သိမြင်နိုင်မည်ဖြစ်လေသည်။

ဆန်းလျန်၏ ဗလာနယ်ဖျက်ဓားမှာ အကန့်အသတ်မရှိသည့် သီးခြားဗလာနယ်တစ်ခုအလားဖြစ်နေသည့် မက်မွန်တောအုပ်တည်ရှိရာနေရာ၏ အလွှာပါးလေးတစ်လွှာကိုသာ ဖျက်စီးနိုင်ခဲ့

လေသည်။ သို့သော် ယခုကဲ့သို့ သီးခြားတည်ရှိနေသည့် ဗလာနယ်တစ်ခုသည် သူ၏ဗလာနယ်ဖျက်ဓားသိုင်းဖြင့် တစ်ခုခုထူးခြားအောင် ပြုလုပ်နိုင်မည်ဟု ယုံကြည်နေဆဲဖြစ်လေသည်။

ဆန်းလျန်၏ ရွှမ်တယ်ဓားထိပ်ဖျားမှာ ကောင်းကင်ကို ရိုက်ခတ်မိသွားလေသည်။ ထိုအခါ ရေထဲသို့ ကျောက်ခဲပစ်ချလိုက်သည့်အလား လှိုင်းများထသွားလေသည်။ သို့သော် ထိုလှိုင်းများက ပြန်ကန်ထွက်လာပြီး ဆန်းလျန်မှာ ကောင်းကင်ထက်မှ ခြေလွတ်လက်လွတ် ပြုတ်ကျသွားရလေသည်။

သူက မြေပြင်ပေါ်ပြန်ရောက်သွားသည်နှင့် သူ၏စွမ်းအားများကိုအသုံးပြုကာ မြေပြင်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ သို့သော် သူ၏စွမ်းအားများက မြေပြင်အတွင်းသို့ စီးဝင်မသွားဘဲ သူ၏လက်ကသာ မြေပြင်အတွင်းသို့ ကျွံဝင်သွားလေသည်။

ဆန်းလျန်မှာ ကောင်းကင်ကို ထိုးဖောက်မရသည့်အတွက် မြေပြင်ကို ထိုးဖောက်ကြည့်ရန် ကြိုးစားကြည့်ခြင်းဖြစ်လေသည်။ သူက မြေပြင်ကို ထိုးခဲ့ကာ မြေအောက်မှ ဖောက်ထွက်နိုင်မလားဟု တွေးခဲ့မိသည်။

ရုတ်တရက် ဆန်းလျန်၏ အာရုံထဲတွင် အကြီးအကျယ်အန္တရာယ်ကျရောက်တော့မည့် အငွေ့အသက်များကို ခံစားလိုက်ရလေသည်။ သူ၏ပတ်ဝန်းကျင်တစ်ခုလုံးတွင် မြေ ၊ ရေ ၊ လေ ၊ မီး ဓာတ်ကြီးလေးပါး လှုပ်ခါနေသည်ကို ခံစားလိုက်ရလေသည်။ သူသာ မြေကြီးကို လက်ဝါးဖြင့်ဆက်လက် ရိုက်နေပါက သူ၏ခန္ဓာကိုယ်သည် ပေါက်ကွဲထွက်သွားတော့မည် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန် မြေကြီးကို ထိုးဖောက်ခြင်းကိုလည်း ရပ်တန့်လိုက်ရလေသည်။

ထိုသို့ဖြင့် ဆယ်ရက်ကြာသွားခဲ့ပြီဖြစ်လေသည်။

ဆန်းလျန်သည် သူသိသမျှသော နည်းလမ်းပေါင်းစုံဖြင့် သီးခြားဗလာနယ်လေးမှ ဖောက်ထွက်ရန် စမ်းသပ်ကြည့်ပြီးပြီ ဖြစ်လေသည်။ သို့သော် လွတ်မြောက်နိုင်ရန် လမ်းစပင် မမြင်ပေ။

ဆန်းလျန်မှာ သေတ္တာတစ်ခုအတွင်းတွင် ပိတ်မိနေသည့် လူတစ်ယောက်အလား ခံစားနေရလေသည်။ အချိန်၏ပြောင်းလဲခြင်းကိုလည်း သိမြင်နိုင်ခြင်းမရှိတော့ပေ။
သူက သွေးလည်ပတ်မှုနှင့် အတွင်းအားလည်ပတ်မှုကို အခြေခံပြီး ဘယ်နှစ်ရက်ကြာနေပြီဖြစ်ကြောင်းကို ခန့်မှန်းတွက်ချက်ထားရန်သာ တတ်နိုင်လေသည်။
ဆန်းလျန်သည် သီးခြားဗလာနယ်လေးကို ထိုးဖောက်ရန်အတွက် မကြိုးစားတော့ပေ။ သူ၏စိတ်များကို ထိန်းချုပ်လိုက်ပြီး စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်လေသည်။

သူက မက်မွန်ပန်းရနံ့လေးများကို ရှူရှိုက်လိုက်ပြီး မြေတွင် ကြွေကျနေသည့် မက်မွန်ပွင့်လွှာလေးများကို လေ့လာနေလိုက်သည်။ မက်မွန်ပင်မှ အမြစ်များက မြေကြီးထဲမှ ရေကိုစုပ်ယူနေသည့်အသံကို သူကြားနေရလေသည်။ ရေကိုစုပ်ယူပြီးသည်နှင့် မက်မွန်ပန်းပင်လေးများ ကြီးထွားလာကြသည်ကိုလည်း သူ သတိပြုလိုက်မိသည်။

မြေသို့ကြွေကျသွားကြသည့် မက်မွန်ပန်းလေးများသည် မြေဆီဩဇာဖြစ်သွားပြီး အသစ်သောဘဝတစ်ခုကို ဖြစ်တည်စေလေသည်။

"ပွင့်ကြွေလေးတွေဟာ နှလုံးသားကင်းမဲ့တဲ့ ပန်းလေးတွေ မဟုတ်ပါ၊ သူတို့က နွေဦးမှာ မြေဆီလွှာအဖြစ်ပြောင်းလဲသွားပြီး နောက်ထပ်ပွင့်လန်းလာမယ့် ပန်းပွင့်လေးတွေကို ကာကွယ်ပေးနေတာပါ"

ဟူသည့် ကဗျာစာကြောင်းလေးကို ဆန်းလျှန် သတိရလိုက်မိသည်။

သေခြင်းရှင်ခြင်းတရားများသည် ကံတရားအတိုင်း သံသရာလည်လျှက်ရှိလေသည်။ သေခြင်းနှင့်ရှင်ခြင်းသည် ဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့်ပန်းကဲ့သို့ ခွဲခြား၍မရသည့်အရာဖြစ်လေသည်။

မက်မွန်ပန်းလေးများ ပွင့်လန်းလာရလေသည်။ ထို့နောက် ပွင့်ကြွေများက မြေကြီးပေါ်သို့ ကြွေကျကာ မြေဆီဩဇာများအဖြစ် ပြောင်းလဲသွားသည်။ ထိုမြေဆီဩဇာများကို သစ်စေ့များက စုပ်ယူပြီး သစ်ပင်တစ်ပင် ပြန်လည်ရှင်သန်လာကာအသစ်သောပန်းပွင့်လေးများ အသစ်ပြန်လည် ဖူးပွင့်လာကြလေသည်။ ထို့နောက် အသစ်သော ပန်းပွင့်များသည် မြေပြင်ထက်သို့ ပြန်လည် ကြွေကျ မြေခ ကြရပြန်သည်။

ဘဝဆိုသည်မှာလည်း ထိုသဘောတရားပင် ဖြစ်လေသည်။

မိုးနှင့်မြေတွင် အသက်ရှင်ခြင်း၏ အဆုံးသတ်သည် သေခြင်းတရားမဟုတ်ပါ။ သေခြင်းတရားသည် ရှင်သန်ခြင်း၏ အခြားသော ပုံစံတစ်ခုမျှသာ ဖြစ်လေသည်။

သို့သော် ဆန်းလျန်အတွက်တော့ သေခြင်းနှင့် ရှင်ခြင်းသည် လုံးဝကွဲပြားခြားနားလေသည်။

လူသားများက အမြဲတမ်းအသက်ရှင်သန်နိုင်ရန်အတွက် နတ်ဘုရားတစ်ပါး ဖြစ်လိုကြသည်။ မက်မွန်ပင်သည် ပန်းပွင့်လေးများ ကြွေကျနေသည့်တိုင် အစဉ်အမြဲ ပွင့်လန်းနေဆဲဖြစ်လေသည်။ သို့သော် ပန်းပွင့်များကတော့ မနေ့ကပန်းပွင့်နှင့် ဒီနေ့ပန်းပွင့် တူညီခြင်းမရှိတော့ပေ။

ဆန်းလျန်သည် အနာဂါတ်ကို မျှော်လင့်နေသည့်အတွက်ကြောင့် ပစ္စုပ္ပန်တွင် လက်လွှတ်သွားရခြင်းမျိုးကို မဖြစ်လိုပေ။

ယခုဘဝတွင် သူက "ငါ" ဟု အစွဲရှိနေမည်ဖြစ်လေသည်။

နောက်ဘဝတစ်ခုတွင်လည်း သူမဟုတ်တော့သည့် အခြားသူ

တစ်ယောက်က "ငါ" ဟု အစွဲထားနေဦးမည်ဖြစ်လေသည်။

ဆန်းလျန် တရားထိုင်နေရင်းနှင့် တဖြည်းဖြည်းနားလည်

သဘောပေါက်စ ပြုလာလေသည်။

သူက ကဗျာလေးရေးထားသည့် မက်မွန်ပင်ကြီးအောက်တွင်

တရားထိုင်နေခြင်းဖြစ်သည်ကို သူ့ကိုယ်သူပင် သတိမပြုခဲ့မိ

ပေ။

"ကျုံးနန်တောင်က ချုန်းယန်...

လောကကြီးက ဆရာသခင်ကို

ရှုးနေပြီလို့ ထင်ကြလိမ့်မယ်...

လွတ်လပ်ပေါ့ပါး ဂရုမထားဘဲ သူနေထိုင်ခဲ့လို့...

သေခြင်းတရားကနေ လွတ်မြောက်စေခဲ့တယ်...

တိမ်နဲ့ရေကို အဖော်ပြုလို့...

မရှိမှုတရားနဲ့ မိတ်ဆွေဖွဲ့မယ်...

လောကအကြောင်းအမှန်တရားကို သိမြင်တဲ့အခါ...

ရမ္မက်ဆန္ဒတွေရဲ့ ရှုတ်ထွေးမှုဆိုတာ မရှိတော့ပါ..."

ကဗျာလေးမှာ မက်မွန်ပင်ကြီးပေါ်တွင် အမြဲထာဝရ တည်ရှိနေမည်မဟုတ်ပါ။ အချိန်ကာလကြာလာသည်နှင့်အမျှ ရေးထွင်းထားသည့်ကဗျာလေးသည် ပျောက်ကွယ်သွားမည် ဖြစ်လေသည်။ ထိုအခါ အားလုံးကလည်း ထိုကဗျာလေးကို မေ့ပျောက်သွားကြမည် ဖြစ်လေသည်။

ဆန်းလျန်ကတော့ ကဗျာလေးပျောက်ကွယ်သွားမည်ကို စိုးရိမ်မိခြင်းလည်းမရှိသလို ကဗျာလေးကို သတိရခြင်းပင် မရှိတော့ပေ။ သူက မက်မွန်ပင်ကြီးအောက်တွင် မက်မွန်ပင်ကြီးကို ကျောခိုင်းကာ တရားထိုင်နေလေသည်။

ဗုဒ္ဓဘုရားသည် ဗောဓိပင်အောက်တွင် မနေမနား တရားထိုင် ကျင့်ကြံခဲ့ပြီးသည့်နောက် စစ်မှန်သည့်ဓမ္မကို ရှာဖွေတွေ့ရှိခဲ့ လေသည်။

ဗုဒ္ဓဘုရားမှာ လောကတွင် အတုမရှိဖြစ်လေသည်။

ဆန်းလျှန်ကတော့ ဆန်းလျှန်သာဖြစ်ပြီး ဗုဒ္ဓကိုအတုယူကာ မ နေမနား တရားထိုင်နေခဲ့လေသည်။

သူ၏ဝိညာဉ်စွမ်းအားများသည် သူ့ကိုယ်ထဲတွင် စီးဆင်းနေပြီး သူ၏သွေးများသည် မြစ်တစ်စင်းအလား ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်နေလေသည်။

သူ၏ဝိညာဉ်သည် သူ၏ရုပ်ခန္ဓာအတွင်းမှ ထွက်ခွာသွားပြီး သူ့ အနားတွင် ပုံရိပ်တစ်ခု စတင်ဖြစ်တည်လာလေသည်။

ထိုပုံရိပ်မှာ ဆန်းလျှန်ဝတ်ဆင်ထားသည့် အဝတ်အစားများကို ဝတ်ဆင်ထားခြင်းမရှိသလို ခန္ဓာကိုယ် ဖွဲ့စည်းပုံကလည်း ဆန်း လျှန်နှင့် တူညီခြင်းမရှိပေ။

ဆန်းလျန်၏ မျက်လုံးများမှိတ်ထားသည့်တိုင် ပြင်ပမှ အရာအားလုံးကို စိတ်အာရုံတွင် ရှင်းရှင်းလင်းလင်း တွေ့မြင်နေရလေသည်။

ထိုပုံရိပ်သည် ပျောက်ကွယ်သွားပြီး နောက်ထပ်ပုံရိပ်များထပ်မံထွက်ပေါ်လာပြန်လေသည်။ ထိုပုံရိပ်များအားလုံးသည် ဘဝအဆက်ဆက် သံသရာလည်ခဲ့သည့် ဆန်းလျန်၏ အတိတ်ဘဝများကို ကိုယ်စားပြုလေသည်။

ထိုပုံရိပ်များသည် သူပင်ဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် သူလည်း မဟုတ်ပေ။

ဖော့ဝမ့်အဆင့်၏ "ယုံမှားသံသယအဆင့်" ကို ကျော်ဖြတ်ရန် လမ်းစကို စတင်ဝင်ရောက်လာခြင်းဖြစ်လေသည်။

ဆန်းလျန်၏စိတ်အစဥ်တွင် "သမာဓိ" ဖြစ်တည်လာလေသည်။

သူ၏စိတ်သည် ငြိမ်းချမ်းနေပြီး အတွေးများကင်းစင်နေလေ

သည်။ သူ၏အခြေအနေသည် ချန်ဆန်းတံခါးဝကိုပင် သွား

ခေါက်နေသည့်အလား ဖြစ်လေသည်။

မသိမှုတရားများအားလုံး ကင်းဝေးသွားပြီး သူကိုယ်တိုင်၏

အစစ်အမှန်တရားကို မြင်တွေ့ချင်နေမိလေသည်။

သူ၏ပတ်ပတ်လည်မှ ပုံရိပ်များသည် ဆန်းလျန်ကို ဝန်းရံထား

ကြလေသည်။ ဆန်းလျန်မှာ ဒုက္ခများဖြင့် ပြည့်နက်ရာ သံသရာ

စက်ဝန်းမှ ရုန်းမထွက်နိုင်သည့်အလား ခံစားနေရလေသည်။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားများ သိပ်သည်းသွားပြီး နတ်

သက်ခြေွဓားသိုင်းကို အသုံးပြု၍ ပုံရိပ်များအားလုံးကို တစ်ခု

ပြီးတစ်ခု ဖျက်စီးပစ်လိုက်လေသည်။ ပုံရိပ်တစ်ခုကို ဖျက်စီး

ပစ်တိုင်း သူ၏ စိတ်အာရုံကို များစွာစူးစိုက်ထားရလေသည်။

သူ၏စိတ်အစဉ်မှ အညစ်အကြေးများသည် တဖြည်းဖြည်း

သန့်စင်လာလေသည်။ သူ၏စိတ်တွင် ကိလေသာမြူမှုံများ

တစ်စထက်တစ်စ နည်းပါးလာလေသည်။

ဆန်းလျန်သည် သူ့ပတ်ဝန်းကျင်မှ ပုံရိပ်များအားလုံးကို ဖျက်စီးပစ်လိုက်လေသည်။

သူဖျက်စီးရန်အတွက် ပုံရိပ်တစ်ခုသာကျန်တော့သည်။

ထိုအချိန်တွင် သူ့စိတ်ဖြင့်ပုံဖော်လေ့ရှိသည့် ကျောက်စိမ်းကျိုင်းတံကို ကိုင်ထားသည့် နတ်ဘုရား ပေါ်လာလေသည်။ ထိုနတ်ဘုရားသည် သူ့ဘဝတွင် အခက်အခဲကြုံတိုင်းကိုယ်ထင်ပြတတ်သည့် နတ်ဘုရားဖြစ်လေသည်။ ထိုနတ်ဘုရားမှာ ငယ်ရွယ်ပြီး ယောကျ်ားပီသသည့် ပုံသဏ္ဍာန်ရှိလေသည်။

ဆန်းလျန် စိတ်လှုပ်ရှားသွားသည့်အတွက် ဓားဝိညာဉ်မှာ တုန်ဆိုင်းသွားရလေသည်။

ထိုအချိန်မှာပင် အတွေးတစ်ချက် သူ့ခေါင်းထဲတွင် လက်ခနဲ ပေါ်လာလေသည်။

"အားလုံးကပုံရိပ်တွေဆိုရင် ၊ ငါကိုယ်တိုင်က ဘယ်သူလဲ"

ထိုအတွေးပေါ်လာသည်နှင့် သူ၏စိတ်စဉ်သည် အမြင့်ဆုံး

အနေအထားသို့ ရောက်ရှိသွားလေသည်။ သူကိုယ်တိုင်

အစိတ်စိတ်အမွှာမွှာ တစ်စစီဖြစ်ကာ ပျောက်ကွယ်သွားသလို

ခံစားလိုက်ရလေသည်။ ထို့နောက် သွေးများအန်ချလိုက်ပြီး

မျက်လုံးများကို ဖွင့်ကြည့်လိုက်လေသည်။

ပုံရိပ်များအားလုံး ပျောက်ကွယ်သွားပြီဖြစ်လေသည်။ ဆန်းလျ

န်မှာ တုန်လှုပ်နေမိလေသည်။ ပုံရိပ်ယောင်များအားလုံးကို

ဖျက်စီးပြီး သူကိုယ်တိုင်၏အစစ်အမှန်ကို ရှာဖွေခဲ့လေသည်။

သို့သော် သူဖျက်စီးမိသည့် အရာမှာ သူကိုယ်တိုင်ဖြစ်ခဲ့လျှင်

မည်သို့ဖြစ်မည်နည်း။

ဆန်းလျန်သည် လက်လွှန်သွားဖို့ အနည်းငယ်သာ လိုလေ

သည်။ သူသာ နောက်ဆုံးကျန်ရှိသည့် ပုံရိပ်ကို ဖျက်စီးခဲ့လျှင်

သူ့ကိုယ်သူဖျက်စီးမိသလိုဖြစ်သွားမည်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် နောက်ဆုံးပုံရိပ်သည် သူကိုယ်တိုင် အစစ်အမှန် ဖြစ်နေသောကြောင့်ပင် ဖြစ်လေသည်။

ကျောက်စိမ်းကျိုင်းတံကိုင်ထားသည့် နတ်ဘုရားသာ ပေါ်မလာခဲ့လျှင် သူသည် သူ့ကိုယ်သူ ပြန်လည် ဖျက်စီးလိုက်သလိုဖြစ်သွားပြီး ဆယ်စုနှစ်နှင့်ချီကာ သတိလစ်မေ့မျောနေမည် ဖြစ်လေသည်။

ယခုတစ်ကြိမ်တော့ ဆန်းလျန်သည် ဖော့ဝမ့်အဆင့်၏ "ယုံမှားသံသယ" အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီ ဖြစ်လေသည်။

သို့သော် မည်သည့်အချိန်တွင် ယခုကဲ့သို့ နောက်တစ်ကြိမ် ထပ်မံရင်ဆိုင်ရဦးမည်လည်း မသိနိုင်သေးပေ။

ဆန်းလျန် ခါးသီးစွာ ရယ်မောလိုက်လေသည်။

ထို့ပြင် ကြောက်မက်ဖွယ်ရာ အမှန်တရားတစ်ခုကိုလည်း ဆန်းလျန် သိလိုက်ရလေသည်။

သူပုံဖော်လေ့ရှိသည့် ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့် နတ်ဘုရားသည် သူတွေးထင်ထားသလို "သူ၏မသိစိတ်အတွင်းမှ ဖန်တီးထားသည့် အရာတစ်ခုမဟုတ်" ဆိုသည့် အချက်ပင်ဖြစ်လေသည်။ ထိုနတ်ဘုရားသည် သူ့ဘဝ၏အရေးကြီးသည့်အချိန်များတွင် အမြဲတမ်းထွက်ပေါ်လာလေ့ရှိပြီး လွတ်မြောက်အောင် ကူညီလေ့ရှိသူ ဖြစ်လေသည်။

....

တစ်ချိန်တည်းမှာပင် ရှော့ရှီနှင့်အတူ ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်နေသည့် နတ်ဘုရားအဘိုးအိုသည် "အိုး" ဟု တစ်ချက်အော်လိုက်လေသည်။

ထို့နောက် အဘိုးအိုက ရှော့ရှီဘက်သို့ လှည့်ကြည့်လိုက်ပြီး...

"သမီးရဲ့ဦးလေးက တကယ်စိတ်ဝင်စားစရာကောင်းတဲ့သူပဲ ၊ တကယ့်ကို ဒုက္ခရောက်ခါနီးအချိန်မှာ သူက နိုးထလာတယ်"

နတ်ဘုရားအဘိုးအိုက ဗလာနယ်ထဲတွင် ဆန်းလျန်ဖြစ်ပျက်နေသမျှကို သိရှိနိုင်ရန်အတွက် သူ၏စိတ်အာရုံကို ဗလာနယ်ထဲတွင် လွှတ်ထားခဲ့လေသည်။ အဘိုးအိုသည် ဆန်းလျန်ပုံဖော်လေ့ရှိသည့် ကျောက်စိမ်းကျိုင်းတံကိုင်ထားသည့် နတ်ဘုရားကို မြင်တွေ့ရခြင်းမရှိပေ။ သို့သော် ဆန်းလျန်၏ သိမြင်နိုင်စွမ်းအားမှာ အလွန်မြင့်မားကြောင်း နတ်ဘုရားအဘိုးအို ခံစားလိုက်ရလေသည်။

အမှန်တော့ နတ်ဘုရားအဘိုးအိုကလည်း ဆန်းလျန် ထိုသို့ ဒုက္ခတွေ့မည့် အချိန်ကို စောင့်နေခြင်းဖြစ်လေသည်။ တကယ်တမ်းဆန်းလျန် ဒုက္ခကြုံရလျှင် သူကလည်း ဆန်းလျန်ကို တရားထိုင်ခြင်းမှ နှိုးလိုက်ရန် ကြံရွယ်ထားပြီးသား ဖြစ်လေသည်။ သို့သော် သူနှိုးစရာပင် မလိုအောင်ပင် ဆန်းလျန်သည် ပုံရိပ်ယောင်များကို ဖယ်ရှားပြီးသည်နှင့် ချက်ချင်း နိုးထလာနိုင်ခဲ့လေသည်။ "ယုံမှားသံသယ" အဆင့်တွင် ဆန်းလျန်သည် ပုံရိပ်

ယောင်များကိုသာ ဖယ်ရှားပြီး ပုံရိပ်အစစ်ကို မှားယွင်းဖယ်ရှား
ခါနီးအချိန်တွင် သီသီလေး နိုးထလာခဲ့ခြင်း ဖြစ်လေသည်။
အဘိုးအိုသည် ဆန်းလျှန်ကို အထင်ကြီးသွားမိသည်။
"ဘိုးဘိုးကြီး ၊ သမီးရဲ့ဦးလေး ဘာဖြစ်လို့လဲဟင်"
ရှော့ရှီက မေးလိုက်လေသည်။
အဘိုးအိုက ရယ်မောလိုက်ရင်း...
"ဘာမှ မဖြစ်ပါဘူးကွယ်"
ရှော့ရှီလေးမှာ အခုတော့ နတ်ဘုရားအဘိုးအိုကို ကြောက်ရွံ့
ရိုသေနေပြီ ဖြစ်လေသည်။ သူမက အဘိုးအိုထံမှ
သူမ၏ဦးလေး မည်သို့ဖြစ်နေသည်ကို မေးမြန်းချင်နေမိသည်။
သို့သော် အဘိုးအိုသည် သူ့ဦးလေးထက် များစွာ အဆင့်မြင့်သူ
တစ်ယောက်ဖြစ်ကြောင်း သူမသိထားလေသည်။ အဘိုးအိုကို
အတင်းဖိအားပေးခြင်းဖြင့် သူမအတွက် မည်သည့်အကျိုးမျှ
မရှိနိုင်ပေ။

"သမီးတို့ အခု ဘယ်ကိုသွားကြမလဲ"

ဟုသာ ရော့ရှီလေးက မေးလိုက်လေသည်။

"ဘိုးဘိုးက အပြင်မထွက်တာသိပ်ကြာနေပြီ ၊ ဒီနားဟိုနား

လျှောက်ကြည့်ကြတာပေါ့ကွယ် ၊ ဒါနဲ့ ဟိုတစ်နေ့က ဘိုးဘိုး

အသုံးပြုလိုက်တဲ့ အဖြူရောင်မီးတောက်ပညာကို သမီးသင်

ချင်သလား"

အဘိုးအိုက နူးညံ့စွာဖြင့် ပြောလိုက်လေသည်။

ရော့ရှီလေးက အဘိုးအိုကို မော့ကြည့်လိုက်ပြီး...

"အဲဒီမီးတောက်ပညာက တကယ်အံ့ဩစရာပဲ ၊ သမီးသင်လို့ရ

နိုင်မလား"

မိန်းကလေးငယ်၏စကားကို အဘိုးအိုက သဘောကျစွာဖြင့်

တဟားဟား ရယ်မောလိုက်လေသည်။

"တခြားသူတွေအတွက်တော့ ခက်ချင်ခက်လိမ့်မယ် ၊ ဒါပေ

မယ့် သမီးသင်မယ်ဆိုရင်တော့ လွယ်လွယ်လေးပဲ"

"ဒါဖြင့်လည်း သမီး သင်မယ်လေ"

အဘိုးအိုက ပြုံးလိုက်ရင်း...

"မင်းကတော့ အမြဲတမ်း သင်မယ်ဆိုတာချည်းပဲ"

"ငါသာ အဲဒီပညာကို သင်ယူနိုင်ရင် ဦးဦးလည်း ငါ့အတွက်

သိပ်ပြီး စိတ်မပူရတော့ဘူး ၊ ပြီးတော့ ဦးဦးကိုတောင် ကူညီ

ချင်ရင် ကူညီနိုင်ဦးမှာ"

ဟု ရှော့ရှီလေးက တွေးနေမိလေသည်။

သူမ၏အတွေးများကို နတ်ဘုရားအဘိုးအိုထံမှ ဖုံးကွယ်

ထား၍မရမှန်း သူမက သိနေပြီး ဖြစ်လေသည်။ သို့သော် ယခု

တစ်ကြိမ်တွင်တော့ သူမက ထိုအတွေးကို တွေးဖြစ်အောင်

တွေးလိုက်လေသည်။

အဘိုးအိုနှင့် ရှော့ရှီသည် အေးအေးဆေးဆေးပင် လမ်းဆက်

လျှောက်လာကြလေသည်။ အဘိုးအိုက ရှော့ရှီလေးကို သမာဓိ

မီးတောက်ကျင့်စဉ်ကို လက်ဆင့်ကမ်း သင်ကြားပေးလေသည်။

ထို့နောက် နတ်ဘုရားအဘိုးအိုသည် ရှော့ရှီလေးကို ခေါ်ဆောင်ကာ ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

နတ်ဘုရားအဘိုးအို၏ တန်ခိုးစွမ်းအားများမှာ ရှော့ရှီတွေးထင်ထားသည်ထက်ပင် အဆပေါင်းများစွာ မြင့်မားလေသည်။

သူမ၏ဦးလေးဖြစ်သူဆန်းလျန်ပျံသန်းလျှင် အလွန်လျှင်မြန်သည်ဟု ရှော့ရှီက ထင်ခဲ့မိလေသည်။ သို့သော် နတ်ဘုရားအဘိုးအိုပျံသန်းသည်နှင့် ယှဉ်ကြည့်လိုက်မည်ဆိုလျှင်တော့ သူမ၏ဦးလေးမှာ လေးဘက်သွားနေသလောက်သာ ရှိလေသည်။

ရှော့ရှီလေးက ကောင်းကင်မှ ကြယ်စင်များ၏ အနေအထားကို လေ့လာကြည့်ရင်း သူတို့နှစ်ယောက်မှာ ချင်းရှမ်နှင့် မိုင်ပေါင်း

တစ်သောင်းမျှ အဝေးသို့ ရောက်နေပြီဖြစ်သည်ကို သတိပြု လိုက်မိလေသည်။

သို့သော် သူတို့ မည်သည့်နေရာသို့သွားနေသည်ကို မသိရပေ။ လေထုမှာ မြူခိုးများဖြင့် ထူထပ်နေပြီး မည်သည့်အရပ်သို့ သွားနေသည်လဲ ခန့်မှန်း၍မရနိုင်ပေ။

အမှန်တော့ သူတို့ရောက်ရှိနေသည့်နေရာမှာ "ပင်လယ်တြိဂံ" ဟုခေါ်သည့် အလွန်အန္တရယ်များသည့် ဒေသတစ်ခု ဖြစ်လေ သည်။ ထိုနေရာသို့ ရောက်ရှိလာကြသည့် လောကနတ်ဘုရား များမှာ သေလောက်သည်အထိ နာကျင်ခံစားကြရပြီး ပိတ်မိနေ တတ်ကြလေသည်။ တစ်ခါတစ်ရံ နှစ်ပေါင်းရာနှင့်ချီကြာပြီးမှ ပြန်လည်လွတ်မြောက်လာကြရလေသည်။

ထို့ပြင် ပင်လယ်တြိဂံဒေသသည် ထျန်းဟွာနယ်နှင့် ယွမ်ကျိုး နယ်ကို ခြားနားထားသည့် ဒေသလည်းဖြစ်လေသည်။

ကြောက်မက်ဖွယ်ရာဒေသတစ်ခုက ထျန်းဟွာနယ်နှင့် ယွမ်

ကျိုးနယ်တို့ အဆက်အသွယ်မရှိကြခြင်း၏ အကြောင်းအရင်း
တစ်ခုမှာ ပင်လယ်တြိဂံဒေသကြောင့်လည်း ဖြစ်လေသည်။
နတ်ဘုရားအဘိုးအိုက သမာဓိမီးတောက်ကို ထွန်းညှိလိုက်
သည့်အတွက် မြူခိုးများ ပျောက်ကွယ်သွားလေသည်။
ပတ်ဝန်းကျင်တစ်ခုလုံး လင်းလက်သွားသည့်အတွက် ရှေ့ရှိက
ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်သည်။ သို့သော်
သူမ မည်သည့်အရာကိုမှ မမြင်ရပေ။
နတ်ဘုရားအဘိုးအိုသည် ပျံသန်းနေသည့် အရှိန်ကို လျှော့ချ
လိုက်လေသည်။
ထိုအချိန်မှာပင် မြူခိုးများထဲတွင် တုန်ခါသွားပြီး ဟိန်းသံကြီး
တစ်သံထွက်ပေါ်လာလေသည်။
ထို့နောက်တွင်တော့ ကြီးမားလွန်းသည့် ရေမသားရဲကြီးတစ်
ကောင် ပေါ်ထွက်လာလေတော့သည်။

အခန်း (၂၈၈) မုန်တိုင်းစပြီ

ထိုသတ္တဝါကြီးမှာ ရောမမျောက်ဝံကြီးတစ်ကောင် ဖြစ်လေသည်။ အမွေးများက ရွှေရောင်ဖြစ်ပြီး ခြေနှင့်လက်မှာ ရှစ်ချောင်းရှိလေသည်။ ကောင်းကင်တစ်ခုလုံးကို သူ၏ခန္ဓာကိုယ်ကြီးဖြင့်ကာထားလေသည်။နေကိုပင်ဖုံးကွယ်ထားနိုင်လောက်အောင် သူ၏ခန္ဓာကိုယ်ကြီးက ကြီးမားလွန်းလေသည်။ ထိုမျောက်ဝံကြီး၏ မျက်ခွံများပေါ်တွင် သွေးများထွက်နေသည့်အတွက် သွေးရောင်မျက်လုံးများရှိသည်ဟု ထင်မှတ်ရလေသည်။ အမှန်တော့ မျောက်ဝံကြီးမှာ မျက်လုံးကိုတင်းတင်းကြပ်ကြပ်မှိတ်ထားခြင်း ဖြစ်လေသည်။

ထိုရောမမျောက်ဝံကြီး၏ ခြေထောက်အောက်တွင် အတောင်ပံများပါရှိသည့် မြွေဖြူတစ်ကောင် ရှိနေလေသည်။ ထိုမြွေဖြူ၏ပါးစပ်မှ သွေးစများထွက်ကျနေလေသည်။ မြွေဖြူ၏ဗိုက်ကို မျောက်ဝံကြီးက နင်းထားသည့်အတွက် မြွေဖြူ၏ ဝမ်းဗိုက်မှာ ပေါက်တော့မည့်အလား ဖောင်းကားနေလေသည်။

ဟိန်းသံကြီးမှာ ရောမမျောက်ဝံကြီးဆီမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

နတ်ဘုရားအဘိုးအိုက ထိုသတ္တဝါကြီးများကို လက်ညိုးညွှန်ပြလိုက်ရင်း....

"ပင်လယ်တြိဂံဒေသမှာ ဒီလိုနတ်မိစ္ဆာသားရဲကြီးတွေ အများကြီးရှိတယ်၊ သူတို့က အရမ်းရှေးကျတဲ့မျိုးနွယ်တွေကနေဆင်းသက်လာကြတဲ့ သားရဲကြီးတွေပဲ၊ သူတို့က အသက်ရှည်လွန်းတဲ့အတွက် မွေးဖွားခြင်းကို မသိကြဘူး၊ အချင်းချင်း

သတ်ဖို့ပဲ အချိန်ပြည့်စဉ်းစားနေကြတာ ၊ ပြီးတော့ တခြား နတ်မိစ္ဆာတွေလို လူသားအသွင်လည်း ပြောင်းလို့မရကြဘူး ၊ ဒါပေမယ့် သူတို့က နတ်မိစ္ဆာတွေထက်ပိုပြီး စွမ်းအားကြီးမား ကြတယ် ၊ ဒါပေမယ့် ဒီသားရဲကြီးတွေဟာ အခုတော့ တဖြည်းဖြည်း လျော့နည်းလာနေပြီ ၊ ဘာဖြစ်လို့လဲဆိုတော့ ဘိုးဘိုးတို့လို ကျင့်ကြံသူတွေကလည်း သူတို့ကို ဖမ်းဆီးကြ တယ် ၊ သတ်ဖြတ်ကြတယ် ၊ တခြားနတ်မိစ္ဆာတွေကလည်း မျိုးဆက်ပိုမိုကောင်းမွန်ဖို့အတွက် သူတို့ရဲ့သွေးကို လိုချင်ကြ တယ် ၊ အဲဒါကြောင့် ဒီသားရဲကြီးတွေက ပင်လယ်တြိဂံဒေသ မှာ လာပြီး ပုန်းအောင်းနေကြတာ ၊ ဒါကြောင့် သူတို့က ဒီဒေသ ထဲကို အပြင်လူတွေဝင်လာရင် မကြိုက်ကြဘူးကွဲ့"

အဘိုးအိုက ရှော့ရှီလေးကို ရှင်းပြလိုက်သည်။

နတ်ဘုရားအဘိုးအို စကားဆုံးသွားသည်နှင့် မျောက်ဝံကြီးက သူတို့ကို စတင်တိုက်ခိုက်လိုက်လေသည်။ သူ၏တိုက်ခိုက်မှုက

အလွန်ပြင်းထန်လေသည်။ မည်သူ့ကိုမဆို အမှုန့်ဖြစ်သွားစေလောက်အောင် စွမ်းအား ပြင်းထန်လေသည်။

လေကိုထိုးခွင်းလာသည့် မျောက်ဝံကြီး၏ လက်သီးချက်ကြီးများမှာ အာကာသထဲမှ ကျရောက်လာသည့် ဥက္ကာခဲကြီးများအလားပင်ဖြစ်လေသည်။ လက်သီးချက်ကြီးဝင်ရောက်မလာခင်မှာပင် ကြီးမားသည့် စွမ်းအားကြောင့် ဖြစ်ပေါ်လာသည့် လေလှိုင်းကြီးများကို ခံစားရလေသည်။ ထိုလေလှိုင်းကြီးကြောင့် ဆယ်မိုင်ပတ်လည်အတွင်းမှ မြူခိုးများပင် လွင့်စင်ထွက်သွားရလေသည်။

"တောင်နှင့်မြစ်ရေ" သကော်တကို အဖိုးအိုက ရေးဆွဲလိုက်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းတွင် ဆန်းလျှန် အသုံးပြုခဲ့သည့် သကော်တပညာပင်ဖြစ်လေသည်။ သို့သော် အဘိုးအို သကော်တ

ကိုအသုံးပြုနေပုံက ဆန်းလျှန်ထက်ပိုပြီး ပေါ့ပေါ့ပါးပါးဖြစ်သလို စွမ်းအားလည်း အပြည့်ပါလေသည်။

အဘိုးအိုက တောင်နှင့်မြစ်ရေသကော်တမှ ကြီးမားသည့်စွမ်းအားဖြင့် မျောက်ဝံကြီး၏ ကြီးမားသည့်လက်သီးကြီးကို ပြန်လည် ခုခံတိုက်ခိုက်လိုက်လေသည်။

မျောက်ဝံကြီးထံမှ အရိုးကျိုးသည့်အသံများ ထွက်ပေါ်လာလေသည်။

ရောမရွှေရောင်မျောက်ဝံကြီးထံမှ အော်ဟစ်သံကြီးထွက်ပေါ်လာလေသည်။ မျောက်ဝံကြီး၏ လက်တွင် သွေးစီးကြောင်းတစ်ခုကို မြင်တွေ့လိုက်ရလေသည်။

ထို့နောက် မျောက်ဝံကြီး၏ မျက်ခုံးနှစ်ခုကြားတွင် အပေါက်တစ်ပေါက်ဖြစ်ပေါ်လာပြီး ထိုအပေါက်အတွင်းမှ ရွှေရောင်ပိုးချည်မျှင်များထွက်ပေါ်လာလေသည်။ ထိုရွှေရောင်ပိုးခြည်မျှင်များမှာ အရှက်ဦးနေရောင်ခြည်အလား လင်းလက်တောက်

ပနေလေသည်။ ထိုပိုးချည်မျှင်များသည် နတ်ဘုရားအဘိုးအို

ထံသို့ အရှန်ဖြင့်ဝင်ရောက်လာလေသည်။

မျောက်ဝံကြီး၏ တိုက်ခိုက်မှုကြောင့် နတ်ဘုရားအဘိုးအိုက

တစ်ချက်ပင် တုန်လှုပ်သွားခြင်းမရှိပါ။ ဖန်သားကဲ့သို့

ကြည်လင်သည့် မှန်တစ်ချပ် အဘိုးအိုရှေ့တွင်ပေါ်လာပြီး

ရွှေရောင်ပိုးချည်မျှင်များကို အလင်းယိုင်စေလိုက်သည်။ ယိုင်

သွားသည့်အလင်းတန်းက ရောမမျောက်ဝံကြီး၏ ဝမ်းဗိုက်ဆီ

သို့ ပြန်လည် ဝင်ရောက်သွားလေသည်။

ရွှေရောင်မျောက်ဝံကြီးမှာ အလင်းတန်းဖြင့်ထိမှန်ခံရပြီး

အသားနှင့်အရိုးများတစ်စစီဖြစ်ကာ ပေါက်ကွဲထွက်သွားလေ

သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် မျောက်ဝံကြီးထံမှ

ထွက်ပေါ်လာသည့် ရွှေရောင်ပိုးချည်မျှင်များမှာ အလွန်

ထူးဆန်းသည့်အရာများဖြစ်ကြောင်း သိရှိနိုင်လေသည်။

အတောင်များပါသည့် အဖြူရောင်မြွေမှာ ကြောက်လန့်လွန်း သောကြောင့် ခွေနေလေသည်။ ပေါက်ကွဲထွက်သွားသည့် ရောမမျောက်ဝံကြီး၏ အသားစများနှင့် ရွှေရောင်သွေး များသည် အဖြူရောင်မြွေ၏အရေခွံတွင် ကပ်ညိနေကြလေ သည်။

"ဒီအဖြူရောင်မြွေပျံက တကယ့်နဂါးအစစ်ကဆင်းသက်လာ တဲ့ မျိုးဆက်ပဲ ၊ ဘိုးဘိုးတို့ စီးတော်ယဉ်အဖြစ် အသုံးပြုလို့ရ တယ် ၊ ကဲ မင်း ကျုပ်တို့ကို ခေါ်သွားပေးပေတော့"

အဘိုးအိုက များစွာအားစိုက်ထုတ်ခြင်းမရှိဘဲ ရောမရွှေရောင် မျောက်ဝံကြီးကို နှိမ်နင်းခဲ့လေသည်။

သို့သော် မြွေဖြူမှာ တကယ့်နဂါးသွေးအစစ်ပါသည်ဟု မထင်ရ လောက်အောင်ပင် ကြောက်ရွံ့ထိတ်လန့်နေလေသည်။ နတ် ဘုရားအဘိုးအိုရှေ့တွင် နဂါးနှင့်မတူဘဲ ငါးလေးတစ်ကောင် အလားပင် ထင်ရလေသည်။

မြွေဖြူ၏ကျောပြင်မှာ လှေကြီးတစ်စင်းအလား ကြီးမား ကျယ်ပြန့်လေသည်။ နတ်ဘုရားအဘိုးအိုနှင့် ရော့ရှီတို့က မြွေဖြူ၏ ကျောပေါ်သို့ တက်လိုက်ကြလေသည်။ မြွေဖြူက အဘိုးအိုတို့ ထိုင်ရအဆင်ပြေစေရန် သူ၏ခန္ဓာကိုယ်ကို အနည်းငယ် ကော့ထားပေးလိုက်လေသည်။

သုံးရက်ကြာပြီးနောက်…

နဂါးမျိုးနွယ်ဖြစ်သည့် မြွေဖြူကိုစီးနင်ကာ ပျံသန်းလာသည့် အဘိုးအိုနှင့် မိန်းကလေးငယ်တို့သည် ထျန်းဟွာနယ်သို့ ရောက်ရှိလာကြလေသည်။ သူတို့နှစ်ယောက် ထျန်းဟွာနယ်တွင် လွတ်လွတ်လပ်လပ်ပင် လည်ပတ်သွားလာနေကြလေသည်။ ဝိညာဉ်စွမ်းအားကောင်းမွန်သည့်တောင်များနှင့် အဖိုးတန် သစ်ပင်များရှိရာ ဒေသများသို့သွားရောက်ကာ ဝိညာဉ် စွမ်းအားဆေးဝါးများကို စုစည်းကြလေသည်။ သူတို့နှစ်

ယောက်ကို မည်သူကမှလည်း မတားဆီးကြသလို သူတို့

မည်သူမည်ဝါဖြစ်သည်ကိုလည်း မည်သူမှ မသိကြပေ။

သို့သော် ထျန်းဟွာနယ်မှ နတ်ဘုရားဂိုဏ်းများနှင့် ကျင့်ကြံသူ

ဂိုဏ်းများမှာ အဘိုးအိုမှာ ရန်သူတစ်ယောက်ဖြစ်နေမည်ကို

စိတ်ပူပန်နေကြလေသည်။ သူတို့က အဘိုးအိုက သူတို့ပိုင်နက်

အတွင်းသို့ ရောက်ရှိလာမည်ကို ကြောက်လန့်နေကြလေ

တော့သည်။

....

နှစ်ပတ်အတွင်းမှာပင် ကူးချိုင်ဝေ့သည် ထိုက်ဝေ့ထိုင်ခန်းမ

ဆောင်သို့ မကြာခဏလာရောက် ကြည့်ရှုခဲ့လေသည်။

သို့သော် ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင် မည်သူမျှရှိမနေပါ။

ဆရာဘိုးဘိုးဖြစ်သူ နတ်ဘုရားအဘိုးအို၏ အရိပ်အယောင်ကို

ပင် မတွေ့ရပေ။

ဆန်းလျန်မှာလည်း မည်သည့်နေရာသို့ရောက်နေမှန်းမသိသလို

ရှော့ရှီလေးမှာလည်း ပျောက်ဆုံးနေလေသည်။

ဆန်းလျန်၏ ဝိညာဉ်မီးအိမ်လင်းနေသည်ကိုသာ မခံစားရလျှင်
ကူးချိုင်ဝေ့မှာ ဆန်းလျန် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီ
ဟု ယူဆမိမှာ ဖြစ်လေသည်။

ကူးချိုင်ဝေ့ ချင်းရွှမ်နတ်တံခါးသို့ တပည့်အဖြစ် စတင်ဝင်
ရောက်လာသည့်အချိန်ကတည်းက နတ်ဘုရားအဘိုးအိုမှာ
ထိုက်ဝေ့ထိုင်ခန်းမဆောင်ကို စောင့်ရှောက်နေသူဖြစ်လေ
သည်။

သူမမှ မဟုတ်ပေ။ သူမ၏ဆရာဖြစ်သူ ပိယွင်နတ်သမီးနှင့်
ဆရာဘွားဘွားဖြစ်သူ ကျိုလင်နတ်သမီးတို့ ချင်းရွှမ်နတ်တံခါး
သို့ တပည့်အဖြစ် စတင်ဝင်ရောက်သည့် အချိန်ကတည်းက ထို
အဘိုးအိုသည် ထိုက်ဝေ့ထိုင်ခန်းမဆောင်ကို စောင့်ရှောက်
နေသည်မှာ ယနေ့ထိတိုင်ပင်ဖြစ်လေသည်။ ဟိုးအရင်အချိန်
များကတည်းကပင် အဘိုးအို၏ ပုံသဏ္ဌာန်မှာ ပြောင်းလဲသွား
ခြင်းမရှိခဲ့ပေ။

အဘိုးအို၏အသက်မည်မျှရှိပြီကို ချင်းရွှမ်နတ်တံခါးတွင် မည်သူမျှ မသိရှိကြပေ။ ဤသည်ကိုကြည့်ခြင်းအားဖြင့် အဘိုးအိုသည် ချင်းရွှမ်နတ်တံခါးတွင် ရှေးအကျဆုံး ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ်ဖြစ်သူဆန်းလျန်က ချင်းရွှမ်ကို ပြန်လည်ဦးမော့လာအောင် ကြိုးစားဆောင်ရွက်ပေးသူဟု သတ်မှတ်နိုင်ပြီး နတ်ဘုရားအဘိုးအိုကတော့ ချင်းရွှမ်နတ်တံခါး၏ အခြေခံအုတ်မြစ်တစ်ခုဟု သတ်မှတ်နိုင်လေသည်။

အဘိုးအိုရှင်သန်နေသရွေ့ ချင်းရွှမ်နတ်တံခါးလည်း ရှင်သန်နေမည် ဖြစ်လေသည်။

သို့သော် ယခုတော့ တစ်ချိန်တည်းမှာပင် နတ်ဘုရားအဘိုးအိုရော ဆန်းလျန်ပါ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားကြပြီဖြစ်လေသည်။ ဆန်းလျန်၏ ဝိညာဉ်မီးအိမ်မှ အလင်းရောင်ကိုသာ

မခံစားရတော့လျှင် ကူးချိုင်ဝေ့မှာ များစွာ ထိတ်လန့်တုန်လှုပ်မိမည် ဖြစ်လေသည်။

ဆန်းလျန်၏ ဝိညာဉ်မီးအိမ်ထွန်းလင်းနေသေးသည့်အတွက်သာ သူမက တည်ငြိမ်နေခြင်းဖြစ်လေသည်။ သူမက ဆန်းလျန်မှာ တံခါးပိတ်ကျင့်ကြံနေသည်ဟု သတင်းလွှင့်ထားလိုက်လေသည်။

ချင်းရွှမ်ခန်းမဆောင်မှ အလုပ်တာဝန်များကို ကူးချိုင်ဝေ့က တာဝန်ယူပြီးလုပ်ပေးနေရလေသည်။ ဆန်းလျန်ညွှန်ကြားထားသည်များအတိုင်း သူမက တသွေမတိမ်း စနစ်တကျတာဝန်ယူပေးနေရခြင်းဖြစ်လေသည်။

သို့သော် ချင်းရွှမ်နတ်တံခါးမှတပည့်များမှာ ပထမအကြိမ်ဆန်းလျန်တစ်ယောက် လျှို့ဝှက်စွာ ခရီးထွက်သွားကတည်းက သံသယဝင်နေကြလေရာ ယခုလည်း ဆန်းလျန် ပြန်ရောက်လာသည်ဟုသာ သတင်းကြားရပြီး လူကိုတွေ့ရခြင်းမရှိ

သည့်အတွက် မကျေမနပ် ဖြစ်နေကြလေသည်။ ကူးချိုင်ဝေ့က ဆန်းလျန် တံခါးပိတ်ကျင့်ကြံနေသည်ဟု သတင်းလွှင့်ထားသည့်တိုင် သူတို့၏ သံသယများက ကြီးမားလာကြလေသည်။ ထို့ကြောင့်ပင် ချင်းရွှမ်နတ်တံခါးတွင် သဘောထားကွဲလွဲမှုများ စတင်ဖြစ်ပေါ်လာရလေသည်။

ကူးချိုင်ဝေ့သည် စိတ်အနှောင့်အယှက် ဖြစ်ရသည်များကို ခဏမေ့ထားပြီး ကျင့်စဉ်ကျင့်ကြံနေလေသည်။ သူမသည် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန် အနည်းငယ်သာလိုတော့သည်။ သို့သော် သူမအတွက် ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိသေးဘဲ ကျင့်စဉ်လမ်းအခက်အခဲများနှင့် ရင်ဆိုင်နေရလေသည်။ ဟိုင်သန်းအဆင့်တက်ရောက်ရန် ခက်ခဲနေသည့်အတွက် ဆန်းလျန်ဆီမှ ကျင့်စဉ်လမ်းလွှဲပြောင်းပေးခြင်းကို တောင်းဆိုရမည်လားဟုပင် သူမ စိတ်ကူးနေခဲ့မိသည်။

သို့သော် မလိုအပ်ဘဲ သူမက ဆန်းလျန်ထံမှ ကျင့်စဉ်လမ်းလွှဲ ပြောင်းပေးခြင်းကို မပြုလုပ်လိုပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ကျင့်စဉ်လမ်းလွှဲပြောင်းပေးခြင်းကို ပြုလုပ်ကြသည်မှာ များသောအားဖြင့် ကျင့်ကြံသူ ဇနီးမောင်နှံ (သို့မဟုတ်) ချစ်သူ များတွင်သာ ပြုလုပ်လေ့ရှိကြသောကြောင့် ဖြစ်လေသည်။

သူမသာ ဆန်းလျန်ထံမှ ကျင့်စဉ်လမ်းလွှဲပြောင်းပေးသည်ကို လက်ခံလိုက်လျှင် သူမနှင့် ဆန်းလျန်မှာ ချစ်သူများဟု အထင်ခံရနိုင်ဖွယ်ရှိလေသည်။

ထို့ပြင် ဆန်းလျန်ကလည်း လက်ရှိအချိန်တွင် ဘယ်ကမ္ဘာသို့ ရောက်ရှိနေသည်မသိပေ။

လင်ထိုင်တာအိုပြိုင်ပွဲနီးကပ်လာပြီဖြစ်သည့်အတွက် သူမသည် ဟိုင်သန်းအဆင့်သို့ အလွန်တက်ရောက်ချင်နေပြီ ဖြစ်လေ သည်။ သို့မှသာ လင်ထိုင်တာအိုပြိုင်ပွဲတွင် ချင်းရွှမ်နတ်တံခါး ကိုယ်စား သူမပါဝင်ခွင့်ရမည် ဖြစ်လေသည်။

သူမ ကျင့်စဉ်လမ်းအခက်အခဲများ ရင်ဆိုင်နေရဆဲအချိန်တွင်
ချန်ကျန့်မေနှင့် ယန့်ပုကွေးကတော့ ဟိုင်သန်းအဆင့်
အောင်မြင်ခဲ့ကြပြီဖြစ်လေသည်။ ထို့ကြောင့် ကူးချိုင်ဝေ့မှာ
စိတ်ဓာတ်ကျချင်သလိုလိုပင် ဖြစ်နေမိတော့သည်။
စိတ်များရှုတ်ထွေးနေသည့်အတွက် သူမအတွက် ကျင့်စဉ်ကို
ကောင်းကောင်း မကျင့်ကြံနိုင်ဘဲ ရှိလေသည်။ ထို့ကြောင့် သူမ
ကျင့်ကြံခြင်းကို ရပ်နားလိုက်လေသည်။ ထျန်းတိကျန်းမှ မှိန်
ပျပျအလင်းရောင်သည် ချင်းရွှမ်ခန်းမဆောင် ကြမ်းပြင်ပေါ်
သို့ ကြည်လင်သည့်ရေအလား စီးဆင်းဖြာကျနေလေသည်။
ထိုဖြာကျနေသည့် ထျန်းတိကျန်း၏ အလင်းရောင်ထဲတွင် ထို
က်ယီတောင်ထိပ်သို့လာနေသည့် တာအိုဆရာတစ်ပါးကို တွေ့
လိုက်ရလေသည်။
အခြားသူမဟုတ် ၊ ဆရာဘိုးဘိုး ပိုင်စုဟွမ်ပင် ဖြစ်လေသည်။

အဘယ့်ကြောင့် ပိုင်စုဟွမ် ထိုက်ယီတောင်ထိပ်သို့လာရသည်

ကို သူမ အံ့သြနေမိလေသည်။

သူမက ကျင်းချင်းကို စိတ်စွမ်းအားဖြင့် ဆက်သွယ်စကားပြော

လိုက်ကာ ပိုင်စုဟွမ်ကို ကြိုဆိုခိုင်းလိုက်သည်။

သိပ်မကြာမီပင် ကျင်းချင်းနှင့်အတူ ပိုင်စုဟွမ် ခန်းမဆောင်

အတွင်းသို့ ဝင်ရောက်လာလေသည်။

ပိုင်စုဟွမ်မှာ အလွန်မောက်မာသည့်ဟန်ဖြင့် ဝင်လာခြင်းဖြစ်

လေသည်။ သူ့ထံမှ နိုင်လိုမင်းထက်ပြုလိုသည့် အငွေ့အသက်

များ ထွက်ပေါ်နေလေသည်။

"ဆရာဘိုးဘိုးပိုင် ၊ ဘာကိစ္စများရှိလို့ ရောက်လာပါသလဲ"

ကူးချိုင်ဝေ့က မေးလိုက်လေသည်။

"ကျုပ် ဆန်းလျန်နဲ့တွေ့ချင်လို့..."

ပိုင်စုဟွမ်က ပြန်ဖြေလိုက်သည်။

"ဆရာဘိုးဘိုးပိုင် ၊ ဂိုဏ်းချုပ်ကို ဆန်းလျှန်လို့ နာမည်ခေါ်လို့ မရဘူးဆိုတာ မသိဘူးလား"

ကူးချိုင်ဝေ့က ပြောလိုက်သည်။

"ဟွန်း... ကျုပ်ကျင့်စဉ်လမ်းစတင်တဲ့အချိန်မှာ သူက မွေးတောင်မွေးသေးတဲ့ကောင်မဟုတ်ဘူး ၊ သူ့နာမည်ခေါ်တော့ ဘာဖြစ်သလဲ ၊ ပြီးတော့ သူကလည်း ဘယ်တုန်းက ဂိုဏ်းချုပ်တစ်ယောက်လိုနေလို့လဲ"

ပိုင်စုဟွမ်က ငေါ်တော့တော့လေသံဖြင့် ပြောလိုက်လေသည်။

"ဒီအဘိုးကြီးက တော်တော်မောက်မာတာပဲ"

ဟု ကူးချိုင်ဝေ့ တွေးလိုက်မိလေသည်။

သို့သော် သူမက လေသံကိုလျှော့လိုက်ရင်း...

"ဂိုဏ်းချုပ်က တံခါးပိတ်ကျင့်ကြံနေပါတယ် ၊ ဧည့်သည်တွေ အတွေ့မခံပါဘူး"

"ကျုပ်ကြားတာတော့ ဆန်းလျုန်ခရီးကပြန်လာပြီးတဲ့နောက်
မင်းနဲ့ ပထမဆုံး တွေ့ဆုံခဲ့တာပဲ ၊ သူတစ်ခုခုဖြစ်တာလား ဒါမှ
မဟုတ် တစ်ယောက်ယောက်က သူ့ကို မကောင်းတဲ့
ရည်ရွယ်ချက်နဲ့ လုပ်ကြံလိုက်တာလား ၊ ကျုပ်ကို ဘာကြောင့်
ပြောမပြရတာလဲ"

ပိုင်စုဟွမ်က အေးစက်စွာပြောလိုက်လေသည်။

"ဆရာဘိုးဘိုးပိုင်ရဲ့စကားက ဘာကိုဆိုလိုတာလဲ ၊
တစ်ယောက်ယောက်က မကောင်းတဲ့စိတ်နဲ့လုပ်ကြံတယ်ဆိုတာ
ဘာကိုပြောချင်တာလဲ ၊ ကျွန်မသိအောင် သေချာလေးရှင်းပြ
ပါဦး ဆရာဘိုးဘိုးပိုင်"

"ဆန်းလျုန်မရှိရင် အကျိုးအမြတ်အရှိဆုံးလူက မင်းပဲလေ ၊ ဒီ
တော့ ဆန်းလျုန်ကို မကောင်းတဲ့စိတ်နဲ့ လုပ်ကြံတဲ့သူက ဘယ်
သူဖြစ်မယ်ဆိုတာ မင်းပဲ စဉ်းစားကြည့်ပေါ့"

ပိုင်စုဟွမ်က ချက်ချင်းပြန်ပြောလိုက်သည်။

"ဆရာဘိုးဘိုးပိုင်၊ ဒီစကားကတော့ တော်တော်စော်ကားတဲ့ စကားပဲ၊ ချင်းရွှမ်နတ်တံခါးဆိုတာ ချင်းရွှမ်က တပည့် အားလုံး ပိုင်ဆိုင်တဲ့နေရာပါ၊ ကျွန်မကိုယ်ကျိုးအတွက် ကျွန်မ လုပ်ခဲ့တာ ဘာတစ်ခုမှ မရှိဘူး၊ စကားတွေက တော်တော် ရိုင်းစိုင်းတာပဲ"

ကူးချိုင်ဝေ့က အေးစက်စွာ ပြန်ပြောလိုက်လေသည်။

"ချင်းရွှမ်နတ်တံခါးကို ချင်းရွှမ်ကတပည့်အားလုံးပိုင်တယ်ဆို ရင် တပည့်တွေအသက်ရှည်ဖို့အတွက် နတ်အသက်ရှည်ဆေးရှိ နေတာကို ဘာလို့ မပေးရတာလဲ၊ ကျုပ်က အဲဒီဆေးကိုရဖို့ အ ကြာကြီးစောင့်နေရတာ"

ပိုင်စုဟွမ်က မထီမဲ့မြင်လေသံဖြင့် ပြောလိုက်လေသည်။

အခြေအနေကတော့ ဆိုးသည်ထက်ဆိုးလာပြီဖြစ်ကြောင်း ကူး ချိုင်ဝေ့ ရိပ်မိလိုက်လေတော့သည်။

အခန်း (၂၈၉) ဒြပ်စင်စွမ်းအားငါးမျိုး

ကူးချိုင်ဝေ့က မျက်ခုံးကို တစ်ချက်ပင့်လိုက်ပြီး....

"ဆရာဘိုးဘိုးပိုင် ၊ ဒီသတင်းကို ဘယ်ကနေကြားတာလဲ"

"ဘယ်ကနေကြားကြားပေါ့ ၊ အဲဒါ ဟုတ် မဟုတ်ဆိုတာကိုသာ မင်းဝန်ခံဖို့လိုတယ်"

ပိုင်စုဟွမ်က ရန်လို ဒေါသတကြီးဖြင့် ပြောလိုက်လေသည်။

ကူးချိုင်ဝေ့က စကားတစ်ခွန်းမှ မဆိုဘဲ ပိုင်စုဟွမ်ကို အေးစက်စွာဖြင့် ကြည့်လိုက်သည်။

မြွေမိစ္ဆာကြီးကျင်းချင်းသည် ချက်ချင်းပင် မြွေအသွင် ပြောင်းလဲလိုက်ကာ ချင်းရှမ်ခန်းမဆောင်၏ တိုင်လုံးကြီးကို

ရစ်ပတ်ထားလေသည်။ မြွေမိစ္ဆာကြီးက ကြမ်းတမ်းရက်စက်သော မျက်လုံးများဖြင့် ပိုင်စုဟွမ်ကို စိုက်ကြည့်နေလေသည်။ ပိုင်စုဟွမ်၏ ကြီးမားလွန်းသည့် တန်ခိုးစွမ်းအားများက ချင်းရှမ်ခန်းမဆောင်တစ်ခုလုံးတွင် ပြည့်နေလေသည်။

တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးဖြစ်တော့မည့်အလား ခံစားရလေသည်။ ကူးချိုင်ဝေ့နှင့် ကျင်းချင်းတို့နှစ်ယောက်ပေါင်းပြီးသော တောင့်ခံထားခြင်းမရှိလျှင် သူတို့နှစ်ယောက်လုံးမှာ သတိလစ်မေ့မျောသွားနိုင်လောက်သည့် တန်ခိုးစွမ်းအားထုကြီးဖြစ်လေသည်။

ထိုအချိန်မှာပင် ထျန်းတိကျန်းမှ အလင်းရောင်များဖြာထွက်လာပြီး ခန်းမဆောင်တစ်ခုလုံး လင်းထိန်သွားလေသည်။

ထျန်းတိကျန်းထွက်ပေါ်လာသည်နှင့် ပိုင်စုဟွမ်က ဟွန့်ခနဲ တစ်ချက်လုပ်လိုက်ပြီး အလင်းတန်းတစ်ခုအဖြစ် ဖန်ဆင်းကာ တိမ်များအတွင်းသို့ တိုးဝင် ပျောက်ကွယ်သွားလေသည်။

ထိုအခါမှ ကူးချိုင်ဝေ့မှာ စိတ်သက်သာရာရသွားလေသည်။

တိုင်လုံးကြီးကို ပတ်ထားသည့် မြွေမိစ္ဆာကြီး ကျင်းချင်းမှာ

တော့ ချွေးဆေးများပင် ထွက်နေလေသည်။ ထျန်းတိကျန်းမှာ

အနောက်သို့ ပြန်ဆုတ်သွားပြီး အလင်းရောင်များ

တဖြည်းဖြည်းမှိန်ဖျော့သွားလေသည်။

ကျင်းချင်းက...

"သူက ပြီးသွားမှာမဟုတ်ဘူးနော် ၊ ပြီးတော့ ကျုပ်တို့နှစ်

ယောက် တန်ခိုးစွမ်းအားနှစ်ခုပေါင်းရင်တောင် သူ့ကို အနိုင်ရ

အောင် တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး"

ကူးချိုင်ဝေ့က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အခြေအနေတွေက ရှုတ်ထွေးကုန်ပြီ ၊ ငါတို့ကသာ သူ့ကို နတ်

အသက်ရှည်ဆေးမပေးရင် ပြဿနာရှာမယ့်ပုံမယ် ၊ ဒါပေမယ့်

နတ်အသက်ရှည်ဆေးဆိုတာ တကယ့်လျှို့ဝှက်ကိစ္စပဲ ၊ သူက

ဘယ်လိုလုပ် သိသွားရတာလဲ"

ပိုင်စုဟွမ်တွင် အခြားရည်ရွယ်ချက်မရှိလျှင်တော့ သူက ဆန်းလျန် ပြန်ရောက်လာသည်အထိ စောင့်သင့်လေသည်။ ပိုင်စုဟွမ်မှာ အတွေ့အကြုံရင့်ကျက်သူတစ်ယောက်ဖြစ်သည့်အပြင် ချင်းရွှမ်နတ်တံခါးတွင်လည်း နှစ်ပေါင်းတစ်ရာမက ကျင့်ကြံနေထိုင်ခဲ့သူတစ်ယောက်ဖြစ်လေသည်။ သူ့တွင် ပြဿနာရှိလျှင် ဆန်းလျန်ကို ကျိုးကြောင်းညီညွတ်စွာရှင်းပြပြီး နတ်အသက်ရှည်ဆေးတောင်းခံမည်ဆိုပါက ဆန်းလျန်ကလည်း ပေးမည်သာဖြစ်လေသည်။

သို့သော် သူက ဆန်းလျန်လည်းမရှိသည့်အချိန် ၊ နတ်ဘုရားအဘိုးအိုလည်း ပျောက်ကွယ်သွားသည့်အချိန် ၊ ကျိုလင်နတ်သမီးမှာလည်း တံခါးပိတ်ကျင့်ကြံနေသည့်အချိန်ကို သေသေချာချာရွေးခြယ်ကာ ကူးချိုင်ဝေ့ထံသို့ ရောက်ရှိလာခြင်းဖြစ်လေသည်။ သူ၏အပြုအမူကို ကြည့်ခြင်းအားဖြင့် အင်မတန်မှ

စိတ်ဓာတ်အောက်တန်းကျသူဖြစ်ကြောင်း ထင်ရှားနေလေ

တော့သည်။

ထို့ထက်ပိုပြီးအရေးကြီးသည့်အချက်မှာ နတ်အသက်ရှည်

ဆေးအကြောင်း ပိုင်စုဟွမ်သိသွားခြင်းပင် ဖြစ်လေသည်။

ထိုသို့သိသွားခြင်းမှာ တိုက်ဆိုင်မှု မဖြစ်နိုင်ပေ။ ပိုင်စုဟွမ်ကို

ထိုသတင်းကိုပေးသူမှာ မည်သူဖြစ်လေသနည်း။ စဉ်းစားစရာ

ပင် ဖြစ်လေသည်။

ကူးချိုင်ဝေ့မှာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ထမ်းထားသည့်

အလား ခံစားနေရလေသည်။ ပိုင်စုဟွမ် ရောက်လာသည်မှာ

အခြေအနေကို လာရောက်စမ်းသပ်ခြင်းဖြစ်လေသည်။ သူ

နောက်တစ်ကြိမ်ထပ်မံလာရောက်သည့်အချိန်တွင် ဆန်းလျန်

သာမရှိပါက ဒုက္ခရောက်ရပေတော့မည်။ ပိုင်စုဟွမ်မှာ ဘဝ

နေဝင်ချိန်နီးနေပြီဖြစ်သည့်အတွက် မည်သည့်နည်းနှင့်မျှ အ

လျှော့ပေးတော့မည် မဟုတ်ပေ။

ကူးချိုင်ဝေ့သည် ချင်းရွှမ်ခန်းမဆောင်အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်လေသည်။ သူမသည် ဆန်းလျန်ကို မျှော်နေခြင်းဖြစ်လေသည်။

"ဂိုဏ်းတူမောင်လေး ၊ မင်းဘယ်ရောက်နေလဲ ၊ ဘာတွေများဖြစ်နေသလဲကွယ်"

သူမ တွေးလိုက်မိလေသည်။

ချစ်စရာကောင်းသည့် ရွတ်နောက်နောက်အပြုံးလေးဖြင့် ချင်းရွှမ်ခန်းမဆောင်အတွင်းသို့လှမ်းဝင်လာမည့် လူငယ်လေးကို သူမဘဝတွင် တစ်ခါမှ ထိုမျှလောက် မတမ်းတခဲ့မိဖူးပေ။

ဆန်းလျန်သာ ပြန်လာလျှင် ပြဿနာအားလုံး ဖြေရှင်းနိုင်သွားမည် ဖြစ်လေသည်။

....

ဆန်းလျန်မှာ မက်မွန်ပင်ကြီးအောက်တွင် ထိုင်နေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူက ပုံရိပ်ယောင်များ ဝင်ရောက်လာခြင်းမရှိအောင် စိတ်ကို

ထိန်းချုပ်ရင်း တရားထိုင်နေလေသည်။ သူ၏စိတ်မှာ နက်ရှိုင်းသည့် တွင်းနက်ကြီးတစ်ခုထဲသို့ ရောက်ရှိနေသည့်အလား တိတ်ဆိတ်အေးချမ်းနေလေသည်။

အဖြစ်အပျက်များစွာ ကြုံတွေ့ပြီးသည့်နောက် သေရေးရှင်ရေး အခြေအနေများတွင် ကျောက်စိမ်းကျိုင်းတံ ကိုင်ထားသည့် နတ်ဘုရား ထွက်ပေါ်လာကာ သူ့ကိုကယ်တင်လေ့ရှိကြောင်း သတိပြုခဲ့မိပြီဖြစ်သည်။ သို့သော် ထိုသို့ လာရောက်ကယ်တင် သည်ကို ဆန်းလျန် မလိုချင်မိပေ။

မက်မွန်ပွင့်လေးများသည် အစိမ်းရောင်ကျောက်တုံးလမ်းလေး ပေါ်သို့ ကြွေကျနေလေသည်။ မြေပြင်ထက်တွင် ကြွေကျနေ သည့် ပွင့်ကြွေများမှာ လွန်စွာမှ လှပနေလေသည်။ လေပြေ လေးက တိုက်ခတ်လာပြီး ပွင့်ကြွေများသည် လေအဝှေ့တွင် လွင့်မျောသွားလေသည်။ ထို့နောက် မိုးစက်လေးများရွာသွန်း လာကာ မြေကြီးမှာ မြေဆီဩဇာများ ကြွယ်ဝလာလေသည်။

ဆန်းလျန်သည် အစိမ်းရောင်ကျောက်တုံးလမ်းလေးကို စူးစိုက်ကြည့်နေလေသည်။

"ဒီလမ်းရဲ့အဆုံးမှာ ဒီဗလာနယ်ကနေထွက်တဲ့ လမ်းရှိကိုရှိရမယ် ၊ ငါထပ်ပြီးသွားကြည့်သင့်တယ်"

နှစ်နာရီအတွင်းမှာပင် အစိမ်းရောင်ကျောက်တုံးလမ်းလေး အဆုံးသို့ ဆန်းလျန်ရောက်ရှိလာလေသည်။

ရှေ့တွင် မည်သည့်လမ်းမျှ မရှိတော့ပေ။

သီးခြားဗလာနယ်၏အဆုံးသတ် ဖြစ်သည့်အတွက် သူ့ရှေ့တွင် အဆုံးမရှိသည့် ဗလာနယ်ကိုသာ မြင်တွေ့နေရလေသည်။

အလင်းရောင်လဲ့လဲ့တောက်ပနေသည်ကို ဆန်းလျန် မြင်ရသည်။ သို့သော် ထိုအလင်းရောင်မှာ မည်သည့်နေရာမှ ထွက်ပေါ်နေသည်လဲ ဆန်းလျန် မသိပေ။

သူ့ရှေ့ရှိ အဆုံးမရှိသည့်ဗလာနယ်ထဲတွင် အသက်ဓာတ်စွမ်းအားလည်းမရှိသလို ဝင်ရောက်၍လည်းမရပေ။ သူက

ဗလာနယ်ထဲသို့ ဝင်ရောက်ရန် ကြိုးစားလိုက်တိုင်း သူ၏ သွေးကြောများနှင့် သူ၏တန်ခိုးစွမ်းအားများမှာ ဖောင်းပွလာပြီး ပေါက်ထွက်လုမတတ် ဖြစ်ရလေသည်။

ထို့ကြောင့် သူက အစိမ်းရောင်ကျောက်တုံးလမ်းလေးအဆုံးတွင်ရပ်ကာ အခြေအနေကို လေ့လာနေလိုက်လေသည်။ စိတ်အာရုံစူးစိုက်မှုကို အမြင့်အဆုံးအဆင့်ထိ အသုံးပြုကာ ဗလာနယ်တွင်းမှ အပြောင်းအလဲများကို အာရုံခံ ကြည့်လိုက်သည်။

အချိန်တစ်နေ့တာ ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ထိုအချိန်တွင် လေထဲမှ ထွက်ပေါ်လာသည့် သဲမှုံလေးတစ်မှုံကို ဆန်းလျှန် တွေ့လိုက်ရလေသည်။ ထိုသဲမှုံလေးသည် အစိမ်းရောင်ကျောက်တုံးလမ်းလေးဆီသို့ ပျော်ဝင်ပေါင်းစပ်သွားလေသည်။

အချိန်များကုန်ဆုံးသွားသည်နှင့်အမျှ သဲမှုံလေးများ တစ်ခုပြီး တစ်ခုပေါ်ပေါက်လာပြီး ဗလာနယ်၏ဧရိယာကို ချဲ့ထွင်ပေးနေလေသည်။ ကြည့်ရသည်မှာ သီးသန့်ဗလာနယ်လေးမှာ အလွန်နေ့းကွေးသည့် အရှိန်ဖြင့် ဖြည်းဖြည်းချင်း နယ်မြေချဲ့ထွင်နေပုံရလေသည်။

သဲမှုံလေးတစ်မှုံမှာ နေရာတစ်ခုကို ဖန်တီးနိုင်ရန်အတွက် အလွန်မှ နည်းပါးသည့် ပမာဏ ဖြစ်လေသည်။ သို့သော် ထိုသဲမှုံလေးတစ်မှုံကပင် ဖြစ်တည်မှုကို စတင်ဖန်ဆင်းနိုင်လေသည်။

ဆန်းလျှန် သဘောပေါက်သွားရသည်။ ဤသီးသန့်ဗလာနယ် ဖြစ်တည်လာခြင်း၏နောက်ကွယ်မှ တန်ခိုးစွမ်းအားသည် သဲမှုံလေးတစ်မှုံ ဖြစ်တည်လာခြင်း၏ နောက်ကွယ်မှ တန်ခိုးစွမ်းအားနှင့် အတူတူပင်ဖြစ်လေသည်။

သဲမှုံလေးတစ်မှုံတွင် ဘဝတစ်ခုကိုဖြစ်တည်စေသည့်

ပြီးပြည့်စုံသည့် ဖွဲ့စည်းမှုတစ်ခု ပါရှိလေသည်။

ဗုဒ္ဓကျမ်းစာထဲတွင်ရေးသားထားသည်မှာ "သဲမှုံလေးတစ်မှုံက

ပင်လျှင် လောကကြီးတစ်ခုဖြစ်တည်လာနိုင်သည်" ဟူ၍ဖြစ်

လေသည်။ ကျမ်းစာထဲမှ စကားမှာ အမှန်ပင်ဖြစ်လေသည်။

အလွန်မှ သေးငယ်သည့်တိုင် သဲမှုံလေးများထဲတွင် အသက်

ဓာတ်စွမ်းအားများပါဝင်နေသည်ကို ဆန်းလျန် ခံစားလိုက်မိ

လေသည်။

သဲမှုံလေးများကိုကြည့်ရင်း ထိုက်ရှီးနည်းဗျူဟာအကြောင်း

စဉ်းစားလိုက်မိသည့်အခါ သူ့ဝမ်းသာအားရ အော်ဟစ်လိုက်

မိသည်။

ထိုက်ရှီးနည်းဗျူဟာ၏ ဖြစ်တည်မှုတန်ခိုးစွမ်းအားမှာ

ကောင်းကင်၊ မြေကြီး၊ တောင်၊ ရွှံ့နွံ၊ ရေ၊ မီး၊ လေ နှင့်

လျှပ်စီးဆိုသည့် ဒြပ်စင်စွမ်းအားရှစ်မျိုးကို အခြေခံထားခြင်း

ဖြစ်လေသည်။ ထိုအရာများသည် အခြေခံတည်ရှိမှုများပင်
ဖြစ်လေသည်။

ထိုအတွေးဖြစ်တည်လာသည်နှင့် သူ့စိတ်ထဲတွင် အနီ ၊ လိမ္မော်
၊ အဝါ ၊ အဖြူ ၊ အစိမ်း ၊ အပြာ၊ ခရမ်းနှင့် အနက်ရောင်
စွမ်းအားများ ထွက်ပေါ်လာလေသည်။ ထိုစွမ်းအားများကို
အသုံးပြုကာ ဗလာနယ် အရံအတားကို ဆန်လျန် စတင်ထိုး
ဖောက်လိုက်လေသည်။ ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ ဂမ္ဘီရ
မော်ရောင်စဉ်များအလား လင်းလက်တောက်ပနေလေသည်။
ထိုက်ရှီးနည်းဗျူဟာ၏ ဒြပ်စင်စွမ်းအားရှစ်မျိုးသည် သဲမှုံ
လေးများ ဖြစ်တည်လာခြင်း၏ နောက်ကွယ်မှ တန်ခိုးစွမ်းအား
ပင် ဖြစ်လေသည်။ ဆန်းလျန်၏ ဝိညာဉ်စွမ်းအားများသည် ထို
က်ရှီးတန်ခိုးစွမ်းအားများနှင့် ပေါင်းစပ်သွားလေသည်။
ထိုအခါ ဒြပ်စင်စွမ်းအားရှစ်မျိုးတွင် ပြောင်းလဲမှု စတင်ဖြစ်
ပေါ်လာပြီး ထူးဆန်းသည့် စွမ်းအားတစ်ခုကို ထုတ်လွှတ်ပေး

လိုက်လေသည်။ ထိုစွမ်းအားသည် ဗလာနယ်ထဲတွင် ဟိုမှ ဒီမှ လှုပ်ရှားနေလေသည်။

ဆန်းလျန်ဖတ်ခဲ့ဖူးသည့် စာပိုဒ်တစ်ပိုဒ်ဖြစ်သည့် -

"ထူးဆန်းသည့်တစ်စုံတစ်ရာသည် မိုးနှင့်မြေမမွေးဖွားခင် စတင်ဖြစ်တည်လာသည်။ တိတ်ဆိတ်နေသည့် ဗလာနယ်ထဲတွင် ထိုအရာသည် တစ်ခုတည်းတည်ရှိနေပြီး မပြောင်းမလဲ ရှိနေလေသည်။ ထိုအရာသည် ဖြစ်တည်မှုအရာအားလုံး၏ မိခင်ဖြစ်နိုင်သည်။ ထိုအရာ၏အမည်ကို ကျွန်ုပ်မသိ။ ထို့ကြောင့် ထိုအရာကို တာအိုကျင့်စဉ်လမ်းဟု အမည်ပေးလိုက်သည်။"

ဟူသည့် စာပိုဒ်အတိုင်းပင်ဖြစ်လေသည်။

ဆန်းလျန်မှာ စိတ်များရှုတ်ထွေးနေသည့်တိုင် သူ၏ခန္ဓာကိုယ်ထဲတွင် ထိုက်ရှီးတန်ခိုးစွမ်းအားရှစ်ခုဖြင့် ပြည့်နက်နေလေသည်။ ထိုက်ရှီးတန်ခိုးစွမ်းအားများ ကြီးမားလာသည်နှင့်အမျှ ယင် နှင့် ယန် စွမ်းအားများအဖြစ်သို့ ပြောင်းလဲသွားလေ

သည်။ ထို့နောက် ယင် နှင့် ယန် မှ ဒြပ်စင်စွမ်းအား ငါးမျိုး အဖြစ်သို့ ကူးပြောင်းသွားလေသည်။ ဗလာနယ်ထဲမှ တည်ရှိမှုမှာ ပြောင်းလဲတိုးတက်လာပြီး ထိုးဖောက်နိုင်မှုက တဖြည်းဖြည်းကျယ်ပြန့်လာလေသည်။

ဆန်းလျန်က ထူးဆန်းသည့် တန်ခိုးစွမ်းအားတစ်ခုကို ထုတ်လွှတ်လိုက်သည်။ ထိုတန်ခိုးစွမ်းအားမှာ ချမ်းမော့ထံမှ သူရရှိထားသည့် တန်ခိုးစွမ်းအား ဖြစ်လေသည်။ သူ၏ ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွားပြီး ခဏတာမျှ သတိလစ်သလိုဖြစ်သွားရလေသည်။ သူပြန်လည်သတိရလာည့်အချိန်တွင်တော့ သူ၏ခန္ဓာကိုယ်ထဲတွင် ချမ်းမော့၏ ထူးဆန်းသည့် တန်ခိုးစွမ်းအားနှင့် ထိုက်ရှီးတန်ခိုးစွမ်းအားရှစ်ခု ပေါင်းစပ်သွားပြီး ရောင်စဉ်ငါးခု ထွက်ပေါ်လာလေသည်။ အစိမ်း ၊ အဝါ ၊ အနီ ၊ အနက် နှင့် အဖြူရောင် တန်ခိုးစွမ်းအားများ ဖြစ်လေသည်။

ထိုစွမ်းအားများမှာ မယုံကြည်နိုင်စရာကောင်းလောက်အောင် လျှင်မြန်လွန်းလေသည်။

"ထိုက်ရှီးနည်းဗျူဟာ ၊ တာအိုကျင့်စဉ်ရဲ့အခြေခံ ဒြပ်စင်စွမ်းအားငါးမျိုး"

ဆန်းလျန် တွေးလိုက်မိသည်။

ဆန်းလျန်ကိုယ်ထဲမှ ဒြပ်စင်စွမ်းအားငါးမျိုးမှာ ဒြပ်စင်စွမ်းအားရှစ်မျိုးဖြင့် ပေါင်းစည်းသွားလေသည်။ ကိုယ်တွင်းမှ တန်ခိုးစွမ်းအားများသည် တဖြည်းဖြည်းနှင့် အလွန်ခိုင်မာကျစ်လျစ်လာလေသည်။

သို့သော် ဒြပ်စင်စွမ်းအားငါးမျိုးမှာ အလွန်လေးလံလှသည့်အတွက် ဆန်းလျန် ထိန်းချုပ်ရန် ခက်ခဲနေရလေသည်။

သို့သော် သူက စိတ်ကို တည်ငြိမ်အောင်ထားလိုက်ပြီး အာရုံစူးစိုက်လိုက်လေသည်။ သူ၏ခန္ဓာကိုယ်အတွင်း ထူးဆန်းသည့် တန်ခိုးစွမ်းအားများသည် တာအိုစွမ်းအားအဖြစ်

တစ်သမတ်တည်း ကာရံညီသွားပြီး ဗလာနယ်အတွင်းတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်သွားလေတော့သည်။

....

ထိုအချန်မှာပင်...

ထိုက်ယီတောင်ထိပ်ရှိ ချင်းရွှမ်ခန်းမဆောင်ရှေ့သို့ အတောင်များတစ်ဖျတ်ဖျတ်ခတ်ရင်း ချမ်းမော့ ရောက်ရှိလာလေသည်။

အစိမ်း ၊ အနီ ၊ အဝါ ၊ အနက်နှင့် အဖြူ ဒြပ်စင်စွမ်းအား ငါးမျိုးမှာ သူမ၏ခန္ဓာကိုယ်မှ ရောင်စဉ်ဖြာလင်းကာ ထွက်ပေါ်လျှက်ရှိလေသည်။

ကူးချိုင်ဝေ့က ခန်းမဆောင်အပြင်ဘက်သို့ထွက်လိုက်ပြီး ချမ်းမော့ကို ကြည့်လိုက်သည်။

"ဒီငှက်လေးက ဂိုဏ်းတူမောင်လေးနဲ့ အရမ်းရင်းနှီးတယ် ၊ သူများဂိုဏ်းတူမောင်လေး ဘယ်မှာရှိလဲဆိုတာ သိနိုင်မလားပဲ" ဟု ကူးချိုင်ဝေ့ တွေးလိုက်မိလေသည်။

"မင်း ဆန်းလျန်ဘယ်မှာလဲ သိလားဟင်..."

သူမက ချမ်းမောကို မျှော်လင့်တကြီးဖြင့် မေးလိုက်လေသည်။

သို့သော် ချမ်းမောကတော့ သူမကို အရေးပင်မလုပ်ပေ။ ဇာမ

ဏီငှက် သီးချင်းဆိုနေသည့်အလား ကျီကျီကြာကြာ အသံ

လေးများသာ အော်ဟစ်နေလေသည်။

ထိုအချိန်မှာပင် ...

ပိုင်စုဟွမ်နှင့် အခြားသော တပည့်ဆယ်ယောက်ခန့်

ကောင်းကင်ထက်တွင် ပျံသန်းလာကြသည်ကို ကူးချိုင်ဝေ့ မြင်

တွေ့လိုက်ရလေသည်။

"နောက်ဆုံးတော့ သူတို့ရောက်လာကြပြီ ..."

ကူးချိုင်ဝေ့မှာသက်ပြင်းတစ်ချက်ချရင်း ထိုမျှသာ ရေရွတ်

လိုက်နိုင်တော့သည်။

အခန်း (၂၉၀) ထူးခြားသည့်အခွင့်အရေး

ကူးချိုင်ဝေ့က ရောက်လာသည့်သူများ၏ တန်ခိုးစွမ်းအားကို ခန့်မှန်းတွက်ချက်ကြည့်လိုက်သည်။ ပိုင်စုဟွမ် ဦးဆောင်လာသည့် ကျင့်ကြံသူအုပ်စုတွင် ဟိုင်သန်းအဆင့်ကျင့်ကြံသူသုံးယောက်ပါဝင်လေသည်။ သူတို့၏ စွမ်းအားများသာ ပေါင်းစပ်လိုက်ပါက ကျင့်ကြံသူဂိုဏ်းငယ်လေးတစ်ခုကိုပင် နှိမ်နင်းနိုင်လောက်အောင် တန်ခိုးစွမ်းအား ကြီးမားမည်ဖြစ်လေသည်။ ဥပမာပေးရလျှင် ချင်းကျန်းဂိုဏ်းကဲ့သို့ ဂိုဏ်းမျိုးကို ထိုလူအုပ်ဖြင့် လုံး၀ နှိမ်နင်းနိုင်မည်မှာ မလွဲကေန်ပင်။ ထို့ပြင် ပိုင်စုဟွမ်မှာ ဖော့ဝမ့်အဆင့်ကျင့်ကြံသူတစ်ယောက် ဖြစ်သည့်အတွက် သူ၏တန်ခိုးစွမ်းအားက ဟွမ်လုန်ကျီထက် မသာလျှင်တောင် မလျော့ပေ။

ကူးချိုင်ဝေ့မှာ အရက်သမားတာအိုဆရာနှင့် ဆရာသခင်ကယ်ယွမ်းတို့ကို အကြောင်းကြားရန်မှာလည်း အချိန်မမီတော့ပေ။

ဆန်းလျန်မှာ ချင်းရှမ်နတ်တံခါးမှ တပည့်အများစု၏ ယုံကြည်မှုကို ရရှိထားသူ ဖြစ်လေသည်။ ထို့ပြင် ဆန်းလျန်သည် အချိန်မရွေး နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်တော့မည့်သူ ဖြစ်သည့်အတွက် ပိုင်စုဟွမ်ကို ကောင်းကောင်းယှဉ်ပြိုင်နိုင်မည် ဖြစ်လေသည်။

သို့သော် သူမကတော့ ထိုသို့မဟုတ်ပေ။ သူမကို ကူညီမည့်သူမှာ ဆန်းလျန်နှင့် ကျိုလင်နတ်သမီးသာရှိလေသည်။

ဆရာဘွားဘွားဖြစ်သူ ကျိုလင်နတ်သမီးကတော့ အခက်အခဲရင်ဆိုင်ရသည့်အချိန်တွင် အလွန်အရေးကြီးလျှင် သူမကို ဆင့်ခေါ်ရန် မှာကြားထားလေသည်။ သို့သော် ဆရာဘွားဘွားဖြစ်သူမှာ တံခါးပိတ်ကျင့်ကြံပြီး ဒဏ်ရာကုသနေခြင်း ဖြစ်သည့်အတွက် သူမအနေဖြင့် အနှောင့်အယှက် မပေးလိုပေ။

ထို့ပြင် သူမ ဆင့်ခေါ်လိုက်ကာမှ ကျိုလင်နတ်သမီးမဟုတ်ဘဲ ချင်းရှောင်းနတ်သမီး အသွင်ဖြင့် ထွက်ပေါ်လာပါက ပြဿနာ များမှာ ရှင်း၍မရအောင်ရှုတ်ကုန်မည် ဖြစ်လေသည်။

ပိုင်စုဟွမ်မှာ အစိမ်းရောင်ဝတ်ရုံကို ဝတ်ဆင်ထားလေသည်။ သူ့နောက်တွင် ရပ်နေသူမှာ ဆရာသခင်ကျန်းရှော့ရှီး၏ တပည့်ဖြစ်သူ ကျန်းလင်ရှန့်ဖြစ်လေသည်။ ကျန်းလင်ရှန့်နှင့်အတူ အခြားသော ဟိုင်သန်းအဆင့်ဆရာနှစ်ယောက် ပါလာခြင်းဖြစ်လေသည်။ သို့သော် သူတို့နှစ်ယောက်လုံးမှာ ကျင့်စဉ်လမ်း ရှေ့ဆက်နိုင်ရန် အခြေအနေမဟန်သူများ ဖြစ်ကြလေသည်။ သို့တိုင်အောင် သူတို့သည် နောက်ထပ်နှစ်ပေါင်းရာနှင့်ချီပြီး အသက်ရှည်ဦးမှာ ဖြစ်လေသည်။ သို့သော် သူတို့က ထိုမျှနှင့် လုံလောက်သည်ဟု မထင်ကြပေ။ ထို့ကြောင့် ပိုင်စုဟွမ်နှင့် ကျန်းလင်ရှန့်တို့ ဦးဆောင်မှုနောက်မှလိုက်ကာ နတ်အသက် ရှည်ဆေးဝေစုကိုရရန် လိုက်တောင်းကြခြင်းဖြစ်လေသည်။ သူ

တို့၏တပည့်အနည်းငယ်က သူတို့နောက်မှ လိုက်ပါလာခြင်း ဖြစ်လေသည်။ ထို့ကြောင့် အားလုံးပေါင်း ဆယ်ယောက်ခန့် ဖြစ်သွားရခြင်း ဖြစ်လေသည်။

ပိုင်စုဟွမ်က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ သူထံမှ အနတ္တ ရယ်ပြုမည့် အငွေ့အသက်များ ထွက်ပေါ်နေလေ သည်။

သူ၏တန်ခိုးစွမ်းအားများမှာ ချင်းရွှမ်ခန်းမဆောင်ရှေ့တွင် ပေါက်ကွဲလုနီးပါးဖြစ်နေလေသည်။ သူ့ထံမှ "အချိန်စက်ဝန်း ဓားသိုင်း" အငွေ့အသက်များထွက်ပေါ်နေလေသည်။ သူ ကျင့်ကြံနေသည့် "လမင်းရောင်ခြည်ကျင့်စဉ်" မှာ အလွန် အဆင့်မြင့်နေပြီ ဖြစ်လေသည်။

ကူးချိုင်ဝေ့ထံမှ ကိုယ်ရောင်ကိုယ်ဝါများတောက်ပလာလေ သည်။

သူမ၏နောက်တွင် ချင်းရွှမ်နတ်တံခါးမှ တပည့်အချို့ပေါ်လာ လေသည်။

ကူးချိုင်ဝေ့ကို ကူညီမည့် တပည့်အုပ်စုကိုဦးဆောင်သူမှာ ချိုးရှီဖြစ်လေသည်။ ဆန်းလျန်က ကြာပန်းဓားဝိညာဉ်ကို သူ၏ကိုယ်တွင်းသို့ ထည့်ပေးကာ လက်ဆင့်ကမ်းပေးခဲ့သည့် တပည့် ဖြစ်လေသည်။ ထိုဓားဝိညာဉ်ကိုရရှိပြီးနောက်ပိုင်း ချိုးရှီ၏ တန်ခိုးစွမ်းအားများမှာ အဆမတန်မြင့်မားလာခဲ့လေသည်။ သို့သော် ပိုင်စုဟွမ်နှင့် ရင်ဆိုင်ရာတွင်တော့ ချိုးရှီ၏ တန်ခိုးစွမ်းအားများမှာ အသုံးဝင်မည် မဟုတ်ပေ။

ချိုးရှီနှင့် အခြားတပည့်များသည် ပိုင်စုဟွမ်၏ ပြင်းထန်လွန်းသည့်တန်ခိုးစွမ်းအားများကို ခံစားနေကြရသည့်တိုင် အကြောက်အလန့်မရှိ ကြပေ။

ဘာမဟုတ်သည့် သာမာန်တပည့်လေးများက သူ့ကို ဆန့်ကျင်နေသည့်အတွက် ပိုင်စုဟွမ်မှာ ဒေါသချောင်းချောင်းထွက်သွားရလေသည်။ သူ့ခန္ဓာကိုယ်ထဲမှ တန်ခိုးစွမ်းအားများမှာ ပျံ့သန်းနေသည့် နဂါးတစ်ကောင်အလား ချိုးရှီတို့အုပ်စုကို ရိုက်ချ

လိုက်လေသည်။ တပည့်အုပ်စုက ချက်ချင်းပင် နောက်သို့ ခုန်ရှောင်လိုက်ကြလေသည်။ သို့သော် မည်သူမျှ လဲကျသွားခြင်းတော့မရှိပေ။

သူက ရက်စက်စွာတိုက်ခိုက်လိုက်သည့်တိုင် တပည့်များက သူ၏တိုက်ခိုက်မှုကို လွယ်ကူစွာ ရှောင်တိမ်းသွားကြသည့်အတွက် ပိုင်စုဟွမ်မှာ အံ့သြသွားရလေသည်။

ထိုအချိန်မှာပင် ကူးချိုင်ဝေ့ထံမှ ထိုက်ရှီးတန်ခိုးစွမ်းအားများဖြစ်သည့် ဒြပ်စင်စွမ်းအားရှစ်မျိုးထွက်ပေါ်လာလေသည်။ ထိုတန်ခိုးစွမ်းအားများက တံတိုင်းတစ်ခုအလား ချိုးရှီဦးဆောင်သည့် တပည့်အုပ်စုကို ကာကွယ်ပေးလိုက်လေသည်။

ထိုအချိန်မှာပင် ချမ်းမော့က ကူးချိုင်ဝေ့၏နံဘေးသို့ရောက်ရှိလာပြီး သူမ၏ ထူးဆန်းသည့်တန်ခိုးစွမ်းအားများကို ကူးချိုင်ဝေ့၏ ခန္ဓာကိုယ်အတွင်းသို့ လွှဲပြောင်းပေးနေလေသည်။

ချမ်းမော့၏တန်ခိုးစွမ်းအားများ ကိုယ်တွင်းသို့ စီးဝင်လာ
သည်နှင့် ကူးချိုင်ဝေ့၏တန်ခိုးစွမ်းအားများမှာ အဆမတန် မြင့်
မားလာလေသည်။

"ဆရာဘိုးဘိုးပိုင် ၊ ရှင်က ဘာဖြစ်ချင်နေတာလဲ"

သူမက ပိုင်စုဟွမ်ကို အော်ဟစ်မေးမြန်းလိုက်သည်။

ကျန်းလင်ရှန့်က ရှေ့သို့ တက်လာပြီး ကူးချိုင်ဝေ့ကို အော်ဟစ်
လိုက်သည်။

"ဂိုဏ်းတူညီမကူးချိုင်ဝေ့ ၊ မင်းက ဂိုဏ်းချုပ်ကို တိတ်တဆိတ်
လုပ်ကြံပြီး နတ်အသက်ရှည်ဆေးကို ခိုးယူထားတာမဟုတ်
လား ၊ ကျုပ်တို့က မင်းကို စစ်ဆေးဖို့ရောက်လာတာ ၊ မင်းမှာ
သိက္ခာရှိသေးတယ်ဆိုရင် နတ်အသက်ရှည်ဆေးကို ကျုပ်တို့ကို
ထုတ်ပေးပြီး ဂိုဏ်းချုပ် ဘယ်ရောက်နေလဲဆိုတာ ပြောပြစမ်း"

"ဂိုဏ်းတူအစ်ကိုကျန်းလင်ရှန့်၊ ရှင်ဒီနေ့လုပ်နေတဲ့ကိစ္စတွေကို သာရှင့်ရဲ့ဦးလေး ဆရာသခင်ကျန်းရှော့ရှီးသိရင် အကြီးအကျယ်စိတ်ပျက်သွားမှာပဲ"

ကူးချိုင်ဝေ့က အေးစက်စွာဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်ရဲ့ဦးလေး လူကဲခတ်ညံ့ခဲ့လို့ မင်းလိုမိန်းမတစ်ယောက်ရဲ့ စိတ်ယုတ်မာတွေကို မမြင်ခဲ့ဘဲ တပည့်အဖြစ် လက်ခံခဲ့တာပေါ့"

ကျန်းလင်ရှန့်က ပြန်ပြောလိုက်လေသည်။

ထိုအချိန်မှာပင် ပိုင်စုဟွမ်၏ တန်ခိုးစွမ်းအားများမှာ အဆမတန် မြင့်တက်လာလေသည်။

ကူးချိုင်ဝေ့က ကျန်းလင်ရှန့်ကို ပြန်လည်ချေပရန် ပြင်ဆင်လိုက်သော်လည်း ပိုင်စုဟွမ် ထုတ်လွှတ်လိုက်သည့် တန်ခိုးစွမ်းအားများကြောင့် အသက်ပင် မရှူနိုင် ဖြစ်သွားရလေသည်။

ပိုင်စုဟွမ်မှာ သူသေကိုယ်သေ တိုက်ခိုက်မည့်ပုံပေါက်နေလေ သည်။ ကူးချင်ဝေ့က အရှုံးပေးပြီး နတ်အသက်ရှည်ဆေး မ ပေးသရွေ့ အလျှော့ပေးမည့်ပုံ မပေါ်ပေ။

ကူးချိုင်ဝေ့မှာ သူမနှင့် ဆန်းလျန်အကြောင်းမဟုတ်မမှန် ကော လဟာလများကို ကြားလိုက်ရသည့်အတွက် ဒေါသများ ချောင်းချောင်းထွက်လျှက် ရှိလေတော့သည်။

ပိုင်စုဟွမ်၏ တန်ခိုးစွမ်းအားများက အလွန်မြင့်တက်နေ သည့်အတွက် ကူးချိုင်ဝေ့မှာ ချမ်းမော့၏အကူအညီကို ယူထားသည့်တိုင် ပိုင်စုဟွမ်ကို မတွန်းလှန်နိုင် ဖြစ်နေရလေ သည်။

သို့သော် သူမ၏ဒေါသတရားများကြောင့် ထွက်ပေါ်လာသည့် ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ အလွန်မှ သိပ်သည်းနေလေ သည်။ ချမ်းမော့ကလည်း ကူညီပေးထားသည့်အတွက် ထိုက်

ရှိုးတန်ခိုးစွမ်းအားများမှာ အထွတ်ထိပ်သို့ ရောက်ရှိသွားလေ

တော့သည်။

ထိုအချိန်ခဏမှာပင် သူမသည် ထူးဆန်းသည့် ကျင့်စဉ်လမ်း

အဆင့်တစ်ခုသို့ မထင်မှတ်ဘဲ ရောက်ရှိသွားလေသည်။

သူမ၏စိတ်အစဉ်တွင် အလင်းတန်းတစ်ချက် လက်ခနဲဖြစ်

သွားပြီး ပြီးပြည့်စုံသည့် ပြဒါးကျင့်စဉ်လမ်းကို မြင်တွေ့လိုက်ရ

လေသည်။

ပိုင်စုဟွမ်၏ အမြင်တွင်တော့ ကူးချိုင်ဝေ့မှာ ငှက်စုတ်တစ်

ကောင်ထံမှ အကူအညီရယူကာ သူ့ကို အံတုနေသည် ဟုသာ

ထင်မြင်မိလေသည်။ ထို့ကြောင့် သူ၏စွမ်းအားများကို ပိုမို

ထုတ်လွှတ်လိုက်ပြီး ကူးချိုင်ဝေ့ကို ဖိအားပေးလိုက်လေသည်။

သို့သော် ကူးချိုင်ဝေ့သည် ယိုင်လဲသွားခြင်းမရှိဘဲ ပိုင်စုဟွမ်၏

တန်ခိုးစွမ်းအားများကို တောင့်ခံထားဆဲ ဖြစ်လေသည်။ ပိုင်စု

ဟွမ်မှာ အံ့သြသွားရလေသည်။

သို့သော် ပိုင်စုဟွမ်က "လမင်းရောင်ခြည်ကျင့်စဉ်" တန်ခိုး

စွမ်းအားကို အစွမ်းကုန် ထုတ်သုံးထားခြင်းမရှိသေးပေ။ ပိုင်စု

ဟွမ်သာ တန်ခိုးစွမ်းအားများအားလုံးကို ထုတ်သုံးလိုက်ပါက

ကူးချိုင်ဝေ့၏ကျင့်စဉ်လမ်းတစ်ခုလုံးပျက်စီးသွားပြီး

အသက်ပါ ဆုံးရှုံးသွားနိုင်လေသည်။ ထိုအခါ သူလိုချင်သည့်

နတ်အသက်ရှည်ဆေးလည်း ရတော့မည် မဟုတ်ပေ။

သူ၏ရည်ရွယ်ချက်က ကူးချိုင်ဝေ့ အရှုံးပေးသည်ကိုသာ

လိုချင်ခြင်းဖြစ်လေသည်။ ကူးချိုင်ဝေ့ကို အသက်သေသည်

အထိ မဖြစ်စေလိုပေ။

ချမ်းမော့၏အကူအညီသာ မပါရှိလျှင် ကူးချိုင်ဝေ့မှာလည်း

ထိုမျှ တောင့်ခံနိုင်မည် မဟုတ်ပေ။ ထို့အတူ ကျင့်စဉ်လမ်းကို

လည်း ရှင်းလင်းစွာ အမြင်ပွင့်သွားပြီး တရားအလင်းရသွားနိုင်

မည် မဟုတ်ပေ။

သူမ၏ခန္ဓာကိုယ်မှာ ကြေးမီးဖိုကြီးတစ်ခုအလား ပူလောင်နေလေသည်။

ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ မီးတောက်များအလား လောင်ကျွမ်းနေပြီး ချမ်းမော့၏ ထူးဆန်းသည့်တန်ခိုးစွမ်းအားများက သူမထံသို့ အဆက်မပြတ်စီးဝင်နေလေသည်။ ထို့အတူ ပိုင်စုဟွမ်၏ တန်ခိုးစွမ်းအားများကလည်း သူမကို အဆမတန်ဖိနှိပ်ထားလေသည်။ သူမသည် တန်ခိုးစွမ်းအားနှစ်ခု၏ ဆုံချက်အလယ်တည့်တည့်သို့ ရောက်မှန်းမသိ ရောက်ရှိနေရလေသည်။

ထိုသို့သောဖြစ်ရပ်မျိုးမှာ အလွန်မှ ကြုံရခဲသည့် ဖြစ်ရပ်မျိုးဖြစ်လေသည်။ ကူးချိုင်ဝေ့အနေဖြင့် အကြီးအကျယ် ဒဏ်ရာရသွားနိုင်သလို ကျင့်စဉ်လမ်းအဆင့်လည်း တက်သွားနိုင်လေသည်။

သို့သော် ကူးချိုင်ဝေ့မှာ ကျန်းလင်ရှန့်၏ စွပ်စွဲချက်များကြောင့် အကြီးအကျယ်ဒေါသထွက်နေသည့်အတွက် တန်ခိုးစွမ်းအား စီးဆင်းနေမှုများကို သတိမထားမိပေ။ သူမထံမှ ထိုက်ရှီး တန်ခိုးစွမ်းအားများကိုသာ စိတ်ရှိလက်ရှိ ထုတ်လွှတ်ကာ တိုက်ခိုက်နေခဲ့မိလေသည်။ ထိုအချက်ကြောင့်ပင် သူမသည် ဟိုင်သန်းအဆင့်သို့ ပထမဆုံးခြေလှမ်း တက်လှမ်းနိုင်သည့် အဆင့်သို့ ရောက်ရှိသွားခဲ့လေသည်။ ဆရာဘွားဘွားလီချင်း ဆွေသော အနားတွင်ရှိလျှင် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ရန် အတွက် ထူးခြားသည့်အခွင့်အရေးကို ကံကောင်းလွန်းစွာဖြင့် ရရှိသည်ဟု မှတ်ချက်ပြုမည်မှာ အသေအချာပင်ဖြစ်လေ သည်။

ကျန်းလင်ရှန့်၏ မဆင်မခြင်ပြောဆိုမှုများကြောင့် ချိုးရှီမှာ လည်း ဒေါသအလွန်ထွက်နေရလေသည်။ ချိုးရှီမှာ ဆန်းလျန် ကို လေးစားသူတစ်ယောက်ဖြစ်သည့်အတွက် ကျန်းလင်ရှန့်က

ကူးချိုင်ဝေ့နှင့် ဆန်းလျန်အကြောင်း မဟုတ်တမ်းတရား ပြောဆိုနေသည်ကို လက်မခံနိုင်ပေ။

သူက အရှေ့သို့ထွက်လိုက်ပြီး ဓားဝိညာဉ်ကို ထုတ်လွှတ်လိုက်လေသည်။

"ဆရာဦးလေးကျန်းလင်ရှန့်၊ ခင်ဗျားရဲ့စကားတွေက သိပ်လွန်နေပြီ"

ချိုးရှီက အေးစက်စွာ ပြောလိုက်လေသည်။

ပိုင်စုဟွမ် ရှေ့ထွက်လာသည့် ချိုးရှီကို သူ၏တန်ခိုးစွမ်းအားများဖြင့် တွန်းထုတ်လိုက်လေသည်။ သို့သော် ပိုင်စုဟွမ်က တန်ခိုးစွမ်းအားများစွာအသုံးပြုခြင်းမရှိခဲ့ပေ။ ချိုးရှီကို တားဆီးရုံလောက်သာ အသုံးပြုလိုက်ခြင်းဖြစ်လေသည်။ ထို့ပြင် သူက နတ်အသက်ရှည်ဆေးကိုသာ လိုချင်ခြင်းဖြစ်ပြီး တပည့်အငယ်များကို ဒုက္ခပေးလိုစိတ် မရှိပေ။

ချိုးရှီ၏ ကြာပန်းဓားဝိညာဉ်သည် ကျန်းလင်ရှန့်ဆီသို့ ပျံသန်းသွားလေသည်။

ကြာပန်းဓားဝိညာဉ်မှာ ကြောက်စရာကောင်းလွန်းသည့်အတွက် ကျန်းလင်ရှန့်မှာ နောက်သို့ ခုန်ဆုတ်လိုက်ရသည်။ ချိုးရှီ၏ ဓားသိုင်းမှာ ချန်ကျန့်မေငယ်စဉ်ကကဲ့သို့ပင် အစွမ်းထက်လှလေသည်။ ချိုးရှီမှာ ထိုမျှ အစွမ်းထက်နေလိမ့်မည်ဟု ကျန်းလင်ရှန့် ထင်မထားမိပေ။

ကျန်းလင်ရှန့်က လေပွေတစ်ခုဖန်ဆင်းကာချိုးရှီကို အဆက်မပြတ် ပြန်လည်တိုက်ခိုက်လိုက်လေသည်။ သူ၏တိုက်ခိုက်မှုက အားလည်းမပြင်းသလို အားလည်း မနည်းပေ။

သို့သော် ထိုလေပွေထဲတွင် ထောင်နှင့်ချီသည့် ငွေရောင်အပ်ကလေးများပါဝင်နေသကဲ့သို့ ထက်ရှနေပြီး တဝီဝီမြည်သံများလည်း ထွက်ပေါ်နေလေသည်။

ကျန်းလင်ရှန့် အသုံးပြုလိုက်သည့် ကျင့်စဉ်မှာ "လေထဲမှပန်းချီကား" ကျင့်စဉ် ဖြစ်လေသည်။ ချိုးရှီ၏ ကြာပန်းဓားဝိညာဉ်သာ အလွန် အစွမ်းထက်ခြင်း မရှိလျှင် ကျန်းလင်ရှန့်က ထိုပညာကို အသုံးပြုမည် မဟုတ်ပေ။

ကျန်းလင်ရှန့်မှာအတွေ့အကြုံအလွန်များသည့် ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ လေထဲမှပန်းချီကားတန်ခိုးစွမ်းအားဖြင့် ဖန်ဆင်းထားသည့် ငွေရောင်လေပွေသည် ချိုးရှီ၏ ကြာပန်းဓားကို ရိုက်ချလိုက်လေသည်။ ကြာပန်းဓားဝိညာဉ်မှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားရလေသည်။

သို့သော် ကျန်းလင်ရှန့်က အလျှော့မပေးပါ။ သူ၏ ငွေရောင်လေပွေမှာ ပိုမိုပြင်းထန်လာပြီး ချိုးရှီထံသို့ အရှိန်အဟုန်ပြင်းထန်စွာဖြင့် ဝင်ရောက်လာလေသည်။လေပွေထဲတွင်ထောင်နှင့်ချီနေသည့်ငွေအပ်လေးများ ပါဝင်နေလေသည်။ ထို

လေပွေဖြင့်သာ ရိုက်ခတ်မိလျှင် ချိုးရှိမှာ ဒဏ်ရာ အပြင်းအထန်ရသွား မည်ဖြစ်လေသည်။

ထိုအချိန်မှာပင် တိမ်တိုက်တစ်ခု ပေါ်ထွက်လာပြီး ကျန်းလင်ရှန့်၏ လေပွေကို တားဆီးထားလိုက်လေသည်။ ထို့နောက် တိမ်တိုက်က ပျောက်ကွယ်သွားပြီး လူငယ်တစ်ယောက် ပေါ်ထွက်လာလေသည်။ ထိုသူမှာ ဆံပင်ကိုပုဝါတစ်စဖြင့် စည်းနှောင်ထားပြီး စာပေသမားဝတ်စုံကို ဝတ်ဆင်ထားလေသည်။ သူ၏လက်ထဲတွင် အဖြူရောင်မီးတောက်နှင့်ဆင်တူသည့် နတ်ဓားတစ်လက်ကို ကိုင်ဆောင်ထားလေသည်။

ကျန်းလင်ရှန့်၏ ငွေရောင်လေပွေမှာ ထိုမီးတောက်နှင့် ထိမိသည်နှင့် ပြာမှုန့်များအဖြစ် တစ်စစီ ဖြစ်သွားရလေသည်။

ကျန်းလင်ရှန့်မှာ စာပေသမားလူငယ်၏ ဓားဝိညာဉ်ကို ရှုံးနိမ့်သွားရပြီ။

ကျန်းလင်ရှန့်က စာပေသမားလူငယ်ကို လှမ်းကြည့်လိုက်ရင်း...

“ဂိုဏ်းတူတူလေး လူစောယိ ၊ မင်းက ဘာလို့ကျုပ်ကိုအခက်တွေ့အောင် လုပ်ရတာလဲ ၊ ကျုပ်ရဲ့ဦးလေးက မင်းအပေါ် ဘယ်လောက်ကောင်းခဲ့လဲဆိုတာ မေ့သွားပြီလား”

ချိုးရှီကို ကာကွယ်ပေးလိုက်သူမှာ စာပေသမား လူစောယိဖြစ်လေသည်။

လူစောယိမှာ ဆန်းလျန်ဂိုဏ်းချုပ်ဖြစ်ပြီး နောက်တစ်နှစ်တွင် လူ့လောကသို့ လေ့လာရေးခရီးထွက်ခွာသွားခဲ့လေသည်။ ယခု ချင်းရွှမ်နတ်တံခါးသို့ ပြန်ရောက်လာသည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။

သို့သော် လူစောယိသည် ဟိုင်သန်းအဆင့်ကျင့်ကြံသူတစ်ယောက်ဖြစ်သည့် ကျန်းလင်ရှန့်ကို ရင်ဆိုင်တိုက်ခိုက်နိုင်မည်ဟု မည်သူမျှ ထင်မထားမိကြပေ။

အမှန်တော့ လူစောယိမှာ ဟိုင်သန်းအဆင့် တက်ရောက်အောင်မြင်ခဲ့ပြီ ဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးတွင် ယန့်ပုကွေးပြီးလျှင် ဟိုင်သန်းအဆင့်သို့ တက်ရောက်ခဲ့သည့် တပည့်မှာ လူစောယိပင် ဖြစ်လေသည်။

အချိန်တိုအတွင်းမှာပင် ချင်းရွှမ်နတ်တံခါးတွင် ဟိုင်သန်းအဆင့်ကျင့်ကြံသူ လေးဦးထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ဤသည်မှာ ချင်းရွှမ်နတ်တံခါးအတွက် ကောင်းမွန်သည့်လက္ခဏာပင် ဖြစ်လေသည်။

တပည့်အငယ်များမှာ သူတို့ပညာသင်ယူနေသည့် ကျောင်းတော်ကြီးအတွက် အားတက်လာမိကြလေသည်။ နတ်ဘုရားတစ်ပါးအဖြစ် တက်ရောက်နိုင်ခြင်းမရှိခင် သေဆုံးသွားကြသည့် ကျင့်ကြံသူများ များစွာရှိသည့်တိုင် ဆန်းလျန် ၊ ချန်ကျန့်မေနှင့် ယန့်ပုကွေးတို့မှာတော့ သူတို့အတွက် စံပြပုဂ္ဂိုလ်များဖြစ်ကြပြီး မျှော်လင့်ချက်အသစ်ကို ဖြစ်ပေါ်စေလေသည်။

"ကွယ်လွန်သွားပြီဖြစ်တဲ့ ကျုပ်ရဲ့ဆရာတော့ တမလွန်မှာ ခင်ဗျားကြောင့် အရှက်ရနေတော့မှာပဲ ၊ ဒါကြောင့် ခင်ဗျား ပုန်ကန်တာကို ဆရာ့ကိုယ်စား ကျုပ်ကခွင့်မပြုနိုင်ဘူး ၊ ခင်ဗျားသာ ကျုပ်ရဲ့ဆရာကို တကယ်ဂရုစိုက်တယ်ဆိုရင် ခင်ဗျား ဒီနေရာက ထွက်သွားသင့်တယ် ၊ ဒါဆိုရင် ကျုပ်ရဲ့ ဂိုဏ်းတူအစ်ကိုဆန်းလျန်ကို ခင်ဗျားကို ခွင့်လွှတ်ဖို့ တောင်းပန်ပေးမယ်"

လူစောယိက ပြောလိုက်လေသည်။

"ဂိုဏ်းတူတူလေး လူစောယိ ၊ မင်းမှားနေပြီ ၊ အစတုန်းက ကျုပ်ရဲ့ဦးလေးက မင်းကို ချင်းရွှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်ဖြစ်လာဖို့ ရည်ရွယ်ထားခဲ့တာ ၊ ဒါပေမယ့် လက်ရှိဂိုဏ်းချုပ်က သိပ်ကိုတော်လွန်းနေတော့ မင်းက ဂိုဏ်းချုပ် ဖြစ်မလာတော့ဘူးပေါ့ ၊ အခုတော့ လက်ရှိဂိုဏ်းချုပ်က ကူးချိုင်ဝေ့ ပြုစားတာခံနေရပြီ ၊ သေလား ရှင်လားတောင် မသိတော့ဘူး ၊ မင်း

သာအမြင်ကျယ်မယ်ဆိုရင် ကျုပ်ဘက်ကတောင် ရပ်တည်ပေးပြီး ဒီအမှားလုပ်နေတဲ့ တပည့်တွေကို နှိမ်နင်းပေးသင့်တယ် ၊ ဒါဆိုရင် ဆန်းလျန်ပြန်မလာခင်အချိန်မှာ မင်းကို ယာယီ ဂိုဏ်းချုပ်အဖြစ် ကျုပ်ဘက်က တင်မြှောက်ပေးဖို့ အဆင်သင့်ပဲ ၊ ကျုပ်တို့အတူတူ ကျောင်းတော်ကို တိုးတက်အောင် လုပ်ကြတာပေါ့”

လူစောယိက ခါးသည်းစွာဖြင့် ရယ်မောလိုက်လေသည်။

“အမှန်ပဲ ၊ ကျုပ်ဒီနေ့ရောက်လာတာ အမှားလုပ်နေတဲ့တပည့်တွေကို နှိမ်နင်းဖို့ ရောက်လာတာပဲ”

အခန်း (၂၉၁) ခင်ဗျားပြောတဲ့စကားကို ခင်ဗျားရင်ထဲ သေချာမှတ်ထားပါ

ချက်ချင်းပင် လူစောယိ၏ ဓားဝိညာဉ်သည် ကြယ်တံခွန်အမြီးကဲ့သို့ လင်းလက်လာပြီး ကျန်းလင်ရှန့်ကို ချုပ်နှောင်ထားလိုက်လေတော့သည်။

"မင်းက ကျုပ်ကို တကယ် ဆန့်ကျင်တော့မလို့လား"

ကျန်းလင်ရှန့်က ဒေါသတကြီးဖြင့် မေးလိုက်သည်။

သူက လူစောယိ၏ ဓားဝိညာဉ်ကို အစိမ်းရောင်အလင်းတန်းတစ်ခု ဖန်ဆင်းကာ ခုခံလိုက်သည်။ တစ်ချိန်တည်းမှာပင် သူက ကျောက်စိမ်းပြားတစ်ခုကို ကောင်းကင်ထက်သို့ ပစ်တင်လိုက်လေသည်။ ကျောက်စိမ်းပြားမှာ လေထဲတွင် ပျံဝဲနေပြီး အစိမ်းရောင်ဓားပျံလေးများ ထွက်ပေါ်လာလေသည်။

ဓားပျံလေးများက လေကိုထိုးခွင်းလာပြီး လူစောယိကို ဝန်းရံထားလိုက်လေသည်။လူစောယိက သူ၏ခန္ဓာကိုယ်ကို ဘေးသို့

အသာယိမ့်လိုက်ကာ အစိမ်းရောင်ဓားပျံလေးများကို ရှောင်ရှား လိုက်သည်။ သူ၏ရှောင်တိမ်းသွားပုံမှာ အလွန်သေသပ်လှပ လေသည်။

ထို့နောက် လူစောယိ၏ ဓားဝိညာဉ်က ကျန်းလင်ရှန့်၏ အစိမ်း ရောင်အလင်းတန်းကို ထိုးဖောက် တိုက်ခိုက်လိုက် လေသည်။ အစိမ်းရောင်ဓားပျံလေးများက လူစောယိ၏ ဓားဝိညာဉ်ကို တားဆီးထားသည့်တိုင် လူစောယိက တစ်ချက်ကလေးမှ နောက်တွန့်သွားခြင်း မရှိပေ။ အစိမ်းရောင်ဓားပျံလေး များသည် လူစောယိ၏ ပြင်းထန်လွန်းသည့် ဓားဝိညာဉ်ကို မ ခုခံနိုင်တော့ဘဲ လွင့်စင်ထွက်ကုန်ကြလေသည်။ ကျန်းလင်ရှန့်၏ပါးစပ်မှ သွေးများအန်ထွက်လာလေသည်။ သူ့ အနေဖြင့် လူစောယိကို လုံးဝမယှဉ်နိုင်တော့ပေ။

ပိုင်စုဟွမ်က ကျန်းလင်ရှန့် ရှုံးနိမ့်သွားသည်ကို တစ်ချက်လှမ်း ကြည့်လိုက်သည်။

ထို့နောက် သူက ထူးဆန်းသည့်လက်ပုံသဏ္ဍာန်တစ်ခုကို ပြုလုပ်လိုက်ပြီး ရေနှင့်မီးများကို ဖန်ဆင်းလိုက်လေသည်။

သူ၏တန်ခိုးစွမ်းအားများက ကူးချိုင်ဝေ့ကို ဖိနှိပ်ထားဆဲ ဖြစ်လေသည်။

သို့သော် လူစောယိက ကျန်းလင်ရှန့်ကို အချိန်ခဏလေး အတွင်းမှာပင် အနိုင်ယူလိုက်သည်ကို တွေ့မြင်လိုက်ရသည့် အတွက်ကြောင့် သူ ရင်ထိတ်သွားရလေသည်။ ထို့ကြောင့် တန်ခိုးစွမ်းအားအချို့ကို ခွဲထုတ်ပြီး လူစောယိကို တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ပိုင်စုဟွမ်ဖန်ဆင်းလိုက်သည့် ရေနှင့်မီးများသည် လူစောယိဆီသို့ အရှိန်ဖြင့် ဝင်ရောက်လာလေသည်။ တန်ခိုးစွမ်းအားမှာ ကြောက်မက်ဖွယ် ပြင်းထန်လွန်းလှလေသည်။

လူစောယိမှာ သူ၏ဓားဝိညာဉ်ကို ပြန်လည်စုစည်းချိန်ပင် မရတော့ပေ။ ထို့ကြောင့် ပိုင်စုဟွမ်၏ ရေနှင့်မီးများကို လက်ဝါး

သိုင်းအသုံးပြုကာ ခုခံတိုက်ခိုက်လိုက်လေသည်။ တစ်စက္ကန့်

အတွင်းမှာပင် သူ၏လက်ဝါးသိုင်းမှာ လက်ဝါးရိုက်ချက်

ထောင်ပေါင်းများစွာ ခွဲဖြာထွက်သွားလေသည်။ အဆုံးမရှိ

သည့်တိမ်တိုက်များ အဆက်မပြတ်ထွက်ပေါ်လာပြီး ပိုင်စုဟွ

မ်၏ ရေနှင့်မီးများကို ခုခံကာကွယ်လိုက်လေသည်။

ပိုင်စုဟွမ်၏ ရေနှင့်မီးတန်ခိုးစွမ်းအားများသည် လူစောယိ၏

လက်ဝါးရိုက်ချက်များနှင့် ထိတွေ့လိုက်သည့်အခါ ကျယ်

လောင်သည့်အသံကြီးထွက်ပေါ်လာလေသည်။ ပတ်ဝန်းကျင်

တစ်ခုလုံး တုန်ခါသွားပြီး မြေကြီးတစ်ပြင်လုံး ပွင့်ထွက်သွား

တော့မည့်အလားပင် ထင်မှတ်ရလေသည်။

လူစောယိမှာ ဒဏ်ရာအနည်းငယ်ရသွားလေပြီ။

သူ၏သွေးကြောဆုံချက်များမှာ တုန်ခါနေပြီး နာကျင်မှုကို

ခံစားလိုက်ရလေသည်။ သူ၏တန်ခိုးစွမ်းအားများမှာလည်း

ထပ်မံထုတ်ဖော်၍မရတော့ပေ။ ပိုင်စုဟွမ်ကို သူ၏အဆင့်ဖြင့်

မည်သို့မှ မယှဉ်နိုင်ကြောင်း လူစောယိ နားလည်သဘောပေါက်သွားရလေသည်။

လူစောယိမှာ နောက်သို့ခြေလှမ်းသုံးလှမ်းခန့် လွင့်ထွက်သွားလေသည်။သူလွင့်ထွက်သွားသည့်နေရာ မြေပြင်ထက်တွင်အက်ကြောင်းများပင် ထွက်ပေါ်လာလေသည်။

"ကောင်လေး ၊ မင်းကိုပြောလိုက်မယ် ၊ ဒီကိစ္စမှာဝင်မပါနဲ့ ၊ မင်း ဒီအဆင့်ကိုရောက်ဖို့အများကြီး ကြိုးစားခဲ့ရတာ ၊ အကုန်လုံးဆုံးရှုံးသွားမယ်"

"ဆရာဘိုးဘိုးပိုင် ၊ ဘာလို့ ဒီလိုပုန်ကန်ရတာလဲ ၊ ကျိလင်နတ်သမီးနဲ့ ဂိုဏ်းချုပ်က ဆရာဘိုးဘိုးကို အပြစ်ပေးမှာ မကြောက်ဘူးလား"

လူစောယိက ဒေါသကို ထိန်းချုပ်ထားသည့် လေသံဖြင့် မေးလိုက်သည်။

ပိုင်စုဟွမ်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။ သူ့အတွေးထဲတွင်တော့...

"ကျိုလင်က နောက်ထပ် ဆယ်နှစ် ဒါမှမဟုတ် အနှစ်နှစ်ဆယ် လောက်နေမှ ပြန်လာမှာ ၊ ဆန်းလျန်က ဘယ်ရောက်နေမှန်း တောင် မသိဘူး ၊ ငါက သေရတော့မယ် ၊ ဘယ်သူက သူတို့နှစ်ယောက် အပြစ်ပေးမှာကို အရေးလုပ်နေမှာလဲ"

သို့သော် သူတကယ်တမ်းပြောလိုက်သည့်စကားကတော့...

"ကျုပ်က ချင်းရှမ်နတ်တံခါးရဲ့ အကျိုးအတွက် ဆောင်ရွက်နေရတာ ၊ ကူးချိုင်ဝေ့က ဘာကောင်းတာရှိသလဲ ၊ ဆန်းလျန် ဘယ်မှာလဲဆိုတာကိုတောင် ပြောမပြနိုင်ဘူး ၊ ပြီးတော့ နတ်အသက်ရှည်ဆေးကိုလည်း အပိုင်စီးထားသေးတယ်"

ပိုင်စုဟွမ်စကားဆုံးသည်နှင့် ကျန်းလင်ရှန့်၏ ကျယ်လောင်သည့်အသံက ထွက်ပေါ်လာလေသည်။

"အားလုံးပဲ ကျုပ်ပြောတာကို နားထောင်ကြပါ ၊ ကျုပ်တို့က ဂိုဏ်းချုပ်ဘယ်ပျောက်နေလဲဆိုတာကို သိရဖို့ စုံစမ်းနေကြတာပါ ၊ ကူးချိုင်ဝေ့က ဂိုဏ်းချုပ်က တံခါးပိတ်ကျင့်ကြံနေတယ်လို့ ဆိုပါတယ် ၊ ဒါပေမယ့် ဘယ်နေရာမှာ တံခါးပိတ်ကျင့်ကြံနေသလဲလို့ မေးတဲ့အခါမှာ ကူးချိုင်ဝေ့က ဖြေကြားနိုင်ခြင်းမရှိပါဘူး ၊ ဒါ သံသယဝင်စရာအချက်ပါပဲ ၊ ချင်းရွှမ်ဟာ အခုအချိန်မှာ အရမ်းကိုကျဉ်းထဲကြပ်ထဲရောက်နေတဲ့အချိန်ပါ ၊ မင်းတို့တပည့်တွေအားလုံး အမြင်ကျယ်ကျယ်နဲ့ ကြည့်ကြပါ ၊ မကောင်းတဲ့လူတွေရဲ့ ဦးဆောင်မှုနောက်ကို မလိုက်ကြပါနဲ့"

ကူးချိုင်ဝေ့မှာ အာရုံငါးပါးလုံးကို ဖြတ်တောက်ထားသည့်အတွက် ပြင်ပမှ အနှောက်အယှက်များကို ခံစားရခြင်းမရှိပေ။ ထို့ကြောင့် ကျန်းလင်ရှန့်၏ စကားသံများကိုလည်း ကြားရခြင်းမရှိပေ။

သူမကိုယ်တွင်းမှ ထိုက်ရှီးတန်ခိုးစွမ်းအားများသည် စွမ်းအား အပြည့် အလုပ်လုပ်နေပြီးကျင့်စဉ်လမ်း အဆင့်တက်လုနီးပါး ဖြစ်နေလေပြီ။

ကျန်းလင်ရှန့်၏ စကားများမှာ တပည့်များ၏ စိတ်ကို ကယောင်ကတမ်းဖြစ်ကာ ထိတ်လန့်သွားစေလေသည်။

ထို့ပြင် လူစောယိမှာလည်း ပိုင်စုဟွမ်ကို ရှုံးနိမ့်သွားရ သည့်အတွက် ကူးချိုင်ဝေ့ဘက်မှ ရပ်တည်ပေးနေသည့်တပည့် များမှာ စတင်ကြောက်ရွံ့လာကြတော့လေသည်။

"ဆရာကျန်း ၊ မကောင်းတဲ့လူတွေရဲ့ ဦးဆောင်မှုဆိုတာ ဘယ် သူ့ကိုပြောနေတာလဲ ၊ ကျုပ်ကို ပြောနေတာလား"

အဝေးဆီမှ အသံတစ်သံ လွင့်ပျံလာလေသည်။

သားမွေးဝတ်ရုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းထက်တွင် ကြယ် စင်သရဖူကိုဆောင်းထားသည့် လူငယ်တာအိုဆရာတစ် ယောက် ကောင်းကင်ထက်တွင် ပျံသန်းလာသည်ကို တွေ့မြင်

လိုက်ကြရလေသည်။ ထိုလူငယ်သည် ပေတစ်ထောင်ခန့်

အမြင့်မှ ကူးချိုင်ဝေ့အနားသို့ ချက်ချင်းရောက်ရှိလာလေ

သည်။

လူငယ်၏ မျက်နှာအမူအရာက တည်ငြိမ်နေလေသည်။

သို့သော် သူက ကြည်လင်နက်ရှိုင်းသည့် မျက်ဝန်းများဖြင့် ပိုင်

စုဟွမ်နှင့် ကျန်းလင်ရှန့်ကို စိုက်ကြည့်နေလေသည်။

တစ်ချိန်တည်းမှာပင် သူက ပိုင်စုဟွမ်၏ တန်ခိုးစွမ်းအားများ

ကို ခုခံတွန်းလှန်နေသည့် ကူးချိုင်ဝေ့၏ ပခုံးထက်ဆီသို့

သူ၏လက်ဖြင့် ထိလိုက်ကာ တန်ခိုးစွမ်းအားများ ထည့်သွင်း

ပေးလိုက်လေသည်။ ပိုင်စုဟွမ်မှာ ကြီးမားလှသည့် တန်ခိုး

စွမ်းအားအရှိန်ကို ခံစားလိုက်ရပြီး တစ်ကိုယ်လုံး တုန်လှုပ်လာ

လေသည်။

ဆန်းလျန်၏ မျက်နှာကတော့ ခန့်မှန်း၍မရနိုင်လောက်အောင်

တည်ငြိမ်နေလေသည်။

ကျန်းလင်ရှန့်မှာ ဆန်းလျန်ကို ငေးကြည့်ရင်း အံ့သြမင်သက်နေလေသည်။ ဆန်းလျန်၏ အကြည့်တစ်ချက်ကပင် သူ့ကို မသက်မသာ ခံစားရစေလေသည်။ သူက စကားပြောရန်ကြိုးစားလိုက်သော်လည်း တောင်တစ်လုံးနှင့် ဖိထားသည့်အလား ခံစားလိုက်ရပြီး မည်သည့်စကားမှ ပြောမထွက်နိုင်တော့ပေ။

"ဆန်းလျန် ၊ မင်းရောက်လာပြီဆိုမှတော့ ကျုပ် ပွင့်ပွင့်လင်းလင်းပဲပြောတော့မယ် ၊ ကျုပ်ရဲ့ဘဝနေဝင်ချိန်က နီးကပ်လာပြီ ၊ ဒါကြောင့် ကျုပ် အသက် ဆက်ရှင်နိုင်ဖို့အတွက် နတ်အသက်ရှည်ဆေး လိုအပ်တယ် ၊ ကူးချိုင်ဝေ့က အရေးမလုပ်တဲ့အပြင် မင်းဘယ်မှာလဲဆိုတာတောင် ပြောမပြဘူးလေ ၊ ဒါကြောင့် ဒီနေ့လို ကိစ္စတွေဖြစ်ကုန်တာပဲ"

ကျင့်ကြံသူတစ်ယောက် အသက်ရှည်ဆေးလိုချင်သည်မှာ သဘာဝကျပါသည်။ အထူးသဖြင့် ဘဝနေဝင်ချိန်နီးကပ်နေပြီ

ဖြစ်သည့် ကျင့်ကြံသူများက ပိုပြီးလိုချင်မည် ဖြစ်လေသည်။

သို့သော် ယခုကဲ့သို့ စည်းမရှိ ဘောင်မရှိ လုပ်ချင်တိုင်းလုပ်

သည်ကတော့ မသင့်တော်သည့် ကိစ္စပင်ဖြစ်သည်။

ဆန်းလျန်က ပိုင်စုဟွမ်ကို တစ်ချက်စိုက်ကြည့်လိုက်လေ

သည်။ ထို့နောက် ရောင်စဉ်ငါးမျိုး ဒြပ်စင်စွမ်းအားငါးမျိုးကို

ထုတ်လွှတ်ပြီး ပိုင်စုဟွမ်ကို ဝိုင်းပတ်ကာ ချုပ်နှောင် ထားလိုက်

လေသည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ မှော်ဆန်လွန်း

လှလေသည်။

ထို့နောက် ဆန်းလျန်က လက်ညိုးနှင့်လက်ခလယ်ကို ကျန်း

လင်ရှန့်ထံသို့ ထိုးညွှန်လိုက်လေသည်။ အနက်ရောင်

အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ကျန်းလင်ရှန့်နှင့် သူ၏

လူများကို ဝိုင်းပတ်ထားလိုက်လေသည်။

ကျန်းလင်ရှန့်မှာ ဆန်းလျန်၏ တန်ခိုးစွမ်းအားဒဏ်ကိုမခံနိုင်ဘဲ

မြေပြင်ပေါ်သို့ လဲကျသွားလေသည်။ ပိုင်စုဟွမ်နှင့် ပါလာသည့်

တပည့်များအားလုံးမှာလည်း မြေပြင်ပေါ်သို့ လဲကျကုန်ကြလေသည်။

တန်ခိုးစွမ်းအား အနည်းငယ်သာအသုံးပြုပြီး ကျင့်ကြံသူ ဆယ်ယောက်ကို တစ်ပြိုင်တည်း ထိန်းချုပ်ထားခြင်း ဖြစ်လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ နတ်ဘုရားတစ်ပါးနီးပါး မြင့်မားနေပြီဖြစ်ကြောင်း သိနိုင်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း....

"နတ်အသက်ရှည်ဆေးအကြောင်း ဘယ်ကသတင်းရတာလဲ ဆရာဘိုးဘိုးပိုင်"

သူက ကျန်းလင်ရှန့်ကို မေးခွန်းထုတ်ခြင်းမရှိပါ။

ပိုင်စုဟွမ်ကိုသာ လိုရင်းအချက်ကို မေးခွန်းထုတ်လိုက်လေသည်။

"ဒီလိုပဲ ကြုံကြိုက်လို့ သိသွားတာပေါ့"

ပိုင်စုဟွမ်က လေသံခပ်တိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

"ကြံုလို့သိတယ်ဆိုတာ ဘာအဓိပ္ပါယ်လဲ"

ဆန်းလျန်က ထပ်မေးလိုက်သည်။

ပိုင်စုဟွမ်က နှုတ်ခမ်းကိုတင်းတင်းစေ့ထားလိုက်ပြီး ဆန်းလျန်၏ အမေးကို မဖြေဘဲနေလိုက်သည်။

သို့သော် သူက ဆန်းလျန်ကို မေးခွန်းတစ်ခု ပြန်ထုတ်လိုက်သည်။

"ဘာလဲ ၊ မင်းက ဘာတွေသံသယဝင်နေတာလဲ ၊ နတ်အသက်ရှည်ဆေးကို မပေးချင်လို့လား"

"အမှန်ပဲ ၊ ကျုပ် ခင်ဗျားကို မယုံဘူးလေ"

ပိုစုဟွမ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်က အသက်ဆက်ရှည်နိုင်ဖို့အတွက် နတ်အသက်ရှည်ဆေးပဲ လိုချင်တာပါ ၊ တခြားဘာကိုမှ မတောင်းဆိုပါဘူး ၊ မင်းကျုပ်ကိုတော့ ပေးသင့်ပါတယ်"

"ကျုပ်ကို နတ်အသက်ရှည်ဆေးအကြောင်း ဘယ်က သတင်းကြားသလဲဆိုတာသာ အရင်ပြောပြပါ ၊ ခင်ဗျားကို နတ်အသက်ရှည်ဆေးပေးဖို့ ကျုပ်စဉ်းစားပေးမယ် ၊ မပြောဘူး ဆိုရင်တော့ ကျုပ်က လုံးဝပေးမှာ မဟုတ်ဘူး"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"ဒါဖြင့်လည်း အနိုင်ရတဲ့သူက ဆုံးဖြတ်ကြေးပေါ့ ၊ မင်းရှုံးသွားရင် နတ်အသက်ရှည်ဆေး ကျုပ်ကိုပေးရမယ် ၊ ကျုပ်ရှုံးသွားရင်တော့ နောက် ဘယ်တော့မှ ချင်းရွှမ်ကို ဒုက္ခမပေးတော့ဘူး လို့ ကတိပေးတယ်"

ပိုင်စုဟွမ်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ကောင်းပြီလေ ၊ ခင်ဗျားပြောတဲ့စကားကို ခင်ဗျားရင်ထဲ သေချာ မှတ်ထားပါ"

ဆန်းလျန်က အေးဆေးစွာပင် ပြန်ပြောလိုက်လေသည်။

ဆန်းလျန်က ချင်းရွှမ်နတ်တံခါးကို ကာကွယ်ထားသည့် အရံအတားကို သူ၏သန့်စင်သည့် တန်ခိုးစွမ်းအားများဖြင့် တစ်ချက်တွန်းကန်လိုက်ပြီး ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေသည်။

ဆန်းလျန်သည် တိမ်တိုက်များပေါ်တွင် ရောင်စဉ်ငါးမျိုးဖြာလင်းကာ တောက်ပနေလေသည်။ ဆန်းလျန်၏ ခမ်းနားမှုမှာ ရင်သပ်ရှုမောဖွယ်ရာဖြစ်လေသည်။ သူ၏ပုံစံမှာ အခြားသူများ လေးစားအားကျဖွယ်ရာပင် ဖြစ်လေသည်။

ပိုင်စုဟွမ်ကလည်း နှောင့်နှေးနေခြင်းမရှိပါ။ သူကလည်း တန်ခိုးစွမ်းအားများကို ထုတ်လွှတ်ကာ တိမ်ပေါ်သို့ ပျံတက်သွားလေသည်။ သူတို့နှစ်ယောက်၏ တန်ခိုးစွမ်းအားများပေါင်းစပ်သွားပြီး တန်ခိုးစွမ်းအားကြိုးအရှည်ကြီးတစ်ခုအလား ပတ်ဝန်းကျင်ကို ရိုက်ခတ်သွားလေသည်။ လေနှင့်မိုးများပင် စတင်တိုက်ခတ်လာလေသည်။

သူတို့နှစ်ယောက်၏ တန်ခိုးစွမ်းအား ပြောင်းလဲမှုများက ယင် နှင့် ယန် ကိုပါ ပြောင်းလဲသွားစေလေသည်။ ယင် နှင့် ယန် ပြောင်းလဲသွားသည့်အတွက် သဘာဝတရားကလည်း ပြောင်းလဲသွားခြင်းဖြစ်လေသည်။

ပိုင်စုဟွမ်၏ လမင်းရောင်ခြည်ကျင့်စဉ်မှာ အဆင့်တက်နေပြီ ဖြစ်ပြီး လောကတွင် ထိပ်တန်းကျင့်ကြံသူတစ်ယောက် ဖြစ်နေပြီဖြစ်လေသည်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဟွမ်ကျန်းနှင့် ပင် သူမသာ ကိုယ်မသာ အနေအထားဖြစ်လေသည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာလည်း အဆမတန်ကြီးမားလာခဲ့သော်လည်း ပိုင်စုဟွမ်ကိုတော့ လွယ်လွယ်နှင့် အနိုင်ရနိုင်မည် မဟုတ်ပေ။

ကူးချိုင်ဝေ့မှာ ပြင်ပနှင့်အဆက်သွယ် ပြတ်တောက်နေလေသည်။ ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ ထိုက်ယီတောင်ထိပ်မှ မိုးမြေစွမ်းအားများပေါင်းစပ်ကာ ကူးချိုင်ဝေ့မှာ ဒူးထောက်

လဲကျသွားလေသည်။ ကြီးမားလွန်းသည့် မိုးမြေစွမ်းအား ပေါင်းစည်းမှုကြီးကြောင့် သူမဘေးမှ တပည့်များသည်ပင် တုန်ခါမှုကို ခံစားနေရလေသည်။ တပည့်များမှာ ကူးချိုင်ဝေ့ကို ကြည့်ပြီး အံ့သြမင်သက်နေကြလေသည်။

ကူးချိုင်ဝေ့ထံမှ ဟိုင်သန်းအဆင့်တက်ရောက်တော့မည့် နိမိတ်များကို မြင်တွေ့နေရပြီ မဟုတ်ပါလား။

တပည့်များသည် ကူးချိုင်ဝေ့ကို ဝိုင်းဝန်းကာ ကာကွယ်ပေးထားကြလေသည်။ သူတို့က ဆန်းလျန်နှင့် ပိုင်စုဟွမ်၏ တိုက်ပွဲကြောင့် ကူးချိုင်ဝေ့ကို အနှောင့်အယှက် မဖြစ်စေရန် ဖြစ်လေသည်။

အခန်း (၂၉၂) အချိန်မစောင့်

မြေပြင်တစ်ခုလုံးတုန်ခါနေသည့်အတွက် ဆန်းလျန်နှင့် ပိုင်စုဟွမ်၏တိုက်ပွဲမှာ မည်မျှပြင်းထန်နေသည်ကို ခန့်မှန်း၍ရနိုင်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း....

"ဆရာဘိုးဘိုးပိုင် ၊ ကျုပ်တို့ တခြားနေရာသွားပြီး တိုက်ခိုက်ကြရအောင်"

ပိုင်စုဟွမ်က အောက်သို့တစ်ချက်ငုံ့ကြည့်လိုက်သည်။

"မင်းက ဒီမိန်းကလေးအနှောင့်အယှက်ဖြစ်မှာစိုးရိမ်နေတာမဟုတ်လား"

ကူးချိုင်ဝေ့မှာ ဟိုင်သန်းအဆင့်တက်ရောက်တော့မည်ကို ပိုင်စုဟွမ်ကလည်း ရိပ်မိလိုက်လေသည်။

ပိုင်စုဟွမ်သည် ချက်ချင်းပင် တိမ်ကိုထိုးခွင်းကာ ထွက်ခွာသွား

လေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း ပိုင်စုဟွမ်နောက်မှ လိုက်ပါ

သွားသည်။

သိပ်မကြာမီပင် ဆန်းလျန်သည် သူ့ကိုကျော်ဖြတ်ကာ အရှေ့သို့

ရောက်ရှိသွားလေသည်။ ဆန်းလျန် ကျင့်စဉ်လမ်း ကိုလျှောက်

လှမ်းသည်မှာ အနှစ်သုံးဆယ်ပင် မပြည့်သေးပေ။ သို့သော် ထို

လူငယ်လေး၏ ကျင့်စဉ်လမ်းအဆင့် တက်ရောက်မှုမှာ အလွန်

လျှင်မြန်လွန်းလေသည်။ ပိုင်စုဟွမ်မှာ အံ့သြခြင်းမက အံ့သြ

နေမိလေတော့သည်။

ဆန်းလျန်မှာ အမှန်တကယ်ပင် ပါရမီရှင်တစ်ပါး ဖြစ်လေ

သည်။

သူတို့နှစ်ယောက်လုံး တန်ခိုးစွမ်းအားအပြည့်အဝအသုံးပြုကာ

ခရီးနှင်ခဲ့ကြလေသည်။ ထို့ကြောင့် မိနစ်သုံးဆယ်အတွင်းမှာ

ပင် ချင်းရွှမ်နတ်တံခါးနှင့် အလွန်ဝေးကွာသည့် နေရာတစ်ခုသို့ ရောက်ရှိလာကြလေသည်။

ကောင်းကင်ထက်တွင် သူတို့နှစ်ယောက် တစ်ပြိုင်တည်း ရပ်တန့်လိုက်ကြသည်။ လေပြေအေးက သူတို့ကို ဖြတ်သန်း တိုက်ခတ်သွားပြီး ပတ်ဝန်းကျင်တွင် ပုံသဏ္ဍာန်မျိုးစုံပြောင်းလဲ နေသည့် တိမ်တိုက်များကို တွေ့မြင်ရလေသည်။

ဆန်းလျန်ကတော့ သူ၏အမူအကျင့်အတိုင်း အေးဆေး တည်ငြိမ်နေလေသည်။ သူ၏တာအိုဝတ်ရုံသည် လေထဲတွင် လွင့်ပျံနေလေသည်။ သူ၏ခန္ဓာကိုယ်မှ ရောင်စဉ်ငါးမျိုး အလင်းတန်းများဖြာထွက်နေလေသည်။

ဆန်းလျန်က တည်ငြိမ်နေသလို ပိုင်စုဟွမ်မှာလည်း အကြီးပီသ စွာ သိက္ခာရှိရှိ ရပ်တည်နေလေသည်။ သူနှင့် ဆန်းလျ န်၏တိုက်ပွဲတွင် သူ့ဘက်က အနိုင်ရရှိရန် မသေချာလှပေ။

သို့သော် အခြေအနေများက လက်လွန်ခဲ့ပြီ ဖြစ်သည့်အတွက် သူ့အနေဖြင့် ရွေးခြယ်စရာလမ်းမရှိတော့ပေ။

ဆန်းလျန်က စတင်တိုက်ခိုက်လိုက်သည်။ ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။ ရွှေရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ထိုအလင်းတန်းသည် ရောမဓားကြီးတစ်လက်အဖြစ် ပြောင်းလဲသွား လေသည်။ ထိုရောမဓားကြီးသည် ပိုင်စုဟွမ်ဆီသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာလေသည်။

ဆန်းလျန်က ချင်းကျန်းဂိုဏ်း၏ ယွင်ဆွေအလင်းဓားကို သူ၏တန်ခိုးစွမ်းအားဖြင့် ပေါင်းစပ်ကာ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။ ရွှေရောင်ဓားသွားမှာ အလွန်စွမ်းအားပြင်းထန်လှလေသည်။

ထိုဓားသွားကို ချင်းကျန်းဂိုဏ်းကိုတည်ထောင်သူ နတ်ဘုရား ဆွေလင်ကျိုကိုယ်တိုင်မှလွဲပြီး မည်သူမျှ ခုခံချေဖျက်နိုင်မည် မဟုတ်ပေ။

ဓားတစ်ချက်ဝှေ့ယမ်းလိုက်ရုံမျှဖြင့် မိုင်တစ်ထောင်ပတ်လည် အတွင်းရှိ သက်ရှိသက်မဲ့များအားလုံး အဝေးသို့ လွင့်စင်ထွက် သွားရလေသည်။

ပိုင်စုဟွမ်၏ မျက်နှာမှာတည်ကြည်လေးနက်နေပြီး သူ၏ဦးခေါင်းထက်တွင် တိမ်တိုက်တစ်ခု ဖြစ်တည်လာလေ သည်။ ထိုတိမ်တိုက်မှာ အဝါရောင် လက်ဖဝါးကြီးတစ်ခုအဖြစ် အသွင်ပြောင်းသွားပြီး ရွှေရောင်ယွင်ဆွေအလင်းဓား ကို အညာအတာကင်းမဲ့စွာ ရိုက်ချလိုက်လေသည်။

တန်ခိုးစွမ်းအားနှစ်ခု ရိုက်ခတ်မိသည်နှင့် အဝါရောင် အလင်းတန်းတစ်ခု ဖြာထွက်လာပြီး လေထုမှာ ကွဲအက်သွား လေသည်။ ကြမ်းတမ်းသည့် တန်ခိုးစွမ်းအားလှိုင်းများ

ရိုက်ခတ်မှုကြောင့် ကောင်းကင်တစ်ခွင်လုံး တုန်လှုပ်နေလေသည်။

တိမ်တိုက်များနှင့် ငှက်များမှာ အဝေးသို့ လွင့်စင်ထွက်ကုန်ကြပြီး ငှက်များမှာ လေထဲတွင် အမှုန့်ဖြစ်ကာ သွေးစများအဖြစ်သာ ကျန်ရစ်ခဲ့ကြလေသည်။

"ကမ္ဘာအဆုံးကဝေးကွာလွန်းတယ်... လရောင်ခြည်ကဓားသွားကဲ့သို့ ဖြတ်တောက်မယ်"

ပိုင်စုဟွမ်၏အသံက ကောင်းကင်တစ်လျှောက် ပဲ့တင်ထပ်သွားလေသည်။

ကြည်လင်သည့်ကောင်းကင်အောက်တွင် လတစ်စင်းထွန်းလင်းလာလေသည်။

ဤသည်မှာ ပိုင်စုဟွမ် နှစ်ပေါင်းများစွာကျင့်ကြံခဲ့သည့် လမင်းရောင်ခြည်ကျင့်စဉ်၏ တာအိုဖွဲ့စည်းပုံ ဖြစ်လေသည်။

တကယ့်လမင်းအစစ်တော့မဟုတ်ပေ။ သို့သော် တန်ခိုး
စွမ်းအားများမှာတော့ အလွန်မှ ကြောက်ရွံ့ထိတ်လန့်စရာ
ကောင်းလေသည်။

လရောင်သည် အရှေ့ဆီမှထွက်ပေါ်လာပြီး မြေပြင်ထက်သို့
ဖြာကျနေလေသည်။

လရောင်မှ ထွက်ပေါ်နေသည့် အလင်းတန်းများမှာ ထိုက်ယင်း
အလင်းစွမ်းအားများ ဖြစ်လေသည်။ ထိုအလင်းတန်း
များသည် ရွှေနှင့် အခြားသော သတ္တုများကိုပင် လွယ်လွယ်ကူ
ကူ ဖြတ်တောက် ပစ်နိုင်စွမ်းရှိလေသည်။

ပိုင်စုဟွမ်သည် လရောင်အတွင်းသို့ ပျော်ဝင်သွားလေသည်။
သူ၏ ခန္ဓာကိုယ်မှ အဝါရောင်အလင်းတန်းများ ဖြာထွက်နေပြီး
သူ၏အသားအရေမှာ ဖန်သားကဲ့သို့ ကြည်လင်နေလေသည်။
လနတ်ဘုရားတစ်ပါးအလားပင် ဖြစ်လေသည်။

လရောင်များနှင့် ထိတွေ့လိုက်သည်နှင့် ဆန်းလျန်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဓားတစ်လက်ဖြင့် အရိုက်ခံလိုက်ရသည့်အလား တုန်ခါသွားလေသည်။ သူ့အပေါ်သို့ ဖြာလင်းကျနေသည့် လရောင်မှာ ထောင်ပေါင်းများစွာသော ဓားသွားများသူ့ဆီသို့ ထိုးစိုက်ကျလာသည့်အလား ခံစားလိုက်ရလေသည်။

ထိပ်တန်း ဖော့ဝမ့်အဆင့် ကျင့်ကြံသူတစ်ယောက်ဖြင့် ဆန်းလျန် ပထမဦးဆုံး ရင်ဆိုင်ဖူးခြင်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေကာမူ ဆန်းလျန်သည် ပိုင်စုဟွမ်ကို လေးစားသွားမိသည်။

ပိုင်စုဟွမ်သည် သူ့ဘဝတစ်လျှောက်လုံးတွင် လမင်းရောင်ခြည်ကျင့်စဉ်တစ်ခုတည်းကိုသာ တစ်စိုက်မတ်မတ် ကျင့်ကြံခဲ့သူဖြစ်လေသည်။ နတ်ဘုရားတစ်ပါး ဖြစ်လာနိုင်သည်အထိ သူ၏ တန်ခိုးစွမ်းအားများကို သန့်စင်အောင် ကျင့်ကြံထားခဲ့လေသည်။

ဆန်းလျှန်သည် ဗလာနယ်ဖြစ်တည်ခြင်းနှင့် ဒြပ်စင်စွမ်းအား ငါးမျိုးဆက်စပ်နေသည့် တာအိုဖွဲ့စည်းပုံအကြောင်းကို နားလည်သဘောပေါက်သွားသည်မှာ သိပ်မကြာသေးပေ။ ထို့ကြောင့် ဆန်းလျှန်၏ တန်ခိုးစွမ်းအားများမှာ ပိုင်စုဟွမ်နှစ်ပေါင်းရာနှင့်ချီပြီးကျင့်ကြံထားသည့် ကျင့်ကြံခြင်းများနှင့် တော့ နှိုင်းယှဉ်၍ မရနိုင်ပေ။

သို့သော် ဒြပ်စင်စွမ်းအားငါးမျိုးဆက်စပ်နေသည့် တာအိုဖွဲ့စည်းပုံအကြောင်းကို နားလည်သဘောပေါက်နေခြင်းကပင် ပိုင်စုဟွမ်ထက် ခြေတစ်လှမ်းသာနေသည့်အချက် ဖြစ်လေသည်။

ဆန်းလျှန်၏ တန်ခိုးစွမ်းအားများ မြင့်တက်လာလေသည်။ သူက လမင်းရောင်ခြည်တန်ခိုးစွမ်းအားများကို ပြန်လည်ခုခံတိုက်ခိုက်ရန်အတွက် သူ့ဘဝလုံးလေ့လာသင်ယူခဲ့သည့်တန်ခိုးစွမ်းအားများအားလုံးကို ဖော်ထုတ်လိုက်လေသည်။

မရေမတွက်နိုင်အောင်များပြားသည့် ကျင့်စဉ်တန်ခိုးစွမ်းအား များသည် ဒြပ်စင်စွမ်းအားငါးမျိုးနှင့် ပေါင်းစပ်သွားလေသည်။ ထိုအခါ အဆုံးမရှိသည့် တန်ခိုးစွမ်းအား အလွှာများ တစ်လွှာချင်း ပေါ်ထွက်လာလေတော့ သည်။

ထိုတန်ခိုးစွမ်းအားများဖြင့် လက်သီးချက်ပေါင်းများစွာလည်း ဖန်ဆင်းနိုင်သလို တောင်နှင့်မြစ်ရေ သင်္ကေတကိုလည်း ဖန်ဆင်းနိုင်လေသည်။ ရှိခြင်းမရှိခြင်း ဓားဝိညာဉ်ကိုလည်း အသုံးပြုနိုင်သလို မိုးကောင်းကင်မီးတောက်များကိုလည်း ဖန်ဆင်းနိုင်လေသည်။ လမင်းရောင်ခြည်ကျင့်စဉ်ကို တန်ပြန်တိုက်ခိုက်နိုင်မည့် အခြားသော မရေမတွက်နိုင်သည့် တန်ခိုးစွမ်းအားပေါင်း များစွာကိုလည်း ဖန်ဆင်းနိုင်မည် ဖြစ်လေသည်။

ဤသည်မှာစစ်မှန်သည့် တာအိုတိုက်ပွဲပင်ဖြစ်လေသည်။ ပိုင်စုဟွမ်၏ သန့်စင်လွန်းသည့် လမင်းရောင်ခြည်တန်ခိုးစွမ်းအား

များနှင့် ဆန်းလျန်၏ မရေမတွက်နိုင်အောင်များပြားသည့် တန်ခိုးစွမ်းအားများ အားပြိုင်ကြသည့် တိုက်ပွဲပင် ဖြစ်လေသည်။

တန်ခိုးစွမ်းအားများ အကြိမ်ကြိမ်ရိုက်ခတ်မိပြီးသည့်နောက် ပိုင်စုဟွမ်၏ လရောင်မှာ တဖြည်းဖြည်းမှိန်ဖျော့လာလေသည်။

တိုက်ပွဲတွင် ဆန်းလျန်ဘက်မှ တဖြည်းဖြည်း အသာစီးရလာလေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားမှာ သူ့ထက်အဆင့်မြင့်ကြောင်း ပိုင်စုဟွမ် သဘောပေါက်စ ပြုလာပြီ ဖြစ်လေသည်။

ဆန်းလျန်သည် မူလဝိညာဉ်ခန္ဓာကိုရရှိပြီး နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ရန် လက်တစ်ကမ်းသာ လိုတော့ကြောင်း ပိုင်စုဟွမ် နားလည်လိုက်မိသည်။

ထိုအခါ သူ့ရင်ထဲတွင် မုန်းတီးမှုများကို ခံစားလိုက်ရလေသည်။

"မိုးနတ်မင်းက တရားမျှတမှု မရှိလိုက်လေ"

ဟု သူ တွေးလိုက်မိသည်။

ကျိုလင်နှင့် ဆန်းလျန်တို့ကျတော့ အလွန်မှ ကံကောင်းလွန်းကြလေသည်။ သူတို့သည် အခြားသူ ဆယ်နှစ်ကျင့်ကြံမှရရှိနိုင်မည့် ကျင့်စဉ်လမ်းအဆင့်မျိုးကို တစ်နှစ်လောက်ဖြင့် ရရှိသွားကြလေသည်။

သူ့မှာတော့ ကျင့်စဉ်လမ်းတွင် များစွာအားစိုက်ထုတ်ခဲ့ရလေသည်။ ဆန္ဒများစွာကို ဖြတ်တောက်ထားခဲ့ပြီး တပည့်ပင် မွေးခဲ့ခြင်းမရှိပေ။ ယခုတော့ သူ့မှာ နတ်ဘုရားတစ်ပါးဖြစ်မလာဘဲ ဝမ်းနည်းစရာဇာတ်သိမ်းဖြင့် ကြုံတွေ့ရတော့မည်။

ထို့ကြောင့် အမုန်းတရားများအပြည့်ဖြင့် ဆန်းလျန်ကို တိုက်ခိုက်လိုက်လေတော့သည်။

သူက မန္တန်တစ်ပုဒ်ကို ရွတ်ဆိုလိုက်ပြီး အကန့်အသတ်မရှိသည့် တန်ခိုးစွမ်းအားစီးကြောင်းတစ်ခုကို ဆန်းလျန်ဆီသို့ ပစ်လွှတ် တိုက်ခိုက်လိုက်လေသည်။

ပိုင်စုဟွမ်အသုံးပြုလိုက်သည့် မန္တန်မှာ "အချိန်မစောင့်" ဆို သည့် မန္တန်ဖြစ်လေသည်။ အချိန်မစောင့်မန္တန်မှာ လမင်း ရောင်ခြည်ကျင့်စဥ်၏ အခြေခံမန္တန်တစ်ပုဒ်လည်း ဖြစ်လေ သည်။ ထိုမန္တန်ကျင့်ကြံအောင်မြင်သွားလျှင် အချိန် ခရီးသွား၍ပင် ရနိုင်လေသည်။

အချိန်မစောင့်မန္တန်အကြောင်းကို ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲ တွင် ဆန်းလျန်က အကျဉ်းအားဖြင့် ဖတ်ဖူးလေသည်။ ထို့ကြောင့် ထိုမန္တန်မှာ မည်မျှ တန်ခိုးစွမ်းအား ကြီးမားကြောင်း ကို ဆန်းလျန် သိလေသည်။

အချိန်မစောင့်မန္တန်မှာ တိုက်ခိုက်သည့် တန်ခိုးစွမ်းအားတစ်ခု မဟုတ်ပေ။ ပြိုင်ဘက်ရန်သူကို အားနည်းအောင်လုပ်သည့်

တန်ခိုးစွမ်းအားဖြစ်လေသည်။ ပြိုင်ဘက်သည်မည်မျှပင် စွမ်းအားကြီးမားပါစေ အချိန်နှင့်အမျှ တဖြည်းဖြည်းအင်အား နည်းသွားမည် ဖြစ်လေသည်။

ကမ္ဘာကိုကိုင်လှုပ်နိုင်သည့်စွမ်းအားကို ပိုင်ဆိုင်ထားသည့် တန်ခိုးရှင်ပင်ဖြစ်ပါစေ အချိန်မစောင့်မန္တန်ကို အသုံးပြုလိုက် လျှင် သာမာန်တန်ခိုးစွမ်းအားအဖြစ် ပြောင်းလဲသွားမည်ဖြစ် လေသည်။

ဆန်းလျန်ကတော့ တည်ငြိမ်နေဆဲဖြစ်လေသည်။

ပိုင်စုဟွမ်မှာ ဖော့ဝမ့်အဆင့်ဖြင့် နှစ်ပေါင်းရာနှင့်ချီရပ်တည်နေ ခဲ့သူတစ်ယောက်ဖြစ်သည့်အတွက် အတွေ့အကြုံအလွန်များ လေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် ပိုင်စုဟွမ်ကို လွယ် လွယ်နှင့် အနိုင်ရမည်တော့မဟုတ်ပေ။

ဆန်းလျန်၏နှုတ်ခမ်းလေးများ တွန့်ကွေးသွားပြီး အပြုံးပါးပါး လေးတစ်ချက် ပြုံးလိုက်လေသည်။

ထို့နောက် သူက လေထဲသို့ အလင်းတန်းတစ်ခု ထုန်လွှတ်လိုက်လေသည်။ ဆန်းလျန်လေ့လာထားသမျှ တန်ခိုးစွမ်းအားတိုင်းသည် ပိုမိုပြင်းထန်သည့်တန်ခိုးစွမ်းအားများအဖြစ် ပြောင်းလဲသွားလေတော့သည်။

အခန်း (၂၉၃)တန်ခိုးစွမ်းအား၏စကားသံကို နားထောင်ပါ

စိတ်ဆန္ဒနောက်သို့မလိုက်ပါနှင့်

ပိုင်စုဟွမ်နှင့် ဆန်းလျန်မှာ သူသေကိုယ်သေ တိုကခိုက်နေကြလေသည်။ ဆန်းလျန်က မတူညီသည့်တန်ခိုးစွမ်းအားပေါင်းများစွာကို အဆက်မပြတ် ထုတ်ဖော်တိုက်ခိုက်နေလေသည်။

ပတ်ဝန်းကျင်ရှိ တိမ်တိုက်များမှာ အဆက်မပြတ် ပုံသဏ္ဍာန်မျိုးစုံ ပြောင်းလဲနေလေသည်။

တိုက်ပွဲဆိုသည်မှာ ဆန်းလျန်အတွက်တော့ ကစားပွဲတစ်ခုသာဖြစ်လေသည်။ ကစားပွဲသည် သိပ်မကြာမီပင် အဆုံးသတ်တော့မည် ဖြစ်လေသည်။ တိုက်ပွဲကို သူသာလျှင် အနိုင်ရမည်ဖြစ်လေသည်။

တာအိုလမ်းစဉ်ဆိုသည်က သမာဓိတည်သည်အထိ အာရုံစူးစိုက်မှုဖြစ်လေသည်။ အာရုံစူးစိုက်မှု မရှိပါက တန်ခိုးစွမ်းအားကို အသုံးပြု၍ရမည် မဟုတ်ပေ။

ဆန်းလျန်ကတော့ ထိပ်တန်းအဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အတွက် ကျင့်စဉ်စွမ်းအားမှန်သမျှနှင့် တန်ခိုးစွမ်းအားမှန်သမျှကို သူဆန္ဒရှိသည့်အတိုင်း ထုတ်ဖော်အသုံးပြုနိုင်လေသည်။ သူ၏တိုက်ခိုက်ဟန်မှာလည်း ကဗျာဆန်လွန်းလှလေသည်။

ယခင်တိုက်ပွဲများတိုက်ခိုက်စဉ်က ဆန်းလျန်က တန်ခိုး

စွမ်းအားများ ၊ ကျင့်စဉ်စွမ်းအားများနှင့် မန္တန်များကို မသိစိတ်

မှ ထွက်ပေါ်လာသည့်အတိုင်း အလိုက်သင့်ထုတ်ဖော် အသုံးပြု

သွားခြင်းဖြစ်လေသည်။ယခုတစ်ကြိမ် တိုက်ခိုက်သည့်အခါ

တွင်တော့ ဆန်းလျန်က တန်ခိုးစွမ်းအား အမျိုးမျိုးကို

စမ်းချောင်းမှ ရေစီးဆင်းသည့်အလား တစ်ခုပြီးတစ်ခု

အစီအစဉ်တကျ ထုတ်လွှတ်နေခြင်းဖြစ်လေသည်။ သူ့ထံမှ

တန်ခိုးစွမ်းအားစီးဆင်းမှုသည် တစ်ချက်ကလေးပင် ရပ်တန့်

သွားခြင်းမရှိပေ။

မိုးမြေစွမ်းအားများသည် ဆန်းလျန်နှင့် တစ်သားတည်းကျကာ

ပေါင်းစပ်နေလေသည်။ ဆန်းလျန်နှင့် မိုးမြေသဘာဝတရား

ကြီးတစ်ခုလုံးမှာ တစ်သားတည်းကျပြီး ထာဝရရှင်သန်ခြင်း

တံခါးကို ဖွင့်နိုင်တော့မည့် နိမိတ်များကို မြင်တွေ့ရလေသည်။

ထိုသို့သော် နိမိတ်များကိုရရှိရန်အတွက် ပိုင်စုဟွမ်မှာ နှစ်ပေါင်းများစွာ မရမနေကြိုးစားခဲ့ရလေသည်။ သို့သော် ထိုနိမိတ်များသည် သူ့အတွက်တော့ အိပ်မက်မျှသာ ဖြစ်နေရသေးသည်။

ဆန်းလျန်မှာ ဖော့ဝမ့်အဆင့်မှ နတ်ဘုရားတစ်ပါးအဆင့်သို့ တက်ရောက်နိုင်ရန်အတွက် ခြေတစ်လှမ်းမျှသာ လိုတော့သည်။ သို့သော် သူကတော့ သူကတော့ မိုင်ထောင်ပေါင်းများစွာ လိုနေသေးသည် မဟုတ်ပါလား။

ပိုင်စုဟွမ်မှာ ဆန်းလျန်၏ တိုက်ခိုက်မှုများကို အသေအလဲ ခုခံနေရလေသည်။ သူ့တွင် ဆန်းလျန်ကို ပြန်လည်တိုက်ခိုက်ရန် နည်းလမ်းမရှိတော့ပြီ။

ဆန်းလျန်မှာ စကြာဝဠာနှင့်တစ်သားတည်းကျနေပြီး သူ၏ထိုက်ရှီးတန်ခိုးစွမ်းအားများမှာ တာအိုဖွဲ့စည်းမှုတစ်ခုအဖြစ်ပြောင်းလဲသွားလေသည်။ သူနားလည်ထားသည့် ကျင့်စဉ်

လမ်းများအားလုံးသည် တစ်ခုတည်းအဖြစ် ပေါင်းစည်းသွား
လေသည်။

ထိုအဆင့်ကို တာအိုဝါဒတွင် "တန်ခိုးစွမ်းအား၏စကားသံကို
နားထောင်ပါ၊ စိတ်ဆန္ဒနောက်သို့မလိုက်ပါနှင့်" ဟု ခေါ်ဆိုလေ
သည်။

ဆန်းလျန်က ထောင်ပေါင်းများသော တန်ခိုးစွမ်းအားများ၊
မန္တန်များနှင့် ကျင့်စဉ်စွမ်းအားများကို စုပေါင်းပြီး အတူတကွ
အသုံးချနေခြင်းဖြစ်လေသည်။ ဆန်းလျန်၏ တိုက်စစ်ဆင်မှု
မှာ တုန်လှုပ်ခြောက်ခြားဖွယ်ရာပင်ဖြစ်လေ သည်။ ဆန်းလျ
န်၏ခန္ဓာကိုယ်မှ ဒြပ်စင်စွမ်းအားငါးမျိုးမှာ လင်းလက်တောက်
ပနေလေသည်။

အစိမ်း၊ အဝါ၊ အနီ၊ အနက်နှင့် အဖြူ ဒြပ်စင်စွမ်းအားငါး
မျိုး၏ ရောင်စဉ်များသည် တစ်စုတစ်စည်းတည်း ပေါင်းစည်း
သွားပြီး ပိုင်စုဟွမ်ထံသို့ ဝင်ရောက်သွားလေသည်။

ပိုင်စုဟွမ်သည် နောက်သို့ ခုန်ဆုတ်လိုက်မိလေသည်။ သို့သော် ပိုင်စုဟွမ်သည် ယခုကဲ့သို့သော ပုံစံမျိုးဖြင့် ရှုံးနိမ့်မသွားလိုပါ။ သူက ဆန်းလျန်အသုံးပြုလိုက်သည့် တောင်နှင့်မြစ်ရေ သင်္ကေတကို ချိုးဖျက်ရန်အတွက် လမင်းရောင်ခြည်ကို ဆင့်ခေါ်လိုက်လေသည်။

လမင်းရောင်ခြည်သည် မိုးနှင့်မြေကိုပင် ဖြတ်တောက်ပစ်နိုင်သည့် ဓားတစ်လက်အလား ထက်ရှလွန်းလေသည်။ သို့သော် ဆန်းလျန်၏ ရောင်စဉ်စွမ်းအားငါးမျိုးကိုတော့ ဖြတ်တောက်ပစ်နိုင်စွမ်း မရှိခဲ့ပါ။ ပြင်းထန်လွန်းသည် ဒြပ်စင်စွမ်းအားငါးမျိုးကို မည်သည့်အရာကမှ ဖျက်စီးပစ်နိုင်မည် မဟုတ်ပေ။ ထို့အတူ ပိုင်စုဟွမ် အသုံးပြုထားသည့် အချိန်မစောင့်မန္တန်မှာလည်း ဒြပ်စင်စွမ်းအားငါးမျိုးအပေါ်တွင် သက်ရောက်မှုမရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် တာအို

လမ်းစဉ်၏အခြေခံ ဒြပ်စင်ငါးပါးကို ကောင်းစွာ နားလည်သဘောပေါက်သွားသောကြောင့် ဖြစ်လေသည်။

အချိန်၏ အကြွင်နာတရားကင်းမဲ့မှုက အရာအားလုံးကို မြေမှုန့်ဖြစ်သွားအောင် တိုက်စားနိုင်လေသည်။ သို့သော်သဘာဝတရား၏အခြေခံ ဒြပ်စင်စွမ်းအားငါးမျိုးကတော့ အဆုံးမရှိပြောင်းလဲနေမြဲ ဖြစ်လေသည်။ ဒြပ်စင်စွမ်းအားငါးမျိုးသည် ရှင်သန်ဖြစ်တည်မှုတိုင်း၏ နောက်ကွယ်တွင် မရှိမဖြစ် ပါဝင်နေသည့် စွမ်းအားများ ဖြစ်လေသည်။

ဆန်းလျန်၏ ဒြပ်စင်စွမ်းအားငါးမျိုး၏ ရောင်စဉ်များနှင့် ပိုင်စုဟွမ်၏ လမင်းရောင်ခြည်စွမ်းအားများသည် အရှိန်အဟုန်ပြင်းစွာ ထိခိုက်မိသွားလေသည်။ ထိတ်လန့်စရာကောင်းလှစွာပင် လမင်းရောင်ခြည်စွမ်းအားသည် အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားရလေသည်။

တိုက်ပွဲ၏ရလဒ်မှာ ထိုသို့ဖြစ်လာလိမ့်မည်ဟု ပိုင်စုဟွမ် မျှော်လင့်မထားခဲ့မိပေ။ သူ တိုက်ပွဲကို ရှုံးနိမ့်သွားရပြီ ဖြစ်လေသည်။ ထို့အတူ သူ့ဘဝ၏ အရာရာသည်လည်း အဆုံးသတ်သွားရပြီ ဖြစ်လေသည်။

အမှန်တော့ အစကတည်းကပင် ဆန်းလျန်ကို သူအထင်မသေးခဲ့ပါ။ သို့သော် ဆန်းလျန်၏ ဆန်ခိုးစွမ်းအားများနှင့် ကျင့်စဉ်လမ်းတိုးတက်မှုမှာ သူခန့်မှန်းထားသည်ထက် ကျော်လွန်နေခဲ့လေသည်။

ပိုင်စုဟွမ်၏ နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာလေသည်။ လမင်းရောင်ခြည်တာအိုဖွဲ့စည်းပုံမှာ ပျောက်ကွယ်သွား ပြီဖြစ်လေသည်။

ဆန်းလျန်က တောင်နှင့်မြစ်ရေ သင်္ကေတကို ပြန်လည် ရုတ်သိမ်းလိုက်လေသည်။ ပိုင်စုဟွမ်ဆီသို့ အရှိန်အဟုန်ဖြင့် ဝင်

ရောက်သွားသည့် တန်ခိုးစွမ်းအားထုထည်ကြီးမှာ ချက်ချင်း

ပင် ပျောက်ကွယ်သွားလေသည်။

သို့သော် တောင်နှင့်မြစ်ရေသကော်တ၏ ကြွင်းကျန်ရစ်သည့် ပုံ

ရိပ်ယောင်က ပိုင်စုဟွမ်၏ ငယ်ထိပ်ကို ရိုက်ခတ်မိသွားပြီး ပိုင်

စုဟွမ်မှာ ကောင်းကင်ထက်မှ ပြုတ်ကျသွားလေတော့သည်။

ပိုင်စုဟွမ်၏ မာနတရားများအားလုံး ရိုက်ချိုးခံလိုက်ရပြီ ဖြစ်

လေသည်။

သူ၏ခန္ဓာကိုယ်မှာ အမြင့်မှ အနိမ့်သို့ အဆက်မပြတ် ပြုတ်

ကျနေလေသည်။

မီးလောင်လွယ်သည့်ပစ္စည်းတစ်ခုသည် မီးထဲတွင် ပြာမှုန့်ဖြစ်

သွားသကဲ့သို့ ၊ ကြယ်တံခွန်တစ်စင်းသည် လျှင်မြန်သည့်အရှိန်

ဖြင့် ပျောက်ကွယ်သွားသကဲ့သို့ သူခံစားနေရလေသည်။

ထို့နောက် ပိုင်စုဟွမ်၏ခန္ဓာကိုယ်သည် လှိုင်းလေပြင်းထန်လွန်းသည့် ပင်လယ်ဆီသို့ ပြုတ်ကျသွားကာ တဖြည်းဖြည်း နစ်မြုပ်သွားလေတော့သည်။

ဆန်းလျန်က ဒီတိုင်း ရပ်ကြည့်နေခြင်းမရှိပါ။

သူက ပင်လယ်ကမ်းခြေဆီသို့ တစ်ပတ်ကျွမ်းထိုးကာ ခုန်ဆင်းလိုက်လေသည်။

ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှာ ကမ္ဘာ့ထိပ်တန်း တာအိုကျင့်စဉ်တစ်ခုဖြစ်သလို အဆင့်မြင့်သိုင်းပညာတစ်မျိုးလည်းဖြစ်လေသည်။ ယင် နှင့် ယန် ၊ ဒြပ်စင်စွမ်းအားငါးမျိုးတို့ကို အခြေခံထားခြင်းဖြစ်သည့်အတွက် လူ့လောကတွင် အခြေခံသိုင်းပညာအဖြစ်လည်း လေ့ကျင့်၍ရနိုင်သည့် ကျင့်စဉ်ဖြစ်လေသည်။

ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်တွင် တာအိုကျင့်စဉ်ပေါင်းများစွာ၏ အခြေခံသဘောတရားများ ပါဝင်သည့်အတွက် ကြောင့်

အခြားသောမည်သည့်ကျင့်စဉ်ကိုမဆို လွယ်လွယ်ကူကူနှင့် သဘောပေါက်နိုင်လေသည်။ ထိုကျရှိုးတန်ခိုးစွမ်းအားကို ပိုင်ဆိုင်ထားသူသည် အခြားသောကျင့်စဉ်များကို မှုလောက် စရာ မရှိပေ။

ဆန်းလျန်က လက်ဖဝါးနှစ်ဖက်ဆီမှ အလင်းတန်းများ ထွက် ပေါ်လာလေသည်။ ထိုအလင်းတန်းများက ပင်လယ်ရေထဲသို့ နစ်မြုပ်သွားသည့် ပိုင်စုဟွမ်ကို ရေပြင်ထက်သို့ ဆွဲတင်လိုက် လေသည်။ ပိုင်စုဟွမ်မှာ အားနည်းနေပြီး သူ၏အစိမ်းရောင် တာအိုဝတ်စုံမှာ ရေများဖြင့်စိုရွှဲနေလေသည်။

ဒဏ်ရာပြင်းထန်စွာရသွားခဲ့သည့်အတွက် သွေးများလည်း အဆက်မပြတ်အန်နေလေသည်။

ကောင်းကင် ၊ သမုဒ္ဒရာနှင့် မြေပြင် တစ်ခုလုံး တုန်လှုပ်အောင် တိုက်ခိုက်ကြသည့် သူတို့နှစ်ယောက်၏ တိုက်ပွဲကြောင့် ငါး

သတ္တဝါများ ၊ ငှက်သတ္တဝါများ မည်မျှ အသက်ဆုံးခဲ့ပြီလဲ မသိနိုင်ပေ။

သို့သော် ပိုင်စုဟွမ်မှာ အလွန်မာနကြီးလွန်းသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အတွက် ဆန်းလျန်မှာလည်း သတ္တဝါများ၏အသက်ကို ငဲ့ညှာမနေနိုင်တော့ဘဲ တိုက်ခိုက်ခဲ့ရခြင်းဖြစ်လေသည်။ အခြားသော ဖော့ဝမ့်အဆင့် ကျင့်ကြံသူသာဆိုလျှင် ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို မည်သို့မျှ တောင့်ခံနိုင်မည် မဟုတ်ပေ။ ပိုင်စုဟွမ်မှာ အလွန်သန့်စင်သည့် တန်ခိုးစွမ်းအားကို ပိုင်ဆိုင်ထားသည့် ထိပ်တန်းအဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်သော ကြောင့်သာ ဆန်းလျန်ကို ဤမျှအချိန်ကြာကြာ တောင့်ခံနိုင်ခြင်း ဖြစ်လေသည်။

ပိုင်စုဟွမ်က တစ်ချက် ကြုံးဝါးလိုက်လေသည်။ သူ၏ကြုံးဝါးသံကြောင့် မိုးနှင့်မြေပင် တုန်လှုပ်သွားရသည်။

ပိုင်စုဟွမ်က သူ၏လက်နှစ်ဖက်ကို ရင်ပတ်ရှေ့တွင် ထားလိုက်ပြီး မိုးမြေစွမ်းအားများကို စုပ်ယူလိုက်လေသည်။

ထူးဆန်းသည့်ရောင်စဉ်တန်းတစ်ခုထွက်ပေါ်လာလေသည်။ ထိုရောင်စဉ်တန်းဆီမှ ကြောက်မက်ဖွယ်ရာ အငွေ့အသက်များထွက်နေလေသည်။ ထိုအငွေ့အသက်များမှာ ပိုင်စုဟွမ်၏တန်ခိုးစွမ်းအားများကို ကျော်လွန်နေပြီး နတ်ဘုရားတစ်ပါး၏တန်ခိုးစွမ်းအားများအလားပင် ဖြစ်လေသည်။

ဆန်းလျန်၏ စိတ်များက ဖန်သားပြင်အလား ကြည်လင်နေလေသည်။

ပိုင်စုဟွမ်က နောက်ဆုံးတိုက်ကွက်ကို အသုံးပြုလိုက်ခြင်းဖြစ်ကြောင်း သူသိလိုက်လေသည်။

ရုတ်တရက်...

ဆူနာမီလှိုင်းလုံးကြီးအလား ကြီးမားလွန်းသည့် လှိုင်းလုံးကြီး တစ်လုံးက ကမ်းခြေသို့ ရိုက်ခတ်လာလေသည်။ ကျယ်လောင်သည့် အသံကြီးကိုလည်း ကြားနေရလေသည်။

ပိုင်စုဟွမ်၏ နောက်ဆုံးတိုက်ခိုက်မှုမှာ မည်မျှပြင်းထန်ကြောင်း မခန့်မှန်းနိုင်ပါ။

ဆန်းလျန်ကလည်း ဒြပ်စင်စွမ်းအားငါးမျိုးကို စုစည်းလိုက်ပြီး မုန်တိုင်းထဲတွင် ကြံ့ကြံ့ခံရပ်တည်နေလေသည်။

အံ့သြစရာကောင်းစွာဖြင့်ပင် ပိုင်စုဟွမ်သည် လမင်းရောင်ခြည်ကျင့်စဉ်၏ "အချိန်စက်ဝန်းဓားသိုင်း" ကို အသုံးပြု လိုက်ခြင်း ဖြစ်လေသည်။ အချိန်စက်ဝန်းဓားသိုင်းမှာ နတ်ဘုရားအဆင့် တက်ရောက်နိုင်မှသာ အသုံးပြုနိုင်မည့် ဓားသိုင်းတစ်ခု ဖြစ်လေသည်။

ယခုတော့ ပိုင်စုဟွမ်က နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများအားလုံးကို လောင်ကျွမ်းစေပြီး ထိုဓား သိုင်းကို ထုတ်ဖော်အသုံးပြုလိုက်လေပြီ။

သူ၏ရုပ်ခန္ဓာသည် အချိန်စက်ဝန်းဓား၏ တန်ခိုးစွမ်းအားဒဏ် ကို မခံနိုင်တော့ဘဲ သွေးများထွက်လာလေသည်။ သူ၏ ခန္ဓာကိုယ်မှာလည်း မဟန်နိုင်တော့ဘဲ လဲကျသွားရလေသည်။

ဆန်းလျန်မှာ ပိုင်စုဟွမ် ထိုကဲ့သို့ ဆုံးဖြတ်ချက်ချကာ တိုက်ခိုက်လိမ့်မည်ဟု မျှော်လင့်မထားမိပေ။

လူတစ်ယောက်၏ အပြင်းထန်ဆုံး နောက်ဆုံးတိုက်ကွက်ကို ထုတ်သုံးမှသာ အကောင်းဆုံးပြိုင်ဘက်ဟု ခေါ်ဆိုနိုင်မည်ဖြစ် လေသည်။

သို့သော် ဆန်းလျန်ကလည်း ကြောက်လန့်သွားခြင်း အလျဉ်း မရှိခဲ့ပါ။

အချိန်းစက်ဝန်းဓားသိုင်းမှာ နတ်ဘုရားတစ်ပါး၏ တန်ခိုး

စွမ်းအားဖြစ်သည့်တိုင် ရင်ဆိုင်နိုင်မည်ဟု ဆန်းလျန်က

ယုံကြည်ချက်အပြည့်ရှိလေသည်။

သူက ပိုင်ဟုဟွမ်ကို မာန်စွယ်ကျိုးကာ အရှုံးပေးသည်အထိ

တိုက်ခိုက်နှိမ်နင်းပြီး ချင်းရွှမ်သို့ အသက်ရှင်လျက် ပြန်ခေါ်

သွားမည်ဟု ဆုံးဖြတ်ထားလေသည်။

အချိန်စက်ဝန်းဓား ထွက်ပေါ်လာသည်နှင့် ဆန်းလျန်က ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ပြီး ဗလာနယ်တစ်ခုကို ဖန်ဆင်းလိုက်

လေသည်။

ဗလာနယ်နှင့် အချိန်စက်ဝန်းဓားမှာ အရှိန်အဟုန်ပြင်းစွာ

ထိခိုက်မိသွားလေသည်။

"ဝုန်း ဝုန်း ဝုန်း"

ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အသံကြီးများ ထွက်ပေါ်လာပြီး

ဗလာနယ်တစ်ခုလုံးပေါက်ကွဲသွားလေသည်။ ပင်လယ်လှိုင်း

လုံးကြီးများမှာ ကြောက်မက်ဖွယ်ရာ တလိမ့်လိမ့်တက်လာလေသည်။

ကမ္ဘာ့နောက်ဆုံးအချိန်တွင် မီးတောင်များပေါက်ကွဲပြီး ချော်များလွှတ်ခတ်သကဲ့သို့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တုန်လှုပ်နေလေသည်။

ပေါက်ကွဲသွားသည့် ဗလာနယ်ထဲတွင် အချိန်စက်ဝန်းဓားသည် အပိုင်းပိုင်းကွဲကြေသွားရလေသည်။

သို့သော် ဆန်းလျန်ကတော့ ကြံ့ကြံ့ခံ ရပ်တည်နေဆဲ ဖြစ်လေသည်။

မုန်တိုင်းထန်နေသည့် ကောင်းကင်အောက်တွင် လဲကျနေပြီဖြစ်သည့် ပိုင်စုဟွမ်ကို ဆန်းလျန် ခေါ်ဆောင်လာခဲ့လေ သည်။

ဆန်းလျန်၏တာအိုဝတ်ရုံမှာ လေထဲတွင် တလွင့်လွင့် လှုပ်ရှားနေလေသည်။

ပိုင်စုဟွမ်၏ပုံသဏ္ဍာန်မှာ ဆယ်နှစ်ခန့်ပိုပြီး အိုမင်းသွားသလို သူ၏မျက်နှာတွင်လည်း သွေးရောင်မရှိတော့ပေ။

ထို့အတူ ဆန်းလျန်မျက်နှာမှာလည်း ဖြူဖပ်ဖြူလျော် ဖြစ်နေလေသည်။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“ကိုယ့်ကိုကိုယ်ဘာလို့ ဒီလိုဖြစ်အောင် လုပ်ရတာလဲဗျာ ၊ ပြီးတော့ ကျုပ်ကိုလည်း ဘာလို့ ဒီလိုဖြစ်အောင် လုပ်ရတာလဲ”

အခန်း (၂၉၄) တာအိုကျင့်ကြံသူစိတ်ထားကို ထိန်းသိမ်းထားရန်မှာခက်ခဲသည်

နေမင်းသည် မိုးကုတ်စက်ဝိုင်းအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်လေသည်။ ပင်လယ်ရေပြင်မှာလည်း ပြန်လည်တည်ငြိမ်စပြုနေပြီဖြစ်သည်။ ပင်လယ်ရေပြင်သည် စောစောက ဆူနာမီရေလှိုင်းများ ပြင်းထန်ခဲ့သည်မှာ သူမဟုတ်သည့်အလား ငြိမ်သက်နေပြီဖြစ်လေသည်။

ဆန်းလျန် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

နေရာတစ်နေရာမှ ထွက်ပေါ်နေသည့် လူသတ်လိုသည့်

အငွေ့အသက်များကို သတိပြုလိုက်မိလေသည်။

တစ်စုံတစ်ယောက်သည် သူတို့နှစ်ယောက်၏ တိုက်ပွဲကို

ခိုးကြောင်ခိုးဝှက်ဖြင့် ကြည့်နေပုံရလေသည်။

ထိုနေရာသို့ ဆန်းလျန် တစ်ချက်စိုက်ကြည့်လိုက်သည့်အခါ

တွင်တော့ ထိုအငွေ့အသက်များမှာ ချက်ချင်းပင် ပျောက်ကွယ်

သွားလေသည်။

သူနှင့် ပိုင်စုဟွမ်၏တိုက်ပွဲကို ခိုးကြောင်ခိုးဝှက်ကြည့်နေသူ

သည် လျှို့ဝှက်စွာပင် ထွက်ခွာသွားပြီဖြစ်ကြောင်း ဆန်းလျန်

ရိပ်မိလိုက်လေသည်။

သူတို့နှစ်ယောက်၏တိုက်ပွဲကိုကြည့်နေသူမှာ ပိုင်စုဟွမ်ထက်

အဆင့်မနိမ့်သော ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

သူက တိုက်ပွဲကို အခြေအနေလေ့လာသည့် သဘောဖြင့်သာ

လာရောက်ကြည့်ရှုခြင်းဖြစ်ပြီး တိုက်ပွဲအတွင်းသို့ ပါဝင်

ပတ်သက်လိုခြင်းရှိပုံမပေါ်ပေ။

လူသတ်လိုသည့် အငွေ့အသက်များ ပျောက်ကွယ်သွားသည့်

အခါတွင်တော့ ပိုင်စုဟွမ်မှာ များစွာ အံ့သြသွားရလေသည်။

သူ့ရင်ထဲတွင် နောင်တတရားများဖြင့် ပြည့်နက်နေပြီး ဆန်းလျ

န်ကို အမှန်အတိုင်းဝန်ခံရန် အသင့်ဖြစ်နေပြီ ဖြစ်လေသည်။

ပိုင်စုဟွမ်၏ ဝန်ခံချက်အရ ပိုင်စုဟွမ်တွင် ချန်မုပိုင်ဆိုသည့်

ဆွေမျိုးနီစပ် တော်စပ်သူတစ်ယောက် ရှိလေသည်။ ထိုသူမှာ

ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ နတ်ဘုရားအလောင်းအလျာ ဆယ့်နှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်လေသည်။ ထို အကြောင်းကို လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ခန့်ကမှ ပိုင်စုဟွမ် သိရှိခဲ့ရခြင်းဖြစ်လေသည်။

ပိုင်စုဟွမ်သည် ဘဝတစ်လျှောက်လုံးတွင် ကျင့်စဉ်လမ်းကို တစ်စိုက်မတ်မတ် အာရုံစိုက်ထားသူ ဖြစ်လေသည်။ ထိုကဲ့သို့ သော လူတစ်ယောက်သည် သွေးသားတော်စပ်သည့်သူများ အပေါ်တွင် အရေးတယူ အလေးထား လိမ့် မည်ဟု ဆန်းလျန် ထင်မထားခဲ့မိပေ။

အမှန်တော့ ချန်မုပိုင်က ပိုင်စုဟွမ်နှင့် စတင်ဆက်သွယ်ပြီး ရင်းနှီးအောင်ကြိုးစားကာ ချင်းရှမ်နတ်တံခါး၏ အတွင်းရေး များကို နှိုက်ထုတ်ခဲ့ခြင်း ဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးမှာ တဖြည်းဖြည်းကျဆင်းနေပြီ ဖြစ် သည့်အတွက် လျှို့ဝှက်ချက်များပေါက်ကြားလျှင်လည်း

အရေးမကြီးနိုင်ဟု ပိုင်စုဟွမ်က ထင်ခဲ့မိလေသည်။ ချင်းရွှမ် နတ်တံခါးတွင် သူ့ကိုလည်း မည်သူမျှ အပြစ်ပေးနိုင်မည် မဟုတ်ဟု သူက တွေးထားခဲ့သည်။

ဆန်းလျန် ဂိုဏ်းချုပ်နေရာ ဆက်ခံသည့် ကိစ္စကို သူကန့်ကွက် ခဲ့ရသည်မှာလည်း အကြောင်းရှိလေသည်။ ဆန်းလျန်မှာ ငယ်ရွယ်ပြီး အရည်အချင်းရှိသူတစ်ယောက် ဖြစ်လေသည်။ သူ၏သစ္စာဖောက်မှုကိုသ သိရှိသွားပါက ဆန်းလျန်သည် သူ့ ကို အန္တရယ်ပေးနိုင်သည့် တစ်ဦးတည်းသောလူတစ်ယောက် ဖြစ်လာနိုင်သောကြောင့်ပင် ဖြစ်လေသည်။

ထို့ပြင် ချင်းရွှမ်နတ်တံခါးတွင် နတ်အသက်ရှည်ဆေးရှိသည် ဆိုသည့်အကြောင်းကို ချန်မုပိုင်က ပိုင်စုဟွမ်ကို သတင်းပေးခဲ့ ခြင်း ဖြစ်လေသည်။

သို့သော် ဆန်းလျန်မရှိချိန်တွင် ကူးချိုင်ဝေ့ကို ပုန်ကန်ခဲ့ခြင်း ကတော့ ရှင်းပြရန် ခက်သည့် ကိစ္စဖြစ်လေသည်။ ပိုင်စုဟွမ်မှာ

ဘဝနေဝင်ချိန်မှာ နီးကပ်လာပြီ ဖြစ်သောကြောင့် နတ်အသက်ရှည်ဆေးလိုချင်သည့်စိတ်ဖြင့် မိုက်ရူးရဲဆန်စွာ ပြုလုပ်ခဲ့ခြင်းဖြစ်လေသည်။ သူက ဖြစ်လာမည့် ပြဿနာများကို နောက်မှ ရှင်းမည်ဟု စဉ်းစားထားခဲ့လေသည်။

ကူးချိုင်ဝေ့ထံမှ နတ်အသက်ရှည်ဆေးကိုတောင်းယူရန် အတွက် ဆန်းလျန်ပျောက်ဆုံးနေသည် ဆိုသည့်အချက်ကို အတည်ပြုရန် နှစ်ခါလောက် သက်သေရှာခဲ့ရလေသည်။ သေချာတော့မှ သူက အကြံအစည်ကို အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်လေသည်။

သူက ကျန်းရော့ရှီး၏ တူဖြစ်သူ ကျန်းလင်ရှန့်ကို စည်းရုံးခေါ်ဆောင်ခဲ့လေသည်။ ကျန်းလင်ရှန့်မှာလည်း ဆန်းလျန်ကို အမြင်ကြည်သူတစ်ယောက် မဟုတ်ပေ။

ထို့ပြင် ဆရာသခင်ကျန်းရော့ရှီးနှင့် ဆန်းလျန်၏ ဆက်ဆံရေးက သာမန်ဆရာတပည့်ဆက်ဆံရေးထက် ပိုခဲ့သည်ကို လူတိုင်း

သိကြလေသည်။ ဆရာသခင်ကျန်းရှော့ရှီးသည် ဆန်းလျန်ကို များစွာအားကိုးကာ အလေးထားချစ်ခင်ခဲ့လေသည်။

ထို့ကြောင့် အခြေအနေမဟန်လျှင် ကျန်းရှော့ရှီး၏တူဖြစ်သူ ကျန်းလင်ရှန့်၏မျက်နှာဖြင့် အပြစ်ကိုဖုံးကွယ်ရန် ကြံစည်ထားခဲ့ခြင်း ဖြစ်လေသည်။

ပိုင်စုဟွမ်ပြောပြသည့် အကြောင်းစုံကို နားထောင်ပြီးတော့မှ ဆန်းလျန်က ပြောလိုက်သည်။

"ဆရာဘိုးဘိုးပိုင်၊ ချန်မုပိုင်နဲ့ပေါင်းပြီး ခုလိုသစ္စာဖောက်တဲ့ ကိစ္စကို ထိုက်ဝေ့ထိုင်က ဆရာဘိုးဘိုးကို ဖုံးကွယ်ထားလို့ ရမယ်များ ထင်နေသလား၊ ခင်ဗျားတစ်ခုခုလုပ်တာ သူသာသိသွားရင် ခင်ဗျားကို အလွတ်ပေးမှာ မဟုတ်ဘူး၊ ကွမ်းချင်းနတ်ဘုရားဂိုဏ်းက ကာကွယ်ပေးမယ်ဆိုရင်တောင်မှ ထိုက်ဝေ့ထိုင်ကဆရာဘိုးဘိုးရဲ့ အရည်အချင်းနဲ့ဆိုရင် ဘယ်လိုမှ လွတ်နိုင်မှာ မဟုတ်ဘူး"

ပိုင်စုဟွမ်က ခါးသက်စွာ ပြုံးလိုက်ရင်း...

"ဟုတ်ပါတယ်၊ ကျုပ်လည်းဒီကိစ္စကို တွေးမိပါတယ်၊ ဒါပေမယ့် ဒီနှစ်တွေအတွင်း ဘာမှလည်း ဖြစ်မလာတော့ သူမသိဘူးလို့ပဲ ထင်ခဲ့မိတာ၊ ဒါပေမယ့် သူအရာအားလုံးကို သိနေတယ်ဆိုလည်း သူက ဘာလို့ ကျုပ်ကို လာမရှာရတာလဲ"

"ခင်ဗျားလည်း ဒီနှစ်တွေအတွင်းမှာ ထိုက်ဝေ့ထိုင်ခန်းမကို မသွားခဲ့ဘူး မဟုတ်လား"

ဆန်းလျန်က အေးဆေးစွာပင် ပြောလိုက်လေသည်။

"ဒီလောက်ကြောက်စရာ ကိစ္စကြီးကိုလုပ်ထားတာ၊ ဘာလို့ထိုက်ဝေ့ထိုင်မှာ သူနဲ့သွားတွေ့ရမှာလဲ၊ ကိုယ့်အပြစ်ကိုယ် ဝန်ခံသလို ဖြစ်သွားမှာပေါ့"

"သူကလည်း ခင်ဗျားလာတာကို စောင့်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒီလိုကိစ္စမျိုးကိုတောင် ရင်ဆိုင်မဖြေရှင်းရဲရင် ဘယ်လိုလုပ် ယုံမှားခြင်းအဆင့်ကို ကျော်ဖြတ်နိုင်မှာလဲ၊ ကျင့်စဉ်လမ်း

ဆိုတာ ရေဆန်မှာရွက်လွှင့်ရသလိုပဲ ၊ ရှေ့ကိုရောက်အောင် မကြိုးစားနိုင်ရင်တော့ နောက်မှာပဲ ကျန်ခဲ့ရလိမ့်မယ် ၊ ဆရာဘိုးဘိုးပိုင် တာအိုကျင့်စဉ်လမ်းကို စတင်လျှောက်လှမ်းခဲ့တုန်းက ဘယ်လိုရည်ရွယ်ချက်နဲ့ လျှောက်လှမ်းခဲ့တာလဲဆိုတာ ပြန်စဉ်းစားစေချင်တယ် ၊ အဲဒီအချိန်တုန်းက ပိုင်စုဟွမ်ဆိုတာ အခုပိုင်စုဟွမ်နဲ့ ယှဉ်လိုက်ရင် ပိုပြီး သတ္တိရှိ ၊ ပိုပြီး ဉာဏ်ထက်မြက်ပြီး ပိုပြီး ဆုံးဖြတ်ချက်ခိုင်မာတဲ့သူတစ်ယောက် မဟုတ်ဘူးလား ၊ အခုတော့ ဆရာဘိုးဘိုးပိုင်မှာ အကြောက်တရားတွေကိန်းအောင်းနေတာ တွေ့မြင်နေရတယ်"

ဆန်းလျန်က ပြောလိုက်သည်။

တာအိုကျင့်စဉ်လမ်း ဆိုသည်က မည်သည့်အခါမှ လွယ်ကူသည် မရှိပေ။ သာမန်လူများ သည်းမခံနိုင်သည့် နာကျင်မှုများ ၊ ခက်ခဲပင်ပန်းမှုများ ၊ အတားအဆီးများနှင့် အစစ်ဆေးခံရမှုများကို ရင်ဆိုင်ကြရစမြဲ ဖြစ်လေသည်။

အကြီးမားဆုံးသော အစစ်ဆေးခံရမှုမှာ တာအိုကျင့်ကြံသူ
စိတ်ထားကို ရေရှည် ထိန်းသိမ်းထားနိုင်ရန်ပင် ဖြစ်လေသည်။
အချို့သူများသည် ဟိုင်သန်းအဆင့်အောင်မြင်သည်အထိ သူ
တို့၏ တာအိုကျင့်ကြံသူစိတ်ထား မပျက်စီးကြသေးပေ။
သို့သော် အချိန်ကာလကြာရှည်စွာ ကျင့်စဉ်လမ်းတွင် လျှောက်
လှမ်းခဲ့ပြီး ဖော့ဝမ့်အဆင့်သို့ရောက်ရှိလာသည့်အခါတွင်တော့
တာအိုကျင့်ကြံသူစိတ်ထားမှာ ပျောက်ကွယ်သွားရလေသည်။
ထို့ကြောင့် ရှေးလူကြီးများပြောကြသည့် ဆိုရိုးစကားတစ်ခုရှိ
လေသည်။
"တာအိုကျင့်စဉ်လမ်းကို လျှောက်လှမ်းရန်မှာ လွယ်ကူကောင်း
လွယ်ကူလိမ့်မည်၊ သို့သော် တာအိုကျင့်ကြံသူစိတ်ထားကို
ထိန်းသိမ်းထားရန်မှာတော့ ခက်ခဲသည်"
ဟူ၍ဖြစ်လေသည်။

စစ်မှန်သည့်တာအိုကျင့်ကြံသူတစ်ယောက်သည် သေခြင်းရှင်ခြင်းတိုက်ပွဲတစ်ခုတွင် မိမိကိုယ်မိမိ လိုလားစွာပင် စွန့်လွှတ်အနစ်နာခံလေ့ရှိကြလေသည်။ ထို့ပြင် သူတို့၏စိတ်ဝိညာဉ်မှ အစွန်းအထင်းများကိုလည်း အစွန်းအထင်းများကိုလည်း ရင်ဆိုင်ရန်သတ္တိရှိကြလေသည်။

သူနှင့် သူသေကိုယ်သေတိုက်ခိုက်ရန် ရွေးခြယ်ခဲ့သည့် ပိုင်စုဟွမ်၏ဆုံးဖြတ်ချက်ကို ဆန်းလျန်လေးစားမိလေသည်။ သို့သော် တစ်ချိန်တည်းမှာပင် ပိုင်စုဟွမ်၏ သတ္တိများလျော့နည်းလာရသည့် အားနည်းချက်ကိုလည်း တွေ့မြင်လိုက်ရသည်။

ပိုင်စုဟွမ်သည် သူ၏တာအိုကျင့်ကြံသူစိတ်ထားကို ဆုံးရှုံးခဲ့ရပြီဖြစ်လေသည်။ ထို့ကြောင့် နှစ်ပေါင်းများစွာ တစ်စိုက်မတ်မတ် ကျင့်ကြံခဲ့သည့်တိုင် ကျင့်စဉ်လမ်းအဆင့်မတက်နိုင်ရခြင်းဖြစ်လေသည်။

“ကျုပ်သာ ဒီနေ့ ပြဿနာမရှာခဲ့ဘဲ မင်းပြန်ရောက်လာတဲ့အချိန်အထိ စောင့်နေမယ်ဆိုရင် နတ်အသက်ရှည်ဆေးကို မင်းက ကျုပ်ကို ပေးမှာလား"

ပိုင်စုဟွမ်က မေးလိုက်သည်။

“ဆရာဘိုးဘိုးပိုင် ဒီနေ့ပြဿနာ ရှာသည်ဖြစ်စေ မရှာသည်ဖြစ်စေ ကျုပ်က နတ်အသက်ရှည်ဆေးကိုပေးမှာပါဗျာ ၊ ဒါပေမယ့် ကျုပ် တစ်ခုတော့ စိတ်မကောင်းဖြစ်မိတယ် ၊ ဆရာဘိုးဘိုးပိုင် ဖော့ဝမ့်အဆင့်တက်ရောက်ခဲ့တာ နှစ်ပေါင်းရာနဲ့ချီနေပြီ ၊ နောက်ထပ်နှစ်အနည်းငယ်ထပ်နေပြီး ဘာလုပ်ဦးမလို့လဲ ၊ ဆရာဘိုးဘိုးပိုင်ရဲ့ ကျင့်စဥ်လမ်းအဆင့်က တဖြည်းဖြည်း ဆုတ်ယုတ်နေပြီပဲ ၊ ရှေ့ဆက်နိုင်ဦးမယ်လို့ ထင်နေသေးလို့လား"

ဆန်းလျန်က အေးဆေးစွာပင် ပြန်ပြောလိုက်လေသည်။

"အမှန်ပါပဲ ၊ ကျုပ်က တော်တော်မိုက်မဲတဲ့လူတစ်ယောက်ပါပဲ ၊ ဒါပေမယ့် နည်းနည်းအသက်ပိုရှည်တော့ မျှော်လင့်ချက်နည်းနည်း ပိုထားလို့ရတာပေါ့လေ ၊ ခုချိန်ကစပြီး လမ်းမှန်ကို ပြန်သွားတော့မယ် ၊ ကျုပ်ကျင့်စဉ်လမ်းကို လိုက်ခဲ့ရတဲ့ ကနဦး ရည်ရွယ်ချက်အတိုင်း ကျုပ်ရဲ့ပုံစံအစစ်အမှန်ကို ပြန်ရှာတော့မယ် ၊ ကျုပ်ဟာ တော်တော်မိုက်မဲခဲ့ လူတစ်ယောက်ပါပဲကွာ" ပိုက်စုဟွမ်က စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အခုချိန်မှာ နားလည်သွားတာ နောက်မကျသေးပါဘူးဗျာ ၊ ဒါပေမယ့် ဒီနေ့ ဆရာဘိုးဘိုးပိုင်လုပ်ခဲ့တဲ့အပြစ်အတွက် အပြစ်တော့ပေးရမယ် ၊ ဆရာဘိုးဘိုးပိုင်ရဲ့တန်ခိုးစွမ်းအားတွေကို နတ်ဒေဝါလက်သည်းနဲ့ တံဆိပ်ခတ်လိုက်မယ် ၊ ထိုက်ယီ

တောင် အနောက်ဘက်မှာ နှစ်ပေါင်းတစ်ရာနေထိုင်ပြီး ကိုယ့်ကို ကိုယ်ပြန်သုံးသပ်ပါ ၊ ဘယ်လိုလဲ”

“ကျုပ်သက်တမ်းက သုံးနှစ်ပဲကျန်တော့တယ် ၊ ကျုပ်ကို တောင်အနောက်ဘက်မှာ နှစ်ပေါင်းတစ်ရာ ချုပ်ထားစရာ မလို တော့ပါဘူး”

ပိုင်စုဟွမ်က တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

ဆန်းလျန်က ပြုံးရုံသာပြုံးလိုက်ပြီး ပိုင်ဟုဟွမ်ကို စကားပြန်မ ပြောတော့ပါ။

ပင်လယ်ပြင်တွင် တိုက်ခတ်နေသည့် လေပြေလေးနှင့်အတူ ဆန်းလျန်နှင့် ပိုင်စုဟွမ်တို့ ချင်းရွှမ်တောင်တည်ရှိရာ ပင်လယ်ကမ်းခြေဆီသို့ ပြန်လည်ရောက်ရှိလာကြလေသည်။

……………………..

ပိုင်စုဟွမ်ကို ဆန်းလျန် အနိုင်ယူခဲ့သည်မှာ အချိန်တစ်နှစ်ခန့် ကြာသွားပြီဖြစ်လေသည်။

ဆန်းလျန်သည် ချင်းရွှမ်နတ်တံခါးတွင် တာအိုကျင့်စဉ်များ အကြောင်းကို အဆက်မပြတ် သင်ကြားပြသပေးလျှက် ရှိလေ သည်။ သူ၏သင်ကြားပေးမှုများမှာ ဟိုင်သန်းအဆင့်ကျင့်ကြံ သူများအတွက်ပင် အလွန်အကျိုးရှိကြလေသည်။

ပိုင်စုဟွမ်နှင့် ကျန်းလင်ရှန့်တို့မှာတော့ ထိုက်ယီတောင်နောက် ဘက်တွင် အချုပ်ကျကာ အပြစ်ပေးခံနေကြရလေသည်။

ဆန်းလျန်က သူတို့နှစ်ယောက်ကို အသက်ညှာဆုံးအပြစ်ဒဏ် ပေးထားခြင်းဖြစ်လေသည်။

ကျန်းလင်ရှန့်ကတော့ ဆန်းလျန်အပေါ်တွင် ရင်ထဲမှ နက်နက်ရှိုင်းရှိုင်း စိတ်ဆိုးစိတ်ကွက်နေလေသည်။ ဦးလေးဖြစ်သူ ကျန်း ရော့ရှီးကိုပါ မကျေနပ်သည်နှင့်ပေါင်းကာ ဆန်းလျန်အပေါ် တွင်သာ မကျေနပ်မှုက နှစ်ဆဖြစ်နေလေတော့သည်။

သို့သော် ဆန်းလျန်က ကျန်းလင်ရှန့်နှင့်ပတ်သက်ပြီး စိတ်အ နှောက်အယှက်မဖြစ်မိပါ။ မှားသည်ဖြစ်စေ ၊ မှန်သည်ဖြစ်စေ

ကျန်းလင်ရှန့်၏ စိတ်နေစိတ်ထားသည် ပြုပြင်၍ရမည် မဟုတ်ပေ။

ချင်းရွှမ်နတ်တံခါးတွင် ပေါ်ပေါက်ခဲ့သည့် ပုန်ကန်မှုသည် ကိစ္စရပ်အသေးလေးမျှသာ ဖြစ်လေသည်။

နတ်ဘုရားအဘိုးအိုသည် ပိုင်စုဟွမ် သစ္စာဖောက်သည့်ကိစ္စကို သိရှိပြီးသားဖြစ်လိမ့်မည်ဟု ဆန်းလျန်ယုံကြည်ထားလေသည်။ သို့သော် ပိုင်စုဟွမ်အား အကြောက်တရားကို ကျော်ဖြတ်ကာ တာအိုကျင့်ကြံသူစိတ်ထားပြန်လည်ရရှိပြီး နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ရန်အတွက် ကူညီလိုသည့်အတွက်သာ မသိချင်ယောင်ဆောင်နေခဲ့ ခြင်းဖြစ်နိုင်လေသည်။

သို့သော် ပိုင်စုဟွမ်မှာအကြောက်တရား၏ အတားအဆီးကို မကျော်ဖြတ်နိုင်ခဲ့ပေ။ ထို့ကြောင့် ကျင့်စဉ်လမ်းတွင် အဆင့်မ

တက်နိုင်သည့်အပြင် နတ်အသက်ရှည်ဆေးရရှိရန် မလုပ်သင့်

သည်များကို လုပ်ဆောင်ခဲ့လေသည်။

အသက်ဆက်ရှည်နိုင်မှသာ မူလဝိညာဉ်ခန္ဓာရရှိသည်အထိ

ကျင့်ကြံနိုင်ကာ နတ်ဘုရားတစ်ပါး ဖြစ်လာမည်ဟု သူက ယူဆ

ထားလေသည်။ သို့သော် မသေချာ မရေရာသည့်အနာဂတ်တွင်

ထိုသို့ဖြစ်လာရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်ပေ။

နတ်ဘုရားအဘိုးအိုက ပိုင်စုဟွမ်သည် အကြောက်တရားကို

ကျော်ဖြတ်နိုင်သွားလျှင် ပိုပြီးတော်လာမည်ဟု မျှော်လင့်ထားခဲ့

လေသည်။ ပြင်ပမှဝင်ရောက်လာသည့် လောဘ ၊ ဒေါသ ၊

မောဟများကင်းစင်စွာဖြင့် တရားအလင်းပွင့်သည့်အဆင့်ကို

တက်လှမ်းနိုင်ရန် မျှော်လင့်ထားခဲ့သည်။ သို့သော် ပိုင်စုဟွမ်က

ကျရှုံးခဲ့လေသည်။ မလိုက်သင့်သည့်လမ်းမှားသို့ လိုက်ခဲ့

မိသည်။

ထို့ကြောင့် တကယ့် ကျဉ်းထဲ ကြပ်ထဲ ပြဿနာဖြစ်သည့်အချိန်တွင် ဆန်းလျန်ရောက်ရှိလာခဲ့ရခြင်း ဖြစ်လေသည်။ နတ်ဘုရားအဘိုးအို၏ စိတ်အာရုံစူးစိုက်မှုက ဆန်းလျန်ကို မက်မွန်တော်လေးရှိရာ ဗလာနယ်ထဲမှ အပြင်သို့ထွက်နိုင်ရန် သဲမှုံလေးများကို တွေ့မြင်စေကာ ကူညီပေးခဲ့ခြင်း ဖြစ်လေသည်။

ဤသည်မှာ ချင်းရွှမ်နတ်တံခါး၏ တပည့်များကို သင်ကြားပြသပေးသည့် နည်းလမ်းပင်ဖြစ်လေသည်။ နှစ်ပေါင်းတစ်သောင်းကျော်ရပ်တည်ခဲ့ပြီး များပြားလွန်းသည့် နတ်ဘုရားများကို မွေးထုတ်ပေးနေသည်မှာလည်း ထိုသင်ကြားပြသပေးသည့် နည်းလမ်းကြောင့်ပင် ဖြစ်လေသည်။

"ကိုယ့်ကိုယ်တိုင်က လက်မလျှော့သရွေ့ ချင်းရွှမ်နတ်တံခါးဟာ တပည့်တွေအပေါ်မှာ ဘယ်တော့မှ လက်လျှော့မှာ မဟုတ်ပါဘူး၊ တပည့်တွေကိုယ်တိုင်က ကန့်သတ်ချက်တွေမထား

သရှေ့ ချင်းရှမ်ဟာ ဘယ်တပည့်ကိုမဆို ကန့်သတ်ချက်တွေနဲ့ ချုပ်ချယ်ထားတာ မရှိပါဘူး”

သာယာနာပျော်ဖွယ်ကောင်းသည့် တာအိုတရားဟောကြားသံသည် ဝိညာဉ်မြစ်ကမ်းအထိပင် ပျံ့လွင့်နေလေသည်။

ချင်းရှမ်နတ်တံခါးမှ ဆရာသခင်အဆင့်ရှိသောဟိုင်သန်းအဆင့်ကျင့်ကြံသူများနှင့် အခြားသောတပည့်အငယ်များမှာ ထိုက်ယီတောင်ထိပ်ရှိ ချင်းရှမ်ခန်းမဆောင်သို့ ရောက်ရှိနေကြလေသည်။ သူတို့အားလုံးက ဆန်းလျန် သင်ကြားပြသပေးနေသည့် ကျင့်စဉ်လမ်းများအကြောင်းကို လေးစားစွာဖြင့် နားထောင်နေကြလေသည်။ ဆန်းလျန်သည် အစိမ်းရောင်ကြာပလ္လင်ထက်တွင် အေးဆေးစွာထိုင်ရင်း တပည့်များကို သင်ကြားပေးနေခြင်းဖြစ်လေသည်။

တပည့်များအားလုံး၏ရင်ထဲတွင် ဆန်းလျန်သည် မကြာမီ အချိန်မှာပင် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်တော့မည်ဟု ခံစားနေကြရလေသည်။

သူတို့အတွက်တော့ ဆန်းလျန်သည် အလွန်မှ အထင်ကြီးလေးစားစရာ ဖြစ်နေလေတော့သည်။

အခန်း (၂၉၅) ဒြပ်စင်စွမ်းအားငါးမျိုးနှင့်ကင်းလွတ်သည့်ဖြစ်တည်မှုမရှိ

ဆန်းလျန်က တရားဟောခြင်းကို ခဏရပ်နားလိုက်ပြီး သင်ယူနေသူများ မှတ်သားချိန်ရရန် အချိန်ပေးလိုက်လေသည်။

ထိုအချိန်ခဏလေးအတွင်းမှာပင် ဆန်းလျန်က မျက်တောင်တစ်ချက်ခတ်လိုက်ပြီး ကျင်းချင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

“ကျင်းချင်း ၊ နတ်တံခါးအဝင်ဝမှာ လူတစ်ယောက်ရောက်နေတယ် ၊ သူ့ကိုသွားခေါ်လာခဲ့ပါ”

ကျင်းချင်းက ဆန်းလျန်ကို ဦးညွှတ်လိုက်ပြီး…

“ဂိုဏ်းချုပ် ၊ အဲဒီလူက ဘယ်လိုပုံစံမျိုးလဲ”

ဆန်းလျန်ကပြုံးလိုက်ပြီး လက်ညိုးနှင့်လက်ခလယ်ကို လေထဲသို့ တစ်ချက်ညွှန်ပြလိုက်သည်။ လေထဲတွင်တွင် လှိုင်းများတစ်ချက်ထသွားပြီး မှန်တစ်ချပ်အလား ကြည်လင်သည့်မျက်နှာပြင်တစ်ခု ပေါ်လာလေသည်။ ထိုနေရာ တွင်လူတစ်ယောက်၏ပုံသဏ္ဍာန်ပေါ်လာလေသည်။

ဆန်းလျန်၏တရားကိုနာကြားနေကြသည့် တပည့်များအားလုံးမှာ နတ်တံခါးအဝင်တွင် မတ်တပ်ရပ်နေသည့် လူတစ်ယောက်

ကို မြင်တွေ့လိုက်ရလေသည်။ သူတို့အားလုံးက လေထဲတွင် မြင်ကွင်းကို ထင်ရှားစွာ ဖော်ပြနိုင်သည့် ဂိုဏ်းချုပ်ဖြစ်သူ၏ တန်ခိုးစွမ်းအားကို အထင်ကြီးလေးစားသွားမိကြလေသည်။ ဆန်းလျန်က ကြားခံနယ်တစ်ခုပင် အသုံးပြုခြင်းမရှိဘဲ မြင်ကွင်းပုံရိပ်များကို ပေါ့ပေါ့ပါးပါးပင် ဖန်ဆင်းပြနိုင်သည်မှာ အလွန်မှ လေးစားလောက်စရာဖြစ်လေသည်။ ဂိုဏ်းချုပ်သည် နတ်ဘုရားတစ်ပါး ဖြစ်လုနီးပြီဟု အားလုံးက တိတ်တဆိတ် တွေးမိလိုက်ကြလေသည်။

ဆန်းလျန်မှာ ယုံမှားသံသယဖြစ်ခြင်းအဆင့်ကို ကျော်လွန်ခဲ့ပြီဖြစ်သည့်အတွက် နတ်ဘုရားတစ်ပါး ဖြစ်ရန်သိပ်ပြီး မလိုတော့ပေ။ မူလဝိညာဉ်ခန္ဓာရရှိရန်တစ်ခုသာ လိုအပ်တော့သည်။ ဆန်းလျန်သည် လွန်ခဲ့သည့်တစ်နှစ်ပတ်လုံး တောင်အောက်သို့ ဆင်းခဲ့ခြင်းမရှိပေ။ ချင်းရွှမ်နတ်တံခါးရှိ လျှို့ဝှက်နေရာတစ်ခုတွင် ကျင့်ကြံမှုများ ပြုလုပ်နေခဲ့လေသည်။ ထိုလျှို့ဝှက်နေရာ

မှာ ယခင်က နတ်ဘုရားတစ်ပါး နတ်ဘုရားအဆင့်တက်ရောက်ခဲ့ရာ နေရာဟောင်းတစ်ခု ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးမှ တပည့်များသည် ဆန်းလျန်ဖန်ဆင်းထားသည့် ကြည်လင်သည့်မှန်ချပ်တွင် ပေါ်နေသည့် လူကို ကြည့်နေလေသည်။ ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်လာသည့် သက်လတ်ပိုင်းအရွယ်လူတစ်ယောက်ကို တွေ့ကြရလေသည်။ ထိုသူ၏အဝတ်အစားများမှာ စုတ်ပြတ်နေပြီး ဖုန်မှုန့်များလည်း ပေကျံနေလေသည်။

ထိုလူမှာ သာမန်လူသားတစ်ယောက်မျှသာ ဖြစ်ကြောင်း သူတို့အားလုံး ရိပ်မိလိုက်ကြသည်။

သာမာန်လူသားဆိုသည်မှာ ချောင့်တုန့်အဆင့်ပင်မရောက်သေးသည့် ကျင့်ကြံသူကို ဆိုလိုခြင်းဖြစ်လေသည်။ တန်ခိုးစွမ်းအားလည်း သိပ်ပြီးရှိကြသူများ မဟုတ်ပေ။

သို့သော် ဝမ့်ရှင်းလမ်းထိပ်တွင်ရပ်နေသည့် သက်လတ်ပိုင်း
အရွယ်လူ၏ မျက်ခုံးများမှာ ထူထဲနေပြီး ဆုံးဖြတ်ချက်တစ်ခု
ကို ခိုင်မာစွာချထားသည့်ပုံရလေသည်။ သူ၏ပုံသဏ္ဍာန်မှာ ဘဝ
တွင်တစ်လျှောက် အမျိုးမျိုးသော အပြောင်းအလဲများကို
ရင်ဆိုင်ခဲ့ရဟန် ရှိလေသည်။

ထူးခြားသည်မှာ သူ၏မျက်ဝန်းများကတော့ ဟန်ဆောင်မှု
ကင်းမဲ့ပြီး အပြစ်ကင်းစင်နေခြင်း ဖြစ်လေသည်။ ဤသည်ကို
ကြည့်ခြင်းအားဖြင့် ကောင်းမွန်သည့် တာအိုကျင့်ကြံခြင်းပါရမီ
ရှိသည်ဟု ဆိုနိုင်လေသည်။

ဆန်းလျန်၏ ပုံဖော်နိုင်မှုအရည်အချင်းက ကြည်လင်ပြတ်သား
လွန်းသည့်အတွက် တပည့်များမှာ ထိုသူကို အသေးစိတ်
လေ့လာကြည့်ရှုနိုင်ကြခြင်း ဖြစ်လေသည်။

ကျင်းချင်းက ထိုလူ၏ရုပ်ပုံကို မှတ်သားလိုက်ပြီး ချင်းရွှမ်
ခန်းမဆောင်ထဲမှ ထွက်ခွာသွားလေသည်။

ကျောင်းချင်းထွက်ခွာသွားသည်နှင့် ဆန်းလျန်က တာအိုတရားကို ဆက်လက်ဟောပြောလိုက်လေသည်။

ဆန်းလျန်သည် ဒြပ်စင်စွမ်းအားငါးမျိုးအကြောင်းကို စတင်နားလည်သဘောပေါက်ပြီးနောက်ပိုင်း ထိုစွမ်းအားများကို ကျင့်စဉ်လမ်းတွင် စတင်ပြီး လက်တွေ့အသုံးချခဲ့လေသည်။ တာအိုကျင့်စဉ်လမ်းဆိုသည်မှာ နက်နဲလွန်းလှပြီး စကြာဝဠာတစ်ခုလုံးတွင် ဒြပ်စင်စွမ်းအားငါးမျိုးနှင့်ကင်းလွတ်သည့် ဖြစ်တည်မှုမရှိဆိုသည့်အချက်ကို ဆန်းလျန် စတင်နားလည်စ ပြုခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့်ပင် ကျိုလင်နတ်သမီးနှင့် ဆန်းလျန်၏ တရားအလင်း ရပုံရနည်းမှာ မတူညီဘဲ ကွဲပြားသွားရလေသည်။ ကျိုလင်နတ်သမီးက ယင် နှင့် ယန် စွမ်းအားနှစ်ခု ပြောင်းလဲခြင်းကို နားလည်သဘောပေါက်ပြီး တရားအလင်းရကာ နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့လေသည်။ သို့သော် ဆန်းလျန်ကတော့

ဒြပ်စင်စွမ်းအားငါးမျိုးကို နားလည်သဘောပေါက်ပြီး တရား အလင်းရမည့်သူတစ်ယောက် ဖြစ်လေသည်။ သို့သော် ဒြပ်စင် စွမ်းအားငါးမျိုးကိုသိမြင်နားလည်ပြီး နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ရန်မှာ လွယ်ကူလွန်းခြင်း မရှိပေ။ သူက ဒြပ်စင်စွမ်းအားငါးမျိုးကို သူ၏ပြဒါးတန်ခိုးစွမ်းအား များဖြင့်ပေါင်းစပ်ကာ မရေမတွက်နိုင်သော တန်ခိုးစွမ်းအား များကို ဖော်ထုတ်နိုင်လေသည်။ သို့သော် တန်ခိုးစွမ်းအားတစ် ခုကို ဖော်ထုတ်လိုက်တိုင်း တန်ခိုးစွမ်းအား၏ကြီးမားမှုကြီးမှာ တောင်တစ်တောင်အလား လေးလံလှပြီး ထိန်းချုပ်ရန်လည်း ခက်ခဲလေသည်။ ထိုအချက်သည် သူ၏ကိုယ်တွင်းမှ ပြဒါး တန်ခိုးစွမ်းအားဖြစ်သည့် ရွှေပြဒါးအမြုတေနှင့် ဒြပ်စင် စွမ်းအားငါးမျိုး ပေါင်းစပ်မှုတွင် ရင်ဆိုင်နေရသည့် အခက်အခဲပင် ဖြစ်လေသည်။

ယုံမှားသံသယအဆင့်ကို တစ်ကြိမ်ဖြတ်ကျော်ခဲ့ပြီးပြီဖြစ်သော်လည်း နောက်တစ်ကြိမ်စမ်းသပ်မှုက ထပ်မံရောက်ရှိ လာဦးမည် ဖြစ်လေသည်။ ထိုတစ်ကြိမ်တွင်တော့ သူ့အတွက်ကြီးမားသည့် အလှည့်အပြောင်းတစ်ခုကို ကြုံတွေ့ရမည်ဟု ဆန်းလျန် မှတ်ယူထားလေသည်။

သို့သော် ဆန်းလျန်က အတင်းအကြပ် လုပ်ယူခြင်းမျိုးမရှိဘဲ အချိန်ကျသည်အထိ စောင့်ရန် ဆုံးဖြတ်ထားလေသည်။

ဆန်းလျန်က သူ၏ ရွှေပြဒါးအမြုတေစွမ်းအားကို ဒြပ်စင်စွမ်းအားငါးမျိုး နှင့် ဒြပ်စင်စွမ်းအားရှစ်မျိုးအဖြစ် ပြောင်းလဲပြီး ထိုက်ရှီးတန်ခိုးစွမ်းအားများအဖြစ် ဖော်ထုတ်သည့်အချိန်တွင် သူ၏တန်ခိုးစွမ်းအားများက အဆုံးမရှိမြင့်မားလာလေသည်။ အဘယ်ကြောင့်ဆိုသော် ဒြပ်စင်စွမ်းအားငါးမျိုးသည် မခန့်မှန်းနိုင်လောက်အောင် တန်ခိုးစွမ်းအား ကြီးမားလွန်းသောကြောင့် ဖြစ်လေသည်။

ယခုအချိန်တွင်သာ ယန်ရှီးနှင့် ပြန်လည်ရင်ဆိုင်ရမည်ဆိုလျှင် အနိုင်ရရန်မှာ မသေချာသည့်တိုင် ယခင်တစ်ချိန်ကလိုတော့ ဆုတ်ခွာထွက်ပြေးတော့မည် မဟုတ်ပေ။

ဆန်းလျန်သည် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ရန် အချိန်စောင့်ရင်းနှင့်ပင် ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲမှ စာအုပ်များကို တစ်အုပ်မကျန် ဖတ်နေခဲ့လေသည်။ ထို့ကြောင့် သူ၏ အသိဉာဏ်ဗဟုသုတများမှာလည်း မြင့်မားသည်ထက် မြင့်မားလာခဲ့လေသည်။ ထို့ကြောင့်သူက ချင်းရွှမ်ခန်းမဆောင်တွင် သင်ကြားမှုများကို ပြုလုပ်ပေးနိုင်ခြင်း ဖြစ်လေသည်။ သူက သင်ကြားမှုများ ပြုလုပ်ပေးတိုင်း ချင်းရွှမ်နတ်တံခါး၏ ကျင့်စဉ်များကိုသာ အဓိကထား သင်ပြပေးလေ့ရှိလေသည်။ ချင်းရွှမ်နတ်တံခါးတွင် အဓိကကျင့်စဉ်တစ်ရာ့ရှစ်မျိုးရှိပြီး ပညာရပ်အားလုံးမှာ နတ်ဘုရားတစ်ပါးဖြစ်သည်အထိ အဆင့်

တက်ရောက်နိုင်သည့် အခြေခံ တာအိုကျင့်စဉ်များ ဖြစ်ကြလေ
သည်။

မျိုးဆက်တစ်ခုက ကျင့်စဉ်ပညာရပ်များကို တီထွင်ဖန်တီးခဲ့
ကြပြီး နောက်မျိုးဆက်တစ်ခုက ထိုကျင့်စဉ်များ ပိုမိုသန့်စင်
ပြီး ပြီးပြည့်စုံမှုရှိစေရန် ဆက်လက်ပြုလုပ်ကြလေသည်။
ထို့ကြောင့် တာအိုကျင့်စဉ်များကို ကြာရှည်စွာ အမွေဆက်ခံပြီး
ထိန်းသိမ်းထားနိုင်လေလေ ၊ တပည့်များအတွက် ကျင့်ကြံရ
ပိုမိုလွယ်ကူအဆင်ပြေလေဖြစ်လေသည်။

ချင်းရှမ်နတ်တံခါး၏ အဓိကတာအိုကျင့်စဉ် တစ်ရာ့ရှစ်မျိုး
လုံးမှာ ထျန်းကန်းပုံပြောင်းပညာ သုံးဆယ့်ခြောက်မျိုးနှင့် တိ
ရှားပုံပြောင်းပညာခုနစ်ဆယ့်နှစ်မျိုးမှ သွေဖယ်သွားသည့်
ကျင့်စဉ်ဟူ၍ မရှိပေ။ သို့သော် ခေတ်အဆက်ဆက် ပြောင်းလဲ
လာသည်နှင့်အမျှ မည်သည့်ကျင့်စဉ်က ထျန်းကန်းကျင့်စဉ် ၊

မည်သည့်ကျင့်စဉ်က တိရှားကျင့်စဉ်ဟူ၍ ခွဲခြားထားနိုင်ခြင်း မရှိတော့ပေ။

ချန်ကျန့်မေကျင့်ကြံခဲ့သည့် သဏ္ဍာန်မဲ့ဓားသိုင်းပညာသည် တိရှားပုံပြောင်းပညာခုနစ်ဆယ့်နှစ်မျိုးထဲတွင် ပါဝင်သည်ဟု ပြော၍ရလေသည်။ သို့သော် ထျန်းကန်းပုံပြောင်းပညာသုံးဆယ့်ခြောက်မျိုးနှင့်လည်း ကင်းလွတ်ခြင်းမရှိသေးပေ။

သို့သော် ချန်ကျန့်မေက ဆရာဘိုးဘိုးယွမ်ချင်း၏ ဓားဝိညာဉ်ကိုရရှိခဲ့သည့် ရှားပါးသည့် ပါရမီရှင်တစ်ယောက် ဖြစ်သည့်အတွက် အနာဂတ်တွင် နတ်ဘုရားတစ်ပါးဖြစ်လာခဲ့လျှင် သဏ္ဍာန်မဲ့ဓားသိုင်းပညာ၏ ထျန်းကန်းပုံပြောင်းပညာသုံးဆယ့်ခြောက်မျိုးနှင့် ဆက်နွယ်နေသည့် အားနည်းချက်များကို ဖယ်ရှားပစ်လိမ့်မည် ဖြစ်လေသည်။

ထျန်းကျန်းပုံပြောင်းပညာသုံးဆယ့်ခြောက်မျိုးနှင့် တိရှားပုံပြောင်းပညာ ခုနစ်ဆယ့်နှစ်မျိုးတို့မှာ လုံးဝ တူညီခြင်းမရှိပေ။

တန်ခိုးစွမ်းအားအရာတွင်ရော တရားအလင်းသိမြင်ခြင်းတွင်ပါ ကွာခြားလေသည်။

သို့သော် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကတော့ စကြာဝဠာတစ်ခုလုံးတွင် ထိပ်တန်းကျင့်စဉ်တစ်ခုဖြစ်ပြီး ကျင့်ကြံရန်လည်း ခက်ခဲလွန်းလှလေသည်။ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံအောင်မြင်နိုင်ရန်အတွက် အချိန်ကိုက်ညီမှုလည်း ရှိရမည်ဖြစ်သလို အောင်မြင်ရန်အတွက် ကံကြမ္မာပေးသည့် အခွင့်အအရေးကောင်းလည်း ရှိရမည် ဖြစ်လေသည်။ ထို့ပြင် ထိုကျင့်စဉ်ကို လူတိုင်းလည်း လေ့ကျင့်၍မရနိုင်ပေ။

တာအိုကျင့်စဉ်များက အစွမ်းထက်လေ ကျင့်ကြံရပိုပြီးခက်ခဲလေဖြစ်လေသည်။ ကျင့်ကြံသူများဆိုသည်မှာ တစ်ယောက်ချင်းစီတွင် မတူညီသည့် အတွေ့အကြုံများ ၊ အရည်အချင်းများနှင့် အမြင်များကို ပိုင်ဆိုင်ထားကြသူများ ဖြစ်လေသည်။

ရှေ့မျိုးဆက်အသီးသီးမှ ကျင့်ကြံသူများ၏အတွေ့အကြုံ

များသည် ကျင့်စဉ်လမ်းအစပိုင်းတွင် အသုံးဝင်လေ့ရှိလေသည်။ သို့သော် ဟိုင်သန်းအဆင့်တက်ရောက်ခါနီးအချိန်တွင်တော့ နှောင့်နှေးသွားနိုင်လေသည်။

ရှေ့မျိုးဆက်မှ ကျင့်ကြံသူများ၏ အတွေ့အကြုံများမှာ အသုံးမဝင်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အမှန်တော့ တာအိုကျင့်စဉ်လမ်းဆိုသည်က ရွေးခြယ်စရာများသလောက် စိန်ခေါ်မှုလည်းများသည့် ကျင့်စဉ်လမ်း ဖြစ်လေသည်။

အခြားနတ်ဘုရားကျောင်းတော်များတွင်တော့ စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ရန်မှာ တပည့်များကိုယ်တိုင်အပေါ်တွင်သာ မူတည်လေသည်။ ထို့ကြောင့် ဂိုဏ်းအတွင်းရှိ ဂိုဏ်းတူဆရာသခင်များမှာလည်း သူတို့၏ ကိုယ်ပိုင်ကျင့်စဉ်လမ်းကို သူတို့ကိုယ်တိုင် နားလည် သဘောပေါက်ခြင်းမရှိကြပေ။ ထို့ကြောင့် သူတို့၏အတွေ့အကြုံများမှာ ယခင်မျိုးဆက်မှ ကျင့်ကြံ

သူများက ကျမ်းစာထဲတွင် ရေးသားထားသည်များနှင့် ကိုက်ညီခြင်းမရှိတော့ပေ။

ဆန်းလျန်မှာ ချင်းရှမ်နတ်တံခါး၏ အဓိကကျင့်စဉ်တစ်ရာ့ရှစ်မျိုးလုံးကို ထဲထဲဝင်ဝင် သိရှိခြင်းငှာ မတတ်နိုင်ပါ။ သို့သော် သူက သူ့နည်းသူ့ဟန်ဖြင့် သိသင့်သလောက်ကိုတော့ သိရှိထားလေသည်။ ထို့ကြောင့်လည်း တာအိုကျင့်စဉ်လမ်းကို သင်ကြားပြသပေးနိုင်ခြင်း ဖြစ်လေသည်။

စကြာဝဠာတစ်ခုလုံးတွင် ဒြပ်စင်စွမ်းအားငါးမျိုးဖြင့် ကင်းလွတ်ပြီး ဖြစ်တည်သည့်အရာ မည်သည့်အရာမှ မရှိပေ။ ထို့ကြောင့် သူက တာအိုကျင့်စဉ်လမ်းများအကြောင်း သင်ကြားပို့ချပေးသည့်အခါတွင် ဒြပ်စင်စွမ်းအားငါးမျိုးနှင့် ခွဲခြားစိတ်ဖြာပြီး သင်ကြားပြသပေးလေ့ရှိလေသည်။

စကြာဝဠာမှ ဖြစ်တည်မှုများတွင် ပါဝင်ပေါင်းစပ်နေသည့် ဒြပ်စင်စွမ်းအားငါးမျိုးမှာ သာမန်ဒြပ်စင်ငါးပါးဖြစ်သည့်

သတ္တု ၊ သစ်သား ၊ ရေ ၊ မီး နှင့် မြေကြီးဆိုသည့် အချက်များ ထက် နက်နဲလေသည်။

ဆန်းလျန်က တာအိုကျင့်စဉ်အားလုံးကို ဒြပ်စင်စွမ်းအားငါး မျိုးနှင့် ဆက်စပ်ကြည့်တတ်သူ ဖြစ်လေသည်။ သူက အသေးစိတ်တစ်ခုမကျန် သင်ကြားပေးခြင်းမျိုးတော့ မ ပြုလုပ်ပေ။ သို့သော် သူ၏ သင်ကြားပေးမှုကို တပည့်အငယ် များသာမက ဟိုင်သန်းအဆင့်ဆရာသခင်များကပါ သဘောကျနှစ်သက်ကြလေသည်။ သူက တာအိုကျင့်စဉ်လမ်း တစ်ခုချင်းစီကို သူ့နည်းသူ့ဟန်ဖြင့် နားလည်အောင် ချဉ်းကပ် ပြီး အသစ်သောနားလည်မှုဖြင့် ပြန်လည် သင်ကြားပေးခြင်း ဖြစ်လေသည်။

ဆန်းလျန်အနေဖြင့် လူတိုင်းကို တရားအလင်းရအောင် ဟောပြောသင်ကြားပေးနိုင်ခြင်းတော့မရှိပါ။

သို့သော် ကျင့်စဉ်လမ်းတွင်ကိုယ်ရောက်နေသည့်အဆင့်မှ ရှေ့ဆက်တိုးတက်မှုရရှိရန်အတွက်တော့ ဆန်းလျန်က သင်ပြပေးနိုင်လေသည်။

ဆန်းလျန် သင်ပြပေးနေမှု အရေးကြီးသည့်အပိုင်းသို့ ရောက်ရှိနေသည့်အချိန်တွင် မြေ့မိစ္ဆာကြီးကျင်းချင်း ပြန်ရောက်လာလေသည်။ ကျင်းချင်းနှင့်အတူ လိုက်ပါလာသူမှာ ဝမ့်ရှင်းလမ်းအဆုံးတွင်ရပ်နေသည့် သက်လတ်ပိုင်း အရွယ်လူပင် ဖြစ်လေသည်။

ထိုသူမှာ အခြားသူမဟုတ်။ ကူရှန်ဝတ်ကျောင်းတော်မှ ချီးစန်းကွမ်းပင်ဖြစ်လေသည်။ ချီးစန်းကွမ်းမှာ တာအိုဆရာစန်းဝမ့်၏မျိုးဆက်ဖြစ်ပြီး ချင်းရွှမ်နတ်တံခါးနှင့် ရေစက်ပါသူတစ်ယောက်ဖြစ်လေသည်။

ချီးစန်းကွမ်းမှာ ကျင်းချင်းခေါ်ဆောင်ရာသို့ လိုက်ပါလာပြီး ထိုက်ယီတောင်ထိပ်သို့ ရောက်ရှိလာလေသည်။ ချီးစန်းကွမ်းမှာ

သူမျှော်လင့်ထားသလို ရွှေရောင်နန်းတော်ကြီးများနှင့်
ကျောက်စိမ်းလှေကားထစ်များကို မြင်တွေ့ရခြင်းမရှိ
သော်လည်း သဘာဝအတိုင်း စိမ်းစိုလှပစေသည့် ပတ်ဝန်းကျင်
ကတော့ သူ့စိတ်အစဉ်ကို ငြိမ်းချမ်းစေလေသည်။
သူက အစိမ်းရောင်ကြာပလ္လင်ထက်တွင်ထိုင်ကာ တရားဟော
ပြောသင်ကြားပေးနေသည့် ဆန်းလျန်ကို မြင်တွေ့လိုက်ရလေ
သည်။ ချီးစန်းကွမ်းသည် သူ မြင်တွေ့လိုက်ရသည့်မြင်ကွင်း
ကြောင့် စကားတစ်ခွန်းပင် မဆိုနိုင်ရလောက်အောင် အံ့ဩ
သွားရလေသည်။ ထို့အတူ ဆန်းလျန်ကိုလည်း အလွန်အမင်း
အထင်ကြီးလေးစားသွားမိလေသည်။
သူက နတ်ဘုရားတစ်ပါးဖြစ်လာရန် ကျင့်ကြံနိုင်ရန်အတွက်
တောအထပ်ထပ် တောင်အသွယ်သွယ်ကိုဖြတ်သန်းကာ ချင်း
ရှမ်နတ်တံခါးသို့ ရောက်အောင်လာခဲ့ရသူတစ်ယောက်ဖြစ်လေ
သည်။သူချင်းရှမ်နတ်တံခါးသို့ ရောက်အောင်လာခဲ့ရသည့်ခရီး

လမ်းသည် ရှည်လျားလှပြီး အန္တရယ်ပေါင်းများစွာဖြင့်လည်း

ရင်ဆိုင်ခဲ့ရလေသည်။ သူ့အတွက် ခဏတာမျှ ထပ်မံစောင့်ရ

ခြင်းက ပြဿနာမရှိပေ။

ထို့ကြောင့် သူက ချင်းရွှမ်ခန်းမဆောင်ထဲတွင် ငြိမ်ငြိမ်လေး

ထိုင်ကာ ဆန်းလျန်ဟောကြားနေသည့် တရားကိုသာ

တိတ်ဆိတ်စွာ နားထောင်နေလေတော့သည်။

အခန်း (၂၉၆) ရေပြင်တစ်ခုလုံးကိုထိန်းချုပ်ဖို့ နဂါးတွေကို

စေခိုင်းမယ်

ဆန်းလျန်က ချီးစန်းကွမ်းရောက်လာသည်ကို သတိပြုလိုက်မိ လေသည်။ သို့သော် ကျင့်စဉ်သင်ကြားပေးနေခြင်းမှာ လက်စမ သတ်သေးသောကြောင့် ဆက်လက်သင်ပြပေးနေလေသည်။ ထိုသို့ဖြစ် နေ့တစ်ဝက်ခန့် ကြာမြင့်သွားလေသည်။

ချီးစန်းကွမ်းမှာ ဆန်းလျန် သင်ပြပေးနေသည်များကို တိတ်တဆိတ်နားထောင်နေလေသည်။ အစပိုင်းတွင် နားလည်မှုမရှိသော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်း နားလည်လာလေသည်။ ထို့ပြင် ဆန်းလျန် သင်ပြပေးနေပုံမှာ လည်း အလွန်မှ စိတ်ဝင်စားဖွယ်ရာ စွဲဆောင်မှုရှိလေသည်။ ဆန်းလျန်၏အသံသည် သူ၏နားထဲတွင် အလွန်မှာ သာယာနာ ပျော်ဖွယ်ရာ ဖြစ်နေလေသည်။ ချီးစန်းကွမ်းမှာ ဆန်းလျန်၏ တရားစကားတွင် မျောပါသွားပြီး လေထဲတွင် လွင့်မျောကာ ဈာန်တန်ခိုးရနေသည့်အလားပင် ခံစားနေရတော့သည်။

ဆန်းလျန်၏ သင်ကြားပြသပေးမှုပြီးဆုံးသွားသည်နှင့် ချီးစန်း

ကွမ်းမှာ အိပ်မက်မှ နိုးထလာသူတစ်ယောက်ပမာ ခံစားလိုက်ရ

လေသည်။ သူက အူကြောင်ကြောင်ဖြင့်ပတ်ဝန်းကျင်ကို တစ်

ချက်ဝေ့ကြည့်လိုက်မိသည်။ ဆန်းလျန်၏ သင်ကြားပေးမှုကို

နားထောင်နေကြသည့် ကျင့်ကြံသူများမှာ အသီးသီး ထွက်ခွာ

သွားကြပြီ ဖြစ်လေသည်။ ဆန်းလျန်တစ်ယောက်တည်းသာ

ချင်းရှမ်ခန်းမဆောင်ထဲတွင် ကျန်ရစ်ခဲ့လေသည်။ ချီးစန်း

ကွမ်းအတွက်တော့ ဆန်းလျန်ကိုတွေ့ရသည်မှာ တောက်ပ

သည့်လမင်းတစ်စင်းကို တွေ့မြင်ရသည့်အလားပင် ဖြစ်လေ

သည်။

ချီးစန်းကွမ်းက ချက်ချင်းပင် ဆန်းလျန်ကို ဦးချကန်တော့

လိုက်ပြီး...

"တပည့်ချီးစန်းကွမ်း ဆရာသခင်ဆန်းလျန်ကို ဂါရဝပြုပါ

တယ်"

သို့သော် ချီးစန်းကွမ်း၏နဖူး ကြမ်းပြင်နှင့်မထိခင်မှာပင် မမြင်ရသည့် စွမ်းအားတစ်ခုက သူ့ကို တားဆီးထားလိုက်လေသည်။ ထို့ကြောင့်ချီးစန်းကွမ်းမှာ ဆန်းလျန်ကို ဦးချကန်တော့နိုင်ခြင်း မရှိတော့ပေ။

ချီးစန်းကွမ်းမှာ ဆန်းလျန်၏ စွမ်းအားကို ဆန့်ကျင်နိုင်ခြင်းမရှိတော့သဖြင့် ဦးချကန်တော့ရန် မကြိုးစားတော့ဘဲ ရပ်တန့်လိုက်ရလေသည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများက သူ့ကို မတ်တပ်ရပ်စေရန် ကူညီပေးလိုက်သည်။

"ချင်းရွှမ်နတ်တံခါးကိုလာဖို့အတွက် တကယ့်ခရီးရှည်ကြီးကို ဖြတ်သန်းလာခဲ့ရမှာပဲ ၊ ဒါပေမယ့် ရောက်အောင်လာနိုင်တာကိုက မင်းရဲ့ ဇွဲရှိပြီးဖြောင့်မတ်တဲ့စိတ်ထားကို ပြသနေတာပဲ ၊ ဒီမှာ သုံးနှစ်လောက်နေပြီး တန်ခိုးစွမ်းအားတစ်ခုခုရအောင် ကျင့်ကြံသွားပေါ့ ၊ ပြီးရင်တော့ လူ့လောကကို ပြန်ပြီး ဘဝမှာ သက်တောင့်သက်သာပဲ နေသွားတော့ပေါ့ ၊ ဒီကသင်ယူသွားတဲ့

တန်ခိုးစွမ်းအားတွေကို မင်းရဲ့သားစဉ်မြေးဆက်တွေကို ပြန်လည် သင်ပြပေးနိုင်ပါတယ်"

ဆန်းလျန်က ပြောလိုက်သည်။

"ဒီနှစ်တွေအတွင်းမှာ လူ့လောကမှာ အတွေ့အကြုံတွေလည်း တော်တော်ရခဲ့ပါပြီ ၊ လူ့လောကို ပြန်သွားလိုစိတ်လည်း မရှိ တော့ပါဘူး ၊ ကျုပ်အတွက်တော့ တာအိုကျင့်စဉ်လမ်းကိုလိုက် ပြီး နတ်ဘုရားတစ်ပါးပဲ ဖြစ်ခွင့်ရချင်ပါတော့တယ်"

ချီးစန်းကွမ်းက စိတ်ဆန္ဒပြင်းပြစွာဖြင့် ပြောလိုက်လေသည်။

"ကျင့်စဉ်လမ်းကိုလျှောက်လှမ်းမယ်ဆိုရင် မင်းအတွက် သိပ် နောက်ကျနေပြီ ၊ မရမနေ ကြိုးစားကျင့်ကြံမယ်ဆိုရင်တောင်မှ သိပ်ပြီးအကျိုးရှိနိုင်မယ်မထင်ဘူး ၊ ဒီတောင်ပေါ်မှာ အသက်ကြီးလာပြီး အထီးကျန်စွာနဲ့ဘဝကို အဆုံးသတ်ရလိမ့် မယ် ၊ ထပ်ပြီးစဉ်းစားပါဦး"

ဆန်းလျန်က ပြောလိုက်သည်။

"နောက်ကျနေလည်း တပည့်ကြိုးစားကြည့်ချင်ပါတယ်"

ချီးစန်းကွမ်းက ဆန်းလျန်ကို မျှော်လင့်တကြီးဖြင့် မော့ကြည့်ရင်းဆိုလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တာအိုကျင့်စဉ်လမ်းဆိုတာ ခက်ခဲရှုံသာမကဘူး ဘဝတစ်လျှောက်လုံး အထီးကျန်စွာ ကျင့်ကြံရလိမ့်မယ် ၊ မင်းကျင့်ကြံချင်တယ်ဆိုရင်လည်း မင်းအပေါ်ပဲ မူတည်ပါတယ်"

ချီးစန်းကွမ်း စကားပြန်မပြောနိုင်ခင်မှာပင် ဆန်းလျန်က ချီးစန်းကွမ်းကို လက်ညှိုးနှင့်လက်ခလယ် လက်ချောင်းများဖြင့် တစ်ချက်ညွှန်ပြလိုက်လေသည်။ ချီးစန်းကွမ်း၏ ခြေထောက်အောက်တွင် တိမ်တိုက်တစ်ခုပေါ်လာပြီး လေပေါ်သို့ ပျံဝဲသွားလေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် ဆန်းလျန်နှင့် ချီးစန်းကွမ်းသည် တောင်ထိပ်တစ်ခုသို့ ရောက်ရှိလာလေသည်။ ထိုတောင်ပေါ်

တွင် ဝါးရုံတောကြီးတစ်ခုရှိလေသည်။ အလွန်သာယာလှပ

လွန်းသည့် တောင်ထိပ်တစ်ခု ဖြစ်လေသည်။

သူတို့သည် တောင်ထိပ်တွင် ရှိနေသည့် တာအိုကျောင်းဆောင်

လေးတစ်လုံးဆီသို့ရောက်လာလေသည်။

သူတို့ရောက်လာသည်နှင့် ကျောင်းဆောင်လေး၏ တံခါးက

အလိုလိုပွင့်သွားလေသည်။

ထို့နောက် အိမ်ထဲမှ စကားသံတစ်သံ ထွက်ပေါ်လာလေသည်။

"ညဉ့်နက်နေပြီ ၊ ဘာကိစ္စများရှိလို့ရောက်လာရတာလဲ

ဂိုဏ်းချုပ်"

ဆန်းလျန်က ကျောင်းဆောင်လေးအတွင်းသို့ လှမ်းဝင်လိုက်

သည်။ ချီးစန်းကွမ်းကလည်း ဆန်းလျန်နောက်မှ လိုက်ပြီး

ကျောင်းဆောင်လေးအတွင်းသို့ လိုက်ဝင်လိုက်လေသည်။

ကျောင်းဆောင်လေးအတွင်းသို့ရောက်သည်နှင့် အခန်းထဲတွင်

ထိုင်နေသည့် စာပေသမားလူငယ်တစ်ယောက်ကို တွေ့မြင်

လိုက်ရလေသည်။ သူ၏လက်ထဲတွင် စာအုပ်တစ်အုပ်ကို ကိုင်ထားလေသည်။ သူက ဆန်းလျန်ကိုတွေ့သည်နှင့် စာအုပ်ကို စားပွဲပေါ်သို့ ချထားလိုက်ပြီး ဆန်းလျန် အနားသို့ ရောက်လာလေသည်။

"ဂိုဏ်းတူညီလေးလူစောယိ ၊ ဒီလူက ကျင့်စဉ်လမ်းကိုလျှောက်လှမ်းချင်လို့ ကျုပ်တို့ ချင်းရှမ်နတ်တခါးကိုရောက်လာတာ ၊ သူ့ကို မင်းဆီမှာ အပ်ချင်လို့ပါ"

ဆန်းလျန်က ပြောလိုက်လေသည်။

စာပေသမားလူငယ်မှာလူစောယိပင် ဖြစ်လေသည်။

သူက ထူးဆန်းသည့်အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်ခဲ့ရပြီး ကျင့်စဉ်လမ်းတွင် များစွာတိုးတက်လာခဲ့လေသည်။ ယခုတော့ ဟိုင်သန်းအဆင့်ပင် အောင်မြင်သွားခဲ့ပြီ။ လူစောယိသည် ချင်းရှမ်နတ်တံခါး၏ ဟိုင်သန်းအဆင့် ဆရာသခင်များထဲတွင်

အလွန်တန်ခိုးစွမ်းအား ကြီးမားသူတစ်ယောက်အဖြစ် အများ
က အသိအမှတ်ပြုထားကြလေသည်။
ယခုတော့ သူက ချင်းလျန်တောင်တွင် တစ်ယောက်တည်း တာ
အိုကျောင်းဆောင်လေးဆောက်လုပ်ကာ နေထိုင်လေသည်။
အဘယ်ကြောင့်ဆိုသော် ချင်းလျန်တောင်တွင် သူနှစ်သက်
သည့် ဝါးရုံတောကြီးရှိသလို အေးချမ်းတိတ်ဆိတ်သည့်
ပတ်ဝန်းကျင်ကိုလည်း သဘောကျသောကြောင့် ဖြစ်လေ
သည်။ သူက များသောအားဖြင့် တစ်ယောက်တည်းနေကာ
ကျင့်ကြံနေတတ်လေသည်။
လူစောယိက ချီးစန်းကွမ်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။
တစ်ချက်ကြည့်ရုံမျှဖြင့် သာမန်လူတစ်ယောက်ထက် မပိုသော
ချီးစန်းကွမ်း၏ အဆင့်ကို ချက်ချင်း သတိပြုလိုက်မိလေ
သည်။
လူစောယိက ပြုံးလိုက်ရင်း...

"သူက ဂိုဏ်းတူအစ်ကိုစန်းဝမ့်ရဲ့ မျိုးဆက်ပဲ ၊ သူ့ကို လက်မခံနိုင်စရာမရှိပါဘူး ၊ ဒါပေမယ့် ကျုပ်က ဂိုဏ်းချုပ်လောက်တော့ ကျင့်စဉ်လမ်းကို ဘယ်လိုလုပ် သင်ကြားပေးတတ်မှာလဲ ၊ ဂိုဏ်းချုပ်ကတော့ တာအိုကျင့်စဉ်နဲ့ပတ်သက်တဲ့ မရှင်းလင်းတာတွေအကုန်လုံးကို ရှင်းပြနိုင်စွမ်း ရှိတယ်လေ"

"သူ့ကို တာအိုကျင့်စဉ်တွေသင်ကြားပေးဖို့မဟုတ်ပါဘူး ၊ စာပေပညာသင်ပေးဖို့ပါ"

ဆန်းလျန်က ပြောလိုက်တော့ လူစောယိက ပြုံးလိုက်သည်။

"ဒါတော့အမှန်ပဲ ၊ ဂိုဏ်းချုပ်ထက်တော့ ကျုပ်က စာပေပညာပိုတော်တာပေါ့လေ"

ဆန်းလျန်က ချီးစန်းကွမ်းဘက်သို့လှည့်ကြည့်လိုက်ရင်း...

"အသက်အရွယ်လည်းရနေပြီဆိုတော့ စာပေပညာရော သင်ချင်စိတ်ရှိသေးရဲ့လား"

"ဆရာသခင်ဆန်းလျန် ၊ တာအိုကျင့်စဉ်လမ်းလျှောက်လှမ်းတာ စာပေပညာနဲ့ ဆိုင်လို့လား ၊ ကျုပ်က စာအုပ်တစ်အုပ်တောင် ဖတ်ဖူးတဲ့သူ မဟုတ်ဘူး"

ချီးစန်းကွမ်းက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"စာပေပညာသင်ယူတော့ ဗဟုသုတတွေ ကြွယ်ဝလာမှာပေါ့ ၊ ကျင့်စဉ်လမ်းမှာ အထောက်အကူ ဖြစ် မဖြစ်ကတော့ မပြောတတ်ဘူးလေ ၊ ကဲပါလေ ကျုပ်ရဲ့ ဂိုဏ်းတူညီလေးဆီမှာ မင်း စာပေပညာ သင်ချင်သလား ၊ မသင်ချင်ဘူးလားဆိုတာပဲ ပြောစမ်းပါ"

"တပည့် စာပေပညာ မသင်ချင်လို့ မဟုတ်ပါဘူး ၊ ဒါပေမယ့် မိုင်ပေါင်းများစွာ သက်စွန့်ဆံဖျားခရီးနှင်လာတာ တာအိုကျင့်စဉ်တွေ ကျင့်ကြံချင်လို့ပါ"

ချီးစန်းကွမ်းက ပြန်ပြောလိုက်သည်။

"ဒါဖြင့်လည်း ကျုပ်ရဲ့ဂိုဏ်းတူညီလေးဆီမှာပဲ စာပေပညာအရင်သင်လိုက်ပါဦး ၊ စာပေပညာနည်းနည်းသင်ယူပြီးတာနဲ့ တာအိုကျင့်စဉ်အခြေခံတွေကို မင်းကို စပြီး သင်ပြပေးမယ် ၊ ဘယ်လိုသဘောရလဲ"

ဆန်းလျန်က ပြောလိုက်လေသည်။

"တပည့် ဆရာ့စကားကို နာခံပါ့မယ်"

ချီးစန်းကွမ်းက ပြောလိုက်လေသည်။

"ကဲ... ဒါဖြင့်လည်း လာရင်းကိစ္စ ပြီးပြီ ၊ ညီလေးလူစောယိ ၊ ဒီညလကလည်း သာလိုက်တာ ၊ ရာသီဥတုကလည်း သာယာတယ် ၊ ကျုပ်တို့တွေ စစ်တုရင်တစ်ပွဲလောက် ကစားလိုက်ကြရအောင် ၊ စန်းကွမ်းကတော့ ဝါးရုံတောထဲသွားပြီး ဝါးပင် နည်းနည်းခုတ်ခဲ့ပါလား ၊ အနွေးဓာတ်ရအောင် မီးလှုံရတာပေါ့ဗျာ"

ဆန်းလျန်က ပြောလိုက်လေသည်။

"ဘယ်နှယ် ဝါးပင်နဲ့ မီးဖိုလို့ရရမှာလဲ ၊ မကြားဖူးပေါင် ၊ ပြီး

တော့သူတို့နှစ်ယောက်က ခုတောင် ဒီလောက်အေးတဲ့

ရာသီဥတုမှာ အေးအေးဆေးဆေးနေနေတာကို ဘယ်လိုဖြစ်လို့

မီးလှုံချင်ရတာလဲ"

ချီးစန်းကွမ်း တွေးလိုက်မိလေသည်။

ချီးစန်းကွမ်းက အထွန့်တက်ရန် ကြံစည်လိုက်သော်လည်း စိတ်

ကို ပြန်ပြောင်းလိုက်လေသည်။ ယခုကဲ့သို့ ဝါးပင်ခုတ်ခိုင်းခြင်း

မှာ သူ့ကို စမ်းသပ်ခြင်းဖြစ်နိုင်လေသည်။

ထို့ကြောင့်သူက ဆန်းလျန်နှင့် လူစောယိကို တစ်ချက်ဦးညွှတ်

လိုက်ကာ ဝါးရုံတောထဲသို့ ထွက်ခွာသွားလေတော့သည်။

လူစောယိက မျက်မှောက်တစ်ချက်ကြုတ်လိုက်ပြီး...

"ဂိုဏ်းချုပ် ၊ ဘာလို့ သူ့ကို ဝါးရုံတောထဲသွားပြီး ဝါးပင်ခုတ်

ခိုင်းလိုက်ရတာလဲ ၊ ဒီ ချင်းလျန်တောင်ပေါ်က ဝါးပင်တွေက

မာလိုက်တာမှ သံမဏိကျနေတာပဲ ၊ သူက သိုင်းပညာလေ့ကျင့်ဖူးပုံရပေမယ့် ဝါးပင်တွေကိုတော့ ခုတ်နိုင်မယ်မထင်ဘူး"

"ဒီနေ့ ကျုပ် တာအိုတရားသင်ကြားပေးနေတာကို သူ နားထောင်နေခဲ့သေးတယ် ၊ ဒါကြောင့်သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ တာအိုမျိုးစေ့တွေ ကျန်ရစ်ခဲ့တယ် ၊ သူအဲဒါတွေကိုအသုံးပြုနိုင်လိမ့်မယ် ၊ ပြီးတော့သူက လူလတ်ပိုင်းအရွယ်ဖြစ်နေပြီ ၊ ကျင့်စဉ်လမ်းအခြေခံလည်း နည်းနည်းသိတယ်ဆိုတော့ သူ လုပ်နိုင်ပါလိမ့်မယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

"ကျုပ်သိပါပြီ ၊ ဒါနဲ့ ဂိုဏ်းတူအစ်ကိုစန်းဝမ့်ရဲ့ မျိုးဆက်ကို ဂိုဏ်းချုပ်က ချင်းရှမ်ကိုခေါ်လာလိမ့်မယ်လို့ မျှော်လင့်မထားခဲ့မိဘူး ၊ တမလွန်ကနေ အစ်ကိုစန်းဝမ့်တစ်ယောက် စိတ်အေးသွားလောက်ပါပြီ"

လူစောယိက ပြောလိုက်သည်။

"ကျုပ်တို့ ချင်းရှမ်နတ်တံခါးကို စရောက်လာတဲ့အချိန်ကို မှတ်မိသေးလား ၊ ရှယွမ့်အဆောင်မှာ အစ်ကိုစန်းဝမ့်ရယ် ၊ အစ်ကိုယန့်ပုကွေးရယ် ၊ အစ်မကူးချိုင်ဝေ့ရယ် အစ်ကိုချန်ကျန့်မေရယ် ၊ ဒီလူတွေပဲရှိတာ ၊ အခု သူတို့ထဲက သုံးယောက်က ဟိုင်သန်းအဆင့်တက်ရောက်နိုင်သွားပြီ ၊ အစ်ကိုစန်းဝမ့်တစ်ယောက်ပဲ ကွယ်လွန်သွားခဲ့တယ် ၊ ဒါကြောင့် လောကမှာ ပြည့်စုံတယ်ဆိုတာ ဘယ်အရာမှ မရှိဘူးလေ.... နော် ၊ အစ်ကိုစန်းဝမ့်ဟာ ကွယ်လွန်သွားပေမယ့် ချင်းရှမ်နတ်တံခါးအတွက် အများကြီး အကျိုးပြုခဲ့တဲ့သူပါ ၊ ဒီတော့ ကျုပ်တို့ ကျောင်းတော်က သူ့အတွက် တစ်ခုခုတော့ ပြန်ပေးဆပ်သင့်တာပေါ့ ၊ ဒါကြောင့် သူ့ရဲ့မျိုးဆက်ဖြစ်တဲ့ စန်းကွမ်းကို ကျုပ်တို့က စောင့်ရှောက်ပေးသင့်တာပေါ့ ၊ ပြီးတော့ စန်းကွမ်းကလည်း စိတ်ထားဖြောင့်မတ်တဲ့သူတစ်ယောက်ပဲ မဟုတ်လား"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင် ပြောလိုက်လေ

သည်။

လူစောယိက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒီ ချင်းရှမ်ကျောင်းတော်ကြီးရဲ့ ကိစ္စတွေကို လုပ်ဆောင်နေရ

တာနဲ့ပဲ ဂိုဏ်းချုပ်လည်း ပင်ပန်းနေရပြီနော်"

"ကျုပ်ကို မပင်ပန်းစေချင်ရင် မင်းဂိုဏ်းချုပ်လုပ်လိုက်ပေါ့

ကွာ"

ဆန်းလျန်က ပြောလိုက်သည်။

လူစောယိမှာ ဆန်းလျန်စကားကြောင့် အံ့သြမင်သက်သွားရပြီး

ဘာပြန်ပြောရမှန်းပင် မသိဖြစ်သွားရလေသည်။

နောက်မှ...

"ဆန်းလျန်၊ လာနောက်နေပြန်ပြီ..."

ဟု ပြောလိုက်လေတော့သည်။

လူစောယိက ငယ်စဉ်အခါ ပညာအတူတူ သင်စဉ်က ဆန်းလျန်ကို ဆန်းလျန်ဟုပင် ခေါ်လေ့ရှိသော်လည်း ဆန်းလျန် ဂိုဏ်းချုပ်ဖြစ်သွားပြီးသည့်နောက်ပိုင်း ထိုသို့ ခေါ်ဆိုခြင်းမရှိတော့ပေ။ သူက ဆန်းလျန်ကို လေးစားသမှုဖြင့် "ဂိုဏ်းချုပ်" ဟုသာ ခေါ်ဆိုတတ်လေသည်။

ယခုတော့ မယဉ်ကျေးရာရောက်သည့်တိုင် ဂိုဏ်းချုပ်ကို ဆန်းလျန်ဟုပင် ရင်းရင်းနှီးနှီးခေါ်လိုက်မိလေပြီ။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်မောလိုက်ကြလေသည်။ ယခုအချိန်လေးသည် သူတို့နှစ်ယောက် ချင်းရွှမ်နတ်တံခါးကို စတင်ရောက်ရှိလာသည့်အချိန်အခိုက်အတန့်လေးကို ပြန်လည် သတိရ ခံစားမိစေသည်။

"ကျုပ်က ဘယ်မှာနောက်နေလို့လဲ"

ဆန်းလျန်ကပြောလိုက်သည်။

"အရင်ကလိုမျိုး ချင်းရှမ်နတ်တံခါး သိပ်ကိုအင်အားကြီးမား

တဲ့အချိန်မျိုး ဆိုရင်တော့ ကျုပ် ဂိုဏ်းချုပ်လုပ်လည်း ဘာ

အရေးလဲ ၊ ဒါပေမယ့် အခု ကျင့်ကြံသူလောကမှာ ပြဿနာ

တွေ ရှုတ်ထွေးနေတဲ့အချိန်လေ ၊ မင်းကသာ နှစ်ပေါင်းတစ်

သောင်းကျော်ကြာအောင် ရပ်တည်ခဲ့တဲ့ ချင်းရှမ်နတ်တံခါးကို

ဆက်ပြီး ထိန်းသိမ်းပေးထားနိုင်တဲ့ အရည်အချင်းရှိတဲ့

ဂိုဏ်းချုပ်တစ်ယောက်ပါ"

လူစောယိက ပြောလိုက်လေသည်။

"မင်းပြောတာမှန်းတယ် ၊ ခုချိန်မှာတော့ ဂိုဏ်းချုပ်နေရာကို

မင်းကို လွှဲပြောင်းပေးလို့ မဖြစ်နိုင်သေးဘူး ၊ ဒါပေမယ့်

တစ်နေ့မှာတော့ အချိန်ကောင်းကို ရောက်လာမှာပါ ၊ ဒါကြောင့်

မင်းက အဆင့်သင့်ပြင်ဆင်ထားဖို့လိုတယ် ၊ တစ်ချိန်မှာတော့

ဒီတာဝန်ကြီးကို မင်းကို လွှဲပေးဖြစ်မှာပါ"

ဆန်းလျန်ကပြောလိုက်သည်။

လူစောယိ၏ မျက်နှာက ချက်ချင်းပင် တည်ကြည်လေးနက်သွားသည်။

"မင်းကို စတွေ့တဲ့နေ့ကတည်းက လောကမှာ ဘယ်လိုအရာမျိုးကမှ မင်းကို ချည်နှောင်ထားလို့မရဘူးဆိုတာ ကျုပ်သိထားပြီးသားပါ၊ ဒါပေမယ့် မင်းက သံယောဇဉ်တော့ကြီးတဲ့သူတစ်ယောက်ပဲနော်၊ ဒါကြောင့်လည်း ချင်းရွှမ်နတ်တံခါးရဲ့ အခက်ခဲဆုံးအချိန်မှာ ဂိုဏ်းချုပ်နေရာကို တာဝန်ယူပေးခဲ့တာပေါ့၊ ချင်းရွှမ်နတ်တံခါးကို ကာကွယ်ဖို့လိုအပ်လာရင် ကျုပ်ကလည်း မင်းဘက်က အမြဲတမ်းရှိနေပေးမယ်လို့ ကတိပေးပါတယ်"

"စောယိ၊ မင်းကတကယ့်ကို စိတ်ထားဖြောင့်မတ်တဲ့သူတစ်ယောက်ပဲ"

ဆန်းလျန်က သိမ်မွေ့စွာဖြင့် ဆိုလိုက်သည်။

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

စစ်တုရင်ခုံတစ်ခု သူတို့နှစ်ယောက်ရှေ့တွင် ပေါ်လာလေသည်။

သူတို့နှစ်ယောက် စကားပြောခြင်းကို ရပ်တန့်လိုက်ပြီး စစ်တုရင်စတင်ကစားလိုက်ကြလေသည်။

....

ဆန်လျန်နှင့် လူစောယိ စစ်တုရင်ကစားနေကြသည့်အချိန်တွင် ကွမ်းချင်းနတ်ဘုရားဂိုဏ်းတည်ရှိရာ ထိုက်ချန်းတောင်ထိပ်တွင်လည်း စစ်တုရင်ကစားနေကြသည့် လူနှစ်ယောက်ရှိနေလေသည်။

တာအိုဝတ်ရုံကို ဝတ်ဆင်ထားသူမှာ ဟွမ်ကျန်းဖြစ်လေသည်။ ဟွမ်ကျန်းနှင့်အတူ စစ်တုရင်ကစားနေသူမှာ နှင်းပွင့်ကဲ့သို့ဖြူစင်သည့် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။ သူ့ထံမှ ရန်လိုမှုနှင့် စွမ်းအားကြီးမားသည့် အငွေ့အသက်များထွက်ပေါ်နေလေသည်။ ထိုသူမှာ စစ်တုရင်ကစားနေသည့်တိုင်အောင် သူ့ဆီမှ လူသတ်လိုသည့်အငွေ့အသက်များက ဖုံးမရ ဖိမရအောင် ထွက်ပေါ်လျှက် ရှိလေသည်။

ထိုသူက အဖြူရောင်စစ်တုရင်ရုပ်လေးများဘက်မှ ကစားနေခြင်းဖြစ်လေသည်။ သူက အနည်းငယ်တုံ့ဆိုင်းနေပြီးမှ စစ်တုရင်ကွက်တစ်ကွက်ကိုရွှေ့လိုက်ရင်း...

"ကဲ... ပထမဆုံးအကွက်ကတော့ စွမ်းအားအပြည့်ပဲဗျ ၊ ရန်သူတွေအကုန်လုံးကို အနိုင်တိုက်မယ့် အကွက်မျိုးပဲဗျ ၊ ရေပြင်တစ်ခုလုံးကိုထိန်းချုပ်ဖို့ နဂါးတွေကိုစေခိုင်းတဲ့အကွက်မျိုး ၊ ယင် နဲ့ ယန်ကို ထိုးဖောက်မယ့် တန်ခိုးစွမ်းအားမျိုးကို အသုံးပြုထားတယ် ၊ ဒါပေမယ့် မုပိုင်က ဂိုဏ်းတူအစ်ကို လောက်တော့ ဘယ်တော်မှာလဲဗျာ"

ဟု ပြောလိုက်လေသည်။

အခန်း (၂၉၇)

နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ရန်

ထိန်ထိန်သာနေသည့်လရောင်အောက်တွင် ကျင့်ကြံသူနှစ်

ယောက် စစ်တုရင် ကစားနေကြလေသည်။ သူတို့နှစ်ယောက်

က ထိုက်ချန်းတောင်အလယ်တွင်တည်ရှိသည့် ခန်းမဆောင်

တစ်ခုတွင် စစ်တုရင်ကစားနေကြခြင်းဖြစ်လေသည်။ သူတို့

စစ်တုရင်ကစားနေသည့်နေရာမှ မော့ကြည့်လိုက်မည်ဆိုလျှင်

လေထဲတွင် လွင့်မျောနေသည့် "လင်ရှောင်ခန်းမဆောင်" ကို

မြင်တွေ့ရနိုင်လေသည်။

ဟွမ်ကျန်းက အကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရင်း

စစ်တုရင်ရုပ်တစ်ရုပ်ကို ရွှေ့လိုက်သည်။ ထို့နောက် မပွင့်တစ်

ပွင့်ပြုံးလိုက်ရင်း...

"ကျုပ်က ဂိုဏ်းတူညီလေးမုပိုင်နဲ့ ဘယ်လိုလုပ်ယှဉ်နိုင်မှာလဲ ၊

ညီလေးမုပိုင်ကသာ ပိုင်စုဟွမ်ကို ဘာမှအားမသုံးလိုက်ရဘဲ ချ

င်းရွှမ်ကနေ ဖယ်ရှားပစ်နိုင်ခဲ့တာ ၊ ဒါက နွေခေါင်ခေါင်မှာ
မိုးကြိုးပစ်ချလိုက်သလို မဖြစ်နိုင်တဲ့အလုပ်ကို လုပ်ပြလိုက်
တာပဲ မဟုတ်လား"

ဟွမ်ကျန်းနှင့် စစ်တုရင်ကစားနေသည့် အဖြူရောင်ဝတ်စုံ
ဝတ်ဆင်ထားသည့် လူငယ်မှာ ဟွမ်ကျန်း၏ ဂိုဏ်းတူညီငယ်
ချန်မုပိုင်ပင် ဖြစ်လေသည်။ ချန်မုပိုင်မှာ ပိုင်စုဟွမ်နှင့် ဆွေမျိုး
တော်စပ်သူ ဖြစ်လေသည်။ သို့သော် သူတို့နှစ်ယောက်သည် မ
တူညီသည့် ဂိုဏ်းနှစ်ခုတွင် ပညာသင်ယူခဲ့ကြပြီး ဖော့ဝမ့်
အဆင့်သို့ အတူတူရောက်ရှိလာကြသည်မှာ ထူးခြားသည့်
အချက်ပင် ဖြစ်လေသည်။

ချန်မုပိုင်က ဟွမ်ကျန်းကို လှမ်းကြည့်လိုက်ရင်း...

"ပိုင်စုဟွမ်ကတော့ သွားပြီဆိုပေမယ့် ချင်းရွှမ်နတ်တံခါးရဲ့
အင်အားက လျော့မသွားတဲ့အပြင် ပိုတောင် အင်အား ကြီးမား
လာသေးတယ် မဟုတ်လား"

ဆန်းလျန်နှင့်ပိုင်စုဟွမ်၏ တိုက်ပွဲအကြောင်းကို ချန်မုပိုင် ပြန်

စဉ်းစားကြည့်နေမိသည်။ ထိုတိုက်ပွဲကို သူက တစ်နေရာမှ

ပုန်းအောင်းရင်း ခိုးကြည့်ခဲ့သူ ဖြစ်လေသည်။ သို့သော် ဆန်း

လျန်၏ နတ်ရေစင်အလားကြည်လင်သည့် မျက်ဝန်းများက သူ့

ဆီသို့ကျရောက်လာသည်နှင့် သူခိုးကြည့်နေသည်ကို ဆန်းလျန်

သိရှိသွားပြီဖြစ်ကြောင်း ချက်ချင်း ရိပ်မိလိုက်လေသည်။ ဆန်း

လျန်၏ အကြည့်က သူ၏ ကျောရိုးတစ်လျှောက် စိမ့်သွား

စေသည်အထိ သူ့ကို တုန်လှုပ်သွားစေလေသည်။ ထို့ကြောင့်

ချက်ချင်းပင် ဆုတ်ခွာထွက်ပြေးလာခဲ့ခြင်း ဖြစ်လေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ချင်းရွှမ်နတ်

တံခါး၏ဂိုဏ်းချုပ်သည် ကျင့်စဉ်လမ်းတွင် သူတို့ထက် ခြေ

တစ်လှမ်းသာနေပြီဖြစ်သည်ကို သိရှိနိုင်လေသည်။

ဟွမ်ကျန်းက လေထဲတွင် လွင့်မျောနေသည် လင်ရှောင်ခန်းမ

ဆောင်ကြီးကို တစ်ချက်မော့ကြည့်လိုက်သည်။

"မပူပါနဲ့ကွာ ၊ ဆန်းလျန်သာ လောကနတ်ဘုရားတစ်ပါး ဖြစ်လာတဲ့တစ်နေ့ကျရင် ချင်းရွှမ်နတ်တံခါးဟာ ဘယ်တော့မှ မတွေ့ကြုံဘူးတဲ့ ဘေးဆိုးကြီးနဲ့ ကြုံတွေ့ရလိမ့်မယ်"

ဟွမ်ကျန်း၏ စကားကြောင့် ချန်မုပိုင်မှာ ကြက်သေသေသွားရလေသည်။ သူက ဟွမ်ကျန်းပြောသည့် စကားအဓိပ္ပါယ်ကို နားလည်ခြင်းမရှိပေ။

"ဘာလို့ ဒီလိုပြောရတာလဲ ဂိုဏ်းတူအစ်ကို"

"ခုချိန်မှာတော့ မင်းကိုပြောမပြသင့်သေးဘူး ၊ ဒါနဲ့ ဆရာနေတဲ့ လင်ရှောင်ခန်းမဆောင်ဟာ မှော်ဝင်ခန်းမကြီးတစ်ခု ဖြစ်လာတော့မယ်ထင်တယ်"

ဟု ဟွမ်ကျန်းက ပြောလိုက်လေသည်။

ချန်မုပိုင်ကလည်း လေထဲတွင် လွင့်မျောနေသည့် ခမ်းနားလွန်းသည့် လင်ရှောင်ခန်းမဆောင်ကြီးကို မော့ကြည့်လိုက်လေသည်။ ခန်းမကြီးပတ်ပတ်လည်တွင် ခရမ်းရောင်မြူခိုးငွေ့များ

ဝန်းရံနေသည်ကို လရောင်အောက်တွင် တွေ့မြင်နိုင်လေသည်။

ခရမ်းရောင်မြူခိုးများမှာ နဂါးတစ်ကောင် ပုံသဏ္ဍာန်ဖြစ်တည်

နေပြီး နဂါးလက်သည်းများကိုပင် မြင်တွေ့နိုင်လေသည်။

"အမှန်ပဲ ၊ ကျုပ်ဘဝတစ်ခုလုံး မျှော်လင့်နေခဲ့တာ ၊

ကောင်းကင်ဘုံနန်းတော်ကြီး ပြန်ပေါ်လာသလိုပါပဲ ၊ အဲဒီအချိန်

သာရောက်ရင် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်

နိုင်ပြီး ဘယ်ဘေးအန္တရယ်ကိုမှ ကြောက်စရာမလိုတော့ဘူး"

ချန်မုပိုင်က ခမ်းနားလှသည့် လင်ရှောင်ခန်းမဆောင်ကြီးကို

ကြည့်ပြီး ပြောလိုက်လေသည်။

ဟွမ်ကျန်းက ချန်မုပိုင်၏ လက်ကိုလှမ်းကိုင်လိုက်ပြီး အသံ

တိုးတိုးဖြင့်...

"တစ်နေ့ကျရင် အဲဒီလိုဖြစ်လာမှာပေါ့ကွာ..."

....

ဆန်းလျန်သည် ကျီဖူတောင်ထိပ်တွင် တစ်ယောက်တည်း ရှိနေ

လေသည်။

ချင်းရှမ်တောင်ရှိ တောင်ထိပ်ငါးခုတွင် ထိုက်ယီတောင်ပြီး

လျှင် ကျီဖူတောင်မှာ ဒုတိယ အမြင့်ဆုံးတောင်ဖြစ်လေသည်။

ထို့ပြင် ကျီဖူတောင်ထိပ်မှ ကြည့်လိုက်လျှင် အခြားသော

တောင်လေးခုကိုလည်း တွေ့မြင်နိုင်သလို ဝိညာဉ်မြစ်ကိုလည်း

လှမ်းပြီးတွေ့မြင်နိုင်လေသည်။

ကျီဖူတောင်ထိပ်တွင် တိမ်ခိုးများရစ်သိုင်းနေလေသည်။

တိမ်ခိုးများသည် နေရောင်ခြည်ဖြင့် ထိတွေ့သည့်အခါ

ခရမ်းရောင်မြူခိုးများအဖြစ်ပြောင်းလဲသွားလေသည်။ ထို

ခရမ်းရောင်မြူခိုးများတွင် မိုးမြေစွမ်းအားများ ပြည့်ဝစွာ

ပါဝင်လေသည်။ ထို့ကြောင့် ကျီဖူတောင်ထိပ်သည် ကျင့်ကြံ

သူများအတွက် အကောင်းဆုံးသော နေရာတစ်ခုဖြစ်လေ

သည်။ ထို့ကြောင့်ပင် ကျီဖူ (ခရမ်းရောင်ဂေဟာ) ဟု တင်စား

ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။

ယန့်ပုကွေးသည် တောင်တက်လမ်းလေးအတိုင်း ကျီဖူ
တောင်ထိပ်သို့ တစ်ရွေ့ရွေ့တက်လာလေသည်။
ကျီဖူတောင်ထိပ်တွင် ကျင့်ကြံသူများနေထိုင်သည့် တာအို
ကျောင်းဆောင်လေးများ များစွာရှိလေသည်။ သို့သော်
ကျောင်းဆောင်အများစုမှာ နေထိုင်သည့်သူများ မရှိကြတော့
ပေ။ အဘယ်ကြောင့်ဆိုသော် ကျင့်ကြံသူအများစုမှာ နတ်
ဘုရားများအဖြစ် အဆင့်တက်ရောက်သွားကြပြီ ဖြစ်
သောကြောင့်ဖြစ်လေသည်။
သူတို့နတ်ဘုရားများဖြစ်ပြီး လောကကို ကျော်လွန်သွားကြ
သည့်တိုင် သူတို့နေထိုင်ခဲ့သည့် နေရာလေးများကတော့ မူမ
ပျက်ကျန်ရစ်ခဲ့လေသည်။ နှောင်းလူများကလည်း ထိုနေရာ
များကို လေးစားတန်ဖိုးထားကြလေသည်။
ထို့ပြင်ချင်းရွှမ်နတ်တံခါး၏ အဖိုးတန် စာအုပ်စာပေများနှင့်
ခေတ်အဆက်ဆက် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထား

သည့် ထိုက်ဝေ့ထိုင်ခန်းမဆောင်သည်လည်းကျီဖူတောင်ထိပ်တွင်တည်ရှိလေသည်။

ယန့်ပုကွေးမှာ ကျီဖူတောင်ထိပ်တွင် မထင်မှတ်ဘဲ ဂိုဏ်းချုပ်ကိုမြင်တွေ့လိုက်ရလေသည်။ သို့သော် သူ၏စိတ်ထဲတွင် ဆန်းလျန်၏ ပုံရိပ်မှာ မပီဝိုးတဝါး အိပ်မက်အလား ခံစားလိုက်ရလေသည်။

ဆန်းလျန်သည် တကယ်တည်ရှိသည်လား၊ တကယ်မရှိဘူးလား...။

ဆန်းလျန်သည် တကယ့်အစစ်အမှန်လား၊ ပုံရိပ်ယောင်တစ်ခုလား...။

ထိုအတွေးများသည် ယန့်ပုကွေး၏စိတ်အစဉ်ဝယ် လှည့်ပတ်သွားလာနေလေတော့သည်။

ဆန်းလျန်သည် စကြာဝဠာတစ်ခုလုံးနှင့် တစ်သားတည်းကျနေလေသည်။

ဆန်းလျန်သည် ကျီဖူတောင်ထိပ်တွင် အခြားသော ဆရာသခင်များ ရပ်ခဲ့သည့် နေရာတွင်ပင် ရပ်နေခဲ့လေသည်။

ဆန်းလျန်သည် အစိမ်းရောင်ကျောက်တုံးကြီးတစ်တုံး၏ အပေါ်တွင် ရပ်နေခြင်းဖြစ်လေသည်။ ထိုကျောက်တုံးကြီးသည် နှစ်ပေါင်းထောင်နှင့်ချီပြီး မိုးမြေစွမ်းအားများနှင့် နေနှင့်လ၏ တန်ခိုးအနှစ်သာရများကို စုပ်ယူထားသည့် ကျောက်တုံးကြီးဖြစ်လေသည်။ ထိုကျောက်တုံးကြီးနံဘေးတွင်လည်း မြက်ပင်ငယ်လေးများပေါက်ရောက်နေ လေသည်။ မြက်ပင်လေးများနှင့် ကျောက်တုံးကြီးမှာ အသက်ဓာတ်စွမ်းအားများဖြင့် ဆက်စပ်နေကြလေသည်။ သူတို့အားလုံးသည် နေနှင့်လ၏ အနှစ်သာရစွမ်းအားများကို စုပ်ယူထားသည့်အတွက် တောက်ပနေကြလေသည်။

ယန့်ပုကွေးမှာ ကျောက်တုံးကြီးကို အာရုံစူးစိုက်ကြည့်လိုက်သည့်အခါတွင်တော့ ကျောက်တုံးကြီးထံမှ အသက်ရှူသံကိုပင်ကြားရသကဲ့သို့ ရှိလေသည်။

သို့သော် ဆန်းလျန်မှာ သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပြီဖြစ်လေသည်။

ဆန်းလျန်သည် ချင်းရှမ်နတ်တံခါး၏ သမိုင်းတစ်လျှောက်တွင် အံ့သြစရာအကောင်းဆုံးနှင့် အတော်ဆုံး ဂိုဏ်းချုပ်တစ်ယောက်ဖြစ်လေသည်။ ကျင့်စဉ်လမ်းကို စတင်ဝင်ရောက်ခဲ့ကတည်းက လောကီကိစ္စများနှင့် အလှမ်းကွာခဲ့သူလည်း ဖြစ်လေသည်။ဗောဓိသကျတစ်ပါးအလား ဘဝတစ်လျှောက်လုံးသန့်စင်စွာ နေထိုင်ခဲ့သူ ဖြစ်လေသည်။

ယန့်ပုကွေးမှာ ဆန်းလျန်ကို မတွေ့ရတော့သည့်တိုင် အစိမ်းရောင်ကျောက်တုံးကြီးထက်တွင် ဆန်းလျန်၏ အငွေ့အသက်များ ထင်ကျန်နေသည်ကို သတိပြုလိုက်မိပြန်သည်။

ဂိုဏ်းချုပ်သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက သူနှင့်အတူ ဝါးရုံတောထဲတွင် အတူတူအရက်သောက်ခဲ့ကြသည့် လူငယ်လေးတစ်ယောက်မဟုတ်တော့ပေ။

ပြင်ပလောကတွင် တောတောင်ရေမြေများသည် အချိန်နှင့်အမျှ ပြောင်းလဲနေလေသည်။ ထို့အတူပင် ကျင့်ကြံသူလောကတွင်လည်း အရာရာက ပြောင်းလဲနေစမြဲပင် ဖြစ်လေသည်။ ချင်းရှမ်နတ်တံခါးသည် ရာစုနှစ်ပေါင်းများစွာအတွင်း အတက်အကျနှင့် အပြောင်းအလဲများစွာကို ရင်ဆိုင်ခဲ့ရသည်။ ချင်းရှမ်နှင့်ပတ်သက်သမျှ အရာအားလုံးသည် ချင်းရှမ်နတ်တံခါးမှ ဆရာသခင်များ ၊ တပည့်များအားလုံးနှင့်လည်း ပတ်သက်ဆက်နွယ်နေလေသည်။

ထို့ကြောင့် ချင်းရှမ်နတ်တံခါးမှ ဆရာသခင်များနှင့် တပည့်များအားလုံး၏ ကံတရားများသည် ဂိုဏ်းချုပ်ဖြစ်သည့် ဆန်းလျန်အပေါ်တွင် မူတည်နေလေသည်။ ချင်းရှမ်လမ်းစဉ်

ဆက်လက်တည်ရှိနေရန်နှင့် ချင်းရှမ်နတ်တံခါးမှ များပြားလှသည့် ကျင့်ကြံသူတပည့်များ၏ကံတရားသည် ဆက်စပ်နေလေသည်။

သို့သော် ဆန်းလျန်အတွက်တော့ ထိုအရာများအားလုံးသည် ဘာမှမဟုတ်သည့် ပုံရိပ်ယောင်တွေများလား။ ဆန်းလျန်သည် ယုံမှားသံသယအဆင့်ကို ဖြတ်ကျော်ပြီးသည့်အခါ သူတို့အားလုံးကိုလည်း သံယောဇဉ်မဲ့စွာ ဖြတ်တောက်ထားခဲ့ပြီး လောကီရှိရှိသမျှ အရာအားလုံးကို စွန့်လွှတ်သွားလေတော့မည်လား။

ယန့်ပုကွေးသည် ထိုအကြောင်းအရာများကို စဉ်းစားရင်း ဆယ်ရက်နှင့် ဆယ်ညလုံးလုံး အရက်မူးနေသည့် လူတစ်ယောက်အလား ခံစားလာရလေသည်။

ထိုအချိန်မှာပင် ...

ရုတ်တရက် အစိမ်းရောင်ကျောက်တုံးကြီးပေါ်တွင် ဆန်းလျန် ပြန်ပေါ်လာလေသည်။

ယခုတစ်ကြိမ်တွင်တော့ အမှန်တကယ် တည်ရှိနေသည့် ဆန်းလျန်၏ အရှိတရားကို ယန့်ပုကွေး ခံစားလိုက်ရလေသည်။

ဆန်းလျန်က ယန့်ပုကွေးကို ပြုံးပြလိုက်လေသည်။

သူ၏အပြုံးမှာ ထူးခြားပြီး ဆွဲဆောင်မှုရှိလှလေသည်။

သို့သော် ထိုအပြုံးကြောင့်ပင် ဆန်းလျန်မှာ ချင်းရွှမ်နတ်တံခါးတွင် သက်ရှိထင်ရှားရှိနေသေးသည်ဟူသော အတွေးဝင်ရောက်လာကာ ယန့်ပုကွေးမှာ စိတ်သက်သာရာရသွားလေသည်။

ယန့်ပုကွေးက အစိုးရိမ်လွန်နေခြင်းဖြစ်လေသည်။ သူက ဂိုဏ်းချုပ်သည် ဗောဓိသကျနှင့် တာအိုဆရာသခင်ကြီးအလား လောကီကိစ္စရပ်များအားလုံးကို ဖြတ်တောက်ကာ တရားရပြီး ထွက်ခွာသွားတော့မည်လားဟု တွေးတောပူပန်နေခြင်းဖြစ်လေ

သည်။ ထိုသို့ဖြစ်ခဲ့လျှင်တော့ ကျင့်ကြံသူလောကတွင် မတည်မငြိမ်ဖြစ်သွားပြီး ပြဿနာများလည်း ဖြစ်ပေါ်လာမည် ဖြစ်လေသည်။

ယန့်ပုကွေးမှာ သတ္တိရှိပြီး စိတ်ဓာတ်တည်ကြည်သူတစ်ယောက်ဖြစ်လေသည်။

ယခုအချိန်တွင် သူက ရှင်သန်စေခြင်းကျောင်းတော်ကိုစောင့်ရှောက်နေရသည့်သူ ဖြစ်လေသည်။ ထို့ကြောင့်ပင် သူက ချင်းရွှမ်နတ်တံခါး၏တည်ရှိမှုသည် လူပေါင်းများစွာ၏ ကံတရားများအပေါ်တွင် သက်ရောက်မှုရှိနေကြောင်း သဘောပေါက်လာခဲ့ရသည်။

ယခုနှစ်များအတွင်းတွင် ယွမ်ကျိုးနယ်တစ်ခွင်၌ ကျင့်ကြံသူများစွာ ပေါ်ထွက်လာခဲ့လေသည်။ ထို့ပြင် ပင်လယ်ဧရိယာတစ်ခုလုံးသည် ချင်းရွှမ်နတ်တံခါးက စောင့်ရှောက်ပေးထားရသည့် ဒေသတစ်ခုဖြစ်လေသည်။ ထို့ကြောင့် ထိုဒေသ

များသည် ချင်းရွှမ်နတ်တံခါးနှင့် အနီးကပ်ပတ်သက်နေသည့် ဒေသများဖြစ်လေသည်။ ချင်းရွှမ်သာပြိုလဲသွားလျှင် ပင်လယ်ဒေသတစ်ခုလုံးမှ ချင်းရွှမ်ကိုမှီခိုနေကြသည့် လူသားပေါင်းများစွာ ၊ ကျင့်ကြံသူပေါင်းများစွာသည် မိုးရေနှင့်မျောပါသွားသည် ဘဲစာပင်များပမာ ပျက်စီးကြရမည် ဖြစ်လေသည်။

ဆန်းလျန်သည် ယန့်ပုကွေးကို မြင်လိုက်သည်နှင့် ပျော်ရွှင်စွာဖြင့် စကားဆိုလိုက်သည်။

"အစ်ကိုယန့်ပုကွေး ၊ ခင်ဗျား ပြန်ရောက်လာပြီပေါ့"

ယန့်ပုကွေးက ဆန်းလျန်ကို လက်နှစ်ဖက်စုပ် ဂါရဝပြုလိုက်ရင်း...

"ဂိုဏ်းချုပ် ၊ ပင်လယ်ဒေသတစ်လျှောက်လုံးက ကျင့်ကြံသူတွေနဲ့ ဆက်သွယ်ပြီး စုံစမ်းကြည့်ပြီးပါပြီ ၊ဘယ်သူမှ ဆရာဘိုးဘိုးနဲ့ ရှော့ရှီရဲ့သတင်းကို အစအနတောင် မရကြပါဘူး"

ဆန်းလျန်က သက်ပြင်းချလိုက်လေသည်။

"ဆရာဘိုးဘိုးဘယ်နေရာကို ရောက်နေသလဲဆိုတာ ကျုပ်ရဲ့ တန်ခိုးစွမ်းအားနဲ့လည်း အာရုံခံကြည့်လို့ မရဘူးဖြစ်နေတယ်၊ မင်းတို့တွေလည်း စုံစမ်းလို့ရမယ်လို့ ကျုပ်မမျှော်လင့်ထားခဲ့ပါဘူးလေ"

"ဒီလောကမှာ ဆရာဘိုးဘိုးကို ဒုက္ခရောက်အောင်လုပ်နိုင်တဲ့သူ မရှိသလောက် ရှားပါးပါတယ်၊ ရှော့ရှီလည်း ဆရာဘိုးဘိုးနဲ့ အတူတူရှိနေမယ်ဆိုရင် အန္တရယ်မရှိလောက်ပါဘူး၊ ဂိုဏ်းချုပ်သူ့အတွက် စိတ်ပူမနေပါနဲ့"

ယန့်ပုကွေးက ပြောလိုက်လေသည်။

ဆန်းလျန်က မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"ကျုပ်က ရှော့ရှီအတွက် စိတ်ပူနေတာမဟုတ်ဘူး၊ ဆရာဘိုးဘိုးအတွက် စိတ်ပူနေတာ"

ဆန်းလျှန်၏စကားကြောင့် ယန့်ပုကွေး ထိတ်လန့်အံ့သြသွားရသည်။

"ဆရာဘိုးဘိုးက ဘာများဖြစ်လို့လဲ"

"ကျုပ်လည်း အစကမသိဘူး ၊ ယုံမှားသံသယအဆင့်ကို ကျော်ဖြတ်ပြီးတော့မှ နည်းနည်းသဘောပေါက်လာတာ ၊ လူ့လောကမှာ ထာဝရပျော်ပျော်ရွှင်ရွှင်နေထိုင်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူး ၊ ဒါကြောင့်လည်း လောကနတ်ဘုရားတွေဟာ နောက်ဆုံးမှာ လောကကို ကျော်လွန်ပြီး ထွက်ရပ်ပေါက်သွားကြတာပေါ့ ၊ ဒါမှ သူတို့ဘဝမှာ အန္တရယ်မကျရောက်နိုင်မှာလေ ၊ ဒါပေမယ့် ဆရာဘိုးဘိုးကတော့ တန်ခိုးစွမ်းအား မြင့်မားလွန်းပြီး ကံလည်းကောင်းလွန်းခဲ့တယ် ၊ ဒါ့ကြောင့်သူက လောကမှာ အကြာကြီးနေထိုင်ပြီး မိုးကောင်းကင်အစစ်ဆေးခံရမယ့်အန္တရယ်ကို ရှေ့ဆိုင်းထားခဲ့တယ် ၊ ဒါပေမယ့် နောက်ဆုံးတော့ ဒီအန္တရယ်ကို မလွှဲမရှောင်နိုင်ဘဲ ရင်ဆိုင်ရတာပါပဲ ၊ ဒါ့ကြောင့် ရှေ့ရှိ

ကိုခေါ်ပြီး နတ်တံခါးကနေ ထွက်သွားခဲ့တာ ၊ ကြည့်ရတာ သူ့

ဘဝရဲ့ နောက်ဆုံးအချိန်ကို ရောက်ခဲ့ပြီမို့လို့ လောကထဲမှာ

အလည်အပတ် လျှောက်သွားချင်တယ် ထင်ပါရဲ့"

ဆန်းလျန်သည် အေးဆေးသည့်လေသံဖြင့် ယန့်ပုကွေးကို

ပြောပြလိုက်လေတော့သည်။

အခန်း (၂၉၈)

မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်

နတ်ဘုရားအဘိုးအိုမှာ ချင်းရွှမ်နတ်တံခါး၏ အဓိကထောက်

တိုင်တစ်ခု ဖြစ်လေသည်။ ကျိုလင်နတ်သမီး၏ ဒဏ်ရာမှာ

အပြည့်အဝသက်သာခြင်း မရှိသေးသလို ဆန်းလျန်မှာလည်း နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် လက်ရှိအချိန်တွင် နတ်ဘုရားအဘိုးအိုသည် ချင်းရှမ်နတ်တံခါး အတွက်အရေးပါသူ တစ်ယောက် ဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးမှ တပည့်အများစုမှာ လက်ရှိအခြေအနေကို သိရှိကြခြင်းမရှိသေးပေ။ သူတို့က ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ အဘိုးအိုကြီးမှာ မည်သူမည်ဝါဖြစ်သည်ကိုပင် မသိကြပေ။ ယန့်ပုကွေးကတော့ နတ်ဘုရားအဘိုးအိုအကြောင်းကို ကောင်းကောင်းသိထားလေသည်။ သူက ဆန်းလျန်တို့ မျိုးဆက်တွင် အကြီးဆုံးတပည့်တစ်ယောက်ဖြစ်သည် မဟုတ်ပါလား။

ယန့်ပုကွေးက မရယ်ချင် ရယ်ချင်ဖြင့် ရယ်မောလိုက်လေသည်။

"ဒါဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ ကျုပ် ချင်းရွှမ်ကိုရောက်ကတည်းက ခုချိန်ထိ ဆရာဘိုးဘိုးကို ယှဉ်နိုင်တဲ့သူ တစ်ယောက်မှ မရှိသေးဘူး ၊ ဆရာဘိုးဘိုး နှစ်တွေဒီလောက်အကြာကြီး အသက်ရှည်ခဲ့တာ ၊ သူ့မှာ ဘာအန္တရယ်မှ မကြုံတွေ့နိုင်ပါဘူး"

ယန့်ပုကွေးမှာ ပြောသာပြောလိုက်ရသည် သူ့စကားကိုသူကိုယ်တိုင်လည်း သိပ်ပြီး မသေချာလှပေ။

ထို့နောက် သူတို့နှစ်ယောက်လုံး တိတ်ဆိတ်ငြိမ်သက် သွားကြလေသည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားပြီး ညဘက်သို့ ရောက်ရှိလာလေတော့သည်။

ယန့်ပုကွေး သတိဝင်လာသည့်အချိန်တွင် ဆန်းလျန်သည်အစိမ်းရောင် ကျောက်တုံးကြီးပေါ်တွင် ထိုင်နေဆဲ ဖြစ်လေသည်။ သူ၏ပုံသဏ္ဍာန်မှာ ကျောက်ရုပ်တစ်ရုပ်အလားပင် ငြိမ်

သက်နေလေသည်။ ယန့်ပုကွေးမှာ ဆန်းလျှန်ကိုကြည့်ကာ တ

အံ့တသြဖြင့် ရယ်မောလိုက်မိလေသည်။

ဆန်းလျှန်ထံမှ ထွက်ပေါ်နေသည့် ဝိညာဉ်စွမ်းအားများကြောင့်

ယန့်ပုကွေးမှာ အချိန်ကြာမြင့်စွာ သတိလက်လွတ်ဖြစ်သွားရ

ခြင်း ဖြစ်လေသည်။

ယန့်ပုကွေး၏ရင်ထဲတွင် ဆန်းလျှန်၏ တန်ခိုးစွမ်းအားကြီးမား

မှုများကို ကြောက်ရွံ့လာမိလေသည်။

တစ်ချိန်တည်းမှာပင် စိတ်သက်သာရာလည်း ရသွားမိသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်၏ ကြောက်စရာကောင်း

လွန်းသည့် တန်ခိုးစွမ်းအားများသည် လက်ရှိအချိန်တွင် ချင်း

ရှမ်နတ်တံခါးကို ကာကွယ်ပေးရန်အတွက် လိုအပ်နေသည့်

အရာပင် ဖြစ်လေသည်။

သူက ဆန်းလျန်အနားသို့ လမ်းလျှောက်သွားလိုက်လေသည်။

သူ့စိတ်ထဲတွင် သင်တောင့်သက်သာခံစားလာရပြီး ဆန်းလျန်

အေးတွင် ဝင်ထိုင်လိုက်လေသည်။

ဆန်းလျန်သည် ကောင်းကင်ထက်မှ ကြယ်များကို ကြည့်နေ

လေသည်။ ထိုက်ဝေ့နှင့် ကျီဝေ့ ကြယ်စင်နှစ်ခုသည်

ကောင်းကင်ထက်တွင် ထွန်းလင်းနေလေသည်။

ယန်ပုကွေးမှာ အရက်သောက်ချင်လာမိသည်။ ထို့ကြောင့်

သူ၏အရက်ထည့်ထားသည့် ဘူးသီးခြောက်ကို ထုတ်လိုက်ကာ

ဆန်းလျန်ကို အရင်တိုက်လိုက်သည်။

ဆန်းလျန်က အရက်ထည့်ထားသည့်ဘူးသီးခြောက်ကို ယူ

လိုက်ရင်း...

"မင်းသိလား ၊ ကောင်းကင်က ကြယ်တွေက တစ်ခုနဲ့တစ်ခု

အရမ်းနီးကပ်တယ်လို့ ထင်ရလောက်တယ် ၊ ဒါပေမယ့်

တကယ်တော့ အဲဒီကြယ်တွေဟာ တစ်ခုနဲ့တစ်ခု သိပ်ပြီး

ဝေးကွာလွန်းတယ် ၊ ကျုပ်တို့ကျင့်ကြံမှုတန်ခိုးစွမ်းအားတွေနဲ့

ကြယ်စင်တွေ တစ်ခုဆီကနေ နောက်တစ်ခုဆီကို ခရီးနှင်မယ်

ဆိုရင်တောင် နှစ်ပေါင်းရာနဲ့ချီပြီး ကြာမြင့်နိုင်တယ်"

"ဒီအကြောင်းတွေကို ဂိုဏ်းချုပ်က ဘယ်လိုလုပ်သိတာလဲ ၊

တာအိုကျမ်းစာတွေထဲမှာ ရေးသားထားတာလား"

ယန့်ပုကွေးက မေးလိုက်သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ် အထက်တန်းကျောင်းစာအုပ်ထဲက ဖတ်ထားတာပေါ့"

ယန့်ပုကွေးက တအံ့တသြဖြင့်...

"အထက်တန်းကျောင်းစာအုပ်ဆိုတာ ဘယ်လိုရှေးဟောင်း

စာအုပ်မျိုးလဲ"

ဟု မေးလိုက်လေသည်။

အမှန်တော့ ယန့်ပုကွေးက စာဖတ်ဝါသနာပါသူတစ်ယောက်

မဟုတ်ပေ။ သူက စာအုပ်များစုဝေးရာ ထိုက်ဝေ့ထိုင်ခန်းမ

ဆောင်ကိုပင် မုန်းတီးမိသူ ဖြစ်လေသည်။ ထို့ကြောင့် ယန့်ပု ကွေးသည် ဗဟုသုတ ကြွယ်ဝလှသူ မဟုတ်ပေ။ သို့သော် အထက်တန်းကျောင်းစာအုပ်ဆိုသည့် စာအုပ်နာမည်ကတော့ တစ်ခါမှ မကြားဖူးသည့် ထူးဆန်းသည့် နာမည်တစ်ခု ဖြစ်နေ လေသည်။

"ရှေးဟောင်းစာအုပ် မဟုတ်ပါဘူးဗျာ ၊ အရင်တုန်းက ဖတ်ခဲ့တဲ့ စာအုပ်လေးတစ်အုပ်ပါ ၊ တကယ်တော့ တစ်နေ့ ကျင့်စဉ်လမ်း အောင်မြင်ရင် မိုးကောင်းကင်ကိုးထပ်ကိုကျော်ဖြတ်ပြီး အမြင့် ဆုံးကို ပျံသန်းချင်ခဲ့မိတာ ၊ ကြယ်တွေကြားမှာ ရွက်လွှင့်ရင်း ကြယ်တွေအကြောင်းလည်း လေ့လာချင်ခဲ့မိတာ"

ဆန်းလျန်က ပြောလိုက်လေသည်။

"ဂိုဏ်းချုပ် လောကကိုကျော်လွန်သွားတဲ့ တစ်နေ့ကျရင်တော့ အဲဒီလို ပျံသန်းချင်ရင် ပျံသန်းလို့ရနိုင်မှာပေါ့ ၊ ကျုပ်လည်း

ဂိုဏ်းချုပ်အဲဒီလိုပျံသန်းတာကို ထိုင်ကြည့်နေနိုင်ဖို့ မျှော်လင့်မိပါရဲ့"

ယန့်ပုကွေးက ရေရွတ်ပြောဆိုလိုက်လေသည်။

သူ၏ စကားဆုံးသွားသည်နှင့် ဆန်းလျန်ဆီမှ ဓားဝိညာဉ်တစ်ခု အရှန်ပြင်းပြင်းဖြင့် ပျံဝဲထွက်ခွာသွားလေသည်။ ဓားဝိညာဉ်မှ ရောင်စဉ်တန်းများ ဖြာထွက်နေလေသည်။ အလွန်မှ ခမ်းနားလွန်းပြီး တန်ခိုးစွမ်းအားမြင့်မားသည့် ဓားဝိညာဉ်တစ်ခု ဖြစ်လေသည်။ ဝိညာဉ်ထဲအထိ အံ့သြတုန်လှုပ်သွားစေသည့် ဓားဝိညာဉ်တစ်ခု ဖြစ်လေသည်။

ထိုအချိန်မှာပင် လေထဲတွင် လူရိပ်တစ်ခုပေါ်လာလေသည်။

ဓားဝိညာဉ်သည် ထိုအရိပ်ကို ရက်စက်စွာဖြင့် ထိုးခုတ်ချလိုက်လေသည်။

လူရိပ်မှာ အစိတ်စိတ်အမွှာမွှာပြိုကွဲသွားပြီး သဲလွန်စပင် မကျန်တော့ပေ။

ဆန်းလျန်သည် ယန့်ပုကွေးပေးထားသည့် ဘူးသီးခြောက်ထဲမှ အရက်များကို တစ်ရှိန်ထိုး မော့ချလိုက်လေသည်။ သူဝတ်ဆင်ထားသည့် တာအိုဝတ်ရုံသည် သူ၏မြင့်မြတ်ခမ်းနားမှုကို ဖုံးကွယ်ထား၍ မရနိုင်ပေ။ သူ့ဘေးနားတွင် စန္ဒကူးသစ်သားဓားတစ်လက် ရှိနေပြီး ဓားသွားတစ်လျှောက်တွင် အစိမ်းရောင်နှင့် အဝါရောင် စီးဆင်းနေလေသည်။ စောစောက လေထဲမှ ပေါ်လာသည့် လူရိပ်ကို ထိုးခုတ်ပစ်လိုက်သည်မှာ စန္ဒကူးဓားမှ ထုတ်လွှတ်လိုက်သည့် ဓားဝိညာဉ်ပင် ဖြစ်လေသည်။

ဆန်းလျန်က အရက်များထည့်ထားသည့် ဘူးသီးခြောက်ကို ယန့်ပုကွေးထံသို့ ပြန်ပေးလိုက်သည်။

"ခုန လူရိပ်ကို မင်းသိသလား"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချရင်း မေးလိုက်လေသည်။

"သဲလွန်စမကျန်ဘဲ ရောက်လာတယ် ၊ သဲလွန်စမကျန်ဘဲ ပျောက်ကွယ်သွားတယ် ၊ ဒါ မိုးကောင်းကင်နတ်မိစ္ဆာပဲ ဖြစ်ရမယ်"

ယန့်ပုကွေးက ပြောလိုက်လေသည်။

"အမှန်ပဲ..."

ဆန်းလျန်က ယန့်ပုကွေး၏ စကားကို ထောက်ခံလိုက်သည်။

"ဘယ်က မိုးကောင်းကင်နတ်မိစ္ဆာက ရောက်လာရတာလဲ ၊ ယန်ရှီးများလား ၊ ယန်ရှီးများ တိတ်တိတ်လေး ပြန်ရောက်လာတာလား"

ယန့်ပုကွေးက ယန်ရှီးဆိုသည့်အတွေးကို တွေးလိုက်မိရုံမျှဖြင့် ကြောက်ရွံ့တုန်လှုပ်သွားလေသည်။

ယန့်ပုကွေးက ယန်ရှီးနှင့်ရင်ဆိုင်ခဲ့ဖူးခြင်းမရှိပါ။

သို့သော် သူ၏ဆရာဖြစ်သူ အရက်သမားတာအိုဆရာကတော့ ယန်ရှီးဖြင့် တစ်ကြိမ်တိုက်ခိုက်ခဲ့ဖူးလေသည်။ ဆရာဖြစ်သူက

သူ့ကို ယန်ရှီးအကြောင်းပြောပြသည့်အချိန်တွင် ကြောက်ရွံ့နေခဲ့လေသည်။ သူ၏ဆရာကြောက်ရွံ့သည်ကို သူ့ဘဝတွင် ထိုတစ်ကြိမ်သာ တွေ့မြင်ခဲ့ဖူးလေသည်။

ဆန်းလျန်က ခေါင်းခါယမ်းလိုက်ရင်း...

"ယန်ရှီး မဟုတ်ပါဘူး ၊ ကျီဖူတောင်ထိပ်မှာ မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်ရှိနေတာ ၊ ဒါပေမယ့် ဘာမှမပြောပလောက်ပါဘူး ၊ ဒါပေမယ့် အခု ကျုပ်က ဖော့ဝမ့်အဆင့်ရောက်နေတော့ ရုပ်ခန္ဓာက မပြတ်မသားဖြစ်နေသလို စိတ်ကလည်း မိစ္ဆာစိတ်ထားတွေ ထွက်ပေါ်နေတယ်၊ ဒါကြောင့် ကျုပ်ရဲ့ မိစ္ဆာစိတ်ထားတွေက မိုးကောင်းကင်မိစ္ဆာဝိညာဉ်ထွက်ပေါ်လာအောင် ဆွဲဆောင်နေတာပဲ"

"ကျီဖူတောင်ထိပ်မှာ ဘယ်က ဘယ်လို မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်က ရှိနေရတာလဲ"

ယန့်ပုကွေးက တအံ့တသြဖြင့် ပြန်ပြောလိုက်လေသည်။

ယန့်ပုကွေး၏အမြင်ဖြင့်ပြောရလျှင် ထိုက်ယီတောင်ထိပ်တွင် မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်ရှိနေသည်ဆိုလျှင်တောင် လက်ခံနိုင်သေးသည်။ ကျီဖူတောင်ထိပ်တွင် မိုးကောင်းကင် နတ်မိစ္ဆာရှိသည်ဆိုသည့်အချက်ကို လက်ခံ၍မရပေ။ အဘယ်ကြောင့်ဆိုသော် ကျီဖူတောင်ထိပ်မှာ ရှေးဟောင်း စာအုပ်များနှင့် မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားသည့် ထိုက်ဝေ့ထိုင်ခန်းမဆောင် တည်ရှိရာနေရာ ဖြစ်သောကြောင့် ဖြစ်လေသည်။ ထိုက်ဝေ့ထိုင်ခန်းမဆောင်သည် ချင်းရှမ်နတ် တံခါး၏ နှလုံးသားဖြစ်လေသည်။ ထို့ပြင် ကျီဖူတောင်ထိပ် တွင် တရားအလင်းပွင့်ကာ နတ်ဘုရားအဆင့်တက်လှမ်းနိုင် သွားသည့် ကျင့်ကြံသူပေါင်း များစွာရှိလေသည်။ ထို့ကြောင့် သူတို့၏အငွေ့အသက်များက လည်း ကျန်ရှိနေဆဲဖြစ်လေ သည်။

ထို့ပြင် လက်ရှိအချိန်တွင်လည်း ချင်းရွှမ်နတ်တံခါး၏ ဆရာသခင်များက ကျိဖူတောင်ထိပ်တွင် နေထိုင်ကြလေသည်။ နတ်ဘုရားအဘိုးအိုသည်ပင်လျှင် ချင်းရွှမ်မှ ထွက်ခွာမသွားမီက ကျိဖူတောင်ထိပ်မှ ထိုက်ဝေ့ထိုင် ခန်းမဆောင်တွင် တစ်ဖဝါးမှ မခွာဘဲ နေထိုင်ခဲ့သူ ဖြစ်လေသည်။

"ဒါကြောင့် ဒီရက်တွေမှာ ကျုပ်ကျိဖူတောင်ထိပ်မှာ လာနေတာပေါ့၊ ဖော့ဝမ့်အဆင့်ကိုကျော်ဖြတ်ပြီး နတ်ဘုရား အဖြစ် တက်ရောက်တဲ့အဆင့်က ထင်ယောင်ထင်မှားဖြစ်တဲ့အဆင့်နဲ့ ဆင်တူတယ်လေ"

ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်၏ရုပ်ခန္ဓာမှာ မပြတ်မသားဖြစ်နေသည့်အတွက် ထင်ယောင်ထင်မှားအတွေးများကို တစ်ခါတစ်လေ လျှောက်ပြောနေတတ်လေသည်။ ထို့ပြင် သူ၏ထင်ယောင်ထင်မှား အတွေးများကြောင့်လည်း မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်က

ထွက်ပေါ်လာခြင်းဖြစ်လေသည်။မိုးကောင်းကင်နတ်မိစ္ဆာ

ဝိညာဉ်မှာ တိတ်ဆိတ်စွာပုန်းအောင်းနေသည့်တိုင်အောင် ဆွဲ

ဆောင်မှုများကြောင့် မနေနိုင်ဘဲ ထွက်ပေါ်လာရခြင်းဖြစ်လေ

သည်။

မိုးကောင်းကင်နမိစ္ဆာဝိညာဉ်ကိုတွေ့ရသည်မှာ ဆန်းလျှန်

အနေဖြင့် ယခုအကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်ပေ။

ထို့ပြင် မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်သည် ကျိဖူတောင်ထိပ်

တွင် မည်သည့်နေရာတွင် ပုန်းအောင်း နေသည်လဲ ဆိုသည်ကို

ဆန်းလျှန်လည်း ရှာဖွေတွေ့ရှိနိုင်ခြင်း မရှိသေးပေ။

"ဒီကိစ္စကို ရှင်းလင်းအောင်လုပ်ရမယ် ၊ ဒါပေမယ့် ဒီကိစ္စမျိုး

ဖြစ်နေတာကို ဆရာဘိုးဘိုးက အရင်ကတည်းက မသိခဲ့ဘူး

လား"

ယန့်ပုကွေးက မေးလိုက်သည်။

ယန့်ပုကွေးမေးသည့်မေးခွန်းမျိုးကို ဆန်းလျန်လည်း သူ့ကိုယ်သူ မေးကြည့်ပြီးပြီ ဖြစ်လေသည်။ ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင်နေထိုင်သည့် ဆရာဘိုးဘိုးသည် မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်ကိစ္စကို မသိဆိုသည့်အချက်မှာ မဖြစ်နိုင်သည့် ကိစ္စပင်ဖြစ်လေသည်။

ဆန်းလျန်သည် စကားပြန်မပြောဘဲ အတန်ကြာတိတ်ဆိတ်နေလေသည်။ ထို့နောက် သူက ကောင်းကင်ထက်သို့ တစ်ချက်မော့ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်လည်း အဲဒီကိစ္စကို စဉ်းစားနေတာပါပဲ ၊ အင်း.... အရင်တုန်းက ချင်းရှမ်နတ်တံခါးမှာ ယန်ရှီးဆိုတဲ့သူက ဘာတန်ခိုးစွမ်းအားမှ ရှိတာမဟုတ်ဘူး ၊ ဒါပေမယ့် ပကတိဖန်ဆင်းခြင်းပညာကို သူဘယ်ကနေရယူ ခဲ့တာလဲ ၊ သူက အဲဒီမိစ္ဆာကျင့်စဉ်ကို လျှို့ဝှက်ကျင့်ကြံနေခဲ့တာ ၊ သူ့ရဲ့ကျင့်စဉ်က အောင်မြင်ခါနီးအချိန်မှာ ကျုပ်ရဲ့ဆရာ ပိယွင်နတ်သမီးက သိသွားခဲ့တာ"

"မဖြစ်နိုင်တာပဲ ၊ ဒါတွေ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ယန့်ပုကွေးက ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ပြောလိုက်သည်။

သူကြားရသည့်စကားများသည် ဆန်းလျန်ဆီမှကြားရခြင်းသာ မဟုတ်လျှင် သူလုံးဝယုံကြည်နိုင်လိမ့်မည် မဟုတ်ပေ။

ယန့်ပုကွေးက ကြိုးစားပြီး ပြုံးလိုက်သည်။

"ဘာလို့ ဂိုဏ်းချုပ်က ကျုပ်ကို ဒီကိစ္စတွေ ပြောပြနေရတာလဲ ဗျ ၊ ဂိုဏ်းတူအစ်မကူးချိုင်ဝေ့နဲ့ ဂိုဏ်းတူညီလေး လူစောယိတို့က ဂိုဏ်းချုပ်နဲ့ ပိုပြီးရင်းနှီးကြတဲ့သူတွေပဲ ၊ သူတို့ကိုတော့ ဘာလို့ ဒီအကြောင်းတွေ ပြောမပြရတာလဲ"

ဆန်းလျန်က အပြုံးပါးပါးလေး တစ်ချက်ပြုံးလိုက်ရင်း...

"အရင်တုန်းက မင်းက သိပ်ပြီးသတ္တိရှိတဲ့သူပါ ၊ ဘာမဆိုလုပ်ရဲတယ် ၊ ခုတော့ ဘာလို့ကြောက်နေရတာလဲ"

ဆန်းလျှန်၏စကားကြောင့် ယန့်ပုကွေးမှာ မည်သို့ပြန်ပြောရမည် မသိတော့ပေ။ သူက ဘူးသီးချောက်ထဲမှ အရက် တစ်ကျိုက်မော့သောက်လိုက်လေသည်။

"ပြောပြသင့်တယ်ထင်လို့ ပြောပြရတာပေါ့ဗျာ ၊ ပြီးတော့ ကျုပ်ခန့်မှန်းမိသလောက် ဒီပြဿနာတွေအားလုံးရဲ့ တရားခံက ဆရာဘိုးဘိုးများလားလို့ စဉ်းစားမိတယ် ၊ ဒီ မိုးကောင်းကင်မိစ္ဆာဝိညာဉ်ကိုလည်း ဆရာဘိုးဘိုးက ဘာမှ မလုပ်ဘူးလေ ၊ ဂိုဏ်းတူအစ်မကို ကျုပ်ပြောမပြခဲ့ဘူးဆိုတာက အစ်မ မခံစားနိုင်ဖြစ်သွားမှာ စိုးလို့ပါ ၊ စောယိကိုလည်း မပြောပြချင်ဘူး ၊ ဘာလို့လဲဆိုတော့ သူက သိပ်ကိုဖြောင့်မတ်လွန်းတဲ့ သူတစ်ယောက်ဖြစ်လို့ပဲ ၊ ပြီးတော့ အခု ကျုပ်တို့နှစ်ယောက် ပြောကြတဲ့စကားတွေကိုလည်း ရယ်စရာအဖြစ် ပြောကြတယ်လို့ပဲ သဘောထားလိုက်ပါဗျာ ၊ ဒီညလိုမျိုး ရာသီဥတု

ကြည်လင်တဲ့ ညမှာ အရက်ကောင်းလေးသောက်ရတဲ့အရာသာ ပျက်သွားပါဦးမယ်"

ဆန်းလျန်က ခံစားချက်ကင်းမဲ့သည့် မျက်နှာအမူအရာဖြင့် ပြောလိုက်သည်။

ဆန်းလျန်နှင့် ယန့်ပုကွေးမှာ တစ်ညလုံးအရက်သောက်နေကြပြီး နောက်ဆုံးတော့ ဘူးသီးခြောက်ထဲမှ အရက်များအားလုံး ကုန်သွားလေသည်။

ယန့်ပုကွေး၏ရင်ထဲတွင် နာကျင်နေလေသည်။

အရုဏ်တက်လာသည်နှင့် သူက ကျိဖူတောင်ထိပ်မှ ထွက်ခွာသွားလေသည်။

သူဆန်းလျန်နှင့် နောက်ထပ်တစ်ကြိမ် မတွေ့လိုတော့ပေ။

သူက သူ၏ဆရာဖြစ်သူ အရက်သမား တာအိုဆရာနေထိုင်ရာ တာအိုကျောင်းဆောင်လေးသို့ တန်းတန်းမတ်မတ် သွားရောက်လိုက်လေသည်။ ဆရာနှင့်တွေ့ခွင့်မရလျှင်တောင်မှ ဆရာဖြစ်

သူ၏ အရက်ကန်ထဲမှ အရက်များခိုးယူသွားရန် တွေးလိုက်မိ

လေသည်။

အခန်း (၂၉၉)

အစိမ်းသရဲမြို့တော်

ယန့်ပုကွေး ထွက်ခွာသွားပြီ ဖြစ်လေသည်။

ဆန်းလျန်ကတော့ ကျီဖူတောင်ထိပ်တွင် တစ်ယောက်တည်း

ကျန်ရစ်ခဲ့လေသည်။

သူက ကျီဖူတောင်ထိပ်တွင် တင်ပျဥ်ခွေချိတ်ထိုင်နေလေ

သည်။ ခရမ်းရောင်တိမ်တိုက်များက သူ့ကို ဝန်းရံနေကြလေ

သည်။ သူ၏ပုံသဏ္ဍာန်ကို မြင်တွေ့ရသည်မှာ အထီးကျန်ဆန်လွန်းလှလေသည်။

ကူးချိုင်ဝေ့က ဆန်းလျန်ကို လာကြည့်သွားသေးသည်။

ဆန်းလျန်အေးအေးဆေးဆေး တရားထိုင်နေသည်ကို တွေ့ရသည့်အတွက် သူမက မနှောက်ယှက်တော့ဘဲ ပြန်လည်ထွက်ခွာသွားလေသည်။ ဆန်းလျန်နှင့် ကူးချိုင်ဝေ့မှာ လွန်ခဲ့သည့်တစ်လခန့်က တွေ့ဆုံခဲ့ပြီးသည့်နောက် တွေ့ဆုံဖြစ်ခဲ့ခြင်း မရှိပေ။ ယခု ဆန်းလျန်၏အခြေအနေကိုကြည့်ရသည်မှာ အလွန်မှ အဆင်ပြေနေပုံရလေသည်။

ဆန်းလျန်မှာ ဆံစမှ ခြေဖျားအဆုံး သန့်စင်ကြည်လင်နေပြီး ကိုယ်ရောင်ကိုယ်ဝါများလည်း တောက်ပလျှက်ရှိလေသည်။ သူ့ကိုကြည့်ရသည်မှာ ဖယောင်းရုပ်လေးတစ်ရုပ်နှင့်ပင် တူလေသည်။ သို့သော် သူ၏ခန္ဓာကိုယ်ကတော့ ဖန်သားပြင်အလား ကြည်လင်နေပြီး ဖုံမှုန့်လေးတစ်စပင် ကပ်ငြိနေခြင်းမရှိပေ။

ဆန်းလျန်၏ ဩဇာတိက္ကမနှင့် ပြည့်စုံသည့်ပုံသဏ္ဌာန်မှာ အလွန်မှ ခမ်းနားလွန်းလေသည်။ သူ၏ပုံစံမှာ လောကကို ကျော်လွန်သွားသည့် မိုးကောင်းကင်ကိုးထပ်မှ နတ်ဒေဝါများအလားပင် ဖြစ်လေသည်။

သို့သော် ဆန်းလျန်၏ မျက်ဝန်းများကို ကြည့်မိမည်ဆိုလျှင်တော့ ထိတ်လန့်တုန်လှုပ်သွားမည်မှာ အမှန်ပင် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏ မျက်ဝန်းများမှာ တောက်ပမှုမရှိဘဲ အခေါင်းပေါက်ကြီးအလား ဖြစ်နေသောကြောင့်ပင်။

ထိုမျက်လုံများမှာ လူသားတစ်ယောက်၏ မျက်လုံးများမဟုတ်ပါ။ ထို့အတူ နတ်ဘုရားတစ်ပါး၏ မျက်လုံးများလည်း မဟုတ်ပေ။

ဆန်းလျန်မှာ ရုပ်ခန္ဓာအခွံကြီးသာကျန်ရှိနေပြီး ဝိညာဉ်က ထွက်ခွာသွားပြီ ဖြစ်လေသည်။

ဆန်းလျန်၏ ဝိညာဉ်သည် သူ၏ ခန္ဓာကိုယ်ထဲတွင် ရှိမနေတော့ပေ။ သူ၏ဝိညာဉ်သည် ထိုက်ဝေ့ထိုင်ခန်းမဆောင်အတွင်းသို့ ရောက်ရှိနေလေသည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင်သည် ထူးဆန်းလွန်းသည့် ခန်းမဆောင်တစ်ခုဖြစ်လေသည်။ မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်သည် ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ ထို့ကြောင့် မည်သူမျှ သတိမထားမိခြင်းဖြစ်လေသည်။ ထိုမိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ်သည် ထိုက်ဝေ့ထိုင်ခန်းမဆောင်နှင့် တစ်သားတည်းပေါင်းစပ်နေဟန်ရှိပြီး မိစ္ဆာဝိညာဉ်လည်းဖြစ်နိုင်သလို တာအိုဝိညာဉ်လည်း ပြောင်းလဲနိုင်စွမ်းရှိလေသည်။

ဆန်းလျန်၏ ရုပ်ခန္ဓာသည် ကျီဖူတောင်ထိပ်ရှိ အစိမ်းရောင်ကျောက်တုံးကြီးပေါ်တွင် ထိုင်လျှက်ရှိနေလေသည်။ မိုးမြေစွမ်းအားများကို စုပ်ယူကာ အသက်ရှုသွင်းရှုထုတ် ပြုလုပ်နေ

လေသည်။ ပတ်ဝန်းကျင်တွင် သစ်ခွပန်းလေးများက လှပစွာ
ပွင့်လန်းနေလေသည်။ နှင်းစက်လေးများက ကျောက်တုံးကြီး
ပေါ်သို့ တစ်စက်ချင်း ကျနေပြီး ဆန်းလျန်၏ကောင်းမြတ်ခြင်း
တရားများနှင့် ပေါင်းစပ်သွားကာ ကျောက်တုံးကြီးမှာ အသက်
ဓာတ်စွမ်းအားများနှင့် ပြည့်ဝနေလေတော့သည်။
အစိမ်းရောက်ကျောက်တုံးကြီးသည် အနည်းငယ်မျှလောက်
သော အသက်ဓာတ်စွမ်းအားပမာဏလေးများကို နှစ်ပေါင်း
များစွာ စုပ်ယူလာလေရာ ယခုအချိန်တွင်တော့ အသက်ဓာတ်
စွမ်းအားများ ပြင်းထန်နေပြီး သတ္တဝါကြီး တစ်ကောင်အလား
ပင် ပြောင်းလဲနေပြီဖြစ်လေသည်။
သို့သော် ဆန်းလျန်ကတော့ ထိုကျောက်တုံးကြီးအကြောင်းကို
စိတ်မဝင်စားနိုင်အားပါ။ သူ၏ဝိညာဉ်သည် ထူးဆန်းသည့်
နေရာတစ်ခုသို့ ရောက်ရှိနေလေသည်။

အကန့်အသတ်မရှိသည့် စကြာဝဠာကြီးထဲတွင် လူသားခန္ဓာဖြင့် သွားရောက်နိုင်ခြင်းမရှိသည့် နယ်ပယ်ပေါင်းများစွာ ရှိလေသည်။ စိတ်အာရုံစူးစိုက်မှုကိုအသုံးပြုပြီး အာရုံခံကြည့်မည်ဆိုလျှင်ပင် ထိုကဲ့သို့သော နေရာမျိုးများကို အာရုံခံ၍ ရနိုင်မည်မဟုတ်ပေ။ သို့သော် ထိုနေရာများသည် အမှန်တကယ် တည်ရှိသည့် နေရာများ ဖြစ်လေသည်။

ထိုနေရာများသည် အိပ်မက်မက်သည်နှင့်ဆင်တူလေသည်။ တစ်ခါတစ်ရံတွင် လူသားများသည် မိမိတို့ တစ်ခါမှ မရောက်ဖူးသည့်နေရာများကို အိမ်မက်ထဲတွင် ရောက်သွားတတ်ကြလေသည်။ အိမ်မက်မှ နိုးထလာသည့်အခါ ထိုနေရာများမှာ လူ့လောကတွင် မည်သည့်နေရာတွင်မှ မရှိသည့် နေရာများ ဖြစ်နေတတ်လေသည်။

ဆန်းလျန်၏ဝိညာဉ်မှာ မိုးကောင်းကင်နတ်မိစ္ဆာဝိညာဉ် နောက်သို့ လိုက်ရင်း ထိုက်ဝေ့ထိုင်ခန်းမဆောင်အတွင်းသို့

ရောက်ရှိလာခြင်း ဖြစ်လေသည်။ သို့သော် ရုတ်တရက်ပင် ဆန်းလျှန်၏ဝိညာဉ်သည် ထူးဆန်းသည့်နေရာတစ်ခုသို့ ရောက်ရှိသွားလေသည်။ သူ့ရှေ့တွင် မြို့ရိုးကြီးတစ်ခုကို တွေ့လိုက်ရလေသည်။ ထိုမြို့ရိုးတံခါးထိပ်တွင် စကားလုံးခြောက်လုံးရေးသားထားလေသည်။

"အစိမ်းသရဲမြို့တော်"

အစိမ်းသရဲမြို့တော်ဆိုသည်မှာ အစိမ်းသေဖြင့်သေပြီးသည့်နောက် တစ္ဆေသရဲဖြစ်နေသူများ နေထိုင်ရာ မြို့တော် ဖြစ်လေသည်။ ကိုယ့်ကိုကိုယ်သတ်သေကြသူများ ၊ အန္တရယ်ကျရောက်ပြီးသေကြသူများ ၊ စစ်အတွင်းသေကြသူများ ၊ မတော်တဆမှုများဖြင့်သေကြသူများ ၊ အသတ်ခံခံရသူများ စသည့်အစိမ်းသေဖြင့် သေသည့်လူများသည် အစိမ်းသရဲမြို့တော်သို့ ရောက်ရှိလာကြ ရလေ့ရှိလေသည်။

အစိမ်းသရဲမြို့တော်သည် အသူရာချောက်ကိုးထပ်နှင့်
သက်ဆိုင်သည့် နေရာတစ်ခုမဟုတ်ပေ။ အစိမ်းသေသေကြ
သူများသည် များသောအားဖြင့် ကျွတ်လွတ်နိုင်ခြင်းမရှိကြ
ပေ။ သူတို့သည် နေရာအတည်တကျမရှိ လေလွင့်ဝိညာဉ်များ
အဖြစ် ဝမ်းနည်းပူဆွေးနေကြရလေသည်။ ဗုဒ္ဓဘာသာဂိုဏ်း
တစ်ဂိုဏ်းမှ တရားအလင်းရသွားသည့် ဘုန်းတော်ကြီးတစ်ပါး
သည် ထိုဝိညာဉ်များကို ကိုယ်ချင်းစာသည့်စိတ်ဖြင့်
အစိမ်းသရဲမြို့တော်ကို တည်ထောင်ပေးခဲ့ခြင်းဖြစ်လေသည်။
အစိမ်းသရဲမြို့တော်သို့ မည်သည့်သက်ရှိသတ္တဝါမှ ဝင်ရောက်
နိုင်ခြင်း မရှိပေ။ အချို့သောလောကနတ်ဘုရားများကတော့
ထူးဆန်းသည့်ကျင့်စဉ်ပညာများအသုံးပြု၍ ဝင်ရောက်နိုင်
လေသည်။ သို့သော် သက်ရှိလူသားများကတော့ ဝင်ရောက်နိုင်
ခြင်းမရှိကြပေ။ ထိုနေရာသည် အစိမ်းသေ သေသူများအတွက်
သီးသန့်တည်ထားသည့် နေရာတစ်ခု ဖြစ်လေသည်။

ဆန်းလျန်မှာတော့ သက်ရှိလူသားတစ်ဦးဖြစ်လေသည်။

သို့သော် သူက ဝိညာဉ်ခရီးသွားပုံစံမျိုးဖြင့် အစိမ်းသရဲ

မြို့တော်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

အစိမ်းသရဲမြို့တော်သည် ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲတွင်

တည်ရှိနေခြင်း ဖြစ်နိုင်လေသည်။ အထူးဖန်ဆင်းထားသည့်

နေရာတစ်ခုဖြစ်သည့်အတွက် ချင်းရှမ်နတ်တံခါးမှ မည်သည့်

ကျင့်ကြံသူကမှ ထိုနေရာကို ရှာဖွေဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပေ။

အစိမ်းသရဲမြို့တော်တွင် ဝိညာဉ်စွမ်းအားများ ရှိမနေပါ။

အသက်ဓာတ်စွမ်းအားများလည်း ရှိမနေပါ။

ဆန်းလျန်သည် အစိမ်းသရဲမြို့တော်အတွင်းသို့ လှမ်းဝင်လိုက်

သည်။ သို့သော် ဆန်းလျန် ခြေတစ်လှမ်းလှမ်းလိုက်ရုံသာရှိ

သေးသည် အလွန်လျှင်မြန်သည့်အရှိန်အဟုန်ဖြင့် အစိမ်းသရဲ

မြို့တော်အတွင်းသို့ ချက်ချင်း ရောက်ရှိသွားလေတော့သည်။

အစိမ်းသရဲမြို့တော်ထဲတွင် ဆိုင်ခန်းပေါင်းများစွာနှင့် ပျံကျ ဈေးဆိုင်ပေါင်းများစွာကို တွေ့ရလေသည်။ ထို့ပြင် လက်ပွေ့ လမ်းလျှောက်ဈေးသည်များလည်း များစွာရှိနေသေးသည်။ မြို့တော်ထဲတွင် မြစ်တစ်စင်းလည်း စီးဆင်းနေလေသည်။ ထို မြစ်၏ပုံသဏ္ဌာန်မှာ ဝိညာဉ်မြစ်နှင့် ဆင်တူလေသည်။ မတူညီ သည့်အချက်မှာတော့ မြစ်ကမ်းတစ်လျှောက်လုံးတွင် လူနေအိမ်ခြေများဖြင့် ပြည့်နေခြင်းပင် ဖြစ်လေသည်။

နွားများ ၊ မြည်းများ ၊ လှည်းများ ၊ ဝေါယာဉ်များ ၊ လှေများကို လည်း အမျိုးအစားစုံလင်စွာဖြင့် မြင်တွေ့နိုင်လေသည်။ အိမ် များမှာလည်း အကြီးအငယ် အရွယ်စုံလင်စွာဖြင့် ရှိနေပြီး တံတားများ ၊ မျှော်စင်များ ၊ အဆောက်အဦကြီးများကိုလည်း တွေ့ရလေသည်။

အစိမ်းသရဲမြို့တော်သာဆိုရသည် အရာအားလုံးသည်
လူ့လောကမှ မြို့တစ်မြို့နှင့်မခြား အားလုံးနီးပါးဆင်တူနေလေ
သည်။

ဆန်းလျန်သည် မြို့တော်ထဲတွင် စိတ်လက်ပေါ့ပါးစွာပင်
လမ်းလျှောက်လာလေသည်။ သူ့ကိုကြည့်ရသည်မှာ မြို့တော်
အတွင်းသို့ အလည်အပတ်ထွက်လာသည့် သခင်လေးတစ်ပါး
နှင့်ပင် ဆင်တူလေသည်။

သခင်လေးတစ်ပါးဖြင့်ပိုတူစေရန်အတွက် ယပ်တောင်တစ်
ချောင်းတော့ ဝယ်မှပဲဟု ဆန်းလျန် တွေးလိုက်မိသည်။ သူ့
အတွေးဆုံးသွားသည်နှင့် ယပ်တောင်များရောင်းချသည့်
ဈေးဆိုင်ငယ်တစ်ခု သူ့ရှေ့တွင် ချက်ချင်း ပေါ်လာလေသည်။
ဆန်းလျန်၏ စိတ်ထဲတွင် ထူးဆန်းသွားရလေသည်။

ဆန်းလျန်က ယပ်တောင်များကို တစ်ချောင်းပြီးတစ်ချောင်း ရွေးခြယ်နေပြီးမှ ယပ်တောင်တစ်ချောင်းကို ကောက်ကိုင်လိုက်သည်။

"ဒီယပ်တောင်က ဘယ်လောက်လဲ"

ဟု မေးလိုက်လေသည်။

"ကြေးပြားဆယ်ပြား"

ဆိုင်ရှင်က ပြန်ဖြေလိုက်သည်။

ဆန်းလျန်က ယပ်တောင်ကို ပြန်ချလိုက်ပြီး နောက်ထပ် ယပ်တောင်တစ်ချောင်းကို ကောက်ကိုင်လိုက်ပြန်သည်။

"ဒီယပ်တောင်ကရော ဘယ်လောက်လဲ"

"ကြေးပြားဆယ်ပြား"

ဆိုင်ရှင်က ပြန်ဖြေလိုက်ပြန်သည်။

ဒုတိယယပ်တောင်မှာ ပထမယပ်တောင်ထက်ပိုပြီး လှပသလို လက်ရာလည်း သေသပ်လှပလေသည်။ သို့သော် ရောင်းသူ

ကတော့ "ကြေးပြားဆယ်ပြား" ဟူ၍သာ တွင်တွင်ပြောနေလေ

တော့သည်။

ဆန်းလျန်က ယပ်တောင် တစ်ချောင်းပြီးတစ်ချောင်းပြကာ

ဈေးများမေးလိုက်လေသည်။ သို့သော် ဈေးနှုန်းမှာ "ကြေးပြား

ဆယ်ပြား" မှ လွဲပြီး ပြောင်းလဲသွားခြင်းမရှိပေ။

ဆန်းလျန်သည် အခြားဈေးသည်များဆီသို့ လှည့်လည်

သွားလာရင်း ဈေးများမေးကာ စမ်းသပ်မှုများပြုလုပ်ကြည့်

လိုက်လေသည်။ ဈေးသည်အများစုသည် တူညီသည့်စကား

တစ်ခွန်း နှစ်ခွန်းမျှကိုသာ ပြောကြလေသည်။ အချို့ဈေးသည်

များဆိုလျှင် စကားပင် မပြောကြပေ။ သူတို့အားလုံး၏

အပြုအမူများမှာလည်း အတူတူပင် ဖြစ်နေကြလေသည်။

သူတို့သည် သေပြီးသောသူများ၏ ဝိညာဉ်များဖြစ်ကြလေ

သည်။

သို့သော် သစ်ပင်များနှင့် ကျောက်တုံးများအလား ခံစားချက်လည်းမရှိ ၊ အသိစိတ်လည်းမရှိကြပေ။

အတိအကျပြောရလျှင် အစိမ်းသရဲမြို့တော်မှ ဝိညာဉ်များကို ဝိညာဉ်ဟူ၍ပင် ဆို၍မရနိုင်ပေ။ ဝိညာဉ် ၊ တစ္ဆေသရဲဆိုသည်က အသိစိတ်ရှိနေသေးသည်။ အချို့တစ္ဆေသရဲများဆိုလျှင် လူနှင့်ပင် အင်မတန်နီးစပ်ပြီး အသိစိတ်မြင့်မားကြသေးသည်။

အစိမ်းသရဲမြို့တော်မှ ဝိညာဉ်များကတော့ အရေးကြီးသည့် တစ်စုံတစ်ခုကို ဆုံးရှုံးထားကြပုံ ရလေသည်။ ထိုအရာမှာ "ဝိညာဉ်အလင်းဓာတ်" ဖြစ်လေသည်။

သက်ရှိသတ္တဝါတိုင်းနှင့် ဝိညာဉ်တိုင်းတွင် ဝိညာဉ်အလင်းဓာတ် ရှိကြလေသည်။ ထို့ကြောင့် ကိုယ်ပိုင်ဖြစ်တည်မှုနှင့် အသိတရား ရှိကြခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် အစိမ်းသရဲမြို့တော်တစ်ခုလုံးကို လှည့်လည်ကြည့်ရှု စစ်ဆေးကြည့်လိုက်လေသည်။ နောက်ဆုံးတွင်တော့

ဝိညာဉ်အားလုံးမှာ ဝိညာဉ်အလင်းဓာတ်များ ဆုံးရှုံးထားကြ

သည်ကို သူသဘောပေါက်လိုက်လေသည်။

သို့သော် ဆန်းလျန်သည် ထိုလေလွင့်ဝိညာဉ်များထဲတွင် မိုး

ကောင်ကင်နတ်မိစ္ဆာဝိညာဉ်ကို အရိပ်အယောင်ပင် မတွေ့ရပေ။

အစိမ်းသရဲမြို့တော်တွင် ဆန်းလျန် မသွားရသေးသည့် နေရာ

တစ်နေရာ ကျန်ရှိနေသေးသည်။

အဘယ်ကြောင့် ထိုနေရာသို့ မသွားရသေးပါသနည်း။ ထိုနေရာ

သည် ရုတ်တရက်ပင် ပေါ်ပေါက်လာသည့် နေရာတစ်ခု ဖြစ်

သောကြောင့် ဖြစ်လေသည်။

ရုတ်တရက်ပေါ်ပေါက်လာသည့် တာအိုကျောင်းဆောင်တစ်ခု

ဖြစ်လေသည်။

ဆန်းလျန်သည် တာအိုကျောင်းဆောင်အတွင်းသို့ ဝင်ရောက်

သွားလေသည်။ သူ၏စိတ်ထဲတွင် ထိုတာအိုကျောင်းဆောင်ကို

ရင်းနှီးနေသလို ခံစားလိုက်ရလေသည်။ ထိုတာအို

ကျောင်းဆောင်မှာကျီဖူတောင်ထိပ်မှ ဆရာဘွားဘွားလီချင်း ဆွေ၏ ကျောက်နံရံများဖြင့်ကာရံထားသည့် တာအို ကျောင်းဆောင်နှင့် ဆင်တူနေလေသည်။ ကျောင်းဆောင်ထဲ တွင် ဆရာဘွားဘွားလီချင်းဆွေ၏ ပုံတူပန်းချီကားကို တွေ့ရ လေသည်။ အထီးကျန်ဆန်သည့်တိုင် စိုးရိမ်စိတ်မရှိ လွတ်လပ် သည့် အမူအရာကို တွေ့မြင်ရလေသည်။

ဆရာဘွားဘွား၏ပန်းချီကားဘေးတွင် နောက်ထပ် ပန်းချီကား တစ်ခု ချိတ်ဆွဲထားလေသည်။ ထိုပန်းချီကားမှာ မိန်းမပျိုတစ် ယောက်၏ ပုံတူပန်းချီကားဖြစ်လေသည်။ အမျိုးသမီးတာအို ကျင့်ကြံသူတစ်ယောက်ဖြစ်ကြောင်းကို မြင်ရုံဖြင့် သိနိုင်လေ သည်။

သူမ၏အလှတရားမှာ ထူးခြားပြီး ကျက်သရေရှိလှလေသည်။ သူမကို တွေ့မြင်ရသည်မှာ နူးညံ့သည့် အပြာရောင်တိမ်တိုက် လေးတစ်ခုကို တွေ့မြင်ရသည့်အလားပင် ခံစားရလေသည်။

ထိုမိန်းမပျို၏ ပန်းချီကားကို ယခင်ကလည်း ဆန်းလျန် မြင်တွေ့ဖူးလေသည်။ သူမသည် ကျိုလင်နတ်သမီး၏တပည့် ၊ ဆန်းလျန်နှင့်တစ်ကြိမ်တစ်ခါမျှပင် ဆုံတွေ့လိုက်ရခြင်းမရှိသည့် ဆန်းလျန်၏ ဆရာဖြစ်သူ ပိယွင်နတ်သမီးပင် ဖြစ်လေသည်။

ပိယွင်နတ်သမီး၏ ပန်းချီကားကို ကူးချိုင်ဝေ့ သူ့ကိုပြသည့် အချိန်တုန်းက သူဂါရဝပြုခဲ့ဖူးလေသည်။

အမှန်တော့ ကျိုလင်နတ်သမီးသည် ပိယွင်အပေါ်တွင် မျှော်လင့်ချက်များစွာ ထားရှိခဲ့သူ ဖြစလေသည်။

ထို့ကြောင့်လည်း ကျိုလင်နတ်သမီးသည်ချင်းရွှမ်နတ်တံခါး အတွက်ရော တပည့်ဖြစ်သူ ပိယွင် အတွက်ပါ ယန်ရှီးကို အလွတ်မပေးဘဲ လက်စားချေခဲ့ခြင်း ဖြစ်လေသည်။ သူမသည် ယန်ရှီးနောက်သို့ ဆယ်နှစ်ကျော်ကြာအောင် လိုက်လံလက်စားချေခဲ့သူ ဖြစ်လေသည်။

အကယ်၍ ပိယွင်သာ သေဆုံးသွားခြင်းမရှိဘဲ နတ်ဘုရား တစ်ပါးအဖြစ် တက်ရောက်နိုင်ခဲ့ပါက ချင်းရှမ်နတ်တံခါးသည် ယခုကဲ့သို့ ဆုတ်ယုတ်ကျဆင်းသည့်အနေအထားသို့ ရောက်ရှိလာမည် မဟုတ်ပေ။

ဆန်းလျန် အတွေးထဲတွင် နစ်မျောနေသည့်အချိန်...

ဓားဝိညာဉ်တစ်ခုသည် တိတ်ဆိတ်စွာဖြင့် ထွက်ပေါ်လာလေသည်။

ထိုဓားဝိညာဉ်မှာ အလွန်ရင်းနှီးနေသည်ဟု ဆန်းလျန် ခံစားလိုက်ရလေသည်။ ထိုဓားဝိညာဉ်မှာ ချန်ကျန့်မေ၏ သဏ္ဍာန်မဲ့ဓားဝိညာဉ်ပင် ဖြစ်လေသည်။ သဏ္ဍာန်မဲ့ဓားဝိညာဉ်မှာ ပြီးပြည့်စုံလုနီးပါး ထက်မြက်နေလေသည်။ ကြည့်ရသည်မှာ ချင်းရှမ်နတ်တံခါးတွင် ချန်ကျန့်မေအပြင် သဏ္ဍာန်မဲ့ဓားသိုင်းပညာဖြင့် ဟိုင်သန်းအဆင့်ကို တက်ရောက်ခဲ့သည့် တပည့်တစ်ယောက် ရှိခဲ့ပေလိမ့်မည်။

သို့သော် ထိုသူ၏ သဏ္ဍာန်မဲ့ဓားသိုင်းပညာသည် ချန်ကျန့်မေ ထက်တော့ သာလွန်ခြင်း မရှိပေ။

ဓားဝိညာဉ်သည် ဆန်းလျန်နှင့် နီးကပ်လာလေသည်။ ဆန်းလျ န်သည် ပါးစပ်ကို အသာဖွင့်ဟလိုက်လေသည်။ ဆန်းလျန် ပါးစပ်အတွင်းမှ ကြီးမားသည့်တန်ခိုးစွမ်းအားတစ်ခု ထွက် ပေါ်လာပြီး ဓားဝိညာဉ်ကို မျိုချပစ်လိုက်လေတော့သည်။

ထိုအချိန်မှာပင်...

ကောင်းကင်ထက်မှ ဓားတစ်လက်ကိုကိုင်ထားသည့် တာအို ဆရာတစ်ယောက်သည် ဆန်းလျန်ကို ဓားဖြင့်ထိုးစိုက်ရန် ခုန် ဝင်လာလေတော့သည်။

အခန်း (၃၀၀)

ထိုက်ဝေ့

ဆန်းလျန်က ပါးစပ်ကိုဖွင့်လိုက်ပြီး ဓားဝိညာဉ်ကို ပြန်အန်ထုတ်လိုက်လေသည်။ ဓားဝိညာဉ်မှာ ဆန်းလျန် မျိုချလိုက်စဉ်ကထက်ပင် စွမ်းအားကြီးမားနေသေးသည်။

တာအိုကျောင်းဆောင်၏ ခန်းမကြီးမှာ တုန်လှုပ်လာလေသည်။ ကျောက်နံရံများအက်ကွဲသည့် ကျယ်လောင်သည့် အသံကြီးများလည်း ထွက်ပေါ်လာလေသည်။ ကောင်းကင်ထက်မှ ဆင်းသက်လာသည့် တာအိုဆရာမှာ ဆန်းလျန် အန်ထုတ်လိုက်သည့် ဓားဝိညာဉ်နှင့် ထိမိသည်နှင့် လေထဲတွင် ပျောက်ကွယ်သွားလေသည်။

ထိုသူဝတ်ဆင်ထားသည့် တာအိုဝတ်ရုံမှာ အစိတ်အစိတ်အမွှာ

မွှာကွဲကြေသွားပြီး မြေပြင်ထက်သို့ ပျံ့ကျဲကျရောက်သွားလေ

သည်။

သို့သော် မြေပြင်ထက်သို့ကျရောက်သွားသည့် တာအိုဝတ်ရုံ

အပိုင်းအစများမှာ လူသားပုံသဏ္ဍာန်များအဖြစ် ပြောင်းလဲသွား

လေသည်။ ထိုလူများထဲတွင် ယောကျ်ားများ ၊ မိန်းမများ များ

စွာပါဝင်လေသည်။

ရုတ်တရက်ပင် ထိုလူများက များပြားစွာသော ဂမ္ဘီရပညာများ

ကို အသုံးပြုကာ ဆန်းလျန်ကို တိုက်ခိုက်လိုက်ကြလေ

တော့သည်။ ထိုပညာရပ်များအားလုံးမှာ ဆန်းလျန်ရင်းနှီးပြီး

သားဖြစ်သည့် ချင်းရှမ်နတ်တံခါးမှ တန်ခိုးစွမ်းအားများပင်

ဖြစ်လေသည်။ ထိုလူများအားလုံး ချင်းရှမ်မှ တန်ခိုးစွမ်းအား

များကို ထိပ်တန်းအဆင့် အသုံးပြု နိုင်ကြလေသည်။

ဆန်းလျန်၏ ကြိုးဝါးအော်ဟစ်သံသည် တာအိုကျောင်းဆောင်ခြံဝန်းတစ်ခုလုံးတွင် ပဲ့တင်ထပ်သွားလေသည်။ လူပေါင်းများစွာမှ ဝိုင်းဝန်းတိုက်ခိုက်သည့် တန်ခိုးစွမ်းအားများသည် သူ၏ဝတ်ရုံစကိုပင် ထိခိုက်နိုင်ခြင်း မရှိပေ။

ဆန်းလျန်သည် ရုပ်ခန္ဓာမှ ခွဲထွက်လာသည့် ဝိညာဉ်တစ်ခုမျှသာဖြစ်သည့်တိုင် များစွာသော တန်ခိုးစွမ်းအားများကိုအသုံးပြုကာ သူ့ကိုတိုက်ခိုက်လာသည့်သူများကို တန်ပြန်တိုက်ခိုက်နေလေသည်။ ထိုသူများအားလုံး၏ အားနည်းချက်များကို သိရှိကာ တစ်ချက်တည်းဖြင့် ဇီဝိန်ခြွေပစ်နေလေသည်။

ဆန်းလျန်၏တိုက်ခိုက်မှုအောက်တွင် တစ်ယောက်ပြီးတစ်ယောက် ကျဆုံးကုန်ကြလေသည်။

ထိုလူများအားလုံးမှာ အစိမ်းသရဲမြို့တော်ထဲတွင်နေထိုင်ကြသည့် စျေးသည်များ ၊ ကုန်သည်များ ၊ လူချမ်းသာများ ၊ စာပေ

သမားများ တစ်ယောက်မကျန်ပင် ဖြစ်လေသည်။ သူတို့

အားလုံးမှာ အသိတရားများ ပျောက်ဆုံးနေကြလေသည်။

ဆန်းလျန်သည် အားလုံးကို တိုက်ခိုက်အနိုင်ယူနှိမ်နင်းလိုက်

လေသည်။

ခန်းမဆောင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်သွားလေ

သည်။ အသံတစ်စက်မှ မကြားရတော့လောက်အောင်

တိတ်ဆိတ်သွားခြင်း ဖြစ်လေသည်။

အချိန်များစွာ ကုန်ဆုံးသွားလေသည်။

တိတ်ဆိတ်ခြင်းနှင့် အထီးကျန်ခြင်းပေါင်းစည်းသွားပြီး ဆန်း

လျန်၏ တာအိုကျင့်ကြံသူစိတ်ထားသည် တစ်ဖြည်းဖြည်း

ပြီးပြည့်စုံသည်ထက် ပြည့်စုံလာလေသည်။

ထိုအချိန်မှာပင် ရေတစ်စက်ချင်းကျနေသည့် အသံတစ်သံကို

ဆန်းလျန် ကြားလိုက်ရလေသည်။

"တောက် တောက် တောက် တောက်"

ခန်းမဆောင် အပြင်ဘက်ရှိ တံစက်မြိတ်ဆီမှ ကျောက်တုံး

လှေကားထစ်များပေါ်သို့ သွေးများ တစ်စက်ချင်းကျဆင်း နေ

ခြင်း ဖြစ်လေသည်။ သွေးများမှာ နီရဲနေပြီး အလွန်မှ

လတ်ဆတ်လေသည်။

ဆန်းလျန်မှာ သွေးနံ့ကို ရနေမိလေသည်။ ထို့နောက် ခန်းမ

ဆောင်အပြင်ဘက်တွင် သွေးမိုးများရွာသွန်းလာလေ

တော့သည်။ သွေးမိုးများသည် တဖြည်းဖြည်းသည်းထန်လာ

လေသည်။

ဆန်းလျန်သည် နွေးထွေးသည့် အိပ်ယာတစ်ခုထက်တွင်

လဲလျောင်းနေလေသည်။

အိပ်ယာထဲသို့ ဘယ်အချိန်က ဘယ်လိုရောက်သွားသည်ကို

ဆန်းလျန် မသိလိုက်ပေ။

အမှန်တော့ အိပ်ယာတစ်ခုမဟုတ်ပေ။ ကျောက်ဖျာတစ်ခု ဖြစ်လေသည်။ ကျောက်ဖျာသည် နွေးထွေးနေပြီး အနွေးဓာတ်များက သူ့ကိုယ်တွင်းသို့ စီးဝင်နေလေသည်။

အေးစက်ပြီး နူးညံ့သည့် လက်လေးတစ်ဖက်သည် ဆန်းလျန်၏ နဖူးကိုလာစမ်းလေသည်။ ဆန်းလျန်က သူ၏မျက်ဝန်းများကို ဖွင့်ကြည့်လိုက်လေသည်။ သူ၏မျက်စိရှေ့တွင် သွယ်လျလှပပြီး ကျက်သရေရှိလွန်းလှသည့် ငယ်ရွယ်သည့်မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။ သူမ၏မျက်ဝန်းများတွင် နူးညံ့သည့်အကြင်နာတရားများဖြင့် ပြည့်နေလေသည်။ ထို မိန်းမပျိုသည် ကူးချိုင်ဝေ့နှင့် အလွန်ဆင်တူလေသည်။ ကူးချိုင်ဝေ့ ငယ်စဉ်က ပုံဖြစ်နိုင်လေသည်။

ဆန်းလျန်မျက်လုံးဖွင့်လာတော့မှ သူမက စိတ်သက်သာရာရသွားသည့်အသံဖြင့်...

"ဆန်းလျန် ၊ အမြန်ထ ၊ ဒီနေ့က မင်းကို တပည့်အဖြစ်
တရားဝင်အသိအမှတ်ပြုမယ့်နေ့ပဲ ၊ ဒီနေ့ကစပြီး မင်းက မမရဲ့
ဂိုဏ်းတူမောင်လေးဖြစ်သွားပြီ"

ဆန်းလျန်သည် မှန်ထဲသို့ လှမ်းကြည့်လိုက်လေသည်။
သူက အသက်ဆယ်နှစ်အရွယ်ဆန်းလျန်ဖြစ်နေပြီး ပိန်လည်း
ပိန်းပြီး သေးလည်းသေးလေသည်။ သို့သော် ချောမောနေဆဲ
ဖြစ်လေသည်။ ငယ်ရွယ်သည့်မိန်းမပျိုလေးအသွယ်ဖြစ်သည့်
ကူးချိုင်ဝေ့က သူ၏ဆံပင်များကို ဖြီးသင်ရှင်းလင်းပေးနေလေ
သည်။

ထို့နောက် ကူးချိုင်ဝေ့က သူဝတ်ဆင်ရန်အတွက် တာအိုဝတ်ရုံ
တစ်ခုကို ယူလာလေသည်။ ထိုဝတ်ရုံသည် ဆန်းလျန်နှင့်
အလွန်ပွနေလေသည်။

ထို့နောက် မိန်းမငယ်လေးကူးချိုင်ဝေ့သည် သူ့ကို ဆရာ
ဘွားဘွား၏ ခန်းမဆောင်သို့ ခေါ်ဆောင်လာလေသည်။ ခန်းမ

ထဲတွင် ပိယွင်နတ်သမီးနှင့်ဆင်တူသည့် မိန်းမပျိုတစ်ယောက်

ထိုင်နေလေသည်။ ခန်းမထဲတွင် ပိယွင်နတ်သမီး၏ ပန်းချီ

ကားချပ်မှာ ရှိမနေတော့ပေ။ ပိယွင်နတ်သမီးမှာ ပန်းချီကားထဲ

မှများ ထွက်လာလေသလား ဟုထင်ရလေသည်။

တပည့်အဖြစ်လက်ခံသည့် အခမ်းအနားပြီးဆုံးသွားသည့်အခါ

တွင်တော့ ဆန်းလျန်က ဆရာဖြစ်သူကို ဂါရဝပြုရမည့်

အစီအစဉ်ဖြစ်လေသည်။

သို့သော် ဆန်းလျန်က ခပ်တည်တည်သာရပ်နေပြီး ဆရာဖြစ်

သူကို ဂါရဝပြုခြင်း မရှိပေ။

"ဂိုဏ်းတူမောင်လေး ၊ မင်းဘာလို့ ဆရာ့ကို ဂါရဝမပြုရတာလဲ"

"ဂိုဏ်းတူမောင်လေး ၊ မင်းဘာလို့ ဆရာ့ကို ဂါရဝမပြုရတာလဲ"

"ဂိုဏ်းတူမောင်လေး ၊ မင်းဘာလို့ ဆရာ့ကို ဂါရဝမပြုရတာလဲ"

မိန်းမငယ်လေး ကူးချိုင်ဝေ့က အဆက်မပြတ် သူ့ကို ပြောဆို

နေလေသည်။

ဆန်းလျန်က လက်နှစ်ဖက်ကို နောက်သို့ ပစ်လိုက်ပြီး သူ့ဘဝ
တွင် ဆုံတွေ့ခဲ့ရခြင်းမရှိသည့် ဆရာဖြစ်သူ ပိယွင်နတ်သမီးကို
စိုက်ကြည့်နေလိုက်လေသည်။

ခန်းမဆောင်အပြင်ဘက် တံစက်မြိတ်မှ သွေးစက်ကျသံများ
ထပ်မံထွက်ပေါ်လာပြန်လေသည်။ ထို့နောက် သွေးမိုးများ
ရွာသွန်းလာပြီး သွေးမိုးများသည် ခန်းမအတွင်းသို့ ပင် ဝင်
ရောက်လုနီးပါး ဖြစ်လာလေသည်။

ဆန်းလျန်မျက်စိရှေ့မှ မြင်ကွင်းများအားလုံးမှာ ပျောက်ကွယ်
သွားလေသည်။ ကူးချိုင်ဝေ့လည်း ပျောက်ကွယ်သွားပြီ
ဖြစ်သည်။ တပည့်အဖြစ်လက်ခံသည့် အခမ်းအနားလည်း
ပျောက်ကွယ်သွားပြီး ခန်းမအတွင်းတွင် ထိုင်နေသည့် ပိယွင်
လည်း ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ဆန်းလျန်သည် ယခင်ကအတိုင်းပင် ခန်းမဆောင်ထဲတွင် ရှိနေ
လေသည်။

သို့သော် ခန်းမထဲတွင် ပိယွင်နတ်သမီး၏ ပန်းချီကားချပ် ရှိမနေတော့ပါ။

ခန်းမ အပြင်ဘက်တွင် မိုးများရွာသွန်းနေလေသည်။

မိုးရေထဲတွင် ထီးတစ်လက်ကိုဆောင်းပြီး မိန်းမပျိုတစ်ယောက် လမ်းလျှောက်လာနေလေသည်။ ထိုမိန်းမပျိုသည် ခန်းမ အတွင်းသို့ ဝင်ရောက်လာလေသည်။

ဆန်းလျန်နှင့် မိန်းမပျိုသည် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြလေသည်။

ထိုမိန်းမပျိုမှာ ပန်းချီကားထဲမှ ပိယွင်နတ်သမီးနှင့် အလွန်ဆင်တူလေသည်။

"မင်းက ဘယ်သူလဲ"

ဆန်းလျန်က မေးလိုက်သည်။

"ငါက မင်းရဲ့ဆရာ ပိယွင်လေ"

မိန်းမပျိုက ပြန်ပြောလိုက်သည်။

"မဖြစ်နိုင်ဘူး..."

ဆန်းလျန်က သိမ်မွေ့စွာပင် ငြင်းဆိုလိုက်သည်။

"ငါက ပိယွင်ပါပဲ ၊ ငါသေဆုံးသွားခဲ့တယ် ၊ မင်းက ငါ့အတွက်

ယန်ရှီးကို သတ်ပြီး လက်စားချေရမယ်နော်"

သူမ၏စကားများကို ဆန်းလျန်က အရေးမလုပ်ပါ။

"မင်းက မိုးကောင်းကင်နတ်မိစ္ဆာတစ်ယောက်ပဲ"

"မင်းမှန်ပါတယ် ၊ ငါက မိုးကောင်းကင်နတ်မိစ္ဆာတစ်ယောက်ပဲ

၊ ဒါပေမယ့် ငါက ပိယွင်ပါပဲ ၊ မင်းက မင်းရဲ့ဆရာကို ပြန်သတ်

တော့မလို့လား ၊ မင်းကို ငါက ပညာသင်ပေးခွင့်မရခဲ့ပေမယ့်

ငါက မင်းရဲ့ဆရာအဖြစ် အမည်ခံခဲ့ရတဲ့ သူပါပဲ"

မိန်းမပျိုက ပြောလိုက်လေသည်။

"မင်းက ကျုပ်ဆရာရဲ့မှတ်ဉာဏ်တွေကို ယူထားတာပဲ ၊ ပြီး

တော့ ဒီအစိမ်းသရဲမြို့တော်က ဝိညာဉ်တွေရဲ့ ဝိညာဉ်အလင်း

ဓာတ်ကိုလည်း မင်းပဲယူထားတာ ၊ ချင်းရွှမ်က ဆရာသခင်
အချို့ရဲ့ ဝိညာဉ်အလင်းဓာတ်ကိုတောင် မင်းကယူထားတယ်"
ဆန်းလျန်က ပြောလိုက်လေသည်။
"မင်းက သိပ်ညဏ်ကောင်းတာပဲ ၊ ပြီးတော့ သိပ်ပြီးတော့
လည်း အသိညဏ်ကြွယ်ဝတယ် ၊ မင်းကို ဘာမှ ဖုံးကွယ်ထား
လို့ မရနိုင်ဘူးဆိုတာ ငါသိထားပြီးသွားပါ ၊ ဒါပေမယ့် မင်းဒီ
နေရာကို ရောက်လာမှတော့ ပြန်ထွက်သွားဖို့ဆိုတာ မဖြစ်နိုင်
တော့ဘူး"
မိန်းမပျိုသည် ဆန်းလျန်ကို သားကောင်တစ်ကောင်ကို ဖမ်း
တော့မည့်အလား ကြည့်နေလေသည်။
သူမသည် ဆန်းလျန်ကို ပြင်းပြင်းပြပြ ရယူလိုစိတ် ဖြစ်နေ
ကြောင်းကို ဆန်းလျန် ခံစားလိုက်မိလေသည်။ နှစ်ပေါင်းများ
စွာ အစာမစားခဲ့ရသူသည် အာသာငမ်းငမ်း စားချင်သောက်
ချင်နေသည့် ဆန္ဒမျိုးဖြစ်လေသည်။

သို့သော် သူမက သူမကိုယ်သူမ ထိန်းချုပ်ထားလေသည်။

ထိုသို့ ထိန်းချုပ်ထားရန်မှာ လွယ်သည့် ကိစ္စတော့ မဟုတ်ပေ။

သူမသည် အလွန်တန်ခိုးစွမ်းအား မြင့်မားသည့် မိုးကောင်းကင်

မိစ္ဆာ တစ်ယောက်ဖြစ်လေသည်။ သူမကိုယ်သူမ ထိန်းချုပ်

ထားသည့်အတွက်သာ ဆန်းလျန်၏ ဝိညာဉ်အလင်းဓာတ်မှာ

စုပ်ယူမခံရသေးခြင်း ဖြစ်လေသည်။

သူမ စတင်မွေးဖွားလာသည့် အချိန်ကတည်းက ဆန်းလျန်၏

ဝိညာဉ်အလင်းဓာတ်ကဲ့သို့ သန့်စင်လွန်းသည့် ဝိညာဉ်အလင်း

ဓာတ်မျိုးကို မတွေ့ခဲ့ဖူးပေ။

"မင်းမှားနေပြီ ၊ ကျုပ်ထွက်သွားချင်တယ်ဆိုရင် ဘယ်အရာမှ

တားဆီးလို့မရနိုင်ဘူး"

ဆန်းလျန်သည် လက်နှစ်ဖက်ကို နောက်ပစ်ကာ မတ်တပ်

ရပ်နေလေသည်။

မိန်းမပျိုက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး...

"ဒါဖြင့် ကြိုးစားကြည့်လေ..."

"နှုတ်ဆက်ခဲ့ပါတယ်"

ဆန်းလျန် ပြောလိုက်သည်။

ဆန်းလျန်၏ ဝိညာဉ်ခန္ဓာတစ်ခုလုံးမှာ လင်းလက်တောက်ပ သွားလေသည်။ အလွန်သန့်စင်ပြီး တောက်ပသည့် ဆန်းလျန်၏ ဝိညာဉ်အလင်းဓာတ်သည် ဗလာနယ်ကို ထိုးခွဲလိုက်လေသည်။

ထိုက်ဝေ့ထိုင် ခန်းမဆောင်တွင် အလင်းမှုံလေးများ ဖြာထွက်လာပြီး မိန်းမပျိုတစ်ယောက်၏ ပုံသဏ္ဍာန်ပေါ်လာလေသည်။

မိန်းမပျိုသည် ပင့်သက်တစ်ချက် ရှိုက်လိုက်လေသည်။

လွတ်လပ်မှု၏အရသာကို သူမခံစားလိုက်ရသည်။

မိုးကောင်းကင် နတ်မိစ္ဆာတစ်ယောက်သည် လွတ်လပ်မှုကို ဆုံးရှုံးရလျှင် အလကားပင် ဖြစ်လေသည်။

ယခုတော့ သူမ လွတ်လပ်မှုကို ပြန်လည်ရရှိခဲ့ပြီ။

ဆန်းလျန်က အလွန်ညဏ်ရည်ထက်မြက်သူတစ်ယောက် ဖြစ်လေသည်။ သို့သော် အစိမ်းသရဲမြို့တော်မှ သူထွက်ခွာသွားလျှင် မည်သို့ဖြစ်မည်ကို သိရှိခဲ့ခြင်း မရှိပေ။

ဆန်းလျန် အစိမ်းသရဲမြို့တော်မှ ဗလာနယ်ကို ထိုးခွင်းကာ ထွက်ခွာသွားသည့် အတွက် အစိမ်းသရဲမြို့တော်တွင် အက်ကြောင်းထင်ကျန်ရစ်ခဲ့လေသည်။ ထိုထင်ကျန်ရစ်ခဲ့သည့် အက်ကြောင်းမှ သူမက လိုက်ထွက်လာခြင်းဖြစ်လေသည်။

ပြင်ပလောကမှ နေ့ရက်များကို သူမ အလွန်မှ လွမ်းဆွတ်တမ်းတ သတိရနေခဲ့သည်မှာ ကြာခဲ့ပြီ။ ယခုတော့ သူမ လွတ်လပ်သွားပြီ။ ပြင်ပကမ္ဘာတွင် သူမ ဝိညာဉ်အလင်းဓာတ်များစွာကို ထပ်မံစားသုံးနိုင်တော့မည်။ ထိုအခါ သူမသည် ထိပ်တန်းမိုးကောင်းကင်မိစ္ဆာတစ်ပါး ဖြစ်လာမည် ဖြစ်လေသည်။

ထိုသို့ တွေးလိုက်မိသည်နှင့် သူမစိတ်တွင် ပီတိများ ဖြစ်သွားရလေသည်။ သူမက ထိုက်ဝေ့ထိုင်ခန်းမဆောင် တံခါးဝမှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။

သို့သော် ချက်ချင်းပင် သူမ ရင်ထိတ်သွားရသည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင် အဝင်ဝတွင် တစ်စုံတစ်ခု ချိတ်ဆွဲထားလေသည်။ ထိုအရာမှာ သစ်သားငါးရုပ်တုံးလေး တစ်ခုဖြစ်လေသည်။ သစ်သားငါးရုပ်တုံးလေးမှာ မီးခိုးရောင်သန်းသည့် ငွေရောင်ရှိပြီး သံမဏိနှင့်ဆင်တူလေသည်။ ထိုသစ်သားငါးရုပ်တုံးလေးမှ အရောင်များ တောက်ပနေလေသည်။

သစ်သားငါးရုပ်တုံးပေါ်တွင် စာလုံးနှစ်လုံး ရေးထွင်းထားလေသည်။

"ထိုက်ဝေ့"

ဆန်းလျှန်သည် တံခါးအပြင်ဘက်တွင် ရပ်နေလေသည်။

သူက မိန်းမပျိုကို အေးစက်စွာဖြင့် ကြည့်နေလေသည်။

သူ၏ လက်ထဲတွင် တူတစ်ချောင်းကို ကိုင်ဆောင်ထားပြီး ထိုက်ဝေ့ကို အသာလေး ခေါက်လိုက်လေသည်။ ကျယ်လောင်သည့် တုံးခေါက်သံကြီးတစ်သံ ထွက်ပေါ်လာပြီး မိုးမြေတစ်ခွင် ဖုံးလွှမ်းသွားလေသည်။

မိန်းမပျိုသည် ထိုအသံ၏ ဒဏ်ကို မခံနိုင်ဘဲ သူမ၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် စုပ်ကိုင်ထားလိုက်မိလေတော့သည်။

အခန်း (၄၀၁) ကြေးနီခေါင်းတလားထက်မှမီးအိမ်

အစပိုင်းတွင်တော့ ဖန်းယန်ယင်းသည် ဆန်းလျန်နှင့်အပြိုင် လမ်းလျှောက်နေနိုင်သေးသည်။ သို့သော် တဖြည်းဖြည်း လျှောက်ရင်းလျှောက်ရင်း သူမခန္ဓာကိုယ်ထက်သို့ ကျဆင်းလာသည့် နှင်းပွင့်များသည်ပင်လျှင် ဝန်ထုပ်ဝန်ပိုးတစ်ခုအသွင် သူမကို လေးလံလာစေတော့သည်။ သူမ၏ခြေလှမ်းများမှာ တဖြည်းဖြည်းလေးလံလာပြီး ဆန်းလျန်နောက်မှ ကြိုးစား လိုက်လျှောက်ရင်း နောက်ဆုံးတွင် သတိလစ်သွားလေ တော့သည်။

ဆန်းလျန်ကတော့ ခြေလှမ်းမှန်မှန်ဖြင့် ဆက်လျှောက်နေဆဲ ဖြစ်လေသည်။ သူ၏ ခြေရာများသည် အစပိုင်းတွင် နှင်းတောထဲတွင် နက်ရှိုင်းစွာ နစ်ဝင်နေပြီး တဖြည်းဖြည်း ခြေရာများက တိမ်လာလေသည်။ ပတ်ဝန်းကျင်မှ ရွှေရောင်ပန်းပွင့်များမှာ လည်း တဖြည်းဖြည်း အရောင်မှိန်လာသကဲ့သို့ ရှိလေသည်။

နှင်းများကို ပိုပြီး ထူထပ်စွာကျဆင်းလာသည့်အတွက်
နေရောင်ရော လရောင်ပါ မြင်တွေ့ရခြင်း မရှိတော့ပေ။
ဆန်းလျန်သည် မရပ်မနားဆက်လျှောက်လာနေစဉ်မှာပင်
ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မိုက်လာလေသည်။ နှင်းများ
က အဆက်မပြတ်ကျဆင်းနေပြီး အေးစက်သည့်လေအေးများ
ကလည်း တိုက်ခတ်နေလေသည်။ လောကတစ်ခုလုံးသည်
အေးစက်တိတ်ဆိတ်နေပြီး ဆန်းလျန်မှလွဲပြီး အခြားသက်ရှိ
သတ္တဝါဟူ၍ အရိပ်အယောင်မျှပင် မခံစားမိတော့ပေ။ ထို့ပြင်
ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေသည့်အတွက်ကြောင့်
ရွှေရောင်ပန်းပွင့်များကိုလည်း တွေ့မြင်ရခြင်း မရှိတော့ပေ။
ဆန်းလျန်သည် ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။
ဆန်းလျန်သည် မည်သည့်နေရာသို့ ရောက်ရှိနေမှန်း မသိတော့
ပေ။ သို့သော်... သူရောက်ရှိနေသည့်တောင်မှာ မငြိမ်းသော

မီးအိမ်ဝတ်ကျောင်းတော်ရှိရာ မဟာနှင်းတောင်ပေါ်တွင်

ဖြစ်သည်ကိုတော့ သူရှင်းရှင်းလင်းလင်း သိနေလေသည်။

သူရောက်ရှိနေသည့်နေရာတွင်...

တန်ခိုးစွမ်းအားများလည်းရှိမနေသလို မိုးမြေစွမ်းအားများ

လည်း ငြိမ်သက်နေလေသည်။

ဆန်းလျန်သည် မျက်လုံးကိုမှိတ်လိုက်ပြီး အာရုံငါးပါးကို ပိတ်

ထားလိုက်လေသည်။ သူ၏ဝိညာဉ်စွမ်းအားကိုသာ အသုံးပြု

ကာ ပတ်ဝန်းကျင်ကို အာရုံခံကြည့်လိုက်သည်။

ထို့နောက် ဆန်းလျန်သည် ပထမခြေလှမ်းကို စတင်လှမ်းလိုက်

လေသည်။

စူးရှချွန်ထက်နေသည့် စူးချွန်တစ်ခုသည် မြေပြင်ထက်တွင်

ပေါ်ထွက်လာပြီး ဆန်းလျန်၏ ခြေဖဝါးကို ထိုးစိုက်ရန် အသင့်

ဖြစ်နေလေသည်။ သို့သော် ဆန်းလျန်သည် အာရုံငါးပါး

အားလုံးကို ပိတ်ထားသည့်အတွက် စူးချွန်ကို သိမြင်ခံစားမိ

ခြင်းမရှိပေ။ စူးချွန်သည် ဆန်းလျှန်၏ ခြေဖဝါးကို ထိုးစိုက်ခြင်းမရှိတော့ဘဲ မြေကြီးအတွင်းသို့ ပြန်ဝင်သွားလေသည်။ ဆန်းလျှန်၏ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ဆူးချွန်များ ပေါ်လာလိုက် ဆန်းလျှန်က သိမြင်ခံစားခြင်းမရှိဘဲ ခြေလှမ်းလိုက်သည်နှင့် ဆူးချွန်များက မြေကြီးအတွင်းပြန်ဝင်သွားလိုက်ဖြင့် သံသရာလည်နေတော့သည်။ အဆိုပါ ဆူးချွန်များမှာ ပုံရိပ်ယောင်များမဟုတ်ပေ။ ဗုဒ္ဓဘာသာကျမ်းစာများထဲတွင် ပါရှိသည့် "အကုသိုလ်ဆူးချွန်" ဟုခေါ်သည့် ဆူးချွန်များဖြစ်လေသည်။

ထိုဆူးချွန်များသည် တန်ခိုးစွမ်းအားများကို စုပ်ယူနိုင်ပြီး စိန်သားထက်ပင်ပိုမိုမာကျော်ထက်မြက်သည့် ဆူးချွန်များ ဖြစ်လေသည်။ ထိုဆူးချွန်များသည် ရွှေခန္ဓာကိုပင် ထိုးဖောက်ပစ်နိုင်စွမ်း ရှိကြလေသည်။

သို့သော်… ဆူးချွန်များသည် ဆန်းလျှန်အပေါ်တွင်

သက်ရောက်မှုမရှိဖြစ်နေရလေသည်။

အဘယ်ကြောင့်ဆိုသော်....

ဆန်းလျှန်သည် အာရုံငါးပါးစလုံးကို ပိတ်ထားသည့်အတွက်

တန်ခိုးစွမ်းအားတစ်ခုမှ ပြင်ပသို့ ထွက်ပေါ်မလာသည့်အတွက်

ကြောင့် ဖြစ်လေသည်။ ဆူးချွန်များသည် ဆန်းလျှန်၏ တန်ခိုး

စွမ်းအားများကို စုပ်ယူ၍မရ ဖြစ်ရသည့်အတွက် အလိုလိုနေ

ရင်း မြေကြီးအတွင်းသို့ ပြန်ဝင်သွားကြခြင်း ဖြစ်လေသည်။

စုစုပေါင်း အကုသိုလ်ဆူးချွန် ဆယ့်ရှစ်ခုမှာ တစ်ခုမှ ဆန်းလျှန်

ကို တိုက်ခိုက်နိုင်ခြင်းမရှိခဲ့ပေ။

ဆန်းလျှန်သည် မျက်လုံးများကို အသာအယာပြန်ဖွင့်ကြည့်

လိုက်လေသည်။ ထိုအခါ သူ၏ မျက်ဝန်းများဆီမှ အနက်

ရောင်နှင့်အဖြူရောင် ရောင်စဉ်များဖြာထွက်လာပြီး

ပတ်ဝန်းကျင်တစ်ခုလုံးကို တောက်ပသွားစေလေသည်။

အမှောင်ဖုံးနေသော နှင်းတောင်ထက်တွင် အနက်ရောင်နှင့်အဖြူ ရောင် ရောင်စဉ်နှစ်ခုသည် ရောနှောသွားပြီး အလင်းရောင် စက်ဝန်းတစ်ခု ဖြစ်ပေါ်လာလေသည်။ ထိုအလင်းရောင် စက်ဝန်းသည် ပတ်ဝန်းကျင်မှ အမှောင်ထုကို ဆက်တိုက်စုပ် ယူသွားပြီး အလင်းရောင်စက်ဝန်းထဲတွင် အဖြူရောင် အနည်းငယ်သာကျန်ရှိပြီး အနက်ရောင်များ တဖြည်းဖြည်း များပြားလာလေတော့သည်။

အမှောင်ထုလျော့နည်းသွားသည်နှင့် ဆန်းလျန်၏ရှေ့တွင် ကြေးနီခေါင်းတလားကြီးတစ်လုံးကို တွေ့မြင်လိုက်ရလေ သည်။ ခေါင်းတလားကြီးတွင် ထွင်းထုထားသည့် ပန်းပု လက်ရာများမှာ အလွန်ရှေးကျပြီး ခမ်းနားသည့်အသွင်ကို ဆောင်လေသည်။

ခေါင်းတလား၏အစွန်းတစ်ဖက်တွင် မီးအိမ်တစ်ခု ထွန်းလင်းနေလေသည်။ မီးအိမ်လေးသည် ပဲစေ့ပုံသဏ္ဍာန်ဖြစ်ပြီး အမှောင်ထဲတွင် တောက်ပစွာ လင်းလက်နေလေ၏။

ခေါင်းတလားထက်ရှိ မီးအိမ်ဆီမှထွက်ပေါ်နေသည့် အလင်းရောင်သည် ဆန်းလျန်၏ ခန္ဓာကိုယ်ပေါ်သို့ ဖြာကျနေလေသည်။

လောကတွင် အလျှင်မြန်ဆုံးသောအလျှင်သည် အလင်းအလျှင်ဖြစ်ပြီး မည်သည့်အရာကမှ အလင်းအလျှင်ကို တားဆီးနိုင်ခြင်း မရှိပေ။

ဖန်းယန်ယင်းသည် သတိလစ်မေ့မျောနေရာမှ သတိပြန်ရလာလေသည်။

သို့သော် သူမ၏ ဆရာဦးလေးကို မည်သည့်နေရာတွင်မှ မတွေ့ရတော့ပါ။ သူမက နေရာမှ ထရန် ကြိုးစားလိုက်သည့်အခါတွင်တော့ မိုးမြေစွမ်းအားထုတစ်ခုသည် သူမကို မလှုပ်နိုင်

အောင် ချည်နှောင်ထားသည့်အလား ခံစားလိုက်ရပြီး သူမတစ်ကိုယ်လုံးလှုပ်ရှား၍ မရတော့ပေ။

ဆန်းလျန် ထုတ်လွှတ်ထားသည့် အနက်ရောင်နှင့် အဖြူရောင်အလင်းစက်ဝန်းမှာ ပျောက်ကွယ်သွားလေသည်။ ကြေးနီရောင်ခေါင်းတလားထက်ရှိ မီးအိမ်မှ ထွက်ပေါ်နေသည့်အလင်းရောင်များသည် ဆန်းလျန်၏ ကိုယ်တွင်းသို့ စိမ့်ဝင်သွားပြီး ဆန်းလျန်သည် သူ့ကိုယ်သူ အလင်းရောင်၏အစိတ်အပိုင်းတစ်ခုအလား ထူးခြားစွာ ခံစားလိုက်ရလေသည်။

"ခေါင်းတလားဆိုတာ သေတဲ့လူတွေလဲလျောင်းရာ... မီးအိမ်ကတော့ သေတဲ့လူတွေကို လမ်းပြပေးရာပေါ့..."

ကြေးနီရောင်ခေါင်းတလားနှင့် ခေါင်းတလားထက်မှမီးအိမ်.... သေခြင်းတရားကို ကိုယ်စားပြုလေသလား။

"မေ့းဖွားခြင်းရှိရင် ၊ သေဆုံးခြင်းရှိမည်မှာ မလွဲမရှောင်သာ

သည့် ကိစ္စပင် ဖြစ်လေသည်။

သေဆုံးပြီးတဲ့နောက် ပြန်လည်မွေးဖွားလာဦးမည်...။ "

ရုတ်တရက်...

ဆန်းလျန်၏ ဝိညာဉ်အတွင်းသို့ သေခြင်းတရားစွမ်းအားများ

ဝင်ရောက်လာသည်ကို ခံစားလိုက်ရပြီး နှာခေါင်း ၊ ပါးစပ် ၊

မျက်လုံးများနှင့် နားများဆီမှ သွေးများထွက်လာလေသည်။

မီးအိမ်သည် သူ၏ မူလဝိညာဉ်ခန္ဓာကို မီးမြှိုက်နေသည့်

အလားခံစားလိုက်ရပြီး ဝိညာဉ်လောင်ကျွမ်းမှုကို ရုပ်ခန္ဓာက မ

ခံနိုင်တော့သည့်အတွက် ထိုသို့ သွေးများထွက်လာခြင်း ဖြစ်

လေသည်။

ဆန်းလျန်သည် မီးအိမ်ရှေ့တွင် မတ်တပ်ရပ်နေလေသည်။

မီးအိမ်သာငြိမ်းမသွားဘူးဆိုလျှင် ဆန်းလျန်သည် လောကမှ

လောင်ကျွမ်းပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ဆန်းလျန်သည် သူ့ကိုယ်သူ မီးအိမ်မှဖြာလင်းနေသည့်
အလင်းရောင်၏ အစိတ်အပိုင်းဖြစ်သည်ဟု ထင်မှတ်ခဲ့သည်။
ဆန်းလျန် ထင်သည်မှာမမှားခဲ့ပါ။ သို့သော် ထိုသို့
အလင်း၏အစိတ်အပိုင်းဖြစ်ရခြင်းက အလွန်ကြီးမားသော အ
န္တရယ်တစ်ခုကို ဦးတည်စေခဲ့လေသည်။
ဆန်းလျန်က မိစ္ဆာစွမ်းအားများစတင်ဝင်ရောက်ခဲ့ရာ
သူ၏ညာဘက်လက်ကို မီးအိမ်ရှိရာသို့ လက်လှမ်းလိုက်သည်။
မိစ္ဆာစွမ်းအားများသည် မီးအိမ်မှ မီးရောင်နှင့်ထိတွေ့သည့်အခါ
လောင်ကျွမ်းသွားပြီး ဆန်းလျန်၏လက်တစ်ခုလုံးမှာပြာမှုန့်
အဖြစ်သို့ ကူးပြောင်းသွားလေတော့သည်။
ဆန်းလျန်သည် သူကိုယ်တိုင် အလင်းအဖြစ်သို့ ပြောင်းလဲသွား
သကဲ့သို့ ခံစားလိုက်ရလေသည်။ သူ၏ငယ်ထိပ်ဆီမှ စွမ်းအား
ဆုံချက်သည်ပွင့်ထွက်သွားပြီး ပါးလွှာသောရောင်စဉ်တန်းများ

ထွက်ပေါ်လာကာ မီးအိမ်မှ အလင်းတန်းနှင့် ပေါင်းစည်းသွားလေသည်။

အလင်းရောင်သည် အလွန်အံ့သြစရာကောင်းသည့် အရာတစ်ခု ဖြစ်လေသည်။ လူတစ်ယောက်သည် အလင်းအကြောင်းကို အလုံအလောက် သိနားလည်သွားပါက အတိတ်မှ ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို သိမြင်နိုင်မည် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် အလင်းသည် ကြုံတွေ့သမျှ အရာအားလုံးကို မှတ်တမ်းတင်ထားနိုင်ပြီး သမိုင်းအတွက် သက်သေလုပ်ပေးနိုင်သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် တွေဝေမိန်းမောနေပြီး သူ့ရှေ့မှ ကြေးနီခေါင်းတလားကြီး၏ မူလအစကို တွေ့မြင်နေရလေသည်။

ဆန်းလျန်၏ လက်က မီးအိမ်နှင့်ထိတွေ့မိသွားသည့်အခါ ကြေးနီခေါင်းတလားကြီးက တစ်ချက်လှုပ်ရှားသွားလေသည်။ ခေါင်းတလားကြီးဆီမှ အရာအားလုံးကို လွှမ်းမိုးနိုင်သည့်

အလွန်ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာလေသည်။

မဟာနှင်းတောင်ထက်တွင် ဆန်းလျန် ၊ ဖန်းယန်ယင်းနှင့် သူတို့ကို တစ်နေရာမှလျှို့ဝှက်စွာစောင့်ကြည့်နေသည့် အဖြူရောင်ဝတ်ဘုန်းတော်ကြီး ရှန်ကြွယ်တို့သာရှိပြီး အခြားမည်သည့်သက်ရှိသတ္တဝါမှ မရှိသည့်အတွက်သာ တော်တော့သည်။

မဟုတ်ပါက ကြေးနီခေါင်းတလားမှ စွမ်းအားများထိမှန်ကာသက်ရှိသတ္တဝါများအားလုံး ပျက်စီးကုန်မည် ဖြစ်လေသည်။

ကြေးနီခေါင်းတလားကြီးဆီမှ စွမ်းအားများ ထိမှန်ခံရသည့်အတွက် ဖန်းယန်ယင်း၏ ခန္ဓာကိုယ်မှ သွေးများထွက်လာလေသည်။ သို့သော် သူမက ဆန်းလျန်အတွက် ပိုပြီး စိတ်ပူနေမိသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏အခြေအနေကို သူမမသိရသောကြောင့် ဖြစ်လေသည်။ သူမ၏ အာရုံခံစားမှုများမှာလည်း ပိတ်ဆို့ခံထားရပြီး သူမသည် အမှောင်ထဲတွင်

လမ်းပျောက်နေဆဲ ဖြစ်လေသည်။ သူမ၏ခန္ဓာကိုယ်မှာလည်း တစ်ချက်ပင်ရွေ့လျား၍မရပေ။

သို့သော်... သူမ၏လက်ထဲတွင် ဆန်းလျန်ပေးထားသည့် ဒြပ်စင်ငါးပါးမှော်ဝင်ဓားရှိနေလေသည်။

ပထမတွင်တော့ ကြောက်မက်ဖွယ်ရာစွမ်းအားလွှမ်းမိုးမှု အောက်တွင် မှော်ဝင်ဓားမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ခေတ္တကြာသည့်အခါတွင်တော့ ဓားဆီမှ ဓားခြိမ်းသံကြီးတစ်သံထွက်ပေါ်လာလေသည်။ သို့သော်... ကြီးမားသောစွမ်းအားလွှမ်းမိုးမှုအောက်တွင် ဓားခြိမ်းသံမှာ ပြန်လည် ငြိမ်သက်သွားလေသည်။

ထို့နောက် မှော်ဝင်ဓားထံမှ ညည်းသံကဲ့သို့ အသံတစ်မျိုးထွက်ပေါ်လာပြီး ဖန်းယန်ယင်းကို လှုပ်ရှားနိုင်အောင် တန်ခိုးစွမ်းအားများ ထည့်သွင်းပေးလိုက်လေသည်။

ဖန်းယန်ယင်းသည် မော်ဝင်ဆားကိုကိုင်ကာ မတ်တပ်ထရပ်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်မိုက်နေပြီး သူမသည် ဆရာဦးလေးနှင့် မည်မျှဝေးသည့်နေရာတွင် ရောက်ရှိနေသည်ကို ခန့်မှန်းနိုင်ခြင်း မရှိပေ။

သူမက ဓားကိုင်ကိုင်ထားပြီး ရှေ့သို့ ခြေတစ်လှမ်းလှမ်းလိုက်သည်။ သူမ၏ ခြေလှမ်းများက အလွန်လေးလံနေလေသည်။

ထို့နောက် သူမသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်ကာ အမှောင်ထုအတွင်းသို့ တစ်လှမ်းချင်း တိုးဝင်သွားလေတော့သည်။

အခန်း (၄၀၂) မငြိမ်းသောမီးအိမ်ဗောဓိသကျ

ဆန်းလျန်၏ ညာဘက်လက်မှာ မီးများလောင်ကျွမ်းနေဆဲ ဖြစ်လေသည်။ ကြေးနီခေါင်းတလားကြီးသည် တဖြည်းဖြည်းပွင့်လာလေသည်။ သို့သော် ဒေါသတရားများနှင့် များပြားလှသည့်စွမ်းအင်များကိုတော့ ထုတ်လွှတ်နေဆဲ ဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာတုန်းက...

ထိုခေါင်းတလားကြီးထဲတွင် လူထူးလူဆန်းတစ်ယောက်ကို မြှုပ်နှံထားခဲ့လေသည်။

ထိုလူထူးလူဆန်း ပျောက်ကွယ်သွားသည့်အခါတွင်တော့ ကြေးနီခေါင်းတလားကြီးမှာ ထိုလူထူးလူဆန်း၏ ဒေါသတရားများဖြင့် ပြည့်နက်ပြီး ကျန်ရစ်ခဲ့လေသည်။ ထိုလူထူးလူဆန်းကလည်း ထိုဒေါသတရားများကို ခေါင်းတလားကြီးဆီတွင် တမင်တကာ ထားခဲ့ခြင်း ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဒေါသတရားများသည် လောကတစ်ခုလုံးရှိ ဝိညာဉ်

များနှင့် သက်ရှိသတ္တဝါများအားလုံးကို ဖျက်ဆီးပစ်ရန် လုံလောက်သောကြောင့် ဖြစ်လေသည်။

မီးအိမ်ဆီမှ အစိမ်းရောင်အလင်းတန်းလေးသည် တောက်ပနေလေသည်။

ရုတ်တရက်...

မီးအိမ်သည် ဆန်းလျှန်၏ အသက်ဓာတ်စွမ်းအားများကို လောင်စာအဖြစ်စုပ်ယူလိုက်ပြီး မီးတောက်များ တဟုန်းဟုန်း ဖြင့် ပြင်းထန်စွာ တောက်လောင်လာလေတော့သည်။ ကြေးနီ ခေါင်းတလားဆီမှ ဒေါသတရားများသည် မီးအိမ်မှ မီးတောက် များအတွင်းသို့ ပျံ့နှံ့သွားလေသည်။

မီးတောက်များထဲမှ တဟုန်းဟုန်းမြည်သံများထွက်ပေါ်လာပြီး အလုံပိတ်ထားသည့် မီးအိမ်လေးသည် အဆုံးမရှိနိုင်သည့် ခံစားချက်များစွာကို ထုတ်လွှတ်ပေးနေလေတော့သည်။

မီးအိမ်မှ မီးတောက်၏ သက်ရောက်မှုအောက်တွင် ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာမှာ အစိတ်စိတ်အမွှာမွှာပျက်စီးတော့မည့်အလား ခံစားနေရညပြီး သူ၏ မှတ်ဉာဏ်များမှာလည်း ရှုတ်ထွေးမှုံဝါးလာ လေသည်။

သူရယူထားသည့် မူလခန္ဓာပိုင်ရှင်ဆန်းလျန်အစစ်၏ မှတ်ဉာဏ်များသည် ပိုမိုရှင်းလင်းလာပြီး သူ၏မှတ်ဉာဏ်များကတော့ ထိုမှတ်ဉာဏ်များအပေါ်တွင် ထပ်မံရောက်ရှိလာသည့် မှတ်ဉာဏ်များအလား မှတ်ဉာဏ်နှစ်ခုသည် ဝေဝါးလျှက်ရှိလေသည်။

မှတ်ဉာဏ်များ၏ အတွင်းပိုင်းတစ်နေရာတွင်...

ဆန်းလျန်သည် သူ့ကိုကျောပေးရပ်နေသည့် လူတစ်ယောက်ကို တွေ့မြင်ရလေသည်။

ထိုသူမှာ ဆန်းလျန်၏ စိတ်ထဲတွင် မယုံကြည်နိုင်စရာကောင်းလောက်အောင် ရင်းနှီးနေသလို ခံစားနေရလေသည်။ သို့သော်

ထိုသူကို ဆန်းလျန် မည်သည့်နေရာတွင်မှ တွေ့မြင်ဖူးခြင်းမရှိပေ။

မှတ်ဉာဏ်နှစ်ခု၏ ရုပ်ပုံလွှာများသည် တစ်ခုနှင့်တစ်ခု ရှုပ်ထွေးနေလေသည်။

သူမက်ခဲ့သည့်အိပ်မက်များပင်လျှင် မှတ်ဉာဏ်ထဲမှ ပြန်လည်ထွက်ပေါ်လာလေသည်။ သို့သော် မည်သည့်မှတ်ဉာဏ်က အစစ်အမှန်ဖြစ်ပြီး မည်သည့်မှတ်ဉာဏ်က အိပ်မက်ဖြစ်သည်လဲဆိုသည်ကို သူမဝေခွဲတတ်တော့ပေ။

အရာအားလုံးသည် အိပ်မက်တစ်ခုမျှသာ ဖြစ်နိုင်လေသည်။

ဆန်းလျန် မည်သည့်အရာကိုမှ နားမလည်နိုင်တော့ပေ။

ထို့နောက်...

ပုံရိပ်များထဲတွင် စုတ်ပြဲနေသည့် သင်္ကန်းကိုဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးတစ်ပါး ပေါ်လာပြန်လေသည်။

ထို့နောက် သူက လမ်းမပေါ်တွင် လှည့်လည်သွားလာနေသည့် ကလေးငယ်တစ်ယောက်ဖြစ်နေပြန်သည်။ သူ၏မျက်နှာလေးက ချောမောလှပပြီး ချစ်စရာကောင်းသလောက် ဝတ်ဆင်ထားသည့် အဝတ်အစားများကလည်း လှပလွန်းလေသည်။

ထိုအချိန်မှာပင်...

ခြင်းတောင်းလေးတစ်တောင်းကိုကိုင်ထားသည့် မိန်းကလေးတစ်ယောက် သူ့ရှေ့တွင်ပေါ်လာလေသည်။ သူမသည် ငယ်ရွယ်ပြီး အလွန်မှ ချောမောလှပလေသည်။ သူမက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ရှည်လျားနက်မှောင်သည့် ဆံနွယ်များက ကျောထက်တွင်ပျံ့ဝဲကျနေလေသည်။ သူမက ဆန်းလျန်ကို ငေးကြည့်နေပြီး သူမ၏မျက်ဝန်းများက ရွှန်းလဲ့နေလေသည်။

ဆန်းလျန်က သူမကို မော့ကြည့်လိုက်ပြီး ရင်းနှီးမှုတစ်ခုရှိနေသလို ခံစားလိုက်ရသည်။ ထိုမိန်းမပျို၏အမည်မှာ ချီစူး

ဖြစ်ကြောင်းသော ဆန်းလျန် မှတ်မိပြီး ချီစူးဆိုသည်မှာ မည်သူ ဖြစ်ကြောင်း သေချာ မသိတော့ပြန်ပေ။

သူသည် အတိတ်မေ့နေခြင်းမဟုတ်သည့်တိုင် သူ၏မှတ်ဉာဏ်များကို ဖုံးကွယ်ခြင်းခံထားရသည်ဟု ဆန်းလျန် ခံစားနေရလေသည်။

ဆန်းလျန်က သူမကို မည်သူဖြစ်ကြောင်းမေးခွန်းထုတ်နေမိသလို သူ့ကိုယ်သူလည်း မည်သူဖြစ်ကြောင်း ပြန်လည်မေးခွန်းထုတ်နေမိလေသည်။

ထိုအချိန်မှာပင် ဆန်းလျန်သည် မွှေးပျံ့သည့် ပန်းရနံ့များကို ရရှိလိုက်လေသည်။

မိန်းကလေး၏ ခြင်းတောင်းထဲတွင် ကြာပန်းများရှိနေသောကြောင့် ထိုပန်းများမှ သင်းပျံ့သည့်ရနံ့များ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

ခြင်းတောင်းအတွင်းမှ ကြာပန်းမှာ ပွင့်ချပ်ငါးခုပါသည့် ရှားပါးသည့် ကြာပန်းတစ်မျိုးဖြစ်လေသည်။ တစ်ထောင်တွင် တစ်ပွင့်ပင်တွေ့ရန် မနည်းရှာဖွေရသည့် ကြာပန်းမျိုး ဖြစ်လေသည်။

"ကျွန်တော် ပန်းတွေကို ဝယ်ပါရစေ..."

ဆန်းလျန်က မိန်းမပျိုလေးကို ပြောလိုက်သည်။

မိန်းကလေးက ဆန်းလျန်ကို ကြည့်နေလေသည်။

သူမ၏အကြည့်သည် အလွန်မှ စွဲဆောင်မှုရှိပြီး အသက်ရှူရပ်မတတ်လှပလွန်းလှလေသည်။

"ပန်းတွေက ရောင်းဖို့မဟုတ်ဘူး"

ဆန်းလျန်က ဇွဲမလျှော့ပါ။

"အဲဒီပန်းတွေရဖို့ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဆန်းလျန်၏ စကားကိုကြားသည်နှင့် မိန်းကလေး၏မျက်ဝန်းများတွင် အလင်းရောင်တစ်ချက် လင်းလက်သွားလေသည်။

သူမသည် ဆန်းလျှန်ကို အချိန်အကြာကြီးစူးစိုက်ကြည့်နေပြီးမှ

သိမ်မွေ့စွာဖြင့် ပြောလိုက်သည်။

"မင်းဘယ်တော့မှ ငါ့ကိုမေ့မသွားဘူးလို့ ကတိပေးပါ၊ ဒီပန်း

တွေအားလုံး မင်းကိုပေးလိုက်မယ်"

မိန်းကလေးတောင်းဆိုသည့် ကတိသည် အလွန်မှ ရိုးရှင်းပြီး

လွယ်ကူသောကြောင့် ဆန်းလျှန်ကလည်း ချက်ချင်းပင် ကတိ

ပေးလိုက်လေသည်။

"ကျွန်တော်ကတိပေးပါတယ်"

"နောက်မှ နောင်တမရနဲ့နော်"

မိန်းကလေးက ပြောလိုက်ရင်း ပန်းခြင်းလေးကို ဆန်းလျှ

န်၏ရှေ့တွင်ချပေးလိုက်ကာ ဆန်းလျှန်၏ မျက်ဝန်းများကို

သေသေချာချာ စိုက်ကြည့်လိုက်လေသည်။

ထို့နောက် သူမသည် လူအုပ်ကြားထဲသို့ တိုးဝင်ပျောက်ကွယ်

သွားလေတော့သည်။

ဆန်းလျန်သည် မိန်းကလေးချထားခဲ့သည့် ခြင်းတောင်းလေး

ကို ယူဆောင်လာခဲ့လေသည်။

လှပသည့်အဝတ်အစားများကို ဝတ်ဆင်ထားသည့် ကလေး

ငယ်တစ်ယောက်သည် ပန်းခြင်းလေးကိုယူဆောင်ကာ လမ်းမ

ထက်တွင် လျှောက်သွားနေလေတော့သည်။

ပတ်ဝန်းကျင်ရှိလူအများကလည်း အလွန်မှ သဘောကောင်း

ကြပြီး သူ့ကို တအံ့တသြကြည့်ကြရုံမှလွဲပြီး အန္တရာယ်မပြုကြ

ပေ။

ထို့နောက် ဆန်းလျန်သည် ဝတ်ကျောင်းတော်ကြီးတစ်ခုဆီသို့

ရောက်ရှိလာလေသည်။ ဝတ်ကျောင်းတော်အတွင်းတွင် လူသူ

တစ်ယောက်မှ မရှိပေ။

ဝတ်ကျောင်းတော်၏ ခန်းမဆောင်ထဲတွင် တစ်ပါးတည်း

သီတင်းသုံးနေသည့် ဗောဓိသကျတစ်ပါးကို တွေ့လိုက်ရလေ

သည်။

"ဘယ်သူမှလည်း လာပြီးဝတ်ပြုတဲ့သူမရှိကြဘူး"

ဆန်းလျန်က တွေးလိုက်ပြီး ပန်းခြင်းလေးထဲမှ ပွင့်ချပ်ငါးချပ်ရှိသည့် ကြာပန်းများကို ဗောဓိသကျထံသို့ လှူဒါန်းလိုက်လေသည်။

ဗောဓိသကျက ပြုံးလိုက်ရင်း...

"ကလေး... မင်းဟာ နောက်ဘဝကျရင် ဗောဓိသကျတစ်ပါးဖြစ်လာလိမ့်မယ်"

ထိုစကားကြောင့် ဆန်းလျန်၏ စိတ်များရှုတ်ထွေးသွားရလေသည်။ သူ၏လက်ရှိဘဝသည် အလွန်ပင် ကောင်းမွန်နေပြီ ဖြစ်သည့်အတွက် သူ့အနေဖြင့် နောက်ဘဝကိုစောင့်ကာ အဘယ်ကြောင့် ဗောဓိသကျတစ်ပါး ဖြစ်လာရဦးမည်နည်း။

ဆန်းလျန်က ဗောဓိသကျ၏စကားကို ငြင်းပယ်ရန် ပါးစပ်ကို ဟလိုက်ချိန်မှာပင် သူသည် အလိုလိုနေရင်း ဗောဓိသကျရှေ့

တွင် ဒူးထောက်ကျသွားလေသည်။ ဗောဓိသကျက ပြုံးလိုက်ရင်း လက်ကိုဆန့်တန်းကာ သူ့ကို ဆုပေးလိုက်လေသည်။

ဆန်းလျန်မှာ ရုန်းကန်လိုသည့်တိုင် ရုန်းကန်မရဖြစ်နေရလေသည်။

ထိုအချိန် သူ၏နှလုံးသားထဲမှ ရိုက်ခတ်သံတစ်ချက် ထွက်ပေါ်လာလေသည်။ သူ၏အသွေးအသားများသည် အားပြန်ပြည့်သလို ခံစားလိုက်ရပြီး ဗောဓိသကျကို မော့ကြည့်လိုက်သည်။

"ကျွန်တော်က ဒီတစ်ဘဝပဲ အသက်ရှင်မှာ ၊ နောက်ဘဝကို မလိုချင်ဘူး ၊ ဗောဓိသကျလည်း မဖြစ်ချင်ပါဘူး"

ဗောဓိသကျ၏မျက်နှာထက်မှ အပြုံးသည် ပျောက်ကွယ်သွားလေသည်။

သူက အေးစက်စွာဖြင့်...

"မင်းဘာလုပ်နေတယ်ဆိုတာ သိရောသိရဲ့လား"

ဗောဓိသကျ၏ စကားဆုံးသွားသည်နှင့် ဆန်းလျန် လှူဒါန်းထားသည့် ပွင့်ဖတ်ငါးချပ်ပါသည့် ကြာပန်းများမှာ ကြာပလ္လင်တစ်ခုအလား တဖြည်းဖြည်းကြီးမားလာလေသည်။ ဗောဓိသကျသည် ကြာပန်းပလ္လင်ထက်တွင် စံပယ်လိုက်သည့်အခါ ဆန်းလျန်မှာ ဗောဓိသကျရှေ့တွင် ပုရွက်ဆိတ်လေးတစ်ကောင်အလား သေးငယ်သွားရလေသည်။

ဆန်းလျန်က လက်ဖဝါးများကို ဖြန့်လိုက်လေသည်။ ထိုအခါ ဆန်းလန်၏ လက်ထဲမှ ဆီမွှေးများထွက်ပေါ်လာပြီး ဝတ်ကျောင်းတော်အတွင်းတွင် မီးတောက်မီးလျှံများ တောက်လောင်လာလေသည်။

ကြာပလ္လင်ထက်မှ ဗောဓိသကျထံမှ ကြေးနီစိမ်းရောင်အလင်းတန်းများ ထွက်ပေါ်နေလေသည်။

ဆန်းလျန်က ရယ်မောလိုက်လေသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်မှာ ချက်ချင်းပင် ဆယ်ကျော်သက်

လူငယ်တစ်ယောက်အသွင်သို့ ကူးပြောင်းသွားလေသည်။

"ခင်ဗျားက တကယ့်အစစ်အမှန် ဗောဓိသကျတစ်ပါးဆိုရင်

ကျုပ်ကို ဒီလိုမျိုး ဖိအားပေးမှာမဟုတ်ဘူး"

ဆန်းလျန်က ပြောလိုက်လေသည်။

"ကျုပ်က ဗောဓိသကျတစ်ပါးပဲ ၊ မငြိမ်းသောမီးအိမ်

ရှေးဟောင်း ဗောဓိသကျပဲ ၊ မင်းက ကျုပ်ကို မလေးမစား

ရိုင်းပြတဲ့အတွက် ငရဲရှစ်ထပ်မှာ ကယ်သူမရှိဘဲ ဒုက္ခခံစားရ

လိမ့်မယ်"

ဗောဓိသကျ၏အသံက ဝတ်ကျောင်းတော်တစ်ခုလုံးတွင် ဟိန်း

ထွက်လာလေသည်။

"ခင်ဗျားက ဗောဓိသကျ မဟုတ်ပါဘူး"

ဆန်းလျန်က အေးဆေးစွာ ပြောလိုက်လေသည်။

အမှန်တော့ ဆန်းလျှန်၏ နှလုံးသားထဲမှ ရိုက်ခတ်သံကြောင့် ဆန်းလျှန် ကိုယ့်ကိုကိုယ် ပြန်လည် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်လေသည်။ ထိုအသံမှာ သူ၏ဒြပ်စင်ငါးပါးမျော်ဝင်ဓားမှ ထွက်ပေါ်လာသည့် အသံပင် ဖြစ်လေသည်။

ကြေးနီခေါင်းတလားထက်မှ မီးအိမ်သည် ဆန်းလျှန်ကို မလှည့်စားနိုင်ခဲ့ပါ။

သို့သော် ဆန်းလျှန်ကို လှည့်စားနေသူမှာလည်း မငြိမ်းသောမီးအိမ်ဗောဓိသကျ အစစ်အမှန် မဟုတ်နိုင်ပါ။ သို့သော် ထိုသူ၏ ကျင့်စဉ်လမ်းမှာ အလွန်အဆင့်မြင့်လွန်းလှလေသည်။ ထို့ပြင် မငြိမ်းသောမီးအိမ်ဗောဓိသကျနှင့်လည်း ဆက်နွယ်မှုတစ်ခု ရှိနိုင်လေသည်။

ဗောဓိသကျဆိုသည်က တရားအလင်းရရန် လမ်းပြပေးသူ ဖြစ်လေသည်။ ဖိအားပေးသူ မဟုတ်ပါ။

ထို့ကြောင့် အယောင်ဆောင် ဗောဓိသကျသည် သူ့ကိုဖိအား

ပေးရန် ကြိုးစားသည့်တိုင် ကန့်သတ်ထားသည့် နယ်နိမိတ်ကို

တော့ ကျော်လွန်၍မရခဲ့ပေ။

အခန်း (၄၀၃) သွေးမဆောင်နိုင်သော

ဆန်လျန်၏ အခြားသူများနှင့် မတူညီသည့် တုန့်ပြန်မှုကြောင့်

ဗောဓိသကျ အယောင်ဆောင်သူသည် အလွန်ဒေါသထွက်

သွားပုံရလေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ဗောဓိသကျ

ကိုယ်ပွားပေါင်းများစွာ ထွက်ပေါ်လာပြီး ဆန်းလျန်ကို

လှည့်ပတ်နေလေသည်။

ဆန်းလျန်က ထိတ်လန့်သွားခြင်းမရှိပါ။

ဆန်းလျန်၏ ဘဝတွင် အန္တရယ်များစွာလည်း ရင်ဆိုင်ခဲ့ရခြင်း မရှိသလို လွယ်လွယ်ကူကူလည်း ဖြတ်သန်းခဲ့ရခြင်း မရှိပေ။ သို့သော် အေးဆေးတည်ငြိမ်ခြင်းဆိုသည်က သူ၏ ကိုယ်ရည်ကိုယ်သွေးပင် ဖြစ်လေသည်။ အနိုင်ရသည်ဖြစ်စေ ၊ ရှုံးနိမ့်သည်ဖြစ်စေ သူက အေးဆေးတည်ငြိမ်နေမည်ပဲဖြစ်သလို စိတ်ရှုတ်ထွေးစရာ ၊ စိတ်ပျက်စရာများကြုံရလျှင်လည်း သူက အေးဆေးတည်ငြိမ်နေမည် ဖြစ်လေသည်။

သေခြင်းနှင့် ရှင်ခြင်းကြား ဘဝတစ်ခု ရှင်သန်ရာတွင် အကြောင်းအရာများစွာကို ရင်ဆိုင်ကြရမည်ပဲ ဖြစ်လေသည်။ သာမန်လူသားများအနေဖြင့် မမျှော်လင့်သည့်ဒုက္ခအခက်အခဲများနှင့် အံ့သြဖွယ်ရာများကို ကြုံတွေ့ရလျှင် ခံနိုင်ရန်ရှန်ရန်မှာ ခဲယဉ်းမည် ဖြစ်လေသည်။

သို့သော် ... ဆန်းလျန်ကတော့ မလိုအပ်သောအရာများအပေါ်တွင် အချိန်ဖြုန်းတီးခြင်းမရှိသည့် ပင်ကိုယ်ဗီဇဖြင့် မွေးဖွားလာသူ ဖြစ်လေသည်။

ဆန်းလျန်ကို ဝန်းရံနေကြသည့် ဗောဓိသကျကိုယ်ပွားများ၏မျက်နှာတွင် ဒေါသတရားများ ဖုံးလွှမ်းနေကြလေသည်။

ဆန်းလျန်က မျက်လုံးကိုမှိတ်ထားလိုက်ပြီး စိတ်ကို ဖွင့်ထားလိုက်သည်။ သူ၏ခန္ဓာကိုယ်သည် မဖော်ပြနိုင်လောက်အောင်သန့်ရှင်းစင်ကြယ်နေပြီး တိမ်တစ်စကဲ့သို့ လွင့်မျောနေလေသည်။

သို့သော် ဆန်းလျန်ကိုဝန်းရံထားသည့် ဗောဓိသကျများကို ထိုးဖောက်ထွက်ရန် နည်းလမ်းတော့ မတွေ့ရှိသေးပေ။ သူ့ကို ဝိုင်းပတ်ထားသည့် ဗောဓိသကျများ၏ စက်ဝိုင်းမှာ တဖြည်းဖြည်းကျုံ့သွားပြီး သူ့ကို အလွန်လျှင်မြန်စွာ လှည့်ပတ်နေလေသည်။

ရန်သူကို တိုက်ခိုက်ရန်အတွက် သူ၏မျက်လုံးများကို အသုံးပြု သည်ထက် သူ၏ အာရုံခံစားမှုကို အသုံးပြုခြင်းက ပိုပြီး ကောင်းသည်ကို ဆန်းလျန်သိထားလေသည်။ ထိုအခါမှသာ ခက်ခဲသောအခြေအနေတစ်ခုမှ လွတ်လမ်းကိုသူရှာဖွေနိုင်မည် ဖြစ်လေသည်။

ထိုအချိန်တွင်...

မှော်ဝင်ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် ဖန်းယန် ယင်းသည် ဆန်းလျန်အနားသို့ ရောက်လာလေသည်။ ဆရာ ဦးလေး၏ လက်သည် မီးအိမ်ကို ဆုပ်ကိုင်ထားပြီး အသွေးအသားများ လောင်ကျွမ်းကာ အရိုးသာလျှင်ကျန် တော့သည်ကို သူမမြင်တွေ့လိုက်ရလေသည်။ မီးအိမ်တင် ထားသည် ကြေးနီခေါင်းတလားကြီးမှလည်း ကြောက်မက် ဖွယ်ရာ တန်ခိုးစွမ်းအားများက ထွက်ပေါ်နေဆဲသည်။

ဖန်းယန်ယင်းသည် မော်ဝင်ဓားကို ကိုင်ထားပြီး အသက်ကို မှန်မှန်ရှူရင်း သူမကိုယ်တွင်းမှ စွမ်းအားများကို မော်ဝင်ဓား အတွင်းသို့ စီးဝင်စေလိုက်သည်။

ထိုအချိန်မှာပင် ...

အဖြူရောင်ဝတ်ဘုန်းတော်ကြီးပေါ်လာပြီး သူမအနားသို့ လျှင်မြန်စွာ ရောက်ရှိလာလေသည်။

သူကတော့ မော်ဝင်ဓားကို တင်းကြပ်စွာစုပ်ကိုင်ထားပြီး အနားသို့ရောက်လာသမျှ အရာအားလုံးကို ဝှေ့ယမ်းတိုက်ခိုက်ပစ်လိုက်လေသည်။

ကြေးနီခေါင်းတလားထက်မှ မီးအိမ်သည် အလွန်အဖိုးတန်သည့်မီးအိမ်တစ်ခုဖြစ်ကြောင်း ဖန်းယန်ယင်း ရိပ်မိလိုက်သည်။

ခေါင်းတလားမှ ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားများသည် မီးအိမ်ကိုလှည့်ပတ်နေပြီး မီးတောက်မှာ တဟုန်းဟုန်း တောက်လောင်နေလေသည်။

ကြေးနီခေါင်းတလားအောက်ဖက်ဆီမှ အနက်ရောင်အရည်ကဲ့သို့သော အရာများသည် ဖြည်းဖြည်းချင်းစီးထွက်နေလေသည်။ ထိုအရာများသည် မည်သို့သောအရာများဖြစ်သည်ကို ဖန်းယန်ယင်း သိရှိခြင်း မရှိပါ။

သူမက ခေါင်းတလားပေါ်သို့ ခုန်တက်လိုက်လေသည်။

သို့သော် မမြင်နိုင်သော စွမ်းအားတစ်ခုက သူမကို ရိုက်ချလိုက်သဖြင့် သူမသည် ပြန်ပြုတ်ကျသွားရလေသည်။

ဆန်းလျန်မှာတော့ သူနှင့်တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည့် ဗောဓိသကျကိုယ်ပွားများထံမှ လွတ်လမ်းမမြင်သေးပေ။

ဆန်းလျန်သည် ခေါင်းကိုမော့လိုက်ပြီး နှုတ်ခမ်းများကို တွန့်ကွေးကာ ပြုံးလိုက်သည်။ သူ၏အပြုံးသည် ကြာပန်းလေးတစ်

ပွင့်အလား လှုပလွန်းလေသည်။ သူက စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်းစာအုပ်မှ စာသားများကို ပြန်လည်မှတ်မိအောင် ကြိုးစားနေခြင်း ဖြစ်လေသည်။

စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်မှ ကျင့်စဉ်များသည် ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းအတွက် ထိပ်တန်းကျင့်စဉ်များ ဖြစ်ပြီး ထိုကျင့်စဉ်များကိုသာ မေ့လျော့သွားပါက ဒုက္ခအကြီးအကျယ်ရောက်ရမည် ဖြစ်လေသည်။

သို့တိုင်အောင် သူ့ကိုဝန်းရံထားသည့် ဗောဓိသကျကိုယ်ပွားများကို ထိုးဖောက်ထွက်နိုင်ရန်အတွက် ဟာကွက်ကို တွေ့ရှိခြင်းမရှိသေးပေ။ သို့သော် အတွေးတစ်ခုက သူ့ခေါင်းထဲသို့ ဝင်ရောက်လာလေသည်။

အလွန်အမင်းဒေါသထွက်နေသည့် ဗောဓိသကျကိုယ်ပွားများသည် အဘယ့်ကြောင့် သူ့ကို မီးနှင့်လောင်မြိုက်စေခြင်း ၊ မိုးကြိုးပစ်ခြင်းများဖြင့် လျှင်မြန်စွာတိုက်ခိုက်

သတ်ဖြတ်ခြင်းမရှိဘဲ အဘယ့်ကြောင့် လှည့်ပတ်ရုံသာ လှည့်ပတ်နေကြပါသနည်း။

ထိုအတွေးတွေးနေသည့်အချိန်မှာပင် ဆန်းလျန်သည် စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်းစာအုပ်မှ ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းကျင့်စဉ်ကို ကျင့်ကြံနေမိလေသည်။ ဆန်းလျန်သည် ရွေ့လျားခြင်းမရှိ ၊ တုန်လှုပ်ခြင်းမရှိ ၊ စိတ်အစဉ်သည် ငြိမ်းချမ်းလျှက်ရှိလေသည်။

ထိုအချိန်မှာပင်...

ဆန်းလျန်ကို ဝိုင်းပတ်နေကြသည့် ဗောဓိသကျများသည် ငြိမ်သက်သွားကြပြီး အနက်ရောင်ဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးတစ်ပါး ပေါ်လာလေသည်။

ထိုဘုန်းတော်ကြီးက ဆန်းလျန်၏နားထဲသို့ တီးတိုးပြောလိုက်သည်။

"မင်းက ထိပ်တန်းကျင့်စဉ်တစ်မျိုးကို ကျင့်ကြံထားတာပဲ ၊

ကျုပ်က မင်းကိုလေးစားတဲ့အနေနဲ့ မင်းက ကျုပ်ကို

လွတ်မြောက်အောင် ကူညီမယ်ဆိုရင် ကျုပ်ကလည်း မင်းကို

ပြန်ကူညီဖို့ ဝန်မလေးပါဘူး"

ဆန်းလျန်က ပြုံးလိုက်ရင်း…

"ဆရာတော်က ကျုပ်ကို ဘယ်လိုလွှတ်ပေးမှာလဲ"

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက ဆန်းလျန်၏ စိတ်နှလုံးကို

တုန်လှုပ်အောင် စကားများဖြင့် ကြိုးစားသည့်တိုင် ဆန်းလျ

န်၏ စိတ်နှလုံးသည် ကျောက်သားအလား မတုန်မလှုပ် ခိုင်မာ

လွန်းလေသည်။

သူ၏စိတ်တွင်းမှ ဒေါသတရားများကို စမ်းသပ်မှုကျော်

လွန်သွားပြီးသည့်နောက် ဆန်းလျန်၏ ဝိညာဉ်အတွင်းတွင်

ပြောင်းလဲမှုတစ်ခု ထူးဆန်းစွာ ဖြစ်ပေါ်လာလေသည်။ ဆန်းလျ

န်၏ မူလဝိညာဉ်ခန္ဓာသည် စီးဆင်းနေသည့်မြစ်တစ်စင်း

အလား အသွင်ပြောင်းသွားလေသည်။

စွမ်းအားများက သူ၏ ဝိညာဉ်တစ်လျှောက်စီးဆင်းသွားလေ

သည်။

"မင်းကို ကျုပ်ကလည်း ဒီအတိုင်း လွှတ်မပေးနိုင်ဘူး"

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက အေးစက်စွာဖြင့် ပြောလိုက်

သည်။

ထို့နောက် ပတ်ဝန်းကျင်တွင် အနက်ရောင်အရည်များထွက်

ပေါ်လာပြီး ဝတ်ကျောင်းတော်ကြီးမှာလည်း ပျောက်ကွယ်သွား

လေတော့သည်။

အနက်ရောင်ရေလှိုင်းများသည် လှိုင်းတံပိုးရိုက်ခတ်သံများနှင့်

အတူ နတ်မိစ္ဆာနှစ်ဆယ့်လေးပါး ကောင်းကင်ထက်တွင်ပေါ်လာ

ပြီး ဆန်းလျန်ကို တိုက်ခိုက်ရန် ဝိုင်းပတ်ထားကြလေသည်။

နတ်မိစ္ဆာများသည် ကြီးမားသည့် ပုတီးစေ့ကြီးများကို ကိုင်ဆောင်ထားကြလေသည်။ ထို့နောက် သူတို့က ထိုပုတီးစေ့ကြီးများဖြင့် ဆန်းလျန်ကို ပစ်ပေါက်လိုက်ကြလေသည်။ ထိုပုတီးစေ့တစ်လုံးဖြင့်သာ ထိမိပါက ဆန်းလျန်သည် အမှုန့်ကြေသွားနိုင်လောက်အောင် စွမ်းအားကြီးမားလေသည်။

ထိုသို့ ကြောက်မက်ဖွယ်ရာတိုက်ခိုက်မှုနှင့်ရင်ဆိုင်ရသည့်အခါ မကြောက်ရွံ့သည့်သူ မည်သူရှိမည်နည်း။

"ဓား..."

ဆန်းလျန် ခပ်တိုးတိုးရေရွတ်လိုက်သည်။

ဆန်းလျန်ပြောလိုက်သည့် "ဓား" ဆိုသည်မှာ သူ၏ ဒြပ်စင်ငါးပါးဓားကို ပြောခြင်း မဟုတ်ပါ။ နဂါးငွေ့တန်းဓားဝိညာဉ်ကို ပြောလိုက်ခြင်း ဖြစ်လေသည်။ ထိုဓားသည် ဆန်းလျန်၏ စိတ်ဝိညာဉ်အတွင်းမှ ဓားဖြစ်လေသည်။

ကောင်းကင်ထက်မှ တောက်ပသည့်အလင်းတန်းများသည် နဂါးတစ်ကောင်အလား ပေါ်ထွက်လာလေသည်။ ထို အလင်းတန်းသည် ပုတီးစေ့ကြီးများကို ထိုးခွဲလိုက်ပြီး အနက်ရောင်ဝတ်ဘုန်းတော်ကြီးကိုပါ ဖုံးအုပ်လွှမ်းမိုးသွားလေတော့သည်။

နဂါးအမြီးနှင့်တူသည့် ဓားဝိညာဉ်သည် အနက်ရောင်ဝတ်ဘုန်းတော်ကြီးကို သုတ်သင်ပစ်လိုက်လေသည်။ ထို့နောက် ကောင်းကင်ကိုထိုးဖောက်ကာ ဗလာနယ်တစ်ခုဆီသို့ ထိုးဖောက်ထွက်သွားလေတော့သည်။

အခန်း (၄၀၄) အသူရာချောက်မှမြေကြီး

ထိုအချိန်တွင် ဖန်းယန်ယင်းမှာ မှော်ဝင်ဓားကို အဆက်မပြတ် ဝှေ့ယမ်းကာ အဖြူရောင်ဝတ်ဘုန်းတော်ကြီးကို တိုက်ခိုက်နေလေသည်။ ကြေးနီခေါင်းတလားကြီးဆီမှလည်း ထူးဆန်းသည့် အသံများက အဆက်မပြတ်ထွက်ပေါ်နေလေသည်။ ကြေးနီခေါင်းတလားမှ ထွက်ပေါ်နေသည့် ထူးဆန်းသည့်အသံများသည် မှော်ဝင်ဓားမှ ဓားခြိမ်းသံများနှင့် ရောနှောသွားလေသည်။ ထို့နောက် ခေါင်းတလားကြီးမှာ တဖြည်းဖြည်း အနက်ရောင်သို့ ပြောင်းလဲသွားလေသည်။

ကြေးနီခေါင်းတလားမှထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများသည် ဆန်းလျန်၏ ခန္ဓာကိုယ်တွင်းသို့ စီးဆင်းဝင်ရောက်သွားလေသည်။ တစ်ချိန်တည်းမှာပင် သူ၏အသားများကို မီးလောင်ကျွမ်းနေသည့်အတွက် နာကျင်ခြင်းကိုလည်း ခံစားနေရလေသည်။

သို့သော် သူ၏လက်မှ မိစ္ဆာစွမ်းအားများကို နာကျင်မှုများက တိုက်စားသွားပြီး စိတ်မှာကြည်လင်လာလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင်တော့ ဓားသွားက လေကိုထိုးခွင်း ဝင်ရောက်သွားသည့် ဓားခုတ်သံများဖြင့် ပြည့်နက်နေလေ သည်။

ဆန်းလျန်၏ အခြေအနေ အနည်းငယ်တည်ငြိမ်သွားသည်ကို တွေ့ရတော့မှ ဖန်းယန်ယင်းမှာ စိတ်ချသွားပြီး သူမ၏ ခန္ဓာကိုယ်မှာ မြေပြင်ထက်သို့ လဲကျသွားလေတော့သည်။ သူမ သည် ဓားသိုင်းပညာ မည်မျှပင်တော်ပါစေ သူမ၏ခန္ဓာကိုယ် သည် နတ်ဘုရားတစ်ပါးမဟုတ်သေးသည့်အတွက် မှော်ဝင်ဓား ကို ကောင်းမွန်စွာ ထိန်းချုပ်နိုင်ခြင်း မရှိသေးပေ။

ဖန်းယန်ယင်းသည် မြေပြင်ထက်တွင်လဲကျနေပြီး မှော်ဝင်ဓား သည် မြေကြီးထဲသို့ စိုက်ဝင်နေလေသည်။

အဖြူရောင်ဝတ်ဘုန်းတော်ကြီးသည် ရေခဲတောင်ကြာပန်း ပလ္လင်ထက်တွင် ထိုင်နေလေသည်။ ဆန်းလျန်ကို ထိန်းထားနိုင် ပြီး အချိန်ကုန်ဆုံးလာသည်နှင့်အမျှ သူသည် စိတ်ဝိညာဉ် မီးအိမ်ကို သူ ရယူနိုင်မည် ဖြစ်လေသည်။

ထိုအချိန်မှာပင် ဆန်းလျန်၏ မျက်လုံးများ ပွင့်လာလေသည်။

"ရှန်ကြွယ်ဆရာတော် ၊ ခင်ဗျားက သိပ်ကိုတန်ခိုးစွမ်းအားမြင့် မားတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ ၊ ဘာလို့ ဒီလို စက်ဆုပ်ရွံရှာစရာ အလုပ်ကို လုပ်ရတာလဲ"

တစ်လက်လက်တောက်ပသည့် မျက်ဝန်းများဖြင့် ဆန်းလျန်က ရှန်ကြွယ်ဆရာတော်ကိုကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။

"သက်ရှိအားလုံးဟာ အတူတူပါပဲ ၊ ဒုက္ခပင်လယ်ကနေ လွတ်ကင်းပြီး တရားအလင်းရဖို့ဆိုတာ မလွယ်ကူလှဘူး မဟုတ်လား"

ဆန်းလျန်က ဆက်ပြောလိုက်သည်။

ဆန်းလျန်၏ စကားကြောင့် ရှန်ကြွယ်ဆရာတော်က ရယ်မော လိုက်လေသည်။

"တာအိုဆရာဆန်း ၊ မင်းလိုလူမျိုးက ဒီလိုစကားလုံးတွေ မ ပြောသင့်ဘူး"

ဆန်းလျန်ကလည်း အေးစက်စွာဖြင့် ရယ်မောလိုက်လေသည်။

"စကားထဲက ဇာတိပြဆိုတာရှိတယ် ၊ အမှားနဲ့အမှန်ဆိုတာ လက်တစ်လုံးခြားလေးပဲ ၊ ဒီ မဟာနှင်းတောင်ကနေ အသက် ရှင်လျက် ထွက်သွားနိုင်ဖို့ဆိုရင် ခင်ဗျားနဲ့ ဘာအပေးအယူလုပ် ရမလဲ"

ရှန်ကြွယ်ဆရာတော်က ခေါင်းကိုလက်ဖြင့် တစ်ချက်သတ် လိုက်ပြီး သက်ပြင်း တစ်ချက်ချလိုက်လေသည်။

"ကျုပ်ရဲ့ ဂိုဏ်းတူတူလေးဆီက သတင်းကြားတာက ချင်းရွှမ် နတ်တံခါးရဲ့ဂိုဏ်းချုပ် ဆန်းလျန်ဆိုတာကျင့်ကြံသူလောကမှာ နောက်ထပ်လုကျိုးယွမ်တစ်ယောက် ဖြစ်လာလိမ့်မယ်တဲ့ ၊

ကျုပ်လေ့လာကြည့်မိ သလောက် မင်းကလည်း လုကျိုးယွမ်လို မာနက ခပ်ကြီးကြီးပဲကိုး"

ရှန်ကြွယ်ဆရာတော်၏ ဂိုဏ်းတူတူလေးဆိုသူမှာ အဓိကဗုဒ္ဓဘာသာကျောင်းတော်ကြီးလေးမှ ဆရာတော်တစ်ပါးဖြစ်သည့် မြောင်တိဆရာတော်ကို ပြောခြင်း ဖြစ်လေသည်။ အဓိကဗုဒ္ဓဘာသာကျောင်းတော်ကြီးရှစ်ခုမှ ဆရာတော်ကြီးရှစ်ပါးလုံးသည် လောကကိုကျော်လွန်သည့်အဆင့်ထိ ကျင့်ကြံနိုင်ခြင်း မရှိကြသေးပါ။ သို့သော် လုကျိုးယွမ်ကတော့ မြောင်တိဆရာတော်နှင့် တရားဆွေးနွေးခဲ့ဖူးလေသည်။ တရားဆွေးနွေးပြီးသည်နှင့် မြောင်တိဆရာတော်မှာ မျက်နှာဖြူဖပ်ဖြူလျော်ဖြင့် ထွက်ခွာသွားခဲ့လေသည်။ လုကျိုးယွမ်ကတော့ မြောင်တိဆရာတော်၏ တရားအလင်းမှာ ပင်လယ်ကဲ့သို့နက်ရှိုင်းပြီး အသိဉာဏ်ပညာမှာလည်း ကျယ်ပြန့်သည်ဟု ပြောခဲ့လေသည်။

လုကျိုးယွမ်ထံမှ ထိုကဲ့သို့သော အကဲဖြတ်မှုကိုရရှိရန် အလွန်ခဲယဉ်းလေသည်။ ရရှိခဲ့လျှင်လည်း ထိုလူသည် သာမန်လူ မဟုတ်သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်၏ မြင့်မားလွန်းသော တန်ခိုးစွမ်းအားများကြောင့် ကျင့်ကြံသူလောကတွင် ဆန်းလျန်ကို ဒုတိယလုကျိုးယွမ် ဖြစ်လာမည်ဟု ပြောဆိုလျှက်ရှိကြလေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ကျင့်ကြံသူလောကတွင် ဆန်းလျန်၏ လွှမ်းမိုးမှု မည်မျှမြင့်မားသည်ကို ခန့်မှန်းနိုင်လေသည်။

"ကျုပ်ဟာကျုပ် မာနကြီးလည်း ဆရာတော်နဲ့ ဘာဆိုင်လဲ"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ထိုအချိန်မှာပင် ခေါင်းတလားထက်မှ မီးအိမ်မှ လှိုင်းများထသွားပြီး မီးအိမ်သည် ရှန်ကြွယ်ဆရာတော်၏ လက်ထဲသို့ ပျံသန်းရောက်ရှိသွားလေသည်။

ရှန်ကြွယ်ဆရာတော်က...

"တာအိုဆရာဆန်း ၊ ခုချိန်မှာ ဘာစကားများ ပြောချင်သေးလဲ" ဆန်းလျန်က မျက်လုံးများကို ကျဉ်းမြောင်းလိုက်ရင်း... "အဝေးကနေထိန်းချုပ်တဲ့တန်ခိုးစွမ်းအားပဲ ၊ ဆရာတော်ရဲ့ တန်ခိုးစွမ်းအားက မြင့်မားလွန်းတယ် ၊ ကျုပ်ရဲ့မှော်ဝင်ဓား ကြောင့် ဒဏ်ရာရနေတာတောင်မှ မီးအိမ်ကို အဝေးကနေ လှမ်း ပြီးထိန်းချုပ်နိုင်နေသေးတယ် ၊ ဆရာတော် မငြိမ်းသောမီးအိမ် ဝတ်ကျောင်းတော်မှာ ရှိနေတာ ဒီမီးအိမ်ကို လိုချင်လို့ မဟုတ် လား ၊ အခု ကျုပ်က ဒီမီးအိမ်က ဒေါသတရားတွေအားလုံးကို ဖယ်ရှားပစ်လိုက်ပြီ ၊ ဒါတောင်မှ မီးအိမ်ကို လိုချင်သေးတာ လား ၊ အား... ဟုတ်တာပေါ့ ၊ ဆရာတော်က အဲဒီ အမျက်ဒေါသတွေကြောင့် နာကျင်ရမှာကိုကြောက်နေတာ မဟုတ်လား ၊ ဒါပေမယ့် ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲဗျာ"

မငြိမ်းသောမီးအိမ်ဝတ်ကျောင်းတော်သည် မဟာနှင်းတောင် ထက်တွင် တည်ရှိလေသည်။ဝတ်ကျောင်းတော်တွင် ရှန်ကြွယ်

ဆရာတော်မှမဟုတ် ၊ အခြားသော ဘုန်းတော်ကြီးများလည်း ရှိဦးမည် ဖြစ်လေသည်။ သို့သော်.. ဆန်းလျှန်၏ စိတ်အာရုံတွင် မည်သည့်အသက်ဓာတ်ကိုမှ ခံစားရခြင်း မရှိပေ။

ရှန်ကြွယ်ဆရာတော်သည် မီးအိမ်ကို ကိုင်ထားရင်း ရယ်မောနေလေသည်။

"ဝတ်ကျောင်းတော်က လူတွေအားလုံးကို ကျုပ်တောင်အောက်ကို ဆင်းခိုင်းထားတာလေ ၊ ဒီတောင်က မငြိမ်းသောမီးအိမ် ဗောဓိသကျ တရားအလင်းရခဲ့တဲ့နေရာပဲ ၊ ဝိညာဉ်စွမ်းအထုံးအဖွဲ့တွေနဲ့ပြည့်နေတာ ၊ ဝိညာဉ်စွမ်းအားအထုံးအဖွဲ့က ဘာတွေလုပ်နိုင်သလဲဆိုတာ မင်းတကယ်ပဲ မသိဘူးလား"

ဆန်းလျှန်က မျက်မှောင်အနည်းငယ်ကြုတ်လိုက်ရင်း...

"နေပါဦး ၊ ဒီမီးအိမ်ရဲ့ အမျက်ဒေါသကို ဖိနှိပ်ဖို့အတွက် ဘာကို အသုံးပြုထားတာလဲ"

ဆန်းလျန်၏ အမေးစကားက ရှန်ကြွယ်ဆရာတော်ကို

အံ့အားသင့်သွားစေသည်။ ဆန်းလျန်သည် ယခင်မျိုးဆက်

နတ်ဘုရားများထက် သာလွန်သည်ဟု နာမည်ကြီးနေသည်မှာ

အံ့သြစရာမဟုတ်တော့ပေ။

"တခြားတော့မဟုတ်ပါဘူး ၊ အသူရာချောက်က မြေကြီးနည်း

နည်းလောက် အသုံးပြုထားတာပါ ၊ ဒီ မငြိမ်းသောမီးအိမ်နဲ့

ကြေးနီခေါင်းတလားဟာ မဟာနှင်းတောင်တစ်ခုလုံးရဲ့ အဓိက

မဏ္ဍိုင်ပဲ ၊ ဒီမီးအိမ်ကို ဖယ်ရှားခံလိုက်ရတာနဲ့ မဟာနှင်းတောင်

တစ်ခုလုံး ပျက်စီးသွားမှာပဲ"

သူ့စကားဆုံးသည်နှင့် နှင်းတောင်မှ နှင်းများသည်

တဖြည်းဖြည်းအရည်ပျော်ကျလာလေတော့သည်။

ဆန်းလျန်က ထွက်ပြေးရန်မကြိုးစားပါ။

ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မိုက်နေသော်လည်း မီးစုန်း

အနည်းငယ်က ထွန်းလင်းနေသေးသည့်အတွက် အနည်းငယ်

ကိုတော့မြင်နေရသေးသည်။

ဆန်းလျန်က စိုးရိမ်ပူပန်ခြင်း မရှိပါ။ သူက အံ့သြနေခြင်း

လည်း မရှိပါ။

ရှန်ကြွယ်ဆရာတော်သည် ဆန်းလျန်၏မြင်ကွင်းထဲမှ ပျောက်

ကွယ်သွားပြီ ဖြစ်လေသည်။

သို့သော် မငြိမ်းသောမီးအိမ်ကို ရှန်ကြွယ်ဆရာတော် ယူဆောင်

သွားခြင်းသည် အကြီးမားဆုံး အမှားတစ်ခုကို ကျူးလွန်လိုက်

ခြင်း ဖြစ်လေသည်။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း လဲကျနေသည့် ဖန်းယန်

ယင်းကို အသာတွဲထူလိုက်သည်။

ဒြပ်စင်ငါးပါး မှော်ဝင်ဓားမှ ရောင်စဉ်ငါးမျိုးဖြာထွက်လာပြီး ခေါင်းတလားအောက်မှ မသူရာချောက်မြေကြီးများကို သန့်စင်ပစ်လိုက်သည်။

ရှန်ကြွယ်ဆရာတော်မှာတော့ မငြိမ်းသောမီးအိမ်ကိုကိုင်ဆောင်ကာ အသူရာချောက်မြေကြီးထက်တွင် လမ်းလျှောက်နေလေသည်။

အစပိုင်းတွင် သူက မငြိမ်းသောမီးအိမ်ကို မယူရဲသည်မှာ ကြေးနီခေါင်းတလားကြီးဆီမှ အမျက်ဒေါသတရားများကို ကြောက်လန့်သောကြောင့် ဖြစ်လေသည်။ သို့သော် ဆန်းလျန်က ကြေးနီခေါင်းတလားကြီးဆီမှ အမျက်ဒေါသများကို အောင်နိုင်ခဲ့ပြီ ဖြစ်သည့်အတွက် စိုးရိမ်စရာမရှိတော့ပေ။ ကြေးနီခေါင်းတလားကြီးအကြောင်း စဉ်းစားလိုက်မိသည်နှင့် သူရုတ်တရက် နားလည်သဘောပေါက်သွားရသည်။ ကြေးနီ

ခေါင်းတလားနှင့် မငြိမ်းသောမီးအိမ်သည် တစ်သားတည်း

ကျနေသည် ဆိုသည့်အချက်ပင် ဖြစ်လေသည်။

ထိုသို့တွေးလိုက်မိစဉ်မှာပင်...

မငြိမ်းသောမီးအိမ်မှ အလင်းတန်းများသည်ကြိုးများအသွင်သို့

ကူးပြောင်းသွားပြီး ရှန်ကြွယ်ဆရာ၏ ကိုယ်တွင်းသို့ စူးနစ်စွာ

ဖြင့် ဝင်ရောက်သွားလေတော့သည်။

"နှလုံးသားထိန်းချုပ်ကျိန်စာ..."

သူအော်ဟစ်လိုက်မိလေသည်။

အခန်း (၄၀၅)

မိုးကောင်းကင်ကဲ့သို့ထာဝရ

နှလုံးသားထိန်းချုပ်ကျိန်စာမှထွက်ပေါ်လာသည့် အလင်းကြိုး

များသည် ရှန်ကြွယ်ဆရာတော်၏ ကိုယ်တွင်းသို့ တိုးဝင်သွား

ကာ နှလုံးသားကို ချည်နှောင်ထားလိုက်လေသည်။

ရှန်ကြွယ်ဆရာတော်၏ မျက်ခုံးနှစ်ခုကြားမှ အနီရောင်

အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ ဆရာတော်က

နှလုံးသားထိန်းချုပ်ကျိန်စာကို ချေဖျက်ရန် ဝိညာဉ်စွမ်းအား

များကို အမြင့်ဆုံးအဆင့် မြှင့်တင်လိုက်ခြင်း ဖြစ်လေသည်။

ရှန်ကြွယ်ဆရာတော်သည် သူ့ကိုလှည့်စားခဲ့သည့် ဆန်းလျန်ကို

ပင် ဒေါသမထွက်အားတော့ပါ။ ဆန်းလျန်သည် နှလုံးသား

ထိန်းချုပ်ကျိန်စာကို အငြိမ်းသောမီးအိမ်ထဲတွင် မည်သို့

ထည့်သွင်းထားခဲ့ပါသနည်း။ စဉ်းစားရင်းဖြင့် အဖြေရှာမရဖြစ်

နေခဲ့ရလေသည်။

ရှန်ကြွယ်ဆရာတော်သည် နှလုံးသားထိန်းချုပ်ကျိန်စာကို

ချေဖျက်ရန်ကြိုးစားရင်း ကြောက်စရာကောင်းသည့် အချက်

တစ်ခုကို တွေ့ရှိလိုက်ရလေသည်။ ဆန်းလျန်သည် နှလုံးသား ထိန်းချုပ်ကျိန်စာကို ပြန်လည်မွေးဖွားခြင်းဂါထာဖြင့် ပေါင်းစပ်အသုံးပြုထားခြင်း ဖြစ်လေသည်။ ထို့ကြောင့် ရှန်ကြွယ်ဆရာတော်သည် ကျိန်စာကိုချေဖျက်မရနိုင်ဘဲ အခက်တွေ့နေရတော့သည်။

အခက်တွေ့နေသည့်တိုင် ရှန်ကြွယ်ဆရာတော်သည် ဆန်းလျန်၏ အရည်အချင်းများကိုလည်း အံ့အားသင့်နေခဲ့လေသည်။ ဆန်းလျန်သည် တာအိုကျင့်စဉ်များနှင့် ဗုဒ္ဓဘာသာကျင့်စဉ်များကို အကန့်အသတ်မရှိ ဘက်ပေါင်းစုံမှ အသုံးပြုနိုင်သူ ဖြစ်လေသည်။ ဆန်းလျန်သည် မွေးရာပါ ထူးခြားသည့် ပါရမီရှင်သူတော်စင်တစ်ပါးဖြစ်သည်ဆိုသည့်အချက်ကို ငြင်း၍မရပေ။

"မိုးကောင်းကင်က အိုမင်းသွားမှာမဟုတ်သလို ၊ ဥပဒေသတွေကိုလည်း ချိုးဖောက်မှာမဟုတ်ဘူး ၊ ပင့်ကူအိမ်လို ရှုတ်ထွေးလိမ်ယှက်နေတဲ့ စိတ်ဆိုတာ ဘယ်လိုလုပ် ကြည်လင်မှုရှိမှာလဲ ၊

ရှန်ကြွယ်ဆရာတော် ၊ ခင်ဗျား လွတ်မြောက်နိုင်မှာမဟုတ်တော့ဘူး"

အမှောင်ထဲမှ လူတစ်ယောက် ပေါ်ထွက်လာလေသည်။

ထိုလူသည် ကြေးနီခေါင်းတလားကြီးကို လက်တစ်ဖက်မှ သယ်ဆောင်ထားပြီး သူ၏ အခြားလက်တစ်ဖက်ကတော့ အသွေးလည်းမရှိ ၊ အသားလည်းမရှိ ၊ အရိုးကျနေလေသည်။

ထိုသူ၏နောက်တွင် မိန်းကလေးငယ်လေးတစ်ယောက် လိုက်ပါလာလေသည်။ သူမ၏လက်ထဲတွင် ဓားတစ်လက်ကို ကိုင်ဆောင်ထားလေသည်။

ထိုသူ၏ ပုံသဏ္ဍာန်မှာ အသူရာချောက်မှ နတ်ဆိုးတစ်ယောက် အလားပင် ဖြစ်လေသည်။

ရှန်ကြွယ်ဆရာတော်၏ လက်ထဲမှ မငြိမ်းသောမီးအိမ်သည် ပျောက်ကွယ်သွားပြီး ကြေးနီရောင်ခေါင်းတလားထက်သို့ ပြန်လည်ရောက်ရှိသွားလေသည်။ ကြေးနီရောင်ခေါင်းတလား

သည် အနက်ရောင်များ ဖိတ်ဖိတ်တောက်နေလေ၏။

ပတ်ဝန်းကျင်တွင် မှိန်ဖျော့ဖျော့ လင်းလက်နေသည့် မီးစုန်းများသည် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ရှန်ကြွယ်ဆရာတော်သည် ဆန်းလျန်ကို တွေ့မြင်လိုက်သည်နှင့် ကံကြမ္မာရဟတ် တစ်ပတ်လည်လာပြီဆိုသည်ကို သိလိုက်လေသည်။

"မငြိမ်းသောမီးအိမ်ထဲမှာ နှလုံးသားထိန်းချုပ်ကျိန်စာကို မင်းဘယ်လိုထည့်ထားတာလဲ"

ရှန်ကြွယ်ဆရာတော်က မေးလိုက်သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒါက အရေးကြီးလို့လား ၊ ကဲ... အခု ဆရာတော်ကို လွှတ်ပေးရမယ့် အကြောင်းလေးတစ်ခုလောက်ရှိရင် ပြောပြပါဦး"

ပြန်လည်မွေးဖွားခြင်းဂါထာနှင့် ကျင်းကျိုတိုင်းပြည်တွင် ရရှိခဲ့သည့် မိစ္ဆာစွမ်းအားဒဏ်ရာက မငြိမ်းသောမီးအိမ်ထဲတွင် နှလုံးသားထိန်းချုပ်ကျိန်စာကို ထည့်သွင်းနိုင်ရန် လမ်းစကို ဆန်းလျန်အား သိရှိစေခဲ့သည်။ နှလုံးသားထိန်းချုပ်ကျိန်စာကိုသာ အသုံးမပြုခဲ့လျှင် ရှန်ကြွယ်ဆရာတော်ကို အနိုင်ရရန်မှာ ခက်ခဲမည် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ရှန်ကြွယ်ဆရာတော်သည် ရွှေခန္ဓာရသည်အထိ ကျင့်ကြံအောင်မြင်ထားသလို မရှိမှုနှစ်မျိုးကျင့်စဉ်ကိုလည်း ကျင့်ကြံအောင်မြင်ထားသူဖြစ်လေသည်။

ရှန်ကြွယ်ဆရာတော်က သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ရင်း...

"မင်းသာ ကျိန်စာတိုက်မထားရင် ကျုပ်လွတ်မြောက်နိုင်မှာပဲ ၊ ဒါပေမယ့် အခုတော့ ကျုပ်ရဲ့လွတ်မြောက်မှုက မင်းအပေါ်မှာ မူတည်နေပြီ ၊ ကျုပ်တို့ ချန်ကျောင်းတော်က လျှို့ဝှက်ကျင့်စဉ်

တွေနဲ့ မငြိမ်းသောမီးအိမ်ကျင့်စဉ်ကို မင်းကိုငါပေးမယ်ဆိုရင် မင်းငါ့ကို လွှတ်ပေးမှာလား"

ဆန်းလျန်က အေးစက်စွာဖြင့်...

"ကြည့်ရတာ ဆရာတော်က လက်မလျှော့ချင်သေးဘူးပဲ ၊ ချန်ကျောင်းတော်က ပညာကိုသင်ရင် ချန်ကျောင်းတော်ရဲ့ ကျောင်းထိုင်ဆရာတော်ဖြစ်တဲ့ မြောင်တိဆရာတော်ကို မရှိသေးရာရောက်မှာ ကြောက်ပါတယ် ၊ ပြီးတော့ မငြိမ်းသော မီးအိမ်ကျင့်စဉ်ကိုလည်း ကျုပ်စိတ်မဝင်စားပါဘူး ၊ ဘာလို့လဲဆိုတော့ အဲဒီကျင့်စဉ်တွေကို ကျင့်ကြံမယ်ဆိုရင် ကျုပ်ရဲ့ ကျင့်စဉ်လမ်းနဲ့ သီးခြားဖြစ်နေမှာပေါ့ ၊ ကျုပ်က အစကတည်းက ဗုဒ္ဓဘာသာဂိုဏ်းကမှ မဟုတ်တာ"

အမှန်တော့ ဆန်းလျန်က မြောင်တိဆရာတော်ကိုလည်း အမှန်တကယ် ကြောက်ရွံ့ခြင်း မရှိပါ။ သူက ရည်ရွယ်ချက်မရှိဘဲ ရန်သူမတိုးစေချင်သောကြောင့်သာ ထိုသို့ ပြောလိုက်ခြင်းဖြစ်

လေသည်။ ဗုဒ္ဓဘာသာကျောင်းတော်ကြီးရှစ်ခုမှ ဆရာတော်ကြီးများသည် သူတို့ကျောင်းတော်များ၏ လျှို့ဝှက်ကျင့်စဉ်များကို အထူးစည်းကမ်းတင်းကြပ်ပြီး ပေါက်ကြားလိုခြင်း မရှိကြပေ။

ထို့ကြောင့် ချန်ကျောင်းတော်၏ ကျင့်စဉ်များကိုသာ ဆန်းလျန်က ကျင့်ကြံပါက အကြီးအကျယ် ပြဿနာတက်မည် ဖြစ်လေသည်။ ရှန်ကြွယ်ဆရာတော်သည် လူပြန်ဝင်စားပြီးသည့်နောက် ချန်ကျောင်းတော်သို့ မပြန်ဘဲ မငြိမ်းသောမီးအိမ်ဝတ်ကျောင်းတော်သို့ လာရောက်ခဲ့သည့်အတွက် သူတို့ကြား၏ဆက်ဆံရေးက ကောင်းမွန်ခဲ့သည် မဟုတ်ပေ။

မငြိမ်းသောမီးအိမ်ကျင့်စဉ်ကတော့ ကြောက်မက်ဖွယ်ရာကျင့်စဉ်တစ်ခုဖြစ်ကြောင်း ဆန်းလျန် သိလေသည်။ ထိုကျင့်စဉ်ကတော့ ဗုဒ္ဓဘာသာနှင့် တာအိုဝါဒနှစ်ခုကြားတွင်ရှိသည့် ကျင့်စဉ်တစ်ခု ဖြစ်လေသည်။

ခေတ်အဆက်ဆက်တွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသည့်
တာအိုဆရာများစွာရှိလေသည်။ သို့သော် ဆန်းလျန်ကတော့
ထိုသို့သော ရည်ရွယ်ချက်မျိုး မရှိပါ။ ထို့ပြင် ရှန်ကြွယ်
ဆရာတော်က သူ့ကိုလှည့်စားနေခြင်းဖြစ်ကြောင်းကိုလည်း
သူကောင်းကောင်းသိလေသည်။

"ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည် ၊ မကောင်းတာ
လုပ်လျှင် မကောင်းတာဖြစ်မည်" ဆိုသည့် နိယာမကို ဆန်းလျ
န်က လက်ကိုင်ထားလေသည်။ သူ့နေရာတွင် ရှန်ကြွယ်
ဆရာတော်သာဆိုလျှင် သူ့ကို အလွတ်ပေးလိမ့်မည် မဟုတ်
ပေ။ ထိုဘုန်းတော်ကြီးသည် ပိုမိုအစွမ်းထက်သော တန်ခိုး
စွမ်းအားကိုရရှိရန်အတွက် ချန်ကျောင်းတော်ကို စွန့်ခွာကာ မ
ငြိမ်းသောမီးအိမ်ကျောင်းတော်သို့ ဝင်ရောက်ခဲ့သူ ဖြစ်လေ
သည်။ ထို့ကြောင့် တန်ခိုးစွမ်းအားကြီးမားရန်အတွက် မည်

သည့်အလုပ်ကိုမဆိုလုပ်မည်ဆိုသည့် ရှန်ကြွယ်ဆရာတော်၏
မကျင့်စရိုက်ကို တွေ့မြင်နိုင်လေသည်။
"ဒါဖြင့် မင်းဘာကိုလိုချင်တာလဲ"
ရှန်ကြွယ်ဆရာတော်က ပွင့်ပွင့်လင်းလင်းပင် မေးလိုက်သည်။
"တကယ်တော့ အောက်ဖက်က အသူရာချောက်မြေကြီးကို မ
ငြိမ်းသောမီးအိမ်ဝတ်ကျောင်းတော်က ဖိနှိပ်ထားခဲ့တာမဟုတ်
လား ၊ အဲဒါ ဘာလျှို့ဝှက်ချက်ရှိလဲ ၊ ပြီးတော့ ဆရာတော်က မ
ငြိမ်းသောမီးအိမ်ကိုယူသွားပေမယ့် အသူရာချောက်မြေကြီးကို
လည်း မစွန့်လွှတ်နိုင်ဘူး ၊ ဆရာတော်မှာ တခြားအကြံအစည်
တစ်ခုခု ရှိနေတယ် မဟုတ်လား"
ဆန်းလျန်က အေးဆေးစွာပင် ပြောလိုက်သည်။
"ဘယ်အရာကိုမှ မင်းကို ဖုံးကွယ်ထားလို့ မရဘူးပဲ ၊ မင်းက
ဗုဒ္ဓဘာသာအကြောင်းကို စိတ်မဝင်စားပေမယ့် ကျုပ်ကတော့
တာအိုဝါဒကို စိတ်ဝင်စားတယ် ၊ တကယ်တော့ အရင်အချိန်

တွေတုန်းက မငြိမ်းသောမီးအိမ်ဝတ်ကျောင်းတော်ကို "ရွှမ်ထန်ကျန်းကျွင်း" ဆိုတဲ့ နတ်ဘုရားတစ်ပါး လာရောက်တိုက်ခိုက်ခဲ့တယ်၊ အဲဒီနတ်ဘုရားက ကျင့်ကြံသူလောကမှာ အရမ်းထူးခြားတဲ့ နတ်ဘုရားတစ်ပါးပဲ၊ ဒါပေမယ့် သူဟာ မငြိမ်းသောမီးအိမ်ဗောဓိသကျရဲ့ လက်ဖဝါးထဲကတော့ ရုန်းမထွက်နိုင်ခဲ့ဘူး၊ ဒါပေမယ့် သူက ဗုဒ္ဓဘာသာထဲကိုဝင်ဖို့ထက် သေဖို့ကိုပဲ ရွေးခြယ်ခဲ့တယ်၊ နောက်ဆုံး သူက အသက်အသေခံလိုက်ပြီး သူ့ရဲ့ခန္ဓာကိုယ်ဟာ အသူရချောက်ရဲ့မြေကြီးအဖြစ်ပြောင်းလဲသွားခဲ့တယ်"

"သူက ကြွင်းကျန်ရစ်ခဲ့တဲ့ အသူရာချောက်မြေကြီးတွေကို ကြေးနီခေါင်းတလားထဲမှာထည့်ပြီး အဲဒီခေါင်းတလား မြှုပ်ထားတဲ့အပေါ်မှာ မငြိမ်းသောမီးအိမ်ဝတ်ကျောင်းတော်ကို တည်ဆောက်ခဲ့တာပဲ၊ မငြိမ်းသောမီးအိမ်ဗောဓိသကျက အဲဒီအသူရာချောက်က မြေကြီးတွေမှာ ရွှမ်ထန်ကန်းကျွင်းနတ်

ဘုရားရဲ့ အမျက်ဒေါသတရားတွေနဲ့ မကျေနပ်မှုတွေရှိနေတယ် ၊ ဒါကြောင့် မငြိမ်းသောမီးအိမ်မဟာဓိသကျက မငြိမ်းသော မီးအိမ်ကို ဖန်ဆင်းပြီး အဲဒီအမျက်ဒေါသတရားတွေကို ထိန်းချုပ်ထားခဲ့တယ် ၊ အဲဒီအချိန်ကစပြီး မငြိမ်းသောမီးအိမ် ဝတ်ကျောင်းတော်ဆိုတာ ပေါ်ပေါက်လာတာပဲ ၊ အဲဒီ ဝတ်ကျောင်းတော်ကနေ တာအိုဝါဒနဲ့ဗုဒ္ဓဘာသာပေါင်းစပ် ထားတဲ့ ကျင့်စဉ်တွေ ထွက်ပေါ်လာခဲ့တယ် ၊ ကဲ ကျုပ်ဘာ ကြောင့် မငြိမ်းသောမီးအိမ်ဝတ်ကျောင်းတော်ကို ရောက်လာရ လဲဆိုတာ သိပြီမဟုတ်လား"

ရှန်ကြွယ်ဆရာတော်၏ စကားများကို နားထောင်ပြီး သည့်နောက် ဆန်းလျန်က ဖန်းယန်ယင်းကို ပြောလိုက်သည်။

"မော်ဝင်ဓားနဲ့ ရှန်ကြွယ်ဆရာတော်ကို သူ့လမ်းသူပို့ပေးလိုက် တော့"

ဖန်းယန်ယင်းက ဆန်းလျန်စကားကိုကြားသည်နှင့် တစ်ချက်ပင် တုန့်ဆိုင်းခြင်းမရှိဘဲ ဓားကိုကိုင်ကာ ရှန်ကြွယ်ဆရာတော်ရှေ့သို့ ရောက်ရှိသွားလေသည်။

ရှန်ကြွယ်ဆရာတော်က ဒေါသတကြီးဖြင့် ဟားတိုက်ရယ်မောလိုက်ရင်း...

"တာအိုဆရာဆန်း ၊ မင်းက တကယ်ပဲ ကျုပ်ကို သတ်တော့မလို့လား ၊ ကျုပ်မှာ မင်းမသိတဲ့လျှို့ဝှက်ချက်တွေ အများကြီးရှိသေးတယ်နော် ၊ မင်းမသိချင်ဘူးလား"

ဆန်းလျန်သည် စကားတစ်လုံးမှ မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အခန်း (၄၀၆)

ကခုန်နေတဲ့သစ်ပင်ထက်က ထာဝရအသက်သစ်သီး ဖန်းယန်ယင်းသည် မှော်ဝင်ဓားကို ကိုင်မြှောက်လိုက်လေသည်။ မှော်ဝင်ဓားမှ ရောင်စဉ်ငါးမျိုးဖြာထွက်လာပြီး ရှန်ကြွယ်ဆရာတော်၏ ဦးခေါင်းကို ချိန်ရွယ်ကာ ပိုင်းဖြတ်ချလိုက်လေသည်။

ရှန်ကြွယ်ဆရာတော်၏ဦးခေါင်းသည် မြေပြင်ထက်သို့ ကျသွားလေတော့သည်။

သို့သော် ရှန်ကြွယ်ဆရာတော်၏ ဦးခေါင်းကြီးမှာ လည်ပင်းမှ ပြတ်ပြီး မြေပြင်ပေါ်သို့ ကျသွားသည့်တိုင် ခေါင်းမရှိသည့် ရှန်ကြွယ်ဆရာတော်၏ ခန္ဓာကိုယ်ရှိရာသို့ ပြန်လာရင် ကြိုးစားနေလေသည်။ ထို့နောက်တွင်တော့ မြေပြင်ထက်မှ ဦးခေါင်းသည်

ခန္ဓာကိုယ်နှင့် ချိတ်ဆက်မိသွားပြီး ဦးခေါင်းသည် မူလဖြတ်ပတ်ခဲ့သည့်နေရာနှင့် ပြန်လည်ဆက်သွယ်မိသွားလေတော့သည်။

ရှန်ကြွယ်ဆရာတော်မှာ ခေါင်းနှင့်ကိုယ် ပြန်ဆက်သွားပြီး နဂိုမူလအတိုင်း ပြန်ဖြစ်ကာ အသက်ရှင်သန်နေမြဲ ဖြစ်လေသည်။

ဖန်းယန်ယင်းမှာ ထိတ်လန့်သွားပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိသည်။ ရှန်ကြွယ်ဆရာတော်မှာ ထိုမျှ တန်ခိုးစွမ်းအားမြင့်မားလိမ့်မည်ဟု သူမက ထင်မထားမိပေ။ လူတစ်ယောက်သည် ခေါင်းပြတ်သွားသည်နှင့် သေဆုံးရန်မှာ သေချာသလောက်ဖြစ်လေသည်။ သို့သော် ရှန်ကြွယ်ဆရာတော်ကတော့ ပြတ်သွားသည့်ဦးခေါင်းကို ခန္ဓာကိုယ်နှင့် ပြန်လည်ချိတ်ဆက်နိုင်လေသည်။

ရှန်ကြွယ်ဆရာတော်က ရယ်မောလိုက်လေသည်။

"တာအိုဆရာဆန်း ၊ မိုးနဲ့မြေမှာ အတားအဆီးမရှိသွားလာနိုင်တဲ့ ကျုပ်ဘုန်းကြီးက နောက်တစ်ကြိမ် လူပြန်မဝင်စားချင်တော့ဘူး"

ဖန်းယန်ယင်းက ဆန်းလျန်ကို လှည့်ကြည့်လိုက်လေသည်။ ဆန်းလျန်ကတော့ ပြုံးနေဆဲဖြစ်လေသည်။

ဖန်းယန်ယင်းသည် ရှန်ကြွယ်ဆရာတော်၏ဦးခေါင်းကို နောက်တစ်ကြိမ် ခုတ်ဖြတ်ပစ်လိုက်ပြန်လေသည်။ ဦးခေါင်းကလည်း ရှန်ကြွယ်ဆရာတော်၏ ကိုယ်ခန္ဓာထက်သို့ ပြန်သွားကာ နဂိုအတိုင်း တည်ရှိနေပြန်သည်။

သို့သော်... ဦးခေါင်းကို တစ်ခါခုတ်ဖြတ်လိုက်တိုင်း ရှန်ကြွယ်ဆရာတော်၏ ခန္ဓာကိုယ်မှာ ပိုပြီးခြောက်သွေ့လာပုံ ရလေသည်။

ဖန်းယန်ယင်းသည် ရှန်ကြွယ်ဆရာတော်၏ဦးခေါင်းကို ထပ်ခါတလဲလဲ ခုတ်ဖြတ်ပြီးသည့်နောက် ရှန်ကြွယ်ဆရာတော်၏

ခန္ဓာကိုယ်သည် မြေပြင်ထက်သို့ လဲကျသွားကာ ရွှေရောင်ခန္ဓာ
အဖြစ်သို့ ပြောင်းလဲသွားလေသည်။ ရွှေခန္ဓာမှ အသွေးအသား
များသည် ရွှေမှုံများအဖြစ် ပြောင်းလဲသွားကာ နောက်ဆုံးတွင်
အရိုးစုသာကျန်ရစ်ခဲ့လေတော့သည်။ အရိုးစုနှင့် မလှမ်းမကမ်း
တွင်တော့ ဦးခေါင်းခွံတစ်ခု ရှိနေလေသည်။

ဖန်းယန်ယင်းသည် မှော်ဝင်ဓားကိုပြန်လည်ရုတ်သိမ်းလိုက်ပြီး
ဆန်းလျန်အနားတွင် သွားရပ်နေလိုက်လေသည်။

ရှန်ကြွယ်ဆရာတော်၏ ခန္ဓာကိုယ်မှပြောင်းလဲသွားသည့် ရွှေမှုံ
များထံသို့ မည်သည့်နေရာကမှန်းမသိသည့် စမ်းရေများစီး
ဆင်းဝင်ရောက်လာပြီး ရေကန်ငယ်လေးတစ်ခု ဖြစ်တည်လာ
လေသည်။ ထိုရေကန်အလယ်တွင် ကြာပန်းလေးတစ်ပွင့်
ပွင့်လန်းလာလေ၏။

ပတ်ဝန်းကျင်တွင် လေပြေလေးကလည်း သာယာအေးမြစွာ
တိုက်ခတ်လာလေသည်။

"မင်း သူ့ကိုသတ်လိုက်တာ ဘယ်လိုခံစားရလဲ"

ဆန်းလျန်က ဖန်းယန်ယင်းကို နူးညံ့စွာဖြင့် မေးလိုက်သည်။

"ဘယ်လိုမှ မခံစားရပါဘူး"

ဖန်းယန်ယင်းက ပြန်ဖြေလိုက်သည်။

ဆန်းလျန်က ဖန်းယန်ယင်းကို ချီးကျူးသည့်အကြည့်ဖြင့်တစ်ချက်ကြည့်လိုက်ပြီး...

"ဆရာဦးလေးပြောသလိုသာဆိုရင် တစ်ဘဝပြီး တစ်ဘဝ ကျင့်ကြံနိုင်ဖို့က ပိုပြီးခက်ခဲလာတာလား"

ဖန်းယန်ယင်းက ပြန်မေးလိုက်သည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ချင်းရွှမ်နတ်တံခါးမှာတောင် နှစ်ပေါင်းသုံးထောင်အတွင်း နတ်ဘုရားအဖြစ် နှစ်ကြိမ်အဆင့်တက်ရောက်နိုင်ခဲ့သူဆိုလို့ ကျုပ်ရဲ့ဆရာဘွားဘွားဖြစ်တဲ့ ကျိုလင်နတ်သမီးပဲ ရှိခဲ့ဖူးတယ် ၊ ဒါကြောင့် နှစ်ဘဝတိုင်တိုင်ကျင့်ကြံနိုင်ဖို့ဆိုတာ မယုံနိုင်

လောက်အောင် ခက်ခဲတယ်၊ ဒါပေမယ့် ဗုဒ္ဓဘာသာကတော့ မတူဘူး၊ သူတို့မှာက လူပြန်ဝင်စားပြီး ကျင့်ကြံပြီဆိုရင် အရင်ဘဝက ကျင့်ကြံမှုတွေကို ဒီအတိုင်းပြန်လည်ရရှိတဲ့ လျှို့ဝှက်နည်းလမ်းရှိတယ်"

"ဒါဆိုရင် ဗုဒ္ဓဘာသာကတောင် တာအိုဝါဒထက် ပိုပြီးကောင်းနေတာပေါ့"

ဖန်းယန်ယင်းက ပြောလိုက်သည်။

"လောကမှာ ကျင့်စဉ်လမ်းတွေ အများကြီးရှိလို့ ဘယ်လမ်းက ပိုကောင်းတယ်ဆိုတာ ပြောရခက်တယ်၊ ဒါပေမယ့် ကျင့်စဉ်လမ်းတစ်ခုဟာ အချိန်ကာလကြာလေလေ အန္တရယ်များလေပဲ"

ဆန်းလျန်က ပြန်ဖြေလိုက်သည်။

ဆန်းလျန်က ခဏနားလိုက်ပြီးမှ စကားကို ဆက်ပြောလိုက်သည်။

"ဗုဒ္ဓဘာသာဂိုဏ်းတွေက တိတ်ဆိတ်ငြိမ်သက်တယ် ၊ ပါရမီ အထပ်ထပ်ဖြည့်ပြီးရင် ဗုဒ္ဓတောင်ဖြစ်လာနိုင်တယ် ၊ ဒါပေမယ့် ဗုဒ္ဓဖြစ်လာဖို့ဆိုတာတော့ မလွယ်ကူလှဘူး ၊ ကျင့်စဉ်လမ်း အဆုံးထိမရောက်ကမချင်း ဘဝကို ဘယ်အရာကမှ အာမခံ ချက်မပေးနိုင်ဘူး"

ဆန်းလျှန်သည် ပေါ့ပေါ့ပါးပါးစကားပြောနေသည့်တိုင် သူ၏ညာဘက်လက်ကတော့ အရိုးများကျသည်အထိ မီးလောင်ကျွမ်းခြင်း ခံထားရလေသည်။ သို့သော် ... ဆန်းလျှန် ကတော့ သူ၏ဒဏ်ရာကို ဂရုစိုက်သည့်ပုံမပေါ်ပါ။

ဖန်းယန်ယင်းသည် ဆန်းလျှန်၏လက်ကိုကြည့်ကာ စိတ်မ ကောင်းဖြစ်သွားလေသည်။

"ဆရာဦးလေး ၊ ဆရာဦးလေးရဲ့လက်က ကုသလို့မရတော့ဘူး လား"

"ကခုန်နေတဲ့သစ်ပင်ဆိုတဲ့ သစ်ပင်တစ်ပင်ရှိတယ်၊ အဲဒီ သစ်ပင်ကသီးတဲ့အသီးက ထာဝရအသက်သစ်သီးပဲ၊ အဲဒီ သစ်သီးသာရရင်တော့ ကျုပ်လက်က ပြန်ကောင်းလာနိုင်ပါ သေးတယ်၊ ပြီးတော့ ကျုပ်ကလည်း ချန်ပေသိုနဲ့ ရင်ဆိုင် တိုက်ခိုက်ရဦးမယ်"

"ဒါဆို ကျွန်မတို့ အသူရာချောက်မှာ အဲဒီသစ်ပင်ကို သွားရှာကြ မှာလား"

ဖန်းယန်ယင်းက မေးလိုက်သည်။

"ငါတို့မှာ ရှမ်ထန်ကျန်းကျွင်းထားခဲ့တဲ့ တာအိုတရားအစိပ်ပွါယ်နဲ့ အသူရာချောက်ရဲ့မြေကြီးရှိတာပဲ၊ ကျန်တာတွေ သိပ်မ စဉ်းစားနဲ့တော့၊ သွားကြရအောင်"

ဆန်းလျန်က အေးအေးဆေးဆေးပင် ပြောလိုက်သည်။

ဖန်းယန်ယင်းက သူမရှေ့မှ ရေကန်ငယ်လေးနှင့် ကြာပန်းလေး ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထိုရေကန်နှင့် ကြာပန်းမှာ

ရွှေခန္ဓာအဆင့်ကျင့်ကြံသူမှဖြစ်တည်လာခြင်းဖြစ်

သည့်အတွက် အလွန်တန်ဖိုးရှိသည်မှာ ထင်ရှားနေလေသည်။

သို့သော်... ဆရာဦးလေးအနေဖြင့် ထိုရေကန်နှင့်ကြာပန်းကို

လိုအပ်ခြင်းမရှိသည်မှာ အသေအချာပင် ဖြစ်လေသည်။

ဆန်းလျန်က အသူရာချောက်မြေကြီးကို သူ၏ အရိုးကျနေ

သည့်လက်ဖြင့် စုပ်ကိုင်လိုက်လေသည်။ ထိုအခါ အနက်ရောင်

အခိုးအငွေ့များထွက်ပေါ်လာလေသည်။

အသူရာချောက်မှမြေကြီးဆိုသည်က ညစ်ညမ်းသည့်တိုင်

အခြားသောမြေကြီးများကို သန့်စင်စေပြီး သစ်ပင်များအတွက်

မြေဩဇာကိုကောင်းစေလေသည်။

အခိပ္ပာယ်ကိုလေးလေးနက်နက်စဉ်းစားပြီးသည့်နောက် ဆန်း

လျန်သည် ကြေးနီခေါင်းတလားနှင့် မငြိမ်းသောမီးအိမ်ကို ပခုံး

ထက်တွင် ထမ်းလိုက်လေသည်။ မငြိမ်းသောမီးအိမ်မှာ

တောက်ပနေပြီး သူတို့ရှေ့တွင် တံတားရှည်ကြီးတစ်စင်း

ပေါ်လာကာ သူတို့ကို မဟာနှင်းတောင်တည်ရှိရာနေရာမှ ခေါ်ဆောင်သွားလေတော့သည်။

မဟာနှင်းတောင်မှ နှင်းများမှာ တဖြည်းဖြည်းအရည်ပျော်ကျသွားပြီး နေရောင်ခြည်မှာလည်း လင်းလက်လျှက် ရှိလေတော့သည်။

ဆန်းလျန်နှင့် ဖန်းယန်ယင်း ထွက်ခွာသွားပြီး သိပ်မကြာမီတွင် ကောင်းကင်ထက်တွင် တိမ်တိုက်နှစ်ခု ပေါ်လာလေသည်။

တိမ်တိုက်တစ်ခုစီပေါ်တွင် ဘုန်းတော်ကြီးနှစ်ပါး ထိုင်နေကြလေသည်။ သူတို့၏ မျက်နှာများမှာ လပြည့်ဝန်းများအလားကြည်လင်နေပြီး မျက်ဝန်းများမှာလည်းကြာပန်းများအလားတင့်တယ်ကြလေသည်။ သူတို့၏သင်္ကန်းများသည် လေထဲတွင် တလွင့်လွင့်ဖြင့် လွင့်ပျံနေကြလေသည်။

ဆရာတော်တစ်ပါးက ရေရွတ်လိုက်သည်။

"မဟာနှင်းတောင်ဟာ အသူရာချောက်နဲ့ ဆက်စပ်နေမယ်လို့ မျှော်လင့်မထားမိဘူး"

"ရှန်ကြွယ်ကိုယ်တော် မငြိမ်းသောမီးအိမ်ဝတ်ကျောင်းတော်ကို ရောက်အောင်လာတာကို မအံ့ဩတော့ပါဘူး ၊ ဘာလို့လဲဆို တော့ သူက ဒီလျှို့ဝှက်ချက်ကို သိနေတာကိုး ၊ အသူရာ ချောက်ဆိုတာ နတ်ဆိုးပေါင်းများစွာရဲ့ အိမ်ပဲ"

"ဟုတ်တယ် ၊ ဒါပေမယ့် မဟာနှင်းတောင်ကနှင်းတွေ အရည် ပျော်ကုန်ပြီး မြေကြီးတွေပေါ်လာတာ အကြောင်းပြချက် တစ်ခုခုတော့ရှိရမယ် ၊ ကျင်းတုဝတ်ကျောင်းတော်က ဆရာတော်ဘုရားဆီ အရင်ဆုံး ဒီကိစ္စကို သွားပြီးအစီရင်ခံကြ ရအောင်"

"ဒီအကြံကောင်းတယ်..."

အခန်း (၄၀၇) ရော့စွေမြစ်ကမ်းနံဘေး

ကျုန်းစန်းတောင်ချေတွင် ရွာငယ်လေးတစ်ရွာရှိလေသည်။ ထိုရွာလေးတွင် နေထိုင်ကြသူအားလုံးမှာ "ချန်" မျိုးနွယ်များ ဖြစ်ကြလေသည်။ ထို့ကြောင့် "ချန်ကျေးရွာ" ဟုခေါ်လေသည်။

ချန်ရွာလေးမှာ ကျုန်းစန်းတောင်ခြေတွင် အချိန်ကြာမြင့်စွာရှိနေခဲ့သည့် ရွာလေးတစ်ရွာဖြစ်လေသည်။ ရွာရှိလူများမှာ အသက်ရှည်ကြပြီး မည်သူက အသက်အကြီးဆုံး ဖြစ်သည်ကိုပင် မမှတ်မိကြတော့ပေ။

ထို့ပြင် အသက်တစ်ထောင်ရှည်သည့် မှော်ဆရာမတစ်ယောက်လည်း ချန်ကျေးရွာတွင် ရှိလေသည်။

အသက်တစ်ထောင်ဆိုသည်မှာ မရေမတွက်နိုင်သော ဘဝအတွေ့အကြုံများနှင့် ခေတ်အဆက်ဆက် ၊ မင်းဆက်

အဆက်ဆက်ကို ဖြတ်သန်းလာနိုင်သည့် အသက်ရှယ်ဖြစ်လေ
သည်။ သို့သော် ထိုရွာငယ်လေးအတွက်တော့ အနှစ်တစ်
ထောင်ဆိုသည်က တစ်နှစ်နှင့် မခြားပေ။ ထို့ပြင် ချန်ကျေးရွာ
မှ လူများသည် ချန်ကျေးရွာမှလွဲပြီး အခြားမည်သည့်နေရာကို
မှ သွားလေ့မရှိကြပေ။ အဘယ်ကြောင့်ဆိုသော် ရေ့စွေမြစ်မှာ
ဖြတ်သန်းသွားလာရန် ခက်ခဲလွန်းသောကြောင့်ဖြစ်လေသည်။
ကျုန်းစန်းတောင်ပေါ်ရှိ တောင်စောင့်နတ်၏ အကူအညီဖြင့်
သာ ရေ့စွေမြစ်ကို ဖြတ်ကျော်နိုင်မည် ဖြစ်လေသည်။
"ချန်" ဆိုသည်မှာ ကျုန်းစန်းတောင် တောင်စောင့်နတ်၏ မျိုး
နွယ်ဖြစ်လေသည်။ သို့သော်... ကျုန်းစန်းတောင် တောင်စောင့်
နတ်မှာ ချန်ကျေးရွာမှ လူတစ်ဦး ဟုတ်သည်လား ၊ မဟုတ်
သည်လား ဆိုသည်ကိုတော့မည်သူမျှ မခန့်မှန်းနိုင်ကြပေ။

ကျုန်းစန်းတောင် တောင်စောင့်နတ်နှင့် တောင်စောင့်နတ်၏အစေခံသာလျှင် ရှေ့စွေမြစ်ရေကို ကျော်လွန်ပြီး ပြင်ပလောကကို သိမြင်နိုင်စွမ်းရှိသူများ ဖြစ်ကြလေသည်။ ကျုန်းစန်းတောင် တောင်စောင့်နတ်သည် ချန်ကျေးရွာကို အစဉ်သဖြင့် ကာကွယ်ပေးခဲ့ပြီး တောင်စောင့်နတ်အစေခံမှာ နှစ်တစ်ထောင်အသက်ရှည်သည့် မှော်ဆရာမ ဖြစ်လေသည်။ မှော်ဆရာမသည် တောင်စောင့်နတ်နှင့်လည်း ဆက်သွယ်နိုင်သလို ဖျားနာသည့်ရွာသားများကိုလည်း ဆေးကုသပေးလေ့ရှိလေသည်။ မှော်ဆရာမတွင် ဓာတ်ဖန်လုံးတစ်လုံးရှိပြီး ရေကဲ့သို့အလွန်ကြည်လင်လေသည်။ သူမသည် ထိုဓာတ်ဖန်လုံးမှ တစ်ဆင့် ပြင်ပကမ္ဘာကို သိမြင်နိုင်စွမ်းရှိလေသည်။ ချန်ကျေးရွာမှ လူငယ်များမှာ လူငယ်များပီပီ ပြင်ပလောကကို သိချင်မြင်ချင်စိတ် ရှိကြလေသည်။ ထို့ကြောင့် သူတို့သည်

ပြင်ပလောကကို သိမြင်ရရန်အတွက် မော်ဆရာမဆီသို့ ချဉ်းကပ်လေ့ ရှိကြလေသည်။

ကျုန်းစန်းတောင်မှာ ကြီးမားသော်လည်း ချန်ကျေးရွာမှ ဘဝ များကတော့ သာမန်ဘဝများသာ ဖြစ်သည့်အတွက် လူငယ် များအတွက်တော့ ပျင်းစရာအတိဖြင့် ပြည့်နေလေသည်။

လူငယ်များမှာလူငယ်တို့သဘာဝအတိုင်း ပျင်းရိငြီးငွေ့သည့် ဒဏ်ကို မခံနိုင်ကြပေ။ သူတို့က သူတို့၏ရှင်သန်မှုကို မိုးမြေ တစ်ခွင် ခရီးနှင်ချင်ကြပြီး လွတ်လပ်စွာ သွားလာလိုကြလေ သည်။ စိတ်ကူးများလည်း ယဉ်တတ်ကြသလို အတွေ့အကြုံ အသစ်များကိုလည်း လိုချင်ကြသည်။

မော်ဆရာမ၏ အိမ်ရှေ့တွင် ပြင်ပလောကကို သိမြင်ချင်ကြ သည့် လူငယ်များဖြင့် ပြည့်နေလေသည်။

လူငယ်များထဲတွင် လူငယ်တစ်ယောက်ကတော့ အလွန်ထူးခြား ပြီး တည်ငြိမ်အေးဆေးသူ တစ်ယောက် ဖြစ်လေသည်။

အခြားသောလူငယ်များက မော်ဆရာမ၏ အိမ်ရှေ့တွင် စုဝေး

နေကြသော်လည်း ထိုလူငယ်လေးကတော့ သစ်ပင်တစ်ပင်

အောက်တွင် တိတ်ဆိတ်စွာ ထိုင်နေကာ မြေပြင်ပေါ်တွင်သွား

နေသည့် ပုရွက်ဆိတ်များကို စိတ်ဝင်တစားကြည့်နေလေ

သည်။

ထိုအချိန် ...

မော်ဆရာမ၏ အိမ်ရှေ့ သစ်သားတံခါးလေး ပွင့်သွားလေ

သည်။

ထိုအခါ တံခါးရှေ့တွင် စုရုံးနေကြသော လူငယ်များမှာ

ထိတ်လန့်တကြားဖြင့် လူစုကွဲသွားကြလေသည်။ သစ်ပင်

အောက်မှ လူငယ်လေးကတော့ မတ်တပ်ရပ်ကာ မော်ဆရာမ

ကို ဂါရဝပြုရင်း ပြုံးပြလိုက်လေသည်။

"ချန်ကျင်းချင် ၊ မင်းကဘာလို့ ပုရွက်ဆိတ်တွေကို ကြည့်နေရ

တာလဲ"

မော်ဆရာမ၏ အသံသည် ဆောင်းဦးရာသီကဲ့သို့ ကြည်လင်အေးမြလွန်းလေသည်။ ထို့ပြင် သူမ၏မျက်ဝန်းများကလည်းအေးစက်တည်ငြိမ်နေလေသည်။ သူမသည် ဆယ်ကျော်သက်လေးတစ်ယောက်ပမာ ငယ်ရွယ်နုပျိုကာ လှပလွန်းသူ တစ်ယောက် ဖြစ်လေသည်။

ထို့ပြင် ရွာမှ လူငယ်များကို မပြောနှင့် လူကြီးများပင်လျှင်သူမကို ရဲရဲ မကြည့်ရဲလောက်အောင် အရှိန်အဝါကလည်းကြီးမားလေသည်။

သို့သော် ချန်ကျင်းချင်ကတော့ ခြွင်းချက်ဖြစ်သည်။ ထိုလူငယ်လေးသည် ချန်ကျေးရွာမှ လူတစ်ယောက်မဟုတ်သလို မော်ဆရာမကိုလည်း ရဲရဲဝံ့ဝံ့ကြည့်ရဲလေသည်။

အမှန်တော့ သူက ရေခဲ့စွေမြစ်ရေထဲတွင်မျောပါလာပြီး ကျုန်းစန်းတောင်ခြေမှ ချန်ကျေးရွာသို့ ရောက်ရှိလာခဲ့သည့် ကလေးငယ်တစ်ယောက်ဖြစ်လေသည်။ ကြမ်းတမ်းသော ရေခဲ့စွေမြစ်

ရေသည် အရာအားလုံးကို မြစ်ကြမ်းပြင်ဆီသို့ နှစ်မြှုပ်ပစ်နိုင်သည့်တိုင် ချန်ကျင်းချင်ကိုသယ်ဆောင်လာသည့် သစ်သားစည်ပိုင်းလေးကိုတော့ နှစ်မြှုပ်ပစ်နိုင်ခြင်း မရှိခဲ့ပေ။

ချန်ကျင်းချင်သည် သစ်သားစည်ပိုင်းလေးထဲတွင် ငြိမ်သက်စွာ မျောပါလာပြီး ငိုယိုနေခဲ့ခြင်းလည်း မရှိခဲ့ပေ။ ပစ္စည်းလေးတစ်ခုသာ သူနှင့်အတူပါလာခဲ့လေသည်။ ထိုပစ္စည်းလေးမှာ အဝါရောင်ကျောက်စိမ်းဖြင့် ထွင်းထုထားသည့် ပုဇဉ်းရုပ်လေးတစ်ခု ဖြစ်လေသည်။

လူစိမ်းသူစိမ်းရောက်လာသည်ကို မမြင်ဖူးကြသည့် ချန်ကျေးရွာမှ လူများအတွက်တော့ ချန်ကျင်းချင်ရောက်ရှိလာခြင်းက ထူးဆန်းဖွယ်ရာ ဖြစ်ကြရလေသည်။ သို့သော် ချန်ကျင်းချင်ကို တစ်ရွာလုံးက ဝိုင်းပြီး ချစ်ခင်ကြကာ ဝိုင်းဝန်းပြုစုစောင့်ရှောက်ပေးကြလေသည်။

တဖြည်းဖြည်းနှင့် ချန်ကျင်းချင် အသက်ကြီးလာလေသည်။

သို့သော် အခြားသောလူငယ်များနှင့်မတူစွာ သူက ကျန်းမာရေး ကောင်းသူ တစ်ယောက်မဟုတ်ပေ။ အမြဲတမ်း အားနည်းကာ ဖျားနာနေတတ်လေသည်။

အမှန်တော့သာမန်လူများနှင့်ယှဉ်လျှင် သူက သာမန်ပင်ဖြစ် သော်လည်း ချန်ကျေးရွာမှ လူများနှင့်ယှဉ်လျှင်သာ သူက အားနည်းနေရခြင်းဖြစ်လေသည်။

ထို့ကြောင့် လူငယ်များ အမဲလိုက်ထွက်လျှင် ချန်ကျင်းချင် အန္တရာယ်နှင့်တွေ့မည်ကို ရွာမှလူများအားလုံးက စိတ်ပူကြလေ သည်။ သို့သော်... ချန်ကျင်းချင်သည် ချန်ကျေးရွာသို့ ရောက် သည်မှာ ဆယ့်ငါးနှစ်ပင်ရှိပြီ ဖြစ်သည့်အတွက် ရွာ၏ဓလေ့ များနှင့် အကျွမ်းတဝင်ရှိနေခဲ့ပြီ ဖြစ်သည်။

မော်ဆရာမ၏ အမေးကိုကြားလိုက်ရသည့်အခါ အခြားသော လူငယ်များက ချန်ကျင်းချင် အဆူခံရမည်ကို စိတ်ပူနေကြလေသည်။

အမှန်တော့ ချန်ကျင်းချင်သည် အခြားသူများနှင့်မတူ အေးဆေးစွာဖြင့်နေတတ်ပြီး စကားလည်းနည်းသည့်အတွက်ကြောင့် လူအများက သူ့ကို ချစ်ခင်ကြလေသည်။

"ပုရွက်ဆိတ်တွေက အသိုက်ပြောင်းနေကြတာပါ၊ မြေအနိမ့်ပိုင်းကနေ အမြင့်ပိုင်းကိုပြောင်းနေကြတာမို့ မိုးများရွာမလားလို့ စဉ်းစားနေတာပါ မော်ဆရာမ"

ချန်ကျင်းချင်က မော်ဆရာမ၏ မေးခွန်းကိုဖြည်းညင်းစွာဖြင့် ပြန်ဖြေလိုက်သည်။

"အင်း... နိမ့်ကျတဲ့သတ္တဝါလေးတွေဖြစ်တဲ့ ပုရွက်ဆိတ်လေးတွေတောင်မှ အာရုံခံစားမှုက ထူးခြားတယ်၊ ဒါကြောင့် သဘာဝဘေးအန္တရာယ်တွေကိုကြိုတင်ခန့်မှန်းပြီး သူတို့အသက်အန္တ

ရယ်ကျရောက်မှာကို ကာကွယ်ကြတာပေါ့၊ မင်း ဒီလိုကိစ္စကို

သတိထားမိတာ မင်းက သတိထားတတ်တဲ့သူပဲ၊ မင်းပညာ

တွေလေ့လာချင်တယ်ဆိုရင် ငါက သင်ပေးနိုင်ပါတယ်၊ မင်း

ငါ့ဆီမှာ ပညာသင်ချင်သလား"

မော်ဆရာမက မေးလိုက်လေသည်။

မော်ဆရာမ၏ ရုတ်တရက်မေးလိုက်သည့်အမေးကြောင့် ချန်

ကျင်းချင်မှာ အံ့အားသင့်သွားရသည်။

အဘယ်ကြောင့်ဆိုသော် မော်ဆရာမသည် တပည့်လက်ခံသူ

တစ်ယောက်မဟုတ်ပေ။ သူ့အတွက် အခွင့်အရေးဆိုသည်က

နှစ်ခါရမည်မဟုတ်ပေ။ ထို့ကြောင့် ချက်ချင်းပင် မော်

ဆရာမ၏စကားကို ခေါင်းညိတ်သဘောတူလိုက်လေသည်။

"မင်းက ငါ့တပည့်ဖြစ်ပြီဆိုတော့ ကျင့်ဝတ်အရ ဆရာကို

လက်ဆောင်တစ်ခုခုပေးရလိမ့်မယ်၊ သွား... ရော့စွေမြစ်မှာ

ငါးတစ်ကောင်အမြန်သွားဖမ်းခဲ့"

မော်ဆရာမက ပြောလိုက်လေသည်။

ချန်ကျင်းချင်လည်း ချက်ချင်းပင် သဘောတူလိုက်လေသည်။

အခြားသောလူငယ်များက ချန်ကျင်းချင်ကို အားကျလေးစား နေကြကာ ဝိုင်းပြီး မေးခွန်းများမေးရင်း စကားပြောဆိုနေကြ လေသည်။ သို့သော် ချန်ကျင်းချင် ရော့စွေမြစ်တွင် ငါးသွား ဖမ်းမည်ကိုတော့ သူတို့က စိတ်ပူနေကြလေသည်။ အချို့ လူငယ်များက သူ့ကိုကူညီပြီး ငါးဖမ်းပေးမည်ဟု ပြောကြလေ သည်။

ချန်ကျင်းချင်ကတော့ မည်သူ့၏အကူအညီကိုမှ မယူခဲ့ပါ။ ဆရာဖြစ်သူသည် တပည့်က ဆရာကိုပေးမည့်လက်ဆောင် ပစ္စည်းအတွက် အခြားသူများ၏ အကူအညီကို ရယူသည်ကို သိလျှင် စိတ်ကောင်းနိုင်မည်မဟုတ်ကြောင်း ချန်ကျင်းချင် သိ ထားလေသည်။

ချန်ကျင်းချင်သည် ချက်ချင်းပင် ရွာထဲမှ ငါးမျှားတံနှင့် မြက်ခမောက်တစ်လုံးကိုငှားယမ်းကာ ရော့စွေမြစ်ကမ်းသို့ အမြန်ထွက်ခွာလာလေသည်။ မိုးရွာမည်ကို စိတ်ပူသောကြောင့် သူက အမြန်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

သူ ရော့စွေမြစ်ကမ်းသို့ ရောက်သည်နှင့် မိုးက သည်းထန်စွာ ရွာချလာလေ၏။ သူက မိုးရွာမည်ကို ကြိုတင်ခန့်မှန်းမိသော်လည်း ထိုမျှ မိုးသည်ထန်လိမ့်မည်ဟု မထင်ခဲ့မိပေ။ မြက်ခမောက်ငှားပြီး ဆောင်းလာခဲ့မိသောကြောင့်သာ တော်တော့သည်။

သူက ငါးမျှားချိတ်တွင် ငါးစာကိုချိတ်ကာ ရေထဲသို့ ငါးမျှားတံကို ပစ်ချလိုက်လေသည်။ ရေမျက်နှာပြင်အောက်မှ ရေစီးဆင်းမှုကို ငါးမျှားတံမှ တစ်ဆင့် သူသိရှိခံစားနေရလေသည်။ ထို့ပြင် ငါးစာကိုလာတွတ်နေသော ငါးများကိုလည်း သူမြင်အောင်ကြည့်၍ရနေလေသည်။ သူ၏စိတ်မှာရှင်းလင်းနေပြီး

မြစ်အောက်မှ အရာအားလုံးကို အာရုံခံ၍ရနေလေသည်။

သို့သော် သူ၏ထူးခြားချက်ကို သူက မည်သူ့ကိုမှ ပြောပြခဲ့ခြင်း မရှိပေ။

သို့သော် ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုနှင့် သူရင်ဆိုင်လိုက်ရလေသည်။ သူငါးဖမ်းသည့်နေ့မှ ရေစွေမြစ်ထဲတွင် ငါးတစ်ကောင်တစ်လေမှပင် ထွက်ပေါ်လာခြင်းမရှိပေ။

ထို့ထက်ပို၍ထူးဆန်းသည်မှာ သူနှင့် မနီးမဝေးတစ်နေရာတွင် နူးညံ့သိမ်မွေ့ဟန်ရှိသည့် လူငယ်လေးတစ်ယောက် ရှိနေပြီး ငါးမျှားနေခြင်း ဖြစ်လေသည်။ ထိုလူငယ်လေးသည် မည်သည့်အချိန်ကတည်းက ရောက်နေမှန်းပင် ချန်ကျင်းချင် မရိပ်မိခဲ့ပေ။ ထိုလူငယ်ကတော့ ငါးများတစ်ကောင်ပြီးတစ်ကောင်ဖမ်းကာ သူ၏အိတ်ထဲသို့ ထည့်နေလေသည်။

ချန်ကျင်းချင်သည် သူ၏စိတ်အာရုံကို မြစ်ရေထဲတွင် စူးစိုက်လိုက်လေသည်။ သို့သော်... မြစ်ရေထဲတွင် ငါးတစ်ကောင်မှ မရှိသည်မှာ သေချာလွန်းနေလေသည်။

ထိုအချိန်မှာပင် မနီးမဝေးမှ လူငယ်သည် ချန်ကျင်းချင်ကို လှမ်းကြည့်ပြီး ပြုံးပြလိုက်လေသည်။ ထိုအပြုံးမှတစ်ဆင့် နွေဦးလေပြေလေးအလား နွေးထွေးငြိမ်းချမ်းမှုကို ခံစားလိုက်ရလေသည်။

အခန်း (၄၀၈) ဆန်းဆိုတဲ့စာလုံးက စွေ (ရေ) ဆိုတဲ့စာလုံးနဲ့

ပေါင်းတဲ့ "ဆန်း" ၊ လျှန်ဆိုတဲ့စာလုံးက ဟော်(မီး) ဆိုတဲ့စာလုံးနဲ့

ပေါင်းတဲ့ လျှန်"

လေနှင့်မိုးမှာ ပိုပြီးသဲသဲမဲမဲဖြစ်လာပြီး ရော့စွေမြစ်ရေတွင်

မြူခိုးများ ဖုံးလွှမ်းလာလေသည်။ ချန်ကျင်းချင်မှာ ယခုအချိန်

ထိ ငါးတစ်ကောင်မှ မမိသေးပေ။

ထိုအချိန်တွင် မနီးမဝေးမှ လူငယ်ကတော့ ကြောက်မက်

ဖွယ်ရာကောင်းသည့် အနက်ရောင်ငါးကြီးတစ်ကောင်ကို ဖမ်းမိ

သွားပြန်လေသည်။

ယခုတစ်ကြိမ်တွင်တော့ ချန်ကျင်းချင်သည် ထိုလူငယ်ကို အံ့

သြရုံသာမက မနာလိုပင် ဖြစ်လာမိပြီ ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူငယ်ဖမ်းမိသည့်ငါးမှာ "နဂါးငါး"

ဟုခေါ်သည့် ငါးမျိုးဖြစ်လေသည်။ ထိုငါးမျိုးသည် နဂါးသွေး

ကိုပိုင်ဆိုင်ထားပြီး နဂါးတိုင်းပြည်တံခါးကို ခုန်ကျော်နိုင်လျှင်

နဂါးတစ်ကောင်အဖြစ် အသွင်ပြောင်းနိုင်မည် ဖြစ်လေသည်။

သို့သော်နဂါးတိုင်းပြည်တံခါးဆိုသည်မှာ ဒဏ္ဍာရီတစ်ခုမျှသာ ဖြစ်လေသည်။ ကျုန်းစန်းတောင် တောင်စောင့်နတ်သည်ပင်လျှင် နဂါးတိုင်းပြည်တံခါး မည်သည့်နေရာတွင် ရှိသည်ကို သိရှိခြင်း မရှိပေ။

မည်သို့ပင်ဖြစ်စေ နဂါးငါးကတော့ အလွန်အဖိုးတန်သည့် ငါးတစ်မျိုးဖြစ်လေသည်။ ထိုငါးကိုစားပါက ဆယ်နှစ်ခန့် အသက်ပိုရှည်နိုင်လေသည်။

ထိုအချိန်မှာပင် လူငယ်က ငါးမျှားတံကိုသိမ်းကာ ထွက်ခွာသွားပြီဖြစ်လေသည်။ သို့သော်သူက သူဖမ်းထားသည့် ငါးများထည့်ထားသည့် အိတ်ကိုတော့ ယူဆောင်သွားခြင်းမရှိပေ။

ချန်ကျင်းချင်က ငါးထုပ်ကိုယူကာ လူငယ်နောက်သို့ အမြန်ပြေးလိုက်ရင်း...

"အစ်ကို ၊ အစ်ကို ၊ ခင်ဗျားရဲ့ငါးတွေကျန်ခဲ့ပြီ"

ချောမောလှပသည့်လူငယ်လေးက ပြေးလိုက်လာသည့် ချန်ကျင်းချင်ကိုလှည့်ကြည့်ကာ ပြုံးလိုက်ရင်း...

"အဲဒီငါးတွေကို လက်ဆောင်အဖြစ်ပေးလိုက်မယ်၊ ကျုပ်ထက်ဆာရင် မင်းက ငါးတွေကိုပိုပြီးလိုအပ်နေတာမဟုတ်လား၊ ပြီးတော့ ဒီလိုရာသီဥတုမျိုးမှာ ငါးဖမ်းရတာ ဘယ်မှာပျော်စရာကောင်းမှာလဲ"

ချန်ကျင်းချင်းသည် လူငယ်၏ စကားကြောင့် အံ့သြသွားပြီး လူငယ်ကို ဦးညွှတ်အရိုအသေပေးလိုက်လေသည်။

"ကျေးဇူးအများကြီးတင်ပါတယ် အစ်ကို၊ အစ်ကို့ နာမည်လေးများ သိရမလား၊ ဒါမှ နောက်ဆို ကျေးဇူးပြန်ဆပ်လို့ရမှာ"

"ကျုပ်နာမည်က ဆန်းလျန်လို့ခေါ်တယ်၊ ဆန်းဆိုတဲ့စာလုံးက စွေ (ရေ) ဆိုတဲ့စာလုံးနဲ့ပေါင်းတဲ့ "ဆန်း"၊ လျန်ဆိုတဲ့စာလုံးက ဟော်(မီး) ဆိုတဲ့စာလုံးနဲ့ပေါင်းတဲ့ လျန်"

လူငယ်က ချန်ကျင်းချင်၏အမေးကို ပြန်ဖြေလိုက်လေသည်။

ချန်ကျင်းချင်သည် ဆန်းလျန်ပြောသည့်စကား၏ အဓိပ္ပါယ်ကို နားမလည်ပေ။ သို့သော် "ဆန်းလျန်" ဆိုသည့် အမည်စာလုံးနှစ်ခုက သူ့စိတ်ထဲတွင် လှည့်ပတ်နေလေသည်။ ချန်ကျေးရွာတွင် စာရေး စာဖတ်ကျွမ်းကျင်သူဆို၍ မှော်ဆရာမတစ်ယောက်သာ ရှိလေသည်။ ကျန်သည့်ရွာသားများမှာ ကိုယ့်နာမည်ကိုယ်ပင် မှန်အောင်ပေါင်းတတ်ကြသည့်သူများ မဟုတ်ကြပေ။

သို့သော် ချန်ကျင်းချင်ကတော့ အခြားသူများထက်ဆာလျှင် စာပေဗဟုသုတ အနည်းငယ် သာလွန်သူ ဖြစ်လေသည်။

"ရေ နဲ့ မီး အတူတူတွဲနေတယ်ဆိုတဲ့ သဘောလား ၊ ကျွန်တော်တော့ တစ်ခါမှ မမြင်ဖူးဘူး ၊ ဒါနဲ့... လေတွေမိုးတွေတိုက်နေတာ မိုးခိုစရာမရှိရင် ကျွန်တော်နဲ့ ရွာထဲကို လိုက်ခဲ့လို့ရပါတယ် ဗျာ"

ချန်ကျင်းချင်က ဆန်းလျန်ကို ဖိတ်ခေါ်လိုက်လေသည်။

သို့သော် သူ့စကားဆုံးသွားသည်နှင့် သူက တစ်စုံတစ်ခုကို သတိပြုလိုက်မိသည်။ ဆန်းလျန်မှာ သာမန်အဝတ်အစားများကိုသာ ဝတ်ထားခြင်းဖြစ်သော်လည်း သူ၏အဝတ်အစားများသည်မိုးရေ တစ်စက်မျှ စိုခြင်း မရှိပေ။

ဆန်းလျန်သည် နူးညံ့သိမ်မွေ့သည့်အကြည့်များဖြင့် ချန်ကျင်းချင်ကို တစ်ချက်ကြည့်လိုက်ပြီး ရှော့စွေမြစ်အတွင်းသို့ ခြေတစ်လှမ်းလှမ်းလိုက်လေသည်။ ထို့နောက် ဒုတိယခြေလှမ်းလှမ်းလိုက်ပြန်သည်။ ထို့နောက် ရှော့စွေမြစ်ရေပေါ်တွင် လမ်းလျှောက်ထွက်ခွာသွားလေသည်။

မြစ်အလယ်လောက်ရောက်သည့်အခါတွင်တော့ ဆန်းလျန်သည် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

ချန်ကျင်းချင်မှာ သူတွေ့မြင်ရသည့်မြင်ကွင်းကို မယုံကြည်နိုင်စွာ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေခဲ့လေသည်။ ထို့နောက်

တွင်တော့ သူက ဆန်းလျန်ပေးခဲ့သည့် ငါးအိတ်အတွင်းသို့ ကြည့်လိုက်ပြီး နဂါးငါးတစ်ကောင်ကိုသာ ချန်ထားလိုက်ပြီး ကျန်သည့်ငါးများကို မြစ်ရေထဲသို့ ပြန်လွှတ်ပေးလိုက်လေသည်။ နဂါးငါးမှာ အလွန်အကောင်ကြီးသည့်တိုင် အိတ်ထဲတွင်တော့ ငြိမ်သက်နေရှာလေသည်။ ယနေ့ကြုံတွေ့ရသမျှကတော့ ထူးဆန်းလွန်းပေစွ။

သူ့စိတ်ထဲတွင် ဆန်းလျန်နှင့် ထပ်မံတွေ့ဆုံခွင့်ရဦးမည်ဟု ခံစားနေရလေသည်။ ထို ဆန်းလျန်ဆိုသည့် လူငယ်သည် သူ့ဘဝတွင် တွေ့ဖူးသမျှလူများနှင့် မတူဘဲ ကွဲပြားခြားနားနေပြီး အလွန်နက်နဲသိမ်မွေ့လေသည်။

ချန်ကျင်းချင်သည် တောင်စောင့်နတ်နှင့် တောင်စောင့်နတ် အစေခံတို့သည် ရှော့စွေမြစ်ကို ဖြတ်သန်းကာ ပျံသန်းနိုင်ကြသည်ဟု သိထားလေသည်။ ယခုတော့ ဆန်းလျန်သည်လည်း ရှော့စွေမြစ်ကို ဖြတ်သန်းကာ ပျံသန်းသွားခဲ့သည်ကို သူမြင်

တွေ့ခဲ့ရပြီ။ တစ်နေ့တွင်... သူသည်လည်း ရော့စွဲမြစ်ကို ဖြတ်သန်းကာ ပျံသန်းသွားနိုင်ရမည်ဟု ဆုံးဖြတ်ချက်ချလိုက်မိလေသည်။

ထို့နောက် ချန်ကျင်းချင်သည် ငါးထည့်ထားသည့်အိတ်ကို ယူဆောင်ကာ မော်ဆရာမ၏ အိမ်သို့ ပြန်သွားလေတော့သည်။ အိမ်တံခါးမှာဖွင့်ထားသော်လည်း ချန်ကျင်းချင်က တံခါးရှေ့တွင်ပင် ရပ်နေလိုက်သည်။

"ဝင်လာပါ..."

မော်ဆရာမ၏ အသံ ထွက်ပေါ်လာမှ သူက အိမ်ထဲသို့ဝင်လိုက်ကာ နဂါးငါးကို လေးစားစွာဖြင့် ပေးလိုက်လေသည်။

နဂါးငါးကို မြင်သည်နှင့် မော်ဆရာမက မျက်ခုံးတစ်ချက်ပင့်လိုက်ရင်း...

"မင်း ဘယ်သူနဲ့ တွေ့ခဲ့တာလဲ"

ချန်ကျင်းချင်က သူကြုံတွေ့ခဲ့သမျှကို မော်ဆရာမကို အသေးစိတ်ပြောပြလိုက်လေသည်။ မော်ဆရာမက ချန်ကျင်းချင်ပြောသမျှကို နားထောင်ပြီး မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း...

"ကြည့်ရတာ မင်းတော့ ကျင့်ကြံသူတစ်ယောက်နဲ့ တွေ့ခဲ့ပြီထင်တယ်"

မော်ဆရာမ၏ စကားကြောင့် ချန်ကျင်းချင် အံ့သြသွားရသည်။

"ကျင့်ကြံသူဆိုတာ ဘာလဲ"

"ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ငါတို့မျိုးနွယ်ရဲ့ ဘိုးဘေးတွေဟာ တိုင်းပြည်တွေကို အုပ်ချုပ်ခဲ့ကြတယ်၊ ကျင့်ကြံသူတွေ ပေါ်မလာခင်အထိပေါ့၊ နောက်ပိုင်း အဲဒီလိုကျင့်ကြံသူတွေပေါ်လာကြပြီးတော့ ငါတို့မျိုးနွယ်တွေလည်း တဖြည်းဖြည်းလျော့နည်းလာပြီး တန်ခိုးစွမ်းအားတွေလည်း

ပျောက်ကွယ်ကုန်ကြတယ်၊ ကျန်နေကြသေးတဲ့ လူနည်းစုက လည်း လောကတစ်နေရာမှာပဲ လူလုံးထွက်မပြတော့ဘဲ ပုန်းအောင်းနေကြတော့တယ်၊ ငါက တောင်စောင့်နတ်ရဲ့ အစေခံလည်း ြဖစ်ပြီး တန်ခိုးစွမ်းအားလည်းရှိသလို ဗဟုသုတလည်းရှိတယ်၊ ဒါပေမယ့် ကျင့်ကြံသူတွေရဲ့ တန်ခိုး စွမ်းအားတွေကတော့ အကန့်အသတ်မရှိဘူး၊ သူတို့က လောကမှာ မသေနိုင်တဲ့မျိုးနွယ်တွေပဲ"

ချန်ကျင်းချင်၏အမေးကို မှော်ဆရာမက ပြန်ဖြေလိုက်သည်။ ချန်ကျင်းချင်မှာ မှော်ဆရာမ၏ စကားများကို နားထောင်ရင်း အလွန်အမင်း အံ့သြနေတော့သည်။ မှော်ဆရာမသည် နှစ် ပေါင်းထောင်ချီအသက်ရှည်သူတစ်ယောက်ဖြစ်လေသည်။ ထို့ပြင် ကျုန်းစန်းတောင် တောင်စောင့်နတ်မှာ သူမထက်ပင် အသက်ရှည်သေးသည်။ သို့သော်… လူသားတစ်ယောက်

ကတော့ မသေနိုင်သည်အထိ အဘယ်သို့ အသက်ရှင်နိုင်ပါ

မည်နည်း။

မော်ဆရာမက ချန်ကျင်းချင် စိတ်ထဲတွင် သံသယဝင်နေသည်

ကို ရိပ်မိပြီး စကားကို ဆက်ပြောလိုက်သည်။

"ကျင့်ကြံသူတွေရဲ့ တန်ခိုးစွမ်းအားတွေကို မင်းဘယ်တော့မှ

ယုံနိုင်မှာ မဟုတ်ဘူး ၊ သူတို့က တိမ်တွေကိုလည်း စုဝေးနိုင်

သလို လေနဲ့မိုးကိုလည်း ဆင့်ခေါ်နိုင်တယ် ၊ မီးကိုလည်း

ဖန်ဆင်းနိုင်တယ် ၊ မြစ်တွေကိုလောင်ကျွမ်းစေနိုင်ပြီး ပင်လယ်

တွေကိုလည်း ခမ်းခြောက်စေနိုင်တယ် ၊ တောင်တွေကိုလည်း

အပိုင်းပိုင်းဖြတ်တောက်ပစ်နိုင်ကြတယ်"

မော်ဆရာမ၏ စကားများကြောင့် ချန်ကျင်းချင်မှာ တုန်လှုပ်နေ

ပြီ ဖြစ်သည်။ ဆန်းလျန်ဟုအမည်ရသည့် နူးညံ့သိမ်မွေ့ပြီး

ငယ်ရွယ်သည့်လူငယ်လေးသည် ထိုကဲ့သို့ ကြောက်မက်ဖွယ်ရာ

ကောင်းသည့် ကျင့်ကြံသူတစ်ဦးတဲ့လား။

မှော်ဆရာမ၏ စကားများမှာ တစ်ဝက်ပင် မှန်ဦးတော့ ချန်ကျင်းချင်ကတော့ စိတ်ပင်ကူးမကြည့်ရဲတော့ပေ။ လူသားများသည် ထိုသို့သော စွမ်းအားများရအောင် မည်သို့ကျင့်ကြံကြပါသနည်း။ သူနားမလည်နိုင်တော့ပါ။

"ဒီ ကျင့်ကြံသူတွေက ကျုန်းစန်းတောင် တောင်စောင့်နတ်ထက်တောင် ပိုတန်ခိုးကြီးသလား"

ချန်ကျင်းချင်က ရေရွတ်လိုက်သည်။

ချန်ကျင်းချင်၏စကားကြောင့် မှော်ဆရာမ၏ မျက်ဝန်းထဲတွင် အရောင်တစ်ချက်လက်သွားလေသည်။ သူမက လေးနက်သည့်လေသံဖြင့်...

"အရင်တုန်းက တောင်စောင့်နတ်က ထူးခြားတယ် ၊ ပြီးတော့ ချန်ကျေးရွာက လူတစ်ယောက်ပဲ ၊ နောက်ပိုင်းကျတော့ သူလည်း ကျင့်ကြံသူတစ်ယောက်ဖြစ်လာပြီး ကျုန်းစန်းတောင်ရဲ့

တောင်စောင့်နတ်ဖြစ်လာခဲ့တယ်၊ ဒါကြောင့် သူက ချန်ကျေးရွာကို ကာကွယ်ပေးထားတာပေါ့"

ချန်ကျင်းချင်မှာ တောင်စောင့်နတ်မှာ ချန်ကျေးရွာနှင့် ပတ်သက်နေသည်ဟု ထင်မှတ်မထားခဲ့မိပေ။ ထို့ပြင် တောင်စောင့်နတ်လည်းဖြစ်သည့်တိုင် ကျင့်ကြံသူလည်းဖြစ်သည်ဆိုသည့်အတွက် သူ့အနေဖြင့် ပို၍ပင် ခေါင်းရှုပ်လာရလေတော့သည်။

ထို့ပြင်... ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်ဆန်းလျန်သည် အဘယ့်ကြောင့် ဤနေရာသို့ ရောက်ရှိလာရပါသနည်း။

....

ဆန်းလျန်သည် ရော့စွေမြစ်ကမ်းနံဘေးတွင် ရပ်နေလေသည်။ မြူခိုးများဖုံးလွှမ်းနေသည့် မြစ်ရေပြင်ကို ဆန်းလျန်က ငေးကြည့်နေလေသည်။ လောကတစ်ခွင် ရှာဖွေသော်လည်း ကခုန်နေသည့်သစ်ပင်နှင့် ထာဝရအသက်သစ်သီးကို ယခုထိတိုင် မတွေ့နိုင်သေးပါ။

အချိန်သုံးနှစ်နီးပါးကြာခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်သည်လည်း ကျုန်းစန်းတောင်သို့ ရောက်ရှိလာခဲ့ပြီ။

ချန်ကျင်းချင်နှင့်ဆွေ့ဆုံပြီးသည့်နောက် ဆန်းလျန်

သဘောပေါက်မိသည်မှာ သူရှာနေသည့် အရာသည်

အဆုံးသတ်တော့မည်။ အဆုံးသတ်ကောင်းသတ်တော့မည်

ဖြစ်လေသည်။

ဖြစ်ကောင်းဖြစ်ပေလိမ့်မည် ဟူ၍ပင်....။

အခန်း (၄၀၉) ဓားကောင်းတစ်လက်

ဆန်းလျှန်သည် မြစ်ကမ်းနံဘေးတွင် မတ်တပ်ရပ်နေလေ

သည်။

ထိုအချိန် ကောင်းကင်ထက်မှ မိန်းမပျိုတစ်ယောက် ဆန်းလျှန်

အနားသို့ ဆင်းသက်လာလေ၏။ အခြားသူမဟုတ်။ ဖန်းယန်

ယင်းပင် ဖြစ်လေသည်။

ဖန်းယန်ယင်းသည် သဏ္ဍာန်မဲ့ဓားသိုင်းပညာကို ကျင့်ကြံထားသူ

ပီပီ ဓားနတ်သမီးတစ်ပါးအလား အလွန်လျှင်မြန်လွန်းသူ ဖြစ်

လေသည်။ သူမ၏လှုပ်ရှားမှုများသည် သဲလွန်စပင် မကျန်

အောင် မြန်ဆန်လွန်းလှလေသည်။

"ဆရာဦးလေး ၊ ကျွန်မတောင်ပေါ်ကိုသွားပြီး ဆရာဦးလေး

အမှာပါးလိုက်တဲ့ စိန်ခေါ်စကားကို ပြောခဲ့ပြီးပါပြီ"

သူမက ပြောပြီးသည်နှင့် တောင်ပေါ်သို့ လှမ်းကြည့်လိုက်လေ

သည်။

သို့သော် တောင်ပေါ်မှ မြင်ကွင်းတစ်ခုကိုတော့ သူမ မြင်နိုင်စွမ်း

မရှိပါ။

ကျုန်းစန်းတောင်ထိပ် ချောက်ကမ်းပါးကြီးထက်တွင် အစိမ်း

ရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ရပ်နေလေ

သည်။ လေထဲတွင် နှင်းမှုံများက ပျံ့ဝဲနေပြီး လူငယ်၏

ပတ်ဝန်းကျင်တွင် ကျဆင်းသွားကြလေသည်။

ထိုအချိန်...

လူငယ်၏ကျောထက်တွင်လွယ်ထားသည့်ဓားဆီမှ ဓားခြိမ်းသံ

တစ်ချက် ထွက်ပေါ်လာလေသည်။

ဖန်းယန်ယင်းသည် ဓားခြိမ်းသံကြီးကို ကြားလိုက်ရလေသည်။

ဓားခြိမ်းသံသည် သူ၏ သဏ္ဍာန်မဲ့ဓားဝိညာဉ်နှင့် ရိုက်ခတ်မိသွား

သည့်အပြင် သဘာဝ၏ ကြိမ်နှုန်းများဖြင့်လည်း ရိုက်ခတ်

သွားလေသည်။ ထိုဓားခြိမ်းသံကိုသာ အဆက်မပြတ်ကြားရ

မည်ဆိုလျှင် ဖန်းယန်ယင်းတစ်ကိုယ်လုံးပင် အမှုန့်အဖြစ်

ပြောင်းလဲသွားနိုင်လောက်လေသည်။

ထိုမျှကြောက်မက်ဖွယ်ရာကောင်းသည့်ဓားမျိုး လောကတွင်ရှိ

လိမ့်မည်ဟု ဖန်းယန်ယင်း ထင်မှတ်မထားခဲ့မိပေ။

"ဓားခြိမ်းသံကိုကြားတယ်မဟုတ်လား ၊ အဲဒါ နတ်ဘုရား

ထောင်ခြောက်ဓားပဲ"

ဆန်းလျန်က ပြောလိုက်သည်။

သို့သော် သူ၏မျက်နှာတွင် စိုးရိမ်ပူပန်မှုများကို တွေ့မြင်ရခြင်း

မရှိပါ။ သူ၏မျက်နှာတွင် လွတ်လပ်ပေါ့ပါးသည့် ဟန်ပန်ကို

သာ တွေ့မြင်ရလေသည်။

ရှော့စွေမြစ်ကတော့ လှိုင်းများထန်လျှက်ရှိလေ၏။

ဖန်းယန်ယင်းက တစ်ချက်စဉ်းစားလိုက်ရင်း...

"ဆရာဦးလေး ၊ ကျွန်မက ဓားခြိမ်းသံကိုပဲကြားရပြီး ဓားကိုကျ

တော့ မမြင်ရပါလား"

"မမြင်ရတာကတော့ စိတ်မကောင်းစရာပဲ ၊ အဲဒီဓားက တက

ယ့်ဓားကောင်းတစ်လက်ပဲ ၊ ဒီဓားကိုအနိုင်ရခဲ့ရင်ပဲဖြစ်ဖြစ် ၊ ဒီ

ဓားအောက်မှာ ရှုံးနိမ့်ရင်ပဲဖြစ်ဖြစ် စိတ်ကျေနပ်စရာပါပဲ"

ဆန်းလျန်က ပြုံးရင်းပြောလိုက်သည်။

ဆန်းလျန်စကားဆုံးသည်နှင့် ဒြပ်စင်ငါးပါးမျော်ဝင်ဓားဆီမှ ခပ်

တိုးတိုးဓားခြိမ်းသံတစ်ချက် ထွက်ပေါ်လာလေသည်။ မျော်ဝင်

ဓားက အခြားဓားတစ်လက်ကို ချီးကျူးစကားဆိုနေသည့်

ဆန်းလျန်ကို သိပ်ပြီး ကျေနပ်ပုံမရလှပေ။

"ဒီဓားအောက်မှာ ရှုံးနိမ့်ရင်ပဲဖြစ်ဖြစ် စိတ်ကျေနပ်စရာပဲ" ဆို

သည့် ဆရာဦးလေး၏ စကားက ဖန်းယန်ယင်းကိုတော့ စိတ်

ရှုတ်ထွေးသွားစေလေသည်။

"တောင်စောင့်နတ်ကပြောလိုက်တယ် ၊ 'လပြည့်ညမှာ နတ်

ဘုရားတွေ ဓားသိုင်းကစားကြမယ်' တဲ့ ၊ လပြည့်နေ့ရောက်ဖို့

ရက်ပေါင်းနှစ်ဆယ်လိုသေးတယ် ၊ ဆရာဦးလေး ... ထာဝရ

အသက်သစ်သီးကိုလည်း ကျွန်မတို့ ခုထိ ရှာလို့မတွေ့သေးဘူး

နော်"

ဖန်းယန်ယင်းက ပြောလိုက်သည်။

သူမက ဆရာဦးလေး၏ ညာဘက်လက်ကိုကြည့်လိုက်တော့

ဆရာဦးလေးက သူ၏လက်ကို အင်္ကျီလက်ဖြင့် ဖုံးကွယ်ထား

လေသည်။

ဆန်းလျန်၏လက်သာပြန်မကောင်းသေးဘဲ တောင်စောင့်နတ်

နှင့်တိုက်ခိုက်မည်ဆိုပါက တိုက်ပွဲ၏ရလဒ်က ပြောင်းလဲ သွား

နိုင်လေသည်။ အနည်းငယ်သောအရာလေးများသည်ပင်

တိုက်ပွဲရလဒ်ကို ပြောင်းလဲစေသည် မဟုတ်ပါလား။

"ကျုပ် ထာဝရအသက်သစ်သီးကို ရှာတွေ့ပါပြီ ၊ ဒါပေမယ့် မ

တွေ့သေးဘူးလို့ပြောချင်ရင်လည်း ပြောလို့ရတယ် ၊ ဘာလို့

လဲဆိုတော့ ထာဝရအသက်သစ်သီးဟာ သစ်သီးမဟုတ်ဘဲ လူ

တစ်ယောက်ဖြစ်နေလို့ပဲ"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချရင်းပြောလိုက်လေသည်။

"လူ... တစ်ယောက်... ဟုတ်လား"

ဖန်းယန်ယင်းက ပြန်မေးလိုက်သည်။

သူမသည် ဆရာဦးလေးပြောနေသည့်စကားများကို နားလည်နိုင်ခြင်းပျောက်ဆုံးသွားရလေပြီ။

"ကခုန်နေတဲ့သစ်ပင်ဆိုတာ အနောက်ဘက်ကောင်းကင်ဘုံက ရတနာသစ်ပင်ပဲ ၊ အဲဒီအပင်က သစ်သီးက တခြားသစ်သီးတွေနဲ့ ဘယ်တူမှာလဲ ၊ အဲဒီ ထာဝရအသက်သစ်သီးဟာ "ကံကြမ္မာ" သစ်သီးလို့လည်း ပြောလို့ရတယ် ၊ အဲဒီသစ်သီးဟာ အနောက်ဘက်ကောင်းကင်ဘုံကနေ ပင်လယ်ထဲကိုကျပြီး လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာထဲကိုဝင်သွားပြီဆိုရင် ထာဝရအသက်သစ်သီးရဲ့ကံတရားဟာ အဲဒီလူနဲ့ ဆက်စပ်သွားလိမ့်မယ် ၊ အနာဂတ်မှာ အဲဒီလူဟာ ဗောဓိသကျတစ်ပါးတောင်ဖြစ်လာနိုင်တယ် ၊ ကျုပ်အဲဒီလူကို တွေ့ခဲ့ရပြီးပြီ ၊ အဲဒီလို

လူမျိုးဟာ ကျင့်ကြံသူတွေအတွက်တော့ ထာဝရအသက်ရှည်တဲ့ပြဒါးဆေးထက်တောင် တန်ဖိုးရှိတယ်၊ အဲဒီလူရဲ့အသွေးနဲ့အသားမှာ ထာဝရအသက်သစ်သီးရဲ့ စွမ်းအားတွေအကုန်ပါတယ်၊ သူ့ရဲ့အသွေးအသားကို စားမိရင် နတ်မိစ္ဆာတစ်ကောင်တော်မှ မဟာတန်ခိုးရှင်အဆင့်ကို တန်းရောက်သွားနိုင်တယ်၊ တာအိုဆရာတစ်ယောက်ဆိုရင် မိုးကောင်းကင်နတ်ဘုရားတန်းဖြစ်သွားနိုင်တယ်၊ ဗုဒ္ဓဘာသာကျင့်ကြံသူတစ်ယောက်ဆိုရင် ဗောဓိသကျတန်းဖြစ်သွားနိုင်တယ်၊ ကျုပ်သာ သူ့ကိုစားလိုက်ရင် ချန်ပေသိုကို ကောင်းကောင်းယှဉ်နိုင်ပြီပဲ"

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။

"အဲဒီလူက ဘယ်မှာလဲ၊ ဖမ်းလို့လွယ်မှာလား"

ဖန်းယန်ယင်းက မျှော်လင့်ချက်ဖြင့် တစ်လက်လက်တောက်ပသည့် မျက်ဝန်းလေးများဖြင့် ဆန်းလျန်ကိုကြည့်ကာ မေးလိုက်လေသည်။

ဖန်းယန်ယင်းသည် သနားကြင်နာတတ်သူတစ်ယောက်ဖြစ်သည့်တိုင် ကျင့်စဉ်လမ်း၏ သေခြင်းရှင်ခြင်းနှင့်ပတ်သက်သည့်ကိစ္စများတွင်တော့ မည်သည့်အရာကိုမှ အလေးထားမနေနိုင်ပေ။ ထို့ပြင် သူမသည် ဆရာဦးလေးအပေါ်တွင် အလွန်ချစ်ခင်လေးစားသူဖြစ်သည့်အတွက် ဆရာဦးလေးအတွက်ဆိုလျှင် အသူရာချောက်ကိုးထပ်တွင် ချိုးကပ်အောင် အပြစ်ပေးခံရလျှင်လည်း ခံမည့်သူ ဖြစ်လေသည်။

ဆန်းလျန်က ရယ်မောခြင်းကိုရပ်တန့်လိုက်ပြီး ဖန်းယန်ယင်းကိုလှည့်ကြည့်လိုက်သည်။

"ဒီကိစ္စကို စိတ်ထဲမထားနဲ့တော့ ၊ ကျုပ်တို့နေဖို့တစ်နေရာလောက်ရှာပါ ၊ ကျုပ်က မင်းကို ကိုယ်ပျောက်ဓားဝိညာဉ်ဓားသိုင်းကို သင်ကြားပေးမယ် ၊ မင်း ဒီဓားသိုင်းကို မသင်ဘူးဆိုရင် ကျုပ်နဲ့ ချန်ပေသိုပြိုင်တဲ့ပွဲကို ကြည့်ဖို့တောင်

အရည်အချင်းပြည့်မီမှာမဟုတ်ဘူး ၊ ဒါဆို ကျုပ်မင်းကိုခေါ်

လာရတဲ့ ရည်ရွယ်ချက်လည်း အဓိပ္ပါယ်မရှိတော့ဘူး"

ဆန်းလျန်၏ ပြတ်သားသည့်စကားကို ကြားလိုက်ရ

သည့်အတွက် ဖန်းယန်ယင်းသည် အထွန့်မတက်ရဲတော့ပေ။

"ဟုတ်ကဲ့..."

သူမ၏ တီးတိုးပြောဆိုသံသည် လေထဲတွင် လွင့်မျောပျောက်

ကွယ်သွားလေသည်။

ကိုယ်ပျောက်ဓားဝိညာဉ် (သို့မဟုတ်) ရှိခြင်းမရှိခြင်းဓားဝိညာဉ်

သည် ဗုဒ္ဓဘာသာအယူအဆများမှ တစ်ဆင့်ဆင်းသက်လာ

သည့် ဓားသိုင်းပညာဖြစ်သည့်တိုင် တာအိုဝါဒ၏ အထွတ်ထိပ်

နက်နဲမှုများဖြင့်လည်း ပြည့်နက်လျှက်ရှိလေသည်။ ထိုဓား

သိုင်းကို အနည်းငယ်ပင် နားလည်သဘောပေါက်သည့်တိုင်

ဓားသိုင်းပညာတွင် မိုးမြေကိုကိုင်လှုပ်နိုင်သည်အထိ အဆင့်

မြင့်မားမည် ဖြစ်လေသည်။

ဆန်းလျန်သည် ကံကြမ္မာက မည်သို့ဖြစ်လာဦးမည်ကို မသိနိုင်ပါ။ သူ့အနေဖြင့် ဖန်းယန်ယင်းကို ပညာသင်ပေးရန်သာ တတ်နိုင်တော့သည်။ ဂိုဏ်းတူအစ်ကိုချန်ကျန့်မေသည် ဘယ်ဆီရောက်နေမှန်း မသိတော့ဘဲ လိုက်လေဝေးလေအခြေအနေ ဖြစ်နေပြီ ဖြစ်လေသည်။

ဂိုဏ်းတူအစ်မ ကူးချိုင်ဝေ့ ၊ လူစောယိ နှင့် ယန့်ပုကွေးတို့သည် ချင်းရွှမ်နတ်တံခါးကို ကြာရှည်ထောက်ပံ့ထားနိုင်မည့် သူများ မဟုတ်ပေ။

ချင်းရွှမ်နတ်တံခါးကို တည်ငြိမ်စေသူမှာ ဆန်းလျန်ပြီးလျှင် ဆရာဘွားဘွားဖြစ်သူ ကျိုလင်နတ်သမီးသာလျှင် ရှိလေသည်။ ဆန်းလျန်ကိုယ်တိုင်လည်း ချင်းရွှမ်နတ်တံခါးကို ကြာရှည်စွာ ထောက်ပံ့ပေးနိုင်ခြင်း မရှိတော့မည်ကို စိတ်ပူနေမိသည်။

သူ၏ ကျင့်စဉ်လမ်းအဆင့်တက်လှမ်းမှုက မြန်ဆန်သော်လည်း ယခုတိုက်ပွဲတွင် ချန်ပေသိုကို အနိုင်ရနိုင်ပါမည်လားဆိုသည်မှာ မသေချာလှပေ။

ဆန်းလျန်သည် ကျုန်းစန်းတောင်ကြီးကို မော့ကြည့်လိုက်မိလေသည်။

....

ချန်ကျင်းချင်ယူလာသည့် နဂါးငါးကို မော်ဆရာမက ဟင်းရည်ချက်ကာ ချန်ကျင်းချင်ကို တိုက်လိုက်လေသည်။ ထို့နောက် သူတို့သည် ကျုန်းစန်းတောင်ပေါ်သို့ တက်ခဲ့ကြလေသည်။

တောင်တက်ရသည်မှာ ကြာလာသည်နှင့်အမျှ ချန်ကျင်းချင်မှာ ပင်ပန်းနွမ်းနယ်မှုများကို ခံစားနေရလေသည်။

ကျုန်းစန်းတောင်မှာ အလွန်မြင့်မားသည့် တောင်ကြီးတစ်တောင်ဖြစ်လေသည်။ တောင်ထိပ်ကိုပင် မျက်လုံးဖြင့် တွေ့မြင်နိုင်ခြင်းမရှိပေ။ ကျုန်းစန်းတောင် တောင်စောင့်နတ်၏ ဝတ်ကျောင်းတော်မှာ တောင်ထိပ်တွင် ဆောက်မထားခြင်း

ကြောင့်သာတော်တော့သည်။ မဟုတ်ပါက ချန်ကျင်းချင် အနေဖြင့် တောင်တက်ရင်း သေသည့်မသာ ဖြစ်သွားနိုင်လေသည်။

ချန်ကျင်းချင်သည် အတွေးများတွင် လွင့်မျောရင်း မော်ဆရာမနှင့်အတူ တောင်ပေါ်သို့တက်လာလေရာ ချောက်ကမ်းပါးကြီး တစ်ခုထိပ်ရှိ မြေကွက်လပ်တစ်ခုသို့ ရောက်ရှိလာလေသည်။

ထိုနေရာသည် ကျုန်းစန်းတောင် တောင်စောင့်နတ်နေထိုင်ရာ ဝတ်ကျောင်းတော်တည်ရှိသည့် နေရာပင် ဖြစ်လေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်သည် ဝတ်ကျောင်းတော်ခေါင်မိုးထက်တွင် တင်ပျဉ်ခွေထိုင်နေလေသည်။

ထိုလူငယ်သည် ကျုန်းစန်းတောင် တောင်စောင့်နတ်ပင် ဖြစ်လေတော့သည်။

တောင်စောင့်နတ်၏ရှေ့တွင် ဓားတစ်လက်ကို ချထားလေသည်။

လရောင်ခြည်သည် တောင်စောင့်နတ်၏ကိုယ်ပေါ်သို့ ဖြာကျနေလေသည်။

အခန်း (၄၁၀) ထွက်လေ ဝင်လေ

ကျုန်းစန်းတောင် တောင်စောင့်နတ် "ချန်ပေသို" ...

လောကရှိ လူအများက သူ့ကို သိသည်ဖြစ်စေ ၊ မသိသည်ဖြစ်စေ ...

သူသည် တန်ခိုးစွမ်းအားအလွန်ကြီးမားသည့် နတ်ဘုရား တစ်ပါးဖြစ်သည်ဆိုသည့်အချက်ကို မပြောင်းလဲနိုင်ပါ။

ချန်ပေသိုက မော်ဆရာမနှင့်အတူပါလာသည့် ချန်ကျင်းချင်ကို စိုက်ကြည့်လိုက်လေသည်။ ထို့နောက် ချန်ပေသို၏ အကြည့်က မော်ဆရာမဆီသို့ ရောက်ရှိသွားကာ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းပြလိုက်လေသည်။

ချန်ကျင်းချင်မှာတော့ ချန်ပေသိုကို ငေးကြည့်နေရင်းမှ မည်သည့်အရာကိုမှ မစဉ်းစားနိုင်ဖြစ်နေရလေသည်။

"လွန်ခဲ့တဲ့ဆယ့်ငါးနှစ်ကလည်း မင်းသူ့ကို ကျုပ်ဆီခေါ်လာသေးတယ်နော် ၊ ကျုပ်က လက်မခံခဲ့ဘူး ၊ အခုလည်း ကျုပ်စိတ်က ပြောင်းလဲသွားမှာ မဟုတ်ဘူး"

ချန်ပေသိုက စကားစပြောလိုက်သည်။ သို့သော် သူ့စကားက အပိုအလိုမရှိ။

သူ့စကားသည် လရောင်ထဲတွင်လွင့်မျောသွားလေသည်။

မော်ဆရာမသည် စူးရဲသည့်အကြည့်များဖြင့် ချန်ပေသိုကို စိုက်ကြည့်လိုက်လေသည်။

ချန်ပေသိုသည် နှုတ်ခမ်းပါးပါးနှစ်လွှာကိုတင်းတင်းစေ့ထား လေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် သူ၏ဆုံးဖြတ်ချက် မည်မျှ ခိုင်မာကြောင်းကို ပြသနေလေသည်။ သို့သော် မော် ဆရာမကလည်း ယနေ့ညတွင်တော့ ချန်ပေသို၏ ဆုံးဖြတ်ချက်ကို မရ ရအောင်ပြောင်းလဲပစ်မည်ဟု ဆုံးဖြတ် ထားလေသည်။

"ကျင့်ကြံသူတစ်ယောက် တောင်ခြေကိုရောက်လာတယ် ၊ ဒီ ကလေးကို သူမြင်ပြီးသွားပြီ ၊ ဒီကလေးဟာ ကျင့်ကြံသူတွေ အတွက် ဘယ်လောက်အရေးပါတယ်ဆိုတာ ရှင်လည်း ကောင်းကောင်းသိနေတာပဲ ၊ သူက ချန်ကျေးရွာက ကလေးပါ ပဲ ၊ သူ့ကို ကာကွယ်ပေးစေချင်ပါတယ် ၊ အားဖုန်းနဲ့ အားယွင် အသတ်ခံလိုက်ရပြီ ၊ ဒီကလေးကို ရှင့်ရဲ့ အစေခံအဖြစ်လက်ခံ

ပေးပါလား ၊ ကျွန်မရဲ့ ပညာတွေအကုန်လုံး သူ့ကိုသင်ပေးမှာ ပါ ၊ ရှင်ကလည်း သူ့ကို ကျင့်စဉ်တွေ သင်ပေးလို့ရပါတယ် ၊ ဒီ ကလေးက ထူးခြားတယ် ၊ တစ်ချိန်မှာ ရှင့်ရဲ့ခြေရာကို နင်းနိုင် တဲ့သူဖြစ်လာမှာပါ"

ချန်ပေသို၏ မျက်ဝန်းများကတောက်ပနေပြီး သူ့ရှေ့မှ နတ် ဘုရားထောင်ခြောက်ဆားကတော့ ငြိမ်သက်တိတ်ဆိတ်နေလေ သည်။

သူက မော်ဆရာမကို တည်ငြိမ်စွာဖြင့်ကြည့်လိုက်ရင်း....

"အဲဒီကျင့်ကြံသူက ကျုပ်ကိုလာရှာတဲ့သူပါ ၊ မင်းကို အကြောင်းကြားဖို့ မေ့နေတာ ၊ အားဖုန်းနဲ့ အားယွင်ကိုလည်း သူပဲသတ်လိုက်တာ ၊ ဒီကလေးကိုသာ သူလိုချင်တယ်ဆိုရင် အခု ကျုပ်ဆီတောင် ရောက်လာမှာ မဟုတ်တော့ဘူး ၊ ပြီးတော့ ချန်ကျေးရွာကိုလည်း ကျုပ်ကာကွယ်ပေးဖို့ မလိုအပ်တော့ပါ ဘူး ၊ ရန်သူတွေလည်း မရှိတော့ဘူးလေ ၊ မင်းတို့အားလုံးဆီမှာ

ရိုက်ခတ်ထားတဲ့တံဆိပ်တွေကို ကျုပ်မဖွင့်ခဲ့ဘူး ၊ ဒါကြောင့် မင်းတို့အားလုံး အမြဲတမ်းအသက်ရှည်ကြမှာပါပဲ ၊ ဒါပေမယ့် အင်အားဆိုတာကတော့ ကြီးလာပြီးရင် ပြန်ပြီးကျဆင်းသွားရမှာပဲ မဟုတ်လား ၊ အဲဒါ ကျုပ်ပြောတဲ့စကားတွေ မဟုတ်ဘူးနော် ၊ ဆံပင်ဖြူနေတဲ့ ဟိုအဘိုးကြီးပြောခဲ့တာ ၊ မင်းလည်း ဒါတွေကို သိခဲ့ပြီးသားပဲလေ ၊ ကျုပ်က မင်းအဘိုးကို ကတိပေးခဲ့တဲ့အတိုင်း ချန်ကျေးရွာက ရွာသားနှစ်ယောက်ကို အစေခံအဖြစ် အမြဲတမ်းခေါ်ထားပေးခဲ့တယ် ၊ ပညာတွေ သင်ပေးခဲ့တယ် ၊ ဒါပေမယ့် ဘာဖြစ်သွားကြသလဲ ၊ အချိန်တန်တော့ ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်းမနေရဘဲ သေဆုံးသွားကြရတာပဲ မဟုတ်လား"

"အဲဒီလူက ကျွန်မအဘိုးပါ ၊ ပြီးတော့ ရှင့်အဖေလေ ၊ ရှင်က ကျွန်မဦးလေးဖြစ်ပြီး ဘာလို့ ဒီလောက် အကြင်နာတရားကင်း

မဲ့ရတာလဲ ၊ ခုတော့ ကျွန်မ သဘောပေါက်သွားပြီ ၊ ရှင်က ကျွန်မသေရင်တောင်မှ အရေးလုပ်မယ့်လူမျိုး မဟုတ်ဘူးဘဲ" မော်ဆရာမ၏ လေသံမှာ တဖြည်းဖြည်း တင်းမာခက်ထန်လာလေသည်။

သို့သော် ချန်ပေသိုကတော့ ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"မင်းက ဆွေမျိုးလာစပ်နေတာဆိုရင်တော့ မင်းကိုယ်ထဲမှာစီးဆင်းနေတဲ့သွေးတွေနဲ့ ကျုပ်ကိုယ်ထဲမှာ စီးဆင်းနေတဲ့သွေးတွေက မတူတော့ဘူးလို့ပဲ ပြောချင်တယ် ၊ ပြီးတော့ ငယ်ငယ်တုန်းက မင်းနဲ့ကျုပ်က မိသားစုဝင်ဆိုတာထက် ရင်းနှီးခဲ့ကြတာပဲ ၊ မင်းကျုပ်ကို သဘောကျနေခဲ့တာလေ ၊ အဲဒီတုန်းကတော့ မင်းက ကျုပ်ကို ဦးလေးတစ်ယောက်လို့ မသတ်မှတ်ခဲ့ဘူး မဟုတ်လား"

ချန်ပေသိုပြောလိုက်သည့် စကားများသည် ပြောသင့်သည့် စကားများမဟုတ်သော်လည်း မော်ဆရာမ၏ နှလုံးသားထက်တွင်ဓားထက်ထက်အလား နက်ရှိုင်းစွာ စိုက်ဝင်သွားလေသည်။

သူပြောလိုက်သည့် စကားများသည် မော်ဆရာမ၏ စစ်မှန်သည့် ခံစားချက်များလည်းဖြစ်လေသည်။

ချန်ကျေးရွာတွင် မျိုးဆက်ပေါင်းများစွာ လက်ထပ်ထိမ်းမြားခြင်းကို ပြုလုပ်ခဲ့ကြသော်လည်း ချန်ပေသိုနှင့် မော်ဆရာမတို့ ကဲ့သို့ သွေးရင်းသားရင်းများကို မည်သည့်အခါမှ လက်ထပ်ထိမ်းမြားခွင့် မပြုခဲ့ကြပေ။

ချန်ပေသို၏ စကားများကြောင့် မော်ဆရာမက ဒေါသထွက်သွားခြင်း မရှိခဲ့ပါ။

"ကျွန်မ သူ့ကို ဒီမှာထားခဲ့မယ် ၊ ရှင်လုပ်ချင်သလိုသာ လုပ်လိုက်တော့"

ထို့နောက်သူမသည် ယူဆောင်လာသည့် ဓာတ်ဖန်လုံးကို ချန်ကျင်းချင် လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"ငါသိသမျှ အရာအားလုံး ဒီထဲမှာ ထည့်ထားတယ်၊ မင်းဟာမင်း သင်ယူလို့ရတယ်၊ တောင်စောင့်နတ်က မင်းကို လက်မခံရင်တောင်မှ မင်း ချန်ကျေးရွာကိုတော့ မပြန်နဲ့တော့၊ ဘာလို့လဲဆိုတော့ မင်းအကြောင်းကို ကျင့်ကြံသူတစ်ယောက်သိသွားပြီဆိုရင် နောက်ထပ်ကျင့်ကြံသူတွေလည်း မင်းနောက်ကို လိုက်လာကြတော့မှာပဲ၊ ချန်ကျေးရွာ မင်းကိုဆက်ပြီး ကာကွယ်ပေးနိုင်မှာ မဟုတ်တော့ဘူး"

ပြောပြီးသည်နှင့် မော်ဆရာမသည် ထွက်ခွာသွားလေသည်။

ချန်ကျင်းချင်သည် ချန်ပေသိုနှင့် မော်ဆရာမသည် အလွန်မှ တူညီသည့်စိတ်နေစိတ်ထားရှိကြသည်ဟု ခံစားနေရလေသည်။

သို့သော် လောလောဆယ်တွင်တော့ သူ့မှာ အူကြောင်ကြောင်သာဖြစ်နေရပြီး ဘာလုပ်ရလို့ဘာကိုင်ရမှန်းလည်း မသိတော့ပေ။

ချန်ပေသိုသည် ချန်ကျင်းချင်ကို တစ်ချက်ပင်မကြည့်ဘဲ ဝတ်ကျောင်းတော်အတွင်းသို့ ဝင်ရောက်သွားပြီး တံခါးကို ပိတ်ထားလိုက်လေသည်။

ဝတ်ကျောင်းတော်အပြင်ဘက်တွင် ရာသီဥတုက အေးစက်နေပြီး နှင်းများကလည်း ကျဆင်းနေလေသည်။ ချန်ကျင်းချင်သည် အအေးဒဏ်ကို အဆမတန်ခံစားနေရပြီး အအေးဒဏ်သက်သာလို သက်သာညား ဓာတ်ဖန်လုံးကို ခပ်တင်းတင်းပွေ့ဖက်ထားလေသည်။

ထိုအခါ သူနှင့်ဓာတ်ဖန်လုံးအကြားတွင် ဆက်နွယ်မှုတစ်ခုဖြစ်တည်လာပြီး ဓာတ်ဖန်လုံးထဲမှ လောကသဘာဝအကြောင်းများ၊ မတူကွဲပြားသည့်ဘာသာစကားများ၊ မရေမတွက်နိုင်သည့်

ပန်းချီကားများ ၊ ကျုန်းစန်းတောင်နှင့် အရာပေါင်းများ

စွာသည် သူ့စိတ်အစဉ်သို့ စီးဆင်းဝင်ရောက်လာလေသည်။

"ဆန်းလျန်" ဆိုသည့် အမည်စာလုံးနှစ်လုံးနှင့်ပတ်သက်ပြီး

အဓိပ္ပါယ်ကို ပို၍ရှင်းလင်းစွာ သိမြင်လာလေသည်။

ချန်ကျင်းချင်သည် စိတ်လှုပ်ရှားနေပြီး ခံစားနေရသည့်အအေး

ဒဏ်ကိုပင် မေ့သွားလေတော့သည်။

ဆန်းလျန်ဆိုသည့်နာမည်ကိုစဉ်းစားလိုက်မိသည်နှင့် သူ့ခေါင်း

ထဲသို့ အတွေးတစ်ခု ဝင်ရောက်လာလေသည်။ ဓာတ်ဖန်လုံး

သည် နေရာဒေသပေါင်းစုံကို ပြသနိုင်စွမ်းရှိလေသည်။ ထို

ဓာတ်ဖန်လုံးသည် ဆန်းလျန် မည်သည့်နေရာတွင် ရှိသည်ကို

ရော ပြသနိုင်ပါမည်လား။

ချန်ကျင်းချင်ထိုသို့တွေးလိုက်မိသည်နှင့် ရော့စွေမြစ်ကမ်း

နံဘေးရှိ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် တရားထိုင်နေသည့်

ဆန်းလျန်ကို မြင်တွေ့လိုက်ရလေသည်။

ချန်ကျင်းချင်သည် ဆန်းလျန်ကို ဓာတ်ဖန်လုံးထဲမှတစ်ဆင့် ငေးကြည့်နေလေသည်။

ထိုသို့ငေးကြည့်နေရင်း သူ၏အသက်ရှူသံမှာ ဆန်းလျန်နှင့် တသားတည်းကျနေသည်ကို သူကိုယ်တိုင် သတိမထားခဲ့မိပါ။

ထွက်လေ ၊ ဝင်လေ...။

ထိုသို့တရားထိုင်နေရင်း ချန်ကျင်းချင်း၏ စိတ်ထဲတွင် စကြာဝဠာထဲမှ လျှို့ဝှက်နက်နဲမှုတစ်ခုကို စတင်ခံစားလိုက်ရလေသည်။

ဝတ်ကျောင်းတော်အတွင်းတွင်တော့ ချန်ပေသို၏ မျက်ဝန်းများက တစ်လက်လက်တောက်ပနေလေသည်။ ထို့နောက် မျက်ဝန်းများက ပြန်လည်မှေးမှိန်သွားပြန်သည်။ သူက နတ်ဘုရားထောင်ခြောက်ဓားကို ဖြည်းဖြည်းချင်းပွတ်သပ်နေလေသည်။

ထိုသို့ဖြင့် တစ်ညတာ ကုန်ဆုံးခဲ့ကြလေသည်။

နောက်တစ်နေ့ နံနက်သို့ရောက်သည့်အခါတွင်တော့ ချန်ကျင်းချင်သည် ရှင်လန်းတက်ကြွလျှက်ရှိလေသည်။ သူသည် ဗဟုသုတများစွာရရှိခဲ့ပြီးအခြေခံမှုများစွာကိုနားလည်ခဲ့သည်။ ပို၍ထူးခြားသည့်အချက်မှာ သူသည် တစ်ညအတွင်းမှာပင် အသစ်ပြန်လည်မွေးဖွားလာသည့်လူတစ်ယောက်အလား ခံစားနေရခြင်း ဖြစ်လေသည်။

သူသည် ခြေတစ်လှမ်းလှမ်းရုံဖြင့် အမြင့်ပေသုံးဆယ်အထိ ခုန်ပျံနိုင်ပြီး ဝေးလံသည့်နေရာများကို တစ်ခဏချင်းနှင့်ပင် သွားရောက်နိုင်နေလေပြီ။ သူ့ခန္ဓာကိုယ်ထဲတွင် စွမ်းအားတစ်ခု စီးဆင်းနေပြီး ထိုစွမ်းအားက သူ၏ ခြေ ၊ လက် နှင့် အရိုးများ အထိ စီးဆင်းဝင်ရောက်နေလေသည်။

အခန်း (၄၁၁) သုံးပေနဲ့သုံးလက်မမိုးရေရဖို့အတွက် ရေတစ်အိုး ခပ်သွားရုံနဲ့လုံလောက်တယ်

ချန်ကျင်းချင်မှာ သူ၏ခန္ဓာကိုယ်မှာ ငှက်မွှေးလေးတစ်ပင် အလား လွတ်လပ်ပေါ့ပါးနေသည်ကို သတိပြုလိုက်မိလေ သည်။ သို့သော် သူကံကောင်းခဲ့သည်ကိုတော့ သူသိရှိခြင်းမရှိ ခဲ့ပါ။ လောကတစ်ခွင်ကို သိမြင်နိုင်သည့် ဓာတ်ဖန်လုံးကို မှော် ဆရာမက သူ့ကို လက်ဆင့်ကမ်းပေးခဲ့သည့်တိုင် ဆန်းလျန်ဆို သည့်လူက တွေ့မြင်ချင်တိုင်း တွေ့မြင်နိုင်သည့် လူတစ် ယောက် မဟုတ်ပေ။ ထို့ပြင် သူက ဆန်းလျန်၏ အသက်ရှူ ကျင့်စဉ်ကိုပင် သင်ယူနိုင်ခဲ့သေးသည်။

အဆင့်မြင့်တာအိုနတ်ဘုရားတစ်ပါးဖြစ်သည့် ဆန်းလျန်ကဲ့သို့ သောလူမျိုးထံမှ အသက်ရှူကျင့်စဉ်ကိုသင်ယူနိုင်ခြင်းမှာ သူ့

ဘဝတစ်ခုလုံးအတွက် ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီးခိုင်မာ

သည့်အခြေခံကို ရရှိသွားခြင်းပင်။ သူ့အနေဖြင့် သာမန်

ကျင့်ကြံသူတစ်ယောက် ဆယ်နှစ်ကျင့်ကြံမှ ရရှိနိုင်မည် တန်ခိုး

စွမ်းအားမျိုးကို ရရှိသွားခြင်း ဖြစ်လေသည်။

သို့သော် ချန်ကျင်းချင်ကတော့ ထိုအရာများကို နားလည်နိုင်

ခြင်းမရှိပါ။ သူက ကျင့်စဉ်လမ်းကိုလည်း နားလည်သူ မဟုတ်

သည့်အတွက် သူ၏ခန္ဓာကိုယ်တွင် အပြောင်းအလဲများနှင့်

ရင်ဆိုင်ရသည်ဟုသာထင်မှတ်မိလေသည်။

ချန်ကျင်းချင်မှာ မျေက်တစ်ကောင်အလား သစ်ပင်များထက်

တွင် ခုန်ပေါက်ရင်း ပျော်ရွှင်နေမိလေသည်။

ထိုအချိန်မှာပင် ဝတ်ကျောင်းတော်တံခါးပွင့်သွားပြီး ချန်ပေသို

ထွက်လာလေသည်။

နှင်းကျနေသည်မှာ ရပ်တန့်သွားခဲ့ပြီ။ သို့သော်... ချန်ကျင်းချင်သည် ချန်ပေသိုကို တွေ့မြင်လိုက်ရသည်နှင့် စိတ်များရှုတ်ထွေးကာ ကြောက်ရွံ့လာမိလေသည်။

သူက ချက်ချင်းပင် သစ်ပင်ထက်မှဆင်းလိုက်ပြီး တောင်စောင့်နတ်ကို ဦးညွှတ်ဂါရဝပြုလိုက်သည်။

ချန်ပေသိုက မျက်မှောင်တင်းတင်းကြုတ်ထားလေသည်။

"မင်းကို တောင်ပေါ်မှာ နေခိုင်းမယ်လို့ မပြောမိဘူးနော်"

ချန်ကျင်းချင်မှာ ချန်ပေသို၏စကားကြောင့် မျက်နှာပျက်သွားလေသည်။

"တောင်စောင့်နတ်သခင် ၊ ကျွန်တော်ခုပဲ သွားပါတော့မယ်"

"မင်းကို ဘယ်သူက သွားခိုင်းလို့လဲ"

ချန်ပေသိုက ပြန်ပြောလိုက်သည်။

တောင်စောင့်နတ်၏စကားကြောင့် ချန်ကျင်းချင်မှာ ပျာယာခတ်သွားလေသည်။

"တောင်ပေါ်နတ်ဘုရားသခင် ၊ ဒါဆို ကျွန်တော်ဘာလုပ်ရမလဲ"

"မနက်ဖန်နေ့လည် မိုးခေါ်ရမယ်၊ မိုးရေ သုံးပေနဲ့သုံးလက်မ ရွာဖို့လိုတယ် ၊ မိုးရွာဖို့အတွက် ရှော့စွေမြစ်ရေကို အသုံးပြုရလိမ့်မယ် ၊ ဒါကြောင့် ရေသွားခပ်ပါ ၊ ရေတစ်စက်လျှော့တာနဲ့ မင်းကိုဝတ်ကျောင်းတော်ထဲက တိုင်လုံးမှာ ကြိုးနဲ့ချည်ပြီး ကြာပွတ်နဲ့ရိုက် အပြစ်ပေးမယ်"

ချန်ပေသိုက အေးစက်စွာဖြင့် ပြောလိုက်သည်။

"တောင်စောင့်နတ်သခင် ၊ ကျွန်တော်က နတ်ဘုရားမှမဟုတ်ပါ ၊ ရေတွေအများကြီး ဘယ်လိုလုပ်ယူလာနိုင်မှာလဲ ၊ ကျွန်တော့်ကို အပြစ်ပေးချင်တယ်ဆိုရင်လည်း ရေမသယ်ခိုင်းပါနဲ့တော့ တစ်ခါတည်းသာ တန်းပြီးအပြစ်ပေးလိုက်ပါ ၊ ကျွန်တော် အပြစ်ခံပါ့မယ်"

ချန်ကျင်းချင်က နှိမ့်ချစွာဖြင့် ပြောလိုက်လေသည်။

ချန်ပေသိုက သူ၏အကျီလက်ကိုဝှေ့ယမ်းလိုက်ရင်း...

"လုပ်ခိုင်းတာကို လုပ်တာမဟုတ်ဘူး ၊ သောက်စကားများနေတယ်"

ချန်ပေသိုအကျႌလက်ကိုဝှေ့ယမ်းလိုက်သည်နှင့် ချန်ကျင်းချင်သည် ရော့စွေမြစ်ကမ်းနံဘေးသို့ ချက်ချင်း ရောက်ရှိသွားလေတော့သည်။

ချန်ကျင်းချင်က ရော့စွေမြစ်ရေများကို ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။ တောင်စောင့်နတ်က သူ့ကို ရေသုံးပေနှင့်သုံးလက်မ ယူခိုင်းလိုက်သည်။ ထိုရေမှာ အလွန်များပြားသည့် ပမာဏဖြစ်ပြီး သူလုပ်နိုင်သည့်စွမ်းအားထက်ကျော်လွန်နေလေသည်။ သူ ရေကို မည်သို့ သယ်ယူရပါမည်နည်း။

ချန်ကျင်းချင်က ချန်ကျေးရွာသို့ပြန်ကာ ရေထည့်ရန်အိုးပြန်ယူလျှင် ကောင်းမည်လားဟု စဉ်းစားလိုက်သည်။ ထို့ကြောင့်သူက သူရောက်ရှိနေသည့်နေရာသည် ချန်ကျေးရွာနှင့် မည်မျှ

ကွာဝေးသည်လဲ သိနိုင်ရန်အတွက် လက်ထဲမှ ဓာတ်ဖန်လုံးကို ကြည့်လိုက်လေသည်။

သူရောက်ရှိနေသည့်နေရာနှင့် ချန်ကျေးရွာမှာ မိုင်ပေါင်းတစ်ထောင်ခန့်ကွာဝေးနေသည့်အတွက် ပြန်မည်ဆိုလျှင် တစ်ရက်ကျော်ကျော်ခန့် အချိန်ကြာပေလိမ့်မည်။ ထို့ပြင် ရေသယ်ရန်အတွက် အိုးရပြီးထား ၊ ကျုန်းစန်းတောင်ထိပ်သို့ တက်ရန်မှာလည်း တစ်ရက်ခန့်အချိန်ကြာဦးမည်။ မနက်ဖန်နေ့လည် မိုးရွာဖို့ဆိုလျှင် မည်သို့မျှ မီနိုင်မည် မဟုတ်ပေ။

ချန်ကျင်းချင်သည် ပုံမှန်အားဖြင့် တည်ငြိမ်အေးဆေးသည့် လူငယ်လေးတစ်ယောက်ဖြစ်သော်လည်း ယခုတစ်ကြိမ်တွင်တော့ မည်သို့ပြုလုပ်ရသည်မသိဘဲ ဆောက်တည်ရာမရ ဖြစ်နေရလေသည်။

သူက မြစ်ကမ်းနံဘေးတွင် လမ်းလျှောက်ရင်း ရေသယ်ယူရန် စဉ်းစားနေဆဲ...

အမှတ်မထင် ခြေချော်ကာ ရေစွေ့မြစ်ထဲသို့ ကျသွားလေ

တော့သည်။

ထိုခဏလေးအတွင်းမှာပင် ရေစွေ့မြစ်ရေသည် မည်မျှ

ကြောက်စရာကောင်းကြောင်း ချန်ကျင်းချင် သိလိုက်ရလေ

သည်။ သူရရှိထားခဲ့သည့် တန်ခိုးစွမ်းအားများမှာလည်း

ပျောက်ကွယ်သွားပြီး သူ့ခန္ဓာကိုယ်က ရေထဲသို့ တဖြည်းဖြည်း

နစ်မြုပ်သွားလေသည်။ ရေများက ပါးစပ်နှင့် နှာခေါင်းအတွင်း

သို့ တလဟောဝင်ရောက်လာသည့်အတွက် အသက်ပင်ရှူ၍မရ

တော့ပေ။

ထိုအချိန်တွင် သူ့ထံသို့ ရေကူးလာသည့် အရိပ်တစ်ခုကို တွေ့

မြင်လိုက်ရလေသည်။ နဂါးငါးတစ်ကောင်ဖြစ်လေသည်။ နဂါး

ငါးသည် ပါးစပ်ကိုဖြဲကာ သူ့ထံသို့ ဝင်ရောက်လာလေသည်။

ချန်ကျင်းချင်မှာ မည်သို့မျှ မတတ်နိုင်တော့ဘဲ ဘုရားသာ တ

နေလေတော့သည်။ နဂါးငါးသည် သူ့ကို ကိုက်ဖြတ်စားသောက်တော့မည် ဖြစ်လေသည်။

ချန်ကျင်းချင်၏ ခေါင်းထဲသို့ အတွေးတစ်စ ဝင်လာလေသည်။ မနေ့ကတော့ သူသည် နဂါးငါးဟင်းရည်တစ်ခွက်ကို သောက်ခဲ့လေသည်။ ယနေ့တော့ နဂါးငါးတစ်ကောင်က သူ့ကိုပြန်ပြီးဝါးမြိုစားသောက်တာကို ခံရတော့မည်။ ဝဋ်လည်ခြင်းဆိုသည်မှာ ဤသည်ကို ခေါ်လေသည်လား။

နဂါးငါးသည် ပါးစပ်ကိုဖြဲပြီး ချန်ကျင်းချင်၏ လက်မောင်းတစ်ဖက်ကို ကိုက်လိုက်လေသည်။ ချန်ကျင်းချင်မှာ မည်သို့မှ မကာကွယ်နိုင်သော်လည်းလက်ကိုတော့ တတ်နိုင်သမျှ ရှောင်တိမ်းလိုက်လေသည်။ သို့သော်နဂါးငါးသည် ချန်ကျင်းချင်ကို ရေစွေ့စွေ့မြစ်အတွင်းသို့ ကျလာသည့် ထိပ်တန်းကောင်းမွန်သည့် အစားအစာတစ်ခုဟု သတ်မှတ်ထားသည့်အတွက် လက်ကို မလွှတ်တမ်း ကိုက်ခဲထားလေသည်။

ချန်ကျင်းချင်မှာ သူ၏ညာဘက်လက်တွင် စူးရှသည့်နာကျင်မှု ကိုခံစားလိုက်ရပြီး ဘယ်ဘက်လက်ဖြင့် နဂါးငါး၏ဦးခေါင်းကို ရိုက်ချလိုက်လေသည်။

အရိုက်ခံလိုက်ရသောနဂါးငါးမှာ ဒေါသအကြီးအကျယ်ထွက် သွားလေသည်။ ထိုငါးက ချန်ကျင်းချင်၏ ညာဘက်လက်ကို ကိုက်ခဲထားခြင်းမှ လွှတ်ပေးလိုက်ပြီး ပါးစပ်ကိုဖြဲကာ ချန် ကျင်းချင်၏ မျက်နှာကို ကိုက်ခဲရန် ဦးတည်လာလေသည်။

ချန်ကျင်းချင်မှာ သူ့ဘဝတစ်ခုလုံး အဆုံးသတ်ပြီဟု တွေး လိုက်မိလေသည်။

ရုတ်တရက်...

သူ့ခန္ဓာကိုယ်သည် ရေပေါ်သို့ ရုတ်တရက် မြောက်တက်သွား လေသည်။

သူ့ကို ရယူရန်အတွက် နဂါးငါးကလည်း လိုက်ပြီး ရေပေါ်သို့ ခုန်တက်လိုက်သော်လည်း မတတ်နိုင်ဘဲ ရေထဲသို့ ပြန်ပြုတ်ကျသွားရသည်။

ချန်ကျင်းချင်၏နားထဲတွင် ရင်းနှီးနေသည့်အသံတစ်သံကို ကြားလိုက်ရလေသည်။

"ငါးမျှားချိတ်မှာ ဘယ်လိုသတ္တဝါများမိနေသလဲမှတ်တယ် ၊ မင်းဖြစ်နေတာကိုး"

ချန်ကျင်းချင်မှာ မြစ်ကမ်းပေါ်သို့ အူကြောင်ကြောင်ဖြင့် ပြန်လည်ရောက်ရှိလာလေသည်။ သူက ခံစားနေရသည့် နာကျင်မှုကို ဂရုမစိုက်နိုင်အားပဲ အသံလာရာဆီသို့ကြည့်လိုက်သည်။

မြစ်ကမ်းနံဘေးတွင်ထိုင်ကာ ငါးမျှားနေသည့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဆန်းလျန်....။

မနေ့ညက တိုက်တိုက်ဆိုင်ဆိုင် ဆန်းလျန်ကို မြင်တွေ့ခဲ့ရပြီး သည့်နောက် ဆန်းလျန်သည် ဒဏ္ဍာရီအလွန်ဆန်ကြောင်း ချန်ကျင်းချင် မှတ်ချက်ပြုလိုက်မိလေသည်။ ဆန်းလျန်၏ အသက်ရှူကျင့်စဉ်ကြောင့် သူ့ဘဝတွင် ထူးထူးခြားခြား ပြောင်းလဲခဲ့ရသည်။ ယခုလည်း ဆန်းလျန်က သူ့အသက်ကို ကယ်ခဲ့ပြန်လေပြီ။ သူ့အနေဖြင့် ကျေးဇူးဆပ်ရတော့မည်။ ချန်ကျင်းချင်က ရေစိုနေသည့် အဝတ်အစားများကို အနည်းငယ်သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်ပြီး ဆန်းလျန်ကို ဦးညွတ်ဂါရဝပြုလိုက်သည်။ နာကျင်နေသည့် သူ့လက်မှဒဏ်ရာကိုပင် သူက အရေးမစိုက်တော့ပါ။

"ကျွန်တော့်အသက်ကိုကယ်တာ ကျေးဇူးတင်ပါတယ်၊ ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းတောင် မသိပါဘူး"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်းက ညဏ်ကောင်းပြီး လိမ္မာတဲ့ ကောင်လေးတစ်ယောက်ပဲ ၊ ပြောပါဦး... မနေ့ကတော့ မြစ်ကမ်းနံဘေးမှာ ငါးမျှားနေတာ ၊ ဒီနေ့ရောဘာလာလုပ်တာလဲ ၊ မင်းမှာအခက်အခဲတစ်ခုခုရှိရင်လည်း ကျုပ်ကူညီပေးနိုင်တာပေါ့"

ချန်ကျင်းချင်မှာ ဆန်းလျန်၏စကားကြောင့် ပျော်သွားလေသည်။ သူက ဆန်းလျန်ကို ချန်ပေသိုခိုင်းလိုက်သည့် အကြောင်းကို ပြောပြလိုက်လေ၏။

"တောင်စောင့်နတ်ဆိုတာ မိုးနဲ့လေကို လွယ်လွယ်နဲ့ ဆင့်ခေါ်နိုင်တဲ့သူပဲ ၊ သူတကယ်ပဲမိုးရွာစေချင်ရင် မင်းကို ရေသယ်ခိုင်းစရာတောင် မလိုဘူး ၊ မင်းကို သက်သက်အခက်တွေ့အောင်လုပ်တာပဲဖြစ်ရမယ် ၊ ဒါပေမယ့် ရေယူဖို့အခက်အခဲဖြစ်နေရင်လည်း မကြောက်နဲ့၊ ရော့စွေမြစ်ရေက အကန့်အသတ်မရှိဘူး ၊ သုံးပေနဲ့သုံးလက်မမိုးရေရဖို့အတွက် ရေတစ်အိုးခပ်သွားရုံနဲ့လုံလောက်တယ်"

ဆန်းလျန်က အေးဆေးစွာဖြင့်ပြောလိုက်သည်။

အမှန်တော့ ချန်ပေသိုက ဆန်းလျန်၏ပညာကို စမ်းသပ်ရန်အတွက် ချန်ကျင်းချင်ကို တစ်ဖက်လှည့်ဖြင့် ရေယူခိုင်းလိုက်ခြင်း ဖြစ်လေသည်။ သူ၏ အပြုအမူအပေါ်တွင် ဆန်းလျန်က မည်သို့ သဘောထားမည်လဲ ဆိုသည်ကိုလည်း သိချင်နေမိသည်။

အမှန်တော့ ကံမကောင်းလှသည် ချန်ကျင်းချင်လေးသည် နတ်ဘုရားနှစ်ပါး ပညာပြိုင်ကြသည့်ပွဲတွင် ကြားညပ်နေခဲ့ရခြင်းသာ ဖြစ်လေတော့သည်။

အခန်း (၄၁၂) မိုးမြေသကော်တ

ချန်ကျင်းချင်တစ်ယောက်ကတော့ နတ်ဘုရားနှစ်ပါး ပညာပြိုင်သည့်ပွဲတွင် ကြားညပ်နေရသည့် သူ့အဖြစ်ကိုသူ မသိရှာပေ။

"ရေလေးတစ်အိုးက မိုးသုံးပေသုံးလက်မ ရွာဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

ချန်ကျင်းချင်က ရေရွတ်လိုက်သည်။

ဆန်းလျန်သည် မြစ်ကမ်းနံဘေးမှ ဖြည်းဖြည်းချင်းလမ်းလျှောက်လာလေသည်။ သူက အခိုးအငွေ့တစ်ခုအလားချန်ကျင်းချင်ရှေ့တွင် ရပ်နေလေသည်။ ထိုအခါမှ ချန်ကျင်းချင်သည် ဆန်းလျန်၏ ဝတ်ရုံအောက်မှ အသားများမရှိဘဲ အရိုးများသာထွက်ပေါ်နေသည့် ညာဘက်လက်ကို သတိပြုလိုက်မိသည်။

ဆန်းလျန်၏ တောက်ပသည့်မျက်ဝန်း ၊ ချောမောလှပသည့် မျက်နှာ ၊ ကြည်လင်သည့်အသားအရေများနှင့် နှိုင်းယှဉ်လျှင် ထိုလက်မှာ အလွန်မှ အကျည်းတန်အရုပ်ဆိုးလှလေသည်။

သို့သော် ချန်ကျင်းချင်က စပ်စုမေးမြန်းခြင်း အလျဉ်းမရှိပါ။

"ကျုပ်က ဟုတ်တယ်လို့ပြောရင် ဟုတ်လို့ပဲပေါ့ ၊ မဖြစ်နိုင်ဘူး ဆိုရင်တောင်မှ ကျုပ်ပြောရင် ဖြစ်နိုင်ရမှာပဲ"

ဆန်းလျန်က ပြောလိုက်သည်။

ဆန်းလျန်က စကားကို ပေါ့ပေါ့ပါးပါးပင် ပြောလိုက်ခြင်း ဖြစ်သော်လည်း သူ၏စကားကို လောကတစ်ခွင်ရှိ နတ်ဘုရားများ နှင့် နတ်မိစ္ဆာများပင် မလွန်ဆန်ဝံ့လောက်အောင် ဩဇာအာဏာ နှင့် ပြည့်ဝလေသည်။

ချန်ကျင်းချင်၏ စိတ်ထဲတွင် ကောင်းချီးမင်္ဂလာများကို ခံစားလိုက်ရလေသည်။

"ဆရာ ၊ ကျွန်တော့်ကို ကူညီပါ ၊ ကျွန်တော် ဆရာ့စကားကိုနား ထောင်ပါ့မယ်"

ဆန်းလျန်က ချန်ကျင်းချင်ကိုကြည့်ပြီးပြုံးလိုက်သည်။

"မင်းက ကျုပ်ကို ဘာလို့ဆရာလို့ခေါ်ရတာလဲ"

ချန်ကျင်းချင်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဆရာက ကျွန်တော့်ကို နဂါးငါးလည်း လက်ဆောင်ပေးတယ် ၊ ပြီးတော့ မနေ့ကလည်း အသက်ရှူကျင့်စဉ် သင်ပြပေးသေး တယ် ၊ ကျွန်တော်စဉ်းစားမိတာက ကျွန်တော်တို့ တစ်ခါမှ လည်း သိကျွမ်းဖူးတာမဟုတ်ဘဲ ဆရာ ကျွန်တော့်အပေါ် ကောင်းကောင်းဆက်ဆံနေတာဟာ အကြောင်းရှိလို့ပဲဖြစ်ရ မယ်လို့ပေါ့"

"မင်း ဒီလိုအတွေးမျိုး ဘယ်အချိန်တုန်းက တွေးခဲ့မိတာလဲ"

ဆန်းလျန်က မေးလိုက်သည်။

ချန်ကျင်းချင်က ခေါင်းငုံ့လိုက်ရင်း...

"ကျွန်တော်က တကယ့် ငတုံးပါပဲ ၊ အခုမှပဲ သဘောပေါက်ပြီး တွေးမိသွားတာပါ"

ဆန်းလျန်က ပြတ်သားစွာ ပြုံးလိုက်ရင်း...

"တောင်စောင့်နတ်က မင်းမလုပ်နိုင်တဲ့အလုပ်ကိုလုပ်ခိုင်းပြီး ဒီနေရာကို ပို့လိုက်တာ တိုက်ဆိုင်မှုလို့ မင်းထင်သလား ၊ ကျုပ်နဲ့ ဒီနေရာမှာ လာဆုံရတာရော တိုက်ဆိုင်မှုလို့ မင်းထင်သလား ၊ လောကမှာ ဒီလောက်တိုက်ဆိုင်တာမျိုး ဘယ်ရှိနိုင်မှာလဲ ၊ မင်းစိတ်ထဲမှာ ကျုပ်နဲ့ တောင်စောင့်နတ်ကြားမှာ ရန်ငြိုးရန်စ တစ်ခုခုရှိတယ်လို့ တွေးနေခဲ့တာ မလား"

ချန်ကျင်းချင်သည် ဆန်းလျန်ကိုမော့ကြည့်လိုက်သည်။ ဆန်းလျန်၏ မျက်ဝန်းများမှာ မှန်တိုင်းထန်ပြီးစ ငြိမ်သက်နေသည့် ရေစွေမြစ်ရေအလား နက်ရှိုင်းလွန်းနေလေသည်။

"ဟုတ်ပါတယ် ၊ ဆရာပြောတာတွေ အတိအကျပါပဲ"

ချန်ကျင်းချင်က အသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

ဆန်းလျန်က တည်ငြိမ်အေးဆေးသည့်လေသံဖြင့်....

"မင်းကျုပ်ကို ဆရာအဖြစ်သတ်မှတ်မယ်ဆိုရင်တော့ မင်း

ကျုပ်အပေါ် သစ္စာရှိရလိမ့်မယ်၊ ဒီတော့ မင်း ကျုပ်ရဲ့တပည့်

ဖြစ်ချင်စိတ် တကယ်ရှိသလား"

ချန်ကျင်းချင်က တစ်ချက်တုန့်ဆိုင်းနေပြီးမှ...

"ဆရာ့ရဲ့တပည့်ဖြစ်ရမယ်ဆိုရင်တော့ အရမ်းကံကောင်းမှာပါ၊

ဒါပေမယ့် ကျွန်တော်က ကျုန်းစန်းတောင်ခြေက ချန်ကျေးရွာ

မှာ ကြီးပြင်းလာတာ၊ ဆရာ့ဆီမှာ တပည့်ခံမယ်ဆိုရင် ကျုန်း

စန်းတောင်တောင်စောင့်နတ်နဲ့ မျော်ဆရာမကိုတော့ အသိပေးဖို့

လိုမယ်ထင်တယ်၊ ကျွန်တော်က သူတို့နှစ်ယောက်ကို ကျော်ပြီး

ဘာမှ မလုပ်ရဲပါဘူး"

အမှန်တော့ သူသည် ယခုမှ ဆန်းလျန်နှင့် တွေ့ဖူးခြင်း ဖြစ်လေ

သည်။

သူ့ကို ရေခပ်ခိုင်းသည့်အတွက် တောင်စောင့်နတ်ကိုလည်း သူ နားမလည်နိုင်ဖြစ်နေရသေးသည်။ ထို့ပြင် ဆန်းလျန်နှင့် မြစ်ကမ်းနံဘေးတွင် ဆုံခဲ့ရခြင်းမှာလည်း တိုက်ဆိုင်မှုမဟုတ်ခဲ့ပေ။

အစမှအဆုံး စဉ်းစားကြည့်လျှင် ဆန်းလျန်သည် အပြင်လူဖြစ်လေသည်။ ထို့ပြင် ဆန်းလျန်သည် တောင်စောင့်နတ်နှင့် မှော်ဆရာမတို့ကို တိတ်တဆိတ်တိုက်ခိုက်ရန် ရောက်လာသည့် ရန်သူလည်း ဖြစ်နိုင်သည်။ သူ့အနေဖြင့် တောင်စောင့်နတ်က သူ့ကို မြက်တစ်ပင်လောက်ပင် အရေးမထားစေကာမူ တောင်စောင့်နတ်နှင့် ချန်ကျေးရွာကို သစ္စာဖောက်သည့်အလုပ်မျိုး မလုပ်ရက်နိုင်ပေ။ သူသည် တောင်စောင့်နတ်၏ ကာကွယ်ပေးမှုအောက်တွင်ရှိသည့် ချန်ကျေးရွာတွင် ကြီးပြင်းလာရသူဖြစ်သည့်အတွက် တောင်စောင့်နတ်အပေါ်တွင် သစ္စာဖောက်ပါက

တိရိစ္ဆာန်ထက်ပင်နိမ့်ကျသည့် သတ္တဝါတစ်ကောင် ဖြစ်သွားပေလိမ့်မည်။

"မင်းဒီလိုတွေးတယ်ဆိုရင်တော့ ချန်ပေသိုရဲ့အမိန့်အတိုင်း ရေခပ်သွားဖို့ကိုပဲ ကျုပ်ကူညီလိုက်ပါတော့မယ်"

ဆန်းလျန်က ထိုမျှသာ ပြောလိုက်လေသည်။

ဆန်းလျန်စကားဆုံးသွားသည်နှင့် မုန်တိုင်းကြီးတစ်ခုကို ဖန်ဆင်းလိုက်လေသည်။

ချန်ပေသိုမှာ မထင်မှတ်ဘဲ မုန်တိုင်းနှင့်ရင်ဆိုင်လိုက်ရသည့်အတွက် မုန်တိုင်းအတွင်းသို့ ပါသွားကာ ထင်းရှူးပင်တစ်ပင်ပေါ်သို့ သွားတင်နေလေတော့သည်။ သူက ထင်းရှူးပင်ကို တင်းတင်းဖက်တွယ်ထားပြီး ဆန်းလျန်ကို လှမ်းကြည့်လိုက်သည်။

ဆန်းလျန်သည် မုန်တိုင်းကိုဖန်ဆင်းနေပြီး မိုးများမှာလည်း သည်းထန်စွာ ရွာသွန်းနေလေသည်။

မုန်တိုင်းကို သေသေချာချာကြည့်မည်ဆိုပါက အလယ်တွင် ချိုင့်ဝင်သွားသည်ကိုတွေ့ရမည် ဖြစ်လေသည်။ ရော့စွေမြစ်ရေများထို ထိုအချိုင့်အတွင်းသို့ စီးဆင်းဝင်ရောက်နေလေသည်။ မြေပြင်တစ်ခုလုံးမှာ လင်းလက်တောက်ပနေပြီး ရော့စွေမြစ်ရေထက်တွင် တိမ်တိုက်များက ရောင်ပြန်ဟပ်နေသည့် ရင်သပ်ရှုမောဖွယ်မြင်ကွင်းကိုလည်း မြင်တွေ့ရမည် ဖြစ်လေသည်။

ချန်ကျင်းချင်မှာလည်း အံ့ဩလွန်းကာ ကြက်သေသေနေလေတော့သည်။ သူကဆန်းလျန်သည် တန်ခိုးစွမ်းအား အလွန်မြင့်မားသူဖြစ်ကြောင်း သိထားလေသည်။ သို့သော် ထိုမျှ တန်ခိုးစွမ်းအားမြင့်မားလိမ့်မည်ဟု ထင်မှတ်မထားခဲ့မိပေ။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် ကောင်းကင်ထက်သို့ ပျံတက်သွားပြီး သူ၏လက်ထဲတွင် အနက်ရောင်ရေအိုးတစ်လုံးကို ကိုင်ထားလေသည်။ မုန်တိုင်းအတွင်းမှ ချိုင့်နေသည့်နေရာ

သို့ စီးဆင်းဝင်ရောက်နေသည့် မြစ်ရေများသည် ဆန်းလျ
န်၏လက်ထဲမှ ရေအိုးအတွင်းသို့ စီးဆင်းဝင်ရောက်သွားကြ
လေသည်။

အကန့်အသတ်မရှိ ကျယ်ပြန့်လွန်းသည့် ချင်းစွေမြစ်ရေ
များသည် ထက်ဝက်ခန့်တိတိ လျော့ကျသွားလေသည်။
ချန်ကျင်းချင်မှာ အလွန်အံ့သြလွန်းပြီး အော်ဟစ်လိုက်မိသည်။
"ဆရာ... တော်လောက်ပါပြီ ၊ ဆရာဆက်လုပ်နေရင် ရှော့စွေ
မြစ်ရေတွေ အကုန်ခမ်းခြောက်သွားတော့မယ်"
ထိုအခါမှ ဆန်းလျန်သည် ကောင်းကင်ထက်မှနေပြီး
သူ၏တန်ခိုးစွမ်းအားများကို ပြန်လည် ရုတ်သိမ်းလိုက်လေ
သည်။ ထို့နောက် ဆန်းလျန်၏ ခန္ဓာကိုယ်မှ ရောင်စဉ်ငါးမျိုး
ဖြာလင်းနေပြီး မြေပြင်ထက်သို့ ဆင်းသက်လာလေသည်။
သူ၏လက်ထဲတွင် ရေအပြည့်ပါရှိသည့် အနက်ရောင်ရေအိုးကို
ကိုင်ဆောင်ထားလေသည်။

ချန်ကျင်းချင်သည် ထင်းရှူးပင်ပေါ်မှ ဆင်းလာပြီး ဆန်းလျန်ဆီသို့ လျှောက်လာလေသည်။ သူ့တစ်ကိုယ်လုံးမှာ တုန်ယင်နေလေသည်။

"ဆရာ... ဆရာ ထည့်လိုက်တဲ့မြစ်ရေတွေအကုန်လုံးက ဒီရေအိုးထဲ ရောက်သွားတာလား"

ချန်ကျင်းချင်က တုန်တုန်ယင်ယင်ဖြင့်ပင် မေးလိုက်သည်။

"မင်းပဲ ရေလိုချင်တယ်ဆို... ရော့ ဒီမှာ"

ဆန်းလျန်က ပြောလိုက်ရင်း ရေအိုးကို ချန်ကျင်းချင်ဆီသို့ ကမ်းပေးလိုက်လေသည်။

ချန်ကျင်းချင်မှာကား တုန်လှုပ်ခြောက်ခြားနေပြီး မျက်နှာတွင် သွေးရောင်ပင် မရှိတော့ပေ။

ချင်းစွေမြစ်ရေတစ်ဝက်တိတိထည့်ထားသည့် ရေအိုးကို သူ မည်သို့ မ နိုင်ပါမည်နည်း။ သို့သော် နောက်ဆုံးတွင်တော့

ဆုံးဖြတ်ချက်ချလိုက်ကာ ဆန်းလျန်ကမ်းပေးသည့် ရေအိုးကို လက်ခံယူလိုက်လေသည်။

ရေအိုးလေးသည် သူ၏လက်ထဲတွင် အခိုးအငွေ့အလား ပေ့ါပါးလှလေသည်။ သို့သော် သူက ရေအိုးကို နဂါးငါးကြင်း အကိုက်ခံထားရသည့်လက်ဖြင့် ကိုင်ထားခြင်းဖြစ်သည့်အတွက် သူ၏လက်မှာ ရုတ်တရက်နာကျင်လာပြီး တုန်ခါလာလေသည်။ ထိုအခါ ရေအိုးအတွင်းမှ ရေများမှာ ဖိတ်စင်ကုန်ပြီး ရေများ လျော့နည်းသွားရလေတော့သည်။

ချန်ကျင်းချင်သည် နာကျင်မှုကိုအောင့်ခံပြီး ရေအိုးလေးကို ဘယ်ဘက်လက်ဖြင့်ပြောင်းကိုင်လိုက်လေသည်။

ထို့နောက် သူ့မျက်လုံးများက ရေအိုးကိုကြည့်လိုက်သည့်အခါတွင်တော့ ရေများက အရင်အတိုင်းပြန်ပြည့်နေသည်ကို တွေ့လိုက်ရပြန်လေသည်။

အခန်း (၄၁၃) တရားမရှိရင်သတိလည်းမရှိ

ချန်ကျင်းချင်သည် မျက်လုံးများမှားလေသလားဟု ရေအိုးကို စိုက်ကြည့်နေလေသည်။

ထို့နောက်တွင်တော့ "အမြင်မမှားဘူးထင်တယ်" ဟုသာ သူ့ဟာသူ ဆုံးဖြတ်ချက်ချလိုက်မိသည်။ သို့သော် သေးငယ်သော ရေအိုးလေးက မြစ်ရေတစ်ဝက်ခန့်ကိုထည့်ထားနိုင်သည်ကို သူ ယခုအချိန်ထိ နားမလည်နိုင်သေးပါ။

သူစဉ်းစားနေဆဲ...

ချက်ချင်းပင် သဘောပေါက်သွားလေသည်။ ဗောဓိသကျ သည် တောင်တစ်လုံးကိုပင် မုန်ညင်းစေ့ထဲတွင် ထည့်ထား နိုင်သည်ဟု ကြားဖူးလေသည်။

ဆန်းလျန်ကလည်း ထိုကဲ့သို့ ပညာရပ်မျိုးကို အသုံးချလိုက်ခြင်း ဖြစ်နိုင်သည်။ သို့သော် မည်သို့ အသုံးပြုလိုက်သည်ကို သူနားမလည်သေးပါ။

ချန်ကျင်းချင်သည် ထိုသို့သော ပညာရပ်များနှင့် တန်ခိုးစွမ်းအားများကို စိတ်ဝင်စားလေသည်။ သူက ထိုအရာများကို သင်ယူရန် မေွးဖွားလာသည်ဟုပင် ပြော၍ရလေသည်။

ချန်ကျင်းချင်သည် ဆန်းလျန်ကို မည်သို့ ကျေးဇူးတင်စကားပြောရမည်မသိ ဖြစ်နေလေသည်။ သို့သော် ဆန်းလျန်ကလည်း သူ့ကို ကျေးဇူးတင်မခံခဲ့ပါ။

"ဆရာ ၊ တခြားဘာများ ခိုင်းစရာရှိသေးလဲ"

ချန်ကျင်းချင်က မေးလိုက်သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ပြောပြီးပြီလေ ၊ မင်းကိုရေခပ်ပေးမယ်ဆိုတာ..."

ရေအိုးကိုယူပြီး ချက်ချင်းထွက်သွားရန်မှာလည်း သိပ်တော့မ ဖြစ်သင့်သေးကြောင်း ချန်ကျင်းချင် ခံစားနေရသည်။ သို့သော် ဆန်းလျန်က သူ့ကို နေစေချင်ပုံမရတော့ပေ။ ထို့ပြင် သူ့ အနေဖြင့် မနက်ဖန်နေ့လည်မတိုင်မီ ကျုန်းစန်းတောင်ပေါ်ရှိ တောင်စောင့်နတ်ဝတ်ကျောင်းတော်သို့ အရောက်ပြန်ရဦးမည် ဖြစ်လေသည်။

သူအချိန်ဆွဲနေပါက အချိန်မီရောက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် သူက ချက်ချင်းပင် သွားရန် ပြင်ဆင်လိုက် တော့သည်။ သူ့တွင် အကြံတစ်ခုလည်း ရှိလေသည်။ သူက တောင်စောင့်နတ်က သူ့ကို မကြည်ဖြူလျှင်တောင်မှ ဆန်းလျန် အကြောင်းတော့ မေးကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်မိသည်။ ချန်ကျင်းချင်က ဆန်းလျန်ကို ဦးညွတ်လိုက်သည်။ ထို့နောက် ထွက်ခွာသွားရန် ပြင်လိုက်လေသည်။

ထိုအချိန်မှာပင် သူ၏ခြေလက်များဆီသို့ အတွင်းအားများ အဆက်မပြတ်စီးဝင်လာလေသည်။ ပူနွေးသည့် အတွင်းအား စီးကြောင်းတစ်ခုက သူ့ခန္ဓာကိုယ်ကို ဖြတ်သန်းသွားပြီး နဂါး ငါးအကိုက်ခံရသည့်ဒဏ်ရာမှာ ချက်ချင်းပင် သက်သာလာ လေတော့သည်။

အမှန်တော့ ထိုသို့ဖြစ်သည်မှာ ချန်ကျင်းချင်အတွက် ပထမဆုံး အကြိမ်မဟုတ်ခဲ့ပါ။

သူ့ဒဏ်ရာအနာတရဖြစ်တိုင်း ထိုသို့ပင်ခံစားရပြီး ညဘက် အိပ်ပျော်သွားပြီးသည်နှင့် ချက်ချင်းပြန်လည်သက်သာသွားစမြဲ ဖြစ်လေသည်။ သို့သော် ယခုတစ်ကြိမ်တွင်တော့ ညအိပ် စရာပင်မလိုသေးဘဲ မြန်မြန်ဆန်ဆန်ပင် သက်သာလာခဲ့သည်။

ချန်ကျင်းချင်သည် ကျင့်ကြံသူတစ်ယောက်မဟုတ်ပါ။ သို့သော် သူ့တွင်ရှိသော တန်ခိုးစွမ်းအားများကို လောကရှိ ကိုး ဆယ့်ကိုးရာခိုင်နှုန်းသော ကျင့်ကြံသူများက လိုချင်ကြမည်

ဖြစ်လေသည်။ သို့သော် ချန်ကျင်းချင်ရောက်သည့် အဆင့်ထိ ကျင့်ကြံနိုင်ရန်မှာ စိတ်အာရုံပျံ့လွင့်မှုများအားလုံးကို ထိန်းချုပ်နိုင်ရန် လိုအပ်လေသည်။

ချန်ကျင်းချင်က ဆန်းလျန်သင်ပေးသည့် အသက်ရှူကျင့်စဉ်ကို လေ့ကျင့်ကာ သူ၏အတွင်းအားများကို ထိန်းချုပ်ကြည့်လိုက်သည်။ သူ၏စိတ်ကို စုစည်းထားပြီး အတွင်းအားများက တဖြည်းဖြည်းအားကောင်းလာသည်။

ဆန်းလျန်က ချန်ကျင်းချင်ရောက်ရှိနေသည့်အဆင့်ကို "တရားမရှိလျှင် သတိလည်းမရှိ" အဆင့်ဟု သတ်မှတ်ထားလေသည်။

အတိတ်တစ်ချိန်တုန်းက မြေခွေးနတ်ဘုရားအဘိုးအို ရှင်းချိပင်းကျိရှောင်အန်းက သူ့ကို ထိုအချက်ကို ထောက်ပြခဲ့ဖူးလေသည်။ ထို့ကြောင့်လည်း သူက ကျင့်စဉ်လမ်းကို လျှောက်လှမ်းရန် ချင်းရှမ်နတ်တံခါးသို့ ရောက်ရှိလာရခြင်း ဖြစ်လေသည်။

ဆရာသခင်ကျန်းရှော့ရှီးက သူ့ကို ဝိညာဉ်မြစ်ထဲတွင် ဒုက္ခခံ ကာ ကျင့်ကြံစေခဲ့သည့်အတွက် သူသည် ထိုအဆင့်သို့ တက် ရောက်နိုင်ခဲ့သည်။ ထို့နောက် ထိုအဆင့်သည်ပင် တာအို ကျင့်ကြံမှုတွင် အခြေခံခိုင်မာသည့် အုတ်မြစ်တစ်ခု ဖြစ်လာခဲ့ ရသည်။

ယခုတော့ ဆန်းလျန်နှစ်ရှည်လများ ကျင့်ကြံခဲ့ရသည့်အဆင့် ကို ချန်ကျင်းချင်က တစ်ညတည်းဖြင့် ကျင့်ကြံအောင်မြင်သွား ခဲ့လေပြီ။ ထို့ပြင် ချန်ကျင်းချင်သည် အတင်းအကြပ်ကျင့်ကြံ ခိုင်းစရာမလိုဘဲ သဘာဝကျစွာ သူ့သဘောနှင့်သူ ကျင့်ကြံခြင်း အောင်မြင်သွားခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်သာ မနာလိုစိတ်ထားရှိတတ်သည့်သူဖြစ်လျှင် ချန် ကျင်းချင်ကို မနာလိုဖြစ်မိမည်မှာ အသေအချာပင်ဖြစ်လေ သည်။

ဆန်းလျှန်သည် အကြောင်းအမျိုးမျိုးကြောင့် ကျင့်စဉ်လမ်း

အဆင့်တက်ရောက်ခြင်း လျှင်မြန်ခဲ့ရခြင်းဖြစ်သည့်တိုင်

သူ၏ပင်ကိုယ်အရည်အသွေးက ချန်ကျင်းချင်လောက်

ကောင်းမွန်ခြင်းမရှိပေ။ ထို့ကြောင့် သူသည် ချန်ကျင်းချင်၏

ပြီးပြည့်စုံသည့် တာအိုရုပ်ခန္ဓာကို အားကျလေးစားမိသည်

ကတော့ အမှန်ပင်ဖြစ်လေ၏။

ချန်ကျင်းချင်သည် ရေအိုးကိုကိုင်ကာ တောင်ပေါ်သို့ တက်လာ

လေသည်။

ဆယ်မိုင်ခန့်တက်လာပြီးသည့်နောက် ရုတ်တရက် သူ့ရှေ့တွင်

ဆန်းလျှန်ပေါ်လာလေသည်။

ဆန်းလျှန်က...

"မင်းကိုတစ်ခုပြောဖို့ကျန်ခဲ့လို့ ၊ ကျေးဇူးပြုပြီး ဒီကျောက်ပြား

ကိုယူသွားပြီး တောင်စောင့်နတ်ဝတ်ကျောင်းတော်အထိ သွား

ပါ၊ လမ်းမှာ မင်းကို ဘယ်သူပဲ ခေါ်ခေါ်၊ ဝတ်ကျောင်းတော်ကို မရောက်မချင်း လုံးဝလှည့်မကြည့်နဲ့၊ စကားပြန်မပြောနဲ့"

ဆန်းလျန်ပေးသည့်ကျောက်ပြားမှာ ရွှံ့များနှင့်ပေကျံနေပြီး မြက်ပင်များကလည်း တွယ်ကပ်နေသေးသည်။

ချန်ကျင်းချင်မှာ ရယ်ရမလို ငိုရမလိုဖြစ်သွားသည့်တိုင် မတတ်သာသည့်အခြေအနေဖြစ်သည့်အတွက် ကျောက်ပြားကို လှမ်းယူလိုက်ရလေသည်။

သူလည်း ကျောက်ပြားနှင့် ရေအိုးကိုသယ်ဆောင်ကာ တောင်စောင့်နတ်ဝတ်ကျောင်းတော်သို့ ပြန်လာခဲ့လေသည်။

ကျုန်းစန်းတောင်ပေါ်သို့တက်သည့် တောက်တက်လမ်းမှာ အလွန်မတ်စောက်ပြီး ကြမ်းတမ်းလေသည်။ သို့သော် ဆန်းလျန်ပေးလိုက်သည့် ကျောက်ပြားမှာ ချန်ကျင်းချင်ကို အလွန်ဝေးသည့်နေရာတစ်ခုအထိ ခုန်ကျော်နိုင်အောင် စွမ်းအားများပေးခဲ့လေသည်။ မြေကြီးကို ချုံ့လိုက်သည်နှင့်ပင် တူနေလေသည်။

ညသည် တဖြည်းဖြည်းနက်လာလေသည်။

လမင်းသည် ကောင်းကင်အလည်တည့်တည့်သို့ရောက်ရှိလာသည့်အချိန်...

လပြည့်ဝန်းထက်မှ ပျံသန်းဆင်းသက်လာသည့် မိန်းမပျိုလေးတစ်ယောက်ကို ချန်ကျင်းချင် တွေ့လိုက်ရလေသည်။

ချန်ကျင်းချင်သည် ချန်ကျေးရွာမှ မိန်းကလေးများနှင့် မော်ဆရာမတို့ကိုသာ တွေ့မြင်ဖူးသူဖြစ်သော်လည်း ယခုသူတွေ့မြင်ရသည့်မိန်းကလေးသည် အလွန်ချောမောလှပသည်ကိုတော့ ငြင်း၍မရကြောင်း သိလိုက်လေသည်။

လရောင်အောက်တွင် ပျံသန်းနေသည့် ကြိုးကြာငှက်လေးအလား သူမအလှတရားသည် ဖြူစင်တောက်ပလျှက် ရှိလေသည်။

မိန်းကလေးသည် ကျောထက်တွင် ဓားတစ်လက်ကို လွယ်ထားလေသည်။

ညဥ့်နက်အချိန်ဖြစ်သည့်အတွက် ချန်ကျင်းချင်သည်

မိန်းကလေး၏မျက်နှာကို အပြည့်အဝ မြင်တွေ့ရခြင်း မရှိပေ။

သို့သော် မိန်းကလေးဆီမှ ထွက်ပေါ်နေသည့်အငွေ့အသက်

သည် ဆန်းလျန်ဆီမှ အငွေ့အသက်မျိုးနှင့် ဆင်တူသည်ကို

တော့ သူ ရိပ်မိလိုက်လေသည်။

သူမထံမှ ဓားဝိညာဉ်အငွေ့အသက်သည် သူ၏စိတ်နှင့်ဝိညာဉ်

ဆီသို့တိုင် ရိုက်ခတ်နေပြီး သူ့မှာ အသက်ရှူ၍ပင် မရနိုင်တော့

ပေ။

သို့သော် သူက ဆက်ပြီး လမ်းလျှောက်နေမြဲ ဖြစ်လေသည်။

"ချန်ကျင်းချင်..."

မိန်းကလေး၏ အေးစက်စက်အသံက သူ့နားထဲသို့ ဝင်

ရောက်လာလေသည်။ သူက ပြန်ပြီး စကားပြောရန် ပြင်ဆင်

လိုက်ပြီးမှ ဆန်းလျန်၏ မှာကြားမှုကိုသတိရကာ စကား

တစ်လုံးမှ ပြန်မပြောတော့ပေ။

သူက မိန်းကလေးကို လှည့်ကြည့်ချင်သည့်စိတ်ကို ချိုးနှိမ်လိုက်ပြီး ကိုယ့်လမ်းကိုယ်သာ ဆက်လျှောက်နေလိုက်လေသည်။

သူက ညခင်းမှ နံနက်အရုဏ်တက်အထိ မနားမနေ လမ်းလျှောက်နေပြီး မိန်းကလေး၏ ခေါ်သံသည်သူ့နားထဲတွင် ပဲ့တင်သံထပ်နေလေသည်။ သူမ၏ အသံသည် တည်ငြိမ်နေသည့်ကန်ရေပြင်ကို လှိုင်းထန်စေလေတော့သည်။

တောင်စောင့်နတ်ဝတ်ကျောင်းတော်ကို မြင်တွေ့လိုက်ရသည့် အခါတွင်တော့ သူသည် မြေပြင်ထက်သို့ လဲကျလုနီးပါးပင် ခြေလှမ်းများက ယိုင်နဲ့နေပြီ ဖြစ်လေသည်။

သူတောင်စောင့်နတ်ဝတ်ကျောင်းတော်သို့ ရောက်ရှိသည့်အခါတွင်တော့ သူ့နောက်သို့ လိုက်နေသည့် မိန်းမပျိုသည် ဆက်မလိုက်တော့ဘဲ ထွက်ခွာသွားလေတော့သည်။

အခန်း (၄၁၄) အတုအယောင်နှင့်အမှန်တရား

ဖန်းယန်ယင်းသည် ချန်ကျင်းချင်ကို လိုက်မမီသည့်အဆုံး

တောင်ခြေသို့ ပြန်ဆင်းလာလေသည်။

သို့သော် သူမတောင်ခြေသို့မရောက်မီမှာပင် ထင်းရှူးပင်တစ်

ပင်ထက်တွင် ထိုင်နေသည့် ဆန်းလျန်ကို သူမ မြင်တွေ့လိုက်ရ

လေသည်။

ထင်းရှူးကိုင်းထက်တွင် ထိုင်နေသည့် ဆန်းလျန်၏ ပုံစံမှာ

ဒဏ္ဍာရီဆန်လွန်းလှပြီး ဝိညာဉ်ကမ္ဘာမှ နတ်ဘုရားတစ်ပါး

အလား ထင်မှတ်ရလေသည်။

နေထွက်လာခဲ့ပြီ....။

နေထွက်လာသည်နှင့် လရောင်က လွင့်ပြယ်သွားခဲ့ပြီ။

ရော့စွေမြစ်ရေစီးဆင်းသံသဲ့သဲ့ကိုကြားနေရပြီး ပတ်ဝန်းကျင်သည် အထီးကျန်ဆန်လွန်းလှသည်။

"ယန်ယင်း ၊ မင်းကို ကိုယ်ပျောက်ဓားဝိညာဉ်သိုင်း လေ့ကျင့်ဖို့ပြောထားတာလေ ၊ ဘာလို့ စကားနားမထောင်ဘဲ လျှောက်သွားနေရတာလဲ"

ဆရာဦးလေး၏ စကားသည် ပေါက်ကွဲသံတစ်ခုအလား ဖန်းယန်ယင်းနားတွင်းသို့ ဝင်ရောက်လာလေသည်။

"ဆရာဦးလေး ၊ ကျွန်မလေ့ကျင့်ပြီးပါပြီ"

ဖန်းယန်ယင်းက ဒြပ်စင်ငါးပါးမျော်ဝင်ဓားကို ကိုင်ထားရင်းပြောလိုက်သည်။

သူမစကားဆုံးသည်နှင့် ထင်းရှူးပင်မှ အရွက်များသည် ဓားတစ်လက်ဖြင့်ထိုးခုတ်ခံလိုက်ရသည့်အလား တစ်ဖြုတ်ဖြုတ်ကြွေကျကုန်လေသည်။

ဖန်းယန်ယင်းကတော့ တည်ငြိမ်စွာဖြင့် မော်ဝင်ဓားကို သူမ၏ ရင်ပတ်ရှေ့တွင် တည့်မတ်စွာ ကိုင်ဆောင်ထားလေသည်။

ဤသည်မှာ သူက ရှိခြင်းမရှိခြင်း ဓားဝိညာဉ်ကို လေ့ကျင့်ခဲ့ကြောင်း ဆန်းလျန်ကို သက်သေပြလိုက်ခြင်းပင် ဖြစ်လေသည်။

ဆန်းလျန်က သူမကိုစိုက်ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းအိပ်မက်ထဲမှာ ထပ်ပြီးဓားသိုင်းလေ့ကျင့်ခဲ့ပြန်ပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာဦးလေး၊ အိပ်မက်ထဲမှာ ဓားသိုင်းလေ့ကျင့်ခဲ့တာပါ၊ ဒီတစ်ခါတော့ အိပ်မက်က တကယ်ရှည်လျားတာပဲ၊ အိပ်မက်ထဲမှာ ချန်ကျင်းချင်က ဆရာဦးလေးရှာနေတဲ့ ထာဝရအသက်သစ်သီးဆိုတာ သိခဲ့ရတယ်၊

ပြီးတော့ သူက အနာဂတ်မှာ ချင်းရှမ်နတ်တံခါးကျဆုံးခြင်း အတွက် တာဝန်ရှိသူတစ်ယောက် ဖြစ်လာလိမ့်မယ်"

ဆန်းလျန်သည်ထင်းရှူးပင်ကိုင်းထက်တွင် ခပ်မတ်မတ် အနေအထားဖြင့် ထိုင်နေလေသည်။ လေပြင်းကဝှေ့ယမ်းတိုက်ခတ်နေသည့်တိုင် ထင်းရှူးကိုင်းက တစ်ချက်ပင်မတိမ်းဘဲ တည်ငြိမ်နေလေသည်။

ဆန်းလျန်က...

"ကြည့်ရတာ မင်းရဲ့အိပ်မက်ထဲမှာ ကျင့်ကြံတာနဲ့ အနာဂတ်ကို ခန့်မှန်းနိုင်တာက အကန့်အသတ်မရှိနိုင်ဘူးထင်တယ်၊ ဒါက အခြားကမ္ဘာတွေကို အချိန်ကိုဖြတ်သန်းပြီးသွားတဲ့သဘောပဲ၊ ကျုပ်တောင်မှ တွက်ချက်ကြည့်နိုင်စွမ်းမရှိဘူး"

နတ်ဘုရားတစ်ပါးသည် သစ်ရွက်တစ်ရွက်ကို ကြည့်ပြီး အနာဂတ်ကို ခန့်မှန်းနိုင်လေသည်။

ဆန်းလျန်သည် ထိုအဆင့်သို့ရောက်ရှိနေပြီဖြစ်သည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။ သို့သော် ဖန်းယန်ယင်း၏ အိပ်မက်များကတော့ ထူးဆန်းလွန်းနေလေသည်။

"ဆရာဦးလေး ၊ အဲဒီလိုလည်းမဟုတ်ပါဘူး ၊ ကျွန်မက ဆရာဦးလေးက ထာဝရအသက်သစ်သီးကို မသုံးဆောင်ခဲ့လို့ ချန်ပေသိုကို အရှုံးပေးလိုက်ရတယ်လို့ အိပ်မက်မက်ခဲ့မိလို့ပါ"

ဖန်းယန်ယင်းက ပြောလိုက်သည်။

"ဘဝဆိုတာ နံနက်ခင်းနှင်းစက်လေးလိုပါပဲ ၊ တောက်ပကြည်လင်တယ်လေ ၊ ကျုပ်သေဆုံးတာကို မင်းအိပ်မက်မက်ခဲ့ပေမယ့် ကျုပ်မှ မသိနိုင်ခဲ့ဘဲ ၊ မင်းအိပ်မက်ထဲမှာ ကျုပ်ဘယ်လိုသေခဲ့ရတာလဲ ၊ သူရဲကောင်းဆန်ဆန်ပဲလား"

ဆန်းလျန်က သူ့အကြောင်းကို အခြားသူတစ်ယောက်အကြောင်းကဲ့သို့ ပေါ့ပေါ့ပါးပါးပင် မေးနေလေသည်။သူသည်

သေခြင်းတရားကို ကျော်လွန်ပြီး ရှုမြင်နိုင်သည့်သူတစ်

ယောက် ဖြစ်နေခဲ့ပြီ။

သို့သော် သူက သေမှာကို ဂရုမစိုက်သည်တော့ မဟုတ်ပါ။

သို့သော် သူက အနာဂတ်အဖြစ်အပျက်တစ်ခုအတွက်ဖြင့်

စိုးရိမ်ပူပန်နေမည့်လူစားမျိုးတော့မဟုတ်ပေ။

တစ်နည်းပြောရလျှင် မနက်ဖန်သည်မည်မျှရက်စက်ပါစေ...

ဒီနေ့အဖို့ ခံနိုင်ရန်ရှိရန်မှာ ပိုအရေးကြီးသည် မဟုတ်ပါလား။

ဆန်းလျန်စကားကြောင့် ဖန်းယန်ယင်းက ရယ်မောလိုက်သည်။

အမှန်တော့ သူမက အိပ်မက်မှ နိုးလာပြီးသည့်နောက် သူမ

ခေါင်းထဲသို့ဝင်လာသည့် တစ်ခုတည်းသောအတွေးမှာ သူမ၏

ဆရာဦးလေးအတွက် ချန်ကျင်းချင်ကို သတ်ရန်ဖြစ်လေသည်။

"ဆရာဦးလေးရဲ့ဓားက ကျုန်းစန်းတောင်တစ်ခုလုံးကို အကုန်

ရှင်းပစ်ခဲ့တယ်၊ ချန်ပေသိုရဲ့ဝတ်ကျောင်းတော်တောင် မကျန်

ခဲ့ပါဘူး"

ဖန်းယန်ယင်းက ပြန်ဖြေလိုက်သည်။

"အာ... ကျုပ်ဓားက အဲဒီလောက်တောင် အစွမ်းထက်မယ်လား ၊ ဒါဆိုရင် ချန်ပေသိုကို ရှုံးမယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ ၊ ဒါပေမယ့် ချန်ပေသိုဟာ ရုပ်ဝတ္ထုပစ္စည်းတွေကို ဂရုစိုက်တတ်တဲ့ လူတစ်ယောက်မှ မဟုတ်ဘဲလေ"

အမှန်တော့ ချန်ပေသိုသည် ဓားသူတော်စင်ကျီဝေးကို စိန်မခေါ်မီ ဆန်းလျန်ကို စမ်းသပ်ကာ ပညာပြိုင်လိုခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် ချန်ပေသိုကို ရှုံးနိမ့်ခဲ့လျှင်တောင်မှ အသက်အန္တရာယ်ကိုတော့ ကာကွယ်နိုင်ကောင်း ကာကွယ်နိုင်မည်ဖြစ်လေသည်။

ဆန်းလျန်သည် ဖြစ်နိုင်ချေများကိုစဉ်းစားနေရင်းမှ ဖန်းယန်ယင်းကို မေးခွန်းတစ်ခု မေးလိုက်သည်။

"ယန်ယင်း ၊ မင်း လင်ထိုင်တာအိုပြိုင်ပွဲနဲ့ပတ်သက်ပြီးတော့ ရော အိပ်မက်မက်တာမျိုး ရှိသေးလား"

"မမက်ပါဘူး"

ဖန်းယန်ယင်း၏မျက်နှာအမူအရာက အနည်းငယ်ပြောင်းလဲသွားပြီး ပြန်ဖြေလိုက်လေသည်။

"လူတစ်ယောက်ဟာ အိပ်မက်ထဲကိုလာပြီး အနာဂတ်မှာ ဖြစ်နိုင်ချေရှိတာတွေကို မဟုတ်တမ်းတရားတွေ လျှောက်ထည့်ပေးတတ်တာမျိုးရှိတတ်တယ်၊ အဲဒီလိုအလုပ်မျိုးက လူတစ်ယောက်က လုပ်နိုင်တယ်၊ ဒါပေမယ့် ကျုပ်သူ့ကို ထပ်ပြီးသည်းခံမှာတော့မဟုတ်တော့ဘူး"

ဆန်းလျန်က တည်ငြိမ်သည့်အသံဖြင့် ပြောလိုက်သည်။

သို့သော်... သူ့အသံတွင် သတ်ဖြတ်လိုသည့် အငွေ့အသက်များဖြင့် ပြည့်နေလေသည်။

ဆန်းလျန်ထံမှထွက်ပေါ်လာသည့် သတ်ဖြတ်လိုသည့် အငွေ့အသက်များကြောင့်ထင်းရှူးပင်သည်ပင်လျှင် ငြိုးနွမ်းသွားရလေသည်။

သို့သော် ဖန်းယန်ယင်း၏ အိပ်မက်များကတော့ လူတစ်ယောက်၏ပယောဂပါဝင်ခြင်း မဖြစ်နိုင်သေးပါ။

ဆန်းလျန်သည် သက်ပြင်းတစ်ချက်ချလိုက်ရင်း ခြောက်သွေ့သွားသည့် ထင်းရှူးပင်ထက်မှ မြေပြင်ထက်သို့ ဆင်းလိုက်လေသည်။

သူ၏စိတ်အာရုံတွင် ယန်ရှီးကို တွေ့မြင်လိုက်ရလေသည်။

ယန်ရှီးသည် ပင်လယ်တစ်ခု၏အလယ်တွင် ရပ်နေပြီး ဆန်းလျန်ကို ပြုံးပြနေလေသည်။

ဆန်းလျန်သည်ချက်ချင်းပင် စိတ်အာရုံကို သန့်စင်လိုက်ကာ ထိုပုံရိပ်ကို ဖယ်ရှားပစ်လိုက်လေသည်။

အကယ်၍ ဆန်းလျန်သာ ကြိုမြင်ခြင်းမရှိပါက ဖန်းယန်ယင်းသည် ချန်ကျင်းချင်ကို သတ်မိလိုက်နိုင်လေသည်။ သို့သော် ချန်ကျင်းချင်သည် သေမည့်သူတစ်ယောက် မဟုတ်ပါ။ သူ့ကိုယ်ထဲတွင် ထူးဆန်းသည့် ဖြစ်တည်မှု တစ်ခုရှိလေသည်။

ထို့ပြင် ချန်ကျင်းချင်၏ဇာစ်မြစ်မှာ ရှေ့စွေမြစ်နှင့်ဆက်စပ်နေသည့်အတွက် ပင်လယ်နှင့်သက်ဆိုင်သည့် နောက်ကြောင်းတစ်ခု ရှိနိုင်လေသည်။

ဆန်းလျန်လိုလူတစ်ယောက်အတွက် ချန်ကျင်းချင်ဆီမှ ထာဝရအသက်သစ်သီးစွမ်းအားများကို ရယူရန်မှာ လွယ်ကူလွန်းလှလေသည်။

သို့သော် ဆန်းလျန်သည် အစကတည်းက ထိုသို့ပြုလုပ်ရန် ဆန္ဒမရှိခဲ့သလို မည်သည့်အခါတွင်မှလည်း ထိုသို့ ပြုလုပ်လိမ့်မည် မဟုတ်ပေ။ ချန်ကျင်းချင်ကို အသုံးချလိုက်ပါက ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ အစမတန် တိုးတက်မြင့်မားလာနိုင်လေသည်။ သို့သော်... ထိုအရာသည် သူ့အတွက် ထောင်ချောက်တစ်ခုမျှသာ ဖြစ်လေသည်။

ဆန်းလျန်သည်သူ၏ညာဘက်လက်မှ မိစ္ဆာစွမ်းအားများကို မငြိမ်းသောမီးအိမ်စွမ်းအားဖြင့် ချေဖျက်ထားခြင်း ဖြစ်လေသည်။

မငြိမ်းသောမီးအိမ်မှ တန်ခိုးစွမ်းအားကြောင့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများမြင့်တက်လာခဲ့သလို သစ္စတရားနှင့်လည်း ပိုမိုနီးကပ်လာခဲ့လေသည်။ သို့သော် အချိန်ကြာလာသည်နှင့် အမျှ အရိုးကျနေသည့် ညာဘက်လက်၏ ဒုက္ခပေးမှုကိုခံရကာ သူ့ဘဝတစ်ခုလုံး ပြိုလဲသွားနိုင်လေသည်။

သူတို့နှစ်ဦးအကြောင်းကို အရိပ်အမြွက်ပြောပြခဲ့သည့် ရဲ့လျိုယွင်၏ အကြံပေးစကားကို ဆန်းလျန် သတိရနေမိသည်။

ရဲ့လျိုယွင်သည် အစပိုင်းကတည်းက တစ်စုံတစ်ခုကို သိထားနိုင်ပြီး ထိုအသိသည် အမှန်တရားနှင့် နီးစပ်နိုင်လေသည်။

မည်သို့ပင်ဖြစ်စေ ဆန်းလျန်သည် တွေးတောပူပင်နေတတ်သည့် လူစားမျိုးမဟုတ်ပေ။

သူနှင့် ချန်ပေသို၏ ပြိုင်ပွဲအကြောင်းကို ဖန်းယန်ယင်း

အိပ်မက်အဖြစ်မြင်မက်ခဲ့သည်မှာ မှားယွင်းနေသည့် ကိစ္စတစ်

ခုတော့မဟုတ်ပေ။

အကယ်၍ ဆန်းလျန်သာ ပြောင်းလဲမှုများကိုပြုလုပ်မထားဘူး

ဆိုပါက ဆန်းလျန်သည် လုံးဝပြိုလဲပျက်စီးသွားရမည် ဖြစ်

လေသည်။

အခန်း (၄၁၅) မိုးထန်လေထန်

ဆန်းလျန်၏ စိတ်ထဲသို့ အရှုံးတရားများထည့်ပေးလို

သည့်အတွက် ဖန်းယန်ယင်းကို အသုံးချခဲ့သည်ဟု ဆန်းလျန်

က ကောက်ချက်ချလိုက်မိလေသည်။ သူတို့နှစ်ယောက်၏ အစမကောင်းခဲ့သောရေစက်သည် ယခုတော့ ဖြေရှင်း၍မရတော့သည့် အမုန်းတရားအဖြစ် အခိုင်အမာဖြစ်တည်ခဲ့ရပြီ။ သို့သော် ယန်ရှီးတိုက်ခိုက်တိုင်းသာ ခံနေရလျှင် ဆန်းလျန်ဘယ်ဟုတ်တော့ပါမည်နည်း။

ဖန်းယန်ယင်းမှာ တစ်စုံတစ်ယောက်က ဆန်းလျန်ကို ထိခိုက်စေရန်အတွက် သူမကိုအသုံးချခဲ့သည်ကို သိရှိသွားသည့်အတွက် အပြစ်ရှိသကဲ့သို့ ခံစားလိုက်ရလေသည်။ သို့သော် ဆရာဦးလေးဖြစ်သူ၏ နွေးထွေးသော အကြည့်များက သူမကို စိတ်သက်သာရာ ရစေသည်။

"ဓားပေး..."

ဆန်းလျန်က ဖန်းယန်ယင်းဆီမှ မော်ဝင်ဓားကို တောင်းလိုက်သည်။

ဖန်းယန်ယင်းက ဒြပ်စင်ငါးပါးမျော်ဝင်ဓားကို ဆန်းလျန်ဆီသို့ ရှိရှိသေသေဖြင့် ကမ်းပေးလိုက်လေသည်။

ဖန်းယန်ယင်းသည် ယခုအခါ ကိုယ်ပျောက်ဓားဝိညာဉ်ဓား သိုင်းကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ထားပြီးသည့်တိုင် ဆန်းလျန်နှင့်ယှဉ်လျှင်တော့ ကလေးနှင့် လူကြီးပမာ ရယ်စရာ မျှသာ ဖြစ်နေလေသည်။

ဆန်းလျန်က သူမထံမှ ဓားကိုလှမ်းယူလိုက်သည်နှင့် ကြီးမား သည့်ဓားတန်ခိုးစွမ်းအားတစ်ခုသည် သူမ၏ကိုယ်တွင်းသို့ ဖြတ်သန်းစီးဆင်းသွားလေသည်။

ကိုယ်ပျောက်ဓားဝိညာဉ်သည် သဏ္ဍာန်မဲ့ဓားဝိညာဉ်နှင့် အနည်းငယ်ဆင်တူလေသည်။ ခြားနားချက်မှာ ကိုယ်ပျောက် ဓားဝိညာဉ်က ပိုပြီးသန့်စင်နေခြင်းပင်ဖြစ်လေသည်။

ဆန်းလျန်ဆီမှထွက်ပေါ်နေသော ဓားတန်ခိုးစွမ်းအားမှာ ဗုဒ္ဓဘာသာနှင့် တာအိုဝါဒနှစ်ခုပေါင်းစပ်ထားသည့် အနှစ်သာရ

တစ်မျိုးဖြစ်လေသည်။ ထိုအနှစ်သာရသည် ကိုယ်ပျောက်ဓား ဝိညာဉ်၏ အနှစ်သာရပင် ဖြစ်လေသည်။ ဓားသူတော်စင်ကျီ ဝေးသည် ရှိခြင်းမရှိခြင်းဓားဝိညာဉ်ကို အဆင့်မြှင့်တင်ရန် အတွက် ကျိကျိုက်သီလရှင်ကျောင်းသို့ သွားရောက်ခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့်ကိုယ်ပျောက်ဓားဝိညာဉ်တွင် ဗုဒ္ဓဘာသာနှင့် တာအို ဝါဒနှစ်မျိုးစလုံး၏ အနှစ်သာရကို သိမြင်ခံစားရသည်မှာ မ ဆန်းလှပေ။

ဓားသူတော်စင်ကျီဝေးသည် ထိပ်တန်းဓားသမားတစ်ယောက် ဖြစ်သည့် ချန်ပေသိုကို ကိုယ်ပျောက်ဓားဝိညာဉ်သုံးကာ အနိုင် ယူခဲ့လေသည်။

ဆန်းလျန်ကိုယ်တိုင်မှာလည်း ကိုယ်ပျောက်ဓားဝိညာဉ်ကို ကျင့်ကြံခဲ့သူဖြစ်သည့်တိုင် ထိုဓားသိုင်းပညာနှင့် ထိုက်တန်

သည့်ဓားကို ရရှိရန် အချိန်စောင့်ခဲ့ရလေသည်။ ယခုတော့ ဒြပ်စင်ငါးပါးမှော်ဝင်ဓားကို ရရှိခဲ့လေပြီ။

အမှန်တော့ ချန်ပေသိုကလည်း ဆန်းလျန်တွင် ဓားကောင်းတစ်လက်မရှိကြောင်းကို သိရှိထားလေသည်။ ထို့ကြောင့်သူက ဆန်းလျန်ကို သုံးနှစ်အချိန်ပေးခဲ့ခြင်း ဖြစ်သည်။

ဖန်းယန်ယင်းက...

"ဆရာဦးလေး ၊ ထာဝရအသက်သစ်သီးကို အသုံးမပြုတာက ဘေးထွက်ဆိုးကျိုးနဲ့ ဒုက္ခတွေရှိလာနိုင်လို့လား ၊ တကယ်လို့ မကောင်းတာတွေရှိလာမယ်ဆိုရင် ဆရာဦးလေးကိုယ်စား ကျွန်မက လွှဲပြောင်းလက်ခံပေးလို့ မရဘူးလား"

သူမက ဆန်းလျန် ဓားသိုင်းပြိုင်ပွဲတွင် အနိုင်မရမည်ကို စိတ်ပူနေကာ ပြောလိုက်ခြင်းဖြစ်လေသည်။ သူမ၏ စကားကြောင့် ဆန်းလျန်က ပြုံးလိုက်မိသည်။

ဆန်းလျန်က ဖန်းယန်ယင်း၏ ပခုံးကို အသာပုတ်လိုက်ရင်း...

"ဒီကောင်မစုတ်လေးကတော့ ၊ ချန်ကျင်းချင်ကို အခက်တွေ့အောင် လျှောက်လုပ်မနေနဲ့တော့ ၊ ဒီဓားသိုင်းပြိုင်ပွဲမှာ ကျုပ်အနိုင်ရခဲ့ရင် သူ့ကိုချင်းရွှမ်နတ်တံခါးကိုခေါ်သွားပြီး တပည့်အဖြစ်လက်ခံပေးဖို့ စီစဉ်ထားတယ်"

ဆန်းလျန်က ပြောပြီးသည်နှင့် ဒြပ်စင်ငါးပါးမော်ဝင်ဓားကိုဝှေ့ယမ်းလိုက်လေသည်။

ဆယ်မိုင်ပတ်လည်အတွင်းတွင် ကိုယ်ပျောက်ဓားဝိညာဉ်၏တန်ခိုးစွမ်းအားက ရိုက်ခတ်သွားပြီး ခြောက်သွေ့နေသောထင်းရှူးပင်မှာ ပြန်လည် ရှင်သန်လာလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှ သစ်ပင်များမှာလည်း စိမ်းလန်းလာပြီး အဖူးအပွင့်များ ဝေဆာလာကြလေသည်။

သူသည် ဒြပ်စင်ငါးပါးမော်ဝင်ဓားဖြင့် ရှိခြင်းမရှိခြင်းဓားသိုင်းကို လေ့ကျင့်နေခဲ့လေသည်။

ထို့နောက်သူက မတူခြားနားသည့် ဓားကွက်ခုနစ်ကွက်ကို အဆက်မပြတ် လေ့ကျင့်နေလေသည်။ ထိုဓားကွက် တစ်ကွက်ချင်းမှာ ဖန်းယန်ယင်းနားလည်နိုင်သည်ထက်ပင် ကျော်လွန်လေသည်။ ထိုဓားကွက်များထဲတွင် ဒြပ်စင်စွမ်းအားငါးခု၏ ဖြစ်တည်ခြင်းနှင့် ကန့်သတ်ခြင်းများကို တွေ့မြင်နိုင်လေသည်။

လောကနတ်ဘုရားများနှင့် ရွှေခန္ဓာရရှိသည်အထိ ကျင့်ကြံထားသူများပင်လျှင် ဆန်းလျန်၏ ဓားသိုင်းခုနစ်ကွက်ကို ခုခံကာကွယ်နိုင်လိမ့်မည် မဟုတ်ပေ။

ချန်ပေသိုနှင့် ဓားသိုင်းယှဉ်ပြိုင်ပွဲတွင် ဆရာဦးလေးသည် မရှုံးနိမ့်နိုင်ကြောင်း ဖန်းယန်ယင်း ယုံကြည်စိတ်ချသွားမိလေသည်။

ဆန်းလျန်သည် ဓားကို စက်ဝိုင်းပုံသဏ္ဌာန်ဝှေ့ယမ်းလိုက်သည့်အခါတွင်တော့ ပတ်ဝန်းကျင်တွင် ဗလာနယ်တစ်ခု ဖြစ်ပေါ်လာ

လေသည်။ ထိုဗလာနယ်မှာ စကြာဝဠာသို့ထွက်ခွာနိုင်သည့်

လမ်းတစ်ခုအလား ခံစားရလေသည်။

....

နှင်းမုန်တိုင်းများက တိုင်ခတ်နေလေသည်။

ချန်ကျင်းချင်သည် တောင်စောင့်နတ်ဝတ်ကျောင်းတော်ရှေ့

တွင် ရောက်ရှိနေလေသည်။

သူက တောင်စောင့်နတ်သခင်ကို အလွန်မှ ကြောက်ရွံ့နေလေ

သည်။

တောင်စောင့်နတ်သခင် ချန်ပေသိုကတော့ မည်သူ့ကိုမှ မ

ကြောက်သည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သူကဲ့သို့

သော် လူတစ်ယောက်သည် ထိုမျှ အသက်ရှည်ရှည်နေပြီး

လူအများ၏ ကြောက်ရွံ့မှုနှင့် ကိုးကွယ်မှုများကို ရယူထား

နိုင်သည်မှာ အကြောင်းပြချက်ရှိရပေမည်။

ချန်ကျင်းချင်စဉ်းစားနေဆဲ...

ချန်ပေသိုသည် မည်သည့်နေရာကမှန်းမသိ ထွက်ပေါ်လာလေသည်။

"မင်းက ရေသယ်လာပေးမှတော့ ကျုပ် မင်းကိုအပြစ်မပေးတော့ပါဘူး"

ချန်ပေသိုက ပြောလိုက်သည်။

ချန်ပေသို၏စကားကြောင့် ချန်ကျင်းချင်မှာ များစွာစိတ်သက်သာရာရသွားရသည်။

ချန်ကျင်းချင်က ချန်ပေသိုကိုကြည့်လိုက်ရင်း....

"တောင်စောင့်နတ်ဘုရားသခင်၊ ကျွန်တော့်ကို ရေသယ်ပေးနိုင်အောင် ကူညီပေးတဲ့သူကို သိလားဟင်"

"ကျုပ်က မင်းကို သူ့ဆီကိုဘာလို့ လွှတ်လိုက်ရတာလဲဆိုတာရယ်၊ သူနဲ့ကျုပ်နဲ့က ဘယ်လိုပတ်သက်လဲဆိုတာရယ် မင်းသိချင်နေတာ မဟုတ်လား"

ချန်ပေသို၏ စူးရှသည့်အကြည့်က ချန်ကျင်းချင်၏ စိတ်ကို ထိုးဖောက်မြင်နေရသည့်အလားပင်။

"ဟုတ်ပါတယ်"

ချန်ကျင်းချင်က တုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေလိုက်လေသည်။

"နောက်တစ်ပတ်လပြည့်နေ့ကျရင် ကျုပ်တို့နှစ်ယောက် ဓားသိုင်းယှဉ်ပြိုင်ကြမှာ"

ချန်ပေသိုက အေးစက်စွာဖြင့် အဖြေပေးလိုက်သည်။

အေးစက်ခြင်းမှာ ချန်ပေသို၏ အကျင့်ပင် ဖြစ်သည့်အတွက် ချန်ကျင်းချင်က ထူးဆန်းသည်ဟု မခံစားရတော့ပါ။ သူ့အမေးစကားကို တောင်စောင့်နတ်က အဖြေပေးလိုက်သည့်အတွက် သူ့စိတ်ထဲတွင် ကြောက်ရွံ့ကမှု အနည်းငယ် လျော့သွားရလေသည်။

"ဒါဆို သူက တောင်စောင့်နတ်သခင်ရဲ့ ရန်သူလား"

ချန်ကျင်းချင်က မေးလိုက်သည်။

"ဒါတော့ မင်းသိစရာမလိုပါဘူး ၊ သူက မင်းကို ပညာသင်ပေး ချင်တယ်ဆိုရင် မင်းသူ့ဆီက သင်ယူလိုက်ပေါ့ ၊ တခြားသူတွေ အကြောင်း စဉ်းစားစရာမလိုဘူး"

ချန်ကျင်းချင်မှာ ဆန်းလျန်နှင့် ချန်ပေသိုကြားမှ ဆက်နွယ်မှုကို နားမလည်နိုင်ဖြစ်နေရလေသည်။ သို့သော် တောင်စောင့်နတ် သည် ဆန်းလျန်အပေါ်တွင် ခါးခါးသီးသီးမုန်းတီးနေခြင်းမရှိ သည်ကိုတော့ ချန်ကျင်းချင်ရိပ်မိလေသည်။ သူတို့နှစ် ယောက်၏ ဆက်ဆံရေးက အနည်းငယ်ထူးဆန်းနေသည့်တိုင် သူတို့နှစ်ယောက်သည် သူသေကိုယ်သေ သတ်ဖြတ်လိုစိတ် ပြင်းထန်နေကြသည့် ပြိုင်ဘက်နှစ်ယောက်လည်း မဟုတ်ပြန် ပေ။

ချန်ကျင်းချင်က နောက်ထပ်မေးခွန်းများ ထပ်မေးမနေတော့ ပါ။ မေးခွန်းများထပ်မေးရန်အတွက် အချိန်မရှိတော့ သောကြောင့်လည်း ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် သူ့လက်ထဲရှိ ရေအိုးအတွင်းမှ ရေများသည် စီးထွက်လာပြီး ကော်းကင်ထက်သို့ အငွေ့ပျံသွားကာ တိမ်းများချက်ချင်းထူထပ်လာလေတော့သည်။

တိမ်တိုက်များက ကောင်းကင်ထက်တွင် လျှင်မြန်စွာ ရွေ့လျားနေကြပြီး လေပြင်းများက ပြင်းထန်စွာ တိုက်ခတ်နေလေသည်။

မွန်းတည့်ချိန်လောက်ရောက်သည့်အခါတွင်တော့ ရေအိုးထဲမှ ရေများ ကောင်းကင်ထက်သို့ပျံသန်းတက်နေသည်မှာ ရပ်တန့်သွားပြီး မိုးသည်းထန်စွာ ရွာချလေတော့သည်။

မိုးရေစက်များက ချန်ကျင်းချင်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာလေသည်။

မိုးရေစက်များနှင့်ထိတွေ့မိတိုင်း သူ့ကိုယ်တွင်းတွင် ပူနွေးစွာစီးဆင်းနေသည့် အတွင်းအားများမှာ အားနည်းသွားရပြီး မကြာမီတွင်တော့ လုံးဝပျောက်ကွယ်သွားလေတော့သည်။

ကျုန်းစန်းတောင်တစ်ခွင်တွင် အလင်းတန်းများစွာ တောက်ပလာလေသည်။

"ချန်ပေသို ၊ မင်းက ဘာဖြစ်ချင်နေတာလဲ"

ထွက်ပေါ်လာသည့်အသံတစ်သံကို ကြားလိုက်ရလေသည်။

အခန်း (၄၁၆) ယာဇ်ပူဇော်ရာမိုး

ချန်ပေသိုက ချန်ကျင်းချင်ကို ငုံ့ကြည့်လိုက်သည်။

"နားထောင်... ဒီမိုးရေကို ယာဇ်ပူဇော်ရာမိုးရေလို့ခေါ်တယ်"

လူအများသည် တိုက်ပွဲတွင် အနိုင်ရရန်အတွက် ဝတ်ပြုခြင်းကို ပြုလုပ်ကြလေသည်။

ယခု ချန်ပေသိုက မိုးရှာခြင်းမှာ ယာဇ်ပူဇော်ရာမိုးဆို

သည့်အတွက် သူ၏နောက်ထပ်ခြေလှမ်းမှာ တိုက်ပွဲတစ်ခုကို

တိုက်ခိုက်ရန် ဖြစ်ပေလိမ့်မည်။

သို့သော် ကျုန်းစန်းတောင်တွင်တော့ ယာဇ်ပူဇော်ရန်အတွက်

ဝိညာဉ်များ သိပ်များများစားစား မရှိနိုင်ပေ။

ကျုန်းစန်းတောင်တစ်ခွင်ထွက်ပေါ်လာသည့် အလင်းတန်းများ

ကို မြင်တွေ့ရပြီးသည့်နောက် သူ၏စိတ်အာရုံများမှာ ပိုပြီး

ပြတ်သားလာလေသည်။ ထိုအလင်းတန်းများမှာ ကျုန်းစန်း

တောင်တစ်ခွင်မှ ဝိညာဉ်များပင် ဖြစ်လေသည်။

ယာဇ်ပူဇော်ရာမိုးရေက ထိုဝိညာဉ်များကို တဖြည်းဖြည်း

အားနည်းသွားစေလေသည်။

အလင်းတန်းများသည် သွေးအိုင်များအဖြစ် ပြောင်းလဲကာ

မိုးရေထဲတွင် ပျောက်ကွယ်ကုန်ကြလေသည်။

ချန်ကျင်းချင်မှာ ထိုဝိညာဉ်များကို သနားလျှက်ရှိလေတော့သည်။
ထိုဝိညာဉ်များအားလုံးမှာ တစ်ချိန်က သက်ရှိသတ္တဝါများဖြစ်ကြပြီး ယခုတော့ ယာဇ်ပူဇော်ရာ အသုံးချခံများအဖြစ်ပြောင်းလဲခဲ့ရပြီ။ ထိုသူများတွင် ရှင်းပြခွင့်မရှိသလို ပြန်လည်တိုက်ခိုက်နိုင်စွမ်းလည်း မရှိခဲ့ကြရှာပေ။
အချို့ဝိညာဉ်များကတော့ တန်ခိုးစွမ်းအားအနည်းငယ်မြင့်မားသည့်အတွက် တောင်စောင့်နတ်ဝတ်ကျောင်းတော်ကို တိုက်ခိုက်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် နောက်ဆုံးတွင်တော့ မိုးရေအောက်တွင် ပျောက်ကွယ်သွားရသည်ပဲ ဖြစ်လေသည်။
"ချန်ပေသို... မင်းက ဘာဖြစ်ချင်နေတာလဲ"
ဝိညာဉ်များ၏ မကျေမနပ်သံသည် ဆူညံလျှက်ရှိလေ၏။

လူသားအသွင်သဏ္ဌာန်တစ်ခုသည် မိုးရေကိုဖြတ်သန်းကာ

ဝတ်ကျောင်းတော်ရှေ့သို့ ရောက်ရှိလာလေသည်။

"တောင်စောင့်နတ်သခင်၊ ကျွန်တော့်အသက်ကို ချမ်းသာပေး

ပါ၊ လိုချင်တာအားလုံးပေးပါ့မယ်၊ ကျွန်တော့်ရဲ့ ဝိညာဉ်ကို

ပေးဆိုရင်တောင် ပေးပါ့မယ်"

ချန်ပေသိုက တုတ်တုတ်မျှပင် မလှုပ်ပေ။

ထိုသူက ချန်ကျင်းချင်ဘက်သို့လှည့်လိုက်ပြီး...

"ဒီကညီလေး၊ ကျွန်တော့်အတွက် တောင်းပန်ပေးပါဦး"

ချန်ကျင်းချင်က တောင်းပန်ပေးရန်အတွက် ချန်ပေသိုကို လှည့်

ကြည့်လိုက်သည်။

သို့သော် ထိုလူသားသည် ရုတ်တရက်ပင် ကြီးမားသော ဝက်ဝံ

ကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားကာ ချန်ကျင်းချင်ကို

ခုန်အုပ်လိုက်လေသည်။

သို့သော် ဓားရောင်တစ်ချက် လက်ခနဲဖြစ်သွားပြီး ဝက်ဝံနတ်မိစ္ဆာ၏ခန္ဓာကိုယ်မှာ တစ်စစီဖြစ်သွားကာ မိုးရေများနှင့်ရောနှောနေသည့်သွေးစက်များပင်လျှင် ချန်ကျင်းချင်၏မျက်နှာသို့ လာစင်လေသည်။

ဝက်ဝံနတ်မိစ္ဆာသည် သူ့ကိုအဘယ့်ကြောင့် တိုက်ခိုက်လိုရပါသနည်းဟု ချန်ကျင်းချင် စဉ်းစားနေလေသည်။ သူ့ကို ဓားစာခံအဖြစ်ဖမ်းဆီးလို၍လား...။

ချန်ပေသိုသည် မိုးရေထဲတွင် မတ်တပ်ရပ်နေလေသည်။

မမြင်ရသည့် မိုးမြေစွမ်းအားများသည် သူ၏ခန္ဓာကိုယ်ဆီသို့ စီးဆင်းဝင်ရောက်နေကြလေသည်။

တောင်စောင့်နတ်သခင်သည် အလွန်မှ ခမ်းနားလွန်းလှသည်ဟု ချန်ကျင်းချင်က ချန်ပေသိုကို ငေးမောကြည့်ရင်း တွေးနေမိလေသည်။

ထိုအချိန်မှာပင် တောင်စောင့်နတ်ဝတ်ကျောင်းတော်သည်

ပျောက်ကွယ်သွားခဲ့လေပြီ။

နတ်ဘုရားတစ်ပါးရှိလျှင် ဝတ်ကျောင်းတော်ရှိရမည်။

ဤသည်မှာ ရှန်ဝါဒ၏သဘောတရားပင်ဖြစ်လေသည်။

"ငါတို့သွားတဲ့ကျင့်စဉ်လမ်းက မြေကြီးပေါ်မှာမရှိဘူး ၊

ကောင်းကင်ထက်ကလမ်း..."

မှော်ဆရာမ၏အသံသည် သူ့နားထဲတွင် ပဲ့တင်ထပ်နေလေ

သည်။

"ငါတို့သွားတဲ့ကျင့်စဉ်လမ်းက မြေကြီးပေါ်မှာမရှိဘူး ၊

ကောင်းကင်ထက်ကလမ်း..."

"ငါတို့သွားတဲ့ကျင့်စဉ်လမ်းက မြေကြီးပေါ်မှာမရှိဘူး ၊

ကောင်းကင်ထက်ကလမ်း..."

"ငါတို့သွားတဲ့ကျင့်စဉ်လမ်းက မြေကြီးပေါ်မှာမရှိဘူး ၊

ကောင်းကင်ထက်ကလမ်း..."

မော်ဆရာမနှင့်အတူ ချန်ကျေးရွာသားများအားလုံး ထိုစာသားကို အော်ဟစ်ကာ ချန်ပေသိုကို ဝတ်ပြုကိုးကွယ်ခဲ့ကြဖူးသည်။

ထိုဓမ္မတေးသံကို ချန်ကျင်းချင်လည်း သဘောကျလေသည်။

ကျုန်းစန်းတောင်တစ်ခွင်လုံးသည် ချန်ပေသို၏ ထင်ရှားကျော်ကြားမှုနှင့် ဂုဏ်သိက္ခာကို နက်ရှိုင်းစွာ လက်ခံကြသည်။

ကျုန်းစန်းတောင်သည် မိုးရေအောက်တွင် သွေးများဖြင့် လွှမ်းလျှက်ရှိလေသည်။

မိုးရေထဲတွင် ချန်ပေသို၏ ဓားရောင်ကလည်း လက်ခနဲလက်ခနဲ တောက်ပနေလေသည်။

ချန်ကျေးရွာနှင့် ဆန်းလျန်နေထိုင်သည့်နေရာ နှစ်နေရာမှလွဲပြီး ကျန်သည့်နေရာများတွင်မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့လေသည်။

မိုးသည်းထန်စွာရွာနေသည့်တိုင် ဆန်းလျန်နေထိုင်ရာ တောင်

နံရံတစ်ခုဘေးတွင်တော့ ခြောက်သွေ့လျှက်ရှိလေသည်။

"ဒီမိုးကို ယာဇ်ပူဇော်ရာမိုးလို့ ခေါ်တယ်"

ချန်ပေသိုက ချန်ကျင်းချင်ကို ရှင်းပြနေသကဲ့သို့ ဆန်းလျန်က

လည်း ဖန်းယန်ယင်းကို ရှင်းပြနေခဲ့လေသည်။

ဖန်းယန်ယင်းက ဆန်းလျန်၏ စကားများကြောင့် အံ့သြသွားရ

ပြီး...

"သူက ကျုန်းစန်းတောင်ပေါ်က ဝိညာဉ်တွေနဲ့နတ်မိစ္ဆာတွေကို

ယာဇ်ပူဇော်ပစ်ခဲ့တာပေါ့၊ သူ ဝဋ်လည်မှာ မကြောက်ဘူးလား"

"အပြစ်မရှိတဲ့သူတွေရဲ့အသက်တွေဆိုရင်တော့ အပြစ်ရှိမှာပေါ့

၊ ဒါပေမယ့် အခု ယာဇ်ပူဇော်ခံလိုက်ရတဲ့သူတွေကတော့ မိုးနဲ့

မြေအတွက် အမှိုက်တွေပဲ၊ သူတို့ကြောင့် မိုးနဲ့မြေဟာ နေ့ရော

ညပါ ပျက်စီးနေကြရတယ်"

ဆန်းလျန်ကရှင်းပြလိုက်သည်။

ဖန်းယန်ယင်းက ထိုအကြောင်းများကို ဆန်းလျန်ဆီမှာယခင်ကလည်း ကြားဖူးပြီးသား ဖြစ်လေသည်။

"ဆရာဦးလေး ၊ တောင်စောင့်နတ်က အခုလိုယာဇ်ပူဇော်လိုက်လို့ ပိုပြီးစွမ်းအားကြီးမားလာရင် ဆရာဦးလေး ဒုက္ခရောက်မှာပေ့ါ"

"မင်းပြောတာမှန်တယ် ၊ ဒါပေမယ့် ဒါက ငါတို့နှစ်ယောက်လုံး အပြန်အလှန်သဘောတူထားတဲ့အချက်ပဲ ၊ သူက မိုးရွာဖို့အတွက် ရေကို ချန်ကျင်းချင်ကို ယူခိုင်းခဲ့တယ် ၊ အဲဒီကိစ္စက ချန်ကျင်းချင် ဘယ်လိုမှ မတတ်နိုင်တဲ့ကိစ္စပဲ ၊ ဒါပေမယ့် ကျုပ်က ချန်ကျင်းချင်ကို ကူညီပေးခဲ့တယ် ၊ ဒါက ကျုပ်က သူ့ကို ယာဇ်ပူဇော်ရာမိုး ရွာခွင့်ပေးလိုက်ပြီး ချန်ကျင်းချင်ကို ကျုပ်က ချင်းရွှမ်ကို ပညာသင်ဖို့ ခေါ်သွားမယ်ဆိုတဲ့ သဘောတူညီမှုပါပဲ"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် ဖန်းယန်ယင်းကို ရှင်းပြလိုက်လေသည်။ ထို့နောက် သူက အေးချမ်းစွာပြုံးလိုက်သည်။

ဖန်းယန်ယင်းက...

"ဒါပေမယ့်ဆရာဦးလေး ဓားသိုင်းပြိုင်ပွဲမှာ ရှုံးသွားရင် ဘယ်လိုလုပ်မလဲ"

ရောစွေမြစ်ရေကို ရေအိုးထဲသို့ ထည့်ပေးလိုက်ရသည့်အတွက် ဆန်းလျန်သည် တန်ခိုးစွမ်းအားများစွာကို အသုံးပြုခဲ့ရလေသည်။ ထို့ပြင် ချန်ပေသို၏ ယာဇ်ပူဇော်ရာမိုးကိုလည်း ခွင့်ပြုပေးခဲ့သည်။

ဖန်းယန်ယင်းမဟုတ်ဘဲ အခြားတစ်ယောက်သာဆိုလျှင် ဆန်းလျန်မှာ စိတ်မှန့်သေးရဲ့လားဟု ထင်မှတ်ဖွယ်ရာ ရှိလေသည်။

သို့သော် ဖန်းယန်ယင်းကတော့ သူမ၏ ဆရာဦးလေးသည် အမြဲတမ်း အကြောင်းပြချက်ရှိနေတတ်ပြီး အရူးတစ်ယောက်မဟုတ်ကြောင်း ကောင်းစွာ သိနေခဲ့လေသည်။

"ချန်ပေသိုလုပ်ချင်တဲ့ဆန္ဒကို ကျုပ်က ဘယ်လိုလုပ်သွား
တားဆီးနိုင်မှာလဲ ၊ ပြီးတော့ ဒီလို အချိန်တိုတိုနဲ့ တန်ခိုး
စွမ်းအားတွေ မြင့်တက်လာဖို့ဆိုတာ ကောင်းတဲ့အရာတော့
မဟုတ်ဘူး"
ဆန်းလျန်အသံက အကြင်နာတရားကင်းမဲ့နေလေသည်။
"ဆရာဦးလေး ၊ ဒါဆို သူက ဓားသိုင်းပြိုင်ပွဲမှာ သူလုပ်ခဲ့တဲ့
အရာတွေရဲ့ လွှမ်းမိုးခြင်းကိုခံရပြီး အားနည်းချက်ထွက်
ပေါ်လာမယ်လို့ ပြောချင်တာလား ၊ တာအိုဆရာသခင်ကြီးပြော
ခဲ့သလို "အပြစ်တွေများနေရင် တာအိုကျင့်ကြံသူဟာခရီးမ
ရောက်နိုင်ဘူး" ဆိုသလိုလား"
ဖန်းယန်ယင်းသည် ဆရာဦးလေးဖြစ်သူကို သူမ၏အမြင်များ
ကို ပြောပြရင်း ဝေဖန်နေလေတော့သည်။

အခန်း (၄၁၇) နတ်ဘုရားဓား

ကျုန်းစန်းတောင်တွင် ရှာသည့်မိုးမှာ နေ့တစ်ဝက်ခန့်ကြာမြင့်လေသည်။ တောင်အနောက်ဘက်သို့ နေဝင်သွားသည့်အချိန်တွင် ပုဇွန်ဆီရောင်ကောင်းကင်အောက်တွင် ကျုန်းစန်တောင်သည် ပန်းနုရောင်သမ်းနေတော့သည်။

သွေးရောင်မှာ အနီရင့်ရောင်ဖြစ်သည့်တိုင် မိုးရေနှင့်ရောနှောသွားပြီး ပန်းနုရောင်သမ်းနေခြင်းဖြစ်လေသည်။

လောကတွင် ကျင့်ကြံသူများစွာရှိလေသည်။ သို့သော် ရေ့စွေမြစ်ကိုဖြတ်သန်းကာ ကျုန်းစန်းတောင်ပေါ်သို့ ရောက်အောင်လာနိုင်သည့် ကျင့်ကြံသူကတော့ မရှိသလောက် ရှားပါးလေသည်။ ကျုန်းစန်းတောင်သို့ ရောက်အောင်လာနိုင်သည့် ကျင့်ကြံသူကို ထိပ်တန်းကျင့်ကြံသူဟု သတ်မှတ်၍ရနိုင်လေ

သည်။ သို့သော်... ထိုသူများကို ချန်ပေသိုက မိုးရွာချလိုက်ရုံမျှ ဖြင့် သတ်ပစ်နိုင်လေသည်။

အခြေခံကျကျပြောရမည်ဆိုလျှင် ချန်ပေသိုသည် ကျုန်းစန်း တောင် တောင်စောင့်နတ်ဖြစ်လေသည်။ သူက ကျုန်းစန်း တောင်နှင့် ရော့စွေမြစ်ကို ကိုယ်စားပြုသူလည်း ဖြစ်လေသည်။ ကျင့်ကြံသူများသည် မိုးမြေစွမ်းအားများနှင့် အသက်ဓာတ် စွမ်းအားများကို နေ့စဉ်စုပ်ယူကာ ကျင့်ကြံမှုများကို ပြုလုပ်ကြ လေသည်။ ထို့ကြောင့်သူတို့သည် မိုးမြေကို အကြွေးတင်လျှက် ရှိကြလေသည်။ တောင်စောင့်နတ်ကိုလည်း အကြွေးတင်လျှက် ရှိသည်ဆိုလျှင်လည်း မမှားနိုင်ပေ။

ထိုသို့ပြောရကြေးဆိုလျှင် ယာဇ်ပူဇော်ရာမိုးသည် ချန်ပေသိုက သူခိုးများကိုသတ်ပစ်လိုက်ခြင်းပင်ဖြစ်လေသည်။

ရှန်ဝါဒမှဖြစ်တည်လာသည့်နတ်ဒေဝါများသည် တာအိုဝါဒနှင့် ဘေးချင်းယှဉ်လျှက်တည်ရှိနေကြသူများ ဖြစ်လေသည်။ သူ

တို့က မိုးမြေနိယာမတရားများကို အုပ်စိုးသူများဖြစ်ပြီး သက်ရှိ

သတ္တဝါအပေါင်းကိုလည်း ဂရုစိုက်ကြလေသည်။

သို့သော် ကျင့်ကြံသူများများပြားလာသည်နှင့်အမျှ မိုးမြေဥပ

ဒေသများမှာ ပျောက်ဆုံးကုန်ကြရသည်။

ထိုအခါ ရှန်ဝါဒနတ်ဘုရားများသည် ယခင်အချိန်များကကဲ့သို့

ဩဇာလွှမ်းမိုးမှု လျော့နည်းလာကြရလေသည်။ တာအိုဝါဒ

ကျင့်ကြံသူများ နတ်ဘုရားဖြစ်လာကြသည့်အခါ သူတို့က ရှန်

ဝါဒလမ်းစဉ်ကို အပြင်လမ်းဟု ခေါ်ဆိုကြလေသည်။

ချန်ပေသိုကတော့ ထိုကျင့်ကြံသူများကို အခက်တွေ့စေသော ရှ

န်ဝါဒနတ်ဘုရားတစ်ပါး ဖြစ်လေသည်။

လောကတွင် အာဏာသာရှိလျှင် စည်းမျဉ်းအားလုံးကို

ဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက်နိုင်လေသည်။

မေ့လျော့ခံရှန်ဝါဒနတ်ဘုရားတို့၏လမ်းစဉ်ကို ပြန်လည်ရရှိနိုင်

ရန် ချန်ပေသိုက လုပ်ဆောင်ပေးနိုင်လေသည်။

ကောင်းကင်ထက်တွင် ကြယ်များက တစ်လက်လက်တောက်ပနေပြီး ကြယ်တို့၏စွမ်းအားသည် ကမ္ဘာမြေပေါ်သို့ ဖြာကျနေလေသည်။

....

ကျိုကျိုက်ဝတ်ကျောင်းတော်မှ ဆရာသခင်လျို့ချင်းရှင်းထိုင်သည် မြောက်ဘက်အရပ်သို့ ငေးမောကြည့်နေလေသည်။ သို့သော် သူမက မည်သည့်စကားကိုမှ ဆိုခြင်းမရှိပေ။ ဟွေ့ခဲ့ဆရာတော်ကတော့ သူ၏ အင်္ကျီလက်ကို ပွတ်သပ်နေလေသည်။

ထိုအချိန်မှာပင် ကျုန်းစန်းတောင်ရှိရာအရပ်မှ ဓားခြိမ်းသံကြီးတစ်သံ ပေါက်ကွဲထွက်ပေါ်လာလေသည်။

ရောင့်ရဲခြင်းဝတ်ကျောင်းတော်အတွင်းတွင် ဝမ်ရှီတောက်သည် စာအုပ်တစ်အုပ်ဖတ်နေလေသည်။ သို့သော် ဓားခြိမ်းသံကြီးက ရောင့်ရဲခြင်းဝတ်ကျောင်းတော်တစ်ခုလုံးကို တုန်လှုပ်သွားစေလေသည်။

ဝမ်ရှီတောက်သည် စာအုပ်ဖတ်ခြင်းကို ရပ်တန့်ကာ ဓားခြိမ်း သံထွက်ပေါ်လာရာ အရပ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်မိလေ သည်။

ထိုက်စန်နတ်ဘုရားဂိုဏ်းမှ လူငယ်တာအိုဆရာမှာလည်း ခန်းမ ဆောင်ထဲတွင်ထိုင်ရင်း ဓားခြိမ်းသံ ထွက်ပေါ်လာရာ နေရာကို ကြည့်နေလေသည်။ နွားရိုင်းကြီးကတော့ လူငယ်တာအို ဆရာ၏ခြေရင်းတွင် အေးအေးလူလူ အိပ်နေလေသည်။

ဓားခြိမ်းသံကြီးထွက်ပေါ်လာပြီးနောက်...

ချန်ပေသို၏ တန်ခိုးစွမ်းအားများသည် အဆမတန်မြင့်မားလာ ခဲ့လေသည်။ မိုးနှင့်မြေမှ တန်ခိုးစွမ်းအားများသည် ချန်ပေသို ထံသို့ လာရောက်စုဝေးနေကြလေသည်။

ယနေ့ည...

နတ်ဘုရားတို့ဓားသိုင်းယှဉ်ပြိုင်ရာ ညတစ်ည ဖြစ်လေ သည်...။

ချန်ပေသိုက ယာဇ်ပူဇော်ရှာမိုး ရှာသွန်းစေပြီးသည့်နောက်ပိုင်း ဆန်းလျန်သည် သူ၏ယာယီတဲလေးထဲမှ ထွက်ခွာခြင်းမရှိတော့ပါ။ သူက ထိုနေရာလေးတွင် သူကိုယ်တိုင်နှင့် ပြင်ပကမ္ဘာကြားအတားအဆီးတစ်ခု ဖန်ဆင်းထားခဲ့လေသည်။ ကမ္ဘာပျက်နေသည့်တိုင် ထိုနေရာလေးကတော့ ဘေးကင်းလုံခြုံနေမည် ဖြစ်လေသည်။

ညနေခင်း၏ နောက်ဆုံးနေရောင်ခြည်သည် ဆန်းလျန်၏ယာယီတဲလေးအတွင်းသို့ ဝင်ရောက်လာလေသည်။

နေရောင်သည် ဆန်းလျန်၏ ချောမောလှပလွန်းသည့် မျက်နှာထက်တွင် ထွန်းလင်းနေလေသည်။

ဆန်းလျန်၏ နက်ရှိုင်းသည့်မျက်ဝန်းများထဲတွင် ဆည်းဆာရောင်ခြည်သည် ရောင်ပြန်ဟပ်လျှက် ရှိလေသည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက...

ဆန်းလျန်သည် ကျင့်စဉ်လမ်းသို့လိုက်ရသည့် အကြောင်းရင်း ကို အဖိုးဖြစ်သူ ဆန်းသခင်ကြီးကို ပြောပြခဲ့ဖူးသည်။ သူက ကျင့်စဉ်လမ်းကိုလိုက်ရခြင်းမှာ မသေနိုင်သော နတ်ဘုရား တစ်ပါးဖြစ်လိုသောကြောင့် ဖြစ်လေသည်။

သို့သော်... ယခုတော့ ချန်ပေသိုနှင့် ဓားသိုင်းယှဉ်ပြိုင်ပွဲတွင် သူအသက်ဆုံးခဲ့မည် ဆိုပါက အဖိုးဖြစ်သူ ဆန်းသခင်ကြီး လောက်ပင် သူက အသက်ရှည်ရှည် နေရခြင်း ရှိမည် မဟုတ် တော့ပေ။

သူသာ အသက်သေဆုံးခဲ့လျှက် သူတစ်ဘဝလုံး ရှာဖွေခဲ့သော ကျင့်စဉ်လမ်းသည် သူ့အတွက် ရယ်စရာဟာသတစ်ခုသဖွယ် ဖြစ်ရပေတော့မည်။ သို့သော်... အချိန်ကိုနောက်ပြန်လှည့်၍ရ မည်ဆိုလျှင်တောင်မှ ဆန်းလျန်က ဆုံးဖြတ်ချက်ကို ပြင်ဆင် မည့်လူမျိုး မဟုတ်ပေ။

အတိတ်ဆိုသည်က မြူခိုးမျှသာ ဖြစ်လေသည်။ အချိန်တန် လျှင် လွင့်ပြယ်သွားရစမြဲပင်။

လူဆိုသည်က မွေးဖွားလကတည်းက ငိုကြွေးပြီး မွေးဖွားလာခဲ့ ရသည်။ လူအားလုံး မွေးဖွားလာသည့်အချိန်တွင် အဘယ့် ကြောင့် ငိုကြွေးကြရပါသနည်း။ လောကကြီးသည် ဘဝတစ်ခု အတွက် ခါးသီးသော ဒုက္ခပင်လယ်ဖြစ်သောကြောင့် ဘဝအစ ကတည်းကပင် ငိုကြွေးခဲ့ရခြင်းများလား။

ဆန်းလျန်သည် သူ ပထမဆုံး မိန်းကလေးတစ်ယောက်ကို ချစ် မြတ်နိုးခဲ့မိသည့်အချိန်ကို ပြန်စဉ်းစားကြည့်မိသည်။ ထို မိန်းကလေးမှာ သူ့ငယ်ခင်ဘဝ ၊ အထက်တန်းကျောင်းတက် စဉ်အခါက ချစ်ခင်မြတ်နိုးမိသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ သူမက လှပသည့်မိန်းကလေးတစ်ယောက် မဟုတ်သည့်တိုင် သူမ၏ပုံရိပ်သည် သူ့နှလုံးသားထဲတွင် စွဲ ထင်နေခဲ့လေသည်။

သို့သော်... လူ့လောကတွင် "အချစ်" ဆိုသည့်အရာမှာ တစ်ခဏသာကြာခဲ့ပြီး နောက်ဆုံးတွင် နာကျင်မှုဖြင့် အဆုံးသတ်ကြရစမြဲဖြစ်လေသည်။

သူကြုံတွေ့ရသမျှနှင့်ပတ်သက်ပြီး ဆန်းလျန်သည် ယခုထိတိုင် ထူးဆန်းမှုတစ်ခုကို ခံစားနေရဆဲဖြစ်လေသည်။

ယဉ်မတော်တဆမှုမဖြစ်ခင်အထိ သူ့ဘဝက ပုံမှန်ရှင်သန်နေသည့် ဘဝတစ်ခုမျှသာ ဖြစ်လေသည်။ သို့သော်... သူက လက်ရှိလောကတွင် ဆန်းလျန်၏ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာခဲ့ပြီးသည့်နောက် နတ်ဘုရားတစ်ပါးအဖြစ် ခမ်းနားသောဘဝကို ရရှိခဲ့သည်။

သူက ဖြည်းဖြည်းချင်းကျင့်ကြံခဲ့သည့်တိုင် စိန်ခေါ်မှုအားလုံးကို ကျော်လွှားနိုင်ခဲ့ပြီး နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခဲ့သည်။

ထို့ပြင် ဘဝတွင် မိတ်ဆွေကောင်း နှစ်ယောက် ၊ သုံးယောက်ခန့်ကိုလည်း ပိုင်ဆိုင်ထားသေးသည်။

ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်အဖြစ် မြင့်မားသောဂုဏ်အဆင့်အတန်းကိုလည်း ပိုင်ဆိုင်ထားပြီး နတ်ဘုရားတစ်ပါးအဖြစ် သေခြင်းတရား၏ဦးခေါင်းကို ဖိနင်းထားနိုင်ခဲ့လေပြီ။

လက်ရှိအချိန်သည် သူ့ဘဝသည် နေပျော်စရာအကောင်းဆုံးဘဝတစ်ခုဖြစ်လေသည်။

သို့သော်... သူ့ဘဝ၏ အကောင်းဆုံးအချိန်တွင် အခက်ခဲဆုံးပြိုင်ဘက် ချန်ပေသိုနှင့် ဓားသိုင်းယှဉ်ပြိုင်ရန် အကြောင်းဖန်လာခဲ့ရသည်။

ဆန်းလျန်သည် ယခုအချိန်ထိ ချန်ပေသို၏ မျက်နှာကို သေသေချာချာ မြင်တွေ့ဖူးခြင်း မရှိသေးပေ။ သို့သော် ချန်ပေသိုတွင် မပျက်စီးနိုင်သော စိတ်စွမ်းအားရှိသည်ကိုတော့ ဆန်းလျန် သိထားလေသည်။ ချန်ပေသို၏ စိတ်ဓာတ်သည် စစ်မှန်

သည့် ဓားသိုင်းကျင့်ကြံသူတစ်ယောက်၏ စိတ်ဓာတ်မျိုးပင်ဖြစ်လေသည်။

ဆန်းလျှန် ယှဉ်ပြိုင်ဖူးသမျှ ပြိုင်ဖက်များထဲတွင် ချန်ပေသိုသည် ကြောက်စရာအကောင်းဆုံး ဖြစ်လေသည်။

သူတို့နှစ်ယောက်တွင် တစ်ဦးနှင့်တစ်ဦး ရန်ငြိုးရန်စ လုံးဝမရှိခဲ့ပေ။

သို့သော် ယခုတော့ ဓားသိုင်းယှဉ်ပြိုင်တိုက်ခိုက်ကြရတော့မည်။

သူတို့နှစ်ယောက်၏ ဓားသိုင်းပြိုင်ပွဲသည် ကံကြမ္မာပေးသည့်တိုက်ပွဲပင်ဖြစ်လေသည်။

သူသာ စူးကျားပေါင်အိမ်ပိုင်ရှင် ဆရာစူးနှင့် တွေ့ဆုံခဲ့ခြင်း မရှိလျှင်...

ဆရာစူးထံမှ ရှိခြင်းမရှိခြင်းဓားဝိဉာဉ်ပညာကို သင်ယူခဲ့ခြင်းမရှိလျှင်...

ယခု ဒီလိုအချိန်တွင် သူ့အနေဖြင့် ယခုကဲ့သို့ ရင်ဆိုင်တိုက်ပွဲ မျိုး တွေ့ကြုံရမည် မဟုတ်ပေ။

ဆန်းလျန်သည် အနည်းငယ်စိတ်လှုပ်ရှားနေသည့်တိုင် ကြောက်ရွံ့ခြင်းတော့ မဖြစ်မိပေ။ စိတ်လှုပ်ရှားမှုဆိုသည်က စိန်ခေါ်မှုတစ်ခုနှင့်ကြုံရတိုင်း ထွက်ပေါ်လာတတ်သည့် စိတ် ခံစားချက် ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏ယာဃီတဲလေးအတွင်းမှ ထွက်ခွာလာခဲ့ လေသည်။

မိုးတဖွဲဖွဲသည် စတင်ရွာသွန်းနေပြီ ဖြစ်လေသည်။

မြူခိုးများ လေနှင့်အတူ လွင့်မျောပျောက်ကွယ်သွားပြီး မိုးရေ စက်များက ဆန်းလျန်၏ မဟူရာဆံနွယ်များထက်သို့ ကျဆင်း နေလေသည်။

မိုးရေစက်များကြောင့် လန်းဆန်းခြင်းကို ခံစားရပြီး သူ့ကိုယ်တွင်းမှ မကောင်းသည့်စွမ်းအားများကို မိုးရေစက်များက ဖယ်ရှားပေးလေသည်။

မိုးရေစက်များက သူ၏ မဟူရာဆံနွယ်များထက် မိုးရေစက်များက ကျဆင်းလာလေသည်။ မိုးရေစက်များက သူ၏မျက်နှာဆီသို့လည်း လွင့်စင်ကျနေကြသည်။

ဖန်းယန်ယင်းသည် ဆရာဦးလေးသွားရာနောက်သို့ တကောက်ကောက်လိုက်တတ်သူ တစ်ယောက် ဖြစ်လေသည်။ သို့သော် ယခုတစ်ကြိမ်တွင်တော့ သူမက ဆန်းလျန်နောက်သို့ လိုက်ပါသွားခြင်း မရှိပါ။

ချန်ပေသိုနှင့် ဆန်းလျန်သည် ကျုန်းစန်းတောင်၏ အစွန်းနှစ်ဖက်တွင် ရှိနေသူများဖြစ်လေသည်။ တန်ခိုးစွမ်းအားကတော့ ထိုအစွန်းနှစ်ဖက်ကို ဗျတ်စောင်းမှ စောင်းကြိုးအလား ဆက်သွယ်ပေးထားလေသည်။

ဆန်းလျန်၏ ခြေလှမ်းတိုင်း…

ဆန်းလျန်၏ လှုပ်ရှားမှုတိုင်း…

အရာရာတိုင်းသည် ကျုန်းစန်းတောင်အစွန်းနှစ်ဖက်မှ စောင်းကြိုးကို လှုပ်ခတ်စေကာ ဂီတသံကို ဖန်ဆင်းနေသည့်အလား ထင်မှတ်ရလေသည်။

ဆန်းလျန်သည် အရိုးကျနေသည့်လက်ဖြင့် ဒြပ်စင်ငါးပါး မှော်ဝင်ဓားကို ကိုင်ဆောင်ရင်း ကျောက်စိမ်းရောင်တောက်ပနေသည့် ကျုန်းစန်းတောင်ပေါ်သို့ တက်လာခဲ့လေသည်။

ကျုန်းစန်းတောင်ထိပ်ဆီမှ လပြည့်ဝန်းသည် ထွက်ပေါ်လာခဲ့လေသည်။

မိုးသည်လည်း တဖွဲဖွဲရွာနေဆဲပင်……..။

အခန်း (၄၁၈) ထာဝရတာအို

လရောင်က လင်းလက်တောက်ပနေလေသည်။

ကောင်းကင်ထက်တွင် ကြယ်များကလည်း စုံလင်နေပြီး နတ်

ဘုရားတစ်ပါးသည် ကောင်းကင်ထက်တွင် ကြယ်တစ်စင်း

အလား ပျံသန်းလာလေသည်။

ဆန်းလျန်ပင် ဖြစ်လေသည်။

ဆန်းလျန်သည် အရိုးကျနေသည့်လက်ဖြင့် ဒြပ်စင်ငါးပါး

မှော်ဝင်ဓားကို ကိုင်ဆောင်ထားလေသည်။ လက်ယာလက်၏

အရိုးစုသည် သေခြင်းတရားကို ပုံဖော်နေသည့်တိုင် မှော်ဝင်

ဓားကတော့ နွေဦးလေပြေအလား ရင်သပ်ရှုမောဖွယ်ရာ

ရောင်စဉ်ငါးမျိုး ဖြာထွက်လျှက် ရှိလေသည်။

တောင်စောင့်နတ်ပြောစကားအတိုင်း ချန်ကျင်းချင်သည် ဝတ်ကျောင်းတော်နှင့် အနည်းငယ်ဝေးကွာသည် ဧရာမ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ရောက်ရှိနေလေသည်။ သူသည် အဝေးမှနေပြီး ဆန်းလျန်လက်ထဲမှ တောက်ပသည့် ဓားကို တွေ့မြင်နေရလေသည်။

ဆန်းလျန် ပျံသန်းနေသည်မှာ ကြယ်စင်တစ်စင်း ခရီးနှင်နေသည်နှင့်ပင် တူလေသည်။

ချန်ပေသိုသည် ချောက်ကမ်းပါးထက်တွင် ရပ်နေလေသည်။

သူ၏ပုံစံက ဝိညာဉ်ဆန်စွာ ခမ်းနားလွန်းလှသည်။

သူ၏ ခန္ဓာကိုယ်မှ အရောင်အဝါများတောက်ပနေခြင်း မရှိသည့်တိုင် သူ၏ မဟူရာဆံနွယ်ရှည်များက လေထဲတွင် လွင့်မျောနေလေသည်။

သူ၏ပုံစံက အလွန်တည်ငြိမ်လွန်းနေလေသည်။ ချန်ပေသို ဆိုသည်က ကမ္ဘာပျက်လျှင်ပင် တည်ငြိမ်နေဦးမည့် လူစားဖြစ်လေသည်။

နောက်ဆုံးတွင်တော့...

ဆန်းလျန်၏ဓားသည် ချန်ပေသိုရပ်နေသည့် ချောက်ကမ်းပါးကြီးဆီသို့ ဝင်ရောက်လာကာ ရိုက်ချလိုက်လေတော့သည်။

ရုတ်တရက်....

ကျုန်းစန်းတောင်ပေါ်မှ ပေါက်ကွဲသံကြီးတစ်ချက် ထွက်ပေါ်လာလေသည်။ ဗလာနယ်တစ်ခုလုံးကိုသာမက သစ်ပင်များနှင့် မြက်ပင်များပင် တုန်လှုပ်သွားရလေသည်။

တုန်ခါမှုကြောင့် ဖုန်မှုန့်လှိုင်းလုံးကြီးများထလာပြီး ကျုန်းစန်းတောင်တစ်ခုလုံးမှာ တုန်ခါနေလေတော့သည်။

ချန်ကျင်းချင်မှာ တုန်ခါမှုများ၏ဒဏ်ကို မခံနိုင်ဘဲ ပါးစပ်မှ သွေးများအန်ထုတ်လိုက်ရလေသည်။

ချန်ကျင်းချင်မှာ ခပ်လှမ်းလှမ်းတစ်နေရာမှ ကြည့်နေခြင်းဖြစ်ပြီး တာအိုရုပ်ခန္ဓာကို ပိုင်ဆိုင်ထားသည့်တိုင် တုန်ခါမှုကြောင့် အတွင်းဒဏ်ပင် ရသွားခဲ့လေသည်။

ဆန်းလျန်နှင့် ချန်ပေသို ယှဉ်ပြိုင်တိုက်ခိုက်သည့်ပွဲသည် မည်သို့ဖြစ်လာမည်ကို သူမခန့်မှန်းဝံ့တော့ပေ။

ချန်ပေသိုက တိုက်ပွဲကို စတင်တိုက်ခိုက်ခြင်းမရှိပါ။

သို့သော် ဆန်းလျန်၏ဓားက ချောက်ကမ်းပါးကြီးကို ရိုက်ခတ်လိုက်သည့်အချိန်တွင်တော့ သူက စတင်တိုက်ခိုက်လိုက်လေတော့သည်။

ကျုန်းစန်းတောင်မှ ဒေါသထွက်နေသည့် ဝိညာဉ်များသည် ချန်ပေသို၏ အမိန့်အောက်တွင် မရဏဓားတစ်လက်အဖြစ် ပြောင်းလဲသွားလေသည်။

ကောင်းကင်ထက်တွင် ကြယ်များလင်းလက်နေပြီး ဆန်းလျန်၏ဓားမှ အသက်ရှူသံကို ကြားနေရသည်။

ဆန်းလျန်၏ မော်ဝင်ဓားသည် ချန်ပေသို၏ မရဏဓားဝိညာဉ်ဖြင့် ရိုက်ခတ်သွားလေသည်။

ထိုအခါ ကျုန်းစန်းတောင်မှ ဝိညာဉ်များ၏ ငိုကြွေးသံဖြင့် ကျုန်းစန်းတောင်တစ်ခွင်သည် ဆူညံလျှက် ရှိလေတော့သည်။

ဆန်းလျန်သည် လေထဲတွင် ရပ်တန့်နေလေသည်။

ဓားဝိညာဉ်နှစ်ခု ရိုက်ခတ်ပြီးသည့်နောက် ဓားဝိညာဉ်နှစ်ခုလုံး ပျောက်ကွယ်သွားလေသည်။

ချောက်ကမ်းပါးကြီးမှာ အနည်းငယ်ပြိုကျသွားပြီး ဆန်းလျန်၏မော်ဝင်ဓားမှ ရောင်စဉ်များဖြာထွက်လာကာ ပိုက်ကွန်များအလား ဖြာထွက်လာလေသည်။ ထိုအလင်းတန်းပိုက်ကွန်များထဲတွင် မရေမတွက်နိုင်အောင် များပြားသည့် ဓားဝိညာဉ်လေးများ ပေါ်ထွက်လာလေသည်။

ချန်ပေသို အနေဖြင့် လွတ်လမ်းမမြင်နိုင်တော့ပေ။

ချန်ပေသို က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး အလင်းတန်း

ပိုက်ကွန်နှင့် ဓားဝိညာဉ်များကို ဖမ်းစုပ်လိုက်လေသည်။

ချန်ပေသို၏ တန်ခိုးစွမ်းအားများ မယုံကြည်နိုင်စရာ ကောင်း

လှလေသည်။ ထိုတန်ခိုးစွမ်းအားဖြင့်ဆိုလျှင် သူသည် ကြယ်

စင်ကိုပင် ဆွတ်ခူးနိုင်မည် ဖြစ်လေသည်။

ချန်ပေသို၏ ပုံစံက အေးဆေးတည်ငြိမ်နေဆဲဖြစ်လေသည်။

သို့သော် သူ့မျက်လုံးများကို ကျင်းမြောင်းထားပြီး အခြေအနေ

ကို လေ့လာနေလေသည်။

သူက ချန်ကျန့်မေကိုပင် အရေးစိုက်ခဲ့သူ မဟုတ်ပါ။

ဆန်းလျန်က လေထဲတွင် တည်ငြိမ်စွာရပ်နေရင်း ဓားဝိညာဉ်ကို

အမိန့်ပေးရင်း တိုက်ခိုက်နေဆဲ ဖြစ်လေသည်။

ချန်ပေသို၏ ခြေထောက်အောက်တွင် အလင်းရောင်အရည်

အချို့ ပေါ်လာလေသည်။ ထိုရေများက ချောက်ကမ်းပါး

အောက်သို့ ရေတံခွန်အလား စီးဆင်းကျသွားလေသည်။

အလင်းရောင်ရေတံခွန်ကြီးနှင့် ချန်ပေသိုရပ်နေသည့်

ချောက်ကမ်းပါးမှာ တဖြည်းဖြည်းပေါင်းစည်းသွားပြီး ခွဲခြားမ

ရနိုင်တော့ပေ။ ဆန်းလျန်၏ ဓားဝိညာဉ်သည် ချောက်ကမ်းပါး

ကို ဖျက်စီးရန် မတတ်နိုင်တော့ပါ။

ချန်ပေသိုသည် ကြယ်စင်များ၏စွမ်းအားကို ယူပြီးအသုံးပြု

လိုက်ခြင်းဖြစ်ကြောင်း ဆန်းလျန် ရိပ်မိလိုက်လေသည်။

ထိုသို့ ချန်ပေသိုက ကြယ်စင်များ၏ စွမ်းအားကို ယူသုံးလိုက်

သည်နှင့် ဆန်းလျန်နှင့် ကြယ်စင်များ၏စွမ်းအား ဆက်နွယ်မှု

မှာ ပြတ်တောက်သွားရလေသည်။

ချန်ပေသို၏ တန်ခိုးစွမ်းအားက ဆန်းလျန်ခန့်မှန်းနိုင်သည်

ထက် များပြားလွန်းလေသည်။

ဆန်းလျန်သည် ပထမဆုံးအကြိမ် အကူအညီမဲ့သွားသကဲ့သို့

ခံစားလိုက်ရလေသည်။

သူက တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ဒေါသထွက်ခြင်းလည်း မရှိပါ။

ဆန်းလျန်နှင့် ချန်ပေသို အကြည့်ချင်းဆုံသွားလေသည်။ သို့သော် လျှပ်စီးများလက်သွားခြင်းမျိုး မဖြစ်ခဲ့ပါ။

ဆန်းလျန်၏ စိတ်အစဉ်ကို ချန်ပေသို၏ ကြယ်စင်စွမ်းအားများက စုပ်ယူသွားသည်ကို ခံလိုက်ရလေသည်။ ထာဝရတည်ရှိနေသည့် ကြယ်စင်များအလယ်တွင် ထာဝရတာအိုတရားကို ရှာဖွေတွေ့ရှိသွားသလို ခံစားလိုက်ရလေသည်။

ရောင်စုံကြယ်များကြားတွင် ဆန်းလျန်သည် လွင့်မျောနေလေသည်။

ကြယ်စင်များဆိုသည်က ကမ္ဘာကြီးမှ သူတို့၏အလင်းကို တွေ့ရှိရန်အတွက် သူတို့ကိုယ်သူတိုင် လောင်ကျွမ်းပစ်နေသူများဖြစ်ကြလေသည်။

ဒဏ္ဍာရီများအရဆိုလျှင်တော့ လူတိုင်းမှာသက်ဆိုင်ရာ ကြယ်စင်တစ်လုံးစီး ရှိကြသည်တဲ့လေ...။

သို့သော် ဆန်းလျန်ကတော့ သူ့ကြယ်စင်သည် မည်သည့်နေရာတွင်ရှိနေသည်လဲ သိရှိခြင်း မရှိသေးပါ။

တာအိုကိုမသိလျှင် နှလုံးသားမှ ဆန္ဒများကလည်း အဆုံးမသတ်နိုင်ပါ။ ထိုသို့ဆိုလျှင် ရုပ်တရား နာမ်တရားများကိုလည်း နားလည်နိုင်မည် မဟုတ်ပေ။

ဆန်းလျန်သည် ခေါင်းများမူးဝေနေသလို ခံစားနေရပြီး အတ္တကိုဖယ်ကာ အနတ္တတရားကို တွေ့မြင်ခဲ့လေသည်။

ကောင်းကင်နှင့် မြေကြီး...

စကြာဝဠာနှင့် ဗလာနယ်...

ဆန်းလျန်သည်၏ ဓားဝိညာဉ်သည်ပျောက်ကွယ်သွားပြီး ဆန်းလျန်သည် လေထဲတွင် လွင့်မျောနေခဲ့လေသည်။

အခန်း (၄၁၉) မင်းဒီနေ့သေခဲ့မယ်ဆိုရင် မင်းကို လရောင်အောက်မှာ မြှုပ်နှံပေးမယ်

ရော့စွေမြစ်တစ်နေရာတွင် လှေတစ်စင်းရှိနေလေသည်။ လှေကိုသေသေချာချာကြည့်မည်ဆိုပါက လှေဝမ်းဗိုက်အောက်ခြေနှင့် ရေမျက်နှာပြင်ကြားတွင် ချင်းကွမ်းအလင်းအလွှာတစ်ခု ခြားနေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။ ထို့ကြောင့် လှေဝမ်းဗိုက်နှင့် ရော့စွေမြစ်ရေမှာ တိုက်ရိုက်ထိတွေ့နိုင်ခြင်းမရှိပေ။ ထို့ကြောင့် ကြမ်းတမ်းသည့်မြစ်ရေသည် လှေဝမ်းဗိုက်ကို ထိုးခွဲ မပစ်နိုင်ခြင်း ဖြစ်လေသည်။ လှေပေါ်တွင် စားပွဲငယ်တစ်ခုရှိနေပြီး ထိုစားပွဲပေါ်တွင် သစ်သီးနှင့် အချိုပွဲမုန့်များ ရှိနေလေသည်။

အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်သည် လှေပေါ်ရှိစားပွဲငယ်လေးဘေးတွင် ထိုင်နေလေသည်။

ထိုမိန်းခလေးမှ အခြားသူမဟုတ်။ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ချင်းယင်းပင် ဖြစ်လေသည်။

ထိုအချိန်တွင် လေပြင်းတစ်ချက်တိုက်ခတ်လာပြီး လေထဲတွင် ချောမောခန့်ညားသည့် တာအိုဆရာတစ်ပါး ပျံသန်းလာသည်ကို တွေ့မြင်ရလေသည်။

ချင်းယင်းက ထိုတာအိုဆရာကို အလွန်လေးစားသည့် အမူအရာဖြင့် ငေးကြည့်ရင်း ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

ထိုတာအိုဆရာမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ပျောက်ဆုံးနေသော တာအိုဆရာ ဟွမ်ကျန်းပင် ဖြစ်လေသည်။

ဟွမ်ကျန်းမှာ ယခင်ကထက်ပင်ပိုပြီး ချောမောခန့်ညားနေသေးသည်။

ဟွမ်ကျန်းက လေထဲမှ လှေငယ်ထက်သို့ ဆင်းသက်လာပြီး ချင်းယင်း၏ရှေ့တွင် မတ်တပ်ရပ်လိုက်လေသည်။ ချင်းယင်းက တောက်ပသည့်မျက်ဝန်းများဖြင့် ဟွမ်ကျန်းကို မော့ကြည့်လိုက်သည်။

"ဟွမ်ကျန်းအရှင် ၊ နောက်ဆုံးတော့ ကျွန်မကို ပြန်ဆက်သွယ်ပြီပေါ့ ၊ ကောလဟာလတွေကြားရတာ ဟွမ်ကျန်းအရှင် တစ်ခုခုဖြစ်ပြီ ထင်နေမိတာ"

"ချင်းယင်း ၊ မင်းဘဝမှာ ရရှိခဲ့တဲ့အရာအားလုံးက ကျုပ်ကြောင့်ရခဲ့တာလေ ၊ ကျုပ်တို့ရဲ့ဆက်နွယ်မှုက နက်ရှိုင်းလွန်းတယ် ၊ လူတိုင်းက ကျုပ်ကို ဒုက္ခရောက်နေပြီလို့ထင်ကြပေမယ့် မင်းကတော့ ကျုပ်ကို ယုံကြည်ခဲ့တယ် မဟုတ်လား ၊ အခုမှ မင်းနဲ့လာဆက်သွယ်ရတာက အခုမှ ပထမဆုံးအကြိမ်အခွင့်အရေးရတာလေ"

ဟွမ်ကျန်းက သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်သည်။

ဟွမ်ကျန်းအရှင်၏ မျက်ဝန်းများထဲတွင် ပင်ပန်းနွမ်းနယ်နေမှု များကို ချင်းယင်းသည် အထင်းသားတွေ့မြင်လိုက်ရလေ သည်။

ဟွမ်ကျန်းက ချင်းယင်းကို ငယ်ငယ်လေးကတည်းကပင် စောင့်ရှောက်ကာ ပညာသင်ပေးခဲ့သူ ဖြစ်လေသည်။ ဟွမ်ကျန်း က သူမ၏ ခန္ဓာကိုယ်ထဲတွင် သူကိုယ်တိုင်၏ တန်ခိုးစွမ်းအား မျိုးစေ့ကို ထည့်သွင်းပေးထားခဲ့သည်။ သူမ၏ သွေးကြောဆုံ ချက်နေရာများတွင်ပင် ဟွမ်ကျန်းရိုက်နှိပ်ထားသည့် သင်္ကေတ များရှိနေဆဲ ဖြစ်လေသည်။ ဟွမ်ကျန်းသာ ရက်စက်ယုတ်မာ သူတစ်ယောက်ဖြစ်လျှင် သူမကို ဟွမ်ကျန်း၏ကိုယ်ပွားအဖြစ် အချိန်မရွေး ပြောင်းလဲ ပစ်နိုင်ပေမည်။

ထိုအချက်ကြောင့်ပင် ဟွမ်ကျန်းက ချင်းယင်းကို ယုံကြည် စိတ်ချစွာဖြင့် ပြန်လည် ဆက်သွယ်ခဲ့ခြင်း ဖြစ်လေသည်။

ကျီမော့တောင်ထိပ်တွင် ဟွမ်ကျန်းနှင့်အတူ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဖော့ဝမ့်အဆင့်ကျင့်ကြံသူဆယ့်နှစ်ပါး ပျောက်ဆုံးသွားခဲ့ပြီး ကျောက်ရှောင်ယွီက လော်ဝါဒ၏ သူတော်စင်မိန်းမပျိုဖြစ်သွားသည့်နောက်ပိုင်း ချင်းယင်းလည်း တစ်နေရာတွင် ပုန်းအောင်းနေခဲ့လေသည်။

ထို့နောက် သူမက ထိုက်ချန်းတောင်သို့ ပြန်သွားခဲ့သေးသည်။ သို့သော် ယွိမင်နတ်ဘုရားက သူမကို လူရာပင်မသွင်းခဲ့ပါ။ သူမသည် ဟွမ်ကျန်းကို အလွန်မှ သတိရနေမိသည့်အချိန်တွင် ဟွမ်ကျန်းက သူမထံသို့ စိတ်စွမ်းအားဖြင့်ဆက်သွယ်ကာ မည်သည့်လှုပ်ရှားမှုမှ မပြုလုပ်ရန် ဆက်သွယ်သတိပေးခဲ့လေသည်။

သို့သော် ထိုစဉ်က သူမအနေဖြင့် ဟွမ်ကျန်း၏စိတ်စွမ်းအားဖြင့် ဆက်သွယ်မှုက အလွန်အားနည်းသည့်အတွက် ထင်ယောင်ထင်မှား ဖြစ်သည်ဟုပင် ထင်ခဲ့မိလေသည်။

သို့သော်လည်း သူမက ယုံကြည်ရန် ဆုံးဖြတ်လိုက်သည်။

ယခုနောက်ဆုံးတွင်တော့ ဟွမ်ကျန်းသည် သူမကို လူကိုယ်တိုင် ဆက်သွယ်လာခဲ့ပြီ။

ဟွမ်ကျန်း၏ပုံစံက အရင်နှင့်မတူ။ တစ်မျိုးထူးခြားနေလေ သည်။

သူသည် ယခင်က ဟွမ်ကျန်းပင် ဖြစ်နေသည့်တိုင် တစ်ခုခု လိုအပ်နေသကဲ့သို့ ချင်းယင်း၏ စိတ်ထဲတွင် ခံစားနေရသည်။

ထို့ပြင် ဟွမ်ကျန်းသည် တစ်စုံတစ်ခုကိုလည်း ကြောက်ရွံ့နေပုံ ရလေသည်။

"ဟွမ်ကျန်းအရှင် ၊ ဘာများဖြစ်လို့လဲ ၊ ကွမ်းချင်းနတ်ဘုရား ဂိုဏ်းကိုရော မပြန်ဘူးလား ၊ ကျွန်မ ဟွမ်ကျန်းအရှင်အတွက် ဘာများကူညီပေးရမလဲ"

ချင်းယင်းကမေးလိုက်သည်။

ဟွမ်ကျန်းသည် ကျန်းစန်းတောင်တည်ရှိရာနေရာကို တစ်ချက် လှမ်းကြည့်လိုက်သည်။

“မင်း ကျုပ်ကို တိုက်ရိုက်တော့ကူညီနိုင်မှာမဟုတ်ဘူး ၊ ပြီး တော့ လော်ဝါဒကို ဖျက်စီးဖို့ကြံစည်နေတဲ့ လျှို့ဝှက်ဂိုဏ်း ကလူကို မင်းဘာပဲလုပ်လုပ် ဖုံးကွယ်ထားလို့မရနိုင်ဘူး ၊ မင်း က ဘာမှမလှုပ်ရှားပေမယ့် ဒီကိစ္စတွေက မင်းနဲ့တော့ဆိုင်နေ သေးတာပဲလေ"

ချင်းယင်းမှာ ဟွမ်ကျန်းစကားကြောင့် ထိတ်လန့်အံ့သြသွားရ လေသည်။ ဟွမ်ကျန်းပင် ကြောက်ရွံ့ထိတ်လန့်နေရသည့် လျှို့ဝှက်ဂိုဏ်းမှလူဆိုသည်မှာ မည်သူများပါလိမ့်။

သူမက မေးရန်ပြင်ဆင်လိုက်စဉ်မှာပင် ဟွမ်ကျန်းက စကားဆက်ပြောလိုက်သည်။

“သူဘယ်သူလဲဆိုတာ မမေးနဲ့ ၊ သူ့မှာ နတ်ဘုရားတုန့်ပြန်မှု စွမ်းအားရှိနေမှာ ကျုပ်စိတ်ပူနေလို့ ၊ သူ့မှာ နတ်ဘုရားတုန့်ပြန်

မှု စွမ်းအားသာရှိနေမယ်ဆိုရင် သူ့အကြောင်းပြောတာနဲ့

ချက်ချင်းသိသွားမှာပဲ”

ဟွမ်ကျန်းစကားကြောင့် ချင်းယင်းမှာ ဆက်မမေးရဲတော့ပေ။

သူမက ကျုန်းစန်းတောင်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်

ရင်း...

“ဒီနေ့ ဆန်းကျန်းရန်နတ်ဘုရားနဲ့ ချန်ပေသိုတို့ ဓားသိုင်း

ယှဉ်ပြိုင်မယ့်နေ့ပဲ ၊ ဟွမ်ကျန်းအရှင် ၊ သူတို့ရဲ့ပြိုင်ပွဲကိုလာ

ကြည့်တာ ကျွန်မတို့တင် ဟုတ်မယ်မထင်ဘူး ၊ နဂါးအသွင်

ပြောင်းရေကန်ကိုပိုင်ဆိုင်တဲ့ အရှေ့ပင်လယ်နဂါးမင်းလည်း ဒီ

မြစ်အောက်မှာ ရှိနေပါတယ် ၊ သူက အရမ်းလျှို့ဝှက်ပြီး သိဖို့

ခက်ခဲတယ် ၊ ဒါပေမယ့် အဲဒီနဂါးမင်းက ကျွန်မရဲ့ ငယ်သား

တစ်ယောက်ကို စားလိုက်လို့ ကျွန်မ ဒီကိစ္စကို သိရတာပါ"

"နဂါးတစ်ကောင်ကို ဘာလုပ်ရမှာလဲ ၊ သူလာကြည့်ရတဲ့

အကြောင်းက ချန်ပေသိုကို သူကလေးစားလို့ပဲ ၊ ပြီးတော့

သူက နဂါးဆိုပေမယ့် နဂါးအသွင်ပြောင်းရေကန်ကြောင့်သာ မဟုတ်ရင် သူက နဂါးတစ်ကောင်တောင် ဖြစ်လာမှာ မဟုတ်ဘူး ၊ ချန်ပေသိုက မိုးကိုခေါ်တော့ နဂါးဘုရင်တွေရဲ့အုပ်စိုးမှုကို အလေးပေးရာကျတယ် ၊ သူက ကျုန်းစန်းတောင်တောင်စောင့် နတ်ဖြစ်သလို ရော့စွေမြစ်ကိုလည်း ထိန်းချုပ်နိုင်တယ် ၊ ဒါကြောင့် နဂါးမင်းက ဒီတိုက်ပွဲကို လာကြည့်တာပဲ"

ဟွမ်ကျန်းက အရှေ့ပင်လယ်နဂါးမင်း ရောက်လာရခြင်း၏ ရည်ရွယ်ချက်ကို ချင်းယင်းကို ရှင်းပြလိုက်လေသည်။

ချင်းယင်းက...

“ချန်ပေသိုက အရမ်းတန်ခိုးစွမ်းအားမြင့်မားတဲ့ နတ်ဘုရားတစ်ပါးပဲ ၊ ထျန်းရှန်းကျင်းက ရှေးဟောင်းနတ်မိစ္ဆာတွေနဲ့ ဗောဓိသကျတွေတောင် သူ့ကို နှိမ်နင်းနိုင်မှာ မဟုတ်ဘူး ၊ ဆန်းကျန်းရန်နတ်ဘုရားက ဘယ်လောက်ပဲ

တန်ခိုးစွမ်းအားမြင့်မားပါစေ ဒီတစ်ခါတော့ အနိုင်ရနိုင်ပါ့မလား"

"ဒီနေ့ ကျုပ် မင်းကိုတွေ့ဖို့ ဒီလောက်စွန့်စွားပြီးရောက်လာရတဲ့အကြောင်းကတော့ ဒီတိုက်ပွဲမှာ ဆန်းလျန်သာ ရှုံးသွားခဲ့ရင် ဆန်းလျန်ကို ကယ်ဖို့အတွက်ပဲ"

ဟွမ်ကျန်းက လေးနက်သောအသံဖြင့် ချင်းယင်းကို ပြောလိုက်သည်။

“ဟင်…”

ချင်းယင်းမှာ မည်သည့်စကားပြန်ပြောရမှန်းမသိတော့ပေ။ စိတ်ချင်းဆက်သွယ်မှုခံစားချက်သာမရှိလျှင် ချင်းယင်းသည် ဟွမ်ကျန်းကို ဟွမ်ကျန်းအတုဟု ထင်မှတ်မိမည်မှာ ကျိန်းသေဖြစ်လေသည်။ ဆန်းလျန်နှင့် ဟွမ်ကျန်းတို့မှာ အဆိုးဝါးဆုံးရန်သူများဖြစ်ကြလေသည်။ ဟွမ်ကျန်းသည် ဆန်းလျန်ကို ကယ်တင်မည်ဆိုသည်မှာ မည်သို့ဖြစ်နိုင်ပါမည်နည်း။

…………………………

ဆန်းလျန်သည် လေထဲတွင် ရပ်နေလေသည်။

ကျုန်းစန်းတောင်မှ မိုးမြေစွမ်းအားများနှင့် ကြယ်တာရာတို့၏

တန်ခိုးစွမ်းအားများသည် ချန်ပေသိုကို ရင်ဆိုင်တိုက်ခိုက်

ရာတွင် ဆန်းလျန်အတွက် မည်သို့မျှ အထောက်အကူမပြု

တော့ပေ။

ဆန်းလျန်သည် သူ့ကိုယ်သူသာ အားကိုးရတော့မည် ဖြစ်လေ

သည်။

သူ့ဘဝတစ်လျှောက်တွင် ကူရာကယ်ရာမဲ့သည့်ခံစားချက်ကို

လုံးလုံးလျားလျားခံစားနေရလေသည်။

ဆန်းလျန်က မှိတ်ထားသည့်မျက်လုံးများကို ဖြည်းဖြည်းချင်း

ဖွင့်လိုက်ပြီး ဒြပ်စင်ငါးပါးမော်ဝင်ဓားကို တစ်ချက်အသာ ဝှေ့

ယမ်းလိုက်သည်။

ထို့နောက်... သူက ကောင်းကင်ထက်မှ လပြည့်ဝန်းကို

မော့ကြည့်လိုက်ပြီး...

“ဒီည လက အရမ်းသာနေတာပဲ ၊ မင်းဒီနေ့သေခဲ့မယ်ဆိုရင် ကျုပ်မင်းကို လရောင်အောက်မှာ မြှုပ်နှံပေးမယ်”

“မင်းက ကိုယ်ပျောက်ဓားဝိညာဉ်ကို အဆင့်ရှစ်ဆင့်အထိ ရောက်အောင် ပြောင်းလဲထားတာ ကျုပ်သိသားပဲ ၊ ဒါပေမယ့် ဘယ်ဓားသိုင်းမဆို ကိုးဆင့်ရှိမှ ပြီးပြည့်စုံတယ်လို့ခေါ်တယ် ၊ မင်းရဲ့ဓားသိုင်းက ကိုးဆင့်မရောက်မချင်း ပြည့်စုံမှာ မဟုတ်သေးဘူး ၊ ပြီးတော့ ဓားသိုင်းတစ်ခု ပြီးပြည့်စုံဖို့ဆိုတာလည်း ချက်ချင်းလုပ်ယူလို့ရတဲ့အရာမဟုတ်ဘူး ၊ ကျုပ်က မင်းကို သုံးနှစ်တောင် အခွင့်အရေးပေးခဲ့တယ် ၊ မင်းကတော့ ဂိုဏ်းရဲ့ ကိစ္စတွေနဲ့အလုပ်ရှုပ်နေပြီး အခွင့်အရေးကို လက်လွှတ်ခဲ့ တယ် ၊ ဒီနေ့တော့ ဒီကျူန်းစန်းတောင်က အသက်ရှင်လျက် ထွက်သွားဖို့ မစဉ်းစားနဲ့တော့ ၊ ဒါပေမယ့် ကျုပ်က မင်းကို အမြဲတမ်းသတိရနေမှာပါ ၊ ဘာလို့လဲဆိုတော့ ကျုပ်ရဲ့ မ ပြည့်စုံတဲ့ဓားသိုင်းကို မင်းက ပြီးပြည့်စုံစေခဲ့တယ်လေ”

ချန်ပေသိုက အေးစက်စွာဖြင့် ပြောလိုက်သည်။

“မင်းက တကယ့်ကိုအဆင့်မြင့်နတ်ဘုရားတစ်ပါးပါ ၊ ဒါပေမယ့် လောကတစ်ခုလုံးကို ကိစ္စတွေကို မင်းဘယ်လိုလုပ်အကုန်သိနိုင်မှာလဲ ၊ မင်းက ဗုဒ္ဓမှ မဟုတ်ဘဲလေ"

ဆန်းလျန်က အေးဆေးစွာပင် ပြန်ပြောလိုက်လေသည်။

အခန်း (၄၂၀) ဓားမရှိလျှင် မိုးနှင့်မြေလည်းမရှိ

ချန်ပေသိုက မည်သည့်စကားမှ မပြောတော့ပါ။ သူက အစကတည်းက စကားပြောကောင်းသူမှ မဟုတ်ပေပဲ။

ထို့ပြင် ဆန်းလျန်ပြောသည့် စကားကလည်း မှန်ကန်နေသည် မဟုတ်ပါလား။

ဆန်းလျန်ကလည်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူက တာအိုကာရံကို သဘာဝအတိုင်း စီးဆင်းစေလိုက်သည်။

ထိုအခါ...

ဆန်းလျန်၏နောက်တွင် ပန်းချီကားတစ်ချပ် ပေါ်လာလေသည်။

ထိုပန်းချီကားမှာ သွေးပင်လယ်အလယ်တွင် ဓားတစ်လက်ကို ကိုင်ကာ ရပ်နေသည့် လူငယ်တာအိုဆရာတစ်ယောက်ဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးကို တည်ထောင်ခဲ့သူ ဆရာဘိုးဘိုးယွမ် ချင်းပင် ဖြစ်လေသည်။

နဂါးငွေ့တန်းဓားသိုင်း၏ တည်ထောင်သူဆရာသခင်ဖြစ်သည့် ဓားတန်ခိုးရှင်၏ ပုံမှာလည်း နဂါးငွေ့တန်းပတ်လည်တွင် ပေါ်လာလေသည်။

ဝိညာဉ်များ၏ နာကျင်မှုကိုသယ်ဆောင်လာသည့် အသူရာ ချောက်မှ ငရဲမင်း၏ ပုံမှန်လည်း ပေါ်လာပြန်လေသည်။

ထို့နောက်တွင်တော့ ချင်းရွှမ်နတ်တံခါးမှ ယခင်မျိုးဆက် နတ်ဘုရားများ၏ ပုံတူပန်းချီများ တစ်ခုပြီးတစ်ခု ပေါ်လာလေသည်။

ဆန်းလျန်က ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် ထိုပုံတူပန်းချီကားများသည် ဆန်းလျန်၏မှော်ဝင်ဓားဆီသို့ စုရုံး ရောက်ရှိလာကာ ပျောက်ကွယ်သွားကြလေသည်။ ထိုပုံတူပန်းချီကားများသည် ဆန်းလျန်နှင့် တစ်သားတည်း ကျသွားလေသည်။

ဆန်းလျှန်သည် မိုးနှင့်မြေတွင် တစ်ပါးတည်းရှိသည့် နတ်ဘုရားတစ်ပါးအလား မတ်တပ်ရပ်နေလေသည်။

သူ၏ အင်္ကျီလက်များသည် လေထဲတွင် လွင့်ပျံလျှက်ရှိလေ၏။

လေနှင့်မိုးကြိုးပေါက်ကွဲမှုကြီးက အဆက်မပြတ်ဖြစ်ပေါ်လာပြီး လေထုတစ်ခုလုံးမှာ တုန်ခါနေလေသည်။

ဆန်းလျှန်အသုံးပြုလိုက်သည့်ဓားသိုင်းမှာ ကိုယ်ပျောက်ဓားဝိညာဉ်ဓားသိုင်းကို အဆင့်ရှစ်ဆင့်အဖြစ်ပြောင်းလဲထားခြင်းမှ ပထမအဆင့်ဖြစ်ပြီး "စတင်မွေးဖွားခြင်း" ဟု အမည်ပေးထားလေသည်။

လောကတွင် လူအများသည် အသက်ရှင်သန်လိုသည့်အတွက် ရုန်းကန်လှုပ်ရှားကြရလေသည်။

သေသူများက ရှင်သန်လိုကြပြီး ရှင်သန်သူများကလည်း ထာဝရအသက်ရယူချင်ကြသည်။

ထိုအရာမှာ လူသားများ၏ ဆန္ဒပင်ဖြစ်လေသည်။

ကိုယ်ပျောက်ဓားဝိညာဉ်၏ အနှစ်သာရတွင် ထို "ဆန္ဒ" ကို တွေ့မြင်နိုင်လေသည်။

ဆန်းလျန်၏ မှော်ဝင်ဓားဝိညာဉ်သည် ပျောက်ကွယ်သွားပြီး ချောက်ကမ်းပါးကြီးဘေးတွင် ပြန်ပေါ်လာလေသည်။

ထို့နောက် ချန်ပေသိုတည်ဆောက်ထားသည့် ကြယ်တာရာတန်ခိုးစွမ်းအားများကို ထိုးစိုက်ချလိုက်လေတော့သည်။

ကြယ်တာရာတန်ခိုးစွမ်းအားများကို အသုံးပြု၍ ချန်ပေသိုတည်ဆောက်ထားသည့် မပျက်စီးနိုင်သော ချောက်ကမ်းပါးကြီးသည် ရုတ်တရက်ပြိုကျသွားလေသည်။

မည်သို့မှ မပျက်စီးနိုင်ဟု ထင်ရသည့်တိုင် ဆန်းလျန်၏ အံ့သြဖွယ်ရာ တန်ခိုးစွမ်းအားက ဖြိုချခဲ့လေပြီ။

ချန်ပေသိုက ဆန်းလျန်၏ ဓားသိုင်းသည် ပြီးပြည့်စုံခြင်းမရှိသေးဟု မှတ်ချက်ပြုခဲ့သည့်တိုင် သတိမထားဘဲ မနေဝံ့ခဲ့ပေ။

ချန်ပေသိုက နတ်ဘုရားထောင်ချောက်ဓားကို ဆွဲထုတ်လိုက်လေသည်။ ဓားဆီမှ လူသတ်လိုသည့်အငွေ့အသက်များ ထွက်ပေါ်လျှက်ရှိလေသည်။ နတ်ဘုရားထောင်ချောက်ဓားသည် မရဏဓားတစ်လက် ဖြစ်လေသည်။ မရဏတရားသည် ထိုဓားသွား၏ အသိဉာဏ်ပင် ဖြစ်လေသည်။

သို့သော် အစွမ်းထက်လှသည့် မရဏဓားကို ချန်ပေသိုက အပြည့်အဝထိန်းချုပ်နိုင်သူ ဖြစ်လေသည်။ ဓားဆီမှ သွေးနီရောင်များ တစ်လက်လက်တောက်ပနေလေသည်။

သွေးနီရောင်ဓားထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ကြယ်များမှာ အရောင်မှိန်သွားကြပြီး လရောင်မှာလည်း အဝါရောင်ဖျော့ဖျော့မျှသာ ကျန်တော့သည်။

နတ်ဘုရားထောင်ခြောက်ဓားနှင့်ချန်ပေသိုသည် ဆက်စပ်လျှက်ရှိလေသည်။

ဖျက်စီး၍မရနိုင်သော စွမ်းအားများကို ပိုင်ဆိုင်ထားကြပြီး ဆန်းလျန်၏ သိုင်းကွက်အပါအဝင် အရာအားလုံးကို တားဆီးနိုင်စွမ်းရှိလေသည်။

ချန်ပေသို၏ မျက်နှာအမူအရာက ခံစားချက်ကင်းမဲ့နေလေသည်။

သွေးနီရောင်ဓားသွားက ဆန်းလျန်နှင့် တဖြည်းဖြည်းနီးကပ်လာပြီး ဓားခြိမ်းသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ဓားခြိမ်းသံကြောင့် ပေါက်ကွဲမှုကြီးပါဖြစ်သွားပြီး ချောက်ကမ်းပါးကြီးပင် ပြိုကျသွားလေသည်။

ဆန်းလျန်သည် ပေါက်ကွဲမှုများကြားမှပင် သွေးနီရောင်ဓားကို ကြည့်နေခဲ့လေသည်။ သူ၏စိတ်ထဲတွင် အရှေ့ပင်လယ်ကို ရှင်းရှင်းလင်းလင်းမြင်ယောင်နေမိလေသည်။

ဆန်းလျန်၏ ဒြပ်စင်ငါးပါးမှော်ဝင်ဓားသည် ကောင်းကင်ကိုးခုကို ထိုးဖောက်သွားတော့မည် ဇာမဏီငှက်အလားပင် ဖြစ်လေ

သည်။ နတ်ဘုရားထောင်ခြောက်ဓားသည် ဆန်းလျန်ကို အပိုင်းပိုင်းမဖြတ်ခင်တွင် မှော်ဝင်ဓား၏ ထိပ်ဖျားက နတ်ဘုရားထောင်ခြောက်ဓားဖြင့် ရိုက်ခတ်မိသွားလေသည်။

မှော်ဝင်ဓားသည် ဓားခြိမ်းသံတစ်ချက်ကို ပြုလုပ်လိုက်ပြီး နတ်ဘုရားထောင်ခြောက်ဓား၏ လွှမ်းမိုးမှုအောက်သို့ ကျရောက်သွားလေသည်။ ဆန်းလျန်၏ ညာဘက်အကျႌလက်မှာ မီးခိုးရောင်အဖြစ်သို့ ပြောင်းလဲသွားလေသည်။ သို့သော် သူက လေထဲတွင် ရပ်နေဆဲဖြစ်လေသည်။

သူနှင့်သူ၏ဓားသည် လေထုအလွှာထဲတွင် ပိတ်မိနေလေသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာဆီမှ မရေမတွက်နိုင်သော တန်ခိုးစွမ်းအားများကို ထုတ်လွှတ်လိုက်လေသည်။

ကောင်းကင်ထက်တွင်ကြယ်များက ထွန်းလင်းနေပြီး ထူးဆန်းသည့် လမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာလေသည်။ ဆန်းလျန်

သည် တောက်ပသောကြယ်များအလယ်တွင်ရှိနေပြီး

သူ၏ခန္ဓာကိုယ်သည် လောကဓာတ်နှင့်အတူ ရွေ့လျားနေလေ

သည်။

ဆန်းလျန်သည် ရေထဲတွင် ငါးလေးတစ်ကောင်ကူးခတ်နေ

သည့်အလား လွတ်လပ်ပေါ့ပါးခြင်းကို ခံစားနေရလေသည်။

ထိုသို့ခံစားရသည်ကို သူ နှစ်သက်သဘောကျနေမိသည်။

ထို့နောက် ဆန်းလျန်သည် ဒုတိယသိုင်းကွက်တစ်ကွက်ကို

ဖော်ထုတ်လိုက်လေသည်။

ထိုသိုင်းကွက်၏အမည်မှာ "အစမရှိ ၊ အဆုံးမရှိ" ဟူ၍ ဖြစ်

လေသည်။

ချန်ပေသိုက သူ၏ဓားသိုင်းကို အတိုင်းအတာတစ်ခုအထိ

ခံနိုင်ရည်ရှိသည့် ဆန်းလျန်၏ ဓားသိုင်းကို စိတ်ထဲမှ ကြိတ်ပြီး

ချီးကျူးလိုက်မိလေသည်။

ဆန်းလျှန်ကဲ့သို့သောပြိုင်ဘက်မျိုးနှင့် ယှဉ်ပြိုင်ရသည်မှာ မယုံနိုင်စရာကောင်းလောက်အောင်ပင် စိတ်ကျေနပ်စရာကောင်းလွန်းသည်။

ပြိုင်ဘက်ကို တိုကခိုက်နိုင်လေ ဓားသိုင်းစွမ်းအား ပိုပြီးတိုးတက်လာလေ ဖြစ်ရသည်။

ချန်ပေသိုက ခဏရပ်တန့်လိုက်ပြီး ဒုတိယ သိုင်းကွက်ကိုဖော်ထုတ်လိုက်သည်။

"ဓားမရှိလျှင် မိုးနှင့်မြေလည်းမရှိ"

ကျုန်းစန်းတောင်တစ်ခွင်မှ သတ္တဝါတိုင်း၏ စိတ်ထဲမှ တစ်ညီတစ်ညွတ်တည်း ထွက်လာသောအသံကို ကြားလိုက်ရလေသည်။

ထိုသိုင်းကွက်မှာ ချန်ပေသို၏ ဓားသိုင်းအစစ်အမှန်ဖြစ်လေသည်။

ပထမအကြိမ်တိုက်ခိုက်မှုက ဓားသိုင်းမပြည့်သေးပေ။ နတ်ဘုရားထောင်ခြောက်ဓားကို အသုံးပြုလိုက်ရုံသာ ရှိသေးသည်။

ဆန်းလျန်၏ ဓားဝိညာဉ်သည် အစမရှိ ၊ အဆုံးမရှိသည့်တိုင် မိုးနှင့်မြေမှ အမှန်တကယ် လွတ်မြောက်နိုင်ခြင်း မရှိပါ။

ချန်ပေသို၏ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှ သက်ရှိများပင် ဘေးလွတ်ရာသို့ ထွက်ပြေးပုန်းခိုကုန်ကြရလေသည်။

ဆန်းလျန်သည် စိတ်အေးလက်အေး မရှိနိုင်တော့ပါ။

ချန်ပေသို၏ သွေးနီရောင်ဓားဝိညာဉ်သည် ဆန်းလျန်၏ ထွက်ပေါက်လမ်းကြောင်းမှန်သမျှကို ပိတ်ဆို့ထားလိုက်ပြီ ဖြစ်လေသည်။

ချန်ပေသို၏ ဓားဝိညာဉ်သည် မိုးမြေစွမ်းအားများကို စုစည်းလိုက်ပြီး သူတို့တိုက်ခိုက်နေသည့် နေရာကို ဗလာနယ်တစ်ခုဖြင့် အစားထိုး ဖန်ဆင်းလိုက်လေသည်။

ဆန်းလျန်တွင် လွတ်လမ်းမရှိတော့သလို မည်သည့်ပြင်ပ အကူအညီကိုမှလည်း ရယူနိုင်စွမ်းမရှိတော့ပေ။

အခန်း (၄၂၁) တိုက်ပွဲ

အမှန်တော့ ဗလာနယ်တစ်ခု ဖန်ဆင်းပြီး တိုက်ခိုက်မှ ဖြစ်တော့မည့် အခြေအနေသို့ ရောက်ရှိသွားသည့်အတွက် ချန်ပေသိုက ဗလာနယ်တစ်ခုကို ဖန်ဆင်းလိုက်ရခြင်း ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ကျုန်းစန်းတောင်တစ်ခွင်မှ သက်ရှိ

သတ္တဝါများမှာ သူတို့နှစ်ယောက်၏ တိုက်ပွဲကြောင့် ဖြစ်

ပေါ်လာသည့် ဓားသိုင်းစွမ်းအားများကို မခံနိုင်ကြတော့ပေ။

ဆန်းလျန်၏ "အစမရှိ ၊ အဆုံးမရှိ" သိုင်းကွက်မှာ ချန်ပေသို၏

ဓားသိုင်းအောက်တွင် ပျောက်ဆုံးသွားရလေသည်။

ချန်ပေသို၏ ဓားသိုင်းမှာ အထွတ်ထိပ်အဆင့်သို့ရောက်ရှိနေပြီ

ဖြစ်လေသည်။ ထိုသို့ ဓားတန်ခိုးစွမ်းအား မြင့်မားစေရန်

အတွက် ချန်ပေသိုကလည်း ယာဇ်ပူဇော်ရာမိုးကို ရှာချပေးခဲ့

ခြင်း ဖြစ်လေသည်။

ချန်ပေသိုဆိုသည်က တန်ခိုးစွမ်းအားကို ရွေးခြယ်ခဲ့သူဖြစ်ပြီး

သူရွေးခြယ်ခဲ့သည့်အရာကို သူယုံကြည်လေသည်။

ဆန်းလျန်အနေဖြင့် ပြေးစရာနေရာမရှိတော့ပေ။ ထို့ကြောင့် သူ

ကလည်း မပြေးခဲ့ပါ။

ချန်ပေသို၏ ဓားဝိညာဉ်သည် အချိန်နှင့်နေရာကို ဂရုမစိုက်ဘဲ ဒီရေကဲ့သို့ ဆန်းလျန်၏ နှလုံးသားဆီသို့ ဝင်ရောက်လာလေသည်။

ဆန်းလျန်သည် ချက်ချင်းပင် နှလုံးသားထဲတွင် ရေခဲအလင်းကို ဖန်ဆင်းလိုက်လေသည်။

ချန်ပေသို၏ ဓားဝိညာဉ်က ဆန်းလျန်၏နှလုံးသားသို့ ထိုးစိုက်မိချိန်တွင် နတ်ဘုရားထောင်ခြောက်ဓားကဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားသို့ ချိန်ရွယ်ထားလေသည်။

ဆန်းလျန်မှာ သူ၏မူလဝိညာဉ်ခန္ဓာ ပျောက်ကွယ်သွားတော့မည့်အလား ခံစားလိုက်ရလေသည်။

သူ၏ ဝိညာဉ်စွမ်းအားများသည် မူလဝိညာဉ်ခန္ဓာအတွင်းသို့ ဝင်ရောက်ကာ တဖြည်းဖြည်းမှေးမှိန်သွားလေသည်။

ဆန်းလျန် ပင့်သက်တစ်ချက် ရှိုက်လိုက်မိသည်။

ထိုအချိန်မှာပင်...

ဆန်းလျန်၏ ဒြပ်စင်ငါးပါးမှော်ဝင်ဓားသည် ရေအသွင်သို့ ကူးပြောင်းသွားလေသည်။ ထို့နောက် ဗလာနယ်တစ်ခုလုံး ရေများ ပြည့်လျှံသွားပြီး ရေစင်များထဲတွင် လရောင်ခြည်ကို တွေ့မြင်နိုင်လေသည်။

ထိုသိုင်းကွက်မှာ ဆန်းလျန်၏ တတိယအဆင့်ဓားသိုင်းဖြစ်သည့် "ထိုက်ယင်းဗလာနယ်" ဓားသိုင်းပင်ဖြစ်လေသည်။ ဆန်းလျန်က ထိုဓားသိုင်းဖြင့် ချန်ပေသို၏ ဓားကို ခုခံလိုက်လေသည်။

ဗလာနယ်သည် စကြာဝဠာထဲတွင် သီးခြားဖြစ်တည်နေသည့် တွင်းနက်ကြီးတစ်ခုအလား ဖြစ်လေသည်။ အလင်းအလျှင်သည်ပင်လျှင် ထိုဗလာနယ်ထဲမှ လွတ်မြောက်နိုင်ခြင်း မရှိပေ။ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်မိုက်တိတ်ဆိတ်နေလေသည်။

ရုတ်တရက်...

ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်လာလေသည်။

ရော့စွေမြစ်သည်ပင်လျှင် အေးစိမ့်မှုကြောင့် ရေခဲအလွှာလေး

များဖြင့် ဖုံးလွှမ်းနေလေတော့သည်။

တာအိုဆရာဟွမ်ကျန်းနှင့်ချင်းယင်းသည် ရော့စွေမြစ်ရေပြင်

ထက်ရှိ လှေငယ်လေးပေါ်တွင် ထိုင်နေကြလေသည်။ ရေခဲ

အလွှာများကြောင့် သူတို့၏လှေငယ်လေးသည် ရွေ့လျားနိုင်

ခြင်းမရှိဘဲ ငြိမ်သက်နေလေ၏။

ပင့်သက်ရှိုက်သံအဆုံးတွင် ဆန်းလျန်၏ အော်ဟစ်လိုက်သံကို

နေရာတိုင်းမှ ကြားလိုက်ရလေသည်။

ဆန်းလျန်၏ အော်သံသည် စကြာဝဠာထောင့်တိုင်းမှ

ပဲ့တင်ထပ်ကာ ထွက်ပေါ်လာသကဲ့သို့ဖြစ်ပြီး အအေးဓာတ်မှာ

လည်း လူတိုင်း၏ နှလုံးသားကိုပင် အေးခဲသွားတော့မည့်

အလား ဖြစ်လေသည်။

အေးခဲစေခြင်းသည် အရာအားလုံးကို ခဏတော့ ရပ်တန့်သွားစေလေသည်။ အေးခဲမှုအောက်တွင် ဖုံမှုံ့လေးတစ်မှုံပင်လျှင် လှုပ်ရှားနိုင်မည် မဟုတ်ပေ။

ရေခဲအလင်းစွမ်းအားကြောင့် ချန်ပေသို၏ ဓားဝိညာဉ်သည် ဆန်းလျန်၏ နှလုံးသားထဲတွင် ပေါက်ကွဲမသွားတော့ဘဲ ငြိမ်သက်သွားလေသည်။ ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားသို့ တိုးဝင်လာသည့် နတ်ဘုရားထောင်ခြောက်ဓားမှာလည်း အအေးဒဏ်ကြောင့် နှေးကွေးသွားလေသည်။

ဆန်းလျန်ပထမဆုံးအသုံးပြုသည့်ဓားသိုင်းမှာ "စတင်မွေးဖွားခြင်း" ဆိုသည့်ဓားသိုင်းဖြစ်ပြီး မိုးနှင့်မြေတွင် ယန်စွမ်းအားကို ကိုယ်စားပြုလေသည်။

ဒုတိယဓားသိုင်းမှာ " အစမရှိ ၊ အဆုံးမရှိ" ဖြစ်ပြီး တာအို၏ အစမရှိ ၊ အဆုံးမရှိ နက်ရှိုင်းခြင်းကို ဆိုလိုလေသည်။ တာအိုသည် အစမရှိ ၊ အဆုံးမရှိသလို နတ်ဘုရားဂိုဏ်းတစ်ဂိုဏ်း

သည်လည်း အစမရှိ ၊ အဆုံးမရှိ နိုင်ပေ။ ထိုနတ်ဘုရားဂိုဏ်း သည် ချင်းရှမ်းနတ်တံခါးဖြစ်ပြီး ထိုဓားသိုင်းထဲတွင် ချင်းရှမ်း နတ်တံခါး၏ ဓလေ့ထုံးတမ်းများ ပါဝင်လေသည်။

တတိယအကြိမ် အသုံးပြုလိုက်သည့်ဓားသိုင်းမှာ "ထိုက်ယင်း ဗလာနယ်" ဓားသိုင်းဖြစ်ပြီး ထိုဓားသိုင်းထဲတွင် ဆရာဘွားဘွား ကျိုလင်နှင့်အတူ ဖြတ်သန်းခဲ့ကြရသည့် သေခြင်းရှင်ခြင်း တိုက်ပွဲများမှ အတွေ့အကြုံများကို ထည့်သွင်းထားလေသည်။ အထူးသဖြင့် ထိုဓားသိုင်းတွင် ထိုက်ရှီးနည်းဗျူဟာ၏ နက်ရှိုင်း သည့်တန်ခိုးစွမ်းအားများ ပါဝင်လေသည်။

ထိုဓားသိုင်းအဆင့်သုံးဆင့်ကို တစ်ခုချင်း ဆန်းလျှန်က ထုတ်ဖော်အသုံးပြုလိုက်ခြင်းဖြစ်ပြီး ထိုဓားသိုင်းအဆင့် များ၏ အဓိကအခြေခံမှာ "အစမရှိ ၊ အဆုံးမရှိ" ကို အခြေခံ ထားခြင်း ဖြစ်လေသည်။ ထိုဓားသိုင်းအခြေခံတွင် ယန်ကို ယင် အဖြစ်ပြောင်းလဲနိုင်လေသည်။ ထိုဓားသိုင်းသည် မိုးမြေ

သဘာဝတရားများ၏ စည်းကမ်းများအတိုင်း မပျက်စီးနိုင်သည့် ထာဝရတာအိုကို တည်ဆောက်နိုင်ခဲ့သည်။

ထို့ကြောင့် ဆန်းလျန်သည် တကယ်တမ်း သေရေးရှင်ရေးနှင့်ကြုံတွေ့ရသည့်အခါတွင် ဓားသိုင်းတန်ခိုးစွမ်းအားကို ရေခဲအလင်းဖြင့်ပေါင်းစပ်ကာ ဗလာနယ်တစ်ခုလုံးကို အေးစက်သည့်အမှောင်ထုအဖြစ် အသွင်ပြောင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

သို့သော်... ချန်ပေသို၏ဓားကတော့ ရေခဲထုကိုဖြတ်သန်းကာ ဆန်းလျန်ဆီသို့ ဖြည်းဖြည်းချင်းလာနေလေသည်။

ဆန်းလျန်သည် ရသမျှအချိန်တွင် ချန်ပေသို၏ဓားသိုင်းမှ ဟာကွက်ကို မရ ရအောင် ရှာဖွေနေခဲ့လေသည်။

နောက်ဆုံးတွင်တော့ ချန်ပေသို၏ဓားသိုင်းတွင်ဟာကွက်တစ်ခုကို ဆန်းလျန် တွေ့မြင်ခဲ့ရလေသည်။ ထိုဟာကွက်သည် သူလွတ်မြောက်ရန်အတွက် လမ်းစပင် ဖြစ်လေသည်။

သို့သော်... ထိုဟာကွက်ကို အသုံးပြုကာ လွတ်မြောက်ရန် ကြိုးစားခြင်းမှာ လွယ်ကူလှသည်တော့မဟုတ်ခဲ့။ ဆန်းလျန်သာ တစ်ချက်ပေါ့ဆမိသွားပါက တစ်ချက်တည်းနှင့် အသက်ပျောက်သွားမည် ဖြစ်လေသည်။

မည်သို့ပင် ဖြစ်စေ လက်ရှိအချိန်တွင်တော့ ဆန်းလျန်သည် အဆုံးသတ်အချိန်နှင့် ရင်မဆိုင်ရသေးပေ။

ဆန်းလျန်သည် သူ၏မော်ဝင်ဓားကို ဝှေ့ယမ်းလိုက်လေသည်။ သူက ပုံမှန်ထက် ငါးဆမြန်အောင် ဓားကိုဝှေ့ယမ်းလိုက်ခြင်းဖြစ်သည့်အတွက် ဓားသွားမှ ရောင်စဉ်ငါးမျိုးသည် ဓားသွားငါးခုအလား ဖြာထွက်လာလေသည်။ မှောက်မိုက်နေသည့် ဗလာနယ်ထဲတွင် ဓား၏အလင်းရောင်များကိုသာ တွေ့မြင်ရလေသည်။

ထိုဓားသိုင်းသည် ဆန်းလျန်၏ ဓားသိုင်းခုနစ်ဆင့်တွင် နောက်ဆုံးအဆင့် ဓားသိုင်းဖြစ်လေသည်။ ထိုဓားသိုင်းကွက်ထဲတွင် ဒြပ်စင်စွမ်းအားငါးမျိုးလုံး ပါဝင်လေသည်။

နတ်မိစ္ဆာပင်ဖြစ်စေ ၊ နတ်ဘုရားပင်ဖြစ်စေ ထိုဓားသိုင်းမှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။ ချန်ပေသိုသည် ဆန်းလျန်၏ ဓားရောင်စဉ်များကြားတွင် ပိတ်မိနေလေတော့သည်။

တိုက်ပွဲကိုကြည့်နေကြသူများမှာ ဆန်းလျန် ထိုကဲ့သို့ ပြန်လည်တိုက်ခိုက်မည်ဟု ထင်မှတ်မထားခဲ့ကြပေ။ သူတို့သည် မယုံကြည်နိုင်စွာဖြင့် တိုက်ပွဲကို ငေးကြည့်နေကြလေသည်။

ဓားရောင်စဉ်များကိုတွေ့မြင်ရသည်နှင့် ဆန်းလျန်၏ အလျှော့မပေးသည့် စိတ်ဓာတ်ကို အားလုံးက သိမြင်နားလည်သွားကြရသည်။

ကိုယ်ပျောက်ဓားဝိညာဉ်ကိုအခြေခံကာ တီထွင်ထားသည့် ဆန်းလျန်၏ ဓားသိုင်းအဆင့်ခုနစ်ဆင့်သည် အလွန်မှ မကြုံ

စဖူး ထူးခြားလွန်းသော ဓားသိုင်းဖြစ်လေသည်။ ဓားသိုင်း ကျင့်ကြံသူလောကတွင် မှတ်ကျောက်တင်နိုင်မည့် ဓားသိုင်းဟု ပင် ဆိုနိုင်လေသည်။

ဟွမ်ကျန်းနှင့် ချင်းယင်းသည် ဓားသိုင်းယှဉ်ပြိုင်နေရာ ကျုန်း စန်းတောင်ဆီသို့ ကြည့်နေကြလေသည်။

တိုက်ပွဲကိုမမြင်ရသည့်တိုင် ရောင်စဉ်ငါးမျိုးကိုတော့ သူတို့ တွေ့မြင်နေကြရလေသည်။

ဆန်းလျန်သည် သူ၏မူလတန်ခိုးစွမ်းအားအရင်းအမြစ်ငါးခုကို အသုံးပြုနေဟန်ရှိလေသည်။ ထို့ပြင် ထိုတိုက်ကွက်သည် ဆန်း လျန်၏ နောက်ဆုံးတိုက်ကွက်ဖြစ်လေသည်။

ချန်ပေသိုသည် ဆန်းလျန်ကို မည်သည့်နည်းနှင့်မျှ အလွတ်ပေး မည် မဟုတ်ပေ။

ဆန်းလျန် နောက်ဆုံးသုံးလိုက်သည့် ဓားသိုင်းသည် ချန်ပေသို

ကို မတားဆီးနိုင်ခဲ့လျှင် ဆန်းလျန်တွင် နောက်ထပ်တိုက်ခိုက်

စရာ သိုင်းကွက်ကုန်သွားပြီ ဖြစ်လေသည်။

"ဆန်းလျန်သာ ရှုံးသွားခဲ့ရင် ကျုပ်က သူ့ကို ဒီလေ့နဲ့ကယ်ထုတ်

သွားမယ် ၊ မင်းက ကျန်တာဆက်လုပ်လိုက်"

ဟွမ်ကျန်းက ချင်းယင်းကို အလေးအနက်ပြောလိုက်လေ

သည်။

"ဟွမ်ကျန်းအရှင် ၊ ကျွန်မတို့က ဘာလို့ သူ့ကိုကယ်ရမှာလဲ"

ချင်းယင်းက နားမလည်နိုင်စွာဖြင့် ပြန်မေးလိုက်သည်။

"ကျုပ် သူ့ကိုကယ်ရတာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းအတွက်ပါ

ပဲ"

ဟွမ်ကျန်းက သက်ပြင်းချရင်း ပြန်ပြောလိုက်လေသည်။

ဟွမ်ကျန်းသည် နာကျင်ဝမ်းနည်းနေသည့်ဟန်ရှိနေပြီး
သူ၏မျက်ဝန်းများထဲတွင် ယူကျုံးမရဖြစ်မှုများကို တွေ့မြင်
နိုင်လေသည်။
တိတ်ဆိတ်သည့်အမှောင်ထုထဲတွင်တော့ စိတ်ကူးကြည့်၍ပင်
မရနိုင်သော ပြင်းထန်သည့်တိုက်ပွဲတစ်ခုသည် ဆက်လက်
တိုက်ခိုက်လျှက် ရှိလေပြီ။
ဆန်းလျန်၏ ဓားရောင်ခြည်ငါးခုသည် ချန်ပေသိုကို ဝန်းရံ
ထားပြီး အရှိန်အဟုန်ပြင်းစွာဖြင့် တိုက်ခိုက်နေလေသည်။
နတ်ဘုရားနှစ်ပါး၏ အကွာအဝေးမှာ မယုံနိုင်စရာကောင်း
လောက်အောင် နီးကပ်လျှက်ရှိလေသည်။
သူတို့နှစ်ယောက်သည် လောကတစ်ခွင်ရှိ ကျင့်ကြံသူအများစု
ထက် သာလွန်သည့် နတ်ဘုရားများဖြစ်ကြလေသည်။ သူတို့
နှစ်ဦးလုံးထံတွင် တန်ခိုးစွမ်းအား၏ အနှစ်သာရကို တွေ့မြင်
နိုင်သည်။

ချန်ပေသို၏ သွေးနီရောင်ဓားသွားသည် ဆန်းလျန်၏ ဓား ရောင်စဉ်ငါးခုကို တဖြည်းဖြည်းချင်း ထိုးဖောက်ဝင်ရောက်လာ လေသည်။

သွေးနီရောင်ဓားသွား၏ သက်ရောက်မှုစွမ်းအားမှာ အလွန် ကြီးမားလွန်းသည့်အတွက် ရေခဲအလင်းစွမ်းအားများသည် တဖြည်းဖြည်းပျက်ပြယ်လာရလေသည်။

ဆန်းလျန်သည် သူ၏နေရာတွင် ရပ်နေဆဲ ဖြစ်လေသည်။

သူ၏မူလဝိညာဉ်ခန္ဓာမှာ ထုံကျဉ်နေလေပြီ။ သူက ချန်ပေ သို၏ သွေးနီရောင်ဓားသွားကို တားဆီးရန်အတွက် သူ၏ ဒြပ်စင်ငါးပါးမော်ဝင်ဓားကို အစွမ်းကုန် အသုံးပြုနေလေ သည်။

တစ်ချိန်တည်းမှာပင်...

ဆန်းလျန်၏ အရိုးကျနေသည့်ညာဘက်လက်ဆီမှ အသားစ များသည် စတင်ပြီး ပုပ်လာလေသည်။

ထို့နောက် သူ၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း လဲကျသွားလေ

တော့သည်။

ဆန်းလျန်ရရှိထားသည့် ဒဏ်ရာသည် ကြီးမားသည့်

အကျိုးဆက်ကို ဖြစ်စေခဲ့လေပြီ။

ကုသ၍မရတော့သည့် ဆန်းလျန်၏ ညာဘက်လက်သည်

တိုက်ပွဲတွင် အကြီးမားဆုံး အားနည်းချက် ဖြစ်ခဲ့ရလေပြီ။

ဆန်းလျန်သည် မှော်ဝင်ဓားကို ထိန်းချုပ်ထားနိုင်စွမ်း

ပျောက်ဆုံးသွားရပြီး ဗလာနယ်ထဲမှ မှော်ဝင်ဓား၏ ရေ

စွမ်းအားသည် အက်ကွဲသွားရလေတော့သည်။

အခန်း (၄၂၂) ဖြတ်တောက်ခြင်း

ဆန်းလျန်၏ဘဝတွင် မရေမတွက်နိုင်သည့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။

သို့သော်... ယခုရင်ဆိုင်နေရသော အန္တရာယ်များလှသည့် အခြေအနေမျိုးကို တစ်ခါမှ ကြုံခဲ့ဖူးခြင်း မရှိပေ။ "သေခြင်းတရား" သည် သူနှင့် တဖြည်းဖြည်း နီးကပ်လာခဲ့ပြီ။ သူ၏ရုပ်ခန္ဓာသည် တဖြည်းဖြည်းလဲပြိုကျနေပြီး သူ၏မူလဝိညာဉ်ခန္ဓာသည် တဖြည်းဖြည်း ပျက်ပြယ်နေခဲ့ပြီ။

သူသေဆုံးသွားသည်နှင့် သူ၏ ဒြပ်စင်ငါးပါးမှော်ဝင်ဓားသည်လည်း အချိန်နှင့်နေရာအတိအကျမရှိခြင်းတွင် လွင့်မျောသွားပြီး ပျောက်ကွယ်သွားပေလိမ့်မည်။

ဆန်းလျန်သည် သူတစ်ဘဝလုံးကျင့်ကြံခဲ့သမျှ အနှစ်သာရတန်ခိုးစွမ်းအားများအားလုံးကို သူ့နှလုံးသားဆီမှ ဖော်ထုတ်လိုက်ပြီး မှော်ဝင်ဓားကို တင်းကြပ်စွာ စုပ်ကိုင်ထားလေသည်။

သူသည် နောက်ဆုံးစားသိုင်းကို ဖော်ထုတ်ချင်ခဲ့မိသေးသည်။

သို့သော်... ဖြစ်နိုင်ချေများအားလုံးကို သူပြုလုပ်ခဲ့ပြီးပြီ။

"ပြီးပြည့်စုံတယ်ဆိုတာ အပြစ်ကင်းစင်တာကိုပြောတာမဟုတ်ဘူးပဲ ၊ ပြီးပြည့်စုံတယ်ဆိုတာ အဆုံးမရှိ အသုံးပြုနိုင်ခြင်းကို ဆိုလိုတာပဲ"

ဆန်းလျန် တွေးလိုက်မိသည်။

သေခြင်းတရားကိုရင်ဆိုင်နေရသည့် နောက်ဆုံးအချိန်တွင် ဆန်းလျန်ခေါင်းထဲသို့ ဝင်လာသည့် အတွေးဖြစ်လေသည်။

ကမ္ဘာကြီးကို "ဖြစ်တည်မှု" မှ မွေးဖွားလာသည်။

"ဖြစ်တည်မှု" ဆိုသည်က "မရှိမှု" မှ လာလေသည်။

နောက်ဆုံးတော့ "မရှိမှုတရား" သည် "လွတ်လပ်ခြင်း" ပင်ဖြစ်လေသည်။

ထိုသဘောတရားသည် "ရှိခြင်းမရှိခြင်းစားဝိညာဉ်" ၏ အခြေခံသဘောတရားပင် ဖြစ်လေသည်။

သူ၏ ဝိညာဉ်နှင့် ရုပ်ခန္ဓာသည် "ဖြစ်တည်" နေပါက သူသည် "မရှိမှုတရား" သို့ အဘယ်သို့ ပြောင်းလဲနိုင်ပါမည်နည်း။ သို့သော် "ဖြစ်တည်မှု" မှ "မရှိမှု" သို့ သွားခြင်းသည် လောက နိယာမနှင့် ဆန့်ကျင်နေလေသည်။ ဆန်းလျန်သည် သူ၏ဖြစ်တည်မှုကို "မရှိမှု" သို့ ပြောင်းလဲမည်ဆိုပါက အောင်မြင်ရန်မှာ မဖြစ်နိုင်သလောက်ရှိလေ၏။

ဆန်းလျန်၏ ရုပ်ခန္ဓာ တဖြည်းဖြည်းပျက်စီးနေခြင်းသည် ပြန်လည်ဖြစ်တည်ရန်အတွက် အဓိကအဟန့်အတားဖြစ်လေသည်။

အကယ်၍ သူသာ ချန်ကျင်းချင်၏ အသွေးနှင့်အသားကို ရယူခဲ့လျှင် သူ၏ရုပ်ခန္ဓာပျက်စီးခြင်းကို ရင်ဆိုင်ရမည် မဟုတ်ပေ။ သို့သော်... အပြစ်မဲ့သည့် ချန်ကျင်းချင်ကို သူအသက်ရှင်သန်ရန်အတွက် စတေးခံခိုင်းရန်မှာ ကိုယ်ကျင့်တရားနှင့် ကိုက်ညီခြင်းမရှိပေ။

ယခုတော့ သေခြင်းတရားနှင့်ရင်ဆိုင်ရသည့်တိုင် ဆန်းလျန်သည် လူသားဆန်မှုကို သိမြင်ခံစားနိုင်ခဲ့လေသည်။ သူသည် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခဲ့သည့်တိုင် သူသည် လူသားတစ်ယောက်ပင် ဖြစ်ခဲ့သည် မဟုတ်ပါလား။ ထို့ပြင် လူတစ်ယောက်ကို သူ၏ဆန္ဒမပါဘဲ အတင်းအကြပ် ဖိအားပေးခြင်းက အခြားသူ၏ ရပ်တည်ချက်ကို မလေးစားခြင်းပင် ဖြစ်လေသည်။

ချန်ပေသို၏ ဓားချက်ကြောင့် အေးခဲနေသောဗလာနယ်သည် တစ်ချက် တုန်ခါသွားလေသည်။

ဆန်းလျန်လက်ထဲမှ ဒြပ်စင်ငါးပါးမှော်ဝင်ဓားသည် အရောင်များမှေးမှိန်သွားခဲ့ပြီ။ ဓားဆီမှ ငိုညည်းသံသဲ့သဲ့ကဲ့သို့ အသံတစ်သံကို ကြားနေရလေသည်။

ဆန်းလျန်က လဲကျနေလျက်နှင့်ပင် သူ၏ဓားကို အသာအယာ ပွတ်သပ်လိုက်ပြီး ....

"မင်းရဲ့သခင်က သူ့ဘဝမှာ ဘာကိုမှ မကြောက်ခဲ့ဘူး ၊ ဒီနေ့

လည်း အဲဒီအတွက်တော့ ခြွင်းချက်မရှိဘူး"

ဆန်းလျန်က တိုးတိတ်စွာ ပြောလိုက်သည်။

ဆန်းလျန်သည် မှော်ဝင်ဓားကို လက်ဖြင့်စုပ်ကိုင်ထားရင်းမှပင်

ဓားသွားကိုလက်ဖြင့်တစ်ချက် ခေါက်လိုက်သည်။

အဖြူရောင်မီးလျှံများထွက်ပေါ်လာပြီး မီးတောက်များသည်

ဆန်းလျန်နှင့် သူ၏မှော်ဝင်ဓားကို ဝါးမြိုသွားလေသည်။

မီးတောက်များအလယ်မှ ဇာမဏီငှက်အော်သံကို စူးရှစွာ

ကြားလိုက်ရလေသည်။

ရွှမ်တယ်ဓားမှ စုပ်ယူထားသည့် ဇာမဏီငှက် ပြန်လည်မွေးဖွား

ရာ "ကောင်းကင်မီးတောက်" ထွက်ပေါ်လာခြင်းပင် ဖြစ်လေ

သည်။

....

ချင်းရွှမ်နတ်တံခါး...

ချမ်းမော့သည် ကောင်းကင်ကိုးခုထိတိုင်အောင် ထိုးဖောက်ပျံသန်းသွားပြီး သူမ၏အော်ဟစ်သံကို နေရာအနှံ့မှ ကြားနိုင်လေသည်။ အစိမ်းရောင်မီးတောက်များက သူမ၏ခန္ဓာကိုယ်ကို ဖုံးအုပ်ထားပြီး အတောင်ပံများက တဟုန်းဟုန်းရိုက်ခတ်နေလေသည်။

ချင်းရှမ်တောင်တစ်ခွင်လုံးမှ မိုးမြေစွမ်းအားလှိုင်းလုံးကြီးများသည် တလိမ့်လိမ့်တက်လာပြီး ချင်းရှမ်တောင်မှ ကျင့်ကြံသူများမှာ ဆက်လက်ကျင့်ကြံ၍ မရကြတော့ပေ။

ကျိဖူတောင်ထိပ်တွင်တော့ ကျိုလင်နတ်သမီးသည် မြောက်ဖက်အရပ်သို့ ငေးမောကြည့်နေလေသည်။ သူမသည် မည်သည့်စကားမှ ဆိုခြင်းမရှိပေ။

မြောက်ဘက်ဆီမှ အဖြူရောင်အလင်းတန်းသဲ့သဲ့ကို မြင်တွေ့ရမည်ဖြစ်လေသည်။

လင်ကွမ်းနတ်သမီးက ကျိုလင်နတ်သမီး၏နောက်တွင်ရပ်နေ

လေသည်။

"အဲဒါ ကောင်းကင်ဘုံလား..."

လင်ကွမ်းနတ်သမီးက မေးလိုက်သည်။

ကျိုလင်နတ်သမီးက သက်ပြင်းတစ်ချက်ချရင်း...

"အဲဒါ ကောင်းကင်ဘုံမဟုတ်ပါဘူး ၊ ရှိခြင်းကနေ မရှိခြင်းကို

ပြောင်းလဲသွားပြီး တာအိုနဲ့ တစ်သားတည်းကျသွားတာ"

ကျိုလင်နတ်သမီး၏ စကားကြောင့် လင်ကွမ်းနတ်သမီးသည်

ထိတ်လန့်ကာ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားလေသည်။

"ကျွန်မက ရှင်တို့လောက် နားလည်နိုင်စွမ်း မမြင့်မားပါဘူး ၊ ဒါ

ပေမယ့် ကျွန်မသိသလောက် တာအိုနဲ့တစ်သားတည်းကျတယ်

ဆိုတာ တကယ်နက်နဲတဲ့ကိစ္စပဲ ၊ မိုးကောင်းကင်နတ်ဘုရားတွေ

တောင်မှ အဲဒီအဆင့်ကိုရောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ၊ လူတစ်

ယောက် ထာဝရပျက်စီးသွားပြီး ပြန်လည်ဖြစ်တည်ဖို့ဆိုတာ ဘယ်လိုလုပ် လွယ်ကူမှာတဲ့လဲ"

လောကတွင် တန်ခိုးစွမ်းအား အမြင့်မားဆုံးမှာ "တာအို" ပင် ဖြစ်လေသည်။

"တာအို" သည် စကြာဝဠာတွင် အရာအားလုံးပင် ဖြစ်လေသည်။ ကြယ်စင်တစ်စင်းမှ မြူမှုံလေးတစ်ခုအထိ အရာအားလုံးကို သတ်မှတ်ထားသည့် နိယာမအတိုင်း ဖြစ်တည်စေခဲ့သည်။

"တာအိုနှင့်တစ်သားတည်းကျခြင်း" ဆိုသည်မှာ ကျင့်ကြံသူတိုင်းလိုချင်သည့် အိပ်မက်ပင် ဖြစ်လေသည်။

ကျင့်ကြံသူတစ်ယောက်သည် "တာအိုနှင့်တစ်သားတည်းကျသွားပြီ" ဆိုပါက ကျင့်စဉ်လမ်း အဆုံးထိ လျှောက်လှမ်းနိုင်ပြီဟု ဆိုနိုင်လေသည်။

တာအိုဆရာသခင်ကြီး (သို့မဟုတ်) ဗုဒ္ဓ မဖြစ်သေးမချင်း

ထိုသို့သော အဆင့်သို့ရောက်ရှိရန် မဖြစ်နိုင်ပေ။

သို့သော် ဆန်းလျန်ကတော့ ခြွင်းချက်ဖြစ်လေသည်။

လက်ရှိ ဆန်းလျန်ရောက်ရှိသွားသည့်အဆင့်သည် သူ့ဘဝတွင်

ရောက်ရှိတက်လှမ်းသွားနိုင်ရန် မည်သို့မျှ မဖြစ်နိုင်သည့်

အဆင့်ဖြစ်လေသည်။ ထိုအဆင့်သို့ရောက်ရှိနိုင်ရန်

မိုးကောင်းကင်နတ်ဘုရားများသာလျှင် ကြိုးစားနိုင်စွမ်းရှိလေ

သည်။

ဆန်းလျန်သည် "ဖြစ်တည်မှု" မှ "မရှိမှုတရား" သို့ ပြောင်းလဲ

သွားအောင် ကြိုးစားခဲ့သည်။

"မရှိမှုတရား" မှ "ဖြစ်တည်မှု" သို့ ပြန်လည်တည်ဆောက်သည့်

ဖြစ်စဉ်တွင် ဆန်းလျန်၏ ဘဝတစ်ခုလုံး အဆုံးသတ်သွားနိုင်

သေးသည်။

ရှော့စွေမြစ်ရေထက်မှ လှေငယ်လေးထက်တွင်...

ဟွမ်ကျန်းသည် သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

"အရင်တုန်းက ကျုပ် သူနဲ့ မိတ်ဆွေမဖွဲ့မိတာ အရမ်းမှားခဲ့တယ်..."

ဟု ပြောလိုက်လေသည်။

မြစ်ရေပြင်ထက်မှ ရေခဲအလွှာမှာ စတင်အရည်ပျော်လာခဲ့ပြီဖြစ်လေသည်။

မြစ်အောက်ပိုင်းရှိ မြစ်ကြမ်းပြင်တွင် ရောမသားရဲကြီးတစ်ကောင် ရှိနေလေသည်။

ဆန်းလျန်သည် ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်တော့ပါ။

သူ၏မျက်ဝန်းထဲတွင် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ကျောက်စိမ်းကျိုင်းတံကိုကိုင်ထားသည့် နတ်ဘုရားကို မြင်ယောင်နေမိလေသည်။

သူ၏ စိတ်နှင့်ဝိညာဉ်သည် စကြာဝဠာမဖြစ်တည်မီ အချိန်သို့ ရောက်ရှိနေလေသည်။

မည်သည့်အရာမှ မတည်ရှိ...

ကြည်လင်မှုမရှိ...

အလင်းမရှိ...

လမ်းကြောင်းမရှိ...

သုံးဖက်မြင်လောက၏ အမြင်များလည်းမရှိ...

"မရှိမှုတရားဆိုသည်မှာ စတင်ဖြစ်တည်ရာ၏ အရင်းအမြစ်ဖြစ်လေသည်။ နတ်ဘုရားတို့၏အနှစ်သာရ ၊ မိုးမြေမှ အသက်ဓာတ်စွမ်းအားများ ၊ သက်ရှိသတ္တဝါအားလုံးသည် ထို မရှိမှုတရားမှ မွေးဖွားလာခဲ့ကြလေသည်။ ဒြပ်စင်စွမ်းအားငါးမျိုးသည်ပင် မရှိမှုတရားမှ ဖြစ်တည်ဆင်းသက်လာခဲ့ခြင်း ဖြစ်လေသည်"

တာအိုကျမ်းစာတစ်ပိုဒ်သည် ဆန်းလျန်၏ နှလုံးသားအတွင်းသို့ စီးဝင်လာလေသည်။

ထိုစာပိုဒ်မှတစ်ဆင့် တာအို၏ အဓိပ္ပါယ်ကို သူ ရှင်းလင်းစွာ

နားလည်ခဲ့ရသည်။

ယင် နှင့် ယန်

ဒြပ်စင်စွမ်းအားငါးမျိုး...

သက်ရှိသတ္တဝါများအားလုံး....

အရာအားလုံးသည် "တာအို" မှ ဆင်းသက်လာလေသည်။ "ဖြစ်

တည်မှု" များအားလုံးကို မူလပုံစံသို့ ပြန်ပြောင်းမည်ဆိုလျှင် "မ

ရှိမှုတရား" ဆီသို့ပင် ပြန်ရောက်မည် ဖြစ်လေသည်။ ထိုသို့

ပြောင်းလဲခြင်းသည်ပင်လျှင် "တာအို" ဖြစ်လေသည်။

သို့သော်...

သူမြင်ယောင်နေသည့် ကျောက်စိမ်းကျိုင်းတံကိုင်ထားသည့်

နတ်ဘုရားကတော့ "ယင်" လည်းမဟုတ်သလို "ယန်" လည်း

မဟုတ်ပါ။

ထိုနတ်ဘုရားသည် အရာအားလုံးကိုသိမြင်နေသည့်

အထင်ကြီးလောက်ဖွယ်ရာ ဖြစ်တည်မှုတစ်ခု ဖြစ်လေသည်။

ထိုနတ်ဘုရားသည် "ဖြစ်တည်မှု" ကို ကျော်လွန်ခဲ့သည်။

ထို့ကြောင့် သေခြင်းတရားကိုလည်း ကျော်လွန်လေသည်။

လော်ဝါဒအရှင်သခင် ၊ မိုးနတ်မင်း ၊ မိုးမြေအရှင်သခင်စန့်ချင်း

၊ ထုန်ထျန်းအရှင်သခင် ...

ထိုနတ်ဘုရားသည် ထိုသူများအားလုံး ဖြစ်နိုင်လေသည်။

သို့သော်...

ထိုသူများအားလုံးလည်း မဟုတ်ပြန်ပေ။

အမှန်တော့ ထိုနတ်ဘုရားသည် ကြယ်အစုအဝေးဆီမှ တာအို

တရား၏ အစိတ်အပိုင်းဖြစ်လေသည်။

အတိတ် ၊ ပစ္စုပ္ပန် ၊ အနာဂတ် ....

အချိန်ခွဲခြားမှုမရှိ ထိုနတ်ဘုရားကို တွေ့မြင်နိုင်လေသည်။

သို့သော်... ထိုနတ်ဘုရား၏ တည်ရှိမှုနောက်ကွယ်တွင်မည်

သည့်အမှတ်အသားမှ ထင်ကျန်ခဲ့မည် မဟုတ်ပေ။

ဆန်းလျှန်သည် နတ်ဘုရားအဘိုးအိုသည် ရှေ့ရှီကို

လက်ဆင့်ကမ်းအမွေပေးခဲ့သည့် အိပ်မက်လိပ်ပြာကျင့်စဉ်

အကြောင်း စဉ်းစားနေမိလေသည်။

ထိုကျင့်စဉ်ထဲတွင် သူမှတ်မိနေသော စာကြောင်းတစ်ခုရှိလေ

သည်။

"မိုးနှင့်မြေ လောကသဘာဝများအားလုံးသည် အိပ်မက်လိုပါ

ပဲ။ ဘဝဆိုသည်မှာလည်း အိပ်မက်တစ်ခုပင် ဖြစ်လေပြီ။

သင်.. အိပ်မက်မှနိုးထလျှင်တော့ အမှန်တကယ်လွတ်မြောက်

ခြင်းကို ခံစားရပေလိမ့်မည်။"

လွတ်မြောက်ခြင်း...

အမှန်တော့ "လွတ်လပ်ခြင်း" ဆိုသည်ကို စကားလုံးများဖြင့်

ရေးသားဖော်ပြခြင်းဌာ တတ်နိုင်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် လူတစ်ယောက်သည် တကယ် လွတ်မြောက်သွားမှသာလျှင် ထိုအရသာကို သိမြင်ခံစားနိုင် သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏ "ဖြစ်တည်မှု" ကို "မရှိမှုတရား" အဖြစ် သို့ ပြောင်းလဲခဲ့လေပြီ။

သို့သော်... သူက တာအိုနှင့်တစ်သားတည်းကျသွားစေရန် အတွက် ထိုသို့ ပြုလုပ်ခဲ့ခြင်း မဟုတ်ပါ။ သူ့အဆင့်ဖြင့် ထိုသို့ လုပ်ဆောင်နိုင်ရန်မှာ မဖြစ်နိုင်သေးကြောင်းကိုလည်း သူကောင်းစွာသိထားလေသည်။ သို့သော် သူက ကောင်းကင် မီးတောက်ကို ထုတ်ဖော်လိုက်ခြင်းဖြင့် သူ၏ "ဖြစ်တည်မှု" မှာ "မရှိမှုတရား" သို့ပြောင်းလဲသွားမည် မဟုတ်ပါ။

ချန်ပေသိုသည် ဆန်းလျန်ပြုလုပ်နေသည့် လုပ်ရပ်များကို နားလည်ခြင်းမရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော် ချန်ပေသိုသည် "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်ကို ဆန်းလျန်ကျင့်ကြံထားခဲ့သည်ကို မသိသောကြောင့်ဖြစ်လေသည်။

ဟိုး ယခင်အစကတည်းကပင်...

"စိတ်အာရုံများကိုထိန်းချုပ်ခြင်း" စာအုပ်သည် ဆန်းလျန်၏ ဝှက်ဖဲတစ်ချပ် ဖြစ်ခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်လေသည်။

ထိုစာအုပ်ထဲမှ ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့် နတ်ဘုရားသည် စိတ်ကူးယဉ်သက်သက်မဟုတ်ခဲ့ပေ။

ထိုနတ်ဘုရားသည် "လောက ၊ သေခြင်းတရားနှင့် ဖြစ်တည်မှု" တို့မှ ကင်းလွတ်သည့် တာအို၏ အစိတ်အပိုင်းတစ်ခု ဖြစ်လေသည်။

ထို့ကြောင့်ပင် ဆရာသခင်ကျန်းရော့ရှီးက "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်သည် တားမြစ်ထားသည့်စာအုပ် ဖြစ်သည်ဟု ပြောခဲ့ခြင်း ဖြစ်လေသည်။

ဆရာသခင်၏စကားသည်လုံးဝမှန်ကန်ခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် ထိုစာအုပ်သည် "တာအို" ၏ အစိတ်အပိုင်းဖြစ်ခဲ့ပြီး ကြီးမြတ်သည့်ဖြစ်တည်မှုတစ်ခုမှ ခွဲထွက်လာခဲ့သောကြောင့် ဖြစ်လေသည်။ စကြာဝဠာတစ်ခုလုံးတွင် ထိုစာအုပ်မျိုး နောက်တစ်အုပ် မရှိနိုင်ပေ။

"တာအို" သည် သက်ရှိများအားလုံး၏ အစဖြစ်ပြီး သက်ရှိများအားလုံးသည် မူလဖြစ်တည်မှုဇာစ်မြစ်ဆီသို့ ပြန်လာနိုင်လေသည်။

သို့သော်... "မူလဖြစ်တည်ခြင်း" ကို သီးခြားဖယ်ထုတ်လိုက်မည်ဆိုလျှင်တော့ သူနှင့်ဆက်စပ်နေသည့် "ဖြစ်တည်မှုများအားလုံး" သည် ပျက်သုဉ်းသွားရမည် ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏စိတ်အာရုံအတွင်းတွင် ပုံဖော်ထားသည့် ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့် နတ်ဘုရားနှင့် မိမိကိုယ်ကိုပေါင်းစည်းရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။ သူက

စိတ်ပျံ့လွင့်စရာများအားလုံးကို ဖယ်ရှားပစ်လိုက်ပြီး စိတ်အာရုံကို စူးစိုက်ထားလေသည်။

ထိုအခါ ... ဆန်းလျန်ကိုယ်တိုင်သည် "မရှိမှုတရား" ဖြစ်သည့် တာအိုအဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ဆန်းလျန်သည် မတည်ရှိတော့ပါ။

ကောင်းကင်မီးတောက်ငြိမ်းသွားသည်နှင့် ဆန်းလျန်၏ တည်ရှိမှုလည်း ပျောက်ကွယ်သွားလေသည်။

တိတ်ဆိတ်နေသော ဗလာနယ်ထဲတွင် ဒြပ်စင်ငါးပါးမှော်ဝင်ဓားသာလျှင် ကျန်ရစ်ခဲ့လေသည်။

ချန်ပေသိုသည် သူ၏ဓားကို ပြန်ရုတ်သိမ်းလိုက်ပြီး ဒြပ်စင်ငါးပါးမှော်ဝင်ဓားကို စိုက်ကြည့်နေလေသည်။

ထိုအချိန်မှာပင်...

မိုးနှင့်မြေကိုပင် ကျော်လွန်သွားသည့် ကြီးမားသည့်စွမ်းအားတစ်ခုကို ခံစားလိုက်ရလေသည်။

မျက်နှာကိုမတွေ့မြင်ရသည့် နတ်ဘုရားတစ်ပါးသည် ဒြပ်စင်

ငါးပါးမှော်ဝင်ဓားကို ကိုင်လျှက် ထွက်ပေါ်လာလေသည်။

"ဒီဓားကို "ဖြတ်တောက်ခြင်း" လို့ခေါ်တယ်"

ထိုနတ်ဘုရားက ပြောလိုက်လေသည်။

ထိုအသံမှာ ဆန်းလျန်၏ အသံပင် ဖြစ်လေသည်။

"ဖြတ်တောက်ခြင်း" ဆိုသည်မှာ တာအိုမှ ခွဲထွက်သွားသည့်

အစိတ်အပိုင်းတစ်ခုကို ကိုယ်စားပြုလေသည်။

အခန်း (၄၂၃) အနိုင်အရှုံး

ဆန်းလျှန်၏နေရာတွင် ပေါ်လာသည့်နတ်ဘုရားတစ်ပါးကိုတွေ့
မြင်လိုက်သည်နှင့် ချန်ပေသိုက သူရင်ဆိုင်နေရသည့်သူသည်
မည်သူဖြစ်သည်ကိုချက်ချင်းရိပ်မိလိုက်လေသည်။ သူ့ရင်ထဲ
တွင် တစ်ချက်လှုပ်ရှားသွားရသည်။

ထိုနတ်ဘုရားသည် ဓားသိုင်းကျင့်ကြံသူတစ်ယောက်မဟုတ်
သည့်တိုင် ဓားသိုင်းတွင် အဆုံးစွန်အဆင့်ကို ကိုယ်စားပြုနိုင်
သည့်သူတစ်ယောက် ဖြစ်လေသည်။

နတ်ဘုရားတစ်ပါးသည် ကိုယ်တိုင်ကြိုးစားရယူခြင်းနှင့် မွေး
ရာပါပါရမီပါခြင်း နှစ်မျိုးဖြစ်နိုင်လေသည်။

ယခုသူရင်ဆိုင်နေရသည့် နတ်ဘုရားမှာ မွေးရာပါပါရမီရှင်
နတ်ဘုရားတစ်ပါးဖြစ်လေသည်။ စကြာဝဠာ မဖြစ်တည်မီက
ပင် တည်ရှိခဲ့သည့် ကြီးမြတ်သည့်နတ်ဘုရားတစ်ပါးဖြစ်လေ
သည်။ တာအိုဆရာသခင်ကြီးနှင့် ဗုဒ္ဓပင်လျှင် ထိုနတ်ဘုရား
ထက်နောက်ကျပြီးမှ ပေါ်ပေါက်ခဲ့ကြသူများ ဖြစ်လေသည်။

ချန်ပေသိုမှာ ဒဏ္ဍာရီထဲမှ ရှေးဟောင်းနတ်ဘုရားတစ်ပါးကို မျက်မြင်ကိုယ်တွေ့ ရင်ဆိုင်လိုက်ရသည့်အတွက် အနည်းငယ် ပင် အူကြောင်ကြောင် ဖြစ်သွားလေသည်။ သို့သော် သူ၏ တည်ငြိမ်မှုကတော့ ပျက်ပြားသွားခြင်း မရှိခဲ့ပါ။

အမှန်တော့ သူ့ရှေ့မှ နတ်ဘုရားက သိပ်ပြီးအရေးမကြီးလှပါ။ ထိုနတ်ဘုရားသည် ပုံရိပ်တစ်ခုမျှသာဖြစ်ပြီး တကယ့်မူလနတ် ဘုရား၏ တစ်သန်းပုံတစ်ပုံလောက်ပင် တန်ခိုးစွမ်းအား မြင့် မားခြင်း မရှိပေ။

သို့သော် အရေးကြီးသည့်အချက်မှာ ထိုနတ်ဘုရား၏ပုံရိပ် သည် ဆန်းလျှန်နှင့် ပေါင်းစပ်သွားခြင်းဖြစ်လေသည်။ ထို့ကြောင့်ပင် ထိုနတ်ဘုရား၏ဓားသိုင်းပညာသည် အထွတ် ထိပ်သို့ ချက်ချင်းရောက်ရှိသွားရခြင်း ဖြစ်သလို ဆန်းလျှ န်၏တန်ခိုးစွမ်းအားများမှာလည်း အထွတ်ထိပ်သို့ မြင့်တက် သွားရခြင်းဖြစ်လေသည်။

ဆန်းလျန်သည် မူလဖြစ်တည်မှုနတ်ဘုရားနှင့် ပေါင်းစပ်သွား ပြီး ဒြပ်စင်ငါးပါးမှော်ဝင်ဓားကို ကိုင်ဆောင်ထားလေသည်။ ခေတ်အဆက်ဆက်တွင် ချန်ပေသိုသည် ဓားပေါင်းများစွာကို အမိန့်ပေးနိုင်ခဲ့လေသည်။ သို့သော် သူအမိန့်ပေးနိုင်သည့်ဓား များထဲတွင် ဆန်းလျန်၏ ဒြပ်စင်ငါးပါးမှော်ဝင်ဓားတော့ မ ပါဝင်ခဲ့ပေ။

ချန်ပေသို၏ နတ်ဘုရားထောင်ခြောက်ဓားသည် ဆန်းလျ န်၏မှော်ဝင်ဓားကို မနာလိုဖြစ်နေခဲ့လေသည်။

ချန်ပေသို၏ဓားသိုင်းမှာ မူလနတ်ဘုရား၏ဓားသိုင်းကိုဖြင့် ယှဉ်လျှင် အဆတစ်ထောင် ၊ အဆတစ်ရာ ကွာခြားနေလေ သည်။

ဆန်းလျန်သည် သူပုံဖော်လေ့ရှိသည့် ကျောက်စိမ်းကျိုင်းတံ ကိုင်ဆောင်ထားသည့်နတ်ဘုရားနှင့် ပေါင်းစပ်သွားလေသည်။ သူက မူလတာအိုမှ ခွဲထွက်သွားသည့် တာအိုအစိတ်အပိုင်း

အနည်းငယ်ကို ဖမ်းဆုပ်လိုက်နိုင်ခြင်းပင် ဖြစ်လေသည်။ ဆန်းလျန်တွင် ထူးခြားသည့်ဝိသေသလက္ခဏာများရရှိလာသည့်တိုင် ကြီးမြတ်သည့်မူလနတ်ဘုရား၏ စစ်မှန်သည့်တန်ခိုးစွမ်းအားများကို ဆက်သွယ်မိရန်မှာတော့ မဖြစ်နိုင်သေးပေ။ သို့သော် သူယခုရရှိထားသည့် တန်ခိုးစွမ်းအားကတော့ ချန်ပေသိုကို တိုက်ခိုက်ရန် လုံလောက်လေသည်။ မူလနတ်ဘုရား၏ပုံရိပ်သည်ပင်လျှင် သူ၏ဓားသိုင်းစွမ်းအားကို အဆမတန်မြင့်မားသွားစေလေသည်။

သူ၏ဝိညာဉ်စွမ်းအားများ မြင့်တက်လာပြီး ကမ္ဘာပေါ်ရှိ သူနှင့်ဆက်သွယ်နိုင်သူအားလုံးကို သူတွေ့မြင်နေရလေသည်။ ဆရာဘွားဘွားဖြစ်သူ ကျိုလင်နတ်သမီးသည် ကျီဖူတောင်ထိပ်မှနေပြီး သူရှိရာနေရာသို့ ငေးစိုက်ကြည့်နေလေသည်။

သူ၏ဂိုဏ်းတူအစ်မ ကူးချိုင်ဝေ့သည် ဆရာဘွားဘွားလီချင်း

ဆွေ၏တာအိုကျောင်းဆောင်တွင် သူ့အတွက် ဆုတောင်းစာ

များရွတ်ဆိုပေးနေလေသည်။

ပြီးတော့ ကျောက်ရှောင်ယွီ...။

သူမသည် ကျီမော့တောင်ထိပ်တွင် ပုလွေသံစဉ်တစ်ခုကိုတီး

ခတ်ကာ သူ့အတွက် ဆုတောင်းပေးနေလေသည်။

သူ၏တူမလေး ရော့ရှီကတော့ ချမ်းမော့ကို စီးနှင်ကာ သူရှိရာ

ကျုန်းစန်းတောင်ဆီသို့ ခရီးပြင်းနှင်လာနေလေသည်။

ထို့ပြင် ယန်ရှီးကိုလည်း သူမြင်တွေ့ခဲ့လေသည်။

ထို့နောက် ရော့စွေမြစ်ရှိလှေငယ်ပေါ်တွင်ရပ်နေသည့် ဟွမ်

ကျန်းကိုလည်း သူတွေ့မြင်ရလေသည်။

ဖန်းယန်ယင်းမှာတော့ ကျုန်းစန်းတောင်တစ်နေရာတွင် မတ်

တပ်ရပ်နေပြီး သူရှိရာနေရာကို ခန့်မှန်းကာ ငေးကြည့်နေလေ

သည်။

သူ့ကို ရှိခြင်းမရှိခြင်းဓားဝိညာဉ်ကို သင်ကြားပေးခဲ့သည့် ဆရာစူးကိုပင် သူမြင်တွေ့နေရလေသည်။

ဆရာစူးသည် ခမ်းနားသည့်အခန်းတစ်ခုထဲတွင်ထိုင်နေလေသည်။ သူက အနီရောင်ဝတ်ဆင်ထားသည့် လှပသည့် မိန်းမပျိုတစ်ယောက်၏ ပုံတူပန်းချီကားတစ်ချပ်ကို ရေးဆွဲပေးနေလေသည်။ ထိုမိန်းမပျို၏ မျက်ခုံးနှစ်ခုကြားတွင် မီးတောက်ပုံသဏ္ဌာန် သင်္ကေတတစ်ခုပါရှိလေသည်။

ဆရာစူးသည် ပန်းချီရေးဆွဲနေရင်းမှ သူ၏ဓားဝိညာဉ်ကို လေထဲသို့ ရုတ်တရက် ထုတ်လွှတ်လိုက်လေသည်။

"ဘာများဖြစ်လို့လဲ"

ပန်းချီဆွဲခံနေသည့် မိန်းမပျိုက မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး ၊ တစ်ယောက်ယောက်က ကျုပ်ကို ကြည့်နေတယ်လို့ခံစားလိုက်ရလို့ပါ ၊ ကျုပ်မှားသွားတာနေမယ်"

ဆရာစူးက ပြုံးရင်းပြန်ပြောလိုက်သည်။

"ထူးဆန်းလိုက်တာ ၊ ဒီထာဝရနန်းတော်ထဲကို ခိုးဝင်နိုင်တဲ့သူဆို လို့ လောကမှာ လက်တစ်စုပ်စာတောင်မရှိဘူး ၊ အဲဒီလူတွေက လည်း ဒီလောက်ရိုင်းရိုင်းစိုင်းစိုင်းနဲ့ ခိုးဝင်မယ့်သူတွေမဟုတ် ဘူး ၊ ခုလို ခိုးကြောင်ခိုးဝှက်လုပ်တာ ဘယ်သူပါလိမ့်"

မိန်းမပျိုက ပြန်ပြောလိုက်လေသည်။

ဆရာစူးက မိန်းမပျို၏လက်လေးများကိုကိုင်လိုက်ရင်း နူးညံ့ သိမ်မွေ့စွာ ပြောလိုက်သည်။

"ဘာမှမဖြစ်ပါဘူး မိန်းမရယ် ၊ အေးအေးဆေးဆေးနေစမ်းပါ ၊ လောကီကိစ္စတွေနဲ့ မပတ်သက်ချင်စမ်းပါနဲ့"

"ရှင့်ကိုယ်ရှင်လည်း ပြန်ကြည့်စမ်းပါဦး ၊ တစ်ချိန်တုန်းက လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ဓားသူတော်စင်ကျီဝေးလို့ ဘယ်သူမှ ရှင့်ကိုထင်မှာမဟုတ်တော့ဘူး"

(တောင်းပန်ခြင်း - ကျွန်တော်ရှေ့ပိုင်းမှာ ဓားသူတော်စင်ကျီ ဝေးကို မိန်းကလေးအဖြစ်နဲ့ "သူမ" ဆိုပြီး ရေးခဲ့ပါတယ် ၊

အမှန်တော့ ဓားသူတော်စင်ကျီဝေးက ယောကျ်ားလေးပါလို့၊

တောင်းပန်အပ်ပါတယ်)

သူကြည့်နေသည်ကို ဆရာစူးရိပ်မိသွားသည့်အတွက် ဆန်းလျ

န်က ဆရာစူးကိုကြည့်နေခြင်းမှ ရပ်တန့်လိုက်သည်။

ထိုသို့ အမြင်များကိုရရှိလိုက်ခြင်းမှာ မေးမှိန်သွားသည့် နတ်

ဘုရားဝိညာဉ်စွမ်းအားများကို ပြန်လည်ရရှိကာ မူလဝိညာဉ်

ခန္ဓာ၏တန်ခိုးစွမ်းအားများ မြင့်တက်လာသောကြောင့် ဖြစ်

လေသည်။

ဆန်းလျန်၏အတွေးများသည် အလင်းမှုန်များထက်ပင်

မြန်ဆန်စွာ လှည့်ပတ်နေလေသည်။

တစ်ချိန်တည်းမှာပင် သူသည် ဒြပ်စင်ငါးပါးမော်ဝင်ဓားကို ချန်

ပေသိုရှိရာသို့ ထိုးစိုက်ချလိုက်လေသည်။

သူ၏ဓားကွက်တွင် မည်သည့်အလှည့်အပြောင်းမှမပါခဲ့။ ရိုးရိုး

ရှင်းရှင်းပင် ထိုးစိုက်ချလိုက်ခြင်းဖြစ်လေသည်။ ထို့ပြင်

သူ၏ဓားကွက်မှာ အလွန်မှ ပေါ့ပါးလေသည်။

သို့သော် ရိုးရှင်းသည့်တိုက်ကွက်လေးတစ်ခုက ချန်ပေသို၏

အသက်ကို နှုတ်ယူသွားနိုင်လေသည်။

ချန်ပေသိုကလည်း ခေသူမဟုတ်ပါ။ သူက မည်သည့်အခါမှ

အရှုံးပေးသူတစ်ယောက်မဟုတ်ခဲ့ပေ။

ဆန်းလျန်မှာ တန်ခိုးစွမ်းအားများ အဆမတန်မြင့်မားနေ

သည့်အတွက် ချန်ပေသိုသည် ဆန်းလျန်၏ဓားချက်ကို သတိ

ကြီးစွာထားကာ ရှောင်တိမ်းနေရလေသည်။

ချန်ပေသိုက စိတ်အာရုံများကို သေသေချာချာစုစည်းလိုက်

သည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ဓားရိပ်များဖြင့် တုန်ခါနေလေ

သည်။

ချန်ပေသိုက သူ၏နတ်ဘုရားထောင်ချောက်ဓားကို တစ်ချက်

ဝှေ့ယမ်းလိုက်သည်။

ချန်ပေသိုနှင့် နတ်ဘုရားထောင်ချောက်ဓားသည်

တစ်သားတည်းကျသွားပြီး သန့်စင်သည့်အလင်းတန်းတစ်ခု

ထွက်ပေါ်လာလေသည်။

ဆန်းလျန်၏ "ဖြတ်တောက်ခြင်း" ဓားသိုင်းက ရိုးရှင်းလေ

သည်။

ချန်ပေသိုကရိုးရှင်းမှုကို "သန့်စင်ခြင်း" ဖြင့် တုန့်ပြန်လိုက်ခြင်း

ဖြစ်လေသည်။

ထို့နောက်တွင်တော့...

ချန်ပေသိုကို မည်သည့်နေရာတွင်မှ မတွေ့ရတော့ပါ။

သွေးနီရောင်အလင်းတန်းတစ်ခုကိုသာ တွေ့မြင်ကြရလေ

သည်။

ထိုအနီရောင်အလင်းတန်းသည် တောက်ပခြင်းမရှိ ၊ မှေးမှိန်နေလသည်။

ထိုအနီရောင်အလင်းတန်းမှတစ်ဆင့် မရဏာဓားတစ်လက်၏ သဏ္ဍာတရားကို တွေ့မြင်နိုင်လေသည်။

ဒြပ်စင်ငါးပါးမှော်ဝင်ဓားနှင့် နတ်ဘုရားထောင်ချောက်ဓားသည် အရှိန်ပြင်ထန်စွာဖြင့် ရိုက်ခတ်မိသွားလေသည်။

သိပ်မကြာခင်တွင်တော့...

ကြယ်စုံသည့်ညကောင်းကင်အောက်တွင်ကျုန်းစန်းတောင်ပေါ်မှ တောက်ပသည့်အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်ကို လူတိုင်းတွေ့မြင်လိုက်ကြရလေသည်။

ထိုခဏအတွင်းမှာပင်...

ရော့စွေမြစ်ရေထဲမှ ရောမသားရဲကြီးသည် ရေအောက်မှ ရေပေါ်သို့ ခုန်ထွက်လာလေတော့သည်။ ထိုသားရဲကြီး၏ ဦးခေါင်းထက်တွင် ချိုနှစ်ချောင်းရှိပြီး လည်ပင်းတွင် အစိမ်း

ရောင်အကြေးခွံများရှိလေသည်။ ထိုသားရဲကြီးမှာ ဖန်းလုန်မျိုးနွယ် ရေနဂါးကြီးတစ်ကောင်ဖြစ်လေသည်။

နဂါးကြီးက ရေထဲမှ ခုန်ထွက်ကာ အဖြူရောင်အလင်းတန်းဆီသို့ ရောက်ရန် ကြိုးပမ်းနေလေသည်။

သို့သော် ဓားခြိမ်းသံတစ်သံထွက်ပေါ်လာပြီး နဂါးကြီး၏ဦးချိုတစ်ဖက်ကို ဖြတ်တောက်ပစ်လိုက်လေသည်။

နဂါးကြီးသည် နာကျင်စွာအော်ဟစ်ရင်း မြစ်အောက်သို့ ပြန်လည် ငုပ်လျှိုးသွားလေသည်။

အဖြူရောင်အလင်းတန်းပျောက်ကွယ်သွားသည်နှင့် နတ်ဘုရားထောင်ချောက်ဓားကိုကိုင်ထားသည့် ချန်ပေသို၏ ပုံရိပ်ထွက်ပေါ်လာလေသည်။ ထို့နောက်တွင်တော့ ချန်ပေသိုသည် နတ်ဘုရားထောင်ချောက်ဓားနှင့်အတူ သဲလွန်စပင်မကျန်ဘဲ ပျောက်ကွယ်သွားလေတော့သည်။

နတ်ဘုရားနှစ်ပါး၏ ပြင်းထန်လွန်းသည့်တိုက်ပွဲသည် ပြီးဆုံး

သွားခဲ့ပြီ ဖြစ်လေသည်။

ညခင်းသည် ရှင်းလင်းတိတ်ဆိတ်ကာ လှပနေဆဲ ဖြစ်လေ

သည်။ ပတ်ဝန်းကျင်တွင် တိုက်ပွဲဖြစ်ပွားခဲ့သည့်

အရိပ်အယောင်ကိုပင် မတွေ့ရပေ။

ဟွမ်ကျန်းသည် လေ့ပေါ်တွင်မတ်တပ်ရပ်နေလေသည်။

သူက တိုက်ပွဲတွင် ဆန်းလျန်ရှုံးနိမ့်ခဲ့ပါက ကူညီရန်

အခွင့်အရေးရမည်ဟု တွေးထင်ခဲ့မိလေသည်။ ယခုတော့ သူ့

အထင်မှားသွားခဲ့လေပြီ။

"ဘယ်သူနိုင်သွားတာလဲ"

ချင်းယင်းကမေးလိုက်သည်။

"မသိဘူး.."

ဟွမ်ကျန်းကပြန်ဖြေလိုက်သည်။

"သူရှုံးသွားတယ်...."

အသံတစ်သံထွက်ပေါ်လာလေသည်။

လှေငယ်သည် သိမ့်ခနဲတုန်သွားပြီး ရေပြင်တွင်လှိုင်းများထသွားလေသည်။

သားမွေးအင်္ကျီကိုဝတ်ဆင်ထားပြီး ဦးခေါင်းထက်တွင် ကြယ်စင်သရဖူကိုဆင်မြန်းထားသည့် လူငယ်တာအိုဆရာတစ်ယောက်သည် လှေပေါ်ရှိ သစ်သီးများတင်ထားသည့် စားပွဲလေးဘေးတွင်ထိုင်နေလေသည်။ သူ၏ပုံစံက ကြယ်စင်များကဲ့သို့ အလင်းရောင်မှိန်မှိန် လင်းလက်နေပြီး အနည်းငယ်မှုန်ဝါးနေလေသည်။

ချင်းယင်းမှာ ထိုလူငယ်ကိုငေးကြည့်ရင်း အံ့သြလွန်းသဖြင့် စကားပင် မပြောနိုင်တော့ပေ။

လူငယ်က စားပွဲလေးထက်မှ သစ်သီးတစ်လုံးကို လှမ်းယူလိုက်ပြီး တစ်ကိုက်ကိုက်လိုက်သည်။

လူငယ်က သစ်သီးကို ဝါးနေရင်းမှ တစ်ချက်ပြုံးလိုက်ရင်း...

"သစ်သီးတွေက အရမ်းချိုတာပဲ ၊ နောက်တစ်ခါလည်း ဒီလို

အရသာရှိတာတွေ ပြင်ဆင်ထားပေးဦးနော်"

အခန်း (၄၂၄) ရှော့စွေမြစ်ရေထက်တွင်

"ရှင်... ရှင်က ...ဘယ်လိုလုပ် ... အသက်ရှင်နေသေးတာလဲ"

ချင်းယင်းက အထစ်ထစ် အငေါ့ငေါ့ဖြင့်မေးလိုက်သည်။

ဆန်းလျန်က သူ့လက်ထဲမှ သစ်သီးကို နောက်ထပ်တစ်ကိုက်

ထပ်ကိုက်လိုက်ရင်း...

"ကျုပ်အသက်ရှင်နေသေးတယ်လို့ ဘယ်သူကပြောလို့လဲ"

ဆန်းလျန်၏ခန္ဓာကိုယ်သည် ဖျတ်ခနဲတစ်ချက်လင်းလက်သွားပြီး ချင်းယင်းသည် ဆန်းလျန်၏ ခန္ဓာကိုယ်ကို ထိုးဖောက်ကာ အနောက်ဖက်မှ မြစ်ရေကို တွေ့မြင်နေရလေသည်။

ဟွမ်ကျန်းက ဆန်းလျန်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လေသည်။

ချင်းယင်းက အရက်တစ်အိုးယူလာပြီး သူတို့နှစ်ယောက်အတွက် အရက်များငှဲ့ပေးလိုက်သည်။

ဟွမ်ကျန်းက ဆန်းလျန်ကိုကြည့်ပြီး တစ်ချက်ပြုံးလိုက်သည်။

"အရင်ကလည်း ကျုပ်တို့တွေ ဆုံခဲ့ဖူးကြတယ်နော် ၊ ဒါပေမယ့် ကျုပ်တို့နှစ်ယောက် ဒီလိုအေးအေးချမ်းချမ်းနဲ့ အရက်ထိုင်သောက်တဲ့အချိန်ရှိလာမယ်လို့ ကျုပ်ထင်မထားခဲ့မိဘူး"

ဆန်းလျန်ကတော့ အေးဆေးစွာပင်ထိုင်နေပြီး သိမ်မွေ့သည့်အကြည့်များဖြင့် ဟွမ်ကျန်းကို စိုက်ကြည့်နေလေသည်။

သူ၏အကြည့်များက ဟွမ်ကျန်းရင်ထဲမှ စိုးရိမ်ပူပန်မှုများကို ဖယ်ရှားပစ်လိုက်နိုင်လေသည်။

“ဒီည ကျုပ်ကိုကူညီဖို့ရောက်နေတဲ့သူက ခင်ဗျားဖြစ်နေလိမ့်မယ်လို့ ထင်မထားမိဘူး”

ဆန်းလျန်က ပြောလိုက်သည်။

“ဒါပေမယ့်လည်း ဘာမှ မကူညီလိုက်ရပါဘူးဗျာ"

ဟွမ်ကျန်းက လေးကန်သည့်လေသံဖြင့်ပြန်ပြောလိုက်သည်။

“ဒါပေမယ့် ကျေးဇူးတင်ရမှာပေါ့ဗျာ ၊ ကဲ... မမူးမချင်း သောက်ကြရအောင်”

ဆန်းလျန်က အရက်ခွက်ကို ကိုင်မြှောက်ရင်း ပြောလိုက်သည်။

လရောင်ခြည်သည် ဆန်းလျန်၏ခန္ဓာကိုယ်ပေါ်သို့ဖြာကျနေလေသည်။

ရော့စွေမြစ်သည် တိတ်ဆိတ်ဖြည်းညင်းစွာစီးဆင်းနေပြီး ပတ်ဝန်းကျင်တစ်ခုလုံးက မှော်ဆန်စွာ လှပနေလေသည်။

ဆန်းလျန်၏စကားကြောင့် ဟွမ်ကျန်းက အံ့သြသွားသည်။

ထို့နောက် သူကလည်းအရက်ခွက်ကိုကိုင်မြှောက်ပြီး သောက်လိုက်လေသည်။

ဟွမ်ကျန်းက တိတ်ဆိတ်နေသလို ဆန်းလျန်ကလည်း စကားမပြောပါ။

အတန်ကြာတိတ်ဆိတ်နေပြီးမှ ဟွမ်ကျန်းက စကားစပြောရန်ဆုံးဖြတ်လိုက်သည်။

"ခင်ဗျားရဲ့ ရုပ်ခန္ဓာကို ဆုံးရှုံးလိုက်ရပြီ မဟုတ်လား ၊ နတ်ဘုရားတစ်ပါးဖြစ်လာမှတော့ သက်တမ်းရှည်ဖို့ဆိုတာ စိတ်ပူစရာတော့ မရှိပါဘူး ၊ ဒါပေမယ့် ကြယ်တာရာစွမ်းအားတွေကုန်သွားတာနဲ့ ခင်ဗျားရဲ့ မူလဝိညာဉ်ခန္ဓာဟာ ပျောက်ကွယ်သွားရလိမ့်မယ် ၊ ခင်ဗျားအတွက် ကျုပ်ဘာများကူညီပေးနိုင်တာရှိမလဲ ၊ ကျုပ်တတ်နိုင်တာပေါ့လေ"

"ကျုပ်အသက်ရှင်နေသေးတယ်လို့ ဘယ်သူကပြောလို့လဲ" ဟု ဆန်းလျန်ပြောသည့်စကားကို ယခုမှ ချင်းယင်းက နားလည်သဘောပေါက်သွားရလေသည်။ ဆန်းလျန်၏ ရုပ်ခန္ဓာသည် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။ သို့သော် တာအိုနှင့် တစ်သားတည်းကျသွားသည့်အတွက် မူလဝိညာဉ်ခန္ဓာကတော့ ပြန်လည် ဖြစ်တည်လာခဲ့လေသည်။

ထိုမူလဝိညာဉ်ခန္ဓာသည် ဆီမီးခွက်နှင့်တူလေသည်။ လောင်စာကုန်သွားသည်နှင့် မီးငြိမ်းသွားရမည်ဖြစ်သလို မူလဝိညာဉ်ခန္ဓာကို ထောက်ပံ့ပေးထားသည့် ကြယ်တာရာစွမ်းအားများ ကုန်ဆုံးသွားသည်နှင့် ဆန်းလျန်မှာလည်း ပျောက်ကွယ်သွားရမည် ဖြစ်လေသည်။

တိုက်ပွဲတွင် ချန်ပေသိုသည် ဆန်းလျန်ကို အနိုင်ရခဲ့ခြင်း မရှိပါ။ သို့သော် ဆန်းလျန်မှာလည်း အနိုင်ရသည်ဟု မဆိုသာပေ။

သို့သော် ဆန်းလျှန်၏ပုံစံကတော့ ပေါ့ပေါ့ပါးပါးပင် ရှိနေလေသည်။

“ကျုပ်ရဲ့အခြေအနေကိုကျုပ်သိပါတယ်၊ တကယ်တော့ ဒီတိုင်းဖြစ်လာမယ်ဆိုတာ ကျုပ်မျှော်လင့်ထားပြီးသားပါ၊ ဒါပေမယ့် ကျုပ်တွက်ထားတဲ့ အဆိုးဆုံး အခြေအနေအထိရောက်မသွားတာပဲ တော်သေးတယ်လို့ ပြောရမယ်၊ ပြီးတော့ ခင်ဗျား လည်း ဘာမှ ကူညီနိုင်မှာ မဟုတ်ပါဘူးဗျာ"

ဆန်းလျှန်က သိမ်မွေ့စွာပင် ပြန်ပြောလိုက်သည်။

“ထားလိုက်ပါလေ၊ ကျုပ်မှာ ခင်ဗျားကို မေးစရာတစ်ခုရှိတယ်”

ဟွမ်ကျန်းက ပြန်ပြောလိုက်သည်။

“ခင်ဗျားဘာမေးမှာလဲဆိုတာ ကျုပ်သိတယ်၊ ယန်ရှီး အကြောင်းကို မေးမလို့မဟုတ်လား၊ ကျုပ် ယန်ရှီးကိုတော့ ဘယ်နည်းနဲ့မှ အလွတ်မပေးနိုင်ဘူး၊ ချင်းရွှမ်နတ်တံခါး

အတွက်ရော ၊ ချင်းရွှမ်နတ်တံခါးရဲ့ဂိုဏ်းချုပ်ဟောင်းဖြစ်တဲ့ ဆရာသခင်ကျန်းရော့ရှီးအတွက်ရော ၊ မြင်တောင်မြင်ခွင့်မရလိုက်တဲ့ ကျုပ်ရဲ့ဆရာ ပိယွင်နတ်သမီးအတွက်ရော ကျုပ် ဒီကောင့်ကို အလွတ်မပေးနိုင်ဘူး ၊ ဖြစ်နိုင်ရင် အခုတောင် သတ်ပစ်ချင်နေတယ်”

ထိုစကားကိုပြောလိုက်သည့်အချိန်တွင် ဆန်းလျန်၏မျက်နှာထက်တွင် ထူးဆန်းသည့် အပြုံးတစ်ခုကို တွေ့မြင်ရမည် ဖြစ်လေသည်။ ဆန်းလျန်၏အပြုံးသည် မဟူရာကောင်းကင်ထက်တွင်လင်းလက်နေသည့် နဂါးငွေ့တန်းအလားပင် တောက်ပလွန်းလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်ခန့်က ချင်းရွှမ်နတ်တံခါးမှ ကံမကောင်းခဲ့ကြလေသော ဆရာသခင်များအကြောင်းကို ဆန်းလျန် စဉ်းစားနေမိလေသည်။

ဆရာသခင်ကျန်းရော့ရှီးသည် မပျောက်ကင်းနိုင်တော့သည့် အတွင်းဒဏ်ကို ပြင်းထန်စွာရခဲ့သည်။ သူ၏အသက်ကို ရှည်နိုင်သမျှရှည်ရန် ဆွဲထားခဲ့ပြီး ချင်းရွှမ်နတ်တံခါး၏ ကံကြမ္မာအတွက် စိုးရိမ်ပူပန်နေခဲ့ရသည်။ နောက်ဆုံးတွင်တော့ ဆရာသခင်သည် သေဆုံးသွားခဲ့ရလေသည်။

ယခု ဆန်းလျန်၏ အခြေအနေမှာ ဆရာသခင်ကျန်းရော့ရှီး ထက်ပင် ဆိုးနေခဲ့လေပြီ။

အချိန်ကုန်လာသည်နှင့်အမျှ ကြယ်တာရာစွမ်းအားများနှင့် မူလဝိညာဉ်ခန္ဓာသည် တဖြည်းဖြည်း ဆုတ်ယုတ်လျှက်ရှိလေသည်။ သူသာ အချိန်မီ တားဆီးနိုင်ခြင်းမရှိလျှင် သူ၏ မူလဝိညာဉ်ခန္ဓာသည် သဲလွန်စမကျန်အောင် ပျောက်ကွယ်သွားမည်ဖြစ်ပြီး လူပြန်ဝင်စားနိုင်တော့မည်ပင် မဟုတ်တော့ပေ။

ထိုသို့ဖြစ်ရခြင်းမှာ အချိန်မကျသေးဘဲ တာအိုနှင့်

တစ်သားတည်းကျရန် အတင်းအကြပ်လုပ်ဆောင်လိုက်မိ

သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် ကျောက်စိမ်းကျိုင်းတံကိုင်ထားသည့် မူလနတ်

ဘုရားဖြစ်သည့် လင်ပေါင်ထျန်းကျွင်း၏ တာအိုအစိတ်အပိုင်း

နှင့်ပေါင်းစပ်လိုက်မိသည့်တိုင် ထိုသို့ပေါင်းစည်းမိခြင်းကပင်

သူ၏ခံနိုင်ရည်ထက် ကျော်လွန်သွားခဲ့လေသည်။

သို့သော် လက်ရှိအချိန်တွင်တော့ သူက အလွန်မှ တန်ခိုး

စွမ်းအားများ အဆုံးစွန်ထိ မြင့်မားနေလေသည်။

လက်ရှိအချိန်တွင် လောကတစ်ခွင်တွင် သူ့ကို မည်သူမျှ

ယှဉ်ပြိုင်နိုင်မည့်သူ မရှိပေ။

မည်သို့ပင်ဖြစ်စေ ဆန်းလျန် နောင်တ မရခဲ့ပါ။

သူ့ဘဝသည် အိပ်မက်လှလှလေးတစ်ခု ဖြစ်ကောင်းဖြစ်နိုင်

လေသည်။ သူ့နေဖြင့် အိပ်မက်ကမ္ဘာတွင် ပျော်မွေ့စွာနေထိုင်

ရင်း အချိန်တန်လျှင် အိပ်မက်က အဆုံးသတ်သွားမည် ဖြစ်လေသည်။

“ဘာပဲဖြစ်ဖြစ် ကျုပ် ခင်ဗျားကို ကျေးဇူးတင်ပါတယ်”

ဟွမ်ကျန်းကပြောလိုက်သည်။

“ကျေးဇူးတင်ဖို့ မလိုပါဘူးလေ ၊ ဒါနဲ့ ကျုပ်သိချင်တာ တစ်ခုရှိတယ် ၊ ယန်ရှီးရဲ့ မိစ္ဆာမျိုးစေ့နဲ့ ထိန်းချုပ်မှုအောက်ကနေ ခင်ဗျားဘယ်လို ရုန်းထွက်လာတာလဲ"

ဆန်းလျန်က သိလိုစိတ်ဖြင့် မေးလိုက်သည်။

ဟွမ်ကျန်းသည် သူ၏အင်္ကျီရင်ပတ်ထဲမှ ကျောက်ဇော်တံဆိပ်တော်တစ်ခုကို ထုတ်ယူလိုက်သည်။

“ဒီပစ္စည်းကြောင့်ပေါ့”

ကျောက်ဇစ်တံဆိပ်တော်မှ ထုန်လွှတ်လိုက်သည့် စွမ်းအားများသည် ဆန်းလျန်၏ ကြယ်တာရာစွမ်းအားများကိုပင် လာရောက်ရိုက်ခတ်လေသည်။

"ခွန်စန်းတောင်က ကျောက်စိမ်းအကြောင်းကို ကျုပ်ကြားဖူးတယ်၊ ဒီကေရာဇ်တံဆိပ်တော်က ခွန်စန်းတောင်က ကျောက်စိမ်းတစ်ဖဲ့နဲ့ ပြုလုပ်ထားတာပဲ၊ မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားဆိုတာ ကြောက်စရာကောင်းတဲ့ တန်ခိုးစွမ်းအားပဲ၊ ဒါပေမယ့် ဒီတံဆိပ်တော်ကိုအသုံးပြုပြီး ယန်ရှီးရဲ့စွမ်းအားကို တွန်းလှန်နိုင်ဖို့ လုပ်နိုင်တယ်ဆိုတာ တော်ရုံအရည်အချင်းနဲ့ ဘယ်ရမှာလဲ တာအိုရောင်းရင်းဟွမ်ကျန်းရေ"

ဆန်းလျန်က ဟွမ်ကျန်းကို ချီးကျူးသလိုနှင့် သူ၏ဗဟုသုတကြွယ်ဝမှုကို မသိမသာ ထုတ်ဖော်ပြသလိုက်လေသည်။

မည်သို့ပင်ဖြစ်စေ ခွန်စန်းတောင်မှကျောက်စိမ်းဖြင့် ပြုလုပ်ထားသည့် ကေရာဇ်တံဆိပ်တော်သည် ယန်ရှီးထံမှ ဘယ်လောက်အချိန်ကြာကြာ ဟွမ်ကျန်းကို ဖုံးကွယ်ပေးထားနိုင်ပါမည်နည်း။

"ဒီတံဆိပ်တော်က ကျုပ်ရဲ့ဝိညာဉ်စွမ်းအားကို ယန်ရှီးဆီက ခဏပဲ ဖုံးကွယ်ပေးထားနိုင်တာ ၊ လုံးဝတော့ မလွတ်မြောက်နိုင်သေးဘူး ၊ ပွင့်ပွင့်လင်းလင်းပြောရရင် အခုချိန်မှာ သူ့ကို ယှဉ်ပြိုင်နိုင်တဲ့သူဆိုလို့ မရှိနိုင်တော့ဘူး ၊ ရှမ်ထျန်းနတ်ဘုရားဂိုဏ်းက လုကျိုးယွမ်ရော ၊ အခြား အဓိကနတ်ဘုရားကျောင်းတော်ကြီးတွေက ဂိုဏ်းချုပ်တွေရော ဘယ်သူမှ သူ့ကို နိုင်အောင် တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး ၊ သူ လော်ဝါဒကို တိုက်ခိုက်ခဲ့တာက ပထမခြေလှမ်းပဲ ရှိသေးတယ် ၊ နောက်ပိုင်းကျရင် လောကတစ်ခုလုံးကို မှန်တိုင်းထန်အောင် လုပ်ပစ်လိမ့်မယ်"

ဟွမ်ကျန်းက သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်သည်။

"ဒီလိုသာဆိုရင် ဒီလူက နတ်ဆိုးတစ်ကောင်ထက်တောင် ဆိုးသွမ်းတဲ့သူပဲ ၊ ဒါပေမယ့် လောကမှာ မိုးကောင်းကင်နတ်မိစ္ဆာကို နှိမ်နင်းနိုင်ဖို့ဆိုတောတော့ တကယ်ခက်ခဲတယ်"

ဆန်းလျန်က ပုံမှန်လေသံဖြင့်ပင် ပြန်ပြောလိုက်သည်။

ဆန်းလျန်နှင့် ယန်ရှီးမှာ ကမ္ဘာမကြေ ရန်သူများဖြစ်ကြ သော်လည်း ယန်ရှီးသည် အလွန်မှ ကြောက်မက်ဖွယ်ကောင်း သည့် ပြိုင်ဘက်တစ်ယောက်လည်း ဖြစ်သည်ကိုတော့ ဆန်း လျန် ဝန်ခံရပေမည်။

ယန်ရှီး၏ ကိုယ်ရည်ကိုယ်သွေး၊ အသိဉာဏ်ပညာ၊ ပြတ်သား မှုနှင့် နည်းဗျူဟာများ၊ လိုက်လျောညီထွေရှိမှုများသည် ဆန်း လျန်နှင့်တန်းတူပင် ဖြစ်လေသည်။

ထို့ကြောင့် ယန်ရှီးနှင့် ရင်ဆိုင်ရာတွင် ဆန်းလျန်သည် မည် သည့်နည်းစနစ်ကိုမှ အရာထင်အောင် အသုံးမချနိုင်ခဲ့ပေ။

ထို့ပြင် ယခုနှစ်များအတွင်းတွင် ဆန်းလျန်၏ ကျင့်စဉ်လမ်းက အဆမတန် မြင့်တက်လာခဲ့သည့်တိုင်အောင် ယန်ရှီးကလည်း ရပ်တန့်နေသည့်သူတစ်ယောက် မဟုတ်ပေ။

ယင် နှင့် ယန်ကို ကိုယ်စားပြုသည့် ကျင့်စဉ်များဖြစ်သည့်တိုင် ပကတိဖန်ဆင်းခြင်းပညာသည် အိပ်မက်လိပ်ပြာကျင့်စဉ်နှင့် တူညီခြင်းမရှိပေ။ ဆန်းလျန်သည် အိပ်မက်လိပ်ပြာကျင့်စဉ်ကို လေ့လာခဲ့ပြီးသည့်နောက် ပကတိဖန်ဆင်းပညာကို ကျင့်ကြံသူ တစ်ယောက်သည် မည်မျှ ရင်ဆိုင်ရင် ခက်ခဲကြောင်း သဘောပေါက်ခဲ့ရသည်။

အမှန်တော့ ထိုကျင့်စဉ်ကျင့်ကြံသူများကို သတ်ဖြတ်နိုင်ရန်မှာ မဖြစ်နိုင်ပေ။

"သူ ကျုပ်ကို မထိန်းချုပ်ခင်အထိ မိုးကောင်းကင်နတ်မိစ္ဆာဆို တာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ကျုပ်မသိ ခဲ့ဘူး ၊ နတ်ဆိုးထက်တောင် ဆိုးတဲ့ ကျင့်စဉ်ပဲ"

ဟွမ်ကျန်းသည် ထိုစကားကို ခံစားချက်ပေါင်းများစွာဖြင့် ပြော လိုက်ခြင်း ဖြစ်လေသည်။

ဟွမ်ကျန်းအတွက်ကတော့ ပြောမယုံ ကြုံမှသိ ဆိုသလိုပင်

တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ကြုံရတော့မှ ယခုကဲ့သို့

ထုတ်ဖော်ပြောနိုင်ခြင်း ဖြစ်လေသည်။

“သူ့ကို ရင်ဆိုင်ဖို့ တော်တော်ခက်တယ် ၊ ဒါကြောင့်လည်း

ခင်ဗျားနဲ့တွေ့ဖို့ ဒီနေရာကို ရောက်လာရတာပဲ ၊ ခင်ဗျားက

တစ်ဆင့် သူ့အကြောင်းတစ်ခုခုကို ရှာဖွေဖို့လိုတယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

အခန်း (၄၂၅) ရေနဂါး

ပန်းဥယျာဉ်လေးတစ်ခု...

ပန်းဥယျာဉ်လေးက တိတ်ဆိတ်ရှင်းလင်းနေလေသည်။

ကောင်းကင်ထက်တွင်တော့ လဝန်းက ထွန်းလင်းလျှက်...။

ထိုပန်းဥယျာဉ်လေးအတွင်းတွင် စီးဆင်းနေသည့် စမ်းချောင်းလေးနားတွင် ယန်ရှီး ရုတ်တရက် ပေါ်လာလေသည်။ သူက တံတားလေးအဆုံးတွင် တစ်ယောက်တည်းရပ်နေပြီး သူ၏ဝတ်ရုံများက လေထဲတွင် လွင့်မျောနေလေသည်။

ယန်ရှီးနှင့် မနီးမဝေးတစ်နေရာတွင် ထျန်းမုန့်နတ်သမီး ရပ်နေလေသည်။ သူမ၏လက်ထဲတွင် ထိုက်စုနတ်ဘုရားဓားကို ကိုင်ထားလေသည်။ သူမက ခံစားချက်ပေါင်းများစွာဖြင့် ယန်ရှီးကို စိုက်ကြည့်နေလေသည်။ သူမ၏အကြည့်တွင် အချစ်နှင့်အမုန်းများ ရောထွေးနေလေသည်။

ထိုပန်းဥယျာဉ်လေးသည် ထိုက်စုနတ်ဘုရားဂိုဏ်း၏ လျှို့ဝှက်နေရာတစ်ခု ဖြစ်ပြီး ထျန်းမုန့်နတ်သမီးနေထိုင်သည့် နန်းဆောင်အောက်တွင် တည်ရှိလေသည်။

ထိုက်စုနတ်ဘုရားသုံးပါးနေထိုင်သည့် နတ်ဘုရားတောင်သည်

ထိုလျှို့ဝှက်နေရာ၏ ညာဘက်ခြမ်းတွင်တည်ရှိလေသည်။

သို့သော် ယန်ရှီးက ထိုက်စုနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားသုံးပါး

ကို ဂရုပင်မစိုက်ပါ။

သူသည် စီးဆင်းနေသည့်ရေများထဲတွင် အရိပ်ထင်နေသည့်

လရောင်ကို ငေးကြည့်နေလေသည်။ ရေထဲတွင် လမင်းက

ရောင်ပြန်ဟပ်နေပြီး ကြယ်စင်တစ်ခုချင်းစီကိုတွေ့မြင်နေရ

လေသည်။

ထိုကြယ်စင်တစ်ခုချင်းစီတွင် တိုက်ရိုက်ဖြစ်စေ ၊

သွယ်ဝိုက်၍ဖြစ်စေ သူသတ်ဖြတ်ခဲ့သည့် လူများ၏

မျက်နှာများကို တွေ့မြင်နေရလေသည်။

သို့သော်... ထိုသို့တွေ့မြင်နေရသည့်အတွက် ယန်ရှီးကတော့

စိတ်အနှောက်အယှက် မဖြစ်မိပါ။ သူက သူတို့ကို စိတ်တောင်

ဝင်စားမိသေးသည်။ ထိုသူများသည် သူ့ကို လက်စားချေချင်

ကြသည့်တိုင်အောင် လက်စားချေနိုင်ကြမည်မဟုတ်ပေ။ မည်မျှပျော်စရာကောင်းလိုက်သည့်ခံစားချက်လဲလေ။

ရုတ်တရက် စီးဆင်းနေသော စမ်းရေထက်တွင် ပုံရိပ်တစ်ခုပေါ်လာလေသည်။

ဟွမ်ကျန်းနှင့် ကောင်စုတ်လေးဆန်းလျန်တို့၏ ပုံရိပ်ပင်ဖြစ်လေသည်။

လက်ရှိအချိန်တွင် သူ၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်မှာ စိတ်ကူး၍ပင် မရနိုင်လောက်အောင် မြင့်မားနေခဲ့ပြီဖြစ်သည်။ လူ့လောကတွင်တော့ သူက မိုးကောင်းကင်နတ်မိစ္ဆာ ဆရာတစ်ဆူပင် ဖြစ်လေသည်။ ထို့ကြောင့် တစ်စုံတစ်ယောက်က သူ့အကြောင်းကို ပြောနေသည်ဆိုလျှင် ချက်ချင်းသိနိုင်လေသည်။

ယခုလည်း ဟွမ်ကျန်းနှင့် ဆန်းလျန်သည် သူ့အကြောင်းကို ပြောနေကြလေသည်။

ဆန်းလျန်သည် ယနေ့ညတွင်လည်း သူ့ကို တစ်နေရာမှ လှမ်းကြည့်နေခဲ့သေးသည်။ ဒီကောင်စုတ်လေးဆန်းလျန်သည်သူတွေ့ဖူးသမျှလူများထဲတွင် စိတ်ဝင်စားစရာအကောင်းဆုံး လူတစ်ယောက် ဖြစ်လေသည်။

ထို့ပြင် ထိုကောင်စုတ်လေး ဆန်းလျန်သည် သူ့ကိုဖျက်စီးပစ်နိုင်သည့် တစ်ဦးတည်းသော လူတစ်ယောက်လည်း ဖြစ်လေသည်။ ယန်ရှီး၏ ဘဝတစ်လျှောက်လုံးတွင် ဆန်းလျန်ကဲ့သို့သောလူမျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးပေ။ ဆန်းလျန်သည် ပါရမီရှင်တစ်ယောက်ဖြစ်သလို ဉာဏ်ပညာနှင့်လည်းပြည့်စုံကာဆုံးဖြတ်ချက်ပြတ်သားသူတစ်ယောက်လည်း ဖြစ်လေသည်။ ဟွမ်ကျန်းနှင့်ဆန်းလျန်ပြောနေသည့်စကားများကို ယန်ရှီးသေသေချာချာ မကြားရပေ။

ဆန်းလျန်၏ ခန္ဓာကိုယ်မှ ထုတ်လွှတ်နေသည့် ကြယ်တာရာစွမ်းအားများက တားဆီးထားသလို ဟွမ်ကျန်းကလည်း

မိုးကောင်းကင် နတ်မိစ္ဆာတန်ခိုးစွမ်းအားကို ဖိနှိပ်ထားနိုင်သည့် ကြေရာဇ်တံဆိပ်တော်တစ်ခုကို ကိုင်ထားသေးသည်။

သို့သော်… ထိုနှစ်ယောက်သည် သူ့ကို လုပ်ကြံရန် တိုင်ပင်ဆွေးနွေးနေကြခြင်းဖြစ်သည်ကိုတော့ သူ ကောင်းကောင်း ရိပ်မိလေသည်။

ဟွမ်ကျန်းသည် သူ၏ မိစ္ဆာမျိုးစေ့ဖြင့် ထိန်းချုပ်ခံထားရသည့်တိုင် အသိစိတ်လွတ်မသွားသေးသည့်အတွက် ယန်ရှီးက အံ့ဩနေမိလေသည်။ ကြေရာဇ်တံဆိပ်တော်၏ စွမ်းအားကြောင့် ဖြစ်သည်ကို သိနေသည့်တိုင် သူက အံ့ဩနေဆဲ ဖြစ်လေသည်။

သို့သော်… သူက ဒေါသထွက်ခြင်း မရှိပါ။ ဘာမှမဖြစ်ခဲ့ပါလျှင် သူသည်စိတ်ဝင်စားဖွယ်ကောင်းသည်ကိုတွေ့ရသည် - ကောင်းသောစိန်ခေါ်မှုများမရှိဘဲဘဝသည်ပျင်းစရာကောင်းလိုက်မည်ဖြစ်ခြင်း! ဘဝသည်ထိုမျှလောက်

ပျင်းစရာကောင်းလာလျှင်တော့ သူက သူ့ကိုယ်သူပင် သတ်

သေလိုက်ဦးမည် ဖြစ်သည်။

နေရာဒေသ ဝေးကွာနေသည့်တိုင်အောင် ယန်ရှီး သူတို့ကို

ကြည့်နေသည်ကို ဆန်းလျန်က လှမ်းမြင်လိုက်ရလေသည်။

ဆန်းလျန်က ယန်ရှီးကို ပြုံးပြလိုက်ပြီး လက်တစ်ဖက်ဝှေ့ယမ်း

ပြလိုက်သည်။

ယန်ရှီးကလည်း ဆန်းလျန်ကို ပြန်ပြုံးပြလိုက်လေသည်။

သူတို့နှုတ်ဆက်ဖြစ်ကြသည်မှာ ယခုတစ်ကြိမ်သည် ဒုတိယ

အကြိမ် ဖြစ်လေသည်။

ထို့နောက် ဆန်းလျန်၏ မျက်နှာအမူအရာပြောင်းလဲသွားပြီး

မိုးကြိုးပစ်သံတစ်ချက်ကို ကြားလိုက်ရလေသည်။

ထိုက်စုနန်းတော်ထဲတွင် အရာရာက ပုံမှန်ပင် ဖြစ်လေသည်။

လရောင်မှာလည်း ကြည်လင်စွာ တောက်ပနေလေသည်။

သို့သော် ထျန်းမုန့်နတ်သမီးကတော့ တန်ခိုးစွမ်းအားတစ်ခုကို ခံစားလိုက်ရလေသည်။

ယန်ရှီး၏ ခန္ဓာကိုယ်မှာ လျှပ်စီးနှင့်ဆင်တူသည့် အပြာရောင် အလင်းတန်းများ ဖြာထွက်နေလေသည်။

မိုးကြိုးပစ်သည်နှင့် လျှပ်စီးလည်းလက်မည် ဖြစ်လေသည်။

သို့သော် ယန်ရှီးရင်ဆိုင်လိုက်ရသည့် မိုးကြိုးမှာ တခြားနေရာမှ ထွက်ပေါ်လာခြင်းမဟုတ်။ သူ၏ကိုယ်ထဲမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ဆန်းလျန်က မိုးကြိုးတန်ခိုးစွမ်းအားကို အသုံးပြုလိုက်ခြင်း ဖြစ်ပြီး ဆန်းလျန်၏ တန်ခိုးစွမ်းအား မည်မျှ မြင့်မားနေပြီ ဖြစ်ကြောင်း ယန်ရှီး နားလည်သွားရလေသည်။ ဆန်းလျန်သည် ဟွမ်ကျန်း၏ ခန္ဓာကိုယ်ထဲတွင် သူထည့်သွင်းထားသည့် မိစ္ဆာမျိုးစေ့မှတစ်ဆင့် မိုးကြိုးတန်ခိုးစွမ်းအားကို သူ့ကိုယ်ထဲ သို့ရောက်အောင် ထည့်သွင်းပေးလိုက်ခြင်း ဖြစ်လေသည်။

မိုးကြိုးတန်ခိုးစွမ်းအားသည် အလွန်စွမ်းအားမြင့်မားသွားပါက မိုးကောင်းကင်နတ်မိစ္ဆာကို တားဆီးနိုင်သည်မှာ သဘာဝပင် ဖြစ်လေသည်။

ဆန်းလျန်က ဟွမ်ကျန်းမှတစ်ဆင့် သူ့ဆီသို့ မိုးကြိုးတန်ခိုး စွမ်းအား ထည့်သွင်းပေးလိုက်သည့်အတွက် သူ၏နှလုံးသားထဲ ရှိ ဝိညာဉ်သည် မိုးကြိုးပစ်ခံလိုက်ရပြီး တစ်စစီပျက်စီးသွား လေတော့သည်။

မိုးကြိုးတန်ခိုးစွမ်းအားအောက်တွင် ယန်ရှီးသည် တဖြည်းဖြည်း ပျက်စီးသွားလေသည်။

ယန်ရှီးပျက်စီးသွားသည်နှင့်အမျှ ဟွမ်ကျန်း၏ ခန္ဓာကိုယ်ထဲမှ မိစ္ဆာမျိုးစေ့လည်း ပျက်စီးသွားရလေသည်။

သို့သော် မိုးကောင်းကင်နတ်မိစ္ဆာတစ်ပါး အသက်ရှင်သန်ရန် အတွက် ဝိညာဉ်သည် အရေးပါသည့်အရာမဟုတ်ပေ။

ဘဝဆိုသည်က… အိပ်မက်တစ်ခုပင်ဖြစ်လေသည်။

သို့သော်… အေးစက်သည့်ဆောင်းတွင်းများဖြင့် ပြည့်နက်နေလေသည်။

ယန်ရှီးကတော့ သေဖို့စောင့်နေမည့်သူတစ်ယောက်တော့မဟုတ်ပေ။ သူက ပြန်တိုက်မည့်သူ ဖြစ်လေသည်။

သူ၏ ဝိညာဉ်အတွင်းမှ မိုးကြိုးသည် မီးခိုးနှင့်တိမ်များကဲ့သို့ အိပ်မက်ပမာ ပျောက်ကွယ်သွားလေသည်။ အေးစက်ခြင်းတရားက ဝိညာဉ်တစ်ခုလုံးကို ပြန်လည်သန့်စင်ပစ်လိုက်သည်။

ယန်ရှီးသည် ပျောက်ကွယ်သွားပြီးမှ ထျန်းမုန့်နတ်သမီး၏ဘေးနားတွင် ပြန်ပေါ်လာလေသည်။

"နင်ခုထိ မသေသေးဘူးလား"

ထျန်းမုန့်နတ်သမီးက မေးလိုက်လေသည်။

ယန်ရှီး၏ လက်များက ထျန်းမုန့်နတ်သမီး၏ ခါးသွယ်သွယ်လေးကို ပွေ့ဖက်လိုက်လေသည်။

“မင်းရင်ထဲမှာ ကျုပ်ကို တကယ်လည်းသေစေချင်တာမဟုတ်ဘဲနဲ့၊ ဘာလို့ ကိုယ့်ကိုကိုယ်လိမ်နေရတာလဲဟင်”

“တစ်နေ့တော့ နင့်ကို ငါ့လက်နဲ့သတ်ပစ်မယ်”

ထျန်းမုန့်နတ်သမီးက ခါးခါးသီးသီးပင် ပြောလိုက်လေသည်။

ယန်ရှီးကပြုံးလိုက်ရင်း....

“မင်းပြောတဲ့တစ်နေ့ဆိုတာ ဘယ်တော့မှ ရှိလာနိုင်မှာမဟုတ်ပါဘူးလေ"

ယန်ရှီးက အတန်ကြာတိတ်ဆိတ်နေပြီးမှ ဆက်ပြောလိုက်သည်။

“ထားလိုက်ပါလေ ခုန ဖြစ်ပျက်ခဲ့တာတွေက ကျုပ်ကို သတိပေးလိုက်သလိုပါပဲ၊ ဒါပေမယ့် ဒီညတော့ သူတို့နဲ့ မတွေ့ချင်သေးဘူး၊ ငါတို့ နောက်ထပ်လူတစ်ယောက်လောက် သွားသတ်လိုက်ကြရအောင်”

....

ရော့စွေမြစ်ရေပြင်ထက်ရှိလှေငယ်လေး....

ဟွမ်ကျန်းမှာ ယခုမှ စိတ်သက်သာရာရသွားလေသည်။

သူ၏နှလုံးသားထဲတွင် ထည့်သွင်းခြင်းခံထားရသည့် ယန်ရှီး၏ မိစ္ဆာမျိုးစေ့ ပျက်စီးသွားသည့်နောက် သူ့စိတ်ကို ဖုံးလွှမ်းနေသည့် အမှောင်နှင့်မြူခိုးများ ကင်းစင်သွားသလို ခံစားလိုက်ရလေသည်။

သူက ဆန်းလျန်ကို ဦးညွှတ်လိုက်ပြီး…

“ကျုပ်ကိုဘဝအသစ်ပြန်ရစေခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဆန်းကျန်းရန်”

“ယန်ရှီးက ခင်ဗျားကို လွယ်လွယ်နဲ့တော့ အလွတ်ပေးမှာမဟုတ်ဘူး ၊ ခင်ဗျား အခုချက်ချင်း ထိုက်ချန်းတောင်ကို ပြန်သင့်တယ်”

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်ပင် ပြောလိုက်လေသည်။

ယန်ရှီး သူ့ကိုလွယ်လွယ်နှင့် အလွတ်မပေးမည်ကို ဟွမ်ကျန်း ကိုယ်တိုင်လည်း သိထားပါသည်။ ပြီးတော့ ယန်ရှီး၏ ပကတိ ဖန်ဆင်းခြင်းပညာမှ လွတ်မြောက်လာနိုင်သူမှာလည်း သူတစ် ယောက်သာ ရှိသည်မဟုတ်ပါလား။

ဟွမ်ကျန်းက ဆန်းလျန်၏ အကူအညီဖြင့် လွတ်မြောက်ခဲ့ခြင်း ဖြစ်သည့်တိုင် မိုးကောင်းကင်နတ်မိစ္ဆာအကြောင်းကိုတော့ ကောင်းကောင်းသိထားပြီ ဖြစ်လေသည်။

အချိန်မရှိတော့သည်ကို သိလိုက်သည်နှင့် ဟွမ်ကျန်းက ဆန်း လျန်ကို နှုတ်ဆက်လိုက်သည်။

ရော့စွေမြစ်ရေထက်မှ လှောင်ယသည် ရွှမ်ချင်းအလင်းတန်း များ လင်းလက်လာပြီး ကောင်းကင်ထက်သို့ ပျံသန်းသွားလေ တော့သည်။

ဆန်းလျန်သည် ရော့စွေမြစ်ရေထက်တွင် မတ်တပ်ရပ်လျှက် ကျန်ရစ်ခဲ့လေသည်။

သူက မြစ်ရေပြင်ကို လက်ညှိုးနှင့်လက်ခလယ်အသုံးပြုကာ ထိုးညွှန်လိုက်သည်။ မြစ်ရေပြင်သည် နှစ်ခြမ်းကွဲသွားပြီး ရေအောက်ကြမ်းပြင် ပေါ်လာလေသည်။

ထိုအခါ ရေအောက်ကြမ်းပြင်တွင် ဝပ်နေသည့် အလွန်ကြီးမားသည့် နဂါးကြီးတစ်ကောင်ကို တွေ့လိုက်ရလေသည်။ ထိုနဂါးကြီးမှာ ချိုတစ်ချောင်းကလည်းပြတ်နေသေးသည်။ မျက်ဝန်းကြီးများကတော့ မီးအိမ်ကြီးများအလား လင်းလက်တောက်ပနေလေသည်။

"မင်းကျုပ်ရဲ့ စီးတော်ယဉ်လုပ်မလား ၊ လုပ်မယ်ဆိုရင် ဘာမှပြန်မပြောနဲ့ ၊ မလုပ်ချင်ဘူးဆိုရင်တော့ ချက်ချင်း ငြင်းတဲ့စကားပြန်ပြောလို့ရတယ်"

ဆန်းလျန်က နဂါးကြီးကို ပြောလိုက်သည်။

ရေနဂါးကြီးက ဆန်းလျန်ပြောစကားကို သေသေချာချာနားလည်လေသည်။ သူက ပါးစပ်ကိုဖွင့်ကာ ငြင်းပယ်ရန်

ပြင်ဆင်လိုက်သည်။ သို့သော် မမြင်ရသည့်စွမ်းအားတစ်ခုက သူ့ကိုတားဆီးထားသည့်အလား စကားပြန်မပြောနိုင် ဖြစ်နေရလေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်းက စကားပြန်မပြောဘူးဆိုတော့ ကျုပ်ပြောတာကို သဘောတူတယ်လို့ ယူဆလိုက်မယ် ၊ ကျုပ်က နဂါးကိုစီးပြီး ကောင်းကင်မှာ ပျံသန်းဖို့ အမြဲတမ်း စိတ်ကူးနေခဲ့တာ ၊ အခု တော့တကယ်ဖြစ်လာပြီပဲ ၊ ဒါပေမယ့် မင်းက နဂါးအစစ်တော့ မဟုတ်တာဆိုးတယ်"

ရေနဂါးကြီးသည် ဆန်းလျန်၏ သောက်ကြီးသောက်ကျယ် စကားများအတွက် ဒေါသချောင်းချောင်းထွက်နေလေသည်။ သူသာ လှုပ်ရှားနိုင်လျှင် ဆန်းလျန်ကို ခုန်အုပ်မိမည် ဖြစ်လေသည်။ သူကဲ့သို့ မြင့်မြတ်သော နဂါးမျိုးနွယ်ကို စီးတော်ယဥ်

လုပ်မည်ဟု ပြောရုံမျှမက သူ့ကိုပင် နဂါးအစစ်မဟုတ်သည့်အတွက် စိတ်ပျက်နေသေးသည် မဟုတ်ပါလား။

သို့သော်... ရေနဂါးကြီးမှာ ဆန်းလျန်၏ ထိန်းချုပ်မှုကို ခံစားရသည့်အတွက် စကားလည်းမပြောနိုင်သလို လှုပ်လည်း မလှုပ်နိုင်တော့ပေ။

အခန်း (၄၂၆) ဂိုဏ်းတူအစ်ကို အပြင်ထွက်လို့မရဘူးလေ

"မင်းသဘောတူပြီးမှတော့ နောက်ပြန်ဆုတ်လို့မရတော့ဘူးလေ ၊ ပြီးတော့..."

ဆန်းလျန်က နူးညံ့စွာ ပြောလိုက်သည်။

"ပြီးတော့ ဘာဖြစ်သလဲ..."

ဆန်းလျန်က ရေနဂါးကြီးကို ဖိနှိပ်ထားသည့် ဖိအားကို ဖယ်ရှား လိုက်သည့်အတွက် ရေနဂါးကြီးမှာ စကားပြော၍ ရလာလေ သည်။

ဆန်းလျန်က ရေနဂါးကြီး၏ တစ်ဖက်ပြတ်နေသည့်ဦးချိုကို အသာပွတ်သပ်လိုက်ရင်း...

"နဂါးအသားက အရသာရှိတယ်လို့ ကြားဖူးတယ်၊ မင်း စကားမတည်ဘူးဆိုရင် နဂါးအသားဘယ်လိုအရသာရှိလဲဆို တာ သိရအောင် မင်းကို ချက်စားပစ်လိုက်မယ်၊ မင်းက နဂါး အစစ်မဟုတ်ပေမယ့်လည်း အသားကတော့ ဆိုးမယ်မထင်ပါ ဘူးလေ"

ဆန်းလျန်သည် ရေနဂါးကြီးကို စကားပြော၍ရအောင် ထိန်းချုပ်မှုဖယ်ရှားပေးလိုက်သော်လည်း ရေနဂါးကြီး

လွတ်လွတ်လပ်လပ် လှုပ်ရှား၍မရအောင်တော့ ဖိနှိပ်ထားဆဲဖြစ်လေသည်။

ရေနဂါးကြီးမှာ ဆန်းလျန်၏ရှေ့တွင် ရေမြွေလေးအလားပြားပြားဝပ်နေရလေသည်။

ရေနဂါးကြီးမှာ နဂါးမျိုးရိုးမှဆင်းသက်လာသော်လည်း ဆန်းလျန်ပြောစကားကိုကြားသည်နှင့် သူက ဆန်းလျန်ကိုကလန်ကဆန်လုပ်ရန် မစဉ်းစားတော့ပေ။

ရေနဂါးကြီးက ချက်ချင်းပင် ပြောလိုက်သည်။

"သခင်၊ ဒီနဂါးလေးက ကတိဖျက်မှာမဟုတ်ပါဘူး"

"အင်း... ဟုတ်ပြီလေ၊ ဒါနဲ့ မင်း ကျုန်းစန်းတောင်အထိရောက်လာတာ တော်တော်တော့ သတ္တိကောင်းတာပဲ"

ဆန်းလျန်က ပြောလိုက်သည်။

"မင်းလို ထူးထူးဆန်းဆန်းအကောင်မျိုး ဒီနေရာမှာ ရောက်နေမယ်မှန်းသိရင် ကျုပ် ကျုန်းစန်းတောင်ကို မလာခဲ့ပါဘူးကွာ"

ထိုစကားကိုတော့ ရေနဂါးကြီးက စိတ်ထဲမှသာ ပြောလိုက်မိခြင်း ဖြစ်လေသည်။

ချန်ပေသို၏ ယာဇ်ပူဇော်ရာမိုးရွာသွန်းခြင်းအတွက် ဤနေရာသို့ လာခဲ့ရသည်ကိုပင် နောင်တရချင်သလိုလို ဖြစ်နေလေသည်။

ထို့ပြင် ရှမ်ထုံနတ်မိစ္ဆာဘုရင်မကလည်း ရော့စွေမြစ်မှ ဝိညာဉ်စွမ်းအားများကို လိုချင်နေသည့်အတွက် သူက ထိုအရာကို ရယူရန် ရောက်လာရခြင်း ဖြစ်လေသည်။ သူက ရှမ်ထုံနတ်မိစ္ဆာဘုရင်မကို ချစ်ခွင့်ပန်ချင်သည့်အတွက် ထိုသို့ ပြုလုပ်ခြင်းဖြစ်သည့်တိုင် ယခုတော့ ရှမ်ထုံနတ်မိစ္ဆာဘုရင်မကို ကျိန်ဆဲချင်နေမိပြီ။

"မင်းလို အရုပ်ဆိုးဆိုးနဂါးက ကျုပ်နဲ့တွေ့တာပဲ ကံကောင်းတယ်မှတ်၊ ပြီးတော့ ကြည့်စမ်းပါဦး၊ ချန်ပေသိုရဲ့ဓားဝိညာဉ်ကြောင့် ဦးချိုလည်း ပြတ်နေသေးတယ်"

ဆန်းလျန်က ပြောလိုက်ရင်း သူ၏လက်ချောင်းများမှ ကြယ်တာရာစွမ်းအားများကို နဂါးဦးချိုဆီသို့ ဝင်ရောက်စေကာ ဦးချိုကို အသစ်ပြန်ပေါက်စေလိုက်လေသည်။

နဂါးကြီးမှာ ဦးချိုသာမက အခြားသောဒဏ်ရာဒဏ်ချက်များပါ ပျောက်ကင်းသွားခဲ့လေသည်။

"ကျေးဇူးတင်ပါတယ် သခင်"

နဂါးကြီးက ဆန်းလျန်ကို ဦးညွှတ်ရင်း ပြောလိုက်သည်။ ယခုတစ်ကြိမ်တွင်တော့ သူ့ရင်ထဲမှ ဆန်းလျန်ကို လှိုက်လှိုက်လှဲလှဲ အမှန်တကယ် ကျေးဇူးတင်မိခြင်း ဖြစ်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအား အတိမ်အနက်ကိုလည်း သိမြင်သွားပြီဖြစ်သည့်အတွက် ဆန်းလျန်လိုလူမျိုးနှင့် ပတ်သက်ရခြင်းက သူ့ကို အကျိုးမယုတ်စေနိုင်ဟု နဂါးကြီးက တွေးလိုက်မိသည်။

ထို့ပြင် ဆန်းလျန်သည် အဓိကနတ်ဘုရားကျောင်းတော်ကြီး

လေးခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် ချင်းရွှမ်နတ်တံခါး၏

ဂိုဏ်းချုပ်ဖြစ်သည့်အတွက် စစ်မှန်သောနဂါးများထက်ပင်

တန်ခိုးစွမ်းအားမြင့်မားသော ပုဂ္ဂိုလ် ဖြစ်လေသည်။

"အခု ကျုပ်ကို တစ်နေရာကို ခေါ်သွားပေးပါ"

ဆန်းလျန်က နဂါးကြီး၏ ဦးခေါင်းထက်တွင် ထိုင်ရင်း အမိန့်

ပေးလိုက်သည်။

နဂါးဦးချိုကြီးများမှာသစ်ကိုင်းသစ်ခက်များပမာဖြစ်ပြီး လူ

တစ်ရပ်ကျော်နီးပါး ရှည်လျားလေသည်။ ဆန်းလျန်သည် ထို

ဦးချိုနှစ်ခုကြားတွင် အေးအေးဆေးဆေးထိုင်ရင်း

တေးသီချင်းတစ်ပုဒ်ကို ဆိုညည်းနေလေသည်။

....

ချန်ကျင်းချင်မှာ ချန်ပေသိုနှင့် ဆန်းလျန်တို့၏ တိုက်ပွဲမှ တုန်

ခါနေသည့်တန်ခိုးစွမ်းအားများကြောင့် ချောက်ကမ်းပါး

အောက်သို့ ပြုတ်ကျသွားခဲ့လေသည်။

သို့သော် ဓားဝိညာဉ်တစ်ခုက သူ့ကို ချောက်ထဲသို့ ပြုတ်မကျအောင် ကယ်ဆယ်ထားခဲ့သည်။

ဓားဝိညာဉ်ပိုင်ရှင်မှာ မိန်းမပျိုလေးတစ်ယောက်ဖြစ်လေသည်။

ထိုမိန်းမပျိုမှာ ဖန်းယန်ယင်းပင်ဖြစ်လေသည်။

ထိုမိန်းမပျိုလေးမှာလည်း ချန်ပေသိုနှင့် ဆန်းလျန်၏ တိုက်ပွဲကို ချန်ကျင်းချင်ကဲ့သို့ပင် ကြည့်နေခဲ့သူ ဖြစ်လေသည်။

နှစ်ပေါင်းတစ်သောင်းကျော် ခိုင်မာစွာ ရပ်တည်ခဲ့သည့် ကျုန်းစန်းတောင်ကြီးသည် ချန်ပေသိုမရှိတော့သည်နှင့် စတင်ယိုယွင်းပျက်စီးစပြုလာပြီ ဖြစ်လေသည်။ ချန်ကျင်းချင်သည် ချန်ကျေးရွာမှ လူများအတွက် စိတ်ပူနေမိလေသည်။ သို့သော် မျှော်ဆရာမရှိနေသဖြင့် သိပ်တော့ စိတ်ပူစရာမရှိဟု ချန်ကျင်းချင် တွေးလိုက်မိသည်။

ဖန်းယန်ယင်းမှာလည်း သူ့ကိုကယ်တင်ထားသည့်တိုင် သူ့ကို သိပ်ကြည့်ရသည့်ပုံမရှိပေ။

ဖန်းယန်ယင်းကဲ့သို့ သိမ်မွေ့လှပသည့် မိန်းကလေးတစ်ယောက်

သည် သူ့ကို ကြည့်မရဖြစ်နေရသည်မှာ အကြောင်းတစ်ခုတော့

ရှိပုံရလေသည်။ သို့သော် မိန်းကလေးများ၏ စိတ်က ထူးဆန်း

လေသည်။ တစ်ခါတစ်လေတွင် အကြောင်းမရှိဘဲလည်း

အလိုလို ကြည့်မရဖြစ်နေနိုင်ကြပြန်လေသည်။

ချန်ကျင်းချင်တွေးနေဆဲမှာပင် ရေ့စွေမြစ်ထဲမှ အလင်းတန်း

တစ်ခု ထွက်ပေါ်လာလေသည်။

ချန်ကျင်းချင်မှာ ထိုအလင်းတန်းကိုကြည့်ပြီး များစွာ အံ့သြ

သွားရသည်။ ထိုအလင်းတန်းမှာ ရေမနဂါးကြီးတစ်ကောင်

ဖြစ်လေသည်။

သို့သော် ချန်ကျင်းချင်သည် နဂါးကြီးကို စိတ်မဝင်စားအားပါ။

သူက နဂါးဦးခေါင်းထက်တွင်ထိုင်နေသည့် ဆန်းလျန်ကိုသာ

ပြူးကြည့်နေမိလေသည်။ ဆန်းလျန်၏ခန္ဓာကိုယ်မှ ကြယ်စင်

များအလား အလင်းရောင် မှိန်ပျပျ ထွက်ပေါ်နေလေသည်။

ဆန်းလျန်ကိုကြည့်ပြီး ချန်ကျင်းချင်သည် ဝမ်းနည်းလာမိလေသည်။ အဘယ်ကြောင့်ဝမ်းနည်းလာရသလဲဆိုသည်ကိုတော့ သူကိုယ်တိုင်လည်း မသိပေ။ ခံစားချက်များက ရှုတ်ထွေးနေလေသည်။

"ဆရာဦးလေး..."

ဖန်းယန်ယင်းက စိတ်လှုပ်ရှားစွာဖြင့် အော်ဟစ်လိုက်သည်။

ဆန်းလျန်က သူတို့နှစ်ယောက်ကို စိုက်ကြည့်လိုက်ပြီး...

"ယန်ယင်း ၊ ကျုပ်နဲ့ ချင်းရွှမ်နတ်တံခါးကိုလိုက်ခဲ့ပြီး ဟိုင်သန်းအဆင့်တက်ရောက်နိုင်တဲ့အထိ ကျင့်ကြံပါ ၊ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးဆင့်နဲ့ တက်ရောက်နိုင်အောင် ကြိုးစားပါ ၊ ဒါဆိုရင် မင်းက မင်းဆရာထက်တောင် ပိုတော်သွားလိမ့်မယ် ၊ အဲဒီအချိန်ကျရင် မင်းအတွက် ခမ်းနားတဲ့ ဟိုင်သန်းအဆင့်တက်ရောက်ပွဲအခမ်းအနားကို ကျုပ်ကိုယ်တိုင် ပြုလုပ်ပေးမယ်"

"ယန်ယင်း ဆရာဦးလေးရဲ့အမိန့်ကို နာခံပါ့မယ်၊ ဒါပေမယ့် ဟို င်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးဆင့်ရဖို့ဆိုတာ ကံတရားနဲ့ လည်းဆိုင်သေးတယ်၊ ကျွန်မရဲ့ဆရာနဲ့ ဆရာဦးလေးက လောကမှာ ရှားပါးတဲ့ ပါရမီရှင်တွေပဲ၊ ကျွန်မက ဆရာတို့ကို မ မီနိုင်မှာ စိုးရိမ်မိပါတယ်"

ဖန်းယန်ယင်းက ပြန်ပြောလိုက်သည်။

ဆန်းလျန်က ဖန်းယန်ယင်း၏ စကားကို အပြုံးဖြင့်သာ တုန့် ပြန်လိုက်ပြီး ချန်ကျင်းချင်ကို လှမ်းကြည့်လိုက်သည်။

"ချန်ကျင်းချင်၊ အခု ကျုပ်ရဲ့တပည့်ဖြစ်ဖို့ ဆန္ဒရှိသလား"

ချန်ကျင်းချင်က အတန်ကြာစဉ်းစားနေပြီးမှ...

"ဆရာ၊ ဆရာ့ရဲ့တပည့်တော့ဖြစ်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မေးချင်တာတစ်ခုရှိပါတယ်၊ တောင်စောင့်နတ် သခင် ဘာများဖြစ်သွားပြီလဲဟင်"

"ကျုပ်ရဲ့လက်ရှိအခြေအနေကိုရော ဘယ်လိုမြင်လဲ"

ဆန်းလျန်က ချန်ကျင်းချင်၏ အမေးကို အမေးဖြင့်ပင် တုန့်ပြန်လိုက်သည်။

"ဆရာ့ကိုမြင်ရတာ ကောင်းကင်ကြီးကို မြင်ရသလိုပဲ ၊ ကောင်းကင်က ဘယ်လိုမျိုးလဲလို့မေးမယ်ဆိုရင်တော့ မဖြေတတ်ဘူး ၊ ဒါကြောင့် ဆရာ့ရဲ့ လက်ရှိအခြေအနေကို ပြောပြဖို့ခက်နေပါတယ်"

ချန်ကျင်းချင်က ဦးညွှတ်ရင်း ပြောလိုက်လေသည်။

"ခက်ပေမယ့်လည်း နည်းနည်းတော့ပြောကြည့်စမ်းပါ ၊ မင်းစိတ်ထဲက ရှိတဲ့အတိုင်းပြော ၊ ကျုပ် မင်းကို အပြစ်မတင်ပါဘူး"

ဆန်းလျန်က ချန်ကျင်းချင်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

ချန်ကျင်းချင်လည်း မတတ်သာတော့ဘဲ ...

"ရိုးရိုးသားသားပြောရရင် ဆရာက အရောင်မှိန်နေတဲ့ ကောင်းကင်ကြီးနဲ့တူနေတယ်၊ တဖြည်းဖြည်းမှောင်မိုက်လာနေပြီ"

ဆန်းလျန်က ချန်ကျင်းချင်၏ အဖြေကိုသိရသည်နှင့် သူ၏ပေါင်ကို လက်ဖြင့်တစ်ချက်ပုတ်လိုက်ရင်း...

"ဟုတ်ပြီ၊ မင်းဟာ ထူးခြားချက်တွေကို သာမန်လူတွေထက်ပိုပြီး ဂရုစိုက်တတ်တယ်၊ ကျုပ်ရဲ့တပည့်ဖြစ်ထိုက်တယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျုပ်ဟာ ဝင်တော့မယ့်နေတစ်စင်းလိုပါပဲ၊ ဒါပေမယ့် ချန်ပေသိုလည်း ကျုပ်လောက်တောင် အခြေအနေမကောင်းနိုင်တော့ဘူး၊ သူက သေလူဖြစ်နေပြီလို့ပြောရင် ပိုမှန်မယ်"

အမှန်တော့ နတ်ဘုရားထောင်ချောက်ဓားကြောင့်သာ မဟုတ်လျှင် ယခုအချိန်တွင် ချန်ပေသိုမှာ တစ်စစီပင် ဖြစ်နေလောက်ပြီ ဖြစ်လေသည်။

"ကျင်းချင် ဆရာ့ရဲ့တပည့်အဖြစ် လက်ခံပါ့မယ်"

ချန်ကျင်းချင်က နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး ဆန်း လျန်ကို ဒူးထောက်ကာ ဦးကိုးကြိမ်ချလိုက်လေသည်။

ဖန်းယန်ယင်းမှာတော့ ချန်ပေသို၏ အခြေအနေကိုကြားလိုက် ရသည့်အခါ ဆန်းလျန်အတွက်ပါ စိတ်ပူသွားမိလေသည်။

ဆန်းလျန်က သူ၏ အင်္ကျီလက်ကိုဝှေ့ယမ်းလိုက်သည်။

ဖန်းယန်ယင်းနှင့်ချန်ကျင်းချင်တို့နှစ်ယောက်စလုံးသည် နဂါး ကြီး၏ ဦးခေါင်းထက်သို့ ရောက်ရှိသွားကြပြီး ဆန်းလျန်၏ ဘယ်နှင့်ညာတွင် မတ်တပ်ရပ်နေကြလေသည်။

"ထိုင်ကြလေ... ကလေးတို့"

ရေနဂါးကြီးက ပြောလိုက်လေသည်။

ထို့နောက် ရေနဂါးကြီးက အမြီးကိုတစ်ချက်ခါလိုက်ပြီး လှိုင်း များကို ဖန်ဆင်းလိုက်သည်။ ထို့နောက် ကောင်းကင်ထက်သို့ လျှင်မြန်စွာ ပျံသန်းထွက်ခွာသွားလေတော့သည်။

....

ထိုက်ချန်းတောင်...

လင်ရှောင်ခန်းမဆောင်အတွင်းရှိ ပလ္လင်ထက်တွင် ထိုင်နေသည့် ယွိမင်နတ်ဘုရားသည် သူ၏ မျက်လုံးများကို ဖွင့်လိုက်လေသည်။

ထို့နောက်သူသည် ခန်းမဆောင်အတွင်းမှ အပြင်သို့ ထွက်လာလိုက်လေသည်။

သို့သော် ခန်းမဆောင်တံခါးဝတွင် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မြက်ဖိနပ်စီးထားသည့် တာအိုဆရာတစ်ယောက်က သူ့ကို တားဆီးထားလိုက်လေသည်။

"ဂိုဏ်းတူအစ်ကို ၊ အပြင်ထွက်လို့မရဘူးလေ"

အခန်း (၄၂၇) ကြောက်လွဲ ရဲ မင်းဖြစ်

ယွိမင်နတ်ဘုရား၏ အင်္ကျီလက်များက လေထဲတွင် လွင့်ပျံနေ

လေသည်။ သူ၏ပုံစံကလည်း အေးဆေးတည်ငြိမ်လွန်းလှ

သည်။

"ဂိုဏ်းတူညီလေးတုန်းဖုန်း ၊ ဟွမ်ကျန်းနေရာမှာ မင်းဖြစ်နေရင်

လည်း ကျုပ်က သွားကူညီမှာပါပဲ"

တာအိုဆရာတုန်းဖုန်းသည် အစ်ကိုဖြစ်သူ ယွိမင်နတ်ဘုရားကို

ရိုသေလေးစားလွန်းစွာဖြင့် ဦးညွှတ်လိုက်လေသည်။

"ကျုပ်ကတော့ သွားမကူစေချင်ဘူး ၊ ဟွမ်ကျန်းအခုလို

ပြန်လာတာဟာ ဘယ်လိုအန္တရာယ်တွေ ဖြစ်လာဦးမလဲဆိုတာ မ

သိနိုင်ဘူး ၊ အစ်ကို တကယ်မသိဘူးလား ၊ ချင်းဝေးဆိုတာ

ကျုပ်တို့ဂိုဏ်းမှာ ပညာသင်ချင်ယောင်ဆောင်ပြီး ကျုပ်တို့

သတိမပြုမိခင်မှာပဲ ကျုပ်တို့အားလုံးကို အသုံးချသွားခဲ့တာ ၊

သူက ဟွမ်ကျန်းကို အခုလိုလွှတ်လိုက်တာ အကြံအစည်တစ်ခုခုရှိလို့ဖြစ်ရမယ်၊ အစ်ကိုသာ ဟွမ်ကျန်းကို သွားကူညီရင် သူ့ရဲ့လှည့်ကွက်ထဲကို တန်းဝင်သွားမှာပေါ့"

ယွိမင်နတ်ဘုရားက ဒေါသတကြီးဖြင့်...

"ဘာ ချင်းဝေးလဲ၊ အဲဒီကောင်က ချင်းရှမ်က ယန်ရှီးဆိုတဲ့ကောင်ပဲ၊ ကျုပ် ကျင့်စဉ်လမ်းကို စပြီးဝင်ရောက်တဲ့အချိန်မှာ အဲဒီကောင်က မွေးတောင်မမွေးသေးဘူး၊ သူ့ဟာသူ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်မကလို့ ဘာကြီးပဲကျင့်ကြံထားထား ကျုပ်သူ့ကို နှိမ်နင်းပစ်မယ်"

တာအိုဆရာတုန်းဖုန်းက ယွိမင်နတ်ဘုရားကို စိုက်ကြည့်လိုက်ပြီး...

"ဂိုဏ်းတူအစ်ကို၊ ချင်းရှမ်က ဆန်းလျန်ဆိုတာ ကျင့်စဉ်လမ်းမှာ အမြန်ဆုံးနဲ့နတ်ဘုရားဖြစ်သွားခဲ့တဲ့သူပဲ၊ ကျုပ်တို့ထဲမှာ သူ့ကိုယှဉ်နိုင်တဲ့သူ ဘယ်သူရှိလို့လဲ၊ သူတောင် ယန်ရှီးကို မ

ယှဉ်နိုင်ခဲ့ဘူး ၊ အခု ယန်ရှီးက ကျုပ်တို့ ကွမ်းချင်းနတ်ဘုရား ဂိုဏ်းက ကျင့်စဉ်တွေကိုအကုန်လုံးနီးပါးကိုလည်း သိနေပြီ ၊ ကျုပ်ရဲ့ ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာကိုလည်း သူကောင်းကောင်း နားလည်နေတယ် ၊ သူနဲ့သာသွားတိုက်ရင် ကျုပ်တို့နှစ် ယောက်လုံး ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်နေမှာပေါ့"

ယွိမင်နတ်ဘုရားက...

"မင်းနဲ့ ကျုပ်ကျင့်ကြံထားတဲ့ တာအိုတန်ခိုးစွမ်းအားတွေက မ ပျက်စီးနိုင်တဲ့ တာအိုစွမ်းအားတွေပဲ ၊ ဒီ မိုးကောင်းကင် နတ်မိစ္ဆာကောင်ကို ဘာလို့ကြောက်နေရမှာလဲကွ ၊ နေပါဦး တုန်းဖုန်းရ ၊ မင်းက အရင်တုန်းက ကျိုလင်နတ်သမီးကိုတောင် မကြောက်ခဲ့တာ ၊ အခုမှ ယန်ရှီးကို ဘယ်လိုဖြစ်လို့ ကြောက်နေ ရတာလဲ"

"ဂိုဏ်းတူအစ်ကို ၊ အစ်ကို့ရဲ့စိတ်တွေ မတည်မငြိမ်နဲ့ စကားတွေ လည်း ဟိုရောက် ဒီရောက်တွေ ဖြစ်ကုန်ပြီ"

တာအိုဆရာတုန်းဖုန်း၏ မျက်နှာထက်တွင် စိတ်ပျက်

လက်ပျက် အမူအရာများဖြင့် ပြည့်နေလေသည်။

လောကတွင် မပျက်စီးနိုင်သည့် တာအိုတန်ခိုးစွမ်းအားဆိုသည်

မှာ အဘယ်မှာ ရှိပါမည်နည်း။ အကယ်၍တာအိုစွမ်းအားတစ်ခု

သည် ပြီးပြည့်စုံနေပါကလည်း စကြာဝဠာအတွင်းတွင် မည်သူ

မျှ ကျင့်ကြံနိုင်ကြတော့မည် မဟုတ်ပေ။

ယွိမင်နတ်ဘုရားမှာ တာအိုဆရာတုန်းဖုန်း၏ စကားကြောင့် နင်

သွားလေသည်။

အမှန်တော့ သူ့စိတ်အခြေအနေမှာလည်း တကယ်ပင် ဆိုးဝါး

နေခဲ့ခြင်း ဖြစ်သည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ ဖော့ဝမ့်အဆင့်ကျင့်ကြံသူ

ဆယ့်နှစ်ပါးပျောက်ဆုံးသွားခြင်း ၊ တောက်ချင်နတ်ဘုရား ကျ

ဆုံးသွားခြင်းနှင့် လင်ကွမ်းနတ်သမီးမှာ ချင်းရှွမ်နတ်တံခါးတွင်

အစေခံအဖြစ် ဖမ်းဆီးခံထားရမှုများအားလုံးသည် သူ၏စိတ်ကို များစွာ ထိခိုက်စေလေသည်။

ထို့ပြင် သူနှစ်ရှည်လများကြံစည်ခဲ့သည့် လင်ရှောင်ခန်းမဆောင်ကြီးကိုအသုံးပြုကာ မိုးကောင်းကင်ခုံရုံးကို အသစ်သောကောင်းကင်ဘုံနန်းတော်တည်ဆောက်ရန် အကြံအစည်များမှာလည်း အကုန်လုံး ပျက်စီးခဲ့ရပြီ ဖြစ်သည်။

ထို့ကြောင့် သူ၏ စိတ်အာရုံထဲတွင် ဟွမ်ကျန်းပြန်လာသည်ကို အာရုံခံစားသိရှိလိုက်ရသည်နှင့် သူ၏ အချစ်ဆုံးတပည့်ကို သွားရောက်ကူညီရန် ထွက်ခွာလာခြင်း ဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် သူတို့ကို လှည့်စားခဲ့သော ယန်ရှီးကိုပါ ပညာပေးချင်မိသည်။

တာအိုဆရာတုန်းဖုန်းပြောသကဲ့သို့ သူ၏စိတ်များ မတည်မငြိမ်ဖြစ်နေသည်ဆိုသည်မှာ မမှားပေ။

အခြားသော သာမန်နေ့များတွင်ဆိုလျှင် သူသည် ထိုက်ချန်းတောင်မှ အရာအားလုံးကိုထားခဲ့ကာ ထိုသို့ တစ်ယောက်တည်း ထွက်ခွာသွားရန် ဆုံးဖြတ်မိမည် မဟုတ်ပေ။

"ဒီကိစ္စက တကယ်တော့ ခက်ခဲလွန်းပါတယ်၊ ဒါပေမယ့် ဂိုဏ်းတူအစ်ကိုတုန်းဖုန်းနဲ့ ဂိုဏ်းချုပ်ယွိမင်တို့ နှစ်ယောက်တည်းဆိုရင်တော့ ဟွမ်ကျန်းကို သွားပြီး မကူညီသင့်ဘူး၊ ဒါပေမယ့် ချင်းရှမ်ရဲ့သစ္စာဖောက်ယန်ရှီးကို ကျုပ်တို့သုံးယောက် သွားပြီး တိုက်ခိုက်ကြမယ်ဆိုရင်ရော မဖြစ်နိုင်ဘူးလို့ထင်သလား"

ရယ်မောသံများနှင့်အတူ ကောင်းကင်ထက်မှ စကားသံတစ်သံ ထွက်ပေါ်လာလေသည်။

ဓားခြိမ်းသံများလည်းထွက်ပေါ်လာပြီး လမင်းကိုဖုံးကွယ်နေသည့် တိမ်ညိုများကို ဓားဝိညာဉ်တစ်ခုက ဖယ်ရှားပစ်လိုက်လေသည်။

ကောင်းကင်ထက်တွင် သန့်ရှင်းချောမောသည့် တာအိုဆရာ တစ်ပါးပေါ်လာလေသည်။

သူက အကွက်များပါသည့် တာအိုဝတ်စုံကို ဝတ်ဆင်ထားကာ ခြေထောက်တွင်လည်း ကင်းခြေများပုံသဏ္ဍာန်ဖိနပ်ကို စီးနင်းထားလေသည်။

ထိုသူသည် လင်ရှောင်ခန်းမဆောင်ရှေ့သို့ ဆင်းသက်လာပြီး ယွိမင်နတ်ဘုရားနှင့် တာအိုဆရာတုန်းဖုန်းတို့ကို ဂါရဝပြုလိုက်လေသည်။

"ဂိုဏ်းတူညီလေး ရွှမ်ထင်"

ထိုလူကိုတွေ့သည်နှင့် ယွိမင်နတ်ဘုရားနှင့် တာအိုဆရာတုန်းဖုန်းတို့က ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည်။

ထိုသူမှာ ကွမ်းချင်းနတ်ဘုရားငါးပါးထဲတွင် အငယ်ဆုံးနတ်ဘုရား ဖြစ်လေသည်။

သူ၏ မျိုးရိုးက "လင်" မျိုးရိုးဖြစ်ဖြစ်ပြီး သူ၏အမည်က ရှော

င်ဝေ ဖြစ်လေသည်။ ထို့ကြောင့် သူ၏နာမည်အရင်းက လင်

ရှောင်ဝေ ဖြစ်လေသည်။ သူသည် လင်ကွမ်းနတ်သမီးထက်

ဆယ်နှစ်နောက်ကျပြီးမှ နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့သူဖြစ်

သော်လည်း သူ၏ မူဝိညာဉ်ခန္ဓာက အလွန်ထူးခြား

သည့်အတွက် "သံမဏိမိုးကြိုးဓားဖြင့် မဟာကျင့်စဉ်လမ်း" ကို

ကျင့်ကြံခဲ့လေသည်။ ထို့ကြောင့် သူ၏အမည် လင်ရှောင်ဝေ

အစား သူ့ကို လင်ရှွမ်ထင်ဟုသာ လူသိများကြတော့သည်။

"အားလုံး အဆင်ပြေသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ် ဂိုဏ်း

တူအစ်ကိုတို့"

လင်ရှွမ်ထင်က ဂိုဏ်းတူအစ်ကိုနှစ်ယောက်ကို ရိုသေလေးစား

စွာဖြင့် ပြောလိုက်သည်။

ယခင်တစ်ချိန်တုန်းက ယင်းစန်းတောင်မှ ဝိညာဉ်ဂူများ

ပြဿနာတက်သည့်ကိစ္စနှင့်ပတ်သက်ပြီး တာအိုဆရာတုန်းဖုန်း

နှင့် လင်ရွှမ်ထင်တို့ အတူတူသွားရောက်ဖြေရှင်းခဲ့ကြလေ

သည်။

တောက်ချင်နတ်ဘုရားကျဆုံးသွားသည့်သတင်းနှင့် လင်ကွမ်း

နတ်သမီး ချင်းရွှမ်နတ်တံခါးတွင် ဖမ်းဆီးကာ အစေခံအဖြစ်

ချုပ်နှောင်ခံရသည့် သတင်းများကြောင့် တာအိုဆရာတုန်းဖုန်း

က မနေသာတော့ဘဲ ထိုက်ချန်းတောင်ထိပ်သို့ ပြန်လာခဲ့လေ

သည်။

သူက ယွိမင်နတ်ဘုရား စိတ်ထိခိုက်ပြီး လုပ်မိလုပ်ရာ လုပ်မိ

မည်ကို စိတ်ပူသောကြောင့် အမြန်ဆုံး ပြန်လာခဲ့ခြင်း ဖြစ်လေ

သည်။

လင်ရွှမ်ထင်ကတော့ ယင်းစန်းတောင်ရှိ ကိုယ်ပိုင်နေရာများကို

ကာကွယ်ရန် ရဲ့လျိုယွင်၏လက်အောက်ရှိ နတ်ဆိုးစစ်သည်

တော်များကို တိုက်ခိုက်ရင်း ကျန်ရစ်ခဲ့ရသည်။

ရဲ့လျိုယွင်သည် အသူရာကျမ်းစာနှင့် မရဏဓားကို အောင်မြင်ထားသည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

သူသည် ဝိညာဉ်မြစ်ကမ်းတစ်လျှောက်မှ နတ်ဆိုးစစ်သည်များကို မရေမတွက်နိုင်အောင် သတ်ဖြတ်ပစ်ခဲ့ပြီး ရဲ့လျိုယွင်နှင့်လည်း အကြိမ်ကြိမ်တိုက်ခိုက်ဖူးခဲ့သည်။ သို့သော် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ထိခိုက်အောင် မတိုက်ခိုက်နိုင်ခဲ့ကြပေ။

နတ်ဆိုးစစ်သည်တော်များကိုသတ်ဖြတ်ရင်းဖြင့် လင်ရှမ်ထင်၏ သံမဏိမိုးကြိုးဓား" မဟာကျင့်စဉ်လမ်းသည် အဆင့်မြင့်မားသည်ထက် မြင့်မားလာခဲ့သည်။

သူက ရဲ့လျိုယွင်၏အဓိကစခန်းတစ်ခုကိုပင် ရဲရဲတင်းတင်းဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။ ရဲ့လျိုယွင်သည်ပင်လျှင်သူ၏ ဓားသိုင်းပညာမှာ အလွန်မှအဆင့်မြင့်ပြီး အနိုင်ယူရန်ခက်ခဲလှကြောင်း မှတ်ချက်ပြုခဲ့ရသည်။

ယင်းစန်းတောင်တွင် အရေးကြီးကိစ္စများရင်ဆိုင်နေရပါလျှက်နှင့် လင်ရှမ်ထင် ထိုက်ချန်းတောင်သို့ ပြန်လာရသည်မှာ အကြောင်းရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ဟွမ်ကျန်းသည် ကွမ်းချင်းနတ်ဘုရားဂိုဏ်းအတွက် အရေးပါသူတစ်ယောက်ဖြစ်သည့်အတွက် ဟွမ်ကျန်းကို မဖြစ်မနေ ကူညီရန် ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်နှင့် ချန်ပေသို၏ တိုက်ပွဲအပြီးတွင် သူ၏စိတ်အာရုံတွင် ဟွမ်ကျန်း၏အသက်ဓာတ်စွမ်းအားများ လာရောက်ထင်ဟပ်ခဲ့လေသည်။ ထို့ကြောင့် သူက ထိုက်ချန်းတောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

လင်ရှမ်ထင်သည် စိတ်ဓာတ်ခိုင်မာသူတစ်ယောက်ဖြစ်ပြီး သူ၏လက်သုံးစကားမှာ "ဓားတစ်လက်ရှိလျှင် မဖြစ်နိုင်တာမရှိ" ဟူ၍ ဖြစ်လေ၏။

ထိုလက်သုံးစကားသည့် သူ၏ရင်တွင်းမှ အစစ်အမှန် စကား ဖြစ်လေသည်။

တာအိုဆရာတုန်းဖုန်းက သူ၏မုတ်ဆိတ်မွေးများကို တစ်ချက် သပ်လိုက်ရင်း...

"ရွှမ်ထင် ၊ မင်းရဲ့ဓားဝိညာဉ်နဲ့ ဓားခြိမ်းသံကို ကြားရတာ မဟာ ကျင့်စဉ်လမ်းကို တော်တော်အဆင့်မြင့်မြင့် ချဉ်းကပ်နိုင်နေပြီပဲ ၊ မင်းရဲ့ဓားသိုင်းကလည်း အရင်ကထက်အများကြီး တိုးတက် လာတယ် ၊ မင်းသာရှိရင် ဘာကိုစိတ်ပူစရာလိုမလဲ"

ယွိမင်နတ်ဘုရားမှာ တန်ခိုးစွမ်းအားများ အဆမတန်မြင့်မား လာသည့် လင်ရွှမ်ထင်ကိုကြည့်ပြီး အနည်းငယ် စိတ်သက်သာ ရာရသွားခဲ့လေသည်။

"မင်းမှန်ပါတယ် ရွှမ်ထင် ၊ ဒီကိစ္စဟာခက်ခဲပါတယ်၊ကွမ်းချင်း နတ်ဘုရားဂိုဏ်းဟာ လက်ရှိအခြေအနေအထိရောက်အောင် ဘယ်လောက်တောင် ကြိုးစားခဲ့ရသလဲ ၊ အခက်အခဲတွေ

အများကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ် ၊ ဒါပေမယ့် အချိန်တိုလေး အတွင်းမှာ ဒီလောက်ဆုတ်ယုတ်မှုတွေဖြစ်ရတော့ ကျုပ် စိတ်ဓာတ်မကျဘဲ ဘယ်နေနိုင်ပါ့မလဲ"

ယွိမင်နတ်ဘုရားက ပြောလိုက်လေသည်။

ယွိမင်နတ်ဘုရား၏ စိတ်ထဲတွင် စိတ်မသက်မသာဖြစ်နေသေး သည့်တိုင် ဂိုဏ်းတူညီငယ် ရွှမ်ထင်ပြန်လာသည့်အတွက် သူတို့ ဘက်မှ အနည်းငယ်တော့ အင်အားတောင့်တင်းသွားရပြီဟု တွေးနေမိလေသည်။ သူတို့သုံးယောက်သာ ပူးပေါင်းလိုက်မည် ဆိုလျှင် ယန်ရှီးဆိုသည့်လူ မည်မျှပင် ဉာဏ်နီဉာဏ်နက်များပါ စေ သူတို့က ထိုးဖောက်နိုင်မည် ဖြစ်လေသည်။

ထို့ပြင် "သံမဏိမိုးကြိုးဓား" မဟာကျင့်စဉ်လမ်း သည် မကောင်းမှုနှင့် ဆိုးသွမ်းမှုအားလုံးကို ထိန်းချုပ်ပယ်သတ်နိုင် စွမ်း ရှိလေသည်။ အကယ်၍ ထိုဓားသိုင်းသည် မိုးကောင်းကင်

နတ်မိစ္ဆာကို သုတ်သင်နိုင်မည်ဆိုလျှင် အလွန်မှ အံ့ဩဖွယ်ရာ ကောင်းလောက်အောင် အကျိုးရှိပေလိမ့်မည်။

ညီအစ်ကိုသုံးယောက်သည် ဆွေးနွေးမှု အနည်းငယ် ပြုလုပ်လိုက်ကြသည်။

သူတို့က လင်ရှောင်ခန်းမဆောင်ကို အသုံးပြုပြီး ဟွမ်ကျန်းရှိ ရာနေရာသို့ သွားရောက်ကြရန် ရည်ရွယ်ခဲ့သော်လည်း မိုးကောင်းကင်ခုံရုံးတွင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် လင်ရှောင်ခန်းမဆောင်သည် အကြီးအကျယ် ပျက်စီးသွားခဲ့ပြီး တန်ခိုးစွမ်းအား မရှိသလောက်ပင် နည်းပါးသွားရပြီ ဖြစ်လေသည်။ ထို့ကြောင့်သူတို့သည် ထိုအစီအစဉ်ကို လက်လျှော့လိုက်ကြရသည်။

နောက်ဆုံးတွင်တော့ လောကနတ်ဘုရားသုံးပါးဖြစ်သည့် ယွိမင်နတ်ဘုရား ၊ တာအိုဆရာတုန်းဖုန်းနှင့် လင်ရှမ်ထင်တို့သည် မိုးတိမ်အသွင်သဏ္ဍာန်ပြောင်းကာ ဟွမ်ကျန်း၏ အသက်ဓာတ်

စွမ်းအားများ တည်ရှိနေရာအရပ်ဆီသို့ ထွက်ခွာလာခဲ့ကြလေ

တော့သည်။

နတ်ဘုရားသုံးပါး၏ မိုးတိမ်အသွင်သဏ္ဌာန်ပြောင်းကာ ပျံသန်း

မှုသည် အလွန်လျှင်မြန်ရကား နံနက်အရုဏ်မတက်မီအချိန်

တွင် ဟွမ်ကျန်းရှိရာအရပ်နှင့် အလွန်နီးကပ်သည့်နေရာသို့

ရောက်ရှိလာကြတော့သည်။

ထိုအချိန်မှာပင်...

ရုတ်တရက် လေပြင်းတစ်ချက်တိုက်ခတ်လာပြီး ကောင်းကင်

တစ်ခုလုံး အနက်ရောင်တိမ်တိုက်များက ဖုံးလွှမ်းသွား

တော့သည်။

လေထုထဲတွင် မိစ္ဆာနတ်ဘုရားဆယ့်တစ်ပါးပေါ်လာပြီး နတ်

ဘုရားသုံးပါး၏ သွားရာလမ်းကို ပိတ်ဆို့ထားလိုက်ကြလေ

သည်။

မိစ္ဆာနတ်ဘုရားများ၏ အသက်ဓာတ်စွမ်းအားများသည်အလွန်ပြင်းထန်ပြီး တန်ခိုးစွမ်းအားက ခန့်မှန်း၍မရနိုင်အောင် မြင့်မားကြလေသည်။ ထို့ကြောင့် လောကနတ်ဘုရားသုံးပါးမှာ အနည်းငယ်ပင် တုန်လှုပ်သွားကြရသည်။

သူတို့သုံးယောက် အဆက်မပြတ်ထိုးဖောက်တိုက်ခိုက်လျှင်ပင် ထိုနတ်မိစ္ဆာစွမ်းအားဆယ့်တစ်ခုကို ထိုးဖောက်နိုင်ပါမည်လား။

တာအိုဆရာတုန်းဖုန်းက ကျယ်လောင်စွာရယ်မောလိုက်ရင်း…

"ဂိုဏ်းချုပ်နဲ့ ဂိုဏ်းတူညီလေး ရွှမ်ထင်တို့ အရင်သွားနှင့်ကြ ၊ ကျုပ် နောက်က လိုက်လာခဲ့မယ်"

ပြောပြီးသည်နှင့် တာအိုဆရာတုန်းဖုန်း၏ အဝါရောင်ဝတ်ရုံဆီမှ အနက်ရောင်နှင့်အဝါရောင် အလင်းတန်းနှစ်ခု ဖြာထွက်လာလေသည်။ ထိုအလင်းတန်းများသည် အလွန်တရာကြီးမားလှသည့် တောင်ကြီးနှစ်တောင်ဖြစ်သွားပြီး မိစ္ဆာနတ်ဘုရား

ဆယ့်နှစ်ပါးအပေါ်သို့ ကျယ်လောင်သည့်အသံကြီးဖြင့် ဝင်ရောက်သွားလေသည်။

တာအိုဆရာတုန်းဖုန်း၏ တိုက်ခိုက်မှုကြောင့် မိစ္ဆာနတ်ဘုရားဆယ့်တစ်ပါးမှာ ယွိမင်နတ်ဘုရားနှင့် လင်ရွှမ်ထင်ကို တားဆီးချိန်မရကြတော့ပေ။

ထိုအခွင့်အရေးကိုအသုံးချကာ ယွိမင်နတ်ဘုရားနှင့် လင်ရွှမ်ထင်တို့သည် တစ်ချက်ပင် တုန့်ဆိုင်းမနေတော့ဘဲ မိုးတိမ်သဏ္ဍာန်အသွင်ပြောင်းလဲကာ ဆက်လက်ထွက်ခွာသွားကြလေတော့သည်။

အခန်း (၄၂၈) အနက်ရောင်တိမ်တိုက်များဖြင့်ပြည့်နေသည့် မိုးကောင်းကင်

ကောင်းကင်ထက်တွင် လှေငယ်တစ်စင်းသည် အလွန်လျှင်မြန်သည့် အရှိန်ဖြင့် ပျံသန်းနေလေသည်။

ထိုလှေငယ်ထက်တွင်တော့ ဟွမ်ကျန်းနှင့် ချင်းယင်းရှိနေလေသည်။

ရုတ်တရက်...

ကောင်းကင်တစ်ခုလုံး အနက်ရောင်တိမ်တိုက်များဖြင့် ဖုံးလွှမ်းသွားပြီး မျက်စိတစ်မှိတ်အတွင်းမှာပင် လောကဓာတ်တစ်ခုလုံးသည် အမှောင်ထဲသို့ ပစ်ချခံလိုက်ရသကဲ့သို့ ထင်မှတ်ရလေသည်။

တစ်ချိန်တည်းမှာပင် မိုးများကလည်း သည်းထန်စွာ ရွာသွန်းလာတော့သည်။

ဟွမ်ကျန်းကဲ့သို့သော အဆင့်မြင့်ကျင့်ကြံသူသည် မိုးနှင့်လေ

ကို မည်သို့ ကြောက်ရွံ့ပါမည်နည်း။ သို့သော် အနက်ရောင်

တိမ်တိုက်များကို မြင်တွေ့လိုက်ရသည်နှင့် ဟွမ်ကျန်းမှာ

မျက်နှာတစ်ချက် ပျက်သွားရလေသည်။

ချင်းယင်း၏စိတ်ထဲတွင်လည်း ကြောက်ရွံ့တုန်လှုပ်မှုကို စတင်

ခံစားလာရလေသည်။

"လေနဲ့မိုးကိုဆင့်ခေါ်ခြင်း"

ဟွမ်ကျန်းသည် အက်ရှသည့်အသံများဖြင့် ရေရွတ်လိုက်

သည်။

ကျင့်ကြံသူတစ်ယောက်သည် လေနှင့်မိုးကိုဆင့်ခေါ်မည်ဆို

လျှင် ချောင့်တုန့်အဆင့်တော့ အနည်းဆုံး ရှိရမည် ဖြစ်လေ

သည်။ ထို့ပြင် လေနှင့်မိုးကို ဆင့်ခေါ်သည့် ဂါထာမန္တန်များကို

လည်း အသုံးပြုနိုင်သူ ဖြစ်ရဦးမည်။ တန်ခိုးစွမ်းအားနှင့်

အသက်ဓာတ်စွမ်းအားကို ဂါထာမန္တန်များနှင့်ပေါင်းစပ်ပြီးမှသာ လေနှင့်မိုးကိုဆင့်ခေါ်နိုင်မည် ဖြစ်လေသည်။

သို့သော် ဟွမ်ကျန်းရေရွတ်လိုက်သည့် "လေနှင့်မိုးကိုဆင့်ခေါ်ခြင်း" ဆိုသည့်စကားကတော့ အဓိပ္ပါယ်များစွာ ကွဲပြားသည်။ ချင်းရှမ်နတ်တံခါးတွင် အဓိကတာအိုကျင့်စဉ်ပေါင်း တစ်ရာ့ရှစ်ခုရှိလေသည်။ ထိုတစ်ရာ့ရှစ်မျိုးသော ကျင့်စဉ်များအားလုံးသည် ထျန်းကန်းပုံပြောင်းပညာသုံးဆယ့်ခြောက်မျိုးနှင့် တိရှားပုံပြောင်းပညာခုနစ်ဆယ့်နှစ်မျိုးမှ ကင်းလွတ်သည်ဟူ၍မရှိပေ။ ထိုပုံပြောင်းပညာနှစ်မျိုးလုံးသည် သဘာဝဘေးအန္တရယ်များနှင့် သဘာဝတရားကို လိုက်လျောညီထွေဖြစ်စေကာ ထိန်းချုပ်နိုင်စွမ်းလည်းရှိလေသည်။

ထျန်းကန်းပုံပြောင်းပညာသုံးဆယ့်ခြောက်မျိုးတွင် "လေနှင့်မိုးကိုဆင့်ခေါ်ခြင်း" ဆိုသည့် သဘာဝလွန်တန်ခိုးစွမ်းအားတစ်ခုပါဝင်လေသည်။ ထိုတန်ခိုးစွမ်းအားမှာ အဆုံးမဲ့ဖြစ်လေသည်။

ထိုပညာကိုအသုံးပြုလိုက်သည်နှင့် တန်ခိုးစွမ်းအားထဲတွင်

ပိတ်မိနေတတ်ပြီး နတ်ဘုရားများသည်ပင်လျှင် လွတ်မြောက်

ရန် ခက်ခဲလေသည်။

ထို့ကြောင့် လောကတွင် "လေနှင့်မိုးကိုဆင့်ခေါ်ခြင်း" တန်ခိုး

စွမ်းအားကို အသုံးပြုနိုင်သူသည် ချင်းရှမ်နတ်တံခါးမှလူ

သာလျှင် ဖြစ်နိုင်လေသည်။

ထို့ပြင် ချင်းရှမ်နတ်တံခါးတွင် "လေနှင့်မိုးကိုဆင့်ခေါ်ခြင်း"

ပညာကို အသုံးပြုနိုင်သူမှာ သုံးယောက်သာရှိလေသည်။

ဆန်းလျန် ၊ ကျိုလင်နတ်သမီးနှင့် ယန်ရှီးတို့ပင်။

ယခု ထိုပညာကိုအသုံးပြုထားသူမှာ ယန်ရှီးမှလွဲပြီး မည်သူမျှ

မဖြစ်နိုင်ပေ။

ဟွမ်ကျန်းသည် ရွှေရောင်ရင့်ရင့်စာအုပ်ငယ်လေးတစ်အုပ်ကို

ချင်းယင်းကို ပေးလိုက်လေသည်။

"မင်း ထိုက်ချန်းတောင်ကို အသက်ရှင်လျက် ပြန်သွားရမယ်"

ချင်းယင်းသည် စာအုပ်လေးကို ရိုးရှင်းစွာပင် လှမ်းယူလိုက်သည်။

ထိုစာအုပ်လေးထဲတွင် ဟွမ်ကျန်းသည် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်အပေါ် သုံးသပ်မှုများနှင့် ရှမ်ချင်းအလင်းစွမ်းအားအပေါ် သူ၏ နက်ရှိုင်းသည့်အမြင်များကို ထည့်သွင်းရေးသားထားခဲ့လေသည်။ ဟွမ်ကျန်းသည် ထိုစာအုပ်လေးကို သူ၏ကိုယ်ပိုင်အတွေ့အကြုံများဖြင့် ပေါင်းစပ်ကာ ရေးသားထားခဲ့ခြင်း ဖြစ်လေသည်။ ထိုအချက်အလက်များသာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းသို့ရောက်ရှိသွားပါက တာအိုကျင့်စဉ်လမ်းတစ်ခုကို စတင်အုတ်မြစ်ချရန် လုံလောက်သည့် အခြေခံအချက်အလက်များကို ရရှိနိုင်မည်ဟု သူက မျှော်လင့်ခဲ့သည်။

သို့သော်... ယခုတော့ ယန်ရှီးရောက်ရှိလာခဲ့ပြီ။

ယန်ရှီးသည် မည်မျှကြောက်မက်ဖွယ်ကောင်းသည်ကို ဟွမ်ကျန်းက အသိဆုံးဖြစ်လေသည်။

ယနေ့တွင် ယန်ရှီးသည် သူ့ဘဝကို အဆုံးသတ်စေတော့မည် ဆိုသည်ကိုလည်း သူသိနေခဲ့သည်။

ထို့ကြောင့် သူက သူ့တွင်ရှိသမျှ အရာအားလုံးကို ချင်းယင်းကို ပေးကာ ချင်းယင်းကို လွတ်မြောက်သွားအောင် ကူညီချင်ခဲ့မိလေသည်။

ကောင်းကင်ထက်တွင် ပျံသန်းနေသည့် လှေငယ်လေး၏ ဝမ်းဗိုက်သည် ကွဲအက်သွားလေသည်။ ထိုအခါ လှေငယ်လေး၏အောက်ချေမှ ရှမ်ချင်းအလင်းတန်းများ ဖြာထွက်လာလေသည်။ ချင်းယင်းသည် စာအုပ်ငယ်လေးကို ယူကာ အလင်းတန်းများအတွင်းသို့ ဝင်ရောက်သွားပြီး အလျှင်အမြန် ပျံသန်းထွက်ခွာသွားလေတော့သည်။

ဟွမ်ကျန်းသည် လေထဲတွင် ရပ်တန့်နေလေသည်။

သူသည် စကြာဝဠာအလယ်ဗဟိုတည့်တည့်တွင်ရောက်ရှိနေသည့်အလား ကြောက်မက်ဖွယ်ရာ သဘာဝလွန် တန်ခိုးစွမ်းအားတစ်ခုကို ရင်ဆိုင်လိုက်ရလေသည်။

အနက်ရောင်တိမ်တိုက်အလွှာများသည် ဟွမ်ကျန်း၏ မြူမှုံပင်မထင်အောင် သန့်စင်သည့် တာအိုနှလုံးသားကို အနက်ရောင်မင်ရည်များဖြင့် အရောင်ဆိုးလိုက်သကဲ့သို့ ရှိလေသည်။

အမှောင်ထုသည် တဖြည်းဖြည်းပြောင်းလဲသွားပြီး လူတစ်ယောက်၏ ပုံသဏ္ဍာန်ပေါ်လာလေသည်။ ထိုသူမှာ ယန်ရှီးပင်ဖြစ်လေသည်။

"နှစ်ပေါင်းတစ်ရာအတွင်းမှာ မင်းဟာ ကျုပ်ရဲ့ ပကတိဖန်ဆင်းခြင်းပညာကို တွန်းလှန်နိုင်ခဲ့တဲ့ ပထမဆုံးသူပဲ ဟွမ်ကျန်း"

ဟွမ်ကျန်းက အေးစက်စွာပြုံးလိုက်ရင်း...

"ကျုပ်တောင် ဒီနေ့ မင်းကိုဆန့်ကျင်နိုင်မှတော့ နောင်အနာဂတ်မှာ မင်းဘယ်တော့မှ အောင်မြင်နိုင်မှာမဟုတ်ဘူး"

ဟွမ်ကျန်း၏ တာအိုဝတ်ရုံမှာ တဖြည်းဖြည်းဖောင်းပွလာပြီး စတင်စုတ်ပြဲနေလေပြီ။

တာအိုဝတ်ရုံစုတ်ပြဲသွားသည်နှင့် ဟွမ်ကျန်း၏ ရွှေရောင်ကျောက်စိမ်းသားကဲ့သို့ ဝင်းဝါသောအသားအရေကို မြင်တွေ့လိုက်ရလေသည်။ ဟွမ်ကျန်းသည် ယောကျ်ားပီသည့် ကြွက်သားများကိုပိုင်ဆိုင်ပြီး ကြည့်ကောင်းသော ကိုယ်နေဟန်ရှိသူတစ်ယောက် ဖြစ်လေသည်။

သူ၏ခန္ဓာကိုယ်မှာ ယခင်ကထက်နှစ်ဆ ကြီးမားလာလေသည်။ သူ၏ ပခုံးများထက်ဆီမှ အတောင်ပံတစ်စုံ ထွက်ပေါ်လာလေသည်။ အဝါရောင်အတောင်ပံများဖြစ်ပြီး တောင်ပံများကို ဖြန့်လိုက်သည်နှင့် ပေတစ်ရာခန့် ကျယ်ပြန့်သွားလေသည်။

တောင်ပံကို ခတ်လိုက်သည်နှင့် ဟွမ်ကျန်း၏ပတ်ဝန်းကျင်မှ အနက်ရောင်တိမ်တိုက်များ အဝေးသို့ လွင့်စင်သွားလေသည်။

"မင်းက ကျုပ်ရဲ့ထိန်းချုပ်မှုအောက်က လွတ်မြောက်ခဲ့ရုံတင် မကဘူး မင်းရဲ့ကိုယ်ထဲကို ကျုပ်ထည့်ထားတဲ့ မိစ္ဆာမျိုးစေ့ကို ပါ သန့်စင်ပစ်လိုက်တာပဲ ၊ မင်း နောက်ထပ် အနှစ်တစ်ရာ လောက်သာ အသက်ရှည်ဦးမယ်ဆိုရင် ယွီမင်အခုထိုင်နေတဲ့ ဂိုဏ်းချုပ်နေရာမှာ မင်းကိုထိုင်ခိုင်းလို့ရပြီ"

ယန်ရှီး၏အသံသည် အနက်ရောင်တိမ်တိုက်များကို ဖြတ် ကျော်ကာ ထွက်ပေါ်လာလေသည်။

တစ်ချိန်တည်းမှာပင် လေပွေတစ်ချက်နှင့်အတူ ကောင်းကင် ထက်တွင် မိန်းကလေးတစ်ယောက် မျောလွင့်လာလေသည်။

ထိုမိန်းကလေးမှာ ချင်းယင်းပင် ဖြစ်လေသည်။

ဟွမ်ကျန်းက ချင်းယင်းကို အမြန်ဆုံးထွက်ခွာစေခဲ့သည့်တိုင် ယန်ရှီးကတော့ ချင်းယင်းကို အလွတ်မပေးခဲ့ပါ။

ယန်ရှီးလက်ထဲမှ ချင်းယင်းသည် ဟွမ်ကျန်းကို လှမ်းကြည့်နေခဲ့သည်။ သူမပုံစံက ဟွမ်ကျန်းကို တစ်ခုခု ပြောချင်နေသည့်ပုံပေါက်လေသည်။

သို့သော် ဟွမ်ကျန်းက ချင်းယင်းကို မကြည့်ဘဲ မျက်နှာလွှဲလိုက်သည်။ ယခုအချိန်တွင် ချင်းယင်းသည် သူ့အတွက် အားနည်းချက်ဖြစ်သွားမည်ကို ဟွမ်ကျန်းကြောက်ရွံ့နေမိလေသည်။

ချင်းယင်းသည် သူ့ကို ဆရာတစ်ယောက်သဖွယ် ၊ ဖခင်တစ်ယောက်သဖွယ် လေးစားအားကိုးခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့် သူ့ဘက်ကလည်း ချင်းယင်းကို သူ၏ တပည့်ရင်းတစ်ယောက်၊ သားသမီးတစ်ယောက်ပမာ သံယောဇဉ်မရှိဘဲ အဘယ်သို့ ရှိပါမည်နည်း။

သို့သော်… လက်ရှိအချိန်တွင်တော့ သူ့အနေဖြင့် ချင်းယင်းကို လျစ်လျူရှုရပေတော့မည်။ တပည့်ငယ် သူ့ကို ခွင့်လွှတ်နိုင်ရန်သာ စိတ်ထဲမှ ကျိတ်ပြီးတောင်းပန်လိုက်မိသည်။

ကျယ်လောင်သောပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာပြီး ချင်းယင်းသည် သွေးမှုံများအဖြစ်ပြောင်းလဲသွားကာ မိုးရေများနှင့် ပေါင်းစပ်သွားလေသည်။ မိုးရေများသည် သွေးနီရောင် ပြောင်းလဲသွားလေသည်။

ဟွမ်ကျန်းသည် လက်သီးကိုကျစ်ကျစ်ပါအောင် စုပ်ထားပြီး သွေးနီရောင်မိုးရေစက်များ သူ၏ခန္ဓာကိုယ်ပေါ်သို့ လွင့်စင်မလာအောင် အဝါရောင်အတောင်ပံများဖြင့် ကာကွယ်ထားလိုက်လေသည်။

"ကျောက်သားလို့နှလုံးသားကို ပိုင်ဆိုင်ထားတာပဲ"

ယန်ရှီး၏စကားသံသည် ဟွမ်ကျန်း၏ နားထဲသို့ ဝင်ရောက်လာလေသည်။

ဟွမ်ကျန်း၏ မျက်နှာအမူအရာက အေးစက်နေလေသည်။

"ဒီလိုလှည့်ကွက်မျိုးကို မင်းအသိဆုံးပါ"

ယန်ရှီး၏ မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားသည် ဟွမ်ကျန်းအပေါ်တွင် မည်သို့မှ မသက်ရောက်နိုင်တော့ပေ။ ချင်ယင်း၏သွေးများတွင် ယန်ရှီး၏မိစ္ဆာမျိုးစေ့များပါဝင်နိုင်လေသည်။ ဟွမ်ကျန်းအနေဖြင့် ထိုသွေးစက်များထိမိသည်နှင့် ဒုက္ခရောင်နိုင်လေသည်။

သွေးမိုးများသည် မြေပြင်ထက်သို့ကျဆင်းသွားသည်နှင့် တစ်စုတစ်စည်းတည်း ပေါင်းစည်းသွားကာ သွေးနီရောင် ဓားတစ်လက်အဖြစ်ပြောင်းလဲသွားလေသည်။ ထိုဓားသည် ချင်းယင်း၏သွေးများမှ ဖြစ်တည်လာသည့်ဓားတစ်လက်ဖြစ်ပြီး ဟွမ်ကျန်းဆီသို့ ဦးတည်ဝင်ရောက်လာလေသည်။

သွေးနီရောင်ဓားမှာ အလွန်လျှင်မြန်လှသည့်အတွက် ဟွမ်ကျန်းသည် မည်သို့ရှောင်တိမ်းရမှန်းမသိပင် ဖြစ်သွားရသည်။

သို့သော်... ဟွမ်ကျန်းက အတောင်ပန်အစွန်းနှစ်ဖက်ကို အနည်းငယ်ရိုက်ခတ်လိုက်သည်နှင့် သွေးနီရောင်ဓားသည် ချက်ချင်းပင် ပျက်စီးသွားရလေသည်။

ပျက်စီးသွားသည့် သွေးနီဓားနေရာတွင် တောက်ပသည့် အလင်းရောင်တစ်ခု ထွက်ပေါ်လာလေသည်။

ထိုအလင်းရောင်ထဲတွင် ချင်းယင်း၏ နာကျင်ကြေကွဲနေသည့် ဝိညာဉ်ကိုမြင်တွေ့လိုက်ရပြီး တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

ဟွမ်ကျန်းသည် သူ၏အတောင်ပံများကို လျှင်မြန်စွာဖြင့် တစ်ဖျတ်ဖျတ်ခတ်လိုက်လေသည်။ ထိုအခါ အစိမ်းရောင်နှင့်အဝါရောင်အလင်းတန်းများက အနက်ရောင်တိမ်တိုက်များအတွင်းသို့ ဝင်ရောက်သွားလေသည်။

သို့သော်... အနက်ရောင်တိမ်တိုက်များဆီမှ မိုးများသည်းထန်စွာရွာသွန်းလာပြီး မိုးရေစက်များသည် ဟွမ်ကျန်းဆီသို့ မြားများပစ်ခတ်လိုက်သည့်အလား ကျဆင်းလာလေတော့သည်။

....

ယွိမင်နတ်ဘုရားနှင့် လင်ရှမ်ထင်တို့သည် မိစ္ဆာနတ်ဘုရားများကို ဖြတ်ကျော်ကာ ဟွမ်ကျန်းထံသို့ ရောက်အောင် လာခဲ့ကြလေသည်။

သို့သော်... သူတို့ရှေ့တွင် အနက်ရောင်တိမ်တိုက်များက ထူထပ်စွာ ပိတ်ဆို့နေသည်ကို တွေ့မြင်လိုက်ကြရသည်။

ထိုတိမ်တိုက်များအတွင်းတွင် ဟွမ်ကျန်း၏ အသက်ဓာတ်စွမ်းအားများနှင့် ပြင်းထန်သောတန်ခိုးစွမ်းအားများ၏ ဖြစ်တည်နေမှုကို ခံစားလိုက်ရလေသည်။

လင်ရှမ်ထင်က သူ၏ဓားကို ဆွဲထုတ်လိုက်သည်။

ဓားခြိမ်းသံကြီးသည် ကောင်းကင်ကိုးခုအထိ ပျံ့နှံ့သွားပြီး အနက်ရောင်တိမ်တိုက်အလွှာများကို ထိုးခွဲလိုက်လေတော့သည်။

ထိုအချိန်မှာပင်...

ကောင်းကင်ထက်မှ ဂီတသံများပျံ့လွင့်လာပြီး ပန်းပွင့်များက လှပစွာ ကျဆင်းလာလေသည်။

အနက်ရောင်ဓားရှည်တစ်လက်ကို ကိုင်ဆောင်ထားပြီး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် နတ်မိမယ်တစ်ပါးသည် ကောင်းကင်ထက်မှ ဆင်းသက်လာလေသည်။

သူမသည် ဓားကို ဆွဲမထုတ်သေးသည့်တိုင် သူမ၏တန်ခိုးစွမ်းအားများက လင်ရွှမ်ထင်ကို မလှုပ်နိုင်အောင် တားဆီးထားလိုက်လေသည်။

"ဘယ်သူများလဲလို့ ၊ ထျန်းမုန့်နတ်သမီးကိုး ၊ မင်းနဲ့ယန်ရှီးနဲ့က ချစ်သူစုံတွဲတွေလို့ ကြားဖူးခဲ့တာကြာပါပြီ ၊ အခု မင်းကို ဒီမှာ တွေ့လိုက်ရတာ မအံ့သြတော့ပါဘူး"

လင်ရွှမ်ထင်က ပြတ်သားတိကျစွာ ပြောလိုက်သည်။

"လင်ရွှမ်ထင် ၊ လျှောက်ပြောမနေနဲ့၊ ကျွန်မရဲ့ ထိုက်စုနတ်ဘုရားဓားကို မြည်းကြည့်ချင်နေတာလား"

အဖြူရောင်ဝတ်နတ်မိမယ်က ခံစားချက်ကင်းမဲ့စွာ ပြောလိုက်သည်။

သူမ၏ စကားကြောင့် လင်ရွှမ်ထင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"ကျုပ်ဘဝတစ်လျှောက်လုံးမှာ မမှန်မကန်ပြောခဲ့တာဆိုလို့ တစ်ခါမှ မရှိခဲ့ဘူး ၊ ကျုပ်က ဘာလို့ လျှောက်ပြောနေရမှာလဲ ၊ ပြီးတော့ ကျုပ်ကလည်း ထျန်းမုန့်နတ်သမီးရဲ့ ထိုက်စုနတ်ဘုရားဓားကို စမ်းသပ်ကြည့်ချင်နေတာ ကြာခဲ့ပြီ"

ထို့နောက် လင်ရှွမ်ထင်က ယွိမင်နတ်ဘုရားကို စိတ်စွမ်းအား ဖြင့် ဆက်သွယ်ကာ စကားပြောလိုက်သည်။

"ဂိုဏ်းတူအစ်ကို ၊ ကျုပ်က ထျန်းမုန့်ကို တားဆီးထားလိုက် မယ် ၊ အစ်ကိုက တူလေးဟွမ်ကျန်းကို သွားကယ်ပါ ၊ ပြီးရင် ကျုပ်တို့ အတူတူဆုတ်ခွာကြမယ်"

လင်ရှွမ်ထင်ပြောသည့်စကားမှာ သဘာဝကျသည့်အတွက် ယွိ မင်နတ်ဘုရားကလည်း ငြင်းဆန်မနေတော့ပါ။

ယန်ရှီးသည် အလွန်အင်အားကြီးမားနေသည့်အတွက် ယွိမင် နတ်ဘုရားအနေဖြင့် ထိုသို့ပြုလုပ်ရန်မှလွဲပြီး တခြားညှိနှိုင်း စရာ မရှိတော့ကြောင်း သဘောပေါက်လိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ယန်ရှီးဘက်တွင် ထျန်းမုန့်နတ်သမီး လည်းရှိနေသလို မိစ္ဆာနတ်ဘုရားဆယ့်တစ်ပါးကလည်း ရှိနေ သေးသည်။ ထိုအင်အားဖြင့်ဆိုလျှင် ကွမ်းချင်းနတ်ဘုရား ဂိုဏ်းကို အမှုန့်ချေမည်ဆိုလျှင်ပင် ချေ၍ရနိုင်လေသည်။

တစ်ချိန်ကတော့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ နတ်ဘုရားငါး ပါးသည် လောကတစ်ခုလုံးကို ဖိန့်ဖိန့်တုန်စေမည်ဟု ယွိမင်နတ် ဘုရား မျှော်လင့်ထားခဲ့ဖူးသည်။ သို့သော် ယခုကဲ့သို့ အဖြစ်ဆိုး များနှင့် ရင်ဆိုင်ရမည်ဟု သူမျှော်လင့်မထားမိခဲ့ပါ။

အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုမှလွဲလျှင် ကျန် သည့် နတ်ဘုရားဂိုဏ်းများသည် ထိုသို့ပင် ဖြစ်တတ်လေသည် လား။ အထွတ်ထိပ်သို့ရောက်ရှိပြီးလျှင် အဆုံးထိ ပြန်လည် ကျ ဆင်းတတ်လေသည်လား။

ယွိမင်နတ်ဘုရားသည် တွေးနေသည့် အတွေးများကို ဖြတ် တောက်လိုက်လေသည်။ သူ၏မျက်ဝန်းများက ဓားတစ်လက် ကဲ့သို့ ထက်မြက်နေပြီး သူ၏နားထဲတွင် မိုးခြိမ်းသံများကို ကြားနေရလေသည်။

ထျန်းမုန့်နတ်သမီးနှင့် အပြင်းအထန်တိုက်ခိုက်နေသည့် လင်ရှ မ်ထင်ကို ယွိမင်နတ်ဘုရား ကျောခိုင်းလိုက်လေသည်။

ထို့နောက် အနက်ရောင်တိမ်တိုက်များထဲသို့ အလင်းအလျှင်
အလား လျှင်မြန်လှစွာ တစ်ဟုန်ထိုး ဝင်ရောက်သွားလေ
တော့သည်။

အခန်း (၄၂၉) ရွှေရောင်နတ်စစ်သည်များ

အနက်ရောင်တိမ်တိုက်များအတွင်းတွင် ပြင်းထန်စွာရွာသွန်းနေ
သည့် မိုးရေများအတွင်းသို့ ယွိမင်နတ်ဘုရား ဝင်ရောက်သွား
လေသည်။

ယွိမင်နတ်ဘုရားသည် တန်ခိုးစွမ်းအားအရာဖြင့် ကြည့်မည်ဆို လျှင် လောကတွင် ပြိုင်ဘက်ကင်းသူ တစ်ယောက် ဖြစ်လေ သည်။

သို့သော်... အနက်ရောင်တိမ်တိုက်များအတွင်းတွင် ရှာသွန်းနေ သော မိုးရေများမှာ တန်ခိုးစွမ်းအားကိုအသုံးပြုကာ ကာကွယ် မည်ဆိုလျှင်တောင် ကာကွယ်ရန် ခက်ခဲလှသည်။ ခန္ဓာကိုယ် မည်မျှ ကြံ့ခိုင်သည်ဖြစ်စေ ၊ မူလဝိညာဉ်ခန္ဓာတန်ခိုးစွမ်းအား မည်မျှမြင့်မားသည်ဖြစ်စေ မိုးရေစက်များကို တွန်းလှန်နိုင်ရန် မှာ သိပ်တော့မလွယ်ကူလှပေ။

ယွိမင်နတ်ဘုရားသည် မိုးစက်များကို ခံစားလိုက်မိသည်နှင့် မိုး စက်တစ်စက်ချင်းဆီနှင့် တိုက်ခတ်နေသော စူးရှသည့် လေအေးသည် ဘဝတစ်ခုကို အဆုံးသတ်ရန် လုံလောက် ကြောင်း သိရှိလိုက်ရလေသည်။ မိုးနှင့်လေသည် ကြာပွတ်တစ် ချောင်းအလား ဖြတ်သန်းတိုက်ခတ်သွားပြီး ထိုမိုးနှင့်လေ

ပေါင်းစပ်သည့်ဒဏ်ကို မည်သူမျှ ကြာကြာတွန်းလှန်ထားနိုင်မည် မဟုတ်ပေ။

လင်ရှမ်ထင်နှင့် ထျန်းမုန့်နတ်သမီး၏ တိုက်ပွဲမှာလည်း ပြင်းထန်သည်ထက် ပြင်းထန်နေလေသည်။

ယွိမင်သည် မှောက်မိုက်နေသည့်ပတ်ဝန်းကျင်တွင် ဟွမ်ကျန်းကို လိုက်လံရှာဖွေရင်း နောက်ဆုံးတွင်တော့ မိုးရေစက်များကြားတွင် ဟွမ်ကျန်းကို ရှာဖွေတွေ့ရှိသွားခဲ့လေသည်။

ဟွမ်ကျန်းမှာလည်း သူ၏ဆရာဖြစ်သူကို လှမ်းတွေ့လိုက်သည်။

သို့သော် ဟွမ်ကျန်းတစ်ကိုယ်လုံးမှာ သွေးချင်းချင်းနီရဲနေပြီး ဒဏ်ရာများနှင့် ပြည့်နေလေသည်။ သူ၏ရွှေသားကျောက်စိမ်းကဲ့သို့ ဝင်းဝါနေသည့်အသားထက်တွင် ရွှေရောင်နှင့်သွေးရောင်များရောပြွန်းနေသည့် သွေးများက စီးကျနေလေသည်။

သူ၏အတောင်နှစ်ဖက်မှာလည်း ဘေးသို့ အားလျော့စွာ ရုတ်လျော့ကျဆင်းနေပြီး အားနည်းနေလေပြီ။

ယန်ရှီးသည် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

မိုးစက်များက ဟွမ်ကျန်းခန္ဓာကိုယ်ပေါ်သို့ မြားများပစ်ခွင်းနေသည့်အလား ကျဆင်းနေလေသည်။

ယွိမင်နတ်ဘုရားသည် သူ၏ရှမ်ချင်းအလင်းလက်ကိုအသုံးပြု ကာ ဟွမ်ကျန်းကို ဆွဲခေါ်လိုက်လေသည်။ ရောမအလင်းလက်ကြီးသည် ဟွမ်ကျန်းကို စုပ်ကိုင်လိုက်ပြီး မြားများကဲ့သို့ ထက်ရှနေသည့် မိုးရေစက်များသည် အလင်းလက်ကြီးနှင့် ရိုက်ခတ်မိကာ တချွင်ချွင်မြည်သံများပင် ထွက်ပေါ်လာရသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် ဟွမ်ကျန်းသည် ယွိမင်နတ်ဘုရား၏ ရှမ်ချင်းအလင်းလက်ကြီး ဆွဲခေါ်ရာသို့ ပါသွားလေသည်။

ဟွမ်ကျန်းက တန်ခိုးစွမ်းအားများမှာ အားနည်းနေသည့်တိုင်

ဆရာဖြစ်သူအပေါ်တွင် ရှက်ရွံ့စွာဖြင့် စကားဆိုလိုက်သည်။

"ဆရာ ၊ တပည့် အသုံးမကျပါဘူး"

ယွိမင်နတ်ဘုရားမှာ တပည့်ဖြစ်သူ၏စကားကြောင့် နာကျင်

ဝမ်းနည်းခြင်းကို ခံစားလိုက်ရသည့်တိုင် သူ၏စိတ်ခံစားချက်

များကို ချက်ချင်းထိန်းချုပ်လိုက်သည်။

"မင်းရဲ့အတွင်းဒဏ်ရာတွေကို အမြန်ထိန်းချုပ်လိုက် ၊ ကျန်တာ

ငါဆက်လုပ်လိုက်မယ်"

ယွိမင်နတ်ဘုရားက တည်ငြိမ်သည့်လေသံဖြင့် ပြောလိုက်ပြီး

ရွှမ်ချင်းအလင်းတန်ခိုးစွမ်းအားကို အသုံးပြုကာ အလင်း

တံတိုင်းကြီးတစ်ခုကို ဖန်ဆင်းလိုက်လေသည်။ မိုးရေစက်

များသည် ပြင်းထန်နေသည့်တိုင် အလင်းတံတိုင်းကြီးကိုတော့

မထိုးဖောက်နိုင်ဘဲ ရှိလေသည်။ မိုးစက်များက အလင်း

တံတိုင်းကြီးကို ထိမှန်လိုက်တိုင်း အလင်းတံတိုင်းကြီးက ပိုပြီး

လင်းလက်တောက်ပပြီး မိုးရေစက်များက အလင်းတံတိုင်းကြီး

နှင့် ရောနှောသွားလေသည်။

ထိုအချိန်မှာပင်...

အနက်ရောင်တိမ်တိုက်များသည် အနက်ရောင်ပန်းပွင့်ကြီးတစ်

ပွင့်အဖြစ်သို့ ပြောင်းလဲသွားလေသည်။

အနက်ရောင်ပန်းပွင့်ကြီးထက်တွင် လူတစ်ယောက် ပေါ်လာ

လေသည်။ ထိုသူသည် အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး

သူ၏ဝတ်ရုံသည်လေထဲတွင် လွင့်ပျံနေလေသည်။

ထိုသူက ယွိမင်နတ်ဘုရားကိုကြည့်ကာ ရယ်မောလိုက်ပြီး...

"မိုးကောင်းကင်ကလက်ဆင့်ကမ်းပေးတဲ့ တာအိုတန်ခိုး

စွမ်းအားဆိုတာ သိပ်ပြီးသန့်စင်လွန်းတယ်၊ ဆရာ့ရဲ့ ရွှမ်ချင်း

အလင်းစွမ်းအားက အထွတ်ထိပ်ကိုရောက်နေပြီပဲ၊ ကျုပ်ရဲ့

လေနှင့်မိုးကိုဆင့်ခေါ်ခြင်း တန်ခိုးစွမ်းအားကိုတောင် ကာကွယ်

ထားနိုင်တယ်"

ယွိမင်နတ်ဘုရားက အေးစက်စွာဖြင့်...

"မင်း ငါ့ကို ဆရာလို့ မခေါ်နဲ့၊ ယန်ရှီး... မင်း လုပ်တဲ့ မကောင်းမှုတွေများနေပြီ၊ နောက်ကျရင် မင်းကိုကျုပ် ကျိန်းသေအပြစ်ပေးမယ်"

ယွိမင်နတ်ဘုရား၏စကားကိုကြားသည့်တိုင် ယန်ရှီးက အပြုံး မပျက်ပေ။

"ဘယ်သူမဆို ကိုယ်ပြုတဲ့ကံ ကိုယ်ပြန်ခံရမှာပါပဲ၊ ကျုပ်က လူ တွေအများကြီးကိုသတ်ခဲ့တယ်၊ ဒါပေမယ့် ကျုပ်က မိုးကောင်းကင်အလိုအတိုင်းလုပ်ခဲ့တာပဲ၊ ကျုပ်ဟာ အပြစ်မ ဖြစ်တဲ့အပြင် အနန္တတန်ခိုးရှင်တစ်ပါးတောင် ဖြစ်သွားနိုင်သေး တယ်၊ မင်းက ကျုပ်ကို ဘယ်လိုလုပ်အပြစ်ပေးလို့ရမှာတဲ့လဲ"

ယန်ရှီးက စကားဆုံးသွားသည်နှင့် သူ၏အင်္ကျီလက်တစ်ဖက် ကို ဝှေ့ယမ်းလုက်လေသည်။

ထိုအခါ ထောင်နှင့်ချီသည့်ရွှေရောင်အလင်းတန်းများထွက်ပေါ်လာပြီး အလင်းတန်းများသည် မိုးကောင်းကင်စစ်သည်တော်များအဖြစ်သို့ ပြောင်းလဲသွားလေသည်။ မိုးကောင်းကင်စစ်သည်တော်များမှာ မရေမတွက်နိုင်အောင်များပြားလွန်းပြီး ယွိမင်နတ်ဘုရားကို ဝိုင်းထားလိုက်ကြလေသည်။

ယွိမင်နတ်ဘုရား၏ စိတ်ဝိညာဉ်တစ်ခုလုံးမှာ အေးစက်တောင့်တင်းသွားရလေသည်။

ယန်ရှီးအသုံးပြုလိုက်သည့်ပညာမှာ ထျန်းကန်းသုံးဆယ့်ခြောက်မျိုးမှ "ရွှေရောင်နတ်စစ်သည်" ပုံပြောင်းတန်ခိုးစွမ်းအား ဖြစ်လေသည်။

နတ်စစ်သည်များသည် ယွိမင်နတ်ဘုရားကို လမ်းကြောင်းသုံးခုဖြင့် အလွှာလိုက်ဝန်းရံထားလေသည်။

မရေမတွက်နိုင်အောင် များပြားသည့် မြင်းများ ၊ ဆင်များနှင့် နတ်စစ်သည်တပ်မတော်ကြီးသည် ယွိမင်နတ်ဘုရားနှင့် တဖြည်းဖြည်းနီးကပ်လာလေသည်။

လေနှင့်မိုးကလည်း ပို၍ပြင်းထန်လာသလို နတ်စစ်သည်များကလည်း ရပ်တန့်သွားခြင်း မရှိပေ။

ထိုသို့ဖြင့်…

အချိန် နှစ်ရက်နှင့် နှစ်ညတိတိ ကြာသွားခဲ့လေပြီ။

ယွိမင်နတ်ဘုရားသည် သူ၏ရွှမ်ချင်းအလင်းစွမ်းအားကို အသုံးပြု၍ သောင်းနှင့်ချီသည့် နတ်စစ်သည်များကို သတ်ဖြတ်ခဲ့လေသည်။ သို့သော် နတ်စစ်သည်များသည် လျော့သွားသည်ဟူ၍မရှိဘဲ ပို၍ပင် တိုးပွားလာကြသေးသည်။ ထိုနတ်စစ်သည်များသည် သေမည်ကို ကြောက်ရွံ့သည့်သူများ မဟုတ်ကြသလို ယွိမင်နတ်ဘုရား မသေမချင်း တိုက်ခိုက်ကြမည့်သူများ ဖြစ်လေသည်။

ယွိမင်နတ်ဘုရား၏တန်ခိုးစွမ်းအားများမှာ အကန့်အသတ်မရှိ သည့်တိုင် နှစ်ရက်နှင့်နှစ်ည အဆက်မပြတ် တိုက်ခိုက်နေခဲ့ရ သည့်အတွက် သူ၏မူလဝိညာဉ်ခန္ဓာမှာ အလွန်အမင်း ပင်ပန်း နွမ်းနယ်နေပြီ ဖြစ်လေသည်။

သို့တိုင်အောင် သူသည် ရွှေရောင်နတ်စစ်သည်များကို ကျော် ဖြတ်နိုင်ခြင်းမရှိသေးပေ။

သူက လင်ရှမ်ထင်နှင့် တာအိုဆရာတုန်းဖုန်းတို့ရောက်ရှိလာ သည့်အချိန်အထိ အခြေအနေကို ထိန်းထားရန် မျှော်လင့်နေမိ လေသည်။ လင်ရှမ်ထင်နှင့် တာအိုဆရာတုန်းဖုန်းတို့ရောက်လာ ပါက သူတို့သုံးဦး၏တန်ခိုးစွမ်းအား များပေါင်းစည်းကာ အရံအတားသုံးခုကို ဖွဲ့စည်းပြီး ယန်ရှီးကို တိုက်ခိုက်နိုင်မည် ဖြစ်လေသည်။

သူ့စိတ်ထဲတွင် ယန်ရှီးကို တစ်ဘဝလုံးနောင်ကြဉ်သွားစေမည့် သင်ခန်းစာတစ်ခုပေးလိုက်ရန် ကြံစည်နေမိလေသည်။

သို့သော် ... အချိန်ကြာလာသည်နှင့်အမျှ ယွိမင်နတ်ဘုရား

သည် ထိတ်လန့်တုန်လှုပ်လာခဲ့လေသည်။

လင်ရှွမ်ထင်နှင့် တာအိုဆရာတုန်းဖုန်းတို့သည် ရောက်လာရ

မည့်အချိန်ကို ကျော်လွန်နေသည့်တိုင် ရောက်မလာသေးပေ။

တာအိုဆရာတုန်းဖုန်းသည် မိစ္ဆာနတ်ဘုရားများကို မတွန်းလှန်

နိုင်ခဲ့ဘူးလား။ သို့မဟုတ် လင်ရှွမ်ထင်ကလည်း ထျန်းမုန့်

နတ်သမီးကို အနိုင်မရခဲ့ဘူးလား။

ယွိမင်နတ်ဘုရား၏စိတ်ထဲမှ မျှော်လင့်ချက်များမှာ ဝေဝါးစပြု

လာပြီ ဖြစ်လေသည်။

မိစ္ဆာနတ်ဘုရားဆယ့်တစ်ပါးမှာ အသိဉာဏ်ကင်းမဲ့နေပုံရ

သည့်အတွက် တာအိုဆရာတုန်းဖုန်းက သူတို့ကို လျှင်မြန်စွာ

ပွဲသိမ်းတိုက်ခိုက်နိုင်လိမ့်မည်ဟု ယွိမင်နတ်ဘုရားက ထင်ခဲ့မိ

လေသည်။

ထို့ပြင် လွန်ခဲ့သည့်ဆယ်နှစ်ခန့်က ထျန်းမုန့်နတ်သမီးသည် နတ်ဘုရားတစ်ပါးပင် မဖြစ်သေးသည့်အတွက် သူမသည် တန်ခိုးစွမ်းအားအရာတွင် လင်ရှမ်ထင်နှင့် မည်သို့မျှ ယှဉ်နိုင်မည် မဟုတ်ပေ။

သို့သော်... ညီငယ်နှစ်ယောက် ရောက်ရှိမလာသည့်အတွက် ယွိမင်နတ်ဘုရားသည် စိတ်များရှုတ်ထွေးလာရလေသည်။ ယခင်အချိန်များတုန်းက ယွိမင်နတ်ဘုရားသည် ထိုကဲ့သို့ အခြားသူများကို အားကိုးတတ်သည့်သူတစ်ယောက် မဟုတ်ခဲ့ပါ။ သူက သူ၏တန်ခိုးစွမ်းအားမြင့်မားမှုကို ရာနှုန်းပြည့် ယုံကြည်ပြီး ရဲစွမ်းသတ္တိနှင့်ပြည့်ဝသည့် နတ်ဘုရားတစ်ပါးဖြစ်ခဲ့လေသည်။ သို့သော် ယခုတော့ ယခင်တစ်ချိန်မှ ယွိမင်၏စိတ်ဓာတ်များသည် ပျက်စီးခဲ့လေပြီ။

ဟွမ်ကျန်း၏ ဒဏ်ရာများမှာ တဖြည်းဖြည်းသက်သာလာပြီ ဖြစ်လေသည်။

ထို့ကြောင့် ယွိမင်နတ်ဘုရားက ညနေစောင်းသည်အထိ တာအို ဆရာတုန်းဖုန်းနှင့် လင်ရှမ်ထင်တို့ရောက်ရှိလာခြင်း မရှိပါက မည်မျှပင်အန္တရယ်များပါစေ ဟွမ်ကျန်းနှင့်အတူ ထိုးဖောက် ထွက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

တာအိုဆရာတုန်းဖုန်းနှင့် လင်ရှမ်ထင်တို့မှာလည်း သူတို့ အခက်အခဲနှင့် သူတို့ ဖြစ်လေသည်။

တာအိုဆရာတုန်းဖုန်းမှာ မိစ္ဆာနတ်ဘုရားဆယ့်တစ်ပါးကို ထိုက် ယွဲ့သဏ္ဍာန်မှန်ပညာဖြင့် တားဆီးနိုင်မည် ဟု ထင်ခဲ့မိ သော်လည်း မိစ္ဆာနတ်ဘုရားဆယ့်တစ်ပါး၏ တန်ခိုးစွမ်းအား များမှာ ဗဟိုဆက်သွယ်မှုတစ်ခုနှင့် ချိတ်ဆက်ထား သည့်အတွက် မပြိုကွဲနိုင်ဘဲ ဖြစ်နေရလေသည်။ ထို့ကြောင့် တာအိုဆရာတုန်းဖုန်းမှာ သူ၏တန်ခိုးစွမ်းအားများကို ပိုမို အားစိုက်ကာ အသုံးပြုနေရလေသည်။

ထိုသို့ တိုက်ခိုက်နေရင်းဖြင့် ထိုမိစ္ဆာနတ်ဘုရားဆယ့်တစ်ပါးမှာ သူတို့ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ သူ၏ဂိုဏ်းတူတူလေး ဆယ့်တစ်ယောက်မှန်း သိရှိလိုက်ရလေသည်။

ထိုသို့ သိရှိလိုက်သည်နှင့် သူ၏စိတ်အစဉ်မှာ တုန်လှုပ်သွားရလေသည်။

ထိုအချိန်မှာပင်...

အချိန်နှင့်နေရာကို ကျော်ဖြတ်ကာ ထွက်ပေါ်လာသည့် ဓားဝိညာဉ်တစ်ခုသည် တာအိုဆရာတုန်းဖုန်းဆီသို့ လျှပ်တစ်ပြက်ဝင်ရောက်လာကာ ထိုးစိုက်ချလိုက်လေသည်။

ဓားဝိညာဉ်၏ အေးစိမ့်မှုကြောင့် မိစ္ဆာနတ်ဘုရားဆယ့်တစ်ပါးပင်လျှင် အေးခဲသွားပြီး ရေခဲပန်းပုရုပ်များအလား လှုပ်ရှား၍မရကြတော့ပေ။

နှင်းပွင့်ကဲ့သို့ လှပလွန်းသည့် မိန်းမပျိုတစ်ယောက်သည် ကောင်းကင်ထက်တွင် ထွက်ပေါ်လာလေသည်။

အခြားသူမဟုတ်ပါ။ ချင်းရှောင်းနတ်သမီးပင် ဖြစ်လေသည်။ တစ်ချိန်တုန်းက သူက ချင်းရှောင်းနတ်သမီးကို ချောင်းမြောင်း လုပ်ကြံခဲ့ဖူးသည်။ ယခုတော့ ချင်းရှောင်းနတ်သမီး၏ လက်စားချေခြင်းကို သူခံခဲ့ရပြီ။

တာအိုဆရာတုန်းဖုန်းက ရေခဲအလွှာများတုန်ခါသွားစေရန် အတွက် ထိုက်ယွဲ့သတ္တုန်မှုန်ပညာကို အသုံးပြုခဲ့သော်လည်း သူ၏တန်ခိုးစွမ်းအားများမှာ ချင်းရှောင်း၏ ထိုက်ယင်းတန်ခိုး စွမ်းအားများကို ကျော်လွန်နိုင်ခြင်း မရှိခဲ့ပေ။ ထိုက်ယင်း စွမ်းအားများကြောင့် သူ၏မူလဝိညာဉ်ခန္ဓာ ပျက်စီးမသွား ရအောင်ပင် မနည်းကာကွယ်နေရလေသည်။

ချင်းရှောင်းက တာအိုဆရာတုန်းဖုန်းကို ဓားဖြင့် တစ်ချက်တည်းထိုးစိုက်ချလိုက်ပြီးသည့်နောက် တာအိုဆရာ တုန်းဖုန်း မည်သို့ဖြစ်ပြီးကျန်ခဲ့သည်ကို လုံးဝအရေးမစိုက် တော့ပါ။

မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးပင် ဖြစ်လေသည်။

တစ်ချိန်က တာအိုဆရာတုန်းဖုန်းသူမကို ခြုံခိုတိုက်ခိုက်ခဲ့သည်ကို ယခုသူမက လက်စားပြန်ချေခဲ့ပြီးပြီ။

လင်ရှမ်ထင်နှင့် ထျန်းမုန့်နတ်သမီး၏ တိုက်ပွဲကတော့ အလွန်ပြင်းထန်နေလေသည်။

သူတို့နှစ်ယောက်၏ အထိန်းအချုပ်မရှိသော တန်ခိုးစွမ်းအားများကြောင့် တောင်ထိပ်ဆယ်ခုခန့်ပင် ပြိုကျပျက်စီးသွားခဲ့ကြရပြီ။

သို့သော် တိုက်ပွဲအချိန်ကြာမြင့်လာသည်နှင့်အမျှ လင်ရှမ်ထင်၏ သံမဏိမိုးကြိုးဓားမှာ စွမ်းအားလျော့နည်းလာပြီး လင်ရှမ်ထင်မှာလည်း အကောင်အထည်မမြင်ရသည့် ရှုံ့နွံ့ထဲသို့ တဖြည်းဖြည်းနစ်မြုပ်နေသကဲ့သို့ ခံစားနေရလေသည်။

သူ့စိတ်ထဲတွင် "ဘာလို့အရှုံးပေးရမှာလဲ" ဆိုသည့်အသံသည် မြည်ဟည်းလာလေသည်။

သို့သော် ထိုအသံသည် သူ၏အတွေးမဟုတ်ပေ။ နတ်ဆိုးတစ်ကောင်ထံမှ လာသည့်အသံမျိုးဖြစ်ပြီး သူသည် စကြာဝဠာတွင်းနက်တစ်ခု၏ စုပ်ယူခြင်းကို ခံရလုနီးနီးအခြေအနေသို့ ရောက်ရှိသွားလေတော့သည်။

....

ဆန်းလျန်သည် ချင်းရွှမ်နတ်တံခါးသို့ ပြန်ရောက်နေခဲ့ပြီ ဖြစ်လေသည်။

ညနေခင်းအချိန်....

ဆန်းလျန်သည် ထိုက်ယီတောင်ထိပ်တွင် ရှိမနေပါ။

သူသည် ချင်းလျန်တောင်ထိပ်ရှိ ဝါးရုံတောအတွင်းသို့ ရောက်ရှိနေလေသည်။

ဝါးရုံတောထဲမှ ဝါးပင်များ အချင်းချင်းရိုက်ခတ်နေသံသည် သဘာဝဂီတသံတစ်ခုအလား သာယာလှပြီး စိတ်ကိုလည်း တည်ငြိမ်စေလေသည်။

ချန်ကျင်းချင်သည် ဆန်းလျန်နောက်မှ လိုက်လာလေသည်။

သူက သူ၏ဆရာအသစ်သည် အဘယ့်ကြောင့်သူ့ကို ဤဝါးရုံ တောအတွင်းသို့ ခေါ်လာသည်ကို နားမလည်နိုင်ဖြစ်နေလေ သည်။

အခန်း (၄၃၀) သဘာဝနှင့် လူသား

ကျောက်စိမ်းရောင်တောက်နေသည့် ဝါးရွက်များသည် လေထဲ တွင် ယိမ်းထိုးနေပြီး ဆန်းလျန်သည် ဝါးရွက်တစ်ရွက်ကို လက် ညှိုးနှင့်လက်ခလယ်ကြားတွင် ညှပ်ကာ ဖမ်းယူလိုက်လေ သည်။

ချန်ကျင်းချင်သည် ဝါးရွက်လေးမှ အစင်းကြောင်းလေးများကို အသေးစိတ် မြင်တွေ့လိုက်ရလေသည်။

တစ်ချိန်တည်းမှာပင် ချန်ကျင်းချင်မှာ အနည်းငယ်လည်း အံ့အားသင့်သွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏ခန္ဓာကိုယ်မှ ဖြာထွက်နေသည့် ကြင်စင်ရောင်အလင်းများသည် ဆန်းလျန်၏ ညာဘက်လက်တွင် စုစည်းသွားပြီး ဆန်းလျန်၏ လက်ချောင်းများဆီသို့ စီးဆင်းသွားသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

လေထဲတွင် ဝါးရွက်ကြွေများ များစွာ ပျံ့လွင့်နေသော်လည်း ဆန်းလျန်၏ လက်ထဲမှ ဝါးရွက်လေးကတော့ တစ်မူထူးခြားနေလေသည်။

ဆန်းလျန်၏ လက်ထဲတွင် ဝါးရွက်လေးနှစ်ရွက်ရှိနေလေသည်။

ဆန်းလျန်က ချန်ကျင်းချင်ကို စိုက်ကြည့်လိုက်ပြီး...

"ကျင်းချင် ၊ ဒီဝါးရွက်နှစ်ရွက်ရဲ့ ခြားနားချက်ကို ပြောပြနိုင်မလား"

ချန်ကျင်းချင်က ဆန်းလျန်လက်ထဲမှ ဝါးရွက်နှစ်ရွက်ကို ကြည့်လိုက်သည်။ ဝါးရွက်နှစ်ရွက်မှာ အရွယ်အစား ၊ အရောင် ၊ ပုံသဏ္ဍာန်တစ်ခုမကျန် တူညီနေသည့်အတွက် ခြားနားချက်ကို သူ မတွေ့နိုင်ခဲ့ပါ။

ချန်ကျင်းချင်က ခေါင်းခါယမ်းလိုက်ရင်း...

"ကျွန်တော် မပြောတတ်ဘူး"

ဆန်းလျန်က ခပ်ပါးပါးလေးတစ်ချက်ပြုံးလိုက်ရင်း...

"ကဲ ဒီဝါးရွက်လေးနှစ်ရွက်ကို ကျုပ်လက်ဖဝါးပေါ်မှာ အတူတူတင်ထားလိုက်မယ် ၊ မင်း ထပ်ပြီး ခွဲခြားကြည့်ပါဦး"

ဆန်းလျန်က သူ၏လက်ဖဝါးများကို ဖြန့်လိုက်ကာ လက်ဖဝါးနှစ်ခုထက်တွင် ဝါးရွက်လေးနှစ်ခုကို တစ်ခုစီ တင်ထားလိုက်လေသည်။

ချန်ကျင်းချင်မှာ ယခုအချိန်ထိ ဝါးရွက်လေးနှစ်ရွက်၏

ခြားနားချက်ကို ခွဲခြား၍မရသေးပေ။

အတန်ကြာမှ ချန်ကျင်းချင်က ဆန်းလျန်၏ ညာဘက်

လက်ဖဝါးထက်မှ ဝါးရွက်လေးကို ညွှန်ပြလိုက်ရင်း...

"ဒီဝါးရွက်က ဆရာဖန်ဆင်းထားတဲ့ဝါးရွက်မဟုတ်လား"

ချန်ကျင်းချင်ထံမှာ အဖြေစကားကြားလိုက်ရသည်နှင့် ဆန်း

လျန်က ညာဘက်လက်ဖဝါးကို အနည်းငယ် ဝေ့ယမ်းလိုက်လေ

သည်။

ထိုအခါ ချန်ကျင်းချင်ညွှန်ပြလိုက်သည့် ဝါးရွက်လေးသည်

ကြယ်စင်ရောင်အလင်းတန်းများအဖြစ်သို့ ပြောင်းလဲသွားပြီး

ပျောက်ကွယ်သွားလေသည်။ ကြယ်စင်ရောင်အလင်းတန်းများ

နှင့် ထိတွေ့ခြင်းခံလိုက်ရသည့် ပတ်ဝန်းကျင်တစ်ခုလုံးမှ ဝါး

ပင်များသည် ချက်ချင်းပင် လန်းဆန်းတက်ကြွလာလေသည်။

သို့သော်... ချန်ကျင်းချင်၏ စိတ်ထဲတွင် ပျော်ရွှင်ခြင်းကို မခံစားရပါ။ အဘယ်ကြောင့်ဆိုသော် ထိုကြယ်စင်စွမ်းအားများသည် ဆရာဖြစ်သူဆန်းလျန်၏ ဘဝဆက်လက်ရှင်သန်နိုင်ရေးအတွက် အသုံးပြုထားရသည့် အင်းအားစုတစ်ခုဖြစ်ကြောင်းကို သူသိထားသောကြောင်း ဖြစ်လေသည်။

ဆန်းလျန်က အနည်းငယ် ပြုံးလိုက်ရင်း...

"ဝါးရွက်နှစ်ရွက်ကို ခွဲခြားလို့မရဘဲ တစ်ပုံစံတည်းတူအောင်ကျုပ်ဖန်ဆင်းထားခဲ့တာ ၊ မင်းက ကျုပ်ဖန်ဆင်းထားတဲ့ဝါးရွက်ကို ဘယ်လိုလုပ်သိသွားရတာလဲ"

ချန်ကျင်းချင်က အနည်းငယ်စဉ်းစားလိုက်ပြီး...

"ဝါးရွက်နှစ်ခုက အကုန်လုံးတူညီပါတယ် ၊ ဒါပေမယ့် ဆရာဖန်ဆင်းထားတဲ့ဝါးရွက်က တကယ့်ဝါးရွက်အစစ်လောက်သဘာဝတရားနဲ့ မနီးစပ်ဘူး ၊ ဘာလို့လဲဆိုတော့ ဆရာကရည်ရွယ်ချက်ရှိရှိနဲ့ ဖန်ဆင်းခဲ့တာ ၊ သဘာဝတရားမှာတော့

ရည်ရွယ်ချက်မရှိဘူး ၊ သူ့သဘောသူဆောင်တာပဲ မဟုတ်လား ၊ ဒါကြောင့် အဲဒီနှစ်ခုက နည်းနည်းတော့ ကွဲပြားမှုရှိနေတယ် ၊ ဝါးရွက်နှစ်ရွက်ကြားက မတူညီမှုကို မြင်လည်းမမြင်ရသလို ကြားလည်း မကြားရဘူး ၊ ဒါပေမယ့် နှလုံးသားနဲ့ ခံစားနားလည်နိုင်တယ် ၊ ဘယ်လိုမျိုးလဲဆိုတော့ ဒီဝါးရွက်နှစ်ရွက်စလုံးမှာ အလင်းရောင်ရှိတယ်ဆိုရင် သဘာဝဝါးရွက်ကတော့ နေရောင်နဲ့တူပြီး ဖန်ဆင်းထားတဲ့ဝါးရွက်ကတော့ ဖယောင်းတိုင်မီးအလင်းရောင်နဲ့တူတယ်"

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"နေအလင်းရောင်က သဘာဝတရားကလာတယ် ၊ ဖယောင်းတိုင်အလင်းရောင်ကတော့ လူတွေဖန်တီးထားတဲ့အရာပဲ ၊ ဒီလိုအကြောင်းအရာမျိုးကို မင်းသိနားလည်နေတာ ကျုပ်တကယ် အံ့ဩမိတယ် ၊ မင်းက တာအိုရုပ်ခန္ဓာရှိရုံသာ မကဘူး အရမ်းလည်း ဉာဏ်ကောင်းတယ် ၊ အနာဂတ်မှာ

ဘယ်လိုဖြစ်လာမလဲဆိုတာ ခန့်မှန်းလို့မရနိုင်ပေမယ့် ကျုပ်
မင်းအသက်အရွယ်လောက်က မင်းလောက် မတော်ခဲ့တာတော့
အမှန်ပဲ"
ဆန်းလျန်၏ ချီးကျူးစကားကိုကြားရသည့်တိုင် ချန်ကျင်းချင်
က အေးဆေးတည်ငြိမ်နေဆဲ ဖြစ်လေသည်။
သို့သော် ... သူသည် ဆန်းလျန်ကို သူ၏ရင်ထဲမှ နက်နက်ရှိုင်း
ရှိုင်းပင် ရိုသေလေးစားနေခဲ့မိလေသည်။
"ကျုပ် မင်းအသက်အရွယ်လောက်က မင်းလောက်မတော်ခဲ့
တာအမှန်ပဲ"
ဆိုသည့် စကားမျိုးကို ဆရာတစ်ယောက်က တပည့်တစ်
ယောက်ကို ထုတ်ဖော်ပြောနိုင်ရန်မှာ တော်ရုံသဘောထားပြည့်
ဝမှုမျိုးနှင့် မရနိုင်ပေ။
ဆန်းလျန်က ချန်ကျင်းချင်ကို သူ့အကြောင်းများစွာကို ပြောပြ
ခြင်းမရှိသည့်တိုင် ချန်ကျင်းချင်သည် ပတ်ဝန်းကျင်မှ

တစ်ဆင့် ဆန်းလျန်၏ သတင်းများကို ကြားခဲ့ရဖူးပြီ ဖြစ်လေ

သည်။

ဆန်းလျန်သည် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်

ဖြစ်ပြီး တပည့်များ၏ လေးစားတန်ဖိုးထားခြင်းကိုလည်း ခံရ

သူ ဖြစ်လေသည်။ ထို့ပြင် ဆန်းလျန်သည် စကြာဝဠာတစ်ခု

လုံးတွင် တစ်ယောက်ပေါ်ထွန်းလာရန်အတွက် ရှားပါးသည့်

ပါရမီရှင်တစ်ယောက်လည်း ဖြစ်လေသည်။

ချန်ကျေးရွာတွင်တော့ ချန်ကျင်းချင်သည် မော်ဆရာမကို

အလွန်မှ လေးစားခဲ့လေသည်

မော်ဆရာမသည် အလွန်မှ အသိပညာကြွယ်ဝသူ ဖြစ်လေ

သည်။

သို့သော်... ဆန်းလျန်က မော်ဆရာမနှင့်ယှဉ်လျှင် များစွာ

သာလွန်သူ ဖြစ်လေသည်။ ဆန်းလျန်သည် လောကကို

နားလည်သည့် ပညာရှိတစ်ယောက် ဖြစ်လေသည်။

အသိပညာကြွယ်ဝခြင်းနှင့် ပညာရှိခြင်းသည် တူညီခြင်းမရှိ ပေ။ ချန်ကျင်းချင်သည် ဆရာ့နောက်သို့ လိုက်ခဲ့သည့်နှစ်ရက် အတွင်းမှာပင် ဆရာ့ထံမှ များစွာသင်ယူခဲ့ရလေသည်။ သူတို့နှစ်ယောက်လုံးသည် တစ်ခဏတာမျှ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေခဲ့ကြလေသည်။

အတန်ကြာမှ ဆန်းလျန်၏ အသံထွက်ပေါ်လာလေသည်။

"ဘဝရဲ့ အံ့သြစရာအကောင်းဆုံးအချိန်က နေဝင်ချိန်ပါပဲ ၊ မြေပြင်ထက်မှာရှိတဲ့ဖုံမှုန့်လေးတွေ ၊ နှင်းရည်ထဲမှာ ရှိနေတဲ့ အဏုဇီဝသက်ရှိလေးတွေကိုတောင် ကျုပ်မြင်တွေ့နိုင်တယ် ၊ သူတို့တွေ မျိုးပွားလာတာ ၊ သူတို့တွေ သေဆုံးသွားကြတာက မျက်စိတစ်မှိတ်အချိန်အတွင်းမှာပါပဲ ၊ စကြာဝဠာမှာ အခုလို မျိုးရပ်တည်ခွင့်ရတာ ဘယ်လောက်တောင် တန်ဖိုးရှိသလဲဆို တာ ကျုပ်နားလည်ခဲ့ရတယ်"

ပြောပြီးသည်နှင့် ဆန်းလျန်က ပင့်သက်တစ်ချက်ရှိုက်လိုက်လေသည်။

ဆရာဖြစ်သူ၏စကားကြောင့် ချန်ကျင်းချင်သည် စိတ်မကောင်း ဖြစ်သွားလေသည်။

"ဂိုဏ်းတူအစ်မ ဖန်းယန်ယင်းကပြောတယ်၊ ကျွန်တော့်ရဲ့ အသွေးနဲ့အသားက အကန့်အသတ်မရှိတဲ့ တန်ခိုးစွမ်းအားတွေနဲ့ ပြည့်နေတယ်တဲ့၊ အဲဒါက အရိုးကျနေတဲ့လူသေတွေကိုတောင် အသက်ပြန်သွင်းပေးနိုင်တယ်တဲ့၊ ဆရာသာ လိုအပ်ရင် ကျွန်တော့်ရဲ့ ခန္ဓာကိုယ်နဲ့ အသွေးအသားကို စွန့်လွှတ်ရမယ်ဆိုလည်း စွန့်လွှတ်နိုင်ပါတယ်"

ထိုစကားကို ချန်ကျင်းချင်သည် စိတ်ရင်းဖြင့် ပြောလိုက်ခြင်းဖြစ်လေသည်။ သူသည်ဆန်းလျန်ကို အလွန်လေးစားရုံသာမက နှလုံးသားထဲမှ နက်နက်ရှိုင်းရှိုင်းချစ်ခင်ခဲ့သည့်အတွက် ထိုသို့ ပြောလိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျင်းချင် ၊ ကျုပ်အတွက်တော့ ဘဝဆိုတာ ကစားပွဲတစ်ခုလို ပါပဲ ၊ ရှုံးမလား နိုင်မလား မသိပေမယ့် အနိုင်ရအောင်တော့ ကစားချင်မိတယ် ၊ ဒါပေမယ့် အနိုင်ရဖို့အတွက်တော့ ကျုပ်က မရိုးမသားကိစ္စတွေကို လုပ်မှာမဟုတ်ဘူး ၊ ပြီးတော့ ကျုပ် အခုရင်ဆိုင်နေရတဲ့ ပြဿနာကလည်း အဲဒီလောက်လွယ်လွယ် နဲ့ ဖြေရှင်းလို့မရနိုင်ပါဘူး"

ဆန်းလျန်က ခဏနားလိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"ယန်ယင်းက ဓားသိုင်းပညာသိပ်တော်ပေမယ့် သူက ရှီးဟွမ်က ဂုဏ်သရေရှိ အိမ်တော်တစ်ခုမှာ မွေးဖွားလာခဲ့တာ ၊ ဒါကြောင့် သူက မာနကြီးပြီး ခေါင်းမာတယ် ၊ ကျုပ်က သူ့ကို ဟိုင်သန်း အဆင့်ကို ပုံပြောင်းအဆင့်ကိုးဆင့်နဲ့ အောင်မြင်အောင်ကျင့်ကြံ နိုင်ပြီး ကျုပ်ရဲ့ ဂိုဏ်းတူအစ်ကိုထက် သာသွားစေချင်တာ၊ ဒါမှ သူ့ရဲ့ မာနတရားတွေကို ဖယ်ရှားပစ်နိုင်လိမ့်မယ် ၊ ဒါပေမယ့်

သူသာ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့်ကိုးဆင့်နဲ့ မတက်ရောက်နိုင်ခဲ့ဘူး ဆိုရင်တော့ ကျင့်စဉ်လမ်းမှာ အခက်အခဲရှိမှာကို ကျုပ်စိုးရိမ်မိတယ်၊ အဲဒီအချက်က နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ဖို့အတွက်လည်း အရေးကြီးတယ်"

ချန်ကျင်းချင်သည် ဆန်းလျန်ပြောနေသည့် စကားများကို အပြည့်အဝနားမလည်ပါ။

"ဟိုင်သန်းအဆင့်အောင်မြင်ပြီးမှ ကျင့်စဉ်လမ်းရဲ့ အစစ်အမှန်ကို နားလည်လာမှာလား"

ချန်ကျင်းချင်၏အမေးကို ဆန်းလျန်က ပြန်ဖြေလိုက်သည်။

"အဲဒီလိုတော့ မဟုတ်ဘူး၊ ဟိုင်သန်းအဆင့်ဆိုတာ ကျင့်စဉ်လမ်းရဲ့ တစ်ဆစ်ချိုးအချိန်လို့ ပြောလို့ရတယ်၊ ဒါပေမယ့် ဟိုင်သန်းအဆင့်အောင်မြင်ပြီးရင် လောကီနဲ့ပတ်သက်တာတွေအတော်များများကို တွန်းလှန်နိုင်သွားမယ်၊ ဒါပေမယ့် လောကီ

ကိစ္စအတော်များများကို တွန်းလှန်နိုင်ဖို့ဆိုတာ ဘယ်လွယ်မှာ လဲ ၊ အမျက်ဒေါသကို တွန်းလှန်နိုင်ဖို့ဆိုတာ သိပ်ခက်ခဲတယ် ၊ ဒါကြောင့်လည်း လောကမှာ နတ်ဘုရားတွေ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်နေကြတာပေါ့ ၊ ဒီကိစ္စတွေက နက်နဲ လွန်းပါတယ်လေ ၊ မင်းတစ်ခါတည်းနဲ့တော့ နားလည်မှာ မဟုတ်ဘူး ၊ ဒါပေမယ့် ကျုပ်ဘဝကလည်း အချိန်သိပ်မကျန် တော့လို့ မင်းကိုသင်ပြပေးနိုင်တာ အရမ်းနည်းနေရင်လည်း နောက်ကျ ကျုပ်ကို အပြစ်မတင်ဖို့ မျှော်လင့်ပါတယ်ကွာ" ထိုသို့ ပြောပြီးသည်နှင့် ဆန်းလျန်သည ချန်ကျင်းချင်ရှေ့မှ ထွက်ခွာသွားလေသည်။

ထို့နောက်သူက လက်တစ်ဖက်ဝှေ့ယမ်းလိုက်ပြီး တစ်ပေနှင့်ရှစ် လက်မ တိတိရှိသည့် ဝါးလုံးတစ်လုံးကို ချိုးယူလိုက်လေ သည်။

ချန်ကျင်းချင်က သူ၏ဆရာ ဘာလုပ်မည်ကို စူးစိုက်ကြည့်နေခဲ့လေသည်။

ဆန်းလျန်သည် ချက်ချင်းပင်ဝါးလုံးကို ဝါးပုလွေတစ်ခုအဖြစ် ပြောင်းလဲသွားအောင် ဖန်ဆင်းလိုက်လေသည်။

ထို့နောက် ဆန်းလျန်သည် ပလွေကိုကောက်ကိုင်လိုက်ပြီး နှုတ်ခမ်းနှစ်လွှာထက်တွင်တေ့ကာ မှုတ်လိုက်လေသည်။

ထိုအခါ...

စကြာဝဠာအတွင်းသို့ အသံမရှိသော အသံတစ်ခုသည် စီးဆင်းပျံ့နှံ့သွားလေသည်။ ထိုအသံထဲတွင် ငြိမ်းချမ်းခြင်းတရားများ ပါဝင်လေသည်။

ထိုပုလေသံသည် ယန်ရှီး၏နားအတွင်းသို့ စီးဆင်းဝင်ရောက်လာလေသည်။

ထိုအခါ ချင်းရှမ်နတ်တံခါးနှင့် ပတ်သက်သမျှသည် သူ၏ အတွေးများထဲတွင် ထင်ဟပ်လာလေသည်။

ငယ်ရွယ်သည့် ကျန်းရော့ရှီးသည် လက်ထဲတွင် သံပုစိန်တစ်လက်ကို ကိုင်ထားကာ ချင်းလျန်တောင်ထိပ်ရှိ ဝါးရုံတောထဲမှ ဝါးပင်များကို ခုတ်ဖြတ်နေလေသည်။

ယန်ရှီးသည် ကျန်းရော့ရှီးအနားရှိ ကျောက်တုံးတစ်တုံးထက်တွင် ထိုင်နေပြီး ချွေးတလုံးလုံးဖြင့်ဝါးပင်ခုတ်နေသည့် သနားစရာ ကျန်းရော့ရှီးကို အလွန်မှ သနားသည့်မျက်ဝန်းများဖြင့် ကြည့်နေလေသည်။

အခန်း (၄၃၁) ရွေးချယ်မှု

ကျန်းရော့ရှီးက ကျောက်သားကဲ့သို့ မာကျောသည့် ဝါးပင်များ

ကို ပုဆိန်ဖြင့်ခုတ်ဖြတ်လိုက်သံသည် ဆန်းလျန်၏ အသံမဲ့

ပုလွေသံတေးသွားနှင့်ပေါင်းစပ်သွားသည့်အခါ ယန်ရှီး၏ စိတ်

ကို မတည်မငြိမ်ဖြစ်သွားစေလေသည်။ ယန်ရှီး၏ စိတ်သည်

ကကြိုးရှုတ်သည့် ရုပ်သေးရုပ်အလား ရှုတ်ထွေးကုန်

တော့သည်။

ပြင်ပကမ္ဘာတွင်တော့ အမှောင်ထုများက တဖြည်းဖြည်းပျံ့နှံ့လာ

နေပြီး ရွှေရောင်နတ်စစ်သည်များကလည်း အဆက်မပြတ်

ထွက်ပေါ်လာနေဆဲ ဖြစ်လေသည်။

ဟွမ်ကျန်းမှာ ဒဏ်ရာများ သက်သာလာပြီဖြစ်သည့်အတွက်

ယွိမင်နတ်ဘုရားအတွက် အနည်းငယ် မျှော်လင့်ချက် ရှိလာခဲ့

ပြီ ဖြစ်သည်။

ယန်ရှီး၏ အမူအရာ အနည်းငယ်ပျက်ယွင်းသွားမှုကြောင့်

ဆရာတပည့်နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်

ကြည့်လိုက်ကြလေသည်။ အသံမရှိမဲ့ပုလွေသံတေးသွားသည်မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို သူတို့နှစ်ယောက်လုံးမသိကြသော်လည်း ထိုတေးသွားက ယန်ရှီးကို တည်ငြိမ်မှုပျက်ပြားစေခဲ့ကြောင်း သူတို့သိလိုက်သည်။

သူတို့က ထိုအခွင့်အရေးကိုအသုံးချကာ ထိုးဖောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ဟွမ်ကျန်းက သူ၏အတောင်ပံများကို တဖျတ်ဖျတ်ခတ်လိုက်ရာ ပြင်းထန်သည့်မုန်တိုင်းတစ်ခု ဖြစ်ပေါ်လာပြီး မုန်တိုင်းကပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားလေသည်။ ထိုမုန်တိုင်းကြီးအောက်တွင် ရွှေရောင်နတ်စစ်သည် များစွာ အသက်ပျောက်ကုန်ကြရတော့သည်။

ထို့နောက် ဆရာတပည့်နှစ်ယောက်သည် နတ်စစ်သည်များဆီသို့ ပြိုင်တူခုန်ဝင်ကာ ထိုးဖောက်တိုက်ခိုက်လိုက်ကြလေတော့သည်။

ယန်ရှီးသည် အနက်ရောင်တိမ်တိုက်ပန်းပွင့်ကြီးထက်တွင် မျက်လုံးများမှိတ်ထားရင်း မတ်တပ်ရပ်နေလေသည်။ အသံမဲ့ တေးသွားသည် သူ့နားထဲတွင် စူးရှကျယ်လောင်စွာ မြည်ဟီးနေလေ၏။

ယန်ရှီးသည် သူ့စိတ်များကို တည်ငြိမ်အောင်ထိန်းချုပ်နိုင်ရန် ကြိုးစားရင်း ဒေါသလည်း အလွန်ထွက်နေလေသည်။ သူ့ဘဝတွင် ဒေါသထွက်ရသည့်အချိန်အခါများ ရှိခဲ့ဖူးပါသည်။ သို့သော် ယခုတစ်ကြိမ်ကတော့ယခင်အကြိမ်များနှင့် မတူဘဲ အလွန်ဆိုးဆိုးရွားရွား ဒေါသထွက်နေခဲ့ခြင်း ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ကျန်းရှော့ရှီးဆိုသည်က သူ့ဘဝတွင် မတွေ့ချင် မမြင်ချင်ဆုံးသော လူတစ်ယောက် ဖြစ်သောကြောင့် ဖြစ်လေသည်။ ထို့ပြင် သူသည် ကျန်းရှော့ရှီး၏ တည်ရှိမှုကို သူ့မှတ်ဉာဏ်ထဲတွင် လုံးဝအမှတ်မရချင်မိခဲ့ပေ။

ယန်ရှီးသည် ချင်းရှွမ်နတ်တံခါးကို အကြီးအကျယ် ထိခိုက်ပျက်စီးစေခဲ့သည့်တိုင် ကျန်းရော့ရှီးသည် သူ့အပေါ်တွင် အမုန်းတရားကင်းစင်ခဲ့လေသည်။ ထိုသို့ သူ့အပေါ်တွင် မမုန်းနိုင်သည့် ဂိုဏ်းတူအစ်ကိုကြောင့် သူ့စိတ်ထဲတွင် များစွာ အနှောင့်အယှက် ဖြစ်နေခဲ့ရလေသည်။ ကျန်းရော့ရှီးသည် ကွယ်လွန်သွားပြီဖြစ်သည့်တိုင် သူ့ကို စိတ်အနှောက်အယှက် ပေးနေဆဲ လူတစ်ယောက် ဖြစ်လေသည်။

ထို့ပြင် ချင်းရှွမ်နတ်တံခါးတွင် ကျန်းရော့ရှီးကဲ့သို့ ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်သူ မည်သူတစ်ဦးတစ်ယောက်မှ မရှိခဲ့ပေ။ ကျန်းရော့ရှီးသည် ချင်းရှွမ်နတ်တံခါး ပြိုကျပျက်စီးလုနီးပါး ဖြစ်နေသည့် အရေးကြီးဆုံးအချိန်တွင် အခြေအနေများကို မယိမ်းယိုင်အောင် ထိန်းသိမ်းပေးထားခဲ့သူ ဖြစ်လေသည်။

သို့တိုင်အောင် ဖြစ်ခဲ့သမျှ အကြောင်းများအတွက် ကျန်းရော့ရှီးသည် သူ့အပေါ်တွင် အပြစ်လည်းမတင်ခဲ့သလို မကျေမနပ်လည်း မဖြစ်ခဲ့ပေ။

ထို့ကြောင့် ယန်ရှီးအနေဖြင့် ကျန်းရော့ရှီးကို နာကျင်ထိခိုက်စေရန်အတွက် အကြောင်းပြချက် ရှာမတွေ့နိုင်ခဲ့ပေ။ သို့ရာတွင် ကျန်းရော့ရှီးသည် သူ၏လက်ချက်ဖြင့်ပင် သေဆုံးခဲ့ရလေသည်။

ယန်ရှီးသည် အေးစက်ပြီး အကြင်နာတရားကင်းမဲ့သူတစ်ယောက် ဖြစ်သည့်တိုင် သူ့နှလုံးသားထဲရှိ အနက်ရှိုင်းဆုံးနေရာတွင် ကျန်းရော့ရှီး၏ပုံရိပ်ကို တွေ့မြင်လိုက်ရသည့်အခါ မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားများပင်လျှင် အနည်းငယ် နွေးကွေးသွားရလေသည်။

သူ့ဘဝတွင် သူနာကျင်အောင်ပြုလုပ်မိသူများထဲတွင် သူ့ကို အကြီးမားဆုံးနောင်တရစေခဲ့သူမှာ ပိယွင်နတ်သမီးဟုသာ

ထင်မှတ်ထားခဲ့ဖူးသည်။ သို့သော် ယခု ဆန်းလျန်၏ အသံမဲ့

တေးသွားကို ကြားလိုက်ရသည့်အခါတွင်တော့ သူ့ကို အကြီး

မားဆုံးနောင်တရစေခဲ့သူမှာ ကျန်းရှော့ရှီး ဖြစ်နေခဲ့ကြောင်း သူ

သဘောပေါက်သွားရလေသည်။

ချစ်ခြင်းမေတ္တာနှင့် မုန်းတီးမှု...

မည်သည့်အရာကို မဆို သူက ကျော်ဖြတ်နိုင်ခဲ့သူဖြစ်သည်။

အတိတ်သည်လည်း ပြီးဆုံးခဲ့ပြီဖြစ်ပြီး ယန်ရှီးဆိုသည့် "သူ"

သည်လည်း အစပိုင်းကာလများကကဲ့သို့ ကောင်းမွန်သည့် လူ

တစ်ယောက် ပြန်ဖြစ်လာနိုင်တော့မည် မဟုတ်ပေ။

ဘဝဆိုသည်က အမြဲတမ်း အပြောင်းအလဲများနှင့် ပြည့်နက်

နေသည်ပဲ ဖြစ်လေသည်။

ကျန်းရှော့ရှီးသည် ယန်ရှီးကို လမ်းကြောင်းမှန်ပေါ်သို့ ပြန်

ရောက်အောင်ပြုလုပ်ပေးရန် မည်သို့မျှ မတတ်နိုင်တော့သည့်

အဆုံး ယန်ရှီးနှင့် အလွန်ဆင်တူသည့် ဆန်းလျန်ကို ပျိုးထောင်

ပေးခဲ့လေသည်။ ဆန်းလျန်သည် ယန်ရှီးကဲ့သို့ပင် လွတ်လပ်မှုကို မြတ်နိုးပြီး ပြိုင်ဘက်ကင်းတန်ခိုးစွမ်းအားများကိုလည်း ပိုင်ဆိုင်သူဖြစ်လေသည်။

သို့သော် ဆန်းလျန်ဆိုသည်က တန်ခိုးစွမ်းအားမည်မျှပင် ကြီးမားပါစေ လူသားများအားလုံးအပေါ်တွင် မေတ္တာတရားနှင့် လူသားချင်းစာနာစိတ်ကို ဖြန့်ဝေပေးနေဆဲ ဖြစ်လေသည်။ ထိုအချက်က ဆန်းလျန်နှင့် ယန်ရှီး မတူညီသည့်အချက်ပင် ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်သည် ကျန်းရှော့ရှီး၏ လွှမ်းမိုးမှုကို မသိမသာ ခံခဲ့ရသည်ဟုလည်း သတ်မှတ်၍ရသည်။

အသံမဲ့တေးသွားသည် ယန်ရှီး၏ စိတ်ဝိညာဉ်အတွင်းသို့ တဖြည်းဖြည်း စိမ့်ဝင်လာလေသည်။ ထိုအသံမဲ့တေးသွားသည် ဆန်းလျန်က သူ့ကိုစစ်ဆေးနေခြင်းဖြစ်ကြောင်း ယန်ရှီး ကောင်းကောင်းသဘောပေါက်လေသည်။

ထိုစစ်ဆေးမှုသည် ပြင်ပမှရောက်လာခြင်းမဟုတ်သလို ကိုယ်တွင်းမှလည်းထွက်ပေါ်လာခြင်း မဟုတ်ခဲ့ပေ။ သို့သော် ယန်ရှီး အတွက်တော့ တုန်လှုပ်မှုကို ဖြစ်ပေါ်စေလေသည်။

ဆန်းလျန်သည် အသံမဲ့တေးသွားနှင့် ယန်ရှီးကိုစစ်ဆေးနေခြင်းကြောင့် ယန်ရှီး၏ နှလုံးသားထဲမှ အသံတစ်ခု ထွက်ပေါ်လာခဲ့လေသည်။

ဘယ်အရာကို ယန်ရှီးရွေးခြယ်မည်နည်း။

အကောင်းလား အဆိုးလား။

အမှောင်လား အလင်းလား။

ယန်ရှီးသည် သူ၏မူလစိတ်ရင်းများပျောက်ကွယ်သွားကာ မိစ္ဆာနတ်ဘုရားတစ်ပါး လုံးလုံးဖြစ်ခဲ့သည့်တိုင် သူ့အမှားများကို သိမြင်နောင်တရခဲ့လျှင်တော့ နတ်ဘုရားတစ်ပါးအဖြစ် ချက်ချင်း ပြောင်းလဲသွားနိုင်လေသည်။

သို့သော် ယန်ရှီးသည် ထိုသို့ ရွေးခြယ်မှုများကိုပြုလုပ်ရသည်ကို နှစ်သက်သူတစ်ယောက် မဟုတ်ပေ။ သူက ကိစ္စတစ်ခုမလုပ်ခင်တွင် သေသေချာချာစဉ်းစားပြီးမှ လုပ်ခဲ့သူတစ်ယောက်ဖြစ်လေသည်။ သူက လောကရှိ နည်းဘောင်စည်းကမ်းနှင့် ဥပဒေများကို တော်လှန်ခဲ့သူတစ်ယောက်ဖြစ်လေသည်။

အကောင်းအဆိုးရွေးခြယ်နေရလျှင် ယန်ရှီးသည် အဘယ်မှာ ယန်ရှီး ဟုတ်ပါတော့မည်နည်း။

ဆန်းလျန်ဆိုသည့်လူငယ်သည် သူ့ကို စစ်ဆေးရန်အတွက် အလွန်လိမ္မာပါးနပ်သည့်နည်းလမ်းကို အသုံးပြုခဲ့ခြင်း ဖြစ်လေသည်။

ကျန်းရော့ရှီး ခုတ်လှဲနေသည့် ဝါးပင်သည် နောက်ဆုံးတွင်တော့ လဲကျသွားခဲ့လေသည်။

ကျန်းရော့ရှီးသည် သူ၏အကျႌလက်ဖြင့် နဖူးထက်မှ ချွေးစများကို အသာသုတ်လိုက်ရင်း ယန်ရှီးကို လှည့်ကြည့်လိုက်သည်။

"ဂိုဏ်းတူညီလေး ၊ ဒီနေ့တော့အလုပ်ပြီးပြီ ၊ ပြန်ကြရအောင်"

ကျန်းရော့ရှီးစကားကိုကြားသည်နှင့် ယန်ရှီးသည် ထိုင်ရာမှထကာ ကျန်းရော့ရှီးရှိရာသို့ လျှောက်လာလေသည်။

သူက အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်ရင်း…

"အလုပ်တစ်ခုလုပ်ဖို့ကျန်သေးတယ် ၊ ကျုပ်တို့ သွားလို့မရသေးဘူး"

ကျန်းရော့ရှီးက ယန်ရှီးစကားကြောင့် အံ့အားသင့်သွားပြီး…

"ဘာလုပ်စရာ ကျန်သေးလို့လဲ"

ယန်ရှီးက သူ၏ဘယ်ဘက်ရင်ပတ်ကို တစ်ချက်ဖိလိုက်ရင်း…

"ဂိုဏ်းတူအစ်ကို ၊ ကျုပ်ရဲ့ဘယ်ဘက်ရင်ပတ်ကို ဖွင့်ပြီး အဲဒီနေရာမှာ နှလုံးသားရှိ မရှိဆိုတာ စစ်ဆေးပေးပါလား"

ယန်ရှီး၏ စကားများကို ကျန်းရော့ရှီးသည် အမှန်တကယ်နား မလည်ခဲ့ပါ။

"မင်း ဘာတွေပြောနေတာလဲ ၊ လူမှန်ရင် နှလုံးသားရှိရမှာပေါ့ ၊ နှလုံးသားမရှိဘဲ ဘယ်လိုလုပ် အသက်ရှင်နိုင်မှာလဲ"

ယန်ရှီးက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"လူတစ်ယောက်ဟာ နှလုံးသားမရှိဘဲ အသက်မရှင်နိုင်ဘူးလို့ ဘယ်သူပြောလဲ ၊ ပြီးတော့ မြင်မှမမြင်ရဘဲ နှလုံးသား ရှိ မရှိဆို တာကို ဘယ်လိုယုံကြည်လက်ခံရမလဲ ၊ ကျုပ်လည်း ကျုပ်မှာ တကယ်တမ်း နှလုံးသား ရှိ မရှိ ဆိုတာ သိချင်မိတယ်"

ကျန်းရော့ရှီးက မျက်စိပျက်မျက်နှာပျက်ဖြင့်...

"မင်းရဲ့အတွေးတွေက ချော်ထွက်နေပြီ ၊ ဒီလိုပေါက်ကရတွေ လျှောက်တွေးပြီး မင်းရဲ့စွမ်းအားနဲ့ အချိန်တွေကို အလဟဿ ဖြုန်းတီးပစ်နေတာပဲ ၊ မင်းသိထားရမှာက နှစ်ပေါင်းသုံးထောင် အတွင်း မင်းဟာ ချင်းရှမ်နတ်တံခါးမှာ ပထမဆုံးပေါ်ထွက်လာ

တဲ့ ပါရမီရှင်ပဲ ၊ မင်းကို ဆရာက အဲဒီလိုပြောထားတယ် ၊ မင်း ဒီလိုလျှောက်တွေးနေမယ့်အစား ကျင့်စဉ်ကျင့်ကြံစမ်းပါ ၊ မင်း က ကျုပ်တို့အားလုံးထက်သာသွားမယ့်သူပါ ၊ ကဲ... ပြန်ကြ မယ် ၊ ပြန်ကြမယ် ... ၊ ဒီကိစ္စကို ထပ်မပြောနဲ့တော့ ၊ ပြီးတော့ မင်း ဒီလိုပေါက်ကရတွေတွေးနေတာကို တခြား ဂိုဏ်းတူညီ အစ်ကိုတွေလည်း မသိစေနဲ့"

"ကျုပ်က သူတို့ကို ဂရုမစိုက်ပါဘူး ၊ အစ်ကိုက ကျုပ်ရင်ပတ် ကိုဖွင့်ပြီး နှလုံးသား ရှိ မရှိ စစ်ဆေးမပေးဘူးဆိုရင် တခြား တစ်ယောက်ကို ကျုပ်က ခိုင်းရမှာပေါ့"

ယန်ရှီးက အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"မင်းနဲ့ မင်းရဲ့ပေါက်ကရတွေ ရပ်တန်းကရပ်လိုက်တော့"

ကျန်းရော့ရှီးသည် သူ၏လက်ထဲမှ ပုဆိန်ကို လွှင့်ပစ်လိုက်ပြီး ယန်ရှီး၏လက်ကိုဆွဲကာ ချင်းလျန်တောင်ထိပ်မှ တောင် အောက်သို့ ဆင်းသွားလေတော့သည်။

ကျန်းရော့ရှီး ဆွဲခေါ်ရာနောက်သို့ပါလာသည့် ယန်ရှီး၏ ပုံသဏ္ဍာန်သည် တဖြည်းဖြည်း မှေးမှိန်လာလေသည်။

ယန်ရှီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"ဒီလို ထင်ယောင်ထင်မှား ဖန်ဆင်းထားတာတောင်မှ အစ်ကိုက ကျုပ်ကို မထိခိုက်စေခဲ့ဘူးနော် ၊ ဒါ ကျုပ်အတွက်တော့ တော်တော်ဆိုးတာပဲ ၊ ဒါနဲ့ ဆန်းလျန်ရာ ... မင်းရော နည်းနည်းလေးမှ ဒေါသမထွက်ဘူးလား ၊ တကယ်တမ်းဆို ကျန်းရော့ရှီးကို ကျုပ်ကို ပုဆိန်နဲ့ ခုတ်ခိုင်းလိုက်ရမှာ မဟုတ်ဘူးလား ၊ ကျုပ် ပြန်မခုခံပါဘူးဗျာ"

ကျန်းရော့ရှီးမှာ ယန်ရှီး၏ စကားများကြောင့် စိတ်များ ရှုတ်ထွေးလာရပြီး ယန်ရှီးကို လှည့်ကြည့်လိုက်လေသည်။ ထိုအခါ သူဆွဲခေါ်လာခဲ့သည့် ယန်ရှီးသည် တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

ယန်ရှီးသည် နောင်တတရားရပြီး မိစ္ဆာလမ်းမှ သွေဖယ်ရန်

အတွက် မရွေးချယ်ခဲ့ပေ။

ထို့ကြောင့် ဆန်းလျန်၏ စစ်ဆေးခြင်းမှာလည်း ပျက်စီးသွားရ

လေသည်။ သူသည် နောင်တတရားဖြင့် လမ်းမှန်သို့ သွားမည့်

အစား ကျန်းရှော့ရှီး ပုဆိန်ဖြင့် အခုတ်ခံရန်သာ ရွေးခြယ်ခဲ့

သည် မဟုတ်ပါလား။

ချင်းလျန်တောင်ထိပ်ရှိ ဝါးရုံတောထက်သို့ နေရောင်ခြည်က

ဖြာကျနေလေသည်။

ဆန်းလျန်သည် ပုလွေမှုတ်နေခြင်းကို ရပ်တန့်လိုက်လေသည်။

ထိုအခါ အသံမဲ့တေးသွားသည်လည်း စကြာဝဠာအတွင်းမှ

ပျောက်ကွယ်သွားရလေသည်။

ဆန်းလျန်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်ရင်း မိုးကုတ်

စက်ဝိုင်းဆီသို့ ငေးမောကြည့်နေလေသည်။

"လောကမှာ ဘယ်သူမှ ထာဝရအသက်မရှင်သန်နိုင်ပါဘူး ၊ ဘယ်သူမှ ခြွင်းချက်မရှိဘူး"

ချန်ကျင်းချင်သည် ဆန်းလျန်ပြောသည့်စကားကို နားမလည်သည့်တိုင် သူ့ခေါင်းထဲတွင် မှတ်ထားလိုက်လေသည်။ အချိန်မည်မျှကြာသည်ဖြစ်စေ တစ်ချိန်တွင်တော့ ဆရာဖြစ်သူ၏စကားများကို သူနားလည်လာမည်ဟု မျှော်လင့်ထားခဲ့သည်။

ယန်ရှီးသည် အနက်ရောင် တိမ်တိုက်ပန်းပွင့်ကြီးထက်တွင် ရပ်နေရင်း မျက်ဝန်းများ အသာအယာ ပွင့်လာလေသည်။

သူမျက်လုံးဖွင့်လိုက်သည်နှင့် သူဖန်ဆင်းခဲ့သည့် ရွှေရောင်နတ်စစ်သည်များအားလုံးမှာ ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်း၏လက်ဖြင့် အကုန်သုတ်သင်ခံလိုက်ကြရပြီ ဖြစ်လေသည်။ ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းတို့၏ တန်ခိုးစွမ်းအားများသည် စကြာဝဠာတစ်ခုလုံး တုန်လှုပ်သွားတော့မည့်အလား အရာအားလုံးကို ဖျက်စီးပစ်နေကြလေသည်။

နေဝင်သွားခဲ့လေပြီ...။

ယန်ရှီးသည် သူ၏ မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားကို အသုံးပြုကာ ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းတို့၏ ရွှမ်ချင်း အလင်းစွမ်းအားများကို အဆက်မပြတ် တိုက်လိုက်လိုက်လေသည်။

ရွှမ်ချင်းအလင်းစွမ်းအားများသည် မည်မျှပင် ပြင်းထန်ပါစေ မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအား၏ တစ်စိတ်တစ်ပိုင်းကိုပင် ဖျက်စီးပစ်ရန် မလွယ်ကူနိုင်ပေ။ နောက်ဆုံးတွင်တော့ ရွှမ်ချင်းအလင်းစွမ်းအားများသည် တဖြည်းဖြည်းငြိမ်သက်သွားရလေသည်။

လေထဲတွင် အလင်းတန်းများ ထွက်ပေါ်လာပြီး ထို အလင်းတန်းများအလယ်တွင် ယန်ရှီးကို တွေ့မြင်နိုင်လေသည်။

သူ၏ အနက်ရောင်ဝတ်ရုံသည် လေထဲတွင် ပျံ့လွင့်နေပြီး

သူ၏ အနက်ရောင် ဆံနွယ်များသည် ရေတံခွန်တစ်ခုအလား

လေထဲတွင် စီးဆင်းနေလေသည်။

မြင်ရသူတိုင်း ရင်သပ်ရှုမောရလောက်အောင် လှပလွန်းသည့်

မြင်ကွင်းဖြစ်လေသည်။

အနက်ရောင်တိမ်တိုက်များကြားတွင် ဟွမ်ကျန်းက

သူ၏အတောင်ပံများကို အဆက်မပြတ် ရိုက်ခတ်နေလေ

သည်။

ယွိမင်နတ်ဘုရားသည် ယန်ရှီးနှင့် မျက်နှာချင်းဆိုင်ရှိ လေထဲ

တွင် ရပ်တန့်နေလေသည်။

သူနှင့် ဟွမ်ကျန်း နှစ်ယောက်ပေါင်းသည့် တန်ခိုးစွမ်းအားကို

ပင် ယန်ရှီးက မဖြိုသည့်အတွက် ယွိမင်နတ်ဘုရား၏ ရင်ထဲ

တွင် နင့်နေအောင် ခံစားနေရလေသည်။ သူ့ရှေ့မှ

မိုးကောင်းကင်နတ်မိစ္ဆာဆိုသူသည် သတ်၍ရော သေပါမည် တဲ့

လား။

ထိုသူ၏ ရုပ်ခန္ဓာကို ဖျက်စီးပစ်ရန်အတွက် အမှန်တကယ်ပင်

နည်းလမ်းမရှိလေဘူးလား။

ဟွမ်ကျန်းသည် ယန်ရှီး၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို

နားလည်သွားခဲ့ပြီဟု သူ့ကိုယ်သူ ထင်ခဲ့မိသည်။ ယခုတော့ သူ

သိခဲ့သမျှသည် အပေါ်ယံမျှသာ ဖြစ်ကြောင်း သိရှိသွားခဲ့ရလေ

ပြီ။

ယန်ရှီးက ဟွမ်ကျန်းကို လှမ်းကြည့်လိုက်ရင်း...

"မင်းတို့ ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို ကျုပ်ဘာလို့

အထင်သေးရသလဲ သိလား ၊ ဘာလို့လဲဆိုတော့ မင်းတို့တွေ

ဟာ ရေတွင်းထဲက ဖားတွေလိုပဲ ၊ ရေတွင်းဝက လှမ်းမြင်နေရ

တဲ့ ကောင်းကင်ကိုပဲ ကောင်းကင်ကြီးတစ်ခုလုံးလို့ ထင်နေတဲ့

ကောင်တွေ"

ပြောပြီးသည်နှင့် ယန်ရှီးက ပြုံးလိုက်လေသည်။

သူ့အပြုံးတွင် အထင်အမြင်သေးမှုများဖြင့် ပြည့်နက်နေလေသည်။

အမှန်တော့ ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းတို့သည် ယန်ရှီးက ဆန်းလျန်၏ ပုလွေသံဖြင့် အစစ်ဆေးခံနေရချိန်တွင် ရွှေရောင်နတ်စစ်သည်များကို တိုက်ခိုက်ပြီး ထွက်ပြေးသွားပါက လွတ်မြောက်သွားနိုင်လေသည်။

သို့သော် သူတို့က ထွက်မပြေးဘဲ ယန်ရှီးကို တိုက်ခိုက်ခဲ့သည့်အတွက် ထိုအခွင့်အလမ်းနှင့် လွဲချော်ခဲ့ရခြင်း ဖြစ်လေသည်။

အခန်း (၄၃၂) ပြေးစရာမြေမရှိ

ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းသည် သူတို့သည် မဟာအမှား ကြီး ကျူးလွန်ခဲ့ပြီ ဖြစ်ကြောင်းနားလည်လိုက်မိကြလေသည်။

သူတို့က သူတို့နှစ်ယောက်ပေါင်း တန်ခိုးစွမ်းအားဖြင့် ယန်ရှီး ကို အနိုင်ယူနိုင်လိမ့်မည်ဟု ထင်မှတ်ခဲ့မိကြလေသည်။

သူတို့က ယန်ရှီးကို လျှော့တွက်ခဲ့မိကြသည်။

ယခုတော့ ဆန်းလျန်သည် မိုးကောင်းကင်နတ်မိစ္ဆာနှင့် ပတ်သက်သည့်အကြောင်းကို သူ့ကို အဘယ့်ကြောင့် မ မေးမြန်းခဲ့သည်ကို ဟွမ်ကျန်းသဘောပေါက်သွားခဲ့ရပြီ။

ယန်ရှီး ပြောသည်မှာ မှန်လေသည်။

သူသည် ရေတွင်းထဲမှ ဖားတစ်ကောင်သာ ဖြစ်လေသည်။ သူ တွေ့မြင်သမျှကို ပြီးပြည့်စုံသည်ဟု ထင်မှတ်ခဲ့မိသည်။

တကယ်တမ်းတွင်တော့ လောကတွင် များများတွေ့မြင်ရလေ

မသိသေးသည့်ကိစ္စများက ပိုများလေပင် ဖြစ်လေသည်။

သူက ယန်ရှီး၏ မိစ္ဆာမျိုးစေ့ကို အချိန်ကာလတစ်ခုကြာအောင် တွန်းလှန်နိုင်ခဲ့သည်ကို အောင်မြင်မှုကြီးတစ်ခုဟု ထင်မှတ်နေခဲ့မိသည်။ သူက ယန်ရှီးကို နှိမ်နင်းနိုင်လိမ့်မည်ဟူ၍ပင် တွေးထင်နေခဲ့မိသေးသည်။

ယခုအချိန်ခဏလေးအတွင်းမှာပင် သူမှားခဲ့ပြီဖြစ်ကြောင်း ဟွမ်ကျန်းနားလည်သဘောပေါက်သွားရသည်။

ယန်ရှီးသည် တစ်ချိန်မဟုတ် တစ်ချိန်တော့ ကျရှုံးရမည်ဖြစ်လေသည်။ သို့သော် ယန်ရှီးကို နှိမ်နင်းနိုင်မည့်သူသည် မည်သို့မျှ သူမဖြစ်နိုင်ပေ။ ဆန်းလျန်က သူ၏နှလုံးသားထဲမှ မိစ္ဆာမျိုးစေ့ကို ရှင်းထုတ်ပေးခဲ့သည့်အချိန်ကလည်း ထိုသို့ သူတွေးခဲ့ဖူးသည်။

ယခုတော့ သူ၏ဆရာနှင့် နှစ်ယောက်ပေါင်းပြီးတိုက်ခိုက်သည့်တိုင် ယန်ရှီးကို အနိုင်ယူနိုင်ခဲ့ခြင်း မရှိပေ။

သူသည် စိတ်ပျက်ခြင်းနှင့် အပြစ်ရှိခြင်းများကို ရင်တွင်းမှ ခံစားနေရလေသည်။

သူ၏ခံစားချက်များကို နားလည်သည့်အလား ယွိမင်နတ်ဘုရားသည် သူ၏ပခုံးကို အသာပုတ်ကာ နှစ်သိမ့်ပေးလိုက်လေသည်။

သူငယ်စဉ်က အမှားတစ်ခုခုကျူးလွန်မိခဲ့တိုင်း ဆရာဖြစ်သူသည် သူ့ကို မည်သည့်အခါမှ အပြစ်မပေးခဲ့ပါ။ သူအမှားလုပ်သည့်အခါတိုင်း ပခုံးကို အသာပုတ်ကာ အားပေးခဲ့ပြီး အသစ်တစ်ဖန်ပြန်လည်စတင်ရန် အားပေးခဲ့သည်ချည်းပင် ဖြစ်လေသည်။

ဟွမ်ကျန်းက ခေါင်းကိုမော့လိုက်ပြီး ယန်ရှီးကို စိုက်ကြည့်လိုက်သည်။

"မင်းကတော့ အားနည်းချက်တွေ မရှိတဲ့သူပေါ့၊ ဒါပေမယ့် တေးသွားလေးတစ်ခုကတော့ မင်းကိုဒုက္ခပေးနိုင်တယ် မဟုတ်လား"

ဟွမ်ကျန်းက ယန်ရှီးကို နှုတ်လှန်ထိုးလိုက်လေသည်။

"မင်း ခန္ဓာကိုယ်ကိုသာ အသုံးချစရာမရှိရင် မင်းနဲ့ ဒီလို ပေါက်ကရတွေပြောနေဖို့ အချိန်ကိုမရှိဘူး"

ယန်ရှီးက ပြန်ပြောလိုက်လေသည်။

ဟွမ်ကျန်း၏ နှုတ်လှန်ထိုးမှုက ယန်ရှီးကို မည်သို့မျှ မထိခိုက်စေခဲ့ပါ။

ယန်ရှီး၏ ခန္ဓာကိုယ်မှ ဖြာထွက်နေသည့် အလင်းတန်းများသည် ရေများကဲ့သို့ စီးဆင်းနေပြီး ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းတို့ကို ဖုံးအုပ်လုနီးပါး ဖြစ်နေခဲ့လေသည်။

ဟွမ်ကျန်းသည် တန်ခိုးစွမ်းအားမြင့်မားသူဖြစ်သည့်တိုင် မလှုပ်နိုင်တော့ပေ။

ယွိမင်နတ်ဘုရား၏ ခန္ဓာကိုယ်မှ များပြားလွန်းသည့် တန်ခိုးစွမ်းအားများ ပေါက်ကွဲထွက်နေပြီး ယန်ရှီး၏ အလင်းတန်းများက သူ၏တန်ခိုးစွမ်းအားများကို ဖိနှိပ်ထားလေသည်။

ယန်ရှီးသည် စစ်မှန်သည့် မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားကို ယခုမှ ထုတ်သုံးလိုက်ခြင်း ဖြစ်လေသည်။ သူက မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားကို အသုံးပြုကာ သူ၏ပတ်ဝန်းကျင်တွင် မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေကို ဖန်ဆင်းလိုက်လေသည်။

မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေမှ ကြီးမားလွန်းသည့် တန်ခိုးစွမ်းအားများသည် ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းတို့ကို မတ်မတ်ပင်မရပ်နိုင်တော့လောက်အောင် ရိုက်ချလိုက်လေသည်။

ယန်ရှီးသည် လေထဲတွင် ရပ်တန့်နေလေသည်။

တစ်ချိန်တည်းမှာပင် ယန်ရှီးသည် ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းတို့၏ စိတ်ထဲတွင်လည်း ရောက်ရှိနေခဲ့လေသည်။ ယန်ရှီး၏ ပုံရိပ်သည် သူတို့၏ တန်ခိုးစွမ်းအားများကို အသုံးပြု၍မရအောင် ဖိနှိပ်ထားလေသည်။

ယန်ရှီး၏ ပုံရိပ်များလွှမ်းမိုးခံလိုက်ရသည်နှင့် သူတို့၏ကိုယ်ပိုင်စိတ်များက ပျက်ပြားစ ပြုလာလေသည်။ ထိုသို့ စိတ်ပိုင်းဆိုင်ရာတိုက်ခိုက်ခြင်းက ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်ခြင်းထက် များစွာ အန္တရာယ်ပိုများလေသည်။

အမှန်တော့ ယန်ရှီးမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းအတွင်းသို့ ဝင်ရောက်ခဲ့သည့်အတွက် ဟွမ်ကျန်းနှင့် ယွိမင်နတ်ဘုရားတို့၏ တန်ခိုးစွမ်းအားများကို သိနားလည်ထားသူဖြစ်လေသည်။ ထို့ကြောင့် တိုက်ခိုက်ရသည်က လွယ်ကူနေခဲ့ခြင်း ဖြစ်လေသည်။ သူက ဟွမ်ကျန်းနှင့် ယွိမင်နတ်ဘုရားတို့၏ အားနည်းချက်များကို သိရှိနေခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ ကွက်လပ်

များကို သိမြင်နေသည့်အတွက် ထိုသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

အကယ်၍ လောကတစ်ခွင်ရှိ ကျင့်ကြံသူများသာ ယခုမြင်ကွင်းကို တွေ့မြင်ပါက နတ်ဘုရားတစ်ပါးနှင့် ဖော့ဝမ့်အဆင့် ကျင့်ကြံသူတစ်ယောက်တို့ကို ယန်ရှီးက ထိုသို့အလွယ်တကူထိန်းချုပ်ထားနိုင်သည်ကို ယုံကြည်မည်ပင်မဟုတ်ပေ။

ယခုမြင်နတ်ဘုရားသည် နောင်တအကြီးအကျယ်ရနေခဲ့လေသည်။

သူ့အနေဖြင့် လင်ရှောင်ခန်းမဆောင်တွင် များစွာ အချိန်ဖြုန်းမနေခဲ့သင့်ပေ။ သို့မဟုတ်ပါက ယနေ့အချိန်အခါတွင် ယခုကဲ့သို့အရှက်တကွဲကိစ္စဖြင့် ကြုံတွေ့ရမည် မဟုတ်ပေ။

လင်ရှောင်ခန်းမဆောင်၏ တန်ခိုးစွမ်းအား မြင့်မားလာစေရန်အတွက် သူက သူ၏တန်ခိုးစွမ်းအားမြင့်မားမှုကို လျစ်လျူရှုခဲ့

မိသည်။ မဟုတ်ပါက သူသည် ရွှမ်ချင်းအလင်းစွမ်းအားကို ယခုထက်ပိုမို အစွမ်းထက်အောင် ကျင့်ကြံနိုင်မည်ဖြစ်ပြီး ယန်ရှီးကိုတော့ အနည်းဆုံး ခုခံကာကွယ်နိုင်မည် ဖြစ်လေသည်။

ယန်ရှီး၏ခန္ဓာကိုယ်မှ အလင်းတန်းများသည် ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းပေါ်သို့ ကျရောက်နေသည့်တိုင် ယန်ရှီးက သူတို့နှစ်ယောက်ကို ကြည့်နေခြင်း မရှိပါ။

သူ၏အကြည့်များက ကောင်းကင်၏ အခြားဘက်အစွန်းသို့ ရောက်ရှိနေလေသည်။

သူကြည့်နေသည့်နေရာတွင် မိန်းမပျိုနှစ်ယောက် ရှိနေလေသည်။

အေးစက်ရှည်လျားသည့် ဓားတစ်လက်ကို ကိုင်ဆောင်ပြီး အစိမ်းရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက်နှင့် အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက်တို့ ဖြစ်လေသည်။

ယန်ရှီးက သူတို့နှစ်ယောက်လုံးကို ကောင်းကောင်းသိလေသည်။

ဓားကိုင်ထားသူမှာ ချင်းရှောင်းနတ်သမီးဖြစ်ပြီး အဖြူရောင်ဝန်စုံနှင့်မိန်းမပျိုမှာ ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ လင်ကွမ်းနတ်သမီးပင် ဖြစ်လေသည်။

ယန်ရှီးမှာ လင်ကွမ်းနတ်သမီးကို ကြောက်စရာမလိုသည့်တိုင် ချင်းရှောင်းကိုတော့ သူကြောက်ရွံ့မိလေသည်။

သူက ချင်းရှောင်းဘက်မှ စတင်တိုက်ခိုက်လာမည်ကို စောင့်နေလေသည်။

မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်သည် "ယန်" စွမ်းအားကို အခြေခံလေသည်။ ချင်းရှောင်းက အဆင့်မြင် "ယင်" စွမ်းအားကျင့်စဉ်ဖြစ်သည့် ထိုက်ယင်းတန်ခိုးစွမ်းအားကို ကျင့်ကြံအောင်မြင်ထားသူဖြစ်လေသည်။

သူတို့နှစ်ယောက်တိုက်ခိုက်လျှင် မည်သူက သာမည်လဲဆို

သည်ကို ယန်ရှီး သိချင်နေမိသည်။

သို့သော် ယခု သူရင်ဆိုင်ရမည့် ချင်းရှောင်းသည် ယခင်က

ချင်းရှောင်းထက်ပို၍ပြီး ကြောက်စရာကောင်းသူ တစ်ယောက်

ဖြစ်လေသည်။

ချင်းရှောင်းဘက်မှ စတင်မတိုက်ခိုက်မချင်း ယန်ရှီးသည် ချင်း

ရှောင်း၏ တန်ခိုးစွမ်းအားကို တိတိကျကျ ခန့်မှန်းနိုင်ခြင်း မရှိ

ပေ။

သူက ဆန်းလျန်၏ စစ်ဆေးမှုကို တွန်းလှန်နိုင်ခဲ့သည်။

သို့သော်... ချင်းရှောင်း၏ တိုက်ခိုက်မှုကိုတော့ သူက

ရှောင်လွှဲ၍ရနိုင်မည် မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ ယန်ရှီးက အခြေအနေများကို စိတ်ဝင်စား

နေမိလေသည်။ သူ့အတွက်တော့ သေခြင်းတရားဆိုသည်က

ကစားစရာတစ်ခုမျှသာ ဖြစ်လေသည်။

ထိုအချိန်တွင်....

လင်ရှွမ်ထင်နှင့် ထျန်းမုန့်နတ်သမီးတို့မှာ အပြင်းအထန် တိုက်ခိုက်နေကြဆဲ ဖြစ်လေသည်။

လင်ရှွမ်ထင်သည် တိုက်ခိုက်နေရင်းမှ ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းတို့ အခြေအနေ မဟန်သည်ကို လှမ်းတွေ့လိုက်ရသည်။

လင်ရှွမ်ထင်သည် ဓားချက်တစ်ချက်ဖြင့် ထျန်းမုန့်ကို နောက်သို့ ဆုတ်သွားအောင် ဝှေ့ယမ်းတိုက်ခိုက်လိုက်ပြီး ယန်ရှီးရှိရာသို့ မိုးကြိုးတန်ခိုးစွမ်းအားများကိုအသုံးပြုကာ ထိုးဖောက်ဝင်ရောက်လာခဲ့လေသည်။

လင်ရှွမ်ထင်ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့် ဟွမ်ကျန်းမှာ အနည်းငယ် စိတ်သက်သာရာရသွားသလို ယွိမင်နတ်ဘုရားကလည်း ဝမ်းသာစွာဖြင့် ပြုံးလိုက်မိလေသည်။

လင်ရှမ်ထင်၏ သံမဏိမိုးကြိုးဓားသိုင်းသည် မိုးကောင်းကင်နတ်မိစ္ဆာကို ကောင်းကောင်းဒုက္ခပေးနိုင်သည့် တန်ခိုးစွမ်းအားပင်ဖြစ်လေသည်။

လင်ရှမ်ထင်ဝင်ရောက်လာသည်နှင့် မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားများ ပျက်စီးသွားရပြီး ဟွမ်ကျန်းနှင့် ယွိမင်တို့မှာ လွှပ်ရှားရှ်ရလာကြလေသည်။

“ဂိုဏ်းတူညီလေး ၊ အတူတူတိုက်ကြမယ်”

ယွိမင်နတ်ဘုရားက အော်ဟစ်လိုက်သည်။

လင်ရှမ်ထင်၏ သံမဏိမိုးကြိုးဓားသည် မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေအတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားလေသည်။ သို့သော် သံမဏိမိုးကြိုးဓားသည် ယန်ရှီးအနားသို့ရောက်ရှိသွားခြင်းမရှိပေ။

လင်ရှမ်ထင်၏ ဓားဝိညာဉ်သည် ယန်ရှီးဆီသို့ ရောက်ရှိမည့်အစား ကျယ်လောင်သည့် မိုးခြိမ်းသံကြီးတစ်သံထွက်ပေါ်လာ

ကာ ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းဆီသို့ ရောက်ရှိသွားလေ

သည်။

ယွိမင်နတ်ဘုရားမှာ ဓားဝိညာဉ်ကို အချိန်မီ ခုခံနိုင်ခြင်းမရှိ

သလို ဟွမ်ကျန်းမှာတော့ သူ့ရှေ့တွင် ဖြစ်ပျက်နေသည့်

အဖြစ်အပျက်များကို နားလည်နိုင်စွမ်း ပျောက်ဆုံးသွားရလေ

သည်။

ထိုအချိန်တွင်...

ဓားဝိညာဉ်တစ်ခုသည် ယန်ရှီးဆီသို့ ထိုးဖောက်ဝင်ရောက်လာ

လေသည်။

ယန်ရှီးသည် ချင်းရှောင်းနတ်သမီး၏ ဓားဝိညာဉ်ကို

ရှောင်တိမ်းနိုင်စွမ်းမရှိခဲ့ပါ။

ထို့အတူ ယွိမင်နတ်ဘုရားမှာလည်း လင်ရှမ်ထင်၏ ဓားဝိညာဉ်

ကို ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့တော့ပါ။

အခန်း (၄၃၃) အခြေအနေများ

ထျန်းမုန့်နတ်သမီးသည် ယန်ရှီးအနားသို့ ရောက်လာလေသည်။

သူမနှင့် ယန်ရှီးသည် ကောင်းကင်ထက်တွင် အတူတူရပ်နေပြီး အခြေအနေကို ကြည့်နေလေသည်။

“မိုးကောင်းကင်နတ်မိစ္ဆာက ဘယ်လိုတန်ခိုးစွမ်းအားမျိုးကို အကြောက်ဆုံးလဲ မင်းသိလား”

ယန်ရှီးက ထျန်းမုန့်နတ်သမီးကို မေးလိုက်သည်။

“မိုးကြိုးတန်ခိုးစွမ်းအားပေါ့”

ထျန်းမုန့်နတ်သမီးက ပြန်ဖြေလိုက်လေသည်။

ယန်ရှီးက ပြုံးလိုက်ပြီး...

“မင်းပြောတာမှန်တယ်၊ ဆန်းလျှန်ရဲ့ အသံမဲ့တေးသွားတောင်မှ ကျုပ်နှလုံးသားကို ချိတ်ပိတ်ဖို့ မစွမ်းဆောင်နိုင်ခဲ့ဘူး”

ထျန်းမုန့်နတ်သမီးက…

“ရှင် အခုမှ ဒီအကြောင်းပြောတာ ဘာလျှို့ဝှက်ချက်ရှိလို့လဲ”

ယန်ရှီးက လက်နှစ်ဖက်ကို နောက်သို့ ပစ်လိုက်ရင်း…

“လောကမှ မိုးကြိုးတန်ခိုးစွမ်းအားတွေ အများကြီးရှိတယ်၊ ဒါပေမယ့် တကယ်စွမ်းအားကြီးတဲ့ မိုးကြိုးတန်ခိုးစွမ်းအားကတော့ နည်းနည်းပဲရှိတယ်၊ တစ်ခုက ချင်းရှမ်နတ်တံခါးက စန်းရှောင်ကျင့်စဉ်ပဲ၊ ချုန်းဟယ်နတ်ဘုရားက စန်းရှောင်မိုးကြိုးလက်ဝါးသိုင်းကို တီထွင်ပြီးတဲ့နောက် လင်စုနတ်ဘုရားက အဲဒီကျင့်စဉ်ကို အနည်းငယ်ပြုပြင်ပြီး အဆင့်ကိုးဆင့်သတ်မှတ်ပေးခဲ့တယ်၊ နောက်ပိုင်းမှာ ကျိချန်က အဲဒီစန်းရှောင်ကျင့်စဉ်ကို နဝမအဆင့်ထိအောင်မြင်အောင်ကျင့်ကြံခဲ့ပြီး ဖော့ဝမ့်အဆင့်ထိ တက်ရောက်နိုင်ခဲ့တယ်၊ ကျိချန်ဟာ စန်းရှောင်

မိုးကြိုးလက်ဝါးသိုင်းနဲ့ လောကတစ်ခုလုံးကို တုန်လှုပ်စေခဲ့တယ်၊ တကယ်တော့ စန်းရှောင်မိုးကြိုးလက်ဝါးသိုင်းဟာ တကယ့် မိုးကြိုးတန်ခိုးစွမ်းအားရဲ့ အနှစ်သာရပဲ”

“ရှင်က ဘာကိုပြောချင်တာလဲ”

ထျန်းမုန့်နတ်သမီးက သိချင်စိတ်ဖြင့်မေးလိုက်သည်။

“ကျိချန်ပြီးတဲ့နောက် လောကမှာ တကယ့်မိုးကြိုးတန်ခိုးစွမ်းအားရဲ့ အနှစ်သာရကို နားလည်တဲ့သူ မရှိတော့ဘူး၊ ဒါပေမယ့် အခု တစ်ယောက်ရှိလာပြီ”

ယန်ရှီး၏မျက်ဝန်းများသည် မိုင်ထောင်ပေါင်းများစွာကို ဖြတ်သန်းပြီး အဝေးတစ်နေရာသို့ ငေးမောနေသယောင် ထင်မှတ်ရလေသည်။

“အဲဒီလူက ရှင်လား၊ ဒါမှမဟုတ် ဆန်းလျန်လား”

ထျန်းမုန့်နတ်သမီးက မေးလိုက်သည်။

"ဆန်းလျန်က ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံတဲ့သူပဲ ၊ သူ့မှာ ကိုယ်ပိုင်ကျင့်စဉ်လမ်းရှိနေပြီ မိုးကြိုးတန်ခိုးစွမ်းအားကို ဘယ်လိုလုပ်ထပ်သင်မှာတဲ့လဲ ၊ ပြီးတော့ ကျုပ်ကလည်း မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံထားတာ ၊ မိုးကြိုးတန်ခိုးစွမ်းအားကိုသာ ထပ်လေ့ကျင့်ရင် ကျင့်စဉ်နှစ်ခုရှုတ်ထွေးပြီး ဒုက္ခကောင်းကောင်းရောက်သွားမှာပေါ့ ၊ ကျုပ်ပြောတဲ့သူက ကွမ်းချင်းနတ်ဘုရားဂိုဏ်းက အငယ်ဆုံးနတ်ဘုရား လင်ရွှမ်ထင်ပဲ"

"သူက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ သူ့ကို ဒီလိုဖြစ်အောင် ရှင်လုပ်လိုက်တာလား"

ထျန်းမုန့်နတ်သမီးသည် ဖြစ်နိုင်ချေတစ်ခုကို စဉ်းစားလိုက်မိသည်။

ယန်ရှီးဆိုသည့်လူသည် အလွန်မှကြောက်စရာကောင်းပြီး လိမ်မှာပါးနပ်လှသူဖြစ်လေသည်။ သူမသည် တုန်လှုပ်သွားခဲ့ရလေသည်။

“အမှန်ပဲ ၊ ကျုပ်က စန်းရှောင်မိုးကြိုးလက်ဝါးသိုင်းကို မသင်ယူခဲ့ပေမယ့် နားလည်အောင်လေ့လာထားခဲ့တယ် ၊ မိုးကြိုးတန်ခိုးစွမ်းအားနောက်ကွယ်က တာအိုအဓိပ္ပါယ်ဟာ နားလည်ဖို့မခက်ပါဘူး ၊ ကျုပ်က သူလိုချင်တဲ့ မိုးကြိုးတန်ခိုးစွမ်းအားကို အသုံးချပြီး သူ့နှလုံးသားထဲမှာ မိစ္ဆာမျိုးစေ့ကို အသာလေးထည့်ထားခဲ့တာ ၊ လင်ရှမ်ထင်က ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းက နတ်ဆိုးစစ်သည်တွေနဲ့တိုက်ခိုက်ရင်း မိုးကြိုးတန်ခိုးစွမ်းအားကို သူ့ဟာသူအလိုလို နားလည်လာတယ်လို့ ထင်နေတာ ၊ ပြီးတော့ အဲဒီနတ်ဆိုးစစ်သည်တွေကို သူသတ်ဖြတ်တဲ့ ဒေါသတရားတွေက ကျုပ်ရဲ့မိစ္ဆာစွမ်းအားတွေပဲ ၊ မိုးကြိုးတန်ခိုး

စွမ်းအားကို သူအသုံးပြုလေလေ သူ့ကိုယ်ထဲကို ကျုပ်ထည့်ပေးထားတဲ့ မိစ္ဆာစွမ်းအားတွေက ပိုပြီးမြင့်မားလာလေပဲ” ယန်ရှီး ပြုံးနေလေသည်။ သို့သော် ထိုအပြုံးသည် မည်မျှကြောက်စရာကောင်းကြောင်း ထျန်းမုန့်နတ်သမီးသာ နားအလည်ဆုံး ဖြစ်လေသည်။

တာအိုကျင့်စဉ်တစ်ခုသည် မိစ္ဆာစွမ်းအားဖြစ်နေလိမ့်မည်ဟု မည်သူက ထင်ပါမည်နည်း။ ကျင့်ကြံအောင်မြင်လေလေ မိစ္ဆာအဆိပ်သင့်လေလေ ဖြစ်နေမည် ဖြစ်လေသည်။ အဆုံးသတ်တွင်တော့ ဘဝတစ်ခုလုံးသည် မိစ္ဆာနတ်ဘုရား၏ ထိန်းချုပ်မှုအောက်သို့ ရောက်မှန်းမသိ ရောက်သွားပေလိမ့်မည်။

ယန်ရှီး၏ မိုးကောင်းကင်နတ်မိစ္ဆာ တန်ခိုးစွမ်းအားများမှာ သိမ်မွေ့သည်ထက် သိမ်မွေ့လာပြီ ဖြစ်လေသည်။ သူက သဘာဝကျသည့်ထောင်ချောက်များဖြင့် နတ်ဘုရားများကိုပင် မိစ္ဆာစွမ်းအားဖြင့် ထိန်းချုပ်နိုင်နေပြီ ဖြစ်လေသည်။ လင်ရှွမ်

ထင်သည်မည်မျှပင် သတိထားနေပါစေ သူ၏ကျင့်စဉ်လမ်း အဆင့်မြင့်မားလာသည်မှာ မိစ္ဆာစွမ်းအား အဆိပ်သင့်ခြင်း ကြောင့်ဟု မည်သို့ ထင်မှတ်ပါမည်နည်း။

လင်ရှမ်ထင်သည် ကျင့်စဉ်လမ်းအဆင့် တက်လှမ်းချင်လွန်း သည့် လောဘတရားကို အခြေခံကာ ယန်ရှီးက မိစ္ဆာမျိုးစေ့ကို ထည့်သွင်းပေးခဲ့ခြင်းဖြစ်လေသည်။ လက်တစ်လုံးခြားဖြင့် ပါး ပါးလေးလှည့်စားခဲ့သည့် လှည့်ကွက်မျိုးကို ယန်ရှီး အသုံးပြုခဲ့ ခြင်း ဖြစ်လေသည်။

ထျန်းမုန့်နတ်သမီးသည် တွေးနေရင်းဖြင့်ပင် ကောင်းကင်ထက် မှ တိုက်ပွဲအခြေအနေကို လှမ်းကြည့်လိုက်လေသည်။

သူမ၏စိတ်ထဲတွင် ဝမ်းနည်းခြင်းနှင့်အတူ ကြောက်လန့်ခြင်း ကိုလည်း ခံစားနေရလေသည်။ထိုမျှ ယုတ်မာရက်စက်လွန်း သည့် ယန်ရှီးဆိုသူနှင့်အတူ သူမ၏ဘဝသည်လည်း အဆုံးသတ်မလှမည်ကို စိတ်ပူနေမိလေသည်။

ယန်ရှီးက ယခုကဲ့သို့ ကိစ္စရပ်များကို ပြောပြနေခြင်းမှာ သူမကို ခြိမ်းခြောက်နေခြင်းဖြစ်ကြောင်း ထျန်းမုန့်နတ်သမီး ကောင်းကောင်း သဘောပေါက်ထားလေသည်။

သူမသည် မည်သည့်စကားမှ ဆက်မပြောတော့ဘဲ တိုက်ပွဲကို သာ ဆက်ကြည့်နေလေတော့သည်။

လင်ရှွမ်ထင်၏ သံမဏိမိုးကြိုးဓားသည် မရည်ရွယ်ပါဘဲ ယွီ မင်နတ်ဘုရားထံသို့ ဝင်ရောက်သွားလေသည်။

အဖြစ်အပျက်များ မြန်ဆန်လွန်းသည့်အတွက် လင်ရှွမ်ထင် ကိုယ်တိုင်ပင် နားမလည်နိုင် ဖြစ်နေရလေသည်။ သူသည် သံမဏိမိုးကြိုးဓားမဟာလမ်းစဉ်ကို သေသေချာချာ ကျင့်ကြံ ထားခဲ့သည့်တိုင် သူ၏ဓားဝိညာဉ်သည် သူ့စကားကို အဘယ့် ကြောင့် မနာခံရပါသနည်း။

သူက ယန်ရှီးကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သော်လည်း တကယ်တမ်းတွင် ဓားသွားက သူ၏ ဂိုဏ်းတူအစ်ကိုနှင့် ဂိုဏ်းတူတူလေးဆီသို့ ဝင်ရောက်သွားခဲ့ပြီ ဖြစ်လေသည်။

ယွိမင်နတ်ဘုရားသည် ချက်ချင်းပင် နတ်ဘုရားမီးအိမ်ဆယ့်သုံးခုကို အသုံးပြုကာ သံမဏိမိုးကြိုးဓားကို ကာကွယ်လိုက်လေသည်။ သို့သော်... အသုံးမဝင်ခဲ့ပါ။ လင်ရှမ်ထင်၏ သံမဏိမိုးကြိုးဓားသည် လေကဲ့သို့ လျှင်မြန်သည့်အရှိန်ဖြင့် ဝင်ရောက်လာကာ နတ်ဘုရားမီးအိမ်အားလုံးကို ပြိုမ်းသတ်ပစ်လိုက်လေသည်။

ယွိမင်နတ်ဘုရားနှင့် ဟွမ်ကျန်းတို့မှာ မိုးကြိုးဓားကြောင့် ဖြစ်ပေါ်လာသည့် မိုးကြိုးကွန်ယက်ကြီးအတွင်းသို့ ကျဆင်းသွားရလေတော့သည်။

ယန်ရှီးက ယွိမင်နတ်ဘုရား သေသည်လား ရှင်သည်လား ဆိုသည့်အချက်ကို စိတ်မဝင်စားပါ။ အဘယ်ကြောင့်ဆိုသော်

ထိုသို့ ဖြစ်လာစေရန်အတွက် ကြိုတင်ကြံစည်ခဲ့သည့် ဇာတ်ဆရာမှာ သူကိုယ်တိုင်ပင် မဟုတ်ပါလား။ အဆုံးသတ်သည် ထိုသို့ပင် ဖြစ်လာရမည် ဖြစ်လေသည်။

သူက ချင်းရှောင်းကို အာရုံစိုက်နေရလေသည်။

ချင်းရှောင်း၏ ဗလာနယ်ဖျက်ဓားသည် ယန်ရှီးကို ထိခိုက်နိုင်ခြင်း မရှိသေးပါ။ သူမသည် ယန်ရှီးတန်ခိုးစွမ်းအားမြင့်မားနေသည့်အချိန်တွင် တိုက်ခိုက်နေရခြင်းဖြစ်သလို သူမ၏ဗလာနယ်ဖျက်ဓားမှာလည်း အမြင့်ဆုံးအဆင့်သို့ မရောက်သေးပေ။

သို့သော် သူမ၏ အကန့်အသတ်မဲ့ထိုက်ယင်းတန်ခိုးစွမ်းအားကို ဤလောကတွင် အလွယ်တကူရှောင်ရှားနိုင်သည့်သူက ခပ်ရှားရှားပင် ဖြစ်လေသည်။

ကြည်လင်သည့်ရေခဲများသည် ကောင်းကင်တစ်ခုလုံးသို့ ဖုံးလွှမ်းသွားလေသည်။

ရေခဲပြင်တစ်ခုလုံးကို ဓားရှည်တစ်လက်က ထိုးခွင်းပျံသန်းလာလေသည်။ ထိုဓားရှည်ကို လောကတွင် မည်သည့်အရာကမှ တားဆီးနိုင်ခြင်းရှိမည် မဟုတ်ပေ။

ဓားရှည်သည် မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာလေသည်။ ဓားရှည်သည် အလွန်မှ သိမ်မွေ့သည့် တန်ခိုးစွမ်းအားများကို ထုတ်လွှတ်လိုက်သည့်အခါတွင်တော့ မိုးကောင်းကင်နတ်မိစ္ဆာနယ်မြေမှာ အပိုင်းပိုင်း ကွဲသွားရလေသည်။

ချင်းရှောင်းနတ်သမီး၏ ဓားမှ ဓားခြိမ်းသံများထွက်ပေါ်လာပြီး ဓားခြိမ်းသံများသည် တဖြည်းဖြည်း ကျယ်လောင်လာလေသည်။

ဓားရှည်ကိုကိုင်ကာ လေထဲတွင် ရပ်တန့်နေသည့် ချင်းရှောင်း၏ အသွင်အပြင်မှာ အလွန်မှ အေးစက်စက်နိုင်လွန်းလှသည်။ သူမသည် ယန်ရှီးရှိရာသို့ တစ်လှမ်းချင်းလမ်းလျှောက်

လာနေပြီး သူ့မထံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များ

ထွက်ပေါ်နေလေသည်။

ယန်ရှီးမှာ ချင်းရှောင်းထံမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လို

သည့်အငွေ့အသက်များမှာ အလွန်မှကြောက်မက်ဖွယ်ရာ

ကောင်းသည်ဟု ခံစားနေရပြီး သူ၏ မျက်ခုံးနှစ်ခုကြားတွင်

အေးစက်သည့် အငွေ့အသက်ကို ခံစားလိုက်ရလေသည်။

ချင်းရှောင်းသည် လမ်းလျှောက်နေရာမှ ယန်ရှီးထံသို့

ချက်ချင်းပင် ခုန်ဝင်လိုက်ပြီး ယန်ရှီး၏ မျက်ခုံးနှစ်ခုကြားရှိ

ပင်မသွေးကြောဆုံချက်နေရာကို ထိုးဖွင့်လိုက်လေသည်။

ယန်ရှီး၏ ခန္ဓာကိုယ်သည် နှစ်ပိုင်းကွဲသွားလေသည်။

သို့သော် ယန်ရှီး၏ နှစ်ပိုင်းကွဲသွားသောခန္ဓာကိုယ်သည် ရှံ့စေး

များအလား ဖြစ်သွားပြီး ယန်ရှီးနှစ်ယောက် ဖြစ်ပေါ်လာလေ

တော့သည်။

မည်သူက ယန်ရှီးအစစ်၊ မည်သူက ယန်ရှီးအတုဆိုသည်ကို ခွဲခြားမရနိုင်လောက်အောင် သူတို့နှစ်ယောက်သည် ထပ်တူကျ လွန်းလေသည်။

ချင်းရှောင်းသည် သူမ၏ ဓားကို တစ်ချက်ကြည့်လိုက်လေ သည်။ သူမသည် အလွန်မှ အံ့သြတုန်လှုပ်သွားရလေသည်။

ယန်ရှီးက ပြုံးလိုက်ရင်း...

"ဆရာဒေါ်လေး၊ မင်းကျုပ်နောက်ကိုလိုက်နေတာ နှစ်ပေါင်း များစွာကြာနေပြီ၊ ကျုပ်က ဆရာဒေါ်လေးကို ပြန်တိုက်ချင်တဲ့ စိတ်ရှိရင် ကျုပ်လောက်မိုက်မဲတဲ့သူ ရှိပါဦးမလား၊ ပြီးတော့ ဆရာဒေါ်လေးက အကန့်အသတ်မဲ့ထိုက်ယင်း တန်ခိုးစွမ်းအား ကို ကျင့်ကြံအောင်မြင်ထားတာ၊ ထျန်းရှန်းကျင်းက နတ် ဘုရားတွေထက်တောင် ကြောက်ဖို့ကောင်းသေးတယ်"

ချင်းရှောင်းနတ်သမီးက....

"မင်းပြောတာ မမှားဘူး ၊ ဒါပေမယ့် မင်းကတော့ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ရဲ့ အစစ်အမှန်နဲ့ အတုအယောင် အဆင့်ကိုတောင် ကျော်လွန်အောင် ကျင့်ကြံနိုင်ခဲ့ပြီပဲ ၊ ငါ့ရဲ့ အကန့်အသတ်မဲ့ထိုက်ယင်းစွမ်းအားက မင်းကို သတ်နိုင်မှာ မဟုတ်တော့ဘူး"

“ဆရာဒေါ်လေး ၊ မင်းကျုပ်ကို ဘာမှ လုပ်လို့မရသလို ကျုပ်လည်းမင်းကို ဘာမှလုပ်လို့မရပါဘူး ၊ ဒီတော့ ဆက်မတိုက်ခိုက်ဘဲ ဒီနေရာမှာပဲ ရပ်လိုက်ကြရအောင် ၊ ဒီ တူလေးက ဆရာဒေါ်လေးရဲ့ကျေးဇူးကို ပြန်ပေးဆပ်မှာပါ"

ယန်ရှီးနှစ်ယောက်စလုံးက တစ်ပြိုင်တည်းပြောလိုက်သည်။

ချင်းရှောင်းနတ်သမီးက...

"လူပေါင်းများစွာရဲ့စိတ်ကို ဆက်ပြီးလှည့်စားနေဦးမယ်ဆိုရင်တော့ မင်းနဲ့ငါကြားမှာ ဘာမှ ညှိနှိုင်းစရာမရှိဘူး"

ယန်ရှီးနှစ်ယောက်သည် တစ်ယောက်တည်းအဖြစ် ပြန်လည်ပေါင်းစပ်သွားလေသည်။

ယန်ရှီးက ချင်းရှောင်းကို ပြုံးပြလိုက်ရင်း...

"ကျုပ်စကားကို ဆုံးအောင်နားထောင်ပါဦး ဆရာဒေါ်လေး"

ခဏနားပြီးမှ ယန်ရှီးက စကားဆက်ပြောလိုက်သည်။

"တကယ်လို့ ဒီကတူလေးက ဆန်းလျန်လေးကို ကူညီပေးမယ်ဆိုရင် ဆရာဒေါ်လေးက အတိတ်က အငြိုးအတွေးတွေကို ခွင့်လွှတ်ပြီး ကျုပ်ကို အလွတ်ပေးနိုင်မလား"

ဆန်းလျန်ဆိုသည့်အမည်ကို ကြားသည်နှင့် ချင်းရှောင်းနတ်သမီး၏ မျက်နှာထားမှာ အနည်းငယ် ပျော့ပြောင်းသွားလေသည်။

"ငါက မင်းကိုယုံရမှာလား"

သူမက ပြောလိုက်သည်။

ယန်ရှီးက မျက်လုံးများကို အသာပိတ်လိုက်ရင်း...

"ဆရာဒေါ်လေး ၊ ဆန်းလျန်ရဲ့အသက်ကိုကယ်ဖို့ နည်းလမ်းတစ်ခုပဲရှိတယ် ၊ အဲဒါက လင်ထိုင်ဖန်းကျွမ်းတောင်ကို ဝင်ခွင့်ရဖို့ပဲ ၊ ဒါပေမယ့် အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုရဲ့ ဘိုးဘေးဆရာသခင်တွေက လင်ထိုင်ဖန်းကျွမ်းတောင်ကို သူတို့ရဲ့ တန်ခိုးစွမ်းအား အကုန်သုံးပြီး ချိတ်ပိတ်ထားခဲ့တာ ၊ အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုမှာ ဝင်ခွင့်လက်မှတ်တစ်ခုစီရှိကြတယ် ၊ အဲဒီ လက်မှတ်လေးခုစလုံးကို ရမှ လင်ထိုင်ဖန်းကျွမ်းတောင်ကို ပိတ်ထားတဲ့ ချိတ်ကို ဖွင့်လို့ရမှာ ၊ ဒီက တူလေးမှာ ထိုက်စုနတ်ဘုရားဂိုဏ်းရဲ့ ဝင်ခွင့်လက်မှတ်ရှိနေပါတယ်"

ယန်ရှီးဆိုလိုသည့် အဓိပ္ပါယ်မှာ ရှင်းလင်းလေသည်။

သူသာ ထိုက်စုနတ်ဘုရားဂိုဏ်းမှ ပိုင်ဆိုင်သည့် ဝင်ခွင့်လက်မှတ်ကို ထုတ်မပေးလျှင် ဆန်းလျန်အနေဖြင့် လင်ထိုင်ဖန်းကျွမ်းသို့ မည်သို့မျှ ဝင်ခွင့်ရမည် မဟုတ်တော့ပေ။

ယန်ရှီးပြောသည့် အကူအညီဆိုသည်က အကြပ်ကိုင်ခြင်း တစ်မျိုးပင် ဖြစ်လေသည်။

အခန်း (၄၃၄) ဆန်းချင်းရှသည်သာလူသား

အားလုံး၏မျှော်လင့်ရာ

ချင်းရွှမ်နတ်တံခါး....

ထိုက်ယီတောင်ထိပ်...

ထိုက်ယီတောင်ထိပ်ရှိ ဟွမ်ထင်ကျမ်းစာရေးထွင်းထားသည့် ကျောက်နံရံကြီးနံဘေးတွင် အဆောင်လေးတစ်ခု ရှိလေသည်။

အဆောင်လေးအတွင်းတွင် လက်ဖက်ရည်အခိုးအငွေ့များသည် တိမ်တိုက်နဂါးတစ်ကောင်အလားပင် အဆက်မပြတ်ပျံ့လွင့်ထွက်ပေါ်နေလေသည်။

မွှေးပျံ့လွန်းသည့် လက်ဖက်ရည်ရနံ့သည် ရှူရှိုက်မိသူတိုင်း၏ စိတ်ကို ကြည်လင်လန်းဆန်းစေလေသည်။

“ဒါဆို ဆရာဘွားဘွားချင်းရှောင်းက လျန်လေးကြောင့် ယန်ရှီးကို လွှတ်ပေးလိုက်တာလား”

ဆန်းလျန်သည် ခရမ်းရောင်ဝတ်စုံဖြင့် အလွန်တရာ လှပလွန်းနေသည့် ကျိုလင်နတ်သမီးကို ငေးကြည့်ရင်း မေးလိုက်လေသည်။

ထို့နောက် သူက စိတ်လှုပ်ရှားစွာဖြင့် အကြမ်းခွက်တစ်ခွက်လုံးကို မော့သောက်လိုက်တော့သည်။

ကျိုလင်က လက်ဖက်ရည်ကြမ်းမွှေးမွှေးလေးကို တစ်ကျိုက်အရသာခံသောက်လိုက်လေသည်။ သူမနှလုံးသားတစ်ခုလုံးနွေးထွေးသွားသလို ခံစားလိုက်ရသည်။

"လျန်လေး ၊ မင်းက လက်ဖက်ရည်ကြမ်းတောင် ကျိုသောက်နေနိုင်သေးတယ်ဆိုတော့ စိတ်အခြေအနေက တော်တော်အေးဆေးတည်ငြိမ်နေတာပဲ ၊ ဒီလိုစိတ်အခြေအနေနဲ့ဆိုရင်မင်းဘာမှ မဖြစ်နိုင်သေးပါဘူး ၊ ပြီးတော့ ချင်းရှောင်းက မင်းအတွက်ကြောင့် တစ်ခုတည်းနဲ့ ယန်ရှီးကို လွှတ်ပေးလိုက်တာမဟုတ်ပါဘူးလေ ၊ တကယ်တမ်းက သူလည်း ယန်ရှီးကို မသတ်နိုင်သေးဘူးလေ"

ကျိုလင်နတ်သမီးက ဆန်းလျန်ကို ရှင်းပြလိုက်လေသည်။

ယနေ့ ကျိုလင်နတ်သမီးနှင့် အတူ လင်ကွမ်းနတ်သမီးအတူတူလိုက်ပါလာခြင်း မရှိသည့်အတွက် သူတို့နှစ်ယောက်အေးဆေးစွာ စကားပြောနိုင်လေသည်။

ဆန်းလျန်၏ မျက်ဝန်းများက ချက်ချင်းပင် အရောင်မှေးမှိန်သွားလေသည်။
သူက ကျောက်စိမ်းအကြွမ်းပန်းကန်လေးကို စားပွဲထက်သို့ အသာပြန်ချလိုက်ရင်း...
"အဲဒီနေ့ တိုက်ပွဲဖြစ်ပြီးတဲ့နောက်ပိုင်း ယန်ရှီး ဘာတွေထပ်ပြဿနာရှာသေးလဲ ဆရာဘွားဘွားသိသလား"
ကျိုလင်နတ်သမီးက...
"သူ ဘာပြဿနာရှာလို့ရမှာလဲ ၊ ငါက ချင်းရွှမ်နတ်တံခါးအတွက်ပဲ စိတ်ပူနေခဲ့တာ ၊ ချင်းရွှမ်နတ်တံခါး ဘာအန္တရာယ်မှ မကျရောက်လို့ တော်သေးတယ်"
ဆန်းလျန်သည် ကျိုလင်နတ်သမီး၏ မျက်ဝန်းများကို ငေးကြည့်နေမိလေသည်။ ကျိုလင်နတ်သမီး၏ မျက်ဝန်းများသည် ရေစင်ကဲ့သို့ ကြည်လင်နေလေသည်။ သို့သော် သေသေချာချာကြည့်မည်ဆိုလျှင် ထိုမျက်ဝန်းများထဲတွင် မည်သည့်ပုံရိပ်မှ

ထင်ကျန်နေခြင်း မရှိပေ။ ဤသည်မှာ သဲလွန်စမရှိသည့် အခြေအနေဖြစ်ပြီး လူ့လောကနှင့် စတင်ကင်းကွာခဲ့ပြီဆိုသည့် အဓိပ္ပါယ်ပင် ဖြစ်လေသည်။

သူမသည် သိပ်မကြာမီအချိန်တွင် လောကကို ကျော်လွန်သွားတော့မည် ဖြစ်လေသည်။

ဆရာဘွားဘွားသာ လောကကို ကျော်လွန်သွာလျှင် ဆန်းလျန်သည် ဆရာဘွားဘွားနှင့် နောက်တစ်ကြိမ် ထပ်တွေ့ခွင့်မရတော့မည်ကို အစိုးရိမ်ကြီး စိုးရိမ်နေမိတော့သည်။

ဆန်းလျန်က လေသံခပ်လေးလေးဖြင့်....

“ကမ္ဘာ့ကပ်ဆိုးကြီးကျရောက်တော့မယ် ဆရာဘွားဘွား ၊ ယန်ရှီးလက်ထဲမှာရှိနေတဲ့ အင်အားတွေကို ကျွန်တော် စိတ်ပူတယ် ၊ သူက အခု အမှောင်မိစ္ဆာဂိုဏ်းကို တည်ထောင်ပြီး သူ့အင်အားနဲ့ ယွမ်ကျိုးနယ်တစ်ခုလုံးကို ဒုက္ခပေးနေပြီ မဟုတ်လား"

ဆန်းလျန်က ခဏနားပြီးမှ စကားကို ဆက်ပြောလိုက်သည်။

"ကြာပန်းစိမ်းဂိုဏ်းတစ်ဂိုဏ်လုံးဟာ နေ့တစ်ဝက်တည်းနဲ့ နှိမ်နင်းခံလိုက်ရတယ်၊ အသက်ရှင်ကျန်ရစ်သူ တစ်ယောက် တောင်မရှိခဲ့ဘူး၊ ကျွန်တော်တို့ ချင်းရွှမ်နတ်တံခါးရဲ့ လက်အောက်ခံဖြစ်တဲ့ ချင်းကျန်းဂိုဏ်းလည်း တိုက်ခိုက်ခံရပြီး သုံးယောက်ပဲ အသက်ရှင်ကျန်ခဲ့တယ်၊ ကျန့်ယီဂိုဏ်းက နတ် ဘုရားကျန်းကျင့်လင်ဟာ သူ့နှစ်ပေါင်းများစွာကျင့်ကြံပြုလုပ် ထားခဲ့တဲ့ အင်းသင်္ကေတတွေအကုန် လုယူတာခံလိုက်ရတယ်၊ ထိုက်စုနတ်ဘုရားဂိုဏ်းက အမှောင်မိစ္ဆာဂိုဏ်းရဲ့ လက်အောက်ခံဂိုဏ်းတစ်ခု ဖြစ်သွားခဲ့ပြီ၊ အခု နတ်ဘုရား ဂိုဏ်းတွေ အတော်များများဟာသူတို့ရဲ့ တောင်တံခါးတွေကို တင်းတင်းကြပ်ကြပ်ပိတ်ပြီး ကိုယ့်ဂိုဏ်းကိုကိုယ် ကာကွယ်နေ ကြရတယ်၊ တခြားဂိုဏ်းငယ်လေးတွေမှာ အချို့ကတော့ အ မှောင်မိစ္ဆာဂိုဏ်းကို သစ္စာခံလိုက်ကြပြီး အချို့ကတော့ ထွက်ပြေးတိမ်းရှောင်နေကြရတယ်"

"ယန်ရှီးရဲ့ အမှောင်မိစ္ဆာဂိုဏ်းဟာ တဖြည်းဖြည်း အင်အားကြီး သည်ထက် ကြီးလာပြီ ဆရာဘွားဘွား ၊ သိပ်မကြာခင်မှာ ယွမ် ကျိုးနယ်တစ်ခုလုံးရဲ့ ကျင့်ကြံသူလောကကို သူထိန်းချုပ်လိုက် မှာ ကျွန်တော် စိတ်ပူနေမိတယ် ၊ အဲဒီလိုသာ လုပ်နိုင်ခဲ့ရင် သူက မိုးမြေစွမ်းအားတွေကို ပေါင်းစပ်သွားနိုင်ပြီး သူ့အင်အား ကို ထျန်းဟွာနယ်ဘက်အထိ ချဲ့ထွင်လိမ့်မယ် ၊ အဲဒီအချိန်ကျ ရင် သူ့ရဲ့တန်ခိုးစွမ်းအားတွေဟာ နတ်ဘုရားတစ်ပါးထက် တောင် မြင့်မားနေတော့မယ်"

ဆန်းလျန်၏ စကားများကြောင့် ကျိုလင်နတ်သမီး၏ မျက်နှာ အမူအရာက ပြောင်းလဲသွားခြင်း မရှိပါ။

"ဒါပေမယ့် အဓိကဗုဒ္ဓဘာသာကျောင်းတော်ကြီးရှစ်ကျောင်း ကတော့ ဘာထိခိုက်မှုမှ မရှိသေးဘူး မဟုတ်လား"

ဆန်းလျန်က ပြုံးလိုက်ရင်း...

“ဆရာဘွားဘွား ပြောတာမှန်ပါတယ်၊ ယန်ရှီးရဲ့ အမှောင်မိစ္ဆာဂိုဏ်းဟာ ဗုဒ္ဓဘာသာကျောင်းတော်တွေကိုတော့ ရည်ရွယ်ချက်ရှိရှိနဲ့ ရှောင်သွားခဲ့ပါတယ်၊ တစ်ချိန်တုန်းက တာအိုဝါဒနဲ့ဗုဒ္ဓဘာသာကြားမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေကြောင့် တာအိုဝါဒဂိုဏ်းတွေ ပျက်စီးသွားရင် ဗုဒ္ဓဘာသာကျောင်းတော်တွေက ဝမ်းသာနေကြမယ်လို့ ယန်ရှီးက ယူဆထားပုံရတယ်၊ ဒါပေမယ့် မြောင်တိဆရာတော်က အဆိုးအကောင်းကို ပိုင်းခြားသိမြင်တဲ့သူဖြစ်တယ်၊ သူက ယန်ရှီးကို တွန်းလှန်ဖို့အတွက်ကျန်တဲ့ ဗုဒ္ဓဘာသာကျောင်းတော်ခုနစ်ကျောင်းကို သတင်းပို့ထားပြီးပြီ"

ကျိုလင်နတ်သမီးက…

"အနာဂတ်မှာ ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှရှင်းရှင်းလင်းလင်း မသိနိုင်ဘူး၊ လူတိုင်းဟာ ကိုယ့်ရဲ့ ကိုယ်ပိုင်တန်ခိုးစွမ်းအားကိုပဲ ယုံကြည်ထားရမှာပဲ၊ ဒါကြောင့် ယန်ရှီး

သာ ကျင့်ကြံသူလောကကို ထိန်းချုပ်နိုင်တဲ့ တစ်နေ့ကျရင် ဗုဒ္ဓဘာသာကျောင်းတော်တွေလည်း သူ့ကို နှိမ်နင်းနိုင်မှာ မဟုတ်တော့ဘူး ၊ အခုတော့ ကျန်နေသေးတဲ့ အဓိကနတ်ဘုရားဂိုဏ်းသုံးဂိုဏ်းက ဘာလုပ်မလဲဆိုတာ စောင့်ကြည့်နေကြပုံရတယ်"

"ဘယ်သူတွေ ဘယ်လိုတွေးတွေး ဂရုစိုက်စရာတော့ မရှိပါဘူး ဆရာဘွားဘွား ၊ နှစ်ပေါင်းတစ်ရာအတွင်း ချင်းရွှမ်နတ်တံခါးရဲ့ ဘိုးဘေးတွေရင်ဆိုင်ခဲ့ရတဲ့ ရန်ကြွေးအတွက် လင်ထိုင်ဖန်းကျွမ်းတောင်ကို ယန်ရှီးနဲ့အတူသွားဖို့ လျန်လေး ဆုံးဖြတ်ပြီးပါပြီ"

ဆန်းလျန်က ပြောလိုက်လေသည်။

ကျိုလင်နတ်သမီးက…

"လျန်လေး ၊ လင်ထိုင်ဖန်းကျွမ်းတောင်ကို ဝင်ဖို့အတွက် အဓိကနတ်ဘုရားဂိုဏ်းကြီးလေးဂိုဏ်းရဲ့ ဝင်ခွင့်လက်မှတ်တွေ

လိုတယ်လေ ၊ ထိုက်စုနတ်ဘုရားဂိုဏ်းရဲ့ ဝင်ခွင့်လက်မှတ်က ယန်ရှီးလက်ထဲမှာ ၊ ဒီကောင်က လင်ထိုင်ဖန်းကျွမ်းအတွင်းက အရာတွေကို အမြဲလိုချင်နေတဲ့ကောင်ပဲ ၊ မင်းနဲ့ ကျိန်းသေ သူက လိုက်မှာပဲ ၊ ဒါပေမယ့် ထိုက်စန့်နတ်ဘုရားဂိုဏ်းနဲ့ ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းက ဝင်ခွင့်လက်မှတ်တွေကို ရအောင်ယူဖို့ က မလွယ်ဘူးထင်တယ်နော်"

ဆန်းလျန်က သူ၏ အင်္ကျီလက်ထဲမှ ပန်းချီကားတစ်ချပ်ကို ထုတ်ယူလိုက်ပြီး ကျောက်စားလေးပေါ်တွင် ဖြန့်တင်လိုက်လေသည်။

ထိုက်ချိသရုပ်ဖော်ပုံများမှလွဲပြီး ပန်းချီကားထက်တွင် မည်သည့်အရာမှ ရေးသားထားခြင်းမရှိပေ။

"ဒီ ထိုက်ချိသရုပ်ဖော်ပန်းချီကားက ထိုက်စန့်နတ်ဘုရားဂိုဏ်းရဲ့ ဝင်ခွင့်လက်မှတ်လား ၊ အင်မတန်မှ တန်ဖိုးကြီးတာပဲ ၊ မင်း ဘယ်လိုလုပ်ရခဲ့တာလဲ လျန်လေး"

ကျိုလင်နတ်သမီးက မေးလိုက်လေသည်။

ဆန်းလျန်က...

"ထိုက်စန့်နတ်ဘုရားဂိုဏ်းရဲ့ ဂိုဏ်းချုပ်အသစ် ဝူချန်ကျီက တပည့်တစ်ယောက်ကို စေလွှတ်ပြီး ဒီပန်းချီကားကို ပေးခိုင်းလိုက်တာပါ၊ သူက အမှာစကားလည်းပါးလိုက်သေးတယ်၊ 'ဆန်းကျန်းရန်နတ်ဘုရားက လူသားအားလုံးအပေါ်မှာ မေတ္တာထားတယ်၊ ထိုက်စန့်နတ်ဘုရားဂိုဏ်းက ဒီပန်းချီကားကို မပေးဘဲ မနေရဲပါဘူး' တဲ့"

ထိုစကားကြောင့် ကျိုလင်နတ်သမီးမှာ မရယ်ဘဲ မနေနိုင်တော့ပေ။

"ထိုက်စန့်နတ်ဘုရားဂိုဏ်းက ပြဿနာကို လက်ရှောင်ဖို့ ကြိုးစားနေတာပဲ၊ ဒီဝင်ခွင့်လက်မှတ်ကို မင်းကိုပေးလိုက်မှတော့ သူ့ဘက်ကအနေသာကြီးဖြစ်သွားပြီပေါ့"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း..

"ဒါပေမယ့် ဒီထိုက်ချိသရုပ်ဖော်ပန်းချီကားကို ပေးမှတော့ သူက သဘောထားကြီးတဲ့သူတစ်ယောက်ပါပဲ ၊ သူ့ကို ကျွန်တော်လေးစားမိတယ် ၊ အခွင့်အရေးရရင် တာအိုတရား တောင် ဆွေးနွေးချင်မိတယ်"

"လျှန်လေး ၊ အခုမင်းရဲ့အခြေအနေက အားနည်းနေတယ် ၊ တန်ခိုးစွမ်းအားတွေ ကန့်သတ်ခံနေရတယ်ဆိုတာ တန်ခိုး စွမ်းအားတွေ ပျက်စီးတာနဲ့ အတူတူပဲ ၊ အခုအချိန်မှာ မင်းစိတ် ကို ပေါ့ပေါ့ပါးပါးပဲထားပြီး တာအိုတရားအကြောင်း လေ့လာ စမ်းပါ ၊ ပြီးတော့ မင်းဟာ လင်ထိုင်တာအိုပြိုင်ပွဲမှာ အရှုံးနဲ့ ရင်ဆိုင်ရနိုင်တယ်ဆိုတာလဲ မမေ့နဲ့၊ လောလောဆယ်တော့ ငါ မင်းအတွက် ဒါပဲ ပြောနိုင်တယ် ၊ ပြီးတော့ ဒီထိုက်ချိသရုပ်ဖော် ပန်းချီကားက ငါ့အတွက် အသုံးဝင်တယ် ၊ ဒါကြောင့် ငါ ယူသွားမယ် ၊ မင်း လင်ထိုင်ဖန်းကျွမ်းကို သွားခါနီးကျမှ ငါ့ဆီ မှာ ပြန်လာယူလိုက်"

ပြောပြောဆိုဆိုနှင့်ပင် ကျိုလင်နတ်သမီးသည် ထိုက်ချိ သရုပ်ဖော်ပန်းချီကားကို ကောက်သိမ်းလိုက်လေသည်။ ထိုက်ချိသရုပ်ဖော်ပန်းချီကားတွင် ယင် နှင့် ယန် တာအို သဘောတရားများ ပါဝင်သည့်အတွက် သူမအတွက် များစွာ အသုံးဝင်လေသည်။ ထို့ပြင်သူမနှင့် ဆန်းလျန်မှာ အားနာရ မည့်သူများလည်း မဟုတ်သည့်အတွက် ထိုသို့ ယူသွားခြင်း ဖြစ်လေသည်။

ဆန်းလျန်က...

“ကျွန်တော်ကလည်း ဒီပန်းချီကားကို ဆရာဘွားဘွားကို ပေးမ လို့ပါဘဲ"

ဆန်းလျန်စကားကြောင့် ကျိုလင်နတ်သမီးက ပြုံးလိုက်ရင်း...

“မင်းက အရမ်းလိမ္မာတဲ့တပည့်ပဲ ၊ ဒါနဲ့ ထိုက်စန်နတ်ဘုရား ဂိုဏ်းက ဝင်ခွင့်လက်မှတ်ရပြီဆိုတော့ ရှမ်ထျန်းဂိုဏ်းက ဝင် ခွင့်လက်မှတ်ကရော"

ဆန်းလျှန်က...

"လူစောယိကို ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းကိုသွားဖို့ ကျွန်တော် လွှတ်လိုက်တယ်၊ ကောင်းကင်တံခါးရေလက်ကြားကိုရောက် တော့ ရောင့်ရဲခြင်းကျောင်းတော်ကိုတောင် မဝင်ရသေးဘူး၊ ဝ မ်ရှီတောက်က အမှာစကားကြားလိုက်တယ်၊ လင်ထိုင်တာအို ပြိုင်ပွဲမတိုင်ခင်မှာ လူလွှတ်ပြီး ဝင်ခွင့်လက်မှတ်ကို ပေးလိုက် မယ်တဲ့၊ ဒါနဲ့ လူစောယိလည်း ပြန်လာခဲ့တယ်"

"ကြည့်ရတာ ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းက ထိုက်စန့်နတ်ဘုရား ဂိုဏ်းလောက် သဘောထားကြီးနိုင်ပုံ မပေါ်ဘူး"

ကျိုလင်နတ်သမီးက ပြောလိုက်လေသည်။

"အဲဒါက သူတို့ကို မထိခိုက်သေးလို့ပါ ဆရာဘွားဘွား၊ ပွင့် ပွင့်လင်းလင်းပြောရရင် ဒီပြဿနာအားလုံးက ရွှမ်ထျန်းနတ် ဘုရားဂိုဏ်းကို လုံးဝမထိခိုက်နိုင်ပါဘူး၊ ယန်ရှီးဟာ ယွမ်ကျိုး

နယ်တစ်ခုလုံးကို သိမ်းပိုက်နိုင်ရန်တောင်မှ ရှမ်ထျန်းနတ်ဘုရားဂိုဏ်းကိုတော့ ထိရဲမှာမဟုတ်ဘူးလေ"

ဆန်းလျန်က ပြောလိုက်သည်။

ယန်ရှီး၏ မိစ္ဆာစွမ်းအားများသည်မြင့်မားသည်ထက် မြင့်မားလာပြီး ယွမ်ကျိုးနယ်တစ်ခုလုံးမှ ကျင့်ကြံသူများမှာ ကျီးလန့်စာစားဖြစ်နေခဲ့ရပြီ ဖြစ်လေသည်။ သို့သော်... အခိက ဗုဒ္ဓဘာသာကျောင်းတော်ကြီးရှစ်ခုကတော့ ထိုပြဿနာများထဲမှ ရှောင်ရှားနေနိုင်ခဲ့လေသည်။

ရှမ်ထျန်းနတ်ဘုရားဂိုဏ်းက တောင်တံခါးကို ပိတ်ထားလိုက်ပြီဖြစ်သလို ထိုက်စန်နတ်ဘုရားဂိုဏ်းကတော့ လက်ရှောင်သွားခဲ့ပြီ ဖြစ်လေသည်။ ထိုက်စုနတ်ဘုရားဂိုဏ်းကတော့ ယန်ရှီးနှင့်ပူးပေါင်းသွားခဲ့သည်။

ထို့ကြောင့် ယွမ်ကျိုးနယ်မှ ကျင့်ကြံသူအားလုံးသည် သူတို့ကို ကယ်တင်ရန်အတွက် ချင်းရှမ်နတ်တံခါးဆီသို့သာ မျှော်လင့်တကြီးဖြင့် အာရုံစိုက်လာကြလေသည်။

"ဆန်းချင်းရှုနတ်ဘုရားသာ ထွက်မလာတော့ရင် လူသားတွေ အားလုံး ဒုက္ခရောက်ကုန်တော့မှာပဲ"

ထိုစကားသည် ကျင့်ကြံသူလောကတွင် ပျံ့နှံ့လျှက် ရှိပြီ ဖြစ်လေသည်။

အခန်း (၄၃၅) ဆုံးဖြတ်ချက်ခိုင်မာခြင်း

ယွမ်ကျိုးနယ်သည် အကြီးအကျယ် ပျက်စီးလျှက်ရှိချေပြီ။

နှစ်ဝက်အတွင်းတွင် တာအိုကျင့်ကြံသူ သုံးပုံတစ်ပုံ သေဆုံးခဲ့

ကြရပြီး အနောက်ဘက်နှင့် မြောက်ဘက ်ကန္တာရဆီမှ

နတ်မိစ္ဆာများလည်း မရေမတွက်နိုင်အောင် သတ်ဖြတ်ခံခဲ့ကြရ

လေသည်။

ကျင့်ကြံသူလောကတွင် သွေးချောင်းစီးခဲ့ရပြီး သက်ရှိသတ္တဝါ

များ၏ အသွေးကို အသုံးပြုကာ အမှောင်မိစ္ဆာဂိုဏ်းသည် မိုး

နှင့်မြေတွင် ခြေမဆန့်နိုင်သည့် နေရာဟူ၍ မရှိသလောက်ပင်

ဖြစ်လေသည်။

အမှောင်မိစ္ဆာဂိုဏ်းမှာလည်း တဖြည်းဖြည်း အင်အားကြီးမား

လာခဲ့သည်။

ထိုသို့ အသွေးကိုအသုံးပြုကာ မိုးမြေတစ်ခွင်ခြေဆန့်ခြင်း

သည် ရှေးဟောင်းဒဏ္ဍာရီများတွင် ရှိသည့် မိစ္ဆာကျင့်စဉ် တစ်

မျိုးဖြစ်လေသည်။ သတ္တဝါများ ဒုက္ခရောက်မည်ကို စိတ်ပူ

သောကြောင့် ရှေးခေတ်ကျင့်ကြံသူများက ထိုကျင့်စဉ်ကို ကန့်သတ်ထားခဲ့ကြသည်။

သို့သော် ယန်ရှီးကတော့ သတ္တဝါများ၏ အသွေးဖြင့် သွေးကန်တစ်ခုတည်ဆောက်ထားကာ သူဖြစ်လိုသည်များအားလုံးကို ပြုလုပ်ခဲ့လေသည်။ အမှောင်မိစ္ဆာဂိုဏ်း၏ အင်အားကို ပိုမိုကြီးထွားစေပြီး ကျင့်ကြံသူလောကတွင် အမြစ်တွယ်စေခဲ့သည်။

အမှောင်မိစ္ဆာဂိုဏ်းသည် သွေးကန်အကြောင်းကို ထုတ်ဖော်ပြောကြားလိုက်သည့်အခါ ဗုဒ္ဓဘာသာဂိုဏ်းများရော တာအိုဝါဒဂိုဏ်းများမှာ အလွန်ကြောက်လန့်ခဲ့ကြလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုသွေးကန်ကို အသုံးပြု၍ ယန်ရှီးသည်နေရာဒေသမရွေး ၊ လူမျိုးမရွေးကို ထိန်းချုပ်နိုင်မည်ဖြစ်လေသည်။

ကျင့်ကြံသူလောကရှိ ကျန်ရှိနေသေးသည့် ကျင့်ကြံသူများမှာလည်း နေ့စဉ်အိပ်မက်ဆိုးများ မက်လျှက် ရှိလေတော့သည်။

သူတို့သည် အမှောင်မိစ္ဆာဂိုဏ်းအတွင်းသို့ ဝင်ခဲ့လျှင်တောင်မှ သူတို့အသက်အတွက် အာမခံချက်မရှိပေ။

အဘယ်ကြောင့်ဆိုသော် အမှောင်မိစ္ဆာဂိုဏ်းအတွင်းတွင် အလွန်ရက်စက်ကြမ်းကြုတ်သည့် ယှဉ်ပြိုင်မှုများကို ပြုလုပ်လေ့ရှိပြီး စဉ်ဆက်မပြတ် အသက်ရှင်သန်ရန်အတွက် ရုန်းကန်နေကြရလေသည်။

ယွမ်ကျိုးနယ်သည် အဓိကနတ်ဘုရားကျောင်းတော်ကြီးလေးခုကို အလွန်လေးစားခဲ့သော်လည်း ယခုပြဿနာတွင် အဓိကနတ်ဘုရားကျောင်းတော်ကြီးများက ပါဝင်ပတ်သက်ခြင်းမရှိဘဲ လက်ရှောင်နေခဲ့ကြလေသည်။

အမှောင်နတ်မိစ္ဆာဂိုဏ်း၏ သင်ကြားမှုပုံစံမှာ ဂိုဏ်းကို တည်ထောင်သူ ယန်ရှီး၏အတွေးအခေါ်များပင် ဖြစ်လေသည်။ ဆုံးဖြတ်ချက်ပြင်းထန်ပြီး လက်မရွံ့ သတ်ဖြတ်ကြသည်။ ဂိုဏ်းပေါင်းများစွာကို ဖျက်ဆီးခဲ့ကြသည်။

အကြမ်းဖက်မှုများမှာ တစ်နေ့တခြား များပြားလာခဲ့လေသည်။
ဆုပေးဒဏ်ပေးစနစ်က ပြင်းထန်လွန်းသည့်အတွက် ဂိုဏ်းသား
များသည် ယန်ရှီးညွန်ကြားသည့်အမိန့်ကို တစ်သွေမတိမ်း
လုပ်ဆောင်ကာ လူအများကို ညှင်းဆဲ သတ်ဖြတ်ကြလေ
သည်။
ယွမ်ကျိုးနယ်တစ်ခုလုံးသည် ရှုတ်ထွေးလျှက်ရှိလေသည်။
မရေမတွက်နိုင်အောင်များပြားလှသောလူများသည်
အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံကြရလေသည်။ လူအ
များသည် များစွာတုန်လှုပ်ခြောက်ခြားနေကြပြီး ငြိမ်းချမ်း
သောနေ့ရက်များကို တောင့်တလျှက် ရှိကြလေသည်။
လူအများသည် ယန်ရှီးနှင့် ယှဉ်ပြိုင်နိုင်သည့်သူ တစ်ယောက်
သာရှိသည်ဟု မျှော်လင့်ထားကြတော့သည်။
"ဆန်းချင်းရှသာမကယ်လျှင် လူသားများအားလုံး ဒုက္ခရောက်
တော့မည်"

ထိုစကားမှာလည်း ပျံ့နှံ့သည်ထက် ပျံ့နှံ့နေပြီ ဖြစ်လေသည်။

ကျင့်ကြံသူများသည် ချင်းရွှမ်နတ်တံခါးတွင် ခိုလှုံရန်အတွက်

အရှေ့ပင်လယ်ဆီသို့ ထွက်ပြေးလာကြပြီး နန်ခယ်မြို့အပြင်

ဘက်တွင် ခိုလှုံနေကြလေသည်။

ဆန်းလျန်သည် လာမည့်နှစ် ၊ သုံးလပိုင်းတွင် အမှောင်မိစ္ဆာ

ဂိုဏ်းချုပ်ကို လင်ထိုင်ဖန်းကျွမ်းတွင် ရင်ဆိုင်ကြရန် ဖိတ်ကြား

လိုက်လေတော့သည်။

ဆန်းလျန်၏ အပြုအမူက ကျင့်ကြံသူများအားလုံးကို

စိတ်သက်သာရာရစေလေသည်။

ဆန်းလျန်၏ စိန်ခေါ်မှုကို ယန်ရှီးက လက်ခံပြီးသွားသည်နှင့်

အမှောင်မိစ္ဆာဂိုဏ်း၏ လှုပ်ရှားမှုများမှာလည်း သိသိသာသာ

လျော့ကျသွားလေသည်။

ကျင့်ကြံသူအားလုံးသည် ချင်းရှမ်နတ်တံခါးမှ မျိုးဆက်တစ်ခု ချင်းစီ၏ ပါရမီရှင်နှစ်ယောက်၏ စိန်ခေါ်ပွဲကို စောင့်မျှော်နေကြပြီ ဖြစ်လေသည်။

....

"သူရဲကောင်းများက အခြေအနေဆိုးများကို ပြန်လည်တည်ဆောက်ခဲ့ကြတယ်၊ ဘုရင်တွေကတော့ တိုင်းပြည်တွေကို ပြန်လည်တည်ဆောက်ခဲ့ကြတယ်၊ သူတော်စင်တွေကတော့ အတွေးအခေါ်တွေနဲ့ ဘာသာတရားတွေကို တည်ဆောက်ကြတယ်"

ဆန်းလျန်က ထိုက်ယီတောင်ထိပ်ရှိ သူ၏တာအိုကျောင်းဆောင်လေးထဲတွင် ချန်ကျင်းချင်ကို သင်ကြားပေးနေခြင်း ဖြစ်လေသည်။

"အမှောင်မိစ္ဆာဂိုဏ်းချုပ်ကတော့ မိစ္ဆာနတ်ဘုရားတစ်ပါးပဲ မဟုတ်လား"

ချန်ကျင်းချင်က စိတ်ရှုတ်ထွေးစွာဖြင့် ဆန်းလျန်ကို

မေးခွန်းထုတ်သည်။

ဆန်းလျန်က စာလိပ်တစ်ခုတွင် စုတ်တံဖြင့်စာရေးနေရင်း...

"မိစ္ဆာနတ်ဘုရားပဲဖြစ်ဖြစ် ၊ သူတော်စင်ပဲဖြစ်ဖြစ် ခြားနားချက်

သိပ်မရှိလှပါဘူး ၊ အဓိကက စိတ်ဓာတ်ပြောင်းလဲဖို့လိုတယ်"

“ဒါဆို ဆရာကရော သူတော်စင်တစ်ပါးလား”

ချန်ကျင်းချင်က စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။

ဆန်းလျန်သည် တပည့်ငယ်ကို နောက်ချင်ပြောင်ချင်လာမိပြီး

ရယ်မောလိုက်မိလေသည်။

“ဆရာက လူသားလေ”

ချန်ကျင်းချင်က...

“ကျွန်တော် စိတ်ရှုတ်လာပြီ ၊ တခြားသူတွေပြောကြတာက

ဆရာက နတ်ဘုရားတစ်ပါးတဲ့ ၊ အခုကျ ဘာလို့ လူသားလို့

ပြောရတာလဲ"

ဆန်းလျန်က စာရေးနေသည့် စုတ်တံကို ဘေးသို့ အသာချ

လိုက်ပြီး...

“လူသားဆိုတာကို မင်းကဘယ်လိုအဓိပ္ပါယ်လို့ ထင်လို့လဲ"

ချန်ကျင်းချင်ကတွေးလိုက်သည်။

လူသားဆိုသည်မှာဦးခေါင်းနှင့် ခြေထောက်ရှိရမည်။ ဖြောင့်

ဖြောင့်လမ်းလျှောက်နိုင်သူဖြစ်ရမည်။ စသည့်အတွေးများ သူ့

ခေါင်းထဲသို့ ဝင်လာလေသည်။

သို့သော် နည်းနည်းတော့ ထူးဆန်းသည်မှာ နတ်ဘုရားများ ၊

မိစ္ဆာများမှာလည်း လူသားအသွင်သဏ္ဍာန်ပဲ ဖြစ်နေပြန်လေ

သည်။

သူက ခေါင်းကိုခါယမ်းလိုက်ရင်း...

“ကျွန်တော်မသိဘူး”

“ဒါဖြင့် မင်းကိုယ်မင်းရော လူသားလို့ထင်လား”

ဆန်းလျန်က ပြန်မေးလိုက်သည်။

“ကျွန်တော်က လူသားပေါ့”

ချန်ကျင်းချင်က ပြန်ပြောလိုက်သည်။

“ဒါဖြင့် မင်းကဘာလို့ မသိဘူးလို့ပြောရတာလဲ”

ဆန်းလျန်က နူးညံ့သိမ်မွေ့စွာဖြင့် ပြန်ပြောလိုက်သည်။

“ဘယ်ကဘယ်လို စပြောရမှန်းတောင် မသိတော့ပါဘူး”

ချန်ကျင်းချင်က ပြောလိုက်လေသည်။

ဆန်းလျန်က ချန်ကျင်းချင်ဘက်သို့ လှည့်လိုက်ပြီး…

"ကွန်ဖြူးရှပ်ဝါဒမှာ ဆိုရိုးတစ်ခုရှိတယ် 'ကမ္ဘာကြီးကို အကျိုးပြုဖို့အတွက် တည်ငြိမ်တဲ့စိတ်ရှိရမယ် ၊ ပြည်သူလူထုကို အကျိုးပြုဖို့အတွက် ဆုံးဖြတ်ချက်ခိုင်မာရမယ် ၊ သူတော်စင်ဖြစ်ဖို့အတွက် စဉ်ဆက်မပြတ်သင်ယူရင်း ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကို တည်ဆောက်ရမယ်' တဲ့ ၊ မင်းအားနေရင် အဲဒါတွေကို လေ့လာထားသင့်တယ်"

ချန်ကျင်းချင်က ခေါင်းညိတ်လိုက်လေသည်။

ဆန်းလျန်က လေ့လာရန်လိုအပ်သည်ဟု ပြောသမျှကို သူက တစ်ခုမကျန် လေ့လာခဲ့သည်ချည်းပင်ဖြစ်လေသည်။ မှော်ဆရာမ သူ့ကိုပေးလိုက်သည့် ဓာတ်ဖန်လုံးထဲတွင် ဗဟုသုတများစွာရှိနေသည့်တိုင် သူ့အတွက် အသိပညာများစွာ ဆက်လက်လေ့လာရန် ကျန်ရှိနေသေးသည်။

လေ့လာသမျှကို သူက လုံလုံလောက်လောက် နားလည်ခဲ့ခြင်းမရှိပါ။ သို့သော် ဆန်းလျန်က နှိုင်းယှဉ်ချက်များနှင့်အတူ ထပ်မံသင်ပြပေးခဲ့လေသည်။ အသိပညာဆိုသည်က အကန့်အသတ်မရှိဘူး မဟုတ်လား။

"အဲဒီစာပိုဒ်ထဲက တခြားဟာတွေကို အသာထားလိုက်ဦး ၊ ဒါပေမယ့် "ဆုံးဖြတ်ချက်ခိုင်မာခြင်း" ဆိုတာက လူသားတစ်ယောက်အတွက်အခြေခံအကျဆုံး အစိတ်ပိုင်းတစ်ခုပဲ"

ဆန်းလျန်က ထပ်ရှင်းပြလိုက်သည်။

အခန်း (၄၃၆) ကျောက်ရှောင်ယွီ ရှိသေးတယ်

ချန်ကျင်းချင်က ဆန်းလျန်ပြောသည်များကို နားမလည်သေးပါ။

"ဆုံးဖြတ်ချက်ခိုင်မာတယ်ဆိုတာ ဘယ်လိုမျိုးလဲ"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်းဘာကိုလိုချင်တယ်ဆိုတာရယ် ၊ မင်းတကယ်လိုချင်တာဘဲလဲဆိုတာရယ် ၊ အဲဒါကို ဘယ်လိုရရှိအောင် လုပ်မလဲဆိုတာ ဆုံးဖြတ်ချက်ခိုင်မာတာကို ပြောတာပေါ့ ၊ အဲဒါက လူပီသစေတယ်"

အဖြေမှာ ထိုမျှလောက် ရိုးရှင်းလိမ့်မည်ဟု ချန်ကျင်းချင် ထင်မထားခဲ့မိပေ။

လူတစ်ယောက်သည် သူလိုချင်သည့်အရာကို ဆုံးဖြတ်ချက်ခိုင်မာမှသာလျှင် အများအတွက်လည်း အကျိုးပြုနိုင်လိမ့်မည် ဖြစ်လေသည်။ မဟုတ်ပါက အများအတွက်ရော ကိုယ့်အတွက်ရော အရာမထင်ဖြစ်ရပေမည်။

ဆန်းလျန်က ချန်ကျင်းချင်ကို ဆုံးဖြတ်ချက်ခိုင်မာခြင်း အကြောင်းသင်ကြားပေးနေခြင်းဖြစ်သော်လည်း အမှန်တကယ်တွင်တော့ နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်လှမ်းနိုင်သည်အထိ သင်ကြားပေးနေခြင်း ဖြစ်လေသည်။

လူတစ်ယောက်သည် မည်မျှပင် အသက်ရှည်ရှည်နေစေကာမူ ဆုံးဖြတ်ချက်ခိုင်မာခြင်းမရှိပါက တဖြည်းဖြည်း ထုံထိုင်းလာပြီး မိမိကိုယ်ကို ဆုံးရှုံးသွားရမည် ဖြစ်လေသည်။

ချန်ကျင်းချင်မှာ စဉ်းစားလေလေ အတွေးအခေါ်များ ရင့်ကျက်လာလေလေ ဖြစ်လေသည်။

ယခုတော့ ချင်းရှမ်းနတ်တံခါးမှ တပည့်များအားလုံးသည် အဘယ့်ကြောင့် ဆန်းလျန်ကို ချစ်ခင်ကြသည်ကို သူနားလည်လာပြီ ဖြစ်လေသည်။

တာအိုကျောင်းဆောင်လေး အပြင်ဘက်တွင် နှင်းများကျဆင်းနေလေသည်။

ဆန်းလျန်သည် ကျောင်းဆောင်လေး အပြင်ဘက်သို့ ထွက်ခွာသွားလေသည်။ သူ၏ခန္ဓာကိုယ်ဆီမှ ကြယ်စင်ရောင်များ တောက်ပလျှက် ရှိလေသည်။

ချန်ကျင်းချင်သည် စာလိပ်ပေါ်တွင် ဆရာဖြစ်သူ ရေးသားထားသည့် စာများကို မြင်တွေ့လိုက်ရသည်။

"လင်ထိုင်ဖန်းကျွမ်းစန်း ၊ ရှယ်ယွဲ့စန်းရှင်းသုန့်"

အဓိပ္ပါယ်မှာ...

"လင်ထိုင်ဖန်းကျွမ်းတောင် ၊ လဝင်ချိန် ၊ ကြယ်သုံးပွင့်ဂူ"

ထိုစကားလုံးသည် အဓိပ္ပါယ်ရှိလေသည်။

"လင်" ဆိုသည့်စကားလုံး အပေါ်ပိုင်းနှင့် "ကျွမ်း" ဆိုသည့် စကားလုံးပေါင်းစပ်လိုက်လျှင် "ရွှမ်" ဆိုသည့် စာလုံးဖြစ်လာလေသည်။ ရှယ်ယွဲ့စန်းရှင်း စကားလုံးလေးလုံးပေါင်းစပ်ခြင်းက "ရှင်း" ဆိုသည့် စကားလုံးကို ရလေသည်။ "ရှင်း" ဆိုသည့် စကားလုံးမှာ "နှလုံးသား" ဟု အဓိပ္ပါယ်ရလေသည်။

"ရွှမ်" နှင့် "ရှင်း" ကိုပေါင်းစပ်လိုက်ပါက "ရွှမ်ရှင်း" ဟူသော ဝေါဟာရကို ရရှိမည်ဖြစ်လေသည်။

"ရွှမ်ရှင်း" ၏ အဓိပ္ပါယ်မှာ "လူတစ်ဦး၏နှလုံးသားကိုရှာဖွေရန်" ဟု အဓိပ္ပါယ်ရလေသည်။

ဆရာဖြစ်သူသည် မည်သူ၏နှလုံးသားကို ရှာဖွေမည်လဲဟု ချန်ကျင်းချင် စဉ်းစားနေမိလေသည်။

ပြီးတော့ နှလုံးသားမရှိသူကရောဘယ်သူလဲ ၊ နှလုံးသားက ရောဘယ်နေရာမှာလဲ...။

ထိုက်ယီတောင်ထိပ်တွင် နှင်းများကျဆင်းနေသကဲ့သို့ ကျီမော့တောင်ထိပ်တွင်လည်း နှင်းများ ကျဆင်းနေလေသည်။

ညချမ်းသည် အေးစက်လွန်းလေသည်။

ကျီမော့တောင်ထိပ်သည် ရှင်းလင်းနေလေသည်။ ကျောက်ရှောင်ယွီသည် အေးစက်သည့်အမူအရာဖြင့်မတ်တပ်ရပ်နေလေသည်။

လော်ဝါဒဂိုဏ်းသည် အမှောင်မိစ္ဆာဂိုဏ်းကို မည်သို့ တွန်းလှန်နိုင်ပါမည်နည်း။

ထို့ကြောင့် ကျောက်ရှောင်ယွီသည် သူမ၏ လူများကို တောင်ပိုင်းနှင့် မြောက်ပိုင်းသို့ ခိုလှုံကြရန် စေလွှတ်လိုက်ပြီး ကျီမော့တောင်ထိပ်တွင်တော့ သူမတစ်ယောက်တည်း နေရစ်ခဲ့လေသည်။

ယခုတော့သူမစိတ်ထဲတွင် ဘာမှ မရှိတော့ပြီ။

မျက်စိတစ်ဆုံးမြင်နေရသည့်နှင်းများကိုသာ သူမစိတ်အာရုံ

တွင် ထင်ဟပ်နေစေလေသည်။

ထိုအချိန်တွင် သူမ၏ စိတ်အာရုံအတွင်းသို့ အသံတစ်သံ ဝင်

ရောက်လာလေသည်။

ကျောက်ရှောင်ယွီက ထိတ်လန့်သွားခြင်းမျိုးမရှိပါ။ ထိုသို့

ဖြစ်လာမည်ဟု သူမက မျှော်လင့်ထားပြီးသား ဖြစ်ပုံရလေ

သည်။

"မင်းတော့ သေရတော့မယ်"

ကျောက်ရှောင်ယွီ၏ မျက်ဝန်းများက တစ်လက်လက်

တောက်ပနေလေသည်။

သူမရှိရာသို့ တစ်လှမ်းချင်းလျှောက်လာနေသည့်လူတစ်

ယောက်ကို တွေ့ရလေသည်။ သူမ၏ အကြည့်များသည်ထို

သူ၏ မိစ္ဆာဝိညာဉ်အတွင်းထဲထိ ထိုးဖောက်ဝင်ရောက်သွားလေ

သည်။

အဆုံးမဲ့သမုဒ္ဒရာများ ၊ ပေါက်ကွဲနေသည့်မီးတောင်များ...

ထိုသူ၏ မိစ္ဆာဝိညာဉ်ထဲတွင် မြင်တွေ့လိုက်ရလေသည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်လေသည်။

ထိုအပြုံးက အလွန်တရာမှ လှပသည်ကို ပြောနေစရာပင် မလို

တော့ပေ။

"နတ်ဘုရားဝိညာဉ်ဟာ ဘယ်တော့မှ မသေနိုင်ဘူးဆိုတာ အ

မှောင်မိစ္ဆာသခင် မသိဘူးလား"

ကျောက်ရှောင်ယွီဆီသို့ ရောက်လာသူမှာ အမှောင်မိစ္ဆာ

ဂိုဏ်းချုပ်ယန်ရှီးပင် ဖြစ်လေသည်။

ယန်ရှီးသည် သူ့ကိုရင်ဆိုင်နိုင်မည် ပါရမီရှင် နတ်ဘုရားများ

စာရင်းထဲတွင် ကျောက်ရှောင်ယွီနှင့် ဆန်းလျန်ကို ထည့်သွင်း

ထားခဲ့လေသည်။

ဆန်းလျန်က လာမည့်နှစ် ၊ လင်ထိုင်ဖန်းကျွမ်းတွင် သူနှင့်

ယှဉ်ပြိုင်ရန် စိန်ခေါ်စာပို့ပြီးသည့်နောက်ပိုင်း သူယှဉ်ပြိုင်ရမည့်

သူမှာ ကျောက်ရှောင်ယွီသာ ကျန်တော့သည်။

ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှာ ယန်ရှီးကို ယှဉ်ပြိုင်နိုင်မည့် နတ်

ဘုရားများ ရှိခဲ့သော်လည်း ယခုတော့ ဘဝတစ်ဝက်သေနေပြီ

ဖြစ်သည့် တာအိုဆရာတုန်းဖုန်းနှင့် အရည်အချင်းမရှိသည့်

တပည့်များသာ ကျန်ရှိတော့သည်။

ကျောက်ရှောင်ယွီသည် ယန်ရှီးကို ကြောက်ရွံ့မိခြင်း မရှိပါ။

ယန်ရှီးသည် တန်ခိုးစွမ်းအားများကို ထုတ်လွှတ်လိုက်

သည့်အတွက် ကျီမော့တောင်ထိပ်တွင် လေပြင်းများ

တိုက်ခတ်လာလေသည်။ သို့သော် ယန်ရှီး၏ တန်ခိုးစွမ်းအား

များသည် ကျောက်ရှောင်ယွီကို ထိခိုက်ခြင်းမရှိပါ။

"လူသားတွေရဲ့ ဆုတောင်းသံတွေနဲ့ မိုးမြေစွမ်းအားတွေကြောင့် နတ်ဘုရားဖြစ်လာသူတွေက အဲဒီအရာတွေ မရှိတော့ရင်ရော အသက်ရှင်နိုင်ပါဦးမလား၊ မင်းလုပ်နိုင်ပါ့မလား... ဟမ်..."

ယန်ရှီးက ပြုံးရင်း ပြောလိုက်လေသည်။

ထို့နောက် သူ၏ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများကို ရုတ်သိမ်းလိုက်သည်။

ကျောက်ရှောင်ယွီသည် မည်သည့်စကားမှ ပြန်မပြောဘဲ ယန်ရှီးကို စိုက်ကြည့်နေလေသည်။

အတန်ကြာမှ...

"ဒါကြောင့် ရှင်က ဆန်းလျန်ကို ကြောက်နေတာပေါ့၊ ဟုတ်လား"

ကျောက်ရှောင်ယွီ၏ မထီမဲ့မြင်စကားသည် ယန်ရှီး၏ စိတ်ဝိညာဉ်ကို ဓားထက်ထက်နှင့် မွှန်းလိုက်သကဲ့သို့ ဖြစ်လေသည်။

"မင်းက ကျုပ်ထင်ထားတာထက် ဉာဏ်ပိုကောင်းနေတယ်၊ အမှန်ပဲ၊ ကျုပ် ဆန်းလျန်ကို ကြောက်တယ်၊ မဟုတ်ရင် လင်ထိုင်တာအိုပြိုင်ပွဲအထိ မစောင့်တော့ဘဲ သူ့ကို အခုပဲ သွားသတ်လိုက်မှာပေါ့"

ယန်ရှီးက ချက်ချင်းတုန့်ပြန်လိုက်သည်။

"တကယ်တော့ ရှင်က မိစ္ဆာမဟုတ်ပါဘူး၊ လူသားတစ်ယောက်ပါပဲ၊ လူ့လောကစည်းမျဉ်းတွေကို မလိုက်နာတဲ့ လူသားတစ်ယောက်ပေါ့၊ ပြီးတော့ ဒီည ရှင် ကျွန်မကိုလာသတ်တာ ဆန်းလျန်နဲ့ မဆိုင်ဘူး၊ ရှင်ကိုက ကျွန်မကို သတ်ချင်ဖြတ်ချင်နေလို့ပဲ"

ကျောက်ရှောင်ယွီက တစ်ချက်တုန့်ဆိုင်းနေပြီးမှ ဖြည်းညင်းစွာ ပြောလိုက်သည်။

ယန်ရှီး၏ မိစ္ဆာမျိုးစေ့သည် ကျောက်ရှောင်ယွီ၏ မြင့်မြတ်သည့် နတ်ဘုရားနှလုံးသားကို သိမ်းပိုက်ရန် အခွင့်အရေး မရနိုင် ဖြစ်နေရလေသည်။

ယန်ရှီး၏ စိတ်ထဲတွင် ထူးဆန်းနေမိလေသည်။

"ဆန်းလျန်သာ ချစ်သူရှာမယ်ဆိုရင် မင်းကို လက်မလွှတ်သင့်ဘူး ၊ ဒီည သူသာ မင်းနဲ့အတူရှိနေရင် ကျုပ်ကို သတ်ဖို့ အခွင့်အရေးတောင် ရချင်ရနိုင်တယ် ၊ အခု အဲဒီလိုမဟုတ်တော့လဲ လင်ထိုင်ဖန်းကျွမ်းတောင်ရောက်မှ ဒီကောင်လေးနဲ့ တွေ့ကြရတာပေါ့လေ"

ကျောက်ရှောင်ယွီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ရှင်မှားနေပြီး အမှောင်မိစ္ဆာသခင်ကြီး ၊ ရှင်က ဆန်းလျန်တစ်ယောက်ကိုပဲ ရှင့်ရဲ့ပြိုင်ဘက်လို့ ထင်နေတာလား ၊ ဒါဆို ရှင်က ကြာပန်းကိုးပွင့်ကျောင်းတော်က ကျောက်ရှောင်ယွီကိုတော့ မေ့နေခဲ့တာပေါ့ ၊ ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်းဟာ ချင်းရှမ်က

အိပ်မက်လိပ်ပြာကျင့်စဉ် ၊ ရှင့်ရဲ့ ပကတိဖန်ဆင်းခြင်းပညာ ၊

ဆန်းလျန်ရဲ့ စိတ်အာရုံမြှင့်တင်ခြင်းကျင့်စဉ်တွေနဲ့

ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်တယ်ဆိုတာ ရှင် သိရပါတော့မယ်"

ခဏနားပြီးမှ ကျောက်ရှောင်ယွီက ဆက်ပြောလိုက်သည်။

"ပြီးတော့ ဆန်းလျန်ဆိုတာ ကျွန်မနှလုံးသားထဲမှာ အရေးပါတဲ့

နေရာကိုယူထားတဲ့ လူတစ်ယောက်ပါ ၊ သူ့အတွက် ကျွန်မရှင့်

ကို ဒီညတိုက်ခိုက်မယ်"

ယန်ရှီးက အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်ရင်း...

"မင်းမှာ တကယ်ပဲ နှလုံးသားရှိတဲ့သူပဲကိုး"

အခန်း (၄၃၇) တည်ရှိမှုတစ်ခု

ကျောက်ရှောင်ယွီသည် ယန်ရှီးကို အလွန်သနားစရာကောင်း သည့်သတ္တဝါတစ်ကောင်ကိုကြည့်နေသည့်အလား ကြည့်နေ လေသည်။ သို့သော်... သူမအကြည့်များက အေးစက်လွန်းလှ သည်။

“ဒါပေမယ့် ရှင့်မှာတော့ နှလုံးသားမရှိဘူး မဟုတ်လား”

ယန်ရှီးက ရယ်မောလိုက်လေသည်။

ယန်ရှီး၏ အပြုံးသည် သေစေနိုင်သောလက်နက်သာဖြစ်ခဲ့ပါ က ကျောက်ရှောင်ယွီသည် သေသွားစရာ အကြောင်းရှိလေ သည်။

ယန်ရှီးက...

“မင်းနဲ့ သိခွင့်ရတာ နောက်ကျသွားတယ် ကျောက်ရှောင်ယွီ နတ်သမီး ၊ မင်းက ကျုပ်တွေ့ဖူးသမျှထဲမှာ အင်မတန် ထူးခြား တဲ့ မိန်းကလေးတစ်ယောက်ပဲ”

ကျောက်ရှောင်ယွီသည် စကားတစ်လုံးမှ မပြောဘဲ ယန်ရှီးကို စိုက်ကြည့်နေဆဲ ဖြစ်လေသည်။ သူမ၏အကြည့်များက ပို၍ပင် အေးစက်လာသယောင်ထင်ရသည်။

သူမ၏ အကြည့်များကြောင့် ယန်ရှီးက အနေရခက်မသွားခဲ့ပါ။

"ကျုပ်မျက်လုံးထဲမှာ ထူးခြားတဲ့မိန်းကလေးဆိုတာ ဘယ်လို လူမျိုးကိုပြောတာလဲဆိုတာ မင်းမသိချင်ဘူးလား"

ကျောက်ရှောင်ယွီက ယန်ရှီး၏ စကားများကို အရေးမလုပ်ဘဲ သူမ၏တန်ခိုးစွမ်းအားများကို နှင်းပွင့်များဆီသို့ ပို့လွှတ်လိုက်လေသည်။

သူမသည် အလွန်ခမ်းနားလွန်းသည့် ကျက်သရေနှင့် အလှတရားကို ပိုင်ဆိုင်ထားလေသည်။ ကြာပန်းကိုးပွင့်ကျောင်းတော်ကို တည်ထောင်သူဆရာသခင်ပင်လျှင် သူမ၏ တန်ခိုးစွမ်းအားများကို ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ပေ။

ယန်ရှီးက…

“မင်းကသာ ဆန်းလျန်ကို မင်းနှလုံးသားထဲမှာ အရေးပါတဲ့သူ လို့ သတ်မှတ်ထားတာ ၊ ဒါပေမယ့် ဆန်းလျန်ရဲ့ရင်ထဲမှာတော့ မင်းက အရေးပါတဲ့သူ မဟုတ်ခဲ့ဘူးဆိုတာ မင်းကို သိစေချင် လိုက်တာ ၊ အင်းလေ… ဆန်းလျန်ရဲ့နှလုံးသားကို ကျုပ်ကလွဲ ပြီး ဘယ်သူမှ သိနိုင်မှာမှ မဟုတ်တာ”

ယန်ရှီး၏ စကားကိုကြားသည့်တိုင် ကျောက်ရှောင် ယွီ၏မျက်နှာအမူအရာက ပြောင်းလဲသွားခြင်း မရှိပါ။ သူမသည် ဆန်းလျန်ရှိရာအရပ်ဆီသို့ တစ်ချက်လှမ်း မျှော်ကြည့်လိုက်လေသည်။

ထို့နောက် သူမက နှင်းပွင့်လေးများကို စုစည်းကာ လေထဲတွင် အလွန်ကြီးမားသည့် ကြာပန်းတစ်ပွင့်ကို ဖန်ဆင်းလိုက်လေ သည်။

ကြာပန်းပွင့်သည် လေထဲတွင်လှည့်လည်နေပြီးမှ

တဖြည်းဖြည်းချင်း ရွေ့လျားသွားလေသည်။

ကျီမော့တောင်ပတ်ဝန်းကျင်မှ မည်သူမဆို အလွန်လှပလင်း

လက်နေသည့် နှင်းမှုံများဖြင့် ဖန်ဆင်းထားသည့် ကြာပန်းပွင့်

ကို မြင်တွေ့ရမည် ဖြစ်လေသည်။ ဖြူစင်လွန်းသည့်ကြာ

ပန်းပွင့်သည် ညအမှောင်ထက်တွင် မာနတရားတို့ဖြင့် လင်း

လက်တောက်ပနေသလား ထင်မှတ်ရလေသည်။

ယန်ရှီးသည် ကျောက်ရှောင်ယွီကို သတိမထားဘဲ မနေရဲသလို

ထိုအဖြူရောင်ကြာပန်းကိုလည်း လျစ်လျူမရှုရဲပါ။

အဘယ်ကြောင့်ဆိုသော် ကျောက်ရှောင်ယွီ၏ တန်ခိုးစွမ်းအား

ဖြင့် ဖန်ဆင်းထားသည့် နှင်းကြာပန်းသည် သူ့ကို အတန်ကြာ

အောင် ချုပ်ထားနိုင်သည်အထိ တန်ခိုးစွမ်းအားမြင့်မား

ကြောင်း သူသိလေသည်။

ယန်ရှီးသည် အပူအအေးခံစားမှုကိုလည်း ထိန်းချုပ်နိုင်သလို သူ၏ စိတ်အာရုံများကိုလည်း ကောင်းကောင်း ထိန်းချုပ်နိုင်သူ ဖြစ်လေသည်။ သို့သော်... နှင်းကြာပန်းမှ ထွက်ပေါ်လာသည့် အအေးဓာတ်ကိုတော့ သူထိန်းချုပ်နိုင်စွမ်းမရှိပေ။

နှင်းကြာပန်းပွင့်မှ အအေးဓာတ်စွမ်းအားများသည် သူ့ဆီသို့ ရိုက်ခတ်လာပြီး သူ၏မျက်ခုံးနှစ်ဖက်နှင့် ဆံပင်များစတင် အေးခဲစပြုလာလေသည်။

ထို့နောက် သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ရေခဲရုပ်တုတစ်ခု အဖြစ်ကူးပြောင်းသွားပြီး လှုပ်၍မရတော့ပေ။

နှင်းကြာပန်းပွင့်မှာ ယန်ရှီးကဲ့သို့သောလူကိုပင် အေးခဲသွား အောင် စွမ်းဆောင်နိုင်သည့်အတွက် တန်ခိုးစွမ်းအား မည်မျှ မြင့်မားသည်ကိုသိမြင်နိုင်လေသည်။

ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်းသည် လော်ဝါဒ၏အနှစ်သာရမှ မွေးဖွားလာသည့် ကျင့်စဉ်ကျမ်းတစ်ခုဖြစ်ပြီး တာအိုဝါဒနှင့် ဗုဒ္ဓဘာသာနှစ်မျိုးစလုံး၏ သွန်သင်မှုများ ပါဝင်လေသည်။

ကျောက်ရှောင်ယွီဖန်ဆင်းလိုက်သည့် အဖြူရောင်နှင်းကြာပန်းမှာ ဗုဒ္ဓဘာသာတန်ခိုးစွမ်းအားတစ်ခုဖြစ်သည့် "မရှိမှုနှင့်သေခြင်းတရား" တန်ခိုးစွမ်းအားကို အသုံးပြုကာ ဖန်ဆင်းထားခြင်း ဖြစ်လေသည်။

ထိုတန်ခိုးစွမ်းအားမှာ ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်း၏ အခြေခံကျသည့်တန်ခိုးစွမ်းအားတစ်ခုဖြစ်ပြီး ယန်ရှီးသည် လွယ်ကူသည့်သူတစ်ယောက်မဟုတ်သောကြောင့် သူမက ထိုတန်ခိုးစွမ်းအားကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

သို့ရာတွင် ယန်ရှီး၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်တွင်လည်း ထိုတန်ခိုးစွမ်းအားကို တွန်းလှန်နိုင်သည့် တန်ခိုးစွမ်းအားတစ်ခုရှိလေသည်။

ထိုတန်ခိုးစွမ်းအားကို "မိစ္ဆာဖြိုခွင်းတန်ခိုးစွမ်းအား" ဟု ခေါ်လေသည်။

ယန်ရှီးက ထိုတန်ခိုးစွမ်းအားကို ဖော်ထုတ်လိုက်သည်နှင့် သူ့ကို ဖုံးအုပ်နေသည့် ရေခဲများမှာ တစ်စစီ ကွဲထွက်သွားတော့သည်။

"ကြိုးစားရကျိုး မနပ်ပါလား မိန်းကလေးရယ်..."

ကျောက်ရှောင်ယွီက စကားပြန်မပြောဘဲ ယန်ရှီးကို စိုက်ကြည့်လိုက်သည်။

ယန်ရှီးကလည်း မည်သည့်စကားမှ မပြောတော့ပါ။

ယန်ရှီး၏ခန္ဓာကိုယ်မှ အဝါရောင်နှင့် အစိမ်းရောင် အလင်းတန်းများ ဖြာထွက်လာလေသည်။ ထိုအလင်းတန်းများသည် အစိမ်းရောင်တောင်ပံတစ်ဖက်နှင့် အဝါရောင် တောင်ပံတစ်ဖက် အဖြစ် သဏ္ဌာန်ပြောင်းသွားလေသည်။

ယန်ရှီးက အတောင်များကို ခတ်လိုက်သည်နှင့် အတောင်များ၏အဖျားမှ မရေမတွက်နိုင်အောင် များပြားသည့် အဝါ

ရောင်နှင့်အစိမ်းရောင်ကြိုးများထွက်ပေါ်လာပြီး အဖြူရောင် ကြာပန်းကြီးကို တုတ်နှောင်ထားလိုက်လေသည်။

ကျောက်ရှောင်ယွီက မျက်လုံးများကို မှေးစင်းလိုက်ပြီး လေထဲတွင် နောက်ထပ်အဖြူရောင်ကြာပန်းတစ်ပွင့်ကို ဖန်ဆင်းလိုက်လေသည်။ လေထဲမှ အဖြူရောင်ကြာပန်းသည် လှပသည့် အဖြူရောင်ဓားတစ်လက်အဖြစ်သို့ ပြောင်းလဲသွားလေသည်။

ကျောက်ရှောင်ယွီက သူမ၏ ကျောက်စိမ်းသားကဲ့သို့ လှပလွန်းသည့် လက်လေးများဖြင့် အဖြူရောင်ဓားကို စုပ်ကိုင်လိုက်လေသည်။

လက်ရှိအချိန်တွင် ကျောက်ရှောင်ယွီ၏ ကြာပန်းကိုးပွင့်တန်ခိုးစွမ်းအားကို မည်သူမျှ ယှဉ်နိုင်မည် မဟုတ်ပေ။

သူမ၏တန်ခိုးစွမ်းအားများသည် အလေအလွင့်လုံးဝမရှိဘဲ ကြာပန်းဖြူဓားဆီသို့ စီးဆင်းဝင်ရောက်သွားလေသည်။

ကျောက်ရှောင်ယွီသည် ကြာပန်းဖြူဓားကို ယန်ရှီးဆီသို့ ပစ်လွှတ်လိုက်လေသည်။ ထိုဓားထဲတွင် ကျောက်ရှောင်ယွီ၏ နတ်ဘုရားတန်ခိုးစွမ်းအားများ များစွာ ပါဝင်လေသည်။

ကြာပန်းဖြူဓားသည် ယန်ရှီးအနားသို့ရောက်သွားသည်နှင့် ငလျှင်လှိုင်းများအလား ပြင်းထန်လွန်းသည့် တန်ခိုးစွမ်းအားများက အသံတိတ်ပေါက်ကွဲထွက်သွားလေသည်။

ယန်ရှီးက ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါ။ သူသည်မျက်လုံးများကို မှိတ်ထားပြီး အမှောင်ထုထဲတွင် သူ၏စိတ်ဝိညာဉ်ကို နှစ်မြုပ်ထားလေသည်။ အမှောင်ထုသည် သူ၏စွမ်းအားများ စတင်ဖြစ်တည်ရာ မူလနေရာတစ်ခုအဖြစ် ပြောင်းလဲသွားလေသည်။

ကျောက်ရှောင်ယွီ၏ ကြာပန်းဖြူဓားသည် သူ့ကိုသာ ထိုးစိုက်သွားမိလျှင် မည်သို့ဖြစ်မည်လဲဟု ယန်ရှီးက တွေးနေခဲ့လေသည်။

ထိုကြာပန်းဖြူစားထဲတွင် ကျောက်ရှောင်ယွီ၏ နတ်ဘုရားစွမ်းအားများ ပါဝင်နေသည့်အတွက် သူ့ကို ဒဏ်ရာရကောင်း ရသွားစေမည်ဖြစ်လေသည်။ သို့သော်... ထိုစားသည် သူ့ကို သတ်နိုင်ပါမည်လား။

သူသည် ယခုထိတိုင် အသက်ရှင်နေဆဲဖြစ်လေသည်။ သူ့ကို မည်သူမျှ မသတ်နိုင်ပေ။ သူသည် လူသားတစ်ဦးမှ ဟုတ်ပါလေရဲ့လား။

"သူသည် တည်ရှိမှုတစ်ခုဖြစ်လေသည်။"

သို့သော် လောကတွင် တည်ရှိမှုများသည် ဂင်္ဂါမြစ်ကမ်းမှ သဲမှုန်များကဲ့သို့ မရေမတွက်နိုင်အောင် များပြားလွန်းလေသည်။

"ယန်ရှီး" ဆိုသည်ကတော့ လောကတွင် တစ်ယောက်သာရှိသည်။

ယန်ရှီးသည် သူ့အတွေးနှင့်သူ ကျေနပ်သွားလေသည်။

ယန်ရှီးသည် ကောင်းကင်ထက်မှ ကြယ်များကို မော့ကြည့်လိုက်လေသည်။ သူက ထိုကြယ်များကိုပင် အမိန့်ပေး စေခိုင်းချင်သူ ဖြစ်လေသည်။

ထိုအချက်က ယန်ရှီးကို အခြားသော မိစ္ဆာနတ်ဘုရားများနှင့် မတူညီဘဲ ကွဲပြားသွားစေသည့် အချက်ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ ကြာပန်းဖြူစားသည် ကြယ်စင်များကို မဖြိုခွင်းနိုင်လျှင်တောင်မှ လမင်းကိုတော့ ဖြိုခွင်းနိုင်သည့် အစွမ်းသတ္တိမျိုးကို ပိုင်ဆိုင်ထားလေသည်။

ယန်ရှီးသည် ကျောက်ရှောင်ယွီကို သူနှင့် တိုက်ခိုက်ရန် ထိုက်တန်သူတစ်ယောက်အဖြစ် သတ်မှတ်လိုက်သည်။ သူ၏ပြိုင်ဘက်မှာ ဆန်းလျန်တစ်ယောက်တည်းသာရှိသည်ဟု သူထင်မှတ်ထားခဲ့သော်လည်း ယခုတော့ ကျောက်ရှောင်ယွီ၏အရည်အချင်းကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင်တော့ပေ။

အခန်း (၄၃၈) လွှတ်မြောက်သွားခြင်း

ယန်ရှီး၏ လက်ရှိခံစားချက်များသည် အနည်းငယ် ရှုတ်ထွေး နေလေသည်။ သူက သူ၏ပြိုင်ဘက်အပေါ်တွင် အနည်းငယ် ကိုယ်ချင်းစာစိတ် ဝင်နေမိလေသည်။

အစကတည်းက သူ့တွင် ထိုကဲ့သို့သောအတွေးမျိုး ရှိချင်လည်း ရှိနေနိုင်မည် ဖြစ်လေသည်။

သူသည် ကျောက်ရှောင်ယွီ၏ ကြာပန်းဖြူဓား၏ ရိုက်ချက်ကို ခံယူလိုက်လေသည်။

အမှောင်ထုထဲမှ သူ၏စိတ်ဝိညာဉ်သည် မေးမှိန်သွားသလို ခံစားလိုက်ရသည်။

ယန်ရှီးသည် သူ့ကိုယ်သူ နားလည်သူ တစ်ယောက်ဖြစ်လေသည်။ သူ၏စိတ်တွင်းမှ အဓိကရည်ရွယ်ချက်မှာ သူ၏ သန့်စင်သည့် သဘောသဘာဝပင် ဖြစ်လေသည်။

သူ၏ စိတ်ထဲတွင် နတ်မိစ္ဆာဆယ့်နှစ်ကောင် ထွက်ပေါ်လာလေသည်။

နတ်မိစ္ဆာများသည် အစိမ်းရောင်၊ အဝါရောင်၊ မြွေဦးခေါင်းနှင့် လူကိုယ်ခန္ဓာ စသည်ဖြင့် ပုံသဏ္ဍာန်မျိုးစုံ ရှိကြလေသည်။

ထိုနတ်မိစ္ဆာဆယ့်နှစ်ကောင်သည် ကြိုးဝါးသံများကို ပြုလုပ်ကာ ကျောက်ရှောင်ယွီ၏ ကြာပန်းဖြူစားကို ခုခံကာကွယ်ထားလိုက်လေသည်။

ကျောက်ရှောင်ယွီ၏ ကြာပန်းဖြူစားမှာ ချက်ချင်းပင်အားနည်းသွားရလေသည်။

သို့သော် ကြာပန်းဖြူစားထဲတွင် ကျောက်ရှောင်ယွီ၏ ဘဝတစ်လျှောက်လုံးကျင့်ကြံထားသည့် တန်ခိုးစွမ်းအားအနှစ်သာရများပါဝင်နေသည့်အတွက် ယန်ရှီးခန့်မှန်းထားသည်ထက်ပိုပြီး ကြာပန်းဖြူစားသည် တန်ခိုးစွမ်းအားမြင့်မားနေလေသည်။

ကြာပန်းဖြူ၏ဓားသည် နတ်မိစ္ဆာဆယ့်နှစ်ကောင်၏ တိုက်ခိုက်မှုကြောင့် ပြိုလွဲသွားသည့်တိုင် ထူးဆန်းမှုတစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။

"ထာဝရမယ်တော်... စစ်မှန်သောဗလာနယ်သို့ ခေါ်ဆောင်တော်မူပါ"

ဂါထာရွတ်ဖတ်သံသည် ယန်ရှီး၏ ဝိညာဉ်ထဲတွင် ပဲ့တင်ထပ်ကာ ထွက်ပေါ်လာလေသည်။

ထိုဂါထာရွတ်ဖတ်သံထွက်ပေါ်လာသည်နှင့် ကျောက်ရှောင်ယို၏ ကြာပန်းဖြူဓားသည် ယန်ရှီး၏ နှလုံးသားနေရာသို့ ဦးတည်ဝင်ရောက်လာပြီး မိစ္ဆာစွမ်းအားများကို ထိုးခွင်းပစ်လိုက်လေသည်။

ဓားသွားသည် ယန်ရှီး၏ နှလုံးသားနှင့် ပို၍နီးကပ်လာလေသည်။

ဓားသွားသည် အရှိန်အဟုန်ပြင်းလွန်းလှသည့်အတွက် ယန်ရှီး
သည် ရှောင်ချိန်မရတော့ပေ။ ဓားသွားသည် ယန်ရှီး၏ ဝိညာဉ်
ထက်တွင် အမာရွတ်တစ်ခုကို ဖြစ်ပေါ်စေကာ အမှတ်အသား
တစ်ခု ထင်ကျန်ရစ်လေသည်။

ယန်ရှီး မျက်စိဖွင့်ကြည့်လိုက်သည်။

သူက လက်ညိုးနှင့်လက်ခလယ်ကို အသုံးပြုကာ ကျောက်ရှော
င်ယီ၏ ကြာပန်းဖြူဓားကို ညှပ်ထားလိုက်လေသည်။

သူ၏လက်ချောင်းများသည် မယုံနိုင်လောက်အောင် လျှင်မြန်
သည့်အရှိန်ဖြင့် တုန်ခါသွားလေသည်။ ထို့နောက် မရေမတွက်
နိုင်အောင်များပြားသည့် မီးပွားငယ်လေးများထွက်ပေါ်လာပြီး
ကြာပန်းဖြူဓားသည် အပိုင်းပိုင်းပြတ်ထွက်သွားလေ
တော့သည်။

ယန်ရှီး၏ မျက်ဝန်းများက နီရဲနေလေသည်။

သူက မြေပြင်ထက်တွင် ရပ်နေဆဲဖြစ်သည့်တိုင် ကောင်းကင်ကလည်း သူ့ကိုကာကွယ်မပေးတော့သလို မြေပြင်ကလည်း သူ၏အလေးချိန်ကို ထမ်းမထားနိုင်တော့ပေ။

သူ၏ပုံသဏ္ဌာန်မှာ အမှောင်မိစ္ဆာနတ်ဆိုးကြီးတစ်ကောင်အလား တန်ခိုးစွမ်းအားများ အဆမတန် မြင့်မားလာလေသည်။

ကျောက်ရှောင်ယွီသည် ကောင်းကင်ထက်သို့ ပျံသန်းသွားလေသည်။

သူမတစ်ဘဝလုံးကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားအနှစ်သာရများထည့်သွင်းထားသည့် ကြာပန်းဖြူစားသည် ပျက်စီးသွားခဲ့ရပြီ ဖြစ်လေသည်။ သူမအတွက် ယန်ရှီးကို ဆက်လက်တိုက်ခိုက်ရန်မှာ မဖြစ်နိုင်တော့ပေ။

သို့သော် ယန်ရှီးကလည်း သူမကို အလွတ်မပေးပေ။ သူမနောက်မှ ပျံသန်းလိုက်ပါလာလေသည်။

သူမသည် ယန်ရှီး၏ စက်ကွင်းအတွင်းမှ မည်သို့မျှ မလွတ်နိုင် ဖြစ်နေရလေသည်။

သူမသည် ယန်ရှီး၏ရင်ထဲမှ စစ်မှန်သည့်အမျက်ဒေါသလှိုင်းများကို ခံစား၍ရနေလေသည်။

နတ်မိစ္ဆာဆယ့်နှစ်ကောင်နှင့် ယန်ရှီးသည် တစ်သားတည်း ပေါင်းစပ်သွားပြီး ယန်ရှီးမှာ ပို၍ပင် တန်ခိုးစွမ်းအားကြီးမား လာလေသည်။

ယန်ရှီးသည် ဆန်းလျန်တစ်ယောက်သာ သူ့ကို ယခုကဲ့သို့ အခြေအနေသို့ရောက်အောင် ပို့ဆောင်ပေးနိုင်မည်ဟု ထင်မှတ်ထားခဲ့မိလေသည်။ ယခုတော့ ကျောက်ရှောင်ယွီက ဆန်းလျန်ထက်မသာလျှင်တောင် မလျော့သော တိုက်ခိုက်မှုဖြင့် သူ့ကို တိုက်ခိုက်နိုင်ခဲ့လေသည်။

သူက အစပိုင်းတွင် ဆန်းလျန်၏ တိုက်ခိုက်မှုကို ခံယူကာ ယခုကဲ့သို့ တန်ခိုးစွမ်းအားများ မြင့်မားလာအောင် ကျင့်ကြံရန်

စီစဉ်ထားခဲ့ခြင်း ဖြစ်လေသည်။ ယခုတော့ ဆန်းလျှန်နှင့် မတွေ့ခင် ကျောက်ရှောင်ယွီက သူ့ကို လက်ရှိအခြေအနေသို့ ရောက်အောင် လုပ်ဆောင်ပေးခဲ့ပြီ ဖြစ်သည်။

ယခုတော့ အခြေအနေများက ပြောင်းလဲသွားခဲ့ပြီ။

သူသည် တဖြည်းဖြည်းအားကြီးသည်ထက်ကြီးလာပြီ ဖြစ်လေသည်။

"လောကမှာ ဘယ်အရာမှ ခန့်မှန်းလို့မရဘူး ၊ ဒီအကြောင်းကြောင့်ပဲ မိုးနဲ့မြေမှာ ဘယ်သူမှ ကျုပ်ကို ပျက်စီးသွားအောင် မလုပ်နိုင်ဘူး"

ယန်ရှီးက တီးတိုးရေရွတ်လိုက်သည်။

ထို့နောက် သူက လေထဲတွင် ပျံသန်းနေသည့် ကျောက်ရှောင်ယွီကို စိုက်ကြည့်လိုက်သည်။

သူ့မျက်ဝန်းများက အေးစက်နေလေသည်။

“မင်းသေရမယ်...”

ယန်ရှီးက လက်နှစ်ဖက်ကို လေထဲသို့ ဆန့်တန်းကာ ဖမ်းစုပ် လိုက်လေသည်။

ကျောက်ရှောင်ယွီမှာ မမြင်ရသောစွမ်းအားတစ်ခုက သူမကို ဖမ်းစုပ်ထားပြီး သူမ၏ခန္ဓာကိုယ်မှာ တစ်စစီဖြစ်တော့မည့် အလား ခံစားလိုက်ရလေသည်။

ယခုအချိန်တွင် သူမ၏ တန်ခိုးစွမ်းအားများအားလုံးကုန်ဆုံး သွားခြင်း မရှိသေးသည့်တိုင် ယန်ရှီးကိုတော့ ပြန်လည် တိုက်ခိုက်ရန် မတတ်နိုင်တော့ပေ။

ကျောက်ရှောင်ယွီ၏ တန်ခိုးစွမ်းအားများမှာ တဖြည်းဖြည်းကျ ဆင်းလာပြီး လောကမှ ပျောက်ကွယ်လုဆဲဆဲ အခြေအနေသို့ ရောက်ရှိသွားလေသည်။

ထိုအချိန်...

သစ်ရွက်များ ကြွေကျသံကဲ့သို့ သာယာလှပသည့်အသံများ ထွက်ပေါ်လာလေသည်။

မှောင်မိုက်အေးစက်နေသည့် ညအချိန်တွင် ကောင်းကင်ထက်တွင် တောက်ပသည့်အလင်းတန်းများ ပေါ်လာလေသည်။ ထိုအလင်းတန်းများထဲတွင် မိန်းကလေးငယ်လေးတစ်ယောက် ရှိနေလေသည်။

သူမသည် အစိမ်းရောင်ငှက်တစ်ကောင်ကို စီးတော်ယဉ်အဖြစ်စီးထားလေသည်။

ထိုမိန်းကလေးငယ်မှာ ရှော့ရှီပင် ဖြစ်လေသည်။

သူမက ပန်းခင်းတစ်ခုကို ဖန်ဆင်းလိုက်ပြီး ပန်းခင်းထက်တွင်လိပ်ပြာလေးတစ်ကောင် ပျံသန်းနေလေသည်။ ထိုမြင်ကွင်းသည် အိပ်မက်တစ်ခုအလား ယန်ရှီးကို ချုပ်နှောင်ထားလိုက်လေသည်။

အလင်းတန်ငါးခုထွက်ပေါ်လာပြီး ယန်ရှီးသည် ပန်းခင်းထဲမှရုန်းမထွက်နိုင်ဖြစ်နေရကာ ပန်းများက ယန်ရှီးကို စုပ်ယူဝါးမြို့သွားကြလေသည်။

ကျောက်ရှောင်ယွီခံစားနေရသည့် ဖိအားများမှာ ချက်ချင်းပင် သက်သာသွားလေသည်။

ရှော့ရှီသည် ကျောက်ရှောင်ယွီကို ချမ်းမော့ကိုယ်ပေါ်သို့ ဆွဲတင်လိုက်ပြီး လျှင်မြန်စွာ ပျံသန်းထွက်ခွာသွားလေတော့သည်။

နောက်ဆုံးတွင်တော့ ရေကန်တစ်ခုတည်ရှိရာနေရာသို့ သူတို့ ရောက်ရှိလာကြလေသည်။

ကျောက်ရှောင်ယွီမှာ အစိမ်းရောင်ငှက်လေး၏ လျှင်မြန်မှုကို များစွာ အံ့သြနေမိတော့သည်။

"ရှော့ရှီလေး ၊ သူများတွေက အသက်ကြီးလာကြတာ ၊ မင်းကတော့ ဘာလို့ ပိုပြီးငယ်သွားရတာလဲ"

ကျောက်ရှောင်ယွီက မေးလိုက်သည်။

ရှော့ရှီ၏ အသားအရေမှာ သူမထက်ပင် ဖြူဖျော့နေဟန်ရှိလေသည်။ ယန်ရှီးကို တိုက်ခိုက်ခဲ့ရသည်မှာ သူမအတွက်လည်း လွယ်ကူသည့်ကိစ္စတော့ ဟုတ်ခဲ့ဟန်မတူပေ။

ရော့ရှီက ပြုံးနေသည့်မျက်ဝန်းများဖြင့် ကျောက်ရှောင်ယွီကို စိုက်ကြည့်လိုက်ရင်း...

"မမကိုကယ်ဖို့ ကျွန်မရဲ့ဆရာဘိုးဘိုးချန်ထားခဲ့တဲ့ တာအို တရားဓမ္မစွမ်းအားတွေကို အသုံးပြုလိုက်ရတယ် ၊ သမီးကို ပြန်လျော်ပေးရမယ်နော်"

ကျောက်ရှောင်ယွီက လှပစွာ ရယ်မောလိုက်ရင်း...

“မပေးနိုင်ပါဘူး...”

ထို့နောက် သူမသည် စိတ်အာရုံကို အသုံးပြုကာ အရှေ့ဆီသို့ လှမ်းကြည့်လိုက်လေသည်။

လရောင်အောက်တွင် ကန်ရေပြင်သည် တောက်ပပြိုးပြက်နေ လေသည်။

အခန်း (၄၃၉) သုံးလပိုင်းသုံးရက်နေ့မှာ ဘုရင်တစ်ပါးမွေးဖွား လိမ့်မယ်

ထိုအချိန် ရေကန်ထဲတွင် နက်ရှိုင်းသည့်ကြယ်စင်အလင်းတန်းများ ဖြာလင်းလာပြီး ကျောက်ရှောင်ယွီ၏ နားထဲတွင် ထူးဆန်းသည့်ရေစီးဆင်းသံများကို ကြားလိုက်ရလေသည်။

ကျောက်ရှောင်ယွီသည် ရေပေါ်တွင်လမ်းလျှောက်ပြီး ထိုကြယ်စင်ရောင်အလင်းတန်းများဆီသို့ သွားလိုက်လေသည်။ သူမရေပေါ်တွင်လမ်းလျှောက်သည့်တိုင် ကန်ရေပြင်သည် လှိုင်းတစ်ချက်လှုပ်ခတ်သွားခြင်းပင် မရှိပေ။

ကြယ်စင်ရောင်အလင်းတန်းများသည် ဆန်းလျန်၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေခြင်းဖြစ်လေသည်။

သူမသည် ဆန်းလျန်ကိုမြင်တွေ့လိုက်သည်နှင့် သူမဘဝတွင် တစ်ခါမှ မခံစားခဲ့ဖူးသော ခံစားချက်တစ်မျိုးကို ခံစားလိုက်ရလေသည်။

ဆန်းလျန်သည် ပျက်စီးတော့မည့်ပုံသဏ္ဍာန်ဖြစ်နေလေသည်။ သို့သော် သူ့ပုံစံက စိတ်ဓာတ်ကျခြင်း ၊ စိတ်ပျက်ခြင်းများ မတွေ့ရပါ။ သူသည် လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်ကအတိုင်း ချောမောလှပနေဆဲ ၊ နူးညံ့သိမ်မွေ့နေဆဲ ၊ ဆွဲဆောင်မှုရှိနေဆဲဖြစ်လေသည်။

"ရှောင်ယွီ ၊ မင်းက တကယ့်ကိုအံ့ဩစရာပါပဲ"

ဆန်းလျန်က ဖြည်းညင်းစွာပြောလိုက်သည်။

ကျောက်ရှောင်ယွီက ခေါင်းကိုမော့လိုက်ပြီး "ကျွန်မက အမြဲတမ်း အံ့ဩစရာကောင်းတဲ့သူတစ်ယောက်ပဲ" ဟု ပြန်ပြောလိုက်ချင်သော်လည်း မပြောဖြစ်ခဲ့ပေ။

စကားပြောမည့်အစား သူမသည် ရယ်မောလိုက်မိလေသည်။

အဘယ်ကြောင့် ရယ်မောလိုက်မိမှန်း မသိသည့်တိုင် သူမရယ် ချင်နေမိလေသည်။

ဆန်းလျန်သည် ကန်ရေပြင်ထက်တွင်ရပ်နေလေသည်။ သူ၏အဝတ်အစားများက လေထဲတွင် ပျံ့လွင့်နေပြီး ကြယ်စင် ရောင်များတောက်ပနေလေသည်။ ထိုကြယ်စင်ရောင်များသည် ဆန်းလျန်၏ ကျန်ရှိနေသည့် အသက်ဓာတ်စွမ်းအားများပင် ဖြစ်လေသည်။

သူမသည် ဆန်းလျန်အတွက် စိုးရိမ်ပူပန်သင့်သည်။ ငိုကြွေး ဝမ်းနည်းသင့်သည်။ သို့သော် သူမသည် ထိုခံစားချက်များကို မခံစားရဘဲ ရယ်မောနေခဲ့မိလေသည်။

ဆန်းလျန်၏ဘဝသည်လည်း အဆုံးသတ်ရန်နီးကပ်နေပြီ ဖြစ် သည့်တိုင် စိတ်ကတော့ သက်သောင့်သက်သာခံစားနေရလေ သည်။

ပြီးတော့ သူ... ကျောက်ရှောင်ယွီကို ပြောလိုက်သည့်ချီးကျူး

စကားမှာ ရင်ထဲမှ စကားဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် ဆန်းလျန်ကိုကြည့်ရင်း သူမရင်ထဲမှ

ခံစားချက်များကို ထိန်း၍မရတော့ပေ။

သူမနှင့် ဆန်းလျန်သည် ကောင်းကင်ထက်မှ တိမ်တိုက်များနှင့်

ဆင်တူလေသည်။

ကောင်းကင်ထက်မှ တိမ်တိုက်များသည် ပေါင်းစည်းသွားလျှင်

လည်း ပြဿနာမရှိပါပဲ အဆင်ပြေပြေပေါင်းစည်းသွားနိုင်လေ

သည်။ ပေါင်းစည်းပြီးသည်နှင့် မိုးစက်များအဖြစ်ကမ္ဘာမြေပြင်

ထက်သို့ ရွာချသွားနိုင်သည်။

သို့သော်... ပေါင်းစပ်ခွင့်မရှိလျှင်လည်း လေနှင်ရာလွင့်မျော

သွားကြရင်း ကိုယ့်လမ်းကိုယ်လျှောက်ကြမည် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ သူတို့နှစ်ယောက်လောက် တစ်ယောက်ကို တစ်ယောက်နားလည်နိုင်မည့်သူ လောကတွင် ရှိနိုင်မည် မဟုတ်ပေ။

နောက်ဆုံးတော့ ကျောက်ရှောင်ယွီက ရယ်မောခြင်းကို ရပ်တန့်လိုက်လေသည်။ သူက ဆန်းလျန်၏ မျက်ဝန်းများကို စိုက်ကြည့်နေလိုက်သည်။

“ကျွန်မ အသက်ရှင်နိုင်ဦးမယ်လို့ ရှင်ထင်လားဟင်”

ဆန်းလျန်က သူမ၏စကားကြောင်း တစ်ချက်ရယ်မောလိုက်ရင်း သူမရှေ့သို့ လမ်းလျှောက်လာလေသည်။

“မင်းကျုပ်ရှေ့ရောက်လာမှတော့ ဆက်အသက်ရှင်ရမှာပေါ့ဗျာ"

ဆန်းလျန်က သူ၏ကြယ်စင်ရောင်တန်ခိုးစွမ်းအားများကို ကျောက်ရှောင်ယွီ၏ခန္ဓာကိုယ်အတွင်းသို့ ထည့်သွင်းပေးလိုက်လေသည်။

ကျောက်ရှောင်ယွီ၏ ဖြူဖျော့နေသည့်မျက်နှာသည် ချက်ချင်း ပင် သွေးရောင်လွှမ်းလာလေသည်။

သူမစိတ်ထဲတွင် သေတော့မည်ကဲ့သို့ခံစားနေရပြီး အားအင် ကုန်ခမ်းနေသည့် ခံစားချက်များသည် ချက်ချင်းပင် ပျောက် ကွယ်သွားပြီး ပြန်လည်လန်းဆန်းလာလေသည်။

သို့သော် ဆန်းလျန်မှာတော့ ကျောက်ရှောင်ယွီ၏ဒဏ်ရာကို ကု သပေးလိုက်ရသည့်အတွက် ကြယ်စင်စွမ်းအားများ လျော့နည်းကာ သူ၏ခန္ဓာကိုယ်မှ အလင်းတန်းများ မှေးမှိန် သွားရလေသည်။

ကျောက်ရှောင်ယွီမှာ ဆန်းလျန်က သူမ၏ဒဏ်ရာကို ကုသပေး ခြင်းကို မတားဆီးလိုက်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆန်း လျန်ပြုလုပ်သည့်အရာတိုင်းကို သူမသည် မတားဆီးနိုင်သလို ငြင်းပယ်နိုင်စွမ်းလည်း မရှိပေ။ ဆန်းလျန်၏စိတ်ဓာတ်သည် ပင်လယ်ကဲ့သို့ ကျယ်ပြန့်နက်ရှိုင်းလွန်းလေသည်။

ဆန်းလျန် သူမကို စိုက်ကြည့်နေသည့်အချိန်တွင် သူမ၏စိတ်သည် ချက်ချင်းပင် အေးချမ်းသွားသလို ခံစားလိုက်ရလေသည်။

ကျောက်ရှောင်ယွီသည် ကြာပန်းကိုးပွင့်ကျင့်စဉ်မှ "မရှိမှုနှင့်သေခြင်းတရား" တန်ခိုးစွမ်းအားကို ထုတ်ဖော်သုံးစွဲလိုက်သည့်အတွက် သူမ၏တန်ခိုးစွမ်းအားမှာ ဆယ်ပုံတစ်ပုံသာ ကျန်ရှိတော့သည်။ သို့သော် ဆန်းလျန်က သူမ၏တန်ခိုးစွမ်းအားများကို ချက်ချင်းပြန်ဖြည့်ပေးလိုက်နိုင်သည့်အတွက် သူမသည် အလွန်အံ့သြနေမိလေသည်။

သူမက ယန်ရှီးသည် ဆန်းလျန်ကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ထင်မှတ်ခဲ့လေသည်။ ယခုတော့ ယန်ရှီးကြောင့် သူမရရှိခဲ့သည့်ဒဏ်ရာကို ဆန်းလျန်က အချိန်ခဏလေးအတွင်း ချက်ချင်းကုသပေးခဲ့နိုင်သည်။ ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာမှာ မယုံကြည်နိုင်လောက်အောင် တန်ခိုးစွမ်းအား မြင့်မားသည့်

အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်ကို သူမ သိလိုက်ရလေသည်။ သူမအနေဖြင့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို ခန့်မှန်းရန်ပင် မတတ်နိုင်တော့ပေ။

ဆန်းလျန်၏ ကြယ်စင်စွမ်းအားများသည် သူမ၏ခန္ဓာကိုယ်ထဲသို့စီးဝင်လာပြီး သူမသည် အနွေးဓာတ်တစ်ခုကို ခံစားနေရလေသည်။ ထိုစွမ်းအားသည် နွေးရာမှ ပူလာပြီး သူမ၏ နတ်ဘုရားခန္ဓာမှာ ယခင်ကထက်ပင်ပို၍ အားကောင်းလာသလို ခံစားလိုက်ရလေသည်။

သူမ၏စိတ်ထဲမှ သေတော့မည်ကဲ့သို့ခံစားနေရသည့် ခံစားချက်ကိုပါ ဆန်းလျန်က စုပ်ယူသွားလေသည်။

ထိုခံစားချက်မှာ ယန်ရှီးထံမှ မိစ္ဆာစွမ်းအားကြောင့် ဖြစ်နေရသည့်ခံစားချက်ဖြစ်ပြီး ထိုစွမ်းအားကို စုပ်ယူလိုက်သည်နှင့် ဆန်းလျန်၏မျက်ဝန်းများမှာ အနက်ရောင်သို့ ကူးပြောင်းသွားလေသည်။

“ရှင် ကျွန်မကိုတော့ ကယ်တင်နိုင်ပြီး ရှင့်ကိုယ်ရှင်ကျတော့ ဘာလို့ မကယ်တင်နိုင်ရတာလဲ”

ကျောက်ရှောင်ယွီက မေးလိုက်သည်။

ဆန်းလျန်၏ မျက်ဝန်းများက ပုံမှန်အတိုင်းပြန်လည်လင်းလက်လာလေသည်။

သူက ကျောက်ရှောင်ယွီ၏နဖူးထက်မှ ဆံစလေးများကို အသာသပ်တင်ပေးလိုက်ရင်း နူးညံ့စွာဖြင့်ပြောလိုက်သည်။

“မင်းစကားပုံတစ်ခု မကြားဖူးဘူးလား ၊ ‘သူများကိုပဲထုပေးလို့ရတယ် ၊ ကိုယ်တိုင်လဲကျသွားရင် ထုလို့မရဘူး’ တဲ့ ၊ ကျင့်စဉ်လမ်းမှာလည်း ဒီအတိုင်းပဲပေါ့ ၊ ချန်ပေသိုဆိုတာ ပေါ့သေးသေးလူတစ်ယောက်မှမဟုတ်တာ ၊ သူ့ကို ယန်ရှီးတောင်မှ ရင်ဆိုင်ရဲမှာမဟုတ်ဘူး”

“ရှင်တို့နှစ်ယောက်ရဲ့တိုက်ပွဲက နှစ်ထောင်ပေါင်းများစွာအတွင်းမှာ အကြီးမားဆုံးတိုက်ပွဲပဲ ၊ လုကျိုးယွမ် အသူရာ

ချောက်ကိုသွားပြီး ထူကျူအရှင်နဲ့တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲထက်

တောင် သာလွန်တယ်၊ ဒါပေမယ့် ရှင် တိုက်ပွဲမှာ သေစေ

လောက်တဲ့အထိ ဖြစ်သွားမယ်လို့ ကျွန်မ မထင်ခဲ့မိဘူး၊ ကိစ္စ

တစ်ခုခုများ ဖြစ်ခဲ့လို့လား"

ကျောက်ရှောင်ယွီက မေးလိုက်လေသည်။

"အဲဒီနေ့က ချန်ပေသိုရဲ့ နတ်ဘုရားထောင်ချောက်ဓားကို

ရင်ဆိုင်ဖို့အတွက် ကျုပ်က တာအိုနဲ့တစ်သားတည်းကျအောင်

လုပ်လိုက်ရတယ်၊ အဲဒီလိုလုပ်လိုက်ရင် အန္တရယ်များတယ်ဆို

တာ ကျုပ်သိပြီးသားပါ၊ ဒါပေမယ့် ကျုပ်အခြေအနေ

တော်တော်ဆိုးသွားခဲ့တယ်၊ ကျုပ်ကိုယ်ကျုပ် မကယ်တင်နိုင်

တော့တဲ့ အခြေအနေကိုလည်း ရောက်နေပြီ၊ ဘာလို့လဲဆို

တော့ ကျုပ်ရဲ့ "တစ်စိတ်တစ်ပိုင်း" က ဆုံးရှုံးသွားခဲ့ရပြီ၊ ဒါ

ကြောင့် ကျုပ်ရဲ့အသက်ဓာတ်စွမ်းအားတွေလည်း

တဖြည်းဖြည်းချင်းစီးထွက်နေတာပေါ့"

ဆန်းလျန်က အေးအေးစွာပင် ပြောလိုက်လေသည်။

ချန်ပေသိုနှင့်တိုက်ပွဲတွင် ဆန်းလျန်သည် သူ၏ရုပ်ခန္ဓာကို ဆုံးရှုံးခဲ့သည်သာမက ယခင် ဆန်းလျန်နှင့် ပေါင်းစပ်ထားသည့် ဝိညာဉ်ဆိုင်ရာအပိုင်းအစများကိုပါ ဆုံးရှုံးခဲ့ရလေသည်။ သူနှစ်ပေါင်းများစွာ ကျင့်ကြံလာခဲ့သည့် ဝိညာဉ်စွမ်းအားများတွင် ယခင်ဆန်းလျန်၏ အစိတ်အပိုင်းများည် ခွဲခြား၍မရခဲ့ပေ။ နွားနို့ထဲတွင် ရေရောထားသကဲ့သို့ တစ်သားတည်းကျနေသည်ဟု ဆိုနိုင်လေသည်။ သို့သော် "တာအိုနှင့်တစ်သားတည်းကျ" သွားပြီးသည့်နောက်တွင်တော့ ယခင်ဆန်းလျန်နှင့်သက်ဆိုင်သည့်အစိတ်အပိုင်းများသည် သူ့ဆီမှ လုံးဝခွဲထွက်သွားခဲ့လေသည်။ ယခင် ဆန်းလျန်သည် သူနှင့် လုံးဝမပတ်သက်ခဲ့တော့သလို ဖြစ်သွားရလေသည်။ သို့သော် ထိုသို့ ယခင်ဆန်းလျန်၏ ဝိညာဉ်အစိတ်အပိုင်းများကို ဆုံးရှုံးလိုက်ရ

ခြင်းက သူ၏ အစိတ်အပိုင်းတစ်ခုကို ဆုံးရှုံးလိုက်ရသကဲ့သို့ ဖြစ်သွားရလေသည်။

ထို့ကြောင့်ဆန်းလျှန်သည် တာအိုရုပ်ခန္ဓာနှင့်ပတ်သက်သည် များကို ပိုပြီးသိချင်နေမိသည်။ တာအိုရုပ်ခန္ဓာနှင့် ပတ်သက်သည်များကို သိရှိနိုင်ပြီး ဝိညာဉ်စွမ်းအားချို့ယွင်း ချက်များကို ပြန်လည်ပြုပြင်နိုင်သည့်နေရာသည် လောကတွင် တစ်နေရာသာ ရှိလေသည်။ ထိုနေရာသည် လင်ထိုင်ဖန်းကျွမ်း တောင်ပင်ဖြစ်လေသည်။

လင်ထိုင်ဖန်းကျွမ်း၏ အခြေခံအစီပွါယ်မှာ "နှလုံးသားရှာဖွေ ခြင်း" ဟု အစိပ္ပါယ်ရလေသည်။

ထိုနေရာတွင် သူ၏ ဝိညာဉ်စွမ်းအားချို့ယွင်းသွားမှုများကို ပြန်လည်ပြုပြင်ရန်နှင့် ယခင်ကအတိုင်း အပြည့်အဝ ပြန်လည် ဖြစ်တည်လာစေရန်အတွက် ထူးဆန်းသည့်ဂမ္ဘီရအရာတစ်ခု ထိုနေရာတွင်ရှိမည်ဟု ယူဆရလေသည်။

သို့သော်...

ထိုအရာကို ဆန်းလျန်တစ်ယောက်သာ လိုအပ်နေသည် မဟုတ်ပါ။ ယန်ရှီးကလည်း လိုအပ်နေလေသည်။

ထိုအရာကိုသာရလျှင် ဆန်းလျန်သည် အပြည့်အဝ ပြန်လည်အသက်ရှင်သန်နိုင်မည် ဖြစ်လေသည်။ သို့သော် ယန်ရှီးသာ ထိုအရာကိုရရှိသွားပါက မိစ္ဆနတ်ဘုရင်တစ်ပါးဖြစ်သွားပေလိမ့်မည်။ ကံကြမ္မာမျက်နှာသာပေးပါက သူသည် မိုးကောင်းကင်နတ်မိစ္ဆာဘုရင်ကြီးပင် ဖြစ်သွားနိုင်လေသည်။

ကျောက်ရှောင်ယွီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျွန်မရှင့်ကို အဆုံးရှုံးမခံနိုင်ဘူး ၊ ရှင် "မန္တာန်အလင်းချေဖျက်ခြင်းကျမ်း" ကို သင်ယူနိုင်ဖို့ ကျွန်မရဲ့ ဂိုဏ်းတူအစ်မကို ပြောပေးမယ်လေ ၊ အဲဒီပညာကိုသင်ယူထားရင် ရှင် ယန်ရှီးကို အနိုင်ရချင်ရမှာပါ"

"သုံးလပိုင်း သုံးရက်နေ့မှာ ဘုရင်တစ်ပါးမွေးဖွားလိမ့်မယ်"

....

“သုံးလပိုင်း သုံးရက်နေ့မှာ ဘုရင်တစ်ပါးမွေးဖွားလိမ့်မယ်”

အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး လေထန်သည့်ညခင်းတွင် မတ်တပ်ရပ်ကာ အဝေးသို့ငေးနေသည့် ယန်ရှီးထံမှ တီးတိုးရေရွတ်လိုက်သံကို ထျန်းမုန့်နတ်သမီး ကြားလိုက်ရလေသည်။

ဟွမ်တိမင်းကြီးသည် လူ့လောကတွင် အင်မတန်မှ ကျော်ကြားသည့် ဧကရာဇ်မင်းတစ်ပါး ဖြစ်လေသည်။ သူက သုံးလပိုင်း သုံးရက်နေ့တွင် မွေးဖွားခဲ့သူ ဖြစ်လေသည်။

ဆန်းလျန်နှင့် ယန်ရှီးသည် သုံးလပိုင်း သုံးရက်နေ့တွင် လင်ထိုင်ဖန်းကျွမ်းတွင် ရင်ဆိုင်တိုက်ခိုက်ကြရမည် ဖြစ်လေသည်။ ထိုတိုက်ပွဲသည် သမိုင်းတင်မည့်တိုက်ပွဲဖြစ်ပြီး နောက်ပိုင်းမျိုးဆက်အတွက် ခေတ်အဆက်ဆက် သမိုင်းတင်ကျန်ရစ်ခဲ့လိမ့်မည်။

ထို့ပြင် ယခင်မျိုးဆက်နှင့် နောက်ပိုင်းမျိုးဆက် တိုက်ခိုက်

သည့် တိုက်ပွဲလည်း ဖြစ်လေသည်။

အခန်း (၄၄၀) မြင့်မြတ်သောတန်ခိုးစွမ်းအား

“ဘာလဲ ၊ ရှင်က ဘုရင်လုပ်တော့မလို့လား”

ထျန်းမုန့်နတ်သမီးက အေးစက်စက်လေသံဖြင့် မေးလိုက်

သည်။

မိုးနှင့်မြေသည် တစ်ပတ်လှည့်သွားသကဲ့သို့ဖြစ်သွားပြီး ယန်

ရှီး၏ နောက်တွင်ရပ်နေသည့် ထျန်းမုန့်နတ်သမီးသည် ယန်

ရှီး၏ရှေ့သို့ ရောက်လာလေသည်။

ထျန်းမုန့်နတ်သမီးသည် သာမန်မိန်းကလေးတစ်ယောက်မ
ဟုတ်ပါ။ ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်လေသည်။
သူမသည် ဆန်းလျန်နှင့် ယန်ရှီးတို့၏ ကြောက်မက်ဖွယ်ရာ
တန်ခိုးစွမ်းအားများကို ကောင်းစွာနားလည်လေသည်။ တာအို
ကျင့်ကြံသူတစ်ယောက်သည် တန်ခိုးစွမ်းအားများသည်
အထွတ်ထိပ်သို့ ရောက်ရှိပြီးလျှင် ပြန်လည်ကျဆင်းတတ်မြဲ
ဖြစ်လေသည်။ သို့ရာတွင် ဆန်းလျန်နှင့် ယန်ရှီး နှစ်ယောက်
စလုံးသည် တန်ခိုးစွမ်းအားအထွတ်ထိပ်သို့ ရောက်ရှိကြခြင်း မ
ရှိသေးပေ။ တစ်ချိန်တည်းမှာပင် သူတို့နှစ်ယောက်လုံးသည်
လျှို့ဝှက်နက်နဲသောသူများလည်း ဖြစ်ကြလေသည်။ အချိန်တို
တိုအတွင်းတွင် သူတို့သည် ကျင့်စဉ်လမ်းကို အမြင့်ဆုံးသို့
ရောက်ရှိအောင် ကျင့်ကြံနိုင်ခဲ့ကြသည်။

ယန်ရှီးသည် မိုးကောင်းကင်နတ်မိစ္ဆာခန္ဓာကို ရရှိပြီးသည်နှင့်
လောကနတ်ဘုရားများကိုပင် နှိမ်နင်းနိုင်သည့် တန်ခိုးစွမ်းအား

များကို အဘယ်ကြောင့်ရရှိခဲ့သည်ဆိုသည့်အချက်ကိုတော့ ထျန်းမုန့်နတ်သမီးက ရိပ်မိသလို ရှိလေသည်။

သို့သော် သူမက ယန်ရှီးကိုတော့ ထုတ်ဖော်မေးမြန်းခဲ့ခြင်း မရှိပါ။

ယန်ရှီးက ထျန်းမုန့်နတ်သမီး၏ မေးဖျားလေးကို လက်ဖြင့် အသာဆွဲမလိုက်လေသည်။ သူက ထျန်းမုန့်နတ်သမီးကို အဆုံးမဲ့ချစ်ခြင်းမေတ္တာများဖြင့် ပြည့်ဝနေသည့် ချစ်ရည်ရွှန်းသည့် မျက်ဝန်းများဖြင့် စိုက်ကြည့်လိုက်လေသည်။

"ကျုပ်သာ မိုးကောင်းကင်နတ်မိစ္ဆာဘုရင်ကြီးဖြစ်သွားရင် မင်းက ကျုပ်ရဲ့မိဖုရားဖြစ်လာရမှာပဲ ၊ ဘယ်လိုလဲ"

သူက ထျန်းမုန့်နတ်သမီး၏ နားနားသို့ ကပ်ကာ တိုးတိုးပြောလိုက်လေသည်။

သူ၏စကားသံက မိန်းကလေးတိုင်း၏နှလုံးသားကို အရည်ပျော်စေနိုင်သည့် အသံမျိုး ဖြစ်လေသည်။

ထျန်းမုန့်နတ်သမီးက ချက်ချင်းမျက်နှာလွှဲပစ်လိုက်လေသည်။

သူမရှေ့မှ ယန်ရှီးဆိုသည့်သူကို သူမသည် စိတ်အတွင်းမှ နက်

နက်ရှိုင်းရှိုင်းပင် မုန်းတီးနေခဲ့မိလေသည်။ ယန်ရှီး၏ ယုတ်မာ

ရမ်းကားမှုများကို သူမသည် မတားဆီးနိုင်ခဲ့ပေ။ သို့သော်...

ယခု ယန်ရှီးပြောလိုက်သည့် စကားကို ကြားလိုက်ရသည့်အခါ

တွင်တော့ သူမ၏ရင်ထဲတွင် ကြည်နူးမှုလေးအနည်းငယ်ကို

ခံစားလိုက်ရလေသည်။

သူမက နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်ရင်း အေးစက်စွာ

ဖြင့် ပြောလိုက်သည်။

"ရှင်မမေ့ပါနဲ့၊ ကျွန်မက ရှင်နဲ့ပူးပေါင်းဖို့ သဘောတူခဲ့လို့ ရှင်ဒီ

လိုအဆင်ပြေနေတာ"

ယန်ရှီးက ပြုံးလိုက်ရင်း....

“ကျုပ်ဘယ်လိုလုပ်မေ့နိုင်မှာလဲ၊ ကျုပ်ကတိပေးထားခဲ့တာပဲ

မဟုတ်ဖူးလား၊ ဒါနဲ့ ကျောက်ရှောင်ယွီကို ကယ်သွားတာ မင်း

ရဲ့တပည့်မဟုတ်လား ၊ သူ့ကို ကျုပ်သတ်လို့ရရဲ့သားနဲ့ မင်း စိတ်မကောင်းဖြစ်မှာစိုးလို့ လွှတ်ပေးလိုက်ရတာ"

ထျန်းမုန့်နတ်သမီးက လှောင်ပြောင်သည့်အပြုံးတစ်ခုကို ပြုံးလိုက်ရင်း...

"သူက အိပ်မက်လိပ်ပြာကျင့်စဉ်ကို ကျင့်ကြံပြီး ကျွန်မနဲ့ဆက်သွယ်ထားတဲ့ နှလုံးသားစည်းချက်ကျင့်စဉ်ကို ဖြတ်တောက်ပစ်လိုက်ပြီလေ ၊ သူ့ကို တပည့်လို့ မသတ်မှတ်တော့တာ ကြာလှနေပြီ ၊ ဘာလို့ ရှင်က ကျွန်မကို လိမ်ပြောနေရတာလဲ ၊ ဒီလိုလုပ်တာ ဘာအဓိပ္ပါယ်ရှိမှာတဲ့လဲ"

ထျန်းမုန့်နတ်သမီး၏ စိတ်ထဲတွင် သံသယများဖြင့် ပြည့်နက်နေလေသည်။

ယန်ရှီးသည် သူမကို လှည့်စားရန်အတွက် ထိုကဲ့သို့သော အလိမ်အညာစကားများကို မည်သည့်အခါမှ အသုံးပြုလေ့မရှိပေ။ သို့သော် သူမက ယန်ရှီး၏အကြောင်းကို ကောင်းကောင်း

သိလေသည်။ ယန်ရှီးသည် လူသားများ၏နှလုံးသားများထဲသို့ သူ၏မိစ္ဆာမျိုးစေ့များကို အမြဲတမ်းထည့်သွင်းကာ သူ၏ကိုယ်ပွားများအဖြစ် ပြုလုပ်လေ့ရှိလေသည်။ နောက်ဆုံးတွင်တော့ ထိုသူများသည် အသိစိတ်ပျောက်ကွယ်သွားကြရလေသည်။

ယန်ရှီးက လက်နှစ်ဖက်ကို နောက်သို့ပစ်လိုက်ရင်း ထျန်းမုန့်နတ်သမီး၏ မျက်ဝန်းများကို စိုက်ကြည့်လိုက်သည်။

"ကြည့်ရတာ မင်းက ဒီအကြောင်းတွေကို သိချင်တဲ့ပုံမပေါ်ဘူးပဲ ၊ မင်းသိလား ၊ လောကမှ ဘယ်သူမှာ အိပ်မက်လိပ်ပြာကျင့်စဉ်ကို ကျုပ်ထက် ဘယ်သူမှ ပိုပြီး နားမလည်နိုင်ပါဘူး ၊ အရှူးအဘိုးကြီးရဲ့ ကြောက်စရာတာအိုတရားအဓိပ္ပါယ်တွေကို ဘယ်သူမှလည်း နားလည်နိုင်စရာ အကြောင်းမရှိဘူး ၊ မင်းက ထိုက်စုနတ်ဘုရားဂိုဏ်းရဲ့ နှလုံးသားစည်းချက်ကျင့်စဉ်ကို လက်လျှော့လိုက်တော့မလို့လား ၊ အရင်တုန်းက မင်းစီစဉ်ခဲ့တဲ့

အစီအစဉ်တွေအတိုင်းသာ လုပ်နိုင်ခဲ့မယ်ဆိုရင် မင်းကျုပ်

လှည့်စားမှာကို ဘာမှ စိတ်ပူစရာမလိုတော့ဘူး"

"ကျွန်မရဲ့ ဆရာဒေါ်လေးတွေအားလုံးကို ရှင်ခေါ်သွားခဲ့တာ ၊

ထိုက်စုနတ်ဘုရားဂိုဏ်းကလည်း အမှောင်မိစ္ဆာဂိုဏ်းရဲ့

လက်အောက်ခံဖြစ်နေပြီ ၊ ကျွန်မမှာ ဘာများရွေးခြယ်စရာရှိဦး

မှာလဲ ၊ ရှင့်ကို ကျွန်မက ဘယ်လိုလုပ် ဆန့်ကျင်နိုင်မှာတဲ့လဲ ၊

ရှင်က ကျွန်မဆီက ဘာတွေ ထပ်လိုချင်နေသေးလို့လဲ"

ထျန်းမုန့်နတ်သမီးက စကားကိုသတိထားပြီး ပြောလိုက်လေ

သည်။

"ကျုပ်က မင်းကို ကူညီချင်ရုံသက်သက်ပါ ၊ မင်း ကျုပ်ကို မ

ယုံတာကတော့ ဆိုးတာပေါ့"

ယန်ရှီးက ပြောလိုက်လေသည်။

"ရယ်စရာကောင်းလိုက်တာ ၊ ရှင့်လိုလူမျိုးက ဘယ်သူက ယုံရဲ

မှာတဲ့လဲ"

ထျန်းမုန့်နတ်သမီးက ပြန်ပြောလိုက်လေသည်။

"အနည်းဆုံးတော့ ဆန်းလျန်လေးက ကျုပ်ကိုယုံတယ်လေ"

ယန်ရှီးက လေးတိလေးကန် လေသံဖြင့် ပြောလိုက်လေသည်။

....

ဆန်းလျန်သည် လင်ထိုင်ဖန်းကျွမ်းတောင်တွင် ယန်ရှီးကို စိန်ခေါ်သည့်စာပို့လိုက်သည့်သတင်းသည် အနယ်နယ်အရပ်ရပ် သို့ ပျံ့နှံ့သွားလေသည်။ ကျင့်ကြံသူများက တိုက်ပွဲတွင် ဆန်းကျန်းရန်နတ်ဘုရားအနိုင်ရလျှင် ကောင်းမည်ဟု တွေးတောနေမိကြလေသည်။ သို့သော်... ဆန်းကျန်းရန်နတ်ဘုရားသာ ရှုံးနိမ့်ခဲ့ပါက ချင်းရှမ်နတ်တံခါးတစ်ခုလုံးလည်း ပြိုကွဲပျက်စီးရမည် ဖြစ်လေသည်။

ကျိုလင်နတ်သမီးက ဆန်းလျန်ကိုယ်စား ချင်းရှမ်နတ်တံခါးကို စောင့်ရှောက်ပေးနေသည့်တိုင် ကောလဟာလ သတင်းများစွာ ကတော့ ကျင့်ကြံသူလောကတွင် ပျံ့နှံ့နေဆဲဖြစ်လေသည်။

ကျိုလင်နတ်သမီးမှာ ပြဿနာများအားလုံးကို ဖြေရှင်းနိုင်သည့်

တိုင် လုကျိုးယွမ်ကဲ့သို့ လောကကို မကျော်လွန်ဘဲ လူ့လောက တွင် ကြာကြာမှ နေခွင့်ရပါမည်လားဆိုသည့်အချက်ကိုတော့ စိုးရိမ်နေခဲ့မိလေသည်။ ထို့ပြင် ချင်းရှမ်နတ်တံခါးအပြင်ဘက် တွင် ချင်းရှမ်တွင် လာရောက်ခိုလှုံနေကြသည့် ကျင့်ကြံသူများ လည်း ရှိနေသေးသည်။

အမှောင်မိစ္ဆာဂိုဏ်းတကယ်တမ်း အန္တရယ်ပေးလာပါက ထို ကျင့်ကြံသူများအားလုံးကို ကျိုလင်နတ်သမီးသည် ကာကွယ် ပေးနိုင်ပါမည်လား မသေချာပေ။

သို့သော်... ပြဿနာဆိုသည်က ရှောင်လွှဲ၍မရပေ။

လူအများကိုကူညီရင်း ချင်းရှမ်နတ်တံခါးကျဆုံးခဲ့လျှင်တောင် မှ ချင်းရှမ်နတ်တံခါး၏ ဂုဏ်သတင်းက အမြဲတမ်း သန့်ရှင်း နေမည် ဖြစ်လေသည်။

တိုက်ပွဲသည် နီးကပ်လာပြီဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးမှ တပည့်များသည် သူတို့၏ဂိုဏ်းချုပ်ကို အလွန်ချစ်ခင်လေးစားကြသည့်အတွက် ဒုက္ခမရောက်စေချင်ကြပေ။

ချင်းရှမ်နတ်တံခါးတွင် ဆန်းလျန်ကို အချိန်မရွေး ဝင်ထွက်တွေ့ဆုံခွင့်ရသူဆို၍ တစ်ယောက်သာရှိလေသည်။

ထိုသူမှာ ချန်ကျင်းချင်ပင် ဖြစ်လေသည်။

ချန်ကျင်းချင်မှာ ဆန်းလျန်၏ တပည့်ဖြစ်ခွင့်ရသည့်အတွက် ချင်းရှမ်နတ်တံခါးမှ တပည့်အများစုက သူ့ကို လေးစားအားကျနေကြလေသည်။ ချန်ကျင်းချင်သည် အနာဂတ်တွင် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ် ဖြစ်မလာနိုင်လျှင်တောင်မှ ဆန်းလျန်၏ ပညာများအားလုံးကို ဆက်ခံခွင့်ရသည့်အတွက် သူ၏အနာဂတ်သည် တောက်ပလျှက် ရှိနေပေလိမ့်မည်။

ချန်ကျင်းချင်သည် ချင်းရှမ်နတ်တံခါးမှ တပည့်များက သူ့ကို လက်ညိုးတစ်ထိုးထိုးဖြစ်နေကြသည့်အတွက် နေရထိုင်ရခက်

နေရလေသည်။ သို့သော် သူက ဆရာဖြစ်သူ၏ အေးဆေး တည်ငြိမ်မှုနှင့်ပွင့်လင်းမှုတို့ကို အမွေဆက်ခံထားသည့်အတွက် စိတ်အနှောက်အယှက်တော့ မဖြစ်မိပေ။

သူက ဆရာဖြစ်သူနှင့် တွေ့ချင်သည့်အချိန်တိုင်း ဝင်ထွက် တွေ့ဆုံခွင့်ရသည့်တိုင် သူက တပည့်ဝတ္တရားအတိုင်း မနက် တစ်ကြိမ် ၊ ညတစ်ကြိမ် ဆရာဖြစ်သူကို ဂါရဝပြုသည့်အလုပ် ကိုသာ သာမန်ပြုလုပ်လေ့ရှိလေသည်။ ကျန်သည့်အချိန်များ တွင်တော့ သူက ချင်းရှမ်နတ်တံခါး၏ တောင်ထပ်ငါးခုနှင့် တောင်ခြေရှိ နန်ခယ်မြို့လေးသို့ လျှောက်သွားနေခဲ့ပြီး အခြား သော ကျင့်ကြံသူများနှင့် ရောထွေးနေခဲ့လေသည်။

ကျင့်ကြံခြင်းသည် သူ့အတွက် သိပ်ပြီး မထူးခြားလှ သည့်အတွက် သူကထိုသို့ ပြုလုပ်နေခြင်း ဖြစ်လေသည်။ ချန်ကျင်းချင်သည် ကြိုက်သည့်အချိန် ကြိုက်သည့်နေရာတွင် မိုးမြေစွမ်းအားများကို စုစည်းကာ သန့်စင်ပစ်နိုင်လေသည်။

သူ၏တန်ခိုးစွမ်းအားသည် သူ၏သွေးကြောဆုံချက်နေရာ

တိုင်းကို စွမ်းအားများဖြင့်ပြည့်နေစေလေသည်။

သို့သော်... ဆန်းလျန်သည် ချန်ကျင်းချင်ကို ထိုက်ရှီး

နည်းဗျူဟာကျင့်စဉ်ကို သင်ကြားပေးခြင်း မရှိပါ။

နှစ်လပိုင်းနှစ်ရက်နေ့...

ချန်ကျင်းချင်သည် သူ၏ကျင့်စဉ်လမ်းတွင် ချောချောမွေ့မွေ့

လျှောက်လှမ်းနေရသည့်တိုင် စိတ်ရှုတ်ထွေးနေမိလေသည်။

အဘယ်ကြောင့်ဆိုသော် သူသည် တောင်ခြေတွင် လျှောက်

သွားနေရင်း လူတစ်ယောက်နှင့်ဆုံခဲ့ရသောကြောင့် ဖြစ်လေ

သည်။

ချင်းရှမ်တောင်ခြေတွင် ကျင့်ကြံသူများသည် လာရောက်ခိုလှုံ

နေကြသည့်အတွက် ချင်းရှမ်မှ တပည့်များသည် ထိုကျင့်ကြံ

သူများကို အလှည့်ဖြင့် စောင့်ကြည့်နေကြရလေသည်။

ထိုသူက ချင်းရှမ်မှ တပည့်များနှင့် ငြင်းခုန်နေကြသည်ကို ကြားခဲ့ရခြင်းဖြစ်လေသည်။

"ရောင်းရင်းတို့၊ ကျုပ်က အမှောင်မိစ္ဆာသခင်ရဲ့အမိန့်နဲ့ ဆန်းကျန်းရန်နတ်ဘုရားကို တွေ့ချင်လို့ ရောက်လာတာပါ၊ လက်ဆောင်လည်း ယူလာခဲ့ပါတယ်"

ထိုကျင့်ကြံသူက ချင်းရှမ်နတ်တံခါးမှ တပည့်နှစ်ယောက်ကို ပြောလိုက်ခြင်း ဖြစ်လေသည်။

ထိုသူ၏စကားကြောင့် ကျင့်ကြံသူများအားလုံးမှာ အံ့သြသွားကြရလေသည်။

အဘယ်ကြောင့် အမှောင်သခင်က ဆန်းကျန်းရန်နတ်ဘုရားကို လက်ဆောင်ပေးရန် ထိုသူကို အသုံးပြုရပါသနည်း။

ချင်းရှမ်မှ ကျင့်ကြံသူနှစ်ယောက်က ထိုသူကို မယုံခဲ့ပါ။ ချင်းရှမ်နတ်တံခါးဆိုသည်မှာ သတင်းအမှန်ကိုသာ လက်ခံလေ့ရှိ

ပြီး ထိုကဲ့သို့သော အခြေအမြစ်မရှိသည့်စကားများကို လက်မ

ခံလိုပေ။

ထို့ပြင် အမှောင်မိစ္ဆာဂိုဏ်းမှ ဂိုဏ်းသားများသည် ထိုမျှ

လောက် သိမ်မွေ့ကြလိမ့်မည် မဟုတ်ပေ။

ထို့ပြင် ထိုသူ၏ အသက်ဓာတ်စွမ်းအားများမှာလည်း

တည်ငြိမ်လွန်းလေသည်။ ချန်ကျင်းချင်မှာ ထိုသူနှင့် ခပ်ဝေး

ဝေးတွင် ရှိနေသည့်တိုင် ထိုသူ့ထံမှ ထွက်ပေါ်နေသည့် မြင့်မြတ်

သည့်တန်ခိုးစွမ်းအားတစ်ခုကို ခံစားနေရလေသည်။

အခန်း (၄၄၁)အရှက်တွေကြွေကျကုန်ပြီဆိုရင် သေခါနီးပြီ

ထိုတန်ခိုးစွမ်းအားများကြောင့်သာမဟုတ်လျှင် ချင်းရှမ်မှ တပည့်များသည် ထိုသူကို စတင်တိုက်ခိုက်မိကြမည် ဖြစ်လေသည်။

ထိုအချိန်တွင် ချန်ကျင်းချင် သူတို့အနားသို့ရောက်လာသည်ကို ထိုကျင့်ကြံသူနှင့် ချင်းရှမ်နတ်တံခါးမှ တပည့်များက သတိပြုမိလိုက်ကြလေသည်။ ချန်ကျင်းချင်မှာ သူ၏အသက်ဓာတ်စွမ်းအားများကို ဖုံးကွယ်ထားခြင်းမရှိသည့်အတွက် အားလုံးက သူ့ကို ကောင်းကောင်းသတိပြုမိကြသည်။

တပည့်နှစ်ယောက်က ချန်ကျင်းချင်ကို လေးစားစွာ နှုတ်ဆက်လိုက်ကြသည်။

"ဂိုဏ်းတူအစ်ကို နှုတ်ဆက်ပါတယ်"

ချန်ကျင်းချင်က ခေါင်းညိတ်ပြလိုက်သည်။

ချန်ကျင်းချင်မှာ ချင်းရှမ်နတ်တံခါးသို့ ရောက်လာသည်မှာ နောက်ကျသည့်တိုင် ဂိုဏ်းချုပ်ဖြစ်သူ၏ ဆက်ခံသူတပည့်ဖြစ်

သည့်အတွက် အားလုံးက သူ့ကို လေးစားသမှုဖြင့် ဂိုဏ်းတူ
အစ်ကိုဟုသာ ခေါ်ကြလေသည်။ ထို့ပြင် ချင်းရှမ်နတ်တံခါး
တွင် သူ့ကိုလည်း မသိသည့်သူ မရှိပေ။

"အစ်ကိုချန်၊ ဒီလူက အမှောင်မိစ္ဆာဂိုဏ်းကလူပဲ၊ သူက
ဂိုဏ်းချုပ်ကိုတွေ့ချင်လို့တဲ့၊ ကျုပ်တို့လည်းဘာလုပ်ရမှန်းမသိ
ဖြစ်နေတာ၊ ဘာလုပ်ရမလဲဆိုတာ အစ်ကိုက ဆုံးဖြတ်ပေးပါ
ဦး"

အမှန်တော့ ထိုတပည့်က သူ၏လက်မှ ပြဿနာလွတ်သွား
လျှင်ပြီးရောဆိုသည့်သဘောဖြင့် ချန်ကျင်းချင်ကို ထိုးချလိုက်
ခြင်း ဖြစ်လေသည်။ ထိုကျင့်ကြံသူသာ သာမန်ကျင့်ကြံသူတစ်
ယောက်ဆိုလျှင် သူတို့က ချန်ကျင်းချင်ကို အရေးလုပ်ပြီး မေး
နေမည်ပင် မဟုတ်ပေ။ ထိုကျင့်ကြံသူ၏ တန်ခိုးစွမ်းအားများ
က ချင်းရှမ်မှ တပည့်နှစ်ယောက်ဆီသို့ တိုးဝင်လာလေသည်။

ချန်ကျင်းချင်က ပြုံးလိုက်ရင်း ကျင့်ကြံသူကို စကားပြောလိုက်သည်။

"ကျုပ်က ချန်ကျင်းချင်ပါ၊ ဆန်းကျန်းရန်နတ်ဘုရားရဲ့တပည့်ပါ၊ မိတ်ဆွေက အမှောင်မိစ္ဆာဂိုဏ်းက ဂိုဏ်းသားလား၊ အမှောင်မိစ္ဆာသခင်ရဲ့အသက်ကိုလိုချင်လို့ ကျုပ်ရဲ့ဆရာကို လက်ဆောင်ပေးမလို့လား၊ အဲဒါကို ဘယ်လိုသက်သေပြမှာလဲ"

ချန်ကျင်းချင်၏ စကားများကြောင့် ချင်းရှမ်မှ တပည့်နှစ်ယောက်က ရယ်မောလိုက်ကြလေသည်။ ချန်ကျင်းချင်က ထိုသူ၏အဓိပ္ပါယ်မရှိသည့် စကားများကို ယုံကြည်နေသည်လား။

ညှိသည်ကျင့်ကြံသူက ပြုံးလိုက်ရင်း...

"ကျုပ်က ယွီကျုန်းကျယ်ပါ၊ ကျုပ်ကို အမှောင်မိစ္ဆာသခင်က လွှတ်လိုက်တာပါ၊ လက်ဆောင်တစ်ခုလည်း ပါပါတယ်၊ ဒီက မိတ်ဆွေလေးက ဆန်းကျန်းရန်နတ်ဘုရားရဲ့ တပည့်ဆိုမှတော့

အပန်းမကြီးဘူးဆိုရင် ဆန်းကျန်းရန်နတ်ဘုရားကို သွားပြီး အကြောင်းကြားပေးပါလား ၊ ဆန်းကျန်းရန်နတ်ဘုရားက ဒီ လောက်တန်ခိုးစွမ်းအားမြင့်မားတာ ၊ ကျုပ်အမှန်တွေပြောနေ တယ်ဆိုတာကို သိမှာပါ"

"ကျုပ်တို့က ခင်ဗျားကို မယုံတာမဟုတ်ပါဘူး ၊ ဒါပေမယ့် ဆရာက ခုတလော ညွှန်ကြားချက်တွေမခံဘူး ၊ ပြီးတော့ ဒီက မိတ်ဆွေဆီက မြင့်မြတ်တဲ့ တန်ခိုးစွမ်းအားတွေထွက်ပေါ်နေ တာ အမှောင်မိစ္ဆာဂိုဏ်းသားဆိုတာ ဆီလျော်မှုမရှိဘူး ၊ ခင်ဗျား က ကျုပ်တို့ကိုရည်ရွယ်ချက်ရှိရှိနဲ့လှည့်စားနေတာဆိုရင်တော့ ကျုပ်တို့ဆရာ စိတ်ဆိုးဒေါသထွက်ရင် ကျုပ်တို့က တာဝန်မယူ နိုင်ဘူးနော်"

ယွင်ကျုန်းကျယ်က ခေါင်းညိတ်လိုက်ရင်း...

"အမှောင်မိစ္ဆာသခင်ပြောတာမှန်တာပဲ၊ ဆန်းကျန်းရန်နတ်ဘုရားရဲ့တပည့် ချင်းရွှမ်နတ်တံခါးရဲ့ဆက်ခံသူက သူလိုကိုယ်လို သာမာန်ပဲ၊ ဘာမှ မထူးခြားဘူးတဲ့"

ထိုသူ၏ စော်ကားလွန်းသောစကားကြောင့် ချင်းရွှမ်နတ်တံခါးမှ တပည့်များမှာ မခံမရပ်နိုင် ဖြစ်ကုန်ကြလေသည်။ သူတို့၏တန်ခိုးစွမ်းအားများအကုန်အသုံးပြု၍ ထိုသူကိုတိုက်ခိုက်ပစ်ချင်နေကြလေသည်။ သို့သော် ထိုသူထံမှ မြင့်မြတ်သည့်တန်ခိုးစွမ်းအားက မြင့်တက်လာကာ သူတို့အားလုံးကို တစ်လှမ်းမှ မရွေ့နိုင်အောင် တားထားလိုက်လေသည်။

ညှိသည်ကျင့်ကြံသူ၏ စကားကြောင့် ချန်ကျင်းချင်က မျက်မှောက်တစ်ချက်ကြုတ်လိုက်မိသည်။ ထို့နောက် သူက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ထိုသူ့ထံမှ ထွက်ပေါ်နေသည့် မြင့်မြတ်သည့်တန်ခိုးစွမ်းအားများကို စုပ်ယူပစ်လိုက်လေ

သည်။ ချန်ကျင်းချင်၏ တန်ခိုးစွမ်းအားများမှာ စီးထွက်လာ
ပြီး အလွန်လည်း သန့်စင်လေသည်။

ယန်ကျုန်းကျယ်သည် စစ်မှန်သည့်ကွန်ဖြူးရှပ်ဝါဒကို ကျင့်ကြံ
ခဲ့သူတစ်ယောက်ဖြစ်ပြီး သူ၏မြင့်မြတ်သောတန်ခိုးစွမ်းအား
များကြောင့် ချင်းရွှမ်မှတပည့်ငယ်များလောက်ကိုတော့
အဖက်ပင် လုပ်သည့်သူ မဟုတ်ပေ။ သို့သော် ယခု ချန်ကျင်း
ချင်အသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားကိုတော့ သူ
ခန့်မှန်း၍မရနိုင်ပေ။

သို့သော် ချန်ကျင်းချင်မှာ မထင်မှတ်ဘဲ ထိုသို့ တန်ခိုးစွမ်းအား
အသုံးပြုလိုက်မိခြင်းဖြစ်ပြီး အနည်းငယ် စိတ်ရှုတ်သွားခဲ့လေ
သည်။ ထို့ပြင် မြင့်မြတ်သောတန်ခိုးစွမ်းအားသည် ကြည်လင်
သည့်စမ်းရေအလား သူ၏ဦးနှောက်ထဲအထိ ဝင်ရောက်လာပြီး
ခန္ဓာကိုယ်အတွင်းသို့ စီးဆင်းသွားလေသည်။

ထိုအချိန်တွင် သူ၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားပြီး

မြင်ကွင်းများက ငြိမ်သက်သွားသည်။

သူ ဆန်းလျန်၏ အသံကိုကြားလိုက်ရလေသည်။

"သူ့ကိုကျုပ်ဆီခေါ်ခဲ့ပါ"

ယွီကျုန်းကျယ်နှင့် ချန်ကျင်းချင် နားမလည်သည့်ကိစ္စများကို

ဆန်းလျန်က ကောင်းစွာ နားလည်လေသည်။ ပုံမှန်အားဖြင့်ဆို

လျှင် ယန်ရှီးသည် မည်သူ့ကိုမှ စေလွှတ်မည်မဟုတ်ပေ။

တမင်သက်သက်လုပ်ခြင်းဖြစ်နိုင်လေသည်။

ယန်ရှီးနှင့် ဆန်းလျန်တို့၏တိုက်ပွဲသည် သုံးလပိုင်းမှ စတင်

မည်ဖြစ်လေသည်။ သို့သော် ထိုတိုက်ပွဲကို စိတ်ဝင်စားနေသည့်

လူများကတော့ နေရာအနှံ့တွင် ရှိနေပြီ ဖြစ်လေသည်။

ဆန်းလျန်သည် ချင်းရှမ်ခန်းမဆောင်ထဲတွင် တိတ်ဆိတ်စွာ

ထိုင်နေလေသည်။ သူက တရားထိုင်နေခြင်းဖြစ်ပြီး လင်ထိုင်

တာအိုပြိုင်ပွဲတွင် ယန်ရှီးနှင့်ရင်ဆိုင်ရမည့်အရေးကို ကြိုတင်

တွက်ဆနေလေသည်။ ထိုကဲ့သို့သောအကြမ်းဖက်မှုနှင့်
ထောက်လှမ်းရေးများကိုလူတစ်ဦးနှင့်တွန်းလှန်နိုင်
ရန်သူ၏အလားအလာရှိသောအင်အားများကိုလှုံ့ဆော်နိုင်ခြင်း
နှင့်ပိုမိုမြင့်မားသောပြည်နယ်အဆင့်ကိုရယူနိုင်ရန်ပို၍ပင်ဖြစ်
နိုင်သည်။

ထိုအချိန်မှာပင် ချန်ကျင်းချင်နှင့်အတူ ယွီကျုန်းကျယ်
ရောက်လာလေသည်။ သူတို့က ချင်းရှမ်ခန်းမဆောင်အတွင်း
သို့ ဝင်လာကြသည်။ ယွီကျုန်းကျယ်က ဆန်းလျန်နှင့်ခြေလှမ်း
သုံးဆယ့်သုံးလှမ်းအကွာတွင် မတ်တပ်ရပ်လိုက်လေသည်။
ထို့နောက် သူက ဒူးထောက်လိုက်ကာ ဆန်းလျန်ကို ရိုသေစွာ
ဖြင့် ဦးလေးကြိမ်ချလိုက်လေသည်။

ယွမ်ကျုန်းကျယ်၏ ရိုသေလေးစားမှုကြောင့် ချန်ကျင်းချင်ပင်
များစွာ အံ့သြသွားရလေသည်။

ဦးလေးကြိမ်ချပြီးသည့်နောက် ယွီကျုန်းကျယ်က မတ်တပ်ရပ်လိုက်လေသည်။

ဆန်းလျန်က ကျောက်သလွန်ထက်မှနေပြီး သူ့ကို လှမ်းကြည့်လိုက်သည်။

"နောက်တစ်ကြိမ်ဦးထပ်ချဦးလေ"

ဟု ပြောလိုက်လေသည်။

ယွီကျိုးကျယ်က ချင်းရှမ်နတ်တံခါး၏ဂိုဏ်းချုပ်ကို မော့ကြည့်လိုက်သည်။

ဆန်းလျန်ကို မြင်တွေ့လိုက်ရသည်နှင့် ခမ်းနားထည်ဝါသည့် တောင်တန်းများ ၊ ကြည်လင်သည့်ကောင်းကင် ၊ အဆုံးမရှိသည့်ပင်လယ်ပြင်ကို မြင်တွေ့လိုက်ရသကဲ့သို့ ခံစားလိုက်ရလေသည်။

ဆန်းကျန်းရန်နတ်ဘုရား၏ အတိုင်းအဆမဲ့သည့် တန်ခိုး

စွမ်းအားနှင့် အသိဉာဏ်ပညာများကို သူ၏နှလုံးသားက

အလွန်လေးစားလိုက်မိလေသည်။

သူက…

"ဆန်းကျန်းရန်နတ်ဘုရား ၊ ဘာလို့ဒီလိုပြောရတာလဲ"

“မင်းကကွန်ဖြူးရှပ်ဝါဒရဲ့အယူဝါဒကိုအမွေဆက်ခံခဲ့တယ် ၊ ဒါ

ပေမယ့် သင်အခုလို ဦးချပြီးဂါရဝပြုတာဟာ တမင်သက်သက်

လုပ်တာလား ၊ အခုခေတ်မှာ ကျုပ်ကိုပဲဖြစ်ဖြစ် သူ့ကိုပဲဖြစ်ဖြစ်

အားလုံးက လေးစားကြတယ် ၊ မင်း သူနဲ့တွေ့တဲ့အခါ ခုလိုပဲ

ဦးချကန်တော့နေကျလား"

ယွီကျန်းကျယ်က…

"အမှောင်မိစ္ဆာသခင်ကိုတွေ့တော့လည်း ဒီလိုပဲ ဂါရဝပြုတာပါ

ပဲ ၊ ဆန်းကျန်းရန်နတ်ဘုရားနဲ့ အမှောင်မိစ္ဆာသခင်တို့ဟာ လင်

ထိုင်တာအိုပြိုင်ပွဲမှာ ယှဉ်ပြိုင်ကြမယ့် သူတွေပဲ ၊

အဆင့်အတန်းက အတူတူပါပဲ ၊ ကျွန်တော်က ဆန်းကျန်းရန်နတ်ဘုရားကို တစ်ကြိမ်လျှော့ပြီး ဘယ်ဦးချရဲပါ့မလဲ"

ပြောပြီးသည်နှင့် သူက ချက်ချင်းပင် ဆန်းလျန်ကို ကုန်းပြီး ဦးချလိုက်လေသည်။

သူ၏ခေါင်းသည် ကြမ်းပြင်နှင့်ပြင်းထန်စွာ ထိတွေ့သွားပြီး နဖူးထက်တွင် သွေးများ စို့လာလေသည်။ သို့သော် သူက ဂရုမစိုက်ပါ။ သူက ဖြည်းဖြည်းချင်းထလိုက်ပြီး တည်ငြိမ်အေးဆေးစွာဖြင့် မတ်တပ်ရပ်နေလေသည်။

"မင်းမှာ မြင့်မြတ်တဲ့တန်ခိုးစွမ်းအားတွေရှိပေမယ့် ဂုဏ်သိက္ခာမရှိဘူးဆိုရင် ဘယ်တော့မှ အမြင့်ကိုတက်လှမ်းနိုင်မှာ မဟုတ်ဘူး"

ဆန်းလျန်က ခံစားချက်ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။

ယွီကျုန်းကျယ်က...

"ကျွန်တော်က ကွန်ဖြူးရှပ်ဝါဒကို လက်တွေ့ကျင့်သုံးဖို့အတွက် လေ့လာသင်ယူခဲ့ပါတယ်၊ ဒါပေမယ့် သစ္စာရှိတဲ့ သားကောင်း တစ်ယောက်တော့ မဖြစ်ခဲ့ပါဘူး၊ ပြီးတော့ ဆန်းကျန်းရန်နတ် ဘုရားပြောတာတွေက အမှန်တွေချည်းပါပဲ၊ ကျွန်တော် နာခံပါ့ မယ်"

"ဒီအခိုပ္ပါယ်က သိပ်မများပါဘူး၊ ယန်ရှီးပေးလိုက်တဲ့ လက်ဆောင်ကိုသာ ထုတ်လိုက်ပါ၊ သူကျုပ်ကို ဘာ လက်ဆောင်များပေးလိုက်သလဲ သိချင်မိတယ်"

ဆန်းလျန်က ဖြည်းညင်းစွာပြောလိုက်လေသည်။

ယွီကျုန်းကျယ်သည် ဆန်းလျန်၏စကားကိုကြားသည်နှင့် သူ၏အင်္ကျီလက်ထဲမှ သစ်ပင်တစ်ပင်ကို ထုတ်ယူလိုက်လေ သည်။ သစ်ပင်မှာ ညိုးနွမ်းခြောက်သွေ့နေပြီး သစ်ရွက်များ ကြွေကျနေလေသည်။

ဆန်းလျန်က ထိုသစ်ပင်ကို မြင်တွေ့သည်နှင့်သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"သစ်ပင်ဆိုတာ အရွက်တွေကြွေကျကုန်ပြီဆိုရင် သေခါနီးပြီပဲ"

ယွီကျုန်းကျယ်က...

"အမှောင်မိစ္ဆာသခင်က အမှာစကားပါးလိုက်ပါတယ်၊ ဒီသစ်ပင်ကိုထိုက်ဝေ့ထိုင်ခန်းမဆောင်ရှေ့မှာစိုက်ပျိုးပြီး ဝိညာဉ်မြစ်ရေနဲ့ နေ့စဉ်ရေလောင်းပေးမယ်ဆိုရင် စွမ်းအားမြင့်မားလာပါလိမ့်မယ် တဲ့"

"ကျုပ်အဲဒီလိုလုပ်မယ်ဆိုတာ သူ့ကို ပြန်ပြောပြလိုက်ပါ၊ ပြီးတော့ မင်းလုပ်ရမယ့်တာဝန်ပြီးခဲ့ပြီဆိုတာလည်း သူ့ကိုပြန်ပြီး အစီရင်ခံလိုက်ပါဦး"

စကားဆုံးသွားသည်နှင့် ဆန်းလျန်သည် အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

ယှဉ်ကျုန်းကျယ်မှာ လေပြင်းတစ်ချက်နှင့်အတူ လွင့်ထွက်သွား
ပြီး သူ၏ခြေထောက်များ မြေပြင်ပေါ်သို့ ချမိသည့်အချိန်တွင်
သူသည် ချင်းရွှမ်တောင်အပြင်ဘက်သို့ ရောက်ရှိနေပြီ ဖြစ်
လေသည်။ သူသည် ဆန်းလျန်၏ တန်ခိုးစွမ်းအားမြင့်မားမှုကို
များစွာ အံ့သြထိတ်လန့်သွားရလေသည်။
သူက မိုးတိမ်ကိုစီးကာ အမှောင်သခင်ဆီသို့ ပြန်သွားကာ ကိစ္စ
ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း အစီရင်ခံလိုက်လေသည်။
ချင်းရွှမ်ခန်းမဆောင်ထဲတွင်တော့ ချန်ကျင်းချင် ကျန်ရစ်ခဲ့
လေသည်။
"ဆရာ အမှောင်မိစ္ဆာသခင်က အရမ်းညဏ်များတယ်မဟုတ်
လား ၊ သူပို့လိုက်တဲ့လက်ဆောင်ကို ဘာလို့ သိမ်းထားရတာလဲ"
ဆန်းလျန်က ပြုံးလိုက်ရင်း...
"မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ဆိုတာ ဘေးအန္တရာယ်တွေကို
တွန်းလှန်နိုင်တယ် ၊ ဒါပေမယ့် သူ့ရဲ့ မိုးကောင်းကင်နတ်မိစ္ဆာ

တန်ခိုးစွမ်းအား ဘယ်လောက်ပဲကြီးမားပါစေ ကျုပ်ကိုတော့ မတွန်းလှန်နိုင်ပါဘူး ၊ ကျင်းချင် ... မင်းအမြဲတမ်းမှတ်ထားပါ ၊ ရိုးသားကြည်လင်တဲ့နှလုံးသားကိုပိုင်ဆိုင်ထားရင် ဘယ်အရာကမှ မင်းကို အနှောက်အယှက်ပေးနိုင်မှာမဟုတ်ပါဘူး ၊ နတ်ဘုရားတစ်ပါးဖြစ်လာတဲ့အချိန်မှာတောင် ရိုးသားကြည်လင်တဲ့နှလုံးသားကိုပိုင်ဆိုင်ထားရန် ဘယ်လိုအစစ်ဆေးခံရမှုတွေပဲလာလာ အေးအေးဆေးဆေးပဲ ကျော်လွှားသွားနိုင်မှာပါ"

အခန်း (၄၄၂) ကျင့်စဉ်လမ်းဆိုတာစီးဆင်းနေတဲ့ရေလိုပဲ

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ချင်းရှမ်နတ်တံခါးရဲ့ဆောင်ပုဒ်ကဘာလဲဆိုတာ မင်းကိုပြော

ပြထားတယ် မဟုတ်လား"

ချန်ကျင်းချင်က…

"အဆင့်မြင့်ကျင့်စဉ်လမ်းကို တက်လှမ်းချင်ရင် စိတ်နှလုံးကို

အရင်ဆုံး ပြုပြင်ရမယ် တဲ့"

ဆန်းလျန်က ထပ်မံရယ်မောလိုက်ပြန်လေသည်။

"ကျင့်စဉ်လမ်းဆိုတာ စီးဆင်းနေတဲ့ရေလိုပဲ ၊ စိတ်နှလုံးဆိုတာ

က စီးဆင်းနေတဲ့ရေကို ထိန်းပေးထားတဲ့ကမ်းပါးတွေလိုပဲ ၊

ကမ်းပါးတွေအတွင်းမှာ စီးဆင်းနေသရွေ့ ရေစီးကြောင်းဟာ

ပြောင်းလဲမှာ မဟုတ်ဘူး"

ချန်ကျင်းချင်က ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်၏စကား

ကို နားလည်သွားဟန်ရလေသည်။

ထို့နောက် သူက ခန်းမဆောင်ထဲမှ ထွက်ခွာသွားလေသည်။

ချန်ကျင်းချင်ထွက်ခွာသွားပြီး သိပ်မကြာမီမှာပင် ခန်းမဆောင်

အတွင်းသို့ ကူးချိုင်ဝေ့ ဝင်လာလေသည်။

"မင်းရဲ့တပည့်ကတော့ တကယ့်လူပဲ ၊ မင်းသူ့ကို ဘယ်က

ဘယ်လို ရှာတွေ့ခဲ့လဲဆိုတာတော့ အစ်မ မသိဘူး ၊ ဒါပေမယ့်

နောက်နှစ်ပေါင်းသုံးဆယ်လောက်ဆိုရင် သူက အစ်မကိုတောင်

ကောင်းကောင်းယှဉ်နိုင်တော့မယ်"

ဆန်းလျန်က အကျႌလက်တစ်ဖက်ကို ဝေ့ယမ်းလိုက်လေရာ ချ

င်းရွှမ်ခန်းမဆောင်ထဲတွင် သိပ်သည်းသည့် စကြာဝဠာတန်ခိုး

စွမ်းအားထွက်ပေါ်လာပြီး ထိုင်ခုံတစ်လုံးပေါ်လာလေသည်။

ကူးချိုင်ဝေ့က ဆန်းလျန်ဖန်ဆင်းပေးသည့် ထိုင်ခုံထက်တွင်

ထိုင်လိုက်သည်။

ဆန်းလျန်က ကူးချိုင်ဝေ့ကို ကြည့်ရင်း ပြုံးပြလိုက်သည်။

"အစ်မ ၊ ဘာကိစ္စများရှိလို့လဲ"

ကူးချိုင်ငွေ့က ဆန်းလျန်ကို စိတ်ဆိုးမာန်ဆိုးအကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ရင်း...

"အမလေး ဆရာသခင်ဆန်းလျန်ရယ်၊ အစ်မက မင်းဆီကို ကိစ္စရှိမှ လာရမှာလား"

"အစ်မကလဲ၊ အစ်မက အမြဲတမ်း အကြောင်းမရှိဘဲ ကျွန်တော့်ဆီမလာတတ်ဘူးလေ၊ ကျွန်တော်က အစ်မရောက်လာရင် ပျော်တာပေါ့"

ဆန်းလျန်က ရယ်မောရင်း ပြန်ပြောလိုက်သည်။

ရယ်မောလိုက်သည့်အခါ ဆန်းလျန်၏ခန္ဓာကိုယ်မှာ ကြယ်စင်များအလား တစ်လက်လက်တောက်ပသွားလေသည်။

ကူးချိုင်ငွေ့က...

"မင်းကိုယ်မင်းပြန်ကြည့်စမ်း၊ အစ်မတော့ မနာလိုတောင်ဖြစ်လာမိပြီ၊ မင်းရဲ့နတ်ဘုရားရောင်စဉ်တွေက လင်းလက်တောက်ပနေတာပဲ၊ ဒါပေမယ့် မောင်လေး... အစ်မစိတ်

ထဲမှာ စိတ်ပူနေမိတယ်၊ လူဆိုတာက နေ့မြင်ညပျောက် ဖြစ်တာမျိုးပဲ မဟုတ်လား၊ နေရတဲ့အခိုက်အတန့်မှာ ဂုဏ်သရေရှိရှိနေသွားနိုင်တာ ကောင်းပါတယ်"

ဆန်းလျန်က...

"အစ်မ၊ သုံးလပိုင်းသုံးရက်နေ့နောက်ပိုင်း ကျွန်တော်နဲ့ ထပ်တွေ့ချင်မှ တွေ့မယ်လို့ ကျွန်တော်ပြောထားလို့ စိတ်ပူနေတာလား၊ အစ်မရယ်... ဘဝဆိုတာက အကြာကြီးအတူတူဖြတ်သန်းကြဖို့ဆိုတာ ဘယ်ဖြစ်နိုင်မှာလဲ၊ အတိတ်ပဲဖြစ်ဖြစ်အနာဂတ်ပဲဖြစ်ဖြစ် မီးခိုးငွေ့တွေလို မရေမရာပါပဲ၊ ဘာမှစောဒကမတက်ဘဲ ကောင်းတဲ့အလုပ်တွေ လုပ်သွားဖို့ပဲ လိုတာပါ"

ဆန်းလျန်၏ စကားကြောင့် ကူးချိုင်ဝေ့မှာ စိတ်မကောင်းဖြစ်သွားမိလေသည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"တာအိုကျင့်စဉ်လမ်းကို လျှောက်လှမ်းရတယ်ဆိုတာ မလွယ်ဘူးနော် ၊ အင်းလေ.... လွယ်ကူနေမယ်ဆိုရင် ဘယ်သူမဆို နတ်ဘုရားတွေချည်း ဖြစ်လာနေတော့မှာပေါ့"

သူမစကားများကြောင့် ဆန်းလျန်က ပြုံးလိုက်ရင်း ချင်းရွှမ်ခန်းမဆောင်အလယ်မှ သစ်ပင်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဒီသစ်ပင်က ကျွန်တော့်ကို ယန်ရှီးလက်ဆောင်ပေးလိုက်တာ ၊ ထိုက်ဝေ့ထိုင်ခန်းမဆောင်ရှေ့မှာ စိုက်ထားပါလို့လည်း မှာလိုက်သေးတယ် ၊ နောင်အနာဂတ်မှာ ဒီအပင်က လှပတဲ့ပန်းတွေ မပွင့်ဘူးလို့ မပြောနိုင်ဘူး ၊ ကျွန်တော် သွားစိုက်လိုက်ဦးမယ်"

ကူးချိုင်ဝေ့က မျက်မှောင်ကြုတ်လိုက်ရင်း...

"မင်းက လူတွေကို သိပ်ပြီး အလေးထားတတ်တာပဲ ၊ ဒီအပင်ကို ထိုက်ဝေ့ထိုင်ခန်းမဆောင်ရှေ့မှာ မစိုက်တော့ရော ဘာဖြစ်သွားမှာ မို့လို့လဲ"

ဆန်းလျှန်က...

"ဒီသစ်ပင်ရဲ့ဇာစ်မြစ်ကို အစ်မကို ပြောပြမယ်၊ ကျိုကျိုက်ဝတ်ကျောင်းတော်မှာ ဆန္ဒမဲ့ဝါးပင် ရှိကြတာ လူတိုင်းသိကြတာပဲ၊ အဲဒီဝါးပင်က လူတစ်ယောက်ရဲ့ စိတ်နဲ့ဝိညာဉ်ကို သန့်စင်ပေးတယ်၊ လူတွေကို မကောင်းမိစ္ဆာအတွေးတွေကနေ ကင်းဝေးစေတယ်၊ ပြီးတော့ ကျိုကျိုက်ဝတ်ကျောင်းတော်မှာ ဒီသစ်ပင်ကို သန့်စင်ပေးနိုင်တဲ့သန့်စင်တဲ့ ပရိတ်ရေအိုးလည်းရှိတယ်၊ မကောင်းမှုမှန်သမျှကို သန့်စင်ပေးနိုင်တယ်၊ ဒီသစ်ပင်ကို ထိုက်ဝေ့ထိုင်ခန်းမဆောင်ရဲ့အရှေ့မှာ စိုက်ထားလိုက်ရင် ဘိုးဘေးတွေရဲ့အမျက်ဒေါသတွေက အဲဒီသစ်ပင်အပေါ်ကို ကျရောက်လိမ့်မယ်၊ ဒါမှ နောက်ပိုင်းမျိုးဆက်အတွက် ချင်းရှမ်နတ်တံခါးရဲ့ ဖြစ်ရပ်ကို သင်ခန်းစာယူနိုင်လိမ့်မယ်၊ အမျက်ဒေါသတွေကနေ သန့်စင်ပစ်နိုင်လိမ့်မယ်၊ ယန်ရှီးကလည်း အနာဂတ်အတွက် စဉ်းစားမိလို့ ဒီသစ်ပင်ကို

လက်ဆောင်ပေးလိုက်တာပဲ ၊ ကျုပ်သူ့ကိုမယုံဘူးဆိုရင် ဘိုးဘေးဆရာသခင်တွေရဲ့အမျက်ဒေါသတွေကနေ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး"

"မင်း သူ့ကိုယုံမယ်ဆိုတာ သူကလည်း ကြိုပြီး ခန့်မှန်းမိမှာပဲလေ ၊ ဒါပေမယ့် ဒီသစ်ပင်က သေခါပဲနီးနေပြီ"

ဆန်းလျန်က ထိုင်ရာမှ ထလိုက်ပြီး ခြောက်သွေ့နေသည့် သစ်ပင်အနားသို့ လမ်းလျှောက်သွားကာ ပင်စည်ကို ထိကိုင်ကြည့်လိုက်သည်။

အမှောင်မိစ္ဆာသခင် ယန်ရှီးသည် မြင့်မားသည့် ချောက်ကမ်းပါးကြီးထိပ်တွင် မတ်တပ်ရပ်နေလေသည်။ သူ၏ဘေးတွင် မြင့်မားသည့်သစ်ပင်ကြီးတစ်ပင်ရှိနေလေသည်။ သစ်ပင်၏အရွက်များမှာ ရှည်လျားလွန်းလေသည်။ ထိုသစ်ပင်မှာ ကျင်းကျိတိုင်းပြည်မှ ယူကလစ်ပင်ပင် ဖြစ်လေသည်။ သစ်ပင်ကြီးသည် တစ်ချက်လှုပ်ရှားသွားပြီး အမှောင်

မိစ္ဆာဂိုဏ်းတစ်ခုလုံး လှုပ်ခါသွားသလားဟုပင် ထင်မှတ်ရလေ
သည်။
ချောက်ကမ်းပါးကြီး၏အောက်ခြေတွင် သွေးရေကန်တစ်ကန်
ရှိနေလေသည်။
ယူကလစ်ပင်ကြီးလှုပ်ရှားသွားသည့်အတွက် ယူကလစ်ပင်မှ
သစ်ရွက်များသည် သွေးရေကန်ထက်သို့ ကျဆင်းသွားကြလေ
သည်။ ထိုအခါ သွေးရေကန်သည် သွေးရောင်များပျောက်
ကွယ်သွားကာ ကြည်လင်သွားပြီး မိုးကောင်းကင်ထက်မှ
တိမ်တိုက်များကိုပင် ရောင်ပြန်ဟပ်ကာ တွေ့မြင်နေရလေ
သည်။
တဖြည်းဖြည်း ရေကန်ထဲတွင်ပေါ်နေသည့် တိမ်တိုက်များ
ပျောက်ကွယ်သွားပြီး ဆန်းလျန်၏ပုံသည် ရေကန်ထဲတွင် ထပ်
ဟပ်လာလေသည်။

ဆန်းလျန်ဆိုလိုသည့်အဓိပ္ပါယ်ကို ယန်ရှီးကောင်းစွာသိလေသည်။ မိုးနှင့်မြေတွင် ဆန်းလျန်သည် သူ့ကို မည်သည့်နေရာတွင်မဆို ရှာတွေ့နိုင်လေသည်။ သူတို့နှစ်ယောက်၏ ဆက်သွယ်မှုသည် အသံတစ်ချက်ပင် ထွက်စရာမလိုပေ။

သူက တစ်ချက်ပြုံးလိုက်ရင်း...

"ဆရာဘိုးဘိုးယွမ်ချင်း ၊ ဆရာဘွားဘွား လီချင်းဆွေ ၊ ဆရာတို့နဲ့ တစ်ချိန်တည်းမှာ မွေးဖွားမလာခဲ့တာကို နောင်တမရတော့ပါဘူး"

ထိုအချိန်တွင်...

ဆန်းလျန်သည် ယန်ရှီးပေးလိုက်သည့် သစ်ပင်ကို ကျီဖူတောင်ထိပ်ရှိ ထိုက်ဝေ့ထိုင်ခန်းမဆောင်ရှေ့သို့ ယူဆောင်ပြီး စိုက်ပျိုးနေလေသည်။

ထိုသစ်ပင်၏အမြစ်များသည် ထိုက်ဝေ့ထိုင်ခန်းမဆောင် အတွင်းပိုင်းလျှို့ဝှက်နေရာတွင်ရှိသည့် အစိမ်းသရဲမြို့တော်ကို

မရေမတွက်နိုင်သည့်အမြစ်များဖြင့် ချက်ချင်းပင် ရစ်ပတ်

လိုက်လေတော့သည်။ ထို့နောက် မရေမတွက်နိုင်အောင်

များပြားလွန်းသည့် မိစ္ဆာစွမ်းအားများကို စုပ်ယူလိုက်လေ

သည်။

ဆန်းလျန်သည် ဂါထာတစ်ပုဒ်ကို တိုးတိုးသက်သာဖြင့်

ရွတ်ဖတ်နေလေသည်။

ဆန်းလျန်သည် နေ့တစ်ဝက်ခန့်ဂါထာကို ရွတ်ဖတ်နေခဲ့ပြီးမှ

ဝိညာဉ်မြစ်မှ မြစ်ရေကိုယူဆောင်ကာ သစ်ပင်ကို ရေလောင်း

လိုက်လေသည်။

ထိုအခါ အပင်မှ အဝါရောင်အရွက်များသည် တဖြည်းဖြည်း

ပြန်လည်စိမ်းလန်းလာလေတော့သည်။

နောက်ပိုင်းတွင်တော့ ထိုသစ်ပင်ကိုရေလောင်းရန်အတွက်

အစ်မကူးချိုင်ဝေ့ကိုသာ တာဝန်ပေးရတော့မည်ဟု ဆန်းလျန်

တွေးနေမိလေသည်။

....

မြောက်ဖျားဒေသရှိ ထုန်ထျန်းမြစ်သည် ကောင်းကင်မှ မြစ်ဖျားခံလာရာ မြစ်တစ်ခုဖြစ်လေသည်။

သို့သော် မြောက်ဖျားဒေသတွင်တည်ရှိသည့်အတွက် မြစ်ဖျားပိုင်းတွင် ရေခဲမြစ်အဖြစ် ထုန်ထျန်းမြစ်ကို မြင်တွေ့ရမည် ဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် မြောက်ဖျားဒေသရှိ ရေခဲပြင်ထက်တွင် လမ်းလျှောက်လာလေသည်။ သူမ၏အသားအရေများသည် အဖြူရောင်ဆီးနှင်းများဖြင့်အပြိုင် ကြည်လင်ဖြူစင်လွန်းလှလေသည်။ သူမကို မြင်တွေ့ရသည့် မည်သူမဆို သူမ၏ ဦးညွှတ်မကိုးကွယ်ဘဲ နေနိုင်မည် မဟုတ်ပေ။

ထိုစဉ်...

ရှည်လျားသည့် သတ္တုပြားတစ်ချပ်ကိုအသုံးပြုကာ နှင်းလျှောစီးသကဲ့သို့ စီးနှင့်လာသည့် လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ ထိုသူမှာ တာ့ကျိုးတိုင်းပြည်ရှိ ဖူမန်လော်

စားသောက်ဆိုင်တွင် အလုပ်လုပ်ခဲ့သည့် စားပွဲထိုးလေး ပိုင်

ရှောက်လျိုပင် ဖြစ်လေသည်။

ဆန်းလျန်က နဂါးငွေ့တန်းဓားသိုင်း၏ ဖြည့်စွက်ချက်ဖြစ်သည့်

စမ်းရေဓားကျမ်းကို ပိုင်ရှောက်လျိုထံမှ ရရှိခဲ့ခြင်း ဖြစ်လေ

သည်။

ပိုင်ရှောက်လျိုက ကျောက်ရှောင်ယွီကို လေးစားစွာဖြင့်

ဦးညွှတ်ဂါရဝပြုလိုက်ပြီး...

"ဒေါ်လေးငယ် ၊ ဒေါ်လေးက အမှာစကားပါးလိုက်ပါတယ် ၊

တွေ့စရာအကြောင်းမရှိတာကြောင့် ပြန်ပါတော့တဲ့"

ပိုင်ရှောက်လျို၏စကားကြောင့် ကျောက်ရှောင်ယွီက ရယ်မော

လိုက်လေသည်။

"ဂိုဏ်းတူအစ်မရဲ့ တန်ခိုးစွမ်းအားတွေက တကယ်မြင့်မားလာ

တာပဲ ၊ ငါရောက်လာတာကိုတောင်သိနေတယ် ၊ လူလွှတ်ပြီး

တော့တောင် အမှာစကားပါးခိုင်းလိုက်သေးတယ် ၊ ဒါပေမယ့်

ငါ့ကို သူနဲ့တွေ့ဖို့ ခေါ်သွားပေးပါ"

ပိုင်ရှောက်လျိုသည် ကျောက်ရှောင်ယွီ၏ နူးညံ့သိမ်မွေ့သော

စကားသံအောက်တွင် အာဆေးမိနေသကဲ့သို့ မည်သည့်စကား

မှ ပြန်မပြောနိုင် ဖြစ်နေရလေသည်။ သူသည် ကျောက်ရှောင်

ယွီ၏စကားများကို ငြင်းဆန်နိုင်ခြင်း မရှိတော့ပေ။

ထို့နောက်တွင်တော့...

ရေခဲတောင်အထပ်ထပ်နှင့် အဆုံးမဲ့ရေခဲမြစ်တစ်လျှောက်ကို

သူတို့နှစ်ယောက်ဖြတ်ကျော်ခရီးနှင်လာခဲ့ပြီး အိမ်ငယ်လေး

တစ်ခုဆီသို့ ရောက်ရှိလာခဲ့တော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ဆီးနှင်းရေခဲများဖြင့်ဖုံးလွှမ်းနေ

ပြီး အိမ်ငယ်လေးသည် တစ်ထီးမားမားတည်ရှိနေလေသည်။

အိမ်ငယ်လေးကိုလည်း ဆီးနှင်းများက ဖုံးအုပ်ထားလေသည်။

ပတ်ဝန်းကျင်တွင်လည်း မည်သည့်သက်ရှိသတ္တဝါမှ နေထိုင်သည့်ပုံမပေါ်ပေ။

အကယ်၍ ပိုင်ရှောက်လျှိုသာ လမ်းပြခေါ်ဆောင်လာခြင်းမရှိပါက ကျောက်ရှောင်ယွီသည် အစ်မဖြစ်သူနေထိုင်သည့် အိမ်ငယ်လေးကို ရှာဖွေနိုင်ရန် လွယ်ကူမည်မဟုတ်ပေ။

ပိုင်ရှောက်လျှိုသည် အိမ်ငယ်လေးကို တွေ့လိုက်သည်နှင့် အညှို့ခံထားရသလို ဖြစ်နေသောစိတ်သည် လွင့်ပြယ်သွားပြီး ချက်ချင်း သတိပြန်ဝင်လာလေသည်။

ထိုအချိန် အိမ်ငယ်လေးအတွင်းမှ ရေခဲမြူမှုံများလွင့်မျောလာသကဲ့သို့ အေးစက်သည့် အသံတစ်သံ ထွက်ပေါ်လာလေသည်။

"ညီမလေး ၊ ဘာလို့ ဒုက္ခခံပြီး ငါ့ကိုလာရှာရတာလဲ ၊ မန္တန်အလင်းချေဖျက်ခြင်းကျမ်းကို တခြားသူတွေကို ငါက ပေးမှာမဟုတ်ဘူးနော် ၊ မင်းလက်လျှော့လိုက်ရင် ကောင်းမယ်"

ကျောက်ရှောင်ယွီသည် အိမ်ငယ်လေးကို စူးစိုက်ကြည့်နေလိုက်လေသည်။

အခန်း (၄၄၃) သေတဲ့အထိဘယ်တော့မှပြန်မတွေ့ကြတော့ဘူး

သူမလာရသည့်အကြောင်းရင်းကို အစ်မဖြစ်သူက သိရှိနေသည့်အတွက် ကျောက်ရှောင်ယွီက များစွာ အံ့သြသွားရလေသည်။ သို့သော် သူမက အံ့သြသည့်စိတ်ကို ထိန်းချုပ်ထားလိုက်ပြီး ချိုမြသည့်လေသံလေးဖြင့် စကားစပြီး ပြောလိုက်သည်။

"အစ်မရယ် ၊ နင့်ရဲ့ တန်ခိုးစွမ်းအားနဲ့ဆိုရင် ငါ နင့်ကို ရှာမတွေ့အောင် ဖုံးကွယ်ထားလို့ရတာပဲဟာ ၊ ဒါပေမယ့် အဲဒီလိုမလုပ်ဘူးဆိုကတည်းက မန္တန်အလင်းချေဖျက်ခြင်းကျမ်းကို ငါ့ကိုနင်ပေးချင်နေလို့မဟုတ်လား ၊ အစ်မ လိုအပ်တဲ့အကူအညီရှိရင်လည်းပြောပါ ၊ ဒီကညီမလေးက ကူညီပေးဖို့အသင့်ပါပဲ"

ကျောက်ရှောင်ယွီ၏ စကားဆုံးသွားသည်နှင့် အိမ်ငယ်လေးထဲမှ အဖြူရောင်အလင်းတန်းတစ်ခု လင်းလက်သွားပြီး အလွန်လှပသည့် မိန်းမပျိုတစ်ဦး ထွက်ပေါ်လာလေသည်။

ထိုမိန်းမပျိုမှာ ကျောက်ရှောင်ယွီ၏ ဂိုဏ်းတူအစ်မ ကျိုးလင်ပင် ဖြစ်လေသည်။ သို့သော် ကျိုးလင်သည် ယခင်အချိန်ကထက် ဆယ်နှစ်ခန့်ပင် ပိုမိုငယ်ရွယ်နေပုံရလေသည်။ သူမ၏အသားအရေမှာ ဆီးနှင်းကဲ့သို့ ဖြူစင်နေပြီး မျက်ဝန်းများကလည်း ရေစင်ကဲ့သို့ ကြည်လင်နေလေသည်။

ကျိုးလင်က နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"ဂိုဏ်းတူညီမလေး ၊ မင်းက အရင်တုန်းက သူများတွေအတွက် ဆိုရင် ဒီလိုမျိုးတွေ ဒုက္ခမခံတတ်ပါဘူး ၊ ဘာလဲ... ဆန်းလျန်ကို မင်းချစ်နေမိပြီလား..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"သူ့ကို ဘာလို့ချစ်ရမှာလဲ ၊ ဒါပေမယ့် သူ့ကို သံယောဇဉ်ရှိလို့ပါ"

"ဆရာကမင်းကို သူ့ရဲ့ကျင့်စဉ်တန်ခိုးစွမ်းအားတွေအားလုံး လက်ဆင့်ကမ်းပေးခဲ့တာက မင်းက ခံစားချက်ကင်းမဲ့တဲ့ လူတစ်ယောက်မို့လို့ပဲ ၊ ဒါပေမယ့် မင်းဒီလောက် ကျင့်စဉ်လမ်းကို မလျှော့တဲ့ဇွဲနဲ့လျှောက်လှမ်းလာတာ လူတစ်ယောက်အပေါ် ထားတဲ့ ခံစားချက်တွေကို မထိန်းချုပ်နိုင်ဘူးလား"

ကျိုးလင်က ကျောက်ရှောင်ယွီ၏ မျက်လုံးများကို စေ့စေ့ကြည့်ရင်း မေးလိုက်လေသည်။

"အစ်မလိုပဲပေါ့ အစ်မရယ် ၊ အစ်မလည်း ဒီနေရာမှာ မန္တန်အလင်းချေဖျက်ခြင်းကျမ်းကို တိတ်တိတ်ကလေးလာကျင့်ကြံနေတာ လုကျိုးယွမ်ကို လက်စားချေချင်လို့ မဟုတ်လား"

ကျောက်ရှောင်ယွီက နူးညံ့စွာဖြင့်ပြောလိုက်လေသည်။

"နင်က ကျင့်စဉ်လမ်းမှာ ငါ့ထက်အများကြီးသာပါတယ်ဟာ ၊ နင်သာ မန္တန်အလင်းချေဖျက်ခြင်းကျမ်းကို လိုချင်တယ်ဆိုရင် ငါ့ကိုတိုက်ခိုက်ပြီးယူသွားလို့ရတာပဲမဟုတ်လား"

ကျိုးလင်၏စကားကြောင့် ကျောက်ရှောင်ယွီသည် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ကျိုးလင်က ဆက်ပြောလိုက်သည်။

"ပြီးတော့ ငါ မဟုတ်ဘဲ ဆရာသာ ဖြစ်နေမယ်ဆိုရင် မန္တန်အလင်းချေဖျက်ခြင်းကျမ်းကို နင်လာတောင်းရဲမှာလား”

ကျောက်ရှောင်ယွီက တည်ငြိမ်သည့်လေသံဖြင့်...

"အဲဒါက နင်နဲ့ငါရဲ့ကြားမှာ မတူတဲ့အချက်ပဲ အစ်မ ၊ နင်သာ ငါ ရင်ဆိုင်နေရတာတွေကို နားလည်ပေးမယ်ဆိုရင် ဒီလိုမေးခွန်း မျိုးတွေ မေးမှာ မဟုတ်ဘူး ၊ ဒါပေမယ့် နင် မဟုတ်ဘဲ ဆရာ ဖြစ်နေခဲ့မယ်ဆိုရင်လည်း ငါအလျှော့ပေးမှာ မဟုတ်ဘူး"

ကျိုးလင်က အေးစက်စွာဖြင့်....

"ဟိုးအရင်အချိန်တွေတုန်းက နင်က ငါ့ကို နတ်ဘုရားသချိုင်း လက်မှတ်ကို မပေးချင်ဘူးလေ ၊ အခု ငါလည်းနင့်ကို မန္တန် အလင်းချေဖျက်ခြင်းကျမ်းကို ပေးချင်စိတ်မရှိဘူး ၊ ဒါမှ မဟုတ် ငါတောင်းဆိုတာတစ်ခုကို နင်လုပ်ပေးမလား ၊ ဒါဆိုရင် တော့ ငါတစ်ခုတောင်းဆိုချင်တယ် ၊ အခုအချိန်ကစပြီး သေ ခြင်းရှင်ခြင်းဘာတွေပဲဖြစ်လာဖြစ်လာ ငါတို့ထပ်တွေ့စရာ အကြောင်းမရှိတော့ဘူး"

ကျောက်ရှောင်ယွီကလည်း ကျိုးလင်ကို စိုက်ကြည့်လိုက်ပြီး...

"ကောင်းပြီလေ ၊ သေတဲ့အထိ မတွေ့ကြတော့ဘူး"

ထို့နောက် ကျိုးလင်က ပိုက်ရှောက်လျိုကို ကြည့်လိုက်ပြီး ခံစားချက်ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။

"တောင်ပိုင်းကိုသွားတော့ ၊ ဘယ်တော့မှ ပြန်မလာနဲ့တော့"

ပိုင်ရှောက်လျိုက ကျိုးလင်၏စကားကို ငြင်းဆန်ရန်ပြင်လိုက်သည်။ သို့သော် နောက်ဆုံးတော့ သူက မည်သည့်စကားမှ မဆိုတော့ဘဲ တောင်ဘက်အရပ်ဆီသို့ ခေါင်းငိုက်စိုက်ချကာ ထွက်ခွာသွားလေတော့သည်။

ဂိုဏ်းတူညီအစ်မနှစ်ယောက်သည် ဆယ့်ငါးမိနစ်ခန့် စကားမပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။

ထို့နောက်...

ကျိုးလင်သည် ဂါထာတစ်ပုဒ်ကို ညင်သာသည့်လေသံဖြင့် ရွတ်ဆိုလိုက်လေသည်။ ထိုဂါထာရွတ်သံသည် ကျောက်ရှောင်ယွီ၏ စိတ်ဝိညာဉ်ကို တုန်လှုပ်သွားစေလေသည်။ ဂါထာရွတ်သံ အချိန်ကြာလာသည်နှင့်အမျှ ဂါထာ၏တန်ခိုးစွမ်းအားကို

ကျောက်ရှောင်ယွီမှာ ခံနိုင်ရည်မရှိတော့သည်အထိ ဖြစ်ရလေသည်။

ကျိုးလင်သည် မန္တန်အလင်းချေဖျက်ခြင်းကျမ်းကို နက်နက်နဲနဲနားလည်သဘောပေါက်နေခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် ကျောက်ရှောင်ယွီသည် ကျိုးလင်၏ ဂါထာတန်ခိုးစွမ်းအားကို တားဆီးနိုင်ခြင်း မရှိခဲ့ပါ။

ကျိုးလင်ရွတ်ဖတ်နေသည့်ဂါထာသည် သူမ၏ခန္ဓာကိုယ်တွင်းတွင် အနီရောင်တံဆိပ်ခတ်ထားသကဲ့သို့ သူမ၏ နတ်ဘုရားတန်ခိုးစွမ်းအားများကို တဖြည်းဖြည်းချင်း ရစ်ပတ်တားဆီးနေလေသည်။

ကျောက်ရှောင်ယွီမှာ နာကျင်ခံစားနေရသည့်တိုင် သူမ၏နှလုံးသားကတော့ ကန်ရေပြင်ကဲ့သို့ တည်ငြိမ်နေဆဲလေသည်။

ဘဝဆိုသည်က ခက်ခဲစမြဲပင် ဖြစ်လေသည်။

သို့သော် နာကျင်မှုနှင့်ဆင်းရဲဒုက္ခများကို ပျော်ရွှင်မှုအဖြစ်

ပြောင်းလဲပစ်နိုင်လေသည်။

ကျိုးလင်းသည် ကျောက်ရှောင်ယွီ၏ တည်ငြိမ်အေးချမ်းနေ

သည့်စိတ်ဝိညာဉ်ကို ရှင်းရှင်းလင်းလင်းခံစားနေရလေသည်။

သူမသည် ကျောက်ရှောင်ယွီကဲ့သို့ တည်ငြိမ်အေးချမ်းမှုမျိုးကို

မခံစားရသည်မှာ ကြာပြီဖြစ်လေသည်။

ထိုသူသည် လုကျိုးယွမ်လက်ထဲတွင်သေဆုံးသွားခဲ့ပြီး

သည့်နောက်ပိုင်း လက်စားချေချင်သည့်စိတ်ဖြင့် သူမဘဝတွင်

အေးချမ်းခြင်းမရှိတော့ပေ။

ကျိုးလင်သည် ကျောက်ရှောင်ယွီကို မနာလိုပင် ဖြစ်လာမိလေ

သည်။ ဆရာတစ်ယောက်တည်းထံတွင် ပညာသင်ကြားခဲ့သည့်

တပည့်များဖြစ်ကြသည့်တိုင် ကျောက်ရှောင်ယွီသည် သူမ

ထက် အစစအရာရာ အမြဲတမ်း သာလွန်နေခဲ့လေသည်။

ကျိုးလင်၏ ဂါထာရွတ်သံအဆုံးသတ်သွားသည်နှင့်

ကောင်းကင်ထက်မှ မိုးကြိုးသံတစ်ချက် ထွက်ပေါ်လာလေ

သည်။ မိုးကြိုးသည်ရေခဲပြင်ထက်သို့ပစ်ချလိုက်ပြီး ရေခဲများ

မှာ အက်ကွဲပြိုကျလာလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ

ပရမ်းပတာ ဖြစ်ကုန်တော့သည်။

မန္တန်အလင်းချေဖျက်ခြင်းကျမ်းမှ ဂါထာတန်ခိုးစွမ်းအားနှင့်

မိုးကောင်းကင်တရားစီရင်ခြင်း ပေါင်းစပ်လိုက်သည့်အခါ

ထွက်ပေါ်လာသည့်တန်ခိုးစွမ်းအားသည် လွန်စွာမှ

ကြောက်မက်ဖွယ်ရာကောင်းလွန်းလေသည်။

နေရာတိုင်းတွင် လျှပ်စီးများလက်နေပြီး ရေခဲများက

အဆက်မပြတ်ပြိုကျပျက်စီးနေကြလေသည်။ သက်ရှိသတ္တဝါ

များသာရှိလျှင်အားလုံးသည် ရေထဲသို့ နစ်မြုပ်သွားကြရမည်

ဖြစ်လေသည်။

သို့သော် ကျောက်ရှောင်ယွီကတော့ အရည်ပျော်ကျကုန်သည့် ရေခဲများကြားတွင် နစ်မြုပ်သွားခြင်းမရှိပါ။ သူမသည် ရေခဲအပိုင်းအစတစ်ခုထက်တွင် မတ်တပ်ရပ်နေပြီး ကျိုးလင်ရွတ်ဆိုနေသည့် မန္တန်အလင်းချေဖျက်ခြင်းကျမ်းစာကို မှတ်မိနိုင်ရန် ကြိုးစားနေလေသည်။

သို့သော် သူမသည် ပတ်ဝန်းကျင်အခြေအနေများကို တည်ငြိမ်သွားအောင် ထိန်းသိမ်းထားနိုင်စွမ်းမရှိတော့ပါ။

အဘယ်ကြောင့်ဆိုသော် မိုးကြိုးသည် စကြာဝဠာတစ်ခုလုံးကို ဖွင့်လိုက်ပြီး ကောင်းကင်ထက်တွင် ကြယ်စင်များထွက်ပေါ်လာကာ ကြယ်တာရာစွမ်းအားများက ရေခဲပြင်သို့ လာရောက်ရိုက်ခတ်လေသည်။ ထိုအခါ အရည်ပျော်နေသည့် ရေခဲများမှာ ချက်ချင်းပင် ပူနွေးဆူပွက်လာတော့သည်။

မိုးမြေစွမ်းအားများမှာ ပေါက်ကွဲထွက်သွားပြီး ပွက်ပွက်ဆူနေ
သည့်ရေများသည် ဝဲကန်တော့မီးဖိုကြီးတစ်ခုအလား ကျောက်
ရှောင်ယွီကိုလှည့်ပတ်နေလေသည်။

ပူလောင်သည့် ဝဲကန်တော့မီးဖိုကြီးထဲတွင် ပိတ်မိနေသည့်တိုင်
ကျောက်ရှောင်ယွီ၏စိတ်ဝိညာဉ်သည် အေးမြသည့်ရေစင်
ကဲ့သို့ အေးချမ်းနေဆဲလေသည်။ သူမက မျက်လုံးများကို
အသာမှိတ်ထားလိုက်လေသည်။ သို့သော်... သူမ၏ ကြာပန်း
ကိုးပွင့်တန်ခိုးစွမ်းအားသည် မည်မျှပင်မြင့်မားပါစေ
ကြယ်တာရာစွမ်းအားများကို မတွန်းလှန်နိုင်ဖြစ်နေရလေ
သည်။

သူမသာ ပူလောင်သည့်မီးဖိုကြီးထဲတွင် ပိတ်မိနေသည်ကို ထိုး
ဖောက်ထွက်လိုပါက ယန်ရှီးနှင့်တိုက်ခိုက်စဉ်က အသုံးပြုခဲ့
သည့် “မရှိမှုနှင့်သေခြင်းတရား” တန်ခိုးစွမ်းအားကို ထုတ်ဖော်
အသုံးပြုမှသာ ဖြစ်နိုင်မည် ဖြစ်လေသည်။ သို့သော် ... ယခု

တစ်ကြိမ် ထိုတန်ခိုးစွမ်းအားကို သူမ ထပ်မံအသုံးပြုနိုင်ပါ

တော့မည်လား မသေချာပေ။

သူမအစ်နေဖြင့် ဂိုဏ်းတူအစ်မကို အသေသတ်ရန် နည်း

လမ်းသာရှိတော့သည်။ သို့သော် အစ်မဖြစ်သူကို အသက်သေ

သည်အထိ တိုက်ခိုက်လျှင် သူမကိုယ်တိုင်လည်းအသက်ရှင်

နိုင်ရန်မသေချာလှပေ။

ကျောက်ရှောင်ယွီက တည်ငြိမ်သည့်စိတ်ဝိညာဉ်ဖြင့်

ပတ်ဝန်းကျင်မှ မိုးမြေစွမ်းအားများကို အခြေအနေခံစားကြည့်

လိုက်သည်။ သူမ၏ နတ်ဘုရားဝိညာဉ်သည် မိုးမြေစွမ်းအား

များကြားတွင် နစ်မြုပ်နေလေသည်။

သူမက ပြုံးလိုက်ပြီး မြူခိုးများကြားမှ ကျိုးလင်ကို လှမ်း

ကြည့်လိုက်သည်။

“အစ်မ ၊ အစ်မက မန္တန်အလင်းချေဖျက်ခြင်းကျမ်းကို နက်နက်ရှိုင်းရှိုင်းနားလည်ကျင့်ကြံထားပေမယ့် အားလုံးကို ပေါင်းစပ်အသုံးပြုနိုင်တဲ့အဆင့်တော့ မရောက်သေးဘူးပဲ”

အခန်း (၄၄၄) အရက်ကောင်းသောက်ရင်းစကားစမြည်ပြောမယ်

ကျောက်ရှောင်ယွီ၏ မျက်နှာသည် ပြုံးနေလေသည်။ သူမ၏ဆံနွယ်များသည် ရေတံခွန်တစ်ခုအလား လေထဲတွင် လွင့်မျောနေကြလေသည်။ သူမသည် ကြယ်တာရာစွမ်းအားများကြောင့်ပွက်ပွက်ဆူနေသည့် ရေဝဲကန်တော့ကြီးအတွင်းသို့

ဖြည်းဖြည်းချင်း နစ်မြုပ်သွားလေတော့သည်။ သို့သော်....

ပွက်ပွက်ဆူနေသည့်ရေများသည် သူမ၏နတ်ဘုရားခန္ဓာကိုယ်

ကို လောင်ကျွမ်းသွားအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပါ။

ကျောက်ရှောင်ယွီ၏ပုံစံမှာ ရေထဲတွင် ရေသူမလေးတစ်

ယောက်နှင့်ပင် တူနေလေသည်။ သူမ၏ဘေးပတ်ပတ်လည်

တွင် ရေပူစီဖောင်းလေးများ ပျံ့ဝဲနေပြီး သူမသည် ရေဝဲ

ကန်တော့ကြမ်းပြင်ထိတိုင်အောင် နစ်မြုပ်သွားလေသည်။

ထို့နောက် သူမသည် ရေအောက်ကြမ်းပြင်တွင် တင်ပျဉ်ခွေ

ချိတ်ကာ ထိုင်လိုက်လေသည်။

ပွက်ပွက်ဆူနေသောရေမှ အဖြူရောင်အခိုးအငွေ့များထွက်ပေါ်

နေပြီး ရေ၏အလွှာတစ်ခုချင်းတွင် ကြယ်တာရာစွမ်းအားများ

ဖြင့်ပြည့်နက်နေလေသည်။ ကျောက်ရှောင်ယွီသည်

ကြယ်တာရာများပြည့်နေသည့် မြစ်တစ်ခုအတွင်းသို့ ပစ်ချခံ

လိုက်ရသလို ခံစားနေရလသည်။ ကြယ်တာရာစွမ်းအားများ၏

အပူဓာတ်သည် သူမ၏အရေပြားကိုထိုးဖောက်ကာ သူမခန္ဓာကိုယ်ကို လောင်ကျွမ်းရန် ကြိုးစားနေကြလေသည်။ သာမန်လူတစ်ယောက်သာ ယခုကဲ့သို့ ကြုံတွေ့ရပါက မခံမရပ်နိုင်သည့် ဆင်းရဲဒုက္ခကို ခံစားရမည် ဖြစ်လေသည်။ သို့သော် ကျောက်ရှောင်ယွီကတော့ လောကီကိစ္စများကိုကျော်လွန်သည့် နတ်ဘုရားတစ်ပါးဖြစ်သည့်အတွက် ဆင်းရဲဒုက္ခများကို ခံစားရခြင်းမရှိပေ။

သူမသည် အိပ်မက်တစ်ခုတည်းတွင်ရောက်နေသကဲ့သို့ ခံစားနေရပြီး မန္တန်အလင်းချေဖျက်ခြင်းကျမ်းစာ ရွတ်ဖတ်သံကြောင့် ပတ်ဝန်းကျင်တွင် နတ်မိစ္ဆာများစွာ ထွက်ပေါ်လာလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ရောင်စုံဖန်သားများက လည်းလင်းလက်နေပြီး ထူးဆန်းသည့် အမွှေးနံ့တစ်ခုလည်း ထွက်ပေါ်နေလေသည်။

သို့သော်.... လှည့်စားမှုများက ကျောက်ရှောင်ယွီကို ကျဆုံးစေခြင်းမရှိပါ။

ကျောက်ရှောင်ယွီသည် သူမ၏နှလုံးအိမ်ထဲတွင် ကြာဖြူပန်းတစ်ပွင့်ကို ပိုပြီးပီပြင်လာအောင် ဖန်ဆင်းနေလေသည်။

ကျောက်ရှောင်ယွီ၏ နတ်ဘုရားစွမ်းအားများသည် တဖြည်းဖြည်းအားနည်းလာသည့်တိုင် လှပသည့်ကြာဖြူပန်းတစ်ပွင့်သည် သူမ၏နှလုံးသားထက်တွင်ပွင့်လန်းလာလေသည်။ သူမ၏စိတ်အစဉ်က တည်ငြိမ်အေးချမ်းနေဆဲ ဖြစ်လေသည်။

ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်းသည် အလွန်မှ ထူးဆန်းသည့် ကျင့်စဉ်ကျမ်းတစ်ခုဖြစ်သည်မှာ သံသယရှိစရာ မလိုပေ။ ထိုကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်းမှာ ကျီမော့တောင်ထိပ်ရှိ လော်ဝါဒတည်ထောင်သူဆရာသခင်ဆီမှ လက်ဆင့်ကမ်းဆင်းသက်လာသည့် ပညာရပ်တစ်ခုဖြစ်လေသည်။ ကြာ

ပန်းပွင့်မှမွေးဖွားလာသည့် ကြာပန်းမျိုးစေ့နှင့် အလားသဏ္ဍာန်တူလေသည်။

မန္တန်အလင်းချေဖျက်ခြင်းကျမ်းသည် ကျောက်ရှောင်ယွီ၏နှလုံးသားနှင့် စိတ်ဝိညာဉ်ကို အမြစ်ပြတ်ချေမှုန်းနိုင်ခြင်းမရှိအောင် ကျောက်ရှောင်ယွီ၏နှလုံးအိမ်ထဲမှ ကြာဖြူပန်းက ကာကွယ်ပေးထားလေသည်။

ကျောက်ရှောင်ယွီ၏ နတ်ဘုရားစွမ်းအားများ လုံးဝကုန်ခမ်းသွားသည့်အခါတွင်တော့ သူမသည် ဗလာနယ်ထဲတွင်လွင့်မျောနစ်မြုပ်နေသည့် လူတစ်ယောက်ပမာ ခံစားလိုက်ရလေသည်။ သူမ၏ဝိညာဉ်သည်လွင့်မျောနေပြီး သူမ၏နှလုံးအိမ်က တောက်ပနေလေသည်။

မိုးနှင့်မြေတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျောက်ရှောင်ယွီသည် လှေငယ်လေးတစ်စင်းထက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေလေသည်။ သူမရှေ့တွင်

ဗျပ်စောင်းတစ်လက်ရှိနေပြီး သူမ၏လက်များက ဗျပ်စောင်း

ထက်တွင် ပြေးလွှားတီးခတ်နေလေသည်။

သာမန်ထက်ပိုပြီး တောက်ပနေသည့်လရောင်သည် သူမ

ခန္ဓာကိုယ်ထက်သို့ ဖြာကျနေလေသည်။

ထိုအချိန်ခဏအတွင်းမှာပင်...

ဆန်းလျန်သည် သူမရှေ့တွင်ပေါ်လာလေသည်။

မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိ။ ဆန်းလျန်သည်

သူမရှေ့သို့ အလိုလိုရောက်လာခြင်း ဖြစ်လေသည်။ သို့သော်

သူမရှေ့မှ ဆန်းလျန်သည် ပန်းချီကားတစ်ချပ်နှင့်ဆင်တူလေ

သည်။

ဘယ်လိုပန်းချီကားမျိုးလဲ...။

မိုးနှင့်မြေမှ မွေးဖွားလာသည့် ပန်းချီကားအလားပင် ဖြစ်လေ

သည်။

ဆန်းလျန်ဆိုသည်က ကျောက်ရှောင်ယွီ၏နှလုံးသားထဲတွင် မည်သည့်အခါမှ ပျောက်ပျက်သွားမည်မဟုတ်သည့် လူတစ်ယောက် ဖြစ်လေသည်။

သူမသည် ဆန်းလျန်အနားသို့ တဖြည်းဖြည်းတိုးကပ်သွားပြီး ဆန်းလျန်၏မျက်နှာကို အနီးကပ်ကြည့်လိုက်သည်။ ထို့နောက် သူမသည် နက်ရှိုင်းစွာ ပြုံးလိုက်မိလေသည်။

သူမသည် ထိုလူသားကို နက်ရှိုင်းစွာ ၊ စိတ်လှုပ်ရှားစွာ ချစ်ခင်မြတ်နိုးလေသည်။

ဆန်းလျန်သည် စိမ်းလန်းသည့်တောင်ထက်မှ မိုးရေစက်များကဲ့သို့ ၊ ဆောင်းညတွင် တိုက်ခတ်လာသည့် လေပြေအေးကဲ့သို့ ပင်ဖြစ်လေသည်။ လောကတစ်ခုလုံးတွင် ဆန်းလျန်ကို မချစ်ဘဲနေနိုင်မည့် မိန်းကလေးဟူ၍ မရှိနိုင်ပေ။

ကျောက်ရှောင်ယွီ၏ရင်ထဲတွင် ဆယ်ကျော်သက်မိန်းမပျိုလေးတစ်ယောက်လို လိုချင်ဆန္ဒများက တဖြည်းဖြည်းကြီးထွားလာ

လေသည်။ သူမက ပန်းလေးတစ်ပွင့်ကဲ့သို့ လှပစွာပြုံးလိုက်ပြီး သူမနှလုံးသားသည် ရင်ခုန်လွန်းသောကြောင့် ပေါက်ထွက်တော့မတတ်ပင်။

သို့သော်... သူမတီးခတ်နေသည့် ဗျပ်စောင်းသည် ရုတ်တရက်ပင် အက်ကွဲသွားကာ ငွေရောင်ဓားတစ်လက်အဖြစ်သို့ ကူးပြောင်းသွားလေသည်။ သူမသည် တစ်ချက်ပင် တုန့်ဆိုင်းခြင်းမရှိတော့ဘဲ ဆန်းလျန်ကို ဓားဖြင့် ထိုးစိုက်ချလိုက်လေသည်။

ထို့နောက် ...

ကျောက်ရှောင်ယွီ မျက်ဝန်းများကို ဖြည်းဖြည်းချင်း ပြန်ဖွင့်ကြည့်လိုက်လေသည်။ သူမပတ်ဝန်းကျင်တွင် ပွက်ပွက်ဆူနေသည့်ရေကန်တော့မီးဖိုကြီး ရှိမနေတော့ပါ။ ရေများသည်လည်း ပတ်ဝန်းကျင်တစ်ခုလုံးတွင် တည်ငြိမ်နေကြလေသည်။

သူမအနားတွင် ဂိုဏ်းတူအစ်မ ကျိုးလင်ကို မြင်တွေ့လိုက်ရလေသည်။

“နင်သာ ဆန်းလျန်ကို မသတ်ရက်ဘူးဆိုရင် ဒီတိုက်ပွဲမှာ နင် ရှုံးတော့မှာ”

ကျိုးလင်က စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်လေသည်။

ကျောက်ရှောင်ယွီက မတ်တပ်ထရပ်လိုက်ရင်း ခံစားချက်ကင်းမဲ့သည့်လေသံဖြင့်....

“အဲဒါက အတုကြီးဆိုတာ ငါသိသားပဲ ၊ အတုကြီးကို ငါကဘာလို့ စွဲလန်းနေရမှာလဲ ၊ အစ်မ... နင်ကလေ တကယ်တော်တဲ့လူတစ်ယောက်ပါ ၊ ဒါပေမယ့် အစစ်နဲ့အတုကြားက ကွဲပြားခြင်းကို နင်မသိသေးဘူး”

ထို့နောက်...

ကျောက်ရှောင်ယွီက လေထဲတွင် လက်တစ်ဖက်ဝှေ့ယမ်းလိုက်ပြီး ကြာဖြူပန်းတစ်ပွင့်ကိုဖန်ဆင်းလိုက်လေသည်။ထိုကြာဖြူ

ပန်းမှာ ကျောက်ရှောင်ယွီ၏နှလုံးအိမ်မှမွေးဖွားလာသည့် ကြာဖြူပန်းဖြစ်သည့်အတွက် အလှအပကို မပြည့်အဝဖော်ပြနိုင်လေသည်။

ထိုကြာဖြူပန်းပွင့်သည် ကျိုးလင်ဆီသို့ လျှင်မြန်သည့်အရှိန်အဟုန်ဖြင့် ဝင်ရောက်သွားလေသည်။

ကျိုးလင်မှာ သူမထံသို့ဝင်ရောက်လာသည့် ကြာဖြူပန်းကို မြင်နေရသည့်တိုင် ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပေ။

သို့သော် ကြာဖြူပန်းပွင့်သည် တဖြည်းဖြည်းနှေးကွေးသွားပြီး တစ်ပတ်လည်သွားကာ ကျိုးလင်၏မျက်ခုံးနှစ်ခုကြားသို့မရောက်မီ လက်မဝက်ခန့်အလိုတွင် ရပ်တန့်သွားလေသည်။ ရှေ့သို့အနည်းငယ်သာ ရွေ့လျားလာပါက ကျိုးလင်သည် ကျိန်းသေပေါက် အသက်ဆုံးရှုံးရမည် ဖြစ်လေသည်။

ကျိုးလင်သည် ဝမ်းနည်းသွားမိလေသည်။

ပြီးမှ သူမက မကျေမနပ်ဖြင့်ပြောလိုက်သည်။

“နောက်ဆုံးတော့ ငါနင့်ကို ရှုံးရတာပါပဲ...”

ကြာဖြူပြန်းပွင့်သည် လေထဲတွင် ပျောက်ကွယ်သွားပြီး ကျောက်ရှောင်ယွီမှာလည်း ပျောက်ကွယ်သွားလေသည်။

“ဂိုဏ်းတူအစ်မ ၊ ငါတို့နှစ်ယောက်တိုက်ခိုက်ကြတိုင်း အနိုင်အရှုံးဆိုတဲ့အချက်ကို ငါဘယ်တုန်းကမှ မတွေးခဲ့ဖူးပါဘူး”

လေထဲတွင် ကျောက်ရှောင်ယွီ၏အသံက ပျံ့လွင့်ကျန်ရစ်ခဲ့လေသည်။

....

နှစ်လပိုင်း ၊ ဆယ့်ငါးရက်နေ့...။

ဆန်းလျန်သည် ချင်းရှမ်နတ်တံခါးမှ ထွက်ခွာလာပြီး ချင်ပြည်နယ်မြို့တော်ရှိ “ချင်းရှ” ဝတ်ကျောင်းတော်သို့ ရောက်ရှိနေခဲ့လေသည်။

“ချင်းရှဝတ်ကျောင်းတော်”

ထိုတာအိုကျောင်းတော်သည် လွန်ခဲ့သည့်နှစ်များစွာက သူ့ဘဝစတင်ခဲ့ရာနေရာဖြစ်လေသည်။ ဤနေရာတွင်ပင် သေဆုံးသွား

ခဲ့သည့် ဆန်းလျန်အစစ်၏ခန္ဓာကိုယ်ကို ရရှိခဲ့ပြီး ဘဝအသစ်စတင်ခဲ့ရသည့်နေ့လည်း ဖြစ်လေသည်။

သူ့ဘဝတွင် မွေးနေ့သတ်မှတ်မည်ဆိုလျှင် ဤနေ့ကို သတ်မှတ်၍ရလေသည်။

နှစ်များကိုရေတွက်ကြည့်မည်ဆိုလျှင် ဤနေရာမှ သူထွက်ခွာလာသည်မှာ သုံးဆယ့်သုံးနှစ်တိုင်တိုင် ရှိခဲ့ပြီ။

အချိန်သုံးဆယ့်သုံးနှစ်အတွင်းတွင် သူသည် မိုးမြေတစ်ခွင်တွင် အထွတ်ထိပ်အဆင့်ရှိသည့် နတ်ဘုရားတစ်ပါးဖြစ်လာခဲ့သည်။

ကျင့်ကြံသူလောကတွင် ဆန်းလျန်သည် အသက်ငါးဆယ်မပြည့်ခင် နတ်ဘုရားတစ်ပါးဖြစ်လာသည်ဟုသာ သိထားကြလေသည်။ သို့သော်... သူ့အကြောင်းကိုသာ သေသေချာချာစုံစမ်းလေ့လာကြည့်ပါက သူ၏အောင်မြင်မှုကို ယုံကြည်ကြလိမ့်မည်ပင် မဟုတ်ပေ။

သို့သော်... ဆန်းလျန်ကတော့ သူကြုံတွေ့ခဲ့သမျှသည် ယုတ္တိရှိနေသည့်အတွက် ထိတ်လန့်အံ့ဩစရာကိစ္စဟု မခံစားခဲ့ရပါ။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" က သူ၏ဝိညာဉ်ကိုတန်ခိုးစွမ်းအားမြင့်မားစေရန်အတွက် လေ့ကျင့်ပေးလေသည်။

ဆရာသခင်ကျန်းရှော့ရှီးက သူ၏ရုပ်ခန္ဓာနှင့်ပတ်သက်သည့်အားနက်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့ပြီး ဝိညာဉ်မြစ်ထဲတွင်ကျင့်ကြံစေခဲ့သည်။

သူ၏မွေးရာပါဖြစ်သည့် ရိုးရှင်းသည့်တာအိုကျင့်ကြံသူစိတ်ထားက ကျင့်စဉ်လမ်းတစ်လျှောက် ကြုံတွေ့ရသည့်အခက်အခဲများကို ကျော်လွှားနိုင်ရန် ကူညီပေးလေသည်။

သူ့ဘဝတွင် သေလုနီးပါးအခြေအနေများကို အကြိမ်ပေါင်းများစွာကြုံတွေ့ခဲ့ရသည့်တိုင် လွတ်မြောက်ခဲ့သည်ချည်းပင်ဖြစ်လေသည်။

ဆန်းလျန်သည် ယခုရက်များတွင် နေ့တိုင်းလိုလိုပျော်ရွှင်နေခဲ့လေသည်။ သို့သော် သူ၏နက်ရှိုင်းသည့်နှလုံးသားတစ်နေရာတွင်တော့ ကြောက်ရွံ့မှုကိုလည်း ခံစားနေရလေသည်။

အဘယ်ကြောင့်ဆိုသော် မမြင်ရသည့် မျက်ဝန်းတစ်စုံက သူ၏လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်နေသည်ဟု ခံစားရသောကြောင့် ဖြစ်လေသည်။

သူ့ကိုကြည့်နေသူမှာ သူ၏စိတ်ထဲတွင် အမြဲတမ်းပုံဖော်လေ့ရှိသည့် ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့် နတ်ဘုရားများလားဟု သူတွေးနေခဲ့လေသည်။ ထိုမှုလနတ်ဘုရား၏တန်ခိုးစွမ်းအားများမှာ တာအိုဆရာသခင်ကြီးနှင့် ဗောဓိသကျထက်ပင် ကြောက်စရာကောင်းလေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် ခခံတွန်းလှန်နိုင်စွမ်း မရှိခဲ့ပေ။

နေဝင်ချိန်သို့ ရောက်ရှိလာပြီဖြစ်လေသည်။

ထင်းစည်းတစ်စည်းကို ကျောထက်တွင်သယ်ဆောင်ကာ

လမ်းလျှောက်လာသည့် လူတစ်ယောက်ကို ဆန်းလျန်တွေ့မြင်

လိုက်ရသည်။ တဖြည်းဖြည်းနီးကပ်လာသည်နှင့်အမျှ ထိုသူမှာ

သက်လတ်ပိုင်းအရွယ် သစ်ခုတ်သမားတစ်ယောက်

ဖြစ်ကြောင်း သိရှိလိုက်ရသည်။

သစ်ခုတ်သမားသည် ဆန်းလျန်ကိုတွေ့လိုက်ရသည်နှင့်

အနည်းငယ်တုန့်ဆိုင်းနေပြီးမှ...

"ဆန်းသခင်လေးလား..."

ဟု မေးလိုက်လေသည်။

ဆန်းလျန်က သစ်ခုတ်သမားကို ပြုံးပြလိုက်ရင်း...

"အစ်ကိုပိုင်၊ မင်းက ချင်းရှဝတ်ကျောင်းတော်ပတ်ဝန်းကျင်မှာ

ပဲ နေနေတုန်းလား၊ ချင်းရှဝတ်ကျောင်းတော်ကို ပြန်ပြုပြင်

ပေးထားတာလဲ မင်းပဲလား၊ အရမ်းကို ဝမ်းသာပြီး

ကျေးဇူးတင်မိပါတယ်ဗျာ"

သစ်ခုတ်သမားမှာ ယခင်အချိန်များစွာက ဆန်းလျန်၏ သူငယ်ချင်းဖြစ်ခဲ့သူ သူတော်စင်စောရပိုင်ယွိဖေး ဖြစ်လေသည်။ ရဲ့လျိုယွင်ကြောင့် ဒဏ်ရာအပြင်းအထန်ရလာပြီး ဆန်းလျန်၏ "အန်း" တည်းခိုရိပ်သာရှေ့တွင် လဲကျနေသည့် ပိုင်ယွိဖေးကို ဆန်းလျန်က ကယ်တင်ခဲ့ရခြင်းဖြစ်လေသည်။

လွန်ခဲ့သည့် နှစ်များက ဆန်းအိမ်တော်တစ်ခုလုံး ကွက်မျက်သတ်ဖြတ်ခံရသည့်အချိန်တွင် ရော့ရှီလေးကို ကယ်တင်ခဲ့သူမှာလည်း ပိုင်ယွိဖေးပင် ဖြစ်လေသည်။ ထိုအချိန်က သူက တခြားဒေသတစ်ခုသို့ ထွက်ခွာသွားမည်ဟု ပြောခဲ့ဖူးသည်။

ပိုင်ယွိဖေးသည် သာမန်လူသားတစ်ယောက်မျှသာ ဖြစ်လေသည်။ ယနေ့ ဆန်းလျန်နှင့် မထင်မှတ်ဘဲ ပြန်လည်ဆုံတွေ့ရသည့်အချိန်တွင် ပိုင်ယွိဖေးသည် သူ့ကိုယ်သူ ပုရွက်ဆိတ်တစ်ကောင်အလား သိမ်ငယ်စွာ ခံစားလိုက်ရလေသည်။

သို့သော် ဆန်းလျန်ကတော့ သူ့ကို ယခုအချိန်ထိ ရင်းရင်းနှီးနှီး ရှိနေဆဲပင်။

ပိုင်ယွိဖေးကလည်း ဆန်းလျန်ကို အရင်အတိုင်းပင် ခင်မင်နေဆဲ ဖြစ်လေသည်။

"မင်းပြန်လာမယ်လို့ ကျုပ်မထင်ခဲ့မိဘူး ၊ ခုလိုပြန်ဆုံရမယ်လို့လည်း လုံးဝမထင်ခဲ့မိဘူး"

ဆန်းလျန်က သူ၏လက်ချောင်းများကို ချိုးရင်းတွက်ချက်ကြည့်လိုက်သည်။ ထိုသို့တွက်ချက်ကြည့်လိုက်ခြင်းက လွန်ခဲ့သည့်နှစ်များအတွင်း ပိုင်ယွိဖေးအကြောင်းကို ခန့်မှန်းကြည့်နိုင်လေသည်။

"အစ်ကိုပိုင် ၊ မင်း ဒီနှစ်ပိုင်းတွေမှာ ဒီမှာပဲ နေခဲ့တာလား ၊ တခြားဘာကိစ္စတွေများဖြစ်ခဲ့သေးလဲ"

ပိုင်ယွိဖေးက ပျော်ရွှင်စွာရယ်မောလိုက်ရင်း...

“ကျုပ် ဒီကိုပြန်လာတာ သိပ်မကြာသေးဘူး ၊ နှစ်နည်းနည်း လောက်ပဲ ရှိသေးတယ် ၊ ပြီးတော့ တခြားဘာကိစ္စမှ ထွေထွေထူးထူးလည်း မရှိခဲ့ပါဘူး ၊ ဒါနဲ့ ကျုပ်မှာ တောင်ပေါ် ကရလာတဲ့ အရက်တစ်အိုးရှိတယ် ၊ မင်းအားနေတယ်ဆိုရင် ကျုပ်တို့ သောက်ကြမယ်လေ”

ဆန်းလျန်ကလည်းရယ်မောလိုက်ရင်း...

“အစ်ကိုပိုင်မှာ အရက်ကောင်းရှိနေတာကိုး ၊ ကျုပ်မှာတော့ ပြောစရာစကားတွေအများကြီးရှိနေတယ် ၊ အရက်သောက် ရင်း ပြောကြတာပေါ့ဗျာ”

အခန်း (၄၄၅) သစ်ရွက်လေးတွေထက်က မိုးရေစက်လေးတွေ

ဆန်းလျန်၏စကားကြောင့် ပိုင်ယွိဖေးက ကျယ်လောင်စွာ

ရယ်မောလိုက်ရင်း...

“ဒီ့ထက်ကောင်းတဲ့အကြံ မရှိတော့ဘူး"

အသက်အရွယ်ကြီးရင့်လာပြီဖြစ်သည့်အတွက် ပိုင်ယွိ

ဖေးသည် ယခင်ကလောက် တက်ကြွမှု သိပ်မရှိတော့ပေ။

သို့သော် တစ်ချိန်က သိုင်းလောကသားတစ်ယောက်ဖြစ်ခဲ့သည့်

အချက်ကိုတော့ မပြောင်းလဲနိုင်ပေ။ သိုင်းလောကသည်

ခန့်မှန်းရခက်သည့်လောကတစ်ခုဖြစ်သည့်တိုင် သိုင်း

လောကသားများသည် သိုင်းလောသားမှန်လျှင် သိုင်းလောက

ကို မစွန့်ခွာနိုင်ကြပေ။

တစ်ချိန်က သိုင်းလောကတွင်နာမည်တစ်လုံးဖြင့် အောင်မြင်

ကျော်ကြားခဲ့မှုများသည် သိုင်းလောကသားတိုင်း၏ နှလုံးသား

ကို ပီတိဖြစ်စေလေသည်။

ပိုင်ယွိဖေးသည် ထင်းစည်းကို ပခုံးထက်တွင်ထမ်းလိုက်ပြီး ဆန်းလျန်ကို ချင်းရှ၀တ်ကျောင်းတော်အတွင်းသို့ ခေါ်လာလေသည်။ ၀တ်ကျောင်းတော်အတွင်းထဲတွင် အလွန်မှ သန့်ရှင်းသပ်ရပ်နေပြီး ထင်းများကိုလည်း စီစီရီရီဖြင့် သပ်ရပ်စွာ ပုံထားလေသည်။ ၀တ်ကျောင်းတော်ခန်းမအတွင်းရှိ ပရိဘောဂများမှာလည်း ဆန်းလျန် နောက်ဆုံးတစ်ကြိမ်နေထိုင်ခဲ့စဉ်ကအတိုင်းပင် မပြောင်းမလဲ တည်ရှိနေလေသည်။ ပိုင်ယွိဖေးသည် ချင်းရှ၀တ်ကျောင်းတော်ကို အသေးစိတ်ဂရုစိုက်ပြီး ပြုပြင်ထားခဲ့ဟန် ရှိလေသည်။

ပိုင်ယွိဖေးသည် ချင်းရှ၀တ်ကျောင်းတော်ကို အဘယ်ကြောင့် ထိုသို့ ဂရုတစိုက် ပြုပြင်ထားခဲ့ရပါသနည်း။

သူ့စိတ်ထဲတွင် တစ်နေ့သောအခါတွင်တော့ ဆန်းသခင်လေးသည် ချင်းရှ၀တ်ကျောင်းတော်သို့ ကျင့်စဉ်ကျင့်ကြံရန် ပြန်လာလိမ့်မည်ဟု မျှော်လင့်ထားမိလေသည်။ ထိုသို့ ဆန်းသခင်လေး

ပြန်လာသည့်အချိန်တွင် ပျက်စီးနေသည့် ချင်းရှုဝတ်ကျောင်းတော်ကို သူက မတွေ့မြင်စေချင်မိပေ။

သို့သော်... ထိုအကြောင်းများကို ပိုင်ယွိဖေးက ဆန်းလျန် အပါအဝင် မည်သူ့ကိုမှ ပြောကြားခဲ့ခြင်း မရှိပါ။ ထို့ကြောင့် မည်သူကမှလဲ သိရှိခြင်းမရှိပေ။ အမှန်တော့ သူ့ဘဝတွင် အလေးစားဆုံးပုဂ္ဂိုလ်တစ်ယောက်ကို ပြပါဆိုလျှင် ဆန်းလျန်သာ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် သူ့အသက်ကို နှစ်ကြိမ်တိုင်တိုင်ကယ်တင်ခဲ့ပြီး သူ့ဘဝကို ငြိမ်းချမ်းစေခဲ့သူ ဖြစ်လေသည်။

ငြိမ်းချမ်းသည့်ဘဝသည် ကြွယ်ဝချမ်းသာသည့်ဘဝထက် ပိုကောင်းသည်ဟု အချို့သူများက ဆိုကြသည်။

ပိုင်ယွိဖေးသည် စောရတစ်ယောက်ဖြစ်လေသည်။ သူ့အနေဖြင့် လိုသည့်အချိန်တိုင်း ငွေကြေးများကို ခိုးယူ၍ရနိုင်သည်။

သို့သော် ဆန်းလျန်နှင့်မတွေ့ခင်အချိန်က မင်ကျန်းတောင်မှ သခင်လေးရဲ့လျိုယွင်က သူ့ကို လိုက်လံသတ်ဖြတ်နေသည့် အချိန် ဖြစ်လေသည်။

ထိုအချိန်တွင် ဆန်းလျန်က သူ့အသက်ကိုကယ်တင်ပေးပြီး ဘဝသစ်တစ်ခု စတင်စေခဲ့သည်။

ထိုကျေးဇူးကိုဆပ်သည့်အနေဖြင့် ဆန်းလျန် ထွက်ခွာသွားသည့်တိုင် သူက ဆန်းအိမ်တော်ကို နှစ်ပေါင်းများစွာ စောင့်ရှောက်ပေးခဲ့သည်။ နောက်ဆုံး ဆန်းအိမ်တော်တစ်အိမ်လုံး ကွက်မျက်သတ်ဖြတ်ခံရသည့်အချိန်တွင် ကလေးမလေး ရှော့ရှီကို မရရအောင် ကယ်တင်ပေးခဲ့လေသည်။

ဆန်းလျန်က ခန်းမအတွင်းရှိ စားပွဲတစ်လုံးရှေ့တွင် ထိုင်လိုက်သည်။

ပိုင်ယွိဖေးက မီးဖိုချောင်ရှိရာသို့ ခဏဝင်သွားပြီး အရက်အိုးတစ်အိုးနှင့် အမြည်းများယူလာလေသည်။

သူတို့နှစ်ယောက်လုံးသည် တိုင်ပင်နေစရာပင်မလိုပဲ ပြိုင်တူ အရက်သောက်လိုက်ကြသည်။

နှစ်လပိုင်းအချိန်ဖြစ်သော်လည်း တောင်ပေါ်ဒေသဖြစ် သည့်အတွက် မြေပြန့်တွင် ဆယ့်နှစ်လပိုင်းတွင်အေး သလောက် ရာသီဥတုက အေးပြီး စိမ့်နေလေသည်။ နေဝင်သွားသည်နှင့် ဆီးနှင်းမိုးများက တဖွဲဖွဲ ရွာကျလာလေ သည်။

လက်ရှိအချိန်တွင် ဆန်းလျန်၏ ခေါင်းထဲတွင် အရက်သောက် ချင်စိတ် တစ်ခုသာ ရှိလေသည်။ အမြည်းမှာ ပိုင်ယွိဖေးကြော် ထားသော မြေပဲကြော်ဖြစ်ပြီး သူငယ်ချင်းနှစ်ယောက်မှာ အမြည်းဝါးရင်း ၊ အရက်သောက်ရင်း ၊ စကားပြောရင်း ရှိနေ ကြလေသည်။

ပိုင်ယွိဖေးတိုက်သည့်အရက်မှာ သာမန်မျောက်အရက်မျှသာ ဖြစ်သော်လည်း အရသာတော်တော်ကောင်းလေသည်။

မျောက်များက တောထဲမှ သစ်ဥသစ်ဖုများနှင့် သစ်ရွက်များကို အရည်စိမ်ကာကစော်ဖောက်ပြီး သူတို့နည်းသူတို့ဟန်ဖြင့် ပြုလုပ်ထားကြသည့်အရက်ကို မျောက်အရက်ဟုခေါ်ခြင်းဖြစ်လေသည်။

မျောက်များသည် ထိုမျှကောင်းသည့်အရက်ကို ပြုလုပ်နိုင်ခြင်းမှာ အင်မတန်မှ တော်သည်ဟု ဆိုနိုင်လေသည်။

ဆန်းလျန်သည် စားပွဲငယ်လေးဘေးတွင် သူငယ်ချင်းဟောင်းတစ်ယောက်နှင့်အတူတူထိုင်ကာ အရက်သောက်ရင်း အတိတ်မှခံစားချက်များကို ပြန်လည်အောင်းမေ့နေမိလေသည်။

သူက ချင်းရှုဝတ်ကျောင်းတော်မှ စတင်ခဲ့သည့် သူ့ဘဝအကြောင်းများကို ပိုင်ယွိဖေးကို တစ်လုံးမကျန်ပြောပြနေလေသည်။ ထိုအဖြစ်အပျက်များမှာ လွန်ခဲ့သည့် အနှစ်သုံးဆယ်ကျော်က အဖြစ်အပျက်များဖြစ်သည့်တိုင် မနေ့တစ်နေ့က ဖြစ်

ပျက်ခဲ့သည့်အကြောင်းအရာများကဲ့သို့ အသေးစိတ် တစ်ခုမကျန် ပြောပြနေခြင်း ဖြစ်လေသည်။

ပိုင်ယွိဖေးသည် ဆန်းလျန်ပြောသမျှကို အရက်သောက်ရင်း နားထောင်နေလေသည်။

သို့သော် သူသည် ဆန်းလျန်နှင့် သူ၏တာအိုကျင့်စဉ်လမ်း အကြောင်းကို တစ်လုံးမှ နားလည်ခြင်း မရှိပါ။

သူသည် သာမန်လူတစ်ယောက်မျှသာ ဖြစ်လေသည်။

သူ့ဘဝတွင် သဘာဝတရားကို သွန်လိုသွန်မှောက်လိုမှောက် ပြုလုပ်နေကြသည့် ပထမတန်းစားနတ်ဘုရားပုဂ္ဂိုလ်များ အကြောင်းကို တစ်ခါမှ စိတ်ဝင်စားခဲ့ဖူးခြင်းမရှိပေ။

သို့ရာတွင် သူက ဆန်းလျန်ပြောသမျှကို စိတ်ရှည်ရှည်ဖြင့် နားထောင်ပေးနေလေသည်။ နားထောင်နေရင်းဖြင့်ပင် နတ်ဘုရားများနှင့်ပတ်သက်သည့်ကိစ္စများမှာ သူနားမလည်နိုင်

သည့်တိုင် အလွန်မှ အံ့သြဖွယ်ကောင်းသည်ဟု တွေးနေမိလေ
သည်။

ဆန်းလျန်ကတော့....

အရက်တစ်ခွက်သောက်လိုက် သူ့အကြောင်း ဇာတ်လမ်းတစ်
ပုဒ် ပြောပြလိုက်နှင့် ဟုတ်နေလေသည်။

ဆန်းလျန်ကြုံတွေ့ရသည့်အဖြစ်အပျက်များသည် သုံးဆယ့်
သုံးနှစ်အတွင်းကြုံတွေ့ရသည်ဆို၍သာ တော်တော့သည်။ နှစ်
ပေါင်းသုံးရာ့သုံးဆယ်ဆိုလျှင်တော့ ဒုက္ခရောက်နိုင်သည်ဟု ပို
င်ယွိဖေးက တွေးနေလေသည်။

ပိုင်ယွိဖေးက အရက်သောက်ရင်း ဆန်းလျန်ပြောသမျှ
နားထောင်နေပြီး ဆန်းလျန်ကတော့ နွေးထွေးသောအပြုံးကို
ပြုံးရင်း အေးဆေးသည့်လေသံဖြင့် စကားတပြောပြောရှိနေ
လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ဆန်းလျန်နှင့် ပိုင်ယွိဖေးသည် အန်းတည်းခိုရိပ်သာတွင် အရက်မူးအောင် သောက်ခဲ့ကြဖူးသည်။ ထိုသို့အရက်အတူတူသောက်ရခြင်းသည် နောက်ဆုံးအခွင့်အရေးဖြစ်မည်ဟု ပိုင်ယွိဖေးထင်ခဲ့မိသော်လည်း ယခုတော့ ဆန်းလျန်သည် ဒဏ္ဍာရီဆန်ဆန် သူ့ရှေ့သို့ ပြန်ရောက်လာကာ ကောင်းကင်ဘုံနန်းတော်မှ နတ်အရက်ကိုသုံးဆောင်နေရင်း အရက်မူးနေသည့် နတ်ဘုရားတစ်ပါးအလားပင် ဖြစ်လေသည်။

အရက်အိုးထဲမှ အရက်များကုန်သွားသည့်အခါတွင်တော့ ပိုင်ယွိဖေးမှာလည်း စားပွဲပေါ်သို့ မှောက်သွားပြီ ဖြစ်လေသည်။ အပြင်ဘက်တွင် ဆီးနှင်းမိုးများက ရွာသွန်းနေဆဲဖြစ်ပြီး ဆန်းလျန်လည်း သူ၏ဘဝဇာတ်ကြောင်း အကုန်လုံးကို ပိုင်ယွိဖေးကို ဇာတ်စုံခင်းပြီးသွားပြီ ဖြစ်လေသည်။

ပိုင်ယွိဖေးမှာလည်း ဆန်းလျန်ပြောသမျှ တစ်လုံးမကျန်

နားထောင်ပြီးမှ အချိန်ကိုက် မှောက်သွားခြင်း ဖြစ်လေသည်။

ဆန်းလျန် သက်ပြင်းတစ်ချက်ချလိုက်သည်။

နောက်လဆိုလျှင် အလွန်ကြောက်စရာကောင်းသည့် အမှောင်

မိစ္ဆာသခင်နှင့် ရင်ဆိုင်ရတော့မည် ဖြစ်လေသည်။

ပိုင်ယွိဖေးမှောက်သွားသည်နှင့် ဆန်းလျန်က ထိုင်ရာမှထကာ

ဝတ်ကျောင်းတော်အပြင်ဘက်သို့ ထွက်ခွာသွားလေ သည်။

ဆီးနှင်းမိုးများသည် ဆန်းလျန်၏ ဆံပင်များကို ရွှဲရွှဲစိုသွားစေ

လေသည်။

ချင်းရှုဝတ်ကျောင်းတော်ဆီမှ မှိန်ပျပျလင်းနေသည့် မီးခွက်

အရောင်မှလွဲပြီး ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်မိုက်နေ

လေသည်။ မှောက်မိုက်ခြင်းနှင့်အတူ တိတ်ဆိတ်ခြင်းက ကြီး

ဆိုးနေပြီး မိုးနှင့်အတူ ဆီးနှင်းပါကျနေသဖြင့် အေးခဲသွား

မတတ် ရာသီဥတုက အေးစိမ့်နေလေသည်။

ချင်းရှုတောင်ပတ်ဝန်းကျင်တွင် မိုးမြေစွမ်းအားများ

အနည်းငယ်အပြောင်းအလဲ ဖြစ်နေသည်ကို ဆန်းလျန်

သတိပြုလိုက်မိသည်။ နတ်ဘုရားတစ်ပါး၏ တန်ခိုးစွမ်းအား

တစ်ခုကို ဆန်းလျန်ခံစားလိုက်ရပြီး ထိုတန်ခိုးစွမ်းအားသည်

ယင် နှင့် ယန် ဘက်ညီမှုကို အနည်းငယ် အနှောက်အယှက်ပေး

နေလေသည်။

လေပြင်းတစ်ချက် တိုက်ခတ်လာပြီး ဆန်းလျန်၏

ပတ်ဝန်းကျင်မှ သစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားသွားလေ

သည်။

ဆန်းလျန်၏ မြင်ကွင်းအတွင်းသို့ မိန်းမပျိုတစ်ယောက် ဝင်

ရောက်လာလေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ ထပ်မံတွေ့ဆုံ ဖြစ်ကြပြန်လေ

ပြီ။

ဇင်ယောင်တောင်မျက်ခုံး ၊ ချိုမြသည့်အပြုံး ၊ ကြည်လင်တောက်ပသည့်မျက်ဝန်းများဖြင့် သဘာဝဆန်လွန်းသော မိန်းမပျို၏ အလှတရားကို မည်သည့်စကားလုံးဖြင့် ပုံဖော်ပြောဆိုရမှန်းပင် ဆန်းလျန် မသိပေ။

ကျောက်ရှောင်ယွီသည် ယနေ့ညတွင် တစ်မူထူးခြားနေသည်ဟု ဆန်းလျန် ခံစားလိုက်ရလေသည်။ သူမ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ဆန်းလျန်၏ နှလုံးသားသည် အားနည်းသွားသလိုခံစားနေရလေသည်။

"ရှောင်ယွီ ၊ မင်း ဒီလိုလုပ်လိုက်တော့ မင်းနဲ့ မင်းအစ်မကြားကဆက်ဆံရေးက အခြေအနေတွေ ဆိုးကုန်မှာပေါ့"

ဆန်းလျန်က နူးညံ့သည့်လေသံဖြင့် ကျောက်ရှောင်ယွီကို ပြောလိုက်သည်။

ဆန်းလျန်သည် ထုန်ထျန်းတန်ခိုးစွမ်းအားကို ကျင့်ကြံ အောင်မြင်ထားသည့်တိုင်အောင် ကျောက်ရှောင်ယွီနှင့်ဝေးရာသို့ ပြေးပုန်းရန်မှာ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပေ။

“ရှင့်အတွက်ကူညီပေးတာ မဟုတ်ဘူးဆိုရင်တောင်မှ ကျွန်မတို့ ညီအစ်မသံယောဇဉ်က ရေစက်ကုန်ခဲ့တာ ကြာပါပြီ"

ကျောက်ရှောင်ယွီက မပီပြင်သည့် အပြုံးတစ်ပွင့်ကို ပြုံးရင်း ပြောလိုက်လေသည်။

ထိုကဲ့သို့ ရိုးရှင်းသည့်စကားလုံးလေးများကပင် ဆန်းလျန်၏ နှလုံးသားကို ထိခိုက်လှုပ်ရှားသွားစေလေသည်။

ကျောက်ရှောင်ယွီက သူ့ကို ချစ်စကားဆိုလိုက်ခြင်းမဟုတ်သည့်တိုင် ကျောက်ရှောင်ယွီ၏ ချစ်ခြင်းမေတ္တာများကို ဆန်းလျန် ရှောင်ရှားနိုင်ခြင်း မရှိတော့ပါ။

ဆန်းလျန်သည် မည်သည့်စကားမှ ပြန်ပြောနိုင်ခြင်းမရှိတော့ဘဲ ကျောက်ရှောင်ယွီကိုသာ တိတ်ဆိတ်စွာဖြင့်ငေးကြည့်နေခဲ့လေသည်။

ကျောက်ရှောင်ယွီ၏ နူးညံ့သည့် နှုတ်ခမ်းလေးများသည် ဆန်းလျန်၏ နှုတ်ခမ်းများဆီသို့ တိုးကပ်လာလေသည်။ မိုးနှင့်မြေတွင် အသံတိတ်စကားလုံးများ တစ်လုံးချင်း ထွက်ပေါ်လာလေသည်။ ထိုစကားလုံးများမှာ မန္တန်အလင်းချေဖျက်ခြင်းကျမ်းစာမှ စကားလုံးများဖြစ်ပြီး ဆန်းလျန်သည် စာလုံးတစ်လုံးချင်းစီကို မှတ်မိနိုင်ရန် ကြိုးစားလိုက်လေသည်။

မန္တန်အလင်းချေဖျက်ခြင်းကျမ်းသည် ဗုဒ္ဓဘာသာတွင် လူသိများသည့် ကျမ်းစာတစ်ခုဖြစ်ပြီး ဗောဓိသကျကိုယ်တိုင်အတည်ပြုပေးထားခဲ့သည့် နက်နဲသည့် ကျမ်းစာတစ်ခု ဖြစ်လေသည်။

ဆန်းလျန်သည် ကျောက်ရှောင်ယွီကို ငြင်းပယ်နိုင်စွမ်းမရှိတော့ပါ။

သို့သော် ကျောက်ရှောင်ယွီသည် သူ့ကို အလွန်မှ ချစ်မြတ်နိုးသူတစ်ယောက် ဖြစ်သည့်တိုင် သူ့အနားတွင် နေ့ရောညပါ အတူတူပါရမီဖြည့်ပေးနိုင်မည့် မိန်းကလေးမျိုး မဟုတ်သည်ကိုတော့ ဆန်းလျန် ကောင်းစွာနားလည်ထားလေသည်။

နောက်ဆုံးတော့ ကျောက်ရှောင်ယွီသည် ကျောက်ရှောင်ယွီသာ ဖြစ်လေသည်။

ဆန်းလျန်သည် ကဝေမလေးတစ်ယောက်ကဲ့သို့ပြုစားတတ်သည့် နတ်မိမယ်လေးတစ်ပါးနှင့် ရုန်းမထွက်နိုင်စွာ ပတ်သက်ခဲ့မိပြီ ဖြစ်လေသည်။

မိုးရွာနေသည်ကိုပင် ဆန်းလျန် မေ့လျော့သွားခဲ့ရပြီ။

တာအိုကျင့်စဉ်လမ်းဆိုသည်က တစ်ခါတစ်လေလည်း ခံစားချက်ကင်းမဲ့တတ်ပြီး တစ်ခါတစ်လေမှာတော့ ခံစားချက်

ပြင်းထန်တတ်သည်ကို ဆန်းလျှန် ရှင်းလင်းစွာ နားလည်သွားခဲ့ပြီ။

ညသည် ကုန်ဆုံးသွားပြီဖြစ်လေသည်။

နှင်းမိုးများလည်း ဆဲသွားပြီ ဖြစ်ပြီး အရှေ့ဆီမှ နေရောင်ခြည်ထွန်းလင်းလာပြီဖြစ်လေသည်။ ညကရွာသွန်းခဲ့သည့် မိုးရေစက်များကြောင့် သစ်ရွက်လေးများနှင့် မြက်ပင်လေးများထက်တွင် ရေစက်လေးများ တွဲခိုနေကြလေသည်။ ထိုရေစက်လေးများပေါ်သို့ နေရောင်ခြည်ဖြာကျသည့်အခါ အိပ်မက်ဆန်စွာလှပလွန်းလှလေသည်။

ပိုင်ယွိဖေးသည် စားပွဲတွင် မှောက်နေဆဲ ဖြစ်လေသည်။

မျက်လုံးများလည်း မပွင့်သေးပေ။

သို့သော်... ဆန်းလျှန်ကတော့ ထွက်ခွာသွားခဲ့ပြီ ဖြစ်လေသည်။

သူတို့အရက်အတူတူသောက်ခဲ့ကြသည့် စားပွဲငယ်သည် သန့်ရှင်းသပ်ရပ်နေလေသည်။ ထိုစားပွဲထက်တွင် ကဗျာတစ်ပုဒ်ရေးထွင်းထားသည်ကို တွေ့နိုင်လေသည်။

"အရက်ခွက်ကိုကိုင်ရင်း သီချင်းတွေဆို

လူတစ်ယောက်ရဲ့ဘဝဆိုတာ

သစ်ရွက်လေးတွေထက်က မိုးရေစက်လေးတွေလိုပါပဲ...

အတိတ်ကရှည်လျားခဲ့ပေမယ့်...

အနာဂတ်နေ့ရက်တွေကတော့ သိပ်မကျန်တော့ဘူးလေ..."

အခန်း (၄၄၆) အချိန်တွေအကုန်မြန်လိုက်တာ

ပိုင်ယွိဖေးသည် အိပ်ပျော်နေရာမှ နိုးလာသည့်အခါတွင်တော့ စားပွဲထက်မှ ကဗျာလေးကို စိုက်ကြည့်နေမိလေသည်။

ထိုကဗျာလေးကိုဖတ်ရင်း သူ၏စိတ်ထဲတွင် ဝမ်းနည်းခြင်းကို ခံစားလိုက်ရသလို စိတ်သက်သာရာလည်း ရသွားခဲ့လေသည်။

ထိုကဗျာလေးထဲတွင် ဆန်းလျန်၏ အတွေ့အကြုံနှင့် ခံစားချက်များကို မြင်တွေ့နေရလေသည်။

နောက်ဆုံးတော့ နတ်ဘုရားများဆိုသည်ကလည်း လူသားများပင် မဟုတ်ပါလား။ ဘဝသံသရာပင်လယ်ကြောတွင် ရုန်းမထွက်နိုင်ကြဘဲ နစ်မွန်းနေကြဆဲပင် ဖြစ်လေသည်။

ပိုင်ယွိဖေးသည် စားပွဲကို ကောက်မလိုက်လေသည်။ သို့သော် ထိုစားပွဲကို မည်သည့်နေရာသို့ ရွှေ့ထားရမည်ကိုလည်း မသိဖြစ်နေရလေသည်။ နောက်ဆုံးတွင်တော့ မူလနေရာတွင်ပင် ပြန်ချထားလိုက်လေတော့သည်။

သူက ထိုကဗျာလေးကို ဖျက်ပစ်ချင်စိတ်လည်းမရှိသလို

ဂါထာတစ်ပုဒ်လို ရွတ်ဖတ်နေချင်စိတ်လည်း မရှိပေ။

အဘယ်ကြောင့်ဆိုသော် ထိုကဗျာလေးထဲတွင် ဆန်းလျန်၏

ကြေကွဲခြင်းများကို မြင်တွေ့နေရသောကြောင့် ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့....

ပိုင်ယွိဖေးသည် လယ်တောသူမိန်းမပျိုတစ်ယောက်နှင့်

လက်ထပ်ခဲ့ပြီး သားသမီးများစွာ ထွန်းကားခဲ့လေသည်။ သူက

ဆန်းလျန်ပြောပြသည့် ဆန်းလျန်၏ဘဝဇာတ်လမ်းများကို

သူ၏ကလေးများကို ပုံပြင်အဖြစ် ပြန်ပြောပြလေ့ရှိလေသည်။

ထိုပုံပြင်များသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်း

သွားပြီး ဆန်းလျန်သည် ဒဏ္ဍာရီသဖွယ် ထင်ကျန်ရစ်လေ

တော့သည်။

....

ဆီးနှင်းမိုးများရွာသွန်းခြင်းမရှိသည့်တိုင် ကျီဖူတောင်ထိပ်ရှိ

မြင်ကွင်းကတော့ အလွန်မှ ထူးခြားစွာ လှပလွန်းလေသည်။

နှင်းပွင့်လေးများက အနည်းငယ်ကျဆင်းနေပြီး ပန်းများက လှပစွာ ပွင့်လန်းနေကြလေသည်။ ကျီဖူတောင်ထိပ်တွင် ယင် နှင့် ယန်သည် သဟဇာတဖြစ်လျှက်ရှိလေသည်။

ချင်းရှဝတ်ကျောင်းတော်မှ ပြန်လာသည့် ဆန်းလျန်သည် ကျီဖူ တောင်ထိပ်မှ လှပသည့်ရှုခင်းကို ငေးကြည့်နေမိလေသည်။

ဆန်းလျန်မှမဟုတ် ၊ ထိုရှုခင်းကို ချင်းရွှမ်နတ်တံခါးမှ လူများ အားလုံး ငေးမောကြည့်ကြရသည်ချည်းပင် ဖြစ်သည်။

ကျီဖူတောင်ထိပ်တွင် ကျိုလင်နတ်သမီးသည် တရားထိုင်နေ လေသည်။

ချင်းရွှမ်နတ်တံခါးမှ ဆရာသခင်များက ကျိုလင်နတ်သမီး၏ ယင် နှင့် ယန်ကို သဟဇာတဖြစ်စေသည့်တန်ခိုးစွမ်းအား ကြောင့် ကျီဖူတောင်ထိပ်သည် ထိုမျှလှပနေရသည်ဟု ခန့်မှန်း ပြောဆိုလေ့ ရှိကြလေသည်။

ဆန်းလျှန်၏ စိတ်များက လွတ်လပ်ပေါ့ပေါ်းနေပြီး လောက
တွင် သူ့အတွက် စိတ်ပူစရာ ဘာမှ မရှိတော့သလို ခံစားနေရ
လေသည်။ အရက်သောက်ရင်း သူ့အကြောင်းများအားလုံးကို
သူငယ်ချင်းဖြစ်သူထံ ရင်ဖွင့်လိုက်ရသောကြောင့်လည်း ဖြစ်
ဟန်တူလေသည်။

ယန်ရှီးနှင့် တိုက်ခိုက်သည့်အခါ သူ့စိတ်သည် ကြည်လင်နေဖို့
လိုလေသည်။ သူအနိုင်ရမည်လား ၊ ရှုံးနိမ့်မည်လား မည်သူမျှ
မခန့်မှန်းနိုင်ပေ။ သို့သော် တိုက်ပွဲကတော့ အံ့သြတုန်လှုပ်စရာ
တိုက်ပွဲတစ်ခုဖြစ်မည်မှာ သေချာလေသည်။ ထို့ပြင် ထိုတိုက်ပွဲ
သည် သူ့ဘဝတွင် စိတ်လှုပ်ရှားစရာအကောင်းဆုံး တိုက်ပွဲတစ်
ပွဲ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ယန်ရှီးသည် သူနှင့်
လက်ရည်ညီသည့် ပြိုင်ဘက်တစ်ယောက် ဖြစ်သောကြောင့်
ပင်။

ချန်ပေသိုနှင့်တိုက်ပွဲသည် သူတို့နှစ်ယောက်လုံးအတွက် အရှုံးဖြစ်ခဲ့လေသည်။ သို့သော် ဆန်းလျန်က ရွေးခြယ်စရာမရှိသောကြောင့်သာ ချန်ပေသိုနှင့် တိုက်ခိုက်ခဲ့ရခြင်း ဖြစ်ပြီး ဆန်းလျန်၏ဓားသိုင်းစွမ်းရည်သည် ချန်ပေသိုလောက် ကောင်းမွန်ခြင်း မရှိပေ။

ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့် မူလနတ်ဘုရား၏ အကူအညီသာမရခဲ့လျှင် သူသည် တာအိုနှင့်လည်း တစ်သားတည်းကျအောင် ပြုလုပ်နိုင်ခြင်းမရှိသည့်အပြင် ချန်ပေသိုကိုလည်း မရှုမလှရှုံးကာ အသက်ဆုံးရမည် ဖြစ်လေသည်။

သို့သော်... ယန်ရှီးနှင့်ကတော့ ထိုသို့ မဟုတ်ပေ။ ယန်ရှီးနှင့် ဆန်းလျန်မှာ လက်ရည်တူသူနှစ်ယောက်ဖြစ်လေသည်။

ဆန်းလျန်သည် ဝိညာဉ်မြစ်ရေထက်မှ ဖြတ်ကျော်ကာ ကျီဖူတောင်ထိပ်ရှိ ချိုင့်ဝှမ်တစ်ခုဆီသို့ ရောက်ရှိလာလေသည်။

သူက ကျီဖူတောင်ထိပ်ရှိ သစ်ပင်များမှ သစ်ကိုင်းများကို ကိုင်လှုပ်ဆော့ကစားရင်း ၊ သစ်ရွက်ကြွေများကိုငေးကြည့်ရင်း လမ်းလျှောက်လာလေသည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင်ဆီမှ မိုးမခပင်များမှ ကြွေကျလာသည့် မိုးမခရွက်များသည် ချိုင့်ဝှမ်းလေးအတွင်းမှ စမ်းချောင်းလေးထက်သို့ ကျဆင်းလာပြီး စမ်းချောင်းလေးသည် နေရောင်ခြည်အောက်တွင် ငွေရောင်တောက်ပနေလေသည်။

ထိုရှုခင်းသည် ဆန်းလျန်ကို ရင်သပ်ရှုမော အံ့သြစေသည်။ ဆရာဘွားဘွားကျိုလင်သည် ခရမ်းနုရောင်ပိုးသားပျော့ပျော့ဝတ်စုံလေးကို ဝတ်ဆင်ထားလေသည်။ သူမ၏အလှတရားသည် ကောင်းကင်ထက်တွင် လွင့်မျောနေသည့် ခရမ်းရောင်တိမ်တစ်စနှင့် ဆင်တူလေသည်။ ခါးထိရှည်လျားသည့် သူမ၏လှပလွန်းသည့်ဆံနွယ်များနှင့် ကျောက်စိမ်းသားကဲ့သို့

နူးညံ့လွန်းသည့်အသားအရေကိုပိုင်ဆိုင်ထားသည့် ကျိုလင်

နတ်သမီး၏ အလှတရားသည် ကမ္ဘာ့ထိပ်တန်းအလှတရားတစ်

ခုထက်ပင် သာလွန်လေသည်။

ကျိုလင်နတ်သမီးသည် အလွန်မှ ချောမောလှပလွန်း

သည့်အတွက်ဆန်းလျန်သာ သာမန်လူတစ်ယောက်ဆိုလျှင် ကျို

လင်နတ်သမီးကို မော်ဖူးဝံ့မည်ပင် မဟုတ်ပေ။

ကျိုလင်နတ်သမီးသည် ဆီးနှင်းကဲ့သို့ ဖြူစင်သည့် စက္ကူတစ်

ရွက်ပေါ်တွင် စုတ်တံကိုကိုင်ကာ ပန်းချီဆွဲနေလေသည်။ စက္ကူ

ထက်တွင် ငါးတစ်ကောင်ပုံရှိနေပြီး အလွန်မှ အသက်ဝင်လှ

သည်။ ထိုငါးသည် ဖော်ပြခြင်းငှာမစွမ်းသာသည့် တာအိုကာရံ

နှင့်အတူ စီးဆင်းသွားတော့မည့်အလား ထင်မှတ်ရလေသည်။

နောက်ဆုံးစုတ်ချက်ရေးဆွဲပြီးချိန်တွင်တော့ ကျိုလင်နတ်သမီး

သည် သူမဘေးနားတွင် ဆန်းလျန်ကို မြင်တွေ့လိုက်ရလေ

သည်။ သူမသည် အိပ်မက်မှာ နိုးထလာသူတစ်ယောက်ပမာ ခံစားလိုက်ရသည်။

ဆန်းလျန်သည် ဆရာဘွားဘွားရေးဆွဲနေသည့် ထိုက်ချိယင်ယန်ပန်းချီကားကို တိတ်တဆိတ်ကြည့်နေရင်း သူ၏စိတ်များသည် ငြိမ်သက်ခြင်းနှင့် စိတ်လှုပ်ရှားခြင်းကို တစ်ပြိုင်တည်းခံစားနေရလေသည်။

ယန် နှင့် ယန် ငါးလေးသည် တာအိုကာရံနှင့်အတူ စီးမျောရင်း မိုးနှင့်မြေကြားတွင် အဆက်မပြတ်စီးဆင်းနေရာမှာ သဘာဝပင်လယ်အတွင်းသို့ ဆက်လက်စီးမျောသွားလေသည်။

ထို့ပြင် ထိုပန်းချီကား၏ ဘေးတွင် စာကြောင်းတစ်ကြောင်း ရေးထားလေသည်။

"လင်ထိုင်ဖန်းကျွမ်းစန်း ၊ ရှယ်ယွဲ့စန်းရှင်းသုန့်"

အဓိပ္ပါယ်မှာ...

"လင်ထိုင်ဖန်းကျွမ်းတောင် ၊ လဝင်ချိန် ၊ ကြယ်သုံးပွင့်ဂူ"

ထိုစာကြောင်းကို ဆန်းလျှန်လည်း ရေးသားခဲ့ဖူးလေသည်။

ထို့ကြောင့် ဆန်းလျှန်သည် ပန်းချီကား၏အဓိပ္ပါယ်ကို

ချက်ချင်းပင် ရင်းနှီးသွားသလို ခံစားလိုက်ရတော့သည်။

အတန်ကြာတိတ်ဆိတ်နေပြီးမှ ဆန်းလျှန်က စကားစပြောလိုက်

သည်။

“ဆရာဘွားဘွားက ကျင့်စဉ်လမ်းတစ်ခုတည်းကိုပဲ အာရုံစိုက်

တယ်၊ တခြားပြင်ပကျင့်စဉ်တွေကို စိတ်မဝင်စားဘူးဆိုတာ

လူတိုင်းသိကြပါတယ်၊ ဒါပေမယ့် သူတို့မသိတာက တာအို

မဟာလမ်းစဉ်ဟာ အစနဲ့အဆုံး တစ်ခုတည်းပဲ ဆိုတာကိုပေါ့၊

တစ်ခုဖြစ်ဖြစ် နှစ်ခုဖြစ်ဖြစ် သုံးခုဖြစ်ဖြစ် အားလုံးက

အတုအယောင်တွေပဲ၊ နောက်ဆုံးမှာတော့ အားလုံးဟာ တစ်ခု

တည်းအဖြစ် ပေါင်းစည်းသွားကြတယ်၊ ကြည့်ရတာ ဆရာ

ဘွားဘွား ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်တစ်ခုလုံးကို

အောင်မြင်ဖို့ သိပ်မလိုတော့ဘူးမဟုတ်လား”

ကျိုလင်နတ်သမီးရေးဆွဲထားသည့် ထိုက်ချိယင်ယန်ပန်းချီကား မှာ ထိုက်စန့်နတ်ဘုရားဂိုဏ်းမှ ထိုက်ချိပန်းချီကားကို တုပ ပြီးေ ရးဆွဲထားခြင်းဖြစ်လေသည်။ သို့သော် ကျိုလင် နတ်သမီး၏ ထူးချွန်မှုကြောင့် ထိုက်စန့်တာအိုဆရာသခင် ချန် ထားခဲ့သည့် တရားအဓိပ္ပါယ်ကို ကျိုလင်နတ်သမီး၏ ပန်းချီ ကားထဲတွင် အကန့်အသတ်မရှိ တွေ့မြင်နိုင်လေသည်။ ဆန်းလျန်သည်လည်း ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်နှင့် ပတ်သက်ပြီး ကျင့်စဉ်လမ်းတစ်လျှောက် အတွေ့အကြုံများစွာ ရခဲ့သော်လည်း ဆရာဘွားဘွားကိုတော့ မီနိုင်ဦးမည် မထင် ပေ။

ကျိုလင်နတ်သမီးက ပြုံးလိုက်ရင်း...

"ငါ့မှာ မင်းကို ဘာမှလည်း သင်ကြားမပေးလိုက်ရဘူး ၊ မင်းက ဆရာဘွားဘွားလို့ခေါ်တာကိုတောင် မခံယူထိုက်ပါဘူး"

ဆန်းလျှန်သည် ထိုအပြောများကြောင့် ဆရာဘွားဘွားကို မလေးစားဘဲ မနေနိုင်တော့ပေ။ သူ့စိတ်ထဲတွင်လည်း နောင်တရသွားမိလေသည်။ ဆရာဘွားဘွားရေးဆွဲထားသည့် ပန်းချီကားကို ကြည့်ခြင်းအားဖြင့် သူမသည် အချိန်မရွေးလောကကို ကျော်လွန်သွားနိုင်မည့် နတ်ဘုရားတစ်ပါဖြစ်နေလေပြီ။ သူမသည် ဆရာဘိုးဘိုးယွမ်ချင်း ၊ ဆရာဘွားဘွားလီချင်းဆွေတို့၏ ခြေရာကို ကျိန်းသေနင်းနိုင်မည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သူမသည် လောကီရေးရာများထဲတွင် အချိန်ဖြုန်းတီးမည့်အစား လောကကို ကျော်လွန်သွားသည့် နတ်ဘုရားတစ်ပါး ဖြစ်လာပေတော့မည်။

အမှန်တော့ ရှန်စန်းကျန်းရန် လုကျိုးယွမ်သည် မိုးနှင့်မြေတွင် အခြားသော နတ်ဘုရားများနှင့် မတူသည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သူသည် လောကကို ကျော်လွန်၍ရနေသည့်

တိုင် ထိုလမ်းကို မလျှောက်လှမ်းခဲ့ဘဲ လူ့လောကတွင်သာ

နေထိုင်ရန် ရွေးခြယ်ခဲ့သည်။

ထိုသူသည် ယခုတော့ နဂါးငွေ့တန်းကို ဖြတ်ကျော်ကာ

စကြာဝဠာထဲတွင် ခရီးလှည့်လည်နေလေသည်။ သူ မည်သည့်

နေရာသို့ ရောက်နေသည်လဲ ဆိုသည်ကို မည်သူမှ မသိနိုင်ပေ။

သူသာရှိနေပါက ဆန်းလျန်နှင့် ယန်ရှီးကို ကျင့်ကြံသူလောက

တွင် အစိကကျသည့်သူများဟု မည်သူကမှ မှတ်ယူလိမ့်မည်

မဟုတ်ပေ။

“ဆရာဘွားဘွား ၊ ဒီလောကမှာ ဆရာဘွားဘွားက အကြာကြီး

နေဦးမှာ မဟုတ်လား ၊ ဒါပေမယ့် ဆရာဘွားဘွားသိမြင်ချင်

တာတွေကို ဆက်ပြီးရှာဖွေချင်လို့ လောကကို ကျော်လွန်သွား

မယ်ဆိုရင်လည်း ကျွန်တော် ဘယ်လိုလုပ်တားဆီးနိုင်မှာလဲ ၊

အဲဒီလိုမျိုး မဖြစ်စေချင်သေးဘူးဆိုပေမယ့် တစ်ချိန်မှာတော့

ဆုံးဖြတ်ချက်ချရမှာပဲ မဟုတ်လား”

ကျိုလင်နတ်သမီးကပြိုးလိုက်ရင်း…

“လျန်လေး ၊ လောကမှာ ကံကောင်းလို့ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်သွားတဲ့သူ ဘယ်သူမှ မရှိဘူး ၊ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို အောင်မြင်သွားတဲ့သူတိုင်းဟာ ဆရာဘွားဘွားလီချင်းဆွေရဲ့ လေးစားမှုကို ကျိန်းသေခံယူကြ ရလိမ့်မယ် ၊ လောကမှာ အမှောင်ထဲမှာ ရုန်းကန်နေကြရတဲ့ သတ္တဝါတွေမှ အများကြီးပဲ ၊ အဲဒီလို မရေမတွက်နိုင်တဲ့ သတ္တဝါတွေနဲ့ယှဉ်လိုက်ရင် ငါတို့ရင်ဆိုင်ကြရတဲ့ ဒုက္ခဆိုတာ ဘာမှမဟုတ်တော့ပါဘူး ၊ ဒုက္ခတရားကြောင့် ဘယ်လောက်ပဲ မျှော်လင့်ချက်မဲ့နေပါစေ အဲဒီဒုက္ခဟာ ငါတို့အတွက်တော့ စမ်းသပ်မှုပါပဲ”

“ပြီးတော့ ငါတို့ရင်ထဲက တာအိုစိတ်ထားကြောင့် အဲဒီဒုက္ခ တရားတွေဟာ ငါတို့ကို ကူရာကယ်ရာမဲ့တဲ့ အခြေအနေထိ ဘယ်တော့မှ တွန်းမပို့နိုင်ဘူး ၊ ဒါပေမယ့် ဒုက္ခကို ဒုက္ခလို့

လက်ခံလိုက်နိုင်ရန် ကျင့်စဉ်လမ်းမှာ တောက်ပတဲ့အနာဂတ်ကို ပိုင်ဆိုင်ရမှာပါပဲ။ ဒါကြောင့်လည်း မင်းကို ယန်ရှီးက မတားဆီးနိုင်ခဲ့တာပေါ့။ ဒါကြောင့်ပဲ မင်းဟာ ယန်ရှီးကို အနိုင်ရအောင် တိုက်ခိုက်နိုင်မှာပါ။ ဆရာဘွားဘွားလုပ်ပေးနိုင်တာဆိုလို့ ဒီတိုက်ပွဲမှာ မင်းကို အနိုင်ရအောင် လမ်းပြပေးနိုင်တာတစ်ခုပဲရှိတယ် လျန်လေး…”

ဆန်းလျန်က ဆရာဘွားဘွားကို ဦးညွှတ်ဂါရဝပြုလိုက်ရင်း…

“ဆရာဘွားဘွားသင်ပြပေးလို့ လျန်လေး စိတ်ထဲ ရှင်းလင်းသွားပါပြီ။ လျန်လေးအားမခံပါတယ်။ ဆရာသခင်ကျန်းရှော့ရှီးအတွက်၊ ဆရာသခင်ပိယွင်နတ်သမီးအတွက်၊ ကျွန်တော်နဲ့တစ်ခါမှ မဆုံလိုက်ရဘဲ ယန်ရှီးကြောင့်သေဆုံးသွားခဲ့ကြရတဲ့ ချင်းရွှမ်က ဆရာသခင်တွေနဲ့ ဂိုဏ်းတူမောင်နှမတွေအားလုံးအတွက် အဲဒီယန်ရှီးကို လျန်လေး လက်စားချေပေးပါ့မယ်။

လက်စားမချေနိုင်ခဲ့ရင် လျန်လေး ဘယ်တော့မှ လူပြန်မဝင်စား နိုင်ဘဲ ငရဲခြောက်ထပ်မှာမလွတ်ဘဲ ခံစားရပါစေ”

အခန်း (၄၄၇) မထင်မှတ်စွာ ရုတ်တရက်ထွက်ခွာ

ဆန်းလျန်၏ ကတိစကားကိုကြားသည့်တိုင် ကျိုလင်နတ်သမီး က မည်သည့်စကာမှ ပြန်မဆိုပါ။ သူမက ပန်းချီကားကို ဆက် ဆွဲနေလေသည်။ ထို့နောက် သူမက အင်္ကျီလက်အတွင်းမှ ပန်းချီကားတစ်ချပ်ကို ထုတ်ယူလိုက်ပြီး သူမရေးဆွဲနေသည့် ပန်းချီကားနှင့်အတူတူလိပ်လိုက်ကာ ပန်းချီကားနှစ်ချပ်လုံးကို ဆန်းလျန်ထံသို့ ပေးလိုက်လေသည်။

ထို့နောက် ကျိုလင်နတ်သမီးက သူမ၏ခါးတွင်ချိတ်ထားသည့် ခရမ်းရောင်ခေါင်းလောင်းလေးကို ဖြုတ်ယူလိုက်သည်။ ခေါင်းလောင်းလေးထံမှ သာယာသည့် ခေါင်းလောင်းသံများ ထွက်ပေါ်လာလေသည်။ ထိုခေါင်းလောင်းသံသည် ဆန်းလျန်၏နှလုံးသားအတွင်းသို့ စီးဆင်းသွားပြီး ပျော်ရွှင်မှုကို ခံစားလိုက်ရသည်။

ဆန်းလျန်သည် ကျိုလင်နတ်သမီးလုပ်သမျှကို အလေးထားစောင့်ကြည့်နေမိလေသည်။ ထိုခေါင်းလောင်းလေးမှာ မှော်ဝင်ပစ္စည်းတစ်ခုဖြစ်ပြီး အကန့်အသတ်မဲ့စွမ်းအားများဖြင့်ပြည့်နေသည်ကို ဆန်းလျန်သိလေသည်။ တိုက်ပွဲတစ်ခုအတွင်းတွင် ဆရာဘွားဘွားသာ ထိုမှော်ဝင်ခေါင်းလောင်းလေးကို အသုံးပြုမည်ဆိုပါက မည်သူမျှ ပြန်လည်ခုခံတိုက်ခိုက်နိုင်မည် မဟုတ်ပေ။

ခေါင်းလောင်းလေး၏ပုံသဏ္ဍာန်က သာမန်မျှသာဖြစ်ပြီး မည်သည့်ထူးခြားချက်မှ မရှိပါ။ သို့သော် ခေါင်းလေင်းလေးထက်တွင်ရေးဆွဲထားသည့် ပန်းချီများက ထူးခြားလေသည်။

ခေါင်းလောင်းလေးထက်တွင် စီးဆင်းနေသည့် ရေများ၏ပုံသဏ္ဍာန်ကိုရေးဆွဲထားပြီး ထိုပုံသည် ထျန်းချိန်ကာရံညီမှုနှင့် ပြည့်နက်နေလေသည်။

ဆန်းလျန်ကတော့ ခေါင်းလောင်းလေးထက်မှ စီးဆင်းနေသည့်ရေပုံသဏ္ဍာန်သည် ဆရာဘွားဘွားရေးဆွဲထားသည့် ထိုက်ချိယင်ယန်ပန်းချီကားထဲမှ စီးဆင်းနေသည့်ရေပုံသဏ္ဍာန်နှင့်ဆင်တူသည်ကို သတိပြုလိုက်မိလေသည်။ ထိုရေစီးဆင်းမှုများသည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ တန်ခိုးစွမ်းအားပြောင်းလဲတိုးတက်မှုများကို ရေးသားထားခြင်း ဖြစ်လေသည်။

"ဒီခေါင်းလောင်းလေးက ငါနဲ့အတူ အမြဲတမ်းရှိနေခဲ့တာ နှစ်ပေါင်းကြာလှပါပြီ ၊ အခုတော့ ငါ့အတွက် မလိုအပ်တော့ဘူး ၊ ချိုင်ဝေ့ကို မင်းပဲ ပေးလိုက်ပါ"

ဆန်းလျန်က ခေါင်းလောင်းလေးကို လေးလေးစားစားဖြင့် လှမ်းယူလိုက်သည်။ ခေါင်းလောင်းလေးသည် လုံးဝ အလေးချိန်မရှိဘဲ သူ့လက်ထဲတွင် ပေါ့ပါးနေလေသည်။

"ဆရာဘွားဘွား ၊ အစ်မနဲ့ သွားမတွေ့တော့ဘူးလား"

"ချိုင်ဝေ့က လိမ္မာတဲ့ကလေးပါ ၊ နောင်တစ်ချိန်ကျရင်တော့ သူနဲ့ ပြန်ဆုံချင်ဆုံကြဦးမှာပေါ့ ၊ အခုတော့ သွားမတွေ့တော့ဘူး ၊ လျန်လေး... ငါပြောတာ မင်းနားလည်တယ်မဟုတ်လား"

ဆန်းလျန်သည် ဆရာဘွားဘွားကျိုလင်ကို အမြဲတမ်းနားလည်ခဲ့သူ ဖြစ်လေသည်။

ဂိုဏ်းတူအစ်မ ကူးချိုင်ဝေ့သည် နတ်ဘုရားတစ်ပါးဖြစ်လာရန် အတွက် မျှော်လင့်ချက်လုံးဝ ရှိသူတစ်ယောက် မဟုတ်ပေ။

သို့သော်… ဆရာဘွားဘွားကတော့ သူမအပေါ်တွင် မျှော်လင့်ချက်အပြည့်ထားကြောင်း သက်သေပြခဲ့သည်။ ထို့ကြောင့် သူမတန်ဖိုးထားရသည့် မော်ဝင်ပစ္စည်းလေးကို ကူးချိုင်ဝေ့ကိုပေးရန်အတွက် ဆန်းလျန်ကို မှာကြားခဲ့ခြင်း ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်နားလည်လိုက်သည်မှာ ဆရာဘွားဘွားသည် သူနှင့် အစ်မကူးချိုင်ဝေ့အပေါ်တွင် တန်းတူညီမျှ မေတ္တာစေတနာ ထားသည်ဆိုသည့်အချက်ပင် ဖြစ်လေသည်။ တပည့်များ၏အရည်အချင်းကိုမကြည့်ဘဲ တပည့်များအပေါ်တွင် တူညီသည့်စိတ်ထားဖြင့် ဂရုစိုက်တတ်သူ ဖြစ်လေသည်။

ဆန်းလျန်သည် ဆရာဘွားဘွား၏ လုပ်ရပ်များအတွက် မည်သို့ကျေးဇူးတင်ရမှန်းမသိတော့သလို ကျေးဇူးပြန်ဆပ်ရန်လည်း လက်ရှိအချိန်တွင် မလုပ်ဆောင်နိုင်သေးပေ။

“လျှန်လေး နားလည်ပါပြီ…”

သူက ဆရာဘွားဘွားကို တိုးလျှစွာဖြင့် စကားပြန်ပြောလိုက်သည်။

ကျိုလင်နတ်သမီးက ဆန်းလျှန်ကို ပြုံး၍ကြည့်နေလေသည်။

သူမ၏ခန္ဓာကိုယ်သည် မြူခိုးများကဲ့သို့ ဝေဝါးသွားပြီး ကောင်းကင်ထက်ရှိလေထုထဲတွင် အစိမ်းရောင်နှင့် ခရမ်းရောင် အလင်းတန်းနှစ်ခုကို တွေ့မြင်လိုက်ရလေသည်။

အလင်းတန်းနှစ်ခုသည် တဟုန်ထိုးစီးဆင်းသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးသည် ပြင်းထန်လွန်းသည့် တန်ခိုးစွမ်းအား ရိုက်ခတ်မှုများကြောင့် တုန်လှုပ်သွားရလေသည်။

အစိမ်းရောင်နှင့် ခရမ်းရောင်အလင်းတန်းနှစ်ခုသည် ကောင်းကင်ထက်တွင် ဆယ့်ငါးမိနစ်ခန့်လှည့်ပတ်နေခဲ့လေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ဝိညာဉ်စွမ်းအားဖိအားများ မြင့်မားလာပြီး ချင်းရွှမ်နတ်တံခါးမှ ဆရာသခင်များနှင့်

တပည့်များမှာ ဆက်လက်ကျင့်ကြံခြင်းများမပြုလုပ်နိုင်တော့ပေ။

ကျီဖူတောင်ထိပ်တွင် ထူးဆန်းသည့် နိမိတ်လက္ခဏာများ ထင်ဟပ်လာလေသည်။

တောက်ပနေသည့် ကြယ်စင်များ…

တရှိန်ထိုးစီးဆင်းနေသည့် စမ်းရေ…

စကြာဝဠာအမှောင်ထု…

ဆရာဘွားဘွားသည် အနေးနှင့်အမြန် လောကကိုကျော်လွန်သွားတော့မည်ကို ဆန်းလျန် သိနေပြီးသားဖြစ်လေသည်။

သို့သော် ယခုကဲ့သို့ ရုတ်တရက်ကြီးထွက်ခွာသွားလိမ့်မည်ဟုတော့ ထင်မှတ်မထားခဲ့မိပေ။ အရာအားလုံးသည် အလွန်လျှင်မြန်စွာ ဖြစ်ပျက်သွားခဲ့လေပြီ။

တစ်ခါတစ်ရံတွင်…

ဘဝတွင် ချစ်ခင်မြတ်နိုးသူများနှင့် ခွဲခွာရခြင်းများသည် ကြိုတင်ပြင်ဆင်ချိန်ပင်မရှိဘဲ ရုတ်တရက်ကြုံတွေ့ရတတ်လေသည်။

လောကတွင် မည်သည့်အရာမှ ခန့်မှန်း၍မရနိုင်ကြောင်းနှင့် ကြိုတင်မျှော်လင့်၍လည်း မဖြစ်နိုင်ကြောင်းကို ဆရာဘွားဘွားက ရုတ်တရက်ခွဲခွာသွားခြင်းဖြင့် ဆန်းလျန်ကို သင်ကြားပေးခဲ့သည်။

ဆန်းလျန်ရင်ထဲတွင် ဖော်မပြနိုင်သည့်ခံစားချက်များနှင့် ပြည့်နေပြီး ကောင်းကင်ထက်မှ အလင်းတန်းနှစ်ခု ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိလေသည်။

ထို့နောက်တွင်တော့...

ဆန်းလျန် ကျီဖူတောင်ထိပ်မှ ဆင်းလာခဲ့သည်။

ဂိုဏ်းတူအစ်မကူးချိုင်ဝေ့သည် တောင်ခြေရှိ ဝိညာဉ်မြစ်ကမ်းနံဘေးတွင် သူ့ကိုစောင့်နေလေသည်။

ဆန်းလျန်က အစ်မဖြစ်သူ၏ လက်လေးကို အသာကိုင်

လိုက်ကာ ခရမ်းရောင်ခေါင်းလောင်းလေးကို သူမလက်

အတွင်းသို့ ထည့်ပေးလိုက်လေသည်။

သို့သော် စကားတစ်ခွန်းမှ မဆိုမိပေ။

လင်ထိုင်တာအိုပြိုင်ပွဲက နီးကပ်လာနေပြီ ဖြစ်လေသည်။

………………………………

ရေသည် သက်ရှိများ၏ မူလအစဖြစ်လေသည်။

ကမ္ဘာဦးတည်စကပင် ပင်လယ်သမုဒ္ဒရာများက တည်ရှိနေပြီး

လူသားများ၏ သမိုင်းကြောင်းတစ်လျှောက် ရေနှင့်

ကင်းလွတ်သည်ဟူ၍ မရှိစကောင်းပေ။

ပင်လယ်ပြင်သည် ငြိမ်သက်နေသည့်အချိန်တွင်တော့ အပြာ

ရောင်ပိုးသားစတစ်စနှင့် ဆင်တူလေသည်။ အဆုံးမဲ့လှပမှုနှင့်

နူးညံ့မှုကိုတိတ်တဆိတ်ဖော်ပြနေသယောင် ထင်ရသည်။

လေပြင်းမုန်တိုင်းတိုက်ခတ်သည့်အချိန်တွင်တော့ ပင်လယ်ပြင်သည် အလွန်ပြင်းထန်ပြီး ကောင်းကင်ကိုပင်ဖယ်ရှားပစ်တော့မည့် မိစ္ဆာတစ်ကောင်အလား ထင်မှတ်ရလေသည်။

ယခုတော့ ကောင်းကင်ထက်တွင် အနက်ရောင်တိမ်တိုက်များဖြင့် ပြည့်နေလေသည်။ မုန်တိုင်းကျတော့မည့် လက္ခဏာပင်ဖြစ်လေသည်။ ဆန်းလျန်က ကောင်းကင်ထက်သို့ မော့ကြည့်လိုက်သည်။ ကောင်းကင်ထက်တွင် ဦးချိုနှစ်ခုပါရှိသည့်နဂါးခေါင်းကြီးတစ်ခုကို မြင်တွေ့လိုက်ရသည်။

လေပြင်းများက တိုက်ခတ်နေပြီး မြင့်မားသောလှိုင်းတံပိုးကြီးများကလည်း မြို့တံတိုင်းကြီးတစ်ခုအလား ထင်မှတ်ရလေသည်။ သို့သော် လှိုင်းတံပိုးများသည် ဆန်းလျန်၏ အကျီစကိုထိမိသည်နှင့် ဆန်းလျန်ကို မထိခိုက်မိအောင် ရှောင်ကွင်းသွားကြလေသည်။

နဂါးကြီးထံမှ အလွန်မာနကြီးသည် ဟိန်းသံကြီး ထွက်ပေါ်လာလေသည်။

ပင်လယ်ရေလှိုင်းများသည် နိမ့်လိုက်မြင့်လိုက်ဖြစ်နေပြီး ရိုးရှင်းသည့် သဘာဝအလှတရားသည် စာဖွဲ့၍ပင် မမီနိုင်ပေ။

ထိုနဂါးကြီးမှာ ဆန်းလျန်ခေါ်ဆောင်လာသည့် ရေနဂါးကြီးပင်ဖြစ်လေသည်။ ဆန်းလျန်က ရေနဂါးကြီးကို ချင်းရွှမ်နတ်တံခါးတည်ရှိရာ ပင်လယ်ထဲတွင် နေခွင့်ပေးထားခဲ့လေသည်။

သူက သုံးလပိုင်းတွင် လင်ထိုင်ဖန်းကျွမ်းတောင်ကို နဂါးကြီးကိုစီးပြီး သွားရောက်ရန် ရည်ရွယ်ထားလေသည်။

ဆန်းလျန်က နဂါးကြီး၏ဦးခေါင်းထက်ဆီသို့ ပျံသန်းသွားလေသည်။

မရေမတွက်နိုင်အောင် များပြားလွန်းသည့် လှိုင်းလုံးကြီးများတလိမ့်လိမ့်တက်လာပြီး မိုးခြိမ်းသံများလည်း ထွက်ပေါ်လာ

လေသည်။ ကောင်းကင်ထက်တွင် လျှပ်စီးများက
အဆက်မပြတ် လင်းလက်နေကြသည်။

မိုးကြိုးပစ်ခြင်းနှင့် လျှပ်စီးလက်ခြင်းက နာကျင်ခြင်းကို မဖြစ်
စေနိုင်ပါ။ သို့သော် သူ၏ဦးခေါင်းထက်တွင် စီးနင်းလိုက်ပါလာ
သည့် ဆရာသခင်အနှောင့်အယှက်ဖြစ်မည်ကို နဂါးကြီးက
စိတ်ပူနေမိလေသည်။ ထို့ကြောင့် မိုးကြိုးနှင့် လျှပ်စီးများကို
တတ်နိုင်သမျှ ရှောင်ရှားကာ ခရီးနှင်နေလေသည်။

ဆန်းလျှန်သည် ရေနဂါးကြီး၏ ဦးခေါင်းထက်တွင် ရပ်နေပြီး
မည်သည့်လှုပ်ရှားမှုမှ မပြုလုပ်ပေ။

ထိုအချိန်မှာပင် လျှပ်စီးတစ်ချက်လက်ခနဲဖြစ်သွား
သည့်အတွက် နဂါးကြီးသည် ရုတ်တရက် သူ၏မျက်လုံးများ
ကို ယောင်ယမ်းကာ မှိတ်လိုက်မိလေသည်။

အခန်း (၄၄၈) မိုးနှင့်မြေတစ်တစ်သားတည်း

ရေနဂါးကြီးမျက်လုံးမှိတ်လိုက်သည့်အချိန်မှာပင် ဆန်းလျန်သည် သူ၏ဦးခေါင်းထက်ရှိအထွတ်ထိပ်ဆုံချက်ကိုဖွင့်ကာ ရောင်စုံအလင်းတန်းများဖြာလင်းလာပြီး ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေသည်။ ဆန်းလျန်သည် မိုးတိမ်ကိုစီးထားပြီး သူ၏ခန္ဓာကိုယ်မှာ ကြယ်တာရာစွမ်းအားများသည် အဆုံးမဲ့ လင်းလက်တောက်ပနေလေသည်။

ဆန်းလျန်က လက်တစ်ချောက်ဝှေ့ယမ်းလိုက်သည်နှင့် လေနှင့်မိုးသည် ချက်ချင်းပင် ငြိမ်သက်သွားလေတော့သည်။

ရေနဂါးကြီးမှာ မြင်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ရင်ထိတ်သွားလေသည်။ ဆန်းသခင်လေး၏ တန်ခိုးစွမ်းအားများမှာ ယုံ

နိုင်စရာပင် မရှိပေ။ လက်တစ်ချက်ဝှေ့ယမ်းရုံမျှဖြင့် မုန်တိုင်းကိုပင် ငြိမ်သက်သွားစေသည် မဟုတ်ပါလား။

ထို့နောက် ဆန်းလျှန်သည် ရေနဂါးကြီးဦးခေါင်းထက်သို့ ပြန်လည်ဆင်းသက်လာပြီး ခရီးဆက်ခဲ့ကြလေသည်။

ထိုအချိန်တွင်...

ပင်လယ်ပြင်ထဲတွင် အလွန်မြင့်မားသည့်တောင်တစ်လုံးကို ရေနဂါးကြီးမြင်တွေ့လိုက်ရလေသည်။

ရေနဂါးကြီးမှာ မျက်မမြင်တစ်ယောက်မဟုတ်ပါ။ သို့သော်... ထိုတောင်မြင့်ကြီးကို ယခင်က သူမြင်တွေ့ခြင်းမရှိဘဲ ယခုမှ ရုတ်တရက်ပေါ်လာခြင်း ဖြစ်လေသည်။

တောင်မြင့်ကြီးကိုကြည့်ပြီး ရေနဂါးကြီး၏စိတ်ထဲတွင် ပျော်ရွှင်သွားလေသည်။ ရေနဂါးကြီးက သူ၏နဂါးပါးစပ်ကြီးကိုဖွင့်ကာ စကားပြောလိုက်သည်။

"ဆန်းသခင်လေး ၊ ဒီတောင်ကြီးက လင်ထိုင်ဖန်းကျွမ်းတောင်

လား"

ဆန်းလျန်က ရေနဂါးကြီး၏ဦးခေါင်းထက်တွင် တင်ပျဉ်ခွေ

ထိုင်ရင်း မျက်လုံးများကို မှိတ်ထားလေသည်။

ရေနဂါးကြီး၏ အမေးစကားကိုကြားမှ ဆန်းလျန်က မျက်ဝန်း

ကို အသာဖွင့်ကြည့်လိုက်သည်။

သူက ရယ်မောလိုက်ရင်း....

"မင်း မြင်နေရတယ်ဆိုရင် အဲဒါ လင်ထိုင်ဖန်းကျွမ်းတောင်

မဟုတ်သေးဘူး"

ရေနဂါးကြီးမှာ ဆန်းလျန်၏စကားကို နားလည်သလိုလို မ

လည်သလိုလို ဖြစ်သွားရလေသည်။ နဂါးကြီးက တောင်ခြေဆီ

သို့ ရောက်အောင် ပျံသန်းသွားလေသည်။ ထို့နောက် အမြီးကို

ခါယမ်းကာ တောင်ပေါ်သို့ ခုန်တက်လိုက်သည်။ သို့သော်...

နဂါးကြီးမှာ မည်မျှပင်ခုန်ပါစေ တောင်ထိပ်သို့မရောက်နိုင်ဘဲ ပင်လယ်ရေထဲသို့သာ ပြန်ကျလာလေသည်။

သူ ပင်လယ်ရေထဲမှ ပြန်တက်လာသည့်အခါတွင်တော့ တောင်မြင့်ကြီးမှာ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သူ၏ရှေ့တွင် အဆုံးမရှိသည့် ပင်လယ်ပြင်ကြီးကိုသာ တွေ့မြင်ရသည်။ သို့သော် နောက်တစ်ကြိမ် ထပ်ကြည့်လိုက်သည့်အခါတွင်တော့ သူ့ရှေ့တွင် တောင်မြင့်ကြီးက ကာဆီးနေပြန်လေသည်။ တောင်မြင့်ကြီးထိပ်တွင် သဘာဝကျစွာ လခြမ်းကွေးလေးကိုပင် တွေ့မြင်နေရသေးသည်။

နဂါးကြီးက အံ့ဩတုန်လှုပ်သွားပြီး…

"ဆန်းသခင်လေး ၊ ဒီတောင်ကို ဘယ်သူကများဖန်ဆင်းထားတာလဲ ၊ ဒီတောင်က အတုလား အစစ်လား"

ဆန်းလျန်က ရယ်မောလိုက်ရင်း…

“အဲဒါ သူများဆွဲထားတဲ့ ပန်းချီကားကြီးလေ ၊ မင်းတစ်ယောက်ပဲ တကယ့်တောင်လို့ ထင်နေတာ”

ထိုမှူကြီးမားသော တောင်မြင့်ကြီးက ပန်းချီကားတစ်ချပ်တဲ့လား။ ရေနဂါးကြီးက သိပ်မယုံချင်ပေ။ သူ၏ တန်ခိုးစွမ်းအားများကို ထုတ်လွှတ်ကာ တောင်ကို စမ်းသပ်ကြည့်လိုက်သည်။ ထိုအခါကျတော့လည်း တကယ့်တောင်အစစ်တစ်လုံးကဲ့သို့ ခံစားရပြန်လေသည်။ ဆန်းသခင်လေးက ပန်းချီကားတစ်ချပ်ဟု သူ့ကိုပြောသည်မှာ နောက်နေခြင်းများလား။

နဂါးကြီးလည်း မည်သည့်စကားမှ မဆိုတော့ဘဲ အရှေ့သို့သာ ရေဆက်ကူးလာခဲ့လေသည်။

နဂါးကြီးက တောင်မြင့်ကြီးမှာ အစစ်လား ၊ အတုလားစဉ်းစားရင်း ချာချာလည်နေစဉ်မှာပင် တောင်မြင့်ကြီးမှာ သူ့ရှေ့မှ ပျောက်ကွယ်သွားပြန်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် မိုးမြေစွမ်းအားများက အလွန်အားကောင်းနေပြီး အေးချမ်းငြိမ်သက်နေလေသည်။

ထို့နောက်တွင်တော့ လေထဲတွင် စုတ်တံတစ်ချောင်းပေါ်လာပြီး ထိုစုတ်တံက ကောင်းကင်ထက်တွင်ဆေးခြယ်နေလေသည်။

ထိုစုတ်တံထက်တွင် အစိမ်းရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ထိုင်နေလေသည်။ ထိုလူငယ်ထံမှ ထူးခြားသည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်နေသည်ကို ခံစားသိရှိနိုင်လေ၏။

ဆန်းလျန်က ထိုလူငယ်ကိုလုံးဝမကြည့်ပါ။ သူက ရွှေ့လျားနေသည့် စုတ်တံကိုသာ ကြည့်နေလေသည်။

"ချင်းယီ ၊ မင်းရဲ့စုတ်ချက်က အပိုအလိုမရှိ ပြီးပြည့်စုံတယ် ၊ ဒါကြောင့်လည်း သူက မိုးနဲ့မြေတစ်သားတည်းကျတဲ့ အခြေအနေကို ရောက်ခဲ့တာကိုး ၊ မင်းလည်း ဒီမှော်ဝင်စုတ်တံကိုကိုင်နိုင်တာကို ကျုပ်မအံ့သြတော့ပါဘူး"

ထိုအစိမ်းရောင်ဝတ်လူငယ်မှာ ရှန်စန်းကျန်းရန်လုကျိုး

ယွမ်၏တပည့် စုန့်ချင်းယီပင် ဖြစ်လေသည်။

“မိုးနှင့်မြေတစ်သားတည်းကျခြင်း” ဆိုသည့် အစိပ်ပိုင်းမှာ “လူ

နှင့်စကြာဝဠာတစ်သားတည်းကျခြင်း” နှင့် အစိပ်ပိုင်းနှင့်

အတူတူပင် ဖြစ်လေသည်။ သို့သော် မိုးနှင့်မြေတစ်သားတည်း

ကျခြင်းက ပိုမိုနက်ရှိုင်းပြီး စေ့စပ်သေချာလေသည်။

လုကျိုးယွမ်သည် လောကကို ကျော်လွန်သွားခြင်းမရှိဘဲ

လူ့လောကတွင် နေထိုင်နိုင်ခြင်းအကြောင်းကို ဆန်းလျှန်

နားလည်သွားခဲ့ပြီ။ အဘယ်ကြောင့်ဆိုသော် သူက မိုးနှင့်မြေ

ဆက်သွယ်ထားခြင်းကို ဖြတ်တောက်မပစ်ခဲ့ဘဲ မိုးနှင့်မြေကို

ခိုင်မာစွာ ပေါင်းစည်းစေခဲ့ပြီး သဘာဝတရားနှင့်

တစ်သားတည်း အသက်ရှင်သန်နေသည့်အတွက် ဖြစ်လေ

သည်။

သဘာဝတရားထဲတွင် လုကျိုးယွမ်သည် အမှတ်အသားတစ်ခု အဖြစ် နက်ရှိုင်းစွာရှိနေပြီး မိုးနှင့်မြေကြားတွင် လွင့်မျောနေ သည့်လူတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူသည် နဂါးငွေ့တန်းအထိ ခရီးနှင်ပြီးသည့်တိုင် သူ၏ ကျင့်စဉ်လမ်းကို ဆုံးရှုံးခြင်းမရှိဘဲ သူ့နေရာသို့ သူ ပြန်ရောက်လာနိုင်ခြင်း ဖြစ် လေသည်။ သူအသက်ဆုံးရှုံးသွားသည်ဆိုလျှင်တောင်မှ သူ သည် မိုးနှင့်မြေ၏ မူလအစကိုအသုံးပြု၍ကာ သူ့ကိုယ်သူ အသက်ပြန်သွင်းနိုင်မည် ဖြစ်လေသည်။

လုကျိုးယွမ်အသုံးပြုနေသည့် ထိုတရားအဓိပ္ပါယ်သည် သူ ရေးသားခဲ့သည့် "တရားအလင်းသိမြင်ခြင်းကျမ်း" မှ စစ်မှန် သည့် အဓိပ္ပါယ်များပင် ဖြစ်လေသည်။

နတ်ဘုရားများသည် မည်သို့ပင် မသေနိုင်သည့် နတ်ဘုရား တစ်ပါးဖြစ်ပါစေ မိုးမြေရှင်သန်မှုနှင့်တော့ နှိုင်းယှဉ်၍ မရနိုင် ပေ။

တစ်ချိန်တည်းမှာပင် ဆရာဘွားဘွားကျိုလင်နတ်သမီးက

လောကတွင်နေထိုင်ခြင်းမရှိဘဲ လောကကို ကျော်လွန်သွားလို

ခြင်းကို ချက်ချင်းပင်နားလည်သဘောပေါက်ခဲ့လေသည်။

လူဆိုသည်က မွေးဖွားလာပြီး သေဆုံးသင့်သည့်အချိန်တွင်

သေဆုံးရမည် ဖြစ်လေသည်။

သို့မဟုတ်ဘဲ ဆက်လက်အသက်ရှင်သန်ပြီး လောကတွင်

နေထိုင်လိုပါက ထိုသူ၏ဘဝသည် လောကကိုတွယ်ကပ်နေ

သည့် ကပ်ပါးကောင်တစ်ကောင်နှင့် ခြားနားမည်မဟုတ်ပေ။

ထို့ကြောင့် ကျိုလင်နတ်သမီးသည် တစ်ချက်ပင် တုန့်ဆိုင်းမနေ

ဘဲ ထွက်ခွာသွားခဲ့ခြင်း ဖြစ်လေသည်။

ဆရာဘွားဘွား၏အတွေးများကို နားလည်သွားသည့်အခါ

ဆန်းလျန်သည် ဆရာဘွားဘွား၏နောက်သို့ လိုက်သွားလိုစိတ်

များပင် တဖွားဖွားထွက်ပေါ်လာမိတော့သည်။

လူ့လောကဆိုသည်က လူသားများတစ်ခဏတာ အလည်လာကြသည့် နေရာပင်ဖြစ်ပြီး မည်သူမျှ အမြဲတမ်းနေထိုင်ခွင့် မရှိနိုင်ဘူး မဟုတ်လား။

ဆန်းလျန်သည် လက်ရှိအချိန်တွင် ယန်ရှီး၏စိတ်ထဲတွင်လည်း မည်သို့ခံစားနေရမည်လဲဆိုသည်ကို သိချင်နေမိလေသည်။

စုတ်တံသည် ကောင်းကင်ထက်မှ အောက်သို့ တဖြည်းဖြည်း ကျလာပြီး ပုံမှန်စုတ်တံတစ်ခုအဖြစ်ပြောင်းလဲသွားလေသည်။

စုန့်ချင်းယီက စုတ်တံကိုလက်တွင်ကိုင်ကာ ကောင်းကင်ထက်မှ ဖြည်းညင်းစွာ ဆင်းသက်လာပြီး ဆန်းလျန်ရှေ့သို့ ရောက်လာလေသည်။

သူက နာကျည်းသည့်အပြုံးတစ်ချက်ကိုပြုံးလိုက်ရင်း…

"လောကမှာ အစ်ကိုဆန်းကို ဖုံးကွယ်ထားလို့ရတာ ဘာမှမရှိဘူးပဲ ၊ ကျုပ်လည်း ဆရာက မိုးနဲ့မြေကိုတစ်သားတည်းကျတဲ့ အခြေအနေနဲ့ ဒီလောကမှာ နေထိုင်နေတာကို သိတာမကြာ

သေးပါဘူး ၊ အရင်ကတည်းက အစ်ကိုဆန်းကို ပြောမပြခဲ့တာ

ကျုပ်ကို အပြစ်မတင်နဲ့နော်”

ဆန်းလျန်က ပြုံးလိုက်ရင်း...

“ဘယ်လိုလုပ် မင်းကိုအပြစ်တင်နိုင်မလဲ ၊ မင်းက လုကျိုးယွမ်

ရဲ့ တပည့်ပဲလေ”

စုန့်ချင်းယီက သက်ပြင်းချလိုက်ရင်း...

“ကျုပ်က မင်းကိုအမြဲတမ်း သူငယ်ချင်းတစ်ယောက်လို့

သတ်မှတ်ခဲ့တာပါ ၊ ပြီးတော့ ချီးရှိုးကလည်း မင်းကို အရမ်း

လေးစားတယ်လေ”

“ချင်းယီ ၊ ကျုပ်ကလည်း မင်းကိုအမြဲတမ်းပဲ လေးစားခဲ့တယ်

ဆိုတာ မင်းမသိဘူးလား”

ဆန်းလျန်က စုန့်ချင်းယီကို စိုက်ကြည့်ရင်းပြောလိုက်လေ

သည်။

သူ၏အကြည့်များက တည်ငြိမ်ပြီး တိတ်ဆိတ်ငြိမ်သက်လွန်းလေသည်။

"ကျုပ်မှာ လေးစားလောက်စရာ ဘာများရှိလို့လဲဗျာ ၊ မင်းကို ဘယ်နေရာမှာများ ယှဉ်နိုင်ခဲ့လို့လဲ ၊ ဒါပေမယ့် ဆန်းလျန် ၊ မင်းကျုပ်ကို ယုံမှဖြစ်မယ် ၊ ကျုပ်မင်းကို နည်းနည်းတော့ မနာလိုဖြစ်မိပေမယ့် ကျုပ်က မင်းကို ကူညီချင်လို့ပါ ၊ ကျုပ်အကောင်းဆုံးကြိုးစားမှာပါ"

စုန့်ချင်းယီပုံစံက စိတ်ပျက်လက်ပျက် ဖြစ်နေပုံရလေသည်။

"ကျုပ် မင်းကို တစ်ခါမှ သံသယမဝင်ခဲ့ပါဘူး ၊ ကျုပ်တို့ရဲ့ခင်မင်မှုကိုလည်း တန်ဖိုးထားပါတယ် ၊ မင်းကိုကျုပ်လေးစားခဲ့တာက မင်းက တကယ့်ကို ရိုးသားဖြူစင်တဲ့စိတ်ထားကို ပိုင်ဆိုင်ထားလို့ပဲ ၊ မင်းရဲ့ကျင့်စဉ်ကိုလည်း ဆက်ပြီးကျင့်ကြံပါ ၊ မင်းရဲ့အနာဂတ်ဟာ မင်းရဲ့ဂိုဏ်းတူအစ်ကို ဝမ်ရှီတောက်

ထက်တောင် တောက်ပလာဦးမှာပါ ၊ ဒါကြောင့်လည်း မင်းရဲ့ ဆရာက မင်းကိုတန်ဖိုးထားတာပေါ့”

ဆန်းလျန်၏စကားများက အလိမ်အညာစကားများမဟုတ်ပါ။ သူသည် ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး လူတစ်ယောက်၏အရည်အချင်းများကို ကောင်းကောင်းသုံးသပ်နိုင်သူ ဖြစ်လေသည်။

သူချန်ကျင်းချင်ကို တပည့်အဖြစ် ရအောင်ခေါ်ယူခဲ့သည်မှာလည်း ထိုသို့ ရိုးသားဖြူစင်သည့်စိတ်ထားကြောင့် ဖြစ်လေသည်။ ချန်ကျင်းချင်နှင့် စုန့်ချင်းယီ၏ စိတ်နေစိတ်ထားများက အလွန်ဆင်တူပြီး ထိုသို့သော စိတ်ထားမျိုးရှိသူကို ရှာဖွေတွေ့ရှိရန်မှာ လွယ်ကူသည်မဟုတ်ပေ။

လူတစ်ယောက်၏စိတ်ထားဆိုသည်က မွေးရာပါဖြစ်သည့်အတွက် လုပ်ယူပြုပြင်၍ မရစကောင်းပေ။ စိတ်ထားဆိုသည်က လူတစ်ယောက်၏အဓိကကျသည့် အရည်အသွေး

ဖြစ်ပြီး ရိုးသားဖြူစင်သည့်စိတ်ထားကို လူတိုင်းမပိုင်ဆိုင်နိုင

ပေ။ အချို့ဆိုလျှင် မွေးရာပါ ရိုးသားဖြူစင်သည့်စိတ်ထားကို

ပင် ထိန်းသိမ်းထားရန် ခက်ခဲလေသည်။

စုန့်ချင်းယီ၏ လှည့်စားမှုပန်းချီသည် သူ၏ရိုးသားမှုပင်

ဖြစ်သည်။

သူက ဆန်းလျန် ဒုက္ခရောက်နေပြီအထင်နှင့် ဆန်းလျန်ကိုကူညီ

ရန် မရမက ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ကန္တာရထဲတွင် ဆန်းလျန်နှင့်

ပထမဆုံးအကြိမ်တွေ့ဆုံစဉ်က ဆန်းလျန်အပေါ်ထားခဲ့သည့်

စုန့်ချင်းယီ၏ ခင်မင်မှုနှင့်ရိုးသားမှုသည် ယခုအချိန်ထိ

အတူတူပင် ဖြစ်လေသည်။

သူဆိုလျှင် စုန့်ချင်းယီလောက်ပင် ရိုးသားနိုင်ခြင်းရှိမည်မဟုတ်

ဟု ဆန်းလျန်တွေးနေမိလေသည်။

ရိုးသားခြင်းသည် လှပသည့်လူ့သဘာဝတစ်ခုဖြစ်လေသည်။ ဆန်းလျန်သည် သူမလုပ်နိုင်သည့်အရာကို လုပ်နိုင်သည့်အတွက် စုန့်ချင်းယီကို မလေးစားဘဲ မနေနိုင်ပေ။ စုန့်ချင်းယီမှာ ဆန်းလျန်၏စကားများကြောင့် စကားပင် ပြန်မပြောနိုင် ဖြစ်သွားရလေသည်။ သူ့တွင် ဆန်းလျန်ပြောသည့် အရည်အချင်းများရှိနေသည်ကို သူကိုယ်တိုင်ပင် သတိမထားခဲ့မိပေ။

သူက နူးညံ့သိမ်မွေ့ပြီး နှိမ့်ချတတ်သည့်စိတ်ထားကိုပိုင်ဆိုင်သည့် ဂိုဏ်းတူအစ်ကိုဝမ်ရှီတောက်ထက်ပင် သာလွန်နိုင်သည်ဟု ဆန်းလျန်က အခိုင်အမာ ဆိုခဲ့ပြီ။

"ဘယ်လောက်တောင် စိတ်လှုပ်ရှားစရာကောင်းလိုက်တဲ့ သူငယ်ချင်းတွေလဲကွာ ၊ ဆန်းလျန်ရာ ဆန်းလျန် ၊ မင်းက သိပ်ကိုစိတ်ဝင်စားဖို့ကောင်းတာပဲ ၊ မင်းကိုအနိုင်ယူပြီးရင်တော့ မင်းနဲ့ပတ်သက်တဲ့သူတွေအားလုံးကို မင်းနောက်လိုက်ပြီး

အဖော်ပြုပေးဖို့ အကုန်လုံးကို သတ်ပစ်ဦးမယ် ၊ ဒါမှ တမလွန်မှ မင်းအထီးမကျန်မှာပေါ့”

အသံတစ်သံသည် လေထဲတွင်ထွက်ပေါ်လာပြီး ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။

အခန်း (၄၄၉) ရှည်လျားသည့်ညအမှောင်ထဲမှအလင်းတရား

စကားသံကိုကြားသည်နှင့် စုန့်ချင်းယီ၏ မျက်နှာထားက တင်းမာသွားလေသည်။ သူက စုတ်တံကိုကိုင်ကာ တစ်ချက်ဝေ့ယမ်းလိုက်လေသည်။ စုတ်တံမှ အဖြူရောင်အလင်းတန်းများ

ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်မှ အရာအားလုံးကို ထုတ်ဖော်လိုက်လေသည်။

သို့သော် ယန်ရှီးကတော့ ထွက်ပေါ်လာခြင်း မရှိပေ။

စုန့်ချင်းယီမှာ ထိတ်လန့်သွားမိလေသည်။ အမှောင်မိစ္ဆာသခင်သည် သူ၏ဆရာသခင်ကိုယ်တိုင်ပေးအပ်ခဲ့သည့် မှော်ဝင်ပစ္စည်းကိုပင် ကြောက်ရွံ့ခြင်းမရှိပါလား။ ထိုသူသည် နှစ်ပေါင်းတစ်ထောင်အတွင်း တစ်ယောက်သာပေါ်ထွန်းသည့် ကြောက်မက်ဖွယ်ရာ မိစ္ဆာနတ်ဘုရားတစ်ပါးပင် ဖြစ်လေသည်။

သို့သော် စုန့်ချင်းယီသည် ယခင်က စုန့်ချင်းယီမဟုတ်တော့ပါ။ ကျင့်စဉ်လမ်းတွင် များပြားလှစွာသော အခက်အခဲများကို ရင်ဆိုင်ခဲ့ရပြီး ရင့်ကျက်လာခဲ့ပြီ ဖြစ်လေသည်။ သူက တိုက်ပွဲတစ်ခုရင်ဆိုင်ရတိုင်း ပြိုင်ဘက်ကိုအနိုင်ယူနိုင်ရန်အတွက် အခက်အခဲများကို ပိုပြီးရှင်းရှင်းလင်းလင်း နားလည်နေတတ်ခဲ့

ပြီ။ ထို့ကြောင့် အမှောင်မိစ္ဆာသခင်ကိုအနိုင်ရနိုင်ရန် မလွယ်ကူ
ကြောင်း သူချက်ချင်းသိရှိသွားလေသည်။

အလင်းရောင်များပျောက်ကွယ်သွားပြီး ညက တိတ်ဆိတ်ငြိမ်
သက်သွားလေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်း ဒေါသတွေထွက်နေတာလား"

ထိုစကားက စုန့်ချင်းယီကို ပြောလိုက်ခြင်း မဟုတ်ပါ။

ကောင်းကင်ထက်မှ လခြမ်းကွေးသည် ကြွေကျလာပြီး လခြမ်း
ကွေးဓားတစ်လက်အဖြစ် ပြောင်းလဲသွားလေသည်။ ဓားမှ
မိစ္ဆာအငွေ့အသက်များထွက်ပေါ်နေပြီး စုန့်ချင်းယီသည် ဓားကို
ပင်ကြည့်ရန် တုန်လှုပ်နေလေသည်။

ထို့နောက်တွင်တော့ ...

အမှောင်မိစ္ဆာသခင်ယန်ရှီး ထွက်ပေါ်လာလေသည်။

သူ၏ခန္ဓာကိုယ်မှ တန်ခိုးစွမ်းအားများ ထွက်ပေါ်နေပြီး လခြမ်းကွေးဓားဖြင့်သဘာဝတရားကြီးတစ်ခုလုံးကို ထိုးခွဲပစ်တော့မည့်အလား ထင်မှတ်ရလေသည်။

"ကျုပ်က ဒေါသထွက်ချင်တဲ့အချိန်မှာ ထွက်မှာပဲ ၊ ဒါပေမယ့် မင်းကတော့ အဲဒီလိုလုပ်လို့မရဘူး"

ယန်ရှီးဆီမှ နက်ရှိုင်းပြီး မိစ္ဆာဆန်သည့်အသံတစ်သံ ထွက်ပေါ်လာလေသည်။

ဆန်းလျန်က ယန်ရှီးဒေါသထွက်နေရသည့်အကြောင်းရင်းကို သိလေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်က အမှန်တရားကို ရှာဖွေတွေ့ရှိခဲ့သူဖြစ်ပြီး ယန်ရှီး၏စိတ်ရင်းကို သိရှိဖော်ထုတ်နိုင်သူတစ်ယောက် ဖြစ်နေသောကြောင့်ပင်။

ဆန်းလျန်၏ နှုတ်ခမ်းထောင့်လေးများ မသိမသာ ကွေးညွတ်သွားလေသည်။ ဆန်းလျန်၏အပြုံးသည် ကြာပန်းလေးတစ်ပွင့်နှင့်တူပြီး လှပအေးချမ်းလွန်းလေသည်။

"စကားမပြောဘဲ နေလိုက်ကြစို့ ၊ နောက်ထပ်ဘာဖြစ်လာမ လဲဆိုတာ စောင့်ကြည့်ကြတာပေါ့"

ယန်ရှီးကလည်း အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်ရင်း...

"ဟုတ်ပြီ..."

ယန်ရှီးက ဓားတစ်လက်ကို ဆွဲထုတ်လိုက်လေသည်။

ထိုဓားမှာ ထျန်းမုန့်နတ်သမီး၏ ထိုက်စုနတ်ဘုရားဓားပင် ဖြစ်လေသည်။

ဆန်းလျန်ဆီမှ ဆရာဘွားဘွားကျိုလင်ပေးခဲ့သည့် ထိုက်ချိယင် ယန်ပန်းချီကား ပျံသန်းထွက်ပေါ်လာပြီး အနီရောင်နှင့် အနက်ရောင်စြက်ာန်လမ်းနှစ်ခု ထွက်ပေါ်လာလေသည်။ ထိုစြက်ာန် လမ်းများသည် အကန့်အသတ်မရှိပေ။ စြက်ာန်လမ်းထက်တွင် ရေတွင်းတစ်ခုအလား အပေါက်တစ်ခုရှိနေပြီး အသက်ဓာတ် စွမ်းအားများ စီးထွက်နေလေသည်။ ထိုအရာသည် အတိတ်နှင့် အနာဂတ်ကိုပင် သိမြင်နိုင်စွမ်းရှိပုံ ရလေသည်။

စုန့်ချင်းယီသည် ထိုရေတွင်းအပေါက်ထဲသို့ သူ၏မှော်ဝင်စုတ်တံကို ပစ်ထည့်လိုက်လေသည်။ ထိုအခါ မှော်ဝင်ပစ္စည်းနှစ်ခု၏ တန်ခိုးစွမ်းအားများ ပေါင်းစပ်သွားပြီး စြက်ႏွလမ်းတစ်ခုလုံး အလင်းရောင်များ လင်းလက်တောက်ပလာလေသည်။

ဆန်းလျန်နှင့် ယန်ရှီးသည် စြက်ႏွလမ်းတစ်ဖက်စီမှ လမ်းလျှောက်လာကြလေသည်။

ထို့နောက်သူတို့သည် လက်ရှိလောကမှ လွတ်မြောက်သွားပြီး အချိန်နှင့်နေရာမတူညီသည့် နေရာတစ်ခုသို့ ရောက်ရှိလာကြလေသည်။

ချောက်နက်ကြီးတစ်ခုဆီမှ စီဆင်းကျနေသည့် ရေတံခွန်တစ်ခုကို တွေ့မြင်လိုက်ရသည်။

ဆန်းလျန်သည် ချောက်ကမ်းပါးကြီးအထက်ရှိ ဗလာနယ်ထဲတွင် ရပ်နေလေသည်။

ထိုနေရာတွင်...

တောင်တစ်တောင်ရှိနေပြီး တောင်ထိပ်ကိုမမြင်ရလောက်

အောင် မြင့်မားလွန်းလေသည်။

ထိုတောင်မှာ “လင်ထိုင်ဖန်းကျွမ်းတောင်” ပင် ဖြစ်လေသည်။

ယန်ရှီးသည် မည်သည့်နေရာသို့ရောက်သွားသည်မသိ။

အရိပ်အယောင်ပင် မမြင်ရလောက်အောင် ပျောက်ကွယ်သွား

ပြီ ဖြစ်လေသည်။ ထိုသူသည် သူ၏မိစ္ဆာစွမ်းအားများကို

အသုံးပြု၍ ကြယ်သုံးပွင့်ဂူကို မရမနေ ရှာဖွေနေပြီ

ဖြစ်ကြောင်း ဆန်းလျန် သိလိုက်လေသည်။

သူတို့နှစ်ယောက်၏ ပထမဆုံး ပြိုင်ပွဲ စတင်ခဲ့ပြီ ဖြစ်လေ

သည်။

မည်သူကအရင် ကြယ်သုံးပွင့်ဂူကို ရှာဖွေတွေ့ရှိမည်လဲ...။

အဖြေကတော့ စိတ်ဝင်စားစရာကောင်းလှသည်။

သို့သော်...

ဆန်းလျန်က ကြယ်သုံးပွင့်ဂူကို ရှာဖွေခြင်း မရှိပါ။ သူသည် ချောက်ကမ်းပါးထက်ရှိ ဗလာနယ်ထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ မတ်တပ်ရပ်နေဆဲ ဖြစ်လေသည်။ သူ၏ မူလဝိညာဉ်ခန္ဓာသည် ထိုက်ရှီးတန်ခိုးစွမ်းအားများဖြင့် တဖြည်းဖြည်း ပေါင်းစပ်နေလေသည်။

တောင်ပေါ်သို့ ရောက်ရှိကတည်းက သူ၏ခန္ဓာကိုယ်တွင် အဆက်မပြတ်စီးဆင်းနေပြီး သူ့ကို အသက်ဆက်ပေးထားသည့် ကြယ်တာရာစွမ်းအားများသည် သိသိသာသာ လျော့နည်းသွားလေသည်။ တောင်ပေါ်တွင်ရှိနေသည့် အသက်ဓာတ်စွမ်းအားများသည် လူတစ်ယောက်၏ စိတ်ဝိညာဉ်ကို နက်နက်ရှိုင်းရှိုင်း သန့်စင်ပေးလေသည်။

ဆန်းလျန်၏ စိတ်ထဲတွင် ရေတံခွန်မှ ပဲ့တင်ထပ်နေသည့် ရေကျဆင်းသံကို ကြားလိုက်ရလေသည်။ သို့သော်

သေသေချာချာနားထောင်ကြည့်ပြန်တော့ မည်သည့်အသံမှ မကြားရဘဲ တိတ်ဆိတ်နေပြန်လေသည်။

ဆန်းလျန်သည် တစ်ယောက်တည်း တိတ်ဆိတ်မှောင်မိုက်သည့်နေရာတွင် ရောက်နေသည်ကို စိတ်အနှောက်အယှက် မဖြစ်မိပါ။

ဆန်းလျန်၏ ကြယ်တာရာစွမ်းအားများသည် သူ၏ခန္ဓာကိုယ်တွင်းမှ တဖြည်းဖြည်းချင်း စိမ့်ထွက်သွားပြီး တောင်တစ်ခုလုံးနှင့် ချိတ်ဆက်မိသွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် နွေဦးတွင်ရှာသည့် မိုးစက်များကဲ့သို့ စိုစွတ်ငြိမ်သက်နေလေသည်။

အရာအားလုံးသည် သူနှင့်နီးကပ်စွာ ဆက်နွယ်နေသည်ဟု ထင်ရသော်လည်း သူ၏နှလုံးသားနှင့် စိတ်ဝိညာဉ်သည် ပြိုလဲသွားတော့မည့်အလား ထင်မှတ်ရလေသည်။

သူ၏ စိတ်ဝိညာဉ်သည် နယ်ပယ်အသစ်တစ်ခုအတွင်းသို့ ဝင်ရောက်သွားပြီး လေထုအတွင်းရှိ အစိုဓာတ်နှင့် ရေမှုံရေမွှားလေးများကိုပင် ခွဲခြားသိမြင်နိုင်နေလေသည်။ မြေကြီးအတွင်းမှ သေးငယ်သည့် ပိုးမွှားလေးများကိုလည်း မြင်တွေ့နေရပြီး ပိုးမွှားလေးများသည် မြေကြီးအတွင်းသို့ ပုန်းလျှိုးတိုးဝင်ရန် ကြိုးစားနေကြသည်။

ထို့ပြင် ဆန်းလျန်သည် သူ့ကိုယ်သူလည်း ပြန်မြင်နေရလေသည်။

ထက်ရှသည့်မျက်ခုံးများ ၊ ချောမောလှပသည့် မျက်နှာ ၊ သွယ်လျသည့်တိုင် ယောကျ်ားပီသသည့် ကိုယ်ခန္ဓာ။ ထို့ပြင် သူ၏မျက်ဝန်းများကလည်း ကြယ်စင်များအလား တစ်လက်လက်တောက်ပနေသေးသည်။

ဆန်းလျှန်သည် သူ၏ဘဝအစစ်အမှန်၏ ခန္ဓာကိုယ်ကို ဆုံးရှုံး
ခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။ သူ
ရရှိထားသည့် ဆန်းလျှန်၏ ခန္ဓာကိုယ်သာလျှင်ဖြစ်လေသည်။
ဆန်းလျှန်၏ ခန္ဓာကိုယ်သည် အနုပညာလက်ရာတစ်ခုအလား
လှပလွန်းလှလေသည်။ သို့သော် ထိုခန္ဓာကိုယ်မှာလည်း ရုပ်
တရားကို ဆုံးရှုံးခဲ့ရပြီ ဖြစ်လေသည်။

သူ၏အမြင်များသည် ချောက်ကမ်းပါးနှင့် စမ်းချောင်လေး
တစ်ခုကို ဖြတ်ကျော်ကာ လင်ထိုင်ဖန်းကျွမ်းတောင်၏
နက်ရှိုင်းသည့်နေရာများသို့ ရောက်ရှိသွားခဲ့လေသည်။
တောင်က မြင့်သည်ထက်မြင့်လာသည်နှင့်အမျှ သူ၏စိတ်များ
မှာလည်း အိပ်မက်ဆန်လာလေသည်။
စိုစွတ်သည့်တောင်ပေါ်မြေတွင် မျိုးစေ့လေးတစ်စေ့ပေါက်ပွား
ရှင်သန်လာသည်ကိုပင် အသေးစိတ်သိမြင်ခံစားနိုင်ပြီး ထို

ခံစားချက်က သူ၏ဝိညာဉ်စွမ်းအားများကို နက်ရှိုင်းစွာ လှုံ့ဆော်ပေးသည်။

ထို့နောက် ပိုမိုမြင့်မားသော နဂါးငွေ့တန်းဆီမှ လျောင်ကျွမ်းနေမှုနှင့် အဆုံးမဲ့စကြာဝဠာသည် သူ၏မျက်ဝန်းထဲတွင် ပေါ်လာလေသည်။ သူ၏စိတ်ဝိညာဉ်နှင့် သူ၏ဝိညာဉ်အတွင်းမှ နဂါးငွေ့တန်းဓားဝိညာဉ်သည် စတင်လှုပ်ရှားလာလေသည်။

ဆန်းလျန်သည် သူမြင်တွေ့နေရသည့် စိတ်အာရုံခံစားချက်များကို သဘောကျနေလေသည်။

သူ၏ခန္ဓာကိုယ်မှာလည်း ပေါ့ပါးနေပြီး စိတ်သွားတိုင်းကိုယ်ပါဖြစ်နေလေသည်။ သူသွားချင်သည့်နေရာသို့ သူချက်ချင်းရောက်နိုင်လေသည်။

သူ၏စိတ်ဝိညာဉ်သည် တဖြည်းဖြည်းပြောင်းလဲသွားပြီး သူသည် အလင်းတရားဖြစ်လာလေသည်။ သူသွားလေရာ

ပတ်ဝန်းကျင်တွင် သဘာဝတရားတစ်ခုလုံးသည် အလင်း တရားကို ခံစားရလေသည်။

သို့သော်...

အလင်းရှိလျှင် အမှောင်လည်း ရှိရမည် ဖြစ်လေသည်။

သို့မဟုတ်... အလင်းနှင့်အမှောင်လည်းရောနှောနေနိုင်လေ သည်။

ပတ်ဝန်းကျင်အမှောင်ထုထဲတွင် ဆန်းလျန်၏အလင်းတရား သည် နစ်မြုပ်နေလေသည်။ ဆန်းလျန်မှာ ကျယ်ပြောလှသည် သမုဒ္ဒရာထဲတွင် လွင့်မျောနေသည့် လှေငယ်လေးတစ်စင်းနှင့် ဆင်တူလေသည်။ အမှောင်လှိုင်းတံပိုးများက သူ့ကိုရိုက်ခတ် နေလေရာ အချိန်မရွေး သူ့ကို ဖုံးလွှမ်းသွားနိုင်လေသည်။

အခန်း (၄၅၀) အဆုံးအဖြတ်တိုက်ပွဲ

အမှောင်တရား၏ ကြောက်မက်ဖွယ်ရာအကောင်းဆုံးအချက်မှာ အမှောင်ထဲတွင် မည်သည့်အရာရှိနေသည်ကို မသိရခြင်းပင် ဖြစ်လေသည်။

မသိသောအရာများကို ကြောက်ရွံ့ခြင်းသည် သတ္တဝါတိုင်း၏စိတ်ထဲတွင် နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ကြောက်စိတ် ဖြစ်လေသည်။

ဆန်းလျန်သည် သဘာဝတရားဖြစ်စဥ်များကို အသေးစိတ်တွေ့မြင်နေရသည့်တိုင် အမှောင်ထုအတွင်းတွင် မည်သည့်အရာများရှိသည်ကိုတော့ မသိမြင်နိုင်ပေ။ သို့သော် သူက ကြောက်ရွံ့ခြင်းမဖြစ်မိပါ။ သူ၏စိတ်အစဥ်သည် ကန်ရေပြင်ကဲ့သို့ တည်ငြိမ်လျှက်ရှိလေသည်။

အေးစက်မာကျောသည့်နှလုံးသားသည် အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ပြီး ကျင့်စဉ်လမ်း၏အတားအဆီးများ အားလုံးကို ဖယ်ရှားပစ်နိုင်လေသည်။ သူ၏စိတ်ထဲတွင် သူ့ဘဝတွင် တစ်ခါမှ မဖြစ်ဖူးသော ဆုံးဖြတ်ချက်ခိုင်မာမှုများ မွေးဖွားလာခဲ့သည်။ သူ၏ အေးစက်မာကျောပြီး ကြောက်စိတ်ကင်းမဲ့သည့် တာအိုကျင့်ကြံသူစိတ်ထားကို မည်သည့်အရာကမှ ရပ်တန့်နိုင်မည် မဟုတ်ပေ။

သူသည် တိုက်ပွဲတွင် စိတ်ခေါ်သူတစ်ယောက် မဟုတ်ပါ။ သို့သော် သူသည် လောကတစ်ခွင်တွင် အကြွင်းမဲ့လွတ်လပ်သူတစ်ယောက် ဖြစ်လေသည်။ ဖယောင်းတိုင်မီးတောက်လေးကဲ့သို့ သိပ်မကြာနိုင်တော့သည့် သူ၏သက်တမ်းကိုလည်း သူရှင်းရှင်းလင်းလင်း နားလည်ထားခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့်သူသည် ပစ္စုပ္ပန်တွင်သာ နေထိုင်ပြီး လက်ရှိအချိန်ကိုသာ အကောင်းဆုံးအချိန်ဟု ခံယူထားလေသည်။

သူ၏အသက်ဓာတ်စွမ်းအားများတွင် ခိုင်ခံ့သည့်အနှစ်သာရ

များ မရှိတော့ပါ။ သူ့ထံမှ ကြယ်တာရာစွမ်းအားများသည်

နောက်ဆုံးအချိန်တွင်ထွန်းလင်းသည့် မီးတောက်တစ်ခုအလား

အမြင့်ဆုံးအဆင့် ထွန်းလင်းနေပြီး နဂါးငွေ့တန်းမှ

အလင်းရောင်ကိုပင် ကျော်လွန်သွားလေသည်။

ကြယ်တာရာစွမ်းအားအလင်းတရားသည် အမှောင်ထုပင်လယ်

ကို ထိုးခွင်းလိုက်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှ အမှောင်

ထုသည် ပျောက်ကွယ်သွားလေသည်။

သူ့ရှေ့တွင် နတ်ဗိမာန်တစ်ခုပေါ်လာပြီး ထိုနတ်ဗိမာန်မှာ “မဟာ

ပွဲတင်သံဗိမာန်” ပင် ဖြစ်လေသည်။ မဟာပွဲတင်သံဗိမာန်တံခါး

သည် တင်းတင်းကြပ်ကြပ်ပိတ်ထားလေသည်။

ဗိမာန်ဝင်ပေါက်ဝတွင် “လင်ထိုင်ဖန်းကျွမ်းတောင်၊ ကြယ်သုံး

ပွင့်ဂူ” ဟု ရေးသားထားလေသည်။

ဆန်းလျန်က သူ၏ ကြယ်တာရာစွမ်းအားများဖြင့် ဗိမာန်တံခါးကို ပြင်းထန်စွာ ထိုးခွင်းလိုက်လေရာ ဗိမာန်တံခါးသည် ကြယ်တာရာစွမ်းအားများ၏ဒဏ်ကိုမခံနိုင်ဘဲ ဝုန်းခနဲ ပွင့်ထွက်သွားလေသည်။

ထိုအချိန်မှာပင်...

ဆန်းလျန်၏ရှေ့တွင် လရောင်ကဲ့သို့ဖြူစင်သည့် ဝတ်စုံကိုဝတ်ဆင်ထားသည့် ယန်ရှီး ထွက်ပေါ်လာလေသည်။

ယန်ရှီးနှင့် ဆန်းလျန်သည် အကြည့်ချင်းဆုံလိုက်မိကြလေသည်။ သူတို့၏မျက်လုံးများသည် မည်သည့်ခံစားချက်မှ မရှိဘဲ တည်ငြိမ်နေကြသည်။

သူတို့နှစ်ယောက်ထဲမှ အနိုင်ရသူတစ်ယောက်သာလျှင် မဟာပွဲတင်သံဗိမာန်ထဲမှ ထူးဆန်းသည့် ကျင့်စဉ်များကို ရရှိနိုင်မည်ကို သူတို့ကောင်းကောင်းနားလည်ထားကြသည်။

အတိတ်တစ်ချိန်တုန်းက ချင်းရွှမ်နတ်တံခါးတွင် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်ဆိုးကြီးသည် သူတို့၏စိတ်ဝိညာဉ်ထဲတွင် တိမ်တိုက်တစ်စအလား လွင့်မျောပျောက်ကွယ်သွားလေသည်။

ယန်ရှီးက ပြုံးလိုက်သည်။ လရောင်ကဲ့သို့ ဖြူစင်သည့် သူ၏ဝတ်ရုံသည် လေထဲတွင်လွင့်မျောနေလေသည်။ ထိုဝတ်ရုံသည် မိုးနှင့်မြေကိုပင် တိုက်စားသွားတော့မည့်အလား ထင်မှတ်ရလေ၏။

သူက လက်သီးကိုစုပ်ထားပြီး ထိုလက်သီးသည် မိုးကောင်းကင်ကိုပင် ထိုးခွဲတော့မလို ထင်ရသည်။

သို့သော်... ထိုလက်သီးချက်သည် ဆန်းလျန်ဆီသို့ လျှပ်တပြက်ဝင်ရောက်လာလေသည်။

အချိန်နှင့်နေရာကိုထိုးဖောက်ပြီး ပြင်းထန်စွာဝင်ရောက်လာသည့် ယန်ရှီး၏လက်သီးချက်သည် ရှောင်တိမ်းရန် မည်သို့မျှ မဖြစ်နိုင်အောင် လျှင်မြန်လွန်းလေသည်။

ဆန်းလျန်ကလည်း ထိုလက်သီးချက်ကိုရှောင်တိမ်းခြင်း မရှိပါ။

သဘာဝတရားကို အဏုစိတ်သိမြင်နိုင်သည့် သူ၏စိတ်အာရုံဖြင့် လက်သီးချက်ဝင်ရောက်လာသည်ကို ဆန်းလျန်က ကြည့်နေလေသည်။ ထို့နောက် ယန်ရှီး၏လက်သီးချက်ကို သူ၏လက်သီးချက်ဖြင့် ဆန်းလျန်က တန်ပြန်တိုက်ခိုက်လိုက်လေတော့သည်။

စွမ်းအားကြီးမားလွန်းသည့် လက်သီးချက်နှစ်ချက်သည် လေထဲတွင် ထိခိုက်မိသွားပြီး မီးပွားများထွက်ပေါ်လာကာ ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားသလို လေထုတစ်ခုလုံးလည်း တုန်လှုပ်သွားရလေသည်။

ယန်ရှီး၏လက်သီးချက်မှာ ပျောက်ကွယ်သွားပြီး ပုံသဏ္ဍာန်မျိုးစုံရှိသည့် နတ်မိစ္ဆာဆယ့်နှစ်ကောင် ထွက်ပေါ်လာလေ သည်။

ထိုနတ်မိစ္ဆာဆယ့်နှစ်ကောင်သည် ဆန်းလျန်ရှေ့တွင်ရပ်နေလေသည်။ နတ်မိစ္ဆာဆယ့်နှစ်ကောင်နှင့်ယှဉ်လျှင် ဆန်းလျန်သည် အလွန်သေးငယ်သွားသကဲ့သို့ ထင်မှတ်ရမည် ဖြစ်လေသည်။ ထိုနတ်မိစ္ဆာဆယ့်နှစ်ကောင်မှ ထွက်ပေါ်နေသည့် မိစ္ဆာစွမ်းအားများသည် ကိုးရက်အတွင်းမှာပင် မိုင်ပေါင်းမရေမတွက်နိုင်ဝေးကွာသည့် နဂါးငွေ့တန်းဆီသို့တိုင်အောင် ပျံ့နှံ့သွားနိုင်လေသည်။

ယန်ရှီး၏လက်ထဲတွင် လခြမ်းကွေးဓားတစ်လက်ကိုကိုင်ထားပြီး ထိုဓားကွေးထံမှ ညည်းညူသံများ ထွက်ပေါ်နေ လေသည်။

ဆန်းလျန်သည် ယန်ရှီး၏ရှေ့တွင် ရပ်နေလေသည်။

သူက မထီမဲ့မြင်အမူအရာဖြင့် ယန်ရှီးကိုကြည့်နေပြီး လှောင်ပြောင်သလိုတစ်ချက် ရယ်မောလိုက်သည်။

ယန်ရှီးက နတ်မိစ္ဆာဆယ့်နှစ်ကောင်၏အလယ်သို့ ဝင်ရောက်လာလေသည်။

နတ်မိစ္ဆာဆယ့်နှစ်ကောင်သည် တစ်ကောင်ပြီးတစ်ကောင် သူ၏ခန္ဓာကိုယ်အတွင်းသို့ တိုးဝင်သွားကြလေသည်။ ယန်ရှီး၏ သွယ်လျသည့်ခန္ဓာကိုယ်သည် ချက်ချင်းပင် ထွားကျိုင်းသန်မာလာပြီး တောင့်တင်းသန်မာသည့် ကြွက်သားများလည်း ထွက်ပေါ်လာလေသည်။ သူ၏စိတ်နှင့်ရုပ်သည် အနက်ရောင်စပျစ်နွယ်ပင်များအလား လိမ်ယှက်ပေါင်းစပ်သွားလေသည်။ သူ၏မျက်နှာမှာချောမောသန့်စင်နေပြီး ယောကျာ်းပီသလွန်းသည့် စကျင်ကျောက်ပန်းပုရုပ်တုတစ်ခုအလားပင် ထင်မှတ်ရလေသည်။

သူသည် အမှောင်မိစ္ဆာသခင်မဟုတ်တော့ဘဲ ခေတ်အဆက်ဆက်တွင် အကန့်အသတ်မရှိ ကြောက်မက်ဖွယ်ကောင်းလှသည့် မိုးကောင်းကင်နတ်မိစ္ဆာဘုရင်ကြီးအဖြစ်ပြောင်းလဲသွားပြီ ဖြစ်လေသည်။

ယန်ရှီးသည် ဆန်းလျန်ကို သနားစရာသတ္တဝါလေးတစ်ကောင်ကိုကြည့်သလို စိုက်ကြည့်နေရင်း....

“ငါ မင်းရဲ့အရာအားလုံးကို သိတယ် ဆန်းလျန်၊ မင်းရဲ့အတိတ်တွေ၊ မင်းရဲ့အရည်အချင်းတွေ၊ မင်းတွေးသမျှအတွေးတွေ အကုန်လုံးကိုရောပေါ့”

ယန်ရှီးက တစ်လုံးချင်းပြောလိုက်သည်။

ဆန်းလျန်က သူ့ထက်အဆမတန်ကြီးမားနေသည့် ခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားသည့် ယန်ရှီးကို မော့ကြည့်လိုက်လေ သည်။

ယန်ရှီးတစ်ကိုယ်လုံးသည် မိုးမြေစွမ်းအားများနှင့် ပြည့်နေပြီး ကောင်းကင်နှင့်မြေကြီးအကြားတွင် အထင်ရှားဆုံး မိုးကောင်းကင်နတ်မိစ္ဆာဘုရင်ကြီးတစ်ပါးအလား ထက်မှတ်ရလေသည်။ ထို့ပြင် ထိုသူသည် ဆန်းလျန်၏ပြိုင်ဘက် လည်း ဖြစ်လေသည်။

သို့သော် ဆန်းလျန်၏စိတ်ထဲတွင် မည်သည့်ခံစားချက်ကိုမှ

ခံစားရခြင်း မရှိပါ။

ဆန်းလျန်က နူးညံ့စွာ ပြုံးလိုက်လေသည်။

ဆန်းလျန်၏မျက်နှာမှာ အားနည်းပြီး ကြယ်တာရာ

အလင်းရောင်များ မှိန်ဖျော့နေသည့်တိုင် ထိုအပြုံးကိုတော့

ပီပြင်စွာတွေ့မြင်ရနိုင်လေသည်။

“အခုအချိန်ကစပြီး ယန်ရှီးဆိုတာ သမိုင်းမှာ ပျောက်ကွယ်သွား

ရတော့မယ်”

ဆန်းလျန်၏အသံက ကြည်လင်ရှင်းလင်းစွာ ထွက်ပေါ်လာ

သည်။

ဆန်းလျန်၏စကားကြောင့် ယန်ရှီး၏ မျက်နှာအမူအရာက

ပြောင်းလဲသွားခြင်းမရှိပါ။ သူက သူ့လက်ထဲမှ ဓားကွေးကို

ကိုင်မြှောက်ပြလိုက်ပြီး...

“ဒီဓားကွေးကို သံသရာစက်ဝန်းဓားလို့ခေါ်တယ် ၊ စိတ်အာရုံ အရှိတရားဓားလို့လည်းခေါ်တယ်”

ဆန်းလျန်က ဓားကွေးကိုစိုက်ကြည့်လိုက်သည့်အချိန်တွင် ဓားကွေးထံမှ ပိုးချည်မျှင်များကွန်ယက်သဖွယ် ထွက်ပေါ်လာလေသည်။

ပိုးခြည်မျှင်များသည် ဓားကွေးထံမှပင် ထွက်ပေါ်လာသည်မဟုတ်ပေ။ လောကတစ်ခုလုံးရှိ အမျက်ဒေါသထွက်နေသည့် အရှိတရားများအားလုံးဆီမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ သံသရာစက်ဝန်းဓားမှထွက်ပေါ်နေသည့် မှော်ဝင်စွမ်းအားများမှာ မြေကြီးကိုတုန်လှုပ်စေသလို ကောင်းကင်ကိုလည်း ထိုးခွဲနိုင်လောက်အောင် မြင့်မားလွန်းနေလေသည်။

ဆန်းလျန်၏မျက်နှာက မည်သူ့ကိုမှ ဂရုမစိုက်သည့်ဟန်ဖြစ်နေသည့်တိုင် ဓားကွေးကိုကြည့်ရင်း ဆန်းလျန်၏စိတ်များ ရှုတ်ထွေးလာလေသည်။

ဆန်းလျန်နှလုံးသားတစ်ချက်ခုန်လိုက်တိုင်း စိတ်ရှုတ်ထွေးမှုက တစ်ခါ မြင့်တက်လာရသည်။ သို့သော် နှလုံးခုန်သံကို ရပ်တန့်ထား၍လည်းမရပါ။ ယန်ရှီးထံမှ မိစ္ဆာစွမ်းအားများက ဆန်းလျန်၏နှလုံးသားထဲမှ မိစ္ဆာစွမ်းအားများထွက်ပေါ်လာအောင် နှိုးစွပေးနေခြင်းပင် ဖြစ်လေသည်။

ဆန်းလျန်က ချက်ချင်းပင် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ထူးဆန်းလွန်းသည့် တန်ခိုးစွမ်းအားကို ဖော်ထုတ်လိုက်လေသည်။ ထိုအခါ မိစ္ဆာစွမ်းအားများသည် ချက်ချင်းရပ်တန့်သွားလေသည်။

သံသရာစက်ဝန်းစားမှ ပိုးချည်မျှင်များသည် ဆန်းလျန်ကို ကွန်ယက်တစ်ခုအလား တစ်ရစ်ခြင်းစတင်ရစ်ပတ်နေပြီး ဆန်းလျန်၏ အသက်ဓာတ်စွမ်းအားများကို စုပ်ယူနေလေသည်။ ဆန်းလျန်နှလုံးသား တစ်ချက်ခုန်လိုက်တိုင်း ရစ်ပတ်မှုက ပိုပြီးတင်းကြပ်လာလေသည်။

သို့သော် နာကျင်မှုကို မခံစားရပါ။ နာကျင်မှုအစား အားနည်းခြင်းနှင့် အကြောက်တရားကို ခံစားရလေသည်။

မရေမတွက်နိုင်သည့် ကွန်ယက်များသည် ဆန်းလျန်ကို ရစ်ပတ်ထားပြီး ကြီးမားသည့်အနက်ရောင်ပိုးအိမ်ကြီးတစ်ခု ဖြစ်လာလေသည်။ ဆန်းလျန်မှာ သူ၏ဓားသိုင်းကိုအသုံးပြုရန်ပင် မတတ်နိုင်ဖြစ်နေရသည်။

လောကတစ်ခုလုံးရှိ အရှိတရားများထံမှ ထွက်ပေါ်နေသည့် အမျက်ဒေါသများသည် အနက်ရောင်ပိုးအိမ်ကြီးကို ဖြစ်တည်လာစေသည့် မူလအရင်းအမြစ်ပင် ဖြစ်လေသည်။ ထိုအမျက်တရားများသည် ဆန်းလျန်၏ နှလုံးသားအတွင်းသို့ ချိုးဖျက်ဝင်ရောက်ပြီး နှလုံးသားကို ထိန်းချုပ်ထားလေသည်။

ဆန်းလျန်သည် သူ၏မငြိမ်သက်သည့်နှလုံးသားကို ထိန်းချုပ်လိုက်ပြီး အရှိတရားများထံမှ ထွက်ပေါ်နေသည့် အမျက်ဒေါသ

များကြားတွင်ပင် ငြိမ်းချမ်းမှုကို ရှာဖွေရန် ကြိုးစားလိုက်လေသည်။

အခန်း (၄၅၁) နောက်ဆုံးတော့အရာအားလုံးအဆုံးသတ်ခဲ့ပြီ

ယန်ရှီးသည် ဆန်းလျန်ဆီသို့ ခြေတစ်လှမ်းချင်းလှမ်းကာ ချဉ်းကပ်လာလေသည်။ မဟာပဲ့တင်သံဗိမာန်သည် တုန်ခါလာလေသည်။ ယန်ရှီးသည် သူကျိန်းသေအနိုင်ရတော့မည်ဟု ယုံကြည်ထားပြီဖြစ်သည်။

ယန်ရှီးသည် ဆန်းလျန်ကိုလေးစားသည့်တိုင်အောင် ဆန်းလျန်ကိုသတ်ဖြတ်ရန်အတွက်တော့ မည်သည့်အခါမှ တွန့်ဆုတ်နေ

မည်မဟုတ်ပေ။ ထိုအချက်ကအဓိကအချက်ပင် ဖြစ်လေ

သည်။

ထို့ပြင် ဆန်းလန်၏အားနည်းချက်ကိုသိရှိထားသည့် ကမ္ဘာပေါ်

တွင်တစ်ယောက်တည်းသောသူမှာသူသာလျှင် ဖြစ်လေသည်။

ဆန်းလျန်သည် နတ်ဘုရားတစ်ပါးဖြစ်သည့်တိုင် လူသားများ

ကိုလည်းအားနည်းသည့်သူများအဖြစ်မသတ်မှတ်ခဲ့သလို

မလေးမစားပြုခဲ့ခြင်းမျိုးလည်းမပြုလုပ်ခဲ့ပေ။ သူကလောကီ

ဆင်းရဲဒုက္ခများမှ လွတ်မြောက်ရန်ဆန္ဒရှိသူဖြစ်သည့်အပြင်

အခြားသူများကိုလည်းကယ်တင်ပေးလိုသောဆန္ဒက သူ့တွင်

အမြဲတမ်းရှိလေသည်။

သို့သော်… ဆန်းလျန်၏ ဘဝကိုတွယ်တာတတ်သည့်စိတ်ထား

ကတော့ယန်ရှီး၏စိတ်ထားနှင့် ဆင်တူလေသည်။ ထို့ပြင် သူ

တို့နှစ်ယောက်လုံးသည် စိန်ခေါ်မှုအသစ်များကိုစိတ်ဝင်စားကြ

ပြီး အမြဲတမ်းအသစ်သောအရာများအတွက် သိလိုစိတ်ပြင်းထန်သူများ ဖြစ်ကြလေသည်။

ယန်ရှီးသည် ဆန်းလျန်၏ ဘဝအပေါ်တွင် တွယ်တာမှုကို အခွင့်ကောင်းယူကာအနက်ရောင်ပိုးချည်အိမ်ထဲတွင် ဆန်းလျန်ကိုဖမ်းထားခဲ့ခြင်း ဖြစ်လေသည်။ ဘဝအပေါ်တွင်တွယ်တာမှုသည် လောဘတရားဖြစ်ပြီးမိစ္ဆာစွမ်းအားကို ဖြစ်ပေါ်စေသည် မဟုတ်ပါလား။

ဆန်းလျန်သည် သူ၏အားနည်းချက်ကိုချက်ချင်းသဘောပေါက်သွားလေသည်။ ထိုသို့သဘောပေါက်သွားသည်နှင့် သူသည်ထိုအားနည်းချက်ကိုချက်ချင်းစွန့်လွှတ်လိုက်သည့်အခါတွင်တော့ အလွန်သန့်စင်သည့် နတ်ဘုရားတစ်ပါးအဖြစ်သို့ ကူးပြောင်းသွားလေသည်။ သူ၏ပြည့်ဝစုံလင်သည့်လွတ်လပ်မှုကိုမည်သည့်အရာကမှ ပိတ်ပင်တားဆီးနိုင်ခြင်းမရှိတော့ပေ။ “လူသား” အဖြစ် သူ့ကိုယ်သူသတ်မှတ်ထားသည့်

တွယ်တာမှုတစ်ခုကိုစွန့်လွှတ်လိုက်သည်နှင့် သူရရှိထားသည့် ဒဏ်ရာသည် ချက်ချင်းကုသပြီးသား ဖြစ်သွားလေသည်။ ထို့ပြင် ဆန်းလျှန်သည် ယန်ရှီးနှင့်မတူသည့်အချက်တစ်ချက် ရှိလေသည်။

ထိုအချက်မှာဆန်းလျှန်သည် လင်ထိုင်ဖန်းကျွမ်းသို့ မလာခင် အချိန်တွင် သူ၏စိတ်ခံစားချက်များအားလုံးကိုဖယ်ရှားပစ်ခဲ့ လေသည်။

သူကပိုင်ယွိဖေးနှင့်အရက်သောက်ရင်း သူ့ဘဝတွင်အောင်းမေ့ ဖွယ်ရာအဖြစ်အပျက်များအားလုံးကို ချင်းရှဝတ်ကျောင်းတော် တွင် ပိုင်ယွိဖေးနှင့်အရက်သောက်ရင်းတစ်ညတည်းနှင့် အပြီးပြောပြခဲ့လေသည်။ ထိုသို့ပြုလုပ်ခဲ့ခြင်းကသူ့စိတ်ထဲမှ ခံစားချက်များကိုတစ်ခုမကျန် ဖယ်ရှားပစ်နိုင်ခဲ့လေသည်။

"အရက်ခွက်ကိုကိုင်ရင်းသီချင်းတွေဆို

လူတစ်ယောက်ရဲ့ဘဝဆိုတာ

သစ်ရွက်လေးတွေထက်ကမိုးရေစက်လေးတွေလိုပါပဲ...

အတိတ်ကရှည်လျားခဲ့ပေမယ့်...

အနာဂတ်နေ့ရက်တွေကတော့ သိပ်မကျန်တော့ဘူးလေ..."

ဘဝဆိုသည်က နာကျင်စရာများဖြင့်ပြည့်နေသည့်တိုင် ဆန်းလျန်ကတော့ပျော်ရွှင်အောင် ကြိုးစားနေထိုင်ခဲ့သူ ဖြစ်လေသည်။

ဘဝက ပျော်ရွှင်မှုကိုကန့်သတ်ထားသည့်တိုင် ထိုကန့်သတ်မှုဘောင်ထဲမှာပင် အဆုံးမရှိသည့်ပျော်ရွှင်မှုကိုရှာဖွေတွေ့ရှိနိုင်လေသည်။

ဆန်းလျန်ဆိုသူသည် အဆုံးမရှိပျော်ရွှင်မှုကိုရရှိထားသည့် လူတစ်ယောက်ဖြစ်ပြီးသူဖြစ်ချင်သည်ကလည်းထိုကဲ့သို့သောလူသားတစ်ယောက်ပင် ဖြစ်လေသည်။

ဆန်းလျန်၏စိတ်ထဲတွင် တရားအလင်းကိုဖြည်းဖြည်းချင်းသိမြင်လာခဲ့လေသည်။ သူ၏ဉာဏ်စဉ်များသည် အဆုံးမရှိ

အချိန်နှင့်နေရာကိုကျော်လွန်သွားပြီးလင်ထိုင်ဖန်းကျွမ်းတောင်နှင့် ကြယ်သုံးပွင့်ဂူသည် ဖျတ်ခနဲလင်းလက်သွားလေသည်။

ကြယ်သုံးပွင့်ဂူ ၊ မဟာပဲ့တင်သံဗိမာန်အတွင်းရှိတရားဟောပလ္လင်ထက်တွင် မှတ်ဆိတ်မွေးများနှင့် ဆံပင်မွေးများဖြူဖွေးနေသည့် အဘိုးအိုတစ်ယောက်ထိုင်နေလေသည်။ ပလ္လင်အောက်တွင်လည်းအဘိုးအိုထံမှ တရားစကားကိုနားထောင်နေကြသည့် တပည့်အချို့ရှိနေလေ၏။

ထိုအဘိုးအိုမှာရှေးခေတ်အခါကနတ်ဘိုးဘိုးတစ်ပါးဖြစ်သည့်ပိယွမ်ဟူဘိုးဘိုးဖြစ်ကြောင်းဆန်းလျန် ချက်ချင်းသိလိုက်လေသည်။

နတ်ဘိုးဘိုးကိုမြင်လိုက်သည်နှင့် ထိုနတ်ဘိုးဘိုးသည် မည်သည့်အခါတွင်မှ ပြောင်းလဲမည့်သူမဟုတ်ကြောင်းဆန်းလျန်၏စိတ်ထဲတွင် စွဲမှတ်သွားလေသည်။ အခြားစကားလုံးနှင့်

သုံးမည်ဆိုလျှင် ထာဝရတည်မြဲသည်ဟုဆိုနိုင်မည် ဖြစ်လေ
သည်။

ဆန်းလျန်သည် တရားဟောပလ္လင်ထက်မှ ပိယွမ်ဟူဘိုးဘိုး
အားငေးကြည့်နေစဉ်မှာပင် ဘိုးဘိုးကလည်းသူ့ကို ပြန်စိုက်
ကြည့်နေသကဲ့သို့ ခံစားလိုက်ရသည်။ ထို့နောက် နတ်ဘိုးဘိုးက
တရားဟောစင်မြင့်အောက်မှ တပည့်များကိုပြောလိုက်သည်။

"ဒီတစ်ခါတော့ စိတ်ကိုဘယ်လိုထိန်းချုပ်ရမလဲဆိုတာသင်ပေး
မယ်"

တပည့်များကခေါင်းညိတ်လိုက်ကြပြီးတရားကိုနာကြားရန်
အတွက် သူတို့၏ခန္ဓာကိုယ်များကိုခပ်မတ်မတ်ပြင်ပြီးထိုင်
လိုက်ကြသည်။

ဆန်းလျန်သည် ပိယွမ်ဟူဘိုးဘိုးကိုအလွန်မှ ကြည်ညိုလေးစား
သွားမိလေသည်။ သူကနတ်ဘိုးဘိုးထံမှ မည်သည့်တရား

စကားများ ကြားရမည်လဲဟုစိတ်အားထက်သန်စွာဖြင့် စောင့်နေမိလေသည်။

ပိယွမ်ဟူဘိုးဘိုးသည် "စိတ်" အကြောင်းကိုစတင်ပြောကြားလေသည်။

"စိတ်" ဆိုသည်က ဝိညာဉ်စွမ်းအားအားလုံး၏ မူလအရင်းအမြစ်ဖြစ်လေသည်။ ထို "စိတ်" ကိုသာအနိုင်ယူထိန်းချုပ်နိုင်လျှင် မည်သည့်အန္တရယ်ကိုမဆိုရင်ဆိုင်ဖြေရှင်းနိုင်သည့် အတိုင်းအဆမဲ့ဝိညာဉ်စွမ်းအားရရှိမည်ဟုနတ်ဘိုးဘိုးကဟောကြားလေသည်။

နတ်ဘိုးဘိုးကထိုတရားဟောကြားပြီးသည့်နောက် ဂါထာတစ်ခုကိုသင်ပေးပြန်သည်။

ထိုဂါထာကိုစတင်ဟောပြောလိုက်သည်နှင့် ဆန်းလျန်သည်တရားအလင်းကိုထပ်မံသိမြင်လိုက်သလိုခံစားလိုက်ရလေသည်။ ထိုဂါထာသည် "ရပ်တန့်လိုက်သည်နှင့် တည်ငြိမ်မှုကိုရ

မည် ၊ တည်ငြိမ်မှုကိုရသည်နှင့် ငြိမ်းချမ်းမှုကိုရမည်” နှင့် အစချီလေသည်။

ထိုစာသားမှာကွန်ဖြူးရှပ်ဝါဒမှလာသည့် စာသားများဖြစ်လေသည်။ သို့သော် ပိယွမ်ဟူဘိုးဘိုးကတော့ ဂါထာတစ်ပုဒ်အဖြစ် ရွတ်ဆိုခဲ့သည်။ မည်သည့်ဝါဒပင်ဖြစ်စေတရားအလင်းသိမြင်ရာတွင်တော့ ကန့်သတ်ထားနိုင်ခြင်းမရှိပေ။

ထိုဂါထာကိုနားထောင်ပြီးသည်နှင့် ဆန်းလျန်၏စိတ်အစဉ်သည် အမည်မသိနေရာတစ်ခုသို့ ရောက်ရှိသွားလေသည်။ ထိုနေရာသည် မည်သည့်နေရာဖြစ်သည်ကိုဖော်ပြခြင်းငှာမစွမ်းသာပါ။ သူ၏အတွေးများသည် တဖြည်းဖြည်းပျောက်ကွယ်သွားပြီးခိုင်မာသည့်အတွေးများကိုလည်းတည်ဆောက်နိုင်ခြင်းမရှိတော့ပေ။

ရုတ်တရက်…

ပိယွမ်ဟူဘိုးဘိုးသည် သူ့ကိုလှမ်းကြည့်လိုက်လေသည်။

“မင်းနားလည်သလား ၊ ဒါကမင်းရဲ့စိတ်ကိုမင်းကိုယ်တိုင် ဘယ်လိုထိန်းချုပ်မလဲဆိုတာပဲ”

အမှန်တော့ ဆန်းလျန်သည် ပိယွင်ဟူဘိုးဘိုးပြောသမျှကို တစ်လုံးမကျန်နားလည်နိုင်ခြင်းမရှိခဲ့ပါ။ သို့သော် သူသိရှိရမည့်အပိုင်းကိုတော့ ရှင်းရှင်းလင်းလင်းနားလည်သွားခဲ့လေသည်။

ထို့နောက်တွင်တော့ ပိယွမ်ဟူဘိုးဘိုးသည် ဆန်းလျန်ကိုလက်ညိုးတစ်ချက် ထိုးညွှန်လိုက်လေသည်။ ထိုအခါ လေထုအတွင်းသို့ ထူးဆန်းသည့်တန်ခိုးစွမ်းအားတစ်ခုပျံ့နှံ့သွားပြီး ဆန်းလျန်ကိုယ်ပေါ်သို့ သက်ရောက်သွားလေသည်။

နတ်ဘိုးဘိုးက…

“ဒီနေ့တော့ ဒီလောက်ပဲ…”

စကားဆုံးသည်နှင့် ဆန်းလျန်သည် အိပ်ပျော်နေရာမှ နိုးထသူ ကဲ့သို့ နိုးထလာပြီးအစစ်အမှန်တရားဆီသို့ ပြန်လည်ရောက်ရှိ လာလေသည်။

ဆန်းလျန်၏ ကြယ်တာရာစွမ်းအားများသည် တောက်ပနေ ခြင်းမရှိတော့ပါ။သို့သော် သူ၏စိတ်များကတည်ငြိမ်အေးဆေး နေပြီးစကြာဝဠာတစ်ခုလုံးတွင် အတားမဆီးမရှိတော့ပေ။

ဆန်းလျန်၏လက်ထဲတွင် ဓားရှည်တစ်လက်ကိုကိုင်ထားလေ သည်။ ဓားဝိညာဉ်မှ အသက်ဓာတ်စွမ်းအားများစီးထွက်နေပြီး အနက်ရောင်မိစ္ဆာပိုးအိမ်ကြီးသည် အပိုင်းပိုင်းပြတ်သွားလေ သည်။

ယန်ရှီး၏ပုံသဏ္ဍာန်မှာကောင်းကင်သို့ရောက်သည်အထိ မြင့် မားနေပြီး သူ၏လက်ဝါးရိုက်ချက်သည် ကောင်းကင်ကိုထိုးခွဲ တော့မည့်အလားဖြစ်လေသည်။ဆန်းလျန်ကသူ၏ဓားဖြင့် ယ န်ရှီး၏ လက်ဝါးရိုက်ချက်ကို ခုခံကာကွယ်လိုက်လေသည်။

ယန်ရှီးသည် ဆန်းလျန်၏ဓားဝိညာဉ်ဆီမှ ရှေးကျသည့်တန်ခိုး
စွမ်းအားတစ်ခုထွက်ပေါ်လာသည်ဟုခံစားလိုက်ရလေသည်။
ထိုစွမ်းအားသည် မဟာပဲ့တင်သံဗိမာန်နှင့်ပေါင်းစပ်သွားပြီးယ
န်ရှီး၏ ပကတိဖန်ဆင်းခြင်းပညာကိုမရပ်တန့်သောစွမ်းအား
များစွာဖြင့် တွန်းလှန်တိုက်ခိုက်နေလေသည်။
ထိုခဏအချိန်အတွင်းမှာပင်...
ယန်ရှီးထံမှ အဆုံးမရှိသည့်မိစ္ဆာစွမ်းအားများထွက်ပေါ်လာပြီး
ထိုးစွမ်းအားများကိုဆန်းလျန်၏ဓားမှထွက်ပေါ်နေသည့်
ရှေးကျသည့်သဘာဝလွန်စွမ်းအားအတွင်းသို့ စီးဝင်သွားလေ
သည်။
ထိုအခါ ဆန်းလန်၏ဓားမှ စွမ်းအားများသည် ရပ်တန့်သွားလေ
သည်။
ဆန်းလျန်၏ဓားမှ ထွက်ပေါ်နေသည့်အလင်းတန်းများထဲတွင်
သူ၏မိစ္ဆာစွမ်းအားများ ကိန်းဝပ်သွားလေသည်။

ရေထဲတွင် ငါးလေးတစ်ကောင် လွတ်လပ်စွာကူးခပ်နေစဉ်တွင် ရေက ရုတ်တရက်အေးခဲသိပ်သည်းသွားသကဲ့သို့ ပင် ဖြစ်လေသည်။

သို့သော်… ရှေးဟောင်းတန်ခိုးစွမ်းအားသည် ပျောက်ကွယ်သွားခြင်းမရှိပါ။ ကံတရားသည် လောကရှိကောင်းမှု မကောင်းမှု အရာအားလုံးကိုသိရှိသကဲ့သို့ လောကရှိဖုံးကွယ်ထားသမျှ အရာအားလုံးကိုထိုတန်ခိုးစွမ်းအားထဲတွင် တွေ့မြင်နေရလေသည်။

ထို့နောက် မဟာပဲ့တင်သံဗိမာန်သည် တစ်ချက်တုန်ခါသွားကာ ပြိုကျသွားပြီးယန်ရှီး၏ခန္ဓာကိုယ်ကြီးမှာလည်းပျောက်ကွယ်သွားလေတော့သည်။

စုန့်ချင်းယွီသည် တစ်စုံတစ်ခုပြိုကျသွားသည်ကိုသတိပြုလိုက်မိလေသည်။

ထိုအချိန်မှာပင် လင်ထိုင်ဖန်းကျွမ်းတောင်ကြီးသည်လည်း သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ကောင်းကင်ထက်တွင် ဆန်းလျန်၏ ဒြပ်စင်ငါးပါးမျော်ဝင်ဓားမှ သက်တံ့ရောင်စဉ်များလင်းလက်နေပြီးဓားခြိမ်းသံကြီးတစ်သံကို ကြားလိုက်ရလေသည်။

စုန့်ချင်းယီကထိုမြင်ကွင်းကိုကြည့်နေရင်းမှ…

"မင်းသခင်တော့ ဘာဖြစ်သွားပြီလဲမသိဘူး"

အနားမှ ရေနဂါးကြီးကိုသူကပြောလိုက်လေသည်။

……………………………

အမှောင်မိစ္ဆာသခင်ယန်ရှီးနှင့် ချင်းရှမ်နတ်တံခါး၏ဂိုဏ်းချုပ်ဆန်းလျန်တို့ ပျောက်ကွယ်သွားပြီးသည့်နောက် အမှောင်မိစ္ဆာဂိုဏ်းမှာလည်း ပြိုကွဲပျက်စီးသွားလေသည်။

ယန်ရှီးပြုလုပ်ထားခဲ့သည့် သွေးကန်ကိုကျင့်ကြံသူများက သွားရောက်လေ့လာခဲ့ကြလေသည်။ နောက်ပိုင်းတွင်တော့

ကျင့်ကြံသူများကထိုသွေးကန်ကို ခရီးဝေးဆက်သွယ်ရေး
အတွက် အသုံးပြုခဲ့ကြလေသည်။
ဆန်းကျန်းရန်နတ်ဘုရားမရှိတော့သည့်နောက်ပိုင်းချင်းရှမ်နတ်
တံခါးသည် ယခင်ကဲ့သို့ပင် ပြန်လည်ယိုယွင်းပျက်စီးသွား
လိမ့်မည်ဟုကျင့်ကြံသူလောကမှ လူများကယူဆခဲ့ကြလေ
သည်။ ထို့ကြောင့် အစွန်းရောင်ကျင့်ကြံသူအုပ်စုတစ်စုကချင်း
ရှမ်နတ်တံခါးကိုသွားရောက် ရန်စခဲ့ကြလေသည်။ သို့သော် ထို
လူစုသည် ခေါင်းလောင်းတစ်ခုအတွင်းတွင် ပိတ်မိနေပြီး
အသက်မသေရုံတမယ် ခံစားခဲ့ကြရလေသည်။
ထို့ကြောင့် ဆန်းကျန်းရန်နတ်ဘုရားမရှိတော့သည့်တိုင် ချင်းရှ
မ်နတ်တံခါးတွင် လောကနတ်ဘုရားများကဲ့သို့ တန်ခိုးစွမ်းအား
မြင့်မားသူများရှိနေသေးကြောင်းလောကတစ်ခွင်မှ သိရှိသွားခဲ့
ကြလေသည်။

နောက်ပိုင်းတွင်တော့ ချင်းရှမ်တောင်ပတ်ဝန်းကျင်တွင် နဂါး

နှစ်ကောင်ပျံသန်းကာစောင့်ရှောက်နေသည်ကိုတွေ့ရှိကြရပြီးချ

င်းရှမ်နတ်တံခါးကိုမည်သူမျှ မလေးမစားမပြုရဲတော့ပေ။ ထို

နဂါးနှစ်ကောင်မှာဆန်းလျန်၏စီးတော်ယဉ်ဖြစ်သည့် အရှေ့

ပင်လယ်နဂါးနှင့် နဂါးအဖြစ်အသွင်ပြောင်းနိုင်ပြီဖြစ်သည့် မြွေ

မိစ္ဆာကြီးကျင်းချင်းပင် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်...

လော်ဝါဒ၏ သူတော်စင်မိန်းမပျို ကျောက်ရှောင်ယွီသည် လှေ

ငယ်လေးတစ်စင်းဖြင့် ပင်လယ်ခရီးကိုထွက်ခွာသွားလေသည်။

သူမသည် ထျန်းဟွာနယ်သို့ ထွက်ခွာသွားသည်ဟုကောလဟ

လများထွက်ပေါ်ခဲ့သည့်တိုင် သူမမည်သည့်နေရာသို့ ရောက်ရှိ

သွားသည်ကိုမည်သူမှ မသိကြပေ။

ကိုယ်တစ်ပိုင်းသေသွားသည့် တာအိုဆရာတုန်းဖုန်းနှင့် ချင်းရှ

မ်မှ ပညာများကိုသင်ယူနိုင်ခဲ့သည့် လင်ကွမ်းနတ်သမီးတို့က

ကွမ်းချင်းနတ်ဘုရားဂိုဏ်းကို ပြန်လည်တိုးတက်အောင်

လုပ်ဆောင်ခဲ့လေသည်။ ယခုတစ်ကြိမ်တွင်တော့ သူတို့က

တပည့်များ၏စိတ်ထားကိုထက်မြက်ကောင်းမွန်မှုရှိစေရန်

သေသေချာချာအာရုံစိုက်ကာသင်ကြားပေးခဲ့ကြလေသည်။

ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ပြီးသည့်နောက်တွင်တော့

ထိုက်စုနတ်ဘုရားဂိုဏ်းနေရာတွင် ကွမ်းချင်းနတ်ဘုရားဂိုဏ်း

ကအဓိကနတ်ဘုရားကျောင်းတော်ကြီးတစ်ခုအဖြစ် အစားထိုး

ဝင်ရောက်လာခဲ့လေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

ကျင့်ကြံသူလောကတွင် နတ်ဘုရားများထပ်မံပေါ်ထွက်လာခဲ့

သည့်တိုင် မည်သူမှ လောကိုကျော်လွန်သွားနိုင်ခြင်းမရှိကြပေ။

ဗုဒ္ဓဘာသာကျောင်းတော်ကြီးရှစ်ခုမှ ကျောင်းထိုင်ဆရာတော်

ကြီးများမှာလည်းဗောဓိသကျတစ်ပါးအဆင့်သို့ ရောက်သည်

အထိမည်သူမျှ ကျင့်ကြံနိုင်ခဲ့ကြခြင်းမရှိကြပေ။

ချင်းရှမ်နတ်တံခါးမှ ဆန်းကျန်းရန် နတ်ဘုရားနှင့် အမှောင်

မိစ္ဆာသခင် ယန်ရှီးတို့သည် ကျင့်ကြံသူလောကတွင် အလွန်

တန်ခိုးစွမ်းအားမြင့်မားခဲ့ကြသည့် နောက်ဆုံးနတ်ဘုရားများ

အဖြစ် ဒဏ္ဍာရီသဖွယ်တွင်ကျန်ရစ်ခဲ့ကြလေတော့သည်။

အခန်း (၄၅၂) ပြန်လည်မွေးဖွားခြင်း

မဟာပဲ့တင်သံဗိမာန်ပြိုကျတော့မည့်အချိန်တွင် ဆန်းလျန်

သည် သူ့တွင်နောက်ဆုံးကျန်ရှိနေသည့် ဝိညာဉ်စွမ်းအားများ

ကို ဒြပ်စင်ငါးပါးမှော်ဝင်ဓားဆီသို့ စီးဆင်းစေလိုက်ပြီး မှော်ဝင်

ဓားကို အဝေးတစ်နေရာသို့ ပို့ဆောင်ပေးလိုက်လေသည်။

ထို့နောက်တွင်တော့ သူက ချက်ချင်းပင် “စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း” စာအုပ်မှ အမြင့်ဆုံးအဆင့်ကျင့်စဉ်တစ်ခုဖြ သည့် “အသူရာချောက်သို့ဆက်သွယ်ခြင်း” ကျင့်စဉ်ကို အသုံးပြုကာ အသူရာချောက်တည်ရှိရာ မြေအောက်ကမ္ဘာသို့ ဝင်ရောက်ခဲ့လေသည်။

ဆန်းလျန်က လက်ရှိအခြေအနေတွင် အကောင်းဆုံးဆိုသည့် အလုပ်ကို စဉ်းစားပြီး လုပ်လိုက်ခြင်း ဖြစ်လေသည်။ မဟာ ပွဲတင်သံဗိမာန်ပျက်စီးသွားသည့်အချိန်တွင် သူ့အနေဖြင့် မည် သည့်နည်းနှင့်မျှ ပြင်ပကမ္ဘာသို့ ပြန်သွားနိုင်တော့မည် မဟုတ် ပေ။ ထို့ပြင် သူ၏မူလဝိညာဉ်ခန္ဓာမှာလည်း တန်ခိုးစွမ်းအား များ လျော့နည်းနေပြီ ဖြစ်လေသည်။ သူ၏ ဝိညာဉ်စွမ်းအားကို အသုံးပြုကာ ပြင်ပကမ္ဘာသို့ ထွက်ခွာနိုင်ရန် ကြိုးစားမည်ဆို လျှင်ပင် သူနှင့် သူ၏မော်ဝင်ဓား တွင် တစ်ခုသာလျှင် လွတ်မြောက်ခွင့်ရမည် ဖြစ်လေသည်။ ထို့ကြောင့် သူက

ဒြပ်စင်ငါးပါးမော်ဝင်ဓားကို လွတ်မြောက်စေလိုက်ပြီး သူ ကတော့ ဗလာနယ်တစ်ခုကိုဖန်ဆင်းကာ အသူရာချောက်သို့ ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

သူသည် စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်မှ အသူရာ ချောက်သို့ဆက်သွယ်ခြင်းကျင့်စဉ်ကို စတင်ဖော်ထုတ်လိုက် သည်နှင့် အသူရာချောက်ကိုးထပ်မှ ဘုံတစ်ခုဖြစ်သည့် သံသရာလည်ခြင်းဘုံမှ သူ၏မူလဝိညာဉ်ခန္ဓာကို ဆွဲခေါ် နေသည်ကို ခံစားလိုက်ရလေသည်။ သူ့အနေဖြင့် ထိုသို့ဆွဲခေါ် ခြင်းခံနေရသည့်ဖိအားကို လုံးဝ တွန်းလှန်နိုင်ခြင်းမရှိပေ။ သူ သည် ဝိညာဉ်မြစ်အတွင်းသို့ ကျဆင်းသွားပြီး အဆုံးမရှိသည့် အမှောင်တရားသည် သူ့ရှေ့တွင် စောင့်ကြိုနေလေသည်။

သူသည် ဝိညာဉ်မြစ်ရေထဲတွင် မျောပါသွားဆဲ ရေထဲမှ ထူးခြားသည့် စွမ်းအားတစ်ခုကို ခံစားလိုက်ရလေသည်။ ထို စွမ်းအားမျိုးကို သူ့ဘဝတွင် တစ်ခါမှ ခံစားခဲ့ရဖူးခြင်းမရှိပေ။

ယခင်အချိန်များတုန်းက ချင်းရွှမ်နတ်တံခါးမှ ဝိညာဉ်မြစ်ရေ တွင် ရေစိမ်စဉ်ခဲ့စဉ်ကပင် ထိုသို့သောစွမ်းအားမျိုးကို သူမ ခံစားခဲ့ရဖူးပေ။ ထိုစွမ်းအားများက သူ၏မှတ်ဉာဏ်များကို အကြိမ်ကြိမ်စုပ်ယူသွားသည့်အတွက် တစ်ခဏလေးအတွင်း မှာပင် သူ့ဘဝ၏အမှတ်တရများစွာသည် ဝေဝါးပျောက်ကွယ် ကုန်တော့သည်။ ဆန်းလျန်က ချက်ချင်းပင် သူ၏နတ်ဘုရား စွမ်းအားများကိုထုတ်ဖော်ကာ ထိုစွမ်းအား၏တိုက်စားသည့်ရန် မှ သူ့ကိုယ်သူကာကွယ်ထားလိုက်လေသည်။ ထို့ကြောင့် သူ၏ နှလုံးသားနှင့်ဝိညာဉ်ပျက်စီးခြင်းကို အချိန်မီတားဆီးလိုက် နိုင်သည်။ တဖြည်းဖြည်းနှင့် ဝိညာဉ်မြစ်ရေထဲတွင် မျောလာ ရင်း သူ၏ဝိညာဉ်ခန္ဓာမှာ လူသားပုံသဏ္ဍာန်မဟုတ်တော့ဘဲ လုံးဝန်းသည့်ဓာတ်ဖန်လုံးတစ်ခုပုံသဏ္ဍာန်ကူးပြောင်းသွားလေ သည်။ သူသည် သူ၏နှလုံးသားနှင့် မှတ်ဉာဏ်များကို ဝိညာဉ် ခန္ဓာစက်ဝန်းအတွင်းတွင် တင်းတင်းကြပ်ကြပ်ကာကွယ်ထားခဲ့

လေသည်။ ထို့နောက် သူ၏အရေးမကြီးသည့် မှတ်ဉာဏ်များ နှင့် မကောင်းသည့်စိတ်အာရုံများကိုသာ ဝိညာဉ်မြစ်ရေက စုပ်ယူသည်ကို ခွင့်ပြုလိုက်သည်။

လူများသည် ဘဝကူးပြောင်းသွားကြသည့်အခါတွင် အတိတ်ဘဝကို အဘယ့်ကြောင့် မမှတ်မိကြတော့သည်ကိုဆန်းလျှန်သဘောပေါက်သွားမိလေသည်။ ဆန်းလျှန်ကဲ့သို့ ခိုင်မာသည့်မူလဝိညာဉ်ခန္ဓာကို ပိုင်ဆိုင်သည့် နတ်ဘုရားတစ်ပါးသည်ပင်လျှင် အတိတ်ကိုမေ့ပျောက်မသွားစေရန် အထူးသတိထားပြီးကာကွယ်နေရသေးသည်။

ဝိညာဉ်မြစ်ရေထဲတွင် စီးမျောနေရသည်မှာ ရှည်လျားလွန်းပြီးဖြတ်သန်းနေရသူမှာ သူတစ်ယောက်တည်း မဟုတ် မဟုတ် မသေချာပေ။

ယခု ဆန်းလျှန်စီးမျောနေရသည့် ဝိညာဉ်မြစ်သည် အသူရာချောက်တွင် စီးဆင်းနေသည့် ဝိညာဉ်မြစ်မကြီးဖြစ်ပြီး

လူ့လောကသို့ စီးထွက်လာသည့် ဝိညာဉ်မြစ်ခွဲများထက် အဆ ပေါင်းများစွာပိုပြီးကြောက်မက်ဖွယ်ကောင်းလေသည်။ ဆန်းလျှန် နတ်ဘုရားတစ်ပါးမဖြစ်ခင်ကတည်းကပင် စိတ် အာရုံများကိုထိန်းချုပ်ခြင်းစာအုပ်မှ အသူရာချောက်သို့ဆက် သွယ်ခြင်း ကျင့်စဉ်ကို ကျင့်ကြံရန် အလွန်စိတ်ဝင်စားခဲ့လေ သည်။ သို့သော် သူက သိချင်စိတ်ကို မျိုသိပ်ကာ လက်တွေ့ ကျင့်ကြံခဲ့ခြင်း မရှိပေ။ ကျင့်ကြံလိုက်တိုင်းလည်း အသူရာ ချောက်မှ နက်ရှိုင်းသည့် စွမ်းအားတစ်မျိုးကို ခံစားရလေ့ ရှိ လေသည်။ အကယ်၍ နတ်ဘုရားမဖြစ်ခင်ကသာ ထိုကျင့်စဉ် ကို အောင်မြင်အောင် ကျင့်ကြံပြီး အသူရာချောက်သို့ရောက်ရှိ သွားပါက ဝိညာဉ်မြစ်ထဲတွင် သူ၏မှတ်ဉာဏ်များ တစ်ဝက်ခန့် တိုက်စားခံသွားရမည် ဖြစ်လေသည်။ သူ့ကိုယ်သူပင် မည်သူ မည်ဝါဖြစ်သည်ကို မှတ်မိနိုင်တော့မည် မဟုတ်ပေ။

ဝိညာဉ်မြစ်ထဲတွင် မျောပါနေစဉ်တွင် ဆန်းလျန်သည် တတ်နိုင်သမျှ အသိစိတ်လွတ်မသွားအောင်နေခဲ့လေသည်။ အတန်ကြာသည့်အခါတွင်တော့ မြစ်ကမ်းနံဘေးတစ်နေရာတွင် အလင်းရောင်အစက်တစ်ခုကို မြင်တွေ့လိုက်ရလေသည်။ နောက်ဆုံးတော့ အလင်းရောင်တွေ့မြင်ရပြီ ဖြစ်လေသည်။ ဆန်းလျန်သည် ပူလောင်မှုကိုခံစားလိုက်ရလေသည်။ တောက်လောင်နေသည့်ရောမမီးလုံးကြီး ထွက်ပေါ်လာပြီး အပူစွမ်းအင်နှင့်အလင်းဓာတ်ကို ကမ္ဘာမြေပေါ်သို့ ဖြန့်ဝေပေးနေလေသည်။

နေထွက်လာခြင်းများလေလား…။

ဆန်းလျန်မှာအံ့ဩထိတ်လန့်သွားရလေသည်။ သူကအသူရာချောက်ကိုးထပ်သို့ ရောက်နေသည် မဟုတ်ဘူးလား။

အဘယ်ကြောင့် နေထွက်လာရပါသနည်း။

သို့သော်… သူ၏အတွေးမဆုံးမီပင် သူသည် သွေးနီရောင်ပင်လယ်အတွင်းသို့ ရောက်ရှိလာခဲ့တော့သည်။ သွေးနီရောင်

ပင်လယ်အတွင်းမှ များပြားလွန်းလှသည့် အမျက်ဒေါသများ ထွက်ပေါ်နေလေသည်။ ထိုအမျက်ဒေါသများမှာ ယန်ရှီး၏ မိစ္ဆာစွမ်းအားများထက်ပင် အနည်းငယ်အားပိုကောင်းနေသည့် အပြင် ထိုအမျက်ဒေါသများသည် အဆုံးလည်းမရှိပေ။

ဆန်းလျန်သည် သွေးနီရောင်ပင်လယ်ထဲတွင် မိမိကိုယ်ကို ပျောက်ဆုံးမသွားစေရန်အတတ်နိုင်ဆုံး ကြိုးစားနေမိသည်။ သို့သော် သွေးနီရောင်ပင်လယ်ထဲသို့ ဆန်းလျန်ရောက်ရှိသွား သည်နှင့် ပင်လယ်ကမ်းခြေတွင် အနီရောင်ငရဲပန်းများ ပွင့်လန်းလာတော့သည်။ ထိုပန်းပွင့်များဆီမှ ထူးဆန်းသော မှော်စွမ်းအားများထွက်ပေါ်နေပြီး သတ္တဝါအားလုံးကို ထိတ်လန့်တုန်လှုပ်စေလေသည်။

ဆန်းလျန်က သူ၏နတ်ဘုရားစွမ်းအားများကို ထုတ်လွှတ်ကာ သွေးနီရောင်ပင်လယ်ကို လေ့လာကြည့်လိုက်သော်လည်း မည် သည့်အရာမှ တွေ့ရှိခြင်းမရှိခဲ့ပေ။ သွေးနီရောင်ပင်လယ်ထဲတွင်

ထွက်ပေါ်နေသည့် အမျက်ဒေါသများသည် မည်သည့်နေရာမှ ထွက်ပေါ်နေသည်ကို ဆန်းလျန်လည်း မသိနိုင်ပါ။

“အနီရောင်ပင့်ကူငရဲပန်းတွေပွင့်လာပြန်ပြီ ၊ ဒီပန်းတွေ နောက်ဆုံးပွင့်ခဲ့တာ တိကျန်ဗောဓိသကျ ကြွလာခဲ့တုန်းက တစ်ခါပဲ ပွင့်ခဲ့တာ”

သွေးနီရောင်ပင်လယ်ထက်ရှိ လေထုထဲမှ အနည်းငယ်ရှေးကျ ပြီးတိုးလျသည့် အသံတစ်သံ ထွက်ပေါ်လာလေသည်။

“ကမ်းခြေကပန်းတွေပွင့်တာဆိုရင်တော့ အသူရာချောက်ရဲ့ အရှင်သခင်မွေးဖွားလာလိမ့်မယ်တဲ့ ၊ တိကျန်ဗောဓိသကျက အဲဒီအတိုင်း ဟောကိန်းထုတ်ခဲ့တာပဲ”

ပြန်ပြောသည့်စကားသံတစ်သံ ထွက်ပေါ်လာပြန်သည်။

ထို့နောက် တရားစာရွတ်ဖတ်သံများထွက်ပေါ်လာပြီး ရွှေရောင် အလင်းတန်းများသည် သွေးနီရောင်ပင်လယ်ထက်သို့ ဖြာဆင်း လာကြလေသည်။ ထို့နောက်တွင်တော့ သွေးနီရောင်ပင်လယ်

ထဲမှ ဖန်သားကဲ့သို့ကြည့်လင်သည့် ဝိညာဉ်ပေါင်းများစွာထွက်ပေါ်လာပြီး ရွှေရောင်အလင်းတန်းများကို ဦးညွှတ်လိုက်ကြလေသည်။ ထို့နောက် ဝိညာဉ်အားလုံးသည် ပျောက်ကွယ်သွားပြီး ကမ္ဘာ့ဒေသအသီးသီးသို့ ပျံ့နှံ့သွားကြလေတော့သည်။

"ဒီငတုံးက ဟန်ဆောင်နေတာပါ၊ အခုတောင်မှ အမျက်ဒေါသထွက်နေတဲ့ ဝိညာဉ်နှစ်ခုလောက်ကို သူ့ဘယ်လောက်စိတ်ထားကောင်းတယ်ဆိုတာပြဖို့ ပြောင်းလဲပေးလိုက်သေးတယ်"

သွေးနီရောင်ပင်လယ်ထက်ရှိ မိုးကောင်းကင်အလွန်မှ တစ်စုံတစ်ယောက်၏ စကားသံ ထွက်ပေါ်လာလေသည်။

"အော်မီတော်ဖော်.."

အခြားတစ်ယောက်က မည်သည့်မှတ်ချက်မှ မပြုဘဲ ဘုရားစာရွတ်ဖတ်သံသာ ထွက်ပေါ်လာခဲ့လေသည်။

သွေးနီရောင်ပင်လယ်၏ကမ်းခြေထက်တွင်တော့ အနီရောင်ပင့်ကူငရဲပန်းများက လှပစွာ ပွင့်လန်းလျှက် ရှိလေတော့သည်။

ဒဏ္ဍာရီအရဆိုလျှင်တော့ တိကျန်ဗောဓိသကျက “အနီရောင်ပင့်ကူငရဲပန်းများ ထပ်မံပွင့်လန်းသည့်အခါတွင် မသူရာချောက်၏ အရှင်သခင်အစစ်အမှန် ရောက်ရှိလာမည်” ဟု အဆိုရှိလေသည်။

သွေးနီရောင်ပင်လယ်ကမ်းခြေမှ အနီရောင်ပင့်ကူငရဲပန်းများ ပွင့်လန်းလာမှုကို အသူရာချောက်မှ လူများက သတိပြုမိကြသော်လည်း မည်သူမျှ အမှန်တကယ် ဖြစ်မလာစေချင်ကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အခြားသူတစ်ယောက်၏ လက်အောက်ငယ်သားများ ဖြစ်ရမည်ကို မလိုလားသောကြောင့် ဖြစ်လေသည်။

သွေးနီရောင်ပင်လယ်သည် ကျယ်ပြန့်လွန်းလှသည့်အတွက် ဒဏ္ဍာရီဆန်စွာ ပေါ်ထွက်လာမည့် အသူရာချောက်၏အရှင်သခင်ကို မည်သူမျှ ရှာဖွေနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

ဆန်းလျှန်သည် သွေးနီရောင်ပင်လယ်ထဲတွင်မျောနေရင်း ရွှေရောင်အလင်းတန်းများ ဖြာလင်းလာသည်ကိုတွေ့ရသည်နှင့် ရုန်းကန်နေမှုကို ရပ်တန့်လိုက်ပြီး စိတ်ကို ဖြေလျှော့လိုက်လေသည်။ ထို့နောက် သူသည် ရွှေရောင်အလင်းတန်းများကြား တွင် ပျောက်ကွယ်သွားတော့သည်။

သူ၏ဝိညာဉ်သည် လေထုထဲတွင် လွင့်မျောနေသကဲ့သို့ ခံစားရပြီး သူ့ကို ငြင်းပယ်နေသည့် လောကများမှ ဖိအားများကို ခံစားရလေသည်။ သူက သူ၏မူလဝိညာဉ်ခန္ဓာကို ခြေ့လိုက်ပြီး လောကတစ်ခုမှ တစ်ခုဆီသို့ ခုန်ကူးသွားလေသည်။ နောက်ဆုံးတွင်တော့ သူသည် ခြံဝန်းအကျယ်ကြီးတစ်ခုရှိရာသို့ ရောက်ရှိသွားပြီး ဖိအားများမှလည်း လွတ်မြောက်သွားခဲ့လေသည်။

ဆန်းလျှန်၏ဝိညာဉ်သည် မိန်းကလေးတစ်ယောက်၏ အပြည့်အဝမဖွံ့ဖြိုးသေးသော သန္ဓေသားအတွင်းသို့ ဝင်ရောက်သွားလေသည်။ သူ့ကို နွေးထွေးသည့်အရည်များက

ဝန်းရံထားသည်ကို သူခံစားနေရသည်။ ထိုအရာသည် ကျင့်ကြံသူများ၏ဘဝတွင် ရင်ဆိုင်ရလေ့ရှိသည့် လူပြန်ဝင်စားခြင်းပင် ဖြစ်လေသည်။

သို့သော် ဖြစ်တည်နေဆဲ သန္ဓေသားသည် အလွန်နူးညံ့လွန်းသည့်အတွက် ဆန်းလျှန်၏ မူလဝိညာဉ်အားလုံးဖြင့် ပေါင်းစပ်နိုင်ခြင်းကို လက်ခံနိုင်စွမ်းမရှိဘဲ ပျက်စီးသွားနိုင်လေသည်။ အခန့်မသင့်ပါက သူ၏နတ်ဘုရားစွမ်းအားများကြောင့် မိခင်ရော ကလေးပါ သေဆုံးရသည်အထိ ဖြစ်နိုင်လေသည်။

သို့သော် ဆန်းလျှန်တွင် ရွေးချယ်စရာမရှိပေ။ အဘယ်ကြောင့်ဆိုသော် သူက ယခုသူရောက်ရှိနေသည့် လောက အကြောင်းကို တစ်ခုမှ သိရှိထားခြင်း မရှိပေ။ ထို့ပြင် လူ့လောကတွင် နေထိုင်ရန်အတွက် အခြားနည်းလမ်းတစ်ခုရှာဖွေရန်လည်း သူ့အတွက် မဖြစ်နိုင်ပေ။ ထို့ပြင် သူသည် သွေးနီရောင်ပင်လယ်မှ ထွက်ခွာလာစဉ် လောကများက သူလာရောက်ရန်အတွက် အ

ဘယ့်ကြောင့် ငြင်းပယ်နေသည်ကိုလည်း သူသေသေချာချာ မသိပေ။ သို့သော် တစ်ဖန်ပြန်လည်မွေးဖွားလာခြင်းဖြင့်သာ ထိုငြင်းပယ်သည့် ဖိအားများမှ လွတ်မြောက်နိုင်မည် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်သည် သူ၏မူလဝိညာဉ်ခန္ဓာကို အကန့်အသတ်တစ်ခုထိရောက်အောင် သိပ်သည်းစေလိုက်ပြီး သန္ဓေသားငယ်လေးအတွင်းသို့ ထည့်သွင်းလိုက်လေသည်။ ထို့နောက် သူ၏နတ်ဘုရားစွမ်းအားနှင့် စိတ်ဝိညာဉ်တို့ကိုတော့ သန္ဓေသားလောင်း၏ အသွေးအသားများထဲတွင် ခွဲဖြာကာ ထည့်သွင်းထားလိုက်လေသည်။

ဆန်းလျန်၏ ကြိုးစားမှုသည် အောင်မြင်ခဲ့လေသည်။ နောက်ဆုံးတွင်တော့ ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် သန္ဓေသားငယ်နှင့် တစ်သားတည်းကျအောင် ပေါင်းစပ်သွား

လေသည်။ ပြင်ပကမ္ဘာမှ လူအများစကားပြောနေသံများကို ဆန်းလျန် ကြားနေရလေသည်။

ဆန်းလျန်သည် သန္ဓေသားငယ်ဖြစ်နေသည့်တိုင် နတ်ဘုရား တန်ခိုးစွမ်းအားများရှိနေသည့်အတွက် ပြင်ပကမ္ဘာကို ခံစား၍ရ နေလေသည်။

သူ၏လက်ရှိမိခင်သည် ချစ်စရာကောင်းပြီး ငယ်ရွယ်သည့် မိန်းကလေးတစ်ဦးဖြစ်ကြောင်း သူသိရှိနေလေသည်။ သို့သော် သူက ထို့ထက်ပိုပြီး သိမြင်ရန်ကြိုးစားလိုက်တိုင်း သူ၏အမြင် များမှာ အလွန်မှုဝါးသွားပြီး ပြင်ပကမ္ဘာသည် အခိုးအငွေ့များ နှင့် ဖုံးလွှမ်းနေသည့် နေရာတစ်ခုပမာ ထင်မှတ်ရလေသည်။ သူ့အနေဖြင့် ပြင်ပကမ္ဘာမှ အရာအားလုံးကို သိမြင်နိုင်စွမ်းမရှိ ပေ။

ထို့ပြင် သူရောက်ရှိနေသည့် လောကတွင် ပြောဆိုသုံးနှုန်းသည့် ဘာသာစကားများမှာလည်း သူ့အရင်ဘဝက အသုံးပြုသည့်

ဘာသာစကားနှင့် အနည်းငယ်ကွဲပြားနေသည့်တိုင် အလွန်ဆင်တူလေသည်။

မိခင်ဖြစ်သူက သူ၏ဗိုက်ထဲမှ ကလေးငယ်ကို စကားပြောနေခြင်းဖြစ်လေသည်။ ဆန်းလျန်သည် အဆင့်မြင့်နတ်ဘုရားတစ်ပါးဖြစ်သည့်အတွက် သူမပြောနေသည့် စကားများအားလုံးကို နားလည်နိုင်စွမ်းရှိလေသည်။

မိခင်ဖြစ်သူက သူ့ကို ပုံပြင်များပြောပြနေခြင်းဖြစ်လေသည်။

"ဟိုးရှေးရှေးတုန်းကပေါ့၊ လောကကြီးမှာ နေ့ဆိုတာလည်းမရှိဘူး၊ ညဆိုတာလည်းမရှိဘူး၊ ကြယ်လည်းမရှိသလို လလည်းမသာဘူးတဲ့၊ လောကကြီးတစ်ခုလုံးက မီးခိုးရောင်ဖြစ်နေပြီးဘယ်နေရာကိုသွားရမှန်းမသိတဲ့ ဝိညာဉ်တွေနဲ့ ပြည့်နက်နေတယ်တဲ့လေ..."

အခန်း (၄၅၃) ဆန်းလျန်နှင့်အလွဲများ

ဆန်းလျန်သည် သူ၏မိခင်ပြောနေသည့် ပုံပြင်ကို နားထောင်နေလေသည်။

"အဲဒီနောက်တော့ ကောင်းကင်ပေါ်မှာ နေမင်းပေါ်လာရောတဲ့ ၊ နေမင်းပေါ်ပေါက်လာပြီးတဲ့နောက် ကမ္ဘာပေါ်မှာ လူတွေလည်း ပေါ်ပေါက်လာတော့တာပဲ ၊ လူတွေပေါ်ပေါက်လာပြီးတဲ့နောက်တော့ ဝိညာဉ်တွေဟာ တဖြည်းဖြည်းနဲ့ လျော့နည်းသွားခဲ့တယ်"

"ပထမဆုံး လောကမှာ ရှင်သန်ခွင့်ရတဲ့လူသားတွေက သူလိုကိုယ်လို သာမန်လူတွေပါပဲ ၊ ဒါပေမယ့် သူရဲကောင်းတွေကတော့ သေဆုံးပြီးတဲ့နောက်ပိုင်း ကောင်းကင်မှာ ကြယ်စင်တွေ ဖြစ်သွားကြတယ် တဲ့"

"ကောင်းကယ်မှာ လမင်းကြီးလည်း ရှိတယ်လေ ၊ လမင်းကြီးက ကြယ်တွေကြားမှာ အထွန်းလင်းဆုံးပဲပေါ့ ၊ သူ့အလင်းရောင်က ကြယ်တွေအားလုံးကိုတောင် ဖုံးကွယ်ထားနိုင်တယ်"

"ဒါကြောင့် လက ကြယ်တွေကို ငဲ့ညှာတဲ့အနေနဲ့ တစ်လမှာ နှစ်ခါပဲ လပြည့်အဖြစ် ထွန်းလင်းပေးမယ်လို့ ကတိပေးခဲ့တယ် ၊ သူ့ရဲကောင်းတွေသေဆုံးတိုင်း ကြယ်တွေဖြစ်သွားကြတဲ့အတွက် ကောင်းကင်မှာ ကြယ်အရေအတွက်ကလည်း တဖြည်းဖြည်း အရမ်းများလာပြီပေါ့"

"အဲဒီအချိန်မှာ ကြယ်တွေက နေနဲ့အတူယှဉ်တွဲပြီး နေချင်ကြတော့ဘူး ၊ ဒါကြောင့် လမင်းနဲ့ ကြယ်စင်တွေက မဟာမိတ်ဖွဲ့ပြီး သစ္စာပြုခဲ့ကြတယ် ၊ နေထွက်လာတာနဲ့ သူတို့က ပျောက်ကွယ်သွားပေးမယ် ၊ လမင်းနဲ့ ကြယ်စင်တွေ ထွက်ပေါ်လာတာနဲ့ နေကလည်းဝင်ပေးရမယ်လို့ သစ္စာပြုခဲ့ကြတယ်"

"နေမင်းက လောကကို နွေးထွေးမှုကို ပေးတယ် ၊နေထွက်လာတာနဲ့ ကမ္ဘာကြီးက စတင်သက်ဝင်လှုပ်ရှားလာတာပဲ ၊ နောက်ပိုင်းတော့ လူတွေနဲ့ ဝိညာဉ်တွေ အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့ကြတယ်တဲ့ကွယ်"
"ဒါပေမယ့် တစ်ခုပြောစရာရှိတာက ဘယ်တော့မှမဆုံးနိုင်တဲ့ ဝိညာဉ်တွေစီးဆင်းနေတဲ့ အသူရာချောက်မှာ နေမင်းသာ ထွက်ပေါ်မလာခဲ့ဘူးဆိုရင် လူသားတွေလည်း ဖြစ်တည်လာမှာ မဟုတ်ဘူး ၊ နေရောင်ခြည်ကြောင့်သာ လူသားတွေ ဒီလောကမှာ မွေးဖွားလာပြီး ဒီလောကကြီးကလည်း ဒီနေ့ဒီအချိန်ထိ ပြောင်းလဲ တိုးတက်လာခဲ့တာပေါ့"
ဆန်းလျန်မှာ မိခင်ပြောပြနေသည့် ပုံပြင်ထဲမှ "ဒီလောကကြီးကလည်း ဒီနေ့ဒီအချိန်ထိ ပြောင်းလဲတိုးတက်လာခဲ့တာပေါ့" ဆိုသည့် လောကကြီးမှာ မည်သည့်လောကကြီးဖြစ်မှန်း ယခုအချိန်ထိ သိရှိနိုင်ခြင်း မရှိသေးပေ။

သူ၏မိခင်ပြောပြနေသည့် ပုံပြင်များကတော့ အမှန်တရား ဖြစ် ကောင်းဖြစ်နိုင်လေသည်။ သို့သော် သေဆုံးသွားသည့် သူရဲ့ ကောင်းများသည် ကြယ်များဖြစ်သွားသည်ဆိုပါက ဝိညာဉ် များသည် ထာဝရအသက်ရှင်သန်သွားသည်ဟု ဆိုလိုရာ ရောက်နေလေသည်။

သူ၏မိခင်ပြောပြနေသည့် အကြောင်းများကို သူမွေးဖွားလာမှ သာ သေသေချာချာလေ့လာကြည့်ရတော့မည်ဟု ဆန်းလျန် စဉ်းစားနေမိသည်။

ထို့ပြင် ဆန်းလျန်၏၏ စိတ်ထဲတွင် သေချာနေသည့် ကိစ္စတစ် ခုတော့ရှိလေသည်။ ယခု သူရောက်ရှိနေသည့် လောကသည် အလွန်ထူးဆန်းသည့် လောကတစ်ခု ဖြစ်ပုံရလေသည်။ အသူရာချောက်သာ ဖြစ်နေလျှင်တော့ သူသိရှိထားသည့် အသူရာချောက်နှင့် အလွန်ကွဲပြားနေသည့် လောကတစ်ခု ဖြစ် နေလေသည်။

ဆန်းလျန်၏မိခင်ဘေးတွင်ရပ်နေသည့် မိန်းကလေးငယ်လေး တစ်ယောက် ရှိလေသည်။ ထိုမိန်းကလေးငယ်မှာ သူ၏မိခင်၏ ညီမလေးဖြစ်ပြီး ဆန်းလျန်၏ အဒေါ်ဖြစ်လာမည့်သူ ဖြစ်လေသည်။

သူမ၏နာမည်မှာ ယွင်အော်ဟုသာသိရပြီး မျိုးနွယ်ကိုတော့ ဆန်းလျန် ခန့်မှန်းနိုင်ခြင်း မရှိသေးပေ။

သူ၏မိခင်ဖြစ်သူက ညီမငယ်ဖြစ်သူနှင့် စကားအနည်းငယ် ပြောပြီးသည့်နောက် သူမသည် ပင်ပန်းသွားပုံရပြီး တရေးအိပ်လိုက်လသည်။

ဆန်းလျန်မှာလည်း နတ်ဘုရားတန်ခိုးစွမ်းအားများကို အချိန်ကြာမြင့်စွာ အသုံးပြုထားရသည့်အတွက် ပင်ပန်းနေပြီ ဖြစ်လေသည်။ ထို့ကြောင့်သူ၏ မသိစိတ်က မိခင်ဆီမှ အသွေးအသားနှင့်စွမ်းအင်များကို စုပ်ယူလိုက်သည်။

ထို့ပြင် ဆန်းလျန်သည် မွေးရာပါတာအိုကျင့်ကြံသူဖြစ်သည့်အတွက် ပတ်ဝန်းကျင်မှ သန့်စင်သည့် မိုးမြေစွမ်းအားများကို သူ၏နတ်ဘုရားစွမ်းအားကို အသုံးပြု၍ စုပ်ယူနိုင်စွမ်းရှိလေသည်။ သို့သော် ထိုသို့ ပြုလုပ်လိုက်ပါက သန္ဓေသားဖွံ့ဖြိုးတိုးတက်မှုမှာ နှေးကွေးသွားမည် ဖြစ်လေသည်။

ဆန်းလျန်က သန္ဓေသားကြီးထွားမှုကို အနှောင့်အယှက်မဖြစ်စေရန် စိတ်ပိုင်းဖြတ်ထားလိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူမွေးဖွားလာသည့်အချိန်တွင် လူစဉ်မမီသောလူတစ်ယောက်အဖြစ် အဆက်ဆံ မခံချင်သောကြောင့် ဖြစ်လေသည်။

နောက်ပိုင်းရက်များတွင်တော့ ဆန်းလျန်က နတ်ဘုရားစွမ်းအားများကို အသုံးပြု၍ ပြင်ပလောကကို လေ့လာခြင်း မပြုလုပ်တော့ပေ။ သူက သန္ဓေသားငယ်၏ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက်သာ အာရုံစိုက်နေတော့သည်။

ဆန်းလျန် ကြုံတွေ့နေရသည့်အတွေ့အကြုံများက အလွန်ထူးဆန်းလေသည်။ သူ၏မိခင်သည် သာမာန်လူတစ်ယောက်တော့ မဖြစ်နိုင်ပေ။ သူမသည် ဝိညာဉ်စွမ်းအားကြွယ်ဝသည့်အစားအသောက်များကို သာနေ့စဉ်စားသောက်လေသည်။ ထို့ကြောင့် ဆန်းလျန်သည် ဝိညာဉ်စွမ်းအားများကို အများအပြားရရှိကာ ကျင့်ကြံခြင်းကိုပင်ပြုလုပ်နေနိုင်ခဲ့သည်။ တဖြည်းဖြည်းနှင့် ဆန်းလျန်သည် သူ၏ရုပ်ခန္ဓာသန္ဓေသားငယ်တွင် ဦးခေါင်းနှင့်ဦးနှောက်များ စတင်ဖွံ့ဖြိုးလာပြီဖြစ်ကြောင်း သတိပြုလိုက်မိလေသည်။ သူ၏ကြီးထွားနှုန်းမှာ အံ့သြစရာကောင်းလောက်အောင် လျှင်မြန်နေကြောင်း ဆန်းလျန် ရိပ်မိလိုက်သည်။ သန္ဓေသားငယ်၏ ငါးပုံနှစ်ပုံခန့်မှာ ဖွံ့ဖြိုးလာပြီ ဖြစ်လေသည်။

သူ၏ အခြားသော ကိုယ်တွင်းအင်္ဂါများမှလည်း စတင်ဖြစ်

တည်လာပြီဖြစ်သည်။ လက်ချောင်းလေးများလည်း ပုံပေါ်လာ

ပြီဖြစ်လေသည်။

သန္ဓေသားငယ်၏ခန္ဓာကိုယ် ဖွံ့ဖြိုးလာခြင်းအပေါ်တွင် ဆန်း

လျှန်က ထူးခြားပြီး စိတ်လှုပ်ရှားမိခြင်း မရှိပါ။

သို့သော် သူ၏ လိင်အင်္ဂါအစိတ်အပိုင်းမှာ ယောကျ်ားလေး

မဟုတ်လာဘဲ မိန်းကလေးအဖြစ် ဖွံ့ဖြိုးလာခဲ့သည်ကို သူသိ

လိုက်ရသည့်အချိန်တွင်တော့ သူ ထိတ်လန့်တုန်လှုပ်သွားရလေ

သည်။ ထိုသို့ ကံမကောင်းအကြောင်းမလှခြင်းကို သူမည်သို့

လုပ်ရမည် မသိတော့ပေ။

ကျား မ ခွဲခြားမှုက သူ့အတွက် အရေးကြီးသည့် အချက်မ

ဟုတ်ပါ။ သို့သော် ယောကျ်ားလေးဘဝမှ မိန်းကလေးဘဝ သို့

ပြောင်းလဲရမည်မှာတော့ သူ့အတွက် လုံးဝလက်မခံနိုင်သည့်

အရာ ဖြစ်နေရလေသည်။

အခြားကျောင်းကြိသူဆိုလျှင်တော့ ဖြစ်လာသည့်ကံတရားအတိုင်း လက်ခံမည်ဖြစ်သော်လည်း ဆန်းလျန်ကတော့ ထိုကဲ့သို့ မဖြစ်ချင်ပေ။

ဆန်းလျန်သည် သူ၏နတ်ဘုရားစွမ်းအားများကို အသုံးပြုကာ သန္ဓေသား၏ မိန်းကလေးသဘာဝကို ဖိနှိပ်လိုက်ပြီး ယောကျာ်းလေးသဘာဝကို တိုးမြှင့်ပေးသည့် အလုပ်ကို လုပ်ဆောင်လိုက်လေသည်။ သို့သော် မိန်းကလေးသဘာဝကို ဖိနှိပ်ပြီး ယောကျာ်းလေးသဘာဝသို့ ပြောင်းလဲသည်မှာ သဘာဝကို ဆန့်ကျင်ခြင်းဖြစ်သည့်အတွက် လွယ်ကူလွန်းသည်တော့ မဟုတ်ပေ။ သို့သော် ဆန်းလျန်ကလည်း လက်လျှော့ရန် ရည်ရွယ်ချက်မရှိပေ။

သို့သော် မိန်းကလေးသဘာဝကို ယောကျာ်းလေးသဘာဝ အဖြစ်သို့ ပြောင်းလဲရန်အတွက် ယန်စွမ်းအား များစွာလိုအပ်လေသည်။

သို့သော် သူ၏မိခင်သည် ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများကို လုပ်လေ့မရှိဘဲ နေရောင်အောက်သို့လည်း ထွက်လေ့မရှိပေ။ အိမ်ထဲတွင်သာ အများဆုံးနေထိုင်သည့်အတွက် ယန်စွမ်းအင်ရရှိရန်မှာ ခက်ခဲလွန်းလှလေသည်။

ထို့ကြောင့်ဆန်းလျန်သည် ပတ်ဝန်းကျင်မှ မိုးမြေစွမ်းအားများကို စုပ်ယူကာ သန္ဓေသားဖွံ့ဖြိုးတိုးတက်မှုကို တားဆီးထားလိုက်လေတော့သည်။ ထိုအခါမှသာ ဖွံ့ဖြိုးနေသည့်မိန်းကလေးသဘာဝသည် ရုပ်တန့်သွားမည် ဖြစ်လေသည်။

ထိုသို့ပြုလုပ်သည့်အတွက် မွေးဖွားလာသည့်အချိန်တွင် လူစဉ်မမီသူဟု အပြောခံရလျှင်လည်း မတတ်နိုင်တော့ပါ။

သူက မိန်းကလေးဘဝတော့ မပြောင်းချင်ဘူး မဟုတ်လား။

သူက မိခင်ဖြစ်သူ နေရောင်ခြည်ထဲထွက်သည့်အချိန်တွင် ယန်စွမ်းအားများကို စုပ်ယူကာ မိန်းကလေးသဘာဝကို ဖိနှိပ်ပြီးယောကျ်ားလေးသဘာဝသို့ ပြောင်းလဲစေရန် အစွမ်းကုန်

ပြုလုပ်လေ့ရှိပြီး ကျန်သည့်အချိန်များတွင်တော့ မိုးမြေစွမ်းအားများနှင့် သန္ဓေသားဖွံ့ဖြိုးမှုကို မိုးမြေစွမ်းအားများစုပ်ယူတားဆီးထားလေသည်။

နှစ်လခန့်ကြာသည့်အချိန်တွင်တော့ သန္ဓေသားငယ်သည် ယောကျ်ားလေးသဘာဝအဖြစ်သို့ လုံး၀ ပြောင်းလဲသွားတော့သည်။

သို့သော်... ထိုအချိန်တွင် ဆန်းလျန်၏ သဘာ၀ကို လွန်ဆန်သည့် အပြုအမူများကြောင့် မိခင်ဖြစ်သူမှာ နေမကောင်း ၊ မအီမသာဖြစ်ခြင်းကို ခံစားရတော့သည်။ သမားတော်များအိမ်သို့ရောက်ရှိလာကာ မိခင်ဖြစ်သူကို ဆေးကုရလေတော့သည်။

မိခင်ဖြစ်သူ၏ ညီမငယ်ဖြစ်သူ ယွင်အော်သည် သုံးလေးရက်တစ်ကြိမ် မိခင်ဖြစ်သူထံသို့ လာရောက်ကြည့်ရှုလေ့ရှိလေ

သည်။ သူတို့သည် အိမ်တစ်အိမ်တည်း အတူတူနေကြသည့် သူများ ဟုတ်ဟန်မတူပေ။

သူ၏ မိခင်ဖြစ်သူက မိသားစုနှင့်အတူ အိမ်ခွဲကာ နေထိုင်ပုံရလေသည်။ သို့သော် ... ဆန်းလျန်သည် သူ၏ ဖခင်ဖြစ်သူနှင့် တစ်ခါမှ ဆုံတွေ့ရခြင်း မရှိသေးပေ။

ဆန်းလျန်မှာ သန္ဓေသားငယ်သည် ယောကျ်ားလေးဖြစ်သည်ကို သေချာသွားသည့်အချိန်တွင်တော့ သူစုပ်ယူထားသည့် မိုးမြေစွမ်းအားများနှင့် သွေးအချို့ကို မိခင်ဖြစ်သူထံသို့ ပေးပို့လိုက်ကာ မိခင်ဖြစ်သူ ပြန်လည်ကျန်းမာလာအောင် ကူညီပေးလိုက်လေသည်။

သူ၏လုပ်ရပ်ကြောင့် သန္ဓေသားငယ်မှာ ယောကျ်ားလေးဘဝသို့ ပြောင်းသွားသည့်တိုင် ဖွံ့ဖြိုးမှုနှုန်းကတော့ နောက်ကျခဲ့ပြီဖြစ်လေသည်။ သို့သော် မတတ်နိုင်တော့ပေ။ နောက်ဖြစ်လာ

မည့် ပြဿနာကို နောက်မှသာရှင်းတော့မည် ဟု ဆန်းလျန် ဆုံးဖြတ်လိုက်ရသည်။

မေးဖွားပြီးမှ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းရန်အတွက် ပြုလုပ် နိုင်သည့် နည်းလမ်းများလည်း များစွာ ရှိသည် မဟုတ်ပါလား။

နောက်နေ့များတွင်တော့ ဆန်းလျန်သည် မည်သည့် မိုးမြေ စွမ်းအားကိုမှ စုပ်ယူခြင်းမျိုး မပြုလုပ်တော့ဘဲ သန္ဓေသားငယ် ကို သဘာဝအတိုင်း ဖွံ့ဖြိုးစေလိုက်သည်။

ထိုအချိန်အတောအတွင်းတွင်...

ဆန်းလျန်သည် ထူးဆန်းသည့် ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ခဲ့ရ လေသည်။

ညအချိန် သူ၏မိခင် အိပ်ပျော်နေသည့်အချိန်တွင် တစ်စုံတစ်ယောက်က ချောင်းမြောင်းကြည့်နေခြင်းကို သူ၏စိတ်အာရုံတွင် ခံစားမိခြင်းဖြစ်လေသည်။

သို့သော် ချောင်းမြောင်းနေသူမှာ အနည်းငယ်ဝေးကွာနေ

သည့်အတွက် ထိုသူမည်သူဖြစ်သည်ကို ဆန်းလျန် သိမြင်နိုင်

ခြင်း မရှိခဲ့ပေ။

သူ၏ မိခင်နံဘေးတွင် လူနှစ်ယောက် အမြဲရှိနေသည်ကို ဆန်း

လျန် သတိပြုခဲ့မိသည်မှာ ကြာပြီ ဖြစ်လေသည်။

ထိုလူနှစ်ယောက်ထဲမှ တစ်ယောက်သည် မည်သည့်အခါမှ အိမ်

မှထွက်ခွာသွားခြင်း မရှိပေ။ ထိုသူသည် မိခင်ကိုလည်း

စကားပြောခြင်း မရှိပေ။ ကြည့်ရသည်မှာ မိခင်ကို

စောင့်ရှောက်ပေးနေသည့်သူ ဖြစ်ဟန်တူလေသည်။

နောက်တစ်ယောက်မှာတော့ သူမ၏မိခင်ကို တိတ်တဆိတ်

ချောင်းကြည့်နေသည့်သူ ဖြစ်လေသည်။

ဆန်းလျန်၏မိခင် ကိုယ်ဝန်လွယ်ထားရသည်မှာ ဆယ်လပြည့်

ခဲ့ပြီ ဖြစ်လေသည်။

သို့သော် သန္ဓေသားငယ်မှာ အပြည့်အဝဖွံ့ဖြိုးတိုးတက်ခြင်း မရှိသေးပေ။ ယခု အချိန်တွင်သာ မွေးဖွားလျှင်တော့ သူသည် ကျိန်းသေပေါင် လူစဉ်မမီသည့် ကလေးတစ်ယောက် ဖြစ်လာတော့မည် ဖြစ်လေသည်။ သူ့အတွက် အပြည့်အဝ သန္ဓေသားဖွံ့ဖြိုးရန်အတွက် အချိန်နှစ်လခန့် လိုနေလေသည်။

ညတစ်ည...

ထိုညတွင်တော့ ဆန်းလျှန်သည် တိုက်ပွဲတစ်ခုအသံကို ကြားရလေသည်။ သူ၏မိခင်ကို ခိုးကြောင်ခိုးဝှက်လာရောက်ချောင်းမြောင်းနေသူနှင့် မိခင်ကို စောင့်ရှောက်နေသည့်သူတိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

ခိုးကြောင်ခိုးဝှက်လာရောက်သူမှာ ထွက်ပြေးသွားသည့်တိုင် သူ၏မိခင်ကို စောင့်ရှောက်နေသည့် သူမှာလည်း ဒဏ်ရာအပြင်းအထန် ရသွားလေသည်။

ဆန်းလျန်မှာလည်း ပြဿနာများရှုတ်ထွေးမလာခင် မြန်မြန်

လူဖြစ်ချင်နေပြီ ဖြစ်လေသည်။

အခန်း (၄၅၄) အကြောင်းရင်း

ဆယ်လပြည့်သည့်နေ့တွင်တော့ ဆန်းလျန်၏မိခင်မှာ သူ့ကို

မွေးဖွားတော့မည် ဖြစ်သည့်အတွက် လိုအပ်သည့်အရာများ

အားလုံးကို ပြင်ဆင်ထားပြီးဖြစ်လေသည်။

ထိုသို့ဖြင့်...

မိခင်ဖြစ်သူမှာ မွေးဖွားခါနီး ဗိုက်နာလာသည့်အချိန်တွင်တော့

မိန်ကလေးအစေခံများမှာလည်း ရေနွေးအိုးတည်သူတည် ၊

အခြားသောလုပ်စရာရှိသည်များကိုလုပ်ရင်း အလုပ်ရှုတ်နေကြကာ လက်သည်အဘွားကြီးကလည်း မိခင်ဖြစ်သူ အကောင်းဆုံးမွေးဖွားနိုင်ရန် ကူညီပေးလေသည်။

ထိုနေ့ ညနေခင်း အချိန်တွင်တော့ ဆန်းလျန်ကို မွေးဖွားခဲ့လေသည်။

ဆန်းလျန်သည် လူ့လောကသို့ ပြန်လည်မွေးဖွားခြင်းဖြင့် ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

မွေးဖွားလာသည့် ဆန်းလျန်လေးသည် ခန္ဓာကိုယ် ကောင်းကောင်းမဖွံ့ဖြိုးသေးသည့်အတွက် ပေါင်မပြည့်ဘဲ အလွန်မှ သေးငယ်လေသည်။

မိခင်ဖြစ်သူက သူ့ကိုမွေးဖွားထားရသည့်အတွက် အားနည်းနေသည့်တိုင် အားယူပြီး စကားပြောလိုက်သည်။

“ကျွန်မသမီးလေးကို ကြည့်ပါရစေ”

မိခင်ဖြစ်သူ၏စကားကြောင့် ဆန်းလျန်မှာ များစွာ အံ့သြသွား ရလေသည်။

"သေရပြီ... သူက ငါက သမီးလေးဖြစ်လာမယ်ဆိုတာ ဘယ်လို လုပ် ကြိုသိနေပါလိမ့်"

လက်သည်အဘွားကြီးက ဆန်းလျန်ကို ရေချိုးသန့်စင်ပေးပြီး မိခင်ဖြစ်သူ၏လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

မိခင်ဖြစ်သူသည် ဆန်းလျန်လေးကို ပွေ့ချီလိုက်ပြီး ချစ်ခင် မြတ်နိုးသည့် မျက်ဝန်းအစုံဖြင့် ကြည့်နေလေသည်။ ဆန်းလျန် မှာ စိတ်မသက်မသာခံစားနေရပြီး မျက်လုံးကို စုံမှိတ်ထား လိုက်တော့သည်။

ဆန်းလျန်၏မိခင်ဖြစ်သူက ပြုံးလိုက်ရင်း...

"ကြည့်ပါဦး ၊ သမီးလေးရဲ့ မျက်လုံးတွေက လှလိုက်တာ ၊ ကောင်းကင်ကကြယ်စင်လေးတွေ ကျနေတာပဲ"

သို့သော် လက်သည်အဘွားကြီးက သူမကို မအီမလည်အပြုံး ဖြင့် ပြုံးပြလိုက်လေသည်။

ဆန်းလျှန်၏မိခင်မှာ လက်သည်အဘွားကြီး၏အပြုံးကြောင့် စိတ်ရှုတ်သည့်ပုံပေါက်သွားပြီး...

"အဘွား ၊ ဘာများဖြစ်လို့လဲ"

"ဟို.... ဟို... ဟို...."

လက်သည်အဘွားကြီးမှာ မခင်ဖြစ်သူ၏လက်ထဲမှ ဆန်းလျှန် လေးကိုသာကြည့်ရင်း အထစ်ထစ် အငေါ့ငေါ့ဖြင့် စကားပြော မထွက်နိုင်ဖြစ်နေရလေသည်။

မိခင်ဖြစ်သူမှာ ဆန်းလျှန်ကို ဖွဖွလေးရစ်ပတ်ထားသည့် အနှီး ကိုအသာလှပ်လိုက်ကာ ကလေးငယ်၏ အောက်ပိုင်းကို ကြည့် လိုက်မိသည့်အခါတွင်တော့ သူမ၏မျက်နှာမှာ ဖြူဖတ်ဖြူ လျော်ဖြစ်သွားရလေသည်။

သူမသည် မယုံကြည်နိုင်သည့် မျက်ဝန်းများဖြင့် လက်သည်အဘွားကြီးကို ကြည့်လိုက်ရင်း…

"ကျွန်မကလေးရော ၊ ကျွန်မကလေး ဘယ်မှာလဲ"

လက်သည်အဘွားကြီးမှာ ချက်ချင်းဒူးထောက်လိုက်ရင်း…

"သခင်မလေး ၊ ဒီကလေးက သခင်မလေးရဲ့ ကလေးပါ ၊ ဒီက အစေခံတွေအားလုံး ကျွန်မဘက်က သက်သေရှိပါတယ်"

မိခင်ဖြစ်သူသည် သူမပတ်ဝန်းကျင်တွင်ရပ်နေကြသည့် မိန်းကလေးအစေခံများကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်။ အစေခံမိန်းကလေးများသည် လက်သည်အဘွားကြီး၏ စကားများမှာ မှန်ကန်ကြောင်း ထောက်ခံသည့် အကြည့်များဖြင့်သူမကို မဝံ့မရဲ ကြည့်နေကြလေသည်။

သို့သော်… သူမအနေဖြင့် သားလေးတစ်ယောက်မွေးဖွားလာရန်မှာ မည်သို့မျှ မဖြစ်နိုင်ပေ။

ဆန်းလျှန်မှာ မျက်လုံးကို စုံမှိတ်ထားသည့်တိုင် ပတ်ဝန်းကျင်

တစ်ခုလုံးမှ အဖြစ်အပျက်များကို အကုန်သိရှိနေလေသည်။

သို့သော် သူက သမီးလေးမဟုတ်ဘဲ သားလေးဖြစ်နေသည်ဆို

သည့်အချက်က သူ၏မိခင်ကို အဘယ့်ကြောင့် ထိတ်လန့်

တုန်လှုပ်သွားစေသည်ကို နားမလည်နိုင်သေးပေ။

နောက်ဆုံးတွင်တော့ မိခင်ဖြစ်သူသည် အနည်းငယ် စိတ်

တည်ငြိမ်စပြုလာလေသည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“ဒီကလေးက တကယ်ပဲ ကျွန်မရဲ့ ကလေးပေါ့”

လက်သည်အဘွားကြီးက ထိတ်လန့်တုန်လှုပ်သည့်လေသံ

ဖြင့်...

“ဟုတ်ပါတယ် ၊ ဒီကလေးက သခင်မလေးဝမ်းနဲ့လွယ်ပြီးမွေး

လာတဲ့ သခင်မလေးရဲ့ သွေးသားပါပဲ”

"ကျွန်မက ကျိုမုမြစ်ရေကို သောက်ခဲ့တာလေ ၊ ဘယ်လိုလုပ်သားလေးမွေးရတာလဲ ၊ မဖြစ်နိုင်တာ ၊ မဖြစ်နိုင်တာ..."

လက်သည်အဘွားကြီးမှာ ဒူးထောက်လျှက်သားနှင့်ပင် မည်သည့်စကားပြန်ပြောရမှန်းမသိလောက်အောင် တုန်လှုပ်နေလေသည်။

သားယောက်ျားလေးမွေးသည့်အကြောင်းသာ လူသိရှင်ကြားဖြစ်သွားပါက အလွန်ကြီးမားသည့် အရှုတ်အထွေးများဖြစ်လာတော့မည် ဖြစ်လေသည်။

"ဒါဆို သခင်မလေးက ကလေးကို မွေးပြီးပြီးချင်း သေသွားတယ်လို့ သတင်းလွှင့်လိုက်ရမလား"

အဘွားအိုက ရှိသမျှ သတ္တိကိုအသုံးပြုကာ မေးလိုက်လေသည်။

သခင်မလေးက အဘွားအိုကို အေးစက်စွာ စိုက်ကြည့်လိုက်ရင်း...

“ဒီလိုလုပ်လိုက်လို့ ကိစ္စအားလုံးက ပြီးသွားမယ် ထင်လို့လား”

လက်သည်အဘွားကြီးမှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေရလေသည်။

သူမက...

“မြို့တော်သခင်မက ပြန်မရောက်သေးပါဘူး၊ ဒီတော့ သခင်လေးကို အဝေးကိုပို့ပစ်ဖို့ အချိန်ရှိပါသေးတယ်၊ ကျီမုမြစ်ရေက အမြဲတမ်းစီးဆင်းနေတာပဲ၊ သခင်လေးကို ကျီမုမြစ်ရေထဲ မျှောလိုက်မယ်ဆိုရင်တောင် သခင်လေးကံကောင်းရင် အသက်ရှင်နိုင်ပါသေးတယ်၊ ဒါပေမယ့် မြို့တော်သခင်မသာ ယောကျာ်းလေးတစ်ယောက်မွေးဖွားတယ်ဆိုတာသိသွားရင်တော့ ဒီကလေး အသက်ရှင်နိုင်မှာ မဟုတ်တော့ဘူး”

ဆန်းလျန်၏မိခင်သည် ကလေးငယ်၏ပါးပြင်နုနုလေးကို အသာပွတ်သပ်လိုက်ရင်း နဖူးထက်သို့ အနမ်းလေးတစ်ပွင့် ခြွေလိုက်သည်။

"မင်းဟာ ဘယ်လိုဖြစ်လို့ သားလေးဖြစ်လာရလဲ မသိတော့ပါဘူးကွယ်၊ ဒါပေမယ့် အမေ့ရဲ့သွေးသားဖြစ်နေမှတော့ သားကို အမေက အကောင်းဆုံးကာကွယ်ပေးပါ့မယ်၊ ဒါပေမယ့် အမေ မလုပ်နိုင်ခဲ့ရင်လည်း သားက အမေ့ကို အပြစ်မတင်နဲ့နော်"

ထို့နောက် သူမက ပြတင်းပေါက်အပြင်ဘက်သို့ တစ်ချက်စိုက်ကြည့်လိုက်ရင်း...

"ဟန်ယင်း၊ မင်းအဲဒီမှာ ရှိနေတာ ငါသိတယ်၊ ဒီကလေးကို အဝေးကိုခေါ်သွား၊ ဒီမြို့အပြင်ဘက်ကိုခေါ်သွားပြီး ဝေးနိုင်သမျှ ဝေးဝေးကို ထွက်သွားတော့"

သခင်မလေး၏စကားဆုံးသွားသည်နှင့် အိမ်အတွင်းသို့ လူရိပ်တစ်ရိပ်ခုန်ဝင်လာလေသည်။

တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက် ဖြစ်လေသည်။ သူမ၏လှုပ်ရှားမှုမှာ အလွန်လျှင်မြန်

လွန်းလှသည့်အတွက် လူသားတစ်ယောက်၏ မျက်လုံးဖြင့်

တွေ့မြင်နိုင်ရန်ပင် ခဲယဉ်းလွန်းလေသည်။

ထို ဟန်ယင်းဆိုသည့် မိန်းမပျိုမှာ ဆန်းလျန်၏မိခင်ဖြစ်သူကို

စောင့်ရှောက်ပေးနေသည့် မိန်းကလေးဖြစ်မှန်း ဆန်းလျန်

ချက်ချင်းသိလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်သည် ကျိုးမှုမြစ်အကြောင်း

စဉ်းစားနေမိလေသည်။ ထိုမြစ်အကြောင်းကို ယခင်ကလည်း

ဆန်းလျန်ကြားဖူးလေသည်။ ထိုမြစ်ရေကို သောက်မိပါက

မိန်းကလေးတိုင်း ကိုယ်ဝန်ရနိုင်လေသည်။ သို့သော် သားယော

ကျ်ားလေးတော့ ရရှိနိုင်မည်မဟုတ်ဘဲ သမီးမိန်းကလေးသာ

မွေးဖွားမည် ဖြစ်လေသည်။ ဆန်းလျန်မှာ သူ၏မိခင်သည် ကျိုး

မှုမြစ်ရေကို သောက်ခဲ့သူတစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်မ

ထားခဲ့မိပေ။ သူသည် မိခင်ဝမ်းထဲတွင် မိန်းကလေးသဘာဝ

ဖြစ်တည်လာသည်ကို အံ့ဩမနေမိတော့ပါ။

ထို့ပြင် သူ့ဖခင်ကို မတွေ့ရသည့်အကြောင်းရင်းကိုလည်း သူသိသွားရပြီဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူ့တွင် အဖေမရှိသောကြောင့် ဖြစ်လေသည်။

(ကျီမုမြစ်ရေဆိုသည်မှာ ဂူခုံးကားထဲမှ မိန်းမတိုင်းပြည်တွင်စီးဆင်းသည့် ကျီမုမြစ်နှင့်အတူတူပင် - ဘာသာပြန်သူ)

ထို့ပြင် သူ၏မိခင်ဖြစ်သူ၏ ပတ်ဝန်းကျင်တွင်လည်း ယောကျ်ားလေးဆို၍ တစ်ယောက်မှ မတွေ့ရပေ။ သမားတော်များပင်လျှင် မိန်းကလေးများ ဖြစ်ကြလေသည်။ ဆန်းလျန်မှာ မိန်းမတိုင်းပြည်သို့ ရောက်ရှိနေခြင်း ဖြစ်လေတော့သည်။

မိန်းမတိုင်းပြည်တွင် ယောကျ်ားလေးတစ်ယောက်ဖွားမြင်ခြင်းမှာ နှစ်သက်ဖွယ်ရာကောင်းသည့် အလှည့်အပြောင်းတစ်ခု ဖြစ်နိုင်လေသည်။ သို့သော် ဆန်းလျန်မှာ ထိုသို့ မဖြစ်ခဲ့ပါ။ သူ့မှာတော့ ယောကျ်ားလေးဖြစ်လာသည့်အတွက် ပြဿနာများကို ရင်ဆိုင်နေရလေသည်။

ထို့ပြင် ဆန်းလျန်မှာ သန္ဓေသားငယ်၏ မိန်းကလေးသဘာဝကို ယောကျာ်းလေးအဖြစ်သို့ အတင်းအဓမ္မပြောင်းလဲ ထားသည့်အတွက် သူ၏ခန္ဓာကိုယ်ဖွံ့စည်းမှုမှာ ရှုတ်ထွေးနေဆဲ ဖြစ်လေသည်။

ထို့ပြင် သူ၏ခန္ဓာကိုယ်မှာလည်း ကောင်းစွာလည်း ဖွံ့ဖြိုးခြင်း မရှိသေးပေ။ သူ၏ပင်ကိုယ်ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်သည် ချို့တဲ့မှုများကိုခံစားနေရပြီးထိုအရာကိုပြုပြင်နိုင်ရန်အတွက် များစွာ အချိန်ယူရဦးမည် ဖြစ်လေသည်။

ဆန်းလျန်၏ လူပြန်ဝင်စားခြင်းမှာ မိခင်ဝမ်းတွင်းမှ လူဖြစ်သည်အထိ အခက်အခဲပေါင်းများစွာဖြင့် ကြမ်းတမ်းလျှက်ရှိလေတော့သည်။

အတိတ်ဘဝမှ ကံကောင်းခြင်းများကို အသုံးချနိုင်ခဲ့၍သာ တော်တော့သည်ဟု ဆန်းလျန်တွေးနေမိသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် သူ၏ရုပ်ခန္ဓာအသစ်ဖြစ်သည့် ကလေးငယ်၏ခန္ဓာကိုယ်အတွင်းတွင် နက်ရှိုင်းစွာဖြင့်တည်ရှိနေလေသည်။ ကြီးမားသောနတ်ဘုရားစွမ်းအားများသည်သာလျှင် သူ့အတွက် တစ်ခုတည်းသော အာမခံချက်ဖြစ်လေသည်။ သူ၏ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်ကြီးထွားလာသည်နှင့်အမျှသူသည်သူ၏မူလဝိညာဉ်ခန္ဓာနှင့် ရုပ်ခန္ဓာကိုပြန်လည်ပေါင်းစည်းနိုင်ပြီး သူကျင့်ကြံခဲ့သမျှကို ပြန်လည်အသုံးပြုနိုင်မည် ဖြစ်လေသည်။

ယခု ကလေးငယ်ဘဝနှင့်လည်း သူ၏မူလဝိညာဉ်ခန္ဓာမှ နတ်ဘုရားတန်ခိုးစွမ်းအားများကို သူအသုံးပြုနိုင်လေသည်။ သို့သော် ယခုအချိန်တွင်အသုံးပြုလိုက်ပါက ပေးဆပ်ရမည့် တန်ဖိုးက များလေသည်။

မည်သို့ပင်ဖြစ်စေ ယခုတော့သူသည် လူ့လောကသို့ ပြန်လည် ရောက်ရှိလာခဲ့ပြီဖြစ်ပြီး သူ၏ရည်မှန်းချက်များဖြစ်လာရန် အတွက် ဆက်လက်လုပ်ဆောင်ရတော့မည် ဖြစ်လေသည်။

ဆန်းလျန်သည် လက်ရှိအချိန်တွင်တော့ အရာအားလုံးကို တိတ်တဆိတ်လေ့လာရန်သာ ဆုံးဖြတ်ထားလိုက်လေသည်။ နောက်ပိုင်းတွင်တော့ သူက လောကတစ်ခုလုံးတွင် ထပ်မံ သင်ယူရန် လိုအပ်သည်များကို သင်ယူရဦးမည် ဖြစ်လေ သည်။ လောလောဆယ်အချိန်တွင် ဆန်းလျန်သည် သူရင်ဆိုင် နေရသည့်အခြေအနေကို ကျော်လွှားနိုင်ရန်လိုအပ်လေသည်။ လိုအပ်လျှင် နတ်ဘုရားစွမ်းအားများကိုလည်း အသုံးပြုသင့် လျှင် သုံးရမည် ဖြစ်လေသည်။

ထိုအချိန်...

အိမ်အပြင်ဘက်မှ အော်ဟစ်ဆူညံသံများ ထွက်ပေါ်လာလေ သည်။

“ကောင်းကျယ်က ပုန်ကန်ဖို့ စီစဉ်နေတာဖြစ်မယ်…”

ဟန်ယင်းက ပြောလိုက်ခြင်းဖြစ်လေသည်။

ဟန်ယင်း၏ စကားကြောင့် သခင်မလေးက ဒေါသထွက်သွားသည်။

“သူက လုပ်ရဲသလား…”

ဟန်ယင်းက…

“မနေ့ညက သူလွှတ်လိုက်တဲ့ ညစစ်သည်တစ်ယောက် ရောက်လာသေးတယ်၊ အဲဒီညစစ်သည်ကို ကျွန်မ နှိမ်နင်းလိုက်တယ်၊ ပြီးတော့ မြို့တော်သခင်မကိုလည်း သတင်းပို့ထားတယ်၊ မြို့တော်သခင်မက သခင်မလေးကို ကာကွယ်ပေးဖို့ပဲ သေချာမှာပါတယ်၊ ကောင်းကျယ်ပုန်ကန်တဲ့အတွက် မြို့တော်သခင်မလည်း သခင်မလေးဆီကို လာမကြည့်နိုင်တာဖြစ်ပါလိမ့်မယ်၊ အခုတော့ မြို့တော်တစ်ခုလုံးလည်း ရှုတ်ရှုတ်သဲသဲနဲ့ တိုက်ပွဲဖြစ်နေပြီ၊ သခင်မလေး ဒီနေရာက အ

မြန်ထွက်သွားဖို့ိလိုတယ် ၊ ပြီးမှ နောက်ထပ်လုပ်ရမယ့်ကိစ္စ
တွေ ကျွန်မတို့ စဉ်းစားကြတာပေါ့”

ဆန်းလျန်မှာ စိတ်ပျက်သွားရလေသည်။

ကံဆိုးမှုများက တစ်ခုပြီးတစ်ခု ဖြစ်လာပြီးသည်မှ မ
လုံလောက်သေး။ ပုန်ကန်မှုနှင့် တွေ့နေရပြန်လေပြီ။

ဆန်းလျန်၏မိခင်ကို ဟန်ယင်းက တွဲလိုက်ပြီး အိမ်အပြင်ဘက်
သို့ ခေါ်ထုတ်သွားလေသည်။

လက်သည်အဘွားအိုနှင့် အခြားအစေခံများမှာလည်း အ
ယောင်ယောင်အမှားမှားဖြင့် အိမ်အပြင်သို့ လိုက်ထွက်လိုက်
ကြလေသည်။ သို့သော် ဟန်ယင်းမှာ သာမန်လူများထက်
အဆမတန်လျှင်မြန်လွန်းသူ ဖြစ်လေသည်။ သူမသည် ဆန်း
လျန်၏မိခင်နှင့် ဆန်းလျန်ကို ပွေ့ချီရင်းကပင် အိမ်တော်
တံတိုင်းကို ဖြတ်ကျော်ခုန်တက်ကာ အမှောင်ထုထဲတွင်
ပျောက်ကွယ်သွားလေတော့သည်။

လေတိုက်ခတ်သည့်အတွက် ဆန်းလျန်လေး၏ မျက်နှာနုနု

လေးမှာ နာကျင်လျှက်ရှိလေသည်။

သို့သော် ဆန်းလျန်သည် ပတ်ဝန်းကျင်ကို သေသေချာချာ

လေ့လာနေလေသည်။ ကြည့်လေရာရာတွင် သူမြင်တွေ့နေရ

သည်မှာ မိန်းကလေးများသာ ဖြစ်လေသည်။ အိမ်အပြင်ဘက်

တွင် တိုက်ခိုက်နေကြသည့် မိန်းကလေးစစ်သည်တော်များကို

တွေ့မြင်ရလေသည်။ စစ်သည်တော်အဖွဲ့တစ်ဖွဲ့သည်သူတို့၏

ညာဘက်လက်များတွင် အနီရောင်ပုဝါများကိုချည်ထားကြ

လေသည်။ ကျန်သည့်စစ်သည်တော်တစ်ဖွဲ့ကတော့ ထိုသို့

ချည်နှောင်ထားခြင်း မရှိပေ။ သူတို့သည်ဆင်တူ

ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားကြလေသည်။

ဆန်းလျန်ကြည့်နေစဉ်မှာပင် အနီရောင်ပုဝါ ချည်နှောင်ထား

ခြင်းမရှိသည့် စစ်သည်တော်များဘက်မှ ရှုံးနိမ့်နေသည်ကို

တွေ့ရလေသည်။

ဆန်းလျန်အနေဖြင့် သူ၏မူလဝိညာဉ်ခန္ဓာမှ နတ်ဘုရားတန်ခိုးစွမ်းအားကို ထုတ်လွှတ်ကာ ထိုတိုက်ပွဲကို ရပ်တန့်၍ရလေသည်။

သို့သော် ဆန်းလျန်သည် ထိုမျှအထိတော့ မပေးဆပ်ရဲပေ။ ယခုကဲ့သို့ ဘာမှန်းမသိသည့် အခြေအနေမျိုးတွင် ငြိမ်ငြိမ်နေသည်ကသာ အကောင်းဆုံး ဖြစ်လေသည်။ ထို့ကြောင့်သူက တိတ်တဆိတ် စောင့်ကြည့်ရန်သာ ဆုံးဖြတ်လိုက်တော့သည်။ ဟန်ယင်းမှာ မနေ့ညကတိုက်ပွဲတွင် ဒဏ်ရာရထားသည့်အတွက် ဆန်းလျန်နှင့် သူ၏မိခင်ကို ကာကွယ်ရင်း ပြေးလွှားနေသည့်တိုင် တဖြည်းဖြည်းနှေးကွေးလာလေသည်။ ဆန်းလျန်သည် မွေးရာပါနတ်ဘုရားတစ်ပါးဖြစ်သည့်အတွက် အခြားသူများထက်သာလွန်သည့် အကြားအာရုံရှိလေသည်။ သူ၏နားထဲတွင် ဟန်ယင်း၏အနာမှ သွေးကြောများကွဲထွက်သွားသည့်အသံကို ကြားနေရလေသည်။

သူ၏နှာခေါင်းထဲတွင်လည်း သွေးနံ့များကို ရရှိလိုက်လေသည်။

သူတို့မြို့တံခါးသို့ မရောက်မီမှာပင် မြားတံများသည် သူတို့ရှိရာသို့ မိုးများအလား ကျရောက်လာကြလေသည်။

မိန်းကလေးစစ်သည်တော် ဆယ်ယောက်ကျော်သည် သူတို့ကို တစ်ဖက်တစ်ချက်မှ ဝန်းရံထားလိုက်ကြသည်။ သူတို့က ဆန်းလျန်၏မိခင်ကို ဖမ်းဆီးလိုကြခြင်း ဖြစ်ဟန်တူလေသည်။

ဆန်းလျန်လည်း သက်ပြင်းတစ်ချက်ချလိုက်မိတော့သည်။

"ဒီအခြေအနေကိုကျော်လွှန်ဖို့ ငါတော့ တစ်ခုခုလုပ်ရတော့မယ်ထင်တယ်"

ဆန်းလျန် တွေးလိုက်မိလေသည်။

အခန်း (၄၅၅) ကောင်းကင်ကကြယ်တွေထက်တောင် ပိုပြီး မြင့်မြတ်သေးတယ်

ဆန်းလျန်သည် သူ၏မိခင်ဖြစ်သူ၏ မျက်ဝန်းများကို ဝိညာဉ် စွမ်းအားအပြည့်ပါသော အကြည့်တစ်ချက်ဖြင့် စိုက်ကြည့် လိုက်လေသည်။ ဆန်းလျန်၏ ကြယ်စင်ရောင်လင်းလက်နေ သည့် အကြည့်ကို ရင်ဆိုင်လိုက်ရသည်နှင့် သူမ၏ရင်ထဲတွင် ထူးဆန်းသည့် ခံစားချက်များ ခံစားလိုက်ရလေသည်။ ဆန်းလျန်၏မျက်ဝန်းဆီမှ ကြယ်စင်ရောင်အလင်းတန်း များသည် သူမ၏ခန္ဓာကိုယ်အတွင်းသို့ စီးဆင်းသွားကာ သွေးကြောများထဲအထိ ပျံ့နှံ့သွားသည့်အလား ခံစားလိုက်ရ လေသည်။ ထို့နောက် သူမ၏မသိစိတ်ထဲတွင် သူမကိုယ်တိုင်

ပင် နားမလည်နိုင်သည့် အဖြစ်အပျက်များ စတင်ဖြစ်ပျက်လာတော့သည်။

ဆန်းလျန်၏ မျက်ဝန်းများသည် တဖြည်းဖြည်းမှေးမှိန်သွားလေသည်။

အမျိုးသမီးစစ်သည်တော်များသည် သူတို့ကို တစ်ဖက်တစ်ချက်မှ ဝန်းရံပြီး တိုက်ခိုက်နေကြလေသည်။ ဟန်ယင်းက သူမ၏ဓားရှည်ကိုဆွဲထုတ်လိုက်လေသည်။

သူမ၏ဓားရှည်သည် ပျော့ပျောင်းပါးလွှာသည့် ဓားတစ်လက်ဖြစ်ပြီး အမျိုးသမီးစစ်သည်တော်များ၏ လည်ပင်းနေရာများကို တစ်ချက်တည်းဖြင့် ခုတ်ဖြတ်ပစ်နေလေသည်။ ဟန်ယင်းသည် ဓားသိုင်းအလွန်ကျွမ်းကျင်သူတစ်ယောက် ဖြစ်လေသည်။

သို့သော် သူမရင်ဆိုင်နေရသည့်သူများမှာ ကျွမ်းကျင်စွာလေ့ကျင့်ထားသည့် အမျိုးသမီးစစ်သည်တော်များ ဖြစ်သည့်

အပြင် အကြောက်တရားမရှိအောင် ဂါထာမန္တန်အစီအရင်တစ်ခုဖြင့် ထိန်းချုပ်ခံထားရပုံ ရလေသည်။ သူတို့သည် ဓားရှည်များကိုကိုင်ကာ သေမည်ကို မကြောက်ရွံ့သည့်အလား ရှပ်ရှပ်ချွန်ချွန်တိုက်ခိုက်နေကြလေသည်။

တိုက်ပွဲက ပြင်းထန်သည့်အလျှောက် ဟန်ယင်းမှာ အားနည်းလာပြီး တဖြည်းဖြည်းလက်ရည်ကျလာလေသည်။ သူမဓားကိုင်ထားသည့်လက်ကအနည်းငယ်တုန်ခါနေပြီး ရန်သူများကိုထိုးခုတ်နေသည့် ဓားချက်များက လွဲချော်စပြုလာလေပြီ။

အမျိုးသမီးစစ်သည်တော်များကို သူမကို နှစ်ဖက်ညှပ်ပြီးတိုက်ခိုက်နေခြင်းဖြစ်သည့်တိုင် သူမ၏ဓားချက်ကတော့ ရန်သူများ၏ ဦးနှောက်များကို တတ်နိုင်သမျှ ထိုးဖောက်ပစ်နေဆဲ ဖြစ်လေသည်။

ထိုအချိန်မှာပင်....

သူမဘာဝတွင် မည်သည့်အခါမှ မေ့နိုင်တော့မည်မဟုတ်သည့် မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

သာမန်လူတစ်ယောက်မျှသာဖြစ်သည့် သခင်မလေးသည် ဟန်ယင်းဆီသို့ ဝင်ရောက်လာသည့် မြားချက်ကို လက်ဖြင့် ဖမ်းလိုက်လေသည်။ ထို့နောက် ထိုမြားဖြင့် အမျိုးသမီးစစ်သည်တော်တစ်ယောက်၏ လက်ကောက်ဝတ်ကို ထိုးစိုက်ချလိုက်လေသည်။

ထိုအခါ အမျိုးသမီးစစ်သည်တော်၏ လက်ကောက်ဝတ်မှာ လည်ထွက်သွားပြီး သူ၏ဓားချက်မှာ အခြားသော အမျိုးသမီးစစ်သည်တော်တစ်ဦးကို ထိုးခုတ်မိလျက်သား ဖြစ်သွားလေတော့သည်။

ကလေးတစ်ယောက်ကို ပွေ့ချီထားသည့် မိန်းကလေးတစ်ယောက်သည် စစ်မြေပြင်တွင် မြားတစ်လက်ဖြင့် လူသတ်နေသည့် မြင်ကွင်းမှာ အလွန်မှ ထူးခြားသည့် မြင်ကွင်းပင်ဖြစ်လေ

သည်။ ထို့ပြင် သူမသည် သူမထံသို့ ဝင်ရောက်လာသည့် ဓား
ချက်များကိုလည်း ထူးဆန်းသည့် သိုင်းကွက်များကို အသုံးပြု
ကာ ရှောင်ရှားနေခဲ့လေသည်။

သခင်မလေးက ကူညီတိုက်ခိုက်ပေးသည့်အတွက် ဟန်ယင်းမှာ
လည်း အနည်းငယ် သက်သာရာရသွားလေသည်။

ထို့နောက်တွင်တော့ သခင်မလေးသည် အမျိုးသမီးစစ်သည်
တော်များကို မြို့တံခါးရှိရာသို့ မြှားခေါ်သွားလေသည်။

မြို့တံခါးထက်တွင်နေရာယူထားကြသည့် ပုန်ကန်သူစစ်သည်
များသည် ဟန်ယင်းတို့ကို မြှားဖြင့်ပစ်ခတ်လျှင် ကိုယ့်လူကိုယ်
လည်း ပြန်လည်ပစ်ခတ်သကဲ့သို့ ရှိမည်ဖြစ်သည့်အတွက် မြှား
ဖြင့် မပစ်ခတ်ရဲကြပေ။

အမျိုးသမီးစစ်သည်တော်အုပ်စုတစ်စုသည် မြို့တံခါးထက်မှ
ဆင်းလာလေသည်။

သို့သော် သခင်မလေးနှင့် ဟန်ယင်းနှစ်ယောက်ပေါင်းကာ စစ်သည်တော်နှစ်ဆယ်ခန့်ကို သတ်ဖြတ်ပစ်ခဲ့သည့်အတွက် အားလုံးက သူတို့ကို ကြောက်ရွံ့ကာ အနောက်သို့ ဆုတ်သွားကြလေတော့သည်။

ထိုအချိန်တွင်... အစိမ်းရောင်အလင်းတန်းအလွှာပါးတစ်ခုသည် သခင်မလေးကို ဝန်းရံထားပြီး သခင်မလေးသည် ဟန်ယင်း၏လက်ကို ဆွဲကိုင်လိုက်ကာ မြို့တံခါးမှ ထွက်ခွာသွားတော့သည်။

မြို့တံခါးအပြင်ဘက်သို့ရောက်သည်နှင့် သခင်မလေးသည် ဟန်ယင်း၏ ရင်ခွင်အတွင်းသို့ သတိလစ်မေ့မျောသွားလေတော့သည်။

“အမြန်သွား...”

ကလေးငယ်အသံတစ်သံကို ဟန်ယင်း ကြားလိုက်ရလေသည်။

သို့သော်... ဟန်ယင်းမှာ ထိုအသံမည်သည့်နေရာက ထွက်ပေါ်လာသည်ကို ရှာဖွေရန် အချိန်မရပါ။ သူမသည် သခင်မလေးနှင့် သားငယ်ကို ပွေ့ချီကာ ဟူချိန်မြစ်အတွင်းသို့ ခုန်ချလိုက်တော့သည်။

သူတို့ရှိရာသို့ စစ်သည်တော်များ၏ မြားမိုးများက ရွာကျလာသေးသည့်တိုင် သူတို့ကတော့ ဟူချိန်မြစ်ရေထဲသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ဆန်းလျန်၏မိခင်နှင့် ဆန်းလျန်ကို ဟန်ယင်းက ကမ်းခြေပေါ်သို့ ဆွဲတင်လိုက်လေသည်။ ဆန်းလျန်၏ မိခင်ဖြစ်သူမှာ အလွန်မောပန်းနေပြီး အားအင်လည်းကုန်ခမ်းနေပြီ ဖြစ်လေသည်။

သို့သော်... သူမ၏ရင်ခွင်ထဲတွင် ဆန်းလျန်လေးကို ပွေ့ချီထားဆဲ ဖြစ်လေသည်။

ဟန်ယင်းမှာ မွေးကင်းစကလေးငယ်လေးသည် ရေစီးနှင့်မျော ပါမသွားသည့်အပြင် ရေကူးလာရသည့်တိုင် အသက်သေဆုံး သွားခြင်းမရှိသည်ကို အံ့ဩနေမိလေသည်။ ဟူချိန်မြစ်ထဲတွင် မွေးကင်းစ ကလေးငယ်တစ်ယောက် အသက်ရှင်သန်နိုင်ရန် မည်သို့ ဖြစ်နိုင်ပါမည်နည်း။

ကလေးငယ်သည် သူ၏မိခင်ရင်ခွင်အတွင်းမှ လေးဘက် ထောက်ပြီး မြေပြင်ထက်သို့ ဆင်းသွားကာ ကိုယ်တုံးလုံးလေး ဖြင့် ထိုင်နေလေသည်။

"အခုလိုကယ်လာပေးလို့ ကျေးဇူးအများကြီးတင်ပါတယ်"

ဟန်ယင်းမှာ မြို့တော်သခင်မကိုယ်တိုင် သေသေချာချာ လေ့ကျင့်သင်ကြားပေးထားသည့် ညစ်သည်တစ်ယောက်ဖြစ် သည့်အတွက် အလွန်စိတ်ဓာတ်ခိုင်မာသူတစ်ယောက်ဖြစ်လေ သည်။

သို့သော် လောလောဆယ် ကြုံတွေ့လိုက်ရသည့် မြင်ကွင်းအကြောင့် အလွန် အံ့သြထိတ်လန့်သွားရသည်။

“လက်စသတ်တော့ စကားပြောနေတာမင်းကိုး…”

ဆန်းလျန်က သေးငယ်သည့်မျက်နှာလေးဖြင့်ပင် အတောက်ပဆုံးပြုံးပြလိုက်လေသည်။ ထိုအပြုံးသည် အလွန်မှ ချစ်စရာကောင်းလွန်းလှလေသည်။

“ကျွန်တော်မဟုတ်လို့ ဘယ်သူက ပြောနေမှာလဲ”

ဟန်းယင်းသည် သူမ၏ဓားဖြင့် ကလေးငယ်ကို ချိန်ရွယ်ထားလိုက်လေသည်။

“မင်းက ဘယ်လိုမကောင်းဆိုးဝါးမျိုးလဲ…”

ကလေးငယ်လေးဆန်းလျန်က သူမကို တည်ငြိမ်စွာ စိုက်ကြည့်နေလေသည်။ ပြီးမှ သေးငယ်နူးညံ့သည့်လက်လေးများဖြင့် ကောင်းကင်ကို လက်ညှိုးထိုးပြလိုက်ပြီး….

"ကျွန်တော်က ကောင်းကင်က ကြယ်တစ်ပွင့်ကြွေပြီး လူ့ပြည်ကို ဆင်းသက်လာတာလို့ မင်းသတ်မှတ်လို့ရပါတယ်၊ ကျွန်တော်က ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး၊ ပြီးတော့ ကျွန်တော်က သူ့ရဲ့သားလေ...."

ဆန်းလျန်က သူ၏ဘေးတွင် သတိလစ်မေ့မျောနေပြီဖြစ်သည့် မိခင်ဖြစ်သူကိုတစ်ချက်လှမ်းကြည့်လိုက်သည်။

ဆန်းလျန်လေး၏ အကြည့်များဖြင့်ရင်ဆိုင်လိုက်ရသည့် ဟန်ယင်းသည် ထိုကလေးကို လုံးဝမသတ်ရက်တော့ပေ။

"မင်းက တကယ်ပဲ ကောင်းကင်ကလာတဲ့ ကြယ်စင်ပေါ့"

သူမက စိတ်လှုပ်ရှားခြင်းများစွာဖြင့် မေးလိုက်လေသည်။

"လောကမှာ သူရဲကောင်းတွေသေသွားရင် ကောင်းကင်မှာ ကြယ်စင်တွေဖြစ်သွားတယ်မဟုတ်လား၊ ကျုပ်က အဲဒီသူရဲကောင်းတွေထက်တောင် မြင့်မြတ်တဲ့သူပါ"

ဆန်းလျန်က သူ့ကိုယ်သူ ကိုယ်ရည်သွေးနေခြင်း မဟုတ်ပါ။

လင်ထိုင်ဖန်းကျွမ်းတောင်တွင် ယန်ရှီးနှင့်တိုက်ခိုက်ပြီး

သည့်နောက် သူ၏မူလဝိညာဉ်ခန္ဓာသည် လောကကိုကျော်လွန်

ကာ မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဆင့်ထိ တက်လှမ်း

သွားခဲ့လေသည်။ သူသည် “ထိုက်ယီနတ်ဘုရား”အဆင့်

မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်သွားခဲ့ပြီ ဖြစ်လေသည်။

သို့သော် မဟာပဲ့တင်သံဗိမာန်ပြိုကျသည့်အချိန်တွင် ရွေးခြယ်

စရာမရှိသည့်အတွက်သာ အသူရာချောက်ရှိ သံသရာလည်

ခြင်းဘုံသို့ရောက်ရှိကာ လူပြန်ဝင်စားခဲ့ရခြင်း ဖြစ်လေသည်။

“ဒါဆိုရင် ဒီပုန်ကန်မှုကို တားဆီးပေးနိုင်မလား ၊ ပြီးတော့ မင်း

ကလည်း အခုဆိုရင် မြို့တော်သခင်မရဲ့ မျိုးဆက် ဖြစ်လာပြီ

ပဲ”

ဟန်ယင်းက ဆန်းလျန်ကို နူးညံ့စွာ ပြောလိုက်သည်။

"ကျွန်တော် ကူညီပေးနိုင်ပါတယ်၊ ဒါပေမယ့် လောလောဆယ်မှာတော့ မကူညီနိုင်သေးဘူး"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ၊ မင်းပြောတော့ မင်းက ကောင်းကင်ကကြွယ်တွေထက်တောင် ပိုပြီးမြင့်မြတ်သေးတယ်ဆို၊ ငါတို့ကိုကူညီဖို့ မင်းအတွက် တန်ခိုးစွမ်းအားလေးနည်းနည်းသုံးလိုက်ရင် ရပြီပဲ မဟုတ်လား"

ဆန်းလျန်က ဟူချိန်မြစ်ရေကို လက်ညိုးထိုးပြလိုက်သည်။

တစ်ချိန်တည်းမှာပင်ငါးတစ်ကောင်ကလည်း ရေထဲမှ ခုန်ထွက်လာလေသည်။

"လူတစ်ယောက်ကို ငါးကူမျှားပေးတာထက်ဆာရင် ငါးမျှားတတ်အောင်သင်ပေးလိုက်တာက ပိုမကောင်းဘူးလား"

ဟန်ယင်းသည် ထိုစကား၏ အဓိပ္ပါယ်ကိုနားမလည်ပါ။ သူမ သည် အတန်ကြာစဉ်းစားနေပြီးမှ နောက်ဆုံးတော့ မေးလိုက် လေသည်။

"မင်းက ငါးစားချင်လို့လား..."

သောက်ကျိုးနဲဟု ဆန်းလျန်တွေးလိုက်မိသည်။ သူက ချင်းရှမ် နတ်တံခါးတွင် တပည့်များကို သင်ကြားပေးနေသည်မှာ အကျင့်ပါနေသည့်အတွက် ထိုသို့ ပြောလိုက်မိခြင်း ဖြစ်လေ သည်။ ကျင့်ကြံသူများသည် အသိဉာဏ်မြင့်မားကြသည့်အ လျှောက် ဥပမာပေးလိုက်သည်နှင့် ချက်ချင်းပင် နားလည်နိုင် စွမ်းရှိကြလေသည်။

ဟန်ယန်းသည်သာမန်လူများထက်သာသော်လည်း သာမာန် သိုင်းသမားတစ်ယောက်သာ ဖြစ်လေသည်။ မိုးမြေစွမ်းအား များကိုစုပ်ယူပြီး ကျင့်ကြံနေကြသည့် ကျင့်ကြံသူများနှင့် မည် သည့်နည်းနှင့်မျှ မယှဉ်နိုင်ပေ။

ဆန်းလျှန်က…

“ကျွန်တော်က မင်းကို တန်ခိုးစွမ်းအားတွေရအောင် သင်ပြပေးနိုင်တယ်လို့ ပြောချင်တာပါ”

ဆန်းလျှန်စကားကြောင့် ဟန်ယင်းက အံ့သြသင့်သွားလေသည်။

“ကူညီရမှာ အခက်အခဲဖြစ်နေလို့လား၊ မင်းကူညီနိုင်ရင်ကူညီပေါ့၊ မကူညီနိုင်ရင်လည်း ထားလိုက်ပါ”

သူမသည် ဆန်းလျှန်နှင့်စကားပြောပြီးသည့်နောက် ဆန်းလျှန်ကို မမုန်းရက်တော့ပေ။ ထို့ပြင် သူမစိတ်ထဲတွင်လည်း စိတ်သက်သာရာရသွားပြီး ဓားကို ပြန်ရုတ်သိမ်းလိုက်လေသည်။

မကြာသေးခင်ကပင် သခင်မလေးချန်ချင်သည် မြားတစ်လက်ကိုအသုံးပြုကာ အမျိုးသမီးစစ်သည်တော်များကို တိုက်ခိုက်ခဲ့လေသည်။ ထိုထူးဆန်းသည့်အဖြစ်အပျက်ကို မြင်တွေ့ပြီး

သည့်နောက် ကလေးငယ်သည် အစွမ်းရှိသင့်သလောက်တော့ရှိ

သည်ဟု သူမက ယုံကြည်ထားလေသည်။

သို့သော် .... ကြယ်များထက်ပင်မြင့်မြတ်သည်ဆိုသည်မှာ ထို

ကလေးငယ်က အလကား ချဲ့ကားပြောဆိုနေခြင်း ဖြစ်

နိုင်သည်ဟု မှတ်ယူထားလိုက်လေသည်။

“ဒါဖြင့်လည်း ကောင်းပါပြီ ၊ ကျွန်တော်တို့သားအမိနှစ်ယောက်

ကို ခြောက်သွေ့တိတ်ဆိတ်တဲ့ နေရာတစ်ခုလောက်ကို ခေါ်သွား

ပေးပါဦး ၊ အမေက အရမ်းပင်ပန်းနေပြီ ၊ ဒီတိုင်းသာဆက်

သွားရင် အမေတော့ ဒုက္ခရောက်တော့မှာပဲ”

ဆန်းလျန်က ပြောလိုက်လေသည်။

“ကြည့်ရတာ မင်းက ဒီလောက်လည်း အစွမ်းမထက်ပါဘူး ၊

ဘာပဲဖြစ်ဖြစ် သခင်မလေးရဲ့ ကျန်းမာရေးကတော့ စိတ်ပူရမှာ

ပဲပေါ့”

ဟန်ယင်းက ပြန်ပြောလိုက်လေသည်။

ဆန်းလျှန်သည် မွေးဖွားပြီးသည့်နောက် သူရောက်ရှိနေသည့် လောကကို တိတ်တဆိတ်လေ့လာရန် ဆုံးဖြတ်ထားခဲ့လေသည်။ သို့သော်... အခြေအနေများက ပြောင်းလဲသွားသည့်အတွက် မတတ်သာတော့ဘဲ ဟန်ယင်းနှင့် စကားပြောလိုက်ရခြင်းဖြစ်လေသည်။ သူက သတိလစ်နေသည့်မိခင်ဖြစ်သူကို တန်ခိုးစွမ်းအားအသုံးပြုကာ ကုသပေးနိုင်လေသည်။ ထိုသို့ပြုလုပ်လိုက်လျှင် ဟန်ယင်းအနေဖြင့်လည်း သူ့ကိုပိုပြီး ယုံကြည်လာမည် ဖြစ်လေသည်။

သို့သော်... သူ၏ရုပ်ခန္ဓာမှာ ပျက်စီးလွယ်သည့် မွေးကင်းစကလေးတစ်ယောက်မျှသာ ဖြစ်နေသေးသည့်အတွက်ကတစ်ကြောင်း ၊ ဟန်ယင်းမှာလည်း အထူးလေ့ကျင့်သင်ကြားခံထားရသည် စစ်သည်တော်ဖြစ်သည့်အတွက် သူ၏မိခင်ကို ကောင်းကောင်းကူညီပေးနိုင်သည်က တစ်ကြောင်းကြောင့်

သူက တန်ခိုးစွမ်းအားများကို ထုတ်ဖော်အသုံးပြုခြင်းမရှိတော့ဘဲ ဟန်ယင်းကိုသာ အားကိုးရန် ဆုံးဖြတ်လိုက်လေသည်။

သို့ရာတွင် သူရောက်ရှိနေသည့်လောကသည် သဘာဝလွန်စွမ်းအားများကို သိပ်ပြီး အသုံးပြုကြသည့်ပုံ မပေါ်သည့်အတွက် လက်ရှိတွင် ဟန်ယင်းမရှိလျှင်ပင် ဆန်းလျန်သည် သူ့ကိုယ်သူ ကောင်းကောင်း ကာကွယ်နိုင်မည်ကတော့ သေချာသလောက်ရှိလေသည်။

အခန်း (၄၅၆) ကျားနက်ကြီးကိုစီး၍

လူသားများက လောကတွင် ဖြစ်ပျက်နေသည့်အရာများကိုသာ မြင်နိုင်ကြသည်။

နတ်ဘုရားများကတော့ ထိုအရာများကိုကျော်လွန်ပြီး သိမြင်နိုင်လေသည်။

ဆန်းလျန်က သူ့ကိုယ်သူ ကြယ်စင်များထက်ပင်မြင့်မြတ်သည်ဟု ဆိုသည့်စကားကို ဟန်ယင်းက နားလည်နိုင်ခြင်း မရှိပေ။

သူမသည် သခင်လေးချန်ချင်ကို ကျောတွင်ပိုးပြီး ဆန်းလျန်ကို လက်တွင်ချီကာ ခရီးဆက်ခဲ့လေသည်။

သူမတွင် အားအင်လည်း သိပ်မရှိတော့ပေ။ ဆန်းလျန်က သူမအသက်ရှူမှန်စေရန်အတွက် ကူးညီပေးနေလေသည်။ ဆန်းလျန်ထိုသို့ကူညီပေးခြင်းက အစပိုင်းတွင် သိပ်မသိသာသည့်တိုင် အချိန်ကြာလာသည့်အခါတွင်တော့ သူမ၏ စွမ်းအားများ တဖြည်းဖြည်းမြင့်တက်လာသည်ကို သူမ သဘောပေါက်လိုက်မိလေသည်။

သူတို့သည် တောအုပ်လေးတစ်အုပ်ကို ဖြတ်ကျော်ခဲ့ကြသည်။ တောတွင်းသူပုန်များနှင့်တွေ့လျှင်ပင် ဆန်းလျန်လေးက သူတို့ကို ကာကွယ်ပေးလိမ့်မည်ဟု ဟန်ယင်းက ယုံကြည်နေမိလေသည်။

ဆန်းလျန်သည် လမ်းပင်မလျှောက်တတ်သေးသည့် မွေးကင်းစ ကလေးငယ်တစ်ယောက်ဖြစ်သည့်တိုင် ဟန်ယင်းကတော့ သူ့ကို ယုံကြည်နေခဲ့လေသည်။ အဘယ်ကြောင့် ယုံကြည်နေမိသည်ဆိုသည့်အချက်ကတော့ မသေချာလှပေ။ အမှန်တော့ ဟန်ယင်းသည် စိတ်ထားဖြူစင်ရိုးသားသူ တစ်ယောက်ဖြစ်ပြီး အခြားသူများထက် သနားကြင်နာတတ်သူ တစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်ကလည်း သူမကို ယုံကြည်စိတ်ချလေသည်။

ဆန်းလျန်က သူမ၏အားပြတ်မသွားစေရန်အတွက် အသက်ရှူနည်းစနစ်ကို သင်ပြပေးရင်း သူမကို ကူညီပေးခဲ့သည်။ သူမ

သည် ဆန်းလျန်၏ အကူအညီဖြင့်ပင် ကျယ်ယန်းတောင်ခြေ

သို့ ရောက်ရှိလာခဲ့လေသည်။

တောင်ခြေတွင် မြစ်တစ်စင်းကစီးဆင်းနေပြီး တောင်ကြော

တစ်လျှောက် စိမ်းလန်းစိုပြေလွန်းသည့် တောအုပ်များကို တွေ့

မြင်နိုင်လေသည်။ အချို့သောသစ်ပင်များမှာ မြင့်မားလွန်းလှ

သည့်အတွက် ကောင်းကင်ထိအောင် ထိုးဖောက်နိုင်သည်ဟု

ထင်မှတ်ရဖွယ်ရှိလေသည်။ နှစ်ပေါင်းထောင်ချီရှိနေပြီဖြစ်

သည့် နှစ်ရှည်သစ်ပင်များ ဖြစ်ဟန်တူသည်။

သူရောက်ရှိနေသည့်လောကသည် ထူးခြားသည်ဟု ဆန်းလျန်

တွေးလိုက်မိသည်။ အဘယ်ကြောင့်ဆိုသော သစ်ပင်များမှ

သစ်ရွက်များမှာ ကျောက်စိမ်းသားကဲ့သို့ ချောမွေ့နေပြီး

တောက်ပနေသောကြောင့် ဖြစ်လေသည်။ အရွက်များကလည်း

ကြီးမားလွန်းလှသည်။

ဟန်ယန်းသည် သခင်မလေးချန်ချင်နှင့် ဆန်းလျန်လေးတို့ကို တောင်ပေါ်တစ်နေရာရှိ စမ်းချောင်းလေးအနားသို့ ခေါ်ဆောင်လာခဲ့လေသည်။ သူမလည်း အလွန်ပင်ပန်းနေပြီ ဖြစ်လေသည်။ သူမက သခင်မလေးနှင့် ဆန်းလျန်လေးကို ခဏထားခဲ့ပြီး စားစရာသွားရှာရန် တွေးလိုက်မိလေသည်။

ထိုအချိန်မှာပင်...

လေပြင်းတစ်ချက်တိုက်ခတ်လာပြီး ကျားနက်ကြီးတစ်ကောင်မှာ ကျောက်တုံးများနောက်မှ ခုန်ထွက်လာလေသည်။

နဂါးက တိမ်ကိုထိန်းချုပ်သည်ဆိုလျှင် ကျားကတော့ လေကိုထိန်းချုပ်သူ ဖြစ်လေသည်။ ထို့ကြောင့် ကျားနက်ကြီးခုန်ထွက်လာသည်နှင့် လေပြင်းများစတင်တိုက်ခတ်လာတော့သည်။

ဟန်ယင်းမှာ ကျားနက်ကြီးကို တိုက်ခိုက်ရန်အတွက် လုံးဝအင်အားမရှိတော့ပေ။ သူမသည် ကျားနက်ကြီးကို တုန်လှုပ်စွာဖြင့် ကြည့်နေမိတော့သည်။

သူမက ပါးလွှာပျော့ပျောင်းသည့်ဓားရှည်ကို တင်းတင်းစုပ်ကိုင်ထားမိလေသည်။ ကျားကြီးမှာ သာမာန်ကျားတစ်ကောင်ထက်ပင် ကြီးသေးသည်။ ကျားကြီးက ခုန်ထွက်လာပြီး သူတို့ရှိရာသို့ လမ်းလျှောက်လာလေသည်။ အကြည့်များကလည်း အေးစက်ကြောက်မက်ဖွယ်ရာပင်။

သူတို့အားလုံးတော့ တစ်ခါတည်းအသက်ပျောက်ပြီဟု ဟန်ယင်းတွေးလိုက်မိလေသည်။

ရုတ်တရက် ...

သူမသည် သခင်မလေးချန်ချင်၏ ထူးဆန်းသည့်သားငယ်လေးကို သတိရသွားမိသည်။ ထိုကလေးငယ်သည် သူတို့ကိုကူညီနိုင်ပါမည်လား။

သူမထိုသို့စဉ်းစားလိုက်မိသည့်အချိန်မှာပင် ကျားကြီးကတစ်ချက်တည်း ခုန်အုပ်လိုက်လေသည်။

သို့သော်… ကျားကြီးက သူမကို ခုန်အုပ်ခြင်းမဟုတ်ပါ။ ဆန်းလျှန်လေးကို ခုန်အုပ်လိုက်ခြင်း ဖြစ်လေသည်။ ဟန်ယင်းသည် ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်မိလေသည်။ ဆန်းလျှန်လေးသည် လမ်းပင်မလျှောက်တတ်သေးသည့် မွေးကင်းစကလေးငယ်လေးဖြစ်လေသည်။ မည်မျှပင်တန်ခိုးစွမ်းအား မြင့်မားသည့် ကြယ်စင်တစ်စင်း လူဝင်စားသည်ဆိုပါစေ ယခုတစ်ကြိမ်တွင်တော့ ဘဝဆုံးရပြီဟု သူမထင်လိုက်မိလေသည်။

သူမက ရှိသမျှ အားအကုန်သုံးကာ ကျားနက်ကြီးကို ဓားဖြင့် ထိုးစိုက်ချလိုက်လေသည်။ သို့သော် သူမ၏ ဓားသည်လေထဲတွင် ရပ်တန့်သွားရသည်။ အဘယ်ကြောင့်ဆိုသော် ကျားနက်ကြီးမှာ ဆန်းလျှန်ရှေ့ရှိ မြေပြင်ထက်တွင် ကြောင်လေးတစ်ကောင်အလား ဝပ်တွားနေသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ကျားနက်ကြီးသည် လျှာကိုထုတ်ကာ ဆန်းလျန်ကို လျှက်နေလေသည်။ ဆန်းလျန်က သူ၏နူးညံ့လှပသည့်လက်လေးများဖြင့် ကျားနက်ကြီး၏ လျှာကို လှမ်းကိုင်လေသည်။

ထို့နောက် ကလေးငယ်သည် ကျားနက်ကြီး၏ အမွေးများကို လက်လေးဖြင့် နူးညံ့စွာ ပုတ်ခတ်နေရင်း ဟန်ယင်းကို စကားလှမ်းပြောလိုက်သည်။

"သူပြောတာက ကျောက်ဆောင်တွေအနောက်ဘက်မှာ ဂူတစ်ဂူရှိတယ်တဲ့ ၊ အဲဒီကို ကျွန်တော့်အမေကို ခေါ်သွားပေးပါ၊ ပြီးတော့ မီးလဲမွေးထားလိုက်ဦး ၊ ကျွန်တော်နဲ့ ရှောင်ပေးက အစာသွားရှာလိုက်ဦးမယ်"

ဆန်းလျန်မှာ ကျားနက်ကြီးကို ရှောင်ပေးဟုပင် အမည်ပေးထားလိုက်ပြီ ဖြစ်လေသည်။

(ရှောင်ပေး = အနက်လေး)

ဟန်ယင်းမှာ သူမမျက်စိရှေ့မှမြင်ကွင်းကို မယုံကြည်နိုင်စွာ ကြည့်နေလေသည်။ ကျားနက်ကြီးက ဆန်းလျန်ရှေ့တွင် ခေါင်းကိုငုံ့ပေးလိုက်တော့ ဆန်းလျန်လေးက လေးဘက်တွားကာ ကျားနက်ကြီးလည်ပင်းပေါ်သို့ တက်သွားလေသည်။ ထူးဆန်းလှသည့် မြင်ကွင်းကြောင့် ဟန်ယင်းမှာ ပါးစပ်အဟောင်းသားပင်ဖြစ်သွားရသည်။ မွေးကင်းစ ကလေးငယ်တစ်ယောက်က ကျားနက်ကြီးလည်ပင်းပေါ်သို့ တက်သွားသည်တဲ့။ မယုံနိုင်စရာမြင်ကွင်းပါပေ။

ထို့နောက် ကျားနက်ကြီးသည် ဆန်းလျန်နှင့်အတူ တောနက်ထဲသို့ ဝင်သွေားလေတော့သည်။ ဟန်ယင်းလည်း မတတ်သာတော့ဘဲ ဆန်းလျန်ပြောခဲ့သည့်အတိုင်း ကျောက်ဆောင်များအနောက်ဘက်ရှိ ဂူရှိရာသို့ ထွက်ခွာလာခဲ့လေသည်။ ဂူမှာ ကျောက်ဂူတစ်ခုဖြစ်ပြီး အတွင်းဘက်တွင် ခြောက်ခြောက်သွေ့

သွေ့ ရှိလေသည်။ ကျားနက်ကြီးနေထိုင်သည့် ကျားတွင်းဖြစ်ပုံ ရလေသည်။

ဆန်းလျန်ကတော့ မိုးမြေစွမ်းအားများကို လှည့်ပြောင်းဆော့ကစားရင်း ကျားနက်ကြီးကိုစီးကာ သာယာကြည်နူးဖွယ် အချိန်လေးကိုဖြတ်သန်းနေလေသည်။

ကျယ်ယန်းတောင်ထိပ်တွင် မိုးမြေစွမ်းအားများမြင့်မားလွန်းသည့်တိုင် ဆန်းလျန်က မိုးမြေစွမ်းအားများကို ချက်ချင်းစုပ်ယူပြီး ကျင့်ကြံခြင်းမပြုလုပ်သေးပါ။ သူက မိုးမြေစွမ်းအားများကို ဖမ်းယူလိုက်ပြီး နတ်ဘုရားစွမ်းအားများကို အသုံးပြုကာ စစ်ဆေးကြည့်လိုက်လေသည်။

တောနက်ထဲမှ မိုးမြေစွမ်းအားများမှာ မြို့ထဲမှ မိုးမြေစွမ်းအားများထက် သိပ်သည်းပြီး သန့်စင်လေသည်။

ဆန်းလျန်သည် အစကတည်းကပင် သူပြန်လည်မွေးဖွားလာသည့် လောက၏ ထူးခြားချက်ကို ရိပ်မိလေသည်။ ယခု သူ

ရောက်ရှိနေသည့်လောကရှိ မိုးမြေစွမ်းအားများမှာ

အနည်းငယ် အံ့မှိုင်းနေသည့်အတွက် သိပ်ပြီးနေလို့မကောင်း

သည့် လောကတစ်ခုဖြစ်လေသည်။

အခြေခံသဘာဝဒြပ်စင်စွမ်းအားများဖြစ်သည့် ကောင်းကင် ၊

မြေကြီး၊ တောင်၊ ရွှံ့နွံ ၊ ရေ ၊ မီး ၊ လေ နှင့် လျှပ်စီး ဆိုသည့်

ဒြပ်စင်စွမ်းအားရှစ်မျိုးကတော့ ဤလောကတွင် တည်ရှိလေ

သည်။ သို့သော် မြေကြီး ၊ တောင် ၊ ရွှံ့နွံ နှင့် ရေ ဒြပ်စင်များက

ကောင်းကင် ၊ မီး ၊ လေ နှင့် လျှပ်စီးများထက်ပိုပြီး စွမ်းအား

ကြီးမားနေသည်ကို ဆန်းလျန် သတိပြုမိထားလေသည်။

ဆန်းလျန်က မိုးမြေစွမ်းအား အနည်းငယ်ကို စုပ်ယူကာ

သူ၏အသွေးအသားထဲသို့ ပျံ့နှံ့စေလိုက်သည်။ ထို့နောက်

အံ့မှိုင်းနေသည့်မိုးမြေစွမ်းအားများက သူ့ခန္ဓာကိုယ်သို့

သက်ရောက်မှု ရှိမရှိ စောင့်ကြည့်လိုက်လေသည်။ အံ့မှိုင်းနေ

သည့်မိုးမြေစွမ်းအားများမှ အံ့မှိုင်းသည့်အငွေ့အသက်

များသည် ဆန်းလျန်၏ အသွေးအသားထဲသို့ ဝင်ရောက်သွားခြင်းမရှိပေ။ သန့်စင်သည့်မိုးမြေစွမ်းအားများကသာဝင်ရောက်သွားလေသည်။

မိုးမြေစွမ်းအားများကို စုပ်ယူလိုက်မိသည်နှင့် ဆန်းလျန်သည်မျက်နှာကို သန့်ရှင်းသောရေဖြင့် ဆေးကြောခံလိုက်ရသကဲ့သို့လန်းဆန်းသွားကာ နတ်ဘုရားစွမ်းအားများပင် ပြန်လည်ပြည့်ဝလာလေသည်။

ကျားနက်ကြီးက ဆန်းလျန်ကို သယ်ဆောင်ကာ တောနက်ကထဲတွင် လျှောက်သွားနေလေသည်။ ကျယ်ယန်းတောင်ထိပ်ရှိသန့်စင်သည့်မိုးမြေစွမ်းအားများအားလုံးသည် ကျားနက်ကြီး၏လည်ဂုတ်ကိုစီးထားသည့် ဆန်းလျန်ဆီသို့ စုရုံးရောက်ရှိလာကြလေသည်။

တောနက်ထဲတွင် အတန်ကြာ လှည့်လည်သွားလာနေပြီး

သည့်နောက် ကျားနက်ကြီးပင်လျှင် ဝိညာဉ်စွမ်းအားများ

တိုးတက်လာတော့သည်။

ကျားနက်ကြီးသည် လူမြင်လျှင်ငမ်းငမ်းတက် ကိုက်ဖြတ်စား

သောက်ချင်သည့် ကျားရိုင်းကျားဆိုးကြီးတစ်ကောင် ဖြစ်လေ

သည်။ သို့သော် ဆန်းလျှန်ကို တွေ့မြင်လိုက်ရသည်နှင့် ကျား

နက်ကြီးသည် သူ၏ငယ်စဉ်ဘဝက အဖြစ်အပျက်တစ်ခုကို

ချက်ချင်းအမှတ်ရသွားမိသည်။ ထိုအချိန်က သူသည် ကျား

ပေါက်လေးတစ်ကောင်မျှသာ ရှိသေးသည်။

ထိုနေ့ညတွင်...

အဖြူရောင်အလင်းတန်းများဖြာလင်းနေပြီး ဓားတစ်လက်ကို

စီးနှင်လာသည့် လူတစ်ယောက်ကို ကျားနက်လေး တွေ့မြင်ခဲ့ရ

လေသည်။ ထိုသူသည် တောနက်အတွင်းသို့ ဝင်ရောက်လာပြီး

သစ်ကိုင်းများကိုလည်း ခုတ်ဖြတ်ပစ်ခဲ့သည်။

ထို့နောက် တွင်တော့ ထိုသူသည် လက်ရှိကျားနက်ကြီး ခန္ဓာကိုယ်၏ ခြောက်ဆမှ ခုနစ်ဆအထိ ကြီးမားသည့် ရောမ စပါးအုံးမြွေကြီးတစ်ကောင်နှင့် ရင်ဆိုင်ခဲ့လေသည်။ ထိုလူက ဗူးသီးခြောက်တစ်လုံးကို ထုတ်ယူကာ အဖုံးဖွင့်လိုက်သည့် အခါတွင်တော့ စပါးအုံးမြွေကြီးမှာ တဖြည်းဖြည်းကျုံ့သွား ကာ မြွေသေးသေးလေးတစ်ကောင်အဖြစ်သို့ ကူးပြောင်းသွား ပြီး ဘူးသီးခြောက်အတွင်းသို့ ဝင်ရောက်သွားလေတော့သည်။ ထိုအချိန်က ကျားနက်လေးမှာ ထိုသူကို မြင်ရပြီးသည့်နောက် ဘဝတွင် ပထမဆုံးကြောက်ရွံ့မှုကိုခံစားခဲ့ရလေသည်။ ထို့နောက်တွင်တော့ ထိုသူကဲ့သို့သောလူများကို ကျင့်ကြံသူများ ဟုခေါ်သည်ကို သူသိခဲ့ရသည်။ ကျားနက်ကြီးကိုယ်တိုင်က ကျင့်ကြံသူနတ်မိစ္ဆာတစ်ယောက်ဖြစ်လာမည်ဆိုလျှင်ပင် ထို ကျင့်ကြံသူများကို အနိုင်ရအောင် တိုက်ခိုက်နိုင်မည် မဟုတ် ပေ။

ယခုလည်း ကျားနက်ကြီးသည် ဆန်းလျန်ကို မြင်တွေ့လိုက်ရသည်နှင့် ကလေးငယ်တစ်ယောက်မျှသာဖြစ်သည့်တိုင် ကျင့်ကြံသူများကို သွားပြီး သတိရလိုက်မိလေသည်။ ဆန်းလျန်၏ရှေ့တွင် ငယ်စဉ်က ခံစားခဲ့ရသည့် ကြောက်ရွံ့ခြင်းကို ပြန်လည်ခံစားရလေသည်။

ကျားနက်ကြီးသည် သူ၏လည်ဂုတ်ပေါ်တွင် လိုက်ပါလာသည့် ကလေးငယ်ကို ယခုအချိန်ထိပင် ကြောက်စိတ်မပြေသေးပေ။ ထို့ကြောင့် ကလေးငယ်ပေးသမျှအမိန့်များကို နာခံနေခြင်း ဖြစ်လေသည်။

ဆန်းလျန်အဖို့တော့ ကျားနက်ကြီးနှင့်အတူရှိနေရသည်မှာ သာမန်လူများနှင့်ရှိနေရခြင်းထက် ပိုပြီး အဆင်ပြေလေသည်။ ဆန်းလျန်သည် ယန်ရှီးနှင့် အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့သည့်အတွက် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်၏ အားနည်းချက် ၊ အားသာချက်များကို အစမှ အဆုံးတိုင်

နားလည်နေခဲ့ပြီ ဖြစ်လေသည်။ ထို့ကြောင့်သူက မိုးကောင်းကင်နတ်မိစ္ဆာပညာကို အိပ်မက်လိပ်ပြာကျင့်စဉ်ဖြင့် ပေါင်းစပ်ကာ ကျားနက်ကြီး၏နှလုံးသားကို ထိန်းချုပ်လိုက်ခြင်း ဖြစ်လေသည်။

သားရဲများ၏နှလုံးသားကို ထိန်းချုပ်ရန်မှာ လူသားများ၏နှလုံးသားကို ထိန်းချုပ်ရန်ထက် ပိုမိုလွယ်ကူလေသည်။

အခန်း (၄၅၇) ရှီးလျန်မြို့တော်မှ အစပြုမည်

ကျယ်ယန်းတောင်ရှုမျှော်ခင်းသည် ရတနာတစ်ပါးကဲ့သို့ လှပလွန်းလေသည်။ မိုင်တစ်ရာပတ်ဝန်းကျင်မှ မိုးမြေစွမ်းအား

များသည် ကျယ်ယန်းတောင်သို့ လာရောက်စုစည်းနေကြလေ

သည်။ ထို့ကြောင့် ကျယ်ယန်းတောင်တွင်နေထိုင်သည့် ကျား

နက်ကြီးမား ဝိညာဉ်စွမ်းအားပြည့်ဝသည့် ကျားကြီးတစ်ကောင်

ဖြစ်နေသည်မှာ အံ့ဩစရာတော့မရှိပေ။

ဆန်းလျန်က ကျားနက်ကြီးကို ရပ်တန့်ရန် လည်ပင်းကိုအသာ

ပုတ်ကာ အချက်ပြလိုက်သည်။ ထို့နောက် သူက အရှေ့သို့

လက်ညိုးတစ်ချက် ညွှန်ပြလိုက်ပြီး...

"အဲဒီမှာ ဘာလဲ"

ကျယ်ယန်းတောင်မှာ မိုးမြေစွမ်းအားများဖြင့် ပြည့်နေလေ

သည်။ တောင်၏ဖွဲ့စည်းပုံအရဆိုရင် တောင်၏အောက်ဖက်

ပိုင်းတွင် ဝိညာဉ်ဂူများရှိသင့်လေသည်။ ထို့ကြောင့် ဆန်းလျန်

ရှေ့တွင် မြင်တွေ့နေရသည့် အလင်းရောင်မှာ ဝိညာဉ်ဂူ ဟုတ်

မဟုတ် မသေချာလှပေ။ အလင်းရောင်ရှိရာသို့ တောင်တစ်ခု

လုံးမှ ဝိညာဉ်စွမ်းအားများစုဝေးနေသည့်တိုင် ထိုအရာသည်

လူတစ်ယောက်ယောက်က ပြုလုပ်ထားသည့် အရံအတားတစ်ခုနှင့်တော့ ဆင်တူခြင်းမရှိပေ။

ကျားနက်ကြီးက ထိုအလင်းရောင်ရှိရာကို တစ်ချက်ကြည့်လိုက်ပြီး မာန်ဖီလိုက်လေသည်။

ကျားနက်ကြီး ဆိုလိုသည့်အဓိပ္ပါယ်ကို ဆန်းလျန်နားလည်လိုက်လေသည်။ ကျားနက်ကြီးပြောသည်မှာ ယခင်အချိန်များတုန်းက ဆန်းလျန်ကဲ့သို့သောလူတစ်ယောက်သည် ထိုနေရာတွင် နေထိုင်ခဲ့သည်ဟူ၍ ဖြစ်လေသည်။ ကျားနက်ကြီးသည် ထိုနေရာသို့ မသွားရဲသည့်အတွက် ထိုနေရာသည် မည်သို့သောနေရာဖြစ်သည်ကိုတော့ သိရှိခဲ့ခြင်း မရှိပေ။

ဆန်းလျန်သည် အလင်းရောင်ထွက်ပေါ်နေရာသို့ ငေးကြည့်နေပြီး ထိုနေရာသည် ထူးဆန်းသည်ဟု ခံစားလိုက်မိလေသည်။ သို့သော် နေလည်းဝင်တော့မည်ဖြစ်သည့်အတွက် ထိုနေရာသို့

မသွားတော့ရန်ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့တွင် ထပ်လာလျှင်လည်း ရသည်ပဲလေ။

သူက ကျားနက်ကြီးကို ဆိတ်တစ်ကောင်ဖမ်းဆီးရန်အတွက် အမိန့်ပေးလိုက်ပြီးသည့်နောက် ကျားနက်ကြီးနေထိုင်ရာ ကျောက်ဂူဆီသို့ ပြန်လာခဲ့ကြလေသည်။

ကောင်းကင်ထက်တွင် လရောင်က ထိန်ထိန်သာနေခဲ့ပြီ ဖြစ်သည်။ ဆန်းလျန်သည် လမင်းကို ငေးကြည့်နေမိလေသည်။ လပြည့်နေ့ဖြစ်သည့်အတွက် လမင်းက အပြည့်အဝ လင်းလက်တောက်ပလျှက်ရှိလေသည်။

လရောင်သည် တောနက်တစ်ခုလုံးသို့ ဖြန့်ကျက်တောက်ပနေသည်မှာ ငွေရောင်ရေတံခွန်တစ်ခု စီးဆင်းနေသည့်အလား ပင် ထင်မှတ်ရလေသည်။

ဆန်းလျန်က ကောင်းကင်ထက်မှ လရောင်ကို သေသေချာချာ လေ့လာကြည့်သည့်အခါတွင်တော့ လမင်း၏အစစ်အမှန်ကို

ဖုံးအုပ်ထားသည့် အလွှာတစ်ထပ်ရှိနေသည်ကို ခံစားလိုက်မိလေသည်။ လရောင်၏အောက်တွင် ဖုံးကွယ်ထားသည့် တည်ရှိမှုတစ်ခုရှိနေနိုင်လေသည်။

လရောင်တွင် ထိုက်ယင်းစွမ်းအားများ ရောင်ပြန်ဟပ်နေလေသည်။ ဆန်းလျှန်သည် တစ်ချိန်တုန်းက ချင်းရှမ်နတ်တံခါးတွင် ပိုင်စုဟွမ်ကျင့်ကြံခဲ့သည့် "လမင်းရောင်ခြည်ကျင့်စဉ်" ကို ပြန်လည် သုံးသပ်နေမိလေသည်။ သန့်စင်သည့်ထိုက်ယင်းအလင်းစွမ်းအားကိုသာ ပိုင်ဆိုင်မည်ဆိုလျှင် လမင်းရောင်ခြည်ကျင့်စဉ်သည် ထင်သလောက် ကျင့်ကြံရခက်လိမ့်မည် မဟုတ်ပေ။

သို့သော် ဆန်းလျှန်၏လက်ရှိအခြေအနေတွင် တန်ခိုးစွမ်းအားဆိုသည်က လိုသလိုရရှိနေနိုင်သည့် အခြေအနေဖြစ်လေသည်။ ထို့ကြောင့် သူ့အနေဖြင့် ချိကုန်းကျင့်စဉ်ကဲ့သို့ သာမန်ကျင့်ကြံမှုများကို လေ့ကျင့်ရန် မလိုအပ်ပေ။

ဆန်းလျှန် ကျားနက်ကြီးနေသည့် ကျောက်ဂူအဝကိုရောက်သည်နှင့် မီးပုံတစ်ပုံ ဖိုထားသည်ကို သတိပြုလိုက်မိသည်။ မီးပုံမှထင်းများ တဖျစ်ဖျစ်တောက်လောင်သံကိုပင် ကြားနေရလေသည်။ ဟန်ယင်းသည် ဆိတ်တစ်ကောင်ကို ကိုက်ချီလာသည့် ကျားနက်ကြီးကို လှမ်းမြင်လိုက်ရလေသည်။

ကျားနက်ကြီးသည် ဆိတ်သေကို စမ်းချောင်းနံဘေးတွင် ချထားခဲ့ပြီး ဂူအတွင်းသို့ဝင်လာလေသည်။

ဆန်းလျှန်၏မိခင်ဖြစ်သူ သခင်မလေးချန်ချင်မှာလည်း သတိပြန်ရနေပြီ ဖြစ်လေသည်။

သူမသည် ကျားနက်ကြီး၏လည်ဂုတ်ပေါ်တွင်ထိုင်နေသည့် ကလေးငယ်ကိုတွေ့သည့်အခါ သူမ၏ဖြူဖျော့နေသည့် မျက်နှာထက်တွင် ပျော်ရွှင်မှုများဖြင့် ပြည့်သွားလေသည်။

သူမက တစ်ချက် တုန့်ဆိုင်းနေပြီးမှ....

"သားလေး..."

ဆန်းလျန်က မိခင်ဖြစ်သူကို ခေါင်းညိတ်ပြလိုက်ရင်း...

"အမေ ၊ ဟန်ယင်းက အမေ့ကို ကျွန်တော့်အကြောင်းတွေ ပြော ပြပြီးလောက်ပြီပေါ့ ၊ အမေ စိတ်မပူပါနဲ့ ၊ ကျွန်တော်က အမေ့ ရဲ့သားအဖြစ်လူပြန်ဝင်စားခဲ့တဲ့သူပါ ၊ ကျွန်တော်နဲ့အမေက အမြဲတမ်းသားအမိတွေပါပဲ"

ဆန်းလျန်က သူ၏မိခင်ဝမ်းတွင်းမှာပင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များနှင့် အဘယ့်ကြောင့် သမီးလေးမမွေးဘဲ သားလေးမွေးလာရသည်ကို ချန်ချင်သံသယရှင်းအောင် ပြော ပြလိုက်လေသည်။ ချန်ချင်မှာ ကျီမုမြစ်ရေကို သောက်ခဲ့သည့် တိုင် သမီးလေးမမွေးခဲ့ဘဲ သားလေးမွေးလာရခြင်းမှာ ထူးဆန်းသည့် လူတစ်ယောက် လူပြန်ဝင်စားခြင်းဖြစ် သောကြောင့် ဆိုသည့်အချက်ကို သဘောပေါက်သွားရသည်။ ဆန်းလျန်သည် သူ မည်သူမည်ဝါဖြစ်သည်ကို ဖုံးကွယ်ထား သည့်တိုင် သူနှင့် မိခင်ကြားတွင် သားအမိသံယောဇဉ်ကတော့

ရှိမြဲဖြစ်လေသည်။ သို့သော်... အခြားသော သားနှင့်မိခင်ကဲ့သို့ ခိုင်မာသည့် သံယောဇဉ်ကြိုးကတော့ သူတို့နှစ်ယောက်ကြား တွင် မရှိခဲ့ပေ။

ဆန်းလျန်သည် ထူးခြားသည့်တန်ခိုးစွမ်းအားများနှင့် ပြည့်နေ သူဖြစ်ပြီး သူသည် ဒဏ္ဍာရီထဲမှ ထွက်ပေါ်လာသည့် လူတစ် ယောက်နှင့်ပင် တူနေလေသည်။

ချန်ချင်သည် မြို့တော်သခင်မ၏ သမီးဖြစ်သည့်အတွက် စာပေပညာရပ်များစွာကို လေ့လာခွင့်ရခဲ့လေသည်။ "တာ့ရှား" တိုင်းပြည်မှ စာအုပ်တစ်အုပ်ထဲတွင် သူမဖတ်ဖူးသည့် စာတစ် ကြောင်းရှိလေသည်။

"ကလေးငယ်ကြီးပြင်းလာသည့်အခါ စိတ်ရင်းမှန်သော ၊ ပညာရှိသော ၊ ရိုးသားပြီး ကြင်နာတတ်သည့်သူတစ်ယောက် ဖြစ်လာခဲ့သည်။ သူသည် လေ့လာမှုအားကောင်းပြီး တန်ခိုး စွမ်းအားလည်း မြင့်မားလေသည်"

ဆိုသည့် စာကြောင်းဖြစ်လေသည်။

ထိုစာကြောင်းမှာ ဒဏ္ဍာရီထဲမှ သူရဲကောင်းတစ်ယောက်

အကြောင်းကို ဖော်ကျူးထားခြင်းဖြစ်သည့်တိုင် သူမ၏သား

ငယ်သည် ထိုစာကြောင်းထဲမှ ကလေးငယ်ထက်ပင် သာလွန်

လွန်းလှလေသည်။

သူမသည် စာအလွန်ဖတ်သူ တစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် သူမက ညီမဖြစ်သူ ချန်ယွင်ကိုလည်း ပုံပြင်များ

အမြဲတမ်းပြောပြလေ့ရှိလေသည်။

"အမေက ရှီးလျန်မြို့တော်က မြို့တော်သခင်မရဲ့ သမီးပါ၊ အ

မေတို့မျိုးနွယ်ကတော့ ချန်မျိုးနွယ်ပေါ့၊ သားက အမေတို့ မျိုး

နွယ်နာမည်ကိုယူမလား၊ ဒါမှမဟုတ် သားမှာနာမည်ရှိပြီးသား

လား"

ချန်ချင်က မေးလိုက်လေသည်။

သူမက ထူးဆန်းသည့်သူများကို သတိထားကာဆက်ဆံရမည် ဖြစ်သည်ကို သဘောပေါက်လေသည်။

ထို့ပြင် လက်ရှိအချိန်တွင် ရှီးလျန်မြို့တော်တွင်လည်း ပုန်ကန်မှုဖြစ်ပွားနေပြီး သူနှင့် ဟန်ယင်းအနေဖြင့် မြို့တော်ကို ပြန်ရန်မှာလည်း မဖြစ်နိုင်သေးပေ။ သို့သော် သူမ၏ ထူးခြားသည့် သားငယ်ထံမှ အကူအညီရယူနိုင်လေသည်။

ဟန်ယင်းသည် သူမ၏မိခင်က အထူးလေ့ကျင့်ပေးထားသည့် ညစ်သည်တစ်ယောက် ဖြစ်လေသည်။ သို့သော် သူမသည် ချန်ချင်လောက် ဗဟုသုတနှင့် ပြည့်စုံခြင်းမရှိပေ။ သူမက ကမ္ဘာကြီးသည် ကျယ်ပြောလှပြီး ထူးဆန်းမှုများလည်း ရှိသည် ဆိုသည့်အချက်လောက်မျှသာ သိထားသူ ဖြစ်လေသည်။

"ကျွန်တော်က ဘဝနှစ်ခုတောင်ပြောင်းခဲ့ပြီးပါပြီ ၊ ဒါကြောင့် နာမည်တော့ မပြောင်းချင်တော့ဘူး ၊ အရင်ဘဝ ကံကောင်းလို့ အမေရှိခဲ့ပေမယ့် အဖေမရှိခဲ့ဘူး ၊ အခုဘဝလည်း ဒီလိုပါပဲ ၊ ဒါ

ကြောင့် ချန်မျိုးနွယ်ကို ကျွန်တော် မယူတော့ပါဘူး ၊ အမေနဲ့ ဒီကအစ်မဟာန်ယင်းက ကျွန်တော့်ကို ဆန်းလျန်လို့ ခေါ်နိုင်ပါတယ်"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ဆန်းလျန်၏စကားများက လူကြီးဆန်လှသည့်တိုင် သူ၏အသံလေးကတော့ ကလေးသံလေးမျှသာ ဖြစ်လေသည်။

"ဆန်းလျန်" ဆိုသည့်အမည်ကိုကြားသည်နှင့် ထိုအမည်နောက်ကွယ်မှ စာလုံးများ၏ရည်ရွယ်ချက်ကို သိရှိသွားသည့်မိန်းကလေးနှစ်ယောက်သည် ဆန်းလျန်အပေါ်တွင်ပိုပြီး အံ့သြချစ်ခင်မိကြလေသည်။

ထို့နောက် ဆန်းလျန်က သူတို့နှစ်ယောက်နှင့် စကားပြောနေခဲ့လေသည်။

ရှီးလျန်မြို့တော်သည် နှစ်ပေါင်းထောင်နှင့်ချီအောင် ကြာခဲ့ပြီဖြစ်သည့် မြို့တော်ကြီးတစ်ခုဖြစ်လေသည်။ မြို့တော်ကို

တည်ထောင်ခဲ့သူ မြို့တော်သခင်သည် ဆင်းရဲပြီး ဖိနှိပ်ခံနေရ
သည့် အမျိုးသမီးထုကို ဦးဆောင်ကာ ကယ်တင်ခဲ့ပြီး လက်ရှိ
နေရာတွင် ရှီးလျန်မြို့တော်ကို တည်ထောင်ခဲ့ခြင်းဖြစ်လေ
သည်။ ကျီမုမြစ်သည် ရှီးလျန်မြို့တော်၏ အခြေခံကျသည့်
မြစ်တစ်မြစ်ဖြစ်ပြီး ရှီးလျန်မြို့မှ မိန်းကလေးများသည်
မျိုးဆက်ပြန့်ပွားရန်အတွက် ယောကျ်ားများဖြင့်
အိမ်ထောင်ပြုရန် မလိုအပ်ပေ။

မြို့တော်တည်ပြီး နှစ်ထောင်ပေါင်းများစွာကြာခဲ့ပြီးည့်နောက်
ရှီးလျန်မြို့တော်မှာလည်းတဖြည်းဖြည်းပြောင်းလဲလာရ လေ
သည်။ ရှီးလျန်မြို့တွင် မှီတင်းနေထိုင်သည့် လူဦးရေမှာ အလွန်
များပြားလာသည့်အတွက် တာဝန်ယူရမှုများလည်း များပြား
လာခဲ့လေသည်။ ထို့ကြောင့် တစ်ခါတစ်ရံတွင် တာ့ရှား
တိုင်းပြည်မှ အထည်အလိပ်ကုန်သည်များက လာရောက်ကာ
အရောင်းအဝယ်ပြုလုပ်ကြလေသည်။ ရှီးလျန်မှလည်း တာ့ရှား

တိုင်းပြည်သို့ အခြားသောကုန်စည်များပြန်လည်တင်ပို့ရောင်းချကာ အမြတ်များစွာ ရရှိခဲ့ကြလေသည်။

လူသားများရှိနေသရွေ့ ၊ စစ်ပွဲများကလည်း ရှိနေမည် ဖြစ်လေသည်။ လွန်ခဲ့သည့်နှစ်ပေါင်းလေးဆယ်ခန့်က ရှီးလျန်မြို့တော်၏ သခင်မသည် တဖြည်းဖြည်း ဩဇာအာဏာကျဆင်းလာခဲ့လေသည်။ ထိုအချိန်မှာပင် စစ်တပ်ကိုထိန်းချုပ်ရသည့် ကောင်းအိမ်တော်က တဖြည်းဖြည်းဩဇာအာဏာ မြင့်မားလာခဲ့လေသည်။

ထို့ပြင် ကောင်းအိမ်တော်မှာ တာ့ရှားတိုင်းပြည်နှင့်လည်း စီးပွားရေးကောင်းကောင်းလုပ်ဆောင်နိုင်သည့်အတွက် အလွန်လည်း ကြွယ်ဝချမ်းသာလေသည်။

ထို့ကြောင့် အာဏာရှိသည့်အိမ်တော်နှစ်ခု အပြန်အလှန်ပြဿနာရှိကြခြင်းသည် လူထုအုံကြွမှုကိုပါ ဖြစ်ပေါ်စေလေသည်။

ရှီးလျန်မြို့တော်တွင် လူထုအုံကြွမှုမှာ နှစ်ပေါင်းများစွာ ဖြစ်ပွားနေခဲ့လေသည်။

မြို့တော်သခင်မသည် သမီးဖြစ်သူ ချန်ချင်ကို စိတ်ပူသည့်အတွက် ဟန်ယင်းကို စောင့်ရှောက်ခိုင်းထားခဲ့လေသည်။ လွန်ခဲ့သည့်ရက်များတွင်တော့ ချန်ချင်ကို လုပ်ကြံရန် ရောက်လာသည့်သူများကို ဟန်ယင်းက တိုက်ခိုက်နှိမ်နင်းခဲ့ရသည်။

ရှီးလျန်မြို့တော်သခင်မတွင် ချန်ချင်နှင့် ချန်ယွင်ဆိုသည့် သမီးနှစ်ယောက်ရှိလေသည်။ ချန်ယွင်က ငယ်သေးသည့်အတွက် သိပ်ပြီးပြဿနာမရှိလှပေ။ ချန်ချင်ကတော့ သမီးအကြီးဖြစ်သည့်အတွက် ချန်ချင်ကိုသာ သုတ်သင်လိုက်နိုင်လျှင် တစ်ရန်အေးသွားမည်ဟု ကောင်းအိမ်တော်က ယူဆထားလေသည်။

ထိုသို့သော မိသားစုကိစ္စများနှင့် တိုင်းရေးပြည်ရာများနှင့် ပတ်သက်လျှင် ဆန်းလျန်က သိပ်ပြီး စိတ်ရှုတ်ခံတတ်သူ တစ်ယောက်မဟုတ်ပါ။ သို့သော် ယခုအချိန်တွင် သူက ချန်ချင်၏သားဖြစ်နေလေပြီ။ သူ့အနေဖြင့် ချန်ချင်ကို ကူညီရန် လိုအပ်လေသည်။ ထို့ပြင် ရှီးလျန်မြို့တော်ကို ပြန်လည်တည်ဆောက်နိုင်လျှင် သူ့အတွက်လည်း အကျိုးမယုတ်နိုင်ပေ။ သူ့နေဖြင့် အဆင်ပြေပြေနှင့် လျှို့ဝှက်စွာနေထိုင်ပြီး သူရောက်ရှိနေသည့် လောကအကြောင်းကို စူးစမ်းလေ့လာနိုင်လေသည်။

သူလူပြန်ဝင်စားသည့်အချိန်တွင် သူ၏မူလဝိညာဉ်ခန္ဓာမှာ ဝရန်းသုန်းကားဖြင့် ဤလောကသို့ ရောက်ရှိလာရသည့်အတွက် သူ့အနေဖြင့် လူဖြစ်ရေးကသာ အရေးကြီးနေသည့်အတွက် ဤလောကကို အထူးတလည် လေ့လာနေရန် အချိန်မရခဲ့ပေ။

အသူရာချောက်ရှိ သွေးနီရောင်ပင်လယ်ထဲတွင် သူမျောနေစဉ်တွင် ရွှေရောင်အလင်းတန်းများကို အသုံးပြုခဲ့သူသည် ထူးခြားသည့်တန်ခိုးစွမ်းအားရှိသူတစ်ယောက်ဖြစ်သည်ကို သူသတိပြုခဲ့မိလေသည်။

ထိုသူ၏ တန်ခိုးစွမ်းအားမှာ မည်မျှနက်ရှိုင်းသည်ကို ဆန်းလျန်မခန့်မှန်းနိုင်ပေ။ သို့သော် ထိုသူ၏တန်ခိုးစွမ်းအားများသည် သူ့ထက်တော့ မသာနိုင်ကြောင်း ကောင်းကောင်းရိပ်မိခဲ့လေသည်။

ထိုသူသည် ရွှေရောင်အလင်းတန်းများကို ထုတ်လွှတ်ခဲ့သည်မှာ တမင်သက်သက် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ခဲ့ခြင်းလား ၊ ပုံမှန်ပင်ပြုလုပ်ခဲ့ခြင်းလားဆိုသည်ကိုတော့ ဆန်းလျန်မသိခဲ့ပေ။

ဆန်းလျန်သည် သူကြုံတွေ့ရမည့်အရာများအတွက် စိတ်လှုပ်ရှားလျှက် ရှိနေလေပြီ။

ယခုအချိန်တွင်တော့...

သူ့ဘဝသည် ရှီးလျန်မြို့တော်မှ အစပြုမည် ဖြစ်လေသည်။

အခန်း (၄၅၈) မျော်ဆရာ

သူတို့သုံးယောက်စကားပြောပြီးသွားသည်နှင့် ဟန်ယင်းမှာ လည်း ဆိတ်သားကင်ပြီးသွားပြီဖြစ်လေသည်။ မိန်းကလေးနှစ် ယောက်ကတော့ ဆိတ်သားကင်ကို အားပါးတရစားသောက် လိုက်ကြပြီး ဆန်းလျန်ကတော့ ကလေးငယ်မျှသာဖြစ် သည့်အတွက် စား၍မရပါ။ သူက ပတ်ဝန်းကျင်မှ အသက်

ဓာတ်စွမ်းအားများကိုသာ သူ၏ခန္ဓာကိုယ်ဖွံ့ဖြိုးရန်အတွက် စုပ်ယူလိုက်လေသည်။

သူက ကလေးငယ်တစ်ယောက်၏ခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားသည့်တိုင် နတ်ဘုရားစွမ်းအားများကို ပိုင်ဆိုင်ထားဆဲ ဖြစ်သည့်အတွက် သွေးပါသည့်အစားအသောက်များကို စားသောက်ခြင်းက သူ၏မူလဝိညာဉ်ခန္ဓာကို ညစ်ညမ်းစေနိုင်လေသည်။

ချန်ချင်နှင့်ဟန်ယင်းမှာ ဆန်းလျန်၏အပြုအမူများကြောင့် ထူးဆန်းနေကြသည့်တိုင် သိပ်ပြီး မအံ့သြကြတော့ပါ။ သူတို့သည် ထိုကလေးနှင့်ပတ်သက်ပြီး အံ့သြစရာများစွာကို ကြုံတွေ့ခဲ့ပြီးပြီ မဟုတ်လား။ မိန်းကလေးနှစ်ယောက်သည် ဆိတ်သားကင်စားသောက်ပြီးသည်နှင့် အိပ်ပျော်သွားကြလေသည်။ ဆန်းလျန်က သူတို့နှစ်ယောက်ကို ကျင့်စဉ်အချို့

သင်ပေးရန် ဆုံးဖြတ်ထားသော်လည်း သိပ်ပြီးအလျင်မလို

သေးပါ။

ဆန်းလျန်က ဂူအပြင်ဘက်တွင် ကျားနက်ကြီးနှင့်အပေါ်တွင်

ထိုင်ရင်း စိတ်အာရုံစူးစိုက်မှုကျင့်စဉ်ကို ကျင့်ကြံနေလေသည်။

မိုးမြေစွမ်းအားများကို စုပ်ယူလိုက်သည့်အတွက်

သူ၏ခန္ဓာကိုယ်မှ ဖြစ်ပေါ်လာသည့် တုန့်ပြန်မှုများကိုလည်း

သူက လေ့လာနေလေသည်။

ရုတ်တရက် ...

သူ၏နှလုံးသားသည် တစ်ချက်တုန်လှုပ်သွားပြီး သူ၏စိတ်

အာရုံထဲတွင် ပုံရိပ်တစ်ခုကို မြင်တွေ့လိုက်ရလေသည်။

လရောင်အောက်တွင် ခန်းမဆောင်ကြီးတစ်ခုကို ရှိနေပြီး ထို

ခန်းမဆောင်ထဲတွင် ချောမောလှပပြီး မြင့်မြတ်သည့်မျိုးရိုးမှ

ဖြစ်ပုံရသည့် အမျိုးသမီးတစ်ဦးသည် ခေါင်းဖြတ်အသတ်

ခံထားရလေသည်။

ခန်းမထဲတွင် ထူးဆန်းသည့် ရယ်မောသံတစ်ချက်ထွက်ပေါ်လာလေသည်။

အမျိုးသမီး၏ ခေါင်းပြတ်ခန္ဓာကိုယ်အတွင်းမှ အစိမ်းရောင်တန်ခိုးစွမ်အားအခိုးအငွေ့တစ်ခု ထွက်ပေါ်လာပြီး အနက်ရောင်ဝတ်ဆင်ထားသည့် လူတစ်ယောက်က ထိုအစိမ်းရောင်တန်ခိုးစွမ်းအားကို အိတ်တစ်အိတ်အတွင်းသို့ ထည့်သွင်းသိမ်းဆည်းလိုက်လေသည်။

ဆန်းလျန်မှာ ထိုအမျိုးသမီးသည် သူနှင့်တစ်စုံတစ်ရာပတ်သက်နေသည်ကို ခံစားလိုက်ရပြီး လက်ရှိဘဝတွင် ဆန်းလျန်၏အဘွားတော်စပ်သူ ရှီးလျန်မြို့တော်သခင်မပင်ဖြစ်ကြောင်းသိရှိလိုက်လေသည်။

ရှီးလျန်မြို့တော်သခင်မကို သတ်ဖြတ်လိုက်သည့် အနက်ရောင်ဝတ်လူသတ်သမားသည် ထူးခြားသည့်စွမ်းအားတစ်ခုကိုပိုင်ဆိုင်ထားသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ သူ

သိမ်းယူလိုက်သည့် ရှီးလျန်မြို့တော်သခင်မထံမှ ထွက်ပေါ်လာသည့် အစိမ်းရောင်တန်ခိုးစွမ်းအားများမှာ ရှီးလျန်မြို့တော်တွင်နေထိုင်သည့် ပြည်သူများ၏ စိတ်ဆန္ဒစွမ်းအားများပင်ဖြစ်လေသည်။

ရှီးလျန်မြို့တွင်ဖြစ်ပေါ်ခဲ့သည့် ပုန်ကန်မှုသည် ရိုးရှင်းသည့် ပုန်ကန်မှုတစ်ခုတော့ ဟုတ်ပုံမပေါ်ပေ။

ဆန်းလျန်သည် မျက်လုံးဖွင့်လိုက်ပြီး ကျောက်ဂူထဲတွင် အိပ်ပျော်နေသည့် မိခင်ဖြစ်သူကို တစ်ချက် လှမ်းကြည့်လိုက်လေသည်။ သို့သော် သတင်းဆိုးကို ဒီညတော့ပြောပြဖြစ်တော့မည် မဟုတ်ပေ။ မိခင်ဖြစ်သူ ဒီနေ့တစ်ညတော့ အေးအေးချမ်းချမ်းအိပ်ပါစေတော့။

ဆန်းလျန်က မျက်လုံးများကို ပြန်မှိတ်လိုက်ကာ ခန်းမဆောင်အတွင်းသို့ စိတ်အာရုံစူးစိုက်မှုကို ပြန်လည်ပို့လွှတ်လိုက်လေသည်။

ခန်းမဆောင်ထဲတွင် အနက်ရောင်ဝတ်လူသတ်သမားရှိနေသေး

သည်။

ထိုအချိန်မှာပင် ... သံချပ်ကာဝတ်ဆင်ထားသည့် အမျိုးသမီး

စစ်သူကြီးတစ်ယောက် ခန်းမဆောင်အတွင်းသို့ ဝင်လာလေ

သည်။ သူမ၏မျက်ခုံးများသည် မင်ကဲ့သို့နက်မှောင်နေပြီး

သူမဆီမှ လူသတ်လို့သည့်အငွေ့အသက်များ ထွက်ပေါ်နေလေ

သည်။ သူမ၏လက်ထဲတွင်လည်း ဓားတစ်လက်ကိုင်ထား

သည်။

"မှော်ဆရာ... အခြေအနေဘယ်လိုရှိလဲ"

အမျိုးသမီးစစ်သူကြီးက အနက်ရောင်ဝတ်လူကို မေးလိုက်

ခြင်းဖြစ်လေသည်။

ထိုအမျိုးသမီးစစ်သူကြီးမှာ ကောင်းကျယ်ပင် ဖြစ်လေသည်။

သူမက ကောင်းအိမ်တော်မှ သခင်မဖြစ်ပြီး ပုန်ကန်မှုကို

ဦးဆောင်သူလည်း ဖြစ်လေသည်။ ရှီးလျန်မြို့တော်သခင်မ

သေဆုံးသွားပြီဖြစ်သည့်အတွက် သူမသည် ရှီးလျန်မြို့တော်

တွင် အာဏာအရှိဆုံး လူတစ်ယောက် ဖြစ်လာခဲ့ပြီ။

"ကျုပ် သူ့ဆီက ပြည်သူတွေရဲ့ဆန္ဒစွမ်းအားတွေကို ယူထား

လိုက်ပြီ ၊ အခု မင်း ရှီးလျန်မြို့တော်ကို အာဏာသိမ်းလို့ရပြီ"

မှော်ဆရာဆိုသူက ပြန်ပြောလိုက်သည်။

ကောင်းကျယ်က ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်

ပြီး...

"ကောင်းတယ် ၊ သိပ်ကောင်းတယ် ၊ နောက်ဆုံးတော့ ငါ

စောင့်မျှော်နေတဲ့နေ့ရက်ကို ရောက်လာပြီပေါ့"

"ဒါဆို မင်း ကျုပ်ကို ကတိပေးထားတဲ့ကိစ္စကရော"

မှော်ဆရာက အေးစက်သည့်အကြည့်များဖြင့် ကောင်းကျယ်

ကိုစိုက်ကြည့်ရင်း မေးလိုက်လေသည်။

မှော်ဆရာ၏ အမေးနှင့် အကြည့်ကြောင့် ကောင်းကျယ်သည်

ကျောရိုးတစ်လျှောက် စိမ့်သွားမတတ် ထိတ်လန့်သွားရသည်။

"ငါနည်းနည်း သတိလစ်သွားလို့ ချန်ချင် လွတ်သွားတယ် ၊ ဒါ ပေမယ့် သူမက အဘွားကြီးလောက် အစွမ်းမထက်ပါဘူး ၊ သိပ်မကြာခင် ဖမ်းမိမှာပါ"

"သူ့မှာ နောက်ထပ်သမီးတစ်ယောက် ရှိသေးတယ်မဟုတ်လား ၊ သူ့ကိုကျုပ်လိုချင်တယ်"

"အဘွားကြီးက အကုန်ပြင်ဆင်သွားခဲ့တာ ၊ သူက သမီးအငယ် ကိုလည်း ကုန်သည်တွေနဲ့အတူ တာ့ရှားပြည်ဘက်ကို ရှောင်တိမ်းခိုင်းလိုက်ပြီ ၊ ဒါပေမယ့် သူ့ကိုလိုက်ဖမ်းဖို့ ငါ့လက် အောက်ကလူတွေကို အမိန့်ပေးထားပါတယ်"

ကောင်းကျယ်က ပြန်ဖြေလိုက်လေသည်။

ထိုအဖြေစကားကိုကြားသည်နှင့် မော်ဆရာ၏မျက်ဝန်းများ တွင် အစိမ်းရောင်အလင်းတန်းများ တောက်ပလာလေသည်။ ထိုအလင်းတန်းများည် ရှည်လျားသည့်ကြိုးများအဖြစ် ပြောင်းလဲသွားကာ ကောင်းကျယ်၏ ခန္ဓာကိုယ်ကို ချည်နှောင်

ထားလိုက်လေသည်။ ကောင်းကျယ်မှာ နာကျင်မှုကြောင့် အော်ဟစ်ညည်းညူနေရတော့သည်။

"လောကမှာ ကတိမတည်တဲ့လူတွေကို ကျုပ်အမုန်းဆုံးပဲ ၊ မင်းသူ့ကိုတစ်လအတွင်း ရှာမပေးနိုင်ရင် မင်းဘဝ သေတာထက်ဆိုးသွားစေရမယ်ဆိုတာ မှတ်ထားစမ်း"

မှော်ဆရာက အေးစက်စွာဖြင့် ပြောလိုက်လေသည်။

ကောင်းကျယ်မှာ ဒဏ်ရာရသွားပြီး အမျိုးသမီးစစ်သည်တော်တစ်ယောက်က သူမကိုတွဲခေါ်ကာ ခန်းမဆောင် အတွင်းမှ ခေါ်ထုတ်သွားလေသည်။ သူမသည် မှော်ဆရာကို အလွန်အမင်းဒေါကန်နေတော့သည်။

သို့သော်... မှော်ဆရာကတော့ ကောင်းကျယ်ကဲ့သို့ ဘာမှမဟုတ်သည့် မိန်းမတစ်ယောက်ကို အရေးလုပ်နေမည့်သူတစ်ယောက် မဟုတ်ပါ။ကောင်းကျယ်က သူ့အတွက် အသုံးမဝင်

တော့လျှင် အသုံးဝင်သည့်နောက်တစ်ယောက်ကို ထပ်မံရှာဖွေမည်သာ ဖြစ်လေသည်။

သူက ထွက်ပြေးသွားသည့် မိန်းကလေးငယ်အကြောင်းကို စဉ်းစားနေမိသည်။

သူသည် ထိုမိန်းကလေးငယ်ကို ဖမ်းဆီးရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သူမတွင် ထူးဆန်းသည့်ဘယက်လည်ဆွဲတစ်ခုရှိနေပြီး ထိုလည်ဆွဲကြောင့် သူမအနားသို့ ကပ်ပင် မကပ်နိုင်ခဲ့ပေ။ ထို့ပြင် သူမသည် မြို့တော်သခင်မ၏ သမီးလည်းဖြစ်သောကြောင့် ကိုယ်ရံတော်များကလည်း သူမကို မျက်ခြေမပြတ်စောင့်ကြပ်နေကြလေသည်။

ထို့ကြောင့် သူက ကောင်းအိမ်တော်၏ပုန်ကန်မှုကို ကူညီရန်အတွက် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။ သူက ကောင်းအိမ်တော်ကိုကူညီကာ မြို့တော်သခင်မကို သုတ်သင်ရှင်းလင်းပေးခဲ့လေသည်။ သို့သော်... ကောင်းအိမ်တော်သခင်မသည်

မိန်းကလေးငယ် တစ်ယောက်ကိုပင် ဖမ်းဆီးထားနိုင်ရန် အသုံး

မကျဖြစ်လိမ့်မည်ဟု သူက ထင်မထားခဲ့မိပေ။

ထိုမိန်းကလေးငယ်သည် သူ့အတွက် အလွန်အသုံးဝင်လေ

သည်။ သူက ထိုမိန်းကလေးငယ်ကို မြင်မြင်ချင်း မျက်စိကျခဲ့

ခြင်း ဖြစ်လေသည်။ သူ့မထံမှ ထွက်ပေါ်နေသည့် ဝိညာဉ်

စွမ်းအားများသည် သူ၏ကျင့်စဉ်လမ်းတွင် အဆင့်တက်လှမ်း

နိုင်ရန်အတွက် များစွာ အထောက်အကူပြုနိုင်လေသည်။ သူ

သည် ကျင့်စဉ်လမ်းတွင်သာ အဆင့်တက်နိုင်လျှင် သူ၏မျိုး

နွယ်စုရှိရာသို့ ပြန်သွားကာ ယခင်က သူပိုင်ဆိုင်ခဲ့သည့်နေရာ

ကို ပြန်လည်ရယူနိုင်မည် ဖြစ်သည်။

မျိုးနွယ်စုရှိရာသို့ပြန်နိုင်လျှင် သူသည် အစစ်အမှန်မော်ဆရာ

တစ်ပါးဖြစ်လာမည်ဖြစ်ပြီး နတ်ဘုရားတစ်ပါးကဲ့သို့ မည်သည့်

အခါမှ သေနိုင်တော့မည် မဟုတ်ပေ။

....

နောက်တစ်နေ့နံနက်...

ချန်ချင်သည် အိပ်ယာမှ နိုးလာသည်နှင့် ဆန်းလျန်ထံမှ သတင်းဆိုးကို ကြားလိုက်ရလေတော့သည်။

ချန်ချင်မှာလည်း ညက သူမ၏အမေကို အိပ်မက်မြင်မက်ခဲ့လေသည်။ သူမ၏အမေသည် သူမတို့ညီအစ်မနှစ်ယောက်ကို အလွန်မှ စည်းကမ်းတင်းကြပ်ခဲ့သည့်တိုင် ချစ်ခင်ကြင်နာခဲ့သူတစ်ယောက် ဖြစ်လေသည်။ ယခုတော့ သူမနှင့် အမေသည် သေကွဲကွဲခဲ့ရပြီ။

ဆန်းလျန်က သူရောက်ရှိနေသည့် ရှီးလျန်မြို့တော်သည် အသူရာချောက်ကိုးထပ်၏ အစိတ်အပိုင်းတစ်နေရာဖြစ်နေပြီး ဤနေရာသို့ရောက်လာသူတိုင်းသည် ဇာတ်သိမ်းလှမည်မဟုတ်သည်ကို သိရှိနေခဲ့လေသည်။ ထို့ပြင် ချန်ချင်သည် သူမ၏မိခင်ကို အိပ်မက်ထဲတွင် တွေ့ခဲ့သည့်တိုင် ထိုအရာသည် ပျံ့ကျဲနေသည့် ဝိညာဉ်အပိုင်းအစများသာ ဖြစ်လေသည်။

သာမန်လူသားများသေဆုံးသွားကြလျှင် ထိုသူများ၏ဝိညာဉ်

သည် ထိုကဲ့သို့ အပိုင်းအစများအဖြစ် ကွဲထွက်မသွားတတ်ကြ

ပေ။ အနည်းဆုံးတော့ ဝိညာဉ်သိပ်သည်းမှုမပျောက်ဆုံးပဲ

တစ္ဆေတစ်ကောင်တော့ ဖြစ်သွားမည် ဖြစ်လေသည်။

ယခုတော့ ထိုသို့ ဝိညာဉ်အပိုင်းအစများ ကွဲထွက်သွားခြင်းမှာ

ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့်လား ၊ ကျီမှုမြစ်ရေကို သောက်ခဲ့

သည့်အတွက်လားဆိုသည့်အချက်ကတော့ မသေချာပေ။

ချန်ချင်က ဝမ်းနည်းကြေကွဲနေသည့်တိုင်အောင် ဆန်းလျန်

ကတော့ ဝမ်းမနည်းမိပါ။

သူ၏စိတ်ထဲတွင် ချန်ချင်မှာ သူ၏မိခင်ဖြစ်သည့်တိုင် ယခင်

က ဆန်းသခင်ကြီးနှင့် ဆန်းရော့ရှီတို့ကို သံယောဇဉ်ဖြစ်

သလောက်ပင် ချန်ချင်အပေါ်တွင် သံယောဇဉ်မဖြစ်မိပေ။

ဆန်းလျန်၏အေးစက်မှုများကြောင့် ချန်ချင်မှာ စိတ်မသက်

မသာ ခံစားနေမိလေသည်။

သူမက ဆန်းလျန်ကို တစ်ခုခုပြောချင်နေသည့်တိုင် မည်သည့် စကားမှ ပြောထွက်မလာခဲ့ပေ။ သူမသည် ဆန်းလျန်၏ မျက်ဝန်းလှလှလေးများကိုသာ ငေးကြည့်နေမိလေသည်။

ဆန်းလျန်က ကျားနက်ကြီးရှာဖွေလာသည့် အသီးအနှံများကို လက်ညိုးထိုးပြလိုက်ပြီး...

"ဒီသစ်သီးတွေက အဆိပ်ကင်းတယ်၊ အဲဒါတွေကို ဒီမနက်စား ထားလိုက်လေ၊ နှစ်ရက်သုံးရက်လောက်တော့ ကျွန်တော်တို့ ဒီမှာ နေကြရဦးမယ်ထင်တယ်၊ အမေနဲ့ အစ်မဟာန်ယင်း ကောင်းကောင်းအနားယူဖို့လိုတယ်၊ အမေက စိတ်ချမ်း ချမ်းသာသာနဲ့ အနာဂတ်ကိုရင်ဆိုင်ဖို့ အားမွေးထားပါ၊ အဘွား ကလည်း အမေဒီလိုအသက်ရှင်သွားတာကိုပဲ တွေ့မြင်ချင်မှာ မဟုတ်လား"

ဆန်းလျန်၏စကားများက တည်ငြိမ်ပြီး ဓမ္မဓိဌာန်ကျလေ သည်။

ဆန်းလျန်က ချန်ချင်ကို နှစ်သိမ့်နိုင်ရန်အတွက် ကျားနက်ကြီး
ကို သစ်သီးများရှာဖွေခိုင်းထားခဲ့ခြင်း ဖြစ်လေသည်။
ချန်ချင်မှာတော့ နတ်ဘုရားတစ်ပါးအလားဖြစ်သည့်
သူမ၏သားငယ်သည် သူမ၏စားရေးသောက်ရေးကိစ္စများ
တွင် ဂရုစိုက်ပေးနေသည့်အတွက် အံ့သြနေရပြန်သည်။
ရှီးလျန်မြို့တော်ကိုအုပ်ချုပ်ရသည့်တာဝန်များဖြင့် အလုပ်အ
မြဲရှုတ်နေသည့်တိုင် သူမ၏မိခင်သည်လည်း သူမကို ထိုသို့ပင်
ဂရုစိုက်ခဲ့လေသည်။ ယခုတော့ သူမက ဘဝတွင် ပထမဆုံး
မိခင်ဖြစ်လာရသူဖြစ်လေသည်။ သို့သော် သူတို့နှစ်ယောက်၏
သားအမိဆက်ဆံရေးက ပြောင်းပြန်ဖြစ်နေသကဲ့သို့ ခံစားနေရ
လေသည်။
ဟန်ယင်းနှင့် ချန်ချင်မှာ ယခင်က ရင်းနှီးကြသူများမဟုတ်ပေ။
သို့သော် ဒုက္ခသုက္ခများကို အတူတူဖြတ်သန်းခဲ့ကြရပြီး ယခု

တစ်ရက်နှစ်ရက်အတွင်းတွင်တော့ ညီအစ်မများကဲ့သို့ ခင်မင်သွားကြလေတော့သည်။

နှစ်ရက်ခန့်ကြာသည့်အချိန်တွင်တော့ ဟန်ယင်းမှာလည်း အားပြန်ပြည့်လာခဲ့ပြီး ချန်ချင်မှာလည်း အတော်အတန် နေကောင်းလာခဲ့ပြီ ဖြစ်လေသည်။ သားဦးလေးမွေးဖွားပြီး သွေးနုသားနုအချိန်တွင် မိခင်ဖြစ်သူ သေဆုံးရသည့်သတင်းကိုကြားရခြင်းသည် သူမအတွက်တော့ လွယ်ကူနေခြင် မရှိခဲ့ပါ။

သို့သော်... ဆန်းလျန်က နှစ်ရက်လုံးလုံး ကျယ်ယန်းတောင်တစ်ခွင်သို့ ကျားနက်ကြီးနှင့်အတူ လှည့်လည်သွားလာရင်း ဝိညာဉ်စွမ်းအားပြည့်ဝသည့် သစ်သီးများကို သူတို့နှစ်ယောက်အတွက် ရှာဖွေပေးခဲ့လေသည်။

အခန်း (၄၅၉) ယင်းစန်းဒေသ

နှစ်ရက်ခန့်ကြာပြီးသည့်နောက် ဆန်းလျန်၏နတ်ဘုရား စွမ်းအားများမှာလည်း မွေးစအချိန်ကထက်ဆာလျှင် လေးဆ ခန့် တိုးပွားလာခဲ့လေသည်။ သူ၏ခန္ဓာကိုယ်အနက်ရှိုင်းဆုံး နေရာတွင် တည်ရှိနေသည့် မူလဝိညာဉ်ခန္ဓာသည် တောက် လောင်နေသည့်ကြယ်တစ်လုံးနှင့်ပင် တူလေသည်။ ထိုမူလ ဝိညာဉ်ခန္ဓာသည် သူရောက်ရှိနေသည့်နေရာမှ အုံ့မှိုင်းနေသည့် မိုးမြေစွမ်းအားများနှင့် ပေါင်းစပ်သွားသည့်အခါ အနည်းငယ် အုံ့မှိုင်းသော စွမ်းအားအချို့ကို ထုတ်လွှတ်ပေးလေသည်။ ဆန်းလျန်သည် သဘာဝတရားမှ မိုးမြေစွမ်းအားများကို စုပ်ယူ ခြင်းကို ကလေးကစားသလို မည်သည့်အခါမှ ပေါ့ပေါ့တန်တန် သဘောမထားခဲ့ပါ။

သူ၏ခန္ဓာကိုယ်မှ အရိုးများနှင့်ဖွဲ့စည်းပုံမှာလည်း ကောင်းစွာ မ ဖွံ့ဖြိုးသေးသည့်အတွက် သူက ရုပ်ခန္ဓာကျင့်စဉ်များကို အလျဉ်စလို ကျင့်ကြံခြင်းမျိုးမပြုလုပ်ခဲ့ပါ။ သူ့အတွက် ခန္ဓာကိုယ်အသစ်ရရှိလာခြင်းက မတူညီသောအခြေခံများကို ပြောင်းလဲပစ်ရန် အခွင့်အလမ်းရရှိခဲ့ခြင်း ဖြစ်လေသည်။ ထို့ပြင် ဆန်းလျှန်သည် ကျင့်စဉ်လမ်းတွင် အမြင့်ဆုံးအဆင့် ဖြစ်သည့် မိုးကောင်းကင်နတ်ဘုရားအဆင့်ထိ တက်လှမ်းခဲ့ပြီး ပြီဖြစ်သည့်အတွက် သူ့အနေဖြင့် ထို့ထက်ပိုပြီးမြင့်မားသည့် အဆင့်ကို ကျင့်ကြံရန်အတွက်မဖြစ်နိုင်တော့ပေ။ သို့သော်… သူ၏ခန္ဓာကိုယ်အသစ်ကို အသုံးပြုကာ အနာဂတ်တွင် မတူညီ ဘဲ ကွဲပြားသောလမ်းကြောင်းများကို စမ်းသပ်လျှောက်လှမ်း နိုင်မည် ဖြစ်လေသည်။

သူက ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကိုပင် ပြန်လည်ကျင့်ကြံရန် ဆုံးဖြတ်လိုက်သည်။ သူလောကကိုကျော်လွန်ခဲ့သည့်

နောက်ဆုံးအချိန်တွင် သူ၏အဆင့်သည် ဆရာဘွားဘွားလီ ချင်းဆွေနှင့်ပင် တူညီသွားခဲ့လေသည်။

သို့သော် မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်ခဲ့ပြီးမှ လူပြန်ဝင်စားခဲ့ရခြင်းမှာ စိတ်ဓာတ်ကျစရာအခြေအနေဖြစ်သည်ဟု ဆန်းလျန် မထင်ခဲ့မိပါ။ သူ့နေဖြင့် ကျင့်စဉ်လမ်းတစ်လျှောက် ရင်ဆိုင်ခဲ့ရသည့် အမှားအယွင်းများကို ပြင်ဆင်ပြီး တာအိုကို ပြန်လည်တည်ဆောက်ရန် အကောင်းဆုံး အခွင့်အရေးတစ်ခု ထပ်မံရရှိခဲ့သည်ဟုသာ မှတ်ယူထားလေသည်။

"အခု အမေတို့ ဘာဆက်လုပ်ကြမလဲ..."

ချန်ချင်က ဆန်းလျန်ကို မေးလိုက်လေသည်။

နတ်ဘုရားတစ်ပါးပင်ဖြစ်စေ ၊ ကြယ်စင်တစ်စင်းပင်ဖြစ်စေ ဆန်းလျန်သည် သူမမွေးခဲ့သည့် သားငယ်လေးသာ ဖြစ်လေသည်။ ထို့ကြောင့် သူမသည် သားငယ်ဖြစ်သူကို မည်သည့် အကြောင်းအရာကိုမှ ဖုံးကွယ်ထားမည် မဟုတ်ပေ။

"အမေ... အရမ်းမလောနဲ့ဦး ၊ လက်ရှိအခြေအနေအရဆိုရင် အနိုင်ရနိုင်ဖို့အတွက် အရင်ဆုံး နေရာတစ်ခုရှာထားဖို့ လိုအပ်တယ် ၊ အဲဒီလိုလုပ်ထားလိုက်ရင် နောင်အနှစ်တစ်ရာဆိုရင် ရှီးလျန်ဟာ အုတ်မြစ်ခိုင်မာတဲ့ မြို့တော်တစ်ခု ဖြစ်လာလိမ့်မယ် ၊ အမေကလည်း ရှီးလျန်ရဲ့ အကြီးမြတ်ဆုံးသော မြို့တော်သခင်မတစ်ပါး ဖြစ်လာလိမ့်မယ် ၊ ရှီးလျန်ကို မြို့တော်တစ်ခုအဖြစ်ကနေ တိုင်းပြည်တစ်ခုအဖြစ်အထိတောင် တည်ထောင်နိုင်လိမ့်မယ်"

ဆန်းလျန်က ပြောနေခြင်းသာ မဟုတ်လျှင် ချန်ချင်က ထိုစကားများကို လုံးဝအဓိပ္ပါယ်မရှိသည့် စကားများဟု မှတ်ယူမည်သာ ဖြစ်လေသည်။ သူတို့သုံးဦးမှာ အလွန်အားနည်းနေပြီး အသက်ရှင်ရန်ပင် မနည်းကြိုးစားနေကြရလေရာ လက်စားချေခြင်းနှင့် တိုင်းပြည်တစ်ခုတည်ထောင်ခြင်းများကိုပြောနေခြင်းမှာ အနည်းငယ်တော့ ရယ်စရာကောင်းလေသည်။

ချန်ချင်မှာ ဝိညာဉ်စွမ်းအားမြင့်မားသည့် သစ်သီးများကို စား

သုံးထားသည့်အတွက် သူမ၏စိတ်သည် ကြည်လင်ပြီး

ထက်မြက်နေလေသည်။

"ဘယ်မှာ နေရာရှာရမှာလဲ ၊ ဒီတောင်ပေါ်မှာပဲလား"

"ဟုတ်တယ် အမေ ၊ ဒီတောင်ပေါ်မှာပဲပေါ့ ၊ ဒီအရက်တွေ

အတွင်း ကျွန်တော်နဲ့ ရှောင်ဟေး တောင်တစ်ခုလုံးကို လျှောက်

ကြည့်ပြီးသွားပြီ ၊ ဝိညာဉ်စွမ်းအားတွေနဲ့ပြည့်ဝနေတဲ့ ထူးဆန်း

တဲ့နေရာတစ်ခုကို ကျွန်တော်တွေ့ခဲ့တယ် ၊ အခု အမေတို့နှစ်

ယောက်လည်း နေပြန်ကောင်းလာပြီဆိုတော့ ကျွန်တော်တို့

အဲဒီနေရာကို သွားကြည့်ရအောင် ၊ ကျွန်တော်က ဝိညာဉ်

စွမ်းအားအရံအတားကိုတည်ဆောက်ပြီး အမေတို့ကို ကျင့်စဉ်

တွေကျင့်ကြံနိုင်ဖို့ သင်ကြားပေးမယ်"

ချန်ချင်မှာ သူမ၏ မွေးကင်းစသားငယ်လေး ဆန်းလျန်ကို

မျက်လုံးအပြူးသားနှင့်ကြည့်နေမိလေသည်။ သူမသည်

မွေးကင်းစကလေးငယ်က ထိုကဲ့သို့ လူကြီးစကားများပြော နေသည်ကို သိပ်တော့ အံ့သြခြင်း မဖြစ်မိတော့ပေ။ အသားကျ စပြုနေပြီ ဖြစ်လေသည်။

"ကောင်းပြီလေ ၊ သားပြောသလိုပဲ လုပ်ကြတာပေါ့ ၊ အမေ စာအုပ်တွေထဲမှာ ဖတ်ဖူးတာရှိတယ် ၊ မိန်းကလေးဆိုတာ ခင်ပွန်းဖြစ်သူကို မှီခိုရတယ် ၊ ခင်ပွန်းသည်မရှိတော့ရင် သား ကိုပဲ အားကိုးရတယ်တဲ့ ၊ အမေ့မှာ ခင်ပွန်းတော့ တစ်ခါမှ မရှိခဲ့ ဖူးပါဘူး ၊ ဒါပေမယ့် မင်းလိုသားလေးတစ်ယောက်ရှိနေပြီပဲ ၊ မင်းကိုပဲ အားကိုးရတော့မယ်"

"အမေ ၊ အဲဒီစာအုပ်က တာ့ရှားတိုင်းပြည်က စာအုပ်မဟုတ် လား"

ဆန်းလျန်က ပြန်မေးလိုက်သည်။

"သုံးနှစ်တစ်ခါဆောင်းဦးရောက်တိုင်း ဟိုးအဝေးကြီးက ကုန်သည်တွေက ရှီးလျန်မြို့မှာ ကုန်ပစ္စည်းတွေ လာရောင်း

လေ့ရှိကြတယ်၊ ပြီးတော့ အဲဒီကုန်သည်တွေက တာ့ရှားပြည်ကိုလည်း ရှီးလျန်က ပစ္စည်းတွေ ပြန်ပြီးတင်သွင်းတယ်လေ၊ သူတို့ရောက်လာတိုင်း စာအုပ်တွေလည်း ရောင်းဖို့ ယူလာကြတယ်၊ စာအုပ်တွေက ဈေးကြီးပေမယ် အမေတို့ကတော့ ဘာစာအုပ်မဆို ဝယ်တာပါပဲ၊ အဲဒါ အမေတို့အဘွားလက်ထက်ကတည်းက ပြုလုပ်ခဲ့တဲ့အလေ့အထပဲ၊ ဒါပေမယ့် အမေက စာတွေဖတ်နေပေမယ့် အချို့အစိပ္ပါယ်တွေကျတော့ သိပ်နားမလည်ပါဘူး"

ချန်ချင်က ဆန်းလျန်ကို ရှင်းပြလိုက်သည်။

"အဲဒီလူတွေက တာ့ရှားပြည်က ကုန်သည်တွေလား"

ချန်ချင်ကတစ်ချက်စဉ်းစားလိုက်ပြီး...

"အင်း... သူတို့က ယင်းစန်းဆိုတဲ့ဒေသကလာတာ၊ အဲဒီဒေသက တာ့ရှားပြည်နဲ့ အဆက်အသွယ်ရှိတယ်၊ အဲဒီဒေသကလူတွေက စီးပွားရေးနဲ့ အရောင်းအဝယ်လုပ်တာတွေလည်း

ကျွမ်းကျင်ကြတယ်၊ တကယ်တော့ ယင်းစန်းကကုန်သည်တွေပဲ ရှီးလျန်လို ခေါ်တဲ့နေရာမျိုးအထိလာပြီး အရောင်းအဝယ်လုပ်ကြတာ၊ အရင်တုန်းက ကုန်သည်တစ်ယောက်နဲ့ အမေစကားပြောကြည့်တော့ သူက ကုန်သည်အလုပ်က လောကမှာ အကောင်းဆုံးပဲတဲ့၊ ပြီးတော့ ယင်းစန်းမှာ အသစ်အုပ်ချုပ်နေတဲ့ ထျန်းယီသခင်ဆိုတဲ့သူကလည်း တကယ့်ကိုဖြောင့်မတ်တဲ့သူတဲ့၊ အဲဒီသူက ပညာရှိတယ်၊ ကြင်လည်းကြင်နာတတ်တယ်၊ အကြားအမြင်လည်းရနေတာတဲ့၊ လူအတော်များများက သူ့ဆီမှာ တာဝန်ထမ်းဆောင်လိုကြတယ်၊ သူ့ကြောင့်ပဲ ယင်းစန်းဟာ ဖွံ့ဖြိုးတိုးတက်လာခဲ့တာတဲ့၊ တာ့ရှားတိုင်းပြည်လို တိုင်းပြည်အကြီးကြီးက လူတွေတောင်မှ သူ့ကိုလာတွေ့ကြတယ်တဲ့"

မိခင်ဖြစ်သူ၏စကားများကြောင့်ပင် ဆန်းလျန်သည် တာ့ရှားပြည်နှင့် ယင်းစန်းဒေသအကြောင်းကို စဉ်းစားနေမိလေသည်။

ထိုအကြောင်းအရာများသည် သူသိရှိခဲ့သည့် ဒဏ္ဍာရီထဲမှ ဖြစ်ရပ်အချို့နှင့်လည်း ဆင်တူနေလေသည်။

သို့သော် တာ့ရှားတိုင်းပြည်မှာ ဒဏ္ဍာရီထဲမှ တိုင်းပြည်တစ်ခု ဖြစ်သည့်အတွက် တာ့ရှားတိုင်းပြည် တည်ရှိသည့် ခေတ်ကာလမှာ မည်သည့်ခေတ်ကာလမှန်း ခန့်မှန်း၍ မရနိုင်ပေ။ ဆန်းလျန်အနေဖြင့် အလွန်ရှေးကျသည့် ခေတ်တစ်ခေတ်တွင် လာရောက်လူဝင်စားသည်တော့ မဖြစ်နိုင်ဟုတွေးနေမိလေသည်။

သို့သော် ဒဏ္ဍာရီထဲမှ တာ့ရှားတိုင်းပြည်နှင့် ယခု သူကြားသိနေရသည့် တာ့ရှားတိုင်းပြည်မှာ ဆက်စပ်နေနိုင်လေသည်။

ထို့ကြောင့် ဆန်းလျန်သည် တစ်ချိန်ချိန်တွင်တော့ တာ့ရှားတိုင်းပြည်သို့ သွားရောက်ရန် ဆုံးဖြတ်လိုက်မိလေသည်။

ထို့နောက် သူတို့သုံးယောက်သည် နေမဝင်မီ ဆန်းလျန်ပြောသည့်နေရာသို့ ထွက်ခွာလာခဲ့ကြလေသည်။ ဆန်းလျန်က ကျား

နက်ကြီးကိုစီးကာ မိန်းကလေးနှစ်ယောက်ကို ဦးဆောင်ခဲ့လေသည်။

အတန်ကြာခရီးပေါက်ပြီးသည့်အခါတွင်တော့ ဆန်းလျန်ကဟန်ယင်းကို သူ့ကိုချီရန်အကူအညီတောင်းလိုက်ပြီး ကျားနက်ကြီးကိုတော့ လမ်းရှင်းရန် တာဝန်ပေးလိုက်လေသည်။ ဆန်းလျန်က ကျားနက်ကြီးကို အမာခံအဖြစ်အသုံးချရန်အတွက် လွန်ခဲ့သည့်ရက်များက ကျားနက်ကြီးကိုယ်တွင်းသို့ မိုးမြေစွမ်းအားများ ထည့်သွင်းပေးထားခဲ့လေသည်။ ထို့ကြောင့် ကျားနက်ကြီး၏အမွေးနက်များမှာ တောက်ပပြောင်လက်ကာ ချောမွေ့နေသလို ဝိညာဉ်စွမ်းအားများလည်း မြင့်တက်လျှက်ရှိလေသည်။ ထို့ကြောင့်ကျားနက်ကြီးသည် လျှင်မြန်လွန်းသည့်အရှိန်အဟုန်ဖြင့် သူတို့အတွက် လမ်းရှင်းပေးကာ ကျောက်တုံးတံတားလေးတစ်ခုထက်တွင် သူတို့ကို စောင့်နေလေသည်။

ကျောက်တံတားလေးအဆုံးတွင် အိမ်တော်ကြီးတစ်ခု ရှိနေလေသည်။

ဆန်းလျန်က ထိုအိမ်တော်ကြီး၏ အခြေအနေကို အကဲခတ်လိုက်သည်။

ထိုအချိန်မှာပင်...

တာအိုဝတ်ရုံရှည်ကိုဝတ်ဆင်ထားပြီး ရှည်လျားသည့်ဆံနွယ်များကိုပိုင်ဆိုင်သည့် လူတစ်ယောက် အိမ်တံခါးဝမှ ထွက်ပေါ်လာလေသည်။

သူက ကျားနက်ကြီးကို မြင်သည်နှင့်...

"ဟွန်း... ဒီတိရိစ္ဆာန်ကတော့နော်၊ မင်း တောင်ခြေမှာကတည်းက ငါ့ကိုချောင်းနေတာ ငါသိသားပဲ၊ ဒါပေမယ့် ဒီနေရာထိ ရောက်လာရဲမယ်လို့ မထင်ခဲ့မိဘူး၊ မင်းကို ချက်ချင်းသတ်ပြီး ချက်စားပစ်လိုက်ရမလား"

ထိုသူမှာ သူကျားပေါက်လေးဘဝက တွေ့ခဲ့သည့် ကျင့်ကြံသူမ

ဟုတ်သည့်အတွက် ကျားနက်ကြီးမှာ အနည်းငယ်

စိတ်သက်သာရာရသွားလေသည်။ သို့သော် ထိုသူထံမှ ထွက်

ပေါ်နေသည့် အငွေ့အသက်သည် သူ၏သခင်ငယ်လေးကဲ့သို့

နှစ်သက်ဖွယ်ရာမရှိသလို သန့်စင်ခြင်းလည်း မရှိပေ။

ထိုတာအိုဆရာ၏ ခြေဖဝါးအောက်တွင် စိမ်းလန်းသော

မြက်ခင်းတစ်ခု ရှိလေသည်။

ကျားနက်ကြီးက တစ်ချက်ကျုံ့ဝါးကာ ထိုသူကို ခုန်အုပ်လိုက်

သည်။

တာအိုဆရာက ကျားနက်ကြီးခုန်ဝင်လာသည်ကို တွေ့လိုက်

သည်နှင့် သူ၏ပန်းစပ်ကို ဟလိုက်လေသည်။ ထိုအခါ တာအို

ဆရာ၏လူဦးခေါင်းမှာ ချက်ချင်းပင် မြွေကြီးတစ်ကောင်၏

ဦးခေါင်းကြီးအဖြစ်သို့ ပြောင်းလဲသွားလေသည်။ မြွေပါးစပ်

ကြီးမှာ အလွန်ကြီးမားလွန်းသည့်အတွက် ကျားနက်ကြီးတစ်ကောင်လုံးကိုပင် မြိုချနိုင်လေသည်။

ကျားနက်ကြီးက ထိုမြွေကြီးမှာ သူငယ်ငယ်က တွေ့မြင်ခဲ့ရဖူးသည့် စပါးအုံးမြွေကြီးဖြစ်ကြောင်း ချက်ချင်းမှတ်မိလိုက်လေသည်။ ထိုမြွေကြီးမှာ ယခုတော့ အဘယ့်ကြောင့် လူပုံသဏ္ဍာန်ဖြစ်နေရပါသနည်း။

ကျားနက်ကြီးက ခန္ဓာကိုယ်ကိုစောင်းလိုက်ပြီး မြွေကြီး၏ဦးခေါင်းကို ကုတ်ခြစ်ရန် ကြိုးစားလိုက်သည်။ တာအိုဆရာသည် သူ၏တစ်ကိုယ်လုံးကို စပါးအုံးမြွေကြီးပုံသဏ္ဍာန်အဖြစ် ပြောင်းလဲလိုက်လေသည်။ မြွေကြီးမှာ ပေရှစ်ဆယ်ခန့်ရှည်လျားလေသည်။ မြွေကြီးက ကျားနက်ကြီးကို ရိုက်ချလိုက်ပြီး သစ်ပင်ကြီးတစ်ပင်ဘေးတွင် ရစ်ပတ်ထားလေသည်။

ဆန်းလျန်နှင့် မိန်းကလေးနှစ်ယောက်မှာ ကျောက်တုံးတံတား လေးဆီသို့ရောက်လာသည့်အချိန်တွင်တော့ ကျားနက်ကြီးနှင့် တိုက်ခိုက်နေသည့် ရောမစပါးအုံးမြွေကြီးကို တွေ့လိုက်ရလေ သည်။ ချန်ချင်မှာ မြွေကြီးကိုကြည့်ကာ သတိလစ်မတတ်ပင် ဖြစ်သွားရသည့်အတွက် ဟန်ယင်းက သူမကို တွဲထားပေးရ လေသည်။ ဟန်ယင်းမှာ မြွေကြီးကို စိုက်ကြည့်နေသည့်တိုင် သူမ၏လက်များက အနည်းငယ် တုန်ယင်နေလေသည်။

ဆန်းလျန်က ချက်ချင်းပင် သူတို့ရောက်ရှိလာသည့် အိမ်တော် ကြီးကို နတ်ဘုရားစွမ်းအားများသုံးကာ စစ်ဆေးကြည့်လိုက် သည်။ သို့သော် အိမ်တော်ပတ်ဝန်းကျင်တွင် မြွေကြီးမှလွဲပြီး အခြားသက်ရှိသတ္တဝါတစ်ယောက်ယောက်၏ အရိပ်အယောင် ကိုပင် မတွေ့ရှိရပေ။

စပါးအုံးမြွေကြီးသည် ကိုယ်ပိုင်တန်ခိုးစွမ်းအားဖြင့် လူသား အသွင်ပြောင်းနိုင်သည်အထိ တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိ

ပေ။ ထိုမြေကြီးကို လူသားအသွင်ပြောင်းပေးထားသည့် အခြားသောတစ်စုံတစ်ယောက် သို့မဟုတ် အကြောင်းရင်း တစ်စုံတစ်ခု ရှိနိုင်လေသည်။

အခန်း (၄၆၀) ပန်းချီကားထဲကတာအိုဆရာ

"ရှေ့ကို ခြေလှမ်းငါးလှမ်းလှမ်းလိုက် ၊ တစ်လှမ်းမှမလျော့စေနဲ့ ၊ တစ်လှမ်းမှလည်းမပိုစေနဲ့"

ဆန်းလျန်က ဟန်ယင်းကိုပြောလိုက်သည်။

ဟန်ယင်းမှာ ကြောက်ဒူးတုန်နေသည့်တိုင် နှစ်ပေါင်းများစွာ လေ့ကျင့်ထားသည့် ညစစ်သည်တစ်ယောက်ဖြစ်သည့်အတွက်

တိကျသည့် ခြေလှမ်းငါးလှမ်းကို အပိုအလိုမရှိလှမ်းလိုက်လေ

သည်။

ကျားနက်ကြီးမှာ ရောမစပါးအုံးမြွေကြီးက တင်းကြပ်စွာ

ရစ်ပတ်ထားသည့်အတွက် လှုပ်မရတော့သည့်တိုင် ရုန်းကန်နေ

ဆဲ ဖြစ်လေသည်။

မြွေကြီးက ဆန်းလျန်တို့ရောက်လာသည်ကို တွေ့သော်လည်း

အရေးပင် မလုပ်ပေ။ သူက ထိုလူသားများမှာ သူ့ကို နာကျင်

အောင် လုပ်နိုင်မည်မဟုတ်ဟု ထင်မှတ်ထားလေသည်။

သို့သော် ကျားနက်ကြီးကတော့ အန္တရာယ်ကောင်ဖြစ်လေသည်။

ဟန်ယင်းက ခြေလှမ်းငါးလှမ်းလှမ်းပြီးသွားသည်နှင့် ဆန်းလျ

န်က သူ၏ကြယ်စင်ရောင်တောက်ပနေသည့် မျက်ဝန်းများဖြင့်

မြွေကြီးကို စိုက်ကြည့်လိုက်လေသည်။

စပါးအုံးမြွေကြီးမှာ သေတော့မည်ကဲ့သို့ ချက်ချင်းပင် ခံစားလိုက်ရပြီး တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားလေသည်။ လှုပ်ရှားမှုလည်း မပြုလုပ်နိုင်တော့ပေ။

အကြည့်တစ်ချက်သည် ထိုမျှ စွမ်းအားကြီးလိမ့်မည်ဟု မြွေကြီးမှာ ထင်မှတ်မထားမိပေ။ သူ၏ဆရာပင်လျှင် ထိုကဲ့သို့ ပြုလုပ်နိုင်ခြင်း မရှိပေ။

"မင်း ဘယ်လိုလုပ် လူသားအသွင်ပြောင်းနိုင်တာလဲ"

ဆန်းလျန်က မြွေကြီးကို စိုက်ကြည့်ရင်း မေးလိုက်သည်။

မြွေကြီး၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားလေသည်။ ဆန်းလျန် မေးသည့်မေးခွန်းကို သူက ပြန်ဖြေရန်အတွက် ပါးစပ်ကို ဟလိုက်သည့်တိုင် အသံတစ်သံမှ ထွက်မလာပေ။ သို့သော် ဆန်းလျန်ကတော့ မြွေကြီး၏အတွေးများကို သိနိုင်သူ တစ်ယောက်ဖြစ်လေသည်။

"ကျုပ်ဆရာဆီက အသွင်ပြောင်းပြဒါးဆေးကို စားလိုက်လို့ပါ"

မြွေကြီးက စိတ်ထဲမှ ပြန်ဖြေလိုက်လေသည်။

ဆန်းလျန်ကို အဘယ့်ကြောင့်အမှန်တရားတွေ ပြောမိနေသည်ကို မြွေကြီးကိုယ်တိုင်လည်း နားမလည်နိုင်ပေ။ သို့သော် ဆန်းလျန်မေးသည့်မေးခွန်းကို သူမဖြေဘဲ မနေရဲပေ။

"မင်းရဲ့ဆရာက ဘယ်သူလဲ"

ဆန်းလျန်က ထပ်မေးလိုက်သည်။

မြွေကြီးက သူ့ဆရာအကြောင်းကို စဉ်းစားလိုက်သည်။

သူ၏ဆရာမှာ တာအိုဆရာတစ်ယောက်ဖြစ်ပြီး သူ့ကို ယဉ်ပါးအောင် သင်ကြားပေးခဲ့သူတစ်ယောက် ဖြစ်လေသည်။

သူ၏ဆရာ၏ အပြုံးများနှင့် စကားသံများကို သူ့ခေါင်းထဲတွင် ပြန်ပြီး အမှတ်ရလိုက်မိလေသည်။ ထိုအခါ သူ၏ဝိညာဉ်ထဲမှ စွမ်းအားတစ်ခုပေါ်ထွက်လာပြီး သူ၏ခန္ဓာကိုယ်ကို ပြန်လည်ထိန်းချုပ်နိုင်စွမ်း ရရှိသွားလေသည်။ သူ၏ကိုယ်ထဲမှ စွမ်းအားများနှင့် သွေးများမှာ ဆူပွက်လာလေသည်။ မြွေကြီး၏

ခန္ဓာကိုယ်ကြီးမှာ လေထိုးလိုက်သည့်အလား တဖြည်းဖြည်း ကြီးမားလာတော့သည်။

သို့သော် ဓားဝိညာဉ်တစ်ခုသည် သူ၏ဝိညာဉ်အတွင်းပိုင်းအထိ ဝင်ရောက်လာပြီး အရာအားလုံးသည် အဆုံးသတ်သွားလေ သည်။ မြွေကြီး၏ဦးခေါင်းမှာလည်း မြေပြင်ထက်သို့ ပြုတ်ကျ သွားတော့သည်။

ဟန်ယင်းမှာ ဆန်းလျန် မည်သည့်တန်ခိုးများပြလေမည်လဲဟု တွေးနေစဉ်မှာပင် မြွေကြီး ရုတ်တရက် သေဆုံးသွား သည့်အတွက် ကြက်သေသေသွားရသည်။ ဆန်းလျန် မည်သို့မည်ပုံပြုလုပ်လိုက်သည့်အတွက် မြွေကြီးသေဆုံးသွား ရပါသနည်း။ သူမ၏စိတ်ထတွင် တုန်လှုပ်နေတော့သည်။

မသိမှုသည် ကြောက်မက်ဖွယ်ရာကောင်းလေသည်။ မသိ မှုသည် လူများကို အကူအညီမဲ့သလို ခံစားရစေလေသည်။

ဆန်းလျန်မှာ သူတို့၏ရန်သူမဟုတ်သည့်အတွက် ဟန်ယင်းမှာ ကျေးဇူးတင်နေမိတော့သည်။

ဆန်းလျန်က နတ်သက်ခြေဓားသိုင်းကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။ သို့သော် သူက အဆင့်မြင့်နတ်ဘုရားတစ်ပါး ဖြစ်နေပြီဖြစ်သည့်အတွက် ထိုဓားသိုင်းကို သဲလွန်စမကျန် အောင် အသုံးပြုနိုင်နေခဲ့ပြီ။ သူ၏နတ်သက်ခြေဓားသိုင်းမှာ အလွန်သိမ်မွေ့လွန်းသည့်အတွက် နတ်သက်ခြေဓားသိုင်းကို မူလတည်ထွင်သူ မျှော်လင့်ခဲ့သည်ထက် အဆပေါင်းများစွာ ပင် ကျော်လွန်နေပြီ ဖြစ်လေသည်။

ဆန်းလျန်ဆိုသည်က လောကနတ်ဘုရားတစ်ပါးကိုပင် အသာ လေးသတ်ဖြတ်နိုင်သည့်သူတစ်ယောက် ဖြစ်လေသည်။

အတိတ်တစ်ချိန်က ချန်ပေသိုနှင့် ယန်ရှီးကဲ့သို့သောသူများကို ပင် တည်ငြိမ်စွာရင်ဆိုင်ခဲ့သူတစ်ယောက် ဖြစ်လေရာ ကျင့်ကြံ

မှုတန်ခိုးစွမ်းအား အလွန်တိမ်သည့် စပါးအုံးမြွေလောက်ကို စာဖွဲ့မည့်သူမဟုတ်ပေ။

ဆန်းလျန်က မြွေကြီးကိုသတ်ဖြတ်လိုက်ရသည့်အတွက် မည်သည့်ခံစားချက်မှရှိမနေပါ။ သို့သော်... သူက မြွေကြီး၏ဆရာဆိုသူက မြွေကြီး၏ဝိညာဉ်ထဲတွင် စိတ်အာရုံစူးစိုက်နိုင်မှုကို မည်သို့ထည့်သွင်းပေးထားသည်ကို ဆန်းလျန်သိလိုက်သည်။ ထိုအခွင့်အရေးကိုအသုံးပြုပြီး ငါးကြီးကြီးတစ်ကောင်တော့ မျှားနိုင်မည်ဟု ဆန်းလျန်တွေးမိသည်။ နတ်မိစ္ဆာများ၏ဝိညာဉ်ထဲတွင် စိတ်အာရုံစူးစိုက်မှုကိုထည့်သွင်းပေးထားနိုင်သည်မှာ အလွန်အဆင့်မြင့်သည့်ကျင့်ကြံသူသာလျှင် ပြုလုပ်နိုင်မည်ဖြစ်လေသည်။ သူ့အနေဖြင့် မြွေကြီး၏ဆရာဖြစ်သူနှင့်သာ တွေ့ဆုံနိုင်လျှင် သူရောက်ရှိနေသည့်လောကမှ ကျင့်ကြံသူများနှင့် တွေ့ဆုံနိုင်ရန် အခွင့်အရေးရမည် ဖြစ်လေသည်။

ကျားနက်ကြီးမှာ ကြောက်ရွံ့နေပြီး ဆန်းလျန်ကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် ပြုံးကြည့်နေလေသည်။ သူ၏ နက်ပြောင်နေသည့်အမွေးများအောက်တွင် သွေးထွက်နေသည့် ဒဏ်ရာတစ်ခုကို တွေ့ရလေသည်။ သူက ထိုဒဏ်ရာရှိရာဘက်ခြမ်းကို ဆန်းလျန်မြင်သာစေရန်အတွက် တမင်တကာဘေးတိုက်သွားကာ ဆန်းလျန်အနားသို့ ချဉ်းကပ်လာလေသည်။

ကျားနက်ကြီးမှာ သားရဲတစ်ကောင်ဖြစ်သည့်အတွက် အမြဲတမ်းတိုက်ခိုက်နေတတ်ပြီး ဒဏ်ရာရသည်မှာ အဆန်းမဟုတ်ပေ။ သို့သော် သူက မြွေကြီးကို မည်မျှ ရှုပ်ရှုပ်ချွန်ချွန်တိုက်ခိုက်ခဲ့သည်ကို သူ၏သခင်ငယ်လေးသိစေရန်အတွက် ဒဏ်ရာကို တမင်မြင်သာအောင် ပြနေခြင်းဖြစ်လေသည်။

သနားစရာကျားနက်ကြီးမှာ တောဘုရင်တစ်ကောင်နှင့်ပင်မတူတော့ဘဲ ဆန်းလျန်ရှေ့တွင် အလွန်ယဉ်ပါးနေပြီ ဖြစ်လေ

သည်။ သူ၏သခင်ငယ်လေး၏အကြည့်တစ်ချက်ပင်လျှင် သူ့ကို သခင်ငယ်လေးက အလွန်ချစ်ခင်သောကြောင့် ကြည့်နေသည်ဟု ထင်မှတ်နေလေသည်။

လောကတွင် ကျွားသတ္တဝါများစွာရှိလေသည်။ သို့သော် သူကတော့ ဆန်းလျှန်ကဲ့သို့သော သခင်ငယ်လေးနှင့် ဆုံတွေ့ခွင့်ရခဲ့သည့်အတွက်လောကတွင် ကံအကောင်းဆုံးကျွားတစ်ကောင်ဟု သူ့ကိုယ်သူ ထင်မှတ်နေလေသည်။ ကျယ်ယန်းတောင်တွင်ပင် သူ့ထက်ကြီးမြတ်သော ကျွားသတ္တဝါမရှိနိုင်တော့ပေ။

ထိုအတွေးများက ကျွားနက်ကြီး၏စိတ်ထဲတွင် လွှမ်းမိုးသွားပြီး သူက နောက်ပိုင်းတွင် သူ၏ သားသမီးမြေးမြစ်များကို ကျွားတစ်ကောင်အတွက် အရေးကြီးဆုံးအချက်မှာ သခင်ကောင်းတစ်ယောက်နှင့်တွေ့ဆုံရန်ဖြစ်သည်ဟုပင် ဆိုဆုံးမရန် တွေးထားပြီးဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ ကျားနက်ကြီး၏သခင်အဖြစ် သူ့ကိုယ်သူ ဘယ်တုန်းကမှ မတွေးခဲ့မိပေ။ ထို့ပြင် သူက ကျားနက်ကြီးကိုလည်း မည်သည့်ကျင့်စဉ်မှ သင်ပြပေးခဲ့ခြင်းမရှိပေ။

ဤသည်မှာ ဆန်းလျန်၏မာနတရားပင်ဖြစ်ပြီး သူသည် သားရဲများနှင့်ပတ်သက်ပြီး စိတ်ခံစားချက် သိပ်မထားတတ်ပေ။

ထို့နောက်တွင်တော့…

သူတို့အိမ်တော်ကြီးအတွင်းသို့ ဝင်ရောက်လာခဲ့ကြလေသည်။

အိမ်တော်ထဲတွင် စြင်္ကန်လမ်းနှစ်ခုရှိနေပြီး ဖုံများလည်း တက်နေလေသည်။ စြင်္ကန်လမ်းအဆုံးတွင် ခန်းမတစ်ခုကိုတွေ့နိုင်ပြီး ထိုခန်းမထဲတွင် တာအိုဆရာတစ်ပါး၏ပုံတူပန်းချီကား တစ်ချပ်ကို ချိတ်ဆွဲထားလေသည်။

ပန်းချီကားထဲမှတာအိုဆရာမှာ ကြယ်စင်သရဖူကိုဆောင်းထားပြီး ရွှေရောင်ဖောင်းကြွများပါသည့် အနီရောင်ဝတ်စုံကို

ဝတ်ဆင်ထားလေသည်။ တိမ်ပုံသဏ္ဌာန်များရေးထွင်းထားသည့်

တောက်ပသည့် ဖိနပ်များကို စီးနင်းထားပြီး ရတနာကိုးသွယ်

ခါးပါကြိုးကို စည်းနှောင်ထားလေသည်။ သူ၏လက်ထဲတွင်

တော့ ချိတ်ကောက်ပါသည့် ရွှေရောင်ကျိုင်းတံတစ်ချောင်းကို

ကိုင်ဆောင်ထားလေသည်။

သူ၏မျက်ဝန်းများက မီးဝင်းဝင်းတောက်နေပြီ နှုတ်ခမ်းများ

က နီထွေးနေလေသည်။ လေထဲတွင် လွင့်နေသည့်ဆံနွယ်

များသည် နူးညံ့လွန်းသည်ဟု ထင်ရလေသည်။

သို့သော်... ထိုပန်းချီကားထဲမှ တာအိုဆရာသည် အလွန်မှ မိစ္ဆာ

ဆန်လွန်းလေသည်။

ဆန်းလျန် ပန်းချီကားကို ကြည့်နေစဉ်မှာပင်...

တာအိုဆရာသည် ပန်းချီကားထဲမှ ခုန်ထွက်လာပြီး လက်ထဲမှ

မီးတောက်များထုတ်လွှတ်ကာ ဆန်းလျန်ကို စတင်တိုက်ခိုက်

လိုက်လေတော့သည်။

ဟန်ယင်းမှာ ဆန်းလျန်ကို လုံးဝမကာကွယ်လိုက်နိုင်ပေ။

သို့သော် ဆန်းလျန်က အသက်တစ်ချက်ရှူလိုက်ပြီး ခန်းမတစ်ခုလုံးကို အေးခဲသွားစေကာ မီးတောက်ကိုငြိမ်းသတ်ပစ်လိုက်လေသည်။

သို့သော် ဆန်းလျန်၏စိတ်ထဲတွင် ကြိတ်ပြီး အံ့ဩသွားမိသည်။ အဘယ်ကြောင့်ဆိုသော် ပန်းချီကားထဲမှ ထွက်လာသည့် မီးတောက်မှာ သမာဓိမီးတောက်အငွေ့အသက်များရနေသောကြောင့် ဖြစ်လေသည်။

သမာဓိမီးတောက်တန်ခိုးစွမ်းအားမှာ ချင်းရွှမ်နတ်တံခါးမှ တန်ခိုးစွမ်းအားဖြစ်လသည်။ ထိုတန်ခိုးစွမ်းအားမှာ ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ နတ်ဘုရားအဘိုးအို၏ တန်ခိုးစွမ်းအားဖြစ်ပြီး ဆန်းလျန်ပင် လေ့လာထားရခြင်း မရှိသေးပေ။ သမာဓိမီးတောက်သည် အလွန်နက်နဲသည့် ပညာရပ်တစ်ခုဖြစ်လေသည်။

ဆန်းလျန်မှာ ကျယ်ယန်းတောင်ကဲ့သို့သော ဘာမှမဟုတ်သည့် နေရာတစ်ခုတွင် သူ့ကိုဆွဲဆောင်နိုင်သည့် ကျင့်ကြံသူတစ်ယောက်ရှိနေလိမ့်မည်ဟု ထင်မထားခဲ့မိပေ။

ဆန်းလျန်က မျက်လုံးများကို မှိတ်လိုက်ပြီး နတ်ဘုရားတန်ခိုးစွမ်းအားများကို အသုံးပြုကာ ပတ်ဝန်းကျင်တစ်ခုလုံးကို အာရုံခံကြည့်လိုက်လေသည်။ သူက ထူးခြားချက်တစ်ခုကို သတိပြုလိုက်မိပြီး ဤနေရာတွင် အခြားသောစကြာဝဠာတစ်ခု ရှိနေဦးမည်ကို သတိပြုလိုက်မိလေသည်။

ဆန်းလျန်က ချန်ချင်ကိုလှည့်ကြည့်လိုက်ပြီး....

"အမေနဲ့ ရှောင်ဟေား အပြင်မှာ ခဏသွားနေပေးပါလား"

ချန်ချင်မှာ ပန်းချီကားထဲမှ မီးတောက်များထွက်လာသည်ကို တွေ့လိုက်ရကတည်းက အလွန်အမင်း ကြောက်လန့်နေလေရာ သူမက ဆန်းလျန်နှင့်အတူရှိနေသည်ကသာ အန္တရာယ်ကင်းနိုင်သည်ဟု မှတ်ယူထားလေသည်။ ထို့ပြင် သူမက ဆန်းလျန်

အတွက်လည်း အလွန်စိတ်ပူနေမိသည်။ မိခင်တိုင်းသည် သူတို့၏ သားသမီးများကို စိတ်ပူတတ် စမြဲပင်မဟုတ်ပါလား။ ထို့ကြောင့် ဆန်းလျန်က သူမကို ထွက်ခွာသွားရန်ပြောသည့်အခါ လုံးဝ သွားလိုစိတ်မရှိခဲ့ပေ။

"အမေ ဒီမှာပဲ သားတို့နဲ့အတူ အဖော်လုပ်ပေးမယ်"

ဆန်းလျန်က ချန်ချင်ကို နက်ရှိုင်းသည့်အကြည့်တစ်ချက်ဖြင့် လှမ်းကြည့်လိုက်ရင်း...

"ဒါဖြင့်လည်း အမေ့သဘောပါပဲ..."

ကျားနက်ကြီးမှာ ခန်းမထဲမှထွက်ရန် ခြေလှမ်းပြင်နေသည့်တိုင် ဆန်းလျန်စကားကိုကြားသည်နှင့် ချက်ချင်းပင် ရပ်တန့်လိုက်လေသည်။ သူလည်း သခင်ငယ်လေးနှင့်ပင် အတူနေရန် ဆုံးဖြတ်လိုက်သည့် သဘောပင်။ ဆန်းလျန် ကသူ့ကို မည်သည့်ပညာမှ သင်ကြားပေးခြင်းမရှိသည့်တိုင် ကျားနက်ကြီးသည် ဆန်းလျန်ကို အလွန်ပင် လေးစားနေမိလေသည်။

ဆန်းလျန်ကတော့ ကျားနက်ကြီးကိုကြည့်ရင်း ရယ်ချင်နေမိ

လေတော့သည်။

အခန်း (၄၆၁) မက်မွန်သီးခုနစ်လုံးတောင်

ချန်ချင်က အိမ်ထဲမှ မထွက်ခွာသွားချင်ဘူးဆိုသည့်အတွက်

ဆန်းလျန်သည် မည်သို့မျှ မတတ်နိုင်ပါ။

ဆန်းလျန်က ပန်းချီကားကို စူးစိုက်ကြည့်လိုက်သည်။ တာအို

ဆရာ၏ပုံတူပန်းချီသည် ပန်းချီကားထဲတွင် ရှိမနေတော့ပါ။

ပန်းချီကားပေါ်တွင် မီးပုံသဏ္ဍာန်သင်္ကေတအမှတ်အသားတစ်ခု

သာ ကျန်ရစ်ခဲ့လေသည်။

သမာဓိမီးတောက်သည် "မီး" အားလုံး၏ အနှစ်သာရဖြစ်လေသည်။ တာအိုဆရာသည် သမာဓိမီးတောက်၏အရိပ်အမြွက်လေးမျှကိုသာ ပန်းချီကားထဲတွင်ထားခဲ့သည့်တိုင် သမာဓိမီးတောက်၏ထူးခြားချက်ကိုတော့ ခံစားနေ ရဆဲဖြစ်လေသည်။

ပန်းချီကားချပ်နံရံတွင်ချိတ်ဆွဲထားခြင်းမှာ တမင်သက်သက်အလှဆင်ထားခြင်းမဟုတ်ပါ။ အအေးစွမ်းအားတစ်ခုကို ဖိနှိပ်ထားခြင်းသာ ဖြစ်လေသည်။

ဆန်းလျန်ကြောင့် သမာဓိမီးတောက်အရံအတားပျက်စီးသွားရပြီဖြစ်သည့်အတွက် အအေးစွမ်းအားသည် ထွက်ပေါ်လာတော့မည် ဖြစ်လေသည်။ ချန်ချင်သည် ယခုရက်ပိုင်းအတွင်းတွင် ဝိညာဉ်စွမ်းအားသစ်သီးများကို စားထားသည့်တိုင် သူမ၏ခန္ဓာကိုယ်က ဟန်ယင်းလောက် ကြံ့ခိုင်ခြင်းမရှိပါ။

ထို့ကြောင့် အအေးစွမ်းအားထွက်ပေါ်လာသည့်အခါ သူမသည် နာကျင်ခံစားရနိုင်လေသည်။

ဆန်းလျန်သည် ပန်းချီကားကို သုံးစက္ကန့်မျှ စိုက်ကြည့်နေလေသည်။ ထို့နောက်တွင်တော့ ဆန်းလျန်၏မျက်ဝန်းဆီမှ ငွေရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ခန်းမတစ်ခုလုံးတွင် တက်နေသောဖုံမှုန့်များ အားလုံး သန့်ရှင်းသွားလေသည်။

ပန်းချီကားထက်မှ မီးသဏ္ဍာန်တပုံသဏ္ဍာန်ပျောက်ကွယ်သွားပြီး ပန်းချီကားသည် ဗလာဖြစ်သွားလေသည်။ ထိုပန်းချီကားသည် တဖြည်းဖြည်းကျယ်ပျံ့လာပြီး တံခါးတစ်ခုအဖြစ် အသွင်ပြောင်းသွားလေသည်။ ထိုတံခါးအတွင်းမှ ကျောရိုးတစ်လျှောက်လုံးစိမ့်သွားရလောက်အောင် အေးခဲလွန်းသည့် အအေးစွမ်းအားတစ်ခု ထွက်ပေါ်လာလေသည်။

ချန်ချင်မှာ ထိုအအေးစွမ်းအားဒဏ်ကို ခံနိုင်ရည်မရှိပေ။ ယခုတော့ ဆန်းလျန်က သူမကို အိမ်အပြင်သို့ ထွက်ခွာရန်

အဘယ်ကြောင့် ပြောရသည်ကို နားလည်သွားပြီ ဖြစ်လေသည်။

ကျားနက်ကြီးမှာလည်း အအေးဒဏ်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ထုံထိုင်းအေးခဲနေသကဲ့သို့ပင် ခံစားနေရလေသည်။

သူ၏ခန္ဓာကိုယ်က အအေးဒဏ်ကိုခံနိုင်သော်လည်း စပါးအုံးမြွေကြီးနှင့်တိုက်ခိုက်စဉ်က ရရှိထားသည့်ဒဏ်ရာသည် အအေးဒဏ်ကြောင့် အလွန်နာကျင်လာရလေသည်။

ဆန်းလျန်သည် တံခါးအတွင်းမှထွက်ပေါ်လာသည့် အအေးစွမ်းအားကို ကြိတ်ပြီးချီးကျူးလိုက်မိသည်။ ထိုအအေးစွမ်းအားမှာ အစွန်းယောက်ယင်စွမ်းအားကဲ့သို့ သန့်စင်လွန်းသည့် အအေးစွမ်းအားပင် ဖြစ်လေသည်။

ခန်းမထဲမှ အအေးစွမ်းအားများ အနည်းငယ်လျော့ကျသွားတော့မှ ဆန်းလျန်က တံခါးအတွင်းသို့ ဝင်ရန် ဟန်ယင်းကို ပြောလိုက်သည်။

ဟန်ယင်းသည် ဆန်းလျန်ကို ချီကာ တံခါးအတွင်းသို့ ဝင်သွား

လိုက်လေသည်။

တံခါးအနောက်ဘက်တွင် အလွန်ထူးခြားသည့် နေရာတစ်ခု ရှိ

နေလေသည်။

စိမ်းလန်းစိုပြေသည့် မြက်ခင်းလွင်ပြင်တစ်ခုကို တွေ့မြင်နိုင်ပြီး

ထိုမြက်ခင်းလွင်ပြင်အလယ်တွင် ရေတွင်းတစ်တွင်း ရှိနေလေ

သည်။

....

အလွန်ဝေးကွာသည့်နေရာတစ်ခုတွင်တော့....

မက်မွန်သီးခုနစ်လုံးတောင်ဟုခေါ်သော တောင်တစ်တောင် ရှိ

လေသည်။

ထိုတောင်ထိပ်တွင် မက်မွန်သီးခုနစ်လုံးသာ သီးနေသည့်မက်

မွန်ပင်တစ်ပင်ရှိသည့်အတွက် ထိုတောင်ကို မက်မွန်သီးခုနစ်

လုံးတောင်ဟု ခေါ်ခြင်းဖြစ်လေသည်။ ထို မက်မွန်ပင်မှ

မက်မွန်သီးခုနစ်လုံးသည် မည်သည့်အခါမှ ကြွေကျခြင်းမရှိဘဲ အပင်ထက်တွင် ထာဝရသီးနေခြင်း ဖြစ်လေသည်။

တစ်ချိန်က မက်မွန်သီးခုနစ်လုံးတောင်တွင် ပြင်းထန်လွန်းသည့်တိုက်ပွဲတစ်ခု ဖြစ်ခဲ့ပြီး မရေမတွက်နိုင်သော ဝိညာဉ်များ စတေးခဲ့ရလေသည်။ မက်မွန်သီးခုနစ်လုံးသီးသည့် မက်မွန်ပင် စတင်ပေါက်ဖွားလာသည့် အချိန်ရောက်မှသာ ဝိညာဉ်များ တဖြည်းဖြည်းပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။

ဒဏ္ဍာရီအရဆိုလျှင် တစ်ချိန်တုန်းကသစ်ခုတ်သမားတစ်ယောက်သည် တောင်ပေါ်သို့တက်လာသည့်အချိန်တွင် လူသားမျက်နှာပုံစံများဖြင့် မက်မွန်သီးခုနစ်လုံးကိုတွေ့ခဲ့သည်။ သစ်ခုတ်သမားမှာ အလွန်တုန်လှုပ်ခြောက်ခြားသွားပြီး ရွာသို့ပြန်ကာ အခြားရွာသူရွာသားများကို ပြောပြခဲ့လေသည်။ ရွာသားများက တောင်ပေါ်သို့ လိုက်လံကြည့်ရှုကြသည့်အခါ

တွင်တော့ မက်မွန်ပင်မှာ မရှိတော့ပေ။ မက်မွန်ပင်အမြစ်မှ ကျွတ်ထွက်သွားသည့် အရာကိုသာတွေ့ရတော့သည်။ သို့သော် ထိုမက်မွန်ပင်မှာ သရဲခြောက်သည်ဆိုသည့် ကောလဟာလကတော့ ချက်ချင်းပင် ပျံ့နှံ့သွားခဲ့လေသည်။

လွန်ခဲ့သည့်သုံးနှစ်ခန့်ကတော့ မက်မွန်သီးခုနစ်လုံးတောင်ပေါ်သို့ တာအိုဆရာတစ်ပါး ရောက်လာခဲ့လေသည်။ ရွာသူရွာသားများမှာ တာအိုဆရာကို ကြောက်လန့်ကြသည့်အတွက် ခပ်ဝေးဝေးရှောင်ကြလေသည်။ သို့သော် တာအိုဆရာကတော့ ပရိတ်ရေများကိုအသုံးပြုကာ နေမကောင်းသည့်ရွာသားများကို ဆေးကုသပေးလေသည်။ ထိုအခါမှ ရွာသားများသည် တာအိုဆရာကို မကြောက်ရွံ့ကြတော့ဘဲ ပွင့်ပွင့်လင်းလင်းနှင့် ခင်မင်လာကြလေသည်။

တာအိုဆရာက...

"ထိုက်စန့်ဆရာသခင်ကိုဦးထိပ်ထားပြီး ထိုက်ချင်တာအို ကျောင်းတော်ကို ယခင်မက်မွန်ပင်တည်ရှိခဲ့ရာနေရာတွင် ဆောက်လုပ်လိုကြောင်းနှင့် ၊ သူက တာအိုကျောင်းတော်တွင် ကျောင်းထိုင်မည့် ဆရာသခင်ဖြစ်ကြောင်း"

ပြောပြလေသည်။

ရွာသားများကလည်း တက်တက်ကြွကြွနှင့် ကူညီလိုက်ကြလေရာ နှစ်ရက်အတွင်းမှာပင် တာအိုကျောင်းတော်တစ်ခု တည်ဆောက်ပြီးစီးသွားလေသည်။ တာအိုဆရာက ထိုတာအို ကျောင်းတော်တွင် နေထိုင်လေသည်။

ရွာသားများက တာအိုကျောင်းတော်တွင် ဝတ်ပြုကိုးကွယ်မှုများပြုလုပ်ကြပြီး တာအိုဆရာထံမှ တာအိုကျမ်းစာများ သင်ယူဖတ်ရှုကြလေ့ရှိလေသည်။ တာအိုဆရာကလည်း ရွာသားများကို အမြဲတမ်း ကြိုဆိုလျှက်ရှိပြီး တာအိုကျမ်းစာများကို တတ်နိုင်သမျှ သင်ကြားပေးလေသည်။ ရွာသား

များသည် တာအိုဆရာကို ကြည်ညိုသည်ထက် ကြည်ညိုလာကြလေသည်။

တာအိုဆရာသည် အစိမ်းရောင်အလင်းတန်းများလင်းလက်နေသည့် လက်စွပ်တစ်ကွင်းဖြင့် မက်မွန်သီးခုနစ်လုံးတောင်ကို နတ်ဆိုးများ ၊ မိစ္ဆာများရန်မှ ကာကွယ်ပေးထားလေသည်။

ယခုတော့ တာအိုဆရာသည် တာအိုကျောင်းတော်ထဲတွင် တရားထိုင်နေလေသည်။

တရားထိုင်နေရင်း သူ၏စိတ်အာရုံသည် ဖျတ်ခနဲ နိုးကြွလာလေသည်။

"ရှီးလျန်ဆိုတာ ကန္တာရလို စုတ်ပြတ်တဲ့နေရာတစ်ခုပဲ ၊ မိုးမြေစွမ်းအားတွေလည်း မကောင်းဘူး ၊ ကျယ်ယန်းတောင်မှာ ငါထားခဲ့တဲ့အရံအတားကို ချိုးဖျက်ပစ်နိုင်လောက်အောင် အဆင့်မြင့်တဲ့ကျင့်ကြံသူတစ်ယောက်ဘယ်လိုလုပ် ရှိနိုင်မှာလဲ" တာအိုဆရာက တွေးလိုက်မိလေသည်။

ကျယ်ယန်းတောင်မှာ သူကျင့်စဉ်ကျင့်ကြံခဲ့သည့် နေရာတစ်ခု ဖြစ်လေသည်။ သူက ထိုနေရာတွင် ယင်အအေးစွမ်းအား အရံအတားတစ်ခုကို ပြုလုပ်ထားခဲ့လေသည်။ သူက ကျယ် ယန်းတောင်မှ ယင်အအေး စွမ်းအား စမ်းရေတွင်းမှ ယင် စွမ်းအားများကို အသုံးပြုကာ ကျင့်စဉ်တစ်ခုကို အောင်မြင် အောင် ကျင့်ကြံခဲ့ပြီးနောက် မက်မွန်သီးခုနစ်လုံးတောင်သို့ ပြန်လာခဲ့ခြင်းဖြစ်လေသည်။

ကျယ်ယန်းတောင်မှာ မိုးမြေစွမ်းအားများ ကောင်းမွန်ခြင်း သိမ်မရှိသည့်တိုင် ကျင့်ကြံသူများအတွက်တော့ ကောင်းမွန် သည့်နေရာတစ်ခုဖြစ်လေသည်။ အထူးသဖြင့် ယင်စွမ်းအား ကျင့်ကြံသူများအတွက်ဖြစ်လေသည်။ နောင်တစ်ချိန်တွင် သူက တပည့်တစ်ယောက်မွေးမည်ဆိုလျှင် ကျယ်ယန်းတောင် သည် အလွန်အသုံးဝင်လာမည် ဖြစ်လေသည်။ ထို့ကြောင့်သူ က သူမွေးထားသည့် စပါးအုံးမြွေကြီးကို အသွင်ပြောင်းပြဒါး

ဆေးကျွေးကာ ထိုနေရာကို စောင့်ရှောက်ခိုင်းထားခဲ့လေသည်။ မြေကြီးသည် သူတွေ့ရှိထားသည့် ယင်စွမ်းအားစမ်းရေတွင်း တည်ရှိသည့်နေရာ ကိုကာကွယ်ပေးနိုင်မည် ဖြစ်လေသည်။ သူမွေးထားသည့် ဧရာမမြေကြီးမှာ ရက်စက်ကြမ်းတမ်းသည့် မြေဆိုးကြီးဖြစ်လေသည်။ ထို့ပြင် သူက မြေကြီး၏ဝိညာဉ်ထဲတွင် သူ၏စိတ်အာရုံစူးစိုက်မှုကို ထည့်သွင်းပေးထားသည့်အတွက် တစ်စုံတစ်ခုထူးခြားလျှင် သူက သိရှိနိုင်လေသည်။

ယခုတော့ သူပြုလုပ်ထားသည့် ယင်အအေးစွမ်းအား အရံအတားသည် ပျက်စီးသွားခဲ့ပြီး မြေကြီးမှာလည်း အသတ်ခံခဲ့ရပြီ ဖြစ်လေသည်။

သူက ကျင့်ကြံမှုကို ထိခိုက်မည်စိုးရိမ်သည့်အတွက် ကျယ်ယန်းတောင်တွင် မည်သည့်အကြောင်းအရာများ ဖြစ်ပျက်နေသည်ကို သွားရောက် ကြည့်သင့်မကြည့်သင့် တွေဝေနေမိ

လေသည်။ သို့သော် သူ့အတွက် ကျယ်ယန်းတောင်ကို

လျစ်လျူရှုထားရန်မှာလည်း မဖြစ်နိုင်ပြန်ပေ။

ယခုတော့ သူသည် ကျင့်စဉ်လည်း ဆက်လက်ကျင့်ကြံ၍မရ

တော့ပေ။

သူသေသေချာချာမွေးမြူထားခဲ့သည့် စပါးအုံးမြွေကြီး

သေဆုံးသွားရသည်မှာတော့ နှမြောစရာဖြစ်လေသည်။

အခြေအနေကတော့ ကောင်းလာနိုင်မည် မဟုတ်ဟု သူတွေးနေ

မိလေသည်။

ထို့ကြောင့် သူက မိုင်တစ်ထောင်ခရီးသွားအင်းချပ်ကို

အသုံးပြုကာ ကျယ်ယန်းတောင်အခြေအနေကို သွားရောက်

ကြည့်ရှုရန်အတွက် လူတစ်ယောက်ကို စေလွှတ်လိုက်လေ

သည်။

....

ဆန်းလျန်က မြက်ခင်းလွင်ပြင်အလယ်မှ ရေတွင်းလေးကို

ကြည့်လိုက်လေသည်။

ချန်ချင်နှင့် ဟန်ယင်းတို့မှာ အရွယ်ရောက်ပြီးသားလူများဖြစ်ကြသည့်အတွက် သူတို့၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုက ရပ်တန့်သွားပြီဖြစ်လေသည်။ သို့သော် ထိုရေတွင်းမှရေကတော့ ခန္ဓာကိုယ်ဖွဲ့စည်းမှုကို ပြန်လည်ပုံသွင်းပြုပြင်နိုင်ပြီး အနည်းဆုံးတော့ ကျင့်စဉ်လမ်းအတွက် အထောက်အကူပြုစေနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်က ချန်ချင်ကို ကြည့်လိုက်ပြီး…

“အမေ…. ကျယ်ယန်းတောင်က ရှီးလျန်မြို့တော်ရဲ့ ပိုင်နက်ထဲမှာရှိတာလား”

“ရှီးလျန်မြို့တော်ရဲ့ မိုင်တစ်ရာပတ်လည်ကို ရှီးလျန်ရဲ့ပိုင်နက်လို့ သတ်မှတ်လို့ရတယ် ၊ ဒါဆို ကျယ်ယန်းတောင်ကလည်း ရှီးလျန်ပိုင်နက်ထဲမှာလို့ ပြောလို့ရတယ်”

“အရမ်းကောင်းတယ် ၊ အနာဂတ်မှာ ဒီနေရာကို သူများလာ

တောင်းရင် ပေးစရာမလိုဘူး ၊ ဒီနေရာက ကျွန်တော်တို့ရဲ့

ဘိုးဘွားပိုင်မြေပဲ”

ဆန်းလျန်ပြောလိုက်သည့်စကားလုံးများက များစွာ အဓိပ္ပါယ်

ပြည့်ဝလေသည်။

ဆန်းလျန်ပြောနေသည့်စကားများကို ဟန်ယင်းကနားမလည်

သည့်တိုင် ချန်ချင်ကတော့ နားလည်လေသည်။ ဆန်းလျန်က

ယခုသူရောက်ရှိနေသည့် အိမ်တော်မှာ ရှီးလျန်မြို့တော်၏

အခွင့်မရဘဲ ဆောက်လုပ်ထားသည့် အိမ်တော်ဖြစ်

သည့်အတွက် မင်းအမိန့်ဖြင့် သိမ်းပိုက်လိုက်ပြီဖြစ်လေသည်။

မည်သူပြန်လာတောင်းတောင်း သူက ပြန်ပေးတော့မည်

မဟုတ်ပေ။

ထိုသို့ အာဏာသုံးပြီး အပိုင်သိမ်းသည်မှာ သင့်တော်သည့်

အလုပ်မဟုတ်ဟု ချန်ချင်က တွေးနေမိလေသည်။ သူတို့က ရှီး

လျှန်မှ ခဏတဖြုတ်လာရောက်နေထိုင်ကြသည့်သူများသာဖြစ်ပြီး သူတစ်ပါး၏နေရာကို အပိုင်သိမ်းရန်မှာတော့ မသင့်တော်လှပေ။

သို့သော် ဆန်းလျှန်ကိုကြည့်ရသည်မှာ အခြားအကြံအစည်တစ်ခုခု ရှိနေပုံရလေသည်။ မည်သို့ပင်ဖြစ်စေ ကျယ်ယန်းတောင်သည် ရှီးလျှန်မြို့တော်ပိုင်နက်ဒေသဖြစ်သည့်အတွက် ဆန်းလျှန်အနေဖြင့် အတင်းအကြပ်သိမ်းပိုက်လိုသည်ဆိုလျှင် မည်သူက တားဆီးရဲပါမည်နည်း။

ယင်အအေးစွမ်းအားစမ်းရေတွင်းမှ ရေကိုအသုံးပြုကာ ဆန်းလျှန်သည် ဟန်ယင်းနှင့် ချန်ချင်တို့ကို ကျင့်စဉ်များ စတင်သင်ကြားပေးလေသည်။ လွန်ခဲ့သည့်ရက်များက ဟန်ယင်းနှင့် ချန်ချင်ကို သင်ကြားပေးရန်အတွက် ဆန်းလျှန်က စန်းကျူကျင့်စဉ်ကို အဆင့်မြှင့်ကာ ပြန်လည်ရေးသားခဲ့လေသည်။

စန်းကျူကျမ်းစာမှာ ချင်းရှမ်နတ်တံခါးမှ အကောင်းဆုံး အခြေခံကျင့်စဉ်မဟုတ်သည့်တိုင် ပြင်ပမှ မိုးမြေစွမ်းအားများကို ခန္ဓာကိုယ်အတွင်းသို့ စီးဝင်စေပြီး အတွင်းအားဖြစ် ပြောင်းလဲပစ်နိုင်လေသည်။ ထိုကျင့်စဉ်ကို စတင်ကျင့်ကြံခြင်းဖြင့် ခန္ဓာကိုယ်၏အခြေအနေတိုးတက်စေပြီး ကျင့်စဉ်လမ်းအတွက် အခြေခံရနိုင်လေသည်။

အခန်း (၄၆၂) သုတ်သင်ပစ်မယ်

ဆန်းလျန်က ချန်ချင်နှင့် ဟန်ယင်းတို့ကို စန်းကျူကျင့်စဉ်ကို သင်ကြားပေးပြီးသည့်အခါတွင်တော့ ချန်ချင်က ရှီးလျန်

မြို့တော်သို့ ခဏပြန်သွားချင်ခဲ့လေသည်။ သို့သော် ဆန်းလျန်ကတော့ သူမကို တားဆီးခဲ့သည်။

သူတို့သည် ဝိညာဉ်စွမ်းအားသစ်သီးများကို စားသောက်ခဲ့ကြပြီး ယင်အအေးစွမ်းအားစမ်းရေကို သောက်ခဲ့ကြသည့်အတွက် တစ်ညအတွင်းမှာပင် အတွင်းအားများ များစွာ မြင့်မားလာကြလေသည်။

ဟန်ယင်းကတော့ အတွင်းအား၏အရေးပါပုံကို ကောင်းစွာနားလည်လေသည်။ သူမက သူမ၏ ခန္ဓာကိုယ်ထဲမှ အတွင်းအားများကို လှည့်ပတ်ကြည့်လိုက်သည်နှင့် သူမ၏အတွင်းအားများ အဆမတန်မြင့်မားနေပြီဖြစ်ကြောင်း သိရှိလိုက်လေသည်။

ဆန်းလျန်သင်ကြားပေးသည့်ကျင့်စဉ်သည် ရိုးရှင်းပြီး လူသိများသည့် ကျင့်စဉ်တစ်ခုမဟုတ်ပေ။ သို့သော်... အလွန်စွမ်းအားထက်မြက်ပြီး ရှီးလျန်မြို့တော်မှအမျိုးသမီးစစ်သည်

တော်များကို သင်ကြားပေးမည်ဆိုလျှင် အလွန်မှ စွမ်းအား

ကောင်းသည့် စစ်တပ်တစ်တပ်ကို တည်ဆောက်နိုင်မည်ဟု

သူမတွေးနေခဲ့မိလေသည်။

ဟန်ယင်းကထိုသို့တွေးနေသော်လည်း ချန်ချင်ကတော့ ထိုသို့မ

တွေးပါ။ သူမသည် တိုက်ခိုက်ရသည်ကို သဘောကျသူတစ်

ယောက် မဟုတ်ပေ။

ချန်ချင်က ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး…

"သားဆိုလိုတာက အမေတို့ ကျယ်ယန်းတောင်မှာရှိနေတယ်ဆို

တာကို သတင်းဖြန့်လိုက်ရမယ်ပေါ့"

"အမှန်ပဲ ၊ ကောင်းအိမ်တော်က ပုန်ကန်တာ သိပ်မကြာသေးဘူး

၊ လောလောဆယ်မှာ ရှီးလျန်မြို့ကို အခြေတကျ ဖြစ်အောင်

အုပ်ချုပ်နိုင်မှာ မဟုတ်သေးဘူး ၊ ကောင်းအိမ်တော်ကို

သဘောမကျတဲ့သူတွေလည်း ရှိနေမှာပဲ ၊ ဒါကြောင့် လောက

နိယာမတရားအတိုင်းဆိုရင် ရှီးလျန်မှာ အမေ့ကို သစ္စာစောင့်သိ

နေတဲ့လူတွေလည်း ရှိနေဦးမှာပဲ”

“လောကနိယာမတရားအတိုင်း ဟုတ်လား”

ချန်ချင်က မေးလိုက်သည်။

“လောကနိယာမတရားဆိုတာ ဟိုးအရင်ကတည်းကရှိခဲ့တာ ၊

မိုးနဲ့မြေဟာလည်း လောကနိယာမတရားအတိုင်း တည်ရှိနေကြ

တာ ၊ ရေတွေ မြင့်ရာက နိမ့်ရာကိုစီးဆင်းတယ် ၊ သစ်ပင်

ကသစ်သီးတွေကြွေကျသွားရင် သစ်ပင်ပဲ ပြန်ဖြစ်တယ် ၊ ဒါ

တွေက လောကနိယာမတရားတွေပဲ ၊ ရှီးလျန်လူတွေကလည်း

အမေတို့ချန်အိမ်တော်ကို သခင်အဖြစ်နှစ်ပေါင်းများစွာ လက်ခံ

အားကိုးခဲ့ကြတာ ၊ အချိန်တိုလေးအတွင်းမှာ ကောင်းအိမ်တော်

က အာဏာသိမ်းလိုက်တာကို လက်ခံနိုင်မယ်လို့ အမေထင်နေ

သလား ၊ သူတို့က ကျိန်းသေ မကျေမနပ်ဖြစ်နေမှာပဲလေ ၊

ဒါက ဘယ်နေရာမှာမဆို ဖြစ်တတ်တဲ့ သဘောတရားပါပဲ”

ချန်ချင်က ဆန်းလျန် အဆက်မပြတ်ပြောဆိုနေသည့် စကား များကို နားထောင်ပြီး ကောင်းကျိုးနှင့် ဆိုးကျိုးများကို ဆက်စပ်စဉ်းစားနေလေသည်။ ထို့နောက်တွင်တော့ သူမစိတ် ထဲတွင် ရှင်းလင်းသည့် အဖြေတစ်ခုကို ရသွားလေသည်။

"ကောင်းအိမ်တော်ကို အနိုင်ယူဖို့ဆိုတာတော့ မလွယ်လှဘူး ၊ မြို့တော်ကိုပြန်သိမ်းယူဖို့ဆိုတာ ပိုလို့တောင်ခက်ခဲသေးတယ် ၊ အခက်ခဲဆုံးကတော့ ရှီးလျန်မြို့တော်ကို ပြန်သိမ်းယူပြီးရင် အ မေက မြို့တော်ကို ဘယ်လိုပြန်လည်တည်ဆောက်မှာလဲဆိုတဲ့ အချက်ပဲ ၊ အဲဒါကတော့ အမေ့ရဲ့အရည်အချင်းအပေါ်မှာပဲ မူတည်တယ်"

ဆန်းလျန်က ဆက်ပြောလိုက်လေသည်။

"သားပြောတာတွေကို အမေနားလည်ပါပြီ ၊ ကုန်သည်တစ် ယောက်က အမေ့ကို ပြောပြဖူးတယ် ၊ 'ဧကရာဇ်တစ်ပါးက ဖြောင့်မတ်မှန်ကန်ရင် လူတွေက အလိုလိုသစ္စာစောင့်သိကြ

လိမ့်မယ်၊ ဖြောင့်မတ်မှန်ကန်မှုမရှိရင်တော့ လူတွေက အလိုလို

ထွက်ခွာသွားကြလိမ့်မယ်’ တဲ့”

သူမစကားကြောင့် ဆန်းလျန်ပြုံးလိုက်မိသည်။ ထိုစကားကို

ပြောခဲ့သည့်ကုန်သည်မှာ ထူးခြားသူတစ်ယောက် ဖြစ်ရပေ

မည်။

“ဒါပေမယ့် ငါတို့က မြို့ကိုဘယ်လိုလုပ်ဝိုင်းထားနိုင်တဲ့

အင်အားရှိမှာလဲ၊ ငါတို့ မြို့တော်ကို ပြန်မသိမ်းနိုင်မှာ ကြောက်

နေတယ်”

ဟန်ယင်းက ဝင်ပြောလိုက်သည်။

“အကုန်သုတ်သင်ပစ်မယ်...”

ဆန်းလျန်က စကားတစ်လုံးကိုသာ ပြောလိုက်လေသည်။

နောက်ရက်များတွင်တော့ ချန်ချင်သည် ကျယ်ယန်းတောင်ပေါ်

တွင် အသက်ရှင်လျှက် ရှိနေသေးသည်ဆိုသည့် သတင်းသည်

ရှီးလျန်မြို့ထဲတွင် ပျံ့နှံ့သွားပြီး ရှီးလျန်မှ လူများစွာသည် ချန်

ချင်ရှိရာသို့ လာရောက် ခိုလှုံကြလေသည်။ သူတို့က ချန်အိမ်တော်ကို သစ္စာရှိနေကြဆဲဖြစ်ပြီး ကောင်းအိမ်တော်၏ မတရားအာဏာသိမ်းမှုကို မနှစ်သက်သည့်သူများ ဖြစ်ကြလေသည်။ ချန်ချင်သာဦးဆောင်မည်ဆိုလျှင် သူတို့သည် ချန်ချင်၏အမိန့်ကိုနာခံရန် အသင့်ရှိနေလေသည်။

ရှီးလျန်မြို့မှ လူများရောက်လာကြသလို ကောင်းအိမ်တော်မှ ကင်းထောက်များကလည်း ချန်ချင်၏အကြောင်းကို လာရောက်စုံစမ်းကြလေသည်။

ချန်ချင်နှင့်ဟန်ယင်းမှာ စွမ်းအားများဖြင့်ပြည့်ဝနေကြပြီး ဒုက္ခရောက်နေကြသည့်ပုံလည်း မပေါ်ကြပေ။ သူတို့က လာရောက်ခိုလှုံကြသည့် လူအများကိုပင် စိတ်တည်တည်ငြိမ်ငြိမ်ထားကြရန် တိုက်တွန်းနေကြသေးသည်။ ထို့ကြောင့် လူများသည် အံ့သြနေကြရတော့သည်။

ဟန်ယင်းသည် ချန်ချင်၏အမိန့်ဖြင့် စစ်တပ်တစ်ခုကို စတင်ဖွဲ့စည်းလေသည်။ စစ်တပ်ထဲတွင် သာမန်မိန်းကလေးသုံးရာခန့်နှင့် ယခင် ရှီးလျန်မြို့တော်သခင်မကို သစ္စာစောင့်သိကြသည့် အမျိုးသမီးစစ်သည်တော် ဆယ်ဦးပါဝင်လေသည်။

သခင်မလေးချန်ချင်ထံသို့ လာရောက်ခိုလှုံကြသည့်သူများ များပြားလာသည်နှင့်အမျှ ထိုသူများအတွက် ရိက္ခာလည်းလိုအပ်လာလေသည်။ ကျယ်ယန်းတောင်မှာ သူတို့လုံခြုံစွာနေထိုင်နိုင်သည့်နေရာတစ်ခုဖြစ်သည့်တိုင် ရိက္ခာရှာဖွေရသည်မှာတော့ ခက်ခဲလေသည်။

ချင်ချင်ထံသို့ လာရောက်ခိုလှုံသည့်လူများသည် ကိုယ့်ရိက္ခာကိုကိုယ်ရှာဖွေစားသောက်ပြီး ကျယ်ယန်းတောင်ပေါ်တွင် စခန်းချလျှက် နေထိုင်ကြလေသည်။

သူတို့က ချန်ချင်၏လှုပ်ရှားမှုများကို စောင့်ကြည့်နေကြသည်။

ချန်ချင်ကတော့ လှုပ်ရှားမှုများကို ခပ်သွက်သွက်ပင် ပြုလုပ်လိုက်လေသည်။

နေထွက်လာသည့် နံနက်ခင်းတစ်ခုတွင်တော့...

ချန်ချင်က မြို့တော်ကို စစ်ချီတော့မည်ဟု ကြေငြာလိုက်လေသည်။

ထိုကြေငြာချက်ကြောင့် ချန်ချင်ထံတွင် ခိုလှုံနေကြသည့်လူအုပ်မှာ အုံးအုံးကြွက်ကြွက် ဖြစ်သွားလေသည်။ ထိုညတွင်ပင် အချို့သူများသည် ချန်ချင်ကို သဘောမကျဖြစ်ကာ မြို့တော်သို့ ပြန်သွားကြလေသည်။ သို့သော် ချန်ချင်က သူတို့ကို တားဆီးခြင်း မပြုခဲ့ပါ။

ဆန်းလျန်သည် ကျားနက်ကြီးကိုစီးရင် တောင်စောင်းတစ်ခုထက်တွင် ရှိနေလေသည်။ သူသည် မြို့တော်ကိုပြန်ရန် ပြင်ဆင်နေကြသည့် လူအုပ်ကြီးကို ကြည့်နေလေသည်။

အကြောက်တရားသည် လူသားများကို သစ္စာပျက်စေလေ

သည်။

သို့သော် အခြေအနေ ဆိုးသည်ဟုတော့ မဆိုသာပေ။ချန်ချင်

နှင့်အတူ ကျန်ရစ်ခဲ့ကြသည့် ချန်အိမ်တော်ကို သစ္စာစောင့်သိသူ

များစွာလည်း ရှိနေသေးသည်။

လူအများစုက ချန်ချင်ကို မြို့တော်ကို စစ်ချီခြင်းမပြုရန်

တားမြစ်ခဲ့ကြလေသည်။ သို့သော် ချန်ချင်ကတော့

သူမ၏ဆုံးဖြတ်ချက်ကို မပြောင်းလဲခဲ့ပေ။

ဆန်းလျန်က ကျားနက်ကြီးကိုစီးကာ ရှီးလျန်သို့ အရင်သွားနှင့်

လိုက်လေသည်။

ညနေပိုင်းလောက်တွင်တော့ မြို့ကိုစစ်ချီမည့်သတင်းသည် ရှီး

လျန်မြို့ထဲတွင် ပျံ့နှံ့နေခဲ့လေပြီ။

ကောင်းကျယ်က ချန်ချင်၏ညီမဖြစ်သူ ချန်ယွင်ကိုရှာဖွေရန်

အတွက် သူ၏လူများကိုစေလွှတ်ထားလေသည်။ ထို့ကြောင့်

ချန်ချင်ကို သေသေချာချာ အာရုံမစိုက်နိုင်ပေ။ သို့သော် ချိန်ချင်က မြို့တော်ကိုစစ်ချီမည်ဆိုသည့် သတင်းကို ကြားရသည့်အခါတွင်တော့ ကောင်းကျယ်မှာ အလွန်အမင်း အံ့သြသွားရလေသည်။

ချန်ချင်က ယခုကဲ့သို့ အလျှင်စလိုပြုလုပ်ခြင်းမှာ ကျောက်တုန်းကို ကြက်ဥဖြင့်တိုက်ရန် ကြိုးစားနေသကဲ့သို့ပင် ဖြစ်သည်ဟု ကောင်းကျယ်က ထင်မိသည်။ ချန်ချင်အနေဖြင့် သူမကိုမည်သို့ယှဉ်နိုင်ပါမည်နည်း။

ချန်ချင်၏အင်အားမှာ ကောင်းကျယ်ပုန်ကန်မှုပြုလုပ်ခဲ့စဉ်ကအင်အားထက် များစွာ နည်းပါးလွန်းလေသည်။ သူမက ချန်ချင်ကို မမှုပါ။ အမြစ်ပြတ်ရှင်းပစ်ရန်ပင် စဉ်းစားထားမိသည်။ သူမက သူမ၏လက်အောက်ငယ်သားများကို တစ်ညလုံးမြို့ကို စောင့်ကြည့်ရန် အမိန့်ပေးထားလိုက်လေသည်။ စီစဉ်စရာရှိ

သည်များ စီစဉ်ပြီးသည့်နောက် နေမဝင်ခင်မှာပင် သူမသည် မှော်ဆရာရှိရာသို့ ထွက်ခွာလာခဲ့လေသည်။

ထိုမှော်ဆရာကို သူမက အလွန်မုန်းတီးနေသည့်တိုင် ထိုသူထံမှ အကူအညီကိုလည်း ယူရဦးမည် ဖြစ်လေသည်။

မှော်ဆရာက ယခင် ရှီးလျန်မြို့တော်သခင်မ၏ အိမ်တော်တွင် နေထိုင်လေသည်။

အိမ်တော်ထဲတွင် အလွန်ကြီးမားသည့် မီးဖိုကြီးတစ်လုံး တောက်လောင်နေပြီး မီးဖိုပေါ်တွင် ဒယ်စောက်အိုးကြီးတစ်လုံး တင်ထားလေသည်။ မှော်ဆရာက နို့စို့အရွယ် ကလေးငယ် လေးခြောက်ယောက်ကို အရှင်လတ်လတ် ဒယ်စောက်အိုးထဲသို့ ပစ်ချလိုက်လေသည်။ ကလေးငယ်များ၏ နာကျင်စွာ အော်ဟစ်ငိုကြွေးသံတစ်ချက် ထွက်ပေါ်လာပြီး ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။ ကလေးငယ်လေးများသည် ပွက်

ပွဲက်ဆူသည့်ရေနွေးထဲတွင် အသားပြုတ်ဖြစ်ကာ သေဆုံးသွား ကြပြီ ဖြစ်လေသည်။

ကောင်းကျယ်သည် မှော်ဆရာနေထိုင်သည့် အိမ်တော်အတွင်း သို့ ဝင်လာလေသည်။

သူမ၏နှာခေါင်းထဲသို့ လတ်ဆတ်သည့်အသားပြုတ်ရနံ့က တိုးဝင်လာလေသည်။ သူမသည် မြင်လိုက်ရသည့် မြင်ကွင်း ကြောင့် အသက်ရှူကြပ်သွားပြီး အော့အန်တော့မလိုပင် ဖြစ် သွားသည့်တိုင် ချက်ချင်းပြုံးရယ်လိုက်ကာ မှော်ဆရာကို နှုတ်ဆက်လိုက်လေသည်။ မှော်ဆရာက ကလေးငယ်အသား ကို တူဖြင့်အသာညှပ်ကာ စားသောက်နေလေသည်။

“ကျုပ်ရှာခိုင်းထားတဲ့လူကို တွေ့ပြီလား”

မှော်ဆရာက အသားတစ်ဖတ်ကိုဝါးနေရင်းမှ ပြောလိုက်သည်။

“ငါတို့ ရှာနေတုန်းပါပဲ ၊ ဒါပေမယ့် တခြားအကြောင်းကိစ္စရှိလို့ လာခဲ့တာပါ ၊ မင်းလည်း စိတ်ဝင်စားမယ်ထင်လို့”

ကောင်းကျယ်က မှော်ဆရာကို ယခင်တစ်ကြိမ်ကထက်

လေးလေးစားစားဆက်ဆံလိုက်လေသည်။

"ဘာကိစ္စလဲ"

မှော်ဆရာက အေးစက်သည့်လေသံဖြင့်မေးလိုက်သည်။

ကောင်းကျယ်က မှော်ဆရာကို ချန်ချင်၏ ပုန်ကန်မှုအကြောင်း

ပြောပြလိုက်လေသည်။ သူမက မှော်ဆရာသည် ချန်ချင်ကို

ကျိန်းသေဖမ်းဆီးလိမ့်မည်ဟု မျှော်လင့်ထားလေသည်။

မှော်ဆရာက တစ်ချက်စဉ်းစားလိုက်ပြီး....

"သူပုန်ကန်မယ့်ကိစ္စကို မင်းကဘယ်လိုလုပ်သိတာလဲ..."

"ငါ့လူတွေက သူတို့ကိုတွေ့ခဲ့တာ ၊ သူတို့နှစ်ယောက်လုံးက

အသစ်ပြန်မွေးဖွားလာကြသလို စွမ်းအားတွေလည်း ပြည့်နေကြ

တယ်တဲ့ ၊ အရင်တုန်းက ကျယ်ယန်းတောင်မှာ ထူးဆန်းတဲ့လူ

တစ်ယောက် နေသွားခဲ့ဖူးတယ် ၊ အဲဒီလူက လေနဲ့မိုးကိုတောင်

ဆင့်ခေါ်နိုင်စွမ်းရှိတယ်၊ သူတို့ ခုလို အားအင်တွေနဲ့ပြည့်နေတာ အဲဒီလူနဲ့ ဆိုင်မလားတော့ မသိနိုင်ဘူး”

“မင်းပြောချင်တာ သူတို့က အဲဒီထူးဆန်းတဲ့သူဆီက အကူအညီယူထားတယ်ပေါ့”

မော်ဆရာက ပြောလိုက်သည်။

“အဲဒီထူးဆန်းတဲ့လူက ထွက်ခွာသွားတာကြာပါပြီ၊ ဒါပေမယ့် အဲဒီလူထားခဲ့တဲ့ အဖိုးတန်ရတနာတွေ ဘာတွေ သူတို့ရထားသလားတော့ မပြောတတ်ပါဘူး”

သူမပြောလိုက်သည့်စကားက မော်ဆရာကို စည်းရုံးသိမ်းသွင်းရန် လုံလောက်လေသည်။ အဘယ်ကြောင့်ဆိုသော် မော်ဆရာသည် အဖိုးတန်ပစ္စည်းများနှင့်ပတ်သက်လျှင် ငမ်းငမ်းတက်လိုချင်မက်မောသူတစ်ယောက် ဖြစ်သောကြောင့်ပင်။

အခန်း (၄၆၃) ပြန်လည်သိမ်းပိုက်သည့်မနက်ခင်း

သခင်ငယ်လေးဆန်းလျန်သည် သူ့အပေါ်တွင်ထိုင်နေသည့်အတွက် ကျားနက်ကြီးမှာ အလွန်ပျော်ရွှင်နေလေသည်။ အသွင်သဏ္ဍာန်မမြင်ရသည့် စကြာဝဠာအသက်ဓာတ်စွမ်းအားများသည် ဆန်းလျန်ကို လှည့်ပတ်နေလေသည်။

ထို စကြာဝဠာအသက်ဓာတ်စွမ်းအားများက အတိတ်ဘဝမှ သူ၏မူဝိညာဉ်ခန္ဓာကို သူ၏လက်ရှိခန္ဓာဖြင့် ပေါင်းစပ်ပေးရန် ကူညီပေးလေသည်။ သူ၏လက်ရှိရုပ်ခန္ဓာအတွက်ကတော့ အားနည်းချက်များကို တဖြည်းဖြည်း ပြုပြင်ယူရဦးမည် ဖြစ်လေသည်။

ရုပ်ခန္ဓာကြီးထွားဖွံ့ဖြိုးလာရန်မှာ သဘာဝအတိုင်းသာဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်က အရမ်းကာရော ရုပ်ခန္ဓာဖွံ့ဖြိုးလာအောင် လုပ်ယူခြင်း မရှိပေ။

ဆန်းလျန်သည် ရှီးလျန်မြို့တံခါးသို့ ရောက်ရှိလာလေသည်။ သူက မြို့တံခါးကြီးကို မော့ကြည့်လိုက်သည်။ သူ၏နတ်ဘုရားစွမ်းအားများသည် မြို့တံခါးကိုဖောက်ကာ မြို့တော်အတွင်းမှ အရာအားလုံးကို မြင်တွေ့နေရလေသည်။ ရှီးလျန်မြို့တော်အတွင်းမှ ရှေးကျသည့်စွမ်းအားတစ်ခုကို ဆန်းလျန်ခံစားမိလေသည်။ ထို့နောက်သူက မြို့တံခါးတွင် ချထားသည့်အစောင့်စစ်သည်တော်များ ၊ ကင်းလှည့်နေကြသည့်စစ်သည်တော်များအားလုံးကို အသေးစိတ်ကြည့်ရှုလေ့လာနေလေသည်။

ထို့နောက်... ဆန်းလျန်အမိန့်ပေးလိုက်သည်နှင့် ကျားနက်ကြီးက မြို့တံခါးထက်သို့ ခုန်တက်လိုက်လေသည်။ မြို့တံခါးထက်

တွင် ကျားကုတ်ရာကြီးများကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်လေသည်။ ကံကောင်းစွာပင် သူတို့တက်လိုက်သည့်နေရာတွင် မည်သည့်အစောင့်စစ်သည်မှ ရှိမနေပေ။

အခွင့်အရေးဆိုသည်က လောကတွင် တစ်ခါသာရလေ့ရှိလေသည်။ လွဲချော်သွားပါက ပြန်မရတတ်တော့ပေ။

သို့သော်... ဆန်းလျန်၏ဘဝတွင် အခွင့်အရေးကို လွဲချော်ခဲ့သည်ဟူ၍ မရှိခဲ့ဖူးပေ။ သူက အခြားသူမဟုတ်။ ဆန်းလျန်ပဲလေ။

ဆန်းလျန်သည် အလွန်ခေတ်မီဆန်းပြားသည့် ကွန်ပျူတာတစ်လုံးကဲ့သို့ သက်ရှိသတ္တဝါများအားလုံး၏ ဖြစ်နိုင်ချေများကို တွက်ချက်ခန့်မှန်းနိုင်သူဖြစ်လေသည်။

ဆန်းလျန်သည် လောကနိယာမတရားကို အသုံးပြုကာ မြို့တံခါးထက်မှပင် သူရောက်ရှိနေသည့် နေရာ၏ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်များကို ခန့်မှန်းတွက်ဆကြည့်နေလေသည်။

သူက အခြေအနေတစ်ရပ်တွင် အသုံးချရန်အတွက် ထိုသို့ ခန့်မှန်းတွက်ချက်မှုများကို အသုံးချနေခြင်းဖြစ်သည်။ အချိန်နှင့်နေရာဆိုသည့် စစ်တုရင်ခုံထက်တွင် ကစားရသည့် စစ်တုရင်ကစားပွဲ တစ်ခုအလားပင် ဖြစ်လေသည်။

ဆန်းလျန်၏ စိတ်ဝိညာဉ်သည်နိုးကြားနေပြီး အေးဆေးတည်ငြိမ်နေလေသည်။

ကျားနက်ကြီးသည် ပေါ့ပါးသည့်ခြေလှမ်းများဖြင့် အစောင့်အကြပ်များကို လွတ်အောင်ရှောင်တိမ်းပြီး မြို့တော်သခင်မ၏အိမ်တော်သို့ ဆန်းလျန်ကို ခေါ်ဆောင်လာလေသည်။

ဆန်းလျန်သည် အဘယ့်ကြောင့် မြို့တော်သခင်မအိမ်သို့ ရောက်လာရပါသနည်း။ သူက ကောင်းကျယ်ရောက်ရှိနေသည့် တည်နေရာကို အာရုံခံပြီးလိုက်လာခြင်းဖြစ်လေသည်။ ကောင်းကျယ်နှင့်အတူရှိနေ သည့် အနက်ရောင်ဝတ်စုံနှင့်မျော်ဆရာ၏

အသက်ဓာတ်စွမ်းအားများကိုလည်း ဆန်းလျှန်က အာရုံခံစားမိ

နေလေ သည်။

နှစ်ယောက်လုံး တစ်နေရာတွင် အတူတူရှိနေတော့ ပို၍ပင်

ကောင်းသည်ဟု ဆန်းလျှန်တွေးလိုက်မိသည်။

အိမ်တော်ထဲတွင်တော့...

မော်ဆရာသည် ကောင်းကျယ်ပြောသည့်စကားများကို အလေး

အနက် စဉ်းစားနေလေသည်။ ကောင်းကျယ်က မော်

ဆရာ၏အမူအရာကိုကြည့်ရင်း သူမဘာက်မှ အားသာနိုင်သည်

တွေးနေမိလေသည်။

လူတစ်ယောက်သည် မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားပါစေ

အခြားသူတစ်ဦး၏ အသုံးချခြင်းကိုခံနေရသေးလျှင်တော့

အမှန်တကယ် တန်ခိုးစွမ်းအားမြင့်မားသည်ဟု မဆိုနိုင်သေး

ပေ။

မှော်ဆရာစဉ်းစားနေဆဲမှာပင် တင်းကြပ်စွာပိတ်ထားသည့် အိမ်တော်တံခါးသည် ဝုန်းခနဲ ပွင့်သွားလေသည်။

မှော်ဆရာက အစိမ်းရောင်မျက်ဝန်းတောက်တောက်များဖြင့် တံခါးဆီသို့ လှမ်းကြည့်လိုက်ပြီး ကောင်းကျယ်ကလည်း သူမ၏ဓားရှည်ကို ဆွဲထုတ်လိုက်လေသည်။ သူတို့မြင်တွေ့ လိုက်ရသည်က ကျားနက်ကြီးကိုစီးထားသည့် နို့စို့အရွယ် ကလေးငယ်လေးတစ်ယောက်သာပင်။

မှော်ဆရာသည် ကလေးငယ်လေးကို စိုက်ကြည့်နေလေသည်။ ကောင်းကျယ်က ကလေးငယ်ကို မြင်တွေ့လိုက်ရသည့်အခါ တွင်တော့ မီးဖိုပေါ်မှဒယ်စောက်အိုးထဲတွင် အပြုတ်ခံထားရ သည့် ကလေးငယ်များကို တွေးမိသွားကာ ထိတ်လန့်တုန်လှုပ် လာတော့သည်။

သူမခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာလေသည်။

“ကလေးသရဲ...”

ကျားနက်ကြီးက ရှေ့သို့ တစ်လှမ်းချင်းတိုးလာသည့်အခါ ကောင်းကျယ်၏နှလုံးသားမှာလည်း တဒိတ်ဒိတ်ခုန်နေတော့သည်။ သူမသည် ကြောက်လန့်လွန်းသည့်အတွက် မည်သည့်အသံမှပင်ထွက်မလာနိုင်တော့ပေ။ ကျားနက်ကြီးသည် ကောင်းကျယ်ကိုခုန်အုပ်လိုက်ပြီး သူမ၏လည်ပင်းကို ပေါက်ထွက်သွားအောင် ကုတ်ခြစ်ပစ်လိုက်လေတော့သည်။

ထို့နောက် ကျားနက်ကြီးက ခေါင်းကိုလှည့်ကာ မှော်ဆရာကို ကြည့်လိုက်ပြီး တိုးလျသည့် ဟိန်းသံတစ်ချက် ပြုလုပ်လိုက်လေသည်။

မှော်ဆရာက ဆန်းလျန်ကို စိုက်ကြည့်လိုက်ရင်း....

“မင်းကဘယ်သူများလဲ ၊ ကျုပ်လုပ်ခဲ့တဲ့အပြစ်တွေအတွက် ရောက်လာတာဆိုရင်တော့ ကျုပ်က ပြန်ပေးဆပ်ပါ့မယ်”

“မင်းရဲ့အပြစ်တွေက ပြန်ပေးဆပ်ရင်တောင် မကျေနိုင်ဘူး”

ကလေးငယ်တစ်ယောက်၏အသံသည် အိမ်တော်တစ်ခုလုံးသို့

ပျံ့နှံ့သွားလေသည်။

ကလေးငယ်အသံလေးသည် မှော်ဆရာ၏နားထဲတွင်

မြည်ဟည်းနေလေသည်။ အပြစ်ဆိုသည်က ပြန်ပေးဆပ်လျှင်

တောင် မကျေနိုင်ဘူးလားဟု မှော်ဆရာ တွေးနေဆဲမှာပင်....

မှော်ဆရာ၏ဦးခေါင်းသည် ပေါက်ထွက်သွားလေတော့သည်။

ဓားဝိညာဉ်တစ်ခုသည် မှော်ဆရာ၏ဝိညာဉ်အတွင်းသို့ ဝင်

ရောက်လာပြီး ဦးခေါင်းမှ ဖောက်ထွက်သွားခြင်းဖြစ်လေ

သည်။ သို့သော် သေဆုံးနေသည့်မှော်ဆရာသည် သူ့ကိုယ်သူ

မည်သို့သေဆုံးသွားရသည်ကိုပင် မသိလိုက်ပေ။

ဆန်းလျန်က မှော်ဆရာသည် မည်သူမည်ဝါဖြစ်သည်ကိုပင်

စိတ်မဝင်စားခဲ့ပါ။ ထိုကဲ့သို့သော ယုတ်မာလွန်းသည့် မှော်

ဆရာမျိုး၏ အမည်နှင့် ဇာစ်မြစ်မှာ သိရှိရန်ပင် မထိုက်တန်

ပေ။

ဦးနှောက်များပေါက်ထွက်သွားသည့်မှော်ဆရာကိုကြည့်ရင်း ကျားနက်ကြီးမှာ သူ၏သခင်ငယ်လေး၏ အစွမ်းကြီးမား ပုံကို အားကျနေမိလေသည်။ သူလည်းထိုသို့သော ပညာရပ်များ သင်နိုင်လျှင် ကောင်းမည်ဟု တွေးနေမိသည်။

ထိုအချိန်မှာပင် ဆန်းလျန်၏အသံထွက်ပေါ်လာလေသည်။

“မင်းသင်ချင်တယ်ဆိုရင် ကျုပ်က သင်ပေးလို့ရပါတယ် ၊ ဒါ ပေမယ့် မင်းကောင်းကောင်းမသင်ဘူးဆိုရင်တော့ မင်းရဲ့ ဦးနှောက်တွေ အရင်ပေါက်ထွက်ကုန်မှာနော်”

“မသင်တော့ဘူး ၊ မသင်တော့ဘူး”

ကျားနက်ကြီးက အမြီးကိုခါရင်း ချက်ချင်းပြန်ပြောလိုက်လေ သည်။

ကျားနက်ကြီးမှာ အလွန်မှ ရယ်စရာကောင်းသည်ဟု တွေးရင်း ဆန်းလျန်ပြုံးလိုက်မိလေသည်။

ဘယ်နှယ်.. ဒီလောက်ခွန်အားကြီးမားတဲ့ တောဘုရင်ကျားကြီး

တစ်ကောင်ဖြစ်နေပြီး ဒီလောက်တောင် တုံးရသလားဟု တွေး

နေမိလေသည်။ ခွေးနှင့်ကျားများ မှားနေလေသလား။

ဆန်းလျန်က ကျားနက်ကြီးကို စ နောက် နေပြီးမှ ကောင်း

ကျယ်၏သွေးများဖြင့် ကြမ်းပြင်ထက်တွင် ထူးဆန်းသည့်စား

လုံးများကို ကျားနက်ကြီးအား ရေးသားခိုင်းလိုက်လေသည်။

ဆန်းလျန်သည် သူ၏ဝိညာဉ်စွမ်းအားများကို ထိုစာလုံးများ

အတွင်းသို့ ထည့်သွင်းလိုက်လေသည်။ မျက်စိတစ်မှိတ်

အတွင်းမှာပင် မမြင်နိုင်သော စွမ်းအားတစ်ခု ထွက်ပေါ်လာပြီး

အခန်းတစ်ခုလုံး တုန်ခါလာလေသည်။

ထိုတုန်ခါမှုစွမ်းအားများမှာ မြို့တော်တစ်ခုလုံးသို့ ပျံ့နှံ့သွား

လေသည်။ ထိုတုန်ခါမှုအသံလှိုင်းများကို ကောင်းကျယ်နှင့်

သွေးတူသည့် ကောင်းအိမ်တော်မှလူများအားလုံး ကြားလိုက်ရ

ပြီးသူတို့၏မျက်ဝန်းများမှာ တဖြည်းဖြည်းမှေးမှိန်သွားကြလေ

သည်။

ထို့နောက် ဆန်းလျန်က ကလေးငယ်များကို ပြုတ်ထားသည့်

ဒယ်စောက်အိုးကြီးအတွင်းသို့ စိုက်ကြည့်ကာ ဂါထာတစ်ပုဒ်ကို

ရွတ်လိုက်လေသည်။ ထိုအခါ ဒယ်အိုးအပေါ်ဘက်တွင် ဝိညာဉ်

အခိုးအငွေ့များ စုဝေးလာကြလေသည်။ ထို့နောက် ဝိညာဉ်

အခိုးအငွေ့များသည် ဆန်းလျန်ရှိရာသို့ တစ်ချက်လှည့်ပတ်

လိုက်ကာ စကြာဝဠာအတွင်းသို့ ပျံ့ကျဲထွက်ခွာသွားကြလေ

တော့သည်။

ဆန်းလျန် သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။ သူက

ပြန်လည်မွေးဖွားခြင်းဂါထာကို ရွတ်ဖတ်ကာ ကလေးငယ်

များ၏ဝိညာဉ် ဘဝကူးပြောင်းနိုင်အောင် ကူညီပေးလိုက်ခြင်း

ဖြစ်လေသည်။

သို့သော် ကလေးငယ်များ၏ဝိညာဉ်များက သိပ်သည်းမှုမရှိဘဲ စကြာဝဠာအတွင်းသို့ ပျံ့ကျဲကုန်ကြလေသည်။ ကလေးငယ်များမှာ မိန်းကလေးများဖြစ်ပြီး ကျီမုမြစ်ရေကြောင့် မွေးဖွားလာသူများဖြစ်သည့်အတွက် လူပြန်ဝင်စားရန် မဖြစ်နိုင်ဘူးလား။ ထို့ကြောင့် စကြာဝဠာအတွင်းသို့ တစ်စစီ ပျံ့ကျဲသွားခြင်းများလား။

ဆန်းလျန်သည် သူတတ်နိုင်သမျှ ပြုလုပ်ပေးခဲ့ပြီးပြီဖြစ်သည့်အတွက် အခြားအကြောင်းအရာများကို မစဉ်းစားလိုတော့ပေ။

မြို့တော်ကိုသိမ်းပိုက်ရန်ကိစ္စများကိုတော့ သူ၏မိခင်က ဆက်လက်ပြုလုပ်လိမ့်မည် ဖြစ်လေသည်။

ညသည် တဖြည်းဖြည်းကုန်ဆုံးသွားပြီ ဖြစ်လေသည်။

နေမင်းထွက်ခွာလာသည့်အခါ လမင်းနှင့်ကြယ်စင်များက ဆုတ်ခွာပေးလိုက်ကြလေသည်။

ဆန်းလျှန်သည် ရှီးလျန်မြို့တော်ရှိ အမြင့်ဆုံးမျှော်စင်ကြီးထိပ်တွင် ကျားနက်ကြီးကိုစီးကာ နံနက်အရုဏ်တက်ရှုခင်းကို ငေးမောကြည့်နေလေသည်။

ထိုအချိန်မှာပင် သခင်မလေးချန်ချင်ဦးဆောင်သည့် စစ်တပ်သည် ရှီးလျန်မြို့သို့ ချီတက်လာလေသည်။

နှစ်ပေါင်းထောင်နှင့်ချီကာသက်တမ်းရှည်ခဲ့သည့် ရှေးဟောင်းမြို့တော်ကြီးကို သခင်မလေးချန်ချင်သည် ငေးကြည့်နေခဲ့လေသည်။

ဟန်ယင်းက ချန်ချင်၏ဘေးတွင် ချန်ချင်ကို ကာကွယ်ရင်းလိုက်ပါလာလေသည်။

သူမ၏အကြည့်များက အေးစက်နေပြီး သူမ၏ပုံစံကစွဲဆောင်မှု အပြည့်ရှိလေသည်။

မြို့တော်မှ စစ်သည်တော်များသည် ချန်ချင်ကို မတိုက်ခိုက်ရဲကြတော့ပါ။

ကောင်းအိမ်တော်တစ်ခုလုံးမှာ သေဆုံးသွားခဲ့ကြပြီဖြစ်လေ

သည်။ မည်သည့်ဒဏ်ရာဒဏ်ချက်မှ မရှိကြဘဲ အလိုလို

သေဆုံးသွားကြခြင်း ဖြစ်သည်။

ထိုသို့ဖြစ်ရသည်မှာ သစ္စာဖောက်သူတို့သွားရာလမ်းပင်

ဖြစ်သည်ဟု သူတို့ကို သတိပေးနေသကဲ့သို့ ရှိလေသည်။

မသိမှုသည် အကြောက်တရားကို ဖြစ်ပေါ်စေလေသည်။

ခေါင်းဆောင်မရှိတော့သည့် စစ်သည်တော်များသည်

ကြောက်ရွံ့တုန်လှုပ်နေကြလေသည်။

ချန်ချင်သည် တစ်ချက်ကလေးပင် မတိုက်ခိုက်လိုက်ရဘဲ ရှီး

လျန်မြို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့လေသည်။

ချန်ချင်သည် သူမကိုယ်သူမပင် မယုံကြည်နိုင် ဖြစ်နေရ

တော့သည်။

အခန်း (၄၆၄) ဖန်ဆင်းရှင်ဆိုသည်မှာ

ရက်အနည်းငယ်အတွင်းမှာပင် ရှီးလျန်မြို့တော်တံခါးထက်မှ

ကောင်းအိမ်တော်အလံများကို ဖြုတ်ချလိုက်ကြပြီး ချန်အိမ်

တော်အလံများကို ပြန်လည်လွှင့်ထူလိုက်ကြလေသည်။

ဆန်းလျန်သည် အဖြစ်အပျက်များအားလုံးကို အမြင့်ဆုံး

မျှော်စင်ကြီးထက်မှ ကြည့်ရှုနေလေသည်။

သူသည်မြို့အတွင်းရှိလူများ၏ဆုံးရှုံးမှုများ၊စိုးရိမ်ပူပန်မှုများ

နှင့်မျှော်လင့်ချက်များကိုခံစားခဲ့နေရသည်။ သူတို့သည်

အုပ်ချုပ်ခံလူတန်းစားများသာ ဖြစ်လေသည်။ ထို့ကြောင့်

မြို့တော်ကို အုပ်ချုပ်မည့်သူမရှိတော့မည်ကိုသာ သူတို့

ကြောက်ရွံ့ကြသည်။ အုပ်ချုပ်သူမရှိလျှင် သူတို့၏ဘဝ

များသည်လည်း ပျက်ပြားသွားမည် ဖြစ်လေသည်။

လူဆိုသည်က အသားကျနေသည့်ဘဝတွင်နေထိုင်ခဲ့ရပါက အပြောင်းအလဲများကို ကြောက်ရွံ့စမြဲပင် ဖြစ်လေသည်။ လူတိုင်း၏လိုအပ်ချက်များက မတူညီကြသည့်တိုင် တူညီသည့်လူသားများ၏ လိုအပ်ချက်များကတော့ ဦးတည်ချက်တစ်ခုသို့သာ သွားလေသည်။

နတ်ဘုရားများကို လူသားများအဘယ့်ကြောင့် ကိုးကွယ်ဆည်းကပ်ကြသည်ကို ဆန်းလျှန် နားလည်လေသည်။ အဘယ်ကြောင့်ဆိုသော ကိုးကွယ်ဆည်းကပ်ခြင်းမှ ဖြစ်ပေါ်လာသည့်ယုံကြည်မှုသည် အစွမ်းထက်သောကြောင့် ဖြစ်လေသည်။ သို့သော် ကိုးကွယ်ယုံကြည်မှုကြောင့် ဖြစ်ပေါ်လာသည့်အယူအဆွဲများကလည်း အဆုံးမရှိနိုင်ပေ။

နတ်ဘုရားများကလည်း တန်ခိုးစွမ်းအားမြင့်မားရန်အတွက် လူအများ၏ကိုးကွယ်ဆည်းကပ်မှုကို ခံယူရန် လိုအပ်လေသည်။ နတ်ဘုရားများက လူအများ၏ကိုးကွယ်ဆည်းကပ်မှု

ကိုလိုအပ်ကြသလို အုပ်ချုပ်သူကလည်း လူအ

များ၏ထောက်ခံမှုကိုလိုအပ်လေသည်။ ဤသည်မှာ အုပ်ချုပ်

မှု၏အခြေခံအချက်ပင် ဖြစ်လေသည်။

ပြည်သူများ၏ အသိအမှတ်ပြုမှုနှင့်ထောက်ခံမှုပျောက်ကွယ်

သွားပါက အာဏာသည် အလကားပင်ဖြစ်ပြီး မြေမှုန့်ကဲ့သို့

အသုံးမဝင်တော့ပေ။

သို့သော် ဆန်းလျန်ကတော့ ထိုသို့သောလူသားများထဲမှ

လူသားမဟုတ်ခဲ့ပါ။

နေသည် ကောင်းကင်ထက်တွင် တဖြည်းဖြည်းမြင့်တက်လာပြီ

ဖြစ်လေသည်။ နေမင်းသည် အလင်းရောင်နှင့် အပူရှိန်ကို

ထုတ်လွှတ်ပေးနေပြီ ဖြစ်လေသည်။

ဆန်းလျန်သည် နေမင်းကို စိတ်ဝင်တစားကြည့်နေလေသည်။

တစ်နေ့တွင်တော့ ထိုမီးဘောလုံးကဲ့သို့သော နေမင်းကြီးအထဲ
တွင် ကွယ်ဝှက်ထားသည့် တုန်လှုပ်ဖွယ်ရာအမှန်တရားကို သူ
သိမြင်လာမည်ဟု ခံစားနေရလေသည်။

ချန်ချင်သည် သူမ၏စစ်တပ်နှင့်အတူ မြို့တော်သခင်မအိမ်
တော်သို့ ရောက်ရှိလာလေသည်။

ကျားနက်ကြီးကိုစီးကာ အိမ်တော်အတွင်းတွင် သူမကိုစောင့်နေ
သည့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။

"မြို့တော်ကို သိမ်းပိုက်ရတာ သိပ်တော့ မခက်ခဲဘူးပဲ"

ချန်ချင်က ဆန်းလျန်ကို စိတ်ရှုတ်ထွေးသည့်အကြည့်ဖြင့်ကြည့်
ရင်း ပြောလိုက်လေသည်။

ဆန်းလျန်သည် သူမကိုယ်တိုင်မွေးထုတ်ခဲ့သည့် သားငယ်ဖြစ်
လေသည်။ သို့သော် သူမသည် ဆန်းလျန်အပေါ် ရင်းနှီးသလို
ခံစားရသည်တိုင် ထူးဆန်းမှုကိုလည်း ခံစားရလေသည်။

မည်သို့ပင်ဖြစ်စေ ဆန်းလျန်သည် သူမ ကိုးလလွယ် ဆယ်လ ဖွားခဲ့ရသည့် သားအရင်းခေါက်ခေါက် ဖြစ်သည့်အတွက် ဆန်းလျန်တွင် အန္တရယ်ရှိပါက သူမပိုင်ဆိုင်သမျှအရာအားလုံးကိုပင် ဆန်းလျန်အတွက် စွန့်လွှတ်နိုင်လေသည်။ သို့ရာတွင် သူနှင့် ဆန်းလျန်ကြားမှ သားအမိဆက်ဆံရေးမှာ အနည်းငယ် သူစိမ်းဆန်နေဆဲ ဖြစ်လေသည်။

ဆန်းလျန်ကိုယ်တိုင်လည်း သူတို့သားအမိ၏ အနည်းငယ် သူစိမ်းဆန်သည့်ဆက်ဆံရေးကို နားလည်ထားပါသည်။ သူတို့နှစ်ယောက်သည် လောကတစ်ခုလုံးတွင်ရှိသည့် အခြားသော သားအမိများ၏ ဆက်ဆံရေးနှင့် တူညီခြင်း မရှိပေ။ သို့သော် သူတို့နှစ်ယောက်၏ ဆက်ဆံရေးကိုလည်း ပြောင်းလဲပစ်နိုင်ခြင်းလည်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် ဆန်းလျန်သာဖြစ်သောကြောင့် ဖြစ်လေသည်။ သူက

လွတ်လပ်ပြီး အသိဉာဏ်ကြွယ်ဝ သည့်နတ်ဘုရားတစ်ပါးဖြစ်လေသည်။

သူသည် မိခင်ဖြစ်သူ၏ဝမ်းဗိုက်အတွင်း သန္ဓေယူခဲ့သည့်အတွက် ကျေးဇူးပြန်ဆပ်နိုင်သည့်တိုင် သူတို့နှစ်ယောက်၏ဆက်ဆံရေးကိုတော့ ပြောင်းလဲ မပစ်နိုင်ခဲ့ပါ။ ထို့ပြင် ဆန်းလျန်သည် မည်သည့်အခါမှ သာမန်လူသားတစ်ယောက် မဟုတ်ခဲ့ပေ။

ထို့ကြောင့် ဆန်းလျန်ကလည်း သူနှင့် မိခင်ဖြစ်သူ၏ကြားမှ ဆက်ဆံရေးကို အတင်းလုပ်ယူခဲ့ခြင်း မရှိပါ။ သူက ရှီးလျန်မြို့တော်ကို သူလေ့လာသိရှိသမျှ ချန်ချင်ကို ပြောပြခဲ့လေသည်။ ထိုအခါမှသာ ချန်ချင်အနေဖြင့် မြို့တော်ကို ပိုပြီးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်လေသည်။

အခြေအနေများက အလွန်ရှုတ်ထွေးခဲ့လေသည်။ သို့သော်ဆန်းလျန်က ဖြည်းဖြည်းချင်း မိခင်ဖြစ်သူကို ကူညီပေးသွားခဲ့

သည်။ ဆန်းလျန်၏ကူညီမှုကြောင့်ပင် ချန်ချင်သည် ကိစ္စရပ်အတော်များများကို လွယ်လွယ်ကူကူဖြင့် နားလည်ခဲ့ရလေသည်။

ထို့နောက် ချန်ချင်သည် မြို့တော်အတွင်းတွင် အမိန့်များကို စနစ်တကျ ထုတ်ပြန်ခဲ့ပြီး မြို့သူမြို့သားများအားလုံးကို မြို့တော်၏ လက်ရှိအခြေအနေကို ရှင်းပြပေးလေသည်။ ချန်ချင်ထုတ်ပြန်သည့် အမိန့်များမှာ များပြားသည့်တိုင် နားလည်ရလွယ်ကူလေသည်။

ရက်အနည်းငယ်အတွင်းမှာပင် မြို့တော်တွင်နေထိုင်ကြသူများသည် ချန်ချင်ကို လေးစားလာကြပြီး မြို့တော်သခင်မအဖြစ် အသိအမှတ်ပြုလာကြတော့သည်။ သို့သော် ချန်ချင်၏နောက်ကွယ်မှ အကြံဉာဏ်များပေးနေသူမှာ ဆန်းလျန်ဖြစ်ကြောင်းကိုတော့ မည်သူမှ မသိရှိကြပေ။

ဆန်းလျန်၏ ညွှန်ကြားချက်အတိုင်း ချန်ချင်သည် သစ္စာရှိ ငယ်သား အယောက်နှစ်ဆယ်ကို ရွေးခြယ်ကာ ကျင့်စဉ်များ သင်ကြားပေးခဲ့လေသည်။ ထိုလူအယောက်နှစ်ဆယ်သည် ရှီး လျန်မြို့၏ အမာခံများ ဖြစ်လာမည် ဖြစ်လေသည်။

ချန်ချင်ကို ကူညီသင့်သလောက် ကူညီပြီးသည့်နောက် ဆန်း လျန်က ကျယ်ယန်းတောင်သို့ ပြန်လည်ထွက်ခွာသွားခဲ့လေ သည်။ ရှီးလျန်မြို့တွင် ဆန်းလျန်အကြောင်း သိသူဆို၍ လူအ နည်းငယ်မျှသာ ရှိလေသည်။

သို့သော် ဆန်းလျန် ကျယ်ယန်းတောင်တွင် နေထိုင်စဉ်ကာလ တွင် ချန်ချင်သည် ဆန်းလျန်ကို ဆက်သွယ်ရန်အတွက် နေ့စဉ် လူများလွှတ်လေ့ရှိပြီး ဆန်းလျန်လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးလေ့ရှိလေသည်။ ထို့ပြင် ယင်အအေးစွမ်းအား စမ်းရေတွင်းကိုလည်း ရှီးလျန်မြို့တော်အပိုင်အဖြစ် သိမ်းယူ လိုက်လေသည်။

ရှီးလျန်မြို့တော်မှ မထွက်ခွာမီ ဆန်းလျန်သည် ကျီမုမြစ်ကို လည်း သွားကြည့်ခဲ့လေသည်။ ထိုမြစ်သည် ရှီးလျန်မြို့တော် ကို ဖြတ်သန်းပြီးစီးဆင်းနေသည့် မြစ်တစ်စင်းဖြစ်လေသည်။ သာမာန်မြစ်တစ်စင်းမျှသာဖြစ်ပြီး ထိုမြစ်ရေသို့သောက်သည့် မိန်းမပျိုများသည် အဘယ့်ကြောင့် ကိုယ်ဝန်ဆောင်နိုင်ရပါ သနည်း။

ကျီမုမြစ်ရေ၏ဖွဲ့စည်းပုံမှာယန်စွမ်းအားအတွင်းတွင် ယင် စွမ်းအားတည်ရှိနေသည့် ဖွဲ့စည်းပုံမျိုးဖြစ်လေသည်။ ထို့ကြောင့်ပင် ထိုမြစ်ရေကိုသောက်ပြီး ကိုယ်ဝန်ဆောင်ကြသူ တိုင်းသည် သမီးမိန်းကလေးများသာ မွေးဖွားကြခြင်း ဖြစ်လေ သည်။

ဆန်းလျန်သည်ပင်လျှင် နတ်ဘုရားစွမ်းအားများကို အသုံးပြု ကာ ယောကျာ်းလေးဖြစ်လာအောင် မနည်း ပြုပြင်ခဲ့ရလေ သည်။ သို့သော် သူ၏ သွေးသားက သန့်စင်ပြီး ခန္ဓာကိုယ်

ဖွဲ့စည်းပုံကလည်း ပုံမှန်ပင် ဖြစ်လေသည်။ သူ၏ခန္ဓာကိုယ် အနေအထားမှာ အတင်းအကြပ်ပုံစံဆွဲကာ ပြုပြင်ထားခဲ့သည့် ပြည့်စုံသည့် ပုံသဏ္ဌာန်တစ်ခုနှင့် ပိုပြီး ဆင်တူလေသည်။ လူသားကို ဖန်ဆင်းကြသည့် ဒဏ္ဍာရီများနှင့်ပတ်သက်ပြီး ဆန်းလျန် စဉ်းစားနေမိလေသည်။

လူသားဆိုသည်မှာ ပန်းချီဆရာက ပန်းချီကားချပ်တစ်ခုရေးဆွဲသလို ဖန်တီးမှုတစ်ခုပင် ဖြစ်သည်ဆိုလျှင် သူ့အနေနှင့်တော့ လူသားကို ဖန်တီးနိုင်သည့်အထိ စွမ်းအားမရှိပါ။ လူသားဆိုသည့်အရာသည် ဖန်ဆင်းရန် မည်သို့မျှ မဖြစ်နိုင်သည့်အရာပင် ဖြစ်လေသည်။

ဆန်းလျန်သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ထပ်ပြီးတက်လှမ်းစရာ လမ်းမရှိတော့ပါ။ နောက်တစ်ဆင့် တက်လှမ်းချင်သည်ဆိုလျှင် "ထိုက်ယီထျန်းရှန်းနတ်ဘုရား" အဖြစ်သာ တက်လှမ်းနိုင်

မည် ဖြစ်လေသည်။ သို့သော် ထိုက်ယီထျန်းရှန်းအဆင့်ဆိုသည်မှာ မည်သည့်အဆင့်ဖြစ်သည်ကို ဆန်းလျန်ကိုယ်တိုင်လည်း ရှင်းရှင်းလင်းလင်း မသိသေးပေ။

သူ့အတွေးများက မရေမရာဖြစ်နေဆဲ ဖြစ်လေသည်။

ထိုအဆင့်သို့ရောက်လျှင် သူ၏သန့်စင်သည့် သွေးနှင့်ခန္ဓာကိုယ်ကိုအသုံးပြု၍ အခြားသောမျိုးစိတ်များဖြစ်သည့် နဂါး ၊ ဇာမဏီငှက် စသည်ဖြင့် ဖန်ဆင်းနိုင်ပါမည်လား။

ထိုအဆင့်ကို ဆန်းလျန်သည် "ပြောင်းလဲခြင်း" ဟု အမည်ပေးလိုက်လေသည်။ "ပြောင်းလဲခြင်း" သည် သက်ရှိသတ္တဝါများကို ဖန်ဆင်းနိုင်မည်ဆိုလျှက် လူသားကိုလည်း ဖန်ဆင်းနိုင်မည်ဖြစ်လေသည်။ လူသားများသည် စကြာဝဠာ၏ ဝိညာဉ်များဖြစ်ကြလေသည်။ ထို့ကြောင့် ဖန်ဆင်းခြင်းတွင် လူသားကိုဖန်ဆင်းခြင်းသည် အခက်ခဲဆုံး ဖြစ်ပေလိမ့်မည်။

ထိုအကြောင်းများကို သူမစဉ်းစားလိုတော့ပါ။ အဘယ်ကြောင့်
ဆိုသော်ထိုအကြောင်းများသည် သူကျင့်ကြံခဲ့သည့် ကျင့်စဉ်
များနှင့် ကွဲပြားနေသောကြောင့် ဖြစ်လေသည်။
ယခုတော့ ဆန်းလျန် ရှီးလျန်မြို့တော်မှ ထွက်ခွာလာခဲ့ပြီး
ကျယ်ယန်းတောင်ပေါ်တွင်ရောက်နေသည်မှာ ဆယ်ရက်ခန့်ရှိခဲ့
လေပြီ။ သူ၏ခန္ဓာကိုယ်မှာလည်း ပိုမိုပြီး ကြံ့ခိုင်လာခဲ့ပြီ။
သူက မြေပြင်ပေါ်တွင် လမ်းလျှောက်နေနိုင်ပြီ ဖြစ်လေသည်။
သို့သော် ကလေးတစ်ယောက်မျှသာ ဖြစ်သည့်အတွက် သိပ်
တော့ မြန်မြန် လမ်းမလျှောက်နိုင်သေးပေ။
ဆန်းလျန်သည် အိမ်လေးတစ်အိမ်ဘေးသို့ ရောက်ရှိလာလေ
သည်။ အိမ်တံခါးများက ဖွင့်ထားပြီး အိမ်အတွင်းမှ
အလင်းရောင်ကို အပြင်မှပင် မြင်နိုင်လေသည်။
အိမ်ထဲတွင် နံ့ရုံကိုမှီကာ ထိုင်နေသည့် အသက်လေးဆယ်
အရွယ်ခန့် လူတစ်ယောက်ကို တွေ့ရလေသည်။

သူက ဆန်းလျန် အိမ်ထဲသို့ဝင်လာသည်ကိုတွေ့သည်နှင့်

အနည်းငယ် တွန့်သွားလေသည်။

ထိုသူမှာ အသက်လေးဆယ်ခန့်ဖြစ်သည့်တိုင် ရာသီဥတုဒဏ်

ကို ခံစားခဲ့ရသည့်အတွက် အနည်းငယ် ရင့်လျော်နေသလို ထင်

ရလေသည်။

ထိုသူမှာ စာပို့သမားတစ်ယောက် ဖြစ်လေသည်။

ထိုခေတ်ထိုအခါက မိသားစုနှင့်ဝေးကွာနေသည့်သူများ

အတွက် စာပို့သမားက အလွန်အရေးပါသည့်သူတစ်ယောက်

ဖြစ်လေသည်။

ဆန်းလျန်က ထိုသူကို စိုက်ကြည့်လိုက်ရင်း...

"မင်းက ဖြောင့်မတ်တဲ့ စာပို့သမားတစ်ယောက်ဆိုတာ ကျုပ်သိ

တယ်၊ ဒါကြောင့် မင်းကိုလွှတ်လိုက်တဲ့သူဆီကို စာတစ်စောင်

ပြန်ပို့ပေးနိုင်မလား"

အခန်း (၄၆၅) မိုးကြိုးပစ်အစစ်ဆေးခံခြင်း

စာပို့သမားမှာ မက်မွန်သီးခုနစ်လုံးတောင်မှ တာအိုဆရာလွှတ်လိုက်သည့် စာပို့သမားဖြစ်လေသည်။

တာအိုဆရာက ထိုသူကို မိုင်တစ်ထောင်ခရီးသွားအင်းချပ်ပေးခဲ့လေသည်။ ထိုအင်းချပ်များသည် စွမ်းအင်ကို စုပ်ယူနိုင်ပြီး တစ်နေ့ကို မိုင်ပေါင်းထောင်နှင့်ချီပြီး ခရီးနှင်နိုင်လေသည်။ ထိုအင်းချပ်များမှာ စာပို့သမားအတွက်တော့ အလွန်တန်ဖိုးရှိသည့်အင်းချပ်များဖြစ်လေသည်။

ထိုသူ ကျယ်ယန်းတောင်ခြေသို့ရောက်ရှိလာသည့်အခါတွင်တော့ ဆန်းလျန်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရလေသည်။ ဆန်းလျန်က ကျားနက်ကြီးကို ထိုသူကို ဖမ်းဆီးရန်အမိန့်ပေးလိုက်ပြီး အိမ်လေးထဲတွင် ချုပ်နှောင်ထားခဲ့ခြင်း ဖြစ်လေသည်။

စာပို့သမားသည် သူ့ကိုစကားပြောနေသည့် ထူးဆန်းသည့် ကလေးငယ်ကို မျက်လုံးပြူးကာ ကြည့်နေမိလေသည်။ သူ့အနေဖြင့် သူကြုံတွေ့နေရသည့် အဖြစ်အပျက်ကို လက်ခံနိုင်ခြင်း မရှိသေးပေ။ သူသည် နေရာပေါင်းစုံသို့သွားလာနေသည့် စာပို့သမားတစ်ယောက် ဖြစ်လေသည်။ သူ့ဘဝတွင် ဒဏ္ဍာရီပေါင်းများစွာကိုလည်း ကြားဖူးသလို ၊ နတ်မိစ္ဆာများနှင့် သဘာဝလွန်စွမ်းအားများအကြောင်းကိုလည်း ကြားဖူးလေသည်။ အနောက်ဘက်ဒေသများတွင်တော့ မွေးပြီးပြီးချင်းမှာပင် စကားပြောနိုင်စွမ်းရှိကြသည့် လူများရှိသည့် တိုင်းပြည်တစ်ခု

အကြောင်း သူ ကြားဖူးလေသည်။ ထိုတိုင်းပြည်တွင် ကလေးငယ်များ၏ အပြုအမူများမှာလည်း လူကြီးများနှင့်မခြားပေ။ ထိုသူများသည် အသက်ကြီးလာလျှင်လည်း နွားလားတစ်ကောင်ကဲ့သို့ အင်အားအလွန်ကြီးလေသည်။

ထိုဒဏ္ဍာရီကိုကြားရစဉ်အခါက သူလုံးဝ အယုံအကြည်မရှိခဲ့ပေ။ သို့သော် ယခုတော့ သူ့မျက်စိရှေ့တွင် ဆန်းလျန် ကိုတွေ့နေရပြီဖြစ်လေသည်။ ဆန်းလျန်သည် ထိုဒဏ္ဍာရီထဲမှ ကလေးငယ်များကဲ့သို့ ဖြစ်နေမည်လားဟု သူတွေးနေမိလေသည်။

"ကျုပ်ကို ဘယ်သူလွှတ်လိုက်တယ်ဆိုတာ မင်းက သိလို့လား" စာပို့သမားက အက်ရှတုန်ယင်သည့်လေသံဖြင့် မေးလိုက်သည်။

"လောကမှာ ကျုပ်မသိတာ ဘာမှမရှိဘူး ၊ မင်းကိုလွှတ်လိုက်တဲ့သူက ဒီနေရာရဲ့ ပိုင်ရှင်အဟောင်းပဲ ၊ မင်းသူ့ကို သတင်းပြန်ပို့ပေးရမှာက ရှီးလျန်မြို့တော်ရဲ့သခင်လေးဖြစ်တဲ့ ကျယ်ယန်း

တောင်သခင်လေးက ဒီနေရာကို သိမ်းပိုက်လိုက်ပြီဆိုတာပဲ ၊ ဒီ
နေရာက သစ်ပင်တွေ ၊ ခြုံပုတ်တွေ၊ မြက်ပင်တွေပါမကျန်
အကုန်ကျုပ်ပိုင်ဆိုင်တယ် ၊ သူက မကျေနပ်ဘူးဆိုရင် ကျုပ်
ကိုလာရှာနိုင်တယ်လို့ပြောလိုက် ၊ ဟွန့်... သူ ကျုပ်ဆီမလာရဲ
မှာကိုပဲ စိုးရိမ်မိပါရဲ့”
ဆန်းလျန်ပြောသည့်စကားများမှာ စာနှင့်ပင် ချရေးရန်မလို
ပေ။ စာပို့သမားက အကုန်မှတ်မိနိုင်လေသည်။
“ဒါလေးပဲ သွားပြောပေးရမှာလား”
“ဒါလေးပဲ သွားပြောပေးရမှာပေါ့ ၊ ဒါနဲ့ မင်း ခရီးမထွက်ခင်
အနားယူချင်သေးလား”
စာပို့သမားမှာ ဆန်းလျန်က သူ့ကို အသက်အန္တရယ်ပြုမည်ကို
ကြောက်ရွံ့သည့်အတွက် ချက်ချင်းပင် ထွက်သွားချင် နေပြီ
ဖြစ်လေသည်။ သို့သော် ဆန်းလျန်သာ သူ့ကိုသတ်ပစ်ချင်
သည်ဆိုလျှင် သူ့အနေဖြင့် ယခုအချိန်တွင် အသက်ပင် မရှိ

လောက်တော့ပေ။။ ထို့ကြောင့် သူက ခရီးမထွက်ခင် ခဏ လောက် အနားယူရန် ဆုံးဖြတ်လိုက်လေသည်။ သူက တစ်နှစ် ပတ်လုံး ခရီးသွားရင်းနှင့် အလုပ်များနေရသူတစ်ယောက် ဖြစ် သည့်အတွက် ခဏလောက် အနားယူရန်အခွင့်အရေးရခြင်းမှာ ရှားပါးသည့် အခွင့်အရေးဖြစ်လေသည်။

ဆန်းလျန်က လက်နှစ်ဖက်ကိုနောက်ပစ်ကာ အိမ်လေးထဲမှ ထွက်ခွာသွားလေသည်။ သူ့ပုံစံက တကယ့်ကို ကြီးကြီးကျယ် ကျယ် ပုံစံမျိုးဖြစ်နေသည်။ စာပို့သမားမှာ ဆန်းလျန်နောက်မှ ကြောက်ကြောက်လန့်လန့်ဖြင့် လိုက်လာလေသည်။ ထိုကလေး ပိစိလေးကို သူ အလွန်ကြောက်ရွံ့နေမိလေသည်။

ဆန်းလျန်သည် စာပို့သမားကို ဥယျာဉ်တစ်ခုအတွင်းသို့ ခေါ် လာလေသည်။ မြက်ခင်းများက နူးညံ့လွန်းပြီး စမ်းရေတွင်း လေး ပတ်ပတ်လည်တွင် အဖြူရောင်ပန်းများလည်း ပွင့်လန်း နေကြလေသည်။ ပန်းရနံ့များက ပတ်ဝန်းကျင်တစ်ခုလုံးကို

မွေးပျံ့နေလေသည်။ ဆန်းလျန်နောက်မှ ကုတ်ချောင်းချောင်း ဖြင့် လိုက်လာသည့် စာပို့သမားမှာ ချက်ချင်းပင် စိတ် ကြည်လင်လန်းဆန်းသွားသလို ခံစားလိုက်ရသည်။ စမ်းရေတွင်းလေးနံဘေးတွင် ကျောက်စားပွဲတစ်လုံးနှင့် ကျောက်သားထိုင်ခုံများရှိလေသည်။ ဆန်းလျန်က ထိုင်ခုံ တစ်လုံးထက်တွင် ထိုက်လိုက်သည်။ ကျားနက်ကြီးကတော့ ရေတွင်းနံဘေးတွင် လဲလျောင်းနေလေသည်။ သူက ဝိညာဉ် စွမ်းအားများကို အားပါးတရ ရှူရှိုက်ရင်း အိပ်နေခြင်း ဖြစ်လေ သည်။ ဆန်းလျန်နှင့် စာပို့သမားကို သူက ပျင်းရိစွာဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ ထို့နောက် ပြန်အိပ်ပျော်သွား လေသည်။

“အနားယူမယ်လည်းပြောသေးတယ် ၊ ထိုင်လေ..”

ဆန်းလျန်က စာပို့သမားကို ပြောလိုက်သည်။

စာပို့သမားမှာ သာယာလှပသည့် ဥယျာဉ်လေးနှင့် ပန်းရနံ့များ ကိုခံစားရင်း စိတ်အပန်းပြေနေပြီဖြစ်လေသည်။ ဆန်းလျန်ဆီ မှ "ထိုင်လေ" ဆိုသည့် စကားသံကိုကြားသည့်အခါတွင်တော့ အလွန်အံ့ဩသွားရသည်။ ဆန်းလျန်ကဲ့သို့သော် လူတစ် ယောက်က သူ့ကို ထိုင်ခိုင်းလိမ့်မည်ဟု ထင်မထားခဲ့မိပေ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်ကဲ့သို့သော ထူးခြားသည့် သူများသည် သူကဲ့သို့သော သာမန်လူများကို မြေစာပင်တစ် ပင်လောက်ပင် တန်ဖိုးထားမည်မဟုတ်ပေ။

"ရပါတယ် မြေကြီးပေါ်ပဲ ထိုင်လိုက်တော့မယ်"

စာပို့သမားက ပြောလိုက်ပြီး ကျားနက်ကြီးနှင့်အနည်းငယ်ဝေး ရာ မြက်ခင်းပြင်ထက်တွင် ထိုင်လိုက်လေသည်။ သူ၏ခါးမှာ အနည်းငယ်ကိုင်းနေပြီး သူ၏မျက်နှာမှာလည်း ကြမ်းတမ်းခဲ့ သည့်ဘဝကြောင့် အနာအဆာများဖြင့် ပြည့်နေလေသည်။

ဆန်းလျန်သည် စာပို့သမားကို ကြည့်နေမိသည်။ ထိုသူသည် သာမန်လူတစ်ယောက်မျှသာ ဖြစ်လေသည်။ ထိုသို့သော သာမန်လူများသည် မွေးဖွားလာပြီး သေဆုံးသွားကြမည်သာ ဖြစ်လေသည်။ သို့သော် မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြား အသက်ရှင်စဉ်ကာလလေးအတွင်းတွင်တော့ အသက်မွေးဝမ်းကျောင်းရန်အတွက် ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ကြရလေသည်။

သို့ရာတွင် ဆန်းလျန်သည် သာမန်လူသားများအပေါ်တွင် မည်သည့်အခါမှ အထင်မသေးတတ်ပါ။ ထိုသူများသည် အသက်ရှင်ရန်မှာ မလွယ်ကူကြောင်းကို ဆန်းလျန်ကို အမြဲတမ်း သတိပေးနေသူများ ဖြစ်လေသည်။

ကျောက်စားပွဲလေးထက်တွင် ကျောက်ရေအိုးလေးတစ်လုံးနှင့် ကျောက်ပန်းကန်များရှိလေသည်။

ဆန်းလျန်က ကျောက်ရေအိုးကိုဖုံးထားသည့်အဖုံးကို ဖွင့်လိုက်သည်နှင့် စမ်းရေတွင်းထဲမှ ရေများက ကျောက်ရေအိုးလေးအတွင်းသို့ စီးဆင်းပျံသန်း ဝင်ရောက်လာကြသည်။ မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိသည့် အစိမ်းရောင်အရွက်အဖူးလေးများသည် စမ်းရေနှင့်အတူ ရောနှောသွားပြီ ကျောက်ရေအိုးလေးအတွင်းသို့ ဝင်ရောက်သွားကြလေသည်။

စာပို့သမားမှာ ဆန်းလျန်လုပ်သမျှကို တအံ့တသြဖြင့် ကြည့်နေလေသည်။

ဆန်းလျန်က မိုးမြေစွမ်းအားများကို အသုံးပြုကာ မီးတောက်တစ်ခုကို ဖန်ဆင်းလိုက်ပြီး ထိုမီးတောက်ကို သန့်စင်လိုက်လေသည်။ ထို့နောက် သူက ထိုသန့်စင်သည့် မီးတောက်ဖြင့် ကျောက်ရေအိုးလေးကို အပူပေးလိုက်လေသည်။ သိပ်မကြာမီတွင်တော့ ကျောက်ရေအိုးလေးမှာ ပွက်ပွက်ဆူလာတော့သည်။

ဆန်းလျန်က ရေနွေးများကို ကျောက်ပန်းကန်လေးနှစ်လုံး အတွင်းသို့ ငှဲ့ထည့်လိုက်လေသည်။

“ဒီနေရာရောက်လာမှတော့ လက်ဖက်ရည်လေး သောက်ပါဦး လား”

ဆန်းလျန်က စာပို့သမားကို ပြောလိုက်သည်။

လက်ဖက်ရည်အတွင်းခပ်ထားသည့် လက်ဖက်ရွက်မှာ သာမန် နွေဦးလက်ဖက်ဖူးလေးများဖြစ်သော်လည်း ရေကတော့ ယင် အအေးစွမ်းအားမြင့်မားပြီး ဝိညာဉ်စွမ်းအားနှင့်ပြည့်ဝသည့် စမ်းရေဖြစ်လေသည်။ ထို့ပြင် ဆန်းလျန်ဖန်ဆင်းသည့် မီးတောက်မှာလည်း အလွန်သန့်စင်သည့် မီးတောက်ဖြစ်လေ သည်။

စာပို့သမားကတော့ ထိုလက်ဖက်ရည်ကြမ်းမှာ မည်မျှအဖိုးတန် သည်ကို သိရှိခြင်း မရှိပါ။

သို့သော်… သူ့ဘဝတွင် သောက်ခဲ့ဖူးသမျှ လက်ဖက်ရည်ကြမ်း
အားလုံးထက် ယခုသောက်ရသည့်လက်ဖက်ရည်ကြမ်းက
အလွန်မှ အနံ့အရသာနှင့် ပြည့်စုံလေသည်။
လက်ဖက်ရည်ကြမ်းကိုသောက်လိုက်သည်နှင့် ချက်ချင်းပင်
စွမ်းအားများ ပြည့်လာသလို ခံစားလိုက်ရသည်။
ထို့နောက်တွင်တော့ စာပို့သမားသည် ဆန်းလျန်ကို နှုတ်ဆက်
ကာ ကျယ်ယန်းတောင်မှ ထွက်ခွာသွားတော့သည်။
သူသည် မိုင်တစ်ထောင်ခရီးသွားအင်းချပ်ကို ခြေထောက်တွင်
ချည်လိုက်ကာ လမ်းပေါ်တွင် လျှင်မြန်စွာ ပြေးလွှားနေလေ
သည်။ သူ့တစ်ကိုယ်လုံးမှာ ပေါ့ပါးလျှက်ရှိပြီး သူ့ပတ်ဝန်းကျင်
ရှိ ရှုခင်းများက လျှင်မြန်စွာ ပြောင်းလဲနေလေသည်။ ယခင်က
မိုင်တစ်ထောင်ခရီးသွားအင်းချပ်ကိုအသုံးပြုလျှင် ခရီးပေါက်
သည့်တိုင် အလွန်ပင်ပန်းသည်ဟု သူခံစားရလေသည်။ ယခု
တော့ ပင်ပန်းမှုကို သူလုံးဝမခံစားရတော့ပေ။

သူသည် အလွန်လျှင်မြန်စွာ ပြေးလွှားနေပြီး လမ်းဘေး တစ်ဖက်တစ်ချက်မှ လူများသည် သူ၏အရိပ်ကိုပင်မမြင်ရဘဲ လေတစ်ချက်တိုက်ခတ်သွားသည်ကိုသာ ခံစားမိကြလေ သည်။

စာပို့သမားသည် သူစာပို့သည့်အလုပ်လုပ်ခဲ့သည့် ဆယ်နှစ် ကျော်အချိန်အတွင်းတွင် ယနေ့လောက် လွတ်လပ်ပေါ့ပါးသည့် ခံစားချက်မျိုးကို မခံစားခဲ့ရဖူးပေ။ ဤသည်မှာ ဆန်းလျန် သူ့ ကိုတိုက်လိုက်သည့် လက်ဖက်ရည်ကြမ်းကြောင့် ဖြစ်လေ သည်။

ကျင့်ကြံသူများသာ ဆန်းလျန်တိုက်သည့် ဝိညာဉ်စွမ်းအားပြည့် ဝသည့် လက်ဖက်ရည်ကြမ်းကို သောက်ခွင့်ရမည်ဆိုလျှင် ကျိန်းသေပင် ကံကောင်းလွန်းသည်ဟု ခံစားကြရမည် ဖြစ်လေ သည်။ လက်ဖက်ရည်တစ်ခွက်သည် တစ်လကျင့်ကြံခြင်းနှင့် ညီမျှလေသည်။

သို့သော် ဆန်းလျန်ကတော့ ထိုလက်ဖက်ရည်ကြမ်းမျိုးက အရေးပင်မလုပ်ပါ။ ဆန်းလျန်သည် ထာဝရအသက်ရှည်ဆေး ကဲ့သို့ ဆေးမျိုးကိုပင် အရေးထားသည့်သူ မဟုတ်ပေ။ သူပေး ချင်လျှင် ပေးပစ်မည်သာ ဖြစ်လေသည်။

စာပို့သမား ပြေးလွှားနေဆဲမှာပင် ကောင်းကင်ထက်တွင် တိမ် ညိုများ အုံ့ဆိုင်းလာလေသည်။ မိုးရွာတော့မည် ဖြစ်လေသည်။ မိုးရွာလျှင် လေလည်းပါလာမည်ဖြစ်လေသည်။ လေက စာပို့သမားသွားရာအရပ်သို့ တိုက်ခတ်ပေးနေသည့်အတွက် လေစုန်ဖြစ်နေကာ စာပို့သမား၏ပြေးနှုန်းမှာ ပိုပြီး မြန်နေလေ တော့သည်။ စာပို့သမားမှာ မိုးခိုရန်အတွက် နေရာရှာချင်သည့် တိုင် သူ၏ပြေးနှုန်းမှာ လျှင်မြန်လွန်းနေသည့်အတွက် ရပ်တန့် မရ ဖြစ်နေရလေသည်။ အနည်းငယ် အရှိန်လျှော့မည်ဆိုလျှင် တောင် အချိန်တော့ပေးရဦးမည်။

သူက ဖြည်းဖြည်းချင်း အရှိန်လျှော့ချရန် ကြိုးစားလိုက်သော်လည်း လေတိုက်ခတ်နေသည့်အတွက် လေထဲတွင် လွင့်နေသလိုခံစားရကာ အရှိန်မလျှော့နိုင် ဖြစ်နေရလေသည်။

မိုးခြိမ်းသံများထွက်ပေါ်လာပြီး နောက်ဆုံးတော့ မိုးများရွာချလိုက်တော့သည်။ စာပို့သမားမှာ မိုးခိုရန်နေရာတစ်ခု အသဲအသန်ရှာရတော့သည်။

ဆန်းလျန်သည် ကျယ်ယန်းတောင်ထိပ်တွင် ရှိနေလေသည်။ ကျယ်ယန်းတောင်ထိပ်တွင်တော့ ကောင်းကင်က ကြည်လင်နေလေသည်။ မိုးခြိမ်းသံကိုကြားနေရသည့်တိုင် မိုးရွာမည့် အရိပ်အယောင် မရှိပေ။

ဆန်းလျန်သည် မိုးခြိမ်းသံထွက်ပေါ်လာရာအရပ်ဆီသို့ ကြည့်နေရင်း....

"မိုးနတ်မင်းဆိုတဲ့အဘိုးကြီးတော့ ကျင့်ကြံသူတွေကို တကယ် စိတ်ဆိုးနေပြီ ၊ ဘယ်နတ်မိစ္ဆာ လူသားအသွင်ပြောင်းပြန်ပြီလဲ မသိဘူး"

ကျားနက်ကြီးကလည်း ဆန်းလျန်ကြည့်ရာနေရာသို့ လိုက်ကြည့်လိုက်လေသည်။ လျှပ်စီးများကြောင့် သူ့စိတ်ဝိညာဉ်မှာ တုန်လှုပ်သွားရသည်။ သူသည် မြေကြီးပေါ်တွင် တွားသွားကာ သူ၏သခင်ငယ်လေး၏ဘေးတွင် ဝပ်နေလေသည်။ သခင်ငယ်လေးအနားတွင်နေလျှင် လုံခြုံသည်ဟု ခံစားရလေသည်။

ကျားနက်ကြီးမှာဝိညာဉ်စွမ်းအားပြည့်ဝသည့် တောဘုရင်တစ်ကောင်ဖြစ်သည့်တိုင် မိုးကြိုးလျှပ်စီးများမှာ နတ်မိစ္ဆာတစ်ပါး လူသားအသွင်ပြောင်းလဲခြင်းအတွက် မိုးကြိုးပစ်အစစ်ဆေးခံရခြင်းဖြစ်သည့်အတွက် ကြောက်မက်ဖွယ်ရာ ပင်ဖြစ်လေသည်။

လူသားအသွင်ပြောင်းလဲနိုင်ရန်အတွက် မိုးကြိုးပစ်အစစ်ဆေး ခံရန် စောင့်ဆိုင်းနေကြသည့် ကျင့်ကြံသူနတ်မိစ္ဆာများ စွာရှိလေ သည်။ သို့သော် မိုးကြိုးပစ်အစစ်ဆေးခံခြင်းတွင် ကျရှုံးခဲ့လျှင် တော့ မီးခိုးငွေ့အအလား ပျောက်ကွယ်ပျက်စီးကြရမည် ဖြစ် လေသည်။ သို့သော် နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံထားကြ သည့် နတ်မိစ္ဆာများအနေဖြင့် ထိုမိုးကြိုးပစ်အစစ်ဆေးခံရခြင်း ကို ကျိန်းသေကျော်လွှားနိုင်မည် ဖြစ်လေသည်။

အခန်း (၄၆၆) လူသားမဟုတ်ဘူး

မိုးကြီးသည်းထန်စွာရွာသွန်းသည့်အတွက် ရေများလျှံနေလေသည်။

စာပို့သမားမှာ အရှေ့ကိုကြည့်လျှင်လည်း မမြင်ရတော့သလို အနောက်ကို ကြည့်လျှင်လည်း မည်သည့်အရာကိုမှ မမြင်ရတော့ပေ။ အလွန်လျှင်မြန်သည့်အရှိန်ဖြင့်ပြေးလွှားနေသည့်အတွက် မိုးရေများကြောင့် သူမွန်းကြပ်လာလေသည်။ မိုးကြိုးပစ်သံများ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ စာပို့သမားမှာ မြေပြင်ပေါ်သို့ အရှိန်လွန်ပြီး လဲကျသွားတော့သည်။ ထို့နောက် သူက အရှိန်ကိုထိန်းကာ မတ်တပ်ပြန်ရပ်လိုက်သည်။ ရှေ့နားဆီတွင် လက်ဖက်ရည်ဆိုင်ဆစ်ဆိုင်ကို တွေ့လိုက်ရလေသည်။

သူသည် ဒေသကျွမ်းကျင်သည့် စာပို့သမားတစ်ယောက်ဖြစ်ပြီး မက်မွန်သီးခုနစ်လုံးတောင်၏မိုင်တစ်ရာပတ်ဝန်းကျင်ကို အားလုံးနီးပါးအလွတ်ရမှတ်မိနေသူ ဖြစ်လေသည်။ သို့သော်

သူ၏မျက်စိရှေ့မှ လက်ဖက်ရည်ဆိုင်လေးကို သူသည် ယခင်က တစ်ခါမှ တွေ့မြင်ဖူးခြင်းမရှိပေ။

မိုးရွာပြီးစအချိန်ဖြစ်သည့်အတွက် လမ်းပေါ်တွင် လူတစ်ယောက်မှ မရှိပေ။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်အတွင်းတွင်လည်း လက်ဖက်ရည်သောက်သည့်သူ တစ်ယောက်မှ မရှိပေ။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က လက်ဖက်ရည်ဖျော်နေပြီး အဘိုးအိုတစ်ယောက်ကတော့ ဆိုင်ထဲတွင် ထိုင်နေလေသည်။

ဆိုင်ပိုင်ရှင်က လက်ဖက်ရည်ဆိုင်အတွင်းသို့ စာပို့သမားဝင်လာသည်ကို တွေ့သည်နှင့် ပြုံးရွှင်စာနှုတ်ဆက်လိုက်သည်။

“ညီ့သည် ၊ ကြွပါ ... ဘာများသုံးဆောင်မလဲ”

စာပို့သမားက လက်ဖက်ရည်ဆိုင်ထဲမှ ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်လေသည်။

ပိုင်ရှင်က သူ့ထံသို့ လက်ဖက်ရည်ကို အလျှင်အမြန်ယူလာလေသည်။ လက်ဖက်ရည်အမြှုပ်လေးများကထနေပြီး သဘာဝ

အတိုင်းလတ်ဆတ်လေသည်။ သို့သော် ဆန်းလျှန်တိုက်သည့်
လက်ဖက်ရည်ကိုသောက်ခဲ့ပြီးသည့် စာပို့သမားသည် တခြား
လက်ဖက်ရည်များကို သောက်၍ မရတော့ပေ။
ဆိုင်ရှင်ကလည်း သူ့ကို လက်ဖက်ရည်သာချပေးပြီး
လက်ဖက်ရည်သောက်ရန် မတိုက်တွန်းဘဲ ဆိုင်အတွင်းရှိ
ပစ္စည်းများကိုမွှေနှောက်ကာ အလုပ်ရှုပ်နေလေသည်။
ဆိုင်ထဲတွင် ထိုင်နေသည့်အဘိုးအိုက စကားစပြောလာသည်။
"လူကလေး... မင်းအချိန်ရရင် ဒီအဘိုးကြီးက ဇာတ်လမ်းတစ်
ပုဒ်ပြောပြချင်တယ်"
အဘိုးအိုသည် စာပို့သမားက သူပြောပြမည့်ဇာတ်လမ်းကို
နားထောင်ချင်သည်ဖြစ်စေ ၊ နားမထောင်ချင်သည်ဖြစ်စေ
ဇွတ်ပြောပြတော့မည့် ပုံမျိုးဖြစ်လေသည်။
အဘိုးအို၏ ကြည်လင် ပြတ်သားသည့်အသံက ထွက်ပေါ်လာ
လေသည်။

အဘိုးအိုက ဇာတ်လမ်းကို ပြဇာတ်ဆန်ဆန် စတင်ပြောလေ

တော့သည်။

“စကားပြေတယ်ဆိုတာ အကျိုးရှိမှ ပြောရတယ်၊ နားထောင်

တဲ့သူကလည်း အကျိုးရှိမှ နားထောင်ရတယ်၊ လူ့လောကရဲ့

ဒုက္ခတွေကိုမေ့ပစ်ပြီး ဒဏ္ဍာရီထဲက နတ်ဘုရားပုံပြင်တွေကိုသာ

နားထောင်လိုက်ကြပါ”

အစချီပြီးသည့်နောက် အဘိုးအိုက ဆက်ပြောလေသည်။

“ဟိုးရှေးရှေးတုန်းကတည်းက ပုံပြောသူတွေက ဒီလိုမျိုး

စိတ်ဝင်စားစရာ အဖွင့်စကားချီးတွေနဲ့ ပုံပြင်ကို စတင်ပြောကြ

ရတယ်၊ ရည်ရွယ်ချက်ကတော့ နားထောင်တဲ့ ပရိတ်သတ်တွေ

စိတ်ဝင်စားအောင် စွဲဆောင်ရတာပေါ့ကွာ”

အဘိုးအို၏စကားများကိုနားထောင်ရင်း စာပို့သမားသည်

ဇာတ်လမ်းကိုနားထောင်ရန် အနည်းငယ် စိတ်ဝင်စားလာ

တော့သည်။

အဘိုးအိုက ဇာတ်လမ်းတစ်ပုဒ်ကို စပြောပြလေသည်။

ထိုဇာတ်လမ်းသည် မက်မွန်သီးခုနစ်လုံးတောင်ပေါ်တွင်ဖြစ်ပျက်ခဲ့သည့် ဇာတ်လမ်းဖြစ်လေသည်။

မက်မွန်သီးခုနစ်လုံးတောင်ပေါ်တွင် နေနှင့်လ၏ စွမ်းအင်များကို စုပ်ယူနိုင်သည့် မက်မွန်ပင်တစ်ပင်ရှိလေသည်။ ထိုမက်မွန်ပင်သည် မကျွတ်မလွတ်သောဝိညာဉ်များ၏ အမျက်ဒေါသများကို သန့်စင်ပေးနိုင်သည့် စွမ်းအားရှိလေသည်။ တစ်နေ့တွင်တော့ ထိုမက်မွန်ပင်မှ မက်မွန်သီခုနစ်လုံးသီးလာခဲ့သည်။ ထို မက်မွန်သီးခုနစ်လုံးမှာ ဝိညာဉ်စွမ်းအားတွေနဲ့ ပြည့်ဝနေလေသည်။ အချိန်ကာလကြာလာသည့်အခါတွင်တော့ ထိုမက်မွန်သီးလေးများတွင် လူသားမျက်နှာများပေါ်ထွက်လာပြီး ကလေးငယ်လေးများအလား ကြီးပြင်းလာလေသည်။ မက်မွန်သီးများမှာ တောက်ပနေပြီး အပြစ်ကင်းစင်လွန်းလေသည်။

တစ်နေ့တွင်တော့ တောင်ပေါ်သို့ သစ်ခုတ်သမားတစ်ယောက်
ရောက်လာပြီး ထူးဆန်းသည့်မက်မွန်သီးများကို သတိပြုမိကာ
မက်မွန်သီးများ၏သတင်းက တဖြည်းဖြည်းပျံ့နှံ့သွားလေ
သည်။ ထိုအချိန်မှစပြီး မက်မွန်သီးများသည်
လူ့လောက၏အညစ်အကြေးများဖြင့် ဖုံးလွှမ်းခံရတော့သည်။
ထိုနေ့က သစ်ခုတ်သမားက ရွာသားများကို ခေါ်ကာ မက်မွန်ပင်
ရှိရာသို့လာသည့်အချိန်တွင် မက်မွန်သီးလေးများက သူ
တို့၏မိခင်သစ်ပင်ကိုထွက်ပြေးရန်ပြောခဲ့လေသည်။
သို့သော်... မက်မွန်ပင်သည် မူလပေါက်ရောက်ရာဒေသမှ
ထွက်ခွာလျှင် စွမ်းအားများပျောက်ဆုံးသွားမည်ကို မက်မွန်သီး
လေးများက မသိခဲ့ကြပေ။ သူတို့၏ မူလပေါက်ရောက်ရာ
တောင်ပေါ်မှ ထွက်ပြေးလာမိသည်နှင့် သူတို့၏ ဝိညာဉ်
စွမ်းအားများကိုလည်း ဆုံးရှုံးခဲ့ကြရလေသည်။ လမ်းတစ်ဝက်
အရောက်တွင် မက်မွန်ပင်မှာ ခြောက်သွေ့လာတော့သည်။

မက်မွန်ပင်နှင့် မက်မွန်သီးလေးများမှာ ဝိညာဉ်စွမ်းအားသာ ပြည့်ဝကြပြီး အခြားသော တန်ခိုးစွမ်းအားများနှင့် တာအို စွမ်းအားများလည်း မရှိကြပေ။ ထို့ကြောင့် မက်မွန်သီးခုနစ်လုံး တောင်မှ ထွက်ပြေးလာသည်နှင့် မက်မွန်ပင်မှာ အားအလွန် နည်းလာပြီး နေနှင့်လ၏တန်ခိုးစွမ်းအားများကို စုပ်ယူနိုင်စွမ်း မရှိတော့ပေ။

ဝိညာဉ်စွမ်းအားများလျော့ပါးလာပြီး အသက်ရှင်သန်ရန်ခက်ခဲ နေသည့်အချိန်တွင် မက်မွန်သီးလေးတစ်လုံးသည် အခြား သောမက်မွန်သီးများထံမှ ဝိညာဉ်စွမ်းအာများကို သူ့အသက် ရှင်သန်ရန်အတွက် စတင်စုပ်ယူတော့သည်။ ငါးရက်အတွင်း တွင် အခြားမက်မွန်သီးငါးလုံးထံမှ ဝိညာဉ်စွမ်းအားများကို ထို မက်မွန်သီးလေးက စုပ်ယူပစ်လိုက်လေသည်။ သူစုပ်ယူရန် အတွက် အငယ်ဆုံးမက်မွန်သီးလေးသာ ကျန်တော့သည်။

အငယ်ဆုံး မက်မွန်သီးလေးမှာ ကြောက်ရွံ့လွန်းသောကြောင့် အသက်ပင်မရှူရဲတော့ပေ။

မက်မွန်သီးလေးသည် အငယ်ဆုံးမက်မွန်သီးလေး၏ ဝိညာဉ်စွမ်းအားများကို စုပ်ယူတော့မည့်အချိန်တွင် ကောင်းကင်ထက်မှ အဖြူရောင်အလင်းတန်းကြီးကျဆင်းလာပြီး အငယ်ဆုံးမက်မွန်သီးလေးကိုသယ်ဆောင်သွား တော့သည်။

အခြားသောမက်မွန်သီးများမှ ဝိညာဉ်စွမ်းအားများကို စုပ်ယူလိုက်သည့် မက်မွန်သီးလေးမှာ ဝိညာဉ်စွမ်းအားများ မြင့်မားလာပြီး မက်မွန်ပင်တစ်ပင်လုံးကို ပင်ထိန်းချုပ်နိုင်သည်အထိ အားကောင်းလာလေသည်။ သူက မက်မွန်ပင်၏ အမြစ်များကို ပြန်လည်ရှင်သန်လာစေလေသည်။

မက်မွန်ပင်အနားသို့ မျက်စိလည်ကာရောက်လာသည့် ယုန်တစ်ကောင်ကို မက်မွန်ပင်သည် အမြစ်များဖြင့်ညှစ်ကာ သတ်ဖြတ်

ပစ်လိုက်သည်။ ယုန်သွေးကိုသောက်ပြီးသည့်နောက် မက်မွန်ပင်သည် ပိုပြီးစွမ်းအားကြီးမားလာလေသည်။

ထိုအချိန်မှစပြီး မက်မွန်ပင်သည် အခြားသောသက်ရှိသတ္တဝါများကိုသတ်ဖြတ်ကာ သွေးများကို သောက်တော့သည်။ မက်မွန်ပင်သည် တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းနေထိုင်ရင်း တန်ခိုးစွမ်းအားများလည်း မြင့်မားလာလေသည်။

ထိုသို့ဖြင့် နှစ်ပေါင်းများစွာ ကြာမြင့်ပြီးသည့်နောက်…

မက်မွန်ပင်သည် မိုးကြိုးပစ်အစစ်ဆေးခံခြင်းကို ကျော်လွန်ခဲ့ပြီး လူသားတစ်ဦးအဖြစ် အသွင်ပြောင်းနိုင်ခဲ့လေသည်။

အဘိုးအိုက ဇာတ်လမ်းဆုံးသွားသည်နှင့် စာပို့သမားကို မေးခွန်းထုတ်လိုက်သည်။

"မက်မွန်ပင်က လူသားခန္ဓာကိုယ်ရသွားတော့ သူ့ကို လူလို့ သတ်မှတ်နိုင်မလား"

စာပို့သမားက အဘိုးအိုဓါ်အမေးကို ပြန်ဖြေရန်ပြင်လိုက်စဉ်မှာ ပင် ဆန်းလျန်၏စကားများက သူ့နားထဲတွင် ပဲ့တင်ထပ်လာ လေသည်။

“လောကမှာ ကျုပ်မသိတာ ဘာမှမရှိဘူး ၊ မင်းကိုလွှတ်လိုက် တဲ့သူက ဒီနေရာရဲ့ ပိုင်ရှင်အဟောင်းပဲ ၊ မင်းသူ့ကို သတင်းပြန် ပို့ပေးရမှာက ရှီးလျန်မြို့တော်ရဲ့သခင်လေးဖြစ်တဲ့ ကျယ်ယန်း တောင်သခင်လေးက ဒီနေရာကို သိမ်းပိုက်လိုက်ပြီဆိုတာပဲ ၊ ဒီ နေရာက သစ်ပင်တွေ ၊ ခြုံပုတ်တွေ၊ မြက်ပင်တွေပါမကျန် အကုန်ကျုပ်ပိုင်ဆိုင်တယ် ၊ သူက မကျေနပ်ဘူးဆိုရင် ကျုပ် ကိုလာရှာနိုင်တယ်လို့ပြောလိုက် ၊ ဟွန့်… သူ ကျုပ်ဆီမလာရဲ မှာကိုပဲ စိုးရိမ်မိပါရဲ့”

ဆန်းလျန်သူ့ကို မှာကြားလိုက်သည့် သတင်းစကားသည် အ ဘိုးအိုပြောသည့် ဇာတ်လမ်းနှင့် ဆက်စပ်မှု လုံးဝမရှိပေ။

သို့သော် ထိုစကားများမှ အလွန်ကြီးမားလှသည့် တန်ခိုး

စွမ်းအားသည် စာပို့သမား၏ အသိပညာကို နိုးထလာစေပြီး အသိစိတ်ဝင်လာစေလေသည်။

အဘိုးအို၏အမေးကို စာပို့သမားက ပြန်ဖြေလိုက်သည်။

"သူက ဘယ်လိုလုပ် လူသားတစ်ယောက် ဖြစ်နိုင်မှာလဲ ၊ ဘာလို့လဲဆိုတော့ သူက တခြား မက်မွန်သီးတွေကို သတ်ပစ်ခဲ့တာပဲ"

အဘိုးအိုက စာပို့သမား၏အဖြေကြောင့် စိတ်ပျက်လက်ပျက်ဖြစ်သွားလေသည်။

"ဒါပေမယ့် သူအသက်ရှင်ဖို့ လုပ်ခဲ့ရတာလေ ၊ လူသားတွေလည်း တစ်ခါတစ်လေ ဇာတ်တူသားစားတာတွေ ရှိတာပဲ မဟုတ်လား"

အဘိုးအို၏စကားကြောင့် စာပို့သမားမှာ ဒေါသထွက်လာလေသည်။ သူက သာမန်နိမ့်ကျသည့် လူတစ်ယောက်ဖြစ်သည့်တိုင် သူ့တွင် ကိုယ်ပိုင်ခံယူချက်ရှိလေသည်။

"ဇာတ်တူသားစားတဲ့ လူတွေက လူမဟုတ်လို့ပဲ"

စာပို့သမားက ပြောလိုက်လေသည်။

သူက သိပ်ပြီးအသိပညာရှိသူမဟုတ်သည့်တိုင် ကောင်းမှုနှင့် မကောင်းမှုကိုတော့ ခွဲခြားသိသူ ဖြစ်လေသည်။သူ့အမြင်တွင် မက်မွန်ပင်သည် နတ်မိစ္ဆာတစ်ကောင်မျှသာဖြစ်သည်ဟု ထင်မြင်နေမိလေသည်။

အဘိုးအို၏မျက်နှာမှာ တဖြည်းဖြည်း ညိုးသွားလေသည်။

ထို့နောက် လေပြင်းတစ်ချက်တိုက်ခတ်သွားပြီး စာပို့သမားမှာ လက်ဖက်ရည်ဆိုင်အပြင်ဘက်သို့ လွင့်စင်ထွက်သွားလေသည်။ ထို့နောက်သူ့ရှေ့တွင် မက်မွန်သီးခုနစ်လုံးတောင်မှ တာအိုဆရာပေါ်လာလေသည်။

ထိုတာအိုဆရာက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ကျယ်ယန်းတောင်မှာ ဘယ်လိုလူမျိုးနဲ့ တွေ့ခဲ့သလဲ"

စာပို့သမားက ဖြစ်ကြောင်းကုန်စင်ကို တာအိုဆရာကို သေချာ ရှင်းပြလိုက်လေသည်။

စာပို့သမားထံမှ သတင်းစကားကိုကြားသည်နှင့် တာအို ဆရာ၏မျက်နှာမှာ သိသိသာသာ အမူအရာပြောင်းလဲ သွားသည်။

"ဒါဆို အဲဒီမှာ ဂါထာကိုဖန်ဆင်းနိုင်တဲ့သူတစ်ယောက်ရှိနေတာ ပေါ့၊ ဆရာက ငါ့ကို မလိမ်ဘူးပဲ"

တာအိုဆရာက ရေရွတ်လိုက်သည်။

ဂါထာကိုဖန်ဆင်းနိုင်သည့်သူဖြစ်သည့်အတွက်သာ မက်မွန်ပင် မှာ နတ်မိစ္ဆာဖြစ်သည်ဟု အခိုင်အမာအတည်ပြုသည့်အချိန် တွင် ဆန်းလျန်၏ စကားကို ပြန်ကြားလိုက်ရခြင်း ဖြစ်လေ သည်။

ဆန်းလျန်က ထိုသို့သောကိစ္စများဖြစ်ပျက်သွားလိမ့်မည်ဟု မျှော်လင့်မထားခဲ့ပါ။ ဇာတ်လမ်းကိုပြောပြမည့် အဘိုးအိုကို

လည်းမျှော်လင့်မထားခဲ့မိပေ။ အားလုံးက တိုက်တိုက်ဆိုင်ဆိုင်

ဖြစ်သွားခြင်း ဖြစ်လေသည်။

သို့သော် အရေးကြီးသည့်အချက်မှာ စာပို့သမားသည် သာမန်

လူတစ်ယောက်မျှသာဖြစ်သည့်တိုင် လူသားနှင့် နတ်မိစ္ဆာကို

ရှင်းရှင်းလင်းလင်း ခွဲခြားပြခဲ့လေသည်။

စာပို့သမားက စိတ်ရှုတ်စွာဖြင့်...

"တာအိုဆရာ ၊ ဒီလက်ဖက်ရည်ဆိုင်က တစ်ခုခု မှားနေသလိုပဲ"

"အဲဒီကလူတွေက လူတွေမဟုတ်ဘူး၊ နတ်မိစ္ဆာတွေ ၊ ပြီးတော့

လူတွေကိုလည်း စားသေးတယ် ၊ အရာအားလုံးက ကံတရား

အတိုင်းပေါ့ ၊ အင်း.... ကျယ်ယန်းတောင်ကလူကိုတွေ့ဖို့

နောက်မကျလောက်သေးဘူးလို့တော့ မျှော်လင့်ရတာပဲ"

စာပို့သမားမှာ ဆန်းလျန်ပြောလိုက်သည့် သတင်းစကား

ကြောင့် ဝိညာဉ်နိုးထမှုဖြစ်သွားသည့်အချိန်တွင် ဆန်းလျန်က

လည်း ချက်ချင်းသတိပြုလိုက်မိလေသည်။

အမှန်တော့ ဆန်းလျန်ပြောလိုက်သည့်စကားသည် မထင်မှတ်ဘဲ ဂါထာတစ်ပုဒ်ဖန်ဆင်းသကဲ့သို့ ဖြစ်သွားခဲ့ခြင်း ဖြစ်လေသည်။ သို့သော် သူပြောလိုက်သည့်စကားသည် ဂါထာတစ်ပုဒ်အလား စွမ်းအားရှိသွားလိမ့်မည်ဟု ဆန်းလျန်ကိုယ်တိုင်ပင် မထင်မှတ်ခဲ့ပေ။

သို့ရာတွင် ဆန်းလျန်ကဲ့သို့ ကျင့်စဉ်လမ်းတွင် အဆင့်မြင့်သူများသည် ထိုကဲ့သို့ ဖြစ်တတ်လေသည်။ ဆန်းလျန်မှာ သူ၏မူလဝိညာဉ်မှာ အပြည့်အဝ ပြန်လည်စွမ်းအားပြည့်ခြင်းမရှိသေးပေ။ ထို့ကြောင့် သူ၏စကားက ဂါထာအဖြစ် ပြောင်းလဲသွားခြင်းဖြစ်စဉ်ကို သိရန် ခက်ခဲနေလေသည်။

သို့သော် ဆန်းလျန်က ထိုကိစ္စကို စိတ်ထဲမထားပါ။ သူက လုပ်ရိုးလုပ်စဉ် အလုပ်များကိုလုပ်ရင်းပင် နေထိုင်ခဲ့လေသည်။

စကြာဝဠာအသက်ဓာတ်စွမ်းအားများက သူ့ထံသို့ နေ့ရောညပါ

စီးဝင်နေကြပြီး သူ၏ခန္ဓာကိုယ် ကြီးထွားနှုန်းမှာလည်း သာမန်ကလေးများထက် လျှင်မြန်နေလေသည်။

မက်မွန်သီးခုနစ်လုံးတောင်မှ တာအိုဆရာကတော့ စိတ်ထဲတွင် စိုးရိမ်ပူပန်လျှက် ရှိလေတော့သည်။

အခန်း (၄၆၇) မက်မွန်သီး

စာပို့သမားကြားခဲ့ရသည့် မက်မွန်ပင်ဇာတ်လမ်းထဲမှ အဖြူရောင်အလင်းတန်းတစ်ခုက သယ်ဆောင်ခြင်းကို ခံခဲ့ရသည့် မက်မွန်သီးလေးမှာ တာအိုဆရာပင် ဖြစ်လေသည်။ သူက

ထူးခြားသည့်ဝိညာဉ်စွမ်းအား သစ်သီးတစ်လုံးဖြစ်သည့်တိုင်

အခက်အခဲများစွာကိုရင်ဆိုင်ခဲ့ရပြီးမှ ကျင့်စဉ်လမ်းတွင်

တရားအလင်းရရှိခဲ့သူ ဖြစ်လေသည်။

သို့သော် သူ၏တန်ခိုးစွမ်းအားများက သတ္တဝါ

များ၏အသွေးအသားများကို စားသုံးထားသည့် သူ၏အစ်ကို

မက်မွန်သီးလောက်တော့ မြင့်မားခြင်း မရှိပေ။

သို့ရာတွင် တာအိုဆရာသည် အစ်ကိုဖြစ်သူကဲ့သို့ လမ်းမှားကို

လိုက်ခဲ့သူမဟုတ်ဘဲ စစ်မှန်သည့် တာအိုကျင့်စဉ်လမ်းကို လိုက်

ခဲ့သူဖြစ်သည့်အတွက် သူ၏တန်ခိုးစွမ်းအားများက သန့်စင်

လေသည်။

မက်မွန်သီးခုနစ်လုံးတောင်မှ သစ်ခုတ်သမားနှင့် အခြားရွာသား

များသည် သူတို့ငယ်စဉ်ဘဝတုန်းက သူတို့ကို အနှောင့်အယှက်

ပေးခဲ့သူများ ဖြစ်လေသည်။ ထို့ကြောင့် တန်ခိုးစွမ်းအားမြင့်

မားသည့် နတ်မိစ္ဆာတစ်ပါးအဖြစ် ကျင့်ကြံနိုင်ခဲ့သည့်

သူ၏အစ်ကိုသည် ထိုသူများကို ကျိန်းသေလက်စားချေမည်ဖြစ်လေသည်။ ထိုအခါ အပြစ်မရှိသည့် ရွာသားများသည်ကြားထဲမှအချောင် အသက်ဆုံးကြရမည် ဖြစ်လေသည်။

စာပို့သမားမရည်ရွယ်ဘဲ ပြောလိုက်သည့်စကားကြောင့် တာအိုဆရာသည် အကောင်းနှင့်အဆိုးကို ပိုမိုရှင်းလင်းစွာ သိမြင်ခဲ့လေသည်။

တာအိုဆရာအနေဖြင့်လည်း သူ့အစ်ကိုကို လက်စားချေစေလိုခြင်းမရှိပေ။ ထို့ပြင် သူ့အစ်ကိုမှာ တစ်ချိန်က သူ့အသက်ရှင်သန်ရေးအတွက် သူ့ထံမှ ဝိညာဉ်စွမ်းအားများကို စုပ်ယူရန်ကြိုးစားခဲ့ဖူးသူတစ်ယောက် ဖြစ်လေသည်။

အရှေ့ဘက်ဆီတွင် မိစ္ဆာမြူခိုးများ ထူထပ်နေလေသည်။ ရွာသားများ၏ ထိတ်လန့်နာကျင်စွာအော်ဟစ်သံများအဆက်မပြတ်ထွက်လာလေသည်။ မိစ္ဆာမြူခိုးများက နေရာ

အနှံ့ပျံ့နှံ့သွားပြီး မြေကြီးတစ်ပြင်လုံးတွင် သွေးကွက်များဖြင့် ပြည့်နေတော့သည်။

တာအိုဆရာသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်ပြီး မိစ္ဆာမြူခိုးများရှိရာသို့ ဝင်ရောက်သွားတော့သည်။ သူ့ကိုယ်သူ ထိုက်ချင်းအလင်းတန်ခိုးဖြင့် ကာကွယ်ထားသည့်အတွက် မိစ္ဆာမြူခိုးများက သူ့ကို အန္တရာယ်ပြုနိုင်စွမ်းမရှိပေ။ မြူခိုးများထဲတွင် လူနှစ်ယောက်ရှိနေလေသည်။ တစ်ယောက်မှာ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဖြစ်ပြီး နောက်တစ်ယောက်မှာ ပုံပြောဆရာအဘိုးကြီးဖြစ်လေသည်။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်မှာ သူ့အစ်ကို၏ မိစ္ဆာစွမ်းအားဘက်ခြမ်းဖြစ်ပြီး ပုံပြောဆရာအဘိုးကြီးကတော့ သူ၏အစ်ကို၏ ကောင်းမွန်သည့်စွမ်းအားများ စုဝေးရာ ဘက်ခြမ်းဖြစ်လေသည်။ ယခုတော့ ပုံပြောဆရာအဘိုးကြီးမှာ ညိုးနွမ်း

ခြောက်သွေ့နေပြီး လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကတော့ တန်ခိုးစွမ်းအားနှင့် ပြည့်ဝနေလေသည်။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က မိစ္ဆာမြူခိုးများအတွင်းသို့ ဝင်ရောက်လာသည့် တာအိုဆရာကို ခြေဆုံးခေါင်းဆုံး တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ ထိုအကြည့်တစ်ချက်ကပင် အလွန်ကြီးမားသည့် စွမ်းအားတစ်ခုက တာအိုဆရာကို ဖိနှိပ်ထားသလို ခံစားလိုက်ရလေသည်။ မိုးကြိုးပစ်အစစ်ဆေးခံခြင်းကိုခံယူပြီးသည့်နောက်ပိုင်း သူ၏အစ်ကိုသည် ပိုပြီးတန်ခိုးစွမ်းအား မြင့်မားလာဟန်ရှိသည်။ တာအိုဆရာ၏ ထိုက်ချင်းအလင်းစွမ်းအားသည်ပင် လက်ဖက်ရည်ဆိုင်ပိုင်ရှင်၏ မိစ္ဆာစွမ်းအားများကို အပြည့်အဝတားဆီးနိုင်ခြင်းမရှိပေ။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ဟွန့်... မတွေ့တာကြာပြီနော် ညီခုနစ်..."

တကယ်တမ်းတွင် လက်ဖက်ရည်ဆိုင်ပိုင်ရှင်က အကြီးဆုံး မက်မွန်သီးဖြစ်ပြီး တာအိုဆရာက အငယ်ဆုံး မက်မွန်သီး ဖြစ်လေသည်။

"အစ်ကိုကြီး ၊ ဒီနေ့ ညီအစ်ကိုအားလုံးကိုယ်စား ကျွန်တော် တစ်ခုလောက်တောင်းဆိုချင်ပါတယ်"

တာအိုဆရာက တည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

တာအိုဆရာ၏စကားကြောင့် လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းကများ ငါ့ကို တောင်းဆိုမလို့တဲ့လား ၊ ကံကြမ္မာက ငါ့ဘက်မှာရှိတာကွ ၊ ဒီလူသားတွေက သောက်တုံးတွေ ၊ သူတို့ကြောင့်သာမဟုတ်ရင် ငါ အခုလို နတ်မိစ္ဆာတစ်ပါးဖြစ်လာမှာတောင် မဟုတ်ဘူး ၊ ပြီးတော့ နတ်မိစ္ဆာဖြစ်တော့ ရောဘာအရေးလဲ ၊ နတ်ဘုရားပဲဖြစ်ဖြစ် ၊ နတ်မိစ္ဆာပဲဖြစ်ဖြစ် အားလုံးက တန်ခိုးစွမ်းအား မြင့်မားကြတာပဲ မဟုတ်ဘူးလား ၊ဒါပေ

မယ့် ဒီငတုံးတွေကတော့ အဆင့်နိမ့်ကျတဲ့ ရယ်စရာကောင်တွေ ပဲ”

“အစ်ကိုကြီး မှားနေပြီ ၊ လူသားတွေက မနိမ့်ကျပါဘူးဗျာ ၊ အစ်ကိုကြီး တာ့ရှားပြည်ကို မရောက်ဖူးဘူးလား ၊ အဲဒီမှာ နတ်ဘုရားတွေနဲ့ နတ်မိစ္ဆာတွေထက်တောင်ပိုပြီး ကြောက်စရာကောင်းတဲ့ လူတွေရှိတယ် ၊ ယင်းစန်းဒေသကိုရော မရောက်ဖူးဘူးလား ၊ အဲဒီမှာ ကျွန်တော့်ထက်တန်ခိုးစွမ်းအားမြင့်မားတဲ့ လူသားကျင့်ကြံသူတွေရှိတယ် ၊ မိုးမြေစွမ်းအားတွေဟာ လူသားတွေကို အများကြီး အကျိုးပြုတယ် ၊ ဒါကြောင့် လူ့ကျင့်ဝတ်နဲ့အညီ ကျွန်တော်တို့ မနေနိုင်ဘူးဆိုရင် ကျွန်တော်တို့အတွက် ဘာအကျိုးရှိနိုင်မှာလဲ ၊ ဒါကြောင့် သိပ်ပြီး မာနမကြီးလွန်းပါနဲ့ဗျာ”

တာအိုဆရာက ပြောလိုက်လေသည်။

“ငါကတော့ တန်ခိုးစွမ်းအားအပေါ်မှာ ယုံကြည်တယ် ၊ လူ့ကျင့်ဝတ်တွေ... အမှန်တရားတွေဆိုတာက ဘာလုပ်ရမှာလဲ ၊ တန်ခိုးစွမ်းအားနဲ့တွေ့ရင် အဲဒါတွေအားလုံးက အလကားပဲ ၊ မင်းကရော လူသားပုံစံ အသွင်ပြောင်းထားရတာလဲ ၊ ဒီငတုံးကောင်တွေက မင်းကို မက်မွန်သီးတစ်လုံးဆိုတာသိမှာကို မင်းကြောက်နေတာ မဟုတ်လား”

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ပြောလိုက်လေသည်။

တာအိုဆရာသည် သက်ပြင်းတစ်ချက် ချလိုက်မိတော့သည်။

ထို့နောက် သူ၏လက်များက ထောင်ပေါင်းများစွာ ခွဲဖြာထွက်သွားပြီး တန်ခိုးစွမ်းအားတစ်ခုကို ထုတ်လွှတ်ကာ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကို တိုက်ခိုက်လိုက်လေသည်။

ထိုတန်ခိုးစွမ်းအားများမှာ စမ်းချောင်းအတွင်းမှ ရေစီးဆင်းသကဲ့သို့ မြူခိုးများအတွင်းသို့ စီးဆင်းသွားပြီး မိစ္ဆာစွမ်းအား

များကို သန့်စင်ပစ်လိုက်ရင်း လက်ဖက်ရည်ဆိုင်ပိုင်ရှင်ရှိရာသို့ ဝင်ရောက်သွားလေသည်။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ထိုတန်ခိုးစွမ်းအားများကို အလွယ်တကူပင် ခုခံကာကွယ်လိုက်လေသည်။

ထိုအချိန်အတွင်းမှာပင် တာအိုဆရာက သူ၏နှာခေါင်းကိုတစ်ချက်ပွတ်လိုက်လေသည်။ ထို့နောက် သူ၏ပါးစပ်ကို ဟလိုက်ပြီး မီးတောက်များ မှုတ်ထုတ်လိုက်သည်။ ထိုမီးတောက်များမှာ “သမာဓိမီးတောက်” ပင် ဖြစ်လေသည်။ ချင်းရွှမ်နတ်တံခါးမှ နတ်ဘုရားအဘိုးအို၏ သမာဓိမီးတောက်ကဲ့သို့ စစ်မှန်ခြင်းမရှိသည့်တိုင် မိစ္ဆာစွမ်းအားများကိုတော့ လောင်ကျွမ်းပစ်နိုင်လေသည်။

သမာဓိမီးတောက်ကို ငြိမ်းသတ်နိုင်ရန်မှာ သာမန်အားဖြင့် မလွယ်ကူပါ။ သို့သော် ဆန်းလျန်ကဲ့သို့သော နတ်ဘုရားတစ်ပါးကတော့ သမာဓိမီးတောက်၏ အစစ်အမှန်အဓိပ္ပါယ်ကို

နတ်ဘုရားစွမ်းအားများအသုံးပြုပြီး သိရှိနိုင်လေသည်။

သမာဓိမီးတောက်နှင့် ဝိညာဉ်အကြားဆက်နွယ်မှုကို သိရှိသည့်အခါ မီးတောက်ကို အလွယ်တကူငြိမ်းသတ်နိုင်မည် ဖြစ်လေသည်။

စာပို့သမားမှာ သမာဓိမီးတောက်၏ဒဏ်ကိုမခံနိုင်ဘဲ လွင့်ထွက်သွားကာ အပိုင်းပိုင်းပြတ်ပြီး သေဆုံးသွားတော့သည်။

တာအိုဆရာမှာ စာပို့သမား သေလားရှင်လားပင် ဂရုမစိုက်နိုင်ပါ။ သူဝတ်ဆင်ထားသည့် တာအိုဝတ်ရုံမှာ ပေပွနေပြီး မျက်နှာတစ်ခုလုံးလည်း မီးခိုးငွေ့များကြောင့် မဲသဲနေလေသည်။ သူက ခါးတွင်ချိတ်ထားသည့် ဘူးသီးခြောက်ကို ဖြုတ်ကာ အဖုံးဖွင့်လိုက်ပြီး....

"အစ်ကိုကြီး..."

ဟု ခေါ်လိုက်လေသည်။

ထိုခေါ်သံသည် လက်ဖက်ရည်ဆိုင်ပိုင်ရှင်၏ နားထဲတွင်

ပဲ့တင်ထပ်နေလေသည်။ သို့သော် သူက တစ်ခွန်းမှ ပြန်မထူးခဲ့

ပါ။ အဘယ်ကြောင့်ဆိုသော် ညီဖြစ်သူက သူ့ကိုလှည့်စားနေ

ခြင်းဖြစ်ပြီး သူသာ ပြန်ထူးလိုက်လျှင် ကျိန်းသေ ဒုက္ခရောက်

မည်ကို သူသိလေသည်။

သို့သော်... လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ပြန်မထူးသည့်တိုင်

တစ်စုံတစ်ယောက်ကတော့ ပြန်ထူးလိုက်လေသည်။

"ညီခုနစ် .... အစ်ကိုကြီးဒီမှာ..."

ထိုအသံက အလွန်အားနည်းပြီး အက်ရှနေလေသည်။ လေထဲမှ

ဖယောင်းတိုင်လေးအလား သေခါနီးလူတစ်ယောက်၏ အသံ

မျိုးဖြစ်လာသည်။

ပြန်ထူးလိုက်သည့်သူမှာ ပုံပြောဆရာအဘိုးအို ဖြစ်လေသည်။

ပုံပြောဆရာအဘိုးအိုနှင့် လက်ဖက်ရည်ဆိုင်ပိုင်ရှင်မှာ

တစ်ယောက်တည်းပင်ဖြစ်လေသည်။ မိစ္ဆာဘက်ခြမ်းနှင့်

ကောင်းမွန်သည့်ဘက်ခြမ်း နှစ်ပိုင်းကွဲနေခြင်း ဖြစ်လေသည်။

ထိုသို့ တာအိုဆရာ၏ခေါင်းသံကို ထူးလိုက်မိသည့် အချိန်တွင်

တော့ မလွန်ဆန်နိုင်သည့် ဆွဲအားတစ်ခု ထွက်ပေါ်လာပြီး

လက်ဖက်ရည်ဆိုင်ပိုင်ရှင်နှင့် ပုံပြောဆရာအဘိုးအိုနှစ်ယောက်

စလုံးမှာ အခိုးအငွေ့အဖြစ်ပြောင်းလဲကာ ဘူးသီးခြောက်

အတွင်းသို့ စုပ်ယူခြင်း ခံလိုက်ရလေတော့သည်။

တာအိုဆရာမှာလည်း မြေပြင်ပေါ်သို့ လဲကျသွားလေသည်။

သမာဓိမီးတောက်အစွမ်းကို အသုံးပြုလိုက်ရသည့်အတွက် သူ

လည်း အားအင်များ ကုန်ခမ်းသွားလေသည်။ သို့သော် သမာဓိ

မီးတောက်ကြောင့်သာ သူ၏အစ်ကိုကို ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်

လေသည်။ မဟုတ်ပါက သူ့အတွက် လွယ်ကူမည် မဟုတ်ပေ။

တာအိုဆရာက ဘူးသီးခြောက်ကို အသာလှုပ်ကြည့်လိုက်လေသည်။ ဘူးသီးခြောက်အတွင်းမှ ရေသံများ ထွက်ပေါ်လာလေသည်။

ထို့နောက်... ဘူးသီးခြောက်က ပေါက်ကွဲထွက်သွားလေသည်။ ထို့နောက် ဘူးသီးခြောက်အတွင်းမှ မက်မွန်သီးတစ်လုံးထွက်ပေါ်လာပြီး ထိုမက်မွန်သီးမှာ အစိမ်းရောင်မိစ္ဆာ အငွေ့အသက်များ ထွက်ပေါ်နေလေသည်။ ထိုအငွေ့အသက်များက ပတ်ဝန်းကျင်တစ်ခုလုံးကို ညစ်ညမ်းသွားစေသည်။ တာအိုဆရာက မိစ္ဆာငွေ့များ မပျံ့နှံ့သွားစေရန်အတွက် အလွှာဆယ်ခုတစ်ခုဖြင့် တားဆီးထားလေသည်။ ထို့ပြင် သူက ထိုမက်မွန်သီးကို သွားလေရာ သယ်ဆောင်သွားရပါက သူ၏ကျင့်စဉ်လမ်းတွင် ထိခိုက်နိုင်လေသည်။ သူ့အတွေးထဲသို့ ကျယ်ယန်းတောင်သခင်လေးအကြောင်း ဝင်ရောက်လာလေသည်။ ကျယ်ယန်းတောင်မှ ထိုလူထူးလူဆန်း

ထံတွင်တော့ မိစ္ဆာမက်မွန်သီးကို ထိန်းချုပ်နိုင်ရန် နည်းလမ်းရှိ

နိုင်လေသည်။

ထို့ပြင် စာပို့သမားနှင့် အမှာစကားပါးလိုက်သည်ကိုကြည့်ခြင်း

အားဖြင့် ထိုသူမှ ရက်စက်ကြမ်းတမ်းသူ တစ်ယောက် မဟုတ်

နိုင်ပေ။

စာပို့သမားဟု သတိရလိုက်တော့မှ သူက စာပို့သမားကို ရှာဖွေ

လိုက်သည့်အခါ အပိုင်းပိုင်းပြတ်နေသည့် ခန္ဓာကိုယ်နှင့်

အသက်ပျောက်နေပြီဖြစ်သည့် စာပို့သမား၏အလောင်းကို

တွေ့လိုက်ရလေသည်။ သူက စာပို့သမားကို ကောင်းစွာသဂြိုဟ်

လ်ပေးလိုက်ပြီး သစ်တောအုပ်လေးထဲတွင် “စာပို့သမား” ဆို

သည့် ကဗျည်းတိုင်ဖြင့် အုတ်ဂူတစ်ခု ပြုလုပ်ပေးခဲ့လေသည်။

နောက်ပိုင်းတွင်တော့ အသက်ရှင်ကျန်ရစ်ကြသည့်

ရွာသူရွာသားများသည် စာပို့သမား၏သစ္စာရှိမှုကို လေးစား

သည့်အနေဖြင့် အမြဲတမ်း သွားရောက်ဂါရဝပြုကြလေသည်။

နောက်ပိုင်းတွင် ထင်ရှားကျော်ကြားသည့် စာပေသမားတစ်ယောက်က စာပေသမား၏အကြောင်းကို စာတစ်ပုဒ်ရေးသားကာ တာ့ရှားပြည်အာဏာပိုင်များသို့ တင်ပြခဲ့လေသည်။ ထိုအခါ အာဏာပိုင်များက စာပို့သမားအတွက် မြေတစ်ကွက်ချီးမြှင့်ခဲ့လေသည်။ ထိုအဖြစ်အပျက်များက နောက်ပိုင်းမှ ဖြစ်ပျက်သည့် အဖြစ်အပျက်များပင်တည်း။

မက်မွန်သီးတစ်လုံးကို သယ်ဆောင်လာသည့် တာအိုဆရာတစ်ပါးသည် ရှီးလျန်မြို့တော် နယ်မြေအတွင်းသို့ ဝင်ရောက်လာလေသည်။ သူက မိုင်သုံးထောင်ခရီးကို နေ့မနား ညမနား ခရီးနှင်ခဲ့ခြင်းဖြစ်လေသည်။ သူက ကျယ်ယန်းတောင်ခြေမှ တောင်ပေါ်သို့ ဖြည်းဖြည်းချင်း လမ်းလျှောက်တက်လာလေသည်။

လမ်းဆုံတစ်ခုအရောက်တွင်တော့ အမျိုးသမီးစစ်သည်တော်တစ်ယောက်၏ တားဆီးခြင်းကို ခံလိုက်ရလေသည်။

သူ့အနေဖြင့် ထိုမိန်းကလေးကို တိုက်ခိုက်သတ်ဖြတ်ပြီး တောင်ပေါ်သို့ တက်သွားနိုင်လေသည်။ သို့သော် သူက မယဉ်မကျေးပြုမူမိမည်ကို စိတ်ပူသည့်အတွက် မတိုက်ခိုက်တော့ပေ။

"တာအိုဆရာ ၊ ဘယ်သွားမလို့လဲ"

မိန်းကလေးက လေသံမာမာဖြင့်မေးလိုက်သည်။

တာအိုဆရာက မိန်းမပျိုကို ဦးညွတ်လိုက်ရင်း

"ကျုပ်နာမည်က လျိုမုန့်တယ် လို့ခေါ်ပါတယ် ၊ ကျုပ်က ရှီးလျန်မြို့တော်က ကျယ်ယန်းတောင်သခင်လေးနဲ့ တွေ့ချင်လို့ပါ ၊ သူနဲ့များတွေ့ခွင့်ရနိုင်မလား"

"ရှင်တော့ ကံဆိုးပြီပဲ ၊ ဒီမနက်ပဲ သခင်လေးက ရှီးလျန်မြို့တော်ကို ပြန်သွားတယ်"

အမျိုးသမီးစစ်သည်တော်၏စကားကြောင့် တာအိုဆရာသည် စိတ်ပျက်သွားလေသည်။

သို့သော် ချက်ချင်းပင် အကြံတစ်ခုရလိုက်သည့်အတွက် သူက မိန်းကလေးကို အပြုံးဖြင့် ကျေးဇူးတင်စကားဆိုလိုက်သည်။

"ကျေးဇူးတင်ပါတယ် မိန်းကလေး"

ပြီးမှ သူက မိန်းကလေး၏အနောက်ဘက်သို့ လက်ညိုးထိုးလိုက်ရင်း....

"ဟာ..." ခနဲ အာမေဋိတ်သံတစ်ချက် ပြုလိုက်လေသည်။

အခန်း (၄၆၈) မက်မွန်ပင်ကိုစိုက်ပျိုးခြင်း

အမျိုးသမီးစစ်သည်တော်က တာအိုဆရာ၏အမူအရာကြောင့်

သူမနောက်သို့ လှည့်ကြည့်လိုက်လေသည်။ ထိုအချိန်မှာပင်

တာအိုဆရာသည် လေကဲ့သို့ လွင့်မျောပျောက်ကွယ်သွားလေ

တော့သည်။

အမျိုးသမီးစစ်သည်တော်မှာ ရုတ်တရက် မူးဝေကာ လဲကျ

သွားလေသည်။

နွေဦးလေပြေတန်ခိုးစွမ်းအားသည် လေပြေလေးတိုက်ခတ်ခံရ

သည်နှင့် အိပ်ပျော်သွားမည်ဖြစ်ပြီး အိပ်ယာမှ နိုးလာလျှင်

ကြုံတွေ့ခဲ့သမျှမှာ အိပ်မက် တစ်ခုအလား ခံစားရမည် ဖြစ်လေ

သည်။

တာအိုဆရာလျှိုမြန့်တယ်သည် တောင်ထိပ်သို့ လျှောက်လာ

လေသည်။ သူက ကျယ်ယန်းတောင်တွင် နှစ်ပေါင်းများစွာ

ကျင့်ကြံခဲ့သူဖြစ်သည့်အလျောက် နေရာတိုင်းက သူနှင့်

အကျွမ်းတဝင်ဖြစ်နေလေသည်။ သူက ကျောက်တုံးတုံးတား

လေးကိုဖြတ်ကျော်လာပြီး အိမ်တော်ဆီသို့ ရောက်ရှိလာလေ

သည်။

အိမ်တော်တံခါးအပြင်ဘက်တွင် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲ

ထားလေသည်။

“ရွှမ်တုကျောင်းတော်”

ရွှမ်တုဆိုသည့်အမည်မှာ ထိုက်စန့်နှတ်ဘုရားသခင် နေထိုင်ရာ

ရွှမ်တုခရမ်းရောင်နန်းတော်ကို ရည်ညွှန်းထားခြင်း ဖြစ်လေ

သည်။

လျိုမုန့်တယ်သည် စြက်န်လမ်းကိုဖြတ်ကာ ဥယျာဉ်လေးရှိရာ

သို့ ရောက်လာလေသည်။ ထိုနေရာမှာ ယင်အအေးစွမ်းအား

စမ်းရေတွင်းလေးရှိရာ နေရာဖြစ်လေသည်။ ဥယျာဉ်အပြင်

ဘက်တွင် အရံအတားတစ်ခု ပြုလုပ်ထားလေသည်။ လျိုမုန့်

တယ်က ဥယျာဉ်အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မမြင်ရ

သည့်စွမ်းအားတစ်ခု၏တိုက်ခိုက်မှုကို ခံစားရပြီး ထိုစွမ်းအား

မှာ စူးရှသည့်ဓားတစ်လက်အလား သူ့ဆီသို့ ဝင်ရောက်လာလေသည်။
လျိုမုန့်တယ်က မမြင်ရသည့်စွမ်းအားကို ချက်ချင်းပင် ခုခံလိုက်လေသည်။ ထိုစွမ်းအားမှာ အလွန်သန့်စင်သည့် စကြာဝဠာအသက်ဓာတ်စွမ်းအားဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်သည်။ ထိုစွမ်းအားဖြင့်ဆိုလျှင် မည်မျှ ညစ်နွမ်းသည့် မိစ္ဆာစွမ်းအားပင် ဖြစ်ပါစေ သန့်စင်ပစ်နိုင်မည် ဖြစ်လေသည်။
အရံအတားအတွင်းတွင် ဓားဝိညာဉ်တစ်ခုရှိနေပြီး အရံအတားအပြင်ပိုင်းကတော့ အေးချမ်းတည်ငြိမ်လွန်းလေသည်။
အရံအတားကို ဖြစ်ပေါ်စေသည့် အဓိကနေရာမှာ ယင်အအေးစွမ်းအားစမ်းရေတွင်းလေးပင် ဖြစ်လေသည်။
ထို့ပြင် အရံအတားအတွင်းမှ ဓားဝိညာဉ်ကလည်း မည်သူ့ကိုမှ မသေစေနိုင်သော ဟန်ပြဓားဝိညာဉ်သာ ဖြစ်လေသည်။ ဝင်

ရောက်လာသူများကို ခြောက်လှန့်ရန်သာ ပြုလုပ်ထားခြင်း ဖြစ်ဟန်တူလေသည်။

လျိုမှန့်တယ်မှာ အရံအတားကို မိနစ်သုံးဆယ်ခန့် ခုခံတိုက်ခိုက်ပြီးမှ ကျော်လွှားနိုင်ခဲ့လေသည်။ နောက်ဆုံးတွင်တော့ ယင်အအေးစွမ်းအားစမ်းရေတွင်းလေးနားသို့ ရောက်ရှိလာခဲ့လေသည်။ ရေတွင်းလေးထဲမှ ရေများက အအေးဓာတ်များစိမ့်ထွက်နေခြင်းမရှိသလို ရေမျက်နှာပြင်ကလည်း တည်ငြိမ်နေလေသည်။ ရေထဲတွင် သူ၏ရုပ်ပုံကိုပင် ပြန်ပြီး မြင်တွေ့နေရလေ၏။

စမ်းရေတွင်းကိုကာကွယ်ထားသည့် အရံအတားမှာ စမ်းရေတွင်းကို ကာကွယ်ပေးရုံသာမက စမ်းရေတွင်း၏ အနှစ်သာရကိုပါ ပိုမိုတိုးတက်စေရန် ပြုလုပ်ထားခြင်း ဖြစ်လေသည်။

အချိန်ကြာလာသည်နှင့်အမျှ ရေတွင်း၏ မသန့်စင်သည့်အရာများသည် တဖြည်းဖြည်းသန့်စင်လာမည် ဖြစ်ပြီး ရေတစ်စက်ကပင်လျှင် ရောဂါပေါင်းများစွာကို ပျောက်ကင်းစေနိုင်မည်ဖြစ်လေသည်။

သူက ရေတွင်းနံဘေးတွင် တွင်းတစ်တွင်းတူးလိုက်ကာ သူယူဆောင်လာသည့် မိစ္ဆာမက်မွန်သီးကို စိုက်ပျိုးလိုက်လေသည်။ မိစ္ဆာမက်မွန်သီးမှ မိစ္ဆာစွမ်းအားများမှာ စတင် သန့်စင်လာတော့သည်။

သူက မက်မွန်သီးကို စိုက်ပျိုးပြီးသည့်အခါတွင်တော့ ကျယ်ယန်းတောင်သခင်လေးပြန်လာခဲ့လျှင်လည်း သူ့အစ်ကိုဖြစ်သည့် မိစ္ဆာမက်မွန်သီးကို တူးမထုတ်လောက်ပါဘူးဟု တွေးနေမိလေသည်။ တစ်ချိန်တွင် ထိုမက်မွန်သီးမှ မက်မွန်ပင်ပေါက်ဖွားလာခဲ့လျှင် ဝိညာဉ်စွမ်းအားနှင့် အလွန်ပြည့်ဝမည်ဖြစ်လေသည်။

စမ်းရေတွင်လေးနံဘေးတွင်နေထိုင်ရင်း စကြာဝဠာအသက်

ဓာတ်စွမ်းအားများကြောင့် တာအိုဆရာမှာ သူ၏စိုးရိမ်စိတ်

များချက်ချင်းပျောက်ကွယ်သွားရလေသည်။ သူ၏စိတ်မှာ

ကြည်လင်ရှင်းလင်းနေပြီး သူ၏ ထိုက်ချင်းအလင်းတန်ခိုး

စွမ်းအားများပင် တိုးတက်လာခဲ့လေသည်။

သူ၏ရင်ထဲတွင်လည်း ဝမ်းမြောက်မှုကို ခံစားနေရလေသည်။

သို့သော်...

ရေတွင်းနံဘေးရှိ ကျောက်တုံးထက်တွင် ရေးသားထားသည့်

ကဗျာနှစ်ကြောင်းကို ရုတ်တရက် တွေ့မြင်လိုက်ရသည့်အခါ

တွင်တော့ သူ၏ဝမ်းမြောက်ကြည်နူးနေမှုများမှာ ပျောက်ခြင်း

မလှ ပျောက်ကုန်ရတော့သည်။

"ဆန်းသခင်လေးထွက်ခွာသွားတာနဲ့

ရွှမ်တုကျောင်းတော်ဝန်းအတွင်းက ရေတွင်းနားမှာ မက်မွန်သီး

ပင် လာစိုက်လိမ့်မယ်"

ထိုကဗျာစာတမ်းကိုတွေ့သည်နှင့် လျိုမုန့်တယ်မှာ ထိတ်လန့်အံ့ဩသွားရပြီး ငယ်ထိပ်ကို မိုးကြိုးပစ်ချလိုက်သလို ခံစားလိုက်ရလေသည်။

ကြားခြင်းမရှိ ၊ သိခြင်းမရှိဘဲနှင့် ထိုလူထူးလူဆန်းသည် ယနေ့ဖြစ်ပျက်မည့် အဖြစ်အပျက်များကို သိနေခဲ့သည်မှာ ထိုသူ၏စိတ်စွမ်းအား မည်မျှမြင့်မားသည်ကို ပြသနေခြင်းပင်ဖြစ်လေသည်။

ထိုသို့သောလူမျိုးသည် အခြားသူများ၏စိတ်ကိုလည်း စိတ်စွမ်းအားဖြင့် ထိန်းချုပ်နိုင်စွမ်းရှိကြလေသည်။

လျိုမုန့်တယ်၏ တစ်ကိုယ်လုံးမှာ ချွေးများဖြင့် စိုရွှဲနေတော့သည်။

ဆန်းလျန်သည် အရာအားလုံးကို သိနိုင်ခဲ့သူဖြစ်လေသည်။

ဆန်းလျန်သည် လျိုမုန့်တယ်၏ ဇာစ်မြစ်ကို သိရှိခြင်း မရှိသည့်တိုင် ကျယ်ယန်းတောင်သို့ ရောက်ရှိလာမည့်လျှိုမုန့်တယ်

ကို စိတ်စွမ်းအားဖြင့် ဆက်သွယ်ထားသကဲ့သို့ ခံစားလိုက်ရလေသည်။ ထိုမျှ စိတ်စွမ်းအားမြင့်မားမှုသည် တန်ခိုးစွမ်းအားနှင့်မဆိုင်သည့် အဆင့်မြင့်စွမ်းအားတစ်ခု ဖြစ်လေသည်။

ထို့ကြောင့်ပင်...

“နတ်ဘုရားတစ်ပါးအဖြစ် အထွတ်ထိပ်သို့ ရောက်ရှိသွားသူသည် ဦးဆောင်လမ်းပြနိုင်သူတစ်ယောက်ဖြစ်လာလိမ့်မည်” ဟု ရှေးဟောင်းဒဏ္ဍာရီများထဲတွင် ရေးသားထားခြင်း ဖြစ်ဟန်တူလေသည်။

ထိုသို့ အဆင့်မြင့်နတ်ဘုရားတစ်ပါးအနေဖြင့် အချိန်နှင့်နေရာ အတားအဆီးများကို ဖြတ်ကျော်ကာ စကြာဝဠာအတွင်းမှ မည်သည့်အရာကိုမဆို ကြိုတင်ခန့်မှန်းနိုင်စွမ်းရှိပေလိမ့်မည်။

ကျင့်စဉ်လမ်းအဆင့်မြင့်လာပြီး ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိလာမည်ဆိုလျှင် ထိုသူသည် လောကတစ်ခု လုံး၏ကံကြမ္မာကိုပင် သိမြင်လာနိုင်မည် ဖြစ်လေသည်။

……………………………….

ကျားနက်ကြီးမှာ ဆန်းလျန်နှင့် အနေကြာနေပြီ ဖြစ်သည့်အတွက် ဆန်းလျန်၏ အကျင့်စရိုက်များကို သိနေပြီဖြစ်လေသည်။ သူက ဆန်းလျန်၏အမူအရာ အနည်းငယ်ထူးဆန်းနေသည်ကို သတိပြုလိုက်မိသည်။

ထို့ကြောင့် သူက ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး…

“ဘာများဖြစ်လို့လဲ သခင်လေး…”

ကျားနက်ကြီးမေးသည်နှင့် ဆန်းလျန်က တာအိုဆရာ အကြောင်း ဇာတ်လမ်းကို ကျားနက်ကြီးကို ပြောပြလိုက်လေသည်။

ဆန်းလျှန်သည် အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်နိုင်သည်ဆိုဦးတော့ ဝမ်းနည်းစရာအဖြစ်အပျက်များကိုတော့ ပြောင်းလဲပေးရန်မှာ မဖြစ်နိုင်ပါ။

ဆန်းလျှန်ပြောသည့် ဇာတ်လမ်းကိုနားထောင်ပြီးသည်နှင့်ကျားနက်ကြီးမှာ အံ့သြတုန်လှုပ်သွားလေသည်။

ထို့ကြောင့် သခင်ငယ်လေးက သူ့ကိုလည်း ကြိုးစားခိုင်းခြင်းဖြစ်ပြီး သူကတော့သူ့ကိုယ်သူ အားရခြင်း မရှိလှပေ။

သို့သော် သခင်ငယ်လေးထံမှ မက်မွန်ပင်ဇာတ်လမ်းကိုကြားရုံမျှနှင့်ပင် ကြက်သီးများတဖြန်းဖြန်းထသည်အထိ တုန်လှုပ်ခံစားရလေသည်။

"ဒါနဲ့ သခင်လေး ၊ အခု သခင်လေးက ရှီးလျှန်ကိုထွက်လာတော့ အဲဒီတာအိုဆရာနဲ့ မတွေ့ရတော့ဘူးပေါ့"

ကျားနက်ကြီးက တစ်စုံတစ်ခုကို စဉ်းစားမိပြီး မေးမြန်းလိုက်လေသည်။

"ကျင့်ကြံသူတွေအတွက် အချိန်တစ်နှစ်ဆိုတာ တစ်ရက်လောက်ပါပဲ ၊ မက်မွန်ပင်က ပန်းတွေပွင့်တဲ့အချိန်မှ သူနဲ့တွေ့ရလည်း နောက်မကျသေးပါဘူး"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန် ရှီးလျန်သို့ထွက်ခွာလာသည်မှာ သူရောက်ရှိနေသည့်လောကမှ ကျင့်ကြံသူတာအိုဆရာနှင့် မတွေ့ချင်သောကြောင့်မဟုတ်ပါ။ တိုက်တိုက်ဆိုင်ဆိုင် ယနေ့မှ မိခင်ဖြစ်သူ သခင်မချန်ချင်က သူ့ကို ဆင့်ခေါ်သောကြောင့် ဖြစ်လေသည်။

အချိန်တိုက်ဆိုင်နေသောကြောင့် သူက ချန်ချင်၏ဆင့်ခေါ်မှုကိုငြင်းလိုက်လျှင်ရသော်လည်း ဆန်းလျန်က မငြင်းပယ်ခဲ့ပေ။

ဆန်းလျန်သည် ကျားနက်ကြီးကိုစီးနင်းပြီး မြို့တော်သခင်မ၏စံအိမ်သို့ ရောက်ရှိလာခဲ့လေသည်။

ရှီးလျန်မြို့တော်သခင်မဖြစ်လာသည့် ချန်ချင်သည် ယခင်ကလောက် နူးညံ့သိမ်မွေ့ခြင်း မရှိတော့ပေ။ အာဏာရှိသူ သခင်မ

တစ်ပါးအဖြစ် ကြောက်မက်ဖွယ်ကောင်းသူတစ်ယောက် ဖြစ်နေခဲ့ပြီ။

ဆန်းလျန် စံအိမ်တော်အတွင်းသို့ ဝင်လာသည်ကိုမြင်သည်နှင့် ချန်ချင်က အံ့အားသင့်သွားခဲ့လေသည်။ သူမဆင့်ခေါ်သည့်တိုင် ဆန်းလျန် ယခုကဲ့သို့ ရောက်လာလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပေ။

သူမနှင့် ဆန်းလျန်၏ ဆက်ဆံရေးမှား သားအမိဆက်ဆံရေးနှင့် သိပ်မတူသည့်အတွက် ဆန်းလျန်သည် သူ့အပေါ်တွင် သိတတ်သည့်သားတစ်ယောက်ဖြစ်လိမ့်မည်ဟု သူမက ထင်မထားခဲ့ပေ။

သို့သော် သူမသည် သားငယ်ဖြစ်သည့်ဆန်းလျန်ကိုတွေ့ရသည့်အခါတွင်တော့ ပျော်ရွှင်သွားမိလေသည်။

"သားလေးလျန် ၊ တောင်ပေါ်မှာ လိုအပ်တာရှိရင်အကုန် အမေ့ကိုပြောနော် ၊ လိုတာအကုန် စီစဉ်ပေးမယ်"

သူမက ဆန်းလျန်ကို သားလေးလျန်ဟု ယောင်ပြီးခေါ်မိသွားခြင်းဖြစ်လေသည်။ ခေါ်ပြီးသည်နှင့် သူမမှားသွားပြီကို ချက်ချင်းသိလိုက်လေသည်။ သို့သော် အခေါ်အဝေါ်နှင့် ပတ်သက်ပြီး ဆန်းလျန်၏မျက်နှာအမူအရာကတော့ ပြောင်းလဲသွားခြင်းမရှိပါ။ ထိုအခါမှသာ ချန်ချင်မှာ စိတ်သက်သာရာရသွားတော့သည်။

"နေ့တိုင်း အမေက တောင်ပေါ်ကိုလူတွေလွှတ်ပြီး လိုမယ်ထင်တာတွေ ပို့ပေးနေတာ ၊ ပစ္စည်းတွေတောင် အခန်းတစ်ခန်းနဲ့ ပြည့်နေပြီ ၊ ပြီးတော့ အဲဒါတွေ ကျွန်တော်မှ မလိုတာ"

ဆန်းလျန်က ပြောလိုက်သည်။

ပြီးမှ သူက ချန်ချင်ကို စိုက်ကြည့်လိုက်ရင်း...

"အမေ ၊ ခုရက်တွေမှာ အမေ ကျင့်စဉ်တွေ မကျင့်ဘူးမဟုတ်လား"

“အမေ့အလုပ်တွေများနေတာ ၊ ကျင့်စဉ်ကျင့်ချိန် မရပါဘူး ကွယ်”

ချန်ချင်က ပြန်ပြောလိုက်သည်။

ဆန်းလျန်က မည်သည့်စကားမှ ပြန်မပြောတော့ပါ။

ကျင့်စဉ်ကျင့်ကြံရန်အတွက် မည်သည့်ကိုမှ ဖိအားပေးရန် မလိုအပ်ပါ။ ချန်ချင်အနေဖြင့် ယင်အအေးဓာတ်စမ်းရေတွင်းမှ ရေကိုသောက်သုံးနေသမျှ ကာလပတ်လုံး အသက်ရှည်ပြီး ကျန်းမာနေမည် ဖြစ်လေသည်။ ထိုမျှဖြင့် ထိုမျှဖြင့်ပင် သူမအတွက် လုံလောက်နိုင်ပြီ ဖြစ်လေသည်။

“အမေက သားနဲ့ဆွေးနွေးစရာ ကိစ္စနှစ်ခုလောက်ရှိလို့ ၊ တခြားသူတွေနဲ့လည်း တစ်ဆင့်ခံပြီး မပြောချင်ဘူးလေ ၊ သားသိတဲ့အတိုင်း မြို့တော်က ခုမှ ပြန်တည်ဆောက်နေတော့ အလုပ်တွေကလည်းများတော့ သားဆီလာတွေ့ဖို့ ကလည်းမဖြစ်နိုင် ၊ အဲဒါနဲ့ သားကိုပဲ လှမ်းခေါ်လိုက်ရတာပေါ့”

အခန်း (၄၆၉) မက်မွန်ပန်းတွေပွင့်ပြီ

ဆန်းလျန်က ချန်ချင်ကို ထူးဆန်းသည့်အကြည့်ဖြင့် ကြည့်နေလေသည်။ ထိုအကြည့်ကြောင့် ချန်ချင်မှာ စိတ်မသက်မသာဖြစ်မိသည်။

"အမေပြောမယ့်စကားကို သားက သိနေလို့လား"

သူမကမေးလိုက်သည်။

ဆန်းလျန်က နူးညံ့စွာရယ်မောလိုက်ရင်း...

"ဘာလဲ... ၊ အမေက ကျွန်တော့်အတွက် ညီမလေးတစ်ယောက် မွေးပေးဖို့ စဉ်းစားနေတာမလား"

ချန်ချင်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အမေက သားကိုဆန့်ကျင်ပြီးဘာမှ မလုပ်ပါဘူး ၊ သားက ရှီးလျန်မြို့တော်ရဲ့ သခင်တစ်ပါးဖြစ်လာချင်တယ်ဆိုရင် အမေဝမ်းသာမိမှာပါ ၊ ဒါပေမယ့် သားက အဲဒါမျိုးတွေကို စိတ်ဝင်စားတဲ့သူမှ မဟုတ်တာ"

"အမေက ကျွန်တော့်အကြောင်းသိနေတာပဲ ၊ ဘာလို့ ကျွန်တော့်ဆီက ခွင့်ပြုချက်တောင်းနေရတာလဲ ၊ ညီမလေးရလာမယ်ဆိုလည်း ကျွန်တော် ညီမလေးကို အတတ်နိုင်ဆုံး စောင့်ရှောက်မှာပါ"

ဆန်းလျန်၏စကားက ချန်ချင်၏ရင်ထဲသို့ ထိရှသွားလေသည်။ ဆန်းလျန်သည် အေးစက်ပုံရသည့်တိုင်နွေးထွေးသည့် နှလုံးသားကို ပိုင်ဆိုင်သူတစ်ယောက် ဖြစ်လေသည်။

“ဒေါ်လေးအငယ်ကတော့ ကုန်သည်တွေနဲ့အတူ တာ့ရှားပြည်ကို ပါသွားတာဆိုတော့ ၊ သူ့ကိုရှာဖို့နည်းနည်း ခက်တယ် ၊ဒါပေမယ့် ကျွန်တော်နည်းလမ်းရှာမှာပါ ၊ အမေစိတ်မပူပါနဲ့၊ နောက်နှစ်လောက်ဆို သူ့ကိုပြန်ရှာတွေ့မှာပါ”

ချန်ချင်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း…

“အမေလည်း အဲဒီကိစ္စပြောမလို့ပဲ…”

ဆန်းလျန်က ရယ်မောလိုက်ရင်း…

“ဒါဖြင့် အမေနောက်ထပ် ဘာပြောစရာရှိသေးလဲ…”

သူမပြောမည့် စကားများအားလုံးကို ဆန်းလျန်က သိနေသည့်အတွက် ချန်ချင်မှာ အနည်းငယ်ရှက်သွားလေသည်။

သူမက ဆန်းလျန်နှင့် စကားစမြည်ပြောချင်သေးသည့်တိုင် မည်သည့်စကားပြောရမှန်း မသိတော့ပေ။

နောက်ဆုံးတွင်တော့…

“သားရောက်လာမှတော့ ရှီးလျန်မြို့တော်က ပြည်သူတွေ အေးအေးချမ်းချမ်းရှိရဲ့လားဆိုတာ ကြည့်သွားဦးလေ”

ဟုသာ ပြောလိုက်မိတော့သည်။

“သူတို့က အမေ့အမိန့်အတိုင်းလိုက်နာကြတာပဲ မဟုတ်လား ၊ ဒါနဲ့ ရှီးလျန်မြို့က ကျဉ်းလွန်းတယ် ၊ အမေ နယ်မြေထပ်ချဲ့ဖို့ မစဉ်းစားမိဘူးလား”

ချန်ချင်ကအတန်ကြာတိတ်ဆိတ်နေပြီးမှ…

“ခဏတော့ စောင့်ပါဦး သားရယ်…”

ချန်ချင်မှာ ထက်မြက်သူတစ်ယောက် ဖြစ်လေသည်။ ရှီးလျန်မြို့တော်သည် ဆန်းလျန်နှင့် မည်သို့မျှမတူညီကြောင်း သူမသိလေသည်။

စန်းကျူကျင့်စဉ်သည် လူတစ်ယောက်၏စိတ်ထားကို ပြောင်းလဲစေနိုင်ပြီး အသိဉာဏ်ကို မြင့်မားစေလေသည်။

စန်းကျူကျင့်စဉ်ကြောင့် ပြောင်းလဲသွားသည့်လူတစ်ယောက်ကို မည်သူကမှ မတားဆီးနိုင်ပေ။

သူမသည် ဟန်ယင်း တဖြည်းဖြည်းပြောင်းလဲလာသည်ကိုလည်း သတိပြုမိလေသည်။ သူမသည် ညနေခင်းတိုင်းတွင် မြို့တံခါးထိပ်သို့တက်ကာ နေဝင်ချိန်ကို ကြည့်နေတတ်လေသည်။ သူမကို ကြည့်ရသည်မှာ ရှီးလျန်မြို့ကိုကျော်လွန်သွားလျှင် မည်သည့်အရာများရှိသည်ကို သိချင်နေပုံရလေသည်။ ဟန်ယင်းသည် သိသိသာသာ ပြောင်းလဲလာခဲ့လေသည်။ မြို့တံခါးသည် အလွန်မှ မြင့်မားပြီး သူမကတော့ မြို့တစ်ခါးထိပ်သို့ တစ်ခါခုန်လိုက်ရုံမျှဖြင့် တက်ရောက်သွားနိုင်လသည်။ သူမသည် ချန်ချင်ကဲ့သို့ ရှီးလျန်မြို့တော်၏ ကိစ္စများတွင် သိပ်ပြီး စိတ်ဝင်စားခြင်းမရှိပါ။ သူမက ကျင့်ကြံခြင်းကို အာရုံစူးစိုက်နေသည့်အတွက် တစ်နေ့တခြား စွမ်းအားမြင့်မားလာခဲ့လေသည်။

ဟန်ယင်းပင်ထိုသို့ ဖြစ်လာလျှင် စန်းကျူကျင့်စဉ်ကိုကျင့်ကြံကြသည့် စစ်သည်တော်မိန်းကလေးတိုင်း ဟန်းယင်းကဲ့သို့ပင် ခံစားကြမည် ဖြစ်လေသည်။ ထိုကျင့်စဉ်သည် အလွန်မှ အံ့ဩဖွယ်ရာ ကျင့်စဉ်ဖြစ်လေသည်။

အတန်ကြာတိတ်ဆိတ်နေပြီးနောက်မှ ချန်ချင်က ဆက်ပြောလိုက်သည်။

"သားလေးလျန် ၊ ဟိုးအရင်တုန်းက လောကမှာ အလွန်လှပတဲ့ ပန်းတစ်ပွင့် ပွင့်ခဲ့ဖူးတယ်တဲ့ ၊ အဲဒီပန်းက ကောင်းကင်မှာ ပွင့်လန်းပြီး ခဏလေးနဲ့ပျောက်သွားခဲ့တယ် ၊ ဒါပေမယ့် အဲဒီ ပန်းရဲ့အလှတရားက မြင်လိုက်ရသူတိုင်းရဲ့ရင်ထဲကို ထိရှစေ တယ် ၊ တစ်နေ့မှာ ရှီးလျန်မြို့တော်ပျက်စီးသွားခဲ့ရင်တောင်မှ အဲဒီပန်းလေးလို ဖြစ်စေချင်မိတယ်"

“ရှီးလျန်မြို့တော်က အမြဲတမ်းပွင့်လန်းနေမယ့် ပန်းတစ်ပွင့်ပါ အမေ ၊ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး ၊ ကျွန်တော်ပြောတာကို ယုံနော်”

ဆန်းလျန်က နူးညံ့စွာဖြင့် ပြောလိုက်သည်။

တာ့ရှားပြည်နှင့် ယင်းစန်းဒေသရှိနေသေးသည်ကို ချန်ချင်သိထားလေသည်။

ရှီးလျန်သာ မြို့တော်လေးတစ်ခုအဖြစ်မှ အင်အားကြီးနိုင်ငံတစ်ခုဖြစ်လာခဲ့လျှင် ထိုတိုင်းပြည်ကြီးများက ရှီးလျန်ကို မျက်စိကျလာမည်သာဖြစ်လေသည်။ မြက်ပင်လေးသည် မုန်တိုင်းထဲတွင် ရှင်သန်နိုင်သော်လည်း ခိုင်မာသည့်သစ်ပင်ကြီးကတော့ မုန်တိုင်းတိုက်လျှင် ပြိုလဲရလိမ့်မည်။

သို့သော် ချန်ချင်က သူမ၏အတွေးများကို ဆန်းလျန်ကို ပြောပြမနေတော့ပါ။ သူမ၏သားငယ်သည် မိုးကောင်းကင်မှ ချီးမြှင့်သည့် ဆုလာဘ်ဖြစ်လေသည်။ သားငယ်တွင် ထူးခြား

သည့်စွမ်းအားများပိုင်ဆိုင်ထားပြီး အခြားသူများအတွက်

ခက်ခဲသည်ဆိုသည့်အလုပ်များသည် ထိုသားငယ်အတွက်

တော့ လွယ်ကူလွန်းလှလေသည်။

....

အချိန်များက အကုန်မြန်လေသည်။

ရှီးလျန်မြို့တော်ကို ချန်ချင်သခင်မ ပြန်လည်သိမ်းပိုက်နိုင်ခဲ့

သည်မှာ အချိန် (၉)နှစ်ပင် ကြာသွားခဲ့ပြီ ဖြစ်လေသည်။

ကိုးနှစ်အတွင်းတွင် ရှီးလျန်မြို့တော်တွင် နေထိုင်သူများ၏

ဆယ်ပုံတစ်ပုံခန့်သည် စန်းကျူကျင့်စဉ်ကို ကျင့်ကြံခဲ့ကြလေ

သည်။

ထို့ထက်ပိုသည်မှာ ရှီးလျန်မြို့တော်သခင်မ၏ စံအိမ်တော်တွင်

ထူးဆန်းသည့်ပရိတ်ရေရှိလေသည်။ ထိုပရိတ်ရေကို သောက်

သုံးပါက ကျင့်စဉ်ကျင့်ကြံမှုသည် ငါးဆမှ ဆယ်ဆအထိ မြင့်

တက်လာနိုင်လေသည်။

စန်းကျူကျောင့်စဉ်ကို ကျင့်ကြံထားသူများသည် အခြားသော
တိုင်းပြည်များသို့လည်း သွားလာကြလေသည်။ သူတို့သည်
မိန်းကလေးများဖြစ်သည့်တိုင် ယောကျ်ားလေးများထက်ပင်
စွမ်းအားမြင့်မားကြလေသည်။ ကုန်သည်များက ထိုအချက်ကို
ရိပ်မိကြလေသည်။ သူတို့က ကျင့်စဉ်ကျင့်ကြံထားသည့်
မိန်းကလေးများသည် ယင်းစန်းဒေသမှ ကျင့်ကြံသူများနှင့်
ဆင်တူသည်ကို သတိထားမိခဲ့ကြလေသည်။
သို့သော် ရှီးလျန်မြို့တော်မှာ ယင်းစန်းဒေသ၏မြို့တော်ဖြစ်
သည့် ချောင်ကောမြို့တော်ကို တစ်ရာပုံပုံလျှင် တစ်ပုံပင် မမီ
နိုင်သေးပါ။ သို့သော် ရှီးလျန်ကဲ့သို့ ခြောက်သွေ့သည့်
အစွန်အဖျားဒေသတွင် ထိုမျှ မိုးမြေစွမ်းအားများကို စုစည်း
ကျင့်ကြံနိုင်သည်မှာပင် ထူးခြားလွန်းလှပြီ ဖြစ်လေသည်။
ကုန်သည်များက အသိပညာကြွယ်ဝသူများဖြစ်ကြလေသည်။
သူတို့သည် ကမ္ဘာအရပ်ရပ်ကို လှည့်လည်နေသူများ ဖြစ်ကြပြီး

ထူးဆန်းသည့်ဒဏ္ဍာရီများစွာကို ကြားသိဖူးကြသူများ ဖြစ်လေသည်။

ထို့ကြောင့် ရှီးလျန်မြို့တော်သည် သူတို့အတွက် မထူးဆန်းပေ။ ဆန်းလျန်သည် ကျယ်ယန်းတောင်ထိပ်တွင် မတ်တပ်ရပ်နေလေသည်။ သူနောက်တွင် မက်မွန်ပင်တစ်ပင်ရှိနေပြီး မက်မွန်ပန်းများ ဝေဝေဆာဆာပွင့်လန်းလျှက် ရှိလေသည်။

ဆန်းလျန်မှာ ကြီးပြင်းလာပြီဖြစ်ပြီး အသက်ကိုးနှစ်အရွယ်ရှိပြီဖြစ်သည့်တိုင် သူ၏ပုံသဏ္ဌာန်မှာ ဆယ့်သုံးနှစ်ဆယ့်လေးနှစ်အရွယ် လူငယ်လေးတစ်ယောက်နှင့်တူနေလေသည်။ သူက အပြာနုရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ညနေခင်း လေအေးတိုက်ခတ်သည့်အခါ သူဝတ်ဆင်ထားသည့်ဝတ်စုံသည် လေထဲတွင် လွင့်မျောနေလေသည်။ ပုဇွန်ဆီရောင် နေခြည်သည် ဆန်းလျန်၏ ကိုယ်ပေါ်သို့ ဖြာကျနေပြီး နတ်ဖန်ဆင်းသည့် ပန်းချီကားတစ်ချပ်အလား ကျက်သရေရှိလွန်းလှသည်။

သို့သော်... သူ၏ရုပ်ခန္ဓာသည် အရင်ဘဝက ဆန်းလျန်နှင့် မတူတော့ပါ။

မိခင်ဖြစ်သူချန်ချင်၏မျက်နှာပေါက်မျိုးကို ပိုင်ဆိုင်ထားသည့်အတွက် သူ၏အသွင်အပြင်မှာ ယခင်ဘဝကထက်ပင်ချောမောလှပပြီး နူးညံ့လွန်းသေးသည်။ သူ၏မျက်နှာလေးမှာ အပြစ်ပြောစရာ တစ်ချက်ပင်မရှိအောင် ပြည့်စုံလှပလွန်းလှလေသည်။

ကိုးနှစ်အတွင်း...

မက်မွန်ပင်ကလည်း အပွင့်များဝေဝေဆာဆာ ပွင့်လန်းခဲ့ပြီ ဖြစ်လေသည်။ ဆန်းလျန်သည် ကျင့်ကြံမှုများကို ပြုလုပ်ခဲ့ပြီး သူ၏ယခင်ဘဝမှ မူလဝိညာဉ်ခန္ဓာ၏ ဆယ်ပုံတစ်ပုံသော စွမ်းအားများကို သူ၏ရုပ်ခန္ဓာဖြင့် ပေါင်းစပ်နိုင်ခဲ့ပြီ ဖြစ်လေသည်။

အမှန်တော့ ပေါင်းစပ်နိုင်ခြင်းက ဆယ်ပုံတစ်ပုံဆိုသော်လည်း သူ၏တန်ခိုးစွမ်းအားများကတော့ ယခင်ဘဝကကဲ့သို့ပင် မြင့်မားနေဆဲ ဖြစ်လေသည်။

ရှီးလျန်မြို့တော်သည် တဖြည်းဖြည်းကျယ်ပြန့်လာခဲ့ပြီ ဖြစ်လေသည်။

တာ့ရှီတိုင်းပြည်ကိုပင် ကောင်းကောင်းယှဉ်ပြိုင်နိုင်လောက်အောင် အင်အားကြီးမားလာပြီဖြစ်သည်။ တာ့ရှီတိုင်းပြည်ဆိုသည်က ရှီးလျန်မြို့တော် အနောက်ဘက်တွင်တည်ရှိပြီး ရှီးလျန်နှင့် တာ့ရှီကို လော်ဟယ်မြစ်က ပိုင်းခြားပေးထားလေသည်။

ထိုအချိန်တွင် မက်မွန်သီးခုနစ်လုံးတောင်မှ တာအိုဆရာလျိုမုန့်တယ်သည် တာ့ရှီတိုင်းပြည်၏ တိုင်းပြည်အကြံပေးပုဂ္ဂိုလ်ဖြစ်နေခဲ့ပြီဖြစ်သည်။

ပြဿနာက စတင်တော့သည်။

တာ့ရှီတိုင်းပြည်က ရှီးလျန်မြို့တော်မှ ပြည်သူအနည်းငယ်ကို သတ်ဖြတ်လိုက်လေသည်။ ရှီးလျန်ကလည်း တာ့ရှီတိုင်းပြည်မှ မင်းမျိုးမင်းနွယ်တစ်ယောက်ကို ပြန်လည် သတ်ဖြတ်လိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာရှိက ရှီးလျန်မှ မိန်းကလေးတစ်ယောက်ကို မထိတထိ စော်ကားသောကြောင့် ဖြစ်လေသည်။

အခြားတိုင်းပြည်များတွင် မိန်းကလေးများသည် ယောကျ်ားလေးများထက်နိမ့်ကျသည်ဟု အယူရှိကြလေသည်။ သို့သော် ရှီးလျန်မြို့တော်ကတော့ ထူးခြားလေသည်။ ရှီးလျန်မြို့တော်တွင် အင်အားကြီးမားသူများသည် မိန်းကလေးများသာဖြစ်ကြလေသည်။

သို့သော်… မင်းမျိုးမင်းနွယ်တစ်ယောက်အသတ်ခံလိုက်ရသည့်အတွက် တာ့ရှီတိုင်းပြည်သည် ဒေါသအကြီးအကျယ်ထွက်လျှက်ရှိလေသည်။ သာမန်မိန်းကလေးတစ်ယောက်

အတွက်နှင့် မင်းမျိုးမင်းနွယ်တစ်ယောက် အသတ်ခံရသည်မှာ မတန်မရာဖြစ်သည်ဟု သူတို့က ခံစားနေရလေသည်။ ထို့ကြောင့် တာ့ရှီသည် ရှီးလျန်ကို ပညာပေးရန် ဆုံးဖြတ်လိုက်လေသည်။ သို့သော် တိုင်းပြည်အကြံပေးအရာရှိလျိုမုန့်တယ်က ထိုသို့မပြုလုပ်ရန် တားဆီးလိုက်သည်။

သို့သော်... တားဆီးရသည့်အကြောင်းရင်းကိုတော့ သူက တာ့ရှီဧကရာဇ်တစ်ပါးတည်းကိုသာ ပြောကြားခဲ့လေသည်။

ထိုအခါတွင်တော့ တာ့ရှီဧကရာဇ်က နိုင်ငံတော်အကြံပေးကို ရှီးလျန်သို့သွားရန် စေလွှတ်လိုက်တော့သည်။

တာ့ရှီတိုင်းပြည်အကြံပေးအရာရှိ လျိုမုန့်တယ်သည် ရှီးလျန်မြို့တော်သို့ မသွားခဲ့ပါ။ သူက ကျယ်ယန်းတောင်သို့သာ သွားခဲ့လေသည်။ သူက ဆန်းလျန်ကိုတွေ့ချင်နေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်လေသည်။ ယခုတော့ တွေ့ဆုံရန် အခွင့်အရေးရခဲ့ပြီ။

နေရောင်သည် ပျောက်ကွယ်သွားပြီဖြစ်လေသည်။ အရှေ့ဆီမှ စတင်ထွန်းလင်းလာသည့် လမင်းကို မြင်တွေ့ရမည်ဖြစ်လေသည်။ လပြည့်ညဖြစ်သည့်အပြင် ရာသီဥတုကလည်း သာသာယာယာ ရှိလေသည်။

လျိုမုန့်တယ်သည် ကျယ်ယန်းတောင်သို့ နောက်တစ်ကြိမ် ရောက်ရှိလာခဲ့ပြန်လေပြီ။

နေဝင်သွားပြီဖြစ်သော်လည်း အလင်းရောင်ကတော့ ရှိနေသေးသည်။ လပြည့်ဝန်းက ကောင်းကင်ထက်တွင် ထွန်းလင်းနေပြီး ကြယ်လေးများက မှိတ်တုပ်မှိတ်တုပ် တောက်ပနေလေသည်။ အချို့ကြယ်စင်များကတော့ လမင်း၏အလင်းရောင်နှင့် ယှဉ်ပြိုင်ရန်ကြိုးစားနေကြလေသည်။ သို့သော်... သူတို့အနိုင် မရခဲ့ကြရှာပေ။

လျိုမုန့်တယ်သည် ဆန်းလျန်၏ မျက်ဝန်းများဖြင့် ရင်ဆိုင်လိုက်ရလေသည်။ သူ့ဘဝတွင် ထိုမျှ နက်ရှိုင်းသည့်မျက်ဝန်း

များကို တစ်ခါမှ တွေ့ဆုံခဲ့ဖူးခြင်း မရှိပေ။ ထိုအကြည့်မျိုးကို စကားဖြင့်ဖော်ပြ၍ ရမည်မထင်ပေ။ ကိုယ်တိုင်ကြုံတွေ့မှသာ နားလည်နိုင်မည် ဖြစ်လေသည်။

သူ၏ဆရာတွင်ပင်လျှင် ထိုကဲ့သို့သောအကြည့်များမပိုင်ဆိုင်ထားခဲ့ပေ။

သို့သော်.... သူ့ရှေ့မှ ထူးခြားသည့် လူငယ်လေးသည် အသက်ဆယ့်သုံးနှစ် ဆယ့်လေးနှစ်ခန့်မျှသာ ရှိသေးသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"အရင်တစ်ခေါက်တုန်းက ခင်ဗျားစိုက်ခဲ့တဲ့ မက်မွန်ပင်က အခုမက်မွန်ပန်းတွေပွင့်နေပြီ ၊ ကြည့်ပါဦး... ဘယ်လောက်လှလိုက်သလဲ"

လျိုမုန့်တယ်သည် ဆန်းလျန်ကို ချက်ချင်းပင် ဦးညွှတ်လိုက်လေသည်။

“သင်က နတ်ဘုရားတစ်ပါးလူပြန်ဝင်စားတယ်ဆိုတာ ကျုပ်မ ရိပ်မိခဲ့ဘူး ၊ ကျေးဇူးပြုပြီး သင့်ရဲ့အရင်ဘဝကအကြောင်းများ ပြောပြနိုင်မလား”

အခန်း (၄၇၀) ရှမ်ကျန်းကျောင်းတော်

ဆန်းလျန်က လျိုမုန့်တယ်၏အမေးကို တိုက်ရိုက်မဖြေခဲ့ပါ။

“မင်းကျင့်ကြံထားတဲ့ ပညာရပ်က မိုးမြေစွမ်းအားအနှစ်သာရ တွေကို ဝိညာဉ်စွမ်းအားနဲ့ပေါင်းစပ်ပြီး မီးတောက်တစ်ခု ဖန်ဆင်းတာပဲ ၊ အဲဒီ မိုးမြေစွမ်းအားအနှစ်သာရတွေနဲ့ ဝိညာဉ်

စွမ်းအားပေါင်းစပ်နိုင်မှုဟာ သိပ်ကိုအရေးကြီးတယ်၊ အဲဒီ ကျင့်စဉ်ကို တခြားသူတွေကျင့်ကြံဖို့ မလွယ်ကူနိုင်ဘူး၊ မင်းရဲ့ ကျင့်စဉ်ပထမအဆင့်မှာပဲ ဒြပ်စင်စွမ်းအားသုံးမျိုးကို အသုံးပြု ရမယ်၊ ပထမအဆင့်အောင်မြင်ရင်ကို မင်းရဲ့တန်ခိုးစွမ်းအား တွေက သိပ်ကို မြင့်မားနေပြီလို့ ဆိုနိုင်တယ်၊ ပြီးတော့ မင်းရဲ့ ကျင့်စဉ်အောင်မြင်တာနဲ့ မင်းဟာ စစ်မှန်တဲ့သမာဓိမီးတောက် ကို ရရှိလိမ့်မယ်၊ အဲဒီအချိန်မှာ မင်းရဲ့ ကျင့်စဉ်လမ်းလည်း တိုးတက်လာလိမ့်မယ်၊ သစ်သားဒြပ်စင်ကနေ မီးတောက်ဖန် ဆင်းတဲ့ကျင့်စဉ်ကတော့ မင်းနဲ့ တကယ်သင့်တော်တဲ့ ကျင့်စဉ် ပါပဲ"

လျိုမုန့်တယ်မှာ ထိုစကားများကိုကြားသည့်အခါတွင်တော့ ကျောရိုးထဲပင် စိမ့်သွားရတော့သည်။

သူက ဆန်းလျန်မှာ အဆင့်မြင့်နတ်ဘုရားတစ်ပါးဖြစ်သည်ကို သိထားသည့်တိုင် ထိုမျှထိ အဆင့်မြင့်မားသူတစ်ယောက် ဖြစ်

လိမ့်မည်ဟု ထင်မထားခဲ့မိပေ။ ဆန်းလျန်ပြောသည့် စစ်မှန်

သည့်သမာဓိမီးတောက်မှာ သူကျင့်ကြံနေသည့်ကျင့်စဉ်

နောက်ဆုံးအဆင့်တွင် ရရှိရမည့် တန်ခိုးစွမ်းအား ဖြစ်လေ

သည်။

သူ၏ဆရာက သူသည် သာမာန်ကျင့်ကြံသူတစ်ယောက်မျှသာ

ဖြစ်သည်ဟု အစပိုင်းက ပြောခဲ့ဖူးလေသည်။ ထို့ကြောင့် တာ

အိုမဟာကျင့်စဉ်လမ်းသို့ရောက်လိုလျှင် ထူးခြားသည့်လမ်းကို

ရှာဖွေရမည်ဖြစ်လေသည်။ သူသာ စစ်မှန်သည့်သမာဓိ

မီးတောက်ရသည့်အဆင့်ထိ ကျင့်ကြံနိုင်ခဲ့လျှင် သူကိုယ်တိုင်

အောင်မြင်မည်သာမက မဟာတန်ခိုးရှင်တံပါးဖြစ်လာမည်ဖြစ်

ပြီး သူ၏မျိုးဆက်သည် နတ်မိစ္ဆာများအလယ်တွင် တော်ဝင်

မျိုးနွယ်ဖြစ်လာမည် ဖြစ်လေသည်။

လောကတွင် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားသည့်

နတ်မိစ္ဆာများ မရေမတွက်နိုင်အောင် ရှိလေသည်။ သို့သော်

မဟာတန်ခိုးရှင်အဆင့်တက်လှမ်းနိုင်သူကတော့ လက်ချိုးရေ
တွက်၍ပင် ရလေသည်။ မဟာတန်ခိုးရှင်များကိုတော့ ကျင့်ကြံ
သူလောကတစ်ခုလုံးက လေးစားကြလေသည်။

"သင်က တကယ့်ကို ပညာအလင်းနဲ့ ပြည့်ဝသူပါပဲ ၊ သင်ပြော
သမျှ အကုန်မှန်ပါတယ် ၊ တကယ်တော့ ကျုပ်သိချင်တာလေး
တွေ ရှိနေတာ ၊ ကျုပ်ရဲ့ကျင့်စဉ်လမ်းမှာ အခက်အခဲလေးတွေ
ရှိလာတယ် ၊ သမာဓိမီးတောက်ကို ဘယ်တော့မှ ငြိမ်းမသွားဘဲ
အရှိန်အဟုန်နဲ့ အသုံးချနိုင်တဲ့ အဆင့်ထိ ကျင့်ကြံချင်ပေမယ့်
အဲဒီလို ဖြစ်မလာခဲ့ဘူး ၊ ဒါကြောင့် ကျုပ်က တာ့ရှီပြည်ကိုသွား
ပြီး တိုင်းပြည်အကြံပေးလုပ်နေခဲ့တာ ၊ အဲဒီမှာများ ကျုပ်ရဲ့
အခက်အခဲတွေ ဖြေရှင်းနိုင်မလားလို့ပေါ့ ၊ ဒါပေမယ့် ဖြစ်မလာ
ခဲ့ပါဘူး ၊ အဲဒီအတွက် အရမ်းစိတ်ရှုတ်နေရတာ"

ဆန်းလျန်ကတော့ တာအိုဆရာ၏ခန္ဓာထဲမှ မီးတောက်မှာ စစ်
မှန်သည့်မီးတောက်မဟုတ်သည့်တိုင် ပုံပေါ်လာနေပြီကို ရိပ်မိ

ထားလေသည်။ သူ့ခန္ဓာကိုယ်ထဲမှ တန်ခိုးစွမ်းအားသည် အခြေခိုင်နေပြီး မည်သည့်အခါမှ ပျက်ပြယ်သွားတော့မည် မဟုတ်ပေ။ သိပ်မကြာမီ ဟိုင်သန်းအဆင့် တက်ရောက်နိုင်မည်ဟုပင် ခန့်မှန်းရလေသည်။

ဟိုင်သန်းအဆင့်ဆိုသည်မှာ ကျင့်ကြံသူတိုင်းကျော်လွှားကြရသည့် အခက်အခဲများဖြင့် ပြည့်နေသည့် အဆင့်တစ်ခု ဖြစ်လေသည်။ အချို့သော ကျင့်ကြံသူများသာလျှင် ကောင်းကောင်းမွန်မွန် ကိုင်တွယ်နိုင်တတ်ကြသည်။

အထူးသဖြင့် ကိုယ်ပိုင်ကျင့်စဉ်လမ်းဖြင့်သွားသည့် ဟိုင်သန်းအဆင့်သည် ကျော်ဖြတ်နိုင်ရန် အလွန်ခက်ခဲလေသည်။ ပြင်ပပြဒါးရှင်နှင့် နတ်ဒေဝါအမြုတေများဖြင့် ဟိုင်သန်းအဆင့်တက်ရောက်ခြင်းသည် တကယ်တမ်းတွင် ရေရှည်အတွက် ကောင်းမွန်ခြင်း မရှိပေ။

ထို့ကြောင့် ကျင့်စဉ်လမ်းဖြင့် ဟိုင်သန်းအဆင့်ကို တက်ရောက်နိုင်ရန် ကြိုးစားနေသူများအတွက် ကိုယ့်စိတ်ကိုယ် နားလည်ရန်လိုအပ်လေသည်။

ဟိုင်သန်းအဆင့်အောင်မြင်မှသာလျှင် ကျင့်စဉ်လမ်းသို့ အမှန်တကယ် စတင်ဝင်ရောက်ပြီဟု ဆိုနိုင်လေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကျုပ်တုန်းကလည်း ခင်ဗျားလိုပဲ ကျင့်စဉ်လမ်းအဆင့်တက်ဖို့အဲဒီလိုအခက်အခဲမျိုး ရင်ဆိုင်ခဲ့ရဖူးတယ်၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက်ကတော့ ဘယ်တူနိုင်မလဲ၊ ကဲပါလေ ....မင်းရောက်လာပြီဆိုမှတော့ ကျုပ်နဲ့အတူတူထိုင်ပြီး မက်မွန်ပန်းတွေကို ကြည့်ရင်း စိတ်အပန်းဖြေပါဦး"

လရောင်သည် ဆန်းလျန်၏ကိုယ်ပေါ်သို့ ဖြာကျနေလေသည်။

ဆန်းလျန်မှာ လောကတွင်ထွန်းလင်းနေသည့် လတစ်စင်းနှင့်ပင်ဆင်တူနေပြီး တာအိုဆရာသည် ကျက်သရေရှိလှသည့်

ဆန်းလျန်၏ပုံစံကို ငေးကြည့်နေရင်း အကြည့်မလွှဲနိုင်တော့ပေ။

ဆန်းလျန်သည် မက်မွန်ပင်အောက်တွင် ထိုင်နေလေသည်။

လရောင်ခြည်သည် စက်ဝန်းတစ်ခုအလား သူ့ကိုဝန်းရံနေလေသည်။

ရုတ်တရက် ဆန်းလျန်ကို ဝန်းရံနေသည့် လရောင်စက်ဝန်းသည် ပေါက်ကွဲထွက်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်တောက်ပသွားလေသည်။ အလင်းရောင်ကြောင့် မက်မွန်ပင်၏ သစ်ခေါက်များကိုပင် အသေးစိတ်တွေ့မြင်လိုက်ရလေသည်။

လျိုမုန့်တယ်သည် မက်မွန်ပင်ကို အနီးကပ်ကြည့်ရှုရင်း သူ့ရင်ထဲတွင် ခံစားချက်ပေါင်းများစွာ ခံစားနေရလေသည်။

လျိုမုန့်တယ်သည် ဆန်းလျန်ဘေးနားတွင်ဝင်ထိုင်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ကြေးမုံမှန်များဖြင့် အလင်းပေးထား

သကဲ့သို့ တောက်ပထိန်လင်းနေလေသည်။

လေအေးတစ်ချက် တိုက်ခတ်လာလေသည်။

ထိုအခါ မက်မွန်ပင်မှ မက်မွန်ပန်းများသည် မြေခကာ ကြွေကျ

ကြရလေသည်။ ပန်းမိုးရွာချသကဲ့သို့ပင် ရှိချေ၏။

မက်မွန်ပန်းကြွေများကိုကြည့်ရင်း လျိုမှန့်တယ်သည်

တစ်စုံတစ်ခုကို နားလည်လာဟန်ရှိလေသည်။

မက်မွန်ပန်းများသည် မက်မွန်ပင်တွင် ပွင့်နေချိန်တွင်သာ

ရှင်သန်ပွင့်လန်းနိုင်လေသည်။ မက်မွန်ပင်မှ ကြွေကျသည်နှင့်

ပွင့်ချပ်လေးများသည် ခြောက်သွေ့သေဆုံးကာ မြေသြဇာဖြစ်

သွားကြရပေလိမ့်မည်။ ထိုမြေသြဇာကို မက်မွန်ပင်၏အမြစ်

များက ပြန်လည်စုပ်ယူပြီး အပွင့်များ ထပ်မံပွင့်လန်းစေလိမ့်ဦး

မည်။ သံသရာလည်သည်ဆိုသည်မှာ ထိုအရာကို ပြောခြင်း

ဖြစ်လေသည်။

လျိုမုန့်တယ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်ဟာ သဘာဝတရားကို နားမလည်နိုင်လောင်အောင်ကို ကျုပ်ကိုယ်ကျုပ် အထင်ကြီးနေခဲ့မိတာပဲ ၊ တကယ်တော့ မက်မွန်ပန်းတွေကြွေတာဟာ လေတိုက်လို့မဟုတ်ဘူးပဲ ၊ ကြွေချိန်တန်လို့ ကြွေရတာပဲ"

ဆန်းလျန်ကပြုံးလိုက်ရင်း...

"မင်း ဒီလိုနားလည်သွားတာကိုကြည့်ရင် မင်း ကျင့်ကြံခဲ့တဲ့ ကျင့်ကြံသူဂိုဏ်းက သဘာဝတရားအပေါ်မှာ အလေးထားပုံရတယ် ၊ ပြီးတော့ မင်းသင်ယူထားတဲ့ကျင့်စဉ်ကလည်း သာမာန်ကျင့်စဉ်မဟုတ်ဘူး ၊ ကျုပ်စိတ်ဝင်စားနေမိပြီ"

"ကျုပ်က ရှမ်ကျန်းကျောင်းတော်မှာ ပညာသင်ခဲ့တာပါ ၊ အဲဒီမှာ တပည့်တွေမှ အများကြီးပဲ ၊ တပည့်တွေအားလုံးရဲ့ နာမည်တောင် ကျုပ်မမှတ်မိတော့ဘူး ၊ ကျုပ်ရဲ့ဆရာ မုကျန်းက ရှမ်း

ကျန်းကျောင်းတော်က တကယ်နာမည်ကျော်ကြားတဲ့ ဆရာသခင်တစ်ပါးပဲ"

လျိုမုန့်တယ်က လေးလေးစားစားဖြင့် ပြောပြနေသည့်တိုင် ဆန်းလျန်၏ မျက်နှာအမူအရာကတော့ ပြောင်းလဲမသွားပါ။

လျိုမုန့်တယ်က ရှမ်ကျန်းကျောင်းတော်အကြောင်းများကို ဆန်းလျန်ကို ပြောပြလေသည်။

တာ့ရှားပြည်ကေရာဇ်မင်းသည် တာအိုဝါဒကိုရော ဗုဒ္ဓဘာသာကိုရော နှစ်သက်ခြင်းမရှိပေ။ ထို့ကြောင့် တာ့ရှားပြည်တွင် ဘာသာရေးကျောင်းတော်များ သိပ်ပြီးမရှိကြပေ။ တာ့ရှားတွင် ရပ်တည်နိုင်သည့် ကျောင်းတော်ဆိုသည်မှာ အင်မတန်မှ စွမ်းအားရှိသောကြောင့် ဖြစ်လေသည်။

ထိုကျောင်းတော်များထဲတွင် ရှမ်ကျန်းကျောင်းတော်လည်း အပါအဝင်ဖြစ်လေသည်။

တာ့ရှားပြည်ကေရာဇ်၏ တာအိုဝါဒနှင့် ဗုဒ္ဓဘာသာအပေါ် စည်းကမ်းတင်းကြပ်မှုများကြောင့် တာအိုကျောင်းတော်များမှာ တပည့်လက်ခံမှုကို ကန့်သတ်ထားကြရလေသည်။ ထို့ကြောင့် ရွှမ်ကျန်းကျောင်းတော်ကဲ့သို့ စွမ်းအားကြီးမားသည့် ကျောင်းတော်ကြီးပင်လျှင် တပည့်ငါးဆယ်ထက် မပိုခဲ့ပေ။ ထိုတပည့်အားလုံးမှာလည်း ကျောင်းတော်တွင် ပညာသင်ရန်အတွက် တာ့ရှားအာဏာပိုင်များထံတွင် မှတ်ပုံတင်ရလေသည်။ ထို့ပြင် တပည့်များကို ပညာသင်ကြားပေးမည့် ဆရာများမှာလည်း အာဏာပိုင်များထံတွင် "ကျန်းရန်" များအဖြစ် မှတ်ပုံတင်ကြရလေသည်။

ရွှမ်ကျန်းကျောင်းတော်မှ ကျော်ကြားသည့် ဆရာသခင်ခုနစ်ပါးကို ရွှမ်ကျန်းဆရာသခင်ခုနစ်ပါးဟု ခေါ်ကြလေသည်။ သူတို့ခုနစ်ပါးမှ တပည့်များကို သင်ကြားပေးပြီး တပည့်အုပ်စု ခုနစ်စု ကွဲထွက်သွားလေသည်။

လျိုမုန့်တယ်၏ဆရာဖြစ်သူ မုကျန်းမှာ ဆရာသခင်ခုနစ်ပါး တွင် တစ်ပါးအပါအဝင်ဖြစ်သည့် ချန်စန်းကျီ၏ တပည့်အုပ်စု ထဲမှ ဖြစ်လေသည်။ လွန်ခဲ့သည့်နှစ်တစ်ရာခန့်က တာ့ရှားတွင် "ကျန်းရန်" အဖြစ် မှတ်ပုံတင်ထားသူ ဖြစ်လေသည်။ ရွှမ်ကျန်း ဆရာသခင်ခုနစ်ပါးတွင် ချန်စန်းကျီသည် တန်ခိုးစွမ်းအားမြင့် မားသူတစ်ယောက် ဖြစ်လေသည်။ တာ့ရှားတိုင်းပြည်တွင် သူ့ ကို ပြဿနာရှာရဲသူ တစ်ယောက်မှ မရှိပေ။ တာ့ရှားပြည် ဧကရာဇ်၏ တူေတော်လေးတစ်ယောက်သည်ပင် ချန်စန်းကျီ ထံတွင် တပည့်ခံခဲ့ဖူးလေသည်။

ဆန်းလျန်သည် အတိတ်ဘဝက မည်မျှပင် တန်ခိုးစွမ်းအားမြင့် မားပါစေ ရွှမ်ကျန်းဆရာသခင်ခုနစ်ပါးလောက် တန်ခိုးကြီးနိုင် မည်မဟုတ်ဟု လျိုမုန့်တယ်က တွေးထားလေသည်။

သို့သော်… ဆန်းလျန်၏တန်ခိုးစွမ်းအားမည်မျှ ကြီးမားသည် ကိုတော့ သူလည်း သေသေချာချာ မသိရှိသေးပေ။

လျှိုမုန့်တယ်၏ စကားများကိုနားထောင်ပြီး ဆန်းလျန်က တစ်ချက်ပြုံးလိုက်သည်။

"ရွှမ်ကျန်းကျောင်းတော်က အဲဒီလောက်တောင် တန်ခိုးစွမ်းအားကြီးတာလား"

ဆန်းလျန်၏စကားကိုကြားသည့်အခါတွင်တော့ လျှိုမုန့်တယ်မှာ ဆန်းလျန်သည် တမင်သက်သက်များ သူ့ကိုဒေါသထွက်အောင် စွနေသလားဟုပင် ထင်လိုက်မိလေသည်။

လျှိုမုန့်တယ်၏ မျက်နှာအမူအရာကို တစ်ချက်ကြည့်လိုက်ပြီး ဆန်းလျန်က ပြေရာပြေကြောင်း ပြောလိုက်ရသည်။

"တကယ်ပါ၊ ကျုပ်က ရွှမ်ကျန်းကျောင်းတော်အကြောင်း တစ်ခါမှ မကြားဖူးလို့ပါ"

ဆန်းလျန်၏စကားကြောင့် လျှိုမုန့်တယ်မှာ အံ့သြခြင်းမကက အံ့သြသွားတော့သည်။

"ခင်ဗျားရဲ့ ကျင့်စဉ်လမ်းအဆင့်မြင့်ပုံနဲ့ဆိုရင် ရှမ်ကျန်း ကျောင်းတော်ကို မကြားဖူးတာ အံ့သြစရာပဲ ၊ ခင်ဗျားက သွေး နီရောင်ပင်လယ်ရဲ့အပြင်ဘက်က ရောက်လာတဲ့သူများလား ၊ သွေးနီရောင်ပင်လယ်က တကယ်ကြောက်စရာ ကောင်းတယ် ၊ နတ်ဘုရားတွေတောင် ဖြတ်ပြီး မကူးခတ်နိုင်ကြဘူး ၊ ခင်ဗျား က သွေးနီရောင်ပင်လယ်အပြင်ဘက် ကရောက်လာတဲ့ နတ် ဘုရားဆိုရင်တော့ ရှမ်ကျန်းကျောင်းတော်ကို ခင်ဗျားမသိတာ လက်ခံနိုင်ပါတယ်"

"မင်းလည်း သွေးနီရောင်ပင်လယ်အကြောင်းကို သိနေတာလား ၊ ဒါနဲ့ ကျုပ်ကို ရှမ်ကျန်းကျောင်းတော်အကြောင်း ဆက်ပြော ပြပါဦး"

လျိုမုန့်တယ်အနေဖြင့်လည်း ရှမ်ကျန်းကျောင်းတော် အကြောင်းကို ပြောမပြနိုင်စရာမရှိပါ။

ဆန်းလျန်မှာ လျိုမုန့်တယ်ထံမှ သတင်းကြားရသလောက်ဆို လျှင် ရှမ်ကျန်းဆရာသခင်ခုနစ်ပါးသည် ထိပ်တန်းအဆင့် ကျင့်ကြံသူများဖြစ်နိုင်လေသည်။ သို့သော် ကျင့်ကြံသူများ သည် မည်သည့်အခါမှ ဘုရင့်အမိန့်ကို နာခံကြသူများမဟုတ် လေရာ ထိုသို့သော ထိပ်တန်းကျင့်ကြံသူများသည် အဘယ့် ကြောင့် တာ့ရှားပြည်ကေရာဇ်၏ လွှမ်းမိုးမှု ကိုခံနေကြရပါ သနည်း။

ထို ရှမ်ကျန်းဆရာသခင်ခုနစ်ပါးမှာ လောကနတ်ဘုရားများ သာ ဖြစ်နေလျှင် လောကနတ်ဘုရားများကိုပင် ထိန်းချုပ်နိုင်ရ လောက်အောင် တာ့ရှားပြည်ကေရာဇ်သည် မည်မျှ တန်ခိုး စွမ်းအားမြင့်မားနေပါသနည်း။

လျိုမုန့်တယ်ကိုကြည့်ပြီး ခန့်မှန်းရမည်ဆိုလျှင် သူ၏ဆရာဖြစ် သူ ဆရာသခင်မုကျန်းသည် အနည်းဆုံးတော့ ဟိုင်သန်းအဆင့် ကိုအောင်မြင်ပြီးသူတစ်ယောက် ဖြစ်ရပေမည်။ ထိုသို့ဆိုလျှင်

ဆရာသခင်မှုကျန်း၏ ဆရာဖြစ်သူ ချန်စန်းကျီနှင့် အခြား

သော ဆရာသခင်ခြောက်ပါးသည် လောကနတ်ဘုရားများဖြစ်

ရမည်မှာသေချာသလောက် ရှိလေသည်။ လောကနတ်ဘုရား

ထက်ပင် ကျော်လွန်ပြီး မိုးကောင်ကင်နတ်ဘုရားနီးပါးပင်

တန်ခိုးစွမ်းအားမြင့်မားနိုင်လောက်ပေသည်။

အခန်း (၄၇၁) သေခြင်းရှင်ခြင်းစာအုပ်

ဆန်းလျန်သည် ခဏတာမျှ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ပြီးမှ မေးလိုက်သည်။

"မင်းရဲ့ ဆရာဘိုးဘိုး ချန်စန်းကျီက ကျင့်စဉ်လမ်းအဆင့် ဘယ်အထိရောက်နေပြီလဲ ခန့်မှန်းနိုင်လား ၊ သူက နတ်ဘုရား တစ်ပါးဖြစ်နေပြီလား"

"ခင်ဗျားမေးတာတွေက တော်တော်ထူးဆန်းတာပဲ ၊ ကျုပ်ရဲ့ ဆရာဘိုးဘိုးအကြောင်းကိုမေးတယ်ဆိုတော့ ခင်ဗျားက ကျင့်စဉ်လမ်းမှာ ဒီလောက်အဆင့်မြင့်တာ သေခြင်းရှင်ခြင်း စာအုပ်ကို မဖတ်ဖူးဘူးလား"

ထိုစကားကြောင့် ဆန်းလျန်မှာ အနည်းငယ် လှုပ်ရှားသွားရ သည်။

"သေခြင်းရှင်ခြင်းစာအုပ်ဆိုတာ တကယ်ရှိတာလား"

"သောက်ကျိုးနဲ" ဟူ၍သာ လျိုမုန့်တယ် တွေးလိုက်မိ တော့သည်။

ကျင့်စဉ်လမ်းပြီးမြောက်အောင်မြင်သွားသူ မည်သူမဆို သေ ခြင်းရှင်ခြင်းစာအုပ်ကို ဖတ်ကြသည်ပဲ ဖြစ်လေသည်။ ထို

စာအုပ်အကြောင်းကို ဆန်းလျှန်မသိသည်မှာ ထူးဆန်းလှသည်။ သို့သော် ဆန်းလျှန်က မသိဘူးဆိုမှတော့ သူက သူသိသလောက် ထပ်ရှင်းပြလိုက်လေသည်။

"သေခြင်းရှင်ခြင်းစာအုပ်ဆိုတာ စကြာဝဠာစွမ်းအားနဲ့ ဖြစ်တည်လာတဲ့ စာအုပ်ပဲ ၊ လူသားဆန်မှုကျမ်းစာလို့လည်း ခေါ်တယ် ၊ စကြာဝဠာထဲက သတ္တဝါတွေအားလုံးအကြောင်းကို မှတ်တမ်းတင်ထားတယ် ၊ သေခြင်းနဲ့ရှင်ခြင်း အကြောင်းတွေကိုလည်း အဲဒီစာအုပ်ထဲမှာ မှတ်တမ်းတင်ထားတယ် ၊ အဲဒီစာအုပ်က နတ်ဘုရားစွမ်းအားတွေကို လည်း ပိုင်ဆိုင်တယ် ၊ သေခြင်းရှင်ခြင်းစာအုပ်ထဲမှာ ခင်ဗျားနာမည်မပယ်ဖျက်နိုင်သေးသရွေ့ အချိန်တန်ရင်တော့ ခင်ဗျားသေရမှာပဲ ၊ ဆရာဘိုးဘိုး ချန်စန်းကျီရဲ့အမည်က သေခြင်းရှင်ခြင်းစာအုပ်ထဲမှာတော့ ပယ်ဖျက်မခံရသေးဘူး ၊ အချိန်ကျရင် သူလည်း သေဆုံးရပြီး လူပြန်ဝင်စားရမှာပါပဲ"

ဆန်းလျန်မှာ အနည်းငယ်အံ့သြသွားရလေသည်။ သူက သူ ရောက်နေသည့်လောကတွင် ထိုသို့ ထူးဆန်းသည့်ကိစ္စရပ်များ ရှိလိမ့်မည်ဟု ထင်မှတ်မထားမိပေ။ လျိုမုန့်တယ်၏ စကား အရဆိုလျှင် သေခြင်းရှင်ခြင်းစာအုပ်သည် သူကြားဖူးသည် ထက်ပင် တန်ခိုးစွမ်းအား ကြီးမားနေသေးသည်။ သို့သော် သူက အဘယ့်ကြောင့် ထိုစာအုပ်နှင့်ပတ်သက်ပြီး မခံစားမိပါ လိမ့်။ သူက သူရောက်ရှိနေသည့်လောကမှ လူမဟုတ် သည့်အတွက် ထိုသို့ဖြစ်နေရခြင်းလား။ သို့မဟုတ် အခြား သောအကြောင်းများ ရှိနေသေးသည်လား။

"သေခြင်းရှင်ခြင်းစာအုပ်ကနေ နာမည်ပယ်ဖျက်တယ်ဆိုတာ ဘာကိုပြောတာလဲ"

ဆန်းလျန်က ဆက်မေးလိုက်သည်။

"ခင်ဗျားရဲ့ကျင့်စဉ်လမ်းက အရမ်းအဆင့်မြင့်လာတဲ့အခါ တန်ခိုးစွမ်းအားနဲ့ ဝိညာဉ်ဟာ တစ်သားတည်းကျသွားတယ် ၊

အဲဒီအခါမှာ မူလဝိညာဉ်ခန္ဓာမွေးဖွားလာတယ် ၊ အဲဒီအဆင့်ရောက်ရင် လောကနတ်ဘုရားဖြစ်ပြီလို့ခေါ်တယ်၊ လောကနတ်ဘုရားဆိုတာ လောကထဲမှာ လူသားတွေနဲ့အတူ နေထိုင်နေကြသေးတဲ့ နတ်ဘုရားတွေကို ပြောတာ ၊ ကျုပ်ရဲ့ဆရာဘိုးဘိုးချန်စန်းကျီကလည်း လောကနတ်ဘုရားတစ်ပါးပါပဲ ၊ တန်ခိုးစွမ်းအားလည်း အလွန်မြင့်မားတယ် ၊ ဒါပေမယ့် လောကနတ်ဘုရားဖြစ်တာနဲ့တော့ ကျင့်စဉ်လမ်းက အဆုံးသတ်မသွားသေးဘူး ၊ လောကနတ်ဘုရားအဆင့်ကို ကျော်လွန်ပြီးရင်တော့ တာအိုမဟာလမ်းစဉ်ကိုနားလည်တဲ့ မိုးကောင်းကင်နတ်ဘုရားဖြစ်လာမယ် ၊ မိုးကောင်းကင်နတ်ဘုရားဖြစ်သွားတဲ့သူတွေကသေခြင်းရှင်ခြင်းစာအုပ်နဲ့ သူတို့ရဲ့ကြားက ဆက်နွယ်မှုကိုဖြတ်တောက်ပစ်နိုင်တယ် ၊ အဲဒါကို သေခြင်းရှင်ခြင်းစာအုပ်ထဲက နာမည်ပယ်ဖျက်တယ်လို့ ခေါ်တာပါပဲ ၊ ခင်ဗျားကြည့်ရတာကျုပ်ထက်အများကြီးတန်ခိုးစွမ်းအားမြင့်မားရဲ့သားနဲ့ သေ

ခြင်းရှင်ခြင်းစာအုပ်အကြောင်းကိုတောင် မသိဘူးဆိုတော့ ခင်ဗျားလူပြန်ဝင်စားတုန်းက တစ်ခုခုများ မှားယွင်းသွားလား ၊ ခင်ဗျားစိတ်မရှိဘူးဆိုရင် ခင်ဗျားရဲ့ ကျင့်စဉ်လမ်းက ဘယ် အဆင့်ကိုရောက်နေပြီလဲဆိုတာ သိချင်မိပါတယ်"

လျိုမုန့်တယ်၏စကားများကို နားထောင်ရင်း ဘယ်လိုပဲ အခြေအနေတွေကွဲပြားပါစေ ကျင့်စဉ်လမ်းတွေရဲ့ နောက်ဆုံး အဆုံးသတ်ကတော့ အတူတူပါပဲလားဟု ဆန်းလျန် စဉ်းစားနေ မိလေသည်။ သူရောက်ရှိနေသည့် လောကမှ ကျင့်ကြံသူများ မှာလည်း မူလဝိညာဉ်ခန္ဓာရရှိနိုင်မှသာလျှင် လောကနတ်ဘုရား ဖြစ်ကြလေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"မင်းပြောတဲ့စကားအရဆိုရင်တော့ ကျုပ်က မိုးကောင်းကင် နတ်ဘုရားတစ်ပါးပဲ"

လျှိုမှုန့်တယ်မှာ ဆန်းလျှန်စကားကြောင့် ကြက်သေသေသွား

လေသည်။

သူက ဆန်းလျှန်သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်

လိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့ပေ။

ရွှမ်ကျန်းကျောင်းတော်မှ ရွှမ်ကျန်းဆရာသခင်ခုနစ်ပါးသည်

မှူလဝိညာဉ်ခန္ဓာရရှိပြီး အချိန်မရွေး လောကကို ကျော်လွန်သွား

နိုင်သည့် လူများဖြစ်လေသည်။ ဆရာသခင်မှုကျန်းထံတွင်ပင်

တပည့်ဆယ်ယောက်ထက်မနည်း ရှိလေသည်။ ထို့ပြင် တာ့ရှား

တိုင်းပြည်သည် တာအိုဝါဒကို အားမပေးသည့်တိုင် "ကျန်းရန်"

အဖြစ်မှတ်ပုံတင်ထား သည့်ဆရာသခင်များစွာရှိသည့် ရွှမ်

ကျန်းကျောင်းတော်ကို အရေးမထားဘဲ မနေရဲပါချေ။

ယင်းစန်းဒေသတွင် ကျင့်ကြံသူများစွာရှိသည့်တိုင် ထိပ်တန်း

နတ်ဘုရားဂိုဏ်းတစ်ခုဖြစ်သည့် ရွှမ်ကျန်းကျောင်းတော်ကို

မည်သူမျှ မမီနိုင်ပေ။

ထို့ပြင် ရွှမ်ကျန်းကျောင်းတော်သည် နှစ်ပေါင်းတစ်ထောင် ကျော်ကြာအောင် တည်ရှိနေခဲ့သည့် ကျောင်းတော်ကြီးတစ်ခု လည်း ဖြစ်လေသည်။ ထို့ပြင် ရွှမ်ကျန်းကျောင်းတော်သည် စစ်မှန်သည့် တာအိုကျင့်စဉ်လမ်းကို သင်ပြပေးသည့် အစစ်အမှန်ကျောင်းတော်တစ်ခုလည်း ဖြစ်သည်။

ရွှမ်ကျန်းကျောင်းတော်တွင် မိုးကောင်းကင်နတ်ဘုရားများ ပေါ်ထွက်ခြင်း မရှိသေးသည့်တိုင် ရွှမ်ကျန်းဆရာသခင် ခုနစ် ပါးသည် အချိန်မရွေး မိုးကောင်းကင်နတ်ဘုရားများအဖြစ် အဆင့်တက်ရောက်သွားနိုင်သူများ ဖြစ်ကြလေသည်။

သူ၏ဆရာမှကျန်းက သူသည် သမာဓိမီးတောက်ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်လျှင် မဟာတန်ခိုးရှင်တစ်ပါးကိုပင် အနိုင် ယူနိုင်မည် ဖြစ်သည့်အပြင် မိုးကောင်းကင်နတ်ဘုရားတစ်ပါး ဖြစ်လာရန်အတွက်လည်း မျှော်လင့်ချက်ရှိလာ မည်ဖြစ်လေ သည်။

သို့သော် မိုးကောင်ကင်နတ်ဘုရားတစ်ပါးဖြစ်လာရန်မှာ

အပြောလွယ်သလောက် အလုပ်ခက်လေသည်။ ပါရမီရင့်သန်

သည့် ထိပ်တန်းကျင့်ကြံသူများသာလျှင် မိုးကောင်းကင်နတ်

ဘုရားတစ်ပါး ဖြစ်လာနိုင်မည် ဖြစ်လေသည်။ ထိုအဆင့်သို့

ရောက်ရှိပါက တာ့ရှားကေရာဇ်၏ ထိန်းချုပ်မှုအောက်မှလည်း

လွတ်မြောက်ပေလိမ့်မည်။

မဟာတန်ခိုးရှင်များမှာလည်း နတ်မိစ္ဆာများထဲတွင် တာ့ရှား

ပြည်ကေရာဇ်မှ ထိန်းချုပ်နိုင်ခြင်းမရှိသည့်သူများထဲတွင်

ပါဝင်လေသည်။

လျိုမုန့်တယ်သည် ရွှမ်ကျန်းကျောင်းတော်မှ ဗဟုသုတများကို

သိထားသော်လည်း သေခြင်းရှင်ခြင်းစာအုပ်မှ မည်သည့်

နာမည်များ ပယ်ဖျက်ခြင်းခံရသည်ကိုတော့ သိရှိခြင်းမရှိပေ။

သူ၏ဆရာဘိုးဘိုးဖြစ်သူ ချန်စန်းကျီကတော့ သိရှိနိုင်ကောင်း

လေသည်။

လျိုမုန့်တယ်မှာ နည်းနည်းတော့ အတွေးများသွားသည်။ ဆန်းလျန်သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးဆိုလျှင် အဘယ့်ကြောင့် လူပြန်ဝင်စားရပါသနည်း။

"ခင်ဗျားက မိုးကောင်းကင်နတ်ဘုရားလို့လဲဆိုသေးတယ်၊ ဘယ်လို ကံဆိုးမိုးမှောင်ကျလို့ လူပြန်ဝင်စားရတာလဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တကယ်တော့ ကျုပ်က အထွတ်ထိပ်အဆင့်ကို ကျုပ်မရောက်သေးပါဘူး၊ ဒါပေမယ့် ကျုပ်အရင်ဘဝက ပိုပြီးတော့ တောင်တန်ခိုးစွမ်းအားကြီးမားသေးတယ်၊ မင်းက အခုမှ တန်ခိုးစွမ်းအားကို ရှာဖွေတဲ့အဆင့်ပဲရောက်သေးတယ်၊ ဒါကြောင့် ကျုပ်ရင်ဆိုင်ရတာတွေကို ဘယ်နားလည်နိုင်မှာလဲ၊ မင်းရဲ့ကျင့်စဉ်လမ်းက မီးဒြပ်စင်တစ်ခုတည်းကိုပဲ အာရုံစိုက်ရမှာ၊ ဒါပေမယ့် ကျုပ်က ဒြပ်စင်စွမ်းအားငါးမျိုးဖြစ်တဲ့ သစ်သား၊ ရေ၊ သတ္တု၊ မြေကြီးနဲ့ မီးကို အကုန်ကျင့်ကြံခဲ့တာ၊ ဒါကြောင့်

မင်းရဲ့သမာဓိမီးတောက်ကျင့်စဉ်ကိုလည်း ကျုပ်နားလည်နေတာပေါ့"

ပြောရင်းနှင့် ဆန်းလျန်က လက်ဖျောက်တစ်ချက်တီးလိုက်လေသည်။

ထိုအခါ လက်ဖျားထိပ်တွင် အဖြူရောင်မီးတောက်လေးလင်းလက်လာလေသည်။ အဖြူရောင်မီးတောက်ဆီသို့ စကြာဝဠာအသက်ဓာတ်စွမ်းအားများ စတင် စုဝေးလာတော့သည်။

ဆန်းလျန်ဖန်ဆင်းလိုက်သည်မှာ အဆုံးစွန်ထိ သန့်စင်ခြင်းမရှိသည့်တိုင် စစ်မှန်သော သမာဓိမီးတောက်စွမ်းအားပင် ဖြစ်ပြီး လျိုမုန့်တယ်၏ သမာဓိမီးတောက်ထက်ပင် စွမ်းအားမြင့်မားသေးသည်။

လျိုမုန့်တယ်မှာ ဆန်းလျန်ဖန်ဆင်းထားသည့်မီးတောက်ကိုကြည့်ရင်း ဆန်းလျန်ကို လေးစားသည်ထက်လေးစားလာတော့သည်။

ဆန်းလျန်ကလည်း လျိုမုန့်တယ်ကို လိမ်လည်ပြောဆိုနေခြင်း တစ်ခုမှ မရှိပါ။ သူက မိုးကောင်းကင်နတ်ဘုရားတစ်ပါး ဖြစ်သည့်တိုင် သူ၏မူလဝိညာဉ်ခန္ဓာသည် အထွတ်ထိပ်အဆင့်သို့ ရောက်ရှိခြင်း မရှိသေးပေ။ သူက တန်ခိုးစွမ်းအား အပြောင်းအလဲဖြစ်သွားခြင်းကိုသာ နားလည်သွားခြင်း ဖြစ်လေသည်။

ထို့ပြင် ယခုလက်ရှိ ဆန်းလျန်သည် အတိတ်မှ ဆန်းလျန်လောက် တန်ခိုးစွမ်းအားမြင့်မားခြင်း မရှိသေးပေ။

လင်ထိုင်ဖန်းကျွမ်းတောင်တွင် ယန်ရှီးနှင့်နောက်ဆုံးတိုက်ခိုက်ခဲ့စဉ်က သူရရှိလိုက်သည့် အကြီးမားဆုံးအကျိုးကျေးဇူးမှာ တရားအလင်းကို ရှင်းလင်းစွာသိမြင်သွားခြင်းပင် ဖြစ်လေသည်။ ထိုသို့ တရားအလင်းကို ရှင်းလင်းစွာသိမြင်သွားရခြင်းမှာလည်း အိပ်မက်လိပ်ပြာကျင့်စဉ်နှင့် ပကတိဖန်ဆင်းခြင်း ပညာများကြောင့် ဖြစ်လေသည်။ ထိုကျင့်စဉ်များကြောင့် စိတ်

အာရုံများကိုထိန်းချုပ်နိုင်ခြင်း စာအုပ်အကြောင်းကိုပိုပြီး နားလည်ခဲ့ရသည်။ ထို့သို့ တရားအလင်းကို ရှင်းလင်းစွာသိမြင် သွားရသည့်အတွက် လောကတွင် သူမသိသည့်အရာ မရှိ သလောက် ရှားပါးသွားရလေသည်။

အိပ်မက်လိပ်ပြာကျင့်စဉ်နှင့် ပကတိဖန်ဆင်းခြင်းပညာများမှာ ဝိညာဉ်စွမ်းအားမြင့်မားမှသာ ကျင့်ကြံနိုင်မည်ဖြစ်သော်လည်း ဝိညာဉ်စွမ်းအားမြင့်မားပြီးသူများ ကျင့်ကြံမိပါက မယုံနိုင် လောက်အောင် ပြင်းထန်သည့် တန်ခိုးစွမ်းအားသည် နှလုံးသား အတွင်းမှ ထွက်ပေါ်လာမည် ဖြစ်လေသည်။

ဆန်းလျန်၏ အရင်ဆုံးဘဝဖြစ်တည်ခဲ့သည့် ခေတ်ပေါ်ကမ္ဘာမှ နျူကလီးယားလက်နက်ကဲ့သို့ပင် ဖြစ်လေသည်။

နျူကလီးယားဓာတ်သင့်ပြီဆိုသည်နှင့် လောကရှိ အလွန်သေး ငယ်အရာလေးများပါ ပေါက်ကွဲဖျက်စီးခံရမည် ဖြစ်လေ သည်။

စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်က ဝိညာဉ်စွမ်းအား မြှင့်တင်ခြင်းအတွက် ထိပ်တန်းစာအုပ်ဖြစ်လေသည်။ ထို စာအုပ်ကိုရေးသားခဲ့သူမှာ ဆန်းလျန်စိတ်ထဲတွင် အစဉ်အမြဲပုံ ဖော်လေ့ရှိသည့် အစိမ်းရောင်ကျိုင်းတံကိုကိုင်ဆောင်ထား သည့် မူလနတ်ဘုရား လင်ပေါင်ထျန်းကျွင်းနတ်မင်းပင်ဖြစ် လေသည်။ ထိုစာအုပ်ထဲတွင် ဆန်းလျန်လိုက်မမီနိုင်သည့် အခြားသော ကျင့်စဉ်တစ်ခုလည်း ရှိနေသေးသည်။ ထို ကျင့်စဉ်က သူ၏နှလုံးသားအတွင်းမှ အနက်ရှိုင်းဆုံး ဝိညာဉ် စွမ်းအားကို ခွဲထုတ်ပေးလေသည်။

ထိုအချက်မှာ မရှိမှုတရားမှ မွေးဖွားလာခြင်းနှင့် ဆင်တူလေ သည်။ ဆန်းလျန်အနေဖြင့် ထိုမရှိမှုတရားမှ မွေးဖွားလာခြင်း မှာ လင်ပေါင်ထျန်းကျွင်းနတ်မင်းနှင့် ဆက်စပ်နေမည်ဟု ဝန်ခံ ရမည်ဖြစ်သည်။ သို့သော် ထိုအရာများအားလုံးကို သူနားမ

လည်နိုင်သေးပါ။ နားလည်ရန်အသာထား စိတ်အတွေးထဲတွင် တွေးတောကြည့်ရန်ပင် မဖြစ်နိုင်သေးပေ။

လင်ပေါင်ထျန်းကျွင်း၏ တည်ရှိမှုကိုတော့ တာအိုဆရာသခင်ကြီးနှင့် ဗုဒ္ဓတို့သာလျှင် နားလည်နိုင်မည် ဖြစ်လေသည်။ တာအိုဆရာသခင်ကြီးအဆင့်ရောက်ဖို့ဆိုသည်က တောင်ထိပ်ပေါင်းတစ်ထောင်ကို ဖြတ်ကျော်ရသည်ထက်ပင် ခက်ခဲလွန်းသေးသည်။

ထို့ပြင် ဆန်းလျန်ထက် အဆပေါင်းများစွာ တန်ခိုးစွမ်းအားမြင့်မားသည့် မိုးနတ်မင်းတောင်မှ နောက်ဆုံးအဆင့်တွင် ကျဆုံးခဲ့ရဖူးလေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် ထိုအဆင့်သို့ ရောက်ရှိနိုင်ရန်မှာ စိတ်ကူးထဲပင် မထည့်ဝံ့ပါချေ။

အခန်း (၄၇၂) မိုးကောင်းကင်ကမျက်နှာမလိုက်ဘူး

လျိုမုန့်တယ်သည် ကျယ်ယန်းတောင်မှ ပြန်လာသည့်အခါတွင်တော့ ရှီးလျန်မြို့သို့ပင်မဝင်တော့ဘဲ တာ့ရှီတိုင်းပြည်သို့ တန်းပြန်ခဲ့လေသည်။ တာ့ရှီဧကရာဇ်သည် သူ့ကို စောင့်ကြိုနေလေသည်။

တာ့ရှီဧကရာဇ်က လျိုမုန့်တယ်ကို တွေ့သည်နှင့် ချက်ချင်းပင်မေးမြန်းလိုက်သည်။

"တိုင်းပြည်အကြံပေးအရာရှိမင်း ၊ ပြန်လာတာ မြန်လှချည်လား ၊ ရှီးလျန်မြို့တော်သခင်မက ဘာအမှာစကားများ ပြောကြားလိုက်သလဲ"

"မင်းကြီး... တာ့ရှီကို ကာကွယ်ချင်တယ်ဆိုရင် ရှီးလျန်ကို မတိုက်ခိုက်တာ အကောင်းဆုံးပါပဲ"

လျိုမုန့်တယ်က ပြန်ပြောလိုက်လေသည်။

"အရာရှိမင်းရဲ့ စကားက ဘာအဓိပ္ပါယ်လဲ"

တာ့ရှီဧကရာဇ်က ပြန်မေးလိုက်သည်။

"ရှီးလျန်မြို့တော်သခင်မရဲ့ သားတော်ဟာ အလွန်ထူးခြားတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါပဲ ၊ သူလက်တစ်ဖက်ဝှေ့ယမ်းလိုက်ရင်တောင် တာ့ရှီဟာ ပျက်စီးသွားနိုင်ပါတယ် ၊ မင်းကြီးက ရှီးလျန်ကို တိုက်ခိုက်မယ်ဆိုရင် ကျွန်တော်မျိုးလည်း တာဝန်မယူနိုင်ပါဘူး"

လျိုမုန့်တယ်၏စကားကြောင့် တာ့ရှီဧကရာဇ်က ပြုံးလိုက်လေသည်။

"အရာရှိမင်းက ပညာရှိတစ်ယောက်ဆိုတာ ငါကိုယ်တော်သိပါတယ် ၊ ဒါပေမယ့် လူတစ်ယောက်က လက်တစ်ဖက်ဝှေ့ယမ်း

လိုက်ရုံနဲ့ တိုင်းပြည်ပျက်စီးသွားရမယ်ဆိုတာ မဟုတ်သေးဘူး ၊ လက်ရှိအချိန်မှာ ရှီးလျန်ဟာ အလှပဆုံးပွင့်လန်းနေတဲ့ ပန်းတစ်ပွင့်လိုပါပဲ ၊ အင်အားအရမ်းကောင်းနေတယ် ၊ ငါ ကိုယ်တော်က သူတို့ကို မတိုက်ခိုက်ဘူးဆိုရင် အနှေးနဲ့အမြန် သူတို့ဘက်က ငါကိုယ်တော်တို့ တာ့ချီကို စစ်ချီလိမ့်မယ် ၊ ဒီတော့ ငါကိုယ်တော်တို့တာ့ရှီက စပြီး စစ်မချီရတဲ့ အကြောင်းရင်း ကောင်းကောင်းလေးတစ်ခုလောက်တော့ အရာရှိမင်းက ပြောပြသင့်တယ်"

လျိုမုန့်တယ်မှာ တာ့ရှီဘုရင်ကို နားမချနိုင်တော့သည့်အဆုံး တာ့ရှီတိုင်းပြည်မှ ထွက်ခွာခဲ့တော့သည်။

တာ့ရှီဧကရာဇ်က ရှီးလျန်မြို့တော်ကို စစ်ချီလိုခြင်းမှာ အကြောင်းရှိလေသည်။ ရှီးလျန်အင်အားကြီးမားလာပါက ပထမဦးဆုံး ခြိမ်းခြောက်ခံရမည့်တိုင်းပြည်မှာ တာ့ရှီတိုင်းပြည်

ဖြစ်လေသည်။ ထို့ကြောင့် ရှီးလျန်ကို အင်အားကြီးမားမလာ ခင် ကြိုတင်ပြီး ဦးချိုးထားလိုခြင်း ဖြစ်လေသည်။

ထိုပြင်သူက လျိုမုန့်တယ်ပြောသည့်လူမှာ လက်တစ်ချက်ဝှေ ယမ်းရုံမျှဖြင့် တာ့ရှီပြည်တစ်ပြည်လုံးကို ဖျက်စီးပစ်နိုင်သည် ဆိုသည့်အချက်ကိုလည်း အယုံအကြည်မရှိပေ။

လော်ဟယ်မြစ်ရေသည် ဒီရေတက်နေလေသည်။

တာ့ရှီပြည်မှ စစ်သည်တော်များသည် မြစ်တစ်ဖက်ကမ်းတွင် ရပ်နေကြလေသည်။ စစ်သည်တော်များမှာ မိုးနတ်မင်း၏ ကောင်းကင်စစ်သည်တော်များနှင့်ပင်ဆင်တူလေသည်။ ကျား များ ၊ ကျားသစ်များနှင့် အခြားသားရဲများသည်ပင်လျှင် သူတို့ ကို ကြောက်ရွံ့ကြမည့်ဟန် ရှိလေသည်။

လော်ဟယ်မြစ်ဒီရေကျသွားသည်နှင့် သူတို့က တစ်ဖက်ကမ်း သို့ ဖြတ်ကူးရန် စောင့်ဆိုင်းနေကြခြင်းဖြစ်လေသည်။

တာ့ရှိတိုင်းပြည်တွင် တိုင်းပြည်အကြံပေးအရာရှိဆိုသည်မှာ လျှိုမှုန့်တယ်တစ်ယောက်တည်း ရှိသည်မဟုတ်ပေ။ အခြားသော တိုင်းပြည်အကြံပေးအရာရှိများလည်းရှိသေးသည့်အပြင် နက္ခတ်ဗေဒကျွမ်းကျင်သူများ ပထဝီအနေအထားကျွမ်းကျင်သူများလည်း များစွာ ရှိလေသည်။

ထိုပညာရှင်များက လော်ဟယ်မြစ်ရေသည် သုံးရက်အတွင်းကျသွားပြီး ရာသီဥတုလည်းသာယာမည်ဟု ခန့်မှန်းခဲ့လေသည်။

ဒီရေသည် တဖြည်းဖြည်းကျသွားခဲ့လေသည်။ ရေသည် လူတစ်ယောက်ဖြတ်ကူးလျှင်ပင် ခါးလည်လောက်သာ ရှိနိုင်တော့သည်။ ထိုအခါမှ စစ်သည်တော်များသည် မြစ်ကိုဖြတ်ကူးခဲ့ကြလေသည်။ ထိုအချိန်သည် ညအချိန်တိုင်ပင် ဖြစ်နေခဲ့ပြီ။

မြစ်တစ်ဖက်ကမ်းတွင်လည်း ရှီးလျန်မြို့တော်မှ အမျိုးသမီး စစ်သည်တော်မာျးသည် မြစ်ကမ်းနံဘေးတွင် ရပ်နေကြလေ သည်။

ချန်ချင်သခင်မကိုယ်တိုင်း အမျိုးသမီးစစ်သည်တော်များနှင့် အတူ ရှိနေပြီး သူမ၏မျက်နှာက တင်းမာခက်ထန်နေလေ သည်။ သူမ၏စစ်သည်တော်အများစုသည် စန်းကျူကျင့်စဉ် ကို ကျင့်ကြံထားကြသည့်တိုင် မိုးပေါ်သို့ပ မပျံသန်းနိုင်သေး သည့်အတွက် မြစ်တစ်ဖက်ကမ်းတွင် စောင့်နေကြရခြင်း ဖြစ် လေသည်။ ထို့ပြင် သူတို့၏စွမ်းရည်သည် တာ့ ရှီ၏ကြောက်မက်ဖွယ်ရာ စစ်တပ်ကြီးကို ယှဉ်နိုင်ပါမည်လား မ သေချာလှပေ။

ရှီးလျန်မြို့တော်အနေဖြင့် တာ့ရှီပြည်နှင့်တိုက်ခိုက်ရမည့် တိုက်ပွဲသည် အလွန်အန္တရယ်များလွန်းလှသည်။

ချန်ချင်သခင်မမှာ တိုက်ပွဲအတါက် ပြင်ဆင်မှုများကို များစွာ ပြုလုပ်နေခဲ့ရသဖြင့် မအိပ်ရသည့်ရက်များပင် များခဲ့ပြီ ဖြစ်သည်။ စမ်းရေတွင်းထဲမှ ဆန်းလျန်ပေးထားသည့် ပရိတ်ရေသာမရှိလျှင် သူမသည် ရပ်တည်နိုင်တော့မည်ပင် မဟုတ်ပေ။

သို့သော်... ရှီးလျန်မြို့တော်၏ တာဝန်များအားလုံးကို သူမ ပခုံးပေါ်တွင် ထမ်းထားရလေသည်။ သူမ၏ ပြည်သူများ အတွက် ၊ သူမ၏ သမီးတော်လေးအတွက် သူမကတော့ တိုက်ခိုက်မည်ပဲ ဖြစ်လေသည်။

ဆန်းလျန်နှင့်ယှဉ်လျှင်ပင် သူမသည် သမီးလေးကို ပိုပြီး ချစ် မြတ်နိုးလေသည်။

တိုက်ပွဲသည် အန္တရယ်ကြီးလွန်းလှသည့်အတွက် ချန်ချင် သခင်မသည် သူမ၏သမီးငယ်ကို ကျယ်ယန်းတောင်ရှိ ဆန်း လျန်ထံတွင် အပ်ထားခဲ့လေသည်။

သို့သော်... ယခုတိုက်ပွဲတွင်သူမသည် ဆန်းလျှန်၏ တန်ခိုးစွမ်းအားများကို မှီခိုလိုစိတ်မရှိခဲ့ပေ။ ထို့ကြောင့် သူမ၏အစွမ်းအစဖြင့်ရအောင် တိုက်ခိုက်မည်ဟု ဆုံးဖြတ်ထားလေသည်။

လော်ဟယ်မြစ် ဒီရေကျသွားသည်ကို ချန်ချင်သခင်မ ရိပ်မိလိုက်လေသည်။ ရက်စက်ကြမ်းကြုတ်သည့် ကြောက်မက်ဖွယ်ရာစစ်သည်တော်များသည် သူမတို့ထံသို့ စစ်ချီလာတော့မည် ဖြစ်လေသည်။ ထို့အတူ ကြောက်မက်ဖွယ်ရာ စစ်ပွဲကြီးလည်း ဖြစ်ပွားရတော့မည်။

တတိယနေ့၊ ညနေပိုင်းတွင် စက္ကူကြိုးကြာတစ်ကောင်သည် မြစ်ကမ်းနံဘေးရှိ ရှီးလျှန်စစ်စခန်းရှိရာသို့ ပျံသန်းလာလေသည်။ စက္ကူကြိုးကြာနှင့်အတူ စာတစ်စောင်လည်း ပါရှိလေသည်။

စာကိုဖတ်ပြီးသည်နှင့် ချန်ချင်သခင်မက ဟားတိုက်ရယ်မော

လိုက်လေသည်။

ထို့နောက် သူမက သူမ၏အမျိုးသမီးစစ်သည်တော်များကို ရှီး

လျန်မြို့တော်သို့ ပြန်ကြရန် အမိန့်ပေးလိုက်လေသည်။ မ

လိုအပ်သည့်ပစ္စည်းများအားလုံးကို ထားခဲ့ပြီး ချက်ချင်း

ပြန်သွားကြရန် အမိန့်ပေးလိုက်ခြင်း ဖြစ်လေသည်။

တစ်ဖက်ကမ်းခြေမှ ရှီးလျန်စစ်သည်တော်များ ရုတ်ရုတ်သဲသဲ

ဆုတ်ခွာသွားကြသည်ကို ဆက်သားများက တာ့ရှီကေရာဇ်ကို

ချက်ချင်းသတင်းပို့လိုက်ကြလေသည်။

တာ့ရှီပြည်မှ စစ်ချီလာကြသည့် စစ်သူကြီးများမှာ ရှီးလျန်မှ

မိန်းကလေးများသည် သူတို့ကို ကြောက်လန့်ပြီး ပစ္စည်းများကို

ပင် မသိမ်းနိုင်တော့ဘဲ ထွက်ပြေးသွားကြပြီဟု ထင်ကာ

လှောင်ပြောင်ရယ်မောနေကြလေတော့သည်။

သို့သော်… ထိုဖြစ်ရပ်နှင့်ပတ်သက်ပြီး အလေးအနက်ထား စဉ်းစားနေသူဆို၍ တာ့ရှီကေရာဇ်တစ်ယောက်သာ ရှိလေသည်။ အဘယ်ကြောင့် ရှီးလျန်စစ်သည်တော်များ ရုတ်တရက် ဆုတ်ခွာသွားရသည်ကို ဧကရာဇ်သည် စဉ်းစားမရရှိချေပြီ။

လျိုမုန့်တယ်သည် တာ့ရှီတိုင်းပြည်အကြံပေးအရာရှိရာထူးမှ နုတ်ထွက်လာပြီးသည့်နောက် ဆန်းလျန်ရှိရာ ကျယ်ယန်းတောင်မှ ရွှမ်တုကျောင်းတော်သို့ ပြန်လာခဲ့လေသည်။

အလွန်ချစ်စရာကောင်းသည့် ကလေးမလေးတစ်ယောက်သည် မက်မွန်ပင်အောက်တွင် ဆော့ကစားနေလေသည်။ မက်မွန်ပန်းကြွေရွက်များအောက်တွင် ဆော့ကစားနေသည့် ကလေးငယ်ကို မြင်တွေ့ရသည့်မြင်ကွင်းမှာ အလွန်မှ လှပလွန်းလေသည်။

"ဒီအရက်က မက်မွန်ပန်းအရက်ပဲ ၊ အရင်တစ်ခေါက် မင်းလာတုန်းက မင်းက ရှီးလျန်မြို့တော်ရဲ့ ရန်သူဘက်က ဖြစ်နေတော့

အရက်တစ်ခွက်တောင် မတိုက်လိုက်ရဘူး ၊ အခုတော့ အရက်

သောက်ကြတာပေါ့"

ဆန်းလျှန်က ရယ်မောရင်း ပြောလိုက်သည်။

လျိုမုန့်တယ်မှာ အရက်ကိုသောက်ရန် ခပ်ရွံ့ရွံ့ဖြစ်နေလေ

သည်။ သူက မက်မွန်သီးတစ်လုံးမှ လူအသွင်ဖန်ဆင်းထား

ခြင်းဖြစ်သည့်အတွက် မက်မွန်ပန်းအရက်ကို အဘယ်သို့

သောက်ရဲပါမည်နည်း။

လျိုမုန့်တယ်မှာ အရက်ကို မသောက်ရဲဖြစ်နေသည့်ကို ဆန်းလျှ

န်က ရိပ်မိလိုက်သည်။

"ဒီအရက်က မက်မွန်ပင်က ကြွေကျတဲ့ ပွင့်လွှာတွေနဲ့ စိမ်ထား

တဲ့အရက်ပါ ၊ အသက်မရှိတော့တဲ့ ပွင့်ကြွေတွေပေါ့ ၊ မြေသြ

ဇာဖြစ်သွားပြီး ပန်းပွင့်အသစ်တွေကို ပြန်ပွင်စေမယ့် ပွင့်ကြွေ

တွေပေါ။ မွေးဖွားလိုက် သေဆုံးလိုက် ၊ သေဆုံးလိုက်မွေးဖွား

လိုက် သံသရာလည်နေတာပဲလေ ၊ စိတ်ထဲ သိပ်မတွေးပါနဲ့"

ထိုအခါမှ လျိုမုန့်တယ်သည် အရက်ခွက်ကို မော့သောက်လိုက်လေသည်။

"ဒီမက်မွန်ပန်းအရက်တစ်ခွက်က တစ်နှစ်ကျင့်ကြံတာနဲ့ ညီမျှတယ်ဗျ"

ဆန်းလျန်က ပြောလိုက်သည်။

လျိုမုန့်တယ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"ဒီအရက်ကိုသောက်ရတာ အသားမကျနိုင်ဘူးဗျာ"

ဆန်းလျန်က ရယ်မောလိုက်ရင်း…

"ကျုပ်မှာ မင်းကို ပြောစရာတစ်ခုရှိသေးတယ်ဗျ ၊ မီးတောက်ကို ဘယ်လိုအသက်ဝင်အောင်လုပ်ရမလဲဆိုတဲ့ အကြောင်းပေါ့ ၊ ကျုပ်တို့က လူသားဘဝတွေကိုကျော်လွန်နိုင်တဲ့ ကျင့်ကြံသူတွေပဲ ၊ သိပ်ပြီး စည်းဘောင်အကွပ်အကဲတွေနဲ့ နေကြတာမှမဟုတ်တာ ၊ဒါပေမယ့် တစ်ခါတစ်လေကျတော့ တစ်ချို့အရာတွေက ပုံသေကားချပ်လိုမျိုး အကျင့်ပါနေပြီး ၊ ကျင့်စဉ်လမ်း

မှာ အဲဒီလို အကျင့်ပါသွားရင်တော့ အဆင့်တက်နိုင်မှာ မဟုတ်တော့ဘူး ၊ မက်မွန်ပင်ကပွင့်တဲ့ မက်မွန်ပန်းလေးတွေလိုပေါ့ ၊ တစ်ချို့က စမ်းချောင်းထဲမှာ စီးမျောသွားကြတယ် ၊ တစ်ချို့ကတော့ လေထဲမှာ လွင့်မျောသွားကြပြီး တစ်ချို့ကတော့ ရွှံ့တောထဲ ကျသွားကြတာပဲ ၊ အားလုံးက ကံတရားနဲ့လည်း ဆိုင်နေသေးတယ်"

လျိုမုန့်တယ်သည် ဆန်းလျန်၏ စကားကို လေးစားစွာ နားထောင်နေလေသည်။

"ခင်ဗျားရဲ့စကားတွေက တကယ်နက်ရှိုင်းလွန်းတယ် ၊ ပုံသဏ္ဍာန်မတူပေမယ့် ခံယူချက်ကတော့တူနိုင်တယ် ၊ အဲဒီလို ခံယူချက်တူညီတာတွေစုပေါင်းမိရင် ကြီးမားတဲ့အပြောင်းအလဲကြီးတစ်ခုလည်း ဖြစ်နိုင်တာပဲလေ"

"မျှော်လင့်ရတာပေါ့ဗျာ..."

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"ရွှမ်ကျန်းကျောင်းတော်မှာ ဆရာဘိုးဘိုးနဲ့ တွေ့ရတုန်းကဆိုရင် ကျုပ်အရမ်းထိတ်လန့်နေခဲ့တာ ၊ ဒါပေမယ့် ခင်ဗျားနဲ့ စကားပြောရတာတော့ အဲဒီလိုထိတ်လန့်မှုတွေမရှိဘူး ၊ ခင်ဗျား က နွေဦးမှာ တိုက်ခတ်တဲ့ လေပြေလေးလိုပဲ ၊ အမြဲတမ်းကျုပ် စိတ်ကို သက်သာရရစေတယ် ၊ ဒါပေမယ့် ဆရာဘိုးဘိုးက လည်း ကျုပ်အပေါ်ကောင်းကောင်းဆက်ဆံတဲ့သူပါပဲ"

ဆန်းလျန်က စိတ်လွတ်ကိုယ်လွတ်ဖြင့်ပင် သူ၏ညီမငယ်လေး ရှောင်ခယ်၏ခေါင်းပေါ်သို့ မက်မွန်ပွင့်များကြွေကျနေသည်ကို ငေးမောနေလေသည်။

"ဘယ်သူမဆို မြင့်မားတဲ့တောင်ကြီးကိုတွေ့ရင် အနည်းနဲ့ အများတော့ ထိတ်လန့်ကြတာပေါ့ ၊ ဒါပေမယ့် တောင်ထက်ပို မြင့်တဲ့ မိုးကောင်းကင်ကိုကျတော့ ဘယ်သူမှ မထိတ်လန့်ကြ ဘူးလေ ၊ ဒါနဲ့ ကျုပ် တာ့ရှီတိုင်းပြည်ကို ဘာလုပ်မလဲဆိုတာ မင်းသိချင်နေတယ် မဟုတ်လား"

"ကျုပ်သိပ်သိချင်နေတာပေါ့ ၊ တကယ်တော့ တာ့ရှီတိုင်းပြည်ဟာ ကျုပ်အပေါ်မှာ ကောင်းခဲ့ပါတယ် ၊ တာ့ရှီဧကရာဇ်က ကျုပ်ပေးတဲ့အကြံဉာဏ်ကို လက်မခံခဲ့ပေမယ့် သူတို့ ဒုက္ခရောက်တာကိုတော့ ကျုပ်မမြင်ရက်ဘူးဗျာ"

လျိုမုန့်တယ်က ပြောလိုက်လေသည်။

"သူတို့က ကျုပ်လက်နဲ့တိုက်ခိုက်ဖို့တောင် မတန်ပါဘူး ၊ ဒါပေမယ့် တာ့ရှီဟာ ကျိန်းသေကျရှုံးရမှာပဲ ၊ ဘယ်လောက်ပဲ တန်ခိုးစွမ်းအားကြီးမားပါစေ မိုးကောင်းကင်က ချမှတ်ပြီးသား ကံကြမ္မာကို ဘယ်မှာ လွန်ဆန်နိုင်မှာလဲ ၊ ညတောင်ရောက်တော့မယ် ၊ မင်း လော်ဟယ်မြစ်ကို အမြန်သွားသင့်တယ် ၊ ဒါဆိုရင် လူအနည်းငယ်လောက်ကို ကယ်တင်နိုင်ချင် ကယ်တင်နိုင်လိမ့်မယ် ၊ အားလုံးက ကံတရားအတိုင်းပါပဲ"

"ခင်ဗျားရဲ့စကားက ဘာအဓိပ္ပါယ်များလဲ"

လျိုမုန့်တယ်က ထိတ်လန့်စွာဖြင့် မေးလိုက်လေသည်။

"မိုးကြိုးမုန်တိုင်းတွေ ၊ ငလျင်တွေ ၊ မြေပြိုတာတွေပေါ့ ၊ ဒီလို ဘေးအန္တရယ်တွေ တကယ်တမ်းကြုံတွေ့လာရင် ဘယ်သူလွတ်နိုင်မှာတဲ့လဲ ၊ မိုးကောင်းကင်က မျက်နှာမလိုက်တတ်ပါဘူး လေ"

ပြောပြီးသည်နှင့် ဆန်းလျန်သည် ထိုင်ရာမှထကာ မက်မွန်ပင် အောက်သို့ ထွက်သွားလေသည်။ သူက ညီမငယ်လေးဖြစ်သူ ရှောင်ခယ်ကို ကောက်ချီလိုက်သည်။

သူက ညီမငယ်လေး၏ ဆံပင်လေးများကို အသာသပ် ပေးလိုက်ရင်း...

"ကဲ... ဒီနေ့ရော ညနေစာ ဘာစားချင်လဲ"

ရှောင်ခယ်က ကျားနက်ကြီးကို လှမ်းကြည့်လိုက်ရင်း တံတွေး တစ်ချက်မြိုချလိုက်သည်။

"ဟိုခွေးကြီးကို ချက်စားလို့ရမလား..."

ကျားနက်ကြီးမှာ ရှောင်ခယ်၏စကားကိုကြားပြီး ဒေါသတကြီး တွေးလိုက်မိလေသည်။

"ငါက ကျားလေ ၊ ခွေးမဟုတ်ဘူးဟ ၊ သခင်လေးက နေ့တိုင်း ငါ့ကျောပေါ်စီးနေတာ ၊ သူ့ညီမကတော့ ငါ့ကို ချက်စားချင်လို့ တဲ့..."

ဆန်းလျန်လည်း ကျားနက်ကြီးကို လှမ်းကြည့်လိုက်လေသည်။

"ညီမလေး... သူက ခွေးမဟုတ်ဘူးလေ..."

အခန်း (၄၇၃) ကျယ်ယန်းတောင်မှထွက်ခွာပြီ

ကျားနက်ကြီးက သူ့ကိုချက်စားချင်နေသည့် ကလေးမလေးကို စိတ်တိုနေသည့်အချိန်တွင်....

တာ့ရှီမှ စစ်သည်တော်များကတော့ ကံဆိုးမိုးမှောင်ကျခဲ့ပြီ ဖြစ်လေသည်။ တာ့ရှီမှ စစ်သည်တော်များ လော်ဟယ်မြစ်ကို ကူးဖြတ်ကြသည့်အချိန်မှာပင် ငလျင်ကြီးတစ်ခု စတင်လှုပ်ခတ်လေတော့သည်။ ထိုအခါ မြစ်ရေ ဒလဟောလျှံတက်လာပြီး မြစ်ကိုဖြတ်ကူးနေကြသည့် စစ်သည်တော်များအားလုံး ရေစီးနှင့်အတူ မျောပါသွားခဲ့ကြလေသည်။

ကြောက်မက်ဖွယ်ရာ စစ်သည်တော်များသည် သဘာဝဘေးအန္တရယ်ကြီးကိုတော့ မလွန်ဆန်နိုင်ခဲ့ကြပေ။

ကောင်းကင်တစ်ခုလုံးတွင်လည်း တိမ်ညိုများအုံ့မှိုင်းနေပြီး မိုးကြိုးများစတင်ပစ်ခတ်လာလေသည်။

တာ့ရှီကေရာဇ်မှာ မိုးကောင်းကင်၏အမျက်ဒေါသကို အလွန်မှတုန်လှုပ်သွားခဲ့ရလေသည်။

သဘာဝဘေးအန္တရာယ်ကြီးသည် တာ့ရှီတစ်ပြည်လုံးသို့ ကျရောက်ခဲ့ခြင်းဖြစ်ပြီး တာ့ရှီဧကရာဇ်အတွက် ကြိုတင်ပြင်ဆင်ရန်ပင် အချိန်မရခဲ့ပေ။

စစ်ပွဲအတွက် တာ့ရှီပြည်၏ အတော်ဆုံးစစ်သည်တော်များလည်း ဆုံးရှုံးခဲ့ရလေသည်။ မိုးနတ်မင်းသာ နောက်ထပ်အခွင့်အရေးပေးမည်ဆိုလျှင် သူသည် အခြေအနေများအားလုံးကို ပြန်လည်ပြုပြင်ချင်မိသည်။ သို့သော် အချိန်ဆိုသည်က နောက်ပြန်လှည့်ရိုးထုံးစံမှ မရှိဘဲလေ။

မိုးကြိုးများက အဆက်မပြတ်ပစ်ခတ်နေပြီး မိုးများက ရွာသွန်းနေလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှ ရေများဖုံးလွှမ်းလာပြီး ရွှံ့နွံများ ထူထပ်လာတော့သည်။ မိုးကြိုးပတ်ခတ်လိုက်သည့်အခါတိုင်း အသားများလောင်ကျွမ်းသွားသည် ညှော်နံ့များလည်း ထွက်ပေါ်နေလေသည်။

ထိုမျှ ဆိုးဝါးလှသည့်ရာသီဥတု သဘာဝဘေးဒုက္ခကို လျိုမုန့်တယ်လည်း တားဆီးနိုင်စွမ်းမရှိပါ။ သူသည် ဘေးဒုက္ခရောက်နေကြသည့် စစ်သည်တော်များကို ကြည့်နေရုံသာ တတ်နိုင်တော့သည်။

သဘာဝဘေးအန္တရယ်သည် စစ်သူကြီးလား ၊ သာမာန်စစ်သည်တော်လား မခွဲခြားဘဲ အားလုံး၏အသက်များကို နှုတ်ယူသွားလေသည်။

လျိုမုန့်တယ်သည် နောက်ဆုံးတော့ တာ့ရှီကေရာဇ်ကို ရှာဖွေတွေ့ရှိသွားခဲ့လေသည်။ တာ့ရှီကေရာဇ်သည် မြေတောင်ပို့တစ်ခုထက်တွင် အလွန်စိတ်ရှုတ်ထွေးသည့်အမူအရာဖြင့် ထိုင်နေလေသည်။ သူ့ဘေးနားတွင် သစ္စာရှိစစ်သည်တော်အချို့က စောင့်ကြပ်နေလေသည်။

"ဒါဘယ်လိုဖြစ်ရတာလဲ"

လျိုမုန့်တယ်ကိုတွေ့သည်နှင့် တာ့ရှီကေရာဇ်က စကားဆိုလိုက်သည်။

လျိုမုန့်တယ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒါ မိုးကောင်းကင်ရဲ့အမျက်ဒေါသပါပဲ ၊ မင်းကြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

"လိုက်ခဲ့ရမယ် ... ၊ ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

ဧကရာဇ်က ခံစားချက်ကင်းမဲ့သည့် အမူအရာဖြင့် ပြောလိုက်လေသည်။

"မင်းကြီး အနားယူလို့ရမယ့် တစ်နေရာကိုပေါ့"

လျိုမုန့်တယ်က တာ့ရှီကေရာဇ်ကို နှစ်သိမ့်သည့်လေသံဖြင့် ပြောလိုက်သည်။

လေသံမိုးသံများကြားမှာပင် လျိုမုန့်တယ်၏ သိမ်မွေ့သည့် လေသံကို တာ့ချီကေရာဇ်မင်း ကြားလိုက်ရလေသည်။

"ငါကိုယ်တော်မျက်လုံးမှိတ်လိုက်တိုင်း မြင်မြင်သမျှဟာ သူတို့ရဲ့ ဝိညာဉ်တွေပဲ ၊ ငါကိုယ်တော် ဘယ်လိုလုပ် အနားယူနိုင်မှာတဲ့လဲ ၊ တာ့ရှီပြည်စတင်တည်ထောင်ခဲ့တုန်းက ဆယ်မိုင်ပတ်လည်ရှိတဲ့ မြို့လေးတစ်မြို့ပဲ ၊ အခုတော့ မိုင်ပေါင်းထောင်နဲ့ချီအောင် ကျယ်ပြန့်တဲ့တိုင်းပြည်ကြီးဖြစ်လာခဲ့တယ် ၊ တိုင်းပြည်ကိုတည်ဆောက်ဖို့ အသက် ၊ သွေး ချွေးတွေ အများကြီး ရင်းခဲ့ရတယ် ၊ ဒါပေမယ့် အဲဒီလိုရင်းနှီးခဲ့ရသမျှတွေအကုန်လုံး ဒီညတော့ ရေစုံမျောသွားခဲ့ပါပြီ ၊ အဲဒီတော့ ငါကိုယ်တော် ဘယ်ကိုများ သွားနိုင်ဦးမှာတဲ့လဲ ၊ တိုင်းပြည်အကြံပေးအရာရှိမင်း... ပြောစမ်းပါဦး ၊ ဒီဘေးဆိုးကြီးကြုံတွေ့ရတာ တိုက်ဆိုင်မှုလား ၊ ဒါမှမဟုတ် ရှီးလျန်မြို့တော်သခင်မရဲ့ သားတော်လုပ်လိုက်တဲ့ လက်ချက်လား"

အဖြေကိုရှင်းရှင်းလင်းလင်းမသိရမချင်း တာ့ရှီဧကရာဇ်သည် သေလျှင်တောင် မျက်လုံးမှိတ်နိုင်မည် မဟုတ်ပေ။

"ကျွန်တော်လည်း မသိပါဘူး"

လျိုမုန့်တယ်က ပြန်ဖြေလိုက်လေသည်။

"ငါကိုယ်တော်ကို သူ့ဆီခေါ်သွားပေးပါ၊ အဖြေကို ရှင်းရှင်းလင်းလင်းသိချင်တယ်"

တာ့ရှီကေရာဇ်ကပြောလိုက်လေသည်။

လျိုမုန့်တယ်သည် တာ့ချီကေရာဇ်ကို ခဏကြာမျှ ငေးကြည့်နေပြီးမှ...

"ဒါဖြင့်လည်း ကျွန်တော်နဲ့ လိုက်ခဲ့ပါ..."

လျိုမုန့်တယ်က သူ၏အင်္ကျီလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး တောက်ပသည့်မီးတောက်တစ်ခုကိုဖန်ဆင်းလိုက်ကာ ကေရာဇ်မင်းကိုခေါ်ဆောင်ပြီး ကျယ်ယန်းတောင်သို့ ထွက်ခွာလာခဲ့တော့သည်။

သူတို့ ကျယ်ယန်းတောင်သို့ရောက်ရှိလာချိန်တွင်တော့ နံနက်ခင်းအချိန်သို့ ရောက်နေပြီ ဖြစ်လေသည်။

ကျယ်ယန်းတောင်သည် လူသူအရောက်အပေါက်သိပ်မရှိဘဲ အေးချမ်းလွန်းသည့် နေရာတစ်ခုဖြစ်လေသည်။

နံနက်ခင်းနေရောင်ခြည်သည် သစ်ပင်များထက်ဆီမှ နှင်းစက်လေးများပေါ်သို့ ဖြာကျနေသည်မှာ အလွန်မှ လှပသည့် မြင်ကွင်းပင် ဖြစ်လေသည်။

တာ့ချီကေရာဇ်ရောက်လာသည့်အချိန်တွင်တော့ ဆန်းလျန်က သူစိုက်ပျိုးထားသည့် သစ်ပင်များကို တန်ခိုးစွမ်းအားအသုံးပြု ကာ နေရာချထားနေလေသည်။ ဆန်းလျန်၏ လှုပ်ရှားမှုဟန်ပန်မှာ တိမ်များရွေ့လျားနေသကဲ့သို့ ၊ ရေများစီးဆင်းနေသကဲ့သို့ ပင် စွဲဆောင်မှုရှိလှလေသည်။

ကေရာဇ်မင်းမှာ ဆံပင်များပင် ဖြူဖွေးနေပြီဖြစ်ပြီး သဘာဝ ဘေးဒဏ်များကို ခံထားရသည့်အတွက် ပုံသဏ္ဍာန် ကလည်း ကြောက်စရာကောင်းနေလေသည်။

ကလေးငယ်လေးတစ်ယောက်၏ ကြည်လင်သည့်အသံလေး

တစ်သံ ထွက်ပေါ်လာလေသည်။

"ဟာ... ဒီလူကြီးပြန်ရောက်လာပြန်ပြီ ၊ ပြီးတော့ လူတစ်

ယောက်ကိုလည်း ခေါ်လာသေးတယ်"

လျိုမုန့်တယ်သည် ဆန်းလျန်၏ ညီမလေး ရှောင်ခယ်ကို ပြုံးပြ

လိုက်ပြီး ဆန်းလျန်ကို လှမ်းကြည့်လိုက်သည်။

"သခင်လေး ၊ တာ့ရှီကေရာဇ်မင်းက ခင်ဗျားကိုတွေ့ချင်တယ်

ဆိုလို့ ခေါ်လာခဲ့တယ် ၊ သူ့ကိုစိတ်ပျက်မသွားစေချင်လို့

ခင်ဗျားဆီကို ခေါ်လာရတာပါ"

ဆန်းလျန်က သစ်ပင်များကို ရွှေ့ပြောင်းနေခြင်းကို

လက်စသတ်လိုက်ပြီး သူတို့ဆီသို့ လှည့်ကြည့်လိုက်သည်။

သူ၏မျက်ဝန်းများသည် ပန်းချီကားထဲမှ နတ်ဘုရားတစ်ပါး

အလား နက်ရှိုင်းလွန်းလှလေသည်။

"ကျုပ်ကိုများ မင်းတွေ့ချင်တိုင်းတွေ့လို့ရတဲ့လူလို့ ထင်နေသလား ၊ ဒီနေ့ကစပြီး ဒီတောင်ကို ဆယ်နှစ်စောင့်ရှောက်ဖို့ အပြစ်ပေးမှ ဖြစ်တော့မယ်"

ဆန်းလျန်၏စကားသံက အေးအေးဆေးဆေးပင်ဖြစ်သည့်တိုင် လျိုမုန့်တယ်သည် မငြင်းဆန်နိုင်ခဲ့ပေ။ သူက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း ဆန်းလျန်၏စကားကို နာခံကြောင်း ပြလိုက်လေသည်။

ဆန်းလျန်မှာ သာမန်လူတစ်ယောက်မဟုတ်ပါ။ လျိုမုန့်တယ်က ဆန်းလျန်နှင့်တွေ့ခွင့်ရနေခြင်းမှာ ဆန်းလျန်ကိုယ်တိုင်ကလည်း တွေ့ချင်သောကြောင့်ဖြစ်လေသည်။ သို့သော်... တာ့ရှီကေရာဇ်ကိုတော့ ဆန်းလျန်က တွေ့ဆုံလိုခြင်းမရှိပေ။ လျိုမုန့်တယ်က တာ့ရှီကေရာဇ်ကို သူ့ဆီသို့ မပြောမဆိုခေါ်ဆောင်လာခြင်းကို ဆန်းလျန်က သဘောမကျနိုင်ပါ။

လျို့မှန့်တယ်ကတော့ ဆန်းလျန်အပြစ်ပေးသည်ကိုပင် ဝမ်းသာနေမိသေးသည်။ ဆန်းလျန်က သူ့ကို အရေးစိုက်သောကြောင့်သာ ထိုသို့ အပြစ်ပေးခြင်းမဟုတ်ပါလား။

"မင်းက ငါကိုယ်တော်တို့ကို အခွင့်အရေးတစ်ချက်တောင်မပေးဘဲနဲ့ ဘာလို့ တန်ခိုးစွမ်းအားသုံးပြီး ငါကိုယ်တော်ရဲ့တိုင်းပြည်ကို ဖျက်စီးပစ်ရတာလဲ ၊ အဲဒါ လူပေါင်းတစ်သောင်းရဲ့အသက်တွေဆိုတာ မင်းမသိဘူးလား"

ဆန်းလျန်က တာ့ရှီဧကရာဇ်ကို တစ်ချက်ပင် မကြည့်ပါ။

"အဲဒီလူတွေကို ကျုပ်လက်နဲ့တောင် ထိစရာမလိုဘူး ၊ အခုလိုဖြစ်ရတာ မိုးကောင်းကင်ရဲ့ ဆန္ဒအတိုင်းပဲ"

"မိုးကောင်းကင်ရဲ့ဆန္ဒဟုတ်လား ၊ မနေ့ညကမှ ဒီလောက်တောင် တိုက်တိုက်ဆိုင်ဆိုင် အဖြစ်ဆိုးကြီးကြုံရတာ ၊ မင်းအမေရဲ့ စစ်သည်တော်တွေကျတော့ရော ၊ ဒီဘေးဆိုးကြီးမကြုံ

ခင် အကုန်ဆုတ်ခွာသွားကြတာမဟုတ်လား ၊ သူတို့ပစ္စည်းတွေ ကိုတောင် အကုန်ထားခဲ့ကြတာ"

တာ့ရှီကေရာဇ်က ကျယ်လောင်သည့်အသံဖြင့် ဒေါသတကြီး မေးလိုက်လေသည်။

ဆန်းလျန်က လက်နှစ်ဖက်ကို နောက်ပစ်လိုက်ရင်း...

"ရှီးလျန်က စစ်သည်တော်တွေ ဘာလို့ဆုတ်ခွာသွားရလဲဆို တော့ ကျုပ်က မိုးကောင်းကင်ရဲ့ဆန္ဒကို သိနိုင်တဲ့သူ ဖြစ်နေလို့ ပဲ"

ဆန်းလျန်၏စကားကြောင့် တာ့ရှီကေရာဇ်က ဟားတိုက် ရယ်မောလိုက်လေသည်။

"ဒီလုပ်ရပ်အတွက် မင်းတစ်နေ့ ပြန်ပေးဆပ်ရလိမ့်မယ်"

"ကျုပ်ကို ပြန်ပေးဆပ်ရမယ်လို့ ဘယ်သူကပြောရဲတာလဲ"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

တာ့ရှိကေရာဇ်သည် သူ့တွင်ရှိသမျှစွမ်းအားအကုန်လုံးကို အသုံးပြုကာ ဆန်းလျန်ကို ဓားဖြင့် ထိုးစိုက်လိုက်လေသည်။ တစ်ခဏအတွင်းမှာပင် ကေရာဇ်မင်း၏ဓားက ဆန်းလျန်ကို ထိုးစိုက်နိုင်ခြင်းမရှိဘဲ သူ့မျက်စိရှေ့တွင် ချောက်ကမ်းပါးကြီး တစ်ခုကိုတွေ့မြင်လိုက်ရကာ ချောက်ကမ်းပါးထိပ်မှ ပြုကျ သွားတော့သည်။ သူ၏အော်သံကိုပင် ကြားရခြင်း မရှိတော့ပေ။

"သူက ကျုပ်ကိုမုန်းနေတာမဟုတ်ဘူး ၊ သူ့ကိုယ်သူမုန်းနေခဲ့ တာ…

ဆန်းလျန်က ပြောလိုက်သည်။

"ကျုပ်သိပါတယ်…"

လျိုမုန့်တယ်က ပြန်ပြောလိုက်လေသည်။

"အင်းလေ…. ၊ ကျုပ်လည်း နည်းနည်းတော့ ရက်စက်မိသွား တယ်ထင်တယ် ၊ ဒီထက်ကောင်းတဲ့နည်းလမ်းနဲ့လည်း ဒီစစ်ပွဲ

ပြသနာကိုဖြေရှင်းလို့ရပါတယ်၊ ဒါပေမယ့် ပျင်းစရာကောင်းတယ်၊ မလုပ်ချင်တော့ဘူး၊ တကယ်တော့ မနေ့ညကဖြစ်ရတဲ့ သဘာဝဘေးဆိုးကြီးကို ကျုပ်ကြိုသိနေခဲ့တာကြာပါပြီ၊ ပြီးတော့ အဲဒီဘေးဆိုးကြီး ဖြစ်ရတဲ့ အဓိကအကြောင်းရင်းက မင်းကြောင့်ပဲ၊ မင်းက ဒီ ကျယ်ယန်းတောင်ထိပ်မှာ မက်မွန်ပင်လာစိုက်ခဲ့တယ်။ အဲဒီမက်မွန်ပင်ကထွက်နေတဲ့ မိစ္ဆာဝိညာဉ်စွမ်းအားတွေက သိပ်ပြီးမြင့်မားလို့ လော်ဟယ်မြစ်ကို ထိခိုက်သွားတယ်၊ ကိုးနှစ်ကြာပြီးတဲ့နောက် သဘာဝပတ်ဝန်းကျင်က တဖြည်းဖြည်းပြောင်းလဲလာပြီး မနေ့ညကလို သဘာဝဘေးအန္တရယ်ကြီး ဖြစ်ပေါ်လာရတာပဲ"

ဆန်းလျန်စကားကြောင့် လျိုမုန့်တယ်မှာ အံ့ဩတုန်လှုပ်သွားလေသည်။

သဘာဝဘေးဆိုးကြီးဖြစ်ပေါ်ခြင်း၏ ဖြစ်နိုင်ချေများအားလုံးကို သူစဉ်းစားကြည့်မိသော်လည်း သူ၏အစ်ကိုဖြစ်သူမှ ဖြစ်

တည်လာသည့် မက်မွန်ပင်ကြောင့် ဘေးဆိုးကြီးကျရောက်ရ

သည်ဟု လုံးဝ မျှော်လင့်မထားခဲ့မိပေ။

"ကြိုပြီးသာသိခွင့်ရခဲ့မယ်ဆိုရင် ကျုပ်ဒီမက်မွန်ပင်ကို မစိုက်ခဲ့

ပါဘူးဗျာ"

လျိုမုန့်တယ်က စိတ်မကောင်းစွာဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်က…

"စကားပုံတစ်ခုရှိတယ်လေ ၊ အကျိုးမျှော်ကိုးပြီး သီလစောင့်

တဲ့သူက အချည်းအနှီးပဲဖြစ်သလို မရည်ရွယ်ဘဲ လုပ်မိတဲ့

အမှားကလည်း အပြစ်မရှိဘူးတဲ့ ၊ ဒီစကားပုံက သိပ်တော့မမှန်

ပေမယ့် မင်း စိတ်သက်သာရာရအောင် ပြောပြတာပါ"

"သခင်လေး ၊ ကျုပ်ကိုနှစ်သိမ့်ပေးတဲ့အတွက် ကျေးဇူးတင်ရ

မှာလား ၊ ဒါမှမဟုတ် ကြိုပြီးသတိမပေးခဲ့တဲ့အတွက် မုန်းတီး

လိုက်ရမှာလား မဝေခွဲနိုင်တော့ဘူး"

လျှိုမုန့်တယ်က နာကျည်းစွာ တစ်ချက်ရေရွတ်ရင်း ပြောလိုက်လေသည်။

"မင်းစိတ်ထဲ ဘယ်လိုပဲရှိရှိ ကျုပ်အတွက် အရေးမကြီးပါဘူး ၊ ရွှမ်တုကျောင်းတောင်ကို ဆယ်နှစ်စောင့်ရှောက်ပေးရမယ်ဆိုတာ မမေ့ပါနဲ့၊ ကျုပ်ပြန်လာတဲ့အချိန်ထိ မင်းဒီနေရာမှာ ရှိနေမယ်လို့ မျှော်လင့်မိပါတယ်"

ထို့နောက် ဆန်းလျှန်သည် ညီမငယ်လေးရှောင်ခယ်ကို ကောက်ချီလိုက်ပြီး ကျားနက်ကြီးကိုစီးကာ ကျယ်ယန်းတောင်ပေါ်မှ ထွက်ခွာသွားလေတော့သည်။

အခန်း (၄၇၄) တိချိုးမြို့တော်

ချန်ချင်နှင့် သူမ၏ စစ်သည်တော်များသည်လည်း မနေ့ညက ရှီးလျန်မြို့တော်သို့ အမီပြန်လာသည့်တိုင် သဘာဝဘေးဆိုး၏ အဖျားခတ်မှုကို ခံစားခဲ့ကြရသေးသည်။ နံနက်ပိုင်းတွင်တော့ အခြေအနေကိုစုံစမ်းရန်လွှတ်လိုက်သည့် ကင်းထောက်တစ်ယောက် ပြန်ရောက်လာပြီး တာ့ရှီစစ်တပ်၏အဖြစ်ဆိုးကို သတင်းပို့ခဲ့လေသည်။ ချန်ချင်သခင်မနှင့် သူမ၏စစ်သည်တော်များသည် ကြားရသည့်သတင်းအတွက် များစွာတုန်လှုပ်ခဲ့ရလေသည်။ မနေ့ညက သူတို့သာ အလျှင်အမြန်ပြန်လာခဲ့ခြင်း မရှိလျှင် သူတို့သည်လည်း ဘေးအန္တရာယ်ဆိုးနှင့်ကြုံကြာ ပျက်စီးကြရမည် ဖြစ်လေသည်။

အဝေးတစ်နေရာတွင် ဆန်းလျန်သည် ရှောင်ခယ်နှင့်အတူ ကျားနက်ကြီးကိုစီးကာ ရှီးလျန်မြို့တော်သို့လာနေသည်ကို ချန်ချင်သခင်မတွေ့မြင်လိုက်ရလေသည်။

ကျားနက်ကြီးကိုစီးနှင်လာသည့် ဆန်းလျန်သည် ချန်ချင်သခင်မနှင့် အမျိုးသမီးစစ်သည်တော်များရှေ့တွင် ရပ်တန့်လိုက်သည်။

"မေမေ..."

ရှောင်ခယ်က ချစ်စရာကောင်းသည့်အသံလေးဖြင့် သူမ၏မိခင်ကို လှမ်းခေါ်လိုက်သည်။

ချန်ချင်သည် မြို့တော်သခင်မတစ်ပါး၏ သိက္ခာကိုပင် မငဲ့နိုင်တော့ဘဲ သမီးငယ်ကို သွားရောက်ပွေ့ချီလိုက်လေသည်။

ထို့နောက် ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ရင်း...

"သား... ဘာလို့ တောင်ပေါ်ကဆင်းလာရတာလဲ"

"ကျွန်တော် ခရီးရှည်တစ်ခု ထွက်ဖို့ရှိတယ်၊ ဒါကြောင့် ညီမလေးကို အမေ့ဆီ ပြန်လာပို့တာ"

ချန်ချင်သည် ယမံနေ့ညကအကြောင်းများကို ပြန်စဉ်းစားလိုက်မိရင်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"သားလုပ်မယ့်အလုပ်ကို ဘယ်သူက တားဆီးနိုင်မှာတဲ့လဲ၊ ခုစစ်ပွဲလည်း အဆုံးသတ်သွားပြီဆိုတော့ ရှီးလျန်လည်း အန္တရယ်ကင်းသွားပါပြီး၊ သားကို အမေ မတားတော့ပါဘူးကွယ်"

"ကျွန်တော်ခရီးထွက်နေတုန်းမှာ လျိုမုန့်တယ်ဆိုတဲ့ တာအိုဆရာကို တောင်ပေါ်က ရှမ်တုကျောင်းတော်မှာ အစောင့်ထားခဲ့တယ်၊ အမေအခက်အခဲတစ်ခုခုကြုံရရင် အဲဒီတာအိုဆရာဆီ လူလွှတ်ပြီး အကူအညီတောင်းလို့ ရပါတယ်"

"သားက ဘယ်ကိုခရီးထွက်မလို့လဲ၊ ဒီနှစ်တွေအတွင်း အမေ ထူးဆန်းတဲ့လူတွေအကြောင်းကို လေ့လာနေခဲ့တယ်၊ အဲဒီလူတွေအားလုံးရဲ့ အချက်အလက်တွေကိုလည်း ရှီးလျန်မှာ

မှတ်တမ်းတင်ထားတယ် ၊ သားလေ့လာချင်ရင် အမေနဲ့လိုက်ပြီး လေ့လာလို့ရတယ်"

ချန်ချင်က ပြောလိုက်လေသည်။

"ကျွန်တော် အမေနဲ့ လိုက်ခဲ့ပါ့မယ် ၊ ဒါပေမယ့် ကျွန်တော့်မှာ အမေ့ကို ပြောစရာစကားတစ်ခုရှိတယ်"

"ဘာများလဲ..."

"ရှီးလျန်ကို တိုင်းပြည်တစ်ခုအဖြစ် အမြန်ဆုံးတည်ထောင်ပါ..."

ဆန်းလျန်က အေးဆေးစွာဖြင့် ပြောလိုက်လေသည်။

....

ရှီးလျန်မြို့တော်သည် ရှီးလျန်တိုင်းပြည် ဖြစ်လာခဲ့တော့သည်။ ရှီးလျန်တိုင်းပြည်၏ ကေရီဘုရင်မချန်ချင်သည် တာ့ရှား ကေရာဇ်ထံသို့ သူမ၏ သစ္စာစောင့်သိမှုအကြောင်း ရေးသားထားသည့်စာတစ်စောင်ကို ဆန်းလျန်နှင့်အတူ ထည့်ပေးလိုက်လေသည်။

တာ့ရှားကောရာဇ်သည် တိုင်းပြည်အားလုံး၏သခင်၊ ဘုရင်တကာတို့၏ဘုရင်ဖြစ်သည့်အတွက် တိုင်းပြည်တစ်ခုတည်ထောင်လျှင် တာ့ရှားပြည်ကို သစ္စာစောင့်သိကြောင်းအမြဲတမ်းအကြောင်းကြားရလေသည်။ ထိုသို့ပြုလုပ်ရန်ပျက်ကွက်ပါက တာ့ရှားကောရာဇ်၏ စစ်ချီခြင်းကို ခံကြရမည်ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်က ရှီးလျန်ပြည်မှ သစ္စာစောင့်သိခြင်းအကြောင်းကြားစာကို ယူဆောင်လာသူဖြစ်သည့်အတွက် တာ့ရှားပြည်သို့ အတားအဆီးမရှိ ဝင်ခွင့်ရမည် ဖြစ်လေသည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် ဆန်းလျန်၏ ခရီးစဉ်သည်အစစအရာရာ ပိုပြီး လွယ်ကူနိုင်လေသည်။

ဆန်းလျန်သည် ဆောင်းဦးရာသီတွင် ကုန်သည်များနှင့်အတူတာ့ရှားပြည်သို့ လိုက်ပါသွားလေတော့သည်။

ဆန်းလျန်သည် ယခုအခါတွင် ရှီးလျန်ပြည်၏ မင်းသားငယ်တစ်ပါးဖြစ်သွားခဲ့ပြီဖြစ်သည့်အတွက် ကုန်သည်များကလည်းသူ့ကို အထူးဂရုစိုက်ကာ လေးလေးစားစား ဆက်ဆံကြလေသည်။ ရှီးလျန်မှာလည်း အင်အားကြီးမားသည့် တိုင်းပြည်တစ်ခု ဖြစ်နေပြီကို အသိအမှတ်ပြုခံခဲ့ရပြီ မဟုတ်ပါလား။

ကုန်သည်များသည် နေရာဒေသအနှံ့ ကုန်သွယ်ကူးသန်းနေကြသူများဖြစ်ကြပြီး ကုန်သည်များကိုကာကွယ်ရန်အတွက်ကျင့်ကြံသူအချို့လည်း အတူတူပါလာကြလေသည်။

ဆန်းလျန်သည် လှည်းတစ်စီးအတွင်းတွင် ထိုင်ရင်း အေးဆေးစွာ လိုက်ပါလာလေသည်။

လှည်းကိုဆွဲသည့်သတ္တဝါများမှာ ဆန်းလျန်လာခဲ့သည့် ယခင်ခေတ်ပေါ်ကမ္ဘာတွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည့်အမွေးရှည်ဆင်ကြီးမျိုး သတ္တဝါကြီးများက လှည်းကို ဆွဲသွား

ကြလေသည်။ ထိုဆင်ကြီးများသည် မိုင်ထောင်ပေါင်းများစွာ

မမောနိုင် မပန်းနိုင် ခရီးနှင်နိုင်လေသည်။

ထိုသတ္တဝါကြီးများသည် မြို့တစ်မြို့ကိုပင် ဖျက်စီးနိုင်ကြလေ

သည်။ သို့သော် ကုန်သည်များကတော့ ကုန်ပစ္စည်းများ

သယ်ယူသည့်နေရာတွင် အသုံးပြုရန်အတွက် ထိုသတ္တဝါများ

ကို ကောင်းကောင်း ထိန်းချုပ်နိုင်ကြသည်။

ယင်းစန်းဒေသအကြီးအကဲ ထျန်းယီသည် သူ၏ကုန်သည်များ

ကို ကုန်သွယ်သွားလာရာတွင် အချင်းမများကြရန် တင်းတင်း

ကြပ်ကြပ် စည်းကမ်းထုတ်ထားလေသည်။

ထျန်းယီအကြီးအကဲမှာ စိတ်ထားကောင်းသူဖြစ်ပြီး အားလုံး

က ရိုသေလေးစားခြင်းကို ခံရသူဖြစ်လေသည်။ သူက

ကျင့်ကြံသူများကိုလည်း လေးစားသူဖြစ်လေသည်။

တာ့ရှားကေရာဇ်သည်ပင်လျှင် ထျန်းယီအကြီးအကဲကို

အမြဲတမ်း သဘောကျစွာဖြင့် ချီးမွမ်းတတ်လေသည်။

ဆန်းလျန်သည် လှည်းပေါ်တွင်စီးနင်းလာရင်းပင် ထျန်းယီ
အကြီးအကဲနှင့်ပတ်သက်သည့်အကြောင်းများကို များစွာ
ကြားခဲ့ရလေသည်။ အထူးသဖြင့် ကိုယ်ကျင့်တရားကောင်းပြီး
ရိုးသားဖြောင့်မတ်သည့်အကြောင်းများသာ ဖြစ်လေသည်။
ဆန်းလျန်မှာလည်း ထျန်းယီအကြီးအကဲကို စိတ်ဝင်စားနေ
မိသည်။ မိမိ၏တိုင်းသူပြည်သားများကိုလေးစားသည့်
ခေါင်းဆောင်အကြီးအကဲတစ်ယောက်သည် အမှန်တကယ်ပင်
ထက်မြက်သည့်ခေါင်းဆောင်တစ်ယောက် ဖြစ်လေသည်။
ဆန်းလျန်ကတော့ ထျန်းယီအကြီးအကဲ၏အတွင်းစိတ်သည်
ဧကရာဇ်တစ်ပါးနှင့်တူပြီး အပြင်ပန်းတွင်တော့ သူတော်စင်
တစ်ပါးနှင့်တူသည်ဟု ခန့်မှန်းမိလေသည်။ ထျန်းယီ
အကြီးအကဲ၏ဘဝသည် ထင်သလောက်တော့ ရိုးရှင်း
လိမ့်မည် မဟုတ်ပေ။

ကုန်သည်လှည်းများသည် တာ့ရှားသို့ဦးတည်နေပြီဖြစ်သည့်အတွက် သူ့အနေဖြင့် ထျန်းယီအကြီးအကဲနှင့် တွေ့ရန် မဖြစ်နိုင်တော့ဟု ဆန်းလျန် တွေးလိုက်မိလေသည်။ သို့သော်...

လမ်းတွင်ကြားရသည့်သတင်းများအရ တာ့ရှားဧကရာဇ်သည် တိချိုးတွင် ထျန်းယီအကြီးအကဲနှင့်တွေ့ဆုံရန် ဆင့်ခေါ်ထားသည်ဟုလည်း ကြားရလေသည်။

တိချိုးဆိုသည်မှာ တာ့ရှားပြည်၏ မြို့တော်ဖြစ်လေသည်။

တာ့ရှားပြည်သို့ဝင်ရောက်လာသည့်တိုင် ထျန်းယီအကြီးအကဲသည် တိချိုးမြို့တော်သို့ မည်သည့်အချိန်တွင်ရောက်ရှိပြီးမည်သည့်အချိန်တွင် ပြန်လည်ထွက်ခွာမည်ကို သိရှိရခြင်း မရှိသေးပေ။

အချို့ကလည်း ထျန်းယီအကြီးအကဲသည် ယင်းစန်းဒေသသို့ မည်သို့မျှ ပြန်မလာနိုင်တော့ဟု ပြောကြလေသည်။

အဘယ်ကြောင့်ဆိုသော် ယင်းစန်းဒေသ တဖြည်းဖြည်း

အင်အားကြီးမားလာခြင်းသည် တာ့ရှားပြည်ကို ခြိမ်းခြောက်မှု တစ်ခုဖြစ်လာသောကြောင့် ဖြစ်လေသည်။

တာ့ရှားကေရာဇ်မှာ ရဲစွမ်းသတ္တိရှိသလို ဉာဏ်ရည်လည်း ထက်မြက်သည့် ကေရာဇ်မင်းတစ်ပါး ဖြစ်လေသည်။ သူက လူတိုင်းကို သူ၏လက်အောက်တွင် လက်အောက်ခံဖြစ်စေချင်သူ ဖြစ်လေသည်။ ထို့ကြောင့် ထျန်းယီအကြီးအကဲကဲ့သို့သော လူတစ်ယောက် အင်အားကြီးမားလာခြင်းကို တာ့ရှားကေရာဇ်က နှစ်သက်နိုင်မည် မဟုတ်ပေ။

ထျန်းယီအကြီးအကဲ၏ကိစ္စကြောင့် ကုန်သည်များမှာ စိတ်မသက်မသာခံစားခဲ့ကြရပြီး မလုံခြုံမှုများလည်း ခံစားလာကြရလေသည်။

ထျန်းယီအကြီးအကဲမရှိတော့ပါက ယင်းစန်းဒေသမှာလည်း တဖြည်းဖြည်းကျဆင်းသွားမည်ဖြစ်ပြီး ကုန်သည်များအတွက်လည်း အကာအကွယ်ရှိတော့မည် မဟုတ်ပေ။ ယင်း

စန်း၏ကြွယ်ဝချမ်းသာမှုများကို မီခိုနေကြရသည့် ကျင့်ကြံ

သူများမှာလည်း နေရာပျောက်ကြရမည် ဖြစ်လေသည်။

လှည်းအတွင်းတွင် ဆန်းလျန်နှင့် ကျားနက်ကြီး လိုက်ပါလာကြ

လေသည်။

ကျားနက်ကြီးမှာ ဆန်းလျန်၏ခြေရင်းတွင် ဝပ်နေပြီး ပျင်းရိစွာ

ဖြင့် အိပ်နေလေသည်။ ကျားနက်ကြီး၏နှုတ်ခမ်းမှ သွားရည်

များကျနေပြီး လျှာကိုလည်း ခဏခဏသပ်နေလေသည်။

အိပ်မက်ထဲတွင် အရသာရှိသည့် အစားအသောက်တစ်ခုခုကို

စားနေပုံရလေသည်။ ဆန်းလျန်ကတော့ လှည်းပြတင်းပေါက်မှ

အပြင်ဘက်သို့ ငေးကြည့်နေလေသည်။ သူတို့ရောက်ရှိနေ

သည့်နေရာမှာ ကျိုးလုဖြစ်ပြီး ယခင်က တိုက်ပွဲဖြစ်ပွားခဲ့သည့်

နေရာ တစ်ခုဖြစ်လေသည်။ ထို့ကြောင့် ကျိုးလုတွင် ဝိညာဉ်

များ၏အမျက်ဒေါသများ ကျန်ရစ်နေသေးသည်။ ထို့ကြောင့်

မြက်ပင်များပင် ကောင်းကောင်းရှင်သန်နိုင်ခြင်းမရှိဘဲ ဖုန်းဆိုးနယ်မြေဖြစ်နေရလေသည်။

ကျိုးလုကို ကျော်ဖြတ်ပြီးလျှင်တော့ တာ့ရှားပြည်နယ်မြေအတွင်းသို့ စတင်ဝင်ရောက်ပြီ ဖြစ်လေသည်။ ရှီးလျန်နှင့် တာ့ရှားသည် မိုင်ထောင်ပေါင်းများစွာ ဝေးကွာသည့်အတွက် တစ်နေရာနှင့်တစ်နေရာသို့ ခရီးရောက်ရန်အတွက် အချိန်နှစ်နှစ်ကြာမြင့်လေသည်။

ကုန်သည်များသည် လမ်းခရီးတစ်လျှောက် အရောင်းအဝယ်များကို ပြုလုပ်ခဲ့ကြပြီး ဆန်းလျန်မှာလည်း အတွေ့အကြုံများစွာ ရရှိခဲ့လေသည်။

ထျန်းယီအကြီးအကဲ၏သတင်းများကြောင့် ကုန်သည်များမှာ ကုန်စည်များ ရောင်းမကုန်ဖြစ်တော့မည်ကို စိတ်ပူနေကြလေသည်။ တာ့ရှားသို့ဝင်ရောက်သည်နှင့် ထျန်းယီအကြီးအကဲအဖြစ်ဆိုးနှင့်ကြုံရပြီဆိုသည့် သတင်းမျိုးကို သူတို့ မကြားလို

ကြပေ။ ကောလဟာလများသာ အမှန်တကယ်ဖြစ်ခဲ့ပါက တာ့ရှားတွင် ယင်းစန်းမှ ကုန်သည်များ၏ကံတရားမှာ မတွေးရဲစရာပင် ဖြစ်လေသည်။

တာ့ရှားပြည်၏ ထူးခြားမှုမှာ ကျွန်များနှင့် မင်းမျိုးမင်းနွယ်များပင်ဖြစ်လေသည်။ ကုန်သည်များဆိုသည်က ကျွန်လည်းမဟုတ် ၊ မင်းမျိုးမင်းနွယ်လည်းမဟုတ်။ ကြားလူများ ဖြစ်ကြလေသည်။

မည်သည့်အခါမှ လွတ်မြောက်နိုင်ခြင်းမရှိကြသည့် ကျွန်များ၏ဘဝသည် မည်မျှရင်နာစရာကောင်းပါသနည်း။ ယင်းစန်းဒေသတွင်လည်း ကျွန်များရှိကြသည့်တိုင် ကျွန်များအတွက် တင်းကြပ်သည့်စည်းကမ်းမရှိပေ။ သာမန်လူများကဲ့သို့ပင် အသက်ရှင်သန်နိုင်ကြလေသည်။ သနားကြင်နာတတ်သည့် ထျန်းယီအကြီးအကဲက ကျွန်များကိုလည်း လွတ်လပ်စွာ

နေထိုင်နိုင်ရန် အခွင့်အရေးပေးထားခဲ့လေသည်။ သို့သော် တာ့ရှားကတော့ ထိုသို့ မဟုတ်ပေ။

ယင်းစန်းဒေသသည် အခြားသောတိုင်းပြည်များမှ လူများကို လက်ခံထားလေ့မရှိပါ။ သို့သော် တာ့ရှားပြည်မှ ထွက်ပြေးလာသည့် ကျွန်များကိုတော့ သာမန်ပြည်သူများအဖြစ် လက်ခံထားလေ့ရှိလေသည်။

ထိုအချက်ကလည်း တာ့ရှားဧကရာဇ်က ထျန်းယီအကြီးအကဲကို အမျက်ရှခဲ့ခြင်း ဖြစ်ဟန်ရှိလေသည်။

တာ့ရှားပြည်တွင် တော်ဝင်မိသားစု ဆယ့်နှစ်ခုရှိလေသည်။ ရှဟိုအိမ်တော်၊ ယိုဟူအိမ်တော်၊ ယိုနန်အိမ်တော်၊ ကျန်းရွှမ်အိမ်တော်၊ ထုန်ချန်အိမ်တော်၊ ပေါင်အိမ်တော်၊ ဖေးအိမ်တော်၊ ချီအိမ်တော်၊ ကျန်အိမ်တော်၊ ရှင်းအိမ်တော်၊ မင်အိမ်တော်နှင့် ကျန်းကွမ်းအိမ်တော်တို့ ဖြစ်လေသည်။

ထိုအိမ်တော်ဆယ့်နှစ်ခုက ပြည်သူများအားလုံးထဲတွင် အမြင့်မြတ်ဆုံး အိမ်တော်များ ဖြစ်ကြလေသည်။ ထိုအိမ်တော်များမှ မိသားစုများသည် စွမ်းအားမြင့်မားကြပြီး ကျင့်ကြံသူများ ထက်ပင် သာလွန်ကြလေသည်။

အခန်း (၄၇၅) ယင်းလုန်

ဆန်းလျန် တိချိုးမြို့တော်သို့ရောက်ရှိသည်နှင့် ထူးဆန်းမှုတစ်ခု စတင်ဖြစ်ပွားတော့သည်။

ကြီးမားသည့်နဂါးကြီးတစ်ကောင်သည် တိချိုးမြို့တော်၏ မြောက်ဘက်ကောင်းကင်တွင် ထွက်ပေါ်လာခြင်းဖြစ်လေ သည်။ နဂါးကြီးမှာ ဦးခေါင်း ၊ ခန္ဓာကိုယ်များမှာ ရှည်လျားပြီး တောင်ကြီးတစ်လုံးသဖွယ် ကြီးမားလွန်းလှလေသည်။ ထို့ပြင် နဂါးကြီးတွင် လှပပြီးတောက်ပသည့် အတောင်ပံများ လည်းရှိလေသည်။ တိမ်စိုင်များထဲတွင် ပျံသန်းနေသည့် အလားပင် ထင်မှတ်ရလေသည်။

နဂါးကြီး၏ ကြီးမားသည့် မျက်ဝန်းကြီးများသည် အလင်းရောင်များလင်းလက်နေကာ တိချိုးမြို့တော်တစ်ခုလုံး ကို စစ်ဆေးကြည့်ရှုနေလေသည်။ နဂါးပုံရိပ်ကြီးကြောင့် ဆန်း လျန်စီးသည့် လှည်းကိုဆွဲလာသည့် အမွေးရှည်ဆင်ကြီးနှစ် ကောင်မှာ မြေပြင်ထက်တွင်တွားသွားရင်း တုန်လှုပ်ကြောက်ရွံ့ နေကြလေသည်။

ဆန်းလျှန်မှာ လှည်း၏ပြတင်းပေါက်မှ ထိုမြင်ကွင်းကို သေသေချာချာမြင်တွေ့လိုက်ရလေသည်။

ထိုနဂါးကြီးမှာ ဒဏ္ဍာရီထဲမှ ယင်းလုန်ဟုခေါ်သည့် နဂါးကြီးပင် ဖြစ်လေသည်။

ယင်းလုန်ဆိုသည်မှာ အတောင်ပံပါသည့်နဂါးမျိုးဖြစ်ပြီး အသက်ငါးရှည်ရှည်သည့်အတောင်ပါနဂါးမျိုးကို ကျောက်လုန်ဟုခေါ်ဆိုကာ အသက်တစ်ထောင်ရှည်သည့် အတောင်ပါနဂါးမျိုးကိုတော့ ယင်းလုန်ဟုခေါ်လေသည်။ သို့သော် အသက်ထောင်ချီရှည်သည့်ယင်းလုန်နဂါးမျိုးသည် အလွန်မှ ရှားပါးလေသည်။ ထို့ပြင် ယင်းလုန်နဂါးသည် ကျောက်လုန်နဂါးနှင့် ယှဉ်လျှင် တန်ခိုးစွမ်းအားက အဆမတန် သာလွန်လေသည်။ ယင်းလုန်နဂါးကြီးသည် တန်းတူတန်ခိုးစွမ်းအား ကြီးမားနိုင်လေသည်။

ယင်းလုန်နဂါးကြီးသည် တိချိုးမြို့တော်ကို ကြည့်ရှုသော ကြည့်

နေခြင်းဖြစ်ပြီး မည်သည့်လှုပ်ရှားမှုမှ ပြုလုပ်ခြင်းမရှိပေ။

ထို့နောက်တွင်တော့ ပြန်လည်ထွက်ခွာသွားခဲ့လေသည်။

ကုန်သည်များမှာ ယင်းလုန်နဂါးကြီးအကြောင်းကို ပြောဆိုနေ

ကြလေသည်။ ယင်းလုန်နဂါးကြီးမှာ တိချိုး

မြို့တော်၏အစောင့်နဂါးကြီးဖြစ်ပြီး အသက်မည်မျှရှည်ပြီကို

မည်သူမှ မသိကြပေ။ ယင်းလုန်နဂါးကြီးသည် တာ့ရှား

ဧကရာဇ်နီးပါး တန်ခိုးစွမ်းအားမြင့်မားပြီး တော်ဝင်မိသားစု

များပင်လျှင် ယင်းလုန်နဂါးကြီးကို ဦးညွှတ်ဂါရဝပြုကြရသည်

ဟု အဆိုရှိလေသည်။

သို့သော် ယနေ့တွင်တော့ ထူးဆန်းမှုတစ်ခု ဖြစ်ပျက်ခဲ့သည်မှာ

သေချာလေသည်။

ဆန်းလျန်မှာ သူ၏အသက်ရှူသံကို ကြိုးစားပြီး လျှော့ချထားရ

လေသည်။ ယင်းလုန်နဂါးကြီးထွက်ပေါ်လာရခြင်းမှာ ကြီးမား

သည့်စွမ်းအားတစ်ခု မြို့တွင်းသို့ ဝင်ရောက်လာသည်ကို အာရုံခံမိသောကြောင့် ဖြစ်လေသည်။

ကိုယ့်ပိုင်နက်အတွင်းသို့ကျူးကျော်လာသည့်လူတစ်ယောက် ကို မြို့တော်ကိုစောင့်ရှောက်သူက သတိထားမိသည်မှာ မဆန်း ပေ။

ဆန်းလျှန်က သူ၏အသက်ရှူသံကို လျှော့ချပြီး ထိန်းချုပ်ထား သည့်တိုင် ယင်းလုန်နဂါးကိုတော့ ဖုံးကွယ်ထား၍မရပေ။

သို့သော် ယင်းလုန်နဂါးကြီးက သူ့ကိုမည်သူမှန်းမသိသေး သည့်အတွက် အနည်းငယ်ကံကောင်းသွားခဲ့ရလေသည်။

ယင်းလုန်နဂါးကြီးက တာ့ရှားပြည်ကိုစောင့်ရှောက်နေ သည့်အတွက် တာ့ရှားဧကရာဇ်ကလည်း မည်သူ့ကိုမှ မ ကြောက်ခြင်း ဖြစ်နိုင်လေသည်။

တာ့ရှားပြည်၏မြို့တော်ဖြစ်သည့် တိချိုးမြို့တော်တွင် တာ့ရှား ဧကရာဇ်သာမက တော်ဝင်မိသားစုဆယ့်နှစ်စုလည်း

အတူတကွ နေထိုင်ကြလေသည်။ ထိုအိမ်တော်ဆယ့်နှစ်ခုမှာ အလွန်ထူးခြားသည့်စွမ်းအားများကို ပိုင်ဆိုင်ထားကြသည့် သူများ ဖြစ်လေသည်။

ထိုအချိန်မှာပင် ကုန်သည်တစ်ယောက်က ဆန်းလျန်ရှိရာသို့ ရောက်လာပြီး...

"ရှီးလျန်မင်းသားငယ်... သစ္စာစောင့်သိခြင်းအကြောင်းကြား စာကိုပေးအပ်ချင်တယ်ဆိုရင် နိုင်ငံခြားရေးဝန်ကြီးရဲ့ အိမ် တော်ကို အရင်သွားပါတယ်၊ ပြီးတော့ အရာရှိမင်းအတွက် လက်ဆောင်လေးဘာလေးလည်း ပေးဖို့လိုတယ်၊ အဲဒီလိုမ လုပ်ဘူးဆိုရင်တော့ နောက်ပိုင်းခက်ခဲနိုင်တယ်"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကောင်းပါပြီ၊ ခုလိုသတိပေးလို့ ကျေးဇူးတင်ပါတယ်ဗျာ"

ဆန်းလျန်မှာ မည်သည့်လက်ဆောင်ပစ္စည်းမှ ပါလာခြင်းမရှိ

သည့်အတွက် ကုန်သည်မှာ ခေါင်းတစ်ချက်ခါယမ်းလိုက်မိလေ

သည်။

ထိုကုန်သည်၏အမည်မှာ ကျူးကျားဖြစ်လေသည်။

ချန်ချင်ဘုရင်မကသာ ငွေကြေးအမြောက်အမြား မပေးလိုက်

လျှင် သူကလည်း ဆန်းလျန်ကို ယခုလောက် ပြောပြပြီး

ဂရုစိုက်လိမ့်မည် မဟုတ်ပါ။

အမှန်တော့ ကုန်သည်ကြီးကျူးကျားထံမှ ချန်ချင်ဘုရင်မ

သင်ယူခဲ့သည့်အရာ များစွာ ရှိလေသည်။ ထို့ကြောင့် သူတို့နှစ်

ယောက်၏ ဆက်ဆံရေးက အဆင်ပြေပြေ ရှိခဲ့လေသည်။

ကျူးကျားသည် ယင်းစန်းမှ သစ္စာရှိ ကုန်သည်တစ်ယောက်

ဖြစ်ပြီး ထျန်းယီအကြီးအကဲ၏ တူတော်စပ်လေသည်။

လောကတွင် သတ္တိအရှိဆုံး ကုန်သည်တစ်ယောက်လည်း ဖြစ်

လေသည်။

ဆန်းလျန်သည် ကုန်သည်များနှင့် လမ်းခွဲလိုက်ပြီး နိုင်ငံခြားရေးဝန်ကြီး၏ နေအိမ်သို့ ထွက်ခွာသွားတော့သည်။

ထိုအချိန်တွင် ကုန်သည်အုပ်စုများထဲမှ ကြေးစိမ်းဖြင့်ပြုလုပ်ထားသည့် ဓားရှည်တစ်လက်ကိုကိုင်ထားသည့် လူငယ်တစ်ယောက်သည် ဆန်းလျန်ကို မျက်စိ တစ်ဆုံး စိုက်ကြည့်နေခဲ့လေသည်။

"ဝူတင် ၊ အဲဒါ ရှီးလျန်က မင်းသားငယ်ပဲ ၊ မင်းကြည့်ရတာ သူ့ကို တစ်ခုခု အလိုမကျသလိုပဲ ၊ သူက ငါတို့ကုန်သည်အဖွဲ့နဲ့ တစ်လမ်းလုံးလိုက်လာတာ ၊ မင်းက သူ့ကို စကားလေးတစ်ခွန်း တောင်မပြောဘူး"

"ယီကွေး ၊ သူက တစ်ခုခုထူးခြားတယ်လို့ မထင်ဘူးလား" ဝူတင်က ပြန်ပြောလိုက်သည်။

"သူက ထူးခြားတာပေါ့ ၊ သူ့ရဲ့ အသက်ရှူသံကလည်း ထူးခြားတယ် ၊ ပြီးတော့ ကျင့်ကြံသူလည်းမဟုတ် ၊ ထူးခြားတဲ့ စွမ်းအားပိုင်ရှင်မျိုးရိုးကလည်း မဟုတ်ဘူး"

ယီကွေးက ပြန်ပြောလိုက်သည်။

"ဒီခရီးတစ်လျှောက်လုံး သူထိတ်လန့်သွားတာမျိုးများ မင်းတွေ့ဖူးလား ၊ သူ့ကြည့်ရတာ အမြဲတမ်းတည်ငြိမ်နေတာပဲ ၊ ဘယ်အကြောင်းအရာတွေပဲ ကြားရကြားရ စိတ်မလှုပ်ရှားဘူး ၊ သူ့ရဲ့တည်ငြိမ်မှုက လူတစ်ယောက်ကိုတောင် သတိရသွားစေတယ်"

ဝူတင်က ပြန်ပြောလိုက်သည်။

"ဘယ်သူ့ကိုလဲ..."

ယီကွေးက မေးလိုက်လေသည်။

ဝူတင်က ယီကွေး၏ အမေးကို ပြန်မဖြေပါ။

လူတစ်ယောက်၏ပုံရိပ်သည် သူ၏အတွေးထဲသို့ ဝင်ရောက်လာလေသည်။ ထိုသူမှ သာမန်လူများထက် အရပ်အနည်းငယ်မြင့်ပြီး ရုပ်ရည်ကတော့ သာမန်ပင်ဖြစ်လေသည်။ ထိုသူသည် ရှီးလျန်မှ မင်းသားငယ်ကဲ့သို့ပင် တည်ငြိမ်ပြီး နွေးထွေးသည့် စိတ်ထားရှိသူ ဖြစ်လေသည်။ လောကတွင် ထိုသူကို မည်သူမှ ဒုက္ခမပေးနိုင်သလို ထိုသူ မဖြေရှင်းနိုင်သည့် ပြဿနာဟူ၍လည်း မရှိပေ။

ထိုသူသည် တာ့ရှားပြည်ကေရာဇ်ကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားပြီး သိုင်းပညာလည်း ထူးချွန်သူ ဖြစ်လေသည်။ သို့သော် သူက တာ့ရှားပြည်ကေရာဇ်ကဲ့သို့ ထောင်လွှားမော်ကြွားခြင်း မရှိပေ။ တာ့ရှားကေရာဇ်သည် နေမင်းကဲ့သို့ဖြစ်ပြီး သူ၏ဂုဏ်သတင်းကို နေရာအနှံ့သို့ ပျံ့နှံ့စေသူ ဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် အကျဉ်းထောင်ကြီးတစ်ခုကို တည်ဆောက်ထားခဲ့လေသည်။

ထိုအကျဉ်းထောင်ကြီးကို မြင့်မားသည့်တံတိုင်းကြီးများဖြင့် ကာရန်ထားပြီး ဝင်ပေါက်ကတော့ လေးထောင့်ပုံစံဖြစ်လေသည်။

အကျဉ်းထောင်လေးဘက်လေးတန်တွင် အဆုံးမရှိသည့် မီးတောက်များက တောက်လောင်နေပြီး ထိုမီးတောက်များ မှာ နေရောင်ခြည်စွမ်းအင်ဖြင့် တောက်လောင်နေခြင်း ဖြစ်လေသည်။

ကောလဟာလများအရဆိုလျှင် အကျဉ်းထောင်မှာ အပူချိန် အလွန်မြင့်မားပြီး သံမဏိများကိုပင် အရည်ပျော်စေနိုင်သည် ဟု ဆိုကြလေသည်။

ထိုမီးတံတိုင်းကြီးကို ရှားထိုက်တံတိုင်းဟု ခေါ်လေသည်။ ထိုတံတိုင်းကြီးကို တာ့ရှားကေရာဇ်စိတ်တိုင်းကျ ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်လေသည်။ ထိုတံတိုင်းကြီးကို ဆောက်လုပ်စဉ်တွင် ကျွန်ပေါင်းများစွာ အသက်များ စတေးခဲ့ရလေသည်။

ရှားထိုက်အကျဉ်းထောင်အတွင်းတွင် အကျဉ်းသားတစ်ဦးသာ ရှိလေသည်။ ထိုသူမှ အသက်သုံးဆယ်ခန့်ရှိပြီဖြစ်သည့်တိုင် အသက်နှစ်ဆယ်ခန့်လောက်သာ ထင်ရလောက်အောင် နုပျို လေသည်။ ထိုသူက နက်ရှိုင်းသည့်မျက်ဝန်းတစ်စုံကို ပိုင်ဆိုင် ထားပြီး အသိဉာဏ်ဗဟုသုတနှင့် ပြည့်ဝသည့်ပုံရလေသည်။ အစောင့်စစ်သည်တော်များသည် ရှားထိုက်အကျဉ်းထောင်ရှိရာ နေရာကို ကြည့်ပင် မကြည့်ရဲကြပေ။

ထိုအကျဉ်းသားဝတ်ဆင်ထားသည့် အဝတ်အစားများမှာ ပြာ မှုန်များဖြစ်သွားခဲ့ပြီး ထိုသူ၏အသားများမှာလည်း မီးလောင် ကာ ရဲရဲနီတော့သည်။

"ကျီလု ၊ ဧကရာဇ်မင်းက မင်းကို တကယ်လေးစားတာပါ ၊ မင်းသာ သူ့ကိုတောင်းပန်လိုက်ရင် ဒီ ရှားထိုက်အကျဉ်းထောင် ကနေ ချက်ချင်းလွှတ်ပေးမှာပဲ"

ကျယ်လောင်သည့်အသံတစ်သံသည် မီးတံတိုင်းကြီးကို ဖြတ်ကျော်ကာ ထွက်ပေါ်လာလေသည်။

အကျဉ်းထောင်အတွင်းမှ ထူးဆန်းသည့်လူသည် ထိုအသံကို ကောင်းကောင်းကြားရမည် ဖြစ်လေသည်။

ကျီလုဆိုသည်မှာ အခြားသူမဟုတ်ပေ။ ယင်းစန်း ဒေသ၏ခေါင်းဆောင် ထျန်းယီအကြီးအကဲပင် ဖြစ်လေသည်။

သူ၏မျိုးရိုးက ကျီမျိုးရိုးဖြစ်ပြီး သူ၏အမည်အရင်းမှာ ကျီလု ဖြစ်လေသည်။

ရှားထိုက်အကျဉ်းထောင်တံတိုင်းများထက်မှ မီးတောက်များကို ရှမ်ကျန်းသူတော်စင်ခုနစ်ပါးပင် မတားဆီးနိုင်ပေ။

သို့သော် ထျန်းယီအကြီးအကဲကတော့ ထိုမီးတောက်ဒဏ်ကို တောင့်ခံထားသည်မှာ နှစ်ဝက်ခန့်ပင်ရှိပြီ ဖြစ်လေသည်။

ထျန်းယီအကြီးအကဲက မီးလျှံတံတိုင်းအပြင်ဘက်မှ အသံကို ကြားရသည်နှင့် ပြန်ပြောလိုက်သည်။

"ယင်းလုန်နဂါးကြီး ဘာဖြစ်လို့ထွက်လာတာလဲ ၊ သူအိပ်ပျော်နေတာ ဆယ်နှစ်တောင်ရှိပြီမဟုတ်လား ၊ မိုးကြိုးပစ်ရင်တောင်နိုးမယ့်အကောင်ကြီးမဟုတ်ဘူး ၊ ဒါပေမယ့် ခုတော့ ယင်းလုန်နိုးထလာပြီ ၊ အဲဒါ တိချိုးမှာ တန်ခိုးစွမ်းအားကြီးမားတဲ့ ဖြစ်တည်မှုတစ်ခု ရှိနေလို့ပဲ"

"ကျီလု ၊ ဘယ်သူမှ မင်းကိုမကယ်နိုင်ပါဘူး ၊ မင်းလုပ်ရမယ့်တစ်ခုတည်းသောအလုပ်က ကေရာဇ်မင်းကို တောင်းပန်လိုက်ဖို့ပဲ ၊ ဘယ်လောက်ပဲ တန်ခိုးစွမ်းအားမြင့်မားတဲ့လူတစ်ယောက် တိချိုးကို ရောက်လာပါစေ... မင်းကိုတော့ ကယ်နိုင်မှာ မဟုတ်ဘူး ၊ မင်းအမှားကို ဝန်ခံလိုက်တာ အကောင်းဆုံးပဲ"

အခန်း (၄၇၆) နိုင်ငံခြားရေးဝန်ကြီး

အသံနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားသည့် လူတစ်ယောက် ပေါ်ထွက်လာလေသည်။

ထိုသူသည် အနက်ရောင်ဝတ်ရုံရှည်ကိုဝတ်ဆင်ထားပြီး မျက်လုံးတစ်ခုသာလျှင် ဖော်ထားလေသည်။

ထျန်းယီအကြီးအကဲသည် အေးချမ်းသည့်မျက်ဝန်းတစ်စုံဖြင့် ထိုသူကို စိုက်ကြည့်လိုက်သည်။

တိချိုးတွင် ထျန်းယီအကြီးအကဲကို မျက်ဝန်းချင်းဆုံကြည့်ရလောက်အောင် သတ္တိရှိသည့်သူ မည်သူမျှ မရှိပေ။ သို့သော် အနက်ရောင်ဝတ်လူကတော့ ထျန်းယီအကြီးအကဲနှင့် မျက်ဝန်းခြင်းဆိုင်ရဲသူ ဖြစ်လေသည်။

ထိုအနက်ရောင်ဝတ်လူသည် ရှားထိုက်အကျဉ်းထောင်၏ ထောင်စောင့်ဖြစ်လေသည်။ ထိုသူမဟုတ်ဘဲ အခြားအစောင့်များသာ ထျန်းယီအကြီးအကဲကိုစောင့်မည်ဆိုပါက စိတ်မထိန်းနိုင်ကြဘဲလွှတ်ပေးကြမည်ဖြစ်လေသည်။

ထျန်းယီအကြီးအကဲက ပြုံးလိုက်လေသည်။ သူ၏နှုတ်ခမ်းများက တွန့်ကွေးသွားပြီး သူပြုံးလိုက်သည့်အပြုံးမှာ အလွန်လှပလေသည်။ မြင်ရသူတိုင်း၏စိတ်နှလုံးကို အေးချမ်းစေသည့် နွေဦးလေပြေလေးအလားပင် ဖြစ်လေသည်။

"ကျုပ်က တာ့ရှားဧကရာဇ်ရဲ့ လက်အောက်ကလူပါ ၊ ဒါကြောင့် ကျုပ်ထွက်ပြေးမှာမဟုတ်ဘူး ၊ ကျုပ်သာ ထွက်ပြေးချင်တယ်ဆိုရင် ဒီရှားထိုက်အကျဉ်းထောင်ဟာ ကျုပ်ကိုဖမ်းချုပ်ထားနိုင်မှာ မဟုတ်ဘူး"

ထျန်းယီအကြီးအကဲက စကားပြောရင်းဖြင့်ပင် နူးညံ့သည့်အကြည့်တစ်ချက်ဖြင့် အကျဉ်းထောင်ပတ်ဝန်းကျင်ကို တစ်

ချက်ဝေ့ကြည့်လိုက်လေသည်။ သူတစ်ချက်ဝေ့ကြည့်လိုက်သည်နှင့် မီးလျှံတံတိုင်းထက်တွင် တောက်လောင်နေသည့် မီးတောက်များမှာ ချက်ချင်းပင် ငြိမ်းသွားတော့သည်။

အနက်ရောင်ဝတ်ရုံကို ဝတ်ဆင်ထားသည့်လူမှာ အံ့သြတုန်လှုပ်သွားရလေသည်။ သူက ချက်ချင်းပင် ထူးဆန်းသည့် ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။ ထိုအခါ အနက်ရောင်လေပွေရှစ်ခုသည် အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်လာပြီး ထျန်းယီအကြီးအကဲကို ကြိုးဖြင့်ချည်နှောင်သကဲ့သို့ ချည်နှောင်ထားလိုက်တော့သည်။

ထျန်းယီအကြီးအကဲက ခုခံကာကွယ်ခြင်း မရှိပါ။

နေရောင်ခြည်မီးတောက်များမှာ ပြန်လည်တောက်လောင်လာသည့်တိုင် အနက်ရောင်ဝတ်လူသည် ထျန်းယီအကြီးအကဲကို တားဆီးနိုင်ခြင်းမရှိကြောင်း သဘောပေါက်သွားလေသည်။

သို့သော် ထျန်းယီအကြီးအကဲ ထွက်ပြေးလွတ်မြောက်သွားလျှင် တာ့ရှားကေရာဇ်မှာ ဒေါသအကြီးအကျယ်ထွက်မည်ဖြစ်ပြီး တိချိုးမြို့တော်မှ မင်းမျိုးမင်းနွယ်များအားလုံး၏ စွမ်းအားများကို စုစည်းကာ ထျန်းယီအကြီးအကဲကို ပြန်လည်ဖမ်းဆီးမည်ပဲ ဖြစ်လေသည်။ ထိုအခါ ထျန်းယီအကြီးအကဲသည် မည်မျှပင် စွမ်းအားကြီးမားပါစေ လွတ်လမ်းရှိတော့မည် မဟုတ်ပေ။

ထျန်းယီအကြီးအကဲက စကားဆက်မပြောတော့ဘဲ မျက်လုံးမှိတ်ထားလိုက်လေသည်။ သူက မျက်လုံးမှိတ်ထားရင်းမှ အေးချမ်းစွာ တစ်ချက်ပြုံးလိုက်မိသည်။

"တာ့ရှားပြည်ဟာ လူတိုင်းကို သူ့လက်အောက်ခံဖြစ်အောင် သိမ်းသွင်းဖို့ဆိုတာ ဘယ်နည်းနဲ့မှာ မဖြစ်နိုင်ဘူး ၊ အခုတော့ ထူးဆန်းတဲ့လူတစ်ယောက်က တိချိုးကို ရောက်လာခဲ့ပြီ ၊ ကွမ်းလုန်ကျီပြောခဲ့သလိုပဲ ယင်းလုန်နဂါးကြီးလည်း ထွက်

ပေါ်လာခဲ့ပြီ ၊ ဒီအတိုင်းဆို အဲဒီလူဟာ တိချိုးကကထွက်သွား
တာနဲ့ ယင်းစန်းကို သွားလိမ့်မယ် ၊ ကွမ်းလုန်ကျိုကြိုတင်ခန့်မှန်း
ချက်တွေအကုန်လုံး အမှန်ဖြစ်လာတော့မှာပဲ"

တာ့ရှားပြည်ကြီးက အင်အားကြီးမားသလို တိချိုးမြို့တော်
ကြီးကလည်း ကျယ်ပြန့်လေသည်။ စီးဆင်းနေသည့် မြစ်
ချောင်းအင်းအိုင်များမှာလည်း ဝိညာဉ်စွမ်းအားများက မြင့်မား
လွန်းသည်။ ထိုမြစ်ချောင်းအင်းအိုင်များထဲတွင် ရေစိမ်နေလျှင်
ပင် သာမန်လူတစ်ယောက်သည် တန်ခိုးစွမ်းအားများ မြင့်မား
လာနိုင်လေသည်။

သို့သော် တာ့ရှားပြည်သည် တိုင်းပြည်တစ်ပြည်နှင့်မတူဘဲ
ပဟေဠိဆန်သည့်နေရာတစ်ခုနှင့် တူနေသည်ဟု ဆန်းလျန်
ကတော့ ခံစားနေမိလေသည်။ ဆန်းလျန်သည် ထိုအခြေအနေ
ကြီးကို သဘောမကျ ဖြစ်နေမိလေသည်။

ထို့ပြင် တာ့ရှားပြည်မှ သာမန်စစ်သည်များထံမှ ထွက်ပေါ်နေသည့်တန်ခိုးစွမ်းအားသည်ပင်လျှင် လျိုမုန့်တယ်နီးပါး တန်ခိုးစွမ်းအားမြင့်မားနေလေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် တာ့ရှားအင်ပါယာစစ်တပ်မှာ မည်မျှကြောက်မက်ဖွယ်ကောင်းသည်ကို သိရှိနိုင်ပြီး တာ့ရှားဧကရာဇ်သည် လောကနတ်ဘုရားများကိုပင် ထိန်းချုပ်ထားသည်ဆိုသည့်အချက်ကို ဆန်းလျန် အံ့သြမနေတော့ပါ။

တာ့ရှားပြည်၏ ဂုဏ်သတင်းကြီးမားမှုကြောင့် ထောင်နှင့်ချီသည့်တိုင်းပြည်များသည် တာ့ရှားပြည်လက်အောက်သို့ ခိုဝင်ကြလေသည်။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးသည် တစ်နှစ်ပတ်လုံး အလုပ်များလျှက် ရှိလေသည်။

ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံနိုင်ရန်မှာ လွယ်ကူသည့်ကိစ္စတော့မဟုတ်ပေ။

ညော့်ကြိုအရာရှိ၏ အမည်မှာ လေ့နော် ဟူ၍ဖြစ်လေသည်။ သူသည် စွမ်းအားကြီးမားသည့် တော်ဝင်မိသားစုဆယ့်နှစ်ခုဖြစ်သည့် ယိုဟူအိမ်တော်မှ မိသားစုဝင်ဖြစ်လေသည်။ သူ၏ဇနီးဖြစ်သူမှာ တာ့ရှားကေရာဇ်၏ညီမဖြစ်သူ စစ်ကျန်းမင်းသမီးဖြစ်လေသည်။

လွန်ခဲ့သောရက်အနည်းငယ်ခန့်ကတည်းက နိုင်ငံခြားရေးဝန်ကြီး လေ့နော်၏ဘဝသည် ငြိမ်းချမ်းခြင်း မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းလုန်နဂါးကြီးရုတ်တရက်ထွက်ပေါ်လာသောကြောင့် ဖြစ်လေသည်။ ယင်းလုန်နဂါးကြီး ထွက်ပေါ်လာကတည်းက တာ့ရှားကေရာဇ်က စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်နေပြီ ဖြစ်လေသည်။ တာ့ရှားပြည်မှမဟုတ်သည့် ထူးခြားသည့်လူတစ်ယောက်ရောက်ရှိနေသည်ကို ကေရာဇ်က သတိထားမိနေပြီး ထိုသူကို ရှာဖွေရန်အတွက် နိုင်ငံခြားရေးဝန်ကြီးကို တာဝန်ပေးအပ်ထားလေသည်။

တာ့ရှားကေရာ့ဇ်သည် ထိုသို့တန်ခိုးစွမ်းအားကြီးသူများ တိချိုး မြို့တော်သို့ ရောက်ရှိလာပါက အမြဲတမ်း အလွတ်မပေးဘဲ စောင့်ကြည့်နေတတ်သူ ဖြစ်လေသည်။

နိုင်ငံခြားရေးဝန်ကြီးလေ့နော်သည် တာ့ရှားပြည်သို့ လွန်ခဲ့သည့် ငါးရက်က ဝင်ရောက်လာသည့် တိုင်းတစ်ပါးမှ လူများကို တစ်ယောက်မကျန် စစ်ဆေးနေလေသည်။ ယင်းလုန်နဂါးကြီးထွက်ပေါ်လာသည်အထိ တန်ခိုးစွမ်းအားမြင့်မားသူမှာ မည်သူဖြစ်သည်ကို သူကိုယ်တိုင်လည်း အလွန်အမင်း သိချင်နေပြီ ဖြစ်လေသည်။

သို့သော် သူကြိုးပမ်းသမျှ အရာမထင်ခဲ့ပေ။

လေ့နော်သည် စိတ်ပျက်လက်ပျက်ဖြင့် အိမ်တော်သို့ ပြန်လာလေသည်။ ကေရာ့ဇ်မင်း အမျက်မရှရန်အတွက် တောင်းပန်ပေးရန် သူ၏ဇနီးဖြစ်သူကိုသာ အကူအညီတောင်းရတော့မည်

ဟု စဉ်းစားနေမိလေသည်။ သူ၏စိတ်အခြေအနေမကောင်းမှု ကြောင့် သံအမတ်များနှင့်လည်း တွေ့ဆုံနိုင်ခြင်း မရှိတော့ပေ။ သို့သော် အိမ်တော်အတွင်းသို့ မဝင်မီမှာပင် လေ့နော်၏ ခြေလှမ်းများ ရပ်တန့်သွားသည်။

သူ၏ အိမ်တော်အရှေ့တွင် နှစ်ပေါင်းထောင်ချီကြာနေပြီဖြစ် သည့် နှစ်ရှည်သစ်ပင်ကြီးတစ်ပင် ရှိလေသည်။ ဒဏ္ဍာရီများ အရဆိုလျှင်တော့ ထိုသစ်ပင်ကြီးထက်တွင် တစ်ချိန်က ဇာမ ဏီငှက်တစ်ကောင် လာနားဖူးသည်ဟု အဆိုရှိလေသည်။ သို့သော် ထိုသစ်ပင်ကြီးကို ခုတ်မပစ်ရသည့်အကြောင်းရင်းမှာ ထိုအကြောင်းကြောင့်တော့ဖြင့် မဟုတ်ပေ။

သူ့အနေဖြင့် ဇာမဏီငှက်လောက်ကို ခေါင်းထဲသို့မထည့်ပေ။ သူလိုချင်လျှင် နန်းတော်ထဲတွင် ကြိုက်သည့်ဇာမဏီငှက်ကို သွားဖမ်း၍ရလေသည်။

သူ ထိုသစ်ပင်ကြီးကို ခုတ်မပစ်ရသည့်အကြောင်းရင်းမှာ ရွှမ်ကျန်းကျောင်းတော်မှ တာအိုဆရာတစ်ပါးက ထိုသစ်ပင်ကြီးမှာ သူတော်စင်သစ်ပင်ဖြစ်ကြောင်း ပြောပြထားသောကြောင့်ဖြစ်လေသည်။ ထိုသစ်ပင်ကြီးရှိနေသရွေ့ သူ့အနေဖြင့်ဘေးဆိုးအန္တရာယ်မကျရောက်ဘဲ ကံကောင်းခြင်းများကိုသာကြုံတွေ့ရမည် ဖြစ်လေသည်။

ယခုတော့ လူငယ်လေးတစ်ယောက်သည် ထိုသစ်ပင်ကြီးအောက်တွင် ထိုင်နေလေသည်။ သူထိုင်နေသည်မှာ အတော်ပင်ကြာမြင့်နေပုံရလေသည်။ အရာရှိမင်းလေ့နော်က လူငယ်တစ်ယောက် သူ၏အိမ်တော်ရှေ့ရှိသစ်ပင်အောက်တွင် ထိုင်နေသည့်အတွက် စိတ်အနှောက်အယှက်တော့ မဖြစ်မိပါ။ သို့သော်… သူသေသေချာချာ ပြန်စဉ်းစားကြည့်လိုက်တော့ ထိုသစ်ပင်အောက်တွင် ထိုလူငယ်လေးထိုင်နေသည်မှာ ငါးရက်ခန့်ရှိပြီ ဖြစ်လေသည်။

သူ့အိမ်သို့ လာရောက်တွေ့ဆုံသည့် ဧည့်သည်များမှာ လာလိုက်သွားလိုက်နှင့် အလွန်များပြားသည့်တိုင် ထိုလူငယ်လေးကတော့ ထိုသစ်ပင်အောက်တွင် ထိုင်နေမြဲသာဖြစ်လေသည်။

"အဲဒီကလေးကို အိမ်တော်ထဲ ခေါ်ခဲ့ ၊ သူ့ကိုမေးစရာရှိတယ်"

အရာရှိလေ့နော် ကိုယ်ရံတော်တစ်ယောက်ကို အမိန့်ပေးလိုက်လေသည်။

လေ့နော်က လူငယ်လေးမှာ ထူးခြားသူတစ်ယောက်ဖြစ်ပြီး လူငယ်လေး၏ပတ်ဝန်းကျင်ရှိလေထုမှာ တည်ငြိမ်အေးချမ်းနေသည်ကို သတိပြုမိလေသည်။ ထို့ကြောင့် သူ၏အိမ်တော်အတွင်းသို့ ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။

လေ့နော်၏ ကိုယ်ရံတော်တပ်သားတစ်ယောက်သည် ဆန်းလျန်ဆီသို့ သွားလိုက်ပြီး အိမ်တော်အတွင်းသို့ ဖိတ်ကြားလိုက်လေသည်။

အရာရှိမင်းကိုယ်တိုင် ဖိတ်ကြားခြင်းခံရသည့်အတွက် ဆန်းလျှ
န်ကို အလွန်ကံကောင်းသည့်ကောင်လေးပဲဟု ကိုယ်ရံတော်က
တွေးနေမိလေသည်။ အချို့လူများဆိုလျှင် တစ်လကိုးသီတင်း
စောင့်နေရသည့်တိုင်အောင် လေ့နော်အရာရှိနှင့် တွေ့ခွင့်မရခဲ့
ကြပေ။ ဆန်းလျှန်ကတော့ သစ်ပင်အောက်တွင် ထိုင်နေရုံမျှ
ဖြင့်ပင် အရာရှိမင်း၏ ဖိတ်ကြားခြင်းကို ခံရလေသည်။

ကိုယ်ရံတော်က ပြုံးလိုက်ရင်း...

"မင်းတော်တော်ကံကောင်းတာပဲ..."

ဆန်းလျှန်က ကိုယ်ရံတော်ကို ပြန်ပြုံးပြလိုက်ရင်း...

"ကျွန်တော်က အမြဲတမ်း ကံကောင်းနေတဲ့သူပဲ..."

ကိုယ်ရံတော်မှာ သူ့ကိုယ်သူအထင်ကြီးနေပုံရသည့် ဆန်းလျှ
န်၏စကားကြောင့် အနည်းငယ် ချဉ်သွားလေသည်။

"အဲဒါဆို ထပ်ပြီးကံကောင်းအောင်သာ ဆုတောင်းပေတော့ ၊
အရာရှိမင်းက စိတ်သိပ်မကြည်ဘူး ၊ ကံမကောင်းရင်တော့

အိမ်တော်ထဲက လမ်းလျှောက်ပြီး ပြန်ထွက်သွားနိုင်မှာတောင်

မဟုတ်ဘူးနော်"

ဆန်းလျန်က ကိုယ်ရံတော်ကို တည်ငြိမ်သည့်အကြည့်တစ်ချက်

ဖြင့် စိုက်ကြည့်လိုက်လေသည်။ သူ၏ နက်ရှိုင်းသည့်အကြည့်

ကြောင့် ကိုယ်ရံတော်မှာ စိတ်မသက်မသာ ခံစားလိုက်ရလေ

သည်။

"မင်း ဘာလို့ ငါ့ကိုကြည့်နေတာလဲ"

"မင်းတော့ ကံဆိုးတော့မှာပဲ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ကိုယ်ရံတော်က ဆန်းလျန်၏စကားကို ပြန်လည်ချေပရန်

ပါးစပ်ဟလိုက်သည့်အချိန်မှာပင် အဝါရောင်အရည်များ

သူ၏ပါးစပ်အတွင်းသို့ ဝင်ရောက်လာလေသည်။ သစ်ပင်

ထက်မှ ငှက်ချေးများ ပါချလိုက်ခြင်း ပင် ဖြစ်လေသည်။

ကိုယ်ရံတော်အနေဖြင့် ၄ုက်ချေးပါချသည်လောက်ကို ကောင်းကောင်းရှောင်နိုင်လေသည်။ သို့သော် ယခုတစ်ကြိမ် တွင်တော့ မည်သို့ဖြစ်သည်မသိ။ လုံးဝသတိမထားလိုက်မိဘဲ ခံလိုက်ရခြင်း ဖြစ်လေသည်။ သူက သစ်ပင်ပေါ်ကိုမော့ကြည့် လိုက်တော့ သစ်ပင်ထက်တွင် ထိုင်နေသည့် ကျားနက်ကြီးတစ် ကောင်ကို တွေ့လိုက်ရလေသည်။

ကျားနက်ကြီးသည် သစ်ပင်ထက်သို့ မည်သည့်အချိန် ကတည်းက တက်နေသည်လဲ သူမသိရှိခဲ့ပေ။ ထူးဆန်းလွန်းပေ စွ။

အခန်း (၄၇၇) နတ်မြင်းပျံကြီးထက်မှမိန်းကလေး

လေ့နော်က ဆန်းလျန်ကို အိမ်တော်အတွင်းသို့ ဖိတ်ခေါ်လိုက်ရသည့်အကြောင်းရင်းမှာ သူက ဆန်းလျန်ကို စိတ်ဝင်စားနေမိသည့်အတွက်ကြောင့် ဖြစ်လေသည်။

သူက အိမ်အနောက်ဘက်ဆီသို့ ဝင်သွားသည့်အခါတွင်တော့ သူ၏ဇနီးဖြစ်သူ စစ်ကျန်း၏ ဆူပူသံများကို ကြားလိုက်ရလေသည်။ ယခင်နန်းတော်မှာ နေစဉ်အတွင်းကပင် စစ်ကျန်းမှာ မင်းသမီးတစ်ပါးဖြစ်သည့်တိုင် စိတ်တိုဒေါသထွက်လွယ်သူတစ်ယောက် ဖြစ်လေသည်။ ယခု လေ့နော်နှင့်လက်ထပ်ပြီးသည့်နောက်ပိုင်း လေ့နော် ကိုနေ့တိုင်းဆူပူငေါက်ငမ်းလေ့ရှိလေသည်။ လေ့နော်မှာ ဧကရာဇ်မင်း၏ ညီမတော်ဖြစ်သည့်အတွက် သည်းခံနေရလေသည်။

အပေါက်ဆိုးသည့်တိုင် စစ်ကျန်းသည် အလွန်ချောမောလှပသူ တစ်ယောက် ဖြစ်လေသည်။ သူမသည် ရှားပါးပြီး ထူးခြားသည့်အလှတရားများကို ပိုင်ဆိုင်ထားသူတစ်ယောက် ဖြစ်လေသည်။ တော်ဝင်မိသားစုများထဲတွင်ပင် သူမ၏အလှကိုမီသော မင်းသမီးတစ်ပါးမှ မရှိပေ။ သူမ၏ပုံစံက နူးညံ့သိမ်မွေ့ဟန်ရှိပြီး မျက်ဝန်းများက ဇာမဏီမျက်ဝန်းများကဲ့သို့ လှပလွန်းလေသည်။ တော်ဝင်မိသားစုမင်းသမီးတစ်ပါးအဖြစ် ကျက်သရေအပြာဖြာနှင့် ပြည့်စုံသူလည်းဖြစ်လေသည်။ သူမ၏ ဒေါသကြီးမှုနှင့် သဘောထားသေးမှုများကို ထည့်မတွက်လျှင် သူမသည် အလွန်မှ ပြည့်စုံသူ တစ်ယောက် ဖြစ်လေသည်။

ယနေ့ စစ်ကျန်းဒေါသထွက်နေရသည့်အကြောင်းရင်းမှာ သူမ၏ သမီးတော်လေး ထပ်ပြီးပျောက်သွားသောကြောင့်ဖြစ်လေသည်။ အသက် ဆယ့်ငါးနှစ် ၊ ဆယ့်ခြောက်နှစ်ခန့် မိန်းမငယ်လေးတစ်ယောက်ကိုပင် ကောင်းကောင်းစောင့်ကြည့်မ

ထားကြသည့် အစေခံများကို သူမက ပြစ်တင် အော်ငေါက်နေခြင်း ဖြစ်လေသည်။

လေ့နော်မှာ စစ်ကျန်းဒေါ်သထွက်နေသည်ကိုကြည့်ပြီး ကြိတ်ရယ်လိုက်မိလေသည်။ ဆယ်ကျော်သက်သမီးပျိုတစ်ယောက်ဆိုသည်က အဘယ်မှာ ထိန်းကျောင်းရန် လွယ်ကူနိုင်ပါမည်နည်း။ ထို့နောက် သူက ဇနီးဖြစ်သူအား နှစ်သိမ့်လိုက်ရလေသည်။ မနှစ်သိမ့်လို့လည်း မဖြစ်ပေ။ စစ်ကျန်းအမှန်တကယ်ဒေါသထွက်လာလျှင် အစေခံများ ကိုလည်း သတ်ရန် ဝန်မလေးသူတစ်ယောက် ဖြစ်လေသည်။

ထိုအချိန်မှာပင် ကိုယ်ရံတော်သည် ဆန်းလျန်နှင့် ကျားနက်ကြီးကိုလေ့အိမ်တော်အတွင်းသို့ ခေါ်ဆောင်လာလေသည်။ သူက ကျားနက်ကြီးကို ဆန်းလျန်က အိမ်ထဲသို့ ခေါ်လာမည်ဟု ပြောသောအခါ ဆေးမိနေသည့်သူကဲ့သို့ သဘောတူလိုက်မိသည့်

အကြောင်းကို ပြန်စဉ်းစားနေမိလေသည်။ သူ့ အဘယ့်ကြောင့်များ သဘောတူလိုက်မိပါလိမ့်။

သူတို့ အိမ်တော်ဥယျာဉ်အတွင်းသို့ရောက်လာကြလေသည်။ ဥယျာဉ်အတွင်းတွင် လူက ပြုလုပ်ထားသည့် စမ်းချောင်းလေး တစ်ခု စီးဆင်းနေလေသည်။ စမ်းချောင်းထဲမှ ရေများမှာ ဝိညာဉ်စွမ်းအားများနှင့် ပြည့်ဝနေပြီး ကြည်လင်နေလေသည်။ ကိုယ်ရံတော်က တစ်ချက်စဉ်းစားလိုက်ပြီး ကျားနက်ကြီးကို အိမ်တော်အတွင်းသို့ ပေးဝင်သင့်မဝင်သင့် စဉ်းစားနေလေသည်။ နောက်ဆုံးတွင်တော့ ပေးမဝင်ရန် ဆုံးဖြတ်လိုက်လေသည်။

ကိုယ်ရံတော်က ကျားနက်ကြီးကို သော့ခတ်ထားခဲ့ပြီး ဆန်းလျန်ကိုသာ အိမ်တော်အတွင်းသို့ ခေါ်ဆောင်သွားရန် စဉ်းစားလိုက်မိလေသည်။

"ဒီမှာ ခဏစောင့်နေဦး ၊ ငါပြန်လာခဲ့မယ်"

ဆန်းလျန်က ကိုယ်ရံတော်ကို သဘောတူသည့်အနေဖြင့် ခပ်တည်တည်ပင် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ကိုယ်ရံတော်မှာ ဆန်းလျန်ကို အတော်လေး အမြင်ကပ်နေပြီဖြစ်လေသည်။ အရာရှိမင်းကိုယ်တိုင် ဖိတ်ကြားခိုင်းထားသူမဟုတ်ခဲ့လျှင် ဒီကောင်လေးကို ကောင်းကောင်းပညာပေးလိုက်မှာ ဖြစ်လေသည်။ ထို့ပြင် သူ့ပါးစပ်အတွင်းသို့ ငှက်ချေးပါချအောင်လုပ်သူမှာ ထိုကောင်လေးလက်ချက်ပင်ဖြစ်ကြောင်း သူသိနေလေသည်။

ကျားနက်ကြီးမှာ စမ်းချောင်းလေးနံဘေးရှိ ကျောက်တုံးတစ်တုံးထက်တွင်ထိုင်နေပြီး စမ်းရေကို အငမ်းမရသောက်နေလေသည်။

လေ့အိမ်တော်မှာ ခံတပ်ကြီးတစ်ခုအလားကြီးမားခမ်းနားလွန်းသည့် စံအိမ်တော်ကြီးတစ်ခု ဖြစ်လေသည်။ စမ်းချောင်းလေး

မှာလည်း လူကပြုလုပ်ထားသည့် စမ်းချောင်းဖြစ်သည့်တိုင် အလွန်ကျယ်ပြန့်လေသည်။

တာ့ရှားပြည်မှ အဆောက်အဦးများမှာ အလွန်ပင် ကြီးမားကြလေသည်။ သို့သော် တာ့ရှားပြည်ကတော့ လူနေထူထပ်ခြင်း သိပ်မရှိလှပေ။ ကြည့်လေရာရာတွင် မြက်ပင်များနှင့် သစ်ပင်များ စိမ်းလန်းစိုပြေနေသည်ကို တွေ့ရှိနိုင်ပြီး မြစ်ရေမှာလည်း ကြည်လင်လွန်းလှလေသည်။

ဆန်းလျန်သည် လေ့အိမ်တော်ရှေ့မှ သစ်ပင်ကြီးအောက်တွင် ငါးရက်တာထိုင်နေခဲ့သူဖြစ်လေသည်။ ထိုသစ်ပင်ကြီးထက်တွင် ဇာမဏီငှက်တစ်ကောင် နှစ်ပေါင်းငါးထောင်ခန့် နေထိုင်ခဲ့သည့် သင်္ကေတများကိုလည်း တွေ့ရလေသည်။ ထိုသစ်ပင်ကြီးသည် ဖြစ်နိုင်လျှင် နတ်မိစ္ဆာတစ်ပါးပင် ဖြစ်လာနိုင်လေသည်။ သို့သော်တာ့ရှားကေရာဇ်၏ အရှိန်အဝါကိုကြောက်ရွံ့

သည့်အတွက် ထပ်မံကြီးထွားလာခြင်းလည်း မရှိတော့သလို လူသားအသွင် ပြောင်းလဲခြင်းလည်း မပြုလုပ်ခဲ့ပေ။

ဆန်းလျန်မှာလည်း ဇာမဏီအငွေ့အသက်ရှိသူတစ်ယောက်ဖြစ်သည့်အတွက် ထိုသစ်ပင်ကြီးမှာ သူနှင့်ရင်းနှီးသလို ခံစားရလေသည်။

လေ့အိမ်တော်ဆောက်လုပ်ထားသည်မှာတော့ အနှစ်နှစ်ဆယ်ပင် မပြည့်သေးပေ။ လေ့အိမ်တော်ဆောက်လုပ်ထားသည့်နေရာသည် ယခင်က မည်သူမျှ နေထိုင်ခြင်းမရှိသည့် မြေကွက်အလွတ်တစ်ခု ဖြစ်လေသည်။ ရှမ်ကျန်းကျောင်းတော်မှ ယွီယန်တာအိုဆရာကထိုနေရာတွင် တာအိုကျောင်းတော်ဆောက်လုပ်ရန်အတွက် တာ့ရှား ဧကရာဇ်ကို ခွင့်တောင်းခဲ့သော်လည်း ဧကရာဇ်မင်းက ခွင့်မပြုခဲ့ပေ။

ထို့နောက်တွင်တော့ တာ့ရှားဧကရာဇ်၏ညီမတော် စစ်ကျန်းမင်းသမီးက ယိုဟူအိမ်တော်မှ တော်ဝင်မျိုးနွယ် အရာရှိမင်း

လေ့နော်နှင့်လက်ဆက်သည့်အခါတွင်တော့ ထိုနေရာတွင် လေ့အိမ်တော်ဆောက်လုပ်ရန်အခွင့်ပေးခဲ့လေသည်။

သစ်ပင်ကြီးမှာ လေ့အိမ်တော်အပြင်ဘက်တွင် တည်ရှိသော်လည်း လေ့အိမ်တော်နှင့် ဆပ်စပ်နေလေသည်။ သစ်ပင်အောက်တွင် ထိုင်နေရင်းနှင့်ပင် ဆန်းလျန်သည် မိန်းကလေးငယ်တစ်ယောက် လေ့အိမ်တော်အတွင်းသို့ ဝင်ရောက်သွားသည်ကို တွေ့လိုက်လေသည်။ ထိုမိန်းကလေးမှာ ဆန်းလျန်၏အဒေါ်ငယ် ချန်ယွင်နှင့်တူသည်ဟု ဆန်းလျန်ခံစားလိုက်ရလေသည်။

သို့သော် ချန်ယွင်ကို နောက်တစ်ကြိမ်တွေ့မြင်ရခြင်း မရှိတော့ပေ။ နှစ်ပေါင်းများစွာကြာပြီးသည့်နောက် သူ့အနေဖြင့် ချန်ယွင်ကို မမှတ်မိတော့ခြင်းဖြစ်ပြီး မျက်စိမှားခြင်းလည်း ဖြစ်နိုင်လေသည်။

ဆန်းလျန်အနေဖြင့် ချန်ယွင် အသက်ရှင်လျှက်ရှိနေရန်သာ မျှော်လင့်ထားမိလေသည်။

တိချိုးမြို့တော်သို့ရောက်ရှိပြီးသည့်နောက်ပိုင်း ဆန်းလျန် ကြုံတွေ့ရသည့် အကြီးမားဆုံးအခက်အခဲမှာ လျှို့ဝှက်ချက်များစွာ ရှိနေခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် သူသိချင်သည့် ကိစ္စများကို စုံစမ်းရန်မှာ ခက်ခဲနေရလေသည်။ သူက သိသိသာသာလှုပ်ရှားလိုက်ပြန်လျှင်လည်း တိချိုးမြို့မှ တန်ခိုးစွမ်းအားမြင့်မားသူများကို သတိပေးသလို ဖြစ်သွားနိုင်လေသည်။

သူက ကြောက်ရွံ့ခြင်းမရှိသည့်တိုင် ပြဿနာဖြစ်လိုခြင်း မရှိသေးပေ။

ယခုတော့ ကံကောင်းစွာဖြင့် လေ့အိမ်တော်အတွင်းသို့ ဝင်ခွင့်ရခဲ့ပြီ။

နိုင်ငံခြားရေးဝန်ကြီး လေ့နော်သည် ပင်ကိုယ်အားဖြင့် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် ဖြစ်လေသည်။

သူ၏ခန္ဓာကိုယ်မှာလည်း သန်စွမ်းကြံ့ခိုင်ပြီး သူ၏ခန္ဓာကိုယ်ထဲတွင် နတ်သားရဲတစ်ကောင်ပုန်းကွယ်နေသည့်အလား တန်ခိုးစွမ်းအားများက စိမ့်ထွက်နေလေသည်။ သို့သော် ဆန်းလျန်သည် တာ့ရှားတော်ဝင်မိသားစုများ၏ တန်ခိုးစွမ်းအားများကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်ရခြင်းမရှိသေးသည့်အတွက် သူတို့၏ တိုက်ခိုက်မှုစွမ်းရည်ကို ဂဃနဏသိရှိရန်မှာ မဖြစ်နိုင်သေးပေ။

တိချိုးမြို့တော်ကို ဝင်ရောက်လာသည်နှင့် ဆန်းလျန်ကို တုန်လှုပ်စေသည့် အရာတစ်ခုရှိလေသည်။ ထိုအရာမှာ တိချိုးမြို့တော်မှ အသက်ဓာတ်စွမ်းအားသုံးခုပင်ဖြစ်လေသည်။ ထိုအသက်ဓာတ်စွမ်းအား သုံးခုလုံးသည် မြို့တော်၏ မြောက်ပိုင်းတွင် တည်ရှိလေသည်။ ပထမအသက်ဓာတ်စွမ်းအားမှာ

အလွန်တန်ခိုးစွမ်းအားမြင့်မားပြီး နေရောင်ခြည်စွမ်းအားနှင့် ဆင်တူလေသည်။ ဒုတိယအသက်ဓာတ်စွမ်းအားမှာတော့ ယင်းလုန်နဂါးကြီး၏ စွမ်းအားပင် ဖြစ်လေသည်။ တတိယ စွမ်းအားမှတော့ ဆန်းလျန်သိမြင်နေကျ တာအိုလမ်းစဉ်နှင့် မ တူကွဲပြားပြီး ထူးခြားသည့် တာအိုစွမ်းအားတစ်ခုဖြစ်လေ သည်။ သို့သော် ထိုစွမ်းအားသည် ဆန်းလျန်လောက်တော့ အဆင့်မြင့်မားခြင်း မရှိပေ။

လက်ရှိအချိန်တွင် ဆန်းလျန်၏ ယခင်ဘဝမှ မူလဝိညာဉ်ခန္ဓာ သည် ဆန်းလျန်၏ရုပ်ခန္ဓာနှင့်တစ်ဝက်ကျော်ခန့် ပေါင်းစပ်မိ နေပြီ ဖြစ်လေသည်။ ထို့ကြောင့် ထိုအသက်ဓာတ်စွမ်းအားသုံး ခုမှ မည်သည့်စွမ်းအားနှင့် ရင်ဆိုင်ရသည်ဖြစ်စေ ကောင်းစွာ ရင်ဆိုင်နိုင်မည် ဖြစ်လေသည်။

ထို့ပြင် မိုးကောင်းကင်နတ်ဘုရားအဆင့်ရောက်ရှိနေသည့် နတ်ဘုရားတစ်ပါးကို သတ်ဖြတ်ရန်မှာ မည်သို့မျှ မဖြစ်နိုင်သည့် ကိစ္စတစ်ခု ဖြစ်လေသည်။

တိမ်တိုက်များသည် ကြည်လင်သည့်စမ်းရေထဲတွင် ရောင်ပြန်ဟပ်နေလေသည်။

ကောင်းကင်ထက်တွင် မိန်းကလေးတစ်ယောက်သည် နတ်မြင်းပျံကြီးတစ်ကောင်ကို စီးနှင်လာလေသည်။

သူမ၏အသားအရေက ဖြူစင်လွန်းပြီး နူးညံ့သိမ်မွေ့ဟန်ရှိလေသည်။ သူမ၏ဆံနွယ်များသည် ကျောထက်တွင် ရေတံခွန်အလား စီးဆင်းလွင့်မျောနေလေသည်။

"ဟယ်... ကြောင်အကြီးစားကြီး တစ်ကောင်ပါလား"

သူမ၏အသံသည် တေးသံသာအလား လူအများကိုဆွဲဆောင်နိုင်စွမ်းရှိလေသည်။

နတ်မြင်းပျံသည် ကျားနက်ကြီးဘေးသို့ အသာအယာ ဆင်းသက်လာလေသည်။ နတ်မြင်းပျံပေါ်မှ မိန်းကလေးငယ် သည် ကျားနက်ကြီးကို စိုက်ကြည့်နေလေသည်။

ကျားနက်ကြီးမှာ မြေကြီးထက်တွင် ဝပ်လိုက်လေသည်။ မိန်းကလေးထံမှ ထွက်ပေါ်နေသည့် မြင့်မြတ်သည့်စွမ်းအား များသည် ကျားနက်ကြီးကို ထိတ်လန့်တုန်လှုပ်စေလေသည်။ ဆန်းလျန်က မိန်းကလေးငယ်ကို ခြေဆုံးခေါင်းဆုံး တစ်ချက် အကဲခတ်လိုက်သည်။ သို့သော် မိန်းကလေးငယ်က လူငယ် လေးတစ်ယောက်၏အကြည့်ကြောင့် ရှက်သွေးဖြာသွားခြင်း မျိုး မဖြစ်ပါချေ။

"နင်က အသစ်ရောက်လာတဲ့ တိရိစ္ဆာန်စောင့်ရှောက်ပေးသူ လား ၊ နင့်ကိုကြည့်ရတာ ငါ့ထက်ငယ်မယ့်ပုံပဲ ၊ ငါ့ကို အစ်မလို့ ခေါ်လို့ရတယ်"

ဆန်းလျန်က ပြုံးလိုက်သည်။

"မင်းက နိုင်ငံခြားရေးဝန်ကြီးရဲ့ သမီးလေးပဲ ဖြစ်ရမယ်၊

အခုနေသာ ငါတိုင်ပြောလိုက်ရင် မင်းတော့ ဒီအိမ်တော်ထဲ က

ထွက်လို့မရဖြစ်သွားမယ်နော်"

မိန်းကလေးငယ်က နှုတ်ခမ်းစူလိုက်ရင်း...

"ဟွန်း... ခင်စရာမကောင်းလိုက်တာ၊ နင်က ငါ့ဘက်က

မဟုတ်ဘူးလား"

"မင်းက နတ်မြင်းပျံကိုလည်းစီးထားသေးတယ်၊ ကြည့်ရတာ

တစ်ယောက်တည်း အပြင်ကို ခိုးထွက်မလို့ မဟုတ်လား၊ မင်း

ရဲ့အဖေနဲ့အမေ မကြာခင် ဒီနေရာရောက်လာတော့မှာ၊ သွား

မယ်ဆိုလည်း အမြန်သွားတော့"

မိန်းကလေးငယ်က အဝေးသို့လှမ်းကြည့်လိုက်တော့

ကိုယ်ရံတော်ကို မြင်လိုက်ရလေသည်။

"ဟွန်း... ငယ်ငယ်လေးပဲရှိသေးတယ်၊ ပြောနေတာ လူကြီး

တစ်ယောက်လိုပဲ"

ထို့နောက်တွင်တော့ နတ်မြင်းပျံကြီးကို စီးနှင်ကာ ကောင်းကင်

ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

ကိုယ်ရံတော်က အစေခံတစ်ယောက်နှင့်အတူ ပြန်လည်ရောက်

ရှိလာလေသည်။

သူခေါ်လာသည့်အစေခံမှာ နားမကြားသူတစ်ယောက်ဖြစ်ပြီး

သူမတွင် နားရွက်များနှင့် နှာခေါင်းများပင် မတွေ့ရှိရပေ။

"ငါ နတ်မြင်းပျံတစ်ကောင်မြင်လိုက်တယ် ၊ အဲဒီပေါ်မှာ ထိုင်နေ

တဲ့သူက....."

ကိုယ်ရံတော်၏ အသံသည်တိတ်ဆိတ်သွားလေသည်။

ဆန်းလျန်က သူ့ကိုပြုံးကြည့်နေလေသည်။

ကိုယ်ရံတော်သည် ထိုကိစ္စတွင် ဝင်မပါသင့်ဟု တွေးလိုက်မိ

လေသည်။ မင်းသမီးလေး အိမ်တော်အပြင်ဘက်သို့ ခိုးထွက်

ချင်သည်ဆိုပါကလည်း ထွက်ပါစေလေ။ သူမမြင်ချင်ယောင်

ဆောင်လိုက်တော့မည်။

အခန်း (၄၇၈) နှုတ်ဆက်စကားမဆို

ထို နားမကြားသည့်အစေခံမှာ တိရိစ္ဆာန်စောင့်ရှောက်သူ ဖြစ်လေသည်။ သူက ကျားနက်ကြီး၏ အမွေးများကို ပွတ်သပ်လိုက်သည်နှင့် ကျားနက်ကြီးမှာ စိတ်သာရာရသွားသလို ခံစားလိုက်ရလေသည်။

အစေခံက ကျားနက်ကြီးကို ထိန်းသိမ်းပေးနေစဉ်တွင် ကိုယ်ရံတော်က စကားဆိုလိုက်သည်။

"ကဲ အခု အိမ်တော်ထဲ ဝင်ကြစို့"

ဆန်းလျန်က ခေါင်းညိတ်ပြလိုက်လေသည်။

သူတို့အိမ်တော်ရှိရာသို့ သွားခဲ့ကြလေသည်။ အိမ်တော်ရှိရာသို့ သွားနေရင်း ကောင်းကင်ထက်တွင် မီးများလောင်ကျွမ်းနေသည့် နတ်ဘီလုံးငှက်ငယ်လေးတစ်ကောင်ကို တွေ့မြင်လိုက်ရလေသည်။ ငှက်ငယ်လေးသည် သဲတွင်းလေးတစ်ခုအတွင်းသို့ တိုးဝင်သွားကာ ပျောက်ကွယ်သွားလေသည်။

နတ်ဘီလုံးငှက်ငယ်လေးမှာ မီးငှက်တစ်မျိုးဖြစ်လေသည်။ ည အမှောင်တွင် မီးလင်းစေရန်အတွက် လှောင်အိမ်ထဲ တွင် ထည့်သွင်းအသုံးပြုလေ့ရှိလေသည်။

ကိုယ်ရံတော်သည် ဆန်းလျန်ကို ခန်းမတစ်ခုအတွင်းသို့ ပို့ဆောင်ပေးပြီးသည့်နောက် အစေခံများကို စကားအနည်းငယ် ပြောကာ ထွက်ခွာသွားတော့သည်။

ကိုယ်ရံတော်သည် ဆန်းလျန်ကို အလွန်ကြည့်မရဖြစ်နေလေသည်။ ဆန်းလျန်၏ရုပ်ရည်သွင်ပြင်မှာ ကမ္ဘာပေါ်မှ ကိုးဆယ့်

ကိုးရာခိုင်နှုန်းသောမိန်းကလေးများကို အလိုလိုနေရင်း ကြွေဆင်းသွားစေလောက်သည့် ရုပ်ရည်မျိုး ဖြစ်လေသည်။ ကြာပန်းလေးတစ်ပွင့် ပွင့်လန်းနေသည့်အလား ထိုင်နေသည့် ဆန်းလျန်ကို အစေခံမိန်းကလေးများသည် မကြာခဏ လည်ပြန်လှည့်ကာ ကြည့်သွားကြလေသည်။ ကြည့်တိုင်းလည်း သူတို့မျက်နှာလေးများမှာ ရှက်သွေးဖြာနေကြလေသည်။ ထို့နောက်သူတို့က ဆန်းလျန်အတွက် လက်ဖက်ရည်ကြမ်းဖြင့် လာရောက်တည်ခင်းဧည့်ခံကြလေသည်။

ဆန်းလျန်က လက်ဖက်ရည်ကိုလက်ခံပြီး သောက်လိုက်လေသည်။ လက်ဖက်ရည်ကြမ်းလာပို့သည့် အစေခံမိန်းကလေးသည် ဆန်းလျန်လက်ဖက်ရည်ကြမ်းသောက်သည့်ဟန်လေးကပင် အလွန်မှ ကျက်သရေရှိစွာ လှပလွန်းသည်ဟု တွေးနေမိလေသည်။ ဆန်းလျန်၏ လှုပ်ရှားမှုနှင့် ကိုယ်နေဟန်ထား

များသည် မိန်းကလေးကချေသည်များထက်ပင် ပျော့ပျောင်း

နူးညံ့နေသေးသည်။

ဆန်းလျန်က စကားတစ်လုံးမှ မဆိုသည့်အတွက် အစေခံ

မိန်းကလေးမှာ အနည်းငယ် ဒေါသထွက်လာလေသည်။

အနည်းဆုံးတော့ လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံသည့်အတွက်

ကျေးဇူးတင်စကားတော့ပြောသင့်သည်မဟုတ်လား။

"ရှင်က ဘယ်ကလာတာလဲ"

အစေခံမိန်းကလေးက မေးလိုက်သည်။

"ရှီးလျန်တိုင်းပြည်က ..."

ဆန်းလျန်က ခပ်တိုတိုပင် ပြန်ဖြေလိုက်သည်။

"အဲဒါ ဘယ်လိုနေရာမျိုးလဲ ၊ အရမ်းကြီးတဲ့ တိုင်းပြည်တစ်ခု

လား"

အစေခံမိန်းကလေးက ထပ်မေးလိုက်လေသည်။

"တာ့ရှားပြည်ကနေ အနောက်ဘက်ကို လမ်းလျှောက်သွားမယ် ဆိုရင် နှစ်နှစ်လောက်သွားရင် အဲဒီကိုရောက်လိမ့်မယ် ၊ တစ်နေ့ ကို မိုင်တစ်ထောင်နှုန်း လမ်းလျှောက်နိုင်ရန်ပေါ့"

ဆန်းလျန်က သိမ်မွေ့စွာပင် ပြန်ပြောလိုက်လေသည်။

"အာ... အဝေးကြီးပဲ ၊ ဒါပေမယ့် သခင်မလေးရဲ့နတ်မြင်းပျံနဲ့ သွားမယ်ဆိုရင်တော့ လပိုင်းလောက်ပဲ ကြာမှာပါ"

အစေခံမိန်းကလေးက သူမ၏မေးဖျားလေးကို လက်ဖြင့်တစ် ချက်ပွတ်ရင်း ပြောလိုက်လေသည်။ သူမသည် ဆန်းလျန် အနားသို့ တဖြည်းဖြည်းတိုးကပ်လာလေသည်။ ဆန်းလျ န်၏ခန္ဓာကိုယ်မှ ကိုယ်သင်းရနံ့လေးသည် အလွန်မှ မွှေးပျံ့လေ သည်။ သဘာဝအတိုင်း လတ်ဆတ်နေပြီး ဆွဲဆောင်မှုရှိသည့် ရနံ့တစ်မျိုး ဖြစ်လေသည်။

ဆန်းလျန်က ခပ်ပါးပါးလေးတစ်ချက်ပြုံးလိုက်ရင်း...

"မင်းကရော ၊ မင်းကို ကြည့်ရတာ သာမန်မိန်းကလေးတစ်ယောက်လိုပါပဲ ၊ ဒီနေရာကို ဘယ်လိုလုပ်ရောက်လာတာလဲ"

အစေခံမိန်းကလေးက တစ်ချက်စဉ်းစားလိုက်ရင်း...

"ကျွန်မ မိဘတွေက ဘယ်သူမှန်းကျွန်မမသိဘူး ၊ ဒီအိမ်တော်ထဲမှာပဲ ကျွန်မတို့ ကြီးပြင်းလာတာ ၊ သခင်မလေးနဲ့ သခင်မကြီးရဲ့ ဝေယျာဝစ္စတွေလုပ်ပေးရတာပေါ့ ၊ ဒါပေမယ့် ကျွန်မတို့အသက်နှစ်ဆယ်ပြည့်တာနဲ့ တခြားကိုသွားပြီး အလုပ်လုပ်ရတော့မယ်ထင်တယ် ၊ ဘယ်နေရာကိုသွားရမလဲဆိုတာတော့ မသိဘူး ၊ ဘာလို့လဲဆိုတော့ အရင်က ထွက်သွားခဲ့တဲ့လူတွေလည်း ပြန်မလာကြတော့ဘူးလေ"

"ဒါဆို မင်းတို့တွေက ငယ်ငယ်လေးကတည်းက ဒီမှာရောက်နေကြတာလား ၊ အပြင်ကနေ အသက်ခုနစ်နှစ်၊ ရှစ်နှစ်လောက်မှ အိမ်တောထဲကို ရောက်လာတဲ့သူတွေရော မရှိဘူးလား"

ဆန်းလျန်က မေးလိုက်လေသည်။

အစေခံမလေးက တစ်ချက်စဉ်းစားလိုက်ပြန်သည်။

"ဟင့်အင်း ၊ မရှိပါဘူး ... ရှင်က ဘာလို့ဒီအကြောင်းတွေမေး နေတာလဲ ၊ အဲဒါ အန္တရယ်ရှိတယ်နော်"

ဆန်းလျန်က သူမကိုစိုက်ကြည့်လိုက်ရင်း နူးညံ့သည့်လေသံ ဖြင့်ပင် ပြောလိုက်သည်။

"ငါ့ကို မလိမ်နဲ့နော်..."

"ကျွန်မ မလိမ်ပါဘူး"

သူမက ထိုသို့သာ ပြန်ပြောလိုက်သော်လည်း သူမက ဆန်းလျ န်၏ နားနားသို့ကပ်ကာ စကားအချို့ကို တိုးတိုးလေး ပြောပြ လိုက်လေသည်။

"လွန်ခဲ့တဲ့သုံးနှစ်လောက်ကတော့ အပြင်ကနေ အိမ်တော်ထဲကို ရောက်လာတဲ့ မိန်းကလေးတစ်ယောက်ရှိတယ် ၊ သူတို့ပြောနေ တာကို ကြားခဲ့တာ ၊ ဒါပေမယ့် ကျွန်မသူ့ကို မတွေ့ဖူးဘူး ၊ တခြား ဘယ်သူမှလဲ သူ့ကို မတွေ့ဖူးဘူး"

ဆန်းလျန်၏ မျက်ဝန်းများသည် သူမ၏ စိတ်ကိုထွင်းဖောက်မြင်နေရပြီး သူမအမှန်အတိုင်းပြောနေသည်ကို ခံစားသိရှိလိုက်လေသည်။ သူမပြောသည့်မိန်းကလေးမှာ ဆန်းလျန်၏ အဒေါ်ငယ်လေး ချန်ယွင် ဖြစ်နိုင်လေသည်။ သို့သော် သူနှင့်ချန်ယွင်မှာ သွေးသားတော်စပ်သည့်တိုင် ချန်ယွင်၏ တည်ရှိမှုကို ဆန်းလျန် အာရုံခံ၍မရ ဖြစ်နေရလေသည်။

ယခုအချိန်တွင် ချန်ယွင်သည် လေ့အိမ်တော်တွင် နေထိုင်ခြင်းမရှိတော့သည်လည်း ဖြစ်နိုင်လေသည်။ ထိုသို့ဖြစ်ပါက ချန်ယွင် မည်သည့်နေရာသို့ရောက်ရှိသွားပါသနည်း။ သို့မဟုတ် ချန်ယွင်သည် တာ့ရှားပြည့်တွင် မရှိတော့ဘူးလား။

သို့သော် ချန်ယွင် သက်ရှိထင်ရှားရှိနေသေးသည်ကိုတော့ ဆန်းလျန်ခံစား၍ရလေသည်။

ထို့နောက် ဆန်းလျန်နှင့် အစေခံမိန်းကလေးတို့ ဟိုဟိုဒီဒီ စကားစမြည်များပြောနေကြလေသည်။ ဆန်းလျန်အနေဖြင့်

အစေခံမိန်းကလေးထံမှ အခြားအကြောင်းအရာများ ထပ်မံ သိရှိနိုင်ရန် မမျှော်လင့်တော့ပါ။ အမှန်တော့ သူ့နေဖြင့်လည်း အစေခံမိန်းကလေးများထံမှ သတင်းစုံစမ်းသည်မှာ မလုပ်ကောင်းသည့် အလုပ်ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့ စကားပြောသူမှာ အစေခံမိန်းကလေးသာ ဖြစ်ပြီး ဆန်းလျန်ကတော့ နားထောင်သူသက်သက် သာဖြစ်လေသည်။ အစေခံမိန်းကလေးသည် သာမန်ရွက်ကြမ်းရည်ကြို ရုပ်ရည်မျိုးသာဖြစ်သော်လည်း သူမသည် ဆန်းလျန်ထံမှ မည်သည့်နေရတွင်မှ မရရှိဖူးသည့် အရာတစ်ခုကို ရရှိခဲ့လေသည်။ ထိုအရာမှာ "လေးစားမှု" ပင် ဖြစ်လေသည်။

တာ့ရှားပြည်သည် အဆင့်အတန်း အလွန်ခွဲခြားသည့် တိုင်းပြည်တစ်ခု ဖြစ်လေသည်။ တော်ဝင်မိသားစုများသည် သာမန်လူသားများအပေါ်တွင် လေးစားမှုမရှိဘဲ အမြဲတမ်း နှိမ့်ချဆက်ဆံလေ့ရှိလေသည်။ ထို့ပြင် သာမန်လူတန်းစား

များသည် တော်ဝင်မိသားစုများကို ဆန့်ကျင်တွန်းလှန်နိုင်ခြင်း
မရှိပါ။
အဘယ်ကြောင့်ဆိုသော် တော်ဝင်မိသားစုများသည် သာမာန်
လူတစ်ယောက်ကို လူ့လောကမှ ပျောက်ကွယ်သွားအောင် လုပ်
နိုင်စွမ်း ရှိသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် တာ့ရှားပြည်
သည် သာမန်လူတန်းစားများအတွက်တော့ မျှော်လင့်ချက်
ကင်းမဲ့သည့် တိုင်းပြည်တစ်ခုမျှသာ ဖြစ်လေသည်။
လူအများကို တရားအလင်းရစေရန်အတွက် သင်ကြားပြသ
ပေးနေသည့် ရွှမ်ကျန်းကျောင်းတော်သည်ပင်လျှင် တာ့ရှား
ပြည်ဧကရာဇ်ကို တွန်းလှန်နိုင်စွမ်း မရှိပေ။
ဆန်းလျှန်သည် ထိုသာမာန်လူတန်းစားများ၏ခံစားချက်များ
ကို ကိုယ်ချင်းဆာမိလေသည်။ အုပ်ချုပ်သူလူတန်းစားနှင့်
အုပ်ချုပ်ခံလူတန်းစားနှစ်ရပ်တွင် အုပ်ချုပ်ခံလူတန်းစားသည်

မျှော်လင့်ချက်ကင်းမဲ့မှုများထဲတွင် နစ်သည်ထက် နစ်ခဲ့ကြရလေသည်။

ဆန်းလျန်သည်လည်း သာမန်လူတန်းစားတစ်ယောက် ဖြစ်ခဲ့ဖူးလေသည်။ သို့သော် သူက ထိုဘဝမှ ရုန်းထွက်နိုင်ခဲ့သည်။

ဆန်းလျန်သည် မျှော်လင့်ချက်မဲ့နေသည့် အုပ်ချုပ်ခံလူတန်းစားများအတွက် တစ်စုံတစ်ခုတော့ လုပ်ပေးချင်မိလေသည်။ ထိုကဲ့သို့သော လူတန်းစားတစ်ရပ်အတွက် ဆင်းရဲတွင်းမှ လွတ်မြောက်စေမည့် ဝါဒတစ်ခုကို ဆန်းလျန်သည် ချမှတ်ချင်ခဲ့မိသည်။

ထိုသို့ အများအတွက်အကျိုးပြုမည်ဟု တွေးတောလိုက်မိသည့် တစ်ဒင်္ဂတွင် ဆန်းလျန်၏ စိတ်ဝိညာဉ်ထဲတွင် လျှပ်စီးလက်သကဲ့သို့ အသိဉာဏ်များ တဖြည်းဖြည်းတိုးတက်လာတော့သည်။

ထိုအခါ ဆန်းလျှန်သည် တိကျန်ဖောဓိသကျပြောခဲ့သည့်

စကားတစ်ခွန်းကို သတိရပြီး ဦးညွှတ်လိုက်မိသည်။

"ငရဲဆိုတဲ့အရာသာမရှိရင် ဘုရားလည်းပွင့်လာမှာမဟုတ်ဘူး"

ဟူသည့် စကားဖြစ်လေသည်။

ထိုစကားက လူသားတိုင်းအပေါ်တွင် စေတနာမေတ္တာထားရန်

အတွက် သေချာစေခဲ့သည်။

လောကရှိသက်ရှိသတ္တဝါများကို ကယ်တင်ခြင်းသည် ကိုယ့်ကို

ကိုယ်ကယ်တင်ခြင်း မည်ပေလိမ့်မည်။

ပြဿနာဖြစ်ရခြင်း၏ အရင်းအမြစ်ကို ဖြေရှင်းနိုင်လျှင်

ကိုယ်တိုင်လည်း အောင်မြင်မှု၏ အသီးအပွင့်ကို မယုံကြည်နိုင်

လောက်အောင် ခံစားရမည် ဖြစ်လေသည်။

မျှော်လင့်ချက်ကင်းမဲ့နေသည့် လူတန်းစားများအတွက်

အလင်းရောင်ပြပြမျှသာရှိသည့် မျှော်လင့်ချက်လမ်းလေးတစ်

လမ်းကို ဖွင့်ပေးနိုင်ခဲ့မည်ဆိုလျှင်ပင် လမ်းဖွင့်ပေးသူကိုယ်တိုင်

မှာလည်း ကြီးမားသည့် အကျိုးအမြတ်ရရှိမည်မှာ ကျိန်းသေ

ပင် ဖြစ်လေသည်။

ထိုသို့သော မျှော်လင့်ချက်မဲ့နေသည့် သာမန်လူတန်းစား

များသည် တာ့ရှားပြည်တွင်သာ ရှိသည်မဟုတ်ပါ။ တစ်ကမ္ဘာ

လုံးတွင် ရှိနေကြသည်ပဲ ဖြစ်လေသည်။

ဗုဒ္ဓက တရားဓမ္မများချန်ထားရစ်ခဲ့သည်။ တာအိုဆရာသခင်

များကလည်း ကျင့်စဉ်လမ်းကို ချန်ထားခဲ့ကြသည်။ ဆန်းလျန်

အနေဖြင့်တော့ ကျင့်စဉ်လမ်းဖြင့် ဤလောက၏ အလင်း

တရားရှိရာလမ်းကို ဖွင့်လှစ်လိမ့်မည် ဖြစ်လေသည်။

ဆန်းလျန်၏နှလုံးသားသည် အသိဉာဏ်ပညာအလင်းများဖြင့်

ပြည့်နက်နေလေသည်။ သူ၏ နတ်ဘုရားစွမ်းအားများမှာ

လည်း ပြင်ပကမ္ဘာမှ မမြင်တွေ့ရသည့်တိုင် လင်းလက်တောက်

ပလျှက် ရှိလေသည်။

"ရှင်ဘာတွေ စဉ်းစားနေတာလဲ"

အစေခံမလေးက မေးလိုက်လေသည်။

ဆန်းလျန်က တံခါးအပြင်ဘက်ကိုကြည့်ရင်း တစ်ချက်ပြုံး

လိုက်သည်။

"လူရှိနေတယ်..."

ရောက်လာသူမှာ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံရန်အတွက်

ဆန်းလျန်ကို လာခေါ်သူဖြစ်လေသည်။ အစေခံမိန်းကလေးမှာ

အနည်းငယ် စိတ်ပျက်သွားရတော့သည်။ သူမသည် ဆန်းလျန်

ကို နှုတ်ဆက်စကားပင် မပြောမိပေ။ အဘယ်ကြောင့်ဆိုသော်

သူမဘဝတွင် ထိုလူငယ်လေးကို ထပ်မတွေ့ရတော့မည်ကို

စိတ်ပူသောကြောင့် မနှုတ်ဆက်လိုက်မိခြင်းပင် ဖြစ်လေ

သည်။

သူမက ဆန်းလျန်ကို သဘောကျမိခြင်းထက် ဆန်းလျန်ကဲ့သို့

သော အပြန်အလှန်လေးစားမှုရှိသည့်လူမျိုးနှင့် နောက်တစ်

ကြိမ် စကားမပြောရတော့မည်ကို စိုးရိမ်နေခြင်း ဖြစ်လေ

သည်။ သာတူညီမျှ တန်းတူဆက်ဆံခံရခြင်းကို မနှစ်သက်

သည့်သူ မည်သူရှိပါမည်နည်း။

"ကျွန်တော့်နာမည် ဆန်းလျန်ပါ..."

ဆန်းလျန်က အစေခံမိန်းကလေးကို ပြောခဲ့လေသည်။

အစေခံမိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။ သူမဘဝ

တွင် ထိုအမည်ကို မည်သည့်အခါမှ မေ့တော့မည် မဟုတ်ပေ။

သို့သော် သူမ၏အမည်ကိုတော့ ဆန်းလျန်ကို ပြောပြခွင့် မရ

လိုက်ပေ။ သူမနှင့် အချိန်ကြာမြင့်စွာ စကားပြောခဲ့ပြီး သူမ

ပြောသမျှကို တလေးတစားဖြင့် နားထောင်ပေးခဲ့သူမှာ တာ့ရှား

ကောရာဇ်ကဲ့သို့ ဂုဏ်သရေရှိ၊ ထူးခြားသည့်ပုဂ္ဂိုလ်တစ်ယောက်

ဖြစ်သည်ကို သူမ သိရှိခဲ့ခြင်း မရှိပါ။

နိုင်ငံခြားရေးဝန်ကြီး အရာရှိမင်း လေ့နော်သည် ဆန်းလျန်ကို

သူ၏ စာကြည့်ခန်းသို့ ခေါ်ယူတွေ့ဆုံလေသည်။ စာကြည့်ခန်း

ထဲတွင် စာအုပ်များကို ကျောက်စိမ်းစာအုပ်စင်များပေါ်တွင်

စနစ်တကျတင်ထားလေသည်။ စာအုပ်များသည် အဖိုးမဖြတ်နိုင်သည့်ရတနာများဖြစ်သည်ဟု ကွမ်းလုန်ကျီကပြောသောကြောင့် ထိုသို့ သိမ်းဆည်းထားခြင်း ဖြစ်လေသည်။

"မင်းက တာအိုဆရာတစ်ယောက်လား..."

ထိုမေးခွန်းသည် ဆန်းလျန်ကို တွေ့တွေ့ခြင်း လေ့နော် မေးလိုက်သည့် ပထမဆုံးမေးခွန်းဖြစ်လေသည်။

ဆန်းလျန်သည် အခြားသောတာအိုဆရာများနှင့် သိပ်တော့ မတူပါ။ အမှန်တော့ ဆန်းလျန်သည် တိချိုးမြို့တော်တွင် ဖမ်းဆီးချုပ်နှောင်ခံထားရသည့် ထျန်းယီအကြီးအကဲနှင့် ပိုပြီး ဆင်တူနေခြင်းသာ ဖြစ်လေတော့သည်။

အခန်း (၄၇၉) ကွမ်းလုန်ကျီ

ဆန်းလျန်က အရာရှိမင်းလေ့နော်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

“အဲဒီလိုပြောလို့လည်းရပါတယ်…”

“မင်းက ရွှမ်ကျန်းကျောင်းတော်ကလား”

လေ့နော်၏မျက်ဝန်းများမှာ ရုတ်တရက် တောက်ပလာပြီး သူ၏ခန္ဓာကိုယ်မှ ဆီများဆူပွက်နေသည့်အလား အပူငွေ့များ ထွက်ပေါ်လာလေသည်။ ထိုစွမ်းအားဖြင့် သူ့ရှေ့မှ အရာအားလုံးကို လောင်ကျွမ်းပစ်နိုင်လေသည်။

အရာရှိမင်းလေ့နော်၏ တန်ခိုးစွမ်းအားသည် အလွန်မှ သိပ်သည်းကြောင်းကို ဆန်းလျန်၏မျက်ဝန်းထဲတွင် တွေ့မြင်နေရလေသည်။ သူ့ပတ်ဝန်းကျင်တွင်ရှိနေသည့် မည်သည့်

ဝိညာဉ်ကိုမဆို ပြာချပစ်နိုင်လောက်သည့် စွမ်းအားမျိုးဖြစ်လေ

သည်။

သို့သော် အရာရှိမင်းလေ့နော်၏ စွမ်းအားများ မည်မျှပင်မြင့်

မားပါစေ ဆန်းလျန်ရှေ့တွင်တော့ တောင်မြင့်ကြီးတစ်လုံးကို

ဖြတ်သန်းတိုက်ခတ်သွားသည့် လေပြေမျှသာဖြစ်လေသည်။

ထိုစွမ်းအားများသည် ဆန်းလျန်ကို မည်သို့မျှ ထိခိုက်နိုင်ခြင်း

မရှိပေ။

တာ့ရှားကေရာဇ်မင်း၏ယောက်ဖတော် ၊ တော်ဝင်မိသားစုတစ်

ခုဖြစ်သည့် ယိုဟူအိမ်တော်မှ မင်းမျိုးမင်းနွယ် ၊ ကြီးမြတ်သည့်

နိုင်ငံခြားရေးဝန်ကြီးလေ့နော်သည် အလွန်အမင်း အံ့သြ

ထိတ်လန့်သွားရလေသည်။

"ရှမ်ကျန်းကျောင်းတော်လို နေရာမျိုးလေးက ကျုပ်လိုလူမျိုး

ကို မွေးထုတ်ပေးနိုင်မယ်လို့ ခင်ဗျားကထင်လို့လား"

ဆန်းလျန်သည် ထိတွေ့၍မရသည့် စကြာဝဠာမဟာတွင်းနက်ကြီးတစ်ခုအလား လေ့နော် ခံစားနေရလေသည်။ သူ၏တန်ခိုးစွမ်းအားများအားလုံးကို ဆန်းလျန်သည် စုပ်ယူသွားလေသည်။

ဆန်းလျန်က မည်သည့်တန်ခိုးစွမ်းအားမှ မထုတ်ရသေးသည့်တိုင် လေ့နော်မှာတော့ သုံးရက်နှင့်သုံးညတိတိ တိုက်ပွဲဆင်နွှဲခဲ့ရသူတစ်ယောက်အလား မောပန်းနွမ်းနယ်တော့သည်။ သူ၏နဖူးထက်မှ ချွေးစက်များသည် ကြမ်းပြင်ထက်သို့ပင် ကျရောက်သွားလေသည်။

လေ့နော်က နေရာမှ ထရန်ပြင်လိုက်သော်လည်း ထ၍မရတော့ပေ။ ဆန်းလျန်သည် သူ၏တန်ခိုးစွမ်းအားများအားလုံးကို ဆွဲယူကာချုပ်ကိုင်ထားသောကြောင့် ဖြစ်လေသည်။ လေ့နော်သည် ဆန်းလျန်၏ရှေ့တွင် အိပ်မက်ဆိုးမက်နေသည့်လူတစ်ယောက်အလား ခံစားနေရတော့သည်။

သူ့ရှေ့မှ လူငယ်လေးသည် သူတွေ့ဖူးသမျှ လူများအားလုံးထဲ

တွင် ကြောက်စရာအကောင်းဆုံးလူတစ်ယောက် ဖြစ်သည်ကို

သူသဘောပေါက်သွားခဲ့ရပြီ။

ဆန်းလျန်သည် ပြုံးနေလေသည်။ လေ့နော်က သူထိုင်နေသည့်

ထိုင်ခုံကို လက်ဖြင့်တစ်ချက်ပုတ်လိုက်ရင်း...

"ယင်းလုန်နဂါးကြီးကို နိုးထလာစေတဲ့သူက မင်းပဲ ဖြစ်ရမယ်"

"ဒီရက်တွေအတွင်း တိချိုးမြို့တော်ထဲကို ဝင်လာတဲ့ တန်ခိုး

စွမ်းအားမြင့်မားတဲ့သူဆိုလို့ ကျုပ်တစ်ယောက်ပဲ ရှိတာလေ၊

မဟုတ်ဘူးလား"

ဆန်းလျန်က ပြောလိုက်လေသည်။

"အမှန်ပါပဲ..."

လေ့နော်က ဆန်းလျန်၏စကားကို ထောက်ခံလိုက်သည်။

"ဒီနေရာက တိချိုးမြို့တော်ဆိုတာသိသိကြီးနဲ့ မင်းရောက်လာမှ

တော့ မင်း တိချိုးကနေ ပြန်ထွက်သွားနိုင်မှာ မဟုတ်တော့ဘူး"

လေ့နော်က အေးစက်သည့်လေသံဖြင့် ပြောလိုက်လေသည်။

"ကျုပ်က ထျန်းယီအကြီးအကဲနဲ့ ဆက်သွယ်လိုက်မယ်ဆိုရင်ရော..."

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ဆန်းလျန်စကားကြောင့် လေ့နော်မှာ ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။ ထျန်းယီအကြီးအကဲ၏တန်ခိုးစွမ်းအားများက ခန့်မှန်း၍မရနိုင်ပါ။ တာ့ရှားပြည်တွင် ထျန်းယီအကြီးအကဲကို ယှဉ်ပြိုင်နိုင်သူဆို၍ တာ့ရှားဧကရာဇ်နှင့် နဂါးကြီးယင်းလုန်သာ ရှိလေသည်။

ဆန်းလျန်သာ ထျန်းယီအကြီးအကဲနှင့်ပူးပေါင်းမည်ဆိုပါက တိချိုးမှ ကျိန်းသေထွက်ခွာသွားနိုင်မည်ဖြစ်ပြီး တိချိုးမြို့တော်၏ကံကြမ္မာမှာလည်း ပြောင်းပြန်လှန်လိုက်သကဲ့သို့ အပြောင်းအလဲများစွာဖြစ်သွားနိုင်လေသည်။

လေ့နော်သည် ဆန်းလျန်၏စကားကြောင့် ထိတ်လန့်တုန်လှုပ်သွားသည့်တိုင် ချက်ချင်းပင် ပြန်လည်တည်ငြိမ်အောင်ကြိုးစားလိုက်သည်။

"ဒါဖြင့် မင်းဖြစ်ချင်တဲ့ဆန္ဒကိုပြောပါ၊ ကျုပ်တတ်နိုင်သလောက် ကူညီပါ့မယ်၊ မင်းပြဿနာမရှာလောက်ဘူးလို့တော့ မျှော်လင့်ရတာပဲ"

ဆန်းလျန်က လေ့နော်ကို စိုက်ကြည့်နေပြီး လေ့နော်၏ခန္ဓာကိုယ်မှာ အနည်းငယ်တုန်တုန်ယင်ယင်ဖြစ်နေသည်ကို သတိပြုလိုက်မိလေသည်။ လေ့နော်သည် ဆန်းလျန်၏ဝိညာဉ်စွမ်းအားဖိအားများကို မခံနိုင်သည့်အတွက် ထိုသို့တုန်ယင်နေရခြင်း ဖြစ်လေသည်။ တာ့ရှားပြည်၏ စွမ်းအားမြင့်မားသည့်တော်ဝင်မျိုးနွယ်တစ်ပါး၏ တန်ခိုးစွမ်းအားများသည် ယခုတော့ အလကားဖြစ်ခဲ့ရပြီ။ သူသည် ဆန်းလျန်ကို တိုက်ခိုက်ရန်အတွက် တွေးပင် မတွေးရဲတော့ပေ။

"ကျုပ်ကလည်း ပြဿနာရှာချင်တဲ့သူမျိုးမဟုတ်ပါဘူး ၊ ကျုပ်တို့ချိုးမြို့တော်ကိုလာရတဲ့အကြောင်းရင်းက သစ္စာစောင့်သိခြင်းအကြောင်းကြားစာ လာရောက်ဆက်သတာပါ ၊ တစ်ချက်လောက်ကြည့်ပါဦးဗျာ"

ဆန်းလျန်က စာလိပ်လေးတစ်ခုကို ထုတ်ယူလိုက်ပြီး အရာရှိမင်းလေ့နော်ကို ပေးလိုက်လေသည်။

စာထဲတွင်ရေးသားထားသည်မှာ ရိုးရှင်းလွန်းလေသည်။ ရှီးလျန်မြို့တော်၏သမိုင်းကြောင်းနှင့် မျိုးရိုးစဉ်ဆက်အုပ်ချုပ်လာပုံအဆင့်ဆင့်ကိုရေးသားထားပြီး တိုင်းပြည်တစ်ခုတည်ထောင်ရန် ဆုံးဖြတ်ချက်နှင့် တာ့ရှားကေရာဇ်မှ အသိအမှတ်ပြုပါမည့်အကြောင်း ရေးသားထားသည့် စာတစ်စောင်ဖြစ်လေသည်။

လေ့နော်က စာကိုဖတ်ပြီးသွားသည်နှင့်...

"ဒီကိစ္စကို ကျုပ်ကူညီနိုင်ပါတယ်..."

လေ့နော်မှာ ယခုမှ စိတ်သက်သာရာရသွားလေသည်။

ဆန်းလျန်သည် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဖြစ်သည့်တိုင် သစ္စာစောင့်သိခြင်းအကြောင်းကြားစာကို လာရောက်ဆက်သသူဖြစ်သည့်အတွက် သိပ်ပြီး ပြဿနာမရှိလှပေ။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ရှီးလျန်တိုင်းပြည်က ထူးခြားတဲ့လက်ဆောင်ပစ္စည်းတစ်ခုလည်း ယူလာခဲ့ပါသေးတယ်၊ လက်ဆောင်ကို လက်ခံပေးပါ"

ဆန်းလျန်က ဘူးသီးခြောက်တစ်လုံးကို သူ၏အင်္ကျီလက်အတွင်းမှ ထုတ်ယူလိုက်လေသည်။ ဘူးသီးခြောက်အတွင်းမှ ရေသံများကို ကြားနေရလေသည်။

သာမာန်ဘူးသီးခြောက်တစ်ခုဖြင့်ထည့်လာသည့်ရေသည် အဘယ်မှာ ထူးခြားသည့်လက်ဆောင်ပစ္စည်း ဖြစ်နိုင်ပါမည်နည်းဟု လေ့နော်တွေးနေမိလေသည်။

သို့သော် သူက ကြိုးစားပြီးပြုံးလိုက်ရင်း...

“ကျုပ်လက်ခံပါ့မယ်”

“ခင်ဗျား အဲဒီရေကို သေသေချာချာသောက်ဖို့ မျှော်လင့်ပါတယ်”

ဆန်းလျန်က လေ့နော်ကို တည်ကြည်သည့်မျက်နှာထားဖြင့် ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်က ဘူးသီးခြောက်ကို လေ့နော်ထံသို့ လှမ်းပေးလိုက်လေသည်။

လေ့နော်မှာ တုန်လှုပ်နေလေသည်။ ဆန်းလျန်တိုက်သည့်ရေကို သောက်လိုက်လျှင် သူ့အနေဖြင့် သေချင်မှသေပေမည်။ သို့သော် ထိုရေကိုသောက်ရန် ငြင်းဆန်လိုက်ပါက ချက်ချင်းပင် အသက်ပျောက်သွားနိုင်သည့် အနေအထားဖြစ်လေသည်။ လူသားတိုင်းတစ်ချိန်ကျလျှင် သေကြရမည်ဖြစ်သော်လည်း လောလောဆယ်အချိန်တွင်တော့ သူ မသေချင်သေးပေ။

သူက တစ်ချက်တုန့်ဆိုင်းနေပြီးမှ...

"ကျုပ်သောက်ပါ့မယ်..."

ဟု ပြောလိုက်လေသည်။

ပြောပြီးသည်နှင့် လေ့နော်သည် ဘူးသီးခြောက်ထဲမှ ရေကို

ချက်ချင်းပင် သောက်လိုက်တော့သည်။

ထိုအခါမှ ဆန်းလျန်က ကျေနပ်သွားသည့်ပုံဖြင့် ခေါင်းတစ်

ချက် ညိတ်လိုက်လေသည်။

"ကျုပ် ခင်ဗျားကို လက်ဆောင်ပေးတဲ့ရေက ကျုပ်တို့

တိုင်းပြည်က ကျီမုမြစ်ရေပါ၊ ရှီးလျန်တိုင်းပြည်တည်ဆောက်

ဖို့အတွက် အဲဒီမြစ်ရေက အဓိကကျတဲ့ အခန်းကဏ္ဍကနေ

ပါဝင်တယ်၊ ဒါပေမယ့် ဒီရေက ကျီမုမြစ်ရေချည်းပဲတော့

မဟုတ်ပါဘူး ၊ကျုပ်ရဲ့အထူးဖော်စပ်ထားမှုတွေကိုလည်း ရေ

ထဲမှာထည့်ထားသေးတယ်၊ အခု ရေသောက်လိုက်တော့

ခင်ဗျားရဲ့တစ်ကိုယ်လုံးက တန်ခိုးစွမ်းအားတွေ ဝမ်းဗိုက်မှာ

လာပြီးစုစည်းနေတယ်လို့ မခံစားရဘူးလား"

လေ့နော်မှာ ဆန်းလျန်ပြောသကဲ့သို့ပင် အမှန်တကယ် ခံစားနေရလေသည်။ သူ၏တစ်ကိုယ်လုံးမှ တန်ခိုးစွမ်းအားများနှင့်သွေးများသည် သူ၏ဝမ်းဗိုက်ရှိရာသို့ စတင်စုစည်းနေကြလေသည်။ ထိုသို့ စုစည်းနေကြသည်ကို သူကိုယ်တိုင်လည်း ထိန်းချုပ်၍မရနိုင်ပေ။

ထိုတန်ခိုးစွမ်းအားနှင့် သွေးများမှာ သူ၏စွမ်းအင်အရင်းအမြစ်များဖြစ်လေသည်။ သူသည် အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း အားနည်းဖျော့တော့လာသကဲ့သို့ ခံစားလိုက်ရလေသည်။

"ဒီကျီမုမြစ်ရေက လူကို ဘယ်လိုဒုက္ခပေးနိုင်သလဲ"

သူက ထိတ်လန့်တုန်လှုပ်စွာဖြင့် မေးလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က ကျီမုမြစ်ရေထဲမှာ ယွမ်ယင်းရွှေပြဒါးဆေးထည့်ပေးထားတယ် ၊ ကျုပ်က ခင်ဗျားကို ကလေးတစ်ယောက်

လက်ဆောင်ပေးချင်တာပါ ၊ ပြီးတော့ ခင်ဗျားရဲ့မျိုးဆက်မှာ အရမ်းတန်ခိုးစွမ်းအားမြင့်မားတဲ့ လူတစ်ယောက် ပေါ်ထွက်လာမလားဆိုတာ ကျုပ်သိချင်နေမိတာ ၊ အချိန်တန်ရင် ဒီတန်ခိုးစွမ်းအားအမြုတေကို ထုတ်ယူဖို့ ကျုပ်ကူညီပါ့မယ် ၊ ဒါပေမယ့် ကျုပ်ဆုံးဖြတ်ချက်မဟုတ်ဘဲ ခင်ဗျားဟာခင်ဗျား ဘာမှ လျှောက်မလုပ်ရဘူးနော်”

“ကျုပ်သဘောနဲ့ကျုပ် လုပ်ချင်တာလုပ်လိုက်ရင် ဘာဖြစ်လာမလဲ”

လေ့နော်က အံကိုတင်းတင်းကြိတ်ရင်း မေးလိုက်လေသည်။

“အဲဒီလိုလုပ်လိုက်ရင်တော့ အဲဒီစွမ်းအားအမြုတေက ပေါက်ကွဲထွက်သွားလိမ့်မယ် ၊ ခင်ဗျားရဲ့ တန်ခိုးစွမ်းအားနဲ့ အသွေးအသားတွေပါ အကုန်ပေါက်ကွဲထွက်ကုန်လိမ့်မယ် ၊ ဒါဆို ခင်ဗျားရဲ့ခန္ဓာကိုယ်လည်း တစ်စစီပေါက်ထွက်သွားမှာပေါ့”

ဆန်းလျန်က ပြုံးနေရင်းနှင့်ပင် နူးညံ့စွာ ပြောလိုက်လေသည်။

“မင်းက ကျုပ်ကို မင်းခိုင်းချင်တာခိုင်းလို့ရတဲ့ မင်းရဲ့အစေခံ ဖြစ်စေချင်နေတာလား ၊ အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး ၊ ကျုပ် သေပစ်လိုက်မယ်”

လေ့နော်က ခါးသီးစွာဖြင့် ပြောလိုက်လေသည်။

“စိတ်မပူပါနဲ့ ၊ ခင်ဗျားကို ကျုပ်ရဲ့အစေခံလုပ်ခိုင်းဖို့ စိတ်ကိုမ ဝင်စားဘူး ၊ အခု ကျုပ်သိချင်တာက ကျုပ် တိချိုးမြို့တော်မှာ အချိန်ခဏလောက် အေးအေးဆေးဆေးနေချင်တယ် ၊ ဘယ် သူမှ မနှောက်ယှက်နိုင်တဲ့နေရာပေါ့ ၊ ဘယ်မှာ သွားနေသင့် သလဲ”

ဆန်းလျန်က လက်နှစ်ဖက်ကို နောက်ပစ်လိုက်ရင်း အေးအေးဆေးဆေးပင် မေးလိုက်လေသည်။

လေ့နော်သည် အတန်ကြာတိတ်ဆိတ်နေပြီးမှ စကားတစ်ခွန်း ကို ပြောလိုက်လေသည်။

"ကျုပ်အမိန့်စာရေးပေးလို့ရပါတယ်၊ မြို့တော်တောင်ဘက်ပိုင်းက တော်ဝင်ကျောင်းတော်မှာ ကွမ်းလုန်ကျီကို သွားရှာပါ၊ သူက တိချိုးမှာ အေးအေးဆေးဆေးနေလို့ရအောင် မင်းကို ကူညီနိုင်ပါတယ်၊ ဒါပေမယ့် မင်းအနေနဲ့ တိချိုးမှာ ကြာကြာနေတာတော့ မကောင်းဘူးထင်တယ်နော်"

"ကွမ်းလုန်ကျီဆိုတာ ဘယ်သူလဲ"

"သူက နက္ခတ်ဗေဒပညာရှင် မင်းဆရာကြီးပါ..."

"မင်းဆရာကြီးဆိုရင် ဧကရာဇ်မင်းနဲ့အတူနေပြီး တိုင်းရေပြည်ရာတွေကို ဖြေရှင်းနေရမှာ မဟုတ်ဘူးလား"

"သူ့ကို တာ့ရှားဧကရာဇ်က နှင်ထုတ်လိုက်တာ ကြာပါပြီ"

"ကောင်းပြီလေ၊ ခင်ဗျားကို နောက်မေးခွန်းတစ်ခုလောက်တော့ မေးချင်သေးတယ်"

ဆန်းလျန်က ခွင့်တောင်းလိုက်သည်။

"မေးချင်တာသာမေးပါတော့ဗျာ..."

"လွန်ခဲ့တဲ့ ကိုးနှစ်လောက်က မိန်းကလေးတစ်ယောက်ကို ခင်ဗျားဆီရောက်လာသေးလား"

ထိုမေးခွန်းမေးသည့်အချိန်တွင် ဆန်းလျန်၏မျက်ဝန်းများသည် လေ့နော်ကို စူးစိုက်ကြည့်နေလေသည်။

လေ့နော်၏မျက်ဝန်းထဲတွင် မိန်းကလေးတစ်ယောက်၏ ပုံရိပ်ထင်ဟပ်လာလေသည်။ သေသေချာချာ စဉ်းစားကြည့်မိတော့ ထိုမိန်းကလေးသည် သူ့ရှေ့တွင် ရောက်ရှိနေသည့် ဆန်းလျန်နှင့် ရုပ်ချင်းအလွန်ဆင်လေသည်။

အခန်း (၄၈၀) နက္ခတ်ဗေဒပညာ

လေ့နော်သည် မိန်းကလေးငယ်အကြောင်းကို ဆန်းလျန်ကို သူ

မှတ်မိသလောက် ပြောပြလိုက်လေသည်။

သူက ထိုမိန်းကလေးငယ်ကို အခန်းတစ်ခုအတွင်းသို့ ခေါ်

ဆောင်သွားခဲ့လေသည်။ ထိုအခန်းထဲတွင် အနက်ရောင်ဝတ်စုံ

ဝတ်ဆင်ထားသည့် လူတစ်ယောက် ထိုင်နေလေသည်။

ထိုအထိသာစဉ်းစား၍ရပြီး နောက်ပိုင်းကိစ္စများသည် သူ့

မှတ်ဉာဏ်ထဲတွင် ထွက်ပေါ်လာခြင်း မရှိတော့ပေ။

"အဲဒီလူက ဘယ်သူလဲ"

ဆန်းလျန်က တင်းမာသည့်လေသံဖြင့် မေးလိုက်လေသည်။

"အဲဒီလူက ရဟန်းမင်းကြီးပဲ"

"ရဟန်းမင်းကြီးဆိုတာ ဘယ်သူလဲ"

"ကျုပ်လည်းမသိပါဘူး ၊ ကျုပ်မွေးကတည်းက အဲဒီလူက ရှိ

နေတာ ၊ ကျုပ်မှမဟုတ်ဘူး ၊ ကျုပ်ရဲ့ ဘိုးဘေးဘီဘင်

မျိုးရိုးစဉ်ဆက် မမွေးခင်ထဲက အဲဒီရဟန်းမင်းကြီးဆိုတဲ့လူက ရှိနေပြီးသားပဲ ၊ တာ့ရှားပြည်မှာဆိုရင် တာ့ရှားဧကရာဇ်ပြီးရင် သေခြင်းရှင်ခြင်းစာအုပ်ထဲမှာ အမည်စာရင်းကို ဖျက်ထားနိုင်တဲ့သူဆိုလို့ အဲဒီ ရဟန်းမင်းကြီး တစ်ယောက်ပဲ ရှိတယ်”

“သူက ဘယ်မှာနေတာလဲ”

ဆန်းလျန်က မေးလိုက်သည်။

“အဲဒါတော့ ကျုပ်လည်းမသိဘူး ၊ ရဟန်းမင်းကြီးဘယ်မှာနေလဲဆိုတာ ဘယ်သူမှမသိကြဘူး ၊ တာ့ရှားဧကရာဇ်ကတော့ ချွင်းချက်ပေါ့လေ”

လော့နော်က ပြောပြလိုက်လေသည်။

မိန်းကလေးငယ်ကို ခေါ်ဆောင်သွားပြီးသည့်နောက်ပိုင်း ရဟန်းမင်းကြီးသည် ထပ်မံထွက်ပေါ်လာခြင်း မရှိတော့ပေ။ လော့နော်လိမ်ပြောနေခြင်းမဟုတ်သည်ကို ဆန်းလျန် သိထားပါသည်။

သေခြင်းရှင်ခြင်းစာအုပ်တွင် အမည်စာရင်းပယ်ဖျက်ထားနိုင်သူတစ်ယောက်၏ တန်ခိုးစွမ်းအားကိုတော့ လျှော့တွက်၍မရနိုင်ကြောင်း ဆန်းလျန် ခန့်မှန်းမိလေသည်။

ဆန်းလျန်သည် သေခြင်းရှင်ခြင်းစာအုပ်ကို စိတ်ဝင်စားနေမိလေသည်။ သို့တိုင်အောင် သူသည် ထိုစာအုပ်၏တည်ရှိမှုကို အာရုံခံ၍မရခဲ့ပေ။

လက်ရှိအခြေအနေတွင် ဆန်းလျန်အနေဖြင့် ဘာမှလှုပ်ရှားနိုင်ခြင်းမရှိသလို လေ့နော်ထံမှလည်း မည်သည့်သတင်းမှ ထပ်ပြီးရတော့မည် မဟုတ်ပေ။ သူ့အနေဖြင့်နောက်ထပ်လအနည်းငယ် စောင့်ကြည့်ရမည် ဖြစ်လေသည်။ လေ့နော်၏ခန္ဓာကိုယ်ထဲမှ သွေးနှင့်တန်ခိုးစွမ်းအားအမြုတေမှာ လုံလုံလောက်လောက် စုစည်းမိသည့်အခါတွင်မှ တာ့ရှားတော်ဝင်မိသားစုများ၏ မျိုးရိုးစဉ်ဆက် လျှို့ဝှက်ချက်များကို ရှာဖွေစုံစမ်းနိုင်မည် ဖြစ်လေသည်။

လေ့နော်သည် ကွမ်းလုန်ကျီထံသို့ အမိန့်စာရေးပေးလိုက်လေသည်။

သူက ဆန်းလျန်ကို ကိုယ်တိုင်လိုက်ပို့ရန် စီစဉ်လိုက်သော်လည်း ဆန်းလျန်က လက်မခံခဲ့ပေ။ ဆန်းလျန်သည် လေ့နော်ကို မည်သည့်ခြိမ်းခြောက်သည့်စကားကိုမှ ပြောခဲ့ခြင်းမရှိပါ။ သို့သော် ထိုသို့မပြောခြင်းကြောင့်ပင် လေ့နော်သည် အလိုလိုကြောက်ရွံ့လျှက်ရှိနေတော့သည်။

နောက်ဆုံးတွင်တော့ အရာရှိမင်းလေ့နော်သည် ဆန်းလျန်ကို မြို့တော်တောင်ဘက်ပိုင်းရှိ တော်ဝင်ကျောင်းတော်သို့ လိုက်ပါပို့ဆောင်ပေးရန် ကိုယ်ရံတော်တစ်ယောက်ကို အမိန့်ပေးလိုက်လေသည်။

ဆန်းလျန်သည် ဥယျာဉ်အတွင်းမှ သူ၏ကျားနက်ကြီးကို အရင်ဆုံးလာခေါ်လေသည်။

ကျားနက်ကြီးမှာ နားမကြားသည့်တိရိစ္ဆာန်စောင့်ရှောက်သူ၏ ပြုစုမှုအောက်တွင် သာယာလျှက်ရှိလေသည်။ သူက ဇိမ်ခံနေရသည့်အတွက် သိပ်ပြီးသွားချင်စိတ်မရှိသေးပေ။

ဆန်းလျန်က စိုက်ကြည့်လိုက်တော့မှ ကျားနက်ကြီးက ချက်ချင်းပင် ဆန်းလျန်ထံသို့ လျှောက်လာလေသည်။ ကျားကြီးမှာ ခွေးလေးတစ်ကောင်အလား အမြီးလေးနှံ့ကာ ဆန်းလျန်စိတ်ကျေးနပ်စေရန်အတွက် သခင်ဖြစ်သူကို ချော့နေတော့သည်။

အရာရှိမင်းလေ့နော်သည် ကိုယ်ရံတော်များကို ဆန်းလျန်ကို အထူးဂရုစိုက်ရန် မှာကြားထားလေသည်။ အမှန်တော့ သူက ဆန်းလျန်၏ ဇာစ်မြစ်ကိုသိချင်သောကြောင့်သာ ထိုသို့ ပြုလုပ်ခိုင်းခြင်း ဖြစ်လေသည်။

လမ်းဆုံတစ်ခုအရောက်တွင်တော့ အလောင်းတစ်လောင်းကို သယ်လာသည့် အစေခံနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုအလောင်းမှာ ဆန်းလျန်နှင့်စကားပြောခဲ့သည့် အစေခံမ

လေး၏ အလောင်းဖြစ်လေသည်။ သူမ၏ကိုယ်တွင်းအင်္ဂါများ

အားလုံး ကြေမွကာ သေဆုံးနေခြင်းဖြစ်ပြီး သူမ၏ဝိညာဉ်

သည်ပင်လျှင် တစ်စစီ ဖြစ်နေခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်က အစေခံမလေး၏အလောင်းကိုသယ်လာသည့်

အစေခံနှစ်ယောက်ကို တားဆီးလိုက်ပြီး...

"သူ ဘာလို့သေသွားတာလဲ"

အစေခံများက ဆန်းလျန်ကို မှတ်မိကြခြင်း မရှိပါ။ သို့သော် သူ

တို့က ဆန်းလျန်နှင့်အတူပါလာသည့် ကိုယ်ရံတော်များကိုတော့

သိရှိလေသည်။

ကိုယ်ရံတော်က ဆန်းလျန်မှာ သူများကိစ္စများကို အဘယ့်

ကြောင့် စပ်စပ်စုစုလိုက်ပါနေရသနည်းဟု တွေးနေမိလေ

သည်။ လေ့အိမ်တော်တွင် နေ့စဉ်နှင့်အမျှ အစေခံများသေဆုံး

နေကြသည့်အတွက် အစေခံတစ်ယောက်သေဆုံးခြင်းမှာ

အဆန်းမဟုတ်ပေ။

သို့သော် ဆန်းလျန်က သိချင်နေသည့်အတွက် ကိုယ်ရံတော်က

ကူမေးပေးလိုက်လေသည်။

"ဘာဖြစ်တာလဲ..."

အစေခံတစ်ယောက်က ပြန်ဖြေလိုက်သည်။

"သခင်မကြီး ဒေါသထွက်ပြီး ရိုက်နှက်တာ လက်လွန်ပြီး သေ

သွားတာပါ၊ ဒါကြောင့် သူ့ကိုမြေသွားမြှုပ်မလို့"

"သူ့အလောင်းကို ကျုပ်ကိုပေးခဲ့ပါ..."

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်၏စကားကြောင့် အစေခံက ကိုယ်ရံတော်ကို တစ်

ချက်လှမ်းကြည့်လိုကလေသည်။ ကိုယ်ရံတော်ကလည်း ဆန်း

လျန်နှင့်အတိုက်အခံမဖြစ်ချင်သည့်အတွက် သဘောတူလိုက်

လေသည်။

"သူ့အလောင်းကိုထားခဲ့လိုက်၊ ငါတို့ ကြည့်လုပ်လိုက်မယ်"

အစေခံနှစ်ယောက်မှာ ပျော်ရွှင်စွာဖြင့် ပြန်သွားကြလေသည်။ တကယ်တမ်းတော့ အစေခံတစ်ယောက်သေသည့် ကိစ္စသည် အရေးကြီးသည့်ကိစ္စမှ မဟုတ်ပေပဲ။

ဆန်းလျန်သည် အစေခံမိန်းကလေး၏အလောင်းကို ကျားနက်ကြီးကျောပေါ်သို့တင်ကာ သယ်ဆောင်လာလေသည်။ ကျားနက်ကြီးမှာ အလောင်းကောင်ကို သူ့ကျောထက်တွင် သယ်ဆောင်လာရသည့်အတွက် စိတ်မချမ်းသာပေ။ သို့သော် သခင်ငယ်လေးက စေခိုင်းသည့်အတွက် ပျော်ချင်ယောင်ဆောင်နေရလေသည်။

ကျားနက်ကြီးသည် ဆန်းလျန်အမိန့်ကိုနာခံရန် အချက်သုံးချက်ဖြင့် ဆုံးဖြတ်ထားလေသည်။ ပထမအချက်မှာ သူ၏သခင်ငယ်လေးခိုင်းသမျှ နာခံရန်ဖြစ်လေသည်။ ဒုတိယအချက်မှာ သူ၏သခင်ငယ်လေးခိုင်းသမျှကို မငြင်းပယ်

ရန်ဖြစ်လေသည်။ တတိယအချက်မှာ ပထမအချက်နှင့်

ဒုတိယအချက်ကို လိုက်နာရန် ဖြစ်လေသည်။

ကျားနက်ကြီးက သူ့အပေါ်တွင် အလွန်တွယ်တာသည့်အတွက်

ဆန်းလျန်ပင်လျှင် တစ်ခါတစ်ရံတွင် အံ့သြရလေသည်။ အဘ

ယ်ကြောင့် ကျားနက်ကြီးသည် သူ့ကိုထိုမျှနာခံရသည်ကို ဆန်း

လျန်ပင် မသိပါချေ။

သူတို့ ခရီးထွက်ခွာလာကြရင်း တိချိုးမြို့တော်၏မြစ်တစ်ခုသို့

ရောက်ရှိလာလေသည်။

အမှန်တော့ ထိုမြစ်မှာ တာ့ရှားကေရာဇ် တူးဖော်ထားသည့်

တူးမြောင်းတစ်ခုဖြစ်ပြီး ဝိညာဉ်စွမ်းအားနှင့်ပြည့်ဝသည့် မြစ်

ရေများ စီးဆင်းနေလေသည်။

ထိုမြစ်ကို "ရှားတူးမြောင်း" ဟု ခေါ်လေသည်။

"မင်းက ဒီအလောင်းကို ဒီတူးမြောင်းဘေးမှာ သဂြိုလ်မလို့

လား"

ကိုယ်ရံတော်က မေးလိုက်လေသည်။

"အင်းလေ... ဘာဖြစ်လို့လဲ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"ဒါဖြင့်လည်း အမြန်လုပ်၊ ကင်းလှည့်တဲ့စစ်သည်တော်တွေနဲ့

တွေ့ရင် ပြဿနာအကြီးအကျယ် တက်လိမ့်မယ်"

ကိုယ်ရံတော်က ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်လေသည်။

ကိုယ်ရံတော်သည် စိတ်ထားကောင်းသူတစ်ယောက် ဖြစ်လေ

သည်။ အမှန်တော့ သူ့ဘဝသည်လည်း ထိုအစေခံမိန်းကလေး

နှင့် သိပ်ပြီး မခြားနားလှပေ။ သူတို့သည် တော်ဝင်မိသားစုမှ

ခိုင်းသည့်အလုပ်များကို လုပ်ဆောင်ကြရကာ သူတို့ဘဝကို မ

ထင်မရှားဖြင့် ရပ်တည်ကြရလေသည်။

ဆန်းလျန်သည် အစေခံမိန်းကလေးကို ကျားနက်ကြီး၏ကိုယ်

ပေါ်မှ ချလိုက်လေသည်။

ထို့နောက်တွင်တော့ ဆန်းလျှန်၏လက်ချောင်းထိပ်လေးများ
တွင် မီးတောက်များလင်းလက်လာလေသည်။ အစေခံ
မိန်းကလေး၏ရုပ်အလောင်းသည် ချက်ချင်းပင် ပြာကျသွား
တော့သည်။ ထို့နောက်တွင်တော့ အရိုးပြာမှုန့်များသည် ရှား
တူးမြောင်းမှ ဝိညာဉ်စွမ်းအားပြည့်ဝသည့် မြစ်ရေများနှင့်
ပေါင်းစပ်စီးဆင်းသွားတော့သည်။

မြစ်ကမ်းနံဘေးတွင် ဆန်းလျှန်၏ဂါထာရွတ်ဖတ်သံထွက်
ပေါ်လာလေသည်။ သူက ပြန်လည်မွေးဖွားခြင်းဂါထာကို
ရွတ်ဆိုလိုက်ခြင်းဖြစ်လေသည်။ တူးမြောင်းရေပြင်ထက်တွင်
အလင်းရောင်တစ်ချက်တောက်ပသွားပြီး တစ်စစီဖြစ်နေသည့်
အစေခံမိန်းကလေး၏ဝိညာဉ်သည် ပြန်လည်ပေါင်းစည်းသွား
လေသည်။ ထို့နောက် ထိုဝိညာဉ်သည် ရှားတူးမြောင်းရေထဲ
တွင် အဝေးဆီသို့ စီးဆင်းသွားတော့သည်။

သူမအနေဖြင့် ပြန်လည်လူဝင်စားနိုင်ကောင်းလိမ့်မည်ဟု ဆန်း လျှန်တွေးနေမိလေသည်။

"မင်းက ဂါထာတွေဘာတွေလည်း ရွတ်တတ်တာပဲ ၊ ဘယ် လောကနတ်ဘုရားဆီက သင်ယူထားတာလဲ"

ကိုယ်ရံတော်ကမေးလိုက်လေသည်။

ကိုယ်ရံတော်က ဆန်းလျှန်ရွတ်ဖတ်သည့်ဂါထာမှာ ပြန်လည် မွေးဖွားခြင်းဂါထာဖြစ်ကြောင်းမသိရှိသည့်တိုင် ယခင်အချိန် များတုန်းက ဘုန်းတော်ကြီးများနှင့် နတ်ဘုရားများ ဂါထာ ရွတ်ဖတ်သည်ကို မြင်တွေ့ဖူးလေသည်။

"ရွတ်တတ်တာပေါ့ ၊ တကယ်လို့ မင်းသေခါနီးကျရင်လည်း ကျုပ်ကိုလာရှာပေါ့ ၊ မင်းကိုဂါထာရွတ်ပြီး ဘဝကူးကောင်း အောင် ကူညီပေးလို့ရတယ် ၊ ဒီဂါထာကို ပြန်လည်မွေးဖွားခြင်း ဂါထာလို့ခေါ်တယ်"

ဆန်းလျှန်က ကိုယ်ရံတော်ကို ရှင်းပြလိုက်လေသည်။

သို့သော် ကိုယ်ရံတော်သည် ဆန်းလျန်ကို မည်သည့်စကားမှ ပြန်မပြောတော့ပါ။

သူတို့ တော်ဝင်ကျောင်းတော်သို့ရောက်ရှိလာသည့်အခါတွင်တော့ အတော်ပင် ညဉ့်နက်နေပြီ ဖြစ်လေသည်။ တော်ဝင်ကျောင်းတော် ဝင်ပေါက်တံခါးဝမှာ အလွန်မှ သေးငယ်လွန်းလေသည်။ ကျောင်းတော်မှာလည်း အပြင်မှ ကြည့်လျှင်ပင် သစ်သားအိမ်လေးတစ်လုံးအလား ထင်မှတ်ရလေသည်။

သို့သော်... ဝင်ပေါက်ကို ဖြတ်ကျော်ဝင်ရောက်လိုက်သည့်အခါတွင်တော့ အတွင်းဘက်မှ အဆောက်အဦးများမှာ အလွန်ကြီးမားသည်ကို တွေ့ရှိရလေသည်။ ကောင်းကင်တစ်ခုလုံးမှာလည်း ကြယ်စင်များဖြင့်ပြည့်နေပြီး ကြည်လင်နေလေသည်။ ကောင်းကင်ထက်သို့မော့ကြည့်လျှင် ကြယ်များ၏လှုပ်ရှားမှုလမ်းကြောင်းများကို အသေးစိတ်တွေ့မြင်ရနိုင်သည်။ ကြယ်

များအကြားဆက်နွယ်မှုတိုင်းသည်ကြယ်များအားလုံးကိုဧင်း တို့၏ပုံသေလမ်းကြောင်းအတိုင်း ရွေ့လျားစေလေသည်။ ကွမ်းလုန်ကျီသည် သူ့ဘဝတစ်ခုလုံးကို နက္ခတ်ဗေဒပညာရပ်တွင် မြှုပ်နှံထားခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့် သူက တိုင်းပြည်တစ်ခု၏ကံကြမ္မာ ၊ လူတစ်ယောက်၏ကံကြမ္မာများကိုလည်း နက္ခတ်ဗေဒပညာရပ်ဖြင့် ခန့်မှန်းပြောကြားနိုင်လေသည်။

အနာဂတ်ဆိုသည်က မြစ်တစ်စင်းကဲ့သို့ပင် ဖြစ်လေသည်။

အခက်အခဲမည်မျှပင် ဖြစ်ပါစေ။ ကြိုတင်သတ်မှတ်ထားသည့် ကံကြမ္မာဆိုသည်က ပြုပြင်၍မရစကောင်းပေ။

လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ခန့်က ....

သွေးနီပင်လယ်၏တစ်ဖက်ကမ်းတွင် ငရဲပန်းများပွင့်လန်းခဲ့ကတည်းက ဤလောက၏ကံတရားသည် အသစ်ဖွင့်လှစ်ရန်အတွက် စတင်ခဲ့ပြီ ဖြစ်လေသည်။

အနာဂတ်ဆိုသည်က မျှော်လင့်ချက်များဖြင့်ပြည့်နေသည့် အရာတစ်ခုဖြစ်သည့်တိုင် မည်မျှ ကြောက်မက်ဖွယ် ကောင်းမည် ဆိုသည်ကိုတော့ မည်သူမျှ သိရှိနိုင်မည် မဟုတ်ပေ။

အခန်း (၄၈၁) မိုးကောင်းကင်ခုံရုံး(သို့)ကောင်းကင်ဘုံနန်းတော် အကြောင်းထပ်ကြားရပြန်ပြီ

ရှားတူးမြောင်းသည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းသွားသည့် တူးမြောင်းတစ်ခု ဖြစ်လေသည်။ ထိုတူးမြောင်း

အတိုင်း တိချိုးမြို့တော်မှ ထွက်ခွာသွားလျှင် တော်ဝင်ကျောင်းတော်၏ဝင်ပေါက်ကို ရောက်ရှိမည် ဖြစ်လေသည်။

ကွမ်လုန်ကျီသည် ကျောင်းတော်အတွင်းမှ ထွက်လာလေသည်။

နံနက်ခင်းလေပြေက သူ၏မျက်နှာဆီသို့ တိုက်ခတ်နေလေသည်။ သူက နိုင်ငံခြားရေးဝန်ကြီးပေးလိုက်သည့် အမိန့်စာကို ကိုယ်ရံတော်ဆီမှ ယူလိုက်သည်။ ထို့နောက် သူက လူငယ်လေးနှင့် ကျားနက်ကြီးကို တစ်ချက်အကဲခတ်လိုက်လေသည်။ လူငယ်လေးမှာ အလွန်ငယ်ရွယ်ပုံရလေသည်။ သို့သော် သူ၏မျက်ဝန်းအစုံကတော့ နက်ရှိုင်းလွန်းပြီး ကြယ်စင်များအလား တောက်ပနေလေသည်။ လမင်းထက်ပင် လင်းလက်သည့်ကြယ်စင်ရှိမည်ဆိုလျှင် ထိုမျက်ဝန်းများပင် ဖြစ်လိမ့်မည်ဟု ကွမ်းလုန်ကျီတွေးလိုက်မိလေသည်။

တိုက်ခတ်လာသည့်လေပြေလေးကြောင့် ဆန်းလျှန်၏ဆံနွယ်များသည် လေထဲတွင်လွင့်ပျံနေလေသည်။ ခမ်းနားလွန်းသည့်လူငယ်လေးသည် အလွန်မှ ထူးခြားသူတစ်ယောက်ဖြစ်သည်ကို ကွမ်းလုန်ကျီ အသိအမှတ်မပြုဘဲ မနေနိုင်ချေ။

ထိုလူငယ်လေးကဲ့သို့သော ထူးခြားသည့်လူတစ်ယောက်ကို ကွမ်းလုန်ကျီ ယခင်က တွေ့ခဲ့ဖူးသေးသည်။ ထိုသူမှာ လွန်ခဲ့သည့်နှစ်နှစ်ဆယ်ခန့်က သူနှင့်ဆုံတွေ့ဖူးခဲ့သည့် ထျန်းယီအကြီးအကဲပင် ဖြစ်လေသည်။ ထိုအချိန်တုန်းက ထျန်းယီအကြီးအကဲသည် ရွှမ်းကျန်းကျောင်းတော်မှ တည်ထောင်သူဆရာသခင်တစ်ပါးနှင့်ဆုံတွေ့ခဲ့ရပြီး တာအိုဝါဒကို သင်ယူခွင့်ရခဲ့စဉ် အချိန်ဖြစ်လေသည်။

သို့သော် ယခုသူတွေ့မြင်နေရသည့်လူငယ်လေးကတော့ ရွှမ်ကျန်းကျောင်းတော်မှ ဆရာသခင်ခုနစ်ပါးကဲ့သို့ပင် တန်ခိုးစွမ်းအား မြင့်မားသူဖြစ်လေသည်။

ကွမ်းလုန်ကျီခန့်မှန်းလျှင် မှားခဲ့လေသည်။ ထိုလူငယ်လေးသည် သူကြိုတင်နိမိတ်ဖတ်ခဲ့ဖူးသည့် တစ်လောကလုံးကို ပြောင်းလဲပစ်မည့် လူငယ်လေး ဖြစ်လေသည်။ ယခုတော့ သူ့ရှေ့သို့ ရောက်ရှိလာခဲ့ပြီ။

ထိုလူငယ်လေးသည် သူကြိုတင်နိမိဖတ်ခဲ့သည့်လူငယ်လေးသာဖြစ်ပါက တာ့ရှားဧကရာဇ်ကိုပင် သတ်ပစ်နိုင်မည့်သူ ဖြစ်လေသည်။ သို့သော် သူ၏နိမိတ်စကားကို သူတစ်ယောက်တည်း သိသည်မဟုတ်။ ရဟန်းမင်းကြီးလည်းသိထားလေသည်။ ထို့ကြောင့် ရဟန်းမင်းကြီးသည် ထိုလူငယ်ကို ရှာဖွေသတ်ဖြတ်ရန်အတွက် တိချိုးမြို့တော်မှ ထွက်ခွာသွားခဲ့ခြင်း ဖြစ်လေသည်။

ကွမ်းလုန်ကျီမှာ ဆန်းလျန်ကိုကြည့်ပြီး မည်သို့လုပ်ရမည်ပင် မသိတော့ပေ။ သို့သော် ကံတရားဆိုသည်က ပြောင်းလဲ၍မရစကောင်းပေ။ ရဟန်းမင်းကြီးသည် မိုးနတ်မင်း၏ဆန္ဒကိုဆန်း

ကျင်ကာ ကံတရားကိုပြောင်းလဲချင်သူ ဖြစ်လေသည်။ ကံ တရားကိုပြောင်းလဲချင်သူသည် အောင်မြင်သည်ဖြစ်စေ ၊ မ အောင်မြင်သည်ဖြစ်စေ မိုးကောင်းကင်၏ဒဏ်ခတ်ခြင်းကို ခံရ မည် ဖြစ်လေသည်။

သို့သော် ရဟန်းမင်းကြီးသည် တာ့ရှားပြည်အတွက်ဆိုလျှင် မည်သည့်အရာကိုမဆို စတေးခံရန် အသင့်ရှိနေသူဖြစ်လေ သည်။

ကွမ်းလုန်ကျိသည်လည်း တာ့ရှားအတွက်ဆိုလျှင် အသက်ကို ပင် စွန့်လွှတ်ရဲသူဖြစ်ပါ၏။ သို့သော် သူက တာ့ရှားအတွက် အရာအားလုံးကိုတော့ စတေးခံနိုင်သူမဟုတ်ပေ။

လောကတွင် အသက်ထက်အရေးကြီးသည့်အရာ များစွာရှိ လေသည်။ ထိုအရာများထဲမှတစ်ခုမှာ “တာအို” ပင် ဖြစ်လေ သည်။

သူက နိုင်ငံခြားရေးဝန်ကြီးရေးပေးလိုက်သည့်စာကို တစ်ချက် ဖတ်လိုက်ပြီး ကိုယ်ရံတော်ကို ထွက်ခွာသွားရန် ပြောလိုက်သည်။

ကိုယ်ရံတော်ထွက်ခွာသွားတော့မှ ဆန်းလျန်က လက်နှစ်ဖက်ကိုနောက်ပစ်ရင်း ကွမ်းလုန်ကျီရှေ့သို့ လမ်းလျှောက်လာလေသည်။ ကွမ်းလုန်ကျီသည် အာဏာရှိသူတစ်ယောက်မဟုတ်ပေ။ သို့သော် အသိဉာဏ်ပညာနှင့်ပြည့်ဝသူတစ်ယောက် ဖြစ်လေသည်။ အသိဉာဏ်ပညာပြည့်ဝသူသည် အာဏာကိုရယူရန် လွယ်ကူလေသည်။

သို့သော် အာဏာရှိသူတစ်ယောက်ကတော့ အသိပညာနှင့်ပြည့်ဝရန် ခက်ခဲလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ အာဏာနှင့် စွမ်းအားသည် အခက်အခဲအတော်များများကို ဖြေရှင်းနိုင်သောကြောင့်ဖြစ်လေသည်။

ထို့ကြောင့် အာဏာရှိသူများက အသိပညာရှိခြင်းကို သိပ်ပြီး အထင်ကြီးလေ့မရှိကြပေ။

သို့ရာတွင် အာဏာက အခက်အခဲအတော်များများကို ဖြေရှင်း နိုင်သည်ဟုဆိုနိုင်လျှင် အသိဉာဏ်ပညာကတော့ ပြဿနာ အားလုံးကို ဖြေရှင်းနိုင်လေသည်။ အသိပညာသည် ကြယ်စင် များကဲ့သို့ အမြဲတမ်းထွန်းလင်းနေပြီး လူသားများကိုပင် အလင်းပေးနိုင်သည့်အရာဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓ ၊ တာအိုဆရာသခင်ကြီးများနှင့် အခြားသော ပညာရှိကြီးများသည် အသိဉာဏ်ပညာကို လူသားများသိရှိစေ ရန် ရည်ရွယ်သင်ပြပေးခဲ့ကြခြင်း ဖြစ်လေသည်။

ဆန်းလျန်ပင်လျှင် ယခုကဲ့သို့ နတ်ဘုရားတစ်ပါးဖြစ်လာ သည်မှာ အသိဉာဏ်ပညာကြောင့်ပင် ဖြစ်လေသည်။

"တွေ့ရတာဝမ်းသာပါတယ်"

ဆန်းလျန်သည် ပထမဆုံးစကားကို စတင်ပြောကြားလိုက်လေသည်။

ကွမ်းလုန်ကျီသည် လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ်ခန့်က ထျန်းယီအကြီးအကဲနှင့်တွေ့ခွင့်ရခဲ့သည့်အချိန်ကို ပြန်လည် သတိရနေမိလေသည်။

သူကပြုံးလိုက်ရင်း…

“တွေ့ရတာ ဝမ်းသာပါတယ်ကွယ်…”

“ကျွန်တော့်နာမည်က ဆန်းလျန်ပါ၊ ဆန်းဆိုတဲ့စာလုံးက စွေ (ရေ) ဆိုတဲ့စာလုံးနဲ့ပေါင်းတယ်၊ လျန်ဆိုတဲ့စာလုံးက ဟော် (မီး) ဆိုတဲ့ စာလုံးနဲ့ပေါင်းတယ်”

ဆန်းလျန်က သိမ်မွေ့စွာဖြင့်ပင် သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

“ကျုပ်က ကွမ်းလုန်ကျီပါ၊ အရင်ကလည်း ကျုပ်အကြောင်းကြားဖူးမယ်ထင်ပါတယ်၊ ကျုပ်က ဒီတော်ဝင်ကျောင်းတော်

မှာ ရောက်နေတာ နည်းနည်းတော့ကြာပါပြီ ၊ မင်း ဒီမှာနေတုန်း ကျုပ်တို့တွေ အသိပညာတွေ ဖလှယ်ကြတာပေါ့ကွယ်”

ကွမ်းလုန်ကျီသည် ဖြောင့်မတ်စွာဖြင့် ရပ်နေပြီး အသိဉာဏ်မြင့်မားပြီး ကိုယ်ကျင့်တရားကောင်းမွန်သည့် ပညာရှိတစ်ပါး၏ ဟန်ပန်အပြည့်ရှိလေသည်။

ဆန်းလျန်က ပြုံးရင်း ခေါင်းညိတ်ပြလိုက်လေသည်။ ထိုသူ၏ ပညာရှိမှုများကိုတွေ့မြင်ရပြီး ဆန်းလျန်သည် အသိအမှတ်ပြုမိလေသည်။

ထို့နောက်တွင်တော့ ကွမ်းလုန်ကျီက အထဲသို့ကြွပါဆိုသည့် သဘောဖြင့် လက်တစ်ဖက်ဝှေ့ယမ်းပြလိုက်သည်။

“ဆန်းသခင်လေး ကြွပါ…”

ဆန်းလျန်ကလည်း ကွမ်းလုန်ကျီ၏စကားအတိုင်း အရှေ့သို့ လမ်းလျှောက်သွားလိုက်လေသည်။ ကျားနက်ကြီးကတော့

ဆန်းလျန်နောက်မှ လိုက်ပါလာပြီး ကွမ်းလုန်ကျိကတော့ ဆန်းလျန်၏ဘေးမှ လိုက်ပါလာလေသည်။

ကွမ်းလုန်ကျိသည် ဆန်းလျန်၏ခြေလှမ်းတိုင်းကို သတိထားကာ အကဲခတ်နေလေသည်။

ဆန်းလျန်၏ခြေလှမ်းများသည် အနည်းငယ် ရှုတ်ထွေးနေသယောင် ထင်ရလေသည်။ သို့သော် နက္ခတ်ဗေဒပညာကို နှစ်ပေါင်းများစွာလေ့လာခဲ့သည့် ကွမ်းလုန်ကျိကတော့ ဆန်းလျန်သည် ကြယ်များသွားသည့်လမ်းကြောင်းအတိုင်း ခြေလှမ်းများကို ကျွမ်းကျင်စွာလှမ်းနေခြင်းဖြစ်ကြောင်း ချက်ချင်းသိရှိလိုက်လေသည်။

သူလှမ်းလိုက်သောခြေလှမ်းတိုင်းသည် ကြယ်များကြားမှ အချင်းဆွဲငင်သည့် ဆွဲဆောင်မှုတစ်ခုအလား ထင်မှတ်ရလေသည်။ အလွန်သဘာဝကျပြီးထာဝရမပျက်စီးနိုင်ပါ။ ထို့ပြင် ဆန်းလျန်၏ ခြေလှမ်းတိုင်းတွင် တာအိုအနှစ်သာရများကို

တွေ့မြင်ရလေသည်။ လူတစ်ယောက်သည် ထိုသို့ ပြုလုပ်ရန်မှာ မလွယ်ကူလှပေ။

ဆန်းလျန်သည် ဦးခေါင်းမှ ခြေဖျားအထိ အလွန်ထူးခြားသူတစ်ယောက်ဖြစ်လေသည်။ လမ်းလျှောက်နေသည့်တိုင် ဖုံမှုန့်များသည် သူ့ကို ကပ်ငြိခြင်းမရှိပေ။ ဖုံမှုန့်များသည့် သူ့ကိုရှောင်ကွင်းသွားကြလေသည်။ သူသည် ရွှံ့နွံထဲမှ သန့်စင်စွာဖြင့်ပွင့်လန်းလာသည့် ကြာပန်းလေးတစ်ပွင့်အလားပင်။

ကျောင်းတော်အတွင်းသို့ဝင်လိုက်သည်နှင့် ဆန်းလျန်၏မျက်နှာတွင် အံ့သြသည့်အမူအရာတစ်ခု ပေါ်လာလေသည်။ ကျောင်းတော်ဝန်းအတွင်းတွင် ကောင်းကင်တစ်ခုလုံးကို ကြည်ကြည်လင်လင်တွေ့မြင်နေရပြီး တော်ဝင် ကျောင်းတော်ကြီးသည် လောကအသစ်တစ်ခုအလား အံ့သြမင်သက်စရာနေရာတစ်ခုဖြစ်လေသည်။ ပြင်ပကမ္ဘာနှင့်လုံးဝမတူဘဲ ကွဲပြားခြားနားလွန်းလှလေသည်။

ဆန်းလျန်သည် အရင်ဘဝတုန်းက ချင်းရွှမ်နတ်တံခါးရှိ ကျီဖူ တောင်ထိပ်တွင် နတ်ဘုရားအဘိုးအိုက သူ့ကို ပိတ်လှောင် ထားခဲ့သည့် ဆရာဘွားဘွားလီချင်းဆွေဖန်တီးခဲ့ရာ မက်မွန်ပင် များရှိသည့်ဗလာနယ်ကို ပြန်ပြီး သတိရလိုက်မိလေသည်။

ဆန်းလျန်သည် လက်ရှိအခြေအနေတွင် ထိုသို့ ဗလာနယ်တစ်ခု ဖန်ဆင်းရန် မဖြစ်နိုင်သေးပေ။

“ဒီကျောင်းတော်ရဲ့ထူးခြားမှုကို ဆန်းသခင်လေး ရိပ်မိတယ် မဟုတ်လား”

ကွမ်းလုန်ကျီက ပြောလိုက်လေသည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

“ဒီနေရာက လောကတစ်ခုပဲ ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီ နေရာမှာဆိုရင် ခင်ဗျားက ကျုပ်ထက် အင်အားပိုကြီးနေမှာပဲ ၊ ဘာလို့လဲဆိုတော့ ဒီလောကက ခင်ဗျားရဲ့ထိန်းချုပ်မှုအောက် မှာ ရှိနေလို့ပဲ”

“မင်းပြောတာ မှန်ပါတယ် ၊ ဒါပေမယ့် ဒီအချက်ကိုအသုံးပြုပြီး တော့ ကျုပ်က မင်းကို တိုက်ခိုက်မှာ မဟုတ်ပါဘူး”

ကွမ်းလုန်ကျီက ပြောလိုက်လေသည်။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း…

“ခင်ဗျားက အသိဉာဏ်ပညာအားလုံးကို ပိုင်ဆိုင်ထားတာ တောင်မှာ အသေးစိတ်ကို သိပ်ဂရုစိုက်တယ်နော် ၊ ခင်ဗျားဟာ တာအိုကျင့်စဉ်လမ်းကို လျှောက်သင့်တဲ့လူတစ်ယောက်ပါပဲ”

တာအိုကိုရရှိရန်မှာလွယ်ကူသလောက် တာအိုကို ထိမ်းသိမ်းထားရန်မှာ ခက်ခဲလေသည်။ ဆန်းလျန်က ကွမ်းလုန်ကျီသည် တာအိုကျင့်စဉ်လမ်းကို လျှောက်သင့်သည်ဟု ခန့်မှန်းလိုက်ခြင်းမှာ တာအိုကို ထိမ်းသိမ်းနိုင်မည့် စိတ်ထားရှိသူတစ်ယောက် ဖြစ်သောကြောင့် ဖြစ်လေသည်။ သူက စွမ်းအားရှိသည့်တိုင် သူတစ်ပါးကို အနိုင်ယူရန် အတွက်စွမ်းအားကို အသုံးပြုလိုစိတ်ရှိသူတစ်ယောက် မဟုတ်ပေ။

ဆန်းလျန်စကားကြောင့် ကွမ်းလုန်ကျီက ရယ်မောလိုက်ရင်း…

"ဒါက ကျုပ်အကျင့်ပါပဲ ၊ ဒီကျောင်းရဲ့မူလအစကို ကျုပ်ပြော

ပြပါ့မယ် ၊ တကယ်တော့ ဒီကျောင်းက အခု မင်းတို့ကျုပ်တို့

ရောက်နေတဲ့လောကနဲ့မဆိုင်တဲ့ လောကတစ်ခုရဲ့ တစ်စိတ်

တစ်ပိုင်းပါပဲ"

ဆန်းလျန်က လမ်းလျှောက်ခြင်းကို ရပ်တန့်လိုက်သည့်အတွက်

ကွမ်းလုန်ကျီကလည်း ရပ်တန့်လိုက်လေသည်။

ဆန်းလျန်က ကွမ်းလုန်ကျီကို လှည့်ကြည့်လိုက်ပြီး…

"ဘယ်လောကရဲ့ အစိတ်အပိုင်းလဲ"

"မိုးနတ်မင်းနှစ်ပါးအကြောင်းကို ကြားဖူးတယ်မဟုတ်လား"

ကွမ်းလုန်ကျီက ပြောလိုက်လေသည်။

"ကြားဖူးပါတယ် ၊ မိုကောင်းကင်ခုံရုံးလို့ခေါ်တဲ့ကောင်းကင်ဘုံ

နန်းတော်မှာ မျိုးဆက်နှစ်ဆက်ရှိခဲ့တယ် ၊ ပထမမျိုးဆက်ကို

တော့ ပထမမျိုးဆက်ရဲ့မိုးနတ်မင်းကိုယ်တိုင်တည်ထောင်ခဲ့

တာ ၊ မိုးနတ်မင်း ထွက်ခွာသွားတဲ့အချိန်မှာ ဒုတိယမျိုးဆက်က မိုးကောင်းကင်ခုံရုံးကို ပြန်လည်တည်ထောင်ခဲ့တယ် ၊ ဒုတိယ မိုးနတ်မင်းပေါ့ ၊ သူက တိုက်ပွဲအတွင်းမှာပျောက်ကွယ်သွားခဲ့ ပြီး မိုးကောင်းကင်ခုံရုံးရဲ့ ဒုတိယမျိုးဆက်လည်း ပျောက်ကွယ် သွားခဲ့တယ်”

ဆန်းလျန်က ပြောလိုက်သည်။

ထိုအကြောင်းအရာများအားလုံးကို ဆရာဘွားဘွားဖြစ်သူ ကျို လင်နတ်သမီးက သူ့ကို မိုးကောင်းကင်ခုံရုံးတောင်ဘက်တံခါး တွင် သေသေချာချာရှင်းပြခဲ့ပြီးပြီ မဟုတ်ပါလား။

ကွမ်းလုန်ကျီက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း…

“မင်းပြောတာမှန်ပါတယ် ၊ ဒါပေမယ့် မင်းက ပထမမျိုးဆက် မိုးနတ်မင်းအကြောင်းကို သိပ်သိပုံမရဘူး ၊ ဒုတိယမျိုးဆက် မိုးနတ်မင်းအကြောင်းကို ပိုပြီးသိပုံရတယ်”

အခန်း (၄၈၂) စာသင်ကြားခြင်း

“အမှန်ပါပဲ ၊ ကျုပ်က မိုးကောင်းကင်ခုံရုံးနဲ့ပတ်သက်တဲ့ အတွေ့အကြုံရှိခဲ့ဖူးပါတယ် ၊ ဒါပေမယ့် ပထမမျိုးဆက်ရဲ့မိုး နတ်မင်းအကြောင်းကိုတော့ သိပ်မသိခဲ့ပါဘူး”

ဆန်းလျန်က ကြယ်များစုံလင်နေသည့် ကျောင်းတော်၏ကောင်းကင်ကို မော့ကြည့်ရင်း ပြောလိုက်လေသည်။

ထိုကြယ်များသည် တကယ့်ကြယ်စင်အစစ်များမဟုတ်ဘဲ ကြယ်များကို အစီအစဉ်တကျ ရေးဆွဲထားမှု တစ်ခုသာ ဖြစ်လေသည်။

ကွမ်းလုန်ကျီသည် ဆန်းလျန်၏ အသေးအဖွဲ့အပြုအမူလေး

များကိုပင် လေ့လာကြည့်နေမိလေသည်။

သူကပြုံးလိုက်ရင်း...

"ပထမမိုးနတ်မင်းရဲ့ခေတ်က တကယ့်ကို အင်အားကြီးမားတဲ့

ခေတ်တစ်ခေတ်ပဲ ၊ စာအုပ်တွေထဲမှာ သူ့အကြောင်းရေးသား

ထားတာ အရမ်းနည်းတယ် ၊ ဒါပေမယ့် ရေးသားထားသမျှမှာ

တော့ သူ့ကို ဘယ်လိုပြောကြသလဲဆိုရင် "သူကစကြာဝဠာ

အခြေခံစွမ်းအားတွေ မွေးရာပါပါရှိတဲ့သူပဲ" လို့ ကျမ်းတစ်အုပ်

မှာဆိုတယ် ၊ နောက်တစ်အုပ်မှာတော့ "သုံးလောကတစ်ခွင်မှာ

တန်ခိုးစွမ်းအား အမြင့်မားဆုံးသူ" လို့ဆိုတယ်"

"သုံးလောကတစ်ခွင်မှာ တန်ခိုးစွမ်းအား အမြင့်မားဆုံးသူ ...

ဟုတ်လား"

ဆန်းလျန်၏ ခန္ဓာကိုယ်မှာ အနည်းငယ်လှုပ်ရှားသွားလေသည်။

ကွမ်းလုန်ကျီက ခေါင်းညိတ်လိုက်ရင်း...

“အမှန်ပဲ ၊ ဒါပေမယ့် အခုပြောတဲ့ သုံးလောကတစ်ခွင်ဆိုတာ မိုးကောင်းကင် ၊ မြေကြီးနဲ့ လူသားတွေကို ဆိုလိုတာမဟုတ်ဘူး ၊ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ဆိုတဲ့ သုံးလောကတစ်ခွင်ကို ပြောတာပဲ ၊ သုံးလောကတစ်ခွင်နဲ့ ဒြပ်စင်စွမ်းအားငါးမျိုးမှာ သူက စွမ်းအားအကြီးဆုံးဖြစ်တဲ့အပြင် စကြာဝဠာကြီးတောင်မှ သူ့အတွက်တော့ ဘာမှ မပြောပလောက်တဲ့ သေးငယ်တဲ့ အရာလေးတစ်ခုပဲ”

ဘဝတစ်ခုတွင် တန်ခိုးစွမ်းအားမြင့်မားရန်ပင် မလွယ်ကူလေရာ “အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်” အချိန်တိုင်းတွင် တန်ခိုးစွမ်းအားမြင့်မားနေခြင်းမှာတော့ ကြောက်မက်ဖွယ်ရာ ကောင်းလှလေသည်။ ထိုသို့ တန်ခိုးစွမ်းအားကြီးမားမှု ကိုစကားလုံးဖြင့်ပင် ဖော်ပြနိုင်မည်မဟုတ်သလို စိတ်ကူးဖြင့်လည်း မှန်းဆနိုင်မည် မဟုတ်ပေ။ ပထမ မိုးနတ်မင်းသည် ဒဏ္ဍာရီကိုပင် ကျော်လွန်သည့် လူတစ်ယောက် ဖြစ်ပေလိမ့်မည်။

“ဒါပေမယ့် ကျုပ်ကြားဖူးတာတော့ တာအိုဆရာသခင်ကြီးနဲ့ ဗုဒ္ဓထက် တန်ခိုးစွမ်းအားမြင့်မားတဲ့သူ မရှိနိုင်ဘူးဆို ၊ အဲဒီ ပထမမျိုးဆက်မိုးနတ်မင်းက သူတို့တွေထက်တောင် တန်ခိုး စွမ်းအားမြင့်မားနေတာလား”

“အင်း… သေခြင်းရှင်ခြင်းတရားတွေက ထူးဆန်းတယ် ၊ မင်း ကိုအကဲခတ်ကြည့်ရတာ မင်းဟာ လောကကို ကျော်လွန်ပြီး သေခြင်းရှင်ခြင်းတရားတွေကနေ ကင်းလွတ်ခဲ့ပြီ မဟုတ်လား”

“အမှန်ပါပဲဗျာ…”

ဆန်းလျန်က အသံတိုးတိုးဖြင့် ပြန်ဖြေလိုက်လေသည်။

“ဒါဆို မင်းက အချိန်ဆိုတဲ့ မြစ်ရေယဉ်မှာ နက်ရှိုင်းတဲ့အမှတ် သားသင်္ကေတ တစ်ခုကို ပြုလုပ်ပြီးခဲ့ပြီးပြီပေါ့ ၊ မင်းလို အဆင့်ကိုရောက်တဲ့အထိ ကျင့်ကြံနိုင်ဖို့ဆိုတာ မလွယ်ကူလှပါ ဘူး”

ကွမ်းလုန်ကျီက တအံ့တသြဖြင့် ပြန်ပြောလိုက်လေသည်။

ကွမ်းလုန်ကျိုက အတန်ကြာတိတ်ဆိတ်နေပြီးမှ စကားဆက်ပြောလိုက်သည်။

“အင်း... ပွင့်ပွင့်လင်းလင်းပြောရတာတော့ တောင်းပန်ပါတယ်၊ မင်းက သေခြင်းရှင်ခြင်းတရားတွေက ကင်းလွတ်ပြီး လောကကိုကျော်လွန်ခဲ့ပေမယ့် အဲဒီအဆင့်မှာ အဆုံးမသတ်နိုင်ခဲ့သေးဘူးမဟုတ်လား၊ မင်းကျော်လွှားရမယ့် အစစ်ဆေးခံရမှုတွေ ရှိနေသေးတယ် မဟုတ်လား၊ အဲဒါတွေက မင်းကိုချည်နှောင်နေသေးတယ်”

“အမှန်ပါပဲ၊ ကျုပ် နတ်ဘုရားတစ်ပါးဖြစ်လာခဲ့ပေမယ့် အတားအဆီးတွေကလည်း ရှိနေတုန်းပါပဲ၊ လောကကိုကျော်လွန်တယ်ဆိုပေမယ့် တကယ်တမ်းသေခြင်းရှင်ခြင်းတရား အစစ်အမှန်ကနေ မလွတ်မြောက်နိုင်သေးဘူးလေ”

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

“အတားအဆီးတွေအားလုံးကိုကျော်ဖြတ်ပြီး သေခြင်းရှင်ခြင်းတရား အစစ်အမှန်ကနေ လွတ်မြောက်ချင်တယ်ဆိုရင်တော့ သုံးလောကတစ်ခွင်နဲ့ ဒြပ်စင်စွမ်းအားငါးမျိုးကနေ လွတ်မြောက်နိုင်မှပဲ ဖြစ်နိုင်မယ်၊ ဒါဆို အချိန်နဲ့နေရာကို ကျော်လွန်သွားနိုင်ပြီ၊ အဲဒီအဆင့်ကို လောကကိုကျော်လွန်တယ်ဆိုတာထက် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကိုကျော်လွန်တယ်လို့ ဆိုလို့ရတယ်၊ အဲဒါဟာ တာအိုဆရာသခင်ကြီးနဲ့ ဗုဒ္ဓတို့ ရောက်ရှိသွားတဲ့ နောက်ဆုံးပန်းတိုင်ပဲ၊ ဒါကြောင့် ပထမမျိုးဆက်မိုးနတ်မင်းဟာ တာအိုဆရာသခင်ကြီးနဲ့ ဗုဒ္ဓလောက်တော့ တန်ခိုးစွမ်းအားမြင့်မားခြင်းမရှိဘူး၊ အပြန်အလှန်အားဖြင့် တာအိုဆရာသခင်ကြီးနဲ့ ဗုဒ္ဓကလည်း ပထမမျိုးဆက်မိုးနတ်မင်းကို ကျော်လွန်နိုင် ခြင်းမရှိပါဘူး”

ကွမ်းလုန်ကျီက ပြောလိုက်လေသည်။

ကွမ်းလုန်ကျီ၏ဆိုလိုရင်းကို ဆန်းလျန်နားလည်ပါသည်။ အမှတ်တစ်ရာအပြည့်ပေးသည့်စာမေးပွဲတစ်ခုတွင် တာအို ဆရာသခင်ကြီးနှင့် ဗုဒ္ဓက အမှတ်တစ်ရာရခဲ့သည်ဆိုလျှင် ပထမမျိုးဆက်မိုးနတ်မင်းကလည်း အမှတ်တစ်ရာရခဲ့သည်ဆို သည့်သဘောပင် ဖြစ်လေသည်။

"အခု နားလည်ပါပြီ ၊ ဒါပေမယ့် အဲဒီပထမမိုးနတ်မင်းက ဘာ လို့ပျောက်ကွယ်သွားရတာလဲ"

"ပထမမိုးနတ်မင်းဟာ တန်ခိုးစွမ်းအားမြင့်မားတယ်ဆိုပေမယ့် ရန်သူတွေလည်း ရှိသေးတာပဲလေ ၊ သူ့ရဲ့ရန်သူတွေက ဘယ် သူတွေလဲ သိလား ၊ အခုလက်ရှိ တာ့ရှားပြည်ကေရာဇ်နဲ့ တော်ဝင်မိသားစုဆယ့်နှစ်ခုရဲ့ ဘိုးဘေးတွေပါပဲ ၊ သူတို့တွေ နှစ်ပေါင်းသောင်းနဲ့ချီပြီးတိုက်ခိုက်ကြတယ် ၊ အဲဒီ တိုက်ပွဲတွေ ကြောင့် စကြာဝဠာကြီးတစ်ခုလုံး လှိုင်းတွေထကုန်တယ် ၊ ဒီ အကြောင်းတွေကို စာအုပ်ထဲမှာ ဖတ်ရှုရတာတောင်မှ အရမ်း

စိတ်လှုပ်ရှားစရာကောင်းတယ် ၊ တာ့ရှားဧကရာဇ်နဲ့တော်ဝင်မိသားစုဆယ့်နှစ်ခုရဲ့ဘိုးဘေးတွေဟာ ပထမမိုးနတ်မင်းကို စစ်ရှုံးခဲ့တဲ့ အတွက် ပြန်လမ်းမရှိတော့ဘူးလေ ၊ ဒါကြောင့် ဒီနေရာမှာ လောကတစ်ခုကို ဖန်ဆင်းခဲ့ကြတာပဲ ၊ ဒီနေရာကို ဘာလို့ ထင်သလဲ ဆန်းသခင်လေး ၊ ဒီနေရာဟာ အသူရာချောက်ပါပဲ”

ကွမ်းလုန်ကျိဳက ရှင်းပြလိုက်လေသည်။

ဆန်းလျန်မှာ အနည်းငယ် ရှုတ်ထွေးသွားလေသည်။ သူရောက်ရှိနေသည့်နေရာက “အသူရာချောက်” တဲ့လား။

ထိုသို့ဆိုလျှင် အသူရာချောက်၏တည်ရှိမှုသည် သူထင်ထားသည်ထက်ပင် စွမ်းအားမြင့်မားနေပြီး ကျယ်ပြန့်လွန်းနေသေးသည်။ ဆန်းလျန်ထိုက်ယီထျန်းရှန်းအဆင့် တက်လှမ်းနိုင်မည်ဆိုလျှင်ပင်ယခုကဲ့သို့ ကြီးမားသည့်လောကကြီးတစ်ခုကို ဖန်ဆင်းနိုင်မည် မဟုတ်ပေ။

အသူရာချောက်ကို ဖန်ဆင်းခဲ့ကြသူများသည် တန်ခိုးစွမ်းအား မည်မျှ မြင့်မားလွန်းသည်ကို ပြောဖွယ်ရာ မရှိတော့ပါ။

"ဒါပေမယ့် ကျုပ်အရင်က သိခဲ့တဲ့ အသူရာချောက်ဆိုတာရယ် ၊ စာအုပ်တွေထဲမှာ ဖတ်ခဲ့ရတဲ့ အသူရာချောက်ဆိုတာရယ်က ဒီနေရာနဲ့ သိပ်မတူဘူး ၊ နည်းနည်းလွဲနေသလိုပဲ ၊ မှတ်တမ်းတွေ မှားယွင်းနေတာလား၊ဒါမှမဟုတ်ပြောင်းလဲမှုတစ်ခုခုကြုံခဲ့ရတာလား"

ဆန်းလျန်က မေးလိုက်လေသည်။

"အသူရာချောက်ကိုးထပ်ဆိုတာ သံသရာလည်ခြင်းရဲ့ အလယ်ဗဟိုမှာရှိတယ်လို့ မင်းက သိခဲ့ပုံရတယ်"

ကွမ်းလုန်ကျီက ဆန်းလျန်ကို တအံ့တကြဖြင့် ကြည့်ရင် ပြောလိုက်လေသည်။

"ကျုပ်ကြားဖူးခဲ့တာပါ"

ဆန်းလျန်က ပြုံးပြီးပြန်ပြောလိုက်လေသည်။

"အဲဒီအကြောင်းကို လူအတော်များများ မသိခဲ့ကြဘူး ၊ ကျုပ်တောင်မှ နည်းနည်းလေးပဲသိတာ ၊ အမှန်တော့ အစပိုင်းတုန်းက အသူရာချောက်မှာ ဘယ်သက်ရှိသတ္တဝါမှ မရှိပါဘူး ၊ ဒီမှာဝိညာဉ်တွေပဲရှိတာ ၊ သွေးနီရောင်ပင်လယ်ကိုရောက်လာခဲ့တဲ့ တိကျန်ဗောဓိကသကျကသာ တန်ခိုးစွမ်းအားမြင့်ဆုံးပါပဲ ၊ ပြီးတော့ ငရဲမင်းဆယ်ပါးပေါ့ ၊ အဲဒီခေတ်အကြောင်းတွေ ပြန်စဉ်းစားမယ်ဆိုရင်တော့ စိတ်လှုပ်ရှားစရာပါပဲ"

"အဲဒီသူတွေက အခုအချိန်မှာ ဘယ်ရောက်သွားလဲ"

ဆန်းလျန်က မေးလိုက်လေသည်။

"အဲ့ဒီအကြောင်းတွေကိုတော့ ကျုပ်သိပ်ပြီးမသိဘူး ၊ ဒါပေမဲ့ အဲဒီလူတွေပျောက်ကွယ်သွားတာဟာ ဒုတိယမျိုးဆက်မိုးနတ်မင်းခေတ်မှာဖြစ်ပွားတဲ့ မငြိမ်မသက်ဖြစ်မှုတွေနဲ့ ပတ်သက်နေမယ်ထင်တယ် ၊ တာအိုဆရာသခင်ကြီးက မိုးကောင်းကင်ကို ဖန်ဆင်းတယ် ၊ ဗုဒ္ဓက အနောက်ဘက်နိဗ္ဗာန်ဘုံကိုဖန်ဆင်းတယ်

၊ ပြီးတော့ လူသားကမ္ဘာနဲ့ အသူရာချောက်ဖြစ်တည်လာတယ် ၊ ပထမမိုးနတ်မင်းနဲ့ တာ့ရှားကေရာဇ်နဲ့တော်ဝင်မိသားစုဆယ့်နှစ်ခုတို့ရဲ့ ဘိုးဘေးတွေနဲ့ ဖြစ်ပွားခဲ့တဲ့တိုက်ပွဲက စကြာဝဠာထဲမှာ ပျက်စီးမှုတွေအများကြီးကို ဖြစ်စေခဲ့တယ်”

ကွမ်းလုန်ကျီက သက်ပြင်းတစ်ချက်ချရင်း စကားဆက်ပြောလိုက်သည်။

“အဲဒီတိုက်ပွဲကြောင့် ပျက်စီးသွားတဲ့ ဘယ်ကမ္ဘာမှန်းမသိတဲ့ အစိတ်အပိုင်းအချို့ဟာ အသူရာချောက်ထဲကိုကျလာခဲ့ တယ် ၊ နှစ်တွေကြာလာတော့ ဒီနေရာဟာ တော်ဝင်ကျောင်းတော်ဖြစ်လာပြီး ဆရာသခင်အဆက်ဆက်က ဆက်ခံခဲ့ပေမယ့် ဒီနေရာရဲ့မူလအစကိုတော့ဘယ်သူမှ မှန်ကန်အောင် မခန့်မှန်းနိုင်ခဲ့ကြဘူး”

“ကျုပ်နားလည်ပြီ ၊ ဒါကြောင့် ဒီနေရာဟာ ဒြပ်စင်စွမ်းအားငါးပါးနဲ့ ဖန်ဆင်းထားတဲ့ သီးခြားလောကတစ်ခုလို ဖြစ်နေတာပေါ့

၊ တကယ်တော့ ဒီကျောင်းတော်ဟာ တစ်ချိန်တုန်းက ဖြစ်နိုင်ပါ

တယ် ၊ ပြီးတော့ အစိတ်အပိုင်းတစ်ခုသာဆိုပေမယ့် အရမ်း

တည်ငြိမ်လွန်းတယ် ၊ ဒီနေရာက တကယ့်ကိုရှားပါးပြီး

အသိညာဏ်ပညာတွေ ဖြန့်ဝေပေးလို့ကောင်းတဲ့ နေရာတစ်

နေရာပါပဲ”

“အမှန်ပဲ ဒီကျောင်းတော်က အသိညာဏ်ပညာတွေ ဖြန့်ဝေပေး

လို့ကောင်းတဲ့ နေရာတစ်ခုပါပဲ ၊ ကံမကောင်းတာက တာ့ရှား

ဧကရာဇ်က အသိညာဏ်ပညာကို စိတ်မဝင်စားဘူးလေ ၊ သူက

အာဏာကိုသဘောကျပြီး ပြဿနာပဲ ရှာချင်နေတာ ၊ ဒီ

ကျောင်းတော်ကို တန်ဖိုးထားတဲ့တစ်ယောက်တည်းသောသူက

ယင်းစန်းဒေသရဲ့အကြီးအကဲ ထျန်းယီပါပဲ”

ကွမ်းလုန်ကျီသည် စိတ်မကောင်းသည့်အလား လေသံတိုးတိုး

ဖြင့်ပြောလိုက်လေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

“စကားတွေအများကြီးပြောလာတာ ၊ လာရင်းကိစ္စမပြောရသေးဘူး ၊ ကျွန်တော်က ဒီနေရာမှာ ခဏလောက်နေချင် လို့ရောက်လာရတာပါ”

“တော်ဝင်ကျောင်းတော်ကလည်း မင်းရောက်လာတာကို ကြိုဆိုပါတယ် ၊ ပြီးတော့ ကျုပ်လည်း မင်းကို အကူအညီတောင်းစရာလေးတွေရှိသေးတယ် ၊ တာ့ရှားဧကရာဇ်က ကျုပ်ကို ဒီနေရာကို ပို့လိုက်ကတည်းက ကျုပ်က လေ့လာမှုတွေ အများကြီးလုပ်ခဲ့တယ် ၊ အများကြီးလေ့လာခဲ့ပေမယ့် နည်းနည်းပဲသိခဲ့ရပါသေးတယ် ၊ ဒါပေမယ့် ကျုပ်သိသလောက်ကို တိချိုးမြို့တော်က လူငယ်တွေကို သင်ကြားပေးချင်တယ် ၊ ဒီတော့အဲဒီလိုစာသင်ပြပေးမှုမှာ မင်းနည်းနည်းလောက် ကူညီပါလား ၊ မင်းလည်း ဒီကျောင်းတော်က စာအုပ်တွေ လေ့လာပြီးသားဖြစ်သွားတာပေါ့”

ကွမ်းလုန်ကျီက ပြောလိုက်လေသည်။

“ခင်ဗျားက ဘယ်လိုတပည့်မျိုးတွေကို စာသင်ပေးချင်တာလဲ”

“အဆင့်အတန်းမခွဲခြားဘဲ ပညာကိုလိုလားသူ ဘယ်သူမဆိုပေါ့ဗျာ…”

ကွမ်းလုန်ကျီက ဆန်းလျန်၏အမေးကို ပြန်ဖြေလိုက်လေသည်။

အခန်း (၄၈၃) တပည့်များခေါ်ယူခြင်း

"ဒါဆို ခင်ဗျားက အဆင့်အတန်းမခွဲခြားဘဲ ဘယ်သူ့ကိုမဆို ပညာသင်ပေးမယ်ပေါ့"

ဆန်းလျန်က ပြောလိုက်သည်။

"ဒါပေါ့ဗျာ..."

ကွမ်းလုန်ကျီက တည်ကြည်သည့်မျက်နှာထားဖြင့် ပြန်ပြော

လိုက်လေသည်။

ဆန်းလျန်က သူ့ကိုကြည့်ရင်းသက်ပြင်းတစ်ချက်ချလိုက်

သည်။

"ခွဲခြားဆက်ဆံမှုမရှိဘဲ ပညာသင်ပေးတယ်ဆိုတာ လုံးဝတရား

မျှတတယ်လို့ မဆိုသာပေမယ့် မျှတပါတယ်လေ ၊ အဲဒီကရ

လာမယ့်အကျိုးဆက်ကိုရော ခင်ဗျားတွက်ကြည့်ပြီးပြီလား"

ကွမ်းလုန်ကျီက တစ်ခဏတာမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ

စကားပြန်ပြောလိုက်သည်။

"ကျုပ်မဟုတ်ဘဲ တခြားတစ်ယောက်ဆိုရင်လည်း ကျုပ်လိုပဲ

ဆုံးဖြတ်မှာပါပဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဖြင့်လည်း ကောင်းတာပေါ့ဗျာ"

ကွမ်းလုန်ကျီ၏ တပည့်များခေါ်ယူကာ ပညာသင်ကြားပေးမှုသည် တာ့ရှားပြည်၏တင်းကြပ်သောမူဝါဒများကို ပထမဆုံးအကြိမ် ထိုးနှက်လိုက်ခြင်းပင် ဖြစ်လေသည်။ တော်ဝင်မျိုးနွယ်များ၏ တန်ခိုးအာဏာကို ပထမဆုံးအကြိမ် စိန်ခေါ်လိုက်ခြင်းလည်း ဖြစ်လေသည်။

ရှမ်ကျန်းကျောင်းတော်နှင့် အခြားသောဗုဒ္ဓဘာသာကျောင်းတော်များက ပညာသင်ကြားပေးကြသော်လည်း တာ့ရှားကေရာဇ်က သာမန်ပြည်သူများ၏ ပညာသင်ကြားမှုကို ပြင်းပြင်းထန်ထန် ထိန်းချုပ်ထားလေသည်။ ရှမ်ကျန်းကျောင်းတော်မှ ဆရာသခင်ခုနစ်ပါးပင်လျှင် တာ့ရှားကေရာဇ်ကို လွန်ဆန်ကာ အခြေအနေများကို ပြောင်းလဲနိုင်ခြင်း မရှိကြပေ။ တော်ဝင်ကျောင်းတော်သည် သီးခြားလောကတစ်ခုဖြစ်လေသည်။

တာ့ရှားကေရာဇစ်သည် တော်ဝင်ကျောင်းတော်မှာ သီးခြား လောကတစ်ခုဖြစ်ကြောင်းကိုလည်း သိထားလေသည်။ သို့ တိုင်အောင် တာ့ရှားကေရာဇ်နှင့် တော်ဝင်မိသားစုဆယ့်နှစ်ခု၏ ကျင့်ကြံခြင်းနည်းစနစ်များသည် ထိုနေရာနှင့် ဆက်စပ်နေခြင်း မရှိသည့်အတွက် သူတို့က ထိုနေရာကို ထိန်းချုပ်နိုင်စွမ်း မရှိကြပေ။

ထို့ကြောင့် နက္ခတ်ဗေဒပညာရှင် မင်းဆရာကြီး ကွမ်းလုန်ကျီက ထိုနေရာတွင် နေထိုင်ခြင်း ဖြစ်လေသည်။ ကွမ်းလုန်ကျီသည် ကျင့်ကြံခြင်းများကို ပြုလုပ်ခဲ့ခြင်း သိပ်မရှိသည့်တိုင် သူ၏နှလုံးသားသည် တာအိုဝါဒ ၊ ဗုဒ္ဓဘာသာတို့နှင့် နီးစပ်မှု ရှိလေသည်။

ဆန်းလျန်ကတော့ ဤသီးခြားလောက၏ ဖြစ်တည်ဖွဲ့စည်း ထားပုံအားလုံးကို အတိအကျနားလည်လေသည်။ ဗုဒ္ဓဘာသာ ဂိုဏ်းများတွင် “လက်ဖဝါးအင်ပါယာ” ဟု ခေါ်သည့် တန်ခိုး

စွမ်းအားတစ်ခု ရှိလေသည်။ ထိုတန်ခိုးစွမ်းအားကို ကျင့်ကြံနိုင်ရန်အတွက် ယခုတော်ဝင်ကျောင်းတော်ကဲ့သို့ သီးခြားလောကတစ်ခုတွင် ကျင့်ကြံရန် လိုအပ်လေသည်။

ဒဏ္ဍာရီများအရဆိုလျှင်တော့ ရှေးခေတ် ရန်တန်းဖူဗုဒ္ဓသည် သီးခြားကမ္ဘာနှစ်ဆယ့်လေးခုကို ကောင်းကင်ဘုံနန်းတော်များအဖြစ် ပြောင်းလဲပြခဲ့ပြီး မိုးနတ်မင်းကို တရားပြခဲ့ဖူးလေသည်။ မိုးနတ်မင်းသည် တန်ခိုးစွမ်းအားမြင့်မားလွန်းသည့်အတွက် စကြာဝဠာတစ်ခုလုံးမှ နတ်ဘုရားများကို စစ်ချီရန်ပြင်ဆင်ခဲ့သည့်အချိန်တွင် ရန်တန်းဖူဗုဒ္ဓက ထိုသို့ တရားပြခဲ့ခြင်း ဖြစ်လေသည်။

တာအိုဝါဒတွင်လည်း ထိုသို့သော တန်ခိုးစွမ်းအားတစ်ခု ရှိလေသည်။ “ဝိဇ္ဇာအင်္ကျီလက်” တန်ခိုးစွမ်းအားဟု ခေါ်လေသည်။ ထိုတန်ခိုးစွမ်းအားသည် အင်္ကျီလက်ထဲတွင် ပစ္စည်းများကို သိမ်းဆည်းထားခြင်းကို ဆိုလိုခြင်းမဟုတ်ပါ။ ထိုတန်ခိုး

စွမ်းအားမှာ ရန်အပေါင်းကို နှိမ်နင်းနိုင်သည့် မြင့်မားသည့် တန်ခိုးစွမ်းအားတစ်ခုဖြစ်လေသည်။ သို့သော် ချင်းရွှမ်နတ်တံခါးကဲ့သို့သော ကျင့်စဉ်များစွာရှိသည့် နတ်ဘုရားကျောင်းတော်ကြီးသည်ပင်လျှင် ထိုပညာကို အမွေဆက်ခံနိုင်ခြင်းမရှိခဲ့ပါ။

တော်ဝင်ကျောင်းတော်သည် ပညာရပ်ပေါင်းများစွာဖြင့် အလွန်တန်ဖိုးရှိသည့် ကျောင်းတော်ကြီးတစ်ခုဖြစ်သည့်တိုင် ဆန်းလျန်သည် ထိုပညာရပ်များအပေါ်တွင် လောဘတက်မိခြင်းမရှိခဲ့ပါ။ သို့သော် တော်ဝင်ကျောင်းတော်ကို အသုံးပြုကာ အနာဂတ်တစ်ချိန်ချိန်တွင် သူသည် ကမ္ဘာသစ်တစ်ခုကို ဖွင့်လှစ်ဖန်ဆင်းနိုင်သူတစ်ယောက်ဖြစ်လာမည်ဟု ဆန်းလျန်က သူ့ကိုယ်သူယုံကြည်ထားလေသည်။

တော်ဝင်ကျောင်းတော်မှာ ရှင်းလင်းနေသည့်အတွက် ဆန်းလျန်၏စိတ်ထဲတွင် တစ်မျိုးတမည် ခံစားနေရလေသည်။

ထို့ကြောင့်သူက ရှားတူးမြောင်းမှ ရေများကို သယ်ဆောင်ကာ ကျောင်းတော်ဝန်းအတွင်းတွင် စပျစ်နွယ်ပင်များ စတင်စိုက်ပျိုးတော့သည်။ စပျစ်နွယ်ပင်သာမက သစ်ပင်ကြီးမျိုးနွယ်များ၏ မျိုးစေ့များကိုလည်း ရှာဖွေကာ စိုက်ပျိုးလေသည်။ တစ်ညအတွင်းမှာပင် တော်ဝင်ကျောင်းတော်ကြီးသည် အစိမ်းရောင်နွယ်ပင်များ ၊ မြက်ပင်ငယ်များ ၊ သစ်ပင်ကြီးများဖြင့် ဝေဝေဆာဆာ စိမ်းလန်းစိုပြေသွားတော့သည်။

ထိုသို့ သစ်ပင်များကြီးထွားလာရန်မှာ အနည်းဆုံးတော့ ဆယ်နှစ် ၊ အနှစ်နှစ်ဆယ် ကြာမြင့်မည်ဖြစ်သော်လည်း ဆန်းလျန်ကတော့ တစ်ညတည်းဖြင့် ရှင်သန်ကြီးပြင်းစေခဲ့လေသည်။ ကွမ်းလုန်ကျီမှာ ဆန်းလျန်၏လုပ်ဆောင်မှုများအတွက် များစွာအံ့အားသင့်နေခဲ့ပြီး ဆန်းလျန်ကို ကူညီရန် ဆုံးဖြတ်လိုက်တော့သည်။

သူက ဆန်းလျန်ထံမှ အသိပညာများကို ရှာဖွေချင်ရုံသာမက ရှေ့ဖြစ်နိမိတ်နှင့်အတူမွေးဖွားလာသည့်လူငယ်ကို ပိုပြီး နားလည်ချင်မိသောကြောင့် ဖြစ်လေသည်။

တော်ဝင်ကျောင်းတော်တွင် ပညာသင်ကြားရန်အတွက် တပည့်များခေါ်ယူသည့်သတင်းသည် တာ့ရှားပြည်တွင် တောမီးပမာ ပျံ့နှံ့သွားခဲ့လေသည်။ တော်ဝင်မိသားစုများဖြစ်သည့် ယိုဟူ အိမ်တော် ၊ မင်အိမ်တော်နှင့် ရှင်းအိမ်တော်တို့က တပည့်ခေါ်ယူခြင်းကိစ္စကို လက်မခံခဲ့ကြပေ။ လူတစ်ယောက်သည် ကွမ်းလုန်ကျိုထံတွင် ပညာသင်ကြားပြီး နက္ခတ်ဗေဒပညာရှင်တစ်ယောက်ဖြစ်လာခဲ့လျှင်လည်း လောကတွင် အသုံးဝင်မည်မဟုတ်ဟု သူတို့က ယူဆလေသည်။ လူတစ်ယောက်သည် မည်မျှပင်တော်ပါစေ တာ့ရှားဧကရာဇ်၏နောက်လိုက်ခွေးအဆင့်မှ တိုးတက်နိုင်မည် မဟုတ်ပေ။

ထို့ပြင် တော်ဝင်မိသားစုဆယ့်နှစ်စု၏ တန်ခိုးစွမ်းအားများမှာ တာ့ရှားပြည်တွင် အမြစ်တွယ်နေပြီးသားဖြစ်လေသည်။ တာ့ရှားကေရာဇ်ကိုယ်တိုင်ပင်လျှင် သူတို့ကို လွယ်လွယ်နှင့် ဖယ်ရှားပစ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ကွမ်းလုန်ကျီက ပညာသင်ကြားရန် တပည့်ခေါ်ယူခြင်းသည် သူတို့အတွက်တော့ ညစာစားပွဲတွင် အပျော်အပျက် ပြောဆိုသည့် သတင်းအဆင့်ထက် မပိုခဲ့ပေ။

သို့သော်... တိချိုးမြို့တော်တွင် တော်ဝင်မိသားစုဆယ့်နှစ်ခုကဲ့သို့ ဂုဏ်သတင်းမထင်ရှားသည့် အခြားသော မင်းမျိုးမင်းနွယ်မိသားစုငယ်လေးများလည်း ရှိသေးသည်။ သူတို့သည် တော်ဝင်မိသားစုများကဲ့သို့ တန်ခိုးစွမ်းအား မြင့်မားကြခြင်းမရှိကြပေ။ ထို့ကြောင့်သူတို့သည် ပညာသင်ကြားရန်နှင့် ကျင့်စဉ်ကျင့်ကြံရန်အတွက် ရွှမ်ကျန်း ကျောင်းတော်နှင့် ဗုဒ္ဓဘာသာကျောင်းတော်တစ်ခုဖြစ်သည့် တာ့ကြွယ်ကျောင်း

တော်တို့ကို အားကိုးကြရလေသည်။ သို့သော် ထိုကျောင်းတော်များတွင် သွားရောက်ပညာသင်ယူရန်မှာလည်း တာ့ရှားကေရာဇ်၏ အမျက်ဒေါသကို ကြောက်ရွံ့နေကြရသေးသည်။ ယခု ကွမ်းလုန်ကျီက ပညာသင်ကြားပေးမည်ဆိုသောအခါ သူတို့အတွက် ပညာသင်ကြားရန် လမ်းစပြန်ပေါ်လာခဲ့လေသည်။ တာ့ရှားကေရာဇ်နှင့် တော်ဝင်မိသားစုဆယ့်နှစ်စုမှာ သူတို့၏မျိုးရိုးကြောင့်ပင်ကိုယ်ကပင် တန်ခိုးစွမ်းအား မြင့်မားပြီးသားဖြစ်လေသည်။ သို့သော် အခြားသူများအတွက်တော့ တန်ခိုးစွမ်းအားမြင့်မားရန်မှာ မလွယ်ကူလှပေ။ တန်ခိုးစွမ်းအားရရှိရန်အတွက် အပတ်တကုတ်ကြိုးစားရှာဖွေကြရလေသည်။ ကွမ်းလုန်ကျီသည် ကျင့်စဉ်လမ်းအဆင့်မြင့်မားခြင်းမရှိသည့်တိုင် ရှမ်ကျန်းကျောင်းတော်မှ နတ်ဘုရားတစ်ပါးသည် ကွမ်းလုန်ကျီနှင့်တွေ့ဆုံပြီးမှ လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်သွားခဲ့ခြင်း ဖြစ်လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ကွမ်းလုန်ကျီသည် “တာအို” ကို နားလည်သူတစ်ယောက် ဖြစ်လေသည်။

တိချိုးမြို့တော်မှ လူအများသည် ကွမ်းလုန်ကျီ၏ တပည့်ခေါ် ယူမှုကို စိတ်ဝင်စားနေကြသည့်အချိန်တွင် တိချိုးမြို့တော်တွင် နေထိုင်သည့် အခြားသောဒေသများမှ သံအမတ်များမှာလည်း ထိုသတင်းကြောင့် များစွာ စိတ်လှုပ်ရှားနေကြလေသည်။ သူ တို့သည် အဆင့်မြင့်နက္ခတ်ဗေဒပညာရှင် ကွမ်းလုန်ကျီ အကြောင်းကို အစကတည်းက ကြားဖူးပြီးသားဖြစ်လေသည်။ ကွမ်းလုန်ကျီထံမှ ဗဟုသုတ တစ်ဝက်ခန့်ကိုပင် ရဦးတော့ သံအမတ်များအနေဖြင့် သူတို့တိုင်းပြည်သို့ပြန်သွားကြသည့် အခါတွင် တိုင်းပြည်အတွက် များစွာ အကျိုးပြုနိုင်မည် ဖြစ် လေသည်။

ကွမ်းလုန်ကျီ တပည့်ခေါ်ယူသည့်သတင်းစကားသည် တာ့ရှား ဧကရာဇ်၏ ရွှေနားတော်သို့လည်း ရောက်ရှိသွားလေသည်။

တာ့ရှားဧကရာဇ်သည် ခေါင်းမာသူတစ်ယောက်ဖြစ်သည့်တိုင် ညာဏ်ရည်ထက်မြက်သူ တစ်ယောက်ဖြစ်လေသည်။ သူက ကွမ်းလုန်ကျီကို သဘောမကျသည့်တိုင် မင်းဆရာကြီးတစ်ပါး အနေဖြင့် လေးစားနေဆဲ ဖြစ်လေသည်။ ထို့ပြင် ကွမ်းလုန်ကျီ ထံမှ အရည်အချင်းပြည့်မီသည့် တစ်ပည့်တစ်ယောက်၊ နှစ် ယောက်ခန့် ထွက်ပေါ်လာဦးတော့... ထိုတပည့်များသည် သူ ကဲ့သို့သော တာ့ရှားဧကရာဇ်ကို မည်သို့ယှဉ်ပြိုင်နိုင်ပါမည် နည်း။

တာ့ရှားပြည်သည် အလွန်အမင်းအင်အားကြီးမားလာပြီး တာ့ဝူ တိုင်းပြည်ကိုပင် သိမ်းပိုက်နိုင်ခဲ့ပြီးသည့်နောက် တာ့ရှား ဧကရာဇ်စိတ်ဝင်စားသည့်အရာ သိပ်မရှိတော့ပေ။

တာ့ရှားဧကရာဇ်သည် ကွမ်းလုန်ကျီ တပည့်ခေါ်ယူသည့် သတင်းကို လာရောက်ပြောကြားသည့် စစ်သည်တော်ကိုပင် မထီမဲ့မြင်ပြုကာ အပြစ်ပေးလိုက်သေးသည်။

“ဒီလောက် သောက်ရေးမပါတဲ့သတင်းကို ငါကိုယ်တော်ဆီ ယူလာတဲ့ကောင် ဒီလိုအပြစ်မျိုးခံသင့်တယ်”

သို့သော် တာ့ရှားကေရာဇ်သည် တော်ဝင်ကျောင်းတော်တွင် လူငယ်လေးတစ်ယောက် ရောက်ရှိနေသည်ကိုတော့ သတိပြုမိခြင်း မရှိခဲ့ပေ။

တော်ဝင်ကျောင်းတော်တွင် စာသင်ခန်းနှစ်ခန်းရှိလေသည်။ ကွမ်းလုန်ကျီသင်ကြားပေးသည့်စာသင်ခန်းနှင့် ဆန်းလျန် သင်ကြားပေးသည့် စာသင်ခန်းများ ဖြစ်လေသည်။

ဆန်းလျန်က သူ၏စာသင်ခန်းသို့ရောက်လာသည့် တပည့်များကိုသာ ပညာသင်ကြားပေးမည်ဖြစ်ပြီး ကွမ်းလုန်ကျီကလည်း သူ၏စာသင်ခန်းသို့ရောက်လာသည့် တပည့်များကိုသာ သင်ကြားပေးမည် ဖြစ်လေသည်။ ထို့နောက် တပည့်များ အချင်းချင်း ယှဉ်ပြိုင်စေကာ အရည်အချင်းစစ်ဆေးမည် ဖြစ်လေသည်။ ထိုအကြံမှာ ဆန်းလျန်၏အကြံဖြစ်ပြီး ကွမ်းလုန်

ကျီကလည်း သဘောတူလေသည်။ အနည်းဆုံးတော့ ထိုသို့ ပြုလုပ်ရသည်မှာ ပျော်စရာကောင်းသည်မဟုတ်ပါလား။ တပည့်များ၏ အရည်အချင်းစစ်ပွဲကို သုံးလနေလျှင် ပြုလုပ်မည် ဖြစ်လေသည်။

သို့သော် ပြဿနာတစ်ခု ပေါ်လာပြန်လေသည်။ ကွမ်းလုန်ကျီမှာ လူသိများသည့် ပညာရှင်တစ်ယောက်ဖြစ်ပြီး အစကတည်းက နာမည်ကျော်ကြားသူတစ်ဦးဖြစ်လေသည်။ ဆန်းလျန်ကတော့ ဘာနာမည်မှမရှိသည့် လူငယ်လေးတစ်ယောက်သာ ဖြစ်လေသည်။ ကွမ်းလုန်ကျီက ဆန်းလျန်မှာ တော်ဝင်ကျောင်းတော်၏ ဒုတိယဆရာဖြစ်သည်ဟု မိတ်ဆက်ပေးသည့်အခါတွင် မည်သည်ကမှ သူ့ကို ယုံကြည်ခြင်း မရှိကြပေ။ လူအများက ဆန်းလျန်ကို ကွမ်းလုန်ကျီ၏ တပည့်တစ်ယောက်ဟုသာ ထင်မိကြလေသည်။ ထို့ကြောင့် တပည့်

များသည် ကွမ်းလုန်ကျီ၏အတန်းကိုသာ တက်ကြပြီး ဆန်းလျန်၏အတန်းကို လုံးဝမတက်ကြပေ။

တပည့်ရွေးခြယ်ပြီး သုံးရက်ခန့်အကြာတွင်တော့ ကွမ်းလုန်ကျီ၏စာသင်ခန်းတွင် တပည့်အယောက်တစ်ရာကျော်ကို လက်ခံထားရပြီဖြစ်သည့်တိုင် ဆန်းလျန်ထံတွင်တော့ ပညာသင်မည့်သူ တစ်ယောက်မှ မရှိကြပေ။

သို့သော်... တစ်နေ့တွင်တော့ နတ်မြင်းပျံကြီးကို စီးနှင်လာသည့် လူငယ်လေးတစ်ယောက်သည် ဆန်းလျန်၏ စာသင်ခန်းရှေ့သို့ရောက်လာခဲ့လေသည်။

ထို့နောက်တွင်တော့ အရာအားလုံးသည် သမိုင်းတွင်ကျန်ရစ်မည့် အစဦးပိုင်းကိစ္စများ ဖြစ်ပျက်ခဲ့လေတော့သည်။

အခန်း (၄၈၄) ကောင်းမြတ်သည့်သမီးပျို

ထိုလူငယ်လေးတွင် သေသပ်သည့်မျက်ခုံးမျက်လုံးများရှိပြီး သူ၏မျက်ဝန်းများက ရှားတူးမြောင်းမှ ရေထက်ပင် ကြည်လင်နေသေးသည်။ သူ၏မျက်နှာသွင်ပြင်မှာလည်း ကြည့်ကောင်းလွန်းလှသဖြင့် တော်ဝင်ပန်းပုပညာရှင်များ ပင်လျှင် သူ၏ချောမောလှပမှုကို ပန်းပုထုလုပ်နိုင်ကြမည် မဟုတ်ပေ။ သူ၏လက်များမှာလည်း နှင်းပွင့်ကဲ့သို့ ဖြူစင်နေပြီး လက်များထက်တွင်ပေါ်နေသည့် သွေးကြောအစိမ်းလေးများသည် နှင်းပွင့်ထက်မှ ကျောက်စိမ်းသားကဲ့သို့ပင် ဖြစ်လေသည်။ ထိုလူငယ်လေးမှာ ယောကျ်ားလေးယောင်ဆောင်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း တန်းသိနိုင်လေသည်။

နတ်မြင်းပျံကြီးက အတောင်တဖျတ်ဖျတ်ခတ်ကာ မြေပြင်ထက်သို့ ဆင်းသက်လာလေသည်။ နတ်မြင်းပျံထက်မှ ယောကျ်ားလေးယောင်ဆောင်ထားသည့် မိန်းကလေးငယ်က ဖြည်းငြင်းစွာ ဆင်းသက်လာလေသည်။

ထိုအချိန်မှာပင်...

ကွမ်းလုန်ကျိုး၏ စာသင်ခန်းအတွင်းမှ လူငယ်လေးတစ်ယောက်ထွက်လာပြီး မိန်းကလေးကို နှုတ်ဆက်လေသည်။

“လေ့မိန်းကလေး... အဲ... လေ့သခင်မလေး ၊ ဒီကိုလာပါ ၊ ဒါက ကွမ်းလုန်ကျိုးရဲ့စာသင်ခန်းပါ”

ထို့နောက် စာသင်ခန်းထဲမှ အခြားသောတပည့်များစွာ ထွက်လာကာ မိန်းကလေးကို ကြည့်ကြလေတော့သည်။

မိန်းကလေးက ပြုံးလိုက်ရင်း...

“နင်က ငါ့ကိုဘာလို့သိနေရတာလဲ”

“ကျွန်တော့်အမေရဲ့မျိုးရိုးက “ဖေး” ပါ ၊ ကျွန်တော်က အမေ့မျိုးရိုးနာမည်ကို ယူထားပါတယ် ၊ ကျွန်တော်က မြို့တော်ရဲ့တုန်းချန်အပိုင်းမှာနေတာပါ ၊ အမေနဲ့အတူ နန်းတော်မှာ ပွဲတွေတက်ရောက်တဲ့အခါ အဝေးကနေ လေ့သခင်မလေးကို တွေ့မြင်ဖူးပါတယ်”

“အာ… သိပြီ သိပြီ ၊ နင့်နာမည် ဖေးကျုန်းလေ ၊ ဟုတ်တယ်မလား”

မိန်းကလေးက သူ့ကိုမှတ်မိနေသည့်အတွက် လူငယ်လေးမှာ ပျော်ရွှင်သွားလေသည်။

“ကျွန်တော့်လိုနိမ့်ကျတဲ့လူတစ်ယောက်ရဲ့နာမည်ကို လေ့သခင်မလေး မှတ်မိနေလိမ့်မယ်လို့ ထင်မထားဘူး”

“နင့်အမေက တိချိုးမှာ ဒီလောက်နာမည်ကြီးတာ ၊ နင့်ကို မသိဘဲနေမလား”

လေ့သခင်မလေးက ဖေးကျုန်းကို စိုက်ကြည့်ရင်း ပြောလိုက်လေသည်။

လေ့သခင်မလေး၏စကားကြောင့် တပည့်များအားလုံးက ရယ်မောလိုက်ကြလေသည်။

ဖေးကျုန်း၏ အမေမှာ ဖေးယာဖြစ်လေသည်။ သူမသည် ယောကျ်ားတကာနှင့်ပျော်ပါးစပ်ယှက်နေသည့် မိန်းမပျက်တစ်ယောက်ဖြစ်ပြီး လက်ထပ်ထားခြင်းလည်း မရှိပေ။ ဖေးကျုန်းသည်ပင်လျှင် မည်သည့်ယောကျ်ားနှင့်ရသည့် ကလေးမှန်းမသိပေ။

ဖေးကျုန်းမှာ လှောင်ရယ်သံများကြောင့် ဒေါသထွက်သွားသော်လည်း ဟန်ဆောင်ပြီး ပြုံးနေဆဲ ဖြစ်လေသည်။

"တစ်နေ့တော့ ကျွန်တော့်အမေကို လေ့သခင်မလေးနဲ့ မိတ်ဆက်ပေးပါ့မယ် ၊ ပြီးတော့ ကျွန်တော့အဘိုးကလည်း သခင်မလေးအကြောင်းအမြဲတမ်းပြောနေတာလေ"

သူက နောက်သို့လှည့်မကြည့်သည့်တိုင် သူ့ကိုလှောင်ရယ်နေကြသည့် လူများအားလုံးကို မှတ်ထားလေသည်။

“အဲဒီလိုလုပ်ဖို့မလိုဘူး ၊ ငါက သူများအိမ်လျှောက်လည်ရတာ ဝါသနာမပါဘူး”

လေ့သခင်မလေးက ပြန်ပြောလိုက်လေသည်။

ထို့နောက်တွင်တော့ သူမသည် နတ်မြင်းပျံကြီး၏ နဖားကြိုးကို ဆွဲကာ ဆန်းလျန်၏ စာသင်ခန်းရှိရာသို့ ထွက်ခွာသွားလေသည်။

ဖေးအိမ်တော်သည် တော်ဝင်မိသားစုဆယ့်နှစ်ခုတွင် နောက်ဆုံးအဆင့်တွင် ရှိသည့်မျိုးနွယ်ဖြစ်လေသည်။ သူတို့က ယိုဟူမျိုးရိုးမှဆင်းသက်လာသည့် လေ့အိမ်တော်ကဲ့သို့ အဆင့်အတန်းမြင့်မားခြင်း မရှိပေ။ ထို့ပြင် လေ့သခင်မလေးမှာတာ့ရှားပြည်ကေရာဇ်၏ “တူမတော်” ဖြစ်သည့်အတွက် တော်ဝင်မင်းသမီးတစ်ပါးလည်းဖြစ်လေသည်။

သူမ၏အဆင့်အတန်းသည် ဖေးကျုန်းနှင့်ယှဉ်လျှင် မိုးနှင့်မြေ

လိုကွာခြားလေသည်။

ထို့ကြောင့် ဖေးကျုန်းသာ သူမနှင့် လက်ဆက်နိုင်ခဲ့လျှင်

အခြားသူများက ဖေးအိမ်တော်ကို အထင်သေးရဲတော့မည်

မဟုတ်ပေ။

လေ့သခင်မလေးက ကွမ်းလုန်ကျီ၏ကျောင်းတော်သို့

ရောက်လာလိမ့်မည်ဟု ဖေးကျုန်းက တွေးမထားခဲ့မိပေ။

အမှန်တော့ ဖေးကျုန်းသည် ညဏ်များတစ်ယောက်ဖြစ်ပြီး

သူ၏ဂုဏ်သိက္ခာတက်ရန်အတွက် ကွမ်းလုန်ကျီထံတွင် ပညာ

လာသင်ခြင်း ဖြစ်လေသည်။ ကွမ်းလုန်ကျီ၏ကျောင်းတော်

တွင် အခြားသောတော်ဝင်မိသားစုများမှ သားသမီးများကို

တွေ့ရခြင်းမရှိသည့်တိုင် ဖေးကျုန်းကတော့ ထိုကိစ္စကို ခေါင်း

ထဲမထည့်ပါ။ ထို့ပြင် ဖေးကျုန်းသည် မင်းမျိုးမင်းနွယ်သွေးပါ

သူဖြစ်သည့်အတွက် အခြားသောကျောင်းသားများအလယ်

တွင် ထင်ရှားသူတစ်ယောက်လည်း ဖြစ်လေသည်။

ယခုတော့ လေ့သခင်မလေးသည်လည်း ကွမ်းလုန်ကျီထံတွင်

လာရောက်ပညာသင်ကြားခဲ့ပြီ။ ဖေးကျုန်းသည် မဟာ

အခွင့်အရေးကြီးတစ်ခုကို ရလိုက်သလို ခံစားလိုက်ရလေ

သည်။ သို့သော်... လေ့သခင်မလေးက ဆန်းလျ

န်၏စာသင်ခန်းရှိရာသို့ ထွက်သွားသည့်အခါတွင်တော့ ဖေး

ကျုန်းအနည်းငယ် စိတ်ပျက်သွားရသည်။

ထို့ကြောင့် သူက လေ့သခင်မလေးကို တားဆီးလိုက်လေ

သည်။

"လေ့သခင်မလေး ၊ အဲဒီစာသင်ခန်းမှာသင်တဲ့ဆရာက ဘာ

နာမည်မရှိဘူး ၊ ပြီးတော့ ကွမ်းလုန်ကျီနဲ့ယှဉ်ရင် ဆီနဲ့ရေလိုပဲ ၊

ဘာလို့ အဲဒီဆရာဆီမှာ ပညာသွားသင်ရမှာလဲ"

မိန်းကလေးသည် ဖေးကျုန်းကို အေးစက်စွာဖြင့်စိုက်ကြည့်လိုက်လေသည်။ သူမ၏အကြည့်များမှာ တန်ခိုးစွမ်းအားများဖြင့်ပြည့်နေလေသည်။ ထိုစွမ်းအားများမှာ တာ့ရှားကေရာဇ်၏ရှားဟော်မျိုးဆက်နှင့် အရာရှိမင်းလေ့နော်၏ ယိုဟူမျိုးဆက်တို့ပေါင်းစပ်ထားသည့် သန့်စင်သည့်တော်ဝင်မျိုးနွယ် တန်ခိုးစွမ်းအားများပင် ဖြစ်တော့သည်။

ဖေးကျုန်းမှာလည်း တော်ဝင်မျိုးနွယ်တစ်ပါးဖြစ်သည့်တိုင်လေ့သခင်မလေးကဲ့သို့ သန့်စင်သည့်တော်ဝင်သွေးမဟုတ်ပေ။ ထို့ကြောင့် ဖေးကျုန်းမှာ ထိတ်လန့်သွားပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိလေသည်။

မိန်းကလေးသည် ဖေးကျုန်းကို အရေးမလုပ်တော့ဘဲ နတ်မြင်းပျံကြီးကို ဆွဲကာ ဆန်းလျန်၏ စာသင်ခန်းရှေ့သို့ ရောက်ရှိလာလေသည်။

ဆန်းလျှန်၏ စာသင်ခန်းရှေ့တွင် စာတမ်းတစ်ခုကပ်ထားလေသည်။

“အသိပညာအကျဉ်းချုပ်”

ထို့နောက် တံခါးတစ်ဖက်တစ်ချက်တွင် နှစ်ကြောင်းကဗျာတစ်ပုဒ် ချိတ်ဆွဲထားလေသည်။

“မိုးကောင်းကင်ကအနက်ရောင်… မြေပြင်ကတော့အဝါရောင် စကြာဝဠာကြီးဟာ မဟာတွင်းနက်ကြီးတစ်ခုလို နက်ရှိုင်းလွန်းတယ်”

ထိုကဗျာစာလုံးများထဲတွင် မိုးမြေစွမ်းအား၏နက်ရှိုင်းမှုများကို တွေ့မြင်နိုင်မည်ဖြစ်ပြီး စကြာဝဠာတစ်ခုလုံးထက်လည်း နက်ရှိုင်းသည့် စွမ်းအားများကို တွေ့မြင်ရမည် ဖြစ်လေသည်။

ထိုကဗျာကို စာသင်ခန်းတံခါးတွင်ကပ်ထားသည့် “အသိပညာအကျဉ်းချုပ်” ဆိုသည့် စာတန်းလေးနှင့် တွဲဖက်ကြည့်လိုက်

မည်ဆိုလျှင်တော့ ပညာ၏အနှစ်သာရကို ကျိန်းသေသိမြင်ရမည် ဖြစ်လေသည်။

ထိုနှစ်ကြောင်းကဗျာလေး၏ အဓိပ္ပါယ်နက်ရှိုင်းမှုကို ကွမ်းလုန်ကျိပြင်လျှင် မချီးကျူးဘဲ မနေနိုင်ခဲ့ပေ။

မိန်းကလေးက ကဗျာကိုဖတ်လိုက်သည့်တိုင် ကဗျာနောက်ကွယ်မှ အဓိပ္ပါယ်ကို နားလည်ခြင်းမရှိပေ။ သူမက "ကဗျာလေးက ဖတ်ကောင်းလိုက်တာ" ဟုသာ တွေးမိခဲ့လေသည်။

သူမသည် ဆန်းလျန်၏စာသင်ခန်းအတွင်းသို့ ဝင်သွားသည့်အခါတွင်တော့ ဖေးကျုန်းမှာ မကျေမနပ်ဖြစ်ကာ ကျန်ရစ်ခဲ့ရလေသည်။ ဖေးကျုန်းက သူမနောက်သို့ လိုက်ဝင်သွားရန်ခြေလှမ်းပြင်လိုက်သော်လည်း သူမဝင်သွားပြီးသည်နှင့်စာသင်ခန်းတံခါးသည် ချက်ချင်းပြန်ပိတ်သွားတော့သည်။

"ဖေးကျုန်း ၊ တော်လောက်ပြီ ၊ ကိုယ့်နေရာကိုယ် ပြန်လာထိုင်တော့"

ကွမ်းလုန်ကျီ၏အသံထွက်ပေါ်လာလေသည်။

ထိုအခါမှ ဖေးကျုန်းလည်း လက်လျှော့လိုက်တော့သည်။

တော်ဝင်မင်းသမီးတစ်ပါး၏အချစ်ကို ရယူရန် အကြံအစည်မှာ ကောင်းပါသည်။ သို့သော် လက်ရှိအချိန်တွင်တော့ ကွမ်းလုန်ကျီထံတွင် စာပေလေ့လာခြင်းက ပိုကောင်းမည် ဖြစ်လေသည်။

ဆန်းလျန်၏ ကျီဝေ့စာသင်ခန်းသည် ရှင်းလင်းနေလေသည်။

မိန်းကလေးသည် သူမ၏နတ်မြင်းပျံကြီးကို ဆွဲခေါ်ကာ စာသင်ခန်းအတွင်းသို့ ဝင်လာလေသည်။

သာယာသည့်ဗျပ်စောင်းဂီတသံတစ်သံ ပျံ့လွင့်နေလေသည်။

မိန်းကလေးသည် သူမရှေ့တွင် ဗျပ်စောင်းတီးခတ်နေသည့် လူငယ်လေးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ ထို

လူငယ်၏ လက်ချောင်းထိပ်လေးများသည် ကျိုးပေါင်းငါး ဆယ်ရှိသည့် ဗျပ်စောင်းပေါ်တွင် ပြေးလွှားနေပြီး သာယာသည့် သံစဉ်များ ထွက်ပေါ်နေလေသည်။

ဆန်းလျှန်သည် ဗျပ်စောင်းတီးနေရင်းမှပင် မိန်းကလေးကို မော့ကြည့်လိုက်လေသည်။ သူ၏အကြည့်က နက်ရှိုင်းလွန်းလှ သည်။

မိန်းကလေးသည် ဗျပ်စောင်းသံစဉ်ကို မျက်လုံးလေးများမှိတ် ကာ နားထောင်နေလေသည်။ သူမသည် ဂီတသံကို သိပ်နားမ လည်ပါ။ သို့သော် ရေစီးဆင်းသည့်အသံ ၊ ငှက်ကလေးများ ကျီကျီကျာကျာအော်မြည်သံ ၊ ပန်းပွင့်များနှင့် သစ်ပင်များမှ ထွက်ပေါ်နေသည့်အသံများကို နားထောင်နေရသကဲ့သို့ ခံစား နေရလေသည်။

သို့သော်.... သူမနားထောင်လို့မဝသေးခင်မှာပင် သံစဉ်က ရပ်တန့်သွားလေသည်။

မိန်းကလေးသည် မျက်လုံးဖွင့်ကြည့်လိုက်လေသည်။ သူမသည် ယခုထိတိုင်အိပ်မက်ကမ္ဘာထဲတွင် လွင့်မျောနေသည့်အလား ခံစားနေရဆဲ ဖြစ်လေသည်။

"ရှင်နဲ့ပြန်တွေ့လိမ့်မယ်လို့ ထင်မထားမိဘူး"

သူမက ပြောလိုက်လေသည်။

"တကယ်တော့ ကွမ်းလုန်ကျိုးဟာလည်း ကျုပ်လောက်နီးနီးပညာဗဟုသုတကြွယ်ဝတဲ့သူပါပဲ ၊ မင်းက သူ့ဆီမှာပဲပညာသင်ယူသင့်တာ ၊ မင်းလိုလူမျိုးတွေကို ပညာသင်ကြားပေးဖို့ သူကပိုပြီး သင့်တော်မှာပဲ"

ဆန်းလျန်က ပြောလိုက်သည်။

"အင်း... ကွမ်းလုန်ကျိုးက တကယ်တော်တဲ့သူပါ ၊ ဒါပေမယ့်သူက ရှင့်လိုတော့ ချစ်စရာမကောင်းဘူးလေ"

မိန်းကလေးက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်က ဗျပ်စောင်းကို လက်ဖြင့်တစ်ချက်ခတ်လိုက်ရင်း ပြုံးလိုက်လေသည်။

“ကျုပ်ဆီမှာ ပညာသင်ဖို့ အကြောင်းပြချက်က အဲဒီလိုတဲ့လား”

“ဘာလဲ ၊ ကျွန်မက ဘာမကောင်းတာရှိလို့လဲ ၊ နောက်သုံးလနေရင် ရှင့်တပည့်တွေနဲ့ ကွမ်းလုန်ကျီရဲ့တပည့်တွေ ပညာပြိုင်ကြမယ်လို့ကြားတယ် ၊ ရှင့်မှာ တပည့်တစ်ယောက်တောင် ခုချိန်ထိမရှိသေးတာ ၊ ကျွန်မကို တပည့်အဖြစ်လက်ခံလိုက်ရင် ရှင်မနစ်နာစေရဘူးလို့ အာမခံတယ်”

ဆန်းလျန်က ပြုံးရင်းခေါင်းညိတ်လိုက်လေသည်။

“ကြည့်ရတာ မင်းကို တပည့်အဖြစ်လက်မခံလို့ မရတော့လောက်အောင်ပါပဲ ၊ ကောင်းပြီလေ... ဒီတော့လည်း လက်ခံရတာပေါ့”

မိန်းကလေးက ဝင့်ကြွားစွာဖြင့် ခေါင်းကိုမော့လိုက်လေသည်။ သူမ၏လှပပြီးဆွဲဆောင်မှုရှိသည့် လည်ပင်းညှပ်ရိုးလေးများပင် ပေါ်လာလေသည်။

“ဒါဖြင့် ရှင်က အခု ကျွန်မရဲ့ဆရာဖြစ်သွားပြီ”

ဆန်းလျန်က လေ့သခင်မလေး တော်ဝင်ကျောင်းတော်သို့ ရောက်လာရသည့်ရည်ရွယ်ချက်ကို သိထားလေသည်။ နိုင်ငံခြားရေးဝန်ကြီးသည် ထက်မြက်သူတစ်ယောက်ဖြစ်ပြီး ဆန်းလျန်၏အခြေအနေကို အကဲခတ်နိုင်ရန်အတွက် သမီးဖြစ်သူကို ကျောင်းသို့ စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။ ထို့ပြင် သမီးဖြစ်သူကို ပို့လွှတ်ထားသည့်အတွက် ဆန်းလျန်လည်းစိတ်အေးနိုင်စေရန် ဖြစ်လေသည်။ နိုင်ငံခြားရေးဝန်ကြီး၏အစီအစဉ်သည် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်လေသည်။

သမီးတစ်ယောက်လုံးကို ဆန်းလျှန်၏အနားတွင်ထားခြင်း အားဖြင့် ဆန်းလျှန်သည် သူ့ကိုသံသယမဖြစ်ဘဲ ယုံကြည် စိတ်ချမည်ဖြစ်လေသည်။

တနည်းအားဖြင့်ဆိုရသော် ဆန်းလျှန်၏ ယုံကြည်မှုကို ရရှိရန် အတွက် သမီးဖြစ်သူကို ဓားစာခံပေးထားခြင်းပင်ဖြစ် တော့သည်။

"ဟုတ်ပြီလေ ၊ ကျုပ်ဆီက ပညာသင်မယ်ဆိုတော့ ကျုပ်ကို ဆရာလို့တော့ ခေါ်လို့ရပါတယ် ၊ ဒါပေမယ့် ကျုပ်ကို ဂါရဝပြု ဦးချစရာတော့ မလိုအပ်ဘူး"

ဆန်းလျှန်က ပြောလိုက်လေသည်။

"ကောင်းတာပေါ့ ၊ ရှင့်ကို ဂါရဝပြုဦးချရမှာလည်း နည်းနည်း တော့ကြောင်တောင်တောင်နိုင်တယ် ၊ ကျွန်မနာမည်က လေ့ ကျင်းပါ ၊ ဒါနဲ့ ကျွန်မ ဘာလို့ရှင့်ဆီတပည့်လာခံရလဲဆိုတာ မ သိချင်ဘူးလား"

“လေ့ကျင်း” ဆိုသည့်အမည်မှ “ကျင်း” ဆိုသည့်အဓိပ္ပါယ်မှာ ကောင်းမြတ်သည့်သမီးပျိုဆိုသည့် အဓိပ္ပါယ်ရလေသည်။ လေ့ကျင်းသည် ထိုအမည်နှင့် အလွန်လိုက်ဖက်သူဖြစ်လေ သည်။

သူမ တော်ဝင်ကျောင်းတော်သို့လာရသည့်အကြောင်းအရင်းမှာ ဖခင်ဖြစ်သူက စေခိုင်းသောကြောင့် ဖြစ်လေသည်။ အရာရှိ မင်းလေ့နော်က သမီးငယ်ကို ကွမ်းလုန်ကျီ၏တော်ဝင်ကျောင်း တော်သို့ ပို့ဆောင်လိုက်သည့်တိုင် ကွမ်းလုန်ကျီထံတွင် ပညာမ သင်ယူဘဲ တခြားဆရာထံမှ ပညာသင်ယူရန် သေသေချာချာ မှာကြားလိုက်လေသည်။

သို့သော်... လေ့ကျင်းသည် ဆန်းလျန်၏ ချောမောလှပသည့် မျက်နှာလေးကို မြင်တွေ့လိုက်သည်နှင့် ဆန်းလျန်ဆီတွင် ပညာသင်ရန် ဆုံးဖြတ်ချက်ကို ခိုင်မာစွာချလိုက်မိတော့သည်။

ဖခင်တစ်ယောက်သည် သမီးဖြစ်သူကို အကောင်းဆုံးနားလည်ပေးနိုင်သည်ဆိုသည့်စကားသည် သွေးထွက်အောင် မှန်လေသည်။ အဘယ်ကြောင့်ဆိုသော် အရာရှိမင်းလေ့နော်က သမီးဖြစ်သူကို ဆန်းလျှန်ထံတွင် ပညာသင်ကြားရန် စေလွှတ်လိုက်သည့်တိုင် ဆန်းလျှန်သာ ချောမောလှပသည့်လူငယ်လေးတစ်ယောက်မဟုတ်ခဲ့လျှင် လေ့ကျင်းသည် ချက်ချင်းပင် ကျောင်းတော်မှ အိမ်သို့ပြန်ပြေးလာမည့် မိန်းကလေးဖြစ်လေတော့သည်။

အခန်း (၄၈၅) ပျံသန်းကြယ်စင်

ကွမ်းလုန်ကျီက တပည့်အသစ်များကို ထပ်မံလက်ခံခြင်း မရှိ

တော့ပေ။ နောက်ထပ်ရောက်လာသူများကို သုံးလနေမှ ပြန်လာ

ရန် မှာကြားလိုက်လေသည်။

ဆန်းလျန်ကတော့ တပည့်လက်ခံခြင်းကို မရပ်တန့်ခဲ့ပါ။

သို့သော် သူ့ထံသို့ လေ့ကျင်းမှုလဲ့ပြီး မည်သည့်တပည့်မှ

ရောက်မလာခဲ့ပါ။ ထို့ပြင် ဖေးကျုန်းမှုလဲ့ပြီး လေ့ကျင်းမည်သူ

ဆိုသည်ကိုလည်း အခြားတပည့်များက သိရှိကြခြင်း မရှိပေ။

လေ့ကျင်းသည် အလွန်အဆင့်မြင့်သည့် တော်ဝင်မင်းသမီး

တစ်ပါးဖြစ်သည့်အတွက်သူမသည် အခြားတပည့်များကို

အဖက်လုပ်လေ့သိပ်မရှိပေ။

....

တိချိုးမြို့တော်တောင်ဘက်ပိုင်း...

မြို့တော်တောင်ဘက်ပိုင်းတစ်နေရာတွင် ရိုးရှင်းပြီးကျယ်ဝန်း

သည့် ခြံဝန်းကြီးတစ်ခုရှိလေသည်။

ထိုခြံဝန်းကြီးကို “ယင်းခြံဝန်း” ဟုခေါ်ပြီး ယင်းစန်းမှ သံအမတ်များနှင့် ကုန်သည်များ နေထိုင်ရာနေရာဖြစ်လေသည်။ ယင်းစန်းဒေသ၏အကြီးအကဲဖြစ်သည့် ထျန်းယီကို တာ့ရှားဧကရာဇ်က ရှားထိုက်အကျဉ်းထောင်တွင် သုဥ္စပန်းအဖြစ်ဖမ်းဆီးထားပြီးကတည်းက ယင်းစန်းဒေသမှလူများသည် ထိုခြံဝန်းကြီးအတွင်းမှ အပြင်သို့ သိပ်မထွက်ကြတော့ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့က တာ့ရှားပြည်တွင် မလိုလားဘဲ ပြဿနာမတက်ချင်ကြသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်နှင့်အတူတူခရီးထွက်လာကြသည့် ဂူတင်နှင့် အခြားသော ကုန်သည်များသည် ယင်းခြံဝန်းတွင် တည်းခိုနေထိုင်ကြလေသည်။ ဂူတင်သည် ဓားကိုကျောထက်တွင်လွယ်ထားပြီး တရားထိုင်နေလေသည်။

သူက နေရောင်ခြည်စွမ်းအားများနှင့် ကြယ်တာရာစွမ်းအားများကိုစုပ်ယူပြီး ကျင့်စဉ်ကျင့်ကြံနေခြင်းဖြစ်လေသည်။

ဝူတင်ကျင့်ကြံနေသည့်ကျင့်စဉ်မှာ ကြယ်တာရာစွမ်းအားများကို အခြေခံသည့် “ပျံသန်းကြယ်စင်” ကျင့်စဉ်ဖြစ်လေသည်။ ထိုကျင့်စဉ်ကို ကျင့်ကြံသူတစ်ယောက်က သူငယ်စဉ်ကပင် သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ယခုတော့သူသည် အဆင့်အတော်မြင့်သည်အထိ ကျင့်ကြံနိုင်ခဲ့ပြီ ဖြစ်လေသည်။

ဝူတင်သည် ကျင့်စဉ်လမ်းတွင် ပါရမီရှိသူတစ်ယောက်ဖြစ်ပြီး ပျံသန်းကြယ်စင်ကျင့်စဉ်၏ သဘောတရားကို လျှင်မြန်စွာနားလည်သဘောပေါက်ခဲ့လေသည်။ ထို့ကြောင့် သူက သူ၏မိသားစုများကျင့်ကြံသည့် ကျင့်စဉ်ကိုပင် မကျင့်ကြံဘဲ ပျံသန်းကြယ်စင်ကျင့်စဉ်ကိုသာ တစိုက်မတ်မတ်လေ့ကျင့်ခဲ့လေသည်။

ပျံ့သန်းကြယ်စင်ကျင့်စဉ်သည် ကျင့်စဉ်တစ်ခုဖြစ်သည့်အပြင် သိုင်းပညာတစ်မျိုးလည်း ဖြစ်လေသည်။ ထိုကျင့်စဉ်တွင် အဆင့်ဆယ့်နှစ်ဆင့်ရှိပြီး ဝူတင်က အဆင့်ငါးသို့ပင် ရောက်နေပြီဖြစ်လေသည်။ သို့သော် သူက အဆင့်ငါးတွင် ကျင့်စဉ် အဆင့်ရှေ့မတက်နိုင်ဘဲ ရပ်တန့်နေရလေသည်။

သို့သော် အဆင့်ငါးအထိ ကျင့်ကြံနိုင်ခဲ့ခြင်းကပင် သူ၏တန်ခိုး စွမ်းအားသည် အခြားသူများနှင့်ယှဉ်လျှင် အဆမတန် မြင့်မား နေပြီ ဖြစ်လေသည်။

သို့သော် ဝူတင်သည် သူ့အခြေအနေကို မကျေနပ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သူ့အဆင့်ဖြင့် ထျန်းယီအကြီးအကဲကို ကယ်တင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်သောကြောင့် ဖြစ်လေသည်။

ထျန်းယီအကြီးအကဲသည် သူ့ဘဝတွင် အလေးစားရဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေသည်။

ဝူတင်သည် တရားထိုင်နေလေသည်။

ကြယ်တာရာစွမ်းအားများသည် မိုးမြေစွမ်းအားများအတွင်း တွင် သဘာဝကျစွာ စီးဆင်းနေလေသည်။

ထိုအချိန်...

သူ၏စိတ်အာရုံထဲတွင် ယင်းခြံဝန်း၏ မြောက်ဘက်မှပေါ်ထွက် လာသည့် ထူးဆန်းသည့်တန်ခိုးစွမ်းအားတစ်ခုကို ခံစားလိုက်ရ လေသည်။

ထို့ကြောင့် သူက တရားထိုင်ခြင်းကိုရပ်တန့်ကာ ဓားကိုကိုင်ပြီး ထွက်လာခဲ့တော့သည်။ သူ၏ခြေလှမ်းများက ထူးဆန်းလေ သည်။ သူခြေတစ်လှမ်းလှမ်းတိုင်း မည်သည့်နေရာသို့ဦးတည် မည်ကို မည်သူမျှ မသိနိုင်ပေ။

ထိုခြေလှမ်းများမှာ ပျံ့သန်းကြယ်စင် ခြေလှမ်းသိုင်းကွက်များ ပင် ဖြစ်လေသည်။ သူသာ ပျံ့သန်းကြယ်စင်ကျင့်စဉ်ကို ယခု ထက်ပိုပြီး အဆင့်တက်လှမ်းနိုင်မည်ဆိုလျှင် ကြယ်တာရာ

စွမ်းအားများကိုအသုံးပြုပြီး သူသွားလိုရာသို့ ခဏချင်းပင် သွားရောက်နိုင်ပေလိမ့်မည်။

အနက်ရောင်လူရိပ်တစ်ရိပ်သည် ယင်းခြံဝန်း၏မြောက်ဘက် ပိုင်းတွင် ပေါ်လာလေသည်။ ထိုသူ၏အသက်ရှူသံက တိုးတိတ် နေပြီး သူ၏လက်ထဲတွင် ငွေရောင်လေးတစ်လက်ကို ကိုင်ထား လေသည်။ ငွေရောင်လေးပေါ်သို့ လရောင်ကဖြာကျနေ သည့်အတွက် လေးသည် လင်းလက်တောက်ပနေလေသည်။ အနက်ရောင်ဝတ်လူက မြားကိုအသုံးပြုခြင်းမရှိပါ။ သူက လေးကို ပစ်ခတ်ရန်ပြင်ဆင်လိုက်သည်နှင့် မိုးမြေစွမ်းအားများ မှ ငွေရောင်မြားတစ်စင်း ချက်ချင်းပင် ဖြစ်တည်လာလေ သည်။ မည်သူမျှ သတိမထားမိခင်မှာပင် မြားသည် လေးညို့မှ ထွက်ခွာသွားတော့သည်။

ဝူတင်သည် မြေပြင်ထက်တွင်ဝပ်ကာ မြားကို ရှောင်တိမ်းလိုက် လေသည်။ သို့တိုင်အောင် မြားသည် သူ၏ဆံပင်များကို ထိမိ

သွားပြီး ဆံပင်များ ပြတ်ကျသွားလေသည်။ ပထမမြားချက်

အဆုံးမသတ်သေးမီမှာပင် ဒုတိယမြားချက်က ဝူ

တင်၏ခြေထောက်ဆီသို့ ဦးတည်ဝင်ရောက်လာပြန်လေသည်။

ဝူတင်သည် သူ၏အမြန်နှုန်းကိုမြှင့်တင်ကာ မြားကို

ကမန်းကတန်းပင် ရှောင်တိမ်းလိုက်ရသည်။

ထိုအချိန်မှာပင်...

ယင်းခြံဝန်းအတွင်းမှ လူတစ်ယောက်ကလည်း အနက်ရောင်

ဝတ်လူကို သတိထားမိကာ အခြားသူများကို သတိပေးရန်

ပြင်ဆင်လိုက်လေသည်။ သို့သော် ငွေရောင်မြားတစ်စင်းက

သူ၏လည်ပင်းကို ထိုးဖောက်သွားခဲ့ပြီ။

အနက်ရောင်ဝတ်လူကတော့ တည်ငြိမ်လွန်းလှလေသည်။

သူက လေးကိုတင်လိုက်ကာ မြားသုံးစင်း ထပ်မံပစ်လွှတ်လိုက်

လေသည်။ မြားတစ်စင်းက ဝူတင်ထံသို့ဖြစ်ပြီး အခြားမြားနှစ်

စင်းက ယင်းခြံဝန်းအတွင်းတွင်နေထိုင်ကြသည့်အခြားလူများ ထံသို့ ဦးတည်ဝင်ရောက်သွားလေသည်။

အနက်ရောင်ဝတ်လူမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသူ တစ်ယောက်ဖြစ်ကြောင်း ဝူတင်သိရှိလိုက်လေသည်။ ယင်းခြံ ဝန်းအတွင်းတွင်နေထိုင်သူများသည် သူ၏မြားချက်ကို ရှောင်တိမ်းနိုင်စွမ်း မရှိကြပေ။

ထိုအနက်ရောင်ဝတ်လူ၏ဦးတည်ရာမှာ သူဖြစ်ကြောင်း ဝူတင် ကောင်းကောင်းသိလိုက်လေသည်။

သူ့ကြောင့် အပြစ်မရှိသည့် သူ၏မျိုးနွယ်စုများ အသတ်ခံနေရ သည်ကို ဝူတင် မကြည့်ရက်တော့ပေ။ ထို့ကြောင့် သူက ယင်း ခြံဝန်းတံတိုင်းကို ခုန်ကျော်ကာ ထွက်ပြေးသွားလေ တော့သည်။ အနက်ရောင်ဝတ်လူ ပစ်လွှတ်လိုက်သည့်မြား သည် သူ၏လက်မောင်းတစ်ဖက်သို့ ရှပ်ထိသွားလေသည်။

သူ့နောက်မှ အနက်ရောင်ဝတ်လူ ကျိန်းသေလိုက်လာမည်ကို သူသိနေလေသည်။ ထိုအခါမှသာ ယင်းခြံဝန်းအတွင်းမှ အခြားသောသူများမှာ အသက်ချမ်းသာရာရပေလိမ့်မည်။

ဂူတင်က မြို့တော်တောင်ပိုင်းသို့ အမြန်ဆုံးပြေးသွားခဲ့ပြီး ရှားတူးမြောင်းသို့ရောက်ရှိလာလေသည်။

တိချိုးမြို့တော်တွင် သူ့ကိုကာကွယ်ပေးနိုင်သူ တစ်ယောက်သာလျှင်ရှိလေသည်။ ထိုသူမှာ တော်ဝင်ကျောင်းတော်မှ ကွမ်းလုန်ကျီပင် ဖြစ်တော့သည်။

အနက်ရောင်ဝတ်လူသည် ဂူတင်နောက်မှ ထပ်ကြပ်မကွာလိုက်ပါလာလေသည်။

ဂူတင်သည် သူ၏လက်မောင်းမှ ပြင်းထန်လွန်းသည့်နာကျင်မှုကို သည်းခံရန် သူ့နောက်သို့ ဓားဖြင့် ထိုးစိုက်ချလိုက်သည်။ သို့သော်... သူ၏ဓားကို အနက်ရောင်ဝတ်လူက ငွေရောင်လေးကိုင်းဖြင့် ကာကွယ်လိုက်လေသည်။ ထိုအခါ သူ၏ဓား

သည် သံမှိုသံစများအဖြစ် အပိုင်းပိုင်းပြတ်တောက်သွား

တော့သည်။

ရှားတူးမြောင်းပတ်ဝန်းကျင်တွင် တိတ်ဆိတ်ကာ လူသူကင်းမဲ့

နေလေသည်။

ဝူတင်သည် ပြေးလွှားနေရာမှ ရပ်တန့်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် အနက်ရောင်ဝတ်လူ၏လက်မှ မည်သို့

မျှ သူမလွတ်မြောက်နိုင်တော့ကြောင်း နားလည်လိုက်

သောကြောင့်ပင် ဖြစ်လေသည်။

ကြယ်တာရာစွမ်းအားများနှင့် ရှားတူးမြောင်းရေထဲမှ ဝိညာဉ်

စွမ်းအားများကို ပေါင်းစပ်စုပ်ယူလိုက်သည့်အတွက် ဝူ

တင်၏လက်မှ မြားဒဏ်ရာသည် ချက်ချင်းပျောက်ကင်းသွား

လေသည်။

ဒဏ်ရာပျောက်ကင်းသွားသည့်အတွက် ဝူတင်သည် ပြန်လည်တည်ငြိမ်လာလေသည်။ သူက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်သည်။

အနက်ရောင်ဝတ်လူသည် ဝူတင်နှင့်ခြေလှမ်းတစ်ရာခန့်အကွာတွင် ရပ်တန့်နေလေသည်။ ထိုသူသာ အနားသို့ထပ်ပြီးတိုးကပ်လာပါက ဝူတင်အနေဖြင့် ပျံသန်းကြယ်စင်စွမ်းအားများကိုအသုံးပြု၍ တိုက်ခိုက်ရန် အခွင့်အရေးရမည် ဖြစ်လေသည်။ သို့သော် ထိုသူက အဝေးတွင်ရပ်နေသည့်အတွက် ဝူတင်မှာအခွင့်မသာ ဖြစ်နေရသည်။ တိုက်ခိုက်ခြင်းထက်ထွက်ပြေးခြင်းကသာ သူ့အတွက် အသင့်တော်ဆုံးဖြစ်သည့်တိုင် ထွက်ပြေးလျှင်လည်း လွတ်မြောက်ရန်မှာ မသေချာလှပေ။

သေခြင်းနှင့်ရှင်ခြင်းကြားတွင် ဘဝကိုလောင်းကြေးထပ်ရတော့မည့် အနေအထားပင်ဖြစ်လေသည်။

ဝူတင်က အနက်ရောင်ဝတ်လူကို စိုက်ကြည့်လိုက်ရင်း...

"မင်းက အရှေ့တိုင်းစစ်သည်တော်တွေထဲက လုပ်ကြံသူတစ်ယောက်ပဲ"

အရှေ့တိုင်းစစ်သည်တော်များမှာ လူမျိုးအုပ်စုတစ်စု မဟုတ်ပေ။ သူတို့က တာ့ရှားပြည် အရှေ့ဘက်တွင်နေထိုင်ကြ ပြီးတာ့ရှားပြည်ကို ကူညီနေကြသူများဖြစ်လေသည်။ ထို့ပြင် သူတို့က ယင်းစန်းဒေသ၏ ရန်သူတော်များလည်း ဖြစ်လေသည်။

"ယင်းစန်းက အရည်အချင်းရှိတဲ့လူတွေထဲမှာ မင်းက တစ်ယောက်အပါအဝင်ပဲ ၊ လောကမှာ ကျုပ်လက်က လွတ်အောင်ပြေးနိုင်တဲ့သူ တစ်ယောက်မှ မရှိဘူး ၊ ဒါပေမယ့် မင်းကတော့ ခုထိ လွတ်အောင်ပြေးနေနိုင်သေးတယ် ၊ ကြည့်ရတာ မင်းက လည်း မင်းအဖေ ရှောက်ယီငယ်ငယ်ကအတိုင်း သိပ်တော်တယ်"

အနက်ရောင်ဝတ်လူက ပြောလိုက်လေသည်။

ရှောက်ယီမှာ ဝူတင်၏ ဖခင်ဖြစ်သလို ယင်းစန်းတွင် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်လည်း ဖြစ်လေသည်။

“အရှေ့တိုင်းစစ်သည်တော်တွေက ကျုပ်ကိုသတ်ဖို့အတွက် မင်းကို လွှတ်လိုက်တာလား ၊ မင်းဘယ်သူလဲဆိုတာ ကျုပ်မသိဘူး ၊ ဒါပေမယ့် မင်းက ကြောက်စရာကောင်းလွန်းတယ်၊ တာ့ရှားကေရာဇ်က ကျုပ်တို့ယင်းစန်းဒေသကို သဘောမကျပေမယ့် ကျုပ်တို့ခေါင်းဆောင်ဖြစ်တဲ့ ထျန်းယီအကြီးအကဲရဲ့ ဘိုးဘေးတွေဟာတာ့ရှားပြည်ကို တည်ထောင်ခဲ့တုန်းကအများကြီးကူညီခဲ့ကြတဲ့သူတွေပါ ၊ တာ့ရှားကေရာဇ်က မင်းလိုလူတစ်ယောက်ရဲ့လက်ထဲမှာ ကျုပ်ကို သေစေချင်မှာမဟုတ်ဘူး”

ဝူတင်က အေးဆေးစွာပင် ပြောလိုက်လေသည်။

တာ့ရှားကေရာဇ်သည် ထျန်းယီအကြီးအကဲကို အပြစ်ပေးရန်နှင့် ထျန်းယီအကြီးအကဲ၏ဆွေစဉ်မျိုးဆက်ကို သတ်ဖြတ်ပစ်ရန် အခွင့်အာဏာရှိသူဖြစ်လေသည်။ သို့သော် တာ့ရှား

ကေရာဇ်မှလွဲပြီး အခြားသူများသည် ယင်းစန်းကို ထိပါးပိုင်ခွင့်မရှိပေ။

ဝူတင်သည် တာ့ရှားကေရာဇ်၏ အာဏာရှင်ဆန်မှုကို မုန်းတီးမိသော်လည်း တာ့ရှားကေရာဇ်သည် ဖြောင့်မတ်သူတစ်ယောက်ဖြစ်ကြောင်းကိုတော့ မငြင်းနိုင်ခဲ့ပါ။

အနက်ရောင်ဝတ်လူမှာလည်း တာ့ရှားကေရာဇ်ဆိုသည့် အမည်ကိုကြားသည်နှင့် လေးစားသည့်အသွင်သဏ္ဍာန် ချက်ချင်းပြောင်းလဲသွားလေသည်။

“မင်းရဲ့ဘဝ နေဝင်ချိန်ရောက်နေပါပြီ ဝူတင်၊ ပြီးတော့ မင်းကိုသတ်လို့ တာ့ရှားကေရာဇ်က ကျုပ်ကိုသတ်မယ်ဆို လည်းသေပျော်ပါတယ်၊ အနည်းဆုံးတော့ ကျုပ်လိုလူမျိုးကို တာ့ရှားကေရာဇ်က သတိပြုမိသွားတာပေါ့ကွာ”

အနက်ရောင်ဝတ်လူ၏စကားဆုံးသည်နှင့် ဝူတင်၏မျက်ဝန်းထဲတွင် အလင်းရောင်တစ်ချက်ကို လက်ခနဲ တွေ့မြင့်လိုက်ရလေသည်။

အခန်း (၄၈၆) တာ့ရှားကေရာဇ်ဖြစ်သောကြောင့်

ဝူတင်၏စိတ်ထဲတွင် ထိတ်လန့်သွားလေသည်။ အနက်ရောင်ဝတ်လူသည် သေရမည်ကို မကြောက်သည့် လူတစ်ယောက်ဖြစ်လေသည်။ သေရမှာကိုမကြောက်သည့်လူသည် လောကတွင် ကြောက်စရာအကောင်းဆုံးပင်။

အနက်ရောင်ဝတ်လူသည် လောကတွင်မည်သည့်အရာကိုမှ ကြောက်တတ်သူတစ်ယောက် မဟုတ်ပေ။

ထို့ပြင် သူကိုင်ဆောင်သည့် လေးလက်နက်မှာ ထူးခြားသည့် နတ်လက်နက်တစ်ခုဖြစ်လေသည်။ ထိုလက်နက်ဖြင့် မည်မျှ များပြားသည့် လူ့အသက်များကို ဇီဝိန်ခြွေခဲ့ပြီးပြီလဲ မသိနိုင်ပေ။ အရှေ့တိုင်းစစ်သည်တော်များသည် လူတစ်ယောက်ကို လုပ်ကြံသတ်ဖြတ်သည့်နေရာတွင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ကြလေသည်။ ဓားသိုင်းပညာနှင့် လေးအတတ်မှာ သူတို့အသုံးပြုသည့် ပညာရပ်များဖြစ်ပြီး မည်မျှပင် တန်ခိုး စွမ်းအားမြင့်မားပါစေ သူတို့၏ မြားချက်အောက်တွင် ကျဆုံး ခဲ့ရသည့်သူများမှာ ဒုနှင့်ဒေးပင်။

အရှေ့တိုင်းစစ်သည်တော်များ၏ ဘိုးဘေးများသည် နေမင်း ကိုပင်မကြောက်ဘဲ လေးဖြင့်ခွင်းခဲ့ကြသည်ဟု ဒဏ္ဍာရီများထဲ တွင် အဆိုရှိလေသည်။ အရှေ့တိုင်းစစ်သည်တော်များဟု ဆို

လိုက်လျှင် သူတို့၏သင်္ကေတသည် လေးလက်နက်ပင် ဖြစ်လေသည်။

အနက်ရောင်ဝတ်လူသည် လေးကိုတင်လိုက်လေသည်။ လေးညို့ပေါ်တွင် ငွေရောင်မြားတစ်လက်ကို တွေ့မြင်ရလေသည်။ မြားထိပ်သည်ချွန်မြစူးရှနေပြီး ထိုမြားထိပ်ကို ကြည့်နေသည့် ဂူတင်၏မျက်ဝန်းများသည်ပင် နာကျင်ခြင်းကို စတင်ခံစားလာရသည်။

သို့သော်... ဂူတင်သည် မျက်တောင်တစ်ချက်ပင် မခတ်ရဲပါချေ။ အဘယ်ကြောင့်ဆိုသော် သူတစ်ကြိမ်မျက်တောင်ခတ်လိုက်သည်နှင့် သူ့ဘဝတွင် မည်သည့်အခါမှ မျက်တောင်ခတ်ခွင့်ရတော့မည် မဟုတ်ပေ။

ဂူတင်၏ဓားမှာလည်း တစ်စစီပျက်စီးသွားပြီဖြစ်လေသည်။ သူ၏လက်ထဲတွင် ဓားရိုးသာကျန်တော့သည်။

ဝူတင်သည် သူ၏ခါးတွင်ချည်ထားသည့် ကျောက်စိမ်းပြားကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် စုပ်ကိုင်ထားလေသည်။ ထို ကျောက်စိမ်းပြားမှာ ထျန်းယီအကြီးအကဲက သူ့ကိုပေးထားသည့် လက်ဆောင်ဖြစ်လေသည်။

ထျန်းယီအကြီးအကဲက ထိုကျောက်စိမ်းပြားလေး သူ့ကို လက်ဆောင်ပေးခဲ့သည့်နေ့ကို ဝူတင် သတိရနေမိသည်။

ထိုနေ့က…

ကောင်းကင်တွင် ကြယ်စင်များလင်းလက်နေပြီး လပြည့်ည မဟုတ်သည့်အတွက် လမင်းကိုမတွေ့မြင်ရပေ။

ထျန်းယီအကြီးအကဲက ကျောက်စိမ်းပြားလေးကို သူ့ကို ပေးလိုက်ရင်း…

“ကျီကျောက် ၊ မင်းမှတ်ထားပါ ၊ ကျောက်စိမ်းပြားကွဲပျက် သွားပါစေ လူကတော့ အသက်ရှင်သန်နေရမယ်”

ကျီကျောက်ဆိုသည်မှာ ဝူတင်၏ မျိုးရိုးနာမည်အရင်းဖြစ်လေသည်။

ယနေ့တော့ ထျန်းယီအကြီးအကဲပေးအပ်သည့် ကျောက်စိမ်းပြားလေးသည် ကွဲပျက်ရတော့မည် ဖြစ်လေသည်။

ဝူတင်က ကြယ်တာရာစွမ်းအားများကို စုပ်ယူကာ သူ၏ပတ်ဝန်းကျင်တွင် ရေအလွှာတစ်ခုကို ဒိုင်းတစ်ခုသဖွယ် ဖန်ဆင်းလိုက်သည်။ ထိုရေစွမ်းအားဒိုင်းသည် အနက်ရောင် ဝတ်လူပစ်လွှတ်လိုက်သည့်မြားကို လမ်းကြောင်းအနည်းငယ် လွှဲဖယ်ပေးနိုင်စွမ်းရှိလေသည်။

ငွေရောင်မြားသည် ရေစွမ်းအားဒိုင်းကို ထိုးဖောက်ဝင်ရောက်လာလေသည်။

သို့သော် ရေစွမ်းအားဒိုင်း၏ ကာရံထားမှုကြောင့် ငွေရောင်မြားသည် ဝူတင်ကို မထိမှန်တော့ဘဲ လမ်းကြောင်းလွဲကာ ရှားတူးမြောင်းအတွင်းသို့ ကျသွားလေသည်။ တစ်ချိန်တည်းမှာ

ပင် ဂူတင်ကလည်း အခွင့်အရေးကိုလက်လွှတ်မခံဘဲ ရှား

တူးမြောင်းအတွင်းသို့ ခုန်ချလိုက်လေသည်။

အနက်ရောင်ဝတ်လူမှာ "ကျစ်" ခနဲ တစ်ချက် စုပ်သတ်လိုက်ပြီး

ရှားတူးမြောင်းကမ်းနံဘေးသို့ရောက်ရှိလာလေသည်။ ရေထဲ

တွင်တော့ ငါးတစ်ကောင်အလား လျှင်မြန်စွာ ကူးခတ်သွား

သည့် ဂူတင်ကို တွေ့မြင်နိုင်လေသည်။

အနက်ရောင်ဝတ်လူသည် ကမ်းနံဘေးမှပင် လျှင်မြန်စွာ

ပြေးလွှားရင် ဂူတင်နောက်သို့ လိုက်လာလေသည်။ မကြာမီပင်

ဂူတင်ကို အမီလိုက်နိုင်လာတော့သည်။

သို့သော်...

သူ့ရှေ့တွင် ရှားတူးမြောင်းကို ဖြတ်ကာ တည်ဆောက်ထား

သည့် တံတားတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

တူးမြောင်းကိုဖြတ်ကူးရန်တည်ဆောက်ထားသည့်တံတားမှာ မ

ထူးဆန်းလှပါ။

ထူးဆန်းသည်က တံတားပေါ်တွင် လှပသောမိန်းမပျိုလေးတစ်ယောက်သည် အဖြူရောင်နတ်မြင်းပျံကြီး၏ နဖားကြိုးကိုဆွဲကာ ရပ်နေလေသည်။ နတ်မြင်းပျံကြီးထက်တွင်တော့ ငယ်ရွယ်သေးသည့်ဆယ်ကျော်သက်အရွယ် လူငယ်လေးတစ်ယောက် ထိုင်နေလေသည်။

လူငယ်လေးသည် နတ်မြင်းပျံကြီးထက်တွင် ငြိမ်သက်စွာဖြင့် မလှုပ်မယှက်ထိုင်နေခြင်းဖြစ်လေသည်။ သို့သော်... အနက်ရောင်ဝတ်လုံ၏ရင်ထဲတွင်တော့ သူ့ရှေ့တွင်ကောင်းကင်ကြီးတစ်ခု ကာဆီးထားသည့်အလား ခံစားလိုက်ရတော့သည်။

ရှားတူးမြောင်းမှ ကြည်လင်သည့်ရေများ ၊ ကြယ်စုံသည့်ကောင်းကင် ....

အရာအားလုံးသည် လူငယ်လေး၏ အရှိန်အဝါအောက်တွင် ပျောက်ကွယ်သွားလေသည်။

ကောင်းကင်တစ်ခုနှင့်တူသည့် လူငယ်လေးသည် သူ့ကို လက်ရှိ

လောက၏အဝေးတစ်နေရာသို့ ဆွဲခေါ်သွားသကဲ့သို့ ရှိနေ

တော့သည်။

အနက်ရောင်ဝတ်လူသည် တာ့ရှားကေရာဇ်၏ကြီးမြတ်မှုများ

အကြောင်းကို အမြဲတမ်း စိတ်ကူးကြည့်ခဲ့ဖူးလေသည်။

တာ့ရှားကေရာဇ်သည် တောင်များကိုပင် အမှုန့်ချေပစ်နိုင်သူ ၊

ကြယ်များကိုပင် ဆွတ်ခူးနိုင်စွမ်းရှိသူ ၊ နေမင်းကဲ့သို့ အရှိန်

ပြင်းစွာ လောင်ကျွမ်းပစ်နိုင်သူ တစ်ယောက် ဖြစ်လေသည်။

သို့သော်... တာ့ရှားကေရာဇ်သည်ပင် သူ့ရှေ့မှလူငယ်လေး

လောက် စွမ်းအားမြင့်မားနိုင်မည်မဟုတ်ပါ။ သူ့ရှေ့မှ လူငယ်

လေးသည် ဘဝနှင့် သေခြင်းရှင်ခြင်းကို လွန်မြောက်နေသူတစ်

ယောက်ဖြစ်လေသည်။

ထိုအချိန်မှာပင်...

ဝူတင်မှာလည်း နတ်မြင်းပျံကြီးထက်မှ ဆယ်ကျော်သက်

လူငယ်လေးကို သတိပြုလိုက်မိလေသည်။

တစ်ချိန်ကတော့ ထိုလူငယ်လေးသည် ရှီးလျန်တိုင်းပြည်မှ

မင်းသားငယ်လေး ဖြစ်လေသည်။ ယခုတော့ ... ဝူတင်သည်

ထိုလူငယ်လေးကို ကြောက်မက်ဖွယ်ရာ နတ်မိစ္ဆာတစ်ပါး

အလား ထင်မှတ်နေမိတော့သည်။

"ဝူတင်..."

ဆန်းလျန်က နူးညံ့သိမ်မွေ့လွန်းသည့်အသံဖြင့် ဝူတင်၏

အမည်ကို ခေါ်လိုက်သည်။

သို့သော် ဝူတင်၏နားထဲတွင်တော့ ထိုအသံမှာ အရပ်

လေးမျက်နှာမှ ထွက်ပေါ်လာသကဲ့သို့ ကျယ်လောင်လွန်းလှ

လေသည်။ ထိုအသံသည် အနက်ရောင်ဝတ်လူ၏နားထဲသို့

လည်း ဝင်ရောက်သွားလေသည်။

ဝူတင်သည် ရှီးလျန်ပြည်မှ တာ့ရှားပြည်သို့လာသည့် ခရီးလမ်း တစ်လျှောက်တွင် ဆန်းလျန်ကို အကြိမ်ပေါင်းများစွာ မြင်တွေ့ နေခဲ့ရပြီး ထူးခြားသောလူငယ်လေးတစ်ယောက်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့မိသည်။ သို့သော်.. ယခုတော့ ဆန်းလျန်သည် သူနှင့်ယနေ့မှ ပထမဆုံး သိကျွမ်းသည့်လူတစ်ယောက်အလား ခံစားနေရလေသည်။

ဝူတင်က ခေါင်းကိုတစ်ချက်ညိတ်ပြလိုက်သည့်တိုင် စကားမ ပြောနိုင်ဘဲ ရှိလေသည်။

"ကွမ်းလုန်ကျိုက အကူအညီတောင်းလို့ မင်းကိုလာကယ်တာ ၊ ကျုပ်ဆီလာခဲ့..."

ဆန်းလျန်၏အသံသည် ညလေအေးကို ထိုးခွင်းကာ ထွက် ပေါ်လာပြန်လေသည်။

ယခုမှ ဝူတင်သည် ဆန်းလျန် သူ့ကို အဘယ့်ကြောင့် လာ ရောက်ကယ်တင်ရသည်ကို သဘောပေါက်သွားရသည်။

အဖြစ်အပျက်က ဤသို့ဖြစ်လေသည်။

ဆန်းလျန်က လေ့ကျင်းကို တပည့်အဖြစ်လက်ခံခဲ့သည့်နေ့က ကွမ်းလုန်ကျီကလည်း ဆန်းလျန်၏စာသင်ခန်းသို့ ရောက်လာခဲ့လေသည်။

"ဘာများကူညီရမလဲ"

ဆန်းလျန်က ကွမ်းလုန်ကျီကို မေးလိုက်လေသည်။

"ဒီည ကျုပ်အတွက် လူတစ်ယောက်ကို ကယ်ပေးနိုင်မလား"

ကွမ်းလုန်ကျီက ပြောလိုက်လေသည်။

"ဘယ်သူ့ကိုလဲ..."

"ဝူတင်လို့ခေါ်တဲ့လူငယ်တစ်ယောက် ၊ သူက ထျန်းယီ အကြီးအကဲရဲ့တူလေး ၊ ဒီည လူတစ်ယောက်က လုပ်ကြံ သတ်ဖြတ်လိမ့်မယ်"

ကွမ်းလုံကြည်က နက်ရှိုင်းသည့်လေသံဖြင့် ပြောလိုက်လေသည်။

“လူရယ်လို့ဖြစ်လာရင် သေရမှာပါပဲ ၊ ဒါပေမယ့် ကျုပ်က ခင်ဗျားရဲ့နေရာမှာ ညှော်သည့်လုပ်နေတာဆိုတော့ ခင်ဗျား တောင်းတဲ့အကူအညီကို ဘယ်ငြင်းနိုင်ပါ့မလဲ ၊ ဒါပေမယ့် သူ့ ကို ဘာလို့ကယ်သင့်သလဲဆိုတဲ့ အကြောင်းပြချက် ကောင်းကောင်းလေးတစ်ခုတော့ ကြားချင်မိသားပဲ"

"ကျုပ်က နက္ခတ်ဗေဒကျွမ်းကျင်တယ်တယ်လေ ၊ ဒီတော့ အနာဂတ်ကိုကြိုမြင်နိုင်တယ်"

ကွမ်းလုန်ကျီက ပြန်ပြောလိုက်သည်။

ဆန်းလျန်က ဗျပ်စောင်းကို လက်ဖြင့်တစ်ချက်ခတ်လိုက် ရင်း...

"ခင်ဗျားက အနာဂတ်ကိုကြိုမြင်နိုင်တာမဟုတ်ပါဘူး ၊ ကြိုပြီး ခန့်မှန်းနိုင်တာပါ"

ကွမ်းလုန်ကျီကပြုံးလိုက်ရင်း...

"မင်းပြောတာမှန်ပါတယ်၊ ကျုပ်ရဲ့နက္ခတ်ဗေဒပညာအရဆိုရင် အရှေ့တိုင်းစစ်သည်တော်တွေဆီက လုပ်ကြံသတ်ဖြတ်သူတစ်ယောက် ဒီည ဝူတင်ကို လိုက်သတ်လိမ့်မယ်၊ အဲဒီ လူသတ်သမားနာမည်က ကျောလင်လို့ခေါ်တယ်၊ သူက သိပ်တော်တဲ့ လုပ်ကြံသူတစ်ယောက်ပဲ၊ သူသတ်သမျှ တစ်ယောက်မှ မရှင်ခဲ့ဘူး၊ အကုန်သေတာချည်းပဲ"

"အဲဒီလူသတ်သမားအကြောင်းကို စိတ်မဝင်စားပါဘူးဗျာ၊ ဒါပေမယ့် ယင်းစန်းကလူတစ်ယောက်ကို အရှေ့တိုင်း စစ်သည်တော်တစ်ယောက်က လိုက်သတ်တဲ့ကိစ္စက ခင်ဗျားလို တာ့ရှားပြည်ရဲ့မင်းဆရာကြီးတစ်ယောက်နဲ့ ဘာများဆိုင်လို့လဲ၊ ခင်ဗျားက ထျန်းယီအကြီးအကဲကိုလေးစားတာကြောင့် ယင်းစန်းမှာ အမတ်ဖြစ်ချင်နေတာလား"

ဆန်းလျန်က အေးဆေးစွာဖြင့် ပြောလိုက်လေသည်။

ကွမ်းလုန်ကျီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“တကယ်တော့ ကျုပ်မှာသာရွေးခြယ်ခွင့်ရှိမယ်ဆိုရင် ထျန်းယီ အကြီးအကဲဆီမှာ တာဝန်ထမ်းဆောင်ချင်တာပေါ့ဗျာ ၊ သူက တကယ့်ကို ဧကရာဇ်တစ်ပါးဖြစ်ထိုက်သူတစ်ယောက်ပဲ ၊ ဒါပေမယ့် တာ့ရှားဧကရာဇ်ကို သစ္စာပျက်လို့လည်း မရဘူးလေ ၊ ဒါ့ကြောင့် ဝူတင်ကိုသွားကယ်ဖို့ မင်းကို အကူအညီတောင်းရတာပါ”

“စိတ်ဝင်စားစရာပဲ ၊ အဲဒီအကြောင်းတွေ ကျုပ်ကိုထပ်ပြီးပြောပြပါဦး”

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

“ကျွန်မလည်း အဲဒီအကြောင်းတွေကိုသိတယ်”

နိုင်ငံခြားရေးဝန်ကြီး၏သမီးက သူတို့အနားသို့ ရောက်လာပြီး သူတို့ဘေးနားတွင် ဝင်ထိုင်ရင်း ပြောလိုက်လေသည်။

သူမ၏မျက်ဝန်းများမှာ အလွန်လှပနေပြီး ဉာဏ်ပညာနှင့်ပြည့်ဝနေလေသည်။ သူမက ကွမ်းလုန်ကျီနှင့်ဆန်းလျန်ကို တည်ငြိမ်စွာဖြင့် ကြည့်နေလေသည်။

ကွမ်းလုန်ကျီက...

“ဒါပေါ့ ၊ နိုင်ငံခြားရေးဝန်ကြီးရဲ့ သမီးတစ်ယောက်အနေနဲ့ ဒီအကြောင်းတွေကို မင်းသိမှာပေါ့ ၊ ပြီးတော့ လက်ရှိ နိုင်ငံခြားရေးဝန်ကြီးကလည်း တာ့ရှားမှာ တာဝန်ထမ်းဆောင်ခဲ့တာ ကြာလှပြီပဲ"

ဆန်းလျန်ကတော့ ငြိမ်သက်နေရင်း လေ့ကျင်းပြောမည့်စကားကို စောင့်နေလေသည်။

“အရှေ့တိုင်းစစ်သည်တော်တွေက ယင်းစန်းလိုမျိုး လူမျိုးစု ဒေသတည်ထောင်ထားတာမဟုတ်ပေမယ့် သူတို့တွေက အရမ်းအင်အားကြီးမားတယ် ၊ သူတို့ကို လျှော့တွက်လို့မရဘူး ၊ ပြီးတော့ သူတို့က တာ့ရှားဧကရာဇ်နဲ့ ရင်းနှီးတဲ့ဆက်ဆံရေး

လည်းရှိကြတယ်၊ ကျွန်မသိသလောက်ဆိုရင် အရှေ့တိုင်းစစ်သည်တော်တွေက တာ့ရှားကေရာဇ်ကို မိန်းမလှတွေဆက်သတာများ ရေတွက်လို့တောင် မရနိုင်ဘူး"

"ပြီးတော့ အရှေ့တိုင်းစစ်သည်တော်တွေနဲ့ ယင်းစန်းဒေသဟာ မီးနဲ့ရေပဲ၊ လုံးဝမျက်နှာချင်းမဆိုင်နိုင်ကြဘူး၊ သူတို့ ဒီလိုမတည့်ကြတာကိုလည်း တာ့ရှားကေရာဇ်က သဘောကျတယ်၊ တကယ်တော့ တိချိုးအပြင်ဘက်မှ သူတို့ တိုက်ခိုက်ကြမယ်ဆိုရင် ကျွန်မတို့တာ့ရှားကလည်း သူတို့ကိစ္စကိုဝင်မပါဘဲ လက်ပိုက်ကြည့်နေမှာပဲ"

"ပြီးတော့ ဝူတင်က ထူးခြားတဲ့လူတစ်ယောက်ပဲ၊ ထူးဆန်းတဲ့ ကျင့်ကြံသူတစ်ယောက်က သူ့ကို ပညာသင်ပေးခဲ့တယ်၊ ထျန်းယီအကြီးအကဲမရှိတော့တဲ့တစ်နေ့ကျရင် ယင်းစန်းဒေသရဲ့ အကြီးအကဲနေရာကို ဝူတင်က ဆက်ခံနိုင်တဲ့သူပဲ"

“အဲဒီတော့ အရှေ့တိုင်းစစ်သည်တော်တွေက ဂူတင်ကိုလုပ်ကြံတာဟာ ယင်းစန်းရဲ့အနာဂတ်ကို ဖျက်စီးချင်လို့ပဲ ၊ ဒါပေမယ့် ဂူတင်သာ တိချိုးမြို့တော်မှာ သေသွားမယ်ဆိုရင် ကျွန်မရဲ့ ဦးရီးတော် တာ့ရှားကေရာဇ်ရဲ့ ဂုဏ်သိက္ခာ အကြီးအကျယ် ထိခိုက်လိမ့်မယ် ၊ ဦးရီးတော်ရဲ့ စိတ်ထားအရဆိုရင် သူက ယင်းစန်းကို မျက်နှာသာပေးမှာတော့ မဟုတ်ဘူး ၊ အဲဒီလိုပဲ အရှေ့တိုင်းစစ်သည်တော်တွေကိုလည်း အမျက်ထွက်လိမ့်မယ်”

“အဲဒီလိုသာဖြစ်လာရင် တာ့ရှားပြည်ဟာ အရှေ့တိုင်းစစ်သည်တော်တွေနဲ့ရော ယင်းစန်းဒေသနဲ့ရော ရန်သူတွေ ဖြစ်သွားလိမ့်မယ် ၊ အမှန်တော့ တာ့ရှားပြည်ဟာ တာအိုကျင့်ကြံသူတွေနဲ့ ဗုဒ္ဓဘာသာကျင့်ကြံသူတွေကို ဖိနှိပ်နေရတာနဲ့တင် ထင်သလောက်တော့ အင်အားမကြီးပါဘူး”

ကွမ်းလုန်ကျီက လေ့ကျင်းပြောသမျှကို ထောက်ခံသည့်

သဘောဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

မည်သည့်ဘုရင်ကမှ အင်အားကြီးလူမျိုးစုနှစ်ခုဖြင့် ရန်သူဖြစ်

ချင်ပါမည်နည်း။

သို့သော် တာ့ရှားကေရာဇ်ကတော့ အခြားဘုရင်များနှင့်မတူ

သည့် ဘုရင်တစ်ပါးဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် ငတုံးတစ်ယောက်မဟုတ်သည့်အတွက်

သူလုပ်သည့်လုပ်ရပ်တိုင်း၏ အကျိုးဆက်ကို အမြဲတမ်း

နားလည်သိရှိသူဖြစ်လေသည်။

သို့သော် သူက သိသိကြီးနှင့်လည်း သူလုပ်ချင်လျှင် လုပ်မည်

ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် စကြာဝဠာ

တစ်ခွင်တွင် တန်ခိုးစွမ်းအားမြင့်မားလွန်းသည့် တာ့ရှား

ကေရာဇ် ဖြစ်နေသောကြောင့်ပင်။

အခန်း (၄၈၇) လက်သီးတစ်ချက်

လေ့ကျင်းသည် တာ့ရှားကေရာဇ်အကြောင်းကို ကောင်းစွာသိ ထားသူဖြစ်လေသည်။ ဆန်းလျန်သည် လေ့ကျင်းထံမှ နားထောင်ရသည့်စကားများအတွက် နောင်တရစရာ မရှိခဲ့ပါ။ သူ တိချိုးမြို့တော်သို့ရောက်ကတည်းက သူ၏တည်ရှိမှုကို ဖုံးကွယ်ထားရန်အတွက် သူ၏နတ်ဘုရားစွမ်းအားများကို လျှော့ချထိန်းချုပ်ထားခဲ့လေသည်။ သို့သော် လူတစ်ယောက် ကို ကယ်တင်ရန်အတွက် တန်ခိုးစွမ်းအားများ ပြန်လည်

ထုတ်ဖော်ရလျှင်လည်း ဆန်းလျန်အနေဖြင့် အခက်အခဲမရှိလှ ပါ။

နိုင်ငံခြားရေးဝန်ကြီး၏သမီးငယ် တော်ဝင်မင်းသမီးလေ့ကျင်း သည် ရုပ်ရည်ချောမောလှပသည့် အချက်တစ်ချက် တည်းကို သာကြည့်ပြီး ဆန်းလျန်ထံတွင် ပညာသင်ကြားရန် ရွေးခြယ်ခဲ့ သည့်တိုင် သူမသည် ဆရာဖြစ်သူကို ပေါ့ပေါ့တန်တန် သဘော မထားခဲ့ပါချေ။

လေ့ကျင်းသည် အစကတည်းက ထူးခြားသည့်မိန်းမပျိုတစ် ယောက် ဖြစ်လေသည်။ သူမ၏သန့်စင်သည့်တော်ဝင်သွေး ကြောင့်သာ ထူးခြားသည်မဟုတ် သူမ၏ ပင်ကိုယ်စိတ်နေ စိတ်ထားကလည်း ထူးခြားလေသည်။ အခြားသော တော်ဝင် မျိုးနွယ်များနှင့်မတူဘဲ ကိုယ့်ကိုကိုယ်အလွန်အမင်းအထင်ကြီး ခြင်းနှင့် မောက်မာခြင်းများ သူမတွင် သိပ်မရှိပေ။ သူမက ကြွယ်ဝချမ်းသာမှုနှင့် ဂုဏ်အသရေများထက် လွတ်လပ်မှုကို

မြတ်နိုးသူ ဖြစ်လေသည်။ ထို့ပြင် သူမသည် တော်ဝင်မျိုးနွယ်များထဲမှ မည်သည့်ယောကျာ်းပျိုကိုမှလည်း စိတ်ဝင်စားခြင်းမရှိပေ။

သို့သော် သူမ၏မျက်ဝန်းထဲတွင် ပထမဆုံး သတိထားမိပြီး စိတ်ဝင်စားခဲ့မိသည့် လူငယ်မှာ ဆန်းလျန်သာ ဖြစ်လေသည်။

ယခုတော့ သူမသည် ဆန်းလျန်၏ ထူးခြားဆန်းကျယ်မှုများကို နားလည်သည်ထက်နားလည်ချင်နေမိတော့သည်။

ယခုတော့ သူမသည် ဆန်းလျန်၏အမိန့်များကိုနာခံရုံသာမက ဆန်းလျန်ကိုပင် သူမ၏နတ်မြင်းပျံကြီးထက်သို့ တင်ခေါ်လာခဲ့သေးသည်။ သူတို့သည် ရှားတူးမြောင်းကိုဖြတ်ကာ ဆောက်လုပ်ထားသည့် တံတားလေးပေါ်သို့ ရောက်ရှိနေကြပြီ ဖြစ်လေသည်။

ဆန်းလျန်သည် နတ်မြင်းပျံကြီးထက်တွင်ထိုင်နေပြီး လေ့ကျင်းသည် နတ်မြင်းပျံကြီးကို ဆွဲလာလေသည်။ ယောကျာ်း

လေးတစ်ယောက်က နတ်မြင်းပျံပေါ်တွင်ထိုင်နေပြီး မိန်းကလေးတစ်ယောက်က နတ်မြင်းပျံကြီးကို ဆွဲလာခြင်းမှာ ထူးဆန်းလွန်းသည့် မြင်ကွင်းဖြစ်လေသည်။ သို့သော် လေ့ကျင်း၏စိတ်ထဲတွင် ပြဿနာမရှိပါ။ သူမက ဆရာဖြစ်သူကို လေးစားသည့်အနေဖြင့် ထိုသို့ပြုလုပ်ခြင်း ဖြစ်လေသည်။ သို့သော် သူမသည် သူမ၏ဆရာငယ်လေး၏ ထူးဆန်းမှုများကို နားလည်နိုင်ရန် ကြိုးစားနေဆဲ ဖြစ်လေသည်။ သူမသည် နတ်မြင်းပျံကြီးထက်မှ ဆန်းလျန်ကို ငေးကြည့်ရင်း "မြင်းဖြူကြီးထက်မှချောမောသောမင်းသားငယ်" ဆိုသည့် ပုံပြင်ဇာတ်လမ်း တစ်ပုဒ်ကို သတိရနေမိသည်။

ပုံပြင်က စိတ်ဝင်စားစရာမကောင်းလှပါ။ သို့သော်... ဆန်းလျန်သည် အမှန်တကယ်ပင် "မြင်းဖြူကြီးထက်မှချောမောသောမင်းသားငယ်" ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်း

လျှန်သည်လည်း ရှီးလျှန်တိုင်းပြည်မှ မင်းသားငယ်တစ်ပါးပင် မဟုတ်ပါလား။

လေ့ကျင်းသည် ရှားတူးမြောင်းထဲသို့ ပြုတ်ကျသွားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေသည်။ ဂူတင်သည် ခန့်ငြားသော လူငယ်လေးတစ်ယောက်ဖြစ်ပြီး ဆန်းလျှန်ထက် အသက်အနည်းငယ်ကြီးလေသည်။

ဂူတင်နှင့် ဆန်းလျှန် ယှဉ်လိုက်လျှင် လေ့ကျင်းသည် ဆန်းလျှန်ကိုပိုပြီးသဘောကျမိလေသည်။ သူမသည် ဆန်းလျှန်ကို အထင်ကြီးလေးစား၍လည်း နေမိလေသ်ည။

သူမဘဝတွင် တန်ခိုးစွမ်းအားမြင့်မားသည့် ယောကျ်ားပေါင်းများစွာကို မြင်တွေ့ခဲ့ရဖူးလေသည်။ သို့သော် ဆန်းလျှန် တိုက်ခိုက်သည်ကို သူမတစ်ခါမှ မမြင်တွေ့ရသေးပေ။

သူမ၏ဦးရီးတော် တာ့ရှားကေရာဇ်သည် ကျင့်ကြံသူတစ်ယောက်ကို သံမဏိလက်သီးသိုင်းအသုံးပြုကာ တိုက်ခိုက်

နှိမ်နင်းလိုက်သည်ကို သူမ တွေ့မြင်ဖူးလေသည်။ ထိုကျင့်ကြံ
သူမှာ ဦးရီးတော်၏ သံမဏိလက်သီးအစွမ်းကြောင့် ဝိညာဉ်ပင်
လျှင် ပြာကျသွားခဲ့ရလေသည်။

အနက်ရောင်ဝတ် အရှေ့တိုင်းစစ်သည်တော်သည် တူးမြောင်း
တစ်ကမ်းတစ်ဖက်တွင် ရပ်နေလေသည်။ သူ၏မျက်လုံးများ
က သွေးနီရောင်တောက်ပနေလေသည်။

သူက အက်ရှသည့်အသံဖြင့် ဆန်းလျန်ကို စကားစပြောလိုက်
သည်။

"ကြီးမြတ်တဲ့လူသား ၊ ကျုပ်အနေနဲ့ ဒီနေ့မှာ မင်းနဲ့ တိုက်ခိုက်
လိုစိတ်မရှိဘူး ၊ ဒါကြောင့် ကျုပ်ကိစ္စမှာ ဝင်မပါဖို့ တောင်း
ဆိုလိုတယ် ၊ မဟုတ်ရင်တော့ သင်ဟာ အရှေ့တိုင်းစစ်သည်
တော်တွေနဲ့ ရန်ကြွေးတင်ပါလိမ့်မယ်"

"ကျုပ်ကဝင်ပါတော့ရော ဘာဖြစ်သေးလဲ"

ဆန်းလျန်၏စကားသံမှ ကောင်းကင်ထက်မှ ကြယ်စင်ကြွေကျ

သည့်အလား ထက်ရှလှလေသည်။ ထိုသံသည် လူသတ်သမား

ကျောလင်၏နှလုံးသားကို ထိုးစိုက်သွားလေသည်။

ကျောလင်သည် သွေးများကိုအန်ထုတ်လိုက်ပြီး ခန္ဓာကိုယ်မှာ

လည်း ယိမ်းယိုင်သွားရသည်။

ဆန်းလျန်သည် သူ၏တောင်းဆိုမှုကို မလိုက်လျောနိုင်သည်မှာ

ထင်ရှားနေလေသည်။ သို့တိုင်အောင် သူ့ဘက်ကလည်း အ

လျှော့ပေးမည် မဟုတ်ပေ။ အလျှော့ပေးမည့်အစား အသက်

သာအဆုံးရှုံးခံလိုက်မည်။

သူ့ရှေ့မှ လူငယ်လေးသည် သေမင်းတစ်ပါးကဲ့သို့ပင် လူပေါင်း

တစ်သောင်းနှင့် ဝိုင်းဝန်းတိုက်ခိုက်လျှင်ပင် ယိမ်းယိုင်ပြိုလဲ

မည့်သူမဟုတ်ပေ။

ကျောလင်၏မျက်နှာတွင် အေးစက်သည့်အငွေ့အသက်တစ်ခု

ဖြတ်သန်းသွားလေသည်။ သူက လက်နှစ်ဖက်ကိုအသုံးပြုကာ

ထူးဆန်းသည့်လက်ဟန်တစ်ခုပြုလုပ်လိုက်ပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။ သူ၏သွေးများအားလုံး အငွေ့ပျံသွားပြီး ကျောလင်၏ခန္ဓာကိုယ်သည် စက္ကူစလေးတစ်ချပ်အလား တဖြည်းဖြည်း ပါးလွှာသွားလေတော့သည်။ နောက်ဆုံးတွင် လျှပ်စီးလက်သကဲ့သို့ အလင်းရောင်တစ်ချက် လက်ခနဲဖြစ်သွားကာ ငွေရောင်မြားတစ်စင်း ထွက်ပေါ်လာလေသည်။ သူရပ်နေခဲ့သည့်နေရာတွင် သူကိုင်ဆောင်သည့် ထူးဆန်းသည့်လေးလက်နက် ကျန်ရစ်ခဲ့လေသည်။ လေးထက်တွင် တန်ခိုးစွမ်းအားအငွေ့အသက်များထွက်ပေါ်နေသည့် ငွေရောင်မြားတစ်လက် ရှိနေလေသည်။

ကျောလင်က သူ၏ခန္ဓာကိုယ်ကို မြားတစ်လက်အဖြစ်ပြောင်းလဲခဲ့ခြင်း ဖြစ်လေသည်။ ထိုပညာမှာ အရှေ့တိုင်းစစ်သည်တော်များ၏ လျှို့ဝှက်ပညာတစ်ခု ဖြစ်လေသည်။ ထို

ပညာကို အသုံးပြုသူသည် သူ၏ဝိညာဉ်ကို ဆုံးရှုံးရမည် ဖြစ်ပြီး လောကမှ ထာဝရပျောက်ကွယ်သွားရမည် ဖြစ်လေသည်။ ကျောလင်၏ ကိုယ့်ကိုယ်ကို စတေးကာ ယာဇ်ပူဇော်လိုက်ခြင်း ဖြစ်လေသည်။ သူ၏ စတေးခံမှုကို ပကတိဖန်ဆင်းခြင်းပညာကပင် တားဆီးနိုင်မည် မဟုတ်ပေ။

မိမိကိုယ်ခန္ဓာကို စစ်တိုက်ရန်အတွက် မြားတစ်လက်အဖြစ် ပြောင်းလဲလိုက်သည့် စစ်သည်တော်တစ်ယောက်၏ စိတ်ထားကို မည်သည့်အရာကမှ တားဆီးနိုင်မည် မဟုတ်ပေ။

ဆန်းလျန်က "ဟွန့်" ခနဲ အသံတစ်ချက်ပြုကာ မဲ့ပြုံးပြုံးလိုက်လေသည်။ အချိန်သည် တဖြည်းဖြည်းနှေးကွေးသွားလေသည်။

ဆန်းလျန်သည် အဖြူရောင်နတ်မြင်းပျံကြီးထက်တွင် ထိုင်နေဆဲဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် သူက ရှားတူးမြောင်းထဲတွင် ကူးခတ်နေသည့် ဝူတင်ကိုလည်း ဆယ်ယူလိုက်လေ

သည်။ တစ်ချိန်တည်းမှာပင် ကျောလင်မှ အသွင်ပြောင်းထား

သည့် ငွေရောင်နတ်မြားကိုလည်း ရင်ဆိုင်တိုက်ခိုက်လိုက်လေ

သည်။

ပျံသန်းကြယ်စင်ကျင့်စဉ်ကို ကျင့်ကြံခဲ့သူ ဝူတင်၏ခေါင်းထဲ

တွင် စကားလုံးအချို့ကို သတိရလိုက်မိလေသည်။

"နတ်မုဆိုးကြယ်စင်နှင့် ကင်းမြီးကောက်ကြယ်စင်သိုင်းကွက်"

ထိုသိုင်းကွက်သည် ပျံသန်းကြယ်စင်ခြေလှမ်းများထဲမှ

သိုင်းကွက်များဖြစ်လေသည်။

နတ်မုဆိုးကြယ်စင်သည် အနောက်ဘက်တွင်တည်ရှိပြီး

ကင်းမြီးကောက်ကြယ်စင်မှာ အရှေ့ဘက်တွင် တည်ရှိလေ

သည်။ ထိုကြယ်စင်နှစ်ခု၏လားရာကတူညီပြီး ကြယ်စင်တစ်ခု

လင်းလက်လာလျှင် နောက်ကြယ်စင်တစ်ခုက အလိုလိုမှေးမှိန်

ပေးရလေသည်။ တစ်ခုနှင့်တစ်ခု လမ်းလွှဲပေးခြင်းပင် ဖြစ်လေ

သည်။

တစ်ခုနှင့်တစ်ခုသည် မည်သည့်အခါမှ ဆုံစည်းရခြင်း မရှိ

သလို အတူတူ လင်းလက်ရခြင်းမျိုးလည်း မရှိပေ။

သို့သော် ဆန်းလျန်၏ လှုပ်ရှားမှုကတော့ နတ်မုဆိုးကြယ်စင်

နှင့် ကင်းမြီးကောက်ကြယ်စင်နှစ်မျိုးစလုံးကို တစ်ပြိုင်နက်

တည်း လင်းလက်စေလိုက်သကဲ့သို့ ဖြစ်လေသည်။

နေရာတစ်ခုတည်းတွင်ပင် ဆန်းလျန်သည် သုံးကိုယ်ခွဲလိုက်

သကဲ့သို့ ရှိလေသည်။

ဆန်းလျန်သည် ပုံရိပ်ယောင်များဖြာထွက်ပြီး ကိုယ်ခွဲလိုက်ခြင်း

မဟုတ်ပါ။ တစ်ချိန်တည်း တစ်နေရာတည်းမှာပင် ဆန်းလျန်

သည် အတိတကျ သုံးယောက် ဖြစ်သွားခြင်း ဖြစ်လေသည်။

ထိုမြင်ကွင်းကို ရှင်းရှင်းလင်းလင်း တွေ့မြင် လိုက်ရသူ ဝူ

တင်သည် ပျံသန်းကြယ်စင်ကျင့်စဉ်တွင် ရင်ဆိုင်နေရသည့်

အခက်အခဲကို ချက်ချင်းသဘောပေါက်သွားခဲ့လေသည်။

ဆန်းလျန်သည် သူ့ထံသို့ဝင်ရောက်လာသည့် စွမ်းအားမြင့်မား လွန်းသည့် မြားရှည်ကို ခုခံကာကွယ်ခြင်းမရှိခဲ့ပါ။ သူက ထို မြားရှည်ကို လက်သီးတစ်ချက်ဖြင့် ရင်ဆိုင်လိုက်လေသည်။ ကျောလင်၏ ခန္ဓာကိုယ်မှ ပြောင်းလဲသွားသည့်မြားရှည်သည် တစ်စစီပျက်စီးသွားပြီး ပေသုံးရာရှည်သည့် ရှားတူးမြောင်းမှ ရေများအားလုံးသည်ပင်လျှင် ဆန်းလျန်၏လက်သီးချက်မှ တန်ခိုးစွမ်းအားတို့ကြောင့် အကုန်အငွေ့ပျံပျောက်ကွယ်သွား လေသည်။ ထို့နောက် ကျောလင်၏ငွေရောင်လေးကြီးမှာ လည်း တစ်စစီပျက်စီးသွားရတော့သည်။

ဝူတင်မှာ ရှားတူးမြောင်း၏ကြမ်းပြင်ကိုပင် မြင်တွေ့လိုက်ရ လေသည်။ ပေတစ်ထောင်မကနက်သည့် ရှားတူးမြောင်းမှ ရေ များသည် ချက်ချင်းပင် ခမ်းခြောက်သွားခဲ့ပြီ။

ဆန်းလျန်၏လက်သီးချက်မှ ထွက်ပေါ်လာသည့် ကြယ်တာရာ စွမ်းအားများကို မည်သည့်အရာကမှ ခုခံကာကွယ်နိုင် ခြင်းမရှိပေ။

လေ့ကျင်းမှာ သူမမြင်တွေ့လိုက်ရသည့်မြင်ကွင်းကို မယုံကြည်နိုင်စွာဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ထို့နောက်တွင်တော့ မြစ်မကြီးအထက်ပိုင်းမှ ရေများက ရှားတူးမြောင်းအတွင်းသို့ ပြန်လည်စီးဝင်လာပြီး ရှားတူးမြောင်းမှာ နဂိုအတိုင်း ပြန်လည်စီးဆင်းသွားတော့သည်။

ရှားတူးမြောင်း၏ဒီရေ အနည်းငယ်ကျသွားသည်မှအပ တိုက်ပွဲတစ်ခုဖြစ်ပျက်ခဲ့သည့် အရိပ်လက္ခဏာ တစ်ခုမှ မတွေ့ရတော့ပေ။

ဆန်းလျန်သည် အဖြူရောင်နတ်မြင်းပျံကြီးထက်တွင် ထိုင်နေလေသည်။ သူ၏ပုံစံက အလွန်မှ တည်ငြိမ်နေလေသည်။ ဝူတင်သည် တံတားလက်တန်းကိုမီကာ မတ်တပ်ရပ်နေလေ

သည်။ ဆန်းလျန်အသုံးပြုလိုက်သည့် နတ်မှုဆိုးကြယ်စင်နှင့်
ကင်းမြီးကောက်ကြယ်စင်ကို တစ်ပြိုင်တည်းလင်းလက်
စေလိုက်သည့် တန်ခိုးစွမ်းအားသည် ဝူတင်ကျင့်ကြံနေသည့်
ပျံသန်းကြယ်စင်ကျင့်စဉ်နှင့် အလွန်ဆင်တူလေသည်။
ထို့ကြောင့် ဆန်းလျန်၏ ကြယ်တာရာတန်ခိုးစွမ်းအားများကို
မြင်တွေ့ခွင့်ရလိုက်ခြင်းမှာ ဝူတင်အတွက်လည်း များစွာ
အကျိုးရှိခဲ့လေသည်။
ပျံသန်းကြယ်စင်ကျင့်စဉ်သည် တာအိုကျင့်စဉ်တစ်ခုဖြစ်သည်
သာမက ဝိညာဉ်စွမ်းအားမြှင့်တင်သည့် ကျင့်စဉ်တစ်ခု လည်း
ဖြစ်လေသည်။ ထို့ကြောင့် ဝူတင်သည် ဆန်းလျ
န်၏ကြယ်တာရာစွမ်းအားများကို မြင်တွေ့ခဲ့ရပြီး ပျံသန်းကြယ်
စင်ကျင့်စဉ်၏ နက်ရှိုင်းမှုနှင့် ဆင့်ကဲဖြစ်စဉ် လျှို့ဆော်မှုများကို
ချက်ချင်း သဘောပေါက်သွားရလေသည်။

ထို့ပြင် ဆန်းလျှန်၏ တန်ခိုးစွမ်းအားနှင့်ပြည့်ဝနေသည့်
မျက်ဝန်းများကလည်း ဝူတင်ကျင့်ကြံထားသည့်ကျင့်စဉ်ကို
ချက်ချင်းသိမြင်လိုက်လေသည်။ သူ့ဘဝတွင် တန်ခိုးစွမ်းအား
နှင့် ဝိညာဉ်စွမ်းအားနှစ်ခုပေါင်းစပ်ထားသည့် တာအိုကျင့်စဉ်
ကို ပထမဆုံးအကြိမ်တွေ့မြင်ခဲ့ရခြင်းဖြစ်ပြီး ထိုကျင့်စဉ်သည်
အသစ်သောလောကတစ်ခုကို ဖွင့်လှစ်ပေးနိုင်စွမ်းရှိနိုင်လေ
သည်။

ဝူတင်ကျင့်ကြံထားသည့် ပျံသန်းကြယ်စင်ကျင့်စဉ်သည် ထိုက်
ရှီးနည်းဗျူဟာကျင့်စဉ်နှင့် စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း
စာအုပ်မှ ကျင့်စဉ်များလောက် ကောင်းမွန်ခြင်းမရှိသည့်တိုင်
ထူးခြားသောကျင့်စဉ်တစ်ခုဖြစ်ပြီး အဆုံးမဲ့သောဖြစ်နိုင်ချေ
များကို တွေ့ရှိရလေသည်။

လူသားများသည် တောဘုရင်များဖြစ်သည့် ကျားများ ၊ ခြင်္သေ့
များ ၊ ကျားသစ်များနှင့် အခြားသောသားရဲများကို ယှဉ်ပြိုင်

တိုက်ခိုက်နိုင်ခြင်းမရှိခဲ့ပါ။ သို့သော်... ထိုသတ္တဝါများအားလုံး ထက် လူသားများကသာသည့်အချက်မှာ အသိဉာဏ်ပညာပင် ဖြစ်လေသည်။

ထိုအသိဉာဏ်ပညာကြောင့်ပင်လူသားများသည် "တာအို" ကို သိရှိနားလည်ရန် တိရိစ္ဆာန်သတ္တဝါများထက် အခွင့်အရေးပိုများ လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ဆန်းလျန်သည် သာမန်လူတစ် ယောက်မျှသာ ဖြစ်လေသည်။ ယခုအချိန်တွင်တော့ ဆန်းလျန် သည် အဆင့်မြင့်နတ်ဘုရားတစ်ပါးဖြစ်နေခဲ့ပြီ ဖြစ်လေသည်။ ဤသည်မှာ “အသိဉာဏ်ပညာ” ကြောင့်ပင် ဖြစ်လေသည်။

အခန်း (၄၈၈) မတည်ငြိမ်သောနှလုံးသား

ဝူတင်သည် တံတားလက်တန်းကိုမှီပြီး ရပ်နေလေသည်။ ဆန်း

လျန်၏ ကြယ်တာရာစွမ်းအားများကို မြင်တွေ့လိုက်ရ

သည့်အတွက် သူ၏ကိုယ်တွင်းမှ ကြယ်စင်စွမ်းအားများမှာ

လည်း ပေါက်ကွဲထွက်လာပြီး မြန်နှုန်းမြင့်အလင်းအလျှင် ဖြင့်

ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်နေလေသည်။

တန်ခိုးစွမ်းအားများ၏ဒဏ်ကိုမခံနိုင်ဘဲ ဝူတင်၏မျက်နှာသည်

ရှုံ့မဲ့လျှက်ရှိလေသည်။

ဆန်းလျန်သည် ဝူတင်၏အခြေအနေကို အနီးကပ်အာရုံစိုက်

ကာ လေ့လာနေခဲ့လေသည်။

ကံကောင်းထောက်မစွာဖြင့်ပင် ဝူတင်သည် သိုင်းပညာတော်

သည့်လူငယ်တစ်ယောက်ဖြစ်သည့်အတွက် သူ၏အတွင်းအား

များကိုအသုံးပြုကာ ကြယ်စင်စွမ်းအားများကို အချိန်မီရပ်တန့်သွားအောင် ထိန်းချုပ်နိုင်ခဲ့လေသည်။

ခဏအကြာတွင်တော့ ဝူတင်၏ကိုယ်ပေါ်သို့သက်ရောက်နေသည့် ဆန်းလျန်၏ ကြယ်တာရာစွမ်းအားများမှာ တဖြည်းဖြည်း လွင့်ပြယ်သွားလေသည်။ သူ၏ပျံသန်းကြယ်စဉ်တန်ခိုးစွမ်းအားများမှာလည်း တဖြည်းဖြည်းရပ်တန့်သွားလေသည်။

ဆန်းလျန်က လက်တစ်ဖက်ကိုဝေ့ရမ်းလိုက်လေရာ ဝူတင်၏သွေးကြောဆုံချက်များအားလုံးဆီသို့ အေးစိမ့်သည့်လေအေးတစ်ခုက စီးဆင်းဝင်ရောက်သွားလေသည်။ စောစောကဖြစ်ပျက်ခဲ့သည့် သူ၏ကိုယ်တွင်းမှ ကြယ်စင်စွမ်းအားပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် သွေးကြောများသည် ချက်ချင်းပင် ပြန်လည်ကောင်းမွန်သွားခဲ့လေသည်။

ဂူတင်မှာ ယခုမှ အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်နိုင်ပြီး

သူ၏တန်ခိုးစွမ်းအားများကို လျှော့ချလိုက်လေသည်။

သူက ဆန်းလျန်ကို ချက်ချင်းဂါရဝပြုလိုက်ပြီး...

“ကျေးဇူးတင်ပါတယ် မင်းသားလေး”

ဆန်းလျန်ကပြုံးလိုက်ရင်း...

“ကျုပ်တို့နဲ့ တော်ဝင်ကျောင်းတော်ကိုလိုက်ခဲ့ပါ”

“မြင်းလာဆွဲ...”

လေ့ကျင်းက ဂူတင်ကိုလက်ညိုးထိုးပြီး ပြောလိုက်လေသည်။

ဂူတင်မှာ အနည်းငယ်လန့်သွားသော်လည်း ချက်ချင်းပင် နတ်

မြင်းပျံကြီး၏နဖားကြိုးကိုဆွဲလိုက်လေသည်။ သို့သော် ဆန်း

လျန်က သူ့ကို တားဆီးလိုက်သည်။

“ကျုပ်တို့က မိတ်ဆွေဟောင်းတွေပဲ ၊ ဒီလိုလုပ်စရာမလိုပါဘူး”

လေ့ကျင်းမှာ ရှက်ကိုးရှက်းကန်းဖြင့် သူမ၏ပါးပြင်ကို တစ်

ချက်ပွတ်သပ်လိုက်ကာ မြင်းကို ဆွဲသွားလေတော့သည်။ လေ့

ကျင်းမှာ ညဏ်ရည်ထက်မြက်သူတစ်ယောက်ဖြစ်သည့်တိုင်

သူမသည် ဆယ်ကျော်သက် ကလေးမလေးတစ်ယောက်မျှသာ

ဖြစ်လေသည်။ ဆန်းလျန်၏ ကြယ်တာရာစွမ်းအားလက်သီး

ချက်ကို တွေ့မြင်ပြီးသည့်နောက်ပိုင်း သူမ၏စိတ်များမှာ မ

တည်မငြိမ်ဖြစ်နေလေရာ အယောင်ယောင်အမှားမှားဖြင့် ဝူ

တင်ကို မြင်းလာဆွဲရန် အမိန့်ပေးလိုက်မိခြင်း ဖြစ်လေသည်။

ရှားတူးမြောင်းကိုပင် ခြောက်ခမ်းသွားစေသည့် ဆန်းလျ

န်၏ပြင်းထန်လှသော လက်သီးချက်သည် ဆယ်ကျော်သက်

မိန်းကလေး၏နှလုံးသားကိုလည်း ထိတ်လန့်သွားစေသည်မှာ

မဆန်းပေ။ သူမ၏ဆရာငယ်လေးဆန်းလျန်သည် သူမ၏အ

ဘိုးနှင့်ပင် ဖက်ပြိုင်အံတုနိုင်သည့် တန်ခိုးစွမ်းအားများကို

ပိုင်ဆိုင်ထားသည်ကိုလည်း သိရှိလိုက်ရလေသည်။

သူမငယ်စဉ်အခါက ယိုဟူမျိုးနွယ်၏အကြီးအကဲဖြစ်သည့် အ

ဘိုးဖြစ်သူ “လေ့ဟုန်” အမဲလိုက်ထွက်သည့်အချိန်တိုင်း

လိုက်ပါသွားလေ့ရှိလေသည်။ အဘိုးဖြစ်သူသည် သွားရာလမ်းကိုပိတ်ဆို့နေသည့် ပေတစ်ထောင်ကျော်မြင့်မားသည့် တောင်တစ်တောင်ကိုပင် လက်သီးချက်တစ်ချက်တည်းဖြင့် အမှုန့်ဖြစ်အောင် ဖြိုခွင်းပစ်နိုင်စွမ်း ရှိလေသည်။

လေ့ကျင်းမှာ ဆန်းလျန်၏လက်သီးချက်ကို တွေ့မြင်လိုက်ရသည်နှင့် သူမ၏အဘိုးဖြစ်သူကို သတိရသွားမိလေသည်။

လေ့ကျင်းသည် ဆန်းလျန်နှင့် စတင်တွေ့ဆုံရစဉ်အခါက ဖခင်ဖြစ်သူကိုလာရောက်တွေ့ဆုံသည့် လူငယ်လေးတစ်ယောက်ဟုသာ သိထားလေသည်။ ထိုအချိန်တုန်းက သူမက ဆန်းလျန်ထက် ဆန်းလျန်၏ ကျားနက်ကြီးကိုသာ ပိုပြီးစိတ်ဝင်စားနေမိလေသည်။

သို့သော် ဖခင်ဖြစ်သူ၏အမိန့်ဖြင့် တော်ဝင်ကျောင်းတော်တွင် လာရောက်ပညာသင်ရသည့်အခါ ဆန်းလျန်ကို သူမ၏ဆရာ

အဖြစ် ပြန်လည်တွေ့ဆုံခဲ့ရသည့်အခါတွင်တော့ သူမ အလွန်အမင်း အံ့ဩခဲ့ရသည်။

ထို့ပြင် ဆန်းလျန်သည် နန်းတော်မှ အတော်ဆုံးဂီတပညာရှင်များထက်ပင် ဗျပ်စောင်းတီးတော်သေးသည်။ နောက်ပိုင်းတွင်တော့ ဆန်းလျန်သည် တိုင်းပြည်ငယ်လေးတစ်ခုဖြစ်သည့် ရှီးလျန်တိုင်းပြည်မှ မင်းသားငယ်တစ်ပါးဖြစ်သည်ကို သိရှိခွင့်ရခဲ့လေသည်။

သူမသည် ဆန်းလျန်အကြောင်းကို ပို၍ပို၍ သိချင်နေမိသည်။ သို့သော် ဆန်းလျန်က သူမကို မျက်နှာသာတစ်ချက်မှ မပေးခဲ့ပေ။ ကွမ်းလုန်ကျီက ဆန်းလျန်ကို ဝူတင်အား သွားရောက်ကယ်တင်ရန်အတွက် အကူအညီတောင်းသည့်အခါ သူမက ဆန်းလျန်ရှေ့တွင် သူမ၏အရည်အချင်းများကို ပြသချင်ခဲ့မိသည်။

ယခုတော့ သူမ၏အရည်အချင်းများကို ပြသဖို့အသာထား သူမကသာလျှင် ဆန်းလျန်၏ လက်သီးချက်ကိုမြင်တွေ့ခဲ့ရပြီး ဆန်းလျန်အပေါ်ထားနေသည့် သူမ၏မာနများအားလုံး လွင့်စင်သွားရပြီ ဖြစ်လေသည်။

သူမသည် မြင်းကိုဆွဲရင်း အရှေ့မှ လမ်းလျှောက်နေလေသ်ည။

သူမတို့ ဂူတင်ကိုကယ်တင်ရန် ထွက်လာခဲ့စဉ်ကပင် သူမသည် ဆန်းလျန်ထံမှရရှိသည့် လတ်ဆတ်သည့် ကိုယ်သင်းရနံ့လေး ကြောင့် ရင်ခုန်ခဲ့မိသေးသည်။ ယခုတော့ အခြေအနေများက ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

အမှန်တော့ သူမသည် ဆယ့်ခြောက်နှစ်အရွယ် သမီးပျိုလေး တစ်ယောက်သာ ဖြစ်လေသည်။

ဆန်းလျန်သည် လေ့ကျင်းအပိုးကျိုးသွားသည်ကို သတိထား လိုက်မိလေသည်။ မာနခပ်ကြီးကြီးကောင်မလေး အပိုးကျိုး သွားသည်မှာလည်း ကောင်းတာပဲလေဟု ဆန်းလျန်တွေးနေ

မိသည်။ အပိုးကျိုးမှသာ သူသင်ကြားပေးသည့် ပညာရပ်များ

ကို ဤမိန်းကလေးက နာခံစွာဖြင့် ကောင်းကောင်းသင်ယူမည်

ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် သူမ၏ဖခင်ကို ကျီမုမြစ်ရေတိုက်

ထားသည့်အတွက် ဖခင်ဖြစ်သူမှ သူမအတွက် ညီမငယ်တစ်

ယောက်မွေးဖွားပေးတော့မည်ကိုသာသိလျှင် သူမမည်သို့ခံစား

ရမည်ကို ဆန်းလျန် စဉ်းစားနေမိလေသည်။

နိုင်ငံခြားရေးဝန်ကြီးလေ့နော်မှာလည်း သူလုပ်ခဲ့သည့်လုပ်ရပ်

ကိုသာသိရှိပါက ဆန်းလျန်ကို အရေခွံစုတ်ပစ်ချင်ပေ

လိမ့်မည်။ဆန်းလျန်တိုက်ခဲ့သည့် ကျီမုမြစ်ရေအကြောင်းကို

အရာရှိမင်းလေ့နော် မသိခဲ့၍သာ ဆန်းလျန် သက်သာရာရနေခဲ့

ခြင်း ဖြစ်လေသည်။

“ယောကျ်ားလေးတစ်ယောက်က ကလေးမွေးနိုင်မယ်လို့ မင်း

တို့ထင်လား”

ဆန်းလျန်က နတ်မြင်းပျံကြီးထက်တွင်ထိုင်ရင်း

ကောက်ကာငင်ကာ မေးလိုက်လေသည်။

“ဘယ်လိုမေးခွန်းကြီးလဲ” ....

လေ့ကျင်းနှင့် ဝူတင်တို့နှစ်ယောက်လုံး ပြိုင်တူတွေးလိုက်မိကြ

သည်။

ဝူတင်သည် စိတ်ရှုတ်သွားသည့်ပုံပေါက်နေပြီး လေ့ကျင်းမှာ

ဆန်းလျန်ကို ပြူးကြည့်နေလေသည်။

ကြည့်နေရင်းနှင့်ပင် ဆန်းလျန်သာ မိန်းကလေးတစ်ယောက်

ဖြစ်ခဲ့လျှင် အလွန်ချောမောသည့်မိန်းကလေးဖြစ်မှာပဲဟု တွေး

လိုက်မိသေးသည်။

“ဆန်းကျယ်လိုက်တာ...”

လေ့ကျင်းက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်မှာ သတိလက်လွတ် လွှတ်ခနဲထွက်သွားမိသည့်

သူ၏မေးခွန်းအတွက် ထိတ်လန့်သွားလေသည်။ သူမ၏အဖေ

အကြောင်းကို လေ့ကျင်းသိသွား၍ မဖြစ်ပေ။ အခြေအနေများ ဆိုးကုန်လိမ့်မည် ဖြစ်လေသည်။ ဆန်းလျှန်သည် ခေါင်းကို မော့လိုက်ပြီး အသာအယာရယ်မောလိုက်ကာ မသိချင်ယောင် ဆောင်နေလိုက်တော့သည်။

ထိုသို့ဖြင့်...

အဖြူရောင်နတ်မြင်းပျံကြီးနှင့် လူငယ်သုံးယောက်တို့သည် တော်ဝင်ကျောင်းတော်သို့ ရောက်ရှိလာကြလေသည်။ ကျားနက်ကြီးသည် ကျောင်းတံခါးဝတွင် ပျင်းရိပျင်းတွဲပုံစံဖြင့် သူတို့ကို စောင့်ကြိုနေလေသည်။ လည်ပတ်သာ ဝတ်ပေးထားမည်ဆိုလျှင် ကျားတစ်ကောင်နှင့်လုံးဝမတူဘဲ တံခါးစောင့်ခွေးနှင့်ပင် တူနေမည်မှာ အမှန်ပင်။

ကျောင်းတံခါးသို့ရောက်သည်နှင့် နတ်မြင်းပျံကြီးက ကျယ်လောင်စွာ ဟီလိုက်လေသည်။ သူက တံခါးဝတွင်ပိတ်ကာ အိပ်နေသည့် ကျားနက်ကြီးကို မကျေမနပ်ဖြင့် လမ်းဖယ်ခိုင်းနေ

ခြင်း ဖြစ်လေသည်။ ကျားနက်ကြီးမှာ ဒေါသထွက်သွားပြီး မြင်းစုတ်ကို ပညာပေးလိုက်ချင်သော်လည်း ထိုမြင်းကို နိုင်အောင် မတိုက်ခိုက်နိုင်လျှင် အရှက်ကွဲမည်ကိုစိုးရိမ်သည့်အတွက် မာန်ဖီသံတစ်ချက်ပြုလုပ်ကာ လမ်းဖယ်ပေးလိုက်ရလေသည်။

ဆန်းလျန်မှာ ကျားနက်ကြီး၏ပုံကိုကြည့်ကာ ရယ်ချင်နေမိလေသည်။ ထိုကျားနက်ကြီးသည် အလွန်မှ ရယ်စရာကောင်းပြီး ဆန်းလျန်က သူ့ကို သဘောကျလေသည်။

ဆန်းလျန်က နတ်မြင်းပျံကြီးထက်မှဆင်းလိုက်သည့်အခါတွင်တော့ ကျားနက်ကြီးက သူ၏လက်သည်းများဖြင့် ဆန်းလျန်ကို ခပ်ဖွဖွ ကုတ်ခြစ်လေသည်။

"သခင်လေး ၊ ဘာလို့ကျွန်တော့်ကို ထားခဲ့ရတာလဲ ၊ ကျွန်တော်သခင်လေးထားခဲ့လို့အစားတောင်မစားနိုင်ဘူး ၊ ခုလည်း ဟိုမြင်းစုတ်က ကျွန်တော့်ကို ဘယ်လိုတောင် အော်ဟာစ်

ငေါက်ငမ်းနေလဲဆိုတာ သခင်လေးလည်း တွေ့တယ်မဟုတ်လား”

ကျားနက်ကြီးက မျက်ဝန်ဝိုင်းနေသည့်မျက်ဝန်းများဖြင့် ဆန်းလျှန်ကိုကြည့်ရင်း ပြောလိုက်လေသည်။

“လေ့ကျင်း... ဝူတင်ကိုခေါ်သွားလိုက် ၊ ကွမ်းလုန်ကျီအထဲမှာ စောင့်နေတယ်”

ဆန်းလျှန်က တည်ငြိမ်သည့်လေသံဖြင့် လေ့ကျင်းကို ပြောလိုက်လေသည်။

လေ့ကျင်းက ဝူတင်ကို ကျောင်းတော်အတွင်းသို့ ခေါ်သွားလိုက်လေသည်။ ခဏအကြာတွင်တော့ ကျောင်းတော်အတွင်းမှ ခေါင်းလောင်းသံများအလား ကြည်လင်သာယာသည့် ရယ်မောသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆန်းလျှန်က ကျားနက်ကြီးကိုကြည့်ကာ မျက်နှာကိုတစ်ချက်မဲ့လိုက်ရင်း...

"မင်းကိုထားခဲ့တာမဟုတ်ပါဘူး ၊ ဒီနှစ်တွေအတွင်းမှာ မင်းရဲ့ ဝိညာဉ်စွမ်းအားတွေက တဖြည်းဖြည်း အားကောင်း လာပြီ ၊ တစ်နေ့ကျရင် မင်းကိုကျင့်စဉ်တွေသင်ပေးမယ် ၊ ဒါပေမယ့် ကျုပ်သင်ပေးနေတုန်း အိပ်ဖို့တော့မစဉ်းစားနဲ့နော် ၊ သေသေချာချာဂရုစိုက်ရမယ် ၊ ဟွန်း... အဲဒီအခါကျရင်တော့ ဟို နတ်မြင်းပျံကို မနိုင်ဘူး လို့မပြောနဲ့တော့"

ဆန်းလျန်၏စကားသံကြားမှ ကျားနက်ကြီးမှာ စိတ်သက်သာ ရာရသွားပြီး အလွန်ဂုဏ်ယူသည့်မျက်နှာထားဖြင့် နတ်မြင်းပျံ ကြီးကို လှမ်းကြည့်လိုက်လေသည်။

နတ်မြင်းပျံကြီးကတော့ မကျေမနပ်ဖြင့် အော်မြည်လိုက်လေ သည်။

"မအော်နဲ့... မင်းလည်း ကျုပ်သင်ပြပေးတာကို ကောင်းကောင်းသင်ယူရမယ်"

ဆန်းလျန်က နတ်မြင်းပျံကြီးကိုလည်း ပြောလိုက်လေသည်။

ကျားနက်ကြီးကတော့ ဆန်းလျန်သင်ပြပေးလျှင် အကောင်း ဆုံးကြိုးစားမည်ဟု ဆုံးဖြတ်ထားလိုက်လေသည်။

ကျားနက်ကြီးကို နှစ်သိမ့်ပြီးတော့မှ ဆန်းလျန်က တော်ဝင် ကျောင်းတော်အတွင်းသို့ ဝင်သွားလိုက်လေသည်။ ကွမ်းလုန် ကျီက ဝူတင်နှင့်စကားပြောနေပြီး လေ့ကျင်းက သူတို့အတွက် လက်ဖက်ရည်တည်ခင်းပေးနေလေသည်။

ဆန်းလျန်ဝင်လာသည်ကိုတွေ့သည်နှင့် ကွမ်းလုန်ကျီနှင့် ဝူတင် တို့က နေရာမှထလာကာ ဆန်းလျန်ကို ကြိုလိုက်ကြသည်။

ကွမ်းလုန်ကျီကပြုံးလိုက်ရင်း...

"မင်းတို့နှစ်ယောက်က အရင်ကတည်းက သိနေပြီးသားပဲ ကိုး..."

"ကျွန်တော်က မင်းသားလေးကို သာမန်ထက်ထူးခြားတယ်လို့ ထင်ခဲ့မိပေမယ့် နတ်ဘုရားတစ်ပါးပြန်ဝင်စားတဲ့ လူတစ် ယောက်လို့တော့ မထင်ခဲ့မိဘူး"

ဝူတင်က ပြောလိုက်သည်။

“အတူတူပါပဲ ၊ ကျုပ်ကလည်း မင်းကို ယင်းစန်းဒေသရဲ့ တော်ဝင်မိသားစုကလို့ ထင်မထားမိဘူး ၊ သာမန်ကျင့်ကြံသူ တစ်ယောက်လို့ပဲ ထင်ထားမိတာ ၊ ဒါနဲ့ မင်းကျင့်ကြံတဲ့ကျင့်စဉ် က အရမ်းထူးခြားတယ်နော်”

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

“ကျီကျောက် ၊ မင်းကျင့်ကြံနေတဲ့ ပျံသန်းကြယ်စင်ကျင့်စဉ်က ဘယ်လောက်တောင် ထူးခြားလို့လဲ”

ကွမ်းလုန်ကျီက မေးလိုက်သည်။

ဝူတင်က ပြုံးလိုက်ရင်း...

“တကယ်တော့ ကျွန်တော်က ဒီနေ့မှ အဲဒီကျင့်စဉ်မှာ ဝိညာဉ် စွမ်းအားမြှင့်တင်တဲ့ ကျင့်စဉ်တွေပါရနေတယ်ဆိုတာ သိခဲ့ရ တာပါ”

ကွမ်းလုန်ကျီမှာ အံ့ဩသွားရလေသည်။

"ဘယ်လို ၊ တာအိုကျင့်စဉ်တစ်ခုမှာ ဝိညာဉ်စွမ်းအားအယူအဆ တွေပါနေတယ် ၊ ဟုတ်လား"

အခန်း (၄၈၉) မပြေလည်နိုင်သော

"အမှန်ပဲ ၊ ဝူတင်ကျင့်ကြံနေတဲ့ကျင့်စဉ်က ကြယ်တာရာ စွမ်းအားတွေနဲ့ပတ်သက်နေတယ် ၊ ကျုပ်အဲဒီကျင့်စဉ်ကို သုံးသပ်ပြီး သူ့ကိုယ်ထဲက စွမ်းအားတွေကိုတောင် ကျုပ်က ပြန်လည်ညှိနှိုင်းပေးခဲ့တယ် ၊ ဒါပေမယ့် ဒီလိုကျင့်စဉ်မျိုး ကို တွေ့ဖူးတာတော့ ပထမဆုံးပါပဲ"

ဆန်းလျန်က ကွမ်းလုန်ကျီကို တည်ငြိမ်စွာဖြင့် ပြောလိုက်လေ

သည်။

ဝူတင်က ဆန်းလျန်နှင့် ကွမ်းလုန်ကျီ၏စကားများကို

ဂရုတစိုက် နားထောင်နေလေသည်။ သူ၏ကျင့်စဉ်အကြောင်း

ကို ယခုကဲ့သို့ရှင်းလင်းပြနိုင်သူဆို၍ သူ့ကိုသင်ကြားပေးသည့်

ဆရာပြီးလျှင် ဆန်းလျန်နှင့် ကွမ်းလုန်ကျီသာလျှင် ရှိလေ

သည်။

ကွမ်းလုန်ကျီက သူ၏မုတ်ဆိတ်မွေးများကို တစ်ချက်သပ်

လိုက်ရင်း...

"ဒီလိုကျင့်စဉ်မျိုးက ကတယ့်ကိုရှားပါးတာပဲ ၊ ဒါပေမယ့် မရှိ

နိုင်ဘူးဆိုတာတော့မဟုတ်ဘူး ၊ ကျင့်ကြံသူအများစုဟာ တစ်

ချိန်မဟုတ်တစ်ချိန်တော့ အဆင့်တစ်ခုကိုရောက်ကြရစမြဲပဲ ၊

“တာအိုနဲ့တစ်သားတည်းကျခြင်း” ဆိုတဲ့ အဆင့် ပေါ့ ၊ အဲဒီလို

တာအိုနဲ့တစ်သားတည်းကျသွားတဲ့လူမျိုးက ဘယ်လောက်

တန်ခိုးစွမ်းအားကြီးလဲဆိုတာ ဆန်းသခင်လေးက အသိဆုံးနေ

မှာပါ"

ဆန်းလျန်က ပြုံးပြီးခေါင်းညိတ်ပြလိုက်လေသည်။ သူ

ကိုယ်တိုင်ကြုံတွေ့ခဲ့ရဖူးသည့်အတွက် ထိုအကြောင်းကို သူ

ကောင်းကောင်းသိလေသည်။ ချန်ပေသိုနှင့်တိုက်ခိုက်သည့်

တိုက်ပွဲတွင် ထိုအဆင့်သို့သူရောက်ရှိသွားခဲ့ပြီး ကျောက်စိမ်း

ကျိုင်းတံကိုကိုင်ဆောင်ထားသည့် မူလနတ်ဘုရားလင်ပေါင်

ထျန်းကျွင်းအရှင်ပင် ထွက်ပေါ်လာခဲ့သည် မဟုတ်ပါလား။

ထိုသို့ တာအိုနှင့်တစ်သားတည်းကျသွားသည့် အချိန်ကာလ

သည် တိုတောင်းလွန်းသည့်တိုင် တစ်သက်စာမမေ့နိုင် ကောင်း

သည့် အတွေ့အကြုံတစ်ခုပင် ဖြစ်လေသည်။

တာအိုကျင့်စဉ်လမ်းတွင် ရုပ်ပိုင်းဆိုင်ရာဖြစ်တည်မှုသည် လူ့

ဇာတိသက်သက်မျှသာ ဖြစ်လေသည်။ ထို လူ့ဇာတိဖြစ်သည့်

ရုပ်ခန္ဓာသည် လူတစ်ယောက်၏ ကျင့်စဉ်လမ်းအခြေခံအုတ်မြစ်

ကို ထိန်းချုပ်ထားနိုင်ခြင်း မရှိပေ။ သာမန်လူများသည် မွေး

ဖွားလာပြီး သေဆုံးသွားကြလေသည်။ နတ်ဘုရားများကတော့

မူလဝိညာဉ်ခန္ဓာ ရရှိသည် အထိ ကျင့်ကြံနိုင်ကာ ဝိညာဉ်

စွမ်းအားများကို ထိန်းသိမ်းထားနိုင်ကြလေသည်။ ထို့ကြောင့်

ကောင်းကင်ဘုံနန်းတော် မျိုးဆက်နှစ်ဆက်မှ ပထမမျိုးဆက်

မိုးနတ်မင်းနှင့် ဒုတိယမျိုးဆက်မိုးနတ်မင်း ပျောက်ဆုံးသွား

သည့်တိုင် သူတို့သည် ပျက်စီးသွားခြင်း ဟုတ်ချင်မှ ဟုတ်ပေ

လိမ့်မည်။ သူတို့ ပျက်စီးသေဆုံးသွားသည်ဟု ပြောရန်မှာ

ခက်ခဲလှလေသည်။

ကွမ်းလုန်ကျီသည် တန်ခိုးစွမ်းအားကို ရယူလိုစိတ်ရှိသူတစ်

ယောက် မဟုတ်ပါ။ သို့သော် သူက တာအိုစိတ်ထားနှင့် ပြည့်ဝ

သူဖြစ်ပြီး သူ၏တာအိုစိတ်ထားကလည်း သန့်စင်လွန်းလေ

သည်။ ထို့ကြောင့် သူ၏ရုပ်ခန္ဓာကို ဖျက်စီးပစ်မည် ဆိုလျှင်

တောင်မှ သူ၏တာအိုစိတ်ထားကိုတော့ တာ့ရှားဧကရာဇ်က

လည်း ဖျက်စီးပစ်နိုင်မည်မဟုတ်သလို ဆန်းလျှန် လည်း ဖျက်စီးပစ်နိုင်မည် မဟုတ်ပေ။

ထိုကဲ့သို့ တာအိုစိတ်ထားမရှိပါက ကွမ်းလုန်ကျီသည် လက်ရှိနေရာတွင်ပင် ရပ်တည်နေနိုင်မည် မဟုတ်ပေ။

ကွမ်းလုန်ကျီက ဆက်ပြောလိုက်သည်။

"ဟိုးအရင် စကြာဝဠာအစတုန်းက ဘယ်သူမှ “တာအို” ဆိုတာကို မသိကြဘူး ၊ ဒါပေမယ့် အဆုံးမရှိ တန်ခိုးစွမ်းအား မြင့်မားတဲ့ နတ်ဘုရားတွေ နတ်မိစ္ဆာတွေ အများကြီး ရှိခဲ့ကြတယ် ၊ သူတို့တွေက မွေးကတည်းက တာအိုကို နားလည်ပြီး မွေးရာပါတာအိုစွမ်းအားတွေနဲ့ မွေးဖွားလာကြတဲ့သူတွေပဲ ၊ ဝိညာဉ်စွမ်းအားမကောင်းတဲ့ သာမန် လူတွေနဲ့ သတ္တဝါတွေက သူတို့ဆီမှာ ပညာသင်ယူနိုင်ဖို့ ချဉ်းကပ်ခဲ့ကြတယ် ၊ အဲဒီ မွေးရာပါတာအိုစွမ်းအားတွေကို ပိုင်ဆိုင်တဲ့ မူလနတ်ဘုရားအချို့နဲ့ မူလနတ်မိစ္ဆာအချို့ဟာဟာ သူတို့ရဲ့ တာအိုစွမ်းအားတွေကို

မှတ်တမ်းတင် ထားခဲ့ကြတယ်၊ ဒါပေမယ့် ဝိညာဉ်စွမ်းအားမကောင်းတဲ့ သာမန်လူတွေ၊ သတ္တဝါတွေက အဲဒီမှတ်တမ်းတွေအတိုင်း လိုက်ပြီးကျင့်ကြံလို့ကတော့ အကောင်းထက် အဆိုးကိုပဲ ကြုံတွေ့ကြရမှာပဲ၊ ဘာလို့လဲဆိုတော့ သူတို့ မူလနတ်ဘုရားတွေလို မွေးရာပါ ဝိညာဉ်စွမ်းအားမကောင်းကြလို့ပဲ၊ ဒါပေမယ့် အချို့ကျင့်ကြံသူပညာရှိတွေက အဲဒီ မူလနတ်ဘုရားတွေထားခဲ့တဲ့ မှတ်တမ်းတွေကို သေသေချာချာလေ့လာပြီး တာအိုကျင့်စဉ်တွေရဲ့အနှစ်သာရကို ဖော်ထုတ်ပြီး အောင်မြင်အောင် ကျင့်ကြံနိုင်ခဲ့ကြတယ်”

“အဲဒီ မူလနတ်ဘုရားတွေရဲ့ တာအိုကျင့်စဉ်တွေကို ကျင့်ကြံဖို့အတွက် ဝိညာဉ်စွမ်းအားကောင်းမွန်ဖို့ အရင်ဆုံး လိုအပ်တယ်၊ ဝိညာဉ်စွမ်းအားမြင့်မားမှသာ တာအိုကျင့်စဉ်နဲ့ ဝိညာဉ်စွမ်းအားပေါင်းစပ်သွားတဲ့အချိန်မှာ တန်ခိုး စွမ်းအားကို ရမှာဖြစ်တယ်၊ မဟုတ်ရင်တော့ ကျင့်စဉ်လမ်းမှာ ရှေ့ဆက်နိုင်မှာမဟုတ်ဘူး”

“ဒါပေမယ့် ဝိညာဉ်စွမ်းအားကျင့်စဉ်တွေကိုပါ ထည့်သွင်းထားတဲ့ တာအိုကျင့်စဉ်မျိုးကတော့ တွေ့ရခဲတယ်။ အခုအချိန်မှာတော့ ဟိုးအရင်တုန်းက တာအိုကျင့်စဉ်တွေဟာ တိမ်မြုပ်ပျောက်ကွယ်ကုန်ပါပြီလေ။ ခေတ်စနစ်တွေ ပြောင်းလဲလာတော့လည်း လောကမှာ တာအိုကျင့်စဉ်တွေလည်း တဖြည်းဖြည်းပြောင်းလဲလာကြတာ သဘာဝကျပါတယ်”

“အခု ဂူတင်ကျင့်ကြံနေတဲ့ ကျင့်စဉ်က ဝိညာဉ်စွမ်းအားကျင့်စဉ်တွေပါ ပါဝင်နေတဲ့အတွက် ကျင့်ကြံသူဟာ ခန္ဓာကိုယ်ထဲမှာပဲ ဝိညာဉ်စွမ်းအားနဲ့ တန်ခိုးစွမ်းအားတွေကို ပြန်ညှိနှိုင်းဖို့ လိုအပ်တယ်။ ဒါမှ ကျင့်စဉ်နဲ့ကျင့်ကြံသူ ဟာ အံဝင်ခွင်ကျဖြစ်ပြီး ပြီးပြည့်စုံတဲ့ တန်ခိုးစွမ်းအားကို ရရှိနိုင်မယ်။ ဒီလိုသာဆိုရင်တော့ ဝိညာဉ်စွမ်းအားနဲ့ တန်ခိုး စွမ်းအားတွေက တစ်ပြိုင်တည်းတိုးတက်လာပြီး ကျင့်စဉ်လမ်းမှာ အချိန်တိုတိုနဲ့ အောင်မြင်မှုရနိုင်လိမ့်မယ်”

"ကြည့်ရတာ ဒီကျင့်စဉ်ကို ဖန်တီးခဲ့တဲ့သူက ရှေးတုန်းက မူလနတ်ဘုရားတွေရဲ့ တာအိုမှတ်တမ်းတွေကို သုတေသနပြုပြီး အဲဒီမှတ်တမ်းထဲက တာအိုစွမ်းအားတွေကို ဝိညာဉ်စွမ်းအားနဲ့ တစ်ခါတည်းပေါင်းစပ်နိုင်ဖို့ ဖန်တီးခဲ့ဟန် တူတယ်၊ ရှေးတုန်းက ကျင့်ကြံသူတွေက အဲဒီလိုလုပ်လေ့ရှိပြီ။ အဲဒါကို "မူလတာအိုစွမ်းအားကို ပြန်လည်နေရာချထားခြင်း" လို့ခေါ်တယ်၊ မူလနတ်ဘုရားတစ်ပါးရဲ့ တန်ခိုးစွမ်းအားတစ်ခုဟာ ကျင့်စဉ်ပညာတစ်ခု အဖြစ်ပြောင်းလဲသွားတဲ့သဘောပဲ၊ ရှေ့ပိုင်းလူတွေ ဒီလိုလုပ်ခဲ့လို့လည်း နောက်ပိုင်းလူတွေ ကျင့်စဉ်လမ်းမှာ ကျင့်ကြံရတာ လွယ်ကူကြရတာပေါ့လေ"

ကွမ်းလုန်ကျီ၏ စကားများကို နားထောင်ရင်း ဆန်းလျန်သည် သူကျင့်ကြံခဲ့သည့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်အကြောင်းကို စဉ်းစားလိုက်မိလေသည်။

ကွမ်းလုန်ကျီ၏ "မူလတာအိုစွမ်းအားကိုပြန်လည်နေရာချထားခြင်း" ဆိုသည့် စကားသည် ဆန်းလျန်ကို အလွန်စိတ်လှုပ်ရှားစေခဲ့သည်။

အမှန်တော့ ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့် လင်ပေါင်ထျန်းကျွင်းအရှင်ကဲ့သို့သော မူလနတ်ဘုရား တစ်ပါးကတော့ "မူလတာအိုစွမ်းအားကိုပြန်လည်နေရာချထားခြင်း" ကိုပြုလုပ်ပြီး နောင်လာနောက်သားများအတွက် ကျမ်းစာတစ်အုပ်ကို ရေးမည့်သူမျိုးမဟုတ်ပေ။ ရေးရန်လည်း စိတ်ဝင်စားမည် မဟုတ်ပေ။

သို့သော် လင်ပေါင်ထျန်းကျွင်း၏ မူလတာအိုစွမ်းအားကိုအခြေခံကာ တစ်စုံတစ်ယောက်က ဝိညာဉ်စွမ်းအား မြှင့်တင်ခြင်းကျင့်စဉ်များနှင့်ပေါင်းစပ်ပြီး "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကို ဖန်တီးခဲ့ဟန်တူလေသည်။ ထိုသူသည်

မည်သူဖြစ်လေသနည်း။ ထိုသူသည် ဆန်းလျှန်၏ဖခင်ဖြစ်နိုင်လေသည်။

သို့သော် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်၏ ဇာစ်မြစ်ကိုမည်သူမျှ မသိနိုင်သလို ဂူတင်ကျင့်ကြံနေသည့် "ပျံသန်းကြယ်စင်" ကျင့်စဉ်၏ ဇာစ်မြစ်ကိုလည်း မည်သူမျှ မသိနိုင်ခဲ့ပါ။ ထိုကျင့်စဉ်နှစ်ခုလုံးသည် အလွန်အထင်ကြီး လောက်ဖွယ်ရာ စွမ်းအားထက်မြက်သည့် ကျင့်စဉ်များ ဖြစ်လေသည်။

ကွမ်းလုန်ကျီက ဂူတင်ကို အခိုပ်ပွါယ်ပါပါ တစ်ချက်ကြည့်လိုက်ပြီး...

"ကျီကျောက် ၊ မင်းရဲ့ကံကြမ္မာက ထူးဆန်းတယ် ၊ မင်းငယ်ငယ်လေးတုန်းက ကျင့်ကြံသူတစ်ယောက်က အဲဒီပညာ မင်းကို သင်ပေးခဲ့တာ မဟုတ်လား အဲဒီလူအကြောင်း ကျုပ်ကို ပြောပြနိုင်မလား"

“ကျွန်တော်က ဆရာ့ကို သုံးခါလားပဲ တွေ့ဖူးတာပါ ၊ သူက ရောက်လာပြီးတာနဲ့ ချက်ချင်းပြန်သွားတာပါပဲ ၊ ပြီးတော့ သူ့ ပုံစံဘယ်လိုရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ ပြောမပြဖို့ တင်းတင်း ကြပ်ကြပ်မှာထားသေးတယ် ၊ ဒါပေမယ့် ဆရာကြီး နဲ့မင်းသား လေးကိုတော့ ပြောပြပါ့မယ် ၊ သူက အနက်ရောင်နတ်မြင်းပျံ ကြီးကိုစီးပြီး လျှပ်စီးလက်သလို လျှင်မြန်လွန်း တယ် ၊ သူ့ရဲ့ မျက်ခုံးနှစ်ခုကြားမှာ တတိယမျက်လုံးရှိတယ် ၊ အဲဒီမျက်လုံး ကို ဖွင့်လိုက်တာနဲ့ ကျွန်တော့်စိတ်ထဲက အရာအားလုံးကို သူက သိမြင်နေတယ်လို့ ခံစားရတယ်”

ဝူတင်က ပြောပြလိုက်သည်။

"တတိယမျက်လုံးပိုင်ရှင်ကိုး ၊ ဒါတော်တော်ထူးဆန်းတာပဲ ၊ မင်းရဲ့ဆရာက တကယ့်ကိုထူးခြားတဲ့သူ ဖြစ်ရမယ်"

ကွမ်းလုန်ကျီက အလေးအနက်ပြောလိုက်လေသည်။

"ပြီးတော့ဆရာကပြောသေးတယ် ၊ ကျွန်တော်က လူ့လောက ကို သိပ်ခင်တွယ်တယ်တဲ့ ၊ ဒါကြောင့် သူ့ရဲ့တပည့်ရင်း ဖြစ်ခွင့် မရနိုင်ဘူးတဲ့ ၊ ပြီးတော့ သူက မိုးကောင်းကင်နတ်ဘုရား တစ်ပါးမဖြစ်သေးလို့ တပည့်တစ်ယောက်ကိုလည်း တရားဝင် လက်မခံနိုင်သေးဘူးတဲ့ ၊ ကြည့်ရတာ ကျွန်တော့်ရဲ့ဆရာက လောကနတ်ဘုရားတစ်ပါး ဖြစ်နိုင်ပါတယ် ၊ ကျွန်တော့်ဦးလေး လည်း သူ့အကြောင်းကို သိပါတယ်"

ဝူတင်က ပြောလိုက်သည်။

"ထျန်းယီလည်း နည်းနည်းတော့ ပြောပြဖူးပါတယ် ၊ ဒါပေမယ့် သူ့အဆင့်နဲ့ဆိုရင် မင်းရဲ့ဆရာအကြောင်းကို သေသေချာချာ သိဖို့ မဖြစ်နိုင်ဘူး ၊ သူကလည်း သိချင်မှာမဟုတ်ပါဘူးလေ ၊ မင်းရဲ့ဆရာက မင်းကို အန္တရယ်မပေး သရွေ့ ထျန်းယီက မင်း ရဲ့ကိုယ်ရေးကိုယ်တာတွေကို ပတ်သက်မှာမှ မဟုတ်တာ”

ကွမ်းလုန်ကျီက ပြောလိုက်သည်။

"ဆရာကြီးပြောတာ အမှန်ပါပဲ"

ဝူတင်က ပြန်ပြောလိုက်သည်။

ထို့နောက် ဝူတင်က ဆန်းလျန်နှင့် ကွမ်းလုန်ကျီကို လက်နှစ်ဖက်စုပ်ကာ အရိုအသေပေးလိုက်ရင်း...

"ဒီနေ့ ကျီကျောက်ရဲ့အသက်ကို ဆရာကြီးနဲ့ မင်းသားလေး ကယ်တင်ခဲ့တာ အရမ်းကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူး ကို တစ်နေ့မှာ ပြန်ပေးဆပ်ပါ့မယ်၊ ဒါပေမယ့် ကျီကျောက်မှာ တောင်းဆိုစရာတစ်ခုရှိပါသေးတယ်၊ ဆရာကြီးက ကျီကျောက်တောင်းဆိုတာကို လိုက်လျောပေးနိုင်မယ် ထင်ပါတယ်"

"အ လိုက်တဲ့ ကလေး၊ ထျန်းယီ တိချိုးမြို့တော်ကိုရောက်တည်းက နက္ခတ်တာရာတွေရဲ့အပြောင်းအလဲတွေကို ကျုပ်ကြည့်ထားတယ်၊ နက္ခတ်ဗေဒအရပြောရရင် ထျန်းယီဟာ အန္တရယ်ကင်းကင်းနဲ့ တိချိုးကနေ လွတ်မြောက်သွားလိမ့်မယ်၊ ပြီး

တော့ ကံကောင်းခြင်းကိုယူဆောင်လာတဲ့ ကြယ်စင်တစ်စင်းက လည်း မင်းရှေ့မှာ ရောက်နေပြီလေ ၊ ဘာလိုသေးလို့လဲ"

ဝူတင်မှာ ကွမ်းလုန်ကျီ၏စကားကြောင့် များစွာအံ့သြသွားရလေသည်။ ထို့ပြင် သူ့ကိုယ်သူလည်း အလွန် အ သည်ဟု ခံစားလိုက်မိလေသည်။

သူက ချက်ချင်းပင် ဆန်းလျန်ကို ဦးညွှတ်ဂါရဝပြုလိုက်ရင်း...

"မင်းသားလေး ၊ ကျွန်တော့်ရဲ့ဦးလေးကို ကယ်တင်ပေးနိုင်မလား ၊ ယင်းစန်းဒေသတစ်ခုလုံးက အရှင့်သားရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်နေမှာပါ"

"ကျွန်မရဲ့ ဦးရီးတော်က တာ့ရှားကေရာဇ်နော် ၊ ရှင်တို့တွေ ကျွန်မရှေ့မှာ ဒီလိုစကားမျိုးတွေပြောနေတာ ကျွန်မက ဦးရီးတော်ကို သတင်းပေးလိုက်မှာ မကြောက်ဘူးလား ၊ တကယ်တော့ ထျန်းယီအကြီးအကဲရဲ့ကံကြမ္မာဟာ ကျွန်မရဲ့ ဦးရီးတော်လက်ထဲမှာပဲရှိတယ်"

လေ့ကျင်းက အေးစက်စွာဖြင့် ဝင်ပြောလိုက်လေသည်။

သူမက ထိုကဲ့သို့သော စကားမျိုးကို အေးစက်စွာဖြင့် ဝင်ပြောလိုက်သည့်တိုင် သူမ၏ နှလုံးသားထဲတွင် တုန်လှုပ်နေ လေသည်။ သူမ၏ စကားများကြောင့် ဆန်းလျန်စိတ်ဆိုးသွားမည်ကိုလည်း စိုးရိမ်နေမိလေသည်။ သို့ရာတွင် သူမသည် တာ့ရှားပြည်၏ မင်းသမီးငယ်တစ်ပါးဖြစ်သည့်အတွက် သူမရှေ့တွင် ပြောဆိုနေသည့် ကိစ္စရပ်များကို လျစ်လျူမရှုနိုင်ပေ။

လေ့ကျင်းသည် ကွမ်းလုန်ကျီကိုလည်း စူးစိုက်ကြည့်လိုက်လေသည်။

ကွမ်းလုန်ကျီက လေ့ကျင်းကို ပြန်ကြည့်လိုက်ရင်း ပြုံးပြလိုက်လေသည်။

အခန်း (၄၉၀) သွေးနီပင်လယ်တစ်ဖက်ကမ်းမအနီရောင်ပင့်ကူ

ငရဲပန်း

ရေနွေးအိုးလေးသည် မီးဖိုထက်တွင် ဆူပွက်နေပြီး အသံများ

ပင် မြည်နေလေသည်။

လေ့ကျင်းပြောသည့်စကားများဆုံးသွားသည်နှင့် ပတ်ဝန်းကျင်

တစ်ခုလုံးမှာ ရေနွေးအိုးဆူသံမှတစ်ပါး တိတ်ဆိတ် ငြိမ်သက်

သွားလေသည်။

"လေ့ကျင်း... ရေနွေးတွေဆူနေပြီ၊ လက်ဖက်ရည်ကြမ်းတည်

ခင်းတော့လေ"

ဆန်းလျန်၏အသံက အေးဆေးစွာပင် ထွက်ပေါ်လာသည်။

လေ့ကျင်းသည် ကွမ်းလုန်ကျီကို စိုက်ကြည့်နေရာမှ ချက်ချင်းပင်အကြည့်လွှဲလိုက်ပြီး ဆန်းလျန်စကားကို နာခံလိုက်လေသည်။ သူမက အားလုံးအတွက် လက်ဖက်ရည်ကြမ်း တည်ခင်းပြင်ဆင်ပေးလိုက်သည်။

လက်ဖက်ခြောက်က အရမ်းမကောင်းသည့်တိုင် လက်ဖက်ရည်ကြမ်းအရသာကတော့ သူမတူအောင်ကောင်းမွန် လေသည်။ လက်ဖက်ရည်ကြမ်းအရသာသည် ဝူတင်၏ ခံတွင်းထဲတွင် စွဲကျန်ရစ်ခဲ့လေသည်။

သို့သော် သူက လက်ဖက်ရည်ကြမ်းထက် မင်းသားငယ်ဆန်းလျန်ကို ပိုပြီး စိတ်ဝင်စားနေလေသည်။ မင်းသားငယ်သည် သူတောင်းသည့်အကူအညီကို ပေးမည် မပေးမည်မှာ မသေချာလှသေးပေ။

ဆန်းလျန်က လက်ဖက်ရည်ကြမ်းပန်းကန်ကို မော့သောက်လိုက်သည်။

လရောင်သည် ပြတင်းပေါက်မှ ဖြာကျနေပြီး ဆန်းလျ
န်၏ခန္ဓာကိုယ်သည် လရောင်ကြောင့် လင်းလက်နေလေ၏။
ထို့နောက် ဆန်းလျန်က လော့ကျင်း ၊ ဝူတင်နှင့် ကွမ်းလုန်ကျီတို့
ကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

လော့ကျင်းသည် သူမကိုယ်သူမ ပြန်လည်တည်ငြိမ်လာအောင်
ကြိုးစားနေလေသည်။ သူမသည် တော်ဝင်မင်းသမီး တစ်ပါး
ဖြစ်သည့်အတွက် သူမဘာဝတွင် မည်သူ့ကိုမှ ကြောက်ရွံ့နေ
စရာမလိုပေ။

ဝူတင်ကတော့ ကြည်လင်သည့်မျက်ဝန်းများဖြင့် ဆန်းလျန်ကို
ကြည့်နေလေသည်။ သူ၏မျက်ဝန်းများက ဆန်းလျန်ကို
မျှော်လင့်ချက်ပေါင်းများစွာဖြင့် အသနားခံနေသကဲ့သို့ပင် ဖြစ်
တော့သည်။

ကွမ်းလုန်ကျီကတော့ အေးဆေးတည်ငြိမ်နေလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း…

"ဝူတင်က ကျုပ်ကိုအကူအညီတောင်းတယ်၊ လေ့ကျင်းက တားဆီးတယ်၊ ဆရာကြီးကွမ်းလုန်ကျိကတော့ ကြားနေဝါဒ ကျင့်သုံးမယ့်ပုံပေါ်တယ်၊ ဒါပေမယ့် ဆုံးဖြတ်ချက်ချရမယ့်သူ ကတော့ ကျုပ်ကိုယ်တိုင်ပါပဲ၊ အမှန်တော့ ဒီလိုကိစ္စတွေမှာ ကျုပ်ပါဝင်ပတ်သက်လိုခြင်းမရှိဘူး"

ဆန်းလျန်၏စကားကြောင့် လေ့ကျင်းမှာ ကျေနပ်သွားလေ သည်။

"ကြားတယ်နော်၊ ကျွန်မဆရာက ရှင့်ကိစ္စကို မကူညီချင်ဘူး"

သူမက ဝူတင်ကို ဝင့်ကြွားစွာဖြင့် ပြောလိုက်လေသည်။

ဝူတင်ကိုပြောလိုက်သည့် သူမ၏လေသံသည် မလိုအပ်ဘဲနှင့် အလွန်မောက်မာနေလေသည်။

"တကယ်တော့ ထျန်းယီအကြီးအကဲက ကျွန်မဦးရီးတော်ရဲ့ စကားကိုနာခံသင့်တာပါ၊ ဒါဆိုရင် အရာအားလုံး အဆင်ပြေ သွားမှာပဲ"

"ငါ့ဦးလေးက အစကတည်းက မင်းရဲ့ဦးရီးတော်စကားကို နားထောင်ဖို့ဆန္ဒရှိရင် ဒီအခြေအနေထိတောင် အရောက်ခံမှာ မဟုတ်ဘူး"
ဝူတင်က လေ့ကျင်းကို ပြန်ပြောလိုက်ခြင်း မဟုတ်ပါ။ စိတ်ထဲမှာသာ တွေးလိုက်မိခြင်း ဖြစ်လေသည်။
ထိုအချိန်မှာပင် ဆန်းလျန်၏ စကားသံက ထွက်ပေါ်လာလေသည်။
"ဒါပေမယ့် ကျုပ်ဆုံးဖြတ်ရမယ့်ကိစ္စကို မင်းတို့ကိုယ်တိုင် ဆုံးဖြတ်ခိုင်းလိုက်မယ် ၊ ဘယ်လိုလဲ... ၊ နောက်သုံးလနေရင် ကျုပ်ရဲ့တပည့်တွေနဲ့ ကွမ်းလုန်ကျီရဲ့တပည့်တွေ ပညာပြိုင်ဖို့ရှိတယ် ၊ လေ့ကျင်းက ကျုပ်တပည့်ဆိုတော့ .... ဝူတင် ၊ မင်းက ကွမ်းလုန်ကျီဆီမှာ ပညာသင်ပါ ၊ နောက်သုံးလနေလို့ တပည့်တွေ ပညာပြိုင်ကြတဲ့အခါ မင်းက လေ့ကျင်းကို အနိုင်ယူနိုင်ခဲ့ရင် မင်းတောင်းတဲ့အကူအညီကို ကျုပ်ပေးမယ်"

"မင်းသားလေး... တကယ်ပြောတာနော်"

ဝူတင်က တအံ့တဩဖြင့် ပြန်မေးလိုက်သည်။

"မင်းကို ကျုပ်က ဘာလို့လိမ်ပြောရမှာလဲ ၊ မင်းကျုပ်ကိုမယုံ

ဘူးဆိုရင် ကွမ်းလုန်ကျီကို သက်သေထားလိုက်ပေါ့"

ဆန်းလျန်က အေးအေးဆေးေးဆပင် ပြန်ပြောလိုက်သည်။

ကွမ်းလုန်ကျီက ပြုံးလိုက်ရင်း...

"လုပ်ရတာပေါ့ ၊ ဒီကိစ္စက ပျော်စရာကောင်းပါတယ်"

လေ့ကျင်းကလည်း ဆန်းလျန်၏စကားကို မငြင်းဆန်ပါ။

ကံကြမ္မာသည် သူမလက်ထဲတွင်သာရှိသည်ဟု သူမက တွေး

ထားလေသည်။

ကွမ်းလုန်ကျီနှင့် ဝူတင်ပြန်သွားသည်နှင့် လေ့ကျင်းက

မျက်တောင်လေးများတဖျတ်ဖျတ်ခတ်ရင်း ဆန်းလျန်ကို

ကြည့်လိုက်လေသည်။ သူမ၏မျက်ဝန်းများသည် မျက်တောင်

ရှည်ရှည်လေးများဖြင့် လှပလွန်းလှသည်။ ထိုမျက်ဝန်းများဖြင့်

အကြည့်ခံရသည့် မည်သည့်ယောကျ်ားပျိုမဆို သူမ၏အလှ

တရားတွင် နစ်မျောသွားရမည်မှာ အမှန်ပင်။

ယောကျ်ားလေးများဆိုသည်က ကျောက်သားဖြင့်ပြုလုပ်ထား

သည့် နှလုံးသားကို ပိုင်ဆိုင်ထားသူများမှ မဟုတ်ပေပဲ။

ဆန်းလျန်၏ နှလုံးသားမှာလည်း ကျောက်သားဖြင့် ပြုလုပ်

ထားသည့် နှလုံးသားမဟုတ်ပါ။ သူ၏နှလုံးသားက ကျောက်

သားထက်ပင် မာကျောလေသည်။ ထို့ကြောင့် လေ့ကျင်း၏

အလှတရားသည် ဆန်းလျန်၏နှလုံးသားကို မထိုးဖောက်နိုင်

ပေ။

ဆန်းလျန်က ချောမောလှပလွန်းသည့် တပည့်လေးကို တစ်

ချက်ကြည့်ရင်း ပြုံးလိုက်လေသည်။ သို့သော် စကားတစ်ခွန်းမှ

မဆိုပေ။

လေ့ကျင်းက ကျီစယ်သည့်မျက်နှာပေးလေးဖြင့် သူမ၏

မှတ်စုစာအုပ်လေးကို ထုတ်လိုက်ပြီး...

"ဆရာ...."

ဟု ညုတုတုလေသံလေးဖြင့် အသံကိုစွဲငင်ကာ ခေါ်လိုက်လေသည်။

သူမ၏ အမူအရာလေးကြောင့် ဆန်းလျန်သည် စိတ်ထဲတွင် ပြုံးလိုက်မိပြန်သည်။

မိန်းကလေးများသည် မာယာဆိုသည့်အရာကို အသုံးပြုရန်အတွက် သင်ယူနေစရာမလိုပေ။ ထိုမာယာဆိုသည့် အရာသည် မိန်းကလေးများ၏ မွေးရာပါ အရည်အချင်းပင် ဖြစ်တော့သည်။

"ဘာလဲ တပည့်လေး..."

ဆန်းလျန်က အလွန်တည်တံ့သည့် ခပ်တည်တည်လေသံဖြင့် တစ်ခွန်းသာမေးလိုက်ပြီး နောက်ထပ် စကားလုံး၀ မပြောတော့ပေ။

"နောက်သုံးလနေရင် ပြိုင်ပွဲမှာ ကျွန်မကို မရှုံးစေချင်ဘူး မဟုတ်လား ၊ ဒါဆို အခုပဲ ကျွန်မကို ပညာသင်ပေးတော့လေ" သူမ၏စကားကြောင့် ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကောင်းပြီလေ…"

ဆန်းလျန်က သူမ၏စကားကို အလွယ်တကူ သဘောတူလိုက်သည့်အတွက် လေ့ကျင်းမှာ များစွာ အံ့သြသွားရလေ သည်။ အမှန်တော့ တော်ဝင်မိသားစုများဖြစ်သည့် ရှားပော်မျိုးနွယ်နှင့် ယိုဟူမျိုးနွယ်များတွင် ထူးခြားသည့် ကျင့်စဉ်များ သိပ်မရှိပေ။ သူတို့အားလုံးက မွေးရာပါတန်ခိုးစွမ်းအားများဖြင့် ပြည့်ဝသူများဖြစ်ကြလေသည်။ သို့သော်… လေ့ကျင်းသည် ဆန်းလျန်၏ သူရဲကောင်းဆန်ခြင်းကို လေးစားပြီး ဆန်းလျန်ထံမှ ကျင့်စဉ်များသင်ယူရန်လည်း စိတ်ဝင်စားနေမိလေသည်။

အမှန်တော့ ဆန်းလျန်သည် သူ့မဘာ၀၏ စံပြပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာပြီး သူမက အချိန်နာရီများကို ဆန်းလျန်နှင့်အတူ ဖြတ်သန်းချင်နေမိလေသည်။

ထိုအတွေးကို တွေးလိုက်မိသည်နှင့် သူမက အမွှေးအိတ်လေးတစ်အိတ်ကိုထုတ်ယူကာ ဖွင့်လိုက်လေသည်။ ထိုအခါ အမွှေးအိတ်လေးအတွင်းမှ သေတ္တာငယ်လေးတစ်ခု ပျံသန်းထွက်ပေါ်လာပြီး လေ့ကျင်း၏လက်လှလှလေးပေါ်သို့ ကျဆင်းလာလေသည်။ ထိုသေတ္တာလေးမှာ နှစ်တစ်သောင်းရင်းတိုက်သားနှင့် ပြုလုပ်ထားသည့် သေတ္တာလေး ဖြစ်ပြီး စွမ်းအားအလွန်မြင့်မားလေသည်။ ရေဒဏ်မီးဒဏ်များကို ခံနိုင်ရန်ရှိပြီး ဓားဖြင့်ခုတ်၍လည်း မကျိုးပျက်နိုင်ပေ။

လေ့ကျင်းက ဆန်းလျန်ကို ကြည့်လိုက်ရင်း...

"ဆရာက ကျွန်မရဲ့ဆရာဖြစ်လာမှတော့ ဆရာ့ကို လက်ဆောင်ပစ္စည်းနဲ့ဂါရ၀ပြုပါရစေ ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် လောက်က

သွေးနီပင်လယ်ရဲ့တစ်ဖက်ကမ်းမှာဒီပန်းပွင့်ခဲ့တာပါ ၊ အနီ

ရောင်ပင့်ကူငရဲပန်းလို့ခေါ်တယ် ၊ ဒီပန်းက အရမ်းရှားပါးတယ်

၊ တာ့ကြွယ်ကျောင်းတော်က ဘုန်းတော်ကြီးတစ်ပါးက အဲဒီ

ပန်းကိုခူးပြီး ကျွန်မရဲ့ဦးရီးတော်ကို ဆက်သခဲ့တာ ၊ ဦးရီးတော်

က ကျွန်မကို မွေးနေ့လက်ဆောင် ပြန်ပေးခဲ့တာ ၊ ကျွန်မ

ကတော့ ဆရာ့ကို ဒီလက်ဆောင်နဲ့ ဂါရဝပြုပါတယ်"

သူမက သေတ္တာလေးကို ဖွင့်လိုက်လေသည်။ မီးတောက်ကဲ့သို့

နီရဲတောက်ပနေသည့် ပန်းပွင့်တစ်ပွင့်ကို တွေ့မြင်လိုက်ရလေ

သည်။ ရိုးတံများပင်နီနေသည့် အနီရောင်ပန်းသည် သေတ္တာ

လေးထဲတွင် ငြိမ်သက်သက်စွာ လဲလျောင်းနေလေသည်။

ဆန်းလျန်မှာ သွေးနီပင်လယ်တစ်ဖက်ကမ်းမှ အနီရောင်ပင့်ကူ

ငရဲပန်းကိုတွေ့မြင်ရသည့်အခါ အလွန်အမင်း

ဆာလောင်မွတ်သိပ်လာသလို ခံစားလိုက်ရလေသည်။ သူက

ထိုပန်းကို ကောက်ယူပြီး တကြွပ်ကြွပ်ဝါးစား ချင်စိတ်များပင် တဖွားဖွားပေါ်ပေါ်ပေါက်လာမိသည်။

ထိုဆာလောင်မှုသည် သူ၏ရုပ်ခန္ဓာမှ ဆာလောင်မှုမဟုတ်ဘဲ စိတ်ဝိညာဉ်အတွင်းမှ ထွက်ပေါ်လာသည့် ဆာလောင်မှု ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏စိတ်ခံစားချက်များကို ချိုးနှိမ်ကာ လေ့ကျင်းထံမှ လက်ဆောင်သေတ္တာလေးကို လက်ခံလိုက်ပြီး သေတ္တာလေးကို ချက်ချင်းပိတ်ပစ်လိုက်လေသည်။

ထိုအခါမှ သူ့စိတ်များ ပြန်လည်တည်ငြိမ်သွားတော့သည်။

ဆန်းလျန်၏အတွင်းစိတ်ထဲတွင် ထိုသို့ဖြစ်နေသည်ကို လေ့ကျင်းက လုံးဝသတိထားခဲ့မိခြင်း မရှိပေ။

"ဒီလောက်အဖိုးတန်တဲ့ပန်းကို ဆရာ့ကိုပေးတာ .... မင်းအဖေ သိသွားရင် ဆူမှာ မစိုးရိမ်ဘူးလား"

ဆန်းလျန်က တိုးလျစွာမေးလိုက်သည်။

စိတ်ထဲတွင်တော့ သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းမှ အနီရောင်ပင့်ကူငရဲပန်းကို စားချင်နေသည့်ဆန္ဒ ဖြစ်ပေါ်လာသည်မှာ သတိထားသင့်သည့်ကိစ္စတစ်ခုဖြစ်ကြောင်း ဆန်းလျန်တွေးနေမိလေသည်။

"ကျွန်မပိုင်တဲ့ပစ္စည်းပဲ ၊ ကျွန်မပေးချင်တဲ့သူကိုပေးမှာပေါ့ ၊ ပြီးတော့ အိမ်မှာ အမေပြီးရင် အကုန်ပြီးတယ် ၊ အဖေက အရေးမပါပါဘူး"

လေ့ကျင်းက ပြောလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးလေ့နော်သာ ထိုစကားကိုကြားမည်ဆိုလျှင် "ဒီလိုသမီးမျိုး မွေးမလာသင့်" ဟု ဒေါသတကြီးနှင့် ကျိန်းသေတွေးမိမည်ပင်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဒါဆိုရင်တော့ နိုင်ငံခြားရေးဝန်ကြီးဘဝက သနားစရာပဲ"

ဖခင်ဖြစ်သူက မိခင်ဖြစ်သူကို အမြဲတမ်းအလျှော့ပေးကာ ရယ်ပဲရယ်နေတတ်သည်ကို လေ့ကျင်း အမှတ်ရလိုက်မိ သည်။

"ဒါပေမယ့် အဖေကတော့ ပျော်နေတဲ့ပုံပါပဲ"

လေ့ကျင်း၏ စကားအသွားအလာကိုကြည့်ပြီး လေ့ကျင်းပေးသည့်လက်ဆောင်မှာ နိုင်ငံခြားရေးဝန်ကြီးလေ့နော်နှင့်ပတ်သက်မှုမရှိဟု ဆန်းလျန် ဆုံးဖြတ်လိုက်လေသည်။ အနီရောင်ပင့်ကူငရဲပန်းပွင့်သည် ထူးခြားသည့်တိုင် သူ့ကို မကောင်းကြံစည်ထားသည့် ပစ္စည်းတစ်ခုမဖြစ်နိုင်သည်ကတော့ သေချာလေသည်။

"တပည့်ပေးတဲ့ ဂါရဝလက်ဆောင်ကို လက်ခံပြီးပြီဆိုတော့ စပြီ ပညာသင်ကြားရအောင်..."

ဆန်းလျန်က ပြောလိုက်သည်။

လေ့ကျင်းက ခေါင်းညိတ်လိုက်ပြီး ဆန်းလျန်သင်ပေးမည့်ပညာများကို စိတ်ဝင်တစားနားထောင်လိုက်လေသည်။

သို့သော်... သိပ်မကြာခင်မှာပင် သူမသည် ဆန်းလျန်၏စကား

သံကိုနားထောင်ရင်း အိပ်ပျော်သွားလေတော့သည်။

အခန်း (၄၉၁) တောင်ကိုဖန်ဆင်းခြင်း

လေ့ကျင့်းအိပ်ပျော်ရာမှ နိုးလာသည့်အချိန်တွင် မိုးမလင်း

သေးပါ။

ဆန်းလျန်သည် သလွန်ထက်တွင် ညာဘက်လက်ဖြင့်

သူ၏နားထင်ကိုအသာထောက်ထားကာ မျက်လုံးများကို မှိတ်

ထားလေသည်။ သူ၏ရှည်လျားသည့်ဆံနွယ်များက စောင်းနေ

သည့်မျက်နှာဘက်ခြမ်းတွင် ဝေ့ဝဲကျနေပြီး သူ၏ပုံစံမှာ အလွန်မှ ကဗျာဆန်စွာ လှပလျှက်ရှိလေသည်။

လေ့ကျင်းမှာ ဆန်းလျန်ကိုကြည့်ရင်း နှလုံးသားတစ်ခုလုံး တဖြုတ်ဖြုတ်ကြွေကျနေတော့သည်။ ဆရာဖြစ်သူကို ပြစ်မှား ချင်နေမိသည့် သူမ၏စိတ်များကို မနည်းထိန်းထားရလေ သည်။

သို့သော် သူမသတိထားမိသည့်အချက် တစ်ခုမှာ ဆန်းလျ န်၏အသက်ရှူသံကို သူမ မကြားရခြင်းပင်ဖြစ်လေသည်။ လူတစ်ယောက် အသက်မရှူဘူးဆိုသည်မှာ မည်သို့ဖြစ်နိုင်ပါ မည်နည်း။ လေ့ကျင်းသည် သလွန်ထက်တွင် မှေးဆက်နေသည့် ဆန်းလျန်အနားသို့ တဖြည်းဖြည်းတိုးကပ်လာလေသည်။ ထို့နောက် ဆန်းလျန်၏ မျက်နှာနားသို့ တိုးကပ်ကာ အသက်ရှူ သံကို သေသေချာချာနားထောင်လိုက်သည်။ သာမန်လူသား များထက် အဆတစ်ထောင်ခန့် ငြိမ်သက်နေသည့် အသက်ရှူသံ

မျှင်းမျှင်းလေးကို သူမ ကြားလိုက်ရလေသည်။ ထိုအသက်ရှူသံသည် လှပသည့်တေးသံသာတစ်ခုနှင့်ပင် ဆင်တူနေလေသည်။

ဆန်းလျန်သည် ပါးစပ်နှင့်နှာခေါင်းအစား သူ၏ခန္ဓာကိုယ်ထက်မှ မွေးညင်းပေါက်လေးများဖြင့် အသက်ဓာတ်ကို စုပ်ယူကာ အသက်ရှူနေခြင်း ဖြစ်လေသည်။

တာအိုကျင့်ကြံသူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းမှ အသက်ရှူခြင်းကို ပြင်ပမှအသက်ရှူခြင်းဟု ခေါ်ပြီး မွေးညင်းပေါက်လေးများမှ အသက်ရှူခြင်းကိုတော့ ကိုယ်တွင်းမှ အသက်ရှူခြင်းဟုခေါ်လေသည်။ ရွှမ်ဝူဟုခေါ်သည့် နတ်ဘုရားလိပ်ကြီးသည် ထိုနည်းဖြင့်အသက်ရှူကာ အသက်ရှည်ရှည်နေခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်မှာ မွေးညင်းပေါက်လေးများမှ အသက်ရှူနေသည့်အတွက် မိုးမြေစွမ်းအားများကလည်း သူ၏ခန္ဓာကိုယ်

အတွင်းသို့ စိမ့်ဝင်နေလေသည်။ ဆန်းလျန်၏တန်ခိုးစွမ်းအား

အောက်တွင် မိုးမြေစွမ်းအားများမှာ တဖြည်းဖြည်းသန့်စင်လာ

ပြီး သံကိုမီးပြင်းပြင်းဖြင့် သံမဏိရသည်အထိ သန့်စင်

သည်နှင့်ပင်တူလေသည်။

ထိုသို့အသက်ရှူခြင်းက ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေး

များကို သန့်ရှင်းစေကာ သန့်စင်သည့် ရုပ်ခန္ဓာကို ပိုင်ဆိုင်ရမည်

ဖြစ်လေသည်။

တစ်ညလုံးပင် လေ့ကျင်းသည် ဆန်းလျန်၏ အသက်ရှူပုံရှူ

နည်းကို လေ့လာနေခဲ့လေသည်။ ထို့နောက် သူမကလည်း

ဆန်းလျန်အသက်ရှူသကဲ့သို့ လိုက်ရှူကြည့်နေခဲ့လေသည်။

သို့သော် သူမကြိုးစားကြည့်တိုင်း အရာမထင်ဘဲ

သူမ၏မျက်နှာမှာသာ ခရမ်းချဉ်သီးကဲ့သို့ အနီရောင်ပြောင်း

သွားခဲ့လေသည်။

ဆန်းလျန်မှာ တစ်ညလုံး အိပ်ပျော်နေခဲ့လေသည်။

ဆန်းလျှန်အိပ်နေသည်ကို တစ်ညလုံးထိုင်ကြည့်နေသည့် လေ့ကျင်းမှာတော့ မနက်လင်းသည့်အခါတွင် မျက်လုံးများ နီရဲနေပြီး အလွန်အိပ်ရေးပျက်သည့်ပုံ ပေါက်နေတော့သည်။

ဆန်းလျှန်မှာ လေ့ကျင်းကိုပုံစံကိုကြည့်ကာ ရယ်ချင်နေမိသော်လည်း ညကအဖြစ်အပျက်ကို မသိချင်ယောင်ဆောင် နေလိုက်လေသည်။

"ကျင်းအယ်... ညက ကောင်းကောင်းမအိပ်ရလို့လား... မင်းကိုကြည့်ရတာ......"

ဆန်းလျှန်က အလွန်မှ ချစ်ခင်ကြင်နာသည့်လေသံဖြင့်မေးလိုက်သည့်အတွက် လေ့ကျင်းမှာ အနည်းငယ်အံ့သြသွားလေသည်။ သို့သော် ဒေါသကလည်းထွက်လာသည်။

"အိပ်လို့မှ... အရမ်းကောင်းပဲ"

ဆန်းလျှန်က သူမ၏ခေါင်းကို ခပ်ဖွဖွတစ်ချက်ခေါက်လိုက်ရင်း...

"မသိပါဘူး ၊ ညက ဆရာသင်ပေးတာတွေကို သေချာလေ့လာ

နေရတာနဲ့ အိပ်ရေးပျက်သလားလို့ပါ"

ဆန်းလျန်စကားကြောင့် လေ့ကျင်းမှာ ရှက်ကိုးရှက်ကန်းဖြစ်

သွားလေသည်။

"ဆရာ... ကျွန်မ တစ်ညလုံးမအိပ်ဘဲ လေ့လာမယ်ဆို

ရင်တောင် အသုံးမဝင်ဘူး ၊ ဝူတင်ကျင့်ကြံထားတဲ့ တာအို

ကျင့်စဉ်က အရမ်းအစွမ်းထက်တယ်လေ ၊ တကယ်လို့ ပြိုင်ပွဲ

မှာ ကျွန်မရှုံးခဲ့ရင်တော့ ဆရာတော့ သိက္ခာကျတော့မှာပဲ"

"အဲဒီကိစ္စတွေးမနေနဲ့တော့... "

ဆန်းလျန်က ပြန်ပြောလိုက်သည်။

"ဆရာ... ကျွန်မကို တစ်ခုခု သင်ပေးဖို့ အစီအစဉ်မရှိတော့ပ

ဘူးလား ၊ ဆရာက နတ်ဘုရားတစ်ပါးလိုမျိုး အစွမ်းထက်တဲ့

သူဆိုတာ ကျွန်မသိတယ်နော် ၊ ဘာလို့ အဲဒီပညာတွေ ကျွန်မကို

သင်မပေးရတာလဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အစွမ်းထက်တဲ့ပညာတွေ ကျုပ်သိတာမှ အများကြီးပဲ ၊ ပဲစေ့လေးတွေကို စစ်သည်တော်တွေအဖြစ်ပြောင်းလဲတာ ၊ တိမ်စီးတာ ၊ လေနဲ့မိုးကိုဆင့်ခေါ်တာ ၊ တောင်နဲ့မြစ်ရေကိုရေးဆွဲဖန်ဆင်းတာ ၊ မင်း ဘယ်ပညာသင်ချင်လဲ ပြော"

လေ့ကျင်းက...

"အင်း... ပဲစေ့တွေကို စစ်သည်တော်တွေအဖြစ်ပြောင်းလဲတာနဲ့ တိမ်စီးတာတော့ မသင်ချင်ဘူး ၊ ဒါပေမယ့် လေနဲ့မိုးကိုဆင့်ခေါ်တာနဲ့ တောင်နဲ့မြစ်ရေကို ရေးဆွဲဖန်ဆင်းတာက မဆိုးလောက်ဘူး ၊ ကျွန်မ သုံးလတည်းနဲ့ အဲဒီပညာတွေ သင်ယူနိုင်ပါ့မလား"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကျုပ်တောင် ဒီပညာတွေကို ဘယ်လောက်ကြာအောင် ကျင့်ကြံခဲ့ရလဲ မင်းသိလား"

လေ့ကျင်းက...

"ဘယ်လောက်ကြာအောင် ကျင့်ကြံခဲ့ရလို့လဲ"

"နှစ်ပေါင်းနှစ်ဆယ်ကျော်တောင် ကျင့်ကြံခဲ့ရတာ"

"အဲဒီလောက်တောင်ကြာတယ်...."

လေ့ကျင်းက နှုတ်ခမ်းစူရင်း ပြောလိုက်လေသည်။

"ဒါတောင် ကျုပ်ရဲ့ကျင့်စဉ်လမ်းအဆင့်တက်တာက အရမ်း

မြန်လို့၊ မင်းဆိုရင် နှစ်ပေါင်းတစ်ရာလောက်ကျင့်ရမှာ၊

ဘယ်လိုလဲ သင်ဦးမှာလား"

"ဆရာနဲ့ကျွန်မက အဲဒီလောက်တောင် ကွာလို့လား"

လေ့ကျင်းက ဆန်းလျန်ကို ကြည့်ရင်းမေးလိုက်လေသည်။

"ဒါပေါ့၊ ကွာတာပေါ့..."

ဆန်းလျန်က လေ့ကျင်းကို ပြန်ကြည့်လိုက်ရင်း အစိပ္ပါယ်ပါပါ

ဖြင့် ပြောလိုက်သည်။

လေ့ကျင်းက အံတစ်ချက်ကြိတ်လိုက်ရင်း...

"ဆရာ... ဆရာက တောင်နဲ့မြစ်ရေတွေကို ရေးဆွဲဖန်ဆင်းနိုင်တယ်ဆိုတာ ကျွန်မက ဘယ်လိုလုပ်ယုံရမှာလဲ ၊ ကျွန်မကို သက်သေပြနိုင်မလား"

"မင်းက တကယ်ပဲ မြင်ချင်တာလား"

ဆန်းလျန်က ပြန်မေးလိုက်သည်။

လေ့ကျင်းက တွေးလိုက်သည်။

"တကယ်မဟုတ်လောက်ပါဘူး ၊ တောင်တွေကို ရွှေ့ပြောင်းနိုင်ဖန်ဆင်းနိုင်တယ်ဆိုတာ ဘယ်ဖြစ်နိုင်မှာလဲ"

ဆန်းလျန်သည် သူမကို တစ်ချိန်လုံး လူရာမသွင်းဘဲ စ နောက်နေခဲ့သည်ဖြစ်ရာ ယခုလည်း ဆန်းလျန်သည် သူမကို စ နောက်နေခြင်းပဲဖြစ်မည်ဟု သူမ တွေးလိုက်မိလေသည်။

ထို့ကြောင့် သူမက ဆန်းလျန်ကို စကားပြန်ပြောလိုက်သည်။

"ဒါပေါ့ ကျွန်မတကယ်ကြည့်ချင်တယ်”

ဆန်းလျန်က ပျင်းရိပျင်းတွဲ ပုံစံဖြင့် ပြုံးလိုက်ရင်း...

"မင်းသမီးလေး အမိန့်အတိုင်းပါပဲ"

ဆန်းလျန်ထံမှ အစိမ်းရောင်အလင်းတန်းများထွက်ပေါ်လာပြီး ထိုအလင်းတန်းများသည် ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ ပျံသန်းထွက်ခွာသွားလေသည်။ ဆန်းလျန်ကတော့ ပြတင်းပေါက်နားတွင် ရုပ်တုတစ်ခုအလားရပ်နေပြီး သူ့ထံမှ မည်သည့်အသက်ဓာတ်စွမ်းအားမှ ထွက်ပေါ်နေခြင်း မရှိပေ။

လေ့ကျင်းက အစိမ်းရောင် အလင်းတန်းများသည် တစ်ခုခု ထူးခြားသည်ကို သတိပြုလိုက်မိလေသည်။

သူမက ထိုအလင်းတန်းများ၏ဦးတည်ရာသို့ လိုက်ကြည့်ရန် အတွက် စာသင်ခန်းအတွင်းမှ အပြင်သို့ ထွက်လိုက်လေသည်။ သို့သော် သူမကို လူတစ်ယောက်က တားဆီးလိုက်သည်ကို ခံ လိုက်ရလေသည်။

"လေ့သခင်မလေး ၊ မနက်ပိုင်း လေ့ကျင့်ခန်းလုပ်ဖို့ ထွက်လာ တာလား"

ပျော်ရွှင်စွာဖြင့် သူမကို စကားပြောလိုက်သည့် အသံတစ်သံကို ကြားလိုက်ရလေသည်။

လေ့ကျင်းက လှည့်ကြည့်လိုက်သည့်အခါတွင်တော့ ဖေးကျုန်းကို တွေ့လိုက်ရလေသည်။

ဖေးကျုန်းသည် နှစ်လိုဖွယ်ကောင်းအောင် ချောမောသည့် လူငယ်လေးတစ်ယောက်ဖြစ်ပါသည်။ သို့သော် လေ့ကျင်းကတော့ အတော်လေးအမြင်ကပ်မိလေသည်။

သူမက ဆရာဖြစ်သူဆန်းလျန် တောင်ကိုအဘယ်သို့ဖန်ဆင်းပြမည် ကိုသာစိတ်ဝင်စားနေသည့်အတွက် ဖေးကျုန်း ကိုအရေးမစိုက်ပါချေ။ ဟွန့်ခနဲ တစ်ချက်ပြုရင်း အဝေးတွင်နေရန် မျက်ရိပ်ပြလိုက်လေသည်။

ဖေးကျုန်းမှာ သူမအမူအရာကို ကြည့်ပြီး အံ့အားသင့်သွားသည့်တိုင် အလွန်ပျော်ရွှင်သွားလေသည်။ အေးစက်သည့် တုန့်ပြန်မှုရရှိခြင်းက မတုန့်ပြန်သည်ထက်ဆာလျှင် ပိုပြီးကောင်း

သည်မဟုတ်ပါလား။ တစ်နေ့တွင်တော့ မင်းသမီးလေးသည် သူ့လက်ထဲသို့ ကျိန်းသေရောက်လာရမည်။

ဖေးကျုန်းကရယ်မောလိုက်ရင်း လေ့ကျင်းသွားရာလမ်းတွင် ပိတ်ရပ်လိုက်သည်။

"လေ့သခင်မလေး ၊ စိတ်မကြည်ဘူးလား ၊ ကျွန်တော့်ကိုပြော ပြလေ ၊ မင်းကို ဘယ်သူက စိတ်မကြည်အောင်လုပ်လဲဆိုတာ ၊ အဲဒီလူကို သွားရိုက်ပေးမယ်"

လေ့ကျင်းက အေးစက်စွာပြုံးလိုက်ရင်း...

"အမှန်ပဲ ၊ စိတ်မကြည်ဘူး... ဘာလို့လဲဆိုတော့ လိုက်နှောက် ယှက်တဲ့တစ်ယောက်ရှိနေလို့ပဲ ၊ နင်တကယ်ပဲ ငါ့အတွက် သွား ရိုက်ပေးမှာလား"

"ကျွန်တော်က လေ့သခင်မလေးအတွက်ဆို အမြဲတမ်းကူညီ ပေးချင်နေတာပါ"

သူမကို လိုက်နှောက်ယှက်နေသည့်သူမှာ ဖေးကျုန်းကိုယ်တိုင် ပင်ဖြစ်သည့်အကြောင်းကို သူမက ပြောရန် ကြိုကာရှိသေး သည် ကောင်းကင်ထက်တွင် ရုတ်တရက် ပျံသန်းထွက်ပေါ်လာ သည့် အလွန်ကြီးမားသည့် အနက်ရောင်အရိပ်ကြီးတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ဖေးကျုန်းမှာ အံ့သြထိတ်လန့်လွန်းသဖြင့် စကားတစ်ခွန်းမှ မ ပြောနိုင်တော့ပေ။

အနက်ရောင်အရိပ်ကြီးမှာ နေမင်းကိုပင်ဖုံးကွယ်သွား သည့်အတွက် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်သွားလေ သည်။ ထိုအနက်ရောင်အရိပ်ကြီးမှာ အလွန်ကြီးမားသည့် တောင်ကြီးတစ်လုံးပင် ဖြစ်လေတော့သည်။

ထိုတောင်ကြီးမှာ ပေတစ်သောင်းအထက်ရှိသည့်တိုင် မြင့်မား လွန်းပြီး တိချိုးမြို့တော်အတွင်းသို့ ပျံသန်းဝင်ရောက် သွား တော့သည်။

လူတိုင်းတောင်တစ်တောင်ကို မြင်ဖူးကြလေသည်။ သို့သော် တိချိုးမြို့တော်အတွင်းသို့ ပျံသန်းလာသည့် တောင်တစ်တောင်ကိုတော့ မည်သူမှ မမြင်ဖူးကြပေ။

ထိုမြင်ကွင်းကိုမြင်တွေ့လိုက်ရသည့် တိချိုးမြို့တော်မှ တန်ခိုးစွမ်းအားမြင့်မားသူများသည် အံ့လည်းအံ့သြသလို ဒေါသလည်းထွက်သွားကြလေသည်။ တိချိုးမြို့တော်တွင် ယခုကဲ့သို့ တန်ခိုးစွမ်းအား ထုတ်ဖော်ပြသရဲလောက် အောင် သတ္တိရှိသူသည် မည်သူဖြစ်ပါသနည်း။ သူတို့အရမ်းသိချင်နေကြလေသည်။

ထိုတောင်မြင့်ကြီးမှာ ဆန်းလျှန်ဖန်ဆင်းထားသည့် တောင်မြင့်ကြီးပင် ဖြစ်လေသည်။ ဆန်းလျှန်အနေဖြင့် မူလဝိညာဉ်ခန္ဓာမှ စွမ်းအားကိုအသုံးပြုကာ ထိုသို့သောတောင်မြင့်ကြီးမျိုးကို အလွယ်တကူ ဖန်ဆင်းနိုင်သည်မှာ မဆန်းလှပေ။

တောင်နှင့်မြစ်ရေသကော်တတန်ခိုးစွမ်းအားကိုအသုံးပြုကာ ဖန်ဆင်းခဲ့ခြင်း ဖြစ်လေသည်။

သို့သော် လူသားအားလုံးနှင့် တန်ခိုးစွမ်းအားမြင့်မားသူများ အားလုံးမှာ တောင်ကိုသာမြင်ကြရပြီး တောင်ကို ဖန်ဆင်းသည့် သူကို မသိရှိနိုင်ကြပေ။

ဆန်းလျန်၏ အစစ်အမှန်ဖြစ်တည်မှုမှာ တော်ဝင်ကျောင်းတော် ထဲတွင်သာ တည်ရှိနေသည့်အတွက် မည်သူမျှ သူ့ကို ခြေရာခံမိ မည် မဟုတ်ပေ။ ယခုကဲ့သို့ တောင်မြင့်ကြီးကိုဖန်ဆင်းကာ တိ ချိုးမြို့တော်အတွင်းသို့ ပျံသန်းစေလိုက်သည့်အတွက် တိချိုး မြို့တော်အတွင်းမှ တန်ခိုးစွမ်းအားမြင့်မားသူများ မည်မျှ အစွမ်းထက်သည်ကို ဆန်းလျန်အနေဖြင့် တိတ်တဆိတ် လေ့လာနိုင်မည်လည်း ဖြစ်လေသည်။

တောင်မြင့်ကြီးသည် တိချိုးမြို့တော်နှင့် တဖြည်းဖြည်းနီးကပ် လာသည်နှင့် ....

မိုးခြိမ်းသံထက်ပင်ကျယ်လောင်သည့် လူတစ်ယောက်၏အသံ

တစ်သံထွက်ပေါ်လာလေသည်။

"အတင့်ရဲလိုက်တာ..."

အခန်း (၄၉၂) သဲမုန်တိုင်း

တိချိုးမြို့တော် ၊ တာ့ရှားကေရာင်ဇ်နေထိုင်ရာ ဝမ်ချန်နန်းတော်

အတွင်းမှ စိမ်းပြာရောင်ရောမလက်ကြီးတစ်ဖက် ထွက်ပေါ်လာ

လေသည်။ ထိုလက်ကြီးမှ ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအား

များထွက်ပေါ်နေပြီး တိချိုးမြို့တော်မှ ကျင့်ကြံသူများအားလုံး

မှာ တုတ်တုတ်မျှပင် မလှုပ်ရဲကြပေ။ ထိုလက်ကြီးမှထွက်
ပေါ်လာသည့် ကြောက်မက်ဖွယ်ရာစွမ်းအားသည် သူ
တို့၏ခန္ဓာကိုယ်တွင်းမှ တန်ခိုးစွမ်းအားများ အားလုံးကို ဖိနှိပ်
ထားသကဲ့သို့ ရှိတော့သည်။

တိချိုးမြို့တော်အတွင်းမှ တော်ဝင်မျိုးနွယ်များပြောဆိုလိုက်
သည့် "အတင့်ရဲလိုက်လေ" ဆိုသည့်အသံသည် တစ်ပြိုင်နက်
ထဲ ထွက်ပေါ်လာလေသည်။

စိမ်းပြာရောင်ဧရာမလက်ကြီးမှာ လျှင်မြန်စွာပျံသန်းလာသည့်
တောင်မြင့်ကြီးကို ရက်စက်သည့်လက်သီးချက်
တစ်ချက်တည်းဖြင့် ထိုးခွင်းပစ်လိုက်လေသည်။

အလွန်မှ ရက်စက်လွန်းသည့် လက်သီးချက်ဖြစ်လေသည်။

သို့သော်.... ကြယ်တာရာစွမ်းအားများဖြင့် ပြည့်နက်လျှက်ရှိ
သည့် တောင်မြင့်ကြီးကို စိမ်းပြာရောင်ဧရာမလက်ကြီးသည်
ထိုးခွင်းနိုင်ခြင်း မရှိခဲ့ပေ။

ယိုဟူအိမ်တော်၏ခေါင်းဆောင် လေ့ဟုန်သည် တောင်မြင့်ကြီး
ကို အမှုန့်ဖြစ်အောင် ထိုးခွင်းနိုင်ခြင်း မရှိခဲ့ပေ။
ပြင်းထန်လွန်းသည့်လက်သီးချက်ကြောင့် တောင်မြင့်ကြီးသည်
သိမ့်ခနဲတစ်ချက်မျှသာ တုန်ခါသွားလေသည်။
တိချိုးမြို့တော်မှ တော်ဝင်မိသားစုများသည် ထိုအဖြစ်အပျက်
ကိုစူးစိုက်ကြည့်နေကြလေသည်။ တော်ဝင်မိသားစုများ
မဟုတ်သည့် အပြင်လူတစ်ယောက်က တိချိုးမြို့တော်တွင်
ယခုကဲ့သို့တန်ခိုးပြရဲသည်မှာ တာ့ရှားပြည်ကို အလွန်မှ
အရှက်ရစေသည့်ကိစ္စဖြစ်လေသည်။ ထိုကျင့်ကြံသူသည် တာ့
ရှားဧကရာဇ်၏ အမျက်ဒေါသဖြင့် "ကြိုးဆိုခြင်း" ကိုသာ ခံရပေ
လိမ့်မည်။

ဝမ်ချန်နန်းတော်...

ရှားထိုက်အကျဉ်းထောင်တွင် သားရေဝတ်ရုံကိုဝတ်ဆင်ထား
သည့် လူတစ်ယောက် ရှိနေလေသည်။

ထိုသူက ကောင်းကင်ထက်မှ တောင်မြင့်ကြီးကို စူးစိုက်ကြည့်နေလေသည်။

စိမ်းပြာရောင်ရောမလက်ကြီးက တောင်မြင့်ကြီးကို ဖိနှိပ်ထားလေသည်။ သို့သော် ထိုရောမလက်ကြီးကို တွန်းလှန်နေသည့် တောင်မြင့်ကြီးထံမှထွက်ပေါ်နေသည့် အသံတိတ်တန်ခိုးစွမ်းအားတစ်ခုမှာ အလွန်မှ ကြောက်မက်ဖွယ်ရာကောင်းလှလေသည်။

"ဒီလောက်တန်ခိုးစွမ်းအားမြင့်မားနေတဲ့ ကျင့်ကြံသူဟာ အင်မတန် ဂုဏ်အသရေမြင့်သူတစ်ယောက် ဖြစ်ရမယ်၊ ဒါပေမယ့် ကျုပ်ကတော့ အထင်ကြီးစရာမရှိဘူး၊ ကျီလု... မင်းကိုတော့ ကူညီမယ့်သူရောက်လာတော့မယ်ထင်တယ်"

သားရေဝတ်ရုံကိုခြုံထားသူကပြောလိုက်လေသည်။

သားရေဝတ်ရုံကိုခြုံထားသည့်လူ၏ခါးတွင် ဓားကောက်ကြီး တစ်လက်ကိုလည်းချိတ်ဆွဲထားလေသည်။ သူ၏မျက်ဝန်းများ က မီးတောက်အလားလောင်ကျွမ်းတောက်ပနေလေသည်။ ထျန်းယီအကြီးအကဲသည် ရှားထိုက်အကျဉ်းထောင်အတွင်း တွင် တင်ပျဉ်ခွေထိုင်နေလေသည်။ သူ၏ပတ်ဝန်းကျင်တွင် နေ စွမ်းအင်မီးတောက်များက စက်ဝိုင်းသဖွယ် ဝန်းရံထားလေ သည်။ သူ၏ဆံပင်ရှည်များကပခုံးထက်သို့ ပြေကျနေလေ၏။

"မင်လော့ ၊ အဲဒီလူကို ကျုပ်မသိဘူး ၊ ဒါပေမယ့် အနေ့းနဲ့အ မြန်တော့ သိလာရတော့မှာပါ ၊ တာ့ရှားဧကရာဇ်က ကျုပ်ကို ဒုက္ခမပေးသရွေ့ အဲဒီလူကလေည်းတာ့ရှားဧကရာဇ်ကိုဒုက္ခပေး မှာမဟုတ်ပါဘူး"

သားရေဝတ်ရုံကိုဆင်မြန်းထားသည့် မင်လော့ဆိုသည့်သူကဟွ န့်ခနဲ နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

“ဘာစောင့်နေစရာလိုသလဲ ၊ ဒီကောင် ဒီနေ့ ပြေးမလွတ်နိုင်တော့ပါဘူး”

ထျန်းယီအကြီးအကဲကမင်လော့ကို ကြည့်လိုက်သည်။

ထို့နောက် သူ၏အကြည့်က မင်လော့၏ခါးဆီမှ ဓားကောက်ကြီးဆီသို့ ရောက်ရှိသွားလေသည်။

ထိုမင်လော့ဆိုသည့်လူသည် တာ့ရှားပြည်တော်ဝင်မိသားစုဆယ့်နှစ်ခုဖြစ်သည့် မင်အိမ်တော်မှ သခင်တစ်ပါးဖြစ်ပြီးတာ့ရှားကေရာဇ်၏ သစ္စာရှိနောက်လိုက်တစ်ဦးလည်း ဖြစ်သည်။

တစ်ချိန်တုန်းကသွေးနီရောင်ပင်လယ်ကိုဖြတ်ကျော်ကာနတ်ဆိုးမျိုးနွယ်များကိုပင် စိန်ခေါ်ခဲ့သူဖြစ်လေသည်။

သူ၏မိစ္ဆာဓားကောက်ကြီး၏ တန်ခိုးစွမ်းအားမှာထိပ်တန်းအဆင့်ဖြစ်လေသည်။

ထို့နောက် သူက အခြားသောတိုင်းတစ်ပါးနိုင်ငံများနှင့်လည်းတိုက်ပွဲများဆင်နွှဲခဲ့ကာ ထောင်နှင့်ချီသောပြည်သူများကို

ချေမှုန်းခဲ့ပြီး ရာနှင့်ချီသည့် တိုင်းပြည်များကို သိမ်းယူခဲ့ဖူးလေသည်။ သူ၏စားကောက်ကြီးအောက်တွင် ဝိညာဉ်ပေါင်းများစွာ မရေမတွက်နိုင်အောင် သေဆုံးခဲ့ကြပြီးပြီ ဖြစ်လေသည်။ သူ၏မိစ္ဆာစွမ်းအားများကအလွန်မြင့်မားပြီးတိချိုးမြို့တော်တွင် တန်ခိုးစွမ်းအားအလွန်ထက်မြက်သူတစ်ယောက် ဖြစ်လေသည်။

မင်လော့၏ တန်ခိုးစွမ်းအားမြင့်မားမှုကြောင့်သာ တာ့ရှားဧကရာဇ်က ထျန်းယီအကြီးအကဲကို ဖမ်းချုပ်ထားသည့် ရှားထိုက်အကျဉ်းထောင်ကို ယုံကြည်စိတ်ချစွာဖြင့် စောင့်ခိုင်းခြင်းဖြစ်လေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် တာ့ရှားဧကရာဇ်၏ ထျန်းယီအကြီးအကဲအပေါ်တွင်ထားရှိသည့် တန်ဖိုးထားမှုနှင့် မင်လော့အပေါ်ထားရှိသည့် ယုံကြည်မှုကိုယှဉ်တွဲတွေ့မြင်ရမည် ဖြစ်လေသည်။

မင်လော့၏ခါးတွင်ချိတ်ထားသည့် ဓားကောက်ကြီးမှာနတ်ဆိုး

သွေးများ၏ စစ်မှန်သည့်အဓိပ္ပါယ်ကိုလည်းဖော်ဆောင်ထား

လေသည်။ ထို့ကြောင့် ထိုဓားကောက်ကြီးကို အံတုယှဉ်ပြိုင်နိုင်

သူမှာ အနည်းငယ်သာရှိလေသည်။

တောင်မြင့်ကြီးသည် တိချိုးမြို့တော်ဆီသို့ တဖြည်းဖြည်းနိမ့်

ဆင်းလာလေသည်။

စိမ်းပြာရောင်ရောမလက်ကြီးပိုင်ရှင် ယိုဟူအိမ်

တော်၏ခေါင်းဆောင် လေ့ဟုန်မှာ တောင်မြင့်ကြီးကို မ

ထိန်းချုပ်နိုင်သည့်အပြင် ဒဏ်ရာရသွားခဲ့လေသည်။ ထို

အဖြစ်အပျက်က တာ့ရှားပြည် အရှက်ကွဲစေခဲ့လေသည်။

မြင်ကွင်းကိုကြည့်နေရင်းမှ မင်လော့သည် သူ၏ဓား

ကောက်ကြီးကို ဆွဲထုတ်လိုက်လေသည်။ ဓားအိမ်အတွင်းမှ

ထွက်ပေါ်လာသည့်ဓားကောက်ကြီးသည် အလင်းတန်းအလွှာ

များဖြာထွက်နေပြီး တန်ခိုးစွမ်းအားအလှည့်အပြောင်း

စုစုပေါင်း တစ်သိန်းရှစ်သောင်းရှိလေသည်။

ဓားကောက်ကြီးမှ အလင်းတန်းများသည် မြစ်တစ်စင်းအလား

စီးဆင်းသွားပြီး တောင်မြင့်ကြီးကို ခုတ်ပိုင်းချလိုက်လေ

တော့သည်။

မိစ္ဆာဓားကောက်ကြီး၏ဓားချက်ကြောင့် တောင်မြင့်ကြီးမှ

အလယ်မှကွဲထွက်သွားပြီး အက်ကြောင်းကြီးတစ်ခု ဖြစ်ပေါ်

သွားရလေသည်။

ဓားကောက်ကြီးမှ ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအား

အလင်းတန်းများသည် တောင်ထိပ်ကိုဖိနှိပ်ထားသည့် ဧရာမ

လက်ကြီးနှင့် ပေါင်းစပ်မိသွားသည့်အခါ ဧရာမလက်ကြီးမှာ

ချက်ချင်းပင် တန်ခိုးစွမ်းအားများ ပြန်လည် မြင့်တက်လာလေ

သည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် မိုးကြိုးမြည်သံများ တဝုန်းဝုန်း မြည်နေပြီး ရောမလက်ကြီးသည် တောင်မြင့်ကြီးကို မလွှတ် တမ်းရစ်ပတ်ထားလေသည်။ ထိုအခါ တောင်ထိပ်တွင် အစိမ်း ရောင်တိမ်တိုက်တစ်ခု ရစ်သိုင်းလာပြီး တောင်မြင့်ကြီးကို ဖန်ဆင်းထားသည့် ကြယ်တာရာစွမ်းအားများမှာ ရုတ်တရက် ပေါက်ကွဲထွက်သွားလေသည်။

အစိမ်းရောင်တိမ်တိုက်ပေါက်ကွဲသွားသည်နှင့် ကြယ်စင်များ ကဲ့သို့ အလင်းတန်းများဖြာထွက်လာပြီး ပတ်ဝန်းကျင်တစ်ခု လုံးတွင် အပူရှိန်များ ချက်ချင်းမြင့်တက်လာလေသည်။ ထို့နောက် တောင်မြင့်ကြီးတစ်ခုလုံးသည် မျက်စိတစ်မှိတ် အတွင်းမှာပင် လောင်ကျွမ်းပျက်စီးသွားတော့သည်။ တောင် မြင့်ကြီး လောင်ကျွမ်းပျက်စီးသွားသည့်အတွက် လေထဲတွင် မီးခိုးများ ၊ ဖုန်မှုန့်များမှာ မရေမတွက်နိုင်အောင် ပြန့်ကျဲသွား ကာ သဲမုန်တိုင်းတစ်ခုအလားပင် ဖြစ်သွားတော့သည်။

တိချိုးမြို့တော်တစ်ခုလုံးမှာ သဲမုန်တိုင်းတိုက်ခတ်နေသည့် အလား ဖုန်မှုန့်များ ၊ သဲများကြားတွင် နစ်မြုပ်နေတော့သည်။

ထိုအချိန်မှာပင် ဝမ်ချန်နန်းတော်မှ နဂါးဟိန်းသံကြီးတစ်သံထွက်ပေါ်လာပြီး သဲမုန်တိုင်းကြီးကို သိမ်းယူပစ်လိုက်လေသည်။

ယင်းလုန်နဂါးကြီးထွက်ပေါ်လာခြင်းဖြစ်ပြီး နဂါးကြီး၏ ကျောရိုးထက်တွင် လူတစ်ဦး စီးနင်းလိုက်ပါလာလေသည်။ ထိုသူ၏မျက်ဝန်းများမှာ ရွှေညိုရောင်ဖြစ်ပြီး နေရောင်ခြည်အလားလင်းလက်တောက်ပနေလေသည်။

ထိုသူ၏ရွှေရောင်ဆံပင်များမှာ ပခုံးထက်တွင်ဝဲကျနေလေသည်။

ထိုသူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားမှာ နေရောင်ခြည်အလား တိချိုးမြို့တော်၏ နေရာအနှံ့သို့ပျံ့နှံ့သွားလေသည်။

ထိုသူက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"အားလုံးက ထိုင်ကြည့်နေဖို့ပဲသိတယ်”

ထို့နောက် ယင်းလုန်နဂါးကြီးသည် ဝမ်ချန်နန်းတော်ရှိရာသို့ ပြန်လှည့်သွားလေသည်။

ထို့နောက်တွင်တော့ တုန်းချန်အရပ်တွင်နေထိုင်ကြသည့် မင်းမျိုးမင်းနွယ်များသည် အဝတ်အစားများကို အလျှင်အမြန် သပ်သပ်ရပ်ရပ်ဖြစ်အောင် ဝတ်ဆင်လိုက်ကြကာ မြင်းရထားများပေါ်သို့တက်လိုက်ကြပြီး ဝမ်းချန်နန်းတော်ရှိရာသို့ အသီးသီးထွက်ခွာလာခဲ့ကြတော့သည်။

ထိုအချိန်တွင်...

ဆန်းလျန်သည် တော်ဝင်ကျောင်းတော်အတွင်းရှိ သူ၏စာသင်ခန်းထဲရှိ သလွန်ထက်တွင် ထိုင်နေလေသည်။

သူက သူဖန်ဆင်းလိုက်သည့် တောင်မြင့်ကြီးကို ချေဖျက်လိုက်ကြသည့် တန်ခိုးစွမ်းအားများအကြောင်းကို ပြန်လည် စဉ်းစားနေလေသည်။

စိမ်းပြာရောင်ဧရာမလက်ကြီး၏ပိုင်ရှင်နှင့် မိစ္ဆာဓားကောက်ပိုင်ရှင်တို့နှစ်ယောက်ပေါင်းကို ဆန်းလျန်အနေဖြင့် အနိုင်ယူရန်မခဲယဉ်းပေ။

သို့သော်... ယင်းလုန်၏ကျောရိုးပေါ်တွင်စီးနင်းလာသည့်ရွှေရောင်ဆံနွယ်ရှည်များနှင့်လူသည် တာ့ရှားကေရာဇ်ဖြစ်နိုင်ချေ ရှိလေသည်။ ထိုသူ၏တန်ခိုးစွမ်းအားကတော့ အဆုံးမရှိနက်ရှိုင်းလွန်းသည်ကို ဆန်းလျန် သဘောပေါက်လိုက်မိသည်။ ဆန်းလျန်သည် ချန်ပေသို၏ နတ်ဘုရားထောင်ချောက်ဓားနှင့် ယန်ရှီး၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်များကို အတွေ့အကြုံရှိထားသူ ဖြစ်လေသည်။ ထိုသူနှစ်ယောက်မှာ

ဆန်းလျန်ဘဝတွင် ကြောက်စရာအကောင်း ပြိုင်ဘက် များဖြစ်လေသည်။

သို့သော် တာ့ရှားကေရာဇ်နှင့်ယှဉ်လျှင်တော့ သူတို့နှစ်ယောက်သည် မည်သို့မှ မပြောပလောက်သည့်သူများ ဖြစ်သွားကြရပေမည်။

ထို့ပြင် တိချိုးမြို့တော်တွင် မိစ္ဆာဓားကောက်ပိုင်ရှင်ကဲ့သို့ စွမ်းအားထက်မြက်သူများ များစွာရှိနေသေးသည်။ ထိုသူများအားလုံး ပေါင်းစည်းလိုက်ပါက တိချိုးမြို့တော်တစ်ခုလုံး၏ တန်ခိုးစွမ်းအားမှာ သူမတူအောင် မြင့်မားသွားမည် ဖြစ်လေသည်။

ဆန်းလျန်၏ ရုပ်ခန္ဓာသည် သူ၏မူလဝိညာဉ်ခန္ဓာနှင့် အပြည့်အဝပေါင်းစပ်နိုင်သွားသည့်တစ်နေ့တွင်ပင် တိချိုးမြို့တော်မှ တန်ခိုးစွမ်းအားရှင်များအားလုံးကို အနိုင်ရအောင် တိုက်ခိုက်နိုင်မည် မဟုတ်ပေ။

ဆန်းလျန်အကြောက်ဆုံးမှာတော့ ယင်းလုန်နဂါးကြီးနှင့် တာ့ရှားကေရာဇ်၏ နှစ်ယောက်ပေါင်းစွမ်းအားကိုပင် ဖြစ်လေသည်။ အမှန်တော့ ယင်းလုန်သည် တာ့ရှားကေရာဇ်နှင့် တစ်သားတည်းဖြစ်ပြီး တန်ခိုးစွမ်းအားခြင်း ပေါင်းစပ်ထားသည့်အတွက် ထိုက်ယီထျန်းရှန်းအဆင့်ရောက်သူကဲ့သို့ပင် တန်ခိုးစွမ်းအား မြင့်မားနေလေသည်။

ဆန်းလျန်အနေဖြင့် တာ့ရှားကေရာဇ်၏ တန်ခိုးစွမ်းအားများကို ပိုပြီးနားလည်အောင် ကြိုးစားရမည် ဖြစ်လေသည်။ ပြိုင်ဘက်ကိုနားလည်မှသာ ပြိုင်ဘက်ကို အနိုင်ယူနိုင်မည် မဟုတ်ပါလား။

လေ့ကျင်းသည် စာသင်ခန်းအတွင်းသို့ ပြန်ဝင်လာလေသည်။ သူမက ဆန်းလျန်ကိုခံစားချက်ပေါင်းများစွာရောယှက်နေသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

"အဲဒီရောမလက်ကြီးက ကျွန်မအဘိုးရဲ့ လက်ပဲ"

"အဲဒီတော့ ဘာဖြစ်လဲ"

ဆန်းလျန်က ပြန်မေးလိုက်သည်။

လေ့ကျင်းကသက်ပြင်းတစ်ချက်ချလိုက်ရင်း…

"ဘာဖြစ်ရမှာလဲ ၊ ရှင့်အကြောင်းကို ကျွန်မရဲ့အဘိုးနဲ့ ဦးရီး တော်ကိုသွားပြောရမှာပေါ့"

ဆန်းလျန်က ကြယ်စင်ကဲ့သို့ တောက်ပသည့်မျက်ဝန်းများဖြင့် သူမကိုပေါ့ပေါ့ပါးပါးပင် တစ်ချက်ကြည့်လိုက်ရင်း…

"မင်းရဲ့စိတ်ကို ဆရာနားလည်ပါတယ် ၊ ဒါပေမယ့် အခု ဖြစ်ခဲ့ တာတွေအားလုံးကိုတော့ မင်းမေ့လိုက်တာအကောင်းဆုံးပဲ"

ဆန်းလျန်အနေဖြင့် အခြားသူများ၏ မှတ်ဉာဏ်များကိုဖျက်စီး ပစ်လိုခြင်းမရှိပါ။ သို့သော် ယခုတော့ မလုပ်မဖြစ် လုပ်ရတော့ မည့်အနေအထားရောက်လာလေပြီ။

ဆန်းလျန်၏အကြည့်တွင် လေ့ကျင်းသည် နစ်မျောသွားလေ သည်။

သူမသည် ယခင်က ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကို ပြန်စဉ်းစားကြည့်လိုက်သည်။

စောစောက သူမမြင်တွေ့လိုက်ရသည်မှာ တောင်မြင့်ကြီးတစ်လုံးသည် တိချိုးမြို့တော်အတွင်းသို့ ပျံသန်းဝင်ရောက်သွားပြီး သူမ၏အဘိုးနှင့် ကိုယ်ရံတော်တပ်မှူးမင်လော့က ထိုတောင်မြင့်ကြီးကို တိုက်ခိုက်ခဲ့လေသည်။ နောက်ဆုံးတွင် ဦးရီးတော်ကိုယ်တိုင်ထွက်ပေါ်လာကာ ထိုတောင်မြင့်ကြီးကို အဆုံးသတ် ဖျက်စီးပစ်လိုက်သည်။

သို့သော်... ထိုတောင်ကို ဖန်ဆင်းသူမှာ မည်သူဖြစ်သူကို သူမမသိတော့ပါ။

ထိုသူသည် ကျင့်ကြံသူတစ်ယောက် ဖြစ်မည်ဆိုပါက အလွန်အဆင့်မြင့်သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်နိုင်လေသည်။ သူမ၏ဆရာဆန်းလျန်သည် သလွန်ထက်တွင် ထိုင်ကာ ဗျပ်စောင်းတီးခတ်နေလေသည်။ ဗျပ်စောင်းသံသည် တောင်

ပေါ်တွင် စမ်းချောင်းလေးတစ်စင်းစီးဆင်းနေသည့်အလား

သာယာလွန်းလှလေသည်။

သူမ၏ဆရာမှာ ထိုတောင်မြင့်ကြီးကို ဖန်ဆင်းသည့်သူ လုံးဝမ

ဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဆရာဖြစ်သူမှ ယခုမှ အိပ်

ယာမှ နိုးကာစဖြစ်ပြီး နံနက်ခင်းကို ခံစားကာ ဗျပ်စောင်းတီးနေ

သောကြောင့် ဖြစ်လေသည်။

လေ့ကျင်းမှာ တစ်ညလုံးလည်း အိပ်ရေးပျက်ထား

သည့်အတွက် ခေါင်းများလည်း မူးနောက်နောက်ဖြစ်လာပြီ

ဖြစ်လေသည်။

နောက်ဆုံးတွင်တော့ သူမသည် တောင်မြင့်ကြီးကိုဖန်ဆင်းသူ

မှာ “ဆန်းလျန်ဖြစ်သည်” ဆိုသည့်အချက်ကို မေ့လျော့သွားခဲ့ရ

လေပြီ။

သူမ၏ဆရာသည် တော့ရှားကိုဆန့်ကျင်သည့်အလုပ်မျိုး မည်သည့်အခါမှ လုပ်မည်မဟုတ်ဟု သူမကိုယ်သူမ ဖြေသိမ့်ရင်း ယုံကြည်နေမိလေတော့သည်။

အခန်း (၄၉၃) ကေရာဇ်ဓား

"နည်းနည်းလောက်အိပ်လိုက်ဦးလေ..."

ဆန်းလျန်က လေ့ကျင်းကိုပြောလိုက်လေသည်။

လေ့ကျင်းမှာလည်း အမှန်တကယ်ပင် ပင်ပန်းနေပြီးဖြစ်သည့်အတွက် အိပ်ပျော်သွားလေတော့သည်။

အိပ်ပျော်သွားသည့်အချိန်တွင်ပင် သူမသည် အိပ်မက်ဆိုးများကို မြင်မက်နေတော့သည်။ အိပ်မက်ထဲတွင် သူမ၏ဦးရီးတော်နှင့် ဆန်းလျန် ပြင်းထန်စွာ တိုက်ခိုက်နေကြပြီး တောင်တစ်ခွင်လုံးတွင် သွေးချောင်းစီးကာ အလောင်းများဖြင့် ပြည့်နက်နေသည်ကို မြင်တွေ့ရလေသည်။ သို့တိုင်အောင် သူမသည် အိပ်မက်ဆိုးမှ မနိုးထနိုင်ခဲ့ပေ။

ဆန်းလျန်သည် ကျီဝေ့စာသင်ခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။

ယခင်က ရှင်းလင်းနေခဲ့သည့် တော်ဝင်ကျောင်းတော်ကြီးသည် ယခုတော့ နွယ်ပင်စိမ်းစိမ်းများ ၊ သစ်ပင်စိမ်းစမ်းများဖြင့် နေရာတိုင်းတွင် စိမ်းလန်းစိုပြေနေတော့သည်။ ဆန်းလျန်စိုက်ပျိုးထားသည့် သစ်ပင်များ ဖြစ်လေသည်။

ဝူတင်သည် တော်ဝင်ကျောင်းတော်ဝန်းအတွင်းရှိ စီးဆင်းနေသည့် စမ်းချောင်းလေးတစ်ခုဘေးတွင် ဓားသိုင်းလေ့ကျင့်နေ

လေသည်။ သူက အရှေ့တိုင်းစစ်သည်တော်နှင့်တိုက်ခိုက်စဉ်က ပျက်စီးသွားသည့်သူ၏ကြေးနီစိမ်းဓားနှင့် ပုံသဏ္ဍာန်တူသည့် သစ်သားဓားတစ်လက်ကိုပြုလုပ်ကာ ဓားသိုင်းလေ့ကျင့်နေခြင်း ဖြစ်လေသည်။

ဝူတင်သည် အေးဆေးစွာနေတတ်သူဖြစ်ပြီး အခြားသူများနှင့် စကားအပြောအဆို သိပ်ရှိသူတစ်ယောက်မဟုတ်ပေ။ သို့သော် ကွမ်းလုန်ကျီ၏ တပည့်ဖြစ်လာပြီးသည့်နောက်ပိုင်း လူအချို့နှင့် မဆက်ဆံချင်ဘဲလည်း ဆက်ဆံနေရလေသည်။

အထူးသဖြင့် သူ့ကိုအခြောက်တိုက် ရန်လိုနေသည့် ဖေးကျုန်းပင် ဖြစ်လေသည်။

"မင်းက ဓားသိုင်းလေ့ကျင့်ဖို့ သင့်တော်တဲ့သူမျိုး မဟုတ်ဘူး"

အသံထွက်ပေါ်လာရာသို့ ဝူတင်က လှည့်ကြည့်လိုက်သည့်အခါတွင်တော့ သူ့အနောက်ဘက်ရှိ မြက်ခင်းပြင်ထက်တွင် မတ်တပ်ရပ်နေသည့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။

မြက်ခင်းပြင်မှ မြက်လေးများမှာ အလွန်နူးညံ့ပြီး ထိုးထိုးထောင်ထောင်ပေါက်ရောက်နေလေသည်။ ဆန်းလျန်သည် ထိုမြက်ပင်လေးများ၏ ထိပ်ဖျားပေါ်တွင် ရပ်နေခြင်းဖြစ်လေသည်။ သို့သော် မြက်ပင်လေးများမှာ ကျိုးကျေသွားခြင်း မရှိခဲ့ပေ။

ဝူတင်က သူ၏ဓားကိုလက်ဖြန်နောက်တွင် အသာသိမ်းလိုက်ပြီး ဆန်းလျန်ရှိရာသို့ လျှောက်သွားလိုက်သည်။

“ကျွန်တော့်ကို ဓားသိုင်းလေ့ကျင့်ဖို့ မသင့်တော်ဘူးလို့ ဘာလို့ပြောရတာလဲ ၊ ကျွန်တော့်ဦးလေးပြောဖူးတာတော့ ဓားဆိုတာ လူတစ်ယောက်ရဲ့ဂုဏ်ပုဒ်တဲ့ ၊ ပြီးတော့ ဧကရာဇ်တစ်ပါးရဲ့ လက်နက်တဲ့”

ဆန်းလျန်က ပြုံးလိုက်ရင်း…

“ဒီစကားကို ကျုပ်ကြားဖူးပြီးသားပါ ၊ ထျန်းယီအကြီးအကဲက တကယ့်ကို ရှားပါးတဲ့အရည်အချင်းတွေကို ပိုင်ဆိုင်ထားသူပဲ ၊

ကြည့်ရတာ ထျန်းယီအကြီးအကဲကလည်း ဓားသိုင်းတော်

တယ်ထင်တယ်”

ဆန်းလျန်စကားကြောင့် ဝူတင်က ပြုံးလိုက်ရင်း...

“မင်းသားလေး ဒီတစ်ခါတော့မှားသွားပြီ ၊ ကျွန်တော့်ဦးလေး

ဟာ ဓားကိုအသုံးမပြုပါဘူး ၊ ဓားမှမဟုတ်ဘူး သူက ဘယ်

လက်နက်ကိုမှ အသုံးပြုလေ့မရှိပါဘူး”

ဆန်းလျန်က ခေါင်းကိုခါယမ်းလိုက်ရင်း...

“ထျန်းယီအကြီးအကဲက ဓားအသုံးပြုပါတယ် ၊ တကယ်တော့

သူက ကေရာဇ်ဓားကို အသုံးပြုတာပါ”

ဆန်းလျန်၏စကားကြောင့် ဝူတင်မျက်နှာပျက်သွားလေသည်။

“စကားလုံးတွေကို သတိထားပါ မင်းသားလေး ၊ ကေရာဇ်ဓား

ဆိုတဲ့အသုံးအနှုန်းမှာ ကေရာဇ်ဆိုတဲ့ စကားလုံးပါနေပါတယ် ၊

တာ့ရှားကေရာဇ်သာလျှင် ကေရာဇ်ဆိုတဲ့အသုံးအနှုန်းကို

အသုံးပြုခွင့်ရှိတာပါ ၊ ကျွန်တော့်ဦးလေးက ဘယ်လိုလုပ်

အသုံးပြုခွင့်ရှိမှာလဲ ၊ ပြီးတော့ အဲဒီ ကေရာဇ်ဓားဆိုတာကို တစ်ခါမှ မကြားဖူးဘူး”

“ဒါဖြင့် ကေရာဇ်ဓားအကြောင်း မင်းကိုပြောပြရမလား”

ဆန်းလျန်က ပေါ့ပေါ့ပါးပါးဟန်ဖြင့် မေးလိုက်သည်။

ဝူတင်မှာ ကေရာဇ်ဓားဆိုသည်ကို အလွန်သိချင်နေသည့်တိုင် မမေးသင့်သည့်မေးခွန်းဖြစ်နေသောကြောင့် မမေးရဲဘဲ ရှိလေသည်။

သူက တစ်ခဏမျှ စဉ်းစားဟန်ပြုလိုက်ရင်း…

“ကျွန်တော် မသိချင်တော့ပါဘူး”

ဆန်းလျန်က ရယ်မောလိုက်ရင်း ဝူတင်၏ဘေးသို့ရောက်လာလေသည်။ သူ၏လှုပ်ရှားမှုမှာ အခိုးအငွေ့များလွင့်မျောသွားသကဲ့သို့ လျှင်မြန်လွန်းလေသည်။

သူက ဝူတင်၏ပခုံးကို ပုတ်လိုက်ရင်း….

“တကယ်တော့ မင်းအနေနဲ့ဆိုရင် နှစ်ဖက်သွားဓားကိုအသုံးမပြုဘဲ တစ်ဖက်သွားဓားကို အသုံးပြုပြီး ဓားသိုင်း လေ့ကျင့်တာက ပိုပြီး သင့်တော်လိမ့်မယ်”

ပြောပြီးသည်နှင့် ဆန်းလျန်ထွက်ခွာသွားလေသည်။

အခိုးအငွေ့အလား ဝူတင်အနားသို့ရောက်ရှိလာပြီး အခိုးအငွေ့အလားပင် ဝူတင်အနားမှ ပြန်လည်ထွက်ခွာသွားလေသည်။

ဝူတင်သည် အမှန်တကယ်ပင် တစ်ဖက်သွားဓားနှင့် ဓားသိုင်း လေ့ကျင့်ရန် သင့်တော်သူ တစ်ယောက် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် သူက အေးဆေးသည့်လူတစ်ယောက် ဖြစ်ပြီး ထိုကဲ့သို့သောလူမျိုးသည် အရာအားလုံးကို ရှင်းရှင်းလင်းလင်း ဖြတ်တောက်နိုင်သူ ဖြစ်လေသည်။

ထို့ကြောင့် ထိုးစိုက်တိုက်ခိုက်ရသည့် နှစ်ဖက်သွားဓားထက် ပိုင်းဖြတ်ရသည့် တစ်ဖက်သွားဓားနှင့် ပိုပြီးသင့်တော်လေသည်။

လောကတွင်ဓားသိုင်းပညာပေါင်း မည်မျှပင်ရှိပါစေ ဓား သိုင်း၏ရည်ရွယ်ချက်သည် တိုက်ခိုက်ရန်နှင့် အန္တရယ်ကို ခုခံ ကာကွယ်ရန်ဖြစ်လေသည်။ ဤသည်မှာ ဓား၏သဘောသဘာ ဝပင် ဖြစ်လေသည်။

ထျန်းယီအကြီးအကဲသည် ဘုရင်တစ်ပါးဖြစ်ထိုက်သူဖြစ်လျှင် ဝူတင်သည်လည်း ထျန်းယီအကြီးအကဲထက် ညံ့သူတစ် ယောက် မဟုတ်ပေ။

ဝူတင်ကတော့ သူနှင့် ထျန်းယီအကြီးအကဲနှင့်ယှဉ်လျှင် မိုးနှင့် မြေလိုကွာခြားလှသည်ဟု တွေးနေမှာ ဖြစ်လေသည်။ သို့သော် ဝူတင်ကျင့်ကြံနေသည့် ပျံသန်းကြယ်စင်ကျင့်စဉ်ကြောင့် သူ သည် သိပ်မကြာမီပင် ထျန်းယီအကြီးအကဲနှင့် ပခုံးချင်းယှဉ် နိုင်သည့် လူတစ်ယောက် ဖြစ်လာပေလိမ့်မည်။

သို့သော်... ဝူတင်သည် သူ၏အရည်အချင်းများကို သူ ကိုယ်တိုင် ရှင်းရှင်းလင်းလင်းနားမလည်နိုင်သေးပေ။

ဆန်းလျှန်သည် အခိုးအငွေ့အလားပင် တော်ဝင်ကျောင်းတော်
အပြင်ဘက်သို့ ရောက်ရှိသွားလေသည်။ သူက လေ့ကျင်း
အိပ်ပျော်နေသည်ကို အခွင့်ကောင်းယူကာ တိချိုးမြို့တော်
အတွင်းသို့ လျှောက်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။ အမှန်
တော့ တိချိုးမြို့တော်သည် လျှို့ဝှက်ချက်များဖြင့် ပြည့်နေ
သည့် မြို့တော်တစ်ခု ဖြစ်လေသည်။ သို့သော် ထိုလျှို့ဝှက်
ချက်များကို ဖော်ထုတ်နိုင်သူ မည်သူမျှ မရှိခဲ့သလို မည်သူမျှ
လည်း မဖော်ထုတ်ရဲကြပေ။

ယနေ့နံနက်ဖြစ်ပျက်သွားသည့် အဖြစ်အပျက်များကြောင့် တိ
ချိုးမြို့တော်တွင် လုံခြုံရေးများကို တင်းတင်းကြပ်ကြပ်
ချမှတ်ထားလေသည်။

....

ဝမ်ချန်နန်းတော်....

တာ့ရှားကေရာဇ်သည် အကြီးအကျယ်ဒေါသထွက်နေလေ
သည်။ အမတ်မင်းများအားလုံးသည် ဝမ်ချန်နန်းတော်သို့ စုဝေး

ရောက်ရှိနေကြပြီး ဧကရာဇ်မင်းနှင့် အစည်းအဝေးပြုလုပ်နေကြလေသည်။

တာ့ရှားပြည်၏ အဓိကအင်အားများ စုဝေးရာနေရသည် ဝမ်ချန်နန်းတော်သာလျှင် ဖြစ်လေသည်။ တော်ဝင်မိသားစုဆယ့်နှစ်ခု၏ ခေါင်းဆောင်များနှင့် အခြားသော နန်းတွင်းအမတ်မင်းများ ၊ ရှမ်ကျန်းကျောင်းတော်နှင့် တာ့ကြွယ်ကျောင်းတော်များမှ ကျင့်ကြံသူများပင် ဝမ်ချန်နန်းတော်သို့ရောက်ရှိနေကြလေသည်။

တာ့ရှားပြည်သည် အသူရာချောက်၏ အလယ်ဗဟိုတွင်တည်ရှိလေသည်။ သွေးနီပင်လယ်အတွင်းမှ နတ်ဆိုးမျိုးနွယ်စုများပင်လျှင် ထိုအချက်ကို မဆန့်ကျင်ရဲကြပေ။ တာ့ရှားဧကရာဇ်၏ဘိုးဘေးဘီဘင်အစဉ်အဆက် ကတည်းက သူတို့ကိုမဆန့်ကျင်နိုင်ရန်အတွက် သြဇာအာဏာကို အသုံးပြုကာ တိုက်ခိုက်ဖိနှိပ်ထားခဲ့ကြလေသည်။

တာ့ရှားကေရာဇ်၏ဖခင် မည်သို့မည်ပုံ နတ်ရွာစံခဲ့ရသည်ကို
မည်သူမျှ မသိကြပေ။ သို့သော် တာ့ရှားကေရာဇ်က မင်းသားမ
ဖြစ်ချင်တော့ဘဲ ဘုရင်ဖြစ်ချင်သည်ဟု ပြောသည့်တစ်နေ့တွင်
ပင် တာ့ရှားကေရာဇ်၏ဖခင် နတ်ရွာစံသွားခဲ့ရခြင်း ဖြစ်လေ
သည်။

လောကတွင် တာ့ရှားကေရာဇ်ပြောသမျှ နှုတ်ထွက်စကားတိုင်း
သည် ဖြစ်မလာသည်ဟူ၍ မရှိသလောက်ရှားပါးလေသည်။
လက်ရှိတာ့ရှားကေရာဇ်သည် အလွန်မှ ခြိမ်းခြောက်နိုင်စွမ်းရှိ
သူတစ်ယောက် ဖြစ်လေသည်။ သူဘုရင်တစ်ပါးဖြစ်လာပြီး
သည့်နောက်ပိုင်း တာ့ရှားပြည်ကို သြဇာမခံသည့် တိုင်းပြည် ၊
နေရာဒေသဟူ၍ မရှိသလောက်ပင်။

ပေတီပြည် ၊ တုန်းယီပြည် ၊ နန်မန်ပြည် ၊ ရှီးရှန်ပြည်ကဲ့သို့သော
အင်အားကြီးတိုင်းပြည်ကြီးများ အားလုံးသည် တာ့ရှားပြည်ကို
သစ္စာခံခဲ့ကြလေသည်။

ယခုတော့ တာ့ရှားကေရာဇ်သည် ရွှေရောင်ဘုရင့်ဝတ်စုံကို ဝတ်ဆင်ကာ ဝမ်ချန်နန်းတော် နန်းရင်ပြင်ရှိ ပလ္လင်ထက်တွင် ထိုင်နေလေသည်။

ထိုရွှေဝတ်စုံမှာ သာမန်ရွှေဖြင့် ပြုလုပ်ထားသည့် ဝတ်စုံမဟုတ်ပေ။။ အလွန်အဖိုးတန်သည့် မိုးကောင်းကင်ရွှေဖြင့် ပြုလုပ်ထားသည့်ဝတ်စုံဖြစ်လေသည်။ မိုးကောင်းကင်ရွှေဆိုသည်မှာ ပြင်ပကမ္ဘာမှ အသူရာချောက်သို့ စီးဝင်လာသည့်ဝိညာဉ်မြစ်ရေထဲတွင် ပါဝင်လာသည့် သန့်စင်သည့်ရွှေစင်ကို ပြောခြင်းဖြစ်လေသည်။ ဝိညာဉ်မြစ်ရေနှင့်သွေးနီပင်လယ်ပင်လျှင် ထိုမိုးကောင်းကင်ရွှေစင်ကို ပျက်စီးအောင် မစွမ်းဆောင်နိုင်ခဲ့ကြပေ။

တာ့ရှားကေရာဇ်၏ဦးခေါင်းထက်တွင်ဆောင်းထားသည့် ဘုရင့်ခေါင်းဆောင်းသရဖူမှာလည်း တောက်ပသည့် ပုလဲလုံးများ စီတန်းကျဆင်းနေလေသည်။ ထိုပုလဲလုံးများမှာ တိကျန်ဗောဓိ

သကျချန်ထားရစ်ခဲ့သည့် ဓာတ်တော်များ ဖြစ်သည်ဟု လူအများက ပြောစမှတ်ရှိကြလေသည်။

မည်သို့ပင်ဖြစ်စေကာမူ လောကတစ်ခွင်တွင် လူသားအားလုံးဖိနှိပ်ဖိနှိပ်တုန်အောင် ကြောက်ခဲ့ကြရသည့် တာ့ရှားဧကရာဇ်သည် ယနေ့တော့ဖြင့် မရှုမလှ အရှက်ကွဲခဲ့ရပြီဖြစ်သည်။

တိချိုးမြို့တော်သို့ရောက်ရှိနေသည့် ကျင့်ကြံသူတစ်ယောက်သည် ကြီးမားသည့်တောင်မြင့်ကြီးတစ်တောင်ကို ဖန်ဆင်းပြကာ သူတို့အားလုံးကို စိန်ခေါ်ခဲ့လေသည်။ ထိုတောင်ကြီးကြောင့်တိချိုးမြို့တော်မှာ သဲမုန်တိုင်းဖြင့် ဝါးမြိုခံရလုဆဲဆဲ အခြေအနေထိ ဖြစ်ခဲ့ရသည်။ ဤကဲ့သို့သောဖြစ်ရပ်မျိုးကြောင့် တာ့ရှားဘုရင်အရှက်မကွဲဘူးဆိုလျှင် မည်သည့်ဖြစ်ရပ်က အရှက်ကွဲစရာရှိပါမည်နည်း။

ထို့ပြင် တိချိုးမြို့တော်တွင် အနယ်နယ်အရပ်ရပ်မှရောက်ရှိနေကြသည့် သံတမာန်များစွာရှိလေသည်။ ယနေ့သတင်းသာ အ

နယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့သွားပါက တိချိုးမြို့တော်အတွက် လောင်ရယ်စရာဖြစ်လာပေမည်။

ဝမ်ချန်နန်းတော်ပလ္လင်ထက်မှ တာ့ရှားကေရာဇ်၏မျက်နှာက တည်ငြိမ်နေသော်လည်း သူ၏စိတ်ထဲမှ ဒေါသတရားကတော့ အချိန်မရွေးပေါက်ကွဲနိုင်သည့် မီးတောင်ကြီးတစ်ခုအလား ဖြစ်နေလေသည်။

ဝမ်ချန်နန်းတော်ကြီးသည် အလွန်ကြီးမားပြီး မြင့်မားလွန်းသည့် တိုင်လုံးကြီးများဖြင့် ဆောက်လုပ်ထားသော ခမ်းနားလှသည့် နန်းတော်ကြီးတစ်ခုဖြစ်လေသည်။ ယင်းလုန်နဂါးကြီးသည် တိုင်လုံးကြီးတစ်ခုကို ရစ်ပတ်ထားပြီး မျက်လုံးများကို မှိတ်ထားလေသည်။

တာ့ရှားကေရာဇ်စိတ်မကြည်လင်ဒေါသထွက်နေသည်ဆိုလျှင် ယင်းလုန်သည်လည်း စိတ်မကြည်လင်နိုင်ပါ။

နန်းတော်အတွင်းသို့ရောက်ရှိနေကြသည့် လူသားတိုင်းမှာယင်း

လုန်စိတ်မကြည်သည့်အတွက် တုတ်တုတ်ပင် မလှုပ်ရဲကြပေ။

သူတို့အားလုံးသည် ခေါင်းများကိုငုံ့ကာ တိတ်ဆိတ်ငြိမ်

သက်နေကြလေသည်။

တာ့ရှားဧကရာဇ်သည် သူ့ကိုခစားနေကြသည့် တော်ဝင်မျိုး

နွယ်များ ၊ အမတ်မင်းများနှင့် အခြားသော ကျင့်ကြံသူများ

အားလုံးကို တစ်ချစ်ဝေ့ကြည့်လိုက်ရင်း…

"အသုံးမကျဘူး… တစ်ယောက်မှ အသုံးမကျဘူး"

တာ့ရှားဧကရာဇ်၏ ဒေါသတကြီးပြောလိုက်သည့်စကား

ကြောင့် ဝမ်ချန်နန်းတော်အတွင်းတွင် အလှဆင်ထားသည့်

အပြာရောင် ကျောက်တုံးများပင်လျှင် အစိတ်စိတ်အမွှာမွှာ

ကွဲအက်ကုန်ကြရလေသည်။

"လေ့နော်… ထွက်လာခဲ့စမ်း"

တာ့ရှားကေရာဇ်က သူ၏ယောက်ဖတော်ဖြစ်သူ နိုင်ငံခြားရေး ဝန်ကြီးလေ့နော်ကို လက်ညိုးညွှန်ပြကာ ခေါ်ထုတ်လိုက်လေသည်။ လေ့နော်သည် ယိုဟူအိမ်တော်၏ခေါင်းဆောင် လေ့ဟုန် နောက်တွင် ကုတ်ကုတ်ကလေး ရပ်နေလေရာ ဧကရာဇ်က ခေါ်လိုက်သည့်အခါတွင်လည်း ကုတ်ကုတ်ကလေးပင် ထွက်လာလေသည်။

"ကျွန်တော်မျိုး ရှိပါတယ် မင်းကြီး..."

တာ့ရှားကေရာဇ် လေ့နော်ကို အတန်ကြာစိုက်ကြည့်နေပြီးမှ ဖြည်းဖြည်းချင်းစတင်ကာ စကားဆိုလိုက်သည်။

"မောင်မင်းကို ခိုင်းထားတဲ့ကိစ္စ ဘယ်လိုလဲ ၊ တိချိုးမြို့တော်ထဲကို ဝင်လာတဲ့ တန်ခိုးစွမ်းအားမြင့်မားတဲ့ ကျင့်ကြံသူကို ရှာဖွေဖို့ မောင်မင်းကို ငါကိုယ်တော် အမိန့်ပေးထားတာလေ ၊ မောင်မင်း တာဝန်မကျေလို့ ဒီကောင်က ဒီနေ့မှာ ဒီလိုအတင့်ရဲပြီး တန်ခိုးပြတဲ့လုပ်ရပ်မျိုးကို လုပ်လာတာ”

လေ့နော်သည် ချက်ချင်းဒူးထောက်ချလိုက်ကာ ကြမ်းပြင်ထက်တွင် ပြားပြားဝပ်နေလေသည်။

"ကျွန်တော်မျိုးသေသင့်ပါတယ် ၊ သေသင့်ပါတယ်"

လေ့နော်သည် တာ့ရှားဧကရာဇ်၏ဒေါသကို ကောင်းကောင်းနားလည်ထားသူ ဖြစ်လေသည်။

အစကတည်းက ဆန်းလျန်အကြောင်းကို ဧကရာဇ်မင်းထံ တင်ပြခဲ့မိလျှင် ကောင်းသားဟု လေ့နော်တွေးနေမိလေ သည်။ သူ့အနေဖြင့် ယခုမှတော့ ဆန်းလျန်အကြောင်းကို ဖော်ထုတ်ရန်မှာ မဖြစ်နိုင်တော့ပေ။ ယခုအချိန်မှ သွားပြောမိလျှင်တော့ တာ့ရှားဧကရာဇ်သည် ကျိန်းသေသူ့ကို အမှုန့်ချေပစ်တော့မည် ဖြစ်လေသည်။

တာ့ရှားဧကရာဇ်သည် သူ့ကိုလိမ်လည်သည့်သူများကို မည်သည့်အခါမှ ခွင့်မလွှတ်တတ်ပေ။

လေ့နော်သည် တာ့ရှားကောရာဇ်ကို အကြိမ်ကြိမ်ဦးတိုက်ရင်း တောင်းပန်နေမိလေသည်။ သူ၏နဖူးထက်မှ သွေးများသည် ကြမ်းပြင်ထက်တွင် ပေကျံနေပြီ ဖြစ်လေသည်။

ယိုဟူအိမ်တော်၏သခင် လေ့ဟုန်မှာ သားဖြစ်သူကို မကြည့်ရက်တော့ဘဲ သက်ပြင်းတစ်ချက်ချကာ အရှေ့သို့ ထွက်လိုက်လေသည်။

"ကျွန်တော်မျိုး ညံ့ဖျင်းလို့ ကျွန်တော်မျိုးရဲ့သားက အသုံးမကျဖြစ်ရတာပါ မင်းကြီး ၊ နောက်ဆို ကျွန်တော်မျိုး ကိုယ်တိုင် ဒီညံ့ဖျင်းတဲ့သားကို သေသေချာချာ ဆုံးမပါ့မယ်"

အခန်း (၄၉၄) မင်းဆိုးမင်းညစ်

တာ့ရှားကေရာဇ်မှာ ပေါက်ကွဲလုနီးပါးဒေါသများကို ထိန်းချုပ်ထားရလေသည်။ သူ့ကိုကြည့်ရသည်မှာ မုန်တိုင်းမကျခင် ငြိမ်သက်နေခြင်းမျိုးနှင့် တူလေသည်။

နန်းတော်ရင်ပြင်တွင် ဒူးထောက်ဝပ်တွားနေသည့် လေ့နော်မှာ စိတ်များ ရှုတ်ထွေးလျှက် ရှိတော့သည်။ သူ့အနေဖြင့် တာ့ရှားကေရာဇ်၏ဒေါသကို အကြိမ်ပေါင်များစွာ တွေ့မြင်ခဲ့ဖူးလေသည်။ ကေရာဇ်မင်းဒေါသသင့်လျှင် မည်သူမျှ သက်သာရာရမည် မဟုတ်ပေ။

လေ့ဟုန်သည် တော်ဝင်မျိုးနွယ်ခေါင်းဆောင်တစ်ယောက်ဖြစ်သလို နန်းတွင်းအမတ်မင်းတစ်ယောက်လည်း ဖြစ်လေသည်။ သူ့အနေဖြင့် တာ့ရှားကေရာဇ် ဒေါသထွက်နေသည့်အချိန်တွင် ရှေ့သို့မထွက်လိုသည့်တိုင် လေ့နော်မှာ သူ၏သားအရင်းဖြစ်

နေသည့်အတွက် သားဖြစ်သူကို ကာကွယ်ရန် အရှေ့သို့ ထွက်လိုက်ရခြင်း ဖြစ်လေသည်။

တာ့ရှားကေရာဇ်၏မျက်နှာသည် အနည်းငယ်ကြည်ကြည်လင်လင်ဖြစ်လာလေသည်။

"ဒီနေ့ လေ့ဘိုးဘိုးကိုယ်တိုင် မင်းအတွက် တောင်းပန်ပေးမှတော့ အသက်ချမ်းသာပေးလိုက်မယ် ၊ ထပါ..."

လေ့နော်သည် ဝပ်တွားနေရာမှ ဖြည်းဖြည်းချင်းမတ်တပ်ရပ်လိုက်ပြီး ဖခင်ဖြစ်သူ လေ့ဟုန်နောက်တွင် ပြန်ရပ်နေလိုက်လေသည်။

တာ့ရှားကေရာဇ်က ခစားနေကြသည့် အမတ်မင်းများ ၊ တော်ဝင်မျိုးနွယ်များနှင့် အခြားသူများအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း...

"ဒီပုဂ္ဂိုလ်ရဲ့တန်ခိုးစွမ်းအားက တကယ်နက်ရှိုင်းလွန်းတယ် ၊ သူက ပုန်းကွယ်နေတယ်ဆိုတော့ သူ့ကိုဖမ်းဆီးနိုင်ဖို့ မဖြစ်နိုင်

ဘူး ၊ ဒါပေမယ့် ဒီနေ့ ငါကိုယ်တော် မောင်မောင်းတို့အားလုံးကို ဆင့်ခေါ်လိုက်တာက ဒီကိစ္စကြောင့်တော့ မဟုတ်ဘူး"

တာ့ရှားကေရာဇ်၏စကားကြောင့် အမတ်မင်းများနှင့် မင်းမျိုးမင်းနွယ်များမှာ အံ့ဩသွားကြလေသည်။

တာ့ရှားကေရာဇ်၏အပြုအမူများကို သူတို့နားမလည်နိုင်တော့ပေ။ မည်သို့ပင်ဖြစ်စေ တာ့ရှားကေရာဇ်ဖြစ်ချင်သည့် ဆန္ဒများကို လုပ်ပေးမည်ဟုသာ သူတို့ ဆုံးဖြတ်ထားကြလေသည်။

တာ့ရှားကေရာဇ်က ထျန်းယီအကြီးအကဲကို ဖမ်းဆီးကာ အကျဉ်းချထားစဉ်ကလည်း သူတို့မည်သို့မှ မတားဆီးနိုင်ခဲ့ကြပေ။ ယင်းစန်းဒေသအင်အားကြီးလာသည်ကို အကြောင်းပြကာ တာ့ရှားကေရာဇ်က ထျန်းယီအကြီးအကဲကို ဖမ်းဆီးထားခဲ့ခြင်း ဖြစ်လေသည်။ တာ့ရှားကေရာဇ်သည် တစ်ခါတစ်ရံတွင် ထိုသို့ စိတ်ကူးပေါက်ရာကို ထလုပ်တတ်လေသည်။

အမှန်တော့ တာ့ရှားကေရာဇ် ထိုသို့ပြုလုပ်ခြင်းက အခန့်မသင့်

လျှင် ပုန်ကန်မှုများကို ဖြစ်ပေါ်လာစေနိုင်လေသည်။

ထို့ပြင် ထျန်းယီအကြီးအကဲကို ချုပ်နှောင်ထားရန်အတွက် ရှား

ထိုက်အကျဉ်းထောင်ကြီးကို တည်ဆောက်ခဲ့သည့်အတွက် တိ

ချိုးမြို့တော်တွင် ဝိညာဉ်စွမ်းအားများ လျော့ကျသွားခဲ့ရလေ

သည်။

ထို့ကြောင့် နောင်ဆယ်စုနှစ်အနည်းငယ်အတွင်း တိချိုး

မြို့တော်တွင် အသက်ရှင်သန်ရန်အတွက် အခက်အခဲများ ရှိ

လာမည်ဖြစ်ပြီး မြို့တော်ကို နေရာရွှေ့ပြောင်းကြရမည် ဖြစ်

လေသည်။

တာ့ရှားကေရာဇ်နှင့် တော်ဝင်မိသားစုများသည် မွေးရာပါ

တန်ခိုးစွမ်းအားထက်မြက်သူများဖြစ်သည့်တိုင် ဝိညာဉ်

စွမ်းအားများမရှိတော့လျှင် သူတို့၏တန်ခိုးစွမ်းအားကို

ဖော်ထုတ်အသုံးပြုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် သူတို့သည် ဝိညာဉ်စွမ်းအားပစ္စည်းများနှင့် ရှားပါးသည့် ဝိညာဉ်စွမ်းအားအရင်းအမြစ်များကို အလွန်တန်ဖိုးထားကြလေသည်။

ထို့ကြောင့်လည်း တာ့ရှားဧကရာဇ်သည် တိုင်းပြည်များကို သိမ်းပိုက်ကာ သယံဇာတများကို လုယူခဲ့ခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင်...

ဘယ်ဘက်အခြမ်းတွင်ရပ်နေသည့် အမတ်မင်းတစ်ယောက်က အရှေ့သို့ထွက်လာလေသည်။ ထိုသူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တောက်လောင်နေသည့် မီးတောက်အလား ရဲရဲတောက်လျှက် ရှိလေသည်။

ထိုသူမှာ တော်ဝင်မိသားစုဆယ့်နှစ်စုတွင် အပါအဝင်ဖြစ်သည့် ရှင်းအိမ်တော်၏အရှင်သခင် ရှင်းလျဲ့ ဖြစ်လေသည်။

ရှင်းအိမ်တော်၏တန်ခိုးစွမ်းအားမှာ မိုးကောင်းကင်မီးတောက်တန်ခိုးစွမ်းအားဖြစ်လေသည်။ သူတို့မျိုးနွယ်ကို ခုနစ်ကြိမ်လူ

ပြန်ဝင်စားသည့်မျိုးနွယ်ဟု လူသိများကြသည်။ သူတို့ပိုင်ဆိုင်

ထားသည့် မိုးကောင်းကင်မီးတောက်တန်ခိုးစွမ်းအားသည် တာ

အိုဝါဒမှ သမာဓိမီးတောက်ကို ကောင်းကောင်းယှဉ်နိုင်လေ

သည်။

အမှန်တော့ မိုးကောင်းကင်မီးတောက်တန်ခိုးစွမ်းအားကို

အပြည့်အဝအသုံးချနိုင်ရန်အတွက် ခုနစ်ကြိမ်တိတိ လူပြန်

ဝင်စားရမည် ဖြစ်လေသည်။ သတ္တမအကြိမ်မြောက်လူပြန်

ဝင်စားပြီးသည့်အခါတွင်တော့ မိုးကောင်းကင်မီးတောက်၏

အစစ်အမှန်စွမ်းအားကို ရရှိနိုင်မည် ဖြစ်လေသည်။

ယခုအချိန်တွင် ရှင်းလျဲ့သည် ခြောက်ကြိမ်လူပြန်ဝင်စားပြီးပြီ

ဖြစ်လေသည်။

ရှင်းလျဲ့ရှေ့သို့ထွက်လာသည်နှင့် အခြားသော အမတ်မင်းများ

က ကြိတ်ပြီး သက်ပြင်းချလိုက်မိကြလေသည်။ အနည်းဆုံး

တော့ တာ့ရှားကောရာဇ်၏ စိတ်အာရုံကိုလွှဲနိုင်မည့်လူတစ်ယောက် ရှေ့သို့ထွက်သွားခဲ့ပြီ မဟုတ်ပါလား။

"မင်းကြီး ၊ ကျွန်တော်မျိုးမှာ လျှောက်တင်စရာရှိပါတယ်"

တာ့ရှားကောရာဇ်၏ နေရောင်ခြည်ကဲ့သို့ စူးရှတောက်ပသည့်အကြည့်က ရှင်းလျှံ့အပေါ်သို့ ကျရောက်လာလေသည်။ နန်းရင်ပြင်တစ်ခုလုံး အပူချိန်သိသိသာသာမြင့်တက်လာသည်ကိုအားလုံးခံစားလိုက်ကြရလေသည်။

သို့သော်... တာ့ရှားကောရာဇ်၏အကြည့်ကြောင့် ရှင်းလျှံ့သည်နောက်သို့တစ်ချက်တွန့်ဆုတ်သွားခြင်း အလျဉ်းမရှိပါ။

ထိုအခါမှ တာ့ရှားကောရာဇ်က အကြည့်များကို အနည်းငယ်လျှော့ချလိုက်လေသည်။

"လျှောက်တင်စေ..."

တာ့ရှားကောရာဇ်က ခံစားချက်မပါသည့် အသံဖြင့် ပြောလိုက်သည်။

နန်းတွင်းအရာရှိမင်းများမှာ ရှင်းလျဲ့၏သတ္တိကို ကြိတ်ပြီး

ချီးကျူးလိုက်မိကြလေသည်။ မကြာသေးမီနှစ်များအတွင်း

တာ့ရှားဧကရာဇ်၏အကြည့်ကို ယခုကဲ့သို့ရင်ဆိုင်ရဲသူမှာ

အနည်းငယ်သာ ရှိလေသည်။

ရှင်းလျဲ့ကတော့ မီးမျိုးနွယ်ဖြစ်သည့်အလျှောက်

သူ၏ပင်ကိုယ်သဘာဝကိုက ရှင်းလင်းသည့်စိတ်ထား ရှိလေ

သည်။

တစ်ချိန်တုန်းက ရှင်းလျဲ့ကဲ့သို့ သတ္တိရှိသူတစ်ယောက်ရှိခဲ့ဖူး

လေသည်။ ထိုသူမှာ တာ့ရှားဧကရာဇ်က နှင်ထုတ်လိုက်သည့်

မင်းဆရာကြီးကွမ်းလုန်ကျိပင် ဖြစ်လေသည်။

"ထျန်းယီအကြီးအကဲကို ယင်းစန်းကို ပြန်လွှတ်ပေးဖို့

တောင်းပန်လိုပါတယ်"

ရှင်းလျဲ့က ကျယ်လောင်သည့်အသံဖြင့် လျှောက်တင်လိုက်

သည်။

"မဖြစ်နိုင်ဘူး..."

တာ့ရှားကေရာဇ်က ထိုင်နေသည့်ပလ္လင်၏လက်တန်းကို ဝုန်းကနဲ လက်ဖြင့်တစ်ချက်ရိုက်ကာ ပြောလိုက်လေသည်။

သူ၏အသံမှာ နန်းရင်ပြင်တစ်ခုလုံးဟိန်းထွက်သွားသည့်အတွက် ယင်းလုန်သည်ပင်လျှင် မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

ဝမ်ချန်နန်းတော်ကြီးတစ်ခုလုံးမှာလည်း တုန်လှုပ်သွားသည့်အလား ထင်မှတ်လိုက်ရသည်။

"ဒါဖြင့် ထျန်းယီအကြီးအကဲကို သေဒဏ်ချမှတ်လိုက်ပါတော့ မင်းကြီး"

ရှင်းလျဲ့၏ပထမစကားကြောင့် အသက်ပင်မရှူနိုင်ဖြစ်နေကြရသည့် အမတ်မင်းများမှာ နောက်ထပ်ပြောလိုက်သည့်စကားကြောင့် ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်ကြလေသည်။

ရှင်းလျဲ့ ပထမစကားကိုပြောလိုက်စဉ်တွင် အားလုံးက ရှင်းလျဲ့ သည် ယင်းစန်းဒေသဘက်မှ လိုက်ပြီးပြောပေးသည်ဟု ထင်မြင်ခဲ့ကြလေသည်။ သို့သော် ရှင်းလျဲ့က ထျန်းယီ အကြီးအကဲကို သေဒဏ်ချမှတ်ရန် လျှောက်တင်မည်ဟု သူတို့ လုံးဝ မထင်မှတ်ခဲ့ကြပေ။

ယခုတစ်ကြိမ်တွင်တော့ တာ့ရှားဧကရာဇ်က ဒေါသမထွက် တော့ပါ။

သူကအတန်ကြာတိတ်ဆိတ်နေပြီးမှ...

"ဒါလည်းမဖြစ်နိုင်ဘူး ၊ ရှင်းလျဲ့ ... မောင်မင်း ဒီကိစ္စကို ထပ်မ ပြောနဲ့တော့"

ဧကရာဇ်က “ထပ်မပြောနဲ့” ဟုဆိုသည့်တိုင်အောင် ရှင်းလျဲ့က ပါးစပ်ပိတ်သွားခြင်းမရှိပါ။

"မင်းကြီး ၊ ထျန်းယီဟာ ဘုရင်တစ်ပါးဖြစ်ထိုက်တဲ့ဂုဏ်ပုဒ်တွေ နဲ့ပြည့်ဝတဲ့သူပါ ၊ လူအတော်များများက သူ့ကို သူတော်စင်လို့

တောင် သမုဒ်ကြပါတယ်၊ မင်းကြီးက သူ့ကိုမကျေနပ်ဘူးဆို

ရင် ဘာလို့ သူ့ကိုရှင်းမပစ်နိုင်ရမှာလဲ၊ အခုနေရှင်းပစ်ထားမှ

နောင်တစ်ချိန်မှာ အရှုတ်အထွေးတွေ ဖြစ်မလာနိုင်မှာပါ”

လေ့နော်မှာ ရှင်းလျှ၏စကားကြောင့် သက်ပြင်းချလိုက်မိလေ

သည်။

လေ့နော်သည် နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်ဖြစ်

သည့်အတွက် တိုင်းပြည်ပေါင်းများစွာ၏အကြောင်းကို နား

အလည်ဆုံးသူ ဖြစ်လေသည်။ ရှင်းလျှဲယခုကဲ့သို့ လျှောက်

တင်နေသည်မှာ တာ့ရှားပြည်၏အကျိုးစီးပွားအတွက် ဖြစ်လေ

သည်။

ထျန်းယီအကြီးအကဲသည် ဂုဏ်သိက္ခာကြီးမြတ်သူတစ်

ယောက်ဖြစ်ပြီး လူသားများ၏စိတ်နှလုံးထဲတွင် သူ့ကို

သူတော်စင်အဖြစ် သတ်မှတ်ထားကြလေသည်။ အကယ်၍

ထျန်ယီအကြီးအကဲကို ယင်းစန်းသို့ ပြန်လွှတ်ပေးလိုက်လျှင်

လည်း ထျန်းယီ၏စိတ်နေစိတ်ထားဖြင့်ဆိုလျှင် သူသည် တာ့ရှားကေရာဇ်ကို ပုန်ကန်ခြားနားမည့်လူတစ်ယောက် မဟုတ်ပေ။

သို့သော် တာ့ရှားကေရာဇ်က မည်သည့်နည်းနှင့်မျှ ထျန်းယီအကြီးအကဲကို ပြန်လွှတ်မပေးနိုင်ပါ။ ထိုသို့ဆိုလျှင် ကြိုးရှည်ရှည်ဖြင့်လှန်ထားပြီး အန္တရယ်ကို ရင်ဝယ်ပိုက်ထားသကဲ့သို့ လုပ်နေမည့်အစား ထျန်းယီအကြီးအကဲကို ကွက်မျက်လိုက်သည်က ပိုကောင်းမည် ဖြစ်လေသည်။

တာ့ရှားကေရာဇ်ကတော့ ထျန်းယီက ပုန်ကန်မည်ဆိုလျှင်တောင်မှ သူ့ကိုသတ်ပစ်မည် မဟုတ်ပေ။ သို့သော် ထျန်းယီကိုလွှတ်ထားပြန်ပါကလည်း တာ့ရှားကေရာဇ်မှာ နေ့နေ့ညညထိတ်လန့်တုန်လှုပ်နေရလေသည်။ ထို့ကြောင့် သတ်လည်းမသတ်ချင်၊ လွှတ်လည်းမလွှတ်ချင်သည့် တာ့ရှားကေရာဇ်

သည် မပြတ်မသားဖြင့်ပင် ထျန်းယီ အကြီးအကဲကို

အကျဉ်းချထားရခြင်း ဖြစ်တော့သည်။

"မပြောနဲ့တော့လို့ ပြောပြီးပြီလေ ၊ မောင်မင်းမှာ နားမပါဘူး

လား"

တာ့ရှားကေရာဇ်က မဲ့ပြုံးတစ်ချက်ပြုံးရင်း ပြောလိုက်လေ

သည်။

ထို့နောက် ကေရာဇ်၏ ဒေါသမှာ အမျှင်မပြတ်နိုင်ဖြစ်လာပြီး

ဆက်အမိန့်ပေးလိုက်လေသည်။

"လာကြစမ်း ၊ ရှင်းလျဲ့ရဲ့ နားတွေကိုဖြတ်ပြီး သူ့ကို တာ့ရှားသ

ချုင်းကို နှင်လွှတ်လိုက် ၊ သူ့အတွက် ဘာ

လွတ်ငြိမ်းချမ်းသာခွင့်မှ မရှိဘူး ၊ တာ့ရှားသချုင်းအပြင်ကို

ခြေတစ်လှမ်းတောင် ထွက်မလာစေနဲ့"

ကေရာဇ်အမိန့်စကားဆုံးသွားသည်နှင့် နန်းရင်ပြင်ဆီသို့

အနက်ရောင်သံချပ်ကာအကျႌများဝတ်ဆင်ထားသည့် စစ်သည်

တော်များ ဝင်လာကြလေသည်။ ထိုစစ်သည်တော်များကို ဦးဆောင်သူမှာ စစ်သူကြီးမင်လော့ဖြစ်လေသည်။ မင်လော့ သည် သူ၏ဓားကောက်ကြီးကို ထုတ်ယူကာ ရှင်းလျှဲ၏နားရွက်နှစ်ဖက်လုံးကို ချက်ချင်းပင် ဖြတ်တောက်ပစ်လိုက်လေသည်။

ရှင်းလျှဲသည် လုံးဝ ခုခံတိုက်ခိုက်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူသာ ခုခံတိုက်ခိုက်ခဲ့လျှင် သူတို့ရှင်းအိမ်တော်တစ်ခုလုံး ဆွေစဉ်မျိုးဆက် အသတ်ခံရမည်ဖြစ်သောကြောင့်ပင်။ သို့သော် သူက တာ့ရှားကေရာဇ်ကို တောင်းပန်စကားလည်း မဆိုခဲ့ပေ။

တာ့ရှားပြည်၏ အမတ်မင်းတစ်ယောက်အနေဖြင့် သူတတ်နိုင်သမျှ အကောင်းဆုံး သူလုပ်ဆောင်ပေးခဲ့ပြီးပြီ ဖြစ်လေသည်။ မင်လော့သည် ရှင်းလျှဲကို နန်းရင်ပြင်မှ ဆွဲထုတ်ကာ တာ့ရှားသင်္ချိုင်းသို့ ခေါ်သွားတော့သည်။

မင်လော့နှင့် ရှင်းလျဲ့တို့ထွက်ခွာသွားတော့မှ....

"ကဲ... ဘယ်သူက ဘာတင်ပြစရာရှိသေးလဲ"

တာ့ရှားကေရာဇ်က အေးအေးဆေးဆေးပင် မေးမြန်းလိုက်လေသည်။

အမတ်မင်းများအားလုံးနှင့် တော်ဝင်မျိုးနွယ်များအားလုံးမှာ အပ်ကျသံပင်မကြားရလောက်အောင် တိတ်ဆိတ်နေကြလေသည်။ အမှန်တော့ တာ့ရှားကေရာဇ်သည် အမတ်မင်းများထံမှ အကြံဉာဏ်ရယူလိုခြင်းမရှိပါ။ သူ၏အမိန့်ကို နာခံစေလိုသည့် ဆန္ဒသာ ရှိလေသည်။

တာ့ရှားကေရာဇ်သည် မသေနိုင်သည့်နတ်ဘုရားတစ်ပါးဖြစ်ပြီး ပြိုင်ဘက်ကင်းသူဖြစ်လေသည်။ သူ့ဘဝတွင် သူ့အမှားကို ထောက်ပြသည့် မည်သူ့ကိုမဆို မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် သူက အမှားမလုပ်သည့် တန်ခိုးရှင်တစ်ပါးဖြစ်

သောကြောင့်ပင်။ သူမှားနေလျှင်တောင်မှ သူမှားနေသည့် အမှားသည် အမှန်တရားပင် ဖြစ်လေသည်။

"ကောင်းပြီလေ ၊ မောင်မင်းတို့ ပြောစရာမရှိမှတော့ ငါ ကိုယ်တော် ပြောရတော့မှာပေါ့ ၊ အရင်ကလည်း ငါကိုယ်တော် ပြောခဲ့ဖူးပါတယ် ၊ "ငါကိုယ်တော်စကားကိုနားထောင်ရင် အသက်ရှင်ခွင့်ရမယ် ၊ ငါကိုယ်တော်ကို ဆန့်ကျင်ရင်တော့ အသက်ဆုံးရမှာပဲ" ဆိုတဲ့စကားအတိုင်းပဲပေါ့ ၊ ဒီတော့ အခု ငါ ကိုယ်တော်ရဲ့အင်အားကိုပြသဖို့အတွက် စစ်ချီဖို့ ဆန္ဒရှိတယ် ၊ ဘယ်ကိုစစ်ချီမလဲဆိုရင် အရှေ့တိုင်းစစ်သည်တော်တွေနဲ့ တုန်း ယီမျိုးနွယ်စုတွေနေထိုင်ရာ ယိုးရှီဒေသကိုစစ်ချီမယ် ၊ အဲဒါ ကြောင့် မောင်မင်းတို့က ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထား ကြပါ"

တာ့ရှားကေရာဇ်၏ အသံသည် အမတ်မင်းများအားလုံး၏ နားထဲသို့ ကျယ်လောင်မြည်ဟည်းစွာဖြင့် ဝင်ရောက်လာလေသည်။

အမတ်မင်းအားလုံးမှာ ကေရာဇ်၏စကားကြောင့် အလွန်မှ ထိတ်လန့်အံ့သြသွားကြရလေသည်။

ယိုးရှီဒေသဆိုသည်မှာ အရှေ့တိုင်းစစ်သည်တော်များနေထိုင်ရာဒေသဖြစ်ပြီး တာ့ရှားပြည်နှင့် ဆက်ဆံရေးကောင်းမွန်လေသည်။ နှစ်စဉ်နှစ်တိုင်း တာ့ရှားကေရာဇ်ထံသို့ အခွန်တော်ငွေကိုလည်း မပျက်မကွက် ဆက်သကြသူများဖြစ်လေသည်။ အဘယ့်ကြောင့် တာ့ရှားကေရာဇ်သည် ယိုးရှီဒေသကို ရုတ်တရက် စစ်ချီရန် ဆုံးဖြတ်ခဲ့ပါသနည်း။

သို့သော် သူတို့အနေဖြင့် တာ့ရှားကေရာဇ်စစ်ချီရသည့် နောက်ကွယ်မှ အကြောင်းများကို မေးခွန်းထုတ်ရန် မဝံ့ရဲကြပါ။

“မင်းကြီးအမိန့်အတိုင်း တစ်သွေမတိမ်းလိုက်နာဖို့ အသင့်ပါ”

လေ့ဟုန်က ပြောလိုက်လေသည်။

လေ့ဟုန်၏စကားကြောင့် တာ့ရှားကေရာဇ်က ကျေနပ်စွာဖြင့်

ခေါင်းညိတ်လိုက်ရင်း...

“ကောင်းပြီ ၊ လေ့ဘိုးဘိုးရဲ့ သစ္စာရှိမှုအတွက် ငါကိုယ်တော်

သိပ်ပြီးကျေနပ်တယ် ၊ ငါကိုယ်တော်လည်း ပြောစရာရှိတာ

တွေ ပြောပြီးပြီ”

လေ့ဟုန်က...

“ဒါဖြင့် ယိုးရှီကို စစ်ချီမယ့် စစ်တပ်ကိုဘယ်သူက ဦးဆောင်မှာ

ပါလဲ မင်းကြီး”

“ငါကိုယ်တော်ကိုယ်တိုင် ဦးဆောင်မှာ ဖြစ်တယ်...”

တာ့ရှားကေရာဇ်က လေ့ဟုန်၏အမေးကို ခံစားချက်ကင်းမဲ့စွာ

ဖြင့် ပြန်ဖြေလိုက်လေသည်။

အခန်း (၄၉၅) တာ့ရှားသချင်း

အမတ်မင်းများမှာ တာ့ရှားကေရာဇ်ကိုယ်တိုင် စစ်ချီလိမ့်မည်ဟု မည်သူမှ တွေးမထားမိကြပေ။

ယခုဆိုလျှင် တိချိုးမြို့တော်တွင် ရှမ်ကျန်းဆရာသခင်ခုနစ်ပါးထက်ပင် တန်ခိုးစွမ်းအားမြင့်မားသည့် ကျင့်ကြံသူတစ်ယောက်ရောက်ရှိနေလေသည်။ ထိုသူမည်သူဖြစ်သည်ကို မဖော်ထုတ်နိုင်ခင်အချိန်တွင် တာ့ရှားကေရာဇ်က တိုင်းပြည်မှထွက်ခွာကာစစ်ချီမည်ဆိုလျှင် ဒုက္ခတွေ့နိုင်မည် ဖြစ်လေသည်။

ထို့ပြင် ရှားထိုက်အကျဉ်းထောင်တွင် အကျဉ်းချခံထားရသည့် ထျန်းယီကလည်း ရှိနေသေးသည်။

ဤသည်မှာ အနာဂတ်တွင် ပြဿနာတစ်ခုခုဖြစ်တော့မည့် အရိပ်အယောင်ပင် ဖြစ်လေသည်။ တာ့ရှားကေရာဇ်သာ နည်းနည်းလောက်ပိုပြီး ပညာရှိနိုင်လျှင် ထိုကဲ့သို့သော မိုက်ရူးရဲဆန်သည့် အလုပ်များကို ပြုလုပ်လိမ့်မည် မဟုတ်ပေ။

တာ့ရှားကေရာဇ်က အမတ်မင်းများကို တစ်ချက်ကြည့်လိုက်ပြီး ရယ်မောလိုက်လေသည်။

"မောင်မင်းတို့တွေ ဘာတွေစဉ်းစားနေလဲဆိုတာ ငါကိုယ်တော်သိတယ်၊ ဒါပေမယ့် ယိုးရှီဒေသကို စစ်ချီမယ့်ကိစ္စကို နောက်နှစ်ဝက်လောက်နေမှ ရက်သတ်မှတ်မှာပါ"

ထိုစကားကိုကြားတော့မှ အမတ်မင်းများမှာ စိတ်သက်သာရာရသွားကြလေသည်။

ထို့ပြင် တာ့ရှားကေရာဇ်ကိုယ်တိုင် ယိုးရှီသို့စစ်ချီရလောက်အောင် ယိုးရှီဒေသသည် မည်သည့်အပြစ်များလုပ်ခဲ့လေသနည်းဟု စဉ်းစားနေကြသူများလည်း ရှိလေသည်။

အကယ်၍ တာ့ရှားကေရာဇ် စစ်ချီမည့်သတင်းကို ယိုးရှီဒေသမှ သတင်းရရှိသွားလျှင် သူတို့သည့် အမြန်လက်နက်ချပြီး တာ့ရှားကေရာဇ်ကို တောင်းပန်မည်ဆိုလျှင်တော့ စစ်ဘေးဒုက္ခမှ ကင်းလွတ်ကောင်းကင်းလွတ် နိုင်လေသည်။

တာ့ရှားကေရာဇ် ဝမ်ချန်နန်းတော်တွင် အစည်းအဝေးထိုင်နေစဉ်တွင်....

ဆန်းလျန်ကတော့ တိချိုးမြို့ထဲတွင် လျှောက်သွားနေလေသည်။ နေ့လည်နေ့ခင်းပိုင်းဖြစ်သည့်အတွက် ရှားတူးမြောင်းပတ်ဝန်းကျင်တွင် လူများထူတပ်စည်ကားလျှက်ရှိလေသည်။

တိချိုးမြို့တော်ကို အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် အပိုင်းလေးပိုင်း ခွဲခြားထားလေသည်။

မြောက်ဘက်ပိုင်းတွင် ဝမ်ချန်နန်းတော်တည်ရှိပြီး အရှေ့ဘက်

ပိုင်းတွင်တော့ အခြားသောတော်ဝင်မိသားစုများ၏ အိမ်တော်

များ တည်ရှိလေသည်။ တောင်ဘက်ပိုင်းတွင်တော့ ပထမတန်း

အဆင့်ရှိသည့် ချမ်းသာကြွယ်ဝသူလူဂုဏ်ထန်လူတန်းစားများ

နေထိုင်ကြပြီး အနောက်ပိုင်းတွင်တော့ သာမန်

လက်လုပ်လက်စား ပြည်သူများ နေထိုင်ကြလေသည်။

တိချိုးမြို့တော်အလွန်တွင်တော့ တောနက်ကြီးတစ်ခုရှိပြီး

နဂါးများနှင့် မြွေများ ပုန်းအောင်းရာနေရာဖြစ်လေသည်။ ထို

တောနက်ထဲတွင် တန်ခိုးစွမ်းအားအပြောင်းအလဲများ အစဉ်အ

မြဲဖြစ်ပေါ်နေပြီး ကြောက်စရာကောင်းသည့် သတ္တဝါများ

နေထိုင်ကြဟန် ရှိလေသည်။

သို့သော် မည်မျှပင် ကြောက်မက်ဖွယ်ရာသတ္တဝါများရှိနေပါစေ

ဆန်းလျန်ကိုယ်တိုင်နှင့် တာ့ရှားဧကရာဇ်လောက် တော့

ကြောက်မက်ဖွယ်ကောင်းလိမ့်မည် မဟုတ်ပေ။

ယခုတော့ ဆန်းလျန်သည် ရှားတူးမြောင်းကမ်းခြေ

တစ်လျှောက်တွင် လမ်းလျှောက်လာလေသည်။

ယနေ့နံနက်ခင်းတွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကြောင့်

ဖြင့်တော့ တာ့ရှားကေရာဇ်၏အနွယ်တော်များနှင့် တော်ဝင်

မိသားစုများက ကြောက်ရွံ့ထိတ်လန့်နေကြခြင်း မရှိပါချေ။

ဤသည်မှာ သူတို့မည်မျှတည်ငြိမ်သည်ကို ပြသလိုက်ခြင်းပင်

ဖြစ်လေသည်။

ဆန်းလျန်၏စိတ်အာရုံထဲတွင် တိချိုးမြို့တော်မှ တာ့ရှား

ကေရာဇ်၏အနွယ်တော်များဖြစ်သည့် ရှားမျိုးနွယ်များ၏

ဝိညာဉ်များကို အာရုံခံကြည့်နေလေသည်။ ထိုမျိုးနွယ်များ၏

ဝိညာဉ်များမှာ နက်ရှိုင်းပြီး မောက်မာလွန်းသလို မြင့်လည်း

မြင့်မြတ်လွန်းလေသည်။

ဆန်းလျန်သည် သူဖတ်ဖူးသည့်စာအုပ်တစ်အုပ်ထဲမှ
အကြောင်းအရာအချို့ကို သတိရသွားမိသည်။ ထိုစာအုပ်
အမည်မှာ "တရုတ်ရှေးဟောင်းသမိုင်း" စာအုပ်ဖြစ်လေသည်။
"ဝတ်စားဆင်ရင်ပုံများအရဆိုလျှင်တော့ "ဟွာ" ဖြစ်ပြီး
တိုင်းပြည်ကတော့ "ရှား" ဖြစ်သည်"
ဆိုသည့် စာကြောင်းပင် ဖြစ်လေသည်။
(အဓိပ္ပါယ် - "ဝတ်စားဆင်ရင်ပုံများအရဆိုလျှင်တော့ "တရုတ်
လူမျိုး" ဖြစ်ပြီး တိုင်းပြည်ကတော့ "ရှား" ဆိုသည်မှာ BC 2000
ခန့်က ဆယ့်ခြောက်ပြည်ထောင်ကို သိမ်းယူခဲ့သည့် တရုတ်
သမိုင်းထဲမှ "တာ့ရှားပြည်" ဖြစ်သည်" - ဘာသာပြန်သူ)
ထို တရုတ်သမိုင်းထဲတွင် သမိုင်းတွင်ကျန်ရစ်သည့် တာ့ရှား
ပြည်ဆိုသည်မှာ ယခု ဆန်းလျန်ရောက်ရှိနေသည့် တာ့ရှားပြည်
နှင့် အလွန်ဆင်တူလေသည်။ အလွန်မှ ဩဇာအာဏာကြီးမား

လွန်းလှသည်။ သို့သော် ယခု ဆန်းလျန်ရောက်ရှိနေ သည့်တာ့

ရှားပြည်မှာ သမိုင်းထဲမှ တာ့ရှားပြည်မဟုတ်ပေ။

သူရောက်ရှိနေသည့်တာ့ရှားပြည်တွင် ကျင့်ကြံသူများ ၊

ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ၊ နတ်ဘုရားများ ၊ နတ်မိစ္ဆာများ

၊ သူတော်စင်များနှင့် ရှုတ်ထွေးစွာတည်ရှိပြီး တာ့ရှားဧကရာဇ်

နှင့် တော်ဝင်မိသားစုများသည်လည်း မွေးရာပါတန်ခိုးစွမ်းအား

များနှင့်ပင် ပြည့်စုံနေသေးသည်။

သို့သော်... ဆန်လျန်၏စိတ်ထဲတွင် ထိုတာ့ရှားပြည်နှစ်ခုသည်

ဆက်စပ်နေသည်ဟု ခံစားနေရလေသည်။

ဆန်းလျန်သည် တွေးရင်းနှင့်ပင် တိချိုးမြို့တော်ထဲတွင်

လျှောက်သွားနေမိလေသည်။

တစ်နေရာအရောက်တွင်တော့ ဆန်းလျန်၏ ခြေလှမ်းများ

ရပ်တန့်သွားလေသည်။ ထိုနေရာသည် တာ့ရှားပြည်၏ ဘိုး

ဘေးများကို ဝတ်ပြုကိုးကွယ်ရာ ဝတ်ကျောင်းတော်ဖြစ်လေ

သည်။ ထိုနေရာ၏ အနောက်ဘက်တွင် တာ့ရှားသချုင်းရှိလေ

သည်။

ဆန်းလျန်သည် တာ့ရှားသင်္ချိုင်းသို့သွားသည့် ကျောက်တုံး

တံတားလေးဘေးတွင် ရပ်နေလေသည်။ သူ့ဘေးနားတွင်

ညောင်ပင်ကြီးတစ်ပင်ရှိနေပြီး ညောင်ပင်မှ ရှည်လျားစွာကျ

ဆင်းနေသည့် ညောင်မြစ်ရှည်ကြီးများက ဆန်းလျန်ကို အခြား

သူများမမြင်အောင် ကာကွယ်ပေးထားလေသည်။

ကျောက်တုံးတံတားလေးထက်မှ လှမ်းကြည့်မည်ဆိုလျှင်

တောင် ဆန်းလျန်ကို တွေ့မြင်နိုင်မည် မဟုတ်ပေ။

သူ၏မျက်ဝန်းများက ဘိုးဘွားကန်တော့ရာဝတ်ကျောင်းတော်

ရှိရာသို့ စိုက်ကြည့်နေလေသည်။

ဝတ်ကျောင်းတော်သည် အလွန်မှ ရှေးကျပြီး နက်ရှိုင်းသည့်

တန်ခိုးစွမ်းအားများ ထွက်ပေါ်နေလေသည်။ ကြမ်းတမ်းသည့်

တိုင်တိတ်ဆိတ်ငြိမ်သက်နေသည့် သားရဲတစ်ကောင်နှင့်ပင်

ဆင်တူလေသည်။ ငြိမ်သက်နေသော သားရဲကိုသွားပြီး နှိုးဆွမိ

ပါက မမြင်နိုင်သော ဘေးဆိုးများကျရောက်လာနိုင်ပေ

လိမ့်မည်။

ထိုအချိန်မှာပင် ကျောက်တုံးတံတားလေးကို ဖြတ်လျှောက်လာ

သည့် ညီညာသည့်ခြေသံများကို ကြားလိုက်ရလေသည်။

အနက်ရောင်သံချပ်ကာအင်္ကျီများဝတ်ဆင်ထားသည့် တပ်ဖွဲ့

တစ်ဖွဲ့သည် လူတစ်ယောက်ကို ခြံရံကာ လျှောက်လှမ်းလာကြ

ခြင်း ဖြစ်လေသည်။

တန်ခိုးစွမ်းအားအငွေ့အသက်များသည် ထိုသူများအားလုံးထံမှ

ထွက်ပေါ်နေလေသည်။

ထိုတပ်ဖွဲ့မှာ တာ့ရှားပြည် ဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့ ဖြစ်လေ

သည်။

ထိုတပ်ဖွဲ့မှာ တာ့ရှားကေရာဇ်၏ ကြောက်မက်ဖွယ်ကောင်း

သည့် အင်အားတစ်ရပ်ပင် ဖြစ်လေသည်။ ထိုတပ်ဖွဲ့ကို

သေသေချာချာ လေ့ကျင့်သင်ကြားပေးထားပြီး သန့်စင်သော တန်ခိုးစွမ်းအားကို တပ်ဖွဲ့ဝင်များအားလုံးက ပိုင်ဆိုင်ထားလေသည်။

ဆန်းလျှန်သည် ကြည်လင်သည့်မျက်လုံးများဖြင့် ထိုတပ်ဖွဲ့ကို လှမ်းကြည့်လိုက်လေသည်။

ဆန်းလျှန်၏မျက်လုံးများသည် မှန်ကဲ့သို့ပင် သူမြင်သမျှအရာအားလုံးကို ရောင်ပြန်ဟပ်နိုင်စွမ်းရှိလေသည်။

ထိုတပ်ဖွဲ့ကိုဦးဆောင်လာသူမှာ ယနေ့နံနက်က တောင်မြင့်ကြီးကိုတိုက်ခိုက်ခဲ့သည့် မိစ္ဆာဓားကောက်ကြီး၏ပိုင်ရှင် ဖြစ်သည်ကို ဆန်းလျှန် ချက်ချင်းသိရှိလိုက်သည်။သူ၏တစ်ကိုယ်လုံးမှာ အနက်ရောင်ဝတ်ဆင်ထားပြီး သူ၏မျက်နှာနေရာလေးကိုသာ ကွက်ပြီး တွေ့မြင်ရလေသည်။

တပ်ဖွဲ့၏အလယ်တွင် ခန္ဓာကိုယ်တစ်ခုလုံးမီးတောက်အလားနီရဲနေသည့် လူတစ်ဦးလိုက်ပါလာလေသည်။ ထိုသူထံမှ မြင့်မား

သည့်တန်ခိုးစွမ်းအားတုန်ခါမှုတစ်ခုကို ခံစားရလေသည်။

သို့သော် ထိုသူ၏နားရွက်နှစ်ဖက်လုံးမှာ ဖြတ်တောက်ခံထားရလေသည်။

ထိုသူ၏နားရွက်များ ဖြတ်ထားခံရသည်မှာ သိပ်မကြာသေးကြောင်း ဆန်းလျန်က ရိပ်မိလိုက်သည်။ ထို့ကြောင့် ထိုသူ၏ခန္ဓာကိုယ်မှ တန်ခိုးစွမ်းအားများမှာလည်း အနည်းငယ် မတည်မငြိမ်ဖြစ်နေလေသည်။

သူတို့သည် တာ့ရှားသင်္ချိုင်းမြေနှင့် တဖြည်းဖြည်းနီးကပ်လာပြီး ကျောက်တုံးတံတားလေးနားသို့မရောက်မီ ခြေလှမ်းသုံးဆယ်ခန့်အကွာတွင် ရပ်တန့်လိုက်ကြလေသည်။

အနက်ရောင်ဝတ်ရုံဝတ်ဆင်ထားသူက…

“အစ်ကိုလျဲ့ … ကျုပ်ဒီနေရာအထိပဲ လိုက်ပို့တော့မယ် ၊ ခင်ဗျားအိမ်ကိုမှာစရာရှိရင် ကျုပ်ကနေတစ်ဆင့် မှာလိုက်နိုင်ပါတယ်"

ရှင်းလျှံသည်နားမကြားတော့ပါ။ သို့သော် သူ၏တန်ခိုး စွမ်းအားကိုအသုံးပြုကာ မင်လော့ပြောနေသည့်စကားများကို နားလည်နိုင်လေသည်။

“မင်းကို ဒုက္ခမပေးတော့ပါဘူး စစ်သူကြီးမင်လော့ ၊ ကျုပ်ရဲ့ သားကိုသာ ဧကရာဇ်မင်းကို ဆက်ပြီးသစ္စာရှိဖို့ မှာကြားပေးပါ ၊ ပြီးတော့ ကျုပ်လိုအဘိုးကြီးကို မေ့လိုက်ပါတော့လို့ ပြောပေး ပါ”

မင်လော့က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

“အစ်ကိုလျှံပြောတာတွေကို မှာကြားပေးပါ့မယ် ၊ တကယ် တော့ ဒီတာ့ရှားသင်္ချိုင်းထဲမှာ ကျုပ်တို့ဘိုးဘေးတွေရဲ့ အသက် ဓာတ်စွမ်းအားတွေတည်ရှိနေတယ် ၊ အစ်ကိုလျှံသာကျင့်ကြံ နိုင်မယ်ဆိုရင် အကျိုးကျေးဇူးအများကြီး ရှိမှာပါ ၊ အစ်ကိုက အခုဆိုရင် ခုနစ်ကြိမ်မြောက်လူပြန်ဝင်စားတော့မယ်ဆိုတော့ ကျင့်စဉ်လမ်းမှာ အောင်မြင်နီးနေပြီ မဟုတ်လား"

ရှင်းလျဲ့က ပြုံးလိုက်ရင်း....

“ဒီကိစ္စတွေကို ကျုပ်သိပါတယ်၊ တကယ်တော့ ကျုပ်ဘဝမှာ ဧကရာဇ်မင်းကို တစ်ခါမှ အမျက်မထွက်ခဲ့ဖူးပါဘူး၊ မင်းနဲ့ ကျုပ်နှစ်ယောက်စလုံးရဲ့ ဧကရာဇ်မင်းအပေါ်ထားရှိတဲ့ သစ္စာစောင့်သိမှုဟာ အတူတူပါပဲ”

မင်လော့သည် ရှင်းလျဲ့ကို လက်နှစ်ဖက်စုပ်ကာ ဂါရဝပြုလိုက်ရင်း...

“အစ်ကိုလျဲ့က ဒီလိုပြောပြီဆိုမှတော့ အစ်ကိုလျဲ့ဒီနေရာက ထွက်ခွာလာလို့ရတဲ့တစ်နေ့ကျရင် အစ်ကိုလျဲ့ဆီက အကြံဉာဏ်တွေယူချင်ပါသေးတယ်”

ရှင်းလျဲ့က ပြုံးရုံသာပြုံးနေလိုက်ပြီး စကားပြန်မပြောတော့ပါ။ ထို့နောက် သူက မှောင်မှိုင်းနေသည့် သချႋုင်းမြေအတွင်းသို့ဝင်ရောက်သွားတော့သည်။

မင်လော့သည့် သချုင်းမြေအတွင်းသို့ဝင်ရောက်သွားသည့် ရှင်းလျို့ကို မျက်စိတစ်ဆုံးကြည့်နေလေသည်။

ရှင်းလျို့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် မင်လော့၏ စူးရှသည့်အကြည့်သည် ညောင်ပင်အောက်သို့ ရောက်ရှိလာလေသည်။

အခန်း (၄၉၆) အသူရာနတ်ဆိုးဂိုဏ်း

ညောင်ပင်အောက်တွင် မည်သူမှ ရှိမနေပါ။ သို့သော် မင်းလော့၏စိတ်ထဲတွင် တုန်လှုပ်ဖွယ်ရာတစ်စုံတစ်ယောက်ရှိနေသည်ဟု ခံစားနေရလေသည်။

ညောင်ပင်အောက်တွင်တည်ရှိနေသည့် ကြီးမြတ်သည့်စွမ်းအားကြီးတစ်ခုသည် တာ့ရှားကောရာဇ်ထက် မလျော့ပေ။

အမှန်တော့ မင်းလော့သည် ရှင်းလျဲ့နှင့်စကားပြောနေစဉ်ကပင် ညောင်ပင်အောက်ကို သတိထားမိနေခြင်း ဖြစ်လေသည်။

သို့သော် ရှင်းလျဲ့ကို သချႅင်းအတွင်းသို့သေသေချာချာရောက်အောင်ပို့ရန် ကောရာဇ်မင်းက မှာကြားထားသည့်အတွက် ရှင်းလျဲ့ကို အရင်ဦးဆုံး ပို့ဆောင်ပြီးမှ ညောင်ပင်အောက်ကို ကြည့်လိုက်ရခြင်း ဖြစ်လေသည်။

သူ့ကို လူအများက တာ့ရှားကောရာဇ်၏ နောက်လိုက်ခွေးဟု ကွယ်ရာတွင် ခေါ်ဝေါ်ကြလေသည်။ ထိုသို့ခေါ်သည်မှာ အမှန်

ပင်ဖြစ်သည့်အတွက်ကြောင့် မင်လော့ကလည်း မည်သူ့ကိုမှ ပြန်လည်ချေပပြောဆိုခြင်း မရှိခဲ့ပါ။

လောကတွင် မင်လော့ကဲ့သို့ အစစ်အမှန်အင်အားကြီးသူတစ်ယောက် ဖြစ်လာရန်မှာ အလွန်မှ ခဲယဉ်းလေသည်။ မင်လော့အနေဖြင့် မိမိကိုယ်ကိုရပ်တည်နိုင်ပါလျှက် တာ့ရှားကေရာဇ်၏ နောက်လိုက်ခွေးဘဝဖြစ်နေရသည်မှာ မသင့်တော်ဟု ထင်မြင်စရာရှိသည်။

သို့သော် သူက တာ့ရှားကေရာဇ်ကို အဆုံးထိသစ္စာစောင့်သိသွားမည့် နောက်လိုက်ခွေးတစ်ကောင်မျှသာ ဖြစ်လေသည်။

မင်လော့သည် ညောင်ပင်အောက်မှ ကြီးမားသည့်တန်ခိုးစွမ်းအားကို အာရုံခံမိသည်နှင့် သူ၏ဓားကို ဆွဲထုတ်လိုက်လေသည်။ ဓားကောက်ကြီးထံမှ မိစ္ဆာစွမ်းအားများ ထွက်ပေါ်လာလေသည်။

ထိုမိစ္ဆာစွမ်းအားများသည် သွေးနီရောင်ပင်လယ်မှ မွေးဖွားလာသည့် မိစ္ဆာစွမ်းအားများ ဖြစ်လေသည်။ ထိုဓားသည် အရာအားလုံးကို ဖျက်စီးပစ်နိုင်စွမ်းရှိလေသည်။

အမှန်ဆိုလျှင် ဓားမှ မိစ္ဆာစွမ်းအားများသည် မင်လော့ကို ထိန်းချုပ်သွားနိုင်စရာရှိလေသည်။ သို့သော်... မင်လော့သည် မိစ္ဆာစွမ်းအားများ၏ ထိန်းချုပ်မှုကို တားဆီးနိုင်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် သူ့တွင် တာ့ရှားဧကရာဇ်ဆိုသည့် သခင်တစ်ပါးတည်းသာရှိပြီး သူ၏ဓားသည်ပင်လျှင် တာ့ရှားဧကရာဇ်ကို အစေခံရမည်ဆိုသည့် ခိုင်မာသည့် စိတ်ထားကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် ညောင်ပင်ကြီးအောက်တွင်ရှိနေလေသည်။ သူသည် မင်လော့၏ဓားကောက်ကြီးဆီမှ မိစ္ဆာစွမ်းအားများကို ခံစားသိရှိနေရလေသည်။

ယနေ့နံနက်ပိုင်းတွင်ပင် သူသည် မင်လော့၏ မိစ္ဆာဓား

ကောက်ကြီးမှ တန်ခိုးစွမ်းအားကို တွေ့ရှိခဲ့ရပြီး ဆန်းလျန်

အတွက်တော့ အထင်ကြီးစရာ သိပ်မရှိလှပေ။

ဆန်းလျန်သည် မင်လော့ဆီမှ "သွေးဓား" ၏အဓိပ္ပါယ်ကို ခံစား

နေရလေသည်။

ထိုဓားသည် မရေမတွက်နိုင်သည့် နတ်မိစ္ဆာများ၏ သွေးများ

ကိုသောက်သုံးထားသည့် မိစ္ဆာဓားတစ်လက်ဖြစ်လေသည်။

မင်လော့၏မိစ္ဆာဓားကောက်ကြီးသည် ဆန်းလျန်ကြုံတွေ့ခဲ့ဖူး

သည့် သွေးဓားထက် အဆပေါင်းများစွာ သာလွန်သလို အစွမ်း

လည်း ထက်လေသည်။

သို့သော် ဆန်းလျန်သည် ယခင်က ဆန်းလျန်မဟုတ်တော့ပါ။

အများကြီး ပြောင်းလဲခဲ့ပြီ ဖြစ်လေသည်။ မင်လော့၏ သွေး

ဓားသည် အလွန်အစွမ်းထက်သည်ဆိုဦးတော့ အမြင့်ဆုံးဆို

လျှင် လောကနတ်ဘုရားအဆင့်သာရှိနိုင်လေသည်။

လောကတွင် ကျင့်ကြံသူများ များစွာရှိသည့်တိုင် ဆန်းလျှန် ရောက်ရှိနေသည့် အဆင့်သို့ရောက်ရန်မှာ လုံးဝမလွယ်ကူသည့် ကိစ္စဖြစ်လေသည်။ ယခုလည်း ဆန်းလျှန်ကသာ မင်လော့၏ မိစ္ဆာဓားကို သေသေချာချာ လေ့လာနေသည့်တိုင်မင်လော့ ကတော့ ဆန်းလျှန်ကို လုံးဝမြင်တွေ့ရခြင်း မရှိပေ။

မင်လော့၏မိစ္ဆာဓားမှာ သွေးနီရောင်တောက်ပနေပြီး မြင်ရသူ တိုင်းကို တုန်လှုပ်ခြောက်ခြားစေလေသည်။ သို့သော် ထိုဓား သည် အလွန်မှ သဘာဝဆန်စွာ သေသပ်လှပလွန်းလေသည်။ ပတ်ဝန်းကျင်မှ လေထုသည် တဖြည်းဖြည်း ငြိမ်သက်သွားလေ သည်။

ထို့နောက် မိစ္ဆာဓားကောက်ကြီးသည် အရာအားလုံးကို ဖျက်စီး ပစ်နိုင်သည့် မုန်တိုင်းကြီးတစ်ခုအလား ပြောင်းလဲသွာေးလ သည်။ မုန်တိုင်းကြီးကဲ့သို့သော ဓားချက်သည် ညောင်ပင်ကြီးရှိ

ရာသို့ ဝင်ရောက်သွားပြီး နှစ်ပေါင်းထောင်ချီရှင်သန်ခဲ့သည့်
ညောင်ပင်ကြီးကို ထိုးခုတ်ပစ်လိုက်လေတော့သည်။
သို့သော် လျှို့ဝှက်ဆန်းကြယ်သည့် စွမ်းအားတစ်ခုသည် ဒီရေ
များအလား ထွက်ပေါ်လာပြီး အချိန်နောက်ပြန်ဆွဲသကဲ့သို့ တစ်
ရစ်ခြင်း ပြန်လည်ပြောင်းလဲသွားကာ မင်လော့၏ ဓားသည်
သူ၏ဓားအိမ်အတွင်းသို့ ပြန်လည်ရောက်ရှိသွားတော့သည်။
မင်လော့၏ဓားသည် ညောင်ပင်ကြီးကို ထိုးခုတ်မပစ်နိုင်တော့
ပေ။

အဖြူရောင်ဝတ်ဆင်ထားသည့် လူငယ်လေးတစ်ယောက်သည်
တံတားကိုဖြတ်ကာ လမ်းလျှောက်လာလေသည်။ သို့သော်
သူ၏ မျက်နှာကိုတော့ သေသေချာချာမြင်တွေ့ရခြင်း မရှိပေ။
ထိုလူငယ်လေး လမ်းလျှောက်လာသည်နှင့်သူ၏နော်ကတွင်
လောကတစ်ခုသည် သူ့ထံသို့ ချဉ်းကပ်လာသကဲ့သို့ မင်လော့
ခံစားလိုက်ရလေသည်။

မင်လော့သည် ထိုလူငယ်လေး၏ တန်ခိုးစွမ်းအားဒီရေ လှိုင်းကြီးသည် သူ့ကို နစ်မျောသွားစေသည့်အလား ခံစားနေရလေသည်။

"နတ်ဘုရားတစ်ပါးပဲ..."

မင်လော့က ရေရွတ်လိုက်သည်။

သူသည် အခိုးအငွေ့အလားလွင့်မျောနေသည့် အဖြူရောင် အရိပ်နောက်ကွယ်မှ ပုံရိပ်ကို မြင်တွေ့နိုင်ရန် ကြိုးစားပြီး ကြည့်နေလေသည်။

တံတားအောက်တွင် ရေများက စီးဆင်းနေဆဲ ဖြစ်လေသည်။ ပတ်ဝန်းကျင်တွင် မည်သည့်အရာမှ ပြောင်းလဲသွားခြင်း မရှိပါ။

သို့သော် မင်လော့၏နောက်မှ တပ်သားများအားလုံးမှာ ဆေးမိခံထားရသူပမာ အသိစိတ်များ ပျောက်ဆုံးနေပြီး ကျောက်ရုပ်ကြီးများအလား ဖြစ်နေကြလေသည်။

ဆန်းလျန်နှင့် မင်လော့သာလျှင် အသိစိတ်ရှိနေကြလေသည်။

သို့သော် မင်လော့မှာလည်း စကားပြောနိုင်သည်ဆိုရုံမျှသာ ရှိလေသည်။

မည်သို့ပင်ဖြစ်စေ မင်လော့သည် ယခုကဲ့သို့ ကိစ္စမျိုးနှင့် ကြုံတွေ့ရသည့်တိုင် အေးဆေးတည်ငြိမ်နေဆဲဖြစ်လေသည်။

မင်လော့သည် လောကတွင် မည်သည့်အရာကိုမှ ကြောက်ရွံ့ခြင်းမရှိပေ။

လူတစ်ယောက်သည် သေခြင်းရှင်ခြင်းကို ကြောက်ရွံ့ခြင်းမရှိလျှင် လောကတွင် ထိုသူကြောက်သည့်ကိစ္စသည် မရှိသလောက်ရှားပါးမည် ဖြစ်လေသည်။

"မင်းရဲ့ဓားက တကယ်ကောင်းတာပဲ ၊ အရင်တုန်းကလည်း အဲဒီလိုဓားတစ်လက်နဲ့ ရင်ဆိုင်ခဲ့ရဖူးတယ် ၊ ဒါပေမယ့် မင်းရဲ့ဓားကပိုကောင်းတယ်"

ဆန်းလျန်က အေးအေးဆေးဆေးပင် ပြောလိုက်လေသည်။

လွန်ခဲ့သည့်နှစ်များစွာက ရှောင်းစစ်ယိ၏သွေးဓားကို ဆန်းလျ
န် ရင်ဆိုင်ခဲ့ဖူးလေသည်။ ထိုသွေးဓားနောက်ကွယ်မှ
အကြောင်းအရာများကို ကြိုးကိုင်သူမှာ ယန်ရှီးဖြစ်ခဲ့လေ
သည်။
"ကျုပ်သိပါတယ် ၊ တစ်ယောက်ယောက်က သွေးဓားကျင့်စဉ်
ကို ကျင့်ကြံထားတာကို မင်းတွေ့ခဲ့ဖူးတယ်မဟုတ်လား"
မင်လော့က အေးဆေးစွာပင် ပြန်ပြောလိုက်သည်။
"အမှန်ပါပဲ ၊ မင်းရဲ့သွေးဓားကို ဘယ်မှာကျင့်ကြံခဲ့လဲဆိုတာ သိ
ချင်မိတယ်"
ဆန်းလျန်က သူ၏လက်နှစ်ဖက်ကို နောက်သို့ပစ်ရင်း ပေါ့ပါး
စွာပင် မေးလိုက်လေသည်။
"သွေးနီရောင်ပင်လယ်ထဲမှာ..."
မင်လော့က မဆိုင်းမတွပင် ချက်ချင်းပြန်ဖြေလိုက်သည်။

သူ၏မျက်ဝန်းများမှ ဓားဝိညာဉ်မှာ လင်းလက်တောက်ပနေ

လေသည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

ရုတတရက်ပင် သူဝတ်ဆင်ထားသည့် အဖြူရောင်ဝတ်စုံသည်

အနီရောင်အဖြစ်သို့ ပြောင်းလဲသွားလေသည်။ သူသည်

အလောင်းများဖြင့်ပြည့်နေသည့် တောင်တစ်တောင်ထက်တွင်

ရောက်ရှိနေလေသည်။ ကြောက်မက်ဖွယ်ကောင်းလောက်

အောင်သတ်ဖြတ်ထားသည့် ဓားဝိညာဉ်သည် မင်လော့၏သွေး

ဓားကိုပင် မှေးမှိန်သွားစေပြီး မင်လော့သည် ကောင်းကောင်း

ပင်မရပ်တည်နိုင်လောက်အောင်

“ငရဲလမ်းဓားဝိညာဉ်... "ယွမ်" မရဏဓား... ၊ မင်းက အသူရာ

နတ်ဆိုးဂိုဏ်းက လူလား"

မင်လော့အံ့သြစွာဖြင့် မေးလိုက်လေသည်။

နောက်ဆုံးတော့ မင်လော့သည် ဆန်းလျန်မည်သူဖြစ်သည်ကို မှားယွင်းဆုံးဖြတ်လိုက်မိပြီ ဖြစ်လေသည်။ သူသည် ဝမ်ချန် နန်းတော်သို့ ချက်ချင်းပြန်ကာ တာ့ရှားဧကရာဇ်အား ဆန်းလျန် အကြောင်းကို ပြောပြချင်နေမိတော့သည်။

သွေးနီရောင်ပင်လယ်သည် အသူရာချောက်တွင် အလွန်လျို့ ဝှက်နက်နဲသည့် နေရာတစ်ခု ဖြစ်လေသည်။

ထိုသွေးနီရောင်ပင်လယ်ဖြစ်တည်လာမှုသည် တာ့ရှားပြည်၏ ဘိုးဘေးများနှင့် တန်းတူဖြစ်လေသည်။

ထိုအချိန်တုန်းက အသူရာချောက်တွင် ဝိညာဉ်များပင်မရှိသေး ဘဲ လူပြန်ဝင်စားခြင်း ဘုံခြောက်ခုသာလျှင် တည်ရှိလေသည်။

အသူရာနတ်ဆိုးဂိုဏ်းသည် ထိုသွေးနီရောင်ပင်လယ်ထဲမှ ထွက်ပေါ်လာသည့် နတ်ဆိုးဂိုဏ်းဖြစ်လေသည်။ သူတို့သည် နှစ်ပေါင်းမရေမတွက်နိုင်အောင် အသက်ရှင်ကြပြီး သူတို့ကို နှိမ်နင်း၍ မရနိုင်ပေ။ တာ့ရှားပြည်၏ အင်အားကို ယှဉ်နိုင်

သည့်စွမ်းအားသည် အသူရာနတ်ဆိုးဂိုဏ်းတွင်သာ ရှိလေသည်။

သို့သော်... တိကျန်ဖောမိသကျထွက်ခွာသွားပြီးသည့်နောက်ပိုင်း မင်လော့က သွေးနီရောင်ပင်လယ်ထဲသို့ ဝင်ကာ အသူရာနတ်ဆိုးများကို သုတ်သင်ပစ်ခဲ့လေသည်။ ထို့ကြောင့် အသူရာနတ်ဆိုးဂိုဏ်းသည် ပြန်လည်နလန်ထူလာခြင်း မရှိတော့ပေ။ သို့ရာတွင် ဆန်းလျန်သည် အသူရာမျိုးနွယ်တစ်ယောက်နှင့် သိပ်မတူပေ။

မည်သို့ပင်ဖြစ်စေ ဆန်းလျန်ရောက်လာသည်မှာ ကောင်းသည့်ကိစ္စတော့မဟုတ်ပေ။

အနည်းဆုံးတော့ ဆန်းလျန်သည် အသူရာနတ်ဆိုးဂိုဏ်းမှ မဟုတ်လျှင်တောင်မှ အသူရာနတ်ဆိုးများ၏ မျိုးနွယ်မှ ဆင်းသက်လာကြသည့် အနွယ်တော်များစွာ ရှိသည်မဟုတ်ပါလား။

အခန်း (၄၉၇) ဓားသိုင်းတစ်ကွက်

အမှန်တော့ဆန်းလျန်အသုံးပြုလိုက်သည့်ဓားဝိညာဉ်သည် ဆရာဘိုးဘိုးယွမ်ချင်း၏ဓားဝိညာဉ်နှင့် ရဲ့လျိုယွင်ပေးခဲ့သည့် ငရဲလမ်းဓားဝိညာဉ်ကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။ သို့သော်… မင်လော့က “ငရဲလမ်းဓားဝိညာဉ် နှင့် ယွမ်မရဏ ဓား” ဟု ပြောလိုက်သည်ကိုကြည့်ခြင်းအားဖြင့် ထိုစကားလုံး များသည် သူအသုံးပြုနေသည့်ဓားဝိညာဉ်များ၏ ဇာစ်မြစ်လေ လားဟု ဆန်းလျန်စဉ်းစားလိုက်မိလေသည်။ သွေးနီပင်လယ်

ထဲတွင် ဆရာဘိုးဘိုးယွမ်ချင်း၏ မရဏဓားဝိညာဉ်ကို အမွေ ဆက်ခံရရှိခဲ့သည့်အချိန်ကို သူ ပြန်စဉ်းစားနေမိလေသည်။ သူ့ အနေဖြင့် သေွးနီရောင်ပင်လယ်သို့သွားကာ အသူရာနတ်ဆိုး ဂိုဏ်းဆိုသည်မှာ မည်သို့သောဂိုဏ်းမျိုးလဲဆိုသည်ကို ပြန်လည်လေ့လာသင့်သည်ဟု ခံစားနေရလေသည်။

“မင်းအခုသွားတော့မလို့လား”

မင်လော့ကမေးလိုက်သည်။

ဆန်းလျန်က အဖြေပြန်ပေးခြင်းမရှိပါ။ သို့သော် သူက မေးခွန်းတစ်ခုဖြင့် အဖြေပြန်ပေးလိုက်လေသည်။

“သွားမယ်ဆိုရင် မင်းကဘာလုပ်မလို့လဲ”

မင်လော့သည့် သူ၏မိစ္ဆာဓားကောက်ကြီးကို ခပ်တင်းတင်းစုပ် ကိုင်ထားလေသည်။ ဓားကို တင်းကြပ်စွာ စုပ်ကိုင်ထား သည့်အတွက် သူ၏လက်ချောင်းများပင်လျှင် သွေးမရှိသော့ ဘဲ ဖြူဖျော့နေသယောင် ထင်ရသည်။ သူ၏အပြုအမူ

များသည် မြင့်မားသောတောင်တစ်တောင်အလားဖြစ်သလို နက်ရှိုင်းသောရေနှင့်လည်း အလားသဏ္ဍာန်တူလေသည်။ သို့သော်... သူ၏မျက်နှာထက်တွင်တော့ မည်သည့်ခံစားချက်မှ မတွေ့ရှိရပေ။

ဓားနှင့်လူ အတူတကွတည်ရှိနေသည့်ကာလပတ်လုံး အဆုံးမရှိသည့် တန်ခိုးစွမ်းအားများလည်း တည်ရှိနေမည် ဖြစ်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများသည် လောကကိုကျော်လွန်ခဲ့ပြီဟု ဆိုနိုင်လျှင် မင်လော့၏တန်ခိုးစွမ်းအားများမှာလည်း အထင်သေးလောက်စရာတော့ မဟုတ်ပါ။

မင်လော့သည် သွေးဓား၏မိစ္ဆာစွမ်းအားများကိုပင် တွန်းလှန်နိုင်သူတစ်ယောက် ဖြစ်လေသည်။ တစ်ချိန်တွင် သူသည် ထိုမိစ္ဆာစွမ်းအားများကို သန့်စင်နိုင်ပါက နတ်ဘုရားတစ်ပါးကျိန်းသေဖြစ်လာမည်ဖြစ်လေသည်။

မင်လော့သည် သူ၏ဓားကောက်ကြီးကို ဝှေ့ယမ်းကာ ဆန်းလျှန်ကို စတင်တိုက်ခိုက်လိုက်လေသည်။

မိစ္ဆာဓားကောက်ကြီးမှ မိစ္ဆာစွမ်းအားများသည် ရေလှောင်တမန်ကိုဖွင့်လှစ်လိုက်၍ ရေများစီးဆင်းလာသည့်အလား အဆက်မပြတ်စီးဆင်းထွက်ပေါ်လာလေသည်။ မင်လော့၏ခန္ဓာကိုယ်မှာလည်း တုန်ခါနေပြီး ဓားနှင့်လူသည် တစ်သားတည်းပေါင်းစပ်သွားလေသည်။

လူသည်လည်းဓားပင်ဖြစ်သလို ဓားသည်လည်းလူပင်ဖြစ်လေသည်။ မင်လော့နှင့်မိစ္ဆာဓားကောက်ကြီးကြားတွင် ခြားနားချက် မရှိတော့ပြီ။

မိစ္ဆာဓားကောက်ကြီးသည် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် သေခြင်းရှင်ခြင်းအခြေအနေကို ခံစားနေမိပုံရလေသည်။ မိစ္ဆာစွမ်းအားများကို အပြည့်အဝထုတ်လွှတ်လျှက်ပြီးပြီး

ပတ်ဝန်းကျင်တစ်ခုလုံးမှာ မင်ရောင်ကဲ့သို့အနက်ရောင်

အခိုးအငွေ့များဖြင့် ဖုံးလွှမ်းသွားလေသည်။

မင်လော့သည် ရှေ့သို့ခြေတစ်လှမ်းလှမ်းလိုက်လေသည်။

သူ၏ကိုယ်နေဟန်သည် တောင်တစ်တောင်အလား ဖြောင့်မတ်

မြင့်မားလွန်းလှသည်။

"ကျုပ် သုံးနှစ်သားကတည်းက လူသတ်ခဲ့တာ ၊ ကျုပ်အသက်

ခုနစ်နှစ်မှာ ဓားသိုင်းသင်ယူခဲ့တယ် ၊ အသက်ဆယ်နှစ်မှာ ဓား

သိုင်းကို လေ့ကျင့်အောင်မြင်ပြီးသွားပြီ ၊ တိချိုးမြို့တော်မှာ

ဘယ်သူမှ ရန်လာမစရဲတဲ့ အသက်နှစ်ဆယ်အောက်လူငယ်ဆို

လို့ ကျုပ်တစ်ယောက်ပဲရှိတယ် ၊ သွေးနီရောင်ပင်လယ်ထဲကို

ကျုပ်သဘောနဲ့ကျုပ်တစ်ယောက်တည်းသွားခဲ့ပြီး အသူရာ

နတ်ဆိုးဂိုဏ်းတစ်ခုလုံးကို ခုနစ်ရာနှစ်ဆယ့်သုံးကြိမ်တိုင်တိုင်

တိုက်ခိုက်နှိမ်နင်းခဲ့တာ ၊ သုံးဆယ့်ခုနစ်ကြိမ်လောက် သေမလို

ဖြစ်ခဲ့ပေမယ့် ကျုပ်တိုက်ခိုက်ခဲ့သမျှ တိုက်ပွဲတိုင်းမှာ ဆယ်

ကြိမ်တိုက်ရင် ဆယ်ကြိမ်စလုံးအနိုင်ရတာချည်းပဲ ၊ ဒါပေမယ့် ဒီနေ့ ကျုပ်သိလိုက်ရတာက အရင်က ကျုပ်ရခဲ့တဲ့အောင်မြင်မှုတွေဟာ ဘာမှမဟုတ်သေးဘူးဆိုတာပဲ ၊ ကျုပ် သက်ရှိသတ္တဝါတွေ ဘယ်လောက်ပဲသတ်ခဲ့သတ်ခဲ့ မင်းရဲ့ဆံချည်တစ်မျှင်ကို ဖြတ်တောက်လိုက်နိုင်တာလောက် ကျုပ်ကို စိတ်ကျေနပ်စေမှာ မဟုတ်ဘူး”

ဆန်းလျန်က မင်လော့ကို တားဆီးခြင်းမရှိပါ။ သူက တိတ်တိတ်ဆိတ်ဆိတ်ဖြင့်ပင် မင်လော့၏ စကားများကို နားထောင်နေလေသည်။ ထိုသို့စကားပြန်မပြောခြင်းမှာ ဆန်းလျန်သည် မာနကြီးလွန်းသောကြောင့် မဟုတ်ပါ။ ဆန်းလျန်က သူ့ကိုယ်သူယုံကြည်မှုအပြည့်ရှိသူတစ်ယောက်ဖြစ်ပြီး မင်လော့၏ တန်ခိုးစွမ်းအားအနှစ်သာရများနှင့် ဝိညာဉ်စွမ်းအားများကို တိတ်တဆိတ်လေ့လာနေသောကြောင့် ဖြစ်လေသည်။

မင်လော့နှင့် သူ၏မိတ္တာဓားကောက်ကြီးတစ်သားတည်းကျသွား
သည့်အချိန်တွင် စွမ်းအားတစ်ခု ထွက်ပေါ်လာလေသည်။ ပုံရိပ်
ယောင်နှင့်အစစ်အမှန်မှ မွေးဖွားလာသည့် တန်ခိုးစွမ်းအားတစ်
ခု ဖြစ်လေသည်။

ဆန်းလျန်သည် ယန်ရှီး၏ မိုးကောင်းကင်နတ်မိတ္တာတန်ခိုး
စွမ်းအားကို ထုတ်ဖော်လိုက်သည့်အတွက် ပတ်ဝန်းကျင် တစ်ခု
လုံး သည် ထင်ယောင်ထင်မှား အိပ်မက်ဆန်နေလေသည်။

မင်လော့သည် ရှေ့သို့ချီတက်ပြီး တိုက်ခိုက်နေသည့်တိုင် သူ့
စိတ်ထဲတွင် ဆန်းလျန်၏ တည်ရှိမှုကို ထင်ယောင်ထင်မှား
ဖြစ်သည်ဟု ခံစားနေရပြီး အစစ်အမှန်လောကနှင့်
ဆက်စပ်၍မရနိုင် ဖြစ်နေလေသည်။

သို့သော် အိပ်မက်လိပ်ပြာကျင့်စဉ်နှင့် မိုးကောင်းကင်နတ်မိတ္တာ
ကျင့်စဉ်များကို ဆန်းလျန်ထက် နားလည်နိုင်စွမ်းရှိသူ နှစ်

ယောက်ရှိလေသည်။ ထိုသူများမှာ ထိုက်ဝေ့ထိုင်မှ နတ်ဘုရား

အဘိုးအိုနှင့် ယန်ရှီးဖြစ်လေသည်။

တာ့ရှားသချုင်းတည်ရှိရာနေရာသည် အိပ်မက်တစ်ခုဆိုလျှင်

အကန့်အသတ်မဲ့စကြာဝဠာကြီးသည်လည်း အိပ်မက်တစ်ခု

ဖြစ်နိုင်လေသည်။

လူတစ်ယောက်အနေဖြင့် အိပ်မက်နှင့်အစစ်အမှန်ကြားတွင်

လှည့်ပတ်သွားလာနေရန်မှာ အလွန်မှ သက်သောင့်သက်သာ ရှိ

မည် ဖြစ်လေသည်။

မင်လော့သည် ဆန်းလျန်ကို ခန့်မှန်း၍မရနိုင် ဖြစ်နေလေသည်။

သူ၏မိစ္ဆာဓားကောက်ကြီးမှ မိစ္ဆာစွမ်းအားများသည် မည်သည့်

နေရာသို့ ဦးတည်ရမှန်းမသိပေ။

မင်လော့၏ဘဝတွင် တစ်ခါမှမကြုံဖူးသည့်အဖြစ်အပျက်

ကြောင့် အသက်ရှူကြပ်လာလေသည်။ သူ့လက်ထဲမှ ဓား

ကောက်ကြီးကို ခက်ခက်ခဲခဲဝေ့ယမ်းနေရလေသည်။ ဓား

ကောက်ကြီးမှ ဓားဝိညာဉ်သည် အမြင့်ပေတစ်သောင်း အထိ မြင့်တက်ပြီး လှည့်ပတ်နေခဲ့လေသည်။

အနက်ရောင်မြူခိုးငွေ့များကြားထဲတွင် ဆန်းလျန်၏နက်ရှိုင်းမှု မှာပိုပြီး သိပ်သည်းလာလေသည်။

သွေးနီရောင်အခိုးအငွေ့များ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ပေါ်ထွက်လာပြီး ဆရာဘိုးဘိုးယွမ်ချင်း၏ "ယွမ်" မရဏဓား နှင့် ငရဲလမ်းဓားဝိညာဉ်သည် ဆန်းလျန်၏ နှလုံးသားထဲတွင် လှည့်ပတ်နေလေသည်။ ထိုဓားဝိညာဉ်နှစ်ခုသည် ယင် နှင့် ယန် အလားပင် ဘက်ညီလျှက်ရှိလေသည်။

ရုတ်တရက်ပင် သွေးနီရောင်မြူခိုးများသည် ဆန်းလျန်၏ပတ်ပတ်လည်တွင် စုစည်းသွားပြီး သွေးနီရောင်နှင့်အနက် ရောင် ထိုက်ချီယင်ယန် သင်္ကေတတစ်ခုသည် ဆန်းလျန်ရှေ့တွင် ပေါ်ထွက်လာလေသည်။

မိစ္ဆာဓားကောက်ကြီးမှ အလင်းရောင်တစ်ချက်ထွက်ပေါ်လာပြီး ဆန်းလျန်ကိုလှည့်ပတ်နေသည့် သွေးနီရောင်နှင့်အနက်ရောင် ထိုက်ချိယင်ယန်သင်္ကေတကို ခုတ်ပိုင်းချလိုက်လေသည်။
အနီရောင်နှင့်အနက်ရောင်များထဲတွင် ယင်နှင့်ယန်က လှည့်ပတ်စီးဆင်းနေလေသည်။
ထို ယန်နှင့်ယန်စွမ်းအားသည် ဓားကောက်ကြီးကို ချေဖျက်ပစ် တော့မည့်အလား ထင်မှတ်ရလေသည်။
ကျောက်တုံးတံတားလေးအစွန်းတွင်ရပ်နေသည့် ဆန်းလျန် သည် ရုတ်တရက် လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်လေသည်။
သူ၏ညာဘက်လက်တွင် ဓားဝိညာဉ်တစ်ခုပေါ်ထွက်လာပြီး လေထုကို ထိုးခွင်းသွားလေသည်။
မင်လော့သည် သူ၏ မိစ္ဆာဓားကောက်ကြီးဖြင့် အဆက်အသွယ် ပြတ်တောက်သွားသည်ဟု ခံစားလိုက်ရလေသည်။ ဓား

ကောက်ကြီးမှ တန်ခိုးစွမ်းအားများအားလုံးကို ယင်နှင့်ယန်

စွမ်းအားများက ဖျက်စီးပစ်လိုက်ပြီ ဖြစ်လေသည်။

ဆန်းလျန်၏လက်ထဲတွင် အနက်ရောင်ဓားတစ်လက်ကို ကိုင်

ထားလေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း....

"မင်းလက်ထဲမှာ သွေးဓားကိုကိုင်ထားတာတောင်မှ မင်း

ကိုယ်တိုင်ကတော့ မိစ္ဆာစွမ်းအားတွေအကြောင်းကို သေချာ

နားမလည်သေးဘူးပဲ"

မိစ္ဆာစွမ်းအားအတွင်းတွင်တည်ရှိသည့် နတ်ဘုရားစွမ်းအား

သည် သန့်စင်သည့်နတ်ဘုရားစွမ်းအား ဖြစ်လေသည်။

ထိုအဆင့်ကိုနားလည်သွားလျှင်တော့ နတ်ဆိုးတစ်ယောက်

သည်ပင်လျှင် မိုးမြေနိယာမတရားများအတိုင်း နတ်ဘုရား

တစ်ပါးဖြစ်သည်အထိ လျှောက်လှမ်းနိုင်သွားမည်ဖြစ်လေ

သည်။ လောကတွင် ဖြစ်နိုင်ချေများဆိုသည်က အဆုံးသတ်မှ မရှိလေပဲ။

မင်လော့ကလည်း ဆန်းလျန်၏စကားကိုမငြင်းပယ်ခဲ့ပါ။

"ဒါပေမယ့်... မင်းကတော့ နားလည်ခဲ့တယ်မဟုတ်လား"

ထို့နောက်တွင်တော့ မင်လော့၏ဘဝတွင် မမေ့နိုင်သည့် ဖြစ်ရပ်တစ်ခုကို ကြုံတွေ့ခဲ့ရလေသည်။

ဆန်းလျန်သည် အသက်တစ်ချက်ရှူလိုက်ပြီး ဓားသိုင်းကွက်တစ်ကွက်ကို ထုတ်ဖော်လိုက်လေသည်။ ထိုဓားသိုင်းကွက်သည် မဆင်မခြင်နှင့် လွတ်လပ်လွန်းပြီး ကမ္ဘာပေါ်တွင်မည်သည့်အရာကိုမျှ ဂရုစိုက်ခြင်းမရှိသည့် ဓားသိုင်းကစားဟန်တစ်ကွက် ဖြစ်လေသည်။

မင်လော့သည် မည်သည့်အခါမှ ကြောက်ရွံ့တတ်သူမဟုတ်ပါ။ သို့သော် ယခုတော့ ကြောက်ရွံ့နေခဲ့ပြီ။

သူ့ရှေ့မှ နတ်ဘုရားသည် တန်ခိုးစွမ်းအားမြင့်မားရုံသာမက

မည်သည့်အရာကိုမှလည်းဂရုစိုက်တတ်သူ မဟုတ်ပေ။

ရှေ့ဆက်ပြီး မည်သည့်အရာများဖြစ်ပျက်လာမည်ကို မသိ

သည့်တိုင် သူ့ရှေ့မှ နတ်ဘုရားကတော့ ဖြစ်ပျက်လာသမျှ

အရာအားလုံးကို ကစားပွဲတစ်ခုအလား သဘောထားသူ ဖြစ်

လေသည်။

သူ့ရှေ့မှနတ်ဘုရားသည်နတ်ဘုရာတစ်ပါးမဟုတ်။ မိစ္ဆာနတ်

ဆိုးတစ်ပါးဖြစ်လေသည်။ လုံး၀ အဆင်အခြင်ကင်းမဲ့သည့်

မိစ္ဆာနတ်ဆိုးတစ်ပါးပင် ဖြစ်လေသည်။

ဆန်းလျန်အနေဖြင့်တော့...

ဆန်းလျန်သည် ဆန်းလျန်သာ ဖြစ်လေသည်။

ယခင်ကနှင့် မတူသည့်အချက်မှာ ယန်ရှီးကို ရင်ဆိုင်ခဲ့ပြီး

သည့်နောက် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို သူကိုယ်တိုင်

သဘောပေါက်နားလည်သွားသည့်အချက်သာ ရှိလေသည်။

ယခု ဆန်းလျှန်ဖော်ထုတ်လိုက်သည့် ဓားသိုင်းတစ်ကွက်သည် ယန်ရှီး၏ မိစ္ဆာနတ်ဘုရားစွမ်းအားများကို သယ်ဆောင်လာလေသည်။

ဆန်းလျှန်၏ဓားချက်သည် တစ်ချက်ယိုင်သွားခြင်းပင်မရှိပေ။ သို့သော် ဖြောင့်ဖြောင့်သွားနေခြင်းလည်း မဟုတ်ပြန်ပေ။ မည်သို့ပင်ဆိုစေ ထိုအရာသည် “ဓားသိုင်းတစ်ကွက်” သာလျှင် ဖြစ်ပေသည်။

တာအိုမှ ဖြစ်တည်မှုတစ်ခု မွေးဖွားလာသည်။ တစ်ခုမှ နှစ်ခု ဖြစ်လာသည်။ နှစ်ခုမှ သုံးခု ဖြစ်လာသည်။ သုံးခုမှ ထောင်နှင့်သောင်းနှင်ချီသည့် ဖြစ်တည်မှုများ ဖြစ်ပွားလာမည် ဖြစ်လေသည်။

စတင်ဖြစ်တည်လာသည့် “တစ်ခု” ဆိုသည်မှာ အစစ်အမှန်မိစ္ဆာစွမ်းအားပင် ဖြစ်လေသည်။

ဆန်းလျန်၏ ရုတ်တရက် ကိုယ်ထင်ပြလိုက်သည့်အတွက်

ဆန်းလျန်၏ ရုပ်သွင်ကို မင်လော့ ထင်ထင်ရှားရှား တွေ့မြင်

လိုက်ရသည်။

ဆန်းလျန်သည် လောကကိုကျော်လွန်သည့် ဓားသိုင်းတစ်ကွက်

ကို ဖန်တီးလိုက်နိုင်ပြီး ဖြစ်လေသည်။ ထိုဓားသိုင်းသည် ငရဲ

လမ်းဓားဝိညာဉ်နှင့် ယွမ်မရဏဓားကိုပေါင်းစပ်ကာ ဖြစ်တည်

လာသည့် တစ်ခုတည်းသော ဓားသိုင်းတစ်ကွက်သာ ဖြစ်လေ

သည်။

ထိုဓားသိုင်းတစ်ကွက်သည် နတ်ဘုရားများကိုပင်လျှင်

သုတ်သင်ပစ်နိုင်လေသည်။

အရာအားလုံးသည် ဓားသိုင်းတစ်ကွက်တည်းဖြင့် ပြာမှုန့်ဘဝ

သို့ ကူးပြောင်းသွားနိုင်လေသည်။

မည်သည့်အရာမှ တည်ရှိတော့မည် မဟုတ်ပေ။

ပြီးတော့....

ထိုဓားသိုင်းတစ်ကွက်သည် မင်လော့ဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားလေသည်။
ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။
ပတ်ဝန်းကျင်တစ်ခုလုံးတွင် မည်သည့်အရာမှ ပြောင်းလဲခြင်း မရှိခဲ့ပါ။
မင်လော့သည် ညောင်ပင်ကြီးကိုငေးကြည့်နေဆဲ ဖြစ်လေ သည်။ တံတားအောက်မှ ရေစီးဆင်းသံကိုလည်း ကြားနေရ လေသည်။ တာ့ရှားဘိုးဘေးများအတွက် ဝတ်ပြုရာ ကျောင်း တော်ကြီးမှာလည်း သားရဲကြီးတစ်ကောင်အလား ငြိမ်သက်နေ ဆဲဖြစ်လေသည်။
မင်လော့သည် နေရာတွင် မလှုပ်မယှက် ရပ်နေလေသည်။
ဆန်းလျန်ကတော့ တာ့ရှားသချႋင်းမှ ထွက်ခွာသွားကာ လူသူ များစည်ကားနေသည့် လမ်းမထက်သို့ ရောက်ရှိသွားပြီ ဖြစ် လေသည်။

သူဖန်တီးခဲ့သည့် ဓားသိုင်းတစ်ကွက်သည်သူ့နှလုံးသားကို ရာနှင့်ချီသည့် ခံစားချက်များဖြင့် ပြည့်နက်နေစေခဲ့လေသည်။ ထိုဓားသိုင်းတစ်ကွက်ကြောင့် သူ သတိထားမိသွားသည့် အချက်တစ်ချက်ရှိလေသည်။

ထိုအချက်မှာ...

"ယန်ရှီး မသေသေး" ဆိုသည့် အချက်ဖြစ်လေသည်။

မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်သည် သေခြင်းတရားကိုကျော်လွန်နိုင်လေသည်။ ယန်ရှီးသည် သူ့ကို ယနေ့ထက်တိုင်အောက် သက်ရောက်မှုတစ်ခုရှိနေဆဲ ဖြစ်လေသည်။

ဆန်းလျှန်သည် တစ်ချက်ရယ်မောလိုက်ရင်း တစ်ယောက်တည်း ရေရွတ်လိုက်မိလေသည်။

"သေတာတောင်ကောင်းကောင်းမသေဘူး ၊ ကျုပ်ကိုလိုက်ဒုက္ခပေးနေသေးတယ်"

အခန်း (၄၉၈) ဓားထွင်းခြင်း

ဆန်းလျန်သည် တိချိုးမြို့တော်အနောက်ပိုင်းသို့ ရောက်လာလေသည်။ မြို့တော်အနောက်ပိုင်းသည် သာမန်ပြည်သူများ အပြင် ကုန်သည်များနှင့် အခြားတိုင်းပြည်မှ ရောက်ရှိနေကြသည့်သံအမတ်များနေထိုင်ရာနေရာ ဖြစ်လေသည်။ ထို့ကြောင့် အလွန်မှ လူနေထူထပ်လေသည်။

ဆန်းလျန်သည် လမ်းများပေါ်တွင်လှည့်လည်သွားလာရင်း ပစ္စည်းများ ၊ ကုန်စည်များကို အော်ဟစ်ရောင်းချနေကြသည့် ဈေးသည်များ၏အော်သံများကို နားထောင်နေမိလေသည်။

စားသောက်ဆိုင်များထဲတွင်လည်း လူပေါင်းစုံရှိနေပြီး ထွေရာ လေးပါး ပြောဆိုဆွေးနွေးနေကြလေသည်။

ဆန်းလျန်သည် လူသားများ၏စိတ်ကို သိရှိနိုင်သည့်တိုင် ဘက် မလိုက်ဘဲ နားလည်ပေးနိုင်သူ ဖြစ်လေသည်။ လူ့စိတ်ဆိုသည် က ယခုအချိန်တွင် တစ်မျိုးဖြစ်နေသည့်တိုင် နောင်တစ်ချိန် တွင် မည်သို့ပြောင်းလဲသွားမည်ကို ခန့်မှန်းနိုင်ရန် ခဲယဉ်းလေ သည်။

ထို့ကြောင့် လူ့စိတ်ထားများကို ဝေဖန်ရန်မဟုတ်ဘဲ နားလည်စွာ ဖြင့် ခွဲခြမ်းစိတ်ဖြာထားရန်သာ လိုအပ်သည်။

ဆန်းလျန်သည် ခြေဦးတဲ့ရာလျှောက်သွားနေခဲ့ပြီး လွတ်လပ် ပေါ့ပါးနေခဲ့လေသည်။

သူထွက်ခွာလာခဲ့သည့် တာ့ရှားဘိုးဘွားများဝတ်ပြုရာကျောင်း တော်ကြီးတွင် ထူးဆန်းသည့်တန်ခိုးစွမ်းအားများ ရှိနေသည့် တိုင် ဆန်းလျန်က သိလိုစိတ်မရှိခဲ့ပါ။

ထို့ပြင် မင်လော့၏ သွေးစားကြောင့် သူ၏စိတ်များမှာ
အနည်းငယ် ပြောင်းလဲနေခဲ့လေသည်။
အဘယ်ကြောင့်ဆိုသော် မင်လော့ကိုရင်ဆိုင်ရန်အတွက် ယန်
ရှီး၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ဆန်းလျန် အသုံးပြု
ခဲ့သော ကြောင့်ဖြစ်လေသည်။
လင်ထိုင်ဖန်းကျွမ်းတောင်တွင် ယန်ရှီးသည် အမှန်တကယ်
သေဆုံးခဲ့ပြီ ဖြစ်လေသည်။
သို့သော် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်နှင့် အိပ်မက်လိပ်ပြာ
ကျင့်စဉ်အရဆိုလျှင်တော့ အရာအားလုံးသည် ပုံရိပ်ယောင်မျှ
သာ ဖြစ်ပြီး ယန်ရှီးသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြန်လည်
နိုးထလာနိုင်မည် ဖြစ်လေသည်။
ထိုသို့ဆိုလျှင် ယန်ရှီးကဲ့သို့လူတစ်ယောက်အတွက် သေဆုံး
ခြင်းသည် သေဆုံးခြင်း မမည်နိုင်ပေ။ ယန်ရှီးသည် မရေမ
တွက်နိုင်သောလူများ၏နှလုံးသားအတွင်းသို့ မိစ္ဆာမျိုးစေ့များ

ထည့်ကာ သူ၏ကိုယ်ပွားများအဖြစ်ဖန်ဆင်းခဲ့သူ ဖြစ်လေ

သည်။

သူသည် ဆန်းလျန်နှင့် ရင်ဆိုင်တိုက်ခိုက်ရသည့် ခဏတာမျှ

သောအချိန်လေးတွင် ဆန်းလျန်၏ နှလုံးသားထဲသို့လည်း မိစ္ဆာ

မျိုးစေ့တစ်ခု ထည့်သွင်းပေးခဲ့လေသည်။

တစ်နေ့နေ့တစ်ချိန်ချိန်...

ဆန်းလျန်သည် လူအသိစိတ်ပျောက်ကွယ်ကာ မိစ္ဆာစွမ်းအား

လွှမ်းမိုးမှုများကို ခံရသည့်အချိန်သို့ရောက်ခဲ့ပါက ဆန်းလျ

န်၏နှလုံးသားထဲတွင် ယန်ရှီးထည့်ပေးခဲ့သည့် မိစ္ဆာမျိုးစေ့

သည် ဆန်းလျန်၏ခန္ဓာကိုယ်ကိုအသုံးပြုကာ ယန်ရှီးအဖြစ်

ပြန်လည်အသက်ရှင်သန်လာမည် ဖြစ်လေသည်။

ပြန်လည်မွေးဖွားလာသည့် ဆန်းလျန်သည် အနည်းငယ်

ထူးခြားနေသည်ကို အစကတည်းကပင် သူကိုယ်တိုင် ခံစားမိ

လေသည်။ ယခုတော့ အဘယ်ကြောင့်ဆိုသည့်အချက်ကို

နားလည်လိုက်ရပြီ။

အမှန်တော့ ဆန်းလျန်နှင့် ယန်ရှီးသည် ကိုယ်ရည်ကိုယ်သွေး ၊

အပြုအမူ ၊ ဉာဏ်ရည်ဉာဏ်သွေးများအားလုံး အတူတူပင် ဖြစ်

လေသည်။ သူတို့နှစ်ယောက်တွင် မတူညီသည့်အချက်မှာ

ဆန်းလျန်က ဆင်ခြင်ဉာဏ်ရှိသူ တစ်ယောက်ဖြစ်ပြီး ယန်ရှီး

ကတော့ ဆင်ခြင်ဉာဏ်ကိုအလေးမထားဘဲ သူလုပ်ချင်ရာကို

လုပ်သည့် လူတစ်ယောက် ဖြစ်သည်ဆိုသည့် အချက်ပင် ဖြစ်

လေသည်။

မိမိ၏နှလုံးသားထဲတွင် ယန်ရှီး၏မိစ္ဆာမျိုးစေ့ရှင်သန်နေသည်

ကို သိရှိလိုက်ရလျှင် အခြားသူများဆိုလျှင်တော့ အကြောက်

လွန်သွားနိုင်လေသည်။ မရရသည့်နည်းလမ်းဖြင့် နှလုံးသားထဲ

မှ ယန်ရှီး၏ မိစ္ဆာမျိုးစေ့ကို ဖယ်ရှားပစ်ရန်ကြိုးစားလိမ့်မည်။

သို့သော် ဆန်းလျန်ကတော့ ရယ်မောလိုက်မိရုံမျှသာ...။

သူသည်မည်သူဖြစ်သည်ကို ဆန်းလျှန်ကိုယ်တိုင်အသိဆုံးဖြစ်လေသည်။ ဆန်းလျှန်သည် နေရာတိုင်းသို့စီးဆင်းဝင်ရောက်နိုင်သည့် ရေကဲ့သို့သော လူစားမျိုးဖြစ်လေသည်။

ချောက်ကမ်းပါးမှကျသောရေစီးဆင်းမှုသည်ကြီးမားသော ရေတံခွန်ကြီးကို ဖြစ်ပေါ်လာစေနိုင်လေသည်။ ထိုရေတံခွန်ကြီးသည် မြေနိမ့်ပိုင်းသို့ ရောက်ရှိသွားလျှင်တော့ ကြည်လင်လှပသည့် စမ်းချောင်းလေးဖြစ်သွားနိုင်လေသည်။

ထို့အတူ ရာနှင့်ချီသည့်မြစ်များ စုဝေးပေါင်းဆုံရာမှ ပင်လယ်ဖြစ်လာလေသည်။

စိမ့်စမ်းရေများ မြေအောက်တွင် စုစည်းမိသည့်အခါတွင်တော့ သဘာဝ စမ်းရေတွင်းများလည်း ဖြစ်လာနိုင်သေး သည်။

ဆန်းလျှန်သည် ထိုသဘောတရားကို နားလည်သည့်အတွက် သူ၏ဘဝတွင် လွတ်လွတ်လပ်လပ်နှင့် အေးအေးဆေးဆေးပင် နေထိုင်ခဲ့ခြင်း ဖြစ်လေတော့သည်။

....

မင်လော့သည် တာ့ရှားသချုင်းရှေ့တွင် တိတ်ဆိတ်စွာဖြင့် မတ်တပ်ရပ်ဆဲ ဖြစ်လေသည်။ သူ့လက်ထဲတွင်ကိုင်ထားသည့် မိစ္ဆာဓားကောက်ကြီးမှ မိစ္ဆာအငွေ့အသက်များ ထွက်ပေါ်နေလေသည်။

သူ၏နောက်မှ တပ်ဖွဲ့ဝင်များသည် အားလုံး သေကုန်ကြပြီ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် မင်လော့၏မိစ္ဆာဓားကောက်ကြီးမှ ထွက်ပေါ်နေသည့် မိစ္ဆာစွမ်းအားများကို မခံနိုင်ကြသောကြောင့် ဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် ဘိုးဘွားများအားဝတ်ပြုရာကျောင်းတော်သို့ ရောက်ရှိလာလေသည်။

သူက မင်လော့ကို လာရောက်ကြည့်ရှုခြင်းဖြစ်လေသည်။

သူ၏ သစ္စာရှိနောက်လိုက်ခွေးသည် ယခုတော့ ဝိညာဉ်ပျောက်ဆုံးနေခဲ့ပြီ ဖြစ်လေသည်။ ခန္ဓာကိုယ်သာလျှင် ကျန်ရစ်ခဲ့တော့သည်။

မင်လော့၏မိစ္ဆာဓားကြီးသည် နေနှင့်လ၏ အနှစ်သာရကို စုပ်ယူနိုင်သည့်ဓားတစ်လက်ဖြစ်လာပြီး သက်ရှိသတ္တဝါ များ၏ ဝိညာဉ်များကိုပင် မျိုချပစ်နိုင်သည့် နတ်မိစ္ဆာတစ်ကောင် အလား ဖြစ်လာလေသည်။

တာ့ရှားဧကရာဇ်သည် မင်လော့၏ ဓားကောက်ကြီးနှင့် မင်လော့၏ခန္ဓာကိုယ်ကို ယူဆောင်သွားခဲ့လေသည်။

အမတ်မင်းများက တာ့ရှားဧကရာဇ်သည် လူသတ်သမားကို အပူတပြင်းရှာဖွေလိမ့်မည်ဟု ထင်မှတ်ခဲ့ကြလေသည်။

လူသတ်သမားသည် တိချိုးမြို့တော်သို့ရောက်ရှိလာသည့် အဆင့်မြင့်ကျင့်ကြံသူဖြစ်သည်ကို ရှင်းရှင်းလင်းလင်းသိရှိနေသည့်တိုင် တာ့ရှားဧကရာဇ်က မည်သည့်အရေးယူမှုမှ မပြုလုပ်ခဲ့ပါ။

ထို့ကြောင့် အမတ်မင်းများမှာ စိတ်များရှုတ်ထွေးကုန်ကြလေသည်။

မင်လော့အသတ်ခံခဲ့ရပြီ။ နောက်တစ်ကြိမ် မည်သူ အသတ်ခံရဦးမည်နည်း။

သို့သော် တာ့ရှားကေရာဇ်မှာ အလွန်အမင်းတည်ငြိမ်နေသည့်အတွက် အမတ်မင်းများမှာလည်း အနည်းငယ်စိတ်သက်သာရာရသွားကြလေသည်။

နောက်ထပ်ဆယ်ရက်ကြာသည့်တိုင် တိချိုးမြို့တော်တွင် မည်သည့်ထူးခြားမှုမှ ဖြစ်ပေါ်မလာခဲ့ပေ။

တော်ဝင်ကျောင်းတော်တွင်တော့ ကွမ်းလုန်ကျီ၏ အသိဉာဏ်ပညာမြင့်မားမှုနှင့် သင်ပြပေးမှုများကြောင့် ကျောင်းသားများသည် အံ့သြစရာကောင်းအောင် တိုးတက်လာခဲ့လေသည်။

ကွမ်းလုန်ကျီထံမှ တိကျသည့် ကျင့်စဉ်များကို သူတို့မသင်ယူခဲ့ကြရသည့်တိုင် မိုးမြေနိယာမများနှင့် တန်ခိုးစွမ်းအား၏ အရင်းအမြစ်ကိုသူတို့ သင်ယူခဲ့ကြရလေသည်။

ယင် နှင့် ယန် ၊ ဒြပ်စင်ငါးမျိုးနှင့် လူသားများနှင့်သတ္တဝါများ

ပြန်လည်မွေးဖွားလာခြင်းအကြောင်းရင်းများကို ကွမ်းလုန်ကျီ

က သင်ကြားပေးခဲ့သည်။

ဝူတင်နှင့် ဖေးကျုန်းမှာ အတော်ဆုံးတပည့်များ ဖြစ်လေသည်။

သူတို့သည် တစ်နေ့တခြား အရှိန်အဟုန်မြင့်မားစွာဖြင့်

တိုးတက်လာခဲ့လေသည်။

ဆန်းလျန်ထံတွင် ပညာသင်ယူနေသည့် လေ့ကျင်းမှုလည်း

များစွာ တိုးတက်လာခဲ့လေသည်။

သူမသည် ပါးစပ်နှင့် နှာခေါင်းကို အသုံးမပြုဘဲ ခန္ဓာကိုယ်

မွေးညင်းပေါက်များမှ အသက်ရှူခြင်းကိုပင ်ဆန်းလျန်ထံမှ

တုပကာ သင်ယူနိုင်ခဲ့ပြီ ဖြစ်သည်။

လေ့ကျင်းသည် ပညာသင်ကြားရသည်ကို ပျော်ရွှင်နေလေ

သည်။

ထို့ပြင် သူမသည် ဆန်းလျှန်ကိုလည်း တစ်နေ့တခြား သဘောကျလာမိသည်။ ဆန်းလျှန်သည် အေးစက်သူတစ်ယောက်မဟုတ်သလို အရမ်းလည်း နွေးထွေးသည့်သူတစ်ယောက် မဟုတ်ပေ။ သူသည် မည်သည့်အစွန်းဘက်သို့မှ မကပ်ဘဲ အလယ်အလတ်လမ်းစဉ် ကျင့်သုံးသူတစ်ယောက် ဖြစ်လေသည်။

သို့သော် ဆန်းလျှန်သည် လူတစ်ယောက်နှင့်နေထိုင်ရာတွင် အသင့်လျော်ဆုံးထားရှိရမည့် အကွာအဝေးကို အမြဲတမ်းနားလည်သူဖြစ်လေသည်။

တစ်ခါတစ်ရံတွင် ဆန်းလျှန်က စ နောက် လွန်းသည့်အတွက် လေ့ကျင်းမှာ စိတ်အနှောင့်အယှက် ဖြစ်ရလေသည်။ သို့သော် ဆန်းလျှန်သည် သူမကို အပြည့်အဝနားလည်ပေးနိုင်သူတစ်ယောက်ဖြစ်ပြီး သူမစိတ်အနှောက်ယှက်ဖြစ်တိုင်း စိတ်ပြေစေရန်အတွက် တစ်ခုခု ပြန်လုပ်ပေးခဲ့သည်ချည်းပင်။

ဆန်းလျန်နှင့်အတူနေထိုင်ရသည့်ဘဝသည် လွတ်လပ်လွယ်ကူ လွန်းလှပါသည်။ သို့သော် ဆန်းလျန်၏နှလုံးသားကို နားလည် နိုင်ရန်မှာတော့ အလွန်မှ ခက်ခဲလွန်းလေ၏။ လေ့ကျင်းသည် ဆန်းလျန်၏စိတ်ကိုနားလည်နိုင်ရန်နှင့် ဆန်းလျန်အစစ်အမှန် ပုံစံကိုသိရှိရန် ကြိုးစားချင်ခဲ့မိလေသည်။

ထိုသို့ကြိုးစားချင်မိခြင်းမှာ သူမက ဆန်းလျန်ကို သဘောကျ သောကြောင့် မဟုတ်ပါ။ ဆန်းလျန်၏ မွေးရာပါ ဗီဇစိတ်ဓာတ် ကိုသာ သိချင်နေမိခြင်းဖြစ်လေသည်။

လွန်ခဲ့သည့်သုံးရက်ခန့်ကတော့...

ဆန်းလျန်သည် စမ်းချောင်းလေးရှိရာသို့ အမြဲတမ်းသွားတတ် လေသည်။

သူက သစ်ပင်ကြီးတစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းကို ခုတ်ယူပြီး ဓားတစ်လက် ပြုလုပ်ခဲ့လေသည်။

ဆန်းလျှန်ပြုလုပ်ထားသည့်ဓားမှာ မြို့ထဲမှ ပန်းပုဆရာတစ်ယောက် ပြုလုပ်ထားသည့် သာမာန်သစ်သားဓားတစ်လက်နှင့်အတူတူပင် ဖြစ်လေသည်။ ပစ္စည်းနှင့်အရည်အသွေးအားလုံးမှာ သာမန်ပင် ဖြစ်လေသည်။

ဆန်းလျှန်သည် ဓားကိုထွင်းနေသည့်အချိန်တွင် သူ၏စိတ်သည် အတ္တကင်းသည့်အဆင့်သို့ ရောက်ရှိနေလေသည်။ သစ်သားသည် ဖြည်းဖြည်းချင်း ဓားအသွင်သို့ ကူးပြောင်းသွားလေသည်။ ဆန်းလျှန်ထွင်းထုနေသည့်ဓားသည် အခြားဓားများထက်ပိုပြီး ကောက်နေသယောင်ထင်ရပြီး ကောင်းကင်ထက်မှ လခြမ်းကွေးနှင့် ဆင်တူလေသည်။

သစ်သားဓားထဲတွင် သဘာဝတရားတစ်ခု စီးဆင်းနေပြီး ထိုသဘာဝတရားသည် ရေနှင့်ဆင်တူလေသည်။ သုံးရက်မြောက်သည့်နေ့တွင်တော့ ဆန်းလျှန်သည် ဓားသုံးလက် ပြုလုပ်ပြီးသွားခဲ့လေပြီ။ ဓားသုံးလက်စလုံးမှာ ပုံသဏ္ဍာန်အတူတူပင် ဖြစ်

လေသည်။ သို့သော် လေ့ကျင်းကတော့ ထိုဓားသုံးလက်သည် အနည်းငယ်မသိမသာ ကွဲပြားမှုလေးများရှိသည်ဟု သတိထား မိနေလေသည်။

ပထမနေ့တွင်ပြုလုပ်ထားသည့် သစ်သားဓားသည် ဒုတိယနေ့ တွင် ပြုလုပ်ထားသည့် သစ်သားဓားလောက် အသက်ဝင်ခြင်း မရှိပေ။ ဒုတိယနေ့တွင် ပြုလုပ်ထားသည့်သစ်သားဓားမှာ လည်း တတိယနေ့တွင် ပြုလုပ်ထားသည့် သစ်သားဓား လောက် အသက်ဝင်ခြင်းမရှိပေ။

အဘယ့်ကြောင့် "အသက်ဝင်သည်" ဆိုသည့်အတွေးမျိုး သူမ ခေါင်းထဲသို့ ဝင်ရောက်လာရသည်ကို လေ့ကျင်းကိုယ်တိုင် လည်း နားမလည်ပေ။ "အသက်ဝင်သည်" ဆိုသည့် အသုံးအနှုန်းအပြင် အခြားအသုံးအနှုန်းရွေးခြယ်စရာ မရှိ သောကြောင့် ဖြစ်ပေလိမ့်မည်။

စားများကိုပြုလုပ်ပြီးတိုင်း ဆန်းလျန်သည် စမ်းချောင်းအတွင်းသို့ လွှင့်ပစ်တတ်လေသည်။

ဆန်းလျန်လွှင့်ပစ်သည့်စားများကို လေ့ကျင်းက ဆယ်ယူထားလေ့ရှိသည်။ ဆန်းလျန်လွှတ်ပစ်သည့်စားများကို သူမအဘယ့်ကြောင့် ဆယ်ယူထားရသနည်းဆိုသည့်အချက်ကိုတော့ သူမကိုယ်တိုင်လည်း နားမလည်ခဲ့ပေ။ သူမသည် နိုင်ငံခြားရေးဝန်ကြီး၏ အကြီးဆုံးသမီးတစ်ယောက် ဖြစ်လေသည်။ သူမအတွက် သူများလွှင့်ပစ်ထားသည့်ပစ္စည်းများကို ယခုကဲ့သို့ယူဆောင်ထားခြင်းမှာ ရှက်ဖွယ်လိလိပင် ဖြစ်လေသည်။

ယခုတစ်ကြိမ်တွင်တော့ ....

ဆန်းလျန်သည် စားကိုပြုလုပ်ပြီးသည်နှင့် လေ့ကျင်းကို ချက်ချင်းပေးလိုက်လေသည်။ စားသွား၏အရောင်မှာ သဘာဝကျပြီး စားသွားဟန်က ရိုးရာဆန်လေသည်။

ဓားရဲ့ကိုယ်ထည်တွင် အသက်ဓာတ်စွမ်းအားများပြည့်နေပြီး

အလွန်မှ အသက်ဝင်လှသည့် ဓားတစ်လက်ဖြစ်လေသည်။

အခန်း (၄၉၉) ဝိညာဉ်စွမ်းအားနှင့် မိစ္ဆာစွမ်းအား ကွာခြားမှု

လေ့ကျင်းသည် ဓားကိုကိုင်လိုက်မိသည်နှင့် ပိုပြီးသန်မာလာ

သလို ခံစားလိုက်ရလေသည်။ ထို့ပြင် ယခုဓားသည် ယခင်က

ဓားနှစ်လက်ထက် အသက်ဓာတ်စွမ်းအားများလည်း ပိုမိုပြည့်ဝ

နေလေသည်။

“ဆရာ… ကျွန်မ မေးစရာရှိတယ်”

လေ့ကျင်းက မေးလိုက်သည်။

ဆန်းလျန်က ဓားကို သူ၏အင်္ကျီရင်ပတ်အတွင်းသို့ထည့်ကာ သိမ်းဆည်းလိုက်လေသည်။ ထို့နောက် သူက ခြေအိတ်နှင့်ဖိနပ်များကိုချွတ်ကာ ခြေထောက်ကို စမ်းရေထဲသို့ ချထားလိုက်လေသည်။ စီးဆင်းနေသည့်စမ်းရေသည် သူ့ခြေထောက်ကို သန့်စင်သွားအောင် ဆေးပေးနေသည့်အလားပင်။

ဆန်းလျန်က မျက်ရိပ်ပြလိုက်တော့ လေ့ကျင်းက ဆန်းလျန်ဘေးတွင် ဝင်ထိုင်လိုက်လေသည်။ ဆရာတပည့်နှစ်ယောက်သည် စမ်းရေထဲတွင် ခြေထောက်များရေစိမ်ရင်း စမ်းချောင်းလေးနံဘေးတွင် ထိုင်လျှက်ရှိကြလေသည်။ အစပိုင်းတွင် လေ့ကျင်းမှာ အနည်းငယ်ရှက်ကိုးရှက်ကန်းဖြစ်နေသော်လည်း နောက်ပိုင်းတွင်တော့ သူမသည် ကြည်ကြည်လင်လင် ဖြစ်လာလေသည်။

စမ်းချောင်းအတွင်းမှ ကျောက်တုံးလေးများက အေးစိမ့်ပြီး သန့်ရှင်းနေလေသည်။ ဆန်းလျန် ဓားကို ထွင်းထုစဉ်က ထွက်ပေါ်လာခဲ့သည့် သစ်သားအမှုံများမှာလည်း စမ်းရေနှင့်အတူ မျောပါသွားလေသည်။

ဆန်းလျန်က သူ၏တပည့်မလေးကို လှည့်ကြည့်လိုက်ရင်း…

“ဘာမေးမှာလဲ … မေးလေ”

လေ့ကျင်းသည့် စမ်းရေအေးက သူမ၏ခြေဖဝါးများကို ထိတွေ့သွားသည်ကို ခံစားနေရလေသည်။ စမ်းရေအတွင်းမှ ဝိညာဉ်စွမ်းအားများသည် ခြေဖဝါးမှတစ်ဆင့် သူမ၏ခန္ဓာကိုယ်တွင်းသို့စီးဝင်လာလေသည်။ သွေးလည်ပတ်မှုအားကောင်းလာပြီး သက်သောင့်သက်သာ ရှိလာလေသည်။

“ဆရာ… ဘာလို့ သစ်သားဓားတွေလုပ်နေရတာလဲ ၊ အပျော်သက်သက်လုပ်နေတာလား ၊ ပြီးတော့ ကျွန်မသိချင်တာက ဒီလို သက်မဲ့သစ်သားဓားမျိုးက ဘာလို့ အသက်ဝင်နေရတာလဲ ၊

အရင်နေ့တွေတုန်းက ဆရာလွှင့်ပစ်လိုက်တဲ့ သစ်သားဓားနှစ်လက်ကို ကျွန်မကောက်ထားတာ ၊ အဲဒီဓားတွေက ညဘက်ဆိုရင် အသက်ရှူနေတယ်လို့ ခံစားရတယ် ၊ အရမ်းတော့မသိသာပေမယ့် သူတို့မှာ အသက်ရှိနေသလိုပဲ”

ဆန်းလျန်က ပြုံးလိုက်ရင်း…

“ကျင်းအယ် ၊ မင်းအခု အရမ်းကိုတိုးတက်လာတယ် ၊ သစ်သားဓားရဲ့အသက်ရှူသံကိုတောင် ခံစားမိနေပြီ ၊ တကယ်တော့ မိုးနဲ့မြေမှာ အသက်ဓာတ်စွမ်းအားရှိတဲ့အရာတိုင်းဟာ အသက်ရှူကြတာပါပဲ ၊ ဒါပေမယ့် ပါးစပ်တွေ နှာခေါင်းတွေနဲ့ အသက်ရှူတာမျိုးတော့ မဟုတ်ဘူးပေါ့ ၊ မင်းခံစားမိတာ မမှားပါဘူး ၊ အဲဒီသစ်သားဓားတွေမှာ အသက်ဓာတ်စွမ်းအားရှိတယ် ၊ မဟုတ်ရင်လည်း မိစ္ဆာစွမ်းအားတွေရှိလိမ့်မယ် ၊ ဒါပေမယ့် အသက်ဓာတ်စွမ်းအားနဲ့ မိစ္ဆာစွမ်းအားကြားမှာ

ခြားနားချက်သိပ်တော့မရှိလှပါဘူး ၊ ခုအချိန်မှာတော့ အဲဒီ

စွမ်းအားတွေက အရမ်းနည်းနေသေးတယ်"

လေ့ကျင်းက တစ်ခဏမျှစဉ်းစားလိုက်ပြီးမှ…

“ဆရာ … အဲဒါဆိုရင် ဝိညာဉ်စွမ်းအားတွေနဲ့ မိစ္ဆာစွမ်းအားတွေ

ဆိုတာ စိတ်ရဲ့အခြေအနေအပေါ်မှာပဲ မူတည်တာလား ၊ မူလ

အစမှ အဲဒီစွမ်းအားနှစ်ခုက ဝိညာဉ်စွမ်းအားအဖြစ် အတူတူပဲ

တည်ရှိနေတာမဟုတ်လား ၊ သူတို့နှစ်ခုကြားမှာ ဘာများခြား

နားလို့လဲ”

ဆန်းလျန်က သူ၏ပေါင်ကိုလက်ဖြင့်တစ်ချက်ပုတ်လိုက်

ရင်း…

“အဖြစ်အပျက်တစ်ခုကနေ မင်းက အချက်သုံးချက်ကို

ကောက်ချက်ချနိုင်တယ် ၊ ကျင်းအယ်… ဆရာယုံကြည်တယ် ၊

တစ်ချိန်မှာ မင်းဟာ ကျင့်ကြံသူတစ်ယောက် ဖြစ်လာလိမ့်မယ်

၊ တကယ်တော့… ဝိညာဉ်စွမ်းအားနဲ့ မိစ္ဆာစွမ်းအားကြားက

ခြားနားချက်ဆိုတာ ခွဲခြားပြဖို့ ခက်ခဲတယ်၊ လွယ်လွယ်နဲ့
လည်း ဆုံးဖြတ်လိုက်လို့မရဘူး၊ မင်းကို ဇာတ်လမ်းတစ်ပုဒ်
ပြောပြမယ်၊ ဟိုးရှေးရှေးတုန်းကပေါ့ သိုးနှစ်ကောင်ရှိတယ်၊
သူတို့ပတ်ဝန်းကျင်မှာလည်း မြက်ခင်းတွေရှိတော့ သိုးနှစ်
ကောင်က မြက်စားရတာကို သဘောကျတယ်၊ ဒါပေမယ့်
ပထမသိုးကတော့ စိတ်အားရတဲ့အထိစားတယ်၊ စားတဲ့အခါ
မှာ မြက်ပင်အမြစ်တောင်မချန်ခဲ့ဘူး၊ ကြာလာတော့ သူကျက်
စားရာမြက်ခင်းမှာ မြက်တွေကုန်ပါလေရော၊ အဲဒါကြောင့်
အဲဒီသိုးဟာ မြက်စားဖို့ နောက်ထပ်မြက်ခင်းတစ်ခုရှာရတယ်၊
ဒုတိယသိုးကတော့ ဘယ်လိုစားရမလဲဆိုတာကိုသိတယ်၊
မြက်တွေကိုစားပေမယ့် အမြစ်တွေအထိ စားမပစ်ဘူး၊ ပြီး
တော့ မြက်ခင်းပြင်ရဲ့တစ်ဝက်ကိုပဲ စားတယ်၊ ကျန်တဲ့တစ်ဝက်
ကိုချန်ထားတယ်၊ တစ်ဝက်က စားလို့ကုန်သွားမှ နောက်
တစ်ဝက်ကို ပြောင်းစားတယ်၊ အဲဒီအချိန်မျာ တခြားတစ်ဝက်

ကလည်း မြက်ပင်လေးတွေ ပြန်ထွက်လာနေပြီ ၊ ဒီလိုနည်းနဲ့ အချိန်ကြာမြင့်စွာ မြက်တွေကို ကောင်းကောင်းစားနိုင်ခဲ့တယ်” ဆန်းလျန်ပြောသည့် ဥပမာကို လေ့ကျင်းက နားလည်ပုံရလေသည်။

“ဒါဆို ဝိညာဉ်စွမ်းအားဆိုတာ ဆင်ခြင်ဉာဏ်နဲ့ပြုမူနေထိုင်တာမျိုးကိုပြောတာပေါ့ ၊ မိစ္ဆာစွမ်းအားဆိုတာကတော့ အဆင်အခြင်မဲ့လုပ်ချင်ရာလုပ်တာကို ဆိုလိုတာပေါ့”

ဆန်းလျန်၏ မျက်ဝန်းများသည် အရှေ့ဆီသို့ ငေးကြည့်နေလေသည်။ သစ်ကိုင်းထက်မှ သစ်ရွက်လေးတစ်ရွက်သည် စမ်းချောင်လေးအတွင်းသို့ ကြွေကျသွားလေသည်။ ကြွေကျသွားသည့် သစ်ရွက်လေးသည် လေထဲတွင် ဦးတည်ရာကင်းမဲ့သွားလေသည်။ ကြွေကျရသည့်အကြောင်းရင်းကတော့ သစ်ရွက်လေး၏ရိုးတံကို ပိုးကိုက်သွားသောကြောင့် ဖြစ်လေ၏။

“မင်းပြောတာမှန်ပါတယ်၊ ဒါပေမယ့် အားလုံးတော့မမှန်သေးဘူး၊ သိုးတွေ မြက်စားချင်တာက သဘာဝပဲ၊ ပထမသိုးကအစပိုင်းမှာ မြက်စားချင်တယ်၊ နောက်တော့ ဆက်စားချင်တယ်၊ နောက်ဆုံးအလိုဆန္ဒကိုမထိန်းချုပ်နိုင်ဖြစ်သွားတယ်၊ ဒါကြောင့် မြက်တွေအားလုံး ပျက်စီးသွားရတာပဲ၊ ဒုတိယသိုးကတော့ သူ့ရဲ့စိတ်ဆန္ဒကိုထိန်းချုပ်နိုင်တယ်၊ မြက်ခင်းကိုအပိုင်းနှစ်ပိုင်းခွဲတယ်၊ တစ်ပိုင်းပြီးမှ နောက်တစ်ပိုင်းစားဖို့ သူဆုံးဖြတ်တယ်”

“တပည့်နားလည်ပါပြီ၊ လုပ်ချင်တာကိုလုပ်တာနဲ့ လုပ်သင့်တာကိုလုပ်တာရဲ့ ကွဲပြားမှုကို ဆရာက ကျွန်မကို ရှင်းပြနေတာမဟုတ်လား၊ လုပ်ချင်တာနဲ့လုပ်သင့်တာကို မျှတအောင်လုပ်နိုင်ဖို့က ကျွန်မတို့အတွက် စည်းကမ်းဆိုတဲ့အရာပဲမဟုတ်လား၊ ဒီစမ်းချောင်းလေးလိုပဲပေါ့.... စီးဆင်းချင်တဲ့နေရာကို စီးဆင်းနိုင်တယ်၊ ဒါပေမယ့် စီးဆင်းရမယ့်လမ်းကြောင်းအတိုင်း

အကန့်အသတ်နဲ့ စီးဆင်းသွားတယ်၊ အကန့်အသတ်ကို ကျော်လွန်သွားခြင်းမရှိဘူး၊ ဒါကြောင့် ပျက်စီးမသွားဘဲ ရေရှည်စီးဆင်းနိုင်တယ်”

လေ့ကျင်းက ခဏနားလိုက်ပြီးမှ …

“နောက်ထပ်မေးခွန်းတစ်ခု မေးစရာရှိသေးတယ်”

“မင်းဘာမေးချင်လဲဆိုတာ ဆရာသိပါတယ်၊ ပထမသိုးက သူ့ရဲ့မြက်ခင်းမှာ မြက်တွေကုန်သွားတော့ အခြား ပိုကောင်းတဲ့ မြက်ခင်းတွေကိုသွားမှာလား ဒါမှမဟုတ် အခြားသိုးတွေစားနေတဲ့ မြက်ခင်းတွေကိုလုစားမှာလား၊ အဲဒီလိုလုပ်တာကရော လုပ်ချင်ရာလုပ်တာလား၊ လုပ်သင့်တာလုပ်တာလား ဆိုတဲ့ အချက်ကိုမေးချင်တာမလား၊ လောကမှာ တစ်စုံတစ်ယောက်က တန်ခိုးစွမ်းအား သိပ်မြင့်မားသွားပြီဆိုရင် ဘာကိုမှ သိပ်ဂရုမစိုက်ကြတော့ဘူး၊ သူတို့လုပ်ချင်ရာကို လုပ်တတ်ကြတယ်၊ ဥပမာ မင်းရဲ့ဦးရီးတော် တာ့ရှားကေရာဇ်လိုပေါ့၊ ဘာဖြစ်လို့

လဲဆိုတော့ သူလုပ်ချင်တာကို ဘယ်သူမှ တားဆီးနိုင်တဲ့ စွမ်းအား မရှိလို့ပဲ"

ဆန်းလျန်က ဖြည်းဖြည်းချင်းပြန်ပြောလိုက်လေသည်။

လေ့ကျင်းမှာလည်း ထိုအကြောင်းကိုပဲ တွေးနေခြင်းဖြစ်လေသည်။

သို့သော် သူမစိတ်ထဲတွင် လွန်ခဲ့သည့်ဆယ်နှစ်ခန့်ကတည်းက အမြစ်တွယ်နေခဲ့သည့် အယူအဆများကတော့ ဆန်းလျန်၏ အပြောတစ်ချက်တည်းဖြင့် ပြောင်းလဲသွားခြင်း မရှိပါချေ။

ထို့ပြင် တာ့ရှားပြည်သည် လုပ်ချင်ရာလုပ်နိုင်သည်မှာ အင်အားအလွန်ကြီးသောကြောင့်ဖြစ်လေသည်။ သူတို့သည် အခြားသူများ၏သယံဇာတများကို လိုချင်သည့်အချိန်တွင် လုယူနိုင်လေသည်။

အင်အားကြီးသူက အသက်ရှင်သန်နိုင်သည်မှာ လောကနိယာမပင် ဖြစ်လေသည်။

လေ့ကျင်းက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း ဆန်းလျ

န်၏အမူအရာကို သေသေချာချာကြည့်နေလေသည်။

ဆန်းလျန်၏ မျက်နှာအမူအရာကတော့ ပုံမှန်အတိုင်းပင်ဖြစ်

လေသည်။ စိတ်ဆိုးသည့်ဟန်လည်းမရှိသလို ပျော်ရွှင်သသည့်

ဟန်လည်းမရှိပေ။ သို့သော် ဆန်းလျန်ဆိုသည်က ရင်ထဲမှ စိတ်

ခံစားချက်ကို မည်သည့်အခါမှ မျက်နှာတွင် ထုတ်ဖော်ပြလေ့ရှိ

သူ မဟုတ်ပေ။

"ဒါဆို ဆရာက တာ့ရှားမျိုးနွယ်တွေကို မိစ္ဆာတွေလို့ ပြောချင်

တာလား"

သူမက အသံတိုးတိုးဖြင့် မေးလိုက်လေသည်။

"ဆရာက ဒီသဘောပြောတာမဟုတ်ပါဘူးကွယ် ၊ မင်း အဲဒီဓား

သုံးလက်ကို သေသေချာချာ လေ့လာပါ ၊ ပြီးရင် ဆရာမင်းကို

ပညာအသစ်တစ်ခု ထပ်သင်ပေးမယ်"

လူတစ်ယောက်၏အမြင်ကို ပြုပြင်ပေးနိုင်ရန်မှာ အလွန်ခက်ခဲလေသည်။

အကယ်၍ သူက တာအိုတန်ခိုးစွမ်းအားများကို အသုံးပြုကာ လေ့ကျင်း၏အတွေးအခေါ်နှင့်အမြင်များကို အတင်းအဓမ္မ ပြုပြင်ပြောင်းလဲပေးမည်ဆိုပါက သူ့လုပ်ရပ်သည် ယန်ရှီး၏လုပ်ရပ်နှင့် ခြားနားတော့မည် မဟုတ်ပေ။ သူသည် အခြားသူများကို သူတို့၏ ကိုယ်ပိုင်အတွေးအခေါ်များဖြင့် သဘာဝအတိုင်းသာ အသက်ရှင်သန်စေလိုသူ ဖြစ်လေသည်။ အတင်းအဓမ္မပြုပြင်ပြောင်းလဲအောင်လုပ်ယူပါက လောကကြီးသည် ပျင်းစရာပင်ကောင်းနေတော့မည်။

"ဆရာ... ကျွန်မကို တန်ခိုးစွမ်းအားကျင့်စဉ်တွေ သင်ပေးမှာလား ၊ ခုထိ ဘာတန်ခိုးစွမ်းအားကျင့်စဉ်မှ မသင်ရသေးဘူးလေ"

လေ့ကျင်းက စပ်စုလိုက်သည်။

ဆန်းလျန်က လေ့ကျင်း၏ရှည်လျားကော့စင်းသည့်

မျက်တောင်လေးများကို လှမ်းကြည့်လိုက်လေသည်။

သူမ၏မျက်ဝန်းများသည် စီးဆင်းနေသည့်စမ်းရေထက်ပင်

လှပနေသေးသည်။ ထိုမိန်းကလေးကို ဖန်ဆင်းရှင်က အလှပ

ဆုံးဖန်ဆင်းပေးထားသည်ပဲဟု ဆန်းလျန် တွေးနေမိလေ

သည်။

“မင်းက မိန်းကလေးတစ်ယောက်ဆိုပေမယ့် မင်းကိုယ်ထဲမှာစီး

ဆင်းနေတဲ့သွေးက မြင့်မြတ်တဲ့တာ့ရှားသွေးပဲလေ ၊ ဒါကြောင့်

တန်ခိုးစွမ်းအားတွေကရှိနှင့်နေပြီးသားပဲ ၊ ဒါကြောင့် သင်ပေး

စရာမလိုဘူး ၊ ဆရာကမင်းကို ပန်းပုထုတဲ့ပညာ သင်ပေးမယ်”

“အင်း… ပန်းပုပညာသင်ရတာလဲ စိတ်ဝင်စားစရာကောင်းတာ

ပဲ” ဟု လေ့ကျင်းတွေးလိုက်မိသည်။

“ကောင်းပြီလေ ၊ ဘာပုံကို ပန်းပုထုရမှာလဲ”

လေ့ကျင်းက မေးလိုက်သည်။

“လပြည့်ဖို့ ရက်နှစ်ဆယ်လိုသေးတယ်၊ လပြည့်နေ့ကျရင် တာ့ရှားပြည်မှာ ယာဇ်ပူဇော်ပွဲကျင်းပလိမ့်မယ်၊ အဲဒီနေ့ တာ့ရှားကေရာဇ်ကလည်း နန်းတော်မှာ ညစာစားပွဲ ကျင်းပလိမ့်မယ်၊ ဆရာလုပ်ပေးထားတဲ့ ဓားသုံးချောင်းနဲ့ မင်းရဲ့ ဦးရီးတော်ရုပ်ပုံကို ကျောက်သားမှာ ထွင်းထုပါ၊ ဒါပေမယ့် မျက်လုံးတွေကိုတော့ မထွင်းနဲ့၊ မင်းကို အဲဒီပုံထွင်းထုပြီးတဲ့အထိ ဆရာသင်ပြပေးမယ်”

လေ့ကျင်းသည် ဆန်းလျှန်ပြောသည့်စကားကို ပိုပြီးစိတ်ဝင်စားသွားမိလေသည်။ သူမက ဦးရီးတော်၏ရုပ်ပုံကိုကျောက်သားပန်းပုထွင်းထုသည်ကိုသာ ဦးရီးတော် သိရှိသွားလျှင် ပွဲတော်နေ့တွင် အလွန်မှ အံ့သြသွားမည်ဖြစ်လေသည်။ သို့သော် သူမသည် ပန်းပုထုရန်လည်း တွန့်ဆုတ်နေမိပြန်သည်။

ဦးရီးတော်၏ပြိုင်ဘက်ဖြစ်ပုံရသည့် သူမ၏ဆရာသည် သူမကို လှည့်ဖြားမည်ကို စိတ်ပူနေမိလေသည်။ နောက်ဆုံးတွင်တော့ သူမက ပန်းပုရုပ်တု ထုလုပ်ပြီးလျှင် ကွမ်းလုန်ကျီကို အရင်ဦးဆုံးကြည့်ခိုင်းမည်ဟု ဆုံးဖြတ်လိုက်လေသည်။

ကွမ်းလုန်ကျီကတော့ သူမ၏ဦးရီးတော်ကို သစ္စာဖောက်မည့်သူတစ်ယောက် မဟုတ်မှန်း သူမယုံကြည်ထားလေသည်။

အခန်း (၅၀၀) ခွန်ပူကျောက်တုံး

ဆန်းလျန်က လေ့ကျင်းကို ပန်းပုပညာသင်ပေးမည်ဟု ကတိပေးပြီးသည့်နောက်ပိုင်း တစ်နေ့ခင်းလုံး ပျောက်သွားလေသည်။

ညနေပိုင်းတွင်တော့ ကျီဝေ့စာသင်ခန်းထဲတွင် ကြီးမားသည့်ကျောက်တုံးကြီးတစ်တုံး ရောက်ရှိနေသည်ကို လေ့ကျင်း တွေ့ရှိလိုက်ရလေသည်။ ကျောက်တုံးကြီးမှာ ချောမွေ့နေပြီး ဝိညာဉ်စွမ်းအားများနှင့် ပြည့်ဝနေလေသည်။ ကျောက်တုံးမှ ထွက်ပေါ်နေသည့် ဝိညာဉ်စွမ်းအားများကို လေ့ကျင်းသည် အဝေးမှပင်ခံစားနေရလေသည်။

သူမသည် ထိုကျောက်တုံးကြီးအကြောင်းကို ကောင်းစွာသိလေသည်။ ထိုကျောက်တုံးကြီးမှာ "ခွန်ဝူကျောက်တုံး" ဖြစ်လေသည်။

ခွန်ဝူကျောက်တုံးဆိုသည်မှာရှီးဟူပြည်မှ ထွက်ရှိသည့် ရတနာကဖြစ်လေသည်။ ရှီးဟူပြည်ကို တာ့ရှားပြည်က သိမ်းပိုက်

လိုက်သည့်နောက်ပိုင်း တစ်နှစ်လျှင် ခွန်ဝူကျောက်တုံးငါးတုံး ဆက်သရလေသည်။ ကျောက်တုံးသုံးတုံးကို သူမ၏ဖခင် နိုင်ငံခြားရေးဝန်ကြီးက ရရှိလေသည်။

ခွန်ဝူကျောက်တုံးဖြင့် ပြုလုပ်ထားသည့်ဓားများသည် အရောင်တောက်ပနေတတ်ပြီး ကျောက်စိမ်းသားကိုပင် တိခနဲနေအောင် ပိုင်းဖြတ်ပစ်နိုင်လေသည်။ ကျောက်စိမ်းသားသည် အလွန်မာကျောသည့်အရာဖြစ်လေရာ ကျောက်စိမ်းကိုပင် ပိုင်းဖြတ်ပစ်နိုင်သည့် ခွန်ဝူကျောက်သည် မည်မျှမာကျောမည်ကို ခန့်မှန်းကြည့်နိုင်လေသည်။

လေ့ကျင်းသည် ခွန်ဝူကျောက်တုံးကြီးအနီးသို့သွားလိုက်ပြီး ကျောက်တုံးကြီးကို ဖိကြည့်လိုက်လေသည်။ သူမသည် တာ့ရှားပြည်၏ မင်းသမီးငယ်တစ်ပါးဖြစ်သည့်အတွက် သူမတွင် ထူးဆန်းသည့် စွမ်းအားများ ရှိလေသည်။ သူမ၏တန်ခိုးစွမ်းအားရှိသမျှကို အားကုန်သုံးကာ ကျောက်တုံးကြီးကို ဖိ

ကြည့်လိုက်သည့်တိုင် ကျောက်တုံးကြီးတွင် မည်သည့်
အမှတ်အသားမှ ဖြစ်ပေါ်သွားခြင်းမရှိပေ။ ခွန်ပူကျောက်တုံး
အစစ်ပင် ဖြစ်လေသည်။

"ဆရာ... ဒီကျောက်တုံးကြီးဘယ်ကရလာတာလဲ"
သူမက မေးလိုက်သည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"မင်း ပန်းပုပညာသင်မယ်ဆိုတာနဲ့ မင်းရဲ့အဖေက ဒီကျောက်
တုံးကြီးကို လက်ဆောင်ပေးလိုက်တာ"

လေ့ကျင်း၏နှုတ်ခမ်းလေးများ အနည်းငယ်တွန့်ကွေးသွား
လေသည်။ ဆရာရယ်... ဟုတ်မှလည်း ပြောပါ။

သူမ၏ဖခင်သည် ခွန်ပူကျောက်တုံးများကို လူရှေ့သူရှေ့တွင်
ထုတ်ဖော်ပြသလေ့ မရှိပေ။ သူမဖခင်သည် သူမကို အလွန်
ချစ်ခင်သည့်တိုင် သူမပန်းပုထုရန်အတွက်တော့ ခွန်ပူကျောက်
တုံးတစ်တုံးကို ရက်ရက်ရောရောပေးမည့်သူ မဟုတ်ပေ။

ဖခင်ဖြစ်သူသည် အဘိုးဖြစ်သူ လေ့ဟုန်ကိုပင် ခွန်ဝူကျောက်တုံး တစ်တုံးတစ်လေမျှပင် လက်ဆောင်မပေးခဲ့ဖူးပေ။ သူမတွေးသည်မှာ မှန်လေသည်။ လေ့နော်သည် အဖိုးတန်လှသည့် ခွန်ဝူကျောက်တုံးများကို မည်သူ့ကိုမှ ပေးချင်သူ မဟုတ်ပေ။ သို့သော် ဆန်းလျန်ကတော့ ချွင်းချက်ဖြစ်လေသည်။ အမှန်တော့ ဆန်းလျန်ကလည်း ထိုကျောက်တုံးကြီးကို လေ့နော်ဆီမှ တောင်းယူလာခဲ့ခြင်း မဟုတ်ပါ။ လေ့နော်မသိအောင်ယူလာခဲ့ခြင်း ဖြစ်လေသည်။

တာ့ရှားပြည် နိုင်ငံခြားရေးဝန်ကြီး၏ ကြီးကျယ်ခမ်းနားလှသည့် အိမ်တော်ကြီးမှ အကာအကွယ်အမျိုးမျိုးနှင့် အစောင့်စစ်သည်တော်များသည် ဆန်းလျန်အတွက်တော့ မှုလောက်စရာမှ မဟုတ်ပေပဲ။

မင်လော့သေဆုံးသွားသည့်ကိစ္စနှင့်ပတ်သက်ပြီး သိရှိသွားပြီး နောက် လေ့နော်သည် ဆန်းလျန်ကို တုန်နေအောင် ကြောက် လေသည်။

မင်လော့ မည်မျှ တန်ခိုးစွမ်းအားကြီးမားသည်ကို လေ့နော် အသိဆုံးဖြစ်သည်။

ရှင်းလျဲ့မှာ ခြောက်ဘဝလူပြန်ဝင်စားပြီးပြီ ဖြစ်သည့်အတွက် သူ၏ခန္ဓာကိုယ်သည် မိုးကောင်းကင်မီးတော်ကများဖြင့် ပြည့် ဝနေပြီ ဖြစ်လေသည်။ သူ့အနားသို့ကပ်သူ မည်သူမဆို မီးလောင်ခံရမည်ကို ကြောက်ရွံ့ကြလေသည်။ သို့သော် မင် လော့သည် တာ့ရှားကေရာဇ်၏အမိန့်တစ်ခုတည်းဖြင့် ရှင်း လျဲ့၏နားများကို တစ်ချက်ပင်တုန့်ဆိုင်းခြင်းမရှိ လွယ် လွယ်ကူကူနှင့် ဖြတ်တောက်ပစ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မင်လော့၏တန်ခိုးစွမ်းအား မည်မျှမြင့်မားနေသည်ကို ခန့်မှန်း ကြည့်နိုင်လေသည်။

မင်လော့သည် တိချိုးမြို့တော်တွင် ထိပ်တန်းအဆင့် တန်ခိုးရှင် တစ်ယောက် ဖြစ်လေသည်။

ထိုသို့သော ပုဂ္ဂိုလ်မျိုးသည် တာ့ရှားသချ္ချင်းအပြင်ဘက်တွင် မတ်တပ်ရပ်ရင်း အသက်ပျောက်နေခဲ့လေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်မည်မျှ ကြောက်မက်ဖွယ်ရာကောင်းသည်ကိုလည်း ခန့်မှန်းကြည့်နိုင် လေသည်။

ဆန်းလျန်သည် အလွန်တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ဖြစ်ကြောင်း လေ့ကျင်းလည်း သိထားပါသည်။ ထို့ပြင် ညဏ်ကောင်းလွန်းသောမိန်းကလေးသည် ဆန်းလျန်နှင့် သူမ ဖခင်ကြားတွင် ပုံမှန်မဟုတ်သည့် ဆက်ဆံရေးတစ်ခုရှိနေသည် ကိုလည်း ရိပ်မိနေလေသည်။

သို့သော် ဖခင်ဖြစ်သူက ပြောပြခြင်းမရှိသည့်အတွက် သူမက လည်း မေးမြန်းခြင်းမပြုခဲ့ပါ။

မည်သို့ပင်ဖြစ်စေ ခွန်ဝူကျောက်တုံးဖြင့် ပန်းပုထုရမည်ဆို

သည့်အတွက် သူမ ပျော်ရွှင်လျှက် ရှိလေသည်။

"ကောင်းပြီလေ ၊ ဘယ်အချိန်စပြီး ပန်းပုထုကြမလဲ ဆရာ"

"ခဏလောကတော့ စောင့်ပါဦး..."

ဆန်းလျန်က နူးညံ့သည့်လေသံဖြင့် ပြောလိုက်သည်။

ထို့နောက် ဆန်းလျန်က ကျီဝေ့စာသင်ခန်းရှိ စာအုပ်စင်တစ်ခု

မှာ စာအုပ်တစ်အုပ်ကို ယူလိုက်လေသည်။ ထိုစာအုပ်မှာ ပန်းပု

ပညာအကြောင်း ရေးသားထားသည့် စာအုပ်ဖြစ်လေသည်။

အသိဉာဏ်ရှိသည့်လူသားများ စတင်မွေးဖွားလာကတည်းက

အချင်းချင်းဆက်သွယ်ရန် ကြိုးစားခဲ့ကြသည်။ ထိုသို့ဆက်

သွယ်ရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ စာရေးခြင်းပင်

ဖြစ်လေသည်။

သို့သော် စာရေးခြင်းသည် အစောဆုံးဆက်သွယ်မှုတစ်ခုတော့

မဟုတ်ခဲ့ပေ။ စာရေးခြင်းမတိုင်မီအချိန်များတွင် ကျောက်သား

ထက်တွင် သင်္ကေတများ ထွင်းထုဖော်ပြပြီး ဆက်သွယ်ခဲ့ကြ

ခြင်းက ပိုပြီးရှေးကျလေသည်။

တာ့ရှားသချုင်းရှိ သချုင်းဂူများတွင်ပင်လျှင် ဘိုးဘေး

များ၏ ပန်းပုရုပ်တုများ များစွာရှိလေသည်။ ဘိုးဘေး

များ၏စိတ်ဓာတ်နှင့် တန်ခိုးစွမ်းအားအနှစ်သာရများကို

ပေါ်လွင်အောင် ပန်းပုပညာရှင်များက ကျွမ်းကျင်စွာထွင်းထု

ထားကြသည့်အတွက် နောက်ပိုင်းမျိုးဆက်များသည် ပန်းပု

ရုပ်တုများကို ကြည့်လိုက်လျှင်ပင် ဘိုးဘေးများ၏

အစွမ်းသတ္တိကို သိမြင်ခံစားနိုင်လေသည်။

ဆန်းလျန်က စာအုပ်ကိုဖွင့်လိုက်ပြီး ပန်းပုပညာအကြောင်း

အသေးစိတ်ကို လေ့ကျင်းကို ရှင်းပြနေလေသည်။ ဆန်းလျ

န်၏ သင်ပြပေးမှုက သူမတူအောင် ထူးချွန်လေသည်။

ဆန်းလျန်က ပန်းပုပညာအကြောင်း ရှင်းပြပြီးသည်နှင့် လေ့

ကျင်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုအခါ လေ့ကျင်းသည် ပြုံးနေသည်ကို တွေ့လိုက်ရလေသည်။ သူမ၏အပြုံးသည် ကြာပန်းလေးတစ်ပွင့် ပွင့်လန်းနေသည်နှင့်တူလေသည်။ ထို့နောက် သူမက ဆန်းလျှန်ရှင်းပြသည်များကို ချက်ချင်းပင် အလွတ် ပြန်ပြောပြလိုက်လေသည်။

သူမ၏အသံလေးမှာ ကြည်လင်သာယာလွန်းသည့်အတွက် အပြင်ဘက်မှ ကွမ်းလုန်ကျီ၏တပည့်များပင် ခိုးနားထောင်ကြရသည်အထိပင်။

လေ့ကျင်းသည် တာ့ရှားပြည်မှ မင်းသမီးလေးတစ်ပါးဖြစ်သည့်အတွက် ပြင်ပလောကတွင် သူမကို တွေ့မြင်ခွင့်ရရန်မှာ မလွယ်ကူလှပေ။ ထို့ကြောင့် ကွမ်းလုန်ကျီ၏တပည့်များသည် သူမကို အမြဲတမ်း လိုက်လံချောင်းမြောင်းကြည့်ရှုလေ့ရှိကြလေသည်။

သူမနှင့် ချစ်သူမဖြစ်နိုင်လျှင်တောင်မှ သူမ၏အလှတရားကို မျက်စိအစာကျွေးနိုင်လေသည်။

ပန်းပုပညာအကြောင်းကို လေ့ကျင်းနှင့်ဆန်းလျန် အပြန်အလှန်ပြောဆိုဆွေးနွေးနေသည်ကို ခိုးပြီးနားထောင်ပြီးသည့်နောက် တပည့်များအားလုံး ပန်းပုထုချင်စိတ်များ ဖြစ်လာကြတော့သည်။

ထို့နောက်တွင်တော့ တော်ဝင်ကျောင်းတော်ခြံဝင်းအတွင်းမှ ကျောက်တုံးများသည် ပန်းပုထုချင်လွန်းသည့် ကျောင်းသားများလက်ချက်ဖြင့် တဖြည်းဖြည်း ပျောက်ဆုံးကုန်ကြတော့သည်။

လေ့ကျင်းကတော့အခြားသူများကို စိတ်မဝင်စားပါ။ သူမသည် ပန်းပုပညာကိုသာ စိတ်ဝင်တစားသင်ယူနေလေသည်။ သူမ၏ဝိညာဉ်စွမ်းအားနှင့် ဉာဏ်ရည်ထက်မြက်မှု က အခြားသူများထက် သာလွန်လေသည်။ တစ်ခါနားထောင်ရုံဖြင့်

သူမသည် ပန်းပုပညာအကြောင်းကို အသေးစိတ် နားလည်သွားလေသည်။

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

“မဆိုးဘူး ၊ ဒါပေမယ့် စာအုပ်ထဲမှာ မပါတဲ့အကြောင်းအရာတွေကိုလည်း သိထားဖို့လိုတယ် ၊ အဲဒါက အရေးကြီးတယ်”

“ဘာများလဲ”

လော့ကျင်းက ပြန်မေးလိုက်သည်။

ဆန်းလျန်သည် လော့ကျင်းလက်ကို ဆွဲကိုင်လိုက်ပြီး ခွန်ဝူကျောက်တုံးပေါ်သို့ တင်လိုက်လေသည်။ လော့ကျင်းမှာ ဆန်းလျန်က သူမ၏လက်ကိုကိုင်လိုက်သည့်အတွက် ရင်ခုန်သွားသည့်တိုင် ချက်ချင်းပင်တည်ငြိမ်ဟန်ဆောင်လိုက်လေသည်။

“ဆရာ... ဘာလုပ်မလို့လဲ”

ဆန်းလျန်က မေးလိုက်သည်။

“ဘယ်လိုခံစားရလဲ...”

လေ့ကျင်းမှာ ရှက်သွေးဖြာနေမိပြီးမှ...

"ဆရာ့လက်က နွေးနေတာပဲ..."

သူမ၏အဖြေစကားကြောင့် ဆန်းလျန်သည် လေ့ကျင်းကို ခပ်တည်တည်ဖြင့်ကြည့်ပစ်လိုက်လေသည်။

ထိုအခါမှ လေ့ကျင်းက ပြုံးစိစိလုပ်လိုက်ပြီး...

"စတာပါ စတာပါ ၊ ကျောက်တုံးရဲ့ဖွဲ့စည်းတည်ဆောက်ပုံရယ် ၊ ကျောက်တုံးထဲက ဝိညာဉ်စွမ်းအားတွေရယ် ၊ အဲဒီဝိညာဉ်စွမ်းအားတွေက ကျောက်တုံးရဲ့ဖွဲ့စည်းတည်ဆောက်ပုံအတိုင်း စီးဆင်းနေတာရယ် ၊ အဲဒါက ကာရံညီပြီး လှပတယ်လို့ခံစားမိတယ်"

ဆန်းလျန်သည် လေ့ကျင်း၏ အရည်အချင်းကို မလေးစားဘဲ မနေနိုင်တော့ပေ။

"ကောင်းတယ် ၊ အဓိကအချက်က ခွန်ဝူကျောက်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို အာရုံခံနိုင်ဖို့ပဲ ၊ ကျောက်သားရဲ့ ဖွဲ့စည်း

တည်ဆောက်ပုံကို နားလည်မှ ပန်းပုထုလို့ရနိုင်မယ်၊ အခု

အချိန်ကစပြီး ခွန်နုဝူကျောက်ကို ဆက်ပြီး ခံစားကြည့်ပါ၊ မင်း

မျက်လုံးထဲမှာ အဲဒီကျောက်တုံးကို ကျောက်တုံးလို့ မမြင်တော့

တဲ့အထိ ခံစားကြည့်ပါ၊ ပြီးရင် နောက်တစ်ဆင့်တက်ကြတာ

ပေါ့”

လေ့ကျင်းက ဆန်းလျန်ကို ကြည့်လိုက်ရင်း....

“ဒါဘာခက်လို့လဲ...၊ ကျွန်မကို တစ်ညပဲ အချိန်ပေး...”

လေ့ကျင်းက ဆန်းလျန်ကို မော့ကြည့်ရင်းပြောလိုက်လေ

သည်။

သူမ၏အကြည့်များက ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်ရှိနေပုံ

ရလေ၏။

....

တိချိုးမြို့တော်...

ဝမ်ချန်နန်းတော်...

ဝမ်ချန်နန်းတော်မှာ အလွန်ကြီးမားနက်ရှိုင်းသည့်နေရာတစ်ခု ဖြစ်ပြီး ယင်းလုန်သည် အလွန်ကြီးမားသည့် ရေကန်ကြီးတစ်ခု အတွင်းတွင် နေထိုင်လေသည်။ ထိုရေကန်ကြီးနှင့် မနီးမဝေး တစ်နေရာတွင် အနက်ရောင် သံမဏိတိုင်ကြီးများ ရှိလေသည်။ ထိုသံမဏိတိုင်လုံးကြီးများအောက်တွင် အသူရာချောက်မှ မီးတောက် တည်ရှိလေသည်။ ထိုတိုင်များတွင် လူတစ်ဦးစီကို ချည်နှောင်ထားပြီး ထိုသူများမှာ မင်းမျိုးမင်းနွယ်များ သို့မဟုတ် တာ့ရှားပြည် အပြင်ဘက်ရှိ ဒေသများမှ ခေါင်းဆောင်များ ဖြစ်လေသည်။

သူတို့တွင် အော်ဟစ်ရန်ပင် အားမရှိကြတော့ပေ။

အသူရာချောက်မှ မီးတောက်ဆိုသည်က လူတစ်ယောက်၏ စိတ်နှင့်ခန္ဓာ အရာအားလုံးကို ပျက်စီးစေနိုင်စွမ်းရှိလေသည်။ သို့သော် ထိုသူများမှာ အသူရာချောက်မှမီးတောက်၏ဒဏ်ကို တိုက်ရိုက်မခံစားကြရဘဲ သံမဏိတိုင်လုံးကြီး များမှတစ်ဆင့်

ခံစားကြရသည့်အတွက် ထိုသူများသည် ချက်ချင်းမသေကြ

သေးခြင်း ဖြစ်လေသည်။

ဤသည်မှာ တာ့ရှားကေရာဇ်ကိုယ်တိုင်တီထွင်ထားသည့်

"သံမဏိမီးတိုင်အပြစ်ပေးနည်း" ဖြစ်လေသည်။ တာ့ရှား

ပြည်၏ ကြောက်စရာအကောင်းဆုံး အပြစ်ပေးနည်းပင်

ဖြစ်သည်။

တာ့ရှားကေရာဇ်သည် အမြင့်တစ်နေရာတွင် ထိုင်နေလေ

သည်။ သူက ဝေဒနာခံစားနေရသည့် ထိုသူများကိုကြည့်ပြီး

အကြင်နာကင်းမဲ့စွာ ပြုံးလိုက်လေသည်။

အိပ်ပျော်နေသည့် ယင်းလုန်နဂါးကြီးသည် တိချိုးမြို့သို့ ဆန်း

လျန်ရောက်လာသည့်အချိန်တွင် နိုးထသွားပြီး နောက်ပိုင်း ပြန်

မအိပ်တော့ပါချေ။

တာ့ရှားကေရာဇ်၏ ရွံမုန်းစရာ အကြင်နာကင်းမဲ့သည့်

အပြစ်ပေးနည်းကို ယင်းလုန်က စိတ်မဝင်စားပါ။ သူ

စိတ်ဝင်စားသည်မှာ အသူရာချောက်မှမီးတောက်နှင့်ကင်ထား သည့် လူသားကင်မှာ အလွန်အရသာရှိသည်ဆိုသည့် အချက် ပင် ဖြစ်လေသည်။

ယင်းလုန်သည် သံမဏိတိုင်လုံးများတွင် ချည်နှောင်ထားသည့် လူများကို တစ်ယောက်ချင်းစားပစ်နေလေသည်။

ထိုအချိန်မှာပင်...

ကောင်းကင်ထက်ဆီမှ ကျယ်လောင်သည့်ငှက်အော်သံတစ်သံ ကို ကြားလိုက်ရလေသည်။

အခန်း (၅၀၁) အဖြူရောင်မင်းကြီး၏သားတော်

အောက်လိုက်သည့်ငှက်မှာ မဲနက်နေသည့် ဇာမဏီငှက်တစ်ကောင်ဖြစ်လေသည်။ ဆန်းလျှန်သာ ထိုငှက်ကိုတွေ့လျှင် ချမ်းမော့နှင့်အလွန်ဆင်တူသည်ဟု တွေးမိမည် ဖြစ်လေသည်။ ချမ်းမော့နှင့်အရောင်မတူသည့်တိုင် ပုံသဏ္ဍာန်တူညီလေသည်။ အထူးသဖြင့် ထိုငှက်၏ မျက်လုံးများသည် ချမ်းမော့၏မျက်လုံးများနှင့် တစ်ထပ်တည်းဖြစ်လေသည်။ ထိုငှက်အော်သံကိုကြားသည်နှင့် ယင်းလုန်က တစ်ချက်ကျုံးဝါးလိုက်ပြီး ဇာမဏီငှက်ရှိရာသို့ မုန်တိုင်းတစ်ခုအလား ဝင်ရောက်သွားတော့သည်။ နဂါးတစ်ကောင်အသက်ရှူလိုက်လျှင်

မုန်တိုင်းတစ်ခုဖြစ်လာနိုင်ပြီး ကျောက်စိမ်းတောင်ကိုပင် ဖြိုဖျက်ပစ်နိုင်စွမ်းရှိသည်ဟု အဆိုရှိကြလေသည်။ အနက်ရောင်ဇာမဏီငှက်က အတောင်ကို တဝုန်းဝုန်းခတ်လိုက်လေရာ နဂါးမုန်တိုင်းမှာ ပျောက်ကွယ်သွားရလေသည်။ ဇာမဏီငှက်၏လက်သည်းများသည် သံမဏိတိုင်ကြီးများကို ဆွဲကုတ်ထားလေသည်။ အသူရာချောက်မှ မီးတောက်ကို ဇာမဏီငှက်က စုပ်ယူလိုက်ပြီး ယင်းလုန်ကို မီးဖြင့်မှုတ်ပစ်လိုက်လေသည်။

ယင်းလုန်သည် မြင့်မြတ်သည့်နဂါးမျိုးမှ ဆင်းသက်လာသည့် နဂါးတစ်ကောင်ဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအားက နှစ်ပေါင်းတစ်သောင်းကျင့်ကြံထားသည့် ကျင့်ကြံသူနှင့် ညီမျှလေသည်။ သာမန်အဆင့်လောက်ကျင့်ကြံသူများသည် သူ့ကိုဒူးထောက်ဦးညွှတ်ကြရမည့် အနေအထားဖြစ်လေ၏။

သို့သော်… အနက်ရောင်ဇာမဏီငှက်ကတော့ ယင်းလုန်ကို တစ်စက်ကလေးမှ မကြောက်ပေ။မီးဖြင့်အမှတ်ခံ လိုက်ရသည့် ယင်းလုန်သည် ခဏာတာမျှ ကျိုးဝါးအော်ဟစ်နေပြီး နဂါးကန်အတွင်းသို့ ပြန်ဆင်းသွားလေတော့သည်။

အနက်ရောင်ဇာမဏီငှက်သည် တာ့ရှားကေရာဇ်ကို လှည့်ကြည့်လိုက်ပြီး ပါးစပ်ကိုဟလိုက်လေသည်။ ထိုအခါ သူ၏ပါးစပ်အတွင်းမှ စာတစ်စောင်ထွက်ကျလာလေသည်။ ရွှေပေလွှာထက်တွင် ရှေးဟောင်းလက်ရေးများဖြင့် ရေးသားထားသည့် စာတစ်စောင်ဖြစ်လေသည်။ ထိုစာကို တာ့ရှားကေရာဇ်က ဖမ်းယူလိုက်သည်။

တာ့ရှားကေရာဇ်၏လူများသည် ထိုစာသည် မည်သည့်နေရာမှ ပေးပို့လိုက်သည်ကို သိရှိလိုက်ကြသည့်အတွက် အံ့ဩတုန်လှုပ်သွားကြရသည်။

အရှေ့တိုင်းစစ်သည်တော်များသည် တာ့ရှားပြည်ထက်ပိုပြီး ရှေးကျသူများ ဖြစ်ကြလေသည်။ ယင်းစန်းဒေသသည် အရှေ့တိုင်းစစ်သည်တော်များအုပ်စုမှ ခွဲထွက်သွားသည့် ဒေသ တစ်ခုဖြစ်လေသည်။

အရှေ့တိုင်းစစ်သည်တော်များ၏မျိုးနွယ်စုများဆီမှ တာ့ရှား ဧကရာဇ် အထင်မသေးရဲသည့် သူရဲကောင်းများ ထွက်ပေါ်လာ လေ့ရှိလေသည်။ ထိုအနက်ရောင်ဇာမဏီငှက်မှာလည်း သူရဲကောင်းတစ်ယောက်မှ စေလွှတ်လိုက် သည့်ဇာမဏီငှက် ဖြစ်လေသည်။

အတိအကျပြောရမည်ဆိုလျှင် ထိုသူသည် လူတစ်ဝက် ၊ မိစ္ဆာ တစ်ဝက် မွေးဖွားလာသည့်သူဖြစ်လေသည်။

ထိုသူ၏အသက်သည် ယခုဆိုလျှင် အသက်နှစ်ဆယ်ခန့်ရှိ လောက်ပေပြီ။

ထိုသူ၏အမည်မှာ "ယွမ်ယန်" ဖြစ်ပြီး သူမွေးဖွားလာသည့်

အချိန်တွင် သူ့ဘေးတွင် ဇာမဏီငှက်ငါးကောင်က

စောင့်ရှောက်ပေးနေခဲ့လေသည်။

ရဟန်းမင်းကြီးက ထိုလူငယ်သည် အဖြူရောင်

မင်းကြီး၏တန်ခိုးစွမ်းအားများကြောင့် မွေးဖွားလာခဲ့သူဖြစ်

သည့်အတွက် အဖြူရောင်မင်းကြီး၏သားတော်ဖြစ်သည်ဟု

ပြောခဲ့လေသည်။ ထိုလူငယ်သည် အရှေ့တိုင်းစစ်သည်တော်

များ၏ခေါင်းဆောင်ဖြစ်လာမည့်သူဖြစ်ပြီး အရှေ့တိုင်း

စစ်သည်တော်များအားလုံးကို စုစည်းပေးနိုင်မည့် တစ်ဦး

တည်းသောသူ ဖြစ်လေသည်ဟု ရှေ့ဖြစ်ဟောကိန်းများ ရှိခဲ့

လေသည်။

အရှေ့တိုင်းစစ်သည်တော်များကို စုစည်းမိသွားမည့်အချက်မှာ

တာ့ရှားပြည်အတွက် မကောင်းသည့်အချက် ဖြစ်လေသည်။

ထို့ကြောင့် တာ့ရှားဧကရာဇ်သည် ထိုလူငယ်ကို လုပ်ကြံ

သတ်ဖြတ်ရန်စေခိုင်းခဲ့လေသည်။ ထိုလူငယ်လေးသည် မွေး ကတည်းကပင် တာ့ရှားကေရာဇ်၏လူများက လိုက်လံ သတ်ဖြတ်သည်ကို ခံခဲ့ရရှာသူ ဖြစ်လေသည်။ သို့သော်... ဇာမ ဏီငှက်ငါးကောင်က ကာကွယ်ပေးထားသည့်အတွက် လုပ်ကြံမှု မအောင်မြင်ခဲ့ပေ။ နောက်ဆုံးတွင်တော့ ထိုလူငယ် လေးသည် ပျောက်ဆုံးသွားခဲ့လေသည်။

သို့သော် တာ့ရှားပြည်ကတော့ ထိုဇာမဏီငှက်ငါးကောင်လုံး၏ ပုံသဏ္ဌာန်ကို မှတ်မိနေခဲ့လေသည်။

ဇာမဏီငှက်များသည် အလွန်မှ တန်ခိုးစွမ်းအားကြီးလေသည်။ သူတို့သည် ယင်းလုန်ကိုပင် အရေးမလုပ်ပေ။ အလွန်လည်း လျှင်မြန်လွန်းကြသည့်အတွက် သူတို့ကို ဖမ်းဆီးရန်မှာလည်း လုံးဝမဖြစ်နိုင်ပေ။ လူငယ်လေးယွမ်ယန်အသက်ရှင်နေသည် မှာ ထိုဇာမဏီငှက်များကြောင့် ဖြစ်လေသည်။

ရွှေပေလွှာစာကိုဖတ်ပြီးသည့်နောက် တာ့ရှားကေရာဇ်၏ မျက်နှာမှာ တည်ငြိမ်နေဆဲဖြစ်သည့်တိုင် သူထိုင်နေသည့် ကျောက်ပလ္လင်အောက်ရှိ ကျောက်သားကြမ်းပြင် အစိတ်စိတ်အမွှာမွှာကွဲအက်သွားတော့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် တာ့ရှားကေရာဇ် မည်မျှဒေါသထွက် နေသည်ဆိုသည့်အချက်ကို သိရှိနိုင်လေသည်။

အနက်ရောင်ဇာမဏီငှက်သည် အဝေးဆီသို့ပျံသန်းမသွားခင် အတောင်များကို တဖျတ်ဖျတ်ခတ်လိုက်လေသည်။ တာ့ရှား ကေရာဇ်က လက်ကိုရှေ့သို့ဆန့်ထုတ်လိုက်ပြီး ဇာမဏီငှက်ကို ဖမ်းဆီးလိုက်သည်။ သို့သော် အနက်ရောင် ငှက်မွှေးများသာ ကျွတ်ထွက်လာပြီး ဇာမဏီငှက်ကိုတော့ ဖမ်းဆီးမိခြင်း မရှိ ပေ။

တာ့ရှားကေရာဇ်မှာလည်း ဖမ်းလို့မရမှန်းသိသဖြင့် မဖမ်းတော့ ပေ။

ရွှေရောင်ပေလွှာထက်တွင် ရေးသားထားသည့်အကြောင်းအရာများကို နောက်ပိုင်းတွင်တော့လူအများ သိခွင့်ရခဲ့ကြလေသည်။

အဖြူရောင်မင်းကြီး၏သားတော် ယွမ်ယန်မင်းသားငယ်သည် အရှေ့ဘက်တိုင် တိုင်းပြည်တည်တစ်ခု တည်ဆောက်ပြီး ချုန်းစန်းကို ဘုရင့်နေပြည်တော်အဖြစ် သတ်မှတ်မည့်အကြောင်းနှင့် ယွမ်ယန်မင်းသားငယ်သည် ယိုးရှီပြည်မှ အလွန်လှပသည့်မိန်းမပျို မေရှီမင်းသမီးကို လက်ဆက်မည့်အကြောင်းစာထဲတွင်ရေးသားထားလေသည်။

ရွှေပေလွှာမှာ ယွမ်ယန်မင်းသားငယ်ကိုယ်တိုင်ရေးသားထားသည့် အကြောင်းကြားစာ ဖြစ်လေသည်။

ယခုတော့ ယိုးရှီပြည်ကို တာ့ရှားဧကရာဇ်စစ်ချီမည့်အကြောင်းရင်းကို အားလုံးနားလည် သွားကြပြီ။

အမှန်တော့ တာ့ရှားကေရာဇ်က ယိုးရှီပြည်မှ မေရှီမင်းသမီးကို
အရင်ဆုံး လက်ထပ်ခွင့်တောင်းခဲ့သူ ဖြစ်လေသည်။ သို့သော်
ယိုးရှီပြည်က တာ့ရှားကေရာဇ်ကို ငြင်းပယ်ခဲ့သည်။
ယိုးရှီပြည်က တာ့ရှားပြည်ကို သတ္တိရှိရှိ ငြင်းပယ်ရသည့်
အကြောင်းကို ယခုတော့ သိရှိခဲ့ရပြီ။ သူတို့က အဖြူရောင်
မင်းကြီး၏သားတော် ယွမ်ယန်မင်းသားငယ်၏အားကိုးဖြင့်
တာ့ရှားကေရာဇ်ကို ငြင်းပယ်ခဲ့ခြင်းပင်။
ရဟန်းမင်းကြီး၏ခန့်မှန်းချက်အတိုင်းသာဆိုလျှင် ထိုလူငယ်
သည် တစ်ချိန်တွင် ဘုန်းတန်ခိုးကြီးမားသည့်ဘုရင်တစ်ပါး
ဖြစ်လာမည် ဖြစ်လေသည်။
နောက်တစ်နေ့တွင်တော့ နန်းတွင်းညီလာခံတွင် တာ့ရှား
ကေရာဇ်သည် ထိုကိစ္စကို အမတ်မင်းများနှင့် ဆွေးနွေးခဲ့လေ
သည်။

တာ့ရှားကေရာဇ်၏စိတ်ထဲတွင် တွေးနေသည့်အတွေးများကို မည်သူမှ မသိနိုင်ပါ။ သို့သော်... တာ့ရှားပြည်၏အကျိုးစီးပွား သည် တာ့ရှားကေရာဇ်အပါအဝင် တော်ဝင်မိသားစုဆယ့်နှစ် စု၏ အကျိုးစီးပွားလည်း ဖြစ်သည့်အတွက် သူတို့အားလုံး သည် အလေးအနက်ထားကာ ဆွေးနွေးခဲ့ကြလေသည်။

အမှန်တော့ အဖြူရောင်မင်းကြီး၏သားတော် ယွမ်ယန်က စာ ထဲတွင် ရေးသားထားသည့်အချက်များမှာ နိမ့်ချခြင်းနှင့် ငြိမ်းချမ်းခြင်းကို ဦးတည်သည့်သဘောဆောင်လေသည်။ သူက တာ့ရှားပြည်ကိုလည်း ဦးထိပ်ထားပါမည့်အကြောင်း လည်းစာထဲတွင်ပါရှိလေသည်။ သို့သော် သူက တိုင်းပြည် တည်ထောင်ခြင်းနှင့် ယိုးရှီမင်းသမီးနှင့် လက်ဆက်မည့်ကိစ္စကို တော့ မည်သူကမျှ တားဆီးနိုင်မည်မဟုတ်ကြောင်းကိုလည်း စာထဲတွင် မသိမသာဖော်ပြထားလေသည်။

အဖြူရောင်မင်းကြီးဆိုသူမှာ မဟာနတ်မိစ္ဆာတန်ခိုးရှင်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည့် နတ်မိစ္ဆာဘုရင်တစ်ပါး ဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအားများက ထိပ်တန်းအဆင့်ဖြစ်ပြီး ထာဝရမသေနိုင်သည့် နတ်ဘုရားတစ်ပါးအဖြစ် သတ်မှတ်နိုင်လေသည်။

ယွမ်ယန်မင်းသားငယ်သည် အဖြူရောင်မင်းကြီးတန်ခိုးစွမ်းအားများမှ မွေးဖွားလာသူ ဖြစ်သည့်အတွက် မင်းသားငယ်၏ သန့်စင်သည့်တန်ခိုးစွမ်းအားများကို နတ်မိစ္ဆာအားလုံးကလည်း သတိပြုမိနေပြီ ဖြစ်လေသည်။

ကျင့်ကြံသူများကို ချီးမြှောက်လွန်းသည့် ယင်းစန်းဒေသအကြီးအကဲ ထျန်းယီပင်လျှင် တာ့ရှားဧကရာဇ်ကို ခေါင်းကိုက်အောင်လုပ်နေသူဖြစ်လေရာ ယွမ်ယန်မင်းသားငယ်သာ နတ်မိစ္ဆာဂိုဏ်းများနှင့် အရှေ့တိုင်းစစ်သည်တော်များအားလုံးကို စုစည်းနိုင်မည်ဆိုလျှင် ယင်းစန်းဒေသကဲ့သို့ပင် အန္တရယ်

များသည့် တိုင်းပြည်တစ်ခု ဖြစ်တည်လာမည်မှာ အသေအချာပင်။

နန်းတွင်းညီလာခံတွင် အမတ်မင်းများမှာ အုပ်စုနှစ်စုကွဲသွားလေသည်။

ပထမအုပ်စုမှာ ထျန်းယီကို အမြန်လွှတ်ပေးပြီး ထျန်းယီနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုကာ ယင်းစန်းနှင့်ပူးပေါင်းပြီး အရှေ့တိုင်းစစ်သည်တော်များကို တိုက်ခိုက်ရန်ဖြစ်လေသည်။ ယင်းစန်းဒေသရော အရှေ့တိုင်းစစ်သည်တော်များနေထိုင်သည့်ဒေသနှစ်ခုစလုံးသည် တာ့ရှားပြည်၏ အရှေ့ဘက်တွင်တည်ရှိလေသည်။ အကယ်၍ ယင်းစန်းဒေသနှင့်အရှေ့တိုင်းစစ်သည်တော်များ ပြန်လည်ပူးပေါင်းသွားပါက တာ့ရှားပြည်အတွက် ကျိန်းသေအခက်တွေ့နိုင်ပေမည်။ ထို့ကြောင့် အရှေ့တိုင်းစစ်သည်တော်များကို ယင်းစန်းနှင့် တွေ့ပေးလိုက်

ပါက သူတို့အချင်းချင်းတိုက်ခိုက်ကြမည်ဆိုလျှင် တာ့ရှားပြည်

အတွက် ကြီးစွာသောအကျိုးအမြတ်ရရှိမည် ဖြစ်လေသည်။

အရှေ့တိုင်းစစ်သည်တော်များသည် ယင်းစန်းဒေသနှင့် မဟာ

ရန်သူများဖြစ်ကြသည့်တိုင် တကယ်တမ်း သေရေးရှင်ရေး

ရင်ဆိုင်ရမည်ဆိုလျှင် ယင်းစန်းနှင့် ပြန်လည်ပူးပေါင်းသွားနိုင်

လေသည်။

သို့သော်... ထျန်းယီသည် ပညာရှိတစ်ယောက်ဖြစ်

သည့်အတွက် အခက်အခဲများအားလုံးကို လွယ်ကူစွာ ဖြေရှင်း

နိုင်မည်မှာ သေချာလေသည်။

ဒုတိယအုပ်စု၏ အမြင်ကတော့ လုံးဝခြားနားလေသည်။

သူတို့က ထျန်းယီကို အမြန်ဆုံးသေဒဏ်ချမှတ်လိုက်ပြီး

လောကကြီးတစ်ခုလုံးကို တာ့ရှားပြည်၏ အင်အားကြီးမားမှု

ကို ပြသစေလိုလေသည်။ ထျန်းယီကိုသတ်ပြီးသည်နှင့်

ချက်ချင်းပင် ယိုးရှီပြည်ကို တိုက်ခိုက်ပြီး မေရှီမင်းသမီးကို

သိမ်းပိုက်ရန်ဖြစ်လေသည်။အချိန်တိုအတွင်းတွင် ထိုကိစ္စများ

အားလုံးကိုသာ ပြုလုပ်နိုင်မည်ဆိုလျှင် တိုင်းပြည်အတော်များ

များသည် တာ့ရှားပြည်ကို ပြန်လည် ဦးညွှတ်လာကြမည် ဖြစ်

လေသည်။

ထို အမတ်အုပ်စုနှစ်စု အငြင်းပွားနေသည်မှာ နန်းတွင်းညီလာခံ

တွင် ဆယ်ရက်တိတိကြာမြင့်လေသည်။

သို့သော် တာ့ရှားဧကရာဇ်ကတော့ မည်သည့်စကားမှ ဝင်

ရောက်ပြောဆိုခြင်း မရှိပေ။

....

လေ့ကျင်းကတော့ ပန်းပုထုခြင်းမှလွဲပြီး မည်သည့်အလုပ်ကိုမှ

စိတ်မဝင်စားတော့ပေ။ သူမသည် ခွန်ဂူကျောက်တုံးကြီးအနား

တွင်ပင် စားပြီး ထိုအနားတွင်ပင် အိပ်လေသည်။ မိုးလင်း

မိုးချုပ် ခွန်ဂူကျောက်တုံးအနီးမှ တစ်ဖဝါးမှ မခွာပေ။

ဆန်းလျန်သည် ကွမ်းလုန်ကျီနှင့် သူမ၏အကြောင်းများကို

ပြောဖြစ်ကြလေသည်။ သူမသည် တာ့ရှားဧကရာဇ်၏တူမ

တော် ရှားမျိုးနွယ်ဖြစ်သည့်အတွက် အနည်းငယ်ဆိုးသယောင်

ထင်ရသော်လည်း ရှားမျိုးနွယ်မှဆင်းသက်လာသူများထဲတွင်

သူမသည် အခြားသူများထက် ဉာဏ်ရည်ပိုပြီးထက်မြက်သူ

ဖြစ်လေသည်။ ထို့ပြင် အလုပ်လည်းအလွန်ကြိုးစားသူ

ဖြစ်သည်ဟု ကွမ်းလုန်ကျီက မှတ်ချက်ပြုလေသည်။

အရည်အချင်းရှိသူမှာ ကြောက်စရာမကောင်းလှပါ။

သို့သော်... အရည်အချင်းရှိသူတစ်ယောက် အလွန်ကြိုးစားပြီ

ဆိုလျှင်တော့ ကြောက်မက်ဖွယ်ရာကောင်းလာမည်မှာ

အသေအချာပင်။

"သူ့ကိုမြင်ရတာ လူတစ်ယောက်ကိုသတိရမိတယ်"

ကွမ်းလုန်ကျီကပြောလိုက်လေသည်။

ဆန်းလျန်နှင့် ကွမ်းလုန်ကျီမှာ တရုတ်စစ်တုရင် ကစားနေကြ

ခြင်း ဖြစ်လေသည်။

ဆန်းလျန်က အဖြူရောင်ကျားစေ့လေးကို နေရာချလိုက်ပြီး

အနက်ရောင်ကျားစေ့လေးကို စားလိုက်လေသည်။

ပြီးမှ သူကပြုံးလိုက်ရင်း...

"ဘယ်သူ့ကိုလဲ..."

"ထျန်းယီပေါ့ကွယ်..."

ကွမ်းလုန်ကျီက အလေးအနက်ပြောလိုက်လေသည်။

ဆန်းလျန်က ခေါင်းကိုခါယမ်းလိုက်ရင်း...

"ထျန်းယီနဲ့ အဝေးကြီးပါဗျာ"

"ကျုပ်နားလည်ပါတယ် ၊ မင်းလိုအဆင့်မြင့်နတ်ဘုရားတစ်ပါး

အတွက်တော့ အရည်အချင်းရှိခြင်းနဲ့ ဆုံးဖြတ်ချက်ခိုင်မာခြင်း

က မထူးခြားလှပါဘူး ၊ ဒါပေမယ့် အရည်အချင်းလည်းမရှိဘူး

၊ ဆုံးဖြတ်ချက်လည်း မခိုင်မာဘူးဆိုရင်တော့ ဘယ်တော့မှ

အောင်မြင်နိုင်မှာမဟုတ်ဘူး"

ကွမ်းလုန်ကျီက ဖြည်းလေးသည့်လေသံဖြင့် ပြောလိုက်သည်။

"အင်း... ခင်ဗျားပြောတာလည်း မှန်ပါတယ်၊ ဒါပေမယ့် သူ့ကို သူ့သဘာဝအတိုင်းပဲရှိစေချင်တယ်၊ ဘယ်သူနဲ့မှ မတူစေချင်ပါဘူးဗျာ"

ဆန်းလျန်က ပြန်ပြောလိုက်သည်။

ကွမ်းလုန်ကျီက ကျားကွက်တစ်ကွက်ကို ရွှေ့လိုက်လေသည်။

နဂါးတစ်ကောင်၏ပုံသဏ္ဍာန်ရုတ်တရက်ပေါ်လာလေသည်။

သူက အနက်ရောင်ကျားစေ့တစ်စေ့ အစားခံလိုက်ရသည့်တိုင် အကြပ်အတည်းထဲမှ ရုန်းထွက်လိုက်နိုင်လေသည်။

သူ၏ကျားကွက်မှဖန်ဆင်းလိုက်သည့်နဂါးသည် ကောင်းကင်ကိုထိုးခွင်းရန်ပင် အသင့်ဖြစ်နေခဲ့သည်။

ပြီးမှ သူက ဆန်းလျန်ကို စိုက်ကြည့်လိုက်ရင်း...

"မင်းက ရှားမျိုးနွယ်တွေရဲ့လျှို့ဝှက်ဆန်းကျယ်တဲ့တန်ခိုးစွမ်းအားကို လေ့လာချင်နေတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါ

ပေမယ့် တစ်နေ့မှာတော့ သူ မင်းကို မုန်းတီးမသွားဖို့ ကျုပ် မျှော်လင့်မိတယ်"

ဆန်းလျန်က အဖြူရောင်ကျားကွက်လေးတစ်ကွက်ကို ရွှေ့ လိုက်လေသည်။ သူရွှေ့လိုက်သည့်ကျားကွက်မှာ အလွန် အခိပ္ပါယ်လေးနက်သည့် ကစားကွက် ဖြစ်လေသည်။

အမှတ်တမဲ့ကြည့်လျှင် ထိုကစားကွက်သည် ကွမ်းလုန်ကျီ၏ နဂါးနှင့် အဆက်အစပ်မရှိဟု ထင်စရာရှိသည်။ သို့သော် ကွမ်း လုန်ကျီသည် ထိုကစားကွက်ထဲတွင် ပိတ်မိနေလေသည်။ ကောင်းကင်ကိုထိုးဖောက်မည့် နဂါးသည် ရပ်တန့်သွားခဲ့ရပြီ။

"ကျုပ်သိချင်တာ တစ်ခုရှိသေးတယ်၊ တစ်နေ့မှာ တာ့ရှားပြည် သာအဆုံးသတ်သွားခဲ့ရင် ခင်ဗျားရော ဘာဖြစ်သွားနိုင်မလဲ"

ဆန်းလျန်က မေးလိုက်လေသည်။

"တာ့ရှားပြည်ရှိနေသရွေ့ကျုပ်ရှိနေမှာပါ၊ တာ့ရှားပြည်ကျဆုံး သွားရင် ကျုပ်လည်းအဆုံးသတ်သွားမှာပါပဲ"

အခန်း (၅၀၂) ထွင်းထုမထားသည့်မျက်ဝန်းများ

ထိုသို့သောစကားကိုပြောလိုက်မိခြင်းအတွက် ကွမ်းလုန်ကျီ

နောင်တမရမိပါ။

ဆန်းလျန်က ကွမ်းလုန်ကျီကိုနားလည်နိုင်သည့်တိုင် ကွမ်းလုန်

ကျီ၏စကားကိုတော့ လက်မခံနိုင်ပေ။ မည်သို့ပင်ဖြစ်စေ

အရာရာသည် ကွမ်းလုန်ကျီရွေးခြယ်မှုပင် ဖြစ်လေသည်။

တာအိုဝါဒနှင့် တွက်ကြည့်မည်ဆိုလျှင် ကွမ်းလုန်ကျီသည်

လောကနတ်ဘုရားများထက်သာလွန်သူ ဖြစ်လေသည်။

မိုးကောင်းကင်နတ်ဘုရားမဖြစ်နိုင်သေးလျှင်တောင်မှ သူ
ကိုယ်တိုင်သာ ဆန္ဒရှိမည်ဆိုလျှင် နှစ်ထောင်ပေါင်းများစွာ
အသက်ရှည်နေနိုင်မည်ဖြစ်သည်။

ဆန်းလျန်သည် အသူရာချောက်မှ ကျင့်ကြံသူများအကြောင်း
ကို သေသေချာချာ သိရှိခြင်းမရှိသေးပါ။ ကွမ်းလုန်ကျီ ပြော
ပြသလောက်သာ အကြမ်းဖျင်းနားလည်ထားလေသည်။ ကွမ်း
လုန်ကျီသာ သေဆုံးသွားမည်ဆိုလျှင် မိုးကောင်းကင်အစစ်
ဆေးခံမှုသုံးခုနှင့် ဆက်စပ်မှုရှိနိုင်သည်ဟု ဆန်းလျန်မှန်းဆ
ကြည့်လိုက်လေသည်။

ချင်းရွှမ်နတ်တံခါးတည်ရှိရာ ကမ္ဘာမြေနှင့် အသူရာချောက်
သည် လုံးဝ တူညီခြင်းမရှိပါ။ နတ်ဘုရားတစ်ပါးအတွက်
မိုးကောင်းကင်အစစ်ဆေးခံရခြင်းသည် စိန်ခေါ်မှုတစ်ခုဖြစ်
သည့်တိုင် အသူရာချောက်လောက်တော့ ကြောက်မက်ဖွယ်ရာ
မကောင်းလှပေ။ ကွမ်းလုန်ကျီပြောစကားအရဆိုလျှင် တာ့ရှား

ပြည်စတင်တည်ထောင်စဉ်ကတည်းက မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဆင့်ရောက်ရှိခဲ့သည့် ကျင့်ကြံသူဆို၍ အယောက်ငါးဆယ်ပင် မပြည့်ခဲ့ပေ။ ထို့ကြောင့် အသူရာချောက်တွင် မိုးကောင်းကင်နတ်ဘုရားအဆင့်ထိရောက်အောင် ကျင့်ကြံနိုင်ရန်မှာ အလွန်မှ ခဲယဉ်းလေသည်။

သို့သော် မိုးကောင်းကင်နတ်ဘုရားအဆင့်ထိ တက်ရောက်နိုင်ခဲ့သည့် နတ်ဘုရားများမှာလည်း အသူရာချောက်မျ ထွက်ခွာသွားပြီး အခြားကမ္ဘာသို့ ပြောင်းရွှေ့သွားကြလေသည်။ ထို့ပြင် အသူရာချောက်တွင် ပုန်းအောင်နေသည့် အချို့သောနတ်ဘုရားများလည်း ရှိနိုင်သည်။

ဆန်းလျန်က ကျားကွက်တစ်ကွက်ရွှေ့လိုက်ပြီး ကစားပွဲကအဆုံးသတ်သွားလေသည်။

"ဆရာကြီး... ခင်ဗျားရှုံးပြီ..."

ကွမ်းလုန်ကျီက လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေရာ စစ်တုရင်ခုံထက်ရှိ ကျားစေ့များ ပျံ့ကျဲသွားလေသည်။ သူ၏ပုံ သဏ္ဍာန်မှာ ပျံသန်းနေသည့် နတ်ဘုရားတစ်ပါးနှင့်ပင်ဆင်တူ လေသည်။

ထိုအချိန်တွင် တစ်ချိန်လုံးငြိမ်သက်နေသည့်လေ့ကျင်းသည် လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။ သူမက ဆန်းလျန်နှင့်ကွမ်း လုန်ကျီ၏ စစ်တုရင်ကစားပွဲကို အစအဆုံး တွေ့မြင်နေခဲ့သည် ပဲ။ သူမ၏နှုးညံ့သိမ်မွေ့သည့် မျက်နှာထက် တွင် ကျေနပ်သည့် အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

သူမက သူတို့နှစ်ယောက်အနားသို့ အသာလျှောက်သွားလိုက် ရင်း...

"ဆရာကွမ်းလုန်ကျီ ၊ ကျွန်မ စစ်တုရင်ကစားပွဲကို အစအဆုံး တွေ့တယ်နော် ၊ ဆရာကွမ်းလုန်ကျီရှုံးသွားရင် ပေးထားတဲ့ ကတိကို မမေ့ပါနဲ့"

ကွမ်းလုန်ကျီကပြုံးလိုက်ရင်း...

"မင်းတို့ဆရာတပည့် နှစ်ယောက်ပေါင်းပြီး ကျုပ်ကိုအနိုင်ကျင့်နေတာပဲ ၊ သွားပြီဟေ့..."

ကွမ်းလုန်ကျီသည် ချက်ချင်းထရပ်လိုက်ပြီး ရေများစီးဆင်းသွားသည့်အလား ထွက်ခွာသွားလေတော့သည်။

ဆန်းလျန်က သူ၏တပည့်ကို တိတ်တဆိတ်လေ့လာကြည့်လိုက်သည်။ ယခင်ကနှင့်ယှဉ်လျှင် သူမ၏မျက်ဝန်းများသည် ပိုပြီးနက်ရှိုင်းလာလေသည်။ နက်နဲသည့်ကျင့်စဉ်အချို့ကို ကျင့်ကြံထားသည့် အချို့သော ကျင့်ကြံသူများပင်လျှင် သူမ၏ မျက်ဝန်းများကို ရင်ဆိုင်ရဲမည် မဟုတ်ပေ။

လေ့ကျင်းသည် ဆန်းလျန်ရှေ့တွင် တိတ်ဆိတ်စွာဖြင့် မတ်တပ်ရပ်နေလေသည်။

သူမ၏ ရှားမျိုးနွယ်သည် အတိုင်းအဆမရှိသည့် အသက်ဓာတ်စွမ်းအားများကို ပိုင်ဆိုင်သည့် မျိုးရိုးဖြစ်ကြောင်း ဆန်းလျန်သိ

ထားလေသည်။ ထိုစွမ်းအားများသည် ရှေးကျသည်။

ရင့်ကျက်ပြီး နက်ရှိုင်းလွန်းလေသည်။

သူမတွင် မြင့်မြတ်သည့် မျိုးနွယ်ကိုဆက်ခံထားသည့် မူလ

တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားပြီး ယခုတော့ သူမသည်

အလွန်ပင်တိုးတက်ပြောင်းလဲလာခဲ့ပြီ ဖြစ်လေသည်။

သူမသည် ယခင်ကလောက် နူးညံ့သိမ်မွေ့ခြင်းမရှိတော့ပေ။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်က အကြောင်းအရာအတော်များများကို ကြိုတင်ခန့်မှန်း

နိုင်ပေမယ့် မင်းတို့ ရှားမျိုးနွယ်တွေရဲ့ မွေးရာပါတန်ခိုး

စွမ်းအားတွေကိုတော့ မခန့်မှန်းနိုင်ခဲ့ဘူး ၊ ကျင့်ကြံသူတွေက

နှစ်ပေါင်းတစ်ရာလောက် ကျင့်ကြံမှ ရနိုင်မယ့် တန်ခိုးစွမ်းအား

တွေကို မင်းတို့တွေက ပိုင်ဆိုင်ထားတယ်"

လေ့ကျင်းသည် သူမရှေ့မှလူငယ်ကို ငေးကြည့်နေမိလေသည်။

သူမသည် အရင်ကနှင့်မတူဘဲ ပြောင်းလဲသွားသည့်တိုင် ထို

လူငယ်ကို လေးစားချစ်ခင်မိခြင်းကတော့ ပြောင်းလဲမသွားခဲ့ပေ။

သူမသည် တဖြည်းဖြည်းနားလည်သဘောပေါက်လာခဲ့သည်။ သူမကိုယ်ထဲတွင်စီးဆင်းနေသည့် ရှားမျိုးနွယ်၏ တန်ခိုးစွမ်းအားများကိုသာမက သူမ၏ဝိညာဉ်ထဲတွင် ဖြစ်ပေါ်လာသည့် မဟာလမ်းစဉ်၏ ဝိညာဉ်စွမ်းအားများကို နားလည်လာခြင်း ဖြစ်လေသည်။

ဆန်းလျန်၏ သင်ပြပေးမှုကြောင့်သာမဟုတ်ခဲ့လျှင် သူမသည် ထိုသို့နားလည်သဘောပေါက်မိလိမ့်မည် မဟုတ်ပေ။

သူမသည် ရှားမျိုးနွယ်တို့၏ တန်ခိုးစွမ်းအားများကိုပိုင်ဆိုင်လေသည်။ ထို့အတူ ထိုတန်ခိုးစွမ်းအားများသည် သူမကို ချည်နှောင်ပြီးသား ဖြစ်နေလေသည်။ ထိုချည်နှောင်မှုကို ပယ်ဖျက်ပစ်ရန်မှာ သူမ၏ဝိညာဉ်စွမ်းအားနိုးထမှုပင် ဖြစ်လေသည်။

ဆန်းလျန်က သူမကို အသက်ရှူရန်သင်ပြပေးသည်။ ပန်းပုထု ရန်သင်ပြပေးသည်။ ထိုပညာရပ်နှစ်ခုသည် တာအိုကျင့်စဉ် လမ်းတွင်အရေးပါပြီး ဝိညာဉ်စွမ်းအားကို မြှင့်တင်ပေးသည့် ပညာရပ်များပင် ဖြစ်လေသည်။ ဝိညာဉ်စွမ်းအားမြင့်မားလာ သည်နှင့်အမျှ သွေးကသန့်စင်လာမည်။ နှလုံးသားသေဆုံးသွား သည့်တိုင် ဝိညာဉ်က အသက်ရှင်ကျန်ရစ်မည်။

"ဒါတွေအားလုံး ဆရာ့ကျေးဇူးကြောင့်ပါ"

လေ့ကျင်းက ပြောလိုက်လေသည်။

"မင်းအနားယူချင်ရင် ယူလိုက်ဦးလေ"

ဆန်းလျန်က နူးညံ့စွာ ပြောလိုက်သည်။

လေ့ကျင်းက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး သူမ၏မျက်ဝန်းများက လှပစွာ တလက်လက်တောက်ပနေ လေသည်။

"ဟင့်အင်း ... တစ်ခါမှ ဒီလောက်လန်းဆန်းနေတာမျိုး ဘဝမှာ

မခံစားခဲ့ဖူးဘူး"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဖြင့် ပန်းပုစပြီး ထုကြရအောင်"

"ကောင်းပြီ"

လေ့ကျင်းသည် သူမသိမ်းထားသည့် သစ်သားဓားသုံးလက်ကို

ထုတ်လာလေသည်။ ပထမဆုံး သူမက အသက်ဓာတ်စွမ်းအား

အနည်းဆုံး ဓားကို ရွေးခြယ်လိုက်လေသည်။ ထို့နောက်

ကျောက်တုံးထိပ်ဖျားမှ အောက်ခြေအထိ စတင် ထွင်းထုလေ

သည်။

ခွန်ဂူကျောက်တုံးသည် အလွန်မှ မာကျောသည့်တိုင် သစ်သား

ဓားနှင့်ထိမိသည်နှင့် ချက်ချင်းပင် ပျော့ပြောင်းသွားရလေ

သည်။

ကျောက်သားအလွှာများ တဖြည်းဖြည်းကွာကျသွားပြီး

ခြေထောက်တစ်စုံ၏ပုံသဏ္ဍာန် ပေါ်ထွက်လာလေသည်။

ခန္ဓာကိုယ်အောက်ပိုင်းကို ထွင်းထုပြီးသည်နှင့် လေ့ကျင်းလက်

ထဲမှ သစ်သားဓားသည် နှစ်ပိုင်းကျိုးသွားတော့သည်။

လေ့ကျင်းထုလုပ်ထားသည့် လူ၏ခန္ဓာကိုယ်တစ်ဝက်သည်

ထူးဆန်းသည့်မော်စွမ်းအားများနှင့်ပြည့်နက်နေသည့်အလား ၊

နတ်ဆိုးတစ်ပါးက ကိုယ်ထင်ပြသည့်အလား လူသားများကို

ကျောရိုးထဲထိ စိမ့်သွားစေလောက်အောင် အသက်ဝင်လွန်း

လေသည်။

သစ်သားဓားနှစ်ပိုင်းကျိုးသွားသည်ကို လေ့ကျင်းက အရေး

ပင်မလုပ်ပါ။

လေ့ကျင်းက ဒုတိယသစ်သားဓားကို ထုတ်ယူလိုက်ပြီး

ခန္ဓာကိုယ်ပိုင်းကို ဆက်လက်ထွင်းထုလေသည်။ ယခုတစ်ကြိမ်

တွင်တော့ သူမသည် ယခင်တစ်ကြိမ်ကထက် နှေးကွေးစွာ

ထွင်းထုလေသည်။ သို့သော် လေ့ကျင်းသည် ပေါ့ပေါ့ပါးပါးပင် ထွင်းထုတ်နေခြင်း ဖြစ်လေသည်။ ကျောက်မှုံများနှင့် ကျောက်သားလွှာများသည် ကြမ်းပြင်ထက်သို့ ကွာကျကုန်ပြီး ထူးခြားထင်ရှားသည့် ခန္ဓာကိုယ်ပုံသဏ္ဍာန်တစ်ခု အပီအပြင် ထွက်ပေါ်လာလေ တော့သည်။

ပန်းပုရုပ်တုတွင် ခေါင်းမပါသေးသည့်တိုင် ကြီးကျယ်ခမ်းနားမှု တစ်ခုကို တွေ့မြင်ရလေသည်။

ခန္ဓာကိုယ်ပိုင်းထွင်းထုပြီးသည်နှင့် ဒုတိယသစ်သားဓားသည်လည်း နှစ်ပိုင်းကျိုးသွားခဲ့လေသည်။ ထိုအခါ လေ့ကျင်းက တတိယသစ်သားဓားကို အသုံးပြုကာ မျက်နှာပိုင်းကို ဆက်လက်ပန်းပုထွင်းထုလေသည်။ သူမ၏ နဖူးထက်မှ ချွေးများပင်ကျနေပြီး သူမသည် ချွေးများကိုပင် သုတ်ပစ်ရန် အချိန်မရပေ။

သူမသည် ဦးရီးတော်ဖြစ်သူ၏ ရုပ်ဆင်းသဏ္ဍာန်ကို

သေသေချာချာထွင်းထုနေခဲ့လေသည်။

ပန်းပုထုရာတွင် အသုံးပြုခဲ့သည့် သူမ၏ခွန်အားသည်

ကွက်တိမှန်ကန်နေလေသည်။ ပိုလည်းမပို လိုလည်းမလိုပေ။

နောက်ဆုံးတွင်တော့ တာ့ရှားကောရာဇ်၏ ရုပ်ပုံတစ်ခုလုံးမှာ

ပန်းပုထုပြီးသွားပြီ ဖြစ်လေသည်။ လေ့ကျင်း၏လက်ထဲတွင်

တတိယမြောက်သစ်သားဓားလေးကို ကိုင်ထားလေသည်။ ထို

ဓားလေသည် ပန်းပုရုပ်တုပြီးသွားသည့်တိုင် နှစ်ပိုင်းကျိုးသွား

ခဲ့ခြင်း မရှိပေ။

သို့သော် တာ့ရှားကောရာဇ်၏ ရုပ်တုတွင် မျက်လုံးနှစ်လုံးကို

တော့ ထည့်သွင်း ထွင်းထုထားခြင်း မရှိပေ။ လေ့ကျင်းသည်

သူမ၏ပန်းပုလက်ရာကိုကြည့်ပြီး ပီတိဖြစ်နေလေသည်။

မျက်လုံးများသာ ထည့်သွင်းထွင်းထုထားမည် ဆိုလျှင် အလွန်မှ အသက်ဝင်သည့် ပန်းပုလက်ရာတစ်ခု ဖြစ်လေမည်လားဟု သူမတွေးထင်ခဲ့မိသည်။

သို့သော် ပန်းပုရုပ်တုကို ထုလုပ်ပြီးသည့်အခါတွင်တော့ သူမ၏ဆရာသည် မျက်လုံးများကို ထွင်းထုခြင်းမပြုရန် ပြောခဲ့သည်ကို နားလည်သဘောပေါက်သွားရလေသည်။

အဘယ်ကြောင့်ဆိုသော် သူမသာ မျက်လုံးများကို ထည့်သွင်းထွင်းထုလိုက်မည်ဆိုပါက သူမအကောင်းဆုံးကြိုးစားခဲ့သည့် ပြီးပြည့်စုံအသက်ဝင်နေသည့် ပန်းပုရုပ်တုသည်ကျိန်းသေပျက်စီးသွားရမည် ဖြစ်လေသည်။

အခန်း (၅၀၃) ရှေ့ဆက်ရမည့်ခရီး

လေ့ကျင်းသည် သစ်သားဓားလေးကိုကိုင်ကာ ပန်းပုရုပ်တုရှေ့တွင် ရပ်နေလေသည်။

"ကျင်းအော်... ဆက်မထုနဲ့၊ ရပ်လိုက်တော့..."

ဆန်းလျန်က နူးညံ့စွာ ပြောလိုက်သည်။

ဆန်းလျန်၏ စကားသံကြားတော့မှ လေ့ကျင်းသည် စိတ်လျှော့လိုက်တော့သည်။ ပင်ပန်းမှုကြောင့် သူမလဲကျမသွားသည်မှာ ပင် ကံကောင်းလေသည်။

"ဆရာက ဒီပန်းပုရုပ်တုရဲ့ မျက်လုံးတွေကို ထွင်းထုပေးမှာလား"

သူမက ပင်ပန်းနေသည့်လေသံဖြင့် မေးလိုက်သည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဘယ်တုန်းက မျက်လုံးတွေထွင်းပေးမယ်လို့ ပြောဖူးလို့လဲ ၊ ကဲ... အခု အနားယူလိုက်ဦး ၊ မနက်ဖန် နန်းတော်မှာ ပွဲတော်ကျင်းပမှာ ၊ မင်းရဲ့ပန်းပုရုပ်တုကို မင်းရဲ့ဦးရီးတော် သဘောကျမှာသေချာပါတယ်"

လေ့ကျင်းက တအံ့တသြဖြင့်...

"မနက်ဖန် ပွဲတော်ရက်တောင်ရောက်ပြီလား ၊ အချိန်တွေ ဘယ်လိုကုန်သွားပါလိမ့်"

သူမသည် ပန်းပုရုပ်တုကို စိတ်ဝင်တစားထုလုပ်နေမိပြီး အချိန် တစ်ရက် နှစ်ရက်ခန့်သာ ကြာသေးသည်ဟု ထင်မှတ်နေမိခဲ့ခြင်း ဖြစ်လေသည်။

"ကျင့်ကြံသူတွေက နေ့ရက်တွေကို ရေတွက်လေ့မရှိကြဘူး ၊ တစ်နှစ်ကိုလည်း တစ်ရက်လိုခံစားလို့ရနိုင်တာပါပဲ ၊ မနက်ဖန် ပွဲတော်ကိုသွားရအောင် ၊ အခုကောင်းကောင်းအနားယူလိုက်နော်"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်၏ စကားသံများသည် တန်ခိုးစွမ်းအားများနှင့် ပြည့်နက်နေသည့်အလား လေ့ကျင်းကို အိပ်ငွေ့ချလိုက် သလိုဖြစ်ကာ ချက်ချင်းပင် အိပ်ငိုက်လာတော့သည်။ ဆန်းလျန်သည် သူမကိုပွေ့ချီကာ အိပ်ယာထက်သို့ ပို့ပေးလိုက်ရလေသည်။ သူမအိပ်ပျော်သွားသည်နှင့် နှာခေါင်းနှင့်ပါးစပ်များမှ အသက်ရှူခြင်းမရှိတော့ပေ။ သူမ၏ ခန္ဓာကိုယ်မွေးညင်းပေါက်လေးများမှ အသက်ရှူနေလေသည်။ အပြင်ဘက်မှ လရောင်သည် သူမ၏ခန္ဓာကိုယ်ဆီသို့ ဖြာကျနေပြီး ထိုလရောင်မှ ထူးဆန်းသည့် စွမ်းအားတစ်ခု ထွက်ပေါ်လာကာ သူမ၏ မွေးညင်းပေါက်လေးများမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သွားလေသည်။ ထို ထူးဆန်းသည့်လရောင်စွမ်းအားသည် လေ့ကျင်း၏ခန္ဓာကိုယ်အတွင်းမှ ရှေးကျပြီးထူးဆန်းသည့်စွမ်းအားတစ်ခုနှင့် ပေါင်းစပ်သွားလေသည်။

ထိုရှေးကျသည့်တန်ခိုးစွမ်းအား၏ နက်ရှိုင်းမှုကို ဆန်းလျန်ခံစား၍ရလေသည်။ ထိုစွမ်းအားများသည် ဆန်းလျန်၏ စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်မှ တန်ခိုးစွမ်းအားများကို ဆွဲငင်နေသလို ခံစားရလေသည်။

ဆန်းလျန်သည် စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်စာအုပ်နှင့် ရှားမျိုးနွယ်များကြားတွင် ဆန်းကြယ်သည့်လျှို့ဝှက်ချက် တစ်ခုရှိနေမည်ဟု မျှော်လင့်မထားခဲ့မိပေ။

ကြည့်ရသည်မှာ ကျောက်စိမ်းကျိုင်းတံကိုကိုင်ဆောင်ထားသည့် မူလနတ်ဘုရားလင်ပေါင်ထျန်းကျွင်းနှင့် ရှားမျိုးနွယ်များသည် ပတ်သက်မှုတစ်ခုခုရှိရပေမည်။ သို့မဟုတ် သူတို့ကြားတွင် ပဋိပက္ခတစ်ခုခုရှိခဲ့သည်လည်း ဖြစ်နိုင်လေသည်။

ဆန်းလျန်သည် ထိုအကြောင်းအရာများကို သိချင်နေမိတော့သည်။

ယခုတော့ ဆန်းလျန်သည် တာ့ရှားကေရာဇ်ကို ပိုပြီး
စိတ်ဝင်စားနေမိပြီ ဖြစ်လေသည်။
ဆန်းလျန်သည် အနားတွင်ရှိနေသည့် ခွန်ဝူကျောက်ဖြင့်ထုလုပ်
ထားသည့် တာ့ရှားကေရာဇ်၏ပန်းပုရုပ်တုကြီးကို စိုက်ကြည့်
နေမိလေသည်။ ပန်းပုရုပ်တုကြီးမှာ ငြိမ်သက်နေသည့်တိုင် တာ့
ရှားကေရာဇ်ကိုယ်တိုင် အနားတွင်ရောက်နေသည့်အလား ခံစား
ရစေလေသည်။
တာ့ရှားကေရာဇ်သည် မည်သို့သော ထူးဆန်းဖွယ်ရာများကို
ပြုလုပ်လေဦးမည်နည်း။
ဆန်းလျန်၏ကျင့်စဉ်လမ်းသည် ရှားမျိုးနွယ်များနှင့် လုံးဝ
ဆန့်ကျင်ဘက်ဖြစ်လေသည်။ ထို့ပြင် တာ့ရှားကေရာဇ်နှင့်
ဆန်းလျန်သည် တန်ခိုးစွမ်းအားအရာတွင် အဆင့်တူညီလေ
သည်။ အမှန်တော့ ဆန်းလျန် တိချိုးမြို့တော်တွင် နေထိုင်ရန်

ဆုံးဖြတ်ချက်ချခဲ့ခြင်းမှာ တာ့ရှားဧကရာဇ်ကို စိတ်ဝင်စားမိသောကြောင့်ပင် ဖြစ်လေသည်။

လရောင်သည် ကျီဝေ့စာသင်ခန်းအတွင်းသို့ ဖြာကျနေလေသည်။

ဆန်းလျန်သည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည့် လေ့ကျင်းကို ငေးကြည့်နေမိလေသည်။

"တစ်နေ့ကျရင် မင်းရဲ့ဘဝခရီးဟာ ရှည်လျားပြီးခက်ခဲမယ်ဆိုတာ မင်းနားလည်လာလိမ့်မယ် ၊ ဒါပေမယ့် ဘယ်တော့မှ ကျုပ်အခု ဆုံးဖြတ်လိုက်သလိုမျိုး လမ်းတစ်ဝက်မှာ အလျှော့မပေးလိုက်နဲ့"

လေ့ကျင်းသည် ဆန်းလျန်၏ စကားများကို ကြားနိုင်မည်မဟုတ်ပါ။ သို့သော် နောင်တစ်ချိန်တွင် သူမ နားလည်လာမည်ဟု ဆန်းလျန်မျှော်လင့်လိုက်မိလေသည်။

မည်သည့်ပြဿနာများပင်ရှိပါစေ လေ့ကျင်းသည်

သူ၏တပည့်တစ်ယောက်ဖြစ်လေသည်။ သူသည် လေ့

ကျင်း၏ဆရာဖြစ်ခဲ့ပြီး လေ့ကျင်းအပေါ်တွင် တပည့်တစ်

ယောက်အပေါ်ထားရှိသည့် စေတနာများ အပြည့်အဝထားရှိခဲ့

လေသည်။

ဆန်းလျန်သည် အတွေးရေယဉ်ကြောတွင် မျောနေခဲ့လေ

သည်။

မိုးကောင်းကင်နတ်ဘုရားအဆင့်တက်ရောက်နိုင်ခဲ့ပြီး

သည့်နောက် သူရင်ဆိုင်ခဲ့ရသည့် အကြီးမားဆုံးစိန်ခေါ်မှုများ

မှာ တစ်နှစ်ခန့်သာမဟုတ်ပေ။ နှစ်ပေါင်းတစ်ရာလည်းဖြစ်နိုင်

သလို နှစ်ပေါင်းတစ်ထောင်အထိလည်း ကြာမြင့်နိုင်လေသည်။

ထိုသို့ နှစ်ပေါင်းများစွာ ကုန်လွန်လာသည်နှင့်အမျှ သူသည်

အထီးကျန်မှုကိုခံစားလာရပြီး ထိုသို့ အထီးကျန်မှုသည်ပင်

လျှင် သူ့ဘဝတွင် အကြီးမားဆုံးရန်သူဖြစ်လာပေလိမ့်မည်။ ထို

က်ယီထျန်းရှန်းအဆင့်သို့မရောက်မချင်း ဘဝခရီးကို ထိုသို့ပင်

အထီးကျန်စွာလျှောက်လှမ်းနေရမည် ဖြစ်လေသည်။

ဘဝတွင်ရင်ဆိုင်ရသည့် ကစားပွဲများသည် မည်မျှပင်

စိတ်ဝင်စားစရာကောင်းပါစေ သူ့ဘေးနားတွင် လက်တွဲဖော်

ဆို၍မည်သူတစ်ဦးတစ်ယောက်မှ ရှိမည်မဟုတ်ပေ။

ကျောက်ရှောင်ယွီ....

ဆန်းလျန် ကျောက်ရှောင်ယွီကို သတိရလိုက်မိလေသည်။

ကျောက်ရှောင်ယွီသည် သူနှင့်အရင်းနှီးဆုံး မိန်းကလေးတစ်

ယောက်ဖြစ်ခဲ့လေသည်။ သို့တိုင်အောင် သူမသည် အချိန်ကြာ

လာသည်နှင့်အမျှ သူ့ကိုတဖြည်းဖြည်းမေ့ပျောက်သွားပေ

လိမ့်မည်။

ယခုတော့ ယန်ရှီးကို ပိုပြီးနားလည်လာသလိုခံစားနေမိသည်။

ယန်ရှီးသည် ကျင့်စဉ်လမ်းကိုလိုက်လျှင် ထိုသို့ပင် အထီးကျန်

ဆန်မည်ကို သဘောပေါက်ပြီးသားဖြစ်လေသည်။

ညသည် မှောင်မိုက်ပြီး တိတ်ဆိတ်နေလေသည်။ အထီးကျန်

ဆန်လှသည့် ညအချိန်တွင် ဆန်းလျန်သည် အတွေးများ

ဆက်လက်နယ်ချဲ့နေမိပြန်လေသည်။

ဆန်းလျန်သည် ပျောက်ဆုံးသွားသည့် ဂိုဏ်းတူအစ်ကိုချန်ကျန့်

မေအကြောင်း စဉ်းစားနေမိပြန်သည်။ မာနကြီးလွန်းသည့်

ဂိုဏ်းတူအစ်ကိုသည်လည်း ကျင့်စဉ်လမ်းသည် မည်မျှ

အထီးကျန်မည်ကို နားလည်သဘောပေါက်ခဲ့လေသည်။

ယခုတော့ သူ ဘယ်ဆီသို့ရောက်နေပြီလဲ။

အသက်ရှင်လျှက်ရှိနေသေးပါရဲ့လား။

သူတို့ပြန်လည်ဆုံတွေ့ကြမည်ဆိုလျှင် ယခင်ကလို ညီရင်း

အစ်ကိုသံယောဇဉ်မျိုးရှိနေဆဲဖြစ်မည်လား။ သို့မဟုတ် တာအို

အတွက်တိုက်ခိုက်ရမည့် ရန်သူများဖြစ်လာမည်လား။

ကံကြမ္မာဆိုသည်က ကြိုတင်ခန့်မှန်း၍မရနိုင်ပေ။ ထို့ကြောင့် အနာဂတ်တွင် မည်သို့ဖြစ်လာမည်ဆိုသည့်အချက်မှာ စိတ်ဝင်စားစရာကောင်းလှလေသည်။

....

တာ့ရှားကေရာဇ်သည် ညစာစားပွဲကို ခမ်းနားစွာဖြင့် စီစဉ်ထား လေသည်။

တာ့ရှားကေရာဇ်က ဝူတင်နှင့် ကွမ်းလုန်ကျီကိုလည်း ပွဲတော်သို့ ဖိတ်ကြားထားလေသည်။

လက်ရှိအခြေအနေတွင် အဖြူရောင်မင်းကြီး၏သားတော် တိုင်းပြည်တည်ထောင်သည့်သတင်းနှင့် ထျန်းယီအကြီးအကဲ ကို မည်သို့စီရင်ချက်ချမည်ဆိုသည့်သတင်းက တိချိုးမြို့တော် တွင် လူအများစိတ်ဝင်စားသည့် သတင်းတစ်ခု ဖြစ်နေလေ သည်။

လူအချို့က တာ့ရှားကေရာဇ်သည် ထျန်းယီကိုလွှတ်ပေး လိမ့်မည်ဟု ပြောဆိုနေကြပြီး အချို့ကတော့ ထျန်းယီကို မ

ကြာခင်အချိန်တွင် ကွက်မျက်လိမ့်မည်ဟု ပြောဆိုနေကြလေသည်။

သူတို့ပြောဆိုနေကြသည်များမှာ ဘုရင့်ညီလာခံတွင် နားရွက်နှစ်ဖက်လုံးအဖြတ်ခံခဲ့ရသည့် အမတ်မင်းရှင်းလျဲ့ ပြောခဲ့သည့်စကားများပင် ဖြစ်လေသည်။

ရှင်းလျဲ့သည် မင်လော့၏ မိစ္ဆာစားကောက်ကြီးဖြင့် နားရွက်များအဖြတ်ခံလိုက်ရပြီဖြစ်သည့်အတွက် သူ၏နားရွက်များသည် မည်သည့်အခါမှ အကြားအာရုံပြန်ရတော့မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မင်လော့၏ မိစ္ဆာစားကောက်ကြီးမှာ သွေးနီပယ်လယ်တွင်ကျင့်ကြံပေးထားသည့် သွေးစား ဖြစ်နေသောကြောင့်ပင်။ ထိုဓားကြီးမှ မိစ္ဆာစွမ်းအားများသည် ရှင်းလျဲ့၏နားနေရာတွင် စွဲထင်နေပြီး အာရုံကြောများအားလုံး ပိတ်ဆို့သွားခဲ့လေသည်။

ရှင်းလျှံ့ မိုးကောင်းကင်မီးတောက်တန်ခိုးစွမ်းအားရရှိရန်
အတွက် ခုနစ်ကြိမ်မြောက်လူပြန်ဝင်စားလျှင်ပင် သူသည်
အကြားအာရုံပြန်ကောင်းတော့မည် မဟုတ်ပေ။

သို့သော် ယခုအချိန်တွင် မည်သူမှ ရှင်းလျှံ့အကြောင်းကို မ
ပြောရဲကြပေ။ ရှင်းအိမ်တော်သည်ပင်လျှင် ရှင်းလျှံ့အကြောင်း
ကို မသိသလိုလုပ်နေကြလေသည်။

ရှင်းလျှံ့အကြောင်းကိုပြောဆိုမိပါက တာ့ရှားဧကရာဇ်အမျက်
တော်ရှမည်ကို အားလုံးက စိုးရိမ်ကြသောကြောင့် ဖြစ်လေ
သည်။ ဧကရာဇ်၏ အပြစ်ပေးခံထားရသူတစ်ယောက်
အကြောင်းကို မည်သူက အရေးလုပ်ပြီး စကားပြောရဲပါတော့
မည်နည်း။

ဝူတင်နှင့် ကွမ်းလုန်ကျီသည် ဝမ်ချန်နန်းတော်သို့ ရောက်လာ
ကြလေသည်။

သူတို့သည် ရှားထိုက်အကျဉ်းထောင်အနီးတွင်ရှိသည့် ဝူမန်တံခါးမှ ဝင်ရောက်လာကြလေသည်။ ဝူတင်၏စိတ်ထဲတွင် ရှားထိုက်အကျဉ်းထောင်သို့ သွားချင်စိတ်များ ထိန်းမရသိမ်းမရ ဖြစ်ပေါ်နေမိလေသည်။ သူ၏ဦးလေးဖြစ်သူ ထျန်းယီ အဆင်ပြေပါမည်လားဆိုသည်ကို သူအလွန်သိချင်နေမိသည်။ သို့သော်... သူသည် ကွမ်းလုန်ကျီထံတွင် ပညာသင်ကြားခဲ့ပြီးသည့်နောက် ကျင့်စဉ်လမ်းတွင် အတော်အတန်တိုးတက်မှု ရှိခဲ့လေသည်။ ထို့ကြောင့် ဦးလေးဖြစ်သူကို တွေ့ချင်မိသည့်တိုင် သူ့စိတ်ကိုသူ ထိန်းနိုင်ခဲ့လေသည်။

ကွမ်းလုန်ကျီသည် ဝူတင်၏စိတ်ခံစားချက်များကို သိရှိသည့်တိုင် သူ့ကိုနှစ်သိမ့်ပေးခြင်းမပြုခဲ့ပါ။

ဆန်းလျန်ပြောသည့် စကားကို ကွမ်းလုန်ကျီ သတိရနေမိလေသည်။

“ဝူတင်သည် အနာဂတ်တွင် ကြီးမြတ်သည့်အောင်မြင်မှုများစွာ ရရှိလိမ့်မည်” ဟု ဆန်းလျန်က ပြောခဲ့လေသည်။

သို့သော် စိတ်အားထက်သည်သည့်လူငယ်လေးသည် အဆင့်မြင့်ကျင့်စဉ်လမ်းကို မလျှောက်လှမ်းနိုင်ပါက ဧကရာဇ်တစ်ပါးအဖြစ် ရပ်တည်ရန် ခက်ခဲမည် ဖြစ်လေသည်။

ဝမ်ချန်နန်းတော် ညစာစားပွဲသို့ ဆန်းလျန်လည်း ရောက်ရှိနေခဲ့လေသည်။

တာ့ရှားဧကရာဇ်က တာ့ရှားပြည်၏ကြွယ်ဝမှုကိုပြသရန်အတွက် အနယ်နယ်အရပ်ရပ်မှ သံတမာန်များကိုလည်း ညစာစားပွဲသို့ ဖိတ်ကြားထားလေသည်။

ဆန်းလျန်သည် ရှီးလျန်ပြည်၏ သံတမာန်အဖြစ် ညစာစားပွဲသို့ ရောက်ရှိလာခြင်းဖြစ်လေသည်။

ဆန်းလျန်သည် သံတမန်များကြားတွင် ရောနှောပြီးထိုင်နေသည့်တိုင် သူ၏ခမ်းနားသည့်ပုံသဏ္ဍာန်က အလွန်မှ သိသာထင်ရှားနေလေသည်။

ထိုစဉ်....

လူတစ်ယောက်သည် ဆန်းလျန်ရှေ့သို့ ရောက်ရှိလာလေသည်။

အခန်း (၅၀၄) ရှေးဟောင်းမျိုးနွယ်ရှစ်ခု

ဆန်းလျန်ရှိရာသို့ လျှောက်လာသည့်လူမှာ အရပ်ပုပြတ်ပြတ်နှင့်ဖြစ်လေသည်။ သူ၏အရပ်မှာ ဆန်းလျန် ပခုံးလောက်ပင် မရှိပေ။ သူ၏အသားအရေက ညိုပြီး ခန္ဓာကိုယ်က ကြွံခိုင်ပုံရလေသည်။ အထူးသဖြင့် သူ၏ပခုံးများကအလွန်သန်မာလေသည်။

သူက ကျားသစ်သားရေဖြင့်ပြုလုပ်ထားသည့်အဝတ်အစားများကို ဝတ်ဆင်ထားပြီး သူ၏ခါးတွင် ဓားမြောင် တစ်လက်ချိတ်ဆွဲထားလေသည်။ ချောမွေ့နေသည့်ဆံပင်များကခပ်တိုတိုဖြစ်ပြီး မျက်ဝန်းများကတော့ စူးရှတောက်ပလျှက် ရှိလေ၏။

သူက ဆန်းလျန်ကို လက်ညိုးထိုးလိုက်ပြီး...

"မင်း... ဒီခုံကနေဖယ်စမ်း..."

တာ့ရှားကေရာဇ်သည် ညစာစားပွဲတွင် သံတမန်များထိုင်ရန်အတွက် ခုံများကို သုံးတန်းခွဲထားပေးလေသည်။ ရှေ့ဆုံးတန်း

၊ အလယ်တန်းနှင့် နောက်ဆုံးတန်းများ ဖြစ်လေသည်။ ထိုင်ခုံ
နေရာအလုက် အစားအသာက်နှင့် ယမကာတည်ခင်းဧည့်ခံမှု
အရည်အသွေးကလည်း ကွဲပြားလေသည်။ တာ့ရှားကေရာဇ်
နှင့်အဆင်ပြေသည့်နိုင်ငံများမှသံတမာန်များက ရှေ့ဆုံးရှိ
အထူးထိုင်ခုံတွင်ထိုင်ခွင့်ရကြပြီး အစားအသောက်နှင့် အရက်
များကလည်း ထိပ်တန်းဖြစ်လေသည်။
နိုင်ငံခြားရေးဝန်ကြီးလေ့နော်သည် ဆန်းလျန်ကို အထူးခုံတွင်
နေရချထားပြီး စီစဉ်ပေးခဲ့လေသည်။ သို့သော် အထူးထိုင်ခုံ
များက အရေအတွက်ကန့်သတ်ထားသည့်အတွက် အချို့သော
သံတမန်များမှာ အထူးခုံတွင် နေရာမရခဲ့ကြပေ။
ဆန်းလျန်ကိုနေရာဖယ်ခိုင်းသည့်သူမှ “ပါ” နိုင်ငံမှ သံတမာန်
တစ်ယောက်ဖြစ်လေသည်။
ပါနိုင်ငံသည် တာ့ရှားပြည်အနောက်ဘက်တွင်ရှိသည့်နိုင်ငံတစ်
ခုဖြစ်ပြီး ပါလူမျိုးများသည် ဂူများအတွင်းတွင် နေထိုင်လေ့ရှိ

သူများဖြစ်ကြလေသည်။ သူတို့က မော်နက်လမ်းစဉ်ကို လိုက်စားကြသူများဖြစ်လေသည်။

ဆန်းလျှန်သည် ရှီးလျှန်မှ တာ့ရှားသို့ထွက်ခွာလာသည့်အချိန်တွင် ထိုပါလူမျိုးများ၏ ရဲရင့်ခြင်းအကြောင်းများကို ကြားသိခဲ့ရဖူးလေသည်။

ပါလူမျိုးများသည် အရပ်မမြင့်ကြပါ။ သူတို့၏တန်ခိုးစွမ်းအားသည် တစ္ဆေသရဲများကို ဝတ်ပြုကိုးကွယ်ပြီးမှ ရရှိလာသည့် တန်ခိုးစွမ်းအားများ ဖြစ်လေသည်။ တစ္ဆေသရဲများကို ကိုးကွယ်သူများဖြစ်သည့်တိုင် သူတို့သည် သေရမည်ကို မကြောက်ကြသည့် လူစားမျိုးများဖြစ်လေသည်။ ပါနိုင်ငံသည် အနောက်တောင်ပိုင်းဒေသတွင် အင်အားကြီးနိုင်ငံတစ်ခုအဖြစ် သတ်မှတ်ခံရလေသည်။

ထို့ပြင် ပါလူမျိုးများသည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက အသူရာချောက်သို့ရောက်ရှိလာခဲ့ကြသည့် ရှေးဟောင်းမျိုးနွယ်ရှစ်ခု၏ မျိုးဆက်များဖြစ်လေသည်။

အသူရာချောက်သို့ ရောက်ရှိလာကြသည့်မျိုးနွယ်များတွင် တာ့ရှားကေရာဇ်၏ ရှားမျိုးနွယ်နှင့် တော်ဝင်မိသားစုဆယ့်နှစ်စုသာမက အခြားသောမျိုးနွယ်စုများလည်း ရှိသေးသည်။ သူတို့အားလုံးသည် ထူးခြားသည့် မျိုးနွယ်များဖြစ်ကြလေသည်။

ထိုမျိုးနွယ်ရှစ်ခုမှာ - စစ်မျိုးနွယ် ၊ ကျီမျိုးနွယ် ၊ ကျန်းမျိုးနွယ် ၊ ယောင်းမျိုးနွယ် ၊ ယင်းမျိုးနွယ် ၊ ယွင်မျိုးနွယ် ၊ ကွေ့မျိုးနွယ်နှင့် ရန်မျိုးနွယ်တို့ ဖြစ်ကြလေ၏။

နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီးသည့်နောက်...

စစ်မျိုးနွယ်သည် ရှားမျိုးနွယ်များနှင့် သွေးစပ်သွားခဲ့လေသည်။ ကျန်မျိုးနွယ်ခုနစ်ခုမှာတော့ တစ်ဖြည်းဖြည်းအားနည်းသွားခဲ့ရသည်။

ပါလူမျိုးများသည် ကျီမျိုးနွယ်မှဆင်းသက်လာသူများဖြစ်သည့်တိုင် သူတို့ကို အခြားနိုင်ငံများက အထင်သေးကြလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့က ဘိုးဘေးများ၏မြင့်မြတ်သောလမ်းစဉ်သို့ မလိုက်ဘဲ တစ္ဆေနတ်ဘုရားများကို ကိုးကွယ်ဝတ်ပြုကြသောကြောင့် ဖြစ်လေသည်။ ပါလူမျိုးများသည် ကျုန်းလီတောင်ပတ်ဝန်းကျင်တွင် ကျက်စားလေ့ရှိကြပြီး အသူရာချောက်သို့ ကျူးကျော် ဝင်ရောက်လာသည့်လူသားများသည်သူတို့နှင့် သဘောတူညီမှုယူကြရလေသည်။

ပါလူမျိုးများက တစ္ဆေနတ်ဘုရားများထံမှ တန်ခိုးစွမ်းအားများကို ငှားယမ်းအသုံးပြုနိုင်လေသည်။ ထိုသို့အသုံးပြုနိုင် ရန်အတွက် သူတို့က တစ္ဆေနတ်ဘုရားများကို လူများဖြင့် ယာဇ်ပူဇော်ကြရသည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများဖြင့် သိပ်ပြီး အဆင်မပြေကြပေ။

သို့သော် အနောက်ဘက်ဒေသသည် ဝေးလံခေါင်သီ သည့်အတွက် တာ့ရှားကေရာဇ်က သူတို့ကိစ္စများကို လျှော့ပေါ့ ပေးခဲ့လေသည်။ ထို့ပြင် ပါနိုင်ငံကလည်း ထူခြားသည့် လက်ဆောင်ပဏ္ဏာများကို တာ့ရှားကေရာဇ်ဆီသို့ ဆက်သလေ့ ရှိလေသည်။

ဆန်းလျန်က ထိုသူကို စကားပြန်မပြောပါ။

ဆန်းလျန်အတွက် ပြဿနာကိုဖြေရှင်းပေးမည့်သူက အဆင်သင့်ရှိလေသည်။

ပါနိုင်ငံမှ သံတမာန် ဆန်းလျန်အနားသို့ ချဉ်းကပ်လာသည်နှင့် တစ်ပြိုက်နက် နိုင်ငံခြားရေးဝန်ကြီး၏လူယုံတစ်ယောက်ဖြစ် သည့် တန့်ခွဲကလည်း ဆန်းလျန်အနားသို့ ချက်ချင်းရောက်လာ လေသည်။ တန့်ခွဲသည် နိုင်ငံခြားရေးဝန်ကြီး၏အမိန့်ကို ထိန်းသိမ်းရသည့် အခွင့်အာဏာရှိလေသည်။

တန်ခွဲမှာ ဟူမျိုးနွယ်တစ်ယောက် ဖြစ်လေသည်။ သူက နိုင်ငံခြားရေးဝန်ကြီးထံတွင် ဆယ်နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး သံတမာန်များစွာက သူ့ကိုရင်းနှီးကြလေသည်။

ပါတိုင်းပြည်မှသံတမာန်ကလည်း တန်ခွဲကို ကောင်းကောင်းသိလေသည်။ ထို့ကြောင့် သူ့ကိုမြင်သည်နှင့် ချက်ချင်း နှုတ်ဆက်လိုက်သည်။

သို့သော် တန်ခွဲက သူ့ကိုတစ်ချက်ကြည့်လိုက်ပြီး...

"သူ့ကိုခေါ်ထုတ်သွားကြစမ်း..."

အမိန့်ပေးလိုက်သည်နှင့် အစောင့်တစ်ယောက်ရောက်လာပြီး ပါတိုင်းပြည်မှသံတမာန်ကို အဝေးသို့ ခေါ်ထုတ်သွားလေတော့သည်။

ပါနိုင်ငံမှသံတမန်မှာ တစ္ဆေနတ်ဘုရားများ၏ တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားသည့်တိုင် တာ့ရှားကေရာဇ်၏ ညစာစားပွဲ

တွင်တော့ တိုက်ခိုက်ရဲခြင်းမရှိပေ။ သို့သော် သူက အော်ဟစ်ဆဲရေးသွားသေးသည်။

တန်ခဲ့က ဆန်းလျန်ကိုအစိပ္ပါယ်ပါပါဖြင့် တစ်ချက်ပြုံးပြလိုက်ပြီး စကားမပြောတော့ဘဲ ထွက်ခွာသွားလေသည်။

အနယ်နယ်အရပ်ရပ်မှ သံတမန်များစွာရှိသော်လည်း ဆန်းလျန်ကတော့ ထူးခြားသူ ဖြစ်လေသည်။ နိုင်ငံခြားရေးဝန်ကြီး လေ့နော်ကိုယ်တိုင်က ဆန်းလျန်ကို ဂရုစိုက်ရန်မှာကြားထားသည့်အပြင် ဆန်းလျန်သည် မင်းသမီးလေးလေ့ကျင်းနှင့်ရင်းရင်းနှီးနှီးစကားပြောနေသည်ကိုလည်း တန့်ခွဲတွေ့မြင်ခဲ့သည်။ ထို့ကြောင့် သူက ဆန်းလျန်ကို မလေးမစားမဆက်ဆံဝံ့ပါချေ။

ထို့ပြင် တာ့ရှားပြည်တွင် သာမန်မင်းမှုထမ်းများသည်တော်တော်နှင့် ရာထူးတိုးလေ့မရှိကြပေ။ ရာထူးတိုးရန်အတွက်အဆက်အသွယ်လိုလေသည်။

နိုင်ငံခြားရေးဝန်ကြီးက သူ့ကိုဂရုစိုက်လေသည်။ သူက အမှား ပြုမိလျှင်ပင် သူ့ကို အကာအကွယ်ပေးလေ့ရှိသည်။ သို့သော် ရာထူးတိုးပေးရန်တော့ လမ်းမမြင်ပေ။

တန့်ခဲ့က ရည်မှန်းချက်ကြီးသူ ဖြစ်လေသည်။ သူက ဘဝ တစ်လျှောက်လုံး လက်ရှိရာထူးဖြင့် တာဝန်မထမ်းဆောင်လို ပါ။ ထို့ကြောင့် သူက ဆန်းလျန်ကို အခွင့်အရေးတစ်ခု အနေဖြင့် အသုံးချရန် စိတ်ကူးထားမိလေသည်။

တန့်ခဲ့သည် ဆန်းလျန်ကို မည်သည့်စကားမှမပြောဘဲ ပြုံးရုံ သာပြုံးပြခဲ့သည့်တိုင် ထိုအပြုံးက စကားလုံးပေါင်းတစ်ထောင် လောက်ထက် အဓိပ္ပါယ်နက်ရှိုင်းလေသည်။

တန့်ခဲ့က ပါနိုင်ငံမှ သံတမန်ကို မောင်းထုတ်လိုက်သည့် အဖြစ်အပျက်ကို တွေ့မြင်လိုက်ကြသည်နှင့် သံတမန် များသည် ဆန်းလျန်၏အကြောင်းကို တီးတိုးပြောဆိုနေကြ လေတော့သည်။

ဆန်းလျှန်သည် ရှီးလျှန်ပြည်မှ မင်းသားငယ်တစ်ပါးဖြစ်လေသည်။

ရှီးလျှန်ပြည်ဆိုသည်က တည်ထောင်သည်မှာမကြာသေးသည့် တိုင်းပြည်ငယ်တစ်ခုဖြစ်သည့်တိုင် တာ့ရှိပြည်ကိုပင် အနိုင်ယူတိုက်ခိုက်ခဲ့သည့် တိုင်းပြည်တစ်ခုဖြစ်လေသည်။

တာ့ရှိပြည်နှင့် ရှီးလျှန်ပြည်တိုက်ပွဲတွင် အလွန်အဆင့်မြင့်သည့် ကျင့်ကြံသူတစ်ယောက်သည် ရှီးလျှန်၏နောက်ကွယ်မှ ကူညီပေးခဲ့လေသည်။ ထိုသူသည် တောင်နှင့် မြစ်ရေကိုပင် ထက်ပိုင်းခဲ့ပစ်နိုင်လောက်အောင် တန်ခိုးစွမ်းအားမြင့်မားလွန်းလေသည်။

တာ့ရှိပြည်၏ ထောင်နှင့်ချီသည့် စစ်သည်တော်များအားလုံး ထိုသူ၏လက်ချက်ဖြင့် သေကျေပျက်စီးခဲ့ကြရလေသည်။

ထို့ကြောင့် ရှီးလျှန်ပြည်သည် တည်ထောင်သည်မှာ မကြာသေး

သည့်တိုင် စွမ်းအားပြည့်ဝသည့် နိုင်ငံတစ်ခုအဖြစ် ကျော်ကြား လာခဲ့လေသည်။

ထို့ကြောင့် ညစာစားပွဲတွင် ရှီးလျန်ပြည်မှ မင်းသားငယ်သည် အားလုံး၏အာရုံစိုက်ခြင်းကို ခံနေရလေသည်။

သို့သော် တာ့ရှီနှင့် ရှီးလျန်တိုက်ပွဲတွင် ဖြစ်ပွားခဲ့သည့် ငလျှင် လှုပ်ခြင်းများနှင့် မြေပြိုခြင်းများမှာ တန်ခိုးစွမ်းအားကြောင့် မဟုတ်ဘဲ မိုးကောင်းကင်အလိုအတိုင်းဖြစ်သည်ကို မည်သူမှ မသိရှိခဲ့ကြပါ။ ဆန်းလျန်နှင့် ရှီးလျန်ပြည်မှလူများသာလျှင် အမှန်တရားကို သိရှိခဲ့ခြင်းဖြစ်လေသည်။

ဝမ်ချန်နန်းတော်တစ်ခုလုံးသည် မီးများဖြင့် လင်းထိန်နေလေ သည်။

ကောင်းကင်ထက်မှ ကြယ်စင်အလင်းတန်းများသည် တာ့ရှား ဧကရာဇ်ကျင်းပရာ ညစာစားပွဲသို့ ဖြာလဲ့ကျဆင်းနေလေ သည်။

လပြည့်ဝန်းသည် အရှေ့ဆီမှ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

တာ့ရှားနန်းတော်သည် ကြယ်ရောင်နှင့်လရောင်ကို အလင်းပြန်စေသည့် အထူးနည်းစနစ်ဖြင့် တည်ဆောက်ထားသည့် နန်းတော်တစ်ခုဖြစ်သည်ကို ဆန်းလျန်ကတော့ ရှင်းရှင်းလင်းလင်းသိမြင်ထားလေသည်။

ဆန်းလျန်သတိထားမိသလို အခြားသူများလည်း သတိထားမိနိုင်လေသည်။

ထို့ကြောင့် နန်းတော်ရင်ပြင်နှင့်နီးလာလေလေ ကြယ်ရောင်နှင့်လရောင်၏ စွမ်းအားများက ပိုပြီးသိပ်သည်းလာလေဖြစ်ပြီး ကျင့်ကြံသူများအနေဖြင့် စိတ်မသက်မသာခံစားရစေနိုင်လေသည်။

သို့သော် ထိုစွမ်းအားများက ဆန်းလျန်အပေါ်တော့ သက်ရောက်မှုမရှိပါ။ ဆန်းလျန်သည် ပေါ့ပေါ့ပါးပါးပင် ရှိနေလေသည်။

အခန်း (၅၀၅) "တိ" မျိုးနွယ်

ယနေ့တွင်တော့ တာ့ရှားကေရာဇ်သည် ရိုးရှင်းသည့်နဂါးဝတ်ရုံကို ဝတ်ဆင်ထားလေသည်။

အပေါ်ပိုင်းက အနက်ရောင်ဖြစ်ပြီး အောက်ပိုင်းကတော့ အဝါရောင်ဖြစ်လေသည်။

အဝါရောင်သည် မြေကြီးကိုကိုယ်စားပြုပြီး ရှားမျိုးနွယ်များကိုကိုယ်စားပြုသည့်အရောင်လည်း ဖြစ်လေသည်။

ရှားမျိုးနွယ်များသည် သူတို့၏မူလနေရာကို သေသည်အထိ ပင် ပြန်ပြီးသွားရောက်နိုင်မည်မဟုတ်တော့ပေ။

ရှားမျိုးနွယ်များသည် သူတို့၏မူလနေရာကိုပင် မသိရှိကြတော့ဘဲ အသူရာချောက်တွင် အခြေချနေထိုင်ခဲ့ကြပြီး သြဇာအာဏာမြင့်မားလာခဲ့ကြလေသည်။

ကမ္ဘာလောကကြီးက ကျယ်ပြောသည့်တိုင် တာ့ရှားဧကရာဇ်၏ စိတ်ထဲတွင်ရှိသည့်နေရာများကတော့ အနည်းငယ်သာရှိလေသည်။ ထိုအထဲတွင် သွေးနီရောင်ပင်လယ်လည်းအပါအဝင်ဖြစ်လေသည်။ သို့သော် သွေးနီပယ်လယ်တွင် အသူရာနတ်ဆိုးများအခြေချနေထိုင်သည့်အတွက် ထိုနေရာကို သိမ်းပိုက်ရန်မှာ မလွယ်ကူပါချေ။

သွေးနီရောင်ပင်လယ်တွင်လေ့ကျင့်ခဲ့သည့် မင်လော့၏သွေးဓားကိုကြည့်ပြီး သူ့အနေဖြင့် သွေးနီရောင်ပင်လယ်သည် အန္တရယ်ရှိသည့်နေရာတစ်ခုဖြစ်သည်ဟု ခံစားနေရလေသည်။

တာ့ရှားကေရာဇ်က သူ့မျက်လုံးများကို မှေးစင်းလိုက်ရင်း တစ်နေ့တွင်တော့ သွေးနီပင်လယ်ကိုသွားဦးမည်ဟု စိတ်ကူး လိုက်မိသည်။

သို့သော် သွေးနီရောင်ပင်လယ်သို့မသွားမီ မင်လော့ကျန်ခဲ့သည့် နတ်မိစ္ဆာဓားကောက်ကြီးကို သေချာလေ့လာရန်လိုအပ်လေ သည်။ တာ့ရှားကေရာဇ်၏ဘဝတွင် မည်သည့်လက်နက်ကိုမှ အသုံးပြုခဲ့ဖူးခြင်းမရှိပေ။ သူက မာနကြီးသောကြောင့် လက်နက်များကိုအသုံးမပြုခဲ့ခြင်းမဟုတ်ပါ။ သူ၏တန်ခိုး စွမ်းအားနှင့်ကိုက်ညီသည့်အဆင့်မြင့်မားသည့်လက်နက်ကို မ တွေ့ရှိသေးသောကြောင့်သာ ဖြစ်လေသည်။ သို့သော် မိစ္ဆာဓား ကောက်ကြီးထံမှ အံ့ဖွယ်တန်ခိုးစွမ်းအားများကို သူခံစားရလေ သည်။ ထိုဓားကြီးသာ လက်ရှိအနေအထားထက် ပို၍ အဆင့် မြင့်မားလာပါက သူအသုံးပြုနိုင်သည့် လက်နက်ဖြစ်လာနိုင် လေသည်။ သို့သော် ထိုဓားကြီးကိုအဆင့်မြှင့်တင်ရန်အတွက်

မိစ္ဆာစွမ်းအားများထပ်မံလိုအပ်နေသေးသည်။ ထို့ကြောင့် ထပ်မံသတ်ဖြတ်ရန်လိုအပ်လေသည်။

တိုင်းရေးပြည်ရာ ပြဿနာများစွာရှိနေသည့်တိုင် တာ့ရှား ဧကရာဇ်၏ရင်ထဲတွင် နက်နက်ရှိုင်းရှိုင်းကြောက်ရွံ့နေမိသူမှာ တိချိုးမြို့တော်တွင်းသို့ ရောက်ရှိနေသည့် အဆင့်မြင့်ကျင့်ကြံသူပင် ဖြစ်လေသည်။ သူကိုယ်တိုင်က တာအိုကျင့်ကြံသူများနှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကို နှစ်သက်ခြင်းမရှိသည့်တိုင် သူ့ကိုယှဉ်ပြိုင်နိုင်သည့်ကျင့်ကြံသူဟူ၍သူ့ဘဝတွင် တစ်ယောက်မှ မတွေ့ဖူးသေးပေ။ တိချိုးတွင် ရောက်ရှိနေသည့် အဆင့်မြင့်ကျင့်ကြံသူသည် မည်သည့်နေရာတွင် နေထိုင်သည်ကို မသိရသေးသည့်တိုင် တိချိုးမြို့တော်မှ ထွက်ခွာသွားခြင်းမရှိသေးသည်ကို သူကောင်းကောင်းသိနေလေသည်။

သို့သော် ထိုကျင့်ကြံသူသည် တစ်ချိန်မဟုတ်တစ်ချိန်တော့ သူ့ကိုလာရှာမည်ဖြစ်လေသည်။ သူထင်လျှင် မည်သည့်အခါမှ မမှားတတ်ပေ။

ထျန်းယီအကြီးအကဲကိုတော့ လောလောဆယ်အချိန်တွင် တာ့ရှားကေရာဇ်သည် သေစေလိုသည့်ဆန္ဒမရှိသေးပါ။ သူ့ကိုဆက်ပြီးချုပ်နှောင်ထားချင်သေးသည်။ နောက်ပိုင်း မဖြစ်တော့သည့်အခြေအနေမှ သတ်လျှင်လည်းရလေသည်။ အရေးကြီးသည့်အချက်မှာ ထျန်းယီသည် ကျင့်စဉ်လမ်းတွင် အဆင့်ရှစ်ကိုကျော်ဖြတ်ပြီးနေပြီဆိုသည့်အချက်ပင်။ အဆင့်ရှစ်ကိုကျော်လွန်ပြီး အဆင့်ကိုးသို့တက်ရောက်နိုင်မည်ဆိုလျှင်တော့ ထျန်းယီ၏မူလဝိညာဉ်ခန္ဓာသည် စတင် ဖြစ်တည်လာမည်ဖြစ်လေသည်။ ထို့ကြောင့် ထျန်းယီကဲ့သို့ အရည်အချင်းရှိသူတစ်ယောက်ကို တာ့ရှားကေရာဇ် အနေဖြင့် ဖမ်းဆီးထားချင်သည့်တိုင် သတ်ဖြတ်လိုစိတ်တော့ မရှိသေးပေ။

သို့သော် သူသည် ထိုကိစ္စကို အခြားသူများကို မည်သို့ရှင်းပြရမည်မသိပေ။

ထျန်းယီကိုယ်တိုင် တိချိုးသို့လာခဲ့ရသည့်အကြောင်းရင်းမှာလည်း တာ့ရှားကေရာဇသည် သူ့ကိုသတ်လိမ့်မည်မဟုတ်ကြောင်း ယုံကြည်သည့်အတွက် ဖြစ်လေသည်။

ထျန်းယီသည် တိချိုးရှိ ရှားထိုက်အကျဉ်းထောင်ထဲတွင် အချိန်ဖြုန်းနေခဲ့သည်။ သူက တာ့ရှားကေရာဇ် သူ့ကိုလွှတ်ပေးမည့်အချိန်ကို စောင့်နေခြင်းဖြစ်လေသည်။ သို့သော် တာ့ရှားကေရာဇ်က သူ့ကို မလွှတ်ပေးနိုင်ပါ။ ထျန်းယီကိုလွှတ်ပေးလိုက်သည်နှင့် သူ့ဘဝတွင် ထျန်းယီကို ရှုံးနိမ့်သွားမည်ဖြစ်လေသည်။ တစ်ခဏမဟုတ် ၊ တစ်ဘဝလုံးရှုံးနိမ့်သွားမည် ဖြစ်လေသည်။

အမတ်မင်းများသည် ညစာစားပွဲခန်းမဆောင်အတွင်းသို့ ဝင်ရောက်လာကြလေသည်။ သူတို့က နန်းဝတ်နန်းစားများကို

ခမ်းနားစွာဝတ်ဆင်ထားကြပြီး တာ့ရှားကေရာဇ်ကို မော့ပင်မကြည့်ရဲကြပေ။ သူတို့က သူတို့ထိုင်ရမည့် နေရာများတွင် အသီးသီးနေရယူလိုက်ကြလေသည်။

တာ့ရှားကေရာဇ်ကို စိုက်ကြည့်ရဲသူဆို၍ ခန်းမတစ်ခုလုံးတွင် လူတစ်ယောက်သာ ရှိလေသည်။ ထိုသူထိုင်နေသည့်နေရာမှာလည်း တာ့ရှားကေရာဇ်ဖြင့် သိပ်ပြီးမဝေးလှပေ။

တာ့ရှားကေရာဇ်က သူမကို ပြန်ကြည့်လိုက်ရင်း ရယ်မောလိုက်လေသည်။

“ကျင်းကျင်း ၊ ဦးရီးတော်ဘေးမှာလာထိုင်လေ ၊ ကြည့်စမ်း… မင်းအရမ်းထွားလာတာပဲကိုး…”

တာ့ရှားကေရာဇ်တွင် သမီးတော်မရှိပေ။ သားတော်တစ်ပါးသာလျှင်ရှိလေသည်။ ထို့ကြောင့် တူမတော်ဖြစ်သူ လေ့ကျင်းကို တာ့ရှားကေရာဇ်က အလွန်မှ ချစ်ခင်လေသည်။

တာ့ရှားကေရာဇ်နှင့် ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ရဲပြီး စကားပြောရဲဆိုရဲသူဆို၍ လေ့ကျင်းတစ်ယောက်သာ ရှိလေသည်။

လေ့ကျင်းသည် တာ့ရှားကေရာဇ်၏အနားသို့ ငှက်မွေးလေးတစ်စပမာ လှပသည့်ကိုယ်နေဟန်ဖြင့် လွင့်ခနဲရွေ့လျား သွားလေသည်။

"သမီးနန်းတော်ကိုမလာတာ ဒီလောက်ကြာနေတာ ၊ ဦးလေးက သမီးကို သတိမရဘူးလား"

တာ့ရှားကေရာဇ်က လေ့ကျင်း၏ပခုံးကိုအသာပုတ်လိုက်ရင်း နူးညံ့စွာဖြင့် စကားဆိုလိုက်သည်။

"သမီးမှ နန်းတော်ကိုမလာတာ ၊ ဒါပေမယ့် ပွဲတော်ရက်သာ သမီးရောက်မလာရင် နန်းတော်အပြင်ကို ဦးလေးကိုယ်တိုင် ထွက်ပြီး သမီးကိုလာရှာတော့မလို့ပဲ"

လေ့ကျင်းကရယ်မော့လိုက်ရင်း...

"ဦးရီးတော် ၊ သမီး ဦးရီးတော်ဆီလာမလည်တာက ဦးရီးတော်ကိုဆက်သဖို့ လက်ဆောင်တစ်ခုလုပ်နေလို့ပါ ၊ အဲဒီလက်ဆောင်ကို ဦးရီးတော်သဘောကျမယ်လို့ သမီးအားမခံတယ်"

တာ့ရှားကေရာဇ်ကရယ်မောလိုက်ရင်း...

"ဒီ ဝမ်ချန်နန်းတော်မှာ လိုချင်တာဘာမဆိုရနိုင်တယ် ၊ ဒါပေမယ့် သမီးက လက်ဆောင်ပေးမယ်ဆိုတော့... ဘာများပါလိမ့် ၊ အဲဒီလက်ဆောင်ကို ဦးရီးတော်သဘောမကျဘူးဆိုရင်တော့ သမီးတော့ အပြစ်ပေးခံရမယ်နော်"

လေ့ကျင်းက ခေါင်းလေးပုကာ လျှာလေးထုတ်လိုက်ရင်း...

"ဒီလိုတော့လုပ်လို့မရဘူးလေ ၊ တော်ကြာ သဘောကျရဲ့သားနဲ့ သဘောမကျဘူးဆိုပြီး ဦးရီးတော်က လိမ်ပြောရင် ဘယ်လိုလုပ်မလဲ"

“ကြည့်စမ်း … ဦးရီးတော်ကို ဒီလိုစကားမျိုးပြောရဲတာ သမီး တစ်ယောက်ပဲရှိတယ်၊ တခြားသူသာ ဒီလိုစကားမျိုးပြောရင် သေဒဏ်ပဲ”

တာ့ရှားကေရာဇ်၏စကားကြောင့် အမတ်မင်းများထံမှ ရယ်သံ သဲ့သဲ့ထွက်ပေါ်လာကြလေသည်။ သို့သော် တာ့ရှားကေရာဇ်က မျက်လုံးတစ်ချက်စွေ့ကြည့်လိုက်သည်နှင့် ချက်ချင်းပြန်လည် တိတ်ဆိတ်သွားကြလေသည်။ တာ့ရှားကေရာဇ်ကိုယ်တိုင် လည်း ထိုအဖြစ်အပျက်ကြောင့် ကြိတ်ပြီးပြုံးလိုက်မိလေ သည်။

ထို့ပြင် သူက လေ့ကျင်းပေးမည့်လက်ဆောင်ကိုလည်း အလွန် စိတ်ဝင်စားနေမိသည်။

ထို့ကြောင့်….

“လာကြစမ်း၊ ကျင်းကျင်းဆက်သတဲ့လက်ဆောင်ကို သွားယူခဲ့ ကြ၊ ငါကိုယ်တော်ကြည့်ချင်နေပြီ”

လူနှစ်ယောက်သည် စိမ်းပြာရောင်ပိုးသားပိတ်စဖြင့် ဖုံးအုပ်

ထားသည့် ရုပ်တုကြီးတစ်ခုကို ယူဆောင်လာကာ ခန်းမထဲတွင်

နေရာချထားလိုက်လေသည်။

ရုပ်တုကိုသယ်ဆောင်လာသည့် လူတစ်ယောက်က စိမ်းပြာ

ရောင်ပိုးသားကို ဖယ်ရှားမည်ပြုလိုက်စဉ်....

“နေဦး.... ငါကိုယ်တော်ကိုယ်တိုင်ပိုးသားပိတ်စကိုဖယ်ပြီး

ရှုစားမယ်”

တာ့ရှားဧကရာဇ်ကပြောလိုက်လေသည်။

တာ့ရှားဧကရာဇ်၏စိတ်ထဲတွင် ထူးဆန်းမှုတစ်ခုကို ခံစားနေရ

လေသည်။

....

ဆန်းလျှန်သည် သံတမာန်များအတွက်စီစဉ်ထားသည့်

အထူးတန်းထိုင်ခုံတစ်ခုတွင် ထိုင်နေလေသည်။

ဆန်းလျန်မည်သူမည်ဝါဖြစ်သည်ကိုသိရှိသွားကြသည့်

သံတမန်များသည် ဆန်းလျန်ကို လာရောက်နှုတ်ဆက်ကာ

စကားစမြည်ပြောဆိုနေကြလေသည်။

ဆန်းလျန်ကလည်း သူတို့ကို အေးအေးဆေးဆေးပင်

စကားပြန်ပြောနေလေသည်။ တာ့ရှားအနောက်ဘက်ဒေသနှင့်

သားရဲများအကြောင်းကို သူတို့ပြောဆိုနေကြခြင်းဖြစ်လေ

သည်။ ထိုဒေသတွင် "တိ" မျိုးနွယ်များနေထိုင်လေသည်။ တိ

မျိုးနွယ်များသည် သားရဲများနှင့် အဆင်ပြေကြပြီး တောနက်

များထဲတွင် ခံတပ်များဆောက်လုပ်ကာ နေထိုင်တတ်ကြလေ

သည်။

တာ့ရှားပြည်၏မြောက်ဘက်ပိုင်း မိုင်ထောင်ပေါင်းများစွာ

ဝေးကွာသည့်နေရာတစ်နေရာတွင် ယိုးသိုးတောင်ဆိုသည့်

တောင်တစ်လုံးရှိလေသည်။ ထိုယိုးသိုးတောင်သည် မြင့်မြတ်

သည့်တောင်တစ်လုံးဖြစ်သည်ဟု တိမျိုးနွယ်များက ယုံကြည်ကြလေသည်။

အဘယ်ကြောင့်ဆိုသော်... နိမိတ်စကားတစ်ခု ရှိခဲ့ဖူးလေသည်။

ယိုးသိုးတောင်တွင် တိမျိုးနွယ်များကိုစုစည်းပေးမည့် ဧကရာဇ်တစ်ပါးမွေးဖွားလာပြီး အင်ပါယာကြီးတစ်ခုတည်ထောင်လိမ့်မည်ဆိုသည့် နိမိတ်စကားပင်။

ထို့ကြောင့် တိမျိုးနွယ်များသည် ယိုးသိုးတောင်အတွက် အမြဲတမ်းတိုက်ပွဲဝင်ခဲ့ကြလေသည်။

ဆန်းလျန်က ထိုအကြောင်းအရာများကို အလိုက်အထိုက်ပင် နားထောင်နေလေသည်။ သို့သော် သူက နားထောင်ရင်းဖြင့် မြောက်ပိုင်းဒေသ၏ ဓလေ့ထုံးစံများကိုလည်း စိတ်ဝင်စားနေမိသည်။

ထိုစဉ်...

ဆန်းလျန်၏နားထဲတွင် ကျယ်လောင်လွန်းသည့် အသံတစ်သံ ကို ကြားလိုက်ရလေသည်။

“ကျုပ်နဲ့တွေ့ဖို့အဆင်ပြေနိုင်မလား....”

အခန်း (၅၀၆) နယ်ပယ်သုံးခု

စိတ်စွမ်းအားဖြင့် ဆက်သွယ်ပြောဆိုခြင်းမှာ ဆန်းလျန် အတွက် ထူးဆန်းသည့်ကိစ္စမဟုတ်ပါ။

သို့သော် ယခုတစ်ကြိမ် စိတ်စွမ်းအားဖြင့် ဆက်သွယ်လိုက်သူ ကတော့ အလွန်မှ ထူးဆန်းအံ့သြဖွယ်ရာ ကောင်းလွန်းလေ သည်။

အဘယ်ကြောင့်ဆိုသော် အသံထွက်ပေါ်လာရာသည် မည်သည့် နေရာကဖြစ်သည်ကို ဆန်းလျန်ကိုယ်တိုင်ပင် မခန့်မှန်းနိုင် သောကြောင့် ဖြစ်လေသည်။

ဆက်သွယ်လာသူသည် သူ့ဘက်က ဆန်းလျန်ကို စတင်ဆက် သွယ်သည်ကို တာ့ရှားဧကရာဇ်နှင့် ယင်းလုန် မရိပ်မိစေရန် ကြားခံစွမ်းအားတစ်ခုမသုံးဘဲ တိုက်ရိုက်ဆက်သွယ်ခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ဝမ်ချန်နန်းတော်၏ဂူမန်တံခါးသို့ လှမ်းကြည့် လိုက်လေသည်။ ထိုနေရာတွင် ရှားထိုက်အကျဉ်းထောင် တည်ရှိလေသည်။ ဝမ်ချန်နန်းတော်တွင် မည်သူမှ မရိပ်မိ အောင် ဆန်းလျန်ကို စိတ်ဖြင့်ဆက်သွယ်နိုင်သူမှာ ရှားထိုက်

အကျဉ်းထောင်တွင် ချုပ်နှောင်ခံထားရသည့် ထျန်းယီမှလွဲပြီး မည်သူမှ မဖြစ်နိုင်ပေ။

ဆန်းလျန်က ပြုံးလိုက်ပြီး ထိုဆက်သွယ်မှုကို လျစ်လျူရှုလိုက်လေသည်။ ဆန်းလျန်ထံမှ အကြောင်းမပြန်သည့်အခါ သူ့ကို ဆက်သွယ်သည့်သူသည် တိတ်ဆိတ်သွားလေသည်။

ဆန်းလျန်က ထျန်းယီနှင့်မဆက်သွယ်ချင်သောကြောင့် လျစ်လျူရှုခဲ့မိခြင်း မဟုတ်ပါ။

တာ့ရှားကေရာဇ်သည် ကျောက်ပန်းပုရုပ်တုကြီးကို တွေ့မြင်သွားပြီဖြစ်သည့်အတွက် သူ၏စိတ်အာရုံကို တာ့ရှားကေရာဇ် ထံမှ မပျံ့လွင့်စေလိုသောကြောင့် ထျန်းယီကို ပြန်လည်မဆက်သွယ်ခဲ့ခြင်း ဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် သတိလက်လွတ်ဖြင့်ပင် ကျောက်ရုပ်တုကြီးဆီသို့ လျှောက်သွားလေသည်။ စိမ်းပြာရောင်ပိုးသားပိတ်စ

သည် ရုတ်တရက်ပျောက်ကွယ်သွားပြီး ကျောက်ရုပ်တုကြီးကို ပီပီပြင်ပြင် မြင်တွေ့လိုက်ရလေသည်။

အမတ်မင်းများမှာ ကြောက်ရွံ့နေကြသည့်တိုင် ဧကရာဇ်မင်းကို အကဲခတ်နေကြလေသည်။

တာ့ရှားပြည်တွင် မရေမတွက်နိုင်အောင်များပြားသည့် လူစွမ်းကောင်းများ များစွာထွက်ပေါ်ခဲ့သည့်တိုင် နှစ်ပေါင်းငါး ထောင်အတွင်းတွင် တာ့ရှားဧကရာဇ်လောက် တန်ခိုးစွမ်းအား မြင့်မားသူ တစ်ဦးတစ်ယောက်မျှ ပေါ်ထွက်ခဲ့ခြင်း မရှိပေ။

စိမ်းပြာရောင်ပိုးသားပိတ်စပျောက်ကွယ်သွားသည်နှင့် တာ့ရှား ဧကရာဇ်နှင့်အလွန်တူသည့် ကျောက်ရုပ်တုကြီးတစ်ခု ထွက် ပေါ်လာလေသည်။

ထိုကျောက်ရုပ်တုကြီးမှ မြင့်မားသည့်စွမ်းအားတစ်ခုသည် ခန်းမတစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

ပန်းပုကိုထွင်းထုထားသည့် ကောက်ကြောင်းတိုင်းသည် ကျက်သရေရှိလှပြီး သဘာဝကျလွန်းလေသည်။ မျဉ်းဖြောင့်များရေးထွင်းထားသည်မှာ ပေါက်ကွဲစေနိုင်သည့် စွမ်းအားများဖြင့် ပြည့်နက်နေသည့်အလား ထင်ရသည်။

ကေရာဇ်၏နှုတ်ခမ်းများထက်ဝယ် အတိတ်၊ အနာဂါတ် ၊ ပစ္စုပ္ပန် ၊ ရှေးခေတ်နှင့် ခေတ်သစ် အားလုံးတွင် မည်သူ့ကိုမဆို အထင်အမြင်သေးသည့် တာ့ရှားကေရာဇ်၏ ပင်ကိုယ်သဘောထားကို တွေ့မြင်ရလေသည်။

ဝမ်ချန်နန်းတော်တွင် ပန်းပုပညာရှင်များစွာရှိသည့်တိုင် ထိုမျှပြည့်စုံလွန်းသည့်ပန်းပုလက်ရာမျိုးဖန်တီးနိုင်သူမှာ လက်တစ်စုပ်စာမျှသာလျှင် ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ကျောက်ပန်းပုရုပ်တုကြီးသည် တာ့ရှားကေရာဇ်၏ စိတ်အာရုံကို အလွန်မှ စွဲဆောင်နိုင်ခဲ့လေသည်။

ကျောက်ပန်းပုရုပ်တုအတွင်းတွင် သိုဝှက်စွာဖြင့် မိစ္ဆာစွမ်းအား

များ တည်ရှိနေလေသည်။ ထိုအချက်ပင် တာ့ရှားကေရာဇ်ကို စွဲဆောင်နေခြင်း ဖြစ်လေသည်။ ထိုမိစ္ဆာစွမ်းအားများသည် ဒီရေကဲ့သို့ မြင့်တက်နေသည့်တိုင် ပြင်ပသို့ ယိုစိမ့်လာခြင်း မရှိပေ။ ထိုမိစ္ဆာစွမ်းအားများသည် ကျောက်ပန်းပုရုပ်တုထဲတွင် ပိတ်လှောင်ခံထားရသည့် အလားပင်ဖြစ်လေသည်။

ကျောက်ပန်းပုရုပ်တုကြီးမှာ အသက်ဝင်လွန်းလှသည့်အတွက် ခန်းမအတွင်းရှိလူများအားလုံးမှာ ကျောက်ပန်းပုရုပ်တုကြီးကို သတိလက်လွတ်ငေးကြည့်နေမိကြလေသည်။ သို့သော် စိတ်မကောင်းစရာအချက်မှာ ကျောက်ပန်းပုရုပ်တုကြီးတွင် မျက်လုံးများ မပါရှိခြင်းဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် လက်များကိုနောက်သို့ပစ်လိုက်ရင်း ပန်းပုရုပ်တုကြီးကို သေချာကြည့်နေလေသည်။ ပန်းပုရုပ်တု၏ကောက်ကြောင်းများကို ဓားသုံးလက်ဖြင့် ထွင်းထုခဲ့ဟန်တူလေသည်။ အောက်ဘက်ပိုင်းရှိ ကောက်ကြောင်းများမှာ

တိုတောင်းသော်လည်း မိစ္ဆာစွမ်းအားများ လျော့နည်းနေလေသည်။

နဖူးထက်ရှိကောက်ကြောင်းများတွင်တော့ နူးညံ့သိမ်မွေ့မှုများကို တွေ့နိုင်လေသည်။ ထူးခြားစွာထွင်းထုထားသည့်တိုင် မည်သည့်သဲလွန်စမှ မကျန်ခဲ့ပေ။

ခန္ဓာကိုယ်အပိုင်းတွင် ထွင်းထုထားသည့် ကောက်ကြောင်းများကတော့ ကွဲပြားခြားနားသည့် ခံစားချက်ကို ပေးလေသည်။

ရေတိမ်ပိုင်းမဟုတ်သလို ၊ ရေနက်ပိုင်းလည်းမဟုတ်။ အလွန်သင့်တင့်စွာ ထွင်းထုထားခြင်း ဖြစ်လေသည်။

ပန်းပုထုစဉ်တွင် အသုံးပြုသည့်ဓားများသည် ပန်းပုထုရန်အတွက် အကောင်းဆုံးသောဓားများဖြစ်နိုင်လေသည်။

ထို့ပြင် လေ့ကျင်းသည် ပန်းပုထုစဉ်အချိန်တွင် စိတ်ရောကိုယ်ရောနှစ်ကာ ပန်းပုရုပ်တုကို ထွင်းထုခဲ့ပုံရသည့်တိုင် သူမတွင်

စိတ်ဖိစီးမှုရှိခဲ့ပုံမပေါ်ပေ။ ပန်းပုရုပ်တု၏ ထွင်းထုချက်တိုင်း
သည် မှန်ကန်လွန်းလှလေသည်။

တာ့ရှားကေရာဇ်သည် သာမန်လူတစ်ယောက်မဟုတ်ပါ။
သူ၏နားလည်နိုင်စွမ်းသည် အခြားသူများထက်သာလွန်လေ
သည်။

သူ့ရှေ့မှ ပန်းပုရုပ်တုသည် လေ့ကျင်းကိုယ်တိုင်ထွင်းထုထား
သည့် ပန်းပုလက်ရာဖြစ်သည်ဆိုသည်မှာ သံသယဝင်စရာမရှိ
ပေ။ သို့သော်... ပန်းပုထုလုပ်ရန်အတွက် ဓားများကို လေ့
ကျင်းကိုပေးခဲ့သူကတော့ သူမတူအောင် ပြိုင်ဘက်ကင်းသူ
တစ်ယောက် ဖြစ်လေသည်။ ဓားသွားသုံးလက်ကိုအသုံးပြုခဲ့
ဟန်ရှိပြီး ထိုဓားသွားများထံမှ တာအိုစွမ်းအားများကိုပင် ပန်းပု
ရုပ်တုထံတွင် စီးဆင်းသက်ဝင်နေသည်ကို တွေ့မြင်ရလေ
သည်။

ထိုတာအိုစွမ်းအားသုံးခုသည် မိုး ၊ မြေနှင့် လူသားဆိုသည့် နယ်ပယ်သုံးခုကို ကိုယ်စားပြုလေသည်။

“ကောင်းတယ် … ကောင်းတယ် … ကောင်းတယ်”

တာ့ရှားကေရာဇ်သည် “ကောင်းတယ်” ဆိုသည့်စကားကို သုံးကြိမ်တိုင်တိုင်ပြောလိုက်လေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် သူမည်မျှစိတ်လှုပ်ရှားနေသည်လည်းဆိုသည့်အချက်ကို သိနိုင်လေသည်။

ရုတ်တရက်…

ခန်းမဆောင်အပြင်ဘက်ရှိ လရောင်သည် ရုတ်တရက်လင်းလက်သွားပြီး ခန်းမအတွင်းသို့ လျှင်မြန်စွာ ဝင်ရောက်လာလေသည်။ လရောင်နှင့်အတူ ဓားကောက်ကြီးတစ်လက် ခန်းမအတွင်းသို့ဝင်ရောက်လာပြီး တာ့ရှားကေရာဇ်၏လက်တွင်းသို့ ရောက်ရှိလာလေသည်။

ဆန်းလျှန်သည် သူ၏နေရာတွင်ထိုင်နေပြီး အခြားသော
သံတမန်များနှင့် စကားပြောရင်းရယ်မောနေလေသည်။
သို့သော် သူ၏အကြည့်ကတော့ တာ့ရှားကေရာဇ်ကိုင်ထား
သည့် ဓားကောက်ကြီးဆီသို့ ကျရောက်နေလေသည်။
ဓားကောက်ကြီး၏စွမ်းအားမှာ အလွန်သိပ်သည်းလှ
သည့်အတွက်ကြောင့် ဓားကိုမည်သူမှ သတိထားမိကြခြင်း မ
ရှိပေ။

ထို့ကြောင့် ဆန်းလျှန်ဘေးနားတွင်ထိုင်နေကြသည့်သံတမန်
များသည် ထိုဓားကောက်ကြီးကို သတိထားမိခြင်း မရှိကြပေ။
ဓားကောက်ကြီးအတွင်းမှ တန်ခိုးစွမ်းအားသည် ပန်းပုရုပ်တု
အတွင်းတွင် ဆန်းလျှန်ထည့်သွင်းထားသည့် တာအိုတရားကို
ဖျက်ဆီးပစ်နိုင်သည်ထက်ပင် ပိုနေသေးသည်။ ထိုဓား
ကောက်ကြီးသည် ဝိညာဉ်ကိုပင် ချုပ်နှောင်ထားနိုင်စွမ်းရှိ
လေ၏။

ဆားသွားမှ တန်ခိုးစွမ်းအားများည် ကျောက်ပန်းပုရုပ်တုကြီးကို ဖုံးလွှမ်းသွားသည်နှင့် ပန်းပုရုပ်တုမှ အဖြူရောင်အလင်းတန်း တစ်ခု ထွက်ပေါ်လာလေသည်။

ခန်းမတစ်ခုလုံးသည် အပ်ကျသံပင်မကြားရလောက်အောင် တိတ်ဆိတ်နေလေသည်။

ရှမ်ကျန်းကျောင်းတော်မှ တာအိုဆရာတစ်ပါးမှာလည်း ဧကရာဇ်မင်း၏ ညစာစားပွဲသို့ ရောက်ရှိနေလေသည်။ ထိုသူမှာ လျိုမုန့်တယ်၏ဆရာဖြစ်သူ တာအိုဆရာမုကျန်းပင် ဖြစ်လေ သည်။

သူက ပန်းပုရုပ်တုမှထွက်ပေါ်လာသည့်အဖြူရောင် အလင်းတန်းကိုတွေ့မြင့်လိုက်ရသည့်အခါတွင်တော့ အလွန် အံ့အားသင့်သွားပြီး သူနှင့်မျက်နှာချင်းဆိုင်တွင်ထိုင်နေသည့် တာ့ကြွယ်ကျောင်းတော်မှ ဆရာတော်ကို လှမ်းကြည့်လိုက်လေ သည်။

ဘုန်းတော်ကြီးကလည်းစိတ်ရှုတ်ထွေးသည့်အမူအရာဖြင့် တာ

အိုဆရာမှုကျန်းကို ပြန်ကြည့်လိုက်လေသည်။

ထိုအဖြူရောင်အလင်းတန်း၏အဓိပ္ပါယ်ကို သူတို့နှစ်

ယောက်လုံး ကောင်းကောင်းသိလေသည်။ ထိုအလင်းတန်းမှာ

ဇင်ဗုဒ္ဓဘာသာ၏အမြင့်ဆုံးလမ်းစဉ်တစ်ခုဖြစ်သည့် “အမြင့်

မြတ်ဆုံးစိတ်ဝိညာဉ်” ဆိုသည့် တန်ခိုးစွမ်းအားပင် ဖြစ်လေ

သည်။

ဗောဓိသကျအဆင့်ရောက်မှသာလျှင် ရရှိနိုင်သည့်တန်ခိုး

စွမ်းအားဖြစ်လေသည်။

သို့သော်... ထိုအလင်းတန်းကို ရုပ်တုထဲတွင်ထည့်သွင်း

ပေးလိုက်သည့် ကျင့်ကြံသူသည် မည်သူပင်ဖြစ်ပါစေ

ဗုဒ္ဓဘာသာမှတန်ခိုးစွမ်းအားဖြစ်နေသည့်အတွက် တာ့ရှား

ဧကရာဇ်အနေဖြင့် တာ့ကြွယ်ကျောင်းတော်နှင့် ဆက်စပ်မှုရှိ

သည်ဟု သံသယဝင်သွားနိုင်လေသည်။

တာအိုဆရာမှုကျန်းမှာ စိတ်ထားကောင်းသူတစ်ယောက်ဖြစ်သော်လည်း ပြဿနာရှာသည့်အဆင့်မြင့်ကျင့်ကြံသူမှာ တာအိုကျင့်ကြံသူတစ်ယောက်မဟုတ်ဘဲ ဗုဒ္ဓဘာသာကျင့်ကြံသူတစ်ယောက်ဖြစ်နေသည့်အတွက် အနည်းငယ် စိတ်သက်သာရာရသွားလေသည်။

တစ်ပြိုင်နက်ထဲမှာပင် စိတ်ပျက်ခြင်းကိုလည်း သူခံစားလိုက်ရသည်။ တာအိုကျင့်ကြံသူများထဲတွင်လည်း ထိုမျှအဆင့်အတန်းမြင့်မားသည့် ကျင့်ကြံသူတစ်ယောက် ထွက်ပေါ်လာစေချင်မိသောကြောင့် ဖြစ်လေသည်။

ရွှမ်ကျန်းကျောင်းတော်မှ ဆရာသခင်ခုနစ်ပါးသည် အလွန်မှကျော်ကြားသူများဖြစ်ကြလေသည်။

သို့သော်... တာ့ရှားကေရာဇ်၏မျက်လုံးထဲတွင်တော့ သူတို့သည် ဘာကောင်မှ မဟုတ်ကြပေ။

လောကနတ်ဘုရား... လောကနတ်ဘုရား။

လောထဲတွင် ပိတ်မိနေသေးသည်။ ဘုရင်တစ်ပါး၏ထိန်းချုပ်ခြင်းကိုလည်း ခံစားရသေးသည်။ သေခြင်းရှင်ခြင်းကိုလည်း မလွန်မြောက်နိုင်ကြသေးပေ။ သူတို့ဘဝသည် အမှန်တကယ်ပင် အပူအပင်ကင်းကင်းဖြင့် လွတ်လပ်ခြင်းအစစ်အမှန်ကို မရရှိနိုင်ကြသေးပေ။

အဖြူရောင်အလင်းတန်းသည် ခန်းမဆောင်အတွင်းတွင် လှည့်ပတ်နေလေသည်။ တာ့ရှားကေရာဇ်သည် ဓားကောက်ကြီးကို စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်ကာ ထိုအလင်းတန်းကို ထိုးခုတ်လိုက်သည့်တိုင် ထိုအလင်းတန်းကို ထိန်းချုပ်နိုင်စွမ်းမရှိပေ။ ခန်းမအတွင်းတွင် ရှားမျိုးနွယ်များအတွက် ပထမဆုံး အရှက်ရစေသည့်အဖြစ်အပျက်ပင် ဖြစ်လေသည်။

ဓားသွားမှအလင်းရောင်များထွက်ပေါ်လာပြီး ခန်းမဆောင်တစ်ခုလုံး လင်းလက်သွားလေသည်။ သို့သော် ခန်းမအတွင်းမှ

မည်သူမှ ထိခိုက်ဒဏ်ရာရခြင်းမရှိပေ။ အဖြူရောင်အလင်းတန်းမှာလည်း လင်းလက်တောက်ပနေလေသည်။ နောက်ဆုံးတွင်တော့ အဖြူရောင်အလင်းတန်းကို ဓားကောက်ကြီးက ထိုးခုတ်မိသွားလေသည်။ ဓားကောက်ကြီးမှ အလင်းတန်းများနှင့် အဖြူရောင်အလင်းတန်းသည် ရုတ်တရက်ပေါင်းစီးသွားလေသည်။ အလင်းတန်းများသည် လောင်ကျွမ်းသွားပြီး မီးတောက်တစ်ခု ထွက်ပေါ်လာလေသည်။ ထိုမီးတောက်မှ တာအိုဝါဒမှ စစ်မှန်သောသမာဓိမီးတောက်ပင် ဖြစ်လေသည်။ ယခုတစ်ကြိမ်တွင်လည်း တာအိုဆရာမုကျန်းနှင့် တာ့ကြွယ်ကျောင်းတော်မှ ဘုန်းတော်ကြီးတို့ အကြည့်ချင်းဆုံသွားကြပြန်လေသည်။

ဗုဒ္ဓဘာသာကျင့်စဉ်နှင့် တာအိုကျင့်စဉ် နှစ်မျိုးလုံးကို တစ်ပြိုင်နက်ထဲ ကျင့်ကြံထားသည့် ထူးခြားလှသည့်ကျင့်ကြံသူသည် မည်သူဖြစ်ပါသနည်း။

အမှန်တော့ ဆန်းလျန်သည် တာအိုကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ သို့သော် ဗုဒ္ဓဘာသာတန်ခိုးစွမ်းအားဖြစ်သည့် “အမြင့်မြတ်ဆုံးစိတ်ဝိညာဉ်” တန်ခိုးစွမ်းအားထွက်ပေါ်လာရသည်မှာ ဓားသူတော်စင်ကျီဝေးထံမှ သင်ယူခဲ့သည့် “ရှိခြင်းမရှိခြင်းဓားဝိညာဉ်” ကို အသုံးပြုလိုက်သောကြောင့် ဖြစ်လေသည်။

ရှိခြင်းမရှိခြင်းဓားဝိညာဉ်တွင် ဗုဒ္ဓဘာသာအယူအဆများ များစွာပါဝင်သည် မဟုတ်ပါလား။

အခန်း (၅၀၇) ဆန်းလျန်ဖြစ်သောကြောင့်

မိုးကောင်းကင်နတ်ဘုရားအများစုသည်ပင်လျှင် ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းမြင့်မားနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံခဲ့သူဖြစ်သည့်အတွက် သူ၏မူလဝိညာဉ်ခန္ဓာသည် အခြားသောနတ်ဘုရားများထက်ပိုပြီး ကြံ့ခိုင်လေသည်။ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်သည် ယင် နှင့် ယန် ၊ ဒြပ်စင်စွမ်းအားငါးမျိုးတို့ကို ကျင့်ကြံရသည့် ကျင့်စဉ်ဖြစ်လေသည်။ ထိုနိယာမများသည် မည်သည့်ဘုံတွင်မဆို မပြောင်းလဲဘဲ တည်ရှိလေသည်။ အသေးစိတ်အချက်အလက်များသာလျှင် အနည်းငယ်ကွာခြားနိုင်လေသည်။

ယင် နှင့် ယန် ၊ ဒြပ်စင်စွမ်းအားငါးမျိုးသည် ဆင့်ကဲဖြစ်စဉ် အားလုံး၏ အခြေခံဖြစ်လေသည်။ ထို့ကြောင့် ထိုက်ရှီး နည်းဗျူဟာကျင့်စဉ်ကိုကျင့်ကြံထားသည့်ဆန်းလျန်သည် မည် သည့်ကျင့်စဉ်ကိုမဆို အခြေခံအကျဆုံးအချက်ကို သိမြင်နိုင် သူ ဖြစ်လေသည်။ သို့သော် ကျင့်စဉ်လမ်းဆိုသည်က အဆုံးမ ရှိပေ။ မည်သည့် တာအိုကျင့်စဉ်ကိုမဆိုကျင့်ကြံနိုင်ရန်အတွက် နက်နဲသည့်မှတ်ဉာဏ်နှင့် မြင့်မားသည့်အသိဉာဏ်လိုအပ်လေ သည်။

နက်နဲသည့်အဆုံးမရှိသောမှတ်ဉာဏ်ကိုတော့ မိုးကောင်းကင် နတ်ဘုရားများပင်လျှင် မရရှိနိုင်ကြပေ။ ကျွမ်းကျိုးက ပြောခဲ့ ဖူးသည်မှာ -

“ဘာဝဆိုသည်က အကန့်အသတ်ရှိပြီး အသိပညာကတော့ အကန့်အသတ်မရှိပေ။ အခြားနည်းဖြင့်ပြောမည်ဆိုလျှင် လူ တစ်ဦးတစ်ယောက်ချင်းစီအတွက် အကန့်အသတ်ရှိမည် ဖြစ်

သော်လည်း စကြာဝဠာကြီးကတော့ အကန့်အသတ်မရှိပေ။ ကန့်သတ်ထားသောအရာအတွင်းသို့ အကန့်အသတ်မဲ့သည့် အရာများကို သွပ်သွင်းရန်ကြိုးစားခြင်းမှာ မဖြစ်နိုင်သည့်အရာပင်ဖြစ်သည်”

ဟူ၍ ဖြစ်လေသည်။

ဆန်းလျှန်သည်လည်း အကန့်အသတ်မဲ့စွာဖြင့် တာအိုကျင့်စဉ်အားလုံးကို ကျင့်ကြံနိုင်သူတစ်ယောက် မဟုတ်ပါ။ သို့သော် သူ၏မူလဝိညာဉ်ခန္ဓာသည် အကြောင်းအရာအတော်များများကို နားလည်ရန် လုံလောက်ခဲ့လေသည်။ သူ၏မူလဝိညာဉ်ခန္ဓာသည် တာအိုကျင့်စဉ်များကို သင်ကြားပြသပေးရန်နှင့် အတိုင်းအတာတစ်ခုအထိနားလည်နိုင်သည့်စွမ်းရည်ကို သူ့ကို ပေးခဲ့လေသည်။

အချို့သူများက ကျင့်စဉ်တစ်မျိုးတည်းကိုသာ အထူးပြု ကျင့်ကြံကြပြီး နောက်ဆုံးတွင် မသေနိုင်သောနတ်ဘုရား

တစ်ပါးဖြစ်လာကာ တာအိုမဟာလမ်းစဉ်အထိ တက်လှမ်းနိုင်ခဲ့ကြသည်။

အချို့သူများကတော့ပင်ကိုယ်အရည်အချင်းများဖြင့် မွေးဖွားလာခဲ့သူများ ဖြစ်လေသည်။ သို့သော် သူတို့သည် ရွေးခြယ်စရာမရှိသည့်လောကထဲတွင် ရုန်းကန်ကြရင်း အခက်အခဲများစွာကြုံတွေ့ပြီးမှသာ သေမျိုးကမ္ဘာမှလွတ်မြောက်ပြီးနောက်ဆုံးတွင် တာအိုမဟာလမ်းစဉ်ကို တက်ရောက်နိုင်ခဲ့ကြလေသည်။

ထိုသူနှစ်မျိုးကြားတွင် ခြားနားမှုမရှိပေ။

ထို့အတူပင် ဆန်းလျန်နှင့် တာ့ရှားကောရာဇ်မှာလည်း သိပ်ပြီးခြားနားမှုမရှိပေ။

အနက်ရောင်နှင့်အဝါရောင်ကို ဝတ်ဆင်ထားသည့်တာ့ရှားကောရာဇ်သည် သူ၏ဓားဖြင့်မထိုးစိုက်မီတွင် သမာဓိမီးတောက်ကို စိုက်ကြည့်နေလေသည်။

စစ်မှန်သောသမာဓိမီးတောက်သည် အရာရာကို လောင်ကျွမ်း

ပစ်နိုင်လေသည်။

လေသည် မီးကိုပင့်ပေးနိုင်သလို ငြိမ်းသတ်နိုင်သည့်စွမ်းအား

လည်း ရှိလေသည်။ သို့သော် လေအလွန်ပြင်းထန်ပါက မီးကို

ကူညီရာမရောက်ဘဲ ငြိမ်းသတ်ပစ်ရာရောက်နိုင်လေသည်။

ထို့ကြောင့်ပင် လေပြင်းတစ်ချက် ရုတ်တရက်ပြင်းထန်စွာ

တိုက်ခတ်လာပြီး မီးတောက်မှာ ငြိမ်းသွားလေသည်။

ထိတ်လန့်စရာအချက်မှာ ပြင်းထန်သည့်လေသည် မီးတောက်

ကိုသာ ငြိမ်းစေခဲ့ပြီး မည်သူ့ကိုမှ ထိခိုက်စေခဲ့ခြင်း မရှိပေ။

သမာဓိမီးတောက်ငြိမ်းသွားသည်နှင့် တာ့ရှားကေရာဇ်က

ကျောက်ပန်းပုရုပ်တုကြီးကို ပြန်၍အာရုံစိုက်လိုက်လေသည်။

တာ့ရှားကေရာဇ်၏လက်ထဲတွင် ကိုင်ထားသည့် နတ်မိစ္ဆာဓား

ကောက်ကြီးကို ယခုတော့ လူတိုင်းမြင်တွေ့ကြရ ပြီဖြစ်လေ

သည်။ သူက ထိုဓားကောက်ကြီးဖြင့် ကျောက်ပန်းပုရုပ်တုကို ထိုးစိုက်ချလိုက်လေသည်။

ထိုအခါ ပန်းပုရုပ်တုတွင် မျက်လုံးများပေါ်လာလေသည်။ ထိုမျက်ဝန်းတစ်စုံမှာ အဓိပ္ပါယ်ဖော်ရန်ခက်ခဲလှလေသည်။ တစ်စုံတစ်ဦးက ထိုမျက်ဝန်းများ၏အဓိပ္ပါယ်ကို အတင်းအကြပ်အဓိပ္ပါယ်ဖော်ဆိုရန် တောင်းဆိုမည်ဆိုလျှင် "ဝိညာဉ်ဖြင့်ပြည့်ဝနေသည့်မျက်ဝန်းများ" ဟုသာ ပြောနိုင်ပေလိမ့်မည်။

ထိုမျက်ဝန်းများသည် ကျောက်ပန်းပုရုပ်တုကို ကြည့်နေသူမည်သူ့ကိုမဆို ပြန်လည်စိုက်ကြည့်နေသည်ဟု ခံစားရစေလေသည်။

နောက်ဆုံးတွင်တော့...

ပန်းပုရုပ်တုကြီးကိုရော တာ့ရှားကေရာဇ်လက်ထဲမှ မိစ္ဆာဓား

ကောက်ကြီးကိုပါ အစောင့်စစ်သည်များက နန်းတော်ထဲမှ

သယ်ဆောင်သွားကြလေတော့သည်။

တာ့ရှားကေရာဇ်က လေ့ကျင်းကို ပြုံးပြီးကြည့်လိုက်ရင်း...

"ဒီလက်ဆောင်ကို ဦးရီးတော် သိပ်သဘောကျတယ်"

ဟု ပြောလိုက်လေသည်။

နိုင်ငံခြားရေးဝန်ကြီးလေ့နော်မှာ ကြောက်ရွံ့တုန်လှုပ်နေပြီး ဇနီး

ဖြစ်သူစစ်ကျန်းကို မျက်နှာရိပ်မျက်နှာကဲ တစ်ချက်ပြလိုက်

လေသည်။ စစ်ကျန်းမှာလည်း သမီးဖြစ်သူအတွက် အလွန်

စိုးရိမ်နေပြီဖြစ်လေသည်။

"အစ်ကိုတော်... ကျင်းအော်က ငယ်သေးတော့ မလိမ္မာဘူး၊

ကျွန်မတို့ဇနီးမောင်နှံကပဲ သူ့ရဲ့အမှားအတွက် တောင်းပန်ချင်

ပါတယ်"

လေ့နော်၏ ဇနီးဖြစ်သူ စစ်ကျန်းကနေရာမှထကာ ပြောလိုက်

လေသည်။

တာ့ရှားကေရာဇ်ကရယ်မောလိုက်ရင်း...

"မှားတယ် ဟုတ်လား ၊ ကျင်းကျင်းမမှားပါဘူး ၊ သူ့ကိုဆု

တောင်ချရဦးမယ် ၊ ညီမတော်က ကျင်းကျင်းကို ပန်းပုထုခိုင်း

ပြီး ပန်းပုရုပ်တုဆက်သခိုင်းတဲ့လူက ငါကိုယ်တော်ကိုထိခိုက်

စေတယ်လို့ ထင်နေတာလား ၊ သူက အခု ဝမ်ချန်နန်းတော်ထဲ

ရောက်နေပြီဆိုတာ ငါကိုယ်တော်မသိခဲ့ဘူး ၊ အခု သူ

ရောက်လာပြီဆိုမှတော့ ထွက်သွားဖို့ မစဉ်းစားနဲ့တော့"

ထို့နောက် ကေရာဇ်မင်းက လေ့ကျင်းကို အေးစက်သည့်

မျက်ဝန်းများဖြင့် စိုက်ကြည့်လိုက်ရင်း...

"အဲဒီလူဘယ်သူလဲ ပြောပြစမ်း ၊ ဦးရီးတော်က သမီးကို ဆု

တွေအများကြီး ချီးမြှင့်မယ်"

လေ့ကျင်းသည် နှုတ်ခမ်းကိုတင်းတင်းစေ့ထားပြီး မည်သည့်

စကားမှ မပြောပေ။

တာ့ရှားကောရာဇ်က လေ့ကျင်းအနားသို့ လျှောက်သွားလိုက်ပြီး

မေးလိုက်သည်။

"ပြောမှာလား မပြောဘူးလား"

လေ့ကျင်းသည် စကားတစ်လုံးမှမပြောဘဲ ခေါင်းကို တွင်တွင်

ငုံ့ထားလေသည်။ သူမပုံစံသည် မုန်တိုင်းအတွင်းမှ မြက်ပင်

လေးတစ်ပင်နှင့် တူလေသည်။ ယိမ်းနွဲ့လှုပ်ရှားနေသည့်တိုင်

အမြစ်မှကျွတ်ထွက်နိုင်မည့် အနေအထားမျိုး မဟုတ်ပေ။

တာ့ရှားကောရာဇ်သည် အလွန်မှ ခြိမ်းခြောက်နိုင်စွမ်းရှိသူတစ်

ယောက်ဖြစ်လေသည်။ လေ့ကျင်းကဲ့သို့ မိန်းကလေးငယ်လေး

မပြောနှင့် ရှင်းလျဲ့ကဲ့သို့ ခေါင်းမာလွန်းသောသူပင်လျှင် တာ့

ရှားကောရာဇ်ကို မတွန်းလှန်နိုင်ခဲ့ပေ။

ရှင်းလျှ၏အဖြစ်အပျက်မှာ အကောင်းဆုံးသက်သေပင်ဖြစ်လေသည်။ ထို့ကြောင့် အမတ်မင်းများမှာ သက်ပြင်းများကြိတ်ပြီးချလိုက်မိကြလေသည်။ တာ့ရှားကေရာဇ်၏အမေးကို မဖြေပါက မင်းသမီးလေးကျင်းကျင်း၏ အဖြစ်မှာ မတွေးရဲစရာပင်။

တာ့ရှားကေရာဇ်က အေးစက်စွာရယ်မောလိုက်ရင်း...

"တကယ့်ကို ငါတို့ရှားမျိုးနွယ်ပီသတာပဲဟေ့"

စစ်ကျန်းက တာ့ရှားကေရာဇ်ရှေ့တွင် ဒူးထောက်လိုက်လေသည်။

"အစ်ကိုတော်... ကျင်းအော်ကိုအပြစ်ပေးမယ်ဆိုရင် ညီမတော်ကိုပါ အပြစ်ပေးပါ"

တာ့ရှားကေရာဇ်က...

"မင်းက ငါကိုယ်တော်ကို ခြိမ်းခြောက်နေတာလား"

"ညီမတော်က ဘယ်လိုလုပ်ခြိမ်းခြောက်ဝံ့မှာပါလဲ"

စစ်ကျန်းက တိုးလျှစွာဖြင့် ပြန်ပြောလိုက်လေသည်။

စစ်ကျန်းပြောလိုက်သည့်စကား၏အဓိပ္ပါယ်ကို တာ့ရှား

ဧကရာဇ်နှင့် စစ်ကျန်းသာလျှင် နားအလည်ဆုံးဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ခမည်းတော်ဖြစ်သူကို တာ့ရှား

ဧကရာဇ်ကိုယ်တိုင်သတ်ပစ်လိုက်သည့်မြင်ကွင်းကို စစ်ကျန်း

က မျက်မြင်ကိုယ်တွေ့ မြင်တွေ့ခဲ့ရသူ မဟုတ်ပါလား။

ထိုအချိန်မှာပင် ....

"မင်းကြီးက ကျုပ်ကိုတွေ့ချင်တာမဟုတ်လား ၊ ဘာလို့ ကလေး

ကို အခက်တွေ့အောင် လုပ်နေရတာလဲဗျာ"

ခန်းမအတွင်းသို့ အသံတစ်သံ ဝင်ရောက်လာလေသည်။

ထိုအသံသည် နွေဦးလေပြေလေးအလားပင်ဖြစ်ပြီး ခန်းမတစ်

ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

လေ့ကျင်းသည် နှုတ်ခမ်းကိုကိုက်ထားပြီး အသံလာရာဆီသို့

လှမ်းကြည့်လိုက်လေသည်။

ခန်းမအတွင်းသို့ အဖြူရောင်တိမ်တိုက်တစ်ခု ဝင်ရောက်လာသည်ကို တွေ့ရှိလိုက်ရလေသည်။

ထိုအဖြူရောင်တိမ်တိုက်ထက်တွင် လူငယ်တစ်ယောက်တင်ပျဉ်ခွေ ထိုင်နေလေသည်။ ထိုလူငယ်သည် ရွှေရောင်ဝတ်ရုံကိုဝတ်ဆင်ထားခြင်းမရှိပါ။ သို့သော် သူ့ကိုမြင်တွေ့သူတိုင်းက သူ၏ခမ်းနားမှုကို ခံစားကြရမည် ဖြစ်လေသည်။

"ဆရာက လောကမှ သတ္တိအရှိဆုံးပဲ"

လေ့ကျင်းက စိတ်ထဲမှ တွေးလိုက်မိလေသည်။

အမတ်မင်းများမှာ တိချိုးမြို့တော်ကို မုန်တိုင်းထန်စေခဲ့သူကို မြင်တွေ့လိုက်ရသည့်အခါ အလွန်အံ့ဩမင်သက်ကုန်ကြလေသည်။ သူတို့က ထိုသူမှာ ဆံပင်ဖြူဖြူ ၊ မုတ်ဆိတ်မွေးဖြူဖြူနှင့် အသက်ကြီးကြီး တာအိုဆရာကြီးတစ်ပါးဖြစ်လိမ့်မည်။ သို့မဟုတ် ဘုန်းတော်ကြီးတစ်ပါးဖြစ်လိမ့်မည်ဟု ထင်မှတ်ထားကြလေသည်။ သို့သော် ယခုတော့ သူတို့ထင်မှတ်ထား

သလိုမဟုတ်ဘဲ ချောမောလှပလွန်းသည့် လူငယ်လေးတစ်ယောက် ဖြစ်နေခဲ့ပြီ။

အဖြူရောင်တိမ်တိုက်သည် ခန်းမအတွင်းရှိ စကျက်ကျောက်ပြားထက်သို့ ဖြည်းဖြည်းချင်း ဆင်းသက်လာလေသည်။

တိမ်တိုက်ထက်တွင်ထိုင်နေသည့် လူငယ်၏မျက်ဝန်းများသည် ကောင်းကင်ကြီးတစ်ခုအလား နက်ရှိုင်းကျယ်ပြန့်လွန်းလှလေသည်။

တာ့ရှားကောရာဇ်က ထိုသူမှာ ယခုကဲ့သို့ ထွက်ပေါ်လာလိမ့်မည်ဟု ထင်မထားမိပေ။ အနည်းဆုံးတော့ သူနှင့်ရင်ဆိုင်ရန် ကြောက်ရွံ့နေမည်ဟု တွေးထင်ထားခဲ့မိလေသည်။

ဆန်းလျန်သည် ယင်းလုန်ကိုပင် နိုးထစေခဲ့သူ ဖြစ်လေသည်။

ဆန်းလျန် မင်လော့ကိုသတ်ဖြတ်လိုက်စဉ်က သတ္တိကောင်းလှသည်ဟု တာ့ရှားကောရာဇ်က တွေးထင်မိသည့်တိုင် ယခုကဲ့သို့

နန်းရင်ပြင်ညစာစားပွဲသို့ အတားအဆီးမဲ့စွာ ဝင်ရောက်လာခြင်းနှင့် ယှဉ်လျှင်တော့ မပြောပလောက်တော့ ပေ။

တာ့ရှားကေရာဇ်မှာ လူငယ်ကို ကြည့်ပြီး အံ့သြနေလေသည်။

သူသည် ဖခင်ဖြစ်သူပြောခဲ့သည့် စကားကို ပြန်သတိရနေမိလေသည်။

"သားတော်က တခြားသူတွေကို ခြိမ်းခြောက်နိုင်တဲ့စွမ်းအားမြင့်မားတယ် ၊ ဒါကြောင့် လောကမှာ ပြိုင်ဘက်ကင်းတယ် ၊ ဒါပေမယ့် တကယ်သတ္တိရှိတဲ့သူတွေ လောကမှာ ရှိသေးတယ်"

ထိုအချိန်က ခမည်းတော်ဖြစ်သူ၏စကားကို အရေးမစိုက်ခဲ့ပေ။ သို့သော် ယခုတော့ "တကယ်သတ္တိရှိသူ" ကို သူတွေ့မြင်ခဲ့ရပြီ။

ဆန်းလျန်သည် ခန်းမထဲတွင် မတ်တပ်ရပ်နေလေသည်။

သူ၏ကိုယ်နေဟန်က ပိန်ပိန်သွယ်သွယ်နှင့်ဖြစ်သည့်အတွက် အားနည်းသယောင်ထင်ရသည်။ သို့သော် ထိုအားနည်းပုံရ

သည့် ခန္ဓာကိုယ်အတွင်းတွင် ဖုံးကွယ်ထားသည့် တန်ခိုး စွမ်းအားသည် အံ့သြစရာကောင်းရုံသာမက အလွန်လည်း ကြောက်မက်ဖွယ်ရာကောင်းလေသည်။

ယခုတော့...

ဆန်းလျန်ရောက်လာခဲ့လေပြီ။

ကြိုတင်ပြောမထားဘဲနှင့် သူရောက်လာခဲ့သည်။ အကြောင်းပြ ချက်မရှိဘဲ သူရောက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူ သည် ဆန်းလျန်ဖြစ်နေသောကြောင့်ပင်။

နည်းနည်းတော့ထူးဆန်းလေသည်။ အစပိုင်းတွင်တော့ ဆန်း လျန်သည် ရှားမျိုးနွယ်များ၏ မွေးရာပါတန်ခိုးစွမ်းအားများကို သေသေချာချာလေ့လာပြီးမှ တာ့ရှားကေရာဇ်နှင့် တွေ့ဆုံရန် ဆုံးဖြတ်ထားလေသည်။

သို့သော် လောကတွင် ပြီးပြည့်စုံသည့်အရာဆို၍ မရှိပေ။

လေ့ကျင်းသည် သူ့အတွက်ကာကွယ်ပေးနေသည်ကို သူသည် မည်သို့ရပ်ကြည့်နေနိုင်ပါမည်နည်း။

ထို့ပြင် ဆန်းလျှန်အနေဖြင့် ကြောက်နေရစရာလည်း အကြောင်းမရှိပေ။ ဘဝ၏ သေခြင်းရှင်ခြင်းများကို သူ နားလည်လက်ခံထားခဲ့သည်မှာ ကြာခဲ့ပြီ။ ထို့ပြင် တာ့ရှား ဧကရာဇ်က ဒေါသတကြီးဖြင့် သူ့ကို တိုက်ခိုက်မည်ဆိုလျှင် လည်း သူ့အတွက် အခြေအနေဆိုးရွားသွားနိုင်စရာ အကြောင်း မရှိပေ။

"ကျားတွေရှိတယ်ဆိုတာကို သိသိကြီးနဲ့ တောနက်ထဲသို့ဝင် ရောက်သွားခြင်း" ဆိုသည့် သတ္တိနှင့် လှုံ့ဆော်မှုသည် တာအို စိတ်ထားကို ပိုပြီး စူးရှထက်မြက်စေလေသည်။

အခန်း (၅၀၈) တိုင်းပြည်အကြံပေး

အဖြူရောင်တိမ်တိုက်သည် ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်သည် မတ်တပ်ရပ်လိုက်ပြီး လေးစားသမှုဖြင့် တာ့

ရှားကေရာဇ်ကို အနည်းငယ်ဦးညွှတ်ကာ နှုတ်ဆက်လိုက်

သည်။

"ရောက်လာမှတော့ ထွက်သွားဖို့မစဉ်းစားနဲ့"

တာ့ရှားကေရာဇ်က အေးစက်စွာဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်က အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်ရင်း...

"ကျုပ်သွားချင်ရင်သွားလို့ရတာပါပဲလေ"

တာ့ရှားကေရာဇ်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေ

သည်။

ချက်ချင်းပင် ခန်းမဆောင်အပြင်ဘက်မှ သံချပ်ကာ ဝတ်ဆင်ထားသည့် များပြားလှစွာသော စစ်သည်တော်များဝင်ရောက်လာကြလေသည်။

နန်းတော်ခေါင်မိုးထက်မှလည်း နဂါးဟိန်းသံကြီးတစ်ချက်ကိုလည်း ကြားလိုက်ရလေသည်။

သားရဲသတ္တဝါပေါင်းစုံ၏ ဟိန်းဟောက်သံများလည်းတစ်သံပြီးတစ်သံ ထွက်ပေါ်လာကြလေသည်။

တာ့ရှားကေရာဇ်က ဟွန့်ခနဲ နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ကဲ... မင်း ထွက်ပြေးလို့ရဦးမလား ကြည့်ကြတာပေါ့"

သောင်းနှင့်ချီသည့် ရှားမျိုးနွယ် ထိပ်တန်းစစ်သည်တော်များသည် ခန်းမအပြင်ဘက်မှ ဝန်းရံထားကြပြီး အဆင့်အလိုက် ခန်းမအတွင်းသို့ ဝင်ရောက်လာကြလေသည်။ သူတို့ဆီမှထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများသည် လေထုတစ်ခုလုံးထဲတွင် ပြည့်သိပ်နေလေ၏။

လက်ရှိအခြေအနေတွင် တာအိုတန်ခိုးစွမ်းအားများကို အသုံးပြုမည်ဆိုလျှင်တောင် သက်ရောက်မှု သိပ်ပြီး ရှိလိမ့်မည် မဟုတ်ပေ။

တာ့ရှားကေရာဇ်သည် မြင့်မားသည့်တောင်ကြီးတစ်လုံးအလား ခိုင်မာစွာဖြင့် မတ်တပ်ရပ်နေလေသည်။ သူ၏မျက်နှာသည် အလွန်အေးစက်နေပြီး သူ၏ခန္ဓာကိုယ်မှ အမျိုးမျိုးသော တန်ခိုးစွမ်းအားများ ထွက်ပေါ်နေလေသည်။

“ဝါးရုံတောကဘယ်လောက်ပဲထူထပ်ပါစေ စီးဆင်းနေတဲ့မြစ်ရေကို တားဆီးနိုင်မှာတဲ့လား ၊ ဘယ်လောက်မြင့်တဲ့တောင်ဖြစ်ပါစေ မျောလွင့်နေတဲ့တိမ်တွေကို တားဆီးနိုင်မှာတဲ့လား”

ဆန်းလျန်က ရေရွတ်လိုက်လေသည်။

တာ့ရှားကေရာဇ်က ဟားတိုက်ရယ်မောလိုက်ရင်း…

“ငါကိုယ်တော်က လောင်ကျွမ်းနေတဲ့နေတစ်စင်းပဲ ၊ မင်းဟာ မင်း မြစ်ပဲဖြစ်ဖြစ် တိမ်တိုက်ပဲဖြစ်ဖြစ် တစ်ခါထဲ ခမ်းခြောက် သွားအောင် လောင်ကျွမ်းပစ်လိုက်မယ်”

“ဒါဖြင့် မင်းကြီးရဲ့နေစွမ်းအင်က မြစ်တစ်စင်းဖြစ်တဲ့ ကျုပ်ကို ခြောက်ခမ်းသွားတဲ့အထိ လောင်ကျွမ်းပစ်နိုင်လောက်တဲ့ တန်ခိုးစွမ်းအားမရှိမှာ စိုးရွံ့မိပါတယ် ၊ တိမ်တိုက်တွေဆိုတာ ကတော့ နေမင်းက လောင်ကျွမ်းပစ်နိုင်ရိုးထုံးစံမရှိပါဘူး”

ဆန်းလျန်က တိုးလျသည့်လေသံဖြင့် ပြောလိုက်လေသည်။

တာ့ရှားကောရာဇ်က မျက်လုံးများကို မှေးစင်းလိုက်သည့်တိုင် သူ၏မျက်ဝန်းများက တောက်ပနေလေသည်။

ထိုအချိန်မှာပင်...

ကမ္ဘာမြေတစ်ခုလုံးစတင်တုန်လှုပ်လာပြီး လေထဲမှ အလင်းမှုံ လေးများသည် အလွန်လျှင်မြန်သည့်အရှိန်ဖြင့် လှည့်ပတ်နေ ကြလေသည်။

ရှားတူးမြောင်းမှ စီးဆင်းနေသည့်ရေများသည် ချက်ချင်းပင် ရပ်တန့်သွားပြီး တိချိုးမြို့တော်တစ်ခုလုံးမှ ဝိညာဉ်စွမ်းအား များသည် ရှားထိုက်အကျဉ်းထောင်ရှိရာနေရာသို့ စုဝေးရောက် ရှိလာကြလေသည်။

ခန်းမအတွင်းမှလူများအားလုံးမှာ အေးစိမ့်မှုနှင့်အတူ သူတို့ နှလုံးသားထဲသို့ဝင်ရောက်လာသည့် မမြင်ရသည့် စူးရှမှုတစ်ခု ကို ခံစားလိုက်ကြရလေသည်။

စူးရှမှုသည် ဓားဝိညာဉ်တစ်ခုနှင့်ဆင်တူသလို မပျက်စီးနိုင် သည့်စည်းမျဉ်းတစ်ခုနှင့်လည်း ဆင်တူလေသည်။

ဆန်းလျန်သည် တည်ငြိမ်စွာဖြင့် မတ်တပ်ရပ်နေဆဲ ဖြစ်လေ သည်။

အေးစိမ့်မှုနှင့် မမြင်နိုင်သည့်စူးရှမှုသည် ဆန်းလျန်အပေါ်တွင် တော့ မသက်ရောက်သကဲ့သို့ ရှိနေလေသည်။ သူ၏ပုံစံမှာ ဤ

လောကနှင့်မဆိုင်ဘဲ သီးခြားခွဲထွက်နေသကဲ့သို့ ဖြစ်လေသည်။

လေ့ကျင်းသည် သတိလက်လွတ်ဖြင့် ဆန်းလျန်အနားသို့ လမ်းလျှောက်သွားလေသည်။ ဆန်းလျန်နှင့်နီးကပ်လာလေလေ စူးရှမှုနှင့်ဝေးကွာသွားလေလေဖြစ်သည်ကို သူမခံစားလိုက်ရလေသည်။

“မိုးပြိုရင်တောင်မှ ဆရာဟာ ပြိုလဲသွားမယ့်သူမဟုတ်ဘူးပဲ” သူမစိတ်ထဲတွင် တွေးလိုက်မိလေသည်။

တာ့ရှားကေရာဇ်ထံမှ ကျုံးဝါးသံကြီးတစ်ချက်ထွက်ပေါ်လာလေသည်။

ထို့နောက်တွင်တော့....

ချက်ချင်းပင် လှုပ်ရှားနေသည့်မြေပြင်မှာ ရပ်တန့်သွားပြီး ရှားထိုက်အကျဉ်းထောင်သို့ စုရုံးရောက်ရှိလာသည့် ဝိညာဉ်

စွမ်းအားများသည် ကြီးမားသောအင်အားတစ်ခုဖြင့် ချည်နှောင်ခြင်းကို ခံလိုက်ရလေသည်။

တာ့ရှားကေရာဇ်၏မျက်နှာကတော့ အေးစက်တင်းမာနေဆဲ ဖြစ်လေသည်။ သူက ဆန်းလျန်ကို စိုက်ကြည့်လိုက်ရင်း…

“တာ့ရှားမှာ တိုင်းပြည်အကြံပေးအမတ်မင်းရာထူးနေရာ လစ်လပ်နေတယ်”

ထိုမျှသာပြောပြီး တာ့ရှားကေရာဇ်က ဆက်မပြောတော့ပါ။ သို့သော် တာ့ရှားကေရာဇ်ဆိုလိုသည့်အဓိပ္ပါယ်ကို အားလုံးက နားလည်လိုက်ကြလေသည်။ တာ့ရှားကေရာဇ်သည် ဆန်းလျန်ကို တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းနေရာတွင် တာဝန်ပေးအပ်ရန် ကမ်းလှမ်းလိုက်ခြင်း ဖြစ်လေသည်။

တာ့ရှားကေရာဇ်ဘက်မှ ဤသို့ကမ်းလှမ်းလိုက်သည်မှာ မကြုံစဖူး ထူးဆန်းသည့် အဖြစ်အပျက်ပင် ဖြစ်လေသည်။

သို့သော် တာ့ရှားကေရာဇ်၏ကမ်းလှမ်းချက်မှာ ဆန်းလျန်၏တန်ခိုးစွမ်းအားမြင့်မားမှုတစ်ခုတည်းကြောင့် မဟုတ်ပေ။ ထျန်းယီအကြီးအကဲနှင့်လည်း သက်ဆိုင်လေသည်။ တိချိုးမြို့တော်တစ်ခုလုံးမှ ဝိညာဉ်စွမ်းအားများကို တစ်ခါတည်းဖြင့် စုစည်းနိုင်သည့် ထျန်းယီ၏စုုးရှသည့် ဓား ဝိညာဉ်မှာ မည်မျှအဆင့်မြင့်နေပြီဖြစ်သည်ကို တာ့ရှား ကေရာဇ် သဘောပေါက်သွားသောကြောင့်ပင်။

ထျန်းယီသည် အလွန်မှ ကြောက်စရာကောင်းသည့် လူတစ်ယောက် ဖြစ်လေသည်။

ဆန်းလျန်သည် တစ်ခဏကြာမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ....

"ကျုပ်မှာ အရည်အချင်းပြည့်မီတယ်လို့ ယူဆရတာပါပဲ"

သူက ထိုစကားကို ပေါ့ပေါ့ပါးပါးပင် ပြောလိုက်ခြင်း ဖြစ်လေသည်။

"တိုင်းပြည်အကြံပေးရာထူးက မင်းရဲ့အရည်အချင်းနဲ့ဆိုရင် အသင့်တော်ဆုံးပါပဲ"

တာ့ရှားကေရာ့ဇ်၏အသံသည် အလွန်မှ နူးညံ့သိမ်မွေ့နေလေသည်။

ဆန်းလျန်က ပြုံးရုံသာပြုံးနေပြီး မည်သည့်စကားမှ ပြန်မပြောပေ။

"လာကြစမ်း ၊ တိုင်းပြည်အကြံပေးအမတ်မင်းအတွက် ထိုင်ဖို့နေရာ စီစဉ်ပေးကြစမ်း"

တာ့ရှားကေရာ့ဇ်က ပြောလိုက်လေသည်။

သိပ်မကြာခင်တွင်တော့ ဆန်းလျန်သည် တာ့ရှားကေရာ့ဇ်၏ ညဘက်တွင် ထိုင်ခွင့်ရသွားတော့သည်။

"ဒါနဲ့ တိုင်းပြည်အကြံပေးအမတ်မင်းရဲ့ အမည်ကဘယ်လိုခေါ်ပါသလဲ"

တာ့ရှားကေရာ့ဇ်က ပေါ့ပေါ့ပါးပါးပင် မေးလိုက်လေသည်။

“မင်းကြီး… ကျုပ်ကို ချင်းရွှမ်လို့ခေါ်နိုင်ပါတယ်”

ဆန်းလျန်က သိမ်မွေ့စွာဖြင့်ပြောလိုက်လေသည်။

“တာ့ရှားမှာ စိမ်းလန်းတဲ့သဘာဝသစ်တောတွေပေါ်များတယ်၊ ချင်းရွှမ်ဆိုတဲ့နာမည်ဟာ တာ့ရှားနဲ့လည်း အင်မတန်မှ လိုက်ဖက်ပါတယ်၊ ကြည့်ရတာ အမတ်မင်းက တာ့ရှားမှာ တိုင်းပြည်အကြီးပေးဖြစ်လာတာက ကံတရားအတိုင်းပဲထင်ပါ ရဲ့”

(ချင်းရွှမ် ဆိုသည်မှာ စိမ်းညို့နက်ရှိုင်းခြင်းလို့ အဓိပ္ပါယ်ရပါ တယ် - ဘာသာပြန်သူ)

တာ့ရှားဧကရာဇ်က အေးဆေးစွာဖြင့်ဆိုသည်။

သူ၏စကားသံက သန့်စင်ပြီး နက်ရှိုင်းနေလေသည်။

ကြောက်မက်ဖွယ်ရာ ဧကရာဇ်တစ်ပါး၏အသွင်သဏ္ဌာန်သည် လုံးဝပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

အခြားသောအမတ်များကတော့ တာ့ရှားကေရာဇ်ကိုကြည့်ပြီး အံ့သြမနေကြတော့ပါ။

ဆန်းလျန်ကတော့ နဂိုအတိုင်းပင် တည်တည်ငြိမ်ငြိမ်ရှိနေလေသည်။

တာ့ရှားကေရာဇ်နှင့် ဆန်းလျန်သည် မိုး ၊ မြေ နှင့် လူသားများအကြောင်း ၊ ဖန်ဆင်းခြင်းများအကြောင်း ၊ စကြာဝဠာကြီး၏နက်ရှိုင်းမှုများအကြောင်း ပြောဆိုဆွေးနွေးနေကြလေသည်။ ဆန်းလျန်၏အသံမှာ တိုးညင်းသည့်တိုင်အခြားသော ဆူညံနေမှုများကို ဖုံးလွှမ်းနိုင်စွမ်းရှိလေသည်။ သူပြောသည့် စကားလုံးတိုင်းတွင်လည်း ရဲရင့်မှုရှိပြီး အခြားသောအမတ်များသည် ဆန်းလျန်ကို မလေးစားဘဲ မနေနိုင်ကြတော့ပေ။

တာအိုဆရာမုကျန်းနှင့် တာ့ကြွယ်ကျောင်းတော်မှ ဆရာတော်တို့မှာ ကျင့်ကြံသူများအကြားတွင် ထင်ရှားသူများ ဖြစ်ကြလေသည်။ သို့သော် ဆန်းလျန်နှင့်ယှဉ်လျှင်တော့ သူတို့သည်

အလွန်မှ မေးမှိန်သွားပြီ ဖြစ်လေသည်။ ထိုခံစားချက်က သူတို့ကို အရှက်ရစေလေသည်။

တာ့ရှားပြည်၏မင်းမျိုးမင်းနွယ်များသည် ထူးခြားသည့်တန်ခိုးစွမ်းအားများကိုပိုင်ဆိုင်ကြသော်လည်း သတ္တိအရာတွင် တော့ဘိုးဘေးများကို မယှဉ်နိုင်ကြပေ။

ထို့ကြောင့် တာ့ရှားဧကရာဇ်သည် သူ၏အမတ်များကို အထင်မကြီးခြင်းဖြစ်လေသည်။

တာ့ရှားဧကရာဇ်သည် အလွန်စည်းကမ်းတင်းကြပ်သူတစ်ယောက်ဖြစ်လေသည်။ တာ့ရှားဧကရာဇ်တွင် ထိုကဲ့သို့ နူးညံ့သည့်စရိုက်လက္ခဏာရှိလိမ့်မည်ဟု ဆားန်လျှန် လုံးဝထင်မထားခဲ့မိပေ။ သို့သော် နူးညံ့သိမ်မွေ့သည်ဆိုခြင်းထက် နူးညံ့သိမ်မွေ့ဟန်ဆောင်နေခြင်းလည်း ဖြစ်နိုင်လေသည်။

တာ့ရှားကေရာဇ်၏အခက်အခဲများကို ဆန်းလျန်သိရလေ သူ့အတွက်ပိုပြီး စိတ်ထက်သန်စရာကောင်းလေ ဖြစ်ပေမည်။ မိုးနှင့် မြေကို အံတုရသည်မှာ ပျော်စရာကောင်းလေသည်။ သို့သော်... လူသားအချင်းချင်းယှဉ်ပြိုင်ရသည်က ပိုပြီး ပျော်စရာကောင်းလိမ့်မည်။

တာ့ရှားကေရာဇ်က သူ့ကိုအဘယ့်ကြောင့် တိုင်းပြည်အကြံပေးအဖြစ်ခန့်အပ်ရသည်ကို ဆန်းလျန် နားမလည်နိုင်သေးပေ။ ထောင်ချောက်တစ်ခုလည်း ဖြစ်နိုင်လေသည်။ သို့သော်... ထောင်ချောက်ဖြစ်မည်ဆိုလျှင်တောင်မှ ဆန်းလျန်ကတော့ တစ်ချက်ပင် မတုန့်ဆိုင်းဘဲ ထောင်ချောက်အတွင်းသို့ ခုန်ဝင်သွားမည့်သူတစ်ယောက်ဖြစ်လေသည်။

မည်သည့်အကြောင်းပြချက်မှတော့မရှိပေ။ တာ့ရှားကေရာဇ်သည် ကြားခံတစ်ယောက်လိုအပ်နေသူဖြစ်ပြီး ဆန်းလျန်သည်လည်းအတူတူပင်ဖြစ်လေသည်။

တာ့ရှားကေရာဇ်ကလည်း ဆန်းလျန်အကြောင်း အသေးစိတ် သိနိုင်မည်ဟု ထင်မှတ်ခဲ့သော်လည်း တကယ်တမ်းတွင် မသိ နိုင်ခဲ့ပေ။ ဆန်းလျန်၏ မြင့်မားလှသည် မူလဝိညာဉ်ခန္ဓာသည် အပြည့်အဝ ရုပ်ခန္ဓာနှင့်ပေါင်းစပ်နိုင်ခြင်း မရှိသေးကြောင်း တာ့ရှားကေရာဇ် မသိခဲ့ပါ။ သူသည် ဆန်းလျန်ကို သုံးဆယ် ရာခိုင်နှုန်းသာ ခန့်မှန်းကြည့်နိုင်ခဲ့လေသည်။

အရေးကြီးသည့်အချက်မှာ ဆန်းလျန်သည် တိချိုးမြို့တော်မှ ထွက်ခွာသွားလိုခြင်း မရှိသေးခြင်းပင် ဖြစ်လေသည်။ ထို့ပြင် သူက တာ့ရှားကေရာဇ်ကို သူ၏တန်ခိုးစွမ်းအားကိုပြသရန် အတွက် လေ့ကျင်းကို ပန်းပုရုပ်တုထုခိုင်းပြီးတော့ပင် သွားစွ လိုက်သေးသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သူ၏စိတ် ထဲတွင် ဆန့်ကျင်လိုစိတ်များရှိနေသည်ကိုသိနိုင်လေသည်။

ယခုတော့ တာ့ရှားကေရာဇ်နှင့် ဆန်းလျန်သည် အပေးအယူ စျေးတည့်သွားကြပြီ ဖြစ်သည့်အတွက် သူတို့နှစ်ယောက်ကြား

မှပြုသနာသည် အပေါ်ယံအားဖြင့်တော့ အဆင်ပြေသွားပြီဟု ဆိုနိုင်လေသည်။

အခြားဘက်တွင်လည်း တာ့ရှားကေရာဇ်၏စိတ်မှာ ရှုတ်ထွေးလျှက်ရှိလေသည်။ ထျန်းယီနှင့်ဆန်းလျန် တစ်ယောက်ကို ရွေးခြယ်ရင်ဆိုင်ရမည်ဆိုလျှင် တာ့ရှားကေရာဇ်သည် နှိမ်နင်းရလွယ်ကူမည်ဖြစ်သည့် ထျန်းယီကို ရွေးခြယ်မည် ဖြစ်လေသည်။ ဆန်းလျန်က တန်ခိုးစွမ်းအားမြင့်မားသောကြောင့် မဟုတ်ပါ။ ဆန်းလျန်သည် အကြောက်တရားကင်းမဲ့သည့် လူတစ်ယောက် ဖြစ်နေသောကြောင့် ဖြစ်လေသည်။

သို့သော် ဆန်းလျန်သည် ရှားရှားပါးပါးသူ့ကိုစွဲဆောင်နိုင်သည့် လူတစ်ယောက်ဖြစ်သည်ကိုတော့ တာ့ရှားကေရာဇ်အနေဖြင့် ဝန်ခံရမည် ဖြစ်လေသည်။ သူက ဆန်းလျန်နှင့်အတူ ကျင့်စဉ်လမ်းအကြောင်းများကို သတိလက်လွတ်ပြောဆိုနေမိလေတော့သည်။

သူ့အဖြစ်ကိုသာ သူကိုယ်တိုင် သတိပြန်ပြုမိမည်ဆိုပါက ရယ်ရမလို ငိုရမလို မအီမလည်ခံစားရပေဦးမည်။

အမှန်တော့ တာ့ရှားကေရာဇ်သည် အထီးကျန်နေခြင်း ဖြစ်လေသည်။ အထီးကျန်ခြင်းဆိုသည့်အရာမှာ ဖော်ပြရန် အခက်ခဲဆုံးအရာဖြစ်လေသည်။

သူက သူ၏အမတ်များကို မိုက်မဲသောသတ္တဝါများ ၊ ငတုံးများဟု မှတ်ယူထားလေသည်။ ထို့ကြောင့် ထိုသူများသည် သူနှင့် စကားပြောဆိုဆွေးနွေးရန် မတန်ဟု ယူဆထားလေသည်။

သို့သော်... တဖြည်းဖြည်းအဖော်ကင်းမဲ့လာသည့်အတွက် အထီးကျန်ခြင်းကိုတော့ မည်သူမျှ နားလည်နိုင်မည် မဟုတ်ပေ။

ထိုအချက်သည် တာ့ရှားကေရာဇ်မှာ သတိလက်လွတ်ဖြင့် ဆန်းလျှန်နှင့် စကားလက်ဆုံကျနေရသည့် အကြောင်းရင်းပင် ဖြစ်တော့သည်။

ညစာစားပွဲသည် နံနက်အရုဏ်တက်မှပင် ပြီးဆုံးလေ

တော့သည်။

ဆန်းလျန်နှင့် စကားစမြည်ပြောခဲ့ကြသည့် သံတမာန်များက

အရုဏ်မတက်ခင် ဆန်းလျန်ဆီသို့လာရောက် နှုတ်ဆက်ကြ

သေးသည်။

ထိုအခါ ဆန်းလျန်၏ပတ်ပတ်လည်တွင် ဆန်းလျန်ကို

စောင့်ရှောက်နေသည့် ကိုယ်ရံတော်များ ရှိနေသည့်အတွက် သူ

တို့သည် ဆန်းလျန်ကို ခပ်ဝေးဝေးမှပင် နှုတ်ဆက်ကြရလေ

သည်။

သံတမာန်များမှာ ဆန်းလျန်ကို ပိုပြီးစိတ်ဝင်စားနေကြလေ

သည်။ ရှီးလျန်တိုင်းပြည်မှ မင်းသားငယ်လေးသည် သာမန်လူ

မဟုတ်သည်မှာတော့ သေချာလေသည်။

"မင်းသားလေး ၊ သခင်လေးကြည့်ရတာ မြောက်ပိုင်းကို

စိတ်ဝင်စားပုံရတယ် ၊ ဒါကြောင့် မင်းသားလေးကို မြောက်ပိုင်း

က ဒေသထွက်လက်ဆောင်လေးတွေလာပေးတာပါ ၊ ပြီးတော့ မင်းသားလေး လာရောက်လည်ပတ်မယ်ဆိုရင်လည်း မြောက်ပိုင်းက အမြဲကြိုဆိုနေပါတယ်"

မြောက်ပိုင်းမှ သံတမာန်များက ပြောလိုက်ကြလေသည်။

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

"အစ်ကိုတို့ရဲ့စေတနာအတွက် ကျေးဇူးတင်ပါတယ် ၊ ကျုပ်က ဘာမှပိုင်ဆိုင်တဲ့သူမဟုတ်တော့ အစ်ကိုတို့ကို ဘာလက်ဆောင်မှ ပြန်မပေးနိုင်တော့ အားနာမိတယ်”

သံတမန်များက ပြုံးလိုက်ရင်း...

"ဒါ ဘာမှမဟုတ်တဲ့ ဒေသထွက်လေးတွေပါ ၊ အဖိုးတန်တာမှ မဟုတ်တာဘဲကို"

တခြားသံတမာန်တစ်ယောက်က...

"ဒါနဲ့ မင်းသားလေး ၊ တိချိုးကနေ ဘယ်ကိုဆက်သွားဖို့ အစီအစဉ်ရှိပါသလဲ ၊ ပြီးတော့ ညက ဝမ်ချန်နန်းတော် ၊ ညစာ

စားပွဲခန်းမထဲမှာ ထူးဆန်းတာတွေ ဖြစ်ပျက်သွားတာ ၊

မင်းသားလေးသိတယ်မဟုတ်လား"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အားလုံးပဲ အပြင်မှာသွားပြောကြရအောင်..."

အခန်း (၅၀၉) ရဟန်းမင်းကြီး

တစ်ညလုံးအရက်သောက်ထားသည့်တိုင် တာ့ရှားကေရာဇ်

သည် လန်းဆန်းနေဆဲဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအား

များမှာ အကန့်အသတ်မရှိသည့်အတွက် အရက်မူး

သောကြောင့် ပင်ပန်းခြင်းကို သူမခံစားရပေ။

ညစာစားပွဲအပြီး နံနက်မိုးသောက်သည်နှင့် တာ့ရှားကေရာဇ်

သည် ညစာစားပွဲခန်းမဆောင်မှ မြင်းရထားတစ်စီးဖြင့် ထွက်

ခွာသွားလေတော့သည်။ နန်းတွင်းသူများနှင့် မိန်းမစိုးများက

မြင်းရထားနောက်မှ လမ်းလျှောက်လိုက်ပါလာကြရလေသည်။

မြင်းရထားသည် ဥယျာဉ်တစ်ခုကို ဖြတ်သန်းပြီး ကျောက်စိမ်း

ရေကန်တစ်ခုရှိရာသို့ ရောက်ရှိလာလေသည်။ ရေကန်ထဲမှ ရေ

လှိုင်းများမှာ မှန်ကဲ့သို့ပင်ကြည်လင်နေပြီး မြက်ပင်များက

လည်း နေရာအနှံ့စိမ်းလန်းစွာ ပေါက်ရောက်နေလေသည်။

ထိုရေကန်သည် တာ့ရှားပြည်တစ်ပြည်လုံးတွင် အကြီးဆုံး

ရေကန်ဖြစ်လေသည်။ ကောင်းကင်မှရေများက မြေပြင်သို့ စီး

ဆင်းဝင်ရောက်လာကြသည့်ရေကန်ဖြစ်လေသည်။ ဝိညာဉ်

စွမ်းအားများက ရေကန်ထဲတွင် ပေါင်းစပ်နေကြပြီး ထိုရေကန်

ကိုတည်ဆောက်ရန်အတွက် နှစ်ပေါင်းသုံးဆယ်ကြာခဲ့ပြီး ကျွန်ပေါင်းနှစ်သောင်း၏အသက်များ စတေးခဲ့ကြရလေသည်။

ကြည်လင်သည့်ကန်ရေပြင်သည် အလွန်များပြားလှသည့်သွေးနှင့်မျက်ရည်များကို ဖုံးကွယ်ထားလေသည်။

ရေကန်အလယ်တွင် ခန်းမဆောင်တစ်ခုရှိနေလေသည်။

ခန်းမဆောင်အတွင်းမှ ကြည့်မည်ဆိုလျှင် အလွန်လှပသည့်ကန်ရေပြင်ရှုခင်းကို တွေ့မြင်ရမည် ဖြစ်လေသည်။

နန်းတော်မှ လိုက်ပါလာကြသည့် နန်းတွင်းသူများနှင့် မိန်းမစိုးများသည် ရေကန်ပတ်ဝန်းကျင်တွင် နေထိုင်ကြရလေသည်။

တာ့ရှားဧကရာဇ်သည် ခြေတစ်လှမ်းတည်းဖြင့်ပင် ကန်ရေပြင်ကိုဖြတ်သန်းကာ ခန်းမဆောင်အတွင်းသို့ ရောက်ရှိသွားလေသည်။

ရေကန်အလယ်ရှိ ခန်းမဆောင်ထဲတွင် လူတစ်ယောက်ရပ်နေလေသည်။ ထိုသူကျောခိုင်းရပ်နေခြင်းဖြစ်ပြီး ကိုယ်ဟန်

အနေအထားက အလွန်ပိန်ပိန်ပါးပါး ဖြစ်လေသည်။ အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး သူ၏ဆံနွယ်ရှည်များမှာ မင်ရောင်ကဲ့သို့နက်မှောင်ပြီး ခါးထိရှည်လျားလေသည်။ ပခုံးထက်မှ ခါးထိရှည်လျားသည့်ဆံနွယ်များသည် ရေတံခွန်မှရေများကျဆင်းနေသည်နှင့်ပင် ဆင်တူလေသည်။

ရှည်လျားသည့်အင်္ကျီလက်များဆီမှ တစ်စွန်းတစ်စမြင်နေရသည့် ထိုသူ၏လက်များသည် ကျောက်စိမ်းသားအလား ဖြူဖွေးသန့်စင်လွန်းပြီး လက်ချောင်းလေးများက ရှည်လျားလှပလွန်းလှသည်။

ထိုသူက လက်နှစ်ဖက်ကို နောက်ပစ်ထားလေသည်။

တာ့ရှားကေရာဇ်သည် ကောင်းကင်ဆီသို့ ငြီးငွေ့သည့်ဟန်ဖြင့် တစ်ချက်မော့ကြည့်လိုက်ပြီး သတိလက်လွတ်ရေရွတ်လိုက်လေသည်။

“ငါကိုယ်တော်ငယ်ငယ်ကတည်းက ဘယ်သူ့ကိုမှ ဒီနေရာမှာ နေခွင့်မပေးခဲ့ဘူး ၊ မင်းကိုနေခွင့်ပြုတာကတော့ အကြောင်းပြချက်ကောင်းကောင်းရှိလို့ပဲ”

အနက်ရောင်ဝတ်လူက ဖြည်းညင်းစွာဖြင့်လှည့်လာလေသည်။ ထိုအခါ သူ၏နောက်ကျောဘက်ဆီသို့ နေရောင်က ဖြာကျနေပြီး ထိုသူ၏ပုံမှာ ပန်းချီကားတစ်ချပ်အလား လှပလွန်းလှသည်။ ထိုလူ၏မျက်နှာထက်တွင် ကြေးနီစိမ်းမျက်နှာဖုံးတစ်ခုကို တပ်ဆင်ထားလေသည်။မျက်နှာဖုံးများကြားမှ မျက်ဝန်းတစ်စုံကိုတွေ့မြင်နိုင်လေသည်။ ထိုမျက်ဝန်းများသည် နက်ရှိုင်းတိတ်ဆိတ်ပြီး အဆုံးမရှိသည့်အမှောင်ထုအလားပင်ဖြစ်လေသည်။

သူက တာ့ရှားကေရာဇ်ကို တိတ်ဆိတ်စွာဖြင့် ငေးကြည့်နေလေသည်။ တာ့ရှားပြည်၏ စွမ်းအားအကြီးမားဆုံး ကေရာဇ်မင်းနှင့်ရင်ဆိုင်ရသည့်တိုင် သူ၏ပုံစံက အေးအေးဆေးဆေးပင် ရှိ

လေသည်။ တာ့ရှားဧကရာဇ်က သူ့ကို ပြန်လည်စိုက်ကြည့်နေသည့်တိုင် ထိုသူ၏အကြည့်များက တစ်ချက်ယိမ်းယိုင်လှုပ်ငင်းထသွားခြင်းမျိုး မရှိပေ။

"အဓိပတိတွေပြောကြတာတော့ မင်းက လူတွေအပေါ် သည်းခံမှုလည်းမရှိသလို ရက်ရောမှုလည်းမရှိဘူးတဲ့ ၊ မင်းရဲ့ သဘောထားကြီးမှုကိုပြလိုက်တော့ရော ဘာအန္တရယ်ရှိမှာမို့လို့ လဲ"

"တခြားသူတွေ ငါကိုယ်တော်ကို ဘယ်လိုထင်ထင် သောက်ဂရုမစိုက်ဘူး"

"ဂရုမစိုက်ဘူးလို့ပြောနေကတည်းက ဂရုစိုက်နေလို့ပဲ"

"နေမကောင်းဖြစ်နေတာတောင် ဒီလိုရဲတင်းတဲ့စကားတွေပြောနေသေးတယ်"

ကြေးနီစိမ်းမျက်နှာဖုံးတပ်ဆင်ထားသည့် အနက်ရောင်ဝတ်လူမှာ တာ့ရှားပြည်၏ ရဟန်းမင်းကြီးပင် ဖြစ်လေသည်။

သူ၏အသက်မည်မျှရှိပြီကို မည်သူမျှ မသိနိုင်ပေ။ ထို့အတူပင် သူ၏တန်ခိုးစွမ်းအားများ မည်မျှ မြင့်မားသည်ကို လည်း မည်သူမျှ မသိနိုင်ပေ။

တာ့ရှားကေရာဇ်သည် တာ့ရှားပြည်တွင် တန်ခိုးစွမ်းအားအမြင့်မားဆုံးလူတစ်ယောက် ဖြစ်မည်ဆိုလျှင် အဆန်းကျယ်ဆုံးလူကတော့ ရဟန်းမင်းကြီးပင် ဖြစ်လေသည်။

ရဟန်းမင်းကြီးက ချောင်းများဆိုးလာပြီး သူ၏ပါးစပ်ကို ပိုး လက်ကိုင်ပုဝါတစ်ထည့်ဖြင့် အသာအုပ်လိုက်လေသည်။ အနက်ရောင်သွေးစများ လက်ကိုင်ပုဝါတွင်စွန်းထင်းသွားသည်ကို မြင်လိုက်ရသည်။

တာ့ရှားကေရာဇ်၏မျက်ဝန်းများထဲတွင် စိုးရိမ်ပူပန်မှု အနည်းငယ် ဖြတ်ပြေးသွားလေသည်။ ထိုခံစားချက်သည် စစ်မှန်လွန်းလေသည်။

“စိတ်မပူပါနဲ့၊ ကျုပ်အသက်ဆက်ရှင်ဖို့ ခက်နေပေမယ့် သေဖို့လည်းမဖြစ်နိုင်သေးပါဘူး”

ပြောရင်းနှင့်ပင် ရဟန်းမင်းကြီးက အနီရောင်တောက်ပနေသည့်ဆေးလုံးတစ်လုံးကိုထုတ်ကာ မြိုချလိုက်လေသည်။

တာ့ရှားကေရာဇ်က…

“ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် ကိုယ်အသက်ရှင်နိုင်မယ့်လမ်းကို ရအောင်ရှာပါ၊ တစ်နေ့တော့ ကျုပ်လည်း မင်းရဲ့ရောဂါကို ကုသပေးနိုင်တဲ့နည်းလမ်း ရှာလို့တွေ့ချင်တွေ့မှာပါ”

ရဟန်းမင်းကြီးက တာ့ရှားကေရာဇ်ကို စိုက်ကြည့်လိုက်ရင်း…

“မကုသနိုင်တော့ဘူးဆိုရင်လည်း ပြဿနာမရှိပါဘူး၊ ကျုပ်က အချိန်အကြာကြီးနေခဲ့ပြီးပြီပဲ”

တာ့ရှားကေရာဇ်က အေးစက်စွာဖြင့်ရယ်မောလိုက်ရင်း….

“လောကမှာ အသက်မရှည်ချင်တဲ့သူ ဘယ်သူရှိလို့လဲ ၊ ဒါမှ မဟုတ် ငါကိုယ်တော်က ကုသပေးမယ်လို့ပြောတာကို မင်းက စက်ဆုပ်လို့လား”

တာ့ရှားကေရာဇ်က ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ရင်း…

“လူတွေက ငါကိုယ်တော်ကို စက်ဆုပ်ရွံမုန်းကြတယ်ဆိုပေမယ့် ငါကိုယ်တော်က မင်းကိုတော့ အသက်ဆက်ရှင်သန်စေချင်သေးတယ်”

“ကျုပ်ကတော့ အသက်ရှင်သန်ဖို့ အရေးမစိုက်ပါဘူး ၊ သေသေရှင်ရှင်ပေါ့… ၊ ကျုပ်က တာ့ရှားပြည်အစွန့်ရှည်ရေးကိုပဲ ဂရုစိုက်တယ် ၊ ရှားမျိုးနွယ်တွေ ဆက်လက်ရှင်သန်ဖို့ကိုပဲ ဂရုစိုက်တယ် ၊ မင်းမွေးလာတုန်းက ဘယ်လိုလဲ ဆိုတာမင်းသိရဲ့လား ၊ သူ့ရဲ့သားတော်တွေထဲမှာ မင်းက အားအကြီးဆုံးပဲဆိုတာ ကျုပ် ချက်ချင်းသိခဲ့တယ် ၊ ပြီးတော့ မင်းဟာ တာ့ရှားပြည်ရဲ့ နောက်ဆုံးကေရာဇ်ဖြစ်လာလိမ့်မယ်"

ရဟန်းမင်းကြီးက သိမ်မွေ့စွာဖြင့် ပြောလိုက်သည်။

"မင်းမပြောလည်း ဒီကိစ္စတွေကို ငါကိုယ်တော်က သိပြီးသားပါ ၊ ခမည်းတော်လည်း သိခဲ့တာပဲလေ ၊ ဒါကြောင့် ခမည်းတော်က တာ့ရှားပြည် ဆက်လက်တည်တံ့အောင်လို့ ငါကိုယ်တော်ကို သတ်ပစ်ချင်ခဲ့တာ ၊ အဲဒီတုန်းကသာ ငါကိုယ်တော် သေသွားခဲ့ရင်တော့ တာ့ရှားပြည်ကြီး ဆက်ပြီးတည်ရှိချင်ရင် တည်ရှိနေမှာပေါ့လေ"

တာ့ရှားကေရာဇ်က ပြောလိုက်လေသည်။

"ငါကိုယ်တော် ဒီအကြောင်းတွေသိသွားလို့လည်း ... သူ့ကို သတ်ပစ်လိုက်တာ"

တာ့ရှားကေရာဇ်က ဆက်ပြောလိုက်လေသည်။

ထိုအကြောင်းအရာများသည် ဘာမှမဟုတ်သကဲ့သို့ တာ့ရှားကေရာဇ်၏နှုတ်ဖျားမှ ထွက်လာခြင်း ဖြစ်လေသည်။

သူ၏ခမည်းတော်ကို သူကိုယ်တိုင်သတ်လိုက်ခြင်းကသူသည်

မည်မျှဆိုးဝါးသူဖြစ်ကြောင်းသက်သေပြရန် လုံလောက်ခဲ့လေသည်။

ရဟန်းမင်းကြီးက နှုတ်ခမ်းလေးများကို အသာတွန့်ကွေးလိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဒီကိစ္စတွေကို ကျုပ်ဆီလာပြီး ဝန်ခံနေစရာမလိုပါဘူး”

“ဒါတွေကပြီးခဲ့ပါပြီ ၊ ငါကိုယ်တော်က ဝန်ခံနေတာမဟုတ်ဘူး ၊ ဒါပေမယ့် မင်းက ငါကိုယ်တော်မွေးလာကတည်းက ဒီအကြောင်းအရာတွေကို သိထားပြီးသားပဲ ၊ ဘာလို့ အစကတည်းကငါကိုယ်တော်ကိုမသတ်လိုက်ရတာလဲ ၊ ဘာလို့ ငါကိုယ်တော်ကို ပညာတွေသင်ပေးပြီး ဒီလိုကိစ္စတွေကို လွန်ကျူးတဲ့လူတစ်ယောက်ဖြစ်လာအောင် လုပ်ပေးရတာလဲ”

တာ့ရှားကေရာဇ်က ရဟန်းမင်းကြီးကို အေးစက်စွာစိုက်ကြည့်ရင်း မေးလိုက်လေသည်။

“ကျုပ်ထင်တာက မင်းက အင်အားကြီးတဲ့သူတစ်ယောက်ဖြစ်လာရင် ကံကြမ္မာကိုလည်း ပြောင်းလဲနိုင်လိမ့်မယ်ပေါ့ ၊ ပြီးတော့ မင်းက ကျုပ်ကိုစိတ်ဆတ်ကျအောင် ဘယ်တော့မှ မလုပ်ခဲ့ဘူးလေ ၊ တာ့ရှားတိုင်းပြည်မှာ အရည်အချင်းရှိတဲ့သူတွေအများကြီး ပေါ်ထွက်ခဲ့တယ် ၊ အဲဒီလူတွေအားလုံးကို ဖိနှိပ်ထားနိုင်တဲ့ တစ်ယောက်တည်းသောသူကတော့ မင်းပဲ ၊ အဲဒီအရည်အချင်းရှိတဲ့သူတွေအားလုံးက မင်းနဲ့ အရည်အချင်းအတူတူပဲဆိုရင်တောင်မှ မင်းကပိုပြီး မျှော်လင့်ချက်ရှိတယ်”

ရဟန်းမင်းကြီးက ပြောလိုက်လေသည်။

“ဒါ မင်းပြောချင်တဲ့ တကယ့်အကြောင်းပြချက်မဟုတ်ပါဘူး ၊ ဒါပေမယ့် မင်းမပြောပြချင်ရင်လည်း အတင်းမမေးပါဘူး ၊ အခုတော့ မင်းကို ငါကိုယ်တော် ကိစ္စတစ်ခုပြောဖို့ရှိတယ် ၊ "ချ

င်းရှမ်" လို့ခေါ်တဲ့ လူငယ်လေးတစ်ယောက် ငါကိုယ်တော်ဆီကို ရောက်လာတယ်"

တာ့ရှားကေရာဇ်က စကားအကြောင်းအရာပြောင်းလိုက်လေသည်။

“ကျုပ်တို့ အခုနေတဲ့လောကဟာ တကယ့်သက်ရှိတွေနေတဲ့ လူ့လောကနဲ့ မတူဘူးဆိုတဲ့အချက်ကို မင်းသိသင့်တယ်၊ ကြယ်တွေ နေတွေမရှိဘူးဆိုရင် မွေးဖွားလာတဲ့ကလေးတွေဟာ ကြာကြာအသက်ရှင်နိုင်မှာမဟုတ်ဘူး၊ ဒါဆိုရင် ဒီနေ့ အချိန်အခါလိုမျိုး မျိုးနွယ်စုတွေအနေနဲ့ လူဦးရေများပြားလာအောင် မျိုးဆက်ပွားနိုင်မှာ မဟုတ်တော့ဘူး”

ရဟန်းမင်းကြီးက ပြောလိုက်သည်။

“ဒါတွေကို ငါကိုယ်တော်သိပါတယ်၊ ဒီလောကက သေခြင်း ကမ္ဘာလောကပဲ၊ ဒါမှမဟုတ် လူ့လောက ကနေ ထွက်ခွာလာတဲ့

ဝိညာဉ်တွေရဲ့ နောက်ဆုံးပန်းတိုင်လို့ပြောရင်လည်း ရတယ်မဟုတ်လား”

တာ့ရှားကေရာဇ်က ခံစားချက်ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။

“မင်းပြောတာမှန်ပါတယ်၊ ဒီလောကကို ရှားမျိုးနွယ်တွေရဲ့မူလဖြစ်တည်တဲ့လောကလို့ ပြောလို့ရတယ်၊ ရှားမျိုးနွယ်တွေမွေးဖွားလာတာကိုပြောရရင် မင်းရဲ့ ဘိုးဘေးတွေမွေးဖွားလာမှုနဲ့ သွေးနီရောင်ပင်လယ်ထဲက သက်ရှိတွေမွေးဖွားလာတာကဆက်စပ်မှုရှိတယ်၊ ဒါကြောင့် ဒီလောကကိုပိုင်းခြားမယ်ဆိုရင်တစ်ဝက်က ရှားမျိုးနွယ်တွေပိုင်ဆိုင်ပြီး ကျန်တဲ့တစ်ဝက်ကတော့ သွေးနီရောင်ပင်လယ်ထဲက သက်ရှိတွေပိုင်ဆိုင်တာပဲ”

ရဟန်းမင်းကြီးက အေးအေးဆေးဆေးပင် ပြောလိုက်လေသည်။

“ဒါကြောင့်ပဲ ငါကိုယ်တော်က သွေးနီရောင်ပင်လယ်ကို ဖျက်စီးပစ်ပြီး ဒီလောကတစ်ခုလုံးကို သိမ်းပိုင်ချင်တာပေါ့၊ သွေးနီ

ရောင်ပင်လယ်ထဲကလူတွေသာ သွေးဆားကျင့်စဉ်ကိုကျင့်ကြံပြီး အသူရာနတ်ဆိုးတွေဖြစ်မလာကြဘူးဆိုရင် ငါကိုယ်တော်သူတို့ကို ကောင်းကောင်းအနိုင်ယူနိုင်တယ်”

တာ့ရှားဧကရာဇ်က လေးနက်စွာဖြင့်ပြောလိုက်လေသည်။ ထိုကိစ္စသည် သူရင်လေးနေရသည့် ကိစ္စလည်း ဖြစ်လေ၏။

“သွေးနီရောင်ပင်လယ်ထဲက အသူရာနတ်ဆိုးတွေကို နှိမ်နင်းဖို့က အရှေ့တိုင်းစစ်သည်တော်တွေနဲ့ ယင်းစန်းကို နှိမ်နင်းဖို့ထက် အများကြီးပိုပြီးအရေးကြီးတယ်ဆိုတာ မင်းသိသင့်တယ်၊ တစ်ချိန်မှာတော့ မင်းလုပ်နိုင်လိမ့်မယ်လို့ ကျုပ်ယုံကြည်ခဲ့မိတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ဆယ့်သုံးနှစ်ကတော့ ကံကြမ္မာကို ပြုပြင်ပြောင်းလဲလို့မရနိုင်ဘူးဆိုတာ ကျုပ်သဘောပေါက်သွားတယ်၊ ဘာလို့လဲဆိုတော့ သွေးနီရောင်ပင်လယ်ရဲ့ တစ်ဖက်ကမ်းမှာ အနီရောင်ပင့်ကူ ငရဲပန်းတွေပွင့်ခဲ့တယ်လေ”

"အဲဒီလိုပန်းတွေပွင့်တဲ့ နိမိတ်လက္ခဏာကတော့ ဒီလောကရဲ့ စစ်မှန်တဲ့အရှင်သခင် ရောက်ရှိလာမယ်ဆိုတဲ့ သင်္ကေတပဲ ၊ လောကမှာ နေတစ်စင်းပဲ ထွန်းလင်းနိုင်သလို လောကတစ်ခုကို ပိုင်ဆိုးတဲ့သူကလည်း တစ်ယောက်ပဲ ရှိနိုင်တယ် ၊ သူ ရောက်လာရင်တော့ ရှားမျိုးနွယ်တွေပျက်စီးကြရတော့မှာပဲ ၊ ဒါပေမယ့် အားသာချက်က ရှားမျိုးနွယ်တွေဟာဒီလောကနဲ့ တစ်ဝက်ဆိုင်နေတယ် ၊ ဒါကြောင့် အဲဒီအသစ်ရောက်လာမယ့် အရှင်သခင်ကို မင်းအရှုံးမပေး သရွေ့အခွင့်အရေးရှိသေး တယ် ၊ မင်းအရှုံးပေးမယ်လို့လဲ ကျုပ်မထင်ဘူး"

"မင်းပြောတဲ့ ချင်းရှမ်ဆိုတဲ့လူငယ်လေးဟာ သွေးနီရောင် ပင်လယ်ရဲ့တစ်ဖက်ကမ်းမှာ အနီရောင်ပင့်ကူငရဲပန်းတွေ ပွင့်လန်းလာခြင်းအကြောင်းရင်းဖြစ်နေနိုင်တယ် ၊ ပြီးတော့ သူက ဒီလောကရဲ့ အရှင်သခင်ဖြစ်လာနိုင်တယ်"

ရဟန်းမင်းကြီးက ရှည်လျားစွာ ပြောလိုက်လေသည်။

“ဒါဆိုလည်း သူ့ကိုရှင်းပစ်လိုက်တာပေါ့”

တာ့ရှားဧကရာဇ်က အေးစက်စွာဖြင့် ပြောလိုက်လေသည်။

“မင်း ထျန်းယီကိုတောင်မသတ်နိုင်ဘဲနဲ့ သူ့ကို ဘယ်လိုလုပ်

သတ်နိုင်မှာလဲ ၊ ဒါကြောင့် ဘာမှမဖြစ်သေးခင်မှာ သူနဲ့အရင်

ညှိနှိုင်းဖို့လိုမယ် ၊ ဒါမှ အနာဂတ်မှာ ရှားမျိုးနွယ်တွေ

ဆက်လက်တည်ရှိနေနိုင်လိမ့်မယ်”

ရဟန်းမင်းကြီးက အေးအေးဆေးဆေးပင် ပြောလိုက်လေ

သည်။

ယခုရင်ဆိုင်ရမည့်ကိစ္စများအတွက် သူနှစ်ပေါင်းများစွာ

ကြိုတင်ပြင်ဆင်ခဲ့ရလေသည်။

ကံကြမ္မာကို ပြုပြင်ပြောင်းလဲ၍ မရနိုင်ပါ။ ထို့ကြောင့်…

အပြောင်းအလဲကိုလက်ခံကာ အလိုက်အထိုက်စီးမျောသွားရုံ

သာ ရှိလေသည်။

အခန်း (၅၁၀) လောကကြီးဟာ လူတွေကြောင့်ပြောင်းလဲ

တိချိုးမြို့တော်တောင်ဘက်...

ရှားတူးမြောင်းဘေး ၊ တော်ဝင်ကျောင်းတော်နှင့်

မျက်နှာချင်းဆိုင်တွင် ရိုးရှင်းသည့် တာအိုကျောင်းတော်တစ်ခု

ဆောက်လုပ်ထားလေသည်။ တာအိုကျောင်းတော်သည် သေး

ငယ်သော်လည်း ထင်ထင်ရှားရှားရှိလေသည်။ တာအိုကျောင်း

တော်၏အမည်မှာ “ကျီဝေးကျောင်းတော်” ဟူ၍ဖြစ်လေ၏။

ကျောင်းတော်တံခါးဝတစ်ဖက်တစ်ချက်တွင် ကဗျာတစ်ပုဒ်

ရေးသားထားလေသည်။

"မိုးကောင်းကင်ကအနက်ရောင်... မြေပြင်ကတော့အဝါရောင် စကြာဝဠာကြီးဟာ မဟာတွင်းနက်ကြီးတစ်ခုလို နက်ရှိုင်းလွန်တယ်"

တာအိုကျောင်းတော်တံခါးစောင့်မှာ အသားညိုညို ၊ အရပ်ပုပု နှင့် လူတစ်ယောက်ဖြစ်လေသည်။ ထိုသူမှာ ဆန်းလျန် ကိုရန်စခဲ့သည့် ပါတိုင်းပြည်မှ သံတမန်ပင် ဖြစ်လေသည်။

သူက ဆန်းလျန်သည် တိုင်းပြည်အကြံပေးအမတ်မင်းဖြစ်သွားသည်ကို သိရှိသွားသည်နှင့်တစ်ပြိုင်နက် ဆန်းလျန် ဆီသို့ သွားရောက်တောင်းပန်ကာ အပြစ်ပေးပါရန် တောင်းဆိုခဲ့လေသည်။

ဆန်းလျန်မှာ သူဆောက်လုပ်နေသည့်တာအိုကျောင်းတော် အတွက် တံခါးစောင့်လိုနေသည့်အချိန်ဖြစ်သည့်အတွက် ထိုသူကို တံခါးစောင့်လုပ်ခိုင်းလိုက်လေသည်။

သူ၏အမည်က ရှယ်ကျောက်ဖြစ်လေသည်။

တာအိုကျောင်းတော်အဝင်တံခါးဘေး တစ်ဖက်တစ်ချက်တွင် နတ်ရုပ်တုများရှိနေပြီး ဆန်းလျန်က ထိုနတ်ရုတ်တုများကို တံခါးစောင့်နတ်များအဖြစ် နေရာချထားလေသည်။

တံခါးစောင့်နတ်များတွင် သဘာဝလွှန်စွမ်းအားများရှိပြီး ရှယ်ကျော်သည် ထိုနတ်ရုပ်တုများကို ကိုးကွယ်လေ့ရှိလေသည်။

ယခုအချိန်တွင်တော့....

ရှယ်ကျောက်သည် စူပုပ်သည့်မျက်နှာထားဖြင့် ကျားနက်ကြီး၏အမွေးများကို သန့်ရှင်းရေးလုပ်ပေးနေလေသည်။ ကျားနက်ကြီးသည် ဇိမ်ခံနေပြီး တအီအီညည်းညူနေလေသည်။ နှစ်ပေါင်းများစွာ သခင်လေးနောက်သို့ လိုက်ခဲ့ပြီးသည့်နောက် ယခုတော့ ကျားဘုရင်တစ်ကောင်ကဲ့သို့ စည်းစိမ်ခံစားနေရပြီ။ ကျီဝေးကျောင်းတော်နှင့်မျက်နှာချင်းဆိုင်ရှိ တော်ဝင်ကျောင်းတော်ထဲမှ တပည့်များကတော့ စိတ်ညစ်နေကြလေသည်။ သူတို့သည် တစ်ချိန်တုန်းက ဆန်းလျန်၏စာသင်ခန်းဆီသို့ ပညာ

သွားရောက်သင်ကြားရန် ငြင်းပယ်ခဲ့မိ သည့်အတွက် သူတို့ကိုယ်သူတို့ ကျိန်ဆဲနေကြလေသည်။

တာ့ရှားကေရာဇ်က အမတ်မင်းပေါင်းများစွာထဲမှ တိုင်းပြည်အကြံပေးအမတ်မင်းရာထူးကို မည်သူ့ကိုမှ ပေးအပ်ခဲ့ခြင်းမရှိပေ။ ဆန်းလျန်ကိုသာ ရွေးခြယ်ပေးအပ်ခဲ့သည် မဟုတ်ပါလား။

ထို့ပြင် ယခုတော့ ဆန်းလျန်သည် သေခြင်းနှင့်ရှင်ခြင်းကိုကျော်လွန်သည့် နတ်ဘုရားတစ်ပါးဖြစ်သည်ကို အားလုံးကလည်း သိရှိနေကြပြီ ဖြစ်လေသည်။

ဆန်းလျန်နေထိုင်သည့် တာအိုကျောင်းတော်ကို ရှိခိုးကန်တော့ရုံမျှဖြင့် သူတို့သည်လည်း နတ်ဘုရားတစ်ပါးဖြစ်လာရန်မျှော်လင့်ချက်ရှိလာမည်ဟု အားလုံးက ယူဆကြလေသည်။

ယခင်တုန်းကတော့ ဆန်းလျန်ကို မည်သူမှ စိတ်ဝင်စားခြင်း မရှိခဲ့ပါ။ ယခုတော့ ဆန်းလျန်ကို လူအများက ကိုးကွယ်နေကြပြီ ဖြစ်လေသည်။

သူတို့၏နှလုံးသားထဲတွင် ဆန်းလျန်သည် တာ့ရှားဧကရာဇ်ကို ရှုံးနိမ့်သွားမည်ဆိုလျှင်တောင်မှ တာ့ရှားဧကရာဇ်၏လက်ထဲသို့ လုံးလုံးလျားလျား ကျရောက်သွားနိုင်ခြင်းမရှိဟု ယုံကြည်နေကြလေသည်။

လူတိုင်းသည် ထျန်းယီအကြီးအကဲ၏ နတ်ဘုရားအဖြစ်တက်ရောက်ခါနီးအဆင့် ဓားသိုင်းပညာကို တွေ့ကြုံဖူးကြလေသည်။ ထို့ကြောင့် တာ့ရှားဧကရာဇ်က ထျန်းယီအကြီးအကဲကို ကွက်မျက်ခြင်းမရှိသည်ကို မည်သူမှ မအံ့သြကြပါ။ တာ့ရှားဧကရာဇ်သည် ထျန်းယီကိုသတ်မည်မဟုတ်ဟု ပညာရှိအများစုကလည်း ခန့်မှန်းကြလေသည်။

ဆန်းလျှန်နှင့် ထျန်းယီသည် တာ့ရှားကေရာဇ်ကို အ
ခြိမ်းခြောက်နိုင်ဆုံးသော ပြိုင်ဘက်များဖြစ်လေသည်။
ဆန်းလျှန်သည် သူ၏ကျီဝေးကျောင်းတော်ကို တော်ဝင်
ကျောင်းတော်လောက် နှစ်သက်မိခြင်း မဖြစ်မိပါ။ သို့သော်
သူ၏အဆင့်အတန်းဖြင့် သူတစ်ပါး၏နေရာတွင် ဆက်လက်
နေထိုင်ရန် မသင့်တော်၍သာ နေရာအသစ်ဆောက်လုပ်ကာ
ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်လေသည်။
သို့ရာတွင် ကျောက်စိမ်းကျောင်းတော်ပင်ဖြစ်စေ ၊ ဝါးရှက်မိုး
ကျောင်းတော်င်ဖြစ်စေ ဆန်းလျှန်အတွက်က အတူတူပင် ဖြစ်
လေသည်။ အားလုံးသည် နေစရာနေရာများပင် ဖြစ်လေသည်။
သူသည် ယခုတော့ တာ့ရှားပြည်၏ တိုင်းပြည်အကြီးပေး
အမတ်မင်းဖြစ်လာခဲ့ရပြီ။ ထို့ကြောင့် တာ့ရှားပြည်၏ ကံကြမ္မာ
သည် သူနှင့်လည်း သက်ဆိုင်နေလေသည်။

တာ့ရှားပြည်၏ ကံကြမ္မာသည် အဆုံးမသတ်သေးကြောင်း ဆန်းလျန် သိရှိခဲ့လေသည်။ ပို၍ကြောက်စရာကောင်းသည့် အချက်မှာ နဂါးတန်ခိုးစွမ်းအားနှင့် တာ့ရှားပြည်၏ကံကြမ္မာသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေခြင်းဖြစ်လေသည်။ ဆန်းလျန်သည် ဆန္ဒရှိလျှင် ဧကရာဇ်တစ်ပါးလည်း ဖြစ်လာနိုင်လေသည်။ သို့သော် သူက ထိုသို့သော ရာထူးဂုဏ်များကို စိတ်ထဲထားသည့်သူမဟုတ်ပေ။ သူက မိုးနှင့်မြေတွင် လွတ်လပ်စွာ ဖြစ်တည်ချင်သူတစ်ယောက် ဖြစ်လေသည်။ အခြားသူများ မည်သည့်အရာများကိုလုပ်ကြသည်ဖြစ်စေ ဆန်းလျန်ကတော့ သူ့အလုပ်ကိုယခင်အတိုင်းပင် ပြုလုပ်နေခဲ့လေသည်။ သူ၏ခန္ဓာကိုယ်သည် ကျောင်းတော်ထဲတွင် တင်ပျဉ်ခွေထိုင်နေပြီး မျက်လုံးနှစ်လုံးကို ပိတ်ထားလေသည်။ သူ၏ခန္ဓာကိုယ်မှ အစိမ်းရောင်ရောင်ခြည်များ ထွက်လျှက်ရှိလေသည်။

လူအများက သူ၏ကျောင်းတော်ကို ကြည့်မိမည်ဆိုပါက

ကျောင်းတော်ထိပ်တွင် တောက်ပနေသည့် နဂါးငွေ့တန်းကို မြင်

တွေ့ရမည် ဖြစ်လေသည်။

ညစာစားပွဲနေ့မှစတင်ပြီး လေ့ကျင်းသည် အိမ်ထဲမှအိမ်ပြင်

ထွက်ခွင့်မရတော့ပေ။ သူ့ကို အိမ်ထဲတွင် သော့ခတ် ထားခြင်း

ခံရလေသည်။

ထိုသို့ပြုလုပ်ရန် သူမ၏မိခင်က အမိန့်ပေးထားခြင်းဖြစ်ပြီး

သူမက တငိုငိုတရီရီဖြင့် ဂျီကျနေသည့်တိုင် သူမကို အပြင်သို့

ပေးမထွက်တော့ပေ။

သူမက ခိုးပြီးထွက်ရန် ကြံစည်သော်လည်း မအောင်မြင့်ခဲ့ပေ။

ည၌နက်နေပြီဖြစ်လေသည်။

လေ့ကျင်းသည် အိပ်မပျော်သေးပါ။ သူမအတွက် ယနေ့နှင့်

မနက်ဖန်သည်လည်း ခြားနားမှုမရှိပါ။ သူမ၏ရင်ထဲတွင်

ဒေါသတရားများနှင့် ပြည့်နက်နေလေသည်။ သူသည်

သူမ၏မိဘများကို အပြစ်မတင်သည့်တိုင် ဆရာဖြစ်သူကို အပြစ်တင်နေမိလေသည်။

သူမ အိမ်ထဲမှ အိမ်ပြင် ထွက်ခွင့်မရသည်ကို သိသည့်တိုင် ဆရာဖြစ်သူသည် အဘယ့်ကြောင့် သူမကို လာမရှာရပါလိမ့်။

သူက တိုင်းပြည်အကြံပေးအမတ်မင်းပဲဖြစ်ဖြစ် ၊ ရှီးလျန်ပြည်၏ မင်းသားငယ်ပဲဖြစ်ဖြစ် ၊ တာ့ရှားပြည်ကြီးတစ်ပြည်လုံး၏ရန်သူတော်ကြီးပဲဖြစ်ဖြစ် လေ့ကျင်းအတွက်တော့ သူသည် သူမ အလွန်လေးစားရသည့် ထာဝရ ဆရာပင် ဖြစ်လေသည်။

"လောကကြီးဟာ လူတွေကြောင့်ပြောင်းလဲ.... ကိုယ့်ဘဝနှင့်ကိုယ် ငြိမ်းချမ်းစွာနေလိုသူ လူတစ်ယောက်ရယ်...."

လေ့ကျင်းသည် ပြတင်းပေါက်ဘောင်ပေါ်တွင် ခေါင်းလေးတင်ရင်း သီချင်းလေးညည်းနေမိလေသည်။ သူမ၏အသံလေး

သည် နိုက်တင်ဂေးငှက်လေး၏အသံအလား ချိုမြသာယာ

လွန်းလှသည်။

သူမသည် ထိုသီချင်းကို သိပ်ပြီး မကြိုက်လှပါ။ သို့သော်

"ကိုယ့်ဘဝနှင့်ကိုယ် ငြိမ်းချမ်းစွာနေလိုသူ တစ်ယောက်ရယ်..."

ဆိုသည့်စာသားကို စဉ်းစားမိသည်နှင့် သူမအတွေးထဲသို့

ပထမဆုံးရောက်ရှိလာသူမှာ သူမ၏ ဆရာဖြစ်လေသည်။

သူမ၏ဆရာသည် အလွန်မှ ငြိမ်းချမ်းသည့်ဘဝကို ပိုင်ဆိုင်သူ

ဖြစ်လေသည်။ မည်ကဲ့သို့သော မိန်းမပျိုမျိုးသည် သူမ

ဆရာ၏ လက်တွဲဖော်ဖြစ်လာမည်ဆိုသည်ကို လေ့ကျင်း မ

ခန့်မှန်းတတ်ပါ။

"ဘယ်လောက်ကောင်းတဲ့သီချင်းလေးလဲ ၊ ကျင်းအော် ... ဒီနေ့

သာ ဆရာရောက်မလာရင် ဒီလောက်ကောင်းတဲ့ သီချင်းသံကို

နားထောင်ခွင့်ရမှာ မဟုတ်ဘူး"

သူမနားထဲတွင် လုံးဝထင်မှတ်မထားသည့် စကားသံတစ်သံကို ကြားလိုက်ရလေသည်။

ပထမတော့ လေ့ကျင်းသည် ထိတ်လန့်သွားမိလေသည်။

သို့သော် ချက်ချင်းပင် ပျော်ရွှင်သွားရလေသည်။

သူမ ပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည့်အခါတွင်တော့ အပြင်ဘက်တွင် ကြယ်စင်ရောင်များ ဖြာကျနေသည်ကို တွေ့မြင်လိုက်ရလေသည်။ လေပြင်းတစ်ချက် ရုတ်တရက်တိုက်ခတ်လာပြီး ကြယ်စင်ရောင်များသည် ဆန်းလျန်၏ပုံသဏ္ဍာန်အဖြစ် ပြောင်းလဲသွားလေသည်။

"ဆရာ နောက်ဆုံးတော့ ကျွန်မကို လာရှာပြီပေါ့"

သူမ၏အသံက မကျေနပ်သည့်ပုံပေါ်နေသည့်တိုင် သူမ၏ပျော်ရွှင်နေမှုကို ဖုံးကွယ်မထားနိုင်ခဲ့ပေ။

"မင်ကို လာမတွေ့ဘူးလို့ ဘယ်တုန်းကပြောခဲ့လို့လဲ ၊ ပြီးတော့ မင်းကို ပညာသင်ပေးစရာတွေလည်း ကျန်သေးတယ်လေ ၊ ဒီ

တိုင်းမကျင့်ကြံဘဲ နေမယ်ဆိုရင် မင်းရဲ့စိတ်က အမြဲတမ်း

အတက်အကျတွေများနေတော့ မှာပေါ့"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်စကားကြောင့် လေ့ကျင်းမျက်နှာမှာ နီရဲသွားလေ

သည်။

"အင်းပါ... ကျွန်မ အခုအမြန်ပြန်ပြီး ကျင့်ကြံပါ့မယ်"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်းကိုကျင့်ကြံဖို့ကို အတင်းမတိုက်တွန်းပါဘူး ၊ ဒါပေမယ့် အ

ရင်ကပြောခဲ့သလိုမျိုး မင်း ဝူတင်နဲ့ပြိုင်ရဦးမယ်လေ ၊ ပြိုင်ပွဲ

ဝင်ရမယ့်နေ့ကျမှ မင်းရှုံးသွားမယ်ဆိုရင် ဒီဆရာတော့

သိက္ခာကျတော့မှာပဲ"

လေ့ကျင်းက သူမ၏မျက်နှာလှလှလေးကို အသာမော့လိုက်

လေသည်။

"ဆရာ... ဒီအိမ်ထဲမှာ ကျွန်မကို သော့ခတ်ထားတာ ဆရာမတွေ့ဘူးလား ၊ ဘာလို့ ကျွန်မကို အပြင်ကို ခေါ်ထုတ်မသွားရတာလဲ ၊ ပြီးတော့ ပြိုင်ပွဲနေ့ကျ အဲဒီဝူတင်ကို သွားတွေ့ကျွတ်ထွက်တဲ့ အထိ ကောင်းကောင်း ရိုက်ပစ်ဦးမှာ"

"မင်းသာ ကျုပ်အကြံပေးတဲ့အတိုင်းလုပ်မယ်ဆိုရင် ဒီနေရာက နေ အချိန်မရွေးထွက်သွားလို့ရနိုင်တယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်သည် လေ့ကျင်းကို တိတ်ဆိတ်စွာဖြင့် ငေးကြည့်နေလေသည်။

သူမသည် ချင်းရွှမ်နတ်တံခါးမှ သူ၏တပည့်ဖြစ်သူ ချန်ကျင်းချင်ထက် အနည်းငယ်သာလေသည်။ သူမ ဆန်းလျန်အပေါ်တွင် တစ်ဖက်သတ်သဘောကျနေသည့်အချက်ကိုတော့ ဆန်းလျန်ရိပ်မိသည့်တိုင် ခေါင်းထဲ သိပ်မထည့်ထားခဲ့ပေ။ ချစ်ခြင်းမုန်းခြင်းဆိုသည်မှာ လူသားတိုင်းတွင်ရှိသည့် သဘာဝတရား

ပင်ဖြစ်လေသည်။ ဆန်းလျှန်သည်လည်း ချစ်ခြင်းမုန်းခြင်းများမှ မည်သို့ပင် ရုန်းထွက်ရန်ကြိုးစားပါစေ စိတ်ခံစားမှုတော့ရှိနေဆဲ ဖြစ်လေသည်။ သို့သော် သူ၏ခံစားချက်များက သာမန်လူများထက်ပိုပြီးလျော့နည်းလေသည်။ ထို့ကြောင့် သူ့တွင် ခံစားချက်မရှိဟု ထင်မြင်ကြခြင်းဖြစ်လေသည်။

အခန်း (၅၁၁) ရေကိုပင်ဓားနှင့်ခွင်း

"ဆရာ... ကျွန်မ ဆရာ့ကိုမေးစရာရှိသေးတယ်"

လေ့ကျင်းက အနည်းငယ်စိတ်မသက်မသာဖြစ်နေဟန်ဖြင့် ဆရာဖြစ်သူကိုကြည့်လိုက်လေသည်။ ဆန်းလျန်သည် အသေွးအသားခန္ဓာဖြင့်ရောက်မလာဘဲ ကြယ်တာရာစွမ်းအား များဖြင့် ဖန်ဆင်းထားသည့် နာမ်ခန္ဓာဖြင့်ရောက်လာ သည့်အတွက်သာ တော်သေးသည်ဟု လေ့ကျင်းတွေးနေမိလေ သည်။

"ပြောပါ..."

ဆန်းလျန်က လေးလေးနက်နက်လေသံဖြင့် ပြောလိုက်သည်။ လေ့ကျင်းက ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး ခန္ဓာကိုယ်ကို အနည်းငယ်မတ်လိုက်သည်။ သူမ၏လည်ပင်းသွယ်သွယ်လေး များသည် အလွန်လှပပြီး သူမ၏မျက်ဝန်းများမှာလည်း ဆောင်းဦးညတွင်စီးဆင်းနေသည့်စမ်းချောင်းလေးပမာ ကြည်လင်လွန်းလေသည်။

"ဆရာက.... ကျွန်မအပေါ် အရမ်းကောင်းတာက ကျွန်မဆီက အကူအညီလိုချင်လို့လား ၊ ဒါမှမဟုတ် ဆရာက ကျွန်မကို သဘောကျနေလို့လား"

"မင်းက ဒီလိုမေးခွန်းမျိုးမေးပြီဆိုမှတော့... ဆရာပြောပြမယ် ၊ မင်းက ဆရာ့တပည့်လေ ၊ ဆရာ့တာဝန်က မင်းကို ပညာသင်ပေးဖို့ ၊ ပြီးတော့ ဆရာ့မှာ တပည့်တွေအများကြီးရှိခဲ့ဖူးတယ် ၊ မင်းတစ်ယောက်တည်းကိုပဲ ဒီလိုမျိုး ကောင်းကောင်းဆက်ဆံတာ မဟုတ်ပါဘူး"

ဆန်းလျန်သည် ထိုစကားကိုပြောသည့်အချိန်တွင် ဆရာသခင် ကျန်းရော့ရှီးကို သတိရနေမိလေသည်။

နောက်ဆုံးအချိန်ထိပင် ဆရာသခင်ကျန်းရော့ရှီးသည် တပည့်များအားလုံးအပေါ်တွင် စေတနာထားကာ တာအိုကျင့်စဉ်များကို သင်ကြားမှုများပြုလုပ်သွားခဲ့သေးသည်။ ဆရာသခင် ကျန်းရော့ရှီးသည် နွေးထွေးလွန်းသည့် ဆရာတစ်

ယောက်၏ရေနွလုံးသားကို ပိုင်ဆိုင်သူဖြစ်ကြောင်း ဆန်းလျန်

နားလည်သဘောပေါက်ထားလေသည်။

လက်ရှိအချိန်တွင် ဆန်းလျန်သည် ယခင်ကနှင့်မတူတော့ပေ။

အချိန်တွေလည်းများစွာပြောင်းလဲခဲ့ပြီဖြစ်သလို ဆန်းလျန်

သည်လည်း ကျင့်စဉ်လမ်းတွင် အဆင့်မြင့်ကျင့်ကြံသူ တစ်

ယောက်အဖြစ် တက်လှမ်းနိုင်ခဲ့ပြီ။ သို့သော် သူ့ရင်ထဲတွင်

ဆရာသခင်ကျန်းရှော့ရှီးကို လေးစားသည့် စိတ်သည် မည်

သည့်အခါမှ ပြောင်းလဲပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပေ။

ဆန်းလျန်၏အဖြေစကားကြောင့် လေ့ကျင်းမှာ စိတ်ပျက်သွား

သည့်တိုင် ပျော်လည်းပျော်သွားရလေသည်။

သူမစိတ်ပျက်သွားရသည်မှာ ဆန်းလျန်က သူမကို စိတ်မ

ဝင်စားသောကြောင့် ဖြစ်လေသည်။ ပျော်ရသည့်အကြောင်းမှာ

တော့ သူမကို စိတ်ရင်းဖြင့် သင်ကြားပြသပေးသည့် ဆရာ

ကောင်းတစ်ယောက်ကို တွေ့လိုက်ရသောကြောင့်ဖြစ်လေသည်။

“ကျွန်မ ဆရာ့ကို စိတ်မပျက်စေရပါဘူး”

သူမက အလေးအနက်ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ရင်း ပြောလိုက်သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း…

“ဒါပေမယ့် ဒီလိုပြောလိုက်လို့ ဆရာကမင်းဆီကဘာအကျိုးမှ မမျှော်ကိုးဘူးလို့တော့ မဆိုလိုဘူးနော်၊ ဒါပေမယ့် မင်းဆီက အများကြီးရယူခဲ့ပြီးပါပြီ၊ ဒါကြောင့် မင်းအပေါ်မှာ အရမ်းကို အတ္တကင်းကင်းနဲ့ ပညာသင်ပေးခဲ့တာလို့တော့ပြောလို့မရဘူးပေါ့"

လေ့ကျင်းက ဆန်းလျန်ကိုကြည့်လိုက်ရင်း…

“ဆရာ… အဲဒါတွေက အရေးမကြီးပါဘူး၊ ကျွန်မကိုသာ ပညာဆက်သင်ပေးပါ”

ပြောပြီးသည်နှင့် သူမက ဆန်းလျန်ကို လေးစားစွာဖြင့် ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

ဆန်းလျန်ကခေါင်းညိတ်လိုက်ရင်း...

“မင်းကျင့်စဉ်ပညာတွေမသင်ချင်ဘူးလား ၊ အခု ဆရာက မင်းကို ကျင့်စဉ်တွေသင်ပေးမလို့"

ဆန်းလျန်၏စကားကြောင့် လေ့ကျင်းအရမ်းပျော်သွားလေသည်။

သူမသည် ကျင့်စဉ်များကို အလွန်စိတ်ဝင်စားလေသည်။ သို့သော် တာ့ရှားပြည်တွင် ကျင့်စဉ်ကျင့်ကြံသူများမှာ ရှားပါးလွန်းလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကျင့်ကြံသူများ မဟုတ်ကြသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က...

“တကယ်တော့ ကျင့်စဉ်တွေဆိုတာ တန်ခိုးစွမ်းအားကို ဖော်ထုတ်တဲ့နည်းလမ်းတွေပါပဲ ၊ ဟိုး ရှေးခေတ်အချိန်

ယဉ်ကျေးမှုတွေမထွန်းကားသေးတဲ့ခေတ်ကာလတွေတုန်းက အားနည်းတဲ့သူတွေဟာ မိုးကြိုးမုန်တိုင်းတွေ ၊ မိုးကြိုးတွေ ၊ လျှပ်စီးတွေကို ကြောက်ရွံ့ကြတယ် ၊ တကယ်တော့ အဲဒါတွေက သဘာဝရဲ့စွမ်းအားတွေပဲ ၊ သတ္တိရှိတဲ့လူအချို့ကတော့ အဲဒီအရာတွေ ဖြစ်တည်လာရခြင်းရဲ့ဇာစ်မြစ်ကို ရှာဖွေနိုင်ဖို့ ကြိုးစားကြတယ်”

“ရှာဖွေတဲ့သူတွေက အောင်မြင်ခဲ့ကြသလား”

လေ့ကျင်းက မေးလိုက်သည်။

“ဘယ်သိနိုင်မှာလဲ ၊ ဒါပေမယ့် မင်းစိတ်ထဲမှာမှတ်ထားရမှာက ဘာမှမသိတဲ့အဆင့်မှာ စတင်ပြီးလှမ်းရတဲ့ခြေလှမ်းက အခက်ခဲဆုံး ဆိုတာကိုပဲ ၊ သူတို့အောင်မြင်ခဲ့တယ်ဆိုရင်တောင်မှ အဲဒီလိုအောင်မြင်မှုရဖို့အတွက် အချိန်တွေအများကြီး အသုံးပြုခဲ့ကြရလိမ့်မယ် ၊ ဒါပေမယ့် သူတို့အဲဒီလို သုတေသနလုပ်ခဲ့တာတွေကြောင့် ဆရာတို့က ကံကောင်းခဲ့ကြရတယ် ၊ ဆရာတို့ဟာ

အစကနေပြန်ပြီး ရှာဖွေနေစရာမလိုတော့ဘူး ၊ အခု ဆရာမင်း ကိုသင်ပေးမယ့် တန်ခိုးစွမ်းအားက လေနဲ့မိုးကိုဆင့်ခေါ်ခြင်း ဆိုတဲ့ ပညာပဲ ၊ မင်းအဲဒီကျင့်စဉ်ကို ကျင့်ကြံအောင်မြင်သွား ရင် မိုးနဲ့မြေမှာ တိုက်ခတ်နေတဲ့လေနဲ့ ရွာသွန်းတဲ့မိုးရေစက် တိုင်းက မင်းနဲ့ မိတ်ဆွေဖြစ်လာလိမ့်မယ်"

ဆန်းလျန်က အေးအေးဆေးဆေးပင် ရှင်းပြလိုက်လေသည်။

လေ့ကျင်းက နှုတ်ခမ်းလေးစူလိုက်ရင်း...

"ကြားရတာတော့ နားထောင်လို့ကောင်းသားပဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းဒီပညာကို မသင်ချင်ရင်လည်း မသင်နဲ့လေ..."

"မလုပ်နဲ့... မလုပ်နဲ့ ... ကျွန်မသင်မှာ..."

သူမ၏မျက်နှာသည် ချက်ချင်းပင် အမူအရာပြောင်းသွားလေ သည်။

ဆန်းလျန်က သူမကို အလွယ်ဆုံးနှင့် ရယ်စရာအကောင်းဆုံး ကျင့်စဉ်ကို သင်ပေးမည်ဆိုလျှင်တောင်မှ သူမက ဝမ်းပန်းတသာနှင့်သင်ယူမည့်သူဖြစ်လေသည်။ သူမက ဆန်းလျန်ထံမှ သင်ယူရမည့်ပညာများကို သိပ်စိတ်မဝင်စားသည့်တိုင် ဆန်းလျန်နှင့်အတူ အချိန်ဖြုန်းရလျှင် ကျေနပ်နေမိသူဖြစ်လေသည်။

လေနှင့်မိုးကိုဆင့်ခေါ်ခြင်းကျင့်စဉ်သည် သဘာဝလွန်စွမ်းအားတစ်ခုဖြစ်ပြီး ထျန်းကန်းပုံပြောင်းပညာသုံးဆယ့်ခြောက်မျိုးမှ ဆင်းသက်လာသည့် ပညာရပ်ဖြစ်လေသည်။ နှစ်ပေါင်းများစွာကြာခဲ့ပြီးသည့်နောက် ချင်းရှမ်နတ်တံခါးတွင်ပင်လျှင် ထိုပညာကို ကျင့်ကြံကြသူ အနည်းငယ်သာ ရှိတော့သည်။

သို့သော် ယန်ရှီးကတော့ ထိုပညာကို ကျင့်ကြံခဲ့လေသည်။

ဆန်းလျန်ကိုယ်တိုင်လည်း ထိုပညာကို ကျင့်ကြံခဲ့လေသည်။

"လေနှင့်မိုးကိုဆင့်ခေါ်ခြင်း" ကျင့်စဉ်ကို ကျင့်ကြံရန်အတွက် သော့ချက်မှာ လေတိုက်ခြင်းနှင့် မိုးရွာခြင်းနောက်ကွယ်မှ အကြောင်းရင်းများကို သိရှိရန်လိုအပ်လေသည်။ လေနှင့်မိုး တိုက်ခတ်ပြီဆိုပါက လျှပ်စီးနှင့် မိုးကြိုးသည် သဘာဝကျကျ ချိတ်ဆက်လာမည် ဖြစ်လေသည်။

လျှပ်စီးနှင့်မိုးကြိုးသည် ယင် နှင့် ယန် ဓာတ်ပြုဆက်နွယ်မှုမှ ဖြစ်ပေါ်လာသည့်အရာဖြစ်လေသည်။

အသူရာချောက်သည် ယင်စွမ်းအားကြွယ်ဝသည့် နေရာတစ်ခု ဖြစ်လေသည်။ သို့သော် ယန်စွမ်းအားရရှိနိုင်သည့် အရင်းအမြစ်ဆို၍ နေရောင်ခြည်သာလျှင်ရှိလေသည်။

ယိုဟူမျိုးနွယ်များသည် လျှပ်စီးနှင့် မိုးကြိုးပစ်ခြင်းများကို ပင်ကိုယ်စွမ်းအားအဖြစ်ပိုင်ဆိုင်ကာ မွေးဖွားခဲ့ကြသူများ ဖြစ် လေသည်။ ထို့ကြောင့် ယိုဟူမျိုးနွယ်သွေးတစ်ဝက်ပါသည့်

လေ့ကျင်းကို ဆန်းလျန်က လေနှင့်မိုးကိုဆင့်ခေါ်ခြင်းပညာကို သင်ကြားပေးရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်လေသည်။

လေ့ကျင်းသည် မွေးရာပါတန်ခိုးစွမ်းအားများကိုပိုင်ဆိုင်ထားသူဖြစ်လေရာ လေနှင့်မိုးကိုဆင့်ခေါ်ခြင်းကျင့်စဉ်ကိုသာ ကျင့်ကြံနိုင်လျှင် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်၏ "လေ ၊ ရေ နှင့် မိုး" အစိတ်အပိုင်းကိုလည်း နားလည်သွားမည်ဖြစ်လေသည်။ ထိုအချက်သည် လေ့ကျင်းအတွင် တန်ဖိုးရှိသည့် အချက်ပင် ဖြစ်လေသည်။

သူမ အာရုံစူးစိုက်လေ သူမသင်ယူရသည်မှာ မြန်ဆန်လေဖြစ်ပေလိမ့်မည်။

နောက်တစ်နေ့နံနက်တွင်တော့ ကြယ်တာရာအလင်းတန်းများဖြင့် ဖန်ဆင်းထားသည့် ဆန်းလျန်သည် ပျောက်ကွယ်သွားခဲ့လေသည်။

သို့သော် လေ့ကျင်းကတော့ ဆန်းလျှန်သင်ပေးသည့် ကျင့်စဉ်ကို ဆက်လက်ကျင့်ကြံနေဆဲ ဖြစ်လေသည်။ သူမ၏ကိုယ်ထဲမှ ထူးခြားသည့် မွေးရာပါတန်ခိုးစွမ်းအားများသည် ကျင့်စဉ်နှင့် ပေါင်းစပ်လိုက်သည့်အခါ အသစ်သောတန်ခိုးစွမ်းအားများ ပွင့်လင်း၍လာလေသည်။

လေနှင့်မိုးသည် အဖျက်စွမ်းအား တစ်ခုတည်းမဟုတ်ပါ။

လေနှင့်မိုးသည် နွေရာသီတွင် သစ်ပင်များကိုစိမ်းလန်းစေသည့် ရှင်သန်မှုကိုယူဆောင်လာသည့် အရာလည်း ဖြစ်လေသည်။

....

နံနက်ခင်းနေရောင်ခြည်သည် ရှားတူးမြောင်းအတွင်းမှ ရေများဆီသို့ ဖြာကျနေလေသည်။ လှိုင်းထနေသည့်ရေပြင်ထက်တွင် နေရောင်ခြည်သည် အနီရောင်သန်းနေလေသည်။

ဝူတင်သည် အခြားနေ့များကဲ့သို့ပင် အိပ်ယာမှ စောစောထလာလေသည်။ သူ၏လက်ထဲတွင် ဓားတစ်လက် ကိုင်ဆောင်ထား

လေသည်။ သူက ရှားတူးမြောင်းအတွင်းမှ ရေများကို ကြည့်နေလေသည်။

သူ၏ဝိညာဉ်စွမ်းအားများသည် ရေလှိုင်းများနှင့်အတူ တုန်ခါနေပြီး ရေလှိုင်းများကို အသေးစိတ်သိမြင်ခံစားနေရလေသည်။

သူက ဓားကို ရုတ်တရက် ရေပြင်ထက်သို့ ထိုးခွင်းလိုက်လေသည်။

ထိုအခါ အားကြီးစွာစီးဆင်းနေသည့်ရေပြင်သည် ထက်ပိုင်းကွဲသွားရလေသည်။ ထိုသို့ ကွဲအက်သွားသည့်ရေပြင်သည် အချိန်အတော်ကြာသည်အထိ ကွဲအက်နေခဲ့လေသည်။

ထိုအချိန်မှာပင် ...

လက်ခုပ်တီးသံတစ်ချက်ကို သူ့နားထဲတွင် ရှင်းရှင်းလင်းလင်းကြားလိုက်ရလေသည်။

"ကျီကျောက် ၊ မင်းရဲ့ဓားသိုင်းက အရမ်းကိုတိုးတက်လာတယ် ၊ ရေကိုတောင် ပိုင်းဖြတ်ပစ်နိုင်နေပြီပဲ ၊ အဲဒီနေ့က မင်းကို လုပ်ကြံတဲ့ အရှေ့တိုင်းစစ်သည်တော်သာ အခု မင်းရဲ့ အရည်အချင်းမျိုးနဲ့ ထပ်ရင်ဆိုင်ရမယ်ဆိုရင် အဲဒီလူကို နိုင်ချေတစ်ဝက်ရှိနေပြီ"

ကြည်လင်သည့်အသံသည် လေထဲတွင် စီးမျောလာလေသည်။

ရှားတူးမြောင်းကို ဖြတ်ကျော်ဆောက်လုပ်ထားသည့် တံတားတစ်ဖက်စွန်းတွင် ချောမောလှပသည့် တာအိုဆရာတစ်ယောက် မတ်တပ်ရပ်နေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ဝူတင်က…

"မင်းသားလေး ၊ အစောကြီးနိုးနေတာလား ၊ ဒါပေမယ့် ကျွန်တော့်ရဲ့ဓားသိုင်းဘယ်လောက်ပဲတော်တော် မင်းသားလေး အတွက်တော့ ရယ်စရာဖြစ်နေမှာပေါ့"

ဆန်းလျန်က ခြေတစ်လှမ်းလှမ်းလိုက်သည်နှင့် ဝူတင်၏ဘေး နားသို့ ရောက်လာလေသည်။

ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအားမျိုးကိုရရှိရန်အတွက် ဝူ တင်သည် စိတ်ထဲမှ ကြိတ်ပြီးတောင့်တလိုက်မိလေသည်။

“မိုင်တစ်ထောင်ခရီးဟာ ခြေတစ်လှမ်းက စခဲ့တာပဲ ၊ ဘုံကိုး ဆင့်ဆိုတာကိုလည်း အောက်ခြေကစပြီး တည်ဆောက် ခဲ့ရတာ ပဲ မဟုတ်လား ၊ မင်းလျှောက်လှမ်းနေတဲ့လမ်းကြောင်းမှန်နေ သရွေ့ အချိန်ကြာလာတာနဲ့အမျှ ကျင့်စဉ် လမ်းမှာတိုးတက် လာမှာပဲ ၊ ကျုပ်လည်း ဒီလိုလျှောက်လှမ်းခဲ့ရင်းနဲ့ ဒီအဆင့်ကို ရောက်လာတာပါပဲ ၊ ကျုပ်ကမင်းကိုဘာလို့ ရယ်စရာဖြစ်ရမှာ လဲ"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ဝူတင်က ဆန်းလျန်ကို ပြုံးပြလိုက်လေသည်။

ဆန်းလျှန်ပြောသည့်စကားများသည် မှန်ကန်ကောင်းမွန်ပေလိမ့်မည်။

သို့သော် ကျင့်စဉ်လမ်းကို ထိုမျှအချိန်ကြာကြာလျှောက်လှမ်းနိုင်ရန်အတွက် လုံလောက်စွာ အသက်ရှည်နိုင်ပါမည်လား။ လူ့ဘဝဆိုသည်က မလွယ်ကူလှပေ။

ဝမ်ချန်နန်းတော်တွင် ညစာစားပွဲကျင်းပသည့်နေ့မှစတင်ပြီး ယင်းစန်းမှလူများသည် များစွာ ဖိနှိပ်ချုပ်ခြယ်ခြင်းများ ခံခဲ့ကြရလေသည်။

ထိုသတင်းသည် တာ့ရှားပြည်နှင့် တာ့ရှားပြည်ကိုသစ္စာခံကြသည့် တိုင်းပြည်များအားလုံးသို့ ပျံ့နှံ့သွားခဲ့လေသည်။

သို့တိုင်အောင် နံနက်စောစော ဓားသိုင်းလေ့ကျင့်နေသည်မှလွဲပြီး သူ၏လူမျိုးများအတွက် သူ မည်သို့မျှ မကူညီနိုင်ခဲ့သေးပေ။

အခန်း (၅၁၂) လျှန်စန်း

ထိုသို့ ကူရာကယ်ရာမဲ့သည့်ခံစားချက်သည် ဝူတင်ကို အကြီးအကျယ်စိတ်ပျက်စေခဲ့လေသည်။ သို့သော် သူက လက်နှစ်ဖက်ဖြင့် ဓားကို တင်းတင်းကြပ်ကြပ်စုပ်ကိုင်လိုက်သည်။ သူသည် ယင်းစန်းမှ လူငယ်တစ်ယောက်ဖြစ်ပြီး ထျန်းယီ အကြီးအကဲ၏ တူတော်စပ်သူဖြစ်လေသည်။ သူ့ဘဝတွင် ယခုထက်ပိုပြီး လုပ်နိုင်စွမ်းများရှိလေသည်။

ယခုအချိန်တွင် ဝူတင်သည် ယခင်ကကဲ့သို့ အခြေးသူတစ်ဦး အပေါ်တွင် မျှော်လင့်ချက်များထားမနေတော့ပါ။ လေ့ကျင်းနှင့်

ယှဉ်ပြိုင်ရသည့်ပြိုင်ပွဲတွင် သူအနိုင်ရခဲ့လျှင်ပင် သူသည် ထျ
န်းယီအကြီးအကဲကို ကယ်တင်ရန်အတွက် ဆန်းလျန်ကို
အကူအညီတောင်းခံမည် မဟုတ်တော့ပါ။

မိုးကောင်းကင်၏လှုပ်ရှားမှုသည် တန်ခိုးစွမ်းအားနှင့်ပြည့်နက်
နေသဖြင့် သူရဲကောင်းသည် မိမိကိုယ်ကိုအားတင်းရမည် ဖြစ်
လေသည်။

ထိုစကားကို ကွမ်းလုန်ကျီက သူ့ကိုပြောခဲ့ခြင်းဖြစ်ပြီး ယခုမှာ
ထိုစကား၏အဓိပ္ပါယ်ကို ကောင်းကောင်းနားလည်လာခဲ့ရလေ
သည်။

သူက ဆန်းလျန်ကို စကားမပြောတော့ဘဲ ဓားသိုင်းဆက်လက်
လေ့ကျင့်နေခဲ့လေသည်။

ဆန်းလျန်က ဝူတင်ကို ချီးကျူးစကားဆိုရန် ပြင်လိုက်ပြီးမှ မ
ဆိုဖြစ်တော့ပေ။ ဝူတင်၏ ဓားသိုင်းလေ့ကျင့်နေဟန်ကိုကြည့်

ပြီး လူငယ်လေး၏စိတ်ထဲတွင် ကြီးမားသည့်ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်သွားသည်ကို ဆန်းလျန်ရိုပ်မိလိုက်လေသည်။

အနာဂတ်တွင်… ဂူတင်သည် စကားနည်းသွားပေလိမ့်မည်။ သူသည် စကားသိပ်မပြောတော့ဘဲ အတွေးအကြံများဖြင့်သာ အလုပ်လုပ်တော့မည့်သူ ဖြစ်လေသည်။

“ဘယ်လိုလဲ ၊ ဒီကောင်လေးကို တပည့်မတော်လိုက်ရတာကို နောင်တရနေပြီလား”

ကွမ်းလုန်ကျိုက ရယ်မောရင်း ပြောလိုက်လေသည်။

မည်သည့်နေရာက ထွက်ပေါ်လာမှန်းပင်မသိလိုက်ရဘဲ ကွမ်းလုန်ကျိုသည် ဆန်းလျန်ဘေးသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

သူတို့နှစ်ယောက်လုံးသည် တစ်ခဏကြာမျှ စကားမပြောဘဲ တိတ်ဆိတ်နေကြလေသည်။ ဤသည်မှာ ဒဏ္ဍာရီထဲမှ “ကြီး

မြတ်သည့်တိတ်ဆိတ်ငြိမ်သက်ခြင်း” ဆိုသည့်အဆင့်ပင် ဖြစ်လေသည်။

ရောင့်ရဲမှုသည် တည်ငြိမ်စေသည်။ တည်ငြိမ်မှုသည် တိတ်ဆိတ်ငြိမ်သက်မှုကိုဖြစ်စေသည်။ တိတ်ဆိတ်ငြိမ်သက်မှုသည် အတွေးအခေါ်ကိုဖြစ်ပေါ်စေလေသည်။ ဤသည်မှာ သူတော်စင်အဆင့်စိတ်အခြေအနေဖြစ်လေသည်။

ကွမ်းလုန်ကျီသည် သူတော်စင်တစ်ပါးအဖြစ် လူသိများသည့် ပညာရှိတစ်ယောက် ဖြစ်လေသည်။

“ဘာလို့နောင်တရရမှာလဲ ၊ ဒီလိုအရည်အချင်းရှိတဲ့လူငယ်လေးတစ်ယောက်ကို ခင်ဗျားကသာ ပညာသင်ပေးသင့်တာပါ ၊ ပြီးတော့ လေ့ကျင်းကလည်း သူ့ကိုအနိုင်ရအောင် တိုက်ခိုက်နိုင်မှာပါ”

ဆန်းလျန်က ကွမ်းလုန်ကျီကို လှည့်မကြည့်ဘဲ ပြန်ပြောလိုက်လေသည်။

“စောင့်ကြည့်ရမှာပေါ့လေ…”

ကွမ်းလုန်ကျီက ပြန်ပြောလိုက်လေသည်။

“ကျုပ်ဘက်ကတော့သေချာပါတယ် ၊ ဘာလို့လဲဆိုတော့ လေ့ကျင်းက ကျုပ်တပည့်လေ”

ဆန်းလျန်က ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်လေသည်။

ဤသည်မှာ ဆန်းလျန်၏ သဘာဝပင် ဖြစ်လေသည်။ ထိုသို့သော ယုံကြည်မှုမျိုးသာမရှိလျှင် သူသည် ဆန်းလျန် မဟုတ်တော့ပေ။

“ကောင်းပါလေ့ ၊ ဒါဖြင့် လောင်းကြေးထပ်ကြရအောင် ၊ မင်း ကျုပ်ဆီက “လျန်စန်း” ဆိုတဲ့ရတနာကို သိချင်နေတာမဟုတ်လား ၊ လေ့ကျင်းသာအနိုင်ရခဲ့ရင် မင်းကိုအဲဒီရတနာကိုပြမယ် ၊ တကယ်လို့ ကျီကျောက်နိုင်ခဲ့ရင်တော့ မင်းရဲ့ ထိုက်ရှီး နည်းဗျူဟာအကြောင်း ကျုပ်ကိုပြောပြရမယ် ၊ ဘယ်လိုလဲ”

ကွမ်းလုန်ကျီက ပြောလိုက်လေသည်။

"လျှန်စန်း" ဆိုသည်မှာ တော်ဝင်ကျောင်းတော်အတွင်းတွင် သိမ်းဆည်းထားသည့် အဖိုးတန်ရတနာစာအုပ်ဖြစ်လေသည်။ ကွမ်းလုန်ကျီ၏ဘဝတစ်လျှောက်လုံး လေ့လာခဲ့သမျှအရာ အားလုံးကို ထိုစာအုပ်ထဲတွင် အနှစ်ချုပ်ရေးသားထားလေ သည်။

ထိုစကားကိုကြားသည့်အခါတွင်တော့ ဆန်းလျန် အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ ဆန်းလျန်က လျှန်စန်းကို သိချင်နေသည်မှာ ကြာပြီဖြစ်သော်လည်း ကွမ်းလုန်ကျီက ပြဖို့ ရန်အတွက် တွန့်ဆုတ်နေခဲ့လေသည်။ ယခုတော့ လောင်းကြေး အဖြစ် အကဲစမ်းလိုက်ပြီ ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဆိုတာ အရင်တုန်းက ကျုပ် ကျင့်ကြံခဲ့တဲ့ကျင့်စဉ်ပါ၊ အရမ်းအဖိုးတန်တယ်၊ အဲဒါကို ပြော ပြဖို့ကတော့ နည်းနည်းအခက်အခဲရှိတယ်၊ ဘာလို့လဲဆိုတော့

အဲဒီကျင့်စဉ်ကို ဆရာဘွားဘွားလီချင်းဆွေက စတင်တီထွင်ခဲ့ပြီးတပည့်အစဉ်အဆက်ကိုပဲ လက်ဆင့်ကမ်းခဲ့တာမို့လို့ပါ၊ ဒါပေမယ့် ကျုပ်မှာ ဟွမ်ထင်ကျမ်းစာတော့ရှိတယ်၊ အဲဒီကျမ်းစာဟာ အရမ်းကို နက်နဲလွန်းတယ်၊ ခင်ဗျားသာဆန္ဒရှိမယ်ဆိုရင် ကျုပ်က ဟွမ်ထင်ကျမ်းစာနဲ့ လောင်းကြေးထပ်မယ်ဗျာ"

"ဒါဖြင့် သေချာပြီနော်..."

ကွမ်းလုန်ကျီက ပြန်ပြောလိုက်သည်။

"ကျုပ်စကားကို ပြန်မရုတ်သိမ်းပါဘူးဗျာ"

ဆန်းလျန်က တစ်ချက်မှတုန့်ဆိုင်းခြင်းမရှိဘဲ ပြန်ပြောလိုက်လေသည်။

ကွမ်းလုန်ကျီက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရင်း တော်ဝင်ကျောင်းတော်အတွင်းသို့ ပြန်ဝင်သွားလေသည်။

ဟွမ်ထင်ကျမ်းစာအကြောင်းကို သူကောင်းကောင်းသိလေသည်။ တာအိုကျင့်စဉ်များဆင်းသက်လာရာ မူလကျမ်းစာတစ်ခုဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက သူကြားခဲ့ဖူးသည့်အချက်တစ်ချက်ရှိလေသည်။ သာမန်လူတစ်ယောက်သည် ဟွမ်ထင်ကျမ်းစာကို နေ့စဉ်ရွတ်ဆိုလျှင် နတ်ဘုရားတစ်ပါးကဲ့သို့ပင် ကောင်းကင်ထက်တွင် ပျံသန်းနိုင်လိမ့်မည် ဟူ၍ပင်။

ကောလဟာလများအရဆိုလျှင် ဟွမ်ထင်ကျမ်းစာသည် နောက်တစ်ဖန်ရှာမတွေ့နိုင်တော့သည့် အရာဖြစ်လေသည်။ ကျမ်းစာပြည့်စုံခြင်းရှိမရှိကိုတော့ စောင့်ကြည့်ရမည် ဖြစ်လေသည်။

ဆန်းလျန်သည် တံတားထက်တွင်ရပ်နေရင်း ရှားတူးမြောင်းဆီသို့ ငေးကြည့်နေလေသည်။ သူ၏နှုတ်ခမ်းထက်တွင် အပြုံးတစ်စကို တွေ့မြင်ရမည်ဖြစ်လေသည်။ လောကကြီးသည်

ကြီးမားကျယ်ပြန့်လှပြီး စိတ်ဝင်စားစရာများနှင့် ပြည့်နက်နေသည် မဟုတ်ပါလား။

ကျားနက်ကြီးရှောင်ဟေးသည် လမ်းလျှောက်နေရာမှ အနောက်သို့လှည့်ကြည့်လိုက်လေသည်။ ကောင်းကင်ထက်တွင်ပျံသန်းလာသည့် လေ့ကျင်း၏ နတ်မြင်းပျံကြီးကို တွေ့မြင်လိုက်ရလေသည်။

"သွားစမ်း… အသိဉာဏ်နိမ့်ကျတဲ့ကောင်တွေနဲ့ စကားမများချင်ဘူး"

ကျားနက်ကြီးက ပြောလိုက်လေသည်။

ထိုနတ်မြင်းပျံကြီးသည် လစ်လျှင်လစ်သလို ရှောင်ဟေးကို အနိုင်ကျင့်တတ်လေသည်။

နတ်မြင်းပျံကြီးက ကျားနက်ကြီးကို တိတ်ဆိတ်အေးစက်စွာ စိုက်ကြည့်နေလေသည်။

ကျားနက်ကြီးက ခပ်တည်တည်ဖြင့်ရှေ့သို့အနည်းငယ်

လျှောက်သွားပြီး ဆန်းလျန်၏ ခြေထောက်နှစ်ချောင်းကြား

အတင်းတိုးဝင်သွားတော့သည်။

"မင်းတို့နှစ်ယောက် တော်ကြပါတော့..."

ဆန်းလျန်က ပျင်းရိစွာဖြင့် ပြောလိုက်လေသည်။

ရှောင်ပေးက မျက်မှောင်ကုပ်ကာဆန်းလျန်ကိုကြည့်လိုက်ပြီး

ဆန်းလျန်၏ဖိနပ်များကိုလျှာဖြင့်လျက်လိုက်လေသည်။

"သခင်လေး ၊ ကျွန်တော်က သူနဲ့ရန်မဖြစ်ချင်ပါဘူး"

"ဒါပေမယ့် မင်းတို့က ရန်ဖြစ်နေမှာပဲ မဟုတ်ဘူးလား"

ဆန်းလျန်က ချက်ချင်းပြန်ပြောလိုက်သည်။

ကျားနက်ကြီးက ခေါင်းငုံ့လိုက်ရင်း...

"သခင်လေး ၊ ညကျရင် တုန်းချန်ဘက်မှာ မီးပုံးပွဲတော်ရှိတယ်

လို့ ကြားတယ် ၊ သခင်လေးသွားချင်ရင် ကျွန်တော် လိုက်ပို့ပေး

မယ်လေ"

"ဒါဖြင့် သွားကြတာပေါ့..."

ဆန်းလျန်က ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်က ရှောင်ဟေးဘေးမှ ဖြတ်သွားပြီး နတ်မြင်းပျံကြီး၏ဦးခေါင်းကိုလည်း တစ်ချက်ပုတ်ခဲ့လေသည်။

အဖြူရောင်နတ်မြင်းပျံကြီးမှာ အလွန်မှ မာနကြီးသူ ဖြစ်လေသည်။

နတ်မြင်းပျံကြီးသည် သမိုင်းတွင်ထင်ရှားသည့် နတ်မြင်းပျံတစ်ကောင်ဖြစ်ချင်ခဲ့လေသည်။ သူက ရှောင်ဟေးကဲ့သို့ တုံးတုံးအအ သတ္တဝါတစ်ကောင်မဟုတ်ပေ။

ကျားနက်ကြီးက ဆန်းလျန်နောက်မှ ကုပ်ကုပ်ကလေးလိုက်လာလေသည်။ သူတို့က နတ်မြင်းပျံကြီးဘေးမှ ဖြတ်သွားသည်နှင့် ရှောင်ဟေးက နတ်မြင်းပျံကြီးကို လှမ်းကြည့်လိုက်ရင်း...

"ဒီည သခင်လေးက ငါ့ကျောပေါ်မှာစီးပြီး မီးပုံးပွဲသွားမှာ"

ဟု ပြောလိုက်လေသည်။

ကျီဝေးကျောင်းတော်သို့ ပြန်ရောက်သည်နှင့် ဖိတ်စာတစ်စောင်ကဆန်းလျန်ကို စောင့်ကြိုနေလေသည်။

ပထမတော့ မီးပုံးပွဲတော်သို့သွားရောက်ရန်မှာ ဆန်းလျန်၏သဘောအတိုင်း ဆုံးဖြတ်နိုင်လေသည်။ သို့သော်ယခုတော့တစ်စုံတစ်ယောက်က သူ့ကို မီးပုံးပွဲတော်သို့လာရန် ဖိတ်ကြားခဲ့ပြီဖြစ်လေသည်။ စာထဲတွင် မည်သူကဖိတ်ကြားသည်ဆိုသည့်အချက်ကို ဖော်ပြထားခြင်းမရှိပေ။

"ကျုပ်တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ ယွင်အော်က တကယ့်ကိုချစ်စရာကောင်းတဲ့မိန်းကလေးပဲ"

ထိုစာကြောင်းလေးကိုသာ ဖိတ်စာထဲတွင် ရေးသားထားလေသည်။

"ယွင်အော်" ဆိုသည်မှာ လက်ရှိဘဝတွင် သူ၏ဒေါ်လေးအငယ်တော်စပ်သူဖြစ်လေသည်။ သူက မိခင်ဖြစ်သူ ချန်ချင်ကိုဒေါ်လေးအငယ်ကို ပြန်ရှာပေးမည်ဟု ကတိပေးထားခဲ့ဖူးလေ

သည်။ ဆန်းလျှန်သည် အမြဲတမ်းစကားတည်သူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် သူ့အနေဖြင့် မီးပုံးပွဲတော်သို့ သွားရပေတော့မည်။

တိချိုးမြို့တော်ရှိ ဂုဏ်သရေရှိလူများအားလုံးသည် မီးပုံးပွဲတော်ညတွင် တုန်းချန်အရပ်တွင်စုရုံးကြမည်ဖြစ်လေသည်။ တိချိုးမြို့တော်၏ ညဘက်မြင်ကွင်းသည် အလွန်မှ စွဲဆောင်မှုရှိလေသည်။

ကောင်းကင်ထက်တွင်ပျံသန်းနေကြသည့်မီးပုံးပျံများမှာ ကြယ်များနှင့်အပြိုင်လင်းလက်နေကြလေသည်။ ကြယ်ရောင်နှင့် မီးပုံးပျံအရောင်ကိုပင် ခွဲခြားသိမြင်ရန် ခက်လှသည်။

တာ့ရှားပြည်မှ မိန်းမပျိုလေးများနှင့် လုလင်ပျိုလေးများအားလုံးသည် အပြင်သို့ ထွက်လာကြလေသည်။

မီးပုံးပွဲတော်မှာ ရဟန်းမင်းကြီးစီစဉ်သည့်ပွဲဖြစ်လေသည်။

ထိုညတွင် လနတ်သမီးထံသို့ ဆုတောင်းကြပြီး ကံကောင်းလျှင် မိန်းမပျိုများနှင့် လုလင်ပျိုများသည် ချစ်သူနှင့်ဆုံတွေ့ကြရမည် ဖြစ်လေသည်။

အချစ်ဆိုသည့်အရာသည် မျိုးနွယ်များ ၊ အချိန်နှင့်နေရာ ကန့်သတ်ချက်များအားလုံးကို ကျော်လွန်သည့်အရာဖြစ်လေသည်။ လူငယ်များအားလုံးသည် ယနေ့ညတွင် ချစ်သူနှင့်ဆုံကြရန်မျှော်လင့်ပြီး ကံကြမ္မာအခွင့်ပေးလျှင် လက်ထပ်ထိမ်းမြားကြရန်အထိ မျှော်လင့်ထားကြလေသည်။

ထို့ပြင် မီးပုံးပွဲတော်တွင် အခြားသော စွဲဆောင်မှုတစ်ခုလည်း ရှိသေးသည်။

ထွန်းညှိထားသည့် မီးပုံးတစ်ခုချင်းစီတိုင်းတွင် စကားဝှက်များ ရှိလေသည်။ ထိုစကားဝှက်များအားလုံးကို ဖော်နိုင်လျှင် အိပ်မက်များကို အကောင်အထည်ဖော်နိုင်သည့် နေရာတစ်နေရာသို့ရောက်ရှိမည် ဖြစ်လေသည်။

ရှားတူးမြောင်းသည် တုန်းချန်အရပ်၏အစွန်းတွင်တည်ရှိလေသည်။ ရှားတူးမြောင်းမှရေထဲတွင် အလင်းရောင်များ တောက်ပနေလေသည်။ ရေပြင်ထက်တွင် လှေငယ်လေးများ သွားလာနေကြလေသည်။ ရာသီဥတုက တိတ်ဆိတ်ငြိမ်သက်နေပြီး လမင်းကလည်း ထိန်ထိန်သာနေလေသည်။ ညရှုခင်းမှာ ပန်းချီကားတစ်ချပ်အလား လှပလွန်းလေသည်။ မင်းမျိုးမင်းနွယ်များသည် လှပသည့်အဝတ်အစားများကို ဝတ်ဆင်ထားကြပြီး လှေများဖြင့် သွားလာနေကြလေသည်။ ရှားတူးမြောင်းကမ်းခြေတစ်လျှောက်တွင်လည်း လုလင်ပျို များစွာနှင့် မိန်းမပျိုများစွာ မတ်တပ်ရပ်နေကြလေသည်။ တာ့ရှားပြည်မှ မိန်းမပျိုများ၏အလှကို လာရောက်ကြည့်ရှုကြသည့် အခြားသောတိုင်းပြည်များမှ လုလင်ပျိုများလည်း ရောက်ရှိနေကြလေသည်။ အကယ်၍ ကံကောင်းပါက ရှားမျိုး

နွယ်မိန်းမပျိုတစ်ယောက်ကို သူတို့ပိုင်ဆိုင်နိုင်မည် ဖြစ်လေ

သည်။

အခန်း (၅၁၃) ကြောက်စရာကောင်းလောက်အောင်

ညဏ်ကောင်းလွန်းသူ

ဆန်းလျန်ကို မီးပုံးပွဲတော်သို့လာရောက်ရန်ဖိတ်ကြားသူမှာ

မီးပုံးပွဲတော်သို့လာရောက်ရန်သာ ဖိတ်ကြားခဲ့ပြီး တွေ့ဆုံရန်

အတွက်တော့ အတိအကျမပြောခဲ့ပေ။ ဆန်းလျန်ကလည်း ထို

သူ၏ရည်ရွယ်ချက်ကိုသိလေသည်။ ထိုသူက သူ့ကိုရှာဖွေနိုင်မည်လားဆိုသည့် ဆန်းလျန်၏အရည်အချင်းကို စမ်းသပ်လိုက်ခြင်းသာ ဖြစ်လေသည်။

မီးပုံးများသည် နေရာအနှံ့တွင် ထွန်းညှိထားသည့်အတွက် နေ့အချိန်ကဲ့သို့ ပတ်ဝန်းကျင်တစ်ခုလုံးက လင်းလက်နေလေသည်။ အမှန်တော့ ထိုမီးပုံးများသည် ဝိညာဉ်စွမ်းအားမီးတောက်များထွန်းညှိထားခြင်း ဖြစ်လေသည်။

ကောင်းကင်မှကြယ်စင်များဆိုသည်မှာ ဝိညာဉ်များမှ အသွင်ပြောင်းထားသည်ဟု ဆိုနိုင်လျှင် ဝိညာဉ်စွမ်းအားဖြင့် ထွန်းညှိထားသည့် မီးအိမ်များမှာလည်း ကြယ်များနှင့်အလားသဏ္ဌာန်တူနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်သည် မီးပုံးပွဲတော်သို့ ကျားနက်ကြီးရှောင်ပေးကိုစီးမသွားဘဲ နတ်မြင်းပျံကြီးကို စီးသွားခဲ့လေသည်။ ဆန်းလျန်သည် တုန်းချန်အရပ်သို့ရောက်ရှိလာပြီး ကောင်းကင်ထက်တွင်

နတ်မြင်းပျံကြီးစီးကာ ပျံသန်းလာသည့် သူ့ကို လူအများက
စိတ်ဝင်တစားဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေသည်။
ထိုအချိန်တွင် သနားစရာရှောင်ဟောမှာတော့ ကျီဝေးကျောင်း
တော်ကို စောင့်ရင်းကျန်ရစ်ခဲ့ရလေသည်။ သို့သော် ဆန်းလျန်
က သူမသွားမီ ရှောင်ဟောကို ပြဒါးဆေးတစ်လုံးပေးခဲ့လေ
သည်။ ထိုပြဒါးဆေးထဲတွင် သန့်စင်သည့်ဝိညာဉ်စွမ်းအားများ
ပါဝင်လေသည်။ ထိုဆေးကိုစားပြီးသည့်နောက် ရှောင်ဟော
သည် လူစကားပြောနိုင်လာလေသည်။ သို့သော် အပေါ်ယံမျှ
သာ ဖြစ်လေသည်။
နတ်မြင်းပျံကြီးမှာ မွေးရာပါစွမ်းရည်များရှိလေသည်။ သို့
တိုင်အောင် သူက အလွန်ကြိုးစားသူဖြစ်လေသည်။
ထို့ပြင် နတ်မြင်းပျံကြီးသည် နဂါးသွေးလည်းစပ်လေသည်။
နတ်မြင်းပျံကြီး၏နဂါးသွေးကို တဖြည်းဖြည်းသန့်စင်ပေးနိုင်

ပါက တစ်နေ့နေ့တစ်ချိန်ချိန်တွင် နတ်မြင်းပျံကြီးသည် နဂါးသ ဏ္ဍာန်ပြောင်းလဲနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်သည် ကောင်းကင်ထက်တွင် နတ်မြင်းပျံကြီးကို စီး နှင်လာလေသည်။

ငွေရောင်မြင်းကုန်းနှီးသည် ဆန်းလျန်ထိုင်ရန်အတွက် ကွက်တိ ဖြစ်နေလေသည်။ အချို့လူများသည် ဆန်းလျန်ကို မည်သူမှန်း မသိကြသည့်တိုင် မြင်ကွင်းကို ငေးမောကြည့်နေကြလေသည်။

ဆန်းလျန်သည် နတ်မြင်းပျံကြီးကိုစီးကာ တုန်းချန်ရပ်တစ်ခု လုံးကိုတစ်ပတ်ပျံဝဲပြီးတော့မှ ရှားတူးမြောင်းကမ်းခြေသို့ ရောက်လာလေသည်။

ဆန်းလျန်ကို မီးပုံးပွဲတော်သို့ ဖိတ်ကြားသူသည် မည်သူပင် ဖြစ်သည်ကို ဆန်းလျန်၏ နတ်ဘုရားစိတ်အာရုံတွင် ယခုထိ အာရုံခံ၍ မရသေးပေ။

ဆန်းလျန်က ကောင်းကင်ထက်မှ အောက်သို့ငုံ့ကြည့်လိုက်သည်။ မီးပုံးလေးများသည် ပန်းပွင့်ပုံသဏ္ဍာန်တစ်ခုအလား ပုံဖော်ထားလေသည်။ ဆန်းလျန်သည် ထိုပန်းပွင့်ပုံသဏ္ဍာန်ကို မြင်သည်နှင့် လေ့ကျင်းပေးခဲ့သည့် သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းမှ အနီရောင်ပင့်ကူငရဲပန်းကို သတိရသွားမိလေသည်။

ထိုပန်းကိုကြည့်မိသည့်အချိန်တွင် ဆန်းလျန်သည် ကိုက်စားပစ်ချင်စိတ်များ ဖြစ်ပေါ်လာခဲ့ဖူးလေသည်။ လောကတွင် ဆန်းလျန်လောက် စိတ်ကိုထိန်းချုပ်နိုင်သူမရှိပေ။ သို့သော်... ထိုပန်းကိုမြင်သည်နှင့် ဖြစ်ပေါ်လာသည့် ကိုက်စားချင်သည့်စိတ်ကို သူထိန်းမရခဲ့ပေ။

အနီရောင်ပင့်ကူငရဲပန်းကို ထိုကဲ့သို့တပ်မက်သည့်စိတ် အဘယ့်ကြောင့် ဖြစ်ပေါ်လာရပါသနည်း။

မိန်းမပျိုများနှင့် လုလင်ပျိုများအားလုံးသည် နတ်မြင်းပျံကြီး ကိုစီးနှင်ကာ ပျံသန်းလာသည့် ဆန်းလျန်ကို လက်ညှိုးတထိုး ထိုးဖြင့် ကြည့်နေကြလေသည်။ အချို့သူများကတော့ ဆန်း လျန်မှာ တိုင်းပြည်အကြံပေးအမတ်မင်းဖြစ်ကြောင်းသိရှိကြ လေသည်။

လုလင်ပျိုများသည် ဆန်းလျန်ကိုကြည့်ပြီး ခံစားချက်မျိုးစုံကို ခံစားနေရလေသည်။ ဆန်းလျန်သည် မင်လော့ကဲ့သို့သောသူ ကိုပင် ဝိညာဉ်ပျောက်သွားအောင် ပြုလုပ်ခဲ့သူတစ်ယောက်ဖြစ် သည့်အပြင် ဝမ်ချန်နန်းတော်အတွင်းသို့သတ္တိရှိရှိဝင်ရောက် ကာ တာ့ရှားဧကရာဇ်ကို ရင်ဆိုင်ခဲ့သူတစ်ယောက် ဖြစ်လေ သည်။ သို့သော် သူက တာ့ရှားဧကရာဇ်၏အပြစ်ပေးခြင်းကိုမ ခံရသည့်အပြင် တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ် မင်းပင် ဖြစ်လာခဲ့သေးသည်။ ဆန်းလျန်သည် တာ့ရှားပြည်ကို

ပျက်စီးသွားအောင် ဖျက်စီးနိုင်သည့်သူတစ်ယောက်ဖြစ်သည့်တိုင် လူအများကတော့ သူ့ကို မလေးစားဘဲ မနေနိုင်ကြပေ။ လူငယ်အများစုသည် ဆန်းလျန်ကိုသူရဲကောင်းတစ်ယောက်အဖြစ် မှတ်ယူထားကြလေသည်။

မိန်းမပျိုလေးများကတော့ အဖြူရောင်နတ်မြင်းပျံကြီးကိုစီးနှင်ကာ မီးပုံးပွဲတော်သို့ ရောက်လာသည့်ဆန်းလျန်ကိုတွေ့ရသည့်အခါ ရင်ထဲတွင်ပင် လှိုက်ခနဲ ဖြစ်သွားကြရလေသည်။ ဆန်းလျန်ထံတွင် လန်းဆန်းသည့်အလှတရားတစ်ခု နှင့် သူရဲကောင်းဆန်သည့် တက်ကြွမှုများကို တွေ့မြင်ကြရလေသည်။

မိန်းမပျိုများသည် ဆန်းလျန်ဘေးတွင် ဝိုင်းနေကြလေသည်။ အချို့မိန်းကလေးများသည် ချစ်သူရှာရန်ရည်ရွယ်ချက်ဖြင့် ပွဲတော်သို့ရောက်လာကြခြင်းဖြစ်သော်လည်း ဆန်းလျန်ကိုတွေ့သည့်အခါ သူတို့လာရသည့်ရည်ရွယ်ချက်ကို မေ့သွားကြရပြီ။

အချို့သောလူငယ်များကတော့ ဆန်းလျှန်ကို မကျေနပ်ကြပေ။ သို့သော် သူတို့ကို မိန်းကလေးများက ပြန်လည်ချေပကြလေသည်။

“နင်တို့တောင် ဆန်းလျှန်လို အရည်အချင်းရှိကြလို့လား ၊ သူ့လိုသာ အရည်အချင်းရှိမယ်ဆိုရင် နင်တို့တောင်းဆိုတာ အကုန်လုံးကိုတောင် ငါတို့က လုပ်ပေးလိုက်ဦးမှာ”

ဆန်းလျှန်မှာ လူများသူ့ကို ဝိုင်းအုံနေသည့်အတွက် စိတ်မသက်မသာခံစားနေရလေသည်။ သူသည် တိချိုးမြို့တော်တွင် အလွန်နာမည်ကြီးနေခဲ့ပြီ မဟုတ်ပါလား။

ဆန်းလျှန်နံဘေးတွင် လူများစုရုံးလာသည့်အတွက် လူများပြည့်သိပ်နေလေတော့သည်။ ဆန်းလျှန်က ပြုံးလိုက်ရင်း ပဲစေ့လက်တစ်စုပ်ကို မြေပြင်ပေါ်သို့ ချလိုက်လေသည်။ ထိုပဲစေ့များမှာ ကျီဝေးကျောင်းတော်တွင် ဆန်းလျှန်စိုက်ထားသည့် ပဲပင်များမှ ပဲစေ့များဖြစ်လေသည်။

ထိုပဲစေ့များသည် လပ်ဆတ်နေပြီး မြေပြင်ထက်တွင်ပျံ့နှံ့သွား ကြလေသည်။

မကြာမီပင် ရွှေရောင်အလင်းတန်းများတောက်ပလာပြီး အရပ် မြင့်မြင့်နှင့် သန်မာထွားကျိုင်းလှသည့် နတ်စစ်သည်များ ထွက် ပေါ်လာကြလေသည်။ ထိုနတ်စစ်သည်များက ဆန်းလျန် အတွက် လမ်းရှင်းပေးလိုက်ကြလေရာ လူအုပ်ကြီးမှာ ဘေးသို့ ရှဲသွား ကြရတော့သည်။

တာ့ရှားပြည်တော်ဝင်မျိုးနွယ်မှ လူငယ်လေးများသည် ကျင့်ကြံခြင်းမရှိသည့်တိုင် သူတို့၏မွေးရာပါစွမ်းအားများက ကျင့်ကြံသူများထက် မြင့်မားလေသည်။

သို့သော် သူတို့က ဆန်းလျန်ဖန်ဆင်းလိုက်သည့် နတ်စစ်သည် တော်များကို မြင်တွေ့လိုက်ကြရသည့်အခါတွင်တော့ ထိုနတ် စစ်သည်တော်များသည် သူတို့ထက်ပင် တန်ခိုးစွမ်းအားမြင့် မားနေသည့်အလား ထင်မှတ်လိုက်ကြလေတော့ သည်။

လူငယ်နှစ်ယောက်ကတော့ လူအုပ်ကြီးအတွင်းမှ ထွက်လာကာ နတ်စစ်သည်များကို ရင်ဆိုင်ကြည့်ရန် ကြိုးစားခဲ့ကြလေသည်။

သို့သော်... ပတ်ဝန်းကျင်တွင် လူအများအပြားရှိနေသည့်အတွက် သူတို့၏တန်ခိုးစွမ်းအားကို မထိန်းချုပ်နိုင်ပါက အခြားသူများ ဒဏ်ရာရကုန်ကြမည်ကို စိုးရိမ်သည့်အတွက် နောက်ဆုံးတော့ မတိုက်ခိုက်တော့ဘဲ လက်လျှော့လိုက်ကြရလေသည်။

ထို့ပြင် သူတို့သည် ဆန်းလျန်အကြောင်းကို သိထားသူများဖြစ်သည့်အတွက် ဆန်းလျန်နှင့် ရန်ဘက်မဖြစ်လိုကြပေ။

ဆန်းလျန်သည် သူ့ရှေ့မှ မီးပုံးများကို တစ်ခုချင်းလိုက်ကြည့်နေလေသည်။

မီးပုံးများပေါ်တွင်ရေးထားသည့် စကားဝှက်များသည် တစ်ခု

နှင့်တစ်ခု ဆက်စပ်နေလေသည်။ အဖြေအတွက်ကွက်လပ်

နေရာလေးများချန်ထားသည်ကိုလည်း တွေ့ရလေသည်။

ပဟေဋ္ဌိကိုမှန်အောင်ဖြေနိုင်လျှင် မီးအိမ်သည် အလင်းရောင်

ငြိမ်းသွားမည် ဖြစ်လေသည်။

သို့သော် မည်သူမှ အဖြေမှန်အောင် မဖြေနိုင်ကြသည့်အတွက်

မီးပုံးများမှာ လင်းလက်နေဆဲ ဖြစ်လေသည်။

မီးပုံးများအားလုံးကို ငြိမ်းသတ်နိုင်မည်ဆိုပါက မီးပုံး

အရံအတားကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်းဆန်းလျန်သိ

ထားလေသည်။

ဆန်းလျန်သည် သူ၏တန်ခိုးစွမ်းအားဖြင့် မီးပုံးများအားလုံးကို

ငြိမ်းသတ်ပစ်နိုင်လေသည်။ သို့သော် ထိုသို့ပြုလုပ်သည်က

ရိုင်းရာကျလေသည်။ ထို့ကြောင့်ဆန်းလျန်သည် ထိုနည်းကို

အသုံးမပြုတော့ဘဲ ပို၍အဆင်ပြေသည့်နည်းလမ်းတစ်ခုကို အသုံးပြုရန် စဉ်းစားလိုက်မိလေသည်။

မီးပုံးအရေအတွက်မှာ တစ်သောင်းရှစ်ထောင်ဖြစ်ပြီး မီးပုံးထက်မှ မပဟေဠိများမှာလည်း ရှုတ်ထွေးလွန်းလေသည်။

ဆန်းလျန်က ပထမဆုံးမီးပုံးကို တစ်ချက်ကြည့်လိုက်သည်။

"တီကောင်မရှိသည့်တွင်း ၊ ပျားမရှိသည့်ပျားအုံ ၊ ပိုးကောင်မရှိသည့်ပိုးအိမ် ၊ ဆောင်းမည့်သူ မရှိဘဲပွင့်လာသည့်ထီး"

ဆိုသည့် ပဟေဠိကိုရေးသားထားလေသည်။

ဆန်းလျန်သည် ချက်ချင်းပင် အဖြေရေးရန်ပေးထားသည့် ကွက်လပ်နေရာတွင် အဖြေကိုချရေးလိုက်လေသည်။

"ကြာပန်းအမြစ်"

မီးပုံးမှအလင်းရောင်သည် ချက်ချင်းပင်ငြိမ်းသွားလေတော့သည်။

ဒုတိယပဟေဠိမှာ “မျောလွင့်နေသည့်တိမ်တိုက်များပေါ်တက်သွားခြင်း” ဟူ၍ဖြစ်လေသည်။

ဆန်းလျန်က တစ်ချက်ပင်မစဉ်းစားဘဲ အဖြေကိုချရေးလိုက်လေသည်။

“ထွက်ခွာသွားခြင်း”

ထိုအချိန်မှာပင် မြေပြင်တစ်ခုလုံး အနည်းငယ်တုန်လှုပ်သွားသည်ကို အားလုံးခံစားလိုက်ကြရလေသည်။

မီးပုံးအရံအတားသည် မီးပုံးများအားလုံးနှင့် ချိတ်ဆက်နေပုံရလေသည်။

မီးပုံးတိုင်းသည် ဝိညာဉ်စွမ်းအားတည်ရှိရာ ဆုံချက်များဖြစ်နေလေသည်။ ထို့ကြောင့် မီးပုံးတစ်ခုငြိမ်းသွားလေ ဝိညာဉ်စွမ်းအားတစ်ခု ပျက်စီးသွားလေဖြစ်လေသည်။ ထို့ကြောင့် အဆုံးသတ်တွင် ဝိညာဉ်စွမ်းအားဟန်ချက်မညီမှုကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ထိခိုက်သွားနိုင်လေသည်။

ဆန်းလျန်သာ မီးပုံးများကို အချိန်တိုအတွင်းတွင် ငြိမ်းသတ်မ
ပစ်နိုင်ဘူးဆိုလျှင် နောက်ဆုံးတွင် သူရှုံးနိမ့်ရပြီး ပတ်ဝန်းကျင်
မှလူများကိုလည်း ထိခိုက်စေမည် ဖြစ်လေသည်။ ထိုသို့
စဉ်းစားမိသည့်တိုင် ဆန်းလျန်သည် စကားဝှက်များကို
အေးဆေးတည်ငြိမ်စွာ ဖြေဆိုနေဆဲ ဖြစ်လေသည်။
သို့သော်… သူက အရှိန်အဟုန်ကို မြှင့်လိုက်လေသည်။
ဆန်းလျန်သည် နတ်မြင်းပျံကြီးကို စီးလိုက်ပြီး လျှင်မြန်လွန်း
သည့်အဟုန်ဖြင့် မီးပုံးများအားလုံးဆီသို့ တစ်ချက်လှည့်ပတ်
လိုက်လေသည်။
ထိုအခါ…
အချိန်ခဏလေးအတွင်းမှာပင် မီးပုံးများအားလုံး
အလင်းရောင်များ ငြိမ်းသွားလေတော့သည်။
ဆန်းလျန်သည် အချိန်ခဏလေးအတွင်းမှာပင် တန်ခိုးစွမ်းအား
ကိုအသုံးပြုကာ မီးပုံးများထက်မှ ပဟေဠိများကို ဖြေဆိုလိုက်

သည်ကို တွေ့မြင်ရသည့်အခါ လူအများမှာတုန်လှုပ်ချောက်ချားသွားကြရသလို ဝမ်းသာပီတိလည်းဖြစ်သွားကြရလေသည်။

ဆန်းလျန်၏ဝိညာဉ်စွမ်းအားသည် အလွန်ထက်မြက်သည့်အတွက် အသေးငယ်ဆုံးအရာလေးတစ်ခုကိုပင် သိမြင်ခံစားနိုင်စွမ်းရှိလေသည်။ သူက မီးပုံးများအားလုံးမှ ပဟေဠိများကို မူလဝိညာဉ်ခန္ဓာ၏ တန်ခိုးစွမ်းအားကို အသုံးပြုကာ အမြန်ဆုံး ဖြေကြားလိုက်ခြင်းပင်ဖြစ်လေတော့သည်။

အခန်း (၅၁၄) စစ်ဝမ်မင့်

မီးပုံးများမှ အလင်းရောင်များအားလုံး ပျောက်ကွယ်သွားသည်နှင့် ဆန်းလျန်သည် သေမျိုးလောကနှင့်ဝေးကွာသွားသည့် နေရာတစ်ခုသို့ ရောက်ရှိသွားလေသည်။ ကြယ်ရောင်မရှိ ၊ သက်ရှိများမရှိ ၊ မည်သည့်အရာမှမရှိသည့် နေရာတစ်ခု ဖြစ်လေသည်။

အချိန်တစ်ခဏကြာပြီးသည့်နောက် နတ်မြင်းပျံကြီးကိုစီးနှင်ရင်း ဆန်းလျန်က ခေါင်းကိုအသာ ငုံ့ကြည့်လိုက်လေသည်။ ထိုအခါ နဂါးရေကန်တစ်ကန်ကို တွေ့မြင်လိုက်ရလေသည်။ "နဂါးရေကန်နှင့် ကျားဂူ" ဆိုသည်မှာ လောကတွင် အန္တရယ်အများဆုံးနေရာများဖြစ်သည်ဟု အဆိုရှိကြလေသည်။ ကျားဂူကိုတော့ ဆန်းလျန်ကမကြောက်ပေ။ ကျားနက်ကြီးတစ်ကောင်ကိုတောင် သူက မွေးထားသေးသည် မဟုတ်ပါလား။

သို့သော် နဂါးရေကန်ကတော့ အမှန်ပင်ကြောက်စရာကောင်း
လေသည်။

သို့သော် နဂါးရေကန်တွင် နဂါးကိုမတွေ့မြင်ရသေးပါ။ ရေကန်
သည် နက်ရှိုင်းသည့်ရေကန်တစ်ခုဖြစ်ပြီး ရေကန်ထဲမှ မြူခိုး
များထွက်ပေါ်နေလေသည်။ ထိုမြူခိုးများထဲတွင် အန္တရာယ်
အငွေ့အသက်များကို ခံစားနေရလေသည်။

မီးပုံးအရံအတားကိုကျော်လွှားနိုင်ပြီးသည့်နောက် ဆန်းလျန်
သည် အမည်မသိနေရာတစ်ခုသို့ ဝင်ရောက်သွားခဲ့ခြင်း ဖြစ်
လေသည်။ ထိုနေရာသည် သူ့ကို မီးပုံးပွဲတော်သို့လာရောက်ရန်
ဖိတ်ကြားသည့်သူနှင့် တွေ့ဆုံနိုင်သည့် နေရာတစ်ခု ဖြစ်နိုင်လေ
သည်။

ဆန်းလျန်အနေဖြင့် အန္တရာယ်အငွေ့အသက်ကိုရသည့်အတွက်
နောက်ဆုတ်ရန်အချိန်မီသေးသည့်တိုင် သူက နောက်ဆုတ်ဖို့ မ

စဉ်းစားခဲ့ပါ။ ရှေ့သို့ ဆက်လက်တိုးဝင်ရန်သာ ရွေးခြယ်ခဲ့လေသည်။

တိချိုးမြို့တော်တွင် သူ့ကိုရပ်တန့်နိုင်မည့်သူ မည်သူမျှမရှိဟု ဆန်းလျန်က ယုံကြည်ထားလေသည်။

သို့သော် မိုးကောင်းကင်အစစ်ဆေးခံရမှုများနှင့် ကြုံတွေ့ရသည့်အခါ သူက မပျက်စီးဘဲကျော်လွှားနိုင်မည်ဟုတော့ ရာနှုန်းပြည့်အာမမခံနိုင်ပေ။ သာမန်လူများနည်းတူ သူ့အနေဖြင့် ရင်ဆိုင်ရမည်သာဖြစ်လေသည်။

အန္တရယ်တောထဲတွင် သူအသက်ရှင်နိုင်ပါမည်လားဆိုသည့်အချက်ကတော့ မိုးနတ်မင်း၏အလိုတော်အတိုင်းသာ ဖြစ်လေ၏။

နဂါးရေကန်သည်အလွန်မှမှောင်မိုက်နေပြီး ရေကလည်း နက်ရှိုင်းလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် အလင်းရောင်မရှိပေ။

ဆန်းလျန်သည် အမှောင်ထဲသို့ စူးစိုက်ကြည့်နေရင်း...

မြူခိုးများထဲမှ တဖြည်းဖြည်း မြင့်တက်လာနေသည့် အလွန်ကြီးမားသည့် ပုံရိပ်ကြီးတစ်ခုကို မြင်တွေ့နေရလေသည်။

ထိုကြီးမားသည့် ပုံရိပ်ကြီး၏အထက်တွင် လူတစ်ယောက်၏ပုံသဏ္ဍာန်ကို တွေ့ရလေသည်။

ရုတ်တရက်...

တစ္ဆေမီးတောက်ကဲ့သို့ အလင်းအိမ်ကြီးနှစ်အိမ် လင်းလက်လာပြီး မြူခိုးများ လွင့်ပြယ်သွားလေသည်။

ထိုအခါ ဆန်းလျန်သည် သူ့ရှေ့မှ ပုံရိပ်ကို ရှင်းလင်းစွာမြင်လိုက်ရလေသည်။

အလင်းရောင်အောက်တွင် နဂါးအကြေးခွံများသည် ရောင်ပြန်ဟပ်ကာ တောက်ပနေကြလေသည်။

တဖြည်းဖြည်းမြင့်တက်လာသည့်အရာကြီးမှာ အနက်ရောင်နဂါးကြီးတစ်ကောင်ဖြစ်လေသည်။ ထိုနဂါးကြီးဆီမှ ထွက်ပေါ်

နေသည့်တန်ခိုးစွမ်းအားများက ရှေးကျပြီး ပြင်းထန်လွန်းလေသည်။ သို့သော်.... နဂါးအကြေးခွံများမှာ အိပ်မက်ဆန်ဆန်ဝိုးတဝါးလွင့်မျောနေသကဲ့သို့ ရှိနေလေသည်။

အနက်ရောင်နဂါးကြီးမှာ သက်ရှိသတ္တဝါမဟုတ်ပါ။ နဂါးကြီးမှာ သေဆုံးခဲ့ပြီဖြစ်ပြီး ထူးဆန်းသည့် နဂါးဝိညာဉ်က ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော် ဆန်းလျန်ကို အံ့သြသွားစေသည့် အချက်တစ်ချက်ရှိလေသည်။

ထိုအနက်ရောင်နဂါးကြီးထံမှ ထွက်ပေါ်နေသည့် အငွေ့အသက်များသည် သူ ယခင်ဘဝက သွားရောက်ခဲ့ဖူးသည့် မဟူရာအဏ္ဏဝါနန်းတော်မှ အငွေ့အသက်များနှင့် သွားရောက်ဆင်တူနေခြင်း ဖြစ်လေသည်။ ထိုမဟူရာအဏ္ဏဝါနန်းတော်ထဲတွင်ထူးဆန်းသည့် သင်္ကေတများရေးသားထားပြီး ဆန်းလျန်

သည်ပင် ထိုသင်္ကေတများကို ဘာသာပြန်ကြည့်ခဲ့သေးသည် မဟုတ်ပါလား။

ထိုသင်္ကေတများသည် ထူးဆန်းသည့်ကျင့်စဉ်များဖြစ်သော်လည်း အဓိကအချက်များပျောက်ဆုံးနေသည့်အတွက် ပြည့်စုံခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် ထိုကျင့်စဉ်ကို အပြည့်အဝမကျင့်ကြံနိုင်ခဲ့ပေ။

ဆန်းလျန် ယခင်ဘဝက နေထိုင်ခဲ့သည့် ချင်းရွှမ်နတ်တံခါးတည်ရှိရာလောကသည် အသူရာချောက်နှင့် တစ်ခုခုပတ်သက်နေနိုင်လေသည်။ ထိုအချက်သည် သူ့ကို ချင်းရွှမ်နတ်တံခါးသို့ ပြန်သွားလို့ရနိုင်သည့် လမ်းစဖြစ်လေမည်လား သိချင်နေမိသည်။ သို့သော် အတိအကျပြောရန်တော့ အချိန်စောပါသေးသည်။

အနက်ရောင်နဂါးကြီးထက်တွင် လူတစ်ယောက် စီးနင်းလိုက်ပါလာလေသည်။

ထိုသူက ဆန်းလျန်ကို စကားစပြောလိုက်သည်။

"ကြည့်ရတာ ဒီနဂါးကြီးကို မင်းစိတ်ဝင်စားနေတာလား"

သူ၏မျက်နှာထက်တွင် ကြေးနီစိမ်းမျက်နှာဖုံးတစ်ခုတပ်ထား ပြီး သူ၏ကိုယ်နေဟန်ထားက သွယ်လျလွန်းလေသည်။

သူ၏လက်များသည် အလွန်ဖြူဆွတ်လှပပြီး ကျောက်စိမ်း သားအလားထင်မှတ်ရလေသည်။

ထိုသူထံမှ ထူးဆန်းသည့်တန်ခိုးစွမ်းအားများထွက်ပေါ်နေသည် ကို ဆန်းလျန်ခံစားရလေသည်။ ထိုစွမ်းအားများသည် သူရှီး လျန်ပြည်တွင်သတ်ခဲ့သည့် မော်ဆရာထံမှစွမ်းအားများနှင့် ခပ် ဆင်ဆင်တူလေသည်။ သို့သော် သူ့ရှေ့မှ လူ၏တန်ခိုးစွမ်းအား များက မော်ဆရာဆိုသူထက် အဆပေါင်းများစွာ မြင့်မားလေ သည်။

မော်ဆရာဆိုသူက ပုရွက်ဆိတ်လောက်ရှိလျှင် သူ့ရှေ့မှလူ သည် ဆင်ပြောင်ကြီးလောက်ရှိလေသည်။

“ကျုပ်ထင်တာမများဘူးဆိုရင် မင်းက တာ့ရှားပြည်က ရဟန်းမင်းကြီးပဲ ဖြစ်ရမယ်”

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင် ပြန်ပြောလိုက်လေသည်။

“ကိစ္စသေးသေးလေးတွေတောင်မှ မင်းဆီကနေဖုံးကွယ်ထားလို့မရဘူးပဲ ၊ ကျုပ်မင်းကိုတွေ့ချင်နေခဲ့တာကြာပါပြီ ၊ ဒါပေမယ့် မင်းဘာလို့ ဒီနဂါးကြီးကိုစိတ်ဝင်စားနေတာလဲ ကျုပ်နားမလည်နိုင်ဘူး ၊ ဒီနဂါးကြီးက ကျုပ်ထက်တောင် အသက်ရှည်သေးတယ် ၊ မင်းသူနဲ့တော့ ရင်ဆိုင်တိုက်ခိုက်ဖို့ မဖြစ်နိုင်ဘူး”

ရဟန်းမင်းကြီးက ဆန်းလျန်ကို စိုက်ကြည့်ရင်းပြောလိုက်လေသည်။

အနက်ရောင်နဂါးကြီးကလည်း ဆန်းလျန်ကို စိုက်ကြည့်နေလေသည်။ သူက ဆန်းလျန်စီးထားသည့် အဖြူရောင်နတ်မြင်းပျံကြီးမှာ နဂါးသွေးပါသည်ကိုပင် အရေးမစိုက်ပေ။ နဂါး

မျက်လုံးကြီးများမှာ တစ္ဆေမီးအိမ်ကြီးနှစ်လုံးအလား လင်း

လက်တောက်ပနေလေသည်။

နဂါးမျက်လုံးကြီးများမှာ ကြောက်စရာကောင်းလွန်းလှသည့်

တိုင် ထိုမျက်ဝန်းများထဲတွင် အထီးကျန်မှုများကို ဆန်းလျန်

တွေ့ရှိနေရလေသည်။

နဂါးကြီးကိုကြောက်လန့်ပြီး အဖြူရောင်နတ်မြင်းပျံမှာ ပါးစပ်

မှ အမြှုပ်များတစီစီထွက်လာတော့သည်။ ဆန်းလျန်က နတ်

မြင်းပျံကြီး၏လည်ဆံမွှေးများကို ပွတ်သပ်ရင်း မကြောက်လန့်

ရန် နှစ်သိမ့်လိုက်လေသည်။

“တစ်ချိန်တုန်းက ကျုပ်ပင်လယ်မျက်လုံးရှိရာနေရာကိုရောက်ခဲ့

ဖူးတယ် ၊ အဲဒီမှာ နန်းတော်ကြီးတစ်ခုရှိတယ် ၊ အဲဒီနေရာက

အငွေ့အသက်နဲ့ ဒီနဂါးကြီးဆီကရတဲ့အငွေ့အသက်တွေက

အရမ်းတူနေတယ်”

ဆန်းလျန်ကပြောလိုက်လေသည်။

“သူပြောတဲ့နန်းတော်ဆိုတာ မင်းအရင်နေခဲ့တဲ့နေရာများလား”

ရဟန်းမင်းကြီးက ခါးကိုကိုင်းကာ နဂါးကြီးကိုငုံ့ကြည့်ရင်းမေး

လိုက်သည်။ သို့သော် နဂါးကြီးထံမှ မည်သည့်တုန့်ပြန် မှုမှမ

တွေ့ရပေ။

ရဟန်းမင်းကြီးက ....

"အတိတ်မေ့ဆေးရည်ကို မင်းသောက်ထားတာ ကျုပ်မေ့သွား

တယ် ၊ မင်းအတိတ်ကအကြောင်းအရာတွေ ဘာကိုမှ မမှတ်မိ

နိုင်တော့ဘူးပဲ"

ရဟန်းမင်းကြီးက ရေရွတ်လိုက်လေသည်။

ပြီးမှ ဆန်းလျန်ကို ပြန်ကြည့်လိုက်ရင်း....

"တကယ်တော့ ဒီကောင်ကြီး ဒီလောကကို ရောက်လာတာကို

ဝမ်မင့်က ရှာတွေ့ခဲ့တာ ၊ ဝမ်မင့်ကပဲ သူ့ရဲ့တည်ရှိမှုကို ကာ

ကွယ်ပေးထားတာ"

ဆန်းလျန်က တအံ့တဩဖြင့်...

“မင်းပြောနေတာ တာ့ရှားပြည်ကို စတင်တည်ထောင်ခဲ့တဲ့ ကေရာဇ်ဝမ်မင့်ကို ပြောနေတာလား ၊ သူ့အကြောင်းကိုကျုပ်ကြားဖူးတယ် ဒါပေမယ့် သူက ခုလိုမျိုး ဗလာနယ်တစ်ခုကို တန်ခိုးစွမ်းအားနဲ့ ဖန်ဆင်းထားနိုင်တဲ့အထိ အစွမ်းထက်လိမ့်မယ်လို့ ကျုပ်ထင်မထားခဲ့မိဘူး ၊ ဒီနဂါးရေကန်က အသက်ဓာတ်စွမ်းအားတွေနဲ့ပြည့်နေတယ် ၊ ပြီးတော့ ဒီဗလာနယ်က လည်း တော်ဝင်ကျောင်းတော်လိုပဲ တည်ရှိမှုကအရမ်းတည်ငြိမ်တယ် ၊ တကယ်ဆိုရင် လူကဖန်ဆင်းတယ်ဆိုတဲ့ အရာတစ်ခုဟာ သဘာဝတရားလို ဘယ်ကောင်းနိုင်မှာလဲ ၊ ဒါပေမယ့် ဒီနေရာကတော့ တကယ့် သဘာဝအတိုင်းတည်ရှိနေတဲ့ လောကတစ်ခုလိုပဲ ၊ ကြည့်ရတာ ကေရာဇ်ဝမ်မင့် ဟာကျုပ်ထင်ထားတာထက်ပိုပြီး တန်ခိုးစွမ်းအား မြင့်မားတဲ့ပုံပေါ်တယ်"

ကေရာဇ်မင်းဝမ်မင့်၏အမည်ရင်းမှာ စစ်ဝမ်မင့်ဖြစ်လေသည်။

သူက တာ့ရှားပြည်ကိုတည်ထောင်သည့်သူဖြစ်ပြီး ရှားမျိုးနွယ်များတွင် စွမ်းအားအကြီးမားဆုံးလူတစ်ယောက် ဖြစ်လေသည်။ သူက ဘိုးဘေးများအားလုံး၏ခေါင်းဆောင်ဖြစ်ပြီး အသူရာချောက်ကို လွှမ်းမိုးချုပ်ကိုင်နိုင်ခဲ့သူတစ်ယောက်ဖြစ်လေသည်။ သူက အသူရာချောက်မှ တစ္ဆေများနှင့် ဝိညာဉ်များအားလုံးကို တိုက်ခိုက်နှိမ်နင်းခဲ့ပြီး တာ့ရှားပြည်ကို တည်ထောင်ခဲ့လေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင်...

ဆန်းလျန် နေထိုင်ခဲ့ဖူးသည့် ယခင်ဘဝ ၊ ခေတ်ပေါ်ကမ္ဘာရှိ တရုတ်သမိုင်းထဲတွင် ရေးသားထားသည့် တာ့ရှားပြည်ကို တည်ထောင်ခဲ့သည့် ဧကရာဇ်မင်း၏အမည်မှာလည်း စစ်ဝမ်မင့်ပင် ဖြစ်လေသည်။ သူ့ကို မြင့်မြတ်သည့်ကျောက်စိမ်းဘုရင်ဟု လူသိများကြလေသည်။

တိုက်ဆိုင်မှုများကို စဉ်းစားမိပြီး ဆန်းလျန်သည် အလွန်အမင်း အံ့သြနေမိတော့သည်။

သို့သော် ထိုအကြောင်းအရာနှစ်ခုသည် မည်သို့မှ ဆက်စပ်ကြည့်၍မရခဲ့ပေ။ ထို့ကြောင့် ဆန်းလျန်သည် ဆက်ပြီး တွေးမနေတော့ပေ။

"သူ့ရဲ့တန်ခိုးစွမ်းအားတွေက အကန့်အသတ်မဲ့တယ်၊ သူက အသူရာချောက်တစ်ခုလုံး ရဲ့အရှင်သခင် ဖြစ်လာဖို့ အတွက် အခွင့်အရေးရခဲ့ဖူးတယ်၊ ဒါပေမယ့် သူကလက်မခံခဲ့ဘူး၊ သူ ဘယ်ကိုရောက်သွားလဲဆိုတာ ကျုပ်လည်းမသိဘူး၊ ဒါပေမယ့် ကျုပ်သိတာက သူက တာ့ရှားပြည်နဲ့ ရှားမျိုးနွယ်တွေကိုတော့ စောင့်ရှောက်နေသေးတယ်ဆိုတာပဲ၊ တစ်နေ့တော့ သူပြန်လာ မယ်လို့ ကျုပ်ထင်မိတယ်"

"ခင်ဗျားကရော .... သူနဲ့တစ်ခေတ်တည်းမှာ မွေးဖွားခဲ့တာ လား"

ဆန်းလျန်က သိချင်စိတ်ဖြင့်မေးလိုက်သည်။

"ကျုပ်က သူနဲ့တစ်ခေတ်တည်းမွေးခဲ့တဲ့သူမဟုတ်ပါဘူး ၊ ဒါပေမယ့် ကျုပ်ဘာလို့ ဒီလောက်အသက်ရှည်ရတယ်လို့ မင်းထင်လဲ"

ရဟန်းမင်းကြီးက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်က...

"တကယ်တော့ လောကနတ်ဘုရားတွေဟာ မိုးကောင်းကင်နတ်ဘုရားအဆင့်တက်လှမ်းသွားပြီဆိုရင် လူ့လောကမှာ နှစ်ပေါင်းထောင်ချီပြီး ဆက်လက်နေထိုင်နေတယ်ဆိုတာ အခွင့်ပါယ်မရှိဘူး ၊ သူတို့အဲဒီလို ဆက်နေထိုင်နေရင်လည်း သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်လာနိုင်တယ် ၊ ဒါပေမယ့် မင်းကတော့ နှစ်ပေါင်းထောင်ချီကြာအောင် အသက်ရှင်သန်ခဲ့ပြီးပတ်ဝန်းကျင်က မိုးမြေသဘာဝတရားကိုလည်း မပျက်စီးစေခဲ့ဘူးဆိုတော့.... ကြည့်ရတာ မင်းက ကျိန်စာသင့်နေတဲ့လူတစ်

ယောက်ပဲ ၊ မင်းကိုယ်ထဲမှာ သင့်နေတဲ့ကျိန်စာက မင်းကို နာကျင်စေသလို အသက်ရှည်အောင်လည်း ကူညီပေးနေတာ ဖြစ်ရမယ်"

ရဟန်းမင်းကြီး၏မျက်နှာကို မျက်နှာဖုံးက ဖုံးကွယ်ထား သည့်အတွက် သူ၏မျက်နှာအမူအရာကို ဆန်းလျန် မမြင်တွေ့ ရပါ။

သို့သော် ရဟန်းမင်းကြီး၏ခန္ဓာကိုယ်အနည်းငယ်တုန်ခါသွား သည်ကိုတော့ ဆန်းလျန် သတိပြုလိုက်မိလေသည်။

"မင်းက ကျုပ်ထင်ထားတာထက်ကို ပိုပြီးတော့ တော်လွန်းနေ တယ် ၊ တကယ့်ပါရမီရှင်ပါပဲ ၊ ဝမ်မင့်ကပြောခဲ့ဖူးတယ် ၊ သူက အသူရာချောက်ရဲ့အရှင်သခင်နေရာကို ငြင်းပယ်ခဲ့ရတာက တစ်နေ့မှာ အသူရာချောက်ရဲ့စစ်မှန်တဲ့အရှင်သခင်တစ်ပါး ပေါ်ပေါက်လာမှာမို့လို့ပဲတဲ့ ၊ သူပြောတုန်းက ကျုပ်မယုံခဲ့ဘူး ၊ ဘာလို့လဲဆိုတော့ သူ့ထက်တော်တဲ့သူ လောကမှာ ထွက်ပေါ်မြ

လာနိုင်ဘူးလို့ ထင်ခဲ့မိလို့ပဲ ၊ အခုတော့ သူ့စကားက မှန်နေပြီ ထင်ပါရဲ့"

အခန်း (၅၁၅) ခေါင်းမာသူ

ဆန်းလျှန်သည် အချိန်ခဏကြာမျှ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ပြီးမှ တစ်ချက်ပြုံးလိုက်ရင်း...

“ကွမ်းလုန်ကျီရော မင်းရော ကျုပ်က အဲဒီလိုကံကြမ္မာနဲ့မွေးဖွား လာတဲ့သူလို့ ပြောကြတယ်၊ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြော ရရင် ကျုပ်က အဲဒါတွေကိုစိတ်မဝင်စားပါဘူး"

“မင်းစိတ်ဝင်စားသည်ဖြစ်စေ မဝင်စားသည်ဖြစ်စေ ကိစ္စမရှိပါ ဘူး၊ မင်းက အဲဒီလိုနိမိတ်စကားနဲ့မွေးဖွားလာတဲ့သူ မဟုတ် ရင်တောင်မှ မင်းဒီလောကကိုရောက်လာတာက ဒီလောကရဲ့ တည်ရှိမှုကို ဟန်ချက်ပျက်စေတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်းရာနဲ့ချီ ခဲ့တဲ့အချိန်တွေတုန်းက သွေးနီရောင်ပင်လယ်ထဲက လူတစ် ယောက်ကလည်း အဲဒီလိုပဲ ဟန်ချက်ပျက်အောင်လုပ်ခဲ့ဖူး တယ်၊ ရလဒ်ကတော့ အဲဒီလူဟာ သွေးနီရောင်ပင်လယ်ထဲက နေ ဘယ်တော့မှ မလွတ်မြောက်နိုင်တော့ဘူး၊ မင်းကြိုက်သည် ဖြစ်စေ မကြိုက်သည်ဖြစ်စေ မင်းကို ဒီမှာ အားလုံးက အာရုံစိုက်လာကြမှာပဲ၊ မင်းသိထားဖို့က မင်းလုပ်တဲ့လုပ်ရပ် တိုင်းက ဒီလောကရဲ့ဖြစ်တည်မှုကို သက်ရောက်မှုရှိနေတယ်”

ရဟန်းမင်းကြီးက သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်လေသည်။

နတ်မြင်းပျံကြီးမှာ ဆန်းလျန်၏နှစ်သိမ့်မှုကြောင့် အနည်းငယ်အကြောက်ပြေသွားပြီ ဖြစ်လေသည်။ အနက်ရောင်နဂါးကြီးမှ ထွက်ပေါ်နေသည့် စွမ်းအားများကို နတ်မြင်းပျံကြီးက မကြောက်ရွံ့တော့ပါ။ အမှန်တော့ နဂါးကြီးမှ ထွက်ပေါ်နေသည့် စွမ်းအားများသည် နတ်မြင်းပျံကြီး၏ကိုယ်တွင်းမှ မသန့်စင်သည့် သွေးများကို သန့်စင်ပေးနေသည့်အတွက် နတ်မြင်းပျံကြီးမှာ တဖြည်းဖြည်း တောက်ပ၍ပင် လာလေသည်။

ဆန်းလျန်က နတ်မြင်းပျံကြီး၏လည်ဆံမွေးများကို ပွတ်သပ်ပေးနေခြင်းကို ရပ်တန့်လိုက်ပြီး ကြည်လင်သည့်မျက်ဝန်းများဖြင့် ရဟန်းမင်းကြီးကို ကြည့်လိုက်သည်။

“ဒါတော့ ကျုပ်လည်းဘာမှ မတတ်နိုင်ပါဘူး ၊ ဒါပေမယ့် ကျုပ်ရဲ့ဒေါလေးအငယ် ဘယ်မှာလဲဆိုတာတော့သိချင်တယ် ၊ မင်းမ

ပြောဘူးဆိုရင်တော့ မင်းဆုံးဖြတ်ကိုပြန်ပြင်အောင် ပညာပြရ တော့မှာပေါ့၊ ကျုပ်မှာ အဲဒီလိုလုပ်နိုင်တဲ့အစွမ်းရှိတယ်ဆိုတာ ကို မင်းယုံလိုက်...”

ဆန်းလျန်၏စကားဆုံးသွားသည်နှင့်...

လေပွေမုန်တိုင်းတစ်ခုထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှာ မြူခိုးများပျောက်ကွယ်ရှင်းလင်းသွားလေသည်။ ဆန်းလျန် ဆီမှ တောက်ပသည့် မီးတောက်တစ်ခု ထွက်ပေါ်လာပြီး နဂါး ရေကန်တစ်ခုလုံး လင်းထိန်သွားလေသည်။

ကောင်းကင်ထက်တွင် လျှပ်စီးတစ်ချက်လင်းလက်သွားပြီး ထို လျှပ်စီးမှာ မြွေတစ်ကောင်၏ပုံသဏ္ဌာန်အလား ထင်မှတ်ရ လေ၏။

လျှပ်စီးရောင်အောက်တွင် သန့်စင်သည့်ဆယ်ကျော်သက် လူငယ်လေး ဆန်းလျန်၏ပုံရိပ်ကို အထင်းသား တွေ့မြင်ရလေ သည်။

ဆန်းလျှန် မည်မျှကြောက်စရာကောင်းသည်ကို ရဟန်းမင်းကြီးက သိရှိပြီးသားဖြစ်လေသည်။

"တောင်ပိုင်းဒေသမှာ စစ်သည်တော်တွေ အများကြီးရှိတယ်၊ အဲဒီစစ်သည်တော်တွေထဲမှာမှ အချို့စစ်သည်တော်တွေက တာ့ရှားပြည်ကို သစ္စာခံထားကြတယ်၊ သူတို့တွေက အာဏာတည်မြဲဖို့အတွက် စုန်းကဝေအတတ်တွေနဲ့ ယာဇ်ပူဇော်ခြင်းတွေကို ထုံးတမ်းအစဉ်အလာအတိုင်း ပြုလုပ်ကြပေမယ့် ကျင့်စဉ်လမ်းကတော့ တာ့ရှားပြည်နဲ့မတူဘဲ ကွဲပြားတယ်၊ တစ်နည်းပြောရမယ်ဆိုရင် သူတို့က မှော်ဆရာတွေ၊ မှော်ဆရာမတွေပဲ၊ ယွင်အော်က လူတွေနဲ့ မှော်ဆရာတွေကြားကြားခံတစ်ယောက်အဖြစ် မွေးဖွားလာခဲ့တာ၊ ကျုပ် သူ့ကို ငါးနှစ်လောက် ပညာသင်ပေးခဲ့တယ်၊ အခုဆိုရင် ယွင်အော်ဟာ တောင်ပိုင်းကစစ်သည်တော်တွေရဲ့ အထွတ်အမြတ်ထားရာ သူတော်စင်မိန်းမပျိုတစ်ပါးဖြစ်လာခဲ့ပြီ၊ ပြီးတော့ တာ့ရှား

ပြည်နဲ့လည်း ရင်းနှီးကျွမ်းဝင်တယ်၊ အခု မင်းက တာ့ရှားပြည်ရဲ့ တိုင်းပြည်အကြံပေးအမတ်မင်း ဖြစ်လာခဲ့ပြီ၊ ပြီးတော့ ရှီးလျန်ပြည်ရဲ့ မင်းသားတစ်ပါးလည်း ဖြစ်တယ်ဆိုတော့ မင်းရဲ့ ကျင့်စဉ်လမ်းကိုပဲ မင်းအေးအေးဆေးဆေးလျှောက်လှမ်းပြီး တခြားကိစ္စတွေဝင်မစွက်ဘူးဆိုရင် ရှီးလျန်ပြည်ဟာလည်း တာ့ရှားပြည်က လေးစားရတဲ့နိုင်ငံတွေထဲက တစ်ခုဖြစ်လာမယ်ဆိုတာ ကျုပ်အာမခံရဲတယ်၊ မင်းဟာလည်း တာ့ရှားပြည်သူတွေ ကိုးကွယ်ရာနတ်ဘုရားတစ်ပါး ဖြစ်လာပြီး အားလုံးက လေးစားကြလိမ့်မယ်၊ ဒါဆိုရင် မင်းအနေနဲ့လည်း တာ့ရှားပြည်ရဲ့ကံကြမ္မာကောင်းကို ယူဆောင်လာရာရောက်တယ်၊ တာ့ရှားပြည်ဟာလည်း ပိုပြီး ကြီးမြတ်တဲ့ တိုင်းပြည်တစ်ပြည် ဖြစ်လာမှာ အမှန်ပါပဲ"

ရဟန်းမင်းကြီးက ပြောလိုက်လေသည်။

ရဟန်းမင်းကြီး၏စကားများသည် အလွန်မှ စွဲဆောင်မှုရှိလေ

သည်။ ဆန်းလျန် ပြဿနာမရှာသရွေ့ ရရှိမည့်အကျိုးအမြတ်

များကလည်း များပြားလွန်းလေသည်။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“ကျုပ်က သဘောမတူဘူးဆိုရင်ရော...”

“ဒါဆိုရင် မင်းနဲ့ယွင်အော်ဟာ ရန်သူတွေဖြစ်လာရလိမ့်မယ် ၊

ပြီးတော့ တာ့ရှားပြည်ကလည်း မင်းကိုလက်ခံမှာမဟုတ်တော့

ဘူး ၊ မင်းကအသူရာချောက်ရဲ့အရှင်သခင်ဖြစ်လာမယ်ဆို

ရင်တောင်မှ မင်းတစ်ယောက်တည်း အထီးကျန်နေရလိမ့်မယ်”

“မင်းက ကျုပ်ကိုခြိမ်းခြောက်နေတာလား”

ဆန်းလျန်က ခေါင်းကိုမော့လိုက်ပြီး ရဟန်းမင်းကြီးကို

မေးခွန်းထုတ်လိုက်သည်။

“မင်းသာ ကျုပ်ပြောတာကိုသဘောတူမယ်ဆိုရင် တာ့ရှားပြည်

ရဲ့ အမြဲတမ်းတိုင်းပြည်အကြံပေးအမတ်မင်းဖြစ်နေလိမ့်မယ် ၊

တကယ်တော့ ကျုပ်ရဲ့ ရဟန်းမင်းကြီးဆိုတဲ့ရာထူးကို မင်းက

စွန့်လွှတ်ခိုင်းရင်တောင် ကျုပ်က စွန့်လွှတ်ဖို့အဆင်သင့်ပါ”

ဆန်းလျန်က ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

“ဒါပေမယ့် ခင်ဗျားပြောနေတာတွေကို ကျုပ်စိတ်မဝင်စားဘူး ၊

ပွင့်ပွင့်လင်းလင်းပြောရရင် ကျုပ်က တာ့ရှားပြည်ကိုလည်း

ဆန့်ကျင်ဖို့ရည်ရွယ်ချက်မရှိဘူး ၊ မလိုအပ်ဘဲနဲ့လည်း ပြဿနာ

မရှာချင်ဘူး ၊ ဒါပေမယ့် ကိစ္စတစ်ခုကိုတော့ ကျုပ်တကယ်

ဒေါသထွက်တယ်"

“ဘာကိစ္စများလဲ”

ရဟန်းမင်းကြီးက ဆန်းလျန်၏မျက်ဝန်းများကို စိုက်ကြည့်ပြီး

မေးလိုက်လေသည်။

“မင်းက တာ့ရှားကေရာဇ်ကို ပညာတွေအများကြီး သင်ပေးခဲ့

တဲ့သူပဲမဟုတ်လား ၊ မင်းတို့နှစ်ယောက်မှာ တူညီတဲ့အချက်

တွေအများကြီးရှိတယ် ၊ ပြီးတော့ မင်းတို့နှစ်ယောက်လုံးက

သူများတွေကို ထိန်းချုပ်ရတာကို သဘောကျတယ်၊ မင်း ယွင်အော်ကို ခေါ်သွားခဲ့တာကြာလှပြီ၊ မင်းက ယွင်အော်ကို တာ့ရှားပြည်ရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်အောင် ထိန်းချုပ်ခဲ့တယ်၊ ပြီးတော့ မင်းက တာ့ရှားပြည်အတွက်ဆိုရင် ဘာမဆိုစွန့်လွှတ်မယ်လို့လည်း ပြောသေးတယ်၊ ဒါပေမယ့် မင်းမစွန့်လွှတ်ချင်ပါဘူး၊ တကယ်တမ်းက ဒီလိုတွေဖြစ်လာဖို့ မင်း အစကတည်းက အကွက်ချစီစဉ်ထားပြီးသားပဲ”

ဆန်းလျန်က ဆက်ပြောလိုက်သည်။

“မင်းကတော့ မင်းကိုယ်မင်း မှန်တယ်လို့ ထင်နေမှာပေါ့၊ ကျုပ်ကလည်း မလိုအပ်ဘဲနဲ့ သူများကိစ္စကိုဝင်ပါရတာမကြိုက်ပါဘူး၊ ကျုပ်မှာ တန်ခိုးစွမ်းအားတွေမရှိဘူးဆိုရင်တောင်မှ ကျုပ်က တောင်ပေါ်မှာ တစ်ယောက်တည်း သီးသန့်နေပြီး ကျုပ်ကိုသေသေချာချာနားလည်တဲ့ လူအနည်းငယ်လောက်နဲ့ပဲ ဘဝကို ဖြတ်သန်းချင်တာ၊ ဒါပေမယ့် ကျုပ်က ကျင့်ကြံသူ

တစ်ယောက်ဖြစ်လာပြီး တန်ခိုးစွမ်းအားတွေလည်းရလာခဲ့တယ်၊ ဒီတော့လည်း အမြဲတမ်း သူ့ရဲ့ကောင်းဝင်လုပ်ချင်မိတယ်၊ အဲဒီအကျင့်က ကောင်းတဲ့အကျင့်တော့မဟုတ်ပေမယ့် ကျုပ်ရဲ့စရိုက်ကို ပြောင်းလဲဖို့ဆိုတာက ခပ်ခက်ခက်ပဲ၊ ဒါကြောင့်ပဲ ကျုပ်က ကျုပ်တစ်ယောက်တည်းအဆင်ပြေဖို့အတွက်နဲ့တော့ ကျုပ်ဘက်က ဘယ်တော့မှ အလျှော့ပေးမှာမဟုတ်ဘူး၊ ပြဿနာအားလုံးကိုဖြေရှင်းဖို့ လက်တွေ့ကျကျနည်းလမ်းကိုပဲ အသုံးပြုတတ်တယ်၊ အဲဒါကတော့ လက်သီးနဲ့ဖြေရှင်းတာပဲ"

ဆန်းလျန်သည် သူ၏စကားအရှည်ကြီးအဆုံးသတ်သွားသည်နှင့်....

လက်သီးကို ကျစ်ကျစ်ပါအောင်စုပ်လိုက်ပြီး လေထဲသို့ ထိုးခွင်းလိုက်လေသည်။

ထိုလက်သီးချက်တွင် ဆန်းလျန်၏ အရိုင်းဆန်မှုနှင့် အကြမ်းပတမ်းဆန်မှုကို ရဟန်းမင်းကြီး မြင်တွေ့လိုက်ရလေသည်။ ထို့ပြင် မည်သည့်အခါမှ သူတစ်ပါး၏ ရုပ်သေးရုပ်အဖြစ် မရပ်တည်လိုသည့် ခိုင်မာသည့်ဆုံးဖြတ်ချက်ကိုလည်း ထိုလက်သီးချက်ထဲတွင်တွေ့မြင်နိုင်လေသည်။

ရဟန်းမင်းကြီးသည် ဆန်းလျန်ကို နားမလည်နိုင်တော့ပေ။

ဆန်းလျန်သည် အသိဉာဏ်ပညာနှင့်ပြည့်စုံသူတစ်ယောက်ဖြစ်သည့်တိုင် တာအိုကျင့်စဉ်လမ်းကို အဘယ့်ကြောင့် သက်သက်သာသာမသွားချင်ဘဲ စိတ်အလိုကို အဘယ့်ကြောင့် လိုက်ရပါသနည်း။

အမှန်တော့ ရဟန်းမင်းကြီးသာ ဆန်းလျန်ကို ထိန်းချုပ်ရန်မကြိုးစားလျှင် သူက တဖြည်းဖြည်းနှင့် အေးဆေးစွာပင် ထွက်ခွာသွားမည် ဖြစ်လေသည်။

ဆန်းလျန်ဆိုသည်က...

လူကောင်းတစ်ယောက်လည်းမဟုတ်သလို ၊ လူဆိုးတစ်ယောက်လည်းမဟုတ်ပေ။ သို့သော်... သူက ခေါင်းမာသူတစ်ယောက်ဖြစ်လေသည်။ သူ့ဘဝ၏နည်းဥပဒေသသည် "ခေါင်းမာခြင်းပင်" ဖြစ်လေ၏။

ဆန်းလျန်သည် ထိုအချိန်ခဏအတွင်းတွင်တော့ တာ့ရှားပြည်ကိုလည်း ငဲ့ညှာနေမည် မဟုတ်ပါ။

ဆန်းလျန်သည် ရဟန်းမင်းကြီးနှင့် ယှဉ်ပြိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းဘောင်ထဲမှလည်း ကစားနိုင်ပြီး ဉာဏ်ပညာချင်းလည်း ယှဉ်ပြိုင်နိုင်လေသည်။ သို့သော် ဆန်းလျန်က လက်သီးတစ်ချက်ဖြင့် ဖြေရှင်းရန်သာ စဉ်းစားထားသည်။

အနည်းဆုံးတော့ ရဟန်းမင်းကြီးအနေဖြင့် "ဆန်းလျန်" ဆိုသည်မှာ မည်သို့သောလူစားမျိုးလဲဆိုသည်ကို သိရှိနားလည်သွားမည် ဖြစ်လေသည်။

ရဟန်းမင်းကြီးစီးနှင်ထားသည့် အနက်ရောင်နဂါးဝိညာဉ်ကြီး

သည် လေကိုထိုးခွင်းလိုက်သည့် ဆန်းလျန်၏လက်သီးချက်

ကြောင့် ထိတ်လန့်သွားလေသည်။ နဂါးကြီးသည် ကိုယ်ကို

ထောင်မတ်လိုက်ပြီး နဂါးအကြေးခွံများက တစ်လက်လက်

တောက်ပနေလေ၏။

ရဟန်းမင်းကြီးက ဂါထာတစ်ပုဒ်ရွတ်ဖတ်လိုက်သည့်အခါတွင်

တော့ နဂါးကြီး၏ တန်ခိုးစွမ်းအားနှင့် မှတ်ဉာဏ်များကို နိုးထ

သွားစေလေသည်။

ဆန်းလျန်၏ လက်သီးချက်သည် အနက်ရောင်နဂါးကြီးနှင့်

အလွန်မှ နီးကပ်သွားလေသည်။

"ဝုန်း ဝုန်း ဝုန်း"

ပတ်ဝန်းကျင်တစ်ခုလုံးတွင် ပေါက်ကွဲသံကြီးများ ထွက်

ပေါ်လာလေသည်။

တိချိုးမြို့တော်တစ်ခုလုံးတွင် အနက်ရောင်တိမ်တိုက်များ

ဝန်းရံလာပြီး မိုးများစတင်ရွာချလာတော့သည်။

ရှားထိုက်အကျဉ်းထောင်ထဲတွင် ထိုင်နေသည့် ထျန်းယီ

အကြီးအကဲ၏ခန္ဓာကိုယ်ပေါ်သို့ မိုးရေစက်များ ကျဆင်းလာ

လေသည်။ အေးစိမ့်သည့်မိုးရေစက်များက သူ့ကို

လောင်ကျွမ်းနေသည့် အပူဒဏ်ကို သက်သာသွားစေလေ

သည်။

သူက ပြုံးလိုက်ရင်း...

"ဒီနတ်ဘုရားက တကယ့်ကောင်ပဲ ၊ ပြီးတော့ သိပ်လည်း

မာနကြီးလွန်းတယ်"

လူတစ်ဦးတစ်ယောက်သည် ကျင့်စဉ်လမ်းတွင် အဆင့်မြင့်လေ

သူတို့၏လုပ်ရပ်တိုင်းသည် လောကကို ပိုပြီး အကျိုး

သက်ရောက်လေ ဖြစ်လေသည်။

ရဟန်းမင်းကြီးနှင့် ဆန်းလျန် အတွင်းလောကတစ်ခုထဲတွင် တိုက်ခိုက်နေခြင်းက အပြင်လောကတွင်ပါ စွမ်းအား ပေါက်ကွဲမှုများကို ဖြစ်ပေါ်စေလေသည်။ ထျန်းယီအကြီးအကဲသည် မိုးမြေစွမ်းအားပြောင်းလဲသွားမှုများကို တွက်ချက်ကာ တိုက်ပွဲအခြေအနေကို သိမြင်ခံစားနိုင်ခဲ့လေသည်။

ထျန်းယီသည် ဆန်းလျန်၏ လွတ်လပ်လွန်းသည့် အပြုအမူကို များစွာ အားကျမိလေသည်။ ဆန်းလျန်သည် လောကတွင် မည်သူ၏ ထိန်းချုပ်ခြင်းကိုမှ မခံသည့် လူတစ်ယောက်ဖြစ်လေသည်။

အခန်း (၅၁၆) ဖန်ဆင်းခြင်းနှင့်ဆင့်ကဲဖြစ်စဉ်

ရဟန်းမင်းကြီးသည် ဆန်းလျန်က ထိုသို့ စတင်တိုက်ခိုက် လိမ့်မည်ဟု ထင်မထားမိပေ။ သို့သော်လည်း သူက ဆန်းလျန် တိုက်ခိုက်လာလျှင် ခုခံကာကွယ်ရန် အသင့်ပြင်ထားပြီးသား ဖြစ်လေသည်။ အစစအရာရာ ပြင်ဆင်မှုများ ပြုလုပ်ထားပြီးမှ သာ သူက ဆန်းလျန်နှင့် တွေ့ဆုံရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေ သည်။

ဆန်းလျန်နှင့် ရဟန်းမင်းကြီးတို့ရောက်ရှိနေရာ စစ်ဝမ်မင့် ဖန်ဆင်းထားသည့် ဗလာနယ်သည် ရဟန်းမင်းကြီး ထိန်းချုပ် နိုင်သည့် ဗလာနယ်တစ်ခု ဖြစ်လေသည်။

ရဟန်းမင်းကြီးကို လက်သီးကိုကျစ်ကျစ်ပါအောင် စုပ်ထားပြီး သူ၏မျက်ဝန်းများက တစ်လက်လက်တောက်ပနေလေသည်။

ဆန်းလျန်နှင့် ရဟန်းမင်းကြီးတို့ ရောက်ရှိနေသည့် ဗလာနယ်သည် တဖြည်းဖြည်း သေးငယ်သွားလေသည်။

ကျောက်ရှောင်ယွီနှင့် တာ့ကျိုးတိုင်းပြည်ဘုရင်မတို့ တိုက်ခိုက်ခဲ့စဉ်က နတ်ဘုရားမြေမှုန့်ကိုအသုံးပြုပြီး ကျောက်ရှောင်ယွီဖန်ဆင်းကဲ့သည့် ဗလာနယ်နှင့် ယခု ရဟန်းမင်းကြီးထိန်းချုပ်ထားသည့် ဗလာနယ်သည်ဆင်တူလေသည်။ သို့သော် ယခုရောက်ရှိနေသည့်ဗလာနယ်က ကျောက်ရှောင်ယွီဖန်ဆင်းသည့် ဗလာနယ်ထက် အဆထောင်ပေါင်းများစွာ ပိုမိုအားကောင်းပြီး ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာမှ စွမ်းအားများကိုပင် ချုပ်နှောင်ထားနိုင်စွမ်း ရှိလေသည်။

ဗလာနယ်ထဲတွင် တာအိုအခြေခံအယူအဆများတည်ရှိနေလေသည်။

ဆန်းလျန်သည် တာအိုအစိတ်အပိုင်းတစ်ခုကို ဖြတ်တောက်ပစ်ရန်အတွက် ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့်နတ်

ဘုရား လင်ပေါင်ထျန်းကျွင်း၏ တန်ခိုးစွမ်းအားအကူအညီများ

ကို ရယူခဲ့ရဖူးလေသည်။

သို့သော် လင်ပေါင်ထျန်းကျွင်းနှင့် စစ်ဝမ်မင့်သည် မည်သူက

တန်ခိုးစွမ်းအား ပိုပြီးမြင့်မားမည်ကို ဆန်းလျန် သေသေချာချာ

မသိပေ။

ထို့ပြင် ရဟန်းမင်းကြီးထိန်းချုပ်ထားသည့် ဗလာနယ်သည် စစ်

ဝမ်မင့်၏ မိုးမြေနိယာမများဖြင့် ပေါင်းစပ်ဖန်ဆင်းထား သည့်

ဗလာနယ်တစ်ခု ဖြစ်လေသည်။

ဗလာနယ်မှ မူလစွမ်းအားများသည် သူ၏မူလဝိညာဉ်ခန္ဓာနှင့်

ဆန့်ကျင်နေသည်ကို ဆန်းလျန် သဘောပေါက်မိလေသည်။

ထို့ကြောင့် တိုက်ပွဲတွင် ရဟန်းမင်းကြီးကို အနိုင်ရမည်ဆိုလျှင်

တောင်မှ သူ၏မူလဝိညာဉ်ခန္ဓာအစိတ်အပိုင်းသည် ပျက်စီး

သွားနိုင်ပြီး တန်ခိုးစွမ်းအားပြန်လည်ပြည့်ဝရန် အချိန်ကြာမြင့်

စွာ ပြန်လည် ကျင့်ကြံရမည် ဖြစ်လေသည်။

တိုက်ပွဲသည် ပို၍ပြင်းထန်လာပြီး ဗလာနယ်မှ ဖိအားများသည်
ပိုပြီး သိပ်သည်းလာလေသည်။

ရဟန်းမင်းကြီးတပ်ဆင်ထားသည့် ကြေးနီစိမ်းမျက်နှဖုံးမှာ
အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားပြီး အပြစ်ကင်းစင်စွာ လှပ
လွန်းသည့် ရဟန်းမင်းကြီး၏မျက်နှာကို တွေ့မြင်လိုက်ရလေ
သည်။

ဆန်းလျှန်သည် လောကတွင် ပြိုင်ဘက်ကင်းမဲ့သည့် အလှ
တရားများစွာကိုမြင်တွေ့ခဲ့ဖူးသူ ဖြစ်လေသည်။
သို့သော် ထိုအလှတရားများအားလုံးသည်
ရဟန်းမင်းကြီး၏ချောမောလှပမှုကိုမမီနိုင်ပေ။
ရဟန်းမင်းကြီး၏မျက်နှာမှာ လုံးဝပြီးပြည့်စုံနေပြီး လောက
တွင် ရှိရှိသမျှ အလှဆုံးဆိုသည့်မိန်းကလေးများထက်ပင်
ချောမောလွန်းလေသည်။

ဆန်းလျန်မှာလည်း ချောမောလှပသည့် လူငယ်တစ်ယောက် ဖြစ်ပါ၏။

သို့သော် ရဟန်းမင်းကြီးနှင့်ယှဉ်လျှင်တော့ ဆန်းလျန်၏ချောမောလှပမှုသည်ပင်လျှင် မှေးမှိန်သွားရမည် ဖြစ်လေသည်။

"ဒီလောက်လှတဲ့မျက်နှာမျိုးပိုင်ဆိုင်ထားမှတော့ မျက်နှာဖုံးတပ်ထားတာ မအံ့သြတော့ပါဘူး"

ဆန်းလျန်မှာ ကျဉ်းထဲကြပ်ထဲတွင် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်တိုင် ထိုအတွေးကို တွေးဖြစ်အောင် တွေးလိုက်မိလေသည်။

အမှန်တော့ သူ့စိတ်ထဲတွင် မပြုံးဘဲ မနေနိုင် ဖြစ်နေရလေသည်။ အဘယ်ကြောင့်ဆိုသော် ရဟန်းမင်းကြီး၏အလှတရားသည် ယောကျ်ားလေးအချင်းချင်းဆိုလျှင်တောင်မှ

ချစ်ကျွမ်းဝင်သွားနိုင်သည့် အလုတရားမျိုးဖြစ်နေ

သောကြောင့်ပင်။

ဆန်းလျန်က စိတ်ထဲမှာသာထိုသို့တွေးနေသည့်တိုင်

သူ၏လက်ချောင်းများဆီမှရောင်စဉ်ငါးမျိုးစွမ်းအားများကို

တော့ အဆက်မပြတ်ထုတ်လွှတ်ထားလေသည်။

လောကတွင် ယင် နှင့် ယန် ၊ ဒြပ်စင်စွမ်းအားငါးမျိုးနှင့်

ကင်းလွတ်သည့် ဖြစ်တည်မှုမျိုး ၊ ဖန်ဆင်းမှုမျိုး လုံးဝမရှိပေ။

စစ်ဝမ်မင့်ကိုယ်တိုင် ရှိနေလျှင်တော့ ဆန်းလျန်သည် ကျိန်းသေ

ရှုံးနိမ့်ရမည်ဖြစ်လေသည်။ သို့သော် စစ်ဝမ်မင့် ချန်ထားခဲ့

သည့် ဖန်ဆင်းမှုတစ်ခုကိုတော့ မည်သည့်နည်းနှင့်မှ မရှုံးနိမ့်နိုင်

ကြောင်း ဆန်းလျန်သိထားလေသည်။

ဆန်းလျန်သည် သူ၏မူလဝိညာဉ်ခန္ဓာမှ ဒြပ်စင်စွမ်းအားငါး

မျိုးကို ထုတ်ဖော်လိုက်လေသည်။ ဒြပ်စင်စွမ်းအားငါးမျိုး

သည် အစစ်အမှန်နည်းလမ်းဖြစ်ပြီး ပြိုင်ဘက်များ၏ဇာစ်မြစ်ကို သိမြင်နားလည်စေလေသည်။

ရဟန်းမင်းကြီးသည် ဆန်းလျန်၏လက်ချောင်းထိပ်များမှ ထွက်ပေါ်လာသည့် ရောင်စဉ်ငါးခုကို ထိတ်လန့်တုန်လှုပ်စွာဖြင့် ကမန်းကတန်းရှောင်တိမ်းလိုက်ရလေသည်။ ဆန်းလျန်၏ ဒြပ်စင်စွမ်းအားငါးမျိုးသည် ဗလာနယ်ကို အပေါက်တစ်ပေါက် ဖြစ်ပေါ်လာလေသည်။

ထိုအပေါက်ကို မျက်လုံးများဖြင့် မြင်တွေ့ရမည်မဟုတ်ဘဲ စိတ်နှလုံးဖြင့်သာ မြင်တွေ့ရမည် ဖြစ်လေသည်။

"မင်းက ဒေါင်းတစ်ကောင်ပဲ..."

ဆန်းလျန်ပြောလိုက်လေသည်။

ဆန်းလျန်၏စကားကြောင့် ရဟန်းမင်းကြီးမှာ ထူးထူးဆန်းဆန်း ခံစားလိုက်ရလေသည်။

ဆန်းလျန်၏လက်မှ ဖြာလင်းနေသည့် ရောင်စဉ်ငါးမျိုးသည် သူကြားခဲ့ဖူးသည့် အကြောင်းအရာတစ်ခုနှင့်ဆင်တူလေသည်။ ဒဏ္ဍာရီထဲတွင် လောကတွင်ရှိသမျှအရာအားလုံးကို အကြွင်းနာကင်းမဲ့စွာ တိုက်စားပစ်နိုင်သည့် နတ်ဘုရားအလင်းတန်းငါးမျိုး ရှိလေသည်။ တာအိုဆရာသခင်ကြီးပင်လျှင် ထိုအလင်းတန်းငါးမျိုးကို ခုခံနိုင်ခြင်း မရှိဘဲ မရှုမလှ ရှုံးနိမ့်ခဲ့ရဖူးလေသည်။

သို့သော် ဆန်းလျန်၏ လက်ချောင်းထိပ်ဖျားများမှ ထွက်ပေါ်နေသည့် ရောင်စဉ်ငါးမျိုးမှာ ဒဏ္ဍာရီထဲမှ နတ်ဘုရားအလင်းတန်းငါးမျိုးကဲ့သို့ စွမ်းအားကြီးခြင်း မရှိသေးပါ။ သိပ်သည်းသည့် စွမ်းအားစုများကြောင့် ဗလာနယ်တွင် ဖြစ်ပေါ်လာသည့်အပေါက်သည် ချက်ချင်းပြန်ပိတ်သွားခဲ့လေသည်။

ဆန်းလျန်ကလည်း အံ့ဩနေခြင်း မရှိပါ။

ယခု သူရောက်ရှိနေသည့်ဗလာနယ်ကို လွယ်လွယ်ကူကူဖြင့်
သာ ဖျက်စီးပစ်နိုင်လျှင် သူသည် ထိုက်ယီထျန်းရှန်း အဆင့်သို့
တက်လှမ်းနိုင်မှသာလျှင် ရပေလိမ့်မည်။

ဆန်းလျန်က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်လေသည်။

သူ၏မျက်နှာက ဖြူဖျော့နေပြီး သူ၏အကြည့်များက မှေးမှိန်
နေလေသည်။ သူရှေ့သို့တိုးလိုက်သည့် ခြေလှမ်းသည် စိတ်
ရှုတ်ထွေးမှုများဖြင့် ပြည့်နက်နေလေသည်။

သို့သော် သူ၏ခြေလှမ်းသည် ကောင်းကင်မှ ကြယ်များသွား
သည့် လမ်းကြောင်းအလားပင်ဖြစ်လေသည်။

ထိုခြေလှမ်းကို ရဟန်းမင်းကြီး ကောင်းကောင်းသိလေသည်။

ထိုခြေလှမ်းသည် တာအိုကြယ်တာရာခြေလှမ်းဖြစ်လေသည်။

ရဟန်းမင်းကြီးသည် ဆန်းလျန်ကို အလွန်မှ အံ့သြသွားခဲ့ရလေ
သည်။ ဆန်းလျန်သည် မည်သူဖြစ်ပါသနည်း။ မည်သည့်နေရာ
မှ ရောက်လာသူ ဖြစ်ပါသနည်း။

သူ... ပင့်သက်တစ်ချက် ရှိုက်လိုက်မိလေသည်။

သို့သော်... ရဟန်းမင်းကြီးသည် ဆန်းလျန်ကို ကြောက်ရွံ့ခြင်း မရှိဘဲ ဆက်လက်တိုက်ခိုက်ရန် ပြင်ဆင်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ရဟန်းမင်းကြီးသည် မြွေတစ်ကောင် အရေခွံလဲလိုက်သည့်အလား မူလခန္ဓာအဟောင်းကို စွန့်ခွာပြီး အသစ်သောခန္ဓာတစ်ခု ထွက်ပေါ်လာလေသည်။

အသက်ဓာတ်စွမ်းအားများသည် ချက်ချင်းပင် မြင့်တက်လာပြီး ရဟန်းမင်းကြီးသည် ထူးဆန်းသည့် ဂါထာများကို စတင် ရွတ်ဆိုလိုက်လေသည်။

ရဟန်းမင်းကြီး၏ ပုံသဏ္ဍာန်မှာ အနက်ရောင်နဂါးကြီးထက်မှ အစိမ်းရောင်မြွေတစ်ကောင်အလားပင် ဖြစ်လေသည်။

နဂါးရေကန်မှ ရေများ ချက်ချင်းပင်မြင့်တက်လာပြီး ကြီးမား သည့်ရေတံခွန်ကြီးတစ်ခု စတင်ဖြစ်ပေါ်လာသေလည်။

ကြီးမားသည့် ရေတံခွန်ကြီးသည် ကြောက်မက်ဖွယ်ရာ
စွမ်းအားတစ်ခုအဖြစ်သို့ ပြောင်းလဲသွားပြီး ဆန်းလျန်ဆီသို့
တန်းတန်းမတ်မတ် ဝင်ရောက်သွားလေသည်။
ဆန်းလျန်သည် သူ့ပတ်ဝန်းကျင်မှ ဗလာနယ်ကို ထိုးဖောက်
ထွက်ရန်အတွက် အလုပ်များနေလေရာ သူ့ထံသို့ ဝင်
ရောက်လာသည့် ရေတံခွန်ကြီးကို မော့သာကြည့်လိုက်နိုင်လေ
သည်။
ရေတံခွန်ကြီးထက်ပိုပြီး ကြောက်မက်ဖွယ်ရာကောင်းသည်မှာ
ရဟန်းမင်းကြီး၏ အသက်ရှူသံဖြစ်လေသည်။ ထူးဆန်းပြီး
ရှေးကျသည့်စွမ်းအားတစ်ခုသည် ဆန်းလျန်၏ ရွှေပြဒါး
အမြုတေကိုပင် လှုပ်ခါနိုင်စွမ်းရှိသည့်အလား ထင်မှတ်ရလေ
သည်။
သို့သော် ... ဆန်းလျန်၏ စိတ်အခြေအနေမှာ ရွှေနှင့် သံမဏိ
ထက်ပင် သန်မာအားကောင်းနေသေးသည်။ သူ၏တာအို

စိတ်ထားကို မည်သည့်တန်ခိုးစွမ်းအားကမှ လှုပ်ခါပစ်ရန်မှာ မဖြစ်နိုင်ပါချေ။

ဆန်းလျန်သည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံထားသူတစ်ယောက်ဖြစ်သည့်အတွက် ရေစွမ်းအားကို ထိန်းချုပ်နိုင်စွမ်းရှိသူ ဖြစ်လေသည်။ သို့သော်... ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်သည် ရေတံခွန်ကို ထိန်းချုပ် နိုင်စွမ်းလုံးဝမရှိခဲ့ပေ။ ထိုရေတံခွန်ကြီးမှာ အစွန်းရောက်ရေစွမ်းအားကျင့်စဉ်တစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်လေသည်။

ဆန်းလျန်၏ဘဝတွင် အန္တရာယ်များသည့် ရင်ဆိုင်တိုက်ပွဲများစွာကို ဆင်နွှဲခဲ့ရဖူးလေသည်။ ယခု ရဟန်းမင်းကြီးက နတ်ဘုရားများ၏တန်ခိုးစွမ်းအားကို လျှော့ချသည့်နည်းလမ်းဖြင့် သူ့ကိုတိုက်ခိုက်နေခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ရုတ်တရက်တုန်လှုပ်သွားသည့် သူ၏စိတ်ကို တစ်ခဏအတွင်းမှာပင် ချက်ချင်းပြန်လည် ထိန်းချုပ်နိုင်ခဲ့လေသည်။

ရုတ်တရက်မှာပင်...

ဆန်းလျန်သည် ထူးဆန်းသည့် လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် လေပွေတစ်ခုအလားလှည့်ပတ်ဝှေ့ယမ်းသွားပြီး လွန်သွားတစ်ခုအလား စူးရှထက်မြက်သွားလေသည်။ ထိုပညာသည် ထျန်းကန်း ပုံပြောင်းပညာ သုံးဆယ့်ခြောက်မျိုးမှ "ဖန်ဆင်းခြင်းနှင့်ဆင့်ကဲဖြစ်စဉ်”ဆိုသည့် တန်ခိုးစွမ်းအားပင်ဖြစ်လေသည်။ ထိုပညာသည် နှစ်ပေါင်းများစွာ ပျောက်ကွယ်နေသည့် ရှေးဟောင်းသဘာဝလွန် စွမ်းအားတစ်ခု ဖြစ်လေသည်။

ဆန်းလျန်သည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

သူ၏တာအိုနှလုံးသားအတွင်းသို့ မိစ္ဆာစွမ်းအားတစ်ခုသည်

ဆင်းသက်လာလေတော့သည်။

အခန်း (၅၁၇) တန်ပြန်တိုက်ခိုက်မှု

ဆန်းလျန်အသုံးပြုလိုက်သည့် "ဖန်ဆင်းခြင်းနှင့်ဆင့်ကဲ

ဖြစ်စဉ်” ဆိုသည့် တန်ခိုးစွမ်းအားသည် စစ်ဝမ်မင့်ဖန်ဆင်းထား

သည့်ဗလာနယ်ကို ဖိအားတစ်ခုအဖြစ် ထိုးဖောက်သွားခဲ့လေ

သည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ဆန်းလျန်သည်

ရဟန်းမင်းကြီး၏ တန်ခိုးစွမ်းအား အားသာချက်ကို အသုံးပြု ခဲ့ခြင်း ဖြစ်လေသည်။

တန်ပြန်တိုက်ခိုက်ခြင်းသည် ဆန်းလျန် ကျွမ်းကျင်သည့် တိုက်ခိုက်ပုံ နည်းစနစ်ပင်ဖြစ်လေသည်။ ဆန်းလျန် တာအို ကျင့်စဉ်လမ်းကို စတင်လိုက်လျှောက်ခဲ့ပြီးကတည်းက သူ၏နှလုံးသားနှင့်ဝိညာဉ် နှစ်ခုစလုံးသည် အလွန်မှ ကြံ့ခိုင် သန်မာခဲ့လေသည်။

သို့သော်… သူ၏နှလုံးသားအတွင်းသို့ ဆင်းသက်လာသည့် မိစ္ဆာစွမ်းအားက သူ့ကိုဒုက္ခပေးတော့မည် ဖြစ်ကြောင်း ဆန်း လျန် ချက်ချင်းသိလိုက်လေသည်။

မိုးကောင်းကင်နတ်ဘုရားပဲဖြစ်ဖြစ် ၊ လောကနတ်ဘုရားပဲ ဖြစ်ဖြစ် စကြာဝဠာထဲတွင် သူတို့ နေထိုင်တည်ရှိနေသမျှ ကာလပတ်လုံး အစစ်ဆေးခံရခြင်းများနှင့် သဘာဝဘေးအန္တ ရယ်များကို မဖြစ်မနေရင်ဆိုင်ကြရမည်ပဲ ဖြစ်လေသည်။

အလွန်ကြီးမားသည့် အစစ်ဆေးခံရခြင်းနှင့် ဘေးအန္တရာယ်များ ကိုကြုံတွေ့ခဲ့ရလျှင်တော့ လူပြန်ဝင်စားရမည်ဖြစ်သလို မည် သည့်အခါမှ လူပြန်မဝင်စားနိုင်တော့ဘဲ လေထဲတွင် ပြာမှုန့် ကဲ့သို့ ပျောက်ကွယ်သွားနိုင်လေသည်။

နတ်ဘုရားတစ်ပါး ဖြစ်ပြီဆိုတိုင်းလည်း "မပျက်စီးနိုင်" ဟု တရားသေသတ်မှတ်၍မှ မရပေပဲ။

ဆန်းလျန်၏နှလုံးသားအတွင်းသို့ ဆင်းသက်လာသည့် မိစ္ဆာ စွမ်းအားသည် ယန်ရှီးပြန်လည်အသက်ဝင်လာခြင်းတော့ မဟုတ်ပေ။ သို့သော် ထိုမိစ္ဆာစွမ်းအားသည် ယန်ရှီးနှင့် သက်ဆိုင်နေလေသည်။ ထိုမိစ္ဆာစွမ်းအားသည် ဆန်းလျ န်၏နှလုံးသားအတွင်းသို့ ပကတိဖန်ဆင်းခြင်းပညာအသုံးပြု ကာ ယန်ရှီးထည့်သွင်းပေးထားသည့် မိစ္ဆာစွမ်းအားပင် ဖြစ် လေသည်။

ဗုဒ္ဓပင်လျှင်မနှိမ်နင်းနိုင်ခဲ့သည့် ဆဌမမြောက် မာန်နတ်ဟုခေါ်သည့် အားအကြီးဆုံးနတ်ဆိုးတစ်ပါး ရှိလေသည်။ ထိုနတ်ဆိုးသည် လူသားများတာအိုကျင့်စဉ်လမ်းအဆင့်တက်ရောက်မှုကို တားဆီးတတ်လေသည်။ ယခုတော့ ထိုနတ်ဆိုးသည် ဆန်းလျန်ကို မျက်စိကျသွားပုံရလေသည်။

ထိုနတ်ဆိုးက ဆန်းလျန်၏နှလုံးသားထဲမှ မိစ္ဆာစွမ်းအားရှိရာသို့ ဆင်းသက်လာပြီး ဆန်းလျန်ကို မိစ္ဆာစွမ်းအားဖုံးလွှမ်းသည့် အနေအထားသို့ရောက်အောင် ရည်ရွယ်ချက်ဖြင့် စတင်ထိုးနှက်လေသည်။ သူက ဆန်းလျန်၏ နှလုံးသားကို ထိန်းချုပ်လိုခြင်းဖြစ်လေသည်။

ဆန်းလျန်သည် "ဖန်ဆင်းခြင်းနှင့်ဆင့်ကဲဖြစ်စဉ်” တန်ခိုးစွမ်းအားကို အသုံးပြုလိုက်သည့်အခါ ရဟန်းမင်းကြီးသည် စိတ်မသက်မသာခံစားလိုက်ရလေသည်။ သို့သော် မိစ္ဆာစွမ်းအား၏သက်ရောက်မှုကို ဆန်းလျန်ခံလိုက်ရသည့် အခါ

တွင်တော့ ရဟန်းမင်းကြီးမှာ အနည်းငယ် စိတ်သက်သာရာရ သွားခဲ့လေသည်။

ဆန်းလျှန်သည် ဆဌမမာန်နတ်၏အစစ်ဆေးခံရခြင်းနှင့် ကြုံတွေ့ရပြီဖြစ်သည့်အတွက် သူ့အတွက် ကံကောင်းသွားပြီ ဟုရဟန်းမင်းကြီးက မှတ်ယူလိုက်လေသည်။

ဆန်းလျှန်မှာ သူ့ဆီသို့ အဆက်မပြတ် ထိုးဖောက်ဝင်ရောက်နေ သည့် ရေတံခွန်ကိုလည်း တားဆီးနေရသလို နှလုံးသားထဲမှ မိစ္ဆာစွမ်းအားကြောင့်လည်း ဒုက္ခအကြီးအကျယ်ရောက်နေရ လေသည်။ မိစ္ဆာစွမ်းအားကြောင့် သူအသုံးပြုနေသည့် ဖန်ဆင်း ခြင်းနှင့်ဆင့်ကဲဖြစ်စဉ် တန်ခိုးစွမ်းအားမှာ ရှေ့နောက်ညီညွတ်မှု မရှိတော့ပေ။

မိစ္ဆာစွမ်းအားမှာ တဖြည်းဖြည်းပြန့်နှံ့လာလေသည်။ ဆန်းလျှန် က စိတ်ကိုစုစည်းပြီး မိစ္ဆာစွမ်းအားကို ခုခံတွန်းလှန်လိုက်သည့်

တိုင် မိစ္ဆာစွမ်းအားများက တိုက်ထုတ်ရန် ခက်ခဲလွန်းနေလေသည်။

သို့သော်.... ဆန်းလျန်သည် သူ၏နှလုံးသားထဲတွင် ကျောက်စိမ်းကျိုင်းတံကိုကိုင်ထားသည့် နတ်ဘုရားဖြစ်သည့် လင်ပေါင်ထျန်းကျွင်းကို ပုံဖော်ကြည့်လိုက်လေသည်။ လင်ပေါင်ထျန်းကျွင်း၏ ပုံသဏ္ဍာန်ကို ယခုအချိန်တွင် ဆန်းလျန်သည် ရှင်းရှင်းလင်းလင်း ပုံဖော်ကြည့်နေနိုင်ပြီဖြစ်ပြီး ခုနစ်ဆယ်ရာခိုင်နှုန်းခန့် တူညီလေသည်။

ဆန်းလျန်၏ နှလုံးသားထဲမှ လင်ပေါင်ထျန်းကျွင်းပုံရိပ်သည် မိစ္ဆာစွမ်းအားများကို စူးရှစွာတစ်ချက်ကြည့်လိုက်ပြီး ပြတ်ပြတ်သားသားတစ်ချက် ပြုံးလိုက်လေသည်။

ထိုအခါ မိစ္ဆာစွမ်းအားသည် မရေမရာဖြစ်ကာ ခဏတာမျှ ရပ်တန့်သွားလေသည်။

ရုတ်တရက်...

ဆန်းလျှန်၏ နှလုံးသားထဲတွင် လှိုင်းများထန်နေသည့် သွေးနီရောင်ပင်လယ် ထွက်ပေါ်လာလေသည်။

ထိတ်လန့်ဖွယ်ကောင်းသည့် သွေးနီရောင်ဓားတစ်လက်နှင့် ကြမ်းတမ်းသည့်သွေးနီရောင်ဓားတစ်လက်ပေါင်းစပ်သွားပြီး ခဏာတာမျှရပ်တန့်နေသည့် မိစ္ဆာစွမ်းအားကို သွေးနီရောင်ပင်လယ်အတွင်းသို့ ကျဆင်းသွားအောင် ထိုးနှက်တိုက်ခိုက်လိုက်လေသည်။ ထိုအခါ မိစ္ဆာစွမ်းအားသည် တစ်စက်မှပင်မကျန်အောင် သွေးနီရောင်ပင်လယ်ထဲတွင် လုံး၀ ပျောက်ကွယ်သွားလေတော့သည်။

မိစ္ဆာစွမ်းအားပျောက်ကွယ်သွားသည်နှင့် ဗလာနယ်ထဲတွင် မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သည့် မြည်ဟည်းသံကြီးတစ်ခု ထွက်ပေါ်လာလေသည်။

စစ်ဝမ်မင့်ဖန်ဆင်းခဲ့သည့် ဗလာနယ်သည် စတင်ပြိုလဲလာလေပြီ။ စစ်မှန်သည့်တာအိုစွမ်းအားပေါ်ထွက်လာပြီး မိစ္ဆာစွမ်းအား

ကို ဖျက်စီးလိုက်နိုင်ခြင်းက ဗလာနယ်ကိုလည်း များစွာ သက်ရောက်မှု ရှိသောကြောင့်ဖြစ်လေသည်။

စွမ်းအားကြီးမားသည့် ဆဌမမာန်နတ်၏မိစ္ဆာစွမ်းအား ဆင်းသက်လာသည့်တိုင် ဆဌမမာန်နတ်ကိုယ်တိုင်ရောက်ရှိလာခြင်း မဟုတ်သည့်အတွက် ဆန်းလျန်က မိစ္ဆာစွမ်းအားကို တွန်းလှန်လိုက်နိုင်ခြင်း ဖြစ်လေသည်။ အကယ်၍ဆဌမမာန်နတ်အစစ်အမှန်သာ ကိုယ်ထင်ပြလျှင် ဆန်းလျန်ဆယ်ယောက်ရှိနေလျှင်ပင် နတ်ဆိုးအစစ်ဆေးခံရခြင်း ကိုကျော်လွှားနိုင်မည် မဟုတ်ပေ။

ကံကောင်းစွာဖြင့်ပင် ထိုသို့ ဖြစ်မလာခဲ့ပေ။

ထို့ပြင် ဆန်းလျန်၏ ငရဲလမ်းဓားဝိညာဉ်နှင့် ဆရာဘိုးဘိုးယွမ်ချင်း၏ ယွမ်တုဓားဝိညာဉ်တို့မှာ ပကတိဖန်ဆင်းခြင်းပညာနှင့် အဆင့်အတန်းတူညီလေသည်။

ငရဲလမ်းဓားဝိညာဉ်နှင့် ယွမ်တုဓားဝိညာဉ်သည် စကြာဝဠာ စတင်သည့်အချိန်မှစပြီး ဖြစ်တည်ခဲ့သည့် မရဏဓားများ၏ အစိတ်အပိုင်းဖြစ်လေသည်။ ကျန်ရှိသည့်မရဏဓားလေးလက်ကို လင်ပေါင်ထျန်းကျွင်းက ထိန်းသိမ်းထားသည်ဟု ဒဏ္ဍာရီထဲတွင် ဖော်ပြထားလေသည်။ ထို့ကြောင့် ဆန်းလျန်သည် လင်ပေါင်ထျန်းကျွင်းကို ပုံဖော်နေစဉ်တွင် ယွမ်တုဓားဝိညာဉ်နှင့် ငရဲလမ်းဓားဝိညာဉ် နှစ်ခုလုံးကို တစ်ချိန်တည်းအသုံးပြုကာ မိစ္ဆာစွမ်းအားကို တိုက်ထုတ်ခဲ့ခြင်း ဖြစ်လေသည်။

ရဟန်းမင်းကြီးမှာ အချိန်တိုအတွင်းမှာပင် တိုက်ပွဲအခြေအနေက ပြောင်းပြန်လှန်လိုက်သလို ပြောင်းလဲသွားသည့်အတွက်အံ့ဩထိတ်လန့်သွားမိလေသည်။ ဆန်းလျန်၏ ဖန်ဆင်းခြင်းနှင့် ဆင့်ကဲဖြစ်စဉ်တန်ခိုးစွမ်းအားသည် ရေတံခွန်ကို ကြမ်းတမ်းစွာ ထိုးဖောက်ရပ်တန့်ပစ်လိုက်လေသည်။

ထိုအခါ ဗလာနယ်သည် တစ်လှွာချင်း စတင်ပျက်စီးလာလေ

တော့သည်။

ဆန်းလျန်သည် အခွင့်အရေးကိုလက်လွှတ်မခံဘဲ

ရဟန်းမင်းကြီးကို ဓားဝိညာဉ်ဖြင့်ထိုးစိုက်ချလိုက်လေသည်။

ထိုအချိန်မှာပင်....

ဗလာနယ်ထဲတွင် ကျယ်လောင်သည့် အော်ဟစ်သံကြီးတစ်

သံထွက်ပေါ်လာလေသည်။

"တော်လောက်ပြီ...."

နဂါးတစ်ကောင်၏ပုံသဏ္ဍာန်နှင့်အတူ ရောမရွှေရောင်လက်သီး

ချက်ကြီးတစ်ချက်သည် ဗလာနယ်ကို ဖောက်ထွင်း ကာ

ဆင်းသက်လာပြီး ရဟန်းမင်းကြီးကိုထိုးစိုက်ချလိုက်သည့်

ဆန်းလျန်၏ ဓားဝိညာဉ်ကို တားဆီးလိုက်လေသည်။ လက်သီး

ချက်ကြီးမှာ ဓားဝိညာဉ်နှင့်ထိခိုက်မိသွားပြီး ရွှေရောင်သွေး

များပန်းထွက်လာလေသည်။

ဗလာနယ်သည် လုံးဝပျက်စီးသွားပြီ ဖြစ်လေသည်။

ဆန်းလျန်သည် နတ်မြင်းပျံကြီးကိုစီးနှင်ကာ ကောင်းကင်ထက်သို့ ထိုးခွင်းပျံသန်းသွားပြီး ရှားတူးမြောင်းကမ်းခြေတစ်နေရာတွင် ဆင်းသက်လိုက်လေသည်။

ဆန်းလျန်သည် နတ်မြင်းပျံကြီးထက်တွင်ထိုင်နေရပြီး ရှားတူးမြောင်းကိုဖြတ်ကျော်ဆောက်လုပ်ထားသည့် ကျော်တုံးတံတားလေးထက်သို့ စိုက်ကြည့်နေလေသည်။

တံတားထက်တွင်....

တာ့ရှားကေရာဇ်သည် ရဟန်းမင်းကြီးကို ပွေ့ထားပြီး အေးစက်သည့်အကြည့်များဖြင့် ဆန်းလျန်ကို စိုက်ကြည့်နေလေသည်။ သူ၏ညာဘက်လက်မှ ရွှေရောင်သွေးစက်များက တစက်စက်ကျဆင်းနေလေ၏။

တာ့ရှားကေရာဇ်၏ ဦးခေါင်းမှာလည်း ရွှေရောင်အဖြစ်ပြောင်းလဲနေလေသည်။ သူ၏သွေးထဲမှ တန်ခိုးစွမ်းအားများ

ကို အမြင့်ဆုံးအဆင့်ရောက်အောင် အသုံးပြုခဲ့သည့် သင်္ကေတ

ပင် ဖြစ်လေသည်။

တာ့ရှားကေရာဇ်၏ တန်ခိုးစွမ်းအားများသည် မည်မျှ

ကြောက်မက်ဖွယ်ရာကောင်းကြောင်း ဆန်းလျန်ခံစားမိလေ

သည်။

ဆန်းလျန်မှာလည်း တာ့ရှားကေရာဇ်၏ လက်သီးချက်မှ

စွမ်းအားသက်ရောက်မှုကြောင့် သူ၏ကိုယ်တွင်းအင်္ဂါများ ပြို

ကွဲသွားသည့်အလား ခံစားနေရလေသည်။ သို့သော် သူ၏မူလ

ဝိညာဉ်ခန္ဓာက သူ၏ရုပ်ခန္ဓာကို ဟန်ချက်မပျက်အောင် ထိန်း

ညှိပေးထားလေသည်။

"တိုင်းပြည်အကြီးပေးအမတ်မင်း.... မင်းက ကျုပ်ကိုဒေါသ

ထွက်အောင်လုပ်လိုက်တာပဲ"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"ကိုယ်ချစ်တဲ့သူ ဒဏ်ရာရသွားရင် ဘယ်သူမဆို ဒေါသထွက်ကြမှာပါပဲ"

ဆန်းလျန်၏စကားကြောင့် ရဟန်းမင်းကြီး၏ အလွန်တရာချောမောလှပလွန်းသည့် မျက်နှာသည် ဒေါသအရောင်များလင်းလက်သွားလေသည်။

"ဆန်းချင်းရွှမ်.... မင်းက အရှက်မရှိတဲ့ကောင်...."

တာ့ရှားကေရာဇ်က ကျယ်လောင်စွာရယ်မောလိုက်ရင်း...

"ဟုတ်တယ်... ငါကိုယ်တော် သူ့ကိုချစ်တယ် ၊ အဲဒီတော့ ဘာဖြစ်လဲ..."

ဆန်းလျန်က....

"မင်းကြီး... မင်းကြီးကို လူတွေကဲ့ရဲ့ကြမှာ မကြောက်ဘူးလား..."

တာ့ရှားကေရာဇ်က အေးစက်စွာဖြင့်....

"ကဲ့ရဲ့ကြစမ်းပါစေ.... ကဲ့ရဲ့တဲ့သူတွေအကုန်လုံး ပါးစပ်ပိတ်သွားအောင် သတ်ပစ်လိုက်မယ်"

ရဟန်းမင်းကြီးက...

"စစ်ချီ.... ငါ့ကို အခု အောက်ချပေးစမ်း... မင်းက ရူးများသွားပြီလား"

တာ့ရှားကေရာဇ်က ရဟန်းမင်းကြီးကို အောက်သို့ချမပေးသည့်အပြင် ပို၍တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်သည်။

"မင်းကရော... ငါကိုယ်တော်ကိုတော့ မချစ်ဘဲနဲ့... စစ်ဝမ်မင့်ကိုကျတော့ ဘာလို့ချစ်ရတာလဲ"

"မင်းနဲ့ စစ်ဝမ်မင့်က မတူဘူး"

ရဟန်းမင်းကြီးက တာ့ရှားကေရာဇ်ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ သို့သော် တာ့ရှားကေရာဇ်၏ လက်များက သန်မာလှပြီး သူလုံးဝရုန်းထွက်၍ မရနိုင် ဖြစ်နေရသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းတို့အချင်းချင်း အခု ရှင်းလိုက်ကြပါဦး... နောက်ရက်ကျ မှ ကျုပ်နဲ့ဆက်ရှင်းကြတာပေါ့..."

ပြောပြီးသည်နှင့် ဆန်းလျန်သည် နတ်မြင်းပျံကြီးကိုစီးကာ ပျံသန်းထွက်ခွာသွားတော့သည်။

ရှားတူးမြောင်းကမ်းခြေတွင် ရှိနေကြသည့် လူအများမှာ ထိတ်လန့်တုန်လှုပ်လွန်းသဖြင့်ခေါင်းများကို တွင်တွင် ငုံ့ထား ကြလေသည်။

တာ့ရှားဧကရာဇ်က ထိုလူများကိုတစ်ချက်ကြည့်လိုက်သည်။ ထို့နောက်သူက ဆန်းလျန်နောက်သို့ ဆက်မလိုက်တော့ဘဲ ယင်းလုန်နဂါးကြီးကို စီးနှင်ကာ ရဟန်းမင်းကြီးကိုခေါ်ဆောင် ပြီး ထွက်ခွာသွားလေတော့သည်။

အခန်း (၅၁၈) ဝမ်ကျုန်း

ဆန်းလျန်သည် တိချိုးမြို့တော်မှ ခဏတာထွက်ခွာသွားခဲ့လေသည်။

ရဟန်းမင်းကြီးနှင့်တိုက်ခိုက်ခဲ့ရသည့်အပြင် တာ့ရှားဧကရာဇ်၏ နဂါးလက်သီးကိုလည်း ရင်ဆိုင်ခဲ့ရသည့်အတွက် ဆန်းလျန်ခန္ဓာကိုယ်မှာ အနည်းငယ်ထိခိုက်သွားခဲ့လေသည်။

အမှန်တော့ တာ့ရှားဧကရာဇ်၏ နဂါးလက်သီးသည် အဆင့်မြင့်ကျင့်ကြံသူများကိုပင် သေစေနိုင်သည့် တန်ခိုးစွမ်းအားရှိလေသည်။ နဂါးလက်သီး၏စွမ်းအားများသည် ဆန်းလျန်၏ခန္ဓာကိုယ်အတွင်းသို့ စိမ့်ဝင်သွားပြီး အသေးဆုံးသွေးကြောမျှင်လေးများကိုပင် ပေါက်ပြဲသွားစေလေသည်။

သူ၏ကြံခိုင်လွန်းသည့် မူလဝိညာဉ်ခန္ဓာဖြင့် ရုပ်ခန္ဓာကို ထိန်းထားနိုင်ခြင်းသာ မရှိပါက သူ၏ခန္ဓာကိုယ်တွင် သွေးယိုစိမ့်မှုများဖြစ်ပေါ်ကာ ပျက်စီးသွားရမည် ဖြစ်လေသည်။

ဆန်းလျန်သည် အရှုံးတရားကို ခံစားနေရလေသည်။ တာ့ရှားဧကရာဇ်က သူ့ကို ကောင်းကောင်း ပညာပေးလိုက်နိုင် လေသည်။

သို့သော် တာ့ရှားဧကရာဇ်က ဆန်းလျန်ကို အနိုင်ရသွားသည်ဟုတော့ လုံးဝမဆိုနိုင်ပေ။ ငရဲလမ်းဓားဝိညာဉ်နှင့် ဆရာဘိုးဘိုးယွမ်ချင်း၏ ယွမ်တုဓားဝိညာဉ်ကို လွယ်လွယ်နှင့် ခုခံရန်မှာ မည်သို့မှ မဖြစ်နိုင်ပေ။

တာ့ရှားဧကရာဇ်သည်လည်း သူ၏ဓားဝိညာဉ်ဖြင့် ထိခိုက်မိသည့်အတွက် ကျိန်းသေဒဏ်ရာရသွားမည်ဖြစ်လေသည်။

ဆန်းလျန်သည် တိချိုးမြို့တော်အပြင်ဘက်ရှိ တောနက်ကြီးအတွင်းသို့ ထွက်ခွာလာခဲ့လေသည်။

သစ်ပင်တစ်ပင်ကိုမီကာ ဆန်းလျှန်ထိုင်နေစဉ်တွင် နတ်မြင်းပျံ

ကြီးကတော့ သစ်ရွက်များကို ဝါးနေလေသည်။

ရုတ်တရက်...

နတ်မြင်းပျံကြီးက သစ်ရွက်များကိုဝါးနေရာမှ ရပ်တန့်လိုက်ပြီး

ဆန်းလျှန်ဆီသို့ အပြေးရောက်လာလေသည်။

အဘယ်ကြောင့်ဆိုသော် သူ့ရှေ့တွင် ယူနီကွန်းအနက်ကြီးတစ်

ကောင် ပေါ်လာသောကြောင့် ဖြစ်လေသည်။ ယူနီကွန်း

ကြီး၏အသက်ရှူသံမှာကြောက်မက်ဖွယ်ရာကောင်းလွန်းလှပြီး

သူ၏တန်ခိုးစွမ်းအားများမှာလည်း ယင်းလုန်နဂါးကြီးနှင့်ပင်

အဆင့်တူညီလောက်လေသည်။

ထို့ကြောင့် နဂါးသွေးစပ်သည့် နတ်မြင်းပျံကြီးပင်လျှင် လန့်

ဖြန့်ကာ ပြေးလာခြင်း ဖြစ်လေသည်။

ဆန်းလျှန်က ရှေ့သို့ ကြည့်လိုက်သည့်အခါတွင်တော့....

ချောမွေ့သည့်အနက်ရောင်ယူနီကွန်းကြီးတစ်ကောင်နှင့် ယူနီကွန်းကြီးကို စီးလာသည့် လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုသူသည် ပိတ်ချောစဖြင့်ချုပ်ထားသည့် ဝိတ်စုံကိုဝတ်ဆင်ထားပြီး ကျောက်သားပန်းပုရုပ်တုအလား မျက်နှာက အေးစက်တင်းမာလျှက်ရှိလေသည်။ ထို့အတူ မာနကြီးပုံလည်းရလေသည်။ သူက ဆန်းလျန်ကို မသိချင်ယောင်ဆောင်ကာ အနားမှဖြတ်ကျော်သွားလေသည်။

ဆန်းလျန်က မတ်တပ်ရပ်လိုက်ပြီး...

"တာအိုရောင်းရင်း... ခဏလောက်နေပါဦး"

ဆန်းလျန်၏အသံကိုကြားသည်နှင့် ပိတ်ချောစကိုဝတ်ဆင်ထားသူသည် ယူနီကွန်းကြီးကို ရပ်တန့်စေလိုက်လေ သည်။ ယူနီကွန်းကြီးက ဆန်းလျန်မျက်နှာတည့်တည့်သို့ နှာမှုတ်လိုက်လေရာ ဆန်းလျန်မျက်နှာတစ်ခုလုံး ပူနွေးသွားရလေသည်။

နတ်မြင်းပျံကြီးသည် ယခုတော့ ယူနီကွန်းကြီးကို ကြောက်ရွံ့ခြင်းမရှိတော့ပေ။ ဗလာနယ်ထဲမှ အနက်ရောင်နဂါးကြီးထံမှ စွမ်းအားများကိုခံစားပြီးကတည်းက နတ်မြင်းပျံကြီးသည် ကြောက်စိတ်ကို ပယ်သတ်နိုင်လာပြီဖြစ်လေသည်။ တစ်ချိန်တွင် သူသည် နတ်မြင်းပျံဘုရင်တစ်ပါးပင် ဖြစ်လာနိုင်လေသည်။

"ကျုပ်နာမည်က ဝမ်ကျုန်းလို့ ခေါ်ပါတယ်၊ တိချိုးမြို့တော်ကို သွားမလို့ပါ၊ မိတ်ဆွေက ကျုပ်ကို ဘာလို့ တားရတာ လဲသိပါရစေ"

ပိတ်ချောစဝတ်ဆင်ထားသူမှာ အေးစက်ပြီးမာနကြီးပုံရသည့်တိုင် စကားလုံးများကတော့ နွေးထွေးလေသည်။

သူ၏ဦးခေါင်းထက်တွင် ဆံပင်ဖြူအနည်းငယ်ပေါက်နေသော်လည်း သူ၏အသက်မှာ သုံးဆယ်အရွယ်မျှသာ ထင်မှတ်ရလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘာလို့များ တိချိုးမြို့တော်ကိုသွားချင်တာလဲ သိပါရစေ၊

ကျုပ်က အခုပဲ တိချိုးကနေ ထွက်လာတာပါ"

"အိုး... ခင်ဗျားက တိချိုးမြို့တော်က ပြန်လာတဲ့သူလား၊

ကျုပ်က ခင်ဗျားကို ဟိုးတောင်တွေပေါ်က ကျင့်ကြံသူတစ်

ယောက်လို့ ထင်နေတာ၊ စောစောကလည်း ကျုပ်က ခင်ဗျား

ကိုနှုတ်ဆက်မလို့ပါပဲ၊ ဒါပေမယ့် ခင်ဗျားကိုကြည့်ရတာ သိပ်

နေမကောင်းတဲ့ပုံပေါက်နေတာရယ်၊ ပြီးတော့ ဒီနေ့ခေတ်ကြီး

မှာ လောကကြီးကအရမ်းရှုတ်ထွေးနေတော့ ကျုပ်က

နှုတ်ဆက်လိုက်ရင် ခင်ဗျားနားလည်မှုလွဲသွားမှာလည်း စိုးရိမ်

တာနဲ့ပဲ မသိချင်ယောင်ဆောင်လိုက်မိတာပါ၊ ဒါပေမယ့်

ခင်ဗျားက ကျုပ်ကိုစပြီး နှုတ်ဆက်လိမ့်မယ်လို့တော့ ထင်မ

ထားဘူး”

ဝမ့်ကျုန်း၏မျက်ခုံးနှစ်ခုကြားတွင် မှိတ်နေသည့် တတိယ မျက်လုံးကဲ့သို့ အရာတစ်ခုရှိနေသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။ သူ၏စကားသံများကလည်း နွေဦးလေပြေအလား သိမ်မွေ့လွန်းလှသည်။
ထိုစကားများကို ဟန်ဆောင်၍ပြောသည်ဖြစ်စေ စိတ်ရင်းဖြင့် ပြောသည်ဖြစ်စေ ဝမ်ကျုန်းသည် မြင့်မြတ်သည့်မျိုးနွယ်မှ ဆင်းသက်လာသူတစ်ဦးဖြစ်သည်ကို သိရှိနိုင်လေသည်။
ထို့ပြင်...
ဆန်းလျန် ယခင်ဘဝက “နတ်ဘုရားများ၏ရင်းနှီးမြှုပ်နှံမှု” ဟု လူသိများသည့် စာအုပ်တစ်အုပ်ထဲတွင် ယင်းစန်း၏ မင်းဆရာကြီးဝမ်ကျုန်းဆိုသည့်လူတစ်ယောက်အကြောင်းကို ဖတ်ခဲ့ဖူးလေသည်။
ယခု သူ့ရှေ့မှလူ၏အမည်မှာလည်း ဝမ်ကျုန်းဖြစ်လေသည်။

ဆန်းလျှန် ယခုရောက်ရှိနေသည့် နေရာသည် ယခင်ခေတ်ပေါ်ကမ္ဘာတွင်နေထိုင်စဉ်က ဖတ်ခဲ့ဖူးသည့် သမိုင်းကြောင်းများနှင့်တစ်ခုမဟုတ်တစ်ခု ဆက်စပ်နေဖွယ်ရာရှိလေသည်။ သို့သော် သမိုင်းထဲမှ အဖြစ်အပျက်များနှင့်လည်း တစ်သွေမတိမ်းတူညီနေခြင်းမရှိပြန်ပေ။

ဥပမာအားဖြင့် သူရောက်ရှိနေသည့်လောကတွင် တာ့ရှားဧကရာဇ်၏အမည်မှာ “စစ်ချီ” ဖြစ်သေလည်။ သမိုင်းထဲမှ မင်းဆိုးမင်းညစ် တာ့ရှားဧကရာဇ်၏အမည်က “ရှားကျယ်စစ်ကွေး” ဆိုသည့်အမည်ဖြစ်လေသည်။

သို့သော်... သမိုင်းထဲတွင်လည်း စစ်ချီဆိုသည့်အမည်တစ်ခုရှိလေသည်။ စစ်ချီမှာ စစ်ဝမ်မင့်၏သား ဖြစ်လေသည်။ ယခုရောက်ရှိနေသည့်လောကမှ တာ့ရှားဧကရာဇ် “စစ်ချီ” ကတော့ စစ်ဝမ်မင့်၏ သားမဟုတ်ပေ။ စစ်ဝမ်မင့်မှ ဆင်းသက်လာသည့် မျိုးနွယ်တစ်ယောက်မျှသာ ဖြစ်လေသည်။

သို့သော် ယခုလောကတွင်ဆုံတွေ့ရသည့်တာ့ရှားကေရာဇ်

“စစ်ချီ” သမိုင်းထဲမှ “ရှားကျယ်စစ်ကွေး” နှင့် အလွန်တူလေ

သည်။ သူတို့နှစ်ယောက်လုံးသည် ဒေါသပြင်းထန်သူများဖြစ်

ပြီး သူတို့ကိုယ်သူတို့ နေမင်းနှင့်နှိုင်းယှဉ် ကာအာဏာရှင်ဆန်

လွန်းလှသည့် ဘုရင်များ ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းကအမြင်စူးရှတယ် ၊ ကြည့်ရတာ မင်းကျင့်ကြံထားတဲ့

ကျင့်စဉ်က တော်တော်အဆင့်မြင့်တယ်ထင်တယ် ၊ ဒီလောက်

တန်ခိုးစွမ်းအားမြင့်မားတဲ့ယူနီကွန်းကြီးကိုထိန်းချုပ်ထားတာ

ကျုပ်မအံ့သြတော့ပါဘူး”

ဆန်းလျန်၏ချီးကျူးစကားကြောင့် ဝမ်ကျုန်းမှာ အနေရခက်

သွားလေသည်။

"ခင်ဗျားချီးကျူးတာတွေများနေပြီ ၊ ဒီယူနီကွန်းကို ကျုပ်က ထိန်းချုပ်နိုင်တာမဟုတ်ပါဘူး ၊ တကယ်တော့ ကျုပ်ရဲ့ဆရာက ကျုပ်ကို လက်ဆောင်ပေးခဲ့တာပါ”

"မင်းပြောပုံအရဆိုရင် မင်းရဲ့ဆရာက တကယ့်ကို စွမ်းအားကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ ဖြစ်ရမယ် ၊ အခွင့်အရေးရမယ်ဆိုရင် ကျုပ်သူနဲ့ ဆုံချင်ပါသေးတယ်"

ဆန်းလျန်က ပြုံးရင်းပြောလိုက်လေသည်။

ဝမ့်ကျုန်းကို ယူနီကွန်းလက်ဆောင်ပေးခဲ့သည့် ဆရာဆိုသူမှာ သမိုင်းထဲမှ ဝမ်ကျုန်း၏ဆရာဖြစ်သူ ကျင်းလင်စန်းမုများ ဖြစ်နေဦးမည်လားဟု ဆန်းလျန် တွေးနေမိလေသည်။ ကျင်းလင်စန်းမု မဟုတ်ဘူးဆိုလျှင်တောင်မှ အလွန်တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် ဖြစ်ပေလိမ့်မည်။

ဆန်းလျန်မှာ သူ့ကိုယ်သူ အချိန်ခရီးသွားပြီး ကမ္ဘာတစ်ခုနှင့်တစ်ခု ခုန်ကူးနေရသလိုပင် ခံစားနေမိလေသည်။

ဗုဒ္ဓနှင့် တာအိုဆရာသခင်ကြီးသည် အချိန်နှင့်နေရာပိုင်းခြားမှုများကို ကျော်လွန်နိုင်စွမ်းရှိသူများ ဖြစ်ကြလေသည်။ အတိတ် ၊ အနာတ် ၊ ပစ္စုပ္ပန် ခြားနားထားသည့်အချိန်အကန့်အသတ်များကို အတားအဆီးမရှိ သွားလာနိုင်သူများ ဖြစ်လေသည်။

ဆန်းလျန်သည် ထိုသို့သောအဆင့်မျိုးရောက်သည်အထိ မကျင့်ကြံနိုင်သေးသည့်အတွက် အသေးစိတ်ကိုတော့ သေသေချာချာ မသိနိုင်သေးပါ။

ဝမ်ကျုန်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်တောင်မှ ဆရာ့ကိုထပ်တွေ့ချင်မိပါတယ် ၊ ဒါပေမယ့် ကံဆိုးတာက ဆရာကတန်ခိုးစွမ်းအားမြင့်မားလွန်းတော့ သူကပဲ ကျုပ်ကိုလာတွေ့လေ့ရှိတယ် ၊ ကျုပ်က သူ့ကိုသွားတွေ့ဖို့ဆိုတာ တော်တော်ခက်တယ်"

ဆန်းလျန်က ...

“ဒါဆို အခု တာအိုဆရာဝမ်ကျုန်းက တိချိုးမြို့တော်ကိုလာတာ တပည့်ဖြစ်တဲ့သူနဲ့ လာတွေ့တာပေါ့၊ မင်းကလည်း ဆရာ့ခြေရာကိုအပြည့်နင်းပြီး ဆရာလုပ်တဲ့အတိုင်းလိုက်လုပ်တတ်တဲ့သူကိုး၊ ဆရာတူ တပည့်ပဲလေ၊ မအံ့သြတော့ပါဘူး၊ မအံ့သြတော့ပါဘူး”

ဆန်းလျန်က "မအံ့သြတော့ပါဘူး" ဆိုသည့် စကားကို နှစ်ခါထပ်ပြီးပြောလိုက်သည့်အတွက် ဝမ်ကျုန်းမှာ များစွာအံ့သြမင်သက်သွားရလေသည်။

"ခင်ဗျား ကျုပ်ကိုနောက်နေတာလား၊ လက်စသတ်တော့ ကျုပ်ရဲ့တပည့်က ကျီကျောက်ဆိုတာ ခင်ဗျားသိပြီးသား ကိုး၊ ပြီးတော့ ခင်ဗျားက ကျုပ်အကြောင်းတွေလည်း သိနေသေးတယ် မဟုတ်လား”

"တကယ်တော့ ကျုပ် မင်းကို လေးစားခဲ့တာကြာပါပြီ ၊ ဒါ

ကြောင့် နည်းနည်းလောက် စ နောက် ကြည့်တာပါ ၊ စိတ်မရှိပါ

နဲ့"

ဆန်းလျန်က ပြုံးရင်းဖြင့်ပင် လေးလေးစားစားဖြင့် ပြန်ပြော

လိုက်လေသည်။

ဝမ်ကျုန်းက စိတ်သဘောထားကောင်းသူတစ်ယောက်ဖြစ်ပြီး

ဆန်းလျန်ကို ဒေါသထွက်ခြင်းမရှိပါ။

သူက ရယ်မောလိုက်ရင်း…

"ကျုပ်တို့ ဒီနေရာမှာ တွေ့ဆုံဖို့ ကံပါလာမှတော့ ခင်ဗျားရဲ့

ဒဏ်ရာကို ကုသနိုင်ဖို့အတွက် ပြဒါးဆေးတစ်လုံး ပေးခဲ့ပါရ

စေ"

အခန်း (၅၁၉) နဂါးကျားရှူယိပြဒါးဆေး

ဆန်းလျှန်သည် ဝမ်ကျုန်းပေးသည့် အနက်ရောင်ဆေးလုံးကို ငေးကြည့်နေမိပြီးမှ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ရှမ်ကျန်းကျောင်းတော်က နှလုံးသန့် "ယန်" ပြဒါးဆေးနဲ့ တာ့ကြွယ်ကျောင်းတော်က "ပြန်လည်မွေးဖွားခြင်းပြဒါးဆေး" တွေဟာ လောကမှာ အကောင်းဆုံး ဆေးတွေပါပဲ ၊ ဘယ်လောက်ပြင်းထန်တဲ့ ဒဏ်ရာပဲဖြစ်ပါစေ အဲဒီဆေးနှစ်မျိုးကိုသောက်လိုက်မယ်ဆိုရင် ဆယ်ရက်အတွင်း ချက်ချင်းသက်သာသွားမယ်လို့ အာမခံချက်ရှိကြတယ် ၊ ဒဏ်ရာတစ်ခုဟာ ဆယ်ရက်အတွင်းပျောက်အောင်မကုနိုင်ရန် ကျင့်ကြံသူတွေအတွင် ဆယ်လ ဒါမှမဟုတ် နှစ်ပေါင်းများစွာကြာမှ ပျောက်တော့မယ့်

အတွင်းဒဏ်ရာ ဖြစ်သွားတတ်တယ်၊ ဒါကြောင့် ဒီဆေးနှစ်မျိုး

ဟာ အရမ်းတန်ဖိုးရှိတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ဆေးကတော့

အဲဒီဆေးနှစ်မျိုးလောက်ကောင်းပါ့မလား”

ဆန်းလန်၏စကားကြောင့် ဝမ်ကျုန်းက ပြုံးလိုက်လေသည်။

“ခင်ဗျားပြောတာမှန်ပါတယ်၊ ဒီ နဂါးကျာရှုယိဆေးက

နှလုံးသန့် “ယန်” ပြဒါးဆေးနဲ့ “ပြန်လည်မွေးဖွားခြင်းပြဒါး

ဆေး” တွေကို မယှဉ်နိုင်ပါဘူး၊ ဒါပေမယ့် အဲဒီဆေးတွေကို လူ

တိုင်းသောက်ခွင့်ရှိပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့ ဒီဆေးကို

သောက်နိုင်တဲ့သူကတော့ ခင်ဗျားတစ်ယောက်ပဲရှိတယ်”

ဝမ်ကျုန်းက ပြောလိုက်လေသည်။

“အမှန်ပါပဲ၊ အရမ်းပြင်ထန်လွန်းတဲ့ဆေးတွေဟာ ပြောင်းပြန်

သက်ရောက်မှုရှိတယ်၊ နာမည်က “နဂါးကျားရှုယိ ဆေး” ဆို

တော့ ဒီဆေးက တော်တော်ပြင်းမှာပဲ၊ ရှုယိဆိုတာကလည်း

အားကြီးတဲ့ ဒြပ်စင်တစ်မျိုးပဲ ၊ ကြည့်ရတာ မင်းက ဒီဆေးကို ဘယ်သူ့မှ မတိုက်ရဲလို့ သိမ်းထားတာမဟုတ်လား”

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင် ပြောလိုက်လေသည်။

စကားဆုံးသွားသည်နှင့် ဆန်းလျန်က ဝမ်ကျုန်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ဝမ်ကျုန်းကလည်း ဆန်းလျန်ကို စိုက်ကြည့်နေသည့်အတွက် သူတို့အကြည့်ချင်းဆုံသွားရလေသည်။

“ဆရာပြောတာက ငါက လူတစ်ယောက်ကိုမြင်တာနဲ့ သူ့ရဲ့သဏ္ဍာန်အမှန်ကိုဖော်ထုတ်နိုင်တဲ့အစွမ်းနဲ့ မွေးဖွားလာတဲ့သူလို့ပြောတယ် ၊ ဒါပေမယ့် ဒီလူရဲ့အကြည့်က မီးတောက်တစ်ခုလိုပဲ ၊ ကြည့်ရတာ သူက ငါ့ထက်အဆင့်မြင့်တဲ့ တန်ခိုးရှင်တစ်ပါးဖြစ်ပုံရတယ် ၊ လောကကြီးက ကျယ်ပြောလွန်းတယ် အစွမ်းထက်တဲ့လူတွေလည်း အများကြီးရှိတယ် ၊ ဆရာက

မိတ်ဆွေများများဖွဲ့ဖို့ ၊ ကိုယ့်အကြောင်းကိုယ်လျှောက်မကြွားဖို့နဲ့ ပြဿနာမရှာဖို့ မှာထားတာ မအံ့ဩတော့ပါဘူး”

ဝမ်ကျုန်းသည် လူတစ်ယောက်၏ သဏ္ဍာန်အမှန်ကိုဖော်ထုတ်နိုင်တဲ့အစွမ်းရှိသည့်အတွက် ဆန်းလျန်ဆီတွင် အန္တရယ်အငွေ့အသက်များမရှိသည်ကို ကောင်းကောင်းရိပ်မိထားလေသည်။ ဆန်းလျန်သည်သည် စစ်မှန်သည့်လမ်းကို လျှောက်လှမ်းနေသည့် တာအိုကျင့်ကြံသူ လူကောင်းတစ်ယောက်ဖြစ်ကြောင်း သူသိလိုက်သည်။ ထို့ကြောင့်လည်း သူက ဆန်းလျန်ကို အရေးစိုက်ကာ စကားပြောနေခြင်းဖြစ်လေသည်။ သို့သော် သူဆန်းလျန်ကိုပေးလိုက်သည့်အဆေးကတော့ ဆန်းလျန်ပြောသည့်စကားမှာ အမှန်ပင်ဖြစ်လေသည်။ သူက ဆန်းလျန်အား ထိုဆေးကို တကယ်တိုက်ရန် ရည်ရွယ်ချက်မရှိသည့်တိုင် ဆန်းလျန်၏စွမ်းရည်ကို စမ်းသပ်ကြည့်ရန်အတွက် ပေးလိုက်ခြင်းဖြစ်လေသည်။

ထို့ကြောင့် ဝမ်ကျုန်းက ခေါင်းကိုအသာငုံ့လိုက်ရင်း…

“မိတ်ဆွေက တကယ့်ကိုအမြင်စူးရှတာပဲ ၊ ကျုပ်ရဲ့အပြုအမူ

အတွက်တောင်းပန်ပါတယ် ၊ ခင်ဗျားရဲ့စွမ်းရည်ကို စမ်းသပ်

ကြည့်ချင်လို့ ဒီဆေးကိုပေးလိုက်တာပါ ၊ ကျုပ်ရဲ့အမှား

အတွက် နောက်ထပ်ဆေးတစ်လုံးထပ်ပေးပါ့မယ် ၊ အဲဒီဆေး

ကိုတော့ စိတ်ချလက်ချသောက်လို့ရပါတယ်”

သို့သော်…

ဝမ်ကျုန်းစကားပြောနေစဉ်မှာပင် သူ့လက်ထဲမှ အနက်ရောင်

ဆေးလုံးသည် လေထဲတွင် လွင့်မျောသွားပြီး ဆန်းလျန်၏

လက်ဖဝါးထက်သို့ ရောက်ရှိသွားလေသည်။

ဝမ်ကျုန်းက…

“မိတ်ဆွေ… ဘာလုပ်တာလဲ ၊ အဲဒီဆေးက မပြည့်စုံသေးတဲ့

ဆေးပါ ၊ ခင်ဗျားက အဲဒီဆေးရဲ့မပြည့်စုံမှုကို သတိမထားမိ

ဘူးဆိုရင်တောင်မှ ကျုပ်က ခင်ဗျားကို တိုက်မှာမဟုတ်ပါဘူး”

ဆန်းလျန်က ဝမ်ကျုန်းကို စိတ်မပူဖို့ လက်ကာပြလိုက်လေသည်။

ဆန်းလျန်၏လက်ဖဝါးတစ်ဖက်တွင် အနက်ရောင်နဂါးကျားရုပ်ပုံ ယံပြဒါးဆေးရှိနေပြီး အခြားလက်ဖဝါးထွက်တွင်တော့ သန့်စင်သည့်အဖြူရောင်မီးတောက်တစ်ခု ထွက်ပေါ်လာလေသည်။

အဖြူရောင်မီးတောက်သည် ချက်ချင်းပင် အစိမ်းရောင် ၊ အနီရောင်များအဖြစ်သို့ ပြောင်းလဲသွားပြီး ကြာပန်းပုံသဏ္ဍာန်ဖြစ်တည်လာလေသည်။

ကြာပန်းပုံသဏ္ဍာန်မီးတောက်သည် အနက်ရောင်ဆေးလုံးရှိရာသို့ တဖြည်းဖြည်းရွေ့လျားသွားလေသည်။

ဝမ်ကျုန်းမှာ ထိတ်လန့်မင်သက်နေရလေသည်။ စစ်မှန်သည့်သမာဓိမီးတောက်ကို ပင်ဖန်ဆင်းနိုင်စွမ်းရှိနေသည့် ဤပုဂ္ဂိုလ်သည် မည်သူများလဲ။

ပထမတော့ ဆန်းလျန်က ဆေးလုံးကိုသောက်လိုက်မည်ကို စိုးရိမ်သောကြောင့် သူက တားဆီးလိုက်မိခြင်း ဖြစ်လေသည်။ သို့သော် စစ်မှန်သည့်သမာဓိမီးတောက်ကိုမြင်လိုက်ရသည့် အခါတွင်တော့ သူက မတားဆီးဖြစ်တော့ပါ။ စစ်မှန်သည့် သမာဓိမီးတောက်ကို မူလမီးတောက်ဟုလည်း ခေါ်ကြလေ သည်။ ထိုမီးတောက်၏စွမ်းအားများကို သာမန်လူများ စဉ်းစားကြည့်၍ပင် မရနိုင်ပေ။ လက်နက်များပြုလုပ်ရန်နှင့် ပြဒါးဆေးပြုလုပ်ရန်အတွက် သမာဓိမီးတောက်ကိုအသုံးပြု မည်ဆိုပါက လက်နက်များနှင့် ပြဒါးဆေးများသည် သန့်စင်ပြီး စွမ်းအားမြင့်မားလာနိုင်လေသည်။

ဆန်းလျန်ဖန်ဆင်းလိုက်သည့် စစ်မှန်သည့်သမာဓိ မီးတောက်သည် သန့်စင်လွန်းခြင်းမရှိသည့်တိုင် နဂါးကျားရှုယိ ပြဒါးဆေးကိုတော့ သန့်စင်ပြီးပြည့်စုံသွားစေနိုင်လေသည်။

မီးတောက်သည် မြွေတစ်ကောင်အလား နဂါးကျားရှုယိပြဒါး ဆေးကို လှည့်ပတ်နေလေသည်။ ချက်ချင်းပင်အနက်ရောင် ဆေးလုံးသည် မြင့်မားလှသည့်အပူချိန်ဖိအားကြောင့် အနီရောင်အဖြစ်သို့ ပြောင်းသွားလေသည်။
ဆန်းလျန်က ဆေးလုံးပြာကျမသွားစေရန် မူလဝိညာဉ်ခန္ဓာမှ စွမ်းအားကိုအသုံးပြုကာ မီးတောက်ကို ထိန်းချုပ်ထားလေသည်။ မီးတောက်သည် ဆေးလုံးထဲမှ မသန့်စင်မှုများကို ဖယ်ရှားပစ်လိုက်ပြီး ဆေးလုံးအာဏာသင်မှာ တဖြည်းဖြည်း တိုးတက်လာလေသည်။
ဆေးလုံးကိုသန့်စင်ရန်အတွက် အချိန်အနည်းငယ်သာ ကြာလေသည်။
ဝမ်ကျုန်းမှာ ဆန်းလျန်က သမာဓိမီးတောက်ကို ထိန်းချုပ်နိုင်သည်ကို ကြည့်ပြီး များစွာ အထင်ကြီးလေးစားနေမိတော့သည်။

ဝမ်ကျုန်းသည် တန်ခိုးစွမ်းအားမြင့်မားသည့်တိုင် သူ၏မူလ ဝိညာဉ်ခန္ဓာကတော့ ထိန်းချုပ်နိုင်စွမ်းအားနည်းလေ သည်။ ထို့ကြောင့် သူသာဆိုလျှင် ဆန်းလျန်ကဲ့သို့ သမာဓိမီးတောက်ကို ထိန်းချုပ်နိုင်မည် မဟုတ်ပေ။

နောက်ဆုံးတွင်တော့ ဆန်းလျန်၏လက်ဖဝါးထက်တွင် အနီရောင်ဆေးလုံးတစ်လုံး ရှိနေလေသည်။ ထိုဆေးမှ မွှေးရနံ့များ ထွက်ပေါ်နေပြီး ထိုရနံ့ကြောင့်ပင် ပတ်ဝန်းကျင်တစ်ခုလုံးမှာ သစ်ပင်များသည် ချက်ချင်း ကြီးထွားလာကြလေသည်။ နတ်မြင်းပျံကြီးစားထားသည့် မြက်ပင်များသည်ပင်လျှင် အညှောင့်လေးများပေါက်လာကြလေသည်။

ဝမ်ကျုန်းကသက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ခင်ဗျားရဲ့စွမ်းအားတွေက ဖန်ဆင်းခြင်းပညာထက်တော့ မလျော့ဘူးပဲ"

“မင်းက သိပ်ပြီးစေတနာကောင်းတယ် ၊ မင်းသာဆေးကို မဖော်စပ်ခဲ့ဘူးဆိုရင် ကျုပ်ကလည်း ဘယ်လိုလုပ်ဒီဆေးကို သန့်စင်ပေးနိုင်မှာလဲ ၊ ဒါပေမယ့် ဒီဆေးကို မင်းကိုကျုပ်ပြန်မပေးတော့ဘူးနော် ၊ အဆင်ပြေတယ်မဟုတ်လား”

ဝမ်ကျုန်းကရယ်မောလိုက်ရင်း...

“ဒီဆေးက လောကီပိုင်ဆိုင်မှုတစ်ခုလောက်ပါပဲဗျာ ၊ ဒီဆေးက ခင်ဗျားရဲ့ဒဏ်ရာကို သက်သာစေမှာပဲဆိုရင်ယူထားလိုက်ပါ”

“ဒီ နဂါးကျားရှုယိပြဒါးဆေးကို ကျုပ်ကိုပေးလို့ ကျေးဇူးအများကြီးတင်ပါတယ်”

ဆန်းလျန်က ပြောလိုက်လေသည်။

ဆန်းလျန်၏ကျေးဇူးတင်စကားကိုကြားလိုက်သည်နှင့် ဆန်းလျန်သည် လူ့ကျင့်ဝတ်ကိုနားလည်သည့် ကိုယ်ကျင့်တရားကောင်းမွန်သူတစ်ယောက်ဖြစ်ကြောင်း ဝမ်ကျုန်းခံစားနားလည်လိုက်မိလသည်။ ဝမ်ကျုန်းသည် ရည်မှန်းချက်ကြီးသူ

တစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် သူသည် ဆန်းလျန်ကဲ့သို့ သမားရိုးကျမဟုတ်သည့်သူများနှင့် မိတ်ဆွေဖွဲ့ရသည်ကို သဘောကျနှစ်သက်လေသည်။

သို့သော်....

ဆန်းလျန်လုပ်လိုက်သည့် မထင်မှတ်သည့်လုပ်ရပ်ကြောင့် ဝမ်ကျုန်းမှာ ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။

ဆန်းလျန်သည် နဂါးကျားရှုယိပြဒါးဆေးကို မစားဘဲ သူ့ဘေးနားမှ နတ်မြင်းပျံကြီးကိုကျွေးလိုက်ခြင်းကြောင့် ဖြစ်လေသည်။ နတ်မြင်းပျံကြီးသည် မွှေးပျံ့နေသည့်အနီရောင်ပြဒါးဆေးကို ပျော်ရွှင်စွာဖြင့် ချင်ချင်းပင် မြိုချလိုက်လေတော့သည်။

သူ၏ပြဒါးဆေးအလဟသဖြစ်သွားရပြီဆိုသည့်အတွေးဖြင့် ဝမ်ကျုန်းမှာ ဝမ်းနည်းပက်လက်ဖြစ်သွားရတော့သည်။

ပိုပြီးဆိုးသည့်အချက်မှာ ဆန်းလျန်က ထိုသတ္တဝါကို "ဆေးက အရသာဘယ်လိုနေလဲ" ဟူ၍ပင် မေးနေလိုက်သေးသည်။

နတ်မြင်းပျံကြီးက...

"အရသာကချိုတယ်"

ဟု လူစကားဖြင့်ပြန်ဖြေလိုက်လေသည်။

ဆန်းလျန်က နတ်မြင်းပျံကြီး၏ခေါင်းကို အသာအယာ တစ်ချက်ပုတ်လိုက်လေသည်။

ပြဒါးဆေးကိုစားပြီးသည့်နောက် နတ်မြင်းပျံကြီး၏ နဂါးပုံသဏ္ဌာန်ဦးချိုနှစ်ခုမှာ ချက်ချင်းပင်အရောင်များတောက်ပလာလေသည်။

ဝမ်ကျုန်းက....

"ခင်ဗျားက ဘာလို့ဆေးမသောက်တာလဲ"

“မင်းရဲ့စေတနာကို ကျုပ်လေးစားပါတယ်၊ ဒါပေမယ့်…ကျုပ် ဒဏ်ရာရထားပေမယ့် ဒီဒဏ်ရာရတဲ့အတွေ့အကြုံကို ခံစားကြည့်ချင်သေးလို့ပါ”

ဆန်းလျန်၏အဖြေကြောင့် ဝမ်ကျုန်းမှာ မည်သို့ပြန်ပြောရမည်ပင် မသိဖြစ်သွားရလေသည်။

ဆန်းလျန်မှာ နေရာမှ ထလိုက်ပြီး နတ်မြင်းပျံကြီးအပေါ်သို့ တက်လိုက်လေသည်။

“နှုတ်ဆက်ခဲ့ပါတယ် မိတ်ဆွေရေ၊ နောက်တော့ပြန်တွေ့ကြတာပေါ့”

ထို့နောက်တွင်တော့ နတ်မြင်းပျံကြီးသည် အတောင်များကိုဖြန့်ကာ တိမ်များဆီသို့ ပျံသန်းသွားလေတော့သည်။ နတ်မြင်းပျံကြီးမှာ ပြဒါးဆေးကိုစားထားသည့်အတွက် စွမ်းအားများ အဆမတန်မြင့်မားနေပြီ ဖြစ်လေသည်။

အမှန်တော့ နတ်မြင်းပျံကြီးမှာလည်း သူနှင့်အတူ တိုက်ပွဲများ ဆင်နွှဲရင်း ပင်ပန်းနေပြီဖြစ်လေရာ နတ်မြင်းပျံကြီးသက်သာရာ ရစေရန်မျှော်လင့်ချက်ဖြင့် ဆန်းလျန်က ပြဒါးဆေးကို ကျွေးခဲ့ခြင်း ဖြစ်လေသည်။

နဂါးကျားရှုယိပြဒါးဆေး၏အကူအညီဖြင့် နတ်မြင်းပျံကြီးသည် နောင်တစ်ချိန်တွင် နဂါးတစ်ကောင်အဖြစ်အသွင်ပြောင်းရန် အခွင့်အရေးရလာနိုင်လေသည်။

ဝမ်ကျုန်းမှာ နတ်မြင်းပျံကြီးကိုစီးကာပျံသန်းသွားသည့်ဆန်းလျန်ကို ငေးကြည့်ရင်း ထိုသူ၏နာမည်ကိုပင် မမေးလိုက်ရသည်ကို သတိရသွားမိလေသည်။

ဝမ်ကျုန်းသည် ဆန်းလျန်ကိုလေးစားမိနေပြီဖြစ်လေသည်။

သူ၏တပည့်ဖြစ်သူသည် ဆန်းလျန်နှင့် သိကျွမ်းပုံရလေသည်။

တပည့်ဖြစ်သူနှင့်တွေ့မှသာ ဆန်းလျန်အကြောင်းကိုမေးတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ သူ၏တပည့်ဖြစ်သူသည်

ဆန်းလျှန်ကဲ့သို့သောလူမျိုးကိုတော့ မမှတ်မိနိုင် စရာအကြောင်းမရှိပေ။

ဝမ်ကျုန်းသည် အနက်ရောင်ယူနီကွန်းကြီးကိုစီးပြီး တိချိုးမြို့တော်တံခါးသို့ ရောက်ရှိလာလေသည်။

သူက လူမမြင်ကွယ်ရာတစ်နေရာသို့သွားကာ ကုန်သည်တစ်ယောက်အဖြစ် အဝတ်အစားများကိုပြောင်းလဲဝတ်ဆင် လိုက်လေသည်။ အနက်ရောင်ယူနီကွန်းကြီးမှာတော့ အနက်ရောင်ခွေးတစ်ကောင်အဖြစ် ပြောင်းလဲသွားပြီး သခင်နောက်သို့ တကောက်ကောက်လိုက်လာလေသည်။

အခန်း (၅၂၀) သမားတော်ဖွေရှာ ကြော်ငြာစာ

ဝမ်ကျုန်းသည် အရည်အချင်းရှိသူတစ်ယောက်ဖြစ်လေသည်။ သူ၏မူလဝိညာဉ်ခန္ဓာသည် မိုးကောင်းကင်နတ်ဘုရားများ ကဲ့သို့ ထက်မြက်သန်မာခြင်းမရှိသည့်တိုင် သူက များစွာသော ကျင့်စဉ်များကို ကျင့်ကြံထားသည့်လူ တစ်ယောက်ဖြစ်လေ သည်။

တာ့ရှားပြည်သုံးငွေကြေး တစ်သောင်းကိုပေးပြီးသည့်နောက် ဝမ်ကျုန်းသည် မြို့တော်အတွင်းသို့ ဝင်ခွင့်ရခဲ့လေသည်။ ကုန်သည်များထံမှ ထိုမျှများပြားသည့် အခွန်ငွေကိုကောက်ခံ သည့်အတွက် ဝမ့်ကျုန်းမှာ အံ့သြနေမိလေသည်။ ထိုသို့သော အခွန်ငွေအမြောက်အမြားကောက်ခံပါက နောင်ပိုင်းတွင် တိ ချိုးမြို့တော်တွင် လာရောက်ကုန်သွယ်မည့်သူများ ရှိတော့မည် မဟုတ်ပေ။

တံခါးမှူးများသည် ဝမ်ကျုန်းပေးသည့်ငွေကို ယူပြီးသည့်တိုင်

မျက်နှာထားများက တင်းမာခက်ထန်နေကြလေသည်။

ထို့ကြောင့် ဝမ်ကျုန်းလည်း မည်သည့်စကားမှ မပြောတော့ဘဲ

မြို့တော်အတွင်းသို့သာ ဝင်ခဲ့လေသည်။

မြို့တော်အတွင်းသို့ရောက်လာသည်နှင့် ကုန်သည်ဝတ်စုံ

ဝတ်ဆင်ထားသည့်သူ့ကို လူအများက အာရုံစိုက်လာကြလေ

သည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။

ဝမ်ကျုန်းက အကြောင်းရင်းကိုစုံစမ်းလိုက်သည့်အခါတွင်

တော့ မကြာသေးခင်အချိန်ကပင် မြို့တော်အတွင်းသို့ဝင်

ရောက်လာသည့် ကုန်သည်များမှာ ဖိနှိပ်ခံနေကြရကြောင်း

သတင်းကို ရရှိခဲ့လေသည်။

ဝမ်ကျုန်း ကုန်သည်တစ်ယောက်ကဲ့သို့ ဝတ်ဆင်လာရသည်မှာ

အကြောင်းရှိလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏တပည့်

လေးမှာလည်း ကုန်သည်တစ်ယောက် ဖြစ်သောကြောင့်ပင်။

သို့သော် ကုန်သည်များ ဖိနှိပ်ခံနေရသည့် သတင်းကိုသိရှိလိုက်ရသည့်အချိန်တွင်တော့ သူက မူလဝတ်စုံကိုပြန်လည်ပြောင်းလဲလိုက်လေသည်။ ယူနီကွန်းအနက်ကြီးကတော့ ခွေးနက်လေးအဖြစ်သာ ရှိနေသေးသည်။

တိချိုးမြို့တော်သည် တာ့ရှားပြည်၏မြို့တော်ဖြစ်ပြီး ထိပ်တန်းအဆင့်မြို့တော်ကြီး ဖြစ်လေသည်။ သို့သော်... ဝမ်ကျုန်းသည် လမ်းမထက်တွင်လမ်းလျှောက်ရင်း လေ့လာသိရှိလိုက်ရသည်မှာ တိချိုးမြို့တော်၏ စီးပွားရေးမှာ ကျဆင်းနေသည်ဆိုသည့်အချက်ပင် ဖြစ်လေသည်။

မြို့တော်၏ မြောက်ဘက်ပိုင်းတစ်နေရာတွင်တော့ လူများရုတ်ရုတ် ရုတ်ရုတ် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ ဝမ်ကျုန်းက လူအုပ်ကြားသို့တိုးဝင်ကာ အခြေအနေကို လေ့လာ

လိုက်သည့်အခါတွင်တော့ နံရံတွင်ကပ်ထားသည့် တာ့ရှား

ဧကရာဇ်၏ ကြော်ငြာစာကို တွေ့လိုက်ရလေသည်။

နန်းတော်အတွင်းသို့ဝင်ပြီး ဆေးကုသပေးနိုင်သည့်

သမားတော်ဖွေရှာသည့် ကြော်ငြာစာတစ်ခုကို ကပ်ထားခြင်း

ဖြစ်လေသည်။ အောင်မြင်ခဲ့ပါက တာ့ရှားနန်းတော်မှ မည်

သည့်ပစ္စည်းကိုမဆို ယူသွားနိုင်သည့်အပြင် တာ့ရှားဧကရာဇ်

ထံမှလည်း မည်သည့်အရာကိုမဆို တောင်းဆိုနိုင်သည်ဟု

ကြော်ငြာစာထဲတွင် ပါရှိလေသည်။

ထိုကြော်ငြာကို တိချိုးမြို့တော်အတွင်းတွင်သာမဟုတ် အနယ်

နယ်အရပ်ရပ်သို့ ကြော်ငြာထားခြင်း ဖြစ်လေသည်။

"ငါတပည့်လေးက ဧကရာဇ်တစ်ပါးဖြစ်ဖို့ အရည်အချင်းရှိတဲ့

လူတစ်ယောက်ကပဲ ၊ သူက တဖြည်းဖြည်းနဲ့ လောကကြီးကို

အုပ်စိုးတဲ့လူတစ်ယောက် ဖြစ်လာလိမ့်မယ် ၊ ဒါပေမယ့် တာ့ရှား

ဧကရာဇ်ကလည်း နှယ်နှယ်ရရတော့မဟုတ်ဘူး ၊ တာ့ရှားပြည်

ပြိုလဲသွားရင်တောင်မှ လှည့်ကွက်တွေကတော့ ရှိနေဦးမှာပဲ ၊ တာ့ရှားကေရာဇ် အခုလို သမားတော်ရှာနေတုန်း ငါ နန်းတော်ထဲကို ဝင်ရမယ် ၊ ကံကြမ္မာကိုစမ်းသပ်ကြည့်တာပေါ့ ၊ နောင်တစ်ချိန်မှာ ဒါဟာ အခွင့်အရေးတစ်ခု ဖြစ်လာနိုင်တယ်”

ထိုသို့တွေးလိုက်ပြီးသည်နှင့် ဝမ်ကျိုးသည် ကြော်ငြာစာရွက်ကို ဖြုတ်ယူလိုက်လေသည်။

ကြော်ငြာစာရွက်ကို စောင့်နေသည် တပ်မှူးလေးတစ်ယောက်မှာ ဝမ်ကျုန်းက ကြော်ငြာစာရွက်ကိုဖြုတ်ယူလိုက်သည်ကိုတွေ့လိုက်သည်နှင့်....

“မင်းက နန်းတော်ကိုသွားဖို့ လျှောက်လွှာတင်မလို့လား”

ဟု မေးလိုက်လေသည်။

ဝမ်ကျုန်းက...

“ဟုတ်ပါတယ်...”

ဝမ်ကျုန်း၏ တည်ငြိမ်မှုကြောင့် တပ်မှူးငယ်သည် အနည်းငယ် ထိတ်လန့်သွားလေသည်။

သို့သော် သူ့အနေဖြင့် ဝမ်ကျုန်းကို စစ်ဆေးမေးမြန်းရန်လို သေးသည်။

"မင်း သေချာလို့လား ၊ လိမ်တာဆိုရင်တော့ လည်ပင်းပြတ်နိုင် တယ်နော်"

ဝမ်ကျုန်းသည် စစ်ရေးနှင့် စာပေပညာရပ်နှစ်ခုလုံးတွင် ကျွမ်းကျင်သူတစ်ယောက် ဖြစ်လေသည်။ ထို့ပြင် သူသည် ဆေးပညာနှင့်နက္ခတ်ဗေဒပညာရပ်များကိုလည်း သင်ယူ တတ်မြောက်ထားသူတစ်ယောက် ဖြစ်လေသည်။ ယခုကဲ့သို့ သမားတော်ရှာဖွေရသည်မှာ တာ့ရှားနန်းတော်ထဲတွင် မ ပျောက်ကင်းနိုင်သည့်ရောဂါတစ်ခုခု ဖြစ်နေသောကြောင့် ဖြစ်သည်ဆိုသည့်အချက်ကို ဝမ်ကျုန်းခန့်မှန်းမိလေသည်။

ထို့ကြောင့် သူ့အရည်အချင်းဖြင့်ဆိုလျှင် တာ့ရှားဧကရာဇ်ကို ကြောက်စရာမရှိပေ။

"သေချာပါတယ် ၊ ကျုပ်ကဆေးပညာသိပ်ကို ကျွမ်းကျင်ပါတယ်"

တပ်မှူးလေးက နောက်ထပ်စစ်မေးခြင်းများကို မပြုလုပ်တော့ပါ။ သူက ဝမ်ကျုန်းကို ထူးခြားသည်ဟု ခံစားနေရပြီး တစ်ချက် အကဲခတ်နေလေသည်။

အကယ်၍ လူလိမ်တစ်ယောက်ကို နန်းတွင်းသို့ခေါ်သွင်းမိပါက တာ့ရှားဧကရာဇ်အမျက်ရှကာ သူ့ကိုသာ အပြစ်ပေး မည်ဖြစ်လေသည်။

သူ့ရှေ့မှလူက အခိုင်အမာပြောဆိုနေသည့်အတွက် လိမ်လည်မည့်သူတစ်ယောက်မဟုတ် ဟုတော့ တပ်မှူးလေး ထင်မြင်မိလေသည်။ သမားတော်အစစ်အမှန်ဖြစ်ပါက နန်းတော်သို့ စောစောစီးစီးပို့လိုက်ခြင်းက ပို၍ကောင်းလေသည်။ အခန့်သင့်

လျှင် တာ့ရှားကောရာဇ်သည် သူ့ကို ဆုတော်လာဘ်တော်များပင် ချီးမြှင့်ပေဦးမည်။

တမ်မှူးလေးသည် ဆုတော်လာဘ်တော်များကို လိုချင်မိလေသည်။ အဘယ်ကြောင့်ဆိုသော် သိပ်မကြာမီက သူ၏မိန်းမသည် ကလေးတစ်ယောက်မွေးဖွားထားသည့်အတွက် ဖြစ်လေသည်။

သို့သော် တပ်မှူးလေး၏စိတ်ထဲတွင် ဆုံးဖြတ်ရခက်ခဲနေလေ၏။

ဝမ်ကျုန်းသည် တစ်ချက်ကြည့်လိုက်ရုံဖြင့် တပ်မှူးလေး၏စိတ်ထဲတွင် ချီတုံချတုံဖြစ်နေသည့် အကြောင်းအရာများကို ချက်ချင်းသဘောပေါက်သွားလေသည်။

"မင်းရဲ့နောက်ကျောမှာ ဓားဒဏ်ရာတစ်ခုရှိဖူးတယ် ၊ ပြီးတော့ မင်းငယ်ငယ်က နေမကောင်းဖြစ်ပြီး ဒူးနာရောဂါစွဲကပ်ခဲ့ဖူး

တယ် ၊ ဒါကြောင့် ရာသီဥတုအေးတိုင်း ၊ မိုးရွာတိုင်း မင်းဒူး

တွေနာတတ်တယ်”

ဝမ်ကျုန်း၏စကားကြောင့် တပ်မှူးလေးက အံ့သြသွားပြီး…

“ခင်ဗျား ဘယ်လိုလုပ်သိတာလဲ”

ဝမ်ကျုန်းကပြုံးနေလိုကပြီး မည်သည့်စကားမှ မပြောတော့ပါ။

တပ်မှူးလေးသည် စိတ်ထဲတွင် ဝမ်းသာသွားလေသည်။ သူ့ရှေ့

မှလူသည် သူ့ကိုတစ်ချက်ကြည့်ရုံမျှဖြင့် သူခံစားနေရ သည့်

ဝေဒနာများကို ပြောပြနိုင်သည်မှာ နတ်ဆေးသမားတော်တစ်

ယောက်ဖြစ်ရပေမည်။ တာအိုဆရာများပင်လျှင် ထိုသို့တစ်

ချက်ကြည့်ရုံဖြင့်သူ၏ရောဂါဝေဒနာကို မခန့်မှန်းနိုင်ကြပေ။

တပ်မှူးလေးသည် စိတ်အားထက်သန်စွာဖြင့် ဝမ်ကျုန်းနှင့်

သူ၏အနက်ရောင်ခွေးကို နန်းတော်သို့ ခေါ်ဆောင်သွားလေ

တော့သည်။

…………………………………………

ဆန်းလျန်သည် နတ်မြင်းပျံကြီးကို စီးနှင်ပြီး တိချိုးမြို့တော်သို့ ပြန်လာလေသည်။ သူက နတ်မြင်းပျံကြီးကို ကျီဝေးကျောင်း တော်ရှေ့တွင် ဆင်းသက်စေလိုက်သည်။

ချက်ချင်းပင် တံခါးစောင့်သည် နတ်မြင်းပျံကြီးကို ခေါ် ဆောင်သွားလေသည်။

ထိုအချိန်တွင် ကျားနက်ကြီးက ဆန်းလျန်ရှိရာသို့ အပြေးအလွှားရောက်ရှိလာကာ....

"သခင်လေး..."

ဟု ခေါ်လိုက်လေသည်။

ဆန်းလျန်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"ဘာလဲ..."

ဟု ပြန်မေးလိုက်လေသည်။

"နောက်ကျရင် သခင်လေး အပြင်သွားရင် ကျွန်တော့်ကိုစီးသွားပါ၊ ညက သခင်လေးမရှိတော့ ဟိုရုပ်ဆိုးအကောင် ကကျွန်တော့်ကို အမွေးတောင်မရှင်းပေးဘူး"

ထိုစကားပြောပြီးသည်နှင့် ကျားနက်ကြီးသည်သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်လေသည်။

ဆန်းလျန်က တစ်ချက်မဲ့လိုက်ရင်း...

"ဟွန်း... မင်းကိုများ မနေ့ညကစီးသွားလို့ကတော့ ဒီနေ့ ဒီလိုတောင် ပြန်ရောက်လာနိုင်မှာ မဟုတ်ဘူး"

ဆန်းလျန်က ကျားနက်ကြီးကို နောက်ပြောင်နေခြင်းမဟုတ်ပါ။

ရဟန်းမင်းကြီးနှင့်တိုက်ခိုက်သည့်အချိန်တွင် ဗလာနယ်ထဲမှ အနက်ရောင်နဂါးဝိညာဉ်ကြီး၏တန်ခိုးစွမ်းအားများကို နဂါးသွေးမပါသည့် ကျားနက်ကြီးသည် မည်သည့်နည်းနှင့်မျှတွန်းလှန်နိုင်မည် မဟုတ်ပေ။ ဆန်းလျန်သည် ကျားနက်ကြီးကို

ခေါ်သွားပါက ကျားနက်ကြီးသည် အပြင်းအထန်ဒဏ်ရာရသွား နိုင်လေသည်။

ထို့ပြင် ဆန်းလျန်သည် ကျားနက်ကြီးကို အနည်းငယ်လည်း မ ကျေမနပ်ဖြစ်နေခဲ့လေသည်။

ထိုကျားနက်ကြီးသည် သူ့နောက်သို့လိုက်နေသည်မှာ နှစ်ပေါင်း များစွာကြာနေပြီ ဖြစ်သည့်တိုင် ကျင့်စဉ်လမ်းတွင် တိုးတက်မှု မရှိဘဲ ပျင်းရိပြီး အချိန်ဖြုန်းနေသောကြောင့် ဖြစ်လေသည်။

သို့သော်... ကျားနက်ကြီးက ဆန်းလျန်ကို ချော့မော့လိုက်လျှင် ဆန်းလျန်သည် စိတ်ပြေသွားရစမြဲပင် ဖြစ်လေသည်။

ထို့ကြောင့် ကျားနက်ကြီးသည် ဆန်းလျန်ပြုံးလာသည်အထိ ပွတ်သီးပွတ်သတ်ဖြင့် ချော့မော့နေလေတော့သည်။

နောက်ဆုံး ဆန်းလျန်ပြုံးသွားတော့မှ ကျားနက်ကြီးသည် သခင်လေး စိတ်ဆိုးပြေသွားပြီဆိုသည်ကို ရိပ်မိလိုက်လေ

သည်။ အမှန်တော့ ကျားနက်ကြီးကို နားလည်ပေးနိုင်သူမှာ ဆန်းလျန်သာလျှင်ရှိလေသည်။

ထိုအချိန်မှာပင် ကျောင်းတော်အပြင်ဘက်မှ ကျယ်လောင်သည့်အသံတစ်သံထွက်ပေါ်လာလေသည်။

"ကျုပ်က တပည့်မုကျန်းပါ ၊ တိုင်းပြည်အကြံပေးအမတ်မင်းကိုလာတွေ့တာပါ"

ကျားနက်ကြီးမှာ စိတ်ညစ်သွားလေသည်။ သခင်လေး စိတ်ပြေသွားသည့်အချိန်တွင် သူက အစားအသောက်အချို့တောင်းစားရန် စိတ်ကူးထားလေသည်။ ယခုတော့ အဖျက်ဝင်ပြီ။

ထို့ကြောင့် ထိုလူကိုအဝေးသို့ထွက်သွားစေရန် ဟိန်းဟောက်လိုက်ရန် ကြံစည်လိုက်ပြီး ပါးစပ်ကို ဟလိုက်လေသည်။

ထိုအချိန်မှာပင်...

"အော်မီတော်ဖော်... "

ထိုအသံသည် ရှားတူးမြောင်းဘက်မှ ထွက်ပေါ်လာသည့်အသံ ဖြစ်ပြီး စကားသံတစ်သံလည်း ဆက်လက်ထွက်ပေါ်လာလေသည်။

"ကျုပ်ဘုန်းကြီးက တိုင်းပြည်အကြံပေးအမတ်မင်းနဲ့ တွေ့ချင်လို့ပါ"

ကျားနက်ကြီးမှာ ဒေါသအကြီးအကျယ်ထွက်လာလေသည်။ ထို့ကြောင့် သူ၏ကိုယ်ထဲမှ မိစ္ဆာစွမ်းအားများထွက်ပေါ်လာပြီး မျက်လုံးနှစ်ဖက်သည်ပင်လျှင် အဖြူရောင် ပြောင်းလဲသွားကာ အသံနက်ကြီးဖြင့် ဟိန်းဟောက်လိုက်တော့သည်။

ထိုအခြေအနေကိုမြင်တွေ့လိုက်ရသည့် ဆန်းလျန်မှာ မျက်ရည်များထွက်သည်အထိပင် ရယ်မောလိုက်မိလေသည်။

သူက ကျားနက်ကြီးကို လက်ချောင်းများဖြင့် အသာထိုးညွှန်လိုက်ရင်း စိတ်လျှော့သွားစေရန် နှစ်သိမ့်လိုက်ရလေသည်။

အခန်း (၅၂၁) တောင်းဆိုမှု

ဆန်းလျန်က ကျောက်ရှောင်ယွီ၏ ဝူရှန်သိုင်းကွက်ကိုအသုံးပြု ကာ ကျားနက်ကြီးကို ထိန်းချုပ်လိုက်ခြင်းဖြစ်လေသည်။

ထို့ကြောင့် ကျားနက်ကြီး၏မိစ္ဆာစွမ်းအားများမှာ အနည်းငယ် ငြိမ်သက်သွားလေသည်။ ကျားနက်ကြီးသည် ဝူရှန်သိုင်းကွက် ကြောင့် မိစ္ဆာစွမ်းအားအနည်းငယ်ဆုံးရှုံးလိုက်ရသည့်တိုင် သူ၏တန်ခိုးစွမ်းအားများက ပိုပြီးသန့်စင်သွားလေသည်။

ကျားနက်ကြီးငြိမ်သက်သွားတော့မှ ဆန်းလျန်သည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်မိလေသည်။

ချင်းရှမ်နတ်တံခါးတွင် ကျင့်ကြံသူတပည့်များအတွက်
ဆောင်ပုဒ်တစ်ခုရှိသေလည်း။

"အဆင့်မြင့်ကျင့်စဉ်လမ်းကိုတက်လှမ်းချင်လျှင် စိတ်နှလုံးကို
အရင်ဆုံးပြုပြင်ရမည်" ဟူ၍ ဖြစ်လေသည်။

ထို့ကြောင့် ချင်းရှမ်နတ်တံခါးသည် တပည့်များရွေးခြယ်
ရာတွင်လည်း စိတ်နေစိတ်ထားကိုသာကြည့်ပြီး ရွေးခြယ်လေ့ရှိ
လေသည်။

ဥပမာ... ဖန်းယန်ယင်း ၊ ချန်ကျင်းချင် ၊ လေ့ကျင်း တို့အားလုံး
မှာ ဝိညာဉ်ရေးရာထက်မြက်ကြသူများ ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်က အနည်းငယ်ထောက်ပြလိုက်သည်နှင့်
သူတို့၏ကျင့်စဉ်လမ်းမှာ စဉ်ဆက်မပြတ်တိုးတက်သွားသည်
ချည်းပင် ဖြစ်လေသည်။ အနာဂတ်တွင် သူတို့၏ဖြစ်နိုင်ခြေ
များမှာလည်း ခန့်မှန်း၍မရနိုင်ပေ။

နတ်မြင်းပျံကြီးကိုကြည့်မည်ဆိုလျှင် ဝိညာဉ်စွမ်းအားသိပ်ပြီး ကောင်းမွန်ခြင်းမရှိပေ။ သို့သော် နတ်မြင်းပျံကြီးတွင် ခိုင်မာသည့်စိတ်ထား ရှိလေသည်။ ထိုခိုင်မာသည့်စိတ်ထားက သူ့ဘဝတစ်လျှောက်လုံးကိုတွန်းအားပေးနေမည် ဖြစ်လေသည်။ သို့သော် ကျားနက်ကြီးနှင့်ပတ်သက်၍တော့ ဆန်းလျှန်ခန့်မှန်း၍မရနိုင်ပေ။

ကျားနက်ကြီးမှာ ပျင်းရိုသာမက ဝိညာဉ်စွမ်းအားနှင့် ဉာဏ်ရည်ထက်မြက်မှုကလည်း သာမန်မျှသာ ဖြစ်လေသည်။

စိတ်ဓာတ်ကတော့ ပြောနေစရာပင် မလိုပေ။

"သစ်ဆွေးဖြင့် ပန်းပုထု၍မရနိုင်"

ဆိုသည့် စကားပုံအတိုင်းပင် ဖြစ်လေသည်။

အတင်းအကြပ်ကျင့်ကြံခိုင်းလျှင်တောင်မှ တိုးတက်လာပါ့မလား မသေချာလှပေ။

ဆန်းလျန်သည် ကျီဝေးကျောင်းတော်အပြင်ဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်လေသည်။

ထိုအခါ ဘုန်းတော်ကြီးတစ်ပါးနှင့် တာအိုဆရာတစ်ပါးကိုတွေ့ လိုက်ရလေသည်။

ဘုန်းတော်ကြီးမှာ အဖြူရောင်သင်္ကန်းကိုဝတ်ဆင်ထားပြီး သူ၏မျက်နှာက လတစ်စင်းအလားဝင်းပနေပြီး သူ၏ပုံသဏ္ဍာန် မှာလည်း ကြာပန်းတစ်ပွင့်အလား သန့်စင်လွန်းလေသည်။ ထို ဘုန်းတော်ကြီးသည် ဗောဓိသကျတစ်ပါးထံမှ တရားထိုင်သည့် ကျင့်စဉ်ပညာကို သင်ယူခဲ့ဟန်ရှိပြီး သူ၏ကျင့်စဉ်အဆင့်မှာ လည်းအတော်ပင်မြင့်မားနေပြီဖြစ်သည်ကို ဆန်းလျန် ရိပ်မိ လိုက်လေသည်။

တာအိုဆရာမှာလည်း ဝိညာဉ်စွမ်းအားအလွန်ကောင်းလေ သည်။ သူ့ထံမှ ထွက်ပေါ်နေသည့်အငွေ့အသက်များသည် တာ

အိုကျင့်စဉ်လမ်း မည်မျှအထိ နက်ရှိုင်းစွာလျှောက်လှမ်းခဲ့သည်ကို ဖော်ပြနေလေသည်။

ဝမ်ချန်နန်းတော် ညစာစားပွဲတုန်းက ထိုပုဂ္ဂိုလ်နှစ်ယောက်လည်းရှိနေသည်ကို ဆန်းလျန် သတိထားလိုက်မိလေသည်။

ဆန်းလျန်သည် ခြေတစ်လှမ်းလှမ်းလိုက်သည်နှင့် ကျိုဝေးကျောင်းတော်ရှေ့သို့ ရောက်ရှိသွားလေသည်။ တံခါးရှေ့သို့ရောက်ရှိလာသည့် ဆန်းလျန်၏ ခမ်းနားလွန်းသည့်ပုံသဏ္ဌာန်သည် လူတိုင်းက ငေးမောကြည့်ဖွယ်ရာပင် ဖြစ်လေ၏။

ဘုန်းတော်ကြီးနှင့် တာအိုဆရာနှစ်ယောက်လုံးမှာ ထိတ်လန့်အံ့သြသွားကြရလေသည်။ ဆန်းလျန်လှုပ်ရှားလိုက်သည့်လှုပ်ရှားမှုသည် သာမန်မဟုတ်ပါ။ ဘုန်းတော်ကြီးပင်လျှင်မကျင့်ကြံရသေးသည့် တာ့ကြွယ်ကျောင်းတော်မှ အဆင့်အမြင့်ဆုံး ကျင့်စဉ်တစ်ခုဖြစ်လေသည်။ “ရှိခြင်းနယ်ပယ်မှ မရှိခြင်းနယ်ပယ်သို့” ကူးပြောင်းသည့် ကျင့်စဉ်ဖြစ်လေသည်။

"မရှိခြင်း"နယ်ပယ်ဆိုသည်မှာ လူ့လောကနှင့်လည်းမတူသလို အသူရာချောက်နှင့်လည်းမတူပေ။ ရုပ်ဝတ္ထုများ တည်ရှိရာ လောကများအကြားတွင် တည်ရှိသည့် နာမ်ဝိညာဉ်နယ်ပယ် တစ်ခု ဖြစ်လေသည်။

သို့သော် ဆန်းလျန်သည် နတ်ဘုရာတစ်ပါးဖြစ်သည့်အတွက် ထိုအဆင့်သို့ရောက်သည်အထိ ကျင့်ကြံထားနိုင်သည် ကိုသူတို့ သိပ်ပြီး အံ့သြမနေကြတော့ပါ။

"ကျုပ်ကိုဘာလို့လာရှာရတာလဲ"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင် မေးလိုက်လေ သည်။

မုကျန်းက တာ့ကြွယ်ကျောင်းတော်မှ ပုန်ဆရာတော်ကို "ဆရာတော်ပြောလိုက်" ဆိုသည့်အကြည့်ဖြင့် တစ်ချက်လှမ်း ကြည့်လိုက်သည်။

ပုန်ဆရာတော်လည်း မနေသာတော့ဘဲ ရှေ့သို့ခြေတစ်လှမ်း တိုးလိုက်ကာ လက်အုပ်ချီလိုက်ရင်း...

“တိုင်းပြည်အကြံပေးအမတ်မင်း ၊ မနေ့က ရဟန်းမင်းကြီး ဒဏ်ရာရသွားတဲ့အတွက် မင်းကြီးက အရမ်းဒေါသထွက်နေပါတယ် ၊ ဒါကြောင့် မင်းကြီးက ဆယ်ရက်အတွင်း တာ့ရှားပြည်တစ်ပြည်လုံးက တာအိုကျောင်းတော်တွေနဲ့ ဘုန်းကြီးကျောင်းတွေအကုန် ပိတ်ပစ်ရမယ်လို့ အမိန့်ထုတ်လိုက်ပါတယ် ၊ ဘုန်းတော်ကြီးတွေ ကျင့်ကြံသူတွေလည်း အကုန်လုံး သာမန်လူဘဝနဲ့ပဲ နေရမယ်လို့ အမိန့်ထုတ်ထားပါတယ် ၊ မှတ်ပုံတင်ထားတဲ့ နတ်ဘုရားတွေ ၊ ကျင့်ကြံသူတွေအကုန်လုံး အမိန့်လိုက်နာရပါမယ်တဲ့ ၊ အမိန့်မနာခံတဲ့သူတွေအကုန်လုံးကို ပြစ်ဒဏ်ချမှတ်မယ်လို့ဆိုပါတယ်”

ဆန်းလျန်က မျက်တောင်တစ်ချက်ခတ်လိုက်ရင်း....

“အဲဒါကျုပ်နဲ့ဘာဆိုင်လို့လဲ...”

ပုန်ဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်ရင်း…

“ဒါပေမယ့်လည်း အမတ်မင်းကပဲ တတ်နိုင်မယ်ထင်လို့ပါ၊ မင်းကြီးကို ဒီအမိန့်ရုပ်သိမ်းပေးဖို့ တောင်းဆိုပေးစေချင်ပါတယ်၊ ဒီတစ်ခါ အမတ်မင်းက ကျုပ်တို့ကိုကူညီမယ်ဆိုရင် ကျင့်ကြံသူအားလုံးက အရမ်းကို ဝမ်းသာကြမှာပါ”

ဆန်းလျန်က လက်နှစ်ဖက်ကိုနောက်ပစ်ရင်း အသာပြုံးလိုက်လေသည်။

“ဘာလဲ… တာ့ရှားပြည်မှာ ကျင့်ကြံသူဆိုလို့ ရွှမ်ကျန်းကျောင်းတော်နဲ့ တာ့ကြွယ်ကျောင်းတော်ပဲ ရှိတာလား၊ မင်းတို့ကျောင်းတော်နှစ်ခုကလည်း တပည့်တွေအများကြီးမွေးပြီး ကျင့်ကြံသူလောကမှာ သြဇာလွှမ်းမိုးနိုင်ဖို့ လုပ်ခဲ့ကြတာပဲမဟုတ်လား၊ အခုဆိုရင် တုန်းယီကလည်းပုန်ကန်လာသလို ယင်းစန်းကလည်း အင်အားကြီးမားလာပြီ၊ ဒီတော့ တာ့ရှားဧကရာဇ်က ကျင့်ကြံသူတွေ အင်အားကြီးလာတာကို မဖြစ်ခံမှာမဟုတ်ဘူး

၊ သူက တခြားတိုင်းပြည်တွေနဲ့ပတ်သက်ပြီး မဖြေရှင်းခင် ကိုယ့်တိုင်းပြည်ထဲက ကိစ္စတွေကို အရင်ရှင်းမှာပဲ ၊ ဒါကြောင့် ကျင့်ကြံသူတွေကို ဒီလိုအမိန့်ထုတ်လိုက်တာ ၊ ဒီပြဿနာက ကျုပ်နဲ့ဘာမှ မဆိုင်ဘူး ၊ ကျုပ်နဲ့ တာ့ရှားဧကရာဇ် တိုက်ခိုက်ခဲ့တာနဲ့ပဲ တာ့ရှားဧကရာဇ်က ကျင့်ကြံသူတွေအားလုံးကို ရှုံးမဲမဲလို့ ဘယ်ဖြစ်မှာလဲ”

ပုနန်ဆရာတော်မှာ မည်သို့ ပြန်ပြောရမည်မသိ ဖြစ်သွားရလေသည်။

သူတို့က အကြောင်းအရာများကို ထိုမျှအထိ စဉ်းစားခဲ့ခြင်းမရှိပေ။ အမှန်တော့ ဆန်းလျန်သည် တစ်ကိုယ်တည်းရပ်တည်သူတစ်ယောက်ဖြစ်လေသည်။ တာ့ရှားဧကရာဇ်ကတော့ ဘုရင့်တပ်မတော်နှင့် စစ်အင်အား အပြည့်အစုံရှိလေသည်။

ထို့ကြောင့် တာ့ကြွယ်ကျောင်းတော်နှင့် ရွှမ်ကျန်းကျောင်းတော်

တို့၏ကံကြမ္မာသည် တာ့ရှားကောရာဇ်အပေါ်တွင်သာ မူတည်လေသည်။ ဆန်းလျန်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပေ။ ဆန်းလျန်ကတော့ သူ့ကိုယ်သူကာကွယ်ရန်သာလိုအပ်လေသည်။

တာအိုဆရာမုကျန်းသည် ပုန်ဆရာတော်ကို စိတ်ထဲမှ ကြိတ်ပြီး အပြစ်တင်လိုက်လေသည်။

ထို့နောက် သူက စကားဝင်ပြောလိုက်သည်။

“ရွှမ်ကျန်းကျောင်းတော်ကတော့ တာ့ရှားကနေ ထွက်ခွာသွားဖို့ ဆုံးဖြတ်ပြီးပါပြီ ၊ ဒါပေမယ့် တာ့ရှားပြည်က ထွက်ခွာဖို့ဆိုတာကလည်း ထင်သလောက်မလွယ်ကူလှပါဘူး ၊ ဒါကြောင့် အမတ်မင်းကို အကူအညီတောင်းရတာပါ ၊ အမတ်မင်းသာ ဆန္ဒရှိလို့ကူညီပေးမယ်ဆိုရင် ရွှမ်ကျန်းကျောင်းတော်က တည်ထောင်သူဆရာသခင်ရဲ့ သန့်စင်တဲ့ “ယန်” စွမ်းအားပန်းပုရုပ်တုကို အမတ်မင်းကို ဆက်သပါ့မယ်”

ရွှမ်ကျန်းကျောင်းတော်ကိုတည်ထောင်သူဆရာသခင်သည် သန့်စင်သည့် “ယန်” စွမ်းအားပန်းပုရုပ်တုကို ခရီးတစ်ခုထွက်ရင်းမှ ရရှိခဲ့ခြင်း ဖြစ်လေသည်။ ထိုပန်းပုရုပ်တုသည် ရွှမ်ကျန်းကျောင်းတော် စတင်တည်ထောင်သည့် အမှတ်အသားဟုပင် ဆိုနိုင်လေသည်။

တာအိုဆရာမုကျန်းသည် အလွန်လိမ္မာပါးနပ်သူ ဖြစ်လေသည်။ သူက ပုနန်ဆရာတော်ပြောသည့် အကူအညီတောင်းသည့်အချက်ကို ချက်ချင်းရုပ်သိမ်းလိုက်ပြီး အခြားသောတောင်းဆိုမှုတစ်ခုကို ပြုလုပ်လေသည်။ ဆန်းလျန်ကတော့ တာအိုဆရာမုကျန်းဆိုလိုသည့်အဓိပ္ပါယ်ကို နားလည်လိုက်သည်။

တော့ရှားပြည်နှင့်ယုဉ်လျှင် ယင်းစန်းသည် ရွှမ်ကျန်းကျောင်းတော်အခြေချရန်အတွက် ပိုပြီးသင့်တော်ရာ ဒေသတစ်ခု ဖြစ်လေသည်။

ရွှမ်ကျန်းကျောင်းတော်အနေဖြင့် သူတို့၏အဓိကတပည့်များ ကို သေသေချာချာထိန်းသိမ်းပြီး တာ့ရှားပြည်မှ လုံခြုံစွာဖြင့် ထွက်ခွာသွားနိုင်ပါက မည်သည့်အချိန်တွင်မဆို ကျောင်းတော် ကို ပြန်လည်ထူထောင်နိုင်မည် ဖြစ်လေသည်။

သို့သော် တာ့ကြွယ်ကျောင်းတော်၏အခြေအနေကတော့ ရွှမ် ကျန်းကျောင်းတော်နှင့် အနေအထားမတူညီပေ။ တာ့ကြွယ် ကျောင်းတော်အနေဖြင့် တာ့ရှားပြည်မှ ထွက်ခွာသွားရန်မှာ မလွယ်ကူလှပေ။

အဘယ်ကြောင့်ဆိုသော် တာ့ကြွယ်ကျောင်းတော်ကို ကိုးကွယ် ဆည်းကပ်ကြသူများမှာ တာ့ရှားပြည်မှ အမျိုးသမီးများက အများစုဖြစ်ကြလေသည်။ ထို့ကြောင် တာ့ကြွယ်ကျောင်း တော်သည် တာ့ရှားပြည်တွင် အမြစ်ခိုင်ကာ ခြေကုပ်ရယူထား ပြီး ဖြစ်လေသည်။ ထို့ကြောင့် အခြေအနေကိုပြောင်းလဲရန်မှာ မလွယ်ကူလှပေ။

ဆန်းလျန်က နှုတ်ခမ်းလေးများကိုတွန့်ကာ အသာပြုံးလိုက်မိလေသည်။ သန့်စင်သည့် “ယန်” စွမ်းအားပန်းပုရုပ်တု မှာနာမည်ကြော်ကြားသည့် ပန်းပုရုပ်တုတစ်ခုဖြစ်သည့်တိုင် ဆန်းလျန်ကတော့ စိတ်မဝင်စားပါ။

“တိချိုးမှာ မင်းကိုကူညီနိုင်တဲ့သူနောက်တစ်ယောက်ရှိ သေးတယ်၊ သူ့ကိုသွားရှာပါ”

ဆန်းလျန်က မုကျန်းကို ပြောလိုက်လေသည်။

မုကျန်းက အံ့သြစွာဖြင့်…

“ခင်ဗျားသွားတွေခိုင်းတဲ့သူက ထျန်းယီအကြီးအကဲတော့မဟုတ်ပါဘူးနော်၊ ထျန်းယီအကြီးအကဲကို သွားတွေ့ခိုင်းတာဆိုရင်တော့ ကျုပ်တို့ ရွှမ်ကျန်းကျောင်းတော် တစ်ရက်အတွင်းအမှုန့်ခြေခံရမှာပဲ”

ယင်းစန်းသို့ပြောင်းရွှေ့ရန်အစီအစဉ်မှာ မုကျန်းက ဆန်းလျန်ကို လိမ်လည်ပြောဆိုနေခြင်း မဟုတ်ပါ။

သို့သော်.... သူသာ ထျန်းယီအကြီးအကဲကိုအဆက်သွယ်လုပ်မိပါက တာ့ရှားဧကရာဇ်သည် ရှမ်ကျန်းကျောင်းတော်ကို လောကမှပျောက်ကွယ်သွားအောင် အမှုန့်ချေပစ်မည်မှာ အသေအချာပင် ဖြစ်လေသည်။

အခန်း (၅၂၂) ဉာဏလေးမျိုးနှင့် သမာဓိရှစ်မျိုး

ဆန်းလျန်က ဝမ်ချန်နန်းတော်တည်ရှိရာနေရာသို့ တစ်ချက်ကြည့်လိုက်ရင်း ပြုံးလိုက်လေသည်။

“အဲဒီလူကပေါ့သေးသေးတော့မဟုတ်ဘူး ၊ ဝမ်ချန်နန်းတော်ရဲ့ တောင်ဘက်တံခါးမှာ သွားစောင့်နေပါ ၊ သူ့ကိုတွေ့ရလိမ့်မယ်”

"တောင်ဘက်တံခါး... ဟုတ်လား"

ဝမ်ချန်နန်းတော်မှ တောင်ဘက်တံခါးဆိုသည်က မိစ္ဆာစွမ်းအားများဖြင့်ပြည့်နေသည့်နေရာတစ်ခု ဖြစ်လေသည်။ တာ့ရှား ဧကရာဇ်ကို ဆန့်ကျင်သူများအားလုံးသည် ထိုတံခါးမှဆွဲထုတ်ပြီး ကွက်မျက်ခံရလေ့ရှိလေသည်။ ထို့ကြောင့် ထို ပတ်ဝန်းကျင်တွင် ဝိညာဉ်ဆိုးများဖြင့်ပြည့်နက်နေပြီး သရဲ အလွန်ခြောက်သည့် နေရာတစ်နေရာဖြစ်လေသည်။ တစ်ချိန်လုံး သရဲတစ္ဆေများက ခြောက်လှန့်နေတတ်ပြီး မွန်းတည့် နေရောင်ခြည်နှင့်ထိတွေ့မှသာ ဝိညာဉ်ဆိုးများ ပျောက်ကွယ် သွားလေ့ရှိလေသည်။

ဆန်းလျန်က ခေါင်းညိတ်လိုက်လေသည်။

"အဲဒီလူကို တောင်ဘက်တံခါးက ဆွဲထုတ်သွားမယ်လို့ ခင်ဗျား က ပြောချင်တာလား"

မုကျန်းက ဆက်မေးလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒီအကြောင်းတွေကို မင်းကိုပြောပြနေရတာက ကျုပ်တို့တွေ က ကျင့်ကြံသူအချင်းချင်းတွေမို့လို့ပဲ ၊ ယုံတာမယုံတာတော့ မင်းကိစ္စပဲ"

ထို့နောက်တွင်တော့ ဆန်းလျန်သည် အကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ တာအိုဆရာမုကျန်းမှာ ချက်ချင်းပင်လွင့် ထွက်သွားရကာ ကျီဝေးဝတ်ကျောင်းတော်ကိုဖြတ်ကျော်ပြီး ရှားတူးမြောင်းတစ်ဖက်ကမ်းသို့ ရောက်ရှိသွားလေတော့သည်။

မုကျန်းမှာ ကြောက်ရွံ့ထိတ်လန့်နေလေသည်။ နတ်ဘုရား များသည် ခန့်မှန်း၍ရသူများ မဟုတ်ကြပေ။ သူတို့သည်

လူသားများကိုလည်း ကလေးသူငယ်များကဲ့သို့ ကစားတတ်ကြသေးသည်။

သို့သော်... ဆန်းလျန်ပြောသည့်စကားများကတော့ အမှန်အတိုင်းဖြစ်နိုင်လေသည်။ ထို့ကြောင့် မုကျန်းသည် ဝမ်ချန်နန်းတော်တောင်ဘက်တစ္ခါးတွင် သွားစောင့်နေရန် ဆုံးဖြတ်လိုက်လေတော့သည်။

ပုနန်ကိုယ်တော်သည် ဖြစ်ပျက်သမျှအကြောင်းအရာများအားလုံးကို ကြည့်နေလေသည်။

မုကျန်းမှာ ဆန်းလျန်ထံမှ အကူအညီရသွားသည့်အတွက် ပုနန်ဆရာတော်သည် အနည်းငယ်မနာလိုဖြစ်မိလေသည်။ ဆန်းလျန်သည် မုကျန်းအပေါ်တွင်တော့ကူညီပြီး သူ့အပေါ်တွင်တော့ကူညီလိုခြင်းရှိပုံမပေါ်ဟု ပုနန်ဆရာတော် တွေးနေမိလေသည်။

အမှန်တော့ ဆန်းလျန်က မုကျန်းမှာ လျိုမုန့်တယ်၏ဆရာ ဖြစ်သည်ကို သိရှိထားသည့်အတွက် ရွှမ်ကျန်းကျောင်းတော်ကို အလေးထားကာ ကူညီခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်က လက်နှစ်ဖက်ကိုနောက်ပစ်လိုက်ရင်း...

"ဆရာတော်က ကျုပ်ဆီက တကယ်အကူအညီလိုချင်တာလား ၊ ဒါပေမယ့် ကျုပ်ကို စိတ်ဝင်စားအောင်လုပ်ဖို့ဆိုတာ တော်ရုံနဲ့ တော့မဖြစ်နိုင်ဘူးနော်”

ပုနန်ဆရာတော်က တည်ကြည်လေးသည့်လေသံဖြင့်...

“တိုင်းပြည်အကြီးပေးအမတ်မင်းရဲ့ သဘောအတိုင်းပါပဲ ၊ တကယ်လို့ တာ့ကြွယ်ကျောင်းတော်ကနေ အမတ်မင်းလိုချင် တာတစ်ခုခုရှိမယ်ဆိုရင် ကျုပ်တို့က အမတ်မင်းကို စိတ်မပျက် စေရပါဘူး”

ဆန်းလျန်က ရယ်မောလိုက်ရင်း...

“ဆရာတော်ရဲ့ တာ့ကြွယ်ကျောင်းတော်မှာ ကျုပ်လိုချင်တဲ့ အဖိုးတန်ပစ္စည်းရှိတယ်ဆိုရင်တောင်မှ ဆရာတော်မသိအောင် ကျုပ်မှာယူလို့ရတဲ့အစွမ်းတွေရှိပါတယ်၊ ဒါပေမယ့် တစ်ခု တော့မေးကြည့်ချင်တယ်၊ တာ့ကြွယ်ကျောင်းတော်ကို တည်ထောင်ခဲ့တဲ့သူက ဘယ်သူများလဲ”

ဆန်းလျန်က အဘယ့်ကြောင့် ထိုသို့သောမေးခွန်းမျိုးမေးရ သည်ကို ဆန်းလျန်မသိပေ။ သို့သော် သူက အမှန်အတိုင်းပင် ဖြေလိုက်လေသည်။

"ကျုပ်တို့ကျောင်းတော်ကိုတည်ထောင်ခဲ့သူက မဟာကျားရဲ့ ကိုယ်တော်ကြီးပါ"

ဗုဒ္ဓ၏တပည့်သာဝကများထဲတွင် ကျားရဲ့ကိုယ်တော်ဆိုသည့် အမည်ရှိသူ ငါးယောက်ရှိလေသည်။ သို့သော် မဟာကျားရဲ့ဟု “မဟာ” ထည့်ကာ ခေါ်ရသည့် ကြီးမြတ်သည့် မဟာကျားရဲ့ ကိုယ်တော်ကြီးကတော့ တစ်ပါးသာလျှင် ရှိလေသည်။ ထို့ပြင်

မဟာကျားရဲ့ကိုယ်တော်ကြီးသည် ဗုဒ္ဓ၏အစောဆုံးတပည့်ဦး

တစ်ယောက် လည်းဖြစ်လေသည်။

ဆန်းလျန်က...

"ဗုဒ္ဓဘာသာမှာ မြင့်မြတ်တဲ့ ဗောဓိသကျပေါင်းများစွာရှိခဲ့ပါ

တယ်၊ ဒါပေမယ့် မဟာကျားရဲ့ကိုယ်တော်ကြီးကတော့ တက

ယ့်ထိပ်တန်းကိုယ်တော်ကြီးတစ်ပါးပါပဲ၊ သူ့ရဲ့အကြောင်းတွေ

ကို ကျမ်းဂန်တွေထဲမှာ ဖတ်ရတဲ့အခါ သူနဲ့ဗုဒ္ဓအပြန်အလှန်

ပြောဆိုကြတဲ့စကားတွေကို ကျုပ်မမေ့နိုင်ခဲ့ဘူး၊ ဒီတော့

ဆရာတော်က မဟာကျားရဲ့ကိုယ်တော်ကြီးဆီကနေ ပညာ

အမွေလက်ဆင့်ကမ်းယူလာတဲ့သူဆိုတော့ ကျုပ်မေးတာကိုဖြေ

မယ်ဆိုရင် ဆရာတော်ကို အခွင့်အရေးပေးမယ်"

ဆန်းလျန်၏စကားကိုကြားသည့်အခါတွင်တော့ ပုနန်

ဆရာတော်သည် စိတ်ထဲတွင် ဝမ်းသာသွားလေသည်။ ဆန်းလျ

န်တောင်းဆိုသည်အချက်မှာ ခက်ခဲသည်မှ မဟုတ်ပေပဲ။

ထို့ပြင် ဆန်းလျှန်သည် ဂုဏ်သရေရှိသူတစ်ယောက် ဖြစ်သည့်အတွက် မဖြစ်နိုင်သည့်မမေးခွန်းများကိုမေးပြီး တောင်းဆိုမည့်လူတစ်ယောက်တော့ မဟုတ်ပေ။

“ဘာလုပ်ရမလဲဆိုတာသာ ပြောပါ”

ပုန်ဆရာတော်ကမေးလိုက်လေသည်။

“ဆရာတော်က တရားထိုင်တဲ့ကျင့်စဉ်ကို ကျင့်ကြံတယ်မဟုတ်လား ၊ တရားထိုင်ခြင်းမှာ ဉာဏလေးမျိုးနဲ့ သမာဓိလေးမျိုးဆိုပြီးတော့ရှိတယ် ၊ ဒီတော့ ဆရာတော်ရဲ့ လက်ရှိအဆင့်က ဘယ်အဆင့်ကိုရောက်နေပါပြီလဲ”

ထိုမေးခွန်းကို ဆန်းလျှန်မေးလာသည့်အခါတွင်တော့ ပုန်ဆရာတော်က မအံ့သြတော့ပါ။

“ကျုပ်ကအခု ဒုတိယစျာန်အဆင့်ကိုရောက်နေပါပြီ”

တရားထိုင်ခြင်းကျင့်စဉ်သည် “မရှိမှု” နယ်ပယ်ကို ဖွေရှာသည့်ကျင့်စဉ်ဖြစ်လေသည်။

တရားထိုင်ခြင်းအဆင့်များတွင် “မရှိခြင်း” နယ်ပယ်ကို စျာန်လေးမျိုးနှင့် အာကာသဆယ့်ခုနစ်ခုဟု ခွဲခြားထားလေသည်။ ပထမအဆင့်စျာန်တွင် အာကာသသုံးခု ၊ ဒုတိယအဆင့်စျာန်တွင် အာကာသအဆင့်သုံးခု ၊ တတိယအဆင့်စျာန်တွင် အာကာသအဆင့်သုံးခု ၊ စတုတ္ထအဆင့်စျာန်တွင် အာကာသအဆင့်ရှစ်ခု ရှိလေသည်။

တရားထိုင်ခြင်းကျင့်စဥ်သည် စကြာဝဠာအတွင်းရှိ လူတိုင်း၏ နာမ်ဝိညာဉ်ကို မြှင့်တင်ပေးလေသည်။ နာမ်ဝိညာဉ်အဆင့် မြင့်မားလာသည်နှင့်အမျှ “မရှိခြင်း” နယ်ပယ်ကို ရှာတွေ့နိုင်လေသည်။ “မရှိခြင်း” နယ်ပယ်မှာ ဗုဒ္ဓဘာသာ၏ လောကသုံးခု အနက်မှ တစ်ခုလည်း ဖြစ်လေသည်။

ဆန်းလျန်သည် “မရှိခြင်း” နယ်ပယ်ကို ကျော်လွန်ရောက်ရှိခဲ့သူ တစ်ယောက် ဖြစ်လေသည်။

သို့သော် ဆန်းလျန်သည် ထိုသို့သော နာမ်ဝိညာဉ်စွမ်းအားများကိုရရှိရန်အတွက် “မရှိခြင်း” နယ်ပယ်သို့ သွားရောက်ခဲ့ခြင်း မဟုတ်ပါ။ စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းကျင့်စဉ်စာအုပ်အတိုင်း ကျင့်ကြံရင်းဝိညာဉ်စွမ်းအားများမြင့်တက်လာကာ “မရှိခြင်း” နယ်ပယ်ကို ကျော်လွန်ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန် ကျင့်ကြံခဲ့သည့် ကျင့်စဉ်လမ်းတစ်လျှောက်လုံးသည် ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့်နတ်ဘုရားလင်ပေါင်ထျန်းကျွင်းနှင့် ဆက်စပ်ပတ်သက်နေခဲ့လေသည်။

ဆန်းလျန်က ရုတ်တရက်ပြုံးလိုက်လေသည်။ ပုနန်ဆရာတော်သည် တကယ်တော့ တရားထိုင်ခြင်းကျင့်စဉ်တွင် ဒုတိယအဆင့်သာ ရောက်ရှိသေးသည်။

ဆန်းလျန်ပြုံးလိုက်သည့်အဓိပ္ပါယ်ကို ပုနန်ဆရာတော်က နားလည်ခြင်းမရှိပါ။

ဆန်းလျန်သည် အခိုးအငွေ့အလား ပေါ့ပါးလွန်းစွာဖြင့် ပုနန်ဆရာတော်ကို တစ်ပတ်ပတ်ကာ ကြည့်ရှုလိုက်ပြီးမှ ရပ်တန့်လိုက်လေသည်။

"ဆရာတော် သံသရာကို ချိုးဖျက်နိုင်တဲ့အဆင့်ကို ရောက်ပြီဆိုရင် ကျုပ်ကိုထပ်လာရှာပါ"

ထိုသို့ပြောပြီးသည်နှင့် ဆန်းလျန်သည် ကျီဝေးကျောင်းတော်အတွင်းသို့ ဝင်ရောက်သွားကာ ကျောင်းတော်တံခါးကို ပိတ်လိုက်လေတော့သည်။

ပုနန်ဆရာတော်ကို ဆန်းလျန် တစ်ပတ်လှည့်ပတ်သွားသည့်နေရာတွင် စည်းဝိုင်းတစ်ခုဖြစ်ပေါ်လာလေသည်။ ပုနန်ဆရာတော်သည် ထိုစည်းဝိုင်းကို ကျော်ဖြတ်ပြီး လျှောက်သွားရန်ကြိုးစားလိုက်သည့်အခါတွင်တော့ ရွှေရောင်အလင်းတန်းတစ်ခုသည် ရုတ်တရက်ပေါ်ပေါက်လာလေသည်။

ထိုရွှေရောင်အလင်းတန်းက သူ၏စိတ်များကို ရှုတ်ထွေးစေရုံ

သာမက မမြင်ရသည့်လက်တစ်ဖက်ဖြင့် သူ့ကို ဆွဲထားသလို

လည်း ခံစားလိုက်ရလေသည်။

....

ဝမ်ချန်နန်းတော်....

ကျောက်စိမ်းသလွန်တစ်ခုထက်တွင် အလွန်ချောမောလှပ

သည့် ရဟန်းမင်းကြီး လဲလျောင်းနေလေသည်။

ကျောက်စိမ်းသလွန်ကို အစိမ်းရောင်လိုက်ကာစဖြင့်ကာရံထား

လေသည်။ အခန်းအပြင်အဆင်သည် အပိုအလိုမရှိဘဲ ရိုးရှင်း

သပ်ရပ်လွန်းလှလေသည်။

ကျောက်စိမ်းသလွန်မှာ ကျောက်စိမ်းဘုရင်အသားနှင့်ပြုလုပ်

ထားသည့် သလွန်တစ်ခုဖြစ်ပြီး စိတ်ကို တည်ငြိမ်အေးချမ်းစေ

လေသည်။ မိစ္ဆာများ၏ရန်မှလည်း ကာကွယ်ပေးပြီး ဒဏ်ရာ

များကိုလည်း သက်သာနိုင်စေလေသည်။

ကျောက်စိမ်းဘုရင်အသားသည် မိုးနှင့်မြေတွင် ရှားပါးလွန်းသည့် ရတနာပစ္စည်းတစ်ခုဖြစ်လေသည်။

ထို့ပြင် အသူရာချောက်မှ ကျောက်စိမ်းဘုရင်အသားသည် သန့်စင်ပြီး ဘေးထွက်ဆိုးကျိုးမရှိဘဲ ရုပ်ရည်ကိုလည်း နုပျိုလှပစေလေသည်။

ကျောက်စိမ်းသလွန်ထက်တွင်လဲလျောင်းနေသည့် ရဟန်းမင်းကြီး၏မျက်နှာမှာ သွေးရောင်မရှိ ဖြူဖပ်ဖြူလျော်ဖြစ်နေလေသည်။

ကျောက်စိမ်းသလွန်နှင့်မနီးမဝေးတွင် တာ့ရှားကေရာဇ်သည် ဒေါသအကြီးအကျယ်ထွက်နေလေသည်။

"သောက်သုံးမကျတဲ့ကောင်တွေ ၊ တစ်ယောက်မှ သောက်သုံးမကျဘူး ၊ သူသာသေသွားလို့ကတော့ တစ်လောကလုံးကိုသတ်ပြီး မြေမြှုပ်ပစ်မယ်"

အခန်း (၅၂၃) သက်ဆိုးရှည်ကျိန်စာ

ထိုအချိန်မှာပင် "လူတစ်ယောက်သည် တာ့ရှားကေရာဇ်

ကြော်ငြာထားသည့် ကြော်ငြာစာကို ဖြုတ်ယူလိုက်သည်" ဆို

သည့်သတင်းကို တပ်မှူးလေးတစ်ယောက်က လာရောက်

သတင်းပို့လေသည်။

တာ့ရှားကေရာဇ်ကလည်း ထိုလူကိုချက်ချင်းပင် လက်ခံ

တွေ့ဆုံလေသည်။

ထိုသူမှာ ဆံပင်အနက်ရောင်ကို အပြာရောင်ကြိုးစဖြင့်

ချည်နှောင်ထားပြီး ခန္ဓာကိုယ်မှာ ကြွံခိုင်ပုံရလေသည်။ သူ၏

ခြေလှမ်းများက ညင်သာပြီး သူ့ထံမှ ထူးခြားသည့်တန်ခိုး စွမ်းအားအငွေ့အသက်များထွက်ပေါ်နေလေသည်။ တစ်ချက် ကြည့်ရုံဖြင့်ပင်သာမန်လူတစ်ယောက်မဟုတ်ကြောင်း သိနိုင် လေ၏။

"ကျုပ်နာမည်က ဝမ်ကျုန်းလို့ခေါ်ပါတယ် မင်းကြီး"

ဝမ်ကျုန်းက ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး ပြောလိုက်လေ သည်။

တာ့ရှားကေရာဇ်က ဝမ်ကျုန်းကိုတစ်ချက်အကဲခတ်လိုက် ပြီး...

"ကျုပ်ရဲ့ရဟန်းမင်းကြီးကို ဆေးကုသပေးနိုင်မလား"

အခန်းအတွင်းသို့ ဝင်လာပြီးကတည်းက ဝမ်ကျုန်းကလည်း တာ့ရှားကေရာဇ်ကို အကဲခတ်နေခဲ့လေသည်။

တာ့ရှားကေရာဇ်ထံမှ ထွက်ပေါ်နေသည့်တန်ခိုးစွမ်းအားများမှာ ပူလောင်ပြီး မီးဘောလုံးကြီးတစ်လုံးနှင့်တူလေသည်။ မည်

သည့်ကျင့်ကြံသူမဆို တာ့ရှားကေရာဇ်ကို ကြောက်ရွံ့ကြမည်သာဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် တာ့ရှားကေရာဇ်၏တန်ခိုးစွမ်းအားများသည် ကျင့်ကြံသူများကို အလွယ်တကူသတ်ဖြတ်ပစ်နိုင်သောကြောင့်ပင်။

"ဆရာကပြောဖူးတယ် ၊ လောကကြီးက ကျယ်ပြောလွန်းတယ် ၊ တန်ခိုးစွမ်းအားကြီးမားတဲ့သူတွေလည်းနေရာအနှံ့မှာရှိတယ်တဲ့ ၊ ဒါ တာ့ရှားပြည်က ရှားမျိုးနွယ်တွေကို ပြောတာပဲဖြစ်ရမယ်"

ဝမ်ကျုန်းစိတ်ထဲမှ တွေးလိုက်မိလေသည်။

"ရဟန်းမင်းကြီးကို ကျုပ်တစ်ချက်လောက်ကြည့်ခွင့်ရနိုင်မလား ၊ ဒါမှ သူ့အခြေအနေကို သိရမှာမို့လို့ပါ ၊ မင်းကြီး စိတ်မပူပါနဲ့"

"ငါကိုယ်တော်က ကျင့်ကြံသူတွေကို သိပ်မုန်းတယ် ၊ မင်း သူ့ရဲ့အသက်ကို မကယ်ပေးနိုင်ဘူးဆိုရင် သေဒဏ်ကျခံရမယ်"

တာ့ရှားကေရာ်ဇ်က အေးစက်စွာဖြင့် ပြောလိုက်လေသည်။

ဝမ်ကျုန်းကပြုံးလိုက်ရင်း...

"သူ့ကိုသာ တစ်ချက်လောက်ကြည့်ခွင့်ပေးပါ၊ ကုသဖို့က ပြီးမှ ဆွေးနွေးကြတာပေါ့"

ဝမ်ကျုန်းသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်လေသည်။

တာ့ရှားကေရာ်ဇ်က လက်နှစ်ဖက်နောက်ပစ်ကာ ဝမ်ကျုန်းကို ကြည့်နေလေသည်။ ကေရာ်ဇ်ထံမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများက မြင့်မားလွန်းပြီး သူ၏မျက်လုံးများက မီးဝင်းဝင်းတောက်နေလေသည်။

"အမြန်သွားကြည့်စမ်း..."

တာ့ရှားကေရာ်ဇ်က အေးစက်စွာဖြင့် ပြောလိုက်သည်။

ဝမ်ကျုန်းက ကျောက်စိမ်းသလွန်ဆီသို့ လမ်းလျှောက်သွားလိုက်ပြီး ရဟန်းမင်းကြီး၏ရောဂါအခြေအနေကို စစ်ဆေးကြည့်လိုက်လေသည်။

"သက်ဆိုးရှည်ကျိန်စာမိထားတာပဲ...."

သက်ဆိုးရှည်ကျိန်စာဆိုသည်မှာ မှော်ပညာတစ်ခုပင် ဖြစ်လေသည်။ လူတစ်ယောက်သည် သက်ဆိုးရှည်ကျိန်စာမိပါက မည်သည့်အခါမှ သေဆုံးတော့မည် မဟုတ်ပေ။ သို့သော် ကျိန်စာလေးတစ်ခုက လူတစ်ယောက်၏အသက်ကို ထာဝရရှင်သန်စေမည်ဆိုလျှင် ချန်စန်းတံခါးဝတွင် လူသေများ၏ဝိညာဉ်များပင် ရှိတော့မည် မဟုတ်ပေ။

သက်ဆိုးရှည်ကျိန်စာတွင် အားနည်းချက်တစ်ခု ရှိလေသည်။ ကျိန်စာမိသူသည် ကျိန်စာမိသည့်နေ့မှစပြီး ခန္ဓာကိုယ်၏ဖြစ်စဉ်များအားလုံး ရပ်တန့်သွားမည်ဖြစ်လေသည်။ ခန္ဓာကိုယ်၏ဖြစ်စဉ်များသည် ကျိန်စာမိသည့်နေ့မှ အခြေအနေအတိုင်း တစ်ဘဝလုံး ရပ်တန့်နေမည် ဖြစ်လေသည်။ သက်ဆိုးရှည်ကျိန်စာကြောင့် လူတစ်ယောက်သည်

အိုမင်းလာမည်လည်း မဟုတ်တော့ပေ။ မည်သည့်အရာမှ မပြောင်းလဲတော့ပဲ တည်ရှိနေမည် ဖြစ်လေသည်။

ရဟန်းမင်းကြီးသည် သက်ဆိုးရှည်ကျိန်စာမမိခင်က ဒဏ်ရာအပြင်းအထန်ရခဲ့ဟန်တူလေသည်။ ထိုဒဏ်ရာကို မကုသရသေးခင်မှာပင် ကျိန်စာအတိုက်ခံလိုက်ရခြင်းဖြစ်လေသည်။ ဒဏ်ရာနှင့်အတူ ကျိန်စာမိသွားသည့်အတွက် ဒဏ်ရာမှာ ပိုဆိုးလာခြင်းမရှိသည့်တိုင် မည်သည့်အခါမှလည်း ပျောက်ကင်းနိုင်ခြင်း မရှိတော့ပေ။

ဝမ်ကျုန်းသည် သူ၏ဦးခေါင်းထက်မှ ဆံပင်ဖြူရှည်တစ်ချောင်းကို ဆွဲနှုတ်လိုက်ကာ ရဟန်းမင်းကြီး၏လက်ကောက်ဝတ်တွင် ချည်နှောင်လိုက်လေသည်။ ထိုအခါ ရဟန်းမင်းကြီး၏ ခန္ဓာကိုယ်တွင်ခံစားနေရသည့် ရောဂါအားလုံးသည် သူ၏စိတ်အာရုံတွင် ထင်ဟပ်လာလေသည်။

ထိုအခါ ဝမ်ကျုန်းသည် အံ့သြခြင်းမက အံ့သြသွားရလေ
တော့သည်။

အဘယ်ကြောင့်ဆိုသော်...

ရဟန်းမင်းကြီး၏ ကိုယ်တွင်းအင်္ဂါများထဲတွင် နှလုံးမရှိတော့
ပေ။

ရဟန်းမင်းကြီး၏ကိုယ်ထဲတွင် စီးဆင်းနေသည့် တန်ခိုး
စွမ်းအားများက နှေးကွေးနေပြီး တဖြည်းဖြည်းအားနည်းလာ
နေလေသည်။ တန်ခိုးစွမ်းအားများ အားနည်းလာသည်နှင့်အမျှ
ခန္ဓာကိုယ်သည်လည်း လုံးဝသုံးမရတော့သည့် ခန္ဓာကိုယ်တစ်ခု
ဖြစ်သွားပေလိမ့်မယ်။

သာမန်အားဖြင့်ဆိုလျှင် လူသေများကိုပင်ပြန်လည်ရှင်သန်စေ
နိုင်သည့် ကျင့်စဉ်စွမ်းအားကို အသုံးပြုကာ
ရဟန်းမင်းကြီး၏ဒဏ်ရာကို ကုသပေး၍ရလေသည်။ သို့သော်
ရဟန်းမင်းကြီး၏ ဝိညာဉ်မှာ ရုပ်ခန္ဓာကိုယ်နှင့်တစ်သားတည်း

ကျနေသည့်အတွက် ရုပ်ခန္ဓာနှင့်ဝိညာဉ် ခွဲထုတ်၍ မရ

သည့်အတွက် ထိုကျင့်စဉ်ဖြင့်လည်း ကုသပေးရန် မဖြစ်နိုင်

တော့ပေ။

ရဟန်းမင်းကြီး၏ ရုပ်ခန္ဓာရုပ်တန့်သွားသည်နှင့် ဝိညာဉ်ပါ

တစ်ခါတည်း ရုပ်တန့်သွားမည်ဖြစ်လေသည်။ ထိုအခါ

လောကတွင် ရဟန်းမင်းကြီး၏တည်ရှိမှုသည် လူသေနှင့် မ

ခြားတော့ပေ။

တာ့ရှားကေရာဇ်သည် ဝမ်ကျုန်း၏ မျက်နှာအမူအရာကို

အကဲခတ်နေလေသည်။

အမှန်တော့ ရဟန်းမင်းကြီး၏ဒဏ်ရာကို ကုသရန်မည် မည်

သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။

တာ့ရှားကေရာဇ်သည် ကျင့်ကြံသူများကဲ့သို့ မူလဝိညာဉ်ခန္ဓာမ

ရရှိသည့်တိုင် နတ်ဘုရားတစ်ပါးပင် ဖြစ်လေသည်။

အမှန်တော့ ရဟန်းမင်းကြီး ဆက်လက်ရှင်သန်နိုင်ရန်အတွက် ဝိညာဉ်စွမ်းအားတိုးတက်ကောင်းမွန်လာစေရန် ပြုလုပ်ရမည် ဖြစ်လေသည်။ ထိုသို့ပြုလုပ်ရန်အတွက် မြင့်မားသည့်မူလ ဝိညာဉ်ခန္ဓာကို ပိုင်ဆိုင်သည့် ကျင့်ကြံသူတစ်ယောက်၏ အကူအညီကိုလိုအပ်လေသည်။

နှစ်ပေါင်းများစွာကြာအောင် တာ့ရှားဧကရာဇ်သည် တာအိုဝါ နှင့် ဗုဒ္ဓဘာသာကို ဖိနှိပ်ခဲ့ပြီး ကျင့်စဉ်စာအုပ်များစွာကို စုစည်းခဲ့လေသည်။ သို့သော် ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းနှင့် ပတ်သက်သည့် အခြေခံကျသည့် ကျင့်စဉ်မျိုးကို တစ်ခုတစ်လေမှ ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိပေ။

တိချိုးမြို့တော်တွင် ဝိညာဉ်စွမ်းအားလည်းမြင့်မားပြီး မူ ဝိညာဉ်ခန္ဓာမှာလည်း အလွန်ကြံ့ခိုင်သည့် လူနှစ်ယောက်သာ ရှိလေသည်။

သူတို့မှာ ထျန်းယီ နှင့် ဆန်းလျန်သာ ဖြစ်လေသည်။

ထျန်းယီသည် ကျင့်စဉ်လမ်းအဆင့်ကိုးဆင့်တွင် ရှစ်ဆင့်အထိ အောင်မြင်ခဲ့ပြီ ဖြစ်လေသည်။ သူ၏မူလဝိညာဉ်ခန္ဓာသည် အသူရာချောက်တွင် ထိပ်တန်းအဆင့်ဖြစ်လေ၏။ တိကျန်ဗောဓိသကျ အသူရာချောက်မှ ထွက်ခွာသွားပြီးသည့်နောက်ပိုင်း ကျင့်ကြံသူများအကြားတွင် ထျန်းယီသည် အတော်ဆုံးဖြစ်လေ၏။

ဆန်းလျန်ကလည်း ထျန်းယီထက်အဆင့်နိမ့်သူတစ်ယောက်မဟုတ်ပေ။ ဆန်းလျန်နှင့်ထျန်းယီ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဆန်းလျန်၏ ဇာစ်မြစ်က ပိုပြီးထူးဆန်းလေသည်။ ထို့ပြင် ဆန်းလျန်သည် တိကျန်ဗောဓိသကျ၏ ရှေ့ဖြစ်ဟောကြားမှုနှင့် အတူ မွေးဖွားလာသည့် လူငယ်တစ်ယောက် ဖြစ်လေသည်။ တာ့ရှားကေရာဇ်၏ စိတ်ခံစားချက်များသည် ဆန်းလျန်အပေါ်တွင် ရှုတ်ထွေးလျှက်ရှိလေ၏။ ရဟန်းမင်းကြီး ဒဏ်ရာ

အပြင်းအထန်ခံစားနေရခြင်းသည် ဆန်းလျှန်ကြောင့် ဖြစ်လေသည်။

ရဟန်းမင်းကြီးသည် ဒဏ်ရာပြင်းထန်သည့်အတွက်တော့ သေဆုံးမသွားနိုင်ပေ။ သို့သော်... တာ့ရှားကေရာဇ်သည် ရဟန်းမင်းကြီးကို ဒဏ်ရာမှ ပြန်လည်သက်သာစေလိုသည့် ဆန္ဒရှိနေလေသည်။ ရဟန်းမင်းကြီးကို အသက်ရှည်ရှည် နှင့် ကောင်းကောင်းမွန်မွန်ရှင်သန်သွားစေရန်မှာ သူ့ဘဝတွင် အဖြစ်ချင်ဆုံးဆန္ဒတစ်ခု ဖြစ်လေ၏။

တာ့ရှားကေရာဇ်သည် ကျင့်ကြံသူတစ်ယောက်မဟုတ်ပေ။ သူ့ အနေဖြင့် ကျင့်ကြံရန်လည်း မလိုအပ်ပေ။ သူ့ကိုယ်သူ အားကိုးရန်သာ လိုအပ်လေသည်။ သူက သူ၏စွမ်းအားများမြင့်တက်လာစေရန်အတွက် အမြဲတမ်း သူ့ကိုယ်သူ မြှင့်တင်နေတတ်သူ တစ်ယောက်ဖြစ်လေသည်။ သူ့ကိုတားဆီးသည့် အခက်အခဲ

အတားအဆီးမှန်သမျှကို ချိုးဖျက်ပြီး အမြင့်မားဆုံးတန်ခိုး

စွမ်းအားများကို ရရှိခဲ့သူလည်း ဖြစ်လေသည်။

ဝမ်ကျုန်းသည် လက်ချောင်းလေးများကို ကွေးလိုက်ပြီး ဆံပင်

စကို ပြန်သိမ်းလိုက်လေသည်။

"မင်း ဘာမြင်ရလဲ..."

တာ့ရှားကေရာဇ်က မေးလိုက်လေသည်။

ဝမ်ကျုန်းကပြုံးလိုက်ရင်း...

"မင်းကြီး ၊ သူ့ရောဂါကို ဘယ်လိုကုသရမယ်ဆိုတာ မင်းကြီးသိ

ပြီးသားပဲ ၊ ဘာဖြစ်လို့ သမားတော်ရှာဖွေနေရသေးတာလဲ"

တာ့ရှားကေရာဇ်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"မင်းက တော်သားပဲ ၊ ဒါပေမယ့် ငါကိုယ်တော်က အဲဒီနည်း

လမ်းကို မသုံးချင်ဘူး ၊ တခြားနည်းလမ်းများရှိနိုင်မလား သိ

ချင်တယ်"

"ဒါဆိုရင်တော့ ကျုပ်လည်းမကူညီနိုင်တော့ပါဘူး"

ရဟန်းမင်းကြီးကိုကုသရန်အတွက် ဝမ်ကျုန်းတတ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာလည်း “ဝိညာဉ်စွမ်းအားမြှင့်တင်သည့်ကျင့်စဉ်” ကို ကျင့်ကြံစေကာ ရဟန်းမင်းကြီး၏ ဝိညာဉ်စွမ်းအားတိုးတက်လာစေရန် ပြုလုပ်ပေးနိုင်သည့် တစ်နည်းသာ ရှိလေသည်။ ထို့နောက် ဝိညာဉ်စွမ်းအားကို ပြန်လည်ထူထောင်ပြီး ယင်နှင့်ယန်ကို ညှိနှိုင်းပြီး ခန္ဓာကိုယ်ကို ပြန်လည်ကုသနိုင်လေသည်။ အနည်းဆုံးတော့ ရုပ်ခန္ဓာရုပ်တန့်မသွားဘဲ အသက်ဆက်ရှင်နိုင်မည် ဖြစ်လေသည်။

သို့သော် ဝိညာဉ်စွမ်းအားမြှင့်တင်သည့်ကျင့်စဉ်သည် ရှားပါးပြီးတန်ဖိုးကြီးမားလေသည်။ တာ့ရှားကေရာဇ်ကဲ့သို့ လူမျိုးပင်လျှင် ဝိညာဉ်စွမ်းအားမြှင့်တင်သည့်ကျင့်စဉ်ကို ရှာမတွေ့နိုင်ခဲ့ပေ။ ရှာတွေ့ခဲ့သည့် ကျင့်စဉ်များမှာလည်း မိစ္ဆာလမ်းစဉ်များသာ ဖြစ်လေသည်။ မိစ္ဆာလမ်းစဉ်များကတော့ အဓိပ္ပါယ်မရှိလှပေ။

ဝမ်ကျုန်း၏ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာလေသည်။

ထျန်းယီနှင့် ဆန်းလျန်....

သူတို့နှစ်ယောက်လုံးသည် ဝိညာဉ်စွမ်းအားမြှင့်တင်သည့်

ကျင့်စဉ်များကို ကျင့်ကြံထားကြသူများဖြစ်လေသည်။ ထို့ပြင်

သူတို့ကျင့်ကြံထားသည့် ဝိညာဉ်စွမ်းအားမြှင့်တင်သည့်

ကျင့်စဉ်များသည် ထိပ်တန်းအဆင့်ကျင့်စဉ်များ ဖြစ်ကြလေ

သည်။

ထိုအချက်ကို တာ့ရှားဧကရာဇ်မရိပ်မိဘူးဆိုသည်မှာတော့ မ

ဖြစ်နိုင်ပေ။

"ကြည့်ရတာ မင်းလည်း တခြားသူတွေလိုပဲ အသုံးမကျဘူးပဲ ၊

လာကြစမ်း.... သူ့ကိုတောင်ဘက်တံခါးကဆွဲထုတ်သွားပြီး

ခေါင်းဖြတ်သတ်ပစ်လိုက်ကြ..."

တာ့ရှားဧကရာဇ်က အေးစက်စွာဖြင့် အမိန့်ပေးလိုက်လေ

သည်။

ချက်ချင်းပင် ရှည်လျားသည့်အစိမ်းရောင်ကြိုးများထွက်

ပေါ်လာပြီး ဝမ်ကျုန်းကို ရစ်ပတ်ချည်နှောင် လိုက်လေသည်။

ဝမ်ကျုန်းမှာ ကြိုးများဖြင့်ချည်နှောင်ခံလိုက်ရပြီး သူ၏တန်ခိုး

စွမ်းအားများမှာလည်း ပိတ်သိမ်းခံလိုက်ရလေသည်။

တပ်မှူးတစ်ယောက်ဝင်ရောက်လာပြီး ဝမ်ကျုန်းကို နန်းတော်

အပြင်သို့ ခေါ်ထုတ်သွားလေတော့သည်။

အခန်း (၅၂၄) ရှေးကျသည့်ကျင့်ကြံသူအုပ်စု

ကြိုးများဖြင့် ချည်နှောင်ခံထားရသည့်ဝမ်ကျုန်းက ရယ်မောလိုက်ရင်း...

“မင်းကြီး ၊ ဘာလို့ ဒေါသတွေအရမ်ထွက်နေရတာလဲ”

“သူ့ကိုခေါ်ထုတ်သွားစမ်း”

မည်သို့ပင်ဖြစ်စေ ရဟန်းမင်းကြီးကိုကုသမပေးနိုင်သည့် မည်သူ့ကိုမဆို တာ့ရှားဧကရာဇ်က မြင်တွေ့လိုခြင်း မရှိတော့ပေ။

နန်းတွင်းမင်းမှုထမ်းစစ်သည်တော်များသည် ဝမ်ကျုန်းကို တောင်ဘက်တံခါးမှ ခေါ်ဆောင်သွားကြလေတော့သည်။

တောင်ဘက်တံခါးဆီတွင် တာ့ရှားပြည်အလံတော်က တလွင့်လွင့် လွင့်ပျံနေပြီး နေရောင်ခြည်က ပူလောင်စွာ တောက်ပနေလေသည်။

ဝမ်ကျုန်းသည် စစ်သည်တော်များအလယ်တွင် တည်ငြိမ်စွာဖြင့် လိုက်ပါလာလေသည်။

“ဆရာကပြောဖူးတယ် ၊ ငါက ဓားနဲ့တစ်ခါအစစ်ဆေးခံရမယ် ၊ မီးနဲ့လည်းတစ်ခါအစစ်ဆေးခံရမယ်တဲ့ ၊ ကြည့်ရတာ ဒီနေ့တော့ ဓားနဲ့အစစ်ဆေးခံရတော့မယ်ထင်တယ်”

တာ့ရှားကေရာဇ်၏ အစိမ်းရောင်ကြိုးများသည် အလွန်အဆင့်မြင့်သည့်တန်ခိုးစွမ်းအားကြိုးများဖြစ်လေသည်။

ဆန်းလျန် သို့မဟုတ် ထျန်းယီကဲ့သို့သောလူမျိုးများသာလျှင် ထိုကြိုးများမှ လွတ်မြောက်ရန် စွမ်းဆောင်နိုင်ပေမည်။ ထို့ပြင် ထိုကြိုးများသည် လူတစ်ယောက်၏တန်ခိုးစွမ်းအားများကိုလည်း ပိတ်သိမ်းထားနိုင်စွမ်းရှိသေးသည်။ မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားသူဖြစ်ပါစေ အစိမ်းရောင်ကြိုးများဖြင့် ချည်နှောင်ခံရပြီဆိုလျှင်တော့ ထိုသူသည် သာမန်လူတစ်ယောက်မျှသာ ဖြစ်သွားမည် ဖြစ်လေသည်။

သို့သော်.... ဝမ်ကျုန်းသည် အမှားအမှန်ကိုခွဲခြားသိမြင့်သည့် ထူးခြားသည့်တန်ခိုးစွမ်းအားနှင့် မွေးဖွားလာခဲ့သူ ဖြစ်လေ

သည်။ ခက်ခဲသည့်အခြေအနေကိုရင်ဆိုင်နေရသည့်တိုင် သူ့ပုံစံကတည်တည်ငြိမ်ငြိမ်ရှိလွန်းသည့်အတွက် စစ်သည်တော်များသည်ပင် သူ့ကို စကားတစ်လုံးမှ မပြောရဲကြပေ။

ပြင်းထန်သည့်နေရောင်ခြည်သည် ပူလောင်လွန်းလှပြီး ဝမ်ကျုန်းသည် ကွက်မျက်ရာစင်မြင့်ပေါ်သို့ ဆွဲခေါ်ခြင်း ခံခဲ့ရလေသည်။

အာဏာပါးကွက်သားသည် ယင်းလုန်နဂါးကြီး၏ရုပ်ပုံပါရှိသည့် ဓားကြီးတစ်ချောင်းကို ထုတ်ယူလာလေသည်။

ပတ်ဝန်းကျင်မှာ လေထုတစ်ခုလုံးသည် သတ်ဖြတ်လိုသည့် အငွေ့အသက်များဖြင့် ပြည့် ပြည့်နက်နေလေတော့သည်။

အာဏာပါးကွက်သားက မေးခွန်းတစ်ခုမေးလိုက်သည်။

“နောက်ဆုံးမှာကြားချင်တဲ့စကားများ ရှိသေးလား”

ဝမ်ကျုန်းက ကျယ်လောင်စွာဖြင့် ရယ်မောလိုက်ရင်း...

"သေခြင်းရှင်ခြင်းဆိုတာ ဘာများဂရုစိုက်စရာရှိလို့လဲ ၊ ဒါပေမယ့် ကျုပ်ရဲ့ကံကြမ္မာက ကြီးမြတ်တယ် ၊ ဒီနေ့ ဒီလိုနေရာမျိုးမှာ သေမှာမဟုတ်ဘူး"

အာဏာပါးကွက်သားကပြုံးလိုက်ပြီး အေးစက်စွာဖြင့်...

"ဘယ်လောက်တန်ခိုးစွမ်းအားမြင့်မားတဲ့သူဖြစ်ပါစေ တောင်ဘက်တံခါးမှာ ဘယ်သူမှ အသက်မရှင်နိုင်ဘူး ၊ မင်းလည်း ချွင်းချက်မရှိနိုင်ဘူး"

ဝမ်ကျုန်းသည် ပြုံးရုံသာပြုံးနေပြီး စကားမပြောတော့ပေ။

အာဏာပါးကွက်သားက လက်ဖဝါးနှစ်ဖက်ကို တစ်ချက်ပွတ်သပ်လိုက်လေရာ သူ၏လက်ဖဝါးနှစ်ဖက်မှ သံမဏိကို မီးလောင်သကဲ့သို့ အပူငွေ့များထွက်ပေါ်လာလေသည်။ သူက လက်တစ်ဖက်ဖြင့် ဝမ်ကျုန်း၏ ဦးခေါင်းကို ဖိနှိပ်လိုက်ပြီး ကျုံ့ဝါးသံတစ်ချက်ပြုလိုက်လေသည်။ ထို့နောက် နဂါးဓား

ကြီးဖြင့် ဝမ်ကျုန်း၏ လည်ပင်းကို ခုတ်ဖြတ်လိုက်လေ

တော့သည်။

သို့သော်.... အာဏာပါးကွက်သား၏ကျုံးဝါးသံမှာ

အနည်းငယ်တုန်ခါသွားပြီး နဂါးဓားကြီးမှာ နှစ်ပိုင်းကျိုးသွားရ

လေသည်။

ဝမ်ကျုန်း၏လည်ပင်းထက်တွင် အဖြူရောင်ဓားရာတစ်ခုသာ

ပေါ်လာပြီး မည်သည့်ဒဏ်ရာဒဏ်ချက်မှ မရရှိခဲ့ပေ။

အာဏာပါးကွက်သားက အော်ဟစ်လိုက်လေသည်။

"မင်းကြီးကို သွားအကြောင်းကြားကြစမ်း ၊ ဒီလူက ဓားပြီးခန္ဓာ

ကျင့်စဉ်ကို ကျင့်ကြံထားတယ်"

ထို့နောက် အာဏာပါးကွက်သားသည် တူကြီးတစ်စုံကိုထုတ်

လာလေသည်။ ထိုတူကြီးနှစ်ခုထိခတ်မိသည်နှင့် အပြာရောင်

လျှပ်စီးများက တဖျတ်ဖျတ်လင်းလက်လာလေသည်။ မိုးခြိမ်း

သံများထွက်ပေါ်လာပြီး ဝမ်ကျုန်း၏ဆံပင်များပင်ထောင်လာလေသည်။

ရုတ်တရက်...

ဝမ်ကျုန်း၏ခန္ဓာကိုယ်တွင် ချည်နှောင်ထားသည့် ကြိုးများသည် တစ်စစီပြတ်ထွက်သွားတော့သည်။

ဝမ်ကျုန်းက အော်ဟစ်ရယ်မောလိုက်သည့်အခါတွင်တော့ တူကြီးနှစ်ခုမှထွက်ပေါ်နေသည့် အပြာရောင် လျှပ်စီးကြောင်းများသည် သူ၏ပါးစပ်အတွင်းသို့စီးဆင်းဝင်ရောက်သွားကာ သူ၏တန်ခိုးစွမ်းအားများဖြင့် ပေါင်းစပ်ပြီး လှည့်ပတ်သွားလေသည်။

အာဏာပါးကွက်သားမှာ မိုးကြိုးနတ်ဘုရား၏တူစွမ်းအားကြောင့် ဝမ်ကျုန်း၏ခန္ဓာကိုယ်တစ်ခုလုံး ထုံကျဉ်သွားမည်ဟု ထင်မှတ်မိခဲ့လေသည်။ သို့သော် ဝမ်ကျုန်းကတော့ အကြောက်အရွံ့မရှိဘဲ မိုးကြိုးလျှပ်စီးကြောင်းများကို စုပ်ယူ

ကာ ချည်နှောင်ထားသည့် အစိမ်းရောင်ကြိုးများကိုပင် ဖြတ်တောက်ပစ်လိုက်နိုင်လေသည်။

ထိုအချိန်မှာပင်....

တာ့ရှားနန်းတော်ဆီမှ ကျုံးဝါးသံကြီးတစ်ချက်ထွက်ပေါ်လာပြီး အဖြူရောင်အလင်းတန်းတစ်ခုသည် တောင်ဘက်တံခါးဆီသို့ ဦးတည်လာလေသည်။ ထိုအဖြူရောင်အလင်းတန်သည် ဝမ်ကျုန်း၏ခန္ဓာကိုယ်ကို တစ်ချက်လှည့်ပတ်လိုက်ပြီး ဝမ်ကျုန်း၏ဦးခေါင်းမှာ ပြုတ်ကျသွားလေတော့သည်။

အဖြူရောင်အလင်းတန်းအတွင်းမှ အနက်ရောင်မိစ္ဆာဓားကောက်ကြီး ထွက်ပေါ်လာလေသည်။

ဝမ်ကျုန်းအသက်မရှိတော့သည်မှာ သေချာတော့မှ မိစ္ဆာဓားကောက်ကြီးသည် တာ့ရှားနန်းတော်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

အဖြစ်အပျက်များသည် အလွန်မှ မြန်ဆန်လှလေသည်။

ဝမ်ကျုန်း၏ခေါင်းပြတ်ကြီးသည် သူ၏ခန္ဓာကိုယ်နှင့် ပေ

အနည်းငယ်အဝေးတွင် ကျနေလေသည်။ မျက်လုံးများက

မှိတ်နေပြီး သူ၏မျက်ခုံးနှစ်ခုကြားမှ အစိမ်းရောင်တန်ခိုး

စွမ်းအား အခိုးအငွေ့များ ထွက်ပေါ်နေလေသည်။

အာဏာပါးကွက်သားက ဝမ်ချန်နန်းတော်ဆီသို့ လက်နှစ်ဖက်

စုပ်ဂါရဝတစ်ချက်ပြုလိုက်ရင်း ဧကရာဇ်မင်းကို ရည်မှန်းကာ

ဂါရဝပြုလိုက်လေသည်။ ပြီးမှ အရက်အိုးကိုကောက်ယူပြီး

အရက်တစ်ငုံငုံလိုက်ကာ ဝမ်ကျုန်း၏ခေါင်းပြတ်ကြီးရှိရာသို့

ထွေးထုတ်လိုက်လေသည်။ ထိုအခါ မီးနဂါးကြီးတစ်ကောင်

ထွက်ပေါ်လာပြီး ထိုနဂါးကြီးက ဝမ်ကျုန်း၏ဦးခေါင်းကို

ရစ်ပတ်ထားလိုက်လေသည်။

ထိုအခါ ဦးခေါင်းဆီမှ ထွက်ပေါ်နေသည့် အစိမ်းရောင်

အခိုးအငွေ့များ ပျောက်ကွယ်သွားလေတော့သည်။

အာဏာပါးကွက်သားသည် နဖူးထက်မှ ချွေးစများကို တစ်ချက်သုတ်လိုက်ရင်း...

"သတ်ရခက်လိုက်တဲ့မိစ္ဆာကောင်၊ နောက်ဆုံးတော့ အသက်ပျောက်သွားပြီ"

မင်လော့၏ မိစ္ဆာဓားကောက်ကြီးသာမဟုတ်လျှင် မည်သည့်ဓားကမှ ဝမ်ကျုန်းကို သတ်ဖြတ်နိုင်မည် မဟုတ်ပေ။ ဓားပြီးခန္ဓာဆိုသည်မှာ ရှားမျိုးနွယ်များပင်မကြုံတွေ့ဖူးသည့် ကျင့်စဉ်တစ်ခု ဖြစ်လေသည်။

သို့သော်... ထိုခဏလေးအတွင်းမှာပင် အာဏာပါးကွက်သားသည် သူ၏မျက်လုံးများကိုပင် မယုံနိုင်လောင်အောင် ဖြစ်သွားရလေသည်။

ဝမ်ကျုန်း၏အလေင်းသည် ရွှံ့အိုင်တစ်ခုကဲ့သို့ အရည်ပျော်သွားကာ သံချောင်းများအလား ပြန်လည်ဖြစ်တည်လာလေသည်။

"စစ်သည်တော်တွေနဲ့ ဓားသွားတွေဟာ နတ်ဘုရားတစ်ပါးကို ဘယ်လိုလုပ်သုတ်သင်နိုင်မှာလဲ ၊ မိစ္ဆာစွမ်းအားဆိုတာ ဒေါသ တရားကနေ ဖြစ်တည်လာတာပဲ"

တာအိုကဗျာရွတ်ဆိုသံသည် ဝမ်ချန်နန်းတော်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

ထိုအသံကြောင့် တာ့ရှားဧကရာဇ်က ဒေါသထွက်သွားခြင်းမရှိ ပါ။

သူက အိပ်ယာထက်တွင်လဲလျောင်းနေသည့် ရဟန်းမင်းကြီးကို တစ်ချက်ကြည့်လိုက်ပြီး....

"ဒီလူရဲ့ဇာစ်မြစ်ကဘာများလဲ"

ရဟန်းမင်းကြီးသည် လဲလျောင်းနေရာမှ ခေါင်းအုံးကိုအသာ ထောင်မတ်ကာ အနည်းငယ်ခန္ဓာကိုယ်ကို မတ်အောင် ပြုပြင် လိုက်လေသည်။

"သူက စန့်ချင်ကျောင်းတော်က တပည့်တစ်ယောက်ဖြစ်ရမယ်"

"ဒါဆို သူက လင်ပေါင်ထျန်းကျွင်းရဲ့တပည့်လား...."

တာ့ရှားကေရာဇ်က မေးလိုက်လေသည်။ သူ၏မေးခွန်းတွင် မရေရာခြင်းများဖြင့် ပြည့်နက်နေလေသည်။

"သူက တတိယမျိုးဆက်ရဲ့တပည့်တစ်ယောက် ဖြစ်နိုင်တယ်၊ သူသာ လင်ပေါင်ထျန်းကျွင်းရဲ့တပည့်ဆိုရင်တော့ မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်နေလောက်ပြီပေါ့၊ ကြည့်ရတာ.... ဒီလိုရှေးကျတဲ့ကျင့်ကြံသူတွေ ပြန်ပြီးပေါ်ထွက်လာတာ ငါတို့သွားမယ့်လမ်းအတွက်တော့ အခက်အခဲတွေ ဖြစ်ကုန်တော့မှာပဲ၊ မင်းအနေနဲ့ တာ့ရှားပြည်ကိုစွန့်လွှတ်လိုက်တာက ပိုပြီးအသိဉာဏ်ရှိရာရောက်လိမ့်မယ်"

ရဟန်းမင်းကြီးက ပြောလိုက်လေသည်။

ဝမ်ကျုန်းသည် နှစ်ပေါင်းများစွာကြာအောင် ပျောက်ဆုံးနေသည့် ရှေးကျသည့်ကျင့်ကြံသူအုပ်စုတစ်စုမှ ပြန်လည်ပေါ်ထွက်လာသည့် ကျင့်ကြံသူတစ်ယောက် ဖြစ်နိုင်လေသည်။

အသူရာချောက်တွင် တာ့ရှားပြည်သည် ယခင်ကလို လက်ဝါးကြီးအုပ်ထိန်းချုပ်ထားနိုင်မည် မဟုတ်တော့ပေ။

တာ့ရှားဧကရာဇ်က ရဟန်းမင်းကြီးကို မီးဝင်းဝင်းတောက်နေသည့်အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ရင်း....

“တာ့ရှားပြည်မရှိမှတော့ ငါကိုယ်တော်က ဘယ်လိုလုပ်တာ့ရှားဧကရာဇ်လုပ်လို့ရတော့မလဲ ၊ ငါကိုယ်တော်က စစ်ဝမ်မင့်ရဲ့ အမွေအနှစ်တွေကို ကာကွယ်ပေးနေတာ ၊ လူတိုင်းက ငါကိုယ်တော်သာလျှင် တာ့ရှားဧကရာဇ်အစစ်အမှန်ဆိုတာကို သိစေရမယ်”

ရဟန်းမင်းကြီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“မင်းတို့နှစ်ယောက်က မတူဘူး ၊ ပြီးတော့ မင်းက တာ့ရှားဧကရာဇ်ဖြစ်ပါတယ်ဆိုတာကိုလည်း ဘယ်သူ့ကိုမှ လိုက်ပြီးသက်သေပြနေစရာမလိုပါဘူး”

တာ့ရှားကေရာဇ်က ရယ်မောလိုက်ရင်း အခန်းတွင်းမှ ထွက်ခွာသွားလေသည်။

ရဟန်းမင်းကြီးသည် တာ့ရှားကေရာဇ်၏ကျောပြင်ကို နက်ရှိုင်းသည့်မျက်ဝန်းတစ်စုံဖြင့် စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ တာ့ရှားကေရာဇ်သည် တစ်နေ့တခြား ကျင့်ကြံသူတစ်ယောက်နှင့် ပိုပြီးဆင်တူလာပြီဟု သူကတွေးနေမိလေသည်။

ရှားမျိုးနွယ်များနှင့် တော်ဝင်မျိုးနွယ်များသည် ပင်ကိုယ်မွေးရာပါတန်ခိုးစွမ်းအားများ တိုးတက်လာရန်သာ လေ့ကျင့်ကြပြီး တာအိုကျင့်စဉ်များကို ကျင့်ကြံလေ့မရှိကြပေ။ ထို့ကြောင့် သူတို့သည် ဝိညာဉ်စွမ်းအားအရာတွင် အားနည်းကြလေသည်။ သို့သော်... တာ့ရှားကေရာဇ်၏တန်ခိုးစွမ်းအားများကတော့ အကန့်အသတ်မဲ့လေသည်။ သူ၏ဝိညာဉ်စွမ်းအားများမှာလည်း ထူးခြားလှပြီး တာအိုလမ်းကြောင်းသို့ ပို့ဆောင်ပေးနိုင်စွမ်းရှိလေသည်။

တာ့ရှားကေရာဇ်သာ စစ်ဝမ်မင့်၏အဆင့်သို့ ရောက်ရှိသည်

အထိ ကျင့်ကြံနိုင်မည်ဆိုလျှင် ဆန်းလျန်နှင့် ထျန်းယီကို

အလွယ်လေးပင် သတ်ဖြတ်ပစ်နိုင်မည် ဖြစ်လေသည်။

အသူရာချောက်တွင် ရှေးကျသည့်ကျင့်ကြံသူအုပ်စု ပြန်လည်

ပေါ်ထွက်လာခဲ့လျှင်တောင်မှ တာ့ရှားကေရာဇ်သည် နဂို

အတိုင်းတည်ရှိနေနိုင်မည် ဖြစ်လေသည်။

…………………………….

ဆန်းလျန်သည် ကျီဝေးကျောင်းတော်ထဲတွင် ထိုင်နေလေ

သည်။

ကျီဝေးကျောင်းတော်အပြင်ဘက်တွင်တော့ တာ့ကြွယ်ကျောင်း

တော်မှ ဘုန်းတော်ကြီးမှ ဆန်းလျန်ရေးဆွဲထားသည့် စက်ဝန်း

ထဲမှ လွတ်မြောက်ရန်အတွက် အပြင်းအထန်ကြိုးစားနေလေ

သည်။

သူက ဝမ်ချန်နန်းတော်ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်ရင်း….

“မင်းက မက်မွန်ပင်ကိုကယ်တင်ချင်တာနဲ့ပဲ ဇီးသီးပင်က ခုတ်လှဲပစ်ခဲ့တယ်ပေါ့…”

ဟု ရေရွတ်လိုက်လေသည်။

ထိုအချိန်မှာပင်…

စကြာဝဠာအတွင်းမှ တန်ခိုးစွမ်းအားငါးခု ပေါက်ကွဲသွားပြီး တိချိုးမြို့တော်သို့ ကျရောက်လာလေသည်။

ထိုတန်ခိုးစွမ်းအားငါးခုအနက် လေးခုမှာ နေ ၊ လ ၊ ကြယ်တာယာများနှင့်ပင် ယှဉ်ပြိုင်နိုင်သည့် စွမ်းအားများရှိလေသည်။ ထိုတန်ခိုးစွမ်းအား ရောင်စဉ်များသည် တိမ်များပေါ်တွင် လှည့်ပတ်သွားလာနေသည်ကို တွေ့မြင်နိုင်လေသည်။

ရာသီဥတုမှာလည်း အံ့မှိုင်းခြင်းလုံးဝမရှိဘဲ ကြည်လင်နေပြီး ပတ်ဝန်းကျင်တစ်ခုလုံးက ပြီးပြည့်စုံနေလေသည်။

ဗလာနယ်၏အစွန်းတစ်ဖက်တွင် လေးလံထူထဲသည့်အနက်ရောင်စာအုပ်တစ်အုပ်ရှိသည်ကို ဆန်းလျန် ရုတ်တရက်နားလည်သဘောပေါက်သွားရလေသည်။

ထိုစာအုပ်သည် အသူရာချောက်၏ မူလအရင်းအမြစ်ဖြစ်ပြီး ထိုစာအုပ်ကို ထိန်းချုပ်နိုင်သူသည် အသူရာချောက်၏အရှင်သခင် ဖြစ်ရမည် ဖြစ်လေသည်။

အခန်း (၅၂၅) ခေတ်ရေစီးကြောင်း

ထိုစာအုပ်သည် "သေခြင်းရှင်ခြင်းစာအုပ်" ပင် ဖြစ်လေသည်။

သေခြင်းရှင်ခြင်းစာအုပ်သည် အသူရာချောက်၏အရင်းအမြစ် ၊ စကြာဝဠာ၏မူလစွမ်းအားဖြစ်တည်ရာ ၊ သက်ရှိ အားလုံး၏ဖြစ်တည်မှုနှင့် သံသရာလည်ခြင်း၏ လျှို့ဝှက်ချက်များကို ပြသနိုင်သည့် စာအုပ်တစ်အုပ် ဖြစ်လေသည်။

သေခြင်းရှင်ခြင်းစာအုပ်ကို စိတ်ဝင်စားနေသူမှာသူ တစ်ယောက်တည်းမဟုတ်ကြောင်း ဆန်းလျန်သိထားလေ သည်။

ထို့ပြင် တစ်စုံတစ်ယောက်က အသူရာချောက်၏အရင်းအမြစ် ဖြစ်သည့် သေခြင်းရှင်ခြင်းစာအုပ်ကို အသုံးပြုနိုင်ရန် ကြိုးစား မည်ဆိုပါက ထိုသူသည်ကြီးမားသောခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်လေသည်။

ဆန်းလျန်သည် တိချိုးမြို့တော်၏ တန်ခိုးစွမ်းအားများ အဘယ်ကြောင့်ရုတ်တရက်ပြောင်းလဲသွားသည်ကို သေချာမ

သိရှိသေးပါ။ သို့သော် ဝမ်ကျုန်းနှင့် ဆက်စပ်နေမည်ဆိုသည်ကိုတော့ သေချာသိထားလေသည်။ ပို၍တိတိကျကျပြောရလျှင် ဝမ်ကျုန်း၏ဆရာနှင့် ဆက်စပ်နေနိုင်လေသည်။

ဝမ်ကျုန်း၏ဆရာသည် ထိုက်ယီထျန်းရှန်းအဆင့်ထက်ပင်မြင့်မားသည့် ရှေးကျသည့်နတ်ဘုရားတစ်ပါး ဖြစ်ကြောင်း ဆန်းလျန်ခန့်မှန်းမိလေသည်။

အသူရာချောက်သည် ရှေးခေတ်တရုတ်ပြည်သမိုင်းနှင့် ဆက်စပ်မှုရှိနေသည်ကို ဆန်းလျန်က သတိပြုမိထားပြီးသားဖြစ်လေသည်။ သို့သော်... လျှို့ဝှက်ချက်များသည် တဖြည်းဖြည်းပေါ်ထွက်လာမည်ဖြစ်ပြီး အရာအားလုံးသည် စိတ်ဝင်စားဖွယ်အတိ ဖြစ်နေလေတော့သည်။

ကျီဝေးကျောင်းတော်အပြင်ဘက်တွင် ပုနန်ဆရာတော်သည် ဆန်းလျန်ပြုလုပ်ထားသည့် စက်ဝန်းထဲမှ လွတ်မြောက်ရန် အတွက်အသဲအသန်ကြိုးစားနေလေသည်။

ထိုအချိန်တွင် တိချိုးမြို့တွင် တန်ခိုးစွမ်းအားပြောင်းလဲမှုများ ရုတ်တရက် ဖြစ်ပေါ်လာသည့်အခါ ပုန်ဆရာတော်မှာ မည်သို့မှ နားမလည်နိုင် ဖြစ်သွားရလေသည်။

သူသည် ဆန်းလျန်၏ စက်ဝန်းအတွင်းမှ မထွက်နိုင်ဘဲ အိပ်မက်ကမ္ဘာတွင် ရောက်နေသူတစ်ယောက်အလား ခံစားနေရလေသည်။

ပုန်ဆရာတော်သည် တာ့ကြွယ်ကျောင်းတော်မှ အထင်ရှားဆုံး တပည့်တစ်ယောက်ဖြစ်သည့်တိုင် ဆန်းလျန်ဖန်ဆင်းထားသည့်စက်ဝန်းကို ကျော်လွှားနိုင်ခြင်းမရှိပေ။ နောက်ဆုံးတွင်တော့ စိတ်အေးအေးထားပြီး ဖြေရှင်းရမည်ဖြစ်ကြောင်း ဆရာတော် နားလည်သဘောပေါက်သွားလေသည်။

လွတ်မြောက်ရန်အတွက် အလောတကြီးကြိုးစားပါက ပိုပြီး ခက်ခဲမည် ဖြစ်လေသည်။

ဆန်းလျန်သည် ပုနန်ဆရာတော်ကို တိတ်တဆိတ်လေ့လာနေ

လေသည်။

ဆန်းလျန်သည် ဗုဒ္ဓဘာသာကျင့်စဉ်များကို ကျင့်ကြံသူမဟုတ်

သည့်တိုင် ပုနန်ဆရာတော်ကို ကူညီရန်ရည်ရွယ်ချက် ဖြင့်ထိုသို့

ပြုလုပ်ခဲ့ခြင်း ဖြစ်လေသည်။

လက်ရှိအဆင့်ကိုကျော်လွှားနိုင်မှသာလျှင် ပုနန်ဆရာတော်

သည် ကျင့်စဉ်လမ်းတွင် ရှေ့သို့ဆက်နိုင်မည်ဖြစ်ပြီး

အရည်အချင်းပြည့်မီသည့်ဘုန်းတော်ကြီးတစ်ပါးဖြစ်လာမည်

ဖြစ်လေသည်။

....

တာအိုဆရာမုကျန်းမှာတော့ ဝမ်ချန်နန်းတော်၏ တောင်

ဘက်တံခါးတွင် ရပ်နေလေသည်။

ထိုအချိန် ဝမ်ချန်နန်းတော်ဆီမှ တန်ခိုးစွမ်းအားပေါက်ကွဲမှုတစ်

ခုကို ခံစားလိုက်ရလေသည်။ ထိုတန်ခိုးစွမ်းအားမှာ ဓားတစ်

လက်အလား ထက်ရှလွန်းသည့်အတွက် မုကျန်းမှာကြောက်ရွံ့

ထိတ်လန့်သွားမိလေသည်။ သူသည် တာ့ရှားကေရာဇ်ကို ပိုပြီး ကြောက်ရွံ့လာကာ ရှမ်ကျန်းကျောင်းတော်ကို တာ့ရှားပြည်မှ ရွှေ့ပြောင်းသွားရန် ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်မိတော့သည်။

အတိတ်တစ်ချိန်ကတော့ ရှမ်ကျန်းကျောင်းတော်မှ ဆရာသခင် ခုနစ်ပါးသည် တာ့ရှားကေရာဇ်ကို တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ကြဖူးလေသည်။ သို့သော် နှစ်များစွာကြာလာသည်နှင့်အမျှ တာ့ရှားကေရာဇ်၏တန်ခိုးစွမ်းအားများက တဖြည်းဖြည်းမြင့်မားလာပြီး ရှမ်ကျန်းကျောင်းတော်သည်လည်း တာ့ရှားကေရာဇ်၏ထိန်းချုပ်မှုကို ခံလိုက်ရလေသည်။

တာ့ရှားကေရာဇ်သည် သူ၏တန်ခိုးစွမ်းအားများကို မည်သည့်အခါမှ ဖုံးကွယ်ထားလေ့မရှိပါ။ နေ နှင့် လ ကဲ့သို့ပင် သူ၏တန်ခိုးစွမ်းအားများသည် အမြဲတမ်းထွန်းလင်းလျှက်ရှိလေသည်။

မုကျန်းသည် တောင်ဘက်တံခါးအတွင်းသို့ အသာဝင်လိုက်သည်။

အသက်ပင် ပြင်းပြင်းမရှူဝံ့ဘဲ ခိုးကြောင်ခိုးဝှက်ဖြင့် ဝင်လာခြင်းဖြစ်လေသည်။ သူက အဖြူရောင် ဓားဝိညာဉ်တစ်ချက်လင်းလက်သွားသည်ကို မြင်တွေ့လိုက်ရသည့်တိုင် မည်သည့်အလောင်းမှ သယ်ထုတ်လာသည်ကို မတွေ့ရပေ။

“မင်း ကျုပ်ကိုစောင့်နေတာလား”

အသံကြောင့် မုကျန်းမှာ ထိတ်လန့်သွားပြီး လှည့်ကြည့်လိုက်သည့်အခါတွင်တော့ အစိမ်းရောင်ဦးရစ်တန်ဆာကို ဆင်မြန်းထားပြီး အဖြူတစ်ဝက်အနက်တစ်ဝက်ဆံနွယ်များကိုပိုင်ဆိုင်သည့် လူရွယ်တစ်ယောက်ကိုတွေ့လိုက်ရလေသည်။ ထိုသူသည် အနက်ရောင်ယူနီကွန်းကြီးကို စီးနင်လာလေသည်။ ထိုသူ၏အကြည့်မှာ အခြားသောကျင့်ကြံသူများနှင့်မတူဘဲ အလွန်တောက်ပနေလေသည်။

မုကျန်းက ထိုသူကို ဦးညွှတ်လိုက်ရင်း...

“တိုင်းပြည်အကြံပေးအမတ်မင်းက အကြံပေးလိုက်လို့ ကျုပ်ဒီကိုရောက်လာရတာပါ”

“တိုင်းပြည်အကြံပေးအမတ်မင်း ဟုတ်လား”

ဝမ်ကျုန်းက ခေါင်းကိုအသာစောင်းကာ မေးခွန်းထုတ်လိုက်သည်။

ထို့နောက် သူ၏လက်ချောင်းများကို အသာကွေးညွှတ်လိုက်ပြီး တွက်ချက်ကြည့်လိုက်လေသည်။

“အော်... လက်စသတ်တော့ သူကိုး ၊ ပြီးတော့ မင်းကလည်း ရွှမ်ကျန်းကျောင်းတော်က ဖြစ်ရမယ် ၊ ရွှမ်ကျန်းဆရာသခင်ခုနစ်ပါးရဲ့ တပည့်တစ်ယောက်ပဲ မဟုတ်လား”

“ကျုပ်နာမည် မုကျန်းလို့ခေါ်ပါတယ် ၊ ကျုပ်ရဲ့ဆရာက လောကနတ်ဘုရား ချန်စန်းကျီပါ”

မုကျန်းက လေးလေးစားစားဖြင့်ပင် ပြန်ဖြေလိုက်လေသည်။

"အိုး... သူ့ကိုသိတာပေါ့။ လွန်ခဲ့တဲ့နှစ်တွေတုန်းက ကျုန်းလီတောင်မှာ ကျုပ်ဆေးပင်တွေသွားခူးခဲ့သေးတယ်။ ချန်စန်းကျီက နတ်မိစ္ဆာတွေကို သူ့ဓားနဲ့ တစ်ချက်တည်းသုတ်သင်ပစ်လိုက်တာကို ကျုပ်မြင်ဖူးခဲ့တယ်။ အဲဒီတုန်းက သူ့ကို တကယ့်ကိုရှားပါးတဲ့သူရဲကောင်းပဲလို့ တွေးခဲ့မိတာ။ သူကတခြားသူတွေနဲ့မတူဘူး။ တကယ်ဆို ကျုပ်လည်း သူ့ကိုတွေ့ချင်နေတာ။ ဒါပေမယ့် ခရီးထွက်လာရင်း အဲဒီကိစ္စကိုမေ့သွားမိတယ်"

ဝမ်ကျုန်းက သူ၏မေးစေ့ကိုပွတ်သတ်ရင်း ပြောလိုက်လေသည်။

မုကျန်းမှာလည်း တိုက်ဆိုင်မှုများကို ပြန်လည်အမှတ်ရလိုက်မိလေသည်။

လွန်ခဲ့သည့်အနှစ်လေးဆယ်ခန့်က ချန်စန်းကျီသည် ကျုန်းလီတောင်သို့ သွားခဲ့ဖူးလေသည်။ ထိုတောင်တွင် သောင်းကျန်းနေသည့် ဝိညာဉ်မိစ္ဆာငါးပါးရှိလေသည်။ ချန်စန်းကျီက သူ၏ဓား

တစ်ချက်တည်းဖြင့် ထိုဝိညာဉ်များအားလုံးကို သုတ်သင်ပစ်ခဲ့လေသည်။

ထို့နောက်တွင်တော့ ချန်စန်းကျီသည် မူလဝိညာဉ်ခန္ဓာကိုရရှိပြီး လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်သွားခဲ့လေသည်။ ဝိညာဉ်မိစ္ဆာများကို သုတ်သင်ပြီးသည့်အခါတွင်တော့ သူ့ကို လူတစ်ယောက် ကတိတ်တဆိတ်ကြည့်နေသည်ကို ချန်စန်းကျီက သတိပြုခဲ့မိလေသည်။ သို့သော် ထိုသူက သူ့ကို အန္တရယ်ပြုခဲ့ခြင်း မရှိပေ။

ချန်စန်းကျီက မုကျန်းကို ထိုအဖြစ်အပျက်များကို ပြန်လည်ပြောပြခဲ့လေသည်။ ထို့နောက် ကမ္ဘာကြီးသည် မည်မျှကျယ်ပြန့်ကြောင်းနှင့် အမြဲတမ်းကိုယ့်ကိုကိုယ်နှိမ့်ချပြီး သတိတရားဖြင့်နေသင့်ကြောင်း သင်ပြပေးခဲ့လေသည်။

မုကျန်းကခေါင်းတစ်ချက်ညိတ်လိုက်ရင်း…

“ဆရာလည်း အဲဒီအကြောင်းပြောပြဖူးပါတယ်၊ ကြည့်ရတာ ဆရာနဲ့ ခင်ဗျားနဲ့က ရေစက်ပါတယ်ထင်ပါရဲ့”

ဝမ်ကျုန်းကပြုံးလိုက်ရင်း....

“ရွှမ်ကျုန်းကျောင်းတော်က စစ်မှန်တဲ့ကျင့်စဉ်လမ်းကို လိုက်တဲ့ ကျောင်းတော်တစ်ခုပါပဲ၊ ပြီးတော့ မင်းမှာလည်း ကျုပ်ကို အကူအညီတောင်းစရာတစ်ခုခုရှိနေမယ်ဆိုတာ ကျုပ်သိထားတယ်၊ ယင်းစန်းဟာ တာ့ရှားပြည်နေရာမှာ အစားထိုးလိမ့်မယ်ဆိုတာ ကြိုတင်တွက်ချက်ထားပြီးသားပါ၊ ဒါကြောင့် မင်းတောင်းတဲ့အကူအညီကလည်း သိပ်မခက်လှပါဘူး၊ မင်း ကျုပ်နောက်လိုက်ချင်တဲ့ဆန္ဒရှိရင် အနာဂတ်မှာ အောင်မြင်မှုတွေ အများကြီးရနိုင်တယ်”

ဝမ်ကျုန်း၏စကားကြောင့် မုကျန်းမှာ ဝမ်းသာသွားလေသည်။

“တိုင်းပြည်အကြံပေးအမတ်မင်းနဲ့ ခင်ဗျားက တကယ့်ကို ထူးခြားတဲ့ပုဂ္ဂိုလ်တွေပါပဲ ၊ ခင်ဗျားနောက်ကိုလိုက်ဖို့ ကျုပ် ဆန္ဒရှိပါတယ်”

ဝမ်ကျုန်းကရယ်မောလိုက်ရင်း…

“အဲဒီလူက တကယ်ထူးခြားတဲ့သူပါပဲ ၊ ကျုပ်လည်း ကျုပ်ကို ကူညီပေးမယ့် အထောက်အပံ့တွေလိုနေတာ သူကရိပ်မိပုံရ တယ် ၊ ယင်းစန်းကိုရောက်ရင်တော့ ရွှေကျန်းကျောင်းတော်ရဲ့ ကိစ္စအားလုံး ကျုပ်တာဝန်သာထားလိုက်တော့”

ဝမ်ကျုန်းသည် ဓားနှင့်အစစ်ဆေးခံခြင်းမှ ကင်းလွတ်ခဲ့ပြီး သည့်နောက်ပိုင်း သူ၏တာအိုစွမ်းအားများမှာလည်း များစွာ တိုးတက်လာခဲ့လေသည်။

သူက သဘာဝနိယာမတရားများကို ပိုမိုနားလည်လာခဲ့ပြီး ယင်း စန်းကို တာ့ရှားပြည်နေရာတွင် အစားထိုးနိုင်မည်ဟု နားလည် သဘောပေါက်ခဲ့လေသည်။ မကြာမီ ယင်းစန်းသည် ကျင့်ကြံ

သူများ၏နယ်မြေဖြစ်လာပြီး ခေတ်တစ်ခေတ် ပြောင်းလဲလိမ့်မည် ဖြစ်လေသည်။

အမှန်တော့ ရှားမျိုးနွယ်များသည် သူတို့၏အရင်းအမြစ်များကို ပေါ့ပေါ့တန်တန်သဘောထားခဲ့ခြင်းကြောင့်သာ ကျဆုံးသည့်ဘက်သို့ ဦးတည်ရခြင်းဖြစ်လေသည်။

ဝမ်ကျုန်းသည် အင်အားများကိုစုစည်းရန် စတင်လုပ်ဆောင်တော့မည်ဟု ဆုံးဖြတ်ထားလေရာ သူ့ထံသို့ချဉ်းကပ်လာသည့်မုကျန်းကို ငြင်းဆိုဖွယ်ရာအကြောင်း မရှိပေ။ ထို့ပြင် ရွှမ်ကျန်းကျောင်းတော်ကို တည်ထောင်သူဆရာသခင်မှာလည်း ထင်ရှားသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်လေသည်။ ထို့ကြောင့် ရွှမ်ကျန်းကျောင်းတော်ကို ကာကွယ်ပေးခြင်းမှာ သူ့အတွက်လက်ရှိအချိန်တွင် အကျိုးမရှိနိုင်သေးသည့်တိုင် နောင်တစ်ချိန်တွင်အကျိုးကျေးဇူးရနိုင်လေသည်။

မုကျန်းသည် ဝမ်ကျုန်းအပေါ်တွင် အနည်းငယ်သံသယဝင်နေသည့်တိုင် သူ၏အတွေးများကို ဝမ်ကျုန်းမသိအောင် ဖုံးကွယ်ထားလိုက်လေသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ သိပါရစေ"

မုကျန်းက မေးလိုက်လေသည်။

"ဒီပုဂ္ဂိုလ်က ယင်းစန်းရဲ့မင်းဆရာကြီး ဝမ်ကျုန်းပါပဲ ၊ မုကျန်း... မင်းသူ့အပေါ်မှာ သံသယဝင်စရာမရှိပါဘူး"

တည်ငြိမ်အေးချမ်းလွန်းသည့်အသံတစ်သံကို ကြားလိုက်ရလေသည်။

ထိုအသံသည် ထျန်းယီအကြီးအကဲ၏အသံပင် ဖြစ်လေသည်။

မုကျန်းမှာ ထိုအသံကြောင့် အံ့သြထိတ်လန့်သွားရလေသည်။

ထျန်းယီအကြီးအကဲသည် ရှားထိုက် အကျဉ်းထောင်အတွင်းတွင် ချုပ်နှောင်ခံထားရသည့်တိုင် ဖြစ်ပျက်သမျှကိုစွရပ်တိုင်း

ကို သိရှိနေလေသည်။ အလွန်မှ ကြောက်မက်ဖွယ်ရာကောင်း
သူတစ်ယောက်ပင်။
ဝမ်ကျုန်းသည် ရှားထိုက်အကျဉ်းထောင်ရှိရာအရပ်သို့ တစ်
ချက်လှမ်းကြည့်လိုက်ပြီး...
“ဒီလူက တကယ့်ပါရမီရှင်ပဲ ၊ ဒါပေမယ့် ကျုပ်ရဲ့ဆရာပြောတာ
ကတော့ ထျန်းယီဟာ သေခြင်းတရားနဲ့အစစ်ဆေး ခံရပြီး
ကျော်လွှားနိုင်မှာမဟုတ်ဘူးတဲ့ ၊ ဒါပေမယ့် သူ့ရဲ့တန်ခိုး
စွမ်းအားတွေကတော့ စစ်ဝမ်မင့်နီးပါး စွမ်းအားကြီးမားလာ
လိမ့်မယ်တဲ့”
“ကျုပ်နားလည်ပါပြီ...”
မုကျန်းက ပြောလိုက်လေသည်။
“အစ်ကိုဝမ် ၊ ခင်ဗျားက ခရီးအဝေးကြီးကလာခဲ့ရတာ ၊ ကျုပ်
က ခင်ဗျားကိုကောင်းကောင်းဧည့်ခံသင့်တယ် ၊ ဒါပေမယ့်
အခြေအနေကလည်းမပေးတော့ ဧည့်မခံနိုင်တာ စိတ်မရှိပါနဲ့”

ထျန်းယီအကြီးအကဲ၏အသံက ဆက်လက်ထွက်ပေါ်လာလေ

သည်။

အခန်း (၅၂၆) ယွမ်ကျွင်းကေရီ

ဝမ်ကျုန်းက ခေါင်းတစ်ချက်ညိတ်ရင်းပြုံးလိုက်လေသည်။

ထို့နောက် သူက အကျႌလက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်ပြီး မု

ကျန်းကို အနက်ရောင်ယူနီကွန်းကြီးထက်သို့ခေါ်ယူလိုက်လေ

သည်။ အနက်ရောင်ယူနီကွန်းကြီးသည် ကျုံးဝါးသံတစ်ချက်

ပြုလုပ်ပြီး ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေ

တော့သည်။

ထိုအချိန်တွင်...

တောင်ဘက်တံခါးတွင် လူတစ်ယောက်ပေါ်လာလေသည်။ ထို

သူမှာ အာဏာပါးကွက်သားဖြစ်လေ၏။ သူသည် အနက်ရောင်

ယူနီကွန်းကြီးကို စီးနှင်ကာထွက်ခွာသွားသည့် ဝမ်ကျုန်းကို

ကြည့်ပြီး မကျေမနပ်ဖြစ်နေလေသည်။ သူက ဝမ်ကျု

န်း၏ကျောပြင်ကို လက်ညိုးငေါက်ငေါက်ထိုးလိုက်ပြီး...

“တစ်နေ့တော့ မင်းငါ့လက်ထဲမှာ သေရမယ်”

အာဏာပါးကွက်သားသည် ဝမ်ကျုန်းကို ကျိန်ဆဲနေသည့်တိုင်

သူ၏စိတ်ထဲတွင်တော့ ဝမ်ကျုန်းကို လေးစားအားကျနေမိလေ

သည်။ ရှားမျိုးနွယ်များသည် ကျင့်ကြံသူများထက်သာလွန်

သည်ဆိုသည့်အချက်ကို သူ့ဘဝတွင် ပထမဆုံးအကြိမ်အဖြစ်

သံသယဝင်လာခဲ့လေသည်။ မည်မျှပင် တန်ခိုးစွမ်းအားမြင့်မား

ပါစေ ပြိုင်ဘက်ကိုအနိုင်မယူနိုင်ပါကရယ်စရာပင် ဖြစ်ပေလိမ့်မည်။

"ယွင်ကျုန်းအရှင်... မင်းကြီးကအမိန့်ပေးလိုက်ပါတယ်၊ နဂါးဓားကျိုးသွားပြီဖြစ်လို့ အာဏာပါးကွက်သားအဖြစ် ဆက်ပြီးတာဝန်ထမ်းဆောင်စရာမလိုတော့ဘူးတဲ့၊ အိမ်ပြန်ပြီး ကိုယ့်အမှားကိုယ် သုံးသပ်ပါတဲ့"

ဝမ်ချန်နန်းတော်အတွင်းမှ ဘုရင့်အမိန့်စာလိပ်တစ်ခုကိုကိုင်ကာ မိန်းမစိုးတစ်ယောက်ထွက်လာပြီး ပြောလိုက်လေသည်။

အာဏာပါးကွက်သား၏အမည်မှာ ယွမ်ကျုန်းဖြစ်လေသည်။ သူ၏မျိုးနွယ်မှာ ယွမ်ဖြစ်ပြီး ရှေးဟောင်းမျိုးနွယ်ရှစ်ခုမှ ဆင်းသက်လာသည့် အနွယ်တော်တစ်ယောက်ဖြစ်လေသည်။ ထို့ပြင် သူ၏မိခင်မှာလည်း ရှားမျိုးနွယ်တော်ဝင်မင်းသမီးတစ်ပါးဖြစ်လေသည်။

သူက တောင်ဘက်တံခါးတွင် အာဏာပါးကွက်သားအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်ခါမှ ကျရှုံးခဲ့ခြင်းမရှိပေ။

ယွမ်ကျုန်းအရှင်က..

“မင်းကြီး ၊ ကျုပ်က မင်းကြီးအပေါ်နှစ်ပေါင်းများစွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့တာ ၊ အခုတော့ အမှားလေးတစ်ခု အတွက်နဲ့ ကျုပ်ကို ရာထူးကဖြုတ်တယ် ၊ တကယ့်ကို တာ့ရှားဧကရာဇ်ပီသပါပေတယ် ၊ ကျုပ်အတွက် အမှားကိုပြန်သုံးသပ်စရာမလိုဘူး ၊ အခုချိန်ကစပြီး ကျုပ်ဟာ တာ့ရှားပြည်နဲ့ မပတ်သက်တော့ဘူး”

သူက သူ၏အရာရှိဝတ်ရုံကို ချက်ချင်းပင်ချွတ်ပစ်လိုက်လေသည်။

ထို့နောက် သူ့ထံမှ တန်ခိုးစွမ်းအားပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်လာကာ တောင်ဘက်တံခါးမှာ ပြိုကျသွားလေသည်။

မိန်းမစိုးက ထိတ်လန့်စွာဖြင့်...

“မင်းက တော်ဝင်မျိုးနွယ်သွေးအဖြစ်ကို စွန့်လွှတ်တော့မလို့လား”

ယွမ်ကျုန်းကျွင်းက အဝတ်ဖြူတစ်ထည်ကိုယူလိုက်ကာ သူ့ခန္ဓာကိုယ်တွင် ရစ်ပတ်လိုက်လေသည်။

“သွားပြီဆိုမှတော့ အကုန်ဖြတ်ခဲ့တာပဲကောင်းတယ်”

တာ့ရှားဧကရာဇ်သည် ထိုမြင်ကွင်းကိုကြည့်နေပြီး မပြုံးဘဲမနေနိုင်တော့ပေ။

“ဒီကလေးကတော့လေ...”

ဟုသာ ရေရွတ်လိုက်လေသည်။

အမှန်တော့ တောင်ဘက်တံခါးမှ အာဏာပါးကွက်သားရာထူးသည် အရေးပါသည့်ရာထူးတစ်ခု ဖြစ်လေသည်။ တာ့ရှားပြည်၏ ရန်သူတော်များကို ကောင်းစွာသတ်ဖြတ်ပစ်နိုင်ခြင်းမ

ရှိသူကို ခန့်ထားမိပါက တာ့ရှားပြည်သာလျှင် အရှက်ရစရာဖြစ်ပေလိမ့်မည်။

ယွင်ကျုန်းသည် တစ်ခါမှ တာဝန်ပျက်ကွက်ခဲ့သည်ဟူ၍ မရှိခဲ့ပေ။

ယနေ့ကြုံတွေ့ရသည့်အဖြစ်အပျက်ကတော့ ရှားပါးသည့် မတော်တဆမှုသာဖြစ်ပြီး တာ့ရှားဧကရာဇ်အနေဖြင့် သူ့ကို ရာထူးမှဖယ်ရှားသည်အထိ အရေးယူဖို့ မလိုအပ်ပေ။ သို့သော် တာ့ရှားဧကရာဇ်ကတော့ သူ့ကို ရာထူးမှဖယ်ရှားပစ်ခဲ့လေသည်။

ယွင်ကျုန်း၏အပြုအမူများကို ရပ်ကြည့်နေသည့် တာ့ရှားဧကရာဇ်ကို တွေ့မြင်သူများက ဧကရာဇ်သည် စိတ်ကောင်းဝင်နေသည့်အတွက်ကြောင့် ယွင်ကျုန်းကိုလွှတ်ပေးလိုက်သည်ဟု ထင်မှတ်ပေလိမ့်မည်။ အမှန်တော့ ထိုသို့မဟုတ်ပေ။

ဧကရာဇ်သည် ယွင်ကျုန်းကို ချစ်ခင်သည့်အတွက်သာ လွှတ်ပေးခဲ့ခြင်း ဖြစ်လေသည်။

အမှန်တော့ ဝမ်ချန်နန်းတော်သည်လည်း နဂါးတစ်ကောင်မွေးဖွားလာဖို့ရန်အတွက် အလွန်သေးငယ်သည့် နေရာတစ်ခု ဖြစ်ခဲ့ပါသည်။

ယွင်ကျုန်းသည် တာဝန်များနှင့်ကင်းဝေးသွားလျှင် ပိုပြီး တိုးတက်လာနိုင်သည့် တန်ခိုးစွမ်းအားရှိသူတစ်ယောက် ဖြစ်ကြောင်း တာ့ရှားဧကရာဇ်နားလည်ထားလေသည်။

တာ့ရှားပြည်တွင် မုန်တိုင်းထန်လေတိုင်း တာ့ရှားဧကရာဇ်သည် ကောင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်ချည်းပင် ဖြစ်လေသည်။

ဧကရာဇ်သည် လက်ပိုက်ထားရင်းမှ ကောင်းကင်သို့ တစ်ချက် မော့ကြည့်လိုက်လေသည်။

"မင်းကိုငါ ပြုစုပျိုးထောင်ပေးခဲ့တာ ၊ ငါ့ကိုပြန်သတ်ဖို့အထိ တော့ မတွေးလောက်ဖူးထင်ရတာပဲ"

ထို့နောက် တာ့ရှားကေရာဇ်သည် လက်တစ်ဖက်ကို ဆန့်တန်း လိုက်လေရာ အနက်ရောင်ဓားကောက်ကြီးသည် တာ့ရှား ကေရာဇ်၏လက်ထဲသို့ ပျံသန်းရောက်ရှိလာလေသည်။

ထို့နောက် သူ၏အခြားလက်တစ်ဖက်တွင် ကျောက်ပြားတစ် ချပ်ပေါ်လာလေသည်။

"မူလစွမ်းအားရှိသူတွေဟာ မရှိတဲ့အရာတွေဆီကနေရယူပြီး ရှိ တဲ့အရာတွေဆီကိုပဲ ထပ်ဖြည့်ပေးတယ်"

တာ့ရှားကေရာဇ်သည် ကျောက်ပြားထက်တွင် စာလုံးများရေး ထွင်းလိုက်လေသည်။

စာလုံးတိုင်းသည် သွေးများဖြင့်အတိဖြစ်နေပြီး မိစ္ဆာစွမ်းအား များ လွှမ်းမိုးနေလေသည်။

အလွန်မှ တုန်လှုပ်ခြောက်ခြားစရာကောင်းလှပေ၏။

....

တုန်းချန်အရပ် ၊ “ယင်း” ခြံဝန်း…။

လူငယ်လေးတစ်ယောက်သည် သစ်သားဓားတစ်လက်ဖြင့် ဓား

သိုင်းလေ့ကျင့်နေလေသည်။

သူ၏ဓားသိုင်းကစားဟန်သည် အဆုံးမဲ့စီးဆင်းနေသည့်

ကြယ်တာရာစီးဆင်းမှုများအလား သဘာဝကျလွန်းလှလေ

သည်။

ထိုလူငယ်မှာ ဝူတင်ဖြစ်လေသည်။

“တာအိုရဲ့သဘောသဘာဝက ပိုလျှံနေတဲ့အရာတွေဆီကနေ

ရယူပြီး ပြတ်လပ်နေတဲ့အရာတွေကို ထောက်ပံ့ပေးတာပဲ”

ကွမ်းလုန်ကျီက ရေရွတ်လိုက်လေသည်။

ထို့နောက် သူသည် အံ့သြသည့်မျက်ဝန်းများဖြင့် ဝူတင်ကို

ကြည့်နေလေသည်။

ဝူတင်၏ဓားသိုင်းပညာမှာ အလွန်တိုးတက်လာပြီး မိုးမြေ

နိယာမတရားများကို ကျော်လွန်နေပြီ ဖြစ်လေသည်။ သူ၏

ဝိညာဉ်သည် ကောင်းကင်ကြယ်စင်များထံသို့ ဝင်ရောက်စပြု

နေပြီ ဖြစ်လေသည်။

ကျင့်ကြံသူအများစုသည် ဝူတင်ရောက်ရှိနေသည့်အဆင့်တွင်

ပင် ရှေ့မဆက်နိုင်ဖြစ်နေကြရသော်လည်း ယခုအချိန်တွင် ဝူ

တင်ကတော့ ကောင်းကောင်းကျော်ဖြတ်နိုင်ခဲ့ပြီ။

“တော်လိုက်တဲ့တပည့်လေး…”

ကောင်းကင်ထက်မှ ရယ်မောသံနှင့်အတူ စကားသံတစ်

သံထွက်ပေါ်လာလေသည်။

ဝူတင်မှာ သူ၏ဓားကို မရုတ်သိမ်းနိုင်မီမှာပင် မြေကြီးတစ်ခု

လုံးတုန်ခါသွားပြီး တိမ်ခိုးတိမ်စများဖြင့် ဖုံးလွှမ်းနေသည့် ယူနီ

ကွန်းကြီးသည် မြေပြင်ထက်သို့ ဆင်းသက်လာလေသည်။

ယူနီကွန်းကြီးထက်တွင် လူနှစ်ယောက်ရှိနေလေသည်။ ဝမ်ကျု

န်းနှင့် မုကျန်းပင် ဖြစ်လေ၏။

မုကျန်းသည် ယူနီကွန်းကြီးအပေါ်မှဆင်းလိုက်ပြီး ဝူတင်ကို ယဉ်ကျေးစွာဖြင့် နှုတ်ဆက်လိုက်လေသည်။

"ကျုပ်က မုကျန်းလို့ခေါ်ပါတယ်၊ သခင်လေးကျီကျောက်ကို နှုတ်ဆက်ပါတယ်"

ဝူတင်မှာ မုကျန်းကို ရင်းနှီးသလိုခံစားနေမိလေရာ နာမည်ကို ကြားတော့မှ မှတ်မိသွားပြီး ပြုံးလိုက်လေသည်။

"ခင်ဗျားက ရွှမ်ကျန်းကျောင်းတော်က ဆရာသခင်မုကျန်း ကိုး..."

ဟု ပြောလိုက်လေသည်။

ရွှမ်ကျန်းကျောင်းတော်သည် တာ့ရှားပြည်တွင်တော့ ဖိနှိပ်ခံ ဖြစ်သည့်တိုင် ယင်းစန်းအတွက်တော့ လိုအပ်သည့် ကျောင်း တော်တစ်ခု ဖြစ်လေသည်။

ထို့ပြင် ရွှမ်ကျန်းကျောင်းတော်မှ ကျင့်စဉ်များသည်လည်း စစ် မှန်သည့်ကျင့်စဉ်များဖြစ်လေသည်။ ထို့ကြောင့် ယင်း

စန်း၏ကျင့်ကြံသူများအနေဖြင့် ထိုကျင့်စဉ်များကိုသာ သင်ယူ

ခွင့်ရပါက များစွာ အကျိုးအမြတ်ရှိနိုင်လေသည်။

ဝူတင်က ဓားကိုသိမ်းဆည်းလိုက်ပြီး မုကျန်း၏လက်ကိုနွေး

ထွေးစွာဖြင့် စုပ်ကိုင်ကာ နှုတ်ဆက်လိုက်လေသည်။

ထို့နောက် ဝမ်ကျုန်းကို ဒူးထောက်ဂါရဝပြုလိုက်ရင်း...

“ဒီအသုံးမကျတဲ့တပည့်လေးက ဆရာ့ကို ဂါရဝပြုပါတယ်”

“ဘယ်သူက အသုံးမကျလို့လဲ ၊ မင်းအခုဆိုရင် အများကြီး

တိုးတက်လာနေပြီ ၊ အခုဆိုရင် ပျံသန်းကြယ်စင်ဖန်ဆင်းခြင်း

ပညာကိုတောင် အဆင့်တက်ပြီးကျင့်ကြံလို့ရနေပြီ ၊ မကြာခင်

မင်းကိုဆရာဘွားဘွားနဲ့တွေ့ရအောင် ခေါ်သွားပေးမယ်”

ဝမ်ကျုန်းက ဝူတင်၏လက်များစုပ်ကိုင်ကာ တပည့်ဖြစ်သူကို

အသာဆွဲထူရင်းပြောလိုက်လေသည်။

ထို့နောက် ဝမ်ကျုန်းက ကွမ်းလုန်ကျီကို တစ်ချက်ကြည့်လိုက်

ပြီး...

“ဒီကဆရာကြီးက ဆရာကြီးကွမ်းလုန်ကျီဖြစ်မယ်ထင်တယ်၊ ဆရာကြီးအကြောင်းကြားဖူးတာကြာပါပြီ၊ အရမ်းလည်း လေးစားမိပါတယ်”

ကွမ်းလုန်ကျီကပြုံးလိုက်ရင်း…

“ကျုပ်လည်း ခင်ဗျားအကြောင်းတွေအများကြီးကြားဖူးထားပါတယ်၊ အခုတော့ တွေ့ခွင့်ရပြီပေါ့၊ ခင်ဗျားရဲ့ဇာစ်မြစ်ကတော့ အတော်လေးအံ့သြစရာကောင်းတယ်နော်”

ဝမ်ကျုန်းက…

“ဆရာကြီးရဲ့ ဉာဏ်ပညာတွေဟာ သမုဒ္ဒရာလိုပဲနက်ရှိုင်းလွန်းတယ်၊ တစ်ချက်ကြည့်တာနဲ့တင် ကျုပ်ဘယ်သူလဲ ဆိုတာ ခန့်မှန်းနိုင်တယ်”

“ကျုပ်အစကတည်းက တွေးထားပြီးသားပါ၊ ပြီးတော့ ကြယ်စင်တို့ရဲ့အရှင်သခင်မ ယွမ်ကျွင်းဧကရီကလွဲလို့ ဘယ်သူက ပျံသန်းကြယ်စင်ဖန်ဆင်းခြင်းပညာကို တီထွင်နိုင်မှာလဲ၊

ကြည့်ရတာ အစ်ကိုဝမ်က ယွမ်ကျွင်းဧကရီရဲ့ တပည့်ပဲ ဖြစ်ရမယ်”

ကွမ်းလုန်ကျီက နူးညံ့သည့်လေသံဖြင့်ပြောလိုက်လေသည်။

ကွမ်းလုန်ကျီ၏စကားကြောင့် မုကျန်းမှာ စကားပင်မပြောနိုင်တော့ဘဲ အံ့သြမင်သက်သွားရလေသည်။

ရှေးခေတ်အချိန်အခါတုန်းက အင်အားကြီးသည့်ဝိညာဉ်များနှင့် နတ်ဘုရားများသည် ကြယ်စင်များအဖြစ် ပြောင်းလဲခဲ့ကြလေသည်။

ထိုကြယ်စင်များသည် တစ်ယောက်နှင့်တစ်ယောက် မနှစ်သက်ကြဘဲ အချင်းချင်းအပြိုင်အဆိုင်ပြုကာ နေ့နေ့ညည တိုက်ခိုက်ခဲ့ကြလေသည်။

ထိုအခါ သူတို့တိုက်ခိုက်မှုကြောင့် ကြယ်မှုံကြယ်စများသည် လမင်းအပေါ်သို့ ကျရောက်ကုန်ကြလေသည်။

ထိုအခါ လမင်းက မကျေနပ်သည့်အတွက် ကြယ်စင်များကို

ရန်ရှာသည့်အခါ ...

တစ်ခါမှမတည့်ကြသောကြယ်စင်များက အတူတကွ

ပေါင်းစည်းပြီး လမင်းကို လာရောက်တိုက်ခိုက်ကြလေသည်။

ကြယ်စင်များ၏စွမ်းအားကြောင့် လမင်းမှာ အစိမ်းရင့်ရောင်

သို့ပင် ပြောင်းလဲသွားခဲ့သည်။

“ရေတွင်းထဲကရေဆိုတာ မြစ်ရေရဲ့ကိစ္စကို ဝင်မရှုတ်သင့်ဘူး”

ဟု ကြယ်စင်များက လမင်းကို ကြိမ်းမောင်းသွားကြလေသည်

လမင်းကို တိုက်ခိုက်ပြီးသည့်နောက် ကြယ်စင်များ၏တိုက်ပွဲ

ကလည်း မရပ်တန့်ခဲ့ပါ။ ဆက်လက်တိုက်ခိုက်ကြပြန်လေ

သည်။ အမှန်တော့ သူ့ထက်ငါ အပြိုင်အဆိုင်လင်း

လက်တောက်ပလိုကြသည့်အတွက် ထိုသို့တိုက်ခိုက်နေကြခြင်း

ဖြစ်လေသည်။

ထိုအချိန်တွင်...

ကြယ်စင်များအလယ်တွင် တောက်ပသည့်ကြယ်တစ်စင်း ပေါ်ထွက်လာပြီး ကြယ်စင်များ၏ ရန်ပွဲကို ငြိမ်သက်စေလိုက်လေသည်။

ထိုကြယ်စင်မှာ “ယွမ်ကျွင်းဧကရီ” ပင်ဖြစ်လေ၏။

အမှန်တော့ ယွမ်ကျွင်းဧကရီသည် ကြယ်စင်တစ်စင်းမဟုတ်ခဲ့ပါ။

သူမသည် နတ်ဘုရားတစ်ပါးဖြစ်လေသည်။ သူမကျင့်ကြံခဲ့သည့် တာအိုကျင့်စဉ်အရ သူမ၏ မူလဝိညာဉ်ခန္ဓာသည် ဉာဏ်စဉ်များအဖြစ်ခွဲဖြာနိုင်ပြီး ကြယ်စင်အသွင်သို့ ပြောင်းလဲနိုင်သည့် တန်ခိုးစွမ်းအားကို ပိုင်ဆိုင်ထားလေသည်။

ထို့ကြောင့် သူမသည် ကြယ်စင်တစ်စင်းအဖြစ်ဖန်ဆင်းကာ သွားလာနေရင်း ကြယ်စင်တို့၏တိုက်ပွဲကိုတွေ့သည့်အခါ ဝင်ရောက်ဖြန်ဖြေပေးခြင်းသာ ဖြစ်လေသည်။

ထိုသို့ဖြင့် ကြယ်စင်များ၏စစ်ပွဲသည် ပြီးဆုံးသွားခဲ့ရလေသည်။

ထိုအချိန်မှစပြီး “ယွင်ကျွင်းကောရီ” ကို “ကြယ်စင်များ၏အရှင်သခင်မ” ဟု တင်စားခေါ်ဝေါ်ကြလေသည်။

အခန်း (၅၂၇) မဟာယာနကျမ်းစာ

ဝမ်ကျုန်း၏အမူအရာကိုကြည့်ပြီး ယွမ်ကျွင်းကောရီသည် အသူရာချောက်တွင်ရှိနေရမည်ဟု ကွမ်းလုန်ကျီတွေးလိုက်မိ

လေသည်။ သို့သော် အသူရာချောက်တွင်ရှိနေသည့် ယွမ်ကျွင်းကေရီသည် တကယ့်အစစ်အမှန် ယွမ်ကျွင်းကေရီလား ၊ ကိုယ်ပွားအဖြစ်ဖန်ဆင်းထားသည့် ယွမ်ကျွင်းကေရီလားဆိုသည့်အချက်ကတော့ မသေချာပေ။

ထို့ပြင် ယွမ်ကျွင်းကေရီဆိုသည်က အလွန်မှ လျှို့ဝှက်ဆန်းကျယ်လွန်းသည့် နတ်ဘုရားတစ်ပါးဖြစ်ပြီး လူအနည်းငယ်သာလျှင် သူမ၏မူလအစစ်အမှန်ကို သိရှိနိုင်ကြလေသည်။ ထိုလူသားအနည်းငယ်ထဲတွင် ကွမ်းလုန်ကျီလည်း အပါအဝင်ဖြစ်လေသည်။ ယွမ်ကျွင်းကေရီသည် စကြာဝဠာထဲတွင် အလွန်ထိပ်တန်းကျသည့် ဖြစ်တည်မှုတစ်ခုဖြစ်ပြီး သူမ၏ဆရာဖြစ်သူသည် အလွန်မှဂုဏ်သရေရှိသည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။

ယွမ်ကျွင်းကေရီ၏ဆရာဖြစ်သူမှာ မည်သူဖြစ်ပါသနည်း။

ယွမ်ကျွင်းကေရီ၏ ဆရာဖြစ်သူမှာ"လင်ပေါင်ထျန်းကျွင်း" ဖြစ်လေသည်။

လင်ပေါင်ထျန်းကျွင်းကို ဆက်သွယ်နိုင်သူဆို၍ စကြာဝဠာတစ်ခုလုံးတွင် အနည်းငယ်သာ ရှိလေသည်။ သူသည် မူလနတ်ဘုရားတစ်ပါးဖြစ်ပြီး သူ၏အဆင့်သည် ဗုဒ္ဓ၊ တာအိုဆရာသခင်ကြီးတို့နှင့် တန်းတူဖြစ်လေသည်။ လင်ပေါင်ထျန်းကျွင်းသာ မသူရာချောက်တွင်ရှိနေမည်ဆိုလျှင် ကွမ်းလုန်ကျီအနေဖြင့် ကျိန်းသေအာရုံခံမိမည် ဖြစ်လေသည်။

မုကျန်းမှာတော့ ကြိတ်ပြီးဝမ်းသာနေလေသည်။ သူသည် ယင်းစန်းသို့ ပြောင်းရွှေ့နိုင်တော့မည့်အပြင် ကောင်းမွန်လွန်းသည့်ကျောထောက်နောက်ခံတစ်ခုကိုလည်း ရရှိခဲ့ပြီ မဟုတ်ပါလား။

ရှမ်ကျန်းကျောင်းတော်ကိုတည်ထောင်သည့် ဆရာသခင်ဝမ်ရှမ်ကျန်းသည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဖြစ်လောက

ကိုကျော်လွန်သွားပြီဖြစ်ပြီး ဆန်းလျန်နှင့် တန်ခိုးစွမ်းအားအရာတွင် သူမသာ ကိုယ်မသာ ဖြစ်လေသည်။

ထို့ပြင် ယခုလည်း ထိုက်ယီထျန်းရှန်းအဆင့်ကို ကျော်လွန်သည့် ယွမ်ကျွင်းဧကရီ၏တပည့်ဖြစ်သူ၏ အကူအညီကို ရရှိဦးမည် ဖြစ်လေသည်။

ဝမ်ကျုန်းက…

"ဆရာကြီးက တကယ့်ကို ဉာဏ်ရည်ထက်မြက်ပါပေတယ်၊ တာ့ရှားပြည်ဟာ ကျဆုံးခါနီးနေပါပြီ၊ ဘာလို့ အမှောင်ထဲမှာနေတော့မလဲ၊ အလင်းဘက်ခြမ်းကိုထွက်လာခဲ့ပါ၊ တိုင်းပြည်အသစ်တည်ထောင်ပြီးတဲ့အခါ ဆရာကြီးလည်း သင်ပြပေးရမယ့်လူတွေကို သင်ကြားပြသပေးနိုင်တာပေါ့"

ကွမ်လုန်ကျီက သူ၏မုတ်ဆိတ်မွေးများကို အသာပွတ်သပ်လိုက်ရင်း…

"ကျုပ်သင်ပြပေးခဲ့တာတွေ လုံလောက်ပါပြီလေ ၊ ထပ်ပြီး ဘယ်သူ့ကိုမှ သင်ပြမပေးနိုင်တော့ပါဘူး ၊ တာ့ရှားပြည်ပြိုလဲပြီဆိုရင် ကျုပ်လည်းပြိုလဲရတော့မှာပါပဲ"

ဝမ်ကျုန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ကွမ်းလုန်ကျီကို ဆက်လက်ဆွဲဆောင်ခြင်း မပြုတော့ပေ။

ကြီးမြတ်သည့်တာ့ရှားပြည်ကြီးသည် အိမ်နီးချင်းနိုင်ငံများ၏ စိန်ခေါ်ခြင်းကို စတင်ခံစားနေရပြီ ဖြစ်လေသည်။ တာ့ရှားဧကရာဇ်ကလည်း အခြေအနေများကိုပြောင်းလဲပစ်မည် မဟုတ်သလို ကွမ်းလုန်ကျီသည်လည်းသူ၏တိုင်းပြည်အတွက် ဆိုလျှင် အသက်ကိုပင်စတေးခံမည့် လူစားမျိုးဖြစ်လေသည်။

....

ပုနန်ဆရာတော်သည် ဆန်းလျန်ရေးဆွဲထားသည့် စက်ဝန်းထဲတွင် တရားထိုင်နေသည်မှာ ငါးရက်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။ အနီရောင်ဆည်းဆာရောင်ခြည်သည် ပုနန်

ဆရာတော်၏ မျက်နှာထက်ဆီသို့ဖြာကျနေလေသည်။

သို့သော် ပုနန်ဆရာတော်က ရိပ်မိသည့်ပုံမပေါ်ပါ။

သူ၏မျက်နှာသည် ဖြူလျော်နေပြီး သူ၏မျက်ခုံးမွေးများမှာ

လည်း မီးခိုးရောင်သန်းနေလေသည်။

ပုနန်ဆရာတော်သည် လွန်ခဲ့သည့်ငါးရက်အတွင်း ရေတစ်

ပေါက်ပင် သောက်သုံးရခြင်းမရှိသေးပေ။ သို့သော် သူသည်

တရားထိုင်ရင်းဖြင့် သွေးကြောဆုံချက်များစွာကို တံဆိပ်ခတ်

နိုင်ခဲ့လေသည်။ သို့သော် ထိုသို့ တရားထိုင်နေခြင်းက

သူ၏ခန္ဓာကိုယ်ကိုထိခိုက်စေပြီး သစ်ပင်တစ်ပင်အလား

တဖြည်းဖြည်းညှိုးနွမ်းလာလေတော့သည်။

ထိုအချိန်တွင် ကျီဝေးကျောင်းတော်တံခါးပွင့်သွားပြီး ကျား

နက်ကြီးရှောင်ဟေးထွက်လာလေသည်။

ရှောင်ဟေးက ပုနန်ဆရာတော်ကိုစောင့်ကြည့်နေကြသည့်

တံခါးစောင့် နတ်ဝိညာဉ်နှစ်ပါးကို တစ်ချက်ကြည့်လိုက်ပြီး...

"မင်းတို့သွားလို့ရပြီ ၊ သခင်လေးက ဒီဆရာတော်ကို အထဲကို ခေါ်ခိုင်းလိုက်တယ်"

နတ်ဝိညာဉ်နှစ်ပါးလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး အလင်းတန်းများအဖြစ် အသွင်ပြောင်း ကာ ကျောင်းတော်တံခါးဝမှ နတ်ရုပ်တုကြီးများဆီသို့ ပြန်ဝင်သွား ကြလေသည်။

နတ်ဝိညာဉ်နှစ်ပါးမှာလည်း ဆန်းလျှန်ကိုကြောက်ရွံ့ သောကြောင့်သာ နေဒဏ်လေဒဏ်များခံပြီး အပြင်ဘက်တွင် ပုနန်ဆရာတော်ကို စောင့်ပေးနေကြခြင်းဖြစ်လေသည်။ မဟုတ်လျှင် သူတို့သည် အော်ဟစ်ညည်းညူမိကြမည်ပင် ဖြစ် လေသည်။

ရှောင်ပေးသည် ပုနန်ဆရာတော်ကို ကိုက်ချီပြီး ကျီဝေး ကျောင်းတော်အတွင်းသို့ ခေါ်ဆောင်လာခဲ့လေသည်။

ကျောင်းတော်အတွင်းသို့ရောက်သည့်အခါတွင်တော့ ပုနန်

ဆရာတော်က မျက်လုံးများကို ဖြည်းညင်းစွာဖြင့်ဖွင့်ကြည့်

လိုက်လေသည်။

သူ့မြင်ကွင်းထဲသို့ ပထမဆုံးဝင်ရောက်လာသူက ဆန်းလျန်ဖြစ်

လေသည်။ ထို့နောက် ဆန်းလျန်၏နောက်ဘက်ဆီမှ ပန်းချီ

ကားတစ်ချပ်ကို သတိထားလိုက်မိသည်။

ထိုပန်းချီကားချပ်မှာ နတ်ဘုရားတို့၏အရှင်သခင် "လင်ပေါင်

ထျန်းကျွင်း"၏ ပန်းချီကားပင်ဖြစ်လေသည်။

ဆန်းလျန်က ပုနန်ဆရာတော်၏ပါးစပ်အတွင်းသို့ နှင်းရည်

လေးတစ်စက်ကို အစက်ချပေးလိုက်လေသည်။ ထိုအခါ ပုနန်

ဆရာတော်သည် အသက်ဓာတ်စွမ်းအားများချက်ချင်းပြန်လာ

ပြည့်ဝသွားသလို ခံစားလိုက်ရတော့သည်။

ထိုနှင်းရည်စက်လေးမှာ ဗုဒ္ဓဘာသာကျောင်းတော်များ၏

အလေးအမြတ်ထားရာ ပြန်လည်မွေးဖွားခြင်းဂါထာဖြင့်

ဖန်ဆင်းထားသည့်"နတ်ရေစင်" ဖြစ်သည်ကို ပုနန်ဆရာတော်

ချက်ချင်းသိလိုက်သည်။ ဆန်းလျန်တွင် နတ်ရေစင်ရှိနေ

လိမ့်မည်ဟု ပုနန်ဆရာတော်က မျှော်လင့်မထားခဲ့မိပေ။

ဆန်းလျန်သည် ကျောင်းတော်ခန်းမအလယ်တွင်ထိုင်နေလေ

သည်။

ဆန်းလျန်၏နောက်ဘက်တွင် လင်ပေါင်ထျန်းကျွင်း ပန်းချီ

ကားချပ်ရှိနေလေသည်။

ဆန်းလျန်၏ပုံသဏ္ဍာန်မှာ လင်ပေါင်ထျန်းကျွင်းနှင့် အလွန်ပင်

ဆင်တူလေသည်။ထို့ကြောင့် ဆန်းလျန်သည် လူပြန်ဝင်စားကာ

လူ့လောကသို့ တဖန်ကြွလာသည့် မူလနတ်ဘုရားလင်ပေါင်ထျ

န်းကျွင်းများဖြစ်နေမည်လားဟု ပုနန်ဆရာတော် တွေးလိုက်မိ

လေသည်။

ဝမ်ချန်နန်းတော်တွင် ဆန်းလျန်ထွက်ပေါ်လာသည့်အချိန်မှစ

ပြီး တာ့ကြွယ်ကျောင်းတော်နှင့် ရွှမ်ကျန်းကျောင်းတော် မှ

ကျင့်ကြံသူများသည် ဆန်းလျန်၏ ဇာစ်မြစ်ကို အမျိုးမျိုး မှတ်ချက်ပြုခဲ့ကြလေသည်။ ယခုတော့ ဆန်းလျန်သည် လင်ပေါင်ထျန်းကျွင်းနှင့် ပတ်သက်နေသူတစ်ယောက်ဖြစ်သည်ကို ပုန်ဆရာတော်သိခဲ့ရပြီ။ ထို့ပြင် ဆန်းလျန်သည် လင်ပေါင်ထျန်းကျွင်းနှင့် အလွန်ဆင်တူနေလေသည်။

လောကတွင် မည်သူမျှ လင်ပေါင်ထျန်းကျွင်းနှင့်ဆင်တူရန် အတွက် တမင်တကာ တုပ၍ရနိုင်မည် မဟုတ်ပေ။

ပုန်ဆရာတော်က လက်အုပ်ချီလိုက်ရင်း...

"အမတ်မင်းရဲ့စက်ဝန်းထဲကနေ ရုန်းမထွက်နိုင်ခဲ့တာ ရှက်မိပါတယ်"

"ဆရာတော်သာ ကျုပ်ရဲ့စက်ဝန်းထဲက ရုန်းထွက်နိုင်မယ်ဆိုရင် ကျုပ်ကိုတောင် အကူအညီလာတောင်းနေတော့မှာ မဟုတ်ဘူးလေ ၊ ဒါပေမယ့် ဉာဏလေးမျိုးနှင့် သမာဓိရှစ်မျိုးဟာ အင်မတန်မှထူးခြားတယ် ၊ သာမန်ကျင့်ကြံသူသာ ဆိုရင် ကျုပ်

ဖန်ဆင်းထားတဲ့စက်ဝန်းထဲမှာ နှစ်ရက်တောင် တောင့်ခံနိုင်မှာ

မဟုတ်ဘူး ၊ ဆရာတော်ကတော့ ငါးရက်တောင် တောင့်ခံနိုင်ခဲ့

တယ် ၊ ပြီးတော့ ဒီလိုတောင့်ခံနိုင်ခဲ့လို့လည်း အခုဆိုရင်

ဆရာတော်ဟာ တတိယအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီမဟုတ်

လား"

ပုနန်ဆရာတော်သည် ချက်ချင်းပင် ဆန်းလျန်ကိုဦးညွှတ်လိုက်

ပြီး ကြည်လင်သည့်လေသံဖြင့်ပြောလိုက်လေသည်။

"ကျေးဇူးအများကြီးတင်ပါတယ် တိုင်းပြည်အကြံပေးအမတ်

မင်း"

ဆန်းလျန်က...

"ဆရာတော် ကျုပ်ကို ကျေးဇူးတင်ဖို့ မလိုပါဘူး ၊ ပြီးတော့

ကျုပ်ကိုယ်တိုင်ကလည်း ဉာဏလေးမျိုးနှင့် သမာဓိရှစ်မျိုးကို

လေ့လာချင်လို့ ဒီလိုပြုလုပ်ခဲ့တာပါ ၊ ဆရာတော်နဲ့ ကျုပ်ရဲ့

ကြားမှာ တစ်ယောက်နဲ့တစ်ယောက် ဘာအကြွေးမှ မတင်ပါဘူး"

တာ့ကြွယ်ဆရာတော်က...

"ဒါဖြင့် တိုင်းပြည်အကြံပေးအမတ်မင်း ၊ တာ့ကြွယ်ကျောင်းတော်ကိုကူညီပေးဖို့ ထပ်ပြီးတောင်းဆိုပါရစေ"

ဆန်းလျန်က တာ့ကြွယ်ဆရာတော်ကို စိုက်ကြည့်လိုက်လေသည်။ သူ၏အကြည့်များသည် မိုးကြိုးနတ်ဘုရား၏အကြည့်များအလား စူးရှတောက်ပလျှက်ရှိလေသည်။ ထိုအကြည့်များသည် အရှိန်အဝါနှင့် ပြည့်ဝနေပြီး ကြောက်မက်ဖွယ်ရာလည်း ကောင်းလေသည်။

သို့သော် ပုနန်ဆရာတော်က တွန့်ဆုတ်သွားခြင်းမရှိပါ။

"တာ့ကြွယ်ကျောင်းတော်မှာ မဟာယာနကျမ်းစာဆိုတာရှိပါတယ် ၊ အဲဒီကျမ်းစာကသိပ်ကိုတန်ဖိုးရှိတယ် ၊ အဲဒီကျမ်းစာက

အမတ်မင်းနဲ့တော့သိပ်ပြီးမသ်ကဆိုင်ပေမယ့် အမတ်မင်းအနေနဲ့ အဲဒီကျမ်းစာကို စိတ်ဝင်စားမယ်လို့ထင်မိပါတယ်"

"အဲဒီကျမ်းစာအကြောင်း ထပ်ပြီးတော့ပြောပြပါဦး"

ဆန်းလျန်ကပြောလိုက်လေသည်။

"မဟာယာနကျမ်းစာဆိုတာ သွေးနီရောင်ပင်လယ်ထဲကိုသွားခဲ့တဲ့ ဆရာတော်ကြီးကရေးသားခဲ့တဲ့ ကျမ်းစာပါ၊ ဆရာတော်ကြီးဟာ မဟာယာနကျမ်းစာရဲ့စာလုံးတိုင်းကိုသေသေချာချာရေးသားခဲ့တာပါ၊ အဲဒီကျမ်းစာက လျှို့ဝှက်ဆန်းကြယ်လွန်းပါတယ်၊ ပြီးတော့ အဲဒီကျမ်းစာကိုယူပြီး သွေးနီရောင်ပင်လယ်ကိုသွားမယ်ဆိုရင် ဆရာတော်ကြီးနဲ့လည်း ဆုံတွေ့ခွင့်ရနိုင်ပါတယ်"

ပုနန်ဆရာတော်က ရှင်းပြလိုက်လေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ကြည့်ရတာ ဆရာတော်ကိုကူညီဖို့ ကတိပေးရတော့မယ်ထင်တယ်"

ပုန်ဆရာတော်က...

"အဲဒီလိုမျိုးယူဆချက်နဲ့တော့ မလုပ်ဝံ့ပါဘူး ၊ အမတ်မင်းက အသေးအဖွဲ့ကိစ္စလေးတွေကို စိတ်မဝင်စားပေမယ့် အသိဉာဏ်ပညာကိုအထပ်ထပ်ရှာဖွေဖို့တော့ စိတ်ဝင်စားမယ်လို့ ကျုပ်က ထင်ခဲ့မိလို့ပါ"

"ဒီကျမ်းစာက တကယ်လည်း စိတ်ဝင်စားစရာကောင်းပါတယ် ၊ ပြီးတော့ သွေးနီရောင်ပင်လယ်ထဲက ဆရာတော်ကြီး အကြောင်းကိုလည်း ကျုပ်ကြားဖူးတယ် ၊ ဒီလိုဆိုမှတော့ ကျုပ်က ဆရာတော်ကို အကြံတစ်ခုပေးပါ့မယ် ၊ တိချိုးမှာ သစ်ရွက်တွေစပြီးကြွေတဲ့နေ့မှာ တာ့ရှားကေရာဇ်က အရှေ့တိုင်းစစ်သည်တော်တွေဆီကို စစ်ချီလိမ့်မယ် ၊ ဆရာတော်က တာ့ရှားကေရာဇ်ကိုကူညီဖို့အတွက် တာ့ကြွယ်

ကျောင်းတော်က တန်ခိုးစွမ်းအားမြင့်မားတဲ့ ဆရာတော်တွေကို အဲဒီနေ့မှာ စေလွှတ်ပြီး တာ့ရှားဧကရာဇ်ကို သစ္စာရှိမှုကို ပြသ လိုက်ပါ၊ ဒါဆိုရင် တာ့ကြွယ်ကျောင်းတော်အပေါ်မှာထားတဲ့ တာ့ရှားဧကရာဇ်ရဲ့ အမျက်နဲ့သံသယတွေကင်းရှင်းသွားပြီး တာ့ကြွယ်ကျောင်းတော်ဟာ တာ့ရှားပြည်မှာ ဆက်လက် ရပ်တည်နိုင်ပါလိမ့်မယ်"

ဆန်းလျန်ကပြောလိုက်လေသည်။

အမှန်တော့ ယမန်နေ့ညက တာ့ရှားဧကရာဇ်သည် ဆန်းလျန်ဆီ သို့ စာတစ်စောင်ပို့ခဲ့လေသည်။

ထိုစာထဲတွင် အရှေ့တိုင်းစစ်သည်တော်များဆီသို့ စစ်ချီသည့် ခရီးစဉ်တွင် ဆန်းလျန်ကိုအတူလိုက်ပါရန် ဖိတ်ခေါ်ထားခဲ့လေ သည်။

အခန်း (၅၂၈) သူမကတော့ချစ်နေမည်

သူလိုချင်သည့်အဖြေရသွားသည့်အတွက် ပုနန်ဆရာတော်

သည် ကျီဝေးကျောင်းတော်မှ ပြန်သွားလေတော့သည်။

သူမထွက်ခွာမီတွင် နောက်တစ်နေ့နံနက်တွင် မဟာယာန

ကျမ်းစာကို ဆန်းလျန်ဆီသို့ ပို့ပေးမည်ဟု ပြောသွားခဲ့လေ

သည်။

သို့သော် ဆန်းလျန်ပေးသည့်အကြံဉာဏ်က အလုပ်မဖြစ်မည် ၊

မဖြစ်မည်ကို ပုနန်ဆရာတော်က တွေးတောမနေတော့ပါ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်ဆီမှ အကြံဉာဏ်ရရှိခဲ့ခြင်း ကပင် သူ့အတွက် ကြီးမားလှသည့်အကျိုးကျေးဇူးဖြစ်နေခဲ့ သောကြောင့်ပင်။

ထို့ပြင် မဟာယာနကျမ်းစာသည် တာ့ကြွယ်ကျောင်းတော်တွင် လည်း သိပ်ပြီး အသုံးမဝင်လှပါ။ အသုံးဝင်သည်ဆိုပါ ကတာ့ ကြွယ်ကျောင်းတော်အနေဖြင့် တာ့ရှားဧကရာဇ်ကို ကြောက်ရွံ့ နေစရာပင် လိုတော့မည် မဟုတ်ပေ။

ပုန်ဆရာတော် ထွက်ခွာသွားပြီးသည့်နောက်တွင်တော့ ဆန်း လျန်သည် အနက်ရောင်သတ္တုပြားတစ်ချပ်ကို ထုတ်ယူလိုက် လေသည်။

ထိုအနက်ရောင်သတ္တုပြားမှာ ယမန်နေ့ညက ဆန်းလျန်ထံသို့ တာ့ရှားဧကရာဇ်ပို့ခဲ့သည့် စာဖြစ်လေသည်။ ထိုစာထဲတွင် အရှေ့တိုင်းစစ်သည်တော်များကို စစ်ချီသည့်အခါတွင် ဆန်း လျန်ကို လိုက်ပါခဲ့ရန် ခေါ်ဆောင်ထား သည်သာမက

သူ၏ဆုံးဖြတ်ချက်ပြတ်သားမှုများကိုပါ ထည့်သွင်းရေးသား ထားလေသည်။

တာ့ရှားကေရာဇ်၏ ဆုံးဖြတ်ချက်ပြတ်သားလွန်းသည့် တန်ခိုးစွမ်းအားသည် ပူလောင်လွန်းသည့်အတွက် သတိမထားမိလျှင် ဆန်းလျန်၏ဝိညာဉ်ကိုပင် လောင်ကျွမ်းသွားနိုင်သည်အထိ ပြင်းထန်လေသည်။

ယခုအချိန်များအတွင်းတွင် တာ့ရှားကေရာဇ်၏တန်ခိုးစွမ်းအားများမှာ အဆမတန်မြင့်မားလာသော်လည်း ဖန်ဆင်းနိုင်ခြင်းအဆင့်ကိုရောက်သည်အထိတော့ တန်ခိုးစွမ်းအား မြင့်မားခြင်းမရှိသေးပါ။ တာ့ရှားကေရာဇ်သည် ဆန်းလျန်ထက် တန်ခိုးစွမ်းအားမြင့်မားနေခဲ့ပြီဆိုလျှင်တောင်မှ သူ၏တန်ခိုးစွမ်းအားများက ကန့်သတ်ချက်ရှိလေ သည်။

ဆန်းလျန်သည် အနက်ရောင်သတ္တုပြားကို လင်းလက်သည့် မျက်ဝန်းများဖြင့် စူးစိုက်ကြည့်နေခဲ့လေသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် မည်မျှပင်ကြံ့ခိုင်ပါစေ တာ့ရှားကေရာဇ်၏ ဆုံးဖြတ်ချက်ကိုတော့ ပြုပြင်ပြောင်းလဲပေးနိုင်မည် မဟုတ်ပေ။

တဖြည်းဖြည်းညဉ့်နက်လာခဲ့ပြီဖြစ်လေသည်။

ဆန်းလျန်သည် သူ၏လက်ဖဝါးထက်မှ အနက်ရောင်သတ္တုပြားကို ကြည့်နေဆဲ ဖြစ်လေသည်။

ထိုအချိန်တွင်...

ပန်းချီကားထဲမှ လင်ပေါင်ထျန်းကျွင်းသည် အသက်ဝင်လာပြီး ဆန်းလျန်နှင့် တသားတည်းကျသွားသကဲ့သို့ ထင်မှတ်ရလေသည်။

ရှေးကျပြီး နက်ရှိုင်းသည့်အသက်ရှူသံတစ်ခုက အနက်ရောင်သတ္တုပြားကို လှည့်ပတ်နေလေသည်။ ဆန်းလျန်သည် လက်များကို တဖြည်းဖြည်းခြင်းကွေးညွတ်ကာ လက်သီးစုပ်လိုက်

လေသည်။ ထိုအခါ... အနက်ရောင်သတ္တုပြားသည် ဆန်းလျန်၏ လက်ထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်၏စိတ်ထဲတွင် အေးစက်သည့် ညည်းညူသံတစ်ချက်ကို ကြားလိုက်ရလေသည်။ ဆန်းလျန်က စိတ်ထဲမှပင် စကားတစ်ခွန်းပြောလိုက်သည်။

"ကျုပ်အဲဒီကိုလာခဲ့မယ်"

ဆန်းလျန်သည် အရှေ့တိုင်းစစ်သည်တော်များနှင့် အဖြူရောင်မင်းကြီး၏သားတော်ကိုလည်း စိတ်ဝင်စားနေခဲ့လေသည်။ ထို့ပြင် ထျန်းယီမှာလည်း တိချိုးမြို့တော်တွင် ရှိနေသေးသည်။

အမှန်တော့ တာ့ရှားဧကရာဇ်က အရှေ့တိုင်းစစ်သည်တော်များဆီသို့ စစ်ချီခြင်းသည် ထျန်းယီအကြီးအကဲကို လွတ်မြောက်ရန်အခွင့်အလမ်းပေးလိုက်ခြင်းလည်း ဖြစ်လေသည်။

ဤသည်မှာ တာ့ရှားကေရာဇ်၏ နူးညံ့သည့်စိတ်သဘောထားရှိ ရာ ဘက်ခြမ်းဖြစ်လေသည်။ ထိုအခွင့်အရေးကိုအသုံးချကာ ထျန်းယီက တာ့ရှားမှ ထွက်ခွာသွားခြင်းမရှိပါက တာ့ရှား ကေရာဇ်သည် ထျန်းယီကို ဒုတိယအကြိမ်အခွင့်အရေးပေး တော့မည် မဟုတ်ပေ။

လေ့ကျင်းနှင့် ဝူတင်တို့၏ ပညာပြိုင်ပွဲမှာ တာ့ရှားကေရာဇ် စစ်ချီမထွက်မီအချိန်တွင် ပြုလုပ်မည် ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် ပြိုင်ပွဲကို ကြည့်သွားနိုင်သေး သည်။

ဆန်းလျန်သည် ပြိုင်ပွဲကို စောင့်မျှော်နေမိလေသည်။ သူသာ ချင်းရွှမ်နတ်တံခါးသို့ ပြန်သွားနိုင်ဦးမည်ဆိုလျှင် လေ့ ကျင်းကို ခေါ်သွားမိမည် ဖြစ်လေသည်။ သူ၏ဂိုဏ်းတူအစ်မ ကူးချိုင်ဝေ့သည် လေ့ကျင်းကို သဘောကျမည်မှာသေချာလေ

သည်။ ထို့ပြင် ဆရာဘွားဘွားကျိုလင်ရှိလျှင်လည်း လေ့ကျင်း လိုတပည့်မျိုးကို သဘောမကျနိုင်စရာမရှိပေ။

အမှန်တော့ ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံသူအများစုသည် မိန်းကလေးများ ဖြစ်ကြလေသည်။ ဆရာသခင်ကျန်းရော့ရှီး သာ လမ်းပြပေးခြင်းမရှိလျှင် ဆန်းလျန်သည်လည်း ထိုက်ရှီး နည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံဖြစ်လိမ့်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ဆရာဘွားဘွား လီချင်းဆွေ ၊ ဆရာ ဘွားဘွားကျိုလင်တို့သည် မိန်းကလေးများကိုသာ တပည့် အဖြစ်လက်ခံလိုကြသောကြောင့် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ကျား ၊ မ ခွဲခြားခြင်းက ပြဿနာမဟုတ်ပါ။

ကျား ၊ မ ခွဲခြားခြင်းထက် ဆရာဘွားဘွား လီချင်းဆွေနှင့် ဆရာဘွားဘွားကျိုလင်တို့၏ တပည့်ရွေးခြယ်မှုကို ကြိုတင် ခန့်မှန်းရန်မှာ မလွယ်ကူလှပါ။

ဆန်းလျန်သည် စဉ်းစားရင်းဖြင့် ဆရာဘွားဘွားကျိုလင်ကို လွမ်းဆွတ်လာမိလေသည်။

ခရမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် လှပလွန်းသည့် မိန်းမပျိုသည် ဆန်းလျန်ဘဝတွင် မည်သည့်အခါမှ မေ့ပျောက်သွားနိုင်မည်မဟုတ်သည့် မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ယခုတော့...

ဆရာဘွားဘွားဘယ်ဆီရောက်နေပြီလဲ ဆန်းလျန်မသိတော့ပါ။

ထို့ပြင် စကြာဝဠာကြီးသည် ကျယ်ပြောလွန်းလှပြီး အချိန်နှင့် နေရာရှုတ်ထွေးမှုများကလည်း ရှိနေသေးသည်။ ဆရာဘွားဘွား မည်သည့်နေရာတွင်ရှိနေမည်ကို ဘုရားသာလျှင် သိနိုင်ပေလိမ့်မည်။

လေ့ကျင်းသည် လေနှင့်မိုးကိုဆင့်ခေါ်ခြင်းကျင့်စဉ်ကို ကျင့်ကြံနေသည်မှာ အချိန်အတန်ကြာခဲ့ပြီ ဖြစ်လေသည်။ ထိုကျင့်စဉ်ကို နက်နက်ရှိုင်းရှိုင်းကျင့်ကြံလေ သူမ အံ့သြရလေ

ဖြစ်လေသည်။ မိုးနှင့်မိုးကြိုးတို့သည် တစ်ခုနှင့်တစ်ခု
အပြန်အလှန်အသွင်ပြောင်းဆက်သွယ်နိုင်ပြီး အမျိုးမျိုးသော
စွမ်းအားများကို ထုတ်လွှတ်နိုင်လေသည်။
ထိုကျင့်စဉ်မှတစ်ဆင့် သေခြင်းရှင်ခြင်း လမ်းကြောင်းများကို
လည်း သူမလေ့လာနိုင်ခဲ့လေသည်။
သို့သော် ကျင့်ကြံရသည်မှာ လွယ်ကူခြင်းတော့မရှိခဲ့ပါ။
ကျင့်ကြံလိုက်တိုင်း တန်ခိုးစွမ်းအားစီးဆင်းမှုတစ်ခုဖြစ်ပေါ်လာ
ပြီး သူမ၏ကိုယ်ထဲမှ တန်ခိုးစွမ်းအားများကို စုပ်ယူခံရလေ
သည်။ လေနှင့်မိုးကိုဆင့်ခေါ်ခြင်းက သူမ၏ကိုယ်ထဲမှ တန်ခိုး
စွမ်းအားများကို လောင်စာအဖြစ် အသုံးပြုလေသည်။
လေ့ကျင်းသည် ခံစားချက်များရှုတ်ထွေးနေပြီး
သူမ၏ခန္ဓာကိုယ်တွင် ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို
ခံစားနေရလေသည်။

မည်သို့ပင်ဖြစ်စေ ယခင်ကထက်တော့ သူမ အများကြီး

တိုးတက်လာခဲ့လေသည်။

ကျင့်စဉ်လမ်းတွင် တိုးတက်လာသည့်အတွက် သူမပျော်ရွှင်

သည့်တိုင် ဆရာဖြစ်သူနှင့် မတွေ့ဆုံရသည်မှာကြာပြီဖြစ်

သည့်အတွက် သူမဝမ်းနည်းနေခဲ့လေသည်။

သို့သော် သူမ၏စိတ်မကောင်းဖြစ်မှုများသည် သိပ်မကြာမီပင်

ပျောက်ကွယ်သွားရလေသည်။

အစိမ်းရောင်အလင်းတန်းများပေါင်းစပ်သွားပြီး သူမ၏ရှေ့

တွင် ဆန်းလျန်၏အသွင်အပြင် ပေါ်လာလေသည်။ သူမသည်

ရုတ်တရက် ဆန်းလျန်ကို သူမ၏အခန်းထဲတွင် မြင်လိုက်ရ

သည့်အတွက် ထင်ယောင်ထင်မှားဖြစ်သည်လား ဟူ၍ပင်

စဉ်းစားနေမိသေးသည်။

သူမ၏ ကျင့်စဉ်လမ်းတိုးတက်မှုများကို ရိပ်မိသွားသည့်ဆန်း

လျန်သည် အနည်းငယ် ကျေနပ်သွားရလေသည်။

"ကျင်းအယ်၊ မင်းကျင့်စဉ်လမ်းမှာ တိုးတက်လာတာပဲ၊ မင်းက တကယ်ပဲ ဆရာ့ကို စိတ်မပျက်စေခဲ့ဘူးပဲ"

လေ့ကျင်းသည် ပျော်ရွှင်စွာဖြင့် သူမ၏အိပ်ယာထက်မှ ခုန်ထလိုက်လေသည်။

ဆန်းလျန်ရှေ့တွင် ခြေဗလာဖြင့်ရပ်နေသည့် သူမ၏ပုံသဏ္ဍာန်လေးသည် အစွမ်းကုန်ပွင့်လန်းနေသည့် ကြာပန်းလေးနှင့်တူလေသည်။ သူမသည် ရှက်သွေးဖြာနေသည့်တိုင် ငေးမောကြည့်ရလောက်အောင် လှပနေဆဲ ဖြစ်လေသည်။

သူမသည် ဆန်းလျန်ကို ပြေးဖက်လိုက်မိမလိုဖြစ်သွားပြီးမှ ဆန်းလျန်မှာ ကြယ်တာရာစွမ်းအားများဖြင့် ဖန်ဆင်းထားသည့်ဝိညာဉ်ခန္ဓာရောက်လာခြင်းသာဖြစ်သည်ကို သိရှိလိုက်ရသည့်အတွက် မဖက်ဖြစ်တော့ပေ။

"ဆရာ... ကျွန်မကို အကြာကြီးပဲ လာမတွေ့ဘူးနော်၊ ကျွန်မလွမ်းနေရတာ..."

ဆန်းလျှန်က ရယ်မောလိုက်ရင်း...

"မင်းလို အိမ်ကနေထွက်ပြေးဖို့ပဲ စဉ်းစားနေတဲ့မိန်းကလေးက မိဘတွေအတွက်တောင် စဉ်းစားမပေးတာ ဆရာ့ကိုလွမ်းတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"လွမ်းတာပေါ့ ၊ ကျွန်မ ကျင့်ကြံရတာဘယ်လောက်ခက်သလဲ ၊ ဆရာပြောတဲ့အတိုင်း တသွေမတိမ်းတော့ လိုက်နာတာပါပဲ ၊ ဒါပေမယ့် ကျွန်မကိုယ်ထဲက တန်ခိုးစွမ်းအားစီးဆင်းမှုတွေကို ဘယ်လိုထိန်းချုပ်ရမလဲ ၊ ဘယ်လိုထုတ်လွှတ်ရမလဲဆိုတာ ကျွန်မ မသိသေးဘူး"

"ဒါကြောင့် ဆရာက အခုသင်ပေးမလို့ရောက်လာတာပေါ့..."

ဆန်းလျှန်က ကောင်းကင်ထက်ကို တစ်ချက်မော့ကြည့်လိုက်ရင်း...

"ဒီည လကအရမ်းသာနေတာပဲ ၊ ကောင်းကင်ကလည်း ကြယ်တွေစုံလို့ပဲ"

ညသန်းခေါင်းအချိန်ရောက်နေပြီဖြစ်သည့်အတွက် လမင်းသည် ကောင်းကင်အလယ်တည့်တည့်တွင် ထွန်းလင်းနေလေသည်။ ကြယ်စင်များသည်လည်း မြစ်တစ်စင်းစီးဆင်းနေသည့်အလား ထွန်းလင်းလျှက်ရှိလေသည်။

ဆန်းလျန်သည် ကောင်းကင်ထက်သို့ ကြည်ကြည်လင်လင်ဖြင့် မော့ကြည့်နေလေသည်။

သိပ်မကြာမီပင် ပတ်ဝန်းကျင်တွင် ပြောင်းလဲမှုတစ်ခုဖြစ်ပေါ်လာသည်ကို လေ့ကျင်းခံစားလိုက်ရလေသည်။ ကြယ်စင်များသည် သူမလက်လှမ်းမီသည့်အလား နီးကပ်နေသကဲ့သို့ခံစားလိုက်ရလေသည်။ သူမသည် အိမ်ခေါင်မိုးထက်သို့ရောက်ရှိသွားခြင်း ဖြစ်လေသည်။

သူမသည် ကြယ်စင်များနှင့်နီးကပ်နေသလို ဆန်းလျန်နှင့်လည်းအလွန်နီးကပ်နေလေသည်။ ထိုအချိန်ခဏလေးအတွင်း

မှာပင် သူမရင်ထဲတွင် အတိုင်းမသိပျော်ရွှင်မှုကို ခံစားနေရလေသည်။

ဆန်းလျန်သည် သူမကို မည်သည့်အခါမှ ပြန်ချစ်နိုင်မည်မဟုတ်သည်ကို သူမသိထားခဲ့ပါသည်။ သို့သော်... ကိစ္စမရှိပါ။ သူမကတော့ ဆန်းလျန်ကို ချစ်နေမည်ပဲ ဖြစ်လေသည်။

သူမသည် သူမ၏အတွေးနှင့်သူမ ကြည်နူးနေလေရာ ဆန်းလျန်သည် သူမနာမည်ကို သုံးကြိမ်တိတိခေါ်လိုက်တော့မှသာ ပြန်ပြီးသတိဝင်လာလေတော့သည်။

အခန်း (၅၂၉) အသူရာချောက်၏စောင့်ရှောက်သူ

ဆန်းလျှန်သည် လေ့ကျင်းကိုငေးကြည့်နေရင်းမှ နူးညံ့စွာဖြင့် ပြောလိုက်သည်။

"မင်းသိလား ၊ မိုးနဲ့မြေမှာ လွတ်လပ်တဲ့ဝိညာဉ်လေဟာ လေနှင့် မိုးကိုဆင့်ခေါ်တာကို ပြသနိုင်တယ်ဆိုတာလေ"

လေ့ကျင်းသည် ဆန်းလျှန်၏ နားသယ်စပ်မှ ဆံစလေးများကို ငေးကြည့်နေမိသည်။ သူမသည် ဆန်းလျှန်ကို အရှုးအမူးစွဲလန်းမိခြင်း မဟုတ်ခဲ့သည့်တိုင် တည်ငြိမ်သည့်ရေကန်တွင် လှိုင်းဂယက်လေးများထသည့်အလား စိတ်ထဲတွင် လှုပ်ရှားမိသည်ကတော့ အမှန်ပင်။

လေတိုက်ခတ်မှုကြောင့် ဆန်းလျှန်၏ဆံပင်များက လွင့်ပျံနေခြင်းမရှိသည့်တိုင် အဝတ်အစားအစွန်းများကတော့ လွင့်ပျံနေသည်ဟု ထင်မှတ်ရလေသည်။ ဆန်းလျှန်၏ပုံရိပ်သည် ရေထဲတွင် အရိပ်ထင်နေသည့် ပုံရိပ်အလားပင် ဖြစ်လေ၏။

ဆန်းလျန်၏ပုံသဏ္ဍာန်သည် သက်ရှိသတ္တဝါများအားလုံးကို ကြည့်ရှုနေသည့် စကြာဝဠာအလယ်ဗဟိုမှ နတ်ဘုရားတစ်ပါး နှင့်ဆင်တူလေသည်။ လေ့ကျင်းသည် ဆန်းလျန်၏ နူးညံ့ သိမ်မွေ့သည့်စကားသံကို ကြားနေရသည့်တိုင် ဆန်းလျန်ကို ကြည့်ကာ ကြောက်ရွံ့မှုကို ခံစားလာရလေသည်။

လေ့ကျင်းသည် သတ္တိရှိသည့် မိန်းကလေးတစ်ယောက်ဖြစ် ပါ၏။

သို့သော် လက်ရှိအချိန်တွင်တော့ ဆန်းလျန်နှင့်သူမသည် များ စွာ အဆင့်ကွာခြားနေသလို ခံစားရလေသည်။ ဆန်းလျန်သည် အလွန်မြင့်မားနေပြီး သူမကတော့နိမ့်ကျသူတစ်ယောက် ဖြစ် နေသည့်အလား ခံစားနေရလေသည်။

ဆန်းလျန်က လေ့ကျင်း၏စိတ်ခံစားချက်များကို ရိပ်မိ သည့်အတွက် စကားပြောရန် စဉ်းစားလိုက်မိသော်လည်း နောက်ဆုံးတွင် မည်သည့်စကားမှ မပြောဖြစ်တော့ပါ။ အခြား

သူများ၏ စိတ်ခံစားချက်များကို ဝင်ရောက်စွက်ဖက် ချင်စိတ်သူ့တွင် မရှိပေ။

ဆန်းလျန်၏ မျက်ဝန်းများသည် အဝေးတစ်နေရာရှိ လေထုထဲသို့ စူးစိုက်ကြည့်နေလေသည်။

ထို့နောက် ဆန်းလျန်သည် သူ၏လက်နှစ်ဖက်ကို အသာပင့်တင်ပြီး လက်နှစ်ဖက်ကို ထပ်ထားလိုက်လေသည်။ ထိုအခါ သူ၏လက်ဖဝါးအလယ်ဗဟိုတည့်တည့်တွင် လေနှင့်မိုးကို ဆင့်ခေါ်သည့် မှုလတန်ခိုးစွမ်းအား ပေါ်ထွက်လာလေသည်။ စွမ်းအားများက ခရုပတ်နွယ်လိမ်သဖွယ်လှည့်ပတ်နေပြီး လွတ်လပ်သည့်လေထုများသည် ဆန်းလျန်၏လက်ဆီသို့ စုရုံးရောက်ရှိလာကြလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး စိုထိုင်းလာသည်ဟု လေ့ကျင်းခံစားနေရလေသည်။

လေ့ကျင်း၏စိတ်ထဲတွင် နက်ရှိုင်းသည့်ခံစားချက်တစ်ခု ဖြစ်ပေါ်လာသေလည်။ သူမက ဆန်းလျန်၏လက်ဖဝါးအောက်တွင် လှည့်ပတ်နေသည့် စွမ်းအားများကို အာရုံစူးစိုက်လိုက်လေသည်။ ဆန်းလျန်၏လက်ထဲမှ စွမ်းအားနှစ်ခုသည် ဆန့်ကျင်ဘက်စွမ်းအားနှစ်ခုဖြစ်နေပြီး ထိုစွမ်းအားနှစ်ခုက ခရုပတ်နွယ်လိမ်သဖွယ် လှည့်ပတ်နေသည့် အခါမပျက်စီးနိုင်သည့် စွမ်းအားထုကြီးတစ်ခု ဖြစ်တည်လာလေသည်။

ဆန်းလျန်သည် သူ၏လက်ဖဝါးအောက်မှ တန်ခိုးစွမ်းအားများကို ကောင်းကင်ထက်သို့တဖြည်းဖြည်းချင်း တွန်းတင်ပေးလိုက်လေသည်။ ထိုအခါ ကောင်းကင်တစ်ခုလုံး တိမ်ညိုများဖုံးလွှမ်းလာလေတော့သည်။ လေများစတင်တိုက်ခတ်လာပြီး မိုးများစတင်ရွာသွန်းလာတော့သည်။

ဆန်းလျန်နှင့်လေ့ကျင်းသည် အိမ်ခေါင်မိုးထက်တွင် ထိုင်နေကြဆဲ ဖြစ်လေသည်။ သို့သော် မိုးနှင့်လေများက သူတို့ထိုင်နေ

သည့်နေရာသို့ ရောက်ရှိလာခြင်း မရှိပါ။ သူတို့ထိုင်နေသည့် နေရာနှင့်သုံးပေပတ်လည်တွင် မိုးလေ ကင်းစင်လျှက်ရှိလေသည်။

လေ့ကျင်းမှာ ဆန်းလျန်သည် အခြားကမ္ဘာမှလူတစ်ယောက် ကဲ့သို့ ခံစားနေရပြီး ရွာသွန်းနေသည့်မိုးရေစက်များကို ငေးကြည့်နေလေသည်။

သူမသည် လေနှင့်မိုးကိုဆင့်ခေါ်ရန်အတွက် သူမ၏စွမ်းအားများကို အသုံးပြုခဲ့ပြီးဖြစ်လေသည်။ သို့သော် ဆန်းလျန်က တန်ခိုးစွမ်းအားကို ထိန်းချုပ်အသုံးပြုသွားပုံမှန် အလွန်မှ တုန်လှုပ်စရာကောင်းလှသည်။ ပို၍ရင်သပ်ရှုမောစရာကောင်းသည်မှာ ဆန်းလျန်သည် လျှပ်စီးစွမ်းအားကို အသုံးပြုသည့် အခါ သူ၏ခန္ဓာကိုယ်တွင် မည်သို့မှ အထိအခိုက်မရှိခြင်းပင် ဖြစ်လေသည်။

လေနှင့်မိုးကိုဆင့်ခေါ်သည့်အချိန်တွင် ဆန်းလျန်အသုံးပြုလိုက်သည့်တန်ခိုးစွမ်းအားသည် အလွန်မှ တည်ငြိမ်လေသည်။

လေ့ကျင်းက တစ်ခဏမျှ စဉ်းစားလိုက်ရင်း....

"ဆရာ... ဆရာက အပြုသဘောနဲ့ အပျက်သဘောယှဉ်ပြီး တန်ခိုးစွမ်းအားကို လှည့်ပတ်ပြခဲ့တာပဲ ၊ ဒါကြောင့် တန်ခိုးစွမ်းအားက တည်ငြိမ်နေတာ ၊ ဒါပေမယ့် ကျွန်မက ဆရာ့လို လုပ်ဖို့ကျတော့ ကျွန်မရဲ့ကိုယ်တွင်းက တန်ခိုးစွမ်းအားတွေ အများကြီး ဆုံးရှုံးသွားမှာပေါ့ ၊ ကိုယ်တွင်းကတန်ခိုးစွမ်းအားနဲ့ မိုးမြေစွမ်းအားတွေကို ပေါင်းစည်းနိုင်ဖို့ကျတော့ အပြုသဘောစွမ်းအားနဲ့ အပျက်သဘောစွမ်းအားတွေကို ဘယ်လိုထိန်းချုပ်မလဲ"

ဆန်းလျန်က...

"ကျင်းအော်... မင်းရဲ့ဝိညာဉ်စွမ်းအားအသိဉာဏ်က ထူးခြားလွန်းတယ်၊ မင်းသာကြိုးစားမယ်ဆိုရင် ဆရာလုပ်သလို လုပ်နိုင်မှာပါ"

လေ့ကျင်းက ဆန်းလျန်လုပ်သလို လိုက်လုပ်ကြည့်လိုက်လေသည်။ သူမ၏လက်နှစ်ဖက်ကိုထပ်လိုက်ပြီး တန်ခိုးစွမ်းအားများကို ဖော်ထုတ်လိုက်လေသည်။ ချက်ချင်းပင် သူမ၏ခန္ဓာကိုယ်ထဲမှ တန်ခိုးစွမ်းအားများ မြင့်တက်လာသလို ခံစားလိုက်ရလေသည်။ သူမသည် ဆန့်ကျင်ဘက်တန်ခိုးစွမ်းအားများကို လှည့်ပတ်ရန် ကြိုးစားလိုက်စဉ်မှာပင် သူမ၏ကိုယ်တွင်းမှ တန်ခိုးစွမ်းအားများက ပေါက်ကွဲထွက်သွားလေသည်။

သို့သော် တန်ခိုးစွမ်းအားပေါက်ကွဲမှုကြောင့် ပတ်ဝန်းကျင်မှ မည်သည့်အရာမှ ပျက်စီးမသွားခဲ့ပေ။

တစ်ချိန်းတည်းမှာပင် ပတ်ဝန်းကျင်တွင်ရှာသွန်းနေသည့် မိုးရေစက်များသည် အကန့်အသတ်နှင့်ရှာသွန်းနေခြင်း ဖြစ်ပြီး ကမ္ဘာလောကကြီးတစ်ခုလုံး ရပ်တန့်နေသလို ခံစားလိုက်ရလေသည်။

လှုပ်ရှားနေသည့်သူဆို၍ သူမနှင့်ဆန်းလျန်သာလျှင် ရှိလေသည်။

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ လေနှင့်မိုးသည် တဖြည်းဖြည်းဆဲသွားလေသည်။

လေ့ကျင်းက တဖြည်းဖြည်း ဆဲသွားသည့်မိုးရေစက်များကို ကြည့်နေလေသည်။ မိုးရေစက်များသည် ဖန်သားများအလား ကြည်လင်လွန်းလှသည်။

လေ့ကျင်းမှာ ရုတ်တရက် အိပ်မက်ကမ္ဘာထဲတွင်ရောက်ရှိနေသည်လားဟု သံသယဝင်သွားမိလေသည်။ သို့သော် ဖြစ်ပျက်နေသမျှအရာရာတိုင်းကလည်း အစစ်အမှန်များဖြစ်နေ

လေရာ လေ့ကျင်းသည် အိပ်မက်လား အစစ်အမှန် လားဝေခွဲမ

ရတော့ပေ။

သူမသည် ရုတ်တရက် ဆန်းလျန်၏လက်မောင်းများကို ကိုက်

ချလိုက်လေရာ သူမ၏သွားများ နာကျင်သွားရလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"နာသွားပြီမလား..."

လေ့ကျင်းက တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်

ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အရမ်းနာသွားပြီ ၊ ဒါဆို ကျွန်မအိပ်မက်မက်နေတာမဟုတ်ဘူး

ပေါ့"

ဆန်းလျန်က...

"အခု မင်းရောက်နေတာ အိပ်မက်ထဲမှာပါ ၊ ဒါကြောင့် ဆရာ

လုပ်သလို တန်ခိုးစွမ်းအားတွေကို အကြောက်အလန့် မရှိမင်း

လှည့်ပတ်နေနိုင်တာပေါ့"

ဆန်းလျှန်သည် လေ့ကျင်းကို အိပ်မက်ကမ္ဘာတစ်ခုဖန်ဆင်းကာ သင်ကြားပေးနေခြင်း ဖြစ်လေသည်။ ထို့ကြောင့် လေ့ကျင်း အနေဖြင့် အိပ်မက်ထဲတွင်ကျင့်စဉ်မအောင်မြင်လျှင်တောင်မှ အကျိုးကျေးဇူးလျော့နည်းသွားစရာ အကြောင်းမရှိပေ။ လေ့ကျင်းသည် ဆန်းလျှန်ဖန်ဆင်းထားသည့် အိပ်မက် ကမ္ဘာ၏ရည်ရွယ်ချက်ကို နားလည်သွားပြီး လေနှင့်မိုးကို ဆင့်ခေါ်သည့်ကျင့်စဉ်ကို ဆက်လက်လေ့ကျင့်နေလေ တော့သည်။

အကြိမ်ပေါင်းတစ်ရာခန့် သူမက မရပ်မနားလေ့ကျင့်နေပြီး အကြိမ်ပေါင်းငါးဆယ်ခန့် သူမ အောင်မြင်ခဲ့လေသည်။ နောက်ဆုံးတွင်တော့ သူမသည် လေနှင့်မိုးကိုဆင့်ခေါ်ခြင်းကို အတားအဆီးမရှိ ကျွမ်းကျင်စွာ ပြုလုပ်တတ်သွားပြီ ဖြစ်လေ သည်။

လေ့ကျင်းသည် လေနှင့်မိုးကိုဆင့်ခေါ်ခြင်းကျင့်စဉ်ကို အကြိမ်ကြိမ်အခါခါ လေ့ကျင့်နေလေရာ သူမဘေးမှ ဆန်းလျှန် ထွက်ခွာသွားသည်ကိုပင် သိရှိလိုက်ခြင်းမရှိခဲ့ပေ။

....

နိုင်ငံခြားရေးဝန်ကြီးလေ့နော်သည် ညသန်းခေါင်ချိန် တိုင်အောင် အိပ်ပျော်ခြင်း မရှိသေးပါ။

သူ၏ဝမ်းဗိုက်ကြီးမှာ တစ်နေ့တခြားကြီးမားလာပြီး သူသည် အပြင်သို့မထွက်ရဲတော့ဘဲ စာကြည့်ခန်းထဲတွင် ပုန်းနေရလေ သည်။ သူ၏ဝမ်းဗိုက်ကြီးဆီမှ နှလုံးခုန်သံတစ်သံကိုလည်း သူ ကြားနေရလေသည်။ သူ၏ကိုယ်ထဲတွင် သက်ရှိတစ်ယောက် ရောက်ရှိနေသည့်အလားပင် ဖြစ်လေသည်။

အတိအကျပြောရမည်ဆိုလျှင် သူ့တွင် ကိုယ်ဝန်ရှိနေခြင်း ဖြစ် လေသည်။

လေ့နော်သည် အလွန်မှ အတွေးအခေါ်ကောင်းသူတစ်ယောက်ဖြစ်လေသည်။ သို့သော် ဆန်းလျန် သူ့ကို တိုက်လိုက်သည့်ရေသည် ကိုယ်ဝန်ရစေသည်ဆိုသည့်အချက်ကို သူ မရိပ်မိခဲ့ပေ။ လေ့နော်သည် သူ၏အကြောင်းကို လူသိမခံဝံ့ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့ယိုဟူမျိုးနွယ်တစ်ခုလုံးအရှက်ရစေမည် ဖြစ်သောကြောင့်ပင်။

ထို့ပြင် သူ၏ခန္ဓာကိုယ်ထဲမှ တန်ခိုးစွမ်းအားနှင့်အသွေးအသားအနှစ်သာရများသည် ဝမ်းဗိုက်တွင် လာရောက်စုဝေးနေသည့်အတွက် ကိုယ်ဝန်ကိုလည်း သူဖျက်စီးမပစ်ရဲပေ။ အကယ်၍ သန္ဓေသားကိုဖျက်စီးလိုက်ပါက သူ၏တန်ခိုးစွမ်းအားနှင့် သွေးတစ်ဝက်ကျော်ကျော်မှာလည်း ပျက်စီးသွားမည် ဖြစ်လေသည်။ ထိုသို့ဖြစ်ပါက သူ၏တန်ခိုးစွမ်းအားများများစွာ ဆုံးရှုံးသွားရမည် ဖြစ်လေသည်။ ထိုအခါ တန်ခိုး

စွမ်းအားမရှိသည့် သာမန်ရှားမျိုးနွယ်တစ်ယောက်ကဲ့သို့ ဖြစ်သွားရပေလိမ့်မည်။

သူ့တွင်တန်ခိုးစွမ်းအားမရှိတော့ပါက ထိုကိစ္စကိုလည်း မည်သည့်နည်းနှင့်မျှ ဖုံးကွယ်ထားနိုင်မည် မဟုတ်ပေ။

ယခုတော့ သူ၏ကိုယ်ဝန်မှာ ရက်ပြည့်နေပြီ ဖြစ်လေသည်။ သူသည် ဆန်းလျှန်ရောက်လာရန်ကိုသာ မျှော်လင့်နေမိသည်။

လေ့နော်၏စာကြည့်ခန်းသည် ညပုလဲများဖြင့် တန်ဆာဆင်ထားလေသည်။ နံရံအတွင်းမှ ညပုလဲများသည် ညအချိန်တွင် လင်းလက်တောက်ပနေလေသည်။ မီးအိမ်ထွန်းညှိထားခြင်းမရှိသည့်အတွက် စာဖတ်ခန်းထဲတွင် အရိပ်ထင်စရာအကြောင်းမရှိပေ။

သို့သော်... စာဖတ်ခန်းထဲတွင် အနက်ရောင်အရိပ်တစ်ခုရှိနေလသည်။ ထိုအရိပ်သည် မင်ရောင်ကဲ့သို့နက်မှောင်နေပြီး ရွှံ့များနှင့်အလားသဏ္ဍာန်တူလေသည်။

လေ့နော်သည် ထိုအနက်ရောင်အရိပ်ကို စိုက်ကြည့်နေရင်း

စကားလုံးအချို့ရေရွတ်လိုက်လေသည်။

"အသူရာချောက်ရဲ့ စောင့်ရှောက်သူ"

အနက်ရောင်အရိပ်သည် တဖြည်းဖြည်းနှင့် လူသားဦးခေါင်း ၊

နဂါးခန္ဓာကိုယ်ရှိသည့် မိစ္ဆာတစ်ကောင်အသွင်သို့ ကူးပြောင်း

သွားလေသည်။ သူ၏နဂါးခန္ဓာကိုယ်ထက်တွင် အနက်ရောင်

အကြေးခွံများ ရှိနေလေ၏။

အသူရာချောက်၏စောင့်ရှောက်သူများသည် အလွန်ထူးဆန်း

သည့် သတ္တဝါများဖြစ်ပြီး တာ့ရှားဧကရာဇ်၏အမိန့်ကို နာခံ

သူများ ဖြစ်လေသည်။ သူတို့၏မျိုးနွယ်ကလည်း ထူးခြားပြီး

တန်ခိုးစွမ်းအားလည်း မြင့်မားလေသည်။ သူတို့သည် တာ့ရှား

ဧကရာဇ်၏အချို့သောတာဝန်များအတွက် အကောင်းဆုံး

အရည်အချင်းရှိကြသူများ ဖြစ်ကြလေသည်။

အခန်း (၅၃၀) သွေးစက်တစ်စက်မှပြန်လည်မွေးဖွားခြင်း

အသူရာချောက်၏စောင့်ရှောက်သူသည် သူ၏ခန္ဓာကိုယ်ကို အရိပ်အဖြစ်ပြောင်းလဲပစ်နိုင်သည့် သဘာဝလွန်စွမ်းအားတစ်ခုရှိလေသည်။ ထို့ကြောင့် မည်သည့်နေရာသို့မဆို ခိုးဝင်နိုင်လေသည်။

အရိပ်ဖြစ်သည့်အတွက် ထိခိုက်ဒဏ်ရာရအောင် မလုပ်နိုင်လေရာ လွတ်လွတ်လပ်လပ်ပင် သွားလာနိုင်လေသည်။

"တာ့ရှားဧကရာဇ်ရဲ့အမိန့်အရ ဝမ်ချန်နန်းတော်ကို လိုက်ခဲ့ဖို့ လာခေါ်တာပါ"

စောင့်ရှောက်သူထံမှ ဖြေးညင်းသည့်အသံထွက်ပေါ်လာလေ

သည်။

သူ၏မျက်ဝန်းများက ခံစားချက်ကင်းမဲ့နေပြီး အသံကလည်း

ကျောက်သားကဲ့သို့ အေးစက်နေလေသည်။

လေ့နော်က...

"ဘာကိစ္စများရှိလို့လဲ"

"နန်းတော်ကိုရောက်ရင် သိရမှာပေါ့"

စောင့်ရှောက်သူ၏အဖြေကြောင့် လေ့နော်၏မျက်ဝန်းများ

အေးစက်သွားလေသည်။

သူက အသူရာချောက်၏စောင့်ရှောက်သူကို စိုက်ကြည့်လိုက်

ပြီး...

"ကျုပ်က မသွားနိုင်ဘူးဆိုရင်ရော..."

"ပြောရခက်တယ်၊ ဘာလို့လဲဆိုတော့ တာ့ရှားဧကရာဇ်က မင်းကို အသက်ရှင်လျက် တွေ့မြင်ချင်နေတယ်၊ တစ်ချက်မှ ထိခိုက်မခံနိုင်ဘူးတဲ့"

အသူရာချောက်၏စောင့်ရှောက်သူက စိတ်ရှည်လက်ရှည် ဖြည်းလေးစွာဖြင့် ရှင်းပြလေသည်။

လေ့နော်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"မင်းတစ်ယောက်တည်းတော့ မဖြစ်နိုင်လောက်ဘူး"

"ဒါပေါ့ ကျုပ်တစ်ယောက်တည်းတော့ ဘယ်ဟုတ်မလဲ"

အသူရာချောက်၏စောင့်ရှောက်သူက ခံစားချက်ကင်းမဲ့သည့် လေသံဖြင့်ပြန်ပြောလိုက်သည်။

ထိုအချိန်မှာပင်....

အခန်းထဲတွင် မွှေးပျံ့သည့်ရနံ့တစ်ခုထွက်ပေါ်လာပြီး တစ်စုံတစ်ခုမှားယွင်းနေပြီ ဖြစ်ကြောင်း လေ့နော် နားလည်သဘောပေါက်လိုက်လေသည်။ သူက ခေါင်မိုးထက်သို့

မော့ကြည့်လိုက်သည့်အခါတွင်တော့ (၇)ပေခန့် ရှည်လျား

သည့်မြွေငယ်တစ်ကောင်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမြွေငယ်၏ခံတွင်းမှထွက်သည့်အနံ့က မွှေးပျံ့နေခြင်း ဖြစ်

လေသည်။

လေ့နော်မှာ မြွေငယ်ကိုမြင်သည်နှင့် အံ့သြမင်သက်သွားရ

သည်။

မြွေငယ်မှာ တစ်ကိုယ်လုံးအနီရောင်ဖြစ်လေသည်။ အကြေးခွံ

များရှိနေသည့်အတွက် အနီရောင်ထက်တွင် အနက်ရောင်

အစက်အပြောက်များကို တွေ့မြင်ရနိုင်လေသည်။ မျက်လုံး

များကတော့ အစိမ်းရောင်တောက်ပနေလေသည်။

ထိုမြွေမှာ ယစ်မူးနဂါးတစ်ကောင်ဖြစ်လေသည်။ မြွေတစ်

ကောင် ပုံသဏ္ဍာန်ရှိသည့်တိုင် နဂါးသွေးပါဝင်လေသည်။

ထိုနဂါး၏ ခံတွင်းမှ တံတွေးသည် ထူးခြားသည့်စွမ်းအားတစ်

မျိုးရှိလေသည်။ ထိုနဂါးမျိုးနွယ်မြွေငယ်၏ တံတွေးသည်

မွေးကြိုင်သင်းပျံ့ပြီး အလွန်အားကြီးသည့် မေ့ဆေးတစ်မျိုး ဖြစ်လေသည်။

တစ်ချိန်တုန်းက ထိုက်ယီထျန်းရှန်းအဆင့်ရှိသည့် နတ်ဘုရား တစ်ပါးကိုပင် နှစ်တစ်ထောင်ကြာအောင် ယစ်မူးနေစေရန် အတွက် ယစ်မူးနဂါးတစ်ကောင်က ပြုလုပ်ခဲ့ဖူးလေသည်။

လေ့နော်မှာ ခြေလက်များ ထုံကျဉ်လာသကဲ့သို့ ခံစားလိုက်ရ လေသည်။ သူ့ခန္ဓာကိုယ်ကို သူကိုယ်တိုင် ထိန်းချုပ်၍မရတော့ ပေ။ အသူရာချောက်၏စောင့်ရှောက်သူသည် အစစအရာရာ ကြိုတင်ပြင်ထားပြီးမှ ရောက်လာခြင်း ဖြစ်လေသည်။

လေ့နော်သည် တန်ခိုးစွမ်းအားမြင့်မားသည့် နိုင်ငံခြားရေး ဝန်ကြီးတစ်ယောက်ဖြစ်သည့်တိုင် ယခုအချိန်တွင်တော့ တိုက်ခိုက်မှုကို တွန်းလှန်နိုင်ခြင်း မရှိတော့ပါ။

ယစ်မူးနဂါးကိုပင်အသုံးပြုကာ တာ့ရှားဧကရာဇ်က သူ့ကိုမရ ရအောင် ခေါ်ယူခဲ့ခြင်းမှာ အရေးကြီးသော ကိစ္စတစ်ခု ရှိ

သောကြောင့် ဖြစ်ရပေမည်။ လေ့နော်သည် တာ့ရှားကေရာဇ်ထံတွင် တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည့်အတွက် တာ့ရှားကေရာဇ်၏ ရည်ရွယ်ချက်ကို လေ့နော် ခန့်မှန်းမိလေသည်။

အမှန်တော့ လေ့နော်တွင်ကိုယ်ဝန်ရှိနေသည့်ကိစ္စသည် ဇနီးဖြစ်သူနှင့်သမီးဖြစ်သူကို ဖုံးကွယ်ထားနိုင်သည့်တိုင် တာ့ရှားကေရာဇ်ကိုတော့ မည်သည့်နည်းနှင့်မျှ ဖုံးကွယ်ထားနိုင်မည်မဟုတ်ပေ။

ထို့ပြင် တာ့ရှားကေရာဇ်သည် ရဟန်းမင်းကြီးကို သူ့ရင်ထဲမှ မေတ္တာတရားကို ဖွင့်ပြောပြီးသွားပြီဖြစ်သည့်အတွက် ယောကျာ်းလေးများကိုယ်ဝန်ဆောင်ခြင်းကို စိတ်ဝင်စားနေဟန်ရှိလေသည်။ ထို့ကြောင့် သူက လေ့နော်၏ ထူးဆန်းသည့်ကိစ္စကို သိရှိသွားသည့်အခါ စိတ်ဝင်စားနေမိခြင်း ဖြစ်တော့သည်။

တာ့ရှားကေရာ့ဇ်သည် ထုံးတမ်းအစဉ်အလာများကို အရေးမ

ထားသည့် ဘုရင်တစ်ပါး ဖြစ်လေသည်။ ထို့ကြောင့် လေ့နော်

အနေဖြင့် သူ၏ကိုယ်ဝန်အကြောင်းကို တာ့ရှားကေရာ့ဇ်

စိတ်ဝင်စားနေသည်ကို သံသယမရှိပါ။

လေ့နော်မှာ ခြေလက်များလေးလံထုံကျဉ်နေပြီး မျက်ခွံများ

လည်း လေးလံလာလေသည်။

ထိုအချိန်မှာပင်....

လေ့နော်၏နားထဲတွင် ယစ်မူးနဂါးမျိုးနွယ် အနီရောင်မြွေ

ငယ်၏ အော်ဟစ်လိုက်သံကို ကြားလိုက်ရပြီး အခန်းထဲတွင်

ကျောက်စိမ်းသားကဲ့သို့ ကြည်လင်လွန်းသည့် လူတစ်

ယောက်၏ပုံသဏ္ဍာန်ပေါ်လာလေသည်။

ထိုလူ၏ပုံသဏ္ဍာန်မှာ ကြယ်ရောင်များကဲ့သို့တောက်ပနေပြီး

တာအိုဆရာတစ်ဦးဖြစ်လေသည်။

ထိုသူမှာ အခြားသူမဟုတ်ပေ။ တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်း ဆန်းလျန်ပင် ဖြစ်လေတော့သည်။

အသူရာချောက်မှစောင့်ရှောက်သူသည် စာကြည့်ခန်းထဲတွင် ရေခဲရုပ်တုကြီးအဖြစ်ပြောင်းလဲသွားလေသည်။ ယစ်မူးနဂါးမျိုးနွယ် အနီရောင်မြွေငယ်မှာလည်း ဆန်းလျန်လက်မှ မလွတ်မြောက်နိုင်ပါ။ မြွေငယ်သည်လည်း ရေခဲအဖြစ်အသွင်ပြောင်းသွားပြီး လေထဲတွင် မျောလွင့်နေလေသည်။

"တိုင်းပြည်အကြံပေးအမတ်မင်း"

လေ့နော်က ထိတ်လန့်အံ့သြစွာဖြင့် အော်လိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘာလဲ... ကျုပ်လာတာကို မကြိုဆိုချင်ဘူးလား"

"မလုပ်ဝံ့ပါဘူး..."

လေ့နော်သည် သူ၏ခန္ဓာကိုယ်ကို တဖြည်းဖြည်းပြန်လည် ထိန်းချုပ်လာနိုင်လေသည်။ သို့သော် ယခင်ကနှင့်ယှဉ်လျှင် အားနည်းနေဆဲ ဖြစ်လေသည်။

"ကျုပ်ကတိပေးထားတဲ့အတိုင်း ရောက်လာတာပါ၊ ခင်ဗျား ကိုယ်ထဲက အရာကို ကျုပ်ထုတ်ယူပေးမယ်"

"မင်းက အစကတည်းက တွက်ထားပြီးသားပေါ့လေ၊ မင်း တိုက်တဲ့ရေက ကိုယ်ဝန်ဆောင်နိုင်တယ်ဆိုတာ မင်းသိပြီးသား ပဲကိုး၊ ဒါကြောင့် ကျုပ်ရဲ့စွမ်းအားတွေဟာ ဝမ်းဗိုက်မှာ လာစု နေတာကိုး"

ဆန်းလျန်ကပြုံးလိုက်ရင်း...

"အဲဒါ စိတ်ဝင်စားစရာမကောင်းဘူးလား၊ တစ်သားမွေး တစ် သွေးလှတဲ့၊ ဒါ ခင်ဗျားအတွက် အခွင့်အရေးပဲ"

ဆန်းလျန်က စကားဆုံးသွားသည်နှင့် သူ၏လက်ချောင်းများ ဖြင့် လေ့နော်၏ ဝမ်းဗိုက်ကို ထိကိုင်လိုက်လေသည်။ လေ့

နော်၏စိတ်ထဲတွင် လေပြင်းတစ်ချက် တိုက်ခတ်သွားသည့်အလား ခံစားလိုက်ရပြီး သူ၏ဝမ်းဗိုက်အတွင်းမှ တစ်စုံတစ်ခု လစ်ဟာသွားသည့်အလား ခံစားလိုက်ရလေသည်။

သူ၏ဝမ်းဗိုက်အတွင်းမှ အသွေးအသားဖြစ်တည်မှုကို ဆန်းလျှန် ယူဆောင်သွားခဲ့ပြီ ဖြစ်လေသည်။

"တစ်လလောက် လေမထိ ရေမထိ နေရမယ်၊ ပြီးတော့ အစားကောင်းကောင်းစားဖို့လည်း မမေ့နဲ့"

ဆန်းလျှန်၏ စကားသံကို လေ့နော်ကြားလိုက်ရလေသည်။

လေ့နောမှာ ဆန်းလျှန်၏စကားကြောင့် ဒေါသချောင်းချောင်းထွက်သွားသည့်တိုင် တံခါးအပြင်ဘက်သို့ ထွက်မသွားရဲပေ။

ဆန်းလျှန်၏လက်ထဲမှ လေ့နော်၏အသွေးအသားအနှစ်သာရသည် ရေခဲအလင်းကြောင့် အေးခဲနေလေသည်။

ထိုအရာထံမှ မြင့်မားလွန်းသည့်အသက်ဓာတ်စွမ်းအားများထွက်ပေါ်နေသည်ကို ခံစားနေရလေသည်။ ထိုအရာသည် ရှား

မျိုးနွယ်များ၏ အလွန်သိပ်သည်းသည့်သွေးဖြင့်ဖွဲ့စည်းထား ပြီး ရှားမျိုးနွယ်၏တန်ခိုးစွမ်းအား လျှို့ဝှက်ချက်များ ပါရှိလေ သည်။

ကျီမုမြစ်ရေကသာလျှင် လေ့နော်၏ကိုယ်တွင်းမှ အသွေးအသားနှင့်တန်ခိုးစွမ်းအားကို သိပ်သည်းစွာဖြင့်ဖွဲ့စည်း စေနိုင်ခြင်း ဖြစ်လေသည်။

ထိုအရာဆီမှ ထူးဆန်းသည့်အသက်ဓာတ်စွမ်းအားများကို ဆန်းလျှန် ခံစားနေရလေသည်။

အသွေးအသားအနှစ်သာရမှ မရေမတွက်နိုင်အောင်များပြား သည့် အသက်ဓာတ်ပေါင်းများစွာ မွေးဖွားလာနိုင်လေသည်။

ထိုအရာသည် နတ်ဘုရားဖြစ်တည်မှု ပုံစံသစ်တစ်ခုနှင့်ဆင်တူ လေသည်။ ထိုအရာသည် စကြာဝဠာတစ်ခုလုံးမှ တန်ခိုး စွမ်းအားများကို စုပ်ယူပြီး အဆုံးမဲ့ကြီးထွားလာသည်နှင့်အမျှ အကန့်အသတ်မရှိ ပုံတူများကို ပွားများနိုင်မည် ဖြစ်လေသည်။

ရုပ်ခန္ဓာ၏အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိသည့်အခါ သွေး စက်တစ်စက်ကပင် ပြန်လည်မွေးဖွားနိုင်သည့် ဝိသေသလက္ခဏာရှိသည်ဟု အဆိုရှိကြလေသည်။ ဆိုလိုသည်မှာ လူတစ်ယောက် သတ်ဖြတ်ခံရလျှင်ပင် စီးဆင်းသွားသည့် သွေးများမှ တန်ခိုးစွမ်းအားသည် မိုးမြေစွမ်းအားများကို စုပ်ယူပြီး ရုပ်ခန္ဓာနှင့်စိတ်ဝိညာဉ် ပြန်လည် ဖြစ်တည်လာနိုင်သည်ဟု ဆိုလိုခြင်း ဖြစ်လေသည်။

ကြည့်ရသည်မှာ ဤအသွေးအသားအနှစ်သာရသည် ထိုစရိုက်လက္ခဏာရှိပုံရလေ၏။

လေ့နော်သည် ရှားမျိုးနွယ်နှင့်ယိုဟူမျိုးနွယ်ပေါင်းစပ်ထားသည့် အစစ်အမှန်မျိုးနွယ်တစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သူ၏တန်ခိုးစွမ်းအားနှင့် အသွေးအသားဖြစ်တည်မှုအနှစ်သာရသည် ရှားမျိုးနွယ်၏ သန့်စင်သည့်သွေး ဖြစ်လေသည်။

………………………………

လေ့ကျင်းကတော့ သူမ၏ဖခင် နှင့် ဆရာအကြားတွင် ဖြစ်ပျက်နေသည့်အဖြစ်အပျက်များကို သိရှိခဲ့ခြင်းမရှိပါ။ သူမသည် လေနှင့်မိုးကိုဆင့်ခေါ်ခြင်းကျင့်စဉ်ကို ထပ်ခါထပ်ခါ လေ့ကျင်းနေခဲ့လေသည်။ သူမ သတိပြန်ဝင်လာသည့်အချိန်တွင်တော့ ဆရာဖြစ်သူသည် သူမအနားတွင် မရှိတော့ပေ။

ထို့ပြင်...

သူမသည် အိမ်ခေါင်မိုးထက်တွင်လည်း မဟုတ်တော့ပါ။

သူမသည် သူမ၏အိပ်ယာထက်တွင်ထိုင်နေလေသည်။ သူမသည် စိတ်များရှုတ်ထွေးနေပြီး ဆရာဖြစ်သူသည် သမူကို အိပ်မက်ထဲတွင် လာတွေ့ခဲ့သည်လား ၊ ပြင်ပတွင် တကယ်လာတွေ့ခဲ့သည်လားဆိုသည့်အချက်ကို မသဲမကွဲ ဖြစ်နေရလေသည်။

ရုတ်တရက်... သူမ တစ်စုံတစ်ခုကို စဉ်းစားလိုက်မိလေသည်။

လေနှင့်မိုးကိုဆင့်ခေါ်သည့်ကျင့်စဉ်ကို ကျင့်ကြံပြီးသည့်နောက် ကျင့်ကြံသူ၏ ခန္ဓာကိုယ်အတွင်းရှိ အစွမ်းထက်သည့် တန်ခိုးစွမ်းအားသည် အမျိုးမျိုးသော လမ်းကြောင်းများမှ ဖြတ်သန်းသွားပြီး ပြင်ပမှ မိုးမြေစွမ်းအားများနှင့် ပေါင်းစပ်သွားလေသည်။ ထို့နောက် ဆန့်ကျင်ဘက်တန်ခိုးစွမ်းအားနှစ်ခုအဖြစ် လှည့်ပတ်ပေါင်းစည်းခဲ့ကြလေသည်။

ထိုသို့တွေးမိသည်နှင့် သူမသည် ချက်ချင်းပင် ပြင်ပမှ မိုးမြေစွမ်းအားများကို စုပ်ယူလိုက်လေသည်။ ထိုအခါ ပြင်ပမှ မိုးမြေစွမ်းအားများသည် သူမ၏အခန်းတွင်းသို့ စီးဝင်လာကြလေသည်။

လေ့ကျင်း၏မျက်ဝန်းများသည် ပျော်ရွှင်မှုများဖြင့် ပြည့်နေပြီး စီးဝင်လာသည့်မိုးမြေစွမ်းအားများကို သူမ၏ကိုယ်တွင်း မှ စွမ်းအားများလှည့်ပတ်ပေါင်းစည်းလိုက်ကာ တန်ခိုးစွမ်းအားများကို အပြင်ဘက်သို့ ပြန်ပြီး တွန်းပို့ပေးလိုက်လေသည်။

ထိုအခါ လေ့အိမ်တော်ခြံဝန်းအတွင်းတွင် တိမ်ညိုများ

ယှက်သန်းလာပြီး လေများပြင်းထန်စွာ တိုက်ခတ်လာလေ

တော့သည်။

ပြင်းထန်သည့်လေကြောင့် ပန်းများပင် ကြွေလွင့်ကုန်ကြရပြီး

မိုးများရုတ်တရက် ရွာသွန်းချလေတော့သည်။

အပြင်ဘက်ဆီမှ အစေခံများ၏ လှုပ်လှုပ်ရှားရှားအသံများ

ထွက်ပေါ်လာလေသည်။

ထိုအချိန်တွင် ....

ဆန်းလျန်သည် နိုင်ငံခြားရေးဝန်ကြီး လေ့နော်၏အိမ်တော်

အပြင်ဘက်ရှိ ဇာမဏီသစ်ပင်ကြီးနံဘေးသို့ ရောက်ရှိနေခဲ့လေ

သည်။

အခန်း (၅၃၁) ဇာမဏီသစ်ပင်

ဇာမဏီသစ်ပင်ကြီးသည် မိုးဒဏ်လေဒဏ်များစွာကိုခံခဲ့ရပြီး နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သည့် သက်တမ်းရင့်းပ သစ်ပင်ကြီးတစ်ပင် ဖြစ်လေသည်။ ရှေးတစ်ချိန်က ထိုသစ်ပင် ပေါ်တွင် ဇာမဏီငှက်တစ်ကောင် နားခဲ့ဖူးလေသည်။

ထို့ကြောင့် ထိုသစ်ပင်ကြီးသည် အခြားသစ်ပင်များနှင့်မတူဘဲ ထူးခြားသည့် ဝိညာဉ်စွမ်းအား ရှိလေသည်။

သစ်ပင်များ ကျောက်တုံးများသည် နှစ်ပေါင်းတစ်သောင်း တည်မြဲနေပါစေ ထိုသို့ ဝိညာဉ်စွမ်းအားရရှိရန် မဖြစ်နိုင်ပေ။

ဝိညာဉ်စွမ်းအားရှိပါက ကျင့်ကြံ၍ရနိုင်လေသည်။ ကျင့်ကြံနိုင်ပါက သေခြင်းရှင်ခြင်း သံသရာမှ လွတ်မြောက်နိုင်မည် ဖြစ်လေသည်။

ဆန်းလျန်သည် ဇာမဏီသစ်ပင်၏ အရှေ့တွင် ရပ်နေလေသည်။ ထိုနေရာတွင် လေတိုက်ခတ်ခြင်းမရှိ။ ကောင်းကင်ကလည်း ကြည်လင်နေလေသည်။ ကြယ်များတစ်လက်လက်တောက်ပနေသည်ကိုပင် တွေ့မြင်ရမည် ဖြစ်လေသည်။

ဆန်းလျန်က ရုတ်တရက်မေးလိုက်လေသည်။

"မင်းက လူသားတစ်ယောက် မဖြစ်ချင်ဘူးလား"

ဆန်းလျန်၏အမေးကြောင့် ဇာမဏီသစ်ပင်ကြီးသည် တစ်ချက်ယိမ်းထိုးလှုပ်ရှားသွားလေသည်။ ထို့နောက် စိတ်အာရုံလမ်းကြောင်းပွင့်သွားပြီး ဆန်းလျန်ကို စိတ်စွမ်းအားဖြင့် စတင်စားပြောလိုက်လေသည်။

"လူသားတစ်ယောက်ဖြစ်ရတာကောင်းပါတယ်၊ အနည်းဆုံး တော့ ဘယ်နေ့အခုတ်ခံရမလဲဆိုတာ စိတ်မပူရတော့ဘူးပေါ့၊ ပြီးတော့ တိချိုးမြို့တော်မှာဆိုရင် ဘယ်တော့မှာ အသွင် ပြောင်းတာလည်း အောင်မြင်နိုင်မှာ မဟုတ်ဘူး"

ဆန်းလျန်က...

"ကျုပ်ရဲ့ကျင့်စဉ်လမ်းကိုလိုက်ပါ..."

ဇာမဏီသစ်ပင်ကြီးသည် လူသားတစ်ယောက်မဟုတ်သည့် တိုင် အသက်ရှည်ပြီး အတွေ့အကြုံများလေသည်။ နတ်ဘုရား တစ်ပါး၏သွန်သင်မှုဖြင့် ကျင့်စဉ်လမ်းသို့ လိုက်လျှောက်ရန် အတွက် အခွင့်အရေးရန်မှာ မည်မျှခက်ခဲကြောင်း သူသိထား လေသည်။

ယခုတော့ သူမျှော်လင့်မထားသည့်အခွင့်အရေးသည် သူ့ရှေ့ သို့ရောက်လာခဲ့ပြီ။

"ဘာကြောင့်များလဲ..."

"ဘာကြောင့်မှတော့မဟုတ်ပါဘူး ၊ မင်းရဲ့ပုံသဏ္ဍာန်ကို မြင်ချင်မိတာပါ"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် ပြန်ပြောလိုက်လေသည်။

ဇာမဏီသစ်ပင်ကြီးသည် ဆန်းလျန်နောက်သို့လိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

ဇမဏီသစ်ပင်ကြီး၏ ထူးခြားသည့်ဝိညာဉ်စွမ်းအားသည် ဆန်းလျန်၏လက်ထဲမှ အသေးအသားအနှစ်သာရအတွင်းသို့ စီးဆင်းဝင်ရောက်သွားလေတော့သည်။ သူသည် လူသားတစ်ယောက်ဖြစ်လာရန်အတွက် အခွင့်အရေးရခဲ့ပြီဖြစ်ပြီးထို အခွင့်အရေးသည် ဆန်းလျန်ပေးအပ်သောကြောင့်သာ ရရှိခြင်းဖြစ်လေသည်။

ဆန်းလျန်က သူ့ထံမှ တစ်စုံတစ်ခုပြန်လည်တောင်းဆိုလိမ့်မည်ဟု ထင်ခဲ့မိသော်လည်း ဆန်းလျန်က မည်သည့် အရာမှ တောင်းဆိုခဲ့ခြင်း မရှိပေ။

ထိုနေ့မှစပြီး ကျီဝေးကျောင်းတော်တွင် ဖုန်းချီဝူဆိုသည့် ကလေးငယ်တစ်ယောက် ရောက်လာလေတော့သည်။ ကလေးကို ထိန်းရမည့်တာဝန်ကတော့ ကျားနက်ကြီးခေါင်းပေါ်သာ ရောက်ရပြန်လေသည်။ သို့သော် ဆန်းလျန်က တာဝန်ပေးခြင်းဖြစ်သည့်အတွက် ကျားနက်ကြီးမှာ မငြင်းရဲရှာပေ။

ကျီဝေးကျောင်းတော်တွင် ကလေးငယ်တစ်ယောက်ရောက်ရှိနေသည့်သတင်းသည် တိချိုးမြို့တော်ထဲတွင် ပျံ့နှံ့သွားလေသည်။ ဆန်းလျန်မှာ တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းဖြစ်လေရာ သူလုပ်သည့်အလုပ်တိုင်းကို လူအများက စိတ်ဝင်စားနေကြသည်မှာ မဆန်းလှပေ။

သို့သော် ယင်းစန်းဒေသမှ သခင်လေးဝူတင်နှင့် တာ့ရှားဧကရာဇ်၏တူမတော်လေ့ကျင်းတို့ ပညာယှဉ်ပြိုင်မည့်သတင်းကို လူအများက ပိုပြီး စိတ်ဝင်စားနေကြလေသည်။ သူတို့နှစ်ယောက်၏ပြိုင်ပွဲသည် နောက်သုံးရက်အကြာတွင် တုန်းချန်

အရပ်ရှိ ပြိုင်ပွဲဝင်စင်မြင့်ထက်တွင် ကျင်းပမည် ဖြစ်လေ

သည်။ ထိုနေရာသည် အရှေ့ရေကန်နှင့်လည်း နီးလေသည်။

အရှေ့ရေကန်ဆိုသည်မှာ အလွန်ကြီးမားသည့် ရေကန်ကြီးတစ်

ခုဖြစ်လေသည်။

ထိုရေကန်ထဲတွင် နို့တိုက်သတ္တဝါမျိုးနွယ်ပင်လယ်သတ္တဝါများ

ကိုမွေးမြူထားသည့်အတွက် တော်ရုံလူက ထိုရေကန်ကြီး

အနားသို့ မသွားရဲကြပေ။

လေ့ကျင်းသည် လေနှင့်မိုးကိုဆင့်ခေါ်နိုင်သည့်တန်ခိုးစွမ်းအား

ကို ကျင့်ကြံအောင်မြင်သွားသည့်အခါတွင်တော့ သူမ၏မိခင်

သည် သူမကို လေ့အိမ်တော်တွင် ဆက်လက်ချုပ်နှောင်မထား

ရဲတော့ပေ။သူမ မည်မျှတန်ခိုးစွမ်းအားကြီးမားနေသည်ကို

သူမကိုယ်တိုင် နားလည်ခြင်းမရှိသေးပါ။ သို့သော် သူမသည်

လေနှင့်မိုးကိုသာမက လျှပ်စီးနှင့်မိုးကြိုးများကိုပင် လက်လေး

တစ်ဖက်ဝှေ့လမ်းရုံဖြင့် ဖန်ဆင်းနိုင်နေပြီ ဖြစ်လေသည်။

အမှန်တော့ ဆန်းလျန်သာ သူမကို သေသေချာချာ သင်ပြပေးခြင်းမရှိခဲ့လျှင် သူမသည် နောက်ထပ်အနှစ်သုံးဆယ်ကျင့်ကြံလျှင်ပင် ယခုကဲ့သို့ အဆင့်မျိုးသို့ ရောက်ရှိနိုင်မည် မဟုတ်ပေ။ ဆန်းလျန်အပေါ်တွင် လေ့ကျင်းထားရှိသည့်ခံစားချက်များသည် ရှုတ်ထွေးနေလေသည်။ သူမ၏ဖခင်မှာ ဆန်းလျန်ကြောင့် နေမကောင်းဖြစ်နေရသည်ကို သူမရိပ်မိလေသည်။ သို့သော် ထိုကိစ္စကြောင့်သူမသည် ဆန်းလျန်အပေါ်တွင် မေတ္တာမပျက်ခဲ့သလို ဖခင်ဖြစ်သူကိုလည်း နည်းနည်းလေးမှ သနားခြင်းမရှိခဲ့ပေ။

သို့သော်... ဆရာက သူမအပေါ်တွင်ထားရှိသည့် စိတ်ရင်းစေတနာ တကယ်မှမှန်ကန်ပါရဲ့လားဟု စဉ်းစားမိသော အခါ သူမ ဝမ်းနည်းခဲ့ရလေသည်။

သို့သော် သူမသည် ဆန်းလျန်ကို ပွင့်ပွင့်လင်းလင်းမေးမြန်းရန်အတွက် မဝံ့ရဲခဲ့ပါချေ။

လေ့ကျင်းနှင့်ဝူတင် ပညာပြိုင်မည့်သတင်းကြောင့် တာ့ရှား
ဧကရာဇ်ပင်လျှင် အံ့သြသွားရလေသည်။ သို့သော် ဧကရာဇ်က
လေ့ကျင်းဘက်မှ ထောက်ခံအားပေးခဲ့လေသည်။
ဝူတင်ဘက်မှလည်း အားပေးသူ များစွာရှိလေသည်။
ဝူတင်သည် ထူးချွန်သည့် လူငယ်တစ်ယောက်ဖြစ်ပြီး
အနာဂတ်တွင် ယင်းစန်း၏ခေါင်းဆောင်တစ်ယောက် ဖြစ်လာ
မည့်လူငယ်တစ်ယောက် ဖြစ်လေသည်။
ထို့ပြင် လေ့ကျင်းမှာ တာ့ရှားဧကရာဇ် အလွန်မှချစ်ခင်မြတ်နိုး
ခြင်းကိုခံရသည့် တူမလေးဖြစ်လေသည်။ သူမသည် ဘုရင့်
သမီးတော်မင်းသမီးတစ်ပါးမဟုတ်သည့်တိုင် မင်းသမီး
တစ်ပါးအလား သြဇာအာဏာရှိသူတစ်ယောက် ဖြစ်လေသည်။
ထို့ကြောင့် လေ့ကျင်းနှင့်ဝူတင်၏ပြိုင်ပွဲမှာ တာ့ရှားပြည်နှင့်
ယင်းစန်းဒေသ ယှဉ်ပြိုင်ကြသည့်ပြိုင်ပွဲတစ်ခုအလား ဖြစ်ခဲ့ရ
တော့သည်။

မည်သို့ပင်ဖြစ်စေ လေ့ကျင်းမှာ မိန်းကလေးတစ်ယောက်ဖြစ်သည့်အတွက် ဂူတင်ကိုရှုံးနိမ့်သွားလျှင်လည်း ပြဿနာမရှိပေ။ သို့သော် ဂူတင်က လေ့ကျင်းကို ရှုံးနိမ့်သွားလျှင်တော့ အကြီးအကျယ် မျက်နှာပျက်ရပေလိမ့်မည်။

ယခုပြိုင်ပွဲသည် ဂူတင်၏ဘဝတွင် စိတ်ဖိစီးမှုအများဆုံးပြိုင်ပွဲတစ်ခုဖြစ်ခဲ့လေသည်။ ဘာမဟုတ်သည့် ဆန်းလျန်နှင့်ကွမ်းလုန်ကျီလောင်းကြေးထပ်သည့်ကိစ္စလေးနှင့်သူ့မှာပြဿနာဖြစ်ရပြီ။

ယခုအချိန်တွင်တော့...

ဆန်းလျန်သည် တော်ဝင်ကျောင်းတော်သို့ ရောက်ရှိနေလေသည်။ ကွမ်းလုန်ကျီမှာလည်း တော်ဝင်ကျောင်းတော်ထဲတွင်ရှိနေလေသည်။ လေ့ကျင်းနှင့်ဂူတင်၏ ပြိုင်ပွဲကိုအကြောင်းပြကာ ကျောင်းသားများကလည်း ကျောင်းပြေးကြလေသည်။

ထို့ကြောင့် ကွမ်းလုန်ကျီအနေဖြင့် သင်ပြပေးရမည့်တပည့်သိပ်မရှိလှပေ။

ဆန်းလျန်သည် စာသင်ခန်းထဲတွင် ကွမ်းလုန်ကျီ သင်ကြားပြသပေးနေသည်ကို နားထောင်နေလေသည်။

ကွမ်းလုန်ကျီ၏ သင်ကြားမှုပြီးသွားသည်နှင့် ဆန်းလျန်က လက်ခုပ်တစ်ချက်တီးလိုက်ပြီး...

"ခင်ဗျားရဲ့ရတနာတစ်ပါးဖြစ်တဲ့ လျန်စန်းကို မလေ့လာရသေးခင်မှာပဲ ကျုပ်တော့ တော်တော်စိတ်ဝင်စားနေမိပြီ"

ကွမ်းလုန်ကျီ ယနေ့ သင်ကြားပို့ချပေးနေသည့်ပညာမှာ ခက်ခဲလွန်းခြင်းမရှိပါ။

အဓိကရာသီဥတု (၄) မျိုးနှင့် တစ်နှစ်အတွင်း မိုးမြေစွမ်းအားပြောင်းလဲမှု (၂၄) ခု အကြောင်းသင်ကြားပေးနေခြင်း ဖြစ်လေသည်။

ထိုအရာများက ပုံသေဖြစ်သည့် ပညာရပ်များဖြစ်ပြီး သာမန်အားဖြင့် သိပ်ပြီးအသုံးမဝင်လှပေ။ ထို့ကြောင့် ကျောင်းသားများကလည်း သိပ်ပြီး စိတ်ဝင်စားခြင်း မရှိကြပေ။

သို့သော် ဆန်းလျန်ကတော့ ကွမ်းလုန်ကျီ၏သင်ကြားပေးမှုမှ နက်ရှိုင်းသည့်အဆင့်တစ်ခုကို နားလည်နိုင်ခဲ့လေသည်။ ထိုပညာရပ်မှတစ်ဆင့် လောကနိယာမတရားများနှင့် ကမ္ဘာကြီးအကြောင်း နားလည်နိုင်မှု တို့ပါဝင်လေသည်။ ကွမ်းလုန်ကျီသင်ကြားပေးနေသည့်ပညာရပ်သည် ခိုင်မာပြီး မပြောင်းလဲနိုင်သည့် နိယာမတစ်ခု ဖြစ်လေသည်။

ဆန်းလျန်သည် ရေကဲ့သို့သဘောသဘာဝရှိသူတစ်ယောက်ဖြစ်ပြီး မရေမတွက်နိုင်သည့်ပုံသဏ္ဍာန်မျိုးစုံဖြင့် လိုက်လျောညီထွေရှိစွာ နေထိုင်တတ်သူဖြစ်လေသည်။ သူသည် ကျင့်ကြံခြင်းတွင်လည်း ကျင့်စဉ်တစ်ခုတည်းကို သာတစ်စိုက်မတ်မတ်ကျင့်ကြံခဲ့ခြင်းမျိုးမရှိပေ။ သူသည် ကျင့်စဉ်ပေါင်းများစွာကို

နားလည်အောင် ကြိုးစားခဲ့သူဖြစ် လေသည်။ ထိုအချက်သည် သူ၏အားသည်ချက်ဖြစ်သလို အခန့်မသင့်လျှင် သူ့ဘဝ တိုးတက်မှုကိုဟန့်တားနိုင်သည့် အားနည်းချက်တစ်ခုလည်း ဖြစ်လေသည်။

ကွမ်းလုန်ကျီကတော့ ဆန်းလျန်နှင့်မတူပေ။ သူကတော့ မြင့် မားသည့်တောင်တစ်တောင်အလားဖြစ်လေသည်။ သူလုပ် သမျှအရာအားလုံးတွင် သူယုံကြည်ရာကို မပြောင်းမလဲ ထည့်သွင်းထားတတ်လေသည်။ တောင်တစ်တောင်တည်ရှိ နေသည်ကို တွေ့မြင်နိုင်သည်ဖြစ်စေ ၊ မတွေ့မြင်နိုင်သည်ဖြစ် စေ တောင်ကတော့ တည်ရှိနေမည်ပဲ ဖြစ်လေသည်။

ကွမ်းလုန်ကျီက ပြုံးလိုက်ရင်း...

"လေ့ကျင်းအနိုင်မရနိုင်ပါဘူး ၊ ဒါကြောင့် မင်းလည်း လျန်စန်း ကို ရနိုင်မှာမဟုတ်ဘူး ၊ ပြီးတော့ လျန်စန်းဆိုတာက ကျုပ်ရဲ့ တာအိုတရားပါ ၊ မင်းဟာမှ မဟုတ်ဘဲလေ ၊ အများကြီး

မျှော်လင့်ချက်မထားပါနဲ့၊ မဟုတ်ရင် မင်းစိတ်ပျက်ရလိမ့်မယ်"

"ကျင်းအော်မရှုံးနိုင်ပါဘူး၊ ဝူတင်ရဲ့ဓားသိုင်းက တာအိုလမ်းစဉ်ထဲကိုစပြီးဝင်ရောက်ရောက်နေပြီ၊ ဝမ်ကျုန်းကလည်းသူ့ကိုနေ့တိုင်းသင်ပြပေးနေပေမမယ့် ကျင်းအော်က မရှုံးနိုင်ပါဘူး"

စန်းလျန်က ဖြည်းညင်းစွာဖြင့် ပြောလိုက်လေသည်။

"မင်း ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိတာ ကျေပ်သိပါတယ်၊ ဒါပေမယ့် အခု ကျီကျောက်က ဘယ်အဆင့်ရောက်နေပြီလဲ မင်းသိလား"

ကွမ်းလုန်ကျီက မေးလိုက်လေသည်။

"မသိချင်ပါဘူး...."

ထို့နောက် ဆန်းလျန်သည် ကွမ်းလုန်ကျီကို ခပ်တည်တည်ဖြင့် တစ်ချက်ပြန်ကြည့်လိုက်ရင်း ဖြေလိုက်လေသည်။

ဆန်းလျန်၏မျက်နှာအမူအရာကြောင့် ကွမ်းလုန်ကျီ မရယ်ဘဲ မနေနိုင်တော့ပေ။

ဆန်းလျန်သည် စိတ်လှုပ်ရှားစရာကောင်းသည့် လူတစ်ယောက် ဖြစ်လေသည်။ မည်သည့်အခါမှ ဆန်းလျန်တွေးတောနေသည့် အရာများကို ခန့်မှန်း၍မရနိုင်ပေ။

ဆန်းလျန်ကဲ့သို့သော လူမျိုးနှင့် အချိန်ဖြုန်းရမည်ဆိုလျှင် မည်မျှပင်ကြာရှည်ပါစေ ပျင်းစရာကောင်းလိမ့်မည် မဟုတ်ပေ။

....

ဝူတင်သည် အရှေ့ရေကန်တွင် ရောက်ရှိနေလေသည်။

တောင်ကုန်းတစ်ခုထက်တွင်တော့ အနက်ရောင်ယူနီကွန်းကြီး ကိုစီးနှင်ထားသည့် ဝမ်ကျုန်းရှိနေလေသည်။ တောင်ကုန်း ထက်တွင်ဝမ်ကျုန်းကိုတွေ့မြင်ရသည်မှာ အလွန်ခမ်းနားသည့် ပန်းချီကားအလားပင်ဖြစ်လေ၏။

ကိုယ်ခန္ဓာအပေါ်ပိုင်း အကျႌဝတ်မထားသည် လူငယ်လေးတစ် ယောက်က ရေကန်ထဲသို့ ခုန်ချလိုက်လေသည်။

လူငယ်လေး၏လက်ထဲတွင် သစ်သားဓားတစ်လက်ကို ကိုင်ထားလေသည်။

အရှေ့ရေကန်သည် တည်ငြိမ်နေဟန်ရှိသော်လည်း ရေထဲတွင်တော့ အလွန်ကြီးမားသည့် ပင်လယ်သတ္တဝါကြီးများ ပုန်းအောင်းနေထိုင်နေကြလေသည်။ အချို့သောပင်လယ်သတ္တဝါများသည် ဝိညာဉ်စွမ်းအားမှာ သာမန်မျှဖြစ် သည့်တိုင် ပင်ကိုစွမ်းအားကြီးမားပြီး ဆူနာမီငလျှင်လှိုင်းအသေးစားများကိုပင် လှုပ်ခတ်စေနိုင်သည်အထိ စွမ်းအားကြီးမားကြလေသည်။

လူငယ်လေးဝူတင်သည် အရှေ့ရေကန်ထဲတွင်ရှိနေလေသည်။

အခန်း (၅၃၂) ကျန်းယိုဟွမ်

“တန်ခိုးစွမ်းအားကိုအားကိုးနေပါက လူတစ်ယောက်၏စွမ်းအားအစစ်ကို ပြသနိုင်ခြင်းမရှိ” ဟု ဝမ်ကျုန်းက ဝူတင်ကို သင်ပြပေးခဲ့လေသည်။

ထို့ကြောင့် အန္တရယ်များလွန်းသည့်အရှေ့ရေကန်သို့ ဝူတင်ကို စေလွှတ်သည့်အခါ ဝမ်ကျုန်းက ဝူတင်၏တန်ခိုးစွမ်းအားများ အသုံးမပြုနိုင်စေရန် ချိတ်ပိတ်ထားခဲ့လေသည်။

လေ့ကျင်းနှင့်ယှဥ်ပြိုင်တိုက်ခိုက်ရန်အတွက် အချိန် (၃)ရက်လိုသေးသည်။ (၃)ရက်ဆိုသည့်အချိန်သည် ကိစ္စရပ်အတော်များများကို ပြီးမြောက်စေနိုင်သည့် အချိန်အတိုင်းအတာပင်ဖြစ်လေ၏။

တန်ခိုးစွမ်းအားများမရှိတော့သည့်အခါ သူ့ကိုယ်သူမည်မျှ
အားနည်းနေကြောင်း ဝူတင်ရိပ်မိလိုက်လေသည်။
အရှေ့ရေကန်၏မျက်နှာပြင်က တည်ငြိမ်နေလေသည်။
သို့သော် ရေကန်အောက်တွင်တော့ မုန်တိုင်းထန်နေခဲ့လေ
သည်။ ရေကန်အောက်ရှိရေစီးကြောင်းသည် ဝူတင်ကို အကြိမ်
ပေါင်းများစွာ ပုံစံပျက်စေခဲ့လေသည်။ သို့သော် ထိုအချက်က
ကြောက်စရာကောင်းသည့်အချက်မဟုတ်သေးပေ။
ကြောက်စရာကောင်းသည့်အချက်မှာ ရေကန်အောက်ရှိ
ရေစီးကြောင်းထဲမှ လူသားစားသည့် ပင်လယ်သတ္တဝါကြီးများ
ပင် ဖြစ်လေသည်။
ဝူတင်သည် သူ၏ ပျံသန်းကြယ်စင်စွမ်းအားများကို
အသုံးပြု၍ မရနိုင်သည့်အတွက် သစ်သားသားဓားကို
တင်းတင်းစုပ်ကိုင်ကာ ဝိညာဉ်စွမ်းအားများကို စုစည်းထားလေ
သည်။

တန်ခိုးစွမ်းအားမရှိလျှင် သူ၏ဓားသည် ရေကိုလည်း ထိုးခွဲနိုင်မည် မဟုတ်ပေ။

ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အတွက် သူ၏စွမ်းအားမှာ မြင့်မားသည့်တိုင် လက်ရှိအချိန်တွင် ရေကန်ထဲမှ ပင်လယ်သတ္တဝါကြီးများထက် သိသိသာသာလျော့နည်းနေလေသည်။

ထိုအချိန်...

ရေကန်ထဲမှ ရေများ ရုတ်တရက် မြင့်တက်လာပြီး အလွန်မြင့်မားသည့် ရေတံတိုင်းကြီးတစ်ခု ဝူတင်၏ရှေ့တည့်တည့်တွင် ပေါ်လာလေသည်။ ထိုရေတံတိုင်းကြီးရှေ့တွင် ဝူတင်သည် အလွန်မှ သေးငယ်သွားရလေသည်။

သူ့ဆီသို့ဝင်ရောက်လာသည့် ရေတံတိုင်းကြီးကို ဝူတင်က စူးစိုက်ကြည့်နေလေသည်။ သူ့လက်ထဲတွင် သစ်သားဓားကို တင်းကြပ်စွာ စုပ်ကိုင်ထားလေသည်။

ထို့နောက် ... ဝူတင်သည် လေထဲသို့တစ်ချက်ခုန်တက်လိုက်ပြီး ရှိသမျှစွမ်းအားကိုအသုံးပြုကာ ရေတံတိုင်းကြီးကို နှစ်ပိုင်းပိုင်းချလိုက်လေသည်။

ထိုအခါ ရေတံတိုင်းကြီးအတွင်းမှ အနက်ရောင်အရာကြီးတစ်ခု ထွက်ပေါ်လာလေသည်။ ထိုအနက်ရောင်အရာကြီးမှာ အနက်ရောင် ပင်လယ်သတ္တဝါကြီးတစ်ကောင်ဖြစ်ပြီး သူ၏အရေခွံက ချောမွေ့နေလေသည်။ ရေသတ္တဝါကြီး၏ အရှည်မှာ ပေ (၃၀၀) ခန့်ရှိသည်ဟု ခန့်မှန်းရလေ၏။

ရေတံတိုင်းကြီးပြိုကွဲသွားသည်နှင့် ထိုသတ္တဝါကြီးသည် ချက်ချင်းခွေသွားပြီး ငါးခေါင်းကြီးတစ်ခေါင်း ထွက်ပေါ်လာလေသည်။

ငါးခေါင်းကြီးက ပါးစပ်ကိုဖွင့်ဟလိုက်သည့်အခါ တောက်ပသည့်သွားများနှင့် အဆုံးမရှိသည့် ခံတွင်းဝကြီးပေါ်လာလေ

သည်။ သို့သော်... ဝူတင်သည် တစ်ချက်ပင် တွန့်ဆုတ်သွား ခြင်းမရှိပါ။

သူ၏သစ်သားဓားသည် ရိုးရှင်းသည့်သာမန် သစ်သားဓားတစ် လက်သာ ဖြစ်လေသည်။

ထိုသစ်သားဓားသည် လေကိုထိုးခွင်းသည့်အသံတစ်သံထွက် ပေါ်လာပြီး ငါးဦးခေါင်းကြီးကို ဓားဖြင့်ခုတ်ချလိုက်လေသည်။ အလွန်လျှင်မြန်သည့်အရှိန်ဖြင့် ခုတ်ချလိုက်ခြင်းဖြစ်ပြီး ဝူ တင်၏မျက်ဝန်းထဲတွင် ငါးခေါင်းကြီးကိုမြင်တွေ့ရခြင်း မရှိပါ။ သူသည် အလွန်ကြီးမားပြီး ကြည်လင်သည့် ဒြပ်ဖြစ်တည်မှု တစ်ခုကို မျက်ဝန်းထဲတွင်တွေ့မြင်နေပြီး ထိုအရာကြီးအတွင်း မှ သွေးကြောများ ၊ အရိုးများနှင့် ချိတ်ဆက်မှုများအားလုံးကို မြင်တွေ့နေရလေသည်။

ငါးခေါင်းကြီး၏ဖွဲ့စည်းပုံကို သူ ရှင်းလင်းစွာမြင့်တွေ့နေရ သည့်အတွက် အားနည်းချက်အားသာချက်များကိုလည်း သဲကွဲ

စွာ မြင်တွေ့ရလေသည်။ ထို့ကြောင့် တိကျသည့်စွမ်းအားကို အသုံးပြုကာ ပင်လယ်သတ္တဝါကြီး၏ နောက်ဆက်တွဲ တိုက်ခိုက်လာမှုကို ကောင်းကောင်းထိန်းချုပ်လိုက်နိုင်လေသည်။

ငါးခေါင်းကြီးသည် သစ်သားဓား၏ထိခိုက်မှုအောက်တွင် ကွဲထွက်သွားေးလသည်။ သွေးများပန်းထွက်လာပြီး ဝူတင်၏ဝမ်းဗိုက်ကိုပင် သွေးများပေကျံသွားစေလေသည်။

တကယ့်စိန်ခေါ်မှုက ယခုမှ စမှာဖြစ်လေသည်။

ပင်လယ်သတ္တဝါတစ်ကောင်၏ သွေးကြောင့် အခြားသော ပင်လယ်သတ္တဝါပေါင်းများစွာသည် ဝူတင်၏အနီးသို့ ချဉ်းကပ်လာကြလေသည်။

ဝမ်ကျုန်းသည် ရေကန်ထဲတွင် တိုက်ခိုက်နေသည့်ဝူတင်ကို ကြည့်နေလေသည်။

တိုက်ပွဲမစခင် သုံးရက်အလိုတွင် သူက ဝူတင်ကို ထိပ်တန်းဓား

သိုင်းပညာတစ်ခုရရှိစေရန်အတွက် လေ့ကျင့်ပေးနေခြင်းပင်

ဖြစ်လေသည်။

ဝူတင်ထိုသို့ အပြင်းအထန်လေ့ကျင့်နေသည့်အချိန်တွင် လေ့

ကျင်းကတော့ အေးအေးဆေးဆေးပင် ရှိနေလေသည်။

လေ့ကျင်းသည် ဝမ်ချန်နန်းတော်အတွင်းရှိ ကျောက်စိမ်း

ရေကန်နံဘေးတွင် ထိုင်နေလေသည်။ သူမက ဝမ်ချန်နန်းတော်

အတွင်းသို့ လာချင်လွန်း၍ ရောက်နေရခြင်း မဟုတ်ပေ။ တာ့

ရှားဧကရာဇ်ခေါ်သောကြောင့် ရောက်ရှိနေရခြင်း ဖြစ်လေ

သည်။ ကျောက်စိမ်းရေကန်အတွင်းမှရေသည် မိုးကောင်းကင်

မှရေဖြစ်သည်ဟု လူအများက ပြောကြလေသည်။

တမင်သက်သက်ချဲ့ကားပြောဆိုနေခြင်းများဖြစ်နိုင်

သော်လည်း ကျောက်စိမ်းရေကန်မှရေသည် ရှားတူးမြောင်းမှ

ရေ ထက်ပင် ဝိညာဉ်စွမ်းအားများနှင့် ပြည့်ဝနေလေသည်။

ထို့ပြင် ကန်ရေပြင်သည် တည်ငြိမ်နေသည့်အတွက် ရေဒြပ်စင်ကိုကျင့်ကြံသည့် ကျင့်ကြံသူများအနေဖြင့် မိုးမြေစွမ်းအားများကို စုပ်ယူရန်အတွက် အသင့်တော်ဆုံး နေရာတစ်ခု ဖြစ်လေသည်။

လေ့ကျင်းသည် ကျောက်စိမ်းရေကန်အလယ်ရှိ ခန်းမဆောင်သို့ မသွားခဲ့ပါ။ သူမက ရေကန်နံဘေးတွင် ထိုင်နေခဲ့လေသည်။ သူမနောက်တွင်တော့ မိုးမခပင်များရှိနေလေသည်။

ရှူခင်းသည် အလွန်လှပသည့်တိုင် လေ့ကျင်း၏အလှတရားကို တော့ဖြင့် မမီနိုင်ခဲ့ပါ။

သူမသည်အေးချမ်းသည့်နေရာတွင်နေထိုင်ခြင်းကိုနှစ်သက်နေမိလေသည်။

အရင်တုန်းကတော့ သူမတွင် ထိုကဲ့သို့သော အကျင့်စရိုက်မျိုးမရှိပေ။ ကြည့်ရသည်မှာ သူမသည် ဆန်းလျန်၏ လွှမ်းမိုးခြင်း

ကိုခံရသည့်အတွက် စိတ်နေစိတ်ထားများ ပြောင်းလဲသွားခြင်း ဖြစ်ဟန်တူလေသည်။

လက်ရှိအချိန်လေးတွင် သူမသည် အလွန်စိတ်ချမ်းသာနေခဲ့လေသည်။

သို့သော် သူမ၏ငြိမ်းချမ်းမှုလေးပျက်စီးသွားရသည်။

အဘယ်ကြောင့်ဆိုသော် သူမရှိရာသို့ တစ်စုံတစ်ယောက်ရောက်ရှိလာသောကြောင့် ဖြစ်လေသည်။

သူမက ခြေသံကြားသောကြောင့် သိရှိလိုက်ခြင်း မဟုတ်ပါ။

သူမအနားသို့တစ်စုံတစ်ယောက်ရောက်လာသည်ကို သူမ၏စိတ်အာရုံတွင် ခံစားလိုက်မိသောကြောင့်သိရှိလိုက်ခြင်း ဖြစ်လေသည်။ သူမအနားသို့ရောက်လာသူသည် ခြေသံတစ်သံပင် ထွက်ပေါ်ခြင်းမရှိပါ။

ထိုသူသည် ရဟန်းမင်းကြီးဖြစ်လေသည်။

ယခုတော့ ရဟန်းမင်းကြီးသည် ပုံမှန်အတိုင်းအစိမ်းရောင်ကြေးနီမျက်နှာဖုံးကို တပ်ဆင်ထားပြီ ဖြစ်လေသည်။

လေ့ကျင်းသည် အလွန်ချောမောလှပသောမိန်းကလေးတစ်ယောက်ဖြစ်လေသည်။

သို့သော် ရဟန်းမင်းကြီး၏အလှတရားနှင့်ယှဉ်လျှင်တော့ လေ့ကျင်း၏အလှသည် မှေးမှိန်သွားရလေသည်။ ရဟန်းမင်းကြီးသည် ဗျပ်စောင်းတစ်လက်ကိုလက်တွင်ကိုင်ထားပြီး တစ္ဆေတစ်ကောင်အလား ပေါ့ပါးသည့်ခြေလှမ်းများဖြင့် လေ့ကျင်းအနားသို့ လမ်းလျှောက်လာလေသည်။

လေ့ကျင်းက နောက်သို့လှည့်မကြည့်ပါ။

သူမ၏မျက်နှာတွင်အပြုံးတစ်ချက်ထင်ဟပ်သွားပြီး....

“ရဟန်းမင်းကြီး ၊ ကျွန်မကို လာရှာတာလား”

“ဒီနေရာမှာ မင်းကလွဲလို့ ဘယ်သူများရှိလို့လဲ”

ရဟန်းမင်းကြီးက ပြန်ပြောလိုက်လေသည်။

"ရဟန်းမင်းကြီး ကျန်းမာရေးသိပ်မကောင်းဘူးလို့ သတင်းကြားတယ်၊ ဘာလို့များအပြင်ကိုထွက်လာရတာလဲ" လေ့ကျင်းမေးလိုက်စဉ်မှာပင် ရဟန်းမင်းကြီးထံမှ အားနည်းဖျော့တော့သည့် ချောင်းဆိုးသံများထွက်ပေါ်လာလေသည်။ ထို့နောက် သူက လေ့ကျင်းဘေးနားသို့ ဆက်လျှောက်လာလေသည်။

လေ့ကျင်းသည် နောက်သို့လှည့်မကြည့်ပါ။ သို့သော် ကျောက်စိမ်းရေကန်ထဲတွင် ရဟန်းမင်းကြီး၏ပုံသဏ္ဍာန်ကို မြင်နေရလေသည်။ ရဟန်းမင်းကြီးသည် အရိုးပေါ်အရေတင်ဟု ပြောရလောက်အောင် ပိန်လှီလွန်းလှလေသည်။

လေ့ကျင်းသည် ယခင်ကလည်း ရဟန်းမင်းကြီးနှင့် တွေ့ဆုံခဲ့ဖူးပါသည်။ သို့သော် ယခုတစ်ကြိမ်တွင်တော့ ရဟန်းမင်းကြီးသည် ယခင်ကထက်ပိုပြီးပိန်လွန်းနေကာ အားနည်းနေသယောင်ထင်မှတ်ရလေသည်။

လေ့ကျင်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ရဟန်းမင်းကြီးကို တစ်ခုခုကူညီပေးနိုင်တာများရှိမလား..."

လေ့ကျင်းစကားကြောင့် ရဟန်းမင်းကြီးက ရယ်မောလိုက်ရင်း...

"ကျုပ်က ဗျပ်စောင်းတေးသံနားထောင်ချင်နေတာ ၊ မင်းက ဗျပ်စောင်းတီးတတ်သလား"

"ရဟန်းမင်းကြီး ဗျပ်စောင်းယူလာမှတော့ ကျွန်မက မတီးတတ်ဘူးလို့ ငြင်းလို့ သင့်တော်ပါ့မလား"

လေ့ကျင်းက ပြောလိုက်လေသည်။

"ဘယ်သင့်တော်ပါ့မလဲ..."

ရဟန်းမင်းကြီးက ပြောရင်းဖြင့် ရယ်မောလိုက်လေသည်။

ထို့နောက် ရဟန်းမင်းကြီးက ဗျပ်စောင်းကို လေ့ကျင်းထံသို့ ကမ်းပေးလိုက်လေသည်။

ဗျပ်စောင်းသည်အနက်ရောက်တောက်ပနေပြီး ကြိုးပေါင်း ဆယ့်ငါးကြိုးပါရှိလေသည်။

လေ့ကျင်းက ဗျပ်စောင်းထက်မှ ကြိုးများကို တစ်ချက်တီးခတ်လိုက်ပြီး...

"ဒီဗျပ်စောင်းက ကျန်းယိုဟွမ်ပဲ"

ကျန်းယိုဟွမ်ဆိုသည်မှာ ဗျပ်စောင်း၏အမည်ဖြစ်လေသည်။ ကျန်းယိုဟွမ်သည် အလွန်နာမည်ကျော်ကြားသည့် ဗျပ်စောင်းတစ်လက်ဖြစ်ပြီး တစ်ချိန်တုန်းက အဆုံးမရှိငရဲသို့ဆင်းသက်သွားရသည့် ဝိညာဉ်တစ်ခုကို ပြန်ခေါ်ရန်အတွက် နတ်ဘုရားတစ်ပါးက ထိုဗျပ်စောင်းကို တီးခတ်ခဲ့ဖူးလေသည်။ အဆုံးမရှိငရဲဆိုသည်မှာ အသူရာချောက်တွင်တည်ရှိသည့် ဒဏ္ဍာရီဆန်လွန်းသည့်နေရာတစ်ခုဖြစ်လေသည်။ ယခုအချိန်တွင်တော့ အဆုံးမရှိငရဲသည် မည်သည့်နေရာတွင် တည်ရှိသည်ကို

မည်သူမှမသိကြတော့ပေ။ အဆုံးမရှိငရဲဆိုသည့်နေရာ မရှိတော့ဘဲ ပျောက်ကွယ်သွားသည်လည်း ဖြစ်နိုင်လေ၏။

ယေဘူယျအားဖြင့် အဆုံးမရှိငရဲသို့ကျသွားသူတစ်ယောက်ကို မည်သည့်နည်းနှင့်မျှ ပြန်လည်ကယ်တင်ရန်မဖြစ်နိုင်ပေ။ အဆုံးမရှိငရဲသို့ကျရောက်သည့်ဝိညာဉ်သည် အဆုံးမရှိနာကျင်မှုများကို ခံစားရမည် ဖြစ်လေသည်။ သို့သော် ထိုနတ်ဘုရားကတော့ အဆုံးမရှိငရဲမှ ဝိညာဉ်ကို နာကျင်ခံစားရခြင်းများမှ လွတ်မြောက်အောင် ကူညီနိုင်ခဲ့လေသည်။

ထိုဝိညာဉ်ကိုကယ်တင်ခဲ့သည့်နတ်ဘုရားက တန်ခိုးစွမ်းအား ကြီးမားလွန်းသော်လည်း ကျန်းယိုဟွမ်ဗျပ်စောင်း၏ တန်ခိုးစွမ်းအားကိုလည်း ချန်လှပ်ထား၍မရပေ။

“အမှန်ပဲ ၊ ဒီဗျပ်စောင်းက အရမ်းတန်ဖိုးရှိတယ် ၊ ကျုပ်နဲ့အတူရှိနေတာ နှစ်ပေါင်းများစွာကြာလှပါပြီ ၊ အခု ကျုပ်နေမ

ကောင်းတော့ ဗျပ်စောင်းတောင်မတီးနိုင်တော့ဘူး ၊ ဒါကြောင့် မင်းကိုတီးခတ်ပေးဖို့ အကူအညီတောင်းရတာပါ”

ရဟန်းမင်းကြီးက ပြောလိုက်လေသည်။

လေ့ကျင်းက...

“ရဟန်းမင်းကြီး ဘာသီချင်းသံစဉ်များနားထောင်ချင်ပါသလဲ”

“ဘာပဲဖြစ်ဖြစ်ရပါတယ် ၊ မင်းတီးချင်တဲ့သံစဉ်ကို တီးခတ်ပါ”

“ဆရာက ကျွန်မကို “တောင်ပေါ်ကဝိညာဉ်” ဆိုတဲ့တေးသွား တစ်ပုဒ် ပြောပြဖူးတယ် ၊ အခု ဒီဗျပ်စောင်းကလည်း ကျန်းယို ဟွမ်ဗျပ်စောင်းဆိုတော့ လိုက်ဖက်လွန်းပါတယ် ၊ အဲဒီသံစဉ်ပဲ တီးခတ်တော့မယ်”

လေ့ကျင်းက နူးညံ့စွာဖြင့် ပြောလိုက်လေသည်။

ကျန်းယိုဟွမ်ဗျပ်စောင်းကိုတီးခတ်ခြင်းသည် သူမ၏စိတ်ကို တည်ငြိမ်စေပြီး နောက်သုံးရက်တွင် ယှဉ်ပြိုင်ရမည့် တိုက်ပွဲ

အတွက် များစွာအထောက်အကူပြုသည်ကို လေ့ကျင်း မရိပ်မိခဲ့ပေ။

သာယာလှပသည့်ဗျပ်စောင်းသံနှင့်အတူ သူမသည် နူးညံ့သည့်အသံလေးဖြင့် သီချင်းတစ်ပုဒ်ကို သီဆိုလိုက်လေသည်။

တောင်တန်းကိုဖြတ်သန်းရင်း ချစ်ရသူက ငါ့ကိုခေါ်ဆောင်သွား...

ငါက မင်းရဲ့လှပတင့်တယ်တဲ့အပြုံးကို ငေးကြည့်နေဆဲ မင်းက ငါ့ကိုချစ်တယ်လို့ပြောခဲ့တယ်....

ရောင်စုံအလံတွေနဲ့ လှပတဲ့ပန်းတွေစီခြယ်ထားတဲ့ ကျားသစ်နှစ်ကောင်ဆွဲတဲ့ လှည်းလေးထက်ဝယ်...

ငါဟာ ... သစ်ခွပန်းလေးကိုကိုင်ထားပြီး ငါ့ခံစားချက်တွေကို ရင်ဖွင့်ချင်ခဲ့မိတယ်....

အလင်းရောင်ရှိတဲ့နေ့ရက်တွေများမှာ မင်းအချစ်ကို ငါမမြင်နိုင်ခဲ့...

လောကရဲ့လှည့်ကွက်အန္တရယ်များအလယ်မှာ မင်းအတွက် ငါ

နောက်ကျခဲ့တယ်...

အခုတော့ မြင့်မားတဲ့တောင်ယံထက်မှာ ငါတစ်ယောက်တည်း

ရယ်...

တိမ်ခိုးတိမ်ငွေ့များက ငါ့ခြေထောက်နားဆီမှာပျံသန်း....

အလင်းရောင်ပျောက်ကွယ် ညဥ့်ယံသို့ရောက်တော့မယ်....

အရှေ့လေဟာ ငါရှိရာကို ဝေ့ဝဲတိုက်ခတ်နေဆဲ.....

အခန်း (၅၃၃) နှလုံးသားမရှိတဲ့သူဟာ သူ့ရဲ့ကောင်းအစစ် မဖြစ်နိုင်ဘူး

မည်မျှပင် ရှည်လျားသည့် ဂီတသံစဉ်ဖြစ်ပါစေအဆုံးသတ်ဆိုသည်မှာ ရှိစမြဲပင် ဖြစ်လေသည်။

လေ့ကျင်းသည် သူမတီးခတ်နေသည့် ဂီတသံစဉ်ကို အဆုံးသတ်လိုက်လေသည်။

ရဟန်းမင်းကြီးသည် နှမ်းလျစွာဖြင့် အဖြူရောင်လေးညင်းပင်တစ်ပင်ကို မှီကာထိုင်နေလေသည်။

လက်များက သူ၏ ဒူးနှစ်ဖက်ကိုပိုက်ထားပြီး မျက်ဝန်းများက မည်သည့်အခါမှ ပြန်မပွင့်တော့သည့်အလား ထာဝရ မှေးမှိတ်နေကြလေပြီ။

လေ့ကျင်းမှာ သူမ မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရလေသည်။

ထိတ်လန့်သွားရသည့်အတွက် ကျုန်းယိုဟွမ်ဗျပ်စောင်းမှ

စောင်းကြိုးပြတ်သွားကာ သူမ၏လက်ကိုရှသွားတော့ သည်။

သူမ၏လက်ချောင်းဆီမှ သွေးများတစ်စက်စက်ကျလာပြီး

သူမဝတ်ဆင်ထားသည့် အစိမ်းနုရောင်ဝတ်စုံကိုပင် စွန်းထင်း

ကုန်လေသည်။ သို့သော်... သူမသည် ဒဏ်ရာကို ဂရုမစိုက်

အား။ ရဟန်းမင်းကြီးကိုသာ အံ့သြထိတ်လန့်စွာ ဖြင့်ငေးကြည့်

နေမိလေသည်။

ရဟန်းမင်းကြီး တကယ်ပဲ သေဆုံးသွားခဲ့ပြီလား...။

လေ့ကျင်းသည် သတိထားပြီး ရဟန်းမင်းကြီးအနားသို့

ဖြည်းဖြည်းချင်း တိုးကပ်သွားလေသည်။ ရဟန်းမင်းကြီးထံမှ

အသက်ရှူသံလည်းမကြားရသလို နှလုံးခုန်သံလည်း မကြားရ

တော့ပါ။ လေ့ကျင်းသည် ရဟမ်းမင်းကြီး၏ မျက်ခွံတစ်ခုကို

အသာလှန်ကြည့်လိုက်လေသည်။ ထိုအခါ အလင်းရောက်

ပျောက်ကွယ်နေပြီဖြစ်သည့် မျက်ဝန်းကို တွေ့လိုက်ရ

တော့သည်။

ရဟန်းမင်းကြီးသည် ငြိမ်းချမ်းစွာ အိပ်ပျော်နေသည့်ဟန် ရှိ

လေသည်။ သို့သော် အသက်မရှိတော့ပေ။

သက်ရှိသတ္တဝါမှန်သမျှသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့

သေရမည်ပဲ ဖြစ်လေသည်။

သို့သော်.... ရဟန်းမင်းကြီးသည် သူ့မအနားတွင် လာသေ

လိမ့်မည်ဟု လေ့ကျင်း တစ်ခါမှ တွေးမထားခဲ့မိဖူးပေ။

ကျန်းယိုဟွမ်ဗျပ်စောင်းသည် ဝိညာဉ်များကို ဆင့်ခေါ်နိုင်စွမ်းရှိ

လေသည်။ သို့သော်.... ရဟန်းမင်းကြီးကတော့ ဝိညာဉ်ကင်းမဲ့

လျှက်ရှိချေပြီ။

ရုတ်တရက်....

ပတ်ဝန်းကျင်တွင် အပူရှိန်များမြင့်တက်လာသည်ကို လေ့ကျင်း

ခံစားလိုက်ရလေသည်။

တာ့ရှားကေရာဇ် အနားသို့ရောက်ရှိလာခြင်း ဖြစ်လေသည်။

ကေရာဇ်၏မျက်ဝန်းများက အေးစက်နေလေသည်။ သူက

လေ့ကျင်းကို လုံးဝဂရုမစိုက်ပါ။ ထို့နောက်

ရဟန်းမင်းကြီး၏အလောင်းကိုပွေ့ချီကာ ကျောက်စိမ်းရေကန်

ထဲသို့ ဆင်းသက်သွားလေတော့သည်။

တာ့ရှားကေရာဇ် ရေကန်အတွင်းသို့ ဆင်းသွားသည်နှင့် ရေ

များက ပွက်ပွက်ဆူလာလေသည်။ တာ့ရှားကေရာဇ်သည်

တဖြည်းဖြည်းရေကန်အလယ်သို့ရောက်ရှိသွားလေသည်။

ရေကန်အလယ်တွင် မြေအောက်လမ်းလေးတစ်ခုရှိလေသည်။

ထိုမြေအောက်လမ်းလေးပွင့်သွားသည်နှင့် တာ့ရှားကေရာဇ်က

အတွင်းသို့ လမ်းလျှောက်ဝင်သွားလေသည်။

လေ့ကျင်းက တာ့ရှားကေရာဇ်နောက်သို့ လိုက်ပါသွားခြင်းမရှိ

ပါ။ အမြဲတမ်း စိတ်ဓာတ်ခိုင်မာပြီးဆုံးဖြတ်ချက်ပြတ်သား

သည့် ဦးရီးတော်ကို အားနည်းပြီး ဝမ်းနည်းပက်လက်ဖြစ်နေ

သည့် ပုံစံဖြင့် သူမဘဝတွင် ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်း ဖြစ်လေသည်။

လူတစ်ယောက်သည် တောင်ကိုဖြိုခွင်းပြီး ပင်လယ်များကို မှောက်လှန်နိုင်ဦးတော့ ချစ်ခြင်းမေတ္တာနှင့် ရင်ဆိုင်ရသည့်အခါ အားနည်းသွားရစမြဲဖြစ်လေသည်။ တာ့ရှားကေရာဇ်သည် လည်း ထိုနည်းတူပင်ဖြစ်လေ၏။

လေ့ကျင်းသည် ကြိုးပြတ်သွားပြီဖြစ်သည့် ကျန်းယိုဟွမ် ဗျပ်စောင်းကိုပိုက်ကာ ကျီဝေးကျောင်းတော်သို့ရောက်ရှိလာ လေသည်။ လောလောဆယ်တွင် သူမသည် အလွန်ဝမ်းနည်း နေပြီး သူမကို စိတ်သက်သာရာရအောင်လုပ်ပေးနိုင်သူဆို၍ ဆရာဖြစ်သူဆန်းလျန်တစ်ယောက်သာလျှင် ရှိလေသည်။

ကျီဝေးကျောင်းတော်ရှေ့မှ ရှားတူးမြောင်းသည် အဆက်မပြတ်စီးဆင်းနေလေသည်။ ကောင်းကင်ထက်တွင် တိမ်များက လေနှင်ရာသို့ လွင့်နေကြသည်။ တူးမြောင်းနံဘေး

တွင် မြက်များနှင့် ငှက်ပျောပင်များ ပေါက်ရောက်နေလေ

သည်။ မုန်တိုင်းကျသည့်အခါတွင်တော့ ထိုရှုမျှော်ခင်းလေး

သည် ပျက်စီးသွားရမည်သာ ဖြစ်လေသည်။

နတ်မြင်းပျံကြီးက လေ့ကျင်းရှိရာသို့ရောက်လာလေသည်။

ယခုအခါ နတ်မြင်းပျံကြီးသည် လူစကားပြောတတ်နေပြီ ဖြစ်

လေသည်။ နတ်မြင်းပျံကြီးသည် သူ၏သခင်ဖြစ်သည့်လေ့

ကျင်း မျက်နှာမကောင်းသည်ကို မြင်သည့်အတွက်

တိတ်ဆိတ်စွာဖြင့်ပင် အနားတွင်ရပ်နေလေသည်။ လေ့ကျင်း

စိတ်ညစ်ပျောက်လိုပျောက်ငြား တစ်ခါတစ်လေ

သူ၏နှာခေါင်းဖြင့် လေ့ကျင်းကို ခွေ့နေလေသည်။

ဆန်းလျန်သည် ကျင့်စဉ်ကျင့်ကြံသည့်အခန်းထဲတွင် ရှိနေပြီး

အရှေ့ဘက်သို့ ကြည့်နေလေသည်။ နေရောင်သည်

သူ၏အခန်းတွင်းသို့ ကျရောက်ကနေပြီး ညဘက်ဆိုလျှင်လည်း

သူ၏အခန်းမှနေပြီး ကြယ်ရောင်များကိုတွေ့မြင်ရလေသည်။

လေ့ကျင်းရောက်လာမည်ကို သိရှိထားသည့်အတွက် ဆန်းလျန် သည် လက်ဖက်ရည်နှစ်ခွက်ကို ပြင်ဆင်ထားလေသည်။

လေ့ကျင်း အခန်းတွင်းသို့ ဝင်လာသည့်အခါတွင်တော့ ဆန်း လျန်က လေ့ကျင်းကို လက်ဖက်ရည်တစ်ခွက် ကမ်းပေးလိုက် လေသည်။ လက်ဖက်ရည်ပန်းကန်မှာ အငွေ့များ တထောင်းထောင်းထနေပြီး နဂါးပုံသဏ္ဍာန်ဖြစ်ပေါ်နေလေ သည်။

လက်ဖက်ရည်သည် ဝိညာဉ်စွမ်းအားများဖြင့် ပြည့်ဝနေလေ သည်။ ဝိညာဉ်စွမ်းအားများသည် ထိုက်ယီထျန်းရှန်း အဆင့် ဝိညာဉ်စွမ်းအားများဖြစ်လေသည်။ ကြည့်ရသည်မှာ ဆန်းလျ န်သည် ထိုက်ယီထျန်းရှန်းအဆင့်သို့ အနည်းငယ်ခြေလှမ်းနိုင် နေပြီဟု မှတ်ယူ၍ရနိုင်သည်။

သို့သော် လေ့ကျင်းသည် ထိုအရာများကို နားမလည်ပါ။ သူမ တွေးလိုက်မိသည်က ဆရာပြုလုပ်သည့်လက်ဖက်ရည်သည်

သူမပြုလုပ်သည့်လက်ဖက်ရည်ထက်ပင် ပိုပြီးအရသာရှိနေ

သေးသည်ဆိုသည့်အချက်ပင်။

ဆန်းလျန်က…

"မင်းစိတ်တွေမတည်ငြိမ်ဘူး ၊ လက်ဖက်ရည်လေးသောက်

လိုက်ပါဦး"

လေ့ကျင်းသည် လက်ဖက်ရည်ပန်းကန်ကို လှမ်းယူလိုက်လေ

သည်။ လက်ဖက်ရည်မှာ အငွေ့တထောင်းထောင်းထနေ

သည့်အတွက် အလွန်ပူမည်ဟု သူမတွေးလိုက်သည်။

ကံကောင်းသည်မှာ သူမသည် ရှားမျိုးနွယ်တစ်ယောက်ဖြစ်

သည့်အတွက် အပူကို မကြောက်လှပေ။ ထို့ကြောင့် သူမသည်

လက်ဖက်ရည်ကို ချက်ချင်းပင် မော့သောက်လိုက်လေသည်။

သို့သော်…. အံ့သြစရာကောင်းစွာပင် လက်ဖက်ရည်သည်

အေးနေလေသည်။ သူမ၏ခန္ဓာကိုယ်တစ်ခုလုံးသို့ စမ်းရေ

အေးအေးလေးစီးဆင်းသွားသည့်အလား အနည်းငယ် နေလို့ထိုင်လို့ ကောင်းသွားလေသည်။

လေ့ကျင်းအံ့သြသွားသည်ကို ကြည့်လိုက်ပြီး ဆန်းလျန်က ပြုံးလိုက်ရင်း...

"မအံ့သြပါနဲ့၊ အပူအအေးဆိုတာ ရုပ်ခန္ဓာရဲ့ခံစားချက်တွေပါပဲ၊ တကယ်တော့ ခံစားချက်ကို ပြောင်းပြန်လှန်ပစ်လို့ရတဲ့နည်းလမ်းတွေ လောကမှာတစ်ပုံကြီးရှိတယ်၊ အဲဒီပညာတွေကို နောက်မှ မင်းကို ဆရာသင်ပေးမယ်၊ ဒါပေမယ့် မင်း စိတ်ဝင်စားမှာလဲ မဟုတ်ပါဘူးလေ"

လေ့ကျင်းက ခေါင်းညိတ်လိုက်လေသည်။

အတန်ကြာမှ သူမက ဆန်းလျန်ကို မေးလိုက်သည်။

"ဆရာ ... ရဟန်းမင်းကြီးလေ... သူဘာလို့ သေသွားရတာလဲ ဟင်"

"မင်းကမေးပြီဆိုမှတော့ ဆရာပြောရတော့မှာပေါ့၊ လူဆိုတာ သေမျိုးမို့လို့သေရတယ်လို့တော့ မပြောချင်ပါဘူး၊ တကယ်တော့ ကျင့်စဉ်လမ်းမှာ အဆင့်တစ်ခုရောက်လာပြီဆိုရင် သေဖို့လည်းခက်သလို နေဖို့လည်းခက်လှတယ်၊ တာ့ရှားပြည်စတင်တည်ထောင်ကတည်းက ရဟန်းမင်းကြီးက အသက်ရှင်နေခဲ့တာ၊ တကယ်ဆိုရင် သူနောက်ထပ် နှစ်နည်းနည်းလောက်ထပ်ပြီးအသက်ရှင်နိုင်ဖို့ ကျုပ်နဲ့ ထျန်းယီအကြီးအကဲက ကူညီပေးနိုင်ပါတယ်၊ သူနေမကောင်းဖြစ်နေတာကိုလည်း ကျုပ်တို့ ကုသပေးနိုင်တယ်၊ ဒါပေမယ့် ကျင်းအော်... တစ်ခါတစ်လေလောကမှာ အသက်ရှင်သန်ဖို့ထက် ပိုပြီးအရေးကြီးတဲ့အရာတွေရှိတယ်၊ အဲဒီအရာတွေအတွက် လူအချို့ဟာ အသက်ရှင်ဖို့ကို လက်လွှတ်လိုက်ကြရတယ်"

ဆန်းလျန်သည်ပြောနေရင်း သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

ထိုစကားများကို ပြောနေသည့်အချိန်တွင် သူသည် ဆရာသခင်ကျန်းရော့ရှီးကို သတိရနေမိလေသည်။

သူမလုပ်နိုင်သည့်အလုပ်ကို လုပ်နိုင်သည့်လူတိုင်းကို ဆန်းလျန်လေးစားမိလေသည်။ ထိုအချက်သည် ကျင့်ကြံခြင်းအဆင့်များနှင့် မသက်ဆိုင်ပေ။

လေ့ကျင်းက နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ရင်း…

"ဒါဖြင့် ရဟာန်းမင်းကြီးက သူ့ဆန္ဒအလျှောက် သေလမ်းကိုရွေးခြယ်လိုက်တာပေါ့၊ သူဘာလို့ ဒီလိုလုပ်ရတာလဲဟင်…. ဆရာ"

"ဆရာနဲ့ ထျန်းယီ သူ့ကိုကယ်တင်မပေးရတဲ့အကြောင်းရင်းရယ်၊ ရဟာန်းမင်းကြီးကိုယ်တိုင် အသက်စွန့်သွားရတဲ့အကြောင်းရင်းရယ်က အတူတူပါပဲ၊ အဲဒီအကြောင်းရင်းက တာ့ရှားကေရာဇ်ကို စစ်မှန်တဲ့ကေရာဇ်တစ်ပါး ပီသစေချင်လို့ပဲ”

ဆန်းလျန်က ပြန်ဖြေလိုက်လေသည်။

လေ့ကျင်းက…

"ကျွန်မ နားမလည်သေးဘူး ၊ ဆရာနဲ့ ထျန်းယီအကြီးအကဲက ရဟန်းမင်းကြီးကို ကယ်တင်မပေးနိုင်တာကို ကျွန်မနားလည်နိုင်ပါတယ် ၊ ဒါပေမယ့် ဦးရီးတော်က အစကတည်းက ဧကရာဇ်တစ်ပါးပဲလေ ၊ ဘာလို့ထပ်ပြီး ဧကရာဇ်ပီသရဦးမှာလဲ"

"တာ့ရှားပြည်ဟာ အရမ်းကို စည်းကမ်းတင်းကြပ်တဲ့ တိုင်းပြည်တစ်ခုပဲ ကျင်းအော်… ၊ တာ့ရှားဧကရာဇ်ကလည်း အမြင့်ဆုံးအဆင့်မှာရှိတဲ့ သက်ဦးစံပိုင်ဘုရင်တစ်ပါးပါပဲ ၊ ဒါပေမယ့် အမြင့်ဆုံးမှာရှိတဲ့လူတွေဟာ အလှပဆုံးရှုခင်း တွေကို တွေ့မြင်ခွင့်ရသလို အပြင်းထန်ဆုံးမုန်တိုင်းတွေကိုလည်း ရင်ဆိုင်ရတတ်တယ် ၊ ဒါကြောင့် သတိမထားဘူး ဆိုရင်သိပ်မကြာခင်မှာ မြူမှုံတစ်စလိုပဲ မုန်တိုင်းထဲမှာ ပျက်စီးသွားမှာပဲ ၊ လိုရင်းကိုပြောရရင် အားမနည်းချင်တဲ့သူဟာ အားနည်းချက်မ

ရှိအောင်နေရတယ်၊ ရဟန်းမင်းကြီးဟာ သူ့ကိုယ်သူ တာ့ရှား

ဧကရာဇ်ရဲ့အားနည်းချက်ဖြစ်နေခဲ့ပြီဆိုတာ သိသွားခဲ့တယ်၊

ဒါကြောင့် သူက သေဖို့ရွေးခြယ်လိုက်တာပဲ”

လေ့ကျင်းသည် ယခုတော့ နားလည်သွားပြီ ဖြစ်လေသည်။

သူမ၏ဦးရီးတော်သည် မည်မျှပင် သန်မာသူတစ်ယောက်ဖြစ်

ပါစေ ရဟန်းမင်းကြီးအတွက်ဆိုလျှင် အမြဲတမ်း နူးညံ့သိမ်မွေ့

နေတတ်လေသည်။ ရဟန်းမင်းကြီးမရှိတော့လျှင် သူမ၏ဦးရီး

တော်သည်လည်း အားနည်းချက်ရှိတော့မည်မဟုတ်ပေ။

အားနည်းချက်မရှိသူတစ်ယောက်ကို ရိုက်ချရန်မှာ အလွန်

ခက်ခဲသည် မဟုတ်ပါလား။

တာ့ရှားဧကရာဇ်တွင် အားနည်းချက်မရှိတော့လျှင် မည်သည့်

အခါမှ ရှုံးနိမ့်တော့မည် မဟုတ်ပေ။ ထိုအခါ တာ့ရှားပြည်သည်

လည်း နောင်နှစ်ပေါင်းတစ်ထောင်မက ဆက်လက်ရပ်တည် နေ

နိုင်မည် ဖြစ်လေသည်။

သို့သော်... လေ့ကျင်းသည် ရဟန်းမင်းကြီးအတွက် နာကျင်စွာ ခံစားနေရလေသည်။ သူက ဘာလို့ သေပေးရတာလဲ...။

"သူက ဘာလို့သေပေးရတာလဲ..."

မည်သည့်အကြောင်းအရာကိုမှ မစဉ်းစားနိုင်ခင်မှာပင် လေ့ကျင်းက လွှတ်ခနဲမေးလိုက်မိလေသည်။

ဆန်းလျန်သည် သူမ၏အမေးကို ညလေအေးလေး၏ နူးညံ့မှုဖြင့်ဖြေကြားပေးလိုက်လေသည်။ ဆန်းလျန်၏အသံက အေးစက်နေသည့်တိုင် နာကျင်စေလိုခြင်းကင်းစင်နေလေသည်။

"သူက သေပေးရတာမဟုတ်ပါဘူး ၊ ဒါပေမယ့် သူသေလိုက်တာက အကောင်းဆုံးနည်းလမ်းပဲ ၊ ပြီးတော့ မင်းစိတ်တွေ တည်ငြိမ်အောင်လို့ သူကမင်းကို ဗျပ်စောင်းတီးခတ်ခိုင်းခဲ့တာ ၊ ဒါပေမယ့် အခုသူသေသွားတော့ မင်းအရမ်းစိတ်မကောင်းဖြစ်နေရတယ်မဟုတ်လား ၊ မင်းအဲဒီအချက်ကနေ တစ်ခုခုကိုများ သဘောမပေါက်ဘူးလား"

လေ့ကျင်းက ဆန်းလျှန်ကို မေးခွန်းများ ထပ်မမေးတော့ပါ။

သူမက...

"ရဟန်းမင်းကြီးကကိုယ့်စိတ်ဆန္ဒကိုရှေ့တန်းမတင်တဲ့ လူသား တစ်ယောက်ရဲ့ စွန့်လွှတ်မှုကို ပြသွားတာပဲ ၊ စိတ်ခံစားချက်ဆို တာ ထိန်းချုပ်ဖို့ခက်ပါတယ် ၊ အဲဒီစိတ်ခံစားချက်ကြောင့်ပဲ လောကကြီးမှာ အကြောင်းအကျိုးမျိုးစုံ ဖြစ်နေကြရတယ် ၊ ဒါ ပေမယ့် ခံစားချက်တစ်ခုရဲ့ စွမ်းအားကလည်း အရမ်းကြီးမား လွန်းတယ် ၊ ဆရာ ... ဆရာက ကျွန်မကို လေနဲ့မိုးကိုဆင့်ခေါ် ခြင်းဆိုတဲ့ကျင့်စဉ်ကိုသင်ပြပေးခဲ့တယ် ၊ ဘာလို့လဲဆိုတော့ တိတ်ဆိတ်တဲ့နေရာ တစ်ခုမှာမိုးခြိမ်းပြီဆိုတာနဲ့ လေနဲ့မိုးက နောက်ကလိုက်လာတော့မှာပဲ ၊ ပိုပြီးတိတ်ဆိတ်ငြိမ်သက်လေ လေနဲ့မိုးက ပိုပြီးပြင်းထန်လေပဲ ၊ တကယ်ဆို အခုချိန်မှာ ကျွန်မ အေးဆေးတည်ငြိမ်နေသင့်တာ ၊ အခုတော့ အမှားတွေ လုပ်မိနေတယ်”

ဆန်းလျန်ကပြိုးလိုက်ရင်း…

"မင်းကို ဘာမှတောင်ထပ်ပြီး သင်ပေးစရာမလိုတော့ဘူးပဲ ၊ ဒါ ပေမယ့် နောက်သုံးရက်အထိတော့ ဆရာ့စကားနားထောင်ရ မယ် ၊ မငြင်းရဘူးနော်”

လေ့ကျင်းသည် အနည်းငယ် စိတ်မကောင်းဖြစ်နေမိလေသည်။ သူမ၏ဖခင်အပေါ် အဘယ့်ကြောင့် ဒုက္ခရောက်အောင်လုပ်ရ သည်ကို ဆရာဖြစ်သူကို မေးကြည့်ချင်နေမိသည်။ သို့သော်.... ဆန်းလျန်ထံမှ အမိန့်ဆန်သည့်စကားမျိုးပထမဆုံးကြားလိုက် ရသည့်အခါတွင်တော့ သူမမေးမည့်မေးခွန်းကို မမေးခဲ့တော့ ပေ။

သူမ၏ စိတ်ထဲတွင် တစ်စုံတစ်ခု မှားယွင်းနေသည်ဟု ခံစားနေ ရလေသည်။

သူမက ဆန်းလျန်အတွက် "ဘာလဲ"…။

သူမ၏ ကြွံခိုင်သန်မာသည့်ကိုယ်ရည်ကိုယ်သွေးများ

ပျောက်ဆုံးနေပြီဖြစ်သည်။ သူမသည် ယခင်ကနှင့် မတူတော့

ပေ။

ဆန်းလျန်က အပြင်ဘက်တွင် ထိန်ထိန်သာနေသည့်နေမင်းကို

ပြတင်းပေါက်မှတစ်ဆင့် လှမ်းကြည့်နေလေသည်။

ပြီးမှ အသံတိုးတိုးဖြင့်....

"နှလုံးသားမရှိတဲ့သူဟာ သူရဲကောင်းအစစ် မဖြစ်နိုင်ဘူး......"

အခန်း (၅၃၄) အရှေ့ရေကန်ဆီမိုးသက်မုန်တိုင်း

လေ့ကျင်းသည် သူမ၏ ကလေးသာသာစိတ်ထားလေးဖြင့်

ဆန်းလျန်ကို နားလည်နိုင်ရန် ကြိုးစားနေမိလေသည်။

ဆန်းလျန်သည် ကျင့်စဉ်လမ်းသို့လိုက်ရန်ဆုံးဖြတ်ပြီး

သည့်နောက်ပိုင်း ချင်းရှမ်နတ်တံခါးမှ အခြားသောဆရာသခင်

များထက်သာလွန်ခဲ့သူဖြစ်လေသည်။ သူသည် တာအိုဆရာ

သခင်ကြီးဖြစ်ရန်ပင် ဆန္ဒရှိသူ ဖြစ်လေသည်။ သို့သော် ဆန်း

လျန်က ဆန္ဒရှိရုံမျှနှင့် ပြီးသွားမည့်သူမဟုတ်ပါ။ တာအိုဆရာ

သခင်ကြီးအဖြစ် အဆင့်တက်လှမ်းနိုင်ရန်အတွက် သူ့ကိုယ်သူ

လည်း ယုံကြည်မှုအပြည့်ရှိလေသည်။

ယခင်မျိုးဆက်ဆရာသခင်များသည် ဗုဒ္ဓနှင့် တာအိုဆရာ

သခင်ကြီးတို့၏ ကျမ်းစာများကို ရှာဖွေတွေ့ရှိပြီးသည့်နောက်

ထိုအဆင့်သို့ရောက်ရန် အလွန်ခက်ခဲသည်ဟု သတ်မှတ်ခဲ့ကြ

သည်။ သို့သော် ခက်ခဲသည်ဆိုသည်မှ “မရနိုင်” ဟု မဆိုလိုပါ။

အလှမ်းဝေးသေးသည့်တိုင် ဆန်းလျန်သည် ကျင့်စဉ်လမ်းတွင် အထွတ်ထိပ်သို့ရောက်နိုင်မည်ဟု သူ့ကိုယ်သူယုံကြည်မှု ပြင်းထန်နေခဲ့လေသည်။ ထိုအဆင့်သို့ရောက်သည့်အခါ သူ့ကို ချည်နှောင်ထားသောကြိုးများကို ဖယ်ရှားနိုင်ပါမည်လား။ ထို အချိန်တွင် သူသည် အရာအားလုံးမှ လွတ်မြောက်နိုင်ပါမည် လား။

သို့သော် ဆန်းလျန်သည် ထိုအဆင့်ကို မရောက်သေး သည့်အတွက် နားမလည်နိုင်သေးပါ။

လက်ရှိအချိန်တွင် ဆန်းလျန်နားလည်သည်ကတော့ တိချိုး မြို့တော်တွင် တန်ခိုးစွမ်းအားပြောင်းလဲမှုများ ဖြစ်ပေါ်နေ ခြင်း ဖြစ်လေသည်။

တာ့ရှားကေရာဇ်နေထိုင်ရာ ဝမ်ချန်နန်းတော်မှ တန်ခိုးစွမ်းအား များ မြင့်တက်လာနေသည်ကို ဆန်းလျန် ခံစားနေရလေသည်။

မဖျက်စီးနိုင်သည့်တန်ခိုးစွမ်အားများသည် နဂါးအစစ်အမှန် တစ်ကောင်အသွင်သို့ ကူးပြောင်းသွားပြီး အလွန်သန့်စင်ခိုင်မာ နေခဲ့လေသည်။ ထိုနဂါးအစစ်အမှန်သည် နေနှင့် လ၏အနှစ်သာရများကို စုပ်ယယူပြီး ကောင်းကင်၌ ပျံသန်းနေ လေသည်။

ရှားထိုက်အကျင်းထောင်မှ ထျန်းယီအကြိုးအကဲမှာ နဂါး အစစ်အမှန်ဆီမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများ ကြောင့် ဖိအားများကို ခံစားနေရလေသည်။ သူ၏ဝိညာဉ် စွမ်းအားနှင့် တန်ခိုးစွမ်းအားလှုပ်ရှားမှုမှာ တဖြည်းဖြည်း လျော့နည်းလာနေသော်လည်း ရေတိုက်စားမှုကို ကြံ့ကြံ့ခံနေ သည့်ကျောက်သားအလား သူသည် မြဲမြံတည်ကြည်စွာဖြင့် ရှိ နေခဲ့လေသည်။

တာ့ရှားကေရာဇ်နှင့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများသည် ထျန်းယီအကြီးအကဲထက် နှာတစ်ဖျားမျှ သာလေသည်။

သို့သော် ဆန်းလျန်သည် ထျန်းယီအကြီးအကဲကို လျှော့မတွက်ရဲပါ။ ထျန်းယီသည် အတွေးအခေါ်ပညာတွင် ရင့်သန်သူတစ်ယောက်ဖြစ်ပြီး သူတော်စင်တစ်ပါးအဆင့်ထိ တက်ရောက်နိုင်တော့မည့်သူ တစ်ယောက် ဖြစ်လေသည်။

ထိုသို့ဖြင့်...

သုံးရက်ဆိုသောအချိန်သည် ကုန်ဆုံးသွားခဲ့လေသည်။

သုံးရက်တာကာလအတွင်းတွင် လေ့ကျင်းသည် ကျီဝေးကျောင်းတော်တွင် ရှိနေခဲ့လေသည်။ ဆန်းလျန်က သူမကို မည်သည့်ညွှန်ကြားချက်မှ မပေးခဲ့ပါ။

သူမသည် ဆန်းလျန်နှင့်အတူ လက်ဖက်ရည်သောက်သည်။ ဆန်းလျန်နှင့်အတူ ထမင်းစားသည်။ အရုဏ်ဦးနေထွက်ချိန်ကို ဆန်းလျန်နှင့်အတူ ကြည့်ရှုပြီး နေဝင်ချိန်တွင်လည်း ဆန်းလျန်အနားတွင် ရှိနေတတ်လေသည်။

သုံးရက်မြောက်သည့်နေ့....

ထိုနေ့တွင်တော့ လေ့ကျင်းသည် နံနက်အစောကြီး ကျီဝေး ကျောင်းတော်မှ ထွက်ခွာလာခဲ့လေသည်။

သူမသည် ပထမဆုံး မိဘများကို သွားရောက်ဂါရဝပြုလေသည်။ ထို့နောက်တွင်တော့ တုန်းချန်အရပ်သို့ သူမထွက်လာခဲ့လေသည်။ သူမသွားလေရာရာတွင် လေနှင့်မိုးများတိုက်ခတ်လာသည်ချည်းပင် ဖြစ်လေသည်။

နောက်ဆုံးတော့ သူမ အရှေ့ရေကန်သို့ ရောက်လာခဲ့လေသည်။ အရှေ့ရေကန်တွင် ဝူတင်သည် သူမကိုစောင့်မျှော်နေလေသည်။

ဝူတင်သည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။ သူ၏ပုံစံမှ အလွန်မှ သန့်ပြန့်နေပြီး ချောမောလှပသည့်ရုပ်သွင်ရှိသည်ကို မည်သူမှ ငြင်းမရနိုင်ပေ။

ပြိုင်ပွဲကိုအားပေးရန်ရောက်လာကြသည့် ရှားမျိုးနွယ် မင်းမျိုးမင်းနွယ်များနှင့် ယင်းစန်းဒေသမှလူများသည် ဝူတင်

ကို တွေ့မြင်လိုက်ရသည်နှင့် သဘောမကျဘဲ မနေနိုင်ကြပေ။ ရှားမျိုးနွယ်မင်းမျိုးမင်းနွယ်များက ဝူတင်ကို သားမက်တော် ခွင့်ရလျှင်ကောင်းမည်ဟု တွေးနေမိကြလေသည်။ ရှားမျိုးနွယ် တော်ဝင်မိန်းမပျိုများကလည်း ဝူတင်ကို ငေးကြည့်နေရင်း အကြည့်လွှဲရန်ပင် မေ့လျော့နေကြလေသည်။

သို့သော်... လေ့ကျင်း၏အလှတရားကလည်း ဝူတင်ထက်မ လျော့ပါ။

သူမအရှေ့ရေကန်သို့ရောက်ရှိလာသည်နှင့် မိုးများအုံ့မှိုင်းလာ ပြီး လေများပါ တိုက်ခတ်လာလေသည်။ သူမသည် ဝူတင်၏မ နီမဝေးတစ်နေရာတွင် လက်နှစ်ဖက်ကို နောက်ပစ်ကာ ရပ်နေ လေသည်။ သူမ၏ဟန်ပန်မှာ သူမ၏ဆရာဖြစ်သူဆန်းလျန်နှင့် အလွန်ဆင်တူလေသည်။

သူမသည် ဝူတင်၏အနောက်ဘက်တွင်ရှိသည့် ကန်ရေပြင်ကို စိုက်ကြည့်နေလေသည်။

ဝူတင်က လေ့ကျင်းကို လက်နှစ်ဖက်စုပ်ကာ အရိုအသေ

ပေးလိုက်ရင်း....

“လေ့ကျင်းသခင်မလေး ၊ စပြီးတိုက်ခိုက်ပါ....”

ဝူတင်၏လက်ထဲတွင် သစ်သားဓားကို ကိုင်ထားလေသည်။

သို့သော် ဓားသွားသည် သစ်သားဓားဟုပင် မထင်ရပါ။ ထိုဓား

သည် မိုးနတ်မင်း၏အာဏာဖြင့်ပြုလုပ်ထားသည့် ဓားတစ်

လက်အလားပင် ထက်ရှနေလေသည်။ ထိုဓားသည် တောင်ကို

ပင်ထက်ပိုင်းပိုင်းနိုင်သည့် အစွမ်းသတ္တိများ ဖြင့်ပြည့်ဝနေဟန်

ရှိလေ၏။

လေ့ကျင်းသည် တောင်ဘက်အရပ်သို့လှည့်ကြည့်လိုက်သည့်

အခါတွင်တော့ တောင်ကန်းထက်တွင်ရပ်နေသည့် ဆန်းလျန်ကို

တွေ့မြင်လိုက်ရလေသည်။ ဆန်းလျန်က သူမကို လက်ဝှေ့

ယမ်းပြလိုက်သည်။

ဆန်းလျန်ကိုတွေ့လိုက်ရသည်နှင့် လေ့ကျင်း၏စိတ်များ

တည်ငြိမ်သွားရလေသည်။

သူမက ဂူတင်ကိုတစ်ချက်လှမ်းကြည့်လိုက်ရင်း...

"ရှင် မနိုင်စေရဘူး"

လေများ ရုတ်တရက်တိုက်ခတ်လာပြီး သစ်ရွက်များ

တဖြုတ်ဖြုတ်ကြွေကျလာလေသည်။ သစ်ရွက်များသည် လေ့

ကျင်းနှင့် ဂူတင်ကြားရှိ မြေကွက်လပ်အလွတ်ပေါ်သို့ တစ်

ပတ်လည်ကာ ကြွေကျလာကြလေသည်။

ထိုသစ်ရွက်များသည် တိချိုးမြို့တော်တွင် ပထမဆုံးကြွေ

သည့် သစ်ရွက်များဖြစ်လေသည်။ ဆောင်းဦး၏အေးစိမ့်မှု

သည်သစ်ရွက်ကြွေများနောက်မှ လိုက်လာပေတော့မည်။

လေ့ကျင်းသည် ဂူတင်၏ရှေ့မှ ရုတ်တရက်ပျောက်ကွယ်သွား

ပြီး လေထဲတွင် မိုးခြိမ်းသံများ ထွက်ပေါ်လာလေသည်။

ကြောက်မက်ဖွယ်ရာမိုးခြိမ်းသံများ ကြားလိုက်ရသည့်တိုင် ဝူ

တင်သည် နေရာမှ တစ်ချက်ပင် ရွေ့သွားခြင်းမရှိပေ။

မိုးကြိုးတစ်ချက်ပစ်ချလိုက်သည့်အတွက် သစ်ရွက်များသည်

အစိတ်စိတ်အမွှာမွှာ ကျိုးပဲ့သွားလေသည်။ မိုးရွာရန်အတွက်

အရှိန်ယူနေပြီဖြစ်လေသည်။

ဆန်းလျန်သည် တိုက်ပွဲအခြေအနေကို အဝေးမှ လေ့လာနေ

လေသည်။

အသူရာချောက်မှ အသက်ဓာတ်စွမ်းအားများသည် ယခင်က

ချင်းရှမ်နတ်တံခါးတည်ရှိရာလောကရှိ အသက်ဓာတ်စွမ်းအား

များထက် ပိုပြီးထူထပ်လေသည်။ သို့သော် အနည်းငယ်

မှောင်မိုက်ပြီး အပြောင်းအလဲလည်း သိပ်မရှိပေ။

လောကနှစ်ခု၏ ကွာဟချက်မှာ အလွန်ကြီးမားလေသည်။

ယခင် ချင်းရှမ်နတ်တံခါးတည်ရှိရာလောကတွင်သာဆိုလျှင်

လေ့ကျင်း ယခုကဲ့သို့ လေနှင့်မိုးကိုဆင့်ခေါ်လိုက်ပုံနှင့်ဆိုလျှင်

ဗလာနယ်ကိုပင် ပေါက်ပြဲသွားအောင် အနည်းငယ်ချိုးဖျက်နိုင်မည် ဖြစ်လေသည်။

ထိုအချိန်မှာပင်...

အသူရာချောက်ရှိလေထုတစ်ခုလုံး အေးခဲသွားသည့်အလားထင်မှတ်လိုကရလေသည်။ လေ့ကျင်းသည် သူမ၏တန်ခိုးစွမ်းအားများကို အပြည့်အဝအသုံးချလိုက်လေသည်။

ဝူတင်သည် ယခုအချိန်ထိ မလှုပ်မယှက်ရပ်နေဆဲ ဖြစ်လေသည်။

သို့သော်... လေ့ကျင်း ပထမဆုံးတိုက်ကွက်မထုတ်မီမှာပင် ဝူတင်သည် ရပ်နေရာမှ ပျောက်ကွယ်သွားလေသည်။

လေ့ကျင်းသည် လေနှင့်မိုးကိုထိန်းချုပ်ကာ မိုးမြေစွမ်းအားများကို အသုံးပြုပြီး လေမုန်တိုင်းတံတိုင်းကြီးတစ်ခုဖန်ဆင်းလိုက်လေသည်။ ထိုတံတိုင်းကြီးရှိရာသို့ ဓားတစ်လက်က လာ

ရောက်ထိုးစိုက်လိုက်သည့်အခါတွင်တော့ တံတိုင်းကြီး ပျက်စီးသွားရလေသည်။

ထိုအခါ မိုးရေထဲတွင် ဝူတင်၏ပုံသဏ္ဍာန်ပြန်ပေါ်လာလေသည်။

ထိုအချိန်မှာပင်....

အနက်ရောင်ယူနီကွန်းကြီးကိုစီးနှင်လာသည့် ဝမ်ကျုန်းသည် ဆန်းလျန်၏ဘေးသို့ ရောက်ရှိလာလေသည်။

သူက တစ်ချက်ရယ်မောလိုက်ရင်း...

“နှစ်ယောက်လုံးက ကလေးကွက်တွေနဲ့တိုက်နေကြတာ ၊ ပျင်းစရာတောင်ကောင်းတယ်”

ဆန်းလျန်က...

“အစ်ကိုဝမ် ၊ ဝူတင်နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ အစ်ကိုက ဂရုမစိုက်ဘူးမဟုတ်လား”

“ကျီကျောက်ဟာ ဘုရင်တစ်ပါးဖြစ်လာမယ့်သူပါ ၊ အနိုင်အရှုံး ဆိုတာ သူ့ကိုပြီးပြည့်စုံတဲ့လူတစ်ယောက် ဖြစ်လာစေမယ့် အတွေ့အကြုံတွေပါပဲ”

ဆန်းလျန်က…

“အစ်ကိုဝမ် ၊ ကျုပ်အမြင်ကတော့ အဲဒီလိုမဟုတ်ဘူး ၊ ဘဝမှာ ပြီးပြည့်စုံတဲ့လူဆိုတာ မရှိနိုင်ဘူး”

“အဲဒါက ခင်ဗျားနဲ့ကျုပ်ရဲ့ မတူတဲ့အချက်ပါပဲ တိုင်းပြည် အကြံပေးအမတ်မင်း ၊ ဘယ်သူမှန်တယ်ဆိုတာတော့ အချိန်က ဆုံးဖြတ်ပေးသွားပါလိမ့်မယ်”

ထို့နောက် အနက်ရောင်ယူနီကွန်းကြီးသည် ဝမ်ကျုန်းကို သယ်ဆောင်ကာ အရှေ့အရပ်ဆီသို့ ပျံသန်းသွားလေ တော့သည်။ အရှေ့အရပ်သည် တုန်းယီဒေသတည်ရှိရာ အရပ် ဖြစ်လေသည်။ ဝမ်ကျုန်းသည် ဂူတင်နှင့် လေ့ကျင်း၏တိုက်ပွဲ

ပြီးသည်အထိပင် စောင့်ဆိုင်းခြင်းမရှိဘဲ ထွက်ခွာသွားပြီ ဖြစ်လေသည်။

ဆန်းလျန်ကတော့ ဝမ်ကျုန်းနှင့် သူထပ်မံဆုံတွေ့ရဦးမည်ဟု သိရှိနေလေသည်။

ဆန်းလျန်က လေ့ကျင်းနှင့်ဝူတင်၏တိုက်ပွဲကို ပြန်ပြီး အာရုံစိုက်လိုက်လေသည်။

အရှေ့ရေကန်၏ ကန်ရေပြင်ထက်တွင် လေ့ကျင်းသည် လိပ်ပြာလေးတစ်ကောင်အလား မျောလွင့်နေလေသည်။ သူမသည် အရှေ့ရေကန်မှရေစွမ်းအားကို အသုံးပြုကာ ဝူတင်ကို တိုက်ခိုက်နေလေသည်။ ဝူတင်သည် လေ့ကျင်း၏တိုက်ခိုက်မှုအောက်တွင် အနည်းငယ်ရှုန်းကန်နေရသည်ကိုတော့ ဖုံးကွယ်၍မရနိုင်ပေ။

သို့ရာတွင် မိုးထဲလေထဲတွင် သူ၏ဓားသည် ပို၍ထက်မြက်လာလေသည်။

ဝူတင်အသုံးပြုနေသည့် ဓားကွက်တိုင်းသည် လေနှင့်မိုးကို အပိုင်းပိုင်းဖြတ်တောက်ပစ်နေလေသည်။ သို့သော် ဝူတင်သည် လေ့ကျင်းအနားသို့ ကပ်နိုင်ခြင်း မရှိသေးပေ။

လေ့ကျင်း၏တိုက်ခိုက်မှုသည် ယခုအတိုင်းသာ ဆက်သွားနေမည်ဆိုပါက ဝူတင်သည် လေ့ကျင်းကို အနိုင်ရရှိရန်အတွက် အပြင်းအထန် ရုန်းကန်ရမည်ဖြစ်လေသည်။

လေပြင်းမုန်တိုင်းထဲတွင် ဝူတင်၏အဖြူရောင်ဝတ်ရုံသည် လေနှင့်အတူ လွင့်မျောနေလေသည်။ ပေါ့ပါးပြီးတည်ငြိမ်နေသည့် ဝူတင်၏ပုံသဏ္ဍာန်က တိုက်ပွဲကို အနိုင်ရရှိတော့မည့် လူတစ်ယောက်အလား ခံစားရစေလေသည်။

လေ့ကျင်းသည် ဆန်းလျန်နှင့်ဆင်တူသည့်အတွက် အနိုင်ရရှိရန် အဆင်သင့်ဖြစ်နေသည့်တိုင် အခြားသူများ၏စိတ်ထဲတွင် ဝူတင်ကိုလည်း မလေးစားဘဲ မနေနိုင်ကြပေ။

အခန်း (၅၃၅) နောက်ဆုံးတော့ဆုံတွေ့ဖြစ်ကြပြီ

ဝူတင်ထိုသို့သောအရည်အချင်းမျိုးရလာသည်မှာ လွန်ခဲ့သည့် (၃)ရက်ခန့်က တန်ခိုးစွမ်းအားများကို ချိတ်ပိတ်ကာ ရေကန်ထဲမှ ပင်လယ်သတ္တဝါကြီးများနှင့် တိုက်ခိုက်လေ့ကျင့်ခဲ့သောကြောင့် ရရှိခဲ့ခြင်း ဖြစ်လေသည်။ သေခြင်းရှင်ခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရပြီးသည့်အခါ လူတစ်ယောက်သည် စိတ်ဓာတ်တည်ငြိမ်သွားတတ်လေသည်။

ဝမ်ကျုန်းသည် ဝူတင်၏အရည်အချင်းကိုအခြေခံကာ ထိုသို့လေ့ကျင့်သင်ကြားပေးခြင်းဖြစ်လေသည်။

လေ့ကျင်း၏လေနှင့်မိုးကိုဆင့်ခေါ် ခြင်းကျင့်စဉ်မှာလည်း ပိုပြီး ထက်မြက်လာလေသည်။

သူမ၏ဆံနွယ်များသည် လေထဲတွင်လွင့်မျောနေပြီး မျက်ဝန်းများက အေးစက်နေလေသည်။ မိုးစက်များသည် ဓားသွားများအလား လေကိုခွင်းကာ ဝူတင်ရှိရာသို့ ဦးတည်လာကြလေသည်။

ဝူတင်က သစ်သားဓားကို စက်ဝိုင်းပုံစတ္တုန်ဝှေ့ယမ်းကာ တန်ခိုးစွမ်းအားစက်ဝန်းတစ်ခုကို ဖန်ဆင်းလိုက်လေသည်။ ထိုအခါ သူ့ထံသို့ဝင်ရောက်လာသည့် ဓားသွားကဲ့သို့မိုးရေစက်များသည် လေ့ကျင်းရှိရာသို့ ပြန်လည်ထွက်ခွာသွားလေသည်။

လေ့ကျင်းသည် ကန်ရေပြင်ကို လက်ဖြင့်တစ်ချက်ထောက်လိုက်လေသည်။ ချက်ချင်းပင် ရေတံတိုင်းတစ်ခုပေါ်လာပြီး ဓားသွားကဲ့သို့သောမိုးရေစက်များကို ပြန်လည်ကာကွယ်လိုက်

သည်။ မိုးကြိုးသံနှင့်အတူ သူမ၏မျက်ဝန်းများထဲ တွင်

လျှပ်စီးများတဖျတ်ဖျတ်လင်းလက်နေလေသည်။

ဝူတင်သည် သူ၏ သစ်သားဓားကို ကျစ်ကျစ်ပါအောင် စုပ်ကိုင်

ထားလေသည်။ ထို့နောက်သူသည် လျှပ်စီးများထက်သို့ခုန်

တက်သွားကာ ဓားဖြင့်ထိုးစိုက်ချလိုက်လေသည်။

ကျယ်လောင်သည့်အသံကြီးတစ်သံထွက်ပေါ်လာပြီး သစ်သား

ဓားသည် ထက်ပိုင်းကျိုးသွားလေသည်။

လေ့ကျင်းသည် ဒီရေအလား အဆက်မပြတ်တိုက်ခိုက်နေပြီး

သူမ၏တိုက်ခိုက်မှုက အညာအတာကင်းမဲ့လွန်းလှ လေသည်။

အရှေ့ရေကန်မှာ လှိုင်းများထန်နေပြီး လျှပ်စီး

များ၏ရောင်ပြန်ဟပ်မှုဖြင့် တောက်ပနေလေသည်။

ပြိုင်ပွဲကိုကြည့်နေကြသည့် တာ့ရှားပြည်မှ ပရိတ်သတ်

များသည် အံ့သြမင်သက်နေကြလေသည်။

လေ့ကျင်းကဲ့သို့ ငယ်ရွယ်သည့်မိန်းမပျိုလေးသည် ထိုမျှတန်ခိုး စွမ်းအားမြင့်မားလိမ့်မည်ဟု မည်သူမှ ထင်မထားခဲ့မိပေ။ ယခု တော့ သူမ၏တန်ခိုးစွမ်းအားများမှာ အလွန်မြင့်မားနေပြီး သူမ၏ဖခင်ဖြစ်သူ လေ့နော်ပင်လျှင် သူမကို ယှဉ်နိုင်တော့မည် မဟုတ်ပေ။

ယင်းစန်းအနွယ်ဝင်များကတော့ လေ့ကျင်း၏အစွမ်းသတ္တိကို အံ့သြနေကြပြီး လေ့ကျင်းနှင့် ဝူတင်ကိုသာ လက်ဆက်ပေးနိုင် လျှင် မည်မျှကောင်းမည်နည်းဟု တွေးတောနေကြလေသည်။

အရှေ့ရေကန်မှ ရေများသည် မြင့်တက်လာပြီး ရေတံတိုင်းကြီး များအလား ဝူတင်ကို ဝန်းရံထားလေသည်။ ရေများထဲတွင် လျှပ်စီးကြောင်းများစီးဆင်းနေပြီး ဝူတင်သည် ထောင်ချောက် ထဲတွင် ရောက်နေသူတစ်ယောက်ပမာ ဖြစ်နေရလေသည်။

ဝူတင်၏သစ်သားဓားမှာ ကျိုးသွားပြီ ဖြစ်လေသည်။

ထို့ကြောင့် သူသည် ပျံသန်းကြယ်စင်စွမ်းအားကို အသုံးပြုပြီး

လေ့ကျင်းကို တိုက်ခိုက်ရန် ပြင်ဆင်လိုက်လေသည်။ သို့သော် သူ၏ပတ်ဝန်းကျင်တစ်ခုလုံး လျှပ်စီးကြောင်းများဖြင့် ဖုံးလွှမ်းနေသည့်အတွက် ထိုလျှပ်စီးကြောင်းများကို မချိုးဖျက်နိုင်ရှိနေရလေသည်။

လေ့ကျင်း၏ လေနှင့်မိုးကိုဆင့်ခေါ်ခြင်းကျင့်စဉ်သည် မည်မျှကြောက်စရာကောင်းသည်ကို မြင်တွေ့ရပြီး ဝူတင်သည် မည်သို့မျှ မတတ်နိုင်ဖြစ်နေရလေသည်။ သူ၏တန်ခိုးစွမ်းအားများကို အသုံးပြုနေသည့်တိုင် လေနှင့်မိုးကို ရပ်တန့်ပစ်နိုင်စွမ်းမရှိပေ။

လေ့ကျင်းမှာလည်း ပင်ပန်းနွမ်းနယ်နေရပြီ ဖြစ်လေသည်။ ကောင်းကင်တစ်ခုလုံးတွင် တိမ်မဲများထူထပ်စွာဖုံးအုပ်နေပြီး အလင်းရောက်လုံးဝမမြင်ရတော့ပေ။ ထို့ကြောင့် ဝူတင်၏ ပျံသန်းကြယ်စင်တန်ခိုးစွမ်းအားကို အပြည့်အဝ

ဖော်ထုတ်၍မရ ဖြစ်နေရလေသည်။ အချိန်ကြာလာလေ ဝူတင်
အတွက် တောင့်ခံထားနိုင်ရန် ခက်ခဲလေ ဖြစ်နေရလေသည်။
ဝူတင်သည် သူရင်ဆိုင်နေရသည့်အကြပ်အတည်းကို မည်သို့
ဖြေရှင်းရမည်ကို စဉ်းစားနေလေသည်။ သူသည် ပျံသန်းကြယ်
စင်တန်ခိုးစွမ်းအားများကို အဆက်မပြတ်ထုတ်လွှတ်နေခဲ့လေ
သည်။ သို့သော် လေ့ကျင်းကို တန်ပြန်တိုက်စစ်ဆင်နိုင်ခြင်းမရှိ
ဘဲ ခံစစ်ဖြင့်သာ ကိုယ့်ကိုကိုယ်ကာကွယ်နေရလေသည်။
လေ့ကျင်း၏ တည်ငြိမ်မှုကလည်း ဝူတင်နှင့်တန်းတူပင်ဖြစ်
လေသည်။ သူမသည် ဝူတင်၏တန်ခိုးစွမ်းအားများအားလုံး
အသုံးမပြုနိုင်ဖြစ်ရတော့မည့်အချိန်ကို စိတ်ရှည်လက်ရှည်ဖြင့်
စောင့်နေလေသည်။
လေ့ကျင်းသည် သူမတိုက်ခိုက်နေရင်းမှာပင် သူမကျင့်ကြံခဲ့
သည့်ကျင့်စဉ်၏ တန်ခိုးစွမ်းအား မည်မျှခိုင်မာသည်ကို
တဖြည်းဖြည်းနားလည်လာရလေသည်။ ထိုတန်ခိုးစွမ်းအားကို

အသုံးပြုလေလေ ကျင့်ကြံသူများ၏ စကြာဝဠာနှင့်

တစ်သားတည်းကျသည့်ခံစားချက်ကို ပိုပြီးနားလည်လေလေ

ဖြစ်ရလေသည်။

လေနှင့်မိုး၏စွမ်းအားသည် မိုးကောင်းကင်၏စွမ်းအားဖြစ်ပြီး

မည်သည့်အခါမှ ကုန်ခမ်းမသွားနိုင်ပေ။ သူမ တိုက်ခိုက်လေ

လေ တန်ခိုးစွမ်းအားကပိုပြီး အားအင်ကြီးလာလေလေ ဖြစ်

လေသည်။

ယခုအချိန်ထိ တိုက်ခိုက်ပြီးသည့်အခါတွင်တော့ သူမအတွက်

အနိုင်အရှုံးသည်အရေးမကြီးတော့ပါ။

သူမ၏စိတ်ထဲတွင် ခံစားချက်များ ရှုတ်ထွေးနေလေသည်။

သူမသည် ဆရာဖြစ်သူအကြောင်းစဉ်းစားနေမိလေသည်။

သူမ၏ဆရာသည် တစ်ချိန်ချိန်တွင်တော့ သူမ၏ဦးရီးတော်နှင့်

တိုက်ခိုက်ကြမည် ဖြစ်လေသည်။ သူမသည် ထိုအဖြစ်အပျက်

များကိုဖြစ်ပျက်စေလိုခြင်း မရှိပေ။

ဆန်းလျှန်သည် လေ့ကျင်း၏တိုက်ခိုက်မှုကိုကြည့်နေရာမှ

သူ၏အကြည့်ကို ဂူတင်ဆီသို့ ရွေ့လိုက်လေသည်။

ထိုအချိန်မှာပင်....

မည်သည့်နေရာကထွက်ပေါ်လာမှန်းမသိသည့် နတ်ဘုရား

စွမ်းအားတစ်ခုသည် ဂူတင်၏ခန္ဓာကိုယ်တွင်းသို့ ဝင်

ရောက်လာလေသည်။

တိုက်ပွဲကိုကြည့်နေကြသူများမှာ တစ်စုံတစ်ခု ပြောင်းလဲသွား

သည်ကို သတိပြုလိုက်မိကြလေသည်။

လျှပ်စီးများကြားတွင်ပိတ်မိနေသည့်ဂူတင်သည် တာအို

လမ်းကြောင်းတစ်ခုကိုဖွင့်လှစ်လိုက်သကဲ့သို့ နတ်ဘုရား

စွမ်းအားများ ရုတ်တရက်မြင့်တက်လာလေသည်။

ဂူတင်ဝတ်ဆင်ထားသည့် အဖြူရောင်ဝတ်စုံသည် အပိုင်းပိုင်း

ကွဲထွက်သွားလေသည်။ သူ၏မျက်ဝန်းများမှာလည်း လင်း

လက်တောက်ပလာကြလေသည်။

အမှန်တော့ ထိုသို့ပြုလုပ်သူမှာ ဝူတင်မဟုတ်ပေ။

ထျန်းယီက ဝူတင်ကိုကူညီလိုက်ခြင်းဖြစ်လေသည်။

ဆန်းလျန်သည် ချက်ချင်းပင် ပြင်းထန်သောမီးတောက်များ ဖြင့်ဝန်းရံထားသည့် ရှားထိုက်အကျင်းထောင်သို့ ရောက်ရှိသွား လေသည်။

နောက်ဆုံးတော့ ဆန်းလျန်နှင့် ထျန်းယီအကြီးအကဲတို့ ဆုံတွေ့ ဖြစ်ကြပြီ ဖြစ်လေသည်။

"ကောင်းကင်မှာ ပျံသန်းနေတဲ့တိမ်တွေဟာ ရေထဲမှာအရိပ်လာ ထင်တယ် ၊ ရေမရှိလည်း တိမ်တွေကတော့ တည်ရှိနေမှာပဲ ၊ ဒါ ပေမယ့် တိမ်တွေက လွင့်မျောနေသလို ရေကလည်းစီးဆင်း နေမြဲပဲ"

ဆန်းလျန်၏စိတ်အာရုံထဲသို့ နူးညံ့သည့်အသံတစ်သံ ဝင် ရောက်လာလေသည်။

ရှားထိုက်အကျဉ်းထောင်၏ စင်မြင့်ထက်တွင် လူတစ်ယောက် ရပ်နေလေသည်။ ထိုသူ၏ဆံနွယ်ရှည်များသည် လေထဲတွင် လွင့်ပျံနေလေသည်။ အကျဉ်းချခံထားရသည့်တိုင် ထိုသူကို ကြည့်ရသည်မှာ သက်သောင့်သက်သာ ရှိလှလေသည်။ ထို သူ၏မျက်ဝန်းများထဲတွင်တော့ သတ္တိရှိမှုကို တွေ့မြင်ရ လေ၏။

ဆန်းလျန်၏ဘဝတွင် ပြိုင်ဘက်ပေါင်းများစွာကို ရင်ဆိုင်ခဲ့ရ ဖူးလေသည်။ သို့သော် ထိုပြိုင်ဘက်များအားလုံးသည် ထျန်း ယီကို မကျော်လွန်နိုင်ပေ။ ထျန်းယီသည် ဆန်းလျန်ကျင့်ကြံ ထားသည့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို စာကြောင်းတစ် ကြောင်းတည်းဖြင့် ဖော်ပြနိုင်စွမ်းရှိသူ ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်...

ထျန်းယီပြောလိုက်သည့်စာကြောင်းသည် ကန်ရေပြင်တွင် ထင်ဟပ်နေသည့်မိုးတိမ်များကို ရေးဆွဲထားသည့် ဆရာ

ဘွားဘွားလီချင်းဆွေ၏ ပန်းချီကားချပ်ကို ရှင်းလင်းပြလိုက်ခြင်းပင် ဖြစ်လေသည်။

ဆရာဘွားဘွားလီချင်းဆွေသည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို တီထွင်ဖန်တီးခဲ့သည်မှာ လောကတွင် ပြိုင်ဘက်ကင်းရန်အတွက်မဟုတ်ခဲ့ဘဲ အမြင့်ဆုံးသောဉာဏ်ပညာအတွက်သာ တီထွင်ရေးသားခဲ့ခြင်း ဖြစ်လေသည်။

ထျန်းယီသည် ဆန်းလျန်၏ မူလကျင့်စဉ်လမ်းကို သိမြင်နိုင်ခဲ့လေသည်။ ထိုအချက်က ဆန်းလျန်ကို စိတ်လှုပ်ရှားစေခဲ့လေသည်။

"နောက်ဆုံးတို့ ကျုပ်တို့တွေ့ကြရပြီ..."

ဆန်းလျန်က ဖြည်းညင်းစွာဖြင့် စကားဆိုလိုက်သည်။

ထျန်းယီက ပြုံးလိုက်ရင်း...

"ခင်ဗျားကိုတွေ့ချင်နေတာကြာပါပြီ တိုင်းပြည်အကြီးပေးအမတ်မင်း ၊ ဒါပေမယ့် ခင်ဗျားက ကျုပ်ကို မတွေ့ခဲ့ဘူးလေ"

“ကျုပ်ကလည်းခင်ဗျားကိုတွေ့ချင်နေတာပါ ၊ အချိန်မကျသေး

လို့ စောင့်နေခဲ့တာ”

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

“ဒါဖြင့် အခုတော့ အချိန်ကျပြီ ဆိုပါတော့...”

ထျန်းယွီက မေးခွန်းထုတ်လိုက်လေသည်။

ဆန်းလျန်က...

“ဒီပြိုင်ပွဲနဲ့ပတ်သက်ရင်တော့ ကျုပ်က အလျှော့မပေးနိုင်ဘူး

နော် ၊ ကျုပ်တပည့်က လုံးဝရှုံးမှာမဟုတ်ဘူး ၊ ဒါကြောင့်

ခင်ဗျားက ဝူတင်ကိုကူညီနေတာကို ရပ်ပစ်ဖို့ ခင်ဗျားကိုလာ

တွေ့မှ ဖြစ်တော့မှာကိုး ၊ အဲဒီတော့ တွေ့ရမယ့်အချိန်ကျပြီပဲ

ပြောရတော့မှာပေါ့"

ထျန်းယီသည် ကိုယ်နေဟန်သွယ်လျလျနှင့် ချောမောသူတစ်

ယောက် ဖြစ်လေသည်။ သူသည် ပူပြင်းသည့်မီးများ၏ ဒဏ်

ကိုခံနိုင်သည့် ရွှေဖြူရောင် ဝတ်ရုံတစ်ထည်ကို ဝတ်ဆင်ထား

လေသည်။ သူ့ထံမှ နွေဦးလေပြေကဲ့သို့ နွေးထွေးသည့်ခံစား

ချက်တစ်ခုကို ခံစားရလေသည်။

သူက ဆန်းလျန်ကို ဦးညွှတ်လိုက်ရင်း...

"ပွင့်ပွင့်လင်းလင်းပြောရရင် ခုလိုတွေ့ခွင့်ရတာ ဝမ်းသာပါ

တယ် တိုင်းပြည်အကြံပေးအမတ်ကြီး ၊ ခင်ဗျားရောက်မလာ

ရင်လည်း ကျုပ်ပျင်းနေရမှာ ၊ ပြီးတော့ ဝူတင်ကို ကယ်တင်ခဲ့

တာအတွက် ကျေးဇူးအများကြီးတင်ပါတယ် ၊ ယင်းစန်းဒေသ

တစ်ခုလုံးက ခင်ဗျားကို ကျေးဇူးတင်နေမှာပါ"

ဆန်းလျန်သည် ထျန်းယီအကြီးအကဲကို စိုက်ကြည့်နေခဲ့လေ

သည်။

ထျန်းယီသည် နူးညံ့သိမ်မွေ့ဟန်ရှိသည့်တိုင် တာ့ရှားဧကရာဇ်

ထက်ပင် ကြောက်မက်ဖွယ်ရာကောင်းသူတစ်ယောက် ဖြစ်လေ

သည်။

တာ့ရှားကေရာဇ်သည် စွမ်းအားကြီးမားပြီး မြင့်မားသည့်

တောင်တစ်တောင်နှင့်တူပါက ထျန်းယွီအကြီးအကဲသည်

မှောက်မိုက်နက်ရှိုင်းသည့် ပင်လယ်တစ်ခုနှင့် ဆင်တူလေ

သည်။

ဆန်းလျန်၏အကြည့်များကို ထျန်းယီက တည်တည်ငြိမ်ငြိမ်

ပင် လက်ခံလိုက်လေသည်။ ထို့နောက် သူကလည်း ဆန်းလျန်

ကို ပြန်စိုက်ကြည့်နေလိုက်လေသည်။

ဆန်းလျန်က...

"ဒီလိုသဘောထားမျိုးမရှိတဲ့အတွက် ကျေးဇူးတင်စရာမလိုပါ

ဘူး ၊ ဒါပေမယ့် ကျုပ်ခင်ဗျားကို မေးစရာတစ်ခုရှိတယ် ၊

ကျေးဇူးပြုပြီး ၊ ကျုပ်ကိုဖုံးကွယ်ဖို့တော့ မကြိုးစားပါနဲ့”

အခန်း (၅၃၆) တိကျန်ဗောဓိသကျ၏ကျင့်စဉ်လမ်း

ထျန်းယီသည် ဆန်းလျန်ကို ပြန်ပြီး စိုက်ကြည့်နေလေသည်။

အတန်ကြာပြီးမှ...

"ခင်ဗျားမေးမယ့်မေးခွန်းက သိပ်ခက်တဲ့မေးခွန်းတစ်ခုဆိုတာ

ကျုပ်သိပါတယ် ၊ ကျုပ်ဖြေနိုင်တဲ့အရာဆိုရင် ဖြေပါ့မယ်”

"ကျေးဇူးပါပဲ..."

ဆန်းလျန်က တိုးလျသည့်အသံဖြင့် ပြောလိုက်သည်။

ထျန်းယီက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"ရပါတယ်ဗျာ...."

"တာ့ရှားပြည်ကို ယင်းစန်းနဲ့အစားထိုးတဲ့ကိစ္စဟာ အတိတ်က

လည်း ဖြစ်ပျက်ခဲ့ပြီးပြီမဟုတ်လား ၊ ဘာလို့ နောက်တစ်ကြိမ်

ထပ်ဖြစ်ရတာလဲ ၊ အသူရာချောက်မှာ ဘာတွေဖြစ်နေတာလဲ ၊

ခင်ဗျားကျိန်းသေ သိမှာပါ ၊ ဒါကြောင့် ကျုပ်ကို ပြောပြနိုင်မ

လား"

နောက်ဆုံးတော့ ဆန်းလျန်က သူမေးချင်သည့်မေးခွန်းကို မေး

လိုက်လေတော့သည်။

အခြားသူများဆိုလျှင် ဆန်းလျန်မေးသည့်မေးခွန်းကြောင့် စိတ်

ရှုတ်ထွေးသွားမည် ဖြစ်လေသည်။

သို့သော် ထျန်းယီက ထိုမေးခွန်းကြောင့် အမူအရာပြောင်းလဲ

သွားခြင်းမရှိပါ။ သူက ဆန်းလျန်ထိုမေးခွန်းမေးမည်ကို

ကြိုတင်ခန့်မှန်းထားပြီးသား ဖြစ်လေသည်။

သူကသက်ပြင်းတစ်ချက်ချလိုက်ရင်း....

"ကြည့်ရတာ... ခင်ဗျားက ကျုပ်တို့နဲ့မတူတဲ့ လူတစ်ယောက်ပဲ ၊

ဟိုးအရင်တုန်းက ယင်းစန်းဟာ တာ့ရှားပြည်နေရာ မှာ

အစားထိုးခဲ့ဖူးတယ်ဆိုတာ အမှန်ပါပဲ ၊ ဒါပေမယ့် ဒုတိယ

အကြိမ်မဖြစ်ဘူးလို့တော့ ပြောလို့မရဘူးလေ"

အမှန်တော့ ဆန်းလျန်က ထိုမေးခွန်းကို မေးလိုက်သော်လည်း

ရေရေရာရာမရှိပါ။

တာ့ရှားပြည် ၊ ယင်းစန်းဒေသ ၊ ဝမ်ကျုန်း ၊ ဝူတင်နှင့် ထျန်းယီ

တို့မှာ သူသိခဲ့သည့် တရုတ်သမိုင်းထဲမှ အကြောင်းအရာများ ၊

လူများ ဖြစ်နေသောကြောင့် ရမ်းသန်းမှန်းသန်းဖြင့် မေးလိုက်မိ

ခြင်းဖြစ်လေသည်။

သို့သော် ဆန်းလျန် ယခုရင်ဆိုင်နေရသည့်အဖြစ်အပျက်များ

က တရုတ်သမိုင်းထဲမှ အဖြစ်အပျက်များနှင့်လည်း

ထပ်တူထပ်မျှ တူညီနေခြင်းမရှိပေ။ သဲလွန်စများ ၊ သံသယ

များဖြင့် ပြည့်နက်နေလေသည်။

ထို့ကြောင့် ဆန်းလျန်မှာ သူက အချိန်နှင့်နေရာတစ်ခုခုကို ဖြတ်

ကျော်လာမိခြင်းလေလား။

သို့မဟုတ် သူရောက်ရှိနေသည့်နေရာသည် တရုတ်ရှေးဟောင်း

သမိုင်းထဲမှ ကိစ္စရပ်များနှင့်တူညီနေသည့် အခြားသော

စကြာဝဠာတစ်ခုသို့ ရောက်ရှိနေခဲ့ခြင်းလေလား။

သို့မဟုတ်.... သူကိုယ်တိုင် သမိုင်းထဲသို့ ပြန်လည်ရောက်ရှိနေ

ခြင်းလား.... စသည်ဖြင့် ဝေခွဲမရဖြစ်နေခဲ့ရလေသည်။

သို့သော် ထျန်းယီ၏အဖြေစကားကိုကြားလိုက်ရသည်နှင့် သူ

သည် အချိန်နှင့်နေရာကို ဖြတ်ကျော်သွားခြင်းလည်းမရှိသလို

အခြားသော စကြာဝဠာတစ်ခုသို့ရောက်ရှိနေခြင်းလည်းမဟုတ်

ကြောင်း နားလည်သွားရလေသည်။

ဆန်းလျန်က...

"ဒါဆို လျှို့ဝှက်ချက်တစ်ခုခုတော့ရှိရမယ်ထင်တယ် ၊ ကျုပ်ကို

ပြောပြနိုင်မလား"

ထျန်းယွီသည် ရုတ်တရက် နာကျင်မှုဝေဒနာတစ်ခုကို ခံစား

လိုက်ရသည့်အလား မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားလေသည်။

နောက်ဆုံးတော့ သူက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်သိပေမယ့် ပြောပြလို့မဖြစ်ဘူး"

ထျန်းယီ၏ နာကျင်မှုဝေဒနာသည် အနည်းငယ်သက်သာသွားပုံရပြီး သူက စကားဆက်ပြောလိုက်လေသည်။

"ခင်ဗျား အမှန်တရားကို ဒီနေ့မှာသိသွားလည်း အသုံးဝင်မှာမဟုတ်ဘူး ၊ ဒါပေမယ့် ခင်ဗျားထိုက်ယီထျန်းရှန်းအဆင့်ကို တက်လှမ်းနိုင်မယ်ဆိုရင်တော့ အဲဒီအကြောင်းအရာတွေကို အလိုလိုသိသွားလိမ့်မယ် ၊ အဲဒီအခါကျတော့ ခင်ဗျားဟာ ကံကြမ္မာအတိုင်းမွေးဖွားလာတဲ့သူဆိုတာကို သက်သေပြရာလည်း ရောက်လိမ့်မယ်"

"ကျုပ်ကို ကံကြမ္မာအတိုင်းမွေးဖွားလာတဲ့သူလို့ အခေါ်ခံရတာ ပထမဆုံးအကြိမ် မဟုတ်တော့ပါဘူး ၊ ဒါပေမယ့် ခင်ဗျားက ရော တိကျန်ဗောဓိသကျ ဟောကိန်းထုတ်ခဲ့တာကို ယုံကြည်သလား"

ထျန်းယီသည် ပြန်လည်တည်ငြိမ်စပြုလာပြီဖြစ်လေသည်။

“တိကျန်ဗောဓိသကျရဲ့ဟောကိန်းက ခန့်မှန်းတာမဟုတ်ဘူး ၊ အဲဒါက ဖြစ်ကိုဖြစ်လာရမယ့်အရာပါ ၊ တိကျန်ဗောဓိသကျဟာ မဟာသကျအဆင့်ကို ရောက်ရှိတဲ့အထိ ကျင့်ကြံနိုင်ခဲ့တဲ့ ဗောဓိသကျတစ်ပါးပဲ ဖြစ်တယ် ၊ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ဆိုတဲ့ လောကသုံးခုကို သူက အောင်နိုင်သူတစ်ယောက်ပဲ ၊ ဒါကြောင့် သူ့ရဲ့အဆင့်ဟာ ဗုဒ္ဓ ဒါမှမဟုတ် တာအိုဆရာသခင်ကြီးတို့ နီးပါး မြင့်မားလွန်းတယ် ၊ ဒါကြောင့် တိကျန်ဗောဓိသကျက အနာဂတ်ကို မြင်ခဲ့တယ်ဆိုရင် အဲဒီအနာဂတ်ဟာ အစစ်အမှန်ပါပဲ”

“တိကျန်ဗောဓိသကျက ဒီအသူရာချောက်မှာ ကျင့်ကြံခဲ့တာလား”

ဆန်းလျန်က မေးခွန်းထုတ်လိုက်သည်။

ထျန်းယီက...

“အမှန်ပါပဲ ၊ ခင်ဗျားက အခု ထိုက်ယီထျန်းရှန်းအဆင့်ကို မ ရောက်သေးဘူး ၊ ဒါပေမယ့် ထိုက်ယီထျန်းရှန်းအဆင့်ကို ရောက်သွားပြီဆိုတာနဲ့ လေကကိုလမ်းဖွင့်ပေးပြီး သတ္တဝါတွေ ကိုဖန်ဆင်းနိုင်တဲ့ ဖန်ဆင်းရှင်နီးပါး ဖြစ်သွားနိုင်တယ် ၊ ဒါပေ မယ့် အဲဒီလိုကျင့်ကြံနိုင်ဖို့အတွက် နေရာတစ်ခု အရင်ဆုံး လိုအပ်တယ် ၊ အကန့်အသတ်မရှိစကြာဝဠာထဲမှာ ကမ္ဘာငယ် လေး တွေရှိတယ် ၊ ဘယ်လိုကမ္ဘာငယ်လေးတွေလည်းဆိုရင်... ဥပမာပြောရရင် ရှေးနတ်ဘုရားတွေ တရားအလင်းရသွားတဲ့ နေရာမျိုး ၊ ကောင်းကင်ဘုံနန်းတော်လို နေရာမျိုးတွေပေါ့ ၊ အဲဒီနေရာတွေထဲမှာ ကျင့်ကြံအောင်မြင်သွားရင် ကိုယ်ကျင့်ကြံ အောင်မြင်ခဲ့တဲ့ကမ္ဘာငယ်မှာတော့ ကိုယ်ဟာ အမြင့်ဆုံးနတ် ဘုရားပါပဲ ၊ ကမ္ဘာငယ်တွေ အမျိုးမျိုးကွဲပြားသလို နတ်ဘုရား တွေဟာလည်း အမျိုးမျိုးပေါ်ထွက်လာလေ့ရှိတယ်”

ဆန်းလျန်က...

"လူတွေရဲ့ဆုတောင်းမှုတွေကိုမှီခိုပြီး ဖြစ်တည်လာတဲ့နတ်ဘုရားတွေရှိတယ်၊ အခုကတော့ နေရာကိုမှီပြီး ဖြစ်တည်လာတဲ့နတ်ဘုရားမျိုးပေါ့၊ ဒါက လှည့်စားမှုတစ်ခုတော့မဟုတ်ပေမယ့် နေရာကိုမှီခိုနေမှတော့ နတ်ဘုရားတစ်ပါးဖြစ်ရတာ ဘယ်လွတ်လပ်တော့မှာလဲ၊ အချိန်မရွေး အရာအားလုံးကို ဆုံးရှုံးသွားနိုင်တယ်"

ထျန်းယီက...

"အမှန်ပါပဲ၊ ကိုယ်ကျင့်ကြံအောင်မြင်တဲ့လောကမှာတော့ ဆရာတစ်ဆူဖြစ်နေပေမယ့် ကိုယ်မလုပ်နိုင်တဲ့အရာတွေ လည်းအများကြီးရှိပါတယ်၊ ဥပမာ အချိန်ကိုနောက်ပြန်လှည့်တာမျိုးပေါ့"

ဆန်းလျန်က...

"ဒါမျိုးက တာအိုဆရာသခင်ကြီး ဒါမှမဟုတ် ဗုဒ္ဓကပဲ လုပ်နိုင်တဲ့အရာတွေမဟုတ်ဘူးလား၊ ထိုက်ယီထျန်းရှန်းအဆင့်ဆိုတာ သူတို့နဲ့ယှဉ်လိုက်ရင် အဝေးကြီးလိုသေးတယ်လေ"
"ဗုဒ္ဓနဲ့ တာအိုဆရာသခင်ကြီးတို့ဆိုတာက အတိတ်၊ အနာဂတ်နဲ့ ပစ္စုပ္ပန်လောကသုံးပါးကို အောင်နိုင်သူတွေဖြစ်ကြတယ်၊ ဒါပေမယ့် သူတို့ဟာ သံသရာစက်ဝန်းကလည်း လွတ်မြောက်နေကြတဲ့သူတွေပဲ၊ ဘယ်အရာကိုမှ မတွယ်တာတော့ဘူး၊ သူတို့တွေဟာ ကျုပ်တို့စိတ်တောင်ကူးကြည့်လို့မရလောက်အောင် မြင့်မားတဲ့အဆင့်တွေပါပဲ၊ ဒါပေမယ့် သူတို့ရဲ့တန်ခိုးစွမ်းအားတွေကိုအတုယူလို့ရပါတယ်၊ ဥပမာပြောရရင် အတိတ်ကရုပ်ခန္ဓာနဲ့ အနာဂတ် ရုပ်ခန္ဓာပေါင်းစည်းသွားတာမျိုးပေါ့၊ တိကျန်ဗောဓိသကျဟာ အဲဒီလိုအဆင့်မျိုးအထိ ရောက်ခဲ့တယ်လို့ပြောလို့ရတယ်၊ ဒါပေမယ့် သူအဲဒီလိုလုပ်လို့ရတာက သူ

ကျင့်ကြံအောင်မြင်ခဲ့တဲ့ အသူရာချောက်ဆိုတဲ့ နေရာမှာပဲ လုပ်လို့ရတာပါ”

ထျန်းယီက သက်ပြင်းတစ်ချက်ချရင်းပြောလိုက်လေသည်။

ဆန်းလျန်က တစ်ချက်မျှ စဉ်းစားလိုက်ပြီး…

“ကျုပ်အခု နားလည်ပါပြီ ၊ တိကျန်ဗောဓိသကျက ဗုဒ္ဓနဲ့ တာအိုဆရာသခင်ကြီးတွေလို စွမ်းအားမျိုးကိုရရှိဖို့ အသူရာချောက်မှာ လာပြီးကျင့်ကြံမှုပြုလုပ်ခဲ့တယ် ၊ သူက ကျင့်ကြံအောင်မြင်ခဲ့ပြီး အသူရာချောက်ရဲ့ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ကို သိမြင်သူတစ်ယောက် ဖြစ်လာခဲ့တယ်ပေါ့ ၊ သူဟာ ရှေ့ဆက်ကျင့်ကြံမယ်ဆိုရင် တစ်ချိန်မှာ ဗုဒ္ဓ ဒါမှမဟုတ် တာအိုဆရာသခင်ကြီးတောင် ဖြစ်သွားနိုင်မှာပဲ”

ထျန်းယီက…

"အမှန်ပါပဲ ၊ သူက အခုဆိုရင် သံသရာကတောင် လွတ်မြောက်သွားလောက်ပြီ... ၊ ကဲ... ခင်ဗျားအခု အကုန်နားလည်သွားပြီမဟုတ်လား"

ဆန်းလျန်က...

"နားလည်သွားပါပြီ ၊ ဒါပေမယ့် ကျုပ်က သူဟောကိန်းထုတ်ခဲ့တဲ့လူ ဟုတ်ချင်မှလည်းဟုတ်မှာပေါ့"

"ခင်ဗျားက ဖြစ်နိုင်ခြေအရှိဆုံးလူပါပဲ ၊ အသူရာချောက်ရဲ့ အရှင်သခင်ဆိုတာ အသူရာချောက်က လူတစ်ယောက် မဟုတ်ပါဘူး ၊ ပြီးတော့ သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းမှာ ပန်းတွေပွင့်ခဲ့တာလည်း အဲဒီလူအတွက်ပါပဲ"

ထျန်းယီက ပြောလိုက်ပြီး ဆန်းလျန်ကို တစ်ချက်စိုက်ကြည့်လိုက်လေသည်။

ထျန်းယီ၏စကားလုံးများထဲတွင် ကူရာကယ်ရာမဲ့နေသည်ကို ဆန်းလျန် ခံစားမိလေသည်။

ထျန်းယီအနေဖြင့် ကံတရားကို လွန်ဆန်ရန်ဆန္ဒမရှိပေ။ ကံတရားဆိုသည်က မည်မျှပင်ပြောင်းလဲရန် ကြိုးစားပါစေ အစမှအဆုံး ဇာတ်လမ်းတစ်ခုလုံးကို ကြိုတင်စီစဉ်ထားပြီးသားဖြစ်လေသည်။ မည်သူကမှ ကံတရားကို ပြောင်းလဲပစ်နိုင်မည်မဟုတ်ပေ။

ဆန်းလျန်သည် သူသိရှိလိုက်ရသည့်အရာများအတွက် ဝမ်းသာပျော်ရွှင်ခြင်းမဖြစ်မိဘဲ စိတ်မကောင်းဖြစ်နေမိလေသည်။ သူက ကံကြမ္မာအတိုင်းမွေးဖွားလာခဲ့သူတစ်ယောက်ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် အနာဂတ်တွင် သူသည် ကံကြမ္မာအတိုင်းမွေးဖွားလာသူ မဟုတ်တော့လျှင် မည်သို့ဖြစ်မည်နည်း။ ကောင်းကင်ဘုံနန်းတော်ကဲ့သို့ နေရာတစ်ခုကို အမီပြုပြီးမှ ရရှိလာသည့်တန်ခိုးစွမ်းအားသည် အချိန်မရွေးပျက်စီးသွားနိုင်လေသည်။

ဆန်းလျန်က စဉ်းစားနေရင်းမှ စကားတစ်ခွန်းပြောလိုက်သည်။

“နောက်တစ်ကြိမ် ကျုပ်တို့ပြန်ဆုံဖြစ်ကြရင် ခင်ဗျားကို ရှား ထိုက်အကျဉ်းထောင်မှာ ပြန်မတွေ့ရဖို့ မျှော်လင့်မိပါတယ်ဗျာ” ထျန်းယီက ရယ်မောလိုက်ပြီး စကားတစ်လုံးမှ ပြန်မပြောတော့ ပါ။

ထျန်းယီရှေ့မှ ဆန်းလျန်၏ပုံရိပ်သည် လေထဲတွင်တစ်စစီလွင့် မျောကာ ပျောက်ကွယ်သွားလေသည်။

အရှေ့ရေကန်ဆီမှ တိုက်ပွဲကတော့ အပြင်းထန်ဆုံးအဆင့်သို့ ရောက်နေပြီ ဖြစ်လေသည်။

ထျန်းယီအကြီးအကဲ၏တန်ခိုးစွမ်းအားများသည် ကောင်းကင် ကိုးထပ်နှင့်ပေါင်းစပ်သွားပြီး ဝူတင်၏ကျောပြင်ထက် တွင် ပျံလွှားငှက်၏အတောင်ပံတစ်စုံပုံသဏ္ဍာန်ကို ရေးဆွဲခဲ့လေ သည်။

ဝူတင်၏ ပခုံးရိုးနှစ်ဖက်ဆီမှ အတောင်ပံတစ်စုံ ထိုးဖောက် ထွက်လာလေသည်။

“တာ့စန်းပြည်ကိုမွေးဖွားရန်အတွက် မိုးကောင်းကင်မှ အမိန့်တော်ဖြစ်သည့် ပျံလွှားငှက်တစ်ကောင်သည် ဆင်းသက်လာခဲ့လေပြီ…”

ဒဏ္ဍာရီထဲမှ တာ့စန်းမင်းဆက်၏ ပထမဆုံးသော ဧကရာဇ်သည် မွေးဖွားဖြစ်တည်လာခဲ့ပြီ ဖြစ်လေသည်။

တာ့စန်းမင်းဆက်၏ ပထမဆုံးဧကရာဇ်သည် ပျံလွှားငှက်တစ်ကောင်၏တန်ခိုးစွမ်းအားကိုပိုင်ဆိုင်သည်ဟု ပြောစမှတ်ရှိကြလေသည်။ ပျံလွှားငှက်ဆိုသည်မှာ နဂါးနှင့်ဇာမဏီများကဲ့သို့ ရှေးကျသည့် ဝိညာဉ်စွမ်းအား သတ္တဝါတစ်မျိုးဖြစ်လေသည်။ သို့သော် ပျံလွှားငှက်သည် တာ့ရှားပြည်နှင့် သက်ဆိုင်ခြင်းမရှိပါ။

ဝူတင်သည် လူသားနှင့်နတ်ဘုရားများပေါင်းစည်းသွားသည့် နိယာမတစ်ခုကို နားလည်သွားခဲ့လေသည်။ သူသည် ဘိုးဘေး

များဆီမှ ပျံလွှားငှက်၏တန်ခိုးစွမ်းအားကို ဆင့်ခေါ်နိုင်ခဲ့ပြီ

ဖြစ်လေသည်။

တိုက်ပွဲကိုကြည့်ရှုနေကြသည့် ရှားမျိုးနွယ်များသည်

ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားကြီးတစ်ခုကို ပထမဆုံး

ခံစားလိုက်ကြရလေသည်။

ထိုတန်ခိုစွမ်းအားသည် လေ့ကျင်း၏ လေနှင့်မိုးကိုဆင့်ခေါ်

ခြင်းကျင့်စဉ်စွမ်းအာမး ျားကို ထိုးဖောက်ကာ မိုးနှင့်မြေကို

ထိန်းချုပ်ရန် ကြိုးစားနေလေသည်။

လေ့ကျင်းသည်သူမဖန်ဆင်းထားသည့် ပြင်းထန်လွန်းသည့်

မုန်တိုင်းကို မိုးဖွဲလေးများအဖြစ်သို့ ပြောင်းလဲလိုက်လေသည်။

မိုးခြိမ်းသံကြိုးတစ်သံကို ပျံလွှားငှက်အော်သံများကြားတွင်

ကြားလိုက်ရလေသည်။

လေ့ကျင်းသည် ဝူတင်ကို စိုက်ကြည့်နေခဲ့လေသည်။

ထို့နောက် သူမ၏အကြည့်က မနီးမဝေးတစ်နေရာတွင် ရပ်နေသည့် ဆန်းလျန်ဆီသို့ ရောက်ရှိသွားလေသည်။ ဆန်းလျန်က သူမကို အားပေးသည့်အကြည့်များဖြင့် ကြည့်နေလေသည်။

ဆန်းလျန်က "တိုက်ပွဲတွင်သူမ အနိုင်ရမည်" ဟု ပြောခဲ့ဖူးလေသည်။ ထို့ကြောင့်သူမသည် ရှုံးနိမ့်မည် မဟုတ်ပေ။

လေ့ကျင်းသည် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ ကောင်းကင်တစ်ခုလုံး တိမ်ညိုများလွင့်စင်သွားပြီး ကြည်လင်သွားလေသည်။

ကောင်းကင်ထက်တွင် ကြယ်စင်များထွက်ပေါ်လာပြီး အရှေ့ဘက်ဆီမှ လတစ်စင်းထွက်ပေါ်လာလေသည်။

ကြယ်စင်များအကြားတွင် အတောက်ပဆုံးအရာမှာ နဂါးငွေ့တန်းပင်ဖြစ်လေသည်။

ဝူတင်သည် ကြယ်စင်များကိုမြင်တွေ့လိုက်ရသည့်အခါ ဝမ်းသာသွားလေသည်။ သို့သော် ရှားမျိုးနွယ်များကတော့ သက်ပြင်းချလိုက်မိကြလေသည်။

"လေ့ကျင်းမင်းသမီးလေး ဘာတွေများလုပ်နေပါလိမ့်" ဟု သူတို့က တွေးလိုက်မိကြသည်။

လေ့ကျင်းသည် ဝူတင်မှ ပျံ့သန်းကြယ်စင်ကျင့်စဉ်ကို ကျင့်ကြံထားသည်ကို သိရှိထားလေသည်။ ထို့ကြောင့် သူမက တိမ်ညို များကို ရုတ်သိမ်းလိုက်ပြီး ဝူတင်၏အားသာချက်ကိုဖော်ထုတ်နိုင်ရန် ပြုလုပ်ပေးလိုက်ခြင်း ဖြစ်လေသည်။

အခန်း (၅၃၇) စစ်ချီခြင်း

လေ့ကျင်းစိတ်ထဲတွင် တွေးနေသည့်အတွေးများကို ဝူတင်

အရေးမစိုက်ပါ။ ကြယ်ရောင်များဖြာကျလာသည်နှင့် ကြယ်

စင်နှင့်လမင်းထံမှ စွမ်းအားများကိုစုပ်ယူကာ သူ၏ ပျံသန်း

ကြယ်စင်စွမ်းအားကို အသုံးပြုနိုင်တော့မည် ဖြစ်လေသည်။

တန်ခိုးစွမ်းအားများကုန်ဆုံးလုနီးပါးဖြစ်နေသည့်

သူ၏ခန္ဓာကိုယ်သည် ကြယ်စင်များထံမှ စွမ်းအားများကို စုပ်

ယူလိုက်သည့်အခါတွင်တော့ ပြန်လည်အားပြည့်ကာ လျှင်မြန်

လာခဲ့လေသည်။ ပျံလွှားငှက်များ၏ အော်ဟစ်သံများကလည်း

နေရာအနှံ့တွင် ပျံ့လွင့်နေလေသည်။

ထို့ကြောင့် လေ့ကျင်းသည် လေနှင့်မိုးကိုဆင့်ခေါ်ခြင်းတန်ခိုး

စွမ်းအားကို အသုံးပြု၍ မရတော့ပေ။

လေ့ကျင်းသည် လေထဲသို့ ပျံသန်းထွက်ခွာသွားလေသည်။

သူမက ကောင်းကင်ထက်မှ နဂါးငွေ့တန်းကို မော့ကြည့်လိုက်လေသည်။ ထို့နောက် သူမ၏အင်္ကျီလက်တစ်ဖက်ကို အသာဝေ့ယမ်းလိုက်လေရာ သူမ၏လက်ထဲတွင် ဗျပ်စောင်းတစ်လက်ပေါ်လာလေသည်။

လေ့ကျင်းသည် လှပသည့်လက်ချောင်းလေးများဖြင့် စောင်းကြိုးများကို တီးခတ်လိုက်လေသည်။

ထိုအခါ လျှို့ဝှက်ဆန်းကြယ်သည့် တေးသံစုံတီးဝိုင်းတေးသွားအလား အသံမဲ့သံစဉ်တစ်ခု ထွက်ပေါ်လာလေသည်။ ထိုအသံကို လူအများမတွေ့မြင်နိုင်၊ သိရှိခံစားနိုင်ခြင်းမရှိသော်လည်း အသံလှိုင်းများသည် သဘာဝတရားကို ရိုက်ခတ်သွာေးလသည်။

ထိုအချိန်ခဏလေးအတွင်းမှာပင် နဂါးငွေ့တန်းသည် အတောက်ပဆုံးပုံသဏ္ဍာန်ဖြင့် တောက်ပနေလေသည်။

အဆုံးမရှိသည့် ကြယ်ရောင်များသည် လေ့ကျင်းဆီသို့ ဖြာကျ လျှက်ရှိလေ၏။ ထိုကြယ်ရောင်များမှာ နဂါးငွေ့တန်း၏ အရိပ် အဖြစ်ပြောင်းလဲသွားပြီး လေ့ကျင်းသည် နဂါးငွေ့တန်းအထက် တွင်ရပ်နေသည့် ကောင်းကင်ကိုးခုမှ နတ်မိမယ်တစ်ပါးအလား ခမ်းနားလွန်းလှလေသည်။

ပြိုင်ပွဲကိုကြည့်နေသည့်ပရိတ်သတ်များမှာ နဂါးငွေ့တန်းကြယ် စင်များက လေ့ကျင်းကို လှည့်ပတ်နေသည့်အလား ခံစားတွေ့ မြင်နေရလေသည်။ ဝူတင်သည် တိုက်ပွဲတစ်လျှောက်တွင် အန္တ ရယ်အရှိဆုံးသော အခြေအနေကို ရင်ဆိုင်လိုက်ရပြီဟု ချက်ချင်းနားလည်လိုက်လေသည်။

ရုတ်တရက်...

ဝူတင်၏ဝမ်းဗိုက်ဆီသို့ ဓားဝိညာဉ်တစ်ခုဝင်ရောက်လာသည် ကို ခံစားလိုက်ရလေသည်။

ထိုဓားဝိညာဉ်ထံမှ သွေးနီရောင်ပင်လယ်ဆီမှ ဖိအားများကို ခံစားလိုက်ရပြီး ဂူတင်မှာ စိတ်များကျဉ်းကြပ်လာမိသည်။ လေ့ကျင်း၏ဂီတသံသည် ထူးဆန်းသည်ထက် ကျော်လွန်လေသည်။ ထိုဂီတသံက နဂါးငွေ့တန်း၏နိယာမများကို ပေါ်ထွက်လာစေပြီး ဓားဝိညာဉ်တစ်ခုကို ထုတ်လွှတ်ပေးလိုက်လေသည်။ ထိုဓားဝိညာဉ်ထဲတွင် လူသားနှင့်နတ်ဘုရားပေါင်းစပ်မှု၏ ဝိညာဉ်စွမ်းအားများ ပါရှိလေသည်။

ဓားဝိညာဉ်သည် အလွန်မှ ထူးခြားပြီး လေ့ကျင်းကိုယ်တိုင်လည်း ထိုဓားဝိညာဉ်အကြောင်းကို နားမလည်နိုင်ပေ။ မည်သို့ပင်ဖြစ်စေ ယခုအထိ အခြေအနေဖြစ်လာပြီးမှတော့ သူမအနေဖြင့်စဉ်းစားနေရန် အချိန်မရှိပြီ။

နဂါးငွေ့တန်း၏တည်ရှိမှုသည် မည်မျှကြာပြီဖြစ်သည်ကို မည်သူမှ မသိနိုင်ပေ။ နဂါးငွေ့တန်းသည် အဆက်မပြတ်စီးဆင်းနေပြီး ရပ်တန့်ရန် မဖြစ်နိုင်ပေ။ ဓားဝိညာဉ်သည်

နဂါးငွေ့တန်းကို ဖြတ်သန်းစီးဆင်းလာပြီး သန့်စင်သည့် စွမ်းအားတစ်ခု ဖြစ်တည်လာလေသည်။

နဂါးငွေ့တန်းကိုရွေ့လျားစေသည့် ဂီတစွမ်းအားများသည် အလွှာလိုက်ဖြစ်ပေါ်လာလေသည်။ ရပ်တန့်ခြင်းမရှိသည့် အပြင်ယခင်ကထက်ပင် ပိုမိုမြင့်မားလာခဲ့လေသည်။ ထိုဂီတ သံကြောင့် ဝူတင်၏ဝိညာဉ်စွမ်းအားများမှာလည်း တုန့်ပြန်မှု အားနည်းသွားလေသည်။

ဝူတင်သည် ကူရာကယ်ရာမဲ့သည်ဟု ခံစားနေရပြီး ယခုကဲ့သို့ အခြေအနေဖြစ်လာမည်ကို သူသိရှိခဲ့ပါက လေ့ကျင်း၏ လေ နှင့်မိုးကိုဆင့်ခေါ်ခြင်းတန်ခိုးစွမ်းအားကို ရုတ်သိမ်းစေမည် မဟုတ်ပါ။ ဝူတင်သည် ရှုံးနိမ့်ရတော့မည်ဟူသည့်အတွေးကို သူ့စိတ်ထဲတွင် ထည့်မထားခဲ့ပါ။ ထို့ပြင် သူသည် တိုက်ပွဲကို လက်မလျှော့လိုသေးပေ။

ထို့ကြောင့် သူက အော်ဟစ်လိုက်လေသည်။

“ကျင်းသခင်မလေး ၊ ကျုပ်ရဲ့နောက်ထပ်ဓားချက်တစ်ချက်ကို ခုခံပါ ၊ ရလဒ်ကဘယ်လိုပဲဖြစ်ပါစေ ကျုပ် ဝူတင် လက်ခံပါ့မယ်”

လေ့ကျင်း၏ အေးစက်တည်ငြိမ်သည့်မျက်ဝန်းများက ဝူတင်ကို စိုက်ကြည့်လိုက်လေသည်။ သူမက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဂီတသံစဉ်ကို သိမ်မွေ့စေလိုက်သည်။ ဤသည်မှာ ဝူတင်၏ကမ်းလှမ်းချက်ကို လေ့ကျင်းက လက်ခံသည့်သဘောပင် ဖြစ်လေသည်။

ဝူတင်က လေ့ကျင်းထံမှ တုန့်ပြန်မှုကိုရသည်နှင့် သူ၏ပျံလွှားငှက်တန်ခိုးစွမ်းအားများကို ရုတ်သိမ်းလိုက်လေသည်။ ထို့နောက် သူ၏ဆံစမှ ခြေဖျားအထိ လူသတ်လိုသည့် အငွေ့အသက်များထွက်ပေါ်လာပြီး ကြယ်စင်များပင် ရွှေ့လျားသွားတော့မည့်အလား ထင်မှတ်ရလေသည်။

လူသတ်လိုသည့်အငွေ့အသက်များ ပေါင်းစည်းသွားပြီး ဓား ဝိညာဉ်တစ်ခု ထွက်ပေါ်လာလေသည်။ ဓားဝိညာဉ်သည် အလွန်ထက်ရှနေပြီး ကြယ်စင်များထက်ပင်လင်းလက်နေသေး သည်။ ထိုဓားဝိညာဉ်ထွက်ပေါ်လာသည်နှင့် တိုက်ပွဲကိုကြည့်နေ ကြသည့် ပရိတ်သတ်များမှာ မျက်လုံးများ ကျိန်းစပ်ကုန်ကြရ လေသည်။

လေ့ကျင်း၏နဂါးငွေ့တန်းဓားဝိညာဉ်သည် သူ့ကို သက်ညှာ မည် မဟုတ်ပေ။ ဝူတင်အတွက် လေ့ကျင်း၏ဓားဝိညာဉ်ကို တန်ပြန်တိုက်ခိုက်ရန် နောက်ဆုံးအခွင့်အရေးတစ်ခုသာ ရှိ တော့သည်။

ထို့ကြောင့် သူ၏ပျံသန်းကြယ်စင်တန်ခိုးစွမ်းအားကို အသုံးပြု ပြီး ဓားဝိညာဉ်တစ်ခုကို ဖန်ဆင်းလိုက်လေသည်။ ထိုတန်ခိုး စွမ်းအားကို အသုံးပြုပြီးသည်နှင့် သူ့တွင် နောက်ထပ်အသုံးပြု စရာ တန်ခိုးစွမ်းအား လုံးဝမကျန်ရှိတော့ပေ။ နောက်ဆုံးဓား

ဝိညာဉ်ကို အသုံးပြုပြီးသည်နှင့် အနိုင်မရလျှင် သူ ရှုံးနိမ့်ရ

တော့မည် ဖြစ်လေသည်။

လေ့ကျင်း၏ ခန္ဓာကိုယ်ကို နဂါးငွေ့တန်းပုံရိပ်က ဝန်းရံထားဆဲ

ဖြစ်လေသည်။ သူမ၏ တန်ခိုးစွမ်းအားများမှာလည်း

အဆက်မပြတ် မြင့်တက်နေလေသည်။

ဂူတင်၏ ဓားဝိညာဉ်သည် လေးညို့မှလွှတ်သည့် မြားပမာ

လေ့ကျင်းထံသို့ အရှိန်အဟုန်ပြင်းစွာ ဖြင့်ဝင်ရောက်သွားလေ

သည်။

လေ့ကျင်းက ရေတံတိုင်းတစ်ခုဖန်ဆင်းလိုက်ပြီး ဓားဝိညာဉ်ကို

ကာကွယ်လိုက်လေသည်။ သို့သော် ဂူတင်၏ဓား သည်ရေ

တံတိုင်းကို အပိုင်းပိုင်းဖြတ်ပစ်လိုက်ပြီး လေ့ကျင်းရှိရာသို့

တန်းတန်းမတ်မတ် ဝင်ရောက်သွားလေတော့သည်။

ဂူတင်၏ဓားသည် လေ့ကျင်းကို ကာကွယ်ပေးထားသည့်

နဂါးငွေ့တန်းပုံရိပ်ကို ခုတ်ပိုင်းပစ်လိုက်လေသည်။

သူ၏ဓားချက်ကို လေ့ကျင်းက ရှောင်တိမ်းခြင်းမရှိသည့်အတွက် ဂူတင်၏စိတ်များရှုတ်ထွေးနေလေသည်။ တိုက်ပွဲကိုကြည့်နေကြသည့် ပရိတ်သတ်များထံမှ လေ့ကျင်းအတွက် စိုးရိမ်ပူပန်စွာဖြင့် အော်ဟစ်လိုက်သံများထွက်ပေါ်လာလေသည်။

ဂူတင်၏ဓားသွားသည် လေ့ကျင်း၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေသည်။

ဓားသွားသည် လေ့ကျင်း၏ခန္ဓာကိုယ်ကို ပိုင်းဖြတ်သွားလေသည်။ သို့သော် သွေးများထွက်လာခြင်း မရှိပါ။ လေ့ကျင်းသည်လည်း သေဆုံးသွားခြင်းမရှိပါ။

လေ့ကျင်း၏ပုံရိပ်ပျောက်ကွယ်သွားပြီး သစ်ကိုင်းခြောက်တစ်ခုပေါ်လာကာ ဂူတင်၏ဓားသည် ထိုသစ်ကိုင်းခြောက်ကို ထက်ပိုင်းဖြတ်တောက်ပစ်လိုက်လေသည်။

“လီတိုက်ထောင်ကျန်းပညာ…”

ဝူတင်သည် မယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း ရေရွတ်လိုက်လေသည်။

လီတိုက်ထောင်ကျန်းပညာသည် ကျင့်စဉ်လမ်းတွင် အလွန်စွမ်းအားမြင့်မားသည့် ဓမ္မလမ်းစဉ်တစ်ခုဖြစ်လေသည်။ ဝူတင်သည် ဆရာဖြစ်သူ ဝမ်ကျုန်းထံမှ ထိုပညာရပ်အကြောင်းကို ကြားဖူးထားလေသည်။ ထိုနည်းစနစ်ကို အသုံးပြုနိုင်သူရှားပါးသည်ဟု ဆရာဖြစ်သူက ပြောပြဖူးလေသည်။ ဝူတင်ကိုယ်တိုင်လည်း ထိုပညာကို အသုံးပြုနိုင်ခြင်းမရှိပါ။

လီတိုက်ထောင်ကျန်းပညာသည် ထင်ရောင်ထင်မှားဖန်ဆင်းသည့် ပညာမဟုတ်ပေ။ အမှန်တရားကို ပုံပျက်သွားစေရန်ပြုလုပ်သည့် ပုံဖျက်စွမ်းအားပညာတစ်ခုသာ ဖြစ်လေသည်။ ထိုပညာကို အသုံးပြုလိုက်ပါက ပြိုင်ဘက်ရန်သူ၏ အာရုံစူးစိုက်မှု ပျက်ပြားသွားရမည် ဖြစ်လေသည်။

ဝူတင်မှာ သူမြင်လိုက်ရသည့်မြင်ကွင်းကြောင့် ကြက်သေသေ

သွားလေသည်။

ထိုအချိန် သူ၏ ခါးနှင့်ဝမ်းဗိုက်နေရာတွင် ထူးဆန်းသည့် ခံစား

ချက်တစ်ခုကို ခံစားလိုက်ရလေသည်။ သူ၏ခါးတစ်ဝိုက်သို့ ပု

ဝါစတစ်ခုက လာရောက်ရစ်ပတ်ထားလေသည်။ လေ့ကျင်းက

ပုဝါစကို ဆွဲလိုက်သည့်အခါ ဝူတင်သည် အရှေ့

ရေကန်၏ကမ်းခြေထက်သို့ ပြုတ်ကျသွားလေတော့သည်။

သူမကနူးညံ့သည့်လေသံဖြင့်…

"ရှင်ရှုံးသွားပြီ…"

ဝူတင်သည် စိတ်မသက်မသာခံစားလိုက်ရလေသည်။

ဝူတင်သည် အစကတည်းက အနိုင်အရှုံးကိစ္စများကို စိတ်ထဲ

တွင်မထားပါ။ သို့သော် တကယ်တမ်းရှုံးနိမ့်ခဲ့ရသည့်အခါတွင်

တော့ လက်ခံရန် ခက်ခဲလွန်းလေသည်။

လေ့ကျင်းမှာလည်း ဝူတင်ကို အနိုင်ယူလိုက်နိုင်သည့်အတွက် ပျော်ရွှင်ခြင်းမရှိပါ။

သူက ဆရာဖြစ်သူ ဆန်းလျန်ရှိရာသို့ လှမ်းကြည့်လိုက်လေသည်။

သို့သော် ထိုနေရာတွင် ဆန်းလျန်ရှိမနေတော့ပါ။ သူမ၏ရင်ထဲဝယ် ဟာတာတာကြီးခံစားလိုက်ရပြီး မျှော်လင့်ချက်များကင်းမဲ့သွားရလေသည်။ ပြိုင်ပွဲတွင် အနိုင်ရသည့်တိုင် သူမသည် စိတ်မကောင်းဖြစ်နေခဲ့လေသည်။

ထိုအချိန်တွင်....

တိချိုးမြို့တော်ထဲတွင်တော့ အင်အားကြီးမားသည့်စစ်တပ်ကြီးတစ်တပ်က စစ်ထွက်ရန် အသင့်ဖြစ်နေလေပြီ။

စစ်တပ်ကြီးတွင် စစ်သည်တော်ပေါင်းငါးသောင်းခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။ စစ်သည်တော်များအားလုံး တညီတညွတ်တည်းချီတက်လိုက်ကြပြီး စစ်သည်တော်များပေါင်းစည်းထား

သည့် တန်ခိုးစွမ်းအားများသည် ပြင်းထန်စွာ စုစည်းနေကြလေ
သည်။

ဆန်းလျှန်သည် အလွန်မှခမ်းနားသည့် မြင်းရထားတစ်စီးထဲ
တွင် ရှိနေလေသည်။ မြင်းရထားထဲတွင် အစားအသောက်များ
သာမက လိုချင်သည့်အရာအားလုံး ရှိလေသည်။ အဖိုးတန်
နံ့သာပေါင်းကိုပင် ထွန်းညှိထားသေးသည်။ ထိုနံ့သာပေါင်းရနံ့
သည် တန်ခိုးစွမ်းအားကို တည်ငြိမ်စေပြီး စိတ်ကိုလည်း
သန့်ရှင်းစင်ကြယ်စေသည်။

စစ်သည်တော်ငါးသောင်းတွင် ရှားမျိုးနွယ်အထက်တန်းလွှာ
စစ်သည်တော်များက အနည်းငယ်သာ ပါဝင်လေသည်။ ကျန်
သည့်စစ်သည်တော်များမှာ ယန်ချန်မှ စစ်သည်တော်များဖြစ်
ကြလေသည်။

တာ့ရှားကေရာဇ်၏တပ်မတော်သည် စတင်စစ်ချီပြီ ဖြစ်လေ
သည်။

ဆန်းလျန်၏မြင်းရထားလည်း စတင်ထွက်ခွာပြီ ဖြစ်လေ

သည်။

ဆန်းလျန်၏လက်ထဲတွင် စာလိပ်တစ်လိပ်ကိုကိုင်ထားလေ

သည်။ ထိုစာလိပ်မှာ ကွမ်းလုန်ကျီထံမှ လောင်းကြေးနိုင်ခဲ့

သည့် "လျန်စန်း" စာအုပ်ပင် ဖြစ်လေသည်။

ကွမ်းလုန်ကျီသည်လည်း ယခုတစ်ခေါက်စစ်ချီရာတွင် တာ့ရှား

ဧကရာဇ်၏စစ်သည်တော်များနှင့်အတူ လိုက်ပါလာလေသည်။

ဆန်းလျန်သည် သေသေချာချာ အာရုံစူးစိုက်ပြီး လျန်စန်း

စာအုပ်ကို လေ့လာနေလေသည်။ စာအုပ်ထဲမှ အကြောင်းအရာ

များအားလုံးကို သူ ကောင်းကောင်းနားလည်လေသည်။

သို့သော် စာအုပ်ထဲမှ အကြောင်းအရာများ ကို စုစည်းလိုက်

သည့်အခါ နက်ရှိုင်းသောအဓိပ္ပါယ်တစ်ခု ထွက်ပေါ်လာလေ

သည်။

သေသေချာချာစဉ်းစားတွေးခေါ်လေ လျန်စန်းသည် ထိုက်ရှီး နည်းဗျူဟာကျင့်စဉ်နှင့် ဆင်တူလေဖြစ်လေသည်။ မတူညီ သည့်အချက်မှာ လျန်စန်းသည် ထိုက်ရှီးနည်းဗျူဟာထက် ပို ပြီးနက်ရှိုင်းနေခြင်း ဖြစ်လေသည်။

ကျားနက်ကြီးရှောင်ပေးမှာလည်း ဆန်းလျန်နှင့်အတူ လိုက်ပါ လာလေသည်။

ကျားနက်ကြီးမှာ ဆန်းလျန်နှင့်လိုက်ပါလာရသည့်အတွက် အလွန်မှ ပီတိဖြာလျှက်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ယခုတစ်ကြိမ်တွင် နတ်မြင်းပျံကြီးသည် ဆန်းလျန်နှင့်အတူ တိုက်ပွဲသို့ လိုက်ပါလာခွင့် မရရှိခဲ့ပေ။

ထို့ပြင် ဆန်းလျန်သည် တာ့ရှားပြည်၏ တိုင်းပြည်အကြံပေး အမတ်မင်းဖြစ်သည့်အတွက် သူ၏မြင်းရထားသည် တာ့ရှား ဧကရာဇ်၏မြင်းရထားပြီးလျှင် အကောင်းဆုံး မြင်းရထားဖြစ်

လေသည်။ မြင်းရထားထဲတွင် ဇိမ်ခံပစ္စည်းများ ဖြင့်ပြည့်နေခဲ့

လေသည်။

ကျားနက်ကြီးမှာ ဆန်းလျန်နှင့်အတူ စည်းစိမ်ခံစားရင်း

မြင်းရထားပေါ်ဝယ် ဇိမ်ကျနေလေတော့သည်။

အခန်း (၅၃၈) တိုက်ပွဲ

တာ့ရှားကေရာဇ်၏ တပ်မတော်သည် တစ်နေ့လျှင် မိုင်ပေါင်း ထောင်နှင့်ချီပြီး ချီတက်ခဲ့လေသည်။ တောအထပ်ထပ်တောင် အသွယ်သွယ်ကို ဖြတ်သန်းခဲ့ကြလေ၏။

ခရီးစဉ်တစ်လျှောက်လုံးတွင် ဆန်းလျန်သည် မြင်းရထားထဲမှ လုံးဝမထွက်ခဲ့ပေ။ သူသည် "လျန်စန်း" ကိုသာ မနားတမ်းဖတ် နေလေသည်။ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်နှင့် ပတ်သက်နေ သည့်အတွက် ဆန်းလျန်သည် ထိုစာအုပ် ကိုပို၍ပင် နားလည် လာရသည်။

သို့သော်... ဆန်းလျန်သည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို တီထွင်ခဲ့သည့် ဆရာဘွားဘွားလီချင်းဆွေ၏အဆင့်ကို မမီနိုင် မည်ကို ဆန်းလျန် စိုးရိမ်နေမိလေသည်။

ခမ္ဘကိုသိမြင်ပြီး ခမ္ဘကို မေ့ပျောက်သွားသည်။

ဆန်းလျန်သည် ပိုပြီးတိုးတက်လိုပါက ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကို ကျော်လွန်ပြီး အခြေခံကျသည့် ခမ္ဘတစ်ခုကို

ဖန်တီးနိုင်ရန် လိုအပ်လေသည်။ ထိုသို့မဖန်တီးနိုင်ပါက သူသည် ထိုက်ယီထျန်းရှန်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့လျှင်တောင်မှ ဆရာဘွားဘွားလီချင်းဆွေတီထွင်ခဲ့သည့် ကျင့်စဉ်အတွင်းတွင်ပင် ရှိနေပေလိမ့်မည်။

ဤနေ့ရက်များတွင် အချိန်ပိုများရှိနေလျှင်ပင် ဆန်းလျန်သည် တာ့ရှားကောရာဇ်နှင့် တွေ့ဆုံခဲ့ခြင်းမရှိပေ။ သူ့တွင် တာ့ရှားကောရာဇ်နှင့် ပြောစရာစကားလည်း မရှိပေ။ ထို့ပြင် စစ်တပ်၏နောက်ဆုံးမှလိုက်လာသည့် ကွမ်းလုန်ကျီထံသို့လည်း သူ မသွားခဲ့ပေ။

လွန်ခဲ့သည့် (၁၀) ရက်ခန့်က နှင်းများစတင်ကျဆင်းလာပြီဖြစ်လေသည်။ သို့သော် နှင်းများကျဆင်းခြင်းက ချီတက်နေသည့် စစ်တပ်ကြီးကို တစ်ချက်လေးပင် နှောင့်နှေးမသွားစေပါ။ အမှန်တော့ နှင်းများကျဆင်းခြင်းကသူတို့ကို ပိုပြီးတော့ပင် လျှင်မြန်စေသေးသည်။

တာ့ရှားကောရာဇ်၏ မြင်းရထားသည် စစ်တပ်၏ထိပ်ဆုံးတွင် ဦးဆောင်သွားနေလေသည်။

ဆန်းလျန်ကတော့ တာ့ရှားတပ်မတော်၏ အလယ်မှ လိုက်ပါလာခြင်း ဖြစ်လေ၏။

ဆန်းလျန်၏ မြင်းရထားကို သန်မာသည့် မြင်းကောင်းနှစ်ကောင်က ဆွဲလာလေသည်။ ထိုမြင်းနှစ်ကောင်၏ စွမ်းအားသည် သာမန်ရေနဂါးတစ်ကောင်၏စွမ်းအားထက် မလျော့နည်းပေ။ အမှန်တော့ ထိုမြင်းများသည် တာ့ရှားကောရာဇ်၏ တော်ဝင်မြင်းများဖြစ်လေသည်။

ဆန်းလျန်သည် နှင်းများကျဆင်းလာသည်ကို မြင်တွေ့ရသည့်အခါ စိတ်ထဲတွင် ရှင်ပြလာမိလေသည်။ ထို့ကြောင့် သူက မြင်းရထား တံခါးများကို ဖွင့်ကြည့်လိုက်သည်။

အပြင်ဘက်တွင်တော့ နှင်းများဖွေးဖွေးလှုပ်ကျဆင်းနေပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှာ နှင်းပင်လယ်ကြီးအလား ထင်မှတ်ရ

လေသည်။ ဆောင်းဦးရာသီနှင့် ရှုမျှော်ခင်းများကို ဆန်းလျန်သည် အလွန်နှစ်သက်မိလေသည်။

ဆန်းလျန်သည် မြင်းရထားသည် အလွန်လျှင်မြန်စွာဖြင့် ရွေ့လျားနေလေသည်။ သို့သော် ဆန်းလျန်၏နတ်ဘုရားစွမ်းအားများဖြင့် ရှုမျှော်ခင်းများကို ရှင်းရှင်းလင်းလင်း တွေ့မြင်နေရလေသည်။

ရုတ်တရက်....

မြင်းလှည်းက ရပ်တန့်သွားလေသည်။

စစ်ချီနေသည့်စစ်သည်တော်ငါးသောင်းလည်း တစ်ပြိုင်တည်း ရပ်တန့်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ရှေ့ဆုံးမှ ချီတက်နေသူများ ရပ်တန့်သွားသောကြောင့် ဖြစ်လေ၏။

ဆန်းလျန်က မြင်းရထားအတွင်းမှ ထွက်ခွာလာခြင်းမရှိပါ။ သူက ကျားနက်ကြီးကို ရေဇလုံတစ်ခုယူဆောင်လာရန် အမိန့်ပေးလိုက်လေသည်။

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်နှင့်

ရေဇလုံထဲတွင် စစ်တပ်၏ရှေ့ဆုံးတွင် ဖြစ်ပျက်နေ သည့်

အဖြစ်အပျက်များကို မြင်တွေ့လိုက်ရလေတော့သည်။

ကြည်လင်သည့်ရေထဲတွင် ပုံရိပ်နှစ်ခုပေါ်လာလေသည်။

တစ်ယောက်မှာ အနက်ရောင်နှင့်အဝါရောင်နဂါးဝတ်ရုံကို

ဝတ်ဆင်ထားသည့် တာ့ရှားဧကရာဇ်ဖြစ်လေသည်။ တာ့ရှား

ဧကရာဇ်နှင့်မျက်နှာချင်းဆိုင်တွင်တော့ အဖြူရောင်သားမွေး

ဝတ်ရုံကို ဝတ်ဆင်ထားသည့် အသက်နှစ်ဆယ်ခန့် လူငယ်တစ်

ယောက် မတ်တပ်ရပ်နေလေသည်။

ဆန်းလျန်သည် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသည့်လူပေါင်း

များစွာနှင့် ဆုံတွေ့ခဲ့ဖူးလေသည်။ ယောကျ်ားလေးဖြစ်စေ

မိန်းကလေးဖြစ်စေ အားလုံးက သာမန်ပဲဖြစ်လေ၏။ သို့သော်

ဤလူငယ်လေး အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသည်မှာ

အခြားသူများနှင့်မတူဘဲ ကွဲပြားနေလေသည်။ ထိုလူငယ်

လေး၏ အရည်အသွေးနှင့် တန်ခိုးစွမ်းအားများကြောင့်မဟုတ်ပါ။ ထိုသူသည် အဖြူရောင်ဝတ်ဆင်ရန် မွေးဖွားလာသကဲ့သို့ ဖြစ်နေသောကြောင့် ဖြစ်လေသည်။

ဆီးနှင်းများသည် ထိုလူငယ်လေး၏ခန္ဓာကိုယ်ပေါ်သို့ ကျဆင်းနေလေသည်။

သူသည် တာ့ရှားကေရာဇ်ထံမှ ကြီးမားသည့်တန်ခိုးစွမ်းအားများကို ခံစားနေရသည့်တိုင် စိုးရိမ်ပူပန်ခြင်း အလျဉ်းမရှိပေ။ ဆန်းလျန်သည် တိတ်ဆိတ်နေလေသည်။

အမှန်တော့ သူက မြင်းရထားအတွင်းမှ ထွက်သွားပြီး ထိုလူနှစ်ယောက်လုံးဖြင့် တွေ့ဆုံချင်နေမိလေသည်။ သို့သော် အချိန်ကောင်းမဟုတ်သေးပေ။ သူသာ ထွက်သွားလျှင် အဖြူရောင်ဝတ်လူသည် ထွက်ခွာသွားကောင်းထွက်ခွာသွားနိုင်လေသည်။ ထိုသို့ဖြစ်ပါက ကေရာဇ်နှင့် အဖြူရောင်ဝတ်လူ၏ တွေ့ဆုံဆွေးနွေးခြင်းကို ကြည့်ရှုခွင့်ရတော့မည် မဟုတ်ပေ။

ဆန်းလျန်သည် သူ၏တန်ခိုးစွမ်းအားများကို တတ်နိုင်သမျှ ထိန်းသိမ်းထားပြီး ကြည်လင်သောရေများမှတစ်ဆင့် အခြေအနေကို တိတ်တဆိတ်စောင့်ကြည့်နေခဲ့လေသည်။

အဖြူရောင်ဝတ်လူငယ်မှာ တခြားသူမဟုတ်ပါ။ အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီမျိုးနွယ်စုတို့၏ခေါင်းဆောင်၊ အဖြူရောင်မင်းကြီး၏သားတော် ယွမ်ယန်ပင် ဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် အရှေ့တိုင်းစစ်သည်တော်များ၏ပိုင်နက်အတွင်းမှ ယိုးရှီကိုတိုက်ခိုက်ရန် စစ်ချီလာခြင်းဖြစ်လေသည်။ ယွမ်ယန်သည် အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီမျိုးနွယ်စုများကို ပေါင်းစည်းပေးနိုင်သည့်လူတစ်ယောက် ဖြစ်လေသည်။ သူသည် တာ့ရှားကေရာဇ်ကို ဆန့်ကျင်ပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ပေးမည့် လူငယ်တစ်ယောက် ဖြစ်လေသည်။

သို့သော်... တာ့ရှားကေရာဇ်စစ်ချီလာသည့်လမ်းကြောင်းတွင် ယွမ်ယန်ထွက်ပေါ်လာလိမ့်မည်ဟု မည်သူမှ ထင်မှတ်မထားခဲ့ကြပေ။

တစ်ချိန်က ကလေးငယ်ဖြစ်သူ ယွမ်ယန်ကို လူသတ်သမားများ စေလွှတ်ပြီး သတ်ဖြတ်ခိုင်းခဲ့စဉ်က တာ့ရှားကေရာဇ် သည် ယွမ်ယန်ကို အထင်မကြီးခဲ့ပေ။ သို့သော် ယွမ်ယန်က တာ့ရှားကေရာဇ်ထံသို့ ဇာမဏီငှက်ကိုစေလွှတ်ကာ စာပို့လိုက်သည့် အခါတွင်တော့ တာ့ရှားကေရာဇ်သည် ယွမ်ယန်၏ သူရဲကောင်း စိတ်ဓာတ်ကို ခံစားခဲ့မိလေသည်။

ယနေ့ ယွမ်ယန်ကို တွေ့လိုက်ရသည့်အချိန်တွင်တော့ ထိုလူငယ်လေးသည် သူရဲကောင်းစိတ်ဓာတ်ရှိရုံသာမက သတ္တိလည်း အလွန်ကောင်းသည်ကို သိရှိခဲ့ရလေသည်။

မနီးမဝေးတစ်နေရာတွင် ကွမ်းလုန်ကျီသည် ကျောက်စိမ်း စာလိပ်တစ်လိပ်နှင့် စုတ်တံကိုကိုင်ကာ စာရေးနေလေသည်။

"ကေရာဇ်မင်းနှင့် ယွမ်ယန်သည် တောနက်ထဲတွင် တွေ့ဆုံကြသည်" ဟူ၍...။

နောက်ပိုင်းမျိုးဆက်များသည် ကွမ်းလုန်ကျီ၏ ရေးသားမှုမှတစ်ဆင့် စိတ်လှုပ်ရှားဖွယ်ရာ သမိုင်းကို သိရှိနိုင်ကြလိမ့် မည်ဖြစ်လေသည်။

ယွမ်ယန်နှင့် တာ့ရှားကေရာဇ်ကြား အငြင်းပွားမှုသည် အရှေ့တိုင်းစစ်သည်တော်များနှင့် တာ့ရှားပြည်၏နှစ်ထောင်ပေါင်းများစွာကြာအောင် ဖြစ်တည်နေခဲ့သည့် မကျေနပ်မှုများကိုပေါ်ထွက်လာစေလေသည်။ သို့သော် ထိုမကျေနပ်မှုများသည် မည်သည့်အရာများဖြစ်သည်ကို အတိအကျ မသိရသေးပါ။

ယွမ်ယန်သည် တာ့ရှားကေရာဇ်ထက် ငယ်ရွယ်သူဖြစ်လေသည်။

သူ၏ကျင့်စဉ်လမ်းသည်နက်ရှိုင်းလေသည်။ ယခုလည်း သူက သူ့အတွက် အကျိုးအမြတ်မရှိသည့်တိုင် ငြိမ်းချမ်းရေးအတွက် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ ယခု တိုက်ပွဲတွင် နိုင်သည့် ဖြစ်စေ ၊ ရှုံးသည်ဖြစ်စေ ယွမ်ယန်သည် ဂုဏ်သိက္ခာရှိသူတစ် ယောက် ဖြစ်လေသည်။ သို့သော် ရှုံးနိမ့်ခဲ့လျှင်တော့ ပေးဆပ်ရ မည့်တန်ဖိုးက ကြီးမားလွန်းလေသည်။ သို့သော် ယွမ်ယန်သည် မည်သည့်အခါမှ နောင်တရလိမ့်မည် မဟုတ်ပါ။

တာ့ရှားကေရာဇ်က စကားတစ်ခွန်းသာပြောလိုက်လေသည်။

"မင်းရောက်လာမှတော့ သေရမယ်..."

ယွမ်ယန်က တာ့ရှားကေရာဇ်ကို စိုက်ကြည့်ပြီး နူးညံ့သည့် လေသံဖြင့် ...

"သတ်နိုင်မလား ကြည့်ရတာပေါ့..."

တာ့ရှားကေရာဇ်က မည်သည့်စကားမှ မပြောတော့ပါ။ သူက အစကတည်းက စကားများများ ပြောတတ်သူ တစ်ယောက် မဟုတ်ပေ။

သူက နှစ်ကိုယ်ကြား လေပြေသွေးသည့်ပန်းစကားများထက် လက်သီးဖြင့် စကားပြောချင်သူ ဖြစ်လေသည်။ ပြဿနာများ ကို လက်သီးဖြင့်ဖြေရှင်းခြင်းက ပိုပြီးထိရောက်ကြောင်းကို တာ့ရှားကေရာဇ် သဘောပေါက်ခဲ့သည်မှာ ကြာခဲ့ပြီ။

မိုးနှင့်မြေတွင် လက်သီးချက်တစ်ချက် ရုတ်တရပ် ထွက် ပေါ်လာသေလည်။ ထိုလက်သီးချက်သည် အလွန်ကြီးမား သည့် သံမဏိလက်သီးချက်ကြီးဖြစ်လေသည်။

တာ့ရှားစစ်သည်တော်များက နောက်သို့ ဆုတ်ပေးလိုက်ကြ လေသည်။ လျှပ်တပြက်အတွင်းမှာပင် စစ်သည်တော် များသည် ပေငါးထောင်ကျော်နောက်သို့ ဆုတ်လိုက်ကြသည့် တိုင် လုံလောက်ခြင်းမရှိသေးပေ။

တာ့ရှားကေရာဇစ် တကယ်တမ်းတိုက်ခိုက်ပြီဆိုလျှင် အဖျက်

စွမ်းအားမြင့်မားလှသည့်အတွက် သူတို့သည် နောက်သို့

ဖြည်းဖြည်းချင်းဆက်ဆုတ်နေကြရလေသည်။

ဆန်းလျှန်သည့်အဖြစ်အပျက်များအားလုံးကို အေးဆေး

တည်ငြိမ်စွာဖြင့် ကြည့်နေလေသည်။

တာ့ရှားကေရာဇ်၏လက်သီးချက်သည် မလိုအပ်သောအလှည့်

အပြောင်းများမပါဘဲ ရှင်းလင်းသောတန်ခိုးစွမ်းအား များသာ

ပါရှိလေသည်။ သို့တိုင် ထိုလက်သီးချက်ကို ခုခံကာကွယ်ရန်

မှာ လွယ်ကူမည် မဟုတ်ပေ။

မြေကြီးတုန်လှုပ်ပြီး ပေါက်ကွဲမှုကြီးများ ဖြစ်မလာခဲ့ပါ။

တာ့ရှားကေရာဇ်၏ ခန္ဓာကိုယ်ကြီးသည် ပေတစ်ထောင်ခန့် မြင့်

မားသွားလေသည်။

ပေတစ်သောင်းဝန်းကျင်အထိ နောက်သို့ ဆုတ်သွားကြသည့်

စစ်သည်တော်များသည် ပုန်းကြွင်းများကိုတူးကာ ဝပ်နေကြ

လေသည်။ သူတို့သည် တာ့ရှားကေရာဇ်၏ တန်ခိုးစွမ်းအား မည်မျှမြင့်မားသည်ကို အသိဆုံးဖြစ်လေသည်။

တာ့ရှားကေရာဇ်၏ လက်သီးချက်သည် ယွမ်ယန်ကို ထိခိုက်ခြင်းမရှိပါ။ ကောင်းကင်ထက်တွင် မြစိမ်းရောင် ဇာမနီ ငှက်တစ်ကောင်ပေါ်လာပြီး ယွမ်ယန်ကို ခေါ်ဆောင်သွားလေ သည်။ ယွမ်ယန်သည် ဇာမဏီငှက်၏ကျောထက်တွင် မတ်တပ် ရပ်နေပြီး သူ၏ဆံနွယ်များသည် လေထဲတွင် လွင့်ပျံနေလေ သည်။

သူသည် တာ့ရှားကေရာဇ်ကို စိုက်ကြည့်နေလေသည်။

ယခုတိုက်ပွဲသည် အသူရာချောက်တွင် နှစ်ပေါင်းတစ်ရာ အတွင်း စိတ်လှုပ်ရှားဖွယ်အကောင်းဆုံး တိုက်ပွဲတစ်ခုဖြစ်လေ တော့သည်။

အခန်း (၅၃၉) ထိုက်ပေါက်ကျင့်စဉ်

ယွင်ယန်မွေးဖွားသည့်အချိန်တွင် ဇာမဏီငှက်ငါးကောင်လည်း တစ်ပြိုင်တည်းပေါ်ထွက်လာခဲ့လေသည်။ သို့သော် မြစိမ်းရောင်ဇာမဏီငှက်ကို မည်သူမျှ မြင်တွေ့ဖူးကြခြင်းမရှိပေ။

ကြည့်ရသည်မှာ ယွမ်ယန်တွင် ဝှက်ဖဲတစ်ချပ်တော့ရှိနေပေလိမ့်မည်။ သို့သော် တာ့ရှားကေရာဇ်ကလည်း ဂရုမစိုက်ပါ။ ယွမ်ယန်၏ခန္ဓာကိုယ်တစ်ခုလုံးတွင် အစိမ်းရောင်တန်ခိုးစွမ်းအားအလင်းတန်းများ စီးဆင်းလာပြီး သူဝတ်ဆင်ထား

သည့်အဖြူရောင်ဝတ်ရုံမှာလည်း အစိမ်းရောင်အဖြစ်

ပြောင်းလဲသွားလေသည်။

ယွမ်ယန်၏မျက်ခုံးနှစ်ခုကြားတွင်လည်း တာအိုသင်္ကေတတစ်

ခု ပေါ်ထွက်လာလေသည်။

ထိုသင်္ကေတသည် သစ်ပင်တစ်ပင်နှင့်ဆင်တူပြီး သစ်ရွက်များ

၊ ပင်စည်နှင့် အမြစ်တို့ပါဝင်လေ၏။ ထိုသင်္ကေတဆီမှ

လျှို့ဝှက်ဆန်းကျယ်လွန်းသည့် အသက်ဓာတ်စွမ်းအားများ

ထွက်ပေါ်နေလေသည်။

တာ့ရှားကေရာဇ်၏ တိုက်ခိုက်မှုကတော့ ရိုးရှင်းလေသည်။

သူက လက်သီးတစ်ချက်လွှဲသွားသည့်အတွက် နောက်ထပ်

လက်သီးချက်တစ်ချက် ထပ်ထိုးလိုက်သည်။

သို့သော် ရိုးရှင်းသည့်လက်သီးချက်သည် စကြာဝဠာ

သဘောတရားများနှင့် ကိုက်ညီနေပြီး သိုင်းကွက်ကလည်း

အလွန်မှလှပသေသပ်လေသည်။ လက်သီးတစ်ချက်တည်းဖြင့်

ယွမ်ယန်ကိုပိတ်စို့ထားနိုင်ပြီး ထွက်ပြေးလွတ်မြောက်ရန် အတွက် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပေ။

တာ့ရှားကေရာဇ်၏လက်သီးချက်သည် မြင့်မားသောတောင် ကဲ့သို့ စွမ်းအားပြင်းထန်ပြီး သွေးနီရောင်ပင်လယ်မှ တန်ခိုး စွမ်းအားအငွေ့အသက်များလည်း ပေါင်းစည်းထားသကဲ့သို့ ခံစားရလေသည်။

ထိုလက်သီးချက်မှာ ကေရာဇ်နဂါးလက်သီးချက်ဖြစ်လေ သည်။ တာ့ရှားပြည်၏ ဘုရင်အဆက်ဆက်သာ ထိုတန်ခိုး စွမ်းအားကို အသုံးပြုနိုင်လေသည်။ ရှေးအချိန်များ ကတည်းကပင် ထိုလက်သီးချက်အောက်တွင် ရှုံးနိမ့်ခဲ့ရသည့် နတ်ဘုရားများ ၊ နတ်မိစ္ဆာများ များစွာရှိလေသည်။

ဆန်းလျန်သည် တာ့ရှားကေရာဇ်နှင့် ယွမ်ယန်၏တိုက်ပွဲကို အလေးအနက် ကြည့်နေလေသည်။

တာ့ရှားကေရာဇ်၏ တန်ခိုးစွမ်းအားများ ပေါင်းစည်းသွားပြီး မထိုးဖောက်နိုင်သည့် စွမ်းအားစက်ဝန်းများ ဖြစ်တည်လာလေသည်။ သူ၏တန်ခိုးစွမ်းအားများသည် တောင်များကိုဖြိုပြီး ပင်လယ်ကိုပင် မှောက်လှန်နိုင်တော့မည့်အလား တန်ခိုးစွမ်းအားများကအဆမတန် မြင့်မားနေလေသည်။

ဆီးနှင်းများက သည်းထန်စွာကျနေသည့်တိုင် တန်ခိုးစွမ်းအားများကြောင့် ဆီးနှင်းများမှာ လွင့်စင်ကုန်ကြရလေသည်။

တာ့ရှားကေရာဇ်၏ အကန့်အသတ်မဲ့စွမ်းအားများသည် ယွမ်ယန်ဆီသို့ ဝင်ရောက်သွားလေသည်။

ထိုအချိန်.... ယွမ်ယန်၏ရှေ့တွင် အလွန်မြင့်မားသည့် သစ်ပင်ကြီးတစ်ပင် ပေါ်လာလေသည်။ သစ်ပင်ကြီးမှာ အလွန် ကြံ့ခိုင်ပြီး အစိမ်းရောင်အလွှာများက အထပ်လိုက်ဖြစ်တည်နေလေသည်။ ထိုသစ်ပင်ကြီးသည် မိုးတိမ်များကို ထိုးဖောက်သွားသည်အထိ မြင့်မားပြီး အမြစ်များသည် အသူရာချောက်

အောက်ဆုံးအထိ ထိုးဖောက်သွားသည့် အလားနက်ရှိုင်းလှလေ

သည်။

တာ့ရှားကေရာဇ်၏ ကေရာဇ်နဂါးလက်သီးကို ကြီးမားသည့်

သစ်ပင်ကြီးက တားဆီးထားနိုင်သည့်အတွက် အားလုံးမှာ

အံ့အားသင့်သွားကြရလေသည်။ သစ်ပင်ကြီးသည် နဂါး

လက်သီးကို ပျက်စီးစေနိုင်ခြင်းမရှိသော်လည်း အနည်းငယ်

နွေးသွားစေလေသည်။ နဂါးလက်သီး၏ကြီးမားသည့်စွမ်းအား

ကြောင့်သစ်ပင်ကြီးမှ အကိုင်းအခက်များ ၊ အရွက်များ ၊

အမြစ်များနှင့် ပင်စည်များမှာ ပျက်စီးသွားရလေသည်။

လက်သီးချက်၏တန်ခိုးစွမ်းအားများသည် ယွမ်ယန်၏ရှေ့သို့

ရောက်ရှိလာသည့်အခါတွင်တော့ မြစ်ငယ်တစ်စင်းအလား

အားပျော့သွားပြီ ဖြစ်လေသည်။

ယွမ်ယန်က သူ၏လက်ချောင်းများကို ဓားသဖွယ်အသုံးပြုကာ ခုခံတိုက်ခိုက်လိုက်လေသည်။ ထိုလက်ချောင်းများသည် အလွန်ကြောက်မက်ဖွယ်ရာဖြစ်လေ၏။

ထို့နောက် လက်ချောင်းများဆီမှ အစိမ်းရောင်ဓားဝိညာဉ်တစ်ခု ပေါ်ထွက်လာပြီး ဓားရိပ်ပေါင်းများစွာ ဖြာထွက်လာ ကာတာ့ ရှားကေရာဇ်၏ နဂါးလက်သီးကို ချေမှုန်းပစ်လိုက်လေသည်။ ဆန်းလျန်တစ်ယောက်သာလျှင် ကိစ္စရပ်တစ်ခုကို ရှင်းရှင်းလင်းလင်း သိမြင်ခဲ့လေသည်။

ယွမ်ယန်သည် တာ့ရှားကေရာဇ်၏ ပြိုင်ဘက်မဟုတ်ဆိုသည့် အချက်ကို ဆန်းလျန် သတိပြုလိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော် တာ့ရှားကေရာဇ်၏လက်သီးတစ်ချက်ကိုပင် ယွမ်ယန်သည် တန်ခိုးစွမ်းအားနှစ်ခုကို အသုံးပြုကာ ချေဖျက်ခဲ့ရလေသည်။

ထို့ပြင် ဆန်းလျန်သည် ယွမ်ယန်၏ ဇာစ်မြစ်ကိုလည်း သိခွင့်ရခဲ့လေသည်။ ယွမ်ယန်ကျင့်ကြံသည့်ကျင့်စဉ်သည် ထိုက်ဟောက်ကျင့်စဉ်ဖြစ်လေသည်။ ကုန်းကုန်းသည် ကမ္ဘာပေါ်ရှိ ရေအားလုံး၏ အရင်းအမြစ်ဖြစ်သည်ဆိုလျှင် ထိုက်ဟောက်သည် ကမ္ဘာပေါ်ရှိ သစ်ပင်သစ်တောများအားလုံး၏ အရင်းအမြစ်ဖြစ်လေ၏။

ထိုက်ဟောက်ကို အနန္တတန်ခိုးရှင်တစ်ပါးဟူ၍လည်း အချို့က ပြောဆိုကြလေသည်။ ထို့ပြင် ထိုက်ဟောက်ကို နတ်မိစ္ဆာမျိုးနွယ်ဝင်ဖြစ်သည်ဟု ဆိုကြသူများလည်း ရှိလေသည်။ အဖြူရောင်မင်းကြီးရှားဟောက်သည် ထိုက်ဟောက်ကျင့်စဉ်ကို ကျင့်ကြံနိုင်ခဲ့ပြီး နတ်မိစ္ဆာဘုရင်တစ်ပါးဖြစ်လာခဲ့သူ တစ်ယောက်ဖြစ်လေသည်။

ယွမ်ယန်သည် အဖြူရောင်မင်းကြီး၏သားတော်ဖြစ်သည့်အတွက် ထိုက်ဟောက်ကျင့်စဉ်ကို ကျင့်ကြံခဲ့သည်မှာ အံ့သြစရာမရှိပါ။

မြစိမ်းရောင်ဇာမဏီငှက်၏ကျောထက်တွင် မတ်တပ်ရပ်နေသည့် ယွမ်ယန်ကို တာ့ရှားကေရာဇ်သည် စိုက်ကြည့်နေခဲ့လေသည်။

"မင်းက ထိုက်ဟောက်ကျင့်စဉ်ကိုကျင့်ကြံထားတာကိုး ၊ ဒါပေမယ့် ဒီနေရာကနေ လွတ်နိုင်မယ် မထင်နဲ့"

တာ့ရှားကေရာဇ်၏ အေးစက်သည့် အသံက ထွက်ပေါ်လာလေသည်။

ယွမ်ယန်က တာ့ရှားကေရာဇ်ကို စိုက်ကြည့်နေလေသည်။ သူ၏မျက်ဝန်းများဆီမှ အစိမ်းရောင်အလင်းတန်းများ ရုတ်တရက်ထွက်ပေါ်လာလေသည်။

ယွမ်ယန်ငယ်စဉ်ကပင် တာ့ရှားကေရာဇ်က လူသတ်သမား ပေါင်းများစွာစေလွှတ်ကာ လိုက်လံသတ်ဖြတ်ခဲ့လေသည်။ သူ အရွယ်ရောက်လာသည့်အခါတွင်တော့ တာ့ရှားကေရာဇ်ကို အလွန်တွေ့ချင်ခဲ့မိသည်။

ယခုတော့ တာ့ရှားကေရာဇ်နှင့် တွေ့ဆုံရပြီ ဖြစ်လေသည်။ တာ့ ရှားကေရာဇ်သည် သူမျှော်လင့်ထားသည့်အတိုင်းပင် အတိုင်းအဆမရှိ တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ဖြစ် လေသည်။

အမှန်တော့ ယွမ်ယန်သည် သူ့သဘောနှင့်သူ တာ့ရှားကေရာဇ် ကို လာရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်လေသည်။ ထိုသို့လာရောက် တွေ့ဆုံသည်ကို အရှေ့တိုင်းစစ်သည်တော်အကြီးအကဲများနှင့် တုန်းယီမျိုးနွယ်စုအကြီးအကဲများ ထံမှခွင့်ပြုချက် တောင်းခံခဲ့ ခြင်း မရှိပေ။ ထို့ပြင် သူသည် အလွန်သတ္တိကောင်းသူတစ်

ယောက်ဖြစ်သည့်အတွက် တာ့ရှားကေရာဇ်ကို ရင်ဆိုင်နိုင်မည်
ဟု ထင်ခဲ့မိလေသည်။

သူ့အနေဖြင့် တာ့ရှားကေရာဇ်ကို အနိုင်ရရန် လိုအပ်လေသည်။
သူ့အနေဖြင့် တာ့ရှားကေရာဇ်ကို အနိုင်ရမှသာ မျိုးနွယ်စု
အကြီးအကဲများ၏ ထောက်ခံမှုကိုရရှိမည်ဖြစ်လေသည်။
ထိုအခါမှ အရှေ့တိုင်းစစ်သည်တော်များသည် တာ့ရှား
ကေရာဇ်၏လွှမ်းမိုးမှုမှ ကင်းလွတ်ပေလိမ့်မည်။ ထို့ပြင် သူ
ကိုယ်တိုင်သည်လည်း မေရှီနှင့် ထိုက်တန်သူ တစ်ယောက်
ဖြစ်ကြောင်းကို သက်သေပြနိုင်မည် ဖြစ်လေသည်။

သို့သော်…ယွမ်ယန်သည် အသက်နှစ်ဆယ်ဝန်းကျင်သာရှိသေး
သည့် လူငယ်လေးတစ်ယောက် ဖြစ်လေသည်။

ဆန်းလျန်သည် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ဆန်းလျန်သည် စစ်တပ်၏အလယ်တွင်ရှိနေသည့်အတွက် ယွမ်ယန်နှင့်အလွန်ဝေးကွာနေလေသည်။ ထို့ကြောင့် ယွမ်ယန်သည် ဆန်းလျန်၏ တည်ရှိမှုကို သတိမထားခဲ့မိပေ။

တာ့ရှားကေရာဇ်သည် သူ၏ ကေရာဇ်နဂါးလက်သီးချက်ကို ချေဖျက်ခံလိုက်ရသည့်တိုင် ပေါ့ပေါ့ပါးပါးပင် ရှိနေလေသည်။ ကေရာဇ်နဂါးလက်သီးသည် တာ့ရှားကေရာဇ်၏ အစစ်အမှန်တန်ခိုးစွမ်းအား မဟုတ်သေးပါ။ ဆန်းလျန်သည် တာ့ရှားကေရာဇ်၏ အစစ်အမှန်တန်ခိုးစွမ်းအားကို ယခုအထိ မတွေ့ရသေးပါ။

ယွမ်ယန်က...

"အင်း... တာ့ရှားကေရာဇ်ကို လွယ်လွယ်နဲ့အနိုင်ရမယ်ဆိုရင်တော့ ရယ်စရာဖြစ်ကုန်မှာပေါ့လေ..."

တာ့ရှားကေရာဇ်က ဟွန့်ခနဲ နှာခေါင်းတစ်ချက် ရှုံ့လိုက်လေသည်။

ရုတ်တရက်...

မိုးမြေတစ်ခွင်လုံးနှင့် နှင်းလွင်ပြင်တစ်ခုလုံးသည် တုန်ခါလာလေသည်။ တာ့ရှားကေရာဇ်၏လက်ထဲတွင် အနက်ရောင်မိစ္ဆာဓားကောက်ကြီးပေါ်လာလေသည်။

ဓားကိုကိုင်ထားသည့် တာ့ရှားကေရာဇ်၏ညာဘက်လက်တစ်ခုလုံးမှာ တုန်ခါနေလေသည်။ တာ့ရှားကေရာဇ်သည် ကောင်းကင်ကိုးထပ်နှင့် အသူရာချောက်ကိုးထပ်ကို ပိုင်ဆိုးသည့်နတ်ဒေဝါတစ်ပါးအလားပင် ထင်မှတ်ရတော့သည်။

တာ့ရှားကေရာဇ်၏လက်ထဲမှ မိစ္ဆာဓားကောက်ကြီးကိုမြင်သည်နှင့် ဆန်းလျန်သည် တစ်ချက်လှုပ်ရှားသွားလေသည်။ ထိုဓားကောက်ကြီး၏ တာအိုစွမ်းအားများသည် အလွန်နက်နဲသည့်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ထိုမိစ္ဆာဓားကောက်ကြီးသည် ဆရာဘိုးဘိုးယွမ်ချင်း၏ ယွမ်တုဓားနှင့် ငရဲလမ်းဓားဝိညာဉ်တို့ကို ကောင်းကောင်းယှဉ်ပြိုင်နိုင်

လေသည်။ သို့သော် ဆန်းလျန်သည် ထိုစားများ၏အကြောင်းကို အပေါ်ယံမျှသာ နားလည်သေးသူ တစ်ယောက်ဖြစ်လေသည်။ တာ့ရှားကေရာဇ်မှာလည်း မရဏစားများ၏ သဘောတရားကို နားလည်သူတစ်ယောက်ဖြစ်သောကြောင့်သာ မိစ္ဆာစားကောက်ကြီးကို အသုံးပြုနိုင်ခြင်း ဖြစ်လေသည်။ မိစ္ဆာစားကောက်ကြီး၏မူလပိုင်ရှင်ဖြစ်သည့် မင်လော့ပင်လျှင် တာ့ရှားကေရာဇ်နှင့် ယှဉ်နိုင်မည် မဟုတ်ပေ။ တန်ခိုးစွမ်းအားများသည် တာ့ရှားကေရာဇ်၏ အရိုးထဲမှ စိမ့်ထွက်နေသည့် အလားပင် ခံစားရလေသည်။

မည်သို့ပင်ဖြစ်စေ မိစ္ဆာစားကောက်ကြီးကိုကိုင်ထားသည့် တာ့ရှားကေရာဇ်ကို အနိုင်ယူနိုင်မည့်သူ မိုးနှင့်မြေတွင် ကျိန်းသေပင် ရှိပေလိမ့်မည်။

သို့သော် ... ထိုသူသည် ယွမ်ယန်တော့ မဟုတ်ခဲ့ပေ။

မြစိမ်းရောင်ဇာမဏီငှက်သည် စူးရှစွာ တစ်ချက်အော်ဟစ်လိုက်လေသည်။ ထိုအခါ အခြားသော ဇာမဏီငှက်လေးကောင်၏ ပြန်လည်အော်ဟစ်သံများထွက်ပေါ်လာလေသည်။ ယွမ်ယန်က ခေါင်းကိုမော့လိုက်သည်။ သူ၏မျက်ခုံးနှစ်ခုကြားမှ သစ်ပင်ပုံသဏ္ဌာန်သည် ပိုပြီးနက်ရှိုင်းလာလေသည်။ ထိုသင်္ကေတမှ တာအိုစွမ်းအားများ စိမ့်ထွက်လာနေပြီး ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားသည့်အလား ထင်မှတ်ရလေသည်။

မိစ္ဆာဓားကောက်ကြီးသည် အလင်းရောင်တစ်ချက်လက်သွားပြီး အဆက်မပြတ်ရွာသွန်းသည့် မိုးရေများအလား ယွမ်ယန်ထံသို့ ဝင်ရောက်သွားလေသည်။ ယခုတစ်ကြိမ်တွင်တော့ ယွမ်ယန်ရှေ့တွင် ပေါ်လာသည့် ကြီးမားသည့် သစ်ပင်ကြီးသည်ဓားကောက်ကြီး၏လက်ချက်ဖြင့် ထက်ပိုင်းပြတ်သွားရလေသည်။

နောက်ဆုံးတော့ မိစ္ဆာဓားကောက်ကြီး၏ ဓားဝိညာဉ်သည် ယွမ်ယန်၏ ခန္ဓာကိုယ်ကို ထိမိသွားတော့သည်။

ယွမ်ယန်သည် လက်နှစ်ဖက်ကိုပေါင်းစည်းလိုက်လေသည်။

သူ၏လက်ဖဝါးများဆီမှ အစိမ်းရောင်အလင်းတန်းများ ဖြာထွက်လာပြီး တာ့ရှားကေရာဇ်၏ မိစ္ဆာဓားကောက်ကြီးကို ထိန်းချုပ်ရန် ကြိုးပမ်းလိုက်လေသည်။

ယွမ်ယန်၏လက်မှ အစိမ်းရောင်အလင်းတန်းများသည် စက်လုံးသဖွယ်လုံးဝန်းနေပြီး အတွင်းထဲတွင် မည်သည့်အရာတည်ရှိသည်ကို မတွေ့မြင်ရပေ။ ရှည်လျားသည့် မိစ္ဆာဓားကောက်ကြီးသည် ထိုအစိမ်းရောင်စက်လုံး ကိုခုတ်ဖြတ်ချလိုက်လေသည်။

ထိုအချိန်တွင်....

အရပ်လေးမျက်နှာမှ ဇာမဏီငှက်လေးကောင် ပျံသန်းဝင်ရောက်လာလေသည်။

ဇာမဏီငှက်များ၏ပါးစပ်မှ မီးတောက်များထွက်ပေါ်လာပြီး တာ့ရှားကေရာဇ်၏ဦးခေါင်းကို မီးဖြင့်မှုတ်လိုက်ကြလေသည်။

တစ်ချိန်တည်းမှာပင် တာ့ရှားကေရာဇ်ကို မြေမျိုတော့မည့်အလား မြေပြင်သည်နိမ့်ဆင်းသွားလေသည်။

တာ့ရှားကေရာဇ်၏ခြေထောက်အောက်တွင် အနက်ရောင်အလင်းတန်းတစ်ခုပေါ်လာပြီး တာ့ရှားကေရာဇ်ကို လေပေါ်သို့ခေါ်ဆောင်သွားလေသည်။ လေထုထဲတွင်တော့ ဇာမဏီငှက်များထံမှ ထွက်ပေါ်လာသည့် မရေမတွက်နိုင်သည့်မီးတောက်များသည် တာ့ရှားကေရာဇ်ကို လှည့်ပတ်နေကြလေသည်။

အခန်း (၅၄၀) နောက်ပိုင်းလူငယ်တွေကိုအထင်မသေးဝံ့တော့

ယွမ်ယန်နှင့် ဇာမဏီငှက်ငါးကောင်၏ ပတ်သက်ဆက်နွယ်မှုက

မြင့်မားလေသည်။

ဇာမဏီငှက်များသည် ယွမ်ယန်မွေးဖွားလာသည့်အချိန်တွင်

ထွက်ပေါ်လာခဲ့ကြပြီး အတူတူကြီးပြင်းလာခဲ့ကြသူများဖြစ်

လေသည်။ သူတို့သည် ယွမ်ယန်ကို တာ့ရှားဧကရာဇ်စေလွှတ်

သည့် လူသတ်သမားများ၏ရန်မှ ကာကွယ်ပေးခဲ့ကြလေ

သည်။

ယခုအချိန်တွင်တော့ ထိုဇာမဏီငှက်ငါးကောင်သည်

လောကနတ်ဘုရားအဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်ပြီး ဒြပ်စင်

ငါးပါးတစ်မျိုးစီကိုပိုင်ဆိုင်ထားကြလေသည်။ သူတို့

အားလုံး၏ပူးပေါင်းမှုစွမ်းအားသည် အလွန်မှ ကြောက်မက်

ဖွယ်ရာဖြစ်လေသည်။ ယွမ်ယန်နှင့်အတူ ဇာမဏီငှက်ငါး ကောင်လုံး မိုးကောင်းကင်နတ်ဘုရားအဖြစ် အဆင့်တက်လှမ်း သွားနိုင်ပါက သူတို့၏တန်ခိုးစွမ်းအားကို ခန့်မှန်း၍ပင် ရနိုင် မည် မဟုတ်ပေ။

ဇာမဏီငှက်လေးကောင်၏ မွေးရာပါမရဏစွမ်းအားများကို ရင်ဆိုင်လိုက်ရသည့်အခါ တာ့ရှားကေရာဇ်၏ နှုတ်ခမ်းထောင့် လေးများ တွန့်ကွေးသွားပြီး အေးစက်စွာဖြင့်ပြုံးလိုက်လေ သည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ကျယ်လောင်သည့် ပေါက်ကွဲသံကြီးတစ်သံ ထွက်ပေါ်လာလေသည်။

တာ့ရှားကေရာဇ်၏ခန္ဓာကိုယ်မှ သွေးကြောဆုံချက်များသည် စကြာဝဠာစွမ်းအားများနှင့် ချိတ်ဆက်သွားပြီး ပေါက်ကွဲသွား ခြင်း ဖြစ်လေသည်။

တာ့ရှားကေရာဇ်ကို ဝန်းရံထားသည့်မီးတောက်များသည် တစ် မဟုတ်ချင်း ပျောက်ကွယ်သွားကြလေသည်။

တာ့ရှားကေရာဇ်သည် လေထဲတွင် တောက်ပစွာဖြင့် ရပ်နေလေသည်။ ရှေးဟောင်းနတ်ဘုရားတစ်ပါး အသူရာချောက်သို့ ဆင်းသက်လာသကဲ့သို့ ဖြစ်လေသည်။ သူက ယွမ်ယန်နှင့် ဇာမဏိငှက်များကို အထင်အမြင်သေးစွာဖြင့် ကြည့်နေလေသည်။ ဆန်းလျန် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။ တာ့ရှားကေရာဇ်သည် “မပျက်စီးနိုင်သည့်ခန္ဓာကိုယ်” ကျင့်စဉ်ကို အသုံးပြု၍ ဇာမဏိငှက်များ၏ မီးတောက်များကို ကာကွယ်ခဲ့ခြင်း ဖြစ်လေသည်။

“မပျက်စီးနိုင်သည့်ခန္ဓာကိုယ်” ကျင့်စဉ်စွမ်းအားသည် ဗုဒ္ဓဘာသာမှ ရွှေခန္ဓာကျင့်စဉ်နှင့် ဆင်တူလေသည်။ သို့သော် မပျက်စီးနိုင်သည့်ခန္ဓာကိုယ်ကျင့်စဉ်တွင် အားနည်းချက်ရှိလေသည်။

ကျင့်စဉ်ကို စတင်ကျင့်ကြံသည့်အချိန်တွင် ဂမ္ဘီရအင်းပညာနှင့် ဆန်းကြယ်သည့်တန်ခိုးစွမ်းအားများကြောင့် ရုပ်ခန္ဓာသာမက တာအိုတရားပါ ပျက်စီးသွားနိုင်လေသည်။

သို့သော် ပထမအဆင့် ကျင့်ကြံပြီးသည့်အခါတွင်တော့ ထိုသူကို အနိုင်ယူရန်နှင့် သတ်ဖြတ်ပစ်ရန်မှာ အလွန်ခက်ခဲသွားရမည် ဖြစ်လေသည်။

ဒုတိယအဆင့်ကျင့်ကြံပြီးသည့်အခါတွင်တော့ ကျဆင်းသည့် သွေးများမှပင် ပြန်လည်မွေးဖွားခြင်းကို ပြုလုပ်နိုင်မည် ဖြစ်လေသည်။ ထိုအဆင့်သို့ရောက်သွားလျှင်တော့ ဗုဒ္ဓနှင့် တာအိုဆရာသခင်ကြီးသာလျှင် ထိုသူကို နှိမ်နင်းနိုင်တော့ မည်ဖြစ်လေသည်။

ရုပ်ပိုင်းဆိုင်ရာကျင့်စဉ်များသည် စိတ်ပိုင်းဆိုင်ရာကျင့်စဉ်များနှင့်ယှဉ်လျှင် များစွာ မရှိလှပါ။ သို့သော် တန်ခိုးစွမ်းအား မြင့်

မားသည့်အဆင့်သို့ရောက်ရှိလာသည့်အခါတွင်တော့ ရုပ်ခန္ဓာကိုကျင့်ကြံထားသူများက သာလွန်တတ်လေသည်။ ဒဏ္ဍာရီထဲမှ စွန်းဝူခုံးမျောက်မင်းကဲ့သို့ပင် ဖြစ်လေသည်။ မျောက်မင်းသည် တန်ခိုးစွမ်းအားအရာတွင် သူ့ထက်သာသူများစွာရှိခဲ့လေသည်။ သို့သော် သူ့ကို နှိမ်နင်းနိုင်သူဆို၍ စကြာဝဠာတွင် လက်တစ်ဆုပ်စာသာ ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မျောက်မင်းသည် မပျက်စီးနိုင်သည့် ရုပ်ခန္ဓာကို ပိုင်ဆိုင်ထားသောကြောင့် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်၏ စူးရှသည့်အမြင်အာရုံထဲတွင်တော့ တာ့ရှားကေရာဇ်၏ မပျက်စီးနိုင်သောခန္ဓာကိုယ်မှ ပျက်စီးနိုင်သည့်အားနည်းချက်များ ၊ ခန္ဓာကိုယ်အတွင်းရှိလျှို့ဝှက်ချက်များကို တွေ့မြင်နိုင်လေသည်။ တာ့ရှားကေရာဇ်၏ ရုပ်ခန္ဓာနှင့် နာမ်ဝိညာဉ်သည် တစ်သားတည်းမကျပေ။ ထို့ကြောင့် သူနှင့် တန်ခိုးစွမ်းအားညီမျှသည့် အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်

နှင့်တွေ့လျှင် တာ့ရှားကေရာဇ်သည် ခုခံကာကွယ်နိုင်မည်

မဟုတ်ပေ။

ထို့ပြင် ထိုအားနည်းချက်သည် ပြုပြင်၍ရသည့်အားနည်းချက်

လည်း မဟုတ်ပေ။

မျောက်မင်းသည် ထိုက်စန့်လောင်ကျွင်းဘိုးဘိုး၏ ဖိုထဲတွင်

ရက်ပေါင်း (၄၀) ကြာအောင် စစ်မှန်သည့်သမာဓိမီးတောက်

ဖြင့် မီးရှို့ခံခဲ့ရလေသည်။ ထို့ကြောင့် မျောက်မင်း၏မပျက်စီး

နိုင်သည့်ခန္ဓာကိုယ်သည် ပြီးပြည့်စုံခဲ့ပြီး "ရွှေမျက်စံမီးမျက်စိ"

ဆိုသည့် တန်ခိုးစွမ်းအားကိုပင် ထပ်မံရရှိခဲ့လေသည်။

တာ့ရှားကေရာဇ်မှာလည်း မျောက်မင်းကဲ့သို့ ပြင်းထန်သည့်

အစစ်ဆေးခံရမှုကို ရင်ဆိုင်ရမှသာလျှင် သူ၏ရုပ်ခန္ဓာသည်

မျောက်မင်းကဲ့သို့ ပြီးပြည့်စုံခြင်းကို ရမည်ဖြစ်လေသည်။

သို့သော် လက်ရှိအချိန်တွင်တော့ ပြီးပြည့်စုံနိုင်ခြင်း မရှိသေး

ပေ။

သို့သော် ယွမ်ယန်တွင်တော့ တာ့ရှားကေရာဇ်၏ မပျက်စီးနိုင်သည့်ခန္ဓာကိုယ်ကို အနိုင်ယူနိုင်သည့် တန်ခိုးစွမ်းအား မရှိခဲ့ပေ။ ယွမ်ယန်၏နောက်တွင် ဇာမဏီငှက်ငါးကောင်ပျံသန်းနေပြီး သူတို့၏ပါးစပ်များအတွင်းမှ ရောင်စုံမီးတောက်များကို မှုတ်ထုတ်နေကြလေသည်။ ဇာမဏီငှက်များ၏မီးတောက်များသည် ယွမ်ယန်၏ခန္ဓာကိုယ်ကို လောင်ကျွမ်းသွားပြီး နတ်ဘုရားအလင်းတန်းများ ဖြစ်ပေါ်လာကာ တာ့ရှားကေရာဇ်၏ မိစ္ဆာဓားကောက်ကြီးကို ကာကွယ်ထားလိုက်လေသည်။

တာ့ရှားကေရာဇ်က ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်လေသည်။ သူ၏ပုံစံမှာ မိစ္ဆာနတ်ဘုရားတစ်ပါးနှင့် ဆင်တူလွန်းလေသည်။ သူက ရယ်မောလိုက်ရင်း...

“ငါကိုယ်တော်ကို ဘယ်သူမှယှဉ်ပြိုင်နိုင်မှာမဟုတ်ဘူး ၊ မင်းက အဖြူရောင်မင်းကြီးရဲ့သားတော်မကလို့ ဘာကြီးဖြစ်နေဖြစ်နေ ၊ သောက်ဂရုမစိုက်ဘူးကွ..."

သူက လက်ကိုမြှောက်လိုက်သည်နှင့် မိစ္ဆာဓားကောက်ကြီးက သူ့လက်ထဲသို့ ပျံသန်းဝင်ရောက်လာလေသည်။

ယွမ်ယန်က အေးစက်သည့်အကြည့်များဖြင့် တာ့ရှားဧကရာဇ်ကို စိုက်ကြည့်နေလေသည်။

ဇာမဏီငှက်ငါးကောင်သည် ယွမ်ယန်၏ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ပေါင်းစပ်သွားပြီး ရောင်စုံမီးတောက်များ ဖြာထွက်လာကာ ယွမ်ယန်၏နောက်ကျောတွင် ရောင်စုံ ဇာမဏီငှက်တောင်ပံတစ်စုံ ထွက်ပေါ်လာလေသည်။

ယွမ်ယန်ထံမှ တန်ခိုးစွမ်းအားများသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် မြင့်တက်လာလေသည်။

ဆန်းလျန်သည် ယွမ်ယန်၏ စိတ်ဝင်စားဖွယ်အပြောင်းအလဲများကို မမှိတ်မသုန်ကြည့်နေလေသည်။ ထိုအပြောင်းအလဲများကို ဆန်းလျန် ကောင်းကောင်းနားလည်လေသည်။ ထိုအရာမှာ

ယွမ်ယန်၏ စစ်မှန်သည့် ဇာစ်မြစ်တစ်ခုလည်း ဖြစ်နိုင်လေသည်။

တာ့ရှားကေရာဇ်သည် ယွမ်ယန်ကိုကြည့်ပြီး စိတ်မသက်မသာ ခံစားလိုက်ရသည်။

သူ၏မိတ္တာစားကောက်ကြီးသည် ထာဝရရှည်လျားသောညနက်နက်တစ်ခုနှင့်ဆင်တူပြီး ယွမ်ယန်ကတော့ နံနက်ခင်း အလင်းရောင်နှင့် ဆင်တူလေသည်။

“သဘာဝတရား၏လက်ရာက အံ့ချီးဖွယ်ရာ… အလင်းနှင့် အရိပ်ကိုလွှမ်းမိုးထားလေတာ…”

ဆန်းလျန်၏အတွေးထဲသို့ ကဗျာစာပိုဒ်လေးတစ်ပိုဒ်ဝင်ရောက်လာလေသည်။ ထိုကဗျာမှာ တာ့ရှားကေရာဇ်၏ မိတ္တာစားကောက်ကြီးကို ဆိုလိုခြင်း ဖြစ်လေသည်။

မိတ္တာစားကောက်ကြီးသည် အလွန်လျှင်မြန်လွန်းလှလေသည်။ လျှင်မြန်ခြင်းကိုဖော်ပြရန် စကားလုံးပင်ရှာတွေ့ရန် ခဲယဉ်းမည်

ဖြစ်လေသည်။ ထို့ပြင် ဓားက ရှုတ်ထွေးပြီး ဆန့်ကျင်မှုခံစား ချက်များကို ပေးနေလေသည်။ ဓားသွား၏ လှုပ်ရှားမှုနှင့်အတူ ဓားသွား၏ တိကျသောလမ်းကြောင်းကိုလည်း တွေ့နိုင်လေ သည်။ ထိုလှုပ်ရှားမှုသည် မိုးမြေနိယာမများနှင့်လည်း ဆက်စ ပ်လျှက်ရှိလေ၏။

သို့သော် ထိုမိစ္ဆာဓားကောက်ကြီးကို ထိပ်တိုက်ရင်ဆိုင်လိုက်ရ သည့် ယွမ်ယန်အတွက်တော့ ဓားကောက်ကြီးဆီမှ ကြောက်မက်ဖွယ်ရာစွမ်းအားများကို အပြည့်အဝခံစားလိုက်ရ လေသည်။

ရုတ်တရက်…

အချိန်၏စီးဆင်းမှုသည် အလွန်နှေးကွေးသွားသကဲ့သို့ ဖြစ် သွားပြီး ဖြစ်ရပ်များကို အလွန်ကြာမြင့်သွားသလို ခံစားလိုက်ရ လေသည်။ ထို့ကြောင့် ယွမ်ယန်၏အတွေးများပင်လျှင် အနည်းငယ်နှေးကွေးသွားခဲ့ရလေသည်။

ယွမ်ယန်သည် လေထုကိုဖြတ်ကျော်ကာ သူ့ထံသို့လာနေသည့် ဓားကောက်ကြီးကို ကြည့်နေလေသည်။

မိစ္ဆာဓားကောက်ကြီးမှာ ယွမ်ယန်၏ နတ်ဘုရားစွမ်းအားများကို ဖြိုခွဲပစ်လိုက်ပြီး သူ့ကို သေခြင်းဆီသို့ ပို့ဆောင်ပေးလိုက်လေတော့သည်။

ဓားသွား၏တောက်ပမှုသည် ယွမ်ယန်၏တစ်ကိုယ်လုံးကို လွှမ်းခြုံသွားလေသည်။

ဗုဒ္ဓဘာသာဂိုဏ်းများ ၊ တာအိုဝါဒဂိုဏ်းများသာမက ကမ္ဘာကြီးတစ်ခုလုံး ပြိုလဲနိုင်သည့် အဖျက်စွမ်းအားကို ထိုမိစ္ဆာဓားကောက်ကြီးတွင် တွေ့မြင်ရလေသည်။ ဓားကောက်ကြီးသည် တောက်ပနေပြီး လက်လှမ်းမမီနိုင်သည့်အရာများကိုပင် ဖျက်စီးနိုင်စွမ်းရှိလေသည်။ အားနည်းသူ ၊ အားကြီးသူ ခြားနားချက်မရှိ ၊ အရာအားလုံးကို ဖျက်စီးမည်ပဲ ဖြစ်လေသည်။

ဓားသွား၏အလင်းတန်းကျရောက်ရာနေရာတိုင်းသည် ပျက်စီး

ရမည်ပဲ ဖြစ်လေသည်။

ယွမ်ယန်သည် ထိုမိစ္ဆာဓားကောက်ကြီးနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့

ရလေပြီ။

နောင်တစ်ချိန်...

လောကတွင် တာ့ရှားကေရာဇ်ကဲ့သို့ ပင်ကိုယ်မွေးရာပါ

စွမ်းအားရှိသူများ နည်းပါးသွားသည့်အချိန်တွင် ထိုမိစ္ဆာဓား

ကောက်ကြီး၏အကြောင်းအရာသည် ရာဇဝင်တွင်ခဲ့မည် ဖြစ်

လေသည်။

မိစ္ဆာဓားကောက်ကြီး၏အလင်းရောင် ပျောက်ကွယ်သွား

သည်နှင့် စကြာဝဠာတစ်ခုလုံး ရှင်းလင်းသွားလေသည်။

သို့သော်... ဇာမဏီငှက်အော်သံများကိုတော့ ကျယ်လောင်စွာ

ကြားနေရလေသည်။

အရှေ့ဘက်ဆီတွင် စစ်မှန်သည့်မီးတောက်တစ်ခု တောက်ပနေသည်ကို မြင်တွေ့ကြရလေ၏။ ထိုမီးတောက်သည် အနီရောင်သက်တံ့တစ်ခုအဖြစ်ပြောင်းလဲသွားပြီး သဲလွန်စမကျန်ပျောက်ကွယ်သွားလေတော့သည်။

ထိုမီးတောက်သည် ဇာမဏီငှက်ပြန်လည်မွေးဖွားရာ "ကောင်းကင်မီးတောက်" ဖြစ်လေသည်။

ယွမ်ယန်သည် တာ့ရှားကေရာဇ်၏ မိစ္ဆာဓားကောက်ကြီးကို ခုခံတားဆီးနိုင်ခဲ့ခြင်းမရှိသည့်တိုင် ကောင်းကင်မီးတောက်ဖြင့် သူ့ကိုယ်သူလောင်ကျွမ်းစေခဲ့လေသည်။ ထို့နောက် အနီရောင်သက်တန့်အဖြစ် ထွက်ခွာသွားခဲ့လေသည်။

ယွမ်ယန်သည် ကောင်းကင်မီးတောက်၏တန်ခိုးစွမ်းအားဖြင့် လူပြန်ဝင်စားနိုင်မည် ဖြစ်လေသည်။

သို့သော်... တာ့ရှားကေရာဇ်နှင့်တိုက်ပွဲတွင်တော့ ယွမ်ယန်

ရှုံးနိမ့်ခဲ့ရလေသည်။ လူပြန်ဝင်စားနိုင်ခဲ့မည်ဆိုလျှင်တောင်မှ

သူ၏ဝိညာဉ်သည် အပြင်းအထန် နာကျင်ခဲ့ပြီ ဖြစ်လေသည်။

တာ့ရှားကေရာဇ်နှင့် ယွမ်ယန်တို့၏တိုက်ပွဲကြောင့် မြေပြင်

ထက်တွင် အလွန်ကြီးမားသည့် တွင်းကြီးတစ်တွင်း ဖြစ်ပေါ်ခဲ့

လေသည်။ နှင်းများက အဆက်မပြတ်ကျဆင်းနေ

သည့်အတွက် တွင်းကြီးသည် သိပ်မကြာမီ နှင်းများဖြင့် ပြည့်

သွားမည် ဖြစ်လေသည်။

စစ်သည်တော်ငါးသောင်းသည် ချက်ချင်းပင် တာ့ရှား

ကေရာဇ်၏အနားသို့ ပုရွက်ဆိတ်များအလား ဝိုင်းအုံလာကြ

လေသည်။ သူတို့သည် တာ့ရှားကေရာဇ်ကို ချီးမြှောက်သည့်

အော်ဟစ်သံများဖြင့် အော်ဟစ်လိုက်ကြလေသည်။

တာ့ရှားကေရာဇ်၏ခန္ဓာကိုယ်သည် သာမန်မူလအရွယ်သို့ ပြန်

ပြောင်းသွားလေသည်။

ထို့နောက် သူက သူ့ဘေးတွင်ရပ်နေသည့် ကွမ်းလုန်ကျီကိုပြော

လိုက်သည်။

“နောက်ပိုင်းလူငယ်တွေကို အထင်သေးလို့မရတော့ဘူးပဲ..."

ကွမ်းလုန်ကျီ၏အကြည့်များတွင် ထိတ်လန့်တုန်လှုပ်မှုများဖြင့်

ပြည့်နက်နေလေသည်။

သူ့ဘဝတွင် တာ့ရှားကေရာဇ်၏တန်ခိုးစွမ်းအားများ ထိုမျှ

ပြင်းထန်သည်ကို တစ်ကြိမ်မှ မတွေ့မြင်ဖူးခဲ့ပေ။ သူ့ဘဝ

တစ်လျှောက်လုံး နောင်ကမရဘဲ သေသည်အထိ တာ့ရှား

ကေရာဇ်နောက်သို့ လိုက်ရန် ဆုံးဖြတ်လိုက်မိလေသည်။

ဆန်းလျန်သည် လက်ထဲမှ ရေဇလုံကို မြင်းရထားအပြင်ဘက်

သို့ သွန်ပစ်လိုက်လေသည်။ သူက မျက်စိကိုမှိတ်ပြီး တာ့ရှား

ကေရာဇ်အသုံးပြုသည့် ဓားသိုင်းကို ပြန်စဉ်းစားနေလေသည်။

ယွမ်ယန်၏ တန်ခိုးစွမ်းအားများကို ဖျက်စီးပစ်လိုက်သည့် မိစ္ဆာ

ဓားကောက်ကြီးကို ရင်ဆိုင်ရန်အတွက် ဆန်းလျန်သည် နည်း

လမ်းခြောက်ခုကို တွေးထားမိလေသည်။

အခန်း (၅၄၁) လွတ်လပ်သည့်လူ

ဆန်းလျန်သည် တာ့ရှားပြည်ကို ဆန့်ကျင်လိုစိတ်မရှိလျှင်

တောင်မှ တစ်ချိန်ချိန်တွင် တာ့ရှားဧကရာဇ်ဖြင့်မလွဲသာ မ

ရှောင်သာ တိုက်ခိုက်ရမည် ဖြစ်လေသည်။

အမှန်တော့ ဆန်းလျန်နှင့် တာ့ရှားကေရာင်ဇ်တို့ကဲ့သို့သော လူများသည် မိသားစုနှင့် နိုင်ငံများအပေါ်တွင် တွယ်တာမှု မရှိဘဲ လွတ်လပ်စွာ နေနိုင်သည့်သူများ ဖြစ်လေသည်။ သို့သော် လောကတွင် နေထိုင်သည့်အချိန်တွင် အချို့အရာများကို လက်လွှတ်ရန်မှာ ခဲယဉ်းလေသည်။ ဆန်းလျန်သည် ချင်းရှမ် နတ်တံခါးကို လက်မလွှတ်နိုင်သကဲ့သို့ တာ့ရှားကေရာင်ဇ်သည် လည်း တာ့ရှားပြည်ကို လက်လွှတ်နိုင်မည် မဟုတ်ပါပေ။

ဆန်းလျန် မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

ညသည်အေးစက်နေပြီး မြင်းရထားထဲတွင် အလင်းရောင် မရှိပေ။ တောက်ပနေသည့်အရာဆို၍ ဆန်းလျန်၏ မျက်ဝန်းများသာ ရှိလေသည်။ ရှောင်ဖေးမှာ တအံ့တဩဖြင့် သခင်ဖြစ်သူကို သတိထားပြီး ကြည့်နေလေသည်။ သူသည် ဆန်းလျန် နောက်သို့လိုက်နေသည်မှာ ကြာပြီဖြစ်သည့်အတွက် ဆန်းလျန်၏အမူအရာကိုကြည့်ရုံမျှဖြင့် ဆန်းလျန်ဆိုလိုသည့်အဓိပ္ပါယ်

ကို နားလည်နေပြီဖြစ်သည်။ ထို့ကြောင့် တာ့ရှားဧကရာဇ်နှင့် အဖြူရောင်ဝတ်လူငယ်၏တိုက်ပွဲသည် သခင်ဖြစ်သူကို များစွာလွှမ်းမိုးမှုရှိခဲ့သည်ကို သူနားလည်ခဲ့လေသည်။

"ရှောင်ပေား... မင်းဘဝမှာ ဖြစ်ချင်တဲ့ဆန္ဒတစ်ခုခုများ မရှိဘူးလား"

ဆန်းလျန်က ရုတ်တရက်မေးခွန်းထုတ်လိုက်သည်။

ရှောင်ပေားက ဆန်းလျန် ရုတ်တရက် ထိုသို့မေးလာလိမ့်မည်ဟု ထင်မှတ်မထားခဲ့မိပေ။

သူက တစ်ချက်မျှ စဉ်းစားလိုက်ပြီး....

"အဲဒီဆန္ဒက သခင်လေးနောက်ကို လိုက်ဖို့ပါပဲ ၊ ထင်တာပဲ... အဲဒီလိုဆိုရင် ကျွန်တော့်အတွက် အဆင်ပြေပါတယ်"

ဆန်းလျန်က ရယ်မောလိုက်ရင်း ကျားနက်ကြီး၏ခေါင်းကို အသာပုတ်လိုက်လေသည်။ "တကယ်အသုံးမကျတဲ့ကောင်" ဟု စိတ်ထဲမှ တွေးလိုက်မိလေသည်။

"အင်းလေ... ဒါဖြင့်လည်း ပြီးရောပေါ့၊ ငါ့နောက်ပဲ ဆက်လိုက်နေပေါ့"

ဆန်းလျန်၏ စကားကြောင့် ရှောင်ပေား၏ရင်ထဲတွင် နွေးထွေးမှုကို ခံစားလိုက်ရလေသည်။

ထို့နောက်တွင်တော့ သူ့ခန္ဓာကိုယ်တစ်ခုလုံး အေးစက်သွားသည်ကို ခံစားလိုက်ရလေသည်။ သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည့်အခါတွင်တော့ ကောင်းကင်ထက်တွင် လင်းလက်နေသည့် လမင်းနှင့်ကြယ်စင်များကို တွေ့လိုက်ရလေသည်။ သူတို့သည် တောနက်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိနေခြင်းပင် ဖြစ်လေ၏။

သူက ဆန်းလျန်ကိုမော့ကြည့်လိုက်ရင်း...

"သခင်လေး၊ ကျွန်တော်တို့ ဘယ်ရောက်နေတာလဲ"

"ငါတို့ တာ့ရှားစစ်တပ်နောက်ကို ဆက်မလိုက်တော့ဘူး ၊ အရှေ့တိုင်းစစ်သည်တော်တွေရဲ့နေရာဟာ အရမ်းကျယ်ပြန့်လွန်းတယ် ၊ ငါအဲဒီကို သွားကြည့်ချင်လို့..."

"အိုး..."

ကျားနက်ကြီးကထိုမျှသာ ပြန်ပြောလိုက်လေသည်။

တစ်မိုးအောက်တွင် တာ့ရှားကေရာဇ်၏အမိန့်ကို လျစ်လျူရှုဝံ့သူမှာ သူ၏သခင်လေးသာလျှင်ရှိပေလိမ့်မည်။ သခင်လေးသည် တာ့ရှားကေရာဇ်၏စစ်တပ်နောက်သို့လိုက်မည်ဟု သဘောတူပြီးမှ ယခုတော့ စိတ်ပြောင်းကာ ထွက်ခွာလာခဲ့ပြန်လေပြီ။

အမှန်တော့ တာ့ရှားကေရာဇ်က မိစ္ဆာစားကောက်ကြီး၏အစွမ်းကို ထုတ်ပြလိုက်ခြင်းမှာ ယွမ်ယန်ကို နှိမ်နင်းရန်အပြင် ဆန်းလျန်ကိုလည်း သူ၏တန်ခိုးစွမ်းအားကို တွေ့မြင်စေလိုခြင်း

လား မပြောတတ်ပေ။ ထိုအချက်နှင့်ပတ်သက်ပြီး ဆန်းလျန်

လည်း ရှင်းရှင်းလင်းလင်းမဝေခွဲတတ်ပါ။

ထိုအချက်မှာ မျောက်ကိုခြိမ်းခြောက်ရန်အတွက် မျောက်ရှေ့

တွင် ကြက်ကိုသတ်ပြသကဲ့သို့ပင် ဖြစ်လေသည်။ ဆန်းလျန်

ကတော့ မျောက်လည်းမဟုတ်သလို ကြက်လည်းမဟုတ်ပါ။

ထို့ကြောင့် သူက စိတ်အနှောက်အယှက်ဖြစ် ပြီးတော့ရှားစစ်တပ်

မှ ထွက်ခွာလာခဲ့ခြင်း ဖြစ်လေသည်။ တော့ရှားပြည်၏ စစ်သည်

တော်များ ပတ်ပတ်လည်ဝန်းရံထားသည့်နေရာတွင် သူမနေ

ချင်တော့ပြီ။

ကမ္ဘာလောကကြီးက ကျယ်ပြောလွန်းပါသည်။ ဆန်းလျန်

အတွက် သွားစရာနေရာတွေမှ အများကြီးရှိလေ၏။

ထိုအချိန်တွင်...

ဆန်းလျန်နှင့်အလွန်ဝေးကွာနေပြီဖြစ်သည့် တော့ရှားစစ်တပ်

တည်ရှိရာနေရာမှ နဂါးပုံသဏ္ဌာန်တန်ခိုးစွမ်းအားတစ်ခု ထွက်

ပေါ်လာပြီး ကောင်းကင်ထက်တွင် ပျံဝဲနေလေသည်။

နဂါး၏မျက်ဝန်းများက ဆန်းလျန်တည်ရှိရာအရပ်ဆီသို့ စူး

စိုက်ကြည့်နေလေသည်။

ဆန်းလျန်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်ရင်း နဂါးပုံသ

ဏ္ဍာန်တန်ခိုးစွမ်းအားကို ပြန်စိုက်ကြည့်နေခဲ့လေသည်။ အချိန်

ကြာမြင့်စွာ စိုက်ကြည့်နေခဲ့ပြီးသည့်နောက် နဂါးပုံသဏ္ဍာန်

တန်ခိုးစွမ်းအားထံမှ ကျုံးဝါးသံသဲ့သဲ့ ထွက်ပေါ်လာပြီး

ကောင်းကင်ထက်မှ ပျောက်ကွယ်သွားလေတော့သည်။

ထို့နောက် ဆန်းလျန်က ကျားနက်ကြီးကိုပြောလိုက်သည်။

"သွားကြစို့..."

နဂါးပုံသဏ္ဍာန်တန်ခိုးစွမ်းအားမှာ တာ့ရှားကေရာဇ်က ဆန်းလျန်

ကို စိတ်စွမ်းအားအသုံးပြုကာ ဆက်သွယ်နေခြင်းပင် ဖြစ်လေ

သည်။ သို့သော် ဆက်သွယ်မရသည့်အဆုံးတွင်တော့ သူက

လက်လျှော့လိုက်ပြီး ဆန်းလျန်ကိုစစ်ပွဲတွင်ပါဝင်ရန် ခေါ်ဆိုခြင်းကို လက်လျှော့လိုက်ရတော့သည်။

အမှန်တော့ တာ့ရှားစစ်တပ်အတွင်းမှ ဆန်းလျန်ထွက်ခွာသွားခြင်းသည် တာ့ရှားဧကရာဇ်အတွက်လည်း အနည်းငယ်လွတ်လပ်သွားလေသည်။ သို့သော်အရှေ့တိုင်းစစ်သည်တော်များကို တိုက်ခိုက်ရန်အတွက်တော့ ဆန်းလျန်၏ အကူအညီမပါလျှင် အနည်းငယ် အခက်တွေ့ရမည် ဖြစ်လေသည်။

သို့သော် ထိုကိစ္စများကို ဆန်းလျန်က အရေးမစိုက်ပါ။ သူက အစကတည်းက လောကတွင် လွတ်လပ်စွာ နေထိုင်လိုသူတစ်ယောက် ဖြစ်လေသည်။ သူ့အတွက် မည်သူ့ကိုမှ အားနာနေစရာ အကြောင်းမရှိပေ။

အရှေ့တိုင်းစစ်သည်တော်များ နေထိုင်ရာဒေသသည် မြင့်မားသောတောင်ကုန်းများနှင့် တောင်များထက်တွင် တည်ရှိလေသည်။ သစ်တောများနှင့် ဝါးရုံတောများလည်း ပြည့်နက်

လျှက်ရှိပြီး မရေမတွက်နိုင်သည့် မျိုးနွယ်စုများ လည်းများစွာ

လည်း ရှိလေသည်။

သို့သော် ယိုးရှီမျိုးနွယ်စုများကတော့ အရှေ့တိုင်းစစ်သည်

တော်များထဲတွင် ပါဝင်ခြင်းမရှိပေ။ ယိုးရှီသည် ကောင်း

ယောက်နှင့် ပေါ်ယိမျိုးနွယ်စုများကဲ့သို့ သီးခြားရပ်တည်သည့်

ကြီးမားသည့် မျိုးနွယ်စုကြီးတစ်ခု ဖြစ်လေသည်။

ဆန်းလျန်သည် ကျားနက်ကြီးရှောင်ပေးကို စီးပြီး ခရီးဆက်

လာခဲ့လေသည်။

လမ်းတစ်လျှောက်တွင် ဆန်းလျန်သည် မျိုးနွယ်စုပေါင်းများ

စွာနှင့် မြေပြင်အနေအထားများကို သေသေချာချာ လေ့လာခဲ့

လေသည်။ မျိုးနွယ်စုများထံတွင် ထူးဆန်းသော

အသစ်အဆန်းများစွာကိုလည်း တွေ့ရှိရလေသည်။ ဥပမာ

အားဖြင့် မျိုးနွယ်စုအတော်များများသည် စုန်ကဝေအတတ် ၊

မှော်ပညာများ ၊ တာအိုကျင့်စဉ်များနှင့် အခြား သောထူး

ထူးဆန်းဆန်းပညာရပ်များကို လူတိုင်းနီးပါး သိရှိကြလေ
သည်။ လူအားလုံးသည် ကျင့်ကြံသူလောကနှင့် မစိမ်းကြပေ။
ယင်းစန်းဒေသသည် ကျင့်ကြံသူများကို ဦးစားပေးဆက်ဆံခဲ့
သည်မှာ အံ့သြစရာမဟုတ်တော့ပါ။ ယင်းစန်းသည်
အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများမှ ခွဲထွက်လာသည့်
ဒေသတစ်ခုဖြစ်သည့်အတွက် ကျင့်ကြံသူများကို လေးစားမှုရှိ
လေသည်။

ချင်းရွှမ်နတ်တံခါးတည်ရှိရာ လောကနှင့်ယှဉ်ကြည့်မည်ဆို
လျှင် အရှေ့တိုင်းစစ်သည်တော်များနှင့် တာ့ရှားပြည်မှ
ကျင့်ကြံသူများက များစွာ အဆင့်မြင့်မားလေသည်။ သို့သော်
မည်သည့်နေရာတွင်ပင် ဖြစ်ပါစေ နတ်ဘုရားတစ်ပါး အဖြစ်
ထာဝရအသက်ကိုရရှိရန်မှာတော့ မလွယ်ကူလှပေ။
ဆန်းလျန်သည်ပင် ထိုက်ယီထျန်းရှန်းအဆင့်ကို ရောက်ရန်
အတွက် များစွာကြိုးစားရဦးမည်ဖြစ်လေသည်။

စဉ်းစားရင်းဖြင့်ပင်...

ဆန်းလျှန်သည် အရှေ့တိုင်းစစ်သည်တော်များ၏ဒေသသို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်လာခဲ့မိပြီ ဖြစ်လေသည်။

ထိုနေ့က... သူသည် မျိုးနွယ်စုငယ်တစ်ခုဆီသို့ ရောက်ရှိလာခဲ့လေသည်။

သူက ထိုနေရာသို့ တိုက်ဆိုင်စွာရောက်ရှိသွားခြင်းမဟုတ်ပါ။ ထိုနေရာတွင် မိစ္ဆာစွမ်းအားများကို ခံစားမိသည့် အတွက်သူက သွားရောက်ခဲ့ခြင်း ဖြစ်လေသည်။

နေ့ခင်းဘက်ပင်ဖြစ်လင့်ကစား ထိုနေရာတွင် အနက်ရောင်မြူခိုးများ ရစ်သိုင်းနေသည်ကို တွေ့မြင်ခဲ့ရလေသည်။ ထိုနေရာတွင် ကြောက်မက်ဖွယ်ရာ မိစ္ဆာတစ်ကောင်ရှိမည်မှာ ထင်ရှားနေလေ၏။

အနက်ရောင်လေသည် အလွန်ဆိုးဝါးပြီး သက်ရှိသတ္တဝါများအတွက် များစွာ အန္တရာယ်ရှိလေသည်။

ဆန်းလျန်သည် တရားမျှတမှုအတွက် တိုက်ခိုက်ပေးနေသည့်သူရဲကောင်းတစ်ယောက် မဟုတ်သည့်တိုင်မိစ္ဆာကိုတော့ လျစ်လျူမရှုချင်ပေ။ ထို့ကြောင့် သူက မိစ္ဆာကို နှိမ်နင်းရန်အတွက် ထိုနေရာသို့သွားခဲ့ခြင်း ဖြစ်လေသည်။

ထိုနေရာတွင် တောင်များကအဖြူရောင်ဖြစ်ပြီး ရေများကအနက်ရောင်ဖြစ်လေသည်။ မြေပြင်ကလည်း အက်ကွဲခမ်းခြောက်လျှက်ရှိလေ၏။

ဆန်းလျန်က ရှောင်ပေး၏အမွေးများကို ပွတ်သပ်လိုက်ရင်း...

"ရှောင်ပေး... မင်းပုံစံက ကြောက်စရာကြီး ၊ ကြောက်စရာမကောင်းတဲ့ တခြားပုံစံ ပြောင်းလို့မရဘူးလား"

ကျားနက်ကြီးက...

"သခင်လေးကလည်း ကျွန်တော်က လူသားစားတဲ့သူမှ မဟုတ်တာ ၊ ဘာအန္တရယ်ရှိမှာလဲ ၊ ပြီးတော့ အရှေ့တိုင်းစစ်သည်

တော်တွေက တန်ခိုးစွမ်းအားကြီးကြတာပဲ ၊ ကျွန်တော် သူတို့ကို မတိုက်ခိုက်ပါဘူး"

ဆန်းလျန်က...

"သောက်တလွဲတွေ ပြောနေပြန်ပါပြီ ၊ မင်းကိုသင်ပေးထားတဲ့ ပုံပြောင်းအတတ်ရှိတယ်လေ ၊ မြင်းနက်ကြီးဖြစ်ဖြစ် တစ်ခုခု ပြောင်းလိုက်စမ်းပါ"

"မြင်းပုံပြောင်းရမယ် ... ဟုတ်လား"

ကျားနက်ကြီးက စိတ်ညစ်စွာဖြင့် ပြောလိုက်လေသည်။

မြင်းများသည် ရှောင်ပေးအမုန်းဆုံးသတ္တဝါများ ဖြစ်လေသည်။ အထူးသဖြင့် သူက နတ်မြင်းပျံကြီးကို ကြည့်မရသည့်အတွက် မြင်းများအားလုံးကို မုန်းနေမိခြင်း ဖြစ်လေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ဒါဖြင့်လည်း မြည်းပုံပြောင်းကွာ ၊ မင်းမပြောင်းချင်ရင် ငါ ပြောင်းပေးရမလား"

ကျားနက်ကြီးသည် မတတ်သာတော့ပဲ မြေပြင်ထက်တွင်တစ်ချက်လှိမ့်လိုက်ပြီး မြည်းတစ်ကောင်ပုံသဏ္ဍာန်ပြောင်းလဲလိုက်လေသည်။ အမွှေးများက အနက်ရောင်တောက်ပနေပြီး သူက ဟီပင် ဟီလိုက်သေးသည်။

ဆန်းလျှန်သည် ကျားနက်ကြီးမှ ပြောင်းလဲဖန်ဆင်းထားသည့် မြည်းနက်လေးပေါ်တွင်စီးကာ တောင်ပေါ်သို့ ခရီးဆက်ခဲ့လေတော့သည်။

ထိုအချိန်....

ငိုကြွေးသံတစ်သံကို ကြားလိုက်ရလေသည်။

အရှေ့ဆီမှ စမ်းချောင်းလေးနံဘေးတွင် ကလေးငယ်တစ်ယောက်ကို ပွေ့ချီထားပြီး ငိုကြွေးနေသည့် မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

"ဘာလို့ငိုနေတာလဲ..."

ဆန်းလျန်က မေးလိုက်သည်။

ဆန်းလျန်က တာ့ရှားပြည်တွင် ပြောသည့်စကားကိုပင် အသုံးပြုကာ မေးလိုက်ခြင်း ဖြစ်လေ၏။

စကားသံထွက်ပေါ်လာသည့်အတွက်ကြောင့် မိန်းကလေးက ခေါင်းမော့ကြည့်လိုက်လေသည်။ သူမ၏ပါးပြင်ထက်တွင် မျက်ရည်များက စီးကျနေဆဲဖြစ်လေသည်။ သို့သော်... သူမသည် ဆန်းလျန်ပြောသည့်စကားကို နားလည်ဟန်မရှိပါ။

ဆန်းလျန်က ခရီးတစ်လျှောက်တွင် ကြားသိခဲ့ရသည့် အရှေ့တိုင်းစစ်သည်တော် မျိုးနွယ်စုများ၏ စကားများကို အသုံးပြုကာ မေးမြန်းသော်လည်း မိန်းကလေးသည် နားလည်ပုံမရပေ။ မိန်းကလေးက ခေါင်းကိုသာတွင်တွင် ခါယမ်းပြနေလေသည်။ ဆန်းလျန်လည်း မည်သို့မှ မတတ်နိုင်တော့ဘဲ စိတ်

စွမ်းအင်ကိုအသုံးပြုကာ မိန်းကလေးကို ဆက်သွယ်

စကားပြောလိုက်ရလေသည်။

ထိုအခါမှ မိန်းကလေးက ဆန်းလျန်ကို ဦးညွှတ်ဂါရဝပြုလိုက်

ပြီး...

"နတ်ဆရာ ... နတ်ဆရာက အဝေးကြီးကလာတာထင်တယ် ၊

ဒီမိန်းကလေးက ဝူကျုန်းမျိုးနွယ်စုကပါ"

ထိုမိန်းကလေးက ဆန်းလျန်ကို အဘယ့်ကြောင့် နတ်ဆရာဟု

ခေါ်ရသည်ကို ဆန်းလျန်သိလေသည်။

ရှေးအချိန်ကတည်းက လူမျိုးစုများသည် နတ်ကိုးကွယ်သည့်

အစဉ်အလာရှိလေသည်။ နတ်ကိုးကွယ်သည့်အတွက် နတ်

ဆရာများလည်း ပေါ်ပေါက်လာခဲ့ကြသည်။ နတ်ဆရာ

များသည် နတ်များထံမှ တန်ခိုးစွမ်းအားအနည်းငယ်ကို ရယူ

ပြီး သူတို့ကိုယ်သူတို့ နတ်ဘုရားများကဲ့သို့ ကျင့်ကြံအောင်မြင်

ပြီဟု ထင်မှတ်နေလေ့ ရှိကြလေသည်။

ထိုမိန်းကလေး၏ မျိုးနွယ်စုကို ဝူကျုန်းမျိုးနွယ်စုဟု ခေါ်လေ

သည်။ မျိုးနွယ်စုသက်တမ်းမှာ နှစ်ပေါင်းတစ်ထောင် ခန့်သာရှိ

သေးသည်။ သူတို့သည် ကြီးမားသောလူမျိုးစုကြီးတစ်ခုမှ ခွဲ

ထွက်လာပြီး အဖြူရောင်တောင်များနှင့် အနက်ရောင်ရေများရှိ

ရာ လက်ရှိနေရာသို့ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

မိန်းကလေး၏ ကလေးငယ်မှာ သမီးလေး ဖြစ်လေသည်။

ဝူကျုန်းမျိုးနွယ်စုများကို နတ်မိစ္ဆာများ မနှောက်ယှက်ရန်

အတွက် ထိုကလေးငယ်သည် ယာဇ်ပူဇော်ရန် ရွေးခြယ်ခံခဲ့ရ

သည်။

မိန်းကလေးသည် သမီးငယ်ကို ယာဇ်ပူဇော်ခြင်းငှာ မတတ်နိုင်

ပေ။ ထို့ကြောင့် သမီးငယ်ကို ပွေ့ဖက်ရင်း စမ်းချောင်းလေး

နံဘေးတွင် လာရောက်ငိုကြွေးနေခဲ့ခြင်း ဖြစ်လေသည်။

မိန်းကလေး၏ စကားများကို နားထောင်ရင်း ဆန်းလျန်သည် ဝူ

ကျုန်းဘာသာစကားကို တတ်ကျွမ်းသွားခဲ့လေသည်။

ဆန်းလျှက ပြုံးလိုက်ရင်း...

"မငိုနဲ့တော့ ၊ မင်းရဲ့အခက်အခဲကို ကျုပ်ကူညီပါ့မယ်"

ဟု ပြောလိုက်လေတော့သည်။

အခန်း (၅၄၂) ချန်းကွေ

မိန်းကလေးသည် ပျော်ရွှင်သွားသည့်အမူအရာဖြစ်သွားပြီးမှ

အနည်းငယ်တုန့်ဆိုင်းသွားပြီး...

"နတ်ဆရာကို ဖုံးကွယ်မထားချင်ပါဘူး ၊ အရင်က တခြား နတ်ဘုရားနှစ်ပါးလည်းဒီကို ရောက်လာသေးတယ် ၊ ဒါပေမယ့် သူတို့အားလုံး သေကုန်ကြတယ်"

ထို့နောက် သူမက ဆက်ပြီးပြောသည်။

"အဲဒီ နတ်ဆရာနှစ်ပါးက ဘယ်လောက်တောင် တန်ခိုးကြီးလည်းဆိုရင် တိမ်တွေ မြူခိုးတွေကိုတောင် စီးနှင်ပြီး ပျံသန်းနိုင်တယ်"

သူမ ထိုသို့ပြောရသည်မှာ အကြောင်းရှိလေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်သည် နတ်ဆရာဆိုသည့်တိုင် အလွန်ငယ်ရွယ်ပုံရလေသည်။ ထို့ကြောင့် တန်ခိုးသိပ်မကြီးနိုင်ဟု သူမက ထင်မှတ်နေခြင်း ဖြစ်လေသည်။ သူမသည် ရိုးရှင်းပြီး ရိုးသားဖြူစင်သည့် မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ သူမ၏ကလေးငယ်ကို နတ်မိစ္ဆာထံယာဇ်ပူဇော်ရ

တော့မည့်တိုင် သူမက ဆန်းလျန်အသက်ဆုံးရမည်ကိုတော့ လိုလားခြင်းမရှိပေ။

"ဒီမိန်းကလေးက တကယ်ရိုးသားလှတယ်..."

ဆန်းလျန်က တွေးလိုက်မိလေသည်။

သူက ပြုံးလိုက်ရင်း...

"ကျုပ်ကို မင်းတို့ မျိုးနွယ်စုခေါင်းဆောင်နဲ့တွေ့ဖို့ ခေါ်သွားပေး နိုင်မလား"

ကလေးငယ်များကို နတ်မိစ္ဆာထံတွင် ယာဇ်ပူဇော်ခြင်းသည် မျိုးနွယ်စုခေါင်းဆောင်၏ အဆုံးအဖြတ်ပေါ်တွင်သာ အခိက ကျလေသည်။ ထို့ပြင် ကလေးများကို စားပြီးသည့်နောက် နတ်မိစ္ဆာသည် လူများကို အန္တရယ်မပေးရန်အတွက် နတ်မိစ္ဆာ နှင့် ဆက်သွယ်နိုင်သည့် လူတစ်ယောက်လည်း လိုသေးသည်။

မိန်းကလေးက အငိုတိတ်သွားပြီဖြစ်သည်။ သူမက ဆန်းလျန်ကို မျိုးနွယ်စုခေါင်းဆောင်နှင့် တွေ့ဆုံပေးရန် သဘောတူလိုက်လေသည်။

ရုတ်တရက်...

သူမ၏ ခြေဖဝါးအောက်တွင် နူးညံ့သည့်အထိအတွေ့တစ်ခုကို ခံစားလိုက်ရပြီး သူမသည် အဖြူရောင်တိမ်တိုက်တစ်ခု၏ သယ်ဆောင်သွားခြင်းကို ခံလိုက်ရလေသည်။ သူမသည် အောက်သို့ ငုံ့ကြည့်လိုက်သည့်အခါ ဟင်းသီးဟင်းရွက်စိုက်ခင်းများကို မြင်တွေ့လိုက်ရလေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မျိုးနွယ်စုခေါင်းဆောင်က ဘယ်နေရာမှာနေတာလဲ"

မိန်းကလေးမှာ အလွန်အံ့အားသင့်နေသည့်အတွက် ချက်ချင်းအဖြေပြန်မပေးနိုင်ခဲ့ပေ။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများသည် ယခင်နတ်ဆရာနှစ်ပါးထက် မြင့်မားသည်ကို သူမ

သဘောပေါက်သွားခဲ့ပြီ။ ဆန်းလျန်သည် တိမ်ကိုစီးနိုင်ရုံသာ မက သူမကိုပင် တိမ်ပေါ်တွင် ခေါ်ဆောင်သွားနိုင်လေသည်။ ယခင် နတ်ဆရာနှစ်ပါးသည် တိမ်ကို စီးနိုင်သည့်တိုင် ထိုသို့ လုပ်ဆောင်နိုင်ခြင်း မရှိပေ။

သူမ၏ရင်ခွင်ထဲမှ သမီးငယ်လေးမှာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းနေလေသည်။ ထို့နောက် သူမက ဆန်းလျန်ကို ထူးဆန်းစွာဖြင့် လှမ်းကြည့် လိုက်သည်။

မိန်းကလေးက နေရာတစ်နေရာကို ညွှန်ပြလိုက်သည့်အခါတွင် တော့ ဆန်းလျန်က အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေ သည်။ ထိုအခါ တိမ်တိုက်သည် မြေပြင်ထက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားလေသည်။ မိန်းကလေးသည် သူမ၏ခြေထောက်များ မြေပြင်နှင့်ထိတွေ့လိုက်သည်ကို ခံစား လိုက်ရလေသည်။

ဝူကျုန်းလူမျိုးစုဝင်လူအများမှာ ထိုအဖြစ်အပျက်ကြောင့် ထိတ်လန့်ပြီး အိမ်ထဲမှ အသီးသီးထွက်လာကြလေသည်။

သူတို့သည် ကောင်းကင်ထက်မှဆင်းသက်လာသည့် ဆန်းလျန်ကို မြင်တွေ့လိုက်ကြရလေသည်။

လူအုပ်ကိုခေါင်းဆောင်သည့် ရှေ့ဆုံးမှလူသည် အလွန်အသက်အရွယ်ကြီးနေပြီး ခန္ဓာကိုယ်က ယိုယွင်းနေပြီ ဖြစ်လေသည်။ သို့သော် သူ၏မျက်လုံးများက ဝိညာဉ်စွမ်းအားနှင့်ပြည့်ဝနေပြီး အခြားသူများနှင့်မတူ တစ်မူထူးခြားနေလေသည်။

ဆန်းလျန်က ထိုသူကိုကြည့်လိုက်ပြီး...

"ခင်ဗျားက ဝူကျုန်းမျိုးနွယ်စုရဲ့ခေါင်းဆောင်လား"

"ကျုပ်က ဝူကျုန်းမျိုးနွယ်စုရဲ့ ခေါင်းဆောင်ပါ ၊ နာမည်က ပင်းဟူလို့ခေါ်တယ် ၊ ဘာကိစ္စများရှိလို့ပါလဲ နတ်ဆရာ"

ပြောပြီးသည်နှင့် ပင်းဟူက ဆန်းလျန်ဘေးမှ မိန်းကလေးကို စူးရှစွာဖြင့်ကြည့်လိုက်လေသည်။

မိန်းကလေးမှာ ကြောက်ရွံ့သွားပြီး ဆန်းလျန်၏နောက်သို့ ဝင်ကာ ပုန်းနေလိုက်လေသည်။

လူအများကလည်း တီးတိုးစကားသံများထွက်ပေါ်လာကြလေသည်။ သူတို့က မိန်းကလေးသည် ကလေးငယ်ကို ယာဇ်မပူဇော်ချင်သောကြောင့် ဆန်းလျန်ကို ခေါ်လာခြင်းဖြစ်သည်ဟု ပြောဆိုနေကြဟန် ရှိလေသည်။

ဆန်းလျန်သည် လူအုပ်ကြားထဲတွင် မိန်းကလေး၏ ခင်ပွန်းဖြစ်သူကို အာရုံခံကြည့်လိုက်လေသည်။ သို့သော် တွေ့ရှိခဲ့ခြင်းမရှိပေ။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဝူကျုန်းမျိုးနွယ်က တစ္ဆေမျိုးနွယ်စုများလား ၊ ချန်းကွေတစ္ဆေကို မင်းတို့အားလုံးက ခေါင်းဆောင်တင်ထားတာလား"

ဆန်လျန်၏အမေးကြောင့် ပင်းဟူ၏အမူအရာက ပြောင်းလဲသွားခြင်းမရှိပါ။

"ခင်ဗျားစကားက ဘာကိုဆိုလိုတာပါလဲ"

"ကျုပ်ပြောချင်တာက ခင်ဗျားက အသက်မရှိတော့ဘူးဆိုတာပဲ"

ဆန်းလျန်က ခပ်ရှင်းရှင်းပင် ပြန်အဖြေပေးလိုက်လေသည်။

ပင်းဟူက ဆန်းလျန်ကိုခေါ်လာသည့် မိန်းကလေးကို လက်ညိုးငေါက်ငေါက်ထိုးလိုက်ရင်း...

"အားလျန် ၊ နင့်ကလေးကို ယာဇ်မပူဇော်ချင်ဘူးဆိုလည်း ရပါတယ် ၊ ဘာလို့ နတ်ဆရာတစ်ယောက် ခေါ်လာရတာလဲ ၊ နင့်ယောကျ်ားကွယ်လွန်သွားကတည်းက ငါတို့က နင့်ကို အစားအသောက်တွေ အဝတ်အထည်တွေ ပေးနေခဲ့တဲ့ ကျေးဇူးမှမထောက်..."

အားလျန်ဆိုသည့် မိန်းကလေးက ခေါင်းခါယမ်းလိုက်ရင်း...

"ဒီနတ်ဆရာနဲ့က အခုမှ သိတာပါ..."

ပင်းဟူက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"နင့်အလှက ဝူကျုန်းမျိုးနွယ်စုအတွက်တော့ အလကားပဲ ၊ နတ်ဆရာလေးက နင့်ကို မျက်စိကျတယ်ဆိုလည်း နင်တို့နှစ်ယောက် ထွက်သွားကြတော့ ၊ ကလေးနဲ့ပတ်သက်ပြီး နတ်ဆရာကရောက်လာတာဆိုရင်တော့ နင်တို့ကို ဒီမှာနေခွင့်မပြုနိုင်တော့ဘူး"

ပတ်ဝန်းကျင်မှာ လူမျိုးစုဝင်များကလည်း မိန်းကလေးအပေါ် မကျေမနပ်ဖြစ်လာကြလေသည်။

မိန်းကလေးမှာ ပင်းဟူက သူမကို ထိုသို့ စွပ်စွဲပြီး အပြစ်တင်လိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပေ။ ထို့ကြောင့် ဝမ်းနည်းကာငိုကြွေးလေတော့သည်။

ဆန်းလျန်က ပြုံးလိုက်ပြီး လက်နှစ်ဖက်ကို နောက်သို့ ပစ်လိုက်ရင်း...

"ခင်ဗျား အခြေအနေတွေကို ပြောင်းပြန်ဖြစ်အောင် လုပ်ပစ်နေတာပဲ ၊ ဒါပေမယ့် ခင်ဗျားအကြောင်းကို ဒီကလူတွေမသိ

အောင် ဖုံးကွယ်ထားလို့ရပေမယ့် ကျုပ်ကိုတော့ ဖုံးကွယ်ထား

လို့ မရဘူးဆိုတာပဲ"

ပင်းဟူက တည်ကြည်လေးနက်သည့် မျက်နှာထားဖြင့်...

"ခင်ဗျားက တန်ခိုးစွမ်းအားမြင့်မားတယ်ဆိုတာကျုပ်သိပါ

တယ် နတ်ဆရာ ၊ ဒါပေမယ့် ခင်ဗျား ပြောသလို ကျုပ်က ချန်း

ကွေတစ္ဆေဆိုတာ သက်သေပြနိုင်မယ်ဆိုရင် ပြလိုက်စမ်းပါ ၊

တကယ်တော့ ကျုပ်လုပ်သမျှဟာ ဝမ်ကျုန်းမျိုးနွယ်စုက လူ

တိုင်းအတွက်ပါပဲ"

ဆန်းလျန်က...

"ခင်ဗျားကသာ လူတိုင်းအတွက်လို့ပြောနေတာ ၊ အဲဒီလူတိုင်း

အတွက်ဆိုတာ တောင်ပေါ်က မိစ္ဆာစားဖို့အတွက် ကလေးတွေပို့

ပေးနေရတာကို ပြောတာလား"

"ဒါက မတတ်နိုင်လို့ လုပ်ရတာပါ ၊ ကျုပ်တို့ တိုက်ခိုက်လို့

လည်း မဖြစ်နိုင်ဘူးလေ ၊ ကျုပ်မျိုးနွယ်စုဝင်တွေကို မေး

ကြည့်ပါ ၊ ကျုပ်ကလေးကိုတောင် မိစ္ဆာဆီမှာ ယာဇ်ပူဇော်ခဲ့တာပါ"

ပတ်ဝန်းကျင်မှ လူများက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကြလေသည်။

သူတို့သည် ဆန်းလျန်နှင့် မိန်းကလေးကို ဝန်းရံထားကြပြီး ရန်လိုသည့်အပြုအမူများကို ပြုလုပ်လာကြလေသည်။ သူတို့က လက်နက်များကိုကိုင်မြှောက်လိုက်ကြပြီး အချို့ စုန်းကဝေအတတ် တတ်မြောက်သူများကလည်း ထူးဆန်းသည့် အလင်းရောင်များကို ထုတ်လွှတ်လိုက်ကြလေသည်။

ဆန်းလျန်က ခေါင်းကို တစ်ချက်ခါယမ်းလိုက်ရင်း...

"မင်းတို့က တော်တော်ရှင်းပြရခက်တာပဲ ၊ ဗုဒ္ဓက လူတွေကို တရားမဟောချင်ဖြစ်ခဲ့တာ မအံ့သြတော့ပါဘူး"

ဆန်းလျန်၏ လက်ချောင်းများသည် လေထဲတွင် စာလုံးတစ်လုံးကို ရေးဆွဲလိုက်လေသည်။ ဝူကျန်းလူမျိုးများက ထို

သင်္ကေတကို သိရှိခြင်း မရှိပါ။ ထိုသင်္ကေတမှာ "တင်" ဆိုသည့် အင်းသင်္ကေတဖြစ်လေသည်။

ခဏအကြာတွင်တော့ ဆန်းလျှန်သည် အင်းသင်္ကေတကို ရေးဆွဲပြီးဆုံးသွားလေသည်။ ထိုအခါ အင်းသင်္ကေတဆီမှ အဖြူရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး ဝူကျုန်းမျိုး နွယ်စုဝင်လူများကို ကျောက်ရုပ်များအလား ငြိမ်သက်သွားစေလေသည်။ သူတို့သည် မျက်တောင်သာခပ်နိုင်ပြီး လုံးဝ မလှုပ်ရှားနိုင်ကြတော့ပေ။

သို့သော်... အားလျှန်နှင့် သူမ၏သမီးလေးကတော့ လှုပ်ရှားနိုင်လေသည်။

လူမျိုးစုခေါင်းဆောင် ပင်းဟူမှာလည်း ကျောက်ရုပ်ကဲ့သို့ ပင် ငြိမ်သက်နေလေသည်။ ဆန်းလျှန်က ရှောင်ပေး၏ အမွှေး လေးများကို တစ်ချက်ပွတ်သပ်လိုက်လေသည်။

ရှောင်ဟေးသည် ချက်ချင်းပင် သခင်လေးပေးသည့်အမိန့်ကို နားလည်လိုက်လေသည်။ သူက ချက်ချင်းပင် ကျားသဏ္ဍာန် ပြောင်းပြီး ပင်းဟူ၏လည်ပင်းကို ကိုက်ချလိုက်လေသည်။

ထိုအခါ ပင်းဟူ၏ခန္ဓာကိုယ်သည် အငွေ့ပျံသွားပြီး မြေပြင် ထက်တွင် လူသားအရေခွံတစ်ခုသာ ကျန်ရစ်ခဲ့တော့သည်။ ထို အရေခွံထဲမှ အနက်ရောင်အငွေ့များထွက်လာပြီး ထိုအငွေ့များ ထဲတွင် လူသေးသေးလေးတစ်ယောက်ကို တွေ့မြင်ရလေ သည်။ ထိုလူသေးသေးလေးမှာ ပင်းဟူနှင့် အလွန်ဆင်တူလေ သည်။ ထိုလူသေးသေးလေးက ဆန်းလျန်ကို မုန်းတီးသည့် အကြည့်ဖြင့် ကြည့်နေပြီး နတ်မိစ္ဆာနေထိုင်သည့် တောင်ပေါ်သို့ ပျံသန်းထွက်ခွာသွားလေသည်။

အားလျန်မှာ အလွန်ထိတ်လန့်နေပြီး စကားပင် မပြောနိုင်ပေ။ သူမသည် တာအိုကျင့်စဉ်များအကြောင်းကို ကြားဖူးနားဝရှိ သည့်အတွက် ဆန်းလျန်က လူမျိုးစုဝင်များကို အရှုံးလုပ်ရန်

အတွက် တန်ခိုးစွမ်းအားအသုံးပြုကာ ပြောင်းလဲစေခဲ့သည်လား ၊ သို့မဟုတ် လူမျိုးစုခေါင်းဆောင်သည် အမှန်တကယ်ပင် ချန်းကွေတစ္ဆေဖြစ်လေသလား ဆိုသည်ကို သူမလည်း မခန့်မှန်းရဲပါ။

ရှောင်ပေးက နောက်သို့ပြန်ခုန်ဆုတ်လိုက်လေသည်။

အားလျှန်မှာ ယခုမှ အနက်ရောင်မြည်းမှာ အနက်ရောင် ကျားကြီးတစ်ကောင်ဖြစ်နေသည်ကို သတိပြုမိပြီး ထိတ်လန့်သွားရလေသည်။

ရှောင်ပေးက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"သခင်လေး ... သူ့ကိုကိုက်ခိုင်းမှတော့ ကျားပုံပြောင်းမှ ကိုက်လို့ရမှာပေါ့"

ဆန်းလျှန်က ဒေါသထွက်ထွက်ဖြင့်ပင် မချိပြုံးပြုံးလိုက်ရင်း...

"အေးပါ... အေးပါ..."

ရှောင်ပေးက ဆန်းလျှန်ကိုကြည့်ပြီး ရယ်မောလိုက်လေသည်။

ဆန်းလျန်က...

"ကြည့်ရတာ အဲဒီနတ်မိစ္ဆာက မင်းနဲ့ အမျိုးတော်တယ်ထင်တယ်"

ချန်းကွေတစ္ဆေဆိုသည်မှာ ကျားမျိုးနွယ်မှ ဖန်ဆင်းနိုင်သည့် မိစ္ဆာမျိုးဖြစ်လေသည်။ ကျားမျိုးနွယ်မိစ္ဆာများသည် သူတို့ သတ်ဖြတ်ခဲ့သည့် လူသား၏ ဝိညာဉ်ကို အကျဉ်းချပြီး ကျွန်အဖြစ် ခိုင်းစေနိုင်လေသည်။ ချန်းကွေတစ္ဆေများသည် တစ္ဆေငါးကောင်စေတမာန်များ ဖြစ်ကြလေသည်။

ရှောင်ဟေးက အားလျန်ကို တောင်းပန်သည့်အပြုံးဖြင့်ပြုံးပြလိုက်ပြီး...

"ကျွန်တော်က လူတွေကို မစားပါဘူး"

ဆန်းလျန်က အားလျန်မိန်းကလေးကို လှည့်ကြည့်လိုက်ရင်း...

"မင်း အရမ်းကြောက်သွားလား..."

ဟု မေးလိုက်လေသည်။

မိန်းကလေးက ခေါင်းတစ်ချက်ညိတ်လိုက်မိပြီးမှ ချက်ချင်းပင်

ခေါင်းကိုခါယမ်းပြလိုက်သည်။

သူမ၏ သမီးငယ်လေးကတော့ မိခင်ဖြစ်သူကို တင်းကြပ်စွာ

ဖြင့် ဖက်ထားလေသည်။ ကလေးမလေးသည် အသက်နှစ်နှစ်

ခန့်သာရှိသေးသည်။ သူမသည် သူမပတ်ဝန်းကျင်တွင် ဖြစ်

ပျက်နေသည့် အဖြစ်အပျက်များကို နားမလည်သည့်တိုင်

ခံစားနိုင်လေသည်။

"မကြောက်နဲ့တော့နော် ၊ ကျုပ်တို့အခု တောင်ထိပ်မှာ နတ်မိစ္ဆာ

ကိုသွားရင်ဆိုင်ရမယ် ၊ အမှန်တရားကိုတော့ ဖော်ထုတ်ပြီးပြီ ၊

မင်း ကျုပ်ကိုမယုံဘူးဆိုရင် ဒီမှာနေခဲ့လို့ရပါတယ်"

မိန်းကလေးက သူမ၏မျိုးနွယ်စုဝင်လူများကို တစ်ချက်လှမ်း

ကြည့်လိုက်လေသည်။ လူများသည် သူမကို ဒေါသတကြီးဖြင့်

ကြည့်နေကြလေသည်။

သူမက တိုးလျစွာဖြင့်...

"ကျွန်မ ရှင်နဲ့ပဲလိုက်ခဲ့ပါတော့မယ် နတ်ဆရာ..."

သူမသည် အားနည်းပြီး နူးညံ့သည့်မိန်းကလေးတစ်ယောက် ဖြစ်သည့်အတွက် အများအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်း လည်း နည်းပါးလေသည်။ သို့သော် အနည်းဆုံးတော့ ဆန်းလျန်က သူမ၏ မျိုးနွယ်စုဝင်များထက်ပိုပြီးတော့ပင် သူမအပေါ်တွင် ကောင်းမွန်ခဲ့သည့်အတွက် ဆန်းလျန်နောက်သို့ လိုက်ရန် ရွေး ခြယ်ခဲ့ခြင်း ဖြစ်လေ၏။

ဆန်းလျန် ထွက်ခွာသွားပြီးသည့်နောက်မှ သူမ၏ မျိုးနွယ်စုက သူမနှင့် သမီးငယ်ဖြစ်သူကို အန္တရယ်ပြုမည်ကို သူမ စိုးရိမ်မိ လေသည်။

အခန်း (၅၄၃) စားပြုလုပ်ခြင်း

ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်က တိမ်မစီးတော့ပါ။ သူက သားအမိနှစ်ယောက်ကို တောင်ပေါ်သို့ ခြေလျှင်ခရီးဖြင့် ခေါ်ဆောင်သွားခဲ့လေသည်။ တောင်ပေါ်တွင် နှင်းများဖုံးလွှမ်းနေပြီး မြောက်လေက အော်မြည်ကာ တိုက်ခတ်နေလေသည်။ သာမန်အားဖြင့်ဆိုလျှင် ထိုကဲ့သို့သော ရာသီဥတုမျိုးတွင် အားလျန်တို့သားအမိနှစ်ယောက်လုံး အေးခဲသွားကြမည် ဖြစ်လေသည်။ သို့သော် သူတို့သည် ဆန်လျန်နှင့် နီးကပ်နေသဖြင့် ရေပူစမ်းလေးတစ်ခုအနားတွင်ရောင်နေသည့်အလား နွေးထွေးလျှက်ရှိကြလေသည်။

အားလျှန်၏ ရင်ထဲမှ စိတ်မသက်မသာခံစားနေရမှုများသည်

ဆန်းလျှန်ထံမှနွေးထွေးမှုများကြောင့် ပျောက်ကွယ်သွားရ

တော့သည်။

"ဒီတောင်ရဲ့နာမည်ကဘာလဲ..."

ဆန်းလျှန်က ရုတ်တရက်မေးလိုက်သည်။

"ဒီတောင်ကို ချုန်းဟိုတောင်လို့ခေါ်ပါတယ်၊ ဒီတောင်ရဲ့သခင်

က ချုန်းဟိုလို့ခေါ်တဲ့ ကျားတစ်ကောင်ပါ၊ အဖြူရောင်

မင်းကြီးရဲ့သားတော်ယွမ်ယန်က အဲဒီကျားကို ဒီတောင်ကို

အပိုင်စားပေးခဲ့တာပါ၊ ဒီတောင်က သူ့ရဲ့အမှတ်အသားပါပဲ"

အားလျှန်သည် အနည်းငယ်အကြောက်ပြေသွားပြီဖြစ်သဖြင့်

ဆန်းလျှန်၏ မေးခွန်းကို ဖြေလိုက်လေသည်။

ဆန်းလျှန်က ကျားနက်ကြီးကို လက်ညိုးတစ်ချက်ထိုးလိုက်

ပြီး...

"ချုန်းဆိုတဲ့အမည်က ကောင်းမွန်တဲ့ မျိုးနွယ်အမည်ပဲ ၊ မင်းကို အခုအချိန်ကစပြီး ချုန်းဟောဟူလို့ အမည်ပေးလိုက် မယ်"

"ကောင်းတယ် ကောင်းတယ်"

ဟု ရှောင်ဟောက ပြန်ပြောလိုက်လေသည်။

ရှောင်ဟောက ဆန်းလျန်ကို တာ့ရှားပြည်မှ ဘာသားစကားဖြင့် ပြန်ပြောလိုက်ခြင်းဖြစ်လေသည်။

ထို့ကြောင့် အားလျန်မှာ ရှောင်ဟောပြောသည့် ဘာသာစကား ကို နားမလည်သည့်တိုင် ကျားနက်ကြီး၏မျက်နှာထားမှာ အလွန်မှရယ်စရာကောင်းသည်ဟု တွေးရင်း ကြိတ်ရယ်လိုက်မိ လေသည်။

ချုန်းဟိုတောင်သခင်သည် ကျားတစ်ကောင်ဖြစ်သည်ဟု ဆို လေပြီ။ ရှောင်ဟောသည်လည်း လူသားမစားသည့်တိုင် ခပ် လွယ်လွယ် ကျားတစ်ကောင်တော့ မဟုတ်ခဲ့ပေ။

ရှောင်ပေးသည် သခင်လေးကို ပျော်ရွှင်စေလိုသည့်အတွက်

သာ သိက္ခာအကျခံကာ ပေါတောတောလုပ်နေခြင်း ဖြစ်လေ

သည်။

ဆန်းလျန်သည် အရှေ့တိုင်းစစ်သည်တော်များ၏ဒေသကို

ခဏတာခရီးနှင်ခဲ့ပြီးသည့်နောက် မျိုးနွယ်စုများ၏ ရိုးရာပုံပြင်

များစွာကို သိရှိမှတ်သားခဲ့လေသည်။ ထို့ကြောင့် သူက အား

လျန်နှင့် သူမ၏သမီးငယ်ကို လမ်းတစ်လျှောက်တွင် ပုံပြင်များ

ပြောပြလာခဲ့လေသည်။

တတိယမြောက်ပုံပြင်ကို ပြောပြပြီးသည့်အခါတွင်တော့ သူ

တို့သည် ဂူတစ်ဂူအနီးသို့ရောက်ရှိလာခဲ့လေသည်။ ဂူမှာ

ခြောက်သွေ့ပြီး ကျယ်ဝန်းလေသည်။ ထိုနေရာမှ မိစ္ဆာ

အငွေ့အသက်များ ထွက်ပေါ်လျှက် ရှိလေ၏။

ဆန်းလျန် ဂူဝသို့ရောက်သည်နှင့် ဂူအတွင်းမှ မိစ္ဆာလေပြင်း

တစ်ချက် တိုက်ခတ်လာလေသည်။

ရုတ်တရက်....

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ကျသွားပြီး ကျားဦးခေါင်းနှင့် လူခန္ဓာကိုယ်ရှိသည့် နတ်မိစ္ဆာတစ်ကောင် ဂူအတွင်းမှ ထွက်ပေါ်လာလေသည်။ သူ့နောက်မှ တစ္ဆေစစ်တပ်ကြီးတစ်တပ်လည်း လိုက်ပါလာလေသည်။ ထိုတစ္ဆေစစ်တပ်ကြီးထဲတွင် ဝူကျုန်းမျိုးနွယ်စုခေါင်းဆောင်ကိုလည်း တွေ့ရလေသည်။ သူက ဆန်းလျန်ကို လက်ညိုးထိုးပြပြီး နတ်မိစ္ဆာဘုရင်ကို တီးတိုးစကားပြောနေလေသည်။

ဆန်းလျန်သည် ထိုချန်းကွေ့တစ္ဆေများကိုကြည့်ပြီး စိတ်မသက်မသာ ခံစားလိုက်ရလေသည်။

နတ်မိစ္ဆာဘုရင်က ပါးစပ်ကို ဟပြီး စကားစတင်ပြောလိုက်သည်။

"ကျုပ်နာမည်က ချုန်းဟိုလို့ခေါ်တယ်၊ ဒီတောင်ရဲ့ဘုရင်ပဲ၊ ကျုပ်ကို ဒီရာထူးအပ်နှင်းခဲ့သူကတော့ အဖြူရောင်မင်းကြီးရဲ့

သားတော် ယွမ်ယန်ပဲ ၊ ဒီတောင်ကနေ မိုင်သုံးထောင်ပတ်လည် အတွင်းဟာ ကျုပ်ရဲ့ပိုင်နက်ဇရိယာပဲ ၊ မင်းလို့ ကျင့်ကြံသူ လူငယ်လေးက ကျုပ်ကို ပြဿနာရှာရဲသလား ၊ ဒီလိုပြဿနာ ရှာတာဟာ အရှေ့တိုင်းစစ်သည်တော်တွေကို စိန်ခေါ်ရာရောက် တယ်ဆိုတာ မသိဘူးလား"

နတ်မိစ္ဆာဘုရင်ချုန်းဟိုသည် တောင်များတွင် လှည့်လည် ကျက်စားနေသည့် ကျားဆိုးတစ်ကောင်ဖြစ်လေသည်။ သူက နှစ်ပေါင်းတစ်ထောင်ခန့် ကျင့်ကြံခဲ့ပြီး လူသားအဖြစ် အသွင် ပြောင်းနိုင်သည်မှာ နှစ်ပေါင်းသုံးရာခန့် ရှိပြီ ဖြစ်လေသည်။ သူ၏ပိုင်နက်ဖြစ်သည့် မိုင်ပေါင်းသုံးထောင်ပတ်လည်တွင် သူက အာဏာရှင်ဆန်စွာသောင်းကြမ်း လျှက်ရှိလေ၏။

ထိုကျားဆိုးနှင့် ယွမ်ယန်ဆုံတွေ့သည့်အချိန်တုန်းက ယွမ်ယန် သည် စစ်သူရဲကောင်းများကို လိုက်လံစုစည်းနေသည့် အချိန် ဖြစ်လေသည်။ သူက နာမည်ဆိုးနှင့်ကျော်ကြားသည့် ချုန်းဟို

ကျားမိစ္ဆာအကြောင်း ကြားသိရသည့်အခါ သူ့ကို ခြေပြိမ်သွား စေရန်အတွက် တောင်တစ်တောင်ကို အပိုင်စားပေးခဲ့ခြင်းမျှ သာ ဖြစ်လေသည်။

ချုန်းဟိုမှာ သူကျင့်ကြံခဲ့သည့် မိစ္ဆာကျင့်စဉ်ကြောင့် လူသား များကို စားသောက်ရန် လိုအပ်လေသည်။ သူက ဝူကျုန်းမျိုး နွယ်စုခေါင်းဆောင်ကိုလည်း ချန်းကွေတစ္ဆေအဖြစ် ပြောင်းလဲ ပစ်ခဲ့လေသည်။ ထို့ကြောင့် ဝူကျုန်းမျိုးနွယ်စု ခေါင်းဆောင်သည် သူစားသောက်ရန်အတွက် လတ်ဆတ် သည့်လူသားများ ထောက်ပံ့ပေးသည့် သူ၏လက်အောက်ငယ် သာ တစ်ယောက် ဖြစ်လာခဲ့လေသည်။

ချုန်းဟိုသည် ယခင်တုန်းက သာမန်ကျင့်ကြံသူများနှင့် သူ ရင်ဆိုင်ခဲ့ဖူးပြီး သူက သိုင်းကွက် နှစ်ကွက် သုံးကွက်ထုတ် လိုက်သည်နှင့် ထိုသူများသည် သူ့ကို ရှုံးနိမ့်ကြရသည်ပဲ ဖြစ် လေသည်။

သို့သော် ယခု သူ့ရှေ့တွင်ရောက်နေသည့် ကျင့်ကြံသူလူငယ်လေးသည် ငယ်ရွယ်ပုံရသော်လည်း တန်ခိုးစွမ်းအားကတော့ မည်မျှနက်ရှိုင်းသည်ကို ခန့်မှန်း၍မရခဲ့ပေ။ ထို့ကြောင့် သူက အဖြူရောင်မင်းကြီး၏ သားတော်ယွမ်ယန်၏အမည်ကို အသုံးပြုကာ ခြိမ်းခြောက်လိုက်ခြင်း ဖြစ်လေ၏။

ဆန်းလျန်က...

"ဆိုရိုးစကားတစ်ခုရှိတယ်၊ "ကျားယောင်ဆောင်တဲ့မြေခွေး" ဆိုတာလေ၊ ဒါပေမယ့် မင်းကတော့ ကျားတော့ ကျားပါပဲ၊ ဘာလို့ သူများရဲ့နာမည်ကိုအသုံးပြုပြီး အကာအကွယ်ယူနေရတာလဲ၊ အဆိုးဆုံးကတော့ မင်းက အဖြူရောင်မင်းကြီးရဲ့သားတော်ယွမ်ယန်ရဲ့နာမည်ကိုအသုံးပြုပြီး အကာအကွယ်ယူထားတာပဲ၊ အခု ယွမ်ယန်ဟာ တာ့ရှားကောရာဇ်ရဲ့ နှိမ်နင်းခြင်းကိုခံရပြီး ပျောက်ကွယ်သွားပြီဆိုတာ မင်းမသိဘူးလား"

ချုန်းဟိုသည် ဆန်းလျန်၏စကားကို ယုံရခက်ခက် ဖြစ်နေလေသည်။ တကယ်တမ်းပြောရလျှင် အဖြူရောင်မင်းကြီး၏သားတော်နှင့်တာ့ရှားကေရာဇ်ဆိုသည့်အမည်များမှာ ချုန်းဟိုနှင့် အလွန်ပင် အလှမ်းကွာဝေးလှလေသည်။ သူသည် တောင်တစ်တောင်ကိုပိုင်စိုးသည့် နတ်မိစ္ဆာတစ်ကောင်မျှသာဖြစ်ပြီး များပြားသည့်အကြောင်းအရာများကို သိရှိနိုင်ခြင်းမရှိပေ။

"မင်းစကားတွေကို ဘယ်လိုလုပ်ယုံရမှာလဲ ၊ တိုက်ခိုက်ချင်တယ်ဆိုရင်တော့ ကျုပ်က အဆင်သင့်ပဲနော်"

ချုန်းဟိုက ပြန်ပြောလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ချုန်းဟိုက လက်တစ်ဖက်ဝှေ့ယမ်းကာ အချက်ပြလိုက်လေသည်။

ထိုအခါ ချန်းကွေတစ္ဆေများသည် ရှေ့သို့ ထွက်လာကြလေသည်။ ချုန်းဟိုသည် ဆန်းလျန်၏ဇာစ်မြစ်ကို သေသေချာချာ မသိသေးသည့်အတွက် ချန်းကွေတစ္ဆေများကို အရင်ဆုံး

တိုက်ခိုက်စေလိုက်ခြင်း ဖြစ်လေသည်။ ထိုတစ္ဆေများသေဆုံး သွားလျှင်လည်း သူ့အနေဖြင့် စိတ်မကောင်းဖြစ်စရာ အကြောင်းမရှိပေ။
အားလျှန်သည် ရှေ့သို့ထွက်လာသည့် ချန်းကွေ့တစ္ဆေများကို ကြည့်နေလေသည်။
တစ္ဆေများ၏ ခန္ဓာကိုယ်များဆီမှ အနက်ရောင်အခိုးအငွေ့များ ထွက်ပေါ်လာလေသည်။ ဆန်းလျှန်က အသက် တစ်ချက်ရှူ လိုက်လေသည်။
ဆန်းလျှန်၏ အသက်တစ်ချက်ရှူသံသည် ဟာရီကိန်းမုန်တိုင်း တစ်ခုအဖြစ် ပြောင်းလဲသွားပြီး ချန်းကွေ့တစ္ဆေများ သည် မုန်တိုင်းထဲတွင် ပိတ်မိနေပြီး သူတို့၏ခန္ဓာကိုယ်များမှာ မီးခိုး ငွေ့များအဖြစ် ပြိုကွဲသွားကြလေသည်။
ဆန်းလျှန်က လေထဲမှ မီးခိုးငွေ့များကို ကြည့်ကာ ပြန်လည်မွေး ဖွားခြင်းဂါထာကို ရွတ်ဆိုလိုက်လေသည်။ချန်းကွေ့တစ္ဆေ

များသည် မည်မျှဆိုးယုတ်သူများဖြစ်ပါစေ လူပြန်ဝင်စားရန် အတွက်တော့ အခွင့်အရေးရသင့်လေသည်။

ဆန်းလျန်က ချန်းကွေတစ္ဆေများကို လွယ်လွယ်ကူကူဖြင့် သုတ်သင်လိုက်သည်ကို မြင်တွေ့လိုက်ရသည်နှင့် ချုန်းဟိုမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

သူက လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလိုက်သည့်အခါ သူ၏လက်ထဲတွင် လံှုတံတစ်လက်ပေါ်လာလေသည်။ ကျား ဟိန်းသံကြီးတစ်သံထွက်ပေါ်လာပြီး ချုန်းဟိုသည် ပေတစ်ရာ ခန့်မြင့်သည့် ကျားကြီးတစ်ကောင်အဖြစ် ပြောင်းလဲသွားလေ သည်။ ချုန်းဟိုက သူ၏လက်ထဲတွင်ကိုင်ထားသည့် လှံတံကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ဆန်းလျန်ကို ထိုးစိုက်ချလိုက်လေ သည်။

ချုန်းဟိုကိုင်ဆောင်ထားသည့် လှံတံသည် သန့်စင်သည့် သံမဏိဖြင့် ပြုလုပ်ထားသည့် လက်နက်ကောင်းတစ်ခု ဖြစ်

လေသည်။ အရှေ့ပင်လယ်ဘက်တွင် နတ်ဘုရားတစ်ပါးနှင့် တွေ့ဆုံခဲ့ပြီး ထိုနတ်ဘုရားက သူ့ကို လက်ဆောင်ပေးခဲ့ခြင်းဖြစ် လေသည်။

ဆန်းလျန်က သူ့ဆီသို့ ဝင်ရောက်လာသည့် သံမဏိလုံ့တံကို လက်ချောင်းများဖြင့် စုပ်ကိုင်ကာ တားဆီးထားလိုက် သည်။ ထို့နောက် ဆန်းလျန်သည် လုံ့တံကို စောင့်စွဲလိုက်ကာ ကျား မိစ္ဆာကြီးကို တောင်နံ့ရံဆီသို့တွန်းထုတ်လိုကပြီး လုံ့တံဖြင့် ထိုး စိုက်ချလိုက်လေတော့သည်။

ဆန်းလျန်က ချုန်ဟိုကို သတ်တော့မည့်ဆဲဆဲတွင် တစ်စုံတစ်ယောက်၏ အော်ဟစ်သံကိုကြားလိုက်ရလေသည်။

"အစ်ကိုဆန်း.... မလုပ်ပါနဲ့..."

ရောက်လာသည့်လူမှာ အနက်ရောင်ယူနီကွန်းကြီးကိုစီးထား သည့် ဝမ်ကျုန်းပင် ဖြစ်လေသည်။ ဆန်းလျန်မှာဝမ်ကျုန်းနှင့် မတွေ့ရသည်မှာပင် ရက်ပေါင်းအတန်ကြာခဲ့ပြီ ဖြစ်လေသည်။

ဝမ်ကျုန်းက တားဆီးလိုက်သည့်တိုင် ဆန်းလျန်၏လက်က ရပ်တန့်မရတော့ပေ။ လုံတံသည် ကျားမိစ္ဆာကြီး၏ ရင်ဝသို့ စိုက်ဝင်သွားလေသည်။ ဝမ်ကျုန်းက သူ၏လက်ထဲတွင် ကိုင်လာသည့် အလံငယ်ကို တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ ကျားမိစ္ဆာကြီး၏ ဝိညာဉ်သည် အစိမ်းရောင်အခိုး အငွေ့များအဖြစ်ပြောင်းလဲကာ အလံအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်က ဝမ်ကျုန်းကို ပြုံးပြလိုက်ရင်း....

"အစ်ကိုဝမ်က တားပေးမယ့် ကျုပ်က လက်လွန်သွားပြီ..."

ဝမ်ကျုန်းက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"ခင်ဗျားလုပ်တာနဲ့ ကျုပ်တော့ အလုပ်တွေ ရှုတ်ရတော့မယ် ဗျာ... ဒီနတ်မိစ္ဆာကို ကျုပ်အသွင်ပြောင်းပေးထားတာ ဗျ... ၊ သူက ဝူတင်ရဲ့လက်အောက်မှာ စစ်ဗိုလ်ချုပ်တစ်ယောက်ဖြစ်ဖို့ ကံပါလာတဲ့သူပဲ ၊ အခု ခင်ဗျားက သူ့ကိုသတ်လိုက်တော့ သူ

ပြန်ဝင်စားဖို့ ခန္ဓာကိုယ်တစ်ခုထပ်ရှာပြီး ကံတရားအတိုင်းဖြစ်

အောင် လုပ်ပေးရတော့မယ်"

ဆန်းလျန်က....

"ဒီနတ်မိစ္ဆာကောင်က ဘာတွေလုပ်နေလဲဆိုတာ အစ်ကိုဝမ် မ

သိဘူးလား ၊ ချန်းကွေတစ္ဆေတွေ သူဖန်တီးထားတဲ့ကိစ္စကိုထား

လိုက်ဦး ၊ သူက လူတွေကို သတ်ဖြတ်စားသောက်နေတာ ၊

ကျုပ်တို့ အစ်ကိုဝမ်တို့လို လူမျိုးတွေက ဒီလိုကိစ္စကို သည်းခံ

နေရမှာလား"

"ခင်ဗျားက အကြောင်းစုံကိုမှ မသိသေးတာ ၊ ဒီ ဝူကျုန်းမျိုး

နွယ်စုဆိုတာက မျိုးနွယ်စုကြီးတစ်ခုကနေ အပြစ်ဒဏ်ပေးခံရ

ပြီး နှင်ထုတ်ခံလိုက်ရတဲ့ မျိုးနွယ်စုတစ်ခုပဲ ၊ သူတို့အပြစ်တွေ

ကများလွန်းတယ် ၊ သူတို့ကို ဒီနတ်မိစ္ဆာစားတော့ရော ဘာဖြစ်

သေးလဲ ၊ သူတို့အပြစ်တွေကျေနိုင်မှာမှ မဟုတ်တာ"

ဝမ်ကျုန်းက သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ခင်ဗျားက ကံတရားရဲ့ အဆိုးနဲ့အကောင်းကို ဘက်ညှိပေးနေတာလား ၊ ဒါပေမယ့် လူသားဆန်မှုဆိုတာကိုရော ခင်ဗျားထည့်တွက်ရဲ့လား ၊ လူသားဆန်မှုဆိုတာကို မသိဘူးဆိုရင် နောက်ကျရင် ခင်ဗျား မိုးကောင်းကင်က အပြစ်ဒဏ်ခတ်တာကို ခံရလိမ့်မယ်"

ဆန်းလျန်စကားကြောင့် ဝမ်ကျုန်းက ဒေါသထွက်သွားရလေသည်။

"ကျုပ်က ခင်ဗျားကိုခင်မင်လို့ပြောပြနေတာကို ခင်ဗျားက ကျုပ်ကို ဘာလို့ ကျိန်ဆဲနေရတာလဲ"

ထို့နောက် သူက ဆေးစက်စွာဖြင့်...

"ခင်ဗျားက တကယ်တော်တဲ့လူတစ်ယောက်ဆိုတာ ကျုပ်လက်ခံပါတယ် အစ်ကိုဆန်း ၊ ဒါပေမယ့် သက်ရှိသတ္တဝါ တွေရဲ့အစနဲ့အဆုံးကို နားမလည်ဘူးဆိုရင်တော့ ကျုပ်ကို

မိုးကောင်းကင်က ဒဏ်ခတ်မယ်ဆိုရင် ခင်ဗျားလည်း အဲဒီ

အတိုင်းဒဏ်ခတ်ခံရမှာပဲ"

"အဲဒီလိုသာဖြစ်လာခဲ့ရင် အစ်ကိုဝမ် မမြင်တွေ့လိုက်ရမှာပဲ

စိတ်ပူမိပါတယ်"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ဝမ်ကျုန်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"စောင့်ကြည့်ရတာပေါ့လေ..."

ထို့နောက် ဝမ်ကျုန်းက အနက်ရောင်ယူနီကွန်းကြီးကို ခြေဖြင့်

တစ်ချက်ကန်လိုက်ပြီး ထွက်ခွာသွားလေတော့သည်။

ဆန်းလျန်က ပြုံးရင်း တွေးလိုက်မိသည်။

"အကျိုးအကြောင်းတွေမှ မတူညီတာ ၊ လူတစ်ယောက်ရဲ့

ကံကြမ္မာကို နောက်ထပ်လူတစ်ယောက်က ဝင်ပြီးဆုံးဖြတ်ပေး

လို့ ဘယ်လိုလုပ်ရမှာတဲ့လဲ"

ဆန်းလျန်က တောင်နံရံတွင် စိုက်နေသည့် သံမဏိလှံတံကို တစ်ချက်ကြည့်လိုက်ပြီးမှ ရှောင်ပေးနှင့် အားလျန်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ကျုပ်ဒီနေရာမှာပဲ လက်နက်တစ်ခု ပြုလုပ်ချင်တယ်..."

ရှောင်ပေးက...

"သခင်လေးက ဘယ်လိုလက်နက်မျိုးပြုလုပ်ချင်တာလဲ..."

ဆန်းလျန်က ရှောင်ပေးကို ကြည်ကြည်လင်လင်ဖြင့်ပင် စိုက်ကြည့်လိုက်ရင်း...

"ရတနာဓားတစ်လက်ပေါ့..."

ရှောင်ပေးက အံ့ဩသွားပြီး သူ့ဟာသူ ရေရွတ်လိုက်သည်။

"ရတနာဓားတဲ့ ၊ ကြားရတာ နာမည်ကြီးက တုံးလိုက်တာ..."

သို့သော် သူ၏မျက်နှာက ချက်ချင်းပြောင်းသွားပြီး...

"တကယ်ကောင်းတဲ့နာမည်ပဲ ၊ စိတ်ဝင်စားစရာလည်းကောင်းတယ် ၊ သခင်လေးက တကယ့်ကိုဆန်းကျယ်တဲ့ လူတစ်ယောက်ပဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါပေါ့... ဒါပေမယ့် အဲဒါက ဓားနာမည်မဟုတ်သေးဘူး ၊ တကယ်တော့ ကျုပ်အသုံးပြုဖို့ လက်နက်တစ်ခုလိုနေလို့ ဓားတစ်လက်ပြုလုပ်ရမှာ"

အခန်း (၅၄၄) ချင်းရှမ်ဂူ

လုံတံသည် သန့်စင်သည့်သံမဏိစစ်စစ်ဖြင့် ပြုလုပ်ထားခြင်း ဖြစ်သောကြောင့် အလွန်ထူးခြားသည့် လက်နက်တစ်ခု ဖြစ်လေသည်။ ဆန်းလျန်သည် ထိုလုံတံကိုအသုံးပြုပြီး ဓားတစ်လက်ပြုလုပ်ရန် ရည်ရွယ်ထားလေသည်။

ဝမ်ကျုန်းသည် သူနှင့်ဆန်းလျန်မှာ လမ်းမတူသည့်လူများဖြစ်ကြသည်ကို ကောင်းကောင်းနားလည်ထားသည့်တိုင် ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်ကို အမှန်တကယ်ပင် ဒေါသထွက်နေမိလေသည်။

အားလျန်မိန်းကလေးသည် ဆန်းလျန်က ချုန်းဟိုကျားမိစ္ဆာဘုရင်ကို နှိမ်နင်းလိုက်သည်ကို တွေ့မြင်ရသည်နှင့် ချက်ချင်းပင် ဆန်းလျန်ကို ဦးသုံးကြိမ်ချကာ ကန်တော့လိုက်လေသည်။ အမှန်တော့ သူမ၏ခင်ပွန်းသည်လည်း ထိုကျားမိစ္ဆာကြီး

ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်လေရာ ယခုတော့ ဆန်းလျန်က သူမအတွက် လက်စားချေပေးခဲ့ပြီ။

ဆန်းလျန်က အားလျန်၏ ဂါရဝပြုခြင်းကို လက်ခံပြီးမှ သူမကို ထခိုင်းလိုက်လေသည်။

"ကျုပ် ဒီတောင်ပေါ်မှာ ဓားတစ်လက်ပြုလုပ်မယ် ၊ မင်း ဝူကျူန်းမျိုးနွယ်စုတွေဆီကို ပြန်မသွားချင်ဘူးဆိုရင် ကျုပ်ဆီမှာ ခဏနေလို့ရတယ် ၊ ကျုပ်မင်းကို အသက်ရှူတဲ့ကျင့်စဉ် သင်ပြပေးမယ် ၊ ဒါဆိုရင် မင်းနဲ့ မင်းရဲ့သမီးလေးတစ်ဘဝလုံး အေးအေးဆေးဆေးနေနိုင်လိမ့်မယ် ၊ ဒါပေမယ့် နောက်ပိုင်း ဘာတွေဖြစ်လာမလဲဆိုတာ တော့ကျုပ်လည်း ဘာ အာမခံချက်မှ မပေးနိုင်ဘူး"

အားလျန်သည် အသိဉာဏ်အလွန်ကြွယ်ဝခြင်းမရှိသည့်တိုင် ဆန်းလျန်နှင့်အတူ နေထိုင်ခြင်းက သူမ၏လူမျိုးစုများ ထံပြန်သွားခြင်းထက် ပိုပြီးအန္တရယ်ကင်းနိုင်သည်ကို သိရှိလေ

သည်။ ထို့ပြင် ဆန်းလျန်က သူမကို အသက်ရှူကျင့်စဉ်လည်း သင်ပြပေးဦးမည်ဖြစ်လေသည်။ ဆန်းလျန်သည် ဤသို့ ပြုလုပ်ပေးသည်မှာ သူမ၏အကျိုးအတွက်သာဖြစ်သည်ကို အားလျန် သိလေသည်။ ဆန်းလျန်ကဲ့သို့သောလူမျိုးသည် သူမလိုလူတစ်ယောက်ထံမှ မည်သည့်အရာကိုမှ ပြန်တောင်းဆို လာနိုင်စရာ အကြောင်းမရှိပေ။

"နတ်ဆရာရဲ့ကျေးဇူးတွေကို အားလျန်ဒီတစ်သက် မမေ့ပါဘူး" ဟု သူမက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။ ထိုအခါ လေဆင်နှာမောင်းတစ်ခုဖြစ်ပေါ်လာပြီး နတ်မိစ္ဆာ နေထိုင်သည့်ဂူတွင်းသို့ ဝင်ရောက်သွားလေသည်။ ဆယ့်ငါး မိနစ်ခန့်ကြာသည့်အချိန်တွင်တော့ လေဆင်နှာမောင်းသည် ဂူထဲ မှ ပြန်ထွက်လာလေသည်။ သို့သော် လေဆင်နှာမောင်းတစ်ခု လုံးမှာ အနက်ရောင်ပြောင်းလဲနေပြီ ဖြစ်လေသည်။

ထို့နောက် ဆန်းလျန်သည် တောင်အနောက်ဘက် စမ်းချောင်းလေးဆီမှ ရေကို လက်ညိုးညွှန်လိုက်လေရာ သန့်ရှင်းသောရေသည် ဂူအတွင်းသို့ စီးဝင်သွားပြီး အညစ်အကြေးများအားလုံး သန့်စင်ပြီးသား ဖြစ်သွားလေသည်။

ထို့နောက် ဆန်းလျန်က...

"ဂူထဲမှာ နေစရာတွေ အများကြီးရှိတယ်၊ မင်းယာယီနေဖို့အတွက် ကြိုက်တဲ့တစ်ခုကို ရွေးလို့ရတယ်"

အားလျန်က ဆန်းလျန်ကို အလွန်ကျေးဇူးတင်နေမိလေသည်။

ရုတ်တရက်... သူမသည် နတ်ဆရာ၏နာမည်ကိုပင် မသိသေးသည်ကို သတိရသွားမိပြီး မေးလိုက်လေသည်။

"နတ်ဆရာ၊ ရှင့်ရဲ့နာမည်ကိုတောင် ကျွန်မ မသိရသေးဘူး"

ဆန်းလျန်က တစ်ခဏမျှ စဉ်းစားနေလေသည်။ ပြီးမှ သူ၏လက်ဖဝါးကို ဖြန့်လိုက်လေရာ လက်ဖဝါးထက်သို့ သံမဏိလုံတံ ကျရောက်လာလေသည်။ ဆန်းလျန်က ဂူရှိရာသို့

လျှောက်သွားပြီး ယခင်ဂူနာမည်ရေးထိုးထားသည့်နေရာတွင် "ချင်းရှမ်ဂူ" ဟု ပြောင်းလဲ ရေးထိုးလိုက်လေသည်။

လူတစ်ယောက်သည် ကမ္ဘာပင်ခြားလင့်ဦးတော့ သူ၏မူလ ဇာစ်မြစ်ကိုတော့ မည်သည့်အခါမှ မမေ့သင့်ပေ။

ဆန်းလျန်က...

"မင်းကျုပ်ကို ချင်းရှမ်လို့ ခေါ်နိုင်ပါတယ်..."

ချင်းရှမ်နတ်တံခါးတည်ရှိရာလောကတွင် သူ၏တာအိုနာမည် သည် "ချင်းရှ" ဟူ၍တွင်ခဲ့လေသည်။ သူ့ဘဝ အစပြုခဲ့သည့် ချင်းရှဝတ်ကျောင်းတော်ကို အမှတ်ရသည့်အနေဖြင့် ထိုနာမည် ကို ပေးခဲ့ခြင်း ဖြစ်လေသည်။ ယခုတော့ သူ၏တာအိုနာမည် သည် ချင်းရှမ်ဖြစ်ခဲ့ပြီ။ သူကျင့်ကြံခဲ့သည့် ကျင့်စဉ်လမ်းသည် ချင်းရှမ်နတ်တံခါးမှ အခြေခံခဲ့သည်ကို မည်သည့်အခါမှ မမေ့ ပျောက်မသွားစေရန်အတွက် ထိုသို့ အမည်ပေးခဲ့ခြင်း ဖြစ်လေ သည်။

ထိုအမည်၏ရည်ရွယ်ချက်ကို သူတစ်ယောက်သာ သိလေသည်။ မည်သူမျှ သိနိုင်မည် မဟုတ်ပေ။

အားလျန်သည် ချင်းရွှမ်ဆိုသည့်အမည်ကို သူမ၏နှလုံးသားထဲတွင် မှတ်သားထားလိုက်လေသည်။ ထို့နောက် သူမက "ချင်းရွှမ်ဂူ" ဟု ရေးထိုးထားသည့် အမည်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ထို့နောက်တွင်တော့ အားလျန်သည် ဂူအတွင်းသို့ဝင်သွားပြီး ဆန်းလျန်သည် ဂူအပြင်ဘက်တွင် ကျန်ရစ်ခဲ့လေသည်။

အချိန် (၃) ရက်ကြာသွားခဲ့ပြီ ဖြစ်လေသည်။

နတ်ဆရာချင်းရွှမ်သည် ဂူထဲသို့ ဝင်မလာသည်ကို အားလျန်သတိထားလိုက်မိသည်။ အစပိုင်းတွင် နတ်ဆရာသည် သူမနှင့်မကောင်းသတင်းပြောဆိုခံရမည်ကို စိတ်ပူသည့်အတွက် တမင်သက်သက်ရှောင်နေခဲ့သည်ဟု ထင်ခဲ့မိလေသည်။

သို့သော် သူမအထင်မှားယွင်းသွားခဲ့လေသည်။

ထို့ပြင် နတ်ဆရာသည် ဓားပြုလုပ်မည်ဟု ပြောခဲ့ပြီး ဓား လည်း ပြုလုပ်ခြင်း မရှိသေးပါ။

သို့သော် ဆန်းလျန်က အချိန်ပြည့် တိတ်ဆိတ်ငြိမ်သက်နေခဲ့ သည်တော့မဟုတ်ပါ။ သူက အားလျန်ကို အသက်ရှူကျင့်စဉ် သင်ပြပေးခဲ့လေသည်။

အရှေ့တိုင်းစစ်သည်တော်များသည် ကျင့်စဉ်လမ်းနှင့် မစိမ်း ကြဘဲ အခြေခံရှိပြီးသားလူများဖြစ်ကြလေသည်။ ထို့ကြောင့် အားလျန်သည် အသက်ရှူကျင့်စဉ်ကို ခပ်မြန်မြန်ပင် တတ်မြောက်သွားခဲ့လေသည်။ အသက်ရှူကျင့်စဉ် ကိုကျင့်ကြံ ပြီးသည့်အခါ သူမသည် သိသိသာသာ တိုးတက်လာခဲ့လေ သည်။

သူမသည် အစာစားချင်စိတ်လည်း ဖြစ်လာပြီး တောအုပ် အတွင်းလှည့်လည်ကာ အသီးအနှံများကိုလည်း စုဆောင်းလေ တော့သည်။

လက်ရှိတောင်ကို ချုန်းဟိုနတ်မိစ္ဆာဘုရင်သိမ်းပိုက်လိုက်ပြီး

သည့်နောက်ပိုင်း လူအသွားအလာ နည်းပါးသွားလေ သည်။

ထို့ကြောင့် တောင်တစ်ခုလုံးတွင် အသီးအနှံမှာ အလွန်ပေါများ

လေသည်။

ရေအရင်းအမြစ်လည်းကောင်းမွန်သည့်အတွက် အားလျန်တို့

သားအမိသည် စိုးရိမ်ပူပန်မှုကင်းမဲ့စွာဖြင့် တောင်ပေါ်တွင်

နေထိုင်ခဲ့ကြရလေသည်။

ယခုတော့…

ဆန်းလျန်သည် ဂူအပြင်ဘက်ရှိ မြင့်မားသည့် ချောက်ကမ်းပါး

ကြီးထက်တွင် မတ်တပ်ရပ်နေလေသည်။ သူသည် သုံးရက်

လုံးလုံး ထိုနေရာတွင် ရပ်နေခဲ့ခြင်း ဖြစ်လေသည်။ ဆန်းလျ

န်၏ခန္ဓာကိုယ်ဝန်းကျင်တွင် အရမ်းရောင်အငွေ့အလျှာပါးများ

ဝန်းရံနေသည်ကို အားလျန်တွေ့မြင်ရလေသည်။ သူမ၏စိတ်

ထဲတွင် ဆန်းလျန်သည် လေထဲသို့ ပျံသန်းသွားတော့မည့် အလား ထင်ယောင်ထင်မှားဖြစ်နေမိလေသည်။

ဆန်းလျန်သည် ဓားပြုလုပ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်ကို အားလျန် သိရှိခဲ့ခြင်း မရှိပါ။

ဆန်းလျန်သည် ယခင်က ဒြပ်စင်ငါးပါးမှော်ဝင်ဓားကို ပြုလုပ်ခဲ့ဖူးလေသည်။ ချင်းရှမ်နတ်တံခါးတွင် ဒြပ်စင်ငါးပါးကို အသုံးပြုကာ ပြုလုပ်ခဲ့ခြင်း ဖြစ်လေသည်။ ထိုအချိန်က ဆန်းလျန်သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးပင် မဖြစ်သေးပေ။

ယခုတော့ ဆန်းလျန်သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်နိုင်ခဲ့ပြီ။ မိုးကောင်းကင်နတ်ဘုရားများထဲတွင်ပင် အလွန်အဆင့်မြင့်သည့် မိုးကောင်းကင် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

သူ့ဘဝတွင် ယခင်ကတွေ့ကြုံဖူးခဲ့သည့် နတ်ဘုရား

ထောင်ချောက်ဓား ၊ ငရဲလမ်းဓား ၊ ဆရာဘိုးဘိုးယွမ်ချင်း၏

ယွမ်တုဓားများအကြောင်းကို သူ စဉ်းစားနေမိသည်။

သူ၏ဂိုဏ်းတူအစ်ကို ချန်ကျန့်မေနှင့် သူနှင့်ယှဉ်ပြိုင်ခဲ့သူ ချန်

ပေသိုတို့မှလွဲပြီး မရဏဓားများကို သိကျွမ်းခြင်းအရာတွင် သူ့

ကို မီသည့်သူ မည်သူမှ မရှိပေ။

သူ့အနေဖြင့် တာ့ရှားကေရာဇ် သို့မဟုတ် ထျန်းယီကဲ့သို့သော

လူများကို ရင်ဆိုင်ရန်အတွက် မရဏဓားတစ်လက် လိုအပ်လေ

သည်။

သို့သော်... မရဏဓားဆိုသည်က ပြုလုပ်ရန်လွယ်ကူသည့် ဓား

တစ်လက်မဟုတ်ပေ။ ထို့ပြင် သူသည် ဂိုဏ်းတူအစ်ကို ချန်ကျ

န့်မေကဲ့သို့ ဓားသိုင်းပညာပါရမီဖြင့် မွေးဖွားလာခဲ့သူတစ်

ယောက်လည်း မဟုတ်ပေ။

ဆန်းလျှန်သည် မရဏာစားတစ်လက် ပြုလုပ်ရန်ဆုံးဖြတ်ထားခဲ့

လေသည်။

သို့သော် မရဏာစားပြုလုပ်ရန်အတွက် ပထမဆုံးအနေဖြင့်

သတ္တုပစ္စည်းများ လိုအပ်လေသည်။ ဒုတိယအနေဖြင့်

ထိပ်တန်းအဆင့်တန်ခိုးစွမ်းအား လိုအပ်ပြီး တတိယအနေဖြင့်

အင်အားအလွန်ပြင်းထန်သည့် မီးတောက်မီးလျှံကို လိုအပ်လေ

သည်။

ထိုသုံးခုထဲတွင် မီးတောက်မီးလျှံက အရေးအကြီးဆုံး ဖြစ်

လေ၏။

မရဏာစားသည် သာမန်စားတစ်လက်မဟုတ်သည့်အတွက်

ကြောင့် သာမာန်မီးကို အသုံးပြု၍မရနိုင်ပေ။ စစ်မှန်သည့်

သမာဓိမီးတောက်ကိုသာ အသုံးပြုရမည် ဖြစ်လေသည်။

စစ်မှန်သည့်သမာဓိမီးတောက်သည် ဆန်းလျှန်အတွက် မခက်ခဲ

ပါ။ သို့သော် သန့်စင်သည့် သမာဓိမီးတောက်ရရှိရန်မှာတော့

ခက်ခဲနေသေးသည်။ ထိုက်စန့်တာအိုဆရာဝင်စားသည်ဟု အဆိုရှိသည် ထိုက်စန့်လောင်ကျွင်းဘိုးဘိုးသာလျှင် သန့်စင်လွန်းသည့် စစ်မှန်သည့်သမာဓိမီးတောက်ကို သူ၏ဖိုထဲတွင် အသုံးပြုနိုင်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော် ဆန်းလျန်၏ သမာဓိမီးတောက်ကတော့ သန့်စင်ခြင်း မရှိနိုင်သေးပေ။

ထို့ကြောင့် ဆန်းလျန်သည် သမာဓိမီးတောက်ကိုသန့်စင်ရန် အတွက် အချိန်အနည်းငယ်ပေးရန် ဆုံးဖြတ်ထားလေသည်။ အချို့သော မိုးကောင်းကင်နတ်ဘုရားများသည်ပင်လျှင် စစ်မှန်သည့်သမာဓိမီးတောက်ကိုရရှိရန် ဆယ်စုနှစ်မှ ရာစုနှစ်များစွာကြာသည်အထိ ကျင့်ကြံရလေသည်။ သို့သော် ဆန်းလျန်၏အသိပညာက သမုဒ္ဒရာကဲ့သို့နက်ရှိုင်းပြီး မိုးမြေနိယာမများကို နားလည်သည့်အတွက် အချိန်တိုအတွင်းမှာပင် သမာဓိ

မီးတောက်၏ အနှစ်သာရကို ရရှိလိမ့်မည်ဟု ယူဆခဲ့လေ

သည်။

ကောင်းကင်ထက်မှ ကြယ်စင်များသည် မသေနိုင်သည့်

မီးတောက်များ ဖြစ်လေသည်။ နေနှင့်လသည် ကြယ်စင်များ

အားလုံးထဲတွင် အဆင့်အမြင့်ဆုံးဖြစ်လေသည်။နေနှင့်လနှစ်ခု

လုံးတွင်ထူးခြားသောလက္ခဏာများရှိလေသည်။

ဆန်းလျှန်သည် နေနှင့်လမှ စွမ်းအားများကို သူ၏ခန္ဓာကိုယ်

အတွင်းသို့ စုပ်ယူပြီး ယင်နှင့်ယန်ကို ပြန်လည်ပြုပြင်ပြီး

ဒြပ်စင်ငါးပါးကို ပြန်လည်ဖွဲ့စည်းခဲ့လေသည်။ ထိုအခါ သန့်စင်

သည့်တန်ခိုးစွမ်းအားတစ်ခုသည် သူ၏ခန္ဓာကိုယ်ထဲတွင် ဖြစ်

တည်လာလေသည်။ ထိုတန်ခိုးစွမ်းအားသည် စစ်မှန်သည့်

သမာဓိမီးတောက်ကို သန့်စင်စေသည့်မျိုးစေ့ကို ဖြစ်တည်စေ

လေသည်။

သို့သော် မိုးမြေနိယာမများပင်လျှင် ပြည့်စုံခြင်းမရှိလေရာ ဆန်းလျှန်၏ကျင့်စဉ်မှာလည်း ပြီးပြည့်စုံမည် မဟုတ်ပေ။ သန့်စင်ပြီး လျှို့ဝှက်ဆန်းကြယ်သည့် တန်ခိုးစွမ်းအားတွင် တာအိုကာရံအချို့ရှိပြီး ထိုစွမ်းအားသည် သမာဓိမီးတောက်ကို ပိုမိုသန့်စင်စေသည့်တိုင် အဖျက်စွမ်းအားမြင့်မားလေသည်။

အခန်း (၅၄၅) အရပ်လေးမျက်နှာ

ထိုသို့ဖြင့် အချိန်တစ်လခွဲခန့် ကြာခဲ့ပြီ…။

ညသန်းခေါင်အချိန်....

အားလျန်နှင့်း သမီးငယ်သည် ဂူထဲတွင် အိပ်ပျော်နေလေ သည်။ ထိုအချိန်တွင် ဂူအပြင်ဘက်မှ ထူးဆန်းသည့်အသံများ ကို ကြားလိုက်ရလေသည်။

အားလျန်၏သမီးငယ်လေးသည် နိုးလာလေသည်။ သူမ၏ကြည်လင်သည့်မျက်ဝန်းလေးများက ကြယ်စင်ကဲ့သို့ တောက်ပနေလေသည်။ ကလေးငယ်သည် ဆူညံမှုများ ထွက် ပေါ်လာရာနေရာသို့ လှမ်းကြည့်နေလေသည်။

အားလျန်မှာ နတ်ဆရာတစ်ခုခုဖြစ်မည်ကို စိတ်ပူသွားပြီး သမီး ငယ်ကိုချီကာ ဂူအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

ထိုအခါ ... ဂူအပြင်ဘက်တွင်စောင့်နေသည့် မျက်ဝန်း တောက်တောက်ကြီးတစ်စုံကို တွေ့လိုက်ရလေသည်။ ဆန်းလျ န် သင်ကြားပေးသည့် အသက်ရှူကျင့်စဉ်ကိုအသုံးပြုကာ အား လျန်က အမြင်အာရုံကို တိုးမြှင့်ပြီးကြည့်လိုက်လေသည်။

ထိုအခါ ထိုမျက်လုံးကြီးများမှာ ဆန်းလျန်၏ စီးတော်ယဉ်ဖြစ်သည့် ကျားနက်ကြီး၏ မျက်လုံးကြီးများဖြစ်သည်ကို တွေ့လိုက်ရလေသည်။

ထိုအခါမှ အားလျန်လည်း စိတ်သက်သာရာရသွားခဲ့လေသည်။ ထို့နောက် သူမက နတ်ဆရာထိုင်နေသည့် ကျောက်တုံးထက်သို့ လှမ်းကြည့်လိုက်လေသည်။ ကြယ်စင်နှင့်လမင်းများက တောက်ပနေသည့်တိုင် ဆန်းလျန်၏ ကိုယ်ရောင်ကိုယ်ဝါ တောက်ပမှုနှင့်ယှဉ်လျှင် မှေးမှိန်သွားရလေသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်ပတ်ပတ်လည်တွင် မီးတောက်မီးလျှံများဝန်းရံနေလေသည်။ မီးလျှံများသည် မြစ်တစ်စင်း အလား ဆန်းလျန်၏ခန္ဓာကိုယ်ကိုလှည့်ပတ်နေပြီး ကောင်းကင်မှ ကြယ်များပင် ဆန်းလျန်ရှိရာသို့ ကြွေကျလာတော့မည့်အလား ထင်မှတ်ရလေသည်။ ဆန်းလျန်ကိုတွေ့မြင်ရသည်မှာ အလွန်မှ

နက်နဲပြီး ထူးခြားဆန်းကြယ်လှလေသည်။ ဆန်းလျန်သည် အားလျန်၏နားလည်နိုင်စွမ်းကို ကျော်လွန်နေခဲ့လေသည်။ ဆန်းလျန်၏ပါးစပ်အတွင်းမှ အလင်းရောင်များ စီးဆင်းထွက်ပေါ်နေပြီး တောအုပ်အတွင်းမှ မရေမတွက်နိုင်သော သတ္တဝါများ ၊ အင်းဆက်ပိုးများ ၊ တွားသွားသတ္တဝါများ တစ်ကောင်မကျန် ဆန်းလျန်ဘေးနားတွင် လာရောက်စုရုံးနေကြလေသည်။

ရုတ်တရက်...

မြေပြင်တစ်ချက်တုန်ခါသွားလေသည်။

ထို့နောက် တောင်ထိပ်တွင် သန့်စင်သည့် ဝိညာဉ်စွမ်းအားတစ်ခု ထွက်ပေါ်လာလေသည်။ ထိုစွမ်းအားသည် နဂါးတစ်ကောင်အလား ထင်မှတ်ရလေသည်။ ထိုဝိညာဉ်စွမ်းအားသည် ဆန်းလျန်၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် ခရမ်းရောင်မြူခိုးအလွှာအတွင်းသို့ ပေါင်းစည်းသွားကာပျောက်ကွယ်သွားလေသည်။

ဆန်းလျန်၏ ပါးစပ်အတွင်းမှ ထွက်ပေါ်နေသည့် အလင်းရောင်စီးကြောင်း ရပ်တန့်သွားပြီး ဆန်းလျန်၏ ဦးခေါင်းထက်မှ ပိုင်ဟော့ဆုံချက်ပွင့်သွားကာ ဦးခေါင်းထက်မှ အခိုးအငွေ့များထွက်ပေါ်လာလေသည်။ ထိုအခိုးအငွေ့များသည် အလွန်လှပသည့်အစိမ်းနုရောင်ပန်းတစ်ပွင့်အဖြစ် ပြောင်းလဲသွားလေသည်။

အားလျန်သည် ထိုမျှထူးဆန်းသည့်မြင်ကွင်းမျိုးကို သူ့မ၏ဘဝတွင် တစ်ခါမှ မြင်တွေ့ခဲ့ဖူးခြင်း မရှိပေ။

အရပ်လေးမျက်နှာရှိ အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများမှာလည်း ချင်းရွှမ်ဂူမှ ထူးခြားချက်ကို သတိပြုမိသွားကြ ပြီးမျိုးနွယ်စုများ၏ ယာဇ်ပလ္လင်တည်ရှိရာနေရာများတွင် စုဝေးနေကြလေတော့သည်။ အရှေ့တိုင်းစစ်သည်တော် မျိုးနွယ်စုများ၏ ယာဇ်ပလ္လင်မှ မီးတောက်များမှာ မည်သည့်အခါမှ မငြိမ်းဘဲ ထာဝရတောက်လောင်ထွန်းလင်း နေကြသည့်မီးတောက်များဖြစ်လေသည်။

ယာဇ်ပလ္လင်မှမီးတောက်များသည် သာမန်မီးတောက်မျှသာဖြစ်သော်လည်း နှစ်ပေါင်းထောင်ချီကြာအောင် မငြိမ်းဘဲ လောင်ကျွမ်းနေခဲ့ကြသည့်အတွက် ပတ်ဝန်းကျင်မှ ဝိညာဉ်စွမ်းအားများကို စုပ်ယူနိုင်စွမ်းရှိလေသည်။ ထို့ကြောင့် မီးတောက်များသည် ဝိညာဉ်စွမ်းအားဖြင့် ပြည့်ဝလျှက်ရှိလေသည်။

ယခုအချိန်တွင်တော့ ယာဇ်ပလ္လင်များထက်မှ မီးတောက်များသည် ဆန်းလျှန်တည်ရှိရာနေရာသို့ ဦးညွှတ်နေခဲ့ကြလေသည်။

ချင်းရှမ်ဂူနှင့် မိုင်ပေါင်းငါးထောင်ဝေးကွာသည့်နေရာတွင် ပေါ်ယိမျိုးနွယ်စုများ နေထိုင်ကြလေသည်။ ပေါ်ယိမျိုးနွယ်စုသည် အလွန်အင်အားကြီးမားသည့်မျိုးနွယ်စုတစ်ခုဖြစ်ပြီး ယင်းစန်းဒေသနှင့် တစ်အူတုံဆင်း သွေးရင်းများဟု ပြော၍ရလေသည်။ ပေါ်ယိနှင့် ယင်းစန်းတို့မှ ဘိုးဘေးနှစ်ယောက်လုံးသည် စစ်ဝမ်

မင့်နောက်သို့ လိုက်ခဲ့ကြသည့် အရှေ့တိုင်းစစ်သည်တော် ခေါင်းဆောင်များ ဖြစ်ကြလေသည်။ ထိုဘိုးဘေးနှစ် ယောက်လုံးသည် တန်ခိုးစွမ်းအား အလွန်မြင့်မားသူများဖြစ် ကြသည့်တိုင်စစ်ဝမ်မင့် ပျောက်ကွယ်သွားသည့်အချိန်တွင် တော့ ထိုဘိုးဘေးနှစ်ယောက်လည်း ပျောက်ချင်းမလှ ပျောက် ကွယ်သွားခဲ့ကြလေသည်။

ပေါ်ယိမျိုးနွယ်စု၏ ယာဇ်ပလ္လင်ထက်မှ မီးတောက်မီးညွှန့် များသည်လည်း ဆန်းလျှန်ရှိရာအရပ်ဆီသို့ ဦးညွှတ်နေခဲ့ကြ လေသည်။ ပေါ်ယိမျိုးနွယ်စုခေါင်းဆောင်ကာ ထင်းရှူးပင်သုံး ပင်ကိုယူဆောင်ကာ ယာဇ်ပလ္လင်ထက်မှ မီးတောက်ကို မီးထိုး ပေးလိုက်လေသည်။

ယာဇ်ပလ္လင်ထက်မှမီးတောက်သည် မိုးကောင်းကင်မှ ကြယ်စင် များကဲ့သို့ ထာဝရတောက်လောင်နေပြီး နတ်မိစ္ဆာများကိုပင် အောင်နိုင်သည့်အစွမ်းရှိလေသည်။

ယနေ့ညတွင်တော့ မီးတောက်သည် ချင်းရွှမ်ဂူတည်ရှိရာ အရပ်ဆီသို့ ဦးညွှတ်နေခဲ့သည့်အတွက် ပေါ်ယိမျိုးနွယ်စု ခေါင်းဆောင်မှာ များစွာ ထိတ်လန့်နေခဲ့လေသည်။

"ဒါ ဘယ်လိုဖြစ်တာလဲ ဘိုးဘိုး"

ယာဇ်ပလ္လင်ထက်မှမီးတောက်မှာ ဝိညာဉ်စွမ်းအားဖြင့် ပြည့်ဝနေလေသည်။သို့သော်... မီးတောက်သည် ချင်းရွှမ်ဂူရှိရာသို့ ဦးညွှတ်လိုက်သည်နှင့် ဝိညာဉ်စွမ်းအားများမှာ အံ့သြစရာကောင်းလောက်အောင် ကျဆင်းသွားရလေသည်။

မီးတောက်ကိုကြည့်ပြီး မျိုးနွယ်စုခေါင်းဆောင်၏ရင်ထဲတွင် နင့်ကနဲခံစားလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော် ယာဇ်ပလ္လင်မှမီးတောက်တွင် ဝိညာဉ်စွမ်းအားများပြည့်ဝနေစေရန်အတွက် မနည်းကြိုးစားအားထုတ်ထားခဲ့ရလေသည်။သူက မီးတောက်ကိုအသုံးပြုကာ ကောင်းကင်မီးတောက်တာအိုခန္ဓာကျင့်စဉ်ကို ကျင့်ကြံရန်

ဆုံးဖြတ်ထားခဲ့လေသည်။ သို့သော် ယခုတော့ သူ့အကြံအစည်များ သည်သဲထဲရေသွန် ဖြစ်ရတော့မည်။

"အရင်ကတော့ အဲဒီနေရာမှာ ချုန်းဟိုလို့ခေါ်တဲ့ နတ်မိစ္ဆာဘုရင် တစ်ပါးနေတယ်၊ ဝူကျုန်းမျိုးနွယ်စုလည်း အဲဒီဒေသမှာရှိတယ်၊ အဲဒီနတ်မိစ္ဆာဘုရင်က သခင်လေးယွမ်ယန်ရဲ့ အမိန့်နဲ့ အဲဒီတောင်ကို အပိုင်စားရထားတာ၊ ဒါပေမယ့် သူ့ကို ကျင့်ကြံသူတစ်ယောက်က နှိမ်နင်းလိုက်ပြီး တောင်ကိုအပိုင်သိမ်းလိုက်တယ်လို့ သတင်းကြားတယ်၊ အခု ထူးဆန်းတဲ့ တန်ခိုးစွမ်းအားလှိုင်းလုံးကြီးဟာ အဲဒီနေရာကနေလာတာပါ"

မျိုးနွယ်စု၏အကြီးအကဲတစ်ယောက်ဖြစ်သည့် ဘိုးဘိုးက အက်ရှသည့်လေသံဖြင့် ပြန်လည်ဖြေကြားလိုက်လေသည်။

"အဲဒီကျင့်ကြံသူက ဘာလုပ်နေတာလဲ၊ သူ ဘာလျှို့ဝှက်ကျင့်စဉ်တွေ ကျင့်ကြံနေတာလဲဆိုတာက အရေးမကြီးဘူး၊ ဒါပေမယ့် ခုလိုထိခိုက်မှုတွေဖြစ်ကုန်တာ ကျုပ်တို့မျိုးနွယ်စုတစ်

ခုပဲဟုတ်ဟန်မတူဘူး ၊ ကျုပ်ဦးဆောင်ပြီး အဲဒီလူကို စာရင်းသွားရှင်းမှ ဖြစ်မယ်”

မျိုးနွယ်စုခေါင်းဆောင်သည် ဒေါသကို ထိန်းမရတော့ဘဲ ပြောလိုက်လေသည်။

အရှေ့တိုင်းစစ်သည်တော်များ၏ ဒေသတွင် ပေါ်ယိမျိုးနွယ်စုမှာ အင်အားကြီးမားသည့် မျိုးနွယ်စုတစ်ခုဖြစ်လေသည်။

ထို့ကြောင့် လောကနတ်ဘုရားနှစ်ပါးခန့်ကို အကူအညီတောင်းမည်ဆိုလျှင် သူတို့ကို ကျိန်းသေကူညီမည်ပဲ ဖြစ်လေသည်။

ထိုအရပ်မှ ကျင့်ကြံသူသည် မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားပါစေ လောကနတ်ဘုရားတစ်ပါးလောက်တော့ တန်ခိုးစွမ်းအားမြင့်မားနိုင်မည်မဟုတ်ဟု လူမျိုးစုခေါင်းဆောင်က တွေးနေမိသည်။

အကြီးအကဲဘိုးဘိုးက သက်ပြင်းချလိုက်ရင်း…

“အဲဒီကျောင့်ကြီးသူက သာမန်ကျောင့်ကြီးသူတစ်ယောက် မဟုတ်ဘူး ၊ ဒါကြောင့် အဲဒီကိစ္စကို မေ့ထားလိုက်တာကောင်းမယ်…”

“ဘာလို့ ဒီလိုစကားမျိုးပြောရတာလဲ ဘိုးဘိုး…”

မျိုးနွယ်စုခေါင်းဆောင်က မေးလိုက်လေသည်။

“အဲဒီလူက တာ့ရှားပြည်က တိုင်းပြည်အကြံပေးအမတ်မင်းဖြစ်နေလို့ပဲ…”

အကြီးအကဲက မျက်တောင်တစ်ချက် ခတ်ရင်း ပြောလိုက်လေသည်။

ထိုစကားကိုကြားသည်နှင့် မျိုးနွယ်စုခေါင်းဆောင်၏မျက်နှာအမူအရာမှာ ပြောင်းလဲသွားလေသည်။

မကြာသေးမီအချိန်ကပင် တာ့ရှားကေရာဇ်သည် အရှေ့တိုင်းစစ်သည်တော်များကို စစ်ချီတိုက်ခိုက်ခဲ့လေရာ မည်သည့်မျိုးနွယ်စုကမှ တာ့ရှားတပ်မတော်ကို ခုခံတိုက်ခိုက်နိုင်ခြင်း မရှိခဲ့ကြပေ။ ထို့ပြင် မျိုးနွယ်စုပေါင်း သုံးဆယ့်သုံးခုက တာ့ရှား

ကောရာဇ်ကို လက်ဆောင်ပဏ္ဏာများဆက်သကာ အညံ့ခံခဲ့ကြ လေသည်။

စစ်မှန်သည်အရှေ့တိုင်းစစ်သည်တော်တစ်ပါးဖြစ်သည့် အဖြူ ရောင်မင်းကြီး၏သားတော်ယွမ်ယန်နှင့် နတ်မိစ္ဆာဂိုဏ်းတစ်ခုမှ နတ်မိစ္ဆာသူတော်စင်တစ်ပါး၏ ကြံ့ကြံ့ခံတိုက်ခိုက်ထားနိုင်ခြင်း သာမရှိလျှင် အရှေ့တိုင်းစစ်သည်တော်များဒေသ၏ ထက်ဝက် ခန့်မှာ တာ့ရှားကောရာဇ်၏ လက်အောက်သို့ ကျရောက်သွားရ မည် ဖြစ်လေသည်။

ယခုအချိန်တွင်တော့ တာ့ရှားကောရာဇ်သည် သခင်လေးယွမ် ယန်နှင့်တိုက်ခိုက်ရန်အတွက် သူ၏စစ်တပ်ကို မုန့်စန်းတောင် သို့ ဦးတည်ချီတက်နေပြီ ဖြစ်လေသည်။ မုန့်စန်းတောင်တွင် အချိန်မရွေး ပြင်းထန်သည့် တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာနိုင်လေ သည်။ ပေါ်ယိမျိုးနွယ်စုခေါင်းဆောင်သည် သူ၏မျိုးနွယ်စု များထဲမှ လက်ရွေးစင်ဆယ်ယောက်ကို စစ်ကူအဖြစ် မုန့်စန်း

တောင်သို့ စေလွှတ်ခဲ့လေသည်။ သို့သော်… ထိုသူဆယ်

ယောက်သည် ယခုအချိန်ထိ တစ်ယောက်မှ ပြန်ရောက်လာခဲ့

ခြင်း မရှိသေးပေ။

တာ့ရှားတပ်မတော်သည် သူတို့၏စစ်အင်အားကို အပြည့်အဝ

အသုံးပြုခြင်းမရှိသေးပေ။ သို့တိုင်အောင် အလွန်မှ

ကြောက်မက်ဖွယ်ရာကောင်းသည်ကို ပေါ်ယိမျိုးနွယ်စု

ခေါင်းဆောင် ကောင်းကောင်းသဘောပေါက် ထားလေသည်။

တာ့ရှားတပ်မတော်တွင် ယိုဟူမျိုးနွယ် ၊ ရှင်းမျိုးနွယ် ၊ မင် မျိုး

နွယ် သူရဲကောင်းများသာပါဝင်ပြီး အခြားတော်ဝင်မျိုးနွယ်

သူရဲကောင်းများ ပါရှိခြင်း မရှိသေးပေ။ စစ်တပ်ထဲတွင် ယိုဟူ

မျိုးနွယ်အကြီးအကဲ လေ့ဟုန်သည် တန်ခိုးစွမ်းအား အမြင့်မား

ဆုံးဖြစ်လေသည်။

ထို့ကြောင့် ပေါ်ယိမျိုးနွယ်စုခေါင်းဆောင်သည် လက်ရွေးစင်

ဆယ်ယောက်ကိုသာ စစ်ကူအဖြစ်စေလွှတ်ခဲ့ပြီး သူကတော့

မျိုးနွယ်စုအကြီးအကဲများနှင့်အတူ ပုန်းအောင်းနေခဲ့လေ
သည်။ သခင်လေးယွမ်ယန်သာ မုန့်စန်းတောင် တိုက်ပွဲတွင်
ရှုံးနိမ့်ခဲ့ပါက သူက တာ့ရှားကေရာဇ်ကို အညံ့ခံရန် အဆင်သင့်
ပြင်ထားပြီးပြီ ဖြစ်လေသည်။

ယခုတော့ ချင်းရွှမ်ဂူမှ ကျင့်ကြံသူသည် တာ့ရှားပြည်၏
တိုင်းပြည်အကြံပေးအမတ်မင်းဆိုသည်ကို သိလိုက်ရ
သည့်အတွက် မျိုးနွယ်စုခေါင်းဆောင်မှာ အလွန်ထိတ်လန့်
တုန်လှုပ်သွားမိလေသည်။

မျိုးနွယ်စုခေါင်းဆောင်က မကျေမနပ်ဖြင့်…

"ဒီလိုဆိုရင်တော့ ဒုက္ခပါပဲ…"

"ဒီကိစ္စကို ဖုံးကွယ်ထားစရာမလိုပါဘူး ၊ မနက်ဖန်ကျရင် လူ
တွေအားလုံးသိအောင် ကြေငြာလိုက်ပေါ့"

အကြီးအကဲဘိုးဘိုးက ပြောလိုက်လေသည်။

"ဘိုးဘိုး... တခြားသူတွေကိုမပြောဘဲ ကျုပ်တို့မျိုးနွယ်စုဝင်တွေကိုပဲ ပြောလို့မရဘူးလား"

မျိုးနွယ်စုခေါင်းဆောင်က တီးတိုးပြောလိုက်လေသည်။

"မင်းက တော်တော်အမြင်ကျဉ်းမြောင်းတဲ့လူပဲ ၊ ကိုယ့်မျိုးနွယ်စုဝင်တွေကိုပဲ ပြောမယ်ဆိုရင် သတင်းက ဘယ်လိုလုပ် ပျံ့နှံ့သွားတော့မှာလဲ"

အကြီးအကဲက ပြန်ပြောလိုက်လေသည်။

မျိုးနွယ်စုခေါင်းဆောင်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဘိုးဘိုးကတော့ ကျုပ်ထက်အတွေးအခေါ်ကောင်းတာကိုးဗျာ..."

အရှေ့တိုင်းစစ်သည်တော်များသည် အစကတည်းက စည်းလုံးညီညွတ်မှု မရှိခဲ့ကြပေ။ ပေါ်ယိမျိုးနွယ်စုသည် သြဇာလွှမ်းမိုးမှုရှိသည့် အင်အားကြီးမျိုးနွယ်စုတစ်ခုဖြစ်ပြီး နှစ်ပေါင်းရာနှင့်ချီ

ကြာအောင် ရပ်တည်နေနိုင်ခဲ့သည့် မျိုးနွယ်စုတစ်ခု ဖြစ်လေသည်။

မျိုးနွယ်စုခေါင်းဆောင်အနေဖြင့် တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းကို ရင်ဆိုင်ရဲသည်အထိ မမိုက်မဲပေ။ ပေါ်ယိမျိုးနွယ်စုခေါင်းဆောင်မှာ ကျင့်စဉ်ကျင့်ကြံရန်အတွက် အခွင့်အရေးကို ဆုံးရှုံးခဲ့ရသည့်အတွက် မကျေနပ်သည့်တိုင် အကြီးအကဲဘိုးဘိုး၏ စကားကို နားထောင်ခဲ့လေသည်။ သူက အကြီးအကဲဘိုးဘိုး၏ မိုင်ပေါင်းတစ်သောင်းပတ်လည်တွင် နေထိုင်ကြသူများအားလုံးကို ချင်းရှမ်ဂူတွင် တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းရောက်ရှိနေကြောင်းကို သတင်းပို့လိုက်လေသည်။

သူက သတင်းကို ကြေငြာရုံသာမကဘဲ ချင်းရှမ်ဂူသို့ပင် လက်ဆောင်ပဏ္ဏာများ တိတ်တဆိတ်ဆက်သလိုက်သေး

သည်။ နောက်ပိုင်းတွင် အခြားသော မျိုးနွယ်စုများကလည်း ချင်းရှမ်ဂူသို့ လက်ဆောင်များ လိုက်လံဆက်သကြ လေသည်။ ထိုအကြောင်းအရာများကို ဝူကျုန်းမျိုးနွယ်စုများ ကြားသိရသည့်အခါတွင်တော့ နောင်တကြီးစွာ ရနေကြလေတော့သည်။ သူတို့သည် တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းနှင့် ကောင်းမွန်သည့်ဆက်ဆံရေးရရှိရန်အတွက် အခွင့်အလမ်းရရှိခဲ့ပါလျှက် အခွင့်အရေးကို လက်လွှတ်ခဲ့ကြရလေသည်။

ဝူကျုန်းမျိုးနွယ်စုသည် အပြစ်ဒဏ်ချမှတ်ခံထားရသည့် မျိုးနွယ်စုဖြစ်လေသည်။ သူတို့ကို အားလုံးက ရွံလျာမုန်းတီးကြသည်။ ထို့ကြောင့် သူတို့သာ တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းနှင့် ရင်းနှီးကျွမ်းဝင်ပါက သူတို့၏အဆင့်အတန်းသည် မြင့်တက်သွားလိမ့်မည်ဖြစ်လေသည်။ ယခုတော့ သူတို့အတွက် မျှော်လင့်ချက်ဆို၍ အားလျှန်သာလျှင် ရှိတော့သည်။

သို့သော်... အားလျှန်မှာတော့ ထိုကိစ္စများနှင့်ပတ်သက်ပြီး စိတ်ရှုတ်ထွေးနေရလေတော့သည်။

အခန်း (၅၄၆) နတ်ဘုရားကျောင်းတော်

ဝူကျုန်းမျိုးနွယ်စုဝင်များသည် ဆန်းလျှန်ကို တိုက်ရိုက်မတွေ့ဆုံရဲကြသည့်အတွက် အားလျှန်ဆီသို့သာ ရောက်လာကြလေသည်။

သူတို့၏ရည်ရွယ်ချက်မှာ အားလျန်မှတစ်ဆင့် တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းနှင့် ဆက်သွယ်ရန် ဖြစ်လေသည်။

အားလျန်က သူတို့ကို တစ်ရက် နှစ်ရက်ခန့် တားဆီးထားနိုင်သည့်တိုင် နေ့ရောညပါ ရောက်ရှိလာကြသည့်အခါတွင် တော့ အားလျန်လည်း မည်သို့မှ မတတ်နိုင်တော့ဘဲ ချင်းရှမ်ဂူထဲတွင် ဆန်းလျန်ကို သွားရောက်တွေ့ဆုံရလေတော့သည်။

ချင်းရှမ်ဂူထဲတွင် ကျောက်တုံးဖြင့်ပြုလုပ်ထားသည့်အခန်း ငယ်ပေါင်း ရာနှင့်ချီပြီးရှိလေသည်။

ဂူထဲတွင် မီးတုတ်လည်းထွန်းညှိထားခြင်းမရှိသလို ည ပုလဲ၏အလင်းရောင်လည်း ရှိမနေပါဘဲ ဆန်းလျန်၏ ကိုယ်ရောင်ကိုယ်ဝါများဖြင့် တောက်ပထွန်းလင်းနေလေသည်။

အားလျန်သည် ယခုတော့ ထိုသို့သောမြင်ကွင်းမျိုးဖြင့် အသားကျနေခဲ့ပြီ ဖြစ်လေသည်။

အခန်းတစ်ခါးအလယ်ရှိ ကျောက်သလွန်တစ်ခုထက်တွင် ဆန်း လျန်သည် တင်ပျဉ်ခွေထိုင်နေလေသည်။ ကျောက်သလွန် အောက်နားတွင်တော့ ကျားနက်ကြီးထိုင်နေလေသည်။ ကျား နက်ကြီးက ပျင်းရိစွာဖြင့် အိပ်ငိုက်နေ လေသည်။ အားလျန်ဝင် လာတော့ သူက မျက်လုံးများကိုဖွင့်ကာ စူးစမ်းသည့်အကြည့် ဖြင့် ကြည့်လိုက်သည်။

အားလျန်သည် ကျောက်သလွန်နားသို့ သတိကြီးစွာဖြင့် တိုး ကပ်လာပြီး ငါးပေအကွာတွင် ခြေလှမ်းများကို ရပ်တန့်လိုက် လေသည်။ သူမသည် ကျားနက်ကြီးကို အနည်းငယ် ကြောက်ရွံ့နေဆဲ ဖြစ်လေသည်။

ဆန်းလျန်က မျက်ဝန်းများကို ဖွင့်ကြည့်လိုက်လေသည်။

အားလျန်က ဝူကျုန်းမျိုးနွယ်စုဝင်များ ဆန်းလျန်ကို တွေ့ဆုံခွင့် တောင်းနေကြသည့်အကြောင်းကို ပြောပြလိုက်ပြီး ဆန်းလျန်

ထံမှ ပြန်ပြောမည့်စကားကိုလည်း စိတ်လှုပ်ရှားစွာဖြင့်

မျှော်လင့်နေမိလေသည်။

ဆန်းလျန်က...

“မင်း သူတို့ကို မငြင်းလိုက်ဘူးလား”

အားလျန်မှာ ဆန်းလျန်၏ တည်ငြိမ်သည့်အကြည့်များကြောင့်

စိတ်မသက်မသာခံစားလိုက်ရလေသည်။ နတ်ဆရာ သည်နှုးညံ့

သိမ်မွေ့သူတစ်ယောက်ဖြစ်သည့်တိုင် ယခုတစ်ကြိမ်တွင်တော့

သူမကြောက်ရွံ့နေမိလေသည်။ သူမ အမှားလုပ်မိသဖြင့် ဆန်း

လျန်က သူမကို အပြစ်ပေးမည်ကို ကြောက်ရွံ့နေမိသည်။

အားလျန်က ခေါင်းကိုအနည်းငယ်ငုံ့လိုက်ရင်း...

“သူတို့က ကျွန်မကို အဆက်မပြတ်တောင်းဆိုနေတော့.....”

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"တကယ်တော့ ကျုပ်ဒီတောင်ကို သိမ်းပိုင်နိုင်ခဲ့တာ ဝူကျုန်း

မျိုးနွယ်စုတွေနဲ့လည်း ပတ်သက်နေပါတယ် ၊ ကောင်းပြီလေ ၊

မင်းတောင်အောက်ဆင်းသွားပြီး ကျုပ်ရဲ့ပုံတူရုပ်တုကို ထုလုပ်ပြီး နတ်ဘုရားကျောင်းတော်တစ်ခု တည်ဆောက်ဖို့ ဝူကျုန်းမျိုးနွယ်စုဝင်တွေကိုပြောလိုက်ပါ၊ သူတို့စိတ်ရင်းမှန်ကန်တယ်ဆိုရင် ဆုလာဘ်ရလိမ့်မယ်၊ သူတို့က မလုပ်နိုင်ဘူးဆိုရင်တော့ ဒီအတိုင်းပဲထားလိုက်..."

အားလျန်မှာယခုမှ စိတ်သက်သာရာရသွားခဲ့လေသည်။ နတ်ဆရာသည် သူမကို အပြစ်မတင်ခဲ့ဘဲ ပြဿနာကိုပင် ဖြေရှင်းပေးခဲ့သည် မဟုတ်ပါလား။

သူမက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

“ကျွန်မ အခုပဲ သူတို့ကိုသွားပြောလိုက်ပါ့မယ်...”

“အော်... ဒါနဲ့ မင်း ဒီတစ်ခေါက် တောင်အောက်ကိုဆင်းသွားပြီးရင် ချင်းရွှမ်ဂူမှာ နေစရာမလိုတော့ဘူး”

ဆန်းလျန်၏စကားကြောင့် အားလျန်မှာ ထိတ်လန့်အံ့သြသွားပြီး....

“ရှင့်ကို အနှောက်အယှက်ပေးလို့ ကျွန်မကို ဒေါသထွက်နေတာလား နတ်ဆရာ”

သူမက နာကျင်စွာဖြင့် မေးလိုက်လေသည်။

“အခုဆိုရင် မင်းကို ဘယ်သူမှ အနိုင်မကျင့်ရဲတော့ဘူးလေ ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နေနိုင်ပါပြီ..."

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

အားလျန်သည် စိတ်ထားကောင်းပြီး စိတ်နှလုံးဖြူစင်သူတစ်ယောက်ဖြစ်လေသည်။ သူမသာ ကျင့်စဉ်လမ်းသို့ လိုက်နိုင်သည့် ပါရမီမျိုးရှိမည်ဆိုလျှင် ဆန်းလျန်သည် သူမကို တောင်အောက်သို့ ပြန်လည်စေလွှတ်မည် မဟုတ်ပေ။ သို့သော် သူမသည် ကျင့်စဉ်လမ်းသို့ မလိုက်နိုင်လျှင်တော့ သေမျိုးလောကတွင်သာ ကျင်လည်သည်က ပို၍ကောင်းပေလိမ့်မည်။

အားလျှန်ကလည်း ဆန်းလျှန်၏စကားကို မငြင်းဆန်တော့ပါ။ သူမက ဒူးထောက်လိုက်ပြီး ဆန်းလျှန်ကို ဦးချကန်တော့လိုက်လေသည်။

"ကျွန်မနဲ့ ကျွန်မရဲ့သမီးလေးအပေါ် နတ်ဆရာအများကြီးကူညီခဲ့တာကို အားလျှန် ကျေးဇူးဆပ်ခွင့်မရနိုင်တော့ပါဘူး ၊ နတ်ဘုရားကျောင်းတော်တည်ဆောက်ပြီးရင် အားလျှန် နေ့နေ့ညည နတ်ဆရာကို ကိုးကွယ်ဆည်းကပ်ပါ့မယ်"

ဆန်းလျှန်က ပြုံးလိုက်ပြီး လက်တစ်ဖက်ဝှေ့ယမ်းပြလိုက်လေသည်။

သူသည် အားလျှန်ထံမှ မည်သည့်ပြန်လည်ပေးဆပ်မှုကိုမှ မမျှော်လင့်ပါ။ သို့သော် အားလျှန် ကျေးဇူးဆပ်ချင်စိတ်ပြင်းထန်နေခဲ့လေသည်။ ကျေးဇူးမဆပ်ရလျှင် သူမ၏စိတ်သည် ငြိမ်းချမ်းနိုင်မည် မဟုတ်ပေ။

ထို့နောက် အားလျှန်သည် သူမ၏သမီးငယ်လေးကိုခေါ်ဆောင်ကာ ထွက်ခွာသွားလေတော့သည်။

ဆန်းလျှန်မှာ ရတနာဓားကိုပြုလုပ်ရခြင်း မရှိသေးပေ။ သူက အခွင့်အရေးကို စောင့်နေခြင်း ဖြစ်လေသည်။ စစ်ပွဲတွင် တာ့ရှားဧကရာဇ် သတ်ဖြတ်လိုက်သည့်လူအများ၏ သွေးချောင်းစီးခြင်းကို စောင့်နေခြင်း ဖြစ်လေသည်။ တာ့ရှား ဧကရာဇ် မုန့်စန်းတောင်ကို သိမ်းပိုက်သည့်အခါတွင် ဖြစ်ပေါ်လာသည့် သတ်ဖြတ်လိုသည့်အငွေ့အသက် များဖြင့် မရဏဓားတစ်လက်ကို ဖန်တီးနိုင်မည် ဖြစ်လေသည်။

ဆန်းလျှန်သည် တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းဖြစ်နေဆဲ ဖြစ်လေသည်။ တာ့ရှားဧကရာဇ်နှင့် အရှေ့တိုင်းစစ်သည်တော်များ၏တိုက်ပွဲမှ လူအချင်းချင်းသတ်ဖြတ်မှုသည် ကံတရားအတိုင်းပင်ဖြစ်လေသည်။ ထိုကံတရားကို ဆန်းလျှန်သည် အသုံးပြုခွင့်ရှိလေသည်။ သို့သော် ထိုသို့

အသုံးပြုလိုက်ပါက သူသည် တာ့ရှားပြည်၏ ကံတရားနှင့်

နက်နက်ရှိုင်းရှိုင်းပတ်သက်မိပေလိမ့်မည်။

သို့သော်… ကံတရားဆိုသည်က မြင်လည်းမမြင်နိုင် ၊ ထိ

တွေ့၍လည်းမရနိုင်ပေ။ လူတစ်ယောက်သည် ကံတရားဆို

သည့်အရာမှ ထွက်ပြေးရန်ကြိုးစားလျှင်လည်း အချည်းနှီးပင်

ဖြစ်ရပေမည်။

နတ်ဘုရားကျောင်းတော်ကို တည်ဆောက်စေလိုက်ခြင်းမှာ

ဆန်းလျန်က ရုတ်တရက်ဖြစ်ပေါ်လာသည့်အတွေးကို ပြော

လိုက်မိခြင်း မဟုတ်ပါ။ သူက ရှန်ဝါဒကို ဖွံ့ဖြိုးစေလိုသည့်

ရည်ရွယ်ချက် အစကတည်းက ရှိခဲ့လေသည်။

နတ်ဘုရား (၅) မျိုးရှိလေသည်။ မိုးကောင်းကင်နတ်ဘုရား ၊

လောကနတ်ဘုရား ၊ လူသားနတ်ဘုရား ၊ နတ်ဒေဝါနတ်ဘုရား

နှင့် ဝိညာဉ်နတ်ဘုရားတို့ဖြစ်လေသည်။ ထိုနတ်ဘုရားငါးပါး

လုံးမှာ မသေမျိုးများ ဖြစ်ကြလေ၏။ ဆန်းလျန်သည်

လောကနတ်ဘုရားအဆင့်မှ မိုးကောင်းကင်နတ်ဘုရားအဆင့်သို့ တက်ရောက်ခဲ့သူဖြစ်သည့်အတွက် ထိုနတ်ဘုရား (၅)မျိုးထဲတွင် ထိပ်တန်းအဆင့်ဖြစ်လေသည်။ သို့သော်လူသားနတ်ဘုရား ၊နတ်ဒေဝါနတ်ဘုရားနှင့် ဝိညာဉ်နတ်ဘုရားတို့မှာလည်း ရှေးခေတ်အခါကပင် မတူညီသောလမ်းကြောင်းများမှ မသေမျိုးအဖြစ် သို့တက်လှမ်းနိုင်သည့် သူများ ဖြစ်ကြလေသည်။ ဆန်းလျှန်သည် အကန့်အသတ် ၊ အတားအဆီးများမှ လွတ်မြောက်ရန်နှင့် ကိုယ်ပိုင်တာအိုလမ်းကြောင်းကို ဖော်ဆောင်ရန် ဆုံးဖြတ်ခဲ့လေသည်။ ကိုယ်ပိုင်လမ်းကြောင်းကို ဖောက်လုပ်လိုသူသည် စမ်းသပ်မှုပေါင်းများစွာကို ပြုလုပ်ရမည် ဖြစ်လေသည်။

စမ်းသပ်မှုနှင့် သုတေသနပြုမှုများသည် နှေးကွေးစွာ ကြိုးစားရမည့်အရာများဖြစ်သည့်အတွက် အလျှင်အမြန်တော့

အောင်မြင်မှုမရနိုင်ပါ။ ဆန်းလျန်အတွက် စိတ်ရှည်သည်းခံပြီး
စောင့်ဆိုင်းရန် လိုအပ်လေသည်။
သမာဓိမီးတောက်ကို သန့်စင်ပြီးသည့်အချိန်ထိ စိတ်ရှည်စွာ
ဖြင့် စောင့်ရမည် ဖြစ်လေသည်။
အားလျန်ကို သင်ပြပေးလိုက်သည့် အသက်ရှူကျင့်စဉ်သည်
စစ်မှန်သည့်ကျင့်စဉ်တစ်ခုဖြစ်လေသည်။ သူမ၏စိတ်ကို
တည်ငြိမ်စေပြီး စိတ်အာရုံကိုစုစည်းနိုင်မည် ဖြစ်လေသည်။
သူမသည်ယခင်ကကဲ့သို့ အားနည်းသည့် မိန်းကလေးတစ်
ယောက်မဟုတ်တော့ဘဲ သူမ၏မျိုးနွယ်စုဝင်များကြားတွင်
ကောင်းကောင်းရင်ဆိုင်နိုင်ပြီ ဖြစ်လေသည်။
သူမသည် ဆန်းလျန်၏အမှာစကားကို ဝူကျုန်းမျိုးနွယ်စုဝင်
များ ပြောကြားခဲ့ပြီး နတ်ဘုရားကျောင်းတော်ဆောက်လုပ်ရန်
အသေးစိတ်အစီအစဉ်များ ရေးဆွဲခဲ့လေသည်။

နတ်ဘုရားကျောင်းတော်သည် ငါးရက်အတွင်း ဆောက်လုပ်ပြီးစီးသွားလေသည်။ သို့သော် အမည်ပေးရခြင်းတော့ မရှိသေးပေ။ သို့သော် လူတိုင်းက နတ်ဘုရားရုပ်တုမှာ နတ်ဆရာချင်းရွှမ်၏ ရုပ်တုဖြစ်သည်ကို သိရှိကြလေသည်။

သို့သော် သူတို့က ရက်အနည်းငယ်ကြာသည်အထိ ရုပ်တုထံတွင် ဆုတောင်းကြပြီးမှ ဆုတောင်းမပြည့်သည်ကို တွေ့ရှိရသည့်အခါ စိတ်ပျက်သွားကြလေသည်။ အချို့ဆိုလျှင် အားလျှန်ကိုပင် အပြစ်တင်ချင်ကြလေသည်။

နတ်ဆရာချင်းရွှမ်သည် ဆုတောင်းတိုင်းပြည့်သည့် နတ်ဘုရားတစ်ပါးတော့ မဟုတ်ပေ။ ထိုအချက်ကို ဝူကျုံန်းမျိုးနွယ်စုဝင်များ နားလည်သွားကြလေသည်။

သို့သော် သူတို့မျှော်လင့်မထားသည့်အရာတစ်ခု ဖြစ်လာခဲ့လေသည်။ နတ်ဘုရားကျောင်းတော် စတင်တည်ဆောက်ပြီးသည့်အချိန်မှစပြီး အားလျှန်သည် သုံးရက်နှင့်သုံးညတိတိ ဝတ်ပြု

ဆုတောင်းနေခဲ့လေသည်။ မကြာမီတွင် သူမ၏ခန္ဓာကိုယ်မှ

ကိုယ်ရောင်ကိုယ်ဝါများတောက်ပလာလေတော့သည်။

လူအများသည် ကြောက်ရွံ့ထိတ်လန့်ပြီး သူမအနားသို့ပင် မ

ကပ်ရဲကြပေ။ ထို့နောက်တွင်တော့ ထိုကိုယ်ရောင်ကိုယ်ဝါများ

မှာ အားလျှန်၏ တန်ခိုးစွမ်းအားများကြောင့် ထွက်ပေါ်လာခြင်း

မဟုတ်သည်ကို လူအများနားလည်လာကြလေသည်။ ထို

ကိုယ်ရောင်ကိုယ်ဝါများမှာ နတ်ဆရာချင်းရွှမ်ကို ကိုးကွယ်

သည့်အတွက် ထွက်ပေါ်လာရခြင်းဖြစ်လေသည်။ နောက်ပိုင်း

တွင်တော့ အားလျှန်နှင့် နတ်ဆရာချင်းရွှမ်ကို သူတို့သည် မ

ကောင်းစိတ် မထားရဲကြတော့ပေ။

ထို့နောက်တွင်တော့ လူအများသည် နတ်ဆရာချင်းရွှမ်ကို နတ်

ဘုရားတစ်ပါးအလား စတင်ကိုးကွယ်လာကြလေတော့သည်။

ထိုအခါ လူအများသည် အိပ်မက်ထဲတွင် နတ်ဘုရားတစ်ပါးကို

အိပ်မက်မြင်မက်ကြရလေသည်။ ထိုနတ်ဘုရား၏မျက်နှာမှာ နတ်ဆရာချင်းရှမ်၏ မျက်နှာပင် ဖြစ်လေသည်။

နတ်ဆရာချင်းရှမ်ကို အိပ်မက်မက်သူများသည် ဂါထာမန္တန်နှင့် တာအိုကျင့်စဉ်များ ကျင့်ကြံရာတွင် သိသိသာသာ လွယ်ကူလာကြလေသည်။

ထိုအချိန်မှစ၍မည်သူမျှ အားလျန်ကိုသံသရမဝင်ရဲကြတော့ဘဲ အားလျန်သည် နတ်ဘုရားကျောင်းတော်ကို စောင့်ရှောက်သည့် မိန်းကလေး ဖြစ်လာခဲ့လေသည်။

လူအများသည် ဆန်းလျန်ကို ကိုင်းရှိုင်းစွာ ကိုးကွယ်လာကြသည့်အခါတွင်တော့ ချင်းရှမ်ဂူတွင် စုဝေးနေကြသည့် အခိုးအငွေ့သဏ္ဍာန်တန်ခိုးစွမ်းအားများကို တွေ့မြင်နိုင်လေသည်။ ထိုတန်ခိုးစွမ်းအားများကို အားလျန်ပင်လျှင် ယူပြီး အသုံးပြု၍ ရနိုင်လေသည်။ ထိုတန်ခိုးစွမ်းအားများ

သူမ၏ကိုယ်တွင်းသို့ ဝင်ရောက်လာသည့်အခါ ရေပူစမ်းလေးထဲတွင် ရေချိုးသကဲ့သို့ နွေးထွေးမှုကို ခံစားရလေသည်။ ထိုတန်ခိုးစွမ်းအားအခိုးအငွေ့များမှာ ဝူကျုန်းမျိုးနွယ်စုဝင်များ၏ ကိုင်းရှိုင်းစွာ ကိုးကွယ်မှုများကြောင့် ထွက်ပေါ်လာရသည်ကို အားလျန် ရိပ်မိလေသည်။

အားလျန်မှာလည်း ထိုတန်ခိုးစွမ်းအားများ၏ အကျိုးကျေးဇူးကို ခံစားရပြီးသည့်နောက် သူမအပေါ်တွင် ကျေးဇူးကြီးမားသည့် နတ်ဆရာချင်းရွှမ်ကို ပြန်လည်ပေးဆပ်ရန် စဉ်းစားနေမိလေသည်။ သူမက နတ်ဆရာချင်းရွှမ်ကို ပိုမိုကိုးကွယ်ဆည်းကပ်ကြစေရန် သူမသည် အချိန်ပြည့် စည်းရုံးလှုံ့ဆော်လေ့ ရှိလေသည်။

ထို့ပြင် အားလျန်၏အတွေးများသည် ဆန်းလျန်၏စိတ်တွင် ရောင်ပြန်ဟပ်လေသည်။ ဆန်းလျန်က အားလျန်၏ စိတ်ကို သိရှိရန် မကြိုးစားခဲ့ပါ။ သို့သော် ကိုးကွယ်ယုံကြည်မှုနှင့်

ဝိညာဉ်စွမ်းအားများက သူတို့နှစ်ဦးအကြားတွင် ထူးခြားသည့် ဆက်နွယ်မှုတစ်ခုကို ဖြစ်ပေါ်စေလေသည်။

အခန်း (၅၄၇) မုန့်စန်းတောင်

အားလျန်သည် ဆန်းလျန်၏ သစ္စာရှိနောက်လိုက်တစ်ယောက် ဖြစ်လာခဲ့လေသည်။ သူမသည် ဆန်းလျန်ခိုင်းသည့် မည်သည့် အလုပ်ကိုမဆို တစ်ချက်ပင် တုန့်ဆိုင်းခြင်းမရှိဘဲ လုပ်ဆောင်ပေးလေ့ရှိသည်။

အားလျှန် ထိုသို့ဖြစ်လာစေရန်မှာ ဆန်းလျှန်၏ ကနဦး ရည်ရွယ်ချက်မဟုတ်ပေ။ သို့တိုင်အောင် အားလျှန်ကတော့ လူများအားလုံး ဆန်းလျှန်ကို ကိုးကွယ်ကြစေရန် ကြိုးစားလုပ်ဆောင်ခဲ့လေသည်။ သူမသည် ဆန်းလျှန်ကို သူမ၏ တစ်ခုတည်းသောကိုးကွယ်ရာအဖြစ် ဦးထိပ်ထားခဲ့သည်။

ချင်းရွှမ်ဂူပတ်ဝန်းကျင်တွင် အခိုးအငွေ့များ ဝန်းရံနေကြလေသည်။

ထိုအခိုးအငွေ့များသည် လူအများ၏ ဆုတောင်းသံများကြောင့် ဖြစ်ပေါ်လာသည့် တန်ခိုးစွမ်းအားများ ဖြစ်လေသည်။ သို့သော် ဆန်းလျှန်က သူတို့၏ဆုတောင်းသံများကို ပြန်လည်ဖြေကြားခြင်း မရှိသည့်အတွက် တန်ခိုးစွမ်းအားများက ပိုမိုများပြားလာခြင်း မရှိပေ။ သို့သော် လူတို့၏ဆုတောင်းခြင်းမှ ဖြစ်ပေါ်လာသည့် တန်ခိုးစွမ်းအားများသည် အလွန်မှ သန့်ရှင်းလေသည်။

လူအများ၏ဆုတောင်းခြင်းမှ ဖြစ်ပေါ်လာသည့် တန်ခိုးစွမ်းအားသည် မိုးမြေစွမ်းအားများနှင့်မတူဘဲ ကွဲပြားခြားနားလေသည်။

ဆုတောင်းခြင်းတန်ခိုးစွမ်းအားများကိုတာအိုတန်ခိုးစွမ်းအားများ ၊ နတ်ဘုရားစွမ်းအားများတိုးတက်စေရန်အတွက် အသုံးပြုနိုင်လေသည်။ ထိုတန်ခိုးစွမ်းအားများသည် သတ်မှတ်ထားသည့် အဆင့်တစ်ခုသို့ ပြည့်မီသွားသည့်အခါ ကျင့်စဉ်လမ်းတွင်အဆင့်တစ်ဆင့်သို့ တက်လှမ်းနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်၏ခန့်မှန်းချက်အရဆိုလျှင် လူတစ်ယောက်သည် ရှန်ဝါဒဖြင့် နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများ၏ ထက်ဝက်ခန့်၏ ဆုတောင်းခြင်းတန်ခိုးစွမ်းအားများ လိုအပ်လေသည်။

တုန်းယီဒေသနှင့် အရှေ့တိုင်းစစ်သည်တော်များနေထိုင်ရာ ဒေသသည် အလွန်ကြီးမား ကျယ်ပြန့်လေသည်။ တာ့ရှား ပြည်နယ်မြေအကျယ်အဝန်းထက် မကြီးမားလျှင်တောင် လျော့မည်တော့မဟုတ်ပေ။ထို့ပြင် လူနေလည်း ထူထပ်လေ သည်။ ထိုလူများထံမှ ကိုးကွယ်ဆည်းကပ်မှုကို ရရှိရန်မှာ လွယ်သည့်ကိစ္စတော့မဟုတ်ပေ။ ထို့ကြောင့် ရှန်ဝါဒဖြင့် နတ် ဘုရားတစ်ပါးဖြစ်သည်အထိ ကျင့်ကြံရန်မှာ အလွန်မှ ခက်ခဲ လေသည်။ ရှန်ဝါဒလမ်းစဉ်သို့လိုက်သည့် ကျောက်ရှောင်ယွီ သည် မည်မျှခက်ခဲစွာ ကျင့်ကြံခဲ့ရသည်ကို ဆန်းလျန် နားလည်သွားခဲ့ပြီဖြစ်သည်။

ဆုတောင်းခြင်းတန်ခိုးစွမ်းအားများသည် မည်မျှပင်သန့်စင်ပါ စေ ဆန်းလျန်၏ သန့်ရှင်းသောဝိညာဉ်စွမ်းအားများနှင့် ဝိရောဓိဖြစ်နေဆဲပင်။ အိပ်မက်လိပ်ပြာကျင့်စဉ်နှင့် ပကာတိ ဖန်ဆင်းခြင်းပညာ၏ရှုတ်ထွေးမှုများကြောင့် ဆုတောင်းခြင်း

စွမ်းအားများက သန့်စင်သော်လည်း ဆန်းလျှန်အနေဖြင့် သိပ်ပြီးအသုံးပြု၍ မဖြစ်နိုင်ပေ။

သို့သော် ဆန်းလျှန်သည် ရှုတ်ထွေးသောအရာများကို လေ့လာရသည်ကို သဘောကျလေသည်။ သူက ကျင့်စဉ်လမ်းတွင် သတ်မှတ်ထားသည့် နယ်နိမိတ်များကို ကျော်လွန်သွားရန်အတွက် အမြဲတမ်း စမ်းသပ်မှုများကို ပြုလုပ်ချင်နေသူဖြစ်လေသည်။

ဆန်းလျှန်ထိုသို့ အေးအေးဆေးဆေး ကျင့်ကြံနေချိန်တွင်.... နှင်းများဖုံးလွှမ်းနေသည့် မုန့်စန်းတောင်ထိပ်တွင်တော့ သတ်ဖြတ်လိုသည့်အငွေ့အသက်များဖြင့် ပြည့်နက်နေလေသည်။

အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီမဟာမိတ်အဖွဲ့များ စခန်းချရာ တဲများအတွင်းတွင် လောကနတ်ဘုရား အဆင့်ထက်မနိမ့်သူ ဆယ်ဦးထက်မနည်း ရှိနေခဲ့လေသည်။ ထို

သူများ၏တန်ခိုးစွမ်းအားများ ပေါင်းစပ်လိုက်ပါက မြစ်နှင့်

ပင်လယ်များကိုပင် မှောက်လှန်နိုင်မည် ဖြစ်လေသည်။

သို့သော် တာ့ရှားကောရာဇ်ကိုတော့ ယှဉ်ပြိုင်နိုင်စွမ်း ရှိမည်

မဟုတ်ပေ။

ကျယ်ဝန်းသောတဲနန်းကြီးတစ်ခုတွင် အစည်းအဝေးပွဲတစ်ခု

ပြုလုပ်နေလေသည်။

တဲနန်းထိပ်ဆုံးတွင် လူနှစ်ယောက်ထိုင်နေလေ၏။

တစ်ယောက်မှာ ယွမ်ယန်ဖြစ်ပြီး နောက်တစ်ယောက်မှာ အဖြူ

ရောင်ဆံနွယ်များဖြင့် မာနကြီးဟန်ရှိသည့် လူတစ်ယောက် ဖြစ်

လေသည်။ ထိုသူမှာ ယွမ်ယန်မှ ဖိတ်ကြားအကူအညီတောင်း

ထားသည့် နတ်မိစ္ဆာမဟာတန်ခိုးရှင်ပင် ဖြစ်လေသည်။

နတ်မိစ္ဆာမဟာတန်ခိုးရှင်မှာ ယွမ်ယန်နှင့် သွေးသောက်

ညီအစ်ကိုများ ဖြစ်ကြလေသည်။ ထို့ကြောင့် တုန်းယီ

အကြီးအကဲများနှင့် အရှေ့တိုင်းစစ်သည်တော်အကြီးအကဲ များက သူ့ကို လေးစားကြလေသည်။

ထိုနတ်မိစ္ဆာမဟာတန်ခိုးရှင်ကြောင့် တာ့ရှားဧကရာဇ်ကမုန့်စန်း တောင်ကို ချက်ချင်းဝင်ရောက်တိုက်ခိုက်ရဲခြင်းမရှိ သေးဘဲ စောင့်စိုင်းနေခြင်း ဖြစ်လေသည်။

တာ့ရှားတပ်မတော်နှင့် အရှေ့တိုင်းစစ်သည်တော်မဟာမိတ် တပ်များစခန်းချရာ မုန့်စန်းတောင်၏ ကြားထဲတွင် ဆယ်မိုင် ခန့်ကျယ်ပြန့်ပြီး အလွန်နက်ရှိုင်းသည့် မြစ်တစ်စင်း ခြားနေ လေသည်။

ယွမ်ယန်သည် ပထမအကြိမ် တာ့ရှားဧကရာဇ်နှင့် ရင်ဆိုင် တိုက်ခိုက်ပြီး အကြီးအကျယ် ထိခိုက်ခဲ့ရလေသည်။ ဇာမဏီ ငှက်မွေးဖွားရာ ကောင်းကင်မီးတောက်ကြောင့်သာမဟုတ်လျှင် သူသည် အသစ်တစ်ဖန် ပြန်လည် ဖြစ်တည်လာနိုင်မည် မဟုတ်ပေ။ သို့သော် ယွမ်ယန်သည် တစ်ချက်မှ ကြောက်ရွံ့

တုန်လှုပ်ခြင်း မဖြစ်မိပေ။ သူက မျိုးနွယ်စုပေါင်းများစွာဖြင့် မဟာမိတ်ဖွဲ့ကာ ဘုရင်တစ်ပါးကဲ့သို့ စစ်ရေးကိစ္စအဝဝကို စီမံခန့်ခွဲလျှက် ရှိလေသည်။

အစည်းအဝေးတွင် ထိုင်နေကြသည့် သူရဲကောင်းများအားလုံးထဲတွင် ယွမ်ယန်ကို အနိုင်ရအောင် တိုက်ခိုက်နိုင်မည့်သူ တစ်ဦးတစ်ယောက်ပင် မရှိပေ။

ယွမ်ယန်က အစည်းအဝေးတွင်ရှိနေကြသည့် လူများအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး စကားစပြောလိုက်သည်။

" မင်းဆိုးမင်းညစ်ဟာ စစ်အင်အား အလုံးအရင်းနဲ့ စစ်ချီလာနေပြီဆိုတာ အားလုံးပဲ သိကြမှာပါ ၊ သူ့ကိုနှိမ်နင်းနိုင်ဖို့ ဆိုတာ ခက်ခဲလွန်းတယ် ၊ ဒါပေမယ့် သူ့ရဲ့ စစ်တပ်ဟာ ခရီးရှည်ကို လည်းနှင်ခဲ့ရသလို တိုက်ပွဲတွေအများကြီးကို လည်းတိုက်ခိုက်ခဲ့ရတဲ့အတွက် စစ်ပန်းနေပြီ ၊ ဒီတော့ တာ့ရှားစစ်သည်တော်တွေဟာလည်း ပင်ပန်းပြီး တဖြည်းဖြည်းစိတ်ဓာတ်ကျလာမှာပဲ

၊ အဲဒီအချိန်မှာ ကျုပ်တို့ဘက်က သူတို့ကို ပိတ်ဆို့တိုက်ခိုက်မယ် ၊ ကျေးဇူးပြုပြီး စစ်ပွဲအပေါ်မှာ သံသယမရှိကြပါနဲ့၊ ဒီလိုအခွင့်အရေးမျိုးဟာ တစ်သက်မှာတစ်ခါ ရခဲလှတဲ့အခွင့်အရေးမျိုးပါ”

ယွမ်ယန်က စကားကို အေးဆေးတည်ငြိမ်စွာပင် ပြောလိုက်လေသည်။

ထိုအချိန် လူတစ်ယောက်က မေးခွန်းထုတ်လိုက်သည်။

“ဒါပေမယ့် တာ့ရှားကေရာဇ်မှာ မပျက်စီးနိုင်တဲ့ခန္ဓာကိုယ်ရှိတယ် ၊ သူ့ကိုသတ်ဖို့ အရမ်းခက်ခဲလိမ့်မယ် ၊ သူ့ရဲ့မပျက်စီးနိုင်တဲ့ခန္ဓာကိုယ်ကို မသတ်ဖြတ်နိုင်ဘူးဆိုရင် သောင်းနဲ့ချီတဲ့ တာ့ရှားစစ်တပ်နဲ့ လေ့ဟုန်ကို သတ်နိုင်ရင်တောင်မှ စစ်ပွဲအောင်မြင်တယ်လို့ ခေါ်မှာမဟုတ်ဘူး ၊ သခင်လေးမှာ တခြားဘာစစ်ရေးဗျူဟာတွေများ ရေးဆွဲထားတာ ရှိသေးလဲ”

ယွမ်ယန်က ထိုလူကို စိုက်ကြည့်လိုက်လေသည်။ထိုသူသည် ဖုန်းဟိုမျိုးနွယ်စုမှ လူတစ်ယောက် ဖြစ်ပြီး သူ၏အမည်မှာ “ဖုန်း” ဖြစ်လေသည်။ ထိုသူသည် ပြိုင်ဘက်ကင်းလေးသည် တော်တစ်ယောက်ဖြစ်ပြီး မိုင်ပေါင်းတစ်ထောင်အကွာအဝေးမှ ပင် ရန်သူကို လုပ်ကြံသတ်ဖြတ်နိုင်စွမ်း ရှိလေသည်။ တုန်းယီ ဒေသတွင် ကြောက်စရာအကောင်းဆုံး စစ်သည်တော်တစ် ယောက်အဖြစ် ကျော်ကြားသူဖြစ်လေသည်။ သို့သော် ယွမ် ယန်သည် ထိုသူကို သံသယဝင်စရာလူတစ်ယောက်အဖြစ် သတ်မှတ်ထားလေသည်။

ထိုသူသည် သူ၏လေးနှင့်မြားကျွမ်းကျင်မှုကို အလွန်ဂုဏ်ယူ သူဖြစ်ပြီး မည်သူ့ကိုမှလည်း အထင်မကြီးတတ်ပေ။ တုန်းယီ ဒေသမှ မျိုးနွယ်စုများအားလုံးက ယွမ်ယန်ကို သခင်လေးဟု သတ်မှတ်ခဲ့ကြသည့်အတွက်သာ သူကလည်း မကောင်း တတ်၍ သခင်လေးဟု လိုက်ခေါ်နေရခြင်းဖြစ်လေသည်။

ထိုအချိန်မှာပင်....

ယွမ်ယန်၏ဘေးတွင်ထိုင်နေသည့် နတ်မိစ္ဆာမဟာတန်ခိုးရှင်က ရုတ်တရက် စကားဝင်ပြောလိုက်သည်။ သူ့အသံသည် မိုးခြိမ်းသံအလား ကျယ်လောင်လွန်းလှသည်။

“ကျုပ်ရဲ့ညီတော်က စစ်ရေးဗျူဟာတွေဆွဲပြီးသားပါ၊ ဒါပေမယ့် ဒီလိုအရေးကြီးတဲ့ ဗျူဟာတွေကို ခုလိုလူအများ ရှေ့မှာမဆင်မခြင်ထုတ်ပြောနေလို့ ဘယ်ဖြစ်မှာလဲ၊ တာ့ရှား တပ်မတော်က အင်အားကြီးမားပြီး အရည်အချင်းနဲ့ပြည့်ဝတယ်၊ ကျုပ်တို့က မဆင်မခြင်ပြောလိုက်မယ်ဆိုရင် သူတို့ဆီကို ပေါက်ကြားသွားနိုင်တယ်၊ ပြီးခဲ့တဲ့တစ်ခေါက်က သူတို့ကိုခြုံခိုတိုက်ခိုက်မယ့် လျှို့ဝှက်ဗျူဟာပေါက်ကြားသွားလို့ အကုန်သေကြတော့မလို ဖြစ်တာ မမှတ်မိဘူးလား၊ ကျုပ်သာ အချိန်မီမကယ်နိုင်ခဲ့ရင် မင်းတို့အားလုံး ဒီနေရာမှာ အခုလိုထိုင်နေနိုင်မှာတောင် မဟုတ်ဘူး”

စကားပြောနေစဉ်တွင် နတ်မိစ္ဆာမဟာတန်ခိုးရှင်၏ ခန္ဓာကိုယ်မှာ ပေါက်ကွဲလုနီးပါးဖြစ်နေပြီး မျက်ဝန်းများကလည်း လျှပ်စီးများလက်သည့်အလားတောက်ပနေလေသည်။ ဖုန်းမှာ ကျောရိုးထဲပင် စိမ့်သွားမတတ် ခံစားလိုက်ရလေသည်။

ဖုန်းသည် ယွမ်ယန်ကို အထင်မကြီးသည့်တိုင် ထိုနတ်မိစ္ဆာမဟာတန်ခိုးရှင်ကိုတော့ အလွန်အထင်ကြီးလေသည်။

ယွမ်ယန်သည် ထိုနတ်မိစ္ဆာမဟာတန်ခိုးရှင်ကို မည်သည့်နေရာက ခေါ်ဆောင်လာသည်ကို မည်သူမှ မသိကြပါ။ သို့သော် ထိုနတ်မိစ္ဆာမဟာတန်ခိုးရှင်သည် တာ့ရှားဧကရာဇ်ကို နေ့ဝက်မျှ မနားတမ်းတိုက်ခိုက်ကာ ကောင်းကောင်းယှဉ်ပြိုင်နိုင်ခဲ့သည်ကတော့ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်လေသည်။

ထိုနတ်မိစ္ဆာမဟာတန်ခိုးရှင်၏စွမ်းအားသည် အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီဒေသမဟာမိတ်တပ်များအားလုံးပေါင်း၏တစ်ဝက်နှင့်ညီမျှလေသည်။ ထို့ပြင် ထို

နတ်မိစ္ဆာဘုရင်သည် ယွမ်ယန်ကိုလည်း အလွန်ဂရုတစိုက်ရှိလှပြီး သစ္စာလည်းအလွန်စောင့်သိလေသည်။

ဖုန်းသည် ယွမ်ယန်ကိုအထင်မကြီးခြင်းက နှစ်ဦးနှစ်ဖက်အကျိုးစီးပွားကို ထိခိုက်စေလေသည်။ အမှန်တော့ ယွမ်ယန်၏ရည်ရွယ်ချက်မှာ တုန်းယီဒေသမျိုးနွယ်စုများနှင့် အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများကို စုစည်းကာ ယင်းစန်းနှင့် တာ့ရှားပြည်ကို ယှဉ်ပြိုင်နိုင်သည့် တိုင်းပြည်တစ်ခု တည်ထောင်ရန်ဖြစ်လေသည်။

ထိုအချက်မှာ အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများအားလုံး၏ ဆန္ဒလည်းဖြစ်လေသည်။ သို့သော် ဖုန်းကတော့ မည်သူ့အမိန့်မှ မနာခံဘဲ တစ်ကိုယ်တည်း လျှောက်လှမ်းချင်သူဖြစ်လေသည်။ ထို့ပြင် သူက သူ၏မျိုးနွယ်ဖြစ်သည့် ဖုန်းဟိုမျိုးနွယ်ကို တုန်းယီဒေသတွင် အင်အားအကြီးဆုံးမျိုးနွယ်ဖြစ်လာ

အောင် တည်ဆောက်ပြီး တိုင်းပြည်တစ်ပြည်တည်ထောင်လို သည့်ဆန္ဒကလည်း ရှိနေခဲ့သည်။

ယခုတစ်ခေါက် သူက ယွမ်ယန်နှင့်ပူးပေါင်းရခြင်းမှာလည်း တာ့ရှားဧကရာဇ်ကို သတ်ဖြတ်သည့်နေရာတွင်ပါဝင်ပြီး ဂုဏ် အသရေတက်ချင်သောကြောင့်ဖြစ်လေသည်။ သူက ယွမ် ယန်၏ဘေးတွင် အရည်အချင်းမြင့်မားသည့် နတ်မိစ္ဆာမဟာ တန်ခိုးရှင်တစ်ပါးက ကူညီနေလိမ့်မည်ဟု တွေးထားခဲ့မိခြင်း မ ရှိပေ။

ယခုတော့ နတ်မိစ္ဆာအဟာတန်ခိုးရှင်းက ယွမ်ယန်ဘက်မှ ကာ ကွယ်ပြောဆိုလိုက်သည့်အတွက် ဖုန်းသည် လေသံအနည်းငယ် လျှော့သွားလေသည်။

"သခင်လေးမှာ အကြံအစည်ရှိပြီးသားဆိုမှတော့ ကျုပ်ဒီမှာရှိ နေလို့လည်း ဘာအသုံးဝင်တော့မှာလဲ”

ပြောပြီးသည်နှင့် ဖုန်းသည် တဲနန်းအတွင်းမှ ထွက်ခွာသွားလေတော့သည်။

နတ်မိစ္ဆာမဟာတန်ခိုးရှင်က...

"အစကတည်းက ကျုပ် သူ့ကို သဘောမကျဘူး ၊ သူသာ ဆက်ရှိနေမယ်ဆိုရင်လည်း ကျုပ် သူ့ကို အရေခွံစုတ်ပစ်မိမှာပဲ"

ယွမ်ယန်က တဲနန်းအတွင်းတွင် ကျန်ရှိနေသူများကို မျက်နှာချင်းဆိုင်လိုက်ပြီး...

"ဒီမှာရှိတဲ့လူတိုင်း ကျုပ်ရဲ့နောင်တော်က ဒေါသထွက်နေလို့ ပြောတယ်ဆိုတာ သိကြမှာပါ ၊ စိတ်ထဲမထားကြပါနဲ့ ၊ ကျုပ်ကိုယ်တိုင် ဖုန်းဆီကို စာတစ်စောင်ပို့ပြီး တောင်းပန်လိုက်ပါ့မယ် ၊ ပြီးတော့ တာ့ရှားကေရာဇ်က မပျက်စီးနိုင်တဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားတဲ့အတွက်လည်း စိတ်မပူကြပါနဲ့ ၊ ကျုပ်တို့က စစ်ရေးဗျူဟာတွေ ရေးဆွဲပြီးသားမို့လို့ အချိန်တန်တာနဲ့ ကျုပ်တို့သာလျှင် စစ်ပွဲမှာ အနိုင်ရမှာပါ"

အခန်း (၅၄၈) နှင်းများဖြင့်ဖုံးလွှမ်းနေသည့်တောအုပ်

ဖုန်းသည် ဒေါသတကြီးဖြင့် မုန့်စန်းတောင်မှ ထွက်ခွာလာခဲ့လေသည်။ သူက တုန်းယီဒေသတွင် ဂုဏ်သတင်း ကျော်ကြားလိုသည့်အတွက် ယွမ်ယန်၏ မဟာမိတ်တပ်မတော်အတွင်းသို့ ဝင်ခဲ့ခြင်း ဖြစ်လေသည်။ ယခုတော့ သူ၏အစီအစဉ်မှာမ အောင်မြင်တော့ပေ။

မဟာမိတ်စစ်တပ်ထဲတွင် ဆက်နေလျှင်လည်း ယွမ်ယန်နှင့် နတ်မိစ္ဆာမဟာတန်ခိုးရှင်ကို ကျော်လွန်က သူ့အနေဖြင့် ဂုဏ်

သတင်းမြင့်မားလာစရာ အကြောင်းမရှိပေ။ ယွမ်ယန်ကို ဆန့်ကျင်ခြင်းကသာ မဟာမိတ်တပ်မတော်ကို မတည်မငြိမ် ဖြစ်အောင် ပြုလုပ်နိုင်မည် ဖြစ်လေသည်။ ဖုန်းသည် ယွမ်ယန်ကို အလျှော့ပေးလိုက်လျောနေသည့်တိုင် အခွင့်အရေးရပါက ယွမ်ယန်ကို သတ်ဖြတ်နှိမ်နင်းပစ်ရန် ကြံစည်နေသူ ဖြစ်လေသည်။

ထို့ကြောင့် ဖုန်းကလည်း တမင်သက်သက် မုန့်စန်းတောင်မှ ထွက်ခွာလာခဲ့ခြင်း ဖြစ်လေသည်။ မဟုတ်လျှင် ယွမ်ယန်သည် သူ၏အကြံအစည်ကို ရိပ်မိပြီး အနေးနှင့်အမြန် သူ့ကို သတ်ပစ်နိုင်လေသည်။

ဖုန်းသည် ဖုန်းဟိုမျိုးနွယ်စုဆီသို့ ပြန်လာခဲ့လေသည်။

သူ... မျိုးနွယ်စုထံမှ ထွက်ခွာလာခဲ့စဉ်က ရည်မှန်းချက်အပြည့်နှင့် ဖြစ်လေသည်။ ယခု ပြန်လာသည့်အခါတွင်တော့ ရလဒ်က

သူည ဖြစ်ခဲ့ရပြီ။ ထိုသို့ဖြစ်ရခြင်းက သူ့ကို အလွန်မှ အရှက်ရ စေလေသည်။

ထို့ကြောင့် ဖုန်းသည် သူ၏မျိုးနွယ်စုထံသို့ တန်းမပြန်သေးဘဲ တုန်းယီဒေသ၏ တောင်တန်းမြစ်ချောင်းများတွင် ရက်ပေါင်း များစွာ လှည့်လည်သွားလာနေခဲ့လေသည်။ ထိုအချိန်တွင် သူ သည် သတင်းများစွာကို ကြားသိခဲ့ရလေသည်။

ထိုသတင်းများစွာထဲတွင်....

တာ့ရှားပြည်၏တိုင်းပြည်အကြီးပေးအမတ်မင်းသည် ဝူကျုန်း မျိုးနွယ်စုများနေထိုင်သည့်နေရာတွင် ရောက်ရှိနေသည် ဆို သည့်သတင်းလည်းပါဝင်လေသည်။ ဝူကျုန်းမျိုးနွယ်စုမှာ အပြစ်သားများ ဖြစ်ကြလေသည်။

ဖုန်းသည် ဆန်းလျန်နှင့် ရန်ညိုးရှိသူဖြစ်ရကား ဆန်းလျ န်၏သတင်းကိုကြားသည့်အခါတွင်တော့ စိတ်မသက်မသာ ခံစားလိုက်ရလေသည်။

ဆန်းလျှန်သည်မည်သည့်အရာကိုမှ ပေါ်လွင်ထင်ရှားအောင် မပြုလုပ်ခဲ့ပေ။ သို့သော် တာ့ရှားပြည်၏ တိုင်းပြည်အကြီးပေး အမတ်မင်းဆိုသည့် ဂုဏ်ပုဒ်ကြောင့် လူအများက သူ့ကို အာရုံစိုက်နေကြခြင်း ဖြစ်လေသည်။

ဖုန်းသည် တုန်းယီတွင် ထိပ်တန်းအဆင့် လေးသည်တော်တစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူ၏သင်တန်းကျောင်းတွင်လည်း တပည့်တပန်းများစွာရှိလေသည်။ သို့သော် သူ အချစ်ဆုံးတပည့်မှာ “လင်” ဆိုသူ ဖြစ်လေသည်။

လင် သည် သူ့ကို မည်သည့်အခါမှ စိတ်မပျက်စေခဲ့ပေ။ လင် သည် သူ၏ခြေရာကိုနင်းကာ တုန်းယီဒေသတွင် အလွန်ကျော်ကြားသည့် စစ်သည်တော်တစ်ယောက်ဖြစ်လာခဲ့လေသည်။

သို့သော်...

လင် သည် သတ်ဖြတ်ခံခဲ့ရလေသည်။ သူ့ကိုနှိမ်နင်းခဲ့သူမှာ တာ့ရှားပြည်မှ တိုင်းပြည်အကြံပေးအမတ်မင်း ချင်းရှမ် ပင်ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်၏သတင်းကိုကြားရသည့်အခါတွင်တော့ ဖုန်းသည် အလွန်ဒေါသထွက်မိလေသည်။ တာအိုဆရာချင်းရှမ်သည် တာ့ရှားပြည်၏မြို့တော် တိချိုးတွင် နေထိုင်ခြင်းမဟုတ်ပါက သူ၏အချစ်ရဆုံးတပည့်အတွက် အစောကြီးကတည်းကပင် လက်စားချေပြီးနေလောက်ပေပြီ။

ယခုတော့ ထိုဆန်းလျန်ဆိုသည့်လူသည် အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများကို ဆွဲဆောင်နေခဲ့လေပြီ။ ဖုန်းသည် တာ့ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းကို ရှာဖွေပြီး လက်စားချေသတ်ဖြတ်နိုင်ပါက သူ၏ဂုဏ်သတင်းသည် ယွမ်ယန်ထက်ပင် ကျော်ကြားသွားနိုင်သည်ဟု တွေးလိုက်မိလေသည်။

ထိုသို့တွေးလိုက်မိသည်နှင့် သူ၏စိတ်ထဲတွင် ဒေါသနှင့်

လောဘများဖြစ်လာကာ သူ၏အကြံအစည်ကို လက်မလျှော့

ချင်တော့ပေ။ ဆန်းလျန်သည် မည်မျှပင် တန်ခိုးစွမ်းအား မြင့်

မားပါစေ “မပျက်စီးနိုင်သည့်ခန္ဓာကိုယ်” ကို ပိုင်ဆိုင်ထားခြင်း

မရှိနိုင်ပေ။ သူက လေးနှင့်မြားအတတ်ကို တစ်ဖက်ကမ်းခတ်

ကျွမ်းကျင်သည့်အတွက် သူသာ လုပ်ကြံမည်ဆိုလျှင် ဆန်းလျ

န် မည်သို့ခံနိုင်ပါမည်နည်း။ ထို့ပြင် လုပ်ကြံသတ်ဖြတ်မှု မ

အောင်မြင်လျှင်လည်း သူ့အနေဖြင့် အန္တရယ်ကင်းစွာ

ထွက်ပြေးလွတ်မြောက် နိုင်လေသည်။

သို့သော်... ဖုန်းသည် မဆင်မခြင်လုပ်သူတစ်ယောက်တော့

မဟုတ်ပါ။ သူက ဆန်းလျန်အကြောင်းများကို ပိုပြီး သိရန်

စုံစမ်းခဲ့လေသည်။ ဆန်းလျန်ကဲ့သို့ အစိကကျသည့်လူတစ်

ယောက်ကို လုပ်ကြံရန်မှာ ကြိုတင်ပြင်ဆင်မှုများစွာပြုလုပ်ရ

မည် ဖြစ်လေသည်။ ထို့ပြင် သူက လုပ်ကြံမှုအောင်မြင်ရန် အတွက် ဝတ်ပြုဆုတောင်းခြင်းကိုလည်း ပြုလုပ်ခဲ့လေသည်။

ဖုန်းက ထိုသို့ ကြံစည်နေစဉ်မှာပင်....

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် ရုပ်ခန္ဓာနှင့် အပြည့်အဝ ပေါင်းစပ်ကာ တန်ခိုးစွမ်းအား အမြင့်ဆုံးအခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။ သူ၏စိတ်နှလုံးသည် လပြည့်ညပမာ အေးဆေးငြိမ်သက်နေပြီး လရောင်ကို ရောင်ပြန်ဟပ်စေသည့် သမုဒ္ဒရာအလား ကျယ်ပြန့်လွန်းလေ သည်။

ထို့ကြောင့် ဆန်းလျန်သည် ကိုယ်ရောင်ကိုယ်ဝါများ အမြဲတမ်း တောက်ပထိန်လင်းနေရခြင်း ဖြစ်လေသည်။

ဆန်းလျန်က ကျင့်ကြံခြင်းကို ရပ်တန့်လိုက်ပြီး မျက်လုံးများ ဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ... ကျားနက်ကြီးက စိတ်ရှုတ်ထွေးစွာဖြင့် ဆန်းလျန်ကို မေးခွန်းထုတ်လိုက်သည်။

"သခင်လေး... ဒီနေ့ ကျင့်ကြံတာစောစောနားတာလား ၊ တစ်ခုခုများ ဖြစ်လို့လား"

ဆန်းလျန်က...

"ကျုပ်ရဲ့ထိုက်ရှီးတန်ခိုးစွမ်းအားတွေ စကြာဝဠာကိုကျော်ဖြတ်တဲ့အခါ သတ်ဖြတ်လိုတဲ့အငွေ့အသက်တစ်ခုကြောင့် ပြိုကွဲသွားခဲ့တယ်..."

ကျားနက်ကြီးက ဒေါသတကြီးဖြင့်...

"ဘယ်လိုမျက်ကန်းမျိုးက သခင်လေးကို သတ်ဖို့ကြံစည်ရဲရတာလဲ ၊ အဲဒီကောင်ကို ကျွန်တော် တစ်ချက်တည်း ကိုက်ပြီး သတ်ပစ်လိုက်မယ်"

"သတ်ဖြတ်လိုတဲ့အငွေ့အသက်တွေက ကျုပ်ကိုတောင် ထိတ်လန့်သွားစေတယ်ဆိုရင် ဒီလူက ထူးခြားတဲ့ လူတစ်

ယောက်ပဲ ဖြစ်ရမယ်၊ မင်းက သူနဲ့ ဘယ်လိုလုပ်ရင်ဆိုင်နိုင်မှာ

လဲ၊ ကောင်းပြီလေ... အဲဒီလူက ဘယ်သူပဲဖြစ်ဖြစ် ကျုပ်က

သူ့ကိုရိုပ်မိသွားမယ်လို့တော့ ထင်မှာမဟုတ်ဘူး၊ အင်းပေါ့

လေ... တစ်ယောက်ယောက်က သေချင်နေမှတော့ သူ့ရဲ့ဆန္ဒ

ကို ဖြည့်ဆည်းပေးရတာပေါ့”

ဆန်းလျန်က အေးဆေးတည်ငြိမ်စွာဖြင့်ပင် ပြောလိုက်လေ

သည်။ သို့သော် သူ၏ခန္ဓာကိုယ်မှ ကြောက်မက်ဖွယ်ရာ

အငွေ့အသက်များ ထွက်ပေါ်နေခဲ့လေသည်။

ထိုသို့ကြောက်မက်ဖွယ်ရာ အငွေ့အသက်များကို ဆန်းလျန်

သည် တော်ရုံဖြင့် ထုတ်ပြလေ့မရှိပေ။

ထို့ကြောင့် ကျားနက်ကြီးက တွေးလိုက်မိသည်။

“အော်... အဲဒီလူက ဘယ်သူလဲတော့မသိဘူး၊ ကံဆိုး

မိုးမှောင်ကျတော့မယ်”

ထို့နောက်ဆန်းလျန်က ပျော့ပြောင်းသည့်လေသံဖြင့်...

"ဒီနေ့ စောစောနားတယ်ဆိုတော့ အပြင်မှာလျှောက်ကြည့်ရအောင်..."

ဆန်းလျန်၏စကားကြောင့် ကျားနက်ကြီးမှာ ပျော်သွားလေသည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့ သခင်လေး ၊ ရှောင်ပေါးအရမ်းပျင်းနေတာ ၊ ပျင်းလွန်းလို့အသက်တောင်ထွက်တော့မယ်"

ဆန်းလျန်က ကျားနက်ကြီးကို ခြေထောက်ဖြင့်တစ်ချက် လှမ်းကန်လိုက်ရင်း...

"ဒီလိုအသုံးမကျတဲ့စကားတွေ ဘယ်ကတတ်လာတာလဲ... ဟင်..."

ကျားနက်ကြီးက စပ်ဖြဲဖြဲနှင့် ရယ်မောလိုက်လေသည်။

ထို့နောက် ဆန်းလျန်နှင့် ရှောင်ပေါးသည် ချင်းရွှမ်ဂူထဲမှ ထွက်လာကြလေသည်။

တောင်တစ်ခွင်တွင် နှင်းများဖြင့် ဖုံးလွှမ်းနေလေသည်။

ကောင်းကင်ပြာက တောက်ပနေပြီး ရှုခင်းများက အလွန်မှ

လှပနေလေသည်။ ထို့ပြင် ချင်းရှမ်ဂူသည် လေပြင်း

တိုက်သည်နှင့် ဆီးနှင်းများက သဘာဝအတိုင်းဖုံးကွယ်ထား

သည့်အတွက် အခြားသူများက ဂူဝကို လွယ်လွယ်ကူကူဖြင့် မ

တွေ့မြင်ရနိုင်ပေ။

ဆောင်းလေအေးတိုက်ခတ်မှုကြောင့် ဆန်းလျန်၏ စိတ်များ

ကြည်လင်လာလေသည်။

"ဒီလိုနှင်းတွေဖုံးလွှမ်းနေတဲ့ရှုခင်းမျိုး မမြင်ရတာတော်တော်

ကြာနေပြီ ၊ ဒါပေမယ့် နှင်းတွေက သိပ်မကျသေးဘူး ၊ ကျုပ်

တို့ ပျော်စရာတစ်ခုခု လုပ်ကြရင် မကောင်းဘူးလား"

ကျားနက်ကြီးက....

"နှင်းကျတဲ့ရာသီက အသီးအနှံတွေအထွက်ကောင်းတယ်တဲ့ ၊

သခင်လေးသာ တန်ခိုးစွမ်းအားအသုံးပြုပြီး နှင်းတွေအများ

ကြီးကျလာအောင် လုပ်ပေးလိုက်ရင် တောင်အောက်က

တောသားတွေအတွက်လည်း အကျိုးရှိနိုင်တယ်”

ဆန်းလျန်က ပြုံးလိုက်ရင်း...

“ကျုပ်က သူတို့ဆီက ဆုတောင်းသံတွေကနေ တန်ခိုးစွမ်းအား

တွေရယူထားမှတော့ သူတို့တွေ သီးနှံအထွက်ကောင်းအောင်

ကူညီပေးရမှာပေါ့”

ဆန်းလျန်က မတ်တပ်ရပ်နေရင်းမှပင် အဖြူရောင်အခိုးအငွေ့

များကို ပါးစပ်အတွင်းမှ မှုတ်ထုတ်လိုက်လေသည်။ ထို

အခိုးအငွေ့များမှာ ဆန်းလျန်ယူဆောင်ထားသည့် ဆုတောင်း

ခြင်းမှဖြစ်ပေါ်လာသည့်တန်ခိုးစွမ်းအားများဖြစ်လေသည်။ ထို

အဖြူရောင်အခိုးအငွေ့များသည် လေနှင့်အတူမျောပါသွားပြီး

တိမ်များအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုထူးဆန်းသည့်အဖြူရောင်အခိုးအငွေ့များသည် မိုးတိမ်များကို အားကောင်းသည့်စုပ်ယူနိုင်စွမ်းကို ဖြည့်ပေးခဲ့ပြီး မိုးနှင့်မြေမှ ရေအရင်းအမြစ်များကို စုပ်ယူစေလေသည်။

ထို့နောက် ဆန်းလျန်က…

"လေတိုက်ခတ်စေ…"

ဟု အမိန့်ပေးလိုက်လေသည်။

ချက်ချင်းပင် မြောက်လေတိုက်ခတ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံးအေးစိမ့်သွားကာ သစ်ပင်များ ညိုးနွမ်းသွားကြလေသည်။

ဆန်းလျန်က ဆက်ပြောလိုက်သည်။

"နှင်းကျစေ…"

မိုးခြိမ်းသံများထွက်ပေါ်လာပြီး ဆီးနှင်းများတဖွဲဖွဲ ကျလာလေသည်။ ဆီးနှင်းများသည်မိုင်ထောင်ပေါင်းများစွာကိုလွှမ်းခြုံသွားခဲ့လေသည်။

နှင်းကျလေလေ ဝူကျုန်းမျိုးနွယ်စုဝင်များ ပျော်ရွှင်ကြလေ လေ ဖြစ်လေသည်။

အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများသည် စိုက်ပျိုးရေးကို သာ မီခိုအားထားကြရလေသည်။ မျိုးနွယ်စုတစ်ခု သီးနှံ အထွက်မကောင်းခဲ့လျှင် အခြားမျိုးနွယ်စုတစ်စုထံမှ အကူအညီတောင်းကြရလေသည်။

တုန်းယီဒေသမျိုးနွယ်စုများနှင့် အရှေ့တိုင်းစစ်သည်တော်မျိုး နွယ်စုများမှာ ကျင့်ကြံသူများ ဖြစ်ကြလေသည်။

ကျင့်ကြံသူအများစုသည် ရာသီဥတုကို ပြုပြင်ပြောင်းလဲပေး နိုင်ကြလေသည်။ သို့သော် ယခု ဆန်းလျန်ပြောင်းလဲ ပေးလိုက် သကဲ့သို့ ကြီးမားသည့်အပြောင်းအလဲကိုတော့ ပြုလုပ်ပေးနိုင် သူမရှိသလောက် ရှားပါးလေသည်။ ပြောင်းလဲပေးနိုင်သည်ဆို ဦးတော့ ဝူကျုန်းမျိုးနွယ်ကဲ့သို့ အပြစ်သားမျိုးနွယ်စုငယ်လေး ကို မည်သူကမှ ကူညီပေးမည် မဟုတ်ပေ။

ဝူကျန်းမျိုးနွယ်စုထဲတွင် ရာသီဥတုကို ခန့်မှန်းနိုင်သူအချို့ရှိလေသည်။ သူတို့က ယခုနှစ်တွင် ထိုမျှလောက်နှင်းကျလိမ့်မည်ဟု ခန့်မှန်းမထားခဲ့ကြပေ။ သို့သော် ယခုတော့ နှင်းများအလွန်ကျဆင်းလာခဲ့ပြီ။ တစ်စုံတစ်ယောက်က တန်ခိုးစွမ်းအားအသုံးပြုကာ နှင်းများကျဆင်းစေသည်မှာ ထင်ရှားနေလေသည်။

ဉာဏ်ကောင်းသည့် လူအချို့က ထိုသို့ပြုလုပ်ပေးသူမှာ ဆန်းလျန်ဖြစ်သည်ဟု ပြောဆိုကြလေသည်။ တာ့ရှားပြည်အတိုင်ပင်ခံအမတ်မင်းမှလွဲပြီး ရာသီဥတုကိုပြောင်းလဲပေးနိုင်သူမှာ မည်သူရှိပါမည်နည်း။

ထိုအခါ လူအားလုံးသည် နတ်ဘုရားကျောင်းတော်သို့ အပြေးအလွှားသွားရောက် ဝတ်ပြုကိုးကွယ်ကြလေတော့သည်။ ဆန်းလျန်သည် ထိုသို့ ရာသီဥတုကို ပြုပြင်ပြောင်းလဲပေးပြီး ဝူကျန်းမျိုးနွယ်စုကို နှစ်တိုင်းကူညီမည်ဆို

ပါက သီးနှံစိုက်ပျိုးမှုအတွက် များစွာအကျိုးကျေးဇူးရှိမည်ဖြစ်လေသည်။

ထိုအချိန်တွင်...

ဆန်းလျန်သည် ချင်းရှမ်ဂူအပြင်ဘက်တွင်ရပ်နေပြီး နှင်းများဖြင့် ဖုံးလွှမ်းနေသည့် တောအုပ်ကြီးကို ငေးစိုက်ကြည့်နေလေသည်။

ထို့နောက် ဆန်းလျန်က ပြုံးလိုက်ရင်း...

“တောအုပ်မှာ နှင်းတွေဖုံးနေတာဟာ အဆင့်မြင့်စာပေသမားတစ်ယောက် ရောက်လာမယ်လို့ ဆိုလိုတာပဲ ၊ ရောက်လာပြီဆိုမှတော့ ပုန်းမနေဘဲ ထွက်လာခဲ့ပါလား မိတ်ဆွေ...”

အခန်း (၅၄၉) ဖိန်ပေါ်ရှို့

လေပြင်းတိုက်ခတ်သံနှင့်နှင်းကျသည့်အသံများသည် ဆန်းလျ
န်ပြောလိုက်သည့်စကားသံကို ဖုံးလွှမ်းမသွားနိုင်ပါချေ။ ဆန်း
လျန်၏အသံသည် အရှေ့ဆီမှ တောအုပ်အတွင်းသို့
တဖြည်းဖြည်းပျံ့နှံ့သွားလေသည်။

ကျားနက်ကြီးက သူ၏ကြေးနီရောင်မျက်ဝန်းကြီးများဖြင့်
အရှေ့ဆီမှ မည်သူများထွက်လာလေမည်လဲဟု ပြူးကြည့်နေ
လေသည်။ သို့သော် သူ၏မျက်လုံးထဲတွင် နှင်းများကိုသာ မြင်
တွေ့ရလေသည်။

မကြာမီပင်...

နှင်းများဖုံးလွှမ်းနေသည့် တောအုပ်ထဲမှ အဘိုးအိုတစ်ယောက်
ထွက်ပေါ်လာလေသည်။

အဘိုးအိုမှာ ဆံပင်များ တစ်ခေါင်းလုံးဖြူဖွေးနေပြီး မျက်ခုံးမွေးများမှာလည်း ရှည်လျားကာ ဖြူဖွေးနေကြလေသည်။ ရှည်လျားသည့်အဖြူရောင်မုတ်ဆိတ်များမှာလည်း လေထဲတွင် လွင့်နေလေ၏။ အဘိုးအိုသည် နှင်းထက်ပင်ဖြူစင် သည့်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။ ဖိနပ်များထက်တွင် တိမ်တိုက်ပုံသဏ္ဌာန်ရေးထိုးထားပြီး သူ၏လက်ထဲတွင် အစိမ်းရောင်ကျောက်စိမ်းတောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ထားလေသည်။ သူ၏ပုံသဏ္ဌာန်က ရှင်ရှင်လန်းလန်း ပင်ရှိလေသည်။

ကျားနက်ကြီး၏ ကျင့်ကြံမှုအဆင့်မှာ သာမန်မျှသာဖြစ်သော်လည်း သူက ဆန်းလျန်နောက်သို့လိုက်သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည့်အတွက် ကျင့်ကြံသူများကို အကဲခတ်တတ်နေပြီ ဖြစ်လေသည်။

ကျားနက်ကြီးက နှင်းတောထဲမှ ထွက်ပေါ်လာသည့် အဘိုးအို ကိုကြည့်နေလေသည်။ အဘိုးအို၏ပုံစံမှာ အခြားလောကတစ်ခုမှ လမ်းလျှောက်လာနေသကဲ့သို့ ခံစားလိုက်ရလေသည်။

ထို့ပြင် အဘိုးအို၏ ခန္ဓာကိုယ်မှထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများမှာ အတက်အကျအလွန်မြင့်မားလေသည်။ ကျားနက်ကြီးသည် အဘိုးအိုကိုကြည့်ရင်း တဖြည်းဖြည်းကြောက်ရွံ့လာမိလေသည်။

ထိုအဘိုးအိုသည် ထူးခြားသူတစ်ယောက်ဖြစ်သည်မှာ ထင်ရှားနေလေ၏။

သို့သော် ဆန်းလျန်၏အမြင်ကတော့ ရှောင်ဟေးနှင့် တူညီခြင်းမရှိပေ။

အဘိုးအိုသည် မည်မျှပင်တန်ခိုးစွမ်းအား မြင့်မားသူဖြစ်ပါစေ သူ့လောက်တော့ မြင့်မာခြင်းမရှိသည်ကို ရိပ်မိလိုက်လေသည်။

သို့သော် အဘိုးအို၏ တန်ခိုးစွမ်းအား အတိမ်အနက်ကိုတော့

တိကျစွာ ခန့်မှန်းနိုင်ခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် အဘိုးအို၏တန်ခိုးစွမ်းအားများမှာ နှစ်ပေါင်းများစွာ အစိုင်အခဲအဖြစ်တည်ရှိနေပြီး သိပ်သည်းလွန်းသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က အဘိုးအို၏မျက်နှာကို တစ်ချက်အကဲခတ်လိုက်သည်။

အဘိုးအိုသည် ရှေးခေတ်အချိန်ကတည်းက တည်ရှိနေသည့် ကျင့်ကြံသူတစ်ယောက် ဖြစ်ပုံရလေသည်။ အဘိုးအိုထံ မှ ရှေးကျသည့် တန်ခိုးစွမ်းအားအငွေ့အသက်များထွက်ပေါ်နေလေသည်။

အဘိုးအိုက အဝေးမှပင် စကားလှမ်းပြောလိုက်သည်။

"တိုင်းပြည်အကြံပေးအမတ်မင်းက ကျုပ်ရောက်နေတာကို လွယ်လွယ်နဲ့သိနေတာကိုး ၊ တကယ့်ကို တန်ခိုးစွမ်းအားမြင့်မားပါပေတယ် ၊ အမတ်မင်းအကြောင်း အများကြီးကြားဖူးပါ

တယ်လေ ၊ ဒါပေမယ့် အမတ်မင်းက ဒီလောက်အသက်ငယ်မယ်လို့ ထင်မထားမိဘူး ၊ အသက်ရှစ်ဆယ်တောင် ပြည့်ပုံမရသေးဘူး ၊ တကယ့်ကို အံ့ဩမိပါတယ်…”

ဆန်းလျန်သည် မိုးနှင့်မြေ၏ အရေးပါသော စွမ်းအားစုများကို သဘာဝအတိုင်း ချိတ်ဆက်နိုင်သူဖြစ်လေသည်။ ထို့ပြင် စကြာဝဠာနှင့်လူသားများအကြားရှိ ထူးခြားသည့်ဆက်နွယ်မှုကိုလည်း သူက သိရှိထားလေသည်။ ဆန်းလျန် သည်လက်ရှိ တောင်ပေါ်တွင် နေသည့်အချိန်တွင် ဤတောင်သည် ဆန်းလျန်၏ အစိတ်အပိုင်းတစ်ခုအလားဖြစ်လာခဲ့လေသည်။

ထို့ကြောင့် အဘိုးအိုရောက်ရှိနေသည်ကို ဆန်းလျန်က ချက်ချင်းရိပ်မိခဲ့ခြင်း ဖြစ်လေသည်။

သို့သော် အဘိုးအိုကတော့ ငယ်ငယ်လေးနှင့် ဆန်းလျန်သည် ထိုသို့သောတန်ခိုးစွမ်းအားကို ပိုင်ဆိုင်နေသည့်အတွက်အံ့ဩနေဟန်ရှိလေသည်။

ဆန်းလျန်မှာလည်း အဘိုးအိုကို အံ့သြသွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် အဘိုးအိုက ဆန်းလျန်၏အသက်မှာ အသက်ရှစ်ဆယ်ပင်မပြည့်သေးကြောင်း ပြောလိုက်သည့်အတွက်ဖြစ်လေသည်။ ထိုစကားသည် ဆန်းလျန်ကို ကောင်းကောင်း ထိသွားလေသည်။ အဘိုးအိုက "အသက်ရှစ်ဆယ်ပင်မပြည့်သေး" ဟုပြောလိုက်သည့်အခိုက်ပွါယ်မှာ ဆန်းလျန်လျှောက်လှမ်းခဲ့သည့် ကျင့်စဉ်လမ်းဘာဝနှစ်ခုစာကိုပေါင်းပြီး ပြောလိုက်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် အဘိုးအိုသည် လျှို့ဝှက်ဆန်းကျယ်သူတစ်ယောက်ဖြစ်ကြောင်း ဆန်းလျန် နားလည်လိုက်လေ၏။

ဆန်းလျန်က...

"ကျုပ်တို့ ချင်းရွှမ်ဂူထဲမှာ စကားစမြည်ပြောကြရအောင်လား"

"ခုလိုညှော့ဝတ်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ် အမတ်မင်း"

အဘိုးအိုက မုတ်ဆိတ်မွေးများကို တစ်ချက်ပွတ်သပ်လိုက်ရင်း ပြောလိုက်လေသည်။

ထို့နောက် အပြင်ဘက် ချောက်ကမ်းပါးယံဆီမှ ခြေတစ်လှမ်းလှမ်းလိုက်သည်နှင့် အဘိုးအိုသည် ချင်းရှမ်ဂူအတွင်းသို့ ရောက်ရှိသွားလေတော့သည်။

မကြာမီတွင်တော့...

လူနှစ်ယောက်နှင့် ကျားတစ်ကောင်သည် ချင်းရှမ်ဂူထဲတွင် ထိုင်နေကြလေတော့သည်။ ဆန်းလျန်က ဂါထာတစ်ပုဒ် ရွတ်ဖတ်လိုက်ရာ ဂူထဲတွင် ကျောက်သားစားပွဲတစ်လုံးနှင့် ကျောက်ကုလားထိုင်များပေါ်လာလေသည်။

ထို့နောက် ဆန်းလျန်သည် အရက်ကရားတစ်အိုးနှင့် အရက်ခွက်နှစ်ခွက်ကို ယူလာလေသည်။

ကရားထဲမှ အရက်ကိုမြင်သည်နှင့် အဘိုးအိုက...

“အမတ်မင်းက တကယ့်ကိုစေတနာကောင်းတာပဲ ၊ လောကမှာ အရက်စမ်းချောင်းကိုးခုရှိတယ် ၊ ဒါပေမယ့် အရက်စမ်းချောင်း တစ်ခုကနေ တစ်နေ့ကို အရက်ဆယ်စက်ပဲ ကျတယ် ၊ ကျုပ်ဒီ လောက်အသက်ရှည်ခဲ့တာတောင် ဘဝတစ်လျှောက်လုံးမှာ အရက်စမ်းရေကို ငါးခွက်ပဲ သောက်ခဲ့ဖူးတယ် ၊ ခုတော့ အမတ်မင်းက ကျုပ်ကို တွေ့တွေ့ချင်းမှာပဲ အရက်စမ်းရေနဲ့ ဧည့်ခံနေတယ်"

“ဒီအရက်စမ်းရေက ပေါ်ယိမျိုးနွယ်စုက လက်ဆောင်ပေးထား တာပါ ၊ နောက်တစ်ကရားတောင်ရှိသေးတယ် ၊ ဦးလေးကြိုက် တယ်ဆိုရင် ယူသွားလို့ရတယ်”

ဆန်းလျန်က မည်သည့်အခါမှ ရုပ်ဝတ္ထုပိုင်ဆိုင်မှုများအပေါ် တွင် စွဲလန်းတတ်သူမဟုတ်ပေ။ သူ စိတ်ကောင်းဝင်နေချိန်ဆို လျှင် မည်မျှပင် အဖိုးတန်သည့်ပစ္စည်းဖြစ်ပါစေ အခြားသူများ ကို ပေးပစ်စမြဲဖြစ်လေ၏။

ထို့ပြင် သူသာ ထိုက်ယီထျန်းရှန်းအဆင့်သို့ တက်လှမ်းနိုင်မည်ဆိုလျှင် လောကတွင် တန်ဖိုးဖြတ်၍မရနိုင်သည့် ရတနာပစ္စည်းများကိုပင် ဖန်တီးနိုင်မည် ဖြစ်လေသည်။

အဘိုးအိုက ပြုံးလိုက်ရင်း…

"ဟုတ်ပါပြီလေ ၊ ဒီလိုအရက်ကောင်းမျိုးဆိုတာက အမတ်မင်းလို ထူးခြားတဲ့လူမျိုးနဲ့ အတူတူသောက်ရမှ ပိုပြီး အရသာရှိမှာပါ"

"ကြည့်ရတာ…ဦးလေး အရင်က အရက်စမ်းရေကို ငါးကြိမ်သောက်ခဲ့တုန်းကလည်း ထူးခြားတဲ့လူတွေနဲ့တွေ့ဆုံရင်း သောက်ခဲ့တာဖြစ်ရမယ်"

ဆန်းလျန်က လေးနက်သည့်အခိပ္ပါယ်ဖြင့် ပြန်ပြောလိုက်လေသည်။

အဘိုးအိုက…

"အမတ်မင်းပြောတာမှန်ပါတယ်၊ ပထမဆုံးအကြိမ် အရက်စမ်းရေကိုသောက်ခဲ့တာ စစ်ဝမ်မင့်နဲ့ တွေ့ဆုံတုန်းကပါ၊ ကျန်တဲ့လေးကြိမ်ကတော့ ပထမအကြိမ်သောက်ခဲ့ရတာလောက် အရသာမကောင်းတော့ပါဘူးလေ..."

အဘိုးအို၏စကားကိုကြားသည်နှင့် အဘိုးအိုမှာ တာ့ရှားပြည်ကိုတည်ထောင်သူကောရာဇ်စစ်ဝမ်မင့်နှင့် မျိုးဆက်တစ်ခုတည်းဖြစ်သည်ကို ဆန်းလျန် ချက်ချင်းရိပ်မိသွားလေသည်။ ထိုအခါ ဆန်းလျန်သည် အဘိုးအိုမည်သူမည်ဝါဖြစ်သည်ကို ချက်ချင်းသိရှိသွားတော့သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"လက်စသတ်တော့ ဦးလေးက တာ့ဖိန်ပြည်က ဖိန်ပေါ်ရှို့ကိုး..."

ဆန်းလျန်၏စကားကြောင့် အဘိုးအိုမှာ အံ့သြသွားရလေသည်။

“အမတ်မင်းက ကျုပ်ဘယ်သူလဲဆိုတာ သိနေမယ်လို့ ထင်မထားမိဘူး…"

ဖိန်ပေါ်ရှို့ဆိုသူမှာ အလွန်အသက်ရှည်သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ဖိန်ပေါ်ရှို့သည် သာမန်လူသားတစ်ယောက်မျှသာ ဖြစ်လေသည်။ သို့သော် အမှတ်မထင် မသေဆေးကိုစားမိသွားပြီး မသေနိုင်သည့်ဘဝကို ရရှိခဲ့လေသည်။ တစ်နည်းပြောရမည်ဆိုလျှင် သူသည် လောကတွင်လှည့်လည်သွားလာနေသည့် နတ်ဘုရားတစ်ပါးအလားပင် ဖြစ်လေသည်။

ထို့နောက်တွင်တော့ ဖိန်ပေါ်ရှို့သည် ကျင့်စဉ်အချို့ကို ကျင့်ကြံခဲ့ပြီး တန်ခိုးစွမ်းအားများရရှိလာကာ စစ်ဝမ်မင့်နှင့်မိတ်ဆွေများ ဖြစ်လာခဲ့လေသည်။ တာ့ရှားပြည်တည်ထောင်ပြီး

သည့်နောက် စစ်ဝမ်မင့်က သူ့ကို တာ့ဖိန်ပြည်ကို အပိုင်စားပေး ခဲ့လေသည်။

တာ့ဖိန်ပြည်သည် တုန်းယီဒေသအရှေ့ပိုင်းတွင် တည်ရှိသည့် တိုင်းပြည်တစ်ခုဖြစ်လေသည်။ ထိုပြည်ကို အဝါရောင် စမ်းချောင်းများက ဝန်းရံထားလေသည်။ လွန်ခဲ့သည့် နှစ် ပေါင်းသုံးရာခန့်က အဝါရောင်စမ်းချောင်းများ ရေလျှံမှု ဖြစ်ပွားခဲ့ပြီး တာ့ဖိန်ပြည်ရေလွှမ်းမိုးခြင်းခံခဲ့ရလေသည်။ ထို ကိစ္စဖြစ်ပြီးသည့်နောက်ပိုင်း ဖိန်ပေါ်ရှို့သည်လည်း ပျောက် ကွယ်သွားခဲ့လေသည်။

တာ့ရှားပြည်မှ အကြီးအကဲများပင်လျှင် ဖိန်ပေါ်ရှို့အကြောင်း ကို မသိကြပေ။ထို့ကြောင့် ဆန်းလျန်က သူ့အကြောင်း ကိုသိ နေမည်ဟု အဘိုးအိုက မျှော်လင့်မထားခဲ့မိပေ။

ထို့နောက်မှ အဘိုးအိုက တစ်စုံတစ်ခုကို ရိပ်မိသွားဟန်ဖြင့်..

"ကြည့်ရတာ အမတ်မင်းက ကွမ်းလုန်ကျီနဲ့ခင်မင်တယ်ဆိုတဲ့ သတင်းတွေက အမှန်ပဲကိုး ၊ သူက အမတ်မင်းကို တာ့ရှားပြည်ရဲ့ရှေးဟောင်းစာအုပ်အတော်များများကို ပေးဖတ်ခဲ့ပုံရတယ် ၊ ဒါကြောင့် အမတ်မင်းက ကျုပ်ကိုသိနေတာဖြစ်ရမယ် ၊ အဲဒီ ကွမ်းလုန်ကျီကတော့လေ... ကျုပ်က တာ့ရှားပြည် စာကြည့်တိုက်ကိုသွားပြီး စာဖတ်ခွင့်တောင်းတုန်းက ရှေးဟောင်းစာအုပ် တစ်အုပ်တလေတောင် ကျုပ်ကိုပေးဖတ်ခဲ့တာမဟုတ်ဘူး”

ဆန်းလျန်က ...

"ဦးလေးဖိန်လို အသက်အရွယ်နဲ့ဆိုရင် မသိတဲ့အရာဘယ်ရှိမှာလဲ ၊ ဘာလို့ တာ့ရှားပြည်စာကြည့်တိုက်ကိုသွားပြီး စာအုပ်ရှာရတာလဲ ၊ သိချင်တာ တစ်ခုခုများ ရှိလို့လား"

"ကျုပ်က လွန်ခဲ့တဲ့နှစ်ထောင်ပေါင်းများစွာကတည်းက ဗေဒင်ပညာကိုလေ့လာခဲ့တဲ့သူပဲ ၊ ဒါကြောင့် ကျုပ်ရဲ့ ကံကြမ္မာကို

တွက်ချက်ကြည့်လိုက်တော့ သေခြင်းတရားနဲ့အစစ်ဆေးခံရ တော့မယ်ဆိုတာကို ကြိုပြီးသိလိုက်ရတယ်၊ ဒါပေမယ့် ဒီ အစစ်ဆေးခံရမှုဟာ ဘယ်ကလာမှာလဲဆိုတာကိုတော့ ကျုပ်မ သိနိုင်ခဲ့ဘူး၊ ဒါကြောင့် ကျုပ်က တာ့ရှားပြည်စာကြည့်တိုက် ကနေ မြစ်အပိုင်းအစမြေပုံကို သွားငှားတာပါ၊ ဒါမှ သေခြင်း တရား အစစ်ဆေးခံရတာက နေလွတ်မြောက်နိုင်မှာ၊ ဒါပေ မယ့် ကွမ်းလုန်ကျိုက ကျုပ်ကို မပေးဘူးလေ”

ဖိန်ပေါ်ရှို့က ပြောပြလိုက်လေသည်။

ဆန်းလျန်က အရက်ခွက်ကို မော့သောက်လိုက်လေသည်။

သူ၏ပါးစပ်ထဲတွင် အရက်စမ်းရေ၏အရသာသည် စွဲထင်သွား လေသည်။

ဆန်းလျန်က ခဏတာမျှ စဉ်းစားနေပြီးမှ…

“အခုတော့ ဦးလေးဖိန်က သေခြင်းတရားအစစ်ဆေးခံရမှု အတွက် မြစ်အပိုင်းအစမြေပုံကို မလိုတော့ဘူးထင်တယ်၊

ဦးလေးက ဗေဒင်ပညာတော့ တကယ်တော်တာပဲ ၊ ဦးလေးရဲ့ သေခြင်းတရားအစစ်ဆေးခံရမှုက ကျုပ်နဲ့များ သက်ဆိုင်နေမလား”

ဆန်းလျန်၏စကားကိုကြားသည်နှင့် ဖိန်ပေါ်ရှို့သည် ကျောက်စိမ်းတောင်ဝှေးကိုကိုင်ကာ ဆန်းလျန်အနားသို့ ချဉ်းကပ်သွားပြီး…

"အမတ်မင်း … ကျုပ်ကိုကယ်ပါဦး…"

ဆန်းလျန်က ဖိန်ပေါ်ရှို့ကို တစ်ချက်ကြည့်လိုက်ရင်း…

"ဦးလေးဖိန် … ဘာလို့ဒီလိုလုပ်ရတာလဲ ၊ ဦးလေးစိတ်ထဲမှာရှိတာတွေကို ကျုပ်ကို ပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ်"

အခန်း (၅၅၀) ပုံမှန်မဟုတ်သည့်မိစ္ဆာစွမ်းအား

ဖိန်ပေါ်ရှို့သည် ဆန်းလျန်၏စကားကိုကြားသည့်အခါတွင်တော့ ကွေ့ပတ်မနေတော့ဘဲ ဆန်းလျန်ကို အရာအားလုံး ပြောပြလိုက်လေတော့သည်။

ဖိန်ပေါ်ရှို့က မသေဆေးကိုစားပြီး နတ်ဘုရားတစ်ပါးဖြစ်လာခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့် မိုးကောင်းကင်အစစ်ဆေးခံရမှုများကို သူ့ဘဝတွင် တစ်ခါမှ မကြုံတွေ့ခဲ့ရဖူးပေ။ သို့သော် မသေဆေးကိုသောက်ထားသည့်အတွက် မည်သည့်အခါမှ မသေတော့ဘဲ ထာဝရအသက်ရှင်ရမည်ဟုတော့ မဆိုလိုပေ။

သူတင်မဟုတ်ပါ။ ထိုက်ယီထျန်းရှန်းအဆင့်ရောက်ရှိနေသည့် နတ်ဘုရားတစ်ပါးပင်လျှင် ကံကြမ္မာပေးလျှင် သေရ မည်ဖြစ်လေသည်။ ထို့ကြောင့် ကျင့်ကြံသူတစ်ယောက်ကို သေစေနိုင်

သည့် "သေခြင်းတရားအစစ်ဆေးခံရခြင်း" ဆိုသည်ကို အချိန် မရွေး တွေ့ကြုံရနိုင်လေသည်။

ဖိန်ပေါ်ရှို့သည် သေခြင်းတရားအစစ်ဆေးခံရခြင်းကို သဘောပေါက်နားလည်ရန်အတွက် နှစ်ထောင်ပေါင်းများစွာ လေ့လာနေခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် သူသောက်ခဲ့ သည့် မသေဆေးသည် တောင်ပိုင်းကောင်းကင်မှ ထျန်းလျန် ကြယ်စင်၏ မူလဇာစ်မြစ်မှ အသွင်အပြောင်းထားသည့် မသေ ဆေးဆေးဖြစ်နေသောကြောင့်ပင်။ ထျန်းလျန်ကြယ်စင်ပိုင်ရှင် သည် အသက်ရှည်ခြင်းကို ကိုယ်စားပြုသည့် နတ်ဘုရားဖြစ် ပြီး ဖိန်ပေါ်ရှို့သည် ထိုကြယ်စင်၏မူလဇာစ်မြစ်မှ အသွင် ပြောင်းထားသည့် ထူးဆန်းသော မသေဆေးသစ်သီးကို မတော်တဆစားမိခဲ့ ရာမှနတ်ဘုရားတစ်ပါးဖြစ်လာခဲ့ခြင်း ဖြစ် လေသည်။

ကံဆိုးသည့်အချက်မှာ လောကတွင် မသေဆေးအချို့ရှိသည့်

တိုင် ဖိန်ပေါ်ရှို့စားမိသည့် မသေဆေးမှာ ထျန်းလျန်ကြယ်

စင်၏ဇာစ်မြစ်မှ အသွင်ပြောင်းထားသည့် မသေဆေး ဖြစ်နေခဲ့

ခြင်းပင်။ ထိုဆေးသည် ကြယ်စင်တန်ခိုးစွမ်းအားကျင့်စဉ်များ

ကို ကျင့်ကြံကြသည့် တာအိုကျင့်ကြံသူများအတွက် အလွန်

ရှားပါးပြီးအဖိုးတန်သည့် ဆေးတစ်မျိုးဖြစ်လေသည်။

ယင်းစန်းဒေသမှ ဝူတင်သည် ကြယ်စင်တန်ခိုးစွမ်းအား

ကျင့်စဉ်တစ်ခုဖြစ်သည့် "ပျံသန်းကြယ်စင်" ကျင့်စဉ်ကို

ကျင့်ကြံနေသူ ဖြစ်လေသည်။ ဝူတင်သည် မွေးဖွားလာစဉ်က

ပင် ဘုရင်တစ်ပါးဖြစ်လာမည့် ကံကြမ္မာပါရှိပြီး ပျံသန်းကြယ်

စင်ကျင့်စဉ်ကို အထွတ်ထိပ်အဆင့်ရောက်သည်အထိ ကျင့်ကြံ

နိုင်မည့် လူတစ်ယောက်လည်းဖြစ်လေသည်။

သို့သော်... ဝူတင်၏ဘဝတွင် အစစ်ဆေးခံရမှုတစ်ခုကို

ရင်ဆိုင်ရမည် ဖြစ်လေသည်။ ထိုအစစ်ဆေးခံရမှုကို

ကျော်လွှားနိုင်ရန်အတွက် ဝိညာဉ်စွမ်းအားဆေးဝါးတစ်ခု

လိုအပ်လေသည်။ ထိုဆေးဝါးမှာ အခြားဆေးဝါးမဟုတ်ပေ။ ဖိ

န်ပေါ်ရှို့စားသုံးထားသည့် ထျန်းလျန်ကြယ်စင်၏ဇာစ်မြစ်မှ

ဖြစ်တည်လာသည့် မသေဆေးပင် ဖြစ်တော့သည်။

ထိုအကြောင်းကိုသိရသည်နှင့် ဖိန်ပေါ်ရှို့မှာ အိပ်မပျော်တော့

ပေ။

လွန်ခဲ့သောတစ်လခန့်က ဖိန်ပေါ်ရှို့သည် ဝူတင်ရှိရာသို့

တိတ်တဆိတ်သွားရောက် လေ့လာခဲ့လေသည်။

မထင်မှတ်ထားမိစွာပင် ဝူတင်သည် အဆင့်မြင့်ကျင့်ကြံသူတစ်

ယောက် ဖြစ်နေခဲ့လေပြီ။ ဝူတင်သည် သာမန်လောကနတ်

ဘုရားတစ်ပါးထက်ပင် တန်ခိုးစွမ်းအားများ မြင့်မားနေပြီး တာ

အိုလမ်းကြောင်းသို့ပင် ဝင်ရောက်လုဆဲဆဲ ဖြစ်နေပေပြီ။ ဝူ

တင်ကျင့်ကြံထားသည့် ပျံသန်းကြယ်စင်ကျင့်စဉ်၏ မူလ

တန်ခိုးစွမ်းအားများကြောင့်ထျန်းလျန်ကြယ်စင်၏မူလ

ဇာစ်မြစ်ကို နှိုးစွနိုင်မည့်ကြယ်စင်အမြုတေပင် သန္ဓေတည်နေခဲ့ပြီဖြစ်လေသည်။
ဖိန်ပေါ်ရှို့သည် မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားပါစေ ဝူတင်ကိုတော့ ကြောက်ရွံ့မိလေသည်။ ထို့ပြင် ဝူတင်ကို လျှို့ဝှက်စောင့်ရှောက်နေသူတစ်ယောက်လည်း ရှိသေးသည်။ ထိုသူသည် အနက်ရောင်ယူနီကွန်းကြီးကိုစီးပြီး တတိယမျက်လုံးကိုလည်း ပိုင်ဆိုင်ထားသူ ဖြစ်လေသည်။
နောက်ပိုင်း စုံစမ်းကြည့်လိုက်သည့်အခါတွင်တော့ ထိုသူမှာ ယင်းစန်းဒေသ၏ မင်းဆရာကြီးလည်းဖြစ် ၊ ဝူတင်၏ဆရာလည်းဖြစ်သည့် ဝမ်ကျုန်းဖြစ်ကြောင်း သိရှိခဲ့ရလေသည်။ ဖိန်ပေါ်ရှို့သည် အသက်အလွန်ရှည်သူ ဖြစ်လေရာ မိတ်ဆွေများစွာရှိလေသည်။ သူက ဝမ်ကျုန်းအကြောင်း စုံစမ်းရန်အတွက် မိတ်ဆွေများကို အကူအညီတောင်းခဲ့လေသည်။

ထိုအခါတွင်တော့ ဝမ်ကျုန်းဆိုသူမှာ ယွမ်ကျွင်း ဧကရီ၏အနွယ်တော်ဖြစ်သည်ကို သိရှိလိုက်ရလေတော့သည်။ ယွမ်ကျွင်းဧကရီ၏တပည့်တစ်ယောက်ကို ရန်သွားစရဲလောက် သည်အထိ ဖိန်ပေါ်ရှို့တွင် သတ္တိမရှိပေ။

သို့သော်... ဂူတင်ကိုသာ သုတ်သင်မပစ်နိုင်လျှင် နောက်ပိုင်း တွင် သူ့ဘဝသည် ဂူတင်၏လက်တွင်းသို့ ကျိန်းသေ ကျ ရောက်ရမည် ဖြစ်လေသည်။ သူနှင့်ဂူတင်သည် မဖြည်နိုင် သည့်ကြိုးထုံးတစ်ခုအလားချိတ်ဆက်နေမိပြီး သူ့အနေဖြင့် ဂူ တင်၏လက်မှ မည်သို့မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။ သူ၏ကိုယ်ထဲမှ ထျန်းလျန်ကြယ်စင်၏ဇာစ်မြစ်ကို ဖယ်ရှားပစ် ရန် ဖိန်ပေါ်ရှို့စဉ်းစားကြည့်မိသေးသည်။ သို့သော် ထိုသို့ ပြုလုပ်လိုက်ပါက သူ့ကိုယ်သူသတ်သေသည်နှင့် အတူတူပင် ဖြစ်လေသည်။

ထို့ကြောင့် ပြဿနာကိုဖြေရှင်းရန်မှာ နည်းလမ်းတစ်ခုသာ ရှိတော့သည်။

ထိုနည်းလမ်းမှာ ပျံသန်းကြယ်စင်ကျင့်စဉ်ကို ချိုးဖျက်ပြီး ဝူတင်ကို လုပ်ကြံသတ်ဖြတ်ပစ်ရန်ပင် ဖြစ်လေသည်။ နောက်မှ သွေးနီရောင်ပင်လယ်ထဲတွင် သွားရောက်ပုန်းအောင်းနေမည်ဟု ဆုံးဖြတ်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် သွေးနီရောင်ပင်လယ်သည် ယွမ်ကျွင်းဧကရီသွားရောက်နိုင်ခြင်းမရှိသည့် တစ်ခုတည်း သောနေရာဒေသဖြစ်လေသည်။ ထိုအချက်ကိုသိရှိသူ အနည်းငယ်သာရှိပြီး ထိုလူအနည်းငယ်ထဲတွင်ဖိန်ပေါ်ရှို့လည်းတစ်ဦးအပါအဝင် ဖြစ်လေသည်။

ထို့ပြင် ယွမ်ကျွင်းဧကရီကဲ့သို့သော ပုဂ္ဂိုလ်သည် လူသားများ၏ကိစ္စများတွင် သိပ်ပြီးဝင်ရောက်စွက်ဖက်လေ့မရှိပေ။

ယခု ဖိန်ပေါ်ရှို့သည် ဆန်းလျန်ဆီသို့ရောက်ရှိလာရသည်မှာ

အကြောင်းရှိလေသည်။

လောကတွင် ပျံသန်းကြယ်စဉ်အကြောင်းကိုနားလည်သည့်နတ်

ဘုရား အနည်းငယ်သာ ရှိလေသည်။ ထိုနတ်ဘုရားအနည်းငယ်

ထဲတွင် ဆန်းလျန်လည်းတစ်ယောက် အပါအဝင်ဖြစ်လေ၏။

ထို့ကြောင့် ဖိန်ပေါ်ရှို့သည် ပျံသန်းကြယ်စင်

ကျင့်စဉ်၏အားနည်းချက်ကို သိရှိနိုင်ရန်အတွက် ဆန်းလျန်ဆီ

သို့ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

ဖိန်ပေါ်ရှို့၏စကားများကိုနားထောင်ပြီးသည့်အခါတွင်တော့

ဆန်းလျန်သည် ကံကြမ္မာ၏ဆန်းကြယ်မှုကို စဉ်းစားနေမိလေ

သည်။ ကံကြမ္မာသည် သီးခြားဖြစ်တည်နေသည့် လူနှစ်

ယောက်ကို အကြောင်းတစ်ခုဖြင့် ဆက်စပ်ပေးနိုင်လေသည်။

ဆန်းလျန်က ...

"ဦးလေးဖိန်... ကျုပ်က ဦးလေးဖိန်ကို မကူညီချင်လို့မဟုတ်ပါဘူး ၊ ဒါပေမယ့် ပျံသန်းကြယ်စင်ကျင့်စဉ်ဟာ ကျင့်ကြံသူကိုယ်တိုင် ပျိုးထောင်ရတဲ့ ကျင့်စဉ်တစ်ခုပဲ ၊ ဒါကြောင့် အရင်က အားနည်းချက်ရှိခဲ့တယ်ဆိုရင်တောင်မှ အခုအချိန်မှာ အဲဒီအားနည်းချက်က ရှိ မရှိ မသေချာတော့ဘူး ၊ ခန့်မှန်းလို့လည်း မရနိုင်ဘူး"

"အမတ်မင်း သိတာတွေအကုန် ကျုပ်ကိုပြောပြမယ်ဆိုရင်တော့ တကယ့်ကို ဝမ်းသာမိမှာပါ ၊ အမတ်မင်းအတွက် ကျုပ်ဘာမဆိုလုပ်ပေးပါ့မယ်၊ လိုချင်တဲ့ရတနာပစ္စည်းရှိရင်လည်း ရစေရမယ်၊ အမတ်မင်းအပေါ်မှာ ကျုပ်ဖိန်ပေါ်ရှို့ ဟာ သစ္စာစောင့်သိမယ်ဆိုတာ ယုံကြည်စေချင်ပါတယ်"

ဖိန်ပေါ်ရှို့မှာ ဆန်းလျန်ထံမှ အငြင်းစကားကြောင့် စိတ်ရှုတ်သွားရလေသည်။

ဖိန်ပေါ်ရှို့သည် မျှော်လင့်ချက် တစ်ပွေ့တစ်ပိုက်ဖြင့် ဆန်းလျန်ဆီသို့ ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ လောကတွင် ဆန်းလျန်ကဲ့သို့သောသူမျိုး အနည်းငယ်သာ ရှိလေသည်။ သူငယ်စဉ်က စစ်ဝမ်မင့်နှင့် တွေ့ဆုံခဲ့ဖူးပြီး ထိုအချိန်က စစ်ဝမ်မင့်၏ တန်ခိုးစွမ်းအားများသည် ယခုဆန်းလျန်ထက် သာလွန်ခြင်း မရှိပေ။

ထို့ပြင် ဆန်းလျန်တွင် ပြဿနာကိုဖြေရှင်းရန် နည်းလမ်းမရှိလျှင်ပင် တစ်နည်းနည်းဖြင့် သူ့ကိုကူညီနိုင်မည်ဟု ဖိန်ပေါ်ရှို့တွေးထားခဲ့လေသည်။သူရင်ဆိုင်နေရသည့်ပြဿနာမှာ သူ၏အသက်နှင့် သက်ဆိုင်နေသည့်အတွက် ပေါ့ပေါ့တန်တန်သဘောမထားရဲခဲ့ပေ။

ထို့ပြင် ဖိန်ပေါ်ရှို့သည် သေခြင်းတရားအစစ်ဆေးခံရခြင်းကို ရင်ဆိုင်နိုင်ရန်အတွက် မိစ္ဆာကျင့်စဉ်တစ်ခုကိုကျင့်ကြံခဲ့မိလေရာ ထိုကျင့်စဉ်က သူ့ကိုပိုပြီးဆိုးရွားသွားစေခဲ့လေသည်။

ဆန်းလျန်က ဖိန်ပေါ်ရှို့ကို စိုက်ကြည့်နေရင်း...

"ဦးလေးဖိန် ... ကျွန်တော်ထင်တာတော့ ဦးလေးရဲ့အစစ်ဆေး ခံရမှုဟာ နောက်ထပ်နှစ်ပေါင်းတစ်ရာနေမှကျရောက်မယ်ထင် တယ် ၊ ဝူတင်ရဲ့ပျံသန်းကြယ်စင်တန်ခိုးစွမ်းအားကို ချိုးဖျက်ဖို့ နည်းလမ်းရှာမယ့်အစား ဦးလေးရဲ့ ခန္ဓာကိုယ် ထဲကမသေဆေး ကို ဘယ်လိုဖယ်ရှားပစ်မလဲဆိုတာ စဉ်းစားရင်ပိုမကောင်းဘူး လား ၊ အဲဒီဆေးကြောင့် ဦးလေးဒုက္ခရောက်ရမှာပဲ"

ဆန်းလျန်၏စကားကြောင့် ဖိန်ပေါ်ရှို့မှာ မကျေမနပ်ဖြစ်သွားရ လေသည်။

"အမတ်မင်းက ဝူတင်နဲ့လည်း ခင်မင်တယ်ထင်တယ် ၊ ဒါ ကြောင့် ကျုပ်ကို မကူညီနိုင်ဘူးဆိုရင်လည်း ရပါတယ် ၊ ဒါပေ မယ့် ဘာလို့ ဒီလိုစကားမျိုးကို ပြောရတာလဲ"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း....

“ကျုပ်တို့က ကျင့်ကြံသူအချင်းချင်းတွေပဲ ၊ ဘာလို့ ဦးလေး အပေါ်မှာ ကျုပ်က ဟန်ဆောင်နေစရာလိုလို့လဲ ၊ ဦးလေးဖိန် လည်း အသက်အရှည်ကြီးနေပြီး ကျင့်ကြံခဲ့တာပဲ မဟုတ်ဘူး လား ၊ ဘယ်လိုဖြစ်လို့ ကိုယ့်စိတ်ကိုယ် တောင်မထိန်းနိုင်ရတာ လဲ”

“လူပဲလေ… စိတ်မထိန်းနိုင်တာဘာဖြစ်သလဲ ၊ ဘာလဲ.. အမတ် မင်းက အဆင့်မြင့်ကျင့်ကြံသူဆိုတော့ ကျုပ်ကို အထင်သေး နေတာလား”

ဖိန်ပေါ်ရှို့၏အသံမှာ အနည်းငယ်ဒေါသသံပါလာလေသည်။

ဆန်းလျန်က…

“ဦးလေးဖိန် ဒီလိုသဘောထားမှတော့ ကျုပ်တို့ စကားဆက် ပြောစရာအကြောင်းမရှိတော့ပါဘူး ၊ ရှိသေးသမျှနဲ့ ဒီအရက် ကရားကို ဦးလေးဖိန်ကို လက်ဆောင်ပေးလိုက်ပါ့မယ်”

ဆန်းလျန်၏စကားကိုကြားသည်နှင့် ဖိန်ပေါ်ရှို့သည် သူ၏ကျောက်စိမ်းတောင်ဝှေးကို ကြမ်းပြင်ပေါ်သို့ တစ်ချက် စောင့်ချလိုက်လေသည်။ ထိုအခါ ချင်းရွှမ်ဂူတစ်ခုလုံးပင် တုန်လှုပ်သွားရလေသည်။ ထို့နောက် အရက်ကရားမှာလည်း ကွဲကြေသွားပြီး အရက်စမ်းရေများ ကြမ်းပြင်ထက်သို့ ဖိတ်စင် ကုန်လေသည်။

ထို့နောက် ဖိန်ပေါ်ရှို့သည် အဖြူရောင်အလင်းတန်းတစ်ခု အဖြစ် ပြောင်းလဲပြီး ချင်းရွှမ်ဂူထဲမှ ထွက်ခွာသွားလေ တော့သည်။

ဆန်းလျန်က သူ့ကို တားဆီးခဲ့ခြင်းမရှိပါ။

ကျားနက်ကြီးက...

“ဒီအဘိုးကြီးက လူလိုမသိဘူးပဲ...”

ဆန်းလျန်က ဂူအပြင်ဘက်သို့လှမ်းကြည့်လိုက်ရင်း...

“သူ့ကိုယ်ထဲမှာ ပုံမှန်မဟုတ်ထဲ မိစ္ဆာစွမ်းအားတစ်ခု

ကိန်းအောင်းနေတယ်၊ သူသာ ဒေါသမထွက်ခဲ့ရင် အဲဒီမိစ္ဆာ

စွမ်းအားကို ကျုပ်တောင် သတိထားမိမှာမဟုတ်ဘူး”

ကျားနက်ကြီးက....

“ဘယ်လိုမိစ္ဆာစွမ်းအားမျိုးလဲ သခင်လေး...”

“အဲဒီမိစ္ဆာစွမ်းအားကို နည်းနည်းတော့ရင်းနှီးနေသလိုပဲ၊ ထား

လိုက်ပါတော့... သူကအသက်အရှည်ကြီးနေခဲ့ ရတဲ့သူဆိုတော့

လွယ်တဲ့အထဲတော့မပါဘူး၊ ဒီတစ်ကြိမ်တော့ သူ့ကိုအလွတ်

ပေးလိုက်မယ်”

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေ

သည်။

ထိုအခါ ကြမ်းပြင်ထက်တွင် အိုင်ထွန်းနေသည့် အရက်စမ်းရေ

များမှာ လေထဲသို့ ပျံဝဲတက်လာလေတော့သည်။

အခန်း (၅၅၁) ချင်းရှမ်ဂူအပြင်ဘက်တွင်

ကြမ်းပြင်ထက်မှ အရက်စမ်းရေများသည် လေထဲတွင်စုစည်း

သွားပြီး ရေဘောလုံးကြီးတစ်ခု ဖြစ်တည်လာလေသည်။ ဆန်း

လျန်၏လက်ချောင်းထိပ်မှ အစိမ်းရောင်နှင့်အဖြူရောင်

ပေါင်းစပ်ထားသည့် စစ်မှန်သည့်သမာဓိမီးတောက် ထွက်

ပေါ်လာပြီး ရေဘောလုံးကြီးအပေါ်သို့ ကျရောက်သွားလေ

သည်။

ထိုအခါ ရေဘောလုံးထဲမှ အနက်ရောင်မီးခိုးငွေ့များ ထွက်

ပေါ်လာလေတော့သည်။

"အဲဒါ ဘာဖြစ်တာလဲ သခင်လေး"

ကျားနက်ကြီးက စိတ်ရှုတ်ထွေးစွာဖြင့် မေးလိုက်လေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဦးလေးဖိန်က တကယ်လည်တယ်၊ သူက အရက်ထဲမှာ လှည့်ကွက်တစ်ခုထည့်ထားခဲ့တာပဲ၊ ဒါပေမယ့် ကျုပ်ကို ဘယ်လိုလုပ်ဖုံးကွယ်ထားနိုင်မှာလဲ၊ အခု သူလေထဲမှာ ပျံသန်းမနေဖို့ မျှော်လင့်မိပါရဲ့..."

ထိုအချိန်တွင်...

ဖိန်ပေါ်ရှို့သည် အဖြူရောင်အလင်းတန်းအသွင်ဖြင့် တိမ်များကြားတွင် ပျံသန်းနေလေသည်။ သူက ဒေါသထွက်နေ ဆဲဖြစ်လေသည်။

ရုတ်တရက်... သူက စိတ်ထဲမှနေပြီး ဆန်းလျန်ကို အပြစ်တင်လိုက်လေသည်။

"သောက်ကောင်လေး... တော်တော်တော့လျှင်တဲ့အထဲမှာတော့ ပါတယ်"

ထို့နောက်တွင်တော့ သူ့ကိုတိုက်ခိုက်ရန်ဝင်ရောက်လာသည့် မီးတောက်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

စစ်မှန်သည့် သမာဓိမီးတောက်နှင့်ထိမိသည်နှင့် အဖြူရောင် အလင်းတန်းမှာ ဖိန်ပေါ်ရှိ ဧ၏ပုံသဏ္ဍာန်အဖြစ်ပြောင်းလဲသွားပြီး ဦးလေးဖိန်မှာ ကောင်းကင်ထက်မှ ပြုတ်ကျသွားလေ တော့သည်။

နှင်းများပေါ်သို့ အဖြူရောင်အရာဝတ္ထုတစ်ခုပြုတ်ကျသွားပြီး ကြီးမားသော အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်လာလေသည်။

ထိုအဖြစ်အပျက်ကို လူတစ်ယောက်က ကောင်းကောင်းတွေ့ မြင်လိုက်လေသည်။

ထိုသူမှာ ဖုန်းဟိုမျိုးနွယ်စုမှ လောကပထမလေးသည်တော် "ဖုန်း" ပင် ဖြစ်လေသည်။ သူက အမြင်အာရုံအလွန်စူးရှ

ထက်မြက်သူဖြစ်လေရာ တုန်းယီဒေသတစ်ခုလုံးကိုပင် ကြည့်မြင်နိုင်သူ ဖြစ်လေသည်။ သူက ကောင်းကင်ထက်မှ အဖြူရောင်အရာဝတ္ထုတစ်ခု ပြုတ်ကျလာသည်ကို တွေ့မြင်လိုက်ရသည့်အခါ စိတ်ဝင်တစားဖြင့် ချက်ချင်းသွားရောက် ကြည့်ရှုလိုက်လေသည်။

ထိုအခါ နှင်းတောထဲတွင် အပေါက်ကြီးတစ်ပေါက်ကို တွေ့လိုက်ရလေ၏။

ဦးလေးဖိန်သည် အပေါက်ထဲမှ အပြင်သို့ ထွက်လာလေသည်။ ဦးလေးဖိန်မှာ ဇက်ကျိုးနေပြီဖြစ်စေလေသည်။ သို့သော် သူ့လက်တွင်ကိုင်ထားသည့် ကျောက်စိမ်းတောင်ဝှေးကတော့ လုံးဝကျိုးပဲ့သွားခြင်းမရှိခဲ့ပေ။

ဖိန်ပေါ်ရှို့က ကျိုးသွားသည့်ဇက်ကို လည်ပင်းပေါ် ပြန်တင်ပြီး ပြန်တည့်လိုက်လေသည်။

ထိုအချိန်တွင်.... ရယ်သံတစ်သံထွက်ပေါ်လာလေသည်။

“ဦးလေး… ခေါင်းပြန်တပ်တာလွဲနေတယ်…”

အမှန်တော့ ဦးလေးဖိန်ကလည်း အခြားလူတစ်ယောက် ဤ နေရာတွင်ရှိနေသည်ကို ရိပ်မိလိုက်သည့်အတွက် စိတ်ရှုတ် ထွေးသွားရကာ ခေါင်းကိုအလွဲလွဲအချော်ချော်ပြန်တပ်လိုက်မိ ခြင်းဖြစ်လေသည်။ သူက ရုက်ကိုးရှက်ကန်းဖြင့်ခေါင်းကိုပုံသ ဏ္ဍာန်အမှန်ဖြစ်အောင် ပြန်ပြင်လိုက်လေသည်။ ထို့နောက် ရယ်မောနေသည့်လူကို စိုက်ကြည့်လိုက် လေသည်။

လေးသည်တော် ဖုန်းကို မြင်တွေ့လိုက်ရသည့်အခါတွင်တော့ ဦးလေးဖိန်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး….

“ဘယ်သူများလဲလို့… မင်းကိုး ကောင်စုတ်လေး”

ဖုန်းက မျက်လုံးများကို တစ်ချက်မှေးစင်းလိုက်ပြီး…

“ကျုပ်က ဘယ်သူများကောင်းကင်ပေါ်က ပြုတ်ကျသလဲဆို ပြီး လာကြည့်တာ ၊ ဦးလေးဖိန်ဖြစ်နေတာကိုး ၊ အသက်အရမ်း

ကြီးပြီဆိုတော့ ဦးလေးရဲ့ခန္ဓာကိုယ်က ဟန်ချက်မညီတော့ဘူး ထင်ပါ့...”

အမှန်တော့ ဖုန်းနှင့် ဦးလေးဖိန်သည် သိပ်တည့်ကြသည့်သူများ မဟုတ်ပေ။

လွန်ခဲ့သည့်နှစ်ပေါင်းရာနှင့်ချီသည့် အချိန်တုန်းက ဖုန်းက နာမည်ကျော်ကြားကာစ လေးသည်တော်လေး တစ်ယောက် ဖြစ်လေသည်။ သူက တုန်းယီဒေသအရှေ့ဘက်ရှိ အဝါရောင် စမ်းချောင်းများအနီးတစ်ဝိုက်သို့ မြားပစ်လေ့ကျင့်ရန် ရောက်လာခဲ့လေသည်။ ထို့နောက် သူက အဝါရောင် စမ်းချောင်းများ ဒီရေတက်သည့်အချိန်ကိုစောင့် ကာလေးကို ချိန်ပြီး ဒီရေအတက်တွင် မြားဖြင့်ပစ်ချလိုက်လေသည်။ ထိုမြားချက်သည် တာ့ဖိန်ပြည်ကို ဒုက္ခအကြီးအကျယ်ရောက် စေခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏မြားချက်

ကြောင့် အဝါရောင်စမ်းချောင်းများ ရေလျှံမှုဖြစ်ပွားခဲ့ရ

သောကြောင့်ပင်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်တွင် ဖိန်ပေါ်ရှို့သည် တာ့ဖိန်

ပြည်သို့ ပြန်လာခဲ့လေသည်။ သူသည် မြားပစ်လေ့ကျင့်နေ

သည့် ဖုန်းကိုတွေ့သည်နှင့် ဒေါသထွက်ကာ ကောင်းကောင်း

ပညာပေးလိုက်လေတော့သည်။ ထိုအချိန်က ဖုန်းသည် လေး

အတတ်ကိုသာကျွမ်းကျင်ပြီး အခြားသောသဘာဝလွန်

စွမ်းအားများကို ပိုင်ဆိုင်ထားခြင်း မရှိသေးပေ။ ထို့ကြောင့်

ဦးလေးဖိန်၏ ကျောက်စိမ်းတောင်ဝှေးဖြင့် စော်ပလော်အတီးခံ

လိုက်ရပြီး ဒဏ်ရာရကာ ထွက်ပြေးသွားရလေတော့သည်။

ယခု ပြန်ဆုံကြသည့်အချိန်တွင်တော့ ဖုန်းသည် ဖိန်ပေါ်ရှို့ကို စ

ချင်နောက်ချင်စိတ် ဖြစ်လာမိလေသည်။

သို့သော် အဘိုးအိုသည်ကျိုးနေသည့်ဇက်ကိုပင် ပြန်လည်တပ်

ဆင်နိုင်သည်ကိုတွေ့ရသည့်အခါတွင်တော့ ကြိတ်ပြီး

အံ့အားသင့်မိသွားလေသည်။ ထိုပညာသည် တာ့ရှား

ဧကရာဇ်၏ “မပျက်စီးနိုင်သည့်ခန္ဓာကိုယ်” ကို မယှဉ်နိုင်သည့်

တိုင်အလွန်ထူးခြားသည့် ပညာတစ်ခုဖြစ်သည်ကိုတော့

ငြင်း၍မရပေ။

ဖိန်ပေါ်ရှို့က…

"ကျုပ်က ကျန်းမာတာမှ ဒေါင်ဒေါင်မြည်ပဲ ၊ အခုက လူတစ်

ယောက်က တိုက်ခိုက်လိုက်လို့ ကောင်းကင်ပေါ်က ပြုတ်ကျရ

တာကွ ၊ နေပါဦး …. မင်းတော့ကံဆိုးတော့မယ်ဟေ့… ၊ မင်းရဲ့

မျက်ခုံးနှစ်ခုကြားမှာ အမှောင်ထုစိုးမိုးနေတယ် ၊ မင်းတော့

ကံဆိုးတော့မယ်ဟေ့…”

အဘိုးကြီးကိုသွားစမိသည်မှာ မှားပြီဟု ဖုန်းက တွေးလိုက်မိ

လေသည်။ သူက ဆန်းလျန်ကို လုပ်ကြံရန်အတွက် ဆန်းလျ

န်၏အကြောင်းများကို တိတ်တဆိတ်စုံစမ်းနေလေရာ ယခု ဖိန်

ပေါ်ရှို့၏စကားများကြောင့် နိမိတ်မကောင်းဟု ခံစားလိုက်မိ

လေသည်။

ဖုန်းက…

“ကျုပ်ကတော့ အားလုံးအဆင်ပြေနေတာပဲ ၊ ဘာလို့ ကံဆိုးရ

မှာလဲ ၊ အဓိပ္ပါယ်မရှိတာတွေ မပြောစမ်းပါနဲ့ ဦးလေးဖိန်ရာ…”

အဘိုးကြီးက ကံဆိုးစေမည့်စကားများ ထပ်မံပြောဆိုမည်ကို

စိတ်ပူသည့်အတွက် ဖုန်းသည် အဘိုးကြီးကိုပင် နှုတ်ဆက်

ခြင်းမပြုတော့ဘဲ ချက်ချင်းထွက်ခွာသွားလေတော့သည်။

ဦးလေးဖိန်၏ စကားများက သူ့ကို တုန်လှုပ်ခြောက်ခြား

စေသည် မဟုတ်ပါလား။

ထို့ကြောင့် ဝူဖိန်ထံသို့သွားကာ ဗေဒင်တွက်ကြည့်ရန် ဆုံးဖြတ်

လိုက်လေသည်။ သူ့ဘဝတွင် ကံဆိုးခြင်းသာ ကျရောက်မည်

ဆိုပါက တာ့ရှားပြည်တိုင်းပြည်အကြံပေးအမတ်မင်းဆန်းလျန်

ကို လုပ်ကြံမည့်ကိစ္စကို လက်လျှော့လိုက်မည်ဖြစ်လေသည်။

ဝူဖိန်ဆိုသည်မှာ လွန်ခဲ့သည့်နှစ်ပေါင်းသုံးရာခန့်ကတည်းက တု
န်းယီဒေသတွင် ကျော်ကြားသည့် မှော်ဆရာ တစ်ယောက်ဖြစ်
လေသည်။ ဝူဖိန်သည် တုန်းယီဒေသတွင်လှည့်လည်သွားလာ
နေသည့် ရှားမျိုးနွယ်တစ်ယောက် ဖြစ်သည်ဟုပင် ကောလဟ
လများရှိလေသည်။

ဝူဖိန်ဟောသမျှ ဗေဒင်တိုင်းသည် တစ်ချက်မှ လွဲသည်ဟူ၍ မ
ရှိပေ။

အတိတ်တစ်ချိန်တုန်းက ဖုန်းသည် ဝူဖိန်ကို သုံးကြိမ်ခန့်
သွားရောက်ရှာဖွေခဲ့ဖူးလေသည်။ သို့သော် သူသွားတိုင်း ဝူဖိန်
သည် တောင်ပေါ်တွင် မရှိတတ်ပေ။ ထို့ကြောင့် ဝူဖိန်နှင့်တွေ့ဆုံ
ခွင့်မရခဲ့ပေ။

သို့သော်... ယခုတစ်ကြိမ်တွင်တော့ သူ့စိတ်ထဲတွင် လေးလံနေ
လေသည်။ထို့ကြောင့် အပြီးသတ်ဆုံးဖြတ်ချက်တစ်ခု ချမှတ်

နိုင်ရန်အတွက် ဂူဖိန်ဆီတွင် မေဒင်သွားတွက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ဖုန်းက ချက်ချင်းထွက်ခွာသွားသဖြင့် တစ်ခုခုတော့ ထူးခြားသည်ဟု ဖိန်ပေါ်ရှို့က သတိပြုလိုက်မိသည်။

“ဒီကောင်စုတ်လေးကတော့ တစ်ခုခုကြံနေတာဖြစ်ရမယ်…”

ထို့နောက် သူက တောရိုင်းသတ္တဝါတစ်ကောင်၏အရိုးနှင့်တူသည့်အရာတစ်ခုကို အင်္ကျီလက်အတွင်းမှ ထုတ်ယူလိုက်လေသည်။ သူက ထိုအရိုးကို လက်ထဲတွင် တစ်ချက်လှည့်ပတ်လိုက်လေရာ အရိုးအောက်မှ အလင်းတန်များထွက်ပေါ်လာပြီး အရိုးထက်တွင် အက်ကြောင်းတစ်ခုထင်လာလေသည်။

ဖိန်ပေါ်ရှို့က ထိုအက်ကြောင်းကို အတန်ကြာစိုက်ကြည့်နေပြီးမှ…

“ဟဲဟဲ… မင်း ငါ့လက်ကမလွတ်နိုင်ပါဘူးကွာ”

ဟုပြောလိုက်လေသည်။

ထို့နောက် ဖိန်ပေါ်ရှိ့သည် အရိုးတွင်ပေါ်နေသည့် အက်ကြောင်းများကို ပျောက်ကွယ်စေလိုက်ပြီး ဆီးနှင်းတောထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။ သူက ဖုန်းထွက်ခွာသွားသည့်လမ်းကြောင်းကို ခြေရာခံရန်အတွက် “မြေအရွေ့ပညာ” ကို အသုံးပြုလိုက်ခြင်း ဖြစ်လေ၏။

အချိန်နှစ်ရက်ကြာခဲ့ပြီ ဖြစ်လေသည်။

ချင်းရွှမ်ဂူအပြင်ဘက်တွင် နှင်းများက ထူထပ်စွာဖုံးအုပ်နေပြီး ဂူတစ်ခုလုံးကိုပင် မြင်တွေ့ရခြင်း မရှိတော့ပေ။ သို့သော် အားနည်းပြီးပိန်လှီသည့်လူရိပ်တစ်ခုသည် ချင်းရွှမ်ဂူအပြင်ဘက်တွင် ဒူးထောက်နေလေသည်။

ဒူးထောက်နေသူမှာ အသက်ဆယ့်သုံးနှစ်ခန့်သာ ရှိသေးသည့် လူငယ်လေးတစ်ယောက် ဖြစ်လေသည်။ သူ၏မျက်နှာတစ်ခုလုံးတွင် နှင်းများပေကျံနေလေသည်။ အေးလွန်းသည့်အတွက် သူ၏နှုတ်ခမ်းများပင် ပြာနှမ်းနှမ်းဖြစ်နေ ရလေပြီ။

အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်များသည် ခန္ဓာကိုယ်ကြံ့ခိုင်ကြသည့်တိုင် ရှားမျိုးနွယ်များနှင့်တော့ ယှဉ်၍မရပေ။ သူတို့သည် ရှားမျိုးနွယ်များကဲ့သို့ အအေးဒဏ်နှင့်အပူဒဏ်ကို သိပ်ပြီးခံနိုင်စွမ်းမရှိကြပေ။

ထိုလူငယ်လေးမှာ အသက်လည်းငယ်သည့်အတွက် သူ၏ခန္ဓာကိုယ်မှာ ကြံ့ခိုင်ခြင်း သိပ်မရှိသေးပေ။ သူ့အနေဖြင့် အအေးဒဏ်ကို မည်သို့မျှ ခံနိုင်မည် မဟုတ်ပေ။

သို့သော် လူငယ်လေးသည် ဒူးထောက်နေဆဲ ဖြစ်လေသည်။ အရိုးများထဲအထိ အေးခဲမှုကိုခံစားနေရသည့်တိုင် လူငယ်လေးက ခန္ဓာကိုယ်ကိုဖြောင့်မတ်စွာထားပြီး ပန်းပုရုပ်တုတစ်ခုအလား မလှုပ်မယှက်ဒူးထောက်နေဆဲ ဖြစ်လေသည်။

သူ၏ပါးစပ်နှင့်နှာခေါင်းမှ အခိုးအငွေ့များထွက်နေခြင်းမရှိပါက အသက်ရှူရပ်နေပြီဟု၍ပင် ထင်မှတ်မိစရာရှိလေ သည်။

ချင်းရွှမ်ဂူထဲတွင်ရှိနေသည့်ဆန်းလျန်သည် ထိုလူငယ်လေးကို

သတိပြုလိုက်မိလေသည်။

“ဒီကောင်လေးက ဘာလို့ဒီမှာလာပြီး ဒူးထောက်နေရတာလဲ”

ဆန်းလျန်က ကျားနက်ကြီးကိုလှမ်းမေးလိုက်သည်။

ကျားနက်ကြီးက…

“မနေ့ညက သခင်လေး ကျင့်စဉ်ကျင့်ကြံနေကတည်းက အဲဒီ

ကောင်လေးရောက်နေတာပါ၊ ခုဆို သူဒူးထောက်နေ တာတစ်

ညတောင်ကျော်နေပြီ”

ဆန်းလျန်က….

“ဒီကောင်လေးက ဇွဲတော့ကောင်းသားပဲ၊ ဒါပေမယ့် ကျုပ်ကို

တွေ့ချင်တယ်ဆိုရင် ဒီဇွဲလောက်နဲ့မရသေးဘူး၊ နောက်ထပ်

တစ်ညလောက် ထပ်ပြီးဒူးထောက်နေပါစေဦး…”

ကျားနက်ကြီးက…

“ဒီကောင်လေး တောင့်မခံနိုင်မှာပဲ စိုးရိမ်မိတယ်…”

ဆန်းလျန်က...

"တာအိုကျင့်စဉ်လမ်းဆိုတာ သေခြင်းတရားနဲ့ရင်ဆိုင်ရ ရင်တောင် စိတ်ကို တည်ငြိမ်အောင် ထားနိုင်ရတယ် ၊ အဲဒီ လောက်တောင် ဆုံးဖြတ်ချက်ခိုင်မာမှုမရှိရင် ကျုပ်ကိုဘာလို့ လာရှာနေသေးလဲ"

ဒူးထောက်နေသည့်လူငယ်လေးကတော့ ဆန်းလျန်နှင့် ကျား နက်ကြီးပြောနေသည့် စကားများကို သိရှိနိုင်ခြင်းမရှိပေ။ ချင်း ရွှမ်ဂူထဲမှနတ်ဘုရား၏ စိတ်နှလုံးကို ထိရှစေနိုင်ရန်အတွက် သူ၏ဆုံးဖြတ်ချက်ခိုင်မာမှုကို ပြသရန်ဆုံးဖြတ်ထားလေ သည်။

ဝူကျုန်းမျိုးနွယ်စုသည် နတ်ဆရာချင်းရွှမ်ကို ကိုးကွယ် ဆည်းကပ်ကြသည်မှာ သူတို့အကျိုးကျေးဇူးရရှိရန်အတွက် သာဖြစ်လေသည်။ သို့သော် လူငယ်လေးကတော့ တာအို ကျင့်စဉ်လမ်းကို သိရှိလိုလေသည်။ သူက နတ်ဘုရားဆရာ

ကဲ့သို့ ရာသီဥတုကိုပင် ပြောင်းလဲပစ်နိုင်သည့် တန်ခိုးစွမ်းအား များကို ရရှိလိုခြင်းဖြစ်လေသည်။

လူငယ်လေး ငယ်စဉ်က အိပ်မက်တစ်ခု မြင်မက်ခဲ့ဖူးလေ သည်။ ထိုအိပ်မက်ထဲတွင် သူက လေနှင့်မိုးကိုလည်းဆင့်ခေါ် နိုင်သလို ရွှေရောင်ပဲစေ့များကိုလည်း စစ်သည်တော်များ အဖြစ် ပြောင်းလဲပစ်နိုင်သည့် တန်ခိုးရှင် တစ်ယောက်ဖြစ်နေခဲ့ လေသည်။ သူအိပ်ပျော်ရာမှာ နိုးလာသည့်အခါတွင်တော့ အိပ်မက်ကို အိပ်မက်မျှသာ သဘောမထားနိုင်ခဲ့ပေ။ သူက အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ချင်သည့်စိတ်များ တဖွားဖွားဖြစ်ပေါ်နေမိလေသည်။

ထို့ကြောင့် ဆီးနှင်းများ ကျဆင်းနေသည့်အချိန်တွင် သူသည် တောင်ပေါ်သို့ တိတ်တဆိတ်တက်လာခဲ့ပြီး ချင်းရွှမ်ဂူ ကို ရှာဖွေခဲ့ခြင်း ဖြစ်လေသည်။

ချင်းရှမ်ဂူသည် လူတိုင်းဝင်ခွင့်ရသည့်နေရာတစ်ခု မဟုတ်ပါ။ သို့သော် နတ်ဘုရားဆရာသည် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဖြစ်သည့်အတွက် သူရောက်ရှိနေသည်ကို သိရှိလိမ့်မည်ဟု လူငယ်လေးက မျှော်လင့်ထားလေသည်။ ထို့ပြင် လူငယ်လေးတွင် နတ်ဘုရားကိုဆက်သရန်အတွက် အဖိုးတန်လက်ဆောင်ပစ္စည်းတစ်ခုမှ မရှိပေ။ ထို့ကြောင့် နတ်ဘုရား၏စိတ်နှလုံးကို ထိတွေ့စေရန်အတွက် သူ၏ရိုးဖြောင့်သည့်စိတ်ထားသာလျှင် ရှိလေသည်။ ထို့ကြောင့် သူက ချင်းရှမ်ဂူရှေ့တွင် ဒူးထောက်နေခဲ့ခြင်း ဖြစ်လေသည်။

အခန်း (၅၅၂) စမ်းသပ်ခြင်း

နောက်တစ်နေ့ ထပ်မံကုန်ဆုံးသွားခဲ့လေသည်။

လူငယ်လေးသည် အဘယ့်ကြောင့်ဤနေရာတွင် လာရောက်ဒူး

ထောက်နေရသည်ဆိုသည့်အချက်ကိုပင် သူကိုယ်တိုင် စဉ်းစား

မရတော့ပေ။ သို့သော် သူသည် လုံးဝမတ်တပ်ထမရပ်ဘဲ ဒူး

ထောက်နေဆဲ ဖြစ်လေသည်။

သူက ခန္ဓာကိုယ်ကို လှုပ်ရှားကြည့်လိုက်သည့်အခါတွင်တော့

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ထုံကြဉ်နေပြီး တစ်ချက်မှ

လှုပ်ရှား၍မရတော့ပေ။

နောက်ပိုင်းတွင်တော့ သူသတိလစ်သွားရလေတော့သည်။

အချိန်မည်မျှကြာသွားပြီလဲမသိပါ။

လူငယ်လေးသတိရလာသည့်အခါတွင်တော့ သူ့တစ်ကိုယ်လုံး ပူနွေးသည့်ရေများဖြင့် စိုရွှဲနေလေသည်။ ရေပူစမ်းလေးတစ်ခု အတွင်းသို့ ရောက်နေသည့်အလားပင် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် သူ့မျက်နှာတွင်လည်း စေးကပ်ကပ်ဖြစ် နေသလို ခံစားလိုက်ရလေသည်။

သူက မျက်လုံးများကို တဖြည်းဖြည်းဖွင့်ကြည့်လိုက်လေ သည်။

ထိုအခါ...

သူပထမဆုံးမြင်တွေ့လိုက်ရသည့်အရာမှာ... ပါးစပ်ကြီးတစ်ခု အတွင်းမှ ထွက်လာသည့် လျှာရဲရဲကြီးတစ်ခု ဖြစ်လေ တော့သည်။

လျှာရဲရဲကြီးက ပါးစပ်ကြီးအတွင်းသို့ ပြန်ဝင်သွားပြီး ပါးစပ် ကြီးပိတ်သွားလေသည်။

ထိုအခါ ကျားနက်ကြီးတစ်ကောင်၏ဦးခေါင်းကို လူငယ်လေး မြင်တွေ့လိုက်ရလေသည်။ ကျားနက်ကြီးကို မြင်လိုက်ရသည်နှင့် သူ့စိတ်တစ်ခုလုံး ဗလာကျင်းသွားသလို ခံစားလိုက်ရလေသည်။ ကြောက်ရွံ့မှုနှင့်အတူ ခေါင်းများပင်မူးဝေလာရတော့သည်။

“မင်း သတိရလာပြီလား ၊ အကျီဝတ်ပြီးရင် ငါနဲ့လိုက်ခဲ့…”

ကျားနက်ကြီးက လူသားတစ်ယောက်ကဲ့သို့ စကားပြောလိုက်လေသည်။ သူ၏အသံက သတ္တုသံကဲ့သို့ ဩဩကြီးဖြစ်ပြီး အလွန်ကြောက်မက်ဖွယ်ရာကောင်းလေသည်။

လူငယ်လေးမှာ တဖြည်းဖြည်းအကြောက်ပြေလာလေသည်။ နောက်ဆုံးတော့ တာအိုကျင့်စဉ်များသင်ကြားရန်အတွက် ချင်းရှမ်ဂူတွင် နတ်ဘုရားဆရာကို လာရောက်ရှာဖွေသည့် အကြောင်းကို ပြန်အမှတ်ရလာမိသည်။ သူ့ရှေ့မှ ကျားနက်ကြီး

မှာ နတ်ဘုရားဆရာ၏ဘေးတွင်နေလေ့ရှိသည့် ကျားနက်ကြီး ဖြစ်ကြောင်း မှတ်မိသွားလေသည်။

ထိုအခါ... လူငယ်လေးမှာ အလွန်ပျော်ရွှင်သွားလေ တော့သည်။ နောက်ဆုံးတော့ နတ်ဘုရားနှင့်တွေ့ရတော့မည်။ ထို့ကြောင့် သူက အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဝတ်လိုက်လေသည်။

သူ့ကိုထည့်ထားသည့် ရေကန်ငယ်ကို ကြည့်လိုက်မိသည့်အခါ တွင်တော့ ရေများက အနက်ရောင်ပြောင်းလဲ နေလေသည်။ လူငယ်လေး၏ခန္ဓာကိုယ်မှာ ပေါ့ပါးနေပြီး လမ်းလျှောက်သည့် အခါ ပျံသန်းနေသည့်အလားပင် ထင်မှတ်ရလေသည်။

ကျားနက်ကြီးကတော့ စိတ်မရှည်သည့်ပုံဖြင့် နှာမှုတ်ရင်း သူ့ကို စောင့်နေလေသည်။ ထို့ကြောင့် လူငယ်လေးသည် ကျားနက် ကြီးနောက်မှ အမြန်လိုက်ပါသွားလေတော့သည်။ ဂူ အတွင်းလမ်းအချိုးအကွေ့အနည်းငယ် ဖြတ်သန်းသွားပြီး

သည့် နောက်ကျောက်တုံးခန်းမတစ်ခုအတွင်းသို့ သူတို့ရောက်ရှိလာကြလေသည်။

ထိုအခါ... လူငယ်လေးသည် ထူးဆန်းသည့် ဖြစ်ရပ်တစ်ခုကို မြင်တွေ့လိုက်ရလေသည်။ မီးအိမ် ၊ မီးတုတ်များ ၊ အခြား အလင်းရောင်ရစေသည့်ပစ္စည်းများ တစ်ခုမှ မရှိပါဘဲ အခန်းတစ်ခုလုံးမှာ နေ့ခင်းအချိန်အလား လင်းထိန်တောက်ပနေခြင်းပင် ဖြစ်လေသည်။

နတ်ဘုရားဆရာကို တွေ့လိုက်ရသည်နှင့် နတ်ဘုရားကျောင်းတော်ထဲမှ ရုပ်တုနှင့်အလွန်ဆင်တူသည်ဟု လူငယ်လေးက တွေးလိုက်မိသည်။ ရုပ်တုနှင့် မတူသည့်အချက်မှာ သူ့ရှေ့မှ နတ်ဘုရားဆရာသည် အသက်ရှင်နေခြင်းပင်။

လူငယ်လေးက ဆန်းလျှန်ကို ရိုးရှင်းစွာပင် ဒူးထောက်ဂါရဝပြုလိုက်လေသည်။

"ကုကျူ ၊ နတ်ဘုရားဆရာကို ဂါရဝပြုပါတယ်..."

"မင်း ဒီကိုဘာလာလုပ်တာလဲ”

ဆန်းလျန်က မေးလိုက်သည်။

ဆန်းလျန်၏ အသံက ကျယ်လောင်ခြင်းမရှိပါ။ သို့သော် လူငယ်လေး၏ စိတ်နှလုံးဆီသို့ တည့်တည့်ဝင်ရောက်သွားလေ၏။

"ကျွန်တော် တာအိုကျင့်စဉ်တွေ သင်ယူချင်လို့ပါ..."

"ကျုပ်မှာ ကိုယ်ပိုင်တာအိုကျင့်စဉ်လမ်းရှိတယ် ၊ မင်းမှာတော့မရှိဘူး ၊ မင်းက ဘာကိုသင်ယူချင်တာလဲ"

ဆန်းလျန်က လူငယ်လေးကို ဂရုမစိုက်သည့်ဟန်ဖြင့် အေးစက်စွာ ပြောလိုက်လေသည်။

ကုကျုံသည် ခေတ္တခဏ တိတ်ဆိတ်ငြိမ်သက်သွားပြီးမှ ဆက်ပြောလိုက်သည်။

"ကျွန်တော်က နတ်ဘုရားဆရာလို ဖြစ်ချင်တာပါ ၊ နတ်ဘုရားဆရာလိုမျိုး ကိုယ်ပိုင်တာအိုကျင့်စဉ်လမ်းကိုလိုချင်ပါတယ်"

"ဒါဆို မင်းက တာအိုကျင့်စဉ် သင်ယူချင်တာမဟုတ်ဘူး ၊ ဓမ္မကို သင်ယူချင်တာပဲ ၊ ကျုပ်မှာတာအိုကျင့်စဉ်လမ်း တစ်လမ်းပဲရှိတယ် ၊ ဓမ္မလို့ပြောမယ်ဆိုရင်တော့ များပြားလှတဲ့ဓမ္မတွေရှိတယ် ၊ ကျုပ်ရဲ့တာအိုကျင့်စဉ်လမ်းကို မင်းကိုလက်ဆင့်ကမ်းပေးလို့မရနိုင်ဘူး ၊ ဒါပေမယ့် မင်း ချင်းရွှမ်ဂူရှေ့မှာ နှစ်ညတိတိဒူးထောက်နေခဲ့တဲ့အတွက် ဓမ္မလမ်းစဉ်နှစ်ခုတော့ သင်ပေးနိုင်တယ် ၊ သင်ပေးပြီးတာနဲ့ ဒီနေရာကနေ ချက်ချင်းထွက်သွားရမယ်"

ဆန်းလျန်က ပြောလိုက်လေသည်။

ပြောပြီးသည်နှင့် ဆန်းလျန်က ကုကျူ၏မျက်ခုံးနှစ်ခုကြားနေရာသို့ လက်နှစ်ချောင်းဖြင့် ထောက်လိုက်လေသည်။ ကုကျူသည် ဗလာနယ်တစ်ခုအတွင်းသို့ ရောက်ရှိသွားပြီး ထိုနေရာတွင် နတ်ဘုရားဆရာများစွာကို မြင်တွေ့ရလေသည်။

နတ်ဘုရားဆရာတစ်ယောက်က လေနှင့်မိုးကိုဖန်ဆင်း

နေသည်။ နောက်တစ်ယောက်က တောင်ကိုပခုံးထက်တွင်ထမ်းပြီး လမင်းရှိရာသို့ ပျံသန်းနေသည်။ တစ်ယောက်က လျှပ်စီးကဲ့သို့ လျှင်မြန်လွန်းပြီး နောက်တစ်ယောက်ကတော့ ရွှေရောင်ပဲစေ့များကို စစ်သည်တော်များအဖြစ် ပြောင်းလဲနေလေသည်။ များပြားလှစွာသော သဘာဝလွန်စွမ်းအားများကို ပြုလုပ်နေသည့် နတ်ဘုရားဆရာ၏ပုံရိပ်ပေါင်းများစွာသည် ကုကျူရှေ့တွင် လှည့်လည်နေကြလေသည်။

ကုကျူမှာ သူ့မျက်စိရှေ့မှ မြင်ကွင်းကိုကြည့်ပြီး ခေါင်းများပင်မူးဝေလာရလေသည်။

ထိုအချိန်မှာပင် မရေမတွက်နိုင်အောင်များပြားသည့် နတ်ဘုရားဆရာများသည် အလင်းလုံးလေးများအဖြစ် အသွင်ပြောင်းကာ ကုကျူရှိရာသို့ ပျံသန်းလာကြလေသည်။ လူငယ်လေးသည် ထိုအလင်းလုံးလေးများကို မထိရဲ မကိုင်ရဲ ဖြစ်နေမိလေသည်။

နတ်ဘုရားဆရာ၏ ပုံရိပ်များမှ ပြောင်းလဲသွားသည့်အလင်းလုံးများမှာ ပို၍ပို၍များပြားလာလေသည်။

ကုကျူသည် တောင်ကိုထမ်းပြီး လမင်းဆီသို့ပျံသန်းနေသည့် နတ်ဘုရားဆရာ၏ပုံရိပ်ကို ရှာဖွေလိုက်သော်လည်း မတွေ့မြင်ရတော့ပေ။ သူသည် အလင်းလုံးတစ်လုံးစီကို ကိုယ်စားပြုသည့် နတ်ဘုရားဆရာ၏ ပုံရိပ်များကိုမှတ်မိ နိုင်ခြင်းမရှိတော့ပေ။ ထို့ကြောင့် စိတ်ရှုတ်ထွေးစွာဖြင့် ကြုံရာအလင်းလုံးနှစ်လုံးကိုသာ ဖမ်းယူဆုပ်ကိုင်လိုက်လေတော့သည်။

ထိုဖမ်းယူလိုက်မိသည့်အလင်းလုံးနှစ်ခုမှာ “ရွှေရောင်ထိတွေ့ကျင့်စဉ်” နှင့် “ဒြပ်စင်ငါးမျိုးလွှတ်ခြင်းကျင့်စဉ်” များဖြစ်လေသည်။

ထို့နောက်တွင်တော့ သူသည် ဗလာနယ်ထဲသို့မျောလွင့်သွားပြီး တောင်ခြေသို့ ပြန်လည်ရောက်ရှိသွားလေတော့သည်။

စောစောက ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များအားလုံးသည် အိပ်မက်ပမာပင်ဖြစ်လေသည်။

သို့သော် ... သူ့နားထဲတွင် ဆန်းလျန်၏အသံကို ကြားလိုက်ရသည်။

“နောက်ဆို တောင်ပေါ်ကိုဘယ်တော့မှ မလာခဲ့နဲ့တော့ ၊ မင်းရသွားတဲ့တန်ခိုးစွမ်းအားတွေ ဘယ်နေရာက ရခဲ့ တာလဲဆိုတာကိုလည်း ဘယ်သူ့ကိုမှ ပြောမပြနဲ့ ၊ မဟုတ်လို့ကတော့ ဘယ်လောက်ပဲဝေးနေပါစေ မင်းကိုအလွတ်ပေးမှာမဟုတ်ဘူး ၊ ကျုပ်ပြောတဲ့စကားတွေကို စိတ်ထဲမှာ သေသေချာချာ မှတ်ထားပါ”

ကုကျူသည် ဆန်းလျန်၏အသံကို စိတ်ထဲတွင် ပြတ်ပြတ်သားသားကြားလိုက်ရလေသည်။

သူသည် ဆန်းလျန်၏ တရားဝင်တပည့်တစ်ယောက် ဖြစ်ခွင့်မရခဲ့သည့်တိုင် တန်ခိုးစွမ်းအားကျင့်စဉ်နှစ်ခုကိုရရှိခဲ့လေသည်။

သူက ဆရာဖြစ်သူကို ကျေးဇူးတင်သည့်အနေဖြင့် ချင်းရှမ်ဂူ တည်ရှိရာအရပ်ဆီသို့ ဦးညွှတ်ဂါရဝပြု လိုက်ပြီးနောက် တောင်ခြေမှ ထွက်ခွာလာခဲ့လေတော့သည်။

ချင်းရှမ်ဂူထဲတွင်တော့ ကျားနက်ကြီးက စိတ်ရှုတ်ထွေးစွာဖြင့် ဆန်းလျန်ကို မေးလိုက်လေသည်။

“သခင်လေးက သူ့ကိုတပည့်အဖြစ်မွေးမယ်ထင်တာ ၊ ခုတော့ တန်ခိုးစွမ်းအားလေးနှစ်ခုလောက်ပဲ သင်ပေးပြီး ပြန်လွှတ်လိုက်တယ် ၊ ဘာဖြစ်လို့လဲဟင်...”

ဆန်းလျန်က...

“မင်းကလည်း ခုတလော သိပ်အမေးအမြန်းထူတာပဲ...”

ကျားနက်ကြီးက သခင်လေးစိတ်ဆိုးသွားသည်ထင်ပြီး မော့ကြည့်လိုက်လေသည်။ သို့သော် သခင်လေးကပြုံး နေသည်ကိုမြင်တွေ့လိုက်ရလေသည်။

ဆန်းလျန်က...

“တကယ်တော့ မင်းအမေးအမြန်းထူနေတာဟာ သိချင်စိတ်ရှိလို့ပဲ မဟုတ်လား ၊ ဒါကောင်းတဲ့အချက်ပါပဲ ၊ နေ့တိုင်း စားလိုက်အိပ်လိုက်နဲ့ ဘာကိုမှ စိတ်မဝင်စားတာထက်ဆာရင်ကောင်းတဲ့အချက်ပဲ”

ထိုအခါမှ ကျားနက်ကြီးမှာ စိတ်သက်သာရာရသွားလေသည်။ သူက ဆရာဖြစ်သူအတွက် စိတ်ပျက်စရာကောင်းသူ တစ်ယောက် အဖြစ်မခံနိုင်ပေ။

ကျားနက်ကြီးက…

“ဒါဖြင့် ဘာဖြစ်လို့လဲဆိုတာ ပြောပြပါလား…”

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်…

“မင်း ကျုပ်နောက်လိုက်နေတာပဲ ကြာလှပြီ ၊ ကိုယ့်သခင်အကြောင်း နားမလည်သေးဘူးလား ၊ ကျုပ်ကိုပေါ့သေးသေးလူတစ်ယောက်လို့များ ထင်နေလား ၊ ကျုပ်က အရမ်းကျော်ကြားတဲ့ နတ်ဘုရားကျောင်းတော်ကြီးတစ်ခုကနေ

ဆင်းသက်လာတဲ့လူတစ်ယောက်ပဲ ၊ ပြီးတော့ တန်ခိုးစွမ်းအား အမြင့်မားဆုံးနတ်ဘုရားတွေထဲမှာလည်း တစ်ပါးအပါအဝင်ပဲ ၊ ကျုပ်တို့ရဲ့နတ်ဘုရားကျောင်းတော်ကြီးမှာ တပည့်တွကို ရွေးခြယ်တဲ့အခါ အရည်အသွေးထက် စိတ်နှလုံးကိုပိုပြီး ဦးစားပေးတယ် ၊ ကုကျူရောက်လာတော့ သူ့ကိုကျုပ်စစ်ဆေးခဲ့တယ် ၊ သူက နှင်းတောထဲမှာ နှစ်ရက်နဲ့နှစ်ညတိတိ ဒူးထောက်နေတာဆိုတော့ ဖွဲ့တော့အတော်ကြီးတယ် ၊ ဒါပေမယ့် မလုံလောက်သေးဘူး ၊ သူ့ရဲ့စိတ်နှလုံးကိုလည်း စစ်ဆေးဖို့လိုအပ်တယ်”

ကျားနက်ကြီးက ယခုမှ သဘောပေါက်သွားဟန်ဖြင့်...

“ဒါဆို သခင်လေးက သူ့ရဲ့စိတ်နှလုံးကို စစ်ဆေးချင်တာပေါ့”

ထိုသို့ပြောပြီးသည်နှင့် ကျားနက်ကြီးသည် သူ့အကြောင်းသူပြန်စဉ်းစားလိုက်မိလေသည်။ သူသည် အစားသာအများကြီးစားပြီး အလုပ်ကျတော့ ကောင်းကောင်းလုပ်ချင်သူမဟုတ်ပေ။ ထို့ကြောင့် သူလည်း သခင်ဖြစ်သူ၏ စစ်ဆေးခြင်းခံရသည့်

အခါ မည်သို့အဖြေထွက်ပါမည်နည်း။ သူသာ စိတ်နှလုံးကို စစ်ဆေးခြင်းတွင် ကျရှုံးခဲ့ပါက သခင် ဖြစ်သူသည် သူ့ကို စွန့်ပစ်ခဲ့လေမည်လား။ ထိုသို့စဉ်းစားမိသည့်အခါ ကျားနက်ကြီးသည် စိတ်မသက်မသာခံစားလိုက်ရလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း…

"အမှန်ပဲ… အခု သူက "ရွှေရောင်ထိတွေ့ကျင့်စဉ်" နဲ့ "ဒြပ်စင်ငါးမျိုးလွှတ်ခြင်းကျင့်စဉ်" တွေကို ရသွားပြီ ၊ အဲဒီကျင့်စဉ်တွေထဲမှာ ကျုပ်ရဲ့ဓမ္မအဓိပ္ပါယ်တွေကို ထည့်သွင်းပေးထားတယ် ၊ ဒါကြောင့် အချိန်တိုအတွင်းမှာ လွယ်လွယ်နဲ့ ကျင့်ကြံနိုင်လိမ့်မယ် ၊ အဲဒီတန်ခိုးစွမ်းအားနှစ်ခုရသွားတဲ့အခါ သူဘာတွေလုပ်မလဲဆိုတာ ကျုပ်စောင့်ကြည့်ချင်တယ်"

ကျားနက်ကြီးက…

“သခင်လေးက အရမ်းညဏ်ကောင်းတာပဲ ၊ ဒီနည်းလမ်းနဲ့ သူ့ရဲ့စိတ်နှလုံးကို စစ်ဆေးလိုက်တာပေါ့ ၊ ကျွန်တော်သာ ဆိုရင် သခင်လေးလိုမျိုး တွေးမိမှာတောင် မဟုတ်ဘူး”

ဆန်းလျန်က…

“ကျုပ်ကို မြှောက်နေတာတွေ ရပ်စမ်း ၊ နောက်ပိုင်း နတ်ဘုရားကျောင်းတော်ကိုပြန်တဲ့အခါ မင်းကိုခေါ်သွားရမလား ခေါ်မသွားရဘူးလားဆိုတာဆုံးဖြတ်ဖို့ မင်းကိုလည်း ဒီလိုမျိုး စမ်းသပ်မှုပြုလုပ်ရမှာပဲ”

ကျားနက်ကြီးသည် အလွန်မှ ဝမ်းနည်းကြေကွဲသည့်မျက်ဝန်းများဖြင့် ဆန်းလျန်ကို စိုက်ကြည့်လိုက်လေသည်။ သူ့ကို စွန့်ပစ်မသွားရန် ဆန်းလျန်ကို တောင်းပန်နေသကဲ့သို့ ဖြစ်လေသည်။

ဆန်းလျန်က…

“ကျုပ်ရဲ့ကျောင်းတော်မှာ အခြားစီးတော်ယဉ်နှစ်ကောင်ရှိသေးတယ် ၊ ခုလောက်ဆိုရင် သူတို့တွေက နတ်နဂါးတွေတောင် ဖြစ်

နေလောက်ပြီ ၊ မင်းရဲ့ ကျင့်ကြံမှုလေးလောက်နဲ့ဆိုရင် ကျုပ်တော့ သူတို့ရှေ့မှာ အရှက်ကွဲမှာပဲ ၊ မင်းသာ စမ်းသပ်မှုကို မအောင်မြင်ရင်တော့ ကျုပ်နဲ့ကျောင်းတော်ကိုလိုက်ခဲ့ဖို့ တွေးတောင်မတွေးလေနဲ့…"

ကျားနက်ကြီးမှာ နတ်မြင်းပျံစုတ်ကြီးအပြင် သူ၏ပြိုင်ဘက်အဖြစ် နတ်နဂါးနှစ်ကောင်ရှိလိမ့်ဦးမည်ဟု ထင်မှတ်မထားခဲ့မိပေ။ ကျားနက်ကြီးမှာ မျှော်လင့်ချက်ကင်းမဲ့သွားသလို ခံစားလိုက်ရပြီး အနာဂတ်တွင် သခင်လေးသည် သူ့ကို စွန့်ပစ်ခဲ့တော့မည်ဟုသာ တွေးနေမိလေတော့သည်။

မိမိမှာ စိတ်ထားကောင်းသည့် ကျားတစ်ကောင်ဖြစ်ရကား သခင်လေးသာ သူ့ကိုစွန့်ပစ်သွားပါက အခြားသူများ၏ အနိုင်ကျင့်ခြင်းကို ဆိုးဆိုးဝါးဝါးခံရပေတော့မည်။

အမလေး… ခက်ခဲလိုက်တဲ့ဘဝကြီး….။

ကျားနက်ကြီးသည် အကြီးအကျယ် စိတ်ဓာတ်ကျလျှက် ရှိလေတော့သည်။

....

လေးသည်တော်ဖုန်းသည် မှော်ဆရာဝူဖိန်နေထိုင်သည့် တောင်ပေါ်သို့ ရောက်ရှိလာလေသည်။

သို့သော်... လမ်းတစ်ဝက်မှာပင် ဝူဖိန်၏တပည့်တစ်ယောက်နှင့်တွေ့ပြီး တောင်ပေါ်တွင် ဝူဖိန်မရှိကြောင်းကြားသိခဲ့ရလေသည်။ ဆရာဖြစ်သူသည် ဆေးပင်များရှာဖွေရန်အတွက် တောင်ပေါ်မှ ဆင်းသွားသည်ဟု ထိုတပည့်လေးက ဆိုလေသည်။

သို့သော် ဖုန်းကလည်း အလျှင်မလိုပါ။ သူက တောင်အနီးအနားပတ်ဝန်းကျင်တွင် ဝူဖိန်ပြန်လာသည်အထိ စောင့်နေရန်ဆုံးဖြတ်လိုက်လေသည်။

ဆယ်ရက်ခန့်ကြာသည့်အခါတွင်တော့....

ဝူဖိန်ပြန်လာပြီဆိုသည့်အကြောင်းကို ဝူဖိန်၏တပည့်လေးက ဖုန်းကိုလာရောက်ပြောကြားလေသည်။

အခန်း (၅၅၃) ဆယ့်နှစ်ရာသီပင်

ဝူဖိန်သည် မော်ဆရာတစ်ယောက်သာမဟုတ်ပါ။ သူက အဆင့်မြင့်သမားတော်တစ်ယောက်လည်း ဖြစ်လေသည်။ တုန်းယီဒေသတွင် သူကယ်တင်ခဲ့သည့်အသက်ပေါင်း မနည်းလှပေ။ ထို့ကြောင့် သူ့ကို မသိသည့်သူ မရှိပေ။

သို့သော် ဖုန်းကတော့ ဝူဖိန်ကို ပထမဆုံးအကြိမ် တွေ့ဆုံဖူးခြင်း ဖြစ်လေသည်။

ဝူဖိန်၏တပည့်လေးက ဝူဖိန်နေထိုင်သည့်နေရာသို့ ဖုန်းကို လမ်းပြခေါ်ဆောင်လာလေသည်။

သစ်ပင်များကို ရေလောင်းနေသည့် အဘိုးအိုတစ်ယောက်ကို ဖုန်း တွေ့မြင်လိုက်ရသည်။

အဘိုးအိုရေလောင်းနေသည့်အပင်များမှာ မြက်ပင်များနှင့်ဆင်တူလေသည်။ သို့သော် ထိုမြက်ပင်များမှ ထွက်နေ သည့်မွှေးရနံ့သည် စိတ်ကိုရွှင်လန်းစေလေသည်။ သေသေချာချာကြည့်မည်ဆိုလျှင် ထိုမြက်ပင်များသည် တစ်ခက်နှင့်တစ်ခက် အလွန်နီးကပ်နေကြပြီး အမြစ်တစ်ခုမှ မြက်ပင်ဆယ့်နှစ်ခက် ဖြာထွက်နေသည်ကို တွေ့ရလေ သည်။ ဒေါနပန်းနှင့် အနည်းငယ်ဆင်တူသယောင်ရှိသော်လည်း ထိုမြက်ပင်များက ထွားကျိုင်းပြီး ရိုးတန်ဖြောင့်ဖြောင့်နှင့် ဖြစ်လေသည်။ မကပ်ပင်

မှ အပွင့်လေးများသည် ခရမ်းရောင်လည်းရှိသလို အနီရောင်လေးများလည်းရှိလေသည်။

ထိုမြက်များမှာ ဆယ့်နှစ်ရာသီပင်များဖြစ်ကြောင်း ဖုန်းကောင်းကောင်းသိလေသည်။

ဆယ့်နှစ်ရာသီပင်များသည် တာရှည်မခံပေ။ တစ်ခဏအတွင်းမှာပင် ညိုးနွမ်းသွားကြစမြဲပင်။ သို့သော် ဝူဖိန်၏စိုက်ခင်းတွင်တော့ မြက်ပင်များသည် မညိုးနွမ်းဘဲ လန်းဆန်းနေကြလေသည်။ ဝူဖိန်သည် ဆယ့်နှစ်ရာသီပင်များညိုးနွမ်းမသွားစေရန် မှော်ပညာအစီအရင်တစ်ခုကို အသုံးပြုထားဟန် တူလေသည်။ သို့သော် ဝူဖိန်မည်သို့သော ပညာကို အသုံးပြုထားသည်ကို ဖုန်းသိရှိခြင်းမရှိပေ။

ဖုန်းသည် မှော်ပညာများကို စိတ်ဝင်စားသူတစ်ယောက်မဟုတ်ပေ။ သူက လေးအတတ်ကိုသာ စိတ်ဝင်စားသူဖြစ်လေသည်။

ဝူဖိန်သည် ဖုန်းကိုတွေ့လိုက်သည်နှင့်လုပ်လက်စအလုပ်များကို ရပ်တန့်လိုက်လေသည်။

မော်ဆရာအဘိုးအိုသည် အနက်ရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး ပိုက်ကွန်သဖွယ်ရှုတ်ထွေးသည့် ဦးထုပ် တစ်လုံးကို ဆောင်းထားလေသည်။ သူ၏ပါးပြင်က သွေးရောင်လွှမ်းနေပြီး သူ၏မျက်ဝန်းများက တောက်ပကြည်လင် လွန်းလှလေသည်။

ဖုန်းက ရင်ပတ်ထက်တွင် လက်တစ်ဖက်ကိုဖိကပ်လိုက်ပြီး လေးစားသမှုဖြင့် ဝူဖိန်ကိုဂါရဝပြုလိုက်သည်။

"ဆရာဝူဖိန်ကို နှုတ်ဆက်ပါတယ်..."

အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီဒေသတွင် အသက်ကြီးသူများကို ဆရာဟုခေါ်သည့်ဓလေ့ရှိကြလေ သည်။ ထို့ကြောင့် ဖုန်းက ဝူဖိန်ကို ဆရာဟု ခေါ်လိုက်ခြင်း ဖြစ်လေသည်။ ဝူဖိန်သည် ဖုန်းထက်အသက်ကြီးရုံသာမက ဖုန်းက

ဝူဖိန်ဆီမှ အကူအညီတောင်းမည့်သူဖြစ်သည့်အတွက် ရိုသေ

သမှုဖြင့်ခေါ်လိုက်ခြင်း ဖြစ်လေ၏။

ဝူဖိန်က...

"ဘာကိစ္စရောက်လာတာလဲ ၊ ဆေးကုဖို့လား ၊ ဒါမှမဟုတ်

မိသားစုဝင်တစ်ယောက်ယောက်များ နေမကောင်းဖြစ်လို့လား"

"ဆေးကုသဖို့လာတာမဟုတ်ပါဘူး ဆရာဝူဖိန် ၊ ကျုပ်အတွက်

ဆရာက ဗေဒင်များ တွက်ပေးနိုင်မလားလို့ပါ"

ဖုန်းကပြောလိုက်လေသည်။

ဝူဖိန်က လေသံတိုးတိုးဖြင့်...

"ကျုပ်ဗေဒင်မတွက်တာ တော်တော်တောင်ကြာနေပြီ ၊ ဒါ

ကြောင့် မှားပြီးတွက်ချက်မိမှာ စိုးရိမ်မိပါတယ်"

ဖုန်းက....

"စိတ်မပူပါနဲ့၊ ကျုပ်က စိတ်သက်သာလိုသက်သာညား လာခဲ့

တာပါ ၊ ဆရာ့ကိုလည်း ယုံပြီးသားပါ"

ထိုစကားကြောင့် ဝူဖိန်လည်း ငြင်းရန်မတတ်သာတော့ပေ။
"ဒီလိုဆိုမှတော့ တွက်ကြည့်ပေးမယ်လေ ၊ တိုက်တိုက်ဆိုင်ဆိုင်ခုတလော မိုးမြေသဘာဝတရားနဲ့ပိတ်သက်တဲ့ ကိစ္စအချို့ကိုကျုပ်လေ့လာနေခဲ့တာ ၊ မင်းသာအလျှင်မလိုရင် အဲဒီပညာအကြောင်းတောင် အတူတူဆွေးနွေးလို့ရသေးတယ်"
ဝူဖိန်သည် လူတို့၏အသကိုကယ်တယ်နေသည့် သမားတော်တစ်ယောက်ဖြစ်သော်လည်း ပွင့်လင်းပြီး သူ၏ကျင့်စဉ်များနှင့်ပတ်သက်ပြီး အခြားသူများကို ဝေမျှပေးလိုစိတ်ရှိခြင်းကအံ့သြစရာဖြစ်လေသည်။
ဖုန်းက ပြတ်သားသည့်လေသံဖြင့်...
"ကျုပ်တော့ ဆရာဝူဖိန်ကို ဒုက္ခပေးမိပြီ..."
ဝူဖိန်သည် ဖုန်းကို အိမ်အတွင်းသို့ ဖိတ်ခေါ်လိုက်လေသည်။
ဖုန်းကိုခေါ်လာသည့် ဝူဖိန်၏တပည့်လေးက ဆရာဖြစ်သူလက်ဆေးရန်အတွက် ရေဇလုံတစ်လုံးယူလာလေသည်။ ထို

ရေကိုမြင်တွေ့လိုက်သည့်အခါ ဖုန်းသည် အလွန်အမင်းအံ့သြ သွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုရေသည် ယန်ချွမ်ရေစင် ဖြစ်နေသောကြောင့်ပင်။

ယင်စွမ်းအားမြင့်မားသည့် အသူရာချောက်ကဲ့သို့သောနေရာမျိုးတွင် ယန်စွမ်းအားမြင့်မားသည့် ယန်ချွမ်ရေစင်သည် အလွန်ရှားပါးပြီးသန့်ရှင်းသည့် ရေအရင်းအမြစ်ပင် ဖြစ်လေသည်။ လူတစ်ယောက်သည် ယန်ချွမ်ရေစင်ကိုသာ အချိန်ကြာမြင့်စွာသောက်သုံးပါက ခန္ဓာကိုယ်တွင်းမှ ယင်နှင့်ယန်ကို ထိန်းညှိပေးပြီး အသက်ကိုရှည်စေမည် ဖြစ်လေသည်။

ဝူဖိန်က လက်ကိုဆေးကြောသန့်စင်ပြီးသည်နှင့် ဖုန်းနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လေသည်။

ဝူဖိန်က ကွေ့ပတ်မနေတော့ဘဲ ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

“တုန်းယီမှာ ဗေဒင်ပညာဟာ အရင်ကနဲ့မတူတော့ဘဲ အရမ်းကို လျှင်လျှင်မြန်မြန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတယ်၊ မှော်ဆရာ အတော်များများဟာ ကြေးနီဒင်္ဂါးတွေ၊ ကျောက်တုံးတွေကို အသုံးပြုပြီး ဗေဒင်ဟောလာကြတယ်၊ တကယ်လည်း ထိ ရောက်မှုရှိကြပါတယ်၊ ဒါပေမယ့် ကျုပ်က ရှေးဟောင်းစာပေ တွေကိုလေ့လာပြီးတော့ ဟောနည်း တစ်မျိုးနဲ့ဗေဒင်ဟောမှာ ဖြစ်တယ်၊ အဲဒါကတော့ ကျုပ်စိုက်ပျိုးထားတဲ့ ဆယ့်နှစ်ရာသီ ပင်လေးတွေနဲ့ တွက်ချက်ဟောကြားပေးမှာပဲ”

ဖုန်းက အံ့ဩစွာဖြင့်…

“အဲဒီ ဆယ့်နှစ်ရာသီပင်တွေကို ဗေဒင်ဟောတဲ့နေရာမှာ အသုံးပြုမယ်လို့ ထင်မထားမိဘူး၊ ဒီလိုအကြောင်းအရာမျိုး ကျုပ်ဘဝမှာ ပထမဆုံးအကြိမ် ကြားဖူးတာပဲ”

ဖုန်း၏ စကားကြောင့် ဝူဖိန်သည် ကျေနပ်သွားလေသည်။

“ကျုပ်လည်း ဒီနည်းလမ်းကိုရှာဖွေတွေ့ရှိတော့ တကယ်ပဲ အံ့သြခဲ့ရပါတယ်၊ ဒါပေမယ့် ရှေးခေတ်အချိန်တုန်းက ဆယ့်နှစ်ရာသီပန်းတွေကို ဗေဒင်ဟောတဲ့နေရာမှာ တကယ်ပဲ အသုံးပြုခဲ့ကြတယ်၊ တုန်းယီမှာ ဆယ့်နှစ်ရာသီပင် တွေပေါပါတယ်၊ ဒါပေမယ့် အသုံးဝင်တဲ့အချက်ကိုတော့ ဘယ်သူမှ သိပ်မသိကြဘူး၊ လူတွေက ဆယ့်နှစ်ရာသီပင် ကိုရနံ့မွှေးပြီး ဆေးဖက်ဝင်တယ်လို့ပဲ သိထားကြတာလေ”

“ဆရာဂူဖိန်သာမဖော်ထုတ်နိုင်ခဲ့ရင် ဒီလိုအဖိုးတန်ပညာဟာ ကွယ်ပျောက်နေမှာပါပဲ”

ဖုန်းက ဂူဖိန်ကို အနည်းငယ်မြှောက်ပြောလိုက်လေသည်။

ထို့ပြင် ဂူဖိန် ဗေဒင်ဟောတိုင်းမှန်နေသည်မှာ ဆယ့်နှစ်ရာသီပင်ကြောင့်ဖြစ်နိုင်သည်ဟုလည်း စဉ်းစားလိုက်မိလေသည်။

ထိုသို့စဉ်းစားမိသည့်အခါ သူက အဘိုးကြီးဆီမှ ဆယ့်နှစ်ရာသီ

ပင်အချို့တောင်းယူပြီး သူ၏မျိုးနွယ်စုရှိရာ ဒေသတွင်

စိုက်ပျိုးရန် စိတ်ကူးရမိလေသည်။

ဝူဖိန်က ပြုံးလိုက်ရင်း...

“တကယ်တော့ ဆယ့်နှစ်ရာသီပင် တစ်မျိုးတည်းနဲ့တော့

အလုပ်မဖြစ်ပါဘူး ၊ ဗေဒင်ပညာနဲ့ပေါင်းစပ်သိမြင်ဖို့လည်း လို

သေးတယ် ၊ ကျုပ် မင်းကို ဗေဒင်တစ်ကြိမ်ဟောပေးမယ် ၊

မင်းရဲ့ကျင့်ကြံမှုက နက်ရှိုင်းတဲ့အခါကျတော့ ကျုပ်ရဲ့ ဗေဒင်

ပညာမှာ အားနည်းချက်ရှိရင်လည်း ကူပြီးရှာဖွေပေးပါ”

ဖုန်းက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

“ကျုပ်ကြိုးစားပါ့မယ်...”

ဝူဖိန်၏တပည့်လေးသည် ဆယ့်နှစ်ရာသီပင်များကို ယူဆောင်

လာလေသည်။ ဖုန်းက စူးရှသည့်အမြင်အာရုံဖြင့်ကြည့်လိုက်

ရာ ဆယ့်နှစ်ရာသီပင် အပင်ငါးဆယ်တိတိဖြစ်သည်ကို သိရှိ

လိုက်လေသည်။ ထိုအရေအတွက်သည် ပြီးပြည့်စုံသည့်

အရေအတွက်ဟု သတ်မှတ်နိုင်လေသည်။

ထို့ကြောင့် ဖုန်းသည် ဝူဖိန်၏ ဗေဒင်ပညာကို သံသယတစ်

ချက်ပင်မဝင်ဘဲ ယုံကြည်ခဲ့လေသည်။

ဝူဖိန်သည် ဗေဒင်ဟောသည့်ပညာကိုအသုံးပြုပြီး

ဆယ့်နှစ်ရာသီပင် အတိုအရှည်များကို ခွဲခြားလိုက်ပြီး ရှုတ်

ထွေး သည့်ပုံဖော်မှုတစ်ခုကို ပြုလုပ်လိုက်လေသည်။

ပြီးမှ သူက အတန်ကြာစဉ်းစားနေပြီး....

“မင်းမေးတဲ့ကိစ္စက အကောင်းအဆိုးဒွန်တွဲနေတယ် ၊ အဆိုးထဲ

မှာအကောင်းရှိသလို ၊ အကောင်းထဲမှာလည်းအဆိုးရှိနေတယ်

၊ ဘယ်လိုဟောပေးရမယ်မှန်းတောင် မသိတော့ဘူး”

ဖုန်းက...

“ဆရာ.. စိတ်မရှိပါနဲ့ ၊ ဒီထက်ရှင်းအောင် ထပ်ဟောပေးလို့မရ

ဘူးလား”

ဝူဖိန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မင်းရဲ့မွေးဇာတာကမြင့်မြတ်တယ်၊ ဒါကြောင့် ကျုပ်ရဲ့ခန့်မှန်းနိုင်စွမ်းကို ကျော်လွန်နေတယ်၊ ဒါပေမယ့် ကျုပ်မင်းကို စကားတစ်ခွန်းတော့ပြောလိုက်မယ် 'သေခြင်းရှင်ခြင်းကို ကံကြမ္မာကကြိုတင်သတ်မှတ်ထားပြီးသား' ပဲ၊ အိမ်း.... ကောင်းကင်မှာနဂါးက ပျံသန်းနေတယ်"

ဖုန်းက...

"အဲဒီစကားကို တာ့ရှားပြည်က ကွမ်းလုန်ကျီဆီက ကြားဖူးပြီးသားပါ၊ သေခြင်းရှင်ခြင်းကိုကံကြမ္မာကကြိုတင်သတ်မှတ်ထားပြီးသား၊ ဆင်းရဲချမ်းသာဆိုတာက မိုးနတ်မင်းရဲ့အလိုတော်အတိုင်းပဲ၊ ဒါပေမယ့် ကောင်းကင်မှာပျံသန်းနေတဲ့နဂါးဆိုတာကဘာဓိပ္ပါယ်လဲ"

ဝူဖိန်ကပြုံးလိုက်ရင်း...

“နဂါးတစ်ကောင်က ကောင်းကင်မှာဘာလုပ်မလဲ ၊ ခုန်နေမှာ တော့မဟုတ်ဘူး ၊ ပျံသန်းနေမှာပဲ မဟုတ်ဘူးလား ၊ ပျံသန်းနေ တဲ့နဂါးဟာ မိုးနဲ့မြေမှာ လွတ်လပ်စွာလှည့်လည်သွားလာနိုင် တယ်လို့ အဆိုရှိတယ် ၊ ဒီတော့ လူမှုရေးပိုင်းကိုဟောရမယ်ဆို ရင်… အထွတ်ထိပ်အဆင့်မှာရှိတယ် ၊ တိုင်းပြည်ထူထောင် မယ့်သူကို ဟောမယ်ဆိုရင်တော့ ဧကရာဇ်ဖြစ်ကိန်းမြင်တယ်"

ဝူဖိန်၏ဟောကိန်းကြောင့် ဖုန်း၏ရင်ထဲတွင် စိတ်လှုပ်ရှားသွား ရလေသည်။ ဧကရာဇ်တစ်ပါးဖြစ်လာရန်မှာ သူ့အမြဲတမ်း မျှော်လင့်ထားသည့်ကိစ္စဖြစ်လေသည်။ သို့သော် ဟောကိန်းကို မယုံကြည်နိုင်သဖြင့် သူက ထပ်မံမေးမြန်းလိုက်သည်။

“ဆရာပြောပုံအရဆိုရင် … အခုကိစ္စကကောင်းတဲ့ကိစ္စပေါ့ ၊ ဘယ်လိုလုပ် အဆိုးထဲကအကောင်း ၊ အကောင်းထဲကအဆိုး ဖြစ်ရမှာလဲ”

အခန်း (၅၅၄) "ယိ" လမ်းစဉ်

ဝူဖိန်ကပြုံးလိုက်ရင်း...

“သေခြင်းရှင်ခြင်းဆိုတာ ကံတရားအတိုင်းပဲ ၊ ကောရာဇ်တစ်ပါး ဖြစ်ပြီဆိုမှတော့ အသက်လည်း ဘယ်ရှည်နိုင်တော့မှာလဲ ၊ ရာဇပလ္လင်ကိုလည်း အုပ်စိုးနိုင်ပြီး အသက်လည်းရှည်မယ်ဆို ရင်တော့ ဒါကို အောင်မြင်တယ်လို့ ဆိုလို့ရမယ် ၊ တကယ်တော့ လောကမှာ ကောင်းတဲ့အရာတွေဟာလည်း ဆိုးတဲ့အကျိုးဆက်တွေ ဖြစ်လာနိုင်သလို ဆိုးတဲ့အရာတွေကလည်း ကောင်းဖို့ ဖြစ်လာတာမျိုးတွေရှိတယ်လေ”

ဖုန်းက မျက်တောင်တစ်ချက်ခတ်လိုက်ရင်း...

"ဆရာဝူဖိန်... ဒါဆိုရင် ကျုပ်က အသက်တိုမလား ရှည်မလား ပြောပေးပါဦး"

"အဲဒီကိစ္စကတော့ ကျုပ်ပြောပေးလို့ရတဲ့ကိစ္စမဟုတ်ဘူး ၊ သေခြင်းရှင်ခြင်းစာအုပ်ထဲမှာ သွားကြည့်မှပဲ ရှင်းရှင်းလင်းလင်းသိရမှာပဲ"

ဝူဖိန်က အေးအေးဆေးဆေးပင် ပြန်ပြောလိုက်လေသည်။

ဖုန်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း....

"နောက်တော့ သေခြင်းရှင်ခြင်းစာအုပ်ကို ကြည့်ခွင့်ရမှာပါ"

သေခြင်းရှင်ခြင်းစာအုပ်သည် ဖုန်း၏ဘဝတွင် ရက်စရာတစ်ခု ဖြစ်ခဲ့လေသည်။

သူသည် အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီဒေသတွင် အကြီးမြတ်ဆုံးလူသားတစ်ယောက် ဖြစ်ခဲ့သည့်တိုင် သေခြင်းရှင်ခြင်းစာအုပ်ထဲတွင် သူ၏အမည်က ရှိနေဆဲ ဖြစ်လေသည်။

သူသည် လှျို့ဝှက်ကျင့်စဉ်များစွာကိုကျင့်ကြံခဲ့ပြီး ဝိညာဉ်စွမ်းအားဆေးများစွာကို စားသုံးခဲ့သည့်တိုင် သေခြင်းတရားသည် လည်မှာဆွဲထားသည့်ဓားကဲ့ သို့သူ့နောက်သို့ တကောက်ကောက်လိုက်လို့နေဆဲပင်။

ဝူဖိန်က ပြုံးလိုက်ရင်း...

“မင်းက ဖုန်းဟိုမျိုးနွယ်စုရဲ့ခေါင်းဆောင်ပဲ ၊ တုန်းယီရဲ့အတော်ဆုံးလေးသည်တော်တစ်ယောက်ဆိုရင်လည်း မမှားဘူး ၊ ဒါကြောင့် အသက်တော့တိုမယ် မထင်ပါဘူး ၊ ကျုပ်အမြင်ပြောရရင် မင်းသာ သတိထားပြီးဂရုတစိုက်နေမယ်ဆိုရင် ထီးနန်းတောင် ရနိုင်တဲ့အနေအထားမှာရှိတယ် ၊ ဘယ်အရာကမှ မင်းရဲ့ကံကြမ္မာကို မတားဆီးနိုင်ဘူး"

ဖုန်းက ကျယ်လောင်စွာရယ်မောလိုက်ရင်း....

“ကျုပ်ဘုရင်ဖြစ်တဲ့တစ်နေ့ ရောက်ခဲ့ရင် ကျုပ်ကိုလာရှာပါ ၊ ဆရာလိုချင်တဲ့ဆုကိုပေးမယ်...”

ဝူဖိန်ကပြုံးလိုက်ရင်း...

"ကဲ... တခြားကိစ္စမရှိတော့ဘူးဆိုရင် ဒီလောက်ပဲပော့ပါရစေ ၊ ကျုပ် ဆေးဖော်စရာရှိသေးလို့..."

ဖုန်းက...

"ဆယ့်နှစ်ရာသီပင်လေး နည်းနည်းလောက်များ ပေးလိုက်လို့မရဘူးလား"

"မင်းက စိုက်ချင်လို့လား ၊ စိုက်ချင်တယ်ဆိုရင်တော့ မျိုးစေ့နည်းနည်းရှိတယ် ၊ အကုန်သာယူသွားလိုက်တော့"

ဝူဖိန်က အဝတ်ထုပ်လေးတစ်ထုပ်ကို ဖုန်းဆီသို့ ကမ်းပေးလိုက်လေသည်။ အထုပ်လေးထဲမှ အလင်းရောင် မှိန်ပျပျလေးထွက်ပေါ်နေလေသည်။

ဖုန်းသည် အထုပ်လေးကို ကိုင်လိုက်မိသည်နှင့် ကြီးမားသည့် ဝိညာဉ်စွမ်းအားကို ခံစားလိုက်ရပြီး ဆယ့်နှစ်ရာသီပင်၏ မွှေးပျံ့သည့် ရနံ့ကိုလည်း ရရှိလိုက်လေသည်။

“ကျေးဇူးတင်ပါတယ် ဆရာဝူဖိန်၊ ဆရာ့ကို မနှောက်ယှက်

တော့ပါဘူး၊ ခွင့်ပြုပါဦးနော်...”

ပြောပြီးသည်နှင့် ဖုန်းသည် ထွက်ခွာသွားလေတော့သည်။

ထိုအခါမှ ဝူဖိန်၏တပည့်လေးက ဝူဖိန်ကို မေးလိုက်လေသည်။

“ဆရာ... အဲဒီလူက ဘယ်လိုလူလဲမသိဘူး၊ ဆရာ့ကို

ညဏ်ပူဇော်ကမပေးတဲ့အပြင် ဆယ့်နှစ်ရာသီပင်တောင် ပြန်

တောင်းသွားလိုက်သေးတယ်၊ အစကသာ ဒီလိုလူမှန်းသာသိ

ရင် ဆရာပြန်ရောက်တဲ့သတင်းကို သွားပြီး အကြောင်းမကြား

ပါဘူး”

ဝူဖိန်က ကြောက်မက်ဖွယ်ရာ တစ်ချက်ပြုံးလိုက်ရင်း....

“ကျုပ်ကိုများ လွယ်လွယ်နဲ့ အမြတ်ထုတ်လို့ရမယ်ထင်နေ

သလား...”

တပည့်လေးသည် ဆရာဖြစ်သူ၏အပြုံးကိုမြင်လိုက်ရသည့်

အခါ တွန့်ခနဲပင် ဖြစ်သွားရလေသည်။ ဆရာဖြစ်သူထံမှ

အမြတ်ထုတ်ရန်ကြိုးစားသည့် ဖုန်းဆိုသည့်လူသည်

တစ်စုံတစ်ခု ပြန်လည်ပေးဆပ်ရပေတော့မည်။

....

ဝူကျုန်းမျိုးနွယ်စုမှ လူငယ်လေး ကုကျူသည် ဆန်းလျန်

သင်ပေးလိုက်သည့် ကျင့်စဉ်နှစ်ခုကို ခပ်မြန်မြန်ပင် သင်ယူ

တတ်မြောက်သွားခဲ့လေသည်။ သူသည် နတ်ဘုရားတစ်ပါး

မဟုတ်သည့်တိုင် သူရရှိထားသည့် တန်ခိုးစွမ်းအားနှစ်ခု ကို

ကောင်းကောင်း အသုံးချနိုင်ခဲ့လေသည်။

“ရွှေရောင်ထိတွေ့ကျင့်စဉ်” ကြောင့် ကုကျူသည် သာမန်ပစ္စည်း

များကိုပင် မကြည့်ရဲသလောက် ရှိရလေသည်။

အဘယ်ကြောင့်ဆိုသော် ရွှေရောင်ထိတွေ့တန်ခိုးစွမ်းအားကို

အသုံးပြုလိုက်ပါက ပစ္စည်းအတော်များများကို ရွှေအဖြစ်

ပြောင်းလဲပစ်နိုင်သောကြောင့် ဖြစ်လေသည်။

"ဒြပ်စင်ငါးမျိုးလွှတ်ခြင်းကျင့်စဉ်” ကတော့ လျှင်မြန်စွာ

ထွက်ပြေးနိုင်သည့် တန်ခိုးစွမ်းအားကိုရလေသည်။ ထို့ကြောင့်

သူက ရွှေရောင်ထိတွေ့တန်ခိုးစွမ်းအားနှင့် ဒြပ်စင်ငါးမျိုးလွှတ်ခြင်းတန်ခိုးစွမ်းအားကို ပေါင်းစပ်အသုံးပြုပြီး အပူအပင်ကင်းကင်းဖြင့် ဘဝတွင်နေထိုင်သွားနိုင်လေသည်။

ထိုတန်ခိုးစွမ်းအားနှစ်ခုကို အသုံးပြုပြီး ကုကျူသည် ကြွယ်ဝချမ်းသာသူတစ်ယောက် ဖြစ်လာခဲ့လေသည်။ ဝူကျုန်းမျိုးနယ်စုတွင် သူသည် အချမ်းသာဆုံးလူတစ်ယောက်ဖြစ်လာခဲ့သည်။ သူ့အမိန့်ကိုနာခံကြသည့် နောက်လိုက်နောက်ပါ များစွာလည်းရှိလာပြီ ဖြစ်လေ၏။

ကုကျူသည် နတ်ဘုရားများကို ကိုးကွယ်သူတစ်ယောက်မဟုတ်သည့်အတွက် ကုကျူ၏တန်ခိုးစွမ်းအားများသည် နတ်ဘုရားတစ်ပါးထံမှ ရရှိသည်ဟု မည်သူမှ မထင်မှတ်ခဲ့ကြပေ။ သို့သော် ကုကျူသည် တစ်ခါတစ်ရံတွင် နတ်ဘုရားကျောင်းတော်သို့ တစ်ယောက်တည်းသွားကာ ဝတ်ပြုလေ့ရှိလေသည်။

ကုကျူသည် သူ၏မျိုးနွယ်စုတွင် ဂုဏ်သရေတိုးတက်လာခဲ့လေသည်။ သို့သော် သူသည် နတ်ဘုရားဆရာရှေ့တွင် မည်မျှပင် ဝတ်ပြုပါစေ သူရရှိထားသည့်တန်ခိုးစွမ်းအားသည်နှစ်ခုထက်ပိုမည်မဟုတ်ကြောင်း ရိပ်မိထားလေသည်။

ထို့ပြင် သူက ဩဇာအာဏာကို အထွတ်ထိပ်အဆင့်ရောက်သည်အထိ လိုချင်သူဖြစ်လေသည်။ ဩဇာအာဏာရှိလျှင် ကိစ္စရပ်အတော်များများကို ပြုလုပ်နိုင်လေသည်။ ထိုအခါ သူလိုချင်သည့်အရာမှန်သမျှကို ရှာဖွေနိုင်မည် ဖြစ်လေသည်။

ထို့ပြင် သူပေးသမျှအမိန့်ကိုနာခံပြီး သူ့ကိုမြှောက်ပင့်နေကြသည့် နောက်လိုက်နောက်ပါများလည်း များစွာရှိလေသည်။ သူက ထိုသူများ၏မြှောက်ပင့်ခြင်းများကို သဘောကျလျှက်ရှိပြီး ထိုအရာမှာ ဩဇာအာဏာ၏အရသာပင်ဖြစ်လေသည်။

ဩဇာအာဏာသည် “ရလေလိုလေ အိုတစ္ဆေ” ၊ “သောက်လေသောက်လေ ငတ်မပြေ” ဆိုသကဲ့သို့ ပင်။

သြာဇာအာဏာကြီးမားမှုနှင့် ကြွယ်ဝချမ်းသာခြင်းသည် လောကတွင် အရေးကြီးဆုံးသောအရာများမဟုတ်ပါ။ သို့သော် ထိုအရာနှစ်ခုရှိလျှင် ပြဿနာအတော်များများကိုတော့ ဖြေရှင်းရလွယ်ကူစေလေသည်။

ကုကျိုသည် သြာဇာအာဏာကိုမက်မောပါသည်။ သို့သော် သူ့ရင်ထဲမှ စစ်မှန်သည့်ဆန္ဒကတော့ ကျင့်စဉ်ကျင့်ကြံ ခြင်းပင်ဖြစ်လေသည်။

ထို့ပြင် အောင်မြင်မှုရရှိရန်အတွက်ဆိုလျှင် ဝူကျုန်းမျိုးနွယ်စုသည် အလွန်သေးငယ်လွန်းသည်။

ထို့ကြောင့် ကုကျိုသည် သူ၏လက်အောက်ငယ်သားများ အံ့သြထိတ်လန့်သွားစေသည့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။ သူက ဝူကျုန်းမျိုးနွယ်စုမှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

ဝူကျုန်းမျိုးနွယ်စုထက် အခြားသောနေရာတစ်ခုတွင်

အောင်မြင်မှုများ ပိုပြီးရရှိနိုင်မည် ဖြစ်လေသည်။

အရှေ့တိုင်းစစ်သည်တော်များနေထိုင်ရာဒေသနှင့် တုန်းယီ

ဒေသတွင် များစွာသော မှော်ပညာနှင့် တာအိုကျင့်စဉ်များရှိ

လေသည်။ ဆန်းလျန်သင်ပေးလိုက်သည့် ကျင့်စဉ်နှစ်ခုတွင်

အခြေခံတာအိုကျင့်စဉ်လမ်းအဓိပ္ပါယ်များ ပါဝင်သည့်အတွက်

ကုကျူအနေဖြင့် အခြားသော ကျင့်စဉ်များကျင့်ကြံလျှင်

လည်း ပိုမိုနားလည်လွယ်လာရလေသည်။

နှင်းများထူထပ်စွာမကျဆင်းခင်မှာပင်....

ကုကျူသည်ယုံကြည်စိတ်ချရသည့် လက်အောက်ငယ်သား အ

ယောက် (၃၀)ကိုခေါ်ကာ ဝူကျုန်းမျိုးနွယ်စုကို စွန့်ခွာသွားလေ

တော့သည်။

သို့သော်... သူလုပ်သမျှအလုပ်တိုင်းကို ဆန်းလျန် သိမြင်နေသည်ဆိုသည့်အချက်ကိုတော့ ကုကျူ သိရှိခဲ့ခြင်းမရှိပါချေ။

ချင်းရွှမ်ဂူထဲတွင်တော့ ကုကျူလုပ်သမျှအလုပ်တိုင်းကို ဆန်းလျန်နှင့် ကျားနက်ကြီးက ကြည့်နေကြလေသည်။

ကုကျူထွက်ခွာသွားသည်ကို ကျားနက်ကြီးတွေ့မြင်သည့်အခါတွင်တော့....

"ဆရာ... သူ့ကို စိတ်နှလုံးစစ်ဆေးတာ ကျရှုံးပြီမဟုတ်လား..."

ဆန်းလျန်က ...

"အင်း... သူ့ရဲ့ခံယူချက်က ချင်းရွှမ်နတ်တံခါးရဲ့စံနှုန်းနဲ့တော့ မကိုက်ညီဘူး၊ ဒါပေမယ့် ဒီလူငယ်ဟာ တစ်နေ့မှာ ကျိန်းသေအောင်မြင်လိမ့်မယ်”

"ဘာဖြစ်လို့လဲ..."

ကျားနက်ကြီးက သိလိုစိတ်ဖြင့် မေးလိုက်သည်။

ဆန်းလျန်က....

"ကျုပ်က သူ့ရဲ့စိတ်နှလုံးကို စမ်းသပ်တယ်ဆိုပေမယ့် "ယိ" လမ်းစဉ်ကိုလည်း သုတေသနလုပ်နေတာ ၊ အဲဒါက လျန်စန်းနဲ့ ထိုက်ရှီးနည်းဗျူဟာကို အခြေခံပြီး ရရှိထားတဲ့ လမ်းစဉ်တစ်ခုပဲ”

ဆန်းလျန်က ကုကျူကို မထင်မှတ်ဘဲ တွေ့ရှိခဲ့သည့်အချိန်တွင် “ယိ” လမ်းစဉ်ကို စမ်းသပ်ပြီး ကုကျူ၏ကံကြမ္မာကို သိရှိရန် ကြိုးစားခဲ့ခြင်းဖြစ်လေသည်။

ကံကြမ္မာဆိုသည်က ဆန်းကြယ်လွန်းပြီး ကံဆိုးကံကောင်းလည်း ကွဲပြားနေသေးသည်။

ကိုယ်ပြုသည့်အလုပ်သည် ကံသာဖြစ်ပြီး ကံဆိုးကံကောင်း ရောပြွန်းနေခြင်းကို ဘဝခရီးလမ်းဟု ခေါ်လေသည်။

ဆန်းလျန်သည် အဖြစ်အပျက်များကို ကြိုတင်ခန့်မှန်းတွက်စနိုင်သော်လည်း လူတစ်ယောက်၏ဘဝခရီးလမ်း တစ်ခုလုံး

တွင် ဖြစ်ပျက်မည့်ကံတရားများကိုတော့ ကြိုတင်သိရှိနိုင်သူ

တစ်ယောက် မဟုတ်ခဲ့ပါ။

မည်သို့ပင်ဖြစ်စေ ဆန်းလျန်သည် "ယိ" လမ်းစဉ်ကို အလွန်

စိတ်ဝင်စားနေမိလေသည်။

လောကတွင် အရာအားလုံးက ပြောင်းလဲနေလေသည်။

သို့သော် ထိုပြောင်းလဲမှုသည် ပုံစံတကျရှိလေ၏။

"ယိ" လမ်းစဉ်....

ဆန်းလျန်က "ယိ" လမ်းစဉ်ကို အသုံးပြုပြီး လူတစ်ယောက်၏

ကံဆိုးကံကောင်းနှင့် ထိုသူသည် နောင်အနာဂတ်တွင် မည်သို့

ဖြစ်ပျက်မည့်အရာများကို ခန့်မှန်းနိုင်မည်ဟု ယူဆခဲ့လေ

သည်။ ထို့ပြင် အနာဂတ်ကိုသိရှိနိုင်ခြင်းအားဖြင့် ကံဆိုး

ကံကောင်း အကျိုးသက်ရောက်မှုများကိုလည်း တားဆီးနိုင်

မည် ဖြစ်လေသည်။

သို့သော် ထိုသို့ပြုလုပ်ခြင်းသည် ဖန်ဆင်းရှင်ကို ထိခိုက်မည်တော့ မဟုတ်ပေ။

အခန်း (၅၅၅) ကြာပန်းပုံသဏ္ဌာန်မီးအိမ်

"ယိ" လမ်းစဉ်မှာ ဆန်းလျန်တီထွင်ထားသည့် ကျင့်စဉ်များထဲမှ တစ်ခု ဖြစ်လေသည်။ ကံကြမ္မာကိုစမ်းသပ်ကြည့်ရန် တီထွင်ထားသည့် ဆန်းလျန်၏ ပထမဆုံးခြေလှမ်းလည်း ဖြစ်လေသည်။

တာအိုဝါဒ ၊ ဗုဒ္ဓဘာသာ ၊ နတ်မိစ္ဆာ သို့မဟုတ် ကျောင်းတော်ပေါင်းများစွာမှ အယူအဆအတွေးအခေါ်များ မည်သို့ပင်ကွဲပြားပါစေ ကျင့်စဉ်လမ်း၏နောက်ဆုံးအန္တိမအဆင့်သည် ဩဇာအာဏာကို ရှာဖွေခြင်းမဟုတ်ပေ။ နတ်ဘုရားများသည် ဩဇာလွှမ်းမိုးမှုကို ရွေးခြယ်လျှင် အချည်းအနှီးသာ ဖြစ်ရပေမည်။

အာကာသထဲတွင် နတ်ဘုရားတစ်ပါးထက် ဩဇာအာဏာမြင့်မားသည့် ကြယ်စင်ပေါင်းများစွာ ထွန်းလင်းလျှက်ရှိလေသည်။ ထိုကြယ်စင်များသည် လောကတစ်ခုချင်းစီတိုင်းကို ဖျက်စီးပစ်နိုင်သည့် ဩဇာလွှမ်းမိုးမှု ရှိလေသည်။ နတ်ဘုရားတစ်ပါးတွင် ထိုကဲ့သို့သော ဩဇာလွှမ်းမိုးမှု ရှိနိုင်မည်မဟုတ်ပေ။ သို့သော် တန်ခိုးစွမ်းအားမြင့်မားသည့် စစ်မှန်သည့်နတ်ဘုရားတစ်ပါးကိုတော့ မည်သည့်ကြယ်စင်ကမှ ဆန့်ကျင်နိုင် မည်မဟုတ်ပေ။

ထိုအယူအဆကိုနားလည်သည့်ဆန်းလျှန်သည် တာ့ရှား

ဧကေရာဇ်ထက် သာလွန်လေသည်။

အဘယ်ကြောင့်ဆိုသော တာ့ရှားဧကရာဇ်သည် ဩဇာအာဏာ

မရှိလျှင် အောင်မြင်သူမဖြစ်နိုင်ဟု မှတ်ယူထားသူ ဖြစ်လေ

သည်။ သို့သော် တာ့ရှားဧကရာဇ်သည် အစွမ်းကုန်ကြိုးစား

မည်ဆိုပါက ဗုဒ္ဓနှင့်တာအိုဆရာသခင်ကြီး၏ခြေရာကို

အမီလိုက်နိုင်မည့်သူတစ်ယောက် ဖြစ်လေသည်။

သို့သော် ဆန်းလျှန်ကတော့ သူ့ဘဝတွင် လုပ်သင့်လုပ်ထိုက်

သည်များကို ပြုလုပ်သွားနိုင်မည်ဆိုလျှင် အောင်မြင်မှုမရရှိ

လျှင်ပင် နောင်တရမည့်သူတစ်ယောက် မဟုတ်ပေ။

လူဆိုသည်မှာ ကိုယ်ယုံကြည်ရာအတွေးအခေါ်အယူအဆများ

ဖြင့် ရပ်တည်သူများဖြစ်ကြလေရာ မည်သူ့ကိုမှ ဝေဖန်ရန် မ

သင့်တော်ပေ။

ထို့ကြောင့် လောကတွင် အနိုင်အရှုံးကိုတွက်ချက်နိုင်ရန်မှာ ခက်ခဲလှသည်။

ကုကျူ၏စိတ်နေစိတ်ထားနှင့် ခံယူချက်သည် ချင်းရွှမ်နတ်တံခါး၏ စံနှုန်းဖြင့် မကိုက်ညီသည့်တိုင် ဆန်းလျန်ကတော့ ကုကျူကို ဝေဖန်ပြစ်တင်မည် မဟုတ်ပေ။

ချင်းရွှမ်နတ်တံခါး၏ စံနှုန်းဖြင့်မကိုက်ညီပါ ကုကျူသည် မည်သည့်နေရာတွင်မှ မအောင်မြင်နိုင်ဟု ဆိုလိုခြင်းမဟုတ်ပေ။

ဆန်းလျန်ခန့်မှန်းချက်အရဆိုလျှင် ကုကျူသည် အသက်ရှည်ပြီး ကောင်းမွန်သည့်ဘဝကို ပိုင်ဆိုင်နိုင်မည် ဖြစ်လေသည်။ အောင်မြင်မှုများလည်း ရရှိနိုင်မည်ဖြစ်သည့်အတွက်ကျင့်စဉ်အသစ်များကိုလည်း ထပ်မံကျင့်ကြံနိုင်မည်ဖြစ်လေသည်။ နောက်ဆုံးတွင် လူမျိုးစုတစ်ခုကိုပင် တည်ထောင်နိုင်ပေလိမ့်မည်။ သို့သော် ကုကျူသည် သေခြင်းရှင်ခြင်းကိုတော့

ကျော်လွန်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကံကြမ္မာပေးသည့် အချိန်တွင် သေခြင်းတရားကို တော့ရင်ဆိုင်ရပေလိမ့်မည်။ လုကျိုးယွမ်၏အခြေအနေကို နားလည်နိုင်ခဲ့သည့်အတွက် လည်း ဆန်းလျန်သည် ယခုကဲ့သို့ လေ့လာတွေ့ရှိချက်ကို သုတေသနပြုနိုင်ခဲ့ခြင်းဖြစ်လေသည်။ လုကျိုးယွမ်သည် ကြယ်စင်များနှင့်ပေါင်းစပ်ပြီး ခန္ဓာကိုယ်တစ်ခုကို တည်ဆောက်နိုင်ကာ လူအများစု၏ကံကြမ္မာကို ခန့်မှန်းနိုင်ခဲ့ လေသည်။ ထိုသို့ပြုလုပ်နိုင်ခြင်းမှာ ထူးခြားပြီး ထိုက်ယီထျန်း ရှန်းအဆင့်နတ်ဘုရားများပင် ပြုလုပ်နိုင်မည်လား မသေချာ ပေ။

သို့သော်... လုကျိုးယွမ်၏အဆင့်သည် ထိုက်ယီထျန်းရှန်း အဆင့်ထက်မကျော်လွန်သေးသည့်တိုင် သူ၏ကျင့်စဉ်လမ်းက အနည်းငယ်ကွဲပြားခြားနားလေသည်။

ထို့ကြောင့် နတ်ဘုရားတစ်ပါးမဖြစ်မီတွင် တာအိုကျင့်စဉ် လမ်းတွင် အဆင့်ကိုးဆင့်ခွဲခြားထားခြင်းဖြစ်လေသည်။ သို့သော် နတ်ဘုရားတစ်ပါးဖြစ်သွားပြီဆိုလျှင်တော့ အဆင့် ခွဲခြားမှုမရှိတော့ပါ။ အဘယ်ကြောင့်ဆိုသော် နတ်ဘုရား တစ်ပါးဖြစ်သွားပြီဆိုသည်နှင့် မိုးကောင်းကင်နတ်ဘုရား အဆင့်တက်ရောက်ရန်နှင့် ထိုက်ယီထျန်းရှန်းအဆင့် တက် ရောက်ရန်မှာ သိပ်ပြီးမလိုအပ်တော့ပါ။

အဘယ်ကြောင့်ဆိုသော် နတ်ဘုရားတစ်ပါးဖြစ်သွားပြီဆိုသည် နှင့် နောက်ဆုံးတွင် မိုးကောင်းကင်နတ်ဘုရားအဆင့် နှင့်ထိုက် ယီထျန်းရှန်းအဆင့်သို့ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ရောက်ရှိ သွားမည်ပဲ ဖြစ်လေသည်။

ဘိုးဘေးများလည်း ထိုလမ်းစဉ်အတိုင်းပင် လိုက်ခဲ့ကြသည်မ ဟုတ်ပါလား။ထို့နောက် ဘိုးဘေးများက တပည့်များလိုက် လျှောက်နိုင်ရန်အတွက် ကျင့်စဉ်များကို ချန်ထားပေးခဲ့ကြ

သည်။ ချန်ထားခဲ့သည့်ကျင့်စဉ်များသည် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ တဖြည်းဖြည်းပုံသေကားချပ်ကဲ့သို့ ဖြစ်ခဲ့လေသည်။

မည်သည့်ကျင့်ကြံသူမဆို လမ်းသစ်မထွင်ဘဲ လမ်းဟောင်း အတိုင်းသာ လိုက်ကြလေသည်။ လမ်းသစ်ထွင်ပါက ယခင် လမ်းကြောင်းထက်ပိုပြီးခက်ခဲမည်ဟု အားလုံးက ယူဆကြ လေသည်။

ဗုဒ္ဓဘာသာ၏အမြင့်ဆုံးဆင့်မှာ ဗုဒ္ဓဘုရားဖြစ်ပြီး တာအို ကျင့်စဉ်လမ်း၏အမြင့်ဆုံးအဆင့်မှာ တာအိုဆရာသခင်ကြီး ဖြစ်လေသည်။ ထိုအဆင့်သို့ရောက်လျှင်တော့ မည်သူမျှ ထိခိုက်အောင် လုပ်နိုင်ကြတော့မည် မဟုတ်ပေ။ သို့သော် နတ်မိစ္ဆာများနှင့် အခြားသောသူတော်စင်များလျှောက်လှမ်း သည့် ကျင့်စဉ်လမ်းများတွင်တော့ ဗုဒ္ဓ သို့မဟုတ် တာအိုဆရာ

သခင်ကြီးကဲ့သို့ မီးမောင်းထိုးပြနိုင်သည့် သိသာထင်ရှားသည့် ပုဂ္ဂိုလ်များ မရှိပါ။

တာအိုဝါဒနှင့် ဗုဒ္ဓဘာသာနှစ်ခုလုံးသည် စစ်မှန်သည့်ကျင့်စဉ် လမ်းဖြစ်ရသည့် အကြောင်းရင်းမှာ ထိုအချက်ကြောင့် ပင်ဖြစ်လေသည်။

....

မျက်စိတစ်မှိတ်အတွင်းမှာပင် တစ်လဆိုသောအချိန်က ကုန်ဆုံးသွားခဲ့လေသည်။

ချင်းရွှမ်ဂူကိုဖုံးလွှမ်းနေသည့် နှင်းများသည် တဖြည်းဖြည်း အရည်ပျော်ကျလာခဲ့လေပြီ။ ဆန်းလျန်သည် ကျင့်စဉ်ကျင့်ကြံခြင်းကို ရပ်တန့်လိုက်ပြီး တောင်တစ်ခွင်လှည့်လည်ကြည့်ရှုနေလေသည်။ တောင်ပေါ်သို့ တက်လာကြသည့် ဝူကျုန်းမျိုးနွယ်စုဝင်များသည် ဆန်းလျန်ကို တွေ့မြင်နိုင်ကြလေသည်။

လူအများစုက နတ်ဘုရားများကို ရိုသေလေးစားသည့်တိုင် နတ်ဘုရားများနှင့် အဆက်အသွယ်မပြုလုပ်နိုင်ကြပေ။

သို့သော်

သို့သော် အားလျန်နှင့် သူ၏သမီးလေးကတော့ ချွင်းချက်ဖြစ်လေသည်။

ဆန်းလျန်က အားလျန်၏သမီးလေးကို ချစ်ခင်သည့်အတွက် ဖူဟောင်ဟုပင် အမည်ပေးထားလေသည်။ အားလျန်ကလည်း ထိုနာမည်လေးကို သဘောကျလေသည်။

ထိုနေ့က...

နေဝင်ရီတရောအချိန်...

ဆီးနှင်းများက တဖွဲဖွဲ ကျဆင်းနေလေသည်။ အေးစက်သည့်လေအေးကလည်း တိုက်ခတ်နေလေသည်။ အားလျန်သည် နတ်ဘုရားကျောင်းတော်ထဲတွင် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။

ဆန်းလျန်ကို အမှတ်မထင်တွေ့လိုက်ရသည့်အတွက် အားလျန်မှာ ထူးဆန်းနေလေသည်။

သူမက…

“နတ်ဘုရားဆရာ… ဘာလို့များရောက်လာရတာလဲ”

ဆန်းလျန်ကပြုံးလိုက်ရင်း…

“ကျုပ်ကိုလုပ်ကြံမယ့်လူတစ်ယောက်ရှိနေတယ်၊ ဒါပေမယ့် သူမအောင်မြင်နိုင်ပါဘူး၊ ဒါပေမယ့် ဒီလူက မင်းနဲ့ မင်းရဲ့သမီးလေးကို ဒုက္ခပေးနိုင်တယ်၊ မင်းတို့နှစ်ယောက်က ကျုပ်ကို အရမ်းယုံကြည်ကိုးကွယ်တယ်၊ ကျုပ်ကလည်း အကြင်နာတရားမရှိတဲ့လူတစ်ယောက်မဟုတ်လေတော့ လျစ်လျူရှုမနေနိုင်ဘူး၊ ဒါကြောင့် မင်းကို ဒါလေးလာပေးတာ”

ဆန်းလျန်၏ စကားကိုကြားသည့်အခါတွင်တော့ အားလျန်၏ခေါင်းထဲတွင် မေးခွန်းပေါင်းများစွာ ပေါ်ထွက်လာလေသည်။

နတ်ဘုရားတစ်ပါးကို မည်သို့သောလူကများ လုပ်ကြံမှာပါလိမ့်…။

ရှုတ်တရက်...

ဆန်းလျှန်၏လက်ထဲတွင် ကြာပန်းပုံသဏ္ဍာန်မီးအိမ်လေးတစ်ခု ပေါ်လာပြီး ထိုမီးအိမ်လေးသည် အားလျှန်ဆီသို့ ပျံသန်းသွားလေသည်။

ထို့နောက် ဆန်းလျှန်၏အသံသည် သူမ၏နားနားတွင် ကြားလိုက်ရလေသည်။

“ဒီမီးအိမ်က ဝိညာဉ်စွမ်းအားပြည့်ဝတယ် ၊ မင်းနဲ့မင်းရဲ့သမီးလေးကို အန္တရယ်ကနေ ကာကွယ်ပေးလိမ့်မယ် ၊ ဒီမီးအိမ်ကို အသုံးပြုဖို့ ဘာဂါထာမန္တန်မှ မလိုဘူး ၊ ယုံကြည်ခြင်းပဲလိုတယ်”

ရှုတ်တရက်...

အားလျှန်သည် သတိဝင်လာပြီး သူမသည် နတ်ဘုရားကျောင်းတော်ထဲတွင် အိပ်ပျော်နေခြင်းဖြစ်သည်ကို သိလိုက်ရလေ

သည်။ သူမ၏သမီးလေးက သူမ၏ဆံပင်များကို လာဆွဲသည့်အတွက် အိပ်ပျော်နေရာမှ နိုးလာခဲ့ခြင်း ဖြစ်လေသည်။ သူမဆီသို့ ဆန်းလျန်ရောက်လာသည်မှာ အိပ်မက်မျှသာ ဖြစ်လေသည်။

သို့သော်... အိပ်မက်မဟုတ်သည်ကိုလည်း ချက်ချင်း သဘောပေါက်သွားရသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ရှေ့တွင် ကြာပန်းပုံသဏ္ဍာန်မီးအိမ်လေးကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။ မီးအိမ်လေးသည် မီးစာမရှိ ၊ ဆီမရှိပါ။ ထို့ကြောင့် မီးလည်းထွန်းလင်းနေခြင်း မရှိပေ။ သို့သော် မီးအိမ်လေးဆီမှ အငွေ့ဓာတ်ကိုခံစားနေရလေသည်။

နတ်ဘုရားဆရာသည် သူမထံသို့ တကယ်ပင် ရောက်ရှိလို့လာခဲ့သည်ပဲ။

ဖူဟောင်လေးကကြာပန်းမီးအိမ်လေးကို မြင်တွေ့သွားသည့်
အခါတွင်တော့ လှမ်းဆွဲလိုက်လေသည်။ အားလျန်က သမီး
ငယ်ကို တားဆီးလိုက်ရင်း....

"သမီးလေး ... ဒီမီးအိမ်က သမီးရဲ့အသက်ကို ကယ်မယ့်
မီးအိမ် ၊ မဆော့ရဘူးနော်..."

အားလျန်က မီးအိမ်လေးကိုကိုင်ကြည့်ပြီး လေ့လာကြည့်သည့်
တိုင် မည်သို့အသုံးပြုရမည်ကို သိရှိခြင်းမရှိပေ။ ဆန်းလျန်
ကတော့ သူမကို ယုံကြည်ခြင်းရှိရန်သာ သတိပေးခဲ့လေသည်။
အမှန်တော့ထိုမီးအိမ်လေးသည် လူသားများ၏ဆုတောင်းခြင်း
မှထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားကို အသုံးပြုကာ ပြုလုပ်
ထားသည့် မီးအိမ်လေးဖြစ်လေသည်။ ထို့ကြောင့် ရှန်ဝါဒမှ
ဆင်းသက်လာသည့် မီးအိမ်လေးဟု ပြော၍ရလေ သည်။ ထို
မီးအိမ်လေးကိုအသုံးပြုရန်အတွက် ရှန်ဝါဒ၏လမ်းစဉ်

အတိုင်း ယုံကြည်ခြင်းနှင့် ကိုးကွယ်ဝတ်ပြုခြင်းသာ လိုအပ်လေသည်။

ဆန်းလျန်က အားလျန်ကိုပေးရန်အတွက် မှော်ဝင်ပစ္စည်းများစွာကို စဉ်းစားမိသည့်တိုင် ကြာပန်းမီးအိမ်လေးကတော့ အသင့်တော်ဆုံးဖြစ်သည်ဟု ထင်မြင်ခဲ့မိလေသည်။

ထို့ကြောင့် သူက အားလျန်အကာအကွယ်ရရှိရန်အတွက် ကြာပန်းမီးအိမ်လေး လာရောက်ပေးအပ်ခဲ့ခြင်းပင်။

နောက်တစ်နေ့တွင်တော့...

ဝူကျုန်းမျိုးနွယ်စုများနှင့် အားလျန်သည် ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုကို ကြုံတွေ့ခဲ့ရလေသည်။

နှင်းများအားလုံး အရည်ပျော်ကျသွားပြီဖြစ်သည့်တိုင် နတ်ဘုရားချင်းရွှမ်နေထိုင်သည့်တောင်သည် အဖြူရောင်များ ဖုံးလွှမ်းနေဆဲဖြစ်သည်ကို အံ့သြမင်သက်စရာကောင်းစွာ တွေ့ရှိလိုက်ရသောကြောင့်ပင်။

အဖြူရောင်များ အဘယ့်ကြောင့် ဖုံးလွှမ်းနေရပါသနည်း...။

နတ်ဘုရားတောင်ပေါ်တွင် မက်မွန်ပန်းအဖြူရောင်များသည် ညတွင်းချင်းပင် တောင်တစ်ခွင်လုံး ဖုံးအုပ်သည်အထိ ပွင့်လန်းလာသောကြောင့် ဖြစ်လေသည်။

"ဆောင်းတွင်းကာလ တောထဲမှာပွင့်လန်းနေတဲ့ မက်မွန်ပန်းတွေ...

ကြိုတောင့်ကြိုခဲ ပွင့်နေကြတဲ့ မက်မွန်ပွင့်တွေနဲ့ ချယ်ရီပွင့်တွေဟာ မတူညီပါဘူး...

ရုတ်တရက် ညကိုဖြတ်သန်းလာတဲ့လေပြေလေးနဲ့ မွှေးရနံ့လေးတွေမျောပါလာတော့....

နွေဦးကဖြည်းညင်းစွာဝင်ရောက်လာပါရောလား..."

ဆန်းလျန်သည် ရှူခင်းကို ကြည်နူးစွာကြည့်ရင်း ကဗျာလေးကို ရွတ်နေမိလေသည်။

ထိုကဗျာလေးမှာ ဆန်းအိမ်တော်မှ ထွက်ခွာမလာခင် ဆန်းရော့ရှီကို သူပြောပြခဲ့သည့် ကဗျာလေးဖြစ်လေသည်။

ထိုအချိန်တုန်းကတော့....

သူသည် သာမန်လူသားတစ်ယောက်မျှသာ ဖြစ်လေသည်။

ယခုတော့ သူသည် နတ်ဘုရားတစ်ပါးဖြစ်နေခဲ့ပြီ။

သို့သော်...

အတိတ်ကိုမည်မျှပင် ဖြတ်ကျော်ခဲ့ပါစေ သူသည် ဆန်းလျန်သာ ဖြစ်လေသည်။

အခန်း (၅၅၆) နေမင်းဖြိုခွင်းမြား

တောင်ပေါ်မှ မက်မွန်ပင်များမှာ ဆန်းလျန်က တန်ခိုးဖြင့် ဖန်ဆင်းထားခြင်း ဖြစ်လေသည်။

မက်မွန်ပင်များသည် တောင်ကိုကာကွယ်ပေးထားသည့် အရံအတား ဖြစ်လေသည်။ ထို့ကြောင့် ဝူကျုန်းမျိုးနွယ်စုဝင်များသည် တောင်ပေါ်သို့သွားရောက်ကြသည့်တိုင် ကုကျူကဲ့သို့ ဆန်းလျန်နေထိုင်သည့် ချင်းရှမ်ဂူနားအထိ ရောက်အောင်မသွားနိုင်ကြတော့ပေ။

အခွင့်အရေးတစ်ခုဆိုသည်က လက်လွှတ်ခဲ့ရပြီဆိုလျှင် ပြန်ရရင်ခက်ခဲလေသည်။

ဆန်းလျန် ပြုလုပ်ထားသည့်အရံအတားသည် သူ့ကိုသတ်ရန် ရောက်လာမည့်သူကို တားဆီးရန်အတွက် ပြုလုပ်ထားခြင်း မဟုတ်ပါ။ တောင်ပေါ်သို့ တက်လာသူများကို ခြေရာခံရန်သာ ပြုလုပ်ထားခြင်း ဖြစ်လေသည်။

ဆန်းလျန်နေထိုင်သည့်တောင်သည် သိပ်မမြင့်ပါ။

သို့သော် ဆန်းလျန်နေထိုင်သည့်အတွက် ထိုတောင်က အလွန်နာမည်ကျော်ကြားခဲ့လေသည်။ စမ်းချောင်းများကလည်း နက်ရှိုင်းခြင်းမရှိသည့်တိုင် ဝိညာဉ်စွမ်းအားနှင့် ပြည့်ဝလေသည်။ ထို့ကြောင့်တောင်ပေါ်သို့ လူများလာရောက် လည်ပတ်ကြသည့်အခါ ညစ်နွမ်းပြီး ဆူညံလှသည့်အတွက် ဆန်းလျန်က အရံအတားပြုလုပ်ထားခြင်း ဖြစ်လေသည်။

ဝူကျုန်းမျိုးနွယ်စုဝင်များက သိပ်ပြီး စဉ်းစားတတ်သူများမဟုတ်ပါ။ တောင်တစ်ခုလုံး မက်မွန်ပင်များနှင့် ပြည့်နေသည်ကိုတွေ့မြင်ရသည့်အခါ ထိုတောင်ကို ခပ်လွယ်လွယ်ပင် မက်မွန်တောင်ဟု အမည်ပေးလိုက်ကြလေသည်။

မက်မွန်ပင်များနောက်ထပ်နှစ်ပေါင်းတစ်ထောင်ထိ ရှင်သန်နေဦးမည်ဆိုလျှင် တောင်၏အမည်လည်း ပြောင်းလဲလိမ့် မည်မဟုတ်ပေ။

နောင်နှစ်ပေါင်းထောင်ပေါင်းများစွာကြာသည့်အခါ လူ

များသည် မက်မွန်ပန်းများနှင့် ဆန်းလျန်၏အကြောင်းကို

ဒဏ္ဍာရီသဖွယ် ပြန်ပြောင်းပြောဆိုကြပေလိမ့်မည်။ ဆန်းလျ

န်၏အကြောင်းသည် လှပသည့်ဒဏ္ဍာရီတစ်ပုဒ်ဖြစ်လာပေ

လိမ့်မည်။ ထိုတောင်သည် ဆန်းလျန်၏ ကျင့်စဉ်ကျင့်ကြံရာ

နေရာတစ်ခုဖြစ်ပြီး ထိုနေရာတွင် ဆန်းလျန်သည် ရှန်ဝါဒကို

တည်ထောင်သွားခဲ့လေသည်။

ဝူကျုန်းမျိုးနွယ်စုသည် အချိန်အနည်းငယ်ကြာသွားသည်နှင့်

မက်မွန်တောင်၏ထူးဆန်းမှုကို သိပ်ပြီးစိတ်မဝင်စားကြတော့

ပေ။

ထိုအချိန်မှာပင်....

မျှော်လင့်မထားသည့်လူတစ်ယောက်သည် အရှေ့ဘက်ဆီမှ

မက်မွန်တောင်ရှိရာအရပ်သို့ ရောက်ရှိလာလေသည်။

ထိုသူမှာ “ဖုန်း” ပင် ဖြစ်လေသည်။

သူက ဂူဖိန်ထံတွင် ဗေဒင်သွားမေးပြီးသည့်နောက် ဖုန်းဟိုမျိုး နွယ်စုရှိရာသို့ပြန်ကာ ဆယ့်နှစ်ရာသီပင်များကို စိုက်ပျိုးခဲ့သေးသည်။ ထို့နောက် တံခါးပိတ်ကျင့်စဉ်များကိုလည်း ကျင့်ကြံခဲ့သေးသည်။ ထို့ကြောင့် သူ၏စိတ်တွင်သမာဓိတရား ကိန်းအောင်းနေလေသည်။ သူသည် လောကပထမ လေးသည်တော်တစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူ့စိတ်တွင် သမာဓိတည်ရန်မှာ အလွန်အရေးကြီးလေသည်။

သူပစ်မှတ်ထားခဲ့သမျှသောလူများထဲတွင် ဆန်းလျန်သည် အကျော်ကြားဆုံးလူတစ်ယောက် ဖြစ်သည်။

သူက သေသေချာချာစဉ်းစားပြီးမှ ဆန်းလျန်ရှိရာသို့လာရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

တာ့ရှားကေရာဇ်နှင့် ယွမ်ယန်တို့၏ စစ်ပွဲသည် စတင်တော့မည် ဖြစ်လေသည်။

ယွမ်ယန်က တာ့ရှားကေရာဇ်ကို အနိုင်ရခဲ့လျှင်ကိစ္စမရှိပါ။

သို့သော် ယွမ်ယန်က တာ့ရှားကေရာဇ်ကို ရှုံးနိမ့်ခဲ့သည့်အချိန်တွင် ဖုန်းက တာ့ရှားပြည်၏တိုင်ပြည်အကြံပေးအမတ်မင်းကို လုပ်ကြံသတ်ဖြတ်လိုက်နိုင်လျှင် ဖုန်း၏ဂုဏ်သတင်းသည် မည်သူမှ ယှဉ်၍မရနိုင်အောင် ကျော်ကြား သွားမည်ဖြစ်လေသည်။ သူ့ကို အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီဒေသတစ်ခုလုံးက အားကိုးအားထားပြုလာကြပေလိမ့်မည်။ ထိုကံကြမ္မာသည် သူ့ကို လေးသည်တော်များတွင် ထိပ်ဆုံးအဆင့်ဖြစ်သည့် "ဟိုယိ" အဆင့်ထိတိုင် တက်လှမ်းစေနိုင်လိမ့်မည် ဖြစ်လေသည်။

အကယ်၍ ဖုန်းသည် ဟိုယိအဆင့် လေးသည်တော်တစ်ယောက်ဖြစ်လာမည်ဆိုလျှင် တာ့ရှားကေရာဇ်ကို မသတ်နိုင်သည့်တိုင် တာ့ရှားပြည်တစ်ပြည်လုံးကိုတော့ ခြိမ်းခြောက်ရန် လုံလောက်လေသည်။

ထိအချက်များမှာ ဖြစ်နိုင်ချေများကိုကြိုတွေးထားသည့်

ဖုန်း၏အတွေးများသာ ဖြစ်လေသည်။

ဆန်းလျန်သည် မည်မျှပင် ကြောက်မက်ဖွယ်ကောင်းပါစေ ဖုန်း

အတွက်တော့ အတားအဆီးတစ်ခုမျှသာဖြစ်လေသည်။ တာ့

ရှားပြည်၏ တိုင်းပြည်အကြံပေးအမတ်မင်းသည် သူ့လက်တွင်

သေရတော့မည် ဖြစ်သည်။

ဖုန်းသည် ဆန်းလျန်ကိုသတ်ရန်အတွက် နေမင်းဖြိုခွင်းမြားကို

အသုံးပြုရန် ရည်ရွယ်ထားလေသည်။ ဒဏ္ဍာရီထဲမှ အကြီး

မြတ်ဆုံးလေးသည်တော် ဟိုယိသည် နေမင်းဖြိုခွင်းမြားကို

အသုံးပြုကာ နေကိုးစင်းကို ပစ်ခွင်းခဲ့ဖူးလေသည်။

ယခုတော့ ဖုန်း၏လက်ထဲတွင် ထိုမြားကို ကိုင်ဆောင်ထားလေ

သည်။

အရှေ့လေပြေတိုက်ခတ်လာပြီး မက်မွန်ပွင့်လေးတွေက

ကြွေကျသွားကြလေသည်။ ဖုန်းသည် အဝေးဆီမှပျံ့လွင့်လာ

သည့် သင်းပျံ့သည့် မက်မွန်ပန်းရနံ့လေးများကို ရှူရိုက်လိုက်မိသည်။ ဆန်းလျန်ကို သတိပေးသလိုဖြစ်သွားမည်စိုးသည့်အတွက် ဆန်းလျန်တည်ရှိရာနေရာကို ဝိညာဉ်စွမ်းအားအသုံးပြုကာ အာရုံမခံရဲပေ။

သို့သော် သူကပတ်ဝန်းကျင်တစ်ခုလုံးကို အာရုံခံပြီး ဆန်းလျန်တည်နေရာကို ရှာဖွေလိုက်လေသည်။

မက်မွန်ပင်တောကြီးတစ်ခုသည် သူ၏မြင်ကွင်းအတွင်းသို့ ဝင်ရောက်လာလေသည်။ တောင်တစ်ခုလုံး၏မြင်ကွင်းကသူ၏အမြင်ထဲတွင် ရှင်းလင်းစွာ ထင်လာလေသည်။

သူ့နားထဲတွင် ရေစီးဆင်းသံများ ကြားနေရလေသည်။ ထိုနေရာသည် တောင်ပေါ်စမ်းချောင်းလေး၏ အောက်ခြေပိုင်းဖြစ်လေသည်။ ရေသံကိုနားထောင်ရသည်မှာ ကြည်လင်အေးမြနေဟန်ပင်။ အေးခဲနေသောဆီးနှင်းအကြွင်းအကျန်များသည် စမ်းချောင်းအတွင်းတွင် စီးဆင်းနေပုံရလေ၏။

ကျဆင်းနေသည့် မက်မွန်ပွင့်ကြွေများသည် ရေထဲသို့ ကျဆင်း

သွားလေသည်။ မက်မွန်တောထဲတွင် မည်သူမှ ရှိမနေပါ။

လောကကြီးနှင့် သီးခြားဖြစ်တည်နေသည့်နေရာတစ်ခုအလား

ခံစားရလေသည်။

လေတိုက်ခတ်သံ ၊ ရေစီးဆင်းသံ ၊ မက်မွန်ပန်းကြွေများနှင့်

ပျံ့လွင့်နေသည့် ဗျတ်စောင်းသံစဉ်တစ်ခုသာရှိလေသည်။

ထိုဗျတ်စောင်းသံစဉ်သည် သာမန်ဂီတသံစဉ်မဟုတ်ဘဲ နတ်

ဘုရားဂီတသံစဉ် တစ်ခုဖြစ်လေသည်။

ထိုဂီတသံကိုကြားလိုက်ရသည်နှင့် ဖုန်းသည်မြောက်ပိုင်းရှိ "ပေ

မင်" ဒေသကို သတိရသွားမိလေသည်။ ပေမင်ဒေသမှ ယိုတု

ပင်လယ်သည် အသူရာချောက်ဖြင့် ဆက်စပ်မှုမရှိပေ။

သို့သော် ထိုပင်လယ်သည် မည်သည့်နေရာက မြစ်ဖျားခံလာ

သည်ကို သူလည်း မသိရှိခဲ့ပေ။

ထိုဒေသသည် အလွန်တိတ်ဆိတ်ငြိမ်သက်သည့် ဒေသဖြစ်သည့်အတွက် "မင်" ဟု အမည်တွင်လေသည်။ မြောက်ပိုင်းဒေသတွင်တည်ရှိသည့်အတွက် ထိုနေရာကို "ပေမင်" ဟု ခေါ်လေသည်။ "ပေ" ဆိုသည်မှာ မြောက်အရပ်ဟု အဓိပ္ပါယ်ရလေသည်။

ပေမင်ဒေသသည် အလွန်ကျယ်ပြန့်သည့်အတွက် ဖုန်းသည်နေရာအနှံ့သို့ သွားလာနိုင်ခဲ့ခြင်း မရှိပါ။ သို့သော် သူက ထိုဒေသတွင် ခွန်ဟုခေါ်သည့် မိစ္ဆာသတ္တဝါကြီးတစ်ကောင်ကို တွေ့ခဲ့ရလေသည်။

ခွန်သတ္တဝါကြီး၏ခန္ဓာကိုယ်အရှည်မှာ မိုင်ထောင်နှင့်ချီပြီးရှည်လျားလေသည်။ ပင်လယ်မျက်နှာပြင်ထက်တွင် ငြိမ်သက်နေသည့်အခါ ထိုသတ္တဝါကြီးကိုကျွန်းကြီးတစ်ကျွန်းအလား ထင်မှတ်ရလေ၏။ သို့သော်... ခွန်သတ္တဝါ၏အသံသည် တုန်လှုပ်ချောက်ချားဖွယ်မရှိပါ။ သူ၏အသံသည် ဂီတ

သံစဉ်နှင့်ဆင်တူလေသည်။ သူ၏အသံသည် တာအိုကျင့်စဉ်လမ်းကို ပြသပေးသည့် နရီစည်းချက်အလား ထင်မှတ်ရလေသည်။

ဖုန်းသည် ခွန်သတ္တဝါကြီး၏အသံကို တစ်လခန့် နားထောင်ခဲ့ဖူးလေသည်။ ထိုဂီတသံသည် ဖုန်းကို တုန်းယီဒေသ တွင် အတော်ဆုံးလေးသည်တော်တစ်ယောက် ဖြစ်လာစေခဲ့သည့် အကြောင်းရင်းတစ်ရပ်လည်း ဖြစ်လေသည်။ သူသည် ထိုဂီတသံစဉ်ကို နားထောင်ခဲ့သည့်အတွက် လူသားများနှင့် နတ်ဘုရားများကြားရှိ မညီညွတ်သည့်အပြန်အလှန်ဆက်စပ်မှုကို နားလည်ခဲ့ရလေသည်။

ယခု....

မက်မွန်တောင်မှထွက်ပေါ်နေသည့် ဗျတ်စောင်းသံသည် ထို ခွန်သတ္တဝါကြီး၏ ဂီတသံနှင့်ဆင်တူလွန်းလှလေသည်။

ထို့ကြောင့် ဖုန်းသည် များစွာ အံ့ဩသွားရလေတော့သည်။

ထို့ကြောင့် သူသည် ဆန်းလျှန်ကိုလုပ်ကြံသတ်ဖြတ်ရန်လာ
လင့်ကစား ဆန်းလျှန်အပေါ်တွင် အမြင်ပြောင်းလဲသွားလေ
သည်။

ဖုန်း၏ခေါင်းထဲတွင် အတွေးပေါင်းများစွာ ပြေးလွှားနေရင်း
သူသည် ဂီတသံစဉ်ထွက်ပေါ်လာရာနေရာသို့ မှန်းဆပြီး တောင်
ပေါ်သို့ တက်လာခဲ့လေသည်။

မက်မွန်တောင်သည် မြင့်မားသည့်တောင်တစ်တောင်မဟုတ်
ပါ။

သို့သော် ... အရှေ့ဆီတွင် ပါးလွှာသည့်မြူခိုးလွှာလေးများ
ကာရံထားသည်ကို ဖုန်း တွေ့မြင်လိုက်ရလေသည်။ ထိုသို့သော
မြူခိုးလွှာပါးလေးများကို တောင်မြင့်ကြီးများတွင်သာ တွေ့
မြင်ရတတ်လေသည်။ ဗျတ်စောင်းသံစဉ်သည် ထိုမြူခိုးလွှာ
ပါးလေးများအတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ဖုန်း သည် သာမန်လူတစ်ယောက်မဟုတ်ပါ။ သူ၏စူးရှသည့် အမြင်အာရုံသည် မြူခိုးလွှာပါးလေးကို ထိုးဖောက်ကြည့်လိုက် လေသည်။

တစ်ချိန်တည်းမှာပင်...

သူသည် နေမင်းဖြိုခွင်းများတံကို လေးညို့တွင် တပ်ဆင်ကာ ပစ်မှတ်ကို ချိန်ရွယ်လိုက်လေသည်။

ထို့နောက်...

သူ၏ မြင်ကွင်းထဲသို့ ဆန်းလျှန်ဝင်ရောက်လာသည်နှင့် သူ သည် နေမင်းဖြိုခွင်းများကို လေးညို့မှ ပစ်လွှတ်လိုက်လေ တော့သည်။

ဖုန်း၏မျက်ဝန်းထဲသို့ ဝင်ရောက်လာသည့် မြင်ကွင်းမှာ.... ဗျတ်စောင်းကို တီးခတ်နေသည့် လူငယ်လေးတစ်ယောက်၏ပုံ သဏ္ဍာန်ဖြစ်လေသည်။ လူငယ်သည် ချင်းရွှမ်ဂူဟု ရေးသား

ထားသည့် ဂူတစ်ခုကို မျက်နှာချင်းဆိုင်ပြီး ချောက်ကမ်းပါး ကြီးထက်တွင်ထိုင်နေလေသည်။

သူ၏ဘေးနားတွင် ကျားနက်ကြီးတစ်ကောင်ရှိနေပြီး ဂီတ သံစဉ်ကိုနားထောင်ရင်း တိတ်ဆိတ်စွာမှေးဆက်နေလေသည်။

ဖုန်း၏မြင်ကွင်းထဲသို့ ထိုပုံရိပ်များဝင်ရောက်လာသည်နှင့် စကားသံတစ်သံကိုလည်း ကြားလိုက်ရလေသည်။

“ကျုပ် ခင်ဗျားကိုစောင့်နေတာ ကြာပြီ…”

ထိုစကားသံကြောင့် ဖုန်းမှာ များစွာ အံ့သြထိတ်လန့်သွားရလေ သည်။

ထိုသူသည် သူရောက်ရှိလာသည်ကို သိရှိနေလိမ့်မည်ဟု ဖုန်း မျှော်လင့်မထားခဲ့မိပေ။ ထိုအသံက သူ၏ သမာဓိစွမ်းအားမြင့် မားသည့် စိတ်ဝိညာဉ်ကို ရုတ်တရက် ရပ်တန့်သွားစေသကဲ့သို့ ခံစားလိုက်ရလေသည်။

ထိုအချိန်မှာပင်…

ဖုန်းသည် တစ်ချက်မျှပင် တုန့်ဆိုင်းနေခြင်းမရှိတော့ဘဲ နေမင်း ဖြိုခွင်းမြားကို ဆန်းလျှန်ထံသို့ ပစ်လွှတ်လိုက်လေ တော့သည်။

အခန်း (၅၅၇) တာ့ယိ

ဖုန်းသည် တုန်းယီဒေသတွင် အတော်ဆုံး လေးသည်တော်တစ် ယောက် ဖြစ်သည့်တိုင် နေမင်းဖြိုခွင်းမြားကို ပစ်လွှတ်လိုက် သည့်အခါတွင်တော့ သူ၏ဝိညာဉ်စွမ်းအားများအားလုံး ကုန် ခမ်းသွားသကဲ့သို့ ခံစားလိုက်ရလေသည်။ သူက ထိုမြားကို

တစ်ခါမှ အသုံးမပြုဖူးသည့်အတွက် အခြေအနေကို မမှန်းဆနိုင်ခဲ့ပေ။

ဖုန်းသည် နေမင်းဖြိုခွင်းများကို ပစ်လွှတ်ပြီးသည်နှင့် သူသည် "ဟိုယိ" အဆင့် လေးသည်တော်တစ်ယောက် မဖြစ်နိုင်သေးမှန်း ချက်ချင်းသိလိုက်လေသည်။ "ဟိုယိ" အဆင့်လေးသည်တော်တစ်ယောက် ဖြစ်လာရန် သူ့အတွက် များစွာ အလှမ်းဝေးသေးသည်။

ဒဏ္ဍာရီထဲမှ အကြီးမြတ်ဆုံးလေးသည်တော် "ဟိုယိ"...

ဟိုယိကို "တာ့ယိ" ဟုလည်း လူသိများလေသည်။ တာ့ယိသည် နေမင်းဖြိုခွင်းများကို ကိုးကြိမ်တိတိပစ်ခတ်ခဲ့သည့်တိုင် တစ်ချက်ကလေးမှ ပင်ပန်းနွမ်းနယ်ခြင်းမရှိခဲ့ပေ။ ဖုန်းမှာတော့ မြားတစ်စင်းတည်း ပစ်ခတ်လိုက်သည့်တိုင် စွမ်းအားများအားလုံး ကုန်ခမ်းသွားရပြီ ဖြစ်လေသည်။

ဆန်းလျန်ပြောလိုက်သည့် "ကျုပ် ခင်ဗျားကိုစောင့်နေတာ ကြာပြီ...." ဆိုသည့် စကားသံအဆုံးတွင် ဖုန်းသည် မိမိကိုယ်ကို ရှုံးနိမ့်ခြင်းကို ခံစားလိုက်ရလေသည်။

ဆန်းလျန်သည် ဖုန်းကို အလေးအနက်မထားခဲ့ပေ။

သို့သော်... ယခုတော့ ထိုသို့အလေးအနက်မထားခဲ့မိသည်မှာ မှားယွင်းခဲ့ပြီဖြစ်ကြောင်း ဆန်လးျန် သိလိုက်လေသည်။

ခြိမ်းခြောက်မှုတစ်ခုကို ဆန်းလျန် ခံစားလိုက်ရလေသည်။

ဆန်းလျန်၏ လက်ချောင်းများသည် ဗျတ်စောင်းထက်တွင် ပြေးလွှားနေပြီး နတ်ဘုရားတေးသွားတစ်ပုဒ်ကို တီးခတ်နေလေသည်။ ပတ်ဝန်းကျင်တွင် လေတိုက်ခတ်သံ ၊ ရေစီးဆင်းသံတို့က သာယာနာပျော်ဖွယ် ပျံ့လွင့်နေလေသည်။

မက်မွန်တောင်သည် ဆန်းလျန်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေလေသည်။ သို့သော် တစ်စုံတစ်ခုမှားယွင်းနေခဲ့ပြီ။

အဘယ်ကြောင့်ဆိုသော် အလွန်ကြီးမားသည့် သတ်ဖြတ်လို သည့်စွမ်းအားတစ်ခု ထွက်ပေါ်လာသည်ကို ဆန်းလျန် ခံစား လိုက်ရလေသည်။

ထိုစွမ်းအားကြောင့် ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာတစ်ခုလုံး အ မှောင်ကျသွားလေတော့သည်။ တစ်ချိန်တည်းမှာပင် ဆန်းလျ န်၏အတွေးများသည် နတ်ဒေဝါနှောင်ကြိုးဖြင့် ချည်နှောင်ခံ လိုက်ရသလို တဖြည်းဖြည်းနှေးကွေးသွားလေသည်။

ထိုသတ်ဖြတ်လိုသည့်စွမ်းအားသည် သူနှင့် ယန်ရှီး ရင်ဆိုင် တိုက်ခိုက်ခဲ့သည့် တိုက်ပွဲနှင့် အလားသဏ္ဍာန်တူလေ သည်။

ထိုသို့ပြောလျှင် အနည်းငယ်မှားယွင်းနေဦးမည်။ သူနှင့် ယန်ရှီး ရင်ဆိုင်တိုက်ခိုက်ခဲ့သည့်တိုက်ပွဲထက်ပင် ပိုပြီး ကြောက်မက် ဖွယ်ရကောင်းလေသည်။

ဆန်းလျန်၏ရှေ့သို့ "နေမင်းဖြိုခွင်းမြား" ရောက်ရှိလာလေ သည်။

သို့သော် ဆန်းလျန်သည် ဖုန်း၏ါတည်ရှိမှုကို အာရုံခံနိုင်ခဲ့သည့်

တိုင် ထိုမြားချက်ကိုတော့ လုံးဝ အာရုံခံနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ဆန်းလျန်သည် "ယိ"လမ်းစဉ်ကို တီထွင်ပြီး ကံကြမ္မာနှင့်

ပတ်သက်ပြီး သိမြင်နိုင်ရန်အတွက် သုတေသနပြုနေလေရာ မ

မျှော်လင့်သော ဖြစ်ရပ်ကြောင့် သူ့ကိုယ်သူ အလွန်စိတ်ပျက်

သွားမိလေသည်။

ကံကြမ္မာကိုသိမြင်နိုင်ရန် ကြိုးစားနေခဲ့သည့်တိုင် ယခုတော့ သူ

ကိုယ်တိုင်ကြုံတွေ့ရမည့် မြားချက်တစ်ချက်ကိုပင် ဆန်းလျန်

သည် ကြိုတင်သိရှိနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

လူ့လောကတွင် လူတိုင်းသည် အတားအဆီးနှင့် ရင်ဆိုင်ကြရ

မည်ပဲ ဖြစ်လေသည်။ ယခုရင်ဆိုင်ရသည့်မြားချက်မှာ ဆန်း

လျန်အတွက် အလွန်ကြီးမားသောအတားအဆီးတစ်ခု ဖြစ်လေ

သည်။

သူ့အနေဖြင့် နေမင်းဖြိုခွင်းမြားချက်ကို မည်သို့မှ ရှောင်တိမ်းနိုင်ခြင်း မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ကြိုတင်သိရှိအာရုံခံနိုင်ခဲ့ခြင်း မရှိခဲ့သောကြောင့်ပင်။

ယခင်ကပင် ဖုန်း၏နောက်ကြောင်းကို စုံစမ်းခဲ့ပါက နေမင်းဖြိုခွင်းမြား၏ ဇာစ်မြစ်ကိုသိရှိမည် ဖြစ်လေသည်။ ထိုအခါ သူ့အနေဖြင့် ကြိုတင်ကာကွယ်မှုများကိုလည်း ပြုလုပ်နိုင်ပေလိမ့်မည်။

သို့သော် ယခုတော့ သူက ကိုယ့်ကိုယ်ကို ယုံကြည်မှုလွန်ကဲသွားခဲ့မိလေသည်။

အဆိုးဆုံးအချက်မှာ နေမင်းဖြိုခွင်းမြားကို ကြိုတင်သိရှိခဲ့ခြင်းမရှိသည့်အတွက် ဆန်းလျန်သည် သူ၏ ကြိုတင်သိမြင်နိုင်စွမ်းများအပေါ်တွင် ယုံကြည်မှုများ ပျောက်ဆုံးသွားခဲ့ရလေသည်။

သူ၏ ကြိုတင်သိမြင် နိုင်စွမ်းသည် အကြိမ်ပေါင်းများစွာ သူ့

ကိုကယ်တင်ခဲ့သည့်တိုင် ယခုတစ်ကြိမ်တွင်တော့ သူ့ကို

မျက်ကန်းတစ်ယောက်အလား ဖြစ်စေခဲ့ပြီ။

ရုတ်တရက်...

နေမင်းဖြိုခွင်းမြားသည် မက်မွန်တောင်ပေါ်ရှိ ချင်းရွှမ်ဂူအပြင်

ဘက်မှ ထွက်ပေါ်လာလေသည်။

ထိုမြားသည် လေထုကိုထိုးဖောက်ဝင်ရောက်လာပြီး မိုးမြေတစ်

ခွင်မှ ဝိညာဉ်စွမ်းအားများအားလုံးကို မွှေနှောက်ပစ်လိုက်လေ

သည်။ နေနှင့်လ ၊ ဒြပ်စင်စွမ်းအားငါးမျိုးကို ပြောင်းပြန်

လှန်ပစ်လိုက်ပြီ လောကတစ်ခုလုံးကို ကြောက်မက်ဖွယ်ရာ အ

မှောင်ထုဆီသို့ ဆွဲခေါ်သွားလေတော့သည်။

ဆန်းလျှန်သည် နေမင်းဖြိုခွင်းမြား ဝင်ရောက်လာသည်ကို တွေ့

မြင်လိုက်လေသည်။ မြားမှာအနက်ရောင်ဖြစ်ပြီး မတားဆီးနိုင်

သော ၊ မရှောင်လွှဲနိုင်သော စွမ်းအားများကို ပိုင်ဆိုင်လေသည်။

ထိုမြားသည် တာအိုဆရာတစ်ယောက် ၏ပြီးပြည့်စုံမှု

သင်္ကေတဖြစ်လေသည်။

ထိုမြားထဲတွင် ဒဏ္ဍာရီထဲမှလေးသည်တော် တာ့ယိ၏ ဝိညာဉ်

ကိန်းအောင်းလျှက်ရှိလေသည်။

ဆန်းလျန်သည် အတိတ်တစ်ချိန်သို့ ရောက်သွားသလို ခံစား

လိုက်ရလေသည်။

သူ့ရှေ့တွင် လူငယ်တစ်ယောက်ကိုတွေ့မြင်ရပြီး ထိုလူငယ်

သည် လေးကိုကိုင်ကာ နေမင်းကို ချိန်ရွယ်ပြီး မြားဖြင့် ပစ်ခွင်း

နေလေသည်။

လောကတွင် မည်သည့်အရာကမှ ထိုလူငယ်ကို တားဆီးနိုင်

မည်မဟုတ်ပေ။ ထိုလူငယ်ဆီမှ မတားဆီးနိုင်သည့်စိတ်ထား ၊

မာနထောင်လွှားသည့်စိတ်ထား ၊ နက်ရှိုင်းသည့်ဝိညာဉ်တို့သည်

ဆန်းလျန်၏ နှလုံးသားထဲတွင် ထင်ဟပ်လာလေသည်။

ထို့နောက်တွင်တော့ နေမင်းဖြိုခွင်းမြားသည် မရှောင်လွှဲနိုင်သည့်ကံကြမ္မာဓားသွားအလား ဆန်းလျန်၏နှလုံးသားဆီသို့ ထိုးဖောက်ဝင်ရောက်သွားလေတော့သည်။

နေမင်းဖြိုခွင်းမြားက ဆန်းလျန်၏နှလုံးသားကို ထိုးစိုက်လိုက်သည်နှင့် သူ၏မူလဝိညာဉ်ခန္ဓာသည် တိုက်ခိုက်ခံလိုက်ရပြီး ပျက်စီးတော့မည့် လက္ခဏာများပေါ်လာလေသည်။ ဆန်းလျန်သည် လင်ပေါင်ထျန်းကျွင်းကို ပင်ဆင့်ခေါ်နိုင်ခြင်း မရှိတော့ပေ။

ဆန်းလျန်၏အမြင်အာရုံထဲမှ လေးသည်တော်လူငယ်သည် လင်ပေါင်ထျန်းကျွင်းအဆင့်သို့ ရောက်ရှိခြင်း မရှိသေးပေ။ ထိုလူငယ်သည် အချိန်စက်ဝန်းအတားအဆီးမှ လွန်မြောက်သည့်အဆင့်သို့ပင် မရောက်ရှိသေးပေ။ သို့သော် ထိုလူငယ်သည် ဗုဒ္ဓနှင့် တာအိုဆရာသခင်ကြီးအလား အောင်မြင်သူတစ်

ယောက် ဖြစ်သည်ကို သက်သေပြခဲ့လေသည်။ မိုးနှင့်မြေတွင် ထိုလူငယ်ကို နှိမ်နင်းနိုင်မည့်အရာ မည်သည့်အရာမှ မရှိပေ။ ထိုသို့သောအဆင့်သည် လမ်းစဉ်တစ်ခု အဆုံးသတ်မှသာ ရရှိနိုင်မည့် အောင်မြင်မှုမျိုးဖြစ်လေသည်။ ထိုလူငယ်ပျောက်ကွယ်သွားခဲ့လျှင်ပင် သူ၏ဂုဏ်သတင်းသည် သမိုင်းတွင် ကျန်ရစ်ခဲ့လိမ့်မည် ဖြစ်လေသည်။

နေမင်းဖြိုခွင်းများသည် ထိုမျှလောက်တန်ခိုးစွမ်းအားကြီးမားသည်ကို ဖုန်း ကိုယ်တိုင်လည်း သိရှိခဲ့ခြင်းမရှိပေ။ သိရှိခဲ့ပါက သူသည် ဆန်းလျန်ကို လုပ်ကြံရန်အတွက် ထိုများကို အသုံးပြုမည် မဟုတ်ပေ။ တာ့ရှားဧကရာဇ် သို့မဟုတ် ယွမ်ယန်ဘေးတွင်ရှိနေသည့် နတ်မိစ္ဆာမဟာတန်ခိုးရှင်ကို သုတ်သင်ရန်အတွက် ထိုများကို အသုံးပြုမိ မည်ဖြစ်လေသည်။

ဖုန်းသည် ဟိုယိအဆင့်လေးသည်တော်တစ်ယောက် မဟုတ်ခဲ့ပေ။ ထို့ကြောင့် နေမင်းဖြိုခွင်းများ၏ တန်ခိုးစွမ်းအား မြင့်မားမှုကို နားမလည်ခဲ့ပေ။

ကံဆိုးသူဆန်းလျန်သာလျှင် နေမင်းဖြိုခွင်းများ၏ ပစ်မှတ်ဖြစ်သွားခဲ့ရရှာလေသည်။

သို့သော် ကံကောင်းသည့်အချက်တစ်ခုရှိလေသည်။ ထိုများချက်ကြောင့် ဆန်းလျန်နှင့် တာ့ရှားပြည်ဆက်စပ်နေမှုကို တားဆီးပစ်နိုင်ရန်အတွက် အခွင့်အရေးရရှိသွားမည်ဖြစ်လေသည်။ သို့သော် ဆန်းလျန်အတွက် အန္တရယ်လည်း အလွန်များလေသည်။

လောကတစ်ခုလုံးက "ဆန်းလျန်သေပြီ" ဟု မှတ်ယူသွားကြမည် ဖြစ်လေသည်။ နေမင်းဖြိုခွင်းများသည် သူ၏အသွေးအသားများကို ဖျက်စီးပစ်လိုက်ပြီး သူ၏မူလဝိညာဉ်ခန္ဓာကိုပင် အက်ကြောင်းထင်သွားစေခဲ့လေသည်။

အခြားသော မိုးကောင်းကင်နတ်ဘုရားသာဆိုလျှင် ကျိန်းသေ

အသက်ပျောက်သွားမည် ဖြစ်လေသည်။ သို့သော် ဆန်းလျန်

က အခြားသူများနှင့် တူညီသူတစ်ယောက် မဟုတ်ပေ။

ထို့ကြောင့် သူကတော့ ရှင်သန်နိုင်မည်ဖြစ်လေသည်။

ထိုက်ဝေ့ထိုင်မှ နတ်ဘုရားအဘိုးအိုနှင့် ယန်ရှီးကိုသာ

ကျေးဇူးတင်ရတော့မည် ဖြစ်လေသည်။

အိပ်မက်လိပ်ပြာကျင့်စဉ်သည် လူတစ်ယောက်၏ဘဝကို

အိပ်မက်အဖြစ် ပြောင်းလဲ ပေးနိုင်လေသည်။ ပကတိဖန်ဆင်း

ခြင်းပညာကတော့ လူ့ဘဝမှ လွတ်မြောက်သည်နှင့် အိပ်မက်

များအတွင်းတွင် လှည့်လည်သွားလာနိုင်မည့် စွမ်းရည်ကို ပေး

လေသည်။

ကောင်းသည့်အရာတစ်ခုရှိလျှင် ဆိုးသည့်အရာတစ်ခုရှိလေ

သည်။

တာအိုရှိလျှင် မိစ္ဆာလည်းရှိရပေမည်။

ယင်နှင့်ယန် သဘောတရားပင် ဖြစ်လေသည်။

အိပ်မက်လိပ်ပြာကျင့်စဉ်နှင့် ပကတိဖန်ဆင်းခြင်းပညာသည် ချင်းရှမ်နတ်တံခါး၏ အလွန်ထူးခြားဆန်းကျယ်သည့် ပညာရပ်နှစ်ခုဖြစ်လေသည်။ ထိုပညာရပ်နှစ်ခုကို တီထွင်ခဲ့သူများမှာချင်းရှမ်နတ်တံခါးမှ ပါရမီရှင်ဆရာသခင်နှစ်ဦးဖြစ်လေသည်။

ဆန်းလျန်သည် ထိုပါရမီရှင်နှစ်ဦးချန်ထားခဲ့သည့် ကျင့်စဉ်နှစ်ခုမှတစ်ဆင့် လောကနှင့်အဆက်မပြတ်စေခြင်းနိယာမ တရားကိုနားလည်သိမြင်ကာ အမွေဆက်ခံနိုင်ခဲ့လေသည်။ ယန်ရှီးနှင့်နတ်ဘုရားအဘိုးအိုသည်ပင်လျှင် ထိုအကြောင်းကို နားလည်နိုင်မည် မဟုတ်ပေ။

ထိုပါရမီရှင်နှစ်ဦးချန်ထားခဲ့သည့် အချက်အလက်များက ဆန်းလျန်ကို ဆက်လက်ရှင်သန်စေရန် လမ်းပြပေးခဲ့လေ သည်။

ဆန်းလျန်၏မူလဝိညာဉ်ခန္ဓာ ဖျက်စီးခံလိုက်ရသည်နှင့် ဆန်းလျန်သည် ပါရမီရှင်နှစ်ဦး၏နိယာမအတိုင်း အိပ်မက်ကမ္ဘာတစ်ခုကို ဖန်တီးလိုက်လေသည်။ ထို့ကြောင့်သူသည် အသူရာချောက်မှပျောက်ကွယ်သွားပြီး အိပ်မက် ကမ္ဘာတစ်ခုအတွင်းသို့ ရောက်ရှိသွားလေတော့သည်။

ထိုသို့ပြုလုပ်လိုက်ခြင်းက သူ့ကိုထာဝရအိပ်ပျော်သွားစေမည်ဖြစ်လေသည်။ သို့သော် သူ့တွင် ရွေးခြယ်စရာမရှိပါ။

သူသည် အိပ်မက်ကမ္ဘာကိုတည်ဆောက်လိုက်သည့်အချိန်တွင် ဒဏ္ဍာရီထဲမှလေးသည်တော်လူငယ် "တာ့ယိ" ၏ အားကောင်းသော ၊ မတားဆီးနိုင်သော စိတ်စွမ်းအားကို တွေ့မြင်ခဲ့လေသည်။

ထိုအိပ်မက်ကမ္ဘာသည် ဆန်းလျန်အား အချိန်နှင့်အမျှ ဖုံးကွယ်ထားသည့်လျှို့ဝှက်ချက်များကို သိမြင်စေနိုင်ခဲ့လေသည်။

ထိုအချိန်ကာလသည်....

ပထမမိုးနတ်မင်းကွယ်ပျောက်သွားသည့်အချိန်နှင့် ဒုတိယမိုး

နတ်မင်းပေါ်ပေါက်မလာခင်စပ်ကြား အချိန်ကာလတစ်ခု ဖြစ်

လေသည်။

လောကတွင် ခေါင်းဆောင်မရှိသော်လည်း တာအိုကျင့်ကြံ

သူများစွာကအရာအားလုံးကို မွှေနှောက်အားပြိုင်နေကြသည့်

အချိန် ဖြစ်လေသည်။

....

ဆန်းလျန်ပျောက်ကွယ်သွားသည့်အချိန်တွင်....

အမှောင်ထုက လောကတစ်ခွင်လုံးကို အုပ်စိုးသွားလေသည်။

ဝိညာဉ်စွမ်းအားများက ရောနှောကုန်ပြီး သဘာဝ ဘေးအန္တ

ရယ်များစွာ ကျရောက်လာလေသည်။ လေများပြင်းထန်လာ

ပြီး မိုးကြိုးများပစ်ခတ်သည့်အတွက် နေရာအနှံ့ တွင်မီးများ

လောင်ကျွမ်းကာ အိုးအိမ်များ ပျက်စီးကုန်ကြလေသည်။

ဝူကျုန်းမျိုးနွယ်စုဝင်များသည် နေရောင်ကို မမြင်ရတော့ပေ။

နတ်ဘုရာကျောင်းတော်ထဲတွင်တော့ ဖူပောင်လေးသည် မိခင်

ဖြစ်သူအားလျန်ကို တင်းကြပ်စွာဖက်ထားလေသည်။

"မေမေ... သမီးကြောက်တယ်"

အားလျန်သည် ကြာပန်းမီးအိမ်လေးကို ငေးစိုက်ကြည့်နေရင်း

ဖူပောင်လေးကို တင်းကြပ်စွာဖက်ထားပြီး မနားတမ်း

ဆုတောင်းဝတ်ပြုနေလေသည်။ သို့သော် သူမ၏ဆုတောင်းသံ

ကို ပြန်ဖြေသည့်အသံမကြားရပေ။ ကြာပန်းမီးအိမ်လေးသည်

သူမ၏ဆုတောင်းသံကြောင့် မည်သည့်ထူးခြားချက်မှ ဖြစ်မ

လာခဲ့ပေ။ သို့သော် အားလျန်သည် နတ်ဘုရားဆရာ၏ စကား

ကို ယုံကြည်ထားလေသည်။

သဘာဝဘေးဆိုးများသည် ပို၍ပို၍ဆိုးလာပြီး နတ်ဘုရား

ကျောင်းတော်တစ်ခုလုံးမှာ တုန်လှုပ်နေလေသည်။ လေနှင့်မိုး

များကလည်း အဆက်မပြတ်ရွာသွန်းနေလေသည်။

အားလျှန်သည် ယုံကြည်စွာဖြင့် ဝတ်ပြုဆုတောင်းခြင်း ကိုသူမ

တတ်နိုင်သမျှ အကောင်းဆုံးပြုလုပ်ခဲ့ပြီးပြီ ဖြစ်လေသည်။

ရေများသည် နတ်ဘုရားကျောင်းတော်အတွင်းသို့ ဝင်

ရောက်လာလေသည်။ တစ္ဆေဝိညာဉ်များ၏ အော်ဟစ်သံများ

ကိုလည်း ကြားနေရလေသည်။ အားလျှန်သည် ရဲဆေးတင်

လိုက်ပြီး သူမ၏လက်ကောက်ဝတ်ကို ဓားတစ်လက်ဖြင့်

လှီးဖြတ်လိုက်လေသည်။

ထိုအခါ သူမ၏လက်ကောက်ဝတ်မှ သွေးစက်များသည် ကြာ

ပန်းမီးအိမ်လေးအတွင်းသို့ ကျဆင်းသွားလေတော့သည်။

သူမပြုလုပ်လိုက်သည်မှာ သွေးဖြင့် ယာဇ်ပူဇော်ခြင်း ဖြစ်လေ

သည်။

ဝတ်ပြုဆုတောင်းစဉ်တွင် သွေးဖြင့်ယာဇ်ပူဇော်ခြင်းသည်

အမြင့်အဆုံးအဆင့် ယုံကြည်ခြင်း ဖြစ်လေသည်။ သူမထိုသို့

ပြုလုပ်လိုက်သည်မှာ အလုပ်မဖြစ်လျှင်တော့ နောက်ထပ် မည်သို့ထပ်မံပြုလုပ်ရမည်ကို အားလျန်မသိတော့ပေ။

သူမ၏သွေးဖြင့် ယာဇ်ပူဇော်လိုက်သည့်အခါ ကြာပန်းမီးအိမ် လေးမှ တုန့်ပြန်မှုတစ်ခု ဖြစ်ပေါ်လာလေသည်။ မီးအိမ်လေး ထံမှ ထူးဆန်းသည့်စွမ်းအားတစ်ခုထွက်ပေါ်လာပြီး တုန်လှုပ် နေသည့် နတ်ဘုရားကျောင်းတော်ကြီးမှာ ငြိမ်သက်သွားလေ သည်။

အားလျန်သည် ဆန်းလျန်၏ရုပ်တုကိုလှမ်းကြည့်လိုက်ရင်း...

"နတ်ဘုရားဆရာ... တခြားသူတွေကိုရော ကျွန်မဘယ်လို ကယ်တင်ပေးနိုင်မလဲ"

သို့သော်... ဆန်းလျန်၏ ရုပ်တုသည် တိတ်ဆိတ်ငြိမ်သက်နေ ပြီး မည်သည့်တုန့်ပြန်မှုမှ ဖြစ်ပေါ်လာခြင်း မရှိတော့ပေ။

အခန်း (၅၅၈) လူသားခန္ဓာဖြင့်ယာဇ်ပူဇော်ခြင်း

နတ်ဘုရားကျောင်းတော်အပြင်ဘက်တွင်တော့ လေနှင့်မိုးများ

က တိုက်ခတ်နေကြဆဲပင်။ ရပ်တန့်မည့်ပုံလည်း မပေါ်ပေ။

သို့သော် နတ်ဘုရားကျောင်းတော်ထဲတွင်တော့ အေးဆေး

တည်ငြိမ်နေလေသည်။

ရုတ်တရက်...

မထင်မှတ်သည့် ဧည့်သည်တစ်ယောက် နတ်ဘုရားကျောင်း

တော်အတွင်းသို့ ရောက်ရှိလာလေသည်။

အားလျှန်သည် လျှပ်စီးတစ်ချက်လက်လိုက်သည့်အလား ထို

ဧည့်သည်ကို မြင်တွေ့လိုက်ရပြီး နတ်ဘုရား ကျောင်းတော်တစ်

ခုလုံး လင်းလက်သွားသလို ခံစားလိုက်ရလေသည်။ ထိုအရာမှာ တောက်ပနေသည့် မျက်ဝန်းကြီး တစ်စုံဖြစ်လေသည်။

ထိုမျက်ဝန်းကြီးများကို အားလျှန်သည် ချက်ချင်းမှတ်မိလိုက်လေသည်။ ထိုမျက်ဝန်းကြီးများမှာ နတ်ဘုရားဆရာ၏ စီးတော်ဖြစ်သည့်ကျားနက်ကြီး၏ မျက်ဝန်းကြီးများပင်ဖြစ်လေသည်။ ကျားနက်ကြီးသည် သူ၏သခင်မပါဘဲ တစ်ကောင်တည်းသွားလေ့သွားထမရှိပေ။ ယခုတော့ ကျားနက်ကြီးသည် တစ်ကောင်တည်း ရောက်ရှိလာခဲ့လေပြီ။

ကျားနက်ကြီး၏ မျက်ဝန်းများသည် ကောင်းကင်မှ ကြယ်စင်များအလား တောက်ပေလေသည်။

"ကျုပ်သခင်က မင်းအပေါ်ကောင်းခဲ့ပါတယ် ၊ အခုတော့သူ့အတွက် ပြန်ပေးဆပ်ဖို့ အချိန်ကျပြီ..."

ကျားနက်ကြီးကပြောလိုက်လေသည်။

ကျားနက်ကြီး၏စကားကိုကြားသည်နှင့် နတ်ဘုရားရုပ်တုက အဘယ့်ကြောင့် မတုန့်ပြန်ရသည်ကို အားလျှန် ချက်ချင်း နားလည်လိုက်လေသည်။ နတ်ဘုရားဆရာသည် အန္တရယ်နှင့် ရင်ဆိုင်နေရပြီ ဖြစ်လေသည်။

နတ်ဘုရားဆရာကို ကူညီနိုင်တော့မည်ဖြစ်သည့်အတွက် သူမ၏စိတ်ထဲတွင် ဝမ်းမြောက်သွားရလေသည်။ မည်သည့် အကျိုးဆက်ကို ရင်ဆိုင်ရပါစေ နတ်ဘုရားဆရာကို ကူညီနိုင် မည်ဆိုလျှင် သူမက မည်သည့်အလုပ်ကိုမဆို လုပ်မည်ဖြစ် လေသည်။

သူမက...

"ကျွန်မတတ်နိုင်တာဘာမဆို လုပ်ပေးဖို့အဆင်သင့်ပါပဲ..."

ကျားနက်ကြီးက တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်...

"ကျုပ်ရဲ့သခင် ဒုက္ခရောက်နေပြီ ၊ ဒီကြာပန်းမီးအိမ်လေးကပဲ သခင်လေးကိုကယ်နိုင်မယ်လို့ ကျုပ်ထင်တယ် ၊ ဒီမီးအိမ်လေး

က သခင်လေးနဲ့ အနီးစပ်ဆုံးဆက်သွယ်မှုရှိတယ်၊ သခင်လေး တစ်ခါပြောဖူးတယ်၊ ကျင့်ကြံခြင်း ဆိုတာအလင်းရောင်နဲ့တူ တယ်တဲ့၊ ကျင့်ကြံခြင်းဟာလူတစ်ယောက်ရဲ့နှလုံးသားကို အလင်းပေးတယ်တဲ့၊ အလင်းရောင်က လမ်းတစ်လျှောက် လင်းလက်စေပြီး အတားအဆီးတွေကို ရှင်းလင်းစေတယ်တဲ့၊ ဒီမီးအိမ်လေးက သခင်လေးရဲ့ ဝိညာဉ်စွမ်းအားနဲ့ပြုလုပ်ထား တဲ့ မီးအိမ်မဟုတ်ပေမယ့် ဆုတောင်းခြင်းတွေပေါင်းစည်းထား တဲ့ တန်ခိုးစွမ်းအားတွေရှိတယ်၊ အဲဒီတော့ ဒီမီးအိမ်လေး လင်း လက်လာအောင် ထွန်းညှိပေးဖို့လိုတယ်"

အားလျန်က...

"ဒီမီးအိမ်လေးကို ဘယ်လိုမီးထွန်းညှိပေးရမလဲ ကျွန်မ မသိ ဘူး"

ကျားနက်ကြီးက...

"မီးအိမ်လေးမှာ ဆီနဲ့မီးစာမရှိဘူး ၊ ဆီနဲ့မီးစာက မင်းပဲ...

မိန်းကလေး"

ကျားနက်ကြီး၏စကားကြောင့် အားလျန်၏ခန္ဓာကိုယ်မှာ တစ်

ချက်တုန်ခါသွားလေသည်။

နတ်ဘုရားများအတွက် အကြီးမားဆုံးသော ယာဇ်ပူဇော်ခြင်း

သည် သွေးဖြင့်ယာဇ်ပူဇော်ခြင်းမဟုတ်ဘဲ လူသားခန္ဓာဖြင့်ယာ

ဇ်ပူဇော်ခြင်းဖြစ်ကြောင်း အားလျန် နားလည်သွားလေသည်။

ထိုမီးအိမ်လေးသည် သူမနှင့် နတ်ဘုရား ဆရာအကြားဆက်

သွယ်ပေးနိုင်သည့် ကြားခံပစ္စည်းလေးတစ်ခုပင် ဖြစ်လေ

သည်။

သို့သော် သူမနားမလည်သည့်အချက်တစ်ခု ရှိနေသည့်အတွက်

အားလျန်က ကျားနက်ကြီးကို မေးမြန်းလိုက်သည်။

"နတ်ဘုရားဆရာက ဒီမီးအိမ်လေးပေးခဲ့တုန်းက ခုလိုဖြစ်လာ

မယ့်ကိစ္စတွေကို သိခဲ့ပြီးသားဖြစ်မှာပါပဲ ၊ ကျွန်မက သေရမှာမ

ကြောက်ပါဘူး ၊ ဒါပေမယ့် ကျွန်မသမီးလေးအတွက်တော့ စိတ်ပူမိတယ် ၊ ဒီနေ့မှာ ဒီလိုကိစ္စတွေ ဖြစ်လာမယ်ဆိုတာနတ်ဘုရားဆရာက ကြိုသိခဲ့တယ်ဆိုရင် ကျွန်မကို ဘာလို့ ပြောမပြခဲ့ရတာလဲ”

ကျားနက်ကြီးက…

"ဒီဝါဒက သခင်လေးချမှတ်ခဲ့တဲ့ လမ်းစဉ်ပဲ ၊ မင်းက သူ့ကို သစ္စာအရှိဆုံး ယုံကြည်ကိုးကွယ်သူဖြစ်လာခဲ့တယ် ၊ သံသရာမှာလည်ဖို့ဆိုတာကတော့ ဘယ်လွယ်ကူမှာလဲ ၊ လူ့ခန္ဓာကိုယ်ဆိုတာလည်း တွယ်တာစရာတစ်ခုပဲ မဟုတ်လား ၊ ဒါပေမယ့် မင်းက ဒီမီးအိမ်ရဲ့မီးစာဖြစ်ပေးမယ်ဆိုရင် ဒီမီးအိမ်ရဲ့ဝိညာဉ်လည်း ဖြစ်လာလိမ့်မယ် ၊ လောကမှ တခြားပုံသဏ္ဍာန်တစ်မျိုးနဲ့ အသက်ရှင်နိုင်လိမ့်မယ် ၊ ပြီးတော့ သခင်လေးကလည်း မင်းက လူသားအဖြစ်ရှင်သန်ချင်တယ်ဆိုရင် မင်းအတွက်နောက်ထပ် လူသားခန္ဓာတစ်ခု ရှာပေးချင်ရှာပေးမှာပေါ့"

"ဒါဖြင့် ကျွန်မ ဘာလုပ်ရမလဲ..."

အားလျန်က တိုးလျစွာမေးလိုက်သည်။

ကျားနက်ကြီးက...

"မီးအိမ်ကိုကိုင်လိုက်...."

အားလျန်သည် ချက်ချင်းပင် မီးအိမ်ကို ကိုင်လိုက်လေသည်။

မကြာမီပင် သူမသည် ဗလာနယ်တစ်ခုအတွင်းသို့ ရောက်ရှိ

သွားသလို ခံစားလိုက်ရပြီး မီးအိမ်သည် ချက်ချင်းပင်

အလင်းရောင်များ ထိန်လင်းတောက်ပလာလေသည်။

အားလျန်၏သွေးသည် မီးအိမ်၏ ဆီဖြစ်ပြီး အားလျန်၏

ခန္ဓာကိုယ်သည် မီးအိမ်၏မီးစာပင် ဖြစ်လေသည်။ မီးအိမ်လေး

တွင် တာအိုလမ်းစဉ်တစ်ခုတည်ရှိနေပြီး လူအများကို အလ

င်းပေးလေသည်။

တစ်ချိန်တည်းမှာပင် အားလျန်သည် ကျားနက်ကြီးတစ်ကိုယ်

လုံး သွေးများစိုရွှဲနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော် ကျားနက်ကြီး၏ဝိညာဉ်မှာ

လောင်ကျွမ်းနေပြီး ဒဏ်ရာရထားသောကြောင့် ဖြစ်လေသည်။

ကျားနက်ကြီး ယခုအချိန်ထိ အသက်ရှင်နေရသည့်

အကြောင်းရင်းမှာ သူ၏ဆုံးဖြတ်ချက်ခိုင်မာမှုကြောင့်ဖြစ်လေ

သည်။ ကျားနက်ကြီးသည် သူ၏ဝိညာဉ်ကိုပင် လောင်ကျွမ်း

စေကာ နတ်ဘုရားကျောင်းတော်သို့ မရောက်ရောက် အောင်

လာခဲ့ခြင်း ဖြစ်လေသည်။ ကျားနက်ကြီးရောက်လာ

သည့်အတွက်သာ အားလျှန်သည် ကြာပန်းမီးအိမ်ကို

အလင်းရောင်ထွန်းညှိပေးနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ကျားနက်ကြီးက သူသာအနည်းငယ်နောက်ကျသွားခဲ့လျှင်

သခင်လေး ပြန်မလာနိုင်တော့မည်ကို စိတ်ပူနေခဲ့လေသည်။

ကျားနက်ကြီးသည် အပျင်းထူပြီး သေရမည်ကိုကြောက်ရွံ့

သည့်သူတစ်ယောက်ဖြစ်ပါ၏။

သို့သော်... ကျားနက် ကြီးသည်သူ၏သခင်လေးအတွက်ဆို လျှင် အရာအားလုံးကို စတေးခံမည့်သူ ဖြစ်လေသည်။ သူ သည် ဆန်းလျန်နောက်သို့လိုက်ခဲ့ပြီးသည့်နောက်ပိုင်း ကိစ္စရပ် တော်တော်များများကို နားလည်လာခဲ့ပြီး လောကကြီးကို လည်း မတူကွဲပြားသည့်အမြင်ဖြင့် ကြည့်မြင်တတ်ခဲ့လေ သည်။

သို့သော် ယခင်က ကြိုးကြိုးစားစား မကျင့်ကြံခဲ့မိ သည့်အတွက် ကျားနက်ကြီးသည် နောင်တရနေမိလေသည်။ သူသာ ကြိုးစားကျင့်ကြံခဲ့လျှင် ယနေ့အချိန်တွင် ယခုကဲ့သို့ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရလိမ့်မည်မဟုတ်ပေ။

နတ်ဘုရားကျောင်းတော်ထဲမှ အလင်းရောင်သည် မိုးနှင့်လေကို ငြိမ်သက်သွားစေလေသည်။ အလင်းရောင် ထွက်ပေါ်လာရာ အရပ်တွင် ဝိညာဉ်စွမ်းအားများလည်း တဖြည်းဖြည်းမြင့်တက်

လာလေသည်။ ဝူကျုန်းမျိုးနွယ်စုဝင် များသည် အလင်းရောင်ကို သတိပြုမိလိုက်ကြလေသည်။

မျိုးနွယ်စုဝင်များသည် "နတ်ဘုရားချင်းရွှမ်" ဆိုသည့်အမည်နာမကို ရွတ်ဆိုရင်း နတ်ဘုရားကျောင်းတော်ဆီသို့ ချဉ်းကပ်လာကြလေသည်။

ကျားနက်ကြီးသည် နတ်ဘုရားကျောင်းတော် တံခါးအောက်တွင် ဝပ်နေရင်း လူအများကို ကြည့်နေလေသည်။

ဆုတောင်းသံများကြောင့် မီးအိမ်မှ အလင်းရောင်သည် ပိုပြီးတောက်ပလာလေသည်။

"သခင်လေး.... အဲဒါကို မခံစားရဘူးလား ၊ အမြန်ပြန်လာပါတော့..."

မြားချက်တစ်ချက်ထဲဖြင့် အသွေးအသားများအားလုံးပျောက်ဆုံးသွားရသည့် ဆန်လျန်၏မြင်ကွင်းသည် ကျားနက်

ကြီး၏မျက်ဝန်းထဲတွင် ယခုတိုင်ပျောက်ကွယ်မသွားနိုင်သေး

ပေ။

သခင်လေး ထိုမျှလွယ်လွယ်နှင့် ဖျက်စီးခံလိုက်ရသည်ကို

ကျားနက်ကြီး မယုံကြည်နိုင်ခဲ့ပါ။

သို့သော် ကျားနက်ကြီးသည် ဆန်းလျန်နှင့် နှစ်ပေါင်းများစွာ

အတူလိုက်ပါနေထိုင်ခဲ့သူဖြစ်သည့်အတွက် ကျင့်စဉ်တစ်ခု

အကြောင်းကို ကြားဖူးထားလေသည်။ လူတစ်ယောက်ကို

အသက်အန္တရယ်မှကာကွယ်ရန် အိပ်မက်ကမ္ဘာတစ်ခုအဖြစ်

ဖန်ဆင်းပြောင်းလဲပစ်သည့်ကျင့်စဉ်ဖြစ်လေသည်။

သို့သော် အိပ်မက်ကမ္ဘာထဲမှ လူတစ်ယောက်ကို ပြန်လည်နိုးထ

လာစေရန်မှာ အလွန်ခက်ခဲလေသည်။ ထို့ကြောင့် သခင်လေး

ပြန်လည်နိုးထလာစေရန်အတွက် ပြင်ပကမ္ဘာမှာ စွမ်းအားစု

တစ်ခုလိုအပ်လေသည်။

ဆန်းလျန် ပျောက်ဆုံးသွားသည်နှင့် ထိုအတွေးက ကျားနက်ကြီးခေါင်းထဲသို့ ချက်ချင်းဝင်ရောက်လာခြင်း ဖြစ်လေသည်။ သူ၏သခင်လေးသည် အိပ်မက်ကမ္ဘာထဲသို့ ရောက်ရှိသွားခြင်း ဖြစ်ပေလိမ့်မည်။

ထိုကျင့်စဉ်အကြောင်းကို ဆန်းလျန်က ကျားနက်ကြီးကို ပြောပြခဲ့စဉ်က မည်သည့်ရည်ရွယ်ချက်မှ မရှိခဲ့ပါ။

ထို့ပြင် ကြာပန်းမီးအိမ်လေးကို အားလျန်ထံပေးအပ်ခဲ့စဉ်က ထိုမီးအိမ်လေးသည် သူ၏အသက်ကို ကယ်တင်နိုင်ရန် ဖြစ်လာလိမ့်မည်ဟုလည်း တစ်ခါမှ မစဉ်းစားခဲ့ဖူးပါ။

သူက ဝူကျုန်းမျိုးနွယ်စုကို ကယ်တင်ရန်အတွက် ရည်ရွယ်ပြီး ကြာပန်းမီးအိမ်လေးကို အားလျန်ထံသို့ ပေးခဲ့ခြင်း ဖြစ်သော်လည်း ယခုတော့ မီးအိမ်လေးသည် သူ့ကို ပြန်ပြီး ကယ်တင်နိုင်ရန် ဖြစ်လာခဲ့ရပြီ။

....

ဆန်းလျန်သည် မှောင်မဲမှုံဝါးနေသည် အချိန်နှင့်ရောတည်ရှိမှု
များကို ဖြတ်သန်းသွားခဲ့ပြီး ခန့်မှန်းမရနိုင်သည့် အချိန်ဇုန်တစ်
ခုသို့ ရောက်ရှိလာခဲ့လေသည်။

ထိုနေရာသည် မြင့်မြတ်သည့် "အမတ" တောင်များဖြင့် ပြည့်
နေပြီး အချို့တောင်များဆိုလျှင် ချင်းရွှမ်တောင် ထက်ပင်မြင့်
မားသေးသည်။

မိုးနှင့်မြေမှ အလွန်ကြောက်မက်ဖွယ်ကောင်းသော မိုးမြေ
စွမ်းအားများထွက်ပေါ်နေပြီး ဆန်းလျန်မှာ သူ့ကိုယ်သူ
သိမ်ငယ်သလိုပင် ခံစားလာရသည်။

သို့သော်... ဆန်းလျန်သည် အခြားနေရာများသို့ သွားလာနိုင်
ခြင်းမရှိဘဲ တောင်တစ်တောင်ထက်တွင် သောင်တင်နေခဲ့လေ
သည်။

ထိုတောင်၏တောင်သခင်မှာ လူငယ်တစ်ယောက် ဖြစ်လေ
သည်။

ထိုလူငယ်မှာ အခြားသူမဟုတ်။ ဒဏ္ဍာရီထဲမှလေးသည်တော် "တာ့ယိ" ပင် ဖြစ်လေသည်။ သူသည် လောကတွင် မိုးနတ်မင်းပြီးလျှင် အစွမ်းအထက်ဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေသည်။

သို့သော် တာ့ယိသည် ဆန်းလျန်ကို တွေ့မြင်နိုင်ပုံမရပေ။ အမှန်တော့ ထိုတောင်ပေါ်တွင်နေထိုင်သည့် မည်သည့်သက်ရှိသတ္တဝါမဆို ဆန်းလျန်ကို မြင်တွေ့နိုင်ခြင်းမရှိပေ။ ဆန်းလျန်သည် အချိန်ယန္တရားတွင် သာမန်ဖြတ်သွားဖြတ်လာတစ်ယောက်အလား တောင်ပေါ်မှ ဖြစ်ရပ်များကို တိတ်တဆိတ်ကြည့်ရှုနေရုံသာ တတ်နိုင်ခဲ့လေသည်။

တာ့ယိသည် မိုးကောင်းကင်နတ်ဘုရားအဆင့်ရှိသည့် နတ်မိစ္ဆာများကိုပင် လွယ်လွယ်ကူကူ အမဲလိုက်နိုင်သူတစ်ယောက်ဖြစ်လေသည်။ သို့သော် ဆန်းလျန်က တာ့ယိကို သိပ်ပြီးစိတ်ဝင်စားခြင်းမရှိပါ။

တာ့ယိတွင် မိတ်ဆွေလည်းသိပ်မရှိပေ။

သို့သော် သူအုပ်ချုပ်ရသည့် မျိုးနွယ်စုဝင်များရှိလေသည်။

တာ့ယိက သူ၏မျိုးနွယ်စုဝင်များအပေါ်တွင်တော့ အလွန်

ကောင်းမွန်လေသည်။ တာ့ယိသည် အမဲလိုက်ပြီး သားရဲများရ

လာတိုင်း သူ၏မျိုးနွယ်စုဝင်များကို ခွဲဝေပေးလေ့ရှိလေသည်။

သို့သော် မျိုးနွယ်စုဝင်များသည် တာ့ယိကို ကြောက်ရွံ့ကြပြီး

အနားပင် မကပ်ရဲကြပေ။

အဘယ်ကြောင့်ဆိုသော် တာ့ယိသည် မွေးရာပါ မာနကြီးလွန်း

ပြီး စိတ်ဓာတ်ပြင်းထန်သူတစ်ယောက်ဖြစ်သောကြောင့်ပင်။

ထိုကဲ့သို့သောစိတ်ထားမျိုးသည် လောကီနှင့်ကင်းကွာပြီး

ကိလေသာကင်းစင်သည့်နတ်ဘုရားများ၏ စိတ်ထားမျိုး ဖြစ်

လေသည်။ တာအိုတန်ခိုးစွမ်းအားများသည် မမြင်ရသည့်ကြိုး

များပမာ တာ့ယိ၏ပတ်ဝန်းကျင်တွင် ချည်နှောင်ထားသည်ကို

ဆန်းလျန် တွေ့မြင်နေရလေသည်။

နတ်ဘုရားများသာဆိုလျှင် တာ့ယိကဲ့သို့ နေမည်မဟုတ်ဘဲ အခြားသူများနှင့် ဆက်သွယ်ရန် ကြိုးစားမည် ဖြစ်လေသည်။ သို့သော် တာ့ယိသည် တာ့ယိသာဖြစ်သည်။ သူသည် မည်သူနှင့်မျှ အဆက်အစပ်မပြုလုပ်လိုဘဲ မိုးနှင့်မြေတွင် သီးခြားရပ်တည်သူတစ်ယောက် ဖြစ်လေ၏။

တာ့ရှားကေရာဇ်သည်ပင်လျှင် တာ့ယိနှင့်ယှဉ်လျှင် များစွာ အားနည်းသူတစ်ယောက် ဖြစ်သွားရပေလိမ့်မည်။

သို့သော် တာ့ယိသည် စွမ်းအားကြီးမားသည့်တိုင် မည်သူ့ကိုမှ ထိခိုက်လိုသည့်စိတ်ထားမရှိပေ။ ထို့ပြင် ဆန်းလျန်သည်လည်း တာ့ယိနှင့် မထိတွေ့မပတ်သက်နိုင်သည့် အခြေအနေတွင် ရောက်နေခဲ့ရလေသည်။

သူက မြင်ရုံသာမြင်ရပြီး ပါဝင်ပတ်သက်၍မရပေ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် အိပ်မက်ထဲတွင် မျောလွင့်နေသူ ဖြစ်သောကြောင့်ပင်။ ဆန်းလျန်သည် အိပ်မက်

ကမ္ဘာထဲတွင် အထီးကျန်ခြင်းကို ခံစားနေရသည့်အပြင် အိပ်မက်ကမ္ဘာ၏အစိပ္ပါယ်ကိုလည်း နားလည်ခြင်းမရှိသေးပေ။

သူသည် အချိန်ယန္တရားထဲတွင် တစ်ကိုယ်တည်း အဆုံးမဲ့ ဖြတ်သန်းနေရလေတော့သည်။

အခန်း (၅၅၉) မောင်နှမ

ဆန်းလျန်မှာ အထီးကျန်မှုနှင့်ပင် တဖြည်းဖြည်းအသားကျလာခဲ့ပြီ ဖြစ်လေသည်။

တစ်နေ့တွင်တော့...

တာ့ယိသည် မိန်းမပျိုတစ်ယောက်နှင့် လက်ထပ်ခဲ့လေသည်။

ဆန်းလျန်သည် တာ့ယိ၏ ဇနီးဖြစ်သူကို မြင်မြင်ချင်း စိတ်ဝင်စားသွားရလေသည်။

အဘယ်ကြောင့်ဆိုသော် လောကတွင် တာ့ယိ၏ဇနီးလောက် လှပသည့်မိန်းကလေးမျိုးဆန်းလျန်၏ ဘဝတွင် တစ်ခါမှ မတွေ့မြင်ခဲ့ဖူးပေ။ သို့သော် အလှအပထက် စိတ်ဝင်စားစရာကောင်းသည်မှာ ထိုမိန်းကလေး၏ ကျင့်ကြံခြင်းအဆင့်ပင်ဖြစ်လေသည်။ သူမ၏ကျင့်ကြံခြင်းအဆင့်သည့် ကြောက်မက်ဖွယ်ကောင်းလောက်အောင်နက်ရှိုင်းလွန်းလှလေသည်။

တာ့ယိ၏တန်ခိုးစွမ်းအားများကို မည်သူမျှတုနှိုင်းမယှဉ်နိုင်သည့် အမတတောင်တစ်တောင်အဖြစ် တင်စားမည်ဆိုလျှင်

တာ့ယိ၏ဇနီးဖြစ်သူကိုတော့ အဆုံးသတ်မရှိကျယ်ပြန့်သည့် သမုဒ္ဒရာကဲ့သို့ တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်သူဟု တင်စားရမည် ဖြစ်လေသည်။

သူမ၏ကျင့်ကြံခြင်းအဆင့်သည် ထိုက်ယီထျန်းရှန်းအဆင့်၏အထက်တွင်ရှိပြီး ဆန်းလျန်၏အဆင့်မှာ သူမနှင့်ယှဉ်လျှင် များစွာနိမ့်ကျနေသည်မှာ သံသယဝင်စရာပင်မရှိပေ။

ထိုမျှ တန်ခိုးစွမ်းအားမြင့်မားပြီး အဖက်ဖက်မှ ပြည့်စုံနေသည့် မိန်းကလေးတစ်ယောက်သည် အဘယ့်ကြောင့် တာ့ယိကို လက်ထပ်ခဲ့ရသည်ဆိုသည့်အချက်ကို ဆန်းလျန် စဉ်းစား၍မရပေ။ ထိုက်ယီထျန်းရှန်းအဆင့်ထက်ပင် မြင့်မားသည့်နတ်ဘုရားမိန်းမပျိုသည် အဘယ်ကြောင့် လူတစ်ယောက်နှင့် လက်ထပ်ပြီး သူမ၏ဘဝကိုချည်နှောင် ခြင်းခံရပါလိမ့်။

ထို့ပြင် ဆန်းလျှန်ကို စိတ်လှုပ်ရှားသွားစေသည့်အချက်တစ်ခုရှိသေးသည်။

ထိုအချက်မှာ ထိုမိန်းကလေးကျင့်ကြံထားသည့် ကျင့်စဉ်သည် အချိန်ယန္တရားနှင့်ဆက်စပ်နေခြင်းပင်ဖြစ်လေသည်။ သူမကို ကြည့်ပြီးဆန်းလျှန်သည် ချင်းရှမ်နတ်တံခါးမှ "လမင်းရောင်ခြည်ကျင့်စဉ်" ကို သတိရသွားမိလေသည်။

လမင်းရောင်ခြည်ကျင့်စဉ်သည် ထိုက်ယင်းအလင်းစွမ်းအားကို ယူဆောင်ကျင့်ကြံရသည့်ကျင့်စဉ်ဖြစ်လေသည်။ ထိုကျင့်စဉ်၏အမြင့်ဆုံးအဆင့်သည် အချိန်၏နက်နဲမှုများဖြင့် ဆက်စပ်နေလေသည်။ လမင်းရောင်ခြည်ကျင့်စဉ်၏ အမြင့်ဆုံးအဆင့်သည် ထိုက်ယင်းဓားသိုင်းဖြစ်သော်လည်း မည်သူမျှ ထိုအဆင့်ထိရောက်အောင် ကျင့်ကြံနိုင်ခြင်း မရှိခဲ့ပါ။

သို့သော် ထိုမိန်းကလေးကျင့်ကြံထားသည့်ကျင့်စဉ်မှာ လမင်းရောင်ခြည်ကျင့်စဉ်ထက် များစွာအဆင့်အတန်းမြင့်မားလေ

သည်။ သို့သော် ကျင့်စဉ်နှစ်ခု၏ အခြေခံသဘောသဘာဝ ကတော့ အတူတူပင်ဖြစ်လေ၏။

ထူးဆန်းသည့်အချက်မှာ ဆန်းလျန်က သူမကိုကြည့်နေသည့် အခါတိုင်း သူမကလည်း ဆန်းလျန်ကို ပြန်ကြည့်နေခဲ့လေ သည်။ သူမသည် အချိန်ယန္တရားနှင့်ပတ်သက်သည့် ကျင့်စဉ် ကို ကျင့်ကြံထားသည့်အတွက် ဆန်းလျန်၏တည်ရှိမှုကို သတိထားမိနေဟန် ရှိလေသည်။

သူမက ဆန်းလျန်၏တည်ရှိမှုကို သိရှိနေသည့်အတွက် ဆန်း လျန်မှာ များစွာ စိတ်လှုပ်ရှားသွားရလေသည်။

သဲကန္တာရထဲတွင် နှစ်ပေါင်းများစွာ တစ်ယောက်တည်း အထီးကျန်နေရသူတစ်ယောက်သည် အခြားလူတစ်ယောက် နှင့်ဆုံတွေ့ခွင့်ရလိုက်သကဲ့သို့ ဆန်းလျန်သည် အလွန်မှ ပျော် ရွှင်စိတ်လှုပ်ရှားသွားမိလေသည်။

မိန်းကလေး၏အမည်မှာ ဟန်အယ်ဖြစ်လေသည်။ သူမ၏ဖခင်မှာ လောကတွင် အလွန်စွမ်းအားကြီးမားသည့်လူတစ်ယောက်ဖြစ်ပြီး နေနှင့်လ၏အောက်တွင်တည်ရှိသည့် လူသားမျိုးနွယ်များကိုအုပ်စိုးသူ ဖြစ်လေသည်။

တာ့ယိမှာ လောကတွင် စွမ်းအားအကြီးမားဆုံးလူတစ်ယောက်ဟု တင်စားမည်ဆိုလျှင် ဟန်အယ်ကိုတော့ လောကတွင် အမြင့်မြတ်ဆုံးမိန်းမပျိုတစ်ယောက်ဟု တင်စားရမည် ဖြစ်လေသည်။ ထို့ကြောင့်ပင် မြင့်မြတ်ပြီး အဆင့်အတန်းရှိသူအချင်းချင်း လက်ထပ်ဖြစ်ကြခြင်းဖြစ်မည်ဟု ဆန်းလျန် တွေးလိုက်မိသည်။

ဆန်းလျန်သည် ဒဏ္ဍာရီထဲမှ ဟိုယိနှင့်ချန်အယ်တို့၏ ဇာတ်လမ်းကို သတိရလိုက်မိလေသည်။

သို့သော် တာ့ယိနှင့် ဟန်အယ်သည် ဒဏ္ဍာရီထဲမှ ဟိုယိနှင့်ချန်အယ်ထက်ပင် တန်ခိုးစွမ်းအားမြင့်မားသူများ ဖြစ်ကြလေ

သည်။ ဟန်အယ်သည် ကျင့်ကြံခြင်းအဆင့်မြင့်မားရုံသာမက စာပေပညာတွင်လည်း အလွန်ထူးချွန်ထက်မြက်သူ ဖြစ်လေသည်။

ဆန်းလျန်ဘဝတွင် လင်ပေါင်ထျန်းကျွင်းပြီးလျှင် ဟန်အယ်ကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားသူမျိုးကို ယခင်ကမတွေ့ခဲ့ဖူးပေ။ ဆန်းလျန်မှာ ဟန်အယ်က သူ့အားထူးဆန်းသည့်အိပ်မက်ကမ္ဘာထဲမှ ကယ်ထုတ်နိုင်လေမည်လားဟု တွေးခဲ့မိသော် လည်းဟန်အယ်က မည်သည့်လှုပ်ရှားမှုမှ မပြုလုပ်ခဲ့ပေ။

ထို့ပြင် ဆန်းလျန်သည် တာ့ယိနှင့်ဟန်အယ်၏ အရင်းနှီးဆုံးအချိန်များကို တွေ့မြင်ခွင့်မရခဲ့ပေ။ ထိုအချိန်များတွင် ဟန်အယ်က ဆန်းလျန်၏အမြင်အာရုံများကို ပိတ်ဆို့ထားခဲ့ဟန် ရှိလေသည်။

ထိုအချက်ကိုကြည့်ခြင်းအားဖြင့် ဟန်အယ်သည် ဆန်းလျ
န်၏တည်ရှိမှုကို ကျိန်းသေတွေ့မြင်နိုင်သည်ဆိုသည့်အချက်က
ပိုပြီးခိုင်မာသွားခဲ့လေသည်။

လက်ထပ်ပြီး နှစ်ပေါင်းအနည်းငယ်ကြာသည့်အခါတွင်တော့
တာ့ယိသည် ယခင်ကထက်ပိုပြီး နူးညံ့သိမ်မွေ့လာလေသည်။
အမဲလိုက်ပင်သိပ်မထွက်တော့ဘဲ အိမ်တွင်သာ အနေများလာ
တော့သည်။

ဆန်းလျန်၏ဘဝကတော့ပိုပြီးအထီးကျန်လာလေသည်။ ဟန်
အယ်က သူ၏တည်ရှိမှုကို သိရှိနေသည့်အတွက်
အပြောင်းအလဲတစ်ခုခုများ ဖြစ်လာမည်လားဟု မျှော်လင့်ခဲ့မိ
သော်လည်း မည်သည့် အပြောင်းအလဲမှဖြစ်မလာခဲ့ပေ။
ဆန်းလျန်မှာ စကားပြောမည့်သူတစ်ယောက်မှမရှိဘဲ
အထီးကျန်ဝိညာဉ်သက်သက်မျှသာ ဖြစ်နေခဲ့လေသည်။

ထို့ပြင် အချိန်ကာလကြာလာသည်နှင့်အမျှ သူ၏ရွှေ့လျားနိုင်စွမ်းက လျော့ကျလာခဲ့လေသည်။

ဤအခြေအနေအတိုင်းသာ ဆက်သွားမည်ဆိုလျှင် ဆန်းလျန်သည် အသိစိတ်ပျောက်ကွယ်ကာ ကျောက်တုံးတစ်တုံးအလားထာဝရအထီးကျန်စွာ နေထိုင်သွားရတော့မည် ဖြစ်လေသည်။ သို့သော် ဆန်းလျန်သည် ဟန်အယ်ထံမှ အကူအညီတစ်ခုခုရမည်ဟု မျှော်လင့်နေဆဲ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏တည်ရှိမှုကိုသိရှိသူမှ ဟန်အယ်တစ်ယောက်သာ ရှိသောကြောင့်ပင်။ ဆန်းလျန်မှာ တစ်ယောက်တည်းအထီးကျန်သည့်ဝေဒနာကို ငရဲတွင်ညှင်းပန်းနှိပ်စက်မှုခံရသကဲ့သို့ ခံစားနေရပြီး စိတ်ဓာတ်လည်း ကျလျှက်ရှိလေတော့သည်။

အတိတ်အချိန်များကဆိုလျှင် ဆန်းလျန်ဆိုသည့် သူသည် ထိုမျှ စိတ်ဓာတ်ကျမည့်သူမဟုတ်ပေ။ သို့သော် နေမင်းဖြိုခွင်းမြားချက်က သူ၏စိတ်အခြေအနေကိုပါဖြိုခွင်းလိုက်

သည့်အတွက် ဆန်းလျန်၏ ကိုယ့်ကိုယ်ကိုယုံကြည်မှုနှင့် မာန

တရားများမှာ ပျောက်ကွယ်သွားခဲ့ရလေသည်။ ထိုအခါ

လူသားတစ်ယောက်ပီသစွာ ဝမ်းနည်းဝမ်းသာခံစားချက်

များသည် သူ့ကိုစတင်နှိပ်စက်တော့သည်။

တစ်နေ့တွင်တော့....

ဆန်းလျန်အတွက် အခွင့်အရေးပေါ်ပေါက်လာခဲ့လေ

တော့သည်။

အနောက်ဘက်အရပ်ဆီမှ လူငယ်လေးတစ်ယောက်သည် တာ့

ယိနှင့်ဟန်အယ်နေထိုင်ရာ အမတတောင်ထိပ်ဆီသို့ ရောက်ရှိ

လာခဲ့လေသည်။ ထိုလူငယ်လေး၏မျက်နှာမှာယွမ်ယန်နှင့်

အလွန်ဆင်တူနေသည့်အတွက် ဆန်းလျန်မှာ များစွာအံ့သြသွား

ရလေသည်။ သို့သော် ထိုလူငယ်လေးသည် ချောမောသည့်

တိုင် ယွမ်ယန်လောက်တော့ စွဲဆောင် မှုမရှိလှပေ။

လူငယ်လေး၏မျက်နှာသည် ဆယ်ကျော်သက်လေးတစ်ယောက်အလားနုနယ်ပြီး မိုးတိမ်ကင်းစင်သည့်ဆောင်းဦးရာသီ၏ ကောင်းကင်ပြာအလား ကြည်လင်လှလေသည်။ သို့သော် သူ၏တန်ခိုးစွမ်းအား မည်မျှနက်ရှိုင်းသည်ကိုတော့ ဆန်းလျန်ခန့်မှန်း၍မရနိုင်ခဲ့ပေ။

ထိုလူငယ်လေး၏ကျင့်ကြံခြင်းအဆင့်သည် ဟန်အယ်ထက် မသာလျှင်တောင်မှ လျော့မည်တော့မဟုတ်ပေ။

ဆန်းလျန်ပင်လျှင် ထိုလူငယ်လေး၏ကျင့်ကြံခြင်းအဆင့်သို့ ရောက်ရှိနိုင်ရန်အတွက် နှစ်ပေါင်းများစွာ ကျင့်ကြံရမည်ဖြစ်သလို ကံကောင်းမှလည်း ထိုအဆင့်သို့ရောက်ရှိနိုင်မည် ဖြစ်လေသည်။

ထိုလူငယ်လေးကလည်း ဟန်အယ်ကဲ့သို့ပင် ဆန်းလျန်ကို တွေ့မြင်ရဟန်ရှိလေသည်။

ထိုလူငယ်လေးက ဆန်းလျန်ကိုတွေ့မြင်သည်နှင့် ချက်ချင်းပင် ပြုံးပြလိုက်လေသည်။ ထိုအပြုံးကြောင့် ဆန်းလျန်မှာ ကျောရိုးထဲပင် စိမ့်သွားမတတ်ခံစားလိုက်ရပြီး သူ၏နတ်ဘုရားစွမ်းအားများအားလုံး အေးခဲသွားမတတ် ခံစားလိုက်ရ လေသည်။

ထိုအချိန်မှာပင် ....

စံအိမ်ထဲမှ ဟန်အယ်၏အသံ ထွက်ပေါ်လာလေသည်။

"ရွှမ်ချီ... အိမ်ထဲကိုဝင်လာလေ..."

ထိုစကားသံသည် အလွန်ဝေးကွာသည့်အရပ်မှ ထွက်ပေါ်လာသလိုခံစားရသည့်တိုင် ဆန်းလျန်ခံစားနေရသည့် အေးစိမ့်မှုများကို ချက်ချင်းဖျက်စီးပစ်လိုက်လေသည်။ တစ်ချိန်တည်းမှာပင် ရွေ့လျားနိုင်ခြင်းသိပ်မရှိတော့သည့်ဆန်းလျန်သည် ပြန်လည်ရွေ့လျားနိုင်လာသည်ဟု ခံစားလိုက်ရလေသည်။

ထိုလူငယ်လေး၏အမည်မှာ ရွှမ်ချီဖြစ်လေ၏။

ထိုနာမည်ကိုကြားသည်နှင့် ဆန်းလျန်သည် သမိုင်းထဲမှာ

ဧကရာဇ် “ရှောင်းဟောင်” ကို သတိရလိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော် ဧကရာဇ်ရှောင်းဟောင်ကို ရွှမ်ချီဟု

လည်းလူသိများကြသောကြောင့် ဖြစ်လေသည်။ ထို့ပြင် ထို

လူငယ်လေသည် ထူးဆန်းစွာဖြင့် အဖြူရောင်မင်းကြီး၏သား

တော်ယွမ်ယန်နှင့် ရုပ်ချင်းဆင်နေသေးသည်။

သို့သော် တာ့ယိနှင့်ဟန်အယ်တို့တည်ရှိသည့်အချိန်ကာလကို

အဖြူရောင်မင်းကြီးတည်ရှိသည့်အချိန်ကာလနှင့် ဆက်စပ်

ကြည့်ရန်မှာလည်း အလွန်အလှမ်းဝေးလှသည်။

မည်သို့ပင်ဖြစ်စေ ထိုလူငယ်လေးသည် အဖြူရောင်မင်းကြီး

များဖြစ်နေမည်လားဟု ဆန်းလျန် သံသယဝင်နေခဲ့လေသည်။

သို့သော် ထိုဆယ်ကျော်သက်လူငယ်လေးသည် သူ၏တည်ရှိမှု

ကို သိရှိနိုင်သည်အထိ တန်ခိုးစွမ်းအားမြင့်မားနေသည်ကတော့

ယုံနိုင်စရာပင်မရှိပေ။

ဆန်းလျန်လည်းအတွေးများကိုရပ်တန့်ထားလိုက်ပြီး ရွှမ်ချီ၏နောက်မှလိုက်ကာ စံအိမ်အတွင်းသို့ဝင်သွားလိုက်လေသည်။
ဟန်အယ်က စောစောကပင် အသံဖြင့် ဆန်းလျန်ကိုကူညီပေးခဲ့သည့်အတွက် သူ့ကိုဒုက္ခပေးမည်မဟုတ်ကြောင်း ဆန်းလျန်ယူဆခဲ့လေသည်။ ထို့ကြောင့် ရဲဆေးတင်ကာ ရွှမ်ချီနောက်မှလိုက်သွားခဲ့ခြင်း ဖြစ်လေသည်။
ထို့ပြင် ဆန်းလျန်သည် ဒီအတိုင်းငုတ်တုတ်ထိုင်နေပြီး မမျှော်လင့်နိုင်သည့်အခွင့်အရေးကို စောင့်မနေချင်တော့ပေ။
ထိုသို့ပြုလုပ်နေခြင်းက ဆန်းလျန်မပီသလှပေ။
တာ့ယိသည် စံအိမ်တွင်ရှိမနေပါ။ တစ်နေရာသို့ ထွက်ခွာသွားပုံရလေသည်။
ဟန်အယ်သည် လိုက်ကာအလွှာပါးလေးများကိုအသာပင့်ကာ အခန်းထဲမှထွက်လာလေသည်။

သူမက ဆန်းလျန်ကို တစ်ချက်ပင်အရေးမလုပ်ဘဲ ရွှမ်ချီကို နှုတ်ဆက်လိုက်လေသည်။

ရွှမ်ချီကလည်း ဆန်းလျန်ကို အရေးမစိုက်တော့ပါ။

သူက ဟာန်အယ်ကို ကြည့်လိုက်ပြီး...

"မမ... မတွေ့တာတောင် အတော်ကြာပြီနော်..."

ဟာန်အယ်က...

"ပြောမနေစမ်းပါနဲ့၊ နင်က အကြောင်းရှိမှ ရောက်လာတတ်တဲ့ လူမျိုးပဲလေ"

ရွှမ်ချီက ပြုံးလိုက်ရင်း...

"ဒါဖြင့်လည်း လှည့်ပတ်မနေတော့ပါဘူး၊ မမ သိတယ်မဟုတ်လား၊ ကျွန်တော်တို့အဖေက လူသားမျိုးနွယ်ရဲ့ အရှင်သခင်ပဲ၊ ကျွန်တော်ကတော့ သူ့ရဲ့သားသမီးတွေထဲမှာ အတော်ဆုံးသားတော်တစ်ယောက်ပဲ၊ ဒါပေမယ့် ကျွန်တော့်သွေးက လူသားမျိုးနွယ်သွေးမစစ်ဘူးလေ၊ ဒါကြောင့် အဖေ့နေရာကို ဆက်ခံလို့မ

ရနိုင်ဘူး ၊ ဒါကြောင့် အဖေ့နေရာကိုတော့ ဆက်ခံနိုင်ဖို့ မ

စဉ်းစားတော့ပါဘူး ၊ ဒါပေမယ့် တခြားလမ်းကြောင်းတစ်ခုက

နေ အောင်မြင်မှုရ ယူဖို့စဉ်းစားခဲ့တယ် ၊ ဒါပေမယ့် အဲဒီလမ်း

မှာ အတားအဆီးတွေက အရမ်းများတယ်ဆိုတာ မမလည်း သိ

တာပဲလေ ၊ အဲဒါ မမများ ကျွန်တော့်ကိုကူညီနိုင်မလားလို့....”

"နင့်ကို ငါက ဘယ်လိုလုပ်ကူညီနိုင်မှာလဲ ၊ ငါ့ရဲ့ ကျင့်ကြံခြင်း

အဆင့်က အားလုံးရဲ့အထက်မှာရှိပေမယ့် တကယ်တမ်း ငါတို့

တိုက်ခိုက်ကြမယ်ဆိုရင် လွယ်လွယ်လေးရှုံးနိမ့်သွားမှာပဲ ၊ ပြီး

တော့ ငါက အဲဒီလိုအကြမ်းဖက်တိုက်ခိုက်ရတာမျိုးတွေကို

လည်း သဘောမကျဘူး”

ဟန်အယ်က မျက်မှောင်လေးတစ်ချက်ကြုံ့ရင်း ပြောလိုက်

လေသည်။

"ဟုတ်ပါတယ် ၊ မမက တိုက်ခိုက်ရတာကို သဘောမကျဘူးဆို

တာ သိပါတယ် ၊ ဒါပေမယ့် ယောက်ဖကတော့ မတူဘူးလေ ၊

လောကတစ်ခွင်မှာ ယောက်ဖရဲ့ဒဏ္ဍာရီဆန်တဲ့မြားချက်ကိုမ ကြောက်တဲ့သူ ဘယ်သူရှိမှာလဲ ၊ ကျွန်တော့်ကို ကူညီနိုင်တာဆို လို့ သူပဲရှိတော့တယ် ၊ သူသာကူညီရင် ဘယ်သူမှ ကျွန်တော့်ကို တားဆီးရဲမှာ မဟုတ်တော့ဘူး"

ရှမ်ချီက ပြောလိုက်သည်။

"ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ သူက တိုက်ပွဲတွေမတိုက်တော့ ဘူးလို့ ငါ့ကို ကတိပေးထားတယ် ၊ နင့်ကို ငါတောင်ကူညီမပေး နိုင်တာ ၊ သူ့ဆီကအကူအညီရဖို့လည်း မမျှော်လင့်နဲ့"

ဟန်အယ်က ရှမ်ချီတောင်းသည့် အကူအညီကို ခါးခါးသီးသီး ပင် ငြင်းဆန်လိုက်လေသည်။

အခန်း (၅၆၀) တန်ခိုးစွမ်းအားများ

မောင်နှမနှစ်ယောက် အချိန်အတန်ကြာ စကားများပြီးသည့်

အခါတွင်တော့ ဟန်အယ်သည် ရှမ်ချီကို စတင်တိုက်ခိုက်ကာ

စံအိမ်ထဲမှ မောင်းထုတ်လေတော့သည်။

ထိုအခါ ဆန်းလျှန်သည် ဟန်အယ်၏ တန်ခိုးစွမ်းအားကို တွေ့

မြင်ခွင့်ရခဲ့လေသည်။

ဟန်အယ်သည် သူမ၏ဦးခေါင်းထက်မှ ငွေဆံထိုးလေးကို

ဖြုတ်ယူလိုက်ပြီး လက်ဖြင့်တစ်ချက် သပ်လိုက်လေသည်။

ထိုအခါ သူမနှင့် ရှမ်ချီကြားတွင် နဂါးငွေ့တန်းတစ်ခု ဖြစ်

ပေါ်လာလေသည်။

ရှမ်ချီသည် နဂါးငွေ့တန်းကို ဖြတ်ကျော်ပြီး အစ်မဖြစ်သူကို

တိုက်ခိုက်ရန်ကြိုးစားသော်လည်း မည်သို့မှကျော်ဖြတ်နိုင်ခြင်း

မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ရှမ်ချီက တိုက်ခိုက်မှုတစ်ခု ကို ပြုလုပ်လိုက်တိုင်း နဂါးငွေ့တန်းက ပို၍ကျယ်ပြန့်လာ သောကြောင့် ဖြစ်လေသည်။ ရှမ်ချီက တိုက်ခိုက်လေ နဂါးငွေ့တန်းက အဆက်မပြတ်ကျယ်ပြန့်လာ လေဖြစ်လေ သည်။

ဟန်အယ်၏ တန်ခိုးစွမ်းအားများသည် "အနောက်သို့ ခရီးသွားမှတ်တမ်း" စာအုပ်ထဲမှ မျောက်မင်းစွန်းဝူခုံးကို အမှတ်ရစေလေသည်။ စွန်းဝူခုံးသည် ဗုဒ္ဓ၏လက်ဖဝါးထက်မှ လွတ်မြောက်နိုင်ခဲ့ခြင်းမရှိပေ။ မျောက်မင်းသည် ဗုဒ္ဓ၏လက်ဖဝါးထက်မှ လွတ်မြောက်ရန်ကြိုးစားလေ ထို လက်ဖဝါးက ပိုပြီးကျယ်ပြန့်လာလေ ဖြစ်လေသည်။ ထိုတန်ခိုးစွမ်းအားကို "ဗုဒ္ဓလက်ဖဝါး" တန်ခိုးစွမ်းအားဟု လူသိ များကြလေသည်။

ရွှမ်ချီသည် နောက်ဆုံးတော့ အစ်မဖြစ်သူကို အရှုံးပေးလိုက်ရလေသည်။

သူက ခြေတစ်လှမ်းနောက်သို့ဆုတ်ကာ နဂါးငွေ့တန်းအတွင်းမှ ထွက်ခွာသွားလေတော့သည်။

သူမသွားမီတွင် ဒေါသတကြီးဖြင့်အော်ဟစ်သွားလေသည်။

"အစ်မဖြစ်နေပြီး တော်တော် ရက်စက်တာပဲ..."

ဟန်အယ်မှာ ရွှမ်ချီထွက်သွားတော့မှ စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။ အမှန်တော့ ရွှမ်ချီသည် သူမ၏ တစ်ဦးတည်းသောမောင်လေးဖြစ်လေသည်။

အခြားအကူအညီသာတောင်းမည်ဆိုလျှင် သူမသည် မောင်ငယ်ကို တစ်ချက်ပင်မငြင်းဘဲ ကူညီပေးလိုက်မည် ဖြစ်လေသည်။

သို့သော်... ရွှမ်ချီက နတ်မိစ္ဆာဂိုဏ်းများကို စုစည်းပြီး နတ်မိစ္ဆာအပေါင်း၏ဘုရင် ဖြစ်ချင်ခဲ့လေသည်။ ကံတရားသည် ထို

အတိုင်းသာဖြစ်လာပါက တာ့ယိ၏အသက်အတွက် အန္တရယ်ရှိလေသည်။

ဟန်အယ်စိတ်ထဲတွင်တွေးနေသည့်အတွေးများကို ဆန်းလျန်မသိပါ။

သို့သော် သူမ၏တန်ခိုးစွမ်းအားများကိုတော့ ဆန်းလျန် အလွန်အထင်ကြီးလေးစားနေခဲ့လေသည်။ ရွှမ်ချီပင်လျှင် ဟန်အယ်ဖန်ဆင်းသည့်နဂါးငွေ့တန်းကို ဖြတ်ကျော်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ထိုနဂါးငွေ့တန်း၏နောက်ကွယ်တွင် အလွန်ထူးဆန်းသည့်လျှို့ဝှက်ချက်တစ်ခု ရှိနေနိုင်လေသည်။ ထို့ပြင် နဂါးငွေ့တန်းကို တဖြည်းဖြည်းကျယ်ပြန့်လာအောင် တိုးချဲ့နိုင်ခြင်းမှာလည်း မယုံကြည်နိုင်စရာကောင်းလှပေသည်။

သူမသည် ဗလာနယ်တစ်ခုကို ဖန်ဆင်းခဲ့လျှင်ပင် ဆန်းလျန် ထိုမျှလောက်အံ့သြမိလိမ့်မည် မဟုတ်ပေ။ သို့သော် နဂါးငွေ့တန်းကို ဖန်ဆင်းပြီးတိုးချဲ့နိုင်ရန်မှာ အလင်းထက်ပင်လျှင်မြန်သည့်

ချဲ့ထွင်နိုင်စွမ်းကို ဖော်ပြနေပြီး ထိုသို့သောတန်ခိုးစွမ်းအားမျိုး

ကို နားလည်ရန်မှာ မဖြစ်နိုင်ပါချေ။

ထို့ပြင် ရွှမ်ချီနှင့် ဟန်အယ်၏ ကျင်ကြံခြင်းအဆင့်မှာ

မတိမ်းမယိမ်းဖြစ်လေသည်။

ရွှမ်ချီက ဟန်အယ်လောက် မတော်ဘူးဆိုလျှင်တောင်မှ များ

စွာကွာခြားချက်မရှိပေ။ ထို့ပြင် ဟန်အယ်သည် နဂါးငွေ့တန်း

ကို ဖန်ဆင်းလိုက်သည့်အချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံးကို

ထိခိုက်မှုမရှိခဲ့ပေ။ နဂါးငွေ့တန်းသည် လက်ရှိလောကတွင် ရှိမ

နေဘဲ အပြိုင်လောကတစ်ခုတွင်တည်ရှိသည့်အရာတစ်ခုနှင့်ပို

ပြီး ဆင်တူနေလေသည်။

သူမ ထိုသို့နဂါးငွေ့တန်းကိုဖန်ဆင်းလိုက်ခြင်းသည် အိပ်မက်

လိပ်ပြာကျင့်စဉ်နှင့် ပကတိဖန်ဆင်းခြင်းပညာများ၏

သဘောတရားနှင့် သွားရောက်ဆင်တူနေလေသည်။ ထို

ပညာသည် အစစ်အမှန်လား...။ မျော်ဆန်လွန်းသည့် တန်ခိုး

စွမ်းအားလား။

ထိုနဂါးငွေတန်နောက်ကွယ်မှ လျှို့ဝှက်ချက်ကိုသာ ရှာဖွေတွေ့

ရှိနိုင်မည်ဆိုလျှင် ဆန်းလျန်အနေဖြင့် အိပ်မက်ကမ္ဘာမှ

လွတ်မြောက်ရန် နည်းလမ်းရှာတွေ့နိုင်ကောင်းမည် ဖြစ်လေ

သည်။

နားလည်ဖို့ခက်ခဲလွန်းသည့်တိုင် ဆန်းလျန်သည်

မျှော်လင့်ချက်ကို မလျှော့ခဲ့ပေ။

ဟန်အယ်သည် ဆန်းလျန်ကို လျစ်လျူရှုထားဆဲ ဖြစ်လေ

သည်။ သူမသည် တံခါးကိုမှီပြီး အပြင်ဘက်သို့ ငေးကြည့်နေ

လေသည်။ သူမ၏ခင်ပွန်းသည်ဖြစ်သူ တာ့ယိကို စောင့်မျှော်

နေဟန်ရှိလေသည်။

ဒဏ္ဍာရီထဲမှ အဆင့်မြင့်နတ်ဘုရားတစ်ပါးသည် ခင်ပွန်းဖြစ်သူ ပြန်အလာကို သာမန်ဇနီးသည်တစ်ယောက်အလား မျှော်လင့်နေသည်မှာ ယုံနိုင်စရာပင် မရှိပေ။

နေမဝင်မီအချိန်မှာပင် တာ့ယိ စံအိမ်သို့ ပြန်ရောက်လာခဲ့လေသည်။

သူမက ပြန်ရောက်သည်နှင့် ဟန်အယ်၏အနားသို့ ချက်ချင်း သွားလိုက်လေသည်။ ထို့နောက် ခေတ္တမျှ တုန့်ဆိုင်းနေပြီးမှ စကားစပြောလိုက်သည်။

“ရှမ်ချီလာသွားတယ် မဟုတ်လား…”

ဟန်အယ်က ဖြစ်သမျှအကြောင်းများအားလုံးကို တာ့ယိကို ပြောပြလိုက်လေသည်။

ထိုအခါ တာ့ယိက…

“သူက မင်းရဲ့မောင်လေးလေ ၊ အဲဒီတော့ ကိုယ်နဲ့လည်း မကင်းရာမကင်းကြောင်း ရှိတာပေါ့ ၊ ပြီးတော့ နတ်မိစ္ဆာဂိုဏ်း

တွေဟာလည်း ခေါင်းဆောင်မရှိဘဲ လမ်းပျောက်နေကြတာ ၊ နတ်မိစ္ဆာဘုရင်တွေကလည်း လူသားတွေကို ရန်လာလာစနေတော့ သက်ရှိသတ္တဝါတွေလည်း ကြောက်လန့်နေကြရတယ် ၊ ရွှမ်ချီက နတ်မိစ္ဆာဂိုဏ်းတွေကိုစုစည်းပြီး နယ်နိမိတ်သတ်မှတ်ပေးနိုင်ရင် သတ္တဝါတွေအားလုံးအတွက် အကျိုးရှိမယ် မဟုတ်ဘူးလား”

“မောင်လေးတော့ ကျွန်မကိုအရမ်းမုန်းသွားပြီဆိုတာ ကျွန်မသိပါတယ် ၊ နတ်မိစ္ဆာတွေအားလုံးကို စည်းရုံးတယ်ဆို တာသူသွားမယ့်တာအိုကျင့်စဉ်လမ်းရဲ့ သော့ချက်လည်းဖြစ်တယ် ၊ ဒါပေမယ့်... တာ့ယိရယ်... ကျွန်မက ရှင့်ဇနီးဖြစ်နေမှတော့ ရှင့်အတွက်လည်း စဉ်းစားပေးရမှာပဲ ၊ ရှင်သာ အဲဒီတိုက်ပွဲကို တိုက်မယ်ဆိုရင် ရှင့်ဘဝ ကံဆိုးမိုးမှောင်ကျလိမ့်မယ် ၊ ဒါကြောင့် ကျွန်မကတော့ ရှင့်ကို ရွှမ်ချီကို မကူညီစေချင်ဘူး...”

ဟန်အယ်က တာ့ယိ၏လက်များကို တင်းကြပ်စွာစုပ်ကိုင်ရင်း ပြောလိုက်လေသည်။

ဆန်းလျန်မှာ ဟန်အယ်နှင့်တာ့ယိ၏ ရင်းနှီးချစ်ခင်သည့်အချိန်လေးကို ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရခြင်း ဖြစ်လေသည်။ ဟန်အယ်နှင့်တာ့ယိကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားသည် ဇနီးမောင်နှံသည် သာမန်ဇနီးမောင်နှံများကဲ့သို့ တစ်ဦးနှင့် တစ်ဦးခံစားချက်များရှိနေသည်မှာ အလွန်မှ ထူးဆန်းလှလေသည်။ "ကျင့်ကြံခြင်းအဆင့်မြင့်လာလေ သံယောဇဉ်ပိုဖြစ်လာကြလေ" ဖြစ်သွားကြလေသလား မပြောတတ်ပေ။

ဆန်းလျန်ကတော့ အချစ်နှင့်နှောင်ကြိုးများသည် ကျင့်ကြံခြင်းအတွက် အတားအဆီးများဖြစ်သည်ဟု ခံယူထားသူ ဖြစ်လေသည်။

ဆန်းလျန်၏အတွေ့အကြုံအရဆိုလျှင်တော့ "ကျင့်ကြံခြင်းအဆင့်မြင့်လာလေလေ စိတ်ခံစားချက်များလည်း နည်းပါးလာ

လေလေ” ဖြစ်လေသည်။ ထိုအချက်က သဘာဝကျသည်ဟု လည်း ဆန်းလျန်က ခံယူထားလေသည်။

ယခုတော့ ဟန်အယ်၏ ကျင့်ကြံခြင်းအဆင့်သည် တာ့ယိထက် များစွာသာလွန်လေသည်။ သို့သော် သူမနှင့်တာ့ယိ သည် အလွန်နက်ရှိုင်းသည့်သံယောဇဉ်ကြိုးနှင့်ချည်နှောင်ထားပြီး တာ့ယိအပေါ်တွင်ထားရှိသည့် ဟန်အယ်၏ချစ်ခြင်းမေတ္တာမှာ လည်း စစ်မှန်လေသည်။

ဟန်အယ်သည် တစ်ခုခုမှားယွင်းနေခြင်းမဟုတ်ကြောင်း ဆန်း လျန်ရိပ်မိလေသည်။ နောက်ကွယ်တွင် သူ မသိနိုင် သည့် အကြောင်းအရာတစ်ခုရှိနေခြင်းသာ ဖြစ်ရပေမည်။

တာ့ယိက....

“ကံဆိုးမိုးမှောင်ကျမယ်ဆိုလည်း ဘာအရေးလဲ ၊ သေဖို့ိကို ရော ကြောက်နေစရာလိုလို့လား ၊ ကိုယ်တို့တွေ ဒီလောကမှာ

အသက်ရှင်သန်နေသရွေ့ ဒီကံဆိုးမိုးမှောင်ကျမှုကို ရှောင်လွှဲမရနိုင်ဘူးဆိုတာ မင်းလည်းသိထားတာပဲလေ”

ဟန်အယ်က...

“အနောက်ဒေသမယ်တော်ရဲ့အဆိုအရဆိုရင် ခွန်လွန်တောင်မှာ တာအိုဆရာသုံးပါးရှိတယ်၊ သူတို့က ‘ကောင်းကင်ဘုံရဲ့အခြားဘက်ခြမ်း’ ဆိုတဲ့ လောကအသစ်တစ်ခုကို ဖွင့်လှစ်ဖို့ ပူးပေါင်းကြံစည်နေကြတယ်တဲ့၊ ကျွန်မတို့ သူတို့နဲ့သွားတွေ့မယ်ဆိုရင် ကံဆိုးမိုးမှောင်ကျမှာကို တားဆီးနိုင်လိမ့်မယ်ထင်တယ်၊ သူတို့နဲ့သွားတွေ့ကြမလားဟင်...”

“တာအိုဆရာသုံးပါးမဟုတ်ပါဘူး၊ သူတို့ကို သန့်စင်တဲ့တာအိုအရှင်သခင်သုံးပါးလို့ခေါ်ကြတာပါ၊ ကိုယ် သူတို့နဲ့တွေ့ဖူးသားပဲ၊ ထုန်ထျန်းတာအိုအရှင်သခင်ရဲ့ နတ်ဘုရားထောင်ချောက်ဆားကလွဲရင် တခြားနှစ်ယောက်က တော့ သုံးစားလို့မရပါဘူး”

တာ့ယိက ပုံမှန်လေသံဖြင့်ပင် ပြောလိုက်လေသည်။

ဟန်အယ်မှာ တာ့ယိ၏စကားကြောင့် စိတ်ဆိုးသွားလေသည်။

"တခြားသူတွေကို မလေးစားတတ်ဘူးဆိုရှင် ရှင်တစ်နေ့မှာ အရှုံးနဲ့ရင်ဆိုင်ရလိမ့်မယ်"

တာ့ယိက သူ၏လေးကို ညွှန်ပြလိုက်ရင်း...

"ဒီလေးနဲ့ဆိုရင် ဘယ်သူ့ကိုမှ ရှုံးစရာအကြောင်းမရှိဘူး"

ထိုစကားကိုကြားသည်နှင့် ဟန်အယ်သည် ဒေါသူပုန်ထကာ တောင်အောက်သို့ ဆင်းသွားလေတော့သည်။

တာ့ယိက ဟန်အယ်နောက်သို့ ချက်ချင်းပင်လိုက်သွားလေသည်။

သို့သော် ဟန်အယ်က ရွှမ်ချီကို တားဆီးလိုက်သကဲ့သို့ပင် နဂါးငွေ့တန်းကိုဖန်းဆင်းကာ တာ့ယိကိုတားဆီးထားလိုက်လေသည်။ တာ့ယိသည် ဟန်အယ်နောက်သို့ လိုက်သွားရန် မဖြစ်နိုင်တော့ပေ။ တာ့ယိသည် စွမ်းအားကြီးမားသူတစ်ယောက် ဖြစ်ပါလိမ့်မည်။ သို့သော် သူ၏ဇနီးဖြစ်သူ တကယ်တမ်း

တန်ခိုးစွမ်းအား ထုတ်သုံးပြီဆိုလျှင်တော့ သူ့တွင် တားဆီးနိုင်

စွမ်းမရှိပါချေ။

နောက်ဆုံးတော့ တာ့ယိသည် အိမ်သို့ ပြန်လာခဲ့ရလေသည်။

သူက သူ၏ဓါးလေးကို နံရံထက်တွင်ချိတ်ဆွဲလိုက်ရင်း

တစ်ကိုယ်တည်းရေရွတ်လိုက်သည်။

"အခုတော့ ကျုပ်ဘဝမှာ မင်းပဲကျန်တော့တယ် ၊ သူ... ကျုပ်

ကို ဘယ်လောက်ကြာကြာ စိတ်ဆိုးနေဦးမှာလဲမသိဘူး ၊

စိတ်ဆိုးပြေရင်တော့ ပြန်လာနိုင်ကောင်းပါရဲ့..."

ဆန်းလျန်သည် သူ့ရှေ့မှ အချစ်ဇာတ်လမ်းကိုကြည့်နေရင်း ငိုရ

မလို ရယ်ရမလို ခံစားနေရလေသည်။

ထိုသို့ဖြင့်....

အချိန်အတန်ကြာသွားခဲ့လေသည်။

တစ်နေ့တွင်တော့.....

မိုးကောင်းကင်တစ်ခုလုံး ရုတ်တရက် ပြောင်းလဲသွားလေသည်။

ကောင်းကင်ထက်တွင် နေဆယ်စင်းထွက်ပေါ်လာပြီး တစ်လောကလုံးမှာ ညှိုးနွမ်းခြောက်သွေ့ကုန်လေတော့သည်။ ဆန်းလျှန်သည် အိပ်မက်ကမ္ဘာတွင်ရောက်ရှိနေသည့်အတွက် နေဆယ်စင်း၏အပူချိန်ကို ခံစားရခြင်းမရှိပေ။ သို့သော် တောင်များအားလုံးထံမှ မရဏအငွေ့အသက်များ အဆက်မပြတ်ထွက်ပေါ်နေသည်ကိုသတိထားလိုက်မိလေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် နေဆယ်စင်း၏အပူချိန် မည်မျှပြင်းထန်ပြီး သက်ရှိသတ္တဝါမည်မျှ အသက်ဆုံးခဲ့ပြီကို သိရှိနိုင်လေသည်။

တာ့ယိ၏မျိုးနွယ်စုဝင်များသည် တာ့ယိထံသို့ စုရုံးရောက်ရှိလာကြလေသည်။

ဆန်းလျှန်ကတော့ နိမ့်လိုက်မြင့်လိုက်ဖြင့် ကောင်းကင်ထက်တွင် ခုန်ပေါက်နေသည့်နေဆယ်စင်းကိုကြည့်ရင်း အဘယ်ကြောင့် နေဆယ်စင်းထွက်ပေါ်လာရသည်ကို ဆက်စပ်တွေးတောကြည့်နေလေသည်။

အရာအားလုံး၏အစသည် "ရှမ်ချီ" ဖြစ်လေသည်။

ရှမ်ချီသည် ဇာမဏီငှက်တစ်ကောင်ထံမှ အကူအညီကိုရယူကာ နတ်မိစ္ဆာများကို နှိမ်နင်းခဲ့လေသည်။

ထို့နောက်သူက အမတတောင်ထိပ်များစွာတွင်နေထိုင်သည့် နတ်မိစ္ဆာဘုရင်များကို နှိမ်နင်းခဲ့ပြီး သူ့ကိုယ်သူ နတ်မိစ္ဆာအပေါင်း၏ဘုရင် "အဖြူရောင်မင်းကြီး" အဖြစ် ကြေငြာလိုက်လေတော့သည်။ လူအများကလည်း သူ့ကို နတ်မိစ္ဆာအပေါင်းတို့၏ဘုရင်ဟု အသိအမှတ်ပြုလိုက်ကြပြီး ထိုအချက်က နေစကြာနတ်ငှက်များကို အကြီးအကျယ် ဒေါသထွက်စေလေသည်။

ဆန်းလျှန်ရောက်ရှိနေသည့် တာ့ယိနှင့် ဟန်အယ်တို့နေထိုင်ရာ
လောကတွင် နေမင်းသည် အခြားသောလောကမှ နေမင်းကဲ့သို့
ကြယ်တစ်စင်းမဟုတ်ပါ။ ထိုလောကရှိနေမင်းသည် ရွှေရောင်
နေစကြာနတ်ငှက်ဆယ်ကောင်က အလှည့်ကျအလင်းပေးနေ
သည့် နေမင်းဖြစ်လေသည်။ ထိုနေစကြာနတ်ငှက်များ
အလှည့်ကျ အလင်းပေးနေသည့် အတွက်ကျင့်ကြံသူများ
အတွက်လည်း များစွာအကျိုးကျေးဇူးရှိခဲ့ကြလေသည်။
ရှမ်ချီက သူ့ကိုယ်သူ နတ်မိစ္ဆာအပေါင်းတို့၏ဘုရင်အဖြစ်ခံယူ
ခြင်းကို နေစကြာနတ်ငှက်များက မည်သို့မှမကျေနပ်နိုင်ကြ
ပေ။

အဘယ်ကြောင့်ဆိုသော် သူတို့သည်လည်း နတ်မိစ္ဆာအနွယ်ဝင်
များဖြစ်နေသောကြောင့်ပင်။ ထို့ကြောင့် နတ်မိစ္ဆာ
အပေါင်း၏ဘုရင်ဖြစ်သည့် ရှမ်ချီသည် သူတို့ထက်ကြီးမြတ်
သွားမည်ကို သူတို့ကမလိုလားပေ။ ထို့ပြင် ဇာမဏီငှက်နှင့် နေ

စကြာနတ်ငှက်များမှာလည်း တစ်ယောက်နှင့်တစ်ယောက်မ

တည့်ကြသည့် ရာဇဝင်ကလည်းရှိခဲ့လေသည်။

ထို့ကြောင့် နေ့ဘက်တွင် အလှည့်ကျ နေမင်းအဖြစ်တစ်ကောင်

ချင်းစီတာဝန်ယူပေးနေသည့် နေစကြာနတ်ငှက်ဆယ်ကောင်

လုံးသည်ရွှမ်ချီကိုသတ်ရန်အတွက် ဒေါသတကြီးဖြင့်

တစ်ပြိုင်တည်းစုရုံးရောက်ရှိလာရခြင်းပင် ဖြစ်လေ

တော့သည်။

သူတို့သည် ရွှမ်ချီကိုသတ်ရန်အတွက်ကောင်းကင်ထက်တွင်

ခုန်ပေါက်ပျံသန်းနေကြလေသည်။

ထို့ကြောင့် လူအများသည်လည်း ဦးတည်ချက်မရှိပျံသန်းနေ

သည့် နေဆယ်စင်းကို မြင်တွေ့နေရခြင်း ဖြစ်လေသည်။

ရွှမ်ချီမှာ သူ့ကိုယ်သူကာကွယ်ရန်ပင် မနည်းကြိုးစားနေခဲ့ရ

လေသည်။

နေစကြာနတ်ငှက်များမှာ စစ်မှန်သောမီးတောက်များသည်
လွန်စွာမှ ရက်စက်ကြမ်းကြုတ်လေသည်။ လောကကြီးသည်
မည်မျှကျယ်ပြောပါစေ နေဆယ်စင်းအလားပူလောင်သည့် နေ
စကြာနတ်ငှက်ဆယ်ကောင်၏ ပူလောင်ပြင်းပြ သည့်
မီးတောက်ကို ရှောင်ရှားနိုင်မည့်သူဆို၍ အနည်းငယ်မျှသာရှိ
နိုင်မည် ဖြစ်လေသည်။

အခန်း (၅၆၁) အတိတ်ဆီက "ငါ"

ထိုနေစကြာနတ်ငှက်ဆယ်ကောင် ရပ်တန့်သွားခြင်းမရှိပါက
သက်ရှိသတ္တဝါများအားလုံး အဆုံးသတ်တွင် မျိုးသုဉ်း
ပျောက်ကွယ်ကြရမည် ဖြစ်လေသည်။

နေစကြာနတ်ငှက်ဆယ်ကောင် ပေါင်းစည်းသွားသည့်စွမ်းအား
ကို ခုခံတွန်းလှန်နိုင်သည့်လူဆို၍ လောကတွင် အနည်းငယ်သာ
ရှိနိုင်လေသည်။

ထို့ပြင် လူအများသည် နေစကြာနတ်ငှက်များကို အံမတုရဲကြ
ပေ။

အဘယ်ကြောင့်ဆိုသော် ရွှမ်ချီသေဆုံးသွားသည်နှင့် နေစကြာ
နတ်ငှက်များက ရပ်တန့်သွားကြမည် ဖြစ်လေသည်။ မ
သက်ဆိုင်သူများက သူတို့ကို သွားရောက်တိုက်ခိုက်ပါက
တိုက်ပွဲသည် အဆုံးမသတ်နိုင်ဖြစ်ပြီး လူသားများသာ
နောက်ဆုံးတွင် ထိခိုက်ကြမည် ဖြစ်လေသည်။

ရွှမ်ချီသည် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားပြီး နေ

စကြာနတ်ငှက်များဖြင့် ရင်ဆိုင်တိုက်ခိုက်နေလေသည်။

သို့သော်... ရွှမ်ချီသည် မြေပြင်ပေါ်သို့ ပြန်မဆင်းရဲတော့ပေ။

အဘယ်ကြောင့်ဆိုသော် သူ မြေပြင်ထက်သို့ဆင်း လိုက်

သည်နှင့် ကောင်းကင်မှ နေစကြာနတ်ငှက်များသည် သူ့ကို

ထိုးသုတ်သွားကြမည်ဖြစ်လေသည်။ ထိုအခါ မြေပြင်မှ

အသက်ပေါင်းများစွာ ထိခိုက်မည်ဖြစ်ပြီး သူကျင့်ကြံမည့်တာ

အိုကျင့်စဉ်လမ်းတွင်လည်း အတားအဆီးဖြစ်ရ မည်ဖြစ်လေ

သည်။

လောကတစ်ခုလုံး ခြောက်သွေ့ညိုးနွမ်းကာ သက်ရှိသတ္တဝါ

များလည်း သေကြေပျက်စီးကြသည့်အတွက် တာ့ယိမှာ

အလွန်မှ စိတ်မကောင်းဖြစ်ရလေသည်။ ထို့ပြင် ရွှမ်ချီမှာ

လည်း နေစကြာနတ်ငှက်များ၏ရန်ငြိုးဖြင့် လိုက်လံ တိုက်ခိုက်

ခြင်းကို ခံနေရလေသည်။ ရွှမ်ချီမှာ ဇနီးဖြစ်သူဟာန်အယ်၏

မောင်ငယ်လေးဖြစ်လေသည်။ ထို့ကြောင့် တာ့ယိအနေဖြင့်

လျစ်လျူမရှုနိုင်ပါချေ။ ထို့ကြောင့် ရှမ်ချီ၏ကိစ္စတွင် ဇနီးဖြစ်

သူက ဝင်မပါစေချင်သည့်တိုင် သူကတော့ ဝင်ပါရတော့မည်

ဖြစ်လေသည်။

တာ့ယိသည် မိုးနှင့်မြေတွင် ပြိုင်ဘက်ကင်းလေးသည်တော်

တစ်ယောက်ဖြစ်သည့်တိုင် သူ့တွင်ရှိသည့် သာမန်မြား

များသည် နေစကြာနတ်ငှက်များကို ပစ်ခွင်းနိုင်လောက်သည်

အထိ အစွမ်းမရှိပေ။

နေစကြာနတ်ငှက်များကိုသတ်ဖြတ်ရန်အတွက် မြားအသစ်

များ ပြုလုပ်ရမည်ဖြစ်လေသည်။ ထိုမြားအသစ်များကို အရှေ့

အရပ်ရှိ ကမ္ဘာ့သစ်ပင်မှ သစ်သားဖြင့်ပြုလုပ်မှသာ နေစကြာ

နတ်ငှက်များကို သုတ်သင်ပစ်နိုင်မည်ဖြစ်လေ သည်။

ထို့ကြောင့် တာ့ယိသည် သူ၏မျိုးနွယ်စုဝင်များနှင့်အတူ တောင်အောက်သို့ဆင်းကာ ကမ္ဘာ့သစ်ပင်ရှိရာသို့ ထွက်ခွာသွားခဲ့လေသည်။

တစ်ချိန်က ပထမမိုးနတ်မင်းသည် ကောင်းကင်ဘုံနန်းတော်ကို တည်ဆောက်သည့်အခါ ကျန်းမုဟုခေါ်သည့် ကမ္ဘာ့သစ်ပင်ကို စိုက်ပျိုးခဲ့လေသည်။ ထိုကျန်းမုသစ်ပင်သည် အသူရာချောက်ကိုးထပ်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပြီး အကိုင်းအခက်အလက်များက မိုးကောင်းကင်ကိုးထပ်အထိ ဖြာဝေလျှက်ရှိလေသည်။

သာမန်လူများ ၊ သတ္တဝါများသည် ကမ္ဘာ့သစ်ပင်အဆုံးထိုတက်ကာ ကောင်းကင်ဘုံသို့ရောက်အောင် လာနိုင်ပါက အမတအနွယ်ဝင် နတ်ဘုရားတစ်ပါး ဖြစ်လာမည် ဖြစ်လေသည်။ ထိုသစ်ပင်သည် ကောင်းကင်ဘုံနန်းတော်နှင့် သာမန်လူများကိုချိတ်ဆက်ပေးထားသည့် လမ်းတစ်လမ်းပင် ဖြစ်လေသည်။

ထို့နောက် ပထမမိုးနတ်မင်းသည် ဘေးအန္တရယ်ဆိုးနှင့်ရင်ဆိုင်ရပြီး ကောင်းကင်ဘုံနန်းတော်ပြိုကျသွားသည့်နောက် တစ်ခုတည်းသော ကျန်ရစ်ခဲ့သည့်အရာမှာ ကမ္ဘာ့သစ်ပင်သာလျှင်ဖြစ်လေသည်။ သစ်ပင်မှာ နက်ရှိုင်းသည့် ဝိညာဉ်စွမ်းအားများပြည့်ဝနေပြီး မိုးမြေစွမ်းအားများကို စုပ်ယူနိုင်စွမ်းရှိလေသည်။ အလွန်လည်း ကြံ့ခိုင်သန်မာသည့် သစ်ပင်တစ်ပင်ဖြစ်သည့်အတွက် ထိုသစ်ပင်ကို ခုတ်ဖြတ်နိုင်သည့် လက်နက်အနည်းငယ်သာ ရှိလေသည်။

ရှင်းထျန်း၏ စစ်ပုဆိတ်သည် ထိုကမ္ဘာ့သစ်ပင်ကိုခုတ်လှဲနိုင်သည့် လက်နက်တစ်ခုတွင် အပါအဝင်ဖြစ်လေ၏။

တာ့ယိတောင်ပေါ်မှ ဆင်းသွားသည်နှင့် ဆန်းလျန်သည်ဒဏ္ဍာရီထဲမှ အကြီးကျယ်ဆုံးဖြစ်ရပ်တစ်ခုကို မျက်မြင်ကိုယ်တွေ့မြင်တွေ့ရတော့မည်ဟု သိရှိလိုက်လေသည်။

တာ့ရှားပြည်တွင် ထျန်းယီ ၊ ဝမ်ကျုန်း ၊ ဂူတင်တို့နှင့် တွေ့ဆုံရခြင်းထက် ပိုပြီး နက်ရှိုင်းသည့် သမိုင်းဒဏ္ဍာရီတစ်ခုကို တွေ့မြင်ရမည် ဖြစ်လေသည်။

ထိုဒဏ္ဍာရီမှာ တာ့ယိက နေဆယ်စင်းကို မြားဖြင့်ပစ်ခွင်းသည့် ဖြစ်ရပ်ပင် ဖြစ်လေသည်။

ရုတ်တရက်....

အတိတ်တစ်ချိန်တွင်ရှိခဲ့သည့် "ငါ" နှင့် အနာဂတ်တွင်ဖြစ်တည်လာမည့် "ငါ" နှစ်ခု ပေါင်းစပ်သွားသည့် ထူးဆန်းသည့်ခံစားချက်တစ်ခုကို ဆန်းလျန် ခံစားလိုက်ရလေသည်။ ဗုဒ္ဓနှင့် တာအိုဆရာသခင်ကြီးတို့သည်လည်း အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်များကို ပေါင်းစပ်နိုင်ခဲ့ကြသည်။ ရုပ်ခန္ဓာ ခွဲခြားခြင်းမရှိဘဲ ရုပ်ခန္ဓာတစ်ခုတည်းဖြင့်ပင် အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်လောကသုံးပါးကို သွားရောက်နိုင်ကြလေသည်။

ယခု ဆန်းလျန်ခံစားနေရသည့်အဆင့်ကို ရောက်ရှိရန်အတွက် ထိုက်ယီထျန်းရှန်းအဆင့်နှင့်အထက် နတ်ဘုရားများ သည် မည်သည့်အရာကိုမဆို ပေးဆပ်ရဲကြပေလိမ့်မည်။

ဆန်းလျန်သည် အိပ်မက်ကမ္ဘာထဲတွင်ရောက်နေခဲ့ခြင်း ဖြစ်သည်ဆိုလျှင်တောင်မှ အလွန်လက်တွေ့ကျလွန်းသည့် အတိတ်တစ်ချိန်ကို ရောက်ရှိနေခြင်းဖြစ်လေသည်။ အိပ်မက် တစ်ခုဖြစ်သည့်တိုင် အစစ်အမှန်နှင့် အလွန်တူညီလေ သည်။

တာ့ယိသည် ကမ္ဘာ့သစ်ပင်မှ သစ်သားကိုရသည်နှင့် အချိန်ဖြုန်းမနေတော့ဘဲ တောင်ပေါ်သို့ အမြန်ပင်ပြန်ခဲ့လေ သည်။ သူ၏ပခုံးထက်တွင် သစ်တုံးတစ်တုံးကိုထမ်းထားပြီး သူ၏ခါးတွင်တော့ ပုဆိန်တစ်လက်ကိုလွယ်ထားလေ သည်။ သူ၏ကျောထက်တွင်တော့ ထူးဆန်းသည့်လေးတစ်လက်ကို လွယ်ထားပြီး သူ့ကိုကြည့်ရသည်မှာ အလွန်မှ ပင်ပန်းနွမ်းနယ် နေပုံရလေသည်။

တာ့ယိကိုကြည့်ပြီးဆန်းလျန်မှာ အနည်းငယ်အံ့အားသင့်သွားရ

လေသည်။

ယခုနှစ်များအတွင်းတွင် ဆန်းလျန်သည် တာ့ယိ၏ခန္ဓာကိုယ်

ထဲမှ နက်ရှိုင်းသည့်စွမ်းအားကို မြင်တွေ့ခဲ့လေသည်။ တာ့

ယိ၏ဘဝတွင် တစ်ခါမှ မောပန်းနွမ်းနယ်သည်ဟူ၍ မရှိခဲ့ပေ။

သူသည် တောင်အောက်သို့ ဆင်းသွားသည့်အချိန်တွင်

ထူးဆန်းမှုတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသောကြောင့်သာ ယခုကဲ့သို့

မောပန်းနေရခြင်း ဖြစ်ဟန်ရှိလေသည်။

မောပန်းနွမ်းနယ်နေသည့်တိုင် တာ့ယိသည် တစ်ချက်မှ အနားမ

ယူခဲ့ပေ။

သူက ပုဆိန်ကိုကိုင်ကာ ထမ်းယူလာသည့်သစ်တုံးကို

ခွဲခြမ်းစိတ်ဖြာပြီး မြားများ ပြုလုပ်နေခဲ့လေသည်။ တာ့ယိ

သည် သူ၏ထူးခြားဆန်းကြယ်သည့်လက်မှုပညာဖြင့် အလွန်

ဆန်းကြယ်သည့် မြားဆယ်ချောင်းကို အတိအကျ ပြုလုပ်ခဲ့

လေသည်။ ထိုမြားများကို ပြုလုပ်နေသည့်အချိန်တွင် နတ်ဘုရားများနှင့် တစ္ဆေများ၏ ငိုညည်းသံများကို ကြားရပြီး လေနှင့်မိုးသည်လည်း တစ်မူထူးခြားသည့်အသံများပြုလုပ်ကာ ရွာသွန်းတိုက်ခတ်လာခဲ့လေသည်။

နေဆယ်စင်းထွက်ပေါ်လာပြီးသည့်နောက်ပိုင်း ပထမဆုံးအကြိမ် မိုးရွာသွန်းခြင်းပင်ဖြစ်လေသည်။ မိုးရေကြောင့် ပတ်ဝန်းကျင်တွင် အနည်းငယ်အေးမြလာခဲ့လေသည်။

ဆန်းလျှန်သည် တာ့ယိပြုလုပ်နေသည့် ထူးဆန်းသည့် မြားဆယ်ချောင်းကိုတွေ့ရသည့်အခါ ဖော်ပြ၍မရနိုင်သည့် ခံစားချက်ကို ခံစားလိုက်ရလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုမြားသည် သူ့ကိုထိမှန်ခဲ့သည့်မြားဖြစ်နေသော ကြောင့်ပင်။ သူသည် ထိုမြားချက်ထိမှန်ပြီး ယခုကဲ့သို့ အိပ်မက်ကမ္ဘာဆီရောက်ရှိလာရခြင်း ဖြစ်လေသည်။

နေမင်းဖြိုခွင်းမြားဆယ်စင်းကို ပြုလုပ်ပြီးသွားသည်နှင့် တာ့

ယိသည် တောင်ထိပ်သို့ထွက်ခွာသွားလေသည်။

ထိုအချိန်တစ်ခဏအတွင်းမှာပင် မိုးနှင့်လေသည် ငြိမ်သက်

သွားပြီး နေဆယ်စင်းသည့် ကောင်းကင်ထက်တွင် ထိန်ထိန်လ

င်းလျှက် ရှိလေ၏။

တာ့ယိက နေမင်းများကို စတင်ပစ်ခတ်ခြင်း မပြုသေးပါ။

သူက အနောက်ဘက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်လေ

သည်။ ထိုအရပ်သည် သူ၏ဇနီးဖြစ်သူဟန်အယ် ထွက်ခွာသွား

ရာအရပ်ဖြစ်လေသည်။

ပထမဆုံးမြားချက်တစ်ချက်ကို ပစ်ခတ်ပြီးသည်နှင့် သူ့ဘဝ

သည် နောက်ပြန်လှည့်၍မရနိုင်တော့သည်ကို တာ့ယိ သိထား

လေသည်။ ထို့ကြောင့် လေညှို့မှုကြိုးကိုမဆွဲမီ ဇနီးဖြစ်သူ

ပြန်လာလေမလားဟု မျှော်လင့်ခဲ့မိလေသည်။ လေးကိုမတင်မီ

ဇနီးဖြစ်သူကို တွေ့မြင်ချင်ခဲ့မိလေသည်။

သို့သော်… ဟန်အယ်သည် ပြန်လာခဲ့ခြင်းမရှိပါ။

တာ့ယိက အချိန်အတန်ကြာ စောင့်နေခဲ့လေသည်။

သို့သော်… ကောင်းကင်ထက်တွင် နေစကြာနတ်ငှက်များဖြင့် တိုက်ခိုက်နေသည့် ရွှမ်ချီ၏အသက်ရှူသံမှာ တဖြည်းဖြည်း အားနည်းလာပြီ ဖြစ်လေသည်။ တာ့ယိတွင် ရွေးခြယ်စရာမရှိ တော့ပါ။ သူက ဆုံးဖြတ်ချက်ခိုင်မာစွာ ချလိုက်ပြီး လေးကြိုး ထက်တွင် နေမင်းဖြိုခွင်းမြားကို တင်လိုက်လေသည်။

တာ့ယိက လေးကြိုးကိုခပ်ဖြည်းဖြည်းပင်လွှတ်လိုက်ခြင်းဖြစ် သော်လည်း နေမင်းဖြိုခွင်းမြား၏ ကြီးမားလှသည့် စွမ်းအား ကို ဆန်းလျှန် ခံစားလိုက်ရလေသည်။ မြားရိပ်သည် တာ့ယိနှင့် နေစကြာနတ်ငှက်များကြားရှိအရာအားလုံး ကိုလွှမ်းခြုံသွား လေသည်။ နေမင်းဖြိုခွင်းမြားကို လောကတွင် ရပ်တန့်ပစ်နိုင် သူဟူ၍ တစ်ယောက်မှ မရှိပေ။

တစ်ခေတ်တစ်ခါက တန်ခိုးစွမ်းအားမြင့်မားသည့် နတ်မိစ္ဆာ မဟာတန်ခိုးရှင်ဆယ်ကောင်မှ တစ်ကောင်သည် အသက်ဆုံးကာ ကောင်းကင်ထက်မှ မြေသို့ခသွားလေပြီ။

မြေပြင်ပေါ်မှလူများကတော့ နေတစ်စင်းပြုတ်ကျသွားသည်ဟုသာ ထင်မြင်ကြမည် ဖြစ်လေသည်။

ကျန်ရှိနေသည့် နေစကြာနတ်ငှက်များသည် တာ့ယိကို သတိထားမိသွားကြပြီး ဒေါသအကြီးအကျယ်ထွက်သွား ကြလေသည်။ သူတို့သည် တာ့ယိရှိရာသို့ အလွန်လျှင်မြန်သည့် အရှိန်ဖြင့် ပျံသန်းလာကြလေသည်။ သို့သော် တာ့ယိ၏လေးညို့မှ မြားချက်များ အဆက်မပြတ်ထွက်ပေါ်လာပြီး တစ်ကောင်ပြီးတစ်ကောင် မြေပြင်ထက်သို့ ပြုတ်ကျကာ သေဆုံးကုန်ကြရတော့သည်။

နေဆယ်စင်းကိုချိန်ရွယ်ပစ်ခတ်နေသည့်အချိန်တွင် တာ့ယိသည် အလွန်အမင်း တည်ငြိမ်နေခဲ့လေသည်။ သူက နေတစ်

စင်းချင်းကိုချိန်ရွယ်ပြီး မြားကို တစ်ချက်ပြီးတစ်ချက် လေးညို့မှ ပစ်လွှတ်နေခဲ့လေသည်။

မကြာမီ...

ကောင်းကင်ထက်တွင် နေစကြာနတ်ငှက် (၂)ကောင်သာ ကျန်ရစ်တော့သည်။

ထိုအချိန်တွင်.... တာ့ယိမှာလည်း တစ်ခေါင်းလုံးဆံပင်များ ဖွေးဖွေးဖြူနေပြီး အလွန်အိုမင်းရင့်ရော်သည့် အဘိုးကြီးတစ်ယောက်ပုံ၏ပုံသဏ္ဍာန် ပြောင်းလဲသွားပြီ ဖြစ်လေသည်။

နေဆယ်စင်းသည် မိုးမြေကိုထိတ်လန့်စေနိုင်သည့်၊ စကြာဝဠာကိုလှည့်ပတ်နေကြသည့် နေမင်းများပင် ဖြစ်လေသည်။

ထို့ကြောင့် သူတို့ထံမှ ထွက်ပေါ်လာသည့် ဒေါသတရားများသည် တာ့ယိထံသို့ မနားတမ်းကျရောက် နေလေသည်။

ထို့ပြင် တာ့ယိသည် နေစကြာနတ်ငှက်များကို သတ်ဖြတ်ရန်

အတွက် သူ၏စွမ်းအားများ အားလုံးကို အသုံးပြုလိုက်ရလေသည်။

ထို့ကြောင့် တာ့ယိမှာ ချက်ချင်းပင် အိုမင်းရင့်ရော်သွားရခြင်းဖြစ်လေသည်။

ထိုအချိန်မှာပင်...

ဆန်းလျန်သည် သူ့အတွက်လွတ်မြောက်ရန်အခွင့်အရေးကို သတိပြုမိသွားလေသည်။

တာ့ယိသည် နဝမမြောက်မြားကိုပစ်လွှတ်လိုက်ပြီး ဒသမမြောက်မြားကို သူ့လက်တွင်ကိုက်လိုက်လေသည်။

ထိုအချိန်တွင် ဆန်းလျန်သည် ဒသမမြောက်မြားတံဆီသို့ ခုန်ဝင်လိုက်လေသည်။ ထိုအခါ သူ၏ဝိညာဉ်တစ်ခုလုံး ရေထဲသို့ကျရောက်သွားသည့်အလား ခံစားလိုက်ရလေသည်။

ဆန်းလျန်သည် တာ့ယိရှိသည့်လောကသို့ အိပ်မက်ကမ္ဘာတစ်ခုအနေဖြင့် ရောက်ရှိလာခြင်းမှာ ဒသမမြောက် နေမင်းဖြိုခွင်း

မြားချက် ထိမှန်ခံလိုက်ရသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သူ၏အချိန်ခရီးသွားမှုသည် ဒဿမမြောက်နေမင်း ဖြိုခွင်းမြားနှင့် ဆက်စပ်နေလေသည်။ ထို့ကြောင့် ဒဿမ မြောက်နေမင်းဖြိုခွင်းမြားသည် သူ့အတွက် လွတ်မြောက်ရန် အခွင့်အရေးတစ်ခုဖြစ်လာမည်ဟု ဆန်းလျန်က မျှော်လင့်ခဲ့ လေသည်။

ထို့ကြောင့် ဒဿမမြောက်မြားဆီသို့ ဆန်းလျန်က ခုန်ဝင်လိုက် ခြင်း ဖြစ်လေသည်။

မြားတံရှိရာသို့ ဆန်းလျန်ခုန်ဝင်လိုက်သည်နှင့် နောက်ဆုံး ထွန်းလင်းနေသည့် ဒဿမမြောက်နေမင်းကို ချိန်ရွယ်ထား သည့် တာ့ယိ၏မြားထိပ်တွင် ပန်းပွင့်ပုံသဏ္ဍာန်အလင်းတန်း တစ်ခု ထွန်းလင်းလာလေသည်။

တာ့ယိသည် အံ့ဩမင်သက်စွာဖြင့် ထိုပန်းပွင့်ပုံသဏ္ဍာန် အလင်းတန်းကို ကြည့်နေလေသည်။

ပြီးမှ သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အင်း... နေတစ်စင်းတော့ ချန်ထားသင့်တယ်ထင်ပါရဲ့..."

ဟု ပြောလိုက်လေသည်။

ဆန်းလျန်၏လုပ်ရပ်ကြောင့် တာ့ယိသည် သူ၏မြားကိုပစ်ခတ်ခြင်းမပြုတော့ဘဲ ရပ်တန့်လိုက်လေသည်။ နောက်ဆုံး ကျန်ရစ်သည့် နေစကြာနတ်ငှက်သည် တာ့ယိ၏မြားချက်ကို ထိတ်လန့်တုန်လှုပ်လွန်းသဖြင့် အဝေးသို့ပျံသန်း ထွက်ခွာသွားလေတော့သည်။

နောက်ဆုံးတော့...

နေဆယ်စင်းထွန်းလင်းနေသည့်လောကသည် ညအချိန်သို့ ချက်ချင်းပင် ရောက်ရှိသွားလေတော့သည်။

ရှမ်ချီသည် ကောင်းကင်ထက်မှ ဆင်းလာပြီး အားနာရှက်ရွံ့စွာဖြင့်ပင် တာ့ယိအနားသို့ ရောက်လာလေသည်။ သူက တာ့ယိကို ကျေးဇူးတင်စကားပြောလိုက်လေသည်။

သို့သော်....

ထိုအဖြစ်အပျက်များကို ဆန်းလျန်သည် သိရှိနိုင်ခြင်းမရှိတော့ပါ။

အဘယ်ကြောင့်ဆိုသော် ထူးဆန်းစွာဖြင့် လင်းလက်တောက်ပနေသည့် ကြာပန်းပုံသဏ္ဍာန်မီးအိမ်လေးသည် သူ၏ အမြင်အာရုံအတွင်းသို့ ဝင်ရောက်လာလေသည်။ မီးအိမ်မှ အလင်းတန်းများသည် ဆန်းလျန်၏ ခန္ဓာကိုယ်ပေါ်သို့ ဖြာကျနေလေသည်။ ထို့အပြင် လူအများရွတ်ဖတ်ဆုတောင်းနေကြသည့် “ချင်းရွှမ်” ဆိုသည့်ဆုတောင်းသံများ ကိုလည်းသူ့နားထဲတွင် ကြားနေရလေသည်။

ထို့နောက် တစ်စုံတစ်ခုက သူ့အားပြင်းထန်စွာဆွဲခေါ်နေသလို ခံစားလိုက်ရပြီး ဆန်းလျန်သည် အချိန်နှင့်နေရာများကို ဖြတ်ကျော်ကာ တာ့ယိတည်ရှိရာလောကထဲမှ ထွက်ခွာသွားလေတော့သည်။

သူ.... ပြန်လည် သတိရလာသည့်အချိန်တွင်တော့ နတ်ဘုရား ကျောင်းတော်ထဲတွင် ရောက်ရှိနေခဲ့လေသည်။

အခန်း (၅၆၂) အပြာရောင်ခရီးရှည်နန်းတော်

ဆန်းလျှန်သည် သူ၏ရုပ်တုတည်ရှိရာ နတ်ဘုရားကျောင်းတော်သို့ ပြန်ရောက်လာလေသည်။ သူ၏မူလဝိညာဉ် ခန္ဓာသည် နတ်ဘုရားရုပ်တုအတွင်းသို့ ရောက်ရှိနေခဲ့လေသည်။

ကံကောင်းစွာပင် သူ၏မူလဝိညာဉ်ခန္ဓာမှာ အကောင်းပကတိ အတိုင်း ပြန်လည်တည်ရှိနေပြီး သူ၏စိတ်များကလည်း ရှင်းလင်းတည်ငြိမ်နေလေသည်။

ဆန်းလျန်သည် ဒသသမမြောက်မြားကို တာ့ယိမပစ်ခွင်းနိုင်စေ ရန် တားဆီးလိုက်သည့်အတွက် ဒသသမမြောက်နေမင်း ၏ကယ်တင်ရှင် ဖြစ်သွားခဲ့လေသည်။ ထိုကုသိုလ်ကောင်းမှု သည် သူ၏မူလဝိညာဉ်ခန္ဓာကို အကောင်းအတိုင်း ပြန်လည် တည်ရှိစေခဲ့ကာ အသူရာချောက်သို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ် လေသည်။

ထို့ပြင် ဆန်းလျန်သည် တစ်စုံတစ်ခုကို သိရှိထားသေးသည်။ သို့သော် ထိုသို့သိရှိထားမှုကို အတည်ပြုနိုင်ခြင်းတော့ မရှိသေး ပေ။

သို့သော် လက်ရှိအချိန်သည် ထိုအရာများကို စဉ်းစားရမည့် အချိန်မဟုတ်သေးပေ။

သူက မူလဝိညာဉ်ခန္ဓာမှ တန်ခိုးစွမ်းအားများဖြင့်ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်လေသည်။ ထိုအခါ ကျောင်းတော်တံခါးနောက်တွင် အသက်သေဆုံးနေပြီဖြစ်သည့် ရှောင်ပေါးကို တွေ့ရှိလိုက်ရလေသည်။

သို့သော် ရှောင်ပေါး၏ဝိညာဉ်ကတော့ အနည်းငယ်တောက်ပနေသေးသည်။

ဆန်းလျန်သည် ကြမ္မာတစ်ပတ်သံသရာလည်ခြင်းကို နားလည်သဘောပေါက်သူဖြစ်သည့်အားလျော်စွာ နတ်ဘုရားရုပ်တု၏ပါးစပ်ကိုဖွင့်လိုက်ပြီး ယင်နှင့်ယန် စွမ်းအားများကို ကျားနက်ကြီးထံသို့ မှုတ်ထုတ်လိုက်ကာ ဒဏ်ရာများကို ကုသပေးလိုက်လေသည်။ သို့သော်… ရှောင်ပေါးသည် အသက်ပြန်လည်ရှင်သန်လာခြင်းမရှိတော့ ပေ။

ဆန်းလျှန်သည် ချက်ချင်းပင် သူ၏တန်ခိုးစွမ်းအားများကို အသုံးပြုပြီး ရှောင်ပေး၏ဝိညာဉ် အားလျော့ ပျောက်ကွယ် မသွားစေရန် ကာကွယ်ပေးလိုက်လေသည်။

ထိုအချိန်မှာပင် ထွန်းလင်းနေသည့် ကြာပန်းမီးအိမ်လေးသည် ကြမ်းပြင်ထက်သို့ အသာအယာဆင်းသက်သွားပြီး အားလျှန်သည် မီးခွက်စောင့်နတ်သမီးတစ်ပါးအလား မီးအိမ်အတွင်းမှ ထွက်ပေါ်လာလေသည်။

"နတ်ဘုရားဆရာ… နောက်ဆုံးတော့ ပြန်ရောက်လာပြီပေါ့"

ထို့နောက် သူမက ဝမ်းနည်းစွာဖြင့် ကျားနက်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး…

"ရှောင်ပေးကတော့ နတ်ဘုရားဆရာပြန်လာတာကို စောင့်မနေနိုင်ခဲ့တော့ဘူး"

အားလျှန်သည် ရှောင်ပေးရရှိခဲ့သည့် ဒဏ်ရာများကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီး ရှောင်ပေးသည် နတ်ဘုရား ကျောင်း

တော်သို့ မည်မျှခက်ခက်ခဲခဲ အရောက်လာခဲ့ရသည်ကို သိရှိခဲ့လေသည်။ ထို့ကြောင့် ရှောင်ဟေးအသက်ရှူ ရပ်သွားသည့်အချိန်တွင် သူမသည် အလွန်ဝမ်းနည်း စိတ်မကောင်းဖြစ်ရလေသည်။

ဆန်းလျန်က ရှောင်ဟေးအကြောင်းကို ဆက်မပြောတော့ပါ။ သူက နတ်ဘုရားစွမ်းအားများကိုအသုံးပြုပြီး အားလျန်ကို စကားပြောလိုက်သည်။

“မင်းလုပ်ခဲ့တဲ့အရာတွေအတွက် ကျေးဇူးတင်ပါတယ် အားလျန်၊ မင်းအတွက် ရုပ်ခန္ဓာတစ်ခု ပြန်ရအောင် ကျုပ်လုပ် ပေးပါ့မယ်၊ ဒါပေမယ့် လောလောဆယ်တော့ တခြားကိစ္စတွေလုပ်စရာရှိသေးတယ်၊ ဒါကြောင့် ကျုပ် အနှောက်အယှက် မဖြစ်ရအောင် မီးအိမ်ထဲကို ပြန်ဝင်နေပေးပါလား”

ဆန်းလျှန်၏စကားဆုံးသည်နှင့် လေပြင်းတစ်ချက်တိုက်ခတ်လာပြီး အားလျှန်သည် မီးအိမ်အတွင်းသို့ပြန်ရောက် သွားရလေသည်။

ထို့နောက်တွင်တော့ နတ်ဘုရားကျောင်းတော်ပတ်ဝန်းကျင်တစ်ခုလုံးတွင် တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှ မိုးမြေစွမ်းအားများသည် နတ်ဘုရားကျောင်းတော်၏ ခေါင်မိုးထက်တွင် စနစ်တကျကလာရောက်စုဝေးနေကြလေသည်။

ဘုရားကျောင်းခေါင်မိုးထက်မှ အလွန်ကြီးမားသည့် ရောမအလင်းလက်ကြီးတစ်ခု ထွက်ပေါ်လာသည်ကို ဝူကျုန်းမျိုးနွယ်စုဝင်များအားလုံး တွေ့မြင်လိုက်ရလေသည်။ ထိုလက်ကြီးသည် ကောင်းကင်ကိုထိုးဖောက်ကာ ပျံသန်းထွက်ခွာသွားလေသည်။

ထိုလက်ကြီးသည် ဖုန်းရှိရာနေရာသို့ ဦးတည်ထွက်ခွာသွားခြင်း ဖြစ်လေသည်။

နေမင်းဖြိုခွင်းမြားကို ပစ်ခွင်းပြီးသည့်နောက် ဖုန်းသည် တန်ခိုးစွမ်းအားများအားလုံး ကုန်ဆုံးသွားကာ မက်မွန်တောင် ထက်ရှိ မူလနေရာတွင်ပင် လဲကျနေခဲ့လေသည်။ သူသည် လမ်းပင်မလျှောက်နိုင်တော့ဘဲ နေမင်းဖြိုခွင်းမြားကို ပစ်ခတ်ခဲ့မိသည့်အတွက် နောင်တကြီးစွာရနေမိလေသည်။

ထိုအချိန်မှာပင်....

ရောမအလင်းလက်ကြီးတစ်ခု သူ့ထံသို့ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ထိုလက်ကြီးထံမှ ပင်လယ်နှင့် တောင်များကဲ့သို့ မြင့်မားလွန်းသည့်တန်ခိုးစွမ်းအားများ ထွက်ပေါ်နေသည်ကို ခံစားလိုက်ရပြီး ဖုန်းသည် မည်သည့်နည်းနှင့်မျှ ခုခံကာကွယ်နိုင်ခဲ့ခြင်းမရှိပေ။

သူသည် မြေပြင်ထက်တွင် အားနည်းဖျော့တော့စွာ လဲကျလျှ
က်ရှိပြီး သူ့ထံသို့ ဝင်ရောက်လာသည့် အလင်းလက်ကြီးကို
ငေးစိုက်ကြည့်နေမိလေသည်။

သနားစရာဖုန်းသည် တုန်းယီဒေသနှင့် အရှေ့တိုင်းစစ်သည်
တော်မျိုးနွယ်စုများထဲတွင် စွမ်းအားကြီးမားသူ တစ်ယောက်
ဖြစ်ခဲ့လေသည်။ သို့သော် ယခုအချိန်တွင်တော့ သူ့ထံသို့
ရောက်လာသည့် ရောမလက်ကြီးကို ရင်ဆိုင်ရန် မည်သို့မျှ
အားအင်မရှိတော့ပေ။

ထိုအချိန်မှာပင် ရောမအလင်းလက်ကြီးသည် သူ့ကိုမြေထဲတွင်
ပြားကပ်သွားသည့်အသားပြားဖြစ်သွားအောင် ထုချေပစ်လိုက်
လေတော့သည်။ တောင်ပေါ်မှ မြေကြီးများပြိုကျသွားပြီး ဖုန်း
ကို မြှုပ်နှံသင်္ဂြိုလ်ပြီးသား ဖြစ်သွားလေတော့သည်။

ထိုရောမလက်ကြီးမှာ ဆန်းလျန်က သူ၏မူလဝိညာဉ်ခန္ဓာကို
အသုံးပြုကာ ကွမ်းချင်းနတ်ဘုရားဂိုဏ်း၏ ရွှမ်ချင်း အလင်း

လက်ကြီးအဖြစ် တန်ခိုးစွမ်းအားကို ထုတ်ဖော်အသုံးပြုလိုက်ခြင်းဖြစ်လေသည်။

ဖုန်းသည် ဝိညာဉ်ပါအပိုင်းပိုင်းပြတ်ပြီး လောကမှ အပြီးတိုင်ပျောက်ကွယ်သွားရလေသည်။ ဆန်းလျန်သည် ဖုန်းကိုမေးခွန်းပင်ထုတ်မနေတော့ဘဲ ချက်ချင်းပင် သတ်ဖြတ်ပစ်လိုက်လေသည်။

ဖုန်းသေဆုံးသွားသည်နှင့် ဆန်းလျန်သည် ရှောင်ဟေးကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ထို့နောက် ဆန်းလျန်၏မူလဝိညာဉ်ခန္ဓာသည် နတ်ဘုရားရုပ်တုအတွင်းမှ ထွက်ပေါ်လာပြီး သူ၏ခန္ဓာကိုယ်သည် ကြယ်စင်ရောင်များဖြင့် လင်းလက်တောက်ပနေလေသည်။

ဆန်းလျန်က ဂါထာတစ်ပုဒ်ရွတ်ဖတ်လိုက်သည်နှင့် ရှောင်ဟေး၏ကိုယ်ထဲမှ အစိမ်းရောင်အခိုးအငွေ့တစ်ခု ထွက်ပေါ်လာလေသည်။ အစိမ်းရောင်အခိုးအငွေ့များသည် မှုန်ဝါးသည့်

ကျားနက်သေးသေးလေးတစ်ကောင်အဖြစ်ပေါင်းစပ် သွားကြလေသည်။

ဆန်းလျန်က…

“ပြောသားပဲ ၊ သောက်ပျင်းမထူဘဲ ကျင့်စဉ်တွေကိုကျင့်ကြံပါဆိုတာ ၊ နားမှမထောင်ဘဲ ၊ ခုတော့ ဒီလိုမျိုးဖြစ်ရပြီ…”

ဆန်းလျန်က ကျားနက်ဝိညာဉ်ငယ်လေးကို သူ၏အင်္ကျီလက်အတွင်းသို့ထည့်ကာ သိမ်းဆည်းလိုက်လေသည်။

ထို့နောက် ဆန်းလျန်သည် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။ ဆန်းလျန်၏ ခန္ဓာကိုယ်သည် ကြည်လင်သည့်ကြယ်စင်လှိုင်းများအလား ကောင်းကင်ထက်တွင် ပျော်ဝင်သွားလေသည်။

ဆန်းလျန်သည် အလွန်ဝေးကွာသည့် နေရာတစ်ခုသို့ ရောက်ရှိလာလေသည်။

ဆန်းလျန်သည် သူ၏ပုံသဏ္ဍာန်ကို စုစည်းနိုင်သလို တန်ခိုး

စွမ်းအားများကဲ့သို့ ခွဲဖြာထွက်ကာ အခြားသောအရာများနှင့်

လည်း ပေါင်းစပ်ပစ်နိုင်သည့်အစွမ်းကို ရရှိခဲ့လေသည်။

ဆန်းလျန်သည် ရှောင်ပေးလူပြန်ဝင်စားနိုင်ရန်အတွက်

အကောင်းဆုံးနေရာတစ်ခုကို တွက်ချက်ရင်း ခရီးနှင်လာခဲ့

လေသည်။ နောက်ဆုံးတွင်တော့ မြောက်ဘက်ဆီသို့ဦးတည်

ရန် ဆုံးဖြတ်လိုက်လေသည်။ သူသည် တောင်များနှင့် မြစ်

ချောင်းများကို မရပ်မနားဖြတ်ကျော်ခဲ့ပြီး တာ့ရှားပြည်

အနောက်မြောက်ဘက်သို့ ရောက်ရှိလာခဲ့လေသည်။

ထိုနေရာတွင်တော့ ဆန်းလျန်သည် ရှေ့သို့ခရီးမဆက်တော့ဘဲ

ရပ်တန့်လိုက်သည်။

ကောင်းကင်တွင်နေမထွက်သေးပါ။ မြေပြင်သည်လည်း ငြိမ်

သက်လျှက်ရှိလေသည်။

ထိုနေရာတွင် ကလေးတစ်ယောက်ကိုမွေးဖွားတော့မည့်

မိသားစုတစ်စုရှိနေလေသည်။

ဆန်းလျန်က ထိုမိသားစုကို တစ်ချက်လော့လာကြည့်လိုက်

သည့်အခါတွင်တော့ ခရမ်းရောင်နှင့် အနီရောင် တန်ခိုး

စွမ်းအားများ ဖုံးလွှမ်းနေသည်ကို တွေ့လိုက်ရလေသည်။ ဤ

သည်ကိုကြည့်ခြင်းအားဖြင့် ထိုမိသားစုသည် မြင့်မြတ်ပြီး

ငွေကြေးကြွယ်ဝချမ်းသာသည့် မိသားစုတစ်စုဖြစ်မည်ဟု

ခန့်မှန်းနိုင်လေသည်။

ဆန်းလျန်သည် သူ၏မူလဝိညာဉ်ခန္ဓာထဲတွင် ပါးကွပုံသဏ္ဍာန်

အင်းချပ်ကို ပုံဖော်ကာထပ်မံတွက်ချက်ကြည့်လိုက် လေသည်။

ထို့နောက်တွင်တော့ ထိုမိသားစုသည် ရှောင်ဟေးအတွက်

သင့်တော်သည့်မိသားစုဖြစ်သည်ဟု ဆုံးဖြတ်လိုက်ပြီး အင်္ကျီ

လက်ထဲမှ ကျားနက်ဝိညာဉ်လေးကို ထုတ်ယူလိုက်လေသည်။

“နောက်ဘဝတော့ သောက်ပျင်းမထူဖို့မျှော်လင့်ရတာပဲ…”

ဆန်းလျန်က ပြောပြီးသည်နှင့် ကျားနက်ဝိညာဉ်လေးကို ထို မိသားစုရှိရာသို့ သွားခွင့်ပေးလိုက်လေသည်။

သိပ်မကြာမီပင် အမျိုးသမီးတစ်ယောက်၏ မီးဖွား သည့်အတွက်ကြောင့် နာကျင်ညည်းညူသံများထွက်ပေါ်လာ ပြီး ကလေးငယ်တစ်ယောက် မွေးဖွားလာလေသည်။ ကလေး ငယ်၏ပခုံးထက်တွင် ရှောင်ဟေးနှင့်ဆင်တူသည့် ကျားနက် တစ်ကောင်၏အမှတ်အသားပါရှိလေသည်။

အသူရာချောက်တွင် ထူးခြားသည့်ကလေးငယ်များမွေးဖွား ခြင်းသည် ရှားပါးသည့်ဖြစ်ရပ် မဟုတ်ပေ။ သို့သော် ထူးခြား သည့်ကလေးငယ်တစ်ယောက် မွေးဖွားလာသည့်အတွက် မိဘ များမှား များစွာ ဝမ်းသာအံ့အားသင့်ခဲ့ရလေ သည်။

ရှောင်ဟေးအဆင်ပြေစွာ လူပြန်ဝင်စားနိုင်ခဲ့ပြီဆိုသည်မှာ သေချာတော့မှ ဆန်းလျန်က ပြန်ရန် အနောက်သို့လှည့် လိုက် လေသည်။ ထိုအချိန်တွင် အလွန်ကြီးမားသည့် တန်ခိုးစွမ်းအား

အတက်အကျတစ်ခုကို ဆန်းလျန်ကို ရုတ်တရက် လာရောက်ရိုက်ခတ်လေသည်။

သူက လှည့်ကြည့်လိုက်သည့်အခါတွင်တော့ ကျားမတစ်ကောင်ကို အစာအကျွေးနေသည့် အသက် (၃)နှစ်ခန့် အရွယ်ကလေးငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ကလေးငယ်သည် ငယ်ရွယ်သည့်တိုင် ဝိညာဉ်စွမ်းအားအလွန်ကောင်းလေသည်။

"လက်စသတ်တော့ သူကိုး..."

ဆန်းလျန်က တွေးလိုက်မိလေသည်။

ထို့နောက် ဆန်းလျန်သည် ကောင်းကင်ထက်သို့မော့ကြည့်လိုက်ပြီး....

"ဒါက ကျုပ်ကိုသတိပေးတာလား..."

ဟု ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး ကလေးငယ်ကို အရေးမလုပ်တော့ဘဲ နတ်ဘုရား ကျောင်းတော်ရှိရာသို့ ပြန်လာခဲ့လေသည်။

……………………………………

ကြီးမားကျယ်ပြန့်သည့်ပင်လယ်တစ်ခု….

ပင်လယ်ဒီရေများအကြားတွင် လူသူများ မမြင်တွေ့နိုင်သည့် ကျွန်းတစ်ကျွန်းရှိနေလေသည်။ မြူခိုးများထူထပ်နေပြီး နတ်ဘုရားစွမ်းအားများလည်း ထိုကျွန်းပေါ်မှ ထွက်ပေါ်နေလေသည်။

ကျွန်း၏အလယ်တွင် "အပြာရောင်ခရီးရှည်နန်းတော်" ဟု ရေးထိုးထားသည့် နန်းတော်ကြီးတစ်ခု တည်ရှိလေ သည်။

နန်းတော်၏ခန်းမထဲတွင် တာအိုကျင့်ကြံသူမိန်းမပျိုတစ်ယောက် ထိုင်နေလေသည်။ သူမ၏မျက်နှာထားက အလွန်မှ တည်ကြည်နေပြီး သူမ၏ရှေ့တွင်တော့ ဒူးထောက်နေသည့် လူတစ်ယောက် ရှိနေလေသည်။

ထိုသူမှာ ဝမ်ကျုန်းပင် ဖြစ်လေသည်။

သူတို့နှစ်ယောက်ကြားတွင် ကြယ်စင်တန်းများစီးဆင်းနေပြီး ဆန်းလျှန်ပြုလုပ်နေသည့် အလုပ်များအားလုံးကို သူတို့ နှစ်ယောက်လုံး တွေ့မြင်နေရလေသည်။

ဝမ်ကျုန်းက…

“နေမင်းဖြိုခွင်းမြားကတောင် သူ့ကိုမသတ်နိုင်ခဲ့ဘူး ၊ သူ့ရဲ့ ကျားနက်ကြီးကလည်း ချုန်းဟိုအိမ်တော်မှာ လူပြန်ဝင်စား ခဲ့ပြီ ၊ ဒါဟာ ဆရာဘိုးဘိုးပြောခဲ့ဖူးတဲ့အဖြစ်အပျက်တွေအတိုင်း ဖြစ်လာတာပဲ ၊ ဆရာ…. ဒါဆိုရင် သူ့ကို ဒီနေရာကို ဖိတ်ခေါ်ပြီး အပြာရောင်ခရီးရှည်နန်းတော်ရဲ့ အရှင်သခင်ဖြစ်လာစေမှာလား…”

အခန်း (၅၆၃) နတ်ဘုရားများ

ဆန်းလျန်၏မူလဝိညာဉ်ခန္ဓာသည် ကြယ်စင်ရောင်များလင်း လက်တောက်ပနေပြီး လျှင်မြန်စွာဖြင့် ခရီးသွားနေလေသည်။ သို့သော် တအိုကျင့်ကြံသူမိန်းမပျိုသည် သူ့ရှေ့ ခြေတစ်လှမ်း ခန့်တွင်ရှိနေသည်ကိုတော့ ဆန်းလျန် ရိပ်မိခြင်းမရှိပေ။ သူမ သည် စကြာဝဠာကြီးတစ်ခုလုံးနှင့်ပေါင်းစပ်နေပြီး သူမ၏ပတ်ဝန်းကျင်တွင် အလင်းနှင့်အမှောင် ရောထွေးလျှက် ရှိလေသည်။

ဝမ်ကျုန်းသည် အလွန်မှတန်ခိုးစွမ်းအားမြင့်မားသည့် လောကနတ်ဘုရားတစ်ပါးဖြစ်သည့်တိုင် တာအိုကျင့်ကြံသူ မိန်းမပျို၏ရှေ့တွင်တော့ သာမန်လူတစ်ဦးနှင့် မခြားပေ။ သူတို့

နှစ်ယောက်၏ဘဝသည် အလွန်မှ ကွဲပြားခြားနားလွန်းလေ

သည်။

တာအိုကျင့်ကြံသူမိန်းမပျိုသည် ကြယ်စင်ကြေးမုံမှန်မှ

တစ်ဆင့် ဆန်းလျန်၏ လှုပ်ရှားမှုတိုင်းကို စိုက်ကြည့်နေခဲ့လေ

သည်။ ထို့နောက်တွင်တော့ သူမ၏ရှေ့မှ ကြယ်စင်ကြေးမုံမှန်

ပျောက်ကွယ်သွားလေသည်။

အပြာရောင်ခရီးရှည်နန်းတော်သည် ထူးခြားသည့်ပစ္စည်းများ

ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်လေသည်။ အထူးသဖြင့်

နန်းတော်မျက်နှာပြင်တည်ဆောက်ရာတွင် အသုံးပြုထားသည့်

ပစ္စည်းမှာ မည်သည့်ပစ္စည်းမှန်းပင် မခန့်မှန်းနိုင်ပေ။ လူတစ်

ယောက်သည် နန်းတော်တည်ဆောက်ထားမှုကို နတ်ဘုရား

စွမ်းအားများအသုံးပြုကာ ထိုးဖောက်ကြည့်နိုင်လေသည်။

သို့သော် ထိုတည်ဆောက်ထားမှုတွင် အကြားအလပ်ရှိသည်ကို

တွေ့ရှိရမည် မဟုတ်ပေ။

ထိုတာအိုကျင့်ကြံသူအမျိုးသမီးမှာ "ယွမ်ကျွင်းဧကရီ" ပင် ဖြစ်လေသည်။ သူမသည် အသူရာချောက်တွင် တန်ခိုးစွမ်းအားအမြင့်မားဆုံး နတ်သမီးတစ်ပါးဖြစ်လေသည်။ သူမသည် မိုးနတ်မင်းခေတ်ကတည်းက နတ်ဘုရားတစ်ပါး အဖြစ်အဆင့်တက်ရောက်နိုင်ခဲ့သူဟု အဆိုရှိလေ၏။

"မင်းသိတဲ့အတိုင်းပဲလေ...၊ အပြာရောင်ခရီးရှည်နန်းတော်ကတပည့်မဟုတ်တဲ့လူတွေကို ဘယ်တော့မှ ဒီလိုမျိုးဖြစ်ခွင့်မပေးဘူး၊ သူက ဘယ်သူပဲဖြစ်နေပါစေ ဒီစည်းကမ်းကိုတော့ မချိုးဖောက်နိုင်ဘူး၊ ဒါပေမယ့် သူက ငါတို့ ဆီမှာတပည့်ခံချင်တယ်ဆိုရင်တော့ ငါက သူ့ကို အပြာရောင်ခရီးရှည်နန်းတော်ကိုလွှဲပြောင်းပေးဖို့ မခဲယဉ်းပါဘူး၊ ပြီးတော့ သူ့ရဲ့အသက်ရှူသံတွေက ငါ့ဆရာနဲ့သိပ်တူနေတယ်၊ သူပြုလုပ်နေတဲ့အလုပ်တွေကလည်း ဆရာပြောခဲ့တာတွေနဲ့တိုက်ဆိုင်နေတယ်"

ရှေးခေတ်အချိန်ကပင် တည်ရှိခဲ့သည့် နတ်ဘုရားတစ်ပါးဖြစ်သည့်တိုင် ယွမ်ကျွင်းကေရီ၏အသံမှာ ဆယ်ကျော်သက်မိန်းမပျိုလေးတစ်ယောက်၏အသံအလား ငယ်ရွယ်နုပျိုလွန်းနေလေသည်။

ဝူကျုန်းက…

"သူ့ရဲ့စရိုက်အရဆိုရင်တော့ ကျွန်တော်တို့ဆီမှာ တပည့်ခံမှာမဟုတ်ဘူး ၊ ဒါပေမယ့် ကံတရားအတိုင်းဆိုရင်တော့ ကျွန်တော်တို့ ဘာမျှားတတ်နိုင်မှာလဲ ဆရာ"

ယွမ်ကျွင်းကေရီက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း…

"ဟွန့် တစ်ချို့ကိစ္စတွေကို မင်းမသိနိုင်သေးဘူး ၊ ဒါပေမယ့် ကံတရားဆိုတာကတော့ ဟာသတစ်ခုပဲ"

ထိုစကားကိုပြောပြီးသွားသည်နှင့် ယွမ်ကျွင်းကေရီ၏ဦးခေါင်းထက်တွင် အလွန်ကြီးမားသည့် စာအုပ်ကြီးတစ်အုပ် ပေါ်လာလေသည်။ ထိုစာအုပ်သည် ဒဏ္ဍာရီဆန်သည့် သေခြင်းရှင်ခြင်း

စာအုပ်ပင် ဖြစ်တော့သည်။ စာအုပ်မှ အနက်ရောင်တန်ခိုး

စွမ်းအားများထွက်ပေါ်နေပြီး ထိုတန်ခိုးစွမ်းအားများသည် ယွမ်

ကျွင်းကေရီ၏ ခန္ဓာကိုယ်ကို စူးသွားဖြင့်ထိုးဖောက်သည့်

အလား ထိုးဖောက်ဝင်ရောက်သွားလေသည်။

သူမ၏ပတ်ဝန်းကျင်မှ စကြာဝဠာတွင် အလင်းရောင်များ

ပျောက်ကွယ်သွားပြီး အမှောင်ထု ဖုံးလွှမ်းသွားလေ

တော့သည်။

ဝမ်ကျုန်းသည် သူမရှေ့တွင်ထိုင်နေသည့်တိုင်အောင် ဖြစ်ပျက်

နေသည့်အကြောင်းအရာများကို တွေ့မြင်နိုင်ခြင်း မရှိပေ။

ကံကောင်းသည်မှာ နှစ်ထောင်ပေါင်းများစွာကြာသည့်အချိန်

အတွင်းတွင် ယခုကဲ့သို့ ဖြစ်ရပ်မျိုးသည် ပထမဆုံး အကြိမ်

မဟုတ်ခဲ့ပါ။ သူ၏ဆရာသည် အသူရာချောက်၏ ကံကြမ္မာ

စွမ်းအားဖြစ်သည့် သေခြင်းရှင်ခြင်းစာအုပ်နှင့် တိုက်ခိုက်

နေသည်ကို ဝမ်ကျုန်း သိရှိခဲ့လေသည်။

အမှန်တော့ လူတစ်ယောက်သည် မိုးကောင်းကင်နတ်ဘုရား တစ်ပါးဖြစ်သည်အထိ ကျင့်ကြံနိုင်မည်ဆိုလျှင်တောင်မှ သေခြင်းရှင်ခြင်းစာအုပ်နှင့် ချည်နှောင်ခံနေရဆဲ ဖြစ်လေသည်။ သို့သော် ဆရာဖြစ်သူက သေခြင်းရှင်ခြင်းစာအုပ်မှ စွမ်းအားများကို စုပ်ယူပြီး မိုးကောင်းကင်နတ်ဘုရားများ သေခြင်းရှင်ခြင်းစာအုပ်မှ လွတ်မြောက်စေရန်အတွက် အခွင့်အရေးပေးခဲ့လေသည်။

သို့သော် လူအများစုက ထိုအချက်ကို သတိမပြုမိခဲ့ကြပါ။ ဆန်းလျန်သည် အပြာရောင်ခရီးရှည်နန်းတော်နှင့် နက်နက်ရှိုင်းရှိုင်းပတ်သက်မိပြီဆိုသည့်အချက်ကို ဆန်းလျန်ကတော့ မသိရှာခဲ့ပေ။ ဆန်းလျန်သာ သိရှိခဲ့မည်ဆိုလျှင် သူသည် ကံတရားအတိုင်းမွေးဖွားလာရသည့်လူတစ်ယောက် ဖြစ်လာရန် လုံးဝဆန္ဒရှိခဲ့မည် မဟုတ်ပါချေ။

နေမင်းဖြိုခွင်းမြားချက်ထိမှန်ခဲ့ပြီး လေးသည်တော်တော့ယိက နေဆယ်စင်းကို မြားဖြင့်ပစ်ခွင်းခဲ့သည့် ဒဏ္ဍာရီသည် ဆန်းလျ န်၏ရင်ကို ထိရှစေခဲ့လေသည်။ ထို့ပြင် သူသည် အတိတ်ကာလ၏ ကိစ္စရပ်တစ်ခုတွင်လည်း ပါဝင်ပတ်သက်ခဲ့ မိလေသည်။

အတိတ်သို့ခရီးသွားခဲ့ခြင်းသည် သူ၏ကျင့်စဉ်လမ်းအတွက် များစွာအသုံးဝင်သော်လည်း အတိတ်သို့ပြန်လည် ရောက်ရှိလို သည့်စိတ်ဆန္ဒသူ့တွင် လုံးဝမရှိခဲ့ပေ။

ထို့ပြင်... တစ်ချိန်က ရဲ့လျိုယွင်ပြောခဲ့ဖူးသည့်စကားတစ်ခွန်း ရှိလေသည်။

အမှောင်ထဲတွင် သူတို့မသိအောင် ကြိုးကိုင်ခြယ်လှယ်နေသည့် “တစ်စုံတစ်ခု” တည်ရှိနေသည်ဆိုသည့်စကားပင်ဖြစ်လေ သည်။ ထိုစကားများကို ဆန်းလျန်သည် မည်သည့်အခါမှ မမေ့

ခဲ့သည့်အပြင် ယခုကဲ့သို့ ထူးခြားဆန်းကြယ်မှုများကို ရင်ဆိုင်ရသည့်အခါ ပိုပြီး နားလည်သဘောပေါက်လာခဲ့ရလေသည်။ သူဖတ်ခဲ့ဖူးသည့်သမိုင်းစာအုပ်များထဲမှအတိုင်းသာဆိုလျှင် ယင်းစန်းဒေသသည် မရပ်တန့်နိုင်လောက်အောင် အင်အားကြီးမားလာပြီး နောက်ဆုံးတွင် တာ့ရှားပြည်၏နေရာကို အစားထိုးဝင်ရောက်လာမည်ဖြစ်လေသည်။ သို့သော် ဆန်းလျှန်ကတော့ ယင်းစန်း၏အင်အားကို စိန်ခေါ်ရန်အချိန်တန်ပြီဆိုသည်ကို သိရှိထားလေသည်။

ထိုအချက်သည် ဆန်းလျှန်အတွက် စမ်းသပ်မှုတစ်ခုလည်းဖြစ်လေသည်။

အမှန်တော့ သူက တာ့ရှားပြည်ကိုအကူအညီပေးပြီး ယင်းစန်းကို ဖျက်စီးမည့်အလုပ်ကိုတော့ လုပ်မည်မဟုတ်ပါ။ သို့သော် သူနောက်ထပ်လုပ်မည့်အလုပ်သည် လူတိုင်းကို အံ့အားသင့်စေမည် ဖြစ်လေသည်။

တာ့ရှားပြည်သည် သူ၏အစီအစဉ်ထဲတွင် အဓိကပါဝင် ပတ်သက်လေသည်။ ဆန်းလျန်သည် သူ၏မိခင်ဖြစ်သူ ချန် ချင်ကို ယခုဖြစ်နေသည့်ကိစ္စရပ်များအတွင်းသို့ ဆွဲသွင်းရန် ရည်ရွယ်ချက်မရှိခဲ့ပေ။ သို့သော် လက်ရှိအခြေအနေအရ သူမ သည်လည်း မပါမနေရ ပါဝင်ပတ်သက်လာရတော့မည် ဖြစ် လေသည်။ ယင်းစန်းနှင့် တာ့ရှား၏တိုက်ပွဲ သည်အိမ်နီးချင်း နိုင်ငံများနှင့် ကျိန်းသေပတ်သက်မည်ပဲ ဖြစ်လေသည်။

ဆန်းလျန်သည် ကံကြမ္မာအတိုင်းစီးမျောလိုက်ပါနေမည့်အစား ကံကြမ္မာကို ထိန်းချုပ်ချင်သူတစ်ယောက်ဖြစ်လေသည်။

ဆန်းလျန်၏ကျင့်ကြံခြင်းအဆင့်သည် ထိုမျှမမြင့်မားသေး သည့်တိုင် အမှောင်ထဲမှကြိုးကိုင်ခြယ်လှယ်နေသည့်သူကို စိန်ခေါ်ရန်လိုအပ်လေသည်။ ထိုသူကိုစိန်ခေါ်ရန်အတွက် စတေးသင့်သည်များကိုလည်း စတေးရမည်ပင်။

ထို့ပြင် ဆန်းလျန်သည် စိန်ခေါ်မှုများကို နှစ်သက်သဘောကျ သူတစ်ယောက်ဖြစ်လေသည်။ သူ့ဘာဝသည် အေးအေးဆေးဆေးတာအိုကျင့်စဉ်များကို ကျင့်ကြံရင်း အသက်ရှင်နေထိုင်သွားနိုင်သော်လည်း သူသည် ထိုကဲ့သို့သော လူစားမျိုးမဟုတ်ပေ။

ဆန်းလျန် နတ်ဘုရားကျောင်းတော်သို့ ပြန်ရောက်လာခဲ့လေ သည်။

ထိုအချိန်တွင်တော့ ဝတ်ပြုဆုတောင်းနေကြသည့် ဝူကျုန်းမျိုး နွယ်စုဝင်များသည် မိမိတို့၏နေအိမ်များဆီသို့ အသီးသီး ပြန်သွားကြပြီဖြစ်လေသည်။ မည်မျှခက်ခဲသည့်အခြေအနေ များနှင့်ရင်ဆိုင်ရပါစေ ဘာဝဆိုသည်က ရှေ့ဆက်ရမည်ပဲ မဟုတ်ပါလား။

ဘဝတွင်အဆိုးများဖြင့်ပြည့်နေသည့်တိုင် အပြုအသဘော ဆောင်သည့်အတွေးများဖြင့်ပင် ရှေ့သို့ဆက်လက်ရှင်သန်နိုင် ရန်အတွက် ကြိုးစားအားထုတ်ရမည် ဖြစ်လေသည်။ အပြုသဘောဆောင်သည့်အတွေးအခေါ်များကပင် ဆန်းလျ န်၏စိတ်ထဲရှိ တိမ်သလ္လာအမှောင်များကို သန့်ရှင်းစင်ကြယ်စေ ခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့် သူ၏ မူလဝိညာဉ်ခန္ဓာသည် လည်း အနည်းငယ်ပိုမိုအဆင့်မြင့်လာခဲ့ရသည်။ နတ်ဘုရားကျောင်းတော်ထဲတွင် အမွှေးတိုင်ရနံ့များဖြင့်ပြည့်နေ လေသည်။

ယခုတော့ ဆန်းလျန်၏ရုပ်တုအပြင် ကြာပန်းပုံသဏ္ဍာန်မီးအိမ် လေးကိုလည်း လူအများက ဝတ်ပြုကိုးကွယ်နေကြလေ သည်။ ကြာပန်းမီးအိမ်လေးသည် ဝူကျုန်းမျိုးနွယ်စုများကို ကယ်တင် ခဲ့ခြင်း ဖြစ်သည့်အတွက် လူအများက ကြာပန်းမီးအိမ်လေးကို ပါ အမွှေးနံ့သာတိုင်များထွန်းညှိကာ ပူဇော်ထားကြလေသည်။

လူအများ၏ ယုံကြည်ခြင်းများသာတိုးပွားလာပါက ကြာပန်းမီးအိမ်လေးသည် ရှန်လမ်းစဉ်၏အားကောင်းသည့် ရတနာတစ်ပါးဖြစ်လာပေလိမ့်မည်။ ရှန်လမ်းစဉ်၏ အားကောင်းသော တန်ခိုးစွမ်းအားများကြောင့် သာမန်လူတစ်ယောက်ပင်လျှင် မီးအိမ်လေးကို ဆွဲကိုင်မိပါက ထူးခြားသည့်တန်ခိုးစွမ်းအားများကို ရရှိနိုင်မည် ဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ ပေးထားသည့်ကတိအတိုင်း တည်ရန်လိုအပ်လေသည်။ အားလျန်အတွက် ရုပ်ခန္ဓာအသစ်တစ်ခု ပြန်လည်ဖန်တီးပေးရမည် ဖြစ်လေသည်။

ဆန်းလျန်က ကြာပန်းမီးအိမ်လေးကိုကြည့်ပြီးပြောလိုက်သည်။

"မီးအိမ်ထဲက ထွက်လာလို့ရပါပြီ..."

အားလျန်သည် ဆန်းလျန်၏အသံကြားသည်နှင့် မီးခွက်စောင့်နတ်သမီးလေးပမာ မီးအိမ်ထဲမှ ပျံသန်းထွက်ခွာလာလေသည်။

သူမ၏ပုံစံလေးသည် အလွန်မှ ဆွဲဆောင်မှုရှိလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း....

“မင်း ဒီပုံအတိုင်း မီးအိမ်ထဲကထွက်လာတာ သူများတွေမြင်

ကုန်ရင် ကျုပ်ထက်တောင် ကျော်ကြားသွားဦးမယ်”

အမှန်တော့ ဘာသာရေးဝါဒအများစုသည် နတ်သမီးများ

အပေါ်တွင် အခြေခံလေသည်။ အဘယ်ကြောင့်ဆိုသော်

နတ်သမီးများသည် ချောမောလှပပြီး လူသားများ၏စိတ်ကို

လည်း အလွယ်တကူထိတွေ့နိုင်လေသည်။

လူသားယောကျ်ားလေးကို မွေးဖွားပေးခဲ့သည့် အကြင်နာ

နတ်သမီးသည် မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့သည်ပင်

မဟုတ်ပါလား။

အားလျန်က နှိမ့်ချစွာဖြင့်ပင်...

"ကျွန်မက နတ်ဘုရားဆရာထက် ဘယ်လိုလုပ်များ သာလွန်နိုင်မှာတဲ့လဲ ၊ အဲဒီလိုသာဖြစ်မယ်ဆိုရင် ကျွန်မကိုယ်ကျွန်မ အရုပ်ဆိုးအောင် ဖန်ဆင်းလိုက်ပါ့မယ်"

အားလျန်သည် သူမ၏ပုံသဏ္ဍာန်ကို လိုသလိုပြောင်းလဲနိုင်လေသည်။ သို့သော် နတ်ဘုရားများသည် ယခင်ဘဝမှ ရုပ်သဏ္ဍာန်ကိုအမြဲတမ်းထိန်းသိမ်းထားတတ်သည့်စရိုက်ရှိသောကြောင့်သာ အားလျန်သည် သူမ၏အရင်ပုံသဏ္ဍာန်အတိုင်း တည်ရှိနေခြင်းဖြစ်လေသည်။

သူမသာ ပြောင်းလဲချင်လျှင် ချက်ချင်းပင် ပြောင်းလဲဖန်ဆင်းနိုင်စွမ်းရှိလေသည်။

ဆန်းလျန်က...

"ဒီလိုလုပ်စရာမလိုပါဘူး ၊ အခု မင်းက အရမ်းကိုကြည့်ကောင်းပါတယ် ၊ ပြီးတော့ မင်းရဲ့လက်ရှိပုံနဲ့ဆင်တူတဲ့ ရုပ်ခန္ဓာတစ်ခု ကျုပ်လုပ်ပေးပါ့မယ် ၊ ရုပ်ခန္ဓာတစ်ခုရှိတော့ မင်း

အတွက် အဆင်ပြေတာပေါ့၊ မင်းရဲ့ သမီးလေး အပြင်ထွက်ပြီး လျှောက်ဆော့ရင်လည်း မင်းသူ့ကို လိုက်ရှာလို့ရတာပေါ့”

အခန်း (၅၆၄) ယင် နှင့် ယန် - သေခြင်းနှင့် ရှင်ခြင်း

အားလျန်သည် ကြာပန်းမီးအိမ်ထဲတွင်နေထိုင်သည့် ဝိညာဉ်ဖြစ်လေသည်။ သူမသည် မီးအိမ်နှင့်ဝေးဝေးသို့ သွား၍မရနိုင်ပေ။ ထို့ပြင် သူမ၏ရုပ်ခန္ဓာဆုံးရှုံးသွားပြီးသည့်နောက်ပိုင်း သူမ၏သမီးလေးသည် သူမ၏အနားသို့ မကပ်တော့ပါ။

အဘယ်ကြောင့်ဆိုသော် သူမအနားသို့ကပ်လိုက်သည်နှင့် သူမထံမှ ထွက်ပေါ်နေသည့် အပူရှိန်ကြောင့် ဖူဟောင်လေးမှာ လောင်ကျွမ်းခံစားရသောကြောင့်ဖြစ်လေသည်။ တစ်ခါတစ်ရံ မီးလောင်ဒဏ်ရာများပင် သူမထံတွင် ကျန်ရစ်ခဲ့လေသည်။ ဖူဟောင်က ထုတ်ဖော်ပြောခြင်းမရှိသည့်တိုင် အားလျန်သည် သမီးငယ်က သူမကိုမကပ်တော့သည့်အတွက် များစွာ နာကျင်ခံစားရလေသည်။

ထို့ကြောင့် ဆန်းလျန်က သူမအတွက် ရုပ်ခန္ဓာအသစ်တစ်ခု ပြုလုပ်ပေးမည်ဆိုသောအခါ သူမက ဝမ်းသာအားရ လက်ခံခဲ့လေသည်။

အားလျန်နှင့်စကားပြောပြီးသည်နှင့် ဆန်းလျန်သည် မက်မွန်တောင်ထိပ်ရှိ ချင်းရှမ်ဂူသို့ ပြန်လာခဲ့လေသည်။

သူ့ဘဝတွင် ပထမဆုံးအကြိမ် ဖန်ဆင်းခြင်းကိုပြုလုပ်ရန် ဆုံးဖြတ်လိုက်မိလေသည်။ ပထမဆုံးအကြိမ်ကြိုးစားမှုဖြစ်

သည့်အတွက် အောင်မြင်ရန်ကတော့ အလှမ်းဝေးမည်ကို ဆန်းလျှန် နားလည်ထားလေသည်။

မည်သို့ပင်ဖြစ်စေ ဆန်းလျှန်ကတော့ ကြိုးစားကြည့်မည်ဖြစ်လေသည်။

သူသည် ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိခြင်းမရှိသေးသည့်တိုင် ဖန်ဆင်းခြင်းကိုအောင်မြင်လျှင်တော့ ထိုက်ယီထျန်းရှန်းအဆင့်နတ်ဘုရားတစ်ပါးအလား တန်ခိုးစွမ်းအားများကို ဖော်ထုတ်နိုင်လိမ့်မည် ဖြစ်လေသည်။

နွီဝါးနတ်သမီးသည် ရေနှင့်ရွှံ့ကိုအသုံးပြု၍ သူမ၏ပုံသဏ္ဍာန်နှင့်အညီ လူသားကိုဖန်ဆင်းခဲ့သည်ဟု အဆိုရှိလေသည်။

ထို့နောက် ထိုလူသားပုံသဏ္ဍာန်များကို ဝိညာဉ်စွမ်းအားများ ထည့်သွင်းပေးခဲ့လေသည်။ ထိုသို့ဖြင့် လောကတွင် လူသားများ စတင်ဖြစ်တည်လာရခြင်း ဖြစ်လေသည်။

ဒဏ္ဍာရီများမှာ ယုတ္တိကျကျသက်သေပြရန်ခက်ခဲသော်လည်း ဖန်းဆင်းခြင်း၏သော့ချက်တစ်ခုကိုတော့ သိမြင်နိုင်လေသည်။ ဒြပ်စင် (၅)မျိုးတွင် မြေကြီးဒြပ်စင်သည် အခြားသော ဒြပ်စင် (၄)မျိုးဖြစ်သည့် သတ္တု ၊ သစ်သား ၊ ရေ ၊ မီးတို့နှင့် ပေါင်းစပ်ဓာတ်ပြုထားသည့် ဒြပ်စင်ဖြစ်လေသည်။ ထို့ကြောင့် မြေကြီးဒြပ်စင်သည် ဒြပ်စင် (၅)မျိုးစလုံးနှင့် အကျုံးဝင်သည့် ဒြပ်စင်ဖြစ်လေသည်။

ထို့ပြင် မြေကြီးဒြပ်စင်နှင့် ရေဒြပ်စင်သည် ပတ်ဝန်းကျင်တွင် ရှင်သန်စေသည့်အကြောင်းကိုလည်း ဖြစ်ပေါ်စေလေသည်။

ထို့ကြောင့် ရှေးခေတ်ယုံကြည်ကိုးကွယ်မှုများတွင် မြေကြီးနတ်ဘုရားနှင့် ရေနတ်ဘုရားတို့ကို ကိုးကွယ်ဆည်းကပ်သူ အလွန်များပြားခဲ့ရခြင်း ဖြစ်လေသည်။

အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများသည် ဆန်းလျှန်ကို ဝိညာဉ်စွမ်းအားပြည့်ဝသည့် စမ်းရေများများစွာပေးခဲ့လေ

သည်။ ပေါ်ယိမျိုးနွယ်စုကပင်လျှင် သူ့ကို အရက်စမ်းရေများ ပေးအပ်ခဲ့သေးသည်။ ထို့ကြောင့် ဆန်းလျန်တွင် ဝိညာဉ် စွမ်းအားနှင့်ပြည့်ဝသည့်ရေများကတော့ အလုံအလောက်ရှိ လေ၏။ မလုံလောက်ပါကလည်း သူယခင်နေထိုင်ခဲ့ရာနေရာ ဖြစ်သည့် ကျယ်ယန်းတောင်ထိပ်တွင် ဝိညာဉ်စွမ်းအားပြည့်ဝ သည့် စမ်းရေတွင်းတစ်တွင်းလုံးရှိနေသေးသည့်အတွက် ပူစရာ မလိုပေ။

မြေကြီးဒြပ်စင်အနေဖြင့်တော့ ဆန်းလျန်သည် အခြားသူများ ထံမှ အကူအညီမတောင်းခံလိုတော့ပေ။ သူက စစ်မှန်သည့် သမာဓိမီးတောကို အသုံးပြုကာ မြေကြီးဒြပ်စင်ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ပြင် ဖုန်းသေဆုံးသွားရာနေရာတွင် ပြိုကျနေသည့် မြေကြီး အစိုင်အခဲများကိုလည်း အသုံးပြုရန် ဆုံးဖြတ်လိုက် သည်။

ဖုန်းသည် သေဆုံးသွားပြီဖြစ်သည့်တိုင် နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူသေဆုံးသွားသည့်နေရာသည် ဝိညာဉ်စွမ်းအားများဖြင့် ပြည့်ဝနေဆဲ ဖြစ်လေသည်။ ဆန်းလျန်သည် ထိုနေရာမှ ကျောက်တုံးနှင့်မြေကြီးများကိုယူကာ လူသားပုံသဏ္ဍာန်ကို ဖန်တီးရန် ဆုံးဖြတ်လိုက်လေသည်။

ဆန်းလျန်သည် သေခြင်းတရားနှင့် အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ဖူးသူဖြစ်လေရာ သူသည် မည်သည့်ကိစ္စကိုမှစိတ်ပူပန် ခဲ့ခြင်းမရှိပေ။ သူက စစ်မှန်သည့်သမာဓိမီးတောက်ကို အသုံးပြုကာ ဖုန်းသေဆုံးခဲ့ရာနေရာမှ မြေကြီးအနှစ်သာရကို ထုတ်ယူခဲ့လေသည်။ ထို့နောက် (၃) ရက်မျှကြာအောင် ထိုမြေကြီးများကို သမာဓိမီးတောက်ဖြင့် အသွင်ပြောင်းခဲ့ လေရာနောက်ဆုံးတွင် အဝါရောင်သဲများကို ရရှိခဲ့လေသည်။ ထိုသဲများသည် ဝိညာဉ်စွမ်းအားနှင့် ပြည့်ဝလျှက်ရှိလေသည်။

ဒဏ္ဍာရီထဲတွင် တစ်ချိန်တုန်းက ဗုဒ္ဓသည် ရွှေသံမဏိမြေကြီး ဒြပ်စင်ကို ဖန်ဆင်းခဲ့သည်ဟု အဆိုရှိလေသည်။ ဆန်းလျန် ပြုလုပ်ထားသည့် သဲမြေများမှာလည်း ဗုဒ္ဓဖန်ဆင်းသည့် မြေကြီးဒြပ်စင်လောက် ခိုင်ခန့်သန်မာခြင်းမရှိသည့်တိုင် အတော်အတန်သန့်စင်လေသည်။

နောက်တစ်နေ့တွင်တော့ ဆန်းလျန်သည် ဝိညာဉ်စွမ်းအားရေ များကိုအသုံးပြုကာ အဝါရောင်သဲမြေများဖြင့် လူသားပုံသဏ္ဍာ န်တစ်ခု ပြုလုပ်ခဲ့လေသည်။ သို့သော် ဆန်းလျန်သည် မည်မျှ ဂရုတစိုက်ဖြင့် လူပုံသဏ္ဍာန်ရုပ်တုကို ပြုလုပ်ပါစေ တစ်ခုခုလို နေသကဲ့သို့ ဖြစ်နေခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် လူသားပုံသဏ္ဍာန်အတွင်းသို့ အသက်ဓာတ်စွမ်းအား သွင်းလိုက် သည့်အခါတိုင်း ရုပ်တုသည်ပေါက်ကွဲထွက်သွားသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် သူ့တွင်ရှိသမျှ စွမ်းအားများ ၊ ဝိညာဉ်စွမ်းအား ပစ္စည်းများနှင့် နည်းလမ်းပေါင်းစုံကိုအသုံးပြုကာ အထပ်ထပ် အခါခါပြုလုပ်ခဲ့လေသည်။ သို့သော် နောက်ဆုံးရလဒ်ကတော့ အတူတူပင်ဖြစ်လေသည်။ လူသားမိန်းမပျိုရုပ်တုသည် ပေါက်ကွဲသွားစမြဲပင်။

နောက်ဆုံးတွင်တော့ ဆန်းလျန်သည် လက်လျှော့လိုက်ရလေ တော့သည်။

ထိုအချိန်မှာပင် ဆန်းလျန် တစ်စုံတစ်ခုကို စဉ်းစားလိုက်မိပြီး ရှစ်နားညီစတုဂံနည်းလမ်းဖြင့် အခြေအနေအရပ်ရပ်ကို တွက်ချက်ကြည့်လိုက်လေသည်။

ထိုအခါ မုန့်စန်းတောင်တွင် စစ်ပွဲကြီးတစ်ပွဲ ဖြစ်ပွားနေသည်ကို ဆန်းလျန်သိရှိလိုက်ရလေသည်။

ယွမ်ယန်ဦးဆောင်သည့် အရှေ့တိုင်းစစ်သည်တော်များ ၊ တုန်း ယီဒေသမျိုးနွယ်စုများ မဟာတ်မိတ်တပ်နှင့် တာ့ရှား

တပ်မတော်တို့ အပြင်းအထန်တိုက်ခိုက်နေကြပြီ ဖြစ်လေသည်။ ထိုစစ်ပွဲသည် လောကတစ်ခုလုံးကို တုန်လှုပ်စေသည့် စစ်ပွဲကြီးဖြစ်လေသည်။

ယွမ်ယန်သည် မည်သည့်နည်းနှင့်မျှ အညံ့ခံမည်မဟုတ်ပါ။ ထို့အတူ တာ့ရှားကေရာဇ်ကလည်း အရှုံးပေးမည့်သူမျိုး မဟုတ်ပေ။

ထိုစစ်ပွဲသည် ဆန်းလျန်စောင့်ဆိုင်းနေခဲ့သည့် စစ်ပွဲဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်သည် ချက်ချင်းပင် အလင်းတန်းတစ်ခုအဖြစ်ဖန်ဆင်းကာ ကောင်းကင်မှဖြတ်သန်းသွားပြီး မုန့်စန်းတောင်ရှိ စစ်မြေပြင်ရှိရာသို့ ရောက်ရှိလာခဲ့လေတော့သည်။

သို့သော် ဆန်းလျန်ရောက်ရှိလာသည့်အချိန်တွင် စစ်ပွဲမှာ အဆုံးသတ်လုနီးနီးဖြစ်နေခဲ့ပြီ ဖြစ်သည်။

စစ်ပွဲတွင် ယွမ်ယန်ရှုံးနိမ့်သွားပြီး နတ်မိစ္ဆာမဟာတန်ခိုးရှင်

သည် ယွမ်ယန်ကိုကယ်တင်ကာ ပျောက်ကွယ်သွားခဲ့လေ

သည်။

ဆန်းလျန်သည် တိုက်ပွဲအတွင်းမှ ထွက်ပေါ်လာသည့်

သတ်ဖြတ်လိုသည့်အငွေ့အသက်များကို အသုံးပြုကာ မရဏ

ဓားတစ်လက် ပြုလုပ်ရန် စီစဉ်စားသော်လည်း ယွမ်ယန်ရှုံးနိမ့်

သွားပြီဖြစ်သည့်အတွက် သတ်ဖြတ်လိုသည့်အငွေ့အသက်များ

မှာ ထင်သလောက် အားမကောင်းတော့ပေ။

သို့သော် မရဏဓားတစ်လက်ပြုလုပ်ရန်အတွက်တော့

လုံလောက်နေသေးသည်။

ဆန်းလျန်သည် စိတ်ပျက်ခြင်းမဖြစ်မိပါ။ အေးအေးဆေးဆေး

ပင် အခြေအနေကို လေ့လာသုံးသပ်နေလေသည်။ ယွမ်ယန်အ

ဘယ့်ကြောင့် မြန်မြန်ဆန်ဆန်ရှုံးနိမ့်သွားရသည်ကို အချိန်ယူ

ပြီး စဉ်းစားနေခဲ့လေသည်။ နောက်ဆုံးတော့ သူသည် အဖြစ်အပျက်များကို အကြမ်းဖျင်းသုံးသပ်မိသွားလေသည်။ ဆန်းလျန်သည် စစ်မြေပြင်မှ ထွက်ခွာသွားခြင်းမရှိသေးပါ။ သူက အဝေးတစ်နေရာတွင် စခန်းချထားသည့် တာ့ရှားစစ်စခန်းကို လှမ်းကြည့်လိုက်လေသည်။ ထိုနေရာမှ ထူးဆန်းသည့်တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်နေသည်ကို ဆန်းလျန်သတိထားလိုက်မိလေသည်။ ထိုတန်ခိုးစွမ်းအားထွက်ပေါ်လာရာ ဇာစ်မြစ်ကို ရှာဖွေရန်ဆန်းလျန်ဆုံးဖြတ်လိုက်လေသည်။ တာ့ရှားစစ်စခန်းတွင် မီးအိမ်တစ်ခု ရှိနေလေသည်။ ထိုမီးအိမ်သည် ယင်နှင့်ယန်မီးအိမ်ဖြစ်ပြီး သေခြင်းနှင့်ရှင်ခြင်းမီးအိမ်ဟုလည်း ခေါ်လေသည်။ ထိုမီးအိမ်မှာ အလွန်ထူးဆန်းသည့် မီးအိမ်တစ်ခုဖြစ်လေသည်။ ထူးဆန်းစွာဖြင့် အနီရောင်တစ်ဝက် ၊ အဖြူရောင်တစ်ဝက် လင်းလက်နေခြင်းဖြစ်လေ

သည်။ အနီရောင်က သေခြင်းကို ကိုယ်စားပြုပြီး အဖြူရောင် ကတော့ ရှင်ခြင်းကို ကိုယ်စားပြုလေသည်။

လူတစ်ဦးသည် အနီရောင်အလင်းတန်းနှင့်ထိတွေ့ခဲ့မိပါက ဝိညာဉ်မှာ ပြင်းထန်စွာပျက်စီးသွားမည်ဖြစ်လေသည်။ ထိုသို့ ဖြစ်ရမည့်ကံကြမ္မာကို မည်သူမှ ကယ်တင်နိုင်မည် မဟုတ်ပေ။

အဖြူရောင်အလင်းတန်းကတော့ အနီရောင်အလင်းတန်းနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။ ဒဏ်ရာရသူမည်သူမဆို အဖြူရောင်အလင်းတန်းနှင့်ထိတွေ့မိပါကချက်ချင်းပင် ပြန်လည် ပျောက်ကင်းသက်သာသွားမည် ဖြစ်လေသည်။

ထို ယင်နှင့်ယန်မီးအိမ်သည် ရှေးဟောင်းနတ်ဘုရားတစ်ပါး နေထိုင်ခဲ့သည့် ဂူထဲတွင် အမွေအနှစ်ရတနာပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ခြင်းဖြစ်လေသည်။ ယွမ်ယန်က ထိုရတနာ ပစ္စည်း၏လျှို့ဝှက်ချက်ကို ကောင်းစွာနားလည်ခဲ့သည်။

ထို့ကြောင့် သူက နတ်ဘုရားဂူအတွင်းမှ မီးအိမ်ကိုယူကာ တော့

ရှားကေရာဇ်ကို အနိုင်ယူတိုက်ခိုက်နိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော် ယွမ်ယန်သည် တာ့ရှားစစ်စခန်းမှ ကွမ်းလုန်ကျီ၏ အဆင့်မြင့်စွမ်းရည်ကို လျှော့တွက်ခဲ့မိလေသည်။ ကွမ်းလုန်ကျီသည် လျှန်စန်းကိုအသုံးပြု၍ အခြေအနေများကို ကြိုတင်ခန့်မှန်းနိုင်ခဲ့လေသည်။ ထို့ကြောင့် ကွမ်းလုန်ကျီသည် ယွမ်ယန်ထက်အရင် နတ်ဘုရားဂူအတွင်းသို့သွားရောက်ကာ ယင်နှင့်ယန် မီးအိမ်ကို သိမ်းယူခဲ့လေသည်။

တာ့ရှားကေရာဇ်သည် သူ၏မိုးကြိုးတန်ခိုးစွမ်းအားကို အသုံးပြု၍ ယွမ်ယန်၏ မဟာမိတ်တပ်များကို တိုက်ခိုက်နေသည့်အချိန်တွင် ကွမ်းလုန်ကျီက ယင်နှင့်ယန်မီးအိမ်ကိုကိုင်ကာ အမြန်ရောက်လာပြီး ယွမ်ယန်ကို ကူညီနေသည့် နတ်မိစ္ဆာ မဟာတန်ခိုးရှင်ကို တားဆီးထားလိုက်လေသည်။

ထိုအချိန်တွင် ယွမ်ယန်သည် တာ့ရှားကေရာဇ်ကို မည်သို့မှ မယှဉ်နိုင်တော့ပေ။

သို့သော် မီးအိမ်မှအလင်းတန်းများကို နတ်မိစ္ဆာမဟာတန်ခိုးရှင်က ကာကွယ်ပေးထားသည့်အတွက် ယွမ်ယန်သည် ထိခိုက်မှုမရှိဘဲ ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။

ဆန်းလျန်သည် ကွမ်းလုန်ကျီ၏ စွမ်းရည်ထက်မြက်မှုကို ပထမဆုံးအကြိမ် သိမြင်ခဲ့ရလေသည်။ ရှေ့ဖြစ်များကို ခန့်မှန်းနိုင်ခြင်းတွင် ကွမ်းလုန်ကျီသည် ဆန်းလျန်ထက်ပင် သာလွန်လေသည်။

ထိုနေ့က ကွမ်းလုန်ကျီသည် တာ့ရှားစစ်စခန်းမှ ထွက်ခွာသွားပြီး မီးအိမ်ကိုယူခြင်းမရှိပါက နတ်မိစ္ဆာမဟာတန်ခိုးရှင် ကို ထိန်းချုပ်ထားနိုင်မည် မဟုတ်ပေ။

ဆန်းလျန်သည် တာ့ရှားကေရာဇ်နှင့် ရင်ဆိုင်တွေ့လိုခြင်းမရှိသေးပေ။

အဘယ်ကြောင့်ဆိုသော် ရဟန်းမင်းကြီးကွယ်လွန်ပြီး
သည့်နောက်ပိုင်း ဆန်းလျန်နှင့် တာ့ရှားကေရာဇ်၏ ကြားတွင်
ဖြစ်ပေါ်ခဲ့သည့် စိတ်အခန့်မသင့်မှုသည် မည်သည့်အခါမှ
ပျောက်ကွယ်သွားမည်မဟုတ်သောကြောင့်ပင်။
တာ့ရှားစစ်စခန်းကို ဆန်းလျန်အဝေးမှ လေ့လာနေသည်ကို
တာ့ရှားကေရာဇ်နှင့် ကွမ်းလုန်ကျီ သတိထားမိခြင်းမရှိခဲ့ ပေ။
သို့သော် ဆန်းလျန်သည် ကွမ်းလုန်ကျီနှင့်တော့ နောက်တစ်
ကြိမ် ဆုံတွေ့ချင်ခဲ့မိသေးသည်။ ဆန်းလျန်၏လူသားပုံသဏ္ဍာန်
ဖန်ဆင်းခြင်းနှင့်ပတ်သက်ပြီး မအောင်မြင်ရခြင်းအကြောင်းကို
ကွမ်းလုန်ကျီထံမှ အကြံဉာဏ်ရယူကောင်း ရယူနိုင်မည် ဖြစ်
လေသည်။

…………………

လက်ရှိအချိန်တွင်တော့ အချို့သောတုန်းယီဒေသမျိုးနွယ်စု
များနှင့် အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများသည် တာ့ရှား

ဧကရာဇ်လက်အောက်သို့ခိုလှုံကာ တာ့ရှားစစ်စခန်းတွင် လာရောက်ဂါရဝပြုနေကြလေသည်။
သို့သော် စစ်ပွဲတွင်အနိုင်ရစေရန်အတွက် အဓိကကူညီပေးခဲ့သည့် ကွမ်းလုန်ကျီမှာတော့ အကျဉ်းချခံထားရလေ၏။
ကွမ်းလုန်ကျီအတွက် အသနားခံပေးသူများအားလုံးမှာ ကွက်မျက်ခံခဲ့ရလေသည်။
ယွမ်ယန်နှင့်တိုက်ပွဲတွင် ကျဆုံးခဲ့ရသည့် စစ်သူကြီးအရေအတွက်ထက် ကွမ်းလုန်ကျီအတွက် အသနားခံပေးသောကြောင့်ကွက်မျက်ခံရသည့် စစ်သူကြီးအရေအတွက်က ပင် ပိုပြီးများပြားနေသယောင် ရှိလေတော့သည်။

အခန်း (၅၆၅) တာအိုရဲ့အရသာ

ကွမ်းလုန်ကျီကို ချုပ်နှောင်ထားသည့် တဲစခန်းကို စစ်သည်တော်အချို့က စောင့်ကြည့်နေကြရလေသည်။ သို့သော် အရံအတားတော့ ပြုလုပ်ထားခြင်းမရှိပေ။ သို့သော် ကွမ်လုန်ကျီသာ ထွက်ခွာသွားခဲ့လျှင် ထိုအစောင့်စစ်သည်တော်များအားလုံး အသက်ပျောက်ရမည် ဖြစ်လေသည်။

ကွမ်းလုန်ကျီသည် စစ်သည်တော်များအားလုံး၏ လေးစားမှုကိုရရှိထားသူ ဖြစ်လေသည်။ ထို့ကြောင့် စစ်သည်တော်များသည်ကွမ်းလုန်ကျီကို အကျယ်ချုပ်ချုပ်နှောင်ထားသည့် တဲစခန်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် သန့်ရှင်းရေးလုပ်ပေးကြလေသည်။ အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုအချို့မှ လာရောက်ဆက်သသည် ရှေးဟောင်းစာအုပ်များကို လည်း

ကွမ်းလုန်ကျီထံသို့ လာရောက်ပို့ဆောင်ပေးလေ့ရှိကြလေ

သည်။ သို့သော် မည်သူမှ ကွမ်းလုန်ကျီကိုစကားမပြောရဲကြ

ပေ။

အချုပ်အနှောင်ခံထားရသည့်တိုင် ကွမ်းလုန်ကျီသည် တဲစခန်း

အတွင်းတွင် အေးအေးလူလူပင် နေထိုင်ခဲ့လေသည်။

ညအချိန်....

ကွမ်းလုန်ကျီ၏တဲစခန်းအတွင်းမှ မီးရောင်တောက်ပနေလေ

သည်။ တာ့ရှားဧကရာဇ်သည် ကွမ်းလုန်ကျီထံမှ ယင်နှင့်ယန်

မီးအိမ်ကို ယူဆောင်သွားခြင်း မရှိခဲ့ပါ။ ထို့ကြောင့် မီးအိမ်

အရောင်တောက်ပနေခြင်း ဖြစ်လေသည်။

ထိုအချိန်...

ခရမ်းရင့်ရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ဦး

လေထဲတွင်ပျံဝဲလာပြီး ကွမ်းလုန်ကျီ၏တဲစခန်းရှိရာသို့ ရောက်

ရှိလာလေသည်။

သူမကိုတွေ့သည်နှင့် အစောင့်စစ်သည်တော်များက ဒူးထောက်ဂါရဝပြုလိုက်ကြလေသည်။

သူမသည် အခြားသူမဟုတ်ပါ။ "လေ့ကျင်း" ပင် ဖြစ်လေသည်။

သူမသည် ဝူတင်ကိုအနိုင်ရခဲ့ပြီးသည့်နောက် တာ့ရှားပြည်၏တော်ဝင်မျိုးနွယ်များကြားတွင် အလွန်နာမည်ကြီးလာခဲ့လေသည်။ ထို့ပြင် တာ့ရှားတပ်မတော်တွင်ပင် နေရာတစ်နေရာရနေခဲ့ပြီ ဖြစ်လေသည်။

ထို့ပြင် လေ့ကျင်းသည် တန်ခိုးစွမ်းအားမြင့်မားသည့် အရှေ့တိုင်းစစ်သည်တော်နှစ်ယောက်ဖြစ်သည့် နန်ချောင်နှင့် တုန်းယို့ကိုလည်း သုတ်သင်သတ်ဖြတ်ပစ်ခဲ့သူဖြစ်လေသည်။

နန်ချောင်သည် သစ်ပင်မျိုးနွယ်လူသားတစ်ယောက်ဖြစ်ပြီး အဆုံးမဲ့တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်သူဖြစ်လေသည်။

သူက သစ်ပင်ပုံသဏ္ဍာန်အသွင်ပြောင်းကာ အကိုင်းအခက်များ

ဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် တာ့ရှားစစ်သည်တော် အတော်များ

များ ကျဆုံးခဲ့ရလေသည်။ နောက်ဆုံးတွင်တော့ လေ့

ကျင်း၏မိုးကြိုးပစ်ခတ်ချမှုဖြင့် အသက်ပျောက်ခဲ့ရလေသည်။

တုန်းယို့ကတော့ မှော်ဆရာတစ်ယောက်ဖြစ်လေသည်။

သူက လေထဲတွင် မမြင်နိုင်သည့်ပုံသဏ္ဍာန်ဖြင့် ပျော်ဝင်နိုင်ပြီး

တိုက်ခိုက်နိုင်စွမ်းရှိလေသည်။ သူက တာ့ရှားတပ်မတော်မှ

စစ်သူကြီးအတော်များများကို တိတ်တဆိတ်လုပ်ကြံ

သတ်ဖြတ်ခဲ့သူတစ်ယောက် ဖြစ်လေသည်။ သို့သော် လေ့

ကျင်း၏ လေနှင့်မိုးကိုဆင့်ခေါ်ခြင်းတန်ခိုးစွမ်းအားကို ခံနိုင်

ရည်မရှိဘဲ နောက်ဆုံးတွင် လေထဲတွင်ပင် အသက်ပျောက်ခဲ့ရ

သည်။

ထို့ကြောင့် ယွမ်ယန်နှင့် တာ့ရှားဧကရာဇ်တို့၏ စစ်ပွဲတွင် လေ့

ကျင်း၏ပါဝင်မှုသည် ပေါ့သေးသေးတော့ မဟုတ်ခဲ့ပေ။

ထို့ပြင် တာ့ရှားကေရာဇ်သည် သမီးတော်ထွန်းကားခြင်းမရှိသည့်အတွက် လေ့ကျင်းကို သမီးအရင်းလေးကဲ့သို့ ချစ်မြတ်နိုးကာ မင်းသမီးလေးတစ်ပါးအရာ ထားခဲ့သူဖြစ်လေသည်။

ထို့ကြောင့် ယိုဟူမျိုးနွယ်ဝင်များအတွက် ရွှေခေတ်သို့ရောက်ရှိလာပြီး လူအများမှာလည်း လေ့အိမ်တော်နှင့် ရင်းရင်း နှီးနှီးရှိရန်လိုလားလာကြတော့သည်။ ထို့ပြင် တော်ဝင်မိသားစုအိမ်တော်များမှာ လေ့ကျင်းကို သူတို့အိမ်တော်မှ သားယောကျာ်းလေးများဖြင့် လက်ဆက်ပေးရန် ကမ်းလှမ်းကြတော့သည်။ သို့သော် မည်သည့်အရာကမှ လေ့ကျင်းကို တားဆီးနိုင်ခြင်း ၊ ချုပ်ကိုင်နိုင်ခြင်းမရှိခဲ့ပေ။

ယခုအချိန်တွင် ကွမ်းလုန်ကျီသည် မည်သူကမှ မပတ်သက်ရဲသည့် မီးတောင်တစ်ခုအလား ဖြစ်နေလေသည်။ သို့သော် လေ့

ကျောင်းကတော့ ကွမ်းလုန်ကျီဆီသို့နေ့တိုင်းလာကာ

အစားအသောက်များပို့ဆောင်ပေးလေ့ရှိလေသည်။

လေ့ကျင်းသည် အစားအသောက်များထည့်ထားသည့် ဘူးများ

ကိုကိုင်ဆောင်ရင်း ကွမ်းလုန်ကျီနေထိုင်ရာ တဲစခန်းအတွင်းသို့

ဝင်လာလေသည်။

ကွမ်းလုန်ကျီသည် လက်ထဲတွင် စာလိပ်တစ်လိပ်ကိုကိုင်ကာ

စာဖတ်နေလေသည်။

သိပ်ပြီးနာမည်ကျော်ကြားလှသည့် စာအုပ်တစ်အုပ်မဟုတ်

သည့်တိုင် ကွမ်းလုန်ကျီသည် စာအုပ်ထဲတွင် စိတ်နစ်နေ ဟန်ရှိ

လေသည်။

ကွမ်းလုန်ကျီ၏မျက်နှာသည် အေးဆေးငြိမ်သက်နေပြီး

အကျယ်ချုပ်ကျခံနေရသည့်အတွက် တစ်ချက်လေးပင် စိုးရိမ်

ပူပန်မှုရှိပုံမရပေ။

လေ့ကျင်းအနားသို့ရောက်လာမှ ကွမ်းလုန်ကျီက ဖတ်နေသည့်

စာလိပ်ကို ဘေးသို့အသာချလိုက်လေသည်။

ထို့နောက် လေ့ကျင်းယူဆောင်လာသည့် အစားအသောက်များ

ကို တစ်ချက်ကြည့်လိုက်ရင်း...

"ဒီနေ့လည်း အသားဟင်းမပါပြန်ဘူးလား..."

ဟုမေးလိုက်လေသည်။

ထို့နောက် ကွမ်းလုန်ကျီကသက်ပြင်းတစ်ချက်ချလိုက်ရင်း...

“တာအိုဆရာဆန်းလျန်တစ်ချိန်တုန်းကပြောခဲ့ဖူးတယ်၊ လူ

တစ်ယောက်ဟာ ဝါးအိမ်နဲ့နေနိုင်တယ်၊ အသားအပါဘဲ ထမင်း

မစားနိုင်ဘူးတဲ့၊ ခုတော့ သူ့စကားမှန်နေပြီပဲ”

ကွမ်းလုန်ကျီထံမှ ဆန်းလျန်ဆိုသည့်အမည်ကိုကြားလိုက်ရ

သည်နှင့် လေ့ကျင်းသည် ခံစားချက်များ ရှုတ်ထွေးသွားရလေ

သည်။ အမှန်တော့ အတိတ်က စိတ်ကူးယဉ်မှုများသည် သူမ

ဘက်မှ တစ်ဖက်သတ်ဆန်သည့် စိတ်ကူးယဉ်မှုများသာ ဖြစ်ကြောင်း ယခုတော့ သူမနားလည်ထားပြီး ဖြစ်လေသည်။ အမှန်တော့ သူမ၏ဆရာသည် လူထူးလူဆန်းတစ်ယောက်ဖြစ်လေသည်။ ဆရာဖြစ်သူ၏ဘဝတွင် မည်သူ့ကိုမှ တွယ်တာရစ်နှောင်ခြင်း မရှိခဲ့ပေ။ နောက်ဆုံး သူမကိုတောင်မှ တွယ်တာခဲ့ခြင်း မရှိခဲ့ပေ။

ဆန်းလျှန်သည် မျောလွင့်နေသည့် တိမ်တိုက်လေးတစ်စအလားပင်ဖြစ်လေသည်။ သူမအနေဖြင့် ဆန်းလျှန်နှင့် နောက်တစ်ကြိမ်ထပ်မံတွေ့ဆုံရန်ပင် မသေချာတော့ပေ။

ထိုအတွေးများသည် လေ့ကျင်း၏စိတ်ထဲတွင် လျှပ်တပြက်မျှသာ ပြေးလွှားသွားခြင်း ဖြစ်ပြီး သူမက ကွမ်းလုန်ကျီကို ချက်ချင်းပင် စကားပြန်ပြောလိုက်သည်။

"ဆရာကြီးကွမ်းလုန်ကျီ၊ ကျွန်မရဲ့ဦးလေးက ဆရာကြီးကို သံ

ဖျော့်ရည်နဲ့ ကြေးနီတွေကျွေးချင်နေတာနော်၊ ကျွန်မက

ခိုးကြောင်ခိုးဝှက်နဲ့ စားစရာတွေ အမြဲလာပို့ပေးနေတာ..."

ကွမ်းလုန်ကျီက ရယ်မောလိုက်ရင်း...

"ကျုပ်က နည်းနည်းလောက်ပဲ မကျေမနပ်ဖြစ်မိတာပါ ကျင်း

အယ်ရယ်၊ စိတ်မဆိုးပါနဲ့..."

လေ့ကျင်းက....

"ကျွန်မသာ ဆရာကြီးကို စိတ်ဆိုးမယ်ဆိုရင် နေ့တိုင်း

အစားအသောက်တွေတောင် လာပို့ပေးမနေဘူး..."

ကွမ်းလုန်ကျီက သူမကို စကားပြန်မပြောတော့ဘဲ ပြုံးရုံသာ

ပြုံးလိုက်လေသည်။

ထို့နောက် ထမင်းဘူးထဲမှ ဟင်းလျာများကို စတင်စားသောက်

လိုက်လေသည်။ အစားအသောက်များမှာ အသီးအရွက်

ဟင်းလျာများသာဖြစ်သော်လည်းအရသာရှိလာပေသည်။

မီးမျှင်းမျှင်းလေးဖြင့် အရသာရှိအောင်ချက်ပြုတ်ထားသည့် ကြာစွယ်ဟင်းချို ၊ နှင်းပွင့်ကဲ့သို့ဖြူစင်သည့် ဆန်မုန့်နှင့် အရည်ရွှမ်းသည် မျှစ်စို့ပေါက်နုနုလေးများကို ချက်ထားသည့် ဟင်းလျာများမှာ အလွန်မှ အရသာတွေ့လှလေသည်။ အရသာရှိခြင်းထက် ဟင်းပွဲများထဲတွင်ထူးဆန်းသည် အငွေ့အသက်များ ပါဝင်နေလေသည်။

ဟင်းလျာများကိုချက်ပြုတ်သူသည် အလွန်မှ ထူးခြားသူတစ်ယောက်ဖြစ်ရပေလိမ့်မည်။

ထိုဟင်းလျာများကိုချက်ပြုတ်သူသည် ကြာစွယ်ဟင်းချိုကို ပြင်ဆင်ရာတွင် မီးအပူကိုထိန်းချုပ်နိုင်စွမ်းမှာ အံ့သြစရာကောင်းလှလေသည်။ ထို့ပြင် ရေနှင့်ချက်ပြုတ်ထားသည့်တိုင် အသီးအရွယ်များ၏ မူလသာဘဝအတိုင်း လတ်ဆတ် မှုက ပျောက်ပျက်သွားခြင်း မရှိပေ။ ထိုသို့ ချက်ပြုတ်နိုင်ရန်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။

လေပြင်းတိုက်ခတ်လိုက်သောကြောင့် လွင့်ပါသွားသကဲ့သို့ အစားအသောက်များသည် ခဏချင်းပင် ကုန်သွားလေ တော့သည်။

ကွမ်းလုန်ကျီက ကျေနပ်သည့်လေသံဖြင့် ရေရွတ်လိုက်သည်။

“စားလို့ကောင်းလိုက်တာ ၊ အသားဟင်းတောင် မလိုတော့ဘူး ပဲ”

လေ့ကျင်းက မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး...

“အဲဒီလောက်တောင် စားလို့ကောင်းလား...”

ကွမ်းလုန်ကျီက...

“တကယ်စားကောင်းတာပါ ၊ ဒီအစားအသောက်တွေက သာမန် မဟုတ်ဘူး ၊ တာအိုသဘောတရားတွေပါနေတယ် ၊ တိုင်းပြည် တစ်ပြည်ကိုအုပ်ချုပ်တာဟာ အစားအသောက်တွေ ချက်ပြုတ် တာနဲ့ သဘောတရားခြင်းတူတယ် ၊ ဒါကြောင့်

အစားအသောက်ကောင်းကို ချက်ပြုတ်နိုင်တဲ့သူတွေဆိုတာ

ထူးခြားတဲ့သူတွေပါပဲ"

ထိုစကားများကို ကွမ်းလုန်ကျီက အလကားပြောလိုက်ခြင်း

မဟုတ်ပါ။

ယခု စားသောက်ဖွယ်ရာများကို ချက်ပြုတ်သူသည် ဆန်းလျန်

နှင့် များစွာကွာခြားသည့် ဝိသေသလက္ခဏာများကိုပိုင်ဆိုင်

သည့် တာအိုဆရာတစ်ယောက် ဖြစ်နိုင်လေသည်။

လေ့ကျင်းက...

“ဆရာကြီးက စားဖို့မှူးအကြောင်းကိုပြောနေတာလား ၊ သူက

ထူးဆန်းတာတော့အမှန်ပဲ ၊ သူက အစေခံတစ်ယောက်ဖြစ်ပေ

မယ့် တော်ဝင်မျိုးနွယ်တွေကတောင် သူ့ကို အရေးလုပ်ပြီး

စကားတွေဘာတွေ ပြောကြတယ် ၊ အရင်ရက်တွေကဆိုရင်

ကျွန်မရဲ့အဖေက သူ့ကို ရာထူးတစ်ခုပေးဖို့တောင်လုပ်နေတာ ၊

ဒါပေမယ့် သူက ရာထူးမလိုချင်ဘူးဆိုပြီး ငြင်းလိုက်တယ် ၊

ပြီးတော့ သူက ကျွန်မလက်အောက်မှာ တာဝန်ထမ်းဆောင်မယ်လို့ ပြောတယ်၊ အဖေက အဲဒီလူကိုအရမ်းသဘောကျနေတော့ ကျွန်မလည်း မငြင်းတော့ဘဲ ကျွန်မဆီမှာ တာဝန်ထမ်းဆောင်ခွင့်ပေးလိုက်တာ... ပြီးတော့ ဆရာကွမ်းလုန်ကျီကလည်း အသီးအရွက်ဟင်းလျာတွေဆို မကြိုက်ဘူးလေ၊ ဒါကြောင့် ဟင်းကောင်းကောင်းချက်တတ်တဲ့သူကိုရှာတော့ သူက ချက်တတ်တယ်လေ၊ ဒါကြောင့် သူ့ကိုဟင်းချက်ခိုင်းလိုက်တာ၊ ဆရာက သူ့ကိုအထင်ကြီးသွားမယ်လို့ တွေးတောင်မတွေးခဲ့ဘူး"

ထိုသူသည် အလွန်မှ ထူးခြားသူတစ်ယောက်ဖြစ်သည်ကို ကွမ်းလုန်ကျီ ရိပ်မိလိုက်လေသည်။ ထို့ပြင် တစ်ချိန်တည်းမှာပင် ထိုသူကို သနားစိတ်လည်း ဝင်လိုက်မိသည်။ ကွမ်းလုန်ကျီကဲ့သို့သော လူတစ်ယောက်ကိုပင် တန်ဖိုးမထားတတ်သည့် တာ့ရှား

ဧကရာဇ်သည် ထိုသူကိုလည်း အဘယ်သို့ တန်ဖိုးထားပါမည်နည်း။

ထို့ကြောင့်လည်း ထိုသူသည် တာ့ရှားဧကရာဇ်၏လက်အောက်တွင် ရာထူးရာခံ မလိုချင်ခြင်း ဖြစ်ဟန်တူလေသည်။ အသိဉာဏ်ပညာဆိုသည်က အရေးမပါသည့်အရာ မဟုတ်ပါ။ အလေးအနက်ထားရမည့်အရာ ဖြစ်လေသည်။ ကွမ်းလုန်ကျိ၏အသိပညာသည် ပယ်လယ်တစ်စင်းကဲ့သို့ နက်ရှိုင်းကျယ်ပြန့်လွန်းလေသည်။ သို့သော်... ကွမ်းလုန်ကျိတွင် အခြားသူများကဲ့သို့ အသက်ရှန်သန်နိုင်ရန်အတွက် စွမ်းအားအလုံအလောက်မရှိပေ။

ကွမ်းလုန်ကျိက...

"သူ့အကြောင်းပြောတာတော်လောက်ပါပြီလေ ၊ ဒီနေ့ဟင်းတွေကတော့ တကယ်စားကောင်းပါတယ် ၊ ကျင်းအယ် ... ကျုပ်ကွမ်းလုန်ကျိက ဘာမှသိပ်ပြီးသိနားလည်တဲ့သူမဟုတ်ပေမယ့်

မင်းလိုအပ်လာရင် အကြံညဏ်ကောင်းတွေပေးဖို့အသင့်ရှိနေပါ့မယ်၊ မင်းရဲ့စေတနာတွေကိုလည်း ကျုပ်မှတ်ထားပါ့မယ်...

အော် ဒါနဲ့... ကျင်းအယ် အရေးကြီးကိစ္စမရှိဘူးဆိုရင် ကျုပ်မင်းကို ပြောစရာတွေရှိတယ်..."

ပထမတော့ လေ့ကျင်းက ကွမ်းလုန်ကျီ၏ စကားကို ငြင်းပယ်ရန်စဉ်းစားလိုက်မိလေသည်။

သို့သော်...

ကွမ်းလုန်ကျီ၏ တည်ငြိမ်ခြင်းများနောက်ကွယ်တွင် ဝမ်းနည်းကြေကွဲမှုများကိုတွေ့မြင်လိုက်မိသည့်အတွက် လေ့ကျင်းကတွေးလိုက်မိသည်။

"ဦးရီးတော်က ဆရာကြီးကို ဘယ်လိုကြောင့်များ ခုလိုလုပ်ရတာလဲ၊ ဦးရီးတော်လုပ်တာတွေက နည်းနည်းတော့ လွန်လွန်းတယ်၊ ဆရာကြီးကွမ်းလုန်ကျီနဲ့စကားပြောရင်း ခဏလောက်တော့အဖော်လုပ်ပေးလိုက်ပါ့မယ်လေ"

ကွမ်းလုန်ကျီကိုကြည့်ရင်း သူမ၏စားဖိုမှူးသည် အဘယ့်ကြောင့် တာ့ရှားပြည်တွင် ရာထူးမလိုချင်ခဲ့ရသည်ကို သဘောပေါက်သွားမိလေသည်။

တာ့ရှားဧကရာဇ်သည် တာ့ရှားပြည်မှ ထူးချွန်ထက်မြက်သူများစွာကို စိတ်သောက ရောက်စေခဲ့သူတစ်ယောက် ဖြစ်လေသည်။ မည်မျှပင် ကောင်းခဲ့သူပါစေ အမှားတစ်ခုပြုမိပါက ချက်ချင်းပင် ပြင်းထန်စွာ အပြစ်ပေးရန် ဝန်လေးသူတစ်ယောက် မဟုတ်ပေ။

ကွမ်းလုန်ကျီသည် သူ့ဘဝကို တာ့ရှားပြည်အတွက် နှစ်မြှုပ်ထားသူ ဖြစ်လေသည်။ ထို့ကြောင့် ကွမ်းလုန်ကျီအတွက် တော့ အသိအမှတ်ပြု မခံရခြင်းသည် အရေးမကြီးပေ။

ကွမ်းလုန်ကျီသည် သူတန်ဖိုးထားရသည့် လျှန်စန်းကို ဆန်းလျှန်အားပေးခဲ့သော်လည်း လျှန်စန်းတွင်ရေးသားထား သည့်

အချို့သောအစိပ်ပိုင်းများမှာ ကွမ်းလုန်ကျိရှင်းမပြဘဲ အခြားသူများ နားလည်နိုင်ရန် မဖြစ်နိုင်ပေ။

ထို့ပြင် ကွမ်းလုန်ကျိသည် ကွန်ဖြူးရှပ်ဝါဒနှင့်ပတ်သက်သည့် သင်ကြားပေးမှုများကို တာ့ရှားပြည်သူများအတွက် ပိုပြီးပြုလုပ်ပေးချင်ခဲ့မိလေသည်။ တာ့ရှားပြည်ပြိုလဲခဲ့မည်ဆိုလျှင်တောင်မှ ရှင်သန်ကျန်ရစ်ခဲ့မည့်သူအနည်းငယ်တွင် လေ့ကျင်းသည်လည်း တစ်ယောက်အပါအဝင် ဖြစ်ပေလိမ့်မည်။ ကွမ်းလုန်ကျိအတွက်တော့ လေ့ကျင်းထက်ယုံကြည်ရမည့်သူကို ရှာဖွေမတွေ့နိုင်ခဲ့ပေ။ ထို့ကြောင့် သူသိသမျှကို လေ့ကျင်းကို ပြောလိုမိခြင်း ဖြစ်လေသည်။

လေ့ကျင်းကတော့ ကွမ်းလုန်ကျိ၏ စိတ်ရှုတ်ထွေးနေမှုများကို နားမလည်ခဲ့ပါ။

သူမက ကွမ်းလုန်ကျီပြောသည့်စကားများကို နားထောင်နေပြီး ထိုစကားများကို နားလည်မှတ်မိရန်အတွက် အပြင်းအထန် ကြိုးစားနေရလေသည်။

လေ့ကျင်းနှင့်အတန်ကြာ စကားပြောပြီးသွားသည်နှင့် ကွမ်းလုန်ကျီက ဆက်လက်ပြောကြားခြင်းမရှိတော့ပေ။ သူ ဆက်ပြီး စကားပြောပါကလည်း လေ့ကျင်းသည် သူ့စကားများကို နားလည်နိုင်မည် မဟုတ်တော့ပေ။

ကွမ်းလုန်ကျီသည် အတန်ကြာတိတ်ဆိတ်နေပြီးမှ…

"ကျင်းအယ်… ကျုပ်ပြောတာတွေထဲမှာ မင်းနားမလည်တာ တွေရှိရင် ဒီဟင်းတွေချက်ပေးတဲ့သူကို မေးလို့ရတယ်၊ သူက မင်းကို တစ်ခုခု ကူညီနိုင်လိမ့်မယ်"

အခန်း (၅၆၆) မျှော်လင့်ချက်များနဲ့အတူ

လေ့ကျင်းက ခေါင်းညိတ်ပြလိုက်ပြီး ကွမ်းလုန်ကျီကို စိုက်ကြည့်နေလိုက်လေသည်။ ထို့နောက်တွင်တော့ သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ထွက်ခွာသွားလေတော့သည်။

လေ့ကျင်းထွက်ခွာသွားသည်နှင့် သေခြင်းရှင်ခြင်းမီးအိမ်မှ အနီရောင်အလင်းတန်းသည် တဲစခန်းထောင့်တစ်နေရာ သို့ကျရောက်သွားလေသည်။ ထိုအခါ ထိုနေရာမှ အရိပ်တစ်ခုထွက်ပေါ်လာပြီး ဆန်းလျန်၏ပုံသဏ္ဍာန်ပေါ်ထွက်လာလေသည်။

"အလင်းခွဲအရိပ်ဖမ်းကျင့်စဉ်ကို ဆရာကွမ်းလုန်ကျီကျင့်ကြံထားလိမ့်မယ်လို့ ကျုပ်ထင်မထားခဲ့မိဘူး"

ဆန်းလျန်က ကွမ်းလုန်ကျီရှေ့တွင် ဝင်ထိုင်လိုက်ရင်း ကြည်လင်ပြတ်သားသည့်အသံဖြင့် ပြောလိုက်လေသည်။

ကွမ်းလုန်ကျီက ခေါင်းကိုမော့ကာ ပြုံးလိုက်ရင်း...

"ကျုပ်က လေ့ကျင်းကို လျန်စန်းအကြောင်းရှင်းပြနေတာကို နားထောင်ပြီးမှတော့ မင်း ကျုပ်အကြောင်းတွေသိသွား တာ ဘာဆန်းတော့မှာလဲ..."

ဆန်းလျန်က အလင်းရောင်မှိန်မှိန်လေးလင်းနေသည့် သေခြင်း နှင့်ရှင်ခြင်းမီးအိမ်ကို တစ်ချက်လှမ်းကြည့်လိုက်ရင်း...

"ဆရာကွမ်းလုန်ကျီကြောင့်သာမဟုတ်ရင် တာ့ရှားတပ်မတော် ဟာ အဖြူရောင်မင်းကြီးရဲ့သားတော် ယွမ်ယန်ကို ဘယ်လို လုပ် အနိုင်ရနိုင်မှာလဲ... အင်း ... သနားစရာပဲ ၊ သနားစရာ ပဲ..."

“ဘာသနားစရာရှိလို့လဲ...”

ကွမ်းလုန်ကျီက ပြုံးရင်းဖြင့် ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျားက သေတဲ့တစ်နေ့ရောက်တဲ့အထိ သစ္စာပျက်မယ့်သူမှ မဟုတ်တာ ၊ ဒါပေမယ့် တာ့ရှားကေရာဇ် ခင်ဗျားအပေါ်ထားတဲ့ အမျက်ကတော့ မပြေနိုင်ဘူးမဟုတ်လား”

ဆန်းလျန်က ခံစားချက်ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။

သူ့ကို ကွမ်းလုန်ကျီသတိထားမိသွားမည်ဟု အစကတည်းက ဆန်းလျန်ရိပ်မိထားခဲ့ပါသည်။ သူကလည်း ဝိညာဉ်အရိပ်ကျင့်စဉ်ကိုအသုံးပြုကာ တာ့ရှားစစ်စခန်းသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော် ကွမ်းလုန်ကျီကို လှည့်စား၍ရမည်မဟုတ်မှန်း သူ သိထားပြီးသား ဖြစ်လေသည်။

ကွမ်းလုန်ကျီက ရယ်မောလိုက်လေသည်။ သို့သော် သူ၏ရယ်သံတို့က အသက်ကင်းမဲ့လျှက် ရှိချေ၏။

"ဆန်းလျန်... မင်းက အခု ကျုပ်အတွက် ဝမ်းသာနေတာလား ၊ ဝမ်းနည်းပေးနေတာလား..."

မဆီမဆိုင်စကားတစ်ခွန်းကြောင့် ဆန်းလျန်သည် စားပွဲကို လက်ဖြင့်တစ်ချက် အသာရိုက်လိုက်လေသည်။

ဆန်းလျန်၏ ရင်ထဲနက်နက်ရှိုင်းရှိုင်းတစ်နေရာတွင်တော့ ကွမ်းလုန်ကျီကို လေးစားမိပြီး သူ့လုပ်ရပ်များကို အားကျမိလေသည်။

သို့သော်... ထိုအပြုအမူများသည် အပြင်တွင်တော့ ထုတ်ဖော်ပြသခဲ့ခြင်း မရှိပါပေ။

"ကျုပ်က ခင်ဗျားအတွက် စိတ်မကောင်းပါဘူးလို့ ပြောပြန်ရင်လည်း ခင်ဗျားက စိတ်သက်သာမှာမဟုတ်ဘူး ၊ ခင်ဗျားအတွက် ဝမ်းသာနေတယ်လို့ပြောပြန်ရင်လည်း ဒါက မိတ်ဆွေတစ်ယောက်အနေနဲ့ မဖြစ်သင့်တဲ့ကိစ္စပဲ ၊ စိတ်လည်းမကောင်းဘူး ဝမ်းလည်းသာပါတယ်လို့ ပြောလို့ကျတော့ ဘယ်လိုလုပ်

ဖြစ်နိုင်မှာလဲ ၊ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျုပ်ဝမ်းသာနေတယ်..."

ဆန်းလျန်က ကွမ်းလုန်ကျီအတွက် စိတ်မကောင်းဖြစ်သည်ဟု ပြောလိုက်လျှင် အလွန်စိတ်ထားမြင့်မြတ်လွန်းရာ ကျနေပြီး တာ့ရှားကေရာဇ်၏ အကြီးမားဆုံး ရန်သူလည်း ဖြစ်လာမည် ဖြစ်လေသည်။

ဆန်းလျန်က ကွမ်းလုန်ကျီအတွက် ဝမ်းသာသည်ဟု ပြောလိုက်လျှင်တော့ သူသည် ကွမ်းလုန်ကျီ၏ တန်ဖိုးရှိသော ပြိုင်ဘက် တစ်ယောက်ဖြစ်လာပေလိမ့်မည်။ ဤသည်ကိုကြည့်ခြင်း အားဖြင့် ဆန်းလျန်သည် ပြိုင်ဘက်ကင်းသူတစ်ယောက်မ ဟုတ်ကြောင်းကိုလည်း သက်သေပြနိုင်မည် ဖြစ်လေသည်။

"ပြိုင်ဘက်ကင်းသည်" ဟု ဆိုရာတွင် တန်ခိုးစွမ်းအားအရာကို ပြောခြင်းမဟုတ်ပါ။ စိတ်နေသဘောထားအရာကိုသာ ပြော ခြင်း ဖြစ်လေသည်။

ဆန်းလျန်၏စကားကြောင့် ကွမ်းလုန်ကျီသည် ကြိုးစားပြီးပြီး လိုက်လေသည်။

"ဆန်းလျန်...နောက်ဆုံးတော့မင်းက လောကရဲ့ အမှန်နဲ့အမှား တွေကို ရောထွေးပစ်ဖို့ စိတ်ပိုင်းဖြတ်ထားပုံရတယ်၊ ဒါပေမယ့် မင်းသိသင့်တာတစ်ခုရှိတယ်၊ ကျင့်စဉ်လမ်းမှာ လမ်းမှားကို ခြေတစ်ချက်ချမိတာနဲ့ နောက်ပြန်ဆုတ်လို့ မရတော့ဘူးဆိုတာ ပဲ..."

ဆန်းလျန်၏အကြည့်က လေ့ကျင်းပို့ထားပေးသည့် အစားအသောက်ဘူးဗျားထံသို့ အကြည့်ရောက်သွားလေ သည်။

"လေ့ကျင်းရဲ့စားဖို့မှူးက... အင်း... ကျုပ်ထင်တာမမှားဘူးဆို ရင် တာအိုလမ်းစဉ်ကိုနားလည်ပြီး အတွေးအခေါ်ပညာပိုင်းမှာ ခင်ဗျားထက်တောင် သာပုံရတယ်၊ ဒီလိုလူမျိုးတောင် လောက

မှာ ထွက်ပေါ်လာသေးရင် ကျုပ်ကရောဘာလို့ သူများတွေရဲ့အ

လှောင်အပြောင်ခံပြီး ပုန်းကွယ်နေစရာလိုသေးလို့လဲ”

ကွမ်းလုန်ကျီက ဆန်းလျန်ကို ကြည့်လိုက်ရင်း...

"ဆန်းလျန်... မင်းက ဘာဖြစ်ချင်တာလဲ..."

“သူ့ကိုသာ ထျန်းယီရသွားရင် ငါးကိုရေထဲလွှတ်လိုက်သလို

ဖြစ်သွားမှာပဲ ၊ တကယ်လို့ ကကကျုပ်ဆန်းလျန်သာ သူ့ကိုရ

သွားရင်တော့ နဂါးကို ကောင်းကင်မှာ ပျံခိုင်းလိုက်သလို ဖြစ်

သွားလိမ့်မယ် ၊ သူက ကျင်းအယ်ရဲ့လက်အောက်မှာခိုလှုံနေ

ကတည်းက သူက တာ့ရှားပြည်အောက်မှာ အမှုထမ်းဖို့ စိတ်မ

ဝင်စားလို့ပဲ ၊ တာ့ရှားပြည်ပြိုလဲတော့မယ်ဆိုတာကို သူလည်း

သိပုံရတယ် ၊ ပြီးတော့ သူကိုယ်တိုင်က တာ့ရှားပြည်နဲ့အတူ

ပြိုလဲသွားချင်တဲ့ဆန္ဒရှိပုံမရဘူး ၊ ဒါ ကျုပ်အတွက်

အခွင့်ကောင်းပဲ..."

ဆန်းလျှန်၏အသွင်အပြင်တွင် ချက်ချင်းပင် ပြတ်ပြတ်သား

သားဆုံးဖြတ်ထားဟန်ပေါ်နေလေသည်။

ကွမ်းလုံကျိသည် ဆန်းလျှန်ကို ယုံရခက်နေလေ၏။

"မင်းက ယင်းစန်းက တာ့ရှားပြည်နေရာမှာ အစားထိုးမယ့်ကံ

တရားကိုပြောင်းပြန်လှန်ပစ်ချင်နေတာလား ၊ မဟုတ်ဘူး ၊ မင်း

က တိုင်းပြည်တစ်ပြည် တည်ထောင်ချင်နေတာပဲ..."

ကွမ်းလုန်ကျိသည် ကံကြမ္မာရေစီးကြောင်းကို မြင့်မားစွာ

နားလည်သူတစ်ယောက်ဖြစ်လေသည်။ ကံကြမ္မာအတိုင်း သာ

ဆိုလျှင် ကျင့်ကြံသူများသည် တာ့ရှားပြည်နေရာကို အစားထိုး

မည် ဖြစ်လေသည်။ ထိုသို့ဖြစ်ရမည်မှာအသူရာ

ချောက်၏ကံကြမ္မာပင်ဖြစ်လေသည်။ ကံကြမ္မာကို ဆန့်ကျင်

မည်ဆိုပါက ကံကြမ္မာက အပြစ်ပေးသည်ကိုပြန်လည်ခံယူရ

မည်ဖြစ်လေသည်။

တာ့ရှားပြည်က အာဏာရှင်ဆန်စွာ ကျင့်ကြံသူများကို ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် အသူရာချောက်တွင် ဖွံ့ဖြိုးတိုးတက် ခြင်းများကို တားဆီးထားခြင်းက ကျင့်ကြံသူများက တာ့ရှားပြည်ကို ဖယ်ရှားလိုသည့်အကြောင်းရင်း ဖြစ်လေသည်။

အသူရာချောက်မှ ကျင့်ကြံသူများကိုကိုယ်စားပြုသူမှာ ထျန်းယီအကြီးအကဲဖြစ်လေသည်။ ထျန်းယီသည် လူသားမျိုးနွယ်စုများအားလုံးတို့၏စိတ်နှလုံးထဲတွင် နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်ပြီး လေးစားမှုကို ခံရသူဖြစ်လေသည်။

ထို့ပြင် ယင်းစန်းဒေသသည် စီးပွားရေးကောင်းမွန်သည့် ဒေသတစ်ခုဖြစ်သည့်အတွက် ဒေသအနှံ့အပြားရှိ ကုန်သည်များနှင့် အဆက်အသွယ်ရှိလေသည်။ ထိုအချက်ကလည်း ယင်းစန်းဒေသအရှိန်အဟုန်ဖြင့် အင်အားကြီးလာရသည့် အကြောင်းတစ်ချက်ပင် ဖြစ်လေသည်။

ဤအချက်များကိုကြည့်ခြင်းအားဖြင့် ထျန်းယီသည် ထူးခြားသည့်တာအိုကျင့်ကြံသူတစ်ယောက်ဖြစ်သလို စီးပွားရေးနှင့်စစ်ရေးဗျူဟာကို ကျွမ်းကျင်သူတစ်ယောက်ဖြစ်ကြောင်း သိသာလှလေသည်။

တာ့ရှားကေရာဇ်သာ အင်အားကြီးမားသူတစ်ယောက်မဟုတ်ပါက ယင်းစန်းသည် တာ့ရှားပြည်နေရာတွင် အစားထိုးပြီးသည်မှာ ကြာလှပြီ ဖြစ်လေသည်။

တာ့ရှားကေရာဇ်မှာ အာဏာရှင်ဆန်လွန်းသူဖြစ်သည့်အတွက် အများပြည်သူက ကြိုက်နှစ်သက်ကြခြင်းမရှိသည့်တိုင် တာ့ရှားကေရာဇ်ကို ကြောက်ရွံ့ကြရသည့်အတွက် အာဏာရှင်စနစ်က တည်မြဲနေရခြင်းဖြစ်တော့၏။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ကျုပ်က အဲဒီလိုလုပ်လို့မရဘူးလား..."

ကွမ်းလုန်ကျီ၏မျက်နှာတွင် စိတ်ရှုတ်ထွေးမှုများ အထင်းသား ပေါ်လွင်လာလေသည်။
"တကယ်တော့ ကျင့်စဉ်လမ်းမှာ ကျုပ်က မင်းလောက်မတော် ပါဘူး ဆန်းလျန်…"
ဆန်းလျန်က တိုင်းပြည်တစ်ပြည်တည်ထောင်မည်ဆိုလျှင် ထို အချက်က ဆန်းလျန်၏ကျင့်စဉ်လမ်းနှင့်လည်း ပတ်သက်နေ လေသည်။ ထို့ပြင် သူက တာ့ရှားပြည်ကို စီးပွားရေးရော စစ် ရေးအရပါ ကူညီပေးမည် မဟုတ်ပေ။ ထို့ပြင် သူက ကိုယ်ပိုင် လမ်းသစ်ထွင်လိုခြင်း ဖြစ်လေသည်။ ဆန်းလျန်က အခြား သူများမလုပ်သည့်လမ်းသစ်တစ်ခုကို တီထွင်လိုခြင်းဖြစ်လေ သည်။
ယင်းစန်းဒေသသည် တာ့ရှားပြည်ကို အစားထိုးမည့်ကိစ္စသည် ကံတရားအတိုင်းဖြစ်လေသည်။ ထိုကံတရားဖြစ်တည်လာရ

သည်မှာ ထျန်းယီကလည်း ကံတက်နေသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်ကတော့ တာ့ရှားပြည်နှင့် ယင်းစန်းဒေသထက် အင်အားကြီးမားသည့် တိုင်းပြည်တစ်ခုကို တည်ထောင် လိုလေသည်။

ဆန်းလျန်၏အတွေးများကိုသိနေသည့်ကွမ်းလုန်ကျီ၏နှလုံးသားသည် မထိခိုက်ဘဲ မနေနိုင်ခဲ့ပေ။

ဆန်းလျန်က ပေါ့ပေါ့ပါးပါးဖြင့်ပင်...

"ကျုပ်ရဲ့စကားတွေကတစ်ဆင့် ကျုပ်ရဲ့အတွေးတွေကို သိနိုင်တဲ့သူဆိုလို့ ခင်ဗျားပဲ ရှိတယ် ဆရာကွမ်းလုန်ကျီ..."

ဆန်းလျန်က စကားဆက်ပြောလိုက်သည်။

"တာ့ရှားပြည်ပျက်စီးသွားတာနဲ့ ခင်ဗျားက ကိုယ့်ကိုကိုယ်လည်း တာ့ရှားနဲ့အတူ စတေးခံဖို့ဆုံးဖြတ်ထားတဲ့ ခင်ဗျားရဲ့

ဆုံးဖြတ်ချက်ကိုတော့ ကျုပ်မလေးစားဘဲ မနေနိုင်ပါဘူး ဗျာ...”

ကွမ်းလုန်ကျီက...

“ဆန်းလျန်... မင်း ကျုပ်အတွက် စိတ်မကောင်းဖြစ်စရာမလိုပါ ဘူး၊ နောက်ဆုံးတော့ တာ့ရှားကေရာဇ်လည်း ကျုပ်ကို နားလည်သွားမှာပါ၊ ဒါပေမယ့် ကျုပ်နားမလည်တာတစ်ခုရှိ တယ်၊ မင်းက ဘာဖြစ်လို့ ရှုတ်တရက်ကြီး တိုင်းပြည်တစ်ခု တည်ထောင်ဖို့ စဉ်းစားမိရတာလဲ၊ ကံတရားအကြောင်းနဲ့ လောကနိယျာမတွေကို မင်းလည်း နားလည်ထားတဲ့သူတစ် ယောက်ပဲလေ....”

“ဆရာကွမ်လုန်ကျီ၊ ခင်ဗျားက တာအိုဆရာတစ်ယောက်ရဲ့ တာအိုကျင့်စဉ်လမ်းအကြောင်းကို နားလည်ချင်နား လည်လိမ့် မယ်၊ ဒါပေမယ့် နတ်ဘုရားတစ်ပါးရဲ့တာအိုကျင့်စဉ်လမ်း ကတော့ တာအိုဆရာတစ်ယောက်ရဲ့ တာအိုကျင့်စဉ်လမ်းနဲ့ တူ

နိုင်မှာမဟုတ်ဘူး ၊ ဒါကိုတော့ ခင်ဗျားနားလည်နိုင်မှာ မဟုတ်ဘူး”

ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် ပြန်ပြောလိုက်လေသည်။

ကွမ်းလုန်ကျီက…

“ဒါဖြင့် မင်းဘယ်လိုရှင်းပြပေးနိုင်မလဲ…”

“ဆရာကွမ်းလုန်ကျီ နတ်ဘုရားတစ်ပါးဟာ စစ်မှန်တဲ့လမ်းစဉ်နဲ့ နတ်ဘုရားဖြစ်လာတာလား ၊ မှားယွင်းတဲ့လမ်းစဉ်နဲ့နတ်ဘုရားဖြစ်လာတာလားဆိုတဲ့အချက်ကို ခင်ဗျားဘယ်လိုသိနိုင်မှာလဲ ၊ လောကမှာ မဖြစ်နိုင်ဘူးဆိုတာမရှိပေမယ့် အသိဉာဏ်နည်းနည်းလေးနဲ့တော့ တာအိုလမ်းစဉ်ကို ဖန်တီးနိုင်မှာမဟုတ်ဘူး ၊ ကျုပ်သွားမယ့်လမ်းမှာ တောင်မြင့်ကြီးတစ်ခုကာရံနေတယ်ဆိုပါတော့… ၊ ကျုပ်ဆန်းလျန်ဆိုတဲ့လူက တောင်ကိုကျော်ပြီး ပျံသန်းသွားမှာမဟုတ်သလို တောင်ကိုဖြတ်ပြီးတော့လည်း

ခရီးနှင်မှာမဟုတ်ဘူး ၊ အဲဒီတောင်ကို ဥမင်တူးပြီး ကျုပ်ကိုယ်ပိုင်လမ်းကို ဖော်ထုတ်မယ့်သူပဲ”

သူ၏ကံတရားမည်သို့ရှိမည်လည်း ဆန်းလျှန်လည်း မသိပါ။ သို့သော် ယင်းစန်းဒေသသည် တာ့ရှားပြည်နေရာတွင် အစားထိုးမည်ဆိုသည်ကတော့ သေချာသည့်ကံတရားတစ်ခုဖြစ်လေသည်။ အားလုံးပြောပြီးသည့်နောက်တွင်တော့ သူသည် သမိုင်းတွင် အစိတ်အပိုင်းတစ်ခုဖြစ်လာတော့မည်ကို သူသိလိုက်လေသည်။

သူက အသူရာချောက်၏ကံတရားကို ချိုးဖျက်ပြီး ဖြစ်တည်မှုပဓာနကျခြင်းကို လူသားများအား ခံစားစေလိုခြင်း ဖြစ်လေသည်။

ထို့ပြင် သူ့လုပ်ရပ်များကြောင့် မည်သည့်အကျိုးဆက်များဖြစ်လာမည်ကို သူ စဉ်းစားထားခဲ့ခြင်း မရှိပါ။ သူတတ်နိုင်သမျှအကောင်းဆုံး ကြိုးစားသွားမည်ပဲ ဖြစ်လေသည်။

အမှန်တော့ တာ့ယိ၏ နေဆယ်စင်းကို မြားဖြင့်ပစ်ခွင်းခဲ့သည့် မြင်ကွင်းကို တွေ့မြင်ခဲ့ရခြင်းမရှိပါက ဆန်းလျှန်သည် ယခုကဲ့သို့ ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချနိုင်ခဲ့မည် မဟုတ်ပေ။ ဆုံးဖြတ်ချက်ချရန်အတွက် သူသည် ကြောက်ရွံ့နေခဲ့မိမည်သာ ဖြစ်လေသည်။

အခန်း (၅၆၇) ကျဆုံးခြင်း

ကွမ်းလုန်ကျီသည် တစ်ခဏမျှ တိတ်ဆိတ်နေလေသည်။

နောက်ဆုံးတွင်တော့ သူက စကားပြောလိုက်လေသည်။

"မင်း လမ်းသစ်ထွင်ချင်တယ်ဆိုရင်တော့ နည်းလမ်းတွေက အများကြီးပါပဲ ၊ ဒါပေမယ့် မင်းရဲ့တန်ခိုးစွမ်းအားက လမ်းသစ်ထွင်ဖို့ မလုံလောက်သေးဘူး"

ဆန်းလျန်က…

"ဒါဆိုရင် ထိုက်ယီထျန်းရှန်းအဆင့်ရောက်ဖို့အတွက် ဘယ်လိုများလုပ်ရမလဲ ၊ ကျုပ်အများကြီးကြိုးစားကြည့်ခဲ့ ပေမယ့် လမ်းစတစ်ခု ပျောက်နေသလိုပဲ"

"တာအိုဝါဒက ထိုက်ယီထျန်းရှန်းအဆင့်နဲ့ ဗုဒ္ဓဘာသာက မဟာစကြာဗောဓိသကျအဆင့်က အတူတူပါပဲ ၊ အမည်နာမတွေကွဲလွဲတာပဲရှိတာ ၊ ဒါပေမယ့် ဒီအဆင့်ကိုရောက်ဖို့ဆိုတာ ကိုယ်တိုင်ကျင့်ကြံနိုင်မှုနဲ့ပဲဆိုင်တယ် ၊ လောကမှာ အဲဒီအဆင့်တွေရောက်အောင် ကျင့်ကြံနိုင်ဖို့က အင်မတန်ခက်တယ် ၊ ဒီ

တော့ ကျုပ်လည်းမင်းကို ကူညီပေးနိုင်မှာမဟုတ်ဘူး ၊ ပြီး

တော့ ကျုပ်ကူညီနိုင်မယ်ဆိုရင်တောင် ကူညီမှာမဟုတ်ဘူး"

ကွမ်းလုန်ကျီက ပြန်ပြောလိုက်လေသည်။

ဆန်းလျန်က ကွမ်းလုန်ကျီ၏စကားများကို နားထောင်နေရင်း

ယင်နှင့်ယန်မီးအိမ်ကို အာရုံစူးစိုက်နေလေသည်။

"ကြည့်ရတာ ခင်ဗျားက ကျုပ်ကို မကူညီချင်ဘူးပဲ..."

ကွမ်းလုန်ကျီက...

"ဒီလိုဖြစ်လာမှတော့ ကျုပ်ကို ခွင့်လွှတ်ဖို့ပဲ ပြောချင်ပါတယ်

ဆန်းလျန် ၊ ဒါပေမယ့် မင်း ရည်ရွယ်တဲ့လမ်းကို လျှောက်လို့မ

ဖြစ်နိုင်ဘူး ၊ ဒီလိုလုပ်ရင် လူပေါင်းများစွာ သေကြေပျက်စီးကြ

ရလိမ့်မယ် ၊ လူတစ်ယောက်ရဲ့ တစ်ကိုယ်ကောင်းစိတ်တစ်ခု

အတွက်နဲ့ လူအများဒုက္ခရောက်ရတယ်ဆိုတာ မဖြစ်သင့်ဘူး"

ဆန်လျန်သည် တာ့ရှားပြည်နှင့် ယင်းစန်းဒေသနှင့် စွမ်းအား

တူညီသည့် တိုင်းပြည်တစ်ပြည်တည်ထောင်မည်ဆိုလျှင်

ရုတ်တရက်တည်ထောင်လိုက်သည့်တိုင်းပြည်အတွက်

သွေးထွက်သံယိုမှုများနှင့် စတေးခံရခြင်းပေါင်းများစွာရှိလာ

လိမ့်မည်ဖြစ်လေသည်။ ထို့ပြင် အသူရာချောက်သည် ကြိုတင်

ခန့်မှန်း၍မရနိုင်သည့် နေရာတစ်ခုဖြစ်လေသည်။ ထို့ကြောင့်

ကံကြမ္မာကိုပြောင်းလဲခြင်းအတွက် လူပေါင်းမည်မျှ စတေးခံရ

မည်ကို မည်သူမှ မသိနိုင်ပေ။

လွန်ခဲ့သည့်အချိန်တုန်းက ဆန်းလျန်သည် လောကစံချိန်ထက်

သာလွန်သည့်သူတစ်ယောက်အဖြစ် ကွမ်းလုန်ကျီက ထင်မြင်ခဲ့

လေသည်။ ထို့နောက်တွင်တော့ ဆန်းလျန်၏သူရဲကောင်းဆန်း

ခြင်းများကိုလည်း စိတ်လှုပ်ရှားဖွယ်ရာ တွေ့မြင်ခဲ့ရလေသည်။

ထိုအချက်ကပင် ဆန်းလျန်၏ဘဝတစ်လျှောက်လုံးကို

ပြောင်းလဲစေသည့်အရာပင် ဖြစ်လေသည်။

ကွမ်းလုန်ကျီသည် ရှေ့ဖြစ်အရာများကို ခန့်မှန်းနိုင်သည့်တိုင်

အတိတ်နှင့်အနာဂတ်ကို အတိတကျ သိရှိနိုင်စွမ်းရှိသူတစ်

ယောက် မဟုတ်ပေ။ ထို့ကြောင့် ဆန်းလျန် မည်သည့်

အဖြစ်အပျက်များ ကြုံတွေ့ခဲ့ရသည်ကို မသိနိုင်ပေ။ သို့သော်

တော်ဝင်ကျောင်းတော်တွင်ဆန်းလျန်နှင့် အတူနေထိုင်ခဲ့ဖူး

သည့်အတွက် ဆန်းလျန်၏စိတ်ထားကို ခန့်မှန်းနိုင်လေသည်။

ဆန်းလျန်သည် အခြားသော နတ်မိစ္ဆာမဟာတန်ခိုးရှင်များ၊

မိုးကောင်းကင်နတ်ဘုရားများနှင့် မတူကွဲပြားသူ တစ်ယောက်

ဖြစ်လေသည်။

ဆန်းလျန်သည် အချိန်တိုအတွင်းမှာပင် ကြီးမားသည့်

ပြောင်းလဲမှုမျိုးကိုလည်း ပြုလုပ်ပစ်နိုင်သူ တစ်ယောက် ဖြစ်

လေသည်။ လေ့ကျင်းကို အချိန်တိုတိုနှင့် တန်ခိုးစွမ်းအားများ

ရရှိအောင် သင်ကြားပေးနိုင်ခဲ့ခြင်းက သက်သေပင် ဖြစ်လေ

သည်။

ဆန်းလျန်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"ဆရာကွမ်းလုန်ကျီ၊ ကျုပ် ဆန်းလျန်က မျှတမှုရှိတဲ့သူပါ..."

ကွမ်းလုန်ကျီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒါပေမယ့် မင်းရဲ့ဆုံးဖြတ်ချက်ကို ကျုပ်အားမပေးနိုင်ဘူး ၊ ဒီတစ်ခါတော့ ကျုပ်ဟာ မကောင်းမှုကို ပြုရတော့မယ် ထင်ပါရဲ့"

ဆန်းလျန်က...

"အစကတည်းက ခင်ဗျားနဲ့ လက်ရည်စမ်းချင်နေတာပါ..."

ထို့နောက် ကွမ်းလုန်ကျီသည် ရှည်လျားသည့် လေချွန်သံတစ်ချက်ကို ပြုလိုက်လေသည်။

ထိုအခါ တာ့ရှားစစ်စခန်းတစ်ခုလုံး အနည်းငယ်လှုပ်ခါသွားပြီး ယင်နှင့်ယန်မီးအိမ်မှ ကြိုးဝါးသံတစ်ချက်ထွက်ပေါ်လာပြီး မီးအိမ်သည် ဆန်းလျန်ရှေ့သို့ရောက်လာလေသည်။

အလင်းရောင်နှစ်ခုဖြစ်သည့် အနီရောင်အလင်းတန်းနှင့် အဖြူရောင်အလင်းတန်းများသည် နဂါးနှစ်ကောင်အလား ဆန်းလျန်၏ ပခုံးထက်သို့ ကျရောက်လာလေသည်။

ကွမ်းလုန်ကျိုက သူ၏လက်များကို တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် အလွန်ကြီးမားသည့် စွမ်းအားတစ်ခု ထွက်ပေါ်လာကာ မီးအိမ်မှအလင်းတန်းနှစ်ခုသည် အလွန်အားကြီးသည့် တန်ခိုးစွမ်းအားလှိုင်းကြီးများအဖြစ် ပြောင်းလဲသွားလေတော့သည်။

သေခြင်းနှင့်ရှင်ခြင်းမီးအိမ်မှ အနီရောင်အလင်းတန်းသည် သေခြင်းတရားကို ကိုယ်စားပြုပြီး အဖြူရောင်အလင်းတန်းကတော့ ရှင်သန်ခြင်းကို ကိုယ်စားပြုလေသည်။ သို့သော် ထိုအလင်းတန်းနှစ်ခုကို တွဲဖက်အသုံးပြုပါက ထိုမီးအိမ်မှ အပြင်းထန်ဆုံးစွမ်းအားကို ဖော်ုထုတ်နိုင်မည် ဖြစ်လေသည်။ ယင် နှင့် ယန်က ဆန့်ကျင်ဘက်ဖြစ်သလို သေခြင်းနှင့် ရှင်ခြင်းကလည်း ဆန့်ကျင်ဘက် ဖြစ်လေသည်။ ဘဝရှိလျှင် သေခြင်းတရားလည်း ရှိမည် ဖြစ်လေသည်။ သေခြင်းတရားရှိလျှင် ဘဝလည်း ရှိမည် ဖြစ်လေသည်။

သို့သော် ယင် နှင့် ယန် ၊ သေခြင်းနှင့်ရှင်ခြင်းကို ပေါင်းစပ်အသုံးပြုလိုက်ပါက ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအား ကအံ့သြစရာကောင်းလှလေသည်။

ဆန်းလျန်က လက်ခုပ်တစ်ချက်တီးလိုက်ရင်း...

"စိတ်ဝင်စားစရာပဲ..."

ထိုအချိန်တွင် ...

အေးစက်သည့်အသံတစ်သံ ထွက်ပေါ်လာလေသည်။

"ဆန်းလျန်... မင်းက ငါကိုယ်တော်ရဲ့ပိုင်နက်ထဲကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက် လုပ်လို့ရမယ်များထင်နေလား"

တာ့ရှားကေရာဇ်နေထိုင်ရာ တဲနန်းဆီမှ အလွန်ကြီးမားသည့်အရိပ်ကြီးတစ်ခု ထွက်ပေါ်လာလေသည်။

ထိုအရိပ်ကြီးမှာ မည်မျှကြီးမားသည်လဲဆိုလျှင် ကောင်းကင်ထိအောင် ထိုးဖောက်နေသည့်အလား ထင်မှတ်ရလေသည်။ ထို

အရိပ်ကြီးထံမှ ဖိအားတစ်ခု ထွက်ပေါ်နေပြီး စစ်စခန်းမှ

စစ်သည်တော်ပေါင်းများစွာမှာ ထိုဖိအားဒဏ်ကို မခံနိုင်ဘဲ

သတိလစ်မေ့မျောကုန်ကြလေသည်။

ဆန်းလျန်က တစ်ချက်ရယ်မောလိုက်လေသည်။

"မင်းကြီး... ဒီအချိန်ကိုရောက်လာဖို့ စောင့်နေခဲ့တာ မဟုတ်

လား"

အမှန်တော့ တာ့ရှားစစ်စခန်းသို့ရောက်ရှိလာသည့် ဆန်းလျန်

သည် ကိုယ်ပွားတစ်ခုသာ ဖြစ်လေသည်။

တိုက်ပွဲတွင် သေဆုံးခဲ့လျှင်တောင်မှ သူ၏မူလဇာစ်မြစ်ကို

ထိခိုက်နိုင်မည် မဟုတ်ပေ။

ကွမ်းလုန်ကျီသည် သူ့ကို သေခြင်းနှင့်ရှင်ခြင်း မီးအိမ်အသုံးပြု

ကာ တိုက်ခိုက်ခဲ့ပြီးသည့်နောက် ယခုတော့ တာ့ရှားဧကရာဇ်

ထွက်ပေါ်လာပြီ ဖြစ်လေသည်။

ထိုသို့ဖြစ်လာမည်ကို ဆန်းလျန်က မျှော်လင့်ထားပြီးသား ဖြစ်လေသည်။

တာ့ရှားစစ်စခန်းသို့ ဝင်ရောက်ခဲ့ပြီဆိုကတည်းက ဖြစ်နိုင်ချေများအားလုံးကို ဆန်းလျန်သည် သုံးသပ်ခဲ့ပြီးသား ဖြစ်လေသည်။

ကွမ်းလုန်ကျိုကတော့ သနားစရာကောင်းလှသူတစ်ယောက်ဖြစ်လေသည်။

သူသည် လူသားခန္ဓာကိုယ်ဖြင့် နတ်ဘုရားစွမ်းအားများကို ထုတ်ဖော်လိုက်သည့်အတွက် သူ၏နှလုံးသည် ဒဏ်မခံနိုင်ဘဲ ပျက်စီးသွားခဲ့လေသည်။

သေခြင်းနှင့်ရှင်ခြင်းမီးခွက်မှ အလင်းတန်းများထွက်ပေါ်လာသည်နှင့် ဆန်းလျန်က တစ်ချက်ရယ်မောလိုက်ရင်း ကြာပန်းပုံသဏ္ဌာန်သင်္ကေတတစ်ခုကို ဖန်ဆင်းလိုက်လေသည်။ ထိုကြာပန်းသင်္ကေတမှ နေနှင့်လပြိုင်တူထွန်းလင်းသည့်စွမ်းအားတစ်

ခု ထွက်ပေါ်လာခဲ့လေသည်။ အလင်းတန်းနှစ်ခုသည် ထိုတန်ခိုး စွမ်းအားနှင့် ထိခိုက်မိသည်နှင့် ရွှေရောင်ကျီးကန်းနှင့် ကျောက်စိမ်းယုန်အဖြစ်ပြောင်းလဲသွားကာ အချင်းချင်း တိုက်မိပြီး ကွဲပျက်သွားရလေသည်။

ဆန်းလျန်ဖန်ဆင်းထားသည့် ကြာပန်းသင်္ကေတသည် ဗုဒ္ဓဘာသာမှ နေနှင့်လ အမှတ်အသားဖြစ်လေသည်။ နေနှင့် လ၏ ကြီးကျယ်ခမ်းနားမှုသည် သက်ရှိသတ္တဝါများအားလုံးကို ဆွဲဆောင်နိုင်လေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် ခေတ္တ ရပ်တန့်သွားသည့်အလား ထင်မှတ်ရလေ၏။

ထိုသို့ရပ်တန့်သွားသည့်အချိန်ခဏကို ဆန်းလျန်က အသုံးချ လိုက်လေသည်။

ထိုအချိန်လေးအတွင်းမှာပင် ဥက္ကာပျံတစ်စင်းအလား ထွန်းလင်း နေသည့် နတ်ဘုရားမြားတစ်စင်း ဝင်ရောက်လာလေသည်။

ကွမ်းလုန်ကျီ၏မျက်နှာမှာ ချက်ချင်းသွေးစုတ်သွားပြီး သွေးများကို အန်ထုတ်လိုက်ကာ သေခြင်းနှင့်ရှင်ခြင်းမီးအိမ်မှ အလင်းတန်းများမှာလည်း ပျောက်ကွယ်သွားလေသည်။

မီးအိမ်သည် ပျက်စီးသွားဟန်ရှိလေသည်။

တာ့ရှားကေရာဇ်ရောက်လာတော့မှ ဆန်းလျန်၏လက်ထဲတွင် ကိုင်ထားသည့် လေးသည် ပျောက်ကွယ်သွားခဲ့လေသည်။

အိပ်မက်ကမ္ဘာမှနိုးထခဲ့ပြီးသည့်တောက် ဆန်းလျန်၏ မူလ ဝိညာဉ်ခန္ဓာထဲတွင် နေမင်းဖြိုခွင်းမြား၏ အစွမ်းသတ္တိများက ကြွင်းကျန်နေခဲ့လေသည်။ ထို့ကြောင့် သူ့အတွက်တော့ သေခြင်းနှင့်ရှင်ခြင်းမီးအိမ်သည် ကြောက်စရာလက်နက် တစ်ခု မဟုတ်ခဲ့ပေ။

တာ့ရှားကေရာဇ်က...

"မင်းကို သတ်မယ်ဆိုရင်တောင်မှ သူ့ကို မကယ်နိုင်တော့ဘူး ၊ ဒါပေမယ့် မင်းအသက်ရှင်နေမယ်ဆိုရင် ငါကိုယ်တော် နောင်တရမိလိမ့်မယ်"

"မင်းကြီးက ကွမ်းလုန်ကျိုကို သတ်ချင်နေတာမဟုတ်ဘူးလား ၊ ကျုပ်နဲ့ ထျန်းယီကို ထည့်မတွက်ပါနဲ့ ၊ ဒါဆိုရင် သေခြင်းနဲ့ရှင်ခြင်းမီးအိမ်က မင်းကြီးအပိုင်ပါ ၊ ဒီမီးအိမ်နဲ့ဆိုရင် ရဟန်းမင်းကြီးအသက်ပြန်ရှင်ဖို့ အခွင့်အလမ်း ရချင်ရမှာ..."

ဆန်းလျန်က ရယ်မောရင်းပြောလိုက်လေသည်။

တာ့ရှားဧကရာဇ်က အေးစက်စွာရယ်မောလိုက်ရင်း...

"ငါကိုယ်တော်က ကွမ်းလုန်ကျိုကို မသတ်ချင်ပါဘူး ၊ သူ့ကို သိစေချင်တာ ၊ လောကကြီးမှာ ငြိမ်းချမ်းရေးဆိုတဲ့အရာ ကို အာဏာနဲ့ပဲ ထိန်းထားနိုင်တယ် ၊ လူတစ်ယောက်ဟာ အာဏာရှိတဲ့သူကို နာခံရမယ် ၊ မနာခံနိုင်ဘူးဆိုရင်တော့ နာခံတဲ့အထိ

သေအောင် သတ်ပစ်ရတယ် ၊ ဒါကြောင့်လည်း ငါကိုယ်တော်ရဲ့

တာ့ရှားပြည်ဟာ နှစ်ပေါင်းထောင်နဲ့ ချီပြီးအစွန့်ရှည်နေခဲ့တာပဲ"

"မနာခံတဲ့သူတွေကို သုတ်သင်ပစ်မယ်ဆိုရင်တောင် မင်းကြီး

ကျုပ်ကို သုတ်သင်ပစ်လို့ မရပါဘူး ၊ ပြီးတော့ လောကကြီး

တစ်ခုလုံးက လူတွေကိုရော သုတ်သင်ပစ်လို့ရမယ်များ ထင်နေ

လား"

ဆန်းလျန်က သိမ်မွေ့စွာပင် ပြောလိုက်သည်။

သူ၏အင်္ကျီလက်များသည် လေထဲတွင် လွင့်ပျံနေကြလေ

သည်။

တာ့ရှားဧကရာဇ်က ထပ်မံစကားပြောခြင်း မရှိတော့ပါ။

သူ၏လက်သီးချက်က ဆန်းလျန်ဆီသို့ အရှိန်ပြင်းစွာဖြင့် ဝင်

ရောက်လာလေတော့သည်။

ဆန်းလျန်သည် ချက်ချင်းပင် ကြည်လင်သည့်အလင်းတန်း

တစ်ခုအသွင် ပြောင်းလဲသွားပြီး ကောင်းကင်ထက်သို့ ပျံသန်း

ထွက်ခွာသွားကာ တိမ်တိုက်များနှင့် ရောနှောသွားလေ

တော့သည်။

အခန်း (၅၆၈) စိတ်ပျက်ရခြင်း

ဆန်းလျန်ရှောင်ထွက်သွားသည်ကိုတွေ့သည်နှင့် တာ့ရှား

ကေရာင်ဇ်သည် နဂိုမူလပုံစံအတိုင်း ပုံမှန်အရွယ်အစားအဖြစ်

ပြန်ပြောင်းလဲလိုက်လေသည်။ သူ့မျက်လုံးများက အေးစက်

ခက်ထန်နေပြီး လေစီးကြောင်းတစ်ခုအသွင်ပြောင်းလဲကာ

ဆန်းလျန်နောက်သို့ လိုက်ပါသွားလေတော့သည်။

ဆန်းလျန်၏ထွက်ခွာသွားနှုန်းမှာ အလင်း၏မြန်နှုန်းကဲ့သို့ပင်

မြန်ဆန်လေရာ တာ့ရှားကေရာဇ်က သူ၏ဝိညာဉ်စွမ်းအားများ

ကို အာရုံခံပြီး လိုက်လာမည်ဆိုလျှင်တောင်မှ ဆယ်မိနစ်

အတွင်း ဆန်းလျန်နောက်သို့ အမီလိုက်နိုင်မည် မဟုတ်ပေ။

မိုးကုတ်စက်ဝိုင်းဆီမှ ပေါက်ကွဲသံတစ်ခုထွက်လာပြီး

ကောင်းကင်ထက်မှ တိမ်များအားလုံး ပြိုကွဲသွားလေသည်။

တာ့ရှားကေရာဇ်သည် တိမ်များကိုဖြိုခွဲကာ ဆန်းလျန်ထွက်ခွာ

သွားရာနေရာကို ခြေရာခံလိုက်ခြင်း ဖြစ်လေသည်။

ထိုအချိန်...

တာ့ရှားစစ်စခန်းတွင်တော့ ကွမ်းလုန်ကျီသည် သွေးများ

အဆက်မပြတ်အန်နေလေသည်။

သတင်းကြားသည်နှင့် လေ့ကျင်းအမြန်ရောက်လာပြီး ကွမ်းလုန်ကျီကို ပြဒါးဆေးသုံးလုံးခန့်တိုက်ကျွေးလိုက်လေသည်။

လေ့ကျင်းက...

"ကျွန်မရဲ့ဆရာနဲ့မှ ဘာလို့ သွားပြီးတိုက်ခိုက်ရတာလဲ ...ဆရာကွမ်းလုန်ကျီ"

"ကျင်းအယ်... ကျုပ်ဘဝတစ်လျှောက်လုံးမှာ ဘာမှ မှားခဲ့ဖူးတာမရှိပါဘူး ၊ ဒါပေမယ့် ဒီတစ်ခါတော့ ပထမဆုံးအကြိမ် မှားခဲ့မိပြီထင်တယ်"

ကွမ်းလုန်ကျီက လေ့ကျင်း၏အမေးကို စိတ်မသက်မသာဖြင့် ပြန်လည်ဖြေကြားလိုက်လေသည်။

လေ့ကျင်းက...

"ဘာဖြစ်လို့လဲ... ဘာလို့လဲဆိုတာ ကျွန်မကို ပြောပြပါ..."

လေ့ကျင်းမှာ အလွန်စိတ်ရှုတ်ထွေးနေရသည်။ ကွမ်းလုန်ကျီသည် ဆန်းလျန်ကို ရန်သူအဖြစ်သတ်မှတ်ခဲ့ပါက အစ

ကတည်းက တိချိုးမြို့တော်တွင် တိုက်ခိုက်ခဲ့သင့်သည်။ ယခု တော့ အဘယ့်ကြောင့် ထိုသို့မဟုတ်ရပါသနည်း။

ကွမ်းလုန်ကျီက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ၏မျက်နှာအမူအရာမှာ အလွန်နာကျင်သည့်ဝေဒနာကို ခံစားနေရဟန် ရှိလေသည်။

"အစေ့အဆန်မအောင်တဲ့စပါးနှံက မာနထောင်လွှားသလိုဖြစ်ခဲ့ရပြီ ၊ သေခြင်းနဲ့ရှင်ခြင်းမီးအိမ်နဲ့ မင်းကြီးရဲ့အစွမ်းတွေပေါင်းလိုက်ရင် ဆန်းလျန်ကို အနိုင်ရမယ်လို့ ထင်ခဲ့မိတယ် ၊ ဒါပေမယ့် သူ့ရဲ့ဝိညာဉ်စွမ်းအားတွေက အဲဒီလောက်ထက်မြက်လိမ့်မယ်လို့ ထင်မထားခဲ့မိဘူး ၊ ဒီတစ်ခါ မင်းရဲ့ဆရာ မင်းကြီးရဲ့လက်က လွတ်အောင်ပြေး သွားနိုင်ပြီး တုန်းယီဒေသနဲ့ အရှေ့တိုင်းစစ်သည်တော်တွေကို အနိုင်ယူနိုင်မယ်ဆိုရင် သူ့အင်အားကတော့ မတွေးရဲစရာပဲ ၊ ဒါပေမယ့် ကျုပ် ကွမ်းလုန်ကျီကတော့ တာ့ရှားပြည်အတွက် အမှားပြုခဲ့မိပြီ"

တာ့ရှားတပ်မတော်၏ စွမ်းအားတစ်ခုတည်းဖြင့် ယွမ်

ယန်၏မဟာမိတ်တပ်များကို ဖယ်ရှားပစ်နိုင်မည် မဟုတ်ပါ။

ကွမ်းလုန်ကျီ၏ သေခြင်းနှင့်ရှင်ခြင်းမီးအိမ်ကြောင့်သာ ယွမ်

ယန်ကို အနိုင်ရခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ကွမ်းလုန်ကျီ

သည် သေခြင်းနှင့်ရှင်ခြင်းမီးအိမ်ကို များစွာ အထင်ကြီး

အားကိုးခဲ့မိလေသည်။

သို့သော် ဆန်းလျန်ကတော့ သေခြင်းနှင့်ရှင်ခြင်းမီးအိမ်ကိုပင်

ဖျက်စီးပစ်လိုက်ကာ တာ့ရှားဧကရာဇ်နှင့် ကွမ်းလုန်ကျီ၏

ပူးပေါင်းတိုက်ခိုက်မှုမှ အေးအေးဆေးဆေးပင် ရှောင်တိမ်း

သွားနိုင်ခဲ့သည်။

သေခြင်းနှင့်ရှင်ခြင်းမီးအိမ်ကိုအသုံးပြုခဲ့သည့်အတွက် ကွမ်း

လုန်ကျီမှာ ဒဏ်ရာအပြင်းအထန်ရခဲ့ရလေသည်။

ထို့ပြင် ဆန်းလျန်သည် တာ့ရှားပြည်၏တိုင်းပြည်အကြီးပေး

အမတ်မင်းရာထူးကို မစွန့်လွှတ်သေးလေရာ ဆန်းလျန်နှင့် တာ့

ရှားကေရာဇ်၏တိုင်ပွဲသည်လည်း မည်သည့်နည်းနှင့်မှ အသေးအဖွဲ့မဟုတ်ခဲ့ပေ။

ယခုအချိန်တွင် ဆန်းလျန်က တာ့ရှားပြည်နှင့် ယင်းစန်းဒေသ ထက် ပိုမိုအင်အားကြီးမားသည့် တိုင်းပြည်တစ်ခု တည်ထောင် မည်ဟုပြောခဲ့သည်မှာ ရူးမိုက်၍ပြောခြင်းမဟုတ်ကြောင်းကို လည်း ရင်ထဲတွင် နက်နက်ရှိုင်းရှိုင်းနားလည်သွားခဲ့ရလေ သည်။ ဆန်းလျန်တွင် ခိုင်လုံသောအကြောင်းပြချက်ရှိလေ သည်။ အာဏာကိုသိမ်းယူခြင်းသည် ဂုဏ်သတင်းကြီးစေမည် ဖြစ်လေသည်။ သို့သော် တန်ခိုးစွမ်းအားများစုစောင်းရသည့် ကျင့်စဉ်လမ်းတွင်လည်း များစွာအထောက်အကူဖြစ်ပေ လိမ့်မည်။

လူအများသည် တန်ခိုးစွမ်းအားမြင့်မားသည့်လူတစ်ယောက်ကို ယုံကြည်မိပြီဆိုပါက တစ်စိတ်တစ်ဝမ်းတည်းဖြင့် အင်အား တောင့်တင်းလာမည် ဖြစ်လေသည်။

ဆန်းလျှန်သည် အစပိုင်းတွင် အလွန်ဂုဏ်သတင်းကျော်ကြား

သူတစ်ယောက်မဟုတ်သော်လည်း သူ့ကိုလူအများစုက

ထိတ်လန့်ကြောက်ရွံ့ကြလေသည်။ ထို့ပြင် တာ့ရှားပြည်၏

တိုင်းပြည်အကြံပေးအမတ်မင်းဆိုသည် ဂုဏ်ပုဒ်ကိုရယူထား

သည့်အတွက် မြင့်မားသောအနေအထားတွင်လည်း ရပ်တည်

နေနိုင်သူ ဖြစ်လေသည်။ ထိုအချက်များအားလုံးသည်

တိုင်းပြည်တစ်ပြည်တည်ထောင်လျှင် ဆက်နွယ်နေမည့်

အချက်များ ဖြစ်လေသည်။

ဆန်းလျှန်သည် တာ့ရှားပြည်မှ မည်သည့်ကြေငြာချက်မှ မပြု

ဘဲ ခွဲထွက်နိုင်ပြီး တာ့ရှားပြည်၏ သြဇာအာဏာများကို ဖျက်

စီးပစ်နိုင်သူ ဖြစ်လေသည်။ ထိုအချက်သည် တာ့ရှား

ဧကရာဇ်၏အခြေခံအုတ်မြစ်ကို မတည်မငြိမ်ဖြစ်မည်မှာ

အသေအချာပင်။

တာ့ရှားပြည်အခြေခံအုတ်မြစ်မခိုင်မာတော့ဘူးဆိုလျှင် အချုပ်အခြာအာဏာ ပျက်ယွင်းသွားမည်ဖြစ်ပြီး တာ့ရှား တပ်မတော်ကိုပင် ဦးဆောင်လမ်းပြနိုင်ဖို့ ခက်ခဲသွားမည် ဖြစ်လေသည်။

နောက်ဆုံးတွင် တာ့ရှားကေရာဇ်သည် မနာခံသူများအားလုံးကို သတ်ပစ်ပေလိမ့်မည်။ ထိုအခါ ကွမ်းလုန်ကျီသည် ထိုအသတ်ခံရသူများအားလုံးကို ရင်ဆိုင်ရဲတော့မည် မဟုတ်ပေ။ ကွမ်းလုန်ကျီ၏ရင်ထဲမှ မူလရည်ရွယ်ချက်မှာ တာ့ရှား ပြည်၏တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် အရှေ့တိုင်း စစ်သည်တော်များကို တိုက်ခိုက်ရာတွင် တာ့ရှားကေရာဇ်ကို ကူညီလိုခြင်းဖြစ်လေသည်။

ယခုတော့ ဆန်းလျန်ကြောင့် အရာအားလုံးသည် ပျက်စီးခြင်းသို့ ဦးတည်သွားရတော့မည်။

တာ့ရှားပြည်၏အခြေခံအုတ်မြစ်ပြိုလဲရတော့မည့်အတွက် ကွမ်းလုန်ကျီသည် သူ့ကိုယ်သူ အပြစ်တင်မိလေသည်။

ကွမ်းလုန်ကျီ၏ရင်ထဲမှ စိတ်ပျက်ဝမ်းနည်းပြီး ကြေကွဲနေမှုများကို မည်သူတစ်ဦးတစ်ယောက်မှ နားလည်နိုင်မည် မဟုတ်ပါ။

လေ့ကျင်းသည် ဉာဏ်ရည်ထက်မြက်သူတစ်ယောက် ဖြစ်လေသည်။

သူမသည် နိုင်ငံခြားရေးဝန်ကြီး၏ သမီးဖြစ်သည့်အတွက် တိုင်းရေးပြည်ရာများကို နက်နက်နဲနဲ နားလည်သူတစ်ယောက် ဖြစ်လေသည်။ သူမသည် တာ့ရှားပြည်၏အခက်အခဲကို နားလည်သည့်အတွက် စစ်ပွဲတွင် တာ့ရှားပြည်ဘက်မှ စွမ်းစွမ်းတမံ ပါဝင်တိုက်ခိုက်ပေးခဲ့ခြင်း ဖြစ်သည်။ သူမက တာ့ရှားပြည်ငြိမ်းချမ်းစွာ အစွန့်ရှည်နိုင်ရန်မျှော်လင့်ခဲ့သည်။

သို့သော် မည်သူတွေ မည်မျှ မျှော်လင့်ကြပါစေ အရာအားလုံး

သည် တာ့ရှားကေရာဇ်အပေါ်တွင်သာ မူတည်လေသည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"ဆရာကွမ်းလုန်ကျီ၊ အခြေအနေတွေက ဒီလောက်ထိဖြစ်လာ

မှတော့ ကိုယ့်ကိုကိုယ်အပြစ်တင်မနေပါနဲ့တော့…"

ကွမ်းလုန်ကျီက…

"ကျင်းအယ်၊ မင်းနားလည်မှာမဟုတ်ဘူး၊ လူတွေက တာ့ရှား

ကေရာဇ်ဟာ လူတိုင်းကို သူ့လက်အောက်မှာဖိနှိပ်ထားချင်

တယ်လို့ မှတ်ယူကြတယ်၊ ဒါပေမယ့်သူ့မှာ လူတွေနားမလည်

နိုင်တဲ့ ဗျူဟာတွေ အများကြီးရှိတယ်၊ တာ့ရှားပြည်ခေတ်

အဆက်ဆက်မှာ တာ့ရှားပြည်ကိုစတင်တည်ထောင်ခဲ့တဲ့

ကေရာဇ်ပြီးရင် လက်ရှိကေရာဇ်မင်း လောက်ရဲရင့်တဲ့သူ တစ်

ယောက်မှ မရှိခဲ့ဖူးဘူး၊ မင်း ဒီအကြောင်းကို ကောင်းကောင်း

သိမြင်ထားရမယ် ကျင်းအယ်၊ အထူးသဖြင့် ရဟန်းမင်းကြီး

ကွယ်လွန်သွားတော့ ထျန်းယီကို တိချိုးမှာ ထိန်းချုပ်ထားနိုင်မှာ မဟုတ်တော့ဘူးဆိုတာ သူသိခဲ့တယ်၊ သူလုပ်နေတဲ့ လှုပ်ရှားမှုတိုင်းကို မင်းကြီးဟာ အကုန်နားလည်နိုင်စွမ်းရှိတယ်၊ ထျန်းယီနဲ့ ဆန်းလျန်ကိုထိန်းချုပ်ဖို့မလွယ်ဘူးဆိုတာလည်း သူသိတယ်၊ ဒါကြောင့် သူဟာ တာ့ရှားပြည်ရဲ့ကြီးမြတ်မှုကို ထိန်းသိမ်းမထားနိုင်တော့ဘူးဆိုတာ သိနေခဲ့တယ်၊ ဒါပေမယ့် မင်းရဲ့ဆရာကို ကျုပ်နဲ့ မင်းကြီးပူးပေါင်းပြီး ဆန်းလျန်ကို သုတ်သင်နိုင် ခဲ့ရင်တော့ တာ့ရှားပြည်အတွက် မျှော်လင့်ချက် ရောင်ခြည်လေး သန်းလာနိုင်မယ်လို့ ကျုပ်ထင်ခဲ့မိတယ်၊ ဒါ ပေမယ့် မင်းရဲ့ဆရာမှာ ယင်နဲ့ယန်မီးအိမ်ကိုတောင် ဖျက်စီးပစ် နိုင်တဲ့ တန်ခိုးစွမ်းအားတွေရှိနေမယ်လို့ ထင်မထားခဲ့မိဘူး၊ တကယ်တော့ ထိုက်ယီထျန်းရှန်းအဆင့်ဆိုတာ အသူရာ ချောက်မှာ အမြင့်ဆုံးအဆင့်တစ်ခုပါပဲ၊ ကျုပ်သိသလောက် ဒီ အသူရာချောက်မှာ အဲဒီအဆင့်ထိ တက်လှမ်းနိုင်တဲ့သူဟာ သုံး

ယောက်နဲ့တစ်ပိုင်းပဲရှိတယ်၊ နှစ်ယောက်ကတော့ ဒီကိစ္စတွေမှာ ပါဝင်ပတ်သက်လိုခြင်း မရှိကြဘူး၊ ကျန်တဲ့တစ်ယောက်နဲ့ တစ်ပိုင်းကတော့ ပါဝင်ပတ်သက်လာကြလိမ့်မယ်”

ကွမ်းလုန်ကျီသည် မည်သည့်အခါမှ စကားကို မစဉ်းစားဘဲ ပြောလေ့ရှိသူမဟုတ်ပေ။ သူသည် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်လေသည်။

“မင်းက ကောင်းကင်ဘုံက နေတစ်စင်းပါ၊ သူကတော့ မြေပြင်ထက်က နေတစ်စင်းပဲ၊ မင်းတို့နှစ်ယောက်လုံး တစ်ပြိုင်တည်း တောက်ပဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာတဲ့လဲ”

ထိုစကားများသည် ကွမ်းလုန်ကျီ၏နှလုံးသားထဲမှ ပြောလိုက်သည့် စကားများပင် ဖြစ်လေသည်။

အခန်း (၅၆၉) တိုက်ခိုက်ခြင်း

လေ့ကျင်းသည် ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားများ၏ တန်ခိုးစွမ်းအားမြင့်မားပုံနှင့် အရေးပါပုံများကို ကောင်းကောင်း နားလည်ထားသူတစ်ယောက် ဖြစ်လေသည်။ ထိုအဆင့်သို့ သူမ၏ဆရာသည်ပင်လျှင်ရောက်ရှိ ခြင်းမရှိသေးပေ။ တာ့ရှားပြည်တည်ထောင်ပြီးသည့်နောက်ပိုင်း စစ်ဝမ်မင့်တစ်ယောက်သာ ထိုက်ယီထျန်းရှန်းအဆင့်ထိ တက်ရောက်နိုင်ခဲ့လေသည်။

လေ့ကျင်းသည် တွေဝေနေရင်းမှ မေးခွန်းထုတ်လိုက်မိသည်။

“အဲဒါက ဦးရီးတော်အတွက် အန္တရယ်ရှိနိုင်လားဟင်…”

ကွမ်းလုန်ကျီက ခါးသက်စွာဖြင့် ပြုံးလိုက်ရင်း…

"ကျုပ်သိသလောက်ဆိုရင်တော့ ... တာ့ရှားကေရာဇ်ဟာ မပျက်စီးနိုင်တဲ့ခန္ဓာကိုယ်ကိုရထားပေမယ့် သူ့ကို အန္တရာယ်ဖြစ်စေနိုင်တဲ့ အရာတွေရှိတယ်၊ လူတစ်ယောက်လည်း ရှိနေသေးတယ်"

ကွမ်းလုန်ကျီသည် လူတစ်ယောက်ပိုင်ဆိုင်ထားသည့် မှော်အင်းသင်္ကေတစ်ခုအကြောင်းကို စဉ်းစားနေမိလေသည်။ ယခုအချိန်တွင် ကွမ်းလုန်ကျီသည် ကိုယ့်ကိုကိုယ်ယုံကြည်မှုများလည်း ပျောက်ဆုံးနေခဲ့ရပြီ။

အဘယ်ကြောင့်ဆိုသော် ထိုသူနှင့် ဆန်းလျန်ကြားတွင် ပတ်သက်ဆက်နွယ်မှုရှိနေခဲ့သည့်အတွက် ကွမ်းလုန်ကျီ သည် လမ်းပျောက်လျှက်ရှိလာသည်။

လော့ကျင်းက...

"ဒါဆို ကျွန်မ ဆရာနဲ့ ဦးရီးတော်နောက်ကို လိုက်သွားလိုက်ဦးမယ်..."

“မသွားနဲ့ ကျင်းအယ် ၊ တာ့ရှားပြည်ရဲ့ကိစ္စတွေကို မင်းဝင်ပါနိုင်မယ်လို့ မထင်လိုက်ပါနဲ့၊ တာ့ရှားပြည်ဟာ မကြာခင် မှာ ပျက်စီးတော့မှာ ၊ အဲဒီအချိန်မှာ မင်းလည်းဒုက္ခရောက်နေမယ်ဆိုရင် ဘယ်သူမှ ကူညီမယ့်သူ ရှိမှာမဟုတ်တော့ဘူး”

ကွမ်းလုန်ကျီက နူးညံ့သိမ်မွေ့သည့်အသံဖြင့် ပြောလိုက်လေသည်။

“ဘာဖြစ်လို့လဲ…”

လေ့ကျင်းက စိတ်ရှုတ်ထွေးစွာဖြင့် ပြန်မေးလိုက်လေသည်။

ကွမ်းလုန်ကျီသည် အပြင်းအထန်ချောင်းများဆိုးလာပြီး နာကျင်သည့်ဝေဒနာကို မနည်းတင်းခံနေရလေသည်။

ပြီးမှ…

“မင်းပြန်တော့ ကျင်းအယ် ၊ ဒီကိစ္စတွေကို နောက်မှပဲထပ်ပြီး ပြောကြတာပေါ့…”

…………..

အဝေးဆီတွင် အလွန်ထူထပ်နက်မှောင်နေသည့် တောအုပ်တစ်အုပ်ကိုတွေ့ရလေသည်။

တောအုပ်ထဲမှ သစ်ပင်များသည် ပေတစ်သောင်းအထက်မြင့်မားကြလေသည်။ ပေတစ်သောင်းမရှိလျှင်တောင် ပေတစ်ထောင်ရှိမည်ဖြစ်လေသည်။

ဆန်းလျန်သည် ထိုတောအုပ်အတွင်းရှိ သစ်ပင်တစ်ပင်ထက်တွင်ပေါ်လာလေသည်။

ထို့နောက် ချက်ချင်းပျောက်ကွယ်သွားပြီး နောက်ထပ်သစ်ပင်တစ်ပင်ထက်တွင် ပေါ်လာပြန်လေသည်။

သစ်ပင်များသည် ထူထပ်လွန်းသည့်အတွက် ဆန်းလျန်၏ခန္ဓာကိုယ်ကို ကောင်းစွာ ဖုံးကွယ်ထားနိုင်လေသည်။

သို့သော် တာ့ရှားကေရာဇ်၏လက်မှ လွတ်မြောက်နိုင်ခြင်း မရှိသည်ကိုတော့ ဆန်းလျန် ကောင်းကောင်းသိထားလေ သည်။

သစ်ပင်တစ်ပင်ထက်တွင် ကျားတစ်ကောင်နှင့်ဆင်တူသည့် နတ်သားရဲတစ်ကောင်အိပ်စက်နေလေသည်။ ဆန်းလျန်က ထိုသတ္တဝါကိုတစ်ချက်ကြည့်လိုက်ပြီး ထိုသတ္တဝါရှိနေသည့် သစ်ပင်ရှေ့သို့ရောက်ရှိသွားလေသည်။ ထို့နောက် ဆန်းလျန်သည် ပျောက်ကွယ်သွားပြန်သည်။

တောနက်များထဲတွင် နတ်သားရဲများစွာနေထိုင်ကြလေသည်။ ထိုကျားမျိုးနွယ်နတ်သားရဲမျိုးကို "ပီအန်း" ဟု ခေါ်လေသည်။ ကျားဖြစ်သော်လည်း နဂါးသွေးပါဝင်ပြီး တောနက်များတွင် လွတ်လွတ်လပ်လပ်နေထိုင်ရ သည်ကို သူတို့ကနှစ်သက်လေ သည်။

ယခုတော့ ထိုသားရဲသည် အေးဆေးစွာ အိပ်စက်နေသည့်ဘဝကို နှောက်ယှက်သည့်လူတစ်ယောက် ရောက်ရှိလာသည့်အတွက် ပီအန်းသားရဲသည် အမျက်ဒေါသထွက်သွားရတော့သည်။

သူက ဆန်းလျန်၏တည်ရှိမှုကို အနံ့ခံကာ ရှာဖွေလိုက်လေသည်။

ထိုအချိန်မှာပင် သူ့ရှေ့မှ သစ်ပင်ကြီးတစ်ပင်လဲကျလာလေသည်။

ထိုသားရဲသည် အန္တရယ်အငွေ့အသက်ကို ချက်ချင်းရလိုက်ပြီး ငြိမ်သက်နေလိုက်သည်။

သူ့ရှေ့တွင်ပေါ်လာသူမှာ အနက်ရောင်နှင့် ရွှေရောင်ပေါင်းစပ်ထားသည့် နဂါးဝတ်စုံကိုဝတ်ဆင်ထားသည့် ဧကရာဇ်တစ်ပါးဖြစ်လေသည်။ သူက နတ်သားရဲကို အေးစက်သည့်မျက်ဝန်းများဖြင့် ကြည့်လိုက်လေသည်။ ထိုအခါ ချက်ချင်းပင် နတ်သားရဲသည် မြေပေါ်တွင်ဝပ်သွားပြီး ဧကရာဇ်ကို ခုခံတွန်းလှန်ခြင်း လုံးဝမရှိတော့ပေ။

ဧကရာဇ်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးသွားလိုက်ပြီး နတ်သားရဲ၏ဦးခေါင်းကို နင်းထားလိုက်လေသည်။ သားရဲမဲ

အလွန်အမင်းကြောက်လန့်တုန်လှုပ်နေသည့်တိုင် ပြန်လည်တိုက်ခိုက်ရဲခြင်း မရှိပါချေ။

ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်နေပြီး တာ့ရှား ဧကရာဇ်၏ အသက်ရှူသံကိုသာ ကြားနေရလေသည်။

ထို့နောက် ပတ်ဝန်းကျင်တွင် သစ်ပင်ကြီးများ တစ်ပင်ပြီးတစ်ပင် လဲပြိုကုန်ကြလေသည်။ တောနက်ထဲမှ ငှက်များနှင့် တိရိစ္ဆာန်များသည် ထူးဆန်းသည့်ဖြစ်ရပ်ကြောင့် ကြောက်ရွံ့တုန်လှုပ်နေကြလေသည်။

ရေနှင့်ပြုလုပ်ထားသကဲ့သို့ ကြည်လင်သည့် ခန္ဓာကိုယ်တစ်ခု ရုတ်တစ်ရက်ပေါ်လာပြီး ချက်ချင်းပင် ပြန်လည်ပျောက်ကွယ်သွားလေသည်။ ဧကရာဇ်သည်လည်း လေထုထဲသို့ ချက်ချင်းပင် ထိုးဖောက်ဝင်ရောက်သွားလေသည်။

တန်ခိုးစွမ်းအားမြင့်မားသူ လူသားနှစ်ယောက်ကြောင့်

ပတ်ဝန်းကျင်တစ်ခုလုံးရှိ သစ်ပင်များမှာ ဖုံများသဲများဖြင့်

ဖုံးလွှမ်းကုန်ကြလေသည်။

လျှင်မြန်ခြင်းမရှိသည့် သားရဲများနှင့်ငှက်များသည် အသက်

သေဆုံးကုန်ကြပြီး အသွင်ပြောင်းထားသည့်သတ္တဝါများ မှာ

လည်းမူလပုံသဏ္ဍာန်များအတိုင်း ပြန်ဖြစ်ကုန်ကြလေသည်။

ဆန်းလျန်နှင့် တာ့ရှားကေရာဇ်နှစ်ယောက်လုံးသည် တောအုပ်

ကို ပျက်စီးစေလိုခြင်းမရှိကြသည့်တိုင် တိုက်ခိုက်ရမည်ပဲ ဖြစ်

လေသည်။

ဤသည်မှာ ဆန်းလျန်နှင့် တာ့ရှားကေရာဇ်၏ နောက်ဆုံး

တိုက်ပွဲလည်းဖြစ်နိုင်လေသည်။ ထို့ကြောင့် သူတို့နှစ်ယောက်

သည် တစ်ယောက်ကိုတစ်ယောက်အကဲစမ်းကာ

အားနည်းချက်ကိုတွေ့အောင် ရှာနေကြခြင်း ဖြစ်လေသည်။

ဆန်းလျန်၏ဘဝတွင် တာ့ရှားကောရာဇ်ကဲ့သို့ပြိုင်ဘက်မျိုးနှင့် တစ်ခါမျှ မတွေ့ခဲ့ဖူးပေ။ တာ့ရှားကောရာဇ်သည် တန်ခိုးစွမ်းအားများအထွတ်ထိပ်ရောက်ရှိနေသူတစ်ယောက်ဖြစ်လေသည်။

ဆန်းလျန်နှင့်တာ့ရှားကောရာဇ် (၂)ယောက်လုံးသည် မတူညီသည့်လမ်းစဉ်နှစ်ခုမှာ တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်လေသည်။

ယခုအချိန်တွင် ဆန်းလျန်သည် လူသားခန္ဓာမရှိတော့ပေ။ မူလဝိညာဉ်ခန္ဓာသာ ကျန်ရှိတော့သည်။

တာ့ရှားကောရာဇ်ကတော့ ရုပ်ခန္ဓာနှင့် ဝိညာဉ်ကို တစ်သားတည်းကျအောင် ပေါင်းစပ်ထားနိုင်သူတစ်ယောက်ဖြစ်လေသည်။ ထို့ပြင် သူ၏မပျက်စီးနိုင်သောခန္ဓာကိုယ်သည် ရွှေခန္ဓာထက်ပင် ပိုပြီးအားကောင်းသေးသည်။

တာ့ရှားကေရာဇ်သည် လေထဲတွင် နဂါးတစ်ကောင်အလား ရွေ့လျားနေသည့် ကြည်လင်သည့်ရေစီးကြောင်းကို စိုက်ကြည့်နေလေသည်။ ထို့နောက် သူက လေတစ်ချက်ချွန်လိုက်လေရာ လောကကြီးတစ်ခုလုံး တုန်လှုပ်လာတော့သည်။ တောအုပ်အတွင်းသို့ ကြီးမားသည့်တန်ခိုးစွမ်းအားများသက်ရောက်လာပြီး သစ်ပင်များ ၊ မြေကြီးများ ၊ ရေများ အားလုံး တုန်ခါသွားလေသည်။

ကြည်လင်သည့်ရေစီးကြောင်းသည် ဆန်းလျန်အဖြစ် အသွင်ပြောင်းသွားလေသည်။

ထိုအခါ တာ့ရှားကေရာဇ်သည် ဆန်းလျန်ရှိရာသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ သို့သော် ထူးဆန်းသည်မှာ တာ့ရှားကေရာဇ်ထံမှ စွမ်းအားနှစ်ခုထွက်ပေါ်လာပြီး ထိုစွမ်းအားများသည် ဆန်းလျန်ကို အရှေ့နှင့်အနောက် အရပ်မျက်နှာနှစ်ခုမှ ညှပ်ပြီးဖိနှိပ်ထားလေသည်။

ဆန်းလျန်သည် သူ၏ရွှေပြဒါးအမြုတေမှ တန်ခိုးစွမ်းအားများကို ထုတ်ယူအသုံးပြုလိုက်ပြီး မြေကြီးများပင် တုန်ခါသွားရလေသည်။ သူ၏ဝိညာဉ်စွမ်းအားများသည် ပတ်ဝန်းကျင်တွင်အကန့်အသတ်မဲ့ပျော်ဝင်သွားလေသည်။

ရေကဲ့သို့ကြည်လင်နေသည့် ဆန်းလျန်၏ခန္ဓာကိုယ်သည်နဂါးငွေ့တန်းအဖြစ် အသွင်ပြောင်းသွားလေသည်။ ထိုနဂါးငွေ့တန်းသည် တာ့ရှားကေရာဇ်ရှိရာသို့ ဦးတည်ပျံသန်းသွားလေတော့သည်။

ဆန်းလျန်၏ နဂါးငွေ့တန်းဓားသိုင်းသည် နဂါးငွေ့တန်းဓားသိုင်းကိုတည်ထွင်သူဆရာသခင်နှင့်ယှဉ်လျှင် ခြေဖျားပင်မမီသေးပေ။ သို့တိုင်အောင် ပတ်ဝန်းကျင်တစ်ခုလုံးမှ သစ်ပင်များသည် ပြာမှုန့်အဖြစ်သို့ ကူးပြောင်းသွားကြလေသည်။

နဂါးငွေ့တန်းသည် တာ့ရှားကေရာဇ်အနီးသို့ရောက်ခါနီးတွင်ကောင်းကင်ထက်သို့ ရုတ်တရက်ပျံသန်းထွက်ခွာသွားလေ

သည်။ ထို့နောက် ကောင်းကင်ထက်မှ မူလနဂါးငွေ့တန်းနှင့်
ချိတ်ဆက်မိသွားပြီး အလွန်အင်အားကြီးမားလာ ကာတာ့ရှား
ဧကရာဇ်ထံသို့ ပြန်လည်ဦးတည်ဝင်ရောက်လာလေသည်။
သို့သော် တာ့ရှားဧကရာဇ်သည် နေရာမှ တစ်ချက်မှ မရွေ့ခဲ့ပါ။
သူ၏ခန္ဓာကိုယ်မှာ အလွန်ကြီးမားသည့်စွမ်းအားများထွက်ပေါ်
နေပြီး မြေပြင်ထက်တွင် နက်ရှိုင်းသည့်အရာကြီးတစ်ခု ထွက်
ပေါ်လာလေသည်။

တာ့ရှားဧကရာဇ်သည် ကြောက်မက်ဖွယ်ကောင်းသည့် လျှောင်
စွမ်းအားကို စုပ်ယူပြီး အလွန်ကြီးမားသည့် နဂါးကြီးတစ်
ကောင်အဖြစ် အသွင်ပြောင်းလိုက်ခြင်း ဖြစ်လေသည်။
ထို့နောက် ကြီးမားသည့်တန်ခိုးစွမ်းအားလှိုင်းလုံးကြီးများနှင့်
အတူ နဂါးငွေ့တန်းဆီသို့ ပြေးဝင်သွားလေသည်။

တာ့ရှားကောရာဇ်သည် ရန်သူကိုတိုက်ခိုက်ရန်အတွက် သူ့တွင်ရှိသမျှ တန်ခိုးစွမ်းအား အားလုံးကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

တာ့ရှားကောရာဇ်၏ ပြင်းထန်လှသောတိုက်ခိုက်မှုနှင့်ရင်ဆိုင်လိုက်ရသည့်အခါ ဆန်းလျှန်သည် တစ်ချက်လေးမှ သတိလက်လွှတ်မဖြစ်ရဲပါချေ။ နဂါးငွေ့တန်းသည် မိုးရွာသကဲ့သို့ လေထုထဲတွင် ရုတ်တရက်ပျံ့နှံ့သွားလေသည်။

ထို့နောက် အလွန်ကြီးမားသည့် ပိုက်ကွန်ကြီးအဖြစ်ပြောင်းလဲသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို အဆက်မပြတ် မနားတမ်းရစ်ပတ်လိုက်လေတော့သည်။

တာ့ရှားကောရာဇ်၏ တန်ခိုးစွမ်းအားလှိုင်းလုံးကြီးများသည် နဂါးငွေ့တန်းမိုးရေများဖြင့်ဖန်ဆင်းထားသည့်ပိုက်ကွန်ကြီး ကို ဖျက်စီးနိုင်ခြင်းမရှိပေ။

ဆန်းလျှန်သည် တာ့ရှားကောရာဇ်၏ စွမ်းအားစီးဆင်းမှုကို
အာရုံခံကြည့်လိုက်ရင်း အခွင့်အရေးရလျှင် သုတ်သင်ပစ်နိုင်
ရန်အတွက် အသင့်ပြင်ထားလိုက်လေတော့သည်။

အခန်း (၅၇၀) တန်ပြန်တိုက်စစ်

အဆင့်မြင့်ကျင့်ကြံသူနှစ်ဦးတိုက်ခိုက်ကြသည့်အခါ တိုက်ပွဲ
သည် အလွန်ကြာမြင့်တတ်လေသည်။

သို့သော် သူနှင့်တာ့ရှားကေရာဇ်၏တိုက်ပွဲသည် ထိုမျှ အချိန်ကြာကြာတိုက်ခိုက်ရမလိမ့်မည်ဟု ထင်မထားခဲ့မိပေ။

နဂါးငွေ့တန်းပိုက်ကွန်သည် တာ့ရှားကေရာဇ်၏ တန်ခိုးစွမ်းအားများကို ဖိနှိပ်ထားနိုင်ခဲ့သော်လည်း တာ့ရှားကေရာဇ်က သူ၏တန်ခိုးစွမ်းအားများကို ဖောက်ခွဲထုတ်လိုက်သည့်အချိန်တွင် တောင့်မခံနိုင်ခဲ့ပါ။

တာ့ရှားကေရာဇ်၏တန်ခိုးစွမ်းအားများသည် သူ၏ကိုယ်ထဲတွင် နက်ရှိုင်းစွာတံဆိတ်ခတ်ထားသလို ဖြစ်နေသည့် အတွက်ဆန်းလျန်အနေဖြင့် ထိန်းချုပ်ရန် အခွင့်အရေးမရခဲ့ပေ။

အချိန်ကြာမြင့်စွာ တိုက်ခိုက်ခဲ့ကြသည့်တိုင် တာ့ရှားကေရာဇ်နှင့် ဆန်းလျန် နှစ်ယောက်စလုံးမှာ အင်အားများလျော့သွားခြင်းမရှိကြဘဲ အပြင်းအထန် ဆက်လက်တိုကခိုက်နေကြဆဲဖြစ်လေသည်။ သူတို့တိုက်ပွဲသည် တစ်ညတည်းနှင့်

အဆုံးသတ်နိုင်ရန်လိုအပ်လေသည်။ သို့သော် ထိုသို့ဖြစ်လာရန်မှာ မသေချာပေ။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် ရောင်စဉ်များဖြာထွက်နေပြီး လတစ်စင်းထွန်းလင်းနေသည့်အလားပင်ထင်မှတ်ရလေသည်။

တာ့ရှားကေရာဇ်ထံမှလည်း အလွန်ပြင်းထန်သည့်တန်ခိုးစွမ်းအားများသည် အဆက်မပြတ် စီးဆင်းထွက်ပေါ်လျှက် ရှိလေသည်။

တာ့ရှားကေရာဇ်သည် အဆုံးမရှိသည့် တွင်းနက်ကြီးတစ်ခုအလား ဖြစ်နေပြီး ပတ်ဝန်းကျင်မှ တန်ခိုးစွမ်းအားများအားလုံးကို စုပ်ယူနေလေသည်။ ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာကိုပင် တစ်ခါတစ်ရံတွင် စုပ်ယူရန် ကြိုးစားနေသည့်အလားပင်ဖြစ်တော့သည်။

ထို့ပြင် ဆန်းလျန်က မည်သည့်တန်ခိုးစွမ်းအားများဖြင့်

တိုက်ခိုက်နေပါစေ တာ့ရှားကေရာဇ်ကလည်း မကုန်ခမ်းနိုင်

သည့် တန်ခိုးစွမ်းအားများဖြင့် အဆက်မပြတ်တိုက်ခိုက်နေဆဲ

ဖြစ်လေသည်။ မည်သည့်အခါမှ မောပန်းနွမ်းနယ်သွားခြင်းမရှိ

သည့် မြစ်တစ်စင်းနှင့်ပင် ဆင်တူလေ၏။

ဆန်းလျန်သည် တာ့ရှားကေရာဇ်ကို အနိုင်ယူရန်မှာ ထင်

သလောက်မလွယ်ကြောင်း သဘောပေါက်သွားလေသည်။

ယွမ်ယန်ကိုကူညီနေသည့် နတ်မိစ္ဆာမဟာတန်ခိုးရှင်သည်ပင်

လျှင် တာ့ရှားကေရာဇ်ကို မယှဉ်နိုင်သည်ကိုမအံ့သြတော့ပါ။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားမြင့်တင်မှုကျင့်စဉ်သည် လင်ပေါ

င်ထျန်းကျွင်းကိုသာ ဆင့်ခေါ်နိုင်ခြင်းမရှိပါက တာ့ရှား

ကေရာဇ်၏ တန်ခိုးစွမ်းအားများကြောင့် အချိန်တိုင်းထိခိုက်မိ

နေသည့် သူ၏ မူလဝိညာဉ်ခန္ဓာကို ထိုမျှမြန်မြန် ပြန်လည်

ပြုပြင်နိုင်မည်ပင် မဟုတ်ပေ။ သို့သော် တာ့ရှားကေရာဇ်နှင့်

ဆက်လက်တိုက်ခိုက်မည်ဆိုပါက အချိန်ကြာလာသည်နှင့်အမျှ ဆန်းလျန်ဘက်မှ ရှုံးနိုင်ချေများနေလေသည်။

သို့သော် အားသာချက်မှာ ဆန်းလျန်သည် ကိုယ်ပွားဖန်ဆင်းထားခြင်းတစ်ခုဖြစ်သည့်အတွက် တာ့ရှားကောရာဇ်ကို ရှုံးနိမ့်သွားလျှင်ပင် သူ၏နတ်ဘုရားစွမ်းအားအနည်းငယ်သာ ထိခိုက်နိုင်ပြီး သူ၏မူလဇာစ်မြစ်ကတော့ ပျက်စီးသွားနိုင်မည် မဟုတ်ပေ။

ဆန်းလျန်က တာ့ရှားကောရာဇ်ကို ပညာပေးချင်ရုံသာဖြစ်ပြီး တာ့ရှားကောရာဇ်ကတော့ ဆန်းလျန်ကို နတ်နတ်စင်းချင်နေမိလေသည်။ သို့သော် ဆန်းလျန်သိလိုက်ရသည်မှာ တာ့ရှားကောရာဇ်ကို သတ်ရန်ထက် တာ့ရှားကောရာဇ်ကို ပညာပေးရန်မှာ ပိုပြီးခက်ခဲသည်ဆိုသည့်အချက်ပင် ဖြစ်လေသည်။

ဆန်းလျန်သည် ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်စွာ ပြုံးလိုက်ပြီး ....

"မင်းကြီးက ကျုပ်ကို တကယ်ပဲ သတ်ချင်နေတာလား..."

ထိုမျှ ပြင်းထန်စွာတိုက်ခိုက်နေသည့်အချိန်မှာပင် ပြုံးပြီး စကားပြောနေနိုင်ဆဲဖြစ်သည့်ဆန်းလျန်ကိုကြည့်ပြီး ဆန်းလျန်မှ မည်မျှတည်ငြိမ်သူဖြစ်သည်ကို သဘောပေါက်သွားလေသည်။

ထို့ကြောင့် တာ့ရှားဧကရာဇ်သည် ပိုပြီး ပြင်းထန်စွာ ထပ်မံတိုက်ခိုက်လိုက်လေသည်။

တာ့ရှားဧကရာဇ်၏ ရုပ်ခန္ဓာသည် ရွှေတိုင်ကြီးတစ်ခုအလား သန်မာလွန်းလေသည်။ မည်သည့်အခါမှ ပြိုလဲနိုင်မည်မဟုတ်ဟု လူအများကို ခံစားရစေသည်။ သူ့ထံမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များထွက်ပေါ်လာပြီး လေထုတစ်ခုလုံးကို ထိတ်လန့်ဖွယ်ရာ ဖုံးအုပ်သွားလေသည်။

တစ်ချိန်တည်းမှာပင်...

သူ၏ဦးခေါင်းထက်တွင် နက်မှောင်သည့်ဓားတစ်လက် ပေါ်ထွက်လာလေသည်။

ထိုဓားဆီမှ တန်ခိုးစွမ်းအားများထွက်ပေါ်နေပြီး လေထုတစ်ခုလုံးသည် မုန်တိုင်းတိုက်ခတ်သည့်အလား တုန်ခါသွားလေသည်။ ထိုစွမ်းအားများသည် ဆန်းလျန်ရပ်တည်နေသည့် ခြေထောက်အောက်ရှိ တိမ်တိုက်ကိုပင် အရည်ပျော်သွားစေသည့်အတွက် ဆန်းလျန်သည် လေထဲတွင် ဒီအတိုင်းပင် ရပ်တန့်နေရလေသည်။

ဆန်းလျန်သည် တာ့ရှားကေရာဇ်ထံမှ မိစ္ဆာဓားကောက်ကြီး၏ အေးစိမ့်မှုကို ခံစားလိုက်ရလေသည်။ ထိုအေးစိမ့်မှုများထဲတွင် မုန်းတီးနာကျည်းမှုများလည်းပါဝင်နေလေသည်။ မိစ္ဆာဓားကောက်ကြီးမှ မိစ္ဆာစွမ်းအားများသည် ဆန်းလျန်ကို တစ်စစီဖြစ်အောင် ခုတ်ထစ်ပစ်တော့မည့်အလား ထင်မှတ်ရလေသည်။

စွန့်ပစ်ခံရသည်ဟူသောခံစားချက်သည် အမုန်းတရားကို ဖြစ်ပေါ်စေလေသည်။

သို့သော် ဆန်းလျန်သည် မိစ္ဆာဓားကောက်ကြီးကို အာရုံစူးစိုက်ခြင်း မရှိပါ။ သူက တာ့ရှားဧကရာဇ်၏ မျက်ဝန်းများကိုသာ စိုက်ကြည့်နေလေသည်။

ဆန်းလျန်၏အမေးကို တာ့ရှားဧကရာဇ်က နှုတ်ဖြင့်မဖြေဘဲ အလုပ်ဖြင့် သက်သေပြလိုက်ပြီ ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်လေသည်။

သူ၏စိတ်လက်များပေါ့ပါးနေပြီး တစ်ချိန်တည်းမှာပင် သူ၏မူလဝိညာဉ်ခန္ဓာသည် မိုးမြေစွမ်းအားများနှင့်ဆက်သွယ်မှု ဖြတ်တောက်ပစ်လိုက်လေသည်။ ထိုအခါ သူ၏မူလဝိညာဉ်ခန္ဓာသည် ပိုပြီးသိပ်သည်းသွား လေတော့သည်။

ဆန်းလျန်သည် သူ၏တန်ခိုးစွမ်းအားများကို စုစည်းပြီးသွားသည်နှင့် တာ့ရှားကေရာဇ်၏ဓားချက်က သူ့ထံသို့ ဝင်ရောက်လာလေသည်။

တာ့ရှားကေရာဇ်၏တိုက်ခိုက်မှုက ကျောက်သားအလားတည်ငြိမ်လေသည်။

တိုက်ကွက်များက ဆွဲဆောင်မှုမရှိသော်လည်း သတ်ဖြတ်ရန်ဆုံးဖြတ်ချက်ခိုင်မာနေသည့်အတွက် ပြင်းထန်လွန်းလှသည်။

ဆန်းလျန်မှာ သူမည်မျှပင် ခုခံကာကွယ်ပါစေ ဓားဖြင့်အထိုးခံရတော့မည့်အလား ခံစားနေရလေသည်။

တာ့ရှားကေရာဇ်၏ ဓားချက်မှာ “အကြောင်းတရား” ဖြစ်ပြီးဆန်းလျန်ခံစားနေရသည့်ခံစားချက်က “အကျိုးတရား” ဖြစ်လေသည်။ အကြောင်းအကျိုးဆိုသည်မှာ မိုးနှင့်မြေတွင် မပြောင်းလဲနိုင်သည့် နိယာမတစ်ခုပင်ဖြစ်လေသည်။ တာ့ရှား

ကေရာဇ်၏ မိစ္ဆာဓားသည် တာ့ရှားကေရာဇ်၏ ဉာဏ်ပညာ၏သက်သေအထောက်အထားပင် ဖြစ်လေသည်။ ဆန်းလျန်သည် နဂါးငွေ့တန်းဓားသိုင်းကို အသုံးပြုကာ ထိုမိစ္ဆာဓားကောက်ကြီးကို ကာကွယ်လိုက်လေသည်။ သူ၏ရေကွဲ့သို့ ကြည်လင်နေသည့် လက်ဖဝါးနှစ်ဖက်ကို ဖြန့်ကျက်လိုက်ပြီး နဂါးငွေ့တန်းဓားဝိညာဉ်ကို ကျယ်ပြန့်သည်ထက်ကျယ်ပြန့်အောင် ချဲ့ထွင်လိုက်သည်။

ထိုအခါ.... လေထုထဲတွင် နှင်းများကျဆင်းလာလေသည်။ တာ့ရှားကေရာဇ်၏ နတ်မိစ္ဆာဓားကောက်ကြီးကလည်း ရပ်တန့်သွားခြင်းမရှိပါ။

သို့သော်... ဆန်းလျန်သည် နှင်းမှုံများကြားထဲတွင် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီဖြစ်လေသည်။

အခန်း (၅၇၁) ကမ္ဘာကလေးစားရတဲ့လောကရဲ့ရတနာ

နှင်းများသည် သာမန်နှင်းများနှင့်မတူပါ။

ထိုနှင်းများသည် ဆန်းလျန်၏ တာအိုကျင့်စဉ်လမ်းကို

ကိုယ်စားပြုလေသည်။ ဆန်းလျန်၏တန်ခိုးစွမ်းအား

သိပ်သည်းမှုများဖြင့် ဖွဲ့စည်းထားသည့် နှင်းများဖြစ်လေသည်။

ဆန်းလျန်သည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံ

အောင်မြင်ပြီးသူတစ်ယောက် ဖြစ်သည့်အတွက် ထိုက်ရှီး

နည်းဗျူဟာကျင့်စဉ်၏ တန်ခိုးစွမ်းအားရှစ်ခုကိုအခြေပြုပြီး

သန်းနှင့်ချီသည့်တန်ခိုးစွမ်းအားများကိုဖန်ဆင်းကာ တာ့ရှား

ဧကရာဇ်ကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ထိုအခွင့်အရေးကို စောင့်နေသည်မှာ အလွန်ကြာပြီ ဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် သူ၏မိစ္ဆာဓားကောက်ကြီးကိုဆွဲထုတ်လိုက်သည်နှင့် သူ့ကို မည်သည့်အရာကမှတားဆီး နိုင်မည်မဟုတ်ပေ။ ထိုမိစ္ဆာဓားကောက်ကြီးသည် တာ့ရှားကေရာဇ်ကို ပြန်လည်တည်ဆောက်ပေးနိုင်သည့် တစ်ခုတည်းသော အခွင့်အရေးဖြစ်လေသည်။ ဆန်းလျန်သည် ယခင်ကတိုက်ပွဲများကဲ့သို့ တိုက်ခိုက်ပါကအချိန်အလွန်ကြာနေပြီး ထိခိုက်မှုလည်း များမည် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်သည် အချိန်မဆွဲလိုတော့သည့်အတွက် တာ့ရှားကေရာဇ် မိစ္ဆာဓားကောက်ကြီးကိုဆွဲထုတ်လာအောင် ပြုလုပ်လိုက်ခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင်...

မိုးနှင့်မြေမှ ပူဆွေးနေသည့် ဝိညာဉ်များ၏ အော်ဟစ်သံများ ထွက်ပေါ်လေသည်။

သူတို့နှစ်ယောက်၏တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့ကြသည့် အပြစ်မဲ့ဝိညာဉ်များသည် ကမ္ဘာမြေပေါ်သို့ ထွက်ပေါ်လာပြီး သေခြင်းမြစ်ကမ်းတွင် စုရုံးရောက်ရှိလာကြလေသည်။

ဆန်းလျှန်သည် လေထဲတွင် မလှုပ်မယှက် မတ်တပ်ရပ်နေပြီး သူ၏နတ်ဘုရားစိတ်အာရုံထဲတွင် မိန်းမပျိုတစ်ယောက်၏ ပုံရိပ်ပေါ်လာလေသည်။ မိန်းမပျိုသည် ဆံပင်အနက်ရောင်ရှိပြီး အသားအရေက ဆီးနှင်းကဲ့သို့ဆွတ်ဆွတ်ဖြူနေလေသည်။

သူမသည် ဖိနပ်မပါဘဲ ခြေဗလာဖြင့် ပလ္လင်ထက်တွင်မတ်တပ်ရပ်နေပြီးသူမ၏လက်ထဲတွင် ပုလွေတစ်ချောင်းကို ကိုင်ထားလေသည်။ ကျောက်စိမ်းသားကဲ့သို့လှပလွန်းသည့် သူမလက်ချောင်းများတစ်ချက်လှုပ်ရှားသွားပြီးသူမ သည်ပုလွေကို စတင်တီးမှုတ်လေသည်။

ပုလွေသံထွက်ပေါ်လာသည့်အခါ သေဆုံးပြီးသည့်ဝိညာဉ်

များသည် သေခြင်းမြစ်ကမ်းနံဘေးသို့ စုရုံးရောက်ရှိလာကြ

လေသည်။

"မိုးကောင်းကင်အောက်မှာ လူတစ်ယောက်ရဲ့နှစ်ပေါင်းတစ်

ရက်ဆိုတဲ့သက်တမ်းဟာ ဘာကြာလို့လဲ ၊ ဘဝဆိုတာ အိပ်မက်

တစ်ခုလိုပါပဲ ၊ တည်မြဲတဲ့အရာ ဘာတစ်ခုမှ မရှိပါဘူး"

မိန်းမပျိုကိုဝန်းရံထားသည့် စစ်သည်တော်များက သီချင်းတစ်

ပုဒ်ကို ဆိုနေကြပြီး ကခုန်မြူးတူးနေကြလေသည်။

ဂီတသံနှင့်အတူ မရေမတွက်နိုင်အောင် များပြားလှစွာသော

ဝိညာဉ်များသည် လေထဲတွင် ပျံဝဲနေကြပြီးသေခြင်းမြစ်ကမ်း

တွင်လည်း စုပြုံလျှက် ရှိကြလေသည်။

တာ့ရှားကေရာဇ်၏မျက်လုံးများသည် နေရောင်ခြည်ကဲ့သို့

လင်းလက်တောက်ပနေလေသည်။ မျက်ဝန်းများဆီမှ

ရွှေရောင်အလင်းတန်းနှစ်ခု ထွက်ပေါ်လာပြီး မိစ္ဆာဓား

ကောက်ကြီးသည် လေထံသို့ ပျံတက်သွားလေသည်။

ဓားသွားဆီမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များသည်

လောကတစ်ခုလုံးကိုဖျက်စီးတော့မည့်အလား အရှိန်ပြင်းစွာ

ထွက်ပေါ်လျှက် ရှိလေသည်။

ဓားသွားမှ စွမ်းအားများသည် ဆန်းလျန်ဖန်ဆင်းထားသည့်

နှင်းပွင့်များကို တစ်ခုချင်း ခုတ်ဖြတ်ပစ်လိုက်ပြီး တန်ခိုး

စွမ်းအားလှိုင်းလုံးများသည် ဒီရေလှိုင်းများအလား

ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် လေထဲတွင် ထွက်ပေါ်လာ

ပြီး လရောင်ကဲ့သို့ တောက်ပထွန်းလင်းနေလေသည်။

သေခြင်းမြစ်ကမ်းမှ တစ္ဆေများသည်လည်း မပျက်စီးနိုင်သည့်

ကြိုးများကဲ့သို့ မဆုတ်မနစ်ဖြင့် ရပ်နေကြလေသည်။

တာ့ရှားကေရာဇ်သည် မိစ္ဆာဓားကောက်ကြီးကိုမနားတမ်းခုတ်လွှဲနေပြီး ဆန်းလျန်ထွက်ပေါ်လာစေရန် ကြိုးစားနေလေသည်။

တာ့ရှားကေရာဇ်က....

"မင်းက မက်မွန်ပင်နဲ့ ချယ်ရီပင်ကို အစားထိုးပြီး ကျုပ်ကို လှည့်စားလို့ရမယ်လို့ ထင်နေလား"

ထိုအချိန်ခဏလေးမှာပင် ဆန်းလျန်သည် တာ့ရှားကေရာဇ်၏ ထက်မြက်သည့်ဝိညာဉ်စွမ်းအားများကို အလွန်မှ လေးစားမိလိုက်လေသည်။ အစဉ်အဆက်အသုံးဝင်ခဲ့သည့် "မက်မွန်ပင်နှင့်ချယ်ရီပင်ကိုအစားထိုးခြင်း" နည်းလမ်း သည်တာ့ရှားကေရာဇ်ကို မည်သို့မှ အရူးလုပ်နိုင်မည် မဟုတ်ပေ။

မိစ္ဆာဓားကောက်ကြီးက ဆန်းလျန်ထွက်ပေါ်လာစေရန်အတွက် အဆက်မပြတ်ဖိအားပေးနေသော်လည်း ဆန်းလျန်သည်လေထဲတွင် ဆက်လက်ရပ်တန့်နေဆဲ ဖြစ်လေသည်။ သူ၏စိတ်

အာရုံများသည် ပလ္လင်ထက်မှ မော်ဆရာမလေး ကိုဖြတ်သန်း

သွားလေသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် လရောင်ကဲ့သို့တောက်ပနေ

ပြီး အလင်းရောင်များသည် မှိုပွင့်သဏ္ဍာန်ဖြာကျနေ လေသည်။

သူ၏ တန်ခိုးစွမ်းအားများကြောင့် သေခြင်းမြစ်ကမ်းသည်

တုန်လှုပ်သွားပြီး ဝိညာဉ်များ၏ မရေမတွက်နိုင်သောအော်ဟစ်

သံများကို ကြားရလေသည်။

ဆန်းလျန်သည် ဝိညာဉ်များ၏ စွမ်းအားများမြင့်တက်လာ

သည်ကို ခံစားလိုက်မိသည်နှင့် ထိုနေရာမှချက်ချင်းထွက်ခွာ

လာခဲ့လေသည်။

ဆန်းလျန်ထွက်ခွာသွားသည်ကို ရိပ်မိလိုက်သည်နှင့် တာ့ရှား

ဧကရာဇ်ကလည်း ဆန်းလျန်နောက်သို့လိုက်ရန်ပြင်လိုက်လေ

သည်။

ထိုအချိန်...

မှော်ဆရာမလေး၏စကားသံသည် သူ့နားထဲသို့ ဝင်ရောက်လာလေသည်။

"တာ့ရှားကေရာဇ်… ရှင်ရှေ့ကိုဆက်သွားမယ်ဆိုရင် သေ့ွးနီရောင်ပင်လယ်ပဲ ရှိတော့တယ်"

တာ့ရှားကေရာဇ်သည် ထိုမိန်းကလေး၏အသံကိုကြားရသည့်အခါ မုန်းတီးစွာဖြင့် ဒေါသထွက်သွားသည့်တိုင် ဆန်းလျန်နောက်သို့ လိုက်ရန်လက်လျှော့လိုက်လေသည်။

ထိုအချိန်တွင်…

မှော်ဆရာမလေးကိုဝန်းရံကာခုန်နေကြသည့် စစ်သည်တော်များသည် လဲပြိုသွားပြီး သူတို့၏ခန္ဓာကိုယ်မှ မီးခိုးများ ထွက်ပေါ်လာပြီး အငွေ့ပျံသွားကြလေသည်။ ထိုသူများမှာ သေဆုံးသွားကြပြီး ဝိညာဉ်များမှာလည်း ပျက်စီးသွားကြပြီ ဖြစ်လေသည်။

စောစောက မော်ဆရာမိန်းမပျိုလှည့်စားခဲ့သည့် ပုလွေသံသည် သာမန်မျှမဟုတ်ကြောင်း ထင်ရှားလေသည်။

ဆန်းလျန်သည် တောစပ်တွင်ရောက်နေပြီး တောစပ်ကိုဖြတ်ကျော်လိုက်လျှင် သွေးနီရောင်ပင်လယ်ကိုရောက်ရှိတော့မည်ဖြစ်လေသည်။ သူသည် တာ့ရှားဧကရာဇ်အား သွေးနီရောင်ပင်လယ်သို့ ခေါ်သွားချင်မိသော်လည်း ယခုတော့မဖြစ်နိုင်တော့ပေ။

ပုလေမှုတ်နေသည့်မော်ဆရာမသည် မည်သူဖြစ်သည်ကို ဆန်းလျန်ကောင်းကောင်းသိလေသည်။

သူမသည် "ချန်ယွင်" ပင်ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏ရုပ်ခန္ဓာကိုဆုံးရှုံးထားခဲ့ပြီဖြစ်သော်လည်း သူ၏ သွေးသား အနှစ်သာရများနှင့်တန်ခိုးစွမ်းအား များသည် မူလဝိညာဉ်ခန္ဓာနှင့် ပေါင်းစပ်နေခဲ့လေသည်။

ရဟန်းမင်းကြီးည် ကွယ်လွန်သွားသည်ဖြစ်သည့်တိုင် ဆန်းလျ
န်ကို လှည့်စားရန်အတွက် လှည့်ကွက်များကို ချန်ထားခဲ့လေ
သည်။ ဆန်းလျန်သည် အကြင်နာတရားကင်းမဲ့သူတစ်ယောက်
သာဖြစ်လျှင် ချန်ယွင်ကို ချက်ချင်းပင်သတ်ပစ်လိုက်မိမည်
ဖြစ်လေသည်။ ချန်ယွင်သည် တာ့ရှားကေရာဇ်၏
ဘက်တော်သားဖြစ်သည့်တွက် ချန်ယွင်ကိုသုတ်သင်ပစ်လိုက်
ခြင်းဖြင့် တာ့ရှားကေရာဇ်ကို အနိုင်ယူရန် ပိုမိုလွယ်ကူမည် ဖြစ်
လေသည်။

သို့သော်... ဆန်းလျန်သည် အကြင်နာတရားကင်းမဲ့သူတစ်
ယောက် မဟုတ်ပါ။

ထို့ပြင် သူသည် သွေးနီရောင်ပင်လယ်သို့ရောက်သည့်အခါ သူ
ပြုလုပ်ရန်စီစဉ်ထားသည့် မရဏာဓားကိုလည်း အပြီးသတ်
ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။ ချန်ယွင်ကို အသက်ရှင်

လျက်ချန်ထားခဲ့ပြီး တာ့ရှားကေရာဇ်ကိုနှိမ်နင်းနိုင်မည့်အခြား

သောအခွင့်အရေးများ ပေါ်လာဦးမည် ဖြစ်လေသည်။

သွေးနီရောင်ပင်လယ်...

သွေးနီရောင်ပင်လယ်ကို ဖြတ်တိုက်လာသည့်လေမှ ဆားငံရနံ့

နှင့်အတူသွေးနံ့များပါ ပါလာလေသည်။ သို့သော် ထိုရနံ့

များသည်စက်စုပ်စရာမကောင်းလှပါ။

လွန်ခဲ့သည့်ဆယ်နှစ်ကျော်ခန့်က သူသည် သွေးနီရောင်

ပင်လယ်ကိုဖြတ်ကာ ရှီးလျန်ပြည်တွင် လူအဖြစ်ပြန်ဝင်စားခဲ့

လေသည်။ ယခုလည်း သွေးနီရောင်ပင်လယ်သို့ ပြန်လည်

ရောက်ရှိလာခဲ့ပြန်လေသည်။ ထို့ပြင် ဆရာဘိုးဘိုး ယွမ်ချင်း

သည်လည်း သွေးနီရောင်ပင်လယနှင့် ဆက်စပ်ပတတ်သက်မှု

ရှိသည်ဟု ထင်ရလေသည်။ ထိုအတွေးက သူ့ခေါင်းထဲသို့ဝင်

ရောက်လာသည်နှင့် စိတ်ထဲတွင် ထူးဆန်းသလို ခံစားနေမိလေ

သည်။

"ကမ္ဘာကလေးစားရတဲ့ လောကရဲ့ရတနာ တိကျန်ဗောဓိသကျ ကို ကိုးကွယ်ပါတယ်.... ၊ နောက်ဆုံးတော့ မင်းရောက်လာပြီပေါ့..."

ဆန်းလျန်သည် ဗုဒ္ဓဘာသာကျမ်းစာရွတ်ဆိုသံကို ကြားလိုက်ရလေသည်။

ထိုအသံကိုကြားသည်နှင့် ဆန်းလျန်ဆီမှ ရွှေရောင်ကျမ်းစာတစ်ခု ပျံဝဲထွက်ခွာသွားပြီး ဆန်းလျန်ရှေ့တွင် ရွှေရောင်အလင်းတန်းများလင်းလက်လာပြီး ရွှေရောင်စေတီတော်တစ်ဆူတည်ရှိနေသည့် တောင်တစ်တောင်သည် ဆန်းလျန်ရှေ့တွင် ပေါ်လာလေသည်။

ထိုတောင်ကြီးမှာ မြေပြင်ထက်တွင် တည်ရှိနေသည့် တောင်တစ်တောင်မဟုတ်ပါ။ လေထဲတွင် ပျံသန်းမျောလွင့်နေသည့် တောင်တစ်တောင် ဖြစ်လေသည်။ တောင်ထိပ်တွင် ရောင်စုံတိမ်တိုက်များဖုံးလွှမ်းနေပြီး ရောင်စဉ်အလင်းတန်းများဖျာ

လင်းနေလေသည်။ မြင်တွေ့ရသည်မှာ အလွန်မှ ခမ်းနားလှလေ
သည်။
ဆန်းလျန်ဆီမှ ပျံသန်းထွက်ခွာသွားသည့် ကျမ်းစာမှ တာ့
ကြွယ်ကျောင်းတော်မှ ဆရာတော်ပေးအပ်ခဲ့သည့် မဟာယာန
ကျမ်းစာဖြစ်လေသည်။
ထိုကျမ်းစာမှာ ဆန်းလျန်ကို သိပ်ပြီးအထောက်အကူမပြုလှ
သော်လည်း သွေနီရောင်ပင်လယ်ထဲတွင်တော့ ထိုကျမ်းစာ
သည် ထူးဆန်းအံ့ဩဖွယ်ရာဖြစ်နေတော့သည်။

အခန်း (၅၇၂) အတိတ်ဆီမှလူတစ်ယောက်

ဗုဒ္ဓကျမ်းစာရွတ်ဖတ်သံတိုးတိုးထဲတွင် စကြာဝဠာတစ်ခုလုံး ပါဝင်နေသည့်အလား ထင်မှတ်ရလေသည်။ စေတီတော် ထက်တွင်သက်တန့်ကွေးတစ်ခုပေါ်လာလေသည်။ စေတီတော်မှ ရောင်ခြည်တော်များဖြာထွက်နေပြီး အလွန်မှ သပ္ပါယ်လွန်းလေသည်။ ထိုနေရာမျိုးတွင် ကိုယ်ကျင့်သီလနှင့်ပြည့်စုံသည့် ဘုန်းတော်ကြီးများသာ နေထိုင်နိုင်မည် ဖြစ်လေသည်။

လွန်ခဲ့သည့် ဆယ်နှစ်ကျော်ခန့်က သွေးနီရောင်ပင်လယ်ထဲသို့ ဆန်းလျန် ကျရောက်လာခဲ့လေသည်။ ထိုအချိန် တုန်းက ပင်လယ်ထဲတွင် ပျောက်ဆုံးနေသည့်ဝိညာဉ်များကို လွတ်မြောက်စေသည့် ရောင်ခြည်တစ်ခု ပေါ်ထွက်လာခဲ့ဖူးသည်ကိုသူသတိရမိသည်။ ထိုရောင်ခြည်ကိုပင်အသုံးပြုကာ ဆန်းလျန်သည် သွေးနီရောင်ပင်လယ်ထဲမှ လွတ်မြောက်ပြီး လူပြန်ဝင်စားနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ရွှေရောင်အလင်းတန်းများကို မျှော်ကြည့်နေမိလေသည်။ ထိုရွှေရောင်အလင်းတန်းများကို မြင်သူတိုင်းလည်း သူကဲ့သို့ပင် ခံစားကြရမည် ဖြစ်လေသည်။

သို့သော် ဆန်းလျန်သည် ရွှေရောင်အလင်းတန်းများကို မျှော်ကြည့်နေသည့်တိုင် သူ့ခြေထောက်များကတော့ တစ်ချက်မှရွှေ့လျားခြင်း မရှိပေ။

"မင်းက ကျုပ်ကိုမတွေ့ချင်ဘူးလား"

ထိုအသံသည် ဆန်းလျန်၏စိတ်အာရုံတွင်သာ ထင်ဟပ်လာခြင်းဖြစ်ပြီး အခြားသောပြင်ပကမ္ဘာတွင်ကြားရဟန်မရှိပါ။ ဆန်းလျန်၏ စိတ်အာရုံထဲတွင် ဘုန်းတော်ကြီးတစ်ပါး၏ပုံရိပ်ထင်ဟပ်လာလေသည်။ ထိုဘုန်းတော်ကြီးမှာ ငယ်ရွယ်ပြီးအလွန်မှ ကြည်ညိုဖွယ်ရာကောင်းလေသည်။ ပေါင်ယွဲ့ဆရာတော်ကြီးထက်ပင် အနည်းငယ်ပိုပြီး ကြည်ညိုဖွယ်ရာကောင်းနေသေးသည်။

ဘုန်းတော်ကြီး၏ပုံရိပ်ဆန်းလျန်၏စိတ်အာရုံတွင်ပေါ်လာခြင်း မှာရိုးရှင်းခြင်းမရှိပါ။ ထိုဆရာတော်သည့် ဗုဒ္ဓဘာသာကျောင်း တော်များ၏ "အတွေးပြောင်းလဲခြင်း" တန်ခိုးစွမ်းအားကို အသုံးပြုထားခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ချက်ချင်းပင် သူ၏စိတ်ထဲတွင် လင်ပေါင်ထျန်းကျွင်း၏ပုံရိပ်ကို မြင်ယောင်လိုက်လေသည်။

ထိုအခါ ဘုန်းတော်ကြီး၏ပုံရိပ်သည် ချက်ချင်းထွက်ခွာသွားပြီး ဆန်းလျန်က အတွေးအာရုံထဲတွင်ပင် ဓားတစ်လက် ဖန်ဆင်းကာ ဘုန်းတော်ကြီးကို ထိုးစိုက်ချလိုက်လေသည်။ ထို ခဏအတွင်းမှာပင် ဘုန်းတော်ကြီး၏ပုံရိပ်သည် သဲလွန်စမကျန် ပျောက်ကွယ်သွားလေတော့သည်။

လေပြင်းများတိုက်ခတ်လာပြီး စေတီတော်ဆီမှ ခေါင်းလောင်းသံများ ထွက်ပေါ်နေလေသည်။ စေတီတော်တည်ရှိရာ တောင်ထိပ်တွင် မုန်တိုင်းတိုက်ခတ်နေဟန်ရှိလေသည်။ ဆန်း

လျှန်၏နားထဲတွင် ဘုန်းတော်ကြီးများစုဝေးပြီး တရားစာ
ရွတ်ဖတ်သံများကို ကြားနေရလေသည်။ ထိုတရားစာရွတ်ဖတ်
သံများကြောင့် ဆန်းလျှန်၏စိတ်နှလုံးထဲတွင် ပုံဖော်ထားသည့်
လင်ပေါင်ထျန်းကျွင်း၏ပုံရိပ်သည် ပျောက်ကွယ်သွားရလေ
သည်။

လင်ပေါင်ထျန်းကျွင်းသည် အလွန်မြင့်မြတ်သည့် ဖြစ်တည်မှု
တစ်ခု ဖြစ်လေသည်။ ဆန်းလျှန်သည် လင်ပေါင်ထျန်းကျွင်းကို
အာရုံစူးစိုက်လိုက်သည်နှင့် ထိုက်ယီထျန်းရှန်းအဆင့်နတ်
ဘုရားတစ်ပါး (သို့မဟုတ်) မဟာစကြဝဠာဓိသကျတစ်ပါး
အလား တန်ခိုးစွမ်းအားများ မြင့်မားလာလေ့ရှိလေသည်။

ဆန်းလျှန်ကပြုံးလိုက်ရင်း...

“ဒီနေ့တော့ နေ့ကောင်းရက်မြတ်မဟုတ်သေးဘူး ၊ နောက်
တစ်ခါမှပဲ တပည့်တော် လာလည်ပါ့မယ်”

တာ့ကြွယ်ကျောင်းတော်မှ သူ့ကိုပေးခဲ့သည့် မဟာယာန ကျမ်းစာသည် ထိုဘုန်းတော်ကြီးကို ထွက်ပေါ်လာစေသည့် အကြောင်းရင်းပင် ဖြစ်လေသည်။

ဆန်းလျန်သည် မည်သည့်နေရာတွင်မဆို ဆန်းလျန်ပင်ဖြစ်လေ သည်။

သူက မဟာစကြာဗောဓိသကျတစ်ပါးပါး (သို့မဟုတ်) မည် သည့်တန်ခိုးရှင်များမဆို သူ့ကို လွှမ်းမိုးချုပ်ကိုင်ရန် ကြိုးစားသည်ကို လိုလားသူမဟုတ်ပါ။ သူ၏ကံကြမ္မာကို သူ ကပင် ဆုံးဖြတ်ချင်သူ ဖြစ်လေသည်။

စကားပြောပြီးသည်နှင့် ဆန်းလျန်သည် ချက်ချင်းပင် ထွက်ခွာ သွားလေသည်။

သို့သော် သူမည်သို့ပင်ထွက်ခွာပါစေ ရွှေရောင်အလင်းတန်း များနှင့် လေထဲတွင်ပျံသန်းနေသည့်တောင်ကြီးသည် သူနှင့် အနည်းဆုံးသုံးပေအကွာတွင်သာ ရှိနေလေသည်။

“ပင်လယ်ရေက အကန့်အသတ်မဲ့တယ် ၊ ကမ်းခြေကတော့ မင်းရှေ့မှာရှိနေတယ် ၊ မင်း ခေါင်းမမာချင်စမ်းပါနဲ့”

ဘုန်းတော်ကြီး၏အသံကို ကြားလိုက်ရလေသည်။

ဆန်းလျှန်သည် မည်မျှပင်ကြိုးစားပါစေ ထိုနေရာမှ မလွတ်မြောက်နိုင်ဖြစ်နေရလေသည်။

ဆန်းလျှန်သည် သူ့ကိုယ်သူ ရယ်ချင်စိတ်ပေါက်သွားမိလေသည်။

တာ့ရှားကေရာဇ်သာ သူ ယခုကဲ့သို့ ထောင်ချောက်မိနေသည်ကိုသိလျှင် သူ့နောက်သို့ လိုက်မလာမိသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်နေမည် ဖြစ်လေသည်။

သို့သော် ဆန်းလျှန်ကရယ်ချင်စိတ်ပေါက်သွားမိသည့်တိုင် မရယ်မောခဲ့ပါ။

“လူတစ်ယောက်ဟာ လွတ်မြောက်ဖို့ကြိုးစားလေ မလွတ်မြောက်နိုင်လေပါပဲ ၊ ဆရာတော်က ရှေ့မှာ ကမ်းခြေရှိနေ

တယ်လို့ပြောတယ်၊ ဒါပေမယ့် ကျုပ်ရှေ့မှာ တကယ်ရှိနေတာ ကမ်းခြေမဟုတ်ခဲ့ဘူး၊ ဒီတော့ ကျုပ်ကဘယ်ကိုသွားရမှာလဲ”

“သိပ်ကောင်းတယ်၊ မင်းက ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး တော်တော်နားလည်ထားတဲ့သူပဲ၊ ဒါကိုကြည့်ခြင်းအားဖြင့် မင်းက ဗုဒ္ဓနဲ့ရေစက်ပါသူတစ်ယောက်ပဲ၊ ဒါကြောင့် ကျုပ်က မင်းကို မသွားခိုင်းတာပဲ”

ဆရာတော်၏စကားသံက ငြင်းနိုင်စရာမရှိပေ။

သို့သော် ဆန်းလျန်ဆိုသည်က ဆရာတော်ကို သူကိုယ်တိုင်တွေ့ ချင်လျှင် တစ်လောကလုံးက တားဆီးနေသည့်တိုင် သွားတွေ့ မှာဖြစ်ပြီး သူက မတွေ့ချင်ဘူးဆိုလျှင်လည်း လုံးဝ တွေ့ဆုံ လိမ့်မည် မဟုတ်ပါ။

ဆန်းလျန်သည် သူ၏စိတ်အာရုံများမပျံ့လွင့်စေရန် ထိန်းချုပ် ထားလေသည်။

သူသည် ရှေ့သို့ မသွားလိုပါက ထွက်ပြေးရန်လိုအပ်သည်။

သို့သော် ဘုန်းတော်ကြီး၏တန်ခိုးစွမ်းအားများသည် တာ့ယိ၏ဇနီးဖြစ်သူ ဟန်အယ်၏နဂါးငွေ့တန်းတန်ခိုးစွမ်းအားနှင့် အလွန်ဆင်တူလေသည်။ သို့သော် ဟန်အယ်လောက်တော့ ပြီးပြည့်စုံခြင်း မရှိပေ။

ထို့ကြောင့် ဆန်းလျန်သည် ထိုတန်ခိုးစွမ်းအားကို ကျော်လွှားနိုင်ရန် နည်းလမ်းရှာနေရလေသည်။

ဆန်းလျန် ကျင့်ကြံထားသည့်ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်သည် လောကတွင် အမြင့်ဆုံးကျင့်စဉ်တစ်ခုဖြစ်ပြီး သာမန်နတ်ဘုရားများအနေဖြင့် ဆန်းလျန်ကို မည်သို့မှ ယှဉ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် သူက ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို အသုံးပြုကာ ဘုန်းတော်ကြီး၏တန်ခိုးစွမ်းအားများထဲမှ အားနည်းချက်ကို ရှာဖွေလိုက်လေသည်။

ထိုအချိန်တွင်...

သွေးနီရောင်ပင်လယ်အထက်တွင် သွေးရောင်ကဲ့သို့နီရဲနေသည့် တိမ်တိုက်တစ်ခု ပေါ်လာလေသည်။

ထိုတိမ်တိုက်ထက်တွင် လူ (၁၂) ယောက် ရပ်နေကြလေသည်။ ထိုလူဆယ့်နှစ်ယောက်ထဲမှ တစ်ယောက်သည် ကြာပွတ်တစ်ခုကိုလက်တွင်ကိုင်ထားပြီး သူ၏ပတ်လည်တွင် တာအိုတရားအငွေ့အသက်များက လှည့်ပတ်နေလေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ထိုသူသည် အခြားလူ (၁၁)ယောက်ထက်သာလွန်သူတစ်ယောက်ဖြစ်သည်မှာ ထင်ရှားနေလေသည်။ ထိုကြာပွတ်ကိုင်ထားသူသည် ဓားကိုင်ထားခြင်းမရှိပါ။ အခြားသူ (၁၁)ယောက်ကတော့ ဓားများကိုကိုင်ထားကြပြီး သူတို့ဆီမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များထွက်ပေါ်နေလေသည်။

သွေးနီရောင်ပင်လယ်ထဲမှ အလွန်ဒေါသပြင်းထန်ပြီး အငြိုးအတေးကြီးမားသည့် ဝိညာဉ်တစ်ကောင်သည်ပင်လျှင် ထိုသွေးနီရောင်တိမ်တိုက်အနားသို့ ကပ်ရဲလိမ့်မည် မဟုတ်ပေ။

တိမ်တိုက်ထက်မှ ကြာပွတ်ကိုင်ထားသူသည်

ပင်လယ်ကမ်းခြေကိုကြည့်လိုက်သည့်အခါတွင်တော့ ဆန်းလျ

န်ကို တွေ့မြင်သွားလေသည်။

ထိုအခါ...

ထိုသူမှာ အလွန်စိတ်လှုပ်ရှားသွားဟန်ရှိလေသည်။

"ဂိုဏ်းတူညီလေးချန်ကျန့်မပြောတာမှန်တယ် ၊ ဂိုဏ်းတူညီ

လေးဆန်းလျန် ဒီကိုရောက်နေတာပဲ"

ထိုသူ၏နောက်မှ ဓားသမား (၁၁)ယောက်မှာ ပုံသဏ္ဍာန်အမျိုး

မျိုးရှိသည့်တိုင် ကျင့်ကြံသည့်ဓားသိုင်းပညာသည် တစ်ခု

တည်းဖြစ်ပုံရလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့

(၁၁)ယောက်လုံးတွင် တန်ခိုးစွမ်းအားများက ဆက်စပ်နေ

သောကြောင့် ဖြစ်လေသည်။

သူတို့ထဲမှ တစ်ယောက်ကပြောလိုက်သည်။

"ဆရာဦးလေး... ဂိုဏ်းချုပ်က ဒီလောက်တန်ခိုးစွမ်းအားမြင့်မားတာ၊ ဘာလို့ ကျွန်တော်တို့ ဒီမှာရှိနေတာကို မရိပ်မိရတာလဲ"

"အင်း... ကြည့်ရတာ၊ ဂိုဏ်းတူညီလေးဆန်းလျန် ဒုက္ခရောက်နေပုံပဲ၊ သွေးနီရောင်ပင်လယ်ထဲမှာ ဂိုဏ်းတူညီလေးဆန်းလျန်ကို ဒုက္ခရောက်အောင်လုပ်နိုင်တာဆိုလို့ ဟိုဘုန်းတော်ကြီးပဲဖြစ်ရမယ်၊ ဂိုဏ်းတူတူလေးရေ... ခုတော့ မင်းရဲ့ဆရာ ကျုပ်ကို ဘာလို့ဒီနေရာကို လွှတ်လိုက်ရသလဲဆိုတာ သဘောပေါက်သွားပြီ၊ သူက အခုလိုဖြစ်လာမယ် ဆိုတာကြိုပြီးသိထားပုံရတယ်၊ လာကြ လာကြ .... ဂိုဏ်းတူညီလေးဆန်းလျန်ကိုကူညီဖို့ အစီအရင်စပြီး လုပ်ကြရအောင်..."

တာအိုဆရာက အေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

ထို့နောက် တာအိုဆရာက ကြာပွတ်ကိုတစ်ချက်လွှဲလိုက်ရာ ဓား

သမား (၁၁)ယောက်သည် ပုံစံတကျ နေရာယူလိုက်ကြလေ

သည်။ ထိုအခါ သတ်ဖြတ်လိုသည့်အငွေ့အသက်များ မြင့်

တက်လာပြီး သွေးနီရောင်တိမ်တိုက်မှာပြိုကွဲသွားပြီး ဓားပုံသ

ဏ္ဍာန်တိမ်တိုက်တစ်ခု ဖြစ်ပေါ်သွားလေသည်။

ဓားပုံသဏ္ဍာန်တိမ်တိုက်သည် သိပ်သည်းသွားပြီး ဓား

အလင်းရောင် (၁၁) ခု ပျံသန်းထွက်ပေါ်လာကာ လေထဲတွင်

ပေါင်းစပ်သွားလေသည်။

ခေါင်းဆောင်ဖြစ်သူတာအိုဆရာက ကြာပွတ်ကိုတစ်ချက်လွှဲ

လိုက်ပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဖတ်လိုကလေသည်။ ထို့နောက်

ဆန်းလျန်ရှိရာသို့ဦးတည်ပြီး ဓားဝိညာဉ် (၁၁)ခု ပေါင်းစပ်ထား

သည့် ဓားဝိညာဉ်ပေါင်းစည်းမှုဖြင့် ဆန်းလျန်ရှိရာနေရာဆီသို့

ထိုးစိုက်ချလိုက်လေသည်။

ထိုအချိန်တွင် ရွှေရောင်နဂါးကြီးတစ်ကောင်ထွက်ပေါ်လာပြီး ဓားဝိညာဉ်ပေါင်းစည်းမှုကို ကိုက်ချလိုက်လေသည်။

တာအိုဆရာက နှုတ်ခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ဒါ ဟိုဘုန်းတော်ကြီးရဲ့ တာ့ဝေ့ကောင်းကင်နဂါးပဲ..."

ထို့နောက် တာအိုဆရာက ကြာပွတ်ကို လေထဲသို့ တစ်ချက် ရိုက်ချလိုက်လေသည်။ ထိုအခါ ဓားဝိညာဉ်ပေါင်းစည်းမှုသည် ရွှေနဂါးကြီးကို တစ်ပတ်ပတ်လိုက်ပြီး ချည်နှောက်ထားလိုက် လေသည်။

ထို့နောက် ဓားဝိညာဉ်ပေါင်းစည်းမှုသည် နဂါးကြီးကိုကျော်လွန် ပြီး ဆန်းလျန်ရှိရာသို့ ရောက်ရှိသွားတော့သည်။

ရွှေရောင်အလင်းတန်းများပြိုကွဲသွားပြီး ဆန်းလျန်သည် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်လေသည်။

သူ၏စိတ်ထဲတွင် အလွန်ရင်းနှီးနေသည့် ဓားဝိညာဉ်တန်ခိုး စွမ်းအားတစ်ခုကို ခံစားလိုက်ရပြီး ဓားပုံသဏ္ဍာန်မိုးတိမ်ထက်

တွင်မြင်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် အံ့သြခြင်းမကအံ့

သြသွားရလေတော့သည်။

အခန်း (၅၇၃) ဓမ္မကိုကာကွယ်သူများ

ဆန်းလျန်၏အတွေးများသည် ကြည်လင်ရှင်းလင်းနေလေ

သည်။

လေထဲတွင်မျောလွင့်နေသည့်တောင်ကြီးဆီမှ ဖြာထွက်နေ

သည့် ရွှေရောင်အလင်းတန်းများသည် ပေါ့ပေါ့တန်တန်မဟုတ်

ပေ။ သို့သော် သူ၏ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဖြင့် ဘုန်းတော်ကြီး၏စက်ကွင်းအတွင်းမှ လွတ်မြောက်လုနီးပါးအချိန်တွင် သူ့ထံသို့ဝင်ရောက်လာသည့် ဓားဝိညာဉ်ပေါင်းစည်းမှုကို မမျှော်လင့်ဘဲ မြင်တွေ့ခဲ့ရခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ဓားသိုင်းပညာတွင် ပါရမီရှင်တစ်ယောက်မဟုတ်သော်လည်း မရဏာဓားများနှင့်ပတ်သက်ပြီး ကောင်းကောင်းနားလည်ထားသူတစ်ယောက် ဖြစ်လေသည်။ ဆရာဘိုးဘိုးယွမ်ချင်းဟု ယွမ်တုဓားဝိညာဉ်နှင့် ငရဲလမ်းဓားဝိညာဉ်၏ ဓမ္မအဓိပ္ပါယ်ကိုလည်း သိရှိထားလေသည်။

ထို့ကြောင့် သူ့ထံသို့ဝင်ရောက်လာသည့် ဓားဝိညာဉ်ပေါင်းစည်းမှုကြီးသည် အခြားသူများအတွက် ထိတ်လန့်ဖွယ်ရာဖြစ်နေသည့်တိုင် ဆန်းလျန်ကတော့ ထိတ်လန့်ခြင်း မဖြစ်မိပေ။

ဓားဝိညာဉ်ပေါင်းစည်းမှုစွမ်းအားများကြောင့် သွေးနီရောင်ပင်လယ်သည်ပင်လျှင် လှိုင်းတံပိုးများ ပြင်းထန်လာလေသည်။

လေထဲတွင်မျောလွင့်နေသည့်တောင်မြင့်ကြီးနှင့် ရွှေရောင်

စေတီတော်များမှာ ပျောက်ကွယ်သွားပြီး လက်ထဲတွင် ကြာ

ပွတ်တစ်ချောင်းကိုင်ထားသည့် တာအိုဆရာတစ်ယောက်ကို

ဆန်းလျန် မြင်တွေ့လိုက်ရလေသည်။

ထိုတာအိုဆရာက ဆန်းလျန်ကို စူးစိုက်ကြည့်နေလေသည်။

ဆန်းလျန်မှာတော့ ထိုသူကိုတွေ့သည့်အခါ ဝမ်းသာအားရဖြင့်

နှုတ်ဆက်လိုက်လေသည်။

"ဂိုဏ်းတူအစ်ကို စန်းဝမ့်..."

ထိုတာအိုဆရာမှာ ယခင်အချိန်များတုန်းက ကွယ်လွန်သွားခဲ့ပြီ

ဖြစ်သည့် ဆန်းလျန်၏ဂိုဏ်းတူအစ်ကို စန်းဝမ့်ပင် ဖြစ်လေ

သည်။ ဆန်းလျန်သည် ယခုကဲ့သို့သောအခြေအနေမျိုးတွင်

စန်းဝမ့်နှင့်ပြန်တွေ့ရမည်ဟု လုံးဝမျှော်လင့် မထားခဲ့ပေ။

ဆန်းလျန်ကို ပြန်တွေ့ရသည့်အတွက် တာအိုဆရာစန်းဝမ့်မှာ

အလွန်စိတ်လှုပ်ရှားနေပုံရလေသည်။

ရုတ်တရက် သူ့ခေါင်းထဲတွင် တစ်စုံတစ်ခုကို သတိရသွားပြီး အဝတ်အစားများကိုသပ်သပ်ရပ်ရပ်ဖြစ်အောင် အနည်းငယ် ပြင်လိုက်ပြီး ဆန်းလျန်ကို ဦးညွှတ်လိုက်လေသည်။

"ချင်းရွှမ်နတ်တံခါးကစန်းဝမ့် ၊ ဂိုဏ်းချုပ်ကိုဂါရဝပြုပါ တယ်..."

ဓားသမား (၁၁)ယောက်ကလည်း ဆန်းလျန်ကို ဂါရဝပြုလိုက် ကြလေသည်။

"ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်..."

သူတို့အားလုံးမှာ လောကနတ်ဘုရားအဆင့် မရောက်ကြသေး သည့်တိုင် သူတို့၏ဓားသိုင်းအဆင့်သည် အလွန်မြင့်မားနေပြီ ဖြစ်လေသည်။ သူတို့ကိုယ်ထဲမှ ဓားတန်ခိုးစွမ်းအားများမှာ လည်း တစ်ယောက်နှင့်တစ်ယောက် ချိတ်ဆက်နေပြီး အပြန်အလှန်ဆက်နွယ်နေကြလေသည်။ ဆန်းလျန်ကို ဦးညွှတ် ဂါရဝပြုစဉ်မှာပင် သူတို့၏ တန်ခိုးစွမ်းအားချိတ်ဆက်နေမှု

များက ရပ်တန့်သွားခြင်း မရှိပေ။ သူတို့ဆီမှ နဂါးနှင့်ကျား ကဲ့သို့ မြင့်မြတ်သည့် ဓားတန်ခိုးစွမ်းအားများထွက်ပေါ်နေကြ လေသည်။

သာမန်လူတစ်ယောက်သာဆိုလျှင် ထိုတန်ခိုးစွမ်းအားများ ကြောင့် အရည်ပျော်သွားနိုင်လေသည်။ သို့သော် ဆန်းလျန်ကို တော့ ထိခိုက်နိုင်ခြင်း မရှိပေ။

ဓားသမား (၁၁)ယောက်သည် ဆန်းလျန်ကို အလွန်လေးစားကြ သူများ ဖြစ်လေသည်။

သူတို့သည် ယခင်ဘဝကပင် ဆန်းလျန် နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်သည်ကို သိရှိထားခဲ့သူများဖြစ်လေ သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဂိုဏ်းတူအစ်ကိုစန်းဝမ့် ၊ ဒီလိုလုပ်ဖို့ မလိုပါဘူး ၊ ကျုပ်တို့ အခုမှ သိကြတဲ့သူတွေမှ မဟုတ်တာကို..."

တာအိုဆရာစန်းဝမ့်သည် ဆန်းလျန်၏အေးဆေးတည်ငြိမ်
သည့်စိတ်ထားကို အစကတည်းက ကောင်းစွာ သိရှိထားသူ
ဖြစ်လေသည်။ ဆန်းလျန်နှင့် ဂိုဏ်းတူညီလေးချန်ကျန့်မေသာ
ချင်းရွှမ်နတ်တံခါးတွင် ရှိနေနိုင်လျှင် ချင်းရွှမ်နတ်တံခါးသည်
မည်သို့မျှ မပျက်စီးနိုင်သည့် ဘုန်းကျက်သရေနှင့် တင်တယ်
နေပေလိမ့်မည်ဟု သူက စိတ်မကောင်းစွာဖြင့်ပင် တွေးလိုက်
မိသည်။
သို့သော် ဆန်းလျန်သည် ချန်ကျန့်မေနှင့် တူညီခြင်းမရှိပါ။
ဆန်းလျန်ထံတွင် ဆရာသခင် ကျန်းရော့ရှီး၏ အငွေ့အသက်
များကို တွေ့မြင်နေရလေသည်။
ဆန်းလျန်က ဓားသမား (၁၁)ယောက်ကို တစ်ချက်အကဲခတ်
လိုက်ပြီး တစ်ယောက်ချင်းကို လက်ညှိုးထိုးလိုက်ကာ...
"လီယွမ်လျန်၊ ယွမ်ရှယ်ဖုန်း၊ နီဟုန်ယိ၊ ပိယွိစန်း၊ ဟယ်ကန်း
ကျယ်၊ ကျင်းကျန်းကျန်၊ လျိုဝေးယိ၊ ယွိယင်းဖား၊ ရှောင်ခိုင်

တင်း ၊ စုန့်ရှိုးဝေ့ ၊ ဝမ်ကောင်းချန်... လက်စသတ်တော့ မင်းတို့အားလုံး ဒီရောက်နေတာကိုး ၊ ကောင်းတယ် ၊ သိပ်ကောင်းတယ် ၊ မင်းတို့ကို တာအိုကျင့်စဉ်တွေ သင်ပေးခဲ့တဲ့အချိန်ကို ကျုပ်မှတ်မိနေတုန်းပဲ ၊ အင်း.. ဖန်းယန်ယင်းကိုတောင် သတိရမိတယ် ၊ သူ့ကိုလည်း တွေ့ခွင့်ရမယ်ဆိုရင် ကျုပ်သိပ်ပြီး ဝမ်းသာမိမှာပဲ”

ဓားသမား (၁၁)ယောက်မှာ သေစေခြင်းကျောင်းတော်မှ ချန်ကျန့်မေ၏ တပည့် (၁၁)ယောက် ဖြစ်လေသည်။ ယခင်ဘဝက ထိုတပည့်များသေဆုံးသည်ကို ဆန်းလျန်သည် မျက်စိဖြင့်မြင်တွေ့ခဲ့ရပြီး ဖန်းယန်ယင်းတစ်ယောက်ကို သာသူကပျိုးထောင်ပေးခဲ့နိုင်လေသည်။

တပည့် (၁၁)ယောက်သည် ဆန်းလျန်က သူတို့ကို နာမည်များပင် တစ်လုံးမှ မမေ့ဘဲ မှတ်မိနေသည်ကို သိလိုက်ရသည့်အခါ အလွန်ပျော်ရွှင်သွားကြလေသည်။ ထိုခဏအတွင်းမှာပင် ဆန်း

လျှန်အတွက်ဆိုလျှင် ဓားတောင်ကိုပင်ကျော်၍ မီးပင်လယ်ပင်
ဖြတ်မည်ဟု ဆုံးဖြတ်လိုက်မိကြလေသည်။

တာအိုဆရာစန်းဝမ့်က ရယ်မောလိုက်ရင်း...

"ဂိုဏ်းချုပ်... ဂိုဏ်းတူညီလေးချန်ကျန့်မေနဲ့ သွားတွေ့
ရအောင်..."

တာအိုဆရာစန်းဝမ့်၏စကားကို ဆန်းလျှန်က ခေါင်းညိတ်
သဘောတူလိုက်လေသည်။

ချန်ကျန့်မေ၏ တပည့်များနှင့်တွေ့ဆုံပြီးသည့်နောက် ချန်ကျန့်
မေသည် သွေးနီရောင်ပင်လယ်ကိုအောင်နိုင်ကာ မဟာအသူရာ
အရှင်သခင်ကြီးဖြစ်နေသည်ကို သိရှိလိုက်ရလေသည်။ ထိုသို့
သိလိုက်ရသည့်အတွက် ဆန်းလျှန်၏စိတ်ထဲတွင် ပျော်ရွှင်သွား
မိလေသည်။ သူသည် တာ့ရှားပြည်နေရာတွင် ယင်းစန်းဒေသ
ကအစားထိုးမည့်ကံကြမ္မာ ကိုပြန်လည်ပြုပြင်ချင်နေသူဖြစ်
ရကား ဂိုဏ်းတူအစ်ကိုချန်ကျန့်မေနှင့် ဂိုဏ်းတူအစ်ကိုစန်းဝမ့်

သာ သူ့ဘက်တွင်ရှိနေ လျှင်သူ၏အကြံအစည်ကို ကောင်းစွာ အကောင်အထည်ဖော်နိုင်တော့မည် ဖြစ်လေသည်။

ထျန်းယီအကြီးအကဲဘက်တွင် ဝမ်ကျုန်းရှိနေသည့်အချိန်တွင် ဆန်းလျန်မှာတော့ တစ်ကိုယ်တည်း ကူရာကယ်ရာမဲ့နေခဲ့လေ သည်။ သူ၏ကျောထောက်နောက်ခံအဖြစ် ရှီးလျန်တိုင်းပြည်ရှိ နေသည့်တိုင် ရှီးလျန်သည် သူ့ကိုအပြည့်အဝ ကူညီနိုင်လောက် အောင် အင်အားမရှိပေ။

အသူရာချောက်တွင် ဩဇာလွှမ်းမိုးမှုအရ ဆန်းလျန်သည် ထျ န်းယီကို မယှဉ်နိုင်ခဲ့ပါ။ ဆန်းလျန်ကို လေးစားကြ သူများရှိကြ သည့်တိုင် တိုင်းပြည်တစ်ခုကို အခိုင်အမာအုတ်မြစ်ချရန်မှာ တော့ အလွန်ပင် အားအင်စိုက်ထုတ်ရမည့် ကိစ္စဖြစ်လေသည်။

သို့သော် တာအိုဆရာစန်းဝမ့်နှင့် ချန်ကျန့်မေသာ သူ့ကိုကူညီ မည်ဆိုလျှင် သူ့အတွက် ပြီးပြည့်စုံသွားနိုင်လေသည်။

သွေးနီရောင်ပင်လယ်သည် အဆုံးမရှိ ကျယ်ပြန့်လေသည်။

ဆန်းလျန်သည် စန်းဝမ့်နှင့်အတူ ခရီးထွက်လာခဲ့ပြီး တစ်နေရာ အရောက်တွင်တော့ သူတို့၏နတ်ဘုရားစိတ်အာရုံများ အနည်းငယ် နှေးကွေးသွားသလို ခံစားလိုက်ရလေသည်။ ထိုနေရာတွင် သတ်ဖြတ်လိုသည့်အငွေ့အသက်များ များစွာထွက်ပေါ်နေလေသည်။

ဆန်းလျန်က အခြေအနေကိုကြည့်နေဆဲမှာပင် လီယွမ်လျန်က သူ၏ဓားကိုဆွဲထုတ်လိုက်ပြီး အခြားသောဓားသမား (၁၀)ယောက်ကလည်း ကျုံးဝါးအော်ဟစ်သံများကို ပြုလုပ်လိုက်ကြလေသည်။ ထို့နောက် အနောက်ဘက်ဆီမှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး တရားစာရွတ်ဖတ်သံများ ပေါ်ထွက်လာလေသည်။

"ဘာဖြစ်တာလဲ..."

ဆန်းလျန်က မေးလိုက်လေသည်။

လီယွမ်လျန်သည် ခရုသင်းကဲ့သို့သော တူရိယာတစ်ခုကို ထုတ်ယူပြီး မှုတ်လိုက်လေသည်။ သွေးနီရောင်ပင်လယ်မှ လှိုင်းများပြင်းထန်လာပြီး လှိုင်းထဲမှ နတ်ဆိုးစစ်သည်တော်များထွက်ပေါ်လာကြလေသည်။ နတ်ဆိုးစစ်သည်တော်များထဲတွင် ယောကျာ်းလေးရော မိန်းကလေးများပါ ပါဝင်လေသည်။ အမျိုးသားများက စွဲဆောင်မှုရှိပြီး မိန်းကလေးများကလည်း အလွန်မှ ပရောပရည်ဟန်နှင့်ဖြစ်လေသည်။ သူတို့သည် ခမ္မကို ကာကွယ်သူများလောက် အစွမ်းထက်မြက်ခြင်းမရှိသော်လည်း စွမ်းအားမြင့်မားကြလေသည်။

တာအိုဆရာစန်းဝမ့်က...

"ပြောရရင် အရှည်ကြီးပါပဲ ၊ သွေးနီရောင်ပင်လယ်ထဲမှာ အသူရာဂိုဏ်းတည်ရှိတယ်လို့ လူတွေက သိထားကြတယ် ၊ သူတို့တွေက သွေးနီရောင်ပင်လယ်ထဲက ဝိညာဉ်ဆိုးတွေက ထွက်ပေါ်လာတဲ့ဒေါသတရားတွေ ၊ အမျက်တရားတွေကို စားသုံးပြီး

အသက်ရှင်သန်ကြတာ ၊ အဲဒါကြောင့် သူတို့အားလုံးက တန်ခိုး စွမ်းအား မြင့်မားကြတယ် ၊ ဂိုဏ်းတူညီလေးချန်ကျန့်မေဟာ အသူရာချောက်ကိုရောက်လာပြီး သွေးနီရောင်ပင်လယ်ထဲက အသူရာ ဂိုဏ်းမှာလူပြန်ဝင်စားခဲ့တယ် ၊ သူက အသူရာဂိုဏ်းရဲ့ တော်ဝင်သွေးတော့ ဖြစ်မလာခဲ့ဘူး ၊ သာမန်ဂိုဏ်းသား တစ် ယောက်ပဲဖြစ်ခဲ့တယ် ၊ ဒါပေမယ့် သူက အရမ်းတန်ခိုးစွမ်းအား မြင့်မားတယ် ၊ အသက်သုံးဆယ်မပြည့်ခင်မှာပဲ ဂူစွမ့်ဆိုတဲ့ မရဏာဓားကို ကျင့်ကြံအောင်မြင်ခဲ့ပြီး အသူရာဘုရင်ကို စိန်ခေါ်ခဲ့တယ် ၊ နောက်တော့ အသူရာဘုရင်ကို အနိုင်ယူ သတ်ဖြတ်လိုက်ပြီး အသူရာဂိုဏ်းရဲ့ ဘုရင်တစ်ပါးဖြစ်လာခဲ့ တယ်”

“ဂိုဏ်းတူညီလေးက တော်ဝင်သွေးမဟုတ်လို့ ဘုရင်အဖြစ် နန်းတက်တာကို အသူရာဂိုဏ်းမှာ မကျေနပ်တဲ့သူတွေ အများ ကြီးထွက်ပေါ်ခဲ့တယ် ၊ အဲဒီလူတွေ စုရုံးပြီး ဂိုဏ်းတူညီလေး

ချန်ကျန့်မေကို ပုန်ကန်ကြတယ်။ ဒါပေမယ့် ဂိုဏ်းတူညီလေး ချန်ကျန့်မေဟာ သူတို့ထောင်ချောက်ဆင်တာကနေ လွတ်မြောက်သွားပြီး အသူရာဂိုဏ်းက မင်းမျိုးမင်းနွယ်တွေ အားလုံးကို သတ်ပစ်လိုက်တယ်”

“နောက်ဆုံးတော့ အသူရာဂိုဏ်းကလူတွေအားလုံးက သူ့ရဲ့ တန်ခိုးစွမ်းအားတွေကို အသိအမှတ်ပြုပြီး အသူရာ ဂိုဏ်းရဲ့ ဘုရင်အဖြစ် တင်မြှောက်လိုက်ကြတယ်။ ဂိုဏ်းတူညီလေးချန်ကျန့်မေဟာ တန်ခိုးစွမ်းအားတွေ အရမ်းမြင့်မားလာပြီး အသူရာချောက်ကိုးထပ်ရဲ့ လျှို့ဝှက်ကျင့်စဉ်တစ်ခုဖြစ်တဲ့ ‘ဝိညာဉ်ဆင့်ခေါ်ကျင့်စဉ်’ ကို တွေ့ရှိသွားခဲ့တယ်။ အဲဒီမှာ သူက ကျုပ်တို့တွေရဲ့ဝိညာဉ်တွေကို ရှာဖွေပြီး အသူရာဂိုဏ်းထဲမှာ လူပြန်ဝင်စားစေခဲ့တယ်။ သူက ယခင်ဘဝက ကျုပ်တို့ရှိခဲ့တဲ့ ပုံသဏ္ဍာန်တွေအတိုင်း ပြန်ဖြစ်အောင် ပြုလုပ်ပေးခဲ့တယ်”

“ဂိုဏ်းတူညီလေးချန်ကျန့်မေဟာ ကျုပ်တို့ကို ကူညီနေရလို့ သေွးနီရောင်ပင်လယ်ထဲက ကိစ္စတွေကို သိပ်ပြီးအာရုံမစိုက်နိုင်ခဲ့ဘူး ၊ အဲဒီအချိန်မှာ အသူရာဂိုဏ်းရဲ့တော်ဝင်မိသာစုအကြွင်းအကျန်တွေက တိတ်တဆိတ်စုဝေးပြီး ဟိုဘုန်းတော်ကြီးဆီမှာ သွားပြီးခိုလှုံခဲ့ကြတယ်”

“အဲဒီဘုန်းတော်ကြီးက အရမ်းကြောက်စရာကောင်းတယ် ၊ သူက သူ့ဆီကိုသွားပြီးခိုလှုံတဲ့ အသူရာဂိုဏ်းသားတွေကို ဓမ္မကိုကာကွယ်သူများဆိုပြီး အသွင်ပြောင်းပစ်ခဲ့တယ် ၊ အဲဒီလိုပြောင်းလဲခံလိုက်ရတဲ့သူတွေဟာ တန်ခိုးစွမ်းအား အရမ်းမြင့်မားသွားကြတယ် ၊ အဲဒီဘုန်းတော်ကြီးက လောကရဲ့ရတနာလို့ကျော်ကြားတဲ့ တိကျန်ဗောဓိသကျနဲ့ နက်ရှိုင်းတဲ့ပတ်သက်မှုတစ်ခုရှိတယ် ၊ ဒါကြောင့်သူက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ တိကျန်ဗောဓိသကျ လုပ်ခဲ့တဲ့အလုပ်တွေကို အတုယူပြီး သွေးနီ

ရောင်ပင်လယ်ကိုသိမ်းပိုက်ဖို့အတွက် ဂိုဏ်းတူညီလေးချန်ကျ
န့်မေနဲ့အလောင်း အစားတစ်ခု လုပ်ခဲ့တယ်”

“သူတို့နှစ်ယောက်ရဲ့ကစားပွဲကို ဘယ်သူမှ အသေးစိတ်မသိကြ
ဘူး ၊ ဒါပေမယ့် ဂိုဏ်းတူညီလေးချန်ကျန့်မေက သူက သွေးနီ
ရောင်ပင်လယ်ကနေ ဘယ်ကိုမှထွက်သွားမှာမဟုတ်ဘူးလို့
ဘုန်းတော်ကြီးကို ကတိပေးလိုက်တယ် ၊ ဘုန်းတော်ကြီးက
လည်း အသူရာဂိုဏ်းသားတွေကို ဘယ်တော့မှ မနှောက်ယှက်
တော့ဘူးလို့ ကတိပြန်ပေးခဲ့တယ်”

“ဒါပေမယ့် ဘုန်းတော်ကြီးက ဓမ္မကိုကာကွယ်သူတွေဆိုပြီး
အသွင်ပြောင်းပေးထားတဲ့ အသူရာဂိုဏ်းရဲ့ တော်ဝင်အနွယ်
တော်တွေက အသူရာဂိုဏ်းက လူတွေနဲ့တိုက်ခိုက်ရတာကို
သဘောကျတယ် ၊ သူတို့က တိုက်ပွဲမှာ အနိုင်ရခဲ့ရင် အသူရာ
ဂိုဏ်းကလူတွေကို ခေါ်သွားပြီး ကျွန်ပြုတတ်ကြတယ် ၊ ဒီလို

တိုက်ပွဲတွေဆင်နွှဲနေရလို့လည်း မင်းရဲ့ဂိုဏ်းတူတူလေးတွေ

ဟာ ဒီနှစ်တွေအတွင်းမှာ လက်ရည်တက်လာကြတာပေါ့”

“ဒါပေမယ့် သူတို့က ဂိုဏ်းတူညီလေးချန်ကျန့်မေကိုတော့ စိန်မ

ခေါ်ရဲကြဘူးလေ ၊ တိုက်ပွဲတွေကတော့နိုင်လိုက်ရှုံးလိုက်ပါပဲ ၊

အဆုံးလည်းမသတ်နိုင်ဘူးလေ ၊ ဂိုဏ်းချုပ် ရောက်တုန်း

ရောက်ခိုက်လေး တိုက်ပွဲနဲ့ရင်ဆိုင်ရလိမ့်မယ်လို့ ထင်မထားမိ

ဘူး”

ဆန်းလျန်သည် အကြောင်းအရာများကို တဖြည်းဖြည်း

လိပ်ပတ်လည်လာခဲ့လေသည်။

“အော်… ဒါကြောင့် ဂိုဏ်းတူအစ်ကိုချန်ကျန့်မေက သွေးနီ

ရောင်ပင်လယ်ထဲကနေ ဘယ်ကိုမှ မသွားတာကိုး ၊ ဒါကြောင့်

လည်း အသူရာချောက်မှာ သူ့နာမည်ကို မကြားရတာ”

ဆန်းလျန်သည် အကြောင်းအရာများကို စတင်နားလည်လာခဲ့

လေသည်။

ဘုန်းတော်ကြီးသည် ပေါ့သေးသေးတော့မဟုတ်ပေ။ ဂိုဏ်းတူ အစ်ကိုချန်ကျန့်မေသည် ထိုက်ယီထျန်းရှန်းအဆင့်သို့ မရောက် မချင်း ထိုပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ပေ။ သို့သော် ဘုန်းတော်ကြီး၏နောက်ကွယ်တွင် ကြိုးကိုင်နေသည့်အရာ တစ်ခုခုရှိမည်ကို ဆန်းလျန်သည် ရိပ်မိနေပြီး သူ၏တန်ခိုး စွမ်းအားများအားလုံးကို ထုတ်ဖော်ပြသလိုခြင်း မရှိသေးပေ။ သို့သော် ဘုန်းတော်ကြီးတွင် မကောင်းသောအကြံအစည်တော့ မရှိတန်ရာဟု ဆန်းလျန်တွေးထားမိလေသည်။ မဟုတ်ပါက ဘုန်းတော်ကြီးသည် ဂိုဏ်းတူအစ်ကိုစန်းဝမ့်နှင့် တပည့် (၁၁)ယောက်ကို စောစောကပင်ဒုက္ခကောင်းကောင်းပေးလိုက် မည် ဖြစ်လေသည်။

စန်းဝမ့်ရှင်းပြပြီးသွားသည်နှင့် နတ်ဆိုးစစ်သည်တော် များသည် တိုက်ခိုက်ရန် အသင့်နေရာယူထားပြီးသွားပြီ ဖြစ် လေသည်။ တိုက်ပွဲမှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်

သည့်အတွက် အားလုံးက တိုက်ပွဲအကြောင်းကိုနားလည်နေကြ
ပြီဖြစ်လေသည်။

အခြေအနေကြီးက ရယ်စရာကောင်းလိုက်တာဟု ဆန်းလျန်
တွေးနေမိလေသည်။

နှစ်ဦးနှစ်ဖက် တိုက်ခိုက်သူများသည် မည်သည့်အစိပ္ပါယ်မှ မရှိ
သည်ကို သိနေကြသည့်တိုင် မဆုတ်မနစ်တိုက်ခိုက်နေကြ သော
ကြောင့် ဖြစ်လေသည်။

လီယွမ်လျန်က ဆန်းလျန်ကို ဦးညွှတ်လိုက်ရင်း…

“ဂိုဏ်းချုပ် ၊ ခဏလောက်စောင့်ပါဦးဗျ… ဒီကောင်တွေကို
နှိမ်နင်းလိုက်ဦးမယ်”

ဆန်းလျန်က…

“ကောင်းပြီလေ…”

ထိုအချိန်ဓမ္မကိုစောင့်ရှောက်သူများအဖွဲ့မှ လူတစ်ယောက်က
ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

"အရိပ်မဲ့ဓား... မင်းကဘာမှလည်းတိုးတက်မလာဘဲနဲ့ လေလုံး ကတော့ ထွားထွားလာတယ်၊ မင်းကများ ငါတို့ကို နှိမ်နင်းဦးမ လို့ဆိုပဲ..."

ရယ်မောနေသူ၏အရပ်မှာ ပေခြောက်ဆယ်ခန့်ရှည်ပြီး ခန္ဓာကိုယ်မှ ရွှေရောင်များတောက်ပနေလေသည်။ သူသည် ဓမ္မ ကိုကာကွယ်သူများအဖွဲ့၏ ခေါင်းဆောင်ဖြစ်ဟန်တူလေသည်။

သွေးနီရောင်ပင်လယ်ဒေသတွင် လီယွမ်လျန်ကို အရိပ်မဲ့ဓားဟု လူသိများကြလေသည်။ သူသည် သဏ္ဍာန်မဲ့ဓားသိုင်း ကို ကျင့်ကြံပြီး ထိုအမည်ကို ရရှိခဲ့ခြင်းဖြစ်လေသည်။ သူသည် ဓားတစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် ဓားရိပ်ပင်မထင် ဘဲလူ ပေါင်းများစွာကို သတ်ဖြတ်ပစ်နိုင်စွမ်းရှိလေသည်။

ထိုသူမှာ ရယ်မောနေသည့်တိုင် တန်ခိုးစွမ်းအားများကတော့ အလွန်မှ သိပ်သည်းလေသည်။

လီယွမ်လျန်က ဟွန့်ခနဲ တစ်ချက်လုပ်လိုက်ရင်း..

“မော့လော်ကျား ၊ မင်းခေါင်းကို သတိထားပေတော့ ၊ ဒီနေ့ပြီး ရင် မင်းခေါင်းက လည်ပင်းပေါ်မှာ ရှိမှာမဟုတ်တော့ဘူး”

ထို့နောက် လီယွမ်လျန်က သူ၏ဓားရှည်ကို မိုးပေါ်သို့ထောင်ကာ အချက်ပြလိုက်လေရာ နတ်ဆိုးစစ်သည်တော် များသည် တိုက်ခိုက်ရန်အမိန့်ပေးလိုက်သည်ကို သဘောပေါက်သည့် အလား ဓမ္မကိုကာကွယ်သူများကို စတင်တိုက်ခိုက်လိုက်လေ တော့သည်။

အခန်း (၅၇၄) ကံကောင်းခြင်း

လီယွမ်လျန်သည် မော့လော်ကျားကို စတင်တိုက်ခိုက်လိုက်ပြီး

ကျန်သည့်ဂိုဏ်းတူညီအစ်ကိုဆယ်ယောက်က ဓမ္မကို

ကာကွယ်သူများအဖွဲ့၏ အခြားသောခေါင်းဆောင်များဖြင့်

စတင်တိုက်ခိုက်လိုက်ကြလေသည်။

တိုက်ပွဲသည် ဆန်းလျန်ရှေ့တွင်ပင် ဖြစ်ပွားနေခဲ့ပြီး

သွေးထွက်သံယိုတိုက်ခိုက်မှုများသည် အလွန်ပြင်းထန်ခဲ့ကြ

လေသည်။

လီယွမ်လျန်၏ဓားစွမ်းက မြင့်မားသလို မော့လော်ကျားက

လည်း ပေါ့သေးသေးလူတစ်ယောက် မဟုတ်ပါ။

တာအိုဆရာစန်းဝမ်းသည် တိုက်ပွဲကို အထူးအဆန်းမဟုတ်

သည့်အလား ကြည့်နေပြီး ပေါ့ပေါ့ပါးပါးပင် ဆန်းလျန်ကို မေး

လိုက်လေသည်။

"ဂိုဏ်းတူညီလေး၊ ဒီကလေးတွေကို ဘယ်လိုမြင်လဲ..."

ဆန်းလျှန်က ရယ်မောလိုက်ရင်း...

"သူတို့က အစိတ်အပိုင်းတွေကိုပဲ ကြည့်ပြီး တိုက်ခိုက်နေကြတယ်..."

တာအိုဆရာစန်းဝမ့်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒါကတော့ ဂိုဏ်းချုပ်က အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ကိုး..."

ဆန်းလျှန်က ရယ်မောနေလိုက်ပြီး မည်သည့်စကားမှ မပြောတော့ပါ။ စန်းဝမ့်ပြောသည်မှာ မှန်လေသည်။

တပည့် (၁၁)ယောက်သည် ထိပ်တန်းဓားသိုင်းသမားများ ဖြစ်ကြလေသည်။ သူတို့ (၁၁)ယောက်၏စုပေါင်းစွမ်းအားကို သာမန်လောကနတ်ဘုရားများပင် ထိတ်လန့်မိကြမည် ဖြစ်လေသည်။ သို့သော်... သူတို့သည် တိုက်ခိုက်လိုစိတ်အလွန်ပြင်းထန်ကြလေသည်။ သူတို့သည် ချင်းရှမ်နတ်တံခါးတွင်

ပညာမသင်ခဲ့ရသည့်အတွက် ချင်းရွှမ်နတ်တံခါး၏သင်ပြပေး မှုနှင့် မကိုက်ညီခဲ့ကြပေ။

ချင်းရွှမ်နတ်တံခါးသည် တိုက်ခိုက်ခြင်းထက် တာအို၏အဓိပ္ပါယ်ကိုပိုပြီးတန်ဖိုးထားခဲ့လေသည်။ လူတစ်ယောက်သည် မည်မျှတော်ပါစေ စိတ်ထားဖြောင့်မှန်စွာ မထားနိုင်ပါက ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရမည် ဖြစ်လေသည်။

သို့သော် ကျင့်စဉ်လမ်းဆိုသည်က အောင်မြင်ရန်မလွယ်ကူလှပါ။ ထို့အတူ တိုက်ခိုက်ရေးသမားတစ်ယောက်ဖြစ်ရန်မှာလည်း မလွယ်ကူလှပါ။ ထို့ကြောင့် ဆန်းလျန်သည် တပည့်ငယ်များအပေါ်တွင် အလွန်အမင်း ဝေဖန်မှုပြု လိုခြင်းမရှိပါပေ။

တာအိုဆရာစန်းဝမ့်သည် လူပြန်ဝင်စားပြီး သိပ်မကြာမီတွင် ဂိုဏ်းတူတူလေးများထံမှ ဆန်းလျန်၏အကြောင်းများကို ကြားခဲ့ရလေသည်။ သူသည် ချင်းရွှမ်နတ်တံခါးတွင်ရှိစဉ်က စောစီးစွာထွက်ခွာခဲ့ရသူဖြစ်သည့်အတွက် ဆန်းလျန်အကြောင်းများ

ကို ဘာမှသိရှိခဲ့ခြင်း မရှိပေ။ ဆန်းလျန်သည် ချင်းရှမ်နတ်တံခါး၏သမိုင်းတွင် အတော်ဆုံး ဂိုဏ်းချုပ်တစ်ယောက်အဖြစ် အသိအမှတ်ပြုခံခဲ့ရခြင်းကိုလည်း စန်းဝမ့်က သိရှိခဲ့ခြင်းမရှိပါ။

တိုက်ပွဲသည် အလွန်ပြင်းထန်ခဲ့လေသည်။

တာအိုဆရာစန်းဝမ့်သည် ဆန်းလျန်နှင့်အတူရပ်နေရင်းမှပင်ကြာပွတ်ကို တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

ထို့ပြင် တာအိုဆရာစန်းဝမ့်၏လက်ထဲတွင်ကိုင်ထားသည့် ကြာပွတ်မှာ အလွန်ထူးခြားလေသည်။ ထိုကြာပွတ်ဖြင့် ခမ္မကိုကာကွယ်သူများကို တစ်ယောက်ပြီးတစ်ယောက် သွေးနီရောင်ပင်လယ်ထဲသို့ ပြုတ်ကျသွားကြလေသည်။

ဆန်းလျန်က

"ဂိုဏ်းတူအစ်ကို ၊ ဒီကြာပွတ်အကြောင်းများ သိခွင့်ရနိုင်မလား"

ဆန်းလျန်၏အမေးကြောင့် တာအိုဆရာစန်းဝမ့်က အလွန်ဂုဏ်ယူသည့်ဟန်ဖြင့်...

"ဒီကြာပွတ်ကို ထိုက်ယီကြာပွတ်လို့ခေါ်တယ်၊ သွေးနီရောင်ပင်လယ်ကြမ်းပြင်မှာ ကျုပ်ရှာတွေ့ခဲ့တာ"

ဆန်းလျန်က ကြာပွတ်ကိုတစ်ချက်အကဲခတ်လိုက်လေသည်။ လက်ကိုင်သည် ကျောက်စိမ်းကဲ့သို့တောက်ပနေပြီး ကြာပွတ်ဆီမှ သိမ်မွေ့သည့်စွမ်းအားတစ်ခု ထွက်ပေါ်နေလေသည်။ ထိုတန်ခိုးစွမ်းအားများကို ဆန်းလျန်သည် ရင်းနှီးသလိုခံစားနေရလေသည်။ သို့သော် မည်သို့ရင်းနှီးရသည်ကို ဆန်းလျန်စဉ်းစား၍ မရခဲ့ပေ။ ထိုအချက်ကြောင့် ဆန်းလျန်မှာ တအံ့တသြဖြစ်နေရလေသည်။

သူသည် ထိုက်ယီထျန်းရှန်းအဆင့်သို့ရောက်ရှိရန် နီးကပ်နေပြီဖြစ်လေသည်။ သူ၏နှလုံးသားက တာအိုကိုနားလည်နေပြီး တာအိုကလည်း သူ၏နှလုံးသားကို နားလည်လေသည်။

ထို့ကြောင့် သူ့ဘဝတွင် တွေ့ကြုံသမျှအရာအားလုံးကို ရှင်းလင်းစွာမှတ်မိနေတတ်ပြီး မမှတ်မိသောအရာဟူ၍ မရှိသလောက်ဖြစ်လေသည်။

ထို့ပြင် ကြာပွတ်မှ ထွက်ပေါ်နေသည့်စွမ်းအားများသည် နတ်ဘုရားစိတ်အာရုံများကို ပိတ်ဆို့ထားနိုင်စွမ်းရှိလေသည်။ ထိုအချက်က ဆန်းလျန်ကို ပိုပြီးအံ့သြစေလေသည်။

သို့သော်... ထိုကြာပွတ်သည် တာအိုဆရာစန်းဝမ့်၏အပိုင်ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် အလွန်အမင်းစိတ်ဝင်စားမိပါက စန်းဝမ့်အထင်လွဲသွားနိုင်လေသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ချင်းရွှမ်နတ်တံခါးမှာတောင် ဒီလိုအဖိုးတန်တဲ့လက်နက်မျိုးတွေ သိပ်မရှိဘူးရယ်၊ ဂိုဏ်းတူအစ်ကို တကယ်ကံကောင်းတာပဲ"

တာအိုဆရာစန်းဝမ့်က ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

“ကံကောင်းတဲ့အကြောင်းကိုပြောရမယ်ဆိုရင်တော့ ကျုပ်တို့အားလုံး ဂိုဏ်းတူညီလေးချန်ကျန့်မေကို ဘယ်ယှဉ်နိုင်မှာလဲ ၊ သူဆိုရင် အဆင့်ကိုးဆင့်ရှိတဲ့သွေးကြာပန်းပင်က သူ့ဆီကို အလိုလိုရောက်လာပြီး အရှင်သခင်အဖြစ်အသိအမှတ်ပြုခဲ့တာ ၊ သွေးကြာပန်းကိုသူသုံးတာတစ်ခါမှ မတွေ့ရပေမယ့် အဲဒီကြာပန်းက တာအိုသဘောတရားတွေနဲ့ ပြည့်နေတာပဲ ၊ ကျင့်ကြံမှုပိုမိုနက်ရှိုင်းလေ တန်ခိုးစွမ်းအားတွေကလည်း နက်ရှိုင်းလာလေပါပဲ ၊ ကြည့်ရတာ ဂိုဏ်းတူညီလေးချန်ကျန့်မေ ကျင့်ကြံခြင်းအဆင့်တွေ အလျှင်အမြန်တိုးတက်လာတာ အဲဒီသွေးကြာပန်းနဲ့ ဆက်စပ်နေမယ်ထင်တယ်”

ဆန်းလျန်သည် ဗုဒ္ဓစာပေများကိုလည်း နားလည်သူဖြစ်ရကာ ကြာပန်းသည် တရားဓမ္မကိုကိုယ်စားပြုသည်ကို သိရှိလေသည်။ ကြာပန်းများတွင် အဆင့် (၁၂)ဆင့်သည် အမြင့်ဆုံးဖြစ်လေသည်။ သို့သော် ထိုသို့သောကြာပန်းများသည် ဒဏ္ဍာရီထဲ

တွင်ပင်ကြားဖူးကြပြီး လက်တွေ့တွင် မည်သူမှ မြင်ဖူးကြခြင်း

မရှိပေ။

ချန်ကျန့်မေရရှိခဲ့သည့် အဆင့် (၉)ဆင့်သွေးကြာပန်းမှာလည်း

အဆင့် (၁၂)ဆင့်ကြာပန်းကိုမီနိုင်မည်မဟုတ်သည့် တိုင်

ထူးခြားသောအရာဖြစ်ရပေလိမ့်မည်။ ဂိုဏ်းတူအစ်ကိုစန်းဝမ့်

ပြောသလိုပင် ဂိုဏ်းတူအစ်ကိုချန်ကျန့်မေသည် အမှန်တကယ်

ပင် ကံကောင်းသူတစ်ယောက် ဖြစ်လေသည်။

ဆန်းလျန်သည် ချန်ကျန့်မေအပေါ်တွင် အစဉ်အမြဲချစ်ခင်သူ

ဖြစ်သည့်အတွက် ချန်ကျန့်မေ၏ကံကောင်းခြင်းသတင်း

ကြောင့်အမှန်တကယ်ပင် ဝမ်းသာမိလေသည်။

သိပ်မကြာမီပင် လီယွမ်လျန်၏ဓားသည် မောလော်ကျား၏

ပခုံးကိုထိုးမိသွားကာ သွေးစများ ဖြာထွက်လာတော့ သည်။

ထို့နောက် ဓမ္မကိုကာကွယ်သူများအဖွဲ့သည် ဆုတ်ခွာသွားကြ

လေတော့သည်။

ယနေ့တိုက်ပွဲတွင်တော့ အသူရာဂိုဏ်းဘက်မှ အနိုင်ရခဲ့ပြီဖြစ်လေသည်။ တပည့် (၁၁)ယောက်သည် ဆန်းလျန်ရှိရာသို့ လမ်းလျှောက်လာကြလေသည်။ ယွမ်ရှယ်ဖုန်းနှင့် ပိယွိစန်းတို့ လက်ထဲတွင် ဦးခေါင်းခွံတစ်ခုဆီ ကိုင်ဆောင်ထားကြလေသည်။

သူတို့က ဆန်းလျန်ကို ဂါရဝပြုလိုက်ရင်း…

"ဂိုဏ်းချုပ်၊ ဒီဦးခေါင်းခွံတွေက ခုနတိုက်ခိုက်ခဲ့တဲ့ ဓမ္မကိုကာကွယ်သူအငယ်တန်းခေါင်းဆောင်တွေရဲ့ ဦးခေါင်းခွံတွေပါ၊ တန်ခိုးစွမ်းအားမြင့်မားသူတွေရဲ့ဦးခေါင်းခွံတွေပဲ၊ ဒီဦးခေါင်းအရိုးတွေက လက်နက်ပြုလုပ်တဲ့ နေရာမှာ အသုံးဝင်လိမ့်မယ်၊ ကျွန်တော်တို့က ဂိုဏ်းချုပ်ကို လက်ဆောင်ပေးချင်ပါတယ်"

ဆန်းလျန်က ဦးခေါင်းခွံများကို တစ်ချက်ကြည့်လိုက်လေသည်။

ဦးခေါင်းခွံများမှ တန်ခိုးစွမ်းအားများသည် သေဆုံးခြင်းမရှိဘဲ မိုးမြေစွမ်းအားများကို စုပ်ယူနေဆဲဖြစ်လေသည်။ ပြတ်သား သည့်ဓားချက်ဖြင့်သာ ရင်ဆိုင်ခဲ့ရခြင်းမရှိလျှင် ချက်ချင်းပင် လူအသားအသွင် ပြန်လည်ဖြစ်တည်နိုင်သည်အထိ အဆင့်မြင့် မားကြလေသည်။

သို့သော် ဆန်းလျန်က သူတို့ပေးသည့်လက်ဆောင်ကို ငြင်း လိုက်လေသည်။

ပြီးမှ သိမ်မွေ့သည့်လေသံဖြင့်...

"မင်းတို့ရဲ့လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေ မယ့် ဒါကို မင်းတို့ပဲ သိမ်းထားသင့်ပါတယ်"

ထိုသို့စကားပြောနေစဉ်အချိန်တွင် နောက်သို့ပစ်ထားသည့် ဆန်းလျန်၏လက်များက တစ်ချက်လှုပ်ရှားသွားလေသည်။ ဆန်းလျန်၏လက်များမှ ဓားဝိညာဉ်နှစ်ခုထွက်ပေါ်လာပြီး ပြန်လည်ဖြစ်တည်နိုင်ခြင်းစွမ်းအားများကိုဖျက်စီးပစ်လိုက်

လေသည်။ မည်သူမှ သတိမပြုမိသည့်အရာများကို ဆန်းလျန်သည် သတိပြုမိစမြဲပင် ဖြစ်လေသည်။

ဆန်းလျန်က အမှန်တရားကိုပြောပြလိုက်လျှင် သူ၏ဂိုဏ်းတူ တူလေးနှစ်ယောက် ရှက်သွားမည်ကိုစိုးရိမ်သည့်အတွက် ဖြစ်ရပ်မှန်ကိုမပြောပြတော့ဘဲ အန္တရယ်မရှိအောင် တိတ်တဆိတ်ကူညီပေးလိုက်ခြင်းသာ ဖြစ်လေသည်။

ဆန်းလျန်က လက်ဆောင်ကိုလက်မခံသည့်အခါ သူတို့က လည်း အတင်းအကြပ်ပေးခြင်း မပြုလုပ်ကြပါ။ ဓားတန်ခိုးရှင် ချန်ကျန့်မေ၏ တပည့်ပီသစွာ ကိစ္စရပ်များအားလုံးကို ပွင့် ပွင့်လင်းလင်းရိုးရိုးရှင်းရှင်းပင် ပြုလုပ်လေ့ရှိ လေသည်။

ဆရာတူတပည့်များပါပေ။

အခန်း (၅၇၅) စကြာဝဠာတေးသွား

လီယွမ်လျန်က နတ်ဆိုးစစ်သည်တော်များကို ပြန်ဆုတ်ရန်အတွက် အမိန့်ပေးလိုက်လေသည်။

ထို့နောက် သူက ဆန်းလျန်ကိုလှမ်းကြည့်လိုက်တော့ ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

အသူရာဂိုဏ်းထဲတွင် ယခုကဲ့သို့ တိုက်ခိုက်နေမှုများမရှိဘဲ စည်းလုံးနေမည်ဆိုလျှင် အသူရာဂိုဏ်းသည် အသူရာချောက်တွင် အင်အားကြီးမားသည့်ဂိုဏ်းများထဲမှ တစ်ခုဖြစ်နေမည်မှာ ကျိန်းသေပင်။

သို့သော် ဘုန်းတော်ကြီးသည် အသူရာဂိုဏ်းသားများကို ဓမ္မကိုကာကွယ်သူများအဖြစ်ပြောင်းလဲပစ်ခဲ့ပြီး တန်ခိုးစွမ်းအားများ

ကိုပါ ပြောင်းလဲပစ်ခဲ့သည်။ ဘုန်းတော်ကြီး ထိုသို့ပြုလုပ်ခြင်းမှာ ရည်ရွယ်ချက်တစ်ခုရှိရမည်ဟု ဆန်းလျန် ယုံကြည်ထားလေသည်။

သူတို့အားလုံး စကားမပြောဖြစ်ကြဘဲ တိတ်တဆိတ်ခရီးနှင်လာခဲ့ကြလေသည်။

သိပ်မကြာမီမှာပင် သူတို့ရှေ့တွင် ကျောက်ပြားတစ်ချပ်ကိုတွေ့မြင်ရလေသည်။ ကျောက်ပြားမှာ ကောင်းကင်ကိုပင်ထိုးဖောက်သွားတော့မည့်အလား မြင့်မားလွန်းလှလေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေတစ်သောင်းအထိ မြင့်နိုင်လေသည်။ ထိုကျောက်ပြားထက်မှ ကြောက်မက်ဖွယ်ရာအငွေ့အသက်များက စိမ့်ထွက်နေသည်မှာ ခြောက်ခြားစရာပင်ဖြစ်လေ၏။

သို့သော် လီယွမ်လျန်နှင့်အခြားသူများကတော့ ထိုကျောက်ပြားကို သိပ်ပြီးအထူးအဆန်းဖြစ်မနေပါ။

လီယွမ်လျန်က ဆန်းလျန်ကိုပင် ရှင်းပြလိုက်သေးသည်။

“ဂိုဏ်းချုပ်၊ ဒီကျောက်ပြားကို “မိစ္ဆာခွင်းကျောက်ပြား” လို့ခေါ်တယ်၊ နှစ်ပေါင်းဘယ်လောက်ကတည်းကတည်ရှိနေခဲ့လဲဆိုတာတော့ ဘယ်သူမှ မသိနိုင်ဘူး၊ ဒဏ္ဍာရီအရဆိုရင်တော့ ပထမမျိုးဆက်အသူရာဘုရင်က ပင်လယ်ပြင် မှာတိုက်ခတ်တဲ့ မုန်တိုင်းတွေကို ထိန်းချုပ်နိုင်ဖို့ တည်ဆောက်ခဲ့တာတဲ့၊ ဒီကျောက်ပြားကို ဖျက်စီးဖို့ကြိုးစားခဲ့ကြသူတွေလည်းအများကြီးပဲ၊ ဒါပေမယ့် ဒီကျောက်ပြားရွေ့အောင်တောင် မလုပ်နိုင်ခဲ့ကြဘူး၊ ဆရာက ဒီနေရာကို သဘောကျသွားတယ်လေ၊ အဲဒါနဲ့ ဒီနေရာရဲ့ ရေမျက်နှာပြင်အောက်မှာ မိစ္ဆာခွင်းနန်းတော်ကို တည်ဆောက်ခဲ့တယ်၊ ကျွန်တော်တို့နဲ့အတူ ရေအောက်ကိုသွားကြရအောင်ပါ ဂိုဏ်းချုပ်”

လီယွမ်လျန်၏စကားဆုံးသည်နှင့် စန်းဝမ့်က သူ၏ကြာပွတ်ကို တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ ပင်လယ်ရေပြင်သည် အက်ကွဲသွားပြီး ပင်လယ်

အတွင်းသို့ဆင်းသက်သည့် လမ်းကြောင်းတစ်ခုပေါ်လာလေ

သည်။

သွေးနီရောင်ပင်လယ်သည် ပေးတစ်သိန်းခန့် နက်ရှိုင်းပုံရလေ

သည်။

ရေအောက်သို့ဆင်းသက်စဉ်တွင် စန်းဝမ့်သည် ကြာပွတ်ကို

အဆက်မပြတ်ဝှေ့ယမ်းရင်းရေဖိအားကို တွန်းလှန်နေခဲ့သည်။

ဆန်းလျန်ကတော့ စန်းဝမ့်သည် ကျင့်စဉ်ကိုကျင့်ကြံနေခြင်း

ဖြစ်သည်ကို သိလိုက်သည့်အတွက် ထူးပြီး စကားပြောမနေ

တော့ပါ။

လီယွမ်လျန်နှင့် အခြားသူများကတော့ ရေခွဲနည်းပညာဖြင့် ရေ

အောက်သို့ ဆင်းသွားကြလေသည်။ သို့သော် ဆန်းလျန်

ကတော့ ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်

သည့်အတွက် မလေးမစားပြုလုပ်သလို ဖြစ်မည်ကို စိုးရိမ်

သည့်အတွက် စန်းဝမ့်က ရေခွဲလမ်းကိုဖန်ဆင်းကာ ဆန်းလျန်ကို ခေါ်ဆောင်ခဲ့ခြင်းဖြစ်လေသည်။

ထို့နောက် အချိန်ခဏလေးအတွင်းမှာပင် ဆန်းလျန်နှင့်အခြားသူများသည် မိစ္ဆာခွင်းနန်းဆောင်သို့ ရောက်ရှိလာကြလေသည်။

ရေအောက်တွင်ပင်ဖြစ်လင့်ကစား အလင်းရောင်ထွက်ပေါ်နေပြီး နန်းတော်သည် မှောင်မိုက်နေခြင်း မရှိပါချေ။

ရုတ်တရက် လီယွမ်လျန်၏မျက်နှာသည် တုန်လှုပ်ချောက်ခြားသွားဟန်ဖြစ်သွားပြီး ဆန်းလျန်ကို ဦးညွှတ်လိုက်ရင်း...

"ဂိုဏ်းချုပ် ၊ ဆရာက ဂိုဏ်းချုပ်ကို အထဲကိုခေါ်ခဲ့ဖို့ ပြောပါတယ်"

ချန်ကျန့်မေက တပည့်ဖြစ်သူကို စိတ်စွမ်းအားဖြင့်ဆက်သွယ်ကာ အမိန့်ပေးလိုက်ခြင်းဖြစ်ကြောင်း ဆန်းလျန် သိလိုက်လေသည်။ သို့သော် အံ့ဩစရာကောင်းသည့်အချက်မှာ ချန်ကျန့်

မေ၏ စိတ်စွမ်းအားဖြင့် ဆက်သွယ်မှုမှာ အလွန်အဆင့်မြင့်

နေသည်ဆိုသည့်အချက်ပင် ဖြစ်လေသည်။ ဂိုဏ်းတူအစ်ကို

ဖြစ်သူ၏ ကျင့်ကြံခြင်းအဆင့်သည် အလွန်မြင့်မားနေပြီ

ဖြစ်ကြောင်း ဆန်းလျန်ရိပ်မိလိုက်လေသည်။

မကြာမီပင် သူတို့တွေ့ဆုံကြရတော့မည် ဖြစ်လေသည်။

တာအိုဆရာစန်းဝမ့်က ပြုံးလိုက်ရင်း...

"ဒါဖြင့် ကျုပ်က ဂိုဏ်းချုပ်တို့ညီအစ်ကို ပြန်ဆုံကြတာကို မ

နှောက်ယှက်တော့ဘူးနော်..."

ဆန်းလျန်က ....

"ဟုတ်ပါပြီဗျာ..."

မိစ္ဆာခွင်းနန်းတော်သည် အလွန်မှ ကြီးမားကျယ်ပြန့်လေသည်။

လူပသည့် အသူရာနန်းတွင်းသူများလည်းမရှိသည့်အတွက်

တိတ်ဆိတ်ခြောက်ကပ်လျှက် ရှိလေသည်။ သို့သော် အေးချမ်း

လွန်းလှလေသည်။

နန်းတော်တည်ဆောက်ထားသည့်ပုံစံမှာလည်း ရှုတ်ထွေးခြင်းမရှိဘဲ အလွန်ရိုးရှင်းလေသည်။

တိတ်ဆိတ်သည့်လမ်းလေးတစ်လမ်းကိုဖြတ်သန်းသွားပြီးသည့်နောက် ကြာကန်တစ်ကန်ကိုတွေ့ရလေသည်။ ကြာကန်သည် ပေတစ်ထောင်ပတ်လည်ခန့် ကျယ်ဝန်းလေသည်။ ကြာကန်ထဲတွင် သွေးနီရောင်ကြာပန်းများပွင့်လန်းနေသည်ကိုတွေ့မြင်ရလေ၏။

ဆန်းလျန်သည် တာအိုဆရာစန်းဝမ့်ပြောသည့် စကားများကိုသတိရသွားပြီး ကြာပန်းများကို သေသေချာချာ ကြည့်မိလေသည်။ ကြာပန်းများမှာ ဝိညာဉ်စွမ်းအားများပြည့်ဝနေပြီး လှပကာအသရေနှင့်တင့်တယ်လေသည်။

ဆန်းလျန်ကိုလိုက်ပို့သည့် လီယွမ်လျန်သည် တိတ်တဆိတ်ပြန်လည်ထွက်ခွာသွားလေသည်။

ရုတ်တရက်...

သွေးနီရောင်ကြာပန်းတစ်ပွင့်သည် အလှွာလိုက်ပွင့်အာလာပြီး

ထိုကြာပန်းထက်တွင် တာအိုကျင့်ကြံသူလူငယ်တစ်ယောက်

ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုသူသည် အဖြူရောင်တာအိုဝတ်စုံကို ဝတ်ဆင်ထားပြီး

ဆံနွယ်ရှည်များက လေထဲတွင် လွင့်ပျံနေလေသည်။

ထူးခြားသည်မှာ လူငယ်၏မျက်ခုံးများဖြစ်လေသည်။

ဓားသွားပုံသဏ္ဍာန်ဖြောင့်တန်းနေသည့် မျက်ခုံးများ... ။

ထို့ထက်ပိုပြီးထူးခြားသည့်အချက်မှာ ထိုမျက်ခုံးများသည်

သွေးနီရောင်တောက်နေကြခြင်းပင် ဖြစ်လေသည်။

သူ၏လက်ထဲတွင် စာလိပ်တစ်လိပ်ကိုကိုင်ထားလေသည်။

သွေးနီရောင်ဓားသွားမျက်ခုံးများ၏ပိုင်ရှင်သည် သက်တမ်း

တစ်ဝက်ကျင့်ကြံခဲ့ပြီး လောကကြီးကို ထိတ်လန့်တုန်လှုပ်စေခဲ့

သူ ဓားတန်ခိုးရှင်ချန်ကျန့်မေမှလွဲပြီး မည်သူဖြစ်နိုင်ပါမည်န

ည်။

ချင်းရွှမ်နတ်တံခါးတွင် ပါရမီရှင်ကျင့်ကြံသူများ များစွာထွက်ပေါ်ခဲ့ပြီး ထိုသူများသည် ကြယ်စင်များအလား တောက်ပနေကြဆဲ ဖြစ်လေသည်။ သို့သော် ထိုကြယ်စင်များကြားတွင် ချန်ကျန့်မေသည် အတောက်ပဆုံးကြယ်တစ်စင်းဖြစ်ခဲ့သည်ဆိုသည့်အချက်ကိုတော့ မည်သူမျှ ငြင်း၍ မရနိုင်ပေ။

ဆန်းလျန်ကပြုံးလိုက်ရင်း…

"ဂိုဏ်းတူအစ်ကို… အခု သဏ္ဍာန်မဲ့ဓားသိုင်းကို ကျင့်ကြံအောင်မြင်သွားခဲ့ပြီမလား ၊အခု အသက်မဲ့ဓားသိုင်းကို ဆက်ကျင့်ကြံမလို့လား"

ဆန်းလျန်၏စကားကိုကြားသည့်အခါတွင်တော့ ချန်ကျန့်မေသည် လက်ထဲမှ ဖတ်လက်စစာလိပ်ကို အသာချထားလိုက်ပြီး ပေါ့ပေါ့ပါးပါးပင် ဆန်းလျန်ကို ပြုံးပြလိုက်လေသည်။

သူ၏ဦးခေါင်းထက်ရှိ ပိုင်ဟွေ့ဆံချက်မှ သွေးနီရောင်စီးကြောင်းတစ်ခု ထွက်ပေါ်လာပြီး ထိုသွေးနီရောင်စီးကြောင်း

သည် ချန်ကျန့်မေ၏ဦးခေါင်းထက်တွင် တိမ်တိုက်တစ်ခု အလား ဖြစ်တည်နေလေသည်။ထိုတိမ်တိုက်ထဲတွင် အလင်းတန်းတစ်ခု ဖြာလင်းနေပြီး တိမ်တိုက်အစွန်အဖျား လေးများတွင်ပင် အလင်းရောင်က လှည့်ပတ်နေလေသည်။ ထိုအလင်းတန်းများသည် ကွမ်းလုန်ကျီ၏ သေခြင်းနှင့်ရှင် ခြင်းမီးအိမ်မှ အလင်းတန်းများကဲ့သို့ပင် တန်ခိုးစွမ်းအားမြင့် မားကြောင်း ဆန်းလျန်ရိပ်မိလိုက်လေသည်။ ချန်ကျန့် မေ၏ဦးခေါင်းထက်မှ အနီရောင်အလင်းတန်းနှင့် ထိမိသူ မည်သူမဆို ဘဝအဆုံးသတ်ရမည် ဖြစ်လေသည်။ ဤသည်မှာ ဓားသိုင်းကိုကျင့်ကြံအောင်မြင်သွားပြီဆိုသည့် သင်္ကေတပင် ဖြစ်လေသည်။

ဖုကျီပြောခဲ့ဖူးလေသည်။

“လူတစ်ယောက်သည် အသက်ရှင်သန်ဖို့နားမလည်နိုင်လျှင် သေခြင်းတရားကိုလည်း ရင်မဆိုင်နိုင်” ဟူ၍ဖြစ်လေသည်။

ချန်ကျန့်မေသည် သေခြင်းတရားအဓိပ္ပါယ်ကို သွေးနီးရောင်ကြာပန်းမှတစ်ဆင့် သိမြင်ခဲ့လေသည်။ ထို့ကြောင့် သူသည်ရန်သူများကို တိုက်ခိုက်သတ်ဖြတ်သည့်အခါတွင် သဏ္ဍာန်မဲ့ဓားသိုင်းကို ကျော်လွန်သွားခဲ့ပြီ ဖြစ်လေသည်။

သဏ္ဍာန်မဲ့ဓားသိုင်းနှင့် အသက်မဲ့ဓားသိုင်းသည် ခပ်ဆင်ဆင်တူသည်ဟု ထင်မှတ်ရနိုင်လေသည်။ သို့သော်တကယ်တမ်းတွင်ထိုဓားသိုင်းနှင့်ခုသည် မိုးနှင့်မြေလို ကွာခြားလွန်းလေသည်။ သဏ္ဍာန်မဲ့ဓားသိုင်းသည် ကျင့်စဉ်တစ်ခုအပေါ်တွင်အဓိကထားပြီး အသက်မဲ့ဓားသိုင်းကတော့ သေခြင်းနှင့်ရှင်ခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုသော သတ်ဖြတ်လိုသည့်စွမ်းအားများ၏ အမြင့်ဆုံးအဆင့်ဖြစ်လေသည်။

မရဏသေခြင်းတရားရောက်လာသည်နှင့် အသက်ပျောက်ရမည် ဖြစ်လေသည်။ အသက်မရှိပါက မရဏတရားသည်

လည်း ရောက်လာတော့မည် မဟုတ်သည်။ သေခြင်းနှင့်ရှင်ခြင်းကြားတွင် တာအိုတရားကို ရှာဖွေတွေ့ရှိနိုင်လေသည်။

ချန်ကျန့်မေသည် အစဉ်အမြဲ စစ်မှန်သည့်ဓားသိုင်းလမ်းစဉ်ပေါ်တွင် လျှောက်လှမ်းနေသူဖြစ်ပြီး အစဉ်အမြဲ ထွန်းလင်းတောက်ပနေသူ ဖြစ်လေသည်။

ရုတ်တရက်...

ချန်ကျန့်မေ၏ဦးခေါင်းထက်မှ အလင်းတန်းသည် ဓားတစ်လက်အဖြစ်သို့ပြောင်းလဲသွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်နေပြီး ထိုဓားဆီမှကြီးမားသောဖိအားများသည် ဆန်းလျန်ကို ဖိနှိပ်ထားလေသည်။

ချန်ကျန့်မေက...

“ဆန်းလျန်… နှစ်တွေအများကြီးကြာခဲ့ပြီနော်… မင်းရဲ့

ကျင့်ကြံခြင်းအဆင့် ဘယ်လောက်တိုးတက်လာလဲ စမ်းကြည့်

ရအောင်၊ မင်း ကျုပ်ထက်တော့ အဆင့်မနိမ့်လောက်ပါဘူး”

ဆန်းလျန်ကပြုံးလိုက်ရင်း…

“ကျွန်တော်က ဂိုဏ်းတူအစ်ကိုကို စိတ်ပျက်စေမှာ မဟုတ်ပါ

ဘူး”

ချန်ကျန့်မေက ရယ်မောလိုက်စဉ်မှာပင် ပတ်ဝန်းကျင်တစ်ခု

လုံးမှ အရာအားလုံး ပျောက်ကွယ်သွားပြီး အကန့်အသတ်မဲ့

နေရာတစ်ခုသို့ ရောက်ရှိသွားလေသည်။

ထိုနေရာတွင် ဆန်းလျန်နှင့် ချန်ကျန့်မေ နှစ်ယောက်သာရှိလေ

သည်။

ဆန်းလျန်သည် ချန်ကျန့်မေ အနားတွင် ရပ်နေလေသည်။

ချန်ကျန့်မေကို ကြည့်ရသည်မှာ စိတ်လှုပ်ရှားနေဟန်ရှိလေ

သည်။

“စကြာဝဠာတေးသွားဖန်ဆင်းခြင်း… မင်း ဒီလိုဖန်ဆင်းမှုမျိုးကို ဘယ်တုန်းကတည်းက သင်ယူထားတာလဲ၊ ကျုပ်တောင် မသိလိုက်ရပါလား”

ဆန်းလျန်က…

“ဂိုဏ်းတူအစ်ကို၊ ကျွန်တော်က အစ်ကို့ကို ဘယ်မီမှာလဲ၊ ကျွန်တော်သာ ဒီလောက်မကျင့်ကြံထားရင် အစ်ကို့ကို ခုလိုမျိုးလာတွေ့ရဲမှာတောင်မဟုတ်ဘူး၊ ကဲ… သတိထားပေတော့ဗျာ… ကျွန်တော်က အစ်ကို့ကို ညှာမှာမဟုတ်ဘူး၊ ဒါကြောင့် အစ်ကိုရှုံးသွားရင် ကျွန်တော့်ကို အပြစ်မတင်နဲ့"

ပြောပြီးသည်နှင့် ဆန်းလျန်သည် လက်ဟန်တစ်ခုကို ပြုလုပ်လိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် တုန်လှုပ်လာပြီး တောင်မြင့်ကြီးများနှင့် မြစ်ရေများ စီးဆင်းဝင်ရောက်လာလေသည်။ ဆန်းလျန်၏ တောင်နှင့်မြစ်ရေသင်္ကေတကို အသုံးပြုနိုင်စွမ်းသည် ချ

င်းရှမ်နတ်တံခါးမှ အခြားသူများအားလုံးထက်သာလွန်ကာ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်လေသည်။

ချန်ကျန့်မေက ရယ်မောလိုက်ရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်လေသည်။

သူ၏လက်ထဲတွင် ကြောက်မက်ဖွယ်ရာ မရဏာစားဝိညာဉ်တစ်လက်သည် လင်းလက်တောက်ပလျှက်ရှိလေသည်။

အခန်း (၅၇၆) မျက်ခုံးနှစ်ခုကြားကသွေးစက်များ

ချန်ကျန့်မေ၏ဓားမှထွက်ပေါ်နေသည့် ဓားစွမ်းအားများသည် လေထုတစ်ခုလုံးတွင် ပြည့်နက်နေလေသည်။ သို့သော် ဆန်းလျန်ကို ထိခိုက်နိုင်ခြင်း မရှိပါ။

ဆန်းလျန်၏ တောင်နှင့်မြစ်ရေသကော်တသည် တောင်နှင့်မြစ်ရေများကို ဆင့်ခေါ်နိုင်ရုံသာမက မိုးများကိုပင်ရွာသွန်းစေလေသည်။ မိုးရွာသွန်းသည်နှင့်အမျှ လေပြင်းများလည်း တိုက်ခတ်လာလေသည်။

ဓားထိခတ်သံများထွက်ပေါ်နေလေသည်။

သဏ္ဍာန်မဲ့ဓားအလွှာများသည် လေထဲတွင် တုန်ခါနေလေသည်။

သဏ္ဍာန်မဲ့ဓားသည် လေပြင်းကိုဖြတ်ကျော်ပြီး မြစ်များကို ထိုးခုတ်ကာ ဆန်းလျန်ရှိရာသို့ ဦးတည်ဝင်ရောက်လာလေသည်။

ဆန်းလျန်သည် ပြုံးနေဆဲ ဖြစ်ပြီး မြစ်ရေများကို ဖန်ဆင်းကာ ချန်ကျန့်မေ၏ဓားသွားများကို ကာကွယ်တားဆီးထားလိုက်လေသည်။

ချန်ကျန့်မေ၏ဓားသွားသည် လေထဲတွင် တောက်ပသော မီးတောက်များဖြစ်ပေါ်နေပြီး ဥက္ကာပျံများပျံသန်းနေသကဲ့သို့ တုန်လှုပ်ခြောက်ချားဖွယ်ရာ ဖြစ်လေသည်။ ယခင်က ချန်ကျန့်မေ၏ဓားသိုင်းသည် ယခင်ကအတိုင်းပင် ရိုးရှင်းပြီး သန့်စင်လေသည်။ သို့သော် ချန်ကျန့်မေသည် ဆန်းလျန်ကို ပေါ့ပေါ့ပါးပါးပင် တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

ဓားဝိညာဉ်မှာတောက်ပနေပြီး ဆန်းလျန်၏ တောင်နှင့်မြစ်ရေများအားလုံးသည် ပျောက်ကွယ်သွားရလေသည်။

ဆန်းလျန်သည် ဂိုဏ်းတူအစ်ကိုနှင့် လက်ရည်စမ်းနေရသည့်အတွက် အပျော်လွန်လျှက်ရှိလေသည်။

ရန်သူပြိုင်ဘက်များနှင့် သူသေကိုယ်သေတိုက်ခိုက်လာသည့် တိုက်ပွဲများနှင့်မတူ ညီအစ်ကိုချင်းလက်ရည်စမ်းရသည်မှာ စိတ်ကိုသက်သာရာရစေပြီး ပျော်ရွှင်စရာအတိ ဖြစ်လေသည်။ ထို့ပြင် ညီရင်းအစ်ကိုကြားတွင် တစ်ယောက်၏တန်ခိုး စွမ်းအားများကို အခြားတစ်ယောက်က အကုန်အစင်သိမြင် သွား၍လည်း ထူးခြားပြီး ပြဿနာဖြစ်မသွားနိုင်ပေ။ ချန်ကျန့်မေသည် ဆန်းလျန်အပေါ်တွင် သူ၏ဓားတန်ခိုး စွမ်းအားများအားလုံးကို အသုံးပြုခြင်း မရှိသေးသည့်တိုင် သူ၏အဆင့်သည် ဓားသူတော်စင်အဆင့်ကိုပင် ကျော်လွန်နေ ပြီ ဖြစ်လေသည်။ သူသည် ဓားတစ်လက်ဖြင့်ပင် ကျင့်စဉ်လမ်း ပေါင်းများစွာကို ကျော်ဖြတ်သွားနိုင်လေသည်။ ထိုအချက် သည် ချဲ့ကားပြောဆိုခြင်း မဟုတ်ပေ။

ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ ကျင့်စဉ်ပေါင်းများစွာကို သိရှိ နားလည်ထားသည့် ဆန်းလျန်၏ တန်ခိုးစွမ်းအားနှင့် အသိဉာဏ်

မှာအလွန်ကျယ်ပြန့်သည်ဟု ဆိုနိုင်လေသည်။ သို့သော် ဆန်း လျန်၏ ကျင့်စဉ်စွမ်းအားများအားလုံးသည် သူ့ရှေ့ရှိ ဂိုဏ်းတူ အစ်ကို၏ ဓားတစ်လက်အောက်တွင် အကုန်ပျက်ပြယ်ကုန်ရ လေသည်။

သို့သော် ချန်ကျန့်မေသည် ညီငယ်ထုတ်ဖော်ပြသမှုသော တန်ခိုးစွမ်းအားတိုင်း၏ ဟာကွက်နေရာများကို သူ၏ဓားဖြင့် အေးအေးဆေးဆေးပင် ထုတ်ဖော်ပြသပေးနေခဲ့လေသည်။ ဆန်းလျန်သည် ကျင့်စဉ်များကို ကျင့်ကြံထားသည့်တိုင် ကိုယ်တိုင်အသုံးပြုနေသည့်အတွက် ကျင့်စဉ်များ၏ ဟာကွက် ကို မတွေ့မြင်နိုင်ခဲ့ပေ။ ယခု ချန်ကျန့်မေ၏ လမ်းညွှန်မှုဖြင့် ဆန်းလျန်သည် အချိန်ခဏလေးအတွင်းမှာပင် သင်ယူမှုများ စွာကို ပြုလုပ်နိုင်ခဲ့လေသည်။

ချန်ကျန့်မေမှာလည်း ညီငယ်နှင့်ပြန်လည်တွေ့ဆုံပြီး လက်ရည် စမ်းနေရသည်ကို အလွန်ပျော်ရွှင်နေဟန် ရှိလေသည်။ သူ့ဘ၀

တွင် ယခုကဲ့သို့ ပျော်ရွှင်မှုကို မခံစားရသည်မှာ ကြာပြီ ဖြစ်လေသည်။ သူသည် ဓားသိုင်းလမ်းစဉ်ကို အောင်မြင်ပြီး ကတည်းက သူ၏ဓားသိုင်းတစ်ကွက်ကိုပင် ခုခံနိုင်သူ အတော်ရှားလေသည်။

ဆန်းလျန်ကဲ့သို့ ကျင့်စဉ်စွမ်းအားများစွာဖြင့် သူ့ကို ပညာစမ်းနိုင်သူမှာ မရှိသလောက်ပင် ဖြစ်လေသည်။

သူသည် ဆန်းလျန်၏ ကျင့်စဉ်စွမ်းအားများမှ ဟာကွက်များကို ထောက်ပြနေခဲ့သော်လည်း တကယ်တမ်းတွင် ထိုဟာကွက်များသည် ပြောပလောက်သည့် အရာများမဟုတ်ပေ။ ဆန်းလျန်ဆိုသည်က အလွန်အဆင့်မြင့်သည့် နတ်ဘုရားတစ်ပါးဖြစ်နေခဲ့ပြီ မဟုတ်ပါလား။

ဆန်းလျန်သည် ကျင့်စဉ်ပေါင်းများစွာကို လေ့လာခဲ့ပြီး ကိုယ်ပိုင်ကျင့်စဉ်လမ်းတစ်ခုကိုပင် လမ်းသစ်ထွင်ရန် ကြိုးစားနေခဲ့သူတစ်ယောက် ဖြစ်လေသည်။

ညီအစ်ကိုနှစ်ယောက်သည် အချိန်ကြာမြင့်စွာ တိုက်ခိုက်နေခဲ့ကြလေသည်။

ဆန်းလျန်သည် အကန့်အသတ်မဲ့တန်ခိုးစွမ်းအားများကို ထုတ်ဖော်ပြသနေပြီး စိတ်ပျက်ခြင်းလည်း မရှိခဲ့ပါ။ တိုက်ခိုက်နေစဉ်အတွင်း သူက ချန်ကျန့်မေ၏ ဓားသိုင်းလမ်းစဉ်ကို သေသေချာချာလေ့လာနေမိလေသည်။

ရုတ်တရက် ဆန်းလျန်က စကားစပြောလိုက်သည်။

“အစ်ကိုချန်... ဒီတစ်ခါတော့ အစ်ကို့ရဲ့ဓားသိုင်းကို ဆန်းလျန်ရဲ့ဓားသိုင်းနဲ့ စမ်းသပ်ကြည့်ရအောင်..."

စကားသံဆုံးသွားသည်နှင့် ဆန်းလျန်၏လက်ထဲတွင် ဓားရှည်တစ်လက်ပေါ်လာလေသည်။

ထို့နောက် ဓားရှည်သည် လေထဲတွင်စီးဆင်းသွားပြီး နဂါးငွေ့တန်းဖြစ်ပေါ်လာလေသည်။

ဆန်းလျန်က...

"ဒီဓားသိုင်းက ကျွန်တော်တီထွင်ထားတာ ၊ 'နှလုံးသားဆီသို့မိုင်ထောင်ပေါင်းများစွာ' လို့ နာမည်ပေးထားတယ်"

နဂါးငွေတန်းသည် ချန်ကျန့်မေထံသို့ ဦးတည်ပျံသန်းသွားလေသည်။ ထိုနဂါးငွေတန်းကို မည်သည့်ဓားကမှ ကျော်ဖြတ်နိုင်မည်မဟုတ်ပေ။

ဆန်းလျန်သည် သူတီထွင်ထားသည့်ပညာကို အသုံးပြုလိုက်ရသည့်အတွက် စိတ်လှုပ်ရှားနေလေသည်။

ချန်ကျန့်မေသည် အနည်းငယ်တုန်ခါသွားလေသည်။

"နှလုံးသားဆီသို့မိုင်ထောင်ပေါင်းများစွာ" ဓားသိုင်းတွင် ဟာကွက် တစ်ခုတစ်လေပင် တွေ့ရှိရခြင်း မရှိပေ။

သူသည် ဘုန်းတော်ကြီးနှင့်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲကို ပြန်လည်သတိရလိုက်မိလေသည်။

ထိုစိတ်ခံစားချက်သည် ခဏသာသူ့ခေါင်းထဲသို့ ရောက်ရှိလာပြီး ချက်ချင်းပြန်ပျောက်သွားလေသည်။ ချန်ကျန့်မေ ထံမှဓား

ဝိညာဉ် ၊ ဓားတန်ခိုးစွမ်းအား ၊ သတ်ဖြတ်လိုသည့်

အငွေ့အသက်များ အားလုံး ပျောက်ကွယ်သွားလေသည်။ ချန်

ကျန့်မေသည် သာမန်လူသားတစ်ယောက်အဖြစ်ပြောင်းလဲ

သွားလေသည်။

လေထဲတွင် ရပ်တန့်နေရင်း ချန်ကျန့်မေ ပြုံးလိုက်လေသည်။

ထို့နောက် သူ၏မျက်ခုံးနှစ်ခုကြားတွင် သွေးစက် တစ်စက်

ထွက်ပေါ်လာလေသည်။ ထိုသွေးစက်ထွက်ပေါ်လာသည်နှင့်

ဆန်းလျန်ဖန်ဆင်းထားသည့် နဂါးငွေ့တန်း၏

တစ်စိတ်တစ်ဒေသသည် ပျောက်ကွယ်သွားလေသည်။

နောက်ထပ်သွေးစက်တစ်စက်ထွက်ပေါ်လာသည့်အခါ

နဂါးငွေ့တန်းနောက်ထပ်အနည်းငယ် ထပ်မံပျောက်ကွယ်သွားရ

ပြန်သည်။

ထို့နောက် အမည်မသိစွမ်းအားတစ်ခုပေါ်ထွက်လာပြီး ဆန်းလျှ

န်၏ နဂါးငွေ့တန်းဓားဝိညာဉ်သည် ပျောက်ကွယ်သွားလေ

တော့သည်။

ညီအစ်ကိုနှစ်ယောက် လက်ရည်စမ်းသည့်တိုက်ပွဲဖြစ်

လင့်ကစား ချန်ကျန့်မေ၏ တန်ခိုးစွမ်းအားသည် ထူးဆန်းလွန်း

လှလေသည်။ သူ၏တန်ခိုးစွမ်းအားသည် မည်သည့်နေရာမှ

ထွက်ပေါ်လာသည်ကို မခန့်မှန်းနိုင်ပေ။ နဂါးငွေ့တန်းဓား

ဝိညာဉ်ကို ဖျောက်ဖျက်ပစ်နိုင်ရန်အတွက် မည်သည့်စွမ်းအား

ကို အသုံးပြုခဲ့ပါသနည်း။

ချန်ကျန့်မေ၏ မျက်ခုံးနှစ်ခုကြားမှ သွေးစက်များကြောင့်

နဂါးငွေ့တန်းဓားဝိညာဉ်သာမက ဆန်းလျှန်ဖန်ဆင်းထား သည့်

ဗလာနယ်ပါ ပျောက်ကွယ်သွားရလေသည်။

သူတို့သည် မူလနေရာဖြစ်သည့် ကြာကန်နံဘေးတွင် မတ်တပ်

ရပ်နေကြလေသည်။

“မင်းက တကယ်ပဲ ကျုပ်ကို စိတ်မပျက်စေပါဘူး…”

ချန်ကျန့်မေက ဆန်းလျန်ကိုပြောလိုက်သည်။

"ဒါပေမယ့် ထိုက်ရှီးနည်းဗျူဟာနဲ့ နဂါးငွေ့တန်းဓားသိုင်းကို

ပေါင်းစပ်ထားတဲ့ ကျွန်တော့်ရဲ့တန်ခိုးစွမ်းအားကို အစ်ကို

ဘယ်လိုနည်းလမ်းသုံးပြီး ချိုးဖျက်ခဲ့တာလဲ"

ဆန်းလျန်က မေးခွန်းထုတ်လိုက်သည်။

ချန်ကျန့်မေက…

"မင်းမေ့သွားပြီလား ၊ တာအိုနဲ့တစ်သားတည်းကျခြင်းဆိုတဲ့

အခိပ္ပါယ်ကိုလေ”

ဆန်းလျန်က လက်ဖျောက်တစ်ချက်တီးလိုက်ရင်း…

“ကျွန်တော်သိသွားပြီ အစ်ကိုချန် ၊ အစ်ကိုက မရဏဓားရဲ့

စွမ်းအားကို အသုံးပြုပြီး တာအိုအရင်းမြစ်တစ်ခုနဲ့ ပေါင်းစပ်

လိုက်တာမလား"

ချန်ကျန့်မေက ခေါင်းကိုခါယမ်းလိုက်ရင်း…

"ကျုပ်က သွေးနီရောင်ပယ်လယ်ပြင်နဲ့စွမ်းအားကို ခဏငှားသုံးလိုက်တာပါ၊ တာအိုနဲ့တစ်သားတည်းကျဖို့ဆိုတာ တော့ အိပ်မက်တောင် မမက်ရဲသေးဘူး"

ဆန်းလျန်က ခေါင်းညိတ်လိုက်လေသည်။

ချန်ကျန့်မေပြောသည့်စကားကို ဆန်းလျန်ကောင်းစွာနားလည်လေသည်။

သူသည် ကျောက်စိမ်းကျိုင်းတံကိုင်ဆောင်ထားသည့် မူလနတ်ဘုရားလင်ပေါင်ထျန်းကျွင်း၏ တန်ခိုးစွမ်းအားကို ယူဆောင်အသုံးပြုလေ့ရှိသကဲ့သို့ ချန်ကျန့်မသည်လည်း ပြင်ပစွမ်းအားတစ်ခု၏အရင်းအမြစ်ကို ယူဆောင်အသုံးပြုခဲ့ခြင်းသာ ဖြစ်လေသည်။

အခန်း (၅၇၇) နတ်ဆရာမ

ဆန်လျန်က အနည်းငယ်ပြုံးလိုက်ပြီး...

"အစ်ကို့ရဲ့အရည်အချင်းနဲ့ဆိုရင် တာအိုနဲ့တစ်သားတည်းကျတဲ့အဆင့်ကိုတောင် ကျော်လွန်နိုင်နေပါပြီ ၊ ဒါနဲ့ ကျွန်တော်သိချင်တာ တစ်ခုရှိတယ် ၊ အစ်ကို အသူရာချောက်ကို ဘယ်လိုရောက်လာတာလဲ"

ချန်ကျန့်မေက...

"အသတ်ခံလိုက်ရလို့ ရောက်လာတာပေါ့ ၊ ဒါပေမယ့် ကျုပ်ကိုသတ်တဲ့သူက ချန်ပေသိုတော့ မဟုတ်ဘူး ၊ ထူဆန်းတဲ့တာအိုဆရာတစ်ယောက်ပဲ"

ဆန်းလျန်က မျက်လုံးများကို အသာမှေးစင်းလိုက်လေသည်။

ထိုအချိန်တုန်းက ချန်ကျန့်မေသည် ဒဏ်ရာအပြင်းအထန် ရထားလေသည်။ ထို့ပြင် နတ်ဘုရားတစ်ပါးအဖြစ်လည်း အဆင့်တက်ရောက်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် အသတ်ခံရသည်ဆိုသည်မှာ ပုံမှန်တော့ သိပ်မဖြစ်နိုင်ပေ။

သို့သော် ထိုအချိန်က သေစေခြင်းကျောင်းတော်တွင် အသက်ရှင်ကျန်ရစ်သူဆို၍ ပုရွက်ဆိတ်တစ်ကောင်ပင် မကျန်ရစ်ခဲ့ပေ။ သို့သော်သေစေခြင်းကျောင်းတော်အဆောက်အဦးမှာ တော့ခြစ်ရာတစ်ရာပင် ထင်ခဲ့ခြင်း မရှိပေ။ ထိုအချက်ကြောင့် ဆန်းလျန်မှာ များစွာစိတ်အနှောက်အယှက် ဖြစ်ခဲ့ရသေးသည်။ ချန်ကျန့်မေအသတ်ခံရခြင်းသည် သူထင်မြင်သည့်အတိုင်းများ ဖြစ်ခဲ့လေသည်လားဟု ဆန်းလျန် စဉ်းစားနေမိလေသည်။

"အဲဒီလူဘယ်သူလဲ ၊ ဘာသဲလွန်စမှ မရခဲ့ဘူးလား ဂိုဏ်းတူအစ်ကို..."

ချန်ကျန့်မေက...

"ထူးဆန်းတဲ့တာအိုဆရာတစ်ယောက်ပဲ ၊ သူအသုံးပြုတဲ့ဓားက လည်း မရဏဓားတစ်လက်ပဲ ၊ ပြီးတော့ သူ့ရဲ့ဓားက ချန်ပေသို ရဲ့ဓားနဲ့တော်တော်ဆင်တူတယ် ၊ ဒါပေမယ့် ကျုပ်စုံစမ်းကြည့် လိုက်တော့ အဲဒီတာအိုဆရာက တကယ့်စစ်မှန်တဲ့လမ်းစဉ်ကို လျှောက်လှမ်းနေတဲ့တာအိုဆရာတစ်ယောက်ပဲ ၊ သွေးနီရောင် ပင်လယ်ထဲက ဟိုဘုန်းတော်ကြီးတောင် သူ့ကိုယှဉ်နိုင်မှာ မဟုတ်ဘူး"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အဲဒီဘုန်းတော်ကြီးက မဟာစကြာဗောဓိသကျအဆင့်တောင် ရောက်နေပြီလားမသိဘူး ၊ ဒါပေမယ့် အစ်ကို့ကိုသတ်သွားတဲ့ တာအိုဆရာက အဲဒီဘုန်းတော်ကြီးထက်တောင် အဆင့်မြင့်နေ တယ်ဆိုရင် ဆရာဘိုးဘိုး ယွမ်ချင်းတို့နဲ့ တောင်အဆင့်တူတဲ့သူ ဖြစ်နေမှာပေါ့ ၊ ဒီလောက်အဆင့်မြင့်တဲ့တာအိုဆရာတစ်

ယောက်က ဘယ်လိုဖြစ်လို့ အစ်ကိုကို ကိုယ်တိုင်လာသတ်ရ

တာလဲ"

"ကျုပ်လည်း အဲဒီကိစ္စကိုစဉ်းစားမရဘူးဖြစ်နေတာ ၊ သူ့ဓား

ချက်တစ်ချက်တည်းနဲ့ ကျုပ်အသက်ပါသွားတာပဲ ၊ ဒါပေမယ့်

တစ်နေ့တော့ ကျုပ်လက်စားပြန်ချေမှာပါလေ..."

ချန်ကျန့်မေက ခပ်အေးအေးပင် ပြောလိုက်လေသည်။

ချန်ကျန့်မေသည် အသူရာချောက်သို့ရောက်ရှိလာပြီး အသူရာ

ဂိုဏ်းတွင် လူပြန်ဝင်စားရသည့်တိုင် စွန့်စားမှုများစွာကို

ရင်ဆိုင်ခဲ့ရလေသည်။ နတ်ဘုရားတစ်ပါးမဖြစ်သေးဘဲ လူပြန်

ဝင်စားခဲ့ရခြင်းမှာ သူ့ဘဝအတွက် အာမခံချက်မရှိလှပေ။

ဆန်းလျန်သည် ထိုအကြောင်းကို တွေးလိုက်မိသည်နှင့်

အနည်းငယ်စိတ်ဖိစီးသွားမိလေသည်။

အမှန်တော့ သူသည် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်တစ်

ယောက် ဖြစ်လေသည်။ သူ့အနေဖြင့် တစ်ချိန်က ချန်ကျန့်မေ

ကို ကာကွယ်မပေးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် မျက်နှာမပြရဲလောက်အောင်ပင် ခံစားရလေသည်။

ဆန်းလျန်က ထိုအကြောင်းများကို ထပ်မံမေးမြန်းခြင်းမပြုတော့ပါ။

ပြန်လည်ဆုံတွေ့ကြပြီဖြစ်သည့်အတွက် သူတို့နှစ်ယောက်ကွဲကွာပြီးနောက်ပိုင်း ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကို ဖြည်းဖြည်းချင်း ပြန်ပြောနိုင်မည် ဖြစ်လေသည်။

ထို့ပြင် ချန်ကျန့်မေသည် အသူရာဂိုဏ်းတွင် လူပြန်ဝင်စားသည်မှာ နှစ်ပေါင်းသုံးရာခန့်ရှိနေပြီ ဖြစ်လေသည်။ သို့သော် ချင်းရှမ်နတ်တံခါးတည်ရှိရာလောကတွင် ချန်ကျန့်မေပျောက်ကွယ်သွားသည်မှာက အနှစ်နှစ်ဆယ်ပင်မပြည့်သေးပေ။

သို့သော် ထိုကိစ္စနှင့်ပတ်သက်ပြီး ဆန်းလျန်က ပုံကြီးချဲ့မနေတော့ပါ။

အဘယ်ကြောင့်ဆိုသော် အချိန်ယန္တယား၏မတူညီမှုကို

အိပ်မက်ကမ္ဘာတွင် တာ့ယိနှင့်ဟန်အယ်တို့ရှိရာလောကသို့ သူ

ရောက်ရှိသွားသည့်အချိန်တွင် ကောင်းကောင်းသိရှိခဲ့ရ

သောကြောင့် ဖြစ်လေသည်။

တာ့ယိနှင့် ဟန်အယ်တို့တည်ရှိရာလောကတွင် ဆန်းလျန် နှစ်

ပေါင်းများစွာ နေထိုင်ခဲ့ရသော်လည်း နတ်ဘုရားကျောင်းတော်

အတွင်းသို့ပြန်ရောက်သည့်အခါ အချိန်သည် ခဏလေးပင်

ကုန်ဆုံးသေးသည် မဟုတ်ပါလား။

အချိန်ယန္တရား၏မတူညီမှုများသည် အံ့သြစရာဖြစ်သည့်တိုင်

လက်မခံနိုင်စရာအကြောင်းတော့ မရှိခဲ့ပါ။

အခြေအနေအရပ်ရပ်သည် တွေးထင်ထားသလောက် လွယ်ကူ

ခြင်းမရှိသည်ကို ဆန်းလျန်နားလည်နေခဲ့ပြီဖြစ်လေသည်။

ထို့ကြောင့် သူက ထိုအကြောင်းအရာများကို ချန်ကျန့်မေကို

ချက်ချင်းပြောမပြသေးဘဲ ဖြေးဖြေးမှပဲပြောရန် ဆုံးဖြတ်လိုက်တော့သည်။

နောက်ဆုံးတော့ ဆန်းလျန်က တိုင်းပြည်တစ်ပြည်တည်ထောင်ရန် စိတ်ကူးနေသည့် သူ၏ရည်ရွယ်ချက်ကို ချန်ကျန့်မေကို ပြောပြလိုက်လေသည်။

ချန်ကျန့်မေက...

“ကျုပ်လည်း တာ့ရှားဧကရာဇ်နဲ့ တစ်ခါ တိုက်ခိုက်ဖူးတယ်၊ တကယ်တော်တဲ့သူပဲ၊ ထျန်းယီအကြီးအကဲကတော့ တော်တော်လေးနာမည်ကြီးတယ်၊ ဒါပေမယ့် ကျုပ်အထင်ပြောရရင် မင်းက အားလုံးထက်သာပါတယ်၊ မင်းသာ တိုင်းပြည်တစ်ခုထူထောင်ပြီး တာ့ရှားနဲ့ယှဉ်ပြိုင်ပြီး တာ့ရှားနဲ့ယင်းစန်းကို တိုက်ခိုက်ချင်တယ်ဆိုရင် ကျုပ်ရဲ့ သွေးနီရောင်ပင်လယ်က စစ်အင်အားက လုံလောက်ပြီးသားပဲ၊ အဝေးကြီးကိုလည်း သိပ်ပြီး လျှောက်မစဉ်းစားနဲ့ ဆန်းလျန်၊ ဒါပေမယ့် ကျုပ်စိတ်ပူတာ

တစ်ခုက ကျုပ်သွေးနီရောင်ပင်လယ်ကထွက်ခွာပြီး မင်းကို မကူညီနိုင်မှာကိုပဲ ၊ ပြီးတော့ ကျုပ်ရဲ့စစ်တပ်ကို မင်းနဲ့အတူတိုက်ခိုက်ဖို့အမိန့်ပေးဖို့ လွယ်ကူပါ့မလားဆိုတာရယ်ပေါ့”

အသူရာဂိုဏ်းတွင် လူပြန်ဝင်စားပြီး ဘဝအသစ်ဖြင့်မွေးဖွားခဲ့သည့်တိုင် ချန်ကျန့်မေသည် ချန်ကျန့်မေသာ ဖြစ်လေသည်။ သူ၏စိတ်နေစိတ်ထားများသည် ယခင်ဘဝကအတိုင်း ပြောင်းလဲသွားခြင်း မရှိပေ။ လောကီရေးရာကိစ္စများတွင် ပါဝင်ပတ်သက်လိုစိတ်ရှိသူတစ်ယောက် မဟုတ်ပေ။

ချန်ကျန့်မေ၏စကားသည် ဆန်းလျန်၏ရင်ထဲတွင် ထိရှသွားလေသည်။

“ခုန စကြာဝဠာတေးသွားဖန်ဆင်းခြင်းပညာကို အသုံးပြုလိုက်တုန်းက ကျွန်တော့်ရဲ့ တန်ခိုးစွမ်းအားအစိတ်အပိုင်းအချို့ကို ထည့်သွင်းထားတယ် ၊ ဒါကြောင့် ဒီရက်တွေအတွင်းမှာ အစ်ကို

နဲ့ ဂိုဏ်းတူအစ်ကိုစန်းဝမ့်ကို တန်ခိုးစွမ်းအားပညာတွေ

လက်ဆင့်ကမ်းပေးချင်မိတာ..."

ချန်ကျန့်မေက ပြုံးလိုက်ရင်း...

"လွန်ခဲ့တဲ့နှစ်ရာပေါင်းများစွာကဆိုရင်တော့ မင်းက ဗုဒ္ဓ

ကိုယ်တိုင်ပေးအပ်ထားတဲ့ကျင့်စဉ်ကို ကျုပ်ကိုလာပေးရင်

တောင်တစ်ချက်ကလေးမှ လှည့်ကြည့်မိမှာမဟုတ်ဘူး ၊ ကျုပ်

က ဓားသိုင်းတစ်မျိုးတည်းပဲ စိတ်ဝင်စားတာလေ ၊ ဒါပေမယ့်

အခုအချိန်မှာတော့ မင်းကသင်မပေးဘူးဆိုရင်တောင်မှ တန်ခိုး

စွမ်းအား ကျင့်စဉ်တွေနဲ့ပတ်သက်တာတွေ ကိုသင်ပြပေးဖို့

ကျုပ်ကတောင်းဆိုရလိမ့်မယ်"

ဆန်းလျန်က...

"ကျွန်တော်ကလည်းသင်ပေးချင်နေတာပါ..."

ညီအစ်ကိုနှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြလေသည်။

ချန်ကျန့်မေသည် ဓားသိုင်းတစ်မျိုးတည်းကိုသာ စိတ်ဝင်စား

သူဖြစ်လေသည်။ ဓားသိုင်းမှလွဲပြီး မည်သည့်တန်ခိုးစွမ်းအား

ကိုမှ စိတ်ဝင်စားသူမဟုတ်ပေ။သို့သော် ယခုတော့ ချန်ကျန့်မေ

သည် ဓားသိုင်းပေါင်းတစ်သောင်းကို ကျင့်ကြံနားလည်သိရှိ

သွားပြီးသည့်နောက် သူက အခြားသောတန်ခိုးစွမ်းအားများကို

လည်း စိတ်ဝင်စားလာခဲ့လေသည်။

ချင်းရှမ်နတ်တံခါးတွင် ကျင့်စဉ်ပညာရပ်ပေါင်း များစွာရှိလေ

သည်။

ယန်ရှီးသည် ဆန်းလျန်ကို ကောင်းကောင်းယှဉ်ပြိုင်နိုင်ခြင်းမှာ

ထိုကျင့်စဉ်များကြောင့် ဖြစ်လေသည်။

ချန်ကျန့်မေသည်ဆန်းလျန်နှင့် ယှဉ်ပြိုင်တိုက်ခိုက်စဉ်တွင် ထို

အချက်ကို သဘောပေါက်နားလည်သွားခဲ့လေသည်။ ဆန်းလျ

န်ပိုင်ဆိုင်သည့်တန်ခိုးစွမ်းအားများမှာ များပြားပြီးရှုတ်ထွေး

လွန်းလှလေသည်။ ထို့ပြင် ထိုမျှရှုတ်ထွေးလှသည့်ကျင့်စဉ်

များကို အကုန်ကျင့်ကြံထားသည့် သူ၏ဂိုဏ်းတူညီငယ်ကို လည်း မလေးစားဘဲတော့ မနေနိုင်ပါချေ။

ထို့နောက်တွင်တော့ ဆန်းလျန်သည် သွေးနီရောင်ပင်လယ်ထဲ တွင် တစ်လကျော်ကျော်ခန့် နေထိုင်ပြီး သူသိသမျှကျင့်စဉ် ပညာအားလုံးကို တစ်ခုမှ မခြွင်းမချန်ဘဲ ဂိုဏ်းတူအစ်ကိုများ ဖြစ်သည့် စန်းဝမ့်နှင့်ချန်ကျန့်မေကို သင်ပြပေးခဲ့လေသည်။ ထို ကျင့်စဉ်များကို သိရှိရသည့်အတွက် စန်းဝမ့်နှင့်ယှဉ်လျှင် ချန် ကျန့်မေကပိုပြီး အကျိုးရှိခဲ့လေသည်။ စန်းဝမ့်ကတော့ မူလ ဝိညာဉ်ခန္ဓာရရှိအောင် ကျင့်ကြံနိုင်သည့် အခြေခံအဆင့် လောက်အထိသာ သိရှိနားလည်နိုင်ခဲ့လေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်သည် သွေးနီရောင်ပင်လယ်မှ ထွက်ခွာလာခဲ့လေတော့သည်။

ချန်ကျန့်မေက သွေးနီရောင်ကြာစွယ်ကိုအသုံးပြု၍ ဆန်းလျ န်အတွက် ရုပ်ခန္ဓာတစ်ခု ဖန်ဆင်းပေးချင်သော်လည်း ဆန်းလျ

န်က ငြင်းပယ်ခဲ့လေသည်။ သူက သူကိုယ်တိုင် ထိုက်ယီထျန်းရှ
န်းအဆင့်သို့တက်လှမ်းပြီးမှသာ ပြီးပြည့်စုံ သည့်ရုပ်ခန္ဓာတစ်ခု
ကို ဖန်ဆင်းချင်သောကြောင့်ဖြစ်လေသည်။

ထို့ပြင် လက်ရှိအချိန်တွင် သူ၏မူလဝိညာခန္ဓာမှာ မိုးမြေ
စွမ်းအားအနှစ်သာရများဖြင့် ပြည့်ဝစွာပေါင်းစပ်နေ
သည့်အတွက် ယခင်ကကဲ့သို့ ပျက်စီးသွားမည်ကို စိတ်ပူစရာ
လည်း မလိုတော့ပေ။

တောင်ပိုင်းနန်ကျန်းနယ်နိမိတ်တွင် မရေမတွက်နိုင်အောင်
များပြားသည့် တောနက်များရှိလေသည်။

ထိုနေရာတွင် များပြားလှစွာသည့် နတ်မိစ္ဆာဂိုဏ်းများလည်းရှိ
ပြီး တောအုပ်များထဲတွင်နေထိုင်ကြသည့် လူရိုင်းမျိုးနွယ်စု
များလည်း ရှိလေသည်။ နန်ကျန်းမျိုးနွယ်စုများသည် တုန်းယီ
ဒေသမျိုးနွယ်စုများနှင့် အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စု
များနှင့် လုံးဝတူညီခြင်း မရှိပေ။ သူတို့သည် မည်သည့်တန်ခိုး

စွမ်းအားကျင့်စဉ်များကိုမှကျင့်ကြံ လေ့မရှိပေ။ သို့သော် မှော်ပညာများကိုအသုံးပြုကြပြီး နတ်ကိုးကွယ်သည့်ဓလေ့ရှိကြလေသည်။ မျိုးနွယ်စုများ၏ ရွာတိုင်းရွာတိုင်းတွင် နတ်ဆရာတစ်ယောက်စီရှိပြီး ထိုနတ်ဆရာများသည်လည်း ထူးခြားဆန်းကျယ်သည့်တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်သူများဖြစ်ကြလေသည်။

နန်ကျန်းဒေသမျိုးနွယ်စုများ၏ ကိုးကွယ်ယုံကြည်မှုများကလည်း အလွန်စုံလင်လေသည်။

သို့သော်... လက်ရှိအချိန်တွင် နန်းကျန်းဒေသမှ ရွာပေါင်းများစွာစုဝေးပြီး နတ်ဆရာမတစ်ယောက်ကို တင်မြှောက်ထားကြလေသည်။

လွန်ခဲ့သည့် (၁၀)နှစ်ကျော်ခန့်က ထိုနတ်ဆရာမသည် တောင်ပိုင်းဒေသသို့ ရောက်ရှိလာခဲ့လေသည်။

သူမသည်အလွန်ချောမောလှပပြီး ဗုဒ္ဓမှော်ပညာကိုလည်း တစ်ဖက်ကမ်းခတ်ကျွမ်းကျင်လေသည်။ လူသား များ၏ခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်သည့်မှော်ဆေးပင်များလည်း သူမထံတွင်ရှိလေသည်။
ထို့ပြင် သူမသည် မည်သည့်ယာဇ်ပူဇော်မှုကိုမှ ပြုလုပ်စရာမ လိုဘဲ နတ်များဖြင့် တိုက်ရိုက်ဆက်သွယ်နိုင်လေသည်။ သူမက မျိုးနွယ်စုဝင်များကို ဆေးပင်များအကြောင်းသင်ကြားပေး လေ့ရှိပြီး မျိုးနွယ်စုဝင်များကိုလည်း ရောဂါများကုသပေးလေ့ ရှိလေသည်။ အလွန်မှ စွမ်းအားကြီးမားသည့် သားရဲကြီးများ ပင်လျှင် သူမခြေဖဝါးအောက်တွင် ဝပ်တွားခစားကြရလေ၏။ နန်းကျန်းမှ လူရိုင်းမျိုးနွယ်စုများသည် သူမကို နတ်ဘုရား များ၏သမီးပျိုအဖြစ် ကိုးကွယ်ဆည်းကပ်ကြလေသည်။ သူမသည် နန်ကျန်းဒေသတွင်ပျံ့ကျဲနေသည့် မျိုးနွယ်စုဝင်များ ကို ပြန်လည်စုစည်းပေးခဲ့လေသည်။ များစွာသော စစ်သည်

တော်များသည် သူမထံသို့ ချက်ချင်းပြန်လာကြပြီး သူမ
အတွက် တာဝန်ထမ်းဆောင်ရန် အဆင်သင့်ရှိနေခဲ့ကြလေ
သည်။

သူမသည် နန်ကျန်းဒေသရှိ အကြီးဆုံးသောတောင်ကြားတစ်ခု
တွင် နေထိုင်လေသည်။

ထိုတောင်ကြားကို "မြင့်မြတ်သောဗုဒ္ဓမျှော်တောင်ကြား" ဟု
ခေါ်ကြလေသည်။ ထိုတောင်ကြားတွင် တစ်နှစ်ပတ်လုံး မြူ
များဆိုင်းနေလေသည်။

ဒဏ္ဍာရီအရဆိုလျှင်တော့ လွန်ခဲ့သည့်နှစ်ပေါင်းသန်းနှင့်ချီ
သည့်တစ်ချိန်တုန်းက ထိုတောင်ကြားတွင် ဗုဒ္ဓနတ်ဘုရား
တစ်ပါးနေထိုင်ခဲ့သည်ဟု အဆိုရှိလေသည်။ ထိုဒေသသည်
"တိ" မျိုးနွယ်များကိုးကွယ်ကြသည့် ယိုသိုးတောင်ကဲ့သို့ပင်
မြင့်မြတ်သည့်နေရာဟု လူအများက လက်ခံထားကြလေ
သည်။

ယနေ့တွင်တော့...

ဖိတ်ခေါ်မထားသည့်ဧည့်သည်တစ်ယောက်သည်

မြင့်မြတ်သောဗူဒူးမျော်တောင်ကြားသို့ရောက်ရှိလာခဲ့လေတော့

သည်။

အခန်း (၅၇၈) ဝါးပုလွေ

ထိုဧည့်သည်ကား....

အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး ဦးခေါင်းထက်တွင် ငွေရောင်ဆံထိုးတစ်ချောင်းကို ထိုးစိုက်ထားလေသည်။

ထိုသူက ချောက်ကမ်းပါးယံထက်သို့ရောက်ရှိလာပြီး တောင်ကြားထဲတွင် မြူခိုးဖုံးလွှမ်းနေသည်ကို တွေ့မြင်သည့်အခါတွင်တော့ အနည်းငယ်တုန့်ဆိုင်းသွားရလေသည်။

"ဂိုဏ်းချုပ်ပြောတာတော့ ဘာအတားအဆီးမှ မရှိဘူးလို့ပြောတာပဲ ၊ ဒါပေမယ့် အခု ဘာလို့ မြူတွေဆိုင်းနေရတာလဲ ၊ ဒီမြူခိုးတွေကို ငါ့ရဲ့ဓားသိုင်းစွမ်းအားနဲ့ ဖောက်ထွင်းနိုင်ပါ့မလားမသေချာဘူး"

ထိုသူမှာအခြားသူမဟုတ်။

ချန်ကျန့်မေ၏တပည့်ဖြစ်သူ လီယွမ်လျန်ပင် ဖြစ်လေသည်။

ချန်ကျန့်မေက လီယွမ်လျန်နှင့်အတူ အခြားတပည့်များဖြစ်သည့် ယွမ်ရှယ်ဖုန်း ၊ လျိုဝေးယိနှင့် ယို့ယင်းဖားတို့ကို ဆန်းလျန်ကို ကူညီရန်အတွက် တာဝန်ပေးထားလေသည်။

သူတို့ (၄)ယောက်လုံးကလည်း ပေးအပ်သည့်တာဝန်ကို ကြည်ကြည်ဖြူဖြူပင် ထမ်းဆောင်ချင်ကြလေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့အပေါ်တွင် ဂိုဏ်းချုပ်ဆန်းလျန်၏ ပညာသင်ပြပေးသည့်ကျေးဇူးများစွာရှိပြီး သူတို့ကိုယ်တိုင်ကလည်း ဆန်းလျန်ကို လေးစားကြသောကြောင့်ပင်။

လီယွမ်လျန်သည် ဂိုဏ်းချုပ်၏အမိန့်ဖြင့် တောင်ကြားပိုင်ရှင်သခင်မကို စာတစ်စောင်လာပို့ခြင်း ဖြစ်လေသည်။

တောင်ကြားပိုင်ရှင်သခင်မကိုတွေ့ရှိသည့်အခါ ပြောရမည့်စကားများကိုလည်း အတိအကျမှာလိုက်လေသည်။

သို့သော် လီယွမ်လျန်သည် မြူခိုးများကြောင့် တုန့်ဆိုင်းနေမိလေသည်။

လီယွမ်လျန်သည် ဓားတန်ခိုးရှင်းတစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် မြူခိုးများထဲတွင် မမြင်ရသည့်အန္တရယ်များ ရှိနိုင်

ကြောင်း ကောင်းစွာရိပ်မိလေသည်။ သို့သော် ဂိုဏ်းချုပ်ကတော့ သူ့ကို လိမ်လည်ပြောဆိုမည်မဟုတ်ကြောင်း သူယုံကြည်လေသည်။

သူက ဟိုဟိုဒီဒီလမ်းလျှောက်ရင်း မည်သို့ပြုလုပ်ရမည်ကို စဉ်းစားနေစဉ်မှာပင် တောင်ကြားထဲမှ အစိမ်းရောင်အရိပ်တစ်ခု ပျံသန်းထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

လီယွမ်လျန် သူ့မျက်စိကိုတောင်သူ မယုံနိုင်ဖြစ်သွားရလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုသူမှာ ငှက်ပျောရွက်ကဲ့သို့ကြီးမားသည့်အတောင်ကြီးနှစ်ခုကို တဖျတ်ဖျတ်ခတ်ရင်း ပျံသန်းလာသောကြောင့် ဖြစ်လေသည်။ ထိုအတောင်များမှာ ပါးလွှာလွန်းလှသည့်အတွက် ဖောက်ထွင်းမြင်နေရလေသည်။

ထိုသူသည် တောင်ကြားထဲမှ ပျံသန်းထွက်လာပြီး လေထဲတွင် ရပ်တန့်လိုက်ကာ ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်

လေသည်။ သူက လီယွမ်လျန်ကို မြင်သွားသည့်အခါတွင်တော့ လီယွမ်လျန်ရှိရာသို့ ဆင်းသက်လာပြီး...

"နတ်ဆရာမက ခင်ဗျားကိုလာကြိုခိုင်းလိုက်လို့ပါ၊ ကျုပ်နောက်လိုက်ခဲ့ပါ..."

ယခုတော့ လီယွီလျန်သည် ထိုသူ၏ပုံသဏ္ဍာန်ကို ရှင်းရှင်းလင်းလင်းတွေ့မြင်လိုက်ရပြီ ဖြစ်လေသည်။ ထိုသူ၏မျက်နှာတွင် သစ်ပင်မှပြုလုပ်ထားသည့် ဆိုးဆေးများကို ခြယ်သထားပြီး မျက်နှာတစ်ခုလုံးမှာ စိမ်းဝါရောင်တောက်ပနေလေသည်။ ဦးခေါင်းထက်တွင်လည်းသစ်ရွက်များဖြင့်ပြုလုပ်ထားသည့် ခေါင်းဆောင်းကိုဆောင်းထား ပြီး ငှက်မွေးတစ်ချောင်းကိုလည်း ထိုးစိုက်ထားလေသည်။ ထိုသူ၏ခန္ဓာကိုယ်မှ မိစ္ဆာစွမ်းအားများ ထွက်ပေါ်နေသည် ကို ခံစားနေရလေသည်။

လီယွမ်လျန်က...

"နတ်ဆရာမက ကျုပ်လာတာကို ဘယ်လိုလုပ်သိတာလဲ"

ထိုသူက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"လောကမှာ ကျုပ်တို့နတ်ဆရာမမသိတာ ဘာမှမရှိဘူး ၊ နတ်ဆရာမက မိုးမြေနိယျာမတွေကို နားလည်တဲ့သူ တစ်ယောက်ပဲ ၊ သူကမင်းရောက်လာမယ်ဆိုတာကို ကြိုသိနေတာ ဘာဆန်းသလဲ"

ထိုစကားကိုကြားသည့်အခါတွင်တော့ လီယွမ်လျန်သည် မရယ်မိအောင် မနည်းထိန်းထားလိုက်ရလေသည်။

ဂိုဏ်းချုပ်က အတားအဆီးမရှိဘူးဟုပြောလိုက်သည်စကားကိုလည်း သဘောပေါက်သွားရသည်။ နတ်ဆရာမသည် သူရောက်ရှိနေသည်ကို ကြိုတင်သိမြင်ပြီး အကြိုလွှတ်လိုက်မည်ကို ဂိုဏ်းချုပ်က သိနေသောကြောင့် "အတားအဆီးမရှိဘူး" ဟုပြောလိုက်ခြင်းဖြစ်လေသည်။

သို့သော်... ကြီးမြတ်သည့်ချင်းရွှမ်နတ်တံခါးမှ တပည့်တစ်ယောက်ဖြစ်သည့် လီယွမ်လျန်သည် အလွန်မှ တည်ငြိမ်သူဖြစ်လေသည်။

ထို့ကြောင့် သူ၏စိတ်ခံစားချက်များသည် မျက်နှာတွင်လုံးဝမပေါ်အောင်ထိန်းထားလိုက်ရင်း...

"ဒါဖြင့်လည်း သွားကြတာပေါ့..."

အစိမ်းရောင်လူသားက နွယ်ပင်တစ်ပင်ကို လီယွမ်လျန်ထံသို့ ပစ်ပေးလိုက်လေသည်။

"ဒီကြိုးကိုသေချာကိုင်ထား ၊ ဒါမှ မိုးပေါ်က ပြုတ်မကျမှာ..."

လီယွမ်လျန်က နွယ်ကြိုးကိုတစ်ချက်ကြည့်လိုက်ပြီး စကားတစ်ခွန်းမှမပြောတော့ဘဲ ခပ်တင်းတင်းဆုပ်ကိုင်လိုက်လေသည်။

ထို့နောက်တွင်တော့ အစိမ်းရောင်လူသားသည် ငှက်ပျောရွက်နှင့်တူသည့်အတောင်ပံနှစ်ခုကို တဖျတ်ဖျတ်ခတ်ကာ အစိမ်း

ရောင်အရိပ်တစ်ခုအဖြစ် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

သူတို့သည် ချိုင့်ဝှမ်းအတွင်းတွင် ပျံသန်းသွားသည့်အခါ မြူခိုးများက ပျောက်ကွယ်သွားရလေသည်။ လီယွမ်လျန် ဂရုစိုက်ပြီးကြည့်လိုက်သည့်အခါတွင်တော့ ငှက်ပျောရွက်ကဲ့သို့ အတောင်ပံများက မြူခိုးများကိုပျောက်ကွယ်သွား အောင် လုပ်ဆောင်နေခြင်း ဖြစ်သည်ကို သိရှိလိုက်ရလေသည်။

အမှန်တော့ ငှက်ပျောရွက်ကဲ့သို့သောအပင်များသည် တောင်ကြားထဲတွင် စိုက်ပျိုးထားသည့် ရှားပါးပြီးအစွမ်းထက်သည့်အပင်တစ်မျိုးဖြစ်သည်ကို လီယွမ်လျန် သိရှိခဲ့ခြင်းမရှိပါ။

ရုတ်တရက်...

ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်တောက်ပသွားလေသည်။

တိမ်တိုက်များနှင့် ငှက်ကြီးဝန်ပိုများပျံသန်းနေသည့် မြင်ကွင်း တစ်ခုကို တွေ့မြင်လိုက်ရလေသည်။ နတ်ဒေဝါများနေထိုင် သည့် နတ်ဘုံနတ်နန်းတစ်ခုအလားပင် ထင်မှတ်ရလေသည်။ လီယွမ်လျန်သည် ချင်းရွှမ်နတ်တခါးသို့ တစ်ခါမှ မရောက်ဖူး ပါ။ သို့သော် တာအိုဆရာစန်းဝမ့်ပြောပြပုံအရဆိုလျှင် ချင်းရွှမ် နတ်တံခါးသည်လည်း ထိုသို့ ပင်နတ်ဘုံနတ်နန်းအလားဖြစ် လေသည်။

မြူခိုးများကြားထဲတွင် တောင်ထိပ်တစ်ခု ထွက်ပေါ်လာလေ သည်။

တောင်ထိပ်သို့တက်သည့် လှေကားထစ်လမ်းကို တွေ့မြင်နိုင် ပြီး လမ်းလေးနံဘေးတွင် ဝါးရုံတောများပေါက်ရောက်နေကြ လေသည်။

တောင်ထိပ်တစ်နေရာတွင်တော့ အဖြူရောင်ဝတ်စုံကို ဝတ်ဆင် ထားပြီး ဝါးပုလွေကိုကိုင်ကာ ကေးသွားတစ်ပုဒ်ကို တီးမှုတ်နေ

သည့် မိန်းမပျိုတစ်ယောက် ရှိနေလေသည်။ ဂီတသံသည် အလွန်မှ သာယာနာပျော်ဖွယ်ရှိလှလေသည်။

ထိုမိန်းမပျိုမှာ နတ်ဆရာမဖြစ်ကြောင်း လီယွမ်လျန်က ချက်ချင်းသိလိုက်လေသည်။

သူက ချက်ချင်းပင် ဓားရောင်စဉ်တစ်ခုအဖြစ်ဖန်ဆင်းလိုက်ပြီး မိန်းမပျိုရှေ့သို့ ရောက်ရှိသွားလေသည်။

ငှက်ပျောရွက်အတောင်ပံများပိုင်ရှင် လူရိုင်းစိမ်းမှာ အလွန်ထိတ်လန့်သွားလေသည်။

သူခေါ်လာသည့်လူသည် ထိုမျှအတင့်ရဲစွာဖြင့် နတ်ဆရာမအနားသို့ ရောက်ရှိသွားလိမ့်မည်ဟု ထင်မထားခဲ့မိပေ။ သူက ဒေါသထွက်သွားပြီး လက်တစ်ဖက်ကိုဝှေ့ယမ်းကာ လီယွမ်လျန်ကို ရိုက်ချလိုက်လေသည်။

သို့သော် ... သူ၏ရိုက်ချက်က လီယွမ်လျန်ထံသို့ မရောက်မီမှာပင် သူ၏နားထဲတွင် အသံတစ်သံကို ကြားလိုက်ရ လေသည်။

"ရှင်းပ... မလုပ်နဲ့..."

ထိုအသံမှာ နတ်ဆရာမ၏အသံပင် ဖြစ်လေသည်။

ထိုလူရှိုင်းစိမ်း၏နာမည်မှာ ရှင်းပဖြစ်လေ၏။ သူက နတ်ဆရာမကို ဘုရားသဖွယ် ရှိသေကိုးကွယ်သူတစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် နတ်ဆရာမက တားဆီးလိုက်သည့်အခါတွင် လီယွမ်လျန်ကို ရိုက်တော့မည့် ရှင်းပ၏လက်သည် လေထဲ တွင် ချက်ချင်းရပ်တန့်သွားရလေသည်။

မိန်မပျိုက ပုလွေမှုတ်နေသည်ကို ရပ်တန့်လိုက်ပြီး လီယွမ်လျန်ကိုကြည့်လိုက်လေသည်။

သူမက မျက်မှောက်တစ်ချက်ကြုတ်လိုက်ရင်း...

"မင်းခန္ဓာကိုယ်ကနေ မိစ္ဆာစွမ်းအားတွေအများကြီးပေါ်ထွက်နေတယ် ၊ မင်းက သွေးနီရောင်ပင်လယ်က လာတဲ့သူပဲ ၊ မင်း ငါ့ဆီ ဘာလာလုပ်တာလဲ"

လီယွမ်လျန်မှာ မိန်းမပျိုကိုတွေ့မြင်သည်နှင့် အရှိန်အဝါတစ်ခု ကို ခံစားလိုက်ရလေသည်။ မိန်းမပျိုသည် ထိုမျှ အရှိန်အဝါ ကြီးမားလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပေ။

သူက ချက်ချင်းပင် ဂိုဏ်းချုပ်ပေးလိုက်သည့် ပိုးသားပုဝါလေး ကို ထုတ်ယူကာ မိန်းမပျိုကိုပေးလိုက်လေသည်။

"ဒီစာကိုလာပေးတာပါ..."

မိန်းမပျိုက ပိုးသားပုဝါစလေးကို လှမ်းယူလိုက်ပြီး ပုဝါစပေါ် တွင်ရေးသားထားသည့်စာကို ဖတ်လိုက်လေသည်။

"ဟိုးရှေးရှေးတုန်းက... လောကမှာ ကြယ်စင်တွေမလင်းလက် သေးဘူး"

ထိုစာသားကိုမြင်တော့ သူမသည် ရှီးလျန်ပြည်မှ အတိတ်တစ် ချိန်ကို ပြန်လည်သတိရလိုက်မိလေသည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"မင်းပြန်သွားပြီး သူ့ကိုပြောလိုက်ပါ... ငါ့နာမည်က 'ယွင်' လို့ ခေါ်တယ်၊ ငါ့မှာ မျိုးနွယ်မရှိဘူး...."

မိန်းမပျိုထံမှ ထိုစကားကိုကြားသည့်အခါ လီယွမ်လျန်သည် များစွာ အံ့သြသွားရလေသည်။

"ဒီစာကိုပေးလိုက်တဲ့လူက ကျုပ်ရဲ့ ဆရာဦးလေးပါ၊ သူက မှာလိုက်တယ် ... ခင်ဗျားကသာ မျိုးနွယ်မရှိဘူးလို့ ပြန်ဖြေခဲ့ မယ်ဆိုရင် သူ့ကိုလည်းလာတွေ့စရာမလိုသလို သူ့ဘက်က လည်း ညာတာနိုင်မှာမဟုတ်ဘူးတဲ့"

ထိုစကားကြားရသည့်အခါ ယွင်ဆိုသည့် မိန်းမပျိုသည် စိတ်ဂ နာမငြိမ်ဖြစ်သွားဟန်ရှိလေသည်။

"သူ့ကိုပြောလိုက်ပါ... ငါတို့မကြာခင် တွေ့ကြရမှာပါလို့"

လီယွီလျန်၏မျက်လုံးထဲတွင် ထိုမိန်းမပျို၏အလှတရားသည် သန့်စင်လွန်းလှလေသည်။ သူသည် မိန်းမပျိုကို ငေးမကြည့်ဘဲ မနေနိုင်ခဲ့ပေ။

"ကျုပ်ရဲ့ဆရာဦးလေးကို မဆန့်ကျင်တာ ကောင်းလိမ့်မယ်၊ သူက ဘယ်လောက်တန်ခိုးစွမ်းအားမြင့်မားလဲဆိုတာ မင်းမသိဘူး"

ယွင်က ရယ်မောလိုက်ရင်း...

"ဘယ်သူက သူ့ကိုမသိရှိရမှာလဲ၊ အသူရာချောက်ရဲ့ တန်ခိုးစွမ်းအားအမြင့်မားဆုံး လူ(၃)ယောက်မှာ ချင်းရှမ်ဟာ တန်ခိုးစွမ်းအားအကြီးမားဆုံးပဲ၊ တာ့ရှားကေရာဇ်နဲ့ ထျန်းယီ အကြီးအကဲတောင်မှ သူ့လောက်မတော်ပါဘူး၊ ဒါပေမယ့် ငါ ကရဟန်းမင်းကြီးကို ကတိပေးထားခဲ့တယ်၊ တာ့ရှား ပြည်တည်ရှိနေသရွေ့ တာ့ရှားပြည် ကိုကူညီမယ်၊ ငါ့အသက် သေသွားပါစေ တာ့ရှားပြည်အတွက် ရပ်တည်ပေးမယ်"

လီယွမ်လျန်သည် သူမ၏မျက်ဝန်းများထဲတွင် ဆုံးဖြတ်ချက် ခိုင်မာမှုများကို တွေ့မြင်လိုက်ရလေသည်။ ထိုသို့သော

ဆုံးဖြတ်ချက်ခိုင်မာသည့်မျက်ဝန်းမျိုးကို သူ၏ဆရာ ချန်ကျန့်

မေထံတွင်လည်းတွေ့ခဲ့ရဖူးလေသည်။

"ဘယ်တော့မှမပြောင်းလဲနိုင်" ဆိုသည့် ဆုံးဖြတ်ချက်ခိုင်မာမှု

မျိုးပင် ဖြစ်တော့၏....။

သူက မိန်းမပျိုကို လက်နှစ်ဖက်စုပ်ဂါရဝပြုလိုက်ရင်း...

"ဒါဖြင့် ကျုပ်ကိုပြန်ခွင့်ပြုပါဦး"

သို့သော်.. သူ့ခြေထောက်ကိုမရွှေ့လိုက်ခင်မှာပင် သူသည်

မြူခိုးငွေ့များကို ရင်ဆိုင်လိုက်ရလေသည်။

ယွင်ကတစ်ချက်ပြုံးလိုက်ရင်း...

"ကောင်းပြီ ကောင်းပြီ... ရှင့်ကို ပြန်လိုက်ပို့ပေးပါ့မယ်"

လီယွမ်လျန်မှာ ထိတ်လန့်သွားရလေသည်။

ယွင်သည် သူမ၏ဝါးပုလွေလေးကို ကောင်းကင်ထက်သို့ ပစ်

လွှတ်လိုက်လေသည်။ ထိုအခါ ကောင်းကင်ထက်တွင် အစိမ်း

ရောင်အလင်းတန်းများ ဖြာလင်းသွားလေသည်။

"အပေါ်ကိုတက်ပါ..."

နူးညံ့သည့်အသံတစ်သံကို သူ့နားထဲတွင် ကြားလိုက်ရလေသည်။

လီယွမ်လျန်၏ခန္ဓာကိုယ်မှာ လေထဲတွင် မျောလွင့်နေသလို ခံစားလိုက်ရပြီး တောင်ကြား၏ထွက်ပေါက်ဆီသို့ ရောက်ရှိသွားလေသည်။

ပုလွေအပေါက်ထဲမှ လေပြင်းများတိုက်ခတ်နေပြီး လေပြင်းများက သူ့ကို သယ်ဆောင်သွားခြင်း ဖြစ်လေသည်။

"ဒီပုလွေလေးကို သူ့ကိုလက်ဆောင်ပေးလိုက်ပါ... ဘာလို့လဲဆိုတော့ သူ့ကိုလက်ဆောင်ပေးစရာ ငါ့မှာဘာမှ မရှိဘူးလေ"

....

ဆန်းလျန်သည် ကျောက်စိမ်းရောင်တောက်ပနေသည့် ဝါးပုလွေလေးကို လက်ထဲတွင်လှည့်ကာ ကစားနေလေသည်။

ပြီးမှ သူက လီယွမ်လျန်ကို ပြောလိုက်သည်။

"တကယ်တော့ မင်းရဲ့အဆင့်နဲ့ စာပို့တဲ့အလုပ်လောက်ကို လုပ်ပေးစရာမလိုပါဘူး ၊ တကယ်တော့မင်းကို ကျုပ်လွှတ်လိုက်ရတဲ့အကြောင်းရင်းက ကျုပ်ဘက်မှာ အသူရာဂိုဏ်းတစ်ခုလုံးရှိတယ်ဆိုတာ သူ့ကိုသိစေချင်လို့ပဲ"

ဆန်းလျန်က စကားကိုခဏရပ်လိုက်ပြီးမှ သက်ပြင်းတစ်ချက်ချရင်း ဆက်ပြောလိုက်လေသည်။

"သူလည်း ကျုပ်ပြောချင်တဲ့အဓိပ္ပါယ်ကို နားလည်လောက်ပါတယ် ၊ ဒါတောင်မှ သူက ဒီလိုစကားမျိုး ပြန်ပြောလိုက်တယ်ဆိုတော့ နောင်အနာဂတ်မှာ သူဟာ ကျုပ်အတွက် အနှောက်အယှက်ဖြစ်လာနိုင်တယ် ၊ ကျင့်ကြံခြင်း အဆင့်မှာတော့ သူက ကျုပ်ကိုမီစရာအကြောင်းမရှိပါဘူး ၊ ဒါပေမယ့် သူက ထူးဆန်းတဲ့ ဗူဒူးမှော်ပညာကိုတတ်မြောက်ထားတယ် ၊ အဲဒီပညာက မဖြစ်နိုင်တဲ့အရာတွေကို ဖြစ်လာအောင် လုပ်ယူနိုင်စွမ်းရှိတယ် ၊ ရဟန်းမင်းကြီးဟာသူ့ကိုပညာသင်ပေးတုန်းက ဘယ်လို

လျှို့ဝှက်ချက်တွေကို အသုံပြုခဲ့သလဲဆိုတာလည်း မသိနိုင်ဘူး ၊ ဒါကြောင့် နောက်တခါတွေ့ရင် သူ့ကိုညာမှာမဟုတ်ဘူးလို့ မင်းကိုပြောခိုင်းလိုက်ရတာပါပဲ"

အခန်း (၅၇၉) ဘုရင့်မျိုးနွယ်

ဆန်းလျန်၏စကားများကိုကြားလိုက်ရသည့်အခါတွင်တော့ လီယွမ်လျန်သည် ချောမောလှပသည့် နတ်ဆရာမ အတွက်စိတ်ပူသွားမိလေသည်။

ဆရာဦးလေးဆန်းလျန်နှင့်သူ၏ဆရာချန်ကျန့်မေတို့တွင် မတူညီသည့်အချက်များစွာရှိလေသည်။ သို့သော် သူတို့နှစ်ဦးစလုံးသည် ထိတ်လန့်ကြောက်မက်ဖွယ်ရာ တာအိုကျင့်ကြံသူများ ဖြစ်ကြလေသည်။ သူတို့နှစ်ယောက်၏ စွမ်းအားများပေါင်းစပ်ပြီးတိုက်ခိုက်ခံရပါက ထိုသူလောက်ကံဆိုးသည့်လူလောကတွင် ရှိနိုင်မည် မဟုတ်ပေ။

လီယွမ်လျန်၏ မျက်နှာအမူအရာကိုကြည့်ပြီး ဆန်းလျန်က မေးခွန်းထုတ်လိုက်သည်။

"မင်းက သူ့အတွက် စိုးရိမ်နေတာလား"

ဆန်းလျန်၏အမေးကြောင့် လီယွမ်လျန်မှာ ရှက်သွားပြီး...

"ဟုတ်ပါတယ် ဆရာဦးလေး ၊ ဘာကြောင့်မှန်းမသိပေမယ့် သူနဲ့ ရင်းနှီးနေသလို ခံစားရတယ် ၊ တကယ်တော့ သူက တိမ်ဖြူလေးတစ်စလို ကြည်လင်လှပလွန်းပါတယ် ၊ ကျွန်တော့်အနေနဲ့လည်း လက်လှမ်းမမီနိုင်ပါဘူး"

ဆန်းလျန်က…

"ဒီလိုဖြစ်ရတာ မင်းရဲ့ဆုံးဖြတ်ချက်မခိုင်မာလို့ ဖြစ်ရတာ မဟုတ်ပါဘူး ၊ အဲဒါက သူကျင့်ကြံခဲ့တဲ့ကျင့်စဉ်ရဲ့လှည့်ဖြား မှုကြောင့်ဖြစ်ရတာပဲ ၊ သူက တာ့ရှားပြည်က ရဟန်းမင်းကြီးဆီမှာ ဆယ်နှစ်ကျော်လောက် ပညာသင်ခဲ့ရတယ် ၊ မိုးမြေနိယျာမတွေကိုနားလည်ပြီး အသက်ဓာတ်စွမ်းအားတွေကို စုပ်ယူနိုင်စွမ်းရှိတယ် ၊ ဒါကြောင့် တောင်ပိုင်းလူရိုင်းမျိုးနွယ်တွေက သူမကိုကိုးကွယ်ကြတာပဲ ၊ မင်းက အသူရာဂိုဏ်းသားတစ်ယောက်ဆိုပေမယ့် မင်းလိုက်တဲ့လမ်းစဉ် ကစစ်မှန်တဲ့တာအိုလမ်းစဉ်ဖြစ်တယ် ၊ ဒါကြောင့်သာ သူ့ရဲ့လှည့်ဖြားမှုတွေကို မင်းဒီလောက်ခံနိုင်တာ ၊ တခြားသူ တွေသာဆိုရင် အဲဒီနတ်ဆရာမက ဒုက္ခလှလှပေးမှာပဲ ၊ ကောင်းကျိုးမရှိနိုင်ဘူး… ဆိုးကျိုးတွေပဲ ဖြစ်လာလိမ့်မယ်”

ထိုစကားကိုပြောပြီးသည်နှင့် ဆန်းလျန်သည် စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

ရဟန်းမင်းကြီးသည် တာ့ရှားကေရာဇ်ပေါ်တွင် အလွန်မှ သစ္စာစောင့်သိလွန်းလှသည်။ ဆန်းလျန်နှင့် ရင်ဆိုင်တိုက်ခိုက်ရန်အတွက်သာမက ယင်းစန်းဒေသမှ ကျင့်ကြံသူများကို ရင်ဆိုင်ရန်အတွက်ပါ "ယွင်" ကို လေ့ကျင့်သင်ကြားပေးခဲ့လေသည်။

သို့သော်... "ယွင်" ကိုသူသင်ကြားပေးလိုက်သည့်ကျင့်စဉ်များသည် စစ်မှန်သည့် တာအိုကျင့်စဉ်လမ်းကြောင်းမှ သွေဖယ်နေလေသည်။ “ယွင်” ကဲ့သို့ အရည်အချင်းရှိသူတစ်ယောက်သည် စစ်မှန်သည့်တာအိုလမ်းစဉ်ကိုသာလိုက်မိလျှင် အလွန်အဖိုးတန်မည် ဖြစ်လေသည်။

ဆန်းလျန်ရှင်းပြသည်ကိုကြားလိုက်ရတော့မှာ လီယွမ်လျန်သည် သူ့စိတ်တွင်ဖြစ်ပေါ်နေသည့် ခံစားချက်များကို နားလည်

သွားရလေသည်။ သို့တိုင်အောင် သူမအပေါ်ထားရှိသည့် စေတနာမေတ္တာများကို မတွန်းလှန်နိုင်ခဲ့ပါ။ သူမသည် လှပပြီး ဆွဲဆောင်မှုရှိသည့် မိန်းမပျိုလေးတစ်ယောက်ပဲ မဟုတ်ပါလား။

ထို့နောက်တွင်တော့...

ဆန်းလျန်သည် လီယွမ်လျန်နှင့်အခြားတပည့်များကို ချန်ချင်အား ကူညီပေးရန် ရှီးလျန်သို့ စေလွှတ်လိုက်လေသည်။

ဆန်းလျန်ကတော့ ရှီးလျန်ပြည်သို့ မပြန်သေးပေ။ သူ့တွင် လုပ်စရာအလုပ်တစ်ခု ကျန်ရှိနေသေးသည်။

ထိုအလုပ်မှာ လေ့ကျင်း၏စားဖိုမှူးကို စည်းရုံးသိမ်းသွင်းရန် ဖြစ်လေသည်။

ကံကြမ္မာပေးသည့်ယင်းစန်းဒေသနှင့်အပြိုင်တိုင်းပြည်တစ်ပြည်ထူထောင်ရန်အတွက် ထိုသူသည် အဓိကကျသည့်နေရာတွင် ပါဝင်ရမည်ဖြစ်လေသည်။ အကယ်၍ ထိုသူသည် ယင်း

စန်းဘက်တော်သားဖြစ်သွားပါက ဆန်းလျန် အတွက်ပိုပြီး

အခက်တွေ့ရမည် ဖြစ်လေသည်။

......

ဆန်းလျန်နှင့် အပြင်းအထန်တိုက်ခိုက်ပြီးသည့်နောက် တာ့ရှား

ဧကရာဇ်သည် မုန့်စန်းတောင်သို့ ပြန်ရောက်လာလေသည်။

သို့သော် သူ့လက်ထဲတွင် ဆန်းလျန်၏ခေါင်းပါမလာ

သည့်အတွက် ထူးဆန်းသည့်တာအိုဆရာချင်းရှွမ်သည် တာ့

ရှားဧကရာဇ်လက်မှ ထပ်မံလွတ်သွားပြန်ပြီဖြစ်ကြောင်း

စစ်သည်တော်များအားလုံး သဘောပေါက်လိုက်ကြလေသည်။

ကွမ်းလုန်ကျီမှာတော့ ဒဏ်ရာအပြင်းထန်ခံစားနေရလျှက် ရှိ

လေ၏။

တုန်းယီဒေသမျိုးနွယ်စုများနှင့် အရှေ့တိုင်းစစ်သည်တော်များ

ကိုအောင်နိုင်သည့်အနေဖြင့် အောင်ပွဲကြီးကျင်းပရမည် ဖြစ်

သော်လည်း တာအိုဆရာချင်းရှွမ်၏ပြဿနာက ဝင်ရှုတ်သွား

သဖြင့် အောင်ပွဲကြီး မကျင်းပဖြစ်ခဲ့တော့ပေ။

တုန်းယီဒေသမျိုးနွယ်စုများနှင့် အရှေ့တိုင်းစစ်သည်တော်မျိုး

နွယ်စုများမှာ တာ့ရှားကေရာဇ်ကို မကျေနပ်ကြသည့် တိုင်တာ့

ရှားကေရာဇ်ကို ကြောက်ရွံ့ကြသည့်အတွက် မဆန့်ကျင်ရဲကြ

ပေ။ ကေရာဇ်ကိုဆန့်ကျင်သူသည် အနည်းငယ်သာရှိလေ

သည်။

တာ့ရှားကေရာဇ်က တုန်းယီဒေသမှ မေရှီမင်းသမီးကို ကြင်ယာ

တော်အဖြစ် တင်မြှောက်လက်ဆက်ခဲ့လေသည်။

ယွမ်ယန်၏သတင်းမှာလည်း အစအနပင် မကြားရတော့ပေ။

အချိန်ကြာလာသည်နှင့်အမျှ သူ၏ဂုဏ်သတင်းမှာ လည်း

တဖြည်းဖြည်းမှေးမှိန်သွားခဲ့ရလေသည်။

ယွမ်ယန်သည် အဖြူရောင်မင်းကြီး၏သားတော်ဖြစ်သည့်တိုင်

တုန်းယီဒေသနှင့် အရှေ့တိုင်းစစ်သည်တော်များကို စိတ်ပျက်

စေခဲ့လေသည်။ အစပိုင်းတွင် ယွမ်ယန်နှင့် စေ့စပ်ထားခဲ့သည့်

မေရှီမှာလည်း ယခုတော့ တာ့ရှားကေရာဇ် နှင့်လက်ဆက်ခဲ့ရ

လေသည်။

မေရှီနှင့် မင်္ဂလာပွဲပြုလုပ်ရန်အတွက် တာ့ရှားကေရာဇ်သည် မုန့်

စန်းတောင်တွင် ကြီးမားသည့် ယာယီနန်းတော်ကြီးတစ်ခုကို

ဆောက်လုပ်ခဲ့လေသည်။ နန်းတော်ကြီးသည် မုန့်စန်း

တောင်ထိပ်တွင်တည်ရှိပြီး တိမ်တိုက်များသည် နန်းတော်

ကြီး၏ပတ်ဝန်းကျင်တွင် လှည့်ပတ်သွားလာနေကြလေသည်။

ထင်းရှူးပင်များ ၊ ရောင်စုံတိမ်တိုက်များဖြင့် ထိုနန်းတော်ကြီး

သည် မော်ဆန်ဆန်လှပလွန်းလေသည်။

မေရှီသည် တာ့ရှားကေရာဇ်၏ချစ်မြတ်နိုးခြင်းကို ခံရသူဖြစ်

လေသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏အသွင်အပြင်သည်

ရဟန်းမင်းကြီးနှင့် ဆင်တူနေသောကြောင့်ပင်။

နန်းတော်၏မြေအောက်ခန်းထဲတွင်တော့ ကွမ်းလုန်ကျီကို ချုပ်နှောင်ဖမ်းဆီးထားလေသည်။ လေ့ကျင်းတစ်ယောက် သာလျှင် ကွမ်းလုန်ကျီကို သွားရောက်ကြည့်ခွင့်ရှိလေသည်။

လေ့ကျင်း သူ့ကိုလာရောက်ကြည့်ရှုသည့်အခါတိုင်း ကွမ်းလုန်ကျီက သူမကို လျန်စန်းအကြောင်းကို တစ်ခုမှ မခြွင်းချန်ဘဲ သင်ပြပေးလေ့ရှိလေသည်။

ယခုအခါတွင်တော့ ကွမ်းလုန်ကျီသည် ဆံပင်များဖြူဖွေးနေပြီး အလွန်လည်း ပိန်လှီလွန်းလှပြီဖြစ်လေသည်။

ဆန်းလျန်ကြောင့်ရရှိခဲ့သည့်ဒဏ်ရာသည် အလွန်မှ ဆိုးဝါးလေသည်။

သို့သော် ရုပ်ပိုင်းဆိုင်ရာဒဏ်ရာမည်မျှပင် ပြင်းထန်ပါစေ ကွမ်းလုန်ကျီ၏စိတ်ဓာတ်ကိုတော့ ထိခိုက်စေခဲ့ခြင်းမရှိခဲ့ပါ။ ကွမ်းလုန်ကျီ၏စိတ်ထဲတွင် အေးချမ်းနေခဲ့လေသည်။

လေ့ကျင်းသည် ကွမ်းလုန်ကျီအတွက် အလွန်စိတ်ပူ

သည့်အတွက် သူမ၏စားဖိုမှူးဖြစ်သူ အားဟန်ကို တစ်နေ့တစ်

မျိုးမရိုးရအောင် စားကောင်းသောက်ဖွယ်များ ချက်ပြုတ်ခိုင်း

လေ့ရှိလေသည်။

သို့သော်... ကွမ်းလုန်ကျီသည်တစ်နေ့တခြားအစားနည်းလာခဲ့

လေသည်။

ယနေ့တွင်တော့ ကွမ်းလုန်ကျီသည် လေ့ကျင်းကို လျန်စန်း

အကြောင်း အကုန်အစင်သင်ပြပေးပြီးသွားပြီဖြစ်လေသည်။

"လျန်စန်းက ရှန်းစန်းကိုအခြေခံပြီး ဖြစ်ပေါ်လာတာ ၊ ရာသီ

လေးမျိုးအပေါ်မှာအခြေခံပြီး လျိုကျားဟာ ကံကောင်းကံဆိုး

ကို ခွဲခြားနိုင်ခဲ့တယ်"

"ဒီအချက်ကိုကြည့်လိုက်ရင် ဒြပ်စင်ငါးပါးဖြစ်တဲ့ ရွှေ ၊

သစ်သား ၊ ရေ ၊ မီး နဲ့ မြေကြီးတို့ရဲ့ မတူညီမှုတွေကို တွေ့မြင်

နိုင်မယ် ၊ ဒါက မင်းရဲ့ဆရာနဲ့ ကျုပ်ရဲ့ မတူညီတဲ့အချက်ပဲ ၊

ဘယ်သူပိုတော်လဲဆိုတာတော့ မပြောတော့ပါဘူး ၊ ဒါပေမယ့် မင်းရဲ့ဆရာက ပညာအစုံကိုလေ့လာခဲ့ပြီးတော့ စကြာဝဠာ အတွင်းမှာရှိတဲ့အရာအားလုံးကို ပုံဖော်ခဲ့တယ် ၊ ဒါကြောင့် သူက အတိတ် ၊ ပစ္စုပ္ပန်၊အနာဂတ်ဆိုတဲ့ အချိန်အပိုင်းအခြား ကို ကျော်လွန်တဲ့အကြောင်းအရာတွေကို နားလည်ခဲ့တယ် ၊ ဒါ ပေမယ့် သူ့အယူအဆတွေက ကျုပ်ရဲ့အယူအဆတွေ လောက် မသန့်စင်နိုင်ဘူး”

"ဒါကြောင့်ပဲ သူဟာ ထိုက်ယီထျန်းရှန်းအဆင့်ကို မတက် ရောက်နိုင်သေးတာပဲ ၊ ဒါပေမယ့်သိပ်မကြာခင် သူနားလည် သွားလိမ့်မယ် ၊ ကျုပ်အတွက်ကြီးတဲ့တောင်းဆိုချက်တစ်ခုကို မင်းဆီမှာတောင်းဆိုပါရစေ ကျင်းအယ် ၊ မင်းရဲ့ဆရာ တိုးတက်မှုနှေးကွေးစေဖို့အတွက် လျန်စန်းရဲ့အနှစ်သာရ အစိပ်ပိုင်းတွေကို သူ့ကို ဘယ်တော့မှ ပြောမပြပါနဲ့”

လေ့ကျင်းက...

"ဒါပေမယ့် ဆရာကမေးရင်တော့ ကျွန်မ သူ့ကိုဘယ်လိုငြင်းနိုင်မှာတဲ့လဲ ၊ ဒါပေမယ့် သူမမေးဘူးဆိုရင်တော့ ကျွန်မ သူ့ကိုပြောမပြပါဘူး ၊ ဒါပေမယ့် ဆရာကြီးလည်း လျှန်စန်းကိုကျွန်မရဲ့ဆရာကိုပေးဖတ်ခဲ့တာပဲ ၊ ဘာလို့ လျှန်စန်းရဲ့အနှစ်သာရအစိပ်ပွါယ်ကို သူ့ကိုနားမလည်စေချင်ရတာလဲ"

ကွမ်းလုန်ကျီက ခါးသီးစွာဖြင့် ပြုံးလိုက်လေသည်။

"ကျုပ်ကိုယ်ကျုပ်ဖြောင့်မတ်တဲ့လူတစ်ယောက်လို့ ခံယူထားခဲ့တယ် ၊ ဒါပေမယ့် မင်းရဲ့ဆရာအပေါ်မှာတော့ လှည့်ကွက်တစ်ခုသုံးထားခဲ့တယ် ၊ ကျုပ်လျှန်စန်းကို သူ့ကိုပေးခဲ့တာ ကံကြမ္မာကိုသိနိုင်တဲ့ ယိလမ်းစဉ်ကိုသူစိတ်ဝင်စားသွားအောင်လို့ပဲ ၊ ယိလမ်းစဉ်ဆိုတာ ကျယ်ပြန့်လွန်းတယ် ၊ ဒါကြောင့် သူစိတ်အာရုံတွေပျံ့လွင့်ပြီး ထိုက်ယီထျန်းရှန်းအဆင့်ကို အတားအဆီးဖြစ်စေလိမ့်မယ်”

ထိုစကားကိုကြားလိုက်ရသည့်အခါတွင်တော့ လေ့ကျင်းသည် စိတ်မကောင်းဖြစ်သွားမိလေသည်။

သူမသိထားသည့် ကွမ်းလုန်ကျီဆိုသူသည် စိတ်ထားမြင့်မြတ်သူတစ်ယောက်ဖြစ်လေသည်။ သို့သော် ကွမ်းလုန်ကျီ က သူမ၏ဆရာပေါ်တွင် ယခုကဲ့သို့ လှည့်ဖြားခဲ့ရခြင်းမှာ သူမ၏ဦးရီးတော်ကို သစ္စာစောင့်သိသည့်အတွက်ဖြစ်လေသည်။ မဟုတ်လျှင် ကွမ်းလုန်ကျီသည် သိက္ခာအကျခံပြီး ထိုသို့သော မဖြောင့်မတ်သည့် အလုပ်မျိုးကိုပြုလုပ်မည့်သူတစ်ယောက် မဟုတ်ပေ။

သူမ၏ဆရာကဲ့သို့ ဉာဏ်ရည်ထက်မြက်သူတစ်ဦးသည် အချိန်တန်လျှင် ကွမ်းလုန်ကျီ၏လှည့်ကွက်အကြောင်းကို သိရှိသွားလိမ့်မည်ပဲ ဖြစ်လေသည်။ ထိုအခါတွင် သူတို့၏ဆက်ဆံရေးသည် နောက်ဆုံး ပြိုကွဲခြင်းဆီသို့ ဦးတည်သွားရပေလိမ့်မည်။

သို့သော် ကွမ်းလုန်ကျီ၏ ကြိုးစားမှုများအတွက် တာ့ရှား ဧကရာဇ်ကတော့မည်သည့်ဆုလာဘ်မှ မပေးခဲ့ပါချေ။

ဆုလာဘ်အသာထား… ၊ အကျဉ်းထောင်မှပင် လွှတ်ပေးခြင်း မရှိသေးပေ။

လေ့ကျင်းသည် ကွမ်းလုန်ကျီလွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် အတွက် ဦးရီးတော်ဖြစ်သူကို မရရအောင် တောင်းဆိုမည် ဟု ဆုံးဖြတ်လိုက်မိလေသည်။

ထိုအချိန်မှာပင် တည်ငြိမ်သည့်ခြေသံတစ်သံကို ကြားလိုက်ရ လေသည်။

ကုန်းကုန်းတစ်ယောက်သည် စစ်သည်တော်အဖွဲ့တစ်ဖွဲ့နှင့်အတူ အကျဉ်းထောင်ရှိရာသို့ရောက်ရှိလာလေသည်။ ကုန်းကုန်းက လေ့ကျင်းကိုတွေ့သည်နှင့် ဂါရဝပြုလိုက်ပြီး…

"လေ့ကျင်းမင်းသမီးလေး ၊ မင်းကြီးက မင်းသမီးအတွက် အမိန့်တော်ပါးလိုက်ပါတယ်"

လေ့ကျင်းကခေါင်းညိတ်လိုက်ပြီး အမိန့်တော်ကို ရိုသေသည့်

သဘောဖြင့် ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

ကုန်းကုန်း၏မျက်နှာမှာ တည်ကြည်လေးနက်သွားပြီး...

"လေ့ကျင်းမင်းသမီးလေးသည် အရှေ့တိုင်းစစ်သည်တော်များ

နှင့် တိုက်ပွဲတွင်များစွာ ပါဝင်အကျိုးပြုခဲ့သည် ၊ ထို့ကြောင့်

ကေရာဇ်မင်း၏မျိုးနွယ်ဖြစ်သည့် စစ်မျိုးနွယ်အဖြစ် မင်းသမီး

လေးအား တရားဝင်အပ်နှင်းကာဘုရင့် မျိုးနွယ်အဖြစ်

ချီးမြှောက်လိုက်သည်"

တာ့ရှားပြည်တွင် ဆုချီးမြှင့်ခြင်းဆိုသည်မှာ အလွန်မှရှားပါး

သည့် ကိစ္စရပ်တစ်ခုဖြစ်လေသည်။

မြေယာချီးမြှင့်ခြင်းပင်လျှင် အလွန်ရှားပါးသည့် ဆုလာဘ်ဖြစ်

လေရာ ကေရာဇ်၏မျိုးနွယ်ကို ခံယူခွင့်ဆိုသည်မှာ အလွန်မှ

ထူးခြားလွန်းပြီး အံ့သြစရာကောင်းလွန်းသည့် ဆုလာဘ်ဖြစ်

လေသည်။ လေ့ကျင်းသည် တာ့ရှားကေရာဇ်၏မျိုးနွယ်

အတိုင်း "စစ်" မျိုးနွယ်ကို ခံယူခွင့်ရခြင်းမှာ

ကောရာဇ်၏မျိုးဆက်အဖြစ် သတ်မှတ်ခံရခြင်းဖြစ်ပြီး

တိုင်းပြည်ကိုပင် ဆက်ခံပိုင်ခွင့်ရှိသူတစ်ယောက် ဖြစ်လာနိုင်

လေသည်။

တာ့ရှားပြည်တွင် အမျိုးသမီးဘုရင်မ ပေါ်ထွန်းခဲ့ခြင်း မရှိသည့်

တိုင် တိုင်းပြည်ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သူမ

သည် ဘုရင်မတစ်ပါးဖြစ်ခွင့်ရှိလေသည်။

ထို့ပြင် တာ့ရှားကောရာဇ်တွင် သားတော်တစ်ပါးတည်းသာရှိပြီး

ထိုသားတော်မှာလည်း မြောက်ပိုင်းဒေသနယ်နိမိတ် တွင်

နှစ်ရှည်လများ တာဝန်ထမ်းဆောင်ရန် စေလွှတ်ခံထားရလေ

သည်။

အခန်း (၅၈၀) အားဟန်

လေ့ကျင်းက ထိုအမိန့်စာထွက်မည်ကို ကောလဟာလများကြား ထားပြီဖြစ်သည့်အတွက် သိနှင့်ထားပြီးသားဖြစ်လေသည်။ သူမသည် ကုန်းကုန်းထံမှ အမိန့်စာလိပ်ကို လေးစားစွာဖြင့် လက်ခံရယူလိုက်လေသည်။

ထိုအမိန့်စာလိပ်လေးကိုလက်ခံလိုက်ပြီးသည်နှင့် ချက်ချင်းပင် သူမထံသို့ တန်ခိုးစွမ်းအားတစ်ခု ဆင်းသက်လာသည်ကို ခံစား လိုက်ရလေသည်။ ဆန်းလျန်ထံမှ တာအိုကျင့်စဉ်များကိုသာ သင်ယူခဲ့ရခြင်းမရှိပါက သူမကိုယ်ထဲသို့ ထိုသို့တန်ခိုးစွမ်းအား စီးဆင်းဝင်ရောက်လာသည်ကို လေ့ကျင်းသိရှိနိုင်မည် မဟုတ် ပေ။

ထို့ပြင် လျှန်စန်း၏အနှစ်သာရကို နားလည်သူတစ်ယောက်ဖြစ်သည့်အတွက် ထိုတန်ခိုးစွမ်းအားသည် နဂါးတန်ခိုးစွမ်းအားဖြစ်သည်ကို ချက်ချင်းသိရှိလိုက်လေသည်။ နဂါးတန်ခိုးစွမ်းအားကို လက်ခံရရှိသူသည် တိုင်းပြည်နှင့်ကံကြမ္မာချည်နှောင်ခံရပြီ ဖြစ်လေသည်။ တိုင်းပြည်တစ်ပြည်ကိုအုပ်ဆိုးသူသည် စစ်မှန်သည့် နဂါးစွမ်းအားပိုင်ဆိုင်သူဖြစ်လျှင်ကျင့်ကြံသူများကပင် သတ်နိုင်မည် မဟုတ်ပေ။

စစ်မှန်သည့်နဂါးစွမ်းအားပိုင်ဆိုင်သူ ရေမြေအရှင်ကို သတ်မိပါက ကံကြမ္မာတစ်ပတ်လည်သည့်အခါ ကျင့်ကြံသူများ၏ကျင့်စဉ်လမ်းကိုပင် ထိခိုက်စေမည် ဖြစ်လေသည်။

ထို့ကြောင့် မိုးနှင့်မြေတွင် လွတ်မြောက်ခြင်းကို ရှာဖွေနေကြသည့်ကျင့်ကြံသူများသည် ထိုကဲ့သို့သော အပြုအမူများကိုရှောင်ရှားကြလေသည်။

"ကျွန်မ မင်းကြီးကို တွေ့ခွင့်ရနိုင်မလား"

စစ်ကျင်းကမေးလိုက်လေသည်။

တာ့ရှားကေရာဇ် "စစ်ချီ" ၏ "စစ်"မျိုးနွယ်ကို ခံယူလိုက်ရပြီ ဖြစ်သည့်အတွက် သူမသည် လေ့ကျင်းမဟုတ်တော့ပါ။ "စစ်ကျင်း" ဖြစ်သွားခဲ့ပြီ ဖြစ်လေသည်။

စစ်ကျင်း၏တည်ငြိမ်သည့်အကြည့်ကြောင့် ကုန်းကုန်းမှာ ကျောရိုးထဲအထိစိမ့်သွားရလေသည်။

ကုန်းကုန်းသည် မင်းသမီးလေးကို ပထမဆုံးအကြိမ်တွေ့ဖူးခြင်း မဟုတ်ပါ။ သို့သော် ယခုအချိန်တွင်တော့ သူမ၏ အကြည့်များက ခန့်မှန်းရခက်နေပြီး ကြောက်ရွံ့ရိုသေဖွယ်ရာ ဖြစ်နေခဲ့လေသည်။

ကုန်းကုန်းက...

"မင်းသမီးလေး ၊ မင်းကြီးအမိန့်ရှိလိုက်တာက ချီးမြှင့်လိုက်တဲ့ အမိန့်တော်ကို လက်ခံပြီးတာနဲ့ စေလွှတ်တဲ့တိုင်းပြည် ကို ချက်ချင်းသွားပြီး တာဝန်ထမ်းဆောင်ရမယ်တဲ့"

စစ်ကျင်း၏ မျက်ခုံးလေးများတွန့်ချိုးသွားလေသည်။

"မင်းကြီးက ကွမ်းလုန်ကျီနဲ့ပတ်သက်ပြီးတော့ရော ဘာပြော

သေးလဲ"

ကေရာဇ်မင်းက...

"မင်းကြီးက ကွမ်းလုန်ကျီကိုလည်း အကျဉ်းထောင်ကနေ

လွှတ်ပေးပြီး မူလရာထူးဖြစ်တဲ့ နက္ခတ်ဗေဒပညာရှင် မင်း

ဆရာကြီးရာထူးပြန်ပေးမယ်လို့ပြောပါတယ်"

စစ်ကျင်းမှာ ယခုမှ စိတ်သက်သာရာရသွားသည့်ဟန်ဖြင့် သက်

ပြင်းတစ်ချက်ချလိုက်လေသည်။

"ကောင်းလိုက်တာ..."

ကုန်းကုန်းက...

"နန်းတွင်းစစ်သည်တော်တွေ ပြင်မှာစောင့်နေပါတယ် ၊

မင်းသမီးလေး ကြွပါ...."

သူမက ခေါင်းညိတ်လိုက်ပြီး ကွမ်းလုန်ကျီကို တစ်ချက်လှည့်ကြည့်လိုက်လေသည်။ ကွမ်းလုန်ကျီသည် ပြုံးနေပြီး သူမကို ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

စစ်ကျင်းသည် ကုန်းကုန်းနောက်မှနေပြီး မြေအောက်အကျဉ်းထောင်မှ ထွက်ခွာသွားလေတော့သည်။

သို့သော် သူမယခုကဲ့သို့ထွက်ခွာသွားပြီးသည့်နောက် ကွမ်းလုန်ကျီကို နောက်ထပ်တွေ့ခွင့်ရတော့မည် မဟုတ်သည်ကို သူမသိနေခဲ့လေသည်။

အပြင်ဘက်တွင် နန်းတွင်းစစ်သည်တော်များအဆင်သင့်ဖြစ်နေပြီး သူမထံတွင် တာဝန်ထမ်းဆောင်နေသည့် အားဟန်လည်းရှိနေလေသည်။

အပြင်ဘက်တွင် မြင်း (၆) ကောင်ကသည့် မြင်းရထားတစ်စီးရပ်တန့်ထားလေသည်။ မြင်းများအားလုံးမှာ မြင်းဖြူကြီးများဖြစ်ပြီး မြင်းရထားမှာလည်း အဖြူရောင်ဖြစ်လေသည်။

ထိုမြင်းဖြူကြီးများသည် နတ်မြင်းပျံများမဟုတ်သည့်တိုင်

တစ်နေ့လျှင် မိုင် (၃၀၀)အထိ ခရီးနှင်နိုင်သည့် အာဇာနည်မြင်း

များ ဖြစ်ကြလေသည်။

တာ့ရှားကေရာဇ်သည် မြင်းဖြူ (၈)ကောင်ကသည့်မြင်းရထား

ကို စီးနှင်လေ့ရှိပြီး ယခု စစ်ကျင်းကတော့ မြင်းဖြူ (၆)ကောင်

ကသည့် မြင်းရထားကို စီးနှင်ရမည် ဖြစ်လေသည်။ သူမသည်

"စစ်" ဆိုသည့် မျိုးနွယ်သစ်ကို ရရှိခဲ့ပြီး တိုင်းရေးပြည်ရာများ

တွင် ပါဝင်ဆောင်ရွက်ရတော့မည် ဖြစ်လေသည်။

အားဟန်သည် စစ်ကျင်း၏ မြင်းရထားထဲတွင် လိုက်ပါခွင့်ရ

လေသည်။

အားဟန်သည် အသက် (၃၀)အရွယ်ခန့် ရှိပြီဖြစ်လေသည်။

အားဟန်တွင် ဆရာမရှိပါ။ သို့သော် လောကနိယျာမတရားများ

ကို နားလည်သူတစ်ယောက် ဖြစ်လေသည်။ သူသည် တိချိုး

မြို့တော်တွင်လည်း နာမည်ကျော်ကြားသူတစ်ယောက်ဖြစ်လေ

သည်။

စစ်ကျင်း၏ဖခင်ဖြစ်သည့် လေ့နော်ကဲ့သို့ တော်ဝင်မိသားစုဝင်

တစ်ဦးနှင့်ပင် သူ၏စွမ်းရေများက တန်းတူဖြစ်လေသည်။

စစ်ကျင်းသည် တာ့ရှားဧကရာဇ်၏အမိန့်အတိုင်း ယိုစန်းပြည်

သို့ ထွက်ခွာလာခဲ့လေသည်။

ယိုစန်းပြည်သည် မုန့်စန်းတောင်၏မြောက်ဘက်တွင် တည်ရှိ

ပြီး အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများ၏ အစိတ်အပိုင်း

ဖြစ်လေသည်။

မြင်းဖြူ (၆) ကောင်ကသည့် စစ်ကျင်းမင်းသမီးလေး၏

မြင်းရထားသည် ယိုစန်းပြည်နယ်နိမိတ်အတွင်းသို့ ဝင်

ရောက်လာသည်နှင့် တဖြည်းဖြည်း နှေးကွေးသွားလေသည်။

အဘယ်ကြောင့်ဆိုသော် စစ်ကျင်းသည် သူမစီမံအုပ်ချုပ်ရ

မည့်တိုင်းပြည်ကို သေသေချာချာလေ့လာလိုသောကြောင့်

မြင်းရထားကို နေ့းခိုင်းလိုက်ခြင်း ဖြစ်လေသည်။

အားဟန်သည် အပြင်ဘက်မှ ရှုမျှော်ခင်းများကို ငေးကြည့်နေ

လေသည်။

"ဧကရီလေး... ယိုစန်းပြည်ဟာ ကောင်းမွန်တဲ့တိုင်းပြည်တစ်ခု

ပါပဲ ။ အရှေ့တိုင်းစစ်သည်တော်တွေရဲ့နယ်မြေကို နဂါးတစ်

ကောင်နဲ့နှိုင်းယှဉ်မယ်ဆိုရင် ယိုစန်းပြည်ဟာ နဂါးခေါင်း

တည်ရှိရာနေရာမှာရှိတယ် ၊ ဝိညာဉ်စွမ်းအားတွေ လည်းအရမ်း

ကောင်းတယ် ၊ ပထဝီအနေအထားကလည်း အားသာချက်ရှိ

တယ် ၊ ဒါကြောင့် ဒီနေရာကနေထိန်းချုပ်မယ်ဆိုရင်

အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်တွေကို တော်တော်များများ

ထိန်းချုပ်နိုင်လိမ့်မယ်"

လူတိုင်းက စစ်ကျင်းကို မင်းသမီးလေး သို့မဟုတ် သခင်မလေးဟု ခေါ်လေ့ရှိသော်လည်း အားဟန်ကတော့ သူမကို ဧကရီလေးဟုခေါ်လေသည်။

တိရိစ္ဆာန်များသည် မီခိုနိုင်သည့် သစ်ပင်ကောင်းကို ရွေးခြယ်ကြသလို လူသည်လည်း မှန်ကန်သည့်ခေါင်းဆောင်ကို ရွေးခြယ်လေ့ရှိကြလေသည်။ အားဟန်ကတော့ စစ်ကျင်းထက် သင့်တော်သည့် ခေါင်းဆောင် သူ့အတွက်မရှိနိုင်ပေ။

စစ်ကျင်းက...

"အားဟန်... မင်းက တိုင်းရေးပြည်ရာတွေကို စိတ်ဝင်စားတယ်မဟုတ်လား ၊ ကျွန်မက ယိုစန်းရဲ့အုပ်ချုပ်ရေးကိစ္စအားလုံးကို မင်းဆီလွှဲပြောင်းပေးမယ်"

အားဟန်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဧကရီလေး... ဧကရီလေးက ကျင့်ကြံသူတစ်ယောက်ဖြစ်လို့ လောကီရေးရာတွေ သိပ်ပြီးစိတ်မဝင်စားဘူးဆိုတာ ကျွန်တော်

မျိုးသိပါတယ်၊ လောကီရေးရာတွေက ကျင့်စဉ်လမ်းကို

ထိခိုက်နိုင်တယ်လို့ ဧကရီလေးက ထင်နေတာမဟုတ်လား"

စစ်ကျင်းက....

"တကယ်လည်း အဲဒီလိုမဟုတ်ဘူးလား၊ လောကီရေးရာတွေ

မှာ အချိန်ဖြုန်းနေမယ်ဆိုရင် ဘဝဟာအလကားဖြစ်သွားမှာ

ပေါ့"

ထိုစကားများကိုပြောနေသည့်အချိန်တွင် သူမသည် ဆရာဖြစ်

သူကို သတိရနေမိလေသည်။

အားဟန်က ပြုံးလိုက်ရင်း...

"ဧကရီလေးပြောတာ တကယ်တော့ အမှန်မဟုတ်သေးဘူး၊

ကျင့်စဉ်လမ်းကိုသာ ဧကရီလေးက တကယ်ဂရုစိုက်မယ်ဆိုရင်

ဒီလိုစကားမျိုးကို ပြောမှာမဟုတ်ဘူး၊ စစ်မှန်တဲ့ကျင့်စဉ်လမ်း

ဆိုတာ အတင်းလုပ်ယူလို့မရနိုင်ဘူး၊ ဒီလောကမှာ မတရားမှု

တွေလည်းရှိသေးတယ်၊ ဒါတွေကို ကိုင်တွယ်ဖြေရှင်းတယ်ဆို

တာဟာ လောကီရေးရာတွေနဲ့ အချိန်ဖြုန်းနေတာမျိုးနဲ့ မတူပါဘူး ၊ ပြီးတော့ တာ့ရှားပြည်ကိုတည်ထောင်သူ ဧကရာဇ်စစ်ဝမ်မင့်ဟာ တိုင်းပြည်ကို လည်းတည်ထောင်ရင်း ကျင့်စဉ်လမ်းမှာလည်း အဆုံးထိအောင်မြင်ခဲ့သူ တစ်ယောက်ပဲလေ"

အားဟန်က ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်လေသည်။

သူတို့နှစ်ယောက်စကားပြောသည်ကို အခြားသူများကြားလျှင် အားဟန်နှင့် စစ်ကျင်းသည် ကျင့်ကြံခြင်းအဆင့် တူညီသူများဟု ထင်မြင်ကြပေလိမ့်မည်။ သို့သော် စစ်ကျင်းသည် အားဟန်နှင့် များစွာ အဆင့်ကွာခြားလေသည်။

စစ်ကျင်းကို ကွမ်းလုန်ကျီသင်ပြပေးသည့် လျှန်စန်းသည် ခက်ခဲလွန်းလေသည်။ သူမက နားမလည်သည့်အရာ များကို အခါအားလျော်စွာ အားဟန်ထံတွင် မေးမြန်းတတ်လေသည်။

အားဟန်သည် သူမမေးသည့် မေးခွန်းတိုင်းကို လွယ်ကူစွာပင် ရှင်းပြနိုင်စွမ်းရှိလေသည်။

တစ်ခါတစ်ရံတွင် အားဟန်သည် ကွမ်းလုန်ကျိုနှင့် မတူညီသည့် ရှုထောင့်မှပင် သူ့ကို ရှင်းပြနိုင်လေသည်။ အားဟန်၏ စကားများကိုနားထောင်ရတိုင်း စစ်ကျင်းသည် ဆရာဖြစ်သူအနားတွင် ရှိနေသကဲ့သို့ ခံစားရလေသည်။

စစ်ကျင်းက...

"ပြောစရာရှိသေးရင် ဆက်ပြောပါလေ..."

အားဟန်သည် စစ်ကျင်းကို ငေးကြည့်နေလေသည်။

သူ၏မျက်ဝန်းများက လျှို့ဝှက်နက်ရှိုင်းစွာဖြင့် ညအမှောင်တွင် လင်းလက်နေသည့် ကြယ်စင်အလား တောက်ပ လျှက်ရှိလေ၏။

အားဟန်က...

"ကေရီလေး... တာ့ရှားပြည်ကို ယင်းစန်းဒေသက အစားထိုးမယ်ဆိုတဲ့ မိုးကောင်းကင်ကချမှတ်ထားတဲ့ ကံကြမ္မာကို ကေရီလေး ကြားဖူးမှာပါ"

စစ်ကျင်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုနဲ့တုန်းယီဒေသမျိုးနွယ်စု

ပူးပေါင်းအင်အားကို ကျွန်မရဲ့ဦးရီးတော်က အနိုင်ယူခဲ့တယ်၊

တာ့ရှားပြည်ဟာ ခုထိအခြေအနေကောင်းနေဆဲပါပဲ၊ ပြီးတော့

တာ့ရှားနဲ့ ယင်းစန်းကိစ္စမှာ ကျွန်မကိုဝင်မပါ ဖို့ကွမ်းလုန်ကျိုက

မှာထားတယ်"

အားဟန်က ပြုံးလိုက်ရင်း...

"ကွမ်းလုန်ကျိုရဲ့ရည်ရွယ်ချက်ကို ကျွန်တော်မျိုး နားလည်ပါ

တယ်၊ သူက တာ့ရှားပြည်နေရာမှာ ယင်းစန်းဒေသက

အစားထိုးမယ့် ကံတရားက ပြောင်းလဲလို့မရဘူးလို့ ထင်နေတာ

ကြောင့် ဧကရီလေးကို ဒီလိုအကြံပေးခဲ့တာပါ၊ ဒါပေမယ့်

ဧကရီလေးနားမလည်သေးတာက ကံတရားကိုပြောင်းလဲလို့မရ

ပေမယ့် အာဏာကိုတော့ ပြောင်းလဲယူလို့ရတယ်လေ၊

တကယ်တော့ မိုးကောင်ကင်ရဲ့ကံကြမ္မာဆိုတာထက် ဒီကိစ္စ

အားလုံးက ထျန်းယီအကြီးအကဲရဲ့ ကြိုးစား အားထုတ်မှုတွေ ကြောင့် ဖြစ်လာရတာ ၊ အခု ယွမ်ယန်လည်းပျောက်ကွယ်သွား ပြီဆိုတော့ ယင်းစန်းဒေသကိုယှဉ်နိုင်တဲ့သူ ဘယ်သူမှ မရှိတော့ ဘူးလေ"

အားဟန်က တစ်ခဏမျှရပ်နားပြီး ဆက်ပြောလိုက်သည်။

"တာ့ရှားကေရာဇ်ကတော့ ကေရီလေးစိတ်တိုင်းကျ ဘာမှ လုပ် ခိုင်းမှာမဟုတ်ဘူး ၊ ဒါပေမယ့် အခု တာ့ရှားကေရာဇ် ချီးမြှင့် ထားတဲ့ ဂုဏ်ပုဒ်တွေကို ကေရီလေးကောင်းကောင်းအသုံးချလို့ ရပါတယ် ၊ ဒါတွေကိုအသုံးချမယ်ဆိုရင် ကေရီလေး ထူးခြား တဲ့အခွင့်အလမ်းတွေအတွက် လမ်းပွင့်လာမှာပါ"

အခန်း (၅၈၁) ယီစွေမြစ်

စစ်ကျင်းက...

"ဘာအခွင့်အလမ်းတွေ ပွင့်လာမှာလဲ"

အားဟန်က ဝမ်းသာအားရဖြစ်သွားဟန်ဖြင့်...

"ဧကရီလေး... အရှေ့တိုင်းစစ်သည်တော်တွေကို အောင်မြင်

ပြီးတာတောင် မင်းကြီးက ဘာလို့ တာ့ရှားပြည်ကိုမပြန်

သေးတာလဲ ဧကရီလေးသိသလား"

"မင်းကြီးက အရှေ့တိုင်းစစ်သည်တော်တွေ ရမ်းကားလာမှာကို

ထိန်သိမ်းချင်တာကြောင့် ဖြစ်နိုင်တယ်"

စစ်ကျင်းက ဖြည်းညင်းစွာပြောလိုက်လေသည်။

သူမက စစ်ရေးအမြင်ရှိသူတစ်ယောက်ဖြစ်လေသည်။

အားဟန်က...

"ကေရီလေး မှန်ပါတယ်... တကယ်တော့ အရှေ့တိုင်းစစ်သည်တော်တွေဟာ အစကတည်းက တာ့ရှားပြည်နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးရှိခဲ့ကြတယ်၊ အခု ယွမ်ယန်ရှုံးနိမ့်သွားတော့ အရှေ့တိုင်းစစ်သည်တော်တွေလည်း ကြောက်ရွံ့နေကြပြီ၊ ကေရီလေးရဲ့ဆရာသာ ဝင်မနှောက်ယှက်ရင် အခုချိန်မှာ ဘယ်သူမှ ကေရီလေးရဲ့ ဦးရီးတော်ကို အန်တုရဲမှာမဟုတ်တော့ဘူး၊ ဒါပေမယ့် မထင်မှတ်တာတွေ ဖြစ်လာတော့ တာ့ရှားကေရာဇ်ဟာ အရှေ့တိုင်းစစ်သည်တော်တွေကိုနှစ်သိမ့်ဖို့နဲ့ ထိန်းချုပ်နိုင်ဖို့အတွက် ယိုရှီရဲ့သမီးတော်ကို လက်ဆက်ခဲ့တယ်၊ ယိုရှီလည်း သေဒဏ်မကျခံရတော့ဘူးပေါ့၊ ဒါပေမယ့် အရှေ့တိုင်းစစ်သည်တော်တွေနဲ့ တာ့ရှားကေရာဇ်ရဲ့ ဆက်ဆံရေးက ဝေးကွာ သွားခဲ့ပါပြီ၊ ကျွန်တော်မျိုးအထင်တော့ တာ့ရှားကေရာဇ်က အရှေ့တိုင်းစစ်သည်တော်တွေထဲက အရည်အချင်းရှိတဲ့သူတွေကိုစုစည်းပြီး စစ်တပ်တစ်တပ် ပြန်ဖွဲ့

လိမ့်မယ်၊ တုန်းယီဒေသနဲ့ အရှေ့တိုင်းစစ်သည်တော်တွေရဲ့

ငြိမ်းချမ်းရေးကို ထိန်းသိမ်းပေးလိမ့်မယ်"

စစ်ကျင်းက...

"အဲဒီတော့ ဘာဖြစ်လာနိုင်သလဲ"

အားဟာန်ကပြုံးလိုက်ရင်း...

"တကယ်လို့ တာ့ရှားဧကရာဇ်က အရှေ့တိုင်းစစ်သည်တော်

စစ်တပ်ကို ဖွဲ့စည်းမယ်ဆိုရင် ဧကရီလေးက အဲဒီစစ်တပ် ရဲ့

စစ်သေနာပတိတစ်ပါးဖြစ်လာလိမ့်မယ်"

စစ်ကျင်းက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"ဒါကိုတော့ ကျွန်မလက်ခံမှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့

တာ့ရှားပြည်မှာလည်း အရည်အချင်းရှိတဲ့ စစ်သေနာပတိတွေမှ

အများကြီးပါလေ..."

"တာ့ရှားဧကရာဇ်သာ အရှေ့တိုင်းစစ်သည်တော်စစ်တပ်ကို

ဖွဲ့စည်းမယ်ဆိုရင် အရှေ့တိုင်းစစ်သည်တော်တွေက ကျေနပ်

ကြမယ်လို့များ ဧကရီလေးက ထင်လို့လား ၊ အတွေ့အကြုံရှိတဲ့ စစ်သေနာပတိတစ်ယောက်ကိုသာ ရာထူးပေးလိုက်ရင် အရှေ့တိုင်းစစ်သည်တော်တွေနဲ့ပေါင်းပြီး တာ့ရှားကို သစ္စာမဖောက်ဘူးလို့ ပြောနိုင်မလား ၊ ပြီးတော့ တခြားအချက်တွေလည်း ရှိသေးတယ် ၊ ဧကရီလေးက ငယ်ရွယ်ပြီး အတွေ့အကြုံမရှိဘူးလို့ ယူဆလို့ရတယ် ၊ ဒါပေမယ့် ဧကရီလေးသာ စစ်သေနာပတိဖြစ်ခဲ့ရင် တာ့ရှားပြည်ဟာ သူတို့ကို ထိန်းချုပ်ထားဆဲပဲဆိုတာကို အရှေ့တိုင်းစစ်သည်တော်တွေက အလိုလိုသိလာလိမ့်မယ်"

အားဟန်သည် တာ့ရှားဧကရာဇ် ပြုလုပ်မည့်အကြောင်းအရာများကို သေသေချာချာသိနေသကဲ့သို့ အခိုင်အမာဖြင့် ဖြည်းဖြည်းချင်းပြောနေလေသည်။

သို့သော်... စစ်ကျင်း၏အမူအရာက ပြောင်းလဲသွားခြင်းမရှိပါ။ သူမသည် အားဟန်ကို စိုက်ကြည့်လိုက်ပြီး နူးညံ့သိမ်မွေ့စွာဖြင့် ပြောလိုက်သည်။

"မင်းပြောတာတွေအကုန်လုံး ကျွန်မယုံကြည်ပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့ဦးရီးတော်က ဒီလောကထက်မြက်တယ် ဆိုရင်ရှင်ကဘာလို့ သူ့လက်အောက်မှာ တာဝန်မထမ်းဆောင်ရတာလဲ"

အားဟန်၏မျက်နှာထားမှာ တည်ကြည်လေးနက်သွားလေသည်။

"ဘာဖြစ်လို့လဲဆိုတော့ တာ့ရှားပြည်ပျက်စီးရမယ်ဆိုတာဟာ မိုးကောင်းကင်က ချမှတ်ထားတဲ့ကံကြမ္မာပါပဲ၊ ဧကရီလေးနားလည်သင့်တယ်၊ တာ့ရှားပြည်က ကျင့်ကြံသူတွေကို ဖိနှိပ်ထားတာဟာ မဖြေရှင်းနိုင်တဲ့ ပြဿနာကြီးဖြစ်ခဲ့တယ်၊ တာ့ရှားပြည်သာ အင်အားကြီးသည်ထက်ကြီးလာမယ်ဆိုရင်

ကျင့်ကြံသူတွေအတွက်တော့ မတွေးရဲစရာပဲ ၊ ပြီးတော့ တာ့ရှားပြည်တော်ဝင်မျိုးနွယ်တွေကြောင့် ဝိညာဉ်စွမ်းအားတွေလည်း အရမ်းလျော့နည်းလာခဲ့ရ သလို ဝိညာဉ်စွမ်းအားသားရဲတွေလည်း ပျက်စီးခဲ့ကြရတယ် ၊ ဒါဟာလူသားတွေအတွက် အရမ်းဒုက္ခရောက်စေတဲ့ အချက်ပါပဲ"

အားဟန်ပြောသည့်စကားများမှာ အမှန်များဖြစ်နေသည့်အတွက် စစ်ကျင်း မငြင်းဆန်နိုင်ပါ။

သူမသည် တာ့ရှားပြည်မှ တော်ဝင်မိသားစုတစ်ယောက်လည်းဖြစ်သလို ကျင့်ကြံသူတစ်ယောက်လည်း ဖြစ်နေခဲ့လေသည်။ သူမသည် ရှားမျိုးနွယ်များနှင့် ကျင့်ကြံသူများအကြားခြားနားချက်ကို ပထမဆုံး နားလည်သဘောပေါက်လာသူ တစ်ယောက်ဖြစ်လေသည်။ ရှားမျိုးနွယ်များရေရှည်တည်တံ့နိုင်ရေးအတွက် ဝိညာဉ်စွမ်းအားများစွာကို အသုံးပြုခဲ့ကြရသည်။ ဝိညာဉ်သားရဲများကိုလည်း လိုအပ်ခဲ့ကြသည်။ ဝိညာဉ်

စွမ်းအားများ ပြန်းတီးလာခြင်းနှင့် ဝိညာဉ်သားရဲများရှားပါး
လာခြင်း အကြောင်းရင်းနှစ်ခုလုံးမှာ ရှားမျိုးနွယ်များကြောင့်
သာ ဖြစ်လေသည်။

"ဖွံ့ဖြိုးတိုးတက်ပြီးရင် ကျဆုံးရမှာဖြစ်သလို ကျဆုံးပြီးရင်
လည်း ပြန်လည်တိုးတက်လာရမယ်ဆိုတာ ဓမ္မတာပါပဲ ဧကရီ
လေး၊ တစ်ချိန်က လူတွေရဲ့သက်တမ်းက နှစ်ပေါင်း (၃၀၀)နဲ့
အထက်မှာ ရှိခဲ့တယ်၊ ဒါပေမယ့် အခုတော့ လူတွေဟာ
အသက်တွေတဖြည်းဖြည်းတိုလာကြတယ်၊ ဒါက ကျဆင်း
လာတဲ့သဘောပါပဲ၊ ကျင့်ကြံခြင်းနဲ့ပတ်သက်လို့ ပြောမယ်ဆို
ရင်လည်း အတိတ်တစ်ချိန်ကနဲ့ယှဉ်လိုက်ရင် အလှမ်းဝေးလွန်း
လှပါတယ်၊ ဧကရီလေးက တာ့ရှားဧကရာဇ်ရဲ့မျိုးနွယ်ဖြစ်ရုံ
သမက ကျင့်ကြံသူတစ်ယောက်လည်း ဖြစ်တယ်လေ၊ ရှား
မျိုးနွယ်နဲ့ ကျင့်ကြံသူတွေဆိုတာ အသူရာချောက်မှာ အကြီး
မားဆုံးအားပြိုင်မှုနှစ်ခုပဲ၊ ဧကရီလေးသာအောင်မြင်လာခဲ့ရင်

အားလုံးက ဧကရီလေးကို လိုလိုလားလားနဲ့ လက်ခံကြိုဆိုကြလိမ့်မယ်၊ ဧကရီလေးကသာစစ်ပွဲကြီးမဖြစ်အောင် လောကကြီးကို ပြောင်းလဲပေးနိုင်မယ်ဆိုရင် အကျိုးကျေးဇူးအများကြီး ရမှာပဲ၊ အဲဒီအခါကျ ထိုက်ယီထျန်းရှင်းအဆင့်ရောက်ဖို့ဒါမှမဟုတ် မဟာစကြာဗောဓိသကျအဆင့်ရောက်ဖို့ ဘာများခက်ခဲတော့မှာလဲ"

အားဟန်က ပြုံးရင်းပြောလိုက်လေသည်။

စစ်ကျင်းက အံ့သြသွားရပြီး...

"ဒါပေမယ့် ကျွန်မရဲ့ဦးရီးတော်နဲ့ ထျန်းယီအကြီးအကဲက လောကမှာ ထိပ်တန်းတွေပဲ၊ ကျွန်မက ကျင့်ကြံသူ တစ်ယောက်ဖြစ်နေပေမယ့် ဘယ်လိုလုပ်ထိပ်ဆုံးရောက်နိုင်မှာတဲ့လဲ၊ ယွမ်ယန်ရှုံးနိမ့်သွားရတာက ဥပမာပဲမဟုတ်လား"

အားဟန်က ပြုံးလိုက်ရင်း...

"ဒီလိုပြောရတာတွေအတွက် ကျွန်တော်မျိုးကို ခွင့်လွှတ်ပါ၊ စစ်ပွဲမဖြစ်ဘဲနဲ့ တာ့ရှားကေရာဇ်ရော ထျန်းယီအကြီးအကဲကို ပါအနိုင်ယူနိုင်တဲ့နည်းလမ်း အားဟန်မှာ ရှိပါတယ်"

စစ်ကျင်းက...

"အားဟန်... မင်းမှာ ထူးခြားတဲ့အရည်အချင်းတွေရှိတယ်ဆို တာ ကျွန်မသိပါတယ်၊ ဒါပေမယ့် ဦးရီးတော်နဲ့ ထျန်းယီ အကြီးအကဲကိုတော့ ဘယ်လိုလုပ် ကျွန်မက ယှဉ်နိုင်မှာလဲ၊ ဖြစ်နိုင်မယ် မထင်ဘူးနော်"

"ကေရီလေး... နတ်ဘုရားကျင့်စဉ်တွေအပြင် မှော်ပညာတွေရှိ သေးတယ်ဆိုတာ မေ့သွားပြီလား၊ ကျွန်တော်မျိုးက မှော်ပညာ မှာ လောကပထမ ထိပ်တန်းအဆင့်ပါပဲ၊ ဝူဖိန်တောင်မှာ ကျွန်တော်မျိုးကို မီနိုင်မှာ မဟုတ်ပါဘူး"

အားဟန်သည် ပြောပြီးသွားသည်နှင့် စစ်ကျင်းကို တိတ်ဆိတ်စွာဖြင့် ကြည့်နေခဲ့လေသည်။

စစ်ကျင်းကလည်း အတန်ကြာတိတ်ဆိတ်နေပြီးမှ စကားဆက်ပြောလိုက်သည်။

"ယိုစန်းပြည်ရဲ့ကိစ္စအဝဝကို ရှင့်ကိုတာဝန်ပေးမယ်၊ ဒီနေ့ကျွန်မကိုပြောတာတွေကို ထပ်ပြီးမပြောနဲ့တော့"

အားဟန်သည် စိတ်ထဲတွင် ကြိတ်ပြီး သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

သူ၏စကားများသည် အလိမ်အညာစကားများမဟုတ်ခဲ့ပါ။ တိုင်းပြည်များ ငြိမ်းချမ်းစွာလည်ပတ်နိုင်မှ သူ၏ကျင့်စဉ်လမ်းသည်လည်း ဖြောင်းဖြူးနိုင်မည် ဖြစ်လေသည်။

စစ်ကျင်းတွင် စစ်အင်အားမရှိသည့်တိုင် သူမ၏ဂုဏ်ပုဒ်ကြောင့် အားဟန်သည် သူမကို ခေါင်းဆောင်အဖြစ် ရွေးခြယ်ခဲ့ခြင်း ဖြစ်လေသည်။ ထို့ပြင် သူမနောက်တွင် ယိုဟူမျိုးနွယ်များက အဆင်သင့်ရပ်တည်ပေးနေကြမည် ဖြစ်လေသည်။

ထို့ပြင် စစ်ကျင်း၏ဖခင် လေ့နော်သည် နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့် အသူရာချောက်နှင့်ပတ်သက်ပြီး အခြားသူများ ထက်ပိုပြီး နားလည်သူ ဖြစ်လေသည်။ စစ်ကျင်းသာ ယိုစန်း ပြည်တွင် ခြေကုပ်ရယူနိုင်ပါက အသူရာချောက်တွင် အင်အား ကြီးမားသူတစ်ယောက် ဖြစ်လာနိုင်လေသည်။

စစ်ကျင်းသည် ယိုစန်းတွင် ဘုရင်မတစ်ပါးဖြစ်လာနိုင်ပြီး ကျင့်စဉ်များကိုလည်း ကျင့်ကြံနိုင်မည် ဖြစ်လေသည်။

နောက်ဆုံး စစ်ကျင်းသည် နတ်ဘုရားတစ်ပါးအဖြစ်လည်း အဆင့်တက်ရောက်နိုင်လျှင် တက်ရောက်သွားမည် ဖြစ်လေ သည်။ လောကကြီးတစ်ခုလုံးကိုသာ သူမက ပြောင်းလဲလိုက် နိုင်လျှင် သူမသည် စစ်ဝမ်မင့်ကဲ့သို့ပင် ဖြစ်လာမည် ဖြစ်လေ သည်။

သို့သော်... ကံမကောင်းစွာဖြင့်ပင် လေ့ကျင်းသည် ထိုအရာများကို စိတ်ဝင်စားခြင်းမရှိပေ။ အခြားသောရွေးချယ်စရာမရှိပါက သူသည် ထျန်းယီအကြီးအကဲ၏လက်အောက်တွင်ခိုလှုံပြီး ကံတရားအတိုင်းသာ လိုက်နာရ မည်ဖြစ်လေသည်။ ထျန်းယီကတော့ ဝမ်ကျုန်း၏အကူအညီဖြင့် စစ်အင်အားများစွာ ရှိလေသည်။

ရှေ့သို့ ခရီးအနည်းငယ်ဆက်မိသည့်အခါတွင်တော့ သူတို့ရှေ့တွင် မြစ်ကြီးတစ်စင်း စီးဆင်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။ မြစ်ရေထဲတွင် လှိုင်းများကလှုပ်ခတ်နေပြီး ရေများကကြည်လင်နေလေသည်။

လေ့ကျင်းသည် မြစ်ရေပြင်ရှုခင်းကို ကြည့်ရှုခံစားနေလေသည်။

အားဟန်သည်လည်းရေပြင်ကိုကြည့်နေပြီး များစွာအသောအကြောင်းအရာများကို စဉ်းစားနေလေသည်။

ခဏအကြာတွင်တော့ စစ်ကျင်း၏လက်တစ်ဖက်က အား

ဟန်၏ပခုံးထက်သို့ ကျရောက်လာလေသည်။

"ဘာလို့ ဒီလောက်တောင် ငေးနေရတာလဲ"

အားဟန်ကပြုံးလိုက်ရင်း...

"ဧကရီလေး... တကယ်တော့ ဒီနေရာက ကျွန်တော်မျိုးရဲ့

မွေးရပ်မြေပါ"

စစ်ကျင်းမှာ အံ့သြသွားလေသည်။

"မင်းဘယ်ကလာလဲဆိုတာ ဘယ်သူမှ မသိကြဘူး ၊ ဒါပေမယ့်

လက်စသတ်တော့ မင်းက ယီစွေမြစ်က လာတဲ့သူကိုး ၊ မင်းရဲ့

မိခင်ကရော ဘယ်သူများလဲ"

"တောင်တိုင်းမြစ်တိုင်းမှာ တောင်စောင့်နတ်တွေ မြစ်စောင့်နတ်

တွေ ရှိတယ်လေ ၊ အဲဒီတုန်းကတောင်စောင့်နတ် တစ်ပါးနဲ့မြစ်

စောင့်နတ်တစ်ပါး ချစ်ကျွမ်းဝင်ခဲ့ကြတယ်လေ ၊ ကျွန်တော်မျိုး

ရဲ့အမေက ယီစွေမြစ်စောင့်နတ်သမီးပါ ၊ သူ့ဆီကနေ အများ

ကြီးသင်ယူခဲ့ရတယ်၊ ကျွန်တော်မျိုးအသက်ခုနစ်နှစ်မှာ အမေ ပျောက်ကွယ်သွားခဲ့တယ်၊ အဲဒီနောက်ပိုင်းကျွန်တော်မျိုး လည်း တိချိုးမြို့တော်ကို ရောက်လာတာပါပဲ၊ ဒါပေမယ့် တာ့ ရှားပြည်ကမဟုတ်တော့ အစေခံတစ်ယောက်ပဲ ဖြစ်လာခဲ့ရ တယ်"

အားဟန်က သက်ပြင်းချရင်းပြောလိုက်လေသည်။

စစ်ကျင်းက တစ်ချက်ပြုံးလိုက်ပြီး အသေးစိတ်များကို မေးမြန်းခြင်းမပြုတော့ပေ။

အားဟန်သည် လျှို့ဝှက်ချက်များဖြင့် ပြည့်နေသည့် လူတစ် ယောက်ဖြစ်သည်ကို စစ်ကျင်းရိပ်မိလေသည်။ သို့သော် သူမ က အားဟန်ပြောပြသည့်အကြောင်းအရာများကို လက်ခံလို ခြင်းမရှိပေ။

ယိုစန်းပြည်သည် ကောင်းမွန်းသည့်နေရာတစ်ခုဖြစ်လေသည်။ သူမက တိတ်ဆိတ်ငြိမ်သက်သည့် တိုင်းပြည်တွင် အချိန်

အတန်ကြာနေရန် ဆုံးဖြတ်ထားလေသည်။ သူမသာ နတ်ဘုရားတစ်ပါးဖြစ်လာခဲ့လျှင် သူမဖြစ်ချင်သည့်ဆန္ဒများလည်းဖြစ်လာမည်ဟု သူမ စဉ်းစားနေခဲ့မိလေသည်။

"ဒါဖြင့်လည်း မြင်းရထားပေါ်ကဆင်းပြီး ယိုစန်းရဲ့အလှအပရှုမျှော်ခင်းတွေကို ခံစားကြရအောင်..."

အားဟန်က...

"ဒီဒေသက အကောင်းဆုံးနေရာတွေကို ကေရီလေးကြည့်ချင်တယ်ဆိုရင် ကျွန်တော်မျိုး လိုက်ပြပေးပါ့မယ်..."

အားဟန်က ယီစွေမြစ်သမိုင်းကြောင်းပြောပြောပြနေရင်း စစ်ကျင်းနှင့် အားဟန်သည် ယီစွေမြစ်ကမ်းနံဘေးတွင် လမ်းလျှောက်နေခဲ့ကြလေသည်။

သူတို့သတိမထားမိခင်မှာပင် နေဝင်တော့မည် ဖြစ်လေသည်။

ပုဇွန်ဆီရောင်နေရောင်ခြည်သည် မြစ်ရေကိုရောင်ပြန်ဟပ်နေပြီး မြစ်ကမ်းနံဘေးတွင် ကျူပြင်များလည်း များစွာ ရှိလေသည်။

ရုတ်တရက်...

စစ်ကျင်း၏မျက်ဝန်းထဲတွင် တံငါသည်တစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

စစ်ကျင်းကဲ့သို့ပင် ထိုတံငါသည်ကို အားဟန်လည်း တွေ့မြင်ရလေသည်။

ထိုတံငါသည်သည် စိမ်းပြာရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး အင်္ကျီလက်နှစ်ဖက်တွင် ငွေချည်များဖြင့်ပန်းထိုးထားလေသည်။ တံငါသည်၏ဆံပင်များမှာ ရှည်လျားလွန်းပြီး ဖြူစင်သည့်မျက်နှာမှာ ကြည်ကြည်လင်လင်ရှိလှလေသည်။

မျက်လုံးများက ကြယ်စင်များကဲ့သို့ တောက်ပနေပြီး အမှောင်ထုကိုပင် ထိုးခွင်းနိုင်စွမ်းရှိပုံရလေသည်။

ထိုမျှ ထူးဆန်းပြီး လှပသည့်မျက်ဝန်းမျိုးကို အားဟန်၏ဘဝ

တွင် တစ်ခါမှ မတွေ့မြင်ခဲ့ဖူးပေ။ ထို့ကြောင့် အားဟန် သည်

တံငါသည်ကို ငေးကြည့်နေမိလေသည်။

ထိုသူသည် လမ်းစဉ်များအားလုံးကိုကျော်လွန်နေပြီး ထာဝရ

တည်ရှိခြင်းအနှစ်သာရများကို ထုတ်ဖော်ပြသနေ သကဲ့သို့ရှိ

လေသည်။ ထိုအနှစ်သာရမှာ နေ ၊ လ ၊ ကြယ်တာရာများကိုပင်

မှေးမှိန်စေသည့် ထာဝရတာအိုကာရံညီခြင်းပင်ဖြစ်လေသည်။

ထိုတာအိုကာရံညီခြင်းသည် မိုးကောင်းကင်နတ်ဘုရား

(သို့မဟုတ်) ထိုက်ယီထျန်းရှန်း အဆင့်ထက်ပင် သာလွန်လေ

သည်။

လူတိုင်း၏ အနိုင်အရှုံးနှင့်ကံတရားများကို ထုတ်ဖော်ပြသနိုင်

မည် တာအိုမဟာလမ်းစဉ်သည် ထိုသူ၏မျက်ဝန်းများထဲ တွင်

ကွယ်ဝှက်လျှက်ရှိလေသည်။

အားဟန်သည် ကျောက်တုံးတစ်တုံးကို ကန်ထုတ်လိုက်လေ
သည်။ ကျောက်တုံးသည် မြစ်ရေပြင်ထက်သို့ ကျဆင်းသွားပြီး
ငြိမ်သက်နေသည့် တာအိုကာရံကို လှိုင်းထန်စေလေသည်။
တံငါသည်၏လက်ထဲတွင် ငါးမျှားတံတစ်ချောင်းပေါ်လာပြီး
ငါးမျှားတံကိုဝှေ့ယမ်းကာ ရေထဲမှ ကျောက်တုံးကို ဖမ်းယူ
လိုက်လေသည်။ ထို့နောက် ... ထိုကျောက်တုံးဖြင့် စစ်ကျင်း
ထံသို့ အညှာအတာကင်းမဲ့စွာဖြင့် ကျောက်တုံးကို ပစ်
လွှတ်လိုက်လေသည်။

တံငါသည်၏တိုက်ကွက်သည် စစ်ကျင်းမခုခံနိုင်သည့်တိုက်
ကွက်မဟုတ်သည့်တိုင် ပတ်ဝန်းကျင်တွင် အသက်ဓာတ်
စွမ်းအားများ ကျဆင်းသွားလေသည်။ ကြည့်ရသည်မှာ
တံငါသည်သည် ထိုတိုက်ကွက်ကို ရည်ရွယ်ချက်ရှိရှိဖြင့်
ပြုလုပ်လိုက်ခြင်း ဖြစ်ဟန်တူလေသည်။

"မတိုက်နဲ့..."

စစ်ကျင်း၏အသံထွက်ပေါ်လာသည့်အတွက် အားဟန်က

တံငါသည်ကို တိုက်ခိုက်ခြင်း မပြုတော့ပါ။

စစ်ကျင်းက လက်နှစ်ဖက်ကို အသာပင့်မြှောက်လိုက်သည့်

အခါတွင်တော့ မြစ်ရေများသည် ရေပိုက်ကွန်ကြီးတစ်ခု အဖြစ်

ပြောင်းလဲသွားပြီး တံငါသည်ထံသို့ ဝင်ရောက်သွားလေသည်။

သူမမျက်စိရှေ့တွင် အစိမ်းရောင်အခိုးအငွေ့များကို တွေ့မြင်

လိုက်ရပြီး ရေပိုက်ကွန်ကြီးသည် အပိုင်းပိုင်းပြတ်ကာ ပျက်စီး

သွားလေတော့သည်။

အခန်း (၅၈၂) တာအိုနဲ့ကျုပ်ဟာ တစ်သားတည်းပဲ

ရေပိုက်ကွန်ကြီးသည် အစိတ်စိတ်အမွှာမွှာပျက်စီးသွားပြီး လေ

ထဲတွင် ရေစက်များ ပျံ့ကျဲသွားလေသည်။

တံငါသည်က အေးအေးဆေးဆေးလေသံဖြင့်…

"ကျင်းအယ်… လျန်စန်းရဲ့အဆုံးမဲ့အဓိပ္ပါယ်နဲ့ လေနှင့်မိုးကို

ဆင့်ခေါ်ခြင်းတန်ခိုးစွမ်းအားကိုပေါင်းစပ်ဖို့ မင်းအတွက် စော

လွန်းသေးတယ်၊ ရန်သူကို ဒီလိုတိုက်ခိုက်မယ်ဆိုရင် ခဏ

လေးနဲ့ ခုခံတွန်းလှန်နိုင်လိမ့်မယ်"

ထိုစကားကြောင့် အားဟန်က သူ၏မျက်လုံးများကို

ကျဉ်းမြောင်းလိုက်သည်။

ထိုတံငါသည်ကားအခြားသူမဟုတ်…။ တာအိုဆရာချင်းရှမ်

ပင် ဖြစ်လေသည်။

လေ့ကျင်းက သူမ၏နှုတ်ခမ်းကိုကိုက်လိုက်ရင်း…

"ဆရာ… ဒီကိုရောက်လာတာ ကျွန်မအတွက်လား၊ သူ့အတွက်လား"

ဆန်းလျန်ကပြုံးလိုက်ရင်း…

"ကျုပ်က ယီကျီးအတွက် ဒီကိုရောက်လာတာပါ"

ဆရာဖြစ်သူ၏စကားကြောင့် စစ်ကျင်း စိတ်ပျက်သွားပြီး မည်သည့်စကားမှ ထပ်မံပြောဆိုခြင်း မရှိတော့ပေ။

အားဟန်က ရယ်မောလိုက်ရင်း….

"တိုင်းပြည်အကြံပေးအမတ်မင်း၊ ခင်ဗျားကတကယ်ပဲ ထူးဆန်းတဲ့သူပဲ၊ ကျုပ်ရဲ့နာမည်အရင်းကိုတောင်သိနေပါလား"

ယီကျီးဆိုသည်မှာ အားဟန်၏နာမည်အရင်းဖြစ်လေသည်။ သို့သော် ထိုနာမည်ကို သူက မည်သူ့ကိုမှ ပြောပြထားခဲ့ ခြင်းမရှိပေ။ သို့သော် ဆန်းလျန်ကတော့ ထိုနာမည်ကိုသိနေသည့်အတွက် ယီကျီးသည် အသင့်အနေအထား ဖြစ်သွားရ

လေသည်။ ထိုနာမည်သည် သူ မည်သည့်နေရာကလာသည်ဆို

သည့်အချက်ကို အမှတ်ရစေသည့် အမည်ဖြစ်လေသည်။

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင်...

"ယီကျီးဘယ်ကလာသလဲ ၊ တန်ခိုးစွမ်းအားတွေဘယ်လိုရလာ

သလဲဆိုတာ ရည်ရွယ်ချက်ရှိရှိနဲ့ စုံစမ်းခဲ့တာတော့ မဟုတ်ရပါ

ဘူးဗျာ..."

ယီစွေမြစ်ရေထက်တွင် လေများတိုက်ခတ်လာလေသည်။

တောင်စွယ်တွင်နေကွယ်သွားပြီ ဖြစ်လေသည်။

ဆန်းလျန်သည် ယီစွေမြစ်ရေထက်တွင် ရပ်တန့်နေလေသည်။

ယီစွေမြစ်သည် သူ၏ခြေထောက်အောက်တွင် စီးဆင်းသွား

လေသည်။

အားဟန်က ပြုံးလိုက်ရင်း....

“တိုင်းပြည်အကြံပေးအမတ်မင်း ၊ ခင်ဗျားဆီမှာ တာအိုဆရာ

သခင်ကြီးတွေမှာရှိတဲ့ အငွေ့အသက်မျိုးတွေရှိတယ် ၊ ခင်ဗျား

ရဲ့အောက်မြင်မှုအဆင့်နဲ့ဆိုရင် ကျုပ်ကိုလာပြီး ဘာလို့တွေ့ရ

တာလဲ"

ဆန်းလျန်၏မျက်ဝန်းများက မြစ်ကမ်းနံဘေးမှ ကျူပင်များကို

ငေးမောနေလေသည်။

“ယီကျီး... မင်း ဒီလောကရဲ့အပြင်ဘက်အထိသွားပြီး

စကြာဝဠာတစ်ခုလုံးက ထူးခြားဆန်းကျယ်မှုတွေကို မသိချင်

ဘူးလား ၊ ယခင်မျိုးဆက်ကလူတွေ အောင်မြင်ခဲ့တာကို ကျုပ်

တို့မျိုးဆက်ကလူတွေ ဖြစ်အောင် မလုပ်နိုင်ဘူးဆိုတာ မရှိပါ

ဘူး ၊ ကျုပ့်နောက်လိုက်မယ်ဆိုရင် အဆင့်မြင့်လမ်းစဉ်ကို မင်း

အတွက် သက်သေပြပေးမယ် ၊ တကယ်တော့ကျင်းအယ်က

မင်းရဲ့ကျင့်စဉ်လမ်းအတွက် အကောင်းဆုံးလူတစ်ယောက်

မဟုတ်ပါဘူး ၊ မင်း ကျုပ်နောက်ကိုလိုက်မယ်ဆိုရင် မင်း

အတွက် ကံကြမ္မာထောင်ချောက်ထဲက လွတ်မြောက်သွား

အောင် ကျုပ်ကူညီပေးနိုင်ပါတယ်"

ယီကျီးက ဆန်းလျန်ကို လက်နှစ်ဖက်စုပ်ကာ ဂါရဝပြုလိုက်ရင်း...

“တိုင်းပြည်အကြံပေးအမတ်မင်း... ဒီစကားတွေက ဘယ်လိုလုပ်အခြေအမြစ်ရှိမှာတဲ့လဲ"

ဆန်းလျန်လက်ထဲမှ ငါးမျှားတံသည် ဓားတစ်လက်အဖြစ်အသွင်ပြောင်းသွားလေသည်။ ဓားထိပ်ဖျားသည် မြစ်ရေထဲသို့စိုက်ဝင်သွားလေသည်။ ယွီစွေမြစ်ရေသည် ချက်ချင်းပင် သွေးနီရောင်ပြောင်းလဲသွားလေသည်။

ဆန်းလျန်က စကားဆက်ပြောလိုက်သည်။

“စကားကိုထပ်ပြောရမယ်ဆိုရင် မင်း ကျုပ်နောက်ကိုမလိုက်ဘူးဆိုရင် တခြားဘယ်သူ့နောက်မှလည်းလိုက်ခွင့်မပေးနိုင်ဘူး”

ယီကျီးသည် သွေးရနံ့များကို ရလိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် သွေးရန့်များ ထွက်ပေါ်လျှက်ရှိလေသည်။ ယီစွေမြစ်ရေသည် သွေးရေများလုံးလုံးဖြစ်သွားရပြီဖြစ်လေသည်။

သို့သော် ယီကျီးက တုန်လှုပ်သွားခြင်းမရှိပါ။

သူက အေးအေးဆေးဆေးလေသံဖြင့်ပင်...

“တိုင်းပြည်အကြံပေးအမတ်မင်း ၊ ကျုပ်ကို ကွမ်းလုန်ကျီလိုမျိုး ခပ်လွယ်လွယ်လူတစ်ယောက်လို့ထင်လို့လား ၊ သူက ကျုပ်ကိုမီဖို့ အများကြီးလိုသေးတယ် ၊ သူက လျန်စန်းကိုရေးဖို့ ဝါကျရှစ်သောင်းကို အသုံးပြုခဲ့တယ် ၊ ဒါပေမယ့် ကျုပ်က လျန်စန်းကို စာကြောင်း (၄၃၀၀)လောက်နဲ့ အကျဉ်းချုပ်ပစ်နိုင်တယ်"

ဆန်းလျန်ကပြုံးလိုက်ရင်း...

“မင်းကို စည်းရုံးသိမ်းသွင်းနိုင်မယ်လို့ ကျုပ်တော့ယုံထားတယ်"

ဆန်းလျန်၏လက်ထဲမှ ဓားသည် ငါးမျှားတံအဖြစ် ပြန်ပြောင်း

သွားလေသည်။

ဆန်းလျန်သည် ငါးမြားတံကိုကိုင်ပြီး မတ်တပ်ရပ်နေလေ

သည်။ ထိုငါးမျှားတံမှ မတွန်းလှန်နိုင်သည့် တန်ခိုးစွမ်းအား

များထွက်ပေါ်နေလေသည်။

ဆန်းလျန်သည် ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိခြင်းမရှိ

သေးပေ။

သို့သော် လက်ရှိအချိန်တွင် သူသည် ထိုက်ယီထျန်းရှန်းအဆင့်

ထက် ကျော်လွန်သည့် တန်ခိုးစွမ်းအားများကိုပင် ပိုင်ဆိုင်ထား

လေသည်။

သူ၏ကြီးမြတ်သောဉာဏ် ၊ ခိုင်မာသောဆုံးဖြတ်ချက်များကို

လင်ပေါင်ထျန်းကျွင်း၏အသက်ရှူသံနှင့် ပေါင်းစပ်ထား ပြီး

တာအိုနှင့်တစ်သားတည်းကျနေခဲ့လေသည်။ ထို့ကြောင့် မရဏ

ဓားကိုပင် သူက ထိန်းချုပ်ထားနိုင်ခြင်းဖြစ်လေသည်။ ထို

မရဏာဓားသည် ယီကျီးကို သူ့လက်အောက်တွင် တာဝန်ထမ်းဆောင်ရန်အတွက် စည်းရုံးနိုင်သည့် တစ်ခုတည်းသောအရာပင် ဖြစ်လေသည်။

ယီကျီးက သူ့ကိုသစ္စာမခံပါက သံသရာစက်ဝန်းသို့ ပြန်ပို့ပေးလိုက်မည် ဖြစ်လေသည်။

ဆန်းလျန်သည် မိုးကောင်းကင်မှချမှတ်ထားသည့် ကံတရားကို ဆန့်ကျင်ရန် ဆုံးဖြတ်ထားသူဖြစ်သည့်အတွက် သူသည် အားနည်းချက်လည်းမရှိသလို တုန့်ဆိုင်းနေမည့်သူလည်း မဟုတ်ပေ။

သူချမှတ်ထားသည့် ကြီးမားသည့်ရည်မှန်းချက်သည် သူ့ဘဝတွင် ရှားပါးသည့်အတွေ့အကြုံဖြစ်ခဲ့ပြီး သူ၏တာအိုနှလုံးသားကို တက်ကြွစေကာ အတွေ့အကြုံသစ်ကို ခံစားရစေလေသည်။ သူက သူ၏ရည်မှန်းချက်နှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုများစွာ ရှိလေသည်။

စစ်ကျင်းသည် သေွးနီရောင်မြစ်ရေထက်တွင် လမ်းလျှောက်လာရင်း ဆန်းလျန်အနားသို့ တိုးကပ်လာလေသည်။

“ဆရာ... ရပ်လိုက်ပါတော့... မလုပ်ပါနဲ့တော့နော်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

“အ လိုက်တဲ့ကလေး...”

ထို့နောက် ဆန်းလျန်က စစ်ကျင်းကို လက်ညိုးတစ်ချက်ညွှန်ပြလိုက်လေရာ သူမသည် ချက်ချင်းပင် မြစ်ကမ်းနံဘေး ရှိကျူပင်များဆီသို့ လွင့်စင်ထွက်သွားရလေသည်။ သို့သော် မည်သည့်ထိခိုက်ဒဏ်ရာမှမရှိဘဲ အသာအယာပင် ကျူပင်တောထဲသို့ ရောက်ရှိသွားခြင်းဖြစ်လေသည်။

သူမ၏တန်ခိုးစွမ်းအား မည်မျှပင် မြင့်မားပါစေ ဆန်းလျန်နှင့်ယှဉ်လျှင်တော့ ကြွယ်စင်နှင့် ပိုးစုန်းကျူးပမာပင်ဖြစ်ရလေသည်။

ယီကျီးက နက်ရှိုင်းသည့်လေသံဖြင့်...

“ကေရီလေး… ကေရီလေးရဲ့ဆရာကို ကျွန်တော်မျိုးနှိမ်နင်းပြီးရင် ကျွန်တော်မျိုးရဲ့စကားတွေကို နားထောင်တာက မမှားဘူးဆိုတာ ကေရီလေးသိလာလိမ့်မယ်၊ ကေရီလေးက ကြံ့ကြံ့ခံမရပ်တည်နိုင်ဘူးဆိုရင် သူများတွေကလည်း ကေရီလေးကို ညှာမှာမဟုတ်ဘူး”

“တော်လောက်ပြီ အားဟန်… ဆရာသာ ကျွန်မကို ဒုက္ခပေးချင်တယ်ဆိုရင် အစောကြီးကတည်းက ပေးလို့ရတယ်၊ ဒါပေမယ့် ဆရာက ကျွန်မကို အမြဲတမ်းသူ့ရဲ့တပည့်တစ်ယောက်အဖြစ် ကောင်းကောင်းဆက်ဆံခဲ့တယ်"

စစ်ကျင်းက အေးစက်သည့်လေသံဖြင့် ပြောလိုက်လေသည်။ ဆန်းလျန်က သူမကို ကြိုးကိုင်ခြယ်လှယ်မည်ဆိုလျှင်တောင် သူမက ကျေကျေနပ်နပ်ကြီး လက်ခံမည့်သူတစ်ယောက် ဖြစ်လေသည်။ သို့သော် ဆန်းလျန်သည် မည်သည့်အခါမှ ထိုသို့မပြုလုပ်ခဲ့ပါ။ သူမ၏ ရာထူးနှင့်ဂုဏ်ပုဒ်များကိုအသုံးချကာ

သူမကိုကြိုးကိုင်နိုင်သည့်တိုင် ဆန်းလျှန်သည် ပြုလုပ်ခဲ့ခြင်း မရှိပေ။

စစ်ကျင်းက ဆန်းလျှန်ကိုတားဆီးရသည့်အကြောင်းရင်းမှာ တာ့ရှားပြည်အတွက်သာမဟုတ်ဘဲ ဆန်းလျှန်သည် လောကကြီးတစ်ခုလုံးကို ပျော်ပျော်ရွှင်ရွှင်ဆန့်ကျင်နေဟန်ရှိသည့်အတွက်ကြောင့် ဖြစ်လေသည်။ ဆန်းလျှန်လုပ်နေသည့် အလုပ်သည် အလွန်မှ အန္တရယ်ကြီးမားကြောင်း သူမသိထားလေသည်။

ယီကျီး၏အမြင်တွင်တော့ ဆန်းလျှန်သည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသူတစ်ယောက်ဖြစ်ပြီး သူ၏မာနထောင်လွှားမှုမှာလည်း တာ့ရှားဧကရာဇ်နှင့် အလွန်ဆင်တူလေသည်။

သို့သော် ယီကျီးနားမလည်ခဲ့သည့်အချက်မှာ ဆန်းလျှန်၏မာနတရားသည် လင်ပေါင်ထျန်းကျွင်းထံမှ အစပြုလာခဲ့ ခြင်းဖြစ်

လေသည်။ လောကတွင် တာအိုဆရာသခင်ကြီးများ ၊ နတ်ဘုရားများတွင် ကိုယ်ပိုင်စိတ်နေစိတ်ထား အရည်အချင်းများရှိကြလေသည်။

လင်ပေါင်ထျန်းကျွင်းသည် ထိုတာအိုဆရာကြီးများ ၊ နတ်ဘုရားများအာလုံးနှင့် လုံးဝမတူဘဲ ကွဲပြားသူတစ်ယောက် ဖြစ်လေသည်။ တာအိုကျင့်စဉ်သင်ကြားမှုများအောက်၌ရှိသည့်တိုင် သူသည် ကိုယ်ကျင့်တရားကောင်းမွန်သူ တစ်ယောက်ဖြစ်လေသည်။ လောကကြီးကို ဆန့်ကျင်လိုသည့် ဆန်းလျှန်၏စိတ်ထားသည် လင်ပေါင်ထျန်းကျွင်း၏ စရိုက်နှင့်အလွန်မှလိုက်ဖက်လှလေသည်။

အမှန်တော့ထိုအချက်သည် "တာအိုနှင့်တစ်သားတည်းကျခြင်း" ကို ပြသခြင်းသာ ဖြစ်လေသည်။

သို့သော် ယီကျီးကတော့ ဆန်းလျှန်သည် တာအိုကျင့်ကြံသူတစ်ယောက်ဖြစ်သည်ဟုသာ ခန့်မှန်းနိုင်ပြီး တာအိုနှင့်

ပေါင်းစပ်ထားသည့် မြင့်မြတ်သည့်တန်ခိုးစွမ်းအားများကို

သိရှိခြင်း မရှိပေ။

လင်ပေါင်ထျန်းကျွင်း၏ တန်ခိုးစွမ်းအားများသည် မရဏဓား

ကိုပင် လှုံ့ဆော်ပေးလျှက် ရှိလေတော့သည်။

အခန်း (၅၈၃) သိမ်းသွင်းခြင်း

ဆန်းလျန်သည် ယီကျီးကို ငါးမြားတံဖြင့် ထိုးချိန်လိုက်လေ

သည်။ ထိုခဏလေးအတွင်းမှာပင် ယီကျီးသည် သူ၏ဘဝတစ်

ခုလုံး အဆုံးသတ်သွားတော့မည့်အလား ခံစားလိုက်ရလေသည်။

ထိုခံစားချက်မှာ သေခြင်းရှင်ခြင်းစာအုပ်တွင် ရေးသားထားသည့်အတိုင်းပင် ခံစားရခြင်း ဖြစ်လေသည်။ ထိုစာအုပ်ထဲတွင်လူတစ်ယောက်သည် ညသန်းခေါင်းအချိန်တွင် သေဆုံးသွားမည်ဟု မှတ်တမ်းတင်ထားပါက ထိုသူသည် နောက်တစ်နေ့ အရုဏ်တက်သည်အထိ အသက်ရှင်နိုင်မည် မဟုတ်ပေ။

သို့သော် ယီကျီးက လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်လေသည်။ လှုပ်ရှားမှုဆိုသည့်တိုင် ရှေ့လည်းမရွေ့ ၊ နောက်လည်းမရွေ့ ၊ အထက်လည်းမရွေ့ ၊ အောက်လည်းမရွေ့ပါပဲ ဒီအတိုင်း လှုပ်ရှားနေခြင်း ဖြစ်လေသည်။

ထူးဆန်းသည့် လှုပ်ရှားမှုကြောင့် ဆန်းလျန်ထံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များမှာ ဦးတည်ရာပျောက်သွားလေသည်။

ယီကျီး၏လှုပ်ရှားမှုကို ဆန်းလျန် အထင်ကြီးသွားမိလေသည်။ ထိုလှုပ်ရှားမှုသည် အရာအားလုံး ဆက်စပ်လှုပ်ရှားနေစေသည့် တန်ခိုးစွမ်းအားတစ်ခု ဖြစ်လေသည်။

ဆန်းလျန်သည်လည်း အရာအားလုံး၏ အစိတ်အပိုင်းတစ်ခု ဖြစ်လေသည်။ ထို့ကြောင့် ယီကျီး၏တန်ခိုးစွမ်းအားများမှ လွတ်မြောက်နိုင်ခြင်း မရှိခဲ့ပေ။ ယီကျီးသည် ကွမ်းလုန်ကျီ ထက်တော်သည်ဆိုသည့်အချက်မှာ ထိုအကြောင်းများ ကြောင့် ပင်ဖြစ်လေသည်။

ယီကျီးက သူသည် လောကပထမမှော်ဆရာတစ်ယောက် ဖြစ်သည်ဟု ပြောရခြင်းမှာ အကြောင်းရှိလေသည်။ လောက တွင် မှော်ပညာသည် ဆုတောင်းခြင်းမှ ဖြစ်တည်လာခြင်းဖြစ် လေသည်။ ယီကျီးသည် ထိုဆုတောင်းခြင်းကို အခြေခံပြီး တန်ခိုးစွမ်းအားကို အသုံးပြုခဲ့ခြင်း ဖြစ်လေသည်။

သို့သော် သူက နတ်ဘုရားများ ၊ နတ်ဆိုးများနှင့် အခြားသော တန်ခိုးရှင်များကို ဆုတောင်းခဲ့ခြင်း မဟုတ်ပါ။ သူက လောကသဘာဝတရားထံတွင် ဆုတောင်းခဲ့ခြင်း ဖြစ်လေသည်။

ထိုဆုတောင်းခြင်း၏အနှစ်သာရသည် ယိလမ်းစဉ်နှင့် ပတ်သက်နေလေသည်။ ထို့ကြောင့် လျန်စန်းကို အနှစ်ချုပ်နိုင်သည်ဟု ယီကျီးပြောခဲ့သည်မှာ တမင်သက်သက် ကြွားဝါပြောဆိုခြင်း မဟုတ်ပါချေ။

ဆန်းလျန်သည် ယီကျီးကို ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ထိခိုက်စေလိုသည့် သဘောမရှိပါ။

ထို့ကြောင့် သူက သူ၏ငါးမျှားချိတ်ကို ကျူပင်များထံသို့ ပစ်လွှတ်လိုက်လေသည်။

ကျူပင်များသည် နှင်းများကဲ့သို့ ဖြူစင်လွန်းလေသည်။

ကျူပြင်များသည် ယီကျီးထံသို့ ပျံသန်းဝင်ရောက်လာကြလေသည်။

အရာရာသည် အိပ်မက်ဆန်လွန်းလေသည်။ သို့သော် အိပ်မက်လည်းမဟုတ်ဘဲ လက်တွေ့ဖြစ်ပျက်နေခြင်း ဖြစ်လေသည်။

ကျူပြင်များသည် သူ၏နှလုံးသားနေရာကို ထိုးစိုက်တော့မည့်အလား ဖြစ်နေသည့်အတွက် ယီကျီးသည် ထိုကျူပြင်များကိုလျစ်လျူမရှုရဲပါချေ။

ယီကျီးမှာ အလွန်တရာအံ့သြသွားပြီး…

“အတ္တနဲ့ရုပ်ဝတ္ထုကိုခွဲထုတ်လိုက်တာပဲ ၊ သိပ်ကိုကြီးကျယ်ခမ်းနားတဲ့ပညာပဲ…”

သူသည် ထိုနိယာမ၏အပေါ်ယံကိုနားလည်ခဲ့သော်လည်းအတွင်းအနှစ်သာရကို နားလည်နိုင်ခြင်းမရှိခဲ့ပါ။

ထို့ကြောင့် သူမြင်တွေ့နေရသည့် ကျူပြင်များမှာ အစစ်အမှန်လား ၊ ပုံရိပ်ယောင်လားဆိုသည်ကို ခွဲခြားနိုင်ခြင်း မရှိခဲ့ပေ။

သို့သော် ထိုကျူပြင်များသည် အစစ်အမှန်ဖြစ်စေ ၊ ပုံရိပ်ယောင်ဖြစ်စေ သူ့စိတ်ထဲမှ အယူအဆသည်သာ အဓိကဖြစ်လေသည်။ အမှန်တော့ ကျူပြင်များသည် အတ္တနှင့်ရုပ်ဝတ္ထုကို ခွဲထုတ်ရာတွင် အသုံးပြုလိုက်သည့် ကြားခံပစ္စည်းသက်သက်သာ ဖြစ်လေသည်။

ကျူပြင်တွေလား…။

သူ့မျက်လုံးထဲတွင် ကျူပြင်တွေဟု ထင်နေခြင်းလား…။

“အရာအားလုံးသည် အစစ်အမှန်မဟုတ် ၊ ထိုအချက်ကိုသိမြင်သူသည် တရားရလိမ့်မည်”

ဟုဗုဒ္ဓက ဆုံးမခဲ့ဖူးလေသည်။

ဤသည်မှာ လူတစ်ယောက်၏မျက်ဝန်းထဲတွင် ကြယ်စင်များကို မြင်တွေ့နေရသည့်တိုင် အမှန်တကယ်တွင် ကြယ်စင်များ ရှိမနေသကဲ့သို့ ဖြစ်လေသည်။ လောကတွင် ကြယ်များအမှန်ရှိ

နေပြီး မြင်တွေ့နေရသည့်အရာသည် ပုံရိပ်ယောင်ဖြစ်နေပါက မည်သို့ လုပ်ဆောင်သင့်ပါသနည်း။

ထိုအချက်ကို "အတ္တနှင့် ရုပ်ဝတ္ထုခွဲထုတ်ခြင်း" ဟု ခေါ်လေသည်။

လူတစ်ယောက်သည် မိမိကိုယ်ကိုသိမြင်သလို အခြားသော အရာများကို သိမြင်နိုင်ခြင်းဖြစ်လေသည်။

အစစ်အမှန်လား...။ ပုံရိပ်ယောင်လား...။

သို့မဟုတ်... ပုံရိပ်ယောင်ထဲမှ အစစ်အမှန်ဖြစ်နေလျှင် သူ.... မည်သို့ လုပ်ရပါမည်နည်း။

တရားအလင်းသိမြင်သူကတော့ ပုံသဏ္ဍာန်ကိုကျော်လွန်ပြီး အမှန်တရားကို သိမြင်နိုင်မည် ဖြစ်လေသည်။

ဆန်းလျန်က အိပ်မက်လိပ်ပြာကျင့်စဉ်နှင့် ပကတိဖန်ဆင်းခြင်း ပညာကို ပေါင်းစပ်အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။ ထို့ပြင် သူက ချင်းရှမ်မြေပြင်နှင့် ချင်းရှမ်ကြယ်စင်မှ ကျင့်စဉ်လမ်း

အဆင့်ကိုးဆင့်မှ ဖော့ဝမ့်အဆင့်ကိုအသုံးပြုကာ ထိုတန်ခိုး

စွမ်းအားနှစ်ခုကို ပေါင်းစပ်လိုက်ခြင်းဖြစ်လေသည်။

ဖော့ဝမ့်အဆင့်ကို လူတိုင်းကျော်လွှားနိုင်မည်ဖြစ်သော်လည်း

ချင်းရှမ်မြေပြင်နှင့် ချင်းရှမ်ကြယ်စင်နှစ်ခု ပေါင်းစပ်ခြင်း

အယူအဆကို နားလည်နိုင်ရန်မှာတော့ ခဲယဉ်းမည်ဖြစ်လေ

သည်။

(ချင်းရှမ်မြေပြင်နဲ့ ချင်းရှမ်ကြယ်စင်ဆိုတာ ဒီနေရာမှာ ချင်းရှ

မ်က လောကနတ်ဘုရားအဆင့်နဲ့ မိုးကောင်းကင်နတ်ဘုရား

အဆင့်တွေကို ဆိုလိုချင်တာပါ - ဘာသာပြန်သူ)

ယီကျီးသည် ဖော့ဝမ့်အဆင့်ကို နားလည်သူတစ်ယောက်ဖြစ်

လေသည်။

သို့သော် ချင်းရှမ်မြေပြင်နှင့် ချင်းရှမ်ကြယ်စင်ပေါင်းစပ်လိုက်

သည့်အခါတွင်တော့ သူသည် နားမလည်ခြင်းများစွာကို စတင်

ရင်ဆိုင်ခဲ့ရလေသည်။ ဆန်းလျန်အသုံးပြုသည့် တန်ခိုး

စွမ်းအားအရင်းအမြစ်ကို နားမလည်သည့်အတွက် ကြောင့်သူသည် ဆန်းလျန်၏တိုက်ခိုက်ထိန်းချုပ်မှုကို ကျော်လွှားနိုင်ခြင်း မရှိတော့ပေ။

ချင်းရှမ်မြေပြင်နှင့်ချင်းရှမ်ကြယ်စင်ကို ပေါင်းစပ်လိုက်ခြင်းအားဖြင့် ဆန်းလျန်သည် ကျင့်ကြံသူများထဲတွင် ၉၉% ကြောက်စရာအကောင်းဆုံး တန်ခိုးစွမ်းအားကို ပိုင်ဆိုင်သွားသည်ကို ယီကျိုး မသိရှိခဲ့ပါ။ သိရှိသွားပါကလည်း အလွန်အမင်း အံ့အားသင့်သွားရမည် ဖြစ်လေသည်။ ထိုအခါတွင် ဆန်းလျန်၏တန်ခိုးစွမ်းအားများအကြောင်းကို သူသည် မချီးမွမ်းဘဲ နေနိုင်မည် မဟုတ်တော့ပါ။

အမှန်တော့ ထိုက်ဝေ့ထိုင်မှနတ်ဘုရားအဘိုးအိုနှင့် ယန်ရှီးကြောင့်သာမဟုတ်လျှင် ဆန်းလျန်သည်လည်း ယခုကဲ့သို့ တန်ခိုးစွမ်းအားများကို အသုံးပြုနိုင်မည် မဟုတ်ပေ။

ယီကျီးသည် မည်သို့ပြုလုပ်ရမည်မသိတော့ဘဲ ချီတုံချတုံဖြစ်

နေလေသည်။

ထိုအချိန်တွင် ဆန်းလျန်၏ငါးမျှားချိတ်သည် လေထဲတွင်

ရွေ့လျားသွားလေသည်။ လေထုတစ်ခုလုံး ပြိုကျသွားသကဲ့သို့

ခံစားလိုက်ရပြီး ယွီစွေမြစ်ရေပြင်မှ အသက်ဓာတ်စွမ်းအား

များသည် ယီကျီးဆီသို့ဝင်ရောက်လာလေသည်။

ကြောက်မက်ဖွယ်ရာအချက်မှာ ထိုငါးမျှားချိတ်သည် မရဏ

ဓားတစ်လက်အဖြစ် ပြောင်းလဲသွားခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ဓားနှင့်တစ်သားတည်းကျသွားပြီး ဓား

အလင်းတန်းတစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်။

နောက်ဆုံးတွင်တော့...

ယီကျီးသည် ပတ်ဝန်းကျင်တစ်ခုလုံးကို မူလအတိုင်း ပြန်မြင်

လိုက်ရလေသည်။

သူ၏စိတ်သည်ရှင်းလင်းတည်ငြိမ်နေလေသည်။ သို့သော်...

အရမ်းနောက်ကျသွားခဲ့လေပြီ။

ဆန်းလျန်အတွက် ယီကျီးကိုထိန်းချုပ်ရန် အချိန်အကြာကြီးမ

လိုပေ။ အချိန်ခဏလေးကလည်း လုံလောက်လေသည်။

ဆန်းလျန်မှ ပြောင်းလဲသွားသည့် ဓားအလင်းတန်းသည် ယီ

ကျီး၏မျက်ခုံးနှစ်ခုကြားသို့ ထိုးချိန်ထားလေသည်။ ပိုလည်းမ

ပို ၊ လျော့လည်းမလျော့သည့် ကြောက်မက်ဖွယ်ကောင်းသည့်

အနေအထားဖြစ်လေသည်။ ထိုဓားအလင်းတန်းမှ သတ်ဖြတ်

လိုသည့် အငွေ့အသက်များသည် ယီကျီး၏ခြေလက်များအထိ

သာမက စိတ်ဝိညာဉ် အထိပါပျံ့နှံ့သွားလေ၏။

သူ၏ကျင့်စဉ်လမ်းမအောင်မြင်သေးခင်မှာပင် သူသည်

သံသရာကို တစ်ဖန်ပြန်လည်ရတော့မည်။ သို့သော် သူ... မ

သေချင်သေးပါ။

ယခုဘဝသေဆုံးသွားခဲ့လျှင် နောင်ဘဝတွင် ကျင့်စဉ်လမ်းကို

မည်မျှအချိန်ကြာကြာလျှောက်လှမ်းရဦးမည်ကို သူ မသိပါ။

ယီကျီး၏ခေါင်းထဲတွင် ထောင်ပေါင်းများစွာသော အတွေးများ

က လှည့်ပတ်နေလေသည်။

ထိုအချိန်မှာပင် ဓားအလင်းတန်းပျောက်ကွယ်သွားပြီး သူ့ရှေ့

တွင် ဆန်းလျန်၏ရုပ်ခန္ဓာ ပေါ်လာလေသည်။ သို့သော် သူ

သည် အချိန်မရွေးပင် သူ့ကိုယ်သူ မရဏာဓားအဖြစ် ပြန်လည်

အသွင်ပြောင်းပြီး ယီကျီးကို သတ်ဖြတ်ပစ်နိုင်လေသည်။

ယီကျီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"ကျုပ် ခင်ဗျားကို လက်ခံယုံကြည်ပါပြီဗျာ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အရမ်းကိုပြင်းထန်တဲ့နည်းလမ်းကိုသုံးလိုက်ရလို့ တောင်းပန်

ပါတယ်"

ဆန်းလျန်သည် ကောင်းကင်ထက်တွင် ရပ်တန့်နေလေသည်။

နေဝင်သွားပြီဖြစ်ပြီး ယှီစွေမြစ်ရေပြင်ထက်တွင် ကြယ်ရောင်နှင့်လရောင်များက အရိပ်ထင်ကာ တောက်ပနေကြလေသည်။

အလွန်လှပသည့် ရှုမျှော်ခင်းတစ်ခုပင် ဖြစ်လေသည်။

တစ်ခါတစ်ရံတွင် ရေပြင်ထက်သို့ ငါးများက ခုန်ထွက်လာကြသေးသည်။

ယှီကျီးက…

“အခု ခင်ဗျားက ကျုပ်ကို ဘာလုပ်စေချင်တာလဲ”

ဆန်းလျန်က…

“မင်း ခုန ကျင်းအယ်ကို ပြောပြနေတဲ့စကားတွေက မဆိုးပါဘူး ၊ ကျုပ်သာ မင်းလောက် စစ်ရေးဗျူဟာမှာ တော်မယ်ဆိုရင် မင်းကိုတောင် ခုလိုမျိုးလာတွေ့နေစရာမလိုတော့ဘူး ၊ ပထမဆုံးအနေနဲ့ မင်းရဲ့အစီအစဉ်အတိုင်း လုပ်ဖို့ကျုပ်တို့လက်ခံတယ်”

သူ၏စစ်ရေးမဟာဗျူဟာကို ဆန်းလျန်က ချီးကျူးလက်ခံလိုက်သည့်အတွက် ယီကျီးမှာ အနည်းငယ်ကျေနပ်သွားမိ လေသည်။

သူက စစ်ကျင်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ဧကရီလေးသဘောတူမယ်ဆိုရင်ပေါ့လေ..."

စစ်ကျင်းမှာလည်း ယခုမှ စိတ်သက်သာရာရသွားလေသည်။

ဆန်းလျန်သည် နက်ရှိုင်းသည့်မျက်ဝန်းများဖြင့် စစ်ကျင်းကို ကြည့်လိုက်လေသည်။

“ကျင်းအယ်... ဒီတစ်ခါတော့ ဒီဆရာကို မျက်နှာသာနည်းနည်းပေးဖို့ တောင်းဆိုပါတယ်”

ဆန်းလျန်၏စကားသံသည် သူမ၏နှလုံးသားကို လှုပ်ရှားသွားစေလေသည်။

"ဆရာ... ကျွန်မဘယ်သူ့ကိုမဆိုငြင်းနိုင်ပေမယ့် ဆရာ့ကိုတော့ ဘယ်တုန်းကလွန်ဆန်နိုင်ခဲ့လို့လဲ"

ဆရာတပည့်နှစ်ယောက်ကိုကြည့်ပြီး ယီကျီး၏စိတ်ထဲတွင်

တင်းကြပ်သွားလေသည်။

သူ၏မဟာဗျူဟာကို စစ်ကျင်းကိုပြောပြခဲ့သည့်အချိန်တွင်

စစ်ကျင်းသည် ခါးခါးသီးသီးငြင်းဆန်ခဲ့လေသည်။ သို့သော်

သူမ၏ဆရာထံမှ စကားတစ်ခွန်းကြားရသည်နှင့် သူမသည်

ချက်ချင်းပင် အလျှော့ပေးကာ သဘောတူလိုက်လေသည်။

ထိုအချန်ခဏအတွင်းတွင် ယီကျီး၏ရင်ထဲတွင် နာကျင်မှုဖြင့်

ဒေါသတရားများကို ခံစားလိုက်ရလေသည်။

အသူရာချောက်မှ သက်ရှိအားလုံးကို သတ်ဖြတ်ပစ်မည်ဆို

လျှင်တောင်မှ ဒေါသနှင့်နာကျင်ခြင်းများ ပြေပျောက်သွားနိုင်

မည် မဟုတ်တော့ပေ။

အခန်း (၅၈၄) ကုန်းစန်း

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒေါသမထွက်ပါနဲ့... ၊ ဒြပ်စင်ငါးမျိုးဆိုတာ ရှာဖွေလို့ရတဲ့ အစိတ်အပိုင်းတွေမဟုတ်ဘူးလေ..."

ယီကျီးမှာ ဆန်းလျန်ကို များစွာလေးစားသွားမိသည်။ ထိုစကားများကို ဆန်းလျန်က သူ့အတွက် ပြောလိုက်ခြင်းဖြစ်လေသည်။ မည်သည့်အရာကိုမှ အလွန်အကျွံမပြုလုပ်မိစေရန် သတိပေးလိုက်ခြင်း ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ယီကျီးသည် စိတ်ပြေသွားကာ စိတ်သက်သာရာလည်း ရသွားခဲ့လေသည်။ စစ်ကျင်းပဲဖြစ်ဖြစ် ၊ ဆန်းလျန်ပဲဖြစ်ဖြစ် သူ၏ကျင့်စဉ်လမ်းကိုသာ

အထောက်အကူပြုပေးနိုင်မည်ဆိုလျှင် သူ့အနေဖြင့် အခြား

သောအကြောင်းအရာများကို ဂရုစိုက်စရာမရှိပါ။

ဆန်းလျန်သည် စစ်ကျင်းကိုတစ်ခုခုပြောချင်နေပုံရလေသည်။

သို့သော် နောက်ဆုံးတွင်တော့ မည်သည့်စကားမှ မပြောတော့

ဘဲ သက်ပြင်းတစ်ချက်ချလိုက်ကာ အေးဆေးစွာပင် ထွက်ခွာ

သွားလေတော့သည်။

ကျူပင်များကြားထဲတွင်....

ဆန်းလျန် ပျောက်ကွယ်သွားခဲ့လေပြီ။

သူ... မည်သည့်နေရာသို့ထွက်သွားသည်လဲဆိုသည်ကိုတော့

မည်သူမှ သိရှိနိုင်မည် မဟုတ်ပေ။

ဆန်းလျန်သည် ရုတ်တရက်ရောက်လာပြီး ရုတ်တရက်ပျောက်

ကွယ်သွားခဲ့လေပြီ။

ယီကျီးနှင့် စစ်ကျင်းမှလွဲပြီး သူရောက်ရှိလာသည်ကို မည်သူမှ

မသိရှိလိုက်ကြပေ။ ယီကျီးကို အံ့သြစေသည့်အချက် မှာဆန်း

လျှန်သည် သူ့ကိုထိန်းချုပ်ရန်အတွက် မည်သည့်တန်ခိုး

စွမ်းအားကိုမှ အသုံးပြုသွားခဲ့ခြင်း မရှိခြင်းပင် ဖြစ်လေသည်။

ထို့ပြင်... ဆန်းလျှန်သည် အခြားသော တောင်းဆိုမှုများကို

လည်း ပြုလုပ်မသွားခဲ့ပေ။

ယီကျိုး၏ မဟာဗျူဟာအတိုင်းလိုက်လုပ်ရန်အတွက် စစ်ကျင်း

ထံမှ သဘောတူညီမှုတစ်ခုကိုသာ ရယူသွားခဲ့လေသည်။

ဆန်းလျှန်ထွက်ခွာသွားခြင်းအတွက် စစ်ကျင်းကလည်း မည်

သည့်မှတ်ချက်မှ ပြုမနေတော့ပါ။ သူမသည် အလွန်တည်ငြိမ်

နေလေသည်။

နောက်တစ်နေ့တွင်တော့....

စစ်ကျင်းသည် ယိုစန်းပြည်မှ အရေးကြီးသည့်တာဝန်ရှိသူများ

ကိုစုစည်းလိုက်ပြီး ယီကျိုးကို ဝန်ကြီးချုပ်အဖြစ် ရာထူးခန့်အပ်

လိုက်လေသည်။

ထို့ကြောင့်... ယိုစန်းပြည်မှလူများသည် ယီကျီးကို ယီယင်း အကြီးအကဲအဖြစ် အသိအမှတ်ပြုလက်ခံလိုက်ကြလေသည်။ တာ့ရှားနှင့် ယင်းစန်း၏အရေးတွင် ဝင်မပါရန် ကွမ်းလုန်ကျီက စစ်ကျင်းကို သေသေချာချာ မှာကြားခဲ့လေသည်။ သို့သော် စစ် ကျင်းသည် သေသေချာချာပင် ပါဝင်ပတ်သက်ခဲ့မိပြီဖြစ်လေ သည်။

သို့သော်... သူမသည် သူမကိုယ်သူမရော လောကကြီးတစ်ခု လုံးကိုပါ အရေးစိုက်မည်မဟုတ်ပါ။ သူမအရေးစိုက် သည်က သူမဆရာ၏ စကားတစ်ခွန်းပင် ဖြစ်လေသည်။

ဆန်းလျန်ပြောသကဲ့သို့ပင် သူမသည် အလွန် တုံး , အ သည့် ကလေးတစ်ယောက်သာ ဖြစ်လေတော့၏။

ယိုစန်းပြည်မှလူများသည် အစပိုင်းတွင် ယီယင်းအကြီးအကဲ ကို အထင်မကြီးကြပေ။ သို့သော် နောက်ပိုင်းတွင် ယီယင်း အကြီးအကဲသည် အုပ်ချုပ်ရေးတွင် ကျွမ်းကျင်စွာဖြင့်

အရည်အချင်းများကို ပြသခဲ့သည့်အခါတွင်တော့ (၁၀)ရက်အတွင်းမှာပင် ယိုစန်းပြည်သည် သူ့ကို အထင်ကြီးလေးစားလာခဲ့ကြလေသည်။

ထို့နောက်တွင်တော့ တာ့ရှားကေရာဇ်သည် တာ့ရှားပြည်သို့ပြန်သွားပြီဆိုသည့် သတင်းရောက်ရှိလာလေသည်။ တာ့ရှားကေရာဇ်သည် တုန်းယီဒေသနှင့်အရှေ့တိုင်းစစ်သည်တော်မျိုးနွယ်စုများအတွက် အကြံပေးအဖွဲ့ကိုဖွဲ့စည်းခဲ့ ပြီးစစ်ကျင်းတာဝန်ယူအုပ်ချုပ်ရသည့် ယိုစန်းပြည်သည် တုန်းယီဒေသတွင်တာ့ရှားကေရာဇ်၏အခြေခံအုတ်မြစ်တည်ရှိရာနေရာတစ်ခုအဖြစ် မင်းမိန့်ဖြင့် တရားဝင်သတ်မှတ်ခြင်း ခံလိုက်ရလေသည်။

အဆိုပါမင်းမိန့်တွင်ပါသည့်စာအရဆိုလျှင် ယိုစန်းပြည်သည်တာ့ရှားကေရာဇ်၏လက်အောက်ခံဖြစ်ပြီး စစ်ကျင်းသည် တုန်း

ယီဒေသနှင့်အရှေ့တိုင်းစစ်သည်တော်များ၏ ဧကရီတစ်ပါး ဖြစ်လာခဲ့လေသည်။

ထို့ပြင် တာ့ရှားဧကရာဇ်ထုတ်ပြန်လိုက်သည့်မင်းမိန့်ကြောင့် တုန်းယီဒေသနှင့် အရှေ့တိုင်းစစ်သည်တော်များ၏ ပြဿနာများ အလားလုံးကို ဖြေရှင်းနိုင်ရန်မှာ စစ်ကျင်း၏တာဝန်ဖြစ်လာရလေသည်။

ယိုစန်းပြည်သည် သာမန်တိုင်းပြည်တစ်ခုသာဖြစ်သည့်တိုင်ကောင်းမွန်သည့်နေရာတစ်ခု ဖြစ်လေသည်။ စစ်ကျင်းသည် တာ့ရှားဧကရာဇ်ကဲ့သို့ စစ်အင်အားနှင့် ဂုဏ်သတင်းကိုပိုင်ဆိုင်ခြင်းမရှိသည်ကတစ်ကြောင်း ၊ ယွမ်ယန်မှာလည်း တုန်းယီဒေသတစ်နေရာတွင် ပုန်းအောင်းနေနိုင်သည်ကတစ်ကြောင်းကြောင့် အတွေ့အကြုံနုနယ် သည့်စစ်ကျင်းအတွက် အခြေအနေမကောင်းနိုင်ဟု အားလုံးက ထင်မှတ်ခဲ့ကြလေသည်။

သို့သော်... ထိုသို့ထင်မှတ်ကြသူများအားလုံး မှားယွင်းသွားခဲ့လေသည်။

စစ်ကျင်းသည် အုပ်ချုပ်မှုအခန်းကဏ္ဍများအားလုံးကို ယီယင်းအကြီးအကဲသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယီယင်းအကြီးအကဲကလည်း စစ်ကျင်းစိတ်ပျက်အောင် မလုပ်ခဲ့ပေ။ သူသည် ယိုစန်းပြည်၏အုပ်ချုပ်မှုဆိုင်ရာကိစ္စများအားလုံးကို ချောမောစွာဖြင့် လုပ်ဆောင်သွားခဲ့လေသည်။

"ထိပ်ပိုင်းအဆင့်အရာရှိများ နားလည်မှုရှိလျှင် အောက်ခြေလူတန်းစားများကလည်းသစ္စရှိကြလိမ့်မည်"

ဟူသည့်ဆိုရိုးတစ်ခု ရှိလေသည်။

ထိုဆိုရိုးမှာ ယိုစန်းပြည်ကို ပြောခြင်းပင်ဖြစ်တော့သည်။

နဂါးစွမ်းအားများကို စောင့်ကြည့်လေ့လာနေသူများကလည်း ယိုစန်းမှာ ကံကြမ္မာမြင့်မားသည့်တိုင်းပြည်တစ်ခု မဟုတ်သည့်တိုင် ကျောက်လုန်ဟုခေါ်သည့် ရေနဂါးတစ်ကောင်အဖြစ်

တဖြည်းဖြည်းပြောင်းလဲလာသည်ကို တွေ့မြင်ခဲ့ကြရလေ

သည်။

....

စစ်ကျင်းနှင့် ယီကျီးကို တွေ့ဆုံခဲ့ပြီးသည့်နောက် ဆန်းလျန်

သည် ရှီးလျန်ပြည်သို့ ပြန်လာခဲ့လေသည်။

အစပိုင်းသူ၏အကြံအစည်အရဆိုလျှင် ရှီးလျန်ကိုပြန်လာ

သည့်အချိန်တွင် ယီကျီးကိုပါ တစ်ပါတည်း ခေါ်ဆောင်လာ

ရန်ဖြစ်လေသည်။ သို့သော် နောက်ဆုံးတော့ လက်လွှတ်ခဲ့လေ

သည်။

အမှန်တော့ ယီကျီးပြောသည့် မဟာဗျူဟာသည် အမှန်ပင်

လေးနက်လွန်းခဲ့လေသည်။ သို့သော်... တာ့ရှားဧကရာဇ်ကို

ပစ်မှတ်ထားနေသည့် ဆန်းလျန်အတွက်တော့ အဆင်သိပ်မ

ပြေခဲ့ပေ။ ဆန်းလျန်၏ဂုဏ်သတင်းသည် အလွန်ကြီးမားသည့်

တိုင် သူသည် “လောကပထမ” မဟုတ်သေးပေ။ အခြေအနေ

များကို ပြန်လည်သုံးသပ်ရန် လိုအပ်နေသေးသည်။

သူ့အနေဖြင့် အသူရာချောက်ကို စည်းလုံးညီညွတ်စေရန်နှင့်
စွမ်းအားစုစည်းမှုရှိအောင် လုပ်ဆောင်ရန် လိုအပ်လေသည်။
ထိုအချိန်လေးမှာပင် ကံကြမ္မာအပြောင်းအလဲများ ဖြစ်ပေါ်နေ
ခဲ့သည်ကို ဆန်းလျန် သတိမထားခဲ့မိပေ။

ယင်းစန်းဒေသသည် ကံတက်နေပြီး အလွန်မှ အင်အားကြီးမား
နေလေသည်။

ဆန်းလျန်သည် အလွန်ဝေးကွာသည့် တိချိုးမြို့တော်တွင်
ဖမ်းဆီးချုပ်နှောင်ခံထားရသည့် ထျန်းယီအကြီးအကဲကို လှမ်း
ပြီးကြည့်လိုက်သည့်အခါတွင်တော့ ထျန်းယီ၏တန်ခိုးစွမ်းအား
များသည် နေ့စဉ်နှင့်အမျှ မြင့်တက်လာနေသည် ကိုခံစားလိုက်
ရလေသည်။ ထျန်းယီသည် စကြာဝဠာနှင့်ပင်တစ်သားတည်း
ကျနေပြီး တိချိုးမြို့တော်မှ နဂါးစွမ်းအားများကိုပျက်စီးစေရန်
အတွက် ဝိညာဉ်စွမ်းအားများကို အဆက်မပြတ်စုပ်ယူလျှက်ရှိ
လေသည်။

ဆန်းလျန်သည် တာ့ရှားကေရာဇ်ဆီသို့သွားပြီး ထျန်းယီ

အကြီးအကဲအား လွှတ်ပေးခြင်းမရှိလျှင် တိချိုးမြို့တော်မှ

နဂါးစွမ်းအားများနှင့်ဝိညာဉ်စွမ်းအားများခြောက်သွေ့သွား

တော့မည်ဟု သွားပြောခဲ့လျှင်တော့ ကျိန်းသေဟာသကြီးတစ်

ခုအလား ဖြစ်နေပေလိမ့်မည်။

တာ့ရှားကေရာဇ်သည် တုန်းယီဒေသနှင့်အရှေ့တိုင်းစစ်သည်

တော်များကို အောင်နိုင်ခဲ့ပြီ ဖြစ်သည့်အတွက် နောက်ထပ်

ခြေလှမ်းတစ်ခုလှမ်းရန် အသင့်ဖြစ်နေခဲ့ပြီ ဖြစ်လေသည်။

သူက ကွမ်းလုန်ကျီထံမှ ယင်နှင့်ယန်မီးအိမ်ကို ရယူကာ ထျန်း

ယီအကြီးအကဲကို နှိမ်နင်းရန် စီစဉ်ထားခဲ့လေသည်။

သို့သော်... ယင်နှင့်ယန်မီးအိမ်သည် ဆန်းလျန်၏ နေမင်းဖြိုု

ခွင်းမြားစွမ်းကြောင့်ပျက်စီးသွားခဲ့ရလေသည်။

တာ့ရှားကေရာဇ်၏ အစီအစဉ်တစ်ခုလုံးသည့် ဆန်းလျန်

ကြောင့် ကပြောင်းကပြန် ပြောင်းဆန်ကုန်ခဲ့ရလေသည်။

ထို့ပြင် ယခင်အချိန်က တိချိုးမြို့တော်တွင် တာ့ရှားကေရာဇ် သည် ဆန်းလျန်ကို အာရုံစိုက်နေခဲ့ရလေသည်။ ဆန်းလျန်ကြောင့် ရဟန်းမင်းကြီးမှာလည်း သေဆုံးသွားရ သည့်အတွက် တာ့ရှားကေရာဇ်သည် ထျန်းယီကို သိပ်ပြီး အရေးမစိုက်နိုင်ခဲ့ပေ။ ထိုအချိန်တွင်းမှာပင် ထျန်းယီသည် စကြာဝဠာနှင့်တစ်သားတည်းကျသည်အထိ ကျင့်ကြံနိုင်ခဲ့ ခြင်းဖြစ်လေသည်။

ယခုအချိန်တွင်တော့ ထျန်းယီအကြီးအကဲသည် တိချိုးကို စောင့်ရှောက်နေသည့် နဂါးကြီးယင်းလုန်ကိုပင် ကိုင်တွယ် ထိန်းချုပ်နိုင်သည့် နည်းလမ်းများကို ကျွမ်းကျင်စွာ သိရှိနေခဲ့ ပြီ ဖြစ်လေသည်။ ထို့ကြောင့်လည်း သူကစကြာဝဠာနှင့် တစ်သားတည်းကျနေသည့် တန်ခိုးစွမ်းအားများကိုအသုံးပြု ကာ တိချိုးမြို့တော်မှ နဂါးစွမ်းအားများကို အချိန်နှင့်အမျှ စုပ် ယူနေလေတော့သည်။

ဆန်းလျှန်သည် ထျန်းယီအကြောင်း စဉ်းစားနေမိလေသည်။

သူသည် ထျန်းယီ၏ နူးညံ့သိမ်မွေ့ပြီး ထင်ရှားသည့် အသွင်သဏ္ဌာန်ကို အမှတ်ရနေမိသည်။ သူအများက သူ့ကို အလွန်တော်သည့် ဂုဏ်သရေရှိ သူတော်စင်တစ်ယောက်အဖြစ်ထင်မှတ်စေရန် လှည့်ဖြားထားခဲ့ပြီး တိချိုးမြို့တော် ကိုပျက်စီးစေရန် တစ်ဖက်လှည့်ဖြင့် ကြံစည်ခဲ့ခြင်းကို မည်သူမှ မသိခဲ့ကြပေ။

ကွမ်းလုန်ကျီတောင်မှ သိရှိရိပ်မိခဲ့ခြင်း မရှိပေ။

အကျဉ်းထောင်ထဲတွင် ထိုင်နေရင်းနှင့်ပင် ထျန်းယီအကြီးအကဲသည် အကြီးမားဆုံးအောင်မြင်သူတစ်ယောက်ဖြစ်လာခဲ့လေသည်။

လက်ရှိအချိန်တွင် တာ့ရှားကေရာဇ်သည် စစ်ပွဲကိုအောင်နိုင်ခဲ့ပြီး ယွမ်ယန်ကို အနိုင်ယူကာ တုန်းယီဒေသနှင့် အရှေ့တိုင်းစစ်သည်တော်များကို သိမ်းပိုက်နိုင်ခဲ့လေသည်။

အရှေ့တိုင်းစစ်သည်တော်များသည် တာ့ရှားနှင့် အကြီးအကျယ်စစ်ဖြစ်ခဲ့သည့်တိုင် ယင်းစန်းနှင့်လည်း မျက်နှာ ချင်း ဆိုင်၍မရကြသည့် မဟာရန်သူများဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်သည်လည်း တာ့ရှားပြည်ကို ကူညီမည့်သူ တစ်ယောက် မဟုတ်ပါချေ။

ဆန်းလျန်သည် ထိုအချက်များကို အပြန်ပြန်အလှန်လှန် သုံးသပ်ပြီးသည့်နောက် အဆုံးမသတ်နိုင်သည့် တိုင်းရေးပြည် ရာများကို သဘောပေါက်လာလေသည်။

ထို့ပြင် သူ့တွင် အင်အားအနည်းငယ်သာရှိပြီး သူနိုင်ငံရေးကို စတင်လုပ်ဆောင်ခဲ့သည့်အချိန်မှာ နှောင်းပိုင်းကျလေသည်။

ထို့ကြောင့် အခြားသူများနှင့်ယှဉ်လျှင် သူနောက်ကျကျန်ခဲ့ သည်မှာ အဆန်းမဟုတ်ပါ။

မိုးကောင်းကင်မှသတ်မှတ်သည့်ကံကြမ္မာဆိုသည်မှာလည်း လူတို့၏လုပ်ရပ်များနှင့် များစွာပတ်သက်နေသည် မဟုတ်ပါလား။

ယင်းစန်းသည် တာ့ရှားပြည်ကိုအစားထိုးမည်ဆိုသည့် မိုးကောင်းကင်ကချမှတ်ထားသည့်ကံကြမ္မာဆိုသည်မှာ တကယ်ပဲဖြစ်ပျက်လာမည်လား။ သို့မဟုတ် အခြားသော ဖုံးကွယ်ထားသည့် ကံကြမ္မာအပြောင်းအလဲများ ရှိနေနိုင်သေးသလား။ သို့သော် ဆန်းလျန်ကတော့ ကံကြမ္မာကို စိန်ခေါ်မည်ပဲ ဖြစ်လေသည်။ ကံကြမ္မာကိုစိန်ခေါ်နိုင်မှသာ အကြပ်အတည်းမှ လွတ်မြောက်ရန် အခွင့်အရေးရှိလာမည် ဖြစ်လေသည်။ ထိုအခါမှ စစ်တုရင်ကစားပွဲမှ ထွက်ခွာပြီး ပိုပြီးကျယ်ပြန့်သည့် စကြာဝဠာကြီးကို ရှုမြင်နိုင်မည် ဖြစ်လေသည်။

....

ရှီးလျန်ပြည် ပတ်ဝန်းကျင်တွင်လွှမ်းခြုံထားသည့် အသက်ဓာတ်စွမ်းအားများသည် အလွန်ပါးလွှာလေသည်။

ထိုဒေသတွင် အဆင့်မြင့်ကျင့်ကြံသူများနှင့် တန်ခိုးစွမ်းအား မြင့်မားသည့် နတ်မိစ္ဆာများ မရှိသလောက်နည်းပါးလေသည်။

ရှီးလျန်ပြည်၏ပိုင်နက်ဖြစ်သည့် မိုင်ပေါင်းတစ်သောင်း ပတ်လည်တွင် ရှာငယ်လေးများစွာရှိလေသည်။

ယခင်တစ်ချန်ကတော့ ရှီးလျန်ပြည်အင်အားကြီးမားမလာခင် တွင် တာ့ရှိပြည်က အင်အားကြီးမားသည့်တိုင်းပြည် တစ်ပြည် ဖြစ်လေသည်။

တာ့ရှိပြည်ပျက်စီးသွားပြီးသည့်နောက် ရှီးလျန်သည် ထိုဒေသ တစ်ခုလုံးကို သိမ်းယူခဲ့လေသည်။ မြို့ငယ်များနှင့် ရွာငယ် လေးများသည် ရှီးလျန်ပြည်၏လက်အောက်သို့ ခိုလှုံလာကြ ပြီး သူတို့ကိုယ်သူတို့ ရှီးလျန်နိုင်ငံသားများအဖြစ် ခံယူလိုက် ကြလေသည်။

သို့သော်....

မကြာသေးမီအချိန်မှာပင် ရှီးလျန်သည် အန္တရယ်ကြီးတစ်ခုနှင့် ရင်ဆိုင်ရလေသည်။
ရှီးလျန်၏အရှေ့ဘက်တွင် ကုန်းစန်းဟုခေါ်သည့် တိုင်းပြည်ငယ်လေးတစ်ခု ရှိလေသည်။
ကုန်းစန်းပြည်သည် ထူးဆန်းသည့်တိုင်းပြည်တစ်ခု ဖြစ်လေသည်။ ထိုတိုင်းပြည်တွင်နေထိုင်သည့်သူများသည် လူတစ်ဝက် သားရဲတစ်ဝက်များဖြစ်လေသည်။
ယုတ္တိဗေဒအားဖြင့် လူသားနှင့်တိရိစ္ဆာန်ပေါင်းစပ်နိုင်ရန်မှာ မဖြစ်သော်လည်း ကုန်းစန်းကတော့ ထိုယုတ္တိဗေဒကို ချိုးဖျက်ခဲ့လေသည်။
လူသားတစ်ပိုင်း သားရဲတစ်ပိုင်းများဖြစ်သည့်အတွက် ကုန်းစန်းမှလူများသည် အလွန်ကြမ်းတမ်းကြလေသည်။ သို့သော် စစ်အင်အားနည်းပါးသည့်အတွက် ကျေးရွာငယ်လေးများကိုသာ သူတို့က အနိုင်ကျင့်တတ်ကြလေသည်။

သို့သော်...

ကုန်းစန်းပြည်သည် နေချင်းညချင်းဆိုသလို ရုတ်တရက်

အင်အားကြီးမားလာခဲ့လေသည်။

ရှီးလျန်အင်အားကြီးမားလာသလိုပင် ကုန်းစန်း

ပြည်၏အင်အားကြီးမားလာမှုသည် မယုံကြည်နိုင်စရာကောင်း

လောက်အောင် လျှင်မြန်လာခဲ့လေသည်။

အခန်း (၅၈၅) ကြိုမသိနိုင်သောဖြစ်ရပ်များ

ချန်ချင်သည် ဘုရင်မတစ်ပါးဖြစ်လာသည့်တိုင် ရှီးလျန်ပြည်တွင် နန်းတော်ကြီးများ ခမ်းနားစွာ ဆောက်လုပ်ခဲ့ခြင်း မရှိပါ။ သူမ သူမ၏အိမ်တော်တွင်ပင်နေထိုင်ပြီး တိုင်းရေးပြည်ရာများကို လုပ်ဆောင်နေခဲ့လေသည်။

သူမသည် များသောအားဖြင့် တိုင်းရေးပြည်ရာများလုပ်ဆောင်သည့်အချိန်တွင် စာဖတ်ခန်းထဲတွင်သာ တစ်ယောက်တည်း လုပ်ဆောင်လေ့ရှိလေသည်။

ရှီးလျန်ပြည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စာအုပ်စာပေများကိုလည်း ပိုပြီးစုဆောင်းနိုင်ခဲ့လေသည်။

ချန်ချင်သည် အချိန်အားသည်နှင့် စာဖတ်ခန်းထဲတွင် တစ်ယောက်တည်း တိတ်တဆိတ်စာဖတ်နေလေ့ရှိလေသည်။ အသိဉာဏ်ပညာတိုးတက်လာလေလေ သူမ၏အတွေးအခေါ်များလည်း ထက်မြက်လာလေလေ ဖြစ်လေသည်။ ထို့ပြင် သူမ၏ကျင့်ကြံခြင်းအဆင့်သည်လည်း သိသိသာသာတိုးတက်

လာခဲ့ပြီး ကျင့်ကြံခြင်းကို အလွန်အာရုံစိုက် သည့်ဟန်ယင်း

ထက်ပင်လျှင် သူမသည် သာလွန်နေခဲ့လေသည်။

သူမသည် တာအိုဝါဒတန်ခိုးစွမ်အားများကို ပိုင်ဆိုင်စပြုနေပြီ

ဖြစ်ပြီး သူမ၏ခန္ဓာကိုယ်သည် သန့်စင်လာကာ သွေးကြောဆုံ

ချက်များတွင် တန်ခိုးစွမ်းအားများနှင့် ပြည့်ဝလျှက်ရှိလေ

သည်။ သူမ တန်ခိုးစွမ်းအားအနည်းငယ် ထုတ်လိုက်သည့်

အခါတိုင်း အစေခံများပင်လျှင် သတိလစ်မေ့မျောကုန်ကြရ

သည်အထိပင် ဖြစ်ရလေသည်။

သူမက ထိုသို့ဖြစ်ရခြင်းနှင့်ပတ်သက်ပြီး ကျယ်ယန်းတောင်

ပေါ်ရှိ ရွှမ်တုကျောင်းတော်မှ တာအိုဆရာလျိုမုန့်တယ်ကို

မေးမြန်းခဲ့လေသည်။ ချန်ချင်ယခုရောက်ရှိနေသည့်အဆင့်သို့

ရောက်ရှိရန်အတွက် လျိုမုန့်တယ်မှာ နှစ်ပေါင်း (၆၀)ခန့်ကြာ

အောင် ကျင့်ကြံခဲ့ရလေသည်။ ထို့ကြောင့် လျိုမုန့်တယ်မှာ ချန်

ချင်၏တိုးတက်မှုကို များစွာအံ့သြနေမိလေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်စေလွှတ်လိုက်သည့် ဓားတန်ခိုးရှင် (၄)ယောက် ရှီးလျန်သို့ ရောက်ရှိလာကြလေသည်။ ထိုသူ (၄)ယောက်လုံးမှာ မိစ္ဆာစွမ်းအားများဖြင့် ပြည့်နက်နေပြီး ဆန်းလျန်က ရှီးလျန်ပြည်ကို ကာကွယ်ရန် စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း ချန်ချင်ကို သတင်းပို့ပြောပြလေသည်။

သို့သော် ချန်ချန်ကတော့ ထိုဓားတန်ခိုးရှင် (၄)ယောက်ကို သံသယဝင်နေမိသည်။

အဘယ်ကြောင့်ဆိုသော် ထိုသူ (၄)ယောက်က သူတို့ကိုယ်သူတို့ ဆန်းလျန်၏ ဂိုဏ်းတူတူလေးများဟု ပြောကြလေသည်။ ထိုအချက်သာအမှန်ဆိုလျှင် ဆန်းလျန်မွေးသည့်အချိန်တုန်းက ထိုဓားသမားများ ဘယ်နေရာတွင် ပျောက်နေကြပါသနည်းဟု သူမစဉ်းစားနေမိလေသည်။

အချိန်ကာလကြာလာသည်နှင့်အမျှ အခြေအနေအရပ်ရပ်သည်လည်း ပြောင်းလဲလာခဲ့ပြီ ဖြစ်လေသည်။ ဖြစ်ရပ်များကို

နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဆန်းလျန်သည်လည်း အန္တရယ်ထဲ ကျရောက်နေနိုင်လေသည်။ ထိုဓားတန်ခိုးရှင် (၄)ယောက်က ဆန်းလျန်ပေးပို့သည့် သတင်းစကားများကို သူမကို ပြန်လည် ပြောကြားသည့်တိုင် ချန်ချင်၏ သံသယများကတော့ ပျောက် ကွယ်သွားခြင်းမရှိပါချေ။

သို့သော်... ထိုဓားတန်ခိုးရှင် (၄)ယောက်သည် စည်းကမ်း ဖောက်ဖျက်သည့်အလုပ်များကို တစ်ခုမှ ပြုလုပ်ခဲ့ခြင်းမရှိပေ။ သူတို့ရောက်ရှိသည့်အကြောင်းကို ချန်ချင်ကို အကြောင်းကြား ပြီးသည်နှင့် သူတို့သည် မြို့ထဲတွင်ပင် အေးအေးဆေးဆေး နေထိုင်ကြလေသည်။

သူတို့က ဆန်းလျန်သည် မကြာခင်အချိန်တွင် ရှီးလျန်သို့ ပြန်လာမည်ဟု ချန်ချင်ကို ပြောပြထားလေသည်။

ချန်ချင်မှာ ထိုသတင်းစကားကိုလည်း သံသယဖြင့်ပင် မှတ်သားထားခဲ့လေသည်။

ဆန်းလျှန်မှာ သာမန်ကလေးများနှင့်မတူဘဲ နတ်ဘုရားတစ်ပါး ပြန်လည်ဝင်စားသူတစ်ယောက် ဖြစ်စေကာမူ သူမ၏သား အရင်းဖြစ်သည့်အတွက် သားဖြစ်သူကို သူမ လွမ်းဆွတ်နေခဲ့ မိသည်မှာ ကြာပြီဖြစ်လေသည်။

ချန်ချင်သည် ဓားတန်ခိုးရှင် (၄)ယောက်ကို သံသယဝင်နေ သည့်တိုင် မလိုအပ်ဘဲ အပိုများတွေးတောနေခြင်းတော့ မရှိပါ ချေ။

သူမသည် စာဖတ်ခန်းထဲတွင် စာရွက်စာတမ်းများဖြင့် အလုပ် ရှုတ်နေလေသည်။

သူမဖတ်ရှုနေသည့် စာရွက်များမှာ

သူမ၏လက်အောက်ငယ်သား အန်းကျိုမှ တင်ပြထားသည့် ကုန်းစန်းပြည်နှင့်ပတ်သက်သည့် နောက်ဆုံးရသတင်းများ ဖြစ် လေ၏။

အသူရာချောက်သည် ထူးဆန်းသည့်နေရာတစ်ခု ဖြစ်လေသည်။ ယင်းစန်းနှင့် တာ့ရှားပြည် ၊ ကျင့်ကြံသူများနှင့် ရှားမျိုးနွယ်များကြားတွင် ဝိညာဉ်စွမ်းအားသားရဲများကို ယာဇ်ပူဇော်ခြင်းများနှင့်လည်း ဆက်နွယ်နေလေသည်။

အန်းကျီ၏ပြောပုံအရဆိုလျှင် ကုန်းစန်းပြည်မှလူများသည် အခြားသောဝိညာဉ်စွမ်းအားသားရဲများကို စွဲဆောင်ရန် အတွက်တူရိယာများတီးခတ်နိုင်သည်ဟု ဆိုလေသည်။

တန်ခိုးစွမ်းအားပိုမိုမြင့်မားလာရန်အတွက် ဝိညာဉ်စွမ်းအားသတ္တဝါများ၏ သန့်စင်သောသွေးဖြင့် ယာဇ်ပူဇော်ရန် လိုအပ်လေသည်။ ထို့ကြောင့် ကုန်းစန်းပြည်သည် ရန်လိုလေ့ရှိပြီး ကုန်းစန်ပြည်သို့ခေါ်ဆောင်ကာ အသတ်ခံရသူ များစွာလည်းရှိလေသည်။

လွန်ခဲ့သည့် (၃)ရက်ခန့်က ကုန်းစန်းနှင့် ရှီးလျန်ကြားတွင် ပဋိပက္ခတစ်ခု ဖြစ်ပွားခဲ့လေသည်။ ကုန်းစန်းပြည်မှလူများက

ရှီးလျန်မှ ကျင့်ကြံသူစစ်သည်တော် (၅)ယောက်ကို ယာဇ်ပူဇော်ရန်အတွက်သတ်ဖြတ်ခဲ့ကြလေသည်။

ထိုအမျိုးသမီးစစ်သည်တော် (၅)ယောက်မှာ ချန်ချင်နှင့်လည်း မျက်မှန်းတန်းနေသည့်စစ်သည်တော်များဖြစ်သည့် အတွက် ချန်ချင်မှာများစွာစိတ်မကောင်းဖြစ်ခဲ့ရလေသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ရှီးလျန်ပြည်သည် အစစအရာရာချောမွေ့နေရကား ထိုကဲ့သို့ စစ်သည်တော်များ အသတ်ခံရခြင်းမှာ မရှိသလောက်ရှားပါးလေသည်။

ထို့ကြောင့် ချန်ချင်သည် ကုန်းစန်းပြည်နှင့်ပတ်သက်ပြီး များစွာ စိတ်ပူနေခဲ့လေသည်။

သူမသည် စိတ်မကောင်းလည်းဖြစ်သလို ဒေါသလည်းထွက်နေမိလေသည်။ သို့သော် ကျင့်ကြံခြင်းအဆင့် တိုးတက်လာသည်နှင့်အမျှ သူမ၏ခံစားချက်များကို ထိန်းချုပ်နိုင်ခဲ့လေသည်။

ချန်ချင်သည် ကုန်းစန်းပြည်၏ သတင်းအချက်အလက်များကို ဖတ်ရှုနေလေသည်။

သို့သော် သူမဖတ်နေသည့်အချက်အလက်များသည် ကုန်းစန်းပြည်ကို အနိုင်ယူတိုက်ခိုက်နိုင်သည်အထိ လုံလောက် ခြင်းမရှိသေးပေ။

သို့သော် ကုန်းစန်းပြည်၏အင်အားသည် ရှီးလျန်ကို မယှဉ်နိုင်သေးသည်ကိုတော့ ချန်ချင်ကောင်းကောင်း သိရှိထားလေသည်။

ယခုရက်ပိုင်းအတွင်းတွင် ကုန်းစန်းပြည်သည် အစောင့်များကို တင်းကြပ်စွာချထားလေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် သူတို့ဘက်မှလည်း ရှီးလျန်ပြည်မှ ဂလဲ့စားပြန်ချေမည်ကို စိတ်ပူနေဟန်ရှိလေသည်။

ချန်ချင်ကတော့ ကုန်းစန်းပြည်နှင့် ရှီးလျန်ပြည်အရေးကိစ္စကို အေးအေးဆေးဆေးဖြေရှင်းနိုင်ရန် ဆုံးဖြတ်ထားခဲ့လေသည်။

ထို့ကြောင့် သူမက ကုန်းစန်းပြည်နှင့်ပတ်သက်သည့် သတင်း

အချက်အလက်များကို ရသလောက် စုဆောင်းနေခြင်း ဖြစ်

လေ၏။

ထိုအချိန်မှာပင်...

သူမ၏စာဖတ်ခန်းတံခါး ရုတ်တရက်ပွင့်လာလေသည်။

ချန်ချင်၏အိမ်တော်တွင် ဘုရင်မ၏စာဖတ်ခန်းအတွင်းသို့

မည်သူမှ ဝင်ခွင့်မရှိပေ။ အစောင့်များသည်ပင်လျှင် အခန်း

အပြင်ဘက်တွင်သာ စောင့်ကြရလေသည်။

သို့သော်... စာဖတ်ခန်းအတွင်းသို့ ဝင်ခွင့်ရသည့် လူနှစ်ယောက်

ရှိလေသည်။

တစ်ယောက်မှာ ဟန်ယင်းဖြစ်လေသည်။ အဘယ်ကြောင့်ဆို

သော် ဟန်ယင်းနှင့်သူမသည် သေအတူယှဉ်မကွာ အတူတကွ

တိုက်ပွဲဝင်ကြသည့်သူများ ဖြစ်သောကြောင့်ပင်။ သို့သော် ဟန်

ယင်းသည် ထိုအခွင့်အရေးကို မည်သည့်အခါမှ အသုံးချခဲ့ခြင်း မရှိပေ။

နောက်တစ်ယောက်မှာတော့ သူမ၏သမီးလေး ချန်ခယ် ဖြစ်လေသည်။

ယနေ့တွင်တော့ စာဖတ်ခန်းအတွင်းသို့ဝင်လာသူမှာ သူမ၏သမီးလေးချန်ခယ် မဟုတ်ခဲ့ပါ။

ဟန်ယင်းဖြစ်နေခဲ့လေသည်။ ဟန်ယင်းသည် အကြောင်းထူးမရှိဘဲ သူမအခန်းထဲသို့ ဝင်လာမည့်သူမဟုတ်ပေ။ အရေးကြီးကိစ္စတစ်ခု ရှိသောကြောင့်သာယခုကဲ့သို့ ဝင်လာခြင်းဖြစ်လေသည်။

ဟန်ယင်းက ကွေ့ပတ်မနေတော့ပဲ ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

"ကုန်းစန်းကလူတွေ မင်းသမီးလေးကို ဖမ်းသွားကြတယ်"

ထိုသတင်းကို ကြားလိုက်ရသည့်အခါတွင်တော့ ချန်ချင်၏ရင်ဝကို ဓားဖြင့်အစိုက်ခံလိုက်ရသကဲ့သို့ ခံစားလိုက်ရလေတော့သည်။

သို့သော် သူမက စိတ်ကိုထိန်းချုပ်ရင်း တည်တည်ငြိမ်ငြိမ်ဖြင့် ပင် ပြန်မေးလိုက်လေသည်။

"ဘယ်လိုဖြစ်တာလဲ"

"မင်းသမီးလေးက မြို့ထဲမှာ ဖျော်ဖြေရေးပွဲတွေသွားကြည့်တာပါ ၊ မြစ်ကမ်းနားမှာ သူ့ကို ဖမ်းခေါ်သွားခံလိုက်ရတာ ၊ အဲဒီလူက အရမ်းမြန်လွန်းလို့ ကျွန်မတောင် အမီမလိုက်နိုင်ခဲ့ဘူး ၊ အခု ဓားတန်ခိုးရှင်လီယွမ်လျန်က အဲဒီလူနောက်ကိုလိုက်သွားတယ် ၊ လီယွမ်လျန်ကပဲ အဲဒီလူက ကုန်းစန်းပြည်ကလူဖြစ်မယ်လို့ ထင်ကြေးပေးသွားတာ ၊ ပြီးတော့ မလိုလားအပ်တဲ့ဆုံးဖြတ်ချက်တွေလည်း မချမိစေဖို့လည်း ဘုရင်မကို မှာလိုက်ပါသေးတယ် ၊ တကယ်လို့ သူပြန်မလာနိုင်ခဲ့ဘူးဆိုရင်တော့ ဒီ

ကစ္စကိုဖြေရှင်းဖို့ မင်းသားလေးပြန်လာတဲ့အထိ စောင့်ကြဖို့လည်း မှာသွားပါတယ်”

ဟန်ယင်းကပြောလိုက်လေသည်။

ဟန်ယင်းသည် လီယွမ်လျန် မျက်စိမျက်နှာပျက်နေသည်ကို မှတ်မိနေသေးသည်။

ထို့ပြင် ဓားတန်ခိုးရှင်တစ်ယောက်၏ ကြီးမားသည့်စွမ်းအားကိုလည်း သူမကိုယ်တိုင် တွေ့မြင်ခဲ့ရလေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ဓားအလင်းတန်းတစ်ခုအဖြစ်အသွင်ပြောင်းကာ သူမရှေ့မှ ပျောက်ကွယ်သွားသည့်ဓားတန်ခိုးရှင်လီယွမ်လျန်မှာ ရင်သပ်ရှုမောဖွယ်ရာပင် ဖြစ်လေသည်။

လီယွမ်လျန်ထွက်ခွာသွားပြီးသည့်နောက်မှ လီယွမ်လျန်၏ ဂိုဏ်းတူညီ (၃)ယောက် ရောက်ရှိလာကြလေသည်။ သို့သော် သူတို့က လီယွမ်လျန်နောက်သို့ လိုက်ပါသွားခြင်းမရှိပါ။ သူတို့

ရှီးလျန်ပြည်တွင် ပြဿနာအခက်အခဲ တစ်စုံတစ်ခု ရှိခဲ့လျှင်

ကာကွယ်ရန်အတွက် ရှီးလျန်တွင်ပင် ကျန်ရစ်ခဲ့ကြလေသည်။

ချန်ချင်က ဟန်ယင်း၏စကားများကို ဆုံးအောင် နားထောင်ပြီး

မှ…

“ဟန်ယင်း… ရှမ်တုကျောင်းတော်က တာအိုဆရာလျိုမုန့်တယ်

ကို ဆင့်ခေါ်လိုက်ပါ…”

ဟန်ယင်းက…

“ကျွန်မ သူ့ကိုခေါ်ဖို့ လူလွှတ်ပြီးပါပြီ…”

ချန်ချင်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း…

“သိပ်ကောင်းတယ်၊ ငါအခုပဲ မြို့တော်ကနေထွက်ခွာမယ်၊

မင်းက ဒီမှာနေခဲ့… ငါထွက်သွားတာ ဘယ်သူမှမသိစေနဲ့”

ဟန်ယင်းက တည်ကြည်သည့်လေသံဖြင့်….

“ဘုရင်မ… ဘုရင်မက မြို့တော်ကနေ ထွက်သွားလို့မရပါဘူး”

ချန်ချင်က…

“ဒီကိစ္စက ထောင်ချောက်အဆင်ခံရတာဖြစ်တယ်ဆိုရင်တောင်မှ ငါကတော့သွားရမယ်၊ ဘာလို့လဲဆိုတော့ သူတို့ဖမ်းသွားတာ ငါ့သမီးလေးလေ…၊ မင်းနားလည်ရဲ့လား ဟန်ယင်း”

ဟန်ယင်းက…

“ကျွန်မက ဘုရင်မကို ငြင်းဆန်နေတာမဟုတ်ပါဘူး၊ ဒါပေမယ့် ဘုရင်မက ရှီးလျန်ပြည်ရဲ့ဘုရင်မပါ၊ မင်းသမီးလေးရဲ့မိခင်သာမက ရှီးလျန်ပြည်သူတွေအားလုံးရဲ့ မိခင်ပါ၊ ဘုရင်မဒီမှာရှိနေရင် ရှီးလျန်ပြည်တစ်ခုလုံး လည်းလုံခြုံနေမှာပါ၊ ဒါပေမယ့် ဘုရင်မသာတစ်ခုခုဖြစ်ခဲ့ရင် ဒီကပြည်သူတွေအားလုံး ဘယ်လိုလုပ်ရတော့မလဲ”

ချန်ချင်က…

“သိပ်မကြာခင် လျန်လေးပြန်လာတော့မှာပါ…”

ဟန်ယင်းသည် ဘုရင်မချန်ချင်အား ထပ်မံတားဆီးလိုသည့်တိုင် မည်သည့်စကားမှ ထပ်မံပြောဆိုခြင်း မရှိတော့ပါ။

ဟန်ယင်းသည် သူမ၏ဝတ်ရုံကို ချွတ်လိုက်ပြီး ချန်ချင်ကို ပေးလိုက်လေသည်။

သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“ဘုရင်မ ဒါဆို ကျွန်မအဖြစ်ဟန်ဆောင်လိုက်ပါ...”

ဟန်ယင်း၏စကားကို ချန်ချင်ကလည်း မငြင်းဆန်ပါ။

သူမက ဟန်ယင်း၏အဝတ်အစားများကို ဝတ်ဆင်ကာ ဟန်ယင်းနှင့်တူအောင် အနည်းငယ် ရုပ်ဖျက်လိုက်လေသည်။

ထို့နောက် သမီးငယ်ကို ခေါ်ဆောင်သွားသည့် လမ်းကြောင်းကို ရှင်းရှင်းလင်းလင်းသိရစေရန် ဟန်ယင်းကို မေးမြန်းလိုက်ပြီး သမီးငယ်ကိုရှာဖွေရန် ထွက်ခွာသွားလေတော့သည်။

သူမ၏ကျင့်ကြံခြင်းအဆင့် မြင့်မားလာသည်နှင့်အမျှ သမီးငယ်ကို အာရုံခံနိုင်စွမ်းမှာလည်း ပိုပြီး နက်ရှိုင်းလာခဲ့လေသည်။

ချန်ချင်သည် မြို့တော်ထဲမှ လျှင်မြန်စွာပင် ထွက်ခွာသွားလေသည်။

လီယွမ်လျန်နှင့်အခြားသူများမှာ ရှီးလျန်ကို အန္တရယ်ပြုမည့်သူများ မဟုတ်စေရန်သာ သူမမျှော်လင့်လိုက်မိလေသည်။

သို့မဟုတ်ပါက ရှီးလျန်ပြည်သည် ဆန်းလျန်ပြန်မလာခင်မှာပင် နေဝင်ချိန်သို့ ရောက်ရတော့မည်ဖြစ်လေသည်။

ထိုအချိန်တွင်....

ချန်ခယ်ကိုဖမ်းဆီးသွားသူနောက်သို့ လိုက်ပါသွားသည့် လီယွမ်လျန်မှာ အလွန်ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်လေသည်။

ဓားသိုင်းကိုကျင့်ကြံအောင်မြင်ပြီးသည့်နောက်ပိုင်း ယခုကဲ့သို့ ပင်ပန်းနွမ်းနယ်ခြင်းမျိုးကို လီယွမ်လျန် ခံစားရခြင်း မရှိပါ။

ထို့ကြောင့် ယခု သူရင်ဆိုင်နေရသည့် ရန်သူသည် တန်ခိုးစွမ်းအား အလွန်မြင့်မားသူတစ်ယောက်ဖြစ်သည်ကို ချက်ချင်းပင် သိရှိလိုက်လေတော့သည်။

အခန်း (၅၈၆) ဘယ်သူမှမနာကျင်စေရဘူး

နတ်မိစ္ဆာများသည် ကျင့်စဉ်လမ်းကို အောင်မြင်သွားလျှင် လူသားများအဖြစ်သို့ အသွင်ပြောင်းလဲနိုင်သည်ကို လီယွမ်လျ န် ကောင်းစွာသိရှိထားလေသည်။ နတ်မိစ္ဆာတစ်ယောက်သည် လူသားအသွင်ပြောင်းနိုင်ရန်အတွက် မိုးကြိုးပစ်အစစ်ဆေးခံ ခြင်းကို ဖြတ်ကျော်ရမည် ဖြစ်လေသည်။ မိုးကြိုးပစ်အစစ် ဆေးခံခြင်းကိုရင်မဆိုင်ဘဲ လူသားအသွင်ပြောင်းလဲရန်မှာ လုံး ဝမဖြစ်နိုင်ပေ။

သို့သော် လူသားတစ်ယောက်ကတော့ နတ်မိစ္ဆာတစ်ယောက်အဖြစ် အသွင်ပြောင်းနိုင်သည်ဟု လီယွမ်လျန်၏ဘဝ တွင် တစ်ခါမှ မကြားဖူးခဲ့ပေ။

သို့မဟုတ် လီယွမ်လျန်ရင်ဆိုင်နေရသည့်ရသူသည် ထင်ယောင်ထင်မှားဖြစ်စေသည့် သဘာဝလွန်စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားခြင်းလည်းဖြစ်နိုင်သလို ပါရမီရှင်ကျင့်ကြံသူတစ်ယောက်လည်း ဖြစ်နိုင်လေသည်။

ချန်ခယ်ကိုဖမ်းဆီးသွားသည့်လူသည် လမ်းတစ်လျှောက်လုံးတွင် နတ်မိစ္ဆာအသွင်အမျိုးမျိုးပြောင်းလဲကာ လီယွမ်လျန်ကိုတိုက်ခိုက်နေခဲ့လေသည်။ ထိုသူသည် နွားဖြစ်သွားလိုက် ၊ လူသားမျက်နှာနှင့်ကျားခန္ဓာကိုယ်ဖြစ်သွားလိုက် ၊ မျက်လုံးကြီးများနီသွားလိုက် ၊ ပါးစပ်ကြီးပြဲလာလိုက်နှင့် အမျိုးမျိုးသောပုံသဏ္ဍာန်များကို ဖန်ဆင်းလျှက်ရှိလေသည်။

လီယွမ်လျန်သည် ချန်ကျန့်မေ၏တပည့်ဖြစ်လေသည်။ သူ သင်ယူထားသမျှသည် ချန်ကျန့်မေသိသလောက်ထက် မပိုခဲ့ပေ။ ချန်ကျန့်မေသည် ဓားသိုင်းတစ်မျိုးတည်းကိုသာ စိတ်ဝင်စားသူဖြစ်ပြီး အခြားသောထူးခြားဆန်းကျယ်မှုများ ကို စိတ်ဝင်စားသူမဟုတ်သည့်အတွက် ကျင့်ကြံခြင်းလောက၏ ထူးဆန်းထွေလာများကို သိပ်ပြီးသိရှိထားခြင်း မရှိပေ။

ယခု ချန်ခယ်ကိုဖမ်းဆီးသွားသူသည် ထူးဆန်းသူတစ်ယောက် ဖြစ်ပြီး သူပြောင်းလဲလိုက်သည့် နတ်မိစ္ဆာပုံသဏ္ဍာန်တိုင်းတွင် ထူးခြားသော တန်ခိုးစွမ်းအားအပြောင်းအလဲများလည်း ပါဝင်လေသည်။ တစ်ခါတစ်လေ ထိုသူထံမှ ကလေးငယ်ကဲ့သို့ ငိုကြွေးအော်ဟစ်သံများထွက်ပေါ်လာပြီး ထိုအသံများက လီယွမ်လျန် ၏တန်ခိုးစွမ်းအား ထုတ်လွှတ်မှုကို များစွာအနှောက်အယှက်ဖြစ်စေလေသည်။

လီယွမ်လျန်သည် ထိုသူနှင့် တဖြည်းဖြည်းနီးကပ်လာလေသည်။ ထိုအခါ ထိုသူသည် နွားတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားပြန်လေသည်။ သို့သော် နွားဟုသာဆိုရသည် မျက်လုံးတစ်လုံးထဲသာပါရှိပြီး အမြီးကလည်း မြွေအမြီး ဖြစ်လေသည်။

ထိုသတ္တဝါက အနောက်သို့ရုတ်တရက်လှည့်လိုက်ပြီး အဆိပ်ပြင်းသည့်အငွေ့တစ်မျိုးဖြင့် လီယွမ်လျန်ကို မှုတ်လိုက်လေသည်။ ထိုအဆိပ်ငွေ့များသည် ဓားဝိညာဉ်ကို ရပ်တန့်သွားစေပြီး သူ၏စိတ်ကိုပင် တုန်ခါသွားစေလေသည်။

လီယွမ်လျန်သည် နှစ်ပေါင်းတစ်သောင်းအသက်ရှည်ပြီး မည်သည့်အခါမှ မအိုမင်းနိုင်သည့် အသူရာခန္ဓာကိုပိုင်ဆိုင်သူ အသူရာဂိုဏ်းသားတစ်ယောက် ဖြစ်လေသည်။ ထို့ပြင် သူ၏ဓားသွားမှာလည်း သွေးနီရောင်ပင်လယ်တွင် ကျင့်ကြံထားသည့် ဓားတစ်လက်ဖြစ်လေသည်။ သို့သော် မိစ္ဆာကောင်

သည် သူ၏ဓားသွားကိုပင် ရပ်တန့်သွားအောင် ပြုလုပ်နိုင်လေ

သည်။ ထိုသူ၏တန်ခိုးစွမ်းအားများမှာ အလွန်ကြောက်မက်

ဖွယ်ရာပင် ဖြစ်လေသည်။

လီယွမ်လျန်သည် ရှီးလျန်ကို ကာကွယ်ပေးရန်အတွက်

သူ၏ဆရာဦးလေးကို ကတိပေးထားလေသည်။ ယခု ထိုမိစ္ဆာ

ကောင်က သူ၏ဆရာဦးလေး၏ညီမလေးကို ဖမ်းဆီးသွားခြင်း

ဖြစ်လေသည်။ သူသည် ကတိသစ္စာတည်ပြီး တာဝန်ကျေပွန်

သည့် ဓားတန်ခိုးရှင်တစ်ယောက် ဖြစ်သည့်အတွက် မည်သည့်

နည်းနှင့်မျှ နောက်ပြန်ဆုတ်မည် မဟုတ်ပေ။ အသက်အသေခံ

ကာ တာဝန်ကိုထမ်းဆောင်မည် ဖြစ်လေသည်။

လီယွမ်လျန်သည် သွေးနီရောင်ပင်လယ်ထဲတွင်လည်း မရေမ

တွက်နိုင်အောင် များပြားသည့် တိုက်ပွဲများစွာကို ရင်ဆိုင်

တိုက်ခိုက်ခဲ့ဖူးလေသည်။ သို့သော် ထိုအချိန်များတုန်းက

သူ၏ဆရာဖြစ်သူသည် သူ့အနားတွင် အမြဲတမ်းရှိနေခဲ့လေ

သည်။ ထို့ကြောင့် သူ့အတွက် ယုံကြည်မှုအပြည့်ရှိကာ စိတ်ပူစရာမလိုခဲ့ပေ။

ယခုတစ်ကြိမ်တွင်တော့ သူသည် ရန်သူကို တစ်ယောက်တည်း ရင်ဆိုင်ရတော့မည် ဖြစ်လေသည်။ သူကစိတ်လှုပ်ရှားနေသည့်တိုင် ဆရာဦးလေးအတွက် သေခြင်းရှင်ခြင်းကို ရင်ဆိုင်ရလျှင်ပင် သူ့နှလုံးသားသည် နောင်တရလိမ့် မည်မဟုတ်ပေ။

လီယွမ်လျန်သည် ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် ပိုပြီးအရှိန်မြှင့်တင်ကာ ရန်သူနောက်သို့ လိုက်သွားလေသည်။ တဖြည်းဖြည်းနှင့်သူတို့သည် ကျီမုမြစ်အထက်ပိုင်းသို့ရောက်ရှိလာခဲ့လေသည်။

မြစ်အထက်ပိုင်းတွင်တော့ ကျီမုမြစ်သည် တဖြည်းဖြည်းကျယ်ပြန့်လာပြီး မြစ်လက်တက်များလည်း ခွဲဖြာသွားလေသည်။ မြစ်ကမ်းနံဘေးတွင်လည်း ရေအောက်သစ်ပင်များ ၊

ရေမော်များ ၊ အဆိပ်ပြင်းသောမြွေများ ၊ ပိုးမွှားများဖြင့် ပြည့်နက်လျှက်ရှိလေ၏။

ချန်ခယ်ကိုဖမ်းဆီးသွားသည် မိစ္ဆာကောင်သည် ပျံသန်းသွားခြင်းမရှိပါ။ သူက မြစ်ကြောင်းတစ်လျှောက်ရှိ သစ်ပင်များပေါ်မှ ခုန်ပျံကျော်လွှားကာ သွားနေခြင်းဖြစ်လေသည်။

ရုတ်တရက်...

သူတို့နှစ်ယောက်၏ လှုပ်ရှားမှုများရပ်တန့်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်နေပြီး မိစ္ဆာကောင်သည် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

လီယွမ်လျန်သည် ဓားတန်ခိုးရှင်တစ်ယောက်၏လျှင်မြန်မှုမျိုးဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

ကျီမုမြစ်အလယ်ကောင်တွင် အလွန်ကြီးမားသည့် သစ်ပင်ကြီးတစ်ပင်ရှိလေသည်။ ထိုသစ်ပင်ကြီးထက်တွင် အိပ်ပျော်နေသည့်ချန်ခယ်ကို တွေ့လိုက်ရလေသည်။ လီယွမ်လျန်က ချန်ခ

ယ်၏မျက်နှာကိုကြည့်လိုက်သည့်အခါတွင်တော့သူမသည် အဆင်ပြေပြေနှင့် အိပ်ပျော်နေခြင်းဖြစ်သည်ကို သိလိုက်ရလေသည်။

ရေလယ်မှသစ်ပင်ကြီးသည် ပတ်ဝန်းကျင်တစ်ခုလုံးမှ ဝိညာဉ်စွမ်းအားများကို စုပ်ယူထားဟန်ရှိလေသည်။ ထို့ကြောင့် သစ်ပင်ကြီး၏ပတ်လည်တွင် သစ်ပင် ၊ မြက်ပင်များ တစ်ပင်တစ်လေပင် မတွေ့ရပေ။

ချန်ခယ်ကိုဖမ်းဆီးသွားသည့် မိစ္ဆာကောင်သည် သစ်ပင်ကြီး၏ သစ်ကိုင်းတစ်ကိုင်းထက်တွင် ရပ်နေလေသည်။

လရောင်အောက်တွင် ထိုမိစ္ဆာကောင်၏အသွင်သဏ္ဌာန်သည် သူ၏မူလအသွင်သဏ္ဌာန်လား ၊ ဖန်ဆင်းပြီးအသွင်ပြောင်းလဲထားခြင်းလား ဆိုသည်ကိုတော့ လီယွမ်လျန်လည်း မခန့်မှန်းနိုင်ပေ။

သစ်ကိုင်းထက်တွင် ရှိနေသူမှာ ရှည်လျားသည့်လက်များကို ပိုင်ဆိုင်သည့် အဖြူရောင်မျောက်ဝံကြီးတစ်ကောင်ဖြစ်လေသည်။ သူသည် သစ်ပင်ခွကြားတစ်နေရာတွင် ချန်ခယ်ကို ချထားလိုက်ပြီး လီယွမ်လျန်ကို စူးစိုက်ကြည့်နေလေသည်။ လီယွမ်လျန်သည် ဓားကိုဆုပ်ကိုင်ထားပြီး တိုက်ခိုက်ရန်အသင့် အနေအထားဖြင့် မျောက်ဝံဖြူကြီးကို ကြည့်လိုက်လေသည်။

"မင်းက ဘာကောင်ပဲဖြစ်ဖြစ် … မင်းသမီးလေးကို ကျုပ်ဆီပြန်ပေးစမ်း ၊ မဟုတ်ရင် မင်းကိုသတ်ပစ်မယ်"

လီယွမ်လျန်က အေးစက်သည့်လေသံဖြင့်ပြောလိုက်လေသည်။

မျောက်ဝံဖြူကြီးက စကားတစ်ခွန်းမှပြန်မပြောဘဲ ပါးစပ်ကြီးကိုဖြဲလိုက်လေသည်။ ထိုအခါ သူ၏နီရဲသောလျှာကြီးထွက်ပေါ်လာပြီး ထိုလျှာထက်တွင် အနက်ရောင်အပ်တစ်ချောင်းကို တွေ့မြင်ရလေသည်။ ထိုအနက်ရောင်အပ်သည် လေနှင့်ထိတွေ့

သွားသည့်အခါတွင်တော့ တဖြည်းဖြည်း ရှည်လျားလာပြီး အနက်ရောင်သံတုတ်ကြီးအဖြစ်ပြောင်းလဲသွားကာ မျောက်ဝံဖြူကြီး၏လက်ထဲသို့ ကျရောက်လာလေသည်။

ထိုအနက်ရောင်သံတုတ်မှ ထူးဆန်းသည့်ဆူညံသံများထွက်ပေါ်လာပြီး လီယွမ်လျန်မှာ ခေါင်းထဲတွင် မူးဝေသွားရလေသည်။ မျောက်ဝံဖြူကြီး၏လက်ထဲမှ အနက်ရောင်သံတုတ်သည် ချက်ချင်းပင် လီယွမ်လျန်၏ မျက်လုံးရှေ့သို့ ရောက်ရှိလာလေသည်။

လီယွမ်လျန်သည် နားထဲတွင်ကြားနေရသည့် ဆူညံနေသည့် အသံများကြောင့် တန်ခိုးစွမ်းအားများ လျော့နည်းသွား ရလေသည်။ သူက အနက်ရောင်သံတုတ်ကို သူ၏ဓားဖြင့် ခုခံတိုက်ခိုက်လိုက်လေသည်။ သူ၏ဓားသည် အနက်ရောင်သံတုတ်ဖြင့် ထိခိုက်လိုက်မိသည်နှင့် ဓားကိုပင် မသယ်နိုင်တော့

လောက်အောင် သူ၏ခြေလက်များမှာ အားအင်ကုန်ခမ်းသွားရ

လေသည်။

လီယွမ်လျန်သည် ဓားကိုဆုပ်ကိုင်ထားရင်းနှင့်ပင် အဝေးသို့

လွင့်စင်ထွက်သွားရကာ မြစ်ရေထဲသို့ ကျသွားရလေသည်။

မျောက်ဝံဖြူကြီးသည် သူ့လက်ထဲမှ သံတုတ်ဖြင့်

ရေမျက်နှာပြင်ကိုရိုက်ချလိုက်လေသည်။ ထိုအခါ

ရေမျက်နှာပြင် သည်အက်ကွဲသွားပြီး ကြီးမားလွန်းသည့်

စွမ်းအားတစ်ခုသည် လီယွမ်လျန်ကို လာရောက်ရိုက်ခတ်လေ

သည်။

လီယွမ်လျန်သည် ထိုစွမ်းအားရိုက်ခတ်မှုဒဏ်ကိုမခံနိုင်ဘဲ

သွေးများအန်ထုတ်လိုက်လေတော့သည်။

မိစ္ဆာကောင်သည် ထိုမျှလောက် တန်ခိုးစွမ်းအားမြင့်မား

လိမ့်မည်ဟု လီယွမ်လျန် ထင်မှတ်မထားခဲ့မိပေ။ ထိုမိစ္ဆာ

ကောင်ကို ရိုးရှင်းသည့်တိုက်ခိုက်မှုဖြင့် တိုက်ခိုက်ရန်မှာ မည်သို့မှ မဖြစ်နိုင်ပါချေ။

လီယွမ်လျန်က ကျယ်လောင်စွာတစ်ချက်ကျုံးဝါးလိုက်ပြီး ဓားနှင့်လူတစ်သားတည်းကျအောင် ပေါင်းစပ်လိုက်ကာ အရိပ်မဲ့ဓားသိုင်းကို အသုံးပြုပြီး မျောက်ဝံဖြူကြီးကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ အရိပ်မဲ့ဓားသိုင်းကို အသုံးပြုလိုက်သည့်အခါတွင်တော့ လီယွမ်လျန်၏ဓားချက်များသည် အရိပ်ပင်မထင်ဘဲ လျှင်မြန်စွာဖြင့် မျောက်ဝံကြီးထံသို့ဝင်ရောက်သွားလေသည်။

လီယွမ်လျန်၏အဆင့်သည် လောကနတ်ဘုရားတစ်ပါးအဆင့်ထိ မရောက်သေးသည့်တိုင် တာအိုဆရာမုကျန်းနှင့်အဆင့်အတူတူပင် ဖြစ်လေသည်။ သို့သော် သူမည်မျှပင် ကြိုးစားတိုက်ခိုက်ပါစေ မျောက်ဝံဖြူကြီး၏လက်ထဲတွင်ကိုင်ထားသည့် အနက်ရောင်သံတုတ်ကို ရင်ဆိုင်နိုင်ခြင်း မရှိပါပေ။

သို့သော် အရိပ်မဲ့ဓားအသွင်ပြောင်းလိုက်သည့်အတွက်

မျောက်ဝံဖြူကြီးသည်သူ့ကို ယခင်ကလောက်လွယ်လွယ်ကူကူ

နှင့်တိုက်ခိုက်နိုင်ခြင်း မရှိတော့ပေ။

မျောက်ဝံဖြူကြီးက တစ်ချက်ရယ်မောလိုက်ရင်း သူ၏သံ

တုတ်ကို လေထဲသို့ ပစ်လွှတ်လိုက်လေသည်။

ထိုအခါ လေထဲတွင် သံတုတ်နှစ်ချောင်းထွက်ပေါ်လာလေ

သည်။

သံတုတ်နှစ်ချောင်းမှ လေးချောင်းပွားသွားပြန်လေသည်။

နောက်ဆုံးတွင် ကောင်းကင်တစ်ခုလုံး သံတုတ်အရိပ်များဖြင့်

ပြည့်နက်နေတော့သည်။

သံချင်းထိခတ်သံများလေထဲတွင် ဆူညံနေပြီး လေထဲတွင် ဓား

ရိပ်များနှင့် သံတုတ်အရိပ်များ ထင်ဟပ်နေလေသည်။ တိုက်ပွဲ

မှာ အလွန်ပြင်းထန်သည်ကို သိရှိနိုင်လေသည်။ မျောက်ဝံဖြူ

ကြီး၏သံတုတ်သည် ဝိညာဉ်စွမ်းအားများနှင့်ပြည့်ဝနေပြီး

ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်နေလေသည်။ လီယွမ်လျ
န်၏ဓားသည် သံတုတ်များကြားတွင် ညပ်လျှက်ရှိလေသည်။

ရုတ်တရက်...

လီယွမ်လျန်၏ဓားသည် အနက်ရောင်သံချောင်းနှစ်ခုနှင့်
ပြင်းပြင်းထန်ထန် ရိုက်ခတ်မိသွားလေသည်။

ဓားသည် လီယွမ်လျန်၏လက်ထဲမှ လွတ်ထွက်သွားပြီး
သူ၏ပါးစပ်ထဲမှ သွေးများအန်ချလိုက်လေသည်။ လီယွမ်လျန်
သည် မြစ်ရေထဲသို့ပြုတ်ကျသွားကာ ပြန်ထမလာနိုင်တော့ပေ။
လီယွမ်လျန်၏တစ်ကိုယ်လုံးသွေးများစိုရွှဲနေပြီး ဆံပင်များ
လည်းပြေကျနေလေရာ သူ့ပုံစံမှာ လရောင်အောက်တွင်
ကြောက်မက်ဖွယ်ရာပင် ဖြစ်လေသည်။

မျောက်ဝံဖြူကြီးက ပါးစပ်ကြီးကိုဖြဲကာ အော်ဟစ်ရယ်မော
လိုက်လေသည်။ ထို့နောက် လေထဲမှ သူ၏အနက်ရောင်သံ
တုတ်ကို ပြန်သိမ်းလိုက်လေသည်။

ထို့နောက် မျောက်ဝံဖြူကြီးက ယောကျ်ားကြီးတစ်ယောက်၏အသံမျိုးဖြင့် စကားစတင်ပြောလိုက်လေသည်။

“အသူရာဂိုဏ်းက အသူရာဓားသမားတစ်ယောက်က ဘာအစွမ်းမှလည်းမရှိပါလား"

လီယွမ်လျန်က...

“လက်စသတ်တော့ မင်းက ကျုပ်ကို တစ်လမ်းလုံးအရူးလုပ်ခဲ့တာကိုး...”

မျောက်ဝံဖြူကြီးကပြုံးလိုက်ရင်း...

"သွေးနီရောင်ပင်လယ်ထဲက အသူရာဘုရင် မရဏဓားသခင်ဟာ အရမ်းစွမ်းအားကြီးမားတယ်လို့ ကြားခဲ့ဖူးတယ်၊ ဒါပေမယ့် အခု သူ့တပည့်ကတော့ စိတ်ပျက်စရာပဲ"

"ဒါက ကျုပ်ရဲ့ညှို့ဖျင်းမှုပဲ၊ ကျုပ်ဆရာနဲ့မဆိုင်ပါဘူး၊ အခုနေကျုပ်ရဲ့ဆရာဖြစ်ဖြစ် ... ဆရာဦးလေးဖြစ်ဖြစ်ရောက်လာခဲ့ရင်မင်းတော့ အသက်နဲ့ခန္ဓာအိုးစားကွဲပြီသာမှတ်"

လီယွမ်လျန်က ပြောလိုက်လေသည်။

မျောက်ဝံဖြူကြီးက လှျာတစ်ချက်သပ်လိုက်ရင်း အဝေးတစ်နေရာသို့ လှမ်းကြည့်လိုက်လေသည်။

မြစ်ကြောင်းတစ်လျှောက် လေပြင်းတစ်ချက်တိုက်ခတ်လာပြီး ကျက်သရေရှိစွာဖြင့် လှပလွန်းလှသည့် မိန်းကလေး တစ်ယောက်ပေါ်လာလေသည်။

ထိုမိန်းကလေးမှာ ချန်ချင်ပင် ဖြစ်လေသည်။

ချန်ချင်သည် ရောမသစ်ပင်ကြီးထက်တွင် အိပ်ပျော်နေသည့် သူမ၏သမီးလေးကို တွေ့မြင်လိုက်ရပြီး လီယွမ်လျန်မှာ လည်း ဒဏ်ရာရထားသည်ကို တွေ့လိုက်ရသည့်အခါတွင်တော့ မျောက်ဝံဖြူကြီးကို သတိကြီးစွာဖြင့်ပင် စကားစတင် ပြောဆိုလိုက်လေသည်။

"ဆရာကြီးက ကုန်းစန်းပြည်ကလား... ဘာလို့ ကျွန်မရဲ့ သမီး လေးကို ဖမ်းဆီးခေါ်ဆောင် သွားရတာလဲ"

လီယွမ်လျန်က အားတင်းပြီးပြုံးလိုက်ရင်း...

"ဘုရင်မ... ဒီလူက ကုန်းစန်းပြည်က မဟုတ်ဘူး..."

အစပိုင်းတွင် သားရဲသတ္တဝါပုံစံကို မြင်တွေ့လိုက်ရသည့်အတွက် လီယွမ်လျန်သည် ထိုမိစ္ဆာကို ကုန်းစန်းပြည်မှ ဖြစ်ရမည်ဟု ထင်မှတ်ခဲ့မိလေသည်။ သို့သော် မျောက်ဝံဖြူကြီးနှင့် တိုက်ခိုက်ပြီးသည့်အခါတွင်တော့ ကုန်းစန်းပြည်မှ မဟုတ်ဘဲ ထူးဆန်းသည့်နတ်မိစ္ဆာတစ်ယောက်ဖြစ်နေသည်ကို နားလည်သဘောပေါက်သွားရလေသည်။

မျောက်ဝံဖြူကြီးက ချန်ချင်၏အမေးကို ပြန်မဖြေပါ။

သူက မေးခွန်းထုတ်လိုက်လေသည်။

"ကောင်လေး... မင်းတို့အားလုံးကို ကျုပ်ကသတ်ပစ်လိုက်မယ်ဆိုရင်တောင် မင်းရဲ့ဆရာ အသူရာဘုရင် မရဏာဓားသခင်က သေွးနီရောင်ပင်လယ်ကနေထွက်လာပြီး ကျုပ်ကိုတိုက်ခိုက်နိုင်ပါ့မလား"

ထိုအချိန်မှာပင်....

နူးညံ့ပြီးနက်ရှိုင်းသည့်အသံတစ်သံသည် မြစ်ကြောင်း

တစ်လျှောက်တွင် ထွက်ပေါ်လာလေသည်။

"မင်း ဒီနေ့ ဘယ်သူ့ကိုမှ နာကျင်အောင် မလုပ်နိုင်တော့ပါဘူး

ကွာ...."

အခန်း (၅၈၇) ရှစ်ဆယ့်ကိုးပါးတန်ခိုးစွမ်းအား

ထိုအသံကိုကြားသည်နှင့် မြောက်ဝံဖြူကြီး၏အမွေးများမှာ
ဆူးတောင်များအလား ထောင်သွားရလေသည်။
အဘယ်ကြောင့်ဆိုသော် သူ့ရင်ထဲတွင် အလွန်အမင်းထိတ်လန့်
ကြောက်ရွံ့သွားသောကြောင့်ဖြစ်လေသည်။
သူသည် နှစ်ပေါင်းများစွာကျင့်ကြံခဲ့သည့်အတွေ့အကြုံအရ
ယခုရောက်ရှိလာသူသည် အလွန်တန်ခိုးစွမ်းအားမြင့်မားသည်
ကို ရိပ်မိလိုက်ပြီး ကျောရိုးထဲပင် စိမ့်သွားရလေသည်။
အရပ်(၈) မျက်နှာမှ လေထုသည် ဝဲဂယက်အလားပြောင်းလဲ
သွားလေသည်။ မြောက်ဝံဖြူကြီးမှာ သူ၏တန်ခိုးစွမ်းအားများ
ကို အသုံးပြု၍မရနိုင်တော့ဘဲ ထိန်းချုပ်ခံလိုက်ရလေသည်။
မြောက်ဝံဖြူကြီးက တုန်ယင်သည့်လေသံဖြင့်....
"မင်းက အသူရာဘုရင် မရဏာဓားသခင်တော့ မဖြစ်နိုင်ဘူး ... ၊
မင်းက ဘယ်သူလဲ"

အသူရာဘုရင်သည် သွေးနီရောင်ပင်လယ်ထဲမှ ထွက်ခွာ၍မရသည်ကို မျောက်ဝံဖြူကြီး ကောင်းကောင်းသိထားလေသည်။

"မင်းရဲ့ရုပ်ခန္ဓာက ဗုဒ္ဓဘာသာဂိုဏ်းတွေက သိုင်းပညာမျိုးကို လေ့ကျင့်ထားတာပဲ... ၊ ထူးဆန်းလိုက်တာ..."

ထိုအသံမှာ အလွန်မှ နူးညံ့သိမ်မွေ့လွန်းလေသည်။ သို့သော်... ထိုသူမှာ တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ကြောင်း မျောက်ဝံဖြူကြီးသိရှိလိုက်လေသည်။ နီးကပ်လာပြီဖြစ်သည့်တိုင် ထိုသူ၏ တည်နေရာ အတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိပေ။

ထို့ပြင် ထိုပုဂ္ဂိုလ်မှာ ဗုဒ္ဓဘာသာဂိုဏ်းများမှ ကျင့်စဉ်များကိုပင် သိရှိနေသည်မှာ အံ့ဩစရာ ကောင်းလှလေသည်။

မျောက်ဝံဖြူကြီးသည် သည်းခံနိုင်ခြင်း မရှိတော့ပေ။

သူသည် အနက်ရောင်သံတုတ်ကိုထုတ်ယူလိုက်ပြီး စကြာပုံသဏ္ဍာန်လှည့်ပတ်လိုက်ကာ သူ၏ခန္ဓာကိုယ်ကို ကာကွယ်ထားလိုက်လေသည်။ ထိုအချိန်တွင် လေထဲတွင် အလွန်ကြီးမား

သည့် ရောမလက်ကြီးတစ်ဖက်ထွက်ပေါ်လာပြီး အနက်ရောင် သံတုတ်ကို ဖမ်းဆုပ်လိုက်လေသည်။ ရောမလက်ကြီးမှအမြူ ရောင်မီးတောက်တစ်ခု ထွက်ပေါ်လာပြီး အနက်ရောင်သံတုတ်မှာ အရည်ပျော်သွားရလေတော့သည်။ ထိုအနက်ရောင်သံရည်များသည် ကျီမုမြစ်ရေထဲသို့ ကျသွားပြီး မြစ်ရေနှင့်အတူ မျောပါသွားလေတော့သည်။

မျောက်ဝံဖြူကြီးက တုန်လှုပ်စွာဖြင့် မေးလိုက်သည်။

"မင်းဘယ်မှာလဲ... မင်းက ဘယ်သူလဲ"

လီယွမ်လျန်၏မျက်နှာမှာ ပျော်ရွှင်မှုများဖြင့် ပြည့်နက်သွားလေသည်။

"ဆရာဦးလေး... ရောက်လာပြီ"

ထိုစကားကြောင့် ချန်ချင်မှာလည်း အလွန်စိတ်လှုပ်ရှားသွားရလေသည်။ သို့သော် စကားတစ်လုံးမှ ပြောထွက်မလာခဲ့ပေ။

"ကျုပ်ကမင်းရဲ့နောက်မှာလေ... မင်း ကျုပ်ကိုမတွေ့ဘူးလား"

လေသံကပေါ့ပေါ့ပါးပါးဖြစ်သည့်တိုင် မျောက်ဝံဖြူကြီး၏နား အတွင်းသို့ သံစူးချွန်နှင့်ထိုးစိုက်လိုက်သည့်အလား ခံစားလိုက် ရလေသည်။

မျောက်ဝံဖြူကြီးက သူ၏ခန္ဓာကိုယ်ကို ဖြည်းဖြည်းချင်းလှည့် လိုက်ပြီး အနောက်သို့ ကြည့်လိုက်လေသည်။

သူ၏နောက်တွင် အလွန်ငယ်ရွယ်သည့်တာအိုကျင့်ကြံသူတစ် ယောက်ကို တွေ့လိုက်ရလေသည်။ သူဖမ်းဆီး ခေါ်ဆောင်လာ ပြီး မြစ်အလယ်ရှိ သစ်ပင်ကြီးပေါ်တွင်တင်ထားသည့် မိန်းကလေးငယ်ကို ထိုလူငယ်လေးကပွေ့ချီထားလေသည်။

လရောင်သည် ထိုလူငယ်လေး၏ခန္ဓာကိုယ်ထက်တွင်ဖြာကျနေ သည့်တိုင် ထိုလူငယ်လေး၏မျက်နှာကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရခြင်းမရှိပေ။

ထိုအချိန်မှာပင်…

မိန်းကလေးငယ်လေးသည် အိပ်ပျော်နေရာမှ ထိတ်လန့်တကြား ဖြင့်နိုးလာလေသည်။ သူမက မျက်လုံးများကိုဖွင့်လိုက်ပြီး သူမ ကိုပွေ့ချီထားသူကို တွေ့မြင်လိုက်ရသည့်အခါ အလွန်အံ့သြ သွားလေသည်။

သူမက မျက်လုံးများကိုလက်နှစ်ဖက်ဖြင့် ပွတ်လိုက်ရင်း…

"အစ်ကိုတော်…"

ဟု ခေါ်လိုက်လေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း…

"မင်းကအရမ်းအရပ်ရှည်လာပြီး လေးလည်းလေးလာတယ်"

မိန်းကလေးငယ်လေးသည် ဝမ်းသာစွာဖြင့် သူမ အစ်ကို၏လည်ပင်းများကို သိုင်းဖက်လိုက်လေသည်။ သူမ သည် ငယ်စဉ်က အကြောင်းအရာများကို မှတ်မိနေဆဲ ဖြစ်လေ သည်။ သူမ၏အစ်ကိုတော်သည် လွန်ခဲ့သည့်နှစ်အနည်းငယ်

က ခရီးရှည်တစ်ခု ထွက်ခွာသွားခြင်းဖြစ်ပြီး သူမကတော့ အစ်ကိုဖြစ်သူကို လွမ်းဆွတ်သတိရနေခဲ့လေသည်။

သူမသည် ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့်အခြေအနေများကို နားလည်ဟန်မတူပေ။ သူမသည် အိပ်မက်မက်နေသည်ဟု ထင်မှတ်နေမိပြီး မျက်လုံးများကို မှေးမှိတ်ကာ ပြန်လည်အိပ်ပျော်သွားလေတော့သည်။

လီယွမ်လျန်နှင့် ချန်ချင်သည် ဆန်းလျန်ရှိရာသို့ လမ်းလျှောက်လာခဲ့ကြလေသည်။

ဆန်းလျန်နှင့်နီးကပ်လာသည့်အခါ သူ့ကိုယ်ထဲသို့ တန်ခိုးစွမ်းအားတစ်ခု ဝင်ရောက်လာသည်ကို ခံစားလိုက်ရလေသည်။ ထိုအခါ သူ၏ဒဏ်ရာများသည် ချက်ချင်းပင် ပျောက်ကင်းသွားလေတော့သည်။

မျောက်ဝံဖြူကြီးမှာတော့ တုတ်တုတ်မျှမလှုပ်နိုင်ဖြစ်နေရလေသည်။ ကြောက်ရွံ့ပြီး ငြိမ်နေခြင်းလား (သို့မဟုတ်) ဆန်းလျန်

က သူ၏တန်ခိုးစွမ်းအားများကို ထိန်းချုပ်ပြီး လှုပ်မရအောင် ပြုလုပ်ထားခြင်းလား မသိရပေ။

ဆန်းလျန်က မိခင်ဖြစ်သူချန်ချင်ကို ဦးညွှတ်နှုတ်ဆက်လိုက်ပြီး မျောက်ဝံဖြူကြီးကို တစ်ချက်ကြည့်လိုက်သည်။

"မင်းကို အသက်အချက် (၃၀) ရှူနိုင်လောက်တဲ့အထိ အချိန်ပေးမယ် ၊ မင်းတတ်နိုင်သမျှ ဝေးအောင်ပြေးပေတော့"

စကားဆုံးသည်နှင့် မျောက်ဝံဖြူကြီးမှာ လှုပ်ရှား၍ရသွားလေသည်။ ဆန်းလျန်က အဘယ့်ကြောင့် သူ့ကိုလွှတ်ပေးလိုက်သည်လဲဆိုသည့်အချက်ကို နားမလည်သည့်တိုင် ယခုနေထွက်မပြေးလျှင် လွတ်လမ်းမမြင်တော့ပေ။

ရုတ်တရက်ပင် မျောက်ဝံဖြူကြီးသည် သိမ်းငှက်တစ်ကောင်အဖြစ် အသွင်ပြောင်းကာ အတောင်ပံများကို တဖျတ်ဖျတ်ခတ်ပြီး ပျံသန်းထွက်ခွာသွားလေတော့သည်။

လီယွမ်လျန်က...

“ဆရာဦးလေး... သူ့ကိုဘာလို့လွှတ်ပေးလိုက်တာလဲ”

ချန်ချင်က...

“လျန်လေး... မင်း သူ့ကိုခြေရာခံပြီး လိုက်သွားမလို့လား”

ဘုရင်မတစ်ပါးဖြစ်သည့် ချန်ချင်သည် ကိစ္စရပ်များကို ခြုံငုံ သိမြင်နိုင်စွမ်းမြင့်မားလေသည်။ သူမသည် ဆန်းလျန်ပြုလုပ် ရသည့်ရည်ရွယ်ချက်ကို နားလည်သဘောကပေါက်လေသည်။ တစ်ချိန်တည်းမှာပင် သူမ၏သမီးငယ်လေး အန္တရာယ်ကင်းနေ သည့်အတွက် စိတ်သက်သာရာရသွားရသလို သူမ၏ထူးဆန်းသော သားငယ်သည်လည်း ပြန်ရောက်လာခဲ့ပြီ ဖြစ်လေသည်။ သားနှင့် သမီးကိုကြည့်ရင်း သူမ၏စိတ် သည် အေးချမ်းလျှက်ရှိလေ၏။

ဆန်းလျန်က...

"ဒီမျောက်ဝံဖြူကြီးက ဗုဒ္ဓဘာသာဂိုဏ်းက ထူးဆန်းတဲ့ ရှစ် ဆယ့်ကိုးပါးတန်ခိုးစွမ်းအားကို ကျင့်ကြံထားတဲ့သူပဲ ၊ ဒီလိုသာ

မကျင့်ကြံထားရင် ဘယ်လိုလုပ် မိစ္ဆာပေါင်းစုံရဲ့အသွင်သဏ္ဌာန်တွေကို ပြောင်းလဲဖန်ဆင်းနိုင်မှာတဲ့လဲ ၊ ရှစ်ဆယ့်ကိုးပါးတန်ခိုးစွမ်းအားဟာ အရမ်းအဆင့်မြင့်တဲ့ပညာရပ်တစ်ခုပဲ ၊ ဒါပေမယ့်တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေခဲ့ပြီ ၊ တာ့ကြွယ်ကျောင်းတော်မှာတောင် အဲဒီပညာကို မတွေ့ရတော့ဘူး ၊ ကြည့်ရတာ ဒီနတ်မိစ္ဆာက ခိုင်မာတဲ့ဇာစ်မြစ်တစ်ခုက ဆင်းသက်လာတဲ့သူဖြစ်ရမယ်"

“ဘုန်းတော်ကြီးတွေနဲ့ပဲ ပြဿနာတက်နေရတယ်...”

လီယွမ်လျန်က ခါးသီးစွာဖြင့်ပြောလိုက်လေသည်။

သူ၏ဆရာဖြစ်သူ ချန်ကျန့်မေ သွေးနီရောင်ပင်လယ်ထဲမှ မထွက်ခွာနိုင်ခြင်းမှာလည်း ဗုဒ္ဓဘာသာဘုန်းတော်ကြီးမှ ဖိအားပေးခံရသောကြောင့် ဖြစ်လေသည်။ ထို့ပြင် ဓမ္မကိုကာကွယ်သူများကိုလည်း ထိုဘုန်းတော်ကြီးက လက်ခံထားသေးသည်။

ယခုလည်း ဗုဒ္ဓဘာသာဂိုဏ်းမှ နတ်မိစ္ဆာကြောင့် သူ့မှ သေလု မျောပါးခဲ့လိုက်ရလေသည်။

ဆန်းလျန်စကားကြောင့် ချန်ချင်က အနည်းငယ်စိတ်ပူသွား ပြီး....

"ဒါဆို ဒီမိစ္ဆာရဲ့နောက်ကွယ်မှာ အင်အားကြီးတဲ့အရာတစ်ခုရှိ နေရင် ဘယ်လိုလုပ်မလဲ ၊ ပြီးတော့ သူကဘာလို့ ရှောင်ခယ်ကို ဖမ်းဆီးသွားရတာလဲ ၊ ဒီကိစ္စကို သိအောင်လုပ်ရမှဖြစ်မယ်"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒီလိုဖြစ်ရတာက ရှောင်ခယ်ရဲ့ မျိုးရိုးကြောင့် ဖြစ်မယ်ထင်ပါ တယ် ..."

ရှီးလျန်မှ မိန်းကလေးများသည် ကျီမုမြစ်ရေကို သောက်သုံး ပြီး သားသမီးများ ထွန်းကားလာကြခြင်း ဖြစ်လေသည်။ ချန်ခ ယ်နှင့် ဆန်းလျန်နှစ်ယောက်စလုံးမှာ ကျီမုမြစ်ရေမှ ဖြစ်တည်

လာသည့် သန္ဓေသားများဖြစ်ကြသည့်အတွက် သူတို့ကိုယ်ထဲတွင် စီးဆင်းနေသည့်သွေးက အသွင်တူလေသည်။

တစ်ဖက်ရန်သူသည် ဆန်းလျန်၏ခန္ဓာကိုယ်ဖွဲ့စည်းပုံကို လေ့လာရန် (သို့မဟုတ်) ဆန်းလျန်ကို ခြိမ်းခြောက်ချုပ်ကိုင်နိုင်ရန်အတွက် ချန်ခယ်ကို အသုံးချရန် ဖမ်းဆီးခြင်း ဖြစ်နိုင်လေသည်။

သို့သော် ကံကောင်းသည့်အချက်မှာ ဆန်းလျန်သည် နေမင်းဖြိုခွင်းမြားချက်ထိမှန်ပြီး ရုပ်ခန္ဓာကို ဆုံးရှုံးခဲ့ရပြီးပြီ ဖြစ်လေသည်။

ရန်သူဘက်မှ ချန်ခယ်ကို ဖမ်းဆီးသွားနိုင်လျှင်ပင် အကျိုးသက်ရောက်မှု သိပ်ရှိမည် မဟုတ်ပေ။

သို့သော် ဆန်းလျန်ကလည်း ချန်ခယ်ကို ကယ်တင်ရန်အတွက် အချိန်မီပြန်ရောက်လာခဲ့လေသည်။

ထိုနတ်မိစ္ဆာအသုံးပြုသည့်ကျင့်စဉ်မှာ ရှစ်ဆယ့်ကိုးပါးတန်ခိုး စွမ်းအားဖြစ်နေသည့်တိုင် ထိုနတ်မိစ္ဆာ၏နောက်ကွယ် တွင်ရှိနေသူမှာ ဗုဒ္ဓဘာသာဂိုဏ်းတစ်ဂိုဏ်းတော့ ဟုတ်ဟန်မတူဟု ဆန်းလျန် တွေးနေမိလေသည်။

အဆင့်မြင့်ကျင့်စဉ်လမ်းသို့ လိုက်ခဲ့ကြသည့် ဘုန်းတော်ကြီး အများစုသည် ဓမ္မအဓိပ္ပါယ်ကိုသာ နားလည်ရန်ကြိုးစားခဲ့ကြပြီး ယခုကဲ့သို့ လူအများရယ်မောစရာဖြစ်လာမည့် အလုပ်မျိုးကို နောက်ကွယ်မှ ကြိုးကိုင် ပြုလုပ်ကြလိမ့်မည် မဟုတ်ပေ။

သို့သော်... မျောက်ဝံဖြူကြီးသည် ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုခုနှင့်တော့ အဆက်အစပ်ရှိရမည် ဖြစ်လေသည်။

ဆန်းလျန်မှာ စဉ်းစားရလွန်းသဖြင့် ဦးနှောက်ပင်ခြောက်နေရလေပြီ။ မျောက်ဝံဖြူကြီးကို ဖမ်းမိမှသာ ထိုမေးခွန်းများ၏အဖြေကို ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်လေသည်။

သူသည် ချန်ချင်နှင့်စကားပြောနေရင်း အသက်ရှူသည့်အချက်ပေါင်း (၃၀) ပြည့်မပြည့်ကို ရေတွက်နေခဲ့လေသည်။

အသက်ရှူသည့်အချက်ပေါင်း (၃၀) ပြည့်သည့်အခါတွင်တော့ သူ၏ခန္ဓာကိုယ်တွင်းမှ အရိပ်တစ်ခုထွက်ခွာသွားပြီး မျောက်ဝံဖြူကြီးနောက်သို့ တိတ်တဆိတ်လိုက်ပါသွားလေတော့သည်။

မိုးကောင်းကင်နတ်ဘုရားတစ်ပါး၏အဆင့်ကိုပင် ကျော်လွန်ခဲ့ပြီ ဖြစ်သည့်အတွက် သူ့အနေဖြင့် ဝိညာဉ်ခွဲခြင်းဆိုသည်မှာ ခက်ခဲသည့်အလုပ်တစ်ခု မဟုတ်တော့ပေ။

သို့သော် ဆန်းလျန်၏မူလဝိညာဉ်ခန္ဓာသည် အဆင့်ဆင့်ကျင့်ကြံထားသည့်တိုင်အောင် လက်ရှိအခြေအနေကို ခန့်မှန်း၍မရနိုင် ဖြစ်နေရလေသည်။

မျောက်ဝံဖြူကြီးမှ အသွင်ပြောင်းလိုက်သည့် သိမ်းငှက်ကြီး၏အမည်မှာ တာ့ဖုန်းဖြစ်လေသည်။ တာ့ဖုန်းသိမ်းငှက်ကြီးများသည် ရှေးခေတ်အချိန်အခါကပင် အလွန်တန်ခိုးစွမ်းအား

မြင့်မားသည့် ဝိညာဉ်သားရဲကြီးများ ဖြစ်လေသည်။ တာ့ဖုန်းသည် အတောင်တစ်ချက်ခတ်ရုံဖြင့် အလွန်လျှင်မြန်သည့် အရှိန်ဖြင့် ပျံသန်းနိုင်လေသည်။ တာ့ဖုန်း၏လျှင်မြန်မှုကို ကျော်လွန်နိုင်သည့် ငှက်မျိုးစိတ်ဆို၍လောကတွင် အနည်းငယ်သာ ရှိလေသည်။

သို့သော် တာ့ဖုန်းသည် မည်မျှပင် လျှင်မြန်ပါစေ တာ့ယိ၏မြားချက်လောက်တော့ မလျှင်မြန်နိုင်ပေ။ ထို့ကြောင့် ယခင်အချိန်များတုန်းက တာ့ဖုန်းငှက်များသည် တာ့ယိ၏အမဲလိုက်ဖမ်းဆီးခြင်းကို ခံခဲ့ရဖူးလေသည်။

ဆန်းလျန်သည် နေမင်းဖြိုခွင်းမြားချက်ထိမှန်ကာ အတိတ်ကမ္ဘာသို့ ပြန်လည်ရောက်ရှိသွားစဉ်က တာ့ယိ၏မြားချက်ဖြင့် တာ့ဖုန်းသိမ်းငှက် (၅) ကောင် အသတ်ခံခဲ့ရသည်ကို မျက်စိဖြင့် တပ်အပ်မြင်ခဲ့ရလေသည်။

ထို့ပြင် မျောက်ဝံဖြူကြီးသည် ရှစ်ဆယ့်ကိုးပါးတန်ခိုးစွမ်းအား ကျင့်စဉ်ကို ကျင့်ကြံထားသည့်တိုင် ထိပ်ဆုံးအဆင့်သို့ ရောက်ရှိခြင်း မရှိသေးပေ။ သူသာ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိအောင် ကျင့်ကြံထားနိုင်ပါက ဆန်းလျန်သည် သူ့နောက်သို့ လိုက်မီမည် မဟုတ်ပေ။

အသက်ရှူချက် အချက် (၃၀)အတွင်းတွင် မျောက်ဝံဖြူကြီးသည် မိုင်ပေါင်းတစ်သောင်းအကွာအဝေးသို့ ရောက်ရှိသွားပြီဖြစ်လေသည်။ သူသည် ဆန်လျန်ကို အလွန်အမင်းကြောက်ရွံ့သည့်အတွက် ခွေးပြေးဝက်ပြေးပြေးလာခဲ့ရခြင်း ဖြစ်လေသည်။

မျောက်ဝံဖြူကြီးသည် အတော်ဝေးဝေးသို့ရောက်သည့်အခါတွင်တော့ ...

"မင်း ကျုပ်ကို ဖမ်းနိုင်မှာ မဟုတ်ပါဘူး"

ဟုတွေးလိုက်မိလေသည်။

ထိုအချိန်မှာပင်...

သူ့ရှေ့တွင် မက်မွန်သီးပင်များနှင့်ပြည့်နေသည့် တောင်တစ်တောင်ကို တွေ့လိုက်ရလေသည်။ မက်မွန်သီး သီးသည့် ရာသီမဟုတ်သည့်တိုင် တောင်ပေါ်မှ မက်မွန်ပင်များတွင် မက်မွန်သီးများ သီးနေကြလေသည်။ မက်မွန်သီးများမှာ မှည့်ဝင်းနေပြီး အလုံးများကလည်းကြီးမားလေသည်။ မွှေးပျံ့လတ်ဆတ်သည့် မက်မွန်သီးရနံ့များမှာလည်း ထွက်ပေါ်လျှက်ရှိလေသည်။

မျောက်ဝံဖြူကြီး၏မျက်ဝန်းများမှ ရွှေရောင်အလင်းတန်းများတောက်ပလာပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုလိုက်လေသည်။ သူ့နောက်မှ မည်သူမှ လိုက်ပါလာခြင်း မရှိသည်ကို တွေ့လိုက်ရလေသည်။

ထိုတာအိုကျင့်ကြံသူသည် အလွန်တန်ခိုးစွမ်းအားမြင့်မားသည့်တိုင် သူ့နောက်သို့ လိုက်ပါလာနိုင်ခြင်းမရှိဟု သူက စိတ်ချယုံကြည်လိုက်မိလေသည်။

ထို့နောက်သူသည် မက်မွန်သီးများကို ကြည့်လိုက်ပြီး သွားရည်တမြားမြားကျလာလေသည်။ သူသည် မက်မွန်ပင်တစ်ပင်ထက်သို့ ဆင်းသက်လိုက်ပြီးမှုလပုံစံသို့ပင် ပြန်မပြောင်းနိုင်တော့ဘဲ သိမ်းငှက်နှုတ်သီးဖြင့်မက်မွန်သီးတစ်လုံးကို ထိုးဆိတ်စားသောက်လိုက်လေတော့သည်။

အခန်း (၅၈၈) ကြမ်းခင်းမရှိသည့်လှေ

မျောက်ဝံဖြူကြီးမှာ မက်မွန်သီးကို စားလိုက်ရသည့်အတွက် အလွန်စိတ်ကျေနပ်သွားလေသည်။ မက်မွန်သီးအရသာ မှာ ဖော်ပြ၍ပင်မရနိုင်လောက်အောင် အလွန်အရသာ ရှိလွန်းလှ လေသည်။

ရုတ်တရက် ...

သူ၏ခန္ဓာကိုယ်မှာပေါ့ပါးသွားပြီး သူ့ပတ်ဝန်းကျင်တွင် မီးခိုး ငွေ့များရစ်သိုင်းလာသည်ဟု ခံစားလိုက်ရလေသည်။

ထို့နောက်တွင်တော့ မျက်ခွံများလေးလံလာပြီး သတိလစ်မေ့ မျောသွားရလေတော့သည်။

သူပြန်လည်သတိရလာသည့်အခါတွင်တော့ ....

သူသည် စီးဆင်းနေသည့် မြစ်ရေထဲတွင် ရောက်ရှိနေပြီး ရေ များက သူ့ခန္ဓာကိုယ်ကို ဖြတ်သန်းစီးဆင်းသွားကြလေသည်။

ရေစီးကြောင်းထဲတွင် ကြာပလ္လင်တစ်ခုမျောနေပြီး ကြာပလ္လင်

ထက်တွင် မိန်းမပျိုတစ်ယောက်ရှိနေလေသည်။

သူမ၏မျက်ခုံးနှစ်ခုကြားတွင် အနီရောင်သကော်တတစ်ခုကို

တွေ့မြင်နိုင်လေသည်။ သူမ၏လက်ထဲတွင်လည်း ကြာပန်း

တစ်ခက်ကိုကိုင်ထားသေးသည်။

ချောမောလှပသည့် မိန်းမပျိုသည် မျောက်ဝံဖြူကြီးရှေ့သို့

ချက်ချင်းပင် ရောက်လာလေသည်။

“သောက်ရူးရဲ့… နင့်နောက်ကိုလိုက်လာတဲ့သူရှိတာတောင် နင်မ

သိဘူးလား”

မျောက်ဝံဖြူကြီးက မိန်းမပျိုကိုအလွန်ကြောက်ရွံ့သွားမိလေ

သည်။

"ကျုပ်က ဓမ္မမျက်လုံးကိုအသုံးပြုပြီး ကြည့်ခဲ့သားပဲ ၊ ကျုပ်

နောက်လိုက်လာတဲ့သူ တစ်ယောက်မှမရှိဘူးလေ"

မိန်းမပျိုက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း…

“အဲဒီလူက ပကတိဖန်ဆင်းခြင်းပညာကိုကျင့်ကြံထားတာ ၊ နင့် ရှေ့ရောက်နေရင်တောင် နင်သူ့ကို မြင်နိုင်မှာမဟုတ် ဘူး ၊ ပြီး တော့ နင့်ရဲ့ဓမ္မမျက်လုံးကရော ကျင့်ကြံတာ ဘယ်လောက် အဆင့်မြင့်နေလို့လဲ”

မိန်မပျို၏ဝေဖန်သံကိုကြားလိုက်ရသည့်အခါတွင်တော့ မျောက်ဝံဖြူကြီးမှာ ဒေါသထွက်သွားရလေသည်။

“ခင်ဗျားကြောင့်သာမဟုတ်ရင် ကျုပ် အဲဒီလူနဲ့သွားပတ်သက် စရာ ဘာအကြောင်းမှ မရှိဘူး ၊ သူ့အကြောင်းတွေကို ခင်ဗျား သိနေတယ်ဆိုရင်လည်း အစောကြီးကတည်းက သူ ဘယ်လောက်တန်ခိုးကြီးတယ်ဆိုတာ ကျုပ်ကိုပြောပြထားသင့် တယ် ၊ သူက ဟိုဘုန်းတော်ကြီးနီးနီး တန်ခိုးကြီးလွန်းတယ်”

မိန်းမပျိုက…

“ငါကနင့်ကို ဟိုကလေးမလေးကို ခေါ်လာဖို့ပဲပြောတာလေ ၊ နင် က ဟိုအသူရာဂိုဏ်းကတပည့်ကို ဘာလို့ရန်သွားစရတာလဲ ၊ ဒီ

လိုမှမဟုတ်ရင် အစောကြီးကတည်းက နင်လုံခြုံတဲ့နေရာကို ရောက်နေပြီ ၊ ခုလို လိုက်ပြီးအဖမ်းခံရမှာမဟုတ်ဘူး"

မျောက်ဝံဖြူကြီးက...

"အသူရာဓားဆိုတာ ဘုန်းတော်ကြီးရဲ့ ကျင့်ကြံခြင်းအဆင့်ကို တားဆီးတားထဲ့ ဘေးဆိုးကြီးတစ်ခုပဲ ၊ ဒါကြောင့် ကျုပ်က အသူရာဓားနဲ့ပတ်သက်ပြီးအသေးစိတ်သိချင်လို့ သူနဲ့ တိုက်ခိုက်နေရတာ ၊ ခင်ဗျားသာ ကျုပ်ကို အစောကြီး ကတည်းက သတိပေးခဲ့ရင် ဘယ်တိုက်ခိုက်နေမှာလဲ ၊ အခု တော့ ကျုပ်ဘာလုပ်ရတော့မလဲ ၊ အခုလောလောဆယ် မင်းရဲ့ ပုံရိပ်ယောင်ကမ္ဘာထဲမှာနေတုန်းတော့ အန္တရယ်ကင်းနေမှာပေါ့ ၊ ဒါပေမယ့် ဒီနေရာက ထွက်သွားရင် ဟိုလူနဲ့ ရင်ဆိုင်ရတော့မယ် ၊ ကျုပ်သူ့ကို ဘယ်နည်းနဲ့မှ ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး"

မိန်းမပျိုက တစ်ချက်မျှစဉ်းစားလိုက်ရင်း...

“နင် သူ့ကိုကြောက်စရာမလိုပါဘူး ၊ သူက မိုးကောင်းကင် နတ်မိစ္ဆာကျင့်စဉ်ဖြစ်တဲ့ ပကတိဖန်ဆင်းခြင်းပညာကို ကျင့်ကြံထားတယ် ၊ အသူရာချောက်ရဲ့အရှင်သခင်ဆီက ဓားဝိညာဉ်ကိုလည်းပိုင်ဆိုင်ထားတယ် ၊ လင်ပေါင်ထျန်းကျွင်းရဲ့ တန်ခိုးစွမ်းအားတွေလည်းရရှိထာတယ် ၊ နင်က အတိတ်မှာ မှတ်ဉာဏ်တွေကို ဆုံးရှုံးခဲ့ရလို့ အဲဒီလူရဲ့ တန်ခိုးစွမ်းအားတွေကို သတိမပြုမိတော့တာပါ ၊ အဲဒီလူတွေအကုန်လုံးက အရမ်းရက်စက်ကြတယ် ၊ ငါ့အထင်တော့ သူလည်း အနေးနဲ့အမြန်တော့ သေရတော့မှာပါပဲ ၊ ဘုန်းတော်ကြီးကလည်း အဲဒီလူက သူကျင့်စဉ်လမ်းအဆင့်တက်ဖို့ သော့ချက်ဖြစ်တယ်ဆိုတာသိလို့ အဲဒီလူကို အသုံးချချင်နေတာ"

မျောက်ဝံဖြူကြီးက...

“သူသေမယ်ဆိုရင်လည်း နောက်မှသေမှာလေ ၊ အခု လောလောဆယ်တော့ ကျုပ်ကဒုက္ခရောက်နေတာ ၊ ပြီးတော့

မင်းရဲ့ရုပ်ခန္ဓာကအစစ်က ဘယ်နေရာမှာလဲဆိုတာ ကျုပ်သိ

တယ်နော်"

မိန်းမပျိုက...

"နင့်ကိုသာ မကယ်ချင်ရင် ခုလို ပုံရိပ်ယောင်လောကတစ်ခု

ဖန်ဆင်းပြီးတော့တောင် ငါက ရောက်မလာဘူး ၊ တကယ်တော့

နင့်ကိုငါ အရိပ်အမြွက်တော့ ပြောပြခဲ့ပါတယ်၊ ပြီးတော့

မက်မွန်သီးမြင်ရင်စားချင်တဲ့ နင့်သောက်ကျင့်လည်းပြင်သင့်

တယ် ၊ မဟုတ်ရင် နင်တစ်နေ့ဒုက္ခရောက်လိမ့်မယ်..."

မျောက်ဝံဖြူကြီးက...

"တစ်နေ့ဒုက္ခရောက်မှာမဟုတ်ဘူး ၊ ဒုက္ခက အခုရောက်နေတာ

ပါ ၊ ကျုပ်ဘာလုပ်ရမလဲသာ ပြောစမ်းပါ..."

မိန်းမပျိုက နှုတ်ခေါ်င်းတစ်ချက်ရှုံ့လိုက်ရင်း တွေးလိုက်

မိသည်။

"ခမ္မကိုဘယ်လောက်သင်ယူထားပါစေ တိရိစ္ဆာန်တွေက တိရိစ္ဆာန်လိုအတွေးမျိုးပဲတွေးတာပဲ... ။ ဘယ်တော့မှလည်း တရားရနိုင်မှာမဟုတ်ဘူး.."

သူမသည် ထိုမျောက်ဝံဖြူကြီးဖြင့် အတိတ်ဘဝကသာ ရေစက်မပါခဲ့လျှင် ထိုမျောက်ဝံဖြူကြီးကို လှည့်ပင်ကြည့်နေမည်မဟုတ်ပေ။

"နင့် ဝိညာဉ်ပုံမှန်အနေအထားပြန်ရောက်ရင် နင်... မြောက်ဘက်ကိုဆက်သွား.... ၊ မြစ်တစ်စင်းကိုတွေ့ရင် ရပ်လိုက် ၊ မြစ်ကြောင်းတစ်လျှောက် လှေတစ်စင်းလှော်ခတ်လာတဲ့ လူတစ်ယောက်နဲ့တွေ့လိမ့်မယ် ၊ ဘာမေးခွန်းမှမထုတ်ဘဲ အဲဒီလှေပေါ်ကိုသာတက်လိုက် ၊ နင် အန္တရာယ်ကင်းသွားလိမ့်မယ်..."

မျောက်ဝံဖြူကြီးက...

"ကျုပ်ကိုယ်ကျုပ်ကာကွယ်နိုင်ဖို့ ရတနာပစ္စည်းလေးတစ်ခုခု တော့ ပေးလိုက်သင့်တာပေါ့... ၊ မဟုတ်ရင် ကျုပ်ကြောက်နေရဦးမှာ"

"ဟွန့်... နင်က သောက်စကားသိပ်များတာပဲ..."

ထိုအသံသည် ရုတ်တရက် မျောက်ဝံဖြူကြီးကို အိပ်ပျော်နေရာမှ နိုးသွားစေသကဲ့သို့ ဖြစ်သွားရလေသည်။

အချိန်အကြာပြီးဖြတ်သန်းခဲ့ရသည်ဟု ခံစားလိုက်ရသည့်တိုင် တကယ်တမ်းတွင်တော့ မျက်စိတစ်မှိတ်စာမျှသာအချိန်ဖြစ်လေသည်။

မျောက်ဝံဖြူကြီးမှအသွင်ပြောင်းထားသည့် တာ့ဖုန်းသိမ်းငှက်ကြီးသည် မက်မွန်ပင်ထက်တွင် ပြန်လည်ရောက်ရှိနေလေသည်။ ဆန်းလျန်မှာသူ့နောက်မှ လိုက်ပါလာသည်ကိုသိရှိပြီး နောက်ပိုင်း သူ ဆက်ပြီးရပ်မနေဝံ့တော့ပါ။ ထို့ကြောင့်

ကောင်းကင်ထက်သို့ အလျှင်အမြန်ပင် ပျံသန်းထွက်ခွာသွား
လေတော့သည်။

ထိုအချိန်မှာပင် ဆန်းလျန်၏ဝိညာဉ်အရိပ်သည် မက်မွန်သီးပင်
ထက်သို့ ဆင်းသက်လာလေသည်။

တာ့ဖုန်းသိမ်းငှက်ကြီး ပျောက်ကွယ်သွားသည့်အတွက် ဆန်း
လျန်သည် သူ့ကိုယ်သူရေရွတ်လိုက်မိလေသည်။

သူသည် မက်မက်သီးစားရန် ဆင်းသက်သွားသည့် သိမ်းငှက်
ကြီးကို သေသေချာချာ မြင်တွေ့ခဲ့လေသည်။ ယခုတော့ သူ
ရောက်ရှိနေသည့်နေရာတွင် ထိုသိမ်းငှက်ကြီးကို မတွေ့ရတော့
သည့်အတွက် ထူးဆန်းစွာ ခံစားလိုက်မိလေသည်။

ထိုသတ္တဝါသည် သူ့လက်မှလွတ်ပြီအထင်နှင့် ရပ်တန့်လိုက်
ခြင်းဖြစ်ဟန်တူလေသည်။ သို့သော် မက်မွန်သီးကိုစားပြီး မည်
သည့်နေရာသို့ ပျောက်ကွယ်သွားရပါသနည်း။

ဆန်းလျန်က တစ်စုံတစ်ခုကိုစဉ်းစားလိုက်မိသည့်အတွက် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်မိလေသည်။ ထိုအခါ ကောင်းကင်သည် အနည်းငယ်မှုံဝါးနေသည်ဟု ခံစားလိုက်ရလေသည်။ ထို့ကြောင့် သူက ချက်ချင်းပင် သတိထားလိုက်လေသည်။

ထို့နောက်သူက မက်မွန်ပင်ကို ပြာချပစ်ရန် ပါးစပ်ကိုဖွင့်ကာ သမာဓိမီးတောက်ကို မှုတ်ထုတ်ရန် ပြင်ဆင်လိုက်လေသည်။ ထိုအချိန်မှာပင် ထူဆန်းသည့်တန်ခိုးစွမ်းအား အတက်အကျများကို ခံစားလိုက်ရပြီး သူ့ပတ်ဝန်းကျင်တွင် ဗလာနယ်တစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ဆန်းလျန်က ဗလာနယ်ကို ဓားဝိညာဉ်ဖြင့်ထိုးဖောက်လိုက်လေသည်။ သို့သော် ဗလာနယ်သည် တွင်းနက်ကြီးတစ်ခု အလား ဓားဝိညာဉ်ကိုစုပ်ယူသွားလေသည်။

ဆန်းလျန်မှာ များစွာအံ့သြသွားရပြီး....

"ကျုပ်တော့ လှည့်စားခံလိုက်ရပြီ…"

"သိပ်တော်တဲ့ကောင်လေးပဲ ၊ ဒါပေမယ့် မင်း မျောက်ဝံဖြူကြီး ကိုမဖမ်းနိုင်တော့ပါဘူး ၊ ပြီးတော့ ငါ့ကိုလည်းရှာတွေ့နိုင်မှာ မဟုတ်ဘူး"

ထိုစကားသံကိုကြားသည်နှင့် ဆန်လျန်၏ရင်ထဲတွင် ကြိတ်ပြီး အံ့သြသွားမိလေသည်။ သို့သော် အပြင်ဘက်တွင်တော့ဘာမှမ ဖြစ်သလိုပုံစံမျိုးဖြင့်ပင် အေးအေးဆေးဆေးစကားပြောလိုက် လေသည်။

"မင်းကျုပ်ကို ဒီနေရာမှာ ထိန်းချုပ်ထားနိုင်မယ်လို့ ထင်လို့လား ၊ ဒီလိုနေရာမျိုးကို ဖောက်ထွက်နိုင်တဲ့ နည်းလမ်းမျိုးသာ မရှိ ဘူးဆိုရင် ကျုပ်ဒီနေ့ထိ အသက်ရှင်နိုင်မှာတောင် မဟုတ်ဘူး"

ထိုအချိန်မှာပင်…

ပတန်ဝန်းကျင်တစ်ခုလုံးတွင် မိုးကောင်းကင်တေးသွား ဂီတသံ များထွက်ပေါ်လာလေသည်။ ဗလာနယ်ထဲတွင် အလင်းရောင်

များလင်းလက်လာပြီး အလွန်မှ ချောမောလှပလွန်းသည့် နတ်သမီးများ ထွက်ပေါ်လာလေသည်။ နတ်သမီးများသည် အလွန်မှလှပပြီး ဆွဲဆောင်မှုရှိကြလေသည်။ ယောကျာ်းလေး တစ်ယောက်ကို မိန်းမောနေစေရန်အတွက် နတ်သမီး များ၏အလှတရားက လုံလောက်လေသည်။

သို့သော်… ဆန်းလျန်ကတော့ ထိုနတ်သမီးများကို လုံးဝ စိတ်ဝင်စားခြင်းမရှိပေ။

သူက လေနှင့်မိုးကိုဆင့်ခေါ်သည့် တန်ခိုးစွမ်းအားကို ထုတ်ဖော် အသုံးပြုလိုက်ကာ အခြေအနေအလယ်တွင် တည်တည်ငြိမ် ငြိမ်ရှိနေခဲ့လေသည်။ တစ်ချိန်ထဲမှာပင် လေနှင့်မိုးကိုဆင့်ခေါ် ခြင်းတန်ခိုးစွမ်းအားသည် မုန်တိုင်းတစ်ခု အဖြစ်ပြောင်းလဲ သွားပြီး နတ်သမီးများအားလုံးသည် မုန်တိုင်းနှင့်အတူ လွင့် မျောပျောက်ကွယ်သွားလေတော့သည်။

ထိုသို့ပြုလုပ်လိုက်ရခြင်းအတွက် (၃)စက္ကန့်မျှသာ ဆန်းလျှန်ကို

နှောင့်နှေးအောင် လုပ်လိုက်နိုင်လေသည်။

.....

မျောက်ဝံဖြူကြီးမှာ အလွန်ဝေးကွာသည့်အရပ်သို့ ရောက်ရှိ

သွားပြီး သူ့ရှေ့တွင် မြစ်တစ်စင်းကို တွေ့မြင်လိုက်ရလေ

သည်။ မြစ်ရေပြင်ထက်တွင် နေရောင်ခြည်နှင့်တိမ်တိုက်များ

အရိပ်ထင်နေခြင်းမရှိသည့်အတွက် အလွန်တည်ငြိမ်

တိတ်ဆိတ်နေသည့်အလား ထင်မှတ်ရလေသည်။

မှိုင်းမှောင်နေသည့် မြစ်ရေမှ တန်ခိုးစွမ်းအားများ ထွက်ပေါ်နေ

လေသည်။

မြစ်ကမ်းနံဘေးတွင် အနက်ရောင်လှေတစ်စင်း တိတ်တဆိတ်

ထွက်ပေါ်လာလေသည်။ လှေပေါ်တွင်အဖြူရောင်ဝတ်ဆင်

ထားသည့် လှေထိုးသားတစ်ယောက်ရှိနေပြီး သူ၏လက်ထဲ

တွင် အဖြူရောင်အလံတစ်ခုကို ကိုင်ဆောင်ထားလေ၏။

မျောက်ဝံဖြူကြီးသည် လှေပေါ်သို့ ခုန်တက်လိုက်လေသည်။

ထိုအချိန်မှာပင်...

သူ့ရှေ့တွင် မြစ်ရေများထွက်ပေါ်လာပြီး သူ့ကို တားဆီးထား

လိုက်လေသည်။ အနက်ရောင်လှေလေးမှာ သူနှင့် အလွန်

အလှမ်းကွာဝေးသွားသလို ခံစားလိုက်ရလေတော့သည်။

မျောက်ဝံကြီးအသက် (၃)ချက်ခန့် ရှူပြီးသည့်အခါတွင်တော့

စကားသံတစ်သံ ထွက်ပေါ်လာလေသည်။

"မင်း ဘယ်ကိုပြေးမလို့လဲ..."

"တောက်... ဟိုကောင်မတော့ ငါ့ကိုလှည့်စားလိုက်ပြီ"

မျောက်ဝံကြီးက အော်ဟစ်လိုက်လေသည်။

အဝေးတစ်နေရာမှ ဆန်းလျန်သည် မြေကြောကိုချုံ့လိုက်ပြီး

မျောက်ဝံဖြူကြီးရှေ့သို့ ရောက်ရှိလာလေသည်။

ဆန်းလျန်ကို တားဆီးသူသည် မည်သူမည်ဝါဖြစ်သည်ကို

ထုတ်ဖော်ပြလိုခြင်းမရှိဘဲ ဆန်းလျန်ကိုသာ တားဆီးလိုခြင်း

ဖြစ်လေသည်။ သို့သော် သူမသည် ဆန်းလျန်ကို (၃)စက္ကန့်မျှ သာ တားဆီးနိုင်ခဲ့လေသည်။

ပုံမှန်ဆိုလျှင် (၃)စက္ကန့်ဆိုသည့်အချိန်သည် မျောက်ဝံဖြူကြီး အတွက် လေ့ပေါ်သို့တက်ရန် အချိန်လုံလောက်လေသည်။ သို့သော် ကံမကောင်းသည့်အချက်မှာ ဆန်းလျန်သည် ဟန် အယ်ထံမှ နဂါးငွေ့တန်းကို ဖန်ဆင်းနိုင်သည့်အတတ်နှင့် သွေးနီ ရောင်ပင်လယ်မှ ဘုန်းတော်ကြီးအသုံးပြုသည့်ပညာရပ်ကို ပေါင်းစပ်ကာ မျောက်ဝံဖြူကြီးကို တားဆီးလိုက်ခြင်းဖြစ်လေ သည်။ သူ၏အရည်အချင်းဖြင့် ထိုပညာများဖြင့် တိတိကျကျ တူညီခြင်းမရှိသည့်တိုင် အနီးစပ်ဆုံးတူညီအောင် ဖန်ဆင်းနိုင် လေသည်။

မျောက်ဝံဖြူကြီး၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အားနည်းသွား သလိုခံစားရပြီး သူ့ထံသို့လျှောက်လာသည့် ဆန်းလျန်ကို ငေး ကြည့်နေမိလေသည်။

သူသည် အတိတ်ဘဝက မည်မျှပင်တန်ခိုးစွမ်းအားမြင့်မားသူ ဖြစ်ပါစေ လက်ရှိဘဝတွင်တော့ ဆန်းလျန်ကိုမည်သည့်နည်း နှင့်မျှ အနိုင်ယူနိုင်မည် မဟုတ်ပေ။ သူသည် အတိတ်ဘဝကဆို လျှင်တော့ အလွန်အဆင့်မြင့်သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်ပြီး နတ်ဘုရားစွမ်းအားကိုအသုံးပြုကာ အခိုးအငွေ့အဖြစ် ပြောင်းလဲပြီး ဆန်းလျန်လက်မှ လွတ်အောင်ပြေးနိုင်မည် ဖြစ် လေသည်။ သို့သော်... သူ့ဘဝသည် အတိတ်ဘဝနှင့်မတူတော့ ပါ။

ကိုယ်ကျင့်တရားကောင်းမွန်ပြီး တရားအလင်းရနေသည့် ဘုန်း တော်ကြီးများကတော့ ထိုကိစ္စကိုစိတ်ဝင်စားကြမည် မဟုတ် သော်လည်း မျောက်ဝံဖြူကြီးအတွက်ကတော့ အရေးကြီး သည့်ကိစ္စဖြစ်လေသည်။

လက်ရှိအချိန်တွင်တော့ မျောက်ဝံဖြူကြီးသည် ဆန်းလျန်ကို သာမက မိန်းမပျိုကိုပါ မုန်းတီးနေမိလေသည်။ သူသည် ဉာဏ်

သိပ်မကောင်းသည့်တိုင် မိန်းမပျိုသည် သူ့ကိုဆန်းလျှန်အကြောင်း အနည်းငယ်ပြောပြခဲ့လျှင် သူ့ဘဝ ယခုကဲ့သို့အဆုံးသတ်ရမည် မဟုတ်ပေ။

မျောက်ဝံဖြူကြီး၏စိတ်ထဲတွင် မကျေနပ်မှုများနှင့် မုန်းတီးမှုများပြည့်လာသည့်အတွက် မကောင်းသည့်တန်ခိုးစွမ်းအားများထွက်ပေါ်လာလေသည်။

ရုတ်တရက်...

မျောက်ဝံဖြူကြီးသည် ရောမမျောက်ဝံကြီးအဖြစ်သို့ပြောင်းလဲသွားလေသည်။ ဦးခေါင်းသည် ကောင်းကင်ကိုထိနေပြီးမျက်လုံးကြီးများက မီးအိမ်ကြီးအလား ဖြစ်လေသည်။ ပါးစပ်ကြီးကလည်း အလွန်ကြီးမားလှလေ၏။ သူ့ထံမှ ထွက်ပေါ်နေသည့် အသက်ဓာတ်စွမ်းအားများသည် လှိုင်းလုံးကြီးများအလား မိုးနှင့်မြေကို ထိုးဖောက်လျှက် ရှိလေ၏။

ထိုအသက်ဓာတ်စွမ်းအားများသည် အသူရာချောက်တစ်ခုလုံး

သို့ ပျံ့နှံ့သွားပြီး လူများကို ထိတ်လန့်ကုန်စေလေသည်။

အခန်း (၅၈၉) ဒီလှေနဲ့ဆိုရင် တစ်ဖက်ကမ်းကိုကူးနိုင်မလား

မျောက်ဝံဖြူကြီး၏ ပြင်းထန်သည့်တန်ခိုးစွမ်းအားများကြောင့်

လေများတိုက်ခတ်လာပြီး မိုးများသည်းထန်စွာရွာသွန်းလာကာ

တိမ်များမှာလည်း ကျောက်ဆောင်များအလား အပိုင်းပိုင်း

ကွဲပျက်ကုန်ကြလေသည်။

ပြင်းထန်သည့် တန်ခိုးစွမ်းအားများအောက်တွင် ဆန်းလျ
န်၏ဝတ်ရုံသည် တဖျတ်ဖျတ်လူးလွန့်လျှက်ရှိလေသည်။
သူ၏မျက်ဝန်းများက ခံစားချက်ကင်းမဲ့နေပြီး အေးစက်လျှက်
ရှိလေ၏။

ရောမမျောက်ဝံဖြူကြီး၏နောက်မှ ရေစီးကြောင်းတစ်ခုဖြစ်
ပေါ်လာပြီး ယင်ဝိညာဉ်များစွာ ထွက်ပေါ်လာလေသည်။ ထို
ဝိညာဉ်များမှာ မြစ်ရေထဲမှ အဖြူရောင်လေ့ထိုးသမားကဲ့သို့
သော ပုံစံများဖြစ်လေသည်။

ဆန်းလျန်သည် ထိုယင်ဝိညာဉ်များကို သေချာပေါက်မှတ်မိ
လိုက်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာ … သူ ချင်းရွှမ်နတ်တံခါးသို့
စတင်ရောက်ရှိသည့်အချိန်တွင် အဖြူရောင်ဝတ်ဆင်ထား
သည့်ဝိညာဉ်ဆင့်ခေါ်သူနှင့်ဆုံတွေ့ခဲ့ရဖူးလေသည်။ ဝိညာဉ်မြစ်
တစ်လျှောက်တွင် လေ့တစ်စင်းဖြင့် ဖြတ်သန်းလာသည့်ဝိညာဉ်

ဆင့်ခေါ်သူ ဖြစ်လေသည်။ ဆရာဘွားဘွားကျိုလင်သာ သူ့ကိုမ ကယ်တင်ခဲ့လျှင် ထိုနေ့က သူ့ဘဝဒုက္ခရောက်မည့်နေ့ပင် ဖြစ်လေသည်။

သို့သော်... ယခုအချိန်တွင်တော့ သူသည် ထိုအချိန်တုန်းက ဆန်းလျှန်မဟုတ်တော့ပါ။

ရောမမျောက်ဝံဖြူကြီးသည် ယင်ဝိညာဉ်များပေါ်ထွက်လာစေရန်အတွက် မိုးမြေစည်းကမ်းများကို ချိုးဖောက်လိုက်ဟန်ရှိလေသည်။ မိုးမြေတစ်ခုလုံးသည် အသူရာချောက်မှ ယင်စွမ်းအားများနှင့် ပြည့်နက်နေလေတော့သည်။

အသူရာချောက်မှ တန်ခိုးစွမ်းအားများသည် အစကတည်းက ယင်စွမ်းအားပိုပြီးနက်ရှိုင်းလေသည်။ သာမန်လူများသာ ရောက်ရှိလာလျှင် ရာသီဥတု အေးစိမ့်သည်ဟု ခံစားရမည်ဖြစ်လေသည်။ ထိုအအေးဓတ်ကြောင့် သေလွန်သူများ၏ဝိညာဉ်များသည် လျှင်မြန်စွာပျောက်ကွယ်သွားနိုင်လေသည်။

....

အပြာရောင်ခရီးရှည်နန်းတော်ထဲသို့ အေးစိမ့်သည့်တန်ခိုးစွမ်းအားများ ဝင်ရောက်လာသည့်အခါ ယွမ်ကျွင်းဧကရီ သည် ထိတ်လန့်အံ့ဩသွားရလေသည်။ ထိုအအေးစွမ်းအားများသည် ယွမ်ကျွင်းဧကရီ၏ နတ်ဘုရားစွမ်းအားများ ကိုပင် လာရောက်ဖိနှိပ်နေလေသည်။

"ရာမ... ရှင့်ရဲ့မျောက်ဝံကြီးကတော့ ပြဿနာရှာနေပြီ..."

ယွမ်ကျွင်းဧကရီ၏အသံသည် လေထုကိုထိုးဖောက်သွားပြီး သွေးနီရောင်ပင်လယ်ထဲသို့ ရောက်ရှိသွားလေသည်။ သွေးနီရောင်ပင်လယ်ထဲမှ တောင်များ ၊ စေတီတော်များနှင့် ရောင်ခြည်များထုတ်လွှတ်နေသည့်နေရာတွင် သူမ၏ အသံသည် ထွက်ပေါ်လာလေသည်။

“ရာမ” ဆိုသည်မှာ သွေးနီရောင်ပင်လယ်ထဲမှ ဘုန်းတော်ကြီး၏အမည်ပင် ဖြစ်လေသည်။ အသူရာချောက်တွင် ထိုဘုန်းတော်ကြီး၏အမည်ကိုသိသူအနည်းငယ်သာရှိလေသည်။

ထိုသို့သိကျွမ်းသူများထဲတွင် ယွမ်ကျွင်းဧကရီမှာ လည်းတစ်ဦး အပါအဝင်ဖြစ်လေသည်။

“မင်း သူ့ကိုအပြစ်မတင်နဲ့၊ အဲဒီလူက ဟာနူမာန်ရဲ့ မကောင်းတဲ့ တန်ခိုးစွမ်းအားတွေ ထွက်ပေါ်လာအောင်လုပ်နေတာကိုး၊ သူ့ ကြောင့် အသူရာချောက်မှာ ဒီလောက်ပြဿနာတွေရှုတ်ကုန် တာတောင် သူက မလုံလောက်သေးလို့ ထပ်ပြဿနာရှာနေတာ လား မသိဘူး”

ဘုန်းတော်ကြီး၏စကားသံဆုံးသွားသည်နှင့် တရားသံများ ထွက်ပေါ်လာပြီး လေထုထဲသို့ ထိုးဖောက်ဝင်ရောက်သွားလေ သည်။

ဘုန်းတော်ကြီး၏အသံသည် ယွမ်ကျွင်းဧကရီ၏နားထဲသို့ ဝင် ရောက်လာလေသည်။

ရာမသည် ဆန်းလျန်ကို အမည်ခေါ်ဆိုခြင်းမပြုဘဲ “အဲဒီလူ”၊ “သူ” ဆိုသည့် အသုံးအနှုန်းများကိုသာ အသုံးပြုခဲ့လေသည်။

ယွမ်ကျွင်းဧကေရီက စကားဆက်မပြောတော့ပါ။

သူမက သေခြင်းရှင်ခြင်းစာအုပ်မှ တန်ခိုးစွမ်းအားများကို

ထုတ်ယူအသုံးပြုလိုက်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို ကာ

ကွယ်ထားလိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင်တော့ တန်ခိုးစွမ်းအားဖိအား

များသည် ယခင်ကထက် ၃၀% ခန့်မြင့်တက်လာလျှက် ရှိလေ

တော့သည်။

.....

ရောမမျောက်ဝံကြီးသည် သူ၏တန်ခိုးစွမ်းအားများဖြင့် ရောမ

ဝိညာဉ်တုတ်ချောင်းကြီးတစ်ချောင်းကို ဖန်ဆင်းကာ

ကောင်းကင်ကိုထိုးဖောက်ထားလေသည်။ ထိုတုတ်ကြီးကို ဝေ့

ယမ်းလိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးတွင် လေပြင်း

မုန်တိုင်းများတိုက်ခတ်သွားလေသည်။

မျောက်ဝံကြီးသည် တုတ်ချောင်းကြီးဖြင့် ဆန်းလျန်ရှိရာသို့

ထိုးစိုက်ချလိုက်လေသည်။

ဆန်းလျန်၏ မျက်နှာအမူအရာက ပြောင်းလဲသွားခြင်း မရှိပါ။

သူ့လက်ထဲတွင် ဓားတစ်လက်ပေါ်လာပြီး ထိုဓားသည်

ငါးမျှားတံတစ်ခုအဖြစ် ပြောင်းလဲသွားကာ မျောက်ဝံ

ကြီး၏တုတ်ချောင်းကြီးကို ရစ်ပတ်တားဆီးထားလိုက်လေ

သည်။

ဆန်းလျန်သည် မရဏဓားကို ပြုလုပ်ပြီးသွားသည့်နောက်ပိုင်း

ဓားသိုင်းစွမ်းရည်မှာလည်း များစွာ မြင့်တက်လာခဲ့လေသည်။

သူသည် ငါးမျှားတံကိုငါးကအစာလာဟပ်သည့်အချိန်တွင်

စောင့်စွဲလိုက်သကဲ့သို့ သူ၏ငါးမျှားတံကိုလည်း စောင့်စွဲလိုက်

လေသည်။

ငါးမျှားတံ၏ထိပ်ဖျားတွင် မရဏဓားသွားပေါ်ထွက်နေပြီး

စကြာဝဠာတစ်ခုလုံးကိုပင် တုန်လှုပ်စေနိုင်စွမ်းရှိလေသည်။

ဓားသွားမှ အဖြူရောင်အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး

လေထဲတွင် တန်ခိုးစွမ်းအားလှိုင်းများ ထွက်ပေါ်လာလေသည်။

ထိုတန်ခိုးစွမ်းအားလှိုင်းများကို ခံစားရသူတိုင်း ကျောရိုးထဲ အထိ အေးစိမ့်သွားသည်အထိ ထိတ်လန့်ကြောက်ရွံ့မိ မည်ဖြစ် လေသည်။ ထိုစွမ်းအားများဖြင့် ထိမှန်ခံရပါက ရုပ်ခန္ဓာရော စိတ်ဝိညာဉ်ပါ လွင့်စင်ပျောက်ကွယ်သွားနိုင်လေသည်။ ထိုစွမ်းအားလှိုင်းလုံးများသည် မျောက်ဝံကြီးကိုင်ထားသည့် ဝိညာဉ်တုတ်တံကြီးဆီသို့ ပျံ့နှံ့သွားပြီး တုတ်တံကြီးမှာ တစ်စ စီပျက်စီးသွားရလေသည်။ ရောမမျောက်ဝံကြီးက နာကျင်စွာ အော်ဟစ်လိုက်လေသည်။ သူ၏အသံနက်ကြီးမှာ မိုးကြိုး မုန်တိုင်းတိုက်ခတ်သည့်အလား ကျယ်လောင်လွန်းလှလေ သည်။

ရောမမျောက်ဝံကြီး မည်မျှပင်တန်ခိုးစွမ်းအားမြင့်မားပါစေ ဆန်းလျန်ကိုတော့ မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည် မဟုတ် ပေ။

ပထမတော့ ဆန်းလျှန်က မျောက်ဝံကြီးကို ဖမ်းဆီးပြီး ယင်ဝိညာဉ်များနှင့်ပတ်သက်သည့်ပြဿနာကို ဖြေရှင်းရန် စဉ်းစားထားမိလေသည်။ သို့သော် ရုတ်တရက် စိတ်ပြောင်းသွားလေသည်။

ထိုအချိန်မှာပင်…

သွေးနီရောင်ပင်လယ်ရှိ “ရာမ” နေထိုင်ရာတောင်ပေါ်မှ ခရမ်းရောင်ရွှေသပိတ်တစ်ခု ထွက်ပေါ်လာပြီး မျောက်ဝံဖြူကြီး၏ဦးခေါင်းကို ထိမှန်သွားလေသည်။ ထို့နောက် ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာကာ မျောက်ဝံကြီးကို ကာကွယ်ပေးထားလိုက်လေသည်။

ရာမမျောက်ဝံကြီးသည် တဖြည်းဖြည်းသေးငယ်သွားပြီး ခရမ်းရောင်ရွှေသပိတ်အတွင်းသို့ ဝင်ရောက်သွားလေတော့သည်။ ရွှေရောင်အလင်းတန်းများသည်လည်း သပိတ်တွင်းသို့ တစ်ပါတည်း ဝင်ရောက်သွားလေသည်။

စုရုံးနေကြသည့် ယင်ဝိညာဉ်များမှာလည်း တဖြည်းဖြည်း အရည်ပျော်ကာ ပျောက်ကွယ်သွားကြလေသည်။ လွတ်လပ်မှု တစ်ခုကို ရှာဖွေတွေ့ရှိသွားသည့်အလား ဖြည်းဖြည်းချင်း အရည်ပျော်ကာ ပျောက်ကွယ်သွားကြခြင်း ဖြစ်လေသည်။

“ဒကာလေး ၊ ဒီတိရိစ္ဆာန်က ကျုပ်နဲ့အချိန်အကြာကြီးနေလာခဲ့ တဲ့သူပါ ၊ သူဘယ်အချိန်က ကျုပ်ဆီကထွက်ပြေးသွားမှန်းမ သိလိုက်ဘူး ၊ အခုတော့ ပြဿနာတွေဖြစ်စေခဲ့ပြီ ၊ အခုတော့ ကျုပ်သူ့ကို စေတီတော်အောက်မှာ ချုပ်နှောင်ထားလိုက်တော့ မယ် ၊ တရားကျင့်စေပြီး မကောင်းတဲ့စွမ်းအားတွေကို ပယ် သတ်စေမယ် ၊ ဒကာလေးသံသယရှိနေသေးတယ်ဆိုရင်တော့ သွေးနီရောင်ပင်လယ်မှာ ကျုပ်ကိုလာရှာနိုင်ပါတယ် ၊ ကျုပ် နာမည်က ဘုန်းတော်ကြီးရာမပါ ၊ ကျုပ်သိတာတွေအားလုံး မ ခြွင်းမချန် ဒကာလေးကို ပြောပြပါ့မယ်”

ဘုန်းတော်ကြီး၏အသံထွက်ပေါ်လာပြီး ထိုအသံသည် စိတ်ရှုတ်ထွေးမှုများဖြင့် ပြည့်နေလေသည်။

ခရမ်းရောင်ရွှေသပိတ်မှ စူးရှသည့်အသံတစ်သံထွက်ပေါ်လာပြီး မျောက်ဝံကြီးကိုပိတ်လှောင်ကာ သွေးနီရောင်ပင်လယ်ရှိရာ အရပ်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

မိုးနှင့်မြေတွင် မငြိမ်မသက်ဖြစ်နေသည့် အသက်ဓာတ်စွမ်းအားများမှာလည်း ရုပ်တန့်သွားခဲ့လေသည်။

မှောင်မှိုင်းသည့်မြစ်ရေပြင်သည် ငြိမ်သက်နေဆဲဖြစ်ပြီး ကြမ်းခင်းမရှိသည့်လှေသည်လည်း ကမ်းစပ်တွင် ရှိနေမြဲဖြစ်လေသည်။ သို့သော် ဝိညာဉ်ဆင့်ခေါ်သူကတော့ လှေပေါ်တွင် ရှိမနေတော့ပေ။

ယခုတစ်ကြိမ်သည် ဘုန်းတော်ကြီးရာမနှင့် ဆန်းလျန်တို့ ဒုတိယအကြိမ်တွေ့ဆုံရခြင်း ဖြစ်လေသည်။ ထိုက်ယီထျန်းရှန်းအဆင့်သည် အလွန်မှ ခန့်မှန်းရခက်လေသည်။ ထို့ပြင် ယခု

ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကိုလည်း ဆန်းလျှန် အနေဖြင့် ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပါချေ။ မျောက်ဝံဖြူကြီးသည် ရောမမျောက်ဝံကြီးအဖြစ်ပြောင်းလဲ သွားပြီးသည့်နောက် သူ၏ခန္ဓာကိုယ်ထဲမှ ရက်စက်ကြမ်းကြုတ် သည့်တန်ခိုးစွမ်းအားများ ထွက်ပေါ်လာခဲ့လေသည်။ ထိုတန်ခိုး စွမ်းအားများထဲတွင် ဆင်းရဲဒုက္ခကိုကျော်လွှားခြင်းနှင့် လွတ်လပ်ခြင်းတရားများကိုတွေ့မြင်ရလေသည်။

ဘုန်းတော်ကြီးရာမပြောသည် “မကောင်းတဲ့စွမ်းအားများ” ဆိုသည်မှာ ထိုအသက်ဓာတ်စွမ်းအားများကိုဆိုလိုခြင်း ဖြစ် လေသည်။

သို့သော် ဘုန်းတော်ကြီး၏စကားများကတော့ အမှန်တရားများ ဖြစ်ပုံရလေသည်။ ဆန်းလျှန်ကလည်း သွေးနီရောင်ပင်လယ် ကိုပြန်ပြီး ဘုန်းတော်ကြီးနှင့်တွေ့ဆုံရန် အစီအစဉ်မရှိသေးပါ။

လောလောဆယ်တော့ ယခုလောက် ပြဿနာများ ရင်ဆိုင်လိုက်ရခြင်းက သူ့အတွက် လုံလောက်သွားပြီ ဖြစ်လေသည်။ ဘုန်းတော်ကြီးရာမသည် အလွန်မှ တန်ခိုးစွမ်းအားမြင့်မားသူ တစ်ယောက် ဖြစ်လေသည်။ သို့သော် ယခုအချိန်ထိ သူသည် အသူရာချောက်တွင်ပိတ်မိနေဆဲ ဖြစ်လေသည်။ အသူရာချောက်တွင် လျှို့ဝှက်ချက်များ လွန်စွာမှ များပြားလွန်းလေစွ။

ဆန်းလျန်မှာ ထိုပြဿနာများကို သူတစ်ယောက်တည်း ရင်မဆိုင်ရသည့်အတွက် ကျေးဇူးတင်လိုက်မိသည်။ ချန်ကျန့်မေသည် သွေးနီရောင်ပင်လယ်မှ ထွက်ခွာလာနိုင်ခြင်းမရှိသေးသည့်တိုင် အနေးနှင့်အမြန်ပင် သူ့ကိုကူညီလိမ့်မည်ဖြစ်လေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ချန်ကျန့်မေအကူအညီလိုအပ်သည့်အခါတွင်လည်း ဆန်းလျန်က ချန်ကျန့်မေကို ပြန်လည် ကူညီမည်ပဲ ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးမှ ဂိုဏ်းတူညီအစ်ကိုများ အချင်းချင်း ရိုင်းပင်းကူညီရန်မှာ ဆရာဘိုးဘိုးယွှမ်ချင်းကိုယ်တိုင် ချမှတ်ခဲ့သည့် လမ်းစဉ်ဖြစ်လေသည်။

ဆန်းလျှန်သည် ခံစားချက်များကိုမေ့ပစ်လိုက်ပြီး အနာဂတ်ကို မျှော်ကြည့်လိုက်လေသည်။

ဝိညာဉ်ဆင့်ခေါ်သူမရှိသည့် ကြမ်းခင်းမဲ့လှေလေးသည် မြစ်ရေထဲတွင် တိတ်တဆိတ်မျောပါနေလေသည်။

လှေဆီမှ မိစ္ဆာအသံများထွက်ပေါ်နေပြီး ဆန်းလျှန်ကို လှေပေါ်တက်စေရန် ဖိတ်ခေါ်နေသည့်အလားပင် ထင်မှတ်ရလေ၏။

မိစ္ဆာသံများမှာထိုလှေပေါ်သို့တက်လိုက်သည်နှင့် လူတိုင်းရောက်ချင်သည့် ပရဒိသုဘုံသို့ ရောက်ရှိမည့်အလား စွဲဆောင်နေကြလေသည်။

ဆန်းလျန်သည် လှည့်ထွက်လုဆဲဆဲတွင် ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။ ထို့နောက် နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး…

"မင်းကိုစီးပြီး တစ်ဖက်ကမ်းကိုရောက်အောင် ကူးနိုင်မှာလား…"

ကြမ်းခင်းမရှိသည့်လှေက ဆန်းလျန်၏အမေးကို ဖြေကြားခြင်းမရှိပါ။ ရေစီးဆင်းသံမှတစ်ပါး ပတ်ဝန်းကျင်တစ်ခုလုံး က တိတ်ဆိတ်နေလေသည်။

ဆန်းလျန်က…

"ဘယ်လိုလုပ်ရောက်နိုင်မှာတဲ့လဲ"

ထို့နောက် ဆန်းလျန်သည် လှေငယ်ကိုကျောခိုင်းလိုက်ပြီး ထွက်ခွာသွားလေတော့သည်။ သူ၏ဝိညာဉ်အရိပ်သည် မိုးနှင့်မြေကြားတွင် သဲလွန်စမကျန်အောင် ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်ပျောက်ကွယ်သွားသည်နှင့် ကြမ်းခင်းမဲ့လှေငယ်

လေးသည် ကျောက်ဆစ်ပန်းပုရုပ်တုတစ်ခုအသွင်ပြောင်းလဲ

သွားပြီး မြစ်ရေထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

မိုးနှင့်မြေကြားတွင် သက်ပြင်းချသံသဲ့သဲ့တစ်ချက်ထွက်

ပေါ်လာလေသည်။ ထိုသက်ပြင်းချသံထဲတွင် နောင်တရခြင်း

နှင့်မကျေနပ်ခြင်းများပါဝင်နေလေ၏။

အခန်း (၅၉၀) လောကပထမသူတော်စင် (၃)ပါးထဲမှာ ချင်းရွှမ်ကအတော်ဆုံးပဲ

ဆန်းလျန်ထွက်ခွာသွားသည့်အတွက် အခွင့်အရေးတစ်ခုဆုံးရှုံးခဲ့ရလေသည်။ ထိုအခွင့်အရေးမှာ သူ့အတွက် ထိုက်ယီထျန်းရှန်းအဆင့်သို့တက်ရောက်နိုင်မည့် အခွင့်အရေးဖြစ်လေ၏။

ဆန်းလျန်သည်လည်း ထိုအချက်ကို ရိပ်မိခဲ့ပါသည်။ သို့သော် ထိုအခွင့်အရေးကို လက်လွှတ်လိုက်ခြင်းအားဖြင့် ပြဿနာတစ်ခု လျော့နည်းသွားမည်ကို သိသည့်အတွက် လက်လွှတ်ခဲ့ခြင်းဖြစ်လေသည်။

သူ့အတွက် ပြဿနာများကလည်း လုံလောက်နေပါပြီ။

ပြဿနာများကို ရင်ဆိုင်ရလေ ဆန်းလျန်သည် မှန်တစ်ချပ်အလား ပိုပြီးတောက်ပြောင်လာလေ ဖြစ်လေသည်။ သူ၏ရုပ်ခန္ဓာသည် ဗောဓိပင်အလားဖြစ်နေပြီး သူ၏စိတ်သည်လည်း

မှန်တစ်ချပ်အလား ကြည်လင်နေခဲ့လေသည်။ အချိန်တိုင်းတွင် သူ၏စိတ်နှင့်ရုပ်ခန္ဓာတွင် ကိလေသာမြူမှုံတစ်မှုံပင်မကပ်ငြိဘဲ လင်းလက်လျှက်ရှိလေတော့၏။

သူ၏တာအိုနှလုံးသားသည် ပြီးပြည့်စုံနေပြီး ကိလေသာကင်း စင်နေလေသည်။

တာအိုဆိုသည်က နားလည်ရန်သာမက သက်သေပြရန်လည်း လိုအပ်လေသည်။ အတွေ့အကြုံနှင့် သက်သေပြချက်မရှိလျှင် "တာအို" သည် အယူအဆတစ်ခုမျှသာ ဖြစ်ပေလိမ့်မည်။

ဆဌမမြောက်ဘိုးဘေးဟွေ့နန်က -

"ကိလေသာမြူမှုံကင်းစင်ခြင်း" သည် လောကကြီးတွင် နှိမ့်ချ စွာရပ်တည်ရင်း အတွေ့အကြုံရှာဖွေခြင်းသာ ဖြစ်သည်ဟု ပြောခဲ့လေသည်။

ကျိုမုမြစ်ရေသည်စီးဆင်းနေဆဲဖြစ်ပြီး မြစ်လယ်မှ သစ်ပင်ကြီး မှာလည်း မလှုပ်မရှားရှိနေလေသည်။

သို့သော်... အသူရာချောက်မှ ယင်စွမ်းအားများထွက်ပေါ်လာသည့်အခါတွင်တော့ သစ်ပင်ကြီး၏အရွက်များမှာ ပိုပြီးစိမ်းလန်းလာခဲ့လေသည်။ ဆန်းလျန်နှင့် စကားပြောနေသည့်ချန်ချင်သည် ထိုထူးဆန်းမှုကို သတိပြုလိုက်မိလေသည်။ သူမသည် မိုးမြေစွမ်းအားပြောင်းလဲခြင်းများကို မခံစားရသော်လည်း သစ်ပင်များပြောင်းလဲသွားသည်ကို သတိထားလိုက်မိလေသည်။

ဆန်းလျန်၏ဝိညာဉ်အရိပ်ပြန်ရောက်လာပြီး အလင်းရောင်မှိန်ဖျော့ဖျော့လေးသည် ဆန်းလျန်၏ ခန္ဓာကိုယ်နှင့် ပေါင်းစပ်သွားလေသည်။ ရုတ်တရက် ဆန်းလျန်၏မူလဝိညာဉ်ခန္ဓာသည် တစ်ခုခု ထူးခြားသွားသည်ကို ခံစားလိုက်ရလေသည်။ ထိုအချက်ကို ဆန်းလျန်တစ်ယောက်သာ သိရှိပြီး အခြားသူများက သတိပြုမိခြင်းမရှိနိုင်ပေ။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ရှီးလျန်ကို ပြန်ကြမယ်လေ..."

ချန်ချင်က....

"ကောင်းတာပေါ့... ၊ ရုတ်တရက်ကြီး အေးလာသလိုပဲ ၊ ရှောင်ခယ်နေမကောင်းဖြစ်မှာ စိတ်ပူရတယ်...."

လီယွမ်လျန်ကလည်း ရှီးလျန်ကိုပြန်ရန် သဘောတူလိုက်လေသည်။

သူ၏ဆရာဦးလေးသာရောက်လာခြင်းမရှိလျှင် ကြုံတွေ့ရမည့်အန္တရယ်များက မခန့်မှန်းနိုင်လောက်အောင်ပင် များလွန်းလှလေသည်။ သူသည်လည်း ချန်ချင်နှင့် ချန်ခယ်ကို မကာကွယ်နိုင်ဘဲ ဆရာဦးလေး၏ ယုံကြည်မှုကို ပျက်စီးစေမိမည် ဖြစ်လေသည်။

သူတို့ထွက်ခွာလုဆဲဆဲမှာပင် မိန်းကလေးငယ်တစ်ယောက်၏ နူးညံ့ပြီး ချစ်စရာကောင်းသည့် အသံလေးတစ်သံကို ကြားလိုက်ရလေသည်။

"နတ်ဘုရား... တစ်ခုလောက်များကူညီပေးနိုင်မလား..."

ချန်ချင်မှာ ထိတ်လန့်သွားပြီး လီယွမ်လျန်ကတော့ တိုက်ခိုက်ရန် အသင့်ပြင်လိုက်မိလေသည်။

ထိုအသံကြောင့် တစ်ချက်ပင်တုန်လှုပ်မသွားသူမှာ ဆန်းလျန်တစ်ယောက်သာရှိလေသည်။ သူက အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

သစ်ပင်ကြီး၏ပင်စည်အောက်တွင် သစ်ရွက်များနှင့်အရောင်ဆင်တူသည့် အဝတ်အစားများကိုဝတ်ဆင်ထားသည့် မိန်းကလေးငယ်လေးတစ်ယောက်ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ သူမသည် ဖန်းဖူးလေးအလားနူးညံ့ပြီး သနားစဖွယ် ပုံသဏ္ဍာန်လေးဖြစ်လေသည်။

ဆန်းလျန်က နူးညံ့သိမ်မွေ့သည့်လေသံဖြင့်....

"တာအိုလမ်းစဉ်ကိုလိုက်ဖို့ ခက်ခဲတဲ့သူတွေထဲမှာ သစ်ပင်နတ်သူငယ်တွေလည်း အပါအဝင်ဖြစ်တယ်၊ မင်းတို့ ခုလို

ဝိညာဉ်ခန္ဓာဖွဲ့စည်းတာဟာ အန္တရယ်အရမ်းကြီးမားတယ် ၊ မင်း သတိထားသင့်တယ် ၊ ကျုပ်ကိုတွေ့ရဖို့အတွက်နဲ့ ဒီလိုမျိုး အန္တရယ်ရှိတဲ့အလုပ်တွေ လုပ်စရာမလိုပါဘူး"

ဆန်းလျန်က လိမ်ပြောနေခြင်းမဟုတ်ပါ။ သစ်ပင်နတ်သူငယ်လေးများက သူတို့၏ဝိညာဉ်ခန္ဓာကိုဖွဲ့စည်းလိုက်လျှင် မသေဆေးအဖြစ်ပြောင်းလဲသွားကြလေသည်။ ထို့ကြောင့် လောဘကြီးသည့် ကျင့်ကြံသူများနှင့်သာတွေ့သွားလျှင် ကျိန်းသေပျက်စီးရမည် ဖြစ်လေသည်။

ထို့ကြောင့်သစ်ပင်နတ်သူငယ်များသည် သူတို့၏ဝိညာဉ်ခန္ဓာကို တော်ရုံနှင့် ကိုယ်ထင်မပြတတ်ကြပေ။

မြစ်အလယ်မှ သစ်ပင်ကြီးသည် သစ်နတ်သူငယ်အဖြစ် ဝိညာဉ်ခန္ဓာဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်လေသည်။

အမှန်တော့ ရှီးလျန်ပြည်တွင် မိုးမြေစွမ်းအားများနည်းပါးလွန်းသည့်အတွက် နောက်ဆုံးအဆင့်ကို ကျော်လွန်နိုင်ခြင်းမရှိဘဲ

သစ်ပင်ကြီးမှာ အခက်တွေ့နေရလေသည်။ တိုက်ဆိုင်စွာဖြင့် ပင် အသူရာချောက်မှ ထူးဆန်းသည့် ယင်စွမ်းအားများသည် သစ်ပင်ကြီးအတွင်းသို့ဝင်ရောက်သွားပြီး အတားအဆီးကို ကျော်လွှားနိုင်ကာ ဝိညာဉ်ခန္ဓာကို ဖွံ့စည်းနိုင်ခဲ့လေသည်။

ဝိညာဉ်ခန္ဓာဖွံ့စည်းနိုင်သည်နှင့်လူသားအသွင်ပြောင်းလဲနိုင်ပြီး ရွှေ့လျား၍လည်း ရမည် ဖြစ်လေသည်။ အမှန်တော့ ထိုသို့ ပြုလုပ်နိုင်ရန်အတွက် နှစ်ပေါင်းရာနှင့်ချီပြီးကြာမည် ဖြစ်လေ သည်။ သို့သော် တာအိုကို ကျင့်ကြံနိုင်ခြင်းမရှိပါကလည်း မျှော်လင့်ချက် ဆုံးရှုံးရမည် ဖြစ်လေသည်။

တာအိုဆရာလျိုမုန့်တယ်မှာ ထိုသို့သောနည်းလမ်းဖြင့် ကျင့်ကြံ သူတစ်ယောက် ဖြစ်လာခဲ့ခြင်း ဖြစ်လေသည်။

တိချိုးမြို့တော်မှ ဇာမဏီသစ်ပင်ကြီးမှာတော့ ဆန်းလျန်က သူ၏ဝိညာဉ်ကို အသွေးအသားဖြင့် ပေါင်းစပ်ပေးခဲ့ခြင်း ဖြစ် လေသည်။ ထို့ကြောင့် လူသားတစ်ယောက်ဖြစ်လာခဲ့ရသည်။

ထိုသို့သော အခွင့်အရေးမျိုးကတော့ နှစ်ပေါင်းတစ်ထောင်တွင် တစ်ခါသာကြုံတွေ့နိုင်သည့် အခွင့်အရေးမျိုး ဖြစ်လေသည်။

သို့သော်... ဝိညာဉ်ဆိုသည်က ဝိညာဉ်ခန္ဓာနှင့် မတူညီပေ။ ဝိညာဉ်ခန္ဓာသည် သဘာဝအားဖြင့် အားနည်းလေသည်။

"နတ်ဘုရားမှာ သန့်စင်တဲ့တာအိုတန်ခိုးစွမ်းအားတွေကို ပိုင်ဆိုင်ထားတယ် ၊ ဒီလိုအခွင့်အရေးမျိုးရဖို့က ခက်ခဲလွန်းပါတယ် ၊ တာအိုကျင့်စဉ်လမ်းကိုဝင်ရောက်နိုင်ဖို့ နတ်ဘုရားကြင်နာသနားမယ်လို့မျှော်လင့်မိပါတယ်...၊ အဲဒီလိုသင်ပြပေးမယ်ဆိုရင် နတ်ဘုရားဘာပဲခိုင်းခိုင်း အကုန်လုပ်ပေးပါ့မယ်"

သို့သော် ဆန်းလျန်သည် ထိုသစ်ပင်နတ်သူငယ်လေးကို တောင်းပန်သည့် အပြုံးတစ်ချက်သာ ပြုံးပြလိုက်လေသည်။

"မယ်တော်... ယွမ်လျန် ၊ သွားကြရအောင်"

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေရာ သူတို့အားလုံး ထိုနေရာမှ ပျောက်ကွယ်သွားကြလေတော့သည်။

ရှီးလျန်ကိုပြန်ရောက်သည့်အချိန်တွင်တော့ လီယွမ်လျန်သည် သနားစရာသစ်ပင်နတ်သူငယ်လေးအကြောင်း စဉ်းစားနေမိလေသည်။ သူသည် စိတ်ဓာတ်ခိုင်မာသည့် ဓားတန်ခိုးရှင်တစ်ယောက် ဖြစ်လေသည်။ သို့သော် ထိုသစ်ပင်နတ်သူငယ်လေးကို သနားနေမိလေသည်။

"ဆရာဦးလေး ၊ သစ်ပင်နတ်သူငယ်တွေက ကျင့်ကြံဖို့ မလွယ်ကူဘူးလား ၊ ပြီးတော့ သူ့ရဲ့အခက်အလက်တွေကလည်း ဆေးဖက်ဝင်တယ်မဟုတ်လား ၊ ဘာလို့ သူ့ကိုမခေါ်ခဲ့ရတာလဲ" ဆန်းလျန်က ပြုံးလိုက်ရင်း ချန်ချင်ကို လှမ်းမေးလိုက်လေသည်။

"မယ်တော်… သားတော်ဘာလို့မခေါ်ခဲ့လဲ သိလား"

ချန်ချင်က…

“သူတောင်းဆိုတဲ့လေသံက အထက်ဆီးဆန်လွန်းတယ်၊ ပြီးတော့ သူက သန့်စင်တဲ့တာအိုတန်ခိုးစွမ်းအားကိုလည်း သိနေတယ်၊ သာမန်သစ်ပင်နတ်သူငယ်လေးက ဒီလိုအကြောင်းတွေ ဘယ်လိုလုပ်သိနိုင်မှာလဲ၊ ပြီးတော့ သူက သူ့ရဲ့ဝိညာဉ်ခန္ဓာကို မိန်းကလေးငယ်လေးတစ်ယောက်အသွင် ဖန်ဆင်းထားတယ်၊ သူက ရှောင်ခယ်ကိုမြင်သွားပြီး ငါတို့စိတ်ထဲမှာသူ့ကိုလက်ခံလာအောင် အကြံအစည်နဲ့ အဲဒီလိုပုံစံဖန်ဆင်းထားတာပဲ”

ယခုမှ လီယွမ်လျန်မှား နားလည်သွားရလေသည်။

ဆန်းလျန်က…

“ယွမ်လျန်၊ မင်းက ဓားသိုင်းတစ်မျိုးတည်းကိုပဲ ကျင့်ကြံခဲ့တယ်၊ လောကရဲ့လှည့်ကွက်တွေကိုလည်း မသိဘူး၊ နောက်ဆို ဒီလိုမျိုးလှည့်ဖြားမှုတွေကို သတိထားရမယ်နော်၊ မင်းရဲ့အားနည်းချက်က တစ်ဖြောင့်တည်းတွေးခေါ်တတ်တာပဲ၊ ပြီး

တော့ မင်းတို့ညီအစ်ကိုတွေက ဂိုဏ်းတူအစ်ကိုချန်ကျန့်မေနဲ့ ဖ န်းယန်ယင်းတို့လို ဓားသိုင်းမှာ ပါရမီပါခဲ့ကြသူတွေမဟုတ်ဘူး ၊ မင်းဒီထက်တိုးတက်ချင်တယ်ဆိုရင်တော့ ဘဝအတွေ့အကြုံ တွေ အများကြီးရှာရလိမ့်မယ် ၊ မင်းရဲ့ဂိုဏ်းတူညီတွေလည်း ဒီ အတိုင်းပဲ လုပ်ရလိမ့်မယ် ၊ နောက်ကျရင် ကျုပ်က သင်္ကေတ (၄)ခုနဲ့ စစ်တပ်တစ်ခုဖွဲ့စည်းမယ် ၊ မင်းတို့ (၄)ယောက်က စစ်တပ်ရဲ့ စစ်သေနာပတိတွေ ဖြစ်လာလိမ့်မယ်”

ချန်ကျန့်မေနှင့် ဖန်းယန်ယင်းကဲ့သို့ ဓားသိုင်းပါရမီရှင်များ ကတော့ လောကတွင် ရှာမှရှားဖြစ်လေ၏။ လီယွမ်လျန်သည် သူတို့နှစ်ယောက်ကို မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ် ပေ။ နှစ်ပေါင်းများစွာ ဓားသိုင်းကျင့်ကြံခဲ့သည့်အတွက် သူ့ အနေဖြင့် ဓားတန်ခိုးရှင်တစ်ယောက် ဖြစ်လာနိုင်သည့်တိုင် ဓား သိုင်းတွင် ဆရာတစ်ဆူအဖြစ် ဓားသူတော်စင်တစ်ပါးဖြစ်လာဖို့ အတွက်တော့ မလုံလောက်သေးပေ။

ချန်ကျန့်မေကိုယ်တိုင်လည်း သူ၏တပည့်များအကြောင်းကို သိရှိထားပါသည်။

သို့သော် ချန်ကျန့်မေသည် ထိုအကြောင်းကို သူ့တပည့်များ နားလည်အောင် မည်သို့သင်ပြပေးရမည် မသိဖြစ်နေခဲ့လေသည်။ ထို့ကြောင့် ဆန်းလျန်ကို အကူအညီတောင်းခဲ့ရခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် လမ်းမှန်ကိုညွှန်ပြပေးနိုင်ပြီး အချက်အလက်များကို သင်ပြပေးနိုင်လေသည်။ ကျန်သည့်အချက် ကတော့ တပည့်များ၏ကံဆိုးကံကောင်းအပေါ်တွင်သာမူတည်လေ၏။

ဆန်းလျန်သည် ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရာတစ်ပါး ဖြစ်နေပါစေ အခြားသူများကိုတော့ နတ်ဘုရားတစ်ပါးဖြစ်လာအောင် ကူညီနိုင်မည် မဟုတ်ပေ။ လူဆိုသည်က ကိုယ့်အတွက် ကိုယ်သာ ကြိုးစားရမည် ဖြစ်လေသည်။

သို့သော် ဆန်းလျန်ဆီမှ သင်ပြပေးမှုရရှိသည့်အတွက် အခြားသူများထက်ဆာလျှင်တော့သူတို့သည် အလွန်ကံကောင်းသည့်သူများ ဖြစ်ကြလေသည်။ ဤသည်မှာ နတ်ဘုရားကျောင်းတော်ကြီးများ၏ ရည်ရွယ်ချက်ပင် ဖြစ်လေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်သည် ရှီးလျန်တွင် ရက်အနည်းငယ် နေထိုင်ပြီး သူ၏ရောက်ရှိနေမှုကို ကြေငြာလိုက်လေသည်။

ထိုအချိန်တွင် တာ့ရှားပြည်သည် အနယ်နယ်အရပ်ရပ်သို့ အာဏာများဖြန့်ကျက်နေပြီဖြစ်လေသည်။

ဆန်းလျန်ရောက်ရှိနေသည့်သတင်းကို ကြားရသည့်အခါတွင်တော့ ကုန်းစန်းပြည်မှာ စွေ့စွေ့ခုန်နေခဲ့လေသည်။

တာ့ရှားပြည်ဆိုသည်က တိုင်းပြည်ငယ်လေးများက မော်မဖူးဝံ့သည့် တိုင်းပြည်ကြီးတစ်ခုဖြစ်လေသည်။ ဆန်းလျန်သည် တာ့ရှားပြည်၏တိုင်းပြည်အကြံပေးအမတ်မင်းဖြစ်နေရခြင်းက

အိမ်နီးချင်းတိုင်းပြည်များကို ကြောက်ရွံ့တုန်လှုပ်စေလေ

သည်။ ထိုအချက်ဖြင့်ပင် ရှီးလျန်ကို မည်သည့်တိုင်းပြည်ကမှ

မထိရဲတော့ပေ။

သူတို့အားလုံးက ဆန်းလျန်သည် လေးသည်တော် "ဖုန်း" ကို

သတ်ဖြတ်ခဲ့ပြီး တာ့ရှားကေရာဇ်နှင့် ကွမ်းလုန်ကျီတို့၏

ထောင်ချောက်ဆင်တိုက်ခိုက်မှုမှ လွတ်အောင်ရှောင်နိုင်ခဲ့သူ

တစ်ယောက် ဖြစ်သည်ကို သိရှိခဲ့လေသည်။

"လောကပထမသူတော်စင် (၃)ပါးထဲမှာ ချင်းရွှမ်က အတော်

ဆုံးပဲ"

ဆိုသည့်စကားသည် နတ်ဘုရားများနှင့် နတ်မိစ္ဆာများကြားတွင်

ပျံ့နှံ့လျှက်ရှိလေတော့၏။

အခန်း (၅၉၁)ကျင့်စဉ်ကိုကျင့်ကြံပြီးပြန်လည်မေ့ဖျောက်ပစ်ခြင်း

"လောကပထမသူတော်စင် (၃)ပါးတွင် ချင်းရွှမ်ကအတော်ဆုံးပဲ" ဆိုသည့် စကားမှာ အလွန်အကျူးဖွဲ့ဆိုခြင်းတော့ မဟုတ်ခဲ့ပါ။ ထိုစကားသည် ဆန်းလျန်၏အရည်အချင်းများကို သက်သေပြနေသည့် စကားသာ ဖြစ်လေသည်။

ဆန်းလျန်သည် ရှီးလျန်ပြည်သို့ပြန်လာပြီး အေးအေးဆေးဆေးပင် စစ်အင်အားကောင်းအောင် တည်ဆောက်နေခဲ့လေသည်။ အသူရာချောက်မှတိုင်းပြည်များတွင် ကိုယ်ပိုင်စစ်တပ်များရှိကြလေသည်။ ရှီးလျန်

ပြည်၏စစ်တပ်သည် ကျင့်ကြံသူအနည်းငယ်သာပါရှိ

သော်လည်း မည်သည့်တိုင်းပြည်ကမှ ပေါ့ပေါ့တန်တန်သဘော

မထားရဲခဲ့ကြပေ။

တိုင်းပြည်တစ်ပြည်တည်ထောင်ရန်အတွက် ဆန်းလျန်က

အပူတပြင်းလုပ်ဆောင်ခြင်း မရှိပါ။ စည်းမျဉ်းစည်းကမ်းများ

အတိုင်း သေသေချာချာလုပ်ဆောင်နေခဲ့လေသည်။ ထို့ကြောင့်

အခြားသူများအနေဖြင့်လည်း စိတ်သက်သာရာရနိုင်လေ

သည်။

ဆန်းလျန်ရှိနေသရွေ့တော့ ရှီးလျန်ပြည်ကို မည်သူမျှ ထိရဲကြ

မည် မဟုတ်ပေ။ ရှီးလျန်၏ စစ်အင်အားထက် နတ်ဘုရား

တစ်ပါး၏ လက်စားချေမှုကို ကြောက်ရွံ့ကြသောကြောင့် ဖြစ်

လေသည်။

ဆန်းလျန် ၊ တာ့ရှားဧကရာဇ်နှင့် ထျန်းယီအကြီးအကဲတို့သုံး

ယောက်၏ ခြားနားချက်ကို လူအနည်းငယ်သာ သတိပြုမိနိုင်

လေသည်။ တာ့ရှားကောရာဇ်နှင့် ထျန်းယီအကြီးအကဲတို့ အောင်မြင်မှုရခဲ့ကြခြင်းသည် သူတို့၏မျိုးရိုးနှင့်လည်းဆိုင် သလို သူတို့၏တိုင်းပြည်များ၏ အထောက်အပံ့နှင့်လည်းဆိုင် လေသည်။

သို့သော်... ဆန်းလျန်ကတော့ ကံတရားအတိုင်းမွေးဖွားခဲ့သူ ဖြစ်လေသည်။ သူမွေးဖွားလာသည့်အချိန်တွင် ရှီးလျန်ပြည် တွင် ပုန်ကန်မှုဖြစ်ပွားခဲ့လေသည်။ သို့သော် ဆန်းလျန်ကပင် ရှီးလျန်ပြည်ကို ပြန်လည်သိမ်းယူပေးခဲ့လေသည်။ ထို့ကြောင့် ရှီးလျန်ပြည်၏ ကံကြမ္မာသည် ဆန်းလျန်နှင့် သက်ဆိုင်နေလေ သည်။

တာ့ရှားကောရာဇ်နှင့် ထျန်းယီအကြီးအကဲအတွက်တော့ သူ တို့၏တိုင်းပြည်များကို စွန့်လွှတ်မည်ဆိုလျှင် စွန့်လွှတ်နိုင်ကြ လေသည်။ သို့သော် သူတို့က စွန့်လွှတ်ရန်ဆန္ဒမရှိကြပေ။ သူ

တို့၏တိုင်းပြည်များကို မည်သည့်အခါမှ စွန့်လွှတ်လိမ့်မည် မဟုတ်ပေ။

အရာအားလုံးသည် ယင် နှင့် ယန် သာ ဖြစ်လေသည်။ လူသားများသည် အတ္တလည်းကြီးနိုင်သလို ကိုယ်ကျိုးလည်း စွန့်နိုင်ကြလေသည်။ အုပ်ချုပ်မင်းလုပ်သည့်လူရှိသလို အုပ်ချုပ်ခံလူတန်းစားလည်း ရှိလေသည်။ ထိုအရာများကို ဖယ်ရှားပစ်ရန်မှာ ခက်ခဲလွန်းလှသည်။

ဆန်းလျန်သည် မည်သည့်အရာကိုမှ ဂရုမစိုက်တတ်သည့် သဘောထားရှိသည့်တိုင် ချင်းရွှမ်နတ်တံခါးကိုတော့ မည်သည့်အခါမှ စွန့်လွှတ်နိုင်မည် မဟုတ်ပေ။ သူသည် ဆရာသခင်ကျန်းရှော့ရှီးလောက် ချင်းရွှမ်နတ်တံခါးကို တွယ်တာခြင်းမရှိသည့်တိုင် စွန့်လွှတ်မည်တော့ မဟုတ်ပေ။

ဆန်းလျန်သည် ကျယ်ယန်းတောင်ထိပ်ရှိ ရွှမ်တုကျောင်းတော်ဝန်းအတွင်းတွင်ရှိသည့် ယင်စွမ်းအားရေတွင်းလေးနံဘေးတွင်

ထိုင်နေလေသည်။ သို့သော်သူ၏ မူလဝိညာဉ်ခန္ဓာကို မည်သူမျှ တွေ့မြင်နိုင်မည် မဟုတ်ပေ။

ဆန်းလျန်ထိုင်နေသည့်နေရာတွင် လှည့်ပတ်နေသည့် အဖြူရောင်နှင့် အနက်ရောင် တန်ခိုးစွမ်းအားနှစ်ခုကိုသာ တွေ့မြင်ရမည် ဖြစ်လေသည်။ ထိုတန်ခိုးစွမ်းအား နှစ်ခု၏အတွင်းတွင် ကောင်းကင်၊ မြေကြီး၊ တောင်၊ ရွှံ့နွံ၊ ရေ၊ မီး၊ လေ၊ လျှပ်စီးဆိုသည့် ဒြပ်စင်စွမ်းအား (၈)မျိုး လှည့်ပတ်နေလေသည်။ သဘာဝစွမ်းအားများပေါင်းစပ်နေပြီး နဂါးငွေ့တန်းဆီသို့ ဆက်သွယ်နေကြလေသည်။ ထိုနေရာတွင် သန့်စင်သည့် ဂီတသံတစ်သံလည်း ထွက်ပေါ်နေလေသည်။

နောက်ဆုံးတွင်တော့ ထူးဆန်းသည့် တန်ခိုးစွမ်းအားများသည် ပျောက်ကွယ်သွားလေသည်။ ဆန်းလျန်က အသက်ပြင်းပြင်း တစ်ချက်ရှူထုတ်လိုက်လေသည်။ အဖြူရောင်နှင့် အနက်ရောင်

တန်ခိုးစွမ်းအားများ မရှိတော့သည့်တိုင် ထိုနေရာတွင် မြူများ ဆိုင်းလျှက်ရှိလေ၏။

ဆန်းလျန်ရှူထုတ်လိုက်သည့်အသက်တစ်ချက်သည် ငွေ့ရည်ကို ဖွဲ့ကာ မိုးရွာသွန်းစေလေသည်။ မက်မွန်ပင်သည် မိုးရေများကို စုပ်ယူလိုက်ပြီး မက်မွန်ပန်းများ ချက်ချင်းပင် ပွင့်လန်းလာ တော့သည်။

မက်မွန်ပန်းများပွင့်လန်းလာရခြင်းမှာ ဆန်းလျန်၏အသက်ရှူ ခြင်းကြောင့်တော့မဟုတ်ပါ။ ဆောင်းတွင်းတစ်တွင်းလုံး အသက်ဓာတ်စွမ်းအားများ စုစည်းနေခြင်းသည် မိုးရေနှင့် ပေါင်းစပ်သွားသည့်အတွက်ကြောင့် ဖြစ်လေသည်။

ရှမ်တုကျောင်းတော်တွင် မက်မွန်ပန်းများပွင့်လန်းနေပြီ ဖြစ် လေသည်။

သို့သော် မက်မွန်ပင်ကို စိုက်ပျိုးခဲ့သူ တာအိုဆရာလျိုမုန့်တယ် ကတော့ ထွက်ခွာသွားခဲ့လေပြီ။ သူသည် ရှမ်ကျန်းကျောင်း

တော်မှတပည့်တစ်ယောက်ဖြစ်လေသည်။ သူက ဆန်းလျှန်ကို ပေးထားသည့်ကတိအတိုင်း ရွှမ်တုကျောင်းတော်ကို စောင့်ရှောက်ပေးနေခဲ့ခြင်း ဖြစ်လေသည်။ယခုတော့ ဆန်းလျှန် ပြန်ရောက်လာပြီဖြစ်သည့်အတွက် ပြန်လည်ထွက်ခွာသွားပြီ ဖြစ်လေသည်။

မက်မွန်ပင်ကို စိုက်ပျိုးသွားသူ ထွက်ခွာသွားသော်လည်း မက် မွန်ပင်ကတော့ ကျန်ရစ်ခဲ့လေသည်။ ယခုနှစ်များအတွင်းတွင် မက်မွန်ပင်သည် ကောင်းကောင်းရှင်သန်ခဲ့လေသည်။ ဝိညာဉ် စွမ်းအားများကို စုပ်ယူပြီး ဝိညာဉ်စွမ်းအားအငွေ့အသက်များ ထွက်ပေါ်လျှက်ရှိလေသည်။ ထို့ပြင် အသူရာချောက်မှ မှောင် မှိုင်းနေသည့် အသက်ဓာတ်စွမ်းအားများသည် သစ်ပင် နတ်သူငယ်များအတွက် အလွန်ကောင်းမွန်လေသည်။ နောက် နှစ်ပေါင်းအနည်းငယ် ကြာလျှင် မက်မွန်ပင်သည် သစ်ပင်

နတ်သူငယ်အဖြစ် ဝိညာဉ်ခန္ဓာပင် ဖွဲ့စည်းနိုင်မည်ဟု မျှော်လင့်

ရလေ၏။

သို့သော်... အသူရာချောက်မှ မှောင်မိုင်းနေသည့် ယင်စွမ်းအား

များသည် လူသားနှင့်နတ်မိစ္ဆာများအတွက်တော့ ကောင်းမွန်

ခြင်း မရှိပေ။ အဆင့်နိမ့်ကျင့်ကြံသူများသာ ထိုစွမ်းအားများကို

စုပ်ယူမိပါက ကျင့်ကြံခြင်းအဆင့်ကို ရပ်တန့်သွားစေနိုင်လေ

သည်။ မှောင်မိုင်းသည့် ယင်စွမ်းအားများပြင်းထန်သည့်

ပတ်ဝန်းကျင်တွင် နှစ်ရှည်လများ နေထိုင်ရလျှင် ကျင့်ကြံခြင်း

အဆင့်သည် လုံးဝရပ်တန့်သွားလိမ့်မည် ဖြစ်လေသည်။

ထို့ကြောင့် အသူရာချောက်တွင် ကျင့်ကြံသူများသည် ဝိညာဉ်

များ ၊ နတ်များ ၊ နတ်ဘုရားများကို ယာဇ်ပူဇော်သည့်

အလေ့အထကို အလေးပေးခဲ့ခြင်း ဖြစ်ကြလေသည်။

နောက်ပိုင်းတွင်တော့ ကျင့်စဉ်လမ်းအဆင့်တက်နိုင်ရန်

အတွက်ဝိညာဉ်စွမ်းအားမြှင့်တင်သည့် ကျင့်စဉ်များကို

အလေးထားခဲ့ကြရလေသည်။

ထို့ပြင် ရုပ်ပိုင်းဆိုင်ရာ တာအိုကျင့်စဉ်များကိုလည်း

အလေးထားခဲ့ကြလေသည်။ ရုပ်ပိုင်းဆိုင်ရာတာအိုကျင့်စဉ်

များ ကိုကျင့်ကြံထားခြင်းအားဖြင့် ကျင့်ကြံခြင်းအဆင့် လွယ်

လွယ်ကူကူနှင့် အဆင့်တက်နိုင်မည် ဖြစ်လေသည်။

ရှားမျိုးနွယ်များကဲ့သို့ မွေးရာပါတန်ခိုးစွမ်းအားပိုင်ဆိုင်သူများ

ပင်လျှင် ထိုအချက်ကို လွန်ဆန်နိုင်ခြင်း မရှိခဲ့ကြပေ။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

တာ့ရှားပြည်ပျက်စီးရမည်ဆိုသည့်အချက်မှာ ကံတရား

အတိုင်းပင် ဖြစ်လေသည်။ တာ့ရှားပြည်ကို ကျဆုံးစေသည့်

ဘက်သို့ဦးတည်စေသော အကြောင်းအချက်များစွာ ရှိလေ

သည်။ ထို့ပြင် ဆန်းလျန်၏လုပ်ရပ်များကလည်း

ရည်ရွယ်ချက်ရှိသည်ဖြစ်စေ ၊ မရှိသည်ဖြစ်စေ တာ့ရှားပြည် ကျဆုံးစေရေးကို ဦးတည်နေခဲ့လေသည်။

ကျင့်စဉ်လမ်းတွင် အနိမ့်အမြင့် အတက်အကျ အခြေအနေ များစွာကို ရင်ဆိုင်ရခြင်းက ကျင့်ကြံခြင်းအဆင့်ကို ပိုပြီး မြင့်မားစေလေသည်။ ထို့ကြောင့်ပင် ဆန်းလျန်သည် မိုးကောင်းကင်နိယာမများနှင့် သဘောတရားများစွာကို နားလည်ခဲ့ရလေသည်။

ဆန်းလျန်နှင့် အလွန်ရင်းနှီးသူတစ်ယောက်ဆိုလျှင်တော့ ယင် စွမ်းအားရေတွင်းလေးနံဘေးတွင် ဆန်းလျန်ထိုင်နေသည်ကို သတိပြုမိမည် ဖြစ်လေသည်။ ဆန်းလျန်၏ပုံသဏ္ဍာန်သည် ကြယ်စင်များပျောက်ကွယ်နေသည့် နဂါးငွေ့တန်းကဲ့သို့ ဖြစ် တည်နေလေသည်။

ကြယ်စင်များမရှိသည့် နဂါးငွေ့တန်းတစ်ခုသည် အရာရာ

တိုင်း၏ အစဖြစ်လေသည်။ သဘာဝတရားကိုဖန်ဆင်းခြင်း

လည်း မည်ပေ၏။

ဒဏ္ဍာရီအရဆိုလျှင်တော့ ဖန်ကုဖြစ်တည်လာသည့်အချိန်တွင်

အလွန်အထီးကျန်ခြင်းကို ခံစားခဲ့ရလေသည်။ မိုးနှင့်မြေမှာ

လည်း ကြက်တစ်ကောင်နှင့် ပုံသဏ္ဌာန်တူသည်ဟု အဆိုရှိလေ

သည်။ ထို့ကြောင့် ဖန်ကုက မိုးနှင့်မြေကို ပိုင်းခြားပြီး ကမ္ဘာကြီး

ကို ဖန်ဆင်းခဲ့ခြင်းဖြစ်လေ၏။ ဤအချက်ကို ကြည့်ခြင်း

အားဖြင့် တစ်ယောက်တည်းကျင့်ကြံခြင်းနှင့် သဘာဝတရားကို

ဖန်းဆင်းနိုင်မှုတို့သည် ဆက်စပ်လျှက်ရှိသည်ကို သက်သေပြ

နေခဲ့လေသည်။

ဆန်းလျန်သည် သူ၏ကိုယ်တွင်းမှ ပြောင်းလဲမှုများကို

အပြန်ပြန်အလှန်လှန်သုံးသပ်နေခဲ့သေလည်။ သူ၏စိတ်သည်

ကျေနပ်မှုများဖြင့် ပြည့်နေပြီး သူသည် ထိုက်ယီထျန်းရှန်း အဆင့်သို့ အလွန်နီးကပ်နေပြီ ဖြစ်လေသည်။

ထိုအချိန်အတောအတွင်းတွင်...

ဆန်းလျန်သည် လီယွမ်လျန်နှင့် သူ၏ဂိုဏ်းတူညီ (၃)ယောက်ကို သင်္ကေတ (၄)ခုဖြင့် ခွဲခြားထားသည့် စစ်တပ်တစ်ခု ဖွဲ့စည်းပေးခဲ့လေသည်။

သင်္ကေတစ်ခုချင်းစီမှာ စိမ်းပြာနဂါး ၊ ကျားဖြူ ၊ လိပ်နက်ရွှမ်ဝူနှင့် ဇာမဏီငှက် တို့ ဖြစ်လေသည်။

စစ်သည်တော်များ၏ တိုက်ရည်ခိုက်ရည်မြင့်တက်လာသည်နှင့်အမျှ ဆန်းလျန်ကလည်း တစ်ယောက်တည်း ကျင့်ကြံရန်ဆုံးဖြတ်လိုက်လေသည်။

ကွမ်းလုန်ကျီ၏ လျန်စန်း၏အနှစ်သာရကိုသာ သိရှိခြင်းမရှိလျှင် ဆန်းလျန်သည် ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိရန်လိုအပ်နေသည့်အချက်များကို တွက်ဆနိုင်မည် မဟုတ်ပေ။

ပထမတော့ ဒဏ္ဍာရီထဲမှ အကြောင်းအရာများကို လေ့လာရင်း ဆန်းလျန် စိတ်ရှုတ်ထွေးနေမိလေသည်။ ဒဏ္ဍာရီများအရဆို လျှင် လူသားသည် ဖန်ဆင်းခံသတ္တဝါဖြစ်လေသည်။ ထို့ကြောင့် မှန်ကန်သည့် ဝိညာဉ်စွမ်းအား ပစ္စည်းများရှိလျှင် လူသားနှင့် သတ္တဝါများကို ဖန်ဆင်းနိုင်လိမ့်မည်ဟု သူက ထင် ခဲ့မိလေသည်။ အမှန်တော့ ဖန်ဆင်းခြင်းတွင် ဝိညာဉ်စွမ်းအား ပစ္စည်းများသည် အဓိကကျသည့်အရာများမဟုတ်ခဲ့ပေ။ သဘာဝတရားကိုဖန်ဆင်းနိုင်ရန်အတွက် ပထမဦးဆုံး ဗလာနယ်များကို ဖန်ဆင်းနိုင်ရမည် ဖြစ်လေသည်။ ထို့နောက် မရှိမှုကိုအခြေခံပြီး ဝိညာဉ်တစ်ခုကို စတင်ဖန်ဆင်းနိုင်မည် ဖြစ်လေ၏။

ဆန်းလျန်သည် ကျီဖူတောင်ထိပ်ရှိ ဆရာဘွားဘွားလီချင်း ဆွေ၏ သေးသည့်ဗလာနယ်လေးထဲတွင် ပိတ်မိနေစဉ်က ထို ဗလာနယ်ထဲတွင် သဲမှုန်လေးများကို တွေ့မြင်ခဲ့ရလေသည်။

ထိုသဲမှုန်လေးများသည် ဖန်ဆင်းခြင်းကို စတင်အခြေခံသည့် အရင်းအမြစ်များပင် ဖြစ်လေသည်။

ယင် နှင့် ယန် ၊ ဒြပ်စင်စွမ်းအား (၅) မျိုး သည် သဘာဝတရား ဖန်ဆင်ခြင်း၏ အခြေခံဟု ပြောနိုင်လေသည်။ ထိုအချက်ကို နားလည်သွားသည့်အခါတွင်တော့ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်သည် မည်မျှအရေးပါသည်ကို ဆန်းလျန် နားလည် သွားခဲ့လေသည်။

ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်သည် ယင် နှင့် ယန် ၊ ဒြပ်စင် စွမ်းအား (၅) မျိုးတို့ဖြင့် ပေါင်းစပ်ကျင့်ကြံရသည့် ကျင့်စဉ် တစ်ခုဖြစ်လေသည်။ ထိုစွမ်းအားများ လျော့နည်းခြင်းနှင့် ပိုမို ခြင်းများကို အခြေခံပြီး နက်နဲသောအရာများကိုလည်း ဖြေ ရှင်းနိုင်မည်ဖြစ်လေသည်။ ဆန်းလျန်သည် သဘာဝတရားကို ဖန်ဆင်းနိုင်လျှင် ထိုက်ယီထျန်းရှန်းအဆင့်သို့ တက်လှမ်းနိုင် မည် ဖြစ်လေသည်။

ထိုက်ယီထျန်းရှန်းအဆင့်သို့ တက်ရောက်နိုင်ရန်အတွက် သူ၏ကြိုးစားမှုနှင့် ကံကောင်းခြင်းအနည်းငယ်လည်း လိုအပ်လေသည်။

ဆန်းလျန်၏ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်အပေါ် နားလည်မှုများသည် ဆရာဘွားဘွားလီချင်းဆွေထက် မလျော့ပေ။

သို့သော် ဆရာဘွားဘွားလီချင်းဆွေက ထိုက်ရှီးနည်းဗျူဟာကို တီထွင်ခဲ့သူဆရာသခင် ဖြစ်လေသည်။

ဆန်းလျန်သည် ဆရာဘွားဘွားလီချင်းဆွေတီထွင်ခဲ့သည့် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှ ယင် နှင့် ယန်ကို သပ်သပ် ၊ ဒြပ်စင်စွမ်းအား (၅)မျိုးကို သပ်သပ် ခွဲထုတ်လိုက်လေသည်။

ထိုသို့ ပြုလုပ်နိုင်ခြင်းအတွက် ချမ်းမော့ကို ကျေးဇူးတင်ရမည် ဖြစ်လေသည်။

ချမ်းမော့၏တန်ခိုးစွမ်းအားများသည် ဒြပ်စင် (၅) မျိုး၏ မူလဖြစ်တည်မှု တစ်ခုဖြစ်လေသည်။

ဒြပ်စင် (၅)မျိုး၏ မူလအစဆိုသည်မှာ စကြာဝဠာမဖြစ်တည်မီ

ကပင် တည်ရှိနေသည့် အရှိတရားဖြစ်လေသည်။

ဆန်းလျှန်သည် ဒြပ်စင် (၅)မျိုးကို နားလည်သဘောပေါက်ပြီး

ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဖြင့် နတ်ဘုရားတစ်ပါး အဖြစ်

အဆင့်တက်ရောက်ခဲ့သူ ဖြစ်လေသည်။

သို့သော် ဆရာဘွားဘွားလီချင်းဆွေ ၊ ဆရာဘွားဘွားကျိုလင်

တို့ကတော့ ယင် နှင့် ယန် လမ်းကြောင်းမှတစ်ဆင့် နတ်ဘုရား

အဖြစ် တက်ရောက်နိုင်ခဲ့သူများ ဖြစ်လေသည်။ ထို့ကြောင့် သူ့

အနေဖြင့် ယင် နှင့် ယန် လမ်းကြောင်းကိုလည်း ပြန်လည်

လေ့လာရန် လိုအပ်လေသည်။

သူသိရှိထားသည့် ကျင်စဉ်သဘောတရားများကို မေ့ပစ်ပြီး

အစမှ ပြန်လည်လေ့လာရန်မှာ ထင်သလောက်တော့ လွယ်ကူ

ခြင်းမရှိပေ။ သို့သော် သူကျင့်ကြံခဲ့သည့် လမ်းစဉ်တစ်ခုလုံးကို

မေ့ပျောက်လိုက်လျှင် လမ်းစဉ်အသစ်၏ နည်းစနစ်များကို

ပြန်လည် လေ့လာနိုင်မည် ဖြစ်လေသည်။ အရာအားလုံးတွင် အစရှိသလို အဆုံးလည်းရှိရမည် ဖြစ်လေသည်။

ယင် နှင့် ယန် ကို လေ့လာရန်အတွက် ဆန်းလျန်တွင် အဖြေရှိခဲ့ပြီ ဖြစ်လေသည်။ ထိုအဖြေ၏သော့ချက်မှာ ကျိုမုမြစ်ပင် ဖြစ်လေ၏။

ကျိုမုမြစ်ရေသည် ယောကျာ်းလေးဖြင့် စပ်ယှက်ခြင်းမပြုဘဲ မိန်းကလေးတစ်ယောက်ကို ကိုယ်ဝန်ရစေနိုင်လေသည်။

ထို့ကြောင့် ကျိုမုမြစ်ရေတွင် မသိမြင်နိုင်သည့် လျှို့ဝှက်ချက်များစွာ ရှိလေသည်။

မိန်းကလေးနှင့်ယောကျာ်းလေး ပေါင်းစပ်မှသာ ကိုယ်ဝန်ရရှိနိုင်သည်ဆိုသည့် လောကသဘာဝတရားကို ကျိုမုမြစ်ရေက ချိုးဖျက်ထားလေသည်။

ထို့ပြင် ကျိုမုမြစ်သည် လောကသဘာဝတရားထဲတွင် စီးဆင်းနေသည့် မြစ်တစ်စင်းဖြစ်လေသည်။ ထို့ကြောင့်

သဘာဝတရားနှင့်လည်း ဆက်စပ်နေလေသည်။ ကျီမှုမြစ်တည်ရှိမှုနောက်ကွယ်တွင် အကြောင်းရင်းတစ်ခုတော့ ရှိရမည်ဖြစ်လေသည်။

ယင် နှင့် ယန် ညီညွတ်မှုရှိမှသာလျှင် မိန်းကလေးတစ်ယောက်သည် ကိုယ်ဝန်ဆောင်နိုင်မည် ဖြစ်လေသည်။ ရှီးလျန်မှ မိန်းကလေးများသည်လည်း ထို့အတူပင် ဖြစ်လေသည်။

ကျီမှုမြစ်ရေထဲတွင် ယင်စွမ်းအားက ယန်စွမ်းအား၏ အတွင်းတွင် တည်ရှိနေလေသည်။ ထိုသဘောတရားကို ပြုပြင်ပြောင်းလဲနိုင်လျှင် မည်သို့ဖြစ်လေမည်နည်း။

အခန်း (၅၉၂) လောကနှင့်တိုင်းပြည်

ရှီးလျန်ပြည်သို့ ဆန်းလျန်ပြန်ရောက်လာပြီးသည့်နောက်ပိုင်း ရှီးလျန်နန်းတော်ကို တည်ဆောက်ခဲ့လေသည်။ သို့သော် ရှီးလျန်နန်းတော်သည် အဆောင်အယောင်များစွာမရှိလှဘဲ ရိုးရှင်းပြီး အေးဆေးတည်ငြိမ်လေသည်။

ရှီးလျန်ပြည်သူများသည် ရှီးလျန်နန်းတော်ကို အလွန်ရိုသေလေးစားကြလေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် နန်းတော်ကိုတည်ဆောက်သည့်အချိန်တွင် ထူးဆန်းသည့် မီးတောက်တစ်ခုကို အသုံးပြုခဲ့သောကြောင့် ဖြစ်လေသည်။

ရှီးလျန်နန်းတော်မှာ သက်သောင့်သက်သာရှိပြီး ဝိညာဉ်စွမ်းအားများ မြင့်မားသည်ကို ခံစားမိကြမည် ဖြစ်လေသည်။ နန်းတော်အတွင်းနေထိုင်သူများသည် ဝိညာဉ်စွမ်းအားများကို

စုပ်ယူနိုင်မည် ဖြစ်လေသည်။ ထို့ကြောင့် အစားအသောက်များ မစားသောက်ဘဲနှင့် အချိန်ကြာမြင့်စွာ အသက်ရှင်သန်နိုင်ပေလိမ့်မည်။

နန်းတော်အတွင်း နေထိုင်သူများသည် ကျင့်ကြံခြင်းကိုပြုလုပ်မည်ဆိုပါက အခြားသူများထက် လျှင်မြန်စွာ တိုးတက်နိုင်မည် ဖြစ်လေသည်။

နန်းတော်အသစ်တွင် နေထိုင်ခြင်းအားဖြင့် ချန်ချင်၏စိတ်များသည် ပိုမိုကြည်လင်ရှင်းလင်းနေခဲ့လေသည်။ ထို့ပြင် သူမသည် တန်ခိုးစွမ်းအားအသစ်တစ်ခုကိုလည်း ရရှိခဲ့သည်။ သူမသည် မည်သည့်ဂါထာမန္တန်ကိုမှ ရွတ်စရာမလိုဘဲ လေထဲတွင် ပျံသန်းနိုင်နေခြင်း ဖြစ်လေသည်။ ထို့ပြင် စိတ်သွားတိုင်းလည်း ကိုယ်ပါလျှက် ရှိလေ၏။

သူမသည် တာအိုကျင့်စဉ်လမ်းသို့ စတင်ဝင်ရောက်နေပြီဖြစ်သည့်အတွက် ထိုသို့ဖြစ်ရခြင်း ဖြစ်သည်ဟု ဆန်းလျန်က သူမ

ကိုပြောပြခဲ့လေသည်။ ထိုအဆင့်သို့ရောက်လျှင် လူတစ်ယောက်သည် သူ့ကိုယ်သူ ကျင့်ကြံသူအဖြစ် သတ်မှတ်နိုင်လေသည်။ သူတို့သည် "ပြည့်ဝစုံလင်ခြင်း" အဆင့်သို့ရောက်ရှိနေပြီး နောက်တစ်ဆင့်တက်လျှင် ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်တော့မည် ဖြစ်လေသည်။ ဟိုင်သန်းအဆင့်ဆိုသည်က ကျင့်ကြံသူလောကတွင် ၉၉% က မရောက်ရှိနိုင်ဘဲ ရပ်တန့်နေသည့်အဆင့်ဖြစ်လေသည်။

ကျင့်ကြံသူများစွာရှိသည့် ယင်းစန်းဒေသတွင်ပင် ဟိုင်သန်းအဆင့်တက်ရောက်နိုင်သူ များစွာမရှိသေးပေ။

ချန်ချင်သည် သူမကိုယ်သူမ အလွန်ကျေနပ်လျှက်ရှိလေသည်။ ဆန်းလျန်ကြောင့်သာမဟုတ်လျှင် သူမသည် ယခုကဲ့သို့ ကျင့်ကြံနိုင်မည် မဟုတ်ပေ။

ထို့ပြင် သူမ၏သားနှင့်သမီးနှစ်ယောက်လုံးသည် သူမ၏အနားတွင် ရှိနေလေသည်။

သူမ၏ညီမလေးဖြစ်သူ ချန်ယွင်ကို ရှာဖွေတွေ့ရှိခြင်းမရှိသေး

သည့်တိုင် သူမစိတ်ထဲတွင် သိပ်ပြီး ဝမ်းနည်းမနေမိတော့ပါ။

ဆန်းလျန်က ချန်ယွင်ကို ရှာဖွေပေးမည်ဟု ကတိပေးထား

သည့်တိုင် သားဖြစ်သူသည် ချန်ယွင်အကြောင်း

တစ်လုံးတစ်ပါဒမှ သူမကို ပြောဆိုခြင်း မရှိသေးပေ။

ချန်ချင်အတွေးလွန်နေဆဲ အစေခံတစ်ယောက်သူမအနားသို့

ရောက်ရှိလာလေသည်။

"ဘုရင်မ... မင်းသားလေးလာပါတယ်"

ဆန်းလျန်သည် ရှီးလျန်ပြည်တွင် အခွင့်ထူးခံတစ်ယောက် ဖြစ်

လေသည်။ သူ့အနေဖြင့် အကြောင်းမကြားဘဲနှင့် လည်းချန်

ချင်ကို ဝင်ရောက်တွေ့ဆုံနိုင်လေသည်။ သို့သော် ချန်ချင်သည်

ဘုရင်မတစ်ပါးလည်းဖြစ်သလို သူ၏မယ်တော်လည်းဖြစ်

သည့်အတွက် ဆန်းလျန်က သူမကို သူ့ထက်အဆင့်မြင့်သူတစ်

ယောက်အဖြစ် အသိအမှတ်ပြုထားလေသည်။ ထို့ကြောင့် ချန်

ချင်၏ အခွင့်အာဏာကို လေးစားသောအားဖြင့် အမြဲတမ်းခွင့် တောင်းပြီးမှသာ တွေ့ဆုံလေ့ ရှိလေသည်။

ရှီးလျန်ပြည်သူများက ဆန်းလျန်သည် အချိန်မရွေး ရှီးလျန်ပြည်၏ ဧကရာဇ်ဖြစ်လာနိုင်သည်ကို သိရှိကြလေသည်။ ဆန်းလျန်သာ ရှီးလျန်ပြည်၏ ဧကရာဇ်ဖြစ်လာလျှင် သူတို့အနေဖြင့် ငြင်းဆန်စရာအကြောင်းမရှိပေ။

ဆန်းလျန်ကို ရှီးလျန်ပြည်၏ ဧကရာဇ်ဖြစ်လာရန်အတွက် ရှီးလျန်ပြည်သူများသာ မျှော်လင့်နေကြခြင်းမဟုတ်ပါ။ ချန်ချင်ကိုယ်တိုင်လည်း မျှော်လင့်နေမိလေသည်။

သို့သော် ဆန်းလျန်သည် ရှမ်တုကျောင်းတော်တွင် တစ်ယောက်တည်း နှိမ့်နှိမ့်ချချနေထိုင်နေခြင်းက လူအများကို စိတ်ပျက်စေခဲ့လေသည်။

ပြည်သူအများသည် ချန်ချင်ကို ချစ်ခင်လေးစားကြပါသည်။ သို့သော် ရှီးလျန်ပြည် အင်အားကြီးမားလာစေရန်အတွက်

တိုင်းပြည်ကိုဦးဆောင်သည့် တန်ခိုးစွမ်းအားမြင့်မားသည့် ကျောင်ဇ်တစ်ပါး လိုအပ်လေသည်။ ဥပမာ အားဖြင့်တာ့ရှား ပြည်မှ တာ့ရှားကျောင်ဇ်နှင့် ယင်းစန်းဒေသမှ ထျန်းယီ အကြီးအကဲတို့ကဲ့သို့မျိုး ဖြစ်လေသည်။

ဘုရင့်ဥယျာဉ်တော်ထဲတွင် ဆန်းလျန်သည် ချန်ချင်ကို စောင့် နေလေသည်။

မယ်တော်ကို စောင့်နေရင်း ဆန်းလျန်သည် ချန်ခယ်နှင့် ဆော့ ကစားလျှက် ရှိလေ၏။ သူက ညီမငယ်ကို လေထဲတွင် ပျံသန်း စေပြီး ဆော့ကစားနေလေရာ ချန်ခယ်မှာ သဘောကျစွာဖြင့် ရယ်မောနေခဲ့လေသည်။ လေထဲတွင် ချန်ခယ်၏ ရယ်သံစူးစူး လေးများဖြင့် ပြည့်နက်လျှက်ရှိလေ၏။

ထို့ပြင် ချန်ချင် ဥယျာဉ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ပန်းများ ကပွင့်လန်းနေပြီး ပန်းရနံ့လေးများက မွှေးပျံ့နေလေသည်။

"လျန်လေး... မယ်တော့်ကို ဘာလို့လာရှာတာလဲ"

ချန်ချင်က ဥယျာဉ်ထဲမှ ပန်းများကို ခံစားရင်း ၊ ရနံ့လေးများကို ရှူရှိုက်ရင်း သမီးငယ်၏ရယ်သံလေးများကို နားထောင်ရင်း စိတ်ထဲတွင် ကြည်လင်လာမိလေသည်။

ချန်ခယ်က ရယ်မောနေရင်းမှ ချန်ချင်၏ရင်ခွင်ထဲသို့ ပြေးလာလေသည်။

ဆန်းလျန်က ...

"မယ်တော်နဲ့ ကိစ္စတစ်ခု ဆွေးနွေးစရာရှိလို့ပါ..."

ချန်ချင်၏မျက်နှာက အနည်းငယ်တည်ကြည်လေးနက်သွားလေသည်။

သူမ၏ ထူးဆန်းသောသားငယ်သည် မလိုအပ်ဘဲ စကားကို ကျွေ့ပတ်ပြောတတ်သူမဟုတ်ပေ။ ထို့ကြောင့် "ဆွေးနွေးစရာကိစ္စ" ဟု သားဖြစ်သူသုံးဆွဲလိုက်ခြင်းမှာ အလေးအနက်ထားရမည့် ကိစ္စတစ်ခု ဖြစ်လေသည်။

"ဆက်ပြောပါ..."

ချန်ချင်သည် သားဖြစ်သူပြောမည့်ကိစ္စကို ပေါ့ပေါ့တန်တန်

သဘောမထားရဲတော့ပေ။

ဆန်းလျန်က နူးညံ့သည့်လေသံဖြင့်...

"ကျိုမုမြစ်ကိုသန့်စင်ဖို့အတွက် သားတော် တန်ခိုးစွမ်းအား

အများကြီး အသုံးပြုဖို့ရှိတယ်၊ အဲဒီလိုလုပ်လိုက်ရင် ရှီးလျန်

က မိန်းမပျိုတွေ မြစ်ရေကိုသောက်ရုံနဲ့ ကိုယ်ဝန်မရတော့မှာ

သားတော်စိတ်ပူမိတယ်၊ ဒါကြောင့် မယ်တော့်ဆီ အကြံဉာဏ်

လာတောင်းတာပါ၊ မယ်တော်သဘောမတူရင်တော့ သားတော်

မလုပ်ပါဘူး"

"သားတော်မှာ ဒီလိုလုပ်ရတဲ့အကြောင်းရင်းတော့ ရှိမှာပေါ့၊ ဒါ

ပေမယ့် ဒီမြစ်ရေက ရှီးလျန်ပြည်ရဲ့နောက်ပိုင်းမျိုးဆက်တွေ

မွေးထုတ်ပေးတာနဲ့ ဆက်စပ်နေတယ်၊ ကျိုမုမြစ်ရေက

စွမ်းအားတွေ ကွယ်ပျောက်သွားရင် နောက်မျိုးဆက်ရဖို့

အတွက် ရှီးလျန်က မိန်းကလေးတွေ လက်ထပ်ရတော့မှာပေါ့"

ချန်ချင်က မျက်ခုံးလေးများ တွန့်ချိုးရင်း ပြောလိုက်လေသည်။

"အချို့မိန်းကလေးတွေကတော့ လက်ထပ်ဖို့ တွန့်ဆုတ်နေကြလိမ့်မယ် ၊ ဒါပေမယ့် အခုတောင်မှ ပြောင်းလဲနေပါပြီ ၊ ရှီးလျန်က အချို့မိန်းကလေးတွေဆိုရင် လက်ထပ်ထိမ်းမြားလာကြပြီ ၊ ပြီးတော့ ဘယ်မိန်းကလေးက အပျိုကြီးလုပ်ချင်မှာတဲ့လဲ"

ဆန်းလျန်က ပြောလိုက်လေသည်။

ချန်ချင်က...

"မယ်တော့်ကို မပြောဘဲ သားတော်ဟာသားတော် မြစ်ရေကို သန့်စင်လိုက်မယ်ဆိုလည်း ဘယ်သူမှ မတားဆီးနိုင်ပါဘူး ၊ ဒါပေမယ့် သားတော်က မယ်တော်ကို တလေးတစားနဲ့လာ ဆွေးနွေးမှတော့ မယ်တော်ကလည်း သားတော် ကိုအကူအညီတစ်ခု တောင်းစရာရှိတယ်"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘာလဲ… သားတော်ကို ရှီးလျန်ပြည်ရဲ့ ဘုရင်လုပ်ခိုင်းမလို့လား"

ချန်ချင်မှာ သက်ပြင်းတစ်ချက်သာ ကြိတ်ပြီးချလိုက်မိတော့သည်။

နတ်ဘုရားသားတော်တစ်ပါးရှိနေခြင်းက ကောင်းကျိုးဆိုးကျိုးဒွန်တွဲလျှက်ရှိသည် မဟုတ်ပါလား။

သို့သော်… ချန်ချင်သည် ရှီးလျန်မြို့တော်ကိုအုပ်ချုပ်ခဲ့ကြသည့် အစဉ်အဆက် မြို့တော်သခင်မများနှင့် တူညီသူတစ်ယောက်မဟုတ်ပါ။ သူမသည် ကျဉ်းမြောင်းသည့်အမြင်များဖြင့် ရှီးလျန်ပြည်ကို ထိန်းချုပ်ထားလိုသည့် ဆန္ဒမရှိပါ။ အပြောင်းအလဲများကို လက်ခံနိုင်သူတစ်ယောက် ဖြစ်လေသည်။

ရှီးလျန်ပြည်ကျယ်ပြန့်လာသည်နှင့်အမျှ အရည်အချင်းရှိသူများစွာသည် ရှီးလျန်တွင် ခိုလှုံလာကြလေသည်။ သို့သော်…

ခိုလှုံလာသူများသည် ချန်ချင်၏ တန်ခိုးစွမ်းအားနှင့် အုပ်ချုပ်နိုင်စွမ်းကို အနည်းနှင့်အများ သံသယဝင်နေ ဆဲဖြစ်လေသည်။ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်မှုအတွက် စိတ်ပူနေရလေသည်။

သို့သော်... ခိုလှုံလာသူများအနေဖြင့်လည်း ရှီးလျန်ကိုမှ မခိုလှုံလျှင် ခိုလှုံစရာတိုင်းပြည်မရှိပေ။

မြေပြင်ကိုမငြင်းဆန်သည့်အတွက် တောင်သည် ကြီးကျယ်မြင့်မားလာရသလို စမ်းချောင်းများကို မငြင်းဆန်သည့်အတွက် သမုဒ္ဒရာသည် နက်ရှိုင်းကျယ်ပြန့်လာရလေသည်။

ချန်ချင်သည် တောင်တစ်တောင်လည်းမဟုတ်သလို သမုဒ္ဒရာတစ်စင်းလည်း မဟုတ်ပေ။

သို့သော် ဆန်းလျန်ကတော့ တောင်ကဲ့သို့ မြင့်မားပြီး သမုဒ္ဒရာကဲ့သို့ နက်ရှိုင်းသူတစ်ယောက် ဖြစ်လေသည်။ ရှီးလျန်ပြည်

တိုးတက်ရေးအတွက် ဆန်းလျန်က သူမထက်ပိုပြီး လုပ်ဆောင်နိုင်မည် ဖြစ်လေသည်။

ချန်ချင်က...

"သားတော်က ငြင်းဦးမလို့လား..."

ဆန်းလျန်က...

"တကယ်တော့ မငြင်းပါဘူး၊ ဒါမေပယ့် မယ်တော်ရဲ့ကျင့်ကြံခြင်းအဆင့်ကလည်း အရမ်းမြန်မြန်တိုးတက်လာတော့ နောက်ထပ်နှစ်အနည်းငယ်လောက် မယ်တော်ကို ဘုရင်မတစ်ပါး ဖြစ်နေစေချင်သေးလို့ပါ၊ မယ်တော် အခုလို ကျင့်ကြံခြင်းအဆင့်တက်လာရတာ မယ်တော်က ဘုရင်မတစ်ပါးဖြစ်နေခဲ့လို့ နဂါးစွမ်းအားကို အသုံးချနိုင်ခဲ့လို့ပဲ၊ ဒါပေမယ့် မယ်တော်ကိုယ်တိုင်က သားတော်ကို ဘုရင်ဖြစ်စေချင်တယ်ဆိုရင်တော့ သားတော်က ငြင်းမှာမဟုတ်ပါဘူး၊ သားတော်ကိုယ့်

ပါ ၊ သားတော်က တာ့ရှားဧကရာဇ်နဲ့ ထျန်းယီတို့ထက် ပို

ကောင်းတဲ့ ဘုရင်တစ်ပါး ဖြစ်စေရပါ့မယ်"

ချန်ချင်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မယ်တော်က သားတော်ကိုယုံပြီးသားပါ ၊ သားတော်ဘာလို့

စိတ်ပြောင်းသွားလဲဆိုတာ မသိပေမယ့် သားတော်မှာ လည်း

ကိုယ့်အကြောင်းပြချက်နဲ့ကိုယ် ရှိမှာပေါ့လေ ၊ ဒါပေမယ့်

မယ်တော် သားတော်ကို မေးစရာတစ်ခုတော့ရှိတယ် ၊

အမြဲတမ်းလည်း မေးချင်နေခဲ့မိတယ် ၊ အဲဒါက သားတော် ယွ

င်အယ်ကို ရှာလို့တွေ့ပြီလား"

ဆန်းလျန်သည် ချန်ယွင်၏အကြောင်းများအားလုံးကို မချွင်းမ

ချန် အကုန်အစင် ပြောပြလိုက်လေသည်။

ဆန်းလျန်၏ စကားများကိုကြားရသည့်အခါတွင်တော့ ချန်ချင်

မှာ အလွန်ဝမ်းနည်းသွားရလေသည်။

သူမက...

"ယွင်အယ်ကို လွှတ်ပေးဖို့ သားတော်ကို မယ်တော်အကြံပေးလို ပါတယ်၊ ဒါပေမယ့် ဒီအခြေအနေထိရောက်လာမှတော့ အားလုံးက သားတော်ရဲ့ဆန္ဒအတိုင်းပါပဲ"

ချန်ယွင်သည် သူမ၏ ညီမလေးဖြစ်သည့်တိုင် သူမသည် သမီးလေးတစ်ယောက်ကဲ့သို့ ချန်ယွင်ကို စောင့်ရှောက်ခဲ့ရ သူဖြစ်လေသည်။ သူတို့ညီအစ်မနှစ်ယောက်သည် ချစ်ခင်ရင်းနှီးသူများ ဖြစ်ကြလေသည်။ ထို့ကြောင့် ချန်ချင်သည် ချန်ယွင်အကြောင်းကိုကြားရသည့်အခါ ရင်ထဲတွင် နင့်နေအောင် နာလျှက်ရှိတော့သည်။

ဆန်းလျန်က…

"မယ်တော်…၊ သားတော် လီယွမ်လျန်နဲ့ သူ့ဆီ စာပေးခိုင်းလိုက်တုန်းက သားတော်တို့ နောက်တစ်ကြိမ်တွေ့ကြ တဲ့အခါ သားတော်ဘက်က ညှာမှာမဟုတ်ဘူးလို့ ပြောလိုက်တယ်"

ဆန်းလျန်၏စကားကြောင့် ချန်ချင်၏မျက်ခုံးများအနည်းငယ်မြင့်တက်သွားရလေသည်။

သူမက "ဆန်းလျန်ဆန္ဒရှိသည့်အတိုင်းလုပ်ပါ" ဟု ပြောခဲ့သည့်တိုင် ဆန်းလျန်သည် ထိုမျှ ရက်စက်လိမ့်မည်ဟု ထင်မထားခဲ့မိပေ။

ဆန်းလျန်သည် အပြင်ပန်းတွင် နူးညံ့သိမ်မွေ့သည့်တိုင် အလွန်တရာသွေးအေးသူတစ်ယောက်ဖြစ်သည်ကို သူမဘဝတွင် ပထမဆုံးအကြိမ်နားလည်လိုက်ရလေသည်။

သူမ၏ရင်ထဲတွင်ဝမ်းနည်းနေပြီး တောင်ပိုင်းလူရိုင်းမျိုးနွယ်စုများထံသို့သွားရောက်ကာ ညီမဖြစ်သူကို ရှာဖွေရန် အတွက်ဆုံးဖြတ်ချက် ချလိုက်မိလေသည်။

ဆန်းလျန်က ...

"မယ်တော်… သားတော်နန်းတက်ခဲ့ရင် တိုင်းပြည်ရဲ့မင်းဆက်အမည်ကို ပြောင်းလဲရလိမ့်မယ်၊ ပြီးတော့ ရှီးလျန်မြို့တော်ရဲ့ ဖွဲ့စည်းပုံကလည်း အရမ်းသေးငယ်တယ်လေ"

"တိုင်းပြည်ရဲ့မင်းဆက်အမည်ကို ပြောင်းလဲဖို့ မယ်တော်လည်း စဉ်းစားထားပါတယ်၊ ဘာလို့လဲဆိုတော့ အခုဆို မယ်တော်တို့ တိုင်းပြည်မှာ နေထိုင်သူတွေကလည်း အားလုံးကရှီးလျန်က မဟုတ်တော့ဘူးလေ၊ ဒါကြောင့် ရှီးလျန်ဆိုတဲ့အမည်နဲ့ တိုင်းပြည်ကို ကန့်သတ်ထားလို့မရနိုင်ဘူး၊ ဒါကြောင့် တိုင်းပြည်ရဲ့မင်းဆက်အမည်ကို ပြောင်းလဲတာက တိုင်းပြည်အတွက်ပိုပြီး ပြည့်စုံကောင်းမွန်မှာပါ"

ချန်ချင်သည် သူမ၏ရင်ထဲမှ ဝမ်းနည်းမှုများကို ဖုံးကွယ်ထားရင်း သားတော်ဖြစ်သူနှင့်တည်ငြိမ်စွာပင် တိုင်းရေးပြည်ရာများကို ဆွေးနွေးနေခဲ့လေသည်။

အခန်း (၅၉၃) မြင့်မြတ်သည့်မိုးကြိုးနတ်ဘုရား

ဆန်းလျန်ကရယ်မောလိုက်ရင်း…

"သားတော်တို့က တစ်ခရီးတည်းသွားတွေပါ မယ်တော် ၊ ပြီး

တော့ သားတော်မှာ အစီအစဉ်တစ်ခုလည်းရှိသေးတယ်"

ချန်ချင်က…

"သားတော်က တိုင်းပြည်ရဲ့မင်းဆက်ကို ဘယ်နာမည်ပြောင်းဖို့

စီစဉ်ထားလဲ"

ဆန်းလျန်သည် မိုးကုတ်စက်ဝိုင်းဆီသို့ တစ်ချက်လှမ်းကြည့်

လိုက်လေသည်။

"ကျိုး..."

ဆန်းလျှန်၏ ပါးစပ်ဖျားမှ စကားလုံးတစ်လုံးတည်းကိုသာ

ပြောလိုက်လေသည်။

ရုတ်တရက်...

ပတ်ဝန်းကျင်တစ်ခုလုံးတွင် မိုးကြိုးမုန်တိုင်းများတိုက်ခတ်လာ

လေသည်။

ကောင်းကင်တစ်ခုလုံးတွင် လျှပ်စီးများလင်းလက်နေပြီး

ရုတ်တရက် ရာသီဥတုပြောင်းလဲသွားမှုကြောင့် လူအများမှာ

ထိတ်လန့်အံ့ဩသွားကြရလေသည်။

မိုးကောင်းကင်သည် တိမ်တိုက်များဖြင့် ပြည့်နက်နေပြီး

လျှပ်စီးများသည် မြွေများကခုန်တေနသည့်အလား လင်းလက်

လျှက်ရှိလေ၏။

ချန်ချင်၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်သွားရလေသည်။

ချန်ခယ်လေးမှာလည်း ရုတ်တရက်ပြောင်းလဲသွားသည့်

အခြေအနေကြောင့် ထိတ်လန့်တုန်လှုပ်နေတော့သည်။

ဆန်လျန်သည် လေချွန်သံတစ်ချက်ကို ကျယ်လောင်စွာ ပြု

လိုက်လေသည်။

ထို့နောက် ကြည်လင်သည့်အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲ

ကာ မိုးကြိုးမုန်တိုင်းရှိရာနေရာသို့ တစ်ဟုန်ထိုးပြေးဝင်သွား

တော့သည်။ ဆန်းလျန်ပြောလိုက်သည့် စကားလုံးတစ်လုံး

ကြောင့် လောကကြီးတစ်ခုလုံး ပြောင်းလဲသွားမည်ဟု ချန်ချင်

ထင်မထားခဲ့မိပေ။

သူမသည် မိုးကြိုးမုန်တိုင်းအတွင်းသို့ တိုးဝင်သွားသည့် ဆန်း

လျန်အတွက် စိတ်ပူနေမိလေသည်။ သို့သော် သူမအနေဖြင့်

ဆန်လျန်ကိုလည်း မည်သို့မှ ကူညီနိုင်ခြင်း မရှိပါချေ။

....

အပြာရောင်ခရီးရှည်နန်းတော်...

ယွမ်ကျွင်းဧကရီသည် အင်းသင်္ကေတတစ်ခုကို ထုတ်ယူလိုက်လေသည်။ ထိုအင်းသင်္ကေတသည် အဖြူရောင်စာလုံးတစ်လုံးနှင့် ဆင်တူလေသည်။

ထို့နောက် ယွမ်ကျွင်းဧကရီက သူမ၏ မျက်ခုံးနှစ်ခုကြားနေရာကို ရွှေအပ်တစ်ချောင်းဖြင့် ထိုးစိုက်လိုက်လေသည်။ ထိုအခါ သူမ၏မျက်ခုံးနှစ်ခုကြားမှ အစိမ်းရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ရွှေရောင်စာလုံးများ အဖြစ် အသွင်ပြောင်းသွားလေသည်။

သူမက နာမည်တစ်ခုကို ခေါ်လိုက်လေသည်။

"ဝမ်ကျုန်း..."

သူမ၏အသံသည် ရှေးကျပြီး အချိန်ယန္တရား၏အရံအတားကိုပင် ချိုးဖောက်နိုင်စွမ်းရှိသကဲ့သို့ ထင်မှတ်ရလေ၏။

အလင်းတန်းတစ်ခုသည် အပြာရောင်ခရီးရှည်နန်းတော်အတွင်းသို့ ဝင်ရောက်လာပြီး ယွမ်ကျွင်းဧကရီ၏ရှေ့သို့

ရောက်ရှိလာလေသည်။ အလင်းတန်းသည် ဝမ်ကျုန်းအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ယွမ်ကျွင်းကေရှီ၏မျက်နှာမှာ မီးခိုးရောင်သန်းနေသည်ကို တွေ့လိုက်ရသည့်အခါတွင်တော့ ဝမ်းကျုန်းမှာ အလွန်စိုးရိမ်သွားရလေသည်။

"ဆရာ... အသက်ဓာတ်စွမ်းအားအနှစ်သာရကို ဘာလို့ အသုံးပြုလိုက်ရတာလဲ"

ယွမ်ကျွင်းကေရှီက နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"ဝမ်ကျုန်း .. ဒီအင်းအမိန့်တော်ကို လက်ခံပါ..."

ယွမ်ကျွင်းကေရှီ၏မျက်နှာမှာ တည်ကြည်လေးနက်နေပြီး စကားလည်း သိပ်များများမပြောပေ။ ဝမ်ကျုန်းသည် သူ၏ဆရာကို အစကတည်းက ကြောက်ရွံ့ရှိသေသူ ဖြစ်လေရာ ချက်ချင်းပင် အင်းအမိန့်တော်ကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ လက်ခံလိုက်လေသည်။

အင်းအမိန့်တော်သည် ဝမ်ကျုန်း၏လက်ထဲတွင် အရည်ပျော်သွားလေသည်။ တစ်ချိန်တည်းမှာပင် မိုးကြိုးပစ်သံတစ်ချက်ကို ကြားလိုက်ရပြီး သူ့ရှေ့တွင် မြင့်မားသည့် စြက်ံနလမ်းတစ်ခု ပေါ်လာလေသည်။ ထိုစြက်ံနလမ်းထက်တွင် အမည်စာရင်းတစ်ခု ရှိနေလေသည်။

အမည်စာရင်းအောက်တွင်တော့ ထိုက်ချိတာအိုဝတ်စုံကို ဝတ်ဆင်ထားပြီး ကြာပွတ်တစ်ချောင်းကိုကိုင်ထားသည့် တာအိုဆရာတစ်ယောက်ရပ်နေလေသည်။

ထိုတာအိုဆရာက မိုးကြိုးသံကဲ့သို့ ကျယ်လောင်သည့်အသံဖြင့်...

"လင်ပေါင်ထျန်းကျွင်း၏နာမတော်ဖြင့် အမိန့်ကြေငြာမည်... ၊ ဝမ်ကျုန်းသည် ကျင့်စဉ်လမ်းကို လျှောက်လှမ်းခဲ့ပြီး တာအိုကျင့်စဉ်များကို ကျင့်ကြံခဲ့သည် ၊ ချောင်ယွမ်၏အမှန်တရားကို မသိသေးသလို လော်ဝါဒကိုနားလည်ရန် အခွင့်အလမ်းမရှိ

သော်လည်း သူသည် ရှန်လမ်းစဉ်ကို ဝင်ရောက်နိုင်သူဖြစ်သည် ၊ ယခုအချိန်မှစပြီး သူ့ကို မြင့်မြတ်သည့်မိုးကြိုးနတ်ဘုရား အဖြစ် ခန့်အပ်လိုက်သည် ၊ သူသည် မကောင်းမှုကိုတွန်းလှန်ပြီး သတ္တဝါများအားလုံးကို စောင့်ရှောက်ရမယ် ၊ ကောင်းမှုကို တိုးပွားစေပြီး မကောင်းမှုကို နှိမ်နင်းရမည်"

အလင်းတန်းတစ်ခုသည် မိုးကြိုးသွားတစ်ခုအလား သူ၏နှလုံးသားထဲသို့ ဝင်ရောက်လာသည်ဟု ဝမ်ကျုန်းခံစားလိုက်ရလေသည်။ သူ၏စိတ်သည် တဖြည်းဖြည်းကျယ်ပြန့်လာပြီး မိုးမြေနိယာမတရားများနှင့် လိုက်လျောညီထွေဖြစ်လာလေသည်။ သူ၏စိတ်ထဲတွင် လျှပ်စီးများသည် ပင့်ကူအိမ်ကွန်ယက်ကဲ့သို့ လင်းလက်နေပြီး နက်နဲသည့်မိုးကြိုးတန်ခိုးစွမ်းအားကို သိမြင်လာလေသည်။

သိပ်မကြာမီပင် သူ့တကိုယ်လုံးတွင်လည်း လျှပ်စီးများလင်းလက်လာလေသည်။ မိုးကြိုးပစ်သံများ ကျယ်လောင်စွာကြား

နေရပြီး ဝမ်ကျုန်းသည် ဧကရာဇ်တစ်ပါးကဲ့သို့ အဝတ်အစားများကို ဝတ်ဆင်ပြီးသား ဖြစ်သွားလေသည်။ သူသည် အာဏာတည်သည့် နတ်ဘုရားတစ်ပါးအဖြစ်ပြောင်းလဲသွားပြီး သူ၏စကားလုံးတိုင်းသည် တန်ခိုးစွမ်းအားများဖြင့် ပြည့်နေတော့သည်။

ထို့နောက်တွင်တော့ မြင့်မားသည့်ဖြက်န်လမ်း ၊ အမည်စာရင်းများနှင့် တာအိုဆရာတို့သည် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ဝမ်ကျုန်းသည် ယွမ်ကျွင်းဧကရီရှေ့တွင် ရပ်နေလေသည်။

"မင်းဟာ မိုးကြိုးနတ်ဘုရားအဖြစ် အချိန် (၂)နာရီ ဖြစ်ခွင့်ရမယ် ၊ ဆန်းလျန်ကို သွားဖမ်းပြီး အပြာရောင်ခရီးရှည်နန်းတော်ကို ခေါ်လာခဲ့ ၊ ကျန်တာ နောက်မှဆက်လုပ်မယ်"

ယွမ်ကျွင်းဧကရီ၏အသံသည် နွမ်းလျနေပုံရလေသည်။

ဝမ်ကျုန်းက...

"ဆရာ... ဘာပြဿနာဖြစ်လို့လဲ ၊ အဲဒီ စြက်န်လမ်းကရော ဘာလဲ ၊ တာအိုဆရာကရော ဘယ်သူလဲ"
ယွမ်ကျွင်းကေရီက ဝမ်ကျုန်း၏ မျက်လုံးများကို စိုက်ကြည့်လိုက်ပြီး...
"အဲဒါတွေက မင်းရဲ့အတိတ်ဘဝနဲ့ပတ်သက်ခဲ့တဲ့ အရာတွေပဲ ၊ မပျက်စီးနိုင်တဲ့ ကံကြမ္မာပါပဲ ၊ အသူရာချောက်မှာ မင်းနဲ့ငါ နှစ်ယောက်လုံးအတွက် ပြောင်းလဲဖို့ အခွင့်အရေးရခဲ့ကြတယ် ၊ ဒါပေမယ့် အခုတော့ ဆန်းလျန်က ဒါတွေအကုန်လုံးကို ဖျက်စီးပစ်တော့မယ် ၊ ဆန်းလျန် ပြဿနာတွေထပ်မလုပ်ခင် သူ့ကိုဖမ်းပြီး အပြာရောင်ခရီးရှည်နန်းတော်ကို ခေါ်လာခဲ့ ၊ သူ့ကို နှစ်ပေါင်း (၅၀၀) ချုပ်နှောင်ထားရမယ် ၊ မဟုတ်ရင် ငါတို့တော့ ဒုက္ခလှလှတွေ့ပြီ"
"တပည့် အခုပဲ သွားဖမ်းပါ့မယ်"
ဝမ်ကျုန်းက ပြန်ပြောလိုက်လေသည်။

ဝမ်ကျုန်းသည် ဆရာဖြစ်သူ၏စကားများကို ကြားရသည့်အခါ တွင်တော့ စိတ်ထဲတွင် ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပေ။ သူသည် လျှပ်စီးလက်သကဲ့သို့ လျှင်မြန်သည့် အရှိန်အဟုန်ဖြင့် ရှီးလျန်ပြည်သို့ ထွက်ခွာလာခဲ့လေတော့သည်။

လောကတစ်ခုလုံးရှိ မိုးကြိုးနှင့်လျှပ်စီးများသည် ဝမ်ကျုန်း၏ မျက်စိများအလား ဖြစ်လာလေသည်။ သူသည် မိုးကြိုးမုန်တိုင်းအလယ်တွင် ဆန်းလျန်ကို တွေ့မြင်နေရလေသည်။

ဝမ်ကျုန်းထွက်ခွာသွားသည်နှင့် ယွမ်ကျွင်းကောရီက ရေရွတ်လိုက်သည်။

"ဆရာ... ၊ ဒီ အင်းအမိန့်တော်ကို ကျွန်မအသုံးပြုခဲ့တဲ့အတွက် ဆရာ ကျွန်မကို အပြစ်တင်မှာလား"

တိတ်ဆိတ်ငြိမ်သက်နေသည့် အပြာရောင်ခရီးရှည်နန်းတော်ထဲ တွင် မည်သည့်အသံမှ ထွက်ပေါ်လာခြင်းမရှိဘဲ ယွမ်ကျွင်း ဧကရီ၏ သက်ပြင်းချသံတစ်ချက်သာ ဖုံးလွှမ်းသွားလေသည်။

အပြာရောင်ခရီးရှည်နန်းတော်သည် တရားအလင်းရနိုင်ရန် အကောင်းဆုံးနေရာတစ်ခု ဖြစ်လေသည်။ သို့သော် နန်းတော် သို့ လင်ပေါင်ထျန်းကျွင်းရောက်ရှိမလာသည်မှာ ကာလအလွန် ကြာခဲ့လေပြီ။

ထို့ကြောင့် ယွမ်ကျွင်းဧကရီ၏အမေးကို ပြန်ဖြေမည့်သူ မရှိခဲ့ ပေ။

ယွမ်ကျွင်းဧကရီ၏မျက်နှာမှာ တဖြည်းဖြည်းဖျော့တော့လာ လေသည်။

သူမ၏ဆရာသာ ရှိနေမည်ဆိုလျှင် သူမ၏အမေးစကားကို ပြန် ဖြေမည်ဖြစ်လေသည်။ သို့သော်... ယခုတော့ အဖြေစကားကို ကြားရခြင်းမရှိပါ။ ဆရာသည် ဤနေရာမှ ထွက်ခွာသွားပြီ ဖြစ်

ပေလိမ့်မည်။ သို့မဟုတ် ဆရာသည် သူမကို စိတ်ဆိုးမပြေ

သေးခြင်းလည်း ဖြစ်နိုင်လေသည်။

ဆန်းလျန်သည် အသူရာချောက်၏အရှင်သခင်လည်းဖြစ်လာ

မည့်သူဖြစ်သလို အပြာရောင်ခရီးရှည်နန်းတော်၏ အရှင်သခင်

ဖြစ်လာမည့်သူလည်း ဖြစ်လေသည်။ သို့သော်...

သူမ၏ကြိုးစားအားထုတ်မှုမှန်သမျှကို ဆန်းလျန်က အဘယ့်

ကြောင့် နှောက်ယှက်နေရပါသနည်း။ သူမ နားလည်နိုင်ခြင်း မ

ရှိပေ။ ထိုအချက်သည် ကံတရားအတိုင်းဆိုလျှင်တော့ သူမက

ကံကြမ္မာကို ပြောင်းပြန်လှန်ပစ်ရပေတော့မည်။

သို့သော်... သူမ စိတ်ဓာတ်ကျနေခဲ့လေသည်။

သူမအဘယ့်ကြောင့် စိတ်ဓာတ်ကျနေရပါသနည်း။

သူမ၏ဆရာဖြစ်သူ လင်ပေါင်ထျန်းကျွင်းသည် သူမကို ကာ

ကွယ်ထောက်ခံပေးမည့်သူ မဟုတ်သည်ကို နားလည်နေ

သောကြောင့် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

အပြာရောင်ခရီးရှည်နန်းတော်ထဲတွင်...

ယွမ်ကျွင်းကေရီ၏ မျက်ဝန်းဆီမှ မျက်ရည်တစ်စက်

တိတ်တဆိတ်ကျဆင်းသွားလေသည်။

....

သွေးနီရောင်ပင်လယ်...

ပတ်ဝန်းကျင်တစ်ခုလုံးတွင် သစ်သားငါးရုပ်တုံခေါက်သံများ

ထွက်ပေါ်နေလေသည်။

မျောက်ဝံဖြူကြီးသည် စေတီတော်အောက်တွင် အချုပ်နှောင်

ခံထားရပြီး အော်ဟစ်နေလေသည်။

"ဆရာတော်... သစ်သားငါးရုပ်ကို မခေါက်ပါနဲ့တော့ ၊

တပည့်တော် ခေါင်းကိုက်လို့ပါ..."

သစ်သားငါးရုပ်တုံးခေါက်သံ ရပ်တန့်သွားလေသည်။

အလွန်မှ ကြည်ညိုဖွယ်ရာအဆင်းရှိသည့် ဘုန်းတော်ကြီးရာ

မသည် မိုးကုတ်စက်ဝိုင်းဆီသို့ လှမ်းကြည့်လိုက်ရင်း သက်

ပြင်းတစ်ချက်ချလိုက်လေသည်။

"ယင်းစန်းကို မွေးဖွားဖို့အတွက် မိုးကောင်းကင်က ပျံလွှားငှက်ကို စေလွှတ်ခဲ့တယ်၊ ဒါပေမယ့် တကယ်တမ်း ကောင်းချီးမင်္ဂလာတွေကိုယူဆောင်လာတဲ့ပြည်ကတော့ တာ့ကျိုးဖြစ်လိမ့်မယ်၊ နောက်ဆုံးတော့ အမည်မသိတဲ့သူ တစ်ယောက်က ကံကြမ္မာကို ဆန့်ကျင်ခဲ့ပြီပေါ့၊ ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်သလဲ"

သစ်သားငါးရုပ်တုံးခေါက်သံ ရပ်တန့်သွားပြီ ဖြစ်လေသည်။

စေတီတော်အောက်တွင် အချုပ်နှောင်ခံထားရသည့် မျောက်ဝံဖြူကြီးမှာတော့ ခေါင်းကို လက်နှစ်ဖက်ဖြင့်ကိုင်ထား ရင်းလူးလှိမ့်နေလေသည်။

ရုတ်တရက်...

မျောက်ဝံဖြူကြီးသည် အလွန်ရိုင်းစိုင်းကြမ်းတမ်းသည့် မျောက်ဝံကြီးတစ်ကောင်အဖြစ်ပြောင်းလဲသွားပြီး စေတီတော်ကို ကိုင်လှုပ်လိုက်လေသည်။

ထိုအချိန်တွင်...

ဘုန်းတော်ကြီးရာမထံမှ အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။

"ကမ္ဘာကတန်ဖိုးထားရတဲ့လောကရတနာ ၊ ဗုဒ္ဓရဲ့ဉာဏ်ပညာ..."

စေတီတော်ပတ်ဝန်းကျင်တွင် တရားစာရွတ်ဖတ်သံများ ပျံ့လွင့်လာလေသည်။

ခမ္မကိုကာကွယ်သူများအဖြစ် အသွင်ပြောင်းခံထားရသည့် အသူရာဂိုဏ်းသားများသည် စေတီတော်ရှိရာသို့ လျှင်မြန်စွာ ရောက်ရှိလာကြလေသည်။

ထိုအချိန်မှာပင်...

ရှီးလျန်ပြည်၏ကောင်းကင်ထက်မှ မိုးကြိုးတိမ်တိုက်များမှာ ထူထပ်သည်ထက် ထူထပ်လာလေသည်။ တိမ်တိုက်များ သည် လိုက်ကာအထူကြီးတစ်ခုအလား ရှီးလျန်ပြည်တစ်ခုလုံးကို လွှမ်းခြုံထားလေသည်။

ရှီးလျန်ပြည်သူများမှာ သူတို့၏အိမ်ခန်းများထဲတွင် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ပုန်းအောင်းနေကြရလေသည်။

လီယွမ်လျန်နှင့် ဂိုဏ်းတူညီအစ်ကို (၃)ယောက်မှာ အဆင့်မြင့်ကျင့်ကြံသူများ ဖြစ်ကြသော်လည်း မိုးကြိုးမုန်တိုင်းကို ကာကွယ်နိုင်ရန်အတွက် အပြင်းအထန် ကြိုးစားနေကြရလေသည်။

မိုးကြိုးတိမ်တိုက်များ၏ အလယ်ဗဟိုတွင် ဆန်းလျန် ရှိနေလေသည်။

ထိုအချိန်မှာပင် အသံနက်ကြီးတစ်သံထွက်ပေါ်လာလေသည်။

"ကျုပ်က မြင့်မြတ်တဲ့မိုးကြိုးနတ်ဘုရားပဲ ၊ မိုးကောင်းကင်ရဲ့အမိန့်အရ မင်းကိုအပြစ်ပေးဖို့ ခေါ်ဆောင်သွားရမယ် ၊ ဆန်းလျန်… မင်းမပြစ်မင်းသိလား"

"မင်းအပြစ် မင်းသိလား"

"မင်းအပြစ် မင်းသိလား"

အခန်း (၅၉၄) သမာသမတ်ကျသော

"မင်းအပြစ်မင်းသိလား"

ဆိုသည့်အသံသည် မိုးမြေတစ်ခွင်လုန်းတွင် ပဲ့တင်ထပ်ကာ

မြည်ဟည်းနေလေသည်။

အသူရာချောက်တစ်ခုလုံးမှ သက်ရှိသတ္တဝါများအားလုံး ထို

အသံနက်ကြီးကို ကြားနိုင်လေသည်။

အချို့သော ရှေ့မီနောက်မီ ပုဂ္ဂိုလ်များ၏ ပြောစကားအရဆို

လျှင် ထိုအသံမှာ ယခင်တစ်ချိန်က သေခြင်းရှင်ခြင်းစာအုပ်ကို

ထိန်းသိမ်းသည့်တရားမျှတသည့် ယမမင်း၏အသံနှင့်

ဆင်တူသည်ဟု ဆိုကြလေသည်။

အချို့လူများကတော့ သူတော်စင် (၃)ပါးတွင် အတော်ဆုံးဖြစ်

သည့် ချင်းရှမ်သည် မည်သည့်အမှားများ ပြုလုပ်ခဲ့၍

ယခုကဲ့သို့ တရားစီရင်ခြင်း ခံရသည်ကို သိချင်နေကြလေ

သည်။ ချင်းရှမ်ကိုအပြစ်ပေးရန်အတွက် ကြောက်မက်ဖွယ်ရာ

တန်ခိုးစွမ်းအားတစ်ခု နိုးထလာခဲ့သည်မှာ တော်ရုံတော့ မဟုတ်

တန်ရာ...။

"မြင့်မြတ်သောမိုးကြိုးနတ်ဘုရား" ဆိုသည့် အမည်နာမကို

ကြားရသည့်အခါ လူအများသည် ဖော်မပြနိုင်လောက် အောင်

ကြောက်ရွံ့တုန်လှုပ်ခဲ့ကြလေသည်။ ထိုနတ်ဘုရား၏အသံ

သည် တရားမျှတမှုကို ဖော်ဆောင်နိုင်သည့်အတွက်

မကောင်းမှုပြုလုပ်ထားသူများမှာ ပိုပြီးကြောက်ရွံ့နေကြလေ

တော့သည်။

....

တာ့ရှားကေရာ့ဇ်သည် သူ၏ကြင်ယာတော်အသစ်လေး မေရှီ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုခံစားနေလေသည်။

သူက ထူးဆန်းသည့်အသံနက်ကြီးကိုကြားလိုက်ရသည့်တိုင် တစ်ချက်ပင် အရေးမစိုက်ပေ။ သို့သော် သူ၏မျက်လုံးများထဲတွင်တော့ အေးစက်သည့်အငွေ့အသက်တစ်ခု ဖြစ်ပေါ်လာလေသည်။

တာ့ရှားကေရာ့ဇ်ကို အဖော်ပြုပေးနေကြသည့် အခြားသောအမတ်မင်းများကတော့ ထိုအသံကြီးကိုကြားသည်နှင့် ကြောက်ရွံ့တုန်လှုပ်လျှက်ရှိကြလေ၏။

ထျန်းယီအကြီးအကဲသည် တာ့ရှားပြည် ၊ ရှားထိုက်အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့ပြီ ဖြစ်လေသည်။ ယခုအချိန်တွင် ထျန်းယီသည် ယခု ယင်းစန်းသို့ ပြန်ရောက်နေခဲ့ပြီဖြစ်လေသည်။

ယင်းစန်းနှင့်တာ့ရှားအကြားတွင် ငြိမ်းချမ်းရေးစာချုပ် (၉)နှစ် ချုပ်ဆိုခဲ့လေသည်။

ထျန်းယီသည် (၉)နှစ်ဆိုသည့်အချိန်ကာလ၏ နောက်ကွယ်မှ အကြောင်းရင်းကို ကောင်းကောင်းနားလည်ထားလေသည်။

အဘယ်ကြောင့်ဆိုသော် (၉)နှစ်ဆိုသည့်အချိန်အတွင်းတွင် တာ့ရှားဧကရာဇ်သည် အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီဒေသကို ကောင်းကောင်းထိန်းချုပ်နိုင်မည် ဖြစ်လေသည်။

ထိုအချိန်သို့ရောက်လာလျှင် တာ့ရှားပြည်နှင့် အရှေ့တိုင်းစစ်သည်တော်များ၏ စုပေါင်းအင်အားသည် ယင်းစန်းဒေသကို ကျိန်းသေတားဆီးနိုင်မည် ဖြစ်လေသည်။

ထိုအခြေအနေများအားလုံး၏ သော့ချက်သည် ယိုစန်းပြည်ပင် ဖြစ်လေသည်။

ယင်းစန်းတွင်တော့...

ထျန်းယီသည် ဝမ်ကျုန်း၏ အော်သံကြီးကို ကြားလိုက်ရလေသည်။

ဝမ်ကျုန်းထံမှ နတ်ဘုရားတစ်ပါး၏ အခွင့်အာဏာများကိုလည်း သူခံစားလိုက်မိလေသည်။ သို့သော် အဘယ့်ကြောင့်ထိုသို့ဖြစ်ရသည်ကို ထျန်းယီ သိရှိခဲ့ခြင်း မရှိပေ။

ဝမ်ကျုန်းသည် လောကနတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သို့သော် ယခုတော့ ဝမ်ကျုန်းသည် မိုးကြိုးနတ်ဘုရား အဖြစ်ရုတ်တရက်ပြောင်းလဲသွားခဲ့ပြီး ဆန်းလျန်ကိုလည်း အပြစ်ပေးရန် လုပ်ဆောင်လျှက် ရှိလေသည်။

ထျန်းယီသည် အဖြစ်အပျက်များကို နားမလည်နိုင် ဖြစ်နေရလေသည်။ သို့သော် ဝမ်ကျုန်းသည် ယင်းစန်းဒေသနှင့်ဆက်စပ်နေသူတစ်ယောက်ဖြစ်ရကား ဝမ်ကျုန်းအတွက်ဆိုလျှင် ဆန်းလျန်ကို ဆန့်ကျင်ရမည်ဆိုလျှင်လည်း ထျန်းယီကဆန့်ကျင်မည်ပင် ဖြစ်လေသည်။

ဝမ်ကျုန်းခေါင်းထဲတွင်တော့ အတွေးတစ်ခုသာရှိလေသည်။

ထိုအတွေးမှာ ဆရာဖြစ်သူ၏အမိန့်အတိုင်း ဆန်းလျန်ကို

အပြာရောင်ခရီးရှည်နန်းတော်သို့ ဖမ်းဆီးခေါ်ဆောင်သွား

ရန်ဖြစ်လေသည်။

မိုးကြိုးမုန်တိုင်းသည် လူတိုင်းကို ကြောက်လန့်စေလေသည်။

သို့သော် ဝမ်ကျုန်းကတော့ မိုးကြိုးတန်ခိုးစွမ်းအားများ

အားလုံးကို ထိန်းချုပ်ထားလေသည်။

ဝမ်ကျုန်း၏ မျက်ခုံးနှစ်ခုကြားမှ တတိယမျက်လုံးသည် ပွင့်

လာလေသည်။ ဆန်းလျန်မည်သည့်နေရာသို့ ရောက်နေပါစေ

သူ၏အမြင်အာရုံမှ ပြေးလွတ်နိုင်မည် မဟုတ်ပေ။

ဝမ်ကျုန်းသည် ဆန်းလျန်ရှိရာသို့ တစ်လှမ်းချင်းလှမ်းလာလေ

သည်။ မိုးကြိုးများအဆက်မပြတ်ပစ်ခတ်နေပြီး မိုးကြိုးသွား

(၂၄) ခုမှ မိုးကြိုးလူသား (၂၄)ဦး ဖြစ်တည်လာလေသည်။

မိုးကြိုးလူသား (၂၄) ဦးသည် ဝမ်ကျုန်း၏ ဘယ်ညာ

တစ်ဖက်တစ်ချက်စီတွင် ခြံရံလျှက် လိုက်ပါလာကြလေသည်။

မိုးကြိုးလူသား (၂၄) ဦးသည် နတ်ဘုရားများကိုပင် အမှုန့်ဖြစ်

စေနိုင်လောက်သည်အထိ မိုးကြိုးစွမ်းအားများဖြင့် ပြည့်ဝလျှ

က်ရှိလေ၏။

သူတို့အားလုံးမှာ ဝမ်ကျုန်း၏အမိန့်ကို နာခံရန် အသင့်ရှိနေကြ

လေသည်။

မိုးကြိုးမုန်တိုင်းဗဟိုချက်သည် လူ့လောကအပြင်ဘက်မှ

ကောင်းကင်ဘုံတစ်ခုအလား အေးဆေးတည်ငြိမ်လျှက် ရှိလေ

သည်။ ဆန်းလျှန်သည် အလင်းတန်းတစ်ခုအဖြစ် အသွင်

ပြောင်းထားပြီး ထိုနေရာတွင်ရှိနေလေသည်။

ဝမ်ကျုန်းသည် အလင်းတန်း၏အောက်ဘက်သို့ ရောက်ရှိလာ

လေသည်။

ထိုအခါ အလင်းတန်းသည် ဆန်းလျှန်အဖြစ် ပြောင်းလဲသွား

လေသည်။

"မင်းအပြစ် မင်းသိလား"

မေးခွန်းတစ်ခုတည်းကိုပင် ဝမ်ကျုန်းက မေးလိုက်လေသည်။

ရုတ်တရက်...

ဆန်းလျှန်၏ပတ်ပတ်လည်တွင် အဖြူရောင်မီးတောက်များ

ထွက်ပေါ်လာလေသည်။ မိုးကြိုးပစ်သံများရုတ်တရက်ထွက်

ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး အရည်ပျော်တော့မည့်

အလား ထင်မှတ်ရလေ၏။

ဆန်းလျှန်ဖန်ဆင်းထားသည့်မီးတောက်မှာ လျှို့ဝှက်

ဆန်းကြယ်လွန်းသည့် စစ်မှန်သောသမာဓိမီးတောက်ပင် ဖြစ်

လေသည်။ ထိုမီးတောက်ကို ဆန်းလျှန်မှလွဲပြီး မည်သူမှ

ဖန်ဆင်းနိုင်ခြင်းမရှိပေ။

"ယင် နဲ့ ယန် ကို ဖန်ဆင်းရှင်က မီးထဲ ပစ်ချလိုက်ပြီ"

ဆန်းလျှန်က ရေရွတ်လိုက်လေသည်။

ထို့နောက် သူက ဝမ်ကျုန်းကို လှမ်းကြည့်လိုက်ပြီး...

"မင်းက ကျုပ်ကို နိုင်မှာတဲ့လား"

"သူ့ကိုဖမ်းကြစမ်း"

ဝမ်ကျုန်းက အမိန့်ပေးလိုက်လေသည်။

မိုးကြိုးလူသား (၂၄) ယောက်သည် အမိန့်သံကိုကြားရသည်နှင့်

အကြောက်အရွံ့မရှိ အဖြူရောင်မီးလျှံများအတွင်းသို့ တိုးဝင်

သွားလေသည်။

သို့သော် မိုးကြိုးလူသား (၂၄) ယောက်သည် သမာဓိ

မီးတောက်၏ လောင်မြိုက်ခြင်းကို ခံလိုက်ရပြီး ချက်ချင်းပင်

အငွေ့ပျံသွားကာ သဲလွန်စပင်မကျန်အောင် ပျောက်ကွယ်သွား

ကြရလေသည်။

မီးတောက်ထဲတွင် မိုးကြိုးလူသားများ၏ အော်ဟစ်သံများကို ကြားလိုက်ရပြီး အသံများမှာလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားကြရလေသည်။

ထို့နောက် မိုးကြိုးပစ်သံများ အဆက်မပြတ်ထွက်ပေါ်လာပြီး မိုးကြိုးသွားများသည် အဖြူရောင်မီးတောက်ရှိရာသို့ ဝင်ရောက်သွားလေသည်။ အဖြူရောင်မီးတောက်ကိုဖြိုခွင်းကာ မိုးကြိုးသွားများသည် ပေါက်ကွဲထွက်သွားကြလေ သည်။ ထို အချိန်မှာပင် ဆန်းလျန်တည်ရှိရာနေရာတွင် မဟာတွင်းနက်ကြီးတစ်ခု ပေါ်ထွက်လာပြီး မိုးကြိုးသွားများ အားလုံးသည် တွင်းနက်ကြီးအတွင်းသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားကြလေသည်။

ဆန်းလျန်မှာ ဝမ်ကျုန်း၏ ရက်စက်လွန်းသည့် တိုက်ခိုက်မှုကြောင့် များစွာပင်အံ့သြမင်သက် သွားရလေသည်။

ဝမ်ကျုန်းအသုံးပြုလိုက်သည့် မိုးကြိုးတန်ခိုးစွမ်းအားသည် လုံးဝ ပြီးပြည့်စုံလေသည်။

မိုးကြိုးသွားကိုပေါက်ကွဲစေကာ တန်ခိုးစွမ်းအားပေါက်ကွဲမှု ကြီးကို ဖြစ်ပေါ်စေခဲ့လေသည်။ ဆန်းလျန်သာ မိုးကောင်းကင် နတ်မိစ္ဆာပညာကို အသုံးပြုပြီး မဟာတွင်းနက်ကြီး ဖန်ဆင်း လိုက်ခြင်းမရှိပါက ရှီးလျန်တစ်ပြည်လုံး ပြာကျသွားရမည် ဖြစ်လေ၏။

ဝမ်ကျုန်းသည် မိုးကြိုးနတ်ဘုရားအဖြစ် အသွင်ပြောင်းနေပြီး သူက လူသားများ၏အသက်ကိုလည်း အရေးမစိုက်တော့ပါ။ ဆန်းလျန်ကို ဖမ်းဆီးနိုင်ရန်အတွက် မည်သည့်အရာပင်ဖြစ်ပါစေ စတေးခံမည်ဖြစ်လေသည်။ ဆန်းလျန်ကိုသာဖမ်းဆီးနိုင် မည်ဆိုလျှင် အသက်ပေါင်းမည်မျှပင် စတေးရပါစေ ထိုက်တန် လေသည်။

ဝမ်ကျုန်းသည် မျက်လုံးများကိုဖွင့်ထားပြီး သူ၏လက်ထဲတွင် မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်းမရှိပေ။

ထိုအချိန်မှာပင်…

ကောင်းကင်ထက်တွင် နဂါးသီချင်းဆိုသံကို ကြားလိုက်ရလေသည်။

မိုးကြိုးသွားများမှ ရောမနဂါးကြီးနှစ်ကောင်ထွက်ပေါ်လာလေသည်။ နဂါးကြီးများ၏အမွှေးအမျှင်များနှင့် အကြေးခွံများအတွင်းတွင် လျှပ်စီးကြောင်းများ စီးဆင်းနေသည်ကို တွေ့မြင်နိုင်လေသည်။

မိုးကြိုးနဂါးကြီးနှစ်ကောင်ထွက်ပေါ်လာသည့်အခါတွင်တော့ ရှီးလျန်မှပြည်သူများအားလုံးမှာ ပိုပြီးကြောက်ရွံ့သွားကြ ရလေသည်။

မိုးကြိုးနဂါးကြီးများသည် မခန့်မှန်းနိုင်လောက်အောင်

ရှည်လျားပြီး ဆန်းလျန်နှင့် ဝမ်ကျုန်းကို လှည့်ပတ်နေကြလေ

သည်။

နဂါးပတ်လမ်းအတွင်းတွင်တော့ မည်သို့သောတိုက်ပွဲများဖြစ်

နေသည်ကို မသိမြင်နိုင်ကြပေ။

ဆန်းလျန်သည် သမာဓိမီးတောက်ကို ရုတ်သိမ်းလိုက်လေ

သည်။

မိုးကြိုးနဂါးများ၏ကြောက်မက်ဖွယ်ကောင်းသည့်အချက်မှာ

မိုးကြိုးပစ်ခြင်း၏အရင်းအမြစ်ကို ထိန်းချုပ်ထားနိုင်ခြင်း ဖြစ်

လေ၏။ ထို့ပြင် နဂါးနှစ်ကောင်လုံးမှာ ယင် နှင့် ယန် မှ အသွင်

ပြောင်းထားခြင်း ဖြစ်လေသည်။ ယင် နှင့် ယန်တို့ ပေါင်းစပ်

ထားသည့်စွမ်းအားသည် စကြာဝဠာတွင် အင်အားအကြီးမား

ဆုံး ဖြစ်လေသည်။

မိုးကြိုးနဂါးကြီးများကိုရင်ဆိုင်နေရသည်မှာ ဆန်းလျန်အတွက်တော့ စကြာဝဠာမဟာစွမ်းအားထုကြီးနှင့် ရင်ဆိုင်နေရသည့်အလား ခံစားနေရတော့သည်။

ဝမ်ကျုန်း၏ ခန္ဓာကိုယ်ပတ်ပတ်လည်တွင် တန်ခိုးစွမ်းအားချည်မျှင်များဝန်းရံထားပြီး ထိုတန်ခိုးစွမ်းအားချည်မျှင်များသည် မိုးကြိုးနဂါးကြီးနှစ်ကောင်၏ တန်ခိုးစွမ်းအားများဖြင့် ချည်နှောင်ထားလေသည်။

ဝမ်ကျုန်း၏ပုံသဏ္ဌာန်မှာ ထောင်ပေါင်းများစွာသော နတ်ဘုရားများကပင် ကြောက်ရွံ့စွာကိုးကွယ်ကြသည့် နတ်ဘုရားတစ်ပါးအလား ကြောက်မက်ဖွယ်ရာအတိ ဖြစ်နေတော့သည်။

ဝမ်ကျုန်း၏ မျက်ခုံးနှစ်ခုကြားရှိ တတိယမျက်လုံးမှ မီးတောက်တစ်ခု ထွက်ပေါ်လာပြီး နဂါးကြီးနှစ်ကောင်ဆီသို့ ကျရောက်သွားလေသည်။ ထိုအခါ နဂါးကြီးများမှာ

အတိုင်းထက်အလွန် တန်ခိုးစွမ်းအားများ မြင့်တက်လာတော့သည်။

နဂါး (၂)ကောင်၏ ဖိအားအောက်တွင် ဆန်းလျန်၏ အသက်ဓာတ်စွမ်းအားများမှာ ထိန်းချုပ်ခံထားရလေသည်။

ထိုတန်ခိုးစွမ်းအားများကို ဆန်းလျန်သည် မည်သို့မှ တွန်းလှန်နိုင်တော့မည် မဟုတ်ပေ။ သို့သော် ဆန်းလျန်၏ မျက်နှာကတော့ အေးဆေးတည်ငြိမ်လျှက်ရှိလေ၏။

ဆန်းလျန်အတွက်တော့...

ကြောက်မက်ဖွယ်ရာ မိုးကြိုးနဂါးကြီးများ... ၊ မခန့်မှန်းနိုင်လောက်အောင် တန်ခိုးစွမ်းအားမြင့်မားနေသည့် ဝမ်ကျုန်း... ၊ သူ၏အသက်ဓာတ်စွမ်းအားများကို ဖိနှိပ်ထားသည့် ကြီးမားလွန်းသည့် ဖိအားများသည် ....

ရေကန်ထဲတွင် ရောင်ပြန်ဟပ်နေသည့် တိမ်များကဲ့သို့ပင် ဖြစ်လေသည်။

ရေကန်ထဲတွင် ရောင်ပြန်ဟပ်နေသည့် တိမ်တိုက်များသည် ရေကန်ကို မထိခိုက်စေနိုင်သလို မြင့်မားလွန်းသည့်တန်ခိုး စွမ်းအားများသည်လည်း ဆန်းလျန်ကို မထိခိုက်နိုင်ပေ။ ဆန်းလျန်သည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်မှ ပြောင်းလဲမှု များကို အဆက်မပြတ် အသုံးပြုနေလေသည်။ သူက ထိုက်ရှီး နည်းဗျူဟာနှင့် ယိလမ်းစဉ်ကို အဆက်မပြတ်ပေါင်းစပ်နေ လေသည်။

ကောင်းကင် ၊ မြေကြီး ၊ တောင် ၊ ရွှံ့နွံ ၊ ရေ ၊ မီး ၊ လေ ၊ လျှပ်စီး...

ဒြပ်စင်စွမ်းအား (၈)မျိုးသည် သူ၏နှလုံးသားထဲမှ ထွက် ပေါ်လာပြီး သူ၏နှလုံးသားထဲတွင် အသစ်သော စကြာဝဠာ တစ်ခု ဖြစ်တည်လာလေသည်။

တိတ်ဆိတ်မှုက ကြီးစိုးနေပြီး တိုက်ပွဲသည် စိတ်လှုပ်ရှားစရာ ကောင်းနေလေတော့သည်။

အခန်း (၅၉၅) ထိုက်ယီထျန်းရှန်း

ဝမ်ကျုန်းသည် ယခင်ကကဲ့သို့ လောကနတ်ဘုရားတစ်ပါး

အဆင့်နှင့်ဆိုပါက ဆန်းလျန်ကို ယခုကဲ့သို့ ရင်ဆိုင်နိုင်မည်

မဟုတ်ပေ။ သို့သော်... ယခုတော့ ဝမ်ကျုန်းသည်

မြင့်မြတ်သောမိုးကြိုးနတ်ဘုရားအဖြစ် ပြောင်းလဲသွားခဲ့ပြီ။

မိုးကြိုးနတ်ဘုရားအဖြစ် ပြောင်းလဲသွားသည့်အတွက် သူ့တွင်

အခွင့်အာဏာအပြည့်ရှိလာခဲ့လေသည်။

နတ်ဘုရားဖြစ်သူတိုင်းလည်း အခွင့်အာဏာမရှိကြပေ။

ယွင်ကျွင်းဧကရီ...

အသူရာချောက်မှ တန်ခိုးစွမ်းအားအမြင့်မားဆုံးနှင့် ရှေးအကျ ဆုံး နတ်သမီး...

သူမက အင်းအမိန့်တော်ကိုအသုံးပြုကာ ဝမ်ကျုန်းကို မိုးကြိုး နတ်ဘုရားအဖြစ် ခန့်အပ်ခဲ့သည်။ မိုးကြိုးနတ်ဘုရား တစ်ပါး၏စွမ်းအားဖြင့် ဝမ်ကျုန်းသည် ဆန်းလျန်ကို ကျိန်းသေအနိုင်ယူနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိအချိန်တွင် ဝမ်ကျုန်းသည် ဆန်းလျန်ထက် တန်ခိုး စွမ်းအား များစွာ မြင့်မားနေသောကြောင့် ဖြစ်လေ၏။

ထိုအချက်ကို ယွမ်ကျွင်းဧကရီနှင့် ဝမ်ကျုန်းသာ နားလည်သည်မဟုတ်ပါ။ ဆန်းလျန်လည်း နားလည်ထားလေ သည်။ သူ့အနေဖြင့် မိုးကြိုးနတ်ဘုရားဖြင့် ရင်ဆိုင်လိုက်ရ ခြင်းက အသူရာချောက်တွင် ဆက်လက်အသက်ရှင်သန်နိုင် ရန်ပင်ခက်ခဲသွားနိုင်လေသည်။

သို့သော် ဝမ်ကျုန်းသည် မိုးကြိုးနတ်ဘုရားအဖြစ် အချိန် (၂)နာရီသာ ဖြစ်ခွင့်ရမည် ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန် အနေဖြင့် ဆက်လက်အသက်ရှင်သန်လိုလျှင် ထိုအချိန် (၂) နာရီအတွင်းတွင် တောင့်ခံထားနိုင်ရန်လိုအပ်လေသည်။ အခြေအနေများက သိပ်ပြီးမရေရာသည့်တိုင် ဆန်းလျန်က "ပထမဆုံးကာကွယ် ၊ နောက်မှတိုက်" ဆိုသည့်ဗျူဟာကို အသုံးပြုရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် ဆန်းလျန်သည် သူ့ကိုယ်သူထိန်းချုပ်လိုက်ပြီး သူ၏တန်ခိုးစွမ်းအားများကို ဆင့်ခေါ်လိုက်ကာဖြည်းဖြည်း ချင်းပေါင်းစပ်လိုက်လေသည်။ အမှန်တော့ ဝမ်ကျုန်းကို တိုက်ခိုက်ရန်အတွက် သူ၏လျှို့ဝှက်တိုက်ကွက်များအားလုံး ကိုထုတ်သုံးပြီးသွားပြီ ဖြစ်လေသည်။

ထိုအခြေအနေရောက်တော့မှ သူ့ကိုယ်သူကာကွယ်ရန်
ဦးစားပေးရမည်ဖြစ်ပြီး ဝမ်ကျုန်းကို တိုက်ခိုက်ရန်အတွက်
ဦးစားမပေးသင့် ဆိုသည့်အချက်ပင် ဖြစ်လေသည်။
ဝမ်ကျုန်းသည် ယွမ်ကျွင်းကေရီ၏အပ်နှင်းမှုကြောင့် မိုးကြိုး
နတ်ဘုရားဖြစ်လာခဲ့သည့်တိုင် သူ၏မူလအဆင့်သည်
လောကနတ်ဘုရားတစ်ပါးမျှသာ ဖြစ်လေသည်။ သို့သော်
မိုးကြိုးနတ်ဘုရားအဖြစ်နှင့်ဆိုလျှင် ဝမ်ကျုန်း၏တန်ခိုး
စွမ်းအားများသည် ထိုက်ယီထျန်းရှန်းနတ်ဘုရားတစ်ပါး
အလား မြင့်မားနေမည် ဖြစ်လေသည်။ ထို့ကြောင့် ရုတ်တရက်
မြင့်မားလာသည့် တန်ခိုးစွမ်းအားများကို သူကိုယ်တိုင်
ကိုင်တွယ်နိုင်ရန်မှာလည်း ဝမ်ကျုန်းအတွက် အခက်အခဲရှိမည်
မှာအသေအချာပင်။
သို့သော်… ဆန်းလျန်အနေဖြင့် လက်ရှိအချိန်တွင် သူ၏တန်ခိုး
စွမ်းအားများအားလုံးကို အသုံးပြုလျှင်တောင်မှ ဝမ်ကျုန်းကို

နှိမ်နင်းနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အင်းအမိန့်တော်

အစွမ်းကုန်သွားသည့် အချိန် (၂) နာရီ စောင့်ပြီးမှသာ ဝမ်ကျု

န်းကို ပြန်လည်တိုက်ခိုက်မည်ဟု ဆန်းလျန်က ကြံစည်ထား

လိုက်လေသည်။

ထိုသို့တွေးထားသည့်အတွက် ဆန်းလျန်သည် တည်ငြိမ်လျှက်

ရှိလေသည်။

ရုတ်တရက်...

ဝမ်ကျုန်းထံမှ ကြိုးဝါးသံတစ်ချက် ထွက်ပေါ်လာလေသည်။

မိုးကြိုးနဂါးကြီးနှစ်ကောင်သည် မိုးနှင့်မြေကိုပင် ဖြိုချပစ်

တော့မည့်အလား တန်ခိုးစွမ်းအားမြင့်မားစွာဖြင့် ဆန်းလျန် ရှိ

ရာသို့ ဝင်ရောက်လာလေသည်။

ဆန်းလျန်သည် မိုးကြိုးမုန်တိုင်းအလယ်တွင်

အေးအေးဆေးဆေးပင် ထိုင်နေလေ၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးတွင် နတ်ဘုရားအလင်းတန်းများ ဖြာထွက်နေပြီး နဂါးငွေ့တန်းအလား တောက်ပလင်းလက်နေလေသည်။ မိုးကြိုးနဂါးကြီးနှစ်ကောင်သည် ဆန်းလျန်ကို လှည့်ပတ်နေပြီး သူတို့၏တန်ခိုးစွမ်းအားများဖြင့် ဆန်းလျန်ကို ညှစ်ထားကြလေသည်။

မိုးကြိုးနဂါးကြီး (၂)ကောင်၏ ရက်စက်ကြမ်းကြုတ်သည့် တိုက်ခိုက်မှုကို ခုခံထားရသည့်အတွက် ဆန်းလျန်၏ နတ်ဘုရားအလင်းတန်းများမှာ တဖြည်းဖြည်းအရောင်မှေးမှိန်လာရလေသည်။

ဆန်းလျန်နှင့် မိုးကြိုးနတ်ဘုရား၏တိုက်ပွဲအခြေအနေကို ကြည့်နေကြသည့် ရှီးလျန်ပြည်သားများသည် တစ်ချက်ကလေးပင် စိတ်ပျက်ခြင်း မဖြစ်မိကြပေ။ သို့သော် ရှီးလျန်မှ ကျင့်ကြံသူများသည် သူတို့ခန္ဓာကိုယ်တွင်းမှ တန်ခိုးစွမ်းအားများ ရပ်တန့်သွားသည်ဟု ခံစားလိုက်ကြရလေသည်။

လီယွမ်လျန်နှင့် ဂိုဏ်းတူညီ (၃) ယောက်မှာ ဆန်းလျန်ကို

မည်သို့မျှ မကူညီနိုင်သည့်အပြင် သူတို့ကိုယ်သူတို့ပင် မိုးကြိုး

နဂါးများ၏တန်ခိုးစွမ်းအားများကို မနည်းခုခံကာကွယ်နေကြရ

လေသည်။

ချန်ချင်သည် ဒေါသတကြီးဖြင့် သွားများကို ကြိတ်ထားလေ

သည်။

သူမက ဆန်းလျန်ကိုကူညီချင်သည့်တိုင် လှုပ်ရှား၍ပင် မရနိုင်

ပေ။ အဖြစ်အပျက်များကို နားမလည်သည့် ချန်ခယ်လေး

ကတော့ ကောင်းကင်ထက်သို့သာ မော့ကြည့်နေလေသည်။

ထိုအချိန်မှာပင်...

မိုးနှင့်မြေတွင် မိုးကြိုးပစ်သံများ ရုတ်တရက် တိတ်ဆိတ်ငြိမ်

သက်သွားလေသည်။

မိုးကြိုးနဂါးကြီး (၂)ကောင်နှင့် ဝမ်ကျုန်းသည် ကောင်းကင်

ထက်တွင် ရှိနေလေသည်။

ဆန်းလျန်ဆီမှ ထွက်ပေါ်နေသည့် နတ်ဘုရားအလင်းတန်း များသည် တဖြည်းဖြည်းမှေးမှိန်သွားလေသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် လျှင်မြန်စွာပျက်စီး နေသည်ကို ခံစားနေရသည့်တိုင် မည်သူ့ထံမှ အကူအညီ တောင်းခံနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

"မူလ" ဆိုသည်မှာ တန်ခိုးစွမ်းအားကို ထုတ်ဖော်ပေးနိုင်သည့် ကိုယ်တွင်းမှ တန်ခိုးစွမ်းအားအနှစ်သာရကို ခေါ်ဆိုခြင်းဖြစ်ပြီး "ဝိညာဉ်ခန္ဓာ"ဆိုသည်မှာ ဝိညာဉ်ကိုပင် ပြောခြင်းဖြစ်လေ သည်။ တန်ခိုးစွမ်းအားအနှစ်သာရနှင့် ဝိညာဉ်ပေါင်းစပ်သွား ခြင်းကို "မူလဝိညာဉ်ခန္ဓာ" ဟု ခေါ်ဆိုခြင်း ဖြစ်လေသည်။

တန်ခိုးစွမ်းအားအနှစ်သာရနှင့် ဝိညာဉ်ပေါင်းစပ်သွား သည့်အတွက် ကျင့်ကြံသူများသည် ရုပ်ခန္ဓာနှင့်ဖြစ်တည်ခြင်း ကွဲပြားသွားကြလေသည်။ ထို့ကြောင့် နတ်ဘုရားများသည် ရုပ်

ခန္ဓာမရှိလျှင်တောင်မှ မူလဝိညာဉ်ခန္ဓာဖြင့် အသက်ရှင်သန်နိုင်ကြလေသည်။

ဆန်းလျန်သည် နှစ်ပေါင်းများစွာကျင့်ကြံထားသည့်တန်ခိုးစွမ်းအားများအားလုံးကို မိုးကြိုးနဂါးကြီးများ၏တိုက်ခိုက် မှုကိုခုခံကာကွယ်ရန် အသုံးပြုခဲ့ရသလို ကိုယ်တွင်းအနက်ရှိုင်းဆုံးနေရာမှ ရွှေပြဒါးအမြုတေကိုကာကွယ်ရန်လည်း အသုံးပြုခဲ့ရလေသည်။

သူ့ကိုယ်သူအသက်ရှင်သန်နိုင်ရန်အတွက် တစ်ခုတည်းသောနည်းလမ်းကို ဆန်းလျန်ရွေးခြယ်ခဲ့ခြင်း ဖြစ်လေ၏။

ဝမ်ကျုန်းသည်လည်း ဆန်းလျန်ကို ထိန်းချုပ်ရန်အတွက် သူ၏တန်ခိုးစွမ်းအားအကုန်လုံးကို အသုံးပြုပြီးသည့်နောက် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူက ဆန်းလျန်၏တန်ခိုးစွမ်းအားများအားလုံး ကုန်ဆုံးသွားပြီး ကိုယ့်ကိုကိုယ် မကာ

ကွယ်နိုင်တော့သည်အထိ စွမ်းအားမဲ့သွားသည့်အချိန်ကို စောင့်နေခြင်း ဖြစ်လေသည်။

မူလဝိညာဉ်ခန္ဓာတွင် "မူလ" ဆိုသည့် တန်ခိုးစွမ်းအားသည် ခြေလက်အင်္ဂါများနှင့် ဆင်တူလေသည်။ တန်ခိုးစွမ်းအားလုံးဝ ကုန်ခမ်းသွားပါက ခြေလက်အင်္ဂါများဆုံးရှုံးသွားသကဲ့သို့ လုပ်နိုင်စွမ်းအားလုံး ပျောက်ကွယ်သွားမည်ဖြစ်လေသည်။

တန်ခိုးစွမ်းအားများအားလုံး ပျောက်ကွယ်သွားပါက မည်သည့်အဆင့်သို့ရောက်နေသည့် နတ်ဘုရားဖြစ်နေပါစေ သာမန်လူတစ်ယောက်အဖြစ် အဆင့်နိမ့်ကျသွားရမည် ဖြစ်လေသည်။

ရှေးလူများပြောကြသည့်ဆိုရိုးစကားတစ်ခုရှိလေသည်။

"တန်ခိုးစွမ်းအား (၅) ပါး ဆုံးရှုံးသွားသည့်နတ်ဘုရားသည် သာမန်လူနှင့်မခြားတော့ပေ" ဟူ၍ပင်။

ထို့ကြောင့် ပင် "ဝိညာဉ်ခန္ဓာကိုကျင့်ကြံမည့်အစား တန်ခိုးစွမ်းအားကိုလေ့ကျင့်ပါ" ဟု ပြောဆိုခဲ့ကြခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်၏တန်ခိုးစွမ်းအားများအားလုံး ကုန်ဆုံးသွားသည့်အချိန်ထိ စောင့်ဆိုင်းခြင်းထက် ကောင်းသည့်အစီအစဉ် မရှိတော့ပေ။

မိုးမြေစွမ်းအားများကိုစုပ်ယူပြီး နှစ်ပေါင်းများစွာ ကျင့်ကြံထားသည့်အတွက် အမြုတေဖြစ်တည်နေသည့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများသည် ကုန်ဆုံးသွားရန်မှာ အချိန်အတန်ကြာယူရမည်ဖြစ်လေသည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများ ကုန်ခမ်းရန် အချိန်ကြာလေ... ဝမ်ကျုန်းအတွက် အကျိုးယုတ်လေပင် ဖြစ်လေ၏။

ဝမ်ကျုန်းသည် အချိန် (၂)နာရီအတွင်းမှာပင် ဆန်းလျ

န်၏တန်ခိုးစွမ်းအား အားလုံးကို ပျက်စီးစေရန်စီစဉ်ထားလေ

သည်။

သို့သော်...

အခြေအနေများကို အနည်းငယ်ရှုတ်ထွေးစေသည့် အချက်

တစ်ခု ရှိလေသည်။

ဆန်းလျန်သည် တန်ခိုးစွမ်းအားများကုန်ဆုံးသွားတော့မည်ဖြစ်

သည့်တိုင် သူ၏မူလဝိညာဉ်ခန္ဓာကို အခြားတစ်ဖက်မှ

ပြန်လည်ထိန်းချုပ်ထားခြင်း ဖြစ်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများည် လျှင်မြန်စွာကုန်ဆုံးနေ

သည့်တိုင် ဆန်းလျန်၏ပုံသဏ္ဍာန်ကတော့ အေးဆေးတည်ငြိမ်

နေဆဲပင် ဖြစ်လေသည်။

သူတို့နှစ်ယောက်ကြားတွင် အနိုင်အရှုံးဆိုသည့်အချက်သည်

ကွဲပြားနိုင်ခြင်း မရှိသေးပေ။

ဆန်းလျန်၏ကိုယ်တွင်းမှ တန်ခိုးစွမ်းအားအားလုံးသည် ထိုက်ရှီးတန်ခိုးစွမ်းအားများဖြစ်လေသည်။ ထိုက်ရှီးတန်ခိုးစွမ်းအားများသည် သူ၏ကိုယ်တွင်း၌အမြစ်တွယ်လျှက်ရှိပြီး ကျင့်စဉ်ပေါင်းများစွာ ၊ တန်ခိုးစွမ်းအားပေါင်းများစွာကို နားလည်စေရန် ထောက်ပံ့ပေးခဲ့လေသည်။ ထို့ကြောင့် သူ့ဘဝတွင်ပြိုင်ဘက်ရန်သူများကို မရှုမလှရှုံးနိမ့်ခြင်းမျိုး တစ်ခါမှ မဖြစ်ခဲ့ပေ။

ဝမ်ကျုန်းက ဆန်းလျန်၏ တန်ခိုးစွမ်းအားများအားလုံးကို ဖယ်ရှားပစ်ရန် လုပ်ဆောင်နေခဲ့လေသည်။

သို့သော် ဆန်းလျန်ကလည်း သူ့စွမ်းအားများအားလုံးကို ဖယ်ရှားပစ်ရန် ကြိုးစားနေခဲ့သည်ဆိုသည့်အချက်ကို ဝမ်ကျုန်းသိရှိခဲ့ခြင်း မရှိပေ။

ဆန်းလျန်၏ နှလုံးသားထဲတွင် ဖန်ဆင်းထားသည့်စကြာဝဠာသည် အပြည့်အဝဖြစ်တည်ခြင်းမရှိသေးပေ။ သို့သော် တန်ခိုး

စွမ်းအားများ ကုန်ဆုံးသွားသည်နှင့် သူ၏ဖြစ်တည်မှုတစ်ခုလုံး မှ ထွက်ခွာသွားရန် ထိုစကြာဝဠာကိုအသုံးချနိုင်သည်ဟု ဆန်းလျန် ယူဆထားလေသည်။

ဝမ်ကျုန်းရော ဆန်းလျန်ပါ သူတို့၏တန်ခိုးစွမ်းအားများကို အဆုံးစွန်ထိ အသုံးပြုထားကြလေသည်။

မိုးကြိုးနဂါးကြီးနှစ်ကောင်သည် ဆန်းလျန်၏ဘဝကို နိဂုံးချုပ် ပစ်တော့မည့်အလား ကျယ်လောင်သည့် ကြိုးဝါးသံကြီးများ ကို ပြုလုပ်နေကြလေသည်။

နောက်ဆုံးတွင်တော့...

နဂါးကြီးများသည် ဆန်းလျန်ရှိရာသို့ လျှင်မြန်သည့် အရှိန်အဟုန်ဖြင့် ဝင်ရောက်လာကြလေတော့သည်။

ထိုအချိန်တွင်...

အသူရာချောက်တစ်ခုလုံးတွင် တိတ်ဆိတ်သည့်နရီစည်းတေး သွားတစ်ခု ထွက်ပေါ်လာလေသည်။

ထို နရီစည်းတေးသွားသည် ဆောင်းရာသီတွင်အေးခဲနေပြီး နွေဦးရာသီတွင်တော့ လူများ၏နှလုံးသားကို ထိတွေ့ကာ အသစ်သောဘဝကိုပေးစွမ်းနိုင်သည့် မျိုးစေ့တစ်ခုအလား ဖြစ်လေသည်။

ထိုနရီစည်းတေးသွားထွက်ပေါ်လာရာနေရာတွင် ယင် နှင့် ယန် ခြားနားချက်မရှိတော့ပေ။

မရှိမှုတရား၏နယ်နိမိတ်သည်လည်း အကန့်အသတ်မဲ့လျှက်ရှိလေပြီ...။

ထိုနေရာတွင် အလင်းမရှိ ၊ ပုံရိပ်မရှိ ၊ သဏ္ဍာန်မရှိ ၊ အမည်နာမ ပညတ်ချက်များမရှိ...။

ထိုနေရာသည် တိတ်ဆိတ်ငြိမ်သက်နေပြီး ဖြစ်တည်မှုပုံစံမရှိ...။

ထိုအဆင့်ကို "ထိုက်ယီထျန်းရှန်း" အဆင့်ဟု ခေါ်လေသည်။

ထိုက်ယီထျန်းရှန်းဆိုသည်မှာ နတ်ဘုရားများအားလုံး၏ ဖြစ်တည်မှုအစပြုရာဖြစ်လေသည်။ သို့သော်... ထိုနေရာ တွင် "တန်ခိုးစွမ်းအားတည်ရှိမှု" ကင်းမဲ့လျှက်ရှိလေ၏။

ဆန်းလျန်ပြိုးလိုက်လေသည်။

ထိုအပြိုးသည် လှောင်ပြောင်သည့်အပြိုးတစ်ခုမျှသာ ဖြစ်လေသည်။

ထိုအပြိုးသည် သူ၏မျက်နှာထက်မှ ပုံမှန်ခံစားချက်များကို ချိုးဖျက်လိုက်သည့် အပြိုးတစ်ခုသာ ဖြစ်လေသည်။

ကျင့်ကြံသူများကြားတွင် ထိုက်ယီထျန်းရှန်းအဆင့်သည် နယ်နိမိတ်များအားလုံးကို ကျော်လွန်ပြီး အသစ်သော စကြာဝဠာတစ်ခုကိုဖြစ်တည်လာစေပြီး မိုးနှင့်မြေကို အသစ်တစ်ဖန်ပြန်လည်မွေးဖွားစေသည့် ပထမဆုံးအဆင့် အဖြစ်မှတ်ယူကြလေသည်။

ထိုအဆင့်တွင် ယင် နှင့် ယန် ၏ ပုံသဏ္ဍာန်သည် မူလအတိုင်း

တည်ရှိလေသည်။

ထိုအဆင့်တွင် မိုးနှင့်မြေ ခွဲခြားဖြစ်တည်နေခြင်းလည်းမရှိ…။

အကြောင်းအရာအားလုံးကို ခြုံပြီးပြောရမည်ဆိုလျှင် ဆန်းလျ

န်သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဆင့်မှ ထိုက်ယီထျ

န်းရှန်းနတ်ဘုရားအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်လေသည်။

မိုးကောင်းကင်နတ်ဘုရားတိုင်းသည် ထိုက်ယီထျန်းရှန်းအဆင့်

သို့ တက်ရောက်နိုင်ကြသည် မဟုတ်ပေ။

သို့သော်… ဆန်းလျန်ကတော့ ထိုက်ယီထျန်းရှန်းအဆင့်သို့

တက်ရောက်သွားခဲ့ပြီ ဖြစ်လေသည်။ ထို့ပြင် ထိုက်ယီထျန်းရှ

န်းအဆင့်သည် သူရောက်ရှိရမည့်အဆင့်လည်း ဖြစ်လေသည်။

ထိုက်ယီထျန်းရှန်းအဆင့်သည် သူ့ဘဝတွင် ရင်ဆိုင်ရမည့်

အပြောင်းအလဲတစ်ခုလည်း ဖြစ်လေသည်။

သို့သော်... ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိခဲ့ခြင်း

အတွက် သူ့ကိုယ်သူဂုဏ်ပြုချီးမြှောက်နေရန်တော့ မလိုအပ်လှ

ပါချေ။

အခန်း (၅၉၆) မရှိမှုကျေးရွာ

နောက်ထပ်ဖြစ်ပျက်လာသည့်အဖြစ်အပျက်များကတော့ ဝမ်

ကျုန်းကို များစွာ အံ့အားသင့်သွားစေသည့် အဖြစ်အပျက်များ

ပင် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်မှာ သူ့ရှေ့မှ ပျောက်ကွယ်

သွားသောကြောင့်ပင်။

တိတိကျကျပြောရမည်ဆိုလျှင် ဆန်းလျန်၏ ဝိညာဉ်သည်

ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။ ထို့ပြင် ဆန်းလျန် သည်

အစကတည်းက ရုပ်ခန္ဓာမရှိသူဖြစ်ရကား ရုပ်ရော နာမ်ရော

အရာအားလုံး ပျောက်ကွယ်သွားသည်ဟုပြော လျှင်ပိုပြီးမှန်နိုင်

လေသည်။

ဝမ်ကျုန်းမှာ မည်သို့လုပ်ရမှန်း မသိတော့ပေ။

ဆန်းလျန်လုံးဝပျောက်ကွယ်သွားသည်ကို သူသည်

မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရလေသည်။

သူက ဆန်းလျန်ကို ဖမ်းဆီးရန်အတွက် ရောက်လာခဲ့သည့်တိုင်

ဆန်းလျန်အား ထိုက်ယီထျန်းရှန်း အဆင့်သို့တက်ရောက်နိုင်ရန်

အတွက် ကူညီလိုက်သကဲ့သို့ဖြစ်သွားခဲ့လေသည်။

ထိုအချိန်မှာပင်...

သူ၏နားထဲတွင် ယွမ်ကျွင်းဧကေရီ၏ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရပြီး သူမ၏အသံသည် ဝမ်ကျုန်း၏ စိတ်ဝိညာဉ်မှ တစ်ဆင့် နှလုံးသားထဲသို့ စီးဆင်းဝင်ရောက်လာလေသည်။ ဆရာဖြစ်သူသည် သူ့ကို ပြန်လာရန် ဆင့်ခေါ်နေပြီ ဖြစ်လေ သည်။

လက်ရှိအချိန်တွင် ဝမ်ကျုန်းမှာ မိုးကြိုးတန်ခိုးစွမ်းအားများ ဖြင့် ပြည့်ဝနေလေသည်။ ထို့ကြောင့် ဝမ်ကျုန်းသည် လောက တစ်ခုလုံးတွင် အလျှင်မြန်ဆုံးလျှပ်စီးအဖြစ် သူ့ကိုယ်သူ ပြောင်းလဲဖန်ဆင်းလိုက်ပြီး အပြာရောင်ခရီးရှည်နန်းတော်ရှိရာ သို့ ချက်ချင်းပင် ပြန်သွားလေတော့သည်။

အပြာရောင်ခရီးရှည်နန်းတော်သို့ ပြန်ရောက်လာသည့်အခါ တွင်တော့ အလွန်မှ မှောင်မှိုင်းဖျော့တော့နေသည့် ယွမ်ကျွင်း ဧကေရီ၏ ပုံသဏ္ဍာန်ကို မြင်တွေ့လိုက်ရလေသည်။ သူ့ဘဝတွင်

ဆရာဖြစ်သူ ထိုမျှဖျော့တော့နေသည်ကို တစ်ခါမှ မတွေ့မြင်ခဲ့ဖူးပေ။

ယွမ်ကျွင်းကေရီက...

"ဒီတစ်ခါတော့ ငါမှားသွားခဲ့ပြီ... ၊ မင်းက သူ့ကိုမဖမ်းဆီးနိုင်တဲ့အပြင် ကူညီလိုက်သလိုတောင် ဖြစ်သွားသေးတယ် ၊ အရာအားလုံးက ကံတရားအတိုင်းပါပဲ ၊ ကံတရားအတိုင်းပါပဲ..."

"ဘာများဖြစ်လို့လဲ ဆရာ"

ဝမ်ကျုန်းက စိတ်ရှုတ်ထွေးစွာဖြင့် မေးလိုက်လေသည်။

ယွမ်ကျွင်းကေရီက အတန်ကြာတိတ်ဆိတ်နေပြီးမှ စကားဆက်ပြောလိုက်သည်။

"အခုဆိုရင် သူ့ရဲ့ဝိညာဉ်က'မရှိမှုကျေးရွာ' မှာ အပ်နှင်းခံထားရပြီ ၊ ဒါကြောင့် မင်းသူ့ကို ရှာမတွေ့တော့တာပဲ ၊ မင်းမှမဟုတ်ပါဘူး ၊ ငါဆိုရင်လည်း သူ့ကိုရှာတွေ့နိုင်မှာမဟုတ်ဘူး ၊ ပြီးတော့

ငါ့ရဲ့တန်ခိုးစွမ်းအားတွေလည်း အရင်အတိုင်းပြန်မဖြစ်သေး

ဘူးလေ”

ယွမ်ကျွင်းကေရီ၏စကားကြောင့် ဝမ်ကျုန်း၏ခန္ဓာကိုယ်မှာ

တစ်ချက်တုန်လှုပ်သွားလေသည်။

ယွမ်ကျွင်းကေရီ၏တပည့်တစ်ယောက်အနေဖြင့် ထိုစကား

များ၏အဓိပ္ပါယ်ကို သူကောင်းစွာ နားလည်လေသည်။

မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်ပြီဆိုလျှင် တန်ခိုး

စွမ်းအားအရာတွင် ထိပ်တန်းအဆင့်ဟု သတ်မှတ်နိုင်လေ

သည်။ သို့သော် မိုးကောင်းကင်နတ်ဘုရားတစ်ပါးသည် ထိုက်

ယီထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးကို မည်သည့်နည်းနှင့်မျှ

ယှဉ်ပြိုင်နိုင်မည် မဟုတ်ပေ။

အရေးကြီးဆုံးအချက်မှာ ထိုက်ယီထျန်းရှန်းအဆင့်သို့ တက်

ရောက်မည့် မိုးကောင်းကင်နတ်ဘုရားများသည် သူတို့၏မူလ

တန်ခိုးစွမ်းအားများအားလုံး ဖယ်ချတ်ခံရပြီးသည့်အခါ "မရှိမှု

ကျေးရွာ" သို့ ဝင်ရောက်ကြရလေသည်။

"မရှိမှုကျေးရွာ" ဆိုသည့်နေရာသည် စကားဖြင့်ဖော်ပြရန်

ခက်ခဲလွန်းလေသည်။

ထိုနေရာသို့ မရောက်ဖူးဘဲနှင့် ထိုနေရာအကြောင်းကို မည်သူမျှ

ပြောပြနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဝမ်ကျုန်းသည်လည်း

ထိုနေရာသည် မည်သို့သောနေရာဖြစ်သည်ကို မသိရှိနိုင်ပေ။

"မရှိမှုကျေးရွာ" ကို အချို့လူများက "ထိုက်ရှီး" ဟု ခေါ်ကြလေ

သည်။

သို့သော်... အခေါ်အဝေါ်များက အရေးမကြီးလှပါ။

အရေးကြီးသည်မှာ ထိုနေရာသို့ရောက်ရှိသွားသည့် ဝိညာဉ်

သည် မည်မျှဆိုးဝါးပြင်းထန်သည့် ဒဏ်ရာမျိုးကိုရရှိထားပါစေ

အသစ်တစ်ဖန် ပြန်လည်မွေးဖွားနိုင်စွမ်း ရှိလေသည်။

တစ်ခါတစ်ရံတွင်တော့ အသစ်တစ်ဖန်ပြန်လည်စတင်ရန်

အတွက် အချိန်များစွာ လိုအပ်လေ့ရှိလေသည်။

ရုပ်ခန္ဓာဆိုင်ရာ ကျင့်ကြံမှုများပြုလုပ်ထားသည့် ကျင့်ကြံ

သူများသည် သူတို့၏သွေးတစ်စက်ကပင် အသစ်တစ်ဖန်

ပြန်လည်မွေးဖွားနိုင်စွမ်းရှိလေသည်။ ထိုအချက်ကို ရုပ်ခန္ဓာ

ကျင့်ကြံသူများ၏ မသေနိုင်သောနတ်ဘုရားအဆင့်ဟု

သတ်မှတ်ကြလေသည်။

စကြာဝဠာအဆက်ဆက်တွင် မိုးကောင်းကင်နတ်ဘုရားများစွာ

ပေါ်ထွန်းခဲ့လေသည်။ သို့သော် ထိုကဲ့သို့ သွေးတစ်စက်မှ

ပြန်လည်မွေးဖွားနိုသည့်အဆင့် (သို့မဟုတ်) ထိုက်ယီထျန်းရှန်း

အဆင့်သို့ရောက်ရှိနိုင်သူမှာ မရှိသလောက်ရှားပါးလွန်းလေ၏။

ယွမ်ကျွင်းကေရီက...

"ဒါပေမယ့် သိပ်တော့လည်းအရေးမကြီးပါဘူးလေ ၊ အဲဒီ

အဆင့်ထိ ကျင့်ကြံပြီးသွားလည်း ဒုက္ခတရားက လွတ်မြောက်

နိုင်မှာမဟုတ်သေးပါဘူး ၊ ဟိုးအရင် ငါတို့ အပြာရောင်ခရီး ရှည်နန်းတော်ရဲ့ ရွှေခေတ်တုန်းကပေါ့... ၊ကျင့်စဉ်ကျင့်ကြံဖို့ အတွက် ဒီနေရာကို နတ်ဘုရားတွေအများကြီး ရောက်လာကြ တယ် ၊ အဲဒီအဆင့်ထိရောက်အောင် ကျင့်ကြံနိုင်သွားတဲ့သူတွေ လည်း ရှိခဲ့ဖူးတယ် ၊ မရှိမှုကျေးရွာကိုရောက်သွားတဲ့အထိ ကျင့်ကြံနိုင်တဲ့ ဝိညာဉ်တွေထဲက တစ်ဝက်လောက်ပဲပြန်ထွက် လာနိုင်ခဲ့ကြတယ် ၊ တချို့တွေကတော့ ရုပ်ရောနမ်ရော ပျောက်ကွယ်သွားကြတယ် ၊ တချို့ကတော့ အဲဒီနေရာရဲ့ကျွန် ပြုခြင်းကိုခံရပြီး ပြန်ထွက်မလာနိုင်ကြတော့ဘူး"

သူမသည် ယခုတစ်ကြိမ်လည်း လှည့်စားခံလိုက်ရပြန်ပြီ ဖြစ် လေသည်။ ထိုသို့သတိပြုလိုက်မိသည်နှင့် သူမက နှာခေါင်း တစ်ချက်ရှုံ့လိုက်မိသည်။

ယခုတော့ အင်းအမိန့်တော်သည် သူမလက်ထဲသို့
အဘယ်ကြောင့် ရောက်ရှိလာရသည်ကို သူမနားလည်သွားခဲ့ပြီ
ဖြစ်လေသည်။

"ဆရာဦးလေး… ဆရာဦးလေးက သူ့ရဲ့အကြံအစည်တွေကို
အကောင်အထည်ဖော်ဖို့ သေသေချာချာအကွက်ချစီစဉ်ခဲ့တာ
ပဲ ၊ ဒါပေမယ့် ဘာလို့ဒီလိုလုပ်ရတာလဲ ၊ ဆရာဦးလေးက
ကျွန်မရဲ့ဆရာကို အရမ်းမုန်းနေခဲ့လို့ ဒီလိုလုပ်ခဲ့တာလား ၊
စည်းမျဉ်းစည်းကမ်းတွေအကုန်လုံး ချိုးဖျက်ပြီးမှ သူ့ကို
ရပ်တန့်နိုင်မှာလား"

ယွမ်ကျွင်းဧကရီသည် သက်ပြင်းတစ်ချက် ကြိတ်ပြီးချလိုက်မိ
လေသည်။

ယွမ်ကျွင်းဧကရီ စိတ်ရှုတ်ထွေးပြီးဝမ်းနည်းနေသည့်အတွက်
ဝမ်ကျုန်းမှာလည်း စိတ်မကောင်းဖြစ်နေရလေသည်။

သူက တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်…

"ဆရာ ... ဘာတွေပဲ ဖြစ်လာဖြစ်လာ ၊ ယင်းစန်းက တာ့ရှားကို အစားထိုးနိုင်ဖို့ကိစ္စကို ကျွန်တော် မဖြစ်ဖြစ်အောင် လုပ်မှာပါ"
"ဝမ်ကျုန်း... ၊ တစ်နေ့မှာ မင်းရဲ့အသက်ဆက်ပြီးရှင်သန်နိုင်ဖို့အတွက် ငါ့ကိုသတ်ရမယ်ဆိုရင်တောင် တစ်ချက်မှ မတွန့်ဆုတ်ပါနဲ့"
ယွမ်ကျွင်းကေရီက ဝမ်ကျုန်းကို အေးချမ်းစွာဖြင့်ကြည့်လိုက်ပြီး ဖြေးညင်းစွာ ပြောလိုက်လေသည်။
"အဲဒီလိုနေ့မျိုးရောက်လာခဲ့မယ်ဆိုရင် တပည့်လည်း ဆရာနဲ့အတူ လိုက်သေပါ့မယ်"
ဝမ်ကျုန်းသည် ဆရာဖြစ်သူ၏မျက်လုံးများကို ပထမဆုံးအကြိမ်အဖြစ် စူးစိုက်ကြည့်ပြီး ဆုံးဖြတ်ချက်ခိုင်မာသည့်လေသံဖြင့် ပြောလိုက်လေသည်။
ယွမ်ကျွင်းကေရီသည် စကားမပြောဘဲ အတန်ကြာတိတ်ဆိတ်နေခဲ့လေသည်။

နောက်ဆုံးတော့ သူမက မျက်လုံးများကို အသာမှိတ်လိုက်ပြီး

တိုးလျစွာဖြင့်ပြောလိုက်သည်။

"ကောင်းပြီလေ..."

အလွန်မှ ခမ်းနားကျယ်ဝန်းလွန်းသည့် အပြာရောင်ခရီးရှည်

နန်းတော်ကြီးသည် ကြောက်စရာကောင်းလောက်အောင်

တိတ်ဆိတ်ငြိမ်သက်နေခဲ့လေသည်။ သို့သော်... မရေမတွက်

နိုင်အောင်များပြားလှသည့် ဝိညာဉ်အရိပ်များကို တွေ့မြင်နိုင်

မည် ဖြစ်လေသည်။

နောက်ဆုံးတော့... ပတ်ဝန်းကျင်တစ်ခုလုံးတွင် အဆုံးမသတ်

နိုင်သည့် ဝိညာဉ်ငိုကြွေးသံများနှင့် ပြည့်နက်လို့နေလေ

တော့သည်။

......

ဆန်းလျန်၏ ထိုက်ရှီးတန်ခိုးစွမ်းအားများအားလုံး ပျောက်

ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

ထိုအချိန်မှာပင် ဆန်းလျှန်သည် ထိုက်ရှီးနည်းဗျူဟာ၏ အနှစ်သာရအမျိုးမျိုးကို နားလည်သဘောပေါက်သွားခဲ့ရသည်။

ယင် နှင် ယန် ၊ ဒြပ်စင်စွမ်းအား (၅) မျိုး အရာအားလုံး မရှိတော့ပေ။ ထိုက်ယီထျန်းရှန်းအဆင့်သည် ဖော်ပြ၍မရ သည့် အခြေအနေတစ်ရပ်ဖြစ်လေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် "သူ" သည် မရှင်းလင်းသည့် နေရာတစ်ခုသို့ ရောက်ရှိသွားလေသည်။

သူ၏ဝိညာဉ်သည် ကျယ်ပြန့်သည့် ဗလာနယ်တစ်ခုအတွင်းသို့ ရောက်ရှိလာလေသည်။ ထိုနေရာတွင် အလင်းရောင်မရှိ ၊ ပုံသဏ္ဍာန်လည်းမရှိသောကြောင့် ထိုနေရာကို မည်သို့ဖော်ပြရမည်ကို မသိနိုင်ပေ။ ထိုနေရာကို နာမည်ပေးရန် အတင်းအကြပ် တောင်းဆိုမည်ဆိုလျှင်တော့ "မသေမျိုးကမ္ဘာ" ဟု အမည်ပေးသင့်လေသည်။

အဘယ့်ကြောင် ထိုနေရာကို "မသေမျိုးကမ္ဘာ" ဟု အမည်ပေးရပါသနည်း။

အဘယ်ကြောင့်ဆိုသော် လူတစ်ယောက်သည် ထိုနေရာသို့ရောက်ရှိလာသည်နှင့် ထိုသူ၏ဝိညာဉ်သည် အမြဲထာဝရနေထိုင်ရမည့် အိမ်တစ်လုံးကိုတွေ့ရှိလိုက်ရသကဲ့သို့ ခံစားရသောကြောင့် ဖြစ်လေသည်။ မည်သည့်ထိန်းချုပ်မှုမှ မရှိတော့ဘဲ လွတ်လပ်စွာဖြင့် ထာဝရရှင်သန်သွားနိုင်ပေလိမ့်မည်။ ထို့ပြင် ထိုနေရာသည် ကြီးမားလွန်းသည့်နေရာ ဟုသတ်မှတ်နိုင်သလို သေးငယ်သည့်နေရာတစ်ခုဟုလည်း ယူဆနိုင်ပြန်လေသည်။

သေမျိုးလောကတွင် ကြုံတွေ့ခဲ့ရသည့် အရာအားလုံးသည် ထိုနေရာတွင် လုံးဝအစိပ်ပွါယ်ကင်းမဲ့နေလေသည်။ အစိပ်ပွါယ်ရှိသည့် တစ်ခုတည်းသောအရာမှာ "သူ" ပင် ဖြစ်လေသည်။ “သူ”

တစ်ယောက်သာလျှင် ဤနေရာတွင် အရေးအကြီးဆုံးအရာ ၊ အဓိပ္ပါယ်အရှိအဆုံးအရာအဖြစ် သတ်မှတ်နိုင်လေသည်။ ထို "သူ" ဆိုသည့်အဓိပ္ပါယ်မှာ တာအိုဝါဒနှင့် ဗုဒ္ဓဘာသာမှ အနက်ရှိုင်းဆုံး နားလည်မှုတစ်ခုပင်ဖြစ်လေသည်။ ငါ ၊ သူတစ်ပါး ၊ ယောကျာ်း ၊ မိန်းမ ဘာတစ်ခုမှမရှိ "ဝိညာဉ်၏ဖြစ်တည်မှု" တစ်ခုကိုသာလျှင် ခံစားရနိုင်လေသည်။

ကျမ်းစာအချို့တွင်ရေးသားထားသည်မှာ -

"'ဖန်ဆင်းခြင်း' မတိုင်မီတွင် နဂါးငွေ့တန်းတစ်နေရာတွင် အချိန်နှင့်နေရာကို ကျော်လွန်နိုင်သည့် လျှို့ဝှက်နေရာတစ်ခုရှိခဲ့လေသည်။ ထိုနေရာကို ကျွမ်းကျင်က 'မရှိမှုကျေးရွာ'ဟု အမည်ပေးခဲ့လေသည်။ အချို့သောသူတော်စင်များ ကတော့ ထိုနေရာကို 'ထိုက်ရှီး' သို့မဟုတ် 'ဗလာနယ်' ဟု ခေါ်ဆိုကြလေသည်။

ထိုနေရာတွင် ဝိညာဉ်ကိုအပ်နှင်းခံကြရသူများသည် သိသာ ထင်ရှားသောအောင်မြင်မှုကို ရရှိသူများဖြစ်လေသည်။ ထို နေရာသို့ရောက်ရှိသူများသည် မူလဖြစ်တည်မှုမှ လုံးဝ လွတ်မြောက်သွားကြသူများ ဖြစ်လေသည်။"

အမှန်တော့ ထိုနေရာသည် စာအုပ်များထဲမှ ဖော်ပြချက်များနှင့် ကိုက်ညီသည့် နေရာတစ်ခု မဟုတ်ပေ။ ထိုနေရာသို့ရောက်ရှိ လာသူများသည် ရေတွင်းအောက်ခြေသို့ရောက်ရှိသွားသည့် ဖားတစ်ကောင်ကဲ့သို့ ဖြစ်လေသည်။ ဖားသည်ရေတွင်းထဲက ထွက်လာသည့်အချိန်တွင်လည်း ဖားတစ်ကောင်မျှသာဖြစ်လေ သည်။ သို့သော်… အမြင်များကတော့ ခြားနားသွားမည် ဖြစ် လေသည်။

ထိုနေရာသို့ရောက်ရှိနေခြင်းကို ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိခဲ့ပြီဟု ယူဆ၍မရပေ။ သို့သော်… လူတစ်ယောက် သည် ထိုက်ယီထျန်းရှန်းအဆင့်ကို ဝင်ရောက်နိုင်ရန်အတွက်

ထိုနေရာတွင် သူ၏ဝိညာဉ်ကို ကျိန်းသေအပ်နှင်းရမည် ဖြစ်လေသည်။ ထို့နောက် ထိုနေရာကို ကျော်လွှားလာနိုင်မှသာ ထိုက်ယီထျန်းရှန်းအဖြင့် အဆင့်တက်ရောက်ပြီဟု ဆိုနိုင်ပေလိမ့်မည်။

ထိုနေရာတွင် မူလသုံးဖြာတာအိုဆရာသခင်ကြီး (၃)ပါးသည် ကောင်းကင်ဘုံ၏ အခြားဘက်ခြမ်းကို ဖွင့်လှစ်ခဲ့ပြီး ကောင်းကင်ဘုံကို (၃၃)ပိုင်း ပိုင်းခြားခဲ့သည်ဟု အဆိုရှိကြလေသည်။

ထိုနေရာတွင်ပင် အော်မီတော်ဖူဘုရားသည် အနောက်ဘက်နိဗ္ဗာန်ဘုံကို ဖွင့်လှစ်ခဲ့ပြီး ဗုဒ္ဓကိုယ်တော်တိုင်သည် လည်းလင်စန်းတောင်ကို ဖန်ဆင်းခဲ့လေသည်။

ထိုသို့သော အဆင့်လွန်ပုဂ္ဂိုလ်ထူးများသည် အနောက်ဘက်နိဗ္ဗာန်ဘုံနှင့် လင်စန်းတောင်တို့ကို ဖွင့်လှစ်ခဲ့သည်မှာ လူသား

များ ၊ နတ်ဘုရားများကို တရားအလင်းရရန်အတွက် လမ်းပြ ပို့ဆောင်နိုင်ရန် ဖွင့်လှစ်ခဲ့ကြခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ကျင့်စဉ်လမ်းကို စတင်လျှောက်လှမ်းခဲ့သည့် အချိန်မှစပြီး အနောက်ဘက်နိဗ္ဗာန်ဘုံ သို့မဟုတ် လင်စန်း တောင်သို့ အမှန်တကယ်ရောက်ရှိနိုင်မည်ဟု တစ်ခါမှ မျှော်လင့်ထားခဲ့ခြင်း မရှိပေ။

ချင်းရှမ်နတ်တံခါးတွင်ကျင့်ကြံရင်း မိုးကောင်းကင်နတ်ဘုရား တစ်ပါးအဖြစ် အဆင့်တက်ရောက်ရသည်ပင်လျှင် သူ့အတွက် လုံလောက်နေခဲ့ပြီ ဖြစ်လေသည်။ ပွင့်ပွင့်လင်းလင်းပြောရ လျှင် သူ၏ဆန္ဒသည် နဂါးငွေ့တန်းကိုဖြတ်ကျော်ပြီး စကြာဝဠာတစ်ခုလုံးသို့ အဆီးအတားမရှိ သွားရောက်ချင် သည့် ဆန္ဒမျှသာ ဖြစ်လေသည်။

ဆန်းလျန်မှာတော့ "မရှိမှုကျေးရွာ" သို့ရောက်ရှိလာသည့်တိုင် ကောင်းကင်ဘုံတစ်ဘက်ကမ်းကိုလည်း ခံစားရခြင်း မရှိသလို

အနောက်ဘက်နိဗ္ဗာန်ဘုံနှင့် လင်စန်းတောင်တို့ကိုလည်း ခံစားတွေ့မြင်ရခြင်း မရှိသေးပါ။ ထိုနေရာများ သည်ကောင်းကင်ဘုံနန်းတော်(သို့မဟုတ်) မိုးကောင်းကင်ခုံရုံး ပျက်စီးသွားသကဲ့သို့ ပျောက်ကွယ်သွား ကြသည် လည်းဖြစ်ကောင်းဖြစ်နိုင်လေသည်။

သို့မဟုတ် ဆန်းလျန်အနေဖြင့် ထိုအရာများကို သိမြင်နိုင်ရန် အတွက် ဉာဏ်မမီခြင်းလည်း ဖြစ်နိုင်ပါသည်။

သို့သော် ... ထိုအရာများအားလုံးသည် သူ့အတွက် အရေးမကြီးလှပါ။ ထို့ပြင် မရှိမှုကျေးရွာတွင် သူ့အတွက် အကျိုးရှိမည့်အရာ မည်သည့်အရာမှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဤနေရာသည် ဗလာနတ္ထိ ၊ ဘာမှမရှိသောကြောင့် ဖြစ်လေ၏။

ဘာမှမရှိလျှင် ဘာမှလည်း ရယူနိုင်မည် မဟုတ်ပေ။

သို့သော်... ဤနေရာသည် အလုံခြုံဆုံးနေရာတစ်ခုဖြစ်သည်ကိုတော့ ငြင်း၍မရနိုင်ပေ။

မည်သို့ပင်ဖြစ်စေ... ဆန်းလျန်ကတော့ ဤနေရာတွင် အမြဲ ထာဝရနေထိုင်သွားလိုစိတ်မရှိပေ။ ဤနေရာတွင် ထာဝရ နေထိုင်သွားမည်ဆိုပါက မရှိမှုတရား၏ကျေးကျွန်ဖြစ်သွားရ ပေလိမ့်မည်။

ထိုသို့တွေးလိုက်မိသည့် တစ်ခဏအတွင်းမှာပင် ဆန်းလျန် သည် အသူရာချောက်သို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။ သို့သော် ဆန်းလျန်သည် ထူးဆန်းပြီး အသစ်တစ်ဖန်ဖြစ်တည် လာသကဲ့သို့ ခံစားနေရလေတော့သည်။

အခန်း (၅၉၇) သေခြင်းရှင်ခြင်းစာအုပ်မှနာမည်ဆိုးစာရင်း

ဆန်းလျှန်သည် ရှီးလျှန်မြို့တော်အဝင်တံခါးသို့ ပြန်ရောက်လာလေသည်။

မိုးမြေစွမ်းအားများသည် သူ၏ဝိညာဉ်ခန္ဓာမျက်နှာပြင်ထက်သို့ ပေါင်စပ်လာပြီး မူလဝိညာဉ်ခန္ဓာအသစ်ကို တဖြည်းဖြည်း ပြန်လည်ဖွဲ့စည်းနေလေသည်။

သို့သော် အသစ်ဖြစ်တည်လာသည့် မူလဝိညာဉ်ခန္ဓာသည် ယခင်က မူလဝိညာဉ်ခန္ဓာနှင့်နှိုင်းယှဉ်ပါ သိသိသာသာ အားနည်းနေပြီး သန့်စင်ခြင်းလည်း မရှိတော့ပေ။

ယခင်က မူလဝိညာဉ်ခန္ဓာသည် သေသေချာချာသန့်စင်ထားသည့် သံမဏိနှင့်တူလေသည်။ သို့သော် လက်ရှိ မူလဝိညာဉ်ခန္ဓာကတော့ မသန့်စင်ရသေးသည့်သံရိုင်းတုံးတစ်တုံးအလားဖြစ်လေသည်။

သို့သော် အရေးမကြီးပါ။

အရေးကြီးသည်မှာ သူနှင့်လက်ရှိလောကသည် တင်းတင်းကျပ်ကျပ်ပေါင်းစည်းမှုနေသည်ကို စတင် ခံစားနေရခြင်းဖြစ်လေသည်။ ထိုသို့သာ ဆက်လက်ပေါင်းစည်းနေပါက သူသည် အသူရာချောက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အချိန်မရွေး ပြောင်းလဲသွားမည် ဖြစ်လေသည်။

သူ၏မူလဝိညာဉ်ခန္ဓာသည် အသူရာချောက်နှင့်ပေါင်းစည်းသွားလျှင် အသူရာချောက်တစ်ခုလုံးတွင် တန်ခိုးစွမ်းအား အမြင့်မားဆုံး ဖြစ်သွားပေလိမ့်မည်။ သူ့အထက်တွင် မည်သူမှ ရှိတော့မည် မဟုတ်ပေ။ ယွမ်ကျွင်းကေရီနှင့် ဘုန်းတော်ကြီးရာမသည်ပင် သူ့လောက် တန်ခိုးစွမ်းအား မြင့်မားနိုင်တော့မည် မဟုတ်ပေ။

ထိုသို့ဖြစ်ရသည်မှာ အသူရာချောက်ကဆန်းလျန်ကို တရားဝင် အသိအမှတ်ပြုပြီး ဆန်းလျန်အတွက် တာဝန်ထမ်းဆောင်ပေး

ရန်အတွက် "လွတ်ငြိမ်းချမ်းသာခွင့်နှင့်စစ်မှုထမ်းခွင့်" ကို ကမ်းလှမ်းလာသည့် သဘောပင် ဖြစ်လေသည်။

"လွတ်ငြိမ်းချမ်းသာခွင့်နှင့်စစ်မှုထမ်းခွင့်" ဆိုသည်မှာ လူ့လောကရှိ တိုင်းပြည်နိုင်ငံများတွင် အသုံးပြုသည့်နည်းလမ်းဖြစ်လေသည်။ တိုင်းပြည်တစ်ပြည်သည် အခြားတိုင်းပြည်တစ်ပြည်၏အစိတ်အပိုင်းဖြစ်လာပြီး ထိုတိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ပေးခြင်းကို ဆိုလိုခြင်း ဖြစ်လေသည်။

ထိုအခြေအနေသို့ရောက်ရှိလာပါက သူသည် အသူရာချောက်မှ မိုးမြေစွမ်းအားများကို အကန့်အသတ်မရှိ အသုံးပြုနိုင်မည်ဖြစ်လေသည်။ အသူရာချောက်မှ မည်သည့်ကြေရာဇ်မင်း ၊ မည်သည့်အာဏာရှိသူမဆို သူ့ကို နှိမ်နင်းနိုင်ရန် မဖြစ်နိုင်တော့ပေ။

သို့သော် ဆန်းလျန်သည် ထိုအခွင့်အရေးကို ချက်ချင်းပင် ငြင်းပယ်လိုက်လေသည်။ သူ၏မူလဝိညာဉ်ခန္ဓာနှင့် အသူရာ ချောက်၏ပေါင်းစည်းမှုကို ချက်ချင်းပင် တွန်းလှန်ပစ်လိုက် လေသည်။

အဘယ်ကြောင့် ထိုသို့ငြင်းပယ်လိုက်ရသည်ကိုတော့ ဆန်းလျ န်ကိုယ်တိုင်လည်း အကြောင်းပြချက် ရေရေရာရာမရှိပေ။ ဆန်းလျန်က ထိုအခွင့်အရေးကို ငြင်းပယ်လိုက်သည့်အခါတွင် တော့ ပြင်းထန်လွန်းသည့် ဖိအားတစ်ခု သူ့ဆီသို့ ဝင် ရောက်လာသည်ကို ခံစားလိုက်ရလေသည်။ ဆန်းလျန်၏ မူလ ဝိညာဉ်ခန္ဓာက မိုးမြေစွမ်းအားများကို စုပ်ယူ လေလေ ဖိအား ကပိုပြီးများလာလေလေ ဖြစ်လေသည်။ ထိုဖိအားများကို ခံနိုင် ခြင်းမရှိတော့လျှင် သူသည် သံသရာလည်ခြင်းဆီသို့ပင် ဆွဲငင် ခံရနိုင်လေသည်။ ထိုအခွင့်အရေးကို မငြင်းပယ်ပါကလည်း

သူသည် အသူရာချောက်၏အစိတ်အပိုင်းအဖြစ် ကျိန်းသေ ဖြစ်လာရမည် ဖြစ်လေသည်။

သူ သတိမထားလိုက်မိသည့်အချိန်မှာပင်...

သူ၏ဦးခေါင်းထက်တွင် သေခြင်းရှင်ခြင်းစာအုပ်၏ စာမျက်နှာတစ်ခု ပေါ်လာလေသည်။ ထိုစာမျက်နှာကို အခြား သူများ မတွေ့မြင်ရဘဲ သူတစ်ယောက်သာ တွေ့မြင်ရလေ သည်။

ထိုစာမျက်နှာထက်တွင် သွေးဖြင့်ရေးထားသည့် "ဆန်းလျန်" ဆိုသည့် နာမည်နှစ်လုံးကို မြင်တွေ့ရမည် ဖြစ်လေသည်။

သူ၏နာမည်သည် စာမျက်နှာ၏ (၃) ကြောင်းမြောက်တွင် ရေးသားထားခြင်းဖြစ်ပြီး သူ၏ရှေ့တွင် အမည် (၂) ခုရှိနေ လေသည်။

ပထမဆုံးအမည်မှာ ဘုန်းတော်ကြီးရာမ၏အမည်ဖြစ်သည့် "ရာမ" ဆိုသည့် အမည်ဖြစ်ပြီး ဒုတိယအမည်မှာ ကျင်းလင်စန်းမု ဆိုသည့် အမည် ဖြစ်လေသည်။

ကျင်းလင်စန်းမုဆိုသည်မှာ ယွမ်ကျွင်းဧကရီ၏ အမည်ရင်းပင် ဖြစ်လေသည်။

ထိုသို့ နာမည်အစဉ်လိုက်စီထားခြင်းသည် တန်ခိုးစွမ်းအားအရာတွင် အခြေခံပြီးစီစဉ်ထားခြင်း ဖြစ်နိုင်သည်ဟု ဆန်းလျန်က တွေးလိုက်မိသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဘုန်းတော်ကြီးရာမသည် ယွမ်ကျွင်းဧကရီထက် အဆင့်မြင့်သည်ဟု ဆိုနိုင်လေသည်။

ထူးဆန်းသည့်အချက်မှာ ယွမ်ကျွင်းဧကရီသည် လင်ပေါင်ထျန်းကျွင်း၏ တပည့် ဖြစ်လေ၏။

လင်ပေါင်ထျန်းကျွင်းဆိုသည်က...

ရှားပါးသည့် ထိပ်တန်းအဆင့် မူလနတ်ဘုရားများထဲမှ တစ်ပါး ဖြစ်ပြီး မူလသုံးဖြာတာအိုဆရာသခင်ကြီး (၃)ပါးတွင် "စန့်ချင်" အဖြစ် ပါဝင်ခဲ့သူ ဖြစ်လေသည်။

သူသည် တာအိုဆရာသခင်ထိုက်ယီထက်ပင် ရှေးကျသည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။ ထို့ကြောင့် လင်ပေါင်ထျန်း ကျောင်း၏ တပည့်ဖြစ်သည့် ယွမ်ကျောင်းဂေကရီ၏အထက်တွင် ဘုန်းတော်ကြီးရာမက ရှိနေသည်မှာ အနည်းငယ်သဘာဝမကျ သလို ဖြစ်နေရလေသည်။

ဘုန်းတော်ကြီးရာမသည် ဗုဒ္ဓ (သို့မဟုတ်) အော်မီတော်ဖူဗုဒ္ဓ တစ်ပါးပါး၏ တပည့်ဖြစ်နိုင်သော်လည်း ယွမ်ကျောင်းဂေကရီ ထက်တော့ သာစရာအကြောင်းမရှိပေ။

ဆန်းလျန်သတိမထားမိသည့် အချက်တစ်ချက်လည်း အသူရာ ချောက်တွင် ဖြစ်ပေါ်သွားခဲ့လေသည်။

ထိုအချက်မှာ ဆန်းလျှန်၏ ဦးခေါင်းထက်တွင် သေခြင်းရှင်ခြင်းစာအုပ်မှ စာမျက်နှာပေါ်လာသည့်အချိန်တွင် အပြာရောင်ခရီးရှည်နန်းတော်တွင်ရှိနေသည့် ယွမ်ကျွင်းကေရီနှင့် ရွှေရောင်စေတီတော်ထိပ်တွင်ရှိနေသည့် ဘုန်းတော်ကြီးရာမတို့မှာ သူတို့ကိုဖိနှိပ်ထားသည့် သေခြင်းရှင်ခြင်းစာအုပ်မှထွက်ပေါ်နေသည့်ဖိအား၏ (၂၀) ရာခိုင်နှုန်း လျော့နည်းသွားကြခြင်းပင်ဖြစ်လေသည်။

ထိုသို့ စွမ်းအားလျော့နည်းသွားရခြင်းမှာ မူလသေခြင်းရှင်ခြင်းစာအုပ်မှ တန်ခိုးစွမ်းအားအချို့သည် ဆန်းလျှန်ကို ဖိနှိပ်ထားရန်အတွက် အလျှင်အမြန်ရောက်ရှိလာသောကြောင့် ဖြစ်လေသည်။

ဆန်းလျှန်နားလည်လိုက်သည့် အချက်တစ်ချက်တော့ရှိလေသည်။

သေခြင်းရှင်ခြင်းစာအုပ်သည် လူသားတစ်ယောက်ကဲ့သို့ စိတ်ခံစားချက်ရှိသည့်အရာတစ်ခု မဟုတ်ပေ။ ထိုစာအုပ် သည် မိုးကောင်းကင်နိယာမတစ်ခုသာ ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်က အသူရာချောက်မှ မိုးမြေစွမ်းအားများ ကို အလွန်အမင်းစုပ်ယူလိုက်မိသည့်အခါ ဆန်းလျန်မှာ အသူရာချောက်ကို အန္တရာယ်ပေးနိုင်သည့် နတ်ဘုရားတစ်ပါး အဖြစ် ထိုစာအုပ်ကချက်ချင်းသတ်မှတ်လိုက်ပြီး ဆန်းလျန်ကို လာရောက်ဖိနှိပ်ထားခြင်းပင် ဖြစ်လေတော့သည်။

မိုးမြေစွမ်းအားများကို စုပ်ယူလေလေ အပြစ်ကြီးမားသည်ဟု သတ်မှတ်ခံရပြီး ဖိအားက ပိုမိုများပြားလာလေလေ ဖြစ်ရလေသည်။

ဆန်းလျန်၏ အသစ်သော မူလဝိညာဉ်ခန္ဓာပြန်လည်ဖွဲ့စည်းသည့်အခါ အသူရာချောက်မှ မိုးမြေစွမ်းအားများကို စတင်စုပ်ယူသည့်အပြင် အသူရာချောက်မှ အပ်နှင်းလာသည့်

"လွတ်ငြိမ်းချမ်းသာခွင့်နှင့်စစ်မှုထမ်းခွင့်" ကိုလည်း ငြင်းပယ်လိုက်သည့်အတွက် သူသည် အပြစ်ကြီးမားသူတစ်ယောက်အဖြစ် သတ်မှတ်ခံလိုက်ရလေသည်။ ထို့ကြောင့် သေခြင်းရှင်ခြင်းစာအုပ်မှ ဖိအားများကို ခံစားရခြင်းပင် ဖြစ်လေသည်။ ထို့ပြင် ဆန်းလျှန်နားမလည်သည့် အချက်တစ်ခုလည်း ရှိနေပြန်သည်။

ထိုအချက်မှာ ...

အတိတ်တစ်ချိန်တုန်းကလည်း မိုးမြေစွမ်းအားများကို စုပ်ယူပြီး ကျင့်ကြံခြင်းများပြုသည့်တိုင် အဘယ့်ကြောင့် ထိုသို့သောဖိအားမျိုးကို မခံစားခဲ့ရပါလိမ့်ဆိုသည့်အချက်ပင် ဖြစ်တော့၏။

သူမှမဟုတ်ပါ။ တာ့ရှားကောရာဇ်နှင့် ထျန်းယီအကြီးအကဲတို့သည်လည်း ထိုသို့သောဖိအားများကို ခံစားခဲ့ရခြင်း မရှိကြပေ။ ထို့ကြောင့် သေခြင်းရှင်ခြင်းစာအုပ်မှ ဖိအားများထွက်

ပေါ်လာခြင်းသည် အခြားအကြောင်းတစ်ခုလည်း ရှိနေနိုင်သေးသည်။

ထို့ပြင် တစ်ချိန်က တာအိုဆရာလျိုမုန့်တယ်ပြောခဲ့သလိုပင် လူတစ်ယောက်သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်သွားနိုင်ပြီဆိုလျှင် သေခြင်းရှင်ခြင်းစာအုပ်မှ အမည်စာရင်းဖယ်ရှားခံရမည်ဖြစ်လေသည်။ ထိုက်ယီထျန်းရှန်းအဆင့်ရှိသည့် ဘုန်းတော်ကြီးရာမနှင့် ယွမ်ကျွင်းကေရီတို့နှစ်ဦးစလုံးမှာ မိုးကောင်းကင်နတ်ဘုရား များနှင့်နှိုင်းယှဉ်၍မရနိုင်လောက်အောင်ပင် သာလွန်သူများ ဖြစ်ကြလေသည်။ သေခြင်းရှင်ခြင်းစာအုပ်တွင် မည်သို့သောအမည်နာမများကိုမှတ်တမ်းတင်ထားသည်လည်း ဆန်းလျန်လည်း သိပ်မသေချာလှပေ။ သူသိသလောက်ဆိုလျှင် သေခြင်းရှင်ခြင်းစာအုပ်ဆိုသည်မှာ သေမျိုးလောကမှ လူသားများအတွက် မွေးဖွားခြင်း ၊ သေဆုံးခြင်း ၊ အသက်အရွယ်အိုမင်းခြင်း ၊ ဖျားနာခြင်း

တို့ကို မှတ်တမ်းတင်ထားသည့် စာအုပ်တစ်အုပ်သာလျှင် ဖြစ်လေသည်။

ကျင့်ကြံသူတစ်ယောက်သည် မိုးကောင်းကင်နတ်ဘုရား တစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ပြီဆိုပါက တန်ခိုးစွမ်းအားနှင့် ခံနိုင်ရည်စွမ်းသည် အလွန်မြင့်မားသွားပြီဖြစ်လေသည်။ ထို့ပြင် စကြာဝဠာနှင့်လည်းတစ်သားတည်းကျပြီဟုဆိုနိုင်သည့်အတွက် သေခြင်းတရားမှ လွတ်မြောက်သူများအဖြစ် ထိုသူများ၏အမည်စာရင်းသည် သေခြင်းရှင်ခြင်းစာအုပ်ထဲတွင် ပျောက်ကွယ်သွားကြရလေသည်။

မိုးကောင်းကင်နတ်ဘုရားများ၏ မွေးဖွားခြင်း ၊ သေဆုံးခြင်း ၊ အသက်အရွယ်နှင့် ဖျားနာခြင်းများအားလုံးကို ထိန်းချုပ်ထားရန်မှာ ခက်ခဲလွန်းလှသဖြင့် သေခြင်းရှင်ခြင်းစာအုပ်မှ လွတ်လပ်ခြင်းအခွင့်ကို ပေးလိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျှန်သည် ယခင်က မိုးကောင်းကင်နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ အသူရာချောက်မှ ရယူခဲ့သည်လည်းရှိသလို ပြန်လည်ပေးအပ်ခဲ့သည်လည်း ရှိလေသည်။ ထိုသို့ အပေးအယူမမျှပါက သေခြင်းရှင်ခြင်းစာအုပ်၏ လက်စားချေခြင်းကို ခံရနိုင်လေသည်။

သို့သော်... မည်သည့်အရာမှ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ အသူရာချောက်မှ ထွက်ခွာသွားသူများလည်း များစွာရှိလေသည်။ ထိုသို့သော ကျင့်ကြံသူများသည် ထိုက်ယီထျန်းရှန်း အဆင့်နီးပါး တန်ခိုးစွမ်းအား မြင့်မားသူများဖြစ်ကြလေ၏။

ယွမ်ကျွင်းကေရီနှင့် ဘုန်းတော်ကြီးရာမတို့မှာလည်း အသူရာချောက်မှ ထွက်ခွာသွားရန် ရွေးခြယ်ခဲ့ကြပါက သေခြင်းရှင်ခြင်းစာအုပ်မှ ဖိအားများကို ရင်ဆိုင်ကြရတော့မည် မဟုတ်ပေ။

သို့သော် သူတို့သည် ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိခဲ့ကြပြီး အသူရာချောက်မှလည်း ထွက်ခွာသွားကြခြင်း မရှိကြသည့်အတွက် သေခြင်းရှင်ခြင်းစာအုပ်တွင် အထူးမှတ်တမ်းရေးသွင်းခြင်းကို ခံကြရလေသည်။

သေခြင်းရှင်ခြင်းစာအုပ်၏ စာမျက်နှာတစ်ခုတွင် အတူတကွဖော်ပြခံထားရသည့် ဆန်းလျန် ၊ ဘုန်းတော်ကြီးရာမနှင့် ယွမ်ကျွင်းကေရီတို့သည် သေခြင်းရှင်ခြင်းသံသရာလည်မှုများနှင့်သက်ဆိုင်ခြင်းမရှိတော့သည်မှာ ထင်ရှားလေသည်။

သို့သော်... သူတို့ (၃) ဦးသည် အသူရာချောက်အတွက်အလွန်အမင်းအန္တရယ်ကြီးမားသည့်လူများ ဖြစ်သည့်အတွက်သေခြင်းရှင်ခြင်းစာအုပ်တွင် အထူးမှတ်တမ်းရေးသွင်းခြင်းကိုခံကြရလေသည်။ အမှန်တော့ နာမည်ဆိုးစာရင်း ရေးသွင်းခံထားရခြင်းဟု မှတ်ယူနိုင်လေသည်။

ထို့နောက်တွင်တော့...

ဆန်းလျန်က သူ၏စိတ်အာရုံများကို နေရာအနှံ့သို့ ဖြန့်ကျက်ကြည့်လိုက်သည့်အခါတွင်တော့ လီယွမ်လျန်နှင့် ဂိုဏ်းတူညီ (၃)ယောက်ကို အရင်ဦးဆုံး စဉ်းစားလိုက်မိလေသည်။

လက်ရှိအချိန်တွင် ရှီးလျန်ပြည်သူပြည်သားများမှာ စိုးရိမ်ပူပန်ပြီး ထိတ်လန့်တုန်လှုပ်နေကြဆဲ ဖြစ်လေသည်။ လီယွမ်လျန်နှင့် ဂိုဏ်းတူညီ (၃)ယောက်ကတော့ ဓားတန်ခိုးရှင်များဖြစ်သည့်အတွက် အခြားသူများထက်ဆာလျှင် စိတ်ဓာတ်ပိုမိုကြံ့ခိုင်သည့်သူများဖြစ်လေသည်။

ထို့ကြောင့် သူတို့၏စိတ်အခြေအနေသည် ပုံမှန်အတိုင်း ပြန်လည် တည်ငြိမ်နေခဲ့ပြီ ဖြစ်လေသည်။

သူတို့သည် ရှီးလျန်မြို့တော်အဝင်တံခါးနားတွင် မိုးမြေစွမ်းအားများ ပြောင်းလဲသွားသည်ကို သိရှိလိုက်သည်နှင့် ထိုနေရာသို့ ရောက်ရှိလာကြလေသည်။

ထိုအခါ မူလဝိညာဉ်ခန္ဓာကို ပြန်လည်တည်ဆောက်နေသည့် ဆန်းလျန်ကို တွေ့ရှိခဲ့ကြလေသည်။

သူတို့ (၄) ယောက်က ဆန်းလျန်ကို အတူတကွ ဦးညွှတ်ဂါရဝ ပြုလိုက်ကြလေသည်။

စကားစပြီးပြောလိုက်သူကတော့ ယွမ်ရှယ်ဖုန်းဖြစ်လေ၏။

"ဆရာဦးလေး... ဆရာဦးလေးအရမ်းအားနည်းနေတယ်လို့ ကျွန်တော်ခံစားရတယ်"

သူတို့ (၄)ယောက်ထဲတွင် ယွမ်ရှယ်ဖုန်းက ဝိညာဉ်စွမ်းအား အကောင်းဆုံးဖြစ်ပြီး အာရုံခံနိုင်စွမ်းလည်း မြင့်မားလေသည်။

ထို့ပြင် ဆန်းလျန်သည် သူ၏တပည့်များကိုတွေ့သည့်အခါ စကားမပြောဘဲ နေရိုးထုံးစံမရှိပါ။ တစ်ခုမဟုတ်တစ်ခုကို သင်ပြပေးစမြဲဖြစ်လေသည်။ ယခုတော့ ဆန်းလျန်၏ပုံစံမှာ သာမန်ကျင့်ကြံသူတစ်ယောက်အလားဖြစ်နေခဲ့လေသည်။

ထို့ပြင် ဆန်းလျန်၏တန်ခိုးစွမ်းအားများမှာလည်း ယွမ်ရှယ်

ဖုန်းပြောသကဲ့သို့ အားနည်းနေခဲ့လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဟုတ်တယ် ရှယ်ဖုန်း ၊ အခုဆိုရင် ကျုပ်ရဲ့တန်ခိုးစွမ်းအားတွေ

က မင်းတို့လောက်တောင် မရှိတော့ဘူး"

ထိုစကားကိုကြားသည်နှင့် လီယွမ်လျန်သည် ချက်ချင်းပင်

ပြောလိုက်လေသည်။

"ဂိုဏ်းတူညီ (၅) ၊ ဂိုဏ်းတူညီ (၇) ၊ ဂိုဏ်းတူညီ (၈) အခု

ချက်ချင်းပဲ ဆရာဦးလေးကို စောင့်ရှောက်ပြီး သွေးနီရောင်

ပင်လယ်ကို ပြန်ခေါ်သွားကြမယ်"

လီယွမ်လျန်၏ ဂိုဏ်းတူညီ (၃)ယောက်ကလည်း လီယွမ်လျန်

နှင့်တစ်သဘောတည်းဖြစ်ကြောင်း အကြည့်များဖြင့်

သက်သေပြလိုက်ကြလေသည်။

ချင်းရွှမ်နတ်တံခါးမှ တပည့်များ၏ ပတ်သက်ဆက်နွယ်မှု သံယောဇဉ်သည် အမြဲတမ်းကြီးမားလေသည်။ သူတို့၏စိတ်ထဲတွင် ဆရာဦးလေးက ငြင်းဆန်မည်ဆိုလျှင် တောင်မှ သွေးနီရောင်ပင်လယ်သို့ အတင်းပြန်ခေါ်သွား ရန် ဆုံးဖြတ်ထားကြလေသည်။ သူတို့၏ဆရာဖြစ်သူ ချန်ကျန့် မေ၏ ကာကွယ်ပေးမှုအောက်တွင် ဆရာဦးလေးသည် အန္တ ရယ်ကင်းနိုင်မည်ဟု သူတို့ကယူဆထားလေသည်။ ထိုသို့မဟုတ်ပါက ဆရာဦးလေးသာ တစ်ခုခုဖြစ်ခဲ့လျှင် သွေးနီ ရောင်ပင်လယ်သို့ ပြန်သည့်အခါတွင် ဆရာဖြစ်သူကို မျက်နှာပြရဲကြမည် မဟုတ်ပေ။ ထို့ပြင် သူတို့ကို အကြောင်းအရာများစွာကို သင်ပြပေးသူဖြစ်သည့် ဆန်းလျ န်၏ ကျေးဇူးတရားများသည်လည်း သူတို့အပေါ်တွင် များစွာ ရှိလေသည်။

ဆန်းလျန်မရှိသည့်အချိန်တွင် ရှီးလျန်ပြည်တစ်ခုလုံး အန္တရယ်ကျရောက်မည်ဆိုလျှင်လည်း သူတို့ ဂရုမစိုက်နိုင် တော့ပါ။ သူတို့၏ဆရာဦးလေး အန္တရယ်ကင်းရေးမှလွဲပြီး မည်သည့်အရာမှ သူတို့အတွက် အရေးမကြီးပေ။

ဆန်းလျန်က ရုတ်တရက် သူ၏တပည့်လေးများကို စ နောက်ချင်သွားမိလေသည်။

ထို့ကြောင့် သူက ပြုံးလိုက်ရင်း...

"ကျုပ်က ပြန်မလိုက်ဘူး ဆိုရင်ရော..."

ထိုအခါတွင်တော့ ယွမ်ရှယ်ဖုန်းက သူ၏ဓားကို ဆွဲထုတ်လိုက်လေသည်။

"တောင်းပန်ပါတယ် ဆရာဦးလေး ၊ ပြန်မလိုက်ဘူးဆိုရင်တော့ အတင်းခေါ်သွားရလိမ့်မယ်"

ကျန်သည့် တပည့် (၃)ယောက်ကလည်း ယွမ်ရှယ်ဖုန်းအတိုင်းပင် ဆုံးဖြတ်ထားကြပြီး သူတို့၏ဓားများကို ဆွဲထုတ်လိုက်ကြလေတော့သည်။

သူတို့သည် ဆရာဦးလေးကို ထိခိုက်စေရန်အတွက် လုံးဝမပြုလုပ်ရဲပါချေ။ သူတို့က ဆရာဦးလေး၏ လုံခြုံရေးအတွက် အသူရာဂိုဏ်းသို့ ပြန်လည်ခေါ်ဆောင်သွားလိုခြင်းသာ ဖြစ်လေတော့သည်။

အခန်း (၅၉၈) ပြန်လည်မွေးဖွားခြင်း

မကြာသေးခင်ကပင် ဝမ်ကျုန်း၏တိုက်ခိုက်မှုကို ရင်ဆိုင်ခဲ့ရသည့်အတွက် သူတို့အားလုံး စိတ်ပူနေကြဆဲ ဖြစ်လေသည်။ ဆရာဦးလေးသည်ပင်လျှင် မြင့်မြတ်သည့်မိုးကြိုးနတ်ဘုရားကို ယှဉ်နိုင်မည်မဟုတ်ဟု သူတို့ ထင်ခဲ့ကြလေ သည်။ ထိုသူသည် အလွန်မှ အန္တရယ်ကြီးမားလွန်းလေ၏။

ထို့ကြောင့် ဆရာဦးလေးကို အသူရာဂိုဏ်းသို့ ပြန်ခေါ်သွားနိုင်လျှင် ရှီးလျန်မှာထက်ပိုပြီး အန္တရယ်ကင်းမည် ဖြစ်လေသည်။ သို့သော်... ဆရာဦးလေးနေရာမှ စဉ်းစားပေးမည်ဆိုလျှင်လည်း ဆရာဦးလေးသည် သူတို့ခေါ်ဆောင်ရာသို့ လိုက်ချင်မည်မဟုတ်ပေ။ ထို့ကြောင့် ဆရာဦးလေးက သူတို့နှင့် ပြန်မလိုက်ဘူးဟု ငြင်းဆန်ခြင်းဖြစ်သည်ဟု သူတို့က ထင်မှတ်လိုက်မိလေသည်။

မည်သို့ပင်ဖြစ်စေ ဆရာဦးလေး အန္တရယ်ကင်းနိုင်ရန်အတွက် သူတို့ကတော့ အပြစ်အများကြီး ပြုလုပ်ရပေတော့မည်။ ကိစ္စအားလုံးပြီးဆုံးသွားမှသာ ပေးသည့်အပြစ်ကို ခံယူမည်ဟု ဆုံးဖြတ်လိုက်ကြလေသည်။

သူတို့၏ဆုံးဖြတ်ချက်အတွက် နောင်တမရဘဲ ဆန်းလျန်သည်လည်း သူတို့အားလုံးကို နားလည်ပေးမည်ဟု ယုံကြည်ထား လိုက်ကြလေသည်။

ယွမ်ရှယ်ဖုန်းက ဓားကိုကိုင်ပြီး ရှေ့သို့ထွက်လိုက်လေသည်။

"ဆရာဦးလေး... တပည့် အပြစ်ပြုမိလို့ အကြိမ်တစ်ထောင် သေသင့်ပါတယ်..."

သူ၏လက်ထဲတွင် ကိုင်ထားသည့်ဓားမှာ ဆန်းလျန်ပေးထားသည့် လိပ်နက်ရှမ်ဝူဓားဖြစ်လေသည်။ ထိုဓားသည် မီးကဲ့သို့ အပူရှိန်ပြင်းထန်သလို အာကာသထဲမှအအေးဓာတ်ကဲ့သို့လည်း

အေးခဲသည့်စွမ်းအားကို တစ်ပြိုင်တည်း ထုတ်လွှတ်နိုင်စွမ်းရှိလေသည်။

ကျန်သည့်တပည့် (၃)ယောက်ကလည်း ယွမ်ရှယ်ဖုန်းနှင့်တစ်သဘောတည်းပင်ဖြစ်လေသည်။ သူတို့က ဆရာဦးလေးကို သွေးနီရောင်ပင်လယ်ဆီသို့ ပြန်ပြီး ခေါ်ဆောင်သွားချင်နေကြသည်။

ဆန်းလျန်က သူ့တပည့်လေးများကိုကြည့်ပြီး အားနည်းဖျော့တော့စွာ ပြုံးလိုက်လေသည်။

ထို့နောက် သူက လက်ချောင်းများကိုလှုပ်ရှားလိုက်ပြီး လက်ညှိုးလက်ခလယ်ကိုအသုံးပြုကာ ယွမ်ရှယ်ဖုန်း၏ ဓားကို ထောက်ကာ တားဆီးထားလိုက်လေသည်။ထို့နောက် ယွိယင်းဖား၏ ဇာမဏီဓားကို ဆွဲယူလိုက်ပြီး လျိုဝေးယိ၏ ကျားဖြူမရဏာဓားရှိရာသို့ ပစ်လွှတ်လိုက်လေသည်။

ကြီးမားပြီးတုန်ခါနေသည့် စွမ်းအားထုတစ်ခုသည် ဓားများမှ

တစ်ဆင့် ယွိယင်းဖားနှင့် လျိုဝေးယိတို့ဆီသို့ စီးဝင်သွား

သကဲ့သို့ ခံစားလိုက်ရလေသည်။

ဆန်းလျန်က သူ၏တပည့်များကြားတွင် အေးအေးဆေးဆေး

ပင် လမ်းလျှောက်ရင်း ထိုသို့တိုက်ခိုက်သွားခြင်း ဖြစ်လေ

သည်။

ခြေတစ်လှမ်းလှမ်းပြီးသည်နှင့် သူ၏လက်များက လီယွမ်လျ

န်၏ ပခုံးကို ဖမ်းဆုပ်မိသွားလေသည်။

လီယွမ်လျန်၏ကိုယ်ထဲမှ တန်ခိုးစွမ်းအားများမှာ ချက်ချင်းပင်

ထိန်းချုပ်ခံလိုက်ရပြီး သူ၏ စိမ်းပြာနဂါးကောင်းကင်ဓား မှာ

လက်မှ လွတ်ကျသွားလေသည်။

သူတို့အားလုံးကို ယခုကဲ့သို့ တိုက်ခိုက်ရန်အတွက် ဆန်းလျန်

သည် မည်သည့်တန်ခိုးစွမ်းအားကိုမှ အသုံးပြုခဲ့ခြင်း မရှိပါ။

မျက်စိတစ်မှိတ်အတွင်းမှာပင် ဆန်းလျန်က သူတို့အားလုံးကို မလှုပ်နိုင်အောင် ချုပ်ထားလိုက်ပြီဖြစ်လေသည်။

ညီအစ်ကို (၄)ယောက်သည် မချိပြုံးပြုံးလိုက်မိကြပြီး ဆန်းလျန်ကို တအံ့တသြကြည့်နေမိကြလေသည်။

ဆန်းလျန်က...

"မင်းတို့ (၄) ယောက်ရဲ့ တန်ခိုးစွမ်းအားက ဒီအသူရာချောက်က ကျင့်ကြံသူ (၉၉) ရာခိုင်နှုန်းထက်သာတယ်၊ ရွှမ်ကျန်းကျောင်းတော်က လောကနတ်ဘုရား (၇)နစ်ပါးနဲ့တောင် အဆင့်အတန်းတူတယ်၊ အဲဒီနတ်ဘုရား (၇)ပါးနဲ့ မင်းတို့ (၄) ယောက် ယှဉ်မယ်ဆိုရင်တောင် ဘယ်သူနိုင်မလဲဆိုတာ ခန့်မှန်းလို့မရနိုင်ဘူး၊ အခုလက်ရှိအချိန်မှာ ကျုပ်ရဲ့တန်ခိုးစွမ်းအားတွေက အရမ်းလျော့နည်းနေတယ်၊ တိုက်ခိုက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ အခြေအနေပဲ၊ ဒါပေမယ့် မင်းတို့ (၄)ယောက်ကို

ဘာလို့ လွယ်လွယ်နဲ့ အနိုင်ယူလိုက်နိုင်တာလဲ ၊ သိတဲ့သူ ပြော

ပြပေးနိုင်မလား"

ဆန်းလျန်၏အမေးကို ယွိယင်းဖားက အရင်ဆုံးအဖြေ

ပေးလိုက်လေသည်။

"ဆရာဦးလေး ၊ ကျွန်တော့်ရဲ့ ဇာမဏီဓားကို ဆရာဦးလေး ဆွဲ

ယူလိုက်တဲ့အခါမှာ မိုးမြေစွမ်းအားတွေကိုစုပ်ယူ အသုံးပြု

လိုက်သလိုပဲ ၊ ကြည့်ရတာ ဆရာဦးလေးမှာ တန်ခိုးစွမ်းအား

တွေ လျော့နည်းနေပေမယ့် မိုးမြေစွမ်းအားတွေ ကိုဆရာ

ဦးလေးရဲ့ တန်ခိုးစွမ်းအားအဖြစ် လိုသလိုပြောင်းလဲလို့ရတယ်

လို့ ထင်မိပါတယ်"

ဆန်းလျန်က ပြုံးပြီးခေါင်းညိတ်လိုက်လေသည်။

"ယင်းဖား… ဒီလိုဖြစ်ရတဲ့အကြောင်းကိုရော သိလား"

ယွိယင်းဖားမှာ တပည့် (၄) ယောက်တွင် စွမ်းရည်အနိမ့်ဆုံးဖြစ်

သော်လည်း အလွန်ကြိုးစားသူတစ်ယောက်ဖြစ်လေသည်။

သူက ဆန်းလျန်နှင့်ရင်ဆိုင်ရသည့်အချိန်တွင် သူ့အတွေ့အကြုံကို လွယ်လွယ်ကူကူပြောပြလိုက်နိုင်သော်လည်း အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကိုတော့ နားလည်နိုင်စွမ်းမရှိပေ။

ဆန်းလျန်၏အမေးကို ယွိယင်းဖားက ခေါင်းခါယမ်းပြလိုက်လေသည်။

ထိုအခါ လျိုဝေးယိက အဖြေပေးလိုက်လေသည်။

"မိုးမြေစွမ်းအားတွေကို အသုံးပြုနိုင်တယ်ဆိုတာ ဝိညာဉ်စွမ်းအားမြင့်မားလို့ အသုံးပြုနိုင်တာပဲ ၊ ဝိညာဉ်စွမ်းအားမြင့်မားလေ ပတ်ဝန်းကျင်က မိုးမြေစွမ်းအားတွေကို အသုံးပြုနိုင်ပြီး ပိုပြီးတော့လည်း ရှင်းရှင်းလင်းလင်းသိမြင်နိုင် လေပဲ ၊ ဒါဟာ သဘာဝလွန် တာအိုတန်ခိုးစွမ်းအားတွေကို အသုံးပြုနိုင်ရခြင်းရဲ့ အခြေခံအချက်ပဲ မဟုတ်ဘူးလား ၊ ခုနတုန်းက ဆရာဦးလေးက အဲဒီလိုမျိုးလုပ်ခဲ့တာဖြစ်မယ် ၊ ဒါကြောင့် ဆရာ

ဦးလေးရဲ့အမြင်မှာ ကျွန်တော်တို့ရဲ့ ဓားသိုင်းကွက်တွေကို ရှင်းရှင်းလင်းလင်းသိမြင်နေတာပေါ့"

ထိုအဖြေကို ဆန်းလျန်က မေးခွန်းတစ်ခုဖြင့် တုန့်ပြန်လိုက်သည်။

“ဒါဖြင့် အဲဒီလို ရှင်းရှင်းလင်းလင်းမြင်နိုင်ဖို့ဘာလုပ်ရမလဲ”

လီယွမ်လျန်၏ တင်းကြပ်နေသည့် စိတ်များသည် ချက်ချင်း ပင် ပြေလျော့သွားရလေသည်။ သူက အလျှင်အမြန်ပင် ဆန်းလျန်၏ မေးခွန်းကို ဝင်ဖြေလိုက်လေသည်။

"ဆရာဦးလေးရဲ့ မူလဝိညာဉ်ခန္ဓာက အရမ်းစွမ်းအားမြင့်မားလွန်းတယ်၊ အချိန်တိုလေးအတွင်းမှာပဲ အရာအားလုံး ကို ရှင်းရှင်းလင်းလင်းနားလည်နိုင်တယ်၊ ဒါက သဘာဝပဲမဟုတ်ဘူးလား"

ဆန်းလျန်က ခေါင်းကိုခါယမ်းလိုက်ပြီး လက်နှစ်ဖက်ကို နောက်ပစ်ကာ ပြုံးလိုက်လေသည်။

"ကျုပ်တစ်ယောက်တည်း ကျင့်ကြံဖို့လိုတယ် ၊ ကျုပ်ကျင့်ကြံပြီးသွားတဲ့အခါကျရင် မင်းတို့ကို အခုလိုပဲ ထပ်ပြီး စပ်းသပ်မယ် ၊ အဲဒီအချိန်ကျရင်တော့ ကျုပ်ကို စိတ်ပျက်အောင် မလုပ်ကြနဲ့နော်..."

ဆန်းလျန်သည် ပြောပြီးသည်နှင့်သူတို့ရှေ့မှ ထွက်ခွာသွားလေသည်။

ဆန်းလျန်သည် ကျိုမုမြစ်အတွင်းသို့ ဆင်းသွားပြီး တဖြည်းဖြည်းပျောက်ကွယ်သွားသည်ကို ဂိုဏ်းတူညီအစ်ကို (၄)ယောက်မှာ ငေးကြည့်နေကြရုံမှတစ်ပါး မည်သို့မှ မတတ်နိုင်ကြတော့ပေ။

အတန်ကြာတော့မှ ယွမ်ရှယ်ဖုန်းက...

"ဂိုဏ်းတူညီအစ်ကိုတို့ ၊ ခုနတုန်းက ဆရာဦးလေးက သူ့ရဲ့မူလဝိညာဉ်ခန္ဓာက တန်ခိုးစွမ်းအားတွေကို အသုံးပြုလိုက်တာမဟုတ်ဘူးထင်တယ် ၊ ဘာကြောင့်မှန်းတော့ မသိပေမယ့်

ဆရာဦးလေးက ငါတို့ကိုတိုက်ခိုက်လိုက်တဲ့ တိုက်ကွက်ကို သူ ကိုယ်တိုင် ဖန်ဆင်းလိုက်တာပဲ ၊ သူက သူ့ဥပဒေသနဲ့သူ တိုက်ခိုက်သွားတာ ၊ တို့တွေအားလုံး အရူးလိုပဲ လှုပ်တောင် မ လှုပ်လိုက်နိုင်ဘူးနော်"

ယွမ်ရှယ်ဖုန်း၏ စကားကြောင့် အခြားသူများ၏ နှလုံးသား များမှာလည်း တုန်လှုပ်သွားကြရလေသည်။

ယွမ်ရှယ်ဖုန်း၏အမြင်ကို သူတို့အားလုံး လက်ခံသဘောတူ လိုက်ကြလေသည်။ ယွမ်ရှမ်ဖုန်းပြောသည်မှာလည်း မှန်သလို ရှိနေသည် မဟုတ်ပါလား။

ထို့ပြင် သူတို့အားလုံး တိတ်တဆိတ်ဝန်ခံလိုက်ကြသည့် အချက်တစ်ခုမှာ "ဆရာဦးလေးကို မည်သည့်အရာကမှ အန္တ ရယ်ပြုနိုင်မည်မဟုတ်" ဆိုသည့်အချက်ပင် ဖြစ်လေသည်။

ဆန်းလျန်သည် ကျီမုမြစ်ရေအတွင်းသို့ တဖြည်းဖြည်းနစ်မြုပ် သွားချိန်တွင် ယွမ်ရှယ်ဖုန်း၏ စကားများကို ကြားလိုက်ရလေ

သည်။ ထိုစကားများသည် အမှန်နှင့်နီးစပ်သည်ဟု ယူဆနိုင်လေသည်။

အမှန်တော့ ဆန်းလျန်သည် ကိုယ်ပိုင်ဥပဒေသများကို ချမှတ်နိုင်ရုံသာမက သူ၏နှလုံးသားထဲတွင်လည်း စကြာဝဠာတစ်ခု၏ပုံရိပ်သည် ဖြစ်တည်နေခဲ့ပြီ ဖြစ်လေသည်။ယနေ့ သူကြုံတွေ့နေရသည့် အရာအားလုံးသည် တာအိုဆရာသခင်ထိုက်စန့်ပြောခဲ့သည့် စကားများနှင့် ဆင်တူလေသည်။

"လောကတစ်ခုလုံးရှိ ဖြစ်တည်မှုများအားလုံးသည် မရှိမှုမှ ဆင်းသက်လာသည်" ဆိုသည့်အချက်ပင် ဖြစ်လေသည်။

"ဖြစ်တည်မှု" ကို ထိုက်ယီထျန်းရှန်းဟု ခေါ်ဆိုနိုင်ပြီး "မရှိမှု" သည်လည်း ထိုက်ယီထျန်းရှန်းပင် ဖြစ်လေသည်။ ထိုက်ယီထျန်းရှန်းသည် မိုးနှင့်မြေရှိ သတ္တဝါအားလုံးကို ဦးဆောင်လမ်းပြပေးနိုင်သည့်စစ်မှန်သည့် စိတ်ဝိညာဉ်ပင် ဖြစ်လေသည်။

ကျီမုမြစ်ရေကိုသောက်သုံးမိပါက မိန်းကလေးတစ်ယောက်ကို ကိုယ်ဝန်ရစေနိုင်လေသည်။ ထိုသို့ဖြစ်ရခြင်းမှ "မရှိမှု" မှ "ဖြစ်တည်မှု" သို့ ပြောင်းလဲသည့်သဘောဖြင့် ကွဲပြားခြင်းမရှိပေ။ ထို့ကြောင့် ဆန်းလျန်သည် ကျီမုမြစ်၏ အနှစ်သာရကို လေ့လာရန် လိုအပ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအချက်ကြောင့်ပင် ဆန်းလျန်သည် တစ်စုံတစ်ခုကို တဖြည်းဖြည်းနားလည်လာခဲ့ရလေသည်။ အစမှအဆုံးထိ တိုင်အောင် သူ့အတွက်ချမှတ်ပြီးသားဖြစ်သည့်ကံတရားမှ သူ့အနေဖြင့် လွတ်မြောက်နိုင်မည် မဟုတ်ပေ။ ချန်ချင်သည်ကျီမုမြစ်ရေကိုသောက်ခဲ့သည့်အတွက် ဆန်းလျန်က အသူရာချောက်တွင် လူပြန်ဝင်စားနိုင်ခဲ့လေသည်။ အဆုံးသတ်တွင် ထိုက်ယီထျန်းရှန်းအဆင့်ကို အောင်မြင်နိုင်ရန်အတွက်လည်း ကျီမုမြစ်ရေကိုပင် အားကိုးခဲ့ရလေသည်။ အရာအားလုံးသည် တိုက်ဆိုင်လွန်းလေစွ။

ဆက်စပ်တွေးတောကြည့်မည်ဆိုလျှင် ဝမ်ကျုန်းတစ်ယောက် မြင့်မြတ်သည့်မိုးကြိုးနတ်ဘုရားအဖြစ် အသွင်ပြောင်းသွားခြင်း၏ နောက်ကွယ်တွင် မရိုးရှင်းသည့်အကြောင်းတရားတစ်ခု ရှိနေနိုင်လေသည်။ အကယ်၍ဝမ်ကျုန်းသာရောက်မလာခဲ့လျှင် သူ့အနေဖြင့် ထိုက်ယီထျန်းရှန်းအဆင့်သို့ရောက်ရှိနိုင်ရန်အတွက် အချိန်ယူရဦးမည် ဖြစ်လေသည်။

ဆန်းလျန်သည် တာ့ကျိုးပြည်ကိုတည်ထောင်ပြီး တာ့ရှားနှင့်ယင်းစန်းကို ယှဉ်ပြိုင်နိုင်သည့်တိုင် ဝမ်ကျုန်းသာ ရောက်မလာခဲ့လျှင် သူ့အနေဖြင့် ထိုက်ယီထျန်းရှန်းအဆင့်သို့ တက်ရောက်နိုင်ရန် သိပ်ပြီးမသေချာလှပေ။

ယခုအချိန်တွင်တော့ သူသည် ရဲ့လျိုယွင်ကို သတိရနေမိလေသည်။ သူတို့နှစ်ယောက်သည် ခံစားချက်များတူညီကြလေသည်။ သူတို့နှစ်ယောက်သာ အတူတူရှိမည်ဆိုပါက သူ

တို့သည် စွမ်းအားစုများကို စုစည်းပြီး အရာအားလုံးကို ပြိုလဲအောင် ဖြိုချပစ်နိုင်မည်မှာ အသေအချာပင် ဖြစ်လေသည်။

ဆန်းလျန်သည် လွတ်လပ်မှုကို ရှာဖွေတွေ့ရှိခဲ့သည့်တိုင် ထိုအရာသည် ကံကြမ္မာ၏ကြိုးတင်ဆုံးဖြတ်ထားခြင်းသာ ဖြစ်လေသည်။ ထိုအချက်ကို သူတစ်ယောက်တည်းသာ နားလည်နေခဲ့လေသည်။

သူ့ဘဝတွင် အန္တရာယ်များနှင့်ကြုံတွေ့ခဲ့ရသလို မဖြေရှင်းနိုင်သည့် ဇာတ်ရှုတ်များထဲတွင် ပါဝင်ပတ်သက်ခဲ့ရလေသည်။ ယခုအချိန်ထိတိုင်အောင် မမှန်းဆနိုင်သည့်အရိပ်တစ်ခုဆီမှ သူကိုယ်တိုင်လွတ်မြောက်နိုင်ခြင်း မရှိသေးပေ။

ဆန်းလျန်သည် ကျိုးမှုမြစ်အတွင်းသို့ တဖြည်းဖြည်းနက်မြုပ်သွားလေသည်။ ထိုနေရာတွင် အလင်းလည်းမရှိ ၊ အသံ လည်းမရှိပေ။ ရေစီးဆင်းခြင်းသည်ပင်လျှင် ရပ်တန့်နေသည့်အလား

ထင်မှတ်ရလေသည်။ သူ၏နတ်ဘုရားဝိညာဉ် သည်မရှိမှု

ကျေးရွာမှ မရှိခြင်းတရားကို ခံစားနေရဆဲ ဖြစ်လေ၏။

သူ့စိတ်ထဲတွင် အေးချမ်းနေလေသည်။ မည်သည့်ကိစ္စများဖြစ်

ပျက်လာပါစေ နောက်ဆုံးတော့ သူသည် ထိုက်ယီထျန်းရှန်း

အဆင့်သို့ ရောက်ရှိခဲ့လေပြီ။ ဖြစ်လာသမျှအရာအားလုံး ၊ အန္တ

ရယ်အားလုံးကိုလည်း သူက ရင်ဆိုင်သွား မည်ဖြစ်လေသည်။

ယခုအချိန်အခါမှစပြီး မရှိမှုကျေးရွာ၏ အပြင်ဘက်တွင် ဆန်း

လျှန်သည် ပြန်လည်မွေးဖွားလာတော့မည် ဖြစ်လေသည်။ ပြာ

များမီးခိုးငွေ့များအသွင်ဖြင့် ဆန်းလျှန် ပျောက်ကွယ်သွားမည်

ဆိုလျှင်တောင်မှ လောကတွင် နောက်ထပ်ဆန်းလျှန်တစ်

ယောက်ကတော့ ရှိနေဦးမည် ဖြစ်လေသည်။

သူ၏ကျင့်ကြံခြင်းတန်ခိုးစွမ်းအားများအားလုံးကိုလည်း

ပြန်လည်မွေးဖွားခြင်းနှင့်အတူ ပြန်လည်ရရှိမည်ဖြစ်လေသည်။

ထိုအရာများအားလုံးသည် တဖြည်းဖြည်းချင်းဖြစ်လာမည့် အရာများသာဖြစ်ပြီး ဆန်းလျန်သည် ထိုက်ယီထျန်းရှန်း အဆင့်၏ ကြောက်မက်ဖွယ်ရာကောင်းပုံကို ပိုမိုနားလည် သဘောပေါက်လာခဲ့ရလေသည်။ လူတစ်ယောက်သည် ထိုက်ယီထျန်းရှန်းအဆင့်နတ်ဘုရားတစ်ပါးဖြင့် ကံကြမ္မာချင်း သွားရောက်ပတ်သက်မိပါက နေ့နေ့ညည အိပ်မက်ဆိုးများ မက်ရမည်သာ ဖြစ်လေတော့သည်။

အခန်း (၅၉၉) စီးမှုဝူတင်

ကျီမုမြစ်၏အနက်ရှိုင်းဆုံးနေရာသည် အေးစိမ့်လျှက်ရှိလေ
သည်။သို့သော် ဆန်းလျန်၏စိတ်အာရုံမှ ယန်စွမ်းအားကို ထုတ်
လွှတ်ထားသည့်အတွက် နွေးထွေးလျှက်ရှိလေသည်။
ယင်စွမ်းအင်အတွင်းမှ ယန်စွမ်းအားသည် မရေမတွက်နိုင်
သည့် မီးတောက်လေးများ ပျံသန်းနေသည်နှင့်ဆင်တူလေ
သည်။ ထိုယန်စွမ်းအားမီးတောက်လေးများသည် ကျီမုမြစ်ရေ
ထက်တွင်ပေါလောမျောပါလျှက်ရှိကြလေ၏။
ပေါလောမျောလျှက်ရှိသည့် ယန်စွမ်းအားမီးတောက်လေး
များသည် တစ်နေရာတည်းသို့ ဦးတည်စီးဆင်းနေကြလေ
သည်။ မီးတောက်လေးများ၏ဦးတည်ရာမှာ ဆန်းလျန်၏
ဝိညာဉ်တည်ရှိရာ နေရာသို့ပင် ဖြစ်တော့၏။
ယန်စွမ်းအားမီးတောက်လေးများသည် ကျီမုမြစ်၏ စွမ်းအား
အနှစ်သာရများ ဖြစ်လေသည်။

ထိုမီးတောက်လေးများ သည်လူသားမိန်းမပျိုများကို ကိုယ်ဝန်ဆောင်စေပြီး အသစ်သောဘဝများကို ဖန်တီးပေး သည့် "မရှိမှုတရား" ပင် ဖြစ်လေသည်။ "မရှိမှုတရား" သည် "ဖြစ်တည်မှု" အဖြစ် အသွင်ပြောင်းပြီး လောကသို့ရောက်ရှိလာ ကြလေသည်။

ယခုအချိန်တွင်တော့ ယန်စွမ်းအားမီးတောက်လေးများသည် ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာဖြင့် လာရောက်ပေါင်းစည်းနေ ကြလေသည်။ သူတို့က ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာကို အသစ်ပြန်လည်ဖြစ်တည်စေလေသည်။

သေခြင်းရှင်ခြင်းစာအုပ်မှ ဖိအားများသည် ဆန်းလျန်အပေါ် တွင် သက်ရောက်နေဆဲ ဖြစ်လေသည်။ သို့သော် အသစ်ဖြစ် တည်လာသော မူလဝိညာဉ်ခန္ဓာသည် ပိုပြီးကြံ့ခိုင်လာခဲ့ပြီ ဖြစ်သည်။

သူ၏မူလဝိညာဉ်ခန္ဓာသည် ရုပ်ဝတ္ထုများအဖြစ် စတင်ပြောင်းလဲသွားလေသည်။

အသွေးအသားများသာမက ကြွက်သားများ ၊ သွေးပြန်ကြော ၊ သွေးလွှတ်ကြောများ စတင်ဖြစ်တည်လာလေသည်။ ရုပ်ခန္ဓာတစ်ခု တဖြည်းဖြည်းဖြစ်တည်လာပြီး သွေးကြောဆုံချက်များလည်း ပုံပေါ်လာခဲ့လေသည်။

နောက်ဆုံးတွင်တော့ ကျီမုမြစ်ရေ၏ အနက်ရှိုင်းဆုံးတစ်နေရာတွင် လူသားတစ်ယောက် ပြန်လည်မွေးဖွားလာခဲ့ လေပြီ။ ထိုလူသားသည် သူ၏ရုပ်ခန္ဓာပြည့်စုံစွာဖြစ်တည်စေရန်အတွက် ကျီမုမြစ်ရေ၏အနှစ်သာရစွမ်းအားများကို အဆက်မပြတ် စုပ်ယူလျှက်ရှိလေသည်။

ယင်စွမ်းအားအတွင်းတွင်တည်ရှိသည့် ယန်စွမ်းအားမှာ သန့်စင်သည့်အတွက် ကျစ်လျစ်သည့် အသွေးအသားများ ဖြစ်တည်လာစေသည်။

အရေပြားတစ်လွှာချင်းစီ...

သွေးကြောတစ်ခုချင်းစီ...

ဆံနွယ်တစ်မျှင်ချင်းစီ...သွေးစက်တစ်စက်တိုင်းစီ ... ။

အရာအားလုံးသည် ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာ၏ထိန်းချုပ်

မှုအောက်တွင် ပေါင်းစပ်ဖြစ်တည်လာတော့သည်။

ဤသည်မှာ ပြီးပြည့်စုံသည့် "ဖန်ဆင်းခြင်းဖြစ်စဉ်" ပင်ဖြစ်လေ

တော့၏။

အသစ်ဖြစ်တည်လာသော ရုပ်ခန္ဓာသည် ဆန်းလျန်၏ရုပ်ခန္ဓာ

ဖြစ်သလို ဆန်းလျန်၏မူလဝိညာဉ်ခန္ဓာလည်း ဖြစ်လေသည်။

ယခုအချိန်မှစပြီး... လောကတစ်ခွင်တွင် ဆန်းလျန်သည်

အထူးဖန်ဆင်းခြင်းဖြစ်စဉ်ဖြင့် ဖြစ်တည်လာခဲ့ပြီ ဖြစ်လေ

သည်။ မည်သည့်သက်ရှိသတ္တဝါနှင့်မှ မတူနိုင်သော လူသား

တစ်ယောက် ဖြစ်လာခဲ့ရပြီ။ ဆန်းလျန်ကဲ့သို့သောလူမျိုး

နောက်ထပ်တစ်ယောက် လောကတွင်မရှိနိုင်ပေ။

နေ့ရက်များတစ်ဖြည်းဖြည်းကုန်ဆုံးသွားခဲ့လေသည်။ ကျီမုမြစ်ရေ၏အနှစ်သာရများသည် တဖြည်းဖြည်း လျော့နည်းသွားခဲ့သလို ဆန်းလျန်၏ ရုပ်ခန္ဓာအသစ်သည်လည်း တဖြည်းဖြည်းကျစ်လစ်သိပ်သည်းလာခဲ့လေသည်။ ကျီမုမြစ်၏အနက်ရှိုင်းဆုံးနေရာရှိ ရေဖိအားသည် တန် (၁)သန်းနှင့်ညီမျှသည့် ဖိအားအလေးချိန်ရှိလေသည်။ သို့သော် ဆန်းလျန်၏ ရုပ်ခန္ဓာသည် ရေဖိအားကို ခံစားရခြင်း မရှိပေ။ ဆန်းလျန်သည် သူ၏ရုပ်ခန္ဓာအသွေးအသားနှင့် ဝိညာဉ်ပေါင်းစပ်ပြီး မိုးမြေစွမ်းအားများကို စုပ်ယူလိုက် ထုတ်လွှတ်လိုက် ပြုလုပ်နေလေသည်။ ထို့ကြောင့် သူ၏တန်ခိုးစွမ်းအားများသည်လည်း အဆက်မပြတ် မြင့်တက် လာနေလေသည်။

ထိုအဆင့်သို့ရောက်သည်နှင့် သူ၏စိတ်နှင့်ခန္ဓာသည် အသူရာချောက်မှ မိစ္ဆာစွမ်းအားများနှင့် နက်ရှိုင်းစွာဆက်နွယ်နေသည်

ကို စတင်ခံစားရလေသည်။ ထိုအခါ ဖိအားတစ်ခုသည် စတင် ဖြစ်ပေါ်လာလေသည်။

ထိုဖိအားကို ဆန်းလျှန်သည့် လုံးဝခံနိုင်ရည်မရှိပေ။ ထို့ကြောင့် သူ၏ စိတ်နှင့်ခန္ဓာမှာ ခေတ္တခဏ အဆက်အသွယ်ပြတ် တောက်သွားရတော့သည်။

ထိုအချိန်ခဏအတွင်းမှာပင် ဖိအားက အဆက်မပြတ်ထိုးနှက် နေပြီး သူ၏တာအိုနှလုံးသားထဲမှ မရှိမှုစကြာဝဠာ သည်ခိုင်မာ သည်ထက်ခိုင်မာလာလေသည်။ နောက်ဆုံးတွင် ထိုစကြာဝဠာ သည် မျိုးစေ့တစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ဆန်းလျှန်သည် ပျော်ရွှင်ခြင်းများဖြင့်ပြည့်နေလေသည်။ သူ သည် ယခုတော့ ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိခဲ့ပြီ ဖြစ် လေသည်။

ဖြစ်တည်လာသည့် မျိုးစေ့သည် အမှားနှင့်အမှန်ကြားတွင်

တည်ရှိနေလေသည်။ ထိုမျိုးစေ့သည် သူ၏ရုပ်ခန္ဓာတစ်ခုလုံး

တွင် အရေးကြီးဆုံးသော အစိတ်အပိုင်းဖြစ်လေသည်။

ထိုမျိုးစေ့သည် တဖြည်းဖြည်းမြင့်တက်လာပြီး ဆန်းလျန်၏

မျက်ခုံးနှစ်ခုကြားနေရာသို့ ရောက်ရှိသွားလေသည်။ မျိုးစေ့

မြင့်တက်လာသည်နှင့်အမျှ ဆန်းလျန်၏ ခန္ဓာကိုယ်မှ

ကလပ်စည်းတိုင်းသည် သိပ်သည်းလာခဲ့လေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားတွင် ပြဒါး

ရောင်တောက်နေသည့် အနီရောင်အမှတ်အသားတစ်ခု ထွက်

ပေါ်လာလေသည်။ ထိုအမှတ်အသားသည် မိုးကောင်းကင်မှ

ချီးမြှင့်သည့် ဆုလာဘ်အလား ခမ်းနားလှလေသည်။

ထိုအနီရောင်ပြဒါးရှင်သင်္ကေတသည် "သန္ဓေတည်မှုတစ်ခု"

ဖြစ်သည်ဆိုသည့်အချက်ကို ဆန်းလျန်တစ်ယောက်သာလျှင်

သိရှိလေသည်။ ထိုပြဒါးရှင်သည် ဆန်းလျန်၏ ခန္ဓာကိုယ်

အစိတ်အပိုင်းအားလုံးမှ တန်ခိုးစွမ်းအားများကို စုပ်ယူနေပြီး သူ့ကိုယ်သူ အားဖြည့်နေလေသည်။

သန္ဓေတည်မှုသည် တဖြည်းဖြည်းကြီးထွားလာပေလိမ့်မည်။ သို့သော်... ထိုသန္ဓေတည်မှုမှ လူသားတစ်ယောက် မွေးဖွားလာမည်တော့ မဟုတ်ပေ။

အတိအကျပြောရလျှင် အနီရောင်ပြဒါးရှင်သင်္ကေတသည် မိုးမြေမှမွေးဖွားလာခြင်းကို ကိုယ်စားပြုလေသည်။ အချိန်ကာလကြာလာသည်နှင့်အမျှ ထိုသင်္ကေတသည် ကြီးထွားလာပြီး လောကအသစ်တစ်ခုကို ဖွင့်လှစ်မည် ဖြစ်လေသည်။

ယခုတော့ သေခြင်းရှင်ခြင်းစာအုပ်သည် ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရား (၃)ပါးကို အဘယ့်ကြောင့် မကျေမနပ် ဖြင့်ဖိနှိပ်ထားရသည်ဆိုသည့်အချက်ကို ဆန်းလျန် နားလည်သွားပြီဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ (၃) ယောက်

စလုံးသည် မိုးမြေမှမွေးဖွားလာခြင်းကို ကိုယ်စားပြုနေ

သည့်အတွက် ဖြစ်လေသည်။

သူတို့အားလုံးသည် အသူရာချောက်မှ မိုးမြေစွမ်းအားများကို

စုပ်ယူပြီး တစ်နေ့နေ့တစ်ချိန်ချိန်တွင် လောကတစ်ခုကို ဖွင့်လှစ်

ကြမည့်သူများဖြစ်လေသည်။

ထိုကဲ့သို့ထူးခြားသော အကြောင်းရင်းများရှိနေခြင်းအားဖြင့်

အသူရာချောက်မှာ ကိုယ်ဝန်ဆောင်ထားသည့် မိန်းကလေးတစ်

ယောက်နှင့်ဆင်တူနေလေသည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင်

အသူရာချောက်မှ စွမ်းအားများကိုစုပ်ယူပြီး လောကအသစ်

များ မဖြစ်မနေ မွေးဖွားလာကြမည်ဖြစ်လေသည်။

သို့သော်... မတူညီသည့်အချက်တစ်ခုမှာ အသူရာချောက်

သည် မိခင်တစ်ယောက်မဟုတ်သလို မိခင်ဗီဇရှိသည့် နေရာ

ဒေသတစ်ခုလည်းမဟုတ်ပေ။ ထို့ကြောင့် သူ့ထံမှ စွမ်းအား

များကိုစုပ်ယူပြီး လောကအသစ်ဖွင့်လှစ်ခြင်းကို ခါးသီးမုန်းတီး

လေသည်။ ထို့ကြောင့် ထိုက်ယီထျန်းရှန်းနတ်ဘုရားများကို သေခြင်းရှင်ခြင်းစာအုပ်က ဖိနှိပ်ထားရခြင်း ဖြစ်လေသည်။ နောက်ဆုံးတွင် လောကအသစ်တစ်ခု မွေးဖွားဖြစ်တည်လာသည့်အခါတွင်တော့ ထိုလောကသည် အသူရာချောက်မှ ခွဲထွက်သွားပြီး သီးခြားရပ်တည်မည် ဖြစ်လေသည်။

ထိုအဖြစ်အပျက်များကို သုံးသပ်ကြည့်လိုက်လျှင် ထိုက်ယီထျန်းရှန်းအဆင့်တွင် ကျင့်ကြံခြင်းသည် အကန့်အသတ်မရှိကြောင်းကို ဆန်းလျန် နားလည်ခဲ့ရလေသည်။ ထိုက်ယီထျန်းရှန်းအဆင့်ပြီးလျှင် နောက်ထပ် တက်လှမ်းစရာ မည်သည့်အဆင့်မှ မရှိတော့သည့်တိုင် တန်ခိုးစွမ်းအားများကတော့ စဉ်ဆက်မပြတ်တိုးပွားလာမည် ဖြစ်လေသည်။

သန္ဓေတည်မှုသည် မိုးမြေစွမ်းအားများကို မည်မျှစုပ်ယူအားဖြည့်ပါစေ အကန့်အသတ်မဲ့လေသည်။

ယခင်က နတ်ဘုရားများသည် မိုးနှင့်မြေတွင် လွတ်လပ်စွာ
သွားလာကြခြင်းမှာ မိုးမြေ၏ကြီးမားသောအင်အားကို
ထိန်းချုပ်နိုင်ခဲ့ကြသောကြောင့် ဖြစ်လေသည်။ယခုလည်း မိုး
မြေမှမွေးဖွားလာခြင်းကို ကိုယ်စားပြုသည့် သန္ဓေဖြစ်တည်
မှုသည် ထိုက်ယီထျန်းရှန်းအဆင့် သက်ဆိုင်သူများ
အချင်းချင်း အကန့်အသတ်မရှိ လွတ်လပ်စွာ ဖြစ်တည်နိုင်လေ
သည်။

ကျင့်ကြံသူတစ်ယောက်သည် ထိုက်ယီထျန်းရှန်းအဆင့်သို့
ရောက်ရှိသွားပြီး စကြာဝဠာတစ်ခု၏အစကို ဖွင့်လှစ်နိုင် ခဲ့ပြီ
ဆိုလျှင် အဆုံးထိအောင်မြင်မှုရရှိပြီဟု ပြော၍ရနိုင်လေသည်။
ထို့ပြင် မိုးကောင်းကင် အစစ်ဆေးခံရခြင်းများမှ ကင်းလွတ်
ပြီး ဘေးအန္တရာယ်အားလုံးကို ကျော်လွှားနိုင်ကာ တန်ခိုး
စွမ်းအားလည်း အထွတ်ထိပ်သို့ ရရှိမည် ဖြစ်လေသည်။ ထို

အကြောင်းကို စဉ်းစားရုံမျှဖြင့် ဆန်းလျန် အံ့သြတုန်လှုပ်ရလေ

သည်။

ထိုအဆင့်သို့ရောက်လျှင် သူ့အနေဖြင့် လက်လေးတစ်ဖက်

မြှောက်လိုက်ရုံ ၊ ခြေလေးတစ်ဖက် ကြွလိုက်ရုံဖြင့်ရန်သူ

အပေါင်းကို နှိမ်နင်းပြီးသား ဖြစ်နိုင်လေသည်။

ထိုသို့သောလူတစ်ယောက်သည် တာအိုဆရာသခင်ကြီးနှင့် ဗုဒ္ဓ

လောက် အဆင့်မြင့်မားခြင်းမရှိသည့်တိုင် တာအိုဆရာသခင်

ကြီးနှင့် ဗုဒ္ဓတို့၏ လေးစားခြင်းကို ခံကြရမည် ဖြစ်လေသည်။

ပျောက်ကွယ်သွားခဲ့ကြသည့် ပထမမိုးနတ်မင်းနှင့် ဒုတိယမိုး

နတ်မင်းတို့ရောက်လာပြီး ထိုသူကို ဖိအားပေးမည်ဆိုလျှင်

တောင်မှ ထိုသူသည် လောကအလယ်တွင် လွတ်လပ်စွာဖြင့်

ရပ်တည်နိုင်မည် ဖြစ်လေသည်။

....

ယင်းစန်းဒေသ၏မြို့တော်နာမည်မှာ “ကျောက်ကဲ” ဖြစ်လေ

သည်။

ကျောက်ကဲမြို့တော်သည် တိချိုးမြို့တော်ထက်ပိုပြီး ကြီးမား ခမ်းနားလေသည်။ အသူရာချောက်တွင် အကြီးမားဆုံး ကုန်သွယ်ရေးအချက်အချာကျသည့် မြို့တော်တစ်ခုလည်း ဖြစ်လေသည်။ ကျောက်ကဲမြို့တော်တွင် တာအိုဂိုဏ်းပေါင်းစုံမှ ကျင့်ကြံသူများဖြင့် နေ့ညမပြတ်စည်ကားလျှက်ရှိလေသည်။ သူတို့က ကျင့်စဉ်များ ၊ ဝိညာဉ်စွမ်းအားပစ္စည်းများနှင့် ကျင့်စဉ်လမ်းတွင်လိုအပ်မည် ရတနာပစ္စည်းများကို အလဲအလှယ်ပြုလုပ်ကြလေသည်။

ထို့ပြင် ကျောက်ကဲမြို့တော်တွင် စွဲဆောင်မှုအရှိဆုံးနေရာမှာ တစ်ခုရှိလေသည်။

ထိုနေရာမှာ"စီးမူဂူတင်" ဖြစ်လေသည်။

စီးမူဂူတင်ကို ယင်းစန်းဒေသ၏တော်ဝင်မျိုးနွယ်တစ်ယောက် ဖြစ်သည့် ကျူးကျားက ဖန်တီးခဲ့ခြင်းဖြစ်လေသည်။ စီးမူဂူတင်ကို ဖန်တီးရန်အတွက် သူ့ဘဝတစ်ခုလုံး စုဆောင်းထား

သမျှကို အသုံးပြုခဲ့ရလေသည်။ စီးမှုဝူတင်သည် မည်မျှ လေးလံသည်ကို မည်သူမှ မသိနိုင်ပေ။ ထိုအရာသည် ကျောက်ကဲမြို့တော်အလယ်ဗဟိုတွင် တိတ်ဆိတ် စွာဖြင့်တည်ရှိနေခဲ့လေသည်။ ထိုအရာ၏ပတ်ဝန်းကျင်တွင် အသက်ဓာတ် စွမ်းအားများနှင့် မိုးမြေစွမ်းအားများက ရစ်သိုင်းလွှမ်းခြုံလျှက်ရှိလေ၏။

ကောလဟာလများအရဆိုလျှင်တော့ စီးမှုဝူတင်ဘေးတွင် အသက်ဓာတ်စွမ်းအားများ ၊ မိုးမြေစွမ်းအားများဝန်းရံနေခြင်း မရှိပါက ထိုအရာသည် မြေကြီးအတွင်းသို့ နစ်မြုပ်သွားပြီး အသူရာချောက်ကို ဖောက်ထွက်သွားနိုင်သည်ဟု ပြောကြလေသည်။

တစ်ချိန်ကတော့ ကျူးကျားကိုယ်တိုင် စီးမှုဝူတင်ကို စမ်းသပ်မှု ပြုလုပ်ကြည့်ခဲ့ဖူးလေသည်။

သူက လောကနတ်ဘုရား အယောက် (၂၀)ကို ဖိတ်ခေါ်ကာ စီးမူဝူတင်တိုက်ခိုက်ခိုင်းခဲ့လေသည်။ အချိန်သာ (၁)နှစ်ကြာသွားခဲ့သည် စီးမူဝူတင်သည် ခြစ်ရာလေးတစ်ခုပင် မထင်ခဲ့ပေ။ အကယ်၍ လူတစ်ယောက်သည် စီးမူဝူတင်အတွင်းသို့ ပစ်ချခံရမည်ဆိုလျှင် ထိုသူသည် အရိုးတခြား အသားတခြား ဖြစ်သွားရမည်ဟု အားလုံးက ပြောကြလေသည်။

ကျူးကျားသည် လွန်ခဲ့သည့် နှစ်ပေါင်း (၂၀) ခန့်က စီးမူဝူတင်ကို စတင်ဖန်တီးခဲ့ခြင်း ဖြစ်လေသည်။ ထိုအချိန်မှစပြီး ကျူးကျားသည် စီးမူဝူတင်၏ဘေးမှ တစ်ဖဝါးမှ မခွာခဲ့ပေ။ ထျန်းယီအကြီးအကဲကို တိချိုးမြို့တော်သို့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားပြီး အကျဉ်းချလိုက်သည့်တိုင် ကျူးကျားသည် စီးမူဝူတင်ဘေးမှ တစ်ချက်မှ မရွှေ့ခဲ့ပေ။

ကျူးကျားဖြစ်ချင်သည့်ဆန္ဒကို ထျန်းယီက နားလည်ထားလေသည်။ သူက စီးမူဝူတင်ကို သူ၏ကိုယ်ပိုင်ဝိညာဉ်စွမ်းအား

ပစ္စည်းအဖြစ် သန့်စင်လိုခြင်းဖြစ်လေသည်။ ထိုသို့ပြုလုပ်နိုင်ပါက မည်သည့်ရန်သူကိုမဆို ထိုရတနာပစ္စည်းဖြင့် နှိမ်နင်းနိုင်ပေလိမ့်မည်။

စီးမူဂူတင်ကို သန့်စင်နိုင်ရန်အတွက် အသက်ဓာတ်စွမ်းအားများနှင့် မိုးမြေစွမ်းအားများအပေါ်တွင် မူတည်လေသည်။

"မင်းအခုလောက် စိတ်ရော ဝိညာဉ်ရော မတည်မငြိမ်ဖြစ်နေတာကို ကျုပ်ဘဝမှာ တစ်ခါမှ မတွေ့ဖူးဘူး ၊ ဘာများ ဖြစ်လို့လဲ ကျုပ်ကို ပြောပြစမ်းပါ"

ကျူးကျား၏ အသံထွက်ပေါ်လာလေသည်။

ကျူးကျားသည် အသက် (၅၀) ဝန်းကျင်ရှိပြီဖြစ်သည့် အမျိုးသားတစ်ယောက် ဖြစ်လေ၏။

ယင်းစန်းဒေသ၏အကြီးအကဲ ထျန်းယီသည် ကျူးကျားနှင့် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာလေသည်။ ထျန်းယီ

သည်လောကတွင် အကြီးမြတ်ဆုံးနှင့်တန်ခိုးစွမ်းအားအမြင့်မားဆုံး လူသားတစ်ယောက် ဖြစ်လေသည်။

ထျန်းယီက....

"မင်းသိတဲ့အတိုင်းပဲလေ ၊ လူရယ်လို့ဖြစ်လာရင် မွေးလိုက်သေလိုက် သံသရာလည်နေမှာပဲ ၊ ဟုတ်တယ်မလား ၊ ဒါပေမယ့်... ရည်မှန်းချက်တွေ ၊ တာဝန်တွေ မပြီးဆုံးနိုင်သေးသရွေ့ နောက်ဘဝရှိတယ်ဆိုရင်တောင် ကျုပ်ကတော့ ရှင်သန်နိုင်မယ် မထင်ဘူး ၊ သေခြင်းရှင်ခြင်းနဲ့ သံသရာလည်ခြင်းတရားတွေကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ကျုပ်တို့တွေ နားလည်ခဲ့ကြတယ် ၊ ဒါပေမယ့် မင်းရော ကျုပ်ရော ယင်းစန်းကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ခဲ့ကြဘူး မဟုတ်လား ၊ ဘာလို့လဲဆိုတော့ ယင်းစန်းရဲ့တည်ရှိမှုဟာ ကျုပ်တို့အားလုံးထက် ပိုပြီးအရေးပါတယ်ဆိုတာကို နားလည်ထားခဲ့ကြလို့ပဲ ၊ ဒီနေ့တော့ ယင်းစန်းဟာ ကျုပ်တို့လက်ထဲမှာပဲ ပျက်စီးရတော့ မယ်

ထင်ပါရဲ့ ၊ ပြောစမ်းပါ... ကျုပ် ဘယ်လိုလုပ်စိတ်အေးနိုင်မှာ

တဲ့လဲ"

အခန်း (၆၀၀) တာ့ရှား ၊ ယင်းစန်း ၊ တာ့ကျိုး

ကျူးကျားကပြိုးလိုက်ရင်း...

"ကျုပ်တို့တွေ အခု အရမ်းကိုထူးဆန်းတဲ့ ခံစားချက်တွေခံစား

နေကြရတာပဲ ၊ အတိတ်ကအဖြစ်အပျက်တွေကနေ ပညာယူ

ကြရမှာပဲ ၊ အတိတ်ကခန့်မှန်းခဲ့ကြတာတွေလည်း

တဖြည်းဖြည်းဖြစ်လာခဲ့ကြပြီ ၊ ပြီးတော့ ပြီးသွားခဲ့ပြီလို့ထင်ခဲ့တဲ့ ကိစ္စတွေကလည်း မပြီးဆုံးခဲ့ဘူးမဟုတ်လား”

ထျန်းယီက ကျူးကျားကို နက်နဲသည့်အကြည့်တစ်ချက်ဖြင့်ကြည့်လိုက်လေသည်။

"ယင်းစန်းမှာ တန်ခိုးစွမ်းအားအမြင့်မားဆုံးသူဟာ ကျုပ်ထျန်းယီလို့ လူတိုင်းက လက်ခံထားကြတယ် ၊ ဒါပေမယ့် ကျူးကျားဆိုတဲ့မင်းကလည်း ကျုပ်ထျန်းယီထက် မညံ့ပါဘူးလေ ၊ ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)ကျော်တုန်းက ရှီးလျန်လိုဝေးလံခေါင်သီတဲ့နေရာတစ်ခုကို မင်းသွားခဲ့တယ် ၊ အဲဒီ ဘာမဟုတ်တဲ့ မိန်းကလေးကို အသိပညာတွေသင်ပေးပြီး စာအုပ်စာပေတွေ ရောင်းချပေးခဲ့တယ် ၊ မင်းဘာလို့ ဒီလိုလုပ်ရလဲဆိုတာ ကျုပ်နားမလည်ခဲ့ဘူး ၊ ဒါပေမယ့် အခုတော့ ကျုပ်သိသွားပြီ ၊ အဲဒီမိန်းကလေးက ဆန်းလျန်ရဲ့မိခင်ဖြစ်လာမယ့်သူဆိုတာ

မင်းကြိုပြီးသိနေခဲ့တယ်မဟုတ်လား ၊ ကျုပ်ပြောတာ မှန်တယ်

မဟုတ်လား"

ဆန်းလျန်နှင့်ဝမ်ကျုန်း၏ တိုက်ခိုက်ခဲ့မှုသည် အတိတ်မှ

အကြောင်းအရာများစွာကို ပြန်လည် နားလည်စေခဲ့လေသည်။

ထျန်းယီ၏အကြည့်ကြောင့် ကျူးကျားက ခေါင်းငုံ့လိုက်

မိသည်။

"ကျုပ်တို့တွေအသက်ရှင်နေသရွေ့ ဆုံးဖြတ်ချက်တွေ ချနေကြ

ရမှာပဲမဟုတ်လား ၊ တစ်ခါတစ်လေမှာ ဆုံးဖြတ်ချက်တစ်ခု

ဟာ အတွေးတစ်ခုလောက်နဲ့ပဲ ပြီးဆုံးသွားတယ် ၊ တစ်ခါတစ်

လေကျတော့ လက်တွေ့အကောင်အထည်ဖော်ဖြစ်ကြတယ် ၊

အချိန်တွေကြာလာတာနဲ့အမျှ အဲဒီဆုံးဖြတ်ချက်တွေက ဘဝ

ကို အဆုံးအဖြတ်ပေးသွားတာပါပဲ ၊ ကျုပ်တို့ဘဝတွေကလည်း

ကျုပ်တို့ရဲ့လုပ်ရပ်တွေကြောင့်ပဲ ပြောင်းလဲသွားကြရတယ် ၊

အဲဒီဆုံဖြတ်ချက်တွေကြောင့်ပဲကျုပ်တို့ရဲ့ဘဝတွေဟာ အဆုံ

သတ်တွေ တူညီကြမှာမဟုတ်ဘူး ၊ မင်းရော... ၊ လူတွေ အားလုံးရော ဘယ်အရာကမှ ထင်သလောက်မရိုးရှင်းဘူးဆို တာ သိကြမှာပါ"

ထျန်းယီသည် တစ်ခဏကြာမျှ စဉ်းစားနေပြီးမှ စကားဆက် ပြောလိုက်လေသည်။

"ဟုတ်တာပေါ့... ကျုပ်သိပါတယ်ဗျာ ၊ ကျုပ်တို့ရဲ့ အတွေး တိုင်း ၊ အပြုအမူတိုင်း ၊ သိမြင်မှုတိုင်းက မတူညီတဲ့ အဆုံးသတ်တွေဖြစ်လာစေဖို့ ဦးတည်နေတာပါပဲ ၊ တကယ်တမ်းမှာတော့ ကျုပ်တို့အားလုံး သွားရမယ့်လမ်းက တစ်လမ်းတည်းပဲ မဟုတ်လား ၊ သချ်ာပုစ္ဆာတစ်ပုဒ်မှာ ဘယ်လောက်ပဲ ကိန်းဂဏန်းတွေ ထိုးကြွေးထားပါစေ ၊ အဆုံးသတ်အဖြေကတော့ရှိနှင့်ပြီးသားပဲ ဆိုသလိုပေါ့လေ ၊ ယင်းစန်းပျက်စီးရတော့မယ် ၊ တကယ်တော့ ယင်းစန်း ဟာတော့

ရှားပြည်နေရာမှာ အစားထိုးဖို့ပဲ ၊ ဒါပေမယ့် အခုတော့ မင်းကြို

ပြီးသိခဲ့တဲ့အတိုင်း ဆန်းလျှန်ရောက်လာခဲ့ပြီ"

ကျူးကျားသည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အတန်ကြာမှ သူက စကားဆက်လိုက်သည်။

"တကယ်တော့ ကျုပ်အဲဒီလို ကြိုပြီးသိခဲ့ရတာက အမှတ်မ

ထင် ဖြစ်ခဲ့ရတာပါ ၊ မင်း ဘုန်းတော်ကြီးရာမကိုသိတယ်

မဟုတ်လား"

ထျန်းယီက ...

"ဘုန်းတော်ကြီးရာမကို သိတာပေါ့ဗျာ ၊ အသူရာချောက်မှာ တိ

ကျန်ဗောဓိသကျရဲ့တရားတော်တွေကို တစ်လုံးမကျန် အကုန်

လေ့လာမှတ်သားထားတဲ့သူပဲလေ ၊ သူ့ရဲ့ဉာဏ်ပညာက

လေးနက်လွန်းပါတယ်"

ထျန်းယီ ထုတ်ဖော်မပြောခဲ့သည့် အချက်တစ်ခု ရှိသေးသည်။

ထိုအချက်မှာ "ကံကြမ္မာ" ဆိုသည့် ကစားပွဲကို ပြောင်းလဲနိုင်သည့်လူတစ်ယောက်ရှိမည်ဆိုလျှင် ထိုသူသည် ထျန်းယီ ကိုယ်တိုင်လည်းမဟုတ်သလို တာ့ရှားကေရာဇ်နှင့် ဆန်းလျန်လည်း မဟုတ်နိုင်ပေ။ ထိုသူသည် ဘုန်းတော်ကြီးရာမသာ ဖြစ်ပေလိမ့်မည်။

"အဲဒီဘုန်းတော်ကြီးမှာ ဟာနုမာန်ဆိုတဲ့မျောက်တစ်ကောင်ရှိတယ်၊ အရင်ဘဝက အဲဒီမျောက်က သိပ်တော်တဲ့ လူတစ်ယောက်ပဲ၊ ဒါပေမယ့် အဲဒီလူဟာ မိုးကောင်းကင်ခုံရုံးက နှင်ထုတ်ခံလိုက်ရပြီး မျောက်အဖြစ်ပြန်ဝင်စားတာ၊ အဲဒီမျောက်မှာ နတ်မိစ္ဆာမဟာတန်ခိုးရှင်တစ်ယောက်ရဲ့ မိစ္ဆာစွမ်းအားတွေကို အပ်နှင်းခံထားရတယ်၊ အဲဒီဖြစ်စဉ်တွေအကုန်လုံးကို ကျုပ်တွေ့မြင်ခဲ့ရတယ်၊ အဲဒါကြောင့်လည်း ကျုပ်ကြိုပြီးသိမြင်နိုင်ခဲ့တာပဲ"

ကျူးကျားက နူးညံ့သည့် လေသံဖြင့် ပြောလိုက်လေသည်။

ကျူးကျားသည် ဟာနုမာန်မျောက်၏ဖြစ်စဉ်ကို အမှန်တကယ် မြင်တွေ့ခဲ့ရပြီး "နှိုင်းယှဉ်သိမြင်" နိုင်သည့် အင်းပညာ ကို တတ်မြောက်ခဲ့လေသည်။ စီးမူဝူတင်ကိုလည်း ထိုပညာဖြင့်ပင် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်လေသည်။ သို့သော် အနည်းငယ် လိုအပ်ချက်ရှိနေခဲ့လေသည်။ ထိုအင်းပညာကို မြင့်မားလွန်း သည့်တန်ခိုးစွမ်းအားတစ်ခုနှင့် ပေါင်းစပ်နိုင်မှသာ စီးမူဝူ တင်သည် ပြီးပြည့်စုံနိုင်မည် ဖြစ်လေသည်။

မြင့်မားလွန်းသည့် တန်ခိုးစွမ်းအားဟုဆိုရာတွင် စကြာဝဠာတစ် ခုလုံးကို လက်တစ်ဖက်ဝှေ့ရမ်းရုံဖြင့် ဖျက်စီးပစ်နိုင်စွမ်း ရှိ သည့်တန်ခိုးစွမ်းအားမျိုးကို ဆိုလိုခြင်းဖြစ်လေသည်။ ထိုသို့ ဖြစ်ရန်မှာ မယ်တော်ဝမ်မူ၏ နတ်မက်မွန်သီးနှင့် ထိုက်စန့်လော င်ကျွင်းဘိုးဘိုး၏ဖိုထဲမှ ပြဒါးဆေး (၂)မျိုးလုံးကို စားမှသာ ဖြစ်နိုင်ပေလိမ့်မည်။

(မယ်တော်ဝမ်မူ၏နတ်မက်မွန်သီးနှင့် ထိုက်စန့်လောင်ကျွင်း၏ ပြဒါးဆေးဆိုသည်မှာ စွန်းဝူခုံး မိုးကောင်းကင်ကို တက်မွှေစဉ် စားပစ်ခဲ့သည့်အရာတွေပါ - ဘာသာပြန်သူ)

ကျူးကျားတွင် ထိုအချက် ပြည့်စုံခြင်းမရှိပေ။ ထို့ကြောင့် သူ့အနေဖြင့် လက်ရှိအချိန်တွင် ရှေ့ဆက်လို့လည်းမရ နောက်ဆုတ်လို့လည်းမရသည့်အခြေအနေနှင့် ရင်ဆိုင်နေရလေသည်။ အဘယ်ကြောင့်ဆိုသော် စီးမူဝူတင်နှင့်ကျူးကျားမှာ တဖြည်းဖြည်းနှင့် ဆက်နွယ်နေမိကြပြီ ဖြစ်သောကြောင့်ပင်။

ကျူးကျားလှုပ်ရှားနေသရွေ့ စီးမူဝူတင်လည်း လှုပ်ရှားနေမည်ဖြစ်လေသည်။ ထိုသို့ဖြင့် ကျူးကျားသည် ကျောက်ကယ်မြို့တော်တွင် ပိတ်မိနေရလေတော့သည်။

ကျူးကျားသည် ထျန်းယီကို သူ့စိတ်ထဲတွင်ရှိသည့် အရာအားလုံးကို ပြောပြခဲ့ပြီးပြီး ဖြစ်လေသည်။

ထျန်းယီက တစ်ချက်တုန့်ဆိုင်းနေပြီးမှ ရေရွတ်လိုက်လေသည်။

"ဒါဖြင့် ကျုပ်မှားသွားပြီထင်တယ်၊ ကြည့်ရတာ 'သူ' က အရာအားလုံးကို ထိန်းချုပ်နိုင်ပုံမရလောက်ဘူး၊ ပွင့်ပွင့်လင်းလင်းပြောရရင် အခုအတိုင်းဆို ဆန်းလျန်ထွက်ပေါ်လာတာကို တောင်မှ ဝမ်းသာရမလိုဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"ဘာလို့လဲဆိုတော့ ကိစ္စတစ်ခုကို ကျုပ်နားလည်သွားခဲ့လို့ပဲ၊ သူက ယင်းစန်းကို ထိန်းချုပ်ဖို့အတွက် သူ့တိုင်းပြည်ရဲ့အမည်ကို ‘တာ့ကျိုး’ လို့ ပေးခဲ့တာမဟုတ်လား၊ သူက ကံကြမ္မာကို ပြောင်းပြန်လှန်ပစ်ချင်တာလေ၊ အဲဒီလိုသာဆိုရင်ကျုပ်တို့က လည်း သူပြောင်းပြန်လှန်တဲ့ကံကြမ္မာကို ထပ်ပြီး ပြောင်းပြန်လှန်လိုက်ကြတာပေါ့၊ ကျုပ်တို့ ယင်းစန်းက တာ့ကျိုးကို ပြန်

ပြီးထိန်းချုပ်ဖို့ ကြိုးစားမယ်လေ ၊ ဒါဆို အောင်မြင်နိုင်တာပဲ

မဟုတ်ဘူးလား"

ထိုစကားကိုပြောလိုက်သည့်အချိန်တွင် ထျန်းယီ၏မျက်နှာ

သည် အတန်ငယ်စိတ်သက်သာရာ ရသွားသည့်ဟန် ရှိလေ

သည်။

ကျူးကျားက...

"မင်းမေ့နေတာတစ်ခုရှိတယ် ထျန်းယီ ၊ ဆန်းလျန်က တာ့ကျိုး

ကိုတည်ထောင်တာဟာ ယင်းစန်းကို ထိန်းချုပ်ဖို့ဆို တာ

သေချာလို့လား"

"မိုးကောင်းကင်က ယင်းစန်းကိုမွေးဖွားစေဖို့အတွက်

ပျံလွှားငှက်ကို စေလွှတ်ခဲ့တယ် ၊ အဲဒါက ရည်ရွယ်ချက်

အပြည့် ရှိတယ်ဆိုတာကို မင်းမေ့မသွားသင့်ဘူး ၊ ကျုပ်တို့

ယင်းစန်းက တာ့ရှားပြည်ကို အစားထိုးမယ်ဆိုတာ ခေတ်

ရေစီးကြောင်းအတိုင်းစီးမျောသွားဖို့ပဲ ၊ ပြီးတော့ ယွမ်ကျွင်း

ဧကရီရဲ့တပည့်ဖြစ်တဲ့ ဝမ်ကျုန်းက ကျုပ်တို့ကိုကူညီနေ တာ
ကို ကြည့်လိုက်ရင် ယွမ်ကျွင်းဧကရီကိုယ်တိုင် ကျုပ်တို့ဘက်
မှာ ရပ်တည်ပေးနေတယ်ဆိုတဲ့သဘောပဲ ၊ ဘာတွေပဲဖြစ်လာ
ဖြစ်လာ နောက်ဆုံးတော့ ကျုပ်တို့ဖြစ်ချင်တဲ့ ဆန္ဒတွေ ပြည့်
ဝလာရမှာပဲပေါ့"

ထျန်းယီက အာမခံချက်အပြည့်ဖြင့် ပြောလိုက်လေသည်။

ကျုံးကျားကို ပြောလိုက်ခြင်းဖြစ်သလို သူ့ကိုယ်သူလည်း
အာမခံလိုက်မိခြင်း ဖြစ်လေသည်။

ကျုံးကျားက...

"ဘာပဲဖြစ်လာဖြစ်လာ ဘာမှ မထူးခြားပါဘူးလေ ၊ ဒါပေမယ့်
အနာဂတ်မှာ စတေးခံရမယ်ဆိုရင်တော့ ကျုပ်က စတေးခံဖို့
အသင့်ပါပဲ"

ထျန်းယီက တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျုံးကျားက စကားဆက်ပြောလိုက်လေသည်။

"ယင်းစန်းမှာ ကျူးကျားမရှိလို့ ဘာမှဖြစ်မသွားပါဘူး ၊ ဒါပေမယ့် ထျန်းယီမရှိလို့တော့ မဖြစ်ဘူးလေ ၊ မင်းက ကျုပ်ကို ဒီလိုစကားမျိုးပြောစေချင်နေတာ မဟုတ်လား"

ထိုစကားများကိုပြောနေသည့်အချိန်တွင် ကျူးကျား၏မျက်နှာအမူအရာသည် ပြောင်းလဲသွားခြင်းမရှိပါ။ သူ့အကြောင်းပြောနေခြင်း မဟုတ်ဘဲ အခြားသူတစ်ယောက်အကြောင်းပြောနေသည့်အလားပင် ပေါ့ပေါ့ပါးပါးပြော နေခြင်းဖြစ်လေသည်။

သက်ပြင်းချသံသဲ့သဲ့တစ်ချက်ထွက်ပေါ်လာပြီး ထျန်းယီသည် တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

ဤအခြေအနေသို့ရောက်မှတော့ ကျူးကျားကို နှစ်သိမ့်စကားပြောဆိုသည်မှာ အပိုလုပ်ခြင်းမျှသာဖြစ်လေသည်။ ထို့ပြင် ကျူးကျားကဲ့သို့သော လူမျိုးကလည်း နှစ်သိမ့်စကားတစ်ခွန်းတစ်လေမှ လိုအပ်သူတစ်ယောက် မဟုတ်ပါ။

ထို့အတူ ထျန်းယီသည်လည်း အောင်မြင်မှုကို မဖြစ်မနေရယူ

ချင်နေသည့်လူတစ်ယောက်မဟုတ်ပါ။ သို့သော် ယင်းစန်း

ကတော့ အောင်မြင်မှုရရန်လိုအပ်လေသည်။

……

ယင်းစန်းတွင် ထျန်းယီမရှိလျှင်မဖြစ်သလို ရှီးလျန်တွင်လည်း

ဆန်းလျန်မရှိ၍မဖြစ်ပါ။

ဆန်းလျန်သည် အချိန် (၉)နှစ်တိတိ ကျီမုမြစ်ရေအောက်တွင်

တစ်ယောက်တည်း ကျင့်ကြံမှု ပြုလုပ်နေခဲ့လေသည်။

အသစ်ဖြစ်တည်လာသည့်ဆန်းလျန်၏ရုပ်ခန္ဓာသည် ကျီမုမြစ်

ရေမှ သန္ဓေတည်ကာ မွေးဖွားလာသည့် ရှီးလျန်မှ မိန်းကလေး

တိုင်းကို ထူးဆန်းသည့်ခံစားချက်များ ဖြစ်ပေါ်စေလေသည်။

ထိုခံစားချက်မှာ သူတို့ဘဝ၏အရာအားလုံး ကိုဆန်းလျန်

အတွက် နှင်းအပ်လိုခြင်းဖြစ်လေသည်။ ချန်ချင်သည်လည်း

ထို့အတူပင်ခံစားရလေသည်။

ထိုသို့ဖြင့် ဆန်းလျန်သည် ဧကရာဇ်တစ်ပါးဖြစ်လာခဲ့လေ

သည်။

ရှီးလျန်ပြည်တွင် ဆန်းလျန်ဧကရာဇ်အဖြစ်ခံယူလိုက်ခြင်းကို

မည်သူတစ်ဦးတစ်ယောက်ကမှ ကန့်ကွက်ခဲ့ကြခြင်းမရှိ သလို

ရှီးလျန်ပြည်ကို တာ့ကျိုးပြည်ဟု အမည်ပြောင်းလဲလိုက်ခြင်း

ကိုလည်း ကန့်ကွက်သည့်သူ တစ်ယောက်မှမရှိခဲ့ပေ။

ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်သည် တိုင်းပြည်တစ်ခုကို

တကယ်ပင်တည်ထောင်ခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်သည် သူ့ကိုယ်သူ တာ့ကျိုးပြည်၏ ဝမ်ဧကရာဇ်

အဖြစ် ခံယူခဲ့လေသည်။ တာ့ကျိုးပြည်သည် လုံးဝလွတ်လပ်

သည့် တိုင်းပြည်တစ်ခု ဖြစ်လေသည်။ မည်သည့်

တိုင်းပြည်၏အမိန့်ကိုမှ မနာခံသလို မည်သည့်တိုင်းပြည်၏

လက်အောက်ခံနိုင်ငံမှုလည်းမဟုတ်ပေ။

ထိုအချက်သည် အလွန်မှ ကြောက်မက်ဖွယ်ရာဖြစ်ခဲ့လေ
သည်။

တာ့ကျိုးသည် ယင်းစန်းထက်သာသည်ဟု ဆိုရမလို ဖြစ်သွားခဲ့
လေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းစန်းသည် တာ့ရှား
ပြည်၏ လက်အောက်ခံဖြစ်နေသေးသည် မဟုတ်ပါလား။
သို့သော် တာ့ကျိုးပြည်သည် တာ့ရှားပြည်၏ မြေကွက်လေး
တစ်ကွက်စာမျှလောက်သာ ကျယ်ဝန်းပြီး သေးငယ်သည့်
တိုင်းပြည်တစ်ပြည် ဖြစ်လေသည်။ သို့သော်.... တာ့ကျိုးသည်
ကိုယ်ပိုင်လွတ်လပ်မှုနှင့်ရပ်တည်သည့်တိုင်းပြည်တစ်ခုဖြစ်
သည့်အတွက် တာ့ရှားနှင့် တာ့ကျိုးသည် တန်းတူအနေအထား
ရှိကြောင်း ပြသနိုင်ခဲ့လေသည်။

ဆန်းလျန်၏ ဂုဏ်သတင်းကျော်ကြားမှုကြောင့်သာမဟုတ်
လျှင် တာ့ရှားပြည်ကို ဦးမညွှတ်သည့် တာ့ကျိုးပြည်ကို အရှူး
တိုင်းပြည်ဟု အခြားသူများက မှတ်ယူကြမည် ဖြစ်လေသည်။

တာ့ရှားပြည်ကိုဆန့်ကျင်မည်ဆိုလျှင် အရှေ့တိုင်းစစ်သည်တော်များနှင့်တုန်းယီဒေသကို ဥပမာအဖြစ် ကြည့်နိုင်လေသည်။ သို့သော် တုန်းယီဒေသတွင် တာ့ရှားကေရာဇ်၏အမျက်ကိုပြေစေနိုင်သည့် မေရှီမင်းသမီးကဲ့သို့သော မိန်းကလေးတစ်ယောက်ရှိလေသည်။ တာ့ကျိုးပြည်တွင်တော့ တာ့ရှားကေရာဇ်ကို ဆက်သရန်အတွက် မေရှီကဲ့သို့ မိန်းကလေးမျိုး ရှိမည်မဟုတ်ပေ။

သို့သော် တာ့ကျိုးသည် တာ့ရှားပြည်ကို ကြောက်ရွံ့ခြင်းအလျဉ်းမရှိပေ။

တကယ်တမ်းကြောက်ရွံ့တုန်လှုပ်နေကြသူများမှာ တာ့ကျိုးပြည်၏ အိမ်နီးချင်းနိုင်ငံများဖြစ်လေသည်။ အထူးသဖြင့် ကုန်းစန်းပြည်က အဆိုးဆုံးဖြစ်လေ၏။သူတို့သည် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေကြလေသည်။ သူတို့က တာ့ကျိုးပြည်၏လက်အောက်သို့ ခိုလှုံမည်ဆိုလျှင်လည်း တာ့ရှား

ပြည်၏အမျက်ရှခြင်းကို ခံကြရမည်ဖြစ်လေသည်။ တာ့ကျိုးပြည်လက်အောက်သို့ မခိုလှုံပြန်ဘူးဆိုလျှင်လည်း တာ့ကျိုးပြည်က သူတို့ကို အမျက်ရှမည် ဖြစ်လေသည်။

လောကတစ်ခုလုံးတွင်....

တာ့ကျိုးပြည်အကြောင်းပြောမဆုံးရှိနေကြစဉ်မှာပင် ယင်းစန်းက တစ်စခန်းထလာပြန်လေသည်။

ထျန်းယီအကြီးအကဲက ယင်းစန်းသည် တာ့ရှားပြည်၏လက်အောက်မခံမဟုတ်တော့ကြောင်း တရားဝင်ကြေငြာ လိုက်ပြီးသူ့ကိုယ်သူ ဂူကေရာဇ်အဖြစ်ခံယူကာ ယင်းစန်းတိုင်းပြည်ကို တည်ထောင်လိုက်သောကြောင့်ဖြစ်လေသည်။

ထိုသို့ဖြင့်...

အရှေ့ဘက်ယင်းစန်းပြည်တွင် ဂူကေရာဇ်၊ အနောက်ဘက်တာ့ကျိုးပြည်တွင် ဝမ်ကေရာဇ်တို့ အုပ်ဆိုးကြလေတော့သည်။

ဝူကေရာဇ်နှင့် ဝမ်ကေရာဇ်ဆိုသည်က နှယ်နှယ်ရရတော့ မဟုတ်ကြပေ။ အသူရာချောက်မှ သူတော်စင် (၃)ပါးထဲ တွင် (၂)ပါး ဖြစ်လေသည်။

ဤအခြေအနေကိုကြည့်ခြင်းအားဖြင့် တာ့ရှားပြည်သည် ယခင်ကကဲ့သို့ ထိပ်ဆုံးတွင်ရပ်တည်နေသည့် တစ်ခုတည်း သောတိုင်းပြည်မဟုတ်တော့ကြောင်းကို အားလုံးက လက်ခံ လိုက်ကြလေသည်။

ကိစ္စရပ်အချို့မှာလည်း အချိန်နှင့်အမျှ ပြောင်းလဲသွားခဲ့ပြီ ဖြစ် လေသည်။

အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီဒေသမဟာမိတ် တပ်ဖွဲ့ကို ဦးဆောင်ကာ အဖြူရောင်မင်းကြီး၏သားတော် ယွမ် ယန်ပုန်ကန်ခဲ့သည့်အချိန်နှင့် မတူညီတော့ပါ။

ယင်းစန်းတွင် ခိုင်မာသည့်အင်အားရှိလေသည်။ ထျန်းယီသည် မရေမတွက်နိုင်အောင်များပြားသည့် ကျင့်ကြံသူ များကို

ထိန်းချုပ်ထားနိုင်ခဲ့သလို အခြေခံအုတ်မြစ်သည် နက်ရှိုင်းလေသည်။

ယွမ်ယန်ကတော့ သူ၏ဖြောင့်မတ်ခြင်းနှင့် အဖြူရောင်မင်းကြီး၏သားတော်ဖြစ်ခြင်းဆိုသည့်အချက်ကိုသာ မှီခိုအားထားခဲ့ခြင်းဖြစ်လေသည်။

ယွမ်ယန်နှင့် ထျန်းယီ၏အခြေအနေသည် တူညီခြင်းမရှိပါ။

ထို့ကြောင့် တာ့ရှားပြည်အနေဖြင့် ယင်းစန်းကို စစ်ချီမည် ဆိုလျှင်လုံးဝလွယ်ကူမည် မဟုတ်ပေ။

တာ့ရှားနန်းရင်ပြင်...၊ ဘုရင့်ညီလာခံ ...။

တာ့ရှားဧကရာဇ်က အေးစက်စွာဖြင့် ရယ်မောလိုက်လေသည်။

"ဘာတဲ့... ဝူဧကရာဇ်၊ ဝမ်ဧကရာဇ် ဟုတ်လား၊ ဟွန်း ... ကျုပ်ကတော့ အသိပညာလည်းရှိပြီးသား၊ စစ်ရေးလည်းကြွယ်ဝပြီးသားပဲ၊ ပြောကြစမ်း... အဲဒီ ဝူနဲ့ဝမ် ဘယ်အကောင်ကို အရင်သွားတိုက်ရင်ကောင်းမလဲ"

"မင်းကြီး... ယင်းစန်းပြည်ပဲဖြစ်ဖြစ် တာ့ကျိုးပြည်ပဲဖြစ်ဖြစ် တာ့ရှားပြည်ကို ဘယ်ယှဉ်နိုင်မှာတဲ့လဲ ၊ ဒါပေမယ့် ကျွန်တော် မျိုးစိတ်ပူတာက အဲဒီတိုင်းပြည်နှစ်ခု ပူးပေါင်းသွားမှာကိုပဲ"

ထိုစကားကိုပြောလိုက်သူမှာ လေ့ဟုန်ဖြစ်လေ၏။

ယခုနှစ်များအတွင်းတွင် တာ့ရှားဧကရာဇ်သည် လေ့နော်ကို မ ကျေနပ်သည့်အတွက် သိပ်ပြီး လူရာမသွင်းခဲ့ပေ။ သို့သော် လေ့နော်၏ဖခင်ဖြစ်သည့် လေ့ဟုန်ကတော့ ရာထူးတိုးမြှင့် ခန့်အပ်ခြင်းပင် ခံခဲ့ရလေသည်။

(ဝူ = ဆိုသည်မှာ စစ်ရေး ၊ သိုင်းပညာ ဟု အဓိပ္ပါယ်ရပြီး ဝမ် ဆိုသည်က = စာပေ ၊ အသိပညာဟု အဓိပ္ပါယ်ရပါသည် ၊ ဝူ ဧကရာဇ် = စစ်ဘုရင် ၊ ဝမ်ဧကရာဇ် = အသိပညာဘုရင် ဟု အနီးစပ်ဆုံးအဓိပ္ပါယ်ယူနိုင်သည့်အတွက် တာ့ရှားဧကရာဇ်က အသိပညာလည်းရှိပြီးသား စစ်ရေးလည်းကြွယ်ဝပြီးသားဟု ပြောခြင်းဖြစ်ပါကြောင်း - ဘာသာပြန်သူ

အခန်း (၆၀၁) ယွမ်စီမော်မိစ္ဆာကျင့်စဉ်

"ဒီတော့ သူတို့တိုင်းပြည်နှစ်ခုပူးပေါင်းသွားရင် ငါကိုယ်တော်ရဲ့ တာ့ရှားပြည်က သူတို့ကို အနိုင်မယူနိုင်ဘူးလို့ မောင်မင်းက ပြောချင်တာလား"

တာ့ရှားကောရာဇ်၏အသံက မိုးခြိမ်းသံအလား ဟိန်းထွက်လာလေသည်။

အမတ်မင်းများအားလုံးမှာလည်း လေ့ဟုန်ကဲ့သို့ပင် တွေးထားကြသည်ဖြစ်လေရာ တာ့ရှားကောရာဇ်၏အော်ဟစ်လိုက်သံ

ကြောင့် ရင်တုန်ပန်းတုန်ပင် ဖြစ်သွားကြရလေသည်။ မည်သို့ပင်ဖြစ်စေ ယင်းစန်းနှင့်တာ့ကျိုး ပူးပေါင်းသွားလျှင်တော့ တာ့ရှားပြည်မှာ ကျိန်းသေရှုံးနိမ့်ရမည်ပင် ဖြစ်လေ၏။

တာ့ရှားဧကရာဇ်က အမတ်မင်းတစ်ယောက်ချင်းစီကို စူးရှသည့်မျက်ဝန်းများဖြင့် ကြည့်လိုက်လေသည်။ အမတ်မင်းများအားလုံးမှာ တာ့ရှားဧကရာဇ်ကို မော်မဖူးဝံ့ကြသလို မေးသည့်မေးခွန်းကိုလည်း အဖြေမပေးရဲကြပေ။

လေ့ပုံဟုန်သည်လည်း စကားတစ်ခွန်းမှမဆိုဘဲ ခေါင်းငုံ့လျှက်သာရှိတော့သည်။

"ထားလိုက်တော့... ညီလာခံ သိမ်းမယ်"

တာ့ရှားဧကရာဇ်က ခက်ထန်သည့်လေသံဖြင့် ပြောလိုက်လေသည်။

ပြဿနာသည် အဖြေမထွက်ဘဲ ဘုရင့်ညီလာခံ ပြီးဆုံးသွားရလေသည်။ ညီလာခံပြီးသွားသည်နှင့် တာ့ရှားကောရာဇ် သည် မေရှီ၏သီဆိုကခုန်မှုများကိုသာ ရှုစားနေတော့သည်။

အချိန် (၉)နှစ်ကြာခဲ့သည့်တိုင် တာ့ရှားကောရာဇ်သည် မေရှီကို ချစ်ခင်မြတ်နိုးခြင်းများ တစ်စက်ပင်လျော့မသွားခဲ့ပေ။ တစ်ချိန်တုန်းက မြင့်မြတ်ပြီး ရဲစွမ်းသတ္တိနှင့်ပြည့်ဝသူ တာ့ရှားကောရာဇ်သည် ယခုတော့ မိန်းမလိုက်စားခြင်းနှင့် အရက်သောက်ခြင်းတွင် နစ်မျောပျောက်ကွယ်လျှက်ရှိလေတော့သည်။ သို့သော် မပြောင်းလဲသည့်အရာကတော့ သူ၏ဒေါသပင် ဖြစ်လေသည်။

နန်းတော်အတွင်းမှ တူရိယာတီးမှုတ်သံများ ပျံ့လွင့်လာသည့်အခါတွင်တော့ နန်းရင်ပြင်မှ အမတ်မင်းများသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြလေသည်။ သူ

တို့၏မျက်ဝန်းများထဲတွင် စိတ်ပျက်မှုများဖြင့် ပြည့်နက်လျှက်ရှိနေကြတော့သည်။

တာ့ရှားကေရာဇ်သည် ရက်စက်ကြမ်းကြုတ်သူတစ်ယောက်ဖြစ်သည့်တိုင် တာ့ရှားပြည်၏ အဓိကမဏ္ဍိုင်ဖြစ်လေသည်။ သို့သော်... ယခုတော့ တာ့ရှားကေရာဇ်အပေါ်ထားသည့် သူတို့၏ ယုံကြည်မှုများသည် တဖြည်းဖြည်း ပျက်ယွင်းစပြုလာခဲ့ပြီ ဖြစ်လေသည်။

အမတ်မင်းများသည် အသီးသီး နန်းရင်ပြင်မှ ထွက်ခွာသွားကြလေသည်။

နောက်ဆုံးထွက်ခွာသွားသူမှာ လေ့ဟုန် ဖြစ်လေ၏။ သူက နန်းရင်ပြင်မှထွက်ခွာရန် ခြေလှမ်းလိုက်ချိန်တွင်

တစ်စုံတစ်ယောက်က သူ၏အမည်ကိုခေါ်သံကို ကြားလိုက်ရလေသည်။

မထင်မှတ်စွာပင်....

နန်းတော်တံခါးဝတွင်ရပ်နေသည့် ကွမ်းလုန်ကျီကို တွေ့မြင်လိုက်ရလေသည်။

အချိန် (၉)နှစ်ကြာခဲ့ပြီးသည့်နောက် ....

ကွမ်းလုန်ကျီသည် ဆံပင်များတစ်ခေါင်းလုံး ဖွေးဖွေးဖြူနေပြီး မျက်နှာတွင်လည်း မှဲ့ချောက်များ ပေါက်လျှက်ရှိလေသည်။ မပြောင်းလဲသည့်အချက်မှာ လောကရေးရာများကို ထိုးထွင်းသိမြင်နိုင်စွမ်းဖြင့် ပြည့်နက်နေသည့် စူးရှတောက်ပသည့်မျက်ဝန်းများပင် ဖြစ်လေသည်။

တာ့ရှားပြည်၏တော်ဝင်မျိုးနွယ်များထဲတွင် လေ့ဟုန်သည်လည်း အသက်အရွယ်ငယ်ရွယ်သူတစ်ယောက် မဟုတ်ပါ။ သူသည် အတွေ့အကြုံရင့်ကျက်ပြီး လူအများ၏လေးစားမှုကို ခံရသူတစ်ယောက်ဖြစ်လေသည်။ သို့သော်... ကွမ်းလုန်ကျီကတော့ ထိုသူများနှင့်မတူပေ။

လေ့ဟုန်သည် ပုံမှန်ဆိုလျှင် စကားကျယ်ကျယ်ပြောတတ်သူ ဖြစ်လေသည်။

ကွမ်းလုန်ကျီကိုတွေ့သည့်အခါတွင်တော့ သူကလေသံကို အနည်းငယ်နှိမ့်လိုက်ပြီး ...

"ကျုပ်ကိုဘာလို့ခေါ်ရတာလဲ နက္ခတ်ဗေဒပညာရှင်မင်း ဆရာကြီး..."

"လေ့အကြီးအကဲ... ခင်ဗျား မင်းကြီးကို စိတ်ပျက်နေပြီလား"

ကွမ်းလုန်ကျီ၏ စူးရှသည့်အကြည့်များက လေ့ဟုန်၏အတွင်း စိတ်ကို နားလည်နေသည့်အလား ဖြစ်လေသည်။

လေ့ဟုန်က...

"ကျုပ်က အမတ်မင်းတစ်ယောက်အနေနဲ့ မင်းကြီးအပေါ်မှာ သိပ်ကိုလေးစားပါတယ်၊ အဲဒီလိုအတွေးမျိုး မထားဝံ့ပါဘူး"

ကွမ်းလုန်ကျီက...

"မင်းကြီးက ထုတ်မပြောပေမယ့် ယင်းစန်းကို တိုက်ခိုက်ဖို့ အတွက် သူ့စိတ်ထဲမှာ ဆုံးဖြတ်ချက်ချပြီးပါပြီ ၊ ကျုပ်စကား ကိုမယုံဘူးဆိုရင် မင်းသမီးလေးကို မေးကြည့်လို့ရပါတယ် ၊ အခုဆိုရင် လျှို့ဝှက်အမိန့်တော်ကိုတောင် မင်းသမီးလေး လက်ခံရရှိထားလောက်ပြီ ၊ တုန်းယီဒေသက အကြံပေးအမတ် မင်းက ဒီကိစ္စကို ဦးဆောင်လိမ့်မယ်"

ကွမ်းလုန်ကျီ၏စကားကြောင့် လေ့ဟုန် တုန်လှုပ်သွားရလေ သည်။

သူက တာ့ရှားနန်းတော်ရှိရာသို့ လှမ်းကြည့်လိုက်လေသည်။

ရုတ်တရက်...

တာ့ရှားနန်းတော်သည် ခန့်မှန်း၍မရနိုင်ခြင်းများစွာဖြင့် ပြည့် နက်နေသည်ဟု ခံစားလိုက်မိလေသည်။

ယင်းစန်းကဲ့သို့သောတိုင်းပြည်ကြီးတစ်ပြည်ကို တိုက်ခိုက်မည့် ကိစ္စမှာ နေ့ချင်းညချင်း ထပြီးစီစဉ်၍ရသည့် ကိစ္စမျိုးမဟုတ်

ပေ။ တာ့ရှားကေရာဇ်သည် သူ၏အချုပ်အချာအာဏာကို အသုံးပြုကာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခဲ့မည်မှာ ထင်ရှားနေလေသည်။

စစ်သည်တော်များ၏ရဲစွမ်းသတ္တိသည် စစ်သေနာပတိများ အပေါ်တွင် မူတည်လေသည်။ တိုက်ရည်ခိုက်ရည်သာရှိပြီး ရဲစွမ်းသတ္တိမရှိပါက ရှေ့တန်းတွင် ရှုံးနိမ့်ရမည်သာ ဖြစ်လေသည်။ ထို့ကြောင့် စောစောက ဘုရင့်ညီလာခံတွင် သူလျှောက်တင်ခဲ့သည့်စကားသည် သတ္တိကြောင်လွန်းရကား တာ့ရှားကေရာဇ်ကို စိတ်ပျက်စေခဲ့သည်မှာ ထင်ရှားနေခဲ့လေသည်။

လေ့ဟုန်က ကွမ်းလုန်ကျီကို ဦးညွှတ်လိုက်ရင်း...

"အသိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မင်းဆရာကြီး"

"မင်းသမီးလေးကို ဒီကိစ္စတွေမှာ ဝင်မပါဖို့ ကျုပ်သတိပေးခဲ့ဖူးတယ် ၊ အခုတော့ သူဝင်ပါနေပြီလေ ၊ ကြည့်ရတာ သူက ကျုပ်စကားကို နားမထောင်တော့ဘူးထင်ပါရဲ့ ၊ ဒါကြောင့် သူ့ကို

နောက်ဆုံးအနေနဲ့ ပစ္စည်းလေးတစ်ခု လက်ဆောင်ပေးချင်လို့

ပါ"

ကွမ်းလုန်ကျီက အဝါရောင်ပိုးစလေးတစ်စကို ထုတ်ယူလိုက်

လေသည်။

ထိုပိုးစလေးထက်တွင် ပုံများနှင့်စာများပါရှိလေ၏။ စာများမှာ

ကွမ်းလုန်ကျီ၏လက်ရေးဖြစ်ကြောင်း လေ့ဟုန်သိလိုက်လေ

သည်။ သို့သော် ရေးသားထားသည့်စာများ၏အဓိပ္ပါယ်ကို

တော့ နားလည်သိရှိခြင် မရှိပေ။

"ဒါက ဘာများလဲ"

လေ့ဟုန်က မေးလိုက်လေသည်။

ကွမ်းလုန်ကျီက...

"ဘာမှကြီးကြီးမားမားမဟုတ်ပါဘူး ၊ ဒါပေမယ့် မင်းသမီးလေး

ကို ပေးဖြစ်အောင်ပေးမယ်လို့ မျှော်လင့်ပါတယ် ၊ ဒါလေးက

သူ့အတွက်နောက်ဆုံးအနေနဲ့ ကျုပ်လုပ်ပေးနိုင်တဲ့အရာလေးပါပဲ"

"နောက်ဆုံး" ဆိုသည့်စကားကိုကြားလိုက်ရသည့်အခါတွင်တော့ လေ့ဟုန်၏ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားရလေသည်။

ထိုအချိန်မှာပင် နန်းတော်တံခါးဝသို့ ကုန်းကုန်းတစ်ယောက်ရောက်ရှိလာလေသည်။

"မင်းကြီးက နန်းတော်ထဲကိုလာခဲ့ဖို့ နက္ခတ်ဗေဒပညာရှင် မင်းဆရာကြီးကို အမိန့်ပေးလိုက်ပါတယ်"

ကွမ်းလုန်ကျီက ဦးညွှတ်ဂါရဝပြုရင်း အမိန့်စကားကိုလက်ခံလိုက်လေသည်။

ကွမ်းလုန်ကျီထွက်ခွာမသွားမီမှာပင် ကွမ်းလုန်ကျီ၏မျက်လုံးများထဲတွင် စိတ်သက်သာရာရမှုတစ်ခုကို လေ့ဟုန် မြင်တွေ့

လိုက်ရလေသည်။ ကြည့်ရသည်မှာ ကွမ်းလုန်ကျီသည် ထို အချိန်ကို စောင့်နေခဲ့ဟန် တူလေသည်။

ထိုနေ့မှစပြီး...

လေ့ဟုန်သည် ကွမ်းလုန်ကျီကို ထပ်မံမြင်တွေ့ရခြင်း မရှိတော့ပေ။

.....

ကွမ်းလုန်ကျီသည် အပြစ်ပေးသည့်သံမဏိမီးတိုင်များဘေးတွင် တာ့ရှားဧကရာဇ်နှင့် တွေ့ဆုံခွင့်ရခဲ့လေသည်။ တာ့ရှားဧကရာဇ်သည် ကြင်ယာတော်မေရှီကို ပွေ့ဖက်ထားလေသည်။ ကြမ်းပြင်ထက်တွင်တော့ လှပသည့် နန်းတွင်းသူဆယ့်ခြောက်ယောက်က ကပြဖျော်ဖြေနေပြီး ဂီတသံက သာယာစွာ ထွက်ပေါ်နေလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အလွန်မှ မော်ဆန်လွန်းလှလေသည်။

"ကြည့်ရတာ မောင်မင်းက ငါကိုယ်တော်ရဲ့အတွေးတွေကို သိနေပုံရတယ်"

တာ့ရှားကေရာင်ဇ်က ပြောလိုက်လေသည်။

ကွမ်းလုန်ကျီသည် ကြမ်းပြင်ထက်တွင် ချက်ချင်းပင် ဒူး ထောက်ပြီး တာ့ရှားကေရာင်ဇ်ကို ဦးညွတ်ဂါရဝပြုလိုက်လေ သည်။

"မြင့်မြတ်တဲ့သူတော်စင်မင်းကြီး ၊ မင်းကြီးရဲ့မိုးကောင်းကင်လို ကြည်လင်နေတဲ့အတွေးတွေကို မသိမြင်နိုင်ဘူးဆိုရင် ကျွန်တော်မျိုး ကန်းနေလို့ပဲ ဖြစ်မှာပါ"

"ထစမ်း..."

တာ့ရှားကေရာင်ဇ်က ပေါ့ပေါ့ပါးပါးလေသံဖြင့် ပြောလိုက်လေ သည်။

"ဟုတ်ကဲ့ပါ"

ကွမ်းလုန်ကျီက ဖြည်းဖြည်းချင်း မတ်တပ်ထရပ်လိုက်လေ သည်။ သူက ကြမ်းပြင်ထက်တွင် ဒူးထောက်နေခဲ့သည့် တိုင် သူ၏ပုံသဏ္ဍာန်က ကြည်လင်သန့်ရှင်းနေဆဲ ဖြစ်လေ၏။

"မောင်မင်းသိလား ၊ ငတုံးတွေနဲ့ပြောဆိုဆက်ဆံရတာ တကယ်ပဲ ပင်ပန်းလွန်းတယ် ၊ ဒါပေမယ့် သိပ်ပြီး ဉာဏ်ရည်ထက်မြက်တဲ့သူတွေကိုလည်း ငါကိုယ်တော် သဘောမကျဘူး ၊ ဉာဏ်ရည်ထက်မြက်တဲ့သူတွေထဲမှာ ငါကိုယ်တော်အနားမှာ အချိန်အကြာကြီးနေခွင့်ရခဲ့တဲ့သူဆိုလို့ မောင်မင်းပဲရှိတယ်" တာ့ရှားဧကရာဇ်က ပြောလိုက်လေသည်။

"ကျွန်တော်မျိုးသိပါတယ် ၊ ပြီးခဲ့တဲ့တစ်ကြိမ်တုန်းက ကျွန်တော်မျိုးမကျေမနပ်ဖြစ်ခဲ့ဖူးပါတယ် ၊ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ကျွန်တော်မျိုးနားလည်သွားခဲ့ပါပြီ ၊ (၉)နှစ်တာကာလအတွင်းမှာ မင်းကြီးလည်း မော်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံအောင်မြင်သွားခဲ့ပြီမဟုတ်လား ၊ ဒီနှစ်တွေအတွင်းမှာ တော်ဝင်မိသားစုအချို့ကိုလည်း သံမဏိမီးတိုင်မှာ ကွက်မျက်ခဲ့ပြီးပါပြီ ၊ ဒါပေမယ့် တကယ်တမ်းမှာတော့ အဲဒီလူတွေက သေဆုံးသွားတာမဟုတ်ပါဘူး ၊ မင်းကြီးရဲ့ မော်မိစ္ဆာစစ်သေနာပတိတွေဖြစ်

သွားကြတာပါ ၊ ကျွန်တော်မျိုးဟာ သူတော်စင်တစ်ပါးလို ညာဏ်ရည်ထက်မြက်ပေမယ့် ဒီအချက်ကို မသိမြင်နိုင်ခဲ့ပါဘူး ၊ စိုးရွံ့မိပါတယ်"

ကွမ်းလုန်ကျီ၏ စူးရှသည့်အကြည့်သည် နန်းတွင်းသူ ကချေသည်လေးများကို ဖြတ်ကျော်ကာ တာ့ရှားကေရာဇ်၏ မျက်နှာထက်သို့ ကျရောက်သွားလေသည်။ တာ့ရှား ကေရာဇ်၏မျက်နှာသည် ခွန်ပူကျောက်တုံးတွင် ထွင်းထုထား သည့်ပန်းပုရုပ်တုအလား အပြစ်အနာအဆာ တစ်စက်ကလေး မှ ပြောစရာမရှိလောက်အောင် ခန့်ညားလွန်းလှလေ သည်။ တာ့ရှားကေရာဇ်၏မျက်ဝန်းများသည် သန်းပေါင်းများစွာသော မိစ္ဆာစွမ်းအားများနှင့် ပြည့်နေလေသည်။ ထိုမျက်ဝန်းများဖြင့် လူတစ်ယောက်၏နှလုံးသားကို သိမ်းပိုက်နိုင်သလို ဝိညာဉ်ကို လည်း ဖိနှိပ်ချိုးနှိမ်နိုင်စွမ်းအပြည့်ရှိလေသည်။

ကွမ်းလုန်ကျီ၏စကားများကြောင့် တာ့ရှားကေရာဇ်က အံ့သြသွားခြင်းမရှိပါ။

"မှန်တယ်၊ လွန်ခဲ့တဲ့ (၉)နှစ်က ငါကိုယ်တော် ထျန်းယီကို လွှတ်ပေးခဲ့တယ်၊ ဘာလို့လဲဆိုတော့ ဒီနေ့လိုနေ့မျိုးကို ရောက်လာမယ်ဆိုတာ ကြိုပြီးသိခဲ့လို့ပဲ၊ ဒီနေ့ကိုရင်ဆိုင်ဖို့လည်း ငါကိုယ်တော် အများကြီးပြင်ဆင်ထားခဲ့တယ်၊ မော်မိစ္ဆာကျင့်စဉ်ကိုအောင်မြင်သွားတာ သိပ်တော့မကြာသေးဘူး၊ ဒါပေမယ့် ဒီလမ်းစဉ်က စိတ်ခံစားမှုနဲ့ လူသားဆန်မှုတွေကို ပျက်စီးစေတယ်၊ စိတ်ဆန္ဒမပြင်းထန်ရင်လည်း အောင်မြင်ဖို့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် အခုအချိန်မှာ မောင်မင်းကို မေးခွန်းတစ်ခုမေးချင်တယ်၊ စိတ်မပြောင်းဘဲ ငါကိုယ်တော်အပေါ်မှာ သစ္စာရှိမှာလား"

"ကျွန်တော်မျိုး သစ္စာရှိပါ့မယ်"

ကွမ်းလုန်ကျီက ပြန်ပြောလိုက်လေသည်။

"ကောင်းပြီ... မောင်မင်းက သစ္စာရှိမယ်ဆိုရင် ငါကိုယ်တော်

မောင်မင်းကို သတ်ရလိမ့်မယ်၊ မောင်မင်းရဲ့ လူသားဖြစ်ခြင်း

က ကွယ်ပျောက်သွားလိမ့်မယ်၊ ငါကိုယ်တော်ကို အပြစ်တင်

မယ်ဆိုလည်း ကိစ္စမရှိပါဘူး"

ပြောပြီးသည်နှင့် တာ့ရှားကေရာဇ်က မျက်ဝန်းများကို တစ်

ချက်ရွှေ့လျားလိုက်လေသည်။

ရုတ်တရက်ပင်...

ကချေသည် (၁၆)ယောက်သည် သွေးမှုံများအဖြစ်သို့

ပြောင်းလဲသွားသွားပြီး မိုးနှင့်မြေမှ ပျောက်ချင်းမလှ ပျောက်

ကွယ်သွားလေတော့သည်။

တာ့ရှားကေရာဇ်၏ရင်ခွင်ထဲမှ မေရှီ၏ခန္ဓာကိုယ်လေးမှာ တစ်

ချက်တုန်ခါနဲ ဖြစ်သွားရလေသည်။ သို့သော်... သူမသည်

စကားတစ်ခွန်းပင် မပြောရဲပါချေ။

ကွမ်းလုန်ကျီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မင်းကြီး ယွမ်စီမော်မိစ္ဆာကျင့်စဉ်ကိုကျင့်ကြံနေတယ်ဆိုတာ စောစောကသိခဲ့ရင် ကျွန်တော်မျိုး တားဆီးခဲ့မိမှာပါ"

"သိပ်နောက်ကျသွားပြီ ၊ အကြိမ်ပေါင်းများစွာ ငါကိုယ်တော် မောင်မင်းအပေါ်မှာ အမျက်ရှခဲ့တယ် ၊ ဒါပေမယ့် မောင်မင်းက အမြဲတမ်းငါကိုယ်တော်အပေါ်မှာ သစ္စာစောင့်သိတယ် ၊ ဒါကြောင့် ငါကိုယ်တော်ဟာ မောင်မင်းကို မသတ်ရက်ခဲ့ဘူး ၊ ဒါပေမယ့် အခုတော့ သတ်ရတော့မယ် ၊အခုတော့ ငါကိုယ်တော် မောင်မင်းကိုသတ်ပြီး လူသားအဖြစ်ကို ဆုံးရှုံးစေမယ် ၊ မောင်မင်းဟာ မူလမိစ္ဆာတစ်ပါး ဖြစ်လာလိမ့်မယ်"

တာ့ရှားကေရာဇ်က မေရှီ၏ပါးပြင်လေးကို လက်ချောင်းများဖြင့် ပွတ်သပ်ရင်း ထိုစကားများကို ပြောလိုက်လေသည်။

သူ၏မျက်ဝန်းများသည် ရုတ်တရက် ခရမ်းရောင်မြူခိုးများ ဖုံးလွှမ်းသကဲ့သို့ဖြစ်သွားပြီး မျက်စိများမှာလည်း ခရမ်းရောင် တောက်ပလာလေသည်။

ကွမ်းလုန်ကျီက…

"ယွမ်စီမော်မိစ္ဆာကျင့်စဉ်က စိတ်ခံစားချက်တွေကို ဖျက်စီးပစ်တယ်၊ မေတ္တာတရားနဲ့ လူသားဆန်မှုအားလုံးကို မေ့ပျောက်သွားလိမ့်မယ်၊ မင်းကြီး… မိစ္ဆာလမ်းစဉ်ကို လိုက်မိပြီဆိုရင်တော့ နောက်ပြန်ဆုတ်လို့မရနိုင်တော့ဘူး နော်"

"ငါကိုယ်တော် မေ့ပစ်ချင်တယ်၊ ဒါပေမယ့် မေ့ပစ်ဖို့ တခြားနည်းလမ်းရှိသလား… ဖြေစမ်းပါ"

တာ့ရှားကေရာဇ်၏အသံသည် မိုးခြိမ်းသံအလား ထွက်ပေါ်လာလေသည်။

ကွမ်းလုန်ကျီက သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"ကျွန်တော်မျိုးသေသင့်ပါတယ် မင်းကြီး"

ယခုအချိန်တွင် ကွမ်းလုန်ကျီ၏ဘဝတွင် နောင်တအရဆုံးကိစ္စတစ်ခုကို ပြောပါဆိုလျှင် ရဟန်းမင်းကြီးကို မကယ်တင်ခဲ့မိခြင်းပင် ဖြစ်လေသည်။ ရဟန်းမင်းကြီးကို မေ့ပစ်နိုင်ရန်

အတွက် တာ့ရှားကေရာဇ်သည် ယွမ်စီမော်မိစ္ဆာကျင့်စဉ်ကို

ကျင့်ကြံခဲ့ခြင်းဖြစ်လေသည်။

သို့သော်... တာ့ရှားကေရာဇ်သည် ယွမ်စီးမော်မိစ္ဆာကျင့်စဉ်ကို

မကျင့်ကြံခဲ့လျှင် ပိုပြီးကောင်းမည် ဖြစ်လေသည်။

ယွမ်စီမော်မိစ္ဆာကျင့်စဉ်သည် အမှန်တကယ်ပင် တန်ခိုး

စွမ်းအားမြင့်မားလွန်းသည့် ကျင့်စဉ်ဖြစ်ပါသည်။ သို့သော်...

သံသရာ (၆) ဘုံကျင်လည်ခြင်းနှင့် ပျက်စီးခြင်း၏ ဒြပ်စင်ငါး

မျိုးမှ ကင်းလွတ်နိုင်မည်မဟုတ်ပေ။

အခန်း (၆၀၂) မိဖုရား

တာ့ရှားကေရာဇ်သည် ပလ္လင်ထက်မှ ထလိုက်လေသည်။

သူ၏မိတ္တာစားကောက်ကြီးကို ကွမ်းလုန်ကျီ၏ ရင်ပတ်ဆီသို့ ချိန်ရွယ်ထားလိုက်လေသည်။

"ငါကိုယ်တော်ကြားဖူးတာတော့ သူတော်စင်တစ်ပါးရဲ့ နှလုံးသားမှာ သွေးကြောဆုံချက် (၇)ခု ရှိတယ်တဲ့ ၊ မောင်မင်း လည်းအဲဒီလိုပဲလားဆိုတာ သိချင်မိတယ်"

တာ့ရှားကေရာဇ်၏အသံသည် အဝေးဆီမှ ပျံ့လွင့်လာသကဲ့သို့ ပင် ဖြစ်လေသည်။

မိတ္တာစားကောက်ကြီးသည် ကွမ်းလုန်ကျီ၏ရင်ပတ်ကို နှစ်ခြမ်း ခွဲပစ်လိုက်ပြီး နှလုံးသားသည် အပြင်သို့ ခုန်ထွက်လာလေ သည်။ နှလုံးသားသည် ကြမ်းပြင်ထက်သို့ကျသွားပြီး တ ဖျတ်ဖျတ် ခုန်နေဆဲဖြစ်လေ၏။

ကွမ်းလုန်ကျီ၏နှလုံးသားသည် သာမန်လူများနှင့်မခြားပါ။ သွေးကြောဆုံချက် (၇)ခုလည်း မရှိပါ။

ကွမ်းလုန်ကျီ၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း ကြမ်းပြင်ထက်တွင် တင်ပျဉ်ခွေထိုင်သည့်အနေအထား ဖြစ်သွားပြီး အသက်မဲ့သွားလေတော့သည်။

"လာကြစမ်း... ဒီအလောင်းကြီးကို ခွေးစာကျွေးပစ်လိုက်"

သံမဏိမျက်နှာဖုံးစွပ်ထားပြီး အနက်ရောင်ဝတ်ရုံဝတ်ဆင်ထားသည့် အစောင့် (၂)ယောက် ရောက်လာပြီး ကွမ်းလုန်ကျီ၏အလောင်းနှင့် ကြမ်းပြင်ထက်မှ နှလုံးသားကို ယူဆောင်သွားကြလေသည်။

ထို့နောက် အစောင့်များက အလောင်းနှင့်နှလုံးသားကို ခွေးလှောင်အိမ်အတွင်းသို့ ပစ်ထည့်လိုက်ကြလေသည်။

ခွေးအုပ်စုကြီးသည် အလောင်းကောင်ကြီးကို ချက်ချင်းပင် စားသောက်ပစ်လိုက်ကြလေသည်။

သို့သော် ... နှလုံးသားကိုတော့ ထိပင်မထိကြပေ။ မည်သည့် ခွေးမှ ကွမ်းလုန်ကျီ၏ နှလုံးသားကို မစားရဲကြပေ။ ထို

နှလုံးသားမှာ ပြင်းထန်သည့်အဆိပ်တစ်မျိုးအလား သူတို့သည် နမ်းရှုံ့၍ပင် မကြည့်ကြပေ။

တာ့ရှားဧကရာဇ်က အလောင်းနှင့်နှလုံးသားကို ခွေးကျွေးပစ်ရန် အမိန့်ပေးခဲ့လေသည်။ ထို့ကြောင့် အစောင့်များသည် အမိန့်ကို မလွန်ဆန်ရဲကြပေ။ သို့သော် .... ကွမ်းလုန်ကျီ၏နှလုံးသားကို မည်သည့်ခွေးမှ မစားသည့်အတွက် အမိန့်ကို လွတ်ဆန်ရာ ရောက်နေလေသည်။

ထိုအချိန်မှာပင် ခြေထော့ကျိုးဖြစ်နေသည့် မျက်မမြင်အဘိုးအို တစ်ယောက် ခွေးလျှောင်အိမ်ရှိရာသို့ရောက်ရှိလာလေသည်။ သူနှင့်အတူ နေမကောင်းဖြစ်ပြီး အလွန်ပိန်လှီနေသည့် အရုပ်ဆိုးဆိုးခွေးတစ်ကောင်လည်း ပါလာလေသည်။ ထိုခွေး မှာ အနက်ရောင်အမွေးများက ကျိုးတိုးကျဲတဲနှင့်ခွေးဝဲစားတစ် ကောင် ဖြစ်လေ၏။

ထိုခွေးဝံစားသည် ကွမ်းလုန်ကျီ၏နှလုံးသားကို တွေ့မြင်သည့်အခါ တစ်ချက်ထိုးပြီးဟောင်လိုက်လေသည်။ ထို့နောက် ခွေးဝံစားသည် အဘိုးအို၏လက်မှ ရုန်းထွက်သွားပြီး ခွေးလှောင်အိမ်ဆီသို့ ပြေးသွားကာ နှလုံးသားကို တစ်ချက်တည်းဖြင့်ကိုက်စားဝါးမြိုပစ်လိုက်လေတော့သည်။

နှလုံးသားကို စားလိုက်သည့်ခွေးဝံစားသည် ချက်ချင်းပင်ပါးစပ်မှအမြှုပ်များထွက်လာပြီး သွေးကြောများ အားလုံးပေါက်ထွက်ကာ သွေးများယိုစီးကျလာပြီး ဝမ်းနည်းစရာပင်သေဆုံးသွားရလေတော့သည်။

အစောင့်များကတော့ အမိန့်အတိုင်း လုပ်ဆောင်ခဲ့ပြီဖြစ်ကြောင်း တာ့ရှားကေရာဇ်ကို ပြန်လည်လျှောက်တင်ရန်ထွက်ခွာသွားကြလေတော့သည်။

မျက်မမြင်အဘိုးအိုသည် သေဆုံးသွားသည့်ခွေးဝံစားအနားသို့လျှောက်သွားလိုက်လေသည်။ သူက တစ်ကိုယ်လုံး သွေးများ

ပေကျုံကာ သေဆုံးနေသည့် ခွေးဝဲစားလေး၏ ခန္ဓာကိုယ်ကို ပွတ်သပ်ပေးလိုက်ပြီး ထူးဆန်းစွာဖြင့်ပင် ရယ်မောလိုက်လေသည်။

ခွေးလှောင်အိမ်အတွင်းမှ အခြားသောခွေးများမှာ ထိုခွေးနှင့် ခပ်ဝေးဝေးတစ်နေရာတွင် ကုပ်နေကြပြီး တအီအီအော်မြည်လျှက် ရှိကြလေသည်။

အဘိုးအိုသည် ခွေးလှောင်အိမ်တွင် ခွေးများကို အစာကျွေးသည့်အလုပ်ကို အချိန်ကြာမြင့်စွာ ပြုလုပ်ခဲ့သူ ဖြစ်လေသည်။ ထိုအဘိုးအိုရှိနေသည်ကို နန်းတော်အတွင်းမှ လူများပင် သိရှိကြခြင်းမရှိပေ။

ထိုနေ့တွင်တော့... ခွေးလှောင်အိမ်ထဲမှ ခွေးများအားလုံး သေဆုံးသွားကြပြီး အဘိုးအိုသည်လည်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေတော့သည်။

အစောင့်များသည် ခွေးသေများကို ရေတွက်ပြီး သန့်ရှင်းရေး လုပ်ရသည့် တာဝန်အပေးခံရလေသည်။ သူတို့သည် ခွေးသေ တစ်ကောင်စီကို စာရင်းနှင့်တိုက်ဆိုက်ကာ စစ်ဆေးကြည့်သည့် အခါတွင်တော့ ခွေးတစ်ကောင်ပျောက်နေသည်ကိုသတိပြုမိ လိုက်ကြလေသည်။ ပျောက်သွားသည့်ခွေးမှာ တန်ဖိုးအကြီး ဆုံး ခွေးတစ်ကောင်ဖြစ်လေသည်။ ထိုခွေးသည် မိုးမြေမှ သန့်စင်စွာမွေးဖွားလာသည့် ခွေးတစ်ကောင်ဖြစ်ပြီး ဇာမဏီ ငှက်နှင့် ယူနီကွန်းများအလား တန်ဖိုးမြင့်မားလှလေသည်။ သို့သော်... အစောင့်များသည် ပြဿနာရှုတ်ကုန်မည်ကို စိတ်ပူ သည့်အတွက် ထိုခွေးပျောက်ဆုံးသွားမှုကို လျှို့ဝှက်ထားခဲ့ကြ လေသည်။ သူတို့က ခွေးလှောင်အိမ်မှ ခွေးများအားလုံး သေဆုံးသွားကြပြီဟူ၍သာ တာ့ရှားကေရာဇ်ကို လျှောက်တင်ခဲ့ ကြလေသည်။

.....

တာ့ရှားကေရာဇ်သည် မေရှီကိုလည်း စွန့်လွှတ်လိုက်လေ

သည်။

သူမသည် ယိုရှီပြည်မှမိန်းကလေးတစ်ယောက်ဖြစ်လေသည်။

တာ့ရှားနန်းတော်သို့ရောက်လာပြီးကတည်းက တာ့ရှားကေရာဇ်

က သူမကို အလိုလိုက်ကာ ချစ်ခင်ခဲ့လေသည်။ တာ့ရှား

ကေရာဇ်သည် သူမတောင်းဆိုသမျှကို တစ်ချက်မှ မငြင်းခဲ့

ပေ။ သို့သော် တာ့ရှားကေရာဇ်သည် အလွန်မှ အကြင်နာတရား

ကင်းမဲ့သူတစ်ယောက်ဖြစ်သည်ကိုတော့ သူမ သိခဲ့ပါလေ၏။

ကွမ်းလုန်ကျီ အသတ်ခံလိုက်ရသည့်အခါ သူမသည် ပိုပြီး

သတိထား နေရလေသည်။

ယခုတော့...

တာ့ရှားကေရာဇ်က သူမကို စွန့်ပစ်လိုက်ပြီဖြစ်လေရာ သူမ

သည် အလွန်ကြောက်ရွံ့ထိတ်လန့်နေတော့သည်။

သေသေချာချာလေ့ကျင့်ပေးထားသည့် နန်းတွင်းသူ

ကချေသည်လေးများမှာလည်း အသတ်ခံလိုက်ရသလို ကွမ်း

လုန်ကျီမှာလည်း အသတ်ခံလိုက်ရပြီ ဖြစ်လေသည်။

သူမအလှည့်များရောက်လာတော့မည်လား....။

မေရှီ၏မျက်ဝန်းများတွင် မျက်ရည်များဖြင့်ပြည့်နေလေသည်။

မျက်ရည်ကြည်လေးများသည် ဆောင်းဦးရာသီ နှင်းရည်လေး

များအလားဖြစ်လေသည်။ မေရှီ၏ ကြောက်ရွံ့နေသည့်ပုံစံ

လေးမှာ ယုန်ငယ်လေးတစ်ကောင်နှင့်ပင် တူလေ၏။

သူမ၏တစ်ကိုယ်လုံးမှာ ကြောက်ရွံ့မှုကြောင့်တုန်လှုပ်နေ

တော့သည်။

တာ့ရှားကေရာဇ်က ဓားသွားအဖျားလေးဖြင့် သူမ၏မေးဖျား

လေးကို ပင့်မော့လိုက်လေသည်။ ဓားသွားထက်တွင် သွေးစ

များရှိမနေပါ။ သို့သော်... ဓားသွားဆီမှ ကွမ်းလုန်ကျီ၏ သွေး

ရန့်ကိုရရှိနေပြီး နောက်ထပ် သွေးစွန်းရမည့် သူမှာသူမဖြစ်ရပေတော့မည်။

"မင်း ကြောက်နေတာလား...."

တာ့ရှားကေရာဇ်က မေးလိုက်လေသည်။

မေရှီသည် ခေါင်းပင်မခါရဲချေ။

"မ... မကြောက်ပါဘူး..."

တာ့ရှားကေရာဇ်သည် အကြင်နာတရားဖြင့်ပြည့်ဝနေသည့် မျက်ဝန်းများဖြင့် မေရှီကို ရွှန်းရွှန်းစားစားကြည့်လိုက်လေသည်။

"မင်းက ငါကိုယ်တော်ရဲ့ချစ်ရသူနဲ့သိပ်တူတာပဲ..."

တာ့ရှားကေရာဇ်က တိုးလျှုန်းညံ့သည့်လေသံဖြင့်ပြောလိုက်သည်။

မေရှီမှာ ငိုချင်နေမိတော့သည်။

တာ့ရှားဧကရာဇ်သည် သူမကိုသတ်တော့မည်ဟု ယုံကြည်ထား

မိလေသည်။

ကွမ်းလုန်ကျီကဲ့သို့ သစ္စာရှိမင်းမှူထမ်းတစ်ယောက်ကိုပင်

သတ်ဖြတ်ပြီးခွေးစာကျွေးလိုက်သည့်တာ့ရှားဧကရာဇ်မှာ မိစ္ဆာ

ကျင့်စဉ်ကြောင့် လူစိတ်ပျောက်နေခဲ့ပြီ ဖြစ်လေသည်။

သို့သော်...

သူမ မသေချင်သေးပါ။ အဘယ်ကြောင့်ဆိုသော် သူမတွင်

ရင်သွေးလေးရှိနေပြီဖြစ်သောကြောင့်ပင်။

တာ့ရှားဧကရာဇ်က ရယ်မောလိုက်လေသည်။

"ငါကိုယ်တော် မင်းကိုမသတ်ပါဘူးကွာ..."

မိစ္ဆာဓားကောက်ကြီးသည် ထူးဆန်းစွာပင် ပျောက်ကွယ်သွား

လေသည်။

ယခုမှမေရှီမှာ စိတ်သက်သာရာရသွားပြီး....

"ကျေးဇူးတင်ပါတယ် မင်းကြီး..."

"ငါကိုယ်တော် မင်းကို ဘာလို့မသတ်ရသလဲဆိုတာ သိလား"

တာ့ရှားကေရာဇ်က မေးလိုက်လေသည်။

"မသိပါဘူး..."

မေရှီက ပြန်ဖြေလိုက်လေသည်။

"မင်းကိုမသတ်တာ ငါကိုယ်တော်ရဲ့ ကလေးကြောင့်လို့တော့ မထင်နဲ့"

တာ့ရှားကေရာဇ်က ပြောလိုက်သည်။

မေရှီ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်သွားပြီး သူမက ချက်ချင်းပင် ဒူးထောက်ချလိုက်လေသည်။

"မင်းကြီး... ယွမ်ယန်ဘယ်မှာ ပုန်းနေလဲဆိုတာ ကျွန်မသိထားပါတယ်... ကျွန်မရဲ့ကလေးကို ချမ်းသာပေးပါ...."

တာ့ရှားကေရာဇ်က အေးစက်စွာပြုံးလိုက်လေသည်။

ထို့နောက် မေရှီ၏ဝမ်းဗိုက်အောက်ပိုင်းဆီသို့ ခြေထောက်ဖြင့် စောင့်ကန်လိုက်လေသည်။

မေရှီ၏ခြေထောက်များကြားမှ သွေးများကျဆင်းလာပြီး မေရှီမှာ ကြမ်းပြင်ထက်သို့ ဖြူဖျော့စွာဖြင့်လဲကျသွားကာ မထနိုင်တော့ပေ။

"ထွက်သွားစမ်း...."

မေရှီသည် အားတင်းကာမတ်တပ်ရပ်လိုက်ပြီး သံမဏိမီးတိုင်အပြစ်ပေးခန်းထဲမှ ထွက်ခွာသွားလေတော့သည်။ ထို့နောက်တွင်တော့ သူမသည် တိချိုးမြို့တော်မှ ထွက်ခွာသွားခဲ့လေတော့သည်။

တာ့ရှားကေရာဇ်သည် သူမကိုမသတ်ရသည့်အကြောင်းရင်းကို သူမ နားမလည်ခဲ့ပါ။ သို့သော်... သူမ၏ကလေးအပေါ်တွင် ရက်ဆက်ဆက်သတ်ဖြတ်ပစ်ခဲ့သည့် တာ့ရှားကေရာဇ်ကို ဒေါသထွက်ကာ နာကျည်းလျှက်ရှိလေသည်။

မေရှီထွက်ခွာသွားသည့်ည....

ထိုညတွင်တော့ အေးစက်စက်လရောင်သည် တာ့ရှား

ကောရာဇ်၏ ကိုယ်ပေါ်သို့ဖြာကျနေလေသည်။

တာ့ရှားကောရာဇ်သည် လမင်းကို စိုက်ကြည့်နေခဲ့လေသည်။

နူးညံ့ပြီးကြည်လင်သည့် မိန်းကလေးအသံတစ်သံ ထွက်

ပေါ်လာလေသည်။

"ရှင့်အပေါ်မှာ သစ္စာအရှိဆုံးမင်းဆရာကြီးကို ရှင်သတ်

ပစ်လိုက်တယ်...၊ ရှင့်ရဲ့ရင်သွေးကိုလည်း ရှင်ကိုယ်တိုင်သတ်

ပစ်လိုက်တယ်....၊ ဒါတောင်မှ ရှင့်ရဲ့ခံစားချက်တွေက

အကုန်လုံးပျက်စီးမသွားသေးပါလား"

"အဲဒါ အရေးကြီးလို့လား..."

တာ့ရှားကောရာဇ်က တီးတိုးရေရွတ်လိုက်လေသည်။

"အရေးကြီးတာပေါ့...၊ ရှင်သာ ယွမ်စီမော်မိစ္ဆာကျင့်စဉ်ရဲ့

ခံစားချက်ဖျက်စီးတဲ့အဆင့်ကို မအောင်မြင်နိုင်ရင် ကျွန်မက

ရှင်နဲ့ဆက်ပြီး မပူးပေါင်းနိုင်တော့ဘူးနော်...."

အကယ်၍ တစ်စုံတစ်ယောက်ကသာ တာ့ရှားကေရာဇ်၏နေရာမှ လမင်းဆီလို့ လှမ်းကြည့်မည်ဆိုလျှင် မြူခိုးဝေနေ သည့် လရောင်များကြားတွင် အလွန်ချောမောလှပသည့် နတ်သမီးတစ်ပါးကို မထင်မရှား မြင်တွေ့ရမည်ဖြစ်လေသည်။

"လဆိုတာက ဆန်းလိုက်၊ ဆုတ်လိုက်၊ ပြည့်လိုက်နဲ့၊ ကြည်လင်အေးချမ်းပေမယ့် အပြောင်းအလဲများလွန်းတယ်၊ ဒါပေမယ့် နေမင်းကတော့ အမြဲတမ်းပြီးပြည့်စုံမှုရှိတယ်၊ ဒါကြောင့်နေမင်းနဲ့တူတဲ့ ငါကိုယ်တော်ဟာလည်း ပြီးပြည့်စုံပြီးသားပဲ...."

တာ့ရှားကေရာဇ်က ပြောလိုက်လေသည်။

လရောင်သည် သိမ်မွေ့စွာဖြင့် တာ့ရှားကေရာဇ်ပေါ်သို့ ဖြာကျနေလေသည်။ ထိုလရောင်သည် ချက်ချင်းပင် အလွန်ချောမောလှပသည့် နတ်သမီးတစ်ပါးအသွင် ပြောင်းလဲသွားပြီး တာ့ရှားကေရာဇ်ကို အနောက်မှ သိုင်းဖက်လိုက်လေသည်။

ထို့နောက်.... ချစ်သူတစ်ယောက်အလား နားနားသို့ကပ်ကာ
ချိုသာသည့်အသံလေးဖြင့်....
"အဲဒီလိုဆိုရင်လည်း ကောင်းပါတယ်နော်... ၊ ဒါပေမယ့် သူ့ရဲ့
နတ်ဘုရားထောင်ချောက်ဓားကနေတော့ ရှင့်အတွက် လွတ်
လမ်းရှိမှာ မဟုတ်ဘူး ၊ ရှင့်မှာ မူလမိစ္ဆာခန္ဓာရှိမယ်ဆိုရင်တောင်
လွတ်ပါ့မလားပဲ"
တာ့ရှားကေရာဇ်က သူ့ကိုလာဖက်သည့် နတ်သမီး၏လက်ဖျား
များကို ဆွဲဖြုတ်လိုက်ပြီး သူမနှင့်မျက်နှာချင်းဆိုင်လိုက်လေ
သည်။
"မင်းရဲ့လေသံကို ငါကိုယ်တော် မကြိုက်ဘူး ၊ နားလည်လား..."
နတ်သမီးက နူးညံ့စွာရယ်မောလိုက်ပြီး မည်သည့်စကားမှ မဆို
တော့ပေ။
.....
တာ့ကျိုးပြည်၏ ကေရာဇ်တစ်ပါးဖြစ်လာသည့်တိုင် ဆန်းလျန်
က အလုပ်များနေခြင်း မရှိပါ။

အဘယ်ကြောင့်ဆိုသော်... သူ၏ကျယ်ပြန့်သော ဉာဏ်ပညာကိုအသုံးပြုကာ တိုင်းရေးပြည်ရာများအားလုံးကို စီမံအုပ်ချုပ်နိုင်သောကြောင့် ဖြစ်လေသည်။

သူ၏အုပ်ချုပ်မှုအောက်တွင် အနိမ့်ဆုံးသောနိုင်ငံသားများသည်ပင်လျှင် တန်းတူညီမျှအခွင့်အရေးရကြလေသည်။ ဆန်းလျန်၏အုပ်ချုပ်မှုတွင် တိုင်းသူပြည်သားတိုင်း "တန်းတူညီမျှ"ဆိုသည့် စကား၏အဓိပ္ပါယ်ကို အပြည့်အဝနားလည်ကြရလေသည်။

တာ့ကျိုး၏ တိုင်းရေးပြည်ရာကိစ္စရပ်များအားလုံးမှာ ကျစ်ကျစ်လျစ်လျစ်ရှိလေသည်။ ထို့ပြင် ဆန်းလျန်က လေနှင့်မိုးကိုဆင့်ခေါ်ပေးပြီး ရာသီဥတုမျှတစေသည့်အတွက် ပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများလည်း အတိုင်းထက်အလွန် အဆင်ပြေလျှက် ရှိကြလေသည်။

ရာသီဥတုကောင်းမွန်ခြင်းသည် ကျင့်ကြံသူများအတွက်

အရေးမပါလှသော်လည်း သာမန်တိုင်းသူပြည်သားများ

အတွက်တော့ အရေးကြီးလေသည်။

ကျင့်ကြံသူများကတော့ အစားအစာ စားသောက်ရန် သိပ်ပြီးမ

လိုကြပေ။ သို့သော် သာမန်တိုင်းသူပြည်သားများက တော့

လူသားများဖြစ်ကြသည့်အတွက် စားရေရိက္ခာများလိုအပ်လေ

သည်။

ဆန်းလျန်၏နန်းတော်အတွင်းသို့ လိပ်ပြာလေးတစ်ကောင်

ပျံသန်းဝင်ရောက်လာလေသည်။

ထိုလိပ်ပြာလေးက လူသားပုံသဏ္ဍာန်ပြောင်းလဲသွားပြီး ဆန်း

လျန်ရှေ့တွင် ဒူးထောက်ဂါရဝပြုလိုက်သည်။

ထိုလိပ်ပြာနတ်မိစ္ဆာ၏အမည်မှာ လျိုစစ်ပေ့ဖြစ်လေ၏။

သူသည် နက်နဲသည့်ပုံရိပ်ရောင်ကျင့်စဉ်ပညာတစ်ခုမှ မွေးဖွား

ဖြစ်တည်လာသူ ဖြစ်လေသည်။ သူက ဆန်းလျန်ဆီတွင် ခိုလှုံခဲ့

ပြီးသတင်းထောက်လုပ်မည့်တာဝန်ကို ယူထားရလေသည်။

သူ၏တန်ခိုးစွမ်းအားများမှာ အခြားသူများနှင့်မတူဘဲ ထူးခြားသည့်အတွက် တိချိုးမြို့တော်မှ သတင်းများကို ဆန်းလျန်အတွက် စုံစမ်းပေးသည့်အလုပ်ကို လုပ်ကိုင်ရလေသည်။

သူ့ကိုတွေ့လိုက်သည့်အခါ ဆန်းလျန်က မေးလိုက်သည်။

“အကြောင်းထူးများရှိသလား ၊ မင်းက ကျုပ်ပေးလိုက်တဲ့ ဓားအင်းချပ်ကိုတောင်အသုံးပြုပြီး ကျုပ်ဆီပြန်လာတယ်ဆို တော့ အရေးကြီးကိစ္စတစ်ခုခုရှိလို့ပဲ ဖြစ်ရမယ်”

လျိုစစ်ပေ့က…

“တာ့ရှားဧကရာဇ်က မိန်းမပျိုတစ်ယောက်နဲ့လက်ထပ်လိုက်ပါတယ် ၊ အဲဒီမိန်းမပျိုကို အခု မိဖုရားမြှောက်လိုက်ပါပြီ ၊ မိဖုရားရဲ့ဇာစ်မြစ်က ထူးဆန်းပြီးခန့်မှန်းလို့မရနိုင်ပါဘူး ၊ ပြီးတော့ သူ့ရဲ့တန်ခိုးစွမ်းအားတွေကလည်း မင်းကြီးနဲ့ ထျန်းယီအကြီးအကဲတို့ထက် မလျော့နိုင်ဘူး”

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"မင်းသွားလို့ရပြီ ၊ မင်းမှာ အထူးစုံစမ်းထောက်လှမ်းရေးအဖွဲ့ ကို သတင်းပေးဖို့တာဝန်လည်း ရှိသေးတယ်မဟုတ်လား ၊ သူ တို့ကို သတင်းသွားပေးလိုက်ပါဦး ၊ ပြီးရင် ကျုပ်ဆီပြန်လာခဲ့ ပါ ၊ မင်းကို ခိုင်းစရာရှိသေးတယ်"

လျိုစစ်ပေ့ ထွက်ခွာသွားလေသည်။

ဆန်းလျန်က စာရေးရန်အတွက် စုတ်တံကိုကိုင်လိုက်လေ သည်။

သို့သော် ... စာရွက်ဖြူပေါ်တွင် စာမရေးမီမှာပင် သူသည် စုတ်တံကိုကိုင်ပြီး အတန်ကြာ စဉ်းစားနေခဲ့လေသည်။

နောက်ဆုံးတွင်တော့ သူသည် စာရွက်ပေါ်တွင် စာမရေးဘဲ ပန်းချီတစ်ခုကို ရေးဆွဲလိုက်လေသည်။ ထိုပန်းချီမှာ အစိမ်း ရောင်တောင်တန်းများနှင့် အစိမ်းရောင်ရေကန်များပါဝင်သည့် ပန်းချီကားဖြစ်လေသည်။ တောင်တန်းစိမ်း များမှာမိန်းမပျို

တစ်ယောက်၏ လှပသည့်မျက်ခုံးလေးများအလား လခြမ်းပုံ သဏ္ဍာန်ဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် ဇာစ်မြစ်မခန့်မှန်းနိုင်သည့် မိန်းမပျိုတစ် ယောက်ကို မိဖုရားမြှောက်ပေတော့မည်။ ဆန်းလျန်သည် အရိပ်အမြွက်တော့ နားလည်နေလေသည်။

တာ့ကျိုးပြည်၏အခြေခံအုတ်မြစ်သည် အခြေမခိုင်သေး သည့်ပြင် သူ့တွင်လည်း အမှန်တကယ်စွမ်းရည်မြင့်မားသည့် လက်အောက်ငယ်သားများ အနည်းငယ်သာ ရှိသည့်အတွက် ဆန်းလျန်သည် အနည်းငယ် နောင်တရနေမိလေသည်။

လီယွမ်လျန်နှင့် ဂိုဏ်းတူညီ (၃)ယောက်ကတော့ တန်ခိုး စွမ်းအား မြင့်မားသူများ ဖြစ်ကြလေသည်။ သို့သော် သူ တို့သည် ဖြောင့်စင်းသည့်စိတ်ထားကို ပိုင်ဆိုင်ကြသည့်အတွက် အခြေအနေအပေါ်မူတည်ပြီး ပရိယာယ်ကြွယ်ဝစွာဖြင့် မ

လှူပ်ရှားတတ်ကြပေ။ တစ်ဖြောင့်တည်းသာ သွားတတ်ကြ

သူများ ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးတစ်ခုလုံး၏ အကူအညီသာ ရမည်ဆိုလျှင်

ဆန်းလျှန်အတွက် အရာရာသည် ပိုပြီးလွယ်ကူလိမ့်မည် ဖြစ်

လေသည်။ ချင်းရွှမ်နတ်တံခါးမှ စိတ်နှလုံးကိုစစ်ဆေးသည့် ဝ

မ့်ရှင်းလမ်းကို ကျော်ဖြတ်လာကြသည့် တပည့်များသည်

အလွန်မှ ထူးချွန်ထက်မြက်သူများ ဖြစ်ကြလေသည်။ သူ

တို့သည် တာအိုကျင့်စဉ်အမျိုးမျိုးကို ကျင့်ကြံထားကြ ပြီး

စရိုက်လက္ခဏာအမျိုးမျိုးလည်း ရှိကြလေသည်။ ထို့ကြောင့်

ချင်းရွှမ်နတ်တံခါးမှ တပည့်များသာ ယခုအချိန်တွင်ရှိနေလျှင်

သူ့အတွက် များစွာအကူအညီရမည် ဖြစ်လေသည်။

သို့သော်... မတူညီသည့် လောက (၂) ခု ဖြစ်သည့်အတွက် သူ့

အနေဖြင့် ချင်းရွှမ်နတ်တံခါးကို ဆက်သွယ်ရန်မှာ မဖြစ်နိုင်ပါ

ချေ။

ဆန်းလျှန်သည် ခေါင်းထဲသို့ဝင်လာသည့် မဖြစ်နိုင်သည့်
အတွေးများကို ချက်ချင်းပင် မေ့ပစ်လိုက်လေတော့သည်။

အခန်း (၆၀၃) နတ်ဘုရားကျောင်းတော်သို့ပြန်သွားခြင်း

အသူရာချောက်သည် ချင်းရှမ်နတ်တံခါးတည်ရှိရာလောကနှင့် သိသိသာသာ ကွဲပြားလေသည်။ အသူရာချောက်မှ မိုးကောင်းကင်သည်ပင်လျှင် မှောင်မှိုင်းပြီး ကွင်းပြင်ကြီးတစ်ခု အလား ဖြစ်လေသည်။ ချင်းရှမ်တည်ရှိရာလောက တွင်တော့ ဝိညာဉ်စွမ်းအားများပြည့်ဝပြီး ကမ္ဘာတစ်ခုနှင့် ဆင်တူလေ သည်။

ထို့ပြင် အသူရာချောက်မှ ကြယ်စင်များသည် နေများမဟုတ်ကြဘဲ ဝိညာဉ်များ ဖြစ်နေကြလေသည်။ နေနှင့်လတို့မှာလည်း အလွန်မှ ထူးခြားဆန်းကြယ်လွန်းလှလေ၏။ ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ် သည့်ဆန်းလျန်ပင်လျှင် အသူရာချောက်မှ နေနှင့်လ၏ဖွဲ့စည်းပုံကို နားမလည်နိုင်သေးပေ။ အာကာသထဲသို့ ကိုယ်တိုင်သွားကာ လေ့လာကြည့်မှပင် လျှင် သိမြင်နိုင်မည် ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏နတ်ဘုရားစွမ်းအားများကို အသုံးပြုကာ လေ့လာကြည့်ရန် ကြိုးစားခဲ့သေးသည်။ သို့သော် သူ၏စွမ်းအားများ အမြင့်တစ်နေရာသို့ ရောက်ရှိသွားသည်နှင့် တန်ခိုးစွမ်းအားတစ်ခုက သူ၏စွမ်းအားများကို ဖြတ်တောက် ချလိုက်လေသည်။ ထိုတန်ခိုးစွမ်းအားမှာ ဟန်အယ်၏တန်ခိုး စွမ်းအားနှင့် ဆင်တူလေသည်။ ထိုစွမ်းအားကို မထိုးဖောက်နိုင်

လျှင် ကြယ်စင်များတည်ရှိရာ ကောင်းကင်ထက်သို့ မည်သည့်နည်းနှင့်မှ သွားရောက်နိုင်မည်မဟုတ်ပေ။

ထို့ပြင် အသူရာချောက်မှ နေနှင့်လ၏ စွမ်းအားများသည် ဆန်းလျန်ထက်ပင် တန်ခိုးစွမ်းအားမြင့်မားပုံရလေသည်။ သူ့အနေဖြင့် ဗုဒ္ဓကဲ့သို့ခန္ဓာကိုယ်မရှိဘဲ နေနှင့်လကို ရင်ဆိုင်မည်ဆိုပါက ဒုက္ခအကြီးအကျယ်ရောက်ရမည် ဖြစ်လေသည်။

သဲလွန်စများအားလုံးကို ဆက်စပ်ကြည့်လိုက်သည့်အခါတွင်တော့ နေနှင့်လသည် မြင့်မားသည့်ဖြစ်တည်မှုများမှ ပြန်လည်ဝင်စားထားခြင်း ဖြစ်ဟန်တူလေသည်။ နေမင်းသည် တာ့ယိပစ်ခတ်သည့်မြားချက်မှ လွတ်မြောက်ပြီး နောက်ဆုံးကျန်ရစ်ခဲ့သည့် နေစကြာနတ်ငှက်ဖြစ်နိုင်လေသည်။

သို့သော် လမင်းနှင့်ပတ်သက်သည့်အချက်ကိုတော့ ဆန်းလျန်သေသေချာချာမသိပေ။

တာ့ရှားဧကရာဇ် မိဖုရားမြှောက်လိုက်သည့် မိန်းမပျိုသည် လမင်းနှင့်တစ်စုံတစ်ခုဆက်စပ်နေမည်ဆိုသည့်အချက်ကို တော့ ဆန်းလျန် ရိပ်မိထားလေသည်။ အမှန်တော့ တာ့ရှား ဧကရာဇ်နှင့်ထိုမိန်းမပျိုတွင် တူညီသည့်ရုပ်ခန္ဓာရှိနိုင်လေ သည်။

သူတို့ (၂)ယောက်ပေါင်းစည်းသွားခြင်းသည် ဆန်းလျ န်၏နားလည်နိုင်ခြင်းကိုပင် ကျော်လွန်နေလေ၏။

ထိုမျှရှုတ်ထွေးသည့်ပြဿနာသည် တွေးကြည့်ရုံဖြင့်တော့ အဖြေရှာနိုင်မည် မဟုတ်ပေ။ ထို့ပြင် သူ့မှာလည်း မပြီးပြတ် သေးသည့်လုပ်စရာအလုပ်တွေက တစ်ပုံကြီးရှိနေသေးသည်။ ယခုတော့ သူ့အတွက် စတင်လုပ်ဆောင်ရန် အချိန်တန်ပြီ ဖြစ် လေသည်။

လျိုစစ်ပေ့က အထူးစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့စရာရှိသည်များကိုပို့ဆောင်ပေးပြီးသည့်နောက် ဆန်းလျန်ရှိရာသို့ ပြန်လာလေသည်။

ဆန်းလျန်က…

“ကျုပ်ခရီးထွက်ဖို့ရှိတယ်၊ မင်းက နေရာတော်တော်များများကို နှံ့စပ်တဲ့သူဆိုတော့ ကျုပ်နဲ့အဖော်လိုက်ခဲ့ပါ၊ ပြီးတော့ အရည်အချင်းရှိတဲ့သူတွေကိုလည်း စည်းရုံးရေးဆင်းရမယ်”

ဆန်းလျန်၏စကားကြောင့် လျိုစစ်ပေ့မှာ စိတ်လှုပ်ရှားသွားရလေသည်။ ဆန်းလျန်နှင့်ခရီးထွက်ရမည့်ကိစ္စမှာ ကံကောင်းခြင်းဖြစ်ပြီး ရခဲလှသည့်အခွင့်အရေး (၁)ခု ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် တန်ခိုးစွမ်းအားမြင့်မားရုံသာမက သူတော်စင် (၃)ပါးထဲတွင်လည်း (၁)ပါး အပါအဝင်ဖြစ်သည် မဟုတ်ပါလား။

“ကျေးဇူးတင်ပါတယ် မင်းကြီး”

ဆန်းလျန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်နှင့် သူ၏နန်း

ဝတ်နန်းစားများမှာ အစိမ်းရောင်တာအိုဝတ်စုံအဖြစ်သို့

ကူးပြောင်းသွားလေသည်။ သူ၏မျက်ခုံးနှစ်ခုအလယ်တွင်

လည်း အနီရောင်ပြဒါးရှင်က လင်းလက်လျှက်ရှိလေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း....

“စိတ်တော့မကောင်းပေမယ့် တာအိုသူငယ်လေးပုံပြောင်းပြီးမှ

ကျုပ်နောက်လိုက်ခဲ့...”

လျိုစစ်ပေ့က ခေါင်းညိတ်လိုက်လေသည်။ ပုံရိပ်ယောင်

ကျင့်စဉ်သည် ထူးဆန်းသည့်ပညာတစ်ခုဖြစ်ပြီး သူ၏ရုပ်သွင်

ကိုလည်း လိုသလိုပြောင်းလဲနိုင်စွမ်းလေသည်။ လျိုစစ်ပေ့က

ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ခါလိုက်လေရာ သူ၏ခန္ဓာကိုယ်မှာ

ကလေးငယ်တစ်ယောက်ကဲ့သို့ သေးငယ်သွားလေသည်။

သူက ရှေ့သို့ ခြေတစ်လှမ်းတိုးသွားလိုက်ပြီး တခစ်ခစ်ဖြင့်

ရယ်မောလိုက်ရင်း...

"ဆရာ... ကျွန်တော့်ကို နာမည်အသစ်တစ်ခုလောက်ပေးပါဦး"

ဆန်းလျန်က...

"အခု (၉)လပိုင်းရောက်နေပြီဆိုတော့ မင်းကို ကျိုယွဲ့လို့ပဲ အမည်ပေးလိုက်မယ်"

(ကျိုယွဲ့ = (၉)လပိုင်း ၊ စက်တင်ဘာလ ဟု အဓိပ္ပါယ်ရ - ဘာသာပြန်သူ)

လျိုစစ်ပေ့က ဆန်းလျန်ကို ဦးညွှတ်ဂါရဝပြုလိုက်ရင်း...

"ကျိုယွဲ့ ... ဆရာ့ကို ဂါရဝပြုပါတယ်"

ဆန်းလျန်က ပြုံးရုံသာပြုံးလိုက်ပြီး သူ၏တန်ခိုးစွမ်းအားများကို အသုံးပြုလိုက်လေရာ သူတို့နှစ်ယောက်လုံးသည် တာ့ကျိုးနန်းတော်ထဲမှ ပျောက်ကွယ်သွားကြလေတော့သည်။

ထို့နောက် သူတို့သည် တုန်းယီဒေသသို့ သွားရာလမ်းတွင် ပြန်ပေါ်လာကြလေသည်။

ဆန်းလျှန်သည် အလျင်လိုခြင်းမရှိပါ။ သူသည် တောင်များနှင့် မြစ်များကိုဖြတ်ကျော်ပြီး သာမန်လူတစ်ယောက်ကဲ့သို့ အေးအေးဆေးဆေးပင် ခရီးနှင်နေလေသည်။ သူက ခရီးသွားရင်း တာ့ကျိုးပြည်၏အခြေအနေကို အပြန်ပြန် အလှန်လှန် သုံးသပ်နေမိလေသည်။

အမှန်တော့ တာ့ကျိုးပြည်တည်ရှိရာ အနောက်ပိုင်းဒေသသည် ငြိမ်းချမ်းသည့်ဒေသတစ်ခုတော့မဟုတ်ပေ။ သို့သော် လီယွမ်လျှန်နှင့် ဂိုဏ်းတူညီ (၃)ယောက်မှာ ဆိုးသွမ်းသူများကို သတ်ဖြတ်သည့်နေရာတွင် အလွန်တော်လေသည်။ သူတို့က နတ်မိစ္ဆာများစွာနှင့် မကောင်းဆိုးဝါးများစွာကို သုတ်သင်ရှင်းလင်းပစ်ခဲ့ကြလေသည်။ ထိုအချိန်မှစပြီး တာ့ကျိုးပြည်သည် ငြိမ်းချမ်းသည့်တိုင်းပြည်တစ်ခုဖြစ်လာပြီး တိုင်းသူပြည်သားများမှာလည်း စိတ်အေးလက်အေး နေထိုင်နိုင်ခဲ့ကြလေသည်။

မည်သို့ပင်ဆိုစေကာမူ တာ့ကျိုးပြည် အခြေကျရန်မှာတော့ အလှမ်းဝေးလျှက် ရှိနေသေးသည်။

စာလုံးတစ်လုံးကို စုတ်ချက်တစ်ချက်တည်းဖြင့် ရေးသားနိုင်မည်မဟုတ်သလို ကိစ္စရပ်များအားလုံးကိုလည်း တစ်ခါ တည်းဖြင့်ပြီးမြောက်အောင် လုပ်ဆောင်ရန်မှာ မဖြစ်နိုင်ပေ။

ဖြည်းဖြည်းချင်းတိုးတက်အောင်လုပ်ဆောင်သွားခြင်းက အနာဂတ်အတွက်ပိုပြီး အဆင်ပြေလွယ်ကူစေမည် ဖြစ်လေသည်။

တန်ခိုးစွမ်းအားရှိသူများသည် သာမန်လူများထက်တော့ လျှင်မြန်ဖြတ်လတ်ကြလေသည်။ ခြေထောက်ဖြင့်ပင် သာမန်ခရီးသွားနေသည့်တိုင် အချိန် (၁)လအတွင်းတွင် ဆန်းလျန်သည် မက်မွန်တောင်သို့ ရောက်ရှိလာခဲ့လေသည်။

အချိန် (၉) နှစ်ကြာခဲ့လေပြီ...။

သို့တိုင်အောင် မက်မွန်တောင်သည် ယခင်ကအတိုင်းမပြောင်း မလဲ တည်ရှိနေဆဲ ဖြစ်လေသည်။ ဝူကျုန်းမျိုးနွယ်စုမှာလည်း ဆက်လက်ရှင်သန်နေကြဆဲ ဖြစ်လေသည်။ ယခင်ကထက်ပင် တိုးပွားများပြားလာကြပြီး စည်စည်ပင်ပင်ရှိနေကြလေသည်။ နတ်ဘုရားကျောင်းတော်အတွင်းသို့ ဆန်းလျန်ဝင်ရောက်လိုက် သည်နှင့် လေထဲတွင် နံ့သာပေါင်းနှင့် အမွှေးတိုင်ရနံ့များကိုရရှိ လိုက်ရလေသည်။ ချက်ချင်းပင်လေများပြင်းထန်စွာ တိုက်ခတ်လာပြီး မိုးကောင်းကင်မှာလည်း မှောင်မှိုင်းသွားလေ သည်။

ဆန်းလျန်၏ခန္ဓာကိုယ်မှာ မမြင်ရသည့် စကြာဝဠာတွင်းနက် ကြီးအလားဖြစ်နေပြီး ခံစားချက် ကင်းမဲ့နေလေသည်။ သူက ချက်ချင်းပင် လူသားများ၏ဆုတောင်းသံများကြောင့် ဖြစ်ပေါ် နေသည့် စွမ်းအားများကို စုပ်ယူလိုက်လေသည်။

ထိုက်ယီထျန်းရှန်းတစ်ပါး ဖြစ်လာပြီးသည့်နောက်ပိုင်း သူသည် စိတ်ထဲတွင်ရှိသည့်အတိုင်း အရာရာတိုင်းကို လုပ်ဆောင်နိုင်စွမ်းရှိလေ၏။ ထိုသို့ဖြစ်ရသည်မှာ မူလကျင့်စဉ်လမ်းနှင့် ကင်းလွတ်ခဲ့ပြီဖြစ်သောကြောင့် ဖြစ်လေသည်။ သူသာ ဆန္ဒရှိမည်ဆိုလျှင် ဘုရားသခင်လည်းဖြစ်နိုင်သလို အရှားအားလုံးလည်း ဖြစ်နိုင်စွမ်းရှိလေသည်။

ထိုက်ယီထျန်းရှန်းအဆင့်ဆိုသည်က စာမေးပွဲများအားလုံးကို အောင်မြင်သွားပြီး နောက်ထပ်စာမေးပွဲ ဖြေဆိုစရာမလိုတော့ဘဲ လွတ်လပ်စွာလေ့လာဆည်းပူးနိုင်သည့်အဆင့်သို့ ရောက်သွားသည့် ပါရဂူတစ်ယောက်နှင့် ဆင်တူလေသည်။

ပတ်ဝန်းကျင်တွင် ရုတ်တရက်ဖြစ်ပေါ်လာသည့် အပြောင်းအလဲများကြောင့် ကြာပန်းမီးအိမ်လေးထဲတွင် တရားထိုင်နေသည့် အားလျှန်မှာ သတိအနေအထားဖြစ်သွားရ

လေသည်။ သူမက စိတ်အာရုံကို ဖြန့်ကျက်ကာ မည်သည့်အရာများဖြစ်ပျက်နေသည်ကို ကြည့်လိုက်လေသည်။

နတ်ဘုရားကျောင်းတော်အတွင်းသို့ ဝင်ရောက်လာသည့် ဆန်းလျန်ကိုတွေ့လိုက်ရသည့်အခါတွင်တော့ သူမသည် လူသားပုံသဏ္ဍာန်ဖန်းဆင်းက မီးအိမ်လေးအတွင်းမှ ထွက်လာပြီး ဆန်းလျန်ကို ဂါရဝပြုလိုက်လေသည်။

ဆန်းလျန်က သူမကို တွေ့သည်နှင့် ချက်ချင်းပင် မေးလိုက်သည်။

"မင်းရဲ့သမီးလေးရော..."

အားလျန်က...

"လွန်ခဲ့တဲ့ (၇)နှစ်လော်ကက သမီးလေးက ကျွန်မနဲ့စကားများပြီး ကျောင်းတော်ထဲက ထွက်သွားခဲ့တယ်၊ အဲဒီနေ့က ဘာဖြစ်လို့လဲမသိဘူး၊ ကျွန်မရဲ့တန်ခိုးစွမ်းအားတွေလည်း အသုံးပြုလို့မရခဲ့ဘူး၊ အဲဒါကြောင့် သမီးလေး ကိုပြန်မခေါ်နိုင်ခဲ့ဘူး၊

နောက်တော့ သမီးလေးဘယ်ရောက်နေလဲဆိုတဲ့သတင်းကို ကုန်သည်တစ်ယောက်က ကျွန်မ ကိုလာပြောပြတယ် ၊ သမီးလေးက ယင်းစန်းကို ရောက်နေပြီ ၊ ကျွန်မရဲ့အခြေအနေက ကျောင်းတော်ထဲက အပြင်ကိုထွက်လို့မရတဲ့အခြေအနေဆိုတော့ သမီးလေးကို သွားမရှာနိုင်ခဲ့ဘူး”

ဆန်းလျန်က အခြေအနေများကို တွက်ချက်ကြည့်လိုက်ပြီး အားလျန်လိမ်ပြောနေခြင်းမဟုတ်သည်ကို သိလိုက်လေသည်။

"မင်းစိတ်မပူပါနဲ့ ၊ ကျုပ်ကတိပေးထားတဲ့အတိုင်းလုပ်ပေးဖို့ မင်းဆီရောက်လာတာပါ"

ဆန်းလျန်၏စကားကြောင့် အားလျန်မှာ စိတ်လှုပ်ရှားသွားလေသည်။

နတ်ဘုရားဆရာချင်းရှမ်သည် သူမကို ရုပ်ခန္ဓာအသစ်တစ်ခု ပြန်လည်ပြုလုပ်ပေးမည်ဟု ကတိပေးထားခဲ့ဖူးလေသည်။

သူမသာ ရုပ်ခန္ဓာပြန်ရလျှင် ကျောင်းတော်ထဲမှ ထွက်ပြီးသမီး ဖြစ်သူကို ရှာဖွေနိုင်မည် ဖြစ်လေသည်။

သူမက ဆန်းလျန်ရှေ့တွင် ဒူးထောက်ဂါရဝပြုရန် ဟန်ပြင် လိုက်စဉ်မှာပင် ဆန်းလျန်က လေထဲသို့ လက်ညိုးနှင့် လက်ခလယ်ကိုထိုးညွှန်လိုက်လေသည်။ ထိုအခါ လေထဲတွင် အဖြူရောင်နှင့်အနက်ရောင်တန်ခိုးစွမ်းအား (၂)ခု ထွက် ပေါ်လာလေသည်။

"အထဲကို အမြန်ဝင်လိုက်..."

ဆန်းလျန်က အားလျန်ကို ပြောလိုက်လေသည်။

အဖြူနှင့်အနက်တန်ခိုးစွမ်းအားများမှာ ယင် နှင့် ယန် ဖြစ်လေ သည်။ ယင် နှင့် ယန် သည် အရာအားလုံးကို ဖန်ဆင်းခြင်း၏ မူလအစပင် ဖြစ်လေ၏။ ဆန်းလျန်၏မျက်ခုံးနှစ်ခုကြားတွင် သန္ဓေတည်နေသည့် စကြာဝဠာသည် ပြီးပြည့်စုံခြင်းမရှိ သေးပါ။ ထို့ကြောင့် သန္ဓေတည်ဆဲစကြာဝဠာမှ ယင် နှင့် ယန်

ကို ထုတ်ယူအသုံးပြုရခြင်းက ဆန်းလျန်၏ ကျင့်စဉ်လမ်းကို ရပ်တန့်စေလေသည်။

သို့သော်… သူပေးထားသည့် ကတိကို တည်ရမည် ဖြစ်လေသည်။ အားလျန်သည် သူ့ကို အိပ်မက်ကမ္ဘာမှ ပြန်ခေါ်ရန်အတွက် ကြာပန်းမီးအိမ်ထဲတွင် သူမ၏အသွေးအသားများကို ယာဇ်ပူဇော်ခဲ့သူ ဖြစ်လေသည်။ ဆန်းလျန်အနေ ဖြင့် သူမကို တင်နေခဲ့သည့် ကျေးဇူးကြွေးကိုပေးဆပ်ရန်အတွက် သူ၏ကျင့်စဉ်လမ်းတွင် နှစ်ပေါင်း (၁၀၀)ခန့် နောက်ကျမည်ဆိုလျှင်လည်း ဂရုစိုက်မည် မဟုတ်ပါ။

သာမန်ဝိညာဉ်တစ်ခုအတွက် ရုပ်ခန္ဓာဖန်ဆင်းပေးရခြင်းက ပြဿနာမရှိပေ။ သို့သော် အားလျန်သည် ဆုတောင်းကိုးကွယ်မှုများမှဖြစ်တည်လာသည့် တန်ခိုးစွမ်းအားများစွာကို စုပ်ယူထားသည့် ရှန်လမ်းစဉ် နတ်သမီးတစ်ပါးဖြစ်နေခဲ့ပြီဖြစ်လေသည်။ ထို့ကြောင့် သူမကို လူပြန်ဝင်စားခိုင်းရန်မှာလည်း သိပ်

ပြီးအဆင်မပြေလှပေ။ လူတစ်ယောက်၏အသွေးအသားသည် သူမ၏ နတ်ဘုရားစွမ်းအားများကို လက်ခံနိုင်လိမ့်မည် မဟုတ်ပေ။ အခန့်မသင့်လျှင် အားလျန် ကိုယ်တိုင်ပါ ပျက်စီးပျောက်ကွယ်သွားနိုင်လေသည်။

ကံကောင်းသည်မှာ ဆန်းလျန်သည် ကျီမုမြစ်ရေထဲတွင် (၉)နှစ်တိုင်တိုင် ကျင့်ကြံမှု ပြုလုပ်ခဲ့သူဖြစ်လေသည်။ ထို့ကြောင့် အသွေးအသားနှင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံများအကြောင်းကို ကောင်းကောင်းနားလည်လေသည်။ သူ့အနေ ဖြင့်နတ်သမီးမ တစ်ပါးအတွက် ရုပ်ခန္ဓာကို ပြုလုပ်ပေးနိုင်စွမ်းရှိလေသည်။ ဆန်းလျန်၏ စကားသံသည် အားလျန်၏နှလုံးသားထဲတွင် မြည်ဟည်းသွားလေသည်။ အားလျန်သည် ချက်ချင်းပင် အဖြူရောင်နှင့်အနက်ရောင်တန်ခိုးစွမ်းအားများဆီသို့ ဝင်ရောက်သွားလေတော့သည်။

ဆန်းလျှန်သည် အားလျှန်၏ဝိညာဉ်ကို ယင်စွမ်းအား နှင့် ယန်စွမ်းအားနှစ်ခုထဲတွင် ရောနှောမွှေနှောက်ပစ်လိုက်လေသည်။

အချိန်အတန်ငယ်ကြာသွားသည့်အခါတွင်တော့ ...

ပတ်ဝန်းကျင်တစ်ခုလုံး မြူခိုးများဝန်းရံလာပြီး မြူခိုးများထဲတွင် ထူခြားသည့်အလှတရားကိုပိုင်ဆိုင်သည့် မိန်းကလေးတစ်ယောက်၏ ရုပ်သွင်ပေါ်ထွက်လာလေသည်။

လှပသည့် မိန်းမပျိုသည် မြူခိုးများထဲမှ ကျော့ရှင်းစွာဖြင့် လမ်းလျှောက်ထွက်လာလေသည်။ မြူခိုးများသည် ရောင်စုံအဝတ်အစားများအဖြစ်ပြောင်းလဲသွားပြီး မိန်ကလေး၏ ခန္ဓာကိုယ်ထက်တွင် ဆင်ယင်ပြီးသား ဖြစ်သွားလေသည်။

သူမ၏ခန္ဓာကိုယ်သည် လင်းလက်နေပြီး နှင်းပွင့်လေးအလားကြည်လင်နေလေသည်။ အလွန်မှ ချစ်စရာကောင်း သည့်မိန်းမပျိုလေးဖြစ်လေတော့သည်။

ဆန်းလျန်သည် ချောမောလှပသည့် မိန်းကလေးများစွာကို မြင်တွေ့ဖူးခဲ့ပါသည်။ သို့သော်... ယခု သူ့ရှေ့မှ မိန်းမပျိုကတော့ သူကိုယ်တိုင်ဖန်ဆင်းခဲ့သည့် မိန်းမလှလေး ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်သည် ထိုမိန်းမပျိုဆီမှ အကြည့်တစ်ချက်ပင် မလွှဲနိုင်လောက်အောင် ငေးမောနေခဲ့မိလေသည်။

အားလျန်သည် ရုပ်ခန္ဓာ (၁)ခုရရှိသွားပြီဖြစ်ကြောင်း ချက်ချင်းပင် နားလည်လိုက်လေသည်။ သူမက တန်ခိုးစွမ်းအားကို အသုံးပြု၍ ပတ်ဝန်းကျင်မှ ရေမှုံလေးများကို စုစည်းလိုက်ပြီး ရေဘောလုံးတစ်ခု ဖန်ဆင်းလိုက်လေသည်။ ထိုရေဘောလုံးကို မှန်သားပြင်အဖြစ်အသုံးပြု၍ သူမ၏သွင်ပြင်ကို ကြည့်လိုက်လေသည်။ သူမသည် အသစ်ရရှိလာသည့် ချောမောလှပသော ရုပ်ခန္ဓာအတွက် ကျေနပ်ပီတိဖြာလျှက်ရှိလေတော့၏။

ဆန်းလျန်ဖန်ဆင်းပေးလိုက်သည့် ရုပ်ခန္ဓာသည် သာမန်ရုပ်ခန္ဓာ တစ်ခု မဟုတ်ပါ။ ပြစ်မျိုးမွဲ့မထင် လှပလွန်းလှသည့် ရုပ်ခန္ဓာ တစ်ခုဖြစ်လေသည်။ အသားအရေမှာတောက်ပနေပြီး လင်းလ က်လျှက်ရှိလေသည်။ ယခင်အားလျန်၏ အသွင်သဏ္ဍာန်နှင့် သိပ်ပြီးခြားနားခြင်းမရှိသည့်တိုင် (၁၀)ဆခန့်ပိုပြီး ချောမော လှပနေသည်မှာတော့ အသေအချာပင် ဖြစ်လေသည်။

အားလျန်က လက်ကိုဆန့်တန်းလိုက်ရာ ကြာပန်းမီးအိမ်လေး သည် သူမ၏လက်ဖဝါးထက်သို့ ပျံသန်းရောက်ရှိလာလေ သည်။

ဆန်းလျန်က...

"ဒီမီးအိမ်လေးက ကျုပ်အတွက်အသုံးမဝင်တော့ပါဘူး ၊ မင်းပဲ သိမ်းထားလိုက်ပါ ၊ ဒီမီးအိမ်လေးတန်ခိုးစွမ်းအားရှိနေသရွေ့ သာမန်မှော်ပညာလောက်က မင်းကို ထိခိုက်စေမှာ မဟုတ်ပါ ဘူး”

အားလျှန်က ဦးညွှတ်လိုက်ရင်း...

"ကျေးဇူးတင်ပါတယ် နတ်ဘုရားဆရာ..."

ဆန်းလျှန်ကခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဘုရားကျောင်း

အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

"ကျိုးယွဲ့... ဝင်လာခဲ့တော့..."

နတ်ဘုရားကျောင်းတော်အပြင်ဘက်တွင် ကျိုးယွဲ့မှာ အထဲသို့

ဝင်လာချင်လွန်းသဖြင့် ရွစိရွစိဖြစ်နေခဲ့လေသည်။

ယင်စွမ်းအား နှင့် ယန်စွမ်းအားများသည် ဖြစ်တည်မှု

အားလုံး၏ မူလအစဖြစ်လေသည်။ ဆန်းလျှန်အသုံးပြုလိုက်

သည့် ယင် နှင့် ယန် သည် နတ်အသက်ရှည်ဆေးအဖြစ်ပင်

အသုံးပြုနိုင်လေသည်။ ထို့ကြောင့် သူက ကျောင်းတော်ထဲတွင်

ဆန်းလျှန် မည်သည့်အရာကိုများ ပြုလုပ်နေပါသနည်းဟု သိ

ချင်နေခဲ့လေသည်။

ဆန်းလျန်သာ သူ့ကို ကျောင်းတော်အပြင်ဘက်တွင်သာနေရန် ညွှန်ကြားထားခြင်းမရှိလျှင် သူသည် အစောကြီးကတည်းက ကျောင်းတော်အတွင်းသို့ဝင်လာမည် ဖြစ်လေသည်။

ကျိုယွဲ့သည် နတ်ဘုရားကျောင်းတော်အတွင်းသို့ ဝင်ဝင်ချင်း မှာပင် အသက် (၂၀) အရွယ်ခန့်ရှိသည့် အလွန်တရာချောမော လှပသည့် မိန်းမပျိုကိုတွေ့မြင်လိုက်ရလေသည်။ မိန်းမပျိုက သူ့ကို ပြုံးပြလိုက်သည့်အခါတွင်တော့ သူ၏နှလုံးသားတစ်ခု လုံး အပြင်သို့ခုန်ထွက်မတတ် ဖြစ်သွားရတော့၏။

လှပလွန်းသည့်မိန်းမပျိုက ကျိုယွဲ့ကိုကြည့်ကာ ရယ်မောလိုက် လေသည်။

"နတ်ဘုရားဆရာ... ဒီကလေးက ဘယ်သူများလဲ"

ဆန်းလျန်က...

"ကျုပ်ခေါ်ထားတဲ့ တပည့်အသစ်လေးပေါ့၊ ကြည့်ရတာ ကျုပ် ဖန်ဆင်းထားတဲ့ရုပ်ခန္ဓာက တော်တော်လှတယ်ထင်တယ်၊ ဒီ

ကလေးက ကျင့်စဥ်လမ်းအဆင့် ဒီလောက်မြင့်တာတောင် မင်း

ရဲ့အလှမှာ ကျဆုံးသွားရပြီ"

ဆန်းလျန်၏စကားကြောင့် ကျိုယွဲ့မှာ ရှက်သွားလေသည်။

သူက ချက်ချင်းပင် တည်ကြည်သည့်မျက်နှာထားဖြင့်...

"မမနတ်သမီးကို နှုတ်ဆက်ပါတယ်"

ကျိုယွဲ့မှာ နတ်မိစ္ဆာတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့်

အားလျန်သည် ရှန်လမ်းစဥ်နတ်သမီးတစ်ပါးဖြစ်သည်ကို

ချက်ချင်းပင်ရိပ်မိလိုက်လေသည်။

သူမကို "မမနတ်သမီး" ဟု ခေါ်လိုက်သည့်အတွက် အားလျန်

မှာလည်း ရယ်မောခြင်းမပြုတော့ပဲ တည်ကြည်သွားလေ

သည်။ ဆန်းလျန်ဘေးနားမှ ကလေးငယ်သည် သူမက

နတ်သမီးတစ်ပါးဖြစ်ကြောင်းကို ချက်ချင်းပင် ခန့်မှန်းနိုင်

သည်မှာ သာမန်လူတစ်ယောက်တော့ မဖြစ်နိုင်တော့ပေ။

ဆန်းလျန်က...

"မင်း ယင်းစန်းကိုသွားပြီး မင်းရဲ့သမီးလေးကို ရှာတော့မှာ

လား"

အားလျန်က ခေါင်းညိတ်လိုက်လေသည်။

ပြီးမှ အနည်းငယ်တုန့်ဆိုင်းသွားပြီး....

"အခုတလော နတ်ဘုရားကျောင်းတော်မှာ လူတွေက အရမ်းပဲ

ဝတ်ပြုကိုးကွယ်ကြတယ်၊ ကျွန်မထွက်ခွာသွားရင် ကိုးကွယ်

နေတဲ့လူတွေကို စောင့်ရှောက်မယ့်သူ ရှိမှာမဟုတ်တော့ဘူး"

ဆန်းလျန်က...

"စိတ်မပူနဲ့...၊ ကျုပ်ရဲ့နတ်ဘုရားစိတ်အာရုံအစိတ်အပိုင်းတစ်

ခုကို ဒီနေရာမှာ ထားခဲ့မယ်၊ ဒါဆို လုံလောက်ပါတယ်၊ ပြီး

တော့ ကျုပ်လည်း ယင်းစန်းကို မရောက်ဖူးဘူး၊ မင်းနဲ့အတူ

လိုက်ခဲ့မယ်"

ဆန်းလျန်၏စကားကြောင့် အားလျန်က အံ့သြသွားပြီး...

"နတ်ဘုရားဆရာက ယင်းစန်းကို ဘယ်သွားလို့ဖြစ်မှာလဲ ၊

သူများတွေ ရိပ်မိကုန်မှာပေါ့"

သူမသည် ဆန်းလျန်ကိုယ်စား နတ်ဘုရားကျောင်းတော်တွင်

နတ်သမီးတစ်ပါးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရလေသည်။

ထို့ပြင် နတ်ဘုရားဆရာ၏ လုပ်ဆောင်ချက်အချို့ကိုလည်း

တစ်ဆင့်စကားဖြင့် ကြားသိခဲ့ရသည်။

အရှေ့တိုင်းစစ်သည်တော်များနှင့် တုန်းယီဒေသတစ်ခုလုံးကို

ထိန်းချုပ်ထားသည့် ယိုစန်းပြည်၏ ကေရီသခင်မစစ်ကျင်း

သည် နတ်ဘုရားကျောင်းတော်ကို (၃)ကြိမ်တိုင်တိုင်လာရောက်

ဝတ်ပြုခဲ့လေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျ

န်၏ အဆင့်မြင့်မားမှုကို ခန့်မှန်းကြည့်နိုင်လေသည်။

အားလျန်၏တန်ခိုးစွမ်းအားများသည် ကေရီသခင်မစစ်ကျင်း

ကို မည်သို့မှ မယှဉ်နိုင်ပေ။ စစ်ကျင်းသာ အားလျန်ကို ဖျက်စီး

မည်ဆိုလျှင် အားလျန်သည် အကြိမ်တစ်ထောင်မကပင် သေသွားနိုင်လေသည်။

ယခုနှစ်များအတွင်းတွင် အားလျန်သည် အတွေ့အကြုံများစွာ ရရှိခဲ့လေသည်။ သူမသည် သာမန်ကျေးတောသူလေး တစ်ယောက်မဟုတ်တော့ပေ။ ထို့ကြောင့် ဆန်းလျန်၏ လက်ရှိ အဆင့်အတန်းနှင့်ဆိုလျှင် တာ့ရှားပြည်နှင့် ယင်းစန်းပြည်များသို့ ခရီးသွားခြင်းသည် အန္တရယ်ကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်နေမည်ကို သူမက ရိပ်မိလိုက်လေသည်။

ဆန်းလျန်၏ဦးခေါင်းထက်မှ မူလဝိညာဉ်ခန္ဓာ၏ သန့်စင်သောတန်ခိုးစွမ်းအားတစ်ခုအဖြစ် ထွက်ပေါ်လာပြီး နတ်ဘုရားရုပ်တုအတွင်းသို့ ဝင်ရောက်သွားလေသည်။ ယခုအချိန်တွင် နတ်ဘုရားရုပ်တုသည် ဝိညာဉ်စွမ်းအားများ ဖြင့်ပြည့်ဝနေပြီ ဖြစ်လေသည်။ လူအများကကိုးကွယ်လေလေ ဝိညာဉ်စွမ်းအားမြင့်မားလာလေ ဖြစ်လာပေလိမ့်မည်။ ဆန်းလျန်၏ပုံတူရုပ်တု

မှာ တန်ခိုးစွမ်းအားကို လက်ခံပြီးသွားသည်နှင့် နတ်ဘုရားကျောင်းတော်ထဲမှ လမ်းလျှောက်ထွက်သွားတော့မည့်အလားသက်ဝင်လှုပ်ရှားလာရလေသည်။

နတ်ဘုရားရုပ်တု၏ လက်တစ်ဖက်လှုပ်ရှားလာသည့်အခါတွင်တော့ အားလျန်နှင့် ကျိုယွဲ့တို့မှာ ပြိုင်တူပင် အော်ဟစ်လိုက်မိကြလေသည်။

နတ်ဘုရားရုပ်တု လက်ညှိုးညွှန်လိုက်သည့်နေရာတွင် တံခါးတစ်ခု ပေါ်လာလေသည်။ ထိုတံခါး၏အတွင်းတွင် နတ်ဘုရားကျောင်းတော်နှင့်ဆင်တူသည့် ကျောင်းတော်တစ်ခုကို တွေ့မြင်ရလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဆုတောင်းသံတွေကြောင့် ဖြစ်ပေါ်လာတဲ့တန်ခိုးစွမ်းအားတွေကြောင့် နတ်ဘုရားရုပ်ဝန်းတစ်ခုတောင် ဖြစ်တည်နေပြီ ၊ အားလျန်.... မင်းပြန်လာရင် အဲဒီအထဲမှာ နေလို့ရတယ် ၊ ဒါပေမယ့်

နတ်ဘုရားရုပ်ဝန်းကို ဘယ်လိုဖွင့်ရမလဲဆိုတာကိုတော့

မှတ်ထားရလိမ့်မယ်"

ချက်ချင်းပင် အားလျန်၏ခေါင်းထဲသို့ ဂါထာတစ်ပုဒ်ဝင်

ရောက်လာလေသည်။ ထိုဂါထာသည် နတ်ဘုရားရုပ်ဝန်းကို ဖွင့်

လှစ်နိုင်သည့် ဂါထာပင် ဖြစ်လေသည်။

အားလျန်သည် ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်သည့်တိုင်

ထိုဂါထာမှာ မှတ်မိရန် အလွန်ခက်ခဲသည့် ဂါထာတစ်ပုဒ်ဖြစ်

လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဂါထာသည် မိုးမြေမှ

မွေးဖွားလာသည့် နရီစည်းသွား ဂါထာတစ်ပုဒ်ဖြစ်နေ

သောကြောင့်ပင်။

အနည်းငယ် အနားယူပြီးကြသည့်အခါတွင်တော့ အားလျန် ၊

ဆန်းလျန်နှင့် ကျိုယွဲ့တို့သည် ယင်းစန်းပြည်သို့ ခရီးဆက်ခဲ့ကြ

လေတော့သည်။

နတ်ဘုရားကျောင်းတော်ထဲတွင် ဖြစ်ပျက်ခဲ့သမျှအရာအားလုံး
ကို ဆန်းလျန်က မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားကို
အသုံးပြုကာ ဖုံးကွယ်ပစ်ခဲ့လေသည်။ ထို့ကြောင့် နတ်ဘုရား
ကျောင်းတော်တွင် ဝတ်ပြုကိုးကွယ်နေကြ သူများသည် သူတို့
ကိုးကွယ်နေသည့် နတ်ဘုရားများမှာ ကျောင်းတော်ထဲမှ ထွက်
ခွာသွားကြပြီဖြစ်သည်ကို မည်သူမှ မရိပ်မိခဲ့ကြတော့ပေ။

အခန်း (၆၀၄) ကျင့်စဉ်သေရည်

ဆန်းလျန်သည် ယင်းစန်းသို့ တစ်ခေါက်မှ မရောက်ဖူးပေ။

ထို့ကြောင့် ယင်းစန်းသည် မည်သို့ရှိသည်ကို သူမသိပေ။

လောကတွင် အမြင့်မားဆုံးအောင်မြင်မှုဖြစ်သည့် ထိုက်ယီထျ န်းရှန်းအဆင့်ကို ရရှိထားသူ ဆန်းလျန်သည် ယင်းစန်းသို့ ဝင် ဝင်ချင်းမှာပင် ထူးဆန်းသည့်ခံစားချက်တစ်ခုကို ခံစားလိုက်ရ လေ၏။

ယင်းစန်းသည် အရှေ့ဘက်ဒေသ၏ (၃) ပုံ (၁)ပုံ နေရာယူထား ပြီး အနောက်ဘက် တာ့ရှားပြည်နယ်နိမိတ်အထိ ကျယ်ပြန့်လေ သည်။ ထို့ကြောင့်... ယင်းစန်းပြည်ပိုင်နက်သည် တာ့ရှားပြည် နီးနီးကျယ်ပြန့်လေသည်။ သို့သော်... တစ်စုံတစ်ခု ထူးခြား နေသည်ဟု ခံစားရလေသည်။

ယင်းစန်းမြေကို ခြေချလိုက်မိသည်နှင့် ပင်လယ်ထဲသို့ ဝင် ရောက်လာသည့် သဘော်တစ်စင်းအလား ဆန်းလျန်ခံစား လိုက်ရလေသည်။ ထိုပင်လယ်မှာ ယင်းစန်းပြည်သူပြည်သား များ၏ စိတ်အာရုံအတွေးပင်လယ်ကြီးပင်ဖြစ်တော့သည်။

သို့သော် ဆန်းလျှန်ကတော့ ပင်လယ်ထဲမှ လှိုင်းတံပိုးနှင့်

မုန်တိုင်းများကို တွန်းလှန်ပစ်နိုင်မည့် သင်္ဘောကြီးတစ်စင်း နှင့်

တူလေသည်။ သူသည် ကျယ်ပြန့်သော ပင်လယ်ထဲတွင်

ရွက်လွှင့်ရပေလိမ့်မည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ယင်းစန်းပြည်သည် မည်မျှ

စည်းလုံးညီညွတ်မှုရှိသည်ကို အပြင်လူများပင် သိရှိနိုင်လေ

သည်။ ထို့ကြောင့်ပင် တိုင်းသူပြည်သားများ၏ စိတ်အာရုံ

အတွေးများသည် ပင်လယ်ကြီးတစ်ခုအလား ပေါင်းစည်းနေ

ခြင်း ဖြစ်လေသည်။ တိုင်းသူပြည်သားများ၏ စုပေါင်း

စွမ်းအားသည် မြင့်မြတ်သည့်နတ်ဘုရားတစ်ပါးထက်ပင်

တန်ခိုးစွမ်းအားမြင့်မားနေသေးသည်။ ယင်းစန်းကို အန္တရယ်ပြု

လိုသည့် ကျင့်ကြံသူတစ်ယောက်ရောက်လာလျှင် ပြည်

သူများ၏စိတ်အာရုံအတွေးများထဲသို့ အရင်ဆုံးကျရောက်

သွားရမည် ဖြစ်လေသည်။ သတိမရှိ လျှင်ထိုကျင့်ကြံသူသည် အသက်ပင်ဆုံးနိုင်လေသည်။

ယခင်ကကဲ့သို့ မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဆင့်ဖြင့် သာဆိုလျှင် ဆန်းလျန်သည် ထိုမျှ ကျယ်ကျယ်ပြန့်ပြန့် သိမြင်နိုင်မည် မဟုတ်ပေ။ သို့သော် ယခု ထိုက်ယီထျန်းရှန်းအဆင့်ရောက်ရှိနေပြီဖြစ်သည့်အတွက် သူသည် မိုးမြေနှင့်တစ်သားတည်းကျနေလေရာ ထိုအကြောင်းအရာများအားလုံးကို နားလည်နိုင်ခဲ့လေသည်။

ယင်းစန်းပြည်၏ မိုးကောင်းကင်မဏ္ဍိုင်ကို မဖျက်စီးနိုင်သလို ထျန်းယီကိုလည်း မည်သူမှ အနိုင်ယူနိုင်မည် မဟုတ်ပေ။ ထိုက်ယီထျန်းရှန်းနတ်ဘုရားတစ်ပါးဖြစ်သည့် ဆန်းလျန်သည်ပင် ယင်းစန်းပြည်၏စုပေါင်းစွမ်းအားနှင့် ထျန်းယီအကြီးအကဲ၏ ပေါင်းစည်းမှုကို အနိုင်ယူနိုင်ရန် ခက်ခဲပေ

လိမ့်မည်။ သူ့နေဖြင့် နှစ်ပေါင်း (၁၀၀၀၀) ကြာအောင် ကျင့်ကြံနိုင်မှသာလျှင် အနိုင်ယူနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်၏အသက်သည် ယခုအချိန်တွင် အကန့်အသတ်မရှိတော့သည့်တိုင် အသက်ရှင်သန်နေသရွေ့ ပြဿနာများ ၊ ဒုက္ခများကိုတော့ ရင်ဆိုင်ရဦးမည်ဖြစ်လေသည်။ ထိုအချက်ကတော့ ရှောင်လွှဲမရနိုင်သည့်ကိစ္စပင် ဖြစ်လေ၏။

ထိုက်ယီထျန်းရှန်းနတ်ဘုရားသည် မသေနိုင်သည့်တိုင် မူလဝိညာဉ်ခန္ဓာမှာတော့ ဒဏ်ရာရရှိနိုင်သေးသည်။ ထိုသို့ ဒဏ်ရာရရှိခဲ့ပါက ပြန်လည်ကောင်းမွန်နိုင်ရန်အတွက် အစမှပြန်ပြီး ကျင့်ကြံရမည် ဖြစ်လေသည်။ ထိုအခါ နှစ်ပေါင်းများစွာ ကျင့်ကြံရန် လိုအပ်လေသည်။

ထိုအချက်များကိုသိရှိသည့်တိုင် ဆန်းလျန်၏နှလုံးသားကတော့ လှုပ်ရှားသွားခြင်းမရှိပါ။ ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိခဲ့ပြီးနောက်ပိုင်း ဆန်းလျန်၏အတွေးများသည်

ကြည်လင်ရှင်းလင်းလျှက်ရှိလေသည်။ ဘယ်လောက်တောင်အံ့သြစရာကောင်းလိုက်ပါသနည်း။

ထို့ပြင် သူသည် ထိုက်ယီထျန်းရှန်းနတ်ဘုရား (၁)ပါး ဖြစ်နေသည့်တိုင် လူ့ဇာတိ ပျောက်ဆုံးခြင်းမရှိသေးပေ။ သို့သော်...

ချစ်ခြင်းမုန်းခြင်း နှင့် လောဘ ၊ ဒေါသ ၊ မောဟ တရားများသည့် သူ၏တာအိုနှလုံးသားကို မတုန်လှုပ်စေ တော့ပါ။

မှန်ကဲ့သို့ပင် ဖြစ်လေသည်။

မှန်ထဲတွင် အရာအားလုံးသည် အရိပ်ထင်နိုင်လေသည်။

သို့သော်.... မှန်ကိုတော့ ထိုပုံရိပ်များက အကျိုးသက်ရောက်နိုင်ခြင်း မရှိပေ။

တာအိုသည် ခံစားချက်မရှိ...။ တာအိုသည် ရက်စက်ပြီး အကြင်နာတရားကင်းလွန်းလေစွ။

ထို့ပြင် အခြားသော ထိုက်ယီထျန်းရှန်းနတ်ဘုရားများသည် ဆန်းလျန်နှင့် မတူညီနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် ဆန်းလျန်သာ ဖြစ်နေသောကြောင့်ပင်။

ဆန်းလျန် ၊ အားလျန်နှင့် ကျိုယွဲ့တို့သည် ယင်းစန်းပြည်၏ လမ်းမများထက်တွင် အေးအေးဆေးဆေးပင် လမ်းလျှောက် လာကြလေသည်။

အားလျန်က သူမ၏လင်းလက်တောက်ပနေမှုများကို ထိန်းချုပ်ထားသောကြောင့် လူအများက သူတို့ကို သတိမပြုမိကြပေ။ ထို့ပြင် ယင်းစန်းတွင် တန်ခိုးစွမ်းအားမြင့်မားသူ များ စွာရှိလေသည်။ ဝိညာဉ်နတ်ဘုရားများနှင့် တစ္ဆေသရဲများပင် ရှိကြလေရာ ယင်းစန်းပြည်သူများအတွက် သိပ်ပြီးအဆန်း မဟုတ်တော့ပေ။ မျိုးနွယ်မတူ ရောနှောနေသည့် လူတန်းစား ပေါင်းစုံသည် တစ်ခါတစ်လေတွင် အချင်းများကြသည့်တိုင် သဟဇာတဖြစ်အောင် နေကြလေ့ရှိလေသည်။ ဝိညာဉ်နတ်

ဘုရားများနှင့် တစ္ဆေသရဲများကလည်း လူသားများကို ရှောင်ရှားသွားလေ့ရှိကြလေသည်။

ထိုအချက်များကို လေ့ပြီးသည့်နောက် ယင်းစန်းသည် အလွန် စည်းကမ်းကောင်းသည်ကို ဆန်းလျှန် ဝန်ခံလိုက်မိလေသည်။

တာ့ရှားပြည်ကိုကြည့်မည်ဆိုလျှင်တော့ တာ့ရှားပြည်က အာဏာရှင်လူမျိုးနွယ်များကို ပိုပြီး ဦးစားပေးလေ့ရှိလေသည်။

အားကြီးသူက အားနည်းသူကို အနိုင်ယူလေ့ရှိလေသည်။

အာဏာကတည်း အားကြီးသူများထံတွင်သာ တည်ရှိလေ သည်။

အားကြီးသူက အာဏာကိုချုပ်ကိုင်ခြင်းမှာ မှားယွင်းခြင်းမရှိ ပါ။

အားကြီးသူက အာဏာကိုချုပ်ကိုင်ခြင်းကို "တောဘုရင်နိယျာ မ" ဟု ခေါ်ဆိုလေသည်။ တောနက်ထဲတွင် အားကြီးသည့် သားရဲက အားနည်းသည့်သားရဲကို ကိုက်ဖြတ်စားသောက်

အနိုင်ယူလေ့ရှိသည်ပဲလေ။ သို့ရာတွင် “တောဘုရင်နိယျာမ” အတိုင်း ကြီးနိုင်ငယ်ညှဉ်းဝါဒကို ကျင့်သုံးမည်ဆိုပါက လူနှင့် တိရစ္ဆာန်များကြားတွင် အဘယ်မှာ ကွာခြားမှု ရှိနိုင်ပါတော့ မည်နည်း။ ထိုဥပဒေသသည် အားကြီးသူများကို ကာကွယ်ပေး ထားသလို အားကြီးသူများသည်လည်း ပို၍ပို၍ အားကြီးလာ ကြပေလိမ့်မည်။

သို့သော်... ယင်းစနစ်ကတော့ အားကြီးသူ ၊ အားနည်းသူများ စည်းလုံးညီညွတ်ခြင်း၏ပေါင်းစည်းမှုကို နားလည်လက်ခံ သည့် တိုင်းပြည်တစ်ခု ဖြစ်လေသည်။

ထို့ကြောင့် ယင်းစနစ်းကို ဖျက်စီးရန်ကြိုးစားသူသည် မိစ္ဆာ သာလျှင် ဖြစ်ပေလိမ့်မည်။

ထိုအချိန်မှာပင်...

နှင်းများစတင်ကျဆင်းလာပြီး အရာအားလုံးမှာ နှင်းများ ဖုံးလွှမ်းကာ အဖြူရောင်ပြောင်းသွားလေသည်။

လွန်ခဲ့သည့် (၉)နှစ်ခန့်က...

အသူရာချောက်တွင် အပြောင်းအလဲတစ်ခု ဖြစ်ပေါ်ခဲ့ပြီး ယင် စွမ်းအားများ သိသိသာသာ များပြားလာခဲ့လေသည်။

ထို့ကြောင့် နှင်းကျသည့်အခါတွင် ဝိညာဉ်ထဲထိအောင် အေး စိမ့်သည့်ဒဏ်ကို ခံစားကြရလေသည်။ ကျင့်ကြံသူများ ပင် လျှင်ထိုအေးစိမ့်မှုကို ကြောက်ရွံ့ကြလေသည်။ အေးစိမ့်မှုက သူတို့၏ဝိညာဉ်များကို ဒဏ်ရာရစေပြီး နေမကောင်းဖြစ်စေနိုင် လေသည်။

သို့ရာတွင် ဆန်းလျန်တို့ကတော့ ခရီးဆက်မြဲဆက်နေခဲ့လေ သည်။ နှင်းများကျဆင်းလာခြင်းသည် ကျိုယွဲ့နှင့် အားလျန်ကို လေ့ကျင့်ပေးရန် အခွင့်ကောင်းဖြစ်လေသည်။

သည်းခံတတ်သောဝိညာဉ်သည် ဒုက္ခဆင်းရဲမှ လွတ်မြောက်နိုင် လေသည်။ ဘာမဟုတ်သည့် ဆင်းရဲဒုက္ခကိုသည်းခံနိုင်ရန် ကျင့်ကြံသူသည် ဆင်းရဲဒုက္ခအကြီးစားများနှင့် ကြုံတွေ့ရ

သည့်အခါတွင်လည်း ခံနိုင်ရည်ရှိမည် ဖြစ်လေသည်။ ထိုသို့ ကျင့်ကြံခြင်းသည် တာအိုကျင့်စဉ်မဟုတ်သည့်တိုင် လက်တွေ့ ဘဝတွင် အသုံးဝင်နိုင်လေသည်။

အားလျှန်သည် လူသားဘဝတုန်းက အခက်အခဲပေါင်းများစွာ ကို ရင်ဆိုင်ခဲ့ရလေသည်။ ထို့ကြောင့် သူမသည် စိတ်ဓာတ် ခိုင်မာသူဖြစ်သည့်အားလျော်စွာ အအေးဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်လေသည်။

ကျိုယွဲ့ကတော့ သူမနောက်မှ လမ်းလျှောက်လာလေသည်။ ကျိုယွဲ့သည် အရည်အချင်းရှိသူတစ်ယောက် ဖြစ်သည့်တိုင် ခံနိုင်ရည်ရှိသည့် တာအိုနှလုံးသားကို ပိုင်ဆိုင်ခြင်း မရှိပေ။ သူတို့သွားနေဆဲမှာပင် ပြဿနာက သူတို့ရှိရာသို့ ရောက်ရှိလာ လေတော့သည်။

ခါးတွင် ဘူးသီးခြောက်တစ်လုံးကို ချိတ်ဆွဲထားပြီး ကျောတွင် ဓားတစ်လက်လွယ်ထားသည့် တာအိုဆရာတစ်ယောက် သူတို့ ရှေ့သို့ရောက်လာလေသည်။

ထိုသူက သူတို့ရှေ့တွင် ပိတ်ရပ်နေပြီး သူတို့ကို ကြည့်နေလေ သည်။

ထိုသူသည် အသက် (၃၀)ခန့်ရှိပုံရသည့်တိုင် သူ၏သက်တမ်း အမှန်မှာ အနှစ် (၃၀၀) ကျော်ပြီ ဖြစ်လေသည်။ သူသည် အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး သူ၏မျက်လုံးများ က စူးရှတောက်ပလျှက် ရှိလေ၏။

သူက....

"မိတ်ဆွေတို့... မင်းတို့ မကောင်းတာတစ်ခုခုများ လုပ်ထားကြ သလား"

"မလုပ်ထားပါဘူး"

ကျိုယွဲ့က ဖြေလိုက်လေသည်။

တာအိုဆရာက သူတို့ကို စိုက်ကြည့်နေပြီး...

“မေးရတာတော့ အားနာပါတယ်၊ မင်းတို့ (၃)ယောက်ထဲမှာ

လူသားမဟုတ်တဲ့သူတွေ ပါနေတယ်မလား”

ဆန်းလျန်က ပြုံးလိုက်ရင်း....

“တာအိုဆရာ... မင်းက ကျုပ်တို့ထဲက တစ်ယောက်ယောက်ကို

မကောင်းမိစ္ဆာလို့ ထင်နေတာလား”

တာအိုဆရာက ဆန်းလျန်းကို သေသေချာချာ ကြည့်လိုက်လေ

သည်။

ငယ်ရွယ်သည့်တာအိုဆရာလေးမှာ ပုံမှန်ပင်ဖြစ်လင့်ကစား သူ

ကတော့ နှစ်သက်ခြင်း မဖြစ်မိပေ။ တာအိုဆရာက ချက်ချင်း

ပင် မှတ်တစ်ချပ်ကို ဆွဲထုတ်လိုက်ပြီး...

“မကောင်းမိစ္ဆာဆိုတာ ရှာဖို့ခက်တယ်၊ ဒါပေမယ့် မင်းတို့ စိတ်

မရှိဘူးဆိုရင် ဒီမှန်ကိုအသုံးပြုပြီး မိစ္ဆာကိုရှာချင်ပါတယ်”

“အဲဒီလိုလုပ်ရင် ကျုပ်က ဒေါသထွက်မယ်ဆိုရင်ရော...”

ဆန်းလျန်က တုန့်ပြန်ပြောလိုက်လေသည်။

“ကျုပ်က လူဆိုးတစ်ယောက် မဟုတ်ပါဘူး ၊ ဒါကြောင့် မိတ်ဆွေလေး စိတ်မရှိပါနဲ့”

ဆန်းလျန်က…

“ဒါမှမဟုတ် အဲဒီမှန်ထဲမှာ ဘာမှမတွေ့ရရင်ရော…”

ဆန်းလျန်၏စကားကြောင့် တာအိုဆရာမှာ အံ့အားသင့်သွားရလေသည်။

သူက ရည်ရွယ်ချက်ကောင်းကောင်းဖြင့် မကောင်းမိစ္ဆာကို ရှာဖွေနေသူ ဖြစ်လေသည်။ ထို့ကြောင့် မှန်ထဲတွင် ဘာမှမပေါ်ပါက သူ၏ မှားယွင်းတွက်ချက်မိခြင်းသာ ဖြစ်ပေလိမ့်မည်။ သို့သော်… ဆန်းလျန်၏အသံကို နားထောင်ရသည်မှာ သူက တစ်ခုခုအမှားလုပ်ထားသကဲ့သို့ ခံစားလိုက်ရလေသည်။ သူက ယခုကဲ့သို့လုပ်ဆောင်ရသည့်တိုင် စိတ်ထားကောင်းသူ တစ်ယောက် ဖြစ်လေသည်။ သို့သော်… သူက လူအများကြား

တွင် နတ်မိစ္ဆာများရောနှောနေသည်ကို သိပ်ပြီးသဘောကျသူ

မဟုတ်ပေ။

“ဒါဆို မင်းက ဘာများဖြစ်ချင်တာလဲ”

ဆန်းလျန်က …

“ရာသီဥတုကလည်းအေးတယ်၊ မှန်ကလည်း အလုပ်မဖြစ်ဘူး

ဆိုရင် မင်းက သေရည်အပြည့်ထည့်ထားတဲ့ အဲဒီဘူးသီး

ခြောက်ကို ကျုပ်တို့ကိုပေးရမယ်… ဘယ်လိုလဲ”

ဘူးသီးခြောက်ထဲတွင် ကျင့်စဉ်သေရည်များရှိနေသည်ကို

လူငယ်လေးက သိရှိနေသည့်အတွက် တာအိုဆရာသည် ကြိတ်

ပြီး ကျိန်ဆဲလိုက်မိလေတော့သည်။

အခန်း (၆၀၅) တန်ခိုးစွမ်းအားနဲ့ စိတ်ဝိညာဉ်က

တစ်သားတည်းပေါင်းစပ်လို့

ထိုတာအိုဆရာသည် အခြားသော ကျင့်ကြံသူများနှင့် မတူဘဲ

ကွဲပြားသူ တစ်ယောက် ဖြစ်လေသည်။ သူက သေမျိုးလောက

တွင် တရားအလင်း ရသည်အထိ ကျင့်ကြံနိုင်ခဲ့သည်မှာ

ထင်ရှားနေသည့်တိုင် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်ခြင်းမရှိပေ။

ထို့ပြင် ဆန်းလျန်တို့ (၃) ယောက်ကို အခြားသူများသတိမပြုမိ

သည့်တိုင် ထိုသူကတော့ သတိပြုခဲ့မိလေသည်။

သူသည် ထိုလူ (၃)ယောက်ကို ထူးခြားစွာ အာရုံခံမိခြင်းမရှိ

လျှင် ယခုကဲ့သို့ တားဆီးမည် မဟုတ်ပေ။ သို့သော်... သူလုပ်ခဲ့

သည့်လုပ်ရပ်အတွက် သူ့တွင် တာဝန်ရှိလေသည်။

ထို့ပြင် သူ၏အာရုံခံစားမှုမှာ မမှားနိုင်ကြောင်းကိုလည်း သူ့

ကိုယ်သူ သေချာလျက် ရှိနေလေသည်။

ထို့ကြောင့် တာအိုဆရာက ဆန်းလျန်ကို ပြောလိုက်လေသည်။

"ကိစ္စမရှိပါဘူး... မင်းသဘောအတိုင်းပါပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"စမ်းကြည့်လိုက်လေ..."

ကျိုယွဲ့ကတော့ အနည်းငယ် မသေမချာ ဖြစ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် သူက နတ်မိစ္ဆာတစ်ပါး ဖြစ်နေသောကြောင့်ပင်။ သို့သော် အားလျန်ကတော့ တည်ငြိမ် နေလေသည်။ သူမသည် လူသား မဟုတ်သည့်တိုင် ဆန်းလျန်က သူမတို့ကို ကာကွယ် ပေးနိုင်သည်ဟု အပြည့်အဝ ယုံကြည် ထားလေသည်။

ကျိုယွဲ့မှာလည်း ဆန်းလျန်မှာ ခေသူတစ်ယောက် မဟုတ်ကြောင်း သိရှိထားပါသည်။ သို့သော် ... သူက ဆန်းလျန်ကို အားလျန်လောက်တော့ အပြည့်အဝ ယုံကြည်နိုင်ခြင်းမရှိပါချေ။

ပတ်ဝန်းကျင်တွင် လေများ တိုက်ခတ်လာပြီး နှင်းမှုံများ ပျံ့ကျဲကျလာလေသည်။

ရွှေရောင်အလင်းတန်း တစ်ခုသည် သူတို့ (၃)ယောက် အပေါ်သို့ ကျရောက် လာလေတော့သည်။ ရွှေရောင် အလင်းတန်းသည် လေထဲတွင် လွင့်မျောနေပြီး နှင်းများကို ရောင်ပြန်ဟပ်နေပြီးပြီး ဟိုဟိုဒီဒီ ရွေ့လျားနေလေသည်။ သို့သော်... သူတို့ (၃)ယောက်လုံးသည် ရွှေရောင် အလင်းတန်းကြောင့် မည်သည့် ထူးခြားချက်မှ ဖြစ်ပေါ်သွားခြင်း မရှိပါချေ။

ကြေးမုံမှန်မှ အလင်းတန်းသည် မည်သို့မှ မထူးခြားသည့်အတွက် တာအိုဆရာမှာ မယုံနိုင် ဖြစ်သွားရလေသည်။ သူက သူ၏ကြေးမုံမှန်ကို အသုံးပြုကာ ဆက်လက်ပြီး ဆန်းလျန်တို့ (၃)ယောက်ကို ကြည့်လိုက်ပြန်သည်။

သူ၏ကြေးမုံမှန်မှာ ရှေးခေတ်တရတနာတစ်ပါးဖြစ်သည့် “မိစ္ဆာကိုယ်ထင်ပြ ကြေးမုံ” ဖြစ်လေသည်။ လောကနတ် ဘုရား

တစ်ပါး ဖြစ်သည့် သူ့အနေဖြင့် မဖော်ထုတ်နိုင်ခဲ့သည့် မိစ္ဆာ ဆို၍ မရှိသလောက် ဖြစ်လေသည်။ သို့သော်... ယခုတော့ မည်သည့် ထူးခြားချက်မှ ဖြစ်မလာခဲ့ပေ။ သူအာရုံခံမိသည့် မိစ္ဆာ စွမ်းအားသည် မှားယွင်းနေခဲ့လေပြီလား။

တာအိုဆရာ၏မျက်နှာမှာ နီရဲ လာလေသည်။

"ကျုပ်မှားသွားတယ်ထင်တယ်၊ ဒီတော့ အရက်ဘူးကို ယူသွားပါတော့"

တာအိုဆရာက ပြောလိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ခင်ဗျားက တကယ် စိတ်ထားကောင်းတာပဲ"

တာအိုဆရာက နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"မင်းက ကျုပ်ဆီမှာ ဒီအရက်ရှိနေတာကို သိမှတော့ ဒီအရက်နဲ့ ပတ်သက်တဲ့ အကြောင်းကိုလည်း သိမယ်ထင်တယ်၊ ဒီတော့ ယူသာသွားပါ၊ ဒါပေမဲ့ အရမ်းတော့ မသောက်မိစေနဲ့နော်"

တာအိုဆရာက သူ့ခါးတွင်ချိတ်ထားသည့် ဘူးသီးခြောက်ကို ဖြုတ်လိုက်ပြီး ပစ်ပေး လိုက်လေရာ ဘူးသီးခြောက်သည် ဆန်း လျှန်ထံသို့ ပျံသန်း ထွက်ခွာသွားလေသည်။ ထိုအခါ ဘူးသီး ခြောက်ကို စို့ထားသည့် အဖုံးသည် ပွင့်သွားပြီး အထဲမှ အရက် များ ပန်းထွက်လာလေသည်။

သို့သော်... ဆန်းလျှန်ကတော့ ထိုသို့ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားပြီးသား ဖြစ်ဟန် တူလေသည်။ သူ၏ လက်ချောင်းလေးများကို ဘူးသီးခြောက်၏ အဝတွင် ချက်ချင်း ဖိထားလိုက်လေရာ အရက်များ ဖိတ်စဉ်ကုန်ခြင်း မ ရှိတော့ပေ။

ထို့နောက် ပြုံးလိုက်ရင်း...

"ခင်ဗျားပေးတဲ့ အကြံဉာဏ်ကို မှတ်ထားပါ့မယ်ဗျာ"

တာအိုဆရာက...

"မင်းက တကယ်တော်တဲ့သူပဲ၊ ကဲ... ကျုပ်ကို သွားခွင့်ပြုပါဦး"

ဆန်းလျန်က…

“တာအိုဆရာ… သွားတော့မယ် ဆိုမှတော့ နာမည်လေး ပြောပြခဲ့ပါလား၊ ဒါမှာ ကျုပ်က အရက်သောက်ပြီးရင် ခင်ဗျားရဲ့ ဘူးသီးခြောက် ပြန်ပေးလို့ရမှာ”

ဆန်းလျန်၏ စကားကြောင့် တာအိုဆရာ၏ မျက်နှာမှာ အနက်ရောင် သမ်းသွားပြီး တစ်ချက် ရယ်မောလိုက်လေသည်။

ထို့နောက် တာအိုဆရာသည် ခြေတစ်လှမ်း လှမ်းလိုက်ပြီး လေထဲတွင် ပျောက်ကွယ် သွားလေတော့သည်။ သူထွက်ခွာ သွားသည်နှင့် နှင်းမှုံများနှင့် ဖုံမှုံ့များလည်း လွင့်ပျံ သွားရလေသည်။

ကောင်းကင်ထက်ဆီမှ ကဗျာရွတ်ဖတ်သံတစ်သံ ထွက်ပေါ်လာလေသည်။

ခြေလှမ်းများ သယ်ဆောင် သွားတဲ့ အတိုင်းထွက်ခွာ…

တန်ခိုးစွမ်းအားနဲ့ စိတ်ဝိညာဉ်က တစ်သားတည်းပေါင်းစပ်

လို့...

တစ်ခါတလေတော့... အရက်သောက်ရင်း...

ကောင်းကင်ဘုံကို ကိုယ့်ကိုယ်ကိုယ်ဘယ်သူလဲလို့ မေးနေမိ

တယ်...။

ကဗျာရွတ်သံ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး ရယ်မော

သံတစ်ချက် ထွက်ပေါ်လာလေသည်။ ထို့နောက် ရယ်မောသံ

သည်လည်း လေထဲတွင် ပျောက်ကွယ် သွားလေတော့သည်။

ထိုရယ်မောသံကြောင့် မိုင်ပေါင်း (၃၀၀) ပတ်လည်အတွင်းရှိ

တစ္ဆေသရဲများနှင့် မိစ္ဆာများမှာ မခံမရပ်နိုင်အောင် ဖြစ်ကြရ

လေသည်။ သူတို့အားလုံးသည် ကြောက်ရွံ့တုန်လှုပ်လျက် ရှိ

ကြပြီး ထွက်ပင် မလာရဲကြတော့ပေ။

အားလျန်က စကားစပြောလိုက်သည်။

“ဒီတာအိုဆရာကို ကြည့်ရတာ တာအိုကျင့်စဉ်လမ်းကို အောင်မြင်ပြီးပြီ ထင်တယ်၊ ဘာလို့ နတ်ဘုရားဆရာက သူ့ကို အရှက်ရ စေလိုက်တာလဲ”

ဆန်းလျန်က…

“မင်းတို့ (၂)ယောက် အတွက်သာ မဟုတ်ရင် ကျုပ်က သူ့ကို အဲဒီလို ဘယ်လုပ်မှာလဲ၊ ကဲ… အခုတော့ ဒီကျင့်စဉ် သေရည်ကို ကျုပ်တို့တွေ ခွဲပြီးသောက်ကြရအောင်”

အားလျန်သည် အရက်ကိုသောက်ရန် တုံ့ဆိုင်းနေလေသည်။ အဘယ်ကြောင့်ဆိုသော် သူမက တန်ခိုးစွမ်းအား မြင့်မားပြီး စိတ်ထားကောင်းသည့် တာအိုဆရာအတွက် စိတ်မကောင်း ဖြစ်နေသောကြောင့် ဖြစ်လေသည်။ ကျိုယွဲ့ကတော့ ဘူးသီး ခြောက်ကို စိတ်ဝင်တစား လေ့လာနေလေသည်။ သူသည် နတ်မိစ္ဆာ တစ်ယောက် ဖြစ်သည့်အတွက် မြင့်မြတ်သည့်နတ် ဘုရားပစ္စည်းများနှင့် အကျွမ်းတဝင်သိပ် မရှိလှပေ။

ဆန်းလျန်က…

“ဒီကျင့်စဉ်သေရည်က မင်းတို့ရဲ့ နတ်ဘုရားစွမ်းအားတွေကို မျှတအောင် လုပ်ပေးနိုင်တယ်၊ ဒီအရက်ကို ဘာလို့ ကျင့်စဉ် သေရည်လို့ ခေါ်ရသလဲဆိုတော့ ဒီလိုအရက်မျိုးကို ချက်လုပ်ဖို့ လုံးဝ မလွယ်ကူလို့ပဲ၊ ပြီးတော့ ဒီအရက်ရဲ့ အကောင်းဆုံး အချက်က မင်းတို့ရဲ့ကိုယ်တွင်း စွမ်းအားတွေကိုလည်း ပြန်ပြီး မျှတစေတယ်၊ မင်းတို့ (၂)ယောက်လုံး နှင်းတောထဲ ခရီးနှင် လာတော့ ပင်ပန်းနေကြမှာ၊ ဒီအရက်ကို သောက်လိုက်ရင် ချက်ချင်းပဲ ပင်ပန်းတာတွေလည်း ပြေပျောက် သွားလိမ့်မယ်”

ဆန်းလျန်၏ စကားများကို ကြားရသည့် အခါတွင်တော့ အား လျန်က သူမ၏ အတွေးများကို ရပ်တန့် လိုက်လေသည်။

ထို့နောက် သူတို့ (၃)ယောက်က ကျင့်စဉ်သေရည်ကို ခွဲဝေကာ သောက်လိုက်ကြလေသည်။

အပြင်ဘက်တွင် အေးနေသည့်တိုင် သူတို့ကိုယ်ထဲတွင် မီးတစ်စ တောက်လောင်လာသည့် အလား ချက်ချင်းပင် ပူလောင်နွေးထွေး သွားရလေသည်။

နောက်ဆုံးသူတို့သည် စိတ်ထဲတွင် မငြိမ်မသက်ဖြစ်ကာ ပျော်ရွှင်လာကြပြီး စိတ်သာသာရာ ရစေရန်အတွက် ပြေးလွှား ထွက်ခွာ သွားကြလေတော့သည်။

ဆန်းလျန်က ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး အားလျန်နှင့်ကျိုယွဲ့နောက်သို့ အေးအေးဆေးဆေးပင် လိုက်သွားလေသည်။

နေဝင်တော့မည်ဖြစ်လေသည်။

နှင်းများ ကျဆင်းနေသည်မှာ ရပ်တန့်သွားပြီး ပုဇွန်ဆီရောင်တောက်ပနေသည့် နေမင်းကြီးကို အဝေးတွင် တွေ့မြင်ရ လေသည်။ နှင်းမှုံ အကြွင်းအကျန်လေးများမှာ နေရောင် အောက်

တွင် အနီရောင် သန်းနေလေသည်။ ရှုမျှော်ခင်းသည် အလွန်မှ

လှပလွန်းလေစွ။

ခဏအကြာတွင်တော့…

အရှေ့ဆီတွင် ရှေးဟောင်းရွာငယ်လေး တစ်ရွက်ကို တွေ့လိုက်

ရလေသည်။ ရွာတစ်ခုလုံးကို ရေခဲစမ်းချောင်းလေး တစ်ခုက

ကွေ့ပတ် စီးဆင်းနေလေသည်။ ရွာထဲရှိ အိမ်များ၏ မီးဖို

ဆောင်များမှ မီးခိုးငွေ့များ ထွက်နေသည့်တိုင် တစ်ရွာလုံး

ကတော့ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင်

တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

တိတ်ဆိတ်လွန်းနေသည့် အတွက် ကျိုယွဲ့နှင့် အားလျန်မှာ

ထိတ်လန့်လာကြလေသည်။ မည်မျှ ထိတ်လန့်ဖွယ်ရာ ကောင်း

ပါသနည်းဆိုလျှင် သူတို့၏ ဦးခေါင်းထက်သို့ ရေခဲရေဖြင့်

အလောင်းခံရသကဲ့သို့ပင် အေးစိမ့်မှုကို ခံစားနေကြ ရလေ

သည်။

သူတို့နှလုံးသားထဲအထိ တုန်လှုပ်နေပြီး သူတို့သည်

ရှေးဟောင်း ရွာငယ်လေးကို ကြည့်နေကြလေသည်။

“ဒီရွာလေးမှာပဲ နားလိုက်ကြရအောင်”

ဆန်းလျန်၏အသံက ထွက်ပေါ်လာလေသည်။

သူတို့ ကြောက်ရွံ့တုန်လှုပ်စွာ မတ်တတ်ရပ်နေဆဲမှာပင် ဆန်း

လျန်သည် သူတို့ကို ကျော်တက်ကာ အရှေ့ဆီသို့ ထွက်ခွာသွား

ပြီ ဖြစ်လေသည်။

ကျိုယွဲ့က…

“ဆရာ… တစ်ခုခု မှားနေသလိုပဲနော်”

ဆန်းလျန်က…

“အေးလေ… အဲဒါကြောင့် သွားကြည့်မလို့…”

ကျိုယွဲ့သည် ရပ်နေရာမှ တစ်ဖဝါးမှ မရွှေ့ပေ။

“ကျွန်တော် မသွားရဲဘူး”

အားလျန်ကတော့ တစ်ချက် ပြုံးလိုက်လေသည်။

ထို့နောက် လှုပသည့် ခြေလှမ်းလေးများဖြင့် ဆန်းလျန်နောက်သို့ လိုက်ပါ သွားလေတော့သည်။ ရွာလေး၏ အရှေ့တွင်တော့ စောစောက တွေ့ခဲ့သည့် ကျင့်စဉ်သေရည်ပိုင်ရှင်တာအိုဆရာကို ထပ်ပြီးတွေ့လိုက်ကြလေသည်။

အားလျန်သည် ကျင့်စဉ်သေရည်ကို သောက်ခဲ့သည့်အတွက် တန်ခိုးစွမ်းအားများ တိုးတက် လာလေသည်။

သူမ၏ မျက်ဝန်းထဲတွင် တာအိုဆရာသည် တန်ခိုးစွမ်းအားမြင့်မားလွန်းပြီး ဦးခေါင်းထက်တွင် အဖြူရောင် အခိုးအငွေ့များ ရစ်သိုင်းနေသည်ကိုပင် မြင်တွေ့နေရလေသည်။ ထိုအဖြူရောင် အခိုးအငွေ့များသည် ပန်းပွင့်ပုံသဏ္ဍာန် ဖြစ်တည်နေလေသည်။ အားလျန်သည် ထိုတာအိုဆရာကို အလွန်မှ လေးစားနေမိတော့သည်။

ရွာအရှေ့သို့ အရင်ဦးဆုံး ရောက်ရှိလာသူမှာ ဆန်းလျန်ဖြစ်လေသည်။

ဆန်းလျန်နောက်မှ အားလျန်၊ အားလျန်နောက်မှ ကျိုယွဲ့တို့ အစဉ်အတိုင်း လိုက်ပါလာကြလေသည်။

တာအိုဆရာက ထိုလူ (၃)ယောက်၏ ဝမ်းဗိုက်ထဲတွင် သူ၏ကျင့်စဉ် သေရည်များရှိသည်ကို ချက်ချင်း သိရှိလိုက်လေသည်။

ဆန်းလျန်က ထိုတာအိုဆရာကို တွေ့သည်နှင့် တောက်ပစွာ ပြုံးလိုက်ရင်း...

“ဒီဘူးသီးခြောက်ကို ဘယ်လိုများပြန်ပေးရပါ့မလဲလို့ စိတ်ပူနေတာ...”

ဆန်းလျန်က ဘူးသီးခြောက်ကို တာအိုဆရာထံသို့ ပစ်ပေးလိုက်လေရာ ဘူးသီးခြောက်သည် လေထဲတွင် ပျံသန်းသွားပြီး တာအိုဆရာ၏ လက်ထဲသို့ တည်တည်ငြိမ်ငြိမ်ဖြင့် ကျဆင်း သွားလေသည်။

တာအိုဆရာက မချိပြုံးတစ်ချက် ပြုံးလိုက်ရင်း...

“မင်းတို့တွေ ကျုပ်အရက်ကို အကုန်သောက်ပစ် လိုက်ကြတယ် ပေါ့လေ”

ဆန်းလျန်က ဝမ်းသာအားရ လေသံဖြင့်...

“ဒီလိုအရက်ကောင်းမျိုး ရဖို့ဆိုတာ လွယ်တာမှတ်လို့၊ တစ်စက် ကျန်နေရင်တောင် နှမြောစရာ ဖြစ်မှာစိုးလို့ တစ်စက်မကျန် အကုန်သောက်ပစ် လိုက်တယ်”

တာအိုဆရာထံမှ ညည်းညူသံ တစ်ချက် ထွက်ပေါ်လာလေသည်။

တာအိုဆရာသည် အမြင်ကျယ်သူတစ်ယောက်ဖြစ်ပြီး လောကီအရာများ အပေါ်တွင် တွယ်တာတတ်သူ တစ်ယောက် မဟုတ်ပါ။ ထို့ပြင် သူသည် ကျင့်ကြံသူ လောကတွင်လည်း နာမည် တစ်လုံးနှင့် ရပ်တည်နေသူ တစ်ယောက် ဖြစ်လေ သည်။

သို့သော်… ရှားပါးလွန်းသည့် သူ၏ကျင့်စဉ် သေရည်များ အကုန် ကုန်သွားရသည့်အတွက် အနည်းငယ်တော့ နှမြော တသဖြစ်မိလေသည်။

ရှိပါစေတော့လေ…။

ပြီးမှ တာအိုဆရာက တည်ကြည်လေးနက်သည့် လေသံဖြင့်…

“ဒီနေရာက ဘယ်လို နေရာမျိုးလဲ ဆိုတာ မင်းတို့သိကြသလား”

ဆန်းလျန်က…

“ကျုပ်က ဒီနေရာကို တစ်ခါမှ မရောက်ဖူးတော့ ဘယ်လိုလုပ် သိမှာလဲ၊ ဒါပေမဲ့ ထူးဆန်းတာတော့ အမှန်ပဲ၊ မီးခိုးငွေ့တွေ ထွက်နေပေမယ့် လူရှိတဲ့ပုံလည်း မပေါ်ဘူး၊ ကြည့်ရတာ လူဆို တော့ ကျုပ်တို့ (၄)ယောက်ပဲရှိတာဖြစ် လောက်တယ်၊ ဒါမှ မဟုတ် ရွာထဲကလူတွေအကုန်လုံး ရုတ်တရက်များ ပျောက် သွားကြတာလား”

တာအိုဆရာက ဆန်းလျန်၏ စကားကို ထောက်ခံလိုက်သည်။

“မင်းပြောတာမှန်တယ်၊ သူတို့တွေ ရုတ်တရက် ပျောက်သွားကြတာပဲ၊ ကျုပ်ထင်တာ မမှားဘူးဆိုရင် တန်ခိုး စွမ်းအား အရမ်းမြင့်မားတဲ့ နတ်မိစ္ဆာတစ်ပါးက ရွာသားတွေကို ဖမ်းဆီးသွားတာဖြစ်ရမယ်၊ ဒါကြောင့် ကျုပ်က ဒီကိစ္စ ကိုစုံစမ်းမလို့ ရောက်လာတာ၊ မင်းရော ကျုပ်ကို ကူညီနိုင်မလား”

ဆန်းလျန်က တာအိုဆရာကို တစ်ချက် ကြည့်လိုက်ရင်း…

“ခင်ဗျားက ဒီရွာနဲ့ တစ်ခုခုများ ပတ်သက်နေသလား”

တာအိုဆရာက ဆန်းလျန်ကို စိုက်ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“မင်းက တကယ် ဉာဏ်ကောင်းတယ်၊ လွန်ခဲ့တဲ့ (၃)နှစ်လောက်က ကျုပ်ဒီရွာလေးကို ဖြတ်သွားရင်း အိမ်တစ်အိမ်မှာ တည်းခိုဖူးတယ်၊ သူတို့က သာမန်လူတွေပါပဲ၊ ဒါပေမဲ့ စိတ်ထားကောင်းပြီး ကိုယ်ကျင့်တရားနဲ့ ပြည့်စုံကြတယ်၊ အဲဒီ အချိန်တုန်းက အိမ်ရှင်အမျိုးသမီးက ကိုယ်ဝန်ကြီးနဲ့၊ ကျုပ်သိလိုက်

တာက အဲဒီ မမွေးသေးတဲ့ ကလေးဟာ ကျုပ်ရဲ့တပည့် ဖြစ်လာမယ် ဆိုတာပဲ၊ ဒါကြောင့် (၃)နှစ်နေရင် ဒီနေရာကို ပြန်လာပြီး အဲဒီကလေးကို အခြေခံကျင့်စဉ်လေးတွေ သင်ပေးဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒါမှ အချိန်တန်လို့ ကျင့်စဉ်လမ်းကို ဝင်ရောက်မယ်ဆိုရင် ဒီကလေး အတွက် လွယ်ကူမှာပေါ့၊ ဒါပေမဲ့ အခုတော့ ဒီရွာက ဒီလိုဖြစ်သွားရပြီ”

ဆန်းလျန်က…

“ခင်ဗျားတိုက်တဲ့အရက်ကို သောက်ထားမိတော့လည်း ကျုပ်က ခင်ဗျားကိုကူညီဖို့ ဘယ်ငြင်းလို့ ရတော့မှာလဲ”

ဆန်းလျန်က ပွင့်ပွင့်လင်းလင်း ပြောလိုက်သည့် အတွက် တာအိုဆရာမှာ စိတ်သက်သာရာ ရသွားလေသည်။

ဒုတိယအကြိမ် ဆန်းလျန်နှင့် တွေ့ဆုံခြင်း ဖြစ်သည့်တိုင် တာအိုဆရာသည် ဆန်းလျန်ကို ခန့်မှန်း၍ မရနိုင်ခဲ့ပေ။ ထို့ပြင် ဆန်းလျန်သည် သူ၏ ကျင့်စဉ်သေရည်ကို သူ့ဘေးနားရှိ လူ

(၂)ယောက်ကိုပါ ခွဲဝေပြီး သောက်စေခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်၏ ကျင့်ကြံခြင်း အဆင့်မှာ သာမန် မဟုတ်သည်ကို သူကောင်းကောင်း ရိပ်မိလိုက်လေသည်။

အခန်း (၆၀၆) အသူရာယင်မိစ္ဆာကျင့်စဉ်

အဖိုးတန်လွန်းသည့် ကျင့်စဉ်သေရည် အကြောင်းကို လူတိုင်းသိရှိကြလေသည်။ ကျင့်စဉ် သေရည်သည် ရှားပါးရုံ သာမက ကျင့်ကြံသူများ အတွက်လည်း များစွာ အဖိုးတန်လေသည်။

ယင်းစန်း နန်းတော်ထဲတွင်ပင် ထိုအရက်ကို အဖိုးတန် ပစ္စည်း တစ်ခု အဖြစ် သတ်မှတ် ထားလေသည်။

ဆန်းလျန်က ထိုကဲ့သို့ အဖိုးတန်လွန်းသည့် ကျင့်စဉ်သေရည်ကို အစေခံနှင့် တပည့်များကိုပင် မျှဝေပြီး သောက်စေခဲ့ ခြင်းမှာ အလွန်မှ ရက်ရောလွန်းသည် သာမက သူကိုယ်တိုင်လည်း ထိုအရက်သည် မလိုအပ်သောကြောင့် ဖြစ်နိုင်လေသည်။

"ကျုပ်က ရှမ်ကျန်းကျောင်းတော်က ချန်စန်းကျီပါ၊ မိတ်ဆွေကရော ဘယ်ဂိုဏ်းမှာ ပညာသင်ယူခဲ့တဲ့ ကျင့်ကြံသူလဲ မသိဘူး၊ ကြည့်ရတာ ကျုပ်တို့ တစ်ခုခု ပတ်သက် နေတယ်လို့ ခံစားမိတယ်"

တာအိုဆရာသည် ဆန်းလျန်ကို လေးစားသွားမိသည့်နောက်ပိုင်း သူ့အကြောင်းများကို ပွင့်ပွင့်လင်းလင်းပင် ဖွင့်ပြောလာလေသည်။

ချန်စန်းကျီကဲ့သို့သော နတ်ဘုရားတစ်ပါးသည် ကောက်ကျစ်သည့် လှည့်ကွက် များကိုတော့ ပြုလုပ်လိမ့်မည် မဟုတ်ကြောင်း ဆန်းလျန်က တစ်ချက် စဉ်းစား လိုက်မိလေသည်။

ထို့ကြောင့် သူက ပြုံးလိုက်ရင်း...

“ကျုပ်က ဆန်းလျန်ပါ”

ဆန်းလျန်ဆိုသည့် အမည်ကို ကြားသည်နှင့် ချန်စန်းကျီ၏ စိတ်ထဲတွင် ကြားဖူးနေသလို ခံစားလိုက်ရပြီးမှ သူ၏ မျက်နှာအမူအရာသည် တဖြည်းဖြည်း ပြောင်းလဲသွားလေသည်။

ချန်စန်းကျီက ထိတ်လန့်တကြား လေသံဖြင့်....

“ခင်ဗျားက... သူတော်စင်ချင်းရွှမ်လား”

“ကျုပ်က နောက်နေတယ်လို့ ခင်ဗျားက ထင်နေတာလား"

ချန်စန်းကျီ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“ဘယ်သူကများ သူတော်စင်ချင်းရွှမ်ဆိုပြီး ဟန်ဆောင်ရဲမှာလဲ ဗျာ၊ ခင်ဗျားရဲ့ တပည့်တွေကို မကောင်းမိစ္ဆာ ဖြစ်မယ်လို့ သံသယဝင်မိလို့ ကျုပ်တော့ ကျင့်စဉ် သေရည် ဆုံးရှုံးခဲ့ရပြီ”

ချန်စန်းကျီသည် သူ၏ရင်ထဲမှ အံ့ဩထိတ်လန့်နေမှုများကို စကားလုံးဖြင့်ပင် မဖော်ပြနိုင်ခဲ့ပေ။

အလွန်မှ တည်ငြိမ်သည့် သူ၏ တာအိုနှလုံးသားတွင် ယခုတော့ လှိုင်းဂယက်များ ထလျက် ရှိချေပြီ။ ရွှမ်ကျန်း ကျောင်းတော်မှ ဆရာသခင် (၇)ပါးထဲတွင် (၁)ပါး အပါအဝင် ဖြစ်သည့် လောကနတ်ဘုရား ချန်စန်းကျီ အနေဖြင့် ဆန်းလျန်ကို မသိဘဲ အဘယ်မှာ ရှိပါမည်နည်း။

ဆန်းလျန် ဆိုသည်က စစ်မှန်ပြီး အမှန်တကယ်တည်ရှိနေသည့် မိုးကောင်းကင် နတ်ဘုရား တစ်ပါးပင်ဖြစ်သည် မဟုတ်ပါ လား။

သူကဲ့သို့သော လောကနတ်ဘုရား တစ်ပါးအနေဖြင့် ဆန်းလျန်ကဲ့သို့သော အဆင့်မျိုး ရောက်ရှိရန် အမြဲတမ်း ကြိုးစားအားထုတ် နေခဲ့ရလေသည်။

ချန်စန်းကျီ၏ စိတ်ထဲတွင် အတွေးများဖြင့် ပြည့်သွားလေသည်။

လက်ရှိအချိန်တွင် အသူရာချောက်တွင် (၃)ပိုင်းကွဲနေသည် ဆိုသည့်အချက်ကို လူတိုင်း သိကြလေသည်။

တာ့ရှားနှင့် ယင်းစန်းသည် အဆင်မပြေကြပေ။

ထို့ပြင် ယင်းစန်းပြည်၏ တိုင်းပြည် အကြီးပေး ဝမ်ကျုန်းကမိုးကြိုးနတ်ဘုရား အဖြစ် အသွင်ပြောင်းကာ ဆန်းချင်းရွှမ်ကို အပြစ်ပေးရန် ကြိုးစားခဲ့သည့် အတွက် ဝမ်ကျုန်းနှင့် ဆန်းလျန်၏ ဆက်ဆံရေးမှာလည်း ကောင်းလှသည် မဟုတ်ပေ။

ယခုတော့ ဆန်းလျန်သည် ယင်းစန်းပြည်သို့ လူမသိသူမသိ ဝင်လာခဲ့လေသည်။

ထိုသို့ ဝင်လာနိုင်သည်မှာလည်း သူ၏အစွမ်းအဆ မသေး

သောကြောင့် ဖြစ်လေ၏။ သို့သော် ဆန်းလျန်က သူ၏ အမည်

မှန်ကို ထုတ်ပြောပြ လာခဲ့လေပြီ။

သူက ဆန်းလျန် ယင်းစန်းဒေသသို့ ရောက်နေသည်ကို မသိ

ချင်ယောင်ဆောင် နေခဲ့ပါလျှင် သူ့အနေဖြင့် ယင်းစန်းပြည်

တွင် ရပ်တည်နေသည့် ရွှမ်ကျန်းကျောင်းတော်သည်

ဆက်လက် ရပ်တည်နိုင်မည် မဟုတ်တော့ပေ။

ချန်စန်းကျီက လောကီရေးရာများတွင် ပတ်သက်လိုခြင်း မရှိ

ဘဲ စိတ်ထားတည်ငြိမ်သူ တစ်ယောက် ဖြစ်လေသည်။

သို့သော် ရွှမ်ကျန်းကျောင်းတော်၏ ရှေ့ရေးကိုတော့ ဂရုမစိုက်

ဘဲ လျစ်လျူရှု၍ မဖြစ်ပါ။ ရွှမ်ကျန်းကျောင်းတော်တွင်

တပည့်များ များစွာ ရှိနေသေးသည်။ ထို့ကြောင့် ချန်စန်းကျီမှာ

မည်သို့ ပြုလုပ်ရမည်ကို ဆုံးဖြတ်ချက်မချနိုင် ဖြစ်နေရ

တော့သည်။ သူသည် ဆန်းလျန် မည်သူမည်ဝါ ဖြစ်သည်ကို

မေးလိုက်မိခြင်း အတွက် နောင်တပင် ရနေမိတော့သည်။ သူမ မေးလျှင်တော့ ဆန်းလျန်သည်လည်း ဖြေမည် မဟုတ်ပေ။

ဆန်းလျန်က…

“ဒီမိန်းကလေးက အားလျန်လို့ ခေါ်ပါတယ်၊ သူမက ရှန် လမ်းစဉ်ကို ကျင့်ကြံနေတဲ့ သူပါ၊ ဒီကလေးကတော့ ကျိုယွဲ့ လို့ ခေါ်တယ်၊ အသွင်ပြောင်းထားတဲ့ လိပ်ပြာနတ်မိစ္ဆာပေါ့၊ မင်းတို့ တွေ ကျင့်စဉ်သေရည်ကို သောက်ထားတဲ့ အတွက် နတ်ဘုရား ချန်စန်းကျီကို အမြန်ကျေးဇူး တင်လိုက်ကြ၊ သူ့ အရက်က မင်း တို့တွေ နောက် (၃)နှစ်ကနေ (၅)နှစ်အထိ ကျင့်ကြံမှ ရနိုင်မယ့် တန်ခိုးစွမ်းအားမျိုးကို ပေးထားတာ”

အားလျန်နှင့် ကျိုယွဲ့က ချန်စန်းကျီကို ချက်ချင်းပင် ဦးညွှတ် ဂါရဝ ပြုလိုက်ကြလေသည်။

ချန်စန်းကျီမှာ သူ့ကို ဂါရဝပြုနေသည့် အားလျန်နှင့် ကျိုယွဲ့ကို အရေးမစိုက်နိုင်ပါ။

“အခုတော့ ကျုပ်ဘာလုပ်ရတော့မလဲဗျာ…”

ဟုသာ ဆန်းလျန်ကို မေးလိုက်လေသည်။

ဆန်းလျန်က…

“ခင်ဗျားလည်း စိတ်ဓာတ် တည်ကြည်တဲ့ နတ်ဘုရား တစ်ပါးပဲ ဗျာ၊ ခင်ဗျားစိတ်ထဲ ရှိတဲ့အတိုင်း လုပ်ပေါ့၊ ဘာဖြစ်လို့ ဆန်းလျန်ကို မေးနေရတာလဲ”

သူ့ဘဝတစ်လျှောက်လုံးတွင် ယနေ့လောက် သက်ပြင်းများ ထပ်ခါချရင်း စဉ်းစားရ ကြပ်သည့်နေ့မျိုး မရှိခဲ့ဖူးပေ။

သူ့ရှေ့မှ ချင်းရွှမ်ဆိုသူသည် အလွန်မှ ခန့်မှန်းရခက်သူ ဖြစ်လေသည်။

“လောကပထမသူတော်စင် (၃) ပါးတွင် ချင်းရွှမ်မှာ အတော်ဆုံး ဖြစ်သည်” ဆိုသည့် စကားသည် အလကား မဟုတ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီ ဖြစ်လေသည်။

ယခင်အချိန်များကတော့ ချန်စန်းကျီသည် ဆန်းလျန်အပေါ်တွင် သံသယ ရှိခဲ့သည့်တိုင် ယခုတော့ အလွန်မှ လေးစားမိပြီဖြစ်လေသည်။

“ကျုပ်ကို ကူညီပေးဖို့ပဲ ပြောချင်ပါတယ်”

ချန်စန်းကျီက ပြောလိုက်လေသည်။

ဆန်းလျန်က…

“ဒီကနေဆိုရင် ကျောက်ကဲမြို့တော်ကို သိပ်မဝေးတော့ဘူး မဟုတ်လား၊ အဲဒီမှာဆိုရင် နတ်ဘုရားတွေတောင် အနေအထိုင် ဆင်ခြင်ကြတယ်၊ အခု အတင့်ရဲပြီး ရွာသားတွေကို ဖမ်းခေါ်သွားတဲ့ နတ်မိစ္ဆာက ဘယ်လို နတ်မိစ္ဆာမျိုး လဲဆိုတာ တော်တော် စိတ်ဝင်စားဖို့ ကောင်းတယ်”

ချန်စန်းကျီက…

“ကျုပ်လည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ သာမန်တောင်စောင့်နတ်ငယ်လေးတွေကတော့ သူတို့ရဲ့ ဝိညာဉ်စွမ်းအားနဲ့ ဒီလို

အလုပ်မျိုး လုပ်ရဲကြမှာ မဟုတ်ဘူး၊ ဘယ်လို ရည်ရွယ်ချက်နဲ့ ဒီလိုလုပ်ရပ်မျိုး လုပ်သွားလဲဆိုတာ စဉ်းစားလို့ တောင်မရဘူး၊ ဒါပေမဲ့ အဲဒီနတ်မိစ္ဆာကို ကြည့်ရတာ တော်တော်တော့ အစွမ်းထက်ပုံ ရတယ်၊ သာမန်တော့ မဟုတ်လောက်ဘူး”

ဆန်းလျန်က ရယ်မောလိုက်ရင်း...

“ခန့်မှန်းနေရုံနဲ့တော့ အဖြေထွက်မှာ မဟုတ်ဘူး၊ ကျုပ် ဂါထာ သုံးပြီး အတိတ်ကို ကြည့်လိုက်မယ်”

“ဘယ်လိုဂါထာမျိုးကို သုံးမှာလဲ...”

ချန်စန်းကျီက မေးလိုက်လေသည်။

ဆန်းလျန်က...

“လောကလောဆယ်မှာ ကျုပ်ရဲ့ကျင့်ကြံခြင်းအဆင့် နည်းနည်း တက်ထားတယ်၊ ဒါကြောင့် ကျုပ်ရဲ့ ဆရာသခင်တွေ သင်ကြားပေးခဲ့တဲ့ ယွမ်ကွမ်းခြေရာခံဂါထာကို အသုံးပြုနိုင်နေ

ပါပြီ၊ ခင်ဗျားလည်း စစ်မှန်တဲ့ တာအိုကျင့်ကြံသူ တစ်ယောက်ပဲ၊ ဒီဂါထာ အကြောင်းကို ကြားဖူးမှာပါ"

ဆန်းလျန်၏ စကားကြောင့် ချန်စန်းကျီမှာ ထပ်ပြီး အံ့သြ သွားရပြန်လေသည်။

ဆန်းချင်းရွှမ်သည် ယွမ်ကွမ်းခြေရာခံ ဂါထာကို အသုံးပြုနိုင်လိမ့်မည်ဟု သူ လုံးဝ ထင်မထားခဲ့မိပေ။ ယွမ်ကွမ်း ခြေရာခံ ဂါထာသည် သူတို့ဂိုဏ်းရှိ သန့်စင်သည့် ယန်အမွေ ဆက်ခံခြင်း နေရာတွင် မှတ်တမ်းတင် ရေးသား ထားသည့် ဂါထာတစ်ပုဒ် ဖြစ်လေသည်။ သို့သော်... ထိုဂါထာကို မည်သူမှ အသုံးမပြုနိုင်ကြပေ။

ထိုဂါထာသည် အချိန်ကို နောက်ပြန်လှည့်နိုင်ပြီး အတိတ်မှ အဖြစ်အပျက်များကို သိမြင်နိုင်သည့် ဂါထာ ဖြစ်လေသည်။ ဂါထာ၏ အချိန်ကို နောက်ပြန်လှည့် နိုင်စွမ်းသည် ဂါထာကို

အသုံးပြုသူ၏ တန်ခိုးစွမ်းအား အပေါ်တွင်လည်း မူတည်လေသည်။

ပြောကြသည်မှာတော့ နတ်ဘုရားတစ်ပါးသည် ထိုဂါထာကို အသုံးပြုမည်ဆိုလျှင် အတိတ်အချိန် နှစ်ပေါင်း (၅၀၀)နှင့် အနာဂတ်အချိန် နှစ်ပေါင်း (၅၀၀)ကို သိမြင်နိုင်မည်ဟု အဆို ရှိကြလေသည်။ သို့သော် နှစ်ပေါင်း (၅၀၀) ဆိုသည့်တိုင် အရေးကြီးသည့် အတိတ် အချိန်များနှင့် ထူးခြားသည့် အနာဂတ်များကိုသာ ခပ်ရေးရေး မြင်တွေ့ကြရခြင်း ဖြစ်လေသည်။

ထို့ကြောင့် ထိုဂါထာကိုအသုံးပြုသည့်တိုင် မည်သည့် အကြောင်းအရာကိုမှ တိတိကျကျ ရေရေရာရာ သိရှိနိုင်ခဲ့ခြင်း မရှိကြပေ။

သို့သော် ယွမ်ကွမ်းခြေရာခံ ဂါထာသည် ရှေးခေတ် အချိန်အခါကပင် အတိတ်ကို ခြေရာခံသည့်နေရာတွင် အဆင့်မြင့်လွန်း

သည့် ဂါထာတစ်ပုဒ် အဖြစ် အားလုံးက အသိအမှတ် ပြုထား ကြလေသည်။

သို့သော် ဒဏ္ဍာရီထဲတွင်ပင် ထိုဂါထာကို တတ်မြောက် ထား သည့်သူ သိပ်ပြီးမရှိကြပေ။ ယွမ်ကျွင်းကေရီနှင့် သွေးနီရောင် ပင်လယ်ထဲမှ ဘုန်းတော်ကြီးပြီးလျှင် ထိုဂါထာကို အသုံးပြုနိုင် သူ မရှိပေ။

ယခုတော့ ဆန်းလျန်က ထိုဂါထာကို အသုံးပြုတော့မည် ဖြစ် လေသည်။ ထိုသတင်းသာ တာ့ရှားပြည်နှင့် ယင်းစန်းပြည်မှ လူအများသိသွားကြလျှင်တော့ အားလုံးမှာ စိတ်ပူကုန်ကြမည် ဖြစ်လေသည်။

ချန်စန်းကျီ အတွေးနက် နေဆဲမှာပင် ဆန်းလျန်က ထူးဆန်း သည့် လက်ဟန်တစ်ခုကို ပြုလုပ်လိုက်ပြီး ဂါထာကို စတင် ရွတ်ဖတ် လိုက်လေသည်။

နေဝင်သွားပြီဖြစ်ပြီး လရောင်သည် အရှေ့ဆီမှ ထွန်းလင်းစွာ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

လေထဲတွင် ဆန်းလျန်၏ ကြည်လင်သည့် ဂါထာရွတ်ဖတ်သံကို ကြားနေရသည်။

ရွာကိုကွေ့ပတ် စီးဆင်းနေသည့် ရေများသည် အပေါ်သို့ ဆန်တက် လာကြလေသည်။

ရေစီးဆင်းပုံ ပြောင်းလဲသွားခြင်း မဟုတ်ပါ။ ဆန်းလျန် ရွတ်ဖတ်လိုက်သည့် ဂါထာကြောင့် အချိန် နောက်ပြန် ဆုတ်သွားခြင်းသာ ဖြစ်လေသည်။ ဆန်းလျန်၏ မျက်ခုံးနှစ်ခု အလယ်မှ အနီရောင်ပြဒါးရှင်သည် တောက်ပ လင်းလက် လာလေသည်။ ဂါထာကို ရွတ်ဖတ်ရသည်မှာ မလွယ်ကူကြောင်း ထင်ရှားပြသနေခြင်းပင်။

အမှန်တော့ ဆန်းလျန်သည် အချိန်နှင့်နေရာကို ဖြတ်ကျော်နိုင်စွမ်း ရှိသည့် လမင်းရောင်ခြည် ကျင့်စဉ်ကိုသာ သိရှိ ထားခြင်း

မရှိလျှင် ယွမ်ကွမ်းခြေရာခံ ဂါထာကို အသုံးပြုနိုင်မည် မဟုတ်ပေ။

ပတ်ဝန်းကျင်တွင် အလင်းရောင် ထွက်ပေါ်လာပြီး အလင်းရောင်ထဲတွင် အလင်းတန်းတစ်ခုက လှည့်ပတ် နေလေသည်။ ထို့နောက် အတိတ်ဆီမှ ပုံရိပ်များကို ပြန်လည် တွေ့မြင်ရလေတော့သည်။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် နှင်းများ ကျဆင်းနေလေသည်။ ရွာသားများသည် ညစာအတွက် ချက်ပြုတ် ပြင်ဆင်နေကြသည်။ ထို့ကြောင့် အိမ်များဆီမှ မီးခိုးငွေ့များ ထွက်ပေါ်နေခြင်းဖြစ်လေသည်။ ရုတ်တရက် လေပြင်းတစ်ချက် တိုက်ခတ်လာပြီး အနက်ရောင် မြူခိုးများက ရွာတစ်ရွာလုံးကို ဖုံးလွှမ်း သွားလေတော့သည်။

ခဏအကြာတွင်တော့ ...

အနက်ရောင် မြူခိုးများသည် မြောက်ဘက်ဆီသို့ လှိုင်းလုံးကြီး တစ်ခုအလား ရွေ့လျားသွားပြီး ရွာထဲမှ လူသားအားလုံး ပျောက်ကွယ် သွားကြလေတော့သည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသည်နှင့် ချန်စန်းကျိမှာ ကြက်သေ သေသွားရလေသည်။

"ကျုပ်ထင်တာမမှားဘူးဆိုရင် ဒီအနက်ရောင် မြူခိုးတွေက အသူရာယင် မိစ္ဆာတန်ခိုး စွမ်းအားပဲ၊ ဒီလိုမိစ္ဆာ ကျင့်စဉ်မျိုးကို ကျင့်ကြံထားသူ ရှိလိမ့်မယ်လို့ ထင်မထားခဲ့မိဘူး"

ဆန်းလျန်က…

"ဒီကျင့်စဉ်နာမည်ကို တစ်ခါမှ မကြားဖူးဘူး၊ အဲဒီကျင့်စဉ်က သွေးနီရောင် ပင်လယ်ထဲက အသူရာဂိုဏ်းနဲ့ ဆက်စပ် နေ သလား"

ချန်စန်းကျိက…

“အဲဒီ ကျင့်စဉ်ပညာက သွေးနီရောင်ပင်လယ်နဲ့ ဆက်စပ်နေတယ်လို့ ပြောလို့ ရပါတယ်၊ ဟိုးအရင်တုန်းက တိကျန် ဗောဓိသကျ အသူရာချောက်ကို ရောက်လာတဲ့ အချိန်မှာ သူ့ဆီက တရားဓမ္မကို နာယူခဲ့ကြတဲ့ ဘုန်းတော်ကြီးတွေ အများကြီး ရှိခဲ့တယ်၊ ပြီးတော့ တိကျန်ဗောဓိသကျနဲ့ သွေးနီရောင် ပင်လယ်ထဲက အသူရာဂိုဏ်းနဲ့ ပြဿနာ တက်ကြတဲ့အခါ တိကျန်ဗောဓိသကျရဲ့ တပည့်ဘုန်းတော်ကြီး တစ်ပါးဟာ အသူရာဂိုဏ်းနဲ့ အဆက်မပြတ် တိုက်ခိုက်ခဲ့တယ်၊ အဲဒီတိုက်ပွဲ အတွင်းမှာပဲ အဲဒီဘုန်းတော်ကြီးဟာ အဲဒီကျင့်စဉ်ကို သိမြင်ခဲ့တယ်၊ အဲဒီ ကျင့်စဉ်မှာ အဆင့် (၉)ဆင့် ရှိတယ်လို့တော့ ကြားဖူးတယ်၊ အမြင့်ဆုံးအဆင့်ကို အောင်မြင်သွားရင်တော့ အသူရာ ချောက်ကိုးထပ်နဲ့ တစ်သားတည်း ပေါင်းစပ်သွားပြီး ဘယ်သူကမှ တွန်းလှန်နိုင်မှာ မဟုတ်တော့ဘူး”

အခန်း (၆၀၇) တန်ခိုးစွမ်းအားစာလုံး (၆) လုံး

ချန်စန်းကျီ၏ စကားကြောင့် ဆန်းလျန် ပြုံးလိုက်မိလေသည်။ အသူရာယင်မိစ္ဆာအဆင့် (၉)ဆင့်မှာ တန်ခိုးစွမ်းအား မြင့်မားသည် ဆိုသည်မှာ ဖြစ်နိုင်ပါသည်။ သို့သော် “ဘယ်သူကမှ တွန်းလှန်နိုင်မည် မဟုတ်တော့” ဆိုသည့်စကားကတော့ ချဲ့ကား ပြောဆိုခြင်းသာ ဖြစ်ပေလိမ့်မည်။

ထို့ပြင် အသူရာယင်မိစ္ဆာ ကျင့်စဉ်သည် အသူရာချောက် (၉) ထပ်နှင့် ပေါင်းစပ်နိုင်သည်ဟု ဆိုလေသည်။ ထိုအချက် သာ အမှန်ဖြစ်ပါက အသူရာချောက်၏ အကန့်အသတ် ရှိရယာ

အတွင်းတွင်တော့ ထိုသူ၏အစွမ်းအစနှင့် တန်ခိုး စွမ်းအား များသည် အမြင့်ဆုံး ဖြစ်ပေလိမ့်မည်။

ဆန်းလျန်သည် ထိုက်ယီထျန်းရှန်း အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး လောကတစ်ခုကိုပင် ဖွင့်လှစ်နိုင်တော့မည် ဖြစ်လေ ရာ သူ၏အလားအလာနှင့် ဖြစ်နိုင်ချေများမှာ အကန့်အသတ် မဲ့လေသည်။ အသူရာချောက်မှ ပန်းပွင့်တိုင်း၊ သစ်ရွက်တိုင်း၊ အသိဉာဏ်တိုင်းမှာ ထိုလမ်းစဉ်ဖြင့်ပင် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ထိုက်စန့်လောင်ကျွင်း ဘိုးဘိုးသည်လည်း မြေမှုန့်များကို အသုံးပြုကာ လောကတစ်ခုကို ဖန်ဆင်းခဲ့ဖူးသည့် သာဓကရှိ ခဲ့ဖူးလေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် လောကအသစ် တစ်ခု ဖွင့်လှစ်ခြင်းသည် မိုးမြေဥပဒေသများကို လွန်ဆန်ခြင်း မဟုတ်ကြောင်း သက်သေပင် ဖြစ်လေသည်။

အချိန်အတန်ကြာသည့် အခါတွင်တော့ ယွမ်ကွမ်း ခြေရာခံ

ဂါထာ၏ တန်ခိုးစွမ်းအားများ ပျက်ပြယ် သွားလေသည်။

ထို့ကြောင့် ဆန်းလျန်ကလည်း ဆက်ပြီးမလုပ်ဆောင်တော့ပါ။

ဆန်းလျန်၏ စူးရှသည့်အမြင်အာရုံထဲတွင် ထူးဆန်းသည့်

အရာတစ်ခုကို တွေ့မြင် ခဲ့ရလေသည်။

ဆန်းလျန်က..

"ဒီအနက်ရောင် မြူခိုးတွေက ထိန်းချုပ်မှုမရှိဘဲ တစ်ခုခု လိုနေ

သလိုပဲ၊ အဲဒါတော်တော်လေး ထူးဆန်းတယ်"

ချန်စန်းကျီက ခေါင်းညိတ်လိုက်ရင်း...

"ခင်ဗျားက အမြင်တော်တော် စူးရှတာပဲ သူတော်စင်ချင်းရွှမ်၊

တခြားအချက်တွေ ခြေရာခံပြီးမှ ဘယ်လိုလုပ်မလဲ ဆိုတာ

အစီအစဉ် ဆွဲကြရအောင်"

ဆန်းလျန်က တည်ငြိမ်စွာဖြင့်...

"ဘာမှထပ်ပြီး ခြေရာခံဖို့ မလိုတော့ဘူး၊ အားလုံးက ရှင်းနေပြီ..."

ပြောပြီးသည်နှင့် ဆန်းလျန်သည် ချက်ချင်းပင် ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန် မည်သည့်နေရာသို့ရောက်သွားသည်ကို ချန်စန်းကျီပင် မခန့်မှန်းလိုက်နိုင်ပေ။

ထိုအချိန်မှာပင်...

အနက်ရောင်မြူခိုးများသည် တစ်ရွာလုံးကို ဖုံးလွှမ်းသွားပြီး အလင်းရောင် လုံးဝ ပျောက်ဆုံး သွားရလေသည်။

ဆန်းလျန်နှင့်သာ အဆက်အသွယ် ပြတ်သွားသည်သာမက ကြောက်မက်ဖွယ်ရာ မိစ္ဆာအခိုးအငွေ့များ အောက်တွင် ချန်စန်းကျီ၏ နတ်ဘုရား စွမ်းအားများ အားလုံးမှာ မူလဝိညာဉ် ခန္ဓာနှင့်ပင် အဆက်အသွယ် ပြတ်တောက် သွားရလေ သည်။

နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သည့်အတွေ့အကြုံအရ အသူရာ
ယင် မိစ္ဆာကျင့်စဉ်မှာ မည်မျှ တန်ခိုးစွမ်းအားမြင့်မားသည် ကို
ချန်စန်းကျီ ခံစားသိရှိလိုက်ရလေသည်။ အလွန်သန့်စင်လှ
သည့် ချန်စန်းကျီ၏ မူလယန်စွမ်းအားပင်လျှင် ထိုမိစ္ဆာ
စွမ်းအားများကို တားဆီးခုခံနိုင်ခဲ့ခြင်း မရှိပေ။
ချန်စန်းကျီက ထူးဆန်းသည့် အင်းသင်္ကေတ တစ်ခုကို ရေးဆွဲ
လိုက်ပြီး ထိုအင်း သင်္ကေတသည် နွေးထွေးသည့် လေပြည်
လေး တစ်ခုအဖြစ်သို့ ကူးပြောင်း သွားလေသည်။ ထိုလေပြေ
လေးသည် ယင်မိစ္ဆာ စွမ်းအားများဆီသို့ ပျံ့နှံ့ ဝင်ရောက်သွား
သည့် အခါတွင်တော့ ပတ်ဝန်းကျင် (၁၀)ပေပတ်လည် အထိ
မြင်နိုင်ခဲ့လေသည်။
သို့သော်.... ဆန်းလျန်ကိုတော့ တွေ့မြင်ရခြင်း မရှိတော့ပါ။
ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ သူ့ထက် (၁၀)ဆခန့်သာ
ကြောင်းကို ချန်စန်းကျီ သိထားလေသည်။ ထို့ကြောင့် ဆန်းလျ

န်အနေဖြင့် ယင်မိစ္ဆာစွမ်းအားများကို အလွယ်တကူ ရှုံးနိမ့်ကာ ပျောက်ကွယ် သွားရခြင်းတော့ ဟုတ်ဟန်မတူ ပေ။

ထိုအချိန်မှာပင်...

မီးအိမ်လေးတစ်ခု ထွန်းလင်းလာပြီး ပတ်ဝန်းကျင်မှ အနက်ရောင် မြူခိုးများ တဖြည်းဖြည်း လွင့်ပြယ် သွားလေသည်။

ဆန်းလျန်နှင့်အတူ လိုက်ပါလာသည့် မိန်းကလေးနှင့် ကလေးငယ်သည် သူ့ထံသို့ လျှောက်လာကြသည်ကို ချန်စန်းကျီ တွေ့မြင်လိုက်ရလေသည်။

မိန်းကလေး၏ လက်ထဲတွင် ကြာပန်းပုံသဏ္ဍာန် မီးအိမ်လေးတစ်ခုကို ကိုင်ဆောင် ထားလေသည်။ မီးအိမ်လေးမှ အလင်းရောင်သည် အနက်ရောင် မြူခိုးများကို ဖယ်ရှားပစ်နိုင်စွမ်း ရှိလေသည်။

ချန်စန်းကျီကလည်း သူတို့ဆီသို့ လျှောက်သွားလိုက်ရင်း...

"သူတော်စင်ချင်းရွှမ် ဘယ်ရောက်သွားတာလဲ..."

ချန်စန်းကျီနှင့် တွေ့လိုက်ရသည့် အတွက် အားလျှန်မှာ အားတက်သွားပြီး စိတ်သက်သာရာလည်း ရသွားရလေသည်။

“ရုတ်တရက်ကြီးဆိုတော့ ဘာဖြစ်သွားမှန်းတောင် မသိလိုက်ပါဘူး”

ကျိုယွဲ့မှာ နတ်မိစ္ဆာတစ်ပါး ဖြစ်သည့်အတွက် သူက မိစ္ဆာစွမ်းအားများနှင့် ပတ်သက်ပြီး အလွန်ခံစား လွယ်လေသည်။

သူသည် အနက်ရောင်မြူခိုးများထဲမှ မိစ္ဆာစွမ်းအားများမှာ သူ့အပေါ်တွင် သက်ရောက်မှု အများဆုံး ဖြစ်လေသည်။

ထို့ကြောင့် ကျိုယွဲ့မှာ အလွန်ကြောက်ရွံ့ နေပြီး ထိုမိစ္ဆာစွမ်းအားများ၏ ထိန်းချုပ်ခြင်းကို စတင် ခံစားရလေတော့သည်။

ရုတ်တရက်…

အလွန် လျင်မြန်လွန်းသည့် အရိပ်တစ်ခုသည် ကျိုယွဲ့ဆီသို့ ဝင်ရောက် လာလေသည်။

ထိုအချိန်မှာပင်...

ဓားသံတစ်ချက် ထွက်ပေါ်လာပြီး ထိုအရိပ်ကို အကြင်နာမဲ့စွာ ဖြင့် ထိုးခုတ်သတ်ဖြတ် ပစ်လိုက် လေသည်။ လေထဲတွင် သွေး မှုံများ ပြန့်ကျဲသွားပြီး ကြာပန်းမီးအိမ်လေးမှာ ပိုပြီး လင်း လက်တောက်ပ လာလေသည်။

ချန်စန်းကျီက တည်ကြည်သည့် မျက်နှာထားဖြင့်...

"အဲဒါ အသူရာယင် မိစ္ဆာစွမ်းအားထဲက မရဏာဝိညာဉ်ပဲ၊ အဲဒီ ဝိညာဉ်က နတ်ဓားတွေ ထက်တောင် လျင်မြန်သေးတယ်၊ အသက်အန္တရာယ်နဲ့ အရမ်းနီးစပ်တယ်၊ မင်းတို့အားလုံး သေသေချာချာ ဂရုစိုက်ကြရမယ်"

ချန်စန်းကျီသည် ဘဝတွင် အန္တရာယ်ပေါင်း များစွာကို ရင်ဆိုင် ခဲ့ဖူးလေသည်။

သို့သော်... ယခုတစ်ကြိမ် ရင်ဆိုင်နေရသည့် အခြေအနေ ကတော့ ကြောက်မက်ဖွယ်ရာ အကောင်းဆုံး အခြေအနေ တစ်

ခုဖြစ်သည်ကို သူ သိထားလေသည်။ အဘယ်ကြောင့်ဆိုသော် အသူရာ ယင်မိစ္ဆာ မရဏဝိညာဉ်သည် အလွန်မှ နှိမ်နင်းရခက်သည့် မိစ္ဆာဝိညာဉ် တစ်ခု ဖြစ်သောကြောင့်ပင်။

ယင်မိစ္ဆာမရဏ ဝိညာဉ်များကို နှိမ်နင်းလိုက်ပါကလည်း တစ်ချက်တည်းဖြင့် ပျောက်ကွယ် သွားမည် မဟုတ်ဘဲ မရဏ အခိုးအငွေ့များ အဖြစ် ကျန်ခဲ့မည်ဖြစ်ပြီး အချိန်မရွေး အန္တရာယ် ပေးနိုင်လေသည်။

သို့သော်... အားလျန်၏ လက်ထဲမှ ကြာပန်းမီးအိမ်လေး ကတော့ မရဏဝိညာဉ်ကို အပြီးသတ် အမြစ်ပြတ်အောင် သုတ်သင် ပစ်လိုက်နိုင်လေသည်။ ချန်စန်းကျီမှာ ကြာပန်း မီးအိမ်လေးကို လေးစား သွားမိတော့သည်။

ချန်စန်းကျီတို့ (၃)ယောက်နှင့်ယှဉ်လျှင် ဆန်းလျန်ကတော့ အဆင်ပြေနေသည်ဟု ပြော၍ ရနိုင်လေသည်။

သူက ရွာလေး၏ မြေအောက်တစ်နေရာသို့ ရောက်ရှိနေခြင်း ဖြစ်လေသည်။

မြေအောက်ဆိုသော်လည်း မြေအောက် အတိအကျတော့ မဟုတ်ပေ။ ထိုနေရာသည် အတော်လေး ကျယ်ဝန်းပြီး အထက်မှအောက်အထိ အမြင့်ပေမှာလည်း ပေပေါင်း (၁၀၀၀၀)ခန့် ရှိလေသည်။ ထိုနေရာသည် ရှေးဟောင်း ရေတွင်း ပျက်တစ်ခု ဖြစ်ဟန်တူလေသည်။

ထိုရေတွင်းထဲတွင် ခြောက်သွေ့နေပြီ ဖြစ်သည့် ဘုန်းတော်ကြီး (၁)ပါး၏ အလောင်းကို တွေ့ရလေသည်။ ရေတွင်းထိပ်ပိုင်း တွင် ဂါထာတစ်ပုဒ် ရေးသားထားသည့် စာရွက်တစ်ရွက် ကပ်ထားလေသည်။ စာရွက်ပေါ်တွင် ရေးသားထားသည့် ဂါထာမှာ စာလုံး (၆)လုံး ပါရှိလေသည်။

"ဦး မဏိပတ်မေဟုံ"

ထိုစာရွက်ဆီမှ ရွှေရောင် အလင်းတန်းများ ဖြာထွက်နေပြီး ရေတွင်းအဝကို ကာရံ ထားလေသည်။

မရဏ အခိုးအငွေ့များသည် ထိုရွှေရောင် အလင်းတန်းများကို အဆက်မပြတ် ထိုးဖောက်နေပြီး ရွှေရောင်အလင်းတန်း များမှာ အနက်ရောင် မြူခိုးများထဲတွင် ရောနှောလျက် ရှိနေလေသည်။

ဆန်းလျန်သည် ထိုဂါထာ (၆)လုံး၏ မူလဇာစ်မြစ်ကို သိရှိထားလေသည်။ ထိုဂါထာ (၆)လုံးကို တန်ခိုးစွမ်းအားစာလုံး (၆)လုံးဟုလည်း ခေါ်လေသည်။ ထိုဂါထာသည် ကွမ်ရင် မယ်တော်၏ တန်ခိုးစွမ်းအားလည်း ဖြစ်လေသည်။

ထိုဂါထာထဲတွင် နတ်ဘုရားများစွာ၏ ကောင်းချီး မင်္ဂလာများလည်း ပါဝင်လေသည်။ သနားခြင်း ကရုဏာနှင့် ဉာဏ်ပညာ၏ သင်္ကေတလည်း ဖြစ်လေသည်။

ထိုဂါထာသည် အလွန်အံ့သြစရာ ကောင်းပြီး တည်ငြိမ်ခမ်းနားသည့် တန်ခိုးစွမ်းအားများ၊ အသိဉာဏ် ပညာများ၊ စကြဝဠာ တစ်ခုလုံးမှ ဖြစ်တန်စွမ်းအားများဖြင့် ပြည့်နှက်လျက် ရှိလေသည်။

ဗုဒ္ဓဘာသာ ကျောင်းတော်များတွင် "ကွမ်ရင်နှလုံးသား စည်းတံဆိပ်" သည် အကန့်အသတ်မဲ့ တန်ခိုးစွမ်းအား မြင့်မား လွန်းလေသည်။ ထိုတန်ခိုး စွမ်းအားကို အခြားသော နတ်ဘုရားများ ပင်လျှင် အလေးအမြတ်ထားကာ ချီးမြှောက်ကြလေသည်။

ထို့ထက် ပိုပြီး အရေးကြီးသည်မှာ ထိုဂါထာသည် ဗုဒ္ဓ၏လမ်းစဉ်မူဝါဒကို အမွေဆက်ခံ ထားသည့် ဂါထာတစ်ပုဒ် ဖြစ်လေသည်။ ကွမ်ရင်မယ်တော်သည် ဗုဒ္ဓ၏သင်ပြပေးခြင်းကို ခံယူခဲ့သူဖြစ်သည့် အတွက် သူ၏သင်ပြမှုသည်လည်း ဗုဒ္ဓ၏တရားနှင့် ညီညွတ် ပေလိမ့်မည်။

လူသားတိုင်းသည် ထိုဂါထာကို သင်ယူနိုင်သလို ရွတ်ဖတ် နိုင်ကြလေသည်။ သို့သော် ထိုဂါထာကို အသုံးပြုပြီး အလွန်စွမ်းအား မြင့်မားသည့် နတ်မိစ္ဆာတစ်ကောင်ကို နှိမ်နင်းနိုင်ရန်မှာတော့ ဗောဓိသကျ တစ်ပါးကဲ့သို့ အရည်အချင်း စွမ်းရည်လိုအပ်ပါသည်။ ထို့ပြင် ယခုရေတွင်း အဝတွင် ပြုလုပ်ထားသည့် စည်းတံဆိပ် အရုံအတားသည် ကွမ်ရင်မယ်တော်ကိုယ်တိုင် ပြုလုပ်ခဲ့ခြင်းလည်း ဖြစ်နိုင်လေသည်။

ရုတ်တရက်…

ကလေးငိုသံတစ်သံကို ကြားလိုက် ရလေသည်။

နားရွက်ရှည်ရှည်၊ ခြေထောက်ရှည်ရှည်၊ အမြီးရှည်ရှည်နှင့်ယုန်တစ်ကောင်နှင့် တူသည့် နတ်မိစ္ဆာ တစ်ကောင်သည်ကလေးငယ်ကို ပွေ့ချီထားပြီး ရေတွင်းပေါ်သို့ တက်နိုင်ရန်ကြိုးစား နေလေသည်။ သို့သော်… ရွှေရောင် အလင်းတန်းများ

က တားဆီးထားသဖြင့် ရေတွင်းအပေါ်သို့ တက်ရန် မည်သို့မျှ

မဖြစ်နိုင် ဖြစ်နေရလေသည်။

ကလေးငယ်လေး၏ ဆံပင်လေးများမှာ တစ်လက်မခန့်သာ

ရှည်လေသည်။ မျက်လုံးလေးများသည် အနက်ရောင် ရတနာ

ကျောက်မျက်ကဲ့သို့ တောက်ပ နေလေသည်။

သူ၏မျက်နှာလေးက ကြည်လင်နေပြီး သူ၏ အသားအရည်

မှာ ပိုးသားလေးကဲ့သို့ နူးညံ့ လွန်းလေသည်။ အလွန်မှ ချစ်စရာ

ကောင်းသည့် ကလေးငယ်လေးပင် ဖြစ်လေသည်။

သို့သော်… လက်ရှိ အခြေအနေတွင်တော့ မြင်တွေ့ရသည့်

မြင်ကွင်းက ထူးဆန်းလို့နေသည်။

ဆန်းလျန်က သူ၏ နတ်ဘုရား စွမ်းအားများကို ထုတ်ဖော်

လိုက်သည်နှင့် အနက်ရောင် မြူခိုးများသည် သူ၏မျက်ခုံး နှစ်

ခုကြားမှ အနီရောင် ပြဒါးရှင် သင်္ကေတဆီသို့ စီးဆင်း ဝင်

ရောက် လာလေသည်။ အသက် တစ်ချက်ရှူမျှသော အချိန်

တွင်ပင် အနီရောင်ပြဒါးရှင်သင်္ကေတက ထိုအနက်ရောင် မြူခိုး များအားလုံးကို စုပ်ယူ လိုက်လေသည်။

ထိုအခါ လောကအသစ် တစ်ခုကို ဖွင့်လှစ်မည့် မျိုးစေ့သည် အနည်းငယ် ကြီးထွားလာသည်ကို ခံစားလိုက်ရလေသည်။

ထိုနှုန်းအတိုင်းသာ ကြီးထွား လာမည်ဆိုလျှင် မျောက်နှစ် ရောက်သည့် အချိန်တွင် လောကသစ် တစ်ခုကို ဖွင့်လှစ်နိုင် ပေ လိမ့်မည်။

“မင်းရဲ့ဆရာက အသက်ကြီးသူတွေကို ရိုသေရမယ်ဆိုတာ သင်ပေး မထားဘူးလား၊ ကျုပ်ကို တွေ့တာတောင် မင်းက ဂါရဝမပြုဘူးလား”

ထိုစကားသံများသည် တစ်ပေပင် မရှည်သည့် ယုန်ကဲ့သို့သော သတ္တဝါလေးထံမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ဆန်းလျှန်က ပြုံးလိုက်ရင်း…

"ခင်ဗျား မှားနေပြီ ထင်တယ်၊ ခင်ဗျား ဘယ်သူလဲ ဆိုတာ

တောင် ကျုပ်က မသိပါဘူးဗျာ"

"ငါ့ကိုလာကယ်ဖို့ အမိန့်ပေးလိုက်လို့ မင်းက လာကယ်တာ

မဟုတ်ဘူးလား"

သတ္တဝါလေးက ဆန်းလျန်ကို မော့ကြည့်ပြီး မေးလိုက်လေ

သည်။ သူ၏မျက်နှာအမူအရာမှာ အလွန်မှ တင်းမာခက်ထန်

နေလေသည်။

ဆန်းလျန်က...

"ကြည့်ရတာ ခင်ဗျားတော့ နားလည်မှုလွဲနေပြီ ထင်တယ်"

"ဟွန်း... မင်းဟာမင်း ကျုပ်ကို လာကယ်တာ ဖြစ်ဖြစ် မကယ်

တာဖြစ်ဖြစ် ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် မင်းဆီမှာ သန့်စင်တဲ့

စန့်ချင် မူလဝိညာဉ် ခန္ဓာသင်္ကေတကို တွေ့ရတယ်၊ အဲဒါ အတု

တော့ မဟုတ်နိုင်ဘူး၊ ဒီတော့ ကျုပ်ကို ဆရာဦးလေးလို့တော့

လေးလေးစားစားနဲ့ ခေါ်သင့်တာပေါ့"

သတ္တဝါလေးက ဒေါသထွက်နေသည့် အဘိုးအို တစ်ယောက်၏ လေသံမျိုးဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်က အေးဆေးသည့် လေသံဖြင့်...

"စိတ်ဝင်စားစရာပဲ၊ ဒါဆို ခင်ဗျားက ကျယ်ကျောက်အမိန့်တော်ဂိုဏ်းကပဲ ဖြစ်ရမယ်၊ ပြီးတော့ တစ်ရွာလုံးက အသက်ဓာတ် အသွေးအသား အနှစ်သာရတွေကို စုပ်ယူပစ်လိုက်တာ ခင်ဗျားပေါ့၊ ခင်ဗျားရဲ့လုပ်ရပ်က မိစ္ဆာဆန် လွန်းတယ်၊ သန့်စင်တဲ့ တာအိုလမ်းစဉ်နဲ့ မကိုက်ညီဘူး၊ အဲဒီတော့ ခင်ဗျားနဲ့ကျုပ်က ဘာပတ်သက်မှုမှ မရှိနိုင်ဘူး၊ ကျုပ်က ခင်ဗျားကို ဘာကိစ္စ ဆရာဦးလေးလို့ ခေါ်ရမှာလဲ"

မိစ္ဆာသတ္တဝါလေးက အေးစက်သည့် လေသံဖြင့်...

"မင်းက မရဏာစားကို ကျင့်ကြံထားတဲ့ လူတစ်ယောက်ပဲ၊ မင်း ဘဝမှာလည်း လူသတ်ခဲ့မှာပဲလေ၊ ပြီးတော့ ကျုပ်က ဒီချုပ်နှောင် ခံထားရတဲ့နေရာက လွတ်မြောက်ဖို့ အတွက် အဲဒီ

ရွာသားတွေကို သတ်ပစ်လိုက်ရတာ၊ အဲဒီ ရွာသား တွေသေ

တော့လည်းဘာအရေးလဲ၊ သူတို့က ဘုံ (၆)ခုမှာ သံသရာ လည်

နေမယ့်လူတွေပဲကို”

စကားပြောနေရင်းဖြင့်ပင် မိစ္ဆာ သတ္တဝါလေး၏ လေသံက ပို

ပြီးတင်းမာလာလေသည်။

“လွန်ခဲ့တဲ့ နှစ်တွေတုန်းက ဒီဘုန်းတော်ကြီး ဒီနေရာကို

ရောက်လာတယ်၊ သူသတ်ခဲ့တဲ့ လူတွေရော နည်းတယ် ထင်

သလား၊ ဒီတစ်ရွာလုံးထက်တောင် များသေးတယ်၊ ဒီတော့

ကျုပ်က တရားမျှတမှု ရှိအောင် ဒီဘုန်းတော်ကြီးကို သတ်

ပစ်လိုက်တယ်၊ ဒါတောင် သူ့အပြစ်တွေက မကျေနိုင်ဘူး”

(*Bodhisattva Avalokitesvara ဆိုသည်မှာ ကွမ်ရင်မယ်တော်

ကိုပင် ပြောခြင်း ဖြစ်ပါသဖြင့် ကွမ်ရင်မယ်တော်ဟု ပင်ရေး

လိုက်ရပါသည် -

*စန့်ချင် - ဆိုသည်မှာ လင်ပေါင်ထျန်းကျွင်း၏ စွမ်းအားတစ်ခု ကိုပင် ရည်ညွှန်းခြင်း ဖြစ်ပါသည် - ဘာသာပြန်သူ)

အခန်း (၆၀၈) ဗလာနယ်တစ်ဖက်မှမိစ္ဆာသားရဲ

ဆန်းလျန်က...

"ဒါဖြင့် ခင်ဗျားက ဘုန်းတော်ကြီးကို သတ်လိုက်ရုံတင် မက ဘူး၊ သူ့ဆီက အသူရာ ယင်မိစ္ဆာ စွမ်းအားတွေကိုပါ စုပ်ယူ လိုက်တာပေါ့"

"ဒီအရံအတားကိုသာ ဖျက်စီးဖို့မဟုတ်ရင် ဒီလိုမိစ္ဆာပညာမျိုး ကို တစ်ချက်တောင် လှည့်ကြည့်မှာ မဟုတ်ဘူး၊ အခုတလော

အဲဒီစွမ်းအားတွေက တဖြည်းဖြည်း အားနည်းလာနေတာ၊ ရုတ်တရက် ဒီမိစ္ဆာစွမ်းအားတွေ ရလာတော့ တာအို ဆရာချီ ဟန်ရဲ့ အရံအတားကို ဖျက်စီးပစ်ဖို့ ဒီမိစ္ဆာကျင့်စဉ်ကို သုံးနိုင်ခဲ့တာ၊ ဒီရွာသားတွေ ဒီရွာမှာ နေမိတာကိုက ကံဆိုးတာပေါ့၊ ကျုပ် လွတ်မြောက်ဖို့ အတွက် မဖြစ်မနေ သူတို့ကို သတ်လိုက်ရတာပါ”

ဆန်းလျန်က မိစ္ဆာသတ္တဝါလေးကို ကြည့်လိုက်ရင်း…

“ခင်ဗျားက ရွာသားတွေကို သတ်ရုံတင်မကဘူး၊ ဒီကလေးရဲ့ တာအိုခန္ဓာကို အသုံးချပြီး လူသားတစ်ယောက် အဖြစ် ရုပ်တည်ဖို့လည်း ဆုံးဖြတ်ထားတာ မဟုတ်လား၊ ခင်ဗျားက ဘယ်လောက်တောင် ရက်စက်တဲ့သတ္တဝါလဲ၊ ကျုပ် ခင်ဗျားကို လုံးဝ မကယ်တင်ပေးနိုင်ဘူး”

မိုးမြေ ဥပဒေသများက တရားမျှတပါသည်။

သို့သော်... ဆန်းလျှန်သည် ဥပဒေသတစ်ခု မဟုတ်ပါ။ သူက တာအိုကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီး သူ၏ကိုယ်ပိုင် မူဝါဒ ဖြင့် နေထိုင်သူ ဖြစ်လေသည်။

တာအိုကျင့်ကြံသူ (၂)ယောက်သည် အမြင်မတူသည်လည်း ရှိနိုင်လေသည်။

"လူ (၂)ယောက်သည် မူဝါဒတူလျှင် အမြင်ချင်းလည်းတူမည်" ဟူသည့် ဆိုရိုးစကားရှိသည် မဟုတ်ပါလား။

မိစ္ဆာသတ္တဝါက သက်ပြင်း တစ်ချက် ချလိုက်ရင်း...

"မင်းက တော်တော် အကြင်နာတရား မရှိတဲ့ကောင်ပဲ၊ မင်းက ကျုပ်တို့ရဲ့ဂိုဏ်းကို ဆက်ခံဖို့ မထိုက်တန်ဘူး၊ ကျုပ်တို့ဂိုဏ်းက ဂိုဏ်းသားတွေအချင်းချင်း ညီညွတ်မှုရှိဖို့ကို အလေးထား တယ်၊ ကျုပ်သာ ကျုပ်လုပ်ခဲ့တဲ့ အပြစ် တွေကို ဝန်ခံခဲ့ရင် ဆရာက ကျုပ်ကို ကျိန်းသေ အပြစ်ပေးမှာပဲ၊ ဒါပေမယ့် ဆရာ

အပြစ်ပေးတာက ဒီမှာပိတ်မိနေတာ လောက်တော့ ဆိုးမှာ

မဟုတ်ဘူး”

သူ၏စကားများသည် ဝမ်းနည်းမှု၊ နောင်တတရားများနှင့်

ပြည့်နေလေသည်။

သူ့စကားကိုကြားရသူတိုင်း သူ့ကို မသနားဘဲ နေနိုင်မည်

မဟုတ်ပေ။

သို့သော် ဆန်းလျန်ကတော့ တစ်စက်ကလေးမှ မသနားမိပေ။

ထိုသတ္တဝါသည် သူ၏ မူလဝိညာဉ်ခန္ဓာ၏ တည်ကြည်မှုကို

တာအို အခြေခံပညာတစ်ခုကို အသုံးပြုကာ လှုပ်ရှားအောင်

လုပ်နေသည်ကို သူကောင်းကောင်း သိထားလေသည်။

ထိုသို့သော ပညာရပ်မျိုးက ခံစားချက်များကို ထုတ်ဖော်

ပြောဆိုပြီး အခြားသူ၏ တာအိုနှလုံးသားကို နှောက်ယှက်ခြင်း

ဖြစ်လေသည်။ ဆန်းလျန် ကျင့်ကြံခဲ့သည့် “စိတ်အာရုံများကို

ထိန်းချုပ်နိုင်ခြင်း” ကျင့်စဉ်နှင့် သဘောတရားခြင်း

အနည်းငယ် ဆင်တူလေသည်။

သို့သော် သူ၏စကားများသည် တစ်ခုလုံး အမှန်တရားတော့

မဟုတ်ပေ။

“ကျယ်ကျောက် အမိန့်တော်ဂိုဏ်း အကြောင်းကို ကျုပ် အရင်

ကလည်း ကြားဖူးထားပါတယ်၊ ပြီးတော့ ခင်ဗျားတို့ ဂိုဏ်းက

ပညာတွေကိုလည်း ကျုပ်သိတယ်၊ ကျုပ်ကျင့်ကြံထားတဲ့

ဝိညာဉ် စွမ်းအားမြှင့်တင်တဲ့ ကျင့်စဉ်ကလည်း လင်ပေါင်ထျန်း

ကျွင်းနဲ့ ပတ်သက်နေတယ်၊ ဒါပေမယ့် ခင်ဗျားနဲ့တော့ ဘာမှမ

ဆိုင်ဘူး၊ လင်ပေါင်ထျန်းကျွင်းကို ကျေးဇူးဆပ်ရမယ် ဆို

ရင်တောင်မှ ခင်ဗျားကို ကယ်တင်ပြီးတော့ ကျေးဇူး မဆပ်နိုင်

ဘူး”

ဆန်းလျန်က အေးစက်သည့် လေသံဖြင့် ပြောလိုက်လေသည်။

မိစ္ဆာသတ္တဝါလေးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း...

“မင်းမကူညီရင်လည်း ကျုပ်က ဒီနေရာကနေ ထွက်ခွာသွားနိုင်မှာပါပဲ၊ အဲဒီအချိန်ကျရင် မင်းသင်ယူထားတဲ့ ကျုပ်တို့ဂိုဏ်းက ပညာတွေအကုန်လုံးကို မင်းရဲ့ကိုယ်ထဲက ထုတ်ယူပစ်မယ်”

ဆန်းလျန်က…

“အဲဒီဘုန်းတော်ကြီးဆီက အသူရာယင်မိစ္ဆာတန်ခိုးစွမ်းအားတွေကို ထုတ်ယူနိုင် ကတည်းက ခင်ဗျားမှာ တခြားသူတွေရဲ့ ခန္ဓာကိုယ်ထဲက တန်ခိုးစွမ်းအားတွေကို ထုတ်ယူနိုင်စွမ်းရှိတယ် ဆိုတာ ကျုပ်သိသားပဲ၊ ခင်ဗျားပြောနေတာ တွေကို ကျုပ် သံသယ မဝင်ပါဘူး၊ ဒါပေမယ့် ကျုပ်တစ်ခု ပြောချင်တာ က…. ခင်ဗျားလက်ထဲက ကလေးကို ကျုပ်ကို ပေးပါ၊ ခင်ဗျား ဒီနေရာကနေ အပြင်ထွက်လာနိုင်တဲ့ တစ်နေ့ကျရင် ကျုပ်ကို လာရှာနိုင်တယ်”

“တာအိုဆရာချီဟန်တောင်မှ ကျုပ်ကိုမသတ်နိုင်လို့ ဒီနေရာမှာ လာပိတ်ထားတာ၊ အခု မင်းရဲ့ အသက်ဓာတ် စွမ်းအားတွေကို

လည်း ကျုပ်မှတ်မိသွားပြီ၊ ထိုက်ယီထျန်းရှန်းအဆင့်တဲ့

လား…၊ တကယ်ကောင်းတာပဲ၊ ကျုပ်ကတော့ ထိုက်ယီထျန်းရှ

န်းအဆင့် အောင်မြင်ထားတာ နှစ်ပေါင်းများစွာ ကြာလှပြီပေါ့၊

ကျုပ်ဒီနေရာက လွတ်လာတဲ့ တစ်နေ့တော့ ဒုတိယ ဦးစားပေး

အနေနဲ့ လာရှာမယ့်သူက မင်းပဲဟေ့…”

ထိုသတ္တဝါသည် ဆန်းလျန်၏ လက်ရှိအဆင့်ကို ခန့်မှန်းနိုင်

သည့်တိုင် အကြောက်အလန့်လည်း တစ်စက်ကလေးမှ မရှိ

ပေ။ ထို့ပြင် ထိုက်ယီ ထျန်းရှန်းအဆင့် အကြောင်းကိုလည်း

ကောင်းကောင်း နားလည်နေပုံ ရလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း…

“ကွမ်ရင်မယ်တော်ကတော့ ခင်ဗျားကို မသတ်နိုင်ဘူးဆိုတာ မ

ဖြစ်နိုင်ပါဘူး၊ သူက ခင်ဗျားကို အရေးမစိုက်လို့ ဒီအတိုင်း

ထားခဲ့တာပဲ ဖြစ်ရမယ်၊ ပြီးတော့ ထိုက်ယီထျန်းရှန်း အဆင့်က

လည်း ဘာမှလည်း မဟုတ်ပါလားဗျာ၊ ခင်ဗျား အဲဒီအဆင့်

ရောက်ခဲ့တာ ကြာပြီဆိုရင် ခင်ဗျားရဲ့ ဝိညာဉ် အစစ်အမှန်ဟာ ဒီရွာထဲမှာ ရှိနေမှာ မဟုတ်တော့ဘူး၊ မဟုတ်ရင်တော့ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် သတ်သေမှပဲ ဒီနေရာက လွတ်မြောက် နိုင် လိမ့်မယ်၊ ဒါမှမဟုတ်... သေခြင်းရှင်ခြင်းစာအုပ်မှာ မှတ်တမ်း တင်ထားတဲ့ ထိုက်ယီထျန်းရှန်း အဆင့် နတ်ဘုရား အဆင့်တွေ ကများ တစ်ခုခု လွဲနေသလား မပြောတတ်တော့ပါဘူးလေ....”

ဆန်းလျန်၏စကားများကို ကြားသည့်အခါတွင်တော့ ထို သတ္တဝါ၏ မျက်နှာထားက အနည်းငယ် ပြောင်းလဲ သွားလေ သည်။

“မင်းက ဒီအကြောင်းတွေကို သိတယ်လား၊ မင်းက ဘယ်ကနေ လာတဲ့သူလဲ”

ဆန်းလျန်က ပြုံးလိုက်ရင်း...

“ဝတ္ထုထဲမှာ ဖတ်ဖူးတာလေ၊ ကျုပ်က မှတ်ညဏ်ကောင်းတယ်၊ ခင်ဗျားကို အသေးစိတ် ပြောပြရဦးမလား”

ထိုသတ္တဝါက အေးစက်သည့် လေသံဖြင့်....

“မလိုဘူး၊ ကျုပ်ဟာကျုပ် ဖတ်ကြည့်လိုက်မယ်”

ထို့နောက် ထိုသတ္တဝါက ရေတွင်းအပေါ်သို့ မော့ကြည့်လိုက်ပြီး ကြိုးဝါးသံ တစ်ချက်ကို ကျယ်လောင်စွာ ပြုလုပ်လိုက် လေသည်။ သူ၏ ကြိုးဝါးသံကြောင့် ရွှေရောင် အလင်းတန်းများပင် အက်ကြောင်းထင် သွားရလေသည်။

ထို့နောက်... ထိုမိစ္ဆာသတ္တဝါက ရေတွင်းထဲမှ ဘုန်းတော်ကြီး၏ အလောင်းပေါ်သို့ တွားသွားပြီး တက်လိုက်လေသည်။ ထိုအခါ ဘုန်းတော်ကြီးသည် ချက်ချင်းပင် အသက်ပြန်ဝင် လာတော့သည်။

တစ်ချိန်တည်းမှာပင် ဘုန်းတော်ကြီး၏ အဝတ်အစားများသည် ဖုန်မှုန့်များ ဖြစ်သွားပြီး ဘုန်းတော်ကြီးသည် မြေကြီးပေါ်တွင် တွားသွားနေလေတော့သည်။ ဘုန်းတော်ကြီး၏ အသွေးနှင့်

အသားစများသည် အရိုးများတွင် ကပ်နေပြီး သွေးကြောများ ကိုလည်း အမြှောင်းလိုက် မြင်နေရလေသည်။

ထိုခြောက်သွေ့နေသည့် ခန္ဓာကိုယ်ထက်တွင် ရွှေရောင်အမွေး ရှည်များ ထွက်ပေါ်လာပြီး လည်ပင်းတွင်တော့ အဖြူရောင် အမွေးများ ထွက်ပေါ်လာလေသည်။ ချိုင့်ဝင်နေသည့် မျက်လုံး ကြီးများမှာ သွေးနီရောင် တောက်ပလျက် ရှိချေ၏။

သေပြီးသည့်နောက် မပျက်စီးသော ခန္ဓာကိုယ်ရှိသူများသည် "ဖုတ်ကောင်" များ ဖြစ်ကြလေသည်။

ထိုဖုတ်ကောင်များသည် အသွေးအသားများသည် အရိုးထိ ကျုံ့ဝင်သွားသည့် အချိန်တွင် သွေးကြောများဆီမှ အဖြူ ရောင် အမွေးများ ထွက်ပေါ်လာလေသည်။

နှစ်ပေါင်း (၅၀၀) ကြာပြီးသည့်နောက်… အဖြူရောင် အမွေး များသည် အနက်ရောင် အမွေးများ အဖြစ်သို့ ပြောင်းလဲ သွား ကြလေသည်။

နောက်ထပ် နှစ်ပေါင်း (၅၀၀) ထပ်ကြာသွားသည့် အခါတွင်

တော့ အနက်ရောင် အမွေးများသည် အနီရောင်အမွေးများ

အဖြစ်သို့ ကူးပြောင်း သွားကြလေသည်။

နောက်ထပ် နှစ်ပေါင်း (၅၀၀) ထပ်မံ ကြာမြင့်ခဲ့လျှင်တော့ အနီ

ရောင်အမွေးများသည် ရွှေရောင် အမွေးများ အဖြစ်သို့

ပြောင်းလဲသွားကြမည် ဖြစ်လေသည်။

ထိုသို့ နှစ်ပေါင်းများစွာ ကြာအောင် ဖုတ်ကောင် သက်တမ်းကို

ဖြတ်ကျော်ပြီးသည့် အခါတွင်တော့ မိုးကြိုးပစ် အစစ်ဆေးခံရ

လေသည်။

မိုးကြိုးပစ် အစစ်ဆေးခံရခြင်းကို ရွှေရောင်အမွေးများပိုင်ရှင်

ဖုတ်ကောင်များသာ အသက်ရှင်သန် နိုင်ကြပြီး အခြားသော

ဖုတ်ကောင်များမှာတော့ သေကြေ ပျက်စီးခြင်းသို့ ရောက်ကြရ

လေ၏။

ရွှေရောင် အမွေးရှည်ဖုတ်ကောင်များသည် တစ်ကိုယ်လုံး ရွှေရောင် အမွေးများဖြင့် ဖုံးလွှမ်းနေပြီး လည်ပင်းတွင်တော့ အဖြူရောင် အမွေးများ ရှိတတ်လေသည်။

ယခုတော့ ဆန်းလျှန် နားလည်သွားပြီ ဖြစ်လေသည်။

ထိုမိစ္ဆာသတ္တဝါ၏ မူလပုံသဏ္ဍာန် အစစ်အမှန်မှာ ရွှေရောင် အမွေးရှည် ဖုတ်ကောင် တစ်ကောင်ပင် ဖြစ်လေတော့သည်။

သို့သော်... ယခုကဲ့သို့ ဘုန်းတော်ကြီး၏ ရုပ်အလောင်းကို ရွှေရောင်အမွေးရှည် ဖုတ်ကောင် အဖြစ် ချက်ချင်းပြောင်းလဲ ပစ်နိုင်ခြင်းမှာ သူသည် ထိုက်ယီထျန်းရှန်း အဆင့်သို့ အမှန် တကယ် ရောက်ရှိနေခြင်း ဖြစ်သည်ကိုလည်း သက်သေပြ လိုက်ခြင်းဖြစ်လေသည်။

သို့သော်... ဘုန်းတော်ကြီးကို အသုံးပြုကာ ပူးဝင်ထားသည့် ရွှေရောင် အမွေးရှည် ဖုတ်ကောင်၏ ရုပ်ခန္ဓာသည် ခိုင်ခံ့ခြင်း မရှိပါ။ ထိုမိစ္ဆာသတ္တဝါ တကယ်တမ်း လိုချင်သည့် ရုပ်ခန္ဓာ

ကတော့ ကလေးငယ်၏ ခန္ဓာကိုယ်ပင် ဖြစ်လေသည်။ ထို ကလေးသာလျှင် သူ၏အစိက ရည်ရွယ်ချက် ဖြစ်လေသည်။ ဆန်းလျန်ကတော့ ထိုကလေးငယ်လေးကို ရအောင် ကယ်တင်ချင်မိလေသည်။ သူ ထိုသို့ကယ်တင်လိုခြင်းမှာ မလိုအပ်သည်များကို ပုံကြီးချဲ့နေခြင်း မဟုတ်ပါချေ။

သူ ယခင်က ဖတ်ခဲ့ဖူးသည့် သေခြင်းရှင်ခြင်း စာအုပ်မှ ထိုက်ယီ ထျန်းရှန်းအဆင့် နတ်ဘုရားများ စာရင်းသည် မှန်ကောင်းမှန်ပါလိမ့်မည်။ သို့သော်... အပြည့်အဝတော့ ယုံကြည်၍ မရနိုင်ပါပေ။ သူလိုချင်သည့် အဖြေကို ရွှေရောင်အမွေးရှည်ဖုတ်ကောင်က ပေးကောင်းပေးနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်သည် ဤနေရာမှ ထွက်ခွာသွားလိုလျှင် အစောကြီးကတည်းကပင် ထွက်ခွာ သွားနိုင်လေသည်။

သို့သော် သူက တမင်သက်သက် ထွက်မသွားခြင်း ဖြစ်လေသည်။ သူရင်ဆိုင်နေရသည်မှာ ကြောက်စရာကောင်း သည့်

အခြေအနေ ဖြစ်သည့်တိုင် ထိုသို့ ရင်ဆိုင်ရခြင်း မရှိပါက ဘဝ သည် ပျင်းစရာ ကောင်းနေမည် ဖြစ်လေသည်။ သူက တာအို ကျင့်ကြံသူ တစ်ယောက်ဖြစ်ပြီး လူသေ တစ်ယောက် မဟုတ် ပါချေ။

ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိပြီး ကတည်းက သူ၏ တန်ခိုးစွမ်းအားများ မည်မျှ မြင့်မားလာခဲ့သည်ကို သူ စမ်းသပ် မကြည့်ခဲ့ရသေးပေ။ ယခုကဲ့သို့ အဆင့်တူသည့် ပြိုင်ဘက် တစ်ယောက်နှင့် ရင်ဆိုင် တိုက်ခိုက်ရမည်မှာ ဝမ်းသာစရာပင် ဖြစ်တော့သည်။

ရွှေရောင်အမွေးရှည် ဖုတ်ကောင်သည် အတားအဆီးများနှင့် ဗလာနယ်များကို ကျော်ဖြတ်လာပြီး ဆန်းလျန်ရွာ့တွင် ပေါ်လာခြင်း ဖြစ်ဟန် တူလေသည်။ သို့သော် ရွှေရောင် အမွေး ရှည် ဖုတ်ကောင်သည် ရေတွင်းနံရံ၌ရှိ ဗလာနယ်ထဲတွင် တွယ်ကပ်နေဆဲ ဖြစ်လေသည်။

ဆန်းလျန်၏ စိတ်အာရုံထဲတွင် အန္တရာယ်အငွေ့အသက်ကို ရ
လိုက်သည်နှင့် သူ့လက်ထဲတွင် ရှည်လျားသည့် ငါးမြားတံတစ်
ခု ပေါ်လာလေသည်။ ဆန်းလျန်က ငါးမြားတံကို ဝှေ့ယမ်း
လိုက်ပြီး သူ့ရှေ့မှ ဗလာနယ်ကို ပိတ်ဆို့ပစ် လိုက်လေသည်။
ချက်ချင်းပင် သူ့ရှေ့မှ ဗလာနယ်သည် ရွှံ့အိုင်ကြီးတစ်ခု ဖြစ်
သွားလေသည်။ ဆန်းလျန်၏ မရဏစားသည် ရွှံ့အိုင်ထဲတွင်
နစ်နေလေသည်။ သူ၏တိုက်ခိုက်မှု အောင်မြင်သည်လား၊ မ
အောင်မြင်ခဲ့ဘူးလား ဆန်းလျန် ဝေခွဲမရခဲ့ပေ။

သို့သော်.... ဆန်းလျန်၏ စိတ်အာရုံထဲတွင်တော့ လွဲသွားပြီဆို
သည့် အချက်ကို ဖော်ပြနေလေသည်။

ဆန်းလျန်၏ ငါးမြားတံအဖျားသည် ငါးကြီးတစ်ကောင်ကို
ဖမ်းမိသည့် အလား အလေးချိန် စီးစွာဖြင့် ပြန်ကန်ထွက်လာ
လေသည်။

ငါးမြားတံသည် လှုပစ္စာဖြင့် ပြန်ကန် ထွက်လာသည့်အခါ

ဗလာနယ်ကို ထိုးခွဲသကဲ့သို့ ဖြစ်သွားပြီး ရှု့အိုင်ကြီး၏

အက်ကွဲကြောင်းထဲတွင် ရွှေရောင် အမွေးရှည်များကို တွေ့မြင်

လိုက်ရလေသည်။

ထိုအချိန်တွင်...

ဆန်းလျန်နှင့် မျက်နှာချင်းဆိုင်မှ ရွှေရောင် အမွေးရှည်

ဖုတ်ကောင်သည် ဆန်းလျန်၏ အနောက်ဘက်သို့ ရောက်ရှိ

သွားလေသည်။

ထူးဆန်းသည့် အချက်မှာ...

ထိုဖုတ်ကောင်သည် ဆန်းလျန်ထိုးခွဲလိုက်သည့် ဗလာနယ်

အက်ကွဲကြောင်းမှ ဝင်ရောက်ကာ ဆန်းလျန်အနောက်သို့

ရောက်ရှိသွားခြင်း ဖြစ်လေသည်။

ဗလာနယ်များ၏ဦးတည်ရာသည် ပျောက်ဆုံး သွားလေသည်။

လူတစ်ယောက်နှင့် မိစ္ဆာသားရဲတစ်ကောင်၏ တိုက်ခိုက်မှု

စတင်ခဲ့ပြီ ဖြစ်လေသည်။

အခန်း (၆၀၉) စစ်မှန်သောကျင့်စဉ်လမ်း

ဆန်းလျန်၏ အရည်အချင်းကို စမ်းသပ်ပြီးသည့်နောက်

ရွှေရောင် အမွေးရှည် ဖုတ်ကောင်မှာ ဆန်းလျန်သည် ခေသူ

မဟုတ်ကြောင်း သဘောပေါက်သွားလေသည်။

လင်ပေါင်ထျန်းကျွင်းသည် လူပြန်ဝင်စားပြီး ထုန်ထျန်း အရှင်

အသခင်အဖြစ် ခံယူကာ ကျယ်ကျောက် အမိန့်တော် ဂိုဏ်းကို

တည်ထောင် ခဲ့လေသည်။

ထိုစဉ် အချိန်တုန်းက အော်မေ့တောင်ကို ဖြတ်သန်း သွားစဉ်တွင် ထိုမိစ္ဆာ သတ္တဝါအား တွေ့ရှိခဲ့ပြီး တပည့်အဖြစ်ခေါ်ယူ ခဲ့လေသည်။

ထိုသတ္တဝါသည် အော်မေ့တောင်ထိပ်တွင် တရား အလင်းရကာ "ရွှေရောင်အလင်းတန်း နတ်ဘုရား" ဟူသော အမည်ကို ရခဲ့လေသည်။

သူသည် အခြားသော ဂိုဏ်းတူ မောင်နှမများကဲ့သို့ စစ်မှန်သည့် တာအိုကျင့်စဉ်များကို မကျင့်ကြံခဲ့သည့်တိုင် ထူးခြားသည့် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားသူ ဖြစ်လေသည်။

မိုးနတ်မင်းက ကောင်းကင်ဘုံ နန်းတော်ကို စတင် တည်ထောင်ခဲ့သည့် အချိန်ကပင် သူသည် ထိုက်ယီထျန်းရှန်း အဆင့်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။

နတ်ဘုရားများ၏ စစ်ပွဲတွင် တာအိုဆရာချီဟန်က သူ့ကို ဖမ်းဆီးခဲ့လေသည်။

ထို့နောက် သူ၏ဝိညာဉ်ကို မရှိမှုကျေးရွာတွင် ချုပ်နှောင်ထားခဲ့သည့် အတွက် သူ၏ အမည်စာရင်းသည် သေခြင်း ရှင်ခြင်း စာအုပ်မှ ထိုက်ယီထျန်းရှန်း အဆင့် နတ်ဘုရားများ စာရင်းတွင် ပါဝင်ခဲ့ခြင်း မရှိတော့ပေ။ သူ၏ ကျင့်စဉ်လမ်းမှာလည်း နှောင့်နှေး ခဲ့ရလေသည်။

သူက လွတ်မြောက်ရန် အတွက် တာအိုဆရာချီဟာန်ဖြင့် အကြိမ်ပေါင်းများစွာ တိုက်ခိုက် ခဲ့လေသည်။ နောက်ဆုံးတွင်တော့ တာအိုဆရာချီဟာန်သည် ဒေါသထွက်လာပြီး ကွမ်ရင်မယ်တော် အသွင်ပြောင်းကာ အသူရာချောက် ကိုးထပ်တွင် သူ၏ဝိညာဉ်ကို ပိတ်လှောင် ထားခဲ့ပြီး အရေး မလုပ်တော့ဘဲ ထွက်ခွာ သွားခဲ့လေတော့သည်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီးသည့်နောက် အသူရာချောက်တွင် ကြီးမားသည့် အပြောင်းအလဲများ များစွာ ဖြစ်ပေါ်လာ ခဲ့လေသည်။

ကွမ်ရင် မယ်တော်သည် တန်ခိုး စွမ်းအား အမြင့်မားဆုံး ကျင့်ကြံသူ တစ်ယောက် ဖြစ်လေသည်။ သို့သော် သူမပြုလုပ်ခဲ့ သည့်အရံအတားကတော့ အချိန်ကာလ ကြာလာသည်နှင့် အမျှ အနည်းငယ် ပျက်စီး လာခဲ့လေသည်။ ထို့ကြောင့် ရွှေရောင် အလင်းတန်း နတ်ဘုရားသည် အရံအတားကို ဖျက်ဆီးပြီး ထိုးဖောက်ထွက်ရန် ကြံစည်ခဲ့ခြင်း ဖြစ်လေတော့ သည်။

ဆန်းလျန်သာ ရောက်မလာခဲ့လျှင် ရွှေရောင်အလင်းတန်း နတ်ဘုရားသည် အေးအေး ဆေးဆေးပင် လွတ်မြောက် သွားမည် ဖြစ်လေသည်။

ယခုတော့ သူ့အတွက် အရေးကြီးသည့် အချိန်တွင် ကျယ်ကျောက် အမိန့်တော်ဂိုဏ်းနှင့် ပတ်သက်သူ တစ်ယောက် ဖြစ်သည့် ဆန်းလျန်ကဲ့သို့သော ပြိုင်ဘက် တစ်ယောက်နှင့်

ထိပ်တိုက် ရင်ဆိုင်ရပြီ ဖြစ်လေသည်။ ထိုသို့ ဖြစ်လာလိမ့် မည်ဟု သူ မျှော်လင့်မထားခဲ့မိပေ။

ထို့ပြင် ဆန်းလျန်၏ မရဏာဓားသည် ဆရာဖြစ်သူ၏ နတ်ဘုရား ထောင်ချောက်ဓားကို အမှတ် ရစေလေသည်။ ဆန်းလျန်သာ တာအိုရုပ်ခန္ဓာကို ပိုင်ဆိုင်ထားသည့် ကလေးငယ်ကို ဂရုစိုက်မနေခဲ့လျှင် သူသည် ဆန်းလျန်ကို အစောကြီး ကတည်းကပင် ရှုံးနိမ့်ရမည် ဖြစ်လေသည်။

ယခုတော့ သူတို့ (၂) ယောက် စတင် တိုက်ခိုက်ခဲ့ကြပြီ ဖြစ်သည့်အတွက် ရပ်တန့်ရန် မဖြစ်နိုင်တော့ပါချေ။ တစ်ယောက်ကို တစ်ယောက် ပြတ်ပြတ်သားသား အနိုင်ယူနိုင်မှသာ တိုက်ပွဲက ရပ်တန့်သွားမည် ဖြစ်လေသည်။

ငါးမြားတံပုံသဏ္ဍာန်ရှိသည့် မရဏာဓား၏ အဖျားသည် တစ်စက္ကန့်လျှင် အနည်းဆုံး အကြိမ်တစ်သောင်းနှုန်းဖြင့် တုန်ခါနေပြီး ခန့်မှန်းရခက်သည့် အငွေ့အသက်များဖြင့် ပြည့်နှက် နေ

လေသည်။ မရဏာဓားမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များသည် ရွှေရောင် အလင်းတန်း နတ်ဘုရားကို အမှုန့်ခြေပစ်တော့မည့်အလား ဝင်ရောက် သွားလေသည်။

ရွှေရောင် အလင်းတန်း နတ်ဘုရားမှာ အတွေ့အကြုံများ သူတစ်ယောက် ဖြစ်သည့်တိုင် ဆန်းလျန်၏ တိုက်ကွက်များကို မခန့်မှန်းနိုင် ဖြစ်နေရလေသည်။

မိစ္ဆာသတ္တဝါထံမှ ကြုံးဝါးသံ တစ်ချက်ကို ကြားလိုက်ရလေသည်။

မိစ္ဆာသတ္တဝါ၏ လက်သည်းများမှ ထူးဆန်းသည့် သင်္ကေတတစ်ခု ထွက်ပေါ်လာပြီး ဗလာနယ် တစ်ခုလုံး လျှပ်စီး လက်သကဲ့သို့ လင်းလက် တောက်ပသွားလေသည်။ လျှပ်စီးများသည် ပင့်ကူအိမ်ကဲ့သို့ ကွန်ယက်များ ဖွဲ့သွားပြီး ဝမ်ကျုန်း၏ လျှပ်စီး နဂါးကြီးများထက်ပင် ကြောက်စရာ ကောင်းနေသေးသည်။

လျှပ်စီးကွန်ရက်က ဆန်းလျန်၏ ဆံပင်များကို ထိမိသည့်အခါ တွင်တော့ ဆံပင်များမှာ ပြေကျသွားရပြီး လျှပ်စီးထိမိသည့် သူ၏ အရေပြားထက်တွင် အစိမ်းရောင် အငွေ့များ ထွက်လာ လေသည်။ ဆန်းလျန်မှာ မျက်လုံးပင် ပြူးသွား ရတော့သည်။ ရွှေရောင် အလင်းတန်း နတ်ဘုရား၏ လျှပ်စီးတန်ခိုး စွမ်းအား သည် ဆန်းလျန်ကို ထိခိုက်မှု အနည်းငယ် ဖြစ်စေရသည့် အကြောင်းရင်းမှာ ထိုလျှပ်စီး စွမ်းအားထဲတွင် ဆန်းလျန် နားမ လည်နိုင်သည့် မိုးနှင့်မြေ၏ နက်ရှိုင်းသော နိယာမ တစ်ခု ပါဝင် နေသောကြောင့် ဖြစ်လေသည်။

သို့သော်... ရွှေရောင် အလင်းတန်းနတ်ဘုရား၏ ထိတ်လန့် သွားမှုကတော့ ဖော်ပြနိုင်ခြင်း မရှိတော့ပါချေ။

အဘယ်ကြောင့် ဆိုသော် သူ၏ လျှပ်စီးစွမ်းအားမှာ ရွှေရောင် အမွေးရှည်များ ပြောင်းလဲသွားသည့် အချိန်တွင် အစစ်ဆေးခံ ခဲ့ရသည့် မိုးကြိုးလျှပ်စီး ဖြစ်လေသည်။ သူက ထိုမိုးကြိုး

လျှပ်စီးကို စန့်ချင် အလင်းစွမ်းအားဖြင့် ပေါင်းစပ် ထားခြင်း ဖြစ်လေသည်။
ထိုလျှပ်စီးသာ ထိမှန်မည်ဆိုလျှင် ဆန်းလျန်၏ နတ်ဘုရား စွမ်းအားများသည့် ကျိန်းသေ နှေးကွေး သွားမည်ဟု သူက ယူဆ ထားခဲ့လေသည်။ သို့သော်... ထို လျှပ်စီးသည် ယခု တော့ ဆန်းလျန်ကို များစွာ ထိခိုက်နိုင်ခြင်း မရှိပါပေ။
ထိုသို့ ဖြစ်ရသည်မှာ ဆန်းလျန်က တန်ခိုးစွမ်းအား မြင့်မား လွန်း နေသောကြောင့် မဟုတ်ပါ။ နှစ်ပေါင်းများစွာ ဖမ်းချုပ် ဖိနှိပ်ခံထားရသည့် ရွှေရောင် အလင်းတန်း နတ်ဘုရား၏ လျှပ်စီးစွမ်းအားမှာ တဖြည်းဖြည်း အားနည်းသွားသော ကြောင့်သာ ဖြစ်လေသည်။ မည်မျှအထိ အားနည်း သွားခဲ့ သည်ကိုတော့ သူကိုယ်တိုင်လည်း မသိခဲ့ပါ။
ထို့ပြင် ဆန်းလျန်၏ ဝိညာဉ်စွမ်းအား မြှင့်တင်ခြင်း ကျင့်စဉ် သည် လင်ပေါင်ထျန်းကျွင်းနှင့် ဆက်စပ် ပတ်သက်နေခဲ့ လေ

သည်။ ထို့ကြောင့် စန့်ချင် အလင်းစွမ်းအားသည် ဆန်းလျန်ကို မည်သို့မှ မထိခိုက်နိုင်ခဲ့ခြင်း ဖြစ်လေ၏။

သို့သော် သူ၏ လျှပ်စီးကွန်ယက်သည် ဆန်းလျန်ကို စိတ်အာရုံ ပျံ့လွင့်စေခဲ့လေသည်။ ထို့ကြောင့် ဆန်းလျန်၏ ဓားချက်မှာ လွဲချော် သွားရလေသည်။ မိစ္ဆာသတ္တဝါက ရွှေရောင် အမွေး ရှည်များကို ပိုပြီးထုတ်လွှတ်လိုက်ကာ သူ့ကိုယ်သူ ကာကွယ် ထားလိုက်လေသည်။

ပေါက်ကွဲသံကြီး တစ်သံ ထွက်ပေါ်လာပြီး ပတ်ဝန်းကျင် တစ်ခု လုံးမှာ တုန်လှုပ် သွားလေသည်။

သို့သော်... တန်ခိုးစွမ်းအား စာလုံး (၆) လုံးသည်လည်း ပျက်စီး သွားခြင်း မရှိသလို ရေတွင်း အောက်ခြေတွင်ရှိနေ သည့် ကလေးငယ်လေးမှာလည်း ထိခိုက်ခြင်း မရှိခဲ့ပေ။ သူတို့ (၂)ယောက် တိုက်ခိုက်ခြင်းကြောင့် ထွက်ပေါ်လာသည့် ဖုံမှုန့် များသာ ကလေးငယ်ပေါ်သို့ ကျရောက် သွားလေသည်။

တိုက်ပွဲသည် ပို၍ပြင်းထန်လာပြီး ဆန်းလျှန်သည် သူရရှိထား
သည့် ဒဏ်ရာကို ဂရုမစိုက်အားပါ။ သူ၏ မျက်ခုံးနှစ်ခု ကြားမှ
အနီရောင် ပြဒါးရှင်သင်္ကေတမှ အလင်းတန်းများသည် မြေပြင်
ထက်သို့ စီးဆင်း သွားလေသည်။

သဘာဝစွမ်းအားများကို စုပ်ယူပြီး အားပြန်ဖြည့်လိုက်ခြင်း
ဖြစ်လေသည်။

ရွှေရောင် အလင်းတန်း နတ်ဘုရားသည် သာမန်ပြိုင်ဘက် တစ်
ယောက်တော့မဟုတ်ပေ။

သူက ဆန်းလျှန်၏ မရဏဓားကို ကောင်းစွာ ရှောင်တိမ်းနိုင်ခဲ့
သည့် အပြင် ဆန်းလျှန်ကိုပင် ပြန်လည် တိုက်ခိုက်ရန် ကြိုးစား
နေလေသည်။

မိစ္ဆာသတ္တဝါကတော့ တိုက်ခိုက်နေရင်း ဆန်းလျှန်ကို
အနည်းငယ် မနာလိုဖြစ်မိလေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျှံ ရောက်ရှိနေသည့် ကျင့်ကြံခြင်း အဆင့်သည် ထိုက်ယီထျန်းရှန်း အဆင့်ချင်း တူနေလျှင်တောင်မှ ပိုမိုအဆင့်မြင့်မား နေသောကြောင့် ဖြစ်လေသည်။

ထိုသို့ ဖြစ်ရခြင်းမှာ ဆန်းလျှံသည် မှန်ကန် သည့်ကျင့်စဉ်လမ်း အတိုင်း ကျင့်ကြံခဲ့ပြီး ပြီးပြည့်စုံသည့် အောင်မြင်မှုကို ရခဲ့သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ထိုက်ယီထျန်းရှန်း အဆင့်သို့ ရောက်ရှိသည့်အခါ လောက အသစ်တစ်ခုကိုပင် ဖွင့်လှစ်နိုင်သည် အထိ အဆင့်မြင့်ခဲ့ခြင်း ဖြစ်လေသည်။

စစ်မှန်သည့် ကျင့်စဉ်လမ်းကို လျှောက်လှမ်းရန်မှာ မရေမတွက်နိုင်အောင် နှစ်ပေါင်း ကြာရှည်မည် ဖြစ်လေသည်။ ကျင့်ကြံသူများစွာသည် သူတို့၏ အတ္တနှင့် မာနကြီးမှုတို့ကြောင့် ကျင့်စဉ်လမ်း အဆုံးထိ မလျှောက်လှမ်းနိုင်ဘဲ လမ်းတစ်ဝက်တွင် ကျဆုံးခဲ့ရသည်က များလေသည်။

မူလ သုံးဖြာ တာအိုဆရာသခင်ကြီး (၃)ပါးသည် စစ်မှန်သည့် တာအိုကျင့်စဉ်လမ်းကို ဆရာမလိုဘဲ ကိုယ်တိုင် သိမြင်ခဲ့ကြ သူများ ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့ ထိုမူလတာအို ဆရာကြီး (၃)ပါးသည် စစ်မှန်သော ကျင့်စဉ်လမ်းကို တပည့်များကို သင်ကြား ပေးရန် ကြိုးစားခဲ့ကြသော်လည်း သူတို့၏ တပည့်များက စစ်မှန်သည့် ကျင့်စဉ်လမ်းကို နားလည်နိုင်ရန် အလှမ်း ဝေးလွန်းပြီး အောင်မြင်ရန် အတွက် အတိတ်ကံ မပါခဲ့ကြပေ။

အချို့မှာလည်း မရှိမှုကျေးရွာတွင် ပိတ်မိနေကြကာ ဝိညာဉ်ကို စွန့်ခွာပြီး အသစ်တစ်ဖန် ပြန်လည် အစပြု ခဲ့ကြရလေသည်။ ရွှေရောင် အလင်းတန်း နတ်ဘုရားသည် ကလေးငယ်၏ မွေး ရာပါ တာအို ခန္ဓာကို လိုချင်သည်မှာလည်း ထို့ကြောင့်ပင် ဖြစ်လေသည်။ ခိုင်မာသည့် တာအိုခန္ဓာ တစ်ခုကိုသာ ရရှိလျှင် သူ

သည် စစ်မှန်သည့် ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်ပြီး အောင်မြင်စွာဖြင့် အဆင့်တက်လှမ်း နိုင်မည် ဖြစ်လေသည်။ သို့သော်... သူသည် ကျင့်စဉ်လမ်းတွင် အောင်မြင်ခဲ့ပါက လည်း တာအိုဆရာချီဟန်ကို လက်စားချေရန် ဆန္ဒမရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် တာအိုဆရာ ချီဟန်သည် တာအိုဆရာ တစ်ပါးအဖြစ်မှ ကွမ်ရင်မယ်တော်အဖြစ် အသွင် ပြောင်းပြီး သူ့ကို နှိမ်နင်းခဲ့သည်ကို မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရ သောကြောင့်ပင်။ ထိုသို့ တာအိုဝါဒမှ ဗုဒ္ဓဘာသာသို့ လိုသလို ပြောင်းလဲနိုင်ခြင်းမှာ သူ့အတွက် အလွန်မှ အလှမ်းဝေးလွန်း သည့် အဆင့် ဖြစ်လေသည်။

အမှန်တော့ သူသည် ဤနေရာမှသာ လွတ်မြောက်ခဲ့လျှင် အရာ အားလုံးကို စွန့်လွှတ်ပြီး အသူရာချောက်မှ အတိတ် မေ့ဆေး ရည်ကို သောက်ပြီး အတိတ်မှ အပြစ်များ အားလုံးကို ဆေးကြော သန့်စင်ကာ ကလေးငယ်၏ တာအိုခန္ဓာကို

အသုံးပြုပြီး ဘဝကို အသစ်ပြန်စရန် ရည်ရွယ် ထားလေသည်။
ထိုအခါ စစ်မှန်သည့် တာအိုကျင့်စဉ် လမ်းပေါ်သို့ ရောက်ရှိပြီး
အောင်မြင်မှု ရရှိနိုင်မည် ဖြစ်လေသည်။
ဆန်းလျန်၏ မရဏဏားမှာ အလွန်ထူးဆန်းသည့် ဓားတစ်
လက် ဖြစ်သည့်တိုင် ရွှေရောင်အလင်းတန်း နတ်ဘုရား၏
အရိပ်ကိုပင် ထိုးခုတ်မိခြင်း မရှိတော့ပေ။
ထိုမိစ္ဆာ သတ္တဝါသည် ထိုမျှတော်နေရကား လင်ပေါင်ထျန်းကျွ
င်း၏ တပည့် ဖြစ်နေသည်မှာ ငြင်းဖွယ်ရာမရှိပါချေ။ သူသည်
အကာအကွယ် ရယူထားနိုင်ပြီး မရဏဓားအောက်တွင်
ဆက်လက် အသက်ရှင်သန်နိုင်ရန် ကြိုးစား နိုင်ခဲ့လေသည်။
ထိုအချက်က... ဆန်းလျန်၏ အဆင့်အတန်းသည်
ရှေးဟောင်း နတ်ဘုရားများနှင့် ယှဉ်လျှင် မိုးနှင့်မြေပမာ
ကွာခြားနေ သေးကြောင်းကို ပြသနေလေသည်။

သို့သော်… ဆန်းလျန်၏ မရဏဓားသည် အားကြီးသူကိုဖြစ်စေ အားနည်းသူကို ဖြစ်စေ သုတ်သင် ရှင်းလင်းပစ်နိုင်စွမ်းရှိ လေသည်။

ထို့ကြောင့် ဆန်းလျန်က တစ်ချက် ရယ်မောလိုက်ရင်း…

“တာအိုရောင်းရင်းရေ… ခင်ဗျားတော့ ဒီနေ့ အရှက်ကွဲပြီပဲ…”

အခန်း (၆၁၀) ကမ္ဘာဖျက်စွမ်းအား

ဆန်းလျန်၏ စကားများကို ကြားလိုက်ရသည်နှင့် ရွှေရောင် အလင်းတန်း နတ်ဘုရားမှာ ကြောက်ရွံ့ သွားမိလေသည်။ ဆန်း လျန်သည် သူနှင့် အနီးတွင်ရှိသလိုလို အဝေးတွင် ရှိနေသလိုလို မရေမရာ ခံစားနေရလေသည်။

သူ့ကို ဆန့်ကျင်သူကို အပြစ်ပေးတော့မည့် နတ်ဘုရား တစ်ပါး အလား ဆန်းလျန်၏ ပုံသဏ္ဍာန်သည် ပြတ်သားလျက် ရှိလေ၏။

ရွှေရောင်အလင်းတန်း နတ်ဘုရားမှာ ဒေါသချောင်းချောင်း ထွက်လာလေသည်။

သူသည် သူ့နောက်မှ ရောက်လာသည့် နောက်ပေါက် တစ်ယောက်ကို ရှုံးနိမ့်ရမည်ဆိုသည့် အချက်ကို မယုံကြည်နိုင်ပေ။ ထို့ကြောင့် သူသည် စိတ်အာရုံထဲတွင် ခံစားမိနေသည့် အန္တရာယ် အငွေ့အသက်များ အားလုံးကို လျစ်လျူရှုလိုက်လေသည်။

သူ၏ရွှေရောင် အမွေးရှည်များသည် ဆူးချွန်များအလား ထောင်လာလေသည်။ ထိုသို့ မြင့်မားသည့်တန်ခိုး စွမ်းအားကို အသုံးပြုလိုက်သည့် အတွက် သူရယူထားသည့် ဘုန်းတော်

ကြီး၏ ရုပ်ခန္ဓာသည် ကြေမွ ပျက်စီးသွားရမည် ဆိုလျှင်လည်း သူအရေးမထားတော့ပါ။

ထိုက်ယီထျန်းရှန်း အဆင့်သို့ ရောက်ရှိနေသည့် ကျင့်ကြံသူ တစ်ယောက်အနေဖြင့် သူသည် ထိတ်တန်းအဆင့် နတ်ဘုရား တစ်ပါး ဖြစ်လေသည်။ စန့်ချင်မူလ ဝိညာဉ်ခန္ဓာကို ပိုင်ဆိုင်ထားရုံမျှဖြင့် ဆန်းလျန်ကဲ့သို့ နောက်ပေါက် တပည့်အငယ် တစ်ယောက်က သူ့ကို အနိုင်ယူမည်ဆိုသည့် အချက်ကို သူ လုံးဝ လက်မခံနိုင်ခဲ့ပေ။

ထိုတပည့်အငယ် လက်အောက်တွင် သူ့လို စန့်ချင်၏ တပည့်ရင်း တစ်ယောက်က နှိမ်နင်းခံရမည့် ကိစ္စမှာ မည်သူမှ မသိလျှင်တောင်မှ အလွန်ရင်နာစရာ ကောင်းသည့် ကိစ္စ ဖြစ်လေသည်။

မိစ္ဆာသတ္တဝါသည် လေထဲတွင် လှုပ်ရှားမရှိဘဲ ရပ်တန့်နေလေသည်။

ထို့နောက် ကျယ်လောင်သည့် ဟိန်းသံတစ်ချက်ကို ပြုလုပ်လိုက်လေသည်။ ထိုဟိန်းသံကြီးကြောင့် လေထုတစ်ခုလုံးသည် ပင်လယ် သမုဒ္ဒရာ လှိုင်းတံပိုးများ မြင့်တက်လာသည့်အလား လှုပ်ရှား သွားရလေသည်။ ထိုအသံထဲမှ မိစ္ဆာသားရဲများ တစ်ကောင်ပြီး တစ်ကောင် ခုန်ထွက် လာကြလေသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက ဆန်းလျန်သည် ထိုက်စုနတ်ဘုရား ဂိုဏ်းတွင် တူမလေး ဖြစ်သူ ရှော့ရှီကို သွားရောက်ကယ်တင်စဉ်က ထျန်းမုန့်နတ်သမီး၏ "ထျန်းယင်းဖန်ဆင်းခြင်း" ပညာဖြင့် ရင်ဆိုင် ခဲ့ရဖူးလေသည်။ အသံလှိုင်းဖြင့် မိစ္ဆာသားရဲများ ဖန်ဆင်းနိုင်သည့် အံ့သြဖွယ်ရာ သဘာဝလွန်တန်ခိုးစွမ်းအား တစ်ခုဖြစ်လေသည်။

ထိုစဉ်က ထျန်းမုန့်နတ်သမီးသည် ဗျပ်စောင်းသံစဉ်ကို တီးခတ်ပြီး ကြောက်မက်ဖွယ်ရာ သားရဲတစ်ကောင်ကို ဖန်ဆင်း ခဲ့လေသည်။

ထိုထျန်းယင်းဖန်ဆင်း ပညာသည် ယခု ရွှေရောင်အမွေးရှည်

ဖုတ်ကောင် အသုံးပြုလိုက်သည့် “ယင်းယင်း ဖန်ဆင်းခြင်း

ပညာ” နှင့် သဘောတရားခြင်း ဆင်တူသည့်တိုင် တန်ခိုး

စွမ်းအားကတော့ မိုးနှင့်မြေပမာ ကွာခြား လွန်းလှလေသည်။

ရွှေရောင် အလင်းတန်းနတ်ဘုရား၏ ဟိန်းသံကြီးကြောင့်

လေထုတစ်ခုလုံး ပျက်စီးသွားပြီး တည်ငြိမ်မှု မရှိတော့ပေ။

သူ၏ဟိန်းသံမှ ဖြစ်ပေါ်လာသည့် ကြောက်မက်ဖွယ်ရာ မိစ္ဆာ

သားရဲများသည် ပတ်ဝန်းကျင်တွင် လွင့်မျောနေကြပြီး

တိုက်ခိုက်ရန် အသင့် ဖြစ်နေကြလေသည်။

သားရဲ တစ်ကောင်ချင်းစီတိုင်းသည် ကျောရိုးထဲထိ စိမ့်သွား

လောက်အောင် ကြောက်မက်ဖွယ် ကောင်းလွန်းလှပြီး ဆန်းလျ

န်ကို ကိုက်ဖြတ်ရန် အတွက် တစ်ဟုန်ထိုး ဝင်ရောက် လာကြ

လေသည်။

ထိုသားရဲများ၏ စွမ်းအား ပေါင်းစည်းမှုကြီးသည် နတ်ဘုရားများကိုပင် တုန်လှုပ် စေနိုင်လောက်လေသည်။

တစ်ချိန်တည်းမှာပင် ရွှေရောင် အလင်းတန်း နတ်ဘုရားသည် သတ္တဝါများ အဆက်မပြတ် တိုက်ခိုက်နေစေရန် အတွက် ဟိန်းသံကြီးကို မရပ်တန့်ဘဲ ဆက်လက် ဟိန်းဟောက်နေလေ၏။

ဆန်းလျန်မှာ ကြောက်ရွံ့ရမည့်အစား ပျော်ပင် ပျော်သွားမိလေသည်။ ထိုဟိန်းသံမှာ နာမည်ကြီး ခြသေ့်အော်သံ တန်ခိုးစွမ်းအားပင် ဖြစ်သည် မဟုတ်ပါလား။

ဆန်းလျန်က သူ၏ လက်ထဲတွင် လုံးဝန်းသည့်စက်လုံးတစ်ခုကို ဖန်ဆင်းလိုက်လေသည်။

ထိုစက်လုံးမှာ အနက်နှင့် အနီရောင်ရှိသည့် ယင်နှင့်ယန် တန်ခိုးစွမ်းအားများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်လေသည်။ ထို ယင်နှင့်ယန် စွမ်းအားများမှာသူ၏ မျက်ခုံးနှစ်ခု အလယ်မှ အနီရောင်

ပြဒါးရှင်မှ ရရှိသည့် ယင်နှင့်ယန် စွမ်းအားများ ပင်ဖြစ်လေ

သည်။

ဆန်းလျန်က လက်ဟန်တစ်ချက် လှုပ်ရှားလိုက်သည်နှင့်

အနက်ရောင်နှင့် အနီရောင် တန်ခိုးစွမ်းအား စက်လုံးသည်

ချက်ချင်းပင် ယင်နှင့်ယန် ဝဲကန်တော့ ရေကန်ငယ် တစ်ခု

အဖြစ်သို့ ပြောင်းလဲသွားကာ သားရဲများ အားလုံးကို စုပ်ယူ

လိုက်လေတော့သည်။

သားရဲများ အားလုံး ပျောက်ကွယ်သွားပြီး ပတ်ဝန်းကျင် တစ်ခု

လုံးသည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိလေသည်။

ရွှေရောင် အမွေးရှည် ဖုတ်ကောင်သည် အကောင်းဆုံး

အခွင့်အရေးကို လက်လွှတ် ဆုံးရှုံးခဲ့ပြီ ဖြစ်ကြောင်း

သဘောပေါက် နားလည်သွားရလေသည်။

ယင်နှင့်ယန် တန်ခိုးစွမ်းအား ဝဲကန်တော့ ရေကန်သည်

ပြင်းထန်သည့် ဆွဲငင်အားကို ပိုင်ဆိုင် ထားလေသည်။ သူ၏

တန်ခိုးစွမ်းအားများ မူလ အနေအထားအတိုင်း ပြန်လည် ရရှိ
သေးခြင်း မရှိပါက သူ့အနေဖြင့် ထိုဝဲကန်တော့ ရေကန်ဆီမှ
မည်သို့မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

ဆန်းလျန်မှာလည်း ယင်ယန်ဝဲကန်တော့ကို ပထမဆုံးအကြိမ်
ဖန်ဆင်း ပြုလုပ်လိုက်ခြင်း ဖြစ်လေရာ ထိုဝဲကန်တော့၏
တန်ခိုးစွမ်းအား ပမာဏကို ရှင်းလင်းစွာ ခန့်မှန်းနိုင်ခြင်း မရှိခဲ့
ပေ။

သို့သော်... မိုးမြေစွမ်းအားများအားလုံးကို စုပ်ယူနိုင်သည့်
စကြဝဠာ မျိုးစေ့ကို တုပကာ ဆန်းလျန်သည် ထိုယင်ယန် ဝဲ
ကန်တော့ကို ဖန်ဆင်းခဲ့ခြင်း ဖြစ်လေသည်။

သို့သော် ယင်ယန် ဝဲကန်တော့တွင် အားနည်းချက် တစ်ခုရှိလေ
သည်။ ထိုအားနည်းချက်မှာ အဆင့်လွန်ကျင့်ကြံသူ တစ်
ယောက် ဆိုလျှင်တော့ ယင်ယန် ဝဲကန်တော့ထဲမှ လွတ်မြောက်
သွား နိုင်မည်ဆိုသည့် အချက်ပင် ဖြစ်လေသည်။

ရွှေရောင် အလင်းတန်းနတ်ဘုရားမှာ သူ၏မာနတရားကြောင့် လွတ်မြောက်ရန် အတွက် နောက်ဆုံး အခွင့်အရေးကို ဆုံးရှုံး လိုက်ရပြီ ဖြစ်လေသည်။

ယင်ယန်ဝဲကန်တော့သည် ရွှေရောင် အလင်းတန်း နတ်ဘုရား ကို စုပ်ယူလိုက်လေသည်။

ယင်ယန်ဝဲကန်တော့ အတွင်းသို့ စုပ်ယူ ခံလိုက်ရသည့်တိုင် ရွှေရောင် အလင်းတန်း နတ်ဘုရားသည် ကြုံးဝါးသံများကို ပြုလုပ်နေသေးသည်။ ထို့နောက်တွင်တော့ သူ၏ အရိုး များသည် ကြီးမားသည့် ဗုံးတစ်လုံးအလား စတင်ပေါက်ကွဲ လာလေတော့သည်။

ပေ (၁၀၀၀၀) ခန့် ရှည်လျားသည့် ရှေးဟောင်း ရေတွင်းကြီး သည် ဆက်လက် တည်ရှိတော့မည် မဟုတ်တော့ပေ။

ဆန်းလျန်သည် ရေတွင်းထဲမှ ကလေးငယ်ကို ခေါ်ဆောင်ကာ ထွက်ခွာ သွားလေတော့သည်။

သူသည် ရေတွင်းထဲတွင် မည်သည့်အရာများ ဆက်လက် ဖြစ်ပျက်မည်ကို လုံးဝ အရေးမစိုက်တော့ပေ။

မရဏ ဝိညာဉ်များဖြင့် တိုက်ခိုက် နေကြရသည့် ချန်စန်းကျီ၊ အားလျန်နှင့် ကျိုယွဲ့တို့မှာ ထူးဆန်းသည့် အငွေ့အသက် တစ်ခု၏တည်ရှိမှုကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရလေသည်။

ထိုအချိန်မှာပင်....

ရေကဲ့သို့ တောက်ပ ကြည်လင်နေသည့် အလင်းတန်း တစ်ခုသည် သူတို့ (၃)ယောက်ရှေ့တွင် ပေါ်လာလေသည်။

အားလျန်က အေးဆေး တည်ငြိမ်စွာဖြင့်ပင် ချန်စန်းကျီနှင့် ကျိုယွဲ့ကို စိတ်စွမ်းအားဖြင့် ဆက်သွယ် စကားပြောလိုက်သည်။

"အခုပဲ သွားကြစို့..."

ထို့နောက် အားလျန်နှင့် ကျိုယွဲ့တို့သည် အလင်းတန်း အတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားကြလေသည်။ ချန်စန်းကျီက

အနည်းငယ် တုံ့ဆိုင်းနေပြီးမှ အလင်းတန်းထဲသို့ ဝင်လိုက်လေသည်။

ထိုအခါ သူ၏ အနောက်ဘက်ဆီမှ အာရုံကြောများနှင့် ကိုယ်ခန္ဓာ အသွေးအသားများကို ပျက်စီး သွားစေနိုင်သည့် စွမ်းအား ပေါက်ကွဲမှုကြီး တစ်ခုကို ခံစားလိုက်ရလေသည်။ သူသည် အလွန်အံ့သြ ထိတ်လန့်သွားပြီး တန်ခိုးစွမ်းအား ပန်းတစ်ပွင့်ကို အလျင်အမြန် ဖန်ဆင်းကာ သူ၏ ကျောဘက်ကို ကာကွယ် လိုက်ရလေသည်။

အလင်းတန်းသည် သူတို့ (၃)ယောက်လုံးကို ကောင်းကင်ထက်သို့ ဆွဲခေါ်သွားလေသည်။

ဆန်းလျန်သည် တိမ်တိုက်များထဲတွင် ကလေးငယ် တစ်ယောက်ကို ပွေ့ချီထားရင်း မြေပြင်ဆီသို့ စိုက်ကြည့် နေလေသည်။

ရှေးဟောင်း ရွာငယ်လေးဆီမှ မှိုပွင့်ပုံသဏ္ဍာန် အခိုးအငွေ့လုံး ကြီးများ ထွက်ပေါ်လာလေသည်။ မိုးမြေစွမ်းအားများသည် နဂါးနှင့် ကျားများ စုဝေး ရောက်ရှိလာသည့်အလား မိုင်ပေါင်း (၁၀၀၀၀) ပတ်ဝန်းကျင်ရှိ လူများအားလုံးကို လှုပ်ခါစေခဲ့ လေ သည်။

ဆန်းလျန်၏ နတ်ဘုရား စိတ်အာရုံသည် မှိုပွင့်ပုံသဏ္ဍာန် အခိုးအငွေ့လုံးကြီးကို ထိုးဖောက် ကြည့်နိုင်စွမ်း မရှိသည့် အတွက် ရွှေရောင် အလင်းတန်းနတ်ဘုရား၏ ဝိညာဉ် မည် သည့်နေရာသို့ ရောက်ရှိ သွားသည်ကို သိမြင်နိုင်ခြင်းမရှိခဲ့ ပေ။ ရွှေရောင် အလင်းတန်း နတ်ဘုရားသည် အားနည်း နေမည်ဆို လျှင်တောင်မှ ထိုက်ယီထျန်းရှန်း အဆင့် နတ်ဘုရား တစ်ပါး ဖြစ်နေသေးသည်ဆိုသည့် အချက်ကို ဆန်းလျန် မေ့ထား၍ မ ဖြစ်ပေ။ ထို့ကြောင့် သူ၏ဝိညာဉ်သည် လွတ်မြောက် သွားနိုင် ပေလိမ့်မည်။

ပေါက်ကွဲမှုကြီးသည် ကွမ်ရင်မယ်တော် ပြုလုပ်ခဲ့သည့်

အရံအတားကို ဖယ်ရှားနိုင်ရန် လုံလောက် ခဲ့လေသည်။

ကွမ်ရင်မယ်တော်၏ အရံအတား ပျက်စီးသွားသည့် အတွက်

လွတ်မြောက်ခွင့် ရခဲ့သည့် အချက်ကိုတော့ ရွှေရောင်

အလင်းတန်း နတ်ဘုရားက မည်သည့်အခါမှ ဝန်ခံမည်မဟုတ်

ပေ။

သို့သော်... ရွှေရောင် အမွေးရှည် ဖုတ်ကောင်သည်

ကောင်းကောင်း ခံလိုက်ရပြီ ဖြစ်သည့်အတွက် နောက်ဆိုလျှင်

ဆန်းလျန်ကိုတွေ့သည်နှင့် ပြေးတော့မည် ဖြစ်လေသည်။

ဆန်းလျန်သည် သိပ်ပြီးနောင်တရမိခြင်း မရှိပါ။

ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးသည် မည်သို့မှ

ပျက်စီးနိုင်မည်မဟုတ်ပေ။ သူတို့၏ ဝိညာဉ်တည်ရှိရာ နေရာ

သို့သွားပြီး အဆုံးသတ် ဖျက်ဆီးနိုင်မှသာလျှင် သူတို့အား

သတ်ဖြတ်နိုင်မည် ဖြစ်လေသည်။

သို့သော် ထိုမိစ္ဆာ သတ္တဝါထံမှ ကျယ်ကျော် အမိန့်တော်

ဂိုဏ်းအကြောင်း ဘာမှသိပ်ပြီး မသိလိုက်ရသည့်အတွက်တော့

စိတ်မကောင်း ဖြစ်မိလေသည်။

ချန်စန်းကျီမှာ သူမြင်လိုက်ရသည့် မြင်ကွင်းကြောင့်

ကျောက်ရုပ် တစ်ရုပ်အလား တောင့်တောင့်ကြီး ဖြစ်နေလေ

သည်။ သူ၏ နောက်ကျောတွင် ရရှိသွားသည့် ဒဏ်ရာကိုပင်

အရေး မစိုက်နိုင်တော့ပေ။

ထိုကဲ့သို့သော ကြောက်မက်ဖွယ်ရာ ပေါက်ကွဲမှုကြီးသည်

ကျောက်ကဲမြို့တော် သို့မဟုတ် တိချိုးမြို့တော်တွင်သာ

ဖြစ်ပွားခဲ့ပါက ယင်းစန်းနှင့် တာ့ရှားကို ကြီးမားသည့်

ခြိမ်းခြောက်မှု တစ်ခု ကျိန်းသေ ဖြစ်လာပေလိမ့်မည်။

ထိုပေါက်ကွဲမှုကြီးကြောင့် ထိုက်ယီထျန်းရှန်း အဆင့်နတ်ဘုရား

များနှင့် မိုးကောင်းကင် နတ်ဘုရားများက အသက် ရှင်သန်နိုင်

ကြမည် ဖြစ်သည့်တိုင် လောကနတ်ဘုရား အဆင့်နှင့်အောက်

လူသားများသည် မည်သို့မှ ရှင်သန်နိုင်လိမ့် မည်မဟုတ်ပေ။
အသက်ရှင်သန်နိုင်ခဲ့လျှင်ပင် ဘယ်တော့မှ မပျောက်ကင်း နိုင်
သည့် ဒဏ်ရာ ရရှိသွားကြမည် ဖြစ်လေသည်။
ထိုစွမ်းအား ပေါက်ကွဲမှုကြီးသည် လောကကြီး တစ်ခုလုံးကို
ပျက်စီး စေနိုင်လေသည်။ ထို့ပြင် ထိုပေါက်ကွဲမှုကြီးသည်
ဆန်းလျန်နှင့် ဆက်စပ်လျက် ရှိသည်မှာ ထင်ရှားနေလေသည်။
အကယ်၍ ဆန်းလျန်သည် ယင်းစန်းနှင့် တာ့ရှား တိုင်းပြည်
များတွင် ထိုသို့ ဖောက်ခွဲပစ်ခဲ့လျှင် ထိုတိုင်းပြည် (၂)ပြည်မှာ
အစအနပင်မကျန်အောင် ပျက်စီးသွားရမည် ဖြစ်လေသည်။
သို့သော်.. ဆန်းလျန်ကတော့ ဟန်ဆောင် ဖုံးကွယ်ထားခြင်း မရှိ
ပါ။
ဆန်းလျန်က ချန်စန်းကျီကို ကြည့်လိုက်ပြီး...

“ကျုပ်နဲ့အတူ မိုးကောင်းကင် နတ်ဘုရားအဆင့်ရှိတဲ့ အခြားလူ တစ်ယောက် မရှိဘူးဆိုရင် ဒီလိုမျိုး ပေါက်ကွဲမှုကို ဖန်တီးဖို့ မ ဖြစ်နိုင်ပါဘူး”

ထိုမျှလောက်သော ပျက်စီး ဆုံးရှုံးမှုများကို ဖြစ်စေနိုင်သည့် ပေါက်ကွဲမှုကြီး တစ်ခု ဖြစ်ပေါ်လာရန်မှာ အကြောင်းတရား များ တိုက်ဆိုင်မှသာ ဖြစ်ပေါ်နိုင်မည် ဖြစ်လေသည်။

ပထမဆုံး အနေဖြင့် နတ်ဘုရား တစ်ပါးကို ပိတ်လှောင်ရန် အတွက် ကွမ်ရင်မယ်တော်၏ အရံအတား လိုအပ်လေသည်။

ထို့နောက် ပိတ်လှောင် ခံထားရသည့် နတ်ဘုရားကို ယင်ယန် ဝဲ ကန်တော့ အတွင်းသို့ ဆွဲသွင်းနိုင်မှသာလျှင် ထိုကဲ့သို့သော ပေါက်ကွဲမှုကို ဖြစ်စေမည် ဖြစ်လေသည်။

လက်ရှိ ရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်များမှ ဆန်းလျှန်သည် တရားအလင်း အချို့ ရခဲ့လေသည်။

သူ အရင် ခေတ်ပေါ် ကမ္ဘာတွင် နေထိုင်ခဲ့စဉ် အချိန်က ထိုသို့ ကြောက်မက်ဖွယ်ရာ ကောင်းသည့် ပေါက်ကွဲမှုများကို ဖြစ်စေသည့် ကမ္ဘာဖျက် လက်နက်များကို ပြုလုပ်ကြသူများမှာ နတ်ဘုရားများ မဟုတ်ပေ။ လူသားများ ကိုယ်တိုင်ပင် ဖြစ်လေသည်။ ထိုအရာများသည် အလွန်မှ စိတ်ပျက်စရာ ကောင်းလှလေသည်။

ရှေ့လျှောက် ထိုသို့သော ပေါက်ကွဲမှုများကို ဖြစ်ပေါ်စေမည့် တန်ခိုးရှင်များ၊ နတ်ဘုရားများ သို့မဟုတ် ဝိညာဉ်စွမ်းအားပစ္စည်းများ၊ တူရိယာများဖြင့် သူ့ဘဝတွင် တွေ့ဆုံနိုင်သေးသည်။ ထိုအချိန်မျိုးတွင် သူ့အတွက် ကြီးမားသည့် ပြဿနာများ ဖြစ်လာနိုင်လေသည်။

အခန်း (၆၁၁) ကံကြမ္မာကိုပြောင်းပြန်လှန်ခြင်း

ကျင့်ကြံသူ တစ်ယောက်၏ ဉာဏ်ပညာဖြင့် ခေတ်ပေါ်ကမ္ဘာမှ လူသားများ တီထွင်ခဲ့သည့် လက်နက်ဆန်းများကို ဖန်ဆင်းနိုင်ရန်မှာ ဖြစ်နိုင်ချေ ရှိလေသည်။ ထိုလက်နက်များသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျင့်ကြံသူများ ဖန်တီးခဲ့ကြသည့် တူရိယာများ၊ မှော်ဝင်ပစ္စည်းများနှင့် ယှဉ်လျှင် များစွာ စွမ်းအားပိုပြီး ကြီးနိုင်လေသည်။

ကျယ်ပြန့်သော စကြဝဠာတွင် ကျင့်ကြံသူများ၏ ခေတ်တစ်ခေတ်သည် အမှန်ပင် တည်ရှိခဲ့မည် ဖြစ်လေသည်။

"သူက အဲဒီလို ခေတ်တစ်ခေတ်ကို ဦးဆောင်နိုင်တယ်"

ဆန်းလျန် တွေးလိုက်မိသည်။

ယဉ်ကျေးမှု တစ်ခုနှင့် ခေတ်တစ်ခေတ်ကို ဖန်တီးရန်နှင့် အခြားသူများကို လက်ဆင့်ကမ်း လွှဲပြောင်းပေးရန်မှာ သိပ်တော့ လက်တွေ့မကျလှပေ။

သို့သော်... ဆန်းလျန်သည် ကျင့်စဉ်လမ်းကို လျင်မြန်စွာ လျှောက်လှမ်းခဲ့နိုင်သူ တစ်ယောက်ဖြစ်သလို ဗဟုသုတ၊ စိတ်နေစိတ်ထားနှင့် အတွေ့အကြုံများက သူ့ကိုအောင်မြင်အောင် အထောက်အကူ ပြုနိုင်လေသည်။ သူပြုလုပ်မည့် အလုပ်သည် ကောင်းသည် ဖြစ်စေ ဆိုးသည်ဖြစ်စေ သမိုင်းတွင်တော့ မှတ်ကျောက် တင်နိုင် ခဲ့ပေလိမ့်မည်။

ထိုအချိန်မှာပင်...

ထူးဆန်းသည့် ခံစားချက်တစ်ခုကို ဆန်းလျန်၏ နှလုံးသားထဲတွင် ခံစားလိုက်ရလေသည်။

ဆန်းလျန်က ကျောက်ကဲမြို့တည်ရှိရာအရပ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်ရင်း ချန်စန်းကျီကို ပြောလိုက် လေသည်။

"ထျန်းယီလာနေပြီ... ကျုပ်ရဲ့ မယ်တော်ကိုယ်စား ကျူးကျား ကိုလည်း နှုတ်ဆက်ချင်လို့ စီးမူဝူတင်ကို ကျုပ်သွားပြီး ကြည့်နှင့်ပြီလို့ ခင်ဗျားကျုပ်ကိုစား ထျန်းယီကိုပြောပေးပါ"

ဆန်းလျန်၏အသံသည် လေထဲတွင် ပျောက်ကွယ်သွားပြီး ဆန်းလျန်နှင့် သူ၏တပည့် (၂)ယောက်သည် အရိပ်ပင် မမြင်ရတော့ဘဲ ချန်စန်းကျီရှေ့မှ ပျောက်ကွယ် သွားကြလေတော့သည်။

သူနောင်တရမိသည့် အချက်မှာ ဆန်းလျန်သည် ရှေးဟောင်းရွာမှ ကယ်တင်လာသည့် ကလေးငယ်ကို သူ့ထံသို့ ပြန်မပေးတော့ခြင်းပင် ဖြစ်လေသည်။ ထိုကလေးငယ်နှင့် သူ၏ကြားရှိ ဆရာတပည့်ဆိုသည့် ကတိထားရှိခဲ့မှုသည် အဆုံးသတ်သွားပြီဟု သူ့စိတ်ထဲတွင် ထူးဆန်းစွာပင် ခံစားနေရလေသည်။ ထိုအချက်က စိတ်မကောင်းစရာပင် ဖြစ်လေသည်။

တာအိုကျောင်းတော်တိုင်း၊ နတ်ဘုရားကျောင်းတော်တိုင်းသည် အလားအလာရှိသည့် တပည့်များကို အလွန်တန်ဖိုး ထားကြလေသည်။

 တပည့်မျိုးဆက်များ ပါရမီ ရင့်သန်လေလေ ကျောင်းတော်၏ ဓလေ့ထုံးတမ်းများ ကြာရှည်ရန် အတွက် အာမခံချက်ရှိလေဖြစ်သောကြောင့်ပင် ဖြစ်လေသည်။

ထိုအချိန်တွင်ပင်...

ချန်စန်းကျီ၏ရှေ့သို့ အလင်းတန်းတစ်ခု ရောက်ရှိ လာလေသည်။ ထိုအလင်းတန်းသည် လူတစ်ယောက် အသွင်သို့ ပြောင်းလဲသွားလေသည်။

ထိုသူသည် ရင်ပတ်ထက်တွင် ဇာမဏီငှက်ပုံသဏ္ဍာန် ချည်ထိုးထားသည့် အနက်ရောင် နန်းဝတ်နန်းစားကို ဝတ်ဆင် ထားပြီး နူးညံ့ပြီး နွေးထွေးသည့် မျက်ဝန်းများကို ပိုင်ဆိုင်လေသည်။

ထိုသူကား ထျန်းယီပင်ဖြစ်လေသည်။

သူက ချန်စန်းကျီကို တစ်ချက်ပြုံးပြလိုက်ပြီး...

"မင်း ခုန သူတော်စင် ချင်းရွှမ်နဲ့ အတူတူရှိနေတာ မဟုတ်လား"

ချန်စန်းကျီက ရယ်မောလိုက်ရင်း ကြုံတွေ့ခဲ့သမျှ

အဖြစ်အပျက်များကို ထျန်းယီကို ပြောပြ လိုက်လေသည်။

ထျန်းယီက...

"ကျောက်ကဲမြို့တော်က တိချိုးမြို့တော် မဟုတ်ဘူး၊

သူတော်စင်ချင်းရွှမ် အပြုအမူတွေ ဆင်ခြင်မယ်လို့ မျှော်လင့်ရ

တာပဲ၊ ပြီးတော့ ကျုပ်တို့ ကြားမှာရှိတဲ့ စိတ်ခံစားချက်တွေကို

လည်း သိပ်ပြီး ရှေ့တန်းမတင်ဖို့ လိုလိမ့်မယ်"

ချန်စန်းကျီက စိတ်ပူပန်စွာဖြင့်...

"ကျုပ်အထင် ပြောရရင် သူတော်စင် ချင်းရွှမ်ရဲ့ အဆင့်က

မိုးကောင်းကင် နတ်ဘုရား အဆင့်ကိုတောင် ကျော်လွန်နေပြီ

ထင်ပါတယ် မင်းကြီး၊ သူ့ကို သတိထားဖို့လိုပါမယ်"

ထျန်းယီက ပြုံးလိုက်လေသည်။

သူက ဝမ်ကျုန်းနှင့်အတူ ကျောက်ကဲမြို့တော်သို့ ရောက်ရှိလာသည့် နတ်သမီးတစ်ပါးကို သတိရလိုက်မိသည်။ အရာအားလုံးသည် ထိုနတ်သမီး ခန့်မှန်းသည့်အတိုင်း ဖြစ်ပျက်လာခဲ့ပြီ ဖြစ်လေသည်။

ဆန်းချင်းရွှမ်ရာ... ဆန်းချင်းရွှမ်...

မင်းကိုတတ်ဖို့အတွက် ဆင်ထားတဲ့ ထောင်ချောက်ထဲကိုသာ ဝင်မတိုးမိပါစေနဲ့ကွာ...။

ထျန်းယီက...

"ဒါနဲ့ ချန်စန်းကျိနတ်ဘုရား ပြောပြနိုင်မလား၊ သူတော်စင်ချင်းရွှမ်က ဘယ်လိုလူစားမျိုးလဲ"

ချန်စန်းကျိက...

"ဒါတော့ ပြောဖို့ခက်တယ်"

ထျန်းယီက ပြုံးလိုက်ရင်း....

"ပြောဖို့ခက်တယ်ဆိုတာ ပြောလို့မရတာတော့ မဟုတ်သေးဘူး မလား၊ ကဲပါလေ... ခင်ဗျားနဲ့ ကျုပ် စကားနည်းနည်းလောက် ပြောကြရအောင်"

ချန်စန်းကျီသည် ရှေးဟောင်းရွာလေးတွင် ဖြစ်ခဲ့သည့် ကြောက်မက်ဖွယ်ရာ ပေါက်ကွဲမှုကြီး အတွက် စိတ်ပူပန်နေမိဆဲ ဖြစ်လေသည်။

ချန်စန်းကျီက...

"သူက ရေလိုပဲ အလိုက်သင့် စီးမျောလွယ်တယ်၊ တစ်ခါတလေ တော့ နွေဦးလေပြည်လေးလိုပဲ လူတွေအားလုံးကို စိတ်သက်သာရာ ရစေတယ်၊ တစ်ခါတလေ ကျပြန်တော့လည်း လူတွေကို ရှူးသွပ်သွားစေတဲ့ အထိ ကြောက်လန့် အောင်လုပ် နိုင်တဲ့ မုန်တိုင်း တစ်ခုလိုပဲ၊ ရာသီဥတုကမှ မိုးရွာမလား၊ နေသာမလားဆိုတာ ခန့်မှန်းလို့ ရသေးတယ်၊ ဒါပေမဲ့ သူ ကတော့ ဘာဖြစ်လာမယ်၊ ဘာလုပ်မယ်ဆိုတာ မခန့်မှန်းနိုင်

ဘူး၊ ရိုးရိုးသားသား ပြောရရင် ကျုပ်က လွတ်လပ်သူ တစ်ယောက်ပါပဲ၊ ဒါပေမဲ့ သူနဲ့တွေ့ဆုံပြီးတဲ့ နောက်မှာ ကျုပ်ဟာ သူ့လောက် မလွတ်လပ်သေးပါ လားလို့ သိခွင့်ရခဲ့တယ်”

ထျန်းယီက....

“သူက လွတ်လပ်သူ တစ်ယောက်ဆိုပေမယ့် ဘဝဆိုတာက ကန့်သတ်ချက်တွေ ရှိတယ်လေ၊ ဒါကြောင့် လွတ်လပ်မှု အတွက် ပေးဆပ်ရမယ့် တန်ဖိုးလည်း ရှိတယ်ဆိုတာ သူက ပို ပြီး သိသင့်ပါတယ်၊ ဒါပေမဲ့ သူက ပြောင်းလဲဖို့တော့ ရည်ရွယ်ချက်ရှိမှာ မဟုတ်ဘူး၊ အင်း... တကယ့်ကို ရဲရင့်တဲ့ လူတစ်ယောက်ပါပဲ”

ထို့နောက် ထျန်းယီက စကား ဆက်မပြောတော့ဘဲ တိတ်ဆိတ်နေလေသည်။

ရဲစွမ်းသတ္တိ ရှိတိုင်းလည်း အပြုသဘော ဆောင်သည့် ရလဒ်များ ထွက်ပေါ်လာနိုင်မည် မဟုတ်ပေ။

တာ့ရှားကေရာဇ်က နမူနာဖြစ်သလို ဆန်းလျန်ကလည်း တာ့ရှားကေရာဇ်၏ ခြေရာကို နင်းနေပြီ ဖြစ်လေသည်။

ယင်းစန်းသည် မိုးကောင်းကင်မှ ချမှတ်ထားသည့် ကံတရားအတိုင်း ဖြစ်လာစေရန် အတွက် ထျန်းယီသည် မိစ္ဆာမာရ်နတ်တစ်ပါးအဖြစ် မရေမတွက်နိုင်သည့် သူရဲကောင်းများကို နှိမ်နင်းရမည် ဆိုလျှင်လည်း နှိမ်နင်းမည့်သူ ဖြစ်လေတော့သည်။

အားလျန်သည် ကလေးငယ်ကို ချစ်ခင်စွာဖြင့် ပွေ့ချီထားလေသည်။

သူမက ဆန်းလျန်ကို ကြည့်လိုက်ရင်း...

"နတ်ဘုရားဆရာ၊ ဒီကလေးက အရမ်းချစ်ဖို့ကောင်းတာပဲ၊ ကျွန်မကို မွေးစားဖို့ ပေးပါလား"

ဆန်းလျန်က...

"သူ့အတွက် ကျုပ်စီစဉ်လိုက်ပါ့မယ်"

အားလျှန်က အနည်းငယ် စိတ်မကောင်း ဖြစ်သွားရလေသည်။

"ကောင်းပါပြီ၊ နတ်ဘုရားဆရာအစီအစဉ်အတိုင်း ကျွန်မ

လည်း လိုက်နာပါ့မယ်"

သူတို့ (၂)ယောက် စကားပြောနေသည်ကို ကျိုယွဲ့က ဖြတ်ပြော

လိုက်လေသည်။

"ဆရာ... ဆရာပြောတာ စီးမူဂူတင်ကို သွားကြည့်မလို့ဆို... အဲ

ဒါ တကယ် ပြောတာလား"

ဆန်းလျှန်က အေးဆေးသည့် လေသံဖြင့်....

"ကျုပ်ပြောတဲ့ပုံက နောက်ပြောင်နေတာနဲ့ တူလို့လား"

ကျိုယွဲ့က...

"စီးမူဂူတင်အကြောင်း ကျွန်တော်ကြားဖူးတယ်၊ တောင်တစ်

တောင်လို လေးလံတယ်တဲ့၊ အဲဒါကို ပြုလုပ်တဲ့ ကျူးကျား

တောင်မှ မ 'မ' နိုင်ဘူးတဲ့၊ ဒါပေမဲ့ ဆရာကတော့ မ နိုင်မယ်

ထင်တယ် .... နော်၊ ဒါပေမဲ့ စောစောက ဖြစ်သွားတဲ့

အဖြစ်အပျက်ကို ကြည့်ရတာတော့ ကျောက်ကဲမြို့တော်က

ကျွန်တော်တို့ကို ကြိုဆိုပုံမရဘူး၊ ဆရာ သတိတော့ထား

နော်…"

ဆန်းလျန်က ပြုံးလိုက်ရင်း…

"ကြည့်ရတာ မင်းလည်း တော်တော် တိုးတက် လာပြီပဲ၊ မင်းကို

ခေါ်လာတာ အလကား မဖြစ်ဘူး၊ ဒါပေမဲ့ အားလျန်ရဲ့ သမီး

လေး ဖူဟောင်က ကျောက်ကဲ မြို့တော်မှာလေ၊ ကျုပ်တို့က သူ့

ကို ရှာရဦးမယ်"

အားလျန်က…

"အဲဒီကိစ္စကို ထားလိုက်ပါတော့ နတ်ဘုရားဆရာ၊ တကယ်လို့

များ နတ်ဘုရားဆရာသာ တစ်ခုခုဖြစ်ခဲ့ရင် ကျွန်မလည်း ဘာမှ

မတတ်နိုင်ပါဘူး"

ဆန်းလျန်က …

"ဘာမှ မဖြစ်နိုင်ပါဘူး"

"ဘာမှမဖြစ်နိုင်ပါဘူး" ဟု ပြောလိုက်သည့်တိုင် ဆန်းလျန်၏ စိတ်ထဲတွင် အန္တရာယ် အငွေ့အသက်များကို ရရှိထားပြီး ဖြစ်လေသည်။

တာ့ကျိုးပြည်သည် ယင်းစန်းပြည်နှင့် တာ့ရှားပြည်ကဲ့သို့ အသူရာချောက်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နိုင်ခဲ့ခြင်း မရှိသေးပါ။ သို့သော်... ဆန်းလျန်ဆိုသည်က အတားအဆီးများကို ကျော်ဖြတ်နိုင်စွမ်း မရှိသည့် ကောရာဇ်တစ်ပါး မဟုတ်ပါ။ သူ့အနေဖြင့် အတားအဆီးများကို ကြောက်ရွံ့နေပါက အစကတည်းက ကံကြမ္မာကို ပြောင်းပြန်လှန် ပစ်ရန်စဉ်းစားခဲ့မည် မဟုတ်ပါပေ။

လက်ရှိ အခြေအနေသည် အန္တရယ်တွင်းထဲသို့ ကျရောက်နေသကဲ့သို့ ဖြစ်သည့်တိုင် သက်သေပြရန် အတွက် အခွင့်အရေးပင် ဖြစ်လေသည်။ စီးမူဝူတင်၏ အလေးချိန်သည် သက်သေပြရန် အကောင်းဆုံး အရာပင် ဖြစ်လေတော့သည်။

ကျောက်ကဲမြို့တော်တွင် ယင်းစန်းနန်းတော်နှင့် ကပ်လျှက် နေရာတွင် အိမ်ဂေဟာ တစ်ခုရှိလေသည်။

ထိုအိမ်ဂေဟာမှာ ထျန်းယီက ဝမ်ကျုန်းကို တိုင်းပြည် အကြံပေး အမတ်မင်း၏ အိမ်ဂေဟာအဖြစ် ချီးမြှင့်အပ်နှင်း ထားသည့် အိမ်ဂေဟာပင် ဖြစ်လေသည်။

ထို့ပြင် ထျန်းယီသည် ဝမ်ကျုန်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိ သည့် တပ်ဖွဲ့တစ်ဖွဲ့ကိုပင် ပေးအပ် ထားသေးသည်။ ထို အခွင့်အရေးမှာ တော်ဝင်မိသားစုများပင် မရသည့် အခွင့်အရေးများ ဖြစ်လေ၏။

ရှေးဟောင်း ရွာငယ်လေးမှ ပေါက်ကွဲမှုကြီးကြောင့် တိုင်းပြည် အကြံပေး အမတ်မင်း၏ အိမ်ဂေဟာမှာ တုန်လှုပ် သွားရလေ သည်။

အိမ်ဂေဟာထဲတွင် မျက်လုံးများ မှိတ်ကာထိုင်နေသည့် လှပ

ချောမောလွန်းသည့် နတ်သမီး တစ်ပါးသည် မျက်လုံးများကို

အသာအယာ ဖွင့်လိုက်လေသည်။

"ဝမ်ကျုန်း … မင်းရဲ့စိတ်တွေက မတည်ငြိမ်ဘူးပဲ…"

ဝမ်ကျုန်းက…

"အဲဒါ ဘာဖြစ်တာလဲ မသိဘူး၊ တကယ်လို့ အဲဒီကိစ္စကြောင့်

ဆန်းလျန် ယင်းစန်းကနေ ပြန်ထွက်သွားရင် ကျွန်တော်တို့ ဘာ

လုပ်ရမလဲ"

ချောမောလှပသည့် နတ်သမီးမှာ ယွမ်ကျွင်းကေရီ ဖြစ်လေ

သည်။

သူမက ဆန်းလျန်ကို ရင်ဆိုင်ရန်အတွက် စည်းကမ်းများကို

ချိုးဖောက်ကာ အပြာရောင် ခရီးရှည်နန်းတော်မှ ထွက်ခွာ လာ

ခဲ့ခြင်း ဖြစ်လေသည်။ ဆန်းလျန်သာ ကျောက်ကဲမြို့သို့

ရောက်မလာခဲ့လျှင် သူမ အပြာရောင် ခရီးရှည်နန်းတော်မှ ထွက်ခွာ လာရသည်မှာ အလကား ဖြစ်သွား ရပေလိမ့်မည်။ အပြာရောင် နန်းတော်မှ ထွက်ခွာလာသည့် အတွက် ဆရာဖြစ်သူ ပေးဆပ်ရမည့် တန်ဖိုးကို ဝမ်ကျုန်း ကောင်းကောင်း သိထားလေသည်။ ထို့ကြောင့် သူက စိုးရိမ်နေခဲ့ခြင်း ဖြစ်လေသည်။

အမြဲတမ်း တည်ကြည် လေးနက်နေတတ်သည့် ယွမ်ကျွင်းဧကရီ၏ မျက်နှာသည် ဝမ်ကျုန်း၏ စကားကြောင့် ပြုံးယောင်သန်းသွားလေသည်။

ယွမ်ကျွင်းဧကရီက...

"သူ ကျောက်ကဲမြို့တော်ကို ရောက်လာတာပဲဖြစ်ဖြစ်၊ ထွက်သွားတာပဲဖြစ်ဖြစ် အရာအားလုံးက ငါတို့ထိန်းချုပ်လို့ မရတဲ့ ကံတရားပဲ မဟုတ်ဘူးလား၊ အဲဒီ အတွက်နဲ့ မင်းစိတ်ညစ်နေဖို့ မလိုပါဘူး၊ အဲဒီလိုတွေးပြီး ပူပန်နေတတ် တာက မင်းရဲ့

အားနည်းချက်ပဲ၊ စိတ်နှလုံးက ပူပန်နေမယ်ဆိုရင် သဘာဝ

အတိုင်း နူးညံ့သိမ်မွေ့တဲ့ တာအိုရဲ့ အစိပ္ပာယ်ကို မင်းခံစားနိုင်

မှာ မဟုတ်ဘူး၊ အင်း.... အရင်တုန်းက မင်းကို လောဘတကြီး

နဲ့ အများကြီး သင်ပြပေးခဲ့မိတဲ့ ငါ့အမှားတွေပဲ ထင်ပါရဲ့”

ဝမ်ကျုန်းက...

"ဆရာ... ဆရာ တပည့်ကို အများကြီး သင်ပေးတဲ့အတွက်

တပည့် စိတ်ရင်းနဲ့ ဝမ်းသာမိတာပါ၊ ဆရာ့ရဲ့ခြေရာကို မနင်းနိုင်

ခဲ့ပေမယ့် တပည့် ကျေနပ်ခဲ့ပါတယ်”

ယွမ်ကျွင်းဧကရီက...

"မင်းဟာလေ... အမြဲတမ်းအဲဒီလိုပဲ၊ ဒါပေမဲ့ လူတိုင်းက ကိုယ်

ကျင့်ကြံမှ ကိုယ်ရတာပါ၊ ဆန်းလျန် အတွက်တော့ သူနဲ့ငါ ပွင့်

ပွင့်လင်းလင်း တစ်ခါလောက် စကားပြောကြည့်ဖို့ မျှော်လင့်မိ

တယ်၊ ဘာလို့လဲဆိုတော့ သူ့ရဲ့ အသက်ရှူသံတွေကို ကြည့်ရ

တာ ဆရာနဲ့ အရမ်းတူတယ်၊ သူဟာ ဆရာ့ရဲ့ တပည့်ရင်း တစ်

ယောက်လို့တောင် ထင်စရာရှိတယ်၊ ဒါပေမဲ့ သူက ဆရာ့ကို အသိအမှတ် မပြုဘူးဆိုရင်တော့ သူသေရလိမ့်မယ်”

ထိုကိစ္စများအားလုံး ပြီးသွားခဲ့လျှင်တော့ ယွမ်ကျွင်း ဧကရီ ထမ်းထားရသည့် ဝန်ထုပ်ဝန်ပိုး များသည်လည်း ပြီးဆုံးသွားရမည် ဖြစ်လေသည်။

ဆန်းလျန်သာ ရောက်ရှိလာမည်ဆိုလျှင် ယွမ်ကျွင်းဧကရီသည် အသက်ပြန်ရှင်လာသည့် ခြောက်သွေ့သည့် သစ်ပင်တစ်ပင် အလား ဖြစ်လာမည်ကို ဝမ်ကျုန်း သိထားလေသည်။ သေဆုံးပြီးသည့်နောက် ဘဝအသစ်ပြန်လည် စတင်သကဲ့သို့ပင် ဖြစ်ရလေသည်။

ထိုသို့ဖြစ်ရသည်မှာ ယွမ်ကျွင်းဧကရီ၏ ကျင့်ကြံခြင်းအဆင့် တိုးတက်လာခြင်းကြောင့် မဟုတ်ပါ။ အရာရာကို စွန့်လွှတ် လိုက်ခြင်းနှင့် အနိုင်အရှုံးများကို အလေးမထားတော့သည့် တာ

အို၏ လုပသည့် အစိပ္ပာယ်ဖွင့်ဆိုမှုကို ရှာဖွေတွေ့ရှိ သွား

သောကြောင့်သာ ဖြစ်လေသည်။

ယွမ်ကျွင်းကေရီသည် အထွတ်ထိပ် အဆင့်သို့ ရောက်ရှိခြင်း မ

ရှိသေးပါ။ သို့သော်... သူမ ရောက်ရှိနေသည့် အဆင့်သည်

ရောက်ရှိရန် ခက်ခဲသည့် အဆင့်တစ်ခု ဖြစ်သည်ဆိုသည့်

အချက်ကတော့ ငြင်း၍ မရနိုင်ပေ။

အခန်း (၆၁၂) တာအိုဆရာလုယာ

ထိုအချိန်မှပင် တိုင်းပြည်အကြံပေး အမတ်မင်း၏ အိမ်ဂေဟာ

ခြံဝင်းထဲတွင် ရုတ်ရုတ်သဲသဲ အသံများ ထွက်ပေါ်လာ

သည့်အတွက် ယွမ်ကျွင်းကေရီနှင့် ဝမ်ကျုန်းတို့မှာ အံ့အားသင့်သွားကြရလေသည်။

ယွမ်ကျွင်းကေရီနှင့် ဝမ်ကျုန်းတို့မှာ အိမ်ဂေဟာ အပြင်သို့ ထွက်လာပြီး အခြေအနေများကို ကြည့်လိုက်ကြလေသည်။

(၁)ပေခန့်ပင် မရှည်သည့် ဓားပျံတစ်ချောင်းသည် ဝူတင်ကို ထိုးစိုက်ရန် အတွက် အသင့် ဖြစ်နေလေသည်။ မနီးမဝေး တစ်နေရာတွင်တော့ အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေးငယ် တစ်ယောက် ရှိနေလေသည်။ ဓားပျံကို ထိန်းချုပ်ထားသူမှာ သူမပင် ဖြစ်လေသည်။

ယင်းစန်းဒေသ၏ အရည်အချင်း ပြည့်ဝသည့် မင်းသားငယ် ဝူတင်သည် မိန်းကလေးငယ် တစ်ယောက်၏ ထိန်းချုပ်ခြင်း ခံနေရသည်ကို အခြားသူများသာ သိရှိသွားပါက မယုံကြည် နိုင်လောက်အောင် အံ့သြသွားကြမည် ဖြစ်လေသည်။

ဝမ်ကျုန်းက...

"မင်းက ဘယ်သူလဲ၊ ဘာလို့ ကျုပ်တပည့်ကို တိုက်ခိုက်နေရ

တာလဲ"

“ဒီ အိမ်ဂေဟာ ခြံဝင်းကြီးက အရမ်းလှပြီး စွဲဆောင်မှုရှိတယ်၊

ဒါကြောင့် ကျွန်မက ကြည့်ချင်လို့ ဝင်လာတာကို ဒီလူက

တားဆီးတယ်လေ၊ အဲဒီတော့ ကျွန်မက ပြန်တိုက်ခိုက်ရတာ

ပေါ့”

မိန်းကလေးက ညည်းညူသံလေး တစ်ချက်ပြုရင်း ပြောလိုက်

လေသည်။

မိန်းကလေး၏ မျက်နှာသည် ထင်ရှားပြီး ဆွဲဆောင်မှုရှိစွာ လှပ

လွန်းလေသည်။ ဝူတင်သည် သူမကို အံ့သြစွာဖြင့်ပင် ငေး

ကြည့် နေခဲ့မိလေသည်။

မိန်းကလေး သိုင်းသမားများ၊ ကျင့်ကြံသူများနှင့် ရင်ဆိုင်ရ

ခြင်းမှာ ဝူတင်အတွက် ပထမဆုံး အကြိမ် မဟုတ်ခဲ့ပါ။

လေ့ကျင်းသည် သူနှင့်ယှဉ်ပြိုင် ခဲ့သူများထဲတွင် အလှပဆုံး မိန်းမပျိုတစ်ယောက် ဖြစ်လေသည်။ သို့သော် လေ့ကျင်း၏ အလှတရားသည် ထိုအနီရောင်ဝတ် မိန်းကလေးကဲ့သို့ သက်ဝင် လှုပ်ရှားနေခြင်း မရှိပါချေ။

"ရှင်က ဘာကြည့်နေတာလဲ"

အနီရောင်ဝတ် မိန်းကလေးက မကျေမနပ်ဖြင့် ပြောလိုက်လေသည်။

ဝူတင်က ပြုံးလိုက်ရင်း...

"တောင်းပန်ပါတယ်ဗျာ..."

အနီရောင်ဝတ် မိန်းကလေးက ဝူတင်ကို မထီမဲ့မြင်နှင့် တစ်ချက်ကြည့်လိုက်ပြီး ဝမ်ကျုန်းနှင့် ယွမ်ကျွင်းကေရီကို စူးစမ်းသည့်အကြည့်ဖြင့် ကြည့်နေလေသည်။

ဝမ်ကျုန်းက...

"မိန်းကလေး... ကျုပ်ရဲ့တပည့်လေးကို လွှတ်ပေးလို့ရမလား၊ ဒီ အိမ်ဂေဟာ ခြံဝင်းထဲမှာ ဘာမှ ထူးဆန်းတာမရှိပါ ဘူး၊ မင်း လျှောက်ကြည့်ချင်တယ် ဆိုရင်လည်း ကြည့်လို့ရပါတယ်"

"ကျွန်မက ဘာလို့ ရှင့်စကားကို နားထောင်ရမှာလဲ၊ သူ့ကို လွှတ် မပေးဘဲနဲ့လည်း ကျွန်မ ကြည့်ချင်တယ် ဆိုရင် ဒီခြံဝင်းထဲ ဝင် ကြည့်လို့ရတာပဲ၊ ဘာလဲ... ရှင့်စကား နားမထောင်ရင် ရှင်က ကျွန်မကို စားပစ်မလို့လား"

အနီရောင်ဝတ် မိန်းကလေးက မျက်ခုံးတစ်ချက် ပင့်ရင်း ပြော လိုက်လေသည်။

ဝမ်ကျုန်းမှာ စိတ်ညစ် သွားရသည်။ ဤမျှရိုင်းစိုင်းသည့် ကျင့်ကြံသူ မိန်းကလေးကို မည်သည့် နတ်ဘုရား ကျောင်း တော်ကများ မွေးထုတ် ပေးလိုက်ပါသနည်း။

ဝမ်ကျုန်းက လေးနက်သည့်လေသံဖြင့်...

"ဒါဖြင့် ကျုပ်ကို အပြစ်မတင်နဲ့တော့..."

မိန်းကလေးက မကျေမနပ်ဖြင့်...

"ဒါက ရှင့်ကိစ္စပဲလေ၊ ဘယ်သူက ရှင့်ကို အပြစ်တင်နေမှာလဲ"

ဝမ်ကျုန်းက မိန်းကလေးကို သင်ခန်းစာ ပေးလိုက်မည်ဆိုသော အတွေးဖြင့် တိုက်ခိုက်ရန် ပြင်လိုက်စဉ်မှာပင် ယွမ်ကျွင်းကေရီ က ပြုံးလိုက်ပြီး သူ့လက်ကို ဆွဲထားလိုက်လေသည်။

သူမထံမှ နူးညံ့သိမ်မွေ့သည့် တန်ခိုးစွမ်းအား တစ်ခုသည် ဓား ပျံလေးဆီသို့ ကျရောက်သွားပြီး ထိုတန်ခိုးစွမ်းအားကို အနီ ရောင်ဝတ် မိန်းကလေးသည် လုံးဝ ခုခံတွန်းလှန်နိုင်ခြင်း မရှိ ပေ။ ဓားပျံသည် အဖြူရောင် အလင်းတန်းအသွင် ပြောင်းလဲ သွားပြီး မိန်းကလေး၏ ခန္ဓာကိုယ်ဆီသို့ ပြန်လည် ဝင်ရောက် လာလေသည်။

မိန်းကလေးမှာ ဟန်ချက်ပျက်သွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ရလေသည်။ သူမသည် ဂူတင်ကို ဆက်လက် ထိန်းချုပ်ထားနိုင်ခြင်း မရှိတော့ပေ။

အနီရောင်ဝတ်မိန်းကလေးက သူမကိုယ်သူမ ဟန်ချက်ညီအောင် ပြန်ထိန်းလိုက်ရင်း....

"ရှင်က အံ့သြစရာပဲ..."

ယွမ်ကျွင်းဧကရီက တည်ငြိမ်သည့် လေသံဖြင့်...

"မင်းရဲ့ဆရာ တာအို ဆရာလုယာနဲ့ ယှဉ်ရင် ဒီပညာက ဘာထူးဆန်းမှာလဲ"

"ရှင်က ဆရာ့ကို ဘယ်လိုလုပ် သိတာလဲ"

အနီရောင်ဝတ် မိန်းကလေးက တအံ့တသြဖြင့် မေးလိုက်လေသည်။

"မင်းအသုံးပြုတဲ့ လက်နက်ကို ကြည့်ပြီး သိတာပေါ့၊ ပြောစမ်းပါဦး... မင်းဆရာက ခုချိန်ထိ မသေသေးဘူးလား"

ယွမ်ကျွင်းဧကရီက မောက်မာရိုင်းပျသည့် လေသံဖြင့် ပြောလိုက်လေသည်။

အနီရောင်ဝတ် မိန်းကလေးက ဒေါသတကြီးဖြင့်...

"ကျွန်မရဲ့ဆရာက ဘာလို့သေရမှာလဲ၊ သေမယ့်သေ ရှင့်လို အဘွားကြီးက သေရမှာ"

မိန်းကလေး၏ စကားကြောင့် ယွမ်ကျွင်းဧကရီက ဒေါသထွက်သွားခြင်း မရှိပါ။

သူမကရယ်မောလိုက်ရင်း...

"ဝမ်ကျုန်း... ငါ အဲဒီလောက်တောင် အိုနေပြီလား"

ဝမ်ကျုန်းမှာလည်း ရုတ်တရက် အူကြောင်ကြောင် ဖြစ်သွားပြီး...

"ဆရာ... ဆရာက အမြဲထာဝရ နုပျိုနေတာ၊ ဘယ်က အိုရမှာလဲ"

ယွမ်ကျွင်းဧကရီက ရယ်မောလိုက်ရင်း...

"အမှန်တော့ ပုံစံကသာ နုပျိုနေတာ၊ ငါလည်း အရမ်းအိုနေပါပြီလေ၊ မိန်းကလေး... မင်းက တကယ် သဘောကျ စရာကောင်း

တယ်၊ အနာဂတ်မှာ မင်းကို လက်ထပ်ရဲတဲ့သူ မရှိဘူးဆိုရင်

ကျုပ်ရဲ့ မြေးတပည့်လေးကို လက်ထပ်ပါ လား"

မိန်းကလေးက မထီမဲ့မြင် ရယ်မောလိုက်ရင်း နှာခေါင်းတစ်

ချက် ရှုံ့လိုက်လေသည်။

"ကျွန်မလက်ထပ်မယ့်သူက အနည်းဆုံးတော့ ကျွန်မကို နိုင်

အောင် တိုက်ခိုက်နိုင်ရမယ်၊ သူက ကျွန်မကိုမှ မနိုင်တာ"

မိန်းကလေး၏ စကားကြောင့် ဝူတင် ရှက်သွားရလေသည်။

အမှန်တော့ ဝူတင်နှင့် အနီရောင်ဝတ် မိန်းကလေး၏ တန်ခိုး

စွမ်းအားသည် အတူတူမျှသာ ဖြစ်လေသည်။ သို့သော် သူမ

အသုံးပြုသည့် ဓားပျံက အလွန်မှ ထူးဆန်းလွန်းသည့် အတွက်

ဝူတင်မှာ အဖမ်းခံ လိုက်ရခြင်း ဖြစ်လေ၏။

တိုက်ပွဲကို အစမှပြန်စမည်ဆိုလျှင် အခြေအနေက ပိုပြီးမျှတ

လိမ့်မည်ဟု ဝူတင် တွေးနေမိလေသည်။ အနည်းဆုံးတော့

ယခုကဲ့သို့ အရှုံးသမား တစ်ယောက်အဖြစ် သိက္ခာချခံရမည်မဟုတ်ပေ။

ယွင်ကျွင်း ဧကရီက ပြုံးလိုက်ရင်း....

"ဝူတင်က ဂုဏ်သရေရှိ မင်းသားတစ်ပါးပါ၊ သူ့ကိုသာလက်ထပ်ရင် မင်းရဲ့အနာဂတ်က အရမ်းကို လှပမှာပါ၊ ပြီးတော့ မင်းရဲ့ဆရာက မင်းကို ဓားပျံပညာတော့ သင်ပေးပေမယ့် နတ်ဘုရား ထောင်ချောက် ဓားသိုင်းကိုတော့ သင်မပေးခဲ့ဘူး မဟုတ်လား၊ ဘာလို့ သင်မပေးတာလဲ ဆိုတော့ မင်းကို သူ့ရဲ့ တပည့်ရင်းလို့ မသတ်မှတ်လို့ပဲ၊ ကျုပ်ရဲ့ တပည့်လေးနဲ့သာလက်ထပ်မယ်ဆိုရင် ကျုပ်က မင်းကို ပညာကုန် သင်ပေးမယ်၊ မင်းရဲ့ ဆရာသင်ပေးတာ ထက်မလျော့ စေရဘူးလို့ အာမခံတယ်"

ယွမ်ကျွင်းဧကရီထံမှ ထိုသို့ ကမ်းလှမ်းမှုမျိုးကို မည်သူမဆိုဝမ်းသာအားရဖြင့် လက်ခံမည် ဖြစ်လေသည်။

သို့သော်... အနီရောင်ဝတ် မိန်းကလေးကတော့ သံသယ မ

ကင်းသည့် လေသံဖြင့်...

"ရှင်က အရမ်းတော့ အစွမ်းထက်ပါတယ်၊ ဒါပေမဲ့ ကျွန်မက

အသက်ငယ်သေးတယ်၊ နောက်ကျရင် ရှင့်ထက် အစွမ်းထက်

တဲ့သူ ဖြစ်သွားမှာပဲ၊ ပြီးတော့ ကျွန်မက ရှင့်တပည့်ကို

လက်ထပ်ချင်တာ မဟုတ်ဘူး၊ သူတော်စင် ချင်းရွှမ်ကို

လက်ထပ်ချင်တာ"

ယွမ်ကျွင်းဧကရီက...

"အာ... မင်းက ဆန်းလျန်ကို သိတယ်လား၊ ဒါပေမဲ့ မင်းသာ ငါ့

ဆီက ပညာသင်မယ်ဆိုရင် ဆန်းလျန်တောင်မှ မင်းကို ဒုက္ခ

ပေးနိုင်မှာ မဟုတ်တော့ဘူး"

"ကျွန်မ ရှင့်ကိုမယုံဘူး၊ သူတော်စင်ချင်းရွှမ်က အမြဲတမ်း

လောကပထမပဲ၊ ကျွန်မဆရာက လောကမှာ ဒုတိယ စွမ်းအား

အကြီးဆုံးဆိုရင် ရှင်က တတိယအဆင့်ပဲ ရှိတယ်လေ"

အမှန်တော့ သူမသာ တတိယ တန်ခိုးစွမ်းအား အမြင့်မားဆုံး ဖြစ်သွားခဲ့လျှင် ယွမ်ကျွင်း ဧကရီသည် စတုတ္ထနေရာသို့ပင် ရောက်သွားမည်ဆိုသည့် စကားမျိုးကို ပြောချင်နေခဲ့လေသည်။

သို့သော်... အခြေအနေကို ကြည့်ပြီး မပြောသည်ကပင် ပညာရှိရာ ကျမည် ဖြစ်သောကြောင့် မပြောဘဲ နေလိုက်ရခြင်း ဖြစ်လေ၏။

ယွမ်ကျွင်း ဧကရီက ရယ်မောလိုက်ရင်း...

"မိန်းကလေး... မင်းက တကယ် စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒါပေမဲ့ မင်းပြောတာ မှန်ပါတယ်၊ လုယာက ငါ့ထက် သာတယ်ဆိုတာ ငါဝန်ခံပါတယ်၊ ဒါပေမဲ့ သူက အမြဲတမ်းပုန်း နေတဲ့ သူလေ၊ ငါ့ကို ဘယ်လိုလုပ် တိုက်ခိုက် နိုင်မှာလဲ၊ ပြီး တော့ မင်းကလည်း ကျင့်ကြံခြင်း အဆင့်မှာ ပြီးပြည့်စုံခြင်း မ ရှိသေးတော့ ငါ့ကို အနိုင်ယူနိုင်မှာ မဟုတ်ဘူး"

ပြောပြီးသည်နှင့် ယွမ်ကျွင်းဧကရီက မိန်းကလေးကို အကြည့်စူးစူးများဖြင့် ကြည့်လိုက် လေသည်။

ထိုအကြည့်များကြောင့် အနီရောင်ဝတ် မိန်းကလေးမှာ စိတ်မသက်မသာ ခံစား လိုက်ရလေသည်။ ထိုအကြည့်များက သူမ၏ဆရာက သူမကို အပြစ်ပေးတော့မည် ဆိုလျှင် ကြည့်သည့် အကြည့်များထက်ပင် ကြောက်စရာ ကောင်းနေလေသည်။

သူမက...

"အဘွားကြီး... အဲလေ... ဒေါ်လေး... ကျွန်မသွားတော့မယ်၊ ကျွန်မဆရာက ကျွန်မနဲ့အတူ ညစာစားဖို့ ပြောထားတယ်"

ယွမ်ကျွင်း ဧကရီက...

"မင်း ငါတို့နဲ့ညစာ အတူစားလည်း ရပါတယ်၊ မင်းက နဂါးအသည်းနဲ့ ဇာမဏီ သည်းခြေတွေကို စားချင်တယ်ဆိုရင် တောင်မှ ငါတို့က စီစဉ်ပေးလို့ ရပါတယ်"

အနီရောင်ဝတ် မိန်းကလေး ယွမ်ကျွင်းဇကေရီ၏ စကားကို

လက်ခံသည့်နေဖြင့် ပြုံးပြ လိုက်လေသည်။

သို့သော် ... ရုတ်တရက် သူမ၏ မျက်နှာ အမူအရာ ပြောင်းလဲ

သွားပြီး...

"ဆရာ... ဒီကို ရောက်နေတာလား"

သူမက ရုတ်တရက် ပြောပြီးသည်နှင့် သက်တံရောင်

အလင်းတန်း တစ်ခုအဖြစ် ဖန်ဆင်းကာ ထွက်ခွာ သွားလေ

တော့သည်။

ယွမ်ကျွင်း ဇကေရီက သူမနောက်သို့ လိုက်မဖမ်းပါ။

လက်ဖျောက် တစ်ချက်မျှသာ တီးလိုက်လေရာ မီးခိုးငွေ့တစ်ခု

ထွက်ပေါ်လာပြီး သက်တံရောင် အလင်းတန်းကို ပိုက်ကွန်

သဖွယ် ဖမ်းချုပ် ထားလိုက်လေတော့သည်။

မိန်းကလေးသည် မူလပုံသဏ္ဍာန် ပြန်ပြောင်းလိုက်ပြီး ပိုက်ကွန်

ထဲမှ လွတ်မြောက်ရန် ရုန်းကန် နေလေသည်။

ယွမ်ကျွင်း ဧကရီက နူးညံ့သိမ်မွေ့သည့် လေသံဖြင့်...

"မရှုန်းနဲ့တော့... မင်းရဲ့ဆရာဆိုရင်တော့ ငါ့ရဲ့ လွတ်လမ်းမရှိ

ပိုက်ကွန်ကနေ လွတ်မြောက်နိုင်တယ်၊ ဒါပေမဲ့ မင်းကတော့

လုံးဝ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး"

မိန်းကလေး၏ မျက်ဝန်းဆီမှ မျက်ရည်များ ကျလာလေသည်။

"ဒါတော့... ရှင် သက်သက် အနိုင်ကျင့်တာပဲ"

ယွမ်ကျွင်းဧကရီက...

"အမှန်ပဲ... ငါ မင်းကို သက်သက် အနိုင်ကျင့်တာ"

ထိုအခါတွင်တော့ အနီရောင်ဝတ် မိန်းကလေးသည် အော်ဟစ်

ငိုကြွေးလေတော့သည်။

သို့သော် သူမက ငိုချင်ယောင် ဆောင်ခြင်းသာ ဖြစ်လေသည်။

အော်ဟစ် ငိုကြွေးသံသာ ထွက်လာပြီး မျက်ရည်က ထွက်မလာ

ပေ။

သူမက ငိုချင်ယောင်ဆောင်ပြီး သူမ၏ ဓားပျံဖြင့် အခိုးအငွေ့ ပိုက်ကွန်ကို ထိုးခုတ် ပစ်လိုက်လေသည်။ သို့သော် သူမ အလွန်မှ အားကိုးအားထား ပြုသည့် ဓားပျံသည် အခိုးအငွေ့ပိုက်ကွန်ကို ဖျက်ဆီးပစ်နိုင်ခြင်း မရှိပါချေ။

အခိုးအငွေ့ပိုက်ကွန်သည် ကောင်းကင်ထက်သို့ မြင့်တက်သွားပြီး မိန်းကလေးသည် ပိုက်ကွန်ထုပ်ထဲတွင် လှုပ်ရမ်း လျှက်ရှိလေသည်။ မိန်းကလေးသည် ဘာလုပ်ရမှန်း မသိဘဲ အကြံအိုက်လျက် ရှိနေလေတော့သည်။

"ကျွန်မကို လွှတ်ပေးပါ..."

အနီရောင်ဝတ် မိန်းကလေးက အော်ဟစ် လိုက်လေသည်။

ယွမ်ကျွင်းဧကရီက...

"မင်းကို လွှတ်ပေးဖို့က လွယ်ပါတယ်၊ ဒါပေမဲ့ ငါမေးတဲ့ မေးခွန်းတွေကို အရင်ဖြေရမယ်၊ ဘယ်လိုလဲ"

မိန်းကလေးက စိတ်ဆိုးမာန်ဆိုးဖြင့်...

"ရတယ်... မေးလေ... ဘာမေးမှာလဲ"

ဝူတင်မှာ မိန်းကလေး၏ ပုံစံကိုကြည့်ပြီး မရယ်ဘဲ မနေနိုင်တော့သောကြောင့် ရယ်မောလိုက်မိလေသည်။

မိန်းကလေးက...

"ရှင်က ဘာရယ်တာလဲ၊ ဟွန်း... ဒီပိုက်ကွန်ကနေ လွတ်တဲ့အခါကျရင် ရှင့်ရဲ့လျှာကို ဖြတ်ပစ်မယ်"

ဝူတင်က ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရင်း ယွမ်ကျွင်းဧကရီကို လှည့်ကြည့်လိုက်သည်။

"ဆရာဘွားဘွား၊ သူ့ကို လွှတ်ပေးလိုက်ပါတော့၊ သူ့လို မိန်းကလေးငယ် တစ်ယောက်ကို စနောက် မနေပါနဲ့တော့"

ယွမ်ကျွင်း ဧကရီက ရယ်မောလိုက်ရင်း...

"ဝူတင်... မင်း ဒီလိုမျိုး တောင်းဆိုတယ်ဆိုတာ ခပ်ရှားရှားပဲ၊ ကောင်းပြီလေ... လွှတ်ပေး လိုက်တာပေါ့"

ယွမ်ကျွင်းကေရီ၏ စကားဆုံး သွားသည်နှင့် အခိုးအငွေ့ ပိုက်ကွန် ပွင့်သွားပြီး အနီရောင်ဝတ် မိန်းကလေးသည် မြေပြင် ထက်သို့ ပြုတ်ကျ သွားလေတော့သည်။

သူမသည် မြေပြင်ထက်ပြုတ်ကျကာ အသက်ပျောက်ရတော့ မည်ဟု တွေးလိုက်မိစဉ်မှာပင် ကြယ်စင်ရောင်များ တောက်ပ နေသည့် တိမ်တိုက်တစ်ခုက သူမကို ထိန်းထားပေးလိုက်ကာ မြေပြင်ထက်သို့ အသာအယာပင် မတ်တတ်ရပ်လျက် ကျသွား ရလေသည်။

အခန်း (၆၁၃) တစ်ဖက်သွားနတ်ဓား

ကြယ်စင်ရောင်များ တောက်ပနေသည့် တိမ်တိုက်ဖြင့် သူမကို ကယ်လိုက်သူမှာ ဂူတင် ဖြစ်လေသည်။ သို့သော် သူမကတော့ ဂူတင်ကို ကျေးဇူးတင်ခြင်း အလျဉ်းမရှိပါ။

သူမက ယွမ်ကျွင်း ဧကရီကို ကြည့်လိုက်ပြီး...

"ကဲ... ရှင်က ဘာမေးမလို့လဲ..."

ယွမ်ကျွင်းဧကရီက...

"မင်း ကျောက်ကဲမြို့တော်ကို ဘာလာလုပ်တာလဲ"

"ကျွန်မ အမေကို တွေ့ချင်လို့ပါ၊ ဆရာကပြောတယ်၊ အမေ က... ကျောက်ကဲ မြို့တော်ကို လာလိမ့်မယ်တဲ့၊ ဒါပေမဲ့ အမေ က ကျောက်ကဲ မြို့တော်ကို ရောက်လာဖို့ အရမ်းကြာနေတာနဲ့ ဟိုဟိုဒီဒီ လျှောက်ကြည့်နေတာ၊ ဒီနေရာက သဘောကျစရာ ကောင်းလို့ ကျွန်မက ဝင်လာမိတာပါ"

အနီရောင်ဝတ် မိန်းကလေးက ပြောလိုက်လေသည်။

ယွမ်ကျွင်းဧကရီက မျက်လုံးများကို မှေးစင်းလိုက်ရင်း...

"မင်းရဲ့အမေ... ဟုတ်လား၊ အား... ငါသိပြီ...၊ အဲဒါ သူက လှ

ည်စားလိုက်တာပဲ၊ ပြီးတော့ မင်းရဲ့ဆရာ ဘယ်မှာလဲ၊ မင်းကို

သူက ဘယ်နေရာမှာ ကျင့်စဉ်တွေ သင်ကြားပေးတာလဲ၊ သူ့ရဲ့

ပုံစံ အမှန်ကိုတော့ မင်းရဲ့ဆရာက မင်းကိုပြမှာ မဟုတ်ဘူး၊

ဟုတ်တယ်မလား"

"ရှင့်ကိုဘာလို့ပြောပြရမှာလဲ၊ ရှင်က တန်ခိုးစွမ်းအားကြီးတဲ့ သူ

တစ်ယောက်ပဲ မဟုတ်လား၊ ကိုယ့်ဖာသာကိုယ် သိအောင် လုပ်

ပေါ့"

အနီရောင်ဝတ် မိန်းကလေးက နှုတ်ခမ်းစူရင်း ပြောလိုက်လေ

သည်။

ယွမ်ကျွင်းဧကရီက ရယ်မောလိုက်ရင်း...

"မင်းရဲ့ဆရာက လောကသုံးပါးမှာ ကျင့်ကြံမှုအား အကောင်း

ဆုံးသူပဲ၊ ကျုပ်က သူ့ကို ဘယ်လိုလုပ် ခန့်မှန်းနိုင်မှာတဲ့လဲ"

အနီရောင်ဝတ် မိန်းကလေးက...

"ကြည့်ရတာ ရှင်လည်း ဆရာ့အကြောင်းတွေကို သိတာပဲကိုး၊ ဒါပေမဲ့ ရှင်မေးတာကို မပြောဘူးဆိုတာက ကျွန်မလည်း မသိလို့ပါ"

ယွမ်ကျွင်းကေရီက…

"ဒါဖြင့်လည်း ထားလိုက်တော့၊ ပြီးတော့ လောလောဆယ် မင်းလည်း ငါတို့နဲ့အတူ နေသင့်တယ်၊ အဲဒါ မင်းရဲ့ဆရာရဲ့ အစီအစဉ်အတိုင်းပဲ ဖြစ်မယ်ဆိုတာ ငါယုံတယ်၊ သူ့လှည့်ကွက်တွေ အကုန်လုံးကို ငါကသိနေလို့ သူက ငါ့ကို ပြန်ကူညီပေးတာ ဖြစ်နိုင်တယ်၊ ကောင်းပြီလေ… ဒီလိုဆိုတော့လည်း ငါ သူ့ကို နောက်တစ်ကြိမ် အခွင့်အရေး ပေးရတာပေါ့၊ ဒီလောက် နှစ်တွေ ကြာအောင် ပုန်းနေခဲ့ပြီးမှ သူ ဘယ်လောက် တိုးတက်လာလဲဆိုတာ ကြည့်ရတာပေါ့"

အနီရောင်ဝတ် မိန်းကလေးက သတိတစ်ချက် ထားလိုက်ပြီး…

"ရှင်က ဘာဖြစ်ချင်တာလဲ"

ယွမ်ကျွင်းဧကရီက...

"ပြီးတော့ ငါနေတဲ့နေရာကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်လို့မရဘူး ဆိုတာလည်း မင်းသိသင့်တယ်"

မိန်းကလေး၏ မျက်နှာ အမူအရာ ပြောင်းလဲသွားပြီး...

"ရှင်က ကျွန်မအမေ ရောက်လာတဲ့အထိ ကျွန်မကို ဖမ်းထား ချင်တဲ့ သဘောလား"

သူမက ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ဆက်ပြောလိုက်လေသည်။

"ဟင့်အင်း... မဟုတ်သေးဘူး၊ ရှင်က အရမ်းတန်ခိုးစွမ်းအား မြင့်မားလွန်းတယ်၊ ရှင်က ကျွန်မအမေကို ပစ်မှတ်ထား တာတော့ မဖြစ်နိုင်ဘူး၊ ရှင်ဘာလိုချင်တာလဲ... ကျွန်မရဲ့ဆရာ ရောက်လာတဲ့ အထိ ကျွန်မကို ဖမ်းထားချင်တာလား၊ နေဦး... ဆရာကလည်း ရှင့်ရဲ့ပစ်မှတ် မဖြစ်နိုင်ပြန်ဘူး..."

ယွမ်ကျွင်းဧကရီက ရယ်မောလိုက်ရင်း...

"မင်းက အရမ်းညာဏ် ကောင်းတယ်၊ အခု မင်းကိုငါ တော်တော်သဘောကျနေပြီ၊ မြေးတပည့်လေး... မင်းကို ငါရှာပေးထားတာ တကယ့်ဇနီးကောင်းလေးနော်"

ဝူတင်မှာ ရှက်သွားပြီး...

"ဆရာဘွားဘွား... စ နောက် မနေနဲ့တော့"

အနီရောင်ဝတ် မိန်းကလေးကလည်း စိတ်ဆိုးမာန်ဆိုးဖြင့်...

"ကျွန်မကလည်းသူ့ကို လက်မထပ်နိုင်ပါဘူး"

ယွမ်ကျွင်းကေရီက ပြုံးလိုက်ရင်း...

"ဝူတင်... နန်းတော်ကိုသွားပြီးတော့ လတ်ဆတ်တဲ့ နဂါးအသည်းနဲ့ ဇာမဏီသည်းခြေတွေ သွားယူခဲ့၊ မင်းရဲ့ ကောင်မလေးကို ကောင်းကောင်း ဧည့်ခံရအောင်"

ဝူတင်က...

"ဆရာဘွားဘွား၊ ယင်းစန်းမှာ ဇာမဏီငှက်တွေကို ဘေးမဲ့ ပေးထားတာလေ"

ယွမ်ကျွင်းကေရိက...

"ဒါဖြင့်လည်း နဂါးအသည်းနဲ့ နဂါးအသား ယူလာခဲ့၊ ပြီးတော့ နတ်အရက်လည်း ယူခဲ့"

ဝူတင်က...

"တပည့် အခုပဲ သွားယူလိုက်ပါ့မယ်"

ပြောပြီးသည်နှင့် ဝူတင်က အနီရောင်ဝတ် မိန်းကလေးကို လှမ်းကြည့်လိုက်ပြီး နူးညံ့သည့် လေသံဖြင့်...

"တကယ်တော့ ဆရာဘွားဘွားက သဘောမဆိုးပါဘူး၊ မင်းသာ စကားကောင်းကောင်း ပြောမယ် ဆိုရင် သူက မင်းကို အခက်တွေ့အောင် လုပ်မှာ မဟုတ်ပါဘူး"

"နင့်အလုပ်သာ နင်သွားလုပ်စမ်းပါ"

အနီရောင်ဝတ် မိန်းကလေးက ဝူတင်ထံမှ အကြည့်လွှဲလိုက်ပြီး ပြောလိုက်လေသည်။

ဝူတင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ဆရာဘွားဘွားသည် ထိုမိန်းကလေးကို ဖမ်းဆီးထားချင်သည်မှာ ဆန်းလျန်ကြောင့် ဖြစ်သည်ကို ဝူတင်သိလေသည်။ ဆန်းလျန် ထွက်ပေါ်လာရန် အတွက် ထိုမိန်းကလေးကို ဆရာဘွားဘွားက အသုံးချလိုခြင်း ဖြစ်လေသည်။ သို့သော်... သူကတော့ ထိုသို့ မဖြစ်ချင်မိပေ။

ကွမ်းလုန်ကျီနှင့် ဆန်းလျန်မှာ ဝူတင် လေးစားသူများ ဖြစ်လေသည်။

ကွမ်းလုန်ကျီ ကွက်မျက် ခံလိုက်ရပြီဆိုသည့် သတင်းကို ဝူတင်ကြားခဲ့ရလေသည်။ ထို့ကြောင့် သူသည် ဆန်းလျန်ကို အန္တရာယ် ရှိမည့်နေရာမျိုးတွင် မနေစေချင်မိပါ။

ဆန်းလျန်နှင့် သူ၏ဦးလေးဖြစ်သူ ထျန်းယီတို့ကဲ့သို့ ကြီးမြတ်သည့် လူများ၏ စိတ်အာရုံများကို လွှမ်းမိုးနိုင်စွမ်း သူ့တွင်မရှိပါ။ ထို့အတူ.... သူ၏ ဆရာဖြစ်သူနှင့် ဆရာ ဘွားဘွားတို့၏ လုပ်ရပ်များကိုလည်း သူ့အနေဖြင့် ငြင်းဆန် နိုင်ခြင်းမရှိပါ။

အားလုံးက သူသည် ပျံသန်းကြယ်စင် ကျင့်စဉ်ကို အောင်မြင်အောင် ကျင့်ကြံနိုင်ပြီး ယင်းစန်း၏ အနာဂတ်မျိုးဆက်သစ်ခေါင်းဆောင် တစ်ယောက် ဖြစ်လာမည်ဟု ယုံကြည် ထားကြသည့်တိုင် သူကတော့ ကိုယ့်ကိုကိုယ်ယုံကြည်ချက် ကင်းလဲ့လျက် ရှိလေသည်။

ထို့ပြင်… ထိုကဲ့သို့သော ဝန်ထုပ်ဝန်ပိုးများကိုလည်း သူ့အနေဖြင့် ရယူလိုခြင်း မရှိပေ။

သူ့ဘဝတွင် ပျော်စရာ အကောင်းဆုံး အချိန်ကို ပြောပါဆိုလျှင် တိချိုးမြို့တော်ရှိ တော်ဝင် ကျောင်းတော်တွင် ပညာသင်ကြားခဲ့ရသည့် အချိန်သာလျှင် ဖြစ်လေသည်။ ပြဿနာ အနည်းငယ်ရှိခဲ့သည့် အတွက် စိတ်သောက ရောက်ခဲ့ရ သည့်တိုင် ကွမ်းလုန်ကျီနှင့် ဆန်းလျန်ထံတွင် ပညာသင်ယူခဲ့ရသော အချိန်များကို သူ အလွန်နှစ်သက် ခဲ့လေသည်။

ထိုအချိန်တုန်းက သူ၏ တိုးတက်မှုများကို သိသိသာသာ ခံစား ခဲ့ရရုံသာမက မည်သူကမှလည်း သူ့အပေါ်တွင် မျှော်လင့်ချက် ကြီးကြီးမားမား မထားခဲ့ကြပေ။ ထို့ပြင် ဦးလေးဖြစ်သူ ထျန်း ယီကို ကယ်တင်ခြင်းဖြင့် သူ့ကိုယ်သူ မဆုံးရှုံးစေရန်အတွက် ဆန်းလျန်က သူ့ကို လမ်းမှားသို့ မရောက်စေဘဲ ကာကွယ် ပေး ခဲ့သေးသည်။

ဝူတင်သည် ရှုပ်ထွေးသည့် ခံစားချက်များဖြင့် နန်းတော်သို့ ပြန်သွားလေသည်။ သူက နဂါးအသား၊ နဂါးအသည်းနှင့် နတ် အရက် တစ်အိုးကို ယူလာလေသည်။

သူသည် တိုင်းပြည် အကြံပေး အမတ်မင်း၏ အိမ်တော်သို့ ပြန် ခါနီးတွင် ထူးဆန်းသည့် ခံစားချက် တစ်ခုကို ခံစားလိုက် ရ လေသည်။

ထို့ကြောင့် သူက ဓားကို ဆွဲထုတ်လိုက်လေသည်။

မိုးမြေစွမ်းအားများသည် ဓားသွားထက်သို့ လာရောက် စုဝေး ကြပြီး သူ၏ဓားသည် ကြယ်စင်ရောင်များ တောက်ပ နေ တော့သည်။

ဝူတင်၏ဓားသည် အသက်ဓာတ်စွမ်းအားများဖြင့် ပြည့်ဝနေ လေသည်။ သူ၏ရှုတ်ထွေးသည့် စိတ်ခံစားချက်များ ကြောင့် သူ၏ဓားသည် ထိပ်တန်းတာအို တစ်ဖက်သွား နတ်ဓားအဖြစ် သို့ မရည်ရွယ်ဘဲ အဆင့်တက် သွားခဲ့ရလေသည်။

သေမျိုးလောကမှ စာလုံးအလှရေးသည့် ဆရာများ ကဲ့သို့ပင် ဖြစ်လေသည်။ စိတ်ခံစားချက် များလေ လက်ရာမြောက်သည့် အနုပညာကို ဖော်ကျူးနိုင်လေ ဖြစ်လေသည်။

သူက ဓားကို ဆွဲထုတ်လိုက်သည်နှင့် သူ့ရင်ထဲတွင် တစ်စုံတစ်ခု ဆုံးရှုံးသွားသလို ခံစားလိုက်ရလေသည်။

သူ၏ တစ်ဖက်သွား နတ်ဓားသည် နတ်ဓားဆိုသည့် အမည်နှင့် မကိုက်ညီတော့ပါ။ အဘယ်ကြောင့် ဆိုသော် နူးညံ့သည့် လက်

နှစ်ချောင်းသည် သူ၏ဓားသွားကို ညင်ညင်သာသာ လာရောက်

ထိလိုက်သည်နှင့် သူ၏ ဓားသွားမှတန်ခိုး စွမ်းအားများသည်

ပျောက်ကွယ် သွားရသောကြောင့် ဖြစ်လေသည်။

ဝူတင်မှာ စကားပင် ပြောမထွက် ဖြစ်သွားရလေသည်။

ထို့နောက်မှ သူက သူ့ကိုယ်သူ တည်ငြိမ်အောင် ပြန်ထိန်းလိုက်

ရင်း...

"ခင်ဗျား ဘာလို့ ဒီကို ရောက်နေတာလဲ"

ဝူတင်၏ နတ်ဘုရားဓားကို ထိန်းချုပ်လိုက်သူမှာ အခြားသူမ

ဟုတ်ပါ။ ဆန်းလျန်ပင် ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း....

"ဘာလဲ... ကျုပ်က ယင်းစန်းကို လာလို့မရဘူးလား"

ဆန်းလျန်၏ တည်ငြိမ်နေသည့် ပုံစံကြောင့် ဝူတင်မှာလည်း

အနည်းငယ် စိတ်အေးလက်အေး ဖြစ်သွားရလေသည်။

ဝူတင်က...

"ယင်းစန်းကနေ အမြန်ထွက်သွားပါ..."

ဆန်းလျန်က...

"မင်းလက်ထဲမှာ စားကောင်းသောက်ဖွယ်တွေရော အရက်တွေရော ရှိနေလို့ ကျုပ်ကို နှင်ထုတ် တာပေါ့လေ၊ ဘာလဲ... အဲဒါတွေကို ကျုပ်စားပစ်မှာ စိုးလို့လား"

ဝူတင်က မချိပြုံးတစ်ချက် ပြုံးလိုက်ရင်း...

"ခင်ဗျားသာ စားချင်တယ်ဆိုရင် ကျုပ်ပေးနိုင်တာတွေ အကုန်ပေးပါတယ်ဗျာ၊ ခင်ဗျားကို ကျုပ်က ငြင်းစရာလားဗျာ၊ ဒါပေမဲ့ အစားအသောက်ကြောင့်နဲ့တော့ ကျုပ်က ခင်ဗျားကို နှင်ထုတ်ပါ့မလား၊ လာ နောက် မနေနဲ့တော့ဗျာ"

ဆန်းလျန်က...

"ဝူတင်... မင်းက အရမ်းစိတ်ထား နူးညံ့တယ်၊ အဲဒါကြောင့်ပဲ လူတွေက မင်းကို မအောင်မြင် နိုင်ဘူးလို့ ထင်ကြလိမ့် မယ်၊

ဒါပေမဲ့ မင်းရဲ့အကျင့်စရိုက်နဲ့ စိတ်ဓာတ်ကိုတော့ ကျုပ်

တကယ် လေးစားမိတယ်"

ဝူတင်က...

"ခင်ဗျား အတွက်တော့ ဘဝဆိုတာ ကစားပွဲ တစ်ခုလိုပဲလို့ ခံယူ

ထားတာ ကျုပ်သိပါတယ်၊ ဒါပေမဲ့ ကျုပ်တို့လို လူ့လောကရဲ့

ဒုက္ခအလယ်မှာ ကြားညပ်နေရတဲ့ လူတွေကိုတော့ သနားသင့်

ပါတယ်၊ ဒီ ညစ်ပတ်နေတဲ့ ရေတွေလိုမျိုး ဖြစ်နေတဲ့ အရှုပ်

ထုတ်တွေထဲကို ခင်ဗျားဝင်ပါဖို့ တကယ်တမ်းမှာ လိုအပ်လို့

လားဗျာ၊ အဲဒီလိုလုပ်ရင် သူများတွေလည်း ထိခိုက်ရသလို

အဆုံးသတ်မှာ ခင်ဗျား ကိုယ်တိုင်လည်း ထိခိုက်ရလိမ့်မယ်"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းက အများကြီး တိုးတက်လာတာပဲ၊ လူ့လောကကြီး

အကြောင်းလည်း ပိုသိလာပြီ၊ ကွမ်းလုန်ကျီဟာ မင်းကို

ကောင်းကောင်း သင်ပြပေးခဲ့နိုင်တာပဲ၊ သူမရှိတော့ပေမယ့် သူ့

မှာ မင်းလို တပည့်တစ်ယောက် ကျန်ခဲ့တာ တကယ် ဂုဏ်ယူမိ

ပါတယ်"

ဝူတင်က...

"ကျုပ်ကို ချီးကျူးမနေပါနဲ့၊ လူတိုင်းက ကျုပ်ကို တော်တယ်

လို့ ချီးကျူးကြတယ် ဒါပေမဲ့ ကျုပ်ကတော့ အဲဒီလို ပြောတာ

တွေကို မုန်းလွန်းလို့ပါ၊ တကယ်တော့ ကျုပ်က ခင်ဗျားလို ဖြစ်

ချင်တာလေ၊ ကျုပ် ခင်ဗျားလို မဖြစ်နိုင်လို့ အရမ်းမနာလိုတွေ

ဖြစ်နေမိတာ၊ အရမ်းလည်း စိတ်ပျက်လက်ပျက် ဖြစ်နေရ

တယ်”

ဝူတင်၏ စကားကြောင့် ဆန်းလျန်မှာ ကျယ်လောင်စွာပင်

ရယ်မော လိုက်မိလေတော့သည်။

ဝူတင်မှာတော့ ကျောက်ကဲ မြို့တော်သို့ ဆန်းလျန် ရောက်ရှိ

နေသည်ကို ဆရာဖြစ်သူနှင့် ဆရာဘွားဘွားတို့ သိသွား ကြမည်

ကို စိတ်ပူနေမိလေသည်။

ဆန်းလျန်က ...

"မိတ်ဆွေကောင်းနဲ့ အရက်သောက်ခွင့် မကြုံတာ တော်တော်ကြာနေပြီ၊ ဒီနေ့ မင်းနဲ့ကျုပ်နဲ့ အရက် သွားသောက်ကြမလား"

"ကျုပ်က ခင်ဗျားနဲ့အတူတူ အရက်သောက်ဖို့ အဆင့်မမီပါဘူးဗျာ"

ဝူတင်က ခေါင်းကို ခါယမ်းလိုက်ရင်း မချိပြုံးပြုံးကာ ပြောလိုက်လေသည်။

"စားပွဲပေါ်မှာ အရက်ရှိရင် အရက်သောက်လို့ ရတာပဲ၊ အဆင့်အတန်းတွေ မလိုပါဘူးကွာ၊ ပြီးတော့ မင်းနဲ့အတူတူ အရက်သောက်တာ တခြားရည်ရွယ်ချက်လည်း မရှိပါဘူး၊ ကျုပ်တကယ်ပဲ အရက်သောက်ချင်မိလို့ပါ၊ မင်းကိုလည်း စိတ်သက်သာရာ ရစေချင်တယ်လေ"

ဆန်းလျန်က ရယ်မောရင်း ပြောလိုက်လေသည်။

အခန်း (၆၁၄) ရိုးးသားစွာဖြင့်

ယင်းစန်းသည် အရှေ့တိုင်း စစ်သည်တော် မျိုးနွယ်များ၏

ယဉ်ကျေးမှုနှင့် ရိုးရာအမွေများကို ဆက်ခံ ထားလေသည်။

ထို့ကြောင့် ဝတ်ပြု ကိုးကွယ်ခြင်းများကို ပြုလုပ်ကြသည့်အခါ

မြောက်အရပ်သို့ မျက်နှာမူကာ ပြုလုပ်ကြလေ့ ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် မြောက်ဘက်တွင်ရှိသည့် မသေနိုင်

သည့် နတ်ဘုရား "ရွှမ်မင်" ကို အလေး အမြတ်ပြုသည့်

သဘောဖြင့် ထိုသို့ပြုလုပ်ကြခြင်း ဖြစ်လေသည်။ အမှန်တော့

"မင်" နှင့် "ဂူ" ဆိုသည်မှာ ယင်းစန်း တွင်အဓိပ္ပာယ် အတူတူပင်

ဖြစ်လေသည်။

ထိုအချက်ကို အလေးအမြတ် ပြုသည့်အနေဖြင့် တိုင်းပြည်အကြီးပေး အမတ်မင်း၏ အိမ်တော်ကိုလည်း မြောက်အရပ်တွင် တည်ဆောက် ထားလေသည်။

ဝူတင်သည် ဆန်းလျန်ကို ဆရာဖြစ်သူနှင့် ဆရာဘွားဘွားတို့နှင့် ဝေးရာ တောင်ဘက်စွန်းရှိ ထူးခြားသည့် အရက်ဂေဟာတစ်ခုသို့ ခေါ်ဆောင် သွားလေသည်။ သူတို့သည် အရက်ဂေဟာတွင် အခန်းတစ်ခန်း ယူလိုက်လေသည်။

ထိုအခန်းသည် မြစ်နှင့် မျက်နှာချင်းဆိုင်တွင် ရှိနေပြီး မြစ်ကမ်းနံဘေးတွင် မိုးမခပင်များ စိုက်ပျိုး ထားလေသည်။ ထူးခြားလွန်းသည့် ရှုခင်းမျိုး မဟုတ်သည့်တိုင် စိတ်ကိုကြည်နူးစေသည့် မြင်ကွင်း ဖြစ်လေသည်။

သူတို့သည် နဂါးအသားနှင့် အနဂါးအသည်း ဟင်းလျာကိုအမြည်းအဖြစ်ပြုလုပ်ကာ နှစ်တစ်ရာ နတ်အရက်ကို စတင်

သောက်ကြလေသည်။ ထို့ထက်ပိုပြီး မည်သည့်အရာက

ကောင်းမွန် နိုင်ပါတော့မည်နည်း။

ဝူတင်သည် ရှုတ်ထွေးသည့် ခံစားချက်များဖြင့် အရက်ကို

(၃)ကွက်ဆင့်ကာ သောက်ချ လိုက်လေသည်။

ထို့နောက်သူက ဆန်းလျန်ကို စိုက်ကြည့် နေလိုက်လေသည်။

သူ့အနေဖြင့် ဆန်းလျန်ကို မည်သို့ စတင် စကားပြောရ မည်မ

သိ ဖြစ်နေရလေသည်။

နောက်ဆုံးတော့ ဆန်းလျန်ကပင် စကားစတင် ပြောလိုက်ရ

လေသည်။

"ကျုပ်တို့ နှစ်ယောက်လုံးက ယောကျ်ားတွေပဲကွာ၊ မင်းစိတ်ထဲ

ရှိတာတွေကို ကွယ်ဝှက် မထားဘဲ ပွင့်ပွင့်လင်းလင်း သာပြော

စမ်းပါ"

ဝူတင်က...

"အမှန်တော့ ခင်ဗျားတို့အားလုံးကို ကျုပ်နားမလည်နိုင်ဘူး၊ ကွမ်းလုန်ကျီကိုပဲ ကြည့်လေ၊ အသက်ရှင်မယ်ဆို ရှင်လို့ရပါ လျှက်နဲ့ သေလမ်းကို လျှောက်သွားတယ်၊ သူ့အဲဒီလို သေတော့ ရော အသက်ရှင်တာထက် ဘာကောင်းတာ များရှိလို့လဲ"

ဆန်းလျန်က...

"အမှန်ပဲ...၊ လူဆိုတာ ကောင်းတဲ့ အရာတွေလုပ်ဖို့၊ ပျော်ဖို့ရှင်ဖို့ အသက်ရှင်ရမယ်၊ သေမှတော့ ဘာမှလုပ်လို့ မရတော့ဘူး၊ ကျုပ်ကြားဖူးတဲ့ စကားပုံ တစ်ခုဆိုရင် "သေမြေကြီး၊ ရှင်ရွှေထီး" တဲ့၊ ကျုပ်ငယ်ငယ်တုန်းက ဆိုရင် အသက်ရှင်ပြီး ပျော်ပျော်နေဖို့ပဲ စဉ်းစားခဲ့တာပဲ၊ ကျုပ်အမြင် ပြောရရင် ကွမ်းလုန်ကျီဟာ သိပ်ကို ရူးမိုက်လွန်းခဲ့တယ်"

ဆန်းလျန်၏ စကားများကြောင့် ဝူတင်မှာ ကြက်သေ သေသွားရလေသည်။ ဆန်းလျန်သည် ကွမ်းလုန်ကျီနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည် မဟုတ်ပါလား။

ဝူတင်က...

"ဒီတစ်ခေါက် ခင်ဗျားနဲ့ တွေ့ရတာ ထူးဆန်းနေသလိုပဲ"

ဆန်းလျန်ကလည်း ပွင့်ပွင့်လင်းလင်းပင် ပြန်ပြော လိုက်လေသည်။

"အမှန်ပဲ... ကျုပ်က အရင်ကနဲ့ မတူတော့ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ်က အခု ထိုက်ယီထျန်းရှန်း အဆင့်ကို ရောက်နေပြီ၊ ထိုက်ယီထျန်းရှန်းဆိုတာ ဘာအဓိပ္ပာယ်လဲဆိုတာ မင်းသိပါတယ်နော်"

ဆန်းလျန်၏ စကားကြောင့် ဝူတင်မှာ ဆန်းလျန်မျက်နှာဆီသို့ အရက်များ ဖူးခနဲ မှုတ်ထုတ် မိတော့ မလိုပင် ဖြစ်သွား ရလေသည်။

ဝူတင်က...

"လူတစ်ယောက်က အသလွတ် လာကြွားနေတာ ဆိုရင်တော့ ကျုပ်တော်တော် သောက်မြင် ကပ်မိမှာပဲ၊ ဒါပေမဲ့ ခင်ဗျား လာ

ကြွားနေတာကိုတော့ သိပ်ပြီး မပြောချင်တော့ပါဘူးဗျာ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် အခု စိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေရတယ်"

မိုးမခပင်များသည် လေအဝေ့တွင် ယိမ်းနွဲ့ နေကြလေသည်။ ဆောင်းတွင်း ဖြစ်သည့်တိုင် သစ်ပင်များ၏ အကိုင်းအခက်များသည် လှပနေဆဲ ဖြစ်လေသည်။

ဝူတင်သည် လှပသည့် မိုးမခပင်များ၏ မြင်ကွင်းကို စိတ်မဝင်စားပါ။ သူက သူ့ရှေ့မှ အရက်တစ်အိုးလုံး ကိုသာ အကုန်သောက်ပစ်ချင် နေမိလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းကတော့ ဆန်းလျန်ဆိုတာ အရင်ကလို မိုးကောင်းကင်နတ်ဘုရား တစ်ပါးအဆင့်လို့ပဲ ထင်နေတာ ဖြစ်ရမယ်၊ ဒါကြောင့် ကျောက်ကဲမြို့တော်က နတ်ဘုရားတွေ ကျုပ်ကို ထိန်းချုပ် ထားနိုင်မယ်လို့ မင်းက တွေးနေတာမလား၊ အဲဒီလို

ဆိုရင်လည်း အဲဒီလူတွေကို ကျုပ်ကိုယ်စား မင်းက အသနားခံ

ပေးပေါ့ကွာ၊ အဲဒီလို လုပ်လိုက်ရင် မင်းရဲ့ ကိုယ်ကျင့်တရား

စံနှုန်းကို ပြသရာ ရောက်တာပေါ့၊ ဒါပေမဲ့ အဲဒီလူတွေ

အကုန်လုံး မင်းကို မကျေမနပ် ဖြစ်ကုန်ကြ လိမ့်မယ်၊ အင်း

လေ... မင်းလည်း ကျုပ်အတွက် အကောင်းဆုံးကြိုးစားပေးခဲ့

တာပဲ၊ ဒါပေမဲ့ လက်ရှိဆန်းလျန် ကတော့ မင်းထင်တာထက်ပို

ပြီး တန်ခိုးစွမ်းအားတွေ မြင့်မားနေပြီ၊ အဲဒါကြောင့် မင်း

မခံချိမခံသာ ဖြစ်နေတာ မဟုတ်လား”

ဝူတင်က သက်ပြင်းချလိုက်ရင်း...

“ကျုပ်ကိုယ်ကျုပ်တောင် လေးစားလို့ မရတော့ပါဘူး၊ ကျုပ်

စိတ်ထားတွေ အရုပ်ဆိုး လိုက်တာဗျာ”

ဆန်းလျန်က...

"လူ့သဘော သဘာဝကတော့ အရုပ်ဆိုးမှာပဲပေါ့၊ ဆန်းလျန်က

ရော လုံးဝသန့်စင်တဲ့ သူလို့ မင်းက ထင်နေလို့လား၊ ထျန်းယီ

ဒါမှမဟုတ် မင်းရဲ့ ဆရာလို လူမျိုးတွေမှာလည်း မကောင်းတဲ့ စိတ်ထားတွေ ရှိနေသေးတာပဲ၊ တကယ်တော့ ကောင်းကင်ဘုံ နန်းတော်တွေကို တည်ထောင်ခဲ့တဲ့ မိုးနတ်မင်းတွေတောင်မှ စိတ်ရဲ့ အမှောင်ဘက် ခြမ်းဆိုတာ ရှိတာ ပဲလေ၊ အဲဒီလို အရုပ်ဆိုးမှုတွေ ရှိနေလို့သာ လူတွေဟာ အလှတရားကို တန်ဖိုး ထားတတ်ကြတာပေါ့၊ စကြဝဠာ တစ်ခုလုံးက လူသားတိုင်း ဟာ အကုန်လုံး ဒီအတိုင်းချည်းပါပဲကွာ၊ ဒါပေမဲ့ လူတိုင်းရဲ့ အလှတရား အပေါ်မှာ မြင်တဲ့ အမြင်ကလည်း မတူကြပြန်ဘူး၊ မင်းပြောသလိုပဲလေ... ညစ်ပတ်နေတဲ့ ရေတွေလိုမျိုး ဖြစ်နေ တဲ့ အရှုပ်ထုတ်တွေထဲကို ကျုပ်ပါဝင် ပတ်သက်မိနေတာ မင်း ကိုလည်း မကျေနပ် စေသလို ကျုပ်ကိုယ်ကျုပ်လည်း မ ကျေနပ်နိုင်ပါဘူး၊ ဒါပေမဲ့ အဲဒီလို မကျေနပ်မှုတွေထဲကနေ ကျေနပ်မှုကို ဘယ်လို ရှာရသလဲဆိုတာ မင်းနားလည်နိုင်မှာ မဟုတ်ဘူး”

ဝူတင်သည် ဆန်းလန်ကို စည်းရုံးရန် လက်လျှော့ လိုက်တော့သည်။

သူက ဆန်းလျန်ကို အနီရောင်ဝတ်မိန်းကလေး အကြောင်း ပြောပြချင်မိသော်လည်း မပြောဖြစ်အောင် စိတ်ထိန်း လိုက်လေသည်။ ဆန်းလျန် ကဲ့သို့သော သူများ၏ လွှမ်းမိုးမှုကို ခံနေရသည့် အတွက် သူ့တွင်ရှိနေသည့် အားနည်းချက် များကိုလည်း အလွန်မှ မုန်းတီး နေမိတော့သည်။

သူက သက်ပြင်း တစ်ချက်ချလိုက်ရင်း...

"ပွင့်ပွင့်လင်းလင်း ပြောရရင် ခင်ဗျား နောက်ထပ်လုပ်မယ့် အလုပ်တွေ အားလုံးကို ကျုပ် အကုန် နားလည် ပေးနိုင်ပါတယ်၊ ခင်ဗျားကို ဘယ်အရာမှ ဖုံးကွယ်ထားလို့ မရဘူးဆိုတာလည်း ကျုပ်သိပါတယ်ဗျာ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တကယ်တော့ ယွမ်ကျွင်းကေရီက ပညတ်ချက်တွေကို ချိုးဖောက်ပြီး ကျောက်ကဲ မြို့တော်ကို ရောက်လာတာ ကျုပ်ကို စော်ပလော်တီးဖို့ပဲ၊ အဲဒီတော့ သူ စော်ပလော် မတီးခင် ကျုပ်ကလစ် ထွက်သွားမယ်ဆိုရင် သူ့ကို အားနာစရာကြီး ဖြစ်နေမယ်၊ လူဆိုတာက ကိုယ့်အကြံ တစ်ချက်တည်းနဲ့ အောင်မြင်ရင် ပျော်ရွှင်ကြတာပဲ မဟုတ်လား၊ အဲဒီတော့ သူ့ကိုလည်း ပျော်ရွှင် စေချင်ပါတယ်၊ တကယ်တော့ ဒီကိစ္စတွေက ရိုးရှင်းမလိုလိုနဲ့ ခပ်ရှုတ်ရှုတ်ပဲကွာ..."

ဝူတင်က...

"ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ဒီလောက်ရှိနေမှတော့ ဒဏ်ရာ တစ်ချက် ကလေးတောင် မရဘဲ ယွမ်ကျွင်းကေရီကို ရင်ဆိုင်နိုင်မယ်လို့ ထင်နေတာလား"

ဆန်းလျန်က...

“ပွင့်ပွင့်လင်းလင်း ပြောရရင် ယွမ်ကျွင်း ဧကရီ ဘာလဲဆိုတာ တောင် ကျုပ် ကောင်းကောင်း မသိပါဘူး၊ သူနဲ့ ကျုပ်နဲ့ တကယ်တမ်း တိုက်ခိုက်ရင် ရလဒ် ဘယ်လိုထွက်လာမလဲ ဆို တာလည်း ကျုပ်မသိဘူး၊ ဒါပေမဲ့ အဲဒါတွေက အရေးမကြီးပါ ဘူး၊ ဘာလို့လဲဆိုတော့ သူလည်း ကျုပ်ဘယ်လောက် အစွမ်းထက်လဲဆိုတာ သိမှ မသိတာ၊ ထားလိုက်ပါ … အဲဒီကိစ္စ တွေထက် ကျုပ်က ကျောက်ကဲမြို့တော်က စီးမူဂူတင်ကို ပိုပြီး စိတ်ဝင်စားနေတာ”

“စီးမူဂူတင်ကို လောကရဲ့ အရင်းအမြစ်လို့ လူသိများကြတယ်၊ ကျူးကျားလုပ်ထားတဲ့ ရတနာ တစ်ခုပဲပေါ့၊ အဲဒါက ယင်းစန်း ရဲ့ အရင်းအမြစ်တွေနဲ့ ဆက်သွယ်နေတာ၊ ခင်ဗျားက အဲဒီအရာ ကို အနှောင့်အယှက် ပေးချင်တယ် ဆိုရင်တော့ ကျုပ်တို့နဲ့ ဆက်ဆံရေး ပျက်ရတော့မှာပဲ၊ ကျုပ်တကယ်ပဲ နားမလည်ဘူး၊ ခင်ဗျားဘာလို့ အရမ်းအစွန်းရောက် နေရတာလဲ၊ ခင်ဗျားက

အဲဒီလို လူတစ်ယောက် မဟုတ်ဘူးလို့ ကျုပ်က အမြဲတမ်းထင်ခဲ့မိတာ”

ဆန်းလျန်သည် မိုးမခပင်များနှင့် မြစ်ရေပြင်ကို ငေးကြည့် နေလေသည်။

ဆန်းလျန်၏ အကြည့်အောက်တွင် မိုးမခပင်များမှာ လန်းဆန်းလာပြီး ဆောင်းရာသီပင် ဖြစ်လင့်ကစား ပန်းပွင့်များ ပွင့်လန်းလာလေသည်။ လေအဝှေ့တွင် မိုးမခ အကိုင်းအခက်များသည် မြစ်ရေပြင်ထက်သို့ ကြွေကျ သွားကြလေသည်။ အလွန်မှ လှပသည့် ရှုမျှော်ခင်းဖြစ်ပြီး မြင်ရသူတိုင်းကို ဆွဲဆောင်နိုင်သည့် မြင်ကွင်း ဖြစ်လေသည်။

ဆန်းလျန်က…

“ကျုပ်က အစွန်းရောက်တာ မဟုတ်ပါဘူးကွာ၊ ကျုပ် စတင်ခဲ့တာတွေက အရမ်း နောက်ကျနေလို့ တခြားသူတွေကို အမီလိုက်နိုင်ဖို့ လုပ်ရမယ့် အလုပ်တွေကို လုပ်နေရတာပါ၊

တကယ်တော့ မင်းသတိမထားမိတဲ့ အချက်တစ်ခုက ထျန်းယီ ဟာလည်း တာ့ရှားပြည် နေရာမှာ ယင်းစန်းကို အစား မထိုးချင် ခဲ့ပါဘူး၊ ဒီတိုက်ပွဲမှာ ကျုပ်တို့ နှစ်ယောက်လုံး အန္တရာယ်ကင်း ကင်းနဲ့ စစ်တုရင်ကစား နေနိုင်မှာမျိုးတော့ မဟုတ်ဘူးပေါ့၊ အစကနေ ကစားပွဲကို ပြန်ကစားရင်ကစား၊ မဟုတ်ရင်လည်း စစ်တုရင်ခုံကို မှောက်ပစ်မှပဲ ဖြစ်လိမ့်မယ်၊ တဖြည်းဖြည်းနဲ့ တော့ လူတိုင်းကို စိတ်ကျေနပ် စေမှာပါ”

ဝူတင်သည် ဆန်းလျန်၏ စကားများကို နားမလည်သည့်တိုင် ဆန်းလျန်သည် ယင်းစန်းကို မုန်းတီးသည့် အတွက် ယခုကဲ့သို့ အလုပ်များကို ပြုလုပ်နေခြင်း မဟုတ်ကြောင်း သူသိလေ သည်။ ဆန်းလျန်၏ ရည်မှန်းချက်သည် ဝူတင် သိမြင်နိုင်သည် ထက် ကျော်လွန်နေခဲ့သည်။

ထိုအချက်က သူ့ကို အနည်းငယ် စိတ်သက်သာရာ ရစေလေ သည်။

ဆန်းလျန်က စကားဆုံးသွားသည်နှင့် အရက်ခွက်ကို မော့သောက် လိုက်လေသည်။ ထိုအရက် တစ်ခွက်သည် ထိုနေ့အတွက် ပထမဆုံးနှင့် နောက်ဆုံး သောက်လိုက်သည့် အရက်တစ်ခွက် ဖြစ်လေသည်။

အစပိုင်းတွင် "မင်းနဲ့အတူတူ အရက်သောက်တာ တခြားရည်ရွယ်ချက်လည်း မရှိပါဘူး" ဟု ပြောခဲ့သည့် ဆန်းလျန်၏ စကားများသည် အပြည့်အဝရိုးသားခြင်း မရှိခဲ့ပါ။

ဝူတင်သည် ယင်းစန်း၏ အနာဂတ် ဖြစ်လေသည်။

သူသည် ယင်းစန်း၏ ကံကြမ္မာကို လွှမ်းမိုးနိုင်စွမ်းရှိသူ ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်ကို လုပ်ကြံ သတ်ဖြတ်မည့်သူများသည် ဝူတင်၏ ကံတရားကို မဖြစ်မနေ ယူသုံးရန်လိုအပ်လေသည်။

ထို့ကြောင့် သူတို့ (၂)ယောက် စကားပြောနေစဉ် အတွင်း ဝူတင်ထံမှ သတင်းများစွာကို ဆန်းလျန် ရယူ လိုက်နိုင်လေသည်။

အမှန်တော့ ကျောက်ကဲမြို့သို့ အတွင်းသို့ ဝင်ရောက် လိုက်ကတည်းက မရဏ ထောင်ချောက် တစ်ခုအတွင်းသို့ ကျရောက်သွားခဲ့ပြီ ဆိုသည့်အချက်ကို ဆန်းလျန် ချက်ချင်း သိခဲ့လေသည်။ သူ၏ ဝိညာဉ် စွမ်းအားများသာ အားနည်း လျှင် သူသည် ယခုလောက် သက်သက်သာသာပင် နေနိုင်လိမ့်မည် မဟုတ်ပါချေ။

ယခုတော့....

ရည်ရွယ်ချက်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ...

ဝူတင်သည် သူ၏ အကာအကွယ် ဖြစ်လာခဲ့လေသည်။

အခန်း (၆၁၅) အတိတ်တစ်ချိန်က ကတိစကား

အရက်ခွက်ကို သောက်ပြီးသည်နှင့် ဆန်းလျန်က ပြောလိုက်သည်။

“ကျုပ်သွားတော့မယ်...”

ဝူတင်က...

“တစ်ခွက်တည်း သောက်ပြီး သွားတော့မလို့လား...”

ဆန်းလျန်က ပြုံးလိုက်ရင်း....

“လူတွေကတော့ မမူးမချင်း သောက်ကြမှာပေါ့၊ ဒါပေမဲ့ အသူရာချောက်ကိုးထပ်မှာ ကျုပ်ကို မူးအောင်လုပ်နိုင်တဲ့ အရက် ရှိကိုမရှိဘူး၊ တစ်ခွက် သောက်သောက် ခွက်ပေါင်း တစ်ထောင်ပဲ သောက်သောက် အတူတူပဲ၊ ပထမဆုံး တစ်ခွက်နဲ့ နောက်ဆုံးတစ်ခွက်က ဘာမှ ကွဲပြားမှုရှိမှာ မဟုတ်ဘူး”

ထိုသို့သော စွမ်းရည်မျိုးကို အရက်သမားများသာ ဆိုလျှင် လိုချင်လိုက်ကြမည့် ဖြစ်ခြင်း။ သို့သော်... ထိုစကား၏

နောက်ကွယ်တွင် နတ်ဘုရားတစ်ပါး၏ လွတ်လပ်ခြင်းကို တွေ့မြင်နိုင်မည် ဖြစ်လေသည်။

ဝူတင်က သက်ပြင်း တစ်ချက်ချလိုက်ရင်း....

"ကျုပ်က ခင်ဗျားနဲ့ အတူတူ အများကြီး သောက်မယ်လို့ စိတ်ကူးထားတာ"

ထိုစကားသည် ဝူတင်၏ ရင်ထဲမှ စစ်မှန်သည့် စကားဖြစ်ပြီး ဆန်းလျန်သည် ထိုစကားကို အလွန်လေးစား ခဲ့ပါသည်။

လောကတွင် ထိုကဲ့သို့ စစ်မှန်သည့် စကားကိုပြောကာ စိတ်ရင်းအမှန် ဖြင့် ဆက်ဆံသူကို တွေ့ရခဲလှသည် မဟုတ်ပါလား။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဆိုရင်တော့ နတ်ဘုရားတစ်ပါးကို မူးစေတဲ့ နတ်အရက်တစ်မျိုး ရှာထားမှရမယ်၊ ဒါမှ ကျုပ်မူးအောင် သောက်ပြီး လောကကြီး တစ်ခုလုံးကိုမေ့ပြီး ငြိမ်းချမ်းသွားမှာ..."

ဝူတင်က တည်ကြည်သည့် မျက်နှာထားဖြင့်...

“အဲဒီလို ဆိုရင်လည်း ခင်ဗျားမမူးခင် ကျုပ်က ခင်ဗျားကို တားမှာပေါ့၊ မူးတဲ့အထိ သောက်ဖို့လဲ မလိုပါဘူးဗျာ၊ မမူးတမူး ခံစားနေရတာလေးကမှ ပျော်စရာကောင်းတာ”

ဝူတင်၏ စကားကြောင့် ဆန်းလျန်မှာ ကျယ်လောင်စွာ ရယ်မောလိုက်မိလေသည်။

ထို့နောက် သူက ဝူတင်၏ ပခုံးကို တစ်ချက် ပုတ်လိုက်လေသည်။

ဝူတင်သည် ရုတ်တရက် ပတ်ဝန်းကျင် တစ်ခုလုံး ချာချာလည်သွားသလို ခံစားလိုက်ရပြီး သူ၏ ခြေထောက်များ မြေပြင်ထက်တွင် ရပ်တန့်လိုက်မိသည့် အခါတွင်တော့ သူသည် တိုင်းပြည် အကြီးပေး အမတ်မင်း၏ အိမ်တော်သို့ ပြန်ရောက်နေ ပြီဖြစ်လေသည်။

သူသည် မကျေမနပ်ဖြစ်ပြီး အရက်ဂေဟာသို့ ပြန်သွားကာ ဆန်းလျန်ကို ရှာမည် ဆိုလျှင်တောင်မှ ဆန်းလျန်သည် ထို နေရာတွင် ရှိတော့မည် မဟုတ်ပေ။

သို့သော်... သူ့အတွေး မှားသွားခဲ့လေသည်။

ဆန်းလျန်သည် မိုးမခပင်များ၏ ဘေးတွင် ရပ်နေပြီး အတွေး များက ပျံ့လွင့်လျက် ရှိလေသည်။

ချင်းရွှမ် နတ်တံခါးတွင် နေထိုင်ခဲ့ရသည့် အချိန်များကို သူပြန် စဉ်းစား နေမိသည်။ သူသည် ယန်ရှီး လက်ဆောင်ပေးခဲ့ သည့် မိုးမခပင်ကို ထိုက်ဝေ့ထိုင် ခန်းမဆောင် အရှေ့တွင် စိုက်ပျိုး ထားခဲ့လေသည်။

သူက ထိုအချိန်တုန်းက ကူးချိုင်ဝေ့ကို ပြောခဲ့ဖူးသည်။

“ဒီမိုးမခပင်က ပန်းတွေပွင့်တဲ့ တစ်နေ့ သူပြန်လာမည်” ဟု....။

အတိတ်ကို ပြန်တွေးကြည့်မည်ဆိုလျှင်...

ထိုအချိန်ကပင် ဆန်းလျှန်သည် ဝိညာဉ်စွမ်းအား ကောင်းမွန်သူ
တစ်ယောက် ဖြစ်သည့် အတွက် အနာဂတ်ကို ကြိုတင် ခန့်မှန်း
နိုင်စွမ်း ရှိခဲ့သည်။ ထို့ကြောင့် သူက ထိုစကားကို ကူးချိုင်ဝေ့
ကို ပြောခဲ့ခြင်း ဖြစ်လေသည်။

လက်ရှိအချိန်တွင်တော့ သူသည် ကျောက်ကဲမြို့တော်၏
မရဏ ထောင်ချောက် အတွင်းသို့ ကျရောက် နေခဲ့ရပြီ။
အရက်ဂေဟာဘေးရှိ မြစ်ကမ်းနံဘေးမှ မိုးမခပင်ကို ကြည့်ပြီး
သူတစ်ချိန်က ပြောခဲ့ဖူးသည့် စကားကို သတိရနေမိသည်။
ထို့ကြောင့် သူက မိုးမခပင်ဆီသို့ ဝိညာဉ် စွမ်းအားများ
ထည့်သွင်းပေးကာ ပန်းများကို ပွင့်စေခဲ့ခြင်း ဖြစ်လေသည်။
ဆန်းလျှန်သည် မိုးမခပင်၏ ပင်စည်ထက်တွင် သူ၏
လက်ဖဝါးကို ထိကပ် ထားလိုက်လေသည်။

ထိုအခါ သူသည် အချိန်နှင့်နေရာကို ဖြတ်ကျော်သွားသလို
ခံစားရလိုက်ရပြီး သူ၏ မျက်ဝန်းထဲတွင် ချင်းရွှမ်တောင်ကို

မြင်တွေ့ လိုက်ရလေသည်။ ကျီဖူတောင်ထိပ်နှင့် ထိုက်ဝေ့ထိုင်

ခန်းမဆောင် များသည် သူ့အမြင် အာရုံအတွင်းသို့ ဝင်ရောက်

လာခဲ့လေသည်။

ထိုက်ဝေ့ထိုင် ခန်းမဆောင်ရှေ့တွင် စိုက်ပျိုးထားသည့်

မိုးမခပင်သည် ပန်းပွင့်များ ပွင့်လန်းခြင်း မရှိသေးပါ။ သစ်ပင်

ခြေရင်းတွင် မြက်ပင်လေးများ စိမ်းစိမ်းစိုစိုဖြင့် ပေါက်ရောက်

လျက် ရှိလေ၏။

သို့သော်... ထိုမြင်ကွင်းသည် ရုတ်တရက် ပျောက်ကွယ် သွား

လေသည်။

ထိုအချိန်မှာပင်....

ယင်းစန်းဒေသ တစ်ခုလုံး၏ ဝိညာဉ်စွမ်းအားများဖြင့် ဖွဲ့စည်း

ထားသည့် မရဏ ထောင်ချောက်မှ သတ်ဖြတ်လိုသည့်

အငွေ့အသက်များ မြင့်တက်လာသည်ကို ဆန်းလျန် ခံစား

လိုက်ရလေသည်။ ထို မရဏထောင်ချောက်သည် ပြီးပြည့်စုံပြီး ဆန်းလျှန် အနေဖြင့် ပြေးစရာ မြေမရှိတော့ပါ။

ဆန်းလျှန်သည် တိုင်းပြည် အကြံပေး အမတ်မင်း ဝမ်ကျုန်း၏ အိမ်တော်သို့ ခြေဦး မလှည့်ခဲ့ပါ။ သူက ဆန့်ကျင်ဘက် အရပ်ဆီသို့ ဦးတည် လိုက်လေသည်။

သူသည် ကျောက်ကဲမြို့တော်ရှိ လူစည်ကားသည့် လမ်းမများထက်တွင် လှည့်လည် သွားလာနေလေသည်။ သို့သော်... လူများ၊ ကျင့်ကြံသူများနှင့် မင်းမှုထမ်းများသည် သူ့ကို မြင်တွေ့နိုင်ခြင်း မရှိပါ။

လေသံ၊ ရေသံ၊ လူအများ၏ အတွေးပေါင်းစုံသည် သူ၏တာအို နှလုံးသားတွင် လာရောက် နားခိုကြလေသည်။

သူ၏ စိတ်အာရုံထဲတွင် ကျောက်ကဲမြို့တော်၏ ဖွဲ့စည်းပုံသည် သုံးဖက်မြင် ရုပ်လုံး တစ်ခုအလား ပေါ်လွင်လာလေသည်။

အသေးငယ်ဆုံးသော အချက်အလက် တစ်ခုပင်လျှင် သူ့ထံမှ ဖုံးကွယ်ထားနိုင်ခြင်း မရှိပါ။

ယွမ်ကျွင်း ဧကရီသည် မြောက်ဘက်အရပ်တွင် ရှိနေပြီး ကျူး ကျားကတော့ အရှေ့ဘက် အရပ်တွင် ရှိနေလေသည်။

ဆန်းလျန်နှင့် ကျူးကျား အလယ်ရှိ အကွာအဝေးသည် တဖြည်းဖြည်း နီးကပ် လာလေသည်။

ဆန်းလျန်သည် စီးမှူဂူတင်ထံမှ ထွက်ပေါ်လာသည့် ပြင်းထန် သည့် တန်ခိုးစွမ်းအား လှုပ်ရှားမှုကို ခံစားနေရလေသည်။

တန်ခိုးစွမ်းအား လှုပ်ရှားမှုကြီးသည် သူ၏ ခန္ဓာကိုယ် တစ်ခု လုံးကို တိုက်စား သွားတော့မည့် ဒီရေလှိုင်းကြီးတစ်ခု အလား ပင် ဖြစ်လေသည်။

သူ အသက်ရှူလိုက်တိုင်း ထိုတန်ခိုးစွမ်းအား ဒီရေလှိုင်းကြီး၏ များပြားသည့် ပမာဏကို စုပ်ယူပြီး သူ၏ မျက်ခုံးနှစ်ခု ကြားရှိ

လောကသစ်တစ်ခု ဖွင့်လှစ်မည့် မျိုးစေ့ကို အားအင် ဖြည့်ပေး

နိုင်ခဲ့လေသည်။

စီးမှုဝူတင်ကို အစောင့်အကြပ်များ တင်းကျပ်စွာဖြင့် ကာကွယ်

ထားပြီး အစောင့်များ၏ ခေါင်းဆောင်မှာ တော်ဝင် မိသားစုထဲ

မှ အရည်အချင်း မြင့်မားသူ တစ်ယောက် ဖြစ်လေသည်။

အစောင့် ခေါင်းဆောင် တပ်မှူးလေးမှာ ငယ်ရွယ်ပြီး ချောမော

ခန့်ညားသူ တစ်ယောက် ဖြစ်လေသည်။

ယခုတော့....

တပ်မှူးလေး၏ ကျောရိုးတစ်လျှောက်တွင် အေးစိမ့်မှုကို ခံစား

လိုက်ရလေသည်။ သူက အပြင်သို့ လှမ်းကြည့်လိုက်

သော်လည်း မည်သည့် အရာကိုမှ မတွေ့မြင်ရပေ။ သို့သော် သူ့

ထံသို့ လူတစ်ယောက် လမ်းလျှောက် လာသည်ကို ခံစားနေရ

လေသည်။

တပ်မှူးလေးက ဓားကို ဆွဲထုတ်လိုက်ပြီး အခြားသော အစောင့်စစ်သည်တော်များကလည်း သတိအနေအထား ဖြစ်သွားကြလေသည်။

တပ်မှူးလေးက အော်ပြောလိုက်သည်။

"ဘယ်နတ်မိစ္ဆာက ပုန်ကန်ဖို့ ရောက်လာတာလဲ..."

တပ်မှူးလေး၏ ဓားသွားမှာ တန်ခိုး စွမ်းအားများကြောင့် တုန်ခါနေပြီး အရှေ့ဆီသို့ ထိုးချိန် ထားလေသည်။

ဓားသွားထက်မှ တန်ခိုးစွမ်းအားများမှာ အလွန်မှ ကြောက်မက်ဖွယ်ရာ ကောင်းသော်လည်း ဝူတင်၏ တစ်ဖက်သွား နတ်ဓားကိုတော့ မည်သည့်နည်းနှင့်မှ မယှဉ်နိုင်ပေ။ ထို့ကြောင့် တပ်မှူးလေး၏ ဓားသည် အိပ်မက်နယ်ပယ်တွင် ရောက်ရှိနေသည့် ဆန်းလျန်ကို ထိခိုက်အောင် မည်သို့မှ မပြုလုပ်နိုင်ခဲ့ပေ။ ဆန်းလျန်သည် ရှေ့သို့ ဆက်လျှောက် လာခဲ့လေသည်။

တပ်မှူးလေးသည် ဆန်းလျန်ကို မမြင်ရပေ။ သို့သော်... ဆန်းလျန် တဖြည်းဖြည်း နီးကပ် လာသည်ကိုတော့ ခံစားမိနေလေသည်။

တပ်မှူးလေးမှာ ကြောက်ရွံ့ ထိတ်လန့် လာမိလေသည်။

ထိုအချိန်မှာပင် သူ၏နားနားသို့ ကပ်ပြောလိုက်သည့် အသံတစ်သံကို ကြားလိုက် ရလေသည်။

"မင်း ကြောက်နေတာလား..."

တပ်မှူးလေးသည် အသံလာရာဆီသို့ သူ၏ဓားကို လှည့်ပြီး ချိန်လိုက်လေသည်။

ထိုသို့ ပြုလုပ်လိုက်သည့် အတွက် သူ၏စွမ်းအားများ များစွာ ကုန်ဆုံး သွားရလေသည်။

တစ်ချိန်တည်းမှာပင် အခြားသော စစ်သည်တော် အစောင့်များကလည်း သူတို့၏ ဓားများကို ဆွဲထုတ် လိုက်ကြသည့်

အတွက် ပတ်ဝန်းကျင် တစ်ခု လုံးဓားသံများဖြင့် ဆူညံ သွားရ

လေသည်။

ထိုအချိန်မှာပင်...

လေပြလေးတစ်ခုက တိုက်ခတ် လာလေသည်။

တပ်မှူးလေးနှင့် အစောင့်စစ်သည်တော်များမှာ ချက်ချင်းပင်

ခေါင်းများ မူးဝေ သွားကြရပြီး မြေပြင်ထက်သို့ လဲပြိုသွားကြ

ကာ အိပ်ပျော် သွားကြလေတော့သည်။

စီးမူဝူတင်၏ အပြင်ဘက်တွင် အစောင့် စစ်သည်တော်အုပ်စု

သည် အိပ်ပျော် နေကြသည်မှာ ဟောက်သံများပင် ထွက်လျက်

ရှိလေ၏။ ထူးဆန်းလှသည့် မြင်ကွင်းပါပေ။

ကျူးကျားသည် စူးမူဝူတင်၏ အောက်ဘက်တွင် ရှိနေလေ

သည်။ သူ၏ ပုံသဏ္ဍာန်မှာ စီးမူဝူတင်၏ အစိတ်အပိုင်း တစ်ခု

အလား ထင်မှတ် ရလေသည်။ ကျူးကျားသည် လူသားတစ်

ယောက် ဖြစ်သည် ဆိုသည့် အချက်ကိုပင် လူအများက

မေ့လျော့ နေကြပြီ ဖြစ်လေသည်။

မည်သူမှ ဆန်းလျန်ကို မမြင်တွေ့နိုင်ကြပါ။

သို့သော် ကျုံးကျားကတော့ ရှင်းလင်းပြတ်သားစွာ မြင်တွေ့

နေရလေသည်။

ကျုံးကျားသည် ဆန်းလျန် အကြောင်းကို များစွာ ကြားဖူးထား

သည့် အပြင် ဆန်းလျန်၏ ကောင်းမြတ်ခြင်း မင်္ဂလာများကို

လည်း လေးစားလျက် ရှိလေသည်။ သို့သော်... ဆန်းလျန်ကို

ပထမဆုံး အကြိမ် ရုတ်တရက် မြင်တွေ့လိုက်ရသည့် အခါ

တွင်တော့ သူသည် အလွန်တရာ အံ့သြ သွားမိလေသည်။

သူက ရုတ်တရက် စကားတစ်ခွန်းကို ပြောမိသွားသည်။

“ဓမ္မကို သိရှိနားလည်သွားပြီး သံသရာက လွတ်မြောက် သွား

ကြသူတွေဟာ ဒီဘက်ကမ်းမှာရော ဟိုဘက်ကမ်းမှာရော မ

နေထိုင်ကြဘူး၊ သူတို့ဟာ လောကီကနေ လွတ်မြောက်အောင် ထွက်ခွာ သွားနိုင်ကြတယ်”

ထိုစကားမှာ ဗုဒ္ဓဘာသာ ကျမ်းစာများထဲမှ ဗုဒ္ဓ၏ ပြီးပြည့်စုံခြင်း ဂုဏ်တော်ကို ညွှန်ပြသည့် “တထာဂတသ” ဆိုသည့် စာပိုဒ်ဖြစ်လေသည်။

သူက ထိုစာကြောင်းကို ရွတ်လိုက်မိသည်မှာ ဆန်းလျန်ကို ချီးမြှောက် လိုက်သလို ဖြစ်နေလေသည်။

တကယ်တော့ ဆန်းလျန်ကို ထိုမျှအထိ အလွန်အကျူး ချီးမြှောက်ရန် မသင့်တော်ပါ။ ဆန်းလျန် ရောက်ရှိနေသည့် ထိုက်ယီထျန်းရှန်းအဆင့်သည် အလွန်မှ မြင့်မားလှသလို ဆန်းလျန်သည်လည်း မှန်ကန်သည့် လမ်းစဉ်ကို ကျင့်ကြံခဲ့ခြင်း ဖြစ်သည့်တိုင် ဗုဒ္ဓ၏ ပြီးပြည့်စုံခြင်းဖြင့်တော့ မနှိုင်းယှဉ်အပ်ပါပေ။

ဆန်းလျန် ကဲ့သို့သော်လူသည် ယခင်အချိန်များကပင် ဗုဒ္ဓ လမ်းစဉ်ကို လိုက်ခဲ့သင့်သည့် လူတစ်ယောက်ဖြစ်လေသည်။ သို့သော်လည်း ဆန်းလျန်က သူနှင့် သင့်တော်သည့် တာအို ကျင့်စဉ်လမ်းကိုသာ ရွေးချယ်ခဲ့လေသည်။

အမှန်တော့ ဆန်းလျန်သည် မိုးကောင်းကင် နတ်မိစ္ဆာကျင့်စဉ် နှင့် အိပ်မက်လိပ်ပြာကျင့်စဉ်ကို အသုံးပြုရန်အတွက် လောက အသစ် ဖွင့်လှစ်မည့် မျိုးစေ့ထံမှ စွမ်းအားများကို ငှားရမ်းသုံးစွဲ ထားခဲ့လေသည်။

ထို့ပြင် သူ၏မူလဝိညာဉ်ခန္ဓာ မှာလည်း စန့်ချင်မူလဝိညာဉ် ခန္ဓာအဖြစ် စည်းတံဆိပ်ခတ်နှိပ် ခံထားရသည့် အတွက် ဆန်း လျန်၏ ပုံစံသည် တာအို ဆရာသခင်ကြီး တစ်ပါး၏ ပုံစံနှင့် ဆင်တူနေလေသည်။

ထို့ကြောင့်ပင် ကျူးကျားသည် သူ့ကို မြင်တွေ့လိုက်ရသည့် အခါ အလွန်အမင်း ဖွဲ့ကျူးသည် အထိ ဖြစ်သွားရခြင်း ဖြစ်လေ၏။

"ဒီ စီးမူဝူတင်က ဘယ်လောက်လေးသလဲ"

နောက်ဆုံးတော့ ဆန်းလျန်က စကားစပြီး ပြောလိုက်လေသည်။

ကျူးကျား၏ အေးဆေး တည်ငြိမ်မှုများသည် မီးအပူရှိန်နှင့် ထိတွေ့ခံလိုက်ရသည့် နှင်းထုအလား အရည်ပျော်ကျ သွားပြီ ဖြစ်လေသည်။

သူ၏မျက်ဝန်းများမှာ စိတ်လှုပ်ရှားမှုကြောင့် တလက်လက် တောက်ပ နေကြသည်။

ကျူးကျားက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"သူတော်စင်ချင်းရွှမ်... အဖြေသိနေပြီးသားကို ဘာလို့ မေးခွန်း ထုတ်နေရသေးတာလဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က အဖြေမသိလို့ မေးနေတာဆိုရင်ရောဗျာ..."

ကျူးကျားသည် စိတ်လှုပ်ရှားလွန်းသောကြောင့် ခုန်နေသည့်

ရင်ကို ငြိမ်သက်ရန် ကြိုးစား နေရလေသည်။

ပြီးမှ သူက ပြုံးလိုက်ရင်း...

"ကျုပ်လည်း မသိပါဘူးဗျာ"

ဆန်းလျန်က...

"ဒီစီးမူဝူတင်က ဘယ်လောက်လေးလဲ ဆိုတာ မသိပေမယ့်

တင့်ဟိုင်စန်းကျန်း နတ်တုတ်လောက်တော့ လေးမယ်မထင်ပါ

ဘူး"

(တင့်ဟိုင်စန်ကျန်းနတ်တုတ် ဆိုတာ စွန်းဝူခုံး နဂါးမင်းဆီက

ဓားပြတိုက်လာတဲ့ ရွှေတုတ်ကို ပြောတာပါ - ဘာသာပြန်သူ)

အခန်း (၆၁၆) ကမ္ဘာမြေကြီး၏ မူလစွမ်းအား

ဆန်းလျန်၏ စကားသံသည် ကျူးကျား၏ နှလုံးသား အတွင်းသို့ ပြတ်သားရှင်းလင်းစွာဖြင့် ဝင်ရောက် သွားလေသည်။

ကျူးကျား၏ စိတ်နှလုံးသည် ဆူနာမီလှိုင်းများကဲ့သို့ တုန်လှုပ်လျက် ရှိလေသည်။

သို့သော် ကျူးကျား၏ မျက်နှာအမူအရာက ပြောင်းလဲသွားခြင်း မရှိပါ။

"ခင်ဗျားက ဘယ်လိုလုပ် သိတာလဲ"

"ကျုပ်သိမြင်ထားတဲ့ ယိလမ်းစဉ်က ကွမ်းလုန်ကျီထက် အဆင့်မြင့်တယ်၊ ဒီတော့ ဒီကိစ္စကို ကျုပ်သိတာ ဘာဆန်းလို့လဲ၊ တကယ်တော့ ခင်ဗျားက စီးမူဂူတင်ကို ကျုပ်အတွက် ပြုလုပ်ခဲ့တာ မဟုတ်လား၊ စီးမူဂူတင်ဟာ ကမ္ဘာမြေကြီးရဲ့ မူလစွမ်းအားတွေကို ဆွဲယူနိုင်တယ်၊ ဗုဒ္ဓရဲ့ လက်ငါးချောင်း ဖြစ်တဲ့

တောင်ငါးဆင့်ကို ပြန်လည် ပုံဖော် နိုင်လိမ့်မယ်၊ ဒါပေမဲ့ ကျုပ်ကလည်း မျောက်မင်း ဝူခုံး မဟုတ်သလို ခင်ဗျားကလည်း ဗုဒ္ဓမှမဟုတ်ဘဲလေ”

ဆန်းလျန်က လက်နှစ်ဖက်ကို နောက်သို့ ပစ်ရင်း အေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

သူ၏ ပုံသဏ္ဍာန်မှာ ကျယ်ပြန့်သည့် ကောင်းကင်ကြီးအလားဖြစ်ပြီး သူ၏တန်ခိုး စွမ်းအား အတိမ်အနက်ကို မည်သူမှ ခန့်မှန်းနိုင်မည် မဟုတ်ပေ။

ကျူးကျားက…

“ဒီရတနာကို ကျုပ်လုပ်ခဲ့ရတဲ့ ရည်ရွယ်ချက်က ယင်းစန်းကို ကာကွယ်ဖို့ပါ၊ ဘယ်သူ့ အတွက်ရယ်လို့ ရည်ရွယ်ပြီး ပြုလုပ်ထားတာမျိုး မရှိပါဘူး၊ ကြည့်ရတာ… သူတော်စင်ချင်းရွှမ်က ကျုပ်ခန့်မှန်း နိုင်တာထက်ပိုပြီး ထူးဆန်းတဲ့ ဇာစ်မြစ် တစ်ခုကနေ လာခဲ့တဲ့သူပဲ ဖြစ်ရမယ်၊ ခင်ဗျားက လျှို့ဝှက်ကျင့်စဉ်တွေ

အတော်များများကိုလည်း သိထားတယ်၊ ဒီနေ့ ဒီနေရာမှာ ကျုပ် ခင်ဗျားကို စောင့်နေရတာဟာ အခက်တွေ့စေဖို့ အတွက် မဟုတ်ရပါဘူး၊ ကျုပ် ခင်ဗျားကို တောင်းဆိုချင်တာက နှစ်ပေါင်းရာနဲ့ချီပြီး တည်ငြိမ် အေးချမ်းမှုရဖို့ အတွက် ပြဿနာရှာနေတာတွေကို ရပ်လိုက်ပါတော့ဗျာ”

ရုတ်တရက်...

ကမ္ဘာကြီးတစ်ခုလုံး ပြိုကျသွားသလို ခံစား လိုက်ရလေသည်။ ဆန်းလျန်သည် ချက်ချင်းပင် စီးမူဝူတင် အောက်သို့ ရောက်ရှိသွားလေတော့သည်။

အမှန်တော့ ဆန်းလျန် မြင်တွေ့ရသည့် စီးမူဝူတင်၏ ပုံရိပ်သည် ပုံရိပ်ယောင် တစ်ခုမျှသာ ဖြစ်လေသည်။ စီးမူဝူတင် တည်ရှိရာ နေရာတစ်ခုလုံးမှာ စီးမူဝူတင်၏ အစိတ်အပိုင်းများပင် ဖြစ်လေသည်။

စီးမူဂူတင်၏ အပေါ်ပိုင်းတွင်တော့ ကျူးကျား၏ ခန္ဓာကိုယ်မှ အပြာရောင် မီးတောက်များ လင်းလက် နေလေသည်။ ထို မီးတောက်မှာ ရှေးဟောင်းနတ်ဘုရား တစ်ပါး၏ စစ်မှန်သည့် သမာဓိ မီးတောက်ပင် ဖြစ်လေသည်။

ထိုမီးတောက် သည်ကျူးကျား၏ ခန္ဓာကိုယ်တွင် တောက် လောင် နေခြင်းအားဖြင့် စီးမူဂူတင်ကို အမြင့်မားဆုံး တန်ခိုး စွမ်းအားများ ပေးနိုင်လေသည်။

စီးမူဂူတင်မှ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများကို ပင်လယ်ကြီး တစ်ခုအလား ထုတ်လွှတ် နေလေသည်။ စကြာနံ့ ပိုင်း အတွင်းမှာပင် လေထုတစ်ခုလုံးသည် အေးခဲသွားပြီး မည်သူမှ မထိုးဖောက် နိုင်တော့ပေ။

ဆန်းလျန်သည် လောကနတ်ဘုရား တစ်ပါး ဖြစ်နေခဲ့လျှင် တော့ စီးမူဂူတင်၏ အောက်တွင် ပိတ်မိနေခြင်း အတွက် လွတ် လမ်းရှိမည် မဟုတ်ပေ။

သို့သော်... ယခုအချိန်တွင်တော့ သူ၏စိတ်က အခြားအချိန်များထက်ပင် ကြည်လင် ရှင်းလင်း နေသေးသည်။

သူ ဤနေရာသို့ ရောက်လာပြီး စီးမူပူတင်၏ အလေးချိန်ကို မေးရခြင်းမှာ ကမ္ဘာမြေကြီး၏ မူလစွမ်းအားကို ရယူချင်သောကြောင့် ဖြစ်လေသည်။ အကယ်၍ ထိုစွမ်းအားကိုသာ ရရှိခဲ့ပါက နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံမှသာ လောကအသစ်ကို ဖွင့်လှစ်မည့် မျိုးစေ့သည် အချိန်ခဏလေး အတွင်းမှာပင် စွမ်းအားများ တိုးတက်လာမည် ဖြစ်လေသည်။

“အချိန်သည် လူကိုမစောင့်” ဆိုသည့် အတွေးသည် ဆန်းလျန်၏ ခေါင်းထဲတွင် အမြဲတမ်း ရှိနေလေသည်။

ဝမ်ကျုန်း၊ ယွမ်ကျွင်းကောရီနှင့် ရွှေရောင် အလင်းတန်း နတ်ဘုရားတို့ အားလုံးသည် ဆန်းလျန်နှင့် တွေ့ဆုံ ရင်ဆိုင် ခဲ့ရလေသည်။

သူတို့အားလုံးသည် ကျောက်ကျယ် အမိန့်တော်ဂိုဏ်းမှ တပည့်များ ဖြစ်ကြလေသည်။ ဆန်းလျန် ကျင့်ကြံခဲ့သည့် “စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း” စာအုပ်နှင့် နီးနီးကပ်ကပ် ဆက်စပ်ပတ်သက်နေကြသည့် သူများပင် ဖြစ်လေ သည်။

ထိုအရာများ အားလုံးသည် တိုက်ဆိုင်မှု ဖြစ်သည်ဟု တစ်စုံတစ်ယောက်က ဆန်းလျန်ကို ပြောမည်ဆိုလျှင် ဆန်းလျန် သည်ယခုအချိန်တွင် တစ်စက်ကလေးမှ ယုံတော့မည် မဟုတ်ပေ။

အနာဂတ်တွင် ဖြစ်ပျက်လာမည့် အဖြစ်အပျက်များ အတွက် အဆင်သင့် ဖြစ်နေစေရန် သူသည် လျင်မြန်စွာဖြင့် ကျင့်စဉ်လမ်း အဆင့်တက်ပြီး ပြင်ဆင်ပေးခဲ့ခြင်းကို ခံခဲ့ရလေသည်။

သူသည် မြင့်မားသည့် အဆင့်သို့ ရောက်ရှိရန် အတွက် တန်ဖိုးမြင့်မားစွာ ပေးဆပ်ခဲ့ရသည့် တိုင်အောင် ပေးဆပ်သလောက် အကျိုးကျေးဇူးလည်း ရရှိခဲ့လေသည်။ ထို့ပြင် ဆန်းလျန်သည်

မည်သည့် အရာကို ပထမ ဦးစားပေး ထားရမည်ကို သိရှိသူ တစ်ယောက်လည်း ဖြစ်လေသည်။

ထို့ပြင်... လွန်ခဲ့သော နှစ်ပေါင်းများစွာက ချန်ချင်ရှိရာ ရှီးလျန် မြို့တော်သို့ ကျူးကျော် ရောက်လာပြီး သူမကို အသိပညာများ သင်ပြပေးခဲ့ခြင်းသည် ပင်လျှင် အစီအစဉ် တစ်ခုလုံး၏ အစိတ်အပိုင်းထဲတွင် ပါဝင်နိုင်လေသည်။

လက်ရှိအချိန်တွင်...

ဆန်းလျန်သည် သူ၏ အထင်ရှားဆုံးပုံစံဖြင့် ကျောက်ကဲ မြို့တော် တစ်ခုလုံးကို ပရမ်းပတာ ဖြစ်သွားအောင် ပြဿနာ ရှာပစ်လိုက်ချင်လေသည်။ သူ၏ တန်ခိုးအာဏာကို လူတိုင်းကို ပြသ လိုက်ချင်လေသည်။

သို့သော်... သူသည် ချန်ချင်၏ မျက်နှာကို ထောက်ထားပြီး ကျူးကျော်ကို များစွာ ထိခိုက်စေလိုခြင်း မရှိခဲ့ပေ။ မည်သို့ပင် ဖြစ်စေ စီးမှုဝူတင်မှ ကမ္ဘာမြေကြီး၏ မူလစွမ်းအားများကို

အကုန် စုပ်ယူပစ်ကာ ကျူးကျားကို သင်ခန်းစာ

ကောင်းကောင်း ပေးရန်တော့ စဉ်းစား ထားလေသည်။

ထိုအချိန်မှာပင်…

စီးမူဂူတင်မှ အလင်းတန်းများ ထွက်ပေါ်လာပြီး ဗလာနယ်ကို

ကျော်ဖြတ်ရန် အတွက် ဆန်းလျန် အသုံးပြုနေသည့် ပကတိ

ဖန်ဆင်းခြင်း ပညာကို တားဆီး ထားလိုက်လေသည်။

တစ်ချန်တည်းမှာပင်… ဆန်းလျန်သည် သူ့ကိုဖိနှိပ်ရန် ကြိုးစား

လာသည့် ကြီးမားသည့် ဖိအားကြီး တစ်ခုကို ခံစား လိုက်ရလေ

သည်။ သူ့အနေဖြင့် မလိုအပ်သည့် လုပ်ဆောင်ချက်များကို မ

ပြုလုပ်နိုင်တော့ပေ။

ဆန်းလျန်သည် ခြောက်ကပ်ကပ် အပြုံးတစ်ခုကို ပြုံးလိုက်

လေသည်။

သူက လက်သီးတစ်ချက်ဖြင့် အပေါ်ဘက်တွင် သူ့ကို ဖိနှိပ်ထား

သည့် စီးမူဂူတင်ကို ထိုးခွင်း လိုက်လေသည်။ ကျောက်ကဲ

မြို့တော် အတွင်းရှိ လူအားလုံးသည် သံချင်း ထိခတ်မိသည့် အသံကို ကြားရမည် ဖြစ်လေသည်။

ကျူးကျားကို အံ့အားသင့် သွားစေသည့် အချက်မှာ စီးမူဝူတင် နှစ်ပေါင်းများစွာ စုပ်ယူထားသည့် ကမ္ဘာမြေကြီး၏ မူလ အနှစ်သာရ စွမ်းအားများသည် ဆန်းလျန်ရှိရာသို့ စီးဆင်းသွား ခြင်းပင် ဖြစ်လေတော့သည်။

ကျူးကျားထံမှ တောက်လောင်နေသည့် အပြာရောင် သမာဓိ မီးတောက်မှာ ဓာတ်ကူပစ္စည်း သဘောမျိုးပင် ဖြစ်သွား ခဲ့လေ သည်။

သို့သော် ရပ်တန့်ရန် နောက်ကျ သွားခဲ့ပြီ။

ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားမှ အနီရောင် ပြဒါးရှင် သင်္ကေတသည် အဆုံးမရှိသော အလင်းရောင်များဖြင့် တောက်ပ လျှက်ရှိလေသည်။ ကမ္ဘာမြေကြီး၏ မူလစွမ်းအား သည် အနက်ရောင် ဖြစ်လေသည်။

ထိုအရာသည် ဗလာနယ်ထဲတွင် လှည့်ပတ် သွားလာနေသည့် နဂါးကြီး တစ်ကောင်ကဲ့သို့ ဖြစ်ပြီး သွေးနီရောင် ပင်လယ်ထဲသို့ စီးဆင်း ပေါင်းစပ် နေလေသည်။

သွေးနီရောင်ပင်လယ်မှ ကြမ်းတမ်းသည့် စွမ်းအားများသည် ကြောက်မက်ဖွယ်ရာ အဖြစ်အပျက် တစ်ခုကို လုပ်ဆောင် ခဲ့လေသည်။ သွေးနီရောင် အလင်းတန်းများက အနက်ရောင် နဂါးကြီးကို ဆန်းလျှန်၏ အနီရောင် ပြဒါးရှင် သင်္ကေတဆီသို့ ကူးခတ် သွားစေခဲ့လေသည်။

စွမ်းအား မြင့်မားလှသည့် လောကသစ် တစ်ခုကို ဖွင့်လှစ်နိုင်သည့် မျိုးစေ့သည် ပြင်ပမှ အနက်ရောင်နဂါးကြီးကို ဆက်လက်စုပ်ယူ နေလေသည်။ အနီရောင် ပြဒါးရှင်သည် ချေဖျက်နိုင်ခြင်း ရှိမရှိကိုပင် အလေး မထားတော့ဘဲ အရာအားလုံးကို စုပ်ယူနေခဲ့ပြီး ပုံရိပ်ယောင် တစ်ခုကိုပင် စတင်ဖြစ်ပေါ်လာစေလေတော့သည်။

ဆန်းလျန်မှာ ထူးဆန်းစွာဖြင့် ပြည့်နေသကဲ့သို့ ခံစားနေရလေသည်။

ထိုခံစားချက်သည် လောက အသစ်တစ်ခုကို ဖွင့်လှစ်နိုင်သည့် မျိုးစေ့မှ ခံစားနေရခြင်း ဖြစ်လေသည်။ ကမ္ဘာမြေကြီး၏ မူလစွမ်းအား (၇၀) ရာခိုင်နှုန်းခန့် စုပ်ယူရန် ကျန်ရှိနေသေးသည့် အချိန်တွင် ဆန်းလျန်သည် ထိုခံစားချက်ကို အတင်းအကျပ် ဖယ်ရှား ပစ်ခဲ့လေသည်။

မဟုတ်ပါက စီးမူဝင်တင်အောက်မှ ထွက်လာသည့် အခါတွင် ပေးဆပ်ရမည့် တန်ဖိုးကသေးမည် မဟုတ်ပေ။ ယွမ်ကျွင်း ကောရီ၏ မရဏထောင်ချောက်ကို ကျော်ဖြတ်သွားရန် ခက်ခဲသွားမည် ဖြစ်လေသည်။

ကမ္ဘာမြေကြီး၏ မူလစွမ်းအားသည် သူ၏ မျက်ခုံးနှစ်ခု အတွင်းသို့ စီးဝင်နေဆဲ ဖြစ်လေသည်။ စွမ်းအား (၅၀) ရာခိုင်နှုန်းခန့်ကို စုပ်ယူပြီးသည့် အခါတွင်တော့ လောက

အသစ်ကို ဖွင့်လှစ်မည့် မျိုးစေ့သည် နောက်ထပ် စွမ်းအားများ ကို စုပ်ယူခြင်း မပြုလုပ်တော့ပေ။ အကန့်အသတ် ပြည့်သွားပြီ ဖြစ်သည်ကို ဆန်းလျန် သိလိုက်လေသည်။

အသက်ဓာတ် စွမ်းအားများသည် ဆန်းလျန်၏ သွေးကြောဆုံ ချက် များထဲတွင် စုစည်းနေပြီး မရှိမှုကျေးရွာမှ ပြန်ထွက် လာ စဉ်ကကဲ့သို့ တန်ခိုးစွမ်းအားများ ကင်းမဲ့လျက် ရှိလေသည်။ သူ၏ ဖြူဖျော့နေသည့် မျက်နှာသည် အနက်ရောင်သို့ ကူးပြောင်း သွားခဲ့လေသည်။

ထိုက်ယီထျန်းရှန်း အဆင့်တွင် သူပြန်လည် တည်ဆောက် ထားခဲ့သည့် သန့်စင်သည့် ရုပ်ခန္ဓာသည် ကမ္ဘာမြေကြီး၏ မူလ စွမ်းအားများကြောင့် ညစ်နွမ်း သွားရလေသည်။

ထိုအချိန်တွင် … ဆန်းလျန်သည် ရှားမျိုးနွယ်များ၏ သွေးထဲမှ တန်ခိုးစွမ်းအားများနှင့် ရေအောက်ထဲသို့ သွားစဉ်က ရောက်ရှိ

ခဲ့သည့် မဟူရာ အဏ္ဏဝါ နန်းတော်မှ ထူးဆန်းသည့် သင်္ကေတ များကို အာရုံစိုက်ကာ သုံးသပ် နေမိလေသည်။

ထိုအခါ… သူ၏ သွေးကြော ဆုံချက်များထဲမှ အသက်ဓာတ် စွမ်းအားများသည် ကမ္ဘာမြေကြီး၏ မူလစွမ်းအားနှင့် ပေါင်းစပ်သွားကာ ကောင်းသည့် စွမ်းအားနှင့် မကောင်းသည့် စွမ်းအားများ အပြည့်အဝ မကွဲပြားတော့ဘဲ မိုးနှင့်မြေ မွေးဖွား ခြင်းကို မူလအတိုင်း ပြန်လည် ဖြစ်တည် လာစေခဲ့လေသည်။

ထိုအဆင့်တွင် အမှား တစ်စုံတစ်ခုသာ ရှိခဲ့လျှင် ဖြစ်ပေါ်လာ မည့် အကျိုးဆက်သည် မှန်းဆ၍ပင် မရနိုင်ပေ။

ဆန်းလျန် သေသေချာချာ ကြိုးစား အားထုတ်ထားရသည့် နတ်ဘုရား ခန္ဓာကိုပင် ပျက်စီး သွားနိုင်လေသည်။ နောက်ဆုံး တွင် မရှိမှု ကျေးရွာတွင် သိမ်းဆည်း ထားခဲ့သည့် သူ၏ ဝိညာဉ်ကို အသုံးပြု၍ကာ နောက်ထပ် ဆန်းလျန် တစ်ယောက်ကို

ထပ်မံ မွေးဖွားရမည် ဖြစ်လေသည်။ ထိုသို့ ပြုလုပ်ရပါက

အချိန်အလွန် ကြာမြင့်မည် ဖြစ်လေသည်။

ထိုအချိန် ခဏတွင်ပင်....

ဆန်းလျန်သည် သူ့ကိုယ်သူ ကာကွယ်ရန် အာရုံ စိုက်လိုက်လေ

သည်။

သူသည် ကိုယ်တွင်းမှ ရှုပ်ထွေးနေသည့် တန်ခိုးစွမ်းအားများကို

စုစည်းလိုက်ပြီး နောက်ထပ် လက်သီး တစ်ချက်ဖြင့် စီးမူဝူတင်

ကို ထိုးချ လိုက်လေသည်။ ထိုလက်သီးချက်ကြောင့် စီးမူဝူ

တင်သည် အစိတ်စိတ် အမြွှာမြွှာ ပျက်စီးပြိုကွဲသွား ရလေ

တော့သည်။

မြူခိုးများနှင့် ဖုန်မှုန့်များကြားထဲတွင် ဆန်းလျန်သည်

တိတ်ဆိတ်စွာဖြင့် ရပ်နေလေသည်။

ထိုခဏမှာပင်....

ပြင်းထန်လှသည့် ကြောက်မက်ဖွယ်ရာ ဖိအားကြီး တစ်ခုသည်

ဆန်းလျန်ရှိရာသို့ သက်ဆင်း လာလေတော့သည်။

ပထမဆုံးအကြိမ်အဖြစ် ဆန်းလျန် အံ့သြ သွားရသည်။

အဘယ်ကြောင့် ဆိုသော် ယွမ်ကျွင်းဧကရီ ပြုလုပ်ထားသည့်

မရဏ ထောင်ချောက်သည် သေခြင်းရှင်ခြင်း စာအုပ်မှ တန်ခိုး

စွမ်းအားများကို အသုံးပြုကာ ပြုလုပ်ထားခြင်း ဖြစ်

သောကြောင့်ပင်။

ထိုအချက်သည် ဆန်းလျန် လုံးဝ မျှော်လင့်မထားသည့်

အချက်ပင် ဖြစ်ပေတော့၏။

အသူရာချောက်၏ နက်ရှိုင်းသည့် တစ်နေရာတွင် သေခြင်းရှင်

ခြင်း စာအုပ်သည် တစ်ချက် လှုပ်ရှား သွားလေသည်။ ထိုသို့

လှုပ်ရှားသွားသည့် အတွက် အသူရာချောက်မှ သက်ရှိများ

အားလုံးမှာ မသက်မသာ ခံစားလိုက်ကြရလေသည်။

ထို့နောက်… သေခြင်းရှင်ခြင်း စာအုပ်မှ အပြင်းထန်ဆုံး တန်ခိုး စွမ်းအားများ ပေါက်ကွဲ ထွက်လာပြီး ဆန်းလျန်ကို ဖုံးအုပ် ထားလိုက် လေသည်။

ထို့ပြင် မရေမတွက်နိုင်အောင် များပြားလှသည့် လူများသည် ကောင်းကင်ထက်တွင် ထွက်ပေါ်လာသည့် သေခြင်း ရှင်ခြင်း စာအုပ်၏ မူလ ပုံသဏ္ဍာန်ကို မြင်တွေ့လိုက်ကြရလေသည်။

အသူရာချောက် တစ်ခုလုံး၏ ကံကြမ္မာကို နောက်ကွယ်မှ ထိန်းချုပ်နေသည့် တစ်ခုတည်းသော အရာပင် ဖြစ်လေ တော့၏။

သေခြင်းရှင်ခြင်း စာအုပ်မှ များပြားလှစွာသော ကြိုးများ ထွက်ပေါ်လာလေသည်။

အသူရာချောက်ရှိ လူတိုင်းနီးပါးသည် သေခြင်းရှင်ခြင်း စာအုပ်နှင့် ဆက်စပ် နေသည့် ကြိုးတစ်ချောင်း စီရှိကြပြီး ထို ကြိုးများသည်လူတိုင်းနှင့် ထိတွေ့နိုင်လေသည်။

လူတိုင်းသည် သေခြင်းရှင်ခြင်း စာအုပ်ကို ကြည့်ခွင့်ရသည့် အခါ သူတို့၏ မွေးဖွားချိန်နှင့် သေဆုံးမည့် အချိန်များကို သိ ခွင့်ရလိမ့်မည် ဖြစ်လေသည်။

လူမှန်လျှင် တစ်နေ့သေရမည် ဖြစ်သည့်တိုင် မိမိသေရမည့် အချိန်ကို ကြိုတင်ပြီး သိနေမည် ဆိုပါက အလွန်မှ ရက်စက် လွန်းပြီး စိတ်ဓာတ် ကျစရာကောင်းမည် ဖြစ်လေသည်။

အခန်း (၆၁၇) ဒုက္ခထဲကဒုက္ခ

တိုင်းပြည် အကြီပေး အမတ်မင်းဝမ်ကျုန်း၏ အိမ်ဂေဟာတွင်

ယွမ်ကျွင်း ဧကရီသည် နဂါးအသည်းနှင့် အခြားရှားပါးသော

စားသောက်ဖွယ်ရာများကို စားနေလေသည်။

သူမ၏ လက်ထဲတွင်လည်း တြိဂံ ပုံသဏ္ဍာန် အလံတစ်ခုကို

ကိုင်ထားလေသည်။ ထိုအလံတွင် အမြီးဖွား (၆)ခုပါရှိပြီး လေ

ထဲတွင် လွင့်နေလေသည်။

သူမသည် တြိဂံ ပုံသဏ္ဍာန်အလံကို အဆက်မပြတ် ဝှေ့ယမ်းနေ

လေစဉ်တွင် နဂါးအသည်းနှင့် အခြားသော ဝိညာဉ် စွမ်းအား

ပြည့်ဝသည့် အစားအသောက်များသည် သူမပါးစပ် အတွင်း

သို့ ဝင်သွား လေသည်။

ထိုအခါ သူမ၏အသက် ဓာတ်စွမ်းအားများ အားကောင်း လာ

ပြီး တြိဂံ ပုံသဏ္ဍာန်အလံကို အလွန်မြန်သည့် အရှိန်အဟုန်ဖြင့်

ဝှေ့ယမ်းနေလေ တော့သည်။

တြိဂံပုံသဏ္ဌာန် အလံကို ဝှေ့ယမ်းနေရင်းနှင့်ပင် ယွမ်ကျွင်း

ဧကရီ၏ ဆံပင်များသည် မီးခိုးရောင် ပြောင်းလာလေသည်။

အသက်ဓာတ် စွမ်းအားများကို ဖြည်းဆည်း ပေးနေသည့်တိုင်

သူမ ပေးဆပ် နေရသည့်တန်ဖိုးသည် များပြား လွန်းလေသည်။

သို့သော် သူမသည် အဖြူရောင်အလံကို အဆက်မပြတ်

ဝှေ့ယမ်းနေဆဲပင် ဖြစ်လေသည်။

သေခြင်းရှင်ခြင်း စာအုပ်တွင် ထူးဆန်းသည့်ပြောင်းလဲမှု ဖြစ်

ပေါ်လာရခြင်းမှာ သူမ ထိုကဲ့သို့ ပြုလုပ်နေသောကြောင့် ဖြစ်

လေသည်။

ယွမ်ကျွင်းဧကရီသည် သေခြင်းရှင်ခြင်း စာအုပ်မှ တန်ခိုး

စွမ်းအားများကို ထိုသို့ အသုံးပြုနိုင်ရန် အတွက် နည်းလမ်းကို

ရှာဖွေနိုင်လိမ့်မည်ဟု မည်သူမှ မျှော်လင့် ထားမိမည် မဟုတ်

ပေ။

မရဏ ထောင်ချောက်သည် အမှန်အကန် ဖြစ်သကဲ့သို့ ဆန်းလျှန်ကို ဝိုင်းဝန်း ဖိအား ပေးမှုသည်လည်း အမှန်အကန် ပင်ဖြစ်လေသည်။

 သို့သော် သူမ၏ ရည်ရွယ်ချက်မှာ ပိုပြီး ကြောက်မက်ဖွယ်ကောင်းသည့် ရန်သူများကို ဖော်ထုတ်ရန် အတွက် ဆန်းလျှန်ကို အသုံးချခဲ့ခြင်း ဖြစ်လေသည်။

ထိုအခါမှသာ ယွမ်ကျွင်း ကေရီအနေဖြင့် လက်စားလည်း ချေနိုင်မည်ဖြစ်သလို ကျယ်ကျော်က အမိန့်တော် ဂိုဏ်းကို လည်းပြန်လည် ထူထောင်နိုင်မည် ဖြစ်လေသည်။

ဝမ်ကျုန်းသည် ဆရာဖြစ်သူ ခံစားနေရသည့် ဒုက္ခဝေဒနာများကို တွေ့မြင်ရသည့်အခါ နေရာချင်းပင် လဲလိုက်ချင်သည့် ဆန္ဒများ ဖြစ်ပေါ်လာရလေသည်။ သို့သော်... သူ၏ ကျင့်ကြံခြင်းအဆင့်ဖြင့်ဆိုလျှင် အမြီးဖွား (၆) ခုပါသည့် အလံကို တစ်ချက်ပင် ဝှေ့ယမ်းနိုင်ရန် မဖြစ်နိုင်ပါချေ။

အနီရောင် မိန်းကလေး၏ စိတ်ထဲတွင် မေးခွန်းတစ်ခုကို မေးနေမိလေသည်။

"သူဒီလောက် စားနေတာ ဝလာမှာ မကြောက်ဘူးလား မသိဘူး"

သို့သော် သူမသည် ထိုမေးခွန်းကို ထုတ်ဖော်မေးမြန်းရဲခြင်း မရှိသလို ကြောက်မက်ဖွယ်ရာ ကောင်းသည့် အလံနှင့်လည်း နီးနီးကပ်ကပ် မနေရဲပါချေ။

ကျောက်ကဲမြို့တော်ကြီး (၂)ပိုင်း ကွဲသွားလေသည်။

အောက်သို့ ငုံ့ကြည့်မည်ဆိုလျှင် ကျောက်ကဲ မြို့တော်ကြီးသည် ဧရာမ ကြိတ်ဆုံကြီး ပုံသဏ္ဌာန် ဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်လေသည်။ သေခြင်းရှင်ခြင်း စာအုပ်မှ ဝဲကန်တော့အလား မွှေနှောက်နေသည့် တန်ခိုးစွမ်းအား များသည် ကြိတ်ဆုံကြီး၏ အလယ် တည့်တည့်သို့ ရောက်ရှိ လာလေသည်။

ကံမကောင်းစွာပင် ဆန်းလျှန်မှာလည်း ကြိတ်ဆုံကြီး အတွင်းရှိ အလယ်ဗဟို တည့်တည့်နေရာတွင် ရှိနေလေသည်။ သူသာ တောင့်ခံထားနိုင်ခြင်း မရှိလျှင် အမှုန့်ဖြစ်အောင် ကြိတ်ချေ ခံရမည် ဖြစ်လေသည်။

ယွမ်ကျွင်းဧကရီသည် သူမ၏ လက်ထဲမှ အလံကို အကြင်နာတရား ကင်းမဲ့စွာဖြင့် အဆက်မပြတ် ဝှေ့ယမ်း နေလေသည်။

သူမ၏ လုပ်ရပ်အတွက် ပြောစရာ တစ်ခုသာ ရှိလေသည်။

ယခုကဲ့သို့ ဖြစ်လာရခြင်း အတွက် အရှုတ်ထုပ်များ ကြားတွင် ပါဝင် ပတ်သက်ချင်လွန်းလှသည့် ဆန်းလျှန်ကို သာလျှင် အပြစ်တင်ရမည် ဖြစ်လေသည်။

ဆန်းလျှန် ယခုကဲ့သို့ ပါဝင် ပတ်သက်ရခြင်းသည် သူမ၏ဆရာဖြစ်သူ၏ အစီအစဉ် ဖြစ်နေလျှင်တောင်မှ သူမသည် ဆန့်ကျင်ရမည် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်သည် သူမ နှစ်ပေါင်းများစွာ စီစဉ်ထားသည့်

အစီအစဉ်များကို ဆန့်ကျင်ရန် အတွက် ခြိမ်းခြောက်သူ တစ်ယောက် ဖြစ်လာသောကြောင့်ပင်။

သူမ ကျောက်ကျယ် အမိန့်တော်ဂိုဏ်းသို့ စတင် ဝင်ရောက်သည့် အချိန်တွင် ဆရာဖြစ်သူ ထုန်ထျန်း အရှင်သခင်သည် သူမကို ကျင်းလင်စန်းမုဆိုသည့် အမည်ကို ချီးမြှင့်ခဲ့လေသည်။

"ကျင်းလင်စန်းမု" ဆိုသည့် အမည်၏ အဓိပ္ပာယ်မှာ "သံချေးမတက်ဘဲ အမြဲတမ်း ထက်ရှနေသည့် ရွှေစင်ရွှေသား" ဟူ၍ ဖြစ်လေသည်။

ထိုအမည်သည် သူမ၏ စိတ်နေစိတ်ထားနှင့် လိုက်ဖက် လွန်းလေသည်။ သူမသည် တစ်ခုခုကို ဆုံးဖြတ်ချက်ချ ပြီးသည်နှင့် ဘယ်တော့မှ နောက်ပြန်ဆုတ်တတ်သူ မဟုတ်ပေ။

ယွမ်ကျွင်းဧကရီက အနီရောင်ဝတ် မိန်းကလေးကို တစ်ချက် လှမ်းကြည့်လိုက်လေသည်။

သူမရောက်လာစေချင်သူသည် ရောက်လာပါမည်လား။

မဟုတ်ပါက အနီရောင်ဝတ် မိန်းကလေးသည် ကျိန်းသေ

အသက်ဆုံးရမည် ဖြစ်လေသည်။

အနီရောင်ဝတ် မိန်းကလေးမှာ ယွမ်ကျွင်းကေရှီ၏ အကြည့်

ကြောင့် ကျောရိုးထဲအထိပင် အေးစိမ့် သွားရလေသည်။

ထိုအချိန်မှာပင်...

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်သကဲ့သို့ ပူလော သွား

သည်ကို ခံစားလိုက်ရပြီး သူမ၏ အနီရောင် အဝတ်အစား

များသည် အနီရောင် မီးတောက်များ အလား လင်းလက်

တောက်ပ သွားလေသည်။ သူမ၏ မျက်ခုံးနှစ်ခု ကြားတွင် အနီ

ရောင် မီးတောက် ပုံသဏ္ဌာန် သင်္ကေတတစ်ခု ပေါ်လာလေ

သည်။

သူမက စကားပြောလိုက်လေသည်။

သို့သော် သူမ၏အသံက ပုံမှန်မဟုတ်ဘဲ ယောကျ်ားဆန်လျက်ရှိလေ၏။

“ညီမလေးကျင်းလင်... မင်းဘယ်လိုဖြစ်လို့ ပြဿနာ ရှာနေရတာလဲ၊ အရင်ကတည်းက ပြဿနာတွေ ဖြေရှင်းပြီး ကျုပ်နဲ့ပူးပေါင်းမယ်ဆိုရင် ကိစ္စတွေ အကုန်လုံးက ပြီးနေလောက်ပြီ၊ ခုတော့ ကျုပ်တို့ နှစ်ယောက်က တစ်ယောက် မဟုတ်တစ်ယောက် သေမှပဲ ကိစ္စပြတ် ကြရတော့မယ်"

ယွင်ကျွင်း ဧကရီက ရယ်မောလိုက်ရင်း...

“ဒီကလေးမလေးက ရှင် ခုလို သူ့ရဲ့ခန္ဓာကိုယ်ကို ယူပြီးအသုံးပြုနိုင်ဖို့ သေသေချာချာ လေ့ကျင့် ပေးထားတဲ့ တပည့်ပဲ၊ သူက သာမန် အဆင့်ပဲ ရှိပေမယ့် တန်ခိုးစွမ်းအားက အဆမတန် မြင့်မားနေတာ မအံ့ဩတော့ပါဘူး၊ ဒါပေမဲ့ ရှင်တစ်ခုခုကို ဖုံးကွယ် ထားချင်တဲ့အတွက် ဒီကလေးမလေးကို နတ်ဘုရား ထောင်ချောက် ဓားသိုင်းကို သင်မပေးခဲ့တာ

မဟုတ်လား၊ ကြည့်ရတာ ရှင်က အဓိကအချိန်မှာ ဒုက္ခရောက်ခဲ့ရင် ကျော်လွှားနိုင်ဖို့ သူ့ကို အသုံးချချင်တာမဟုတ် လား၊ အဲဒီလိုဆိုလည်း သူ့ကို နတ်ဘုရား ထောင်ချောက် ဓားသိုင်း သင်ပေးလည်း ဘာဖြစ်မှာမို့လို့လဲ"

အနီရောင်ဝတ် မိန်းကလေးက ပြုံးလိုက်လေသည်။

“ဒီကိစ္စတွေ အားလုံးပြီးသွားရင် ကျုပ် သူ့ကို အကုန်သင်ပေးမှာပါ”

ယွင်ကျွင်းဧကရီက...

“ဒီကိစ္စတွေ အားလုံးပြီးသွားရင် ရှင်ကရော တာအိုဆရာလုယာ ဟုတ်ပါတော့မလား”

အနီရောင်ဝတ် မိန်းကလေးသည် တိတ်ဆိတ် ငြိမ်သက် နေလေသည်။

အတန်ကြာမှ သူမက လက်တစ်ဖက်ကို မြှောက်လိုက်ရင်း...

“လနတ်သမီး… ထွက်လာစမ်းပါ၊ ဒီနှစ်တွေအတွင်းမှာ မင်းရဲ့ တာအိုကျင့်ကြံခြင်း အဆင့်တက်နိုင်ဖို့ အတွက် ကျုပ် ဆီက 'နေဝိညာဉ် မူလမီးတောက်' ကို ခိုးယူဖို့ အဆက်မပြတ် ကြိုးစားနေတာ၊ ဒီနေ့တော့ ကျုပ်မင်းကို အခွင့်အရေး ပေးမယ်”

“အစ်ကိုကြီး… ရှင်ကသာ နေဝိညာဉ် မူလမီးတောက်ကို ပေးမယ်ဆိုရင် ခုချက်ချင်းပဲ ကျွန်မ ထွက်သွားပါ့မယ်၊ ရှင်သိတဲ့ အတိုင်း နေဝိညာဉ် မူလမီးတောက်ကို စုပ်ယူဖို့အတွက် နှစ်ပေါင်း (၁၀၀)လောက်ကြာမှာပါ၊ ကျွန်မ ရှင့်ကို ဘာ အနှောင့်အယှက်မှ ပေးနိုင်မှာ မဟုတ်ပါဘူး"

လေထဲတွင် နူးညံ့သိမ်မွေ့သည့် မိန်းကလေး တစ်ယောက်၏ အသံထွက်ပေါ်လာလေသည်။

သူမ၏ အသံလေးသည် လရောင်အလား နူးညံ့လွန်းလေ၏။

သို့သော်… သူမကို တွေ့မြင်ရခြင်း မရှိပေ။ မည်သို့ပင်ဖြစ်

စေ... အသံလေး ကြားရုံမျှဖြင့်ပင် သူမသည် အလွန်တရာ ချောမော လှပသည့် မိန်းမပျို တစ်ယောက်ဖြစ်သည်ကို ခန့်မှန်း သိရှိနိုင်လေသည်။

အနီရောင်ဝတ် မိန်းကလေးက အထင်အမြင် သေးသလို ပုံစံ ဖြင့် တစ်ချက် ရယ်မောလိုက်ရင်း...

"ကျုပ်ကို ပုန်းနေတဲ့ လူတစ်ယောက်လို့ လူတွေက ပြောကြ တယ်၊ ဒါပေမဲ့ မင်းလိုမျိုး မျက်နှာမပြရဲတဲ့ လူမျိုးနဲ့ ယှဉ်လိုက် ရင်တော့ ကျုပ်ကိုယ်ကျုပ် သူရဲကောင်း တစ်ယောက်လို့ သတ်မှတ်လို့ ရနိုင်ပါသေးတယ်၊ ကျုပ်ရဲ့ အစ်ကိုကြီး လင်ပေါ င်ထျန်းကျွင်းလိုပေါ့ကွာ"

ယွမ်ကျွင်းဧကရီက အေးစက်သည့် လေသံဖြင့်...

"ကျွန်မရဲ့ ဆရာသာရှိမယ် ဆိုရင် ဒီလိုလေသံနဲ့ စကားမျိုး ပြောလို့ရမယ်များ ထင်နေသလား"

အနီရောင်ဝတ် မိန်းကလေးက ငြိမ်သက်နေပြန်သည်။

သူမက မြောက်အရပ်သို့ လှမ်းကြည့်လိုက်ရင်း...

"ဘာလဲ... တာ့ရှားဧကရာဇ်ကလည်း လနတ်သမီးနဲ့ ဟန်ဆောင်လက်ထပ်လိုက်တာနဲ့ပဲ မျက်နှာ မပြရဲတဲ့လူ တစ်ယောက် ဖြစ်သွားပြန်ပြီလား"

စကားသံ ဆုံးသွားသည်နှင့်...

မြောက်ဘက် အရပ်ဆီမှ အနက်ရောင် အရိပ်တစ်ခု လေထဲတွင်ပေါ်လာလေသည်။

ထိုသူသည် ဓားကောက်ကြီး တစ်ချောင်းကို ကိုင်ဆောင်ထားပြီး အနက်ရောင် ဘုရင်ဝတ်စုံကို ဝတ်ဆင် ထားလေသည်။ သူ၏ အနက်ရောင် ဆံနွယ်ရှည်များမှာ လေထဲတွင် လွင့်ပျံ နေကြလေသည်။ သူ၏ ခန္ဓာကိုယ်မှာ ကျစ်လျစ်သန်မာပြီး ယောကျာ်း ပီသသည့်တိုင် မိစ္ဆာ အငွေ့အသက်များက စွမ်းအားကြီးမားစွာ ထွက်ပေါ်လျက် ရှိလေသည်။

တာ့ရှားကောရာဇ်က အေးစက်သည့် မျက်ဝန်းများဖြင့် တာအို ဆရာလုယာ ဝင်ပူးထားသည့် အနီရောင်ဝတ် မိန်းကလေးကို စိုက်ကြည့်လိုက်လေသည်။

သူက အေးစက်သည့် လေသံဖြင့်...

"မောင်မင်းတို့လို ပုန်ကန်သူတွေ အကုန်လုံးကို ငါကိုယ်တော် သုတ်သင်ပစ်မယ်၊ ပြီးရင် အသူရာ ချောက်ရဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ထူထောင်မယ်"

ထိုစကားကို ပြောလိုက်သည့် အချိန်တွင် တာ့ရှားကောရာဇ် သည် သူ့ကိုယ်သူ ယုံကြည်ချက် အပြည့်ရှိနေပုံ ရလေသည်။ အမှန်တော့... သူ၏ မှော်မိစ္ဆာ ကျင့်စဉ်သည် မည်မျှ နက်ရှိုင်း သည့် အဆင့်သို့ ရောက်ရှိနေပြီကို မည်သူမှ သိရှိနိုင်ခြင်း မရှိ ပေ။ လောကတွင် ယွမ်စီမှော်မိစ္ဆာ ပညာကို ကျင့်ကြံကြသူ များ စွာ ရှိလေသည်။

သို့သော်… မည်သူမှ ဇာတ်သိမ်း မလှခဲ့ကြပေ။ မည်သို့ပင်ဖြစ်စေ… တာ့ရှား ကေရာဇ်ကတော့ ချွင်းချက် ဖြစ်လေ၏။

အနီရောင်ဝတ်မိန်းကလေးက ခြောက်ကပ်ကပ် ရယ်မောလိုက်ရင်း…

"ထျန်းယီရေ… တာ့ရှားကေရာဇ်ကတော့ မင်းတို့အားလုံးကို သတ်ပစ်တော့မလို့တဲ့ဟေ့"

စကားဆုံး သွားသည်နှင့် ယင်းစန်းပြည်၏ ဘုရင်ကေရာဇ် ထျန်းယီသည် တာ့ရှားကေရာဇ်၏ ဘေးနားတွင် ပေါ်လာလေသည်။

သူက သက်ပြင်း တစ်ချက် ချလိုက်ရင်း…

"ဒီနေ့မှာ ဒီလိုကိစ္စမျိုးတွေ ဖြစ်လာဖို့ တကယ်ပဲ ဆန္ဒမရှိပါဘူး၊ ဘာလို့လဲဆိုတော့ အကြီးအကဲတွေကို ထိခိုက်မှု မရှိစေချင်လို့ပါ၊ ဘာလို့လဲဆိုတော့ ဒီနေ့ ကျုပ်တို့ ရှုံးသွားခဲ့မယ် ဆိုရင်

အကြီးအကဲတွေ အတွက်ရော မိတ်ဆွေ ဆန်းလျန်အတွက်ပါ နောက်ထပ် အခွင့်အရေး ရှိတော့မှာ မဟုတ်ပါဘူး"

တာ့ရှားကေရာဇ် ပြောသည့် "ပုန်ကန်သူတွေ အကုန်လုံး" ဆိုသည့် စကားကို ထျန်းယီက မသိချင်ယောင် ဆောင်ပြီး စကားလွှဲကာ ပြောလိုက်လေသည်။ ထို့ပြင် ထျန်းယီသည် သူ၏ ပြိုင်ဘက်ကို အနိုင်ယူရာတွင် သူတို့၏ စည်းလုံး ညီညွတ်မှုကို စကား ပရိယာယ် အသုံးပြုကာ ပြသ လိုက်လေသည်။

တာ့ရှားနှင့် ယင်းစန်းအကြားတွင် ပဋိပက္ခများ ရှိသော်လည်း ယနေ့အတွက် ရည်ရွယ်ချက် ကတော့ ပျောက်ဆုံးသွား မည် မဟုတ်ပါ။ ယနေ့လုပ်ရမည့် ကိစ္စသည် မငြိမ်သက်သည့် ကိစ္စ ရပ် နှစ်ခုကို အပြတ်ရှင်းရန်သာ ဖြစ်လေသည်။

ဆန်းလျန်သာ မရဏ ထောင်ချောက်အတွင်းသို့ ကျရောက်ခဲ့ခြင်း မရှိလျှင် တာအို ဆရာလုယာလည်း ထွက်ပေါ်လာ မည်

မဟုတ်ပေ။ ထိုအခွင့်အရေးကို သူတို့က စောင့်နေခဲ့ကြခြင်း ဖြစ်လေသည်။

ထို့ကြောင့် ကိစ္စရပ် (၂)ခုလုံးကို တစ်ချက်တည်းဖြင့် အပြီးသတ်အောင် လုပ်ဆောင်ရမည် ဖြစ်လေသည်။

ယခုကဲ့သို့ ဖြစ်ရပ်များ ဖြစ်ပျက်ခဲ့သည့်တိုင် ထျန်းယီ၏ စိတ်သည် ဝိရောဓိဖြစ်နေဆဲ ဖြစ်လေသည်။ သူသည် ယခု ရင်ဆိုင်နေရသည့် အရှုတ်ထုပ်များအတွင်းသို့ ဆန်းလျန်ကို ပါဝင် ပတ်သက် စေလိုခြင်းမရှိပေ။

သို့သော်… ဆန်းလျန်နှင့် တာအိုဆရာလုယာသည် ယနေ့ အပြတ် ရှင်းရမည် ဖြစ်သည့် အဓိက ဇာတ်ကောင်များ ဖြစ်သည့်အတွက် သူတို့ထဲမှ တစ်ယောက် လွတ်မြောက်သွားလျှင် ပင် အောင်မြင်မှု ရရှိသည် ဟုမဆိုသာပေ။

တာအိုဆရာလုယာ၏ အကူအညီများသာ မပါလျှင် ဆန်းလျန် သည် ထိုက်ယီထျန်းရှန်း အဆင့်ကို တက်လှမ်းနိုင်ဦး မည်

မဟုတ်ပေ။ ထိုသို့သာဆိုလျှင် သေခြင်းရှင်ခြင်း စာအုပ်ဖြင့် ပြားသည်အထိ အရိုက်ခံ ရနိုင်လေသည်။ ဆန်းလျန် သည်စီးမူဝူတင်ထံမှ ကမ္ဘာမြေကြီး၏ မူလ စွမ်းအားများကို စုပ်ယူထားသည့်တိုင် အဆုံးသတ်ကိုတော့ ပြောင်းလဲနိုင် မည်မဟုတ်ပေ။ ကျူးကျားသည် နှစ်ပေါင်းများစွာ တွက်ချက်မှုများ ပြုလုပ်ပြီး စီးမူဝူတင်ကို ဖန်တီး ခဲ့သော်လည်း ဆန်းလျန်ကို ဖိနှိပ် ထားနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ကျူးကျားအနေဖြင့် သေသည်အထိ စိတ်မသက်မသာ ခံစားရမည် ဖြစ်လေသည်။

အခန်း (၆၁၈) လောကတွင်ပြိုင်ဘက်မရှိ

သေခြင်းရှင်ခြင်း စာအုပ်၏ မူလဇာစ်မြစ်သည် အသူရာ

ချောက် ဖြစ်လေသည်။

လက်ရှိ ဆန်းလျှန် ရောက်ရှိနေသည့် အသူရာချောက် ဆိုသည်

မှာ မူလ အသူရာချောက်၏ အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်

လေသည်။ အသူရာချောက်သည် သေခြင်းနှင့်ရှင်ခြင်းကို

ကိုယ်စားပြုရာ နေရာ ဖြစ်လေသည်။

ထို့ကြောင့် အသူရာချောက်၏ အစိတ်အပိုင်း သေးသေးလေး

တစ်ခုသည်ပင် ဖြစ်နေဦးတော့ ထိုအစိတ်အပိုင်း၏ မူလ

ဇာစ်မြစ်ကို ဆန်းလျှန်အနေဖြင့် ထိန်းချုပ် ကိုင်တွယ်နိုင်ရန်မှာ

မဖြစ်နိုင်ပါချေ။

သေခြင်းရှင်ခြင်း စာအုပ်မှ တန်ခိုးစွမ်းအား များသည်

လှည့်ပတ်နေပြီး ဆန်းလျှန်မှာ ရောမ ကြိတ်ဆုံကြီးထဲတွင် ပိတ်

မိနေလေသည်။ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအား ထုထည်

ကြီးကြောင့် သူ၏ နတ်ဘုရားခန္ဓာသည် ဖြည်းဖြည်းချင်း

ပျက်စီး လာခဲ့လေသည်။

ကံကောင်းသည်မှာ သူသည် ထိုက်ယီထျန်းရှန်းအဆင့် နတ်

ဘုရား တစ်ပါး ဖြစ်နေခြင်းပင် ဖြစ်တော့သည်။

သူ၏ရုပ်ခန္ဓာ ပျက်စီးသွားခဲ့လျှင်တောင်မှ သူ၏ ဝိညာဉ်

အစစ်အမှန်သည် မရှိမှုကျေးရွာတွင် ရှိနေဆဲ ဖြစ်လေသည်။

ထို့ကြောင့် နောက်ထပ် ဆန်းလျန် တစ်ယောက်သည် ထပ်မံ

မွေးဖွား လာဦးမည်သာ ဖြစ်လေသည်။ သို့သော်... လက်ရှိ

အဆင့် ကျင့်ကြံခြင်းများနှင့် တန်ခိုးစွမ်းအားများကို ပြန်လည်

ရရှိရန်မှာတော့ အချိန်များစွာ ကြာမြင့်မည် ဖြစ်လေသည်။

ထို့ပြင် မရှိမှုကျေးရွာတွင် ရှိနေသည့် သူ၏ဝိညာဉ်သည်

အလွန်သန့်စင်သည့် အတွက် လက်ရှိ ကျင့်ကြံထားသည့်

ကျင့်စဉ်များနှင့် တန်ခိုးစွမ်းအားများ အားလုံးကို အလုံးစုံ

ပြန်လည် နားလည်နိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့် ဆို

သော် မရှိမှု ကျေးရွာတွင် ရှင်သန်နေသည့် ဝိညာဉ်သည် အလွတ်လပ်ဆုံး ပုံစံဖြင့် ရှင်သန်နေသောကြောင့် ဖြစ်လေသည်။

ယွမ်ကျွင်းကေရီ ပြုလုပ်ထားသည့် မရဏ ထောင်ချောက်သည် သူမ နှစ်ပေါင်းများစွာ တံခါးပိတ် ကျင့်ကြံထားခြင်းကြောင့် ရရှိထားသည့် ရလဒ်တစ်ခု ဖြစ်လေသည်။ ထိုမရဏ ထောင်ချောက်ကို သေခြင်းရှင်ခြင်း အစစ်ဆေးခံရခြင်းဟုလည်း ဆိုနိုင်လေသည်။

ထိုမရဏ ထောင်ချောက်၏ အဓိက အကျဆုံး အစိတ်အပိုင်းမှာ သူမ၏ လက်ထဲတွင် ကိုင်ထားသည့် တြိဂံပုံသဏ္ဍာန် အလံပင် ဖြစ်လေသည်။

ထိုအလံ၏ မူလအမည်မှာ “ဝိညာဉ်ခြောက်ဖြာအလံ" ဟူ၍ ဖြစ်လေသည်။

ထိုအလံ၏ မူလပိုင်ရှင်မှာ လင်ပေါင်ထျန်းကျွင်း ဖြစ်လေ၏။ သို့သော်... ထိုအလံက ပျောက်ဆုံး သွားခဲ့လေသည်။ ယွမ်ကျွ င်းကေရီက အသူရာချောက်တွင် ထိုအလံကို ပြန်လည် ရှာဖွေ တွေ့ရှိခဲ့ခြင်း ဖြစ်လေသည်။

သို့သော်... ယခင် အချိန်များနှင့် ယှဉ်လျှင် ဝိညာဉ် ခြောက်ဖြာ အလံမှ တန်ခိုးစွမ်းအားများသည် အလွန်အားနည်း နေခဲ့လေ သည်။

ထို့ပြင် ယွမ်ကျွင်းကေရီသည် သူမ၏ အစီအစဉ်များကို ဆန့်ကျင်သူများကို ဖျက်ဆီးပစ်ရန် အတွက် အသူရာချောက် တွင်သာ ထိုတြိဂံအလံကို အားကိုးအားထား ပြုနိုင်လေသည်။ လက်ရှိအချိန်တွင် ဝိညာဉ်ခြောက်ဖြာအလံကို အသုံးပြုနေ သည့် အတွက် သူမသည် သေခြင်းရှင်ခြင်း စာအုပ်မှ ဖိအား များဖြင့် ယာယီ ကင်းလွတ် နေလေသည်။ သေခြင်းရှင်ခြင်း အစစ်ဆေးခံရခြင်းသည် သေခြင်းရှင်ခြင်း စာအုပ်မှတန်ခိုး

စွမ်းအားများကို အသုံးပြုကာ ဆန်းလျန်ကို ကြောက်ဆုံကြီးထဲ
တွင် ကြိုတ်ချေနေလေသည်။

ဆန်းလျန်သည် အခြေအနေကို ထိုမျှ ဆိုးဝါးလိမ့်မည်ဟု
ကြိုတင် ခန့်မှန်းထားမိခြင်း မရှိသည့်တိုင် ယိလမ်းစဉ်ဖြင့်
တွက်ချက် ကြည့်ခဲ့စဉ်ကတော့ သူသည် ကစားပွဲကို
ပြောင်းပြန် လှန်နိုင်လိမ့်မည်ဟု ကြိုတင် သိမြင် ထားခဲ့လေ
သည်။

သူသည် ကြောက်ဆုံကြီးထဲတွင် ပိတ်မိနေသည့်တိုင် တာအို
ဆရာ လုယာ ရောက်ရှိလာသည်ကို အသက်ရှူသံမှ တစ်ဆင့်
သိရှိနေခဲ့လေသည်။

တာအိုဆရာလုယာ၏ အသက်ရှူသံကို သူ ရင်းနှီးနေခဲ့လေ
သည်။ ထို့ကြောင့် သူခန့်မှန်း ထားခဲ့သည့် အရာများသည်
မှန်ကန်ကြောင်း အတည်ပြု နိုင်ခဲ့လေသည်။

တာအိုဆရာလုယာသည် သူ့ကို ကူညီခဲ့သူ ဖြစ်သည့်တိုင် ဆန်း လျှန် အနေဖြင့် သူတို့၏ ဆက်ဆံရေးကို ရပ်တန့်လိုက်ခြင်းက ပိုကောင်းသည်ကို နားလည် နေခဲ့လေသည်။ မဟုတ်ပါက သူ၏ တာအို ကျင့်စဉ်လမ်းတွင် အတားအဆီးဖြစ် လာမည် ဖြစ်လေသည်။ ထို့ပြင် အပြန်အလှန် မုန်းတီးမှု အဖြစ်သို့ ပြောင်းလဲသွားပါက ကောင်းကျိုးထက် ဆိုးကျိုးများ ကိုသာ ဖြစ်ပေါ်စေပေလိမ့်မည်။

သူသည် ထောင်ချောက်ထဲတွင်ပင် နောက်ထပ် ထောင်ချောက် တစ်ခုဖြင့် ထပ်မံ ပိတ်မိနေသည်ကို ရှင်းရှင်းလင်းလင်း သိထား လေသည်။ မရဏ ထောင်ချောက်သည် သူနှင့်အတူ အခြား သူများကိုပါ ထောင်ချောက် ဆင်ထားခြင်းဖြစ် သည့်အတွက် အကူအညီများကိုလည်း ရယူနိုင်မည် မဟုတ်ပါ။ သူ့အနေဖြင့် ရအောင် ရုန်းထွက်ရန်သာ အခွင့်အရေး ရှာရန် လိုအပ်လေ သည်။

ရုန်းမထွက် နိုင်ပါကလည်း မရှိမှုကျေးရွာမှ ဝိညာဉ်ကို

အသုံးပြုကာ လူပြန်ဝင်စားရန်သာ ရှိတော့သည်။ သို့သော်

ဆန်းလျန်သည် ထိုသို့ မဖြစ်ချင်မိပေ။

သေခြင်းရှင်ခြင်းစာအုပ်သည် ကိုယ်ပိုင်တရား အလင်းရရှိထား

သည့် နတ်ဘုရားတစ်ပါး မဟုတ်ပေ။ ထို့ကြောင့် ပြီးပြည့်စုံ

သည့် ထောင်ချောက် တစ်ခုတော့ မဟုတ်နိုင်ပေ။

လွတ်မြောက်ရန် အခွင့်အလမ်း တစ်ခုတော့ ရှိနိုင်လေသည်။

ယနေ့အချိန်တွင် မရဏ ထောင်ချောက် အတွင်းမှ ရုန်းထွက်

နိုင်ခဲ့လျှင် နောင်တစ်ချိန်တွင် ထိုကဲ့သို့သော ထောင်ချောက်

များကို ကြုံတွေ့ခဲ့ရပါက ဆန်းလျန်သည် လွယ်လွယ်ကူကူပင်

ရုန်းထွက်နိုင်စွမ်းကို ရရှိမည်ဖြစ်လေ သည်။

တခြားဘက်တွင်လည်း...

တာအိုဆရာလုယာသည် စိတ်လက်ပေါ့ပါးစွာဖြင့် စကားများ ပြောနေဟန် ရှိသည့်တိုင် တကယ်တမ်းတွင်တော့ အပြင်းအထန် ခုခံကာကွယ် နေခဲ့ရလေသည်။

ယနေ့ လုပ်ကြံမှုကြီးသည် တစ်ယောက်ချင်း ယှဉ်ပြိုင်ခြင်း ဖြစ်လျှင်တော့ ယွမ်ကျွင်း ဧကရီသည် လွယ်လွယ်နှင့် ရှုံးနိမ့်သွားရမည် ဖြစ်လေသည်။ သို့သော်... သူရင်ဆိုင်နေရသည့် လူများသည် စည်းကမ်းများကို ဂရုမစိုက်ဘဲ တစ်ချက်တည်းဖြင့် အရာအားလုံးကို အဆုံးသတ် ချင်နေကြလေသည်။

သို့သော်... တာအိုဆရာလုယာက သူ၏ဒေါသကို ထုတ်ဖော်ပြသခြင်း မရှိပါ။ သူသည် ယခင်ကလည်း ကျယ်ကျောက် အမိန့်တော်ဂိုဏ်းမှ လူများအပေါ်တွင် ထိုသို့ပင် ပြုလုပ်ခဲ့သည် မဟုတ်ပါလား။

သူ့ကို ဝန်းရံနေသည့် လူများထဲတွင် တန်ခိုးစွမ်းအား အနည်းဆုံးမှာ ထျန်းယီဖြစ်လေသည်။ သို့သော်... ထျန်းယီကို

လျှော့တွက် မိပါကလည်း အကြီးမားဆုံးသော အမှားကို

ကျူးလွန်ရာ ရောက်မည်ကို တာအိုဆရာလုယာ

ကောင်းကောင်း သိထားလေသည်။

ပထမဆုံး စတင်လှုပ်ရှား လိုက်သူက တာ့ရှားဧကရာဇ် ဖြစ်လေ

သည်။

သူက လေထဲတွင် ရပ်တန့်နေပြီး တိမ်တိုက်များကို စုစည်း

လိုက်လေသည်။ ကျောက်ကဲမြို့တော် တစ်ခုလုံးသည် တာ့ရှား

ဧကရာဇ်၏ တိမ်တိုက်များဖြင့် ဖုံးလွှမ်း နေလေတော့သည်။

ကျောက်ကဲမြို့တော် အတွင်းမှ လူများသည် အလင်းရောင်ကို

ပင် မမြင်ရတော့ပေ။

တိမ်တိုက်များထဲတွင် သွေးနီရောင် ဓားဝိညာဉ်များ ပြေးလွှား

နေပြီး လူများမှာ ကြောက်ရွံ့တုန်လှုပ် နေကြရလေသည်။

တစ်ချိန်တည်းမှာပင် ...

တာ့ရှားကေရာဇ်သည် သူ၏မိတ္တာ ဓားကောက်ကြီးကို ဆွဲထုတ်လိုက်လေသည်။ တာ့ရှားကေရာဇ်၏ လှုပ်ရှားမှုသည် အလွန်လျင်မြန် လှသည့်တိုင် သူ၏ လုပ်ဆောင်ချက် အသေးစိတ်ကို တာအိုဆရာလုယီသည် တွေ့မြင်နေရလေသည်။

သူ၏ ကျင့်ကြံခြင်း အဆင့်ဖြင့် တာ့ရှားကေရာဇ်၏ ဓားသွားလှုပ်ရှားမှုမှာ အကြိမ်ရေ (၁၂၉၆၀၀) တိတိဖြစ်သည်ကို ခန့်မှန်းလိုက်နိုင်လေသည်။

တာ့ရှားကေရာဇ် ဓားကို ဆွဲထုတ်လိုက်သည်နှင့် သွေးနီရောင်တိမ်တိုက်များဆီမှ အော်ညည်းသံများ ထွက်ပေါ်လာ လေသည်။ ဤသည်မှာ သူ၏ မူလမိတ္တာ စွမ်းအား၏ အသန့်စင်ဆုံးပုံစံပင် ဖြစ်လေသည်။

ထျန်းယီ၏ မျက်နှာမှာ တည်ကြည် လေးနက် သွားလေသည်။ သူက တာ့ရှားကေရာဇ်၏ မိတ္တာဓားကောက်ကြီးကို ရင်ဆိုင်နိုင်ပါမည်လားဟု သူ့ကိုယ်သူ မေးမြန်း လိုက်လေသည်။ အဖြေမှာ

တော့ ထိုဓားကောက်ကြီးကို ရင်ဆိုင်နိုင်ရန် အတွက် သူ့ကိုယ်

သူ ယုံကြည်မှု (၄၀)ရာခိုင်နှုန်းအောက်သာ ရှိသည်ကို ထျန်းယီ

သိရှိ လိုက်ရလေသည်။

ယခုအချိန်တွင် သူတို့ အားလုံးသည် တာအိုဆရာ လုယာကို

ဝိုင်းဝန်း တိုက်ခိုက်ရန် အတွက် ခဏတာမျှသာ ပူးပေါင်း ထား

ခြင်းဖြစ်သည်ကို အားလုံး နားလည် ထားကြလေသည်။

တာအိုဆရာ လုယာကို အပြတ်ရှင်းပြီးလျှင်တော့ သူတို့

အချင်းချင်း ထပ်မံ တိုက်ခိုက်ရဦးမည် ဖြစ်လေသည်။

သို့သော်... တာ့ရှားကေရာဇ်၏ မိစ္ဆာဓားကြီးကို ဆွဲထုတ်လိုက်

ခြင်းက ယနေ့အဖို့ လုယာ အနေဖြင့် လွတ်လမ်း မရှိတော့ဆို

သည့် အချက်ကို တိတ်တဆိတ် ကြေညာလိုက်သလိုပင် ဖြစ်

လေသည်။

အံ့သြစရာ ကောင်းသည့် အချက်မှာ လုယာထံသို့ မိစ္ဆာဓား

ကောက်ကြီး ဝင်ရောက်မလာခင် မူလဝိညာဉ် တန်ခိုး စွမ်းအား

တစ်ခုက အရင်ဝင်ရောက် လာခြင်း ဖြစ်လေသည်။ လုယာ

သည် အတွေ့အကြုံ မြင့်မားသည့် ကျင့်ကြံသူ တစ်ယောက်

ဖြစ်သည့်တိုင် ထို မူလမိစ္ဆာ တန်ခိုးစွမ်းအားကို ရှောင်တိမ်း နိုင်

ခဲ့ခြင်း မရှိပေ။

ချက်ချင်းပင် တာအိုဆရာ လုယာသည် အမှောင်ထုထဲတွင်

ပိတ်မိ သွားလေတော့သည်။

မူလနတ်မိစ္ဆာ တန်ခိုးစွမ်းအား နောက်မှ လောကကြီး တစ်ခုလုံး

ကိုပင် ထက်ခြမ်း ခွဲပစ်နိုင်သည့် အလား ပြင်းထန်လွန်းသည့်

မိစ္ဆာ ဓားဝိညာဉ်က လိုက်ပါလာလေသည်။

တာအိုနတ်ဘုရား၊ ဗုဒ္ဓဘာသာနှင့် နတ်မိစ္ဆာကျင့်စဉ် (၃)မျိုး

ပေါင်းကာ ကျင့်ကြံထားသည့် တာအိုဆရာ လုယာကို ထိုဓား

ချက်က သတ်ဖြတ်ပစ်ရန် ဝင်ရောက် လာလေတော့သည်။

လုယာကို ပိတ်လှောင်ထားသည့် မူလမိစ္ဆာ တန်ခိုးစွမ်းအား

သည် သူ၏ တန်ခိုးစွမ်းအား စီးဆင်းမှုကို အနှောင့်အယှက်

ဖြစ်စေပြီး မရေမတွက်နိုင်အောင် များပြားသည့် ရန်သူများနှင့် တိုက်ခိုက်နေရသည့် အလား ခံစားရစေလေ သည်။

"မင်းရဲ့ ဓားချက်က မသန့်စင်သေးဘူး၊ ပြီးတော့ မူလမိစ္ဆာဝိညာဉ်ကလည်း မလုံလောက်သေးဘူး"

သွေးနီရောင်ဓားသွား သူ့ရှေ့သို့ ရောက်လာသည့် အချိန်တွင် လုယာက ပြုံးပြီး ပြောလိုက်လေသည်။ ထို့နောက် လက်ဖျောက်တစ်ချက် တီးလိုက်လေရာ အလင်းလုံးကြီး တစ်လုံး ဖြစ်ပေါ်လာလေသည်။

အလင်းလုံးကြီးမှာ ကောင်းကင်ထက်မှ နေမင်းကြီး ဆင်းသက်လာသည့် အလား ထွန်းလင်းနေပြီး ဓားဝိညာဉ်မှာ ပျောက်ကွယ် သွားရလေသည်။

တာ့ရှားကေရာဇ် တစ်ယောက်တည်းသာ ဆိုလျှင်တော့ လုယာက မှုမည် မဟုတ်ပါ။ ခံစစ်မှ တိုက်စစ်သို့ ပြောင်းလဲ တိုက်ခိုက်လိုက်မည် ဖြစ်လေသည်။

သို့သော်... ရုတ်တရက်ပင် အေးစက်ပြီး အနှစ်သာရ ပြည့်ဝသည့် ယင်စွမ်းအား လှိုင်းလုံးကြီး တစ်ခု ပေါ်ထွက်လာပြီး အလင်းလုံးကြီး၏ နေရောင်ခြည် စွမ်းအားများကို လျော့နည်းသွားစေလေသည်။

ယင်စွမ်းအားများသည် လေထုထဲတွင် ရောနှောသွားပြီး ပုံသဏ္ဍာန် အမျိုးမျိုး ပြောင်းလဲကာ လုယာကို လှိုင်းလုံးများ အတွင်းသို့ ဆွဲခေါ်သွားလေသည်။

"ထိုက်ယင်းရေစွမ်းအားကို ဒီလောက်အဆင့်ထိ ရောက်အောင် ကျင့်ကြံနိုင်ခဲ့တဲ့ အတွက် ဟန်အယ် ကိုယ်တိုင်တောင် မင်းကို ချီးကျူးခဲ့ပေမယ့် ကျုပ်အတွက်တော့ မလုံလောက်သေးဘူး ကွဲ့"

လုယာသည် ယင်စွမ်းအား လှိုင်းလုံးများကြားတွင် အေးအေးသက်သာပင် စကားပြော နေလေသည်။

သူက ပြောရင်းနှင့် လက်ဖျောက်တစ်ချက် တီးလိုက်လေရာ ယင်စွမ်းအား လှိုင်းလုံးများမှာ ငြိမ်သက် သွားရလေသည်။ သို့သော်... လုယာသည် ခံစစ်ကိုအသုံးပြုကာ တိုက်ခိုက်နေသော ကာလပတ်လုံး အကျိုးရှိမည် မဟုတ်သည်ကို သိလေသည်။ ထို့ပြင် ဆန်းလျန်ကို ကယ်တင်ရန်လည်း အခွင့်အရေးရမည် မဟုတ်ပေ။

ထိုအချိန်မှာပင်...

ငြိမ်သက်နေသည့် ထိုက်ယင်းရေစွမ်းအား လှိုင်းလုံးများ ထိပ်တွင် လတစ်စင်း ပေါ်ထွက် လာလေသည်။

ထိုလမင်းသည် တာ့ရှားကေရာဇ်၏ ဒုတိယ တိုက်ကွက် ဖြစ်လေသည်။ စောစောက အသုံးပြုခဲ့သည့် မူလမိစ္ဆာ စွမ်းအားနှင့် ယှဉ်ပါက ယခုအသုံးပြုလိုက်သည့် ဓားဝိညာဉ်သည် လရောင်အလား ကြည်လင် နေလေသည်။

ထိုဓားဝိညာဉ်သည် မိစ္ဆာကျင့်စဉ်အတွင်းမှ မွေးဖွားလာသည့်တာအိုစွမ်းအားဟု ပြောနိုင်လေသည်။

ဆန်းလျှန်သာ တာ့ရှားကေရာဇ်၏ ဓားဝိညာဉ်ကို တွေ့မြင်ခွင့်ရမည်ဆိုလျှင် "လောကတွင် ပြိုင်ဘက်မရှိ" ဟု ပြောမိမည်မှာ အမှန်ပင် ဖြစ်လေတော့သည်။

အခန်း (၆၁၉) ကျုပ်ကတော့ 'တထာဂတဿ' ကို တွေ့မြင်တယ်

လရိပ် ဓားသွားအောက်တွင် မည်သည့်အရာကိုမှ ဖုံးကွယ်ထား၍ မရပါချေ။

တာ့ရှားကေရာဇ်သည် မူလမိစ္ဆာခန္ဓာကို အသုံးပြု၍ကာ မိစ္ဆာဓား ကောက်ကြီး၏ မိစ္ဆာစွမ်းအားများအတွင်းမှ တာအိုစွမ်းအားကို ထုတ်ဖော် ပြသခဲ့လေသည်။ လရိပ်ဓားသည် ဗလာနယ်ကိုပင် တိုက်စားသွားလေသည်။

ထိုက်ယင်း ရေစွမ်းအားသည် လုယာနှင့် တာ့ရှားကေရာဇ်တို့ကို ရစ်ပတ်ထားပြီး တိုက်ပွဲကို ကြည့်နေကြသူများသည် အလင်းတန်း (၂)ခုကိုသာ တွေ့မြင် ကြရလေသည်။

တာ့ရှားကေရာဇ်၏ ဓားချက် ဝင်ရောက်လာသည်နှင့် ရောင်ခြည်တန်း တစ်ခုက လေထုထဲတွင် စီးဆင်း လာလေသည်။ ထူးဆန်းသည့် လောကတစ်ခု ဖွင့်လှစ်သွားသည့်အလား ထိုရောင်ခြည်တန်းထဲတွင် မုန်တိုင်း၊ မိုးကြိုး၊ ရေ နှင့် မီးများကို တွေ့မြင်နိုင်ပါလေ၏။

တာအိုဆရာ လုယာသည် တာ့ရှားကေရာဇ်၏ ဓားအလင်းတန်းကို တစ်ဆင့်ပြီးတစ်ဆင့် ဦးဆောင်ကာ ဆွဲခေါ်သွားလေသည်။

သူတို့ (၂)ယောက်သည် လေထဲတွင် ပြင်းပြင်းထန်ထန်

တိုက်ခိုက် နေကြလေသည်။

ထျန်းယီကတော့ တိုက်ပွဲအတွင်းသို့ ဝင်ရောက်ရန် သင့် မသင့်

စဉ်းစားရင်း တန်ခိုးစွမ်းအားများကို စုစည်းထားလေသည်။

ထိုအချိန်မှာပင် ...

ယွမ်ကျွင်းကေရီသည် ဝိညာဉ်ခြောက်ဖြာ အလံကို ဝှေ့ယမ်းနေ

ခြင်းကို ရပ်တန့်လိုက်လေသည်။

ထို့နောက် ...

ရောမနတ်ဘုရားကြီး တစ်ပါး ထွက်ပေါ်လာလေသည်။ ထိုနတ်

ဘုရားကြီးသည် ရွှေသရဖူကို ဆောင်းထားပြီး မျက်ခုံးကြီးများ

မှာလည်း တောင်တန်းကြီးများ အလား ကြီးမားလှလေသည်။

သူ၏မျက်နှာက ခက်ထန် တင်းမာနေလေ၏။

ရောမ နတ်ဘုရားကြီးသည် မျက်နှာသုံးခုနှင့် ခန္ဓာကိုယ်သုံးခု

အဖြစ် ပြောင်းလဲ သွားလဲသွားလေသည်။ ပတ်ဝန်းကျင်ရှိ

လေထုတစ်ခုလုံးတွင် ကြောက်မက်ဖွယ်ရာ နတ်ဘုရားစွမ်းအား များ ထွက်ပေါ်လာပြီး လေထုတစ်ခုလုံးပင် အေးခဲသွားမတတ် ပင် ဖြစ်ရလေသည်။

ယွမ်ကျွင်းကေရှီမှ အသွင်ပြောင်းထားသည့် ရောမ နတ်ဘုရား ကြီးက ခြေတစ်လှမ်း လှမ်းလိုက်သည်နှင့် တာ့ရှားကေရာဇ်နှင့် တာအိုဆရာလုယာတို့၏ တိုက်ပွဲကို နင်းခြေ ပစ်လိုက်လေ သည်။

ယွမ်ကျွင်းကေရှီက “သုံးမျက်နှာသုံးခန္ဓာ” ကျင့်စဉ် တန်ခိုး စွမ်းအားကို စန့်ချင် အလင်းစွမ်းအားနှင့် ပေါင်းစပ်ကာ တာအို ဆရာလုယာကို တိုက်ရိုက် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

တာအိုဆရာ လုယာသည် အေးဆေးတည်ငြိမ်နေဟန် ရှိနေ သည့်တိုင် ယွမ်ကျွင်းကေရှီ၏ စန့်ချင် အလင်းတန်ခိုး စွမ်းအား ကို လျှော့မတွက်ရဲပါချေ။

ကျယ်ကျောက် အမိန့်တော်ဂိုဏ်းမှ တပည့်များ အားလုံးသည် အရည်အချင်း ပြည့်ဝသူများ ဖြစ်ကြလေသည်။

သို့သော် ... ယွမ်ကျွင်းကေရီသည် ထိုတပည့်များ အားလုံးတွင်မှ ထိပ်တန်းတပည့် (၃)ဦးထဲတွင် ပါဝင်သူဖြစ်လေသည်။ ယွမ်ကျွင်းကေရီ၏ ကျင့်ကြံခြင်း အဆင့်သည် ထိပ်ဆုံးအဆင့်သို့ ရောက်ရှိခြင်း မရှိသေးသည့်တိုင် တာအိုဆရာ လုယာအနေဖြင့် ပေါ့ပေါ့တန်တန် သဘောမထားရဲပေ။

လုယာသည် တာ့ရှားကေရာဇ်၏ ဓားဝိညာဉ်နောက်သို့ လိုက်ပါသွားပြီး သက်တံရောင်စဉ် တစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ထိုသက်တံ ရောင်စဉ်အတွင်းမှ အသိဉာဏ်ပညာ ငါးပါးကို ကိုယ်စားပြုသော အဖြူရောင်သရဖူကို ဆောင်းထားသည့် ဗုဒ္ဓတစ်ပါး ထွက်ပေါ်လာလေသည်။ ဗုဒ္ဓသည် ကြာပလ္လင်ထက်

တွင် တည်ငြိမ်စွာထိုင်နေပြီး သူ၏လက်မှ ကြီးမြတ်သည့်

ဉာဏ်ပညာမှုအြာကို ပြုလုပ်ထားလေသည်။

ဗုဒ္ဓကပြုံးလိုက်ရင်း...

"ပန်းတွေပွင့်တဲ့အခါ... ပန်းတွေက ကျုပ်ကို တွေ့မြင်နိုင်ကြ

တယ်... ကျုပ်ကတော့ 'တထာဂတသဿ' ကိုတွေ့မြင်တယ်"

တာအိုဆရာ လုယာသည် တာအိုကျင့်စဥ်၊ ဗုဒ္ဓဘာသာ ကျင့်စဥ်

နှင့် နတ်မိစ္ဆာ ကျင့်စဥ်များကို ကျင့်ကြံခဲ့သူဖြစ်ပြီး ဗုဒ္ဓခန္ဓာကို

ကျင့်ကြံအောင်မြင်ခဲ့သလို အထွတ်ထိပ်မိစ္ဆာ ခန္ဓာကိုလည်း

ကျင့်ကြံ အောင်မြင်ခဲ့သူ ဖြစ်လေသည်။

ထို့နောက် ...

ရောင်စဥ်တန်းပေါင်း ထောင်နှင့်ချီပြီး ဖြာထွက်လာလေသည်။

ကြီးမားသည့် လက်သီးချက်ကြီး တစ်ချက် ထွက်ပေါ်လာပြီး

ယွမ်ကျွင်းဧကရီ၏ စန့်ချင်နတ်ဘုရား အလင်းကို ထိုးနှက်

တိုက်ခိုက် လိုက်လေတော့သည်။

သို့သော် တာအိုဆရာ လုယာသည် ဗုဒ္ဓခန္ဓာကျင့်စဉ် တန်ခိုး
စွမ်းအားကို အသုံးပြုထားသည့်တိုင် လနတ်သမီး၏ ထိုက်
ယင်းရေစွမ်းအားနှင့် ပေါင်းစပ်ထားသည့် ယွမ်ကျွင်းကေရီ၏
စန့်ချင် အလင်းစွမ်းအားသည် အလွန်မှတန်ခိုး စွမ်းအားမြင့်
မား လွန်းနေလေသည်။
ထို့ကြောင့် ဗုဒ္ဓခန္ဓာဖြင့် ဖန်ဆင်းထားသည့် လက်သီးချက်သည်
စန့်ချင် အလင်းစွမ်းအားကို ထိုးဖောက်နိုင်ခြင်း မရှိဘဲ ပျောက်
ကွယ် သွားရလေတော့သည်။ လုယာ၏ ဗုဒ္ဓခန္ဓာသည်
ထိပ်တန်းအဆင့် ဖြစ်သည့်တိုင် ထိုးဖောက်နိုင်ရန် ခက်ခဲနေရ
လေသည်။
ထျန်းယီက မျက်မှောင်တစ်ချက် ကြုတ်လိုက်မိလေသည်။
ယွမ်ကျွင်းကေရီ၏ ခန္ဓာကိုယ်မှ မရေမတွက်နိုင်အောင်
များပြားသည့် စန့်ချင် အလင်းစွမ်းအားများ ထွက်ပေါ်လာပြီး

လနတ်သမီး၏ ထိုက်ယင်း ရေစွမ်းအားဖြင့် လေထုထဲတွင်

ပေါင်းစပ်သွားလေသည်။

တာအို ဆရာလုယာ၏ ဗုဒ္ဓခန္ဓာသည် မုန်တိုင်းထန်နေသည့်

ပင်လယ်တစ်ခု၏ အလယ်မှ ကျွန်းတစ်ကျွန်းအလား ဖြစ်လေ

သည်။

သူသာ ဆက်ပြီး ထိုင်နေမည်ဆိုလျှင် ရေလှိုင်းများသည် သူ့ကို

အချိန်ရွေး တိုက်စား သွားနိုင်လေသည်။ သို့သော် ... ဗုဒ္ဓခန္ဓာ

ကျင့်စဉ်စွမ်းအားကို ထုတ်သုံးလိုက် ကတည်းက သူ့အနေဖြင့်

နောက်ပြန်ဆုတ်ရန် မဖြစ်နိုင်တော့ပေ။

ဗုဒ္ဓ၏မျက်နှာက ပြုံးလိုက်ပြီး ထူးဆန်းသည့် ဟန်တစ်ခုဖြင့်

လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်လေသည်။

လူသားအားလုံးမှာ ကမ္ဘာကြီးတစ်ခုလုံး ကြေမွသွားသည့်

အလား ခံစား လိုက်ရကြရလေသည်။

ဗုဒ္ဓခန္ဓာမှာ ထိပ်တန်းအဆင့်ကျင့်စဉ် တစ်ခုဖြစ်သည်မှာ သံသယဝင်စရာ မလိုပေ။ တိုက်ပွဲအခြေအနေကို ပြောင်းပြန် လှန်ပစ်နိုင်သည့် အခြေအနေပင် ဖြစ်လေသည်။ ဗုဒ္ဓခန္ဓာ၏ လက်ဖဝါးနှစ်ဖက်သည် ထိပ်တန်းအဆင့် လျှို့ဝှက်နက်နဲသည့် တန်ခိုးစွမ်းအားများဖြင့် ပြည့်နှက်နေလေသည်။

အခြားဘက်တွင်လည်း တာ့ရှားဧကရာဇ်၏ ဓားဝိညာဉ်နှင့် သက်တံရောင် အလင်းတန်းမှာ လိမ်ယှက်နေကြလေသည်။ သက်တံအလင်းတန်ခိုး စွမ်းအားမှာ တာအိုဆရာ လုယာ၏ ဘဝအစပိုင်း အချိန်များတွင် ကျင့်ကြံခဲ့သည့် ကျော်ကြားသည့် တန်ခိုးစွမ်းအားတစ်ခု ဖြစ်လေသည်။ ထိုတန်ခိုးစွမ်းအားသည် လောကတွင် အလျင်မြန်ဆုံး တန်ခိုးစွမ်းအား ဖြစ်ပြီး သေးငယ် သည့် ဧရိယာတစ်ခု အတွင်းတွင်လည်း ပွဲကိုင်ထိန်းချုပ်နိုင်မှု အမြင့်မားဆုံး ဖြစ်လေသည်။

တာ့ရှားကေရာဇ်၏ အဆင့်မြင့်လွန်းသည့် ဓားသိုင်းသည်ပင် လျှင် သက်တံရောင် အလင်းတန်းကို တစ်ချက်ကလေးမှ ထိခိုက်အောင် မတိုက်ခိုက်နိုင်ပေ။ လုယာ၏ တိုက်ခိုက်မှုမှာ မည်မျှကြောက်မက်ဖွယ်ရာ ကောင်းသည်ကို တွေ့ရှိရမည် ဖြစ်လေ၏။

(၃)ယောက် (၁)ယောက် တိုက်ခိုက်နေရသည့် အတွက် ခံစစ် တိုက်ခိုက်နေရသည့်တိုင် တာအိုဆရာလုယာသည် အရှုံးဘက် သို့ ရောက်နေသည်ဟု မဆိုသာပေ။ တာ့ရှားကေရာဇ်ကလည်း သူ့ကို တိုက်စစ်သို့ ပြောင်းလဲရန် လုံး၀ အခွင့်အရေးမပေးခဲ့ ပေ။

သို့တိုင်အောင် ... တာအိုဆရာ လုယာသည် သူ၏ ကျော်ကြား လှသည့် နတ်ဘုရား ထောင်ချောက်ဓားသိုင်းကို ထုတ်ဖော် အသုံးပြုခြင်း မရှိသေးပေ။

တိုက်ပွဲအတွင်းသို့ ဝင်မပါရဲသေးပဲ ပွဲကြည့်ပရိသတ် လုပ်နေသည့် ထျန်းယီပင်လျှင် တိုက်ပွဲမှာ မည်မျှ ကြောက်စရာကောင်းကြောင်း တွေ့မြင်နေရလေသည်။

တာအိုဆရာလုယာ နတ်ဘုရား ထောင်ချောက်ဓားကို အသုံးမပြုရသည်မှာ အသုံးမပြုချင်သောကြောင့် မဟုတ်ပါ။ နတ်ဘုရား ထောင်ချောက်ဓားသည် ရတနာဓားတစ်လက် ဖြစ်ရုံသာမကဘဲ ဝိညာဉ်စွမ်းအား ရတနာဓားနှင့် ကျင့်စဉ်တို့ကို ပေါင်းစပ်ထားသည့် ဓားတစ်လက် ဖြစ်နေသောကြောင့် ဖြစ်လေသည်။

လုယာထံမှ ခွင့်ပြုချက်ရလျှင် အခြားသူများသည်လည်း နတ်ဘုရား ထောင်ချောက်ဓားကို အသုံးပြုနိုင်မည် ဖြစ်လေသည်။

သို့သော် ... လုယာ အသုံးပြုသလောက်တော့ အစွမ်းထက်လိမ့်မည် မဟုတ်ပေ။

တာအိုဆရာ လုယာသည် နတ်ဘုရား ထောင်ချောက်ဓားကို သူ၏ ဝိညာဉ်နှင့် တန်ခိုးစွမ်းအားကို တစ်လုံးတစ်ဝတည်း ဖြစ်အောင် ပေါင်းစပ်ကာ အသုံးပြုလိုက်မည်ဆိုလျှင် ကံတရားကိုပင် အဆုံးအဖြတ်ပေးသည့် ဓားတစ်လက် ဖြစ်သွားပေလိမ့်မည်။

ပြိုင်ဘက်ရန်သူသည် မည်မျှပင် တန်ခိုးစွမ်းအား မြင့်မားပါစေ သူ၏ ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ် (၂)ခုစလုံးသည် လုံးဝ ပျက်စီးပျောက်ကွယ်သွားရမည် ဖြစ်လေသည်။

မူလသုံးဖြာ တာအိုဆရာ (၃)ပါး (သို့မဟုတ်) သန့်စင်သော တာအိုအရှင်သခင် သုံးပါးဟု ခေါ်ဆိုကြသည့် တာအိုဆရာသခင်ကြီး (၃)ပါးတွင် လုယာသည် အလွန်မှ မောက်မာပြီး မာနကြီးလွန်းသည့်တိုင် သူသည် နတ်ဘုရား ထောင်ချောက်ဓားကို ဆင့်ခေါ်ရန်အတွက် ဝိညာဉ်နှင့် တန်ခိုးစွမ်းအားကို တစ်ခါမှ မပေါင်းစပ်ခဲ့ဖူးသေးပေ။

ထိုဓားကို ခေါ်ထုတ်လိုက်သည်နှင့် သူ၏ တန်ခိုးစွမ်းအား များသည် သိသိသာသာ လျော့နည်းသွားရမည် ဖြစ်လေသည်။ ထို့ကြောင့် သူ၏ တန်ခိုးစွမ်းအား လျော့နည်းသွားချိန်တွင် အခြားသူများ တိုက်ခိုက်နိုင်ရန်အတွက် ဟာကွက် ဖြစ်သွားနိုင် လေသည်။

ဆန်းလျန်မှာလည်း သေခြင်း ရှင်ခြင်းစာအုပ်မှ တန်ခိုးစွမ်းအား များဖြင့် အဆက်မပြတ် ထိုးနှက်ခြင်းကို ခံနေရလေသည်။ ဆန်းလျန်သည် လှုပ်ပင် မလှုပ်နိုင်ပေ။ သို့သော် သူသည် သေ ခြင်းရှင်ခြင်း စာအုပ်၏ အစစ်အမှန် ပုံသဏ္ဍာန်ကို ဖြည်းဖြည်း ချင်း သုံးသပ်နေလေသည်။

သေခြင်းရှင်ခြင်း စာအုပ်သည် ယင်နှင့် ယန်ပင် ဖြစ်လေသည်။ ရှင်သန်ခြင်း လောကသည် "ယန်" ဖြစ်သလို သေခြင်း လောက သည် "ယင်" ဖြစ်လေသည်။

သို့သော် ... သေခြင်းလောကဖြစ်သည့် အသူရာချောက်တွင် နေမင်း ပေါ်ထွက်လာကာ "ယန်" စွမ်းအားများကို ဖြန့်ချိပေးပြီး သည့်နောက် အသူရာချောက်သည် သိပ်ပြီး ဝိညာဉ်ဆန်ခြင်း မ ရှိတော့ပေ။ နေမင်းပေါ်ထွက်လာရသည့် အတွက် လူသားများ အသက်ရှင်နေထိုင်ရန် စတင် ဖြစ်တည်လာရလေသည်။ ထိုအခါ တစ္ဆေသရဲနှင့် ဝိညာဉ်များမှာ အားနည်းလာကြရ သည်။ တာ့ရှားပြည်နှင့် တုန်းယီဒေသမှ လူအများကလည်း တစ္ဆေသရဲများနှင့် ဝိညာဉ်များကို မောင်းထုတ် လိုက်ကြ သည့်အတွက် သူတို့အတွက် နေရာမရှိသလောက်ပင် ဖြစ်လေ သည်။

"အသူရာချောက်တွင် အဘယ့်ကြောင့် နေမင်း ပေါ်ထွက်လာရ ပါသနည်း" ဆိုသည့်အချက်ကို ဆန်းလျန်သည် ယခုအချိန်ထိ အဖြေရှာမရသေးပေ။

သေခြင်းရှင်ခြင်း စာအုပ်မှ တန်ခိုးစွမ်းအားများကို ဆန်းလျှန်

ရင်မဆိုင်နိုင် ဖြစ်နေရသည့် အဓိက အကြောင်းရင်းမှာ

စကားလုံး (၂)လုံးကြောင့် ဖြစ်လေသည်။

ထိုစကားလုံး (၂)လုံးမှာ ...

"သေခြင်း" နှင့် " ရှင်ခြင်း" ဆိုသည့် စကားများပင်။

သေခြင်းနှင့်ရှင်ခြင်း၏ တန်ခိုးစွမ်းအားများ ပေါင်းစပ်လိုက်

သည့်အခါ ဆန်းလျှန်၏ နတ်ဘုရားခန္ဓာသည် ပျက်စီးခြင်းနှင့်

ပြန်လည်မွေးဖွားခြင်း ကြားတွင် လွန်ဆွဲလျက် ရှိလေ

တော့သည်။

ထို့ပြင် ...

ဤအခြေအနေသည် အချိန်တိုင်း မွေးနေသေနေသည့် လောက

ကြီး၏ ပျက်စီးခြင်းနှင့် ပြန်လည် မွေးဖွားခြင်းများထက် များ

စွာ အခြေအနေ ဆိုးဝါးလေသည်။

ဆန်းလျှန်၏ နတ်ဘုရားခန္ဓာ အတွင်းရှိ ဝိညာဉ်သည် သူ၏ မူလဝိညာဉ်ခန္ဓာပင် ဖြစ်လေသည်။ ယခုတော့ ထိုဝိညာဉ်သည် ကြိတ်ဆုံကြီးထဲတွင် အချိန်တိုင်း ကြိတ်ချေ တိုက်စားခံနေရလေသည်။

နားလည်အောင် ပြောပြရမည်ဆိုလျှင် ဆန်းလျှန်၏ အခြေအနေသည် "အနှိပ်စက်ခံနေရသည့် သာမန်လူသား တစ်ယောက်" နှင့်ဆင်တူလေသည်။

ထိုသို့ နှိပ်စက်ခံရမှုသည် စိတ်တွင် တိုက်ရိုက် ရောင်ပြန်ဟပ်နေပြီး နာကျင်ခံစားရမှုသည် သာမန်လူသား တစ်ယောက် နှိပ်စက်ခံရသည်ထက် အဆထောင်နှင့် သောင်းနှင့်ချီပြီး များပြားလေသည်။

ဆန်းလျှန်တွင်သာ ခိုင်မာသည့် တာအိုစိတ်ထား မရှိခဲ့လျှင် စိတ်ဓာတ် ပျက်စီးသွားပြီး ဆက်လက် ခုခံနိုင်တော့မည် မဟုတ်တော့ပေ။

ဆန်းလျှန်သည် ကျင့်စဉ်ပေါင်းများစွာကို ကျင့်ကြံနိုင်ခဲ့သူ တစ်ယောက် ဖြစ်လေသည်။ အိပ်မက်လိပ်ပြာ ကျင့်စဉ်နှင့် ပကတိ ဖန်ဆင်းခြင်း ပညာများကိုပင် သူသည် ကျင့်ကြံနိုင်ခဲ့ပါလေ၏။

သို့သော် ... ယခု သူရင်ဆိုင်နေရသည့် အခြေအနေကတော့ သူ ကျင့်ကြံခဲ့သမျှ ကျင့်စဉ်များ အားလုံးသည်လည်း သူ့ကို မကယ်တင်နိုင်တော့ပေ။ "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" စာအုပ်မှ ကျင့်စဉ်များသည်ပင်လျှင် သူ့ကိုကယ်တင်ရန် မတတ်နိုင် ဖြစ်နေရလေသည်။

သူသည် သေခြင်းရှင်ခြင်း တန်ခိုးစွမ်းအားများဖြင့် ကြိတ်ချေခံနေရသည့် ကြိတ်ဆုံကြီးထဲတွင် ပိတ်မိနေပြီး သူ၏ ကျင့်စဉ်များနှင့် တန်ခိုးစွမ်းအားများ အားလုံးသည် အစိပ်စိပ်အမွှာမွှာ ... ယပ်မွဲလျက်ရှိနေလေတော့၏။ သူ့ဘဝသည် သေမည့်အချိန်ကို စောင့်နေရသည့် လူတစ်ယောက်နှင့် မခြားတော့ပေ။

သို့သော် ... ဆန်းလျန်သည် အရှုံးပေးရန် ရည်ရွယ်ချက်မရှိပါ။ သေခြင်းနှင့် ရှင်ခြင်းကြားတွင် 'အကြောက်တရား' ရှိမည်ဆိုလျှင် 'လွတ်မြောက်ခြင်းလမ်း' လည်း ရှိရပေလိမ့်မည်။ သူသည် နာကျင်ခြင်းများကို မေ့ဖျောက်ပစ်လိုက်ပြီး ပျက်စီးခြင်းနှင့် ပြန်လည် မွေးဖွားခြင်းကို တုံ့ပြန်နေသည့် သူ၏ နတ်ဘုရားခန္ဓာကိုယ်ကို သုံးသပ်နေလေသည်။ ထိုသုံးသပ်မှုမှ တစ်ဆင့် သေခြင်းရှင်ခြင်း စာအုပ်၏ စစ်မှန်သည့် တန်ခိုးစွမ်းအား ဖွဲ့စည်းမှုကို လေ့လာနိုင်မည် ဖြစ်လေသည်။ ယိလမ်းစဉ်ကို အသုံးပြုပြီး မူလအရင်းအမြစ်ကို ရှာဖွေနိုင်မည်ဆိုလျှင် လွတ်လမ်းကို ရှာတွေ့နိုင်မည် ဖြစ်လေသည်။ သူ့အတွက် အချိန်အနည်းငယ်သာ ကျန်ရှိတော့သည့်အတွက် ကြီးမားသည့် ကြိုးစားအားထုတ်မှုကို ပြုလုပ်ရမည် ဖြစ်လေသည်။ သူသာ သေခြင်းရှင်ခြင်း စာအုပ်၏ တန်ခိုးစွမ်းအား

များကို ဖျက်ဆီးပစ်နိုင်မည် ဆိုလျှင် သူ့အတွက် လည်းများစွာ အကျိုးရှိပေလိမ့်မည်။

ဤအတွေ့အကြုံသည် သံသရာ လည်ခြင်း၏ အဖြေကို ရှာဖွေ တွေ့ရှိနိုင်ရန် အတွက်လည်း အထောက်အကူဘ ပြုနိုင်လေ သည်။

ထိုအချိန်တွင် ....

နက်ရှိုင်း ကျယ်ပြန့်လွန်းသည့် သွေးနီရောင် ပင်လယ်၏ ရေ လှိုင်းများသည် တောင်ကုန်းလေး တစ်ခုဆီသို့ ရိုက်ခတ်နေလေ သည်။

"ဒကာလေး ချန်ကျန့်မေ ... ဒကာလေးအနေနဲ့ သွေးနီရောင် ပင်လယ်ထဲက ထွက်ခွာသွားလို့ မရပါဘူး"

အသံတစ်ခု ထွက်ပေါ်လာပြီး ထိုအသံသည် သွေးနီရောင် ပင်လယ်၏ လှိုင်းများသို့တိုင် ရိုက်ခတ် သွားလေတော့သည်။

အခန်း (၆၂၀) သဏ္ဍာန်မဲ့ဓား၊ အသက်မဲ့ဓား၊ အနတ္တဓား

ဓားဝိညာဉ် အလင်းတန်းတစ်ခုသည် သွေးနီရောင် ပင်လယ်ထဲမှ ထွက်ပေါ်လာပြီး တောင်တန်းလေးထက်သို့ ပျံသန်း ထွက်ခွာသွားလေသည်။

တောင်ကုန်းထိပ်မှ သက်တံရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ဓားဝိညာဉ် အလင်းတန်းကို တားဆီး ထားလိုက်လေသည်။ ဓားဝိညာဉ် အလင်းတန်းသည် သက်တံရောင် အလင်းတန်းကို ဖြတ်သန်းသွားနိုင်ခြင်း မရှိခဲ့ပေ။

သွေးနီရောင်ပင်လယ် နှစ်ခြမ်းကွဲသွားပြီး ငယ်ရွယ်သည့် တာအိုဆရာတစ်ပါး ပေါ်ထွက်လာလေသည်။

သူ၏ မျက်ခုံးများသည်ကား သွေးနီရောင် တောက်ပလျက်ရှိပြီး သူ၏ တာအိုဝတ်ရုံတွင် သွေးနီရောင်ရေများ စွန်းထင်းလျက် ရှိလေသည်။ သို့သော် ... သူသည် မည်သည့်အရာကိုမှ ဂရုမစိုက်ဘဲ သန့်စင်ကြည်လင်သည့် အလင်းတန်းများကို သူ၏ ခန္ဓာကိုယ်အတွင်းမှ ထုတ်ဖော် လိုက်လေသည်။

သူက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ ဓားဝိညာဉ်သည် သူ၏ အင်္ကျီလက်အတွင်းသို့ ပြန်ဝင်သွားလေသည်။

သူက သက်တံရောင် အလင်းတန်းရှိရာသို့ တစ်ချက် ကြည့်လိုက်ပြီး ...

"ဒီနေ့ ကျုပ်ဒီနေရာက ထွက်သွားနိုင်မလား ဆိုတာ ကြည့်ကြတာပေါ့"

ယခင်အချိန်များက ကဲ့သို့ ထက်မြက်စူးရှသည့် အငွေ့အသက်များ ချန်ကျန့်မေထံတွင် မရှိတော့ပေ။

သို့သော် … ရှည်လျား ဖြောင့်တန်းပြီး သွေးနီရောင် တောက်နေသည့် ဓားသွားပုံသဏ္ဍာန် မျက်ခုံးအစုံကတော့ သူသည် ခပ်ညံ့ညံ့ လူတစ်ယောက် မဟုတ်ကြောင်းကို ပြသလျက်ရှိလေသည်။ သူ၏ မျက်ဝန်းများတွင် ကရုဏာတရားများဖြင့် ပြည့်နေပြီး သူ၏ပုံစံကလည်း အေးဆေးတည်ငြိမ်လျက် ရှိလေသည်။ တစ်ချိန်တုန်းက မရေမတွက်နိုင်အောင် များပြားလှသည့် နတ်မိစ္ဆာများကို သတ်ဖြတ်ပစ်ခဲ့သည့် "အသူရာဘုရင် မရဏဓားသခင်" ဟု မည်သူမှ သူ့ကို ထင်မှတ်ကြလိမ့်မည် မဟုတ်ပေ။

"ကြည့်ရတာ ဒကာလေးချန်ကျန့်မေ ခုတလော တော်တော်တိုးတက်လာတာပဲ၊ ဒါပေမဲ့ မင်းရဲ့လက်ရှိ ကျင့်ကြံခြင်းအဆင့်နဲ့ ကျုပ်ရဲ့ ဗောဓိသက်တံ အလင်းတန်းကို အနိုင်ယူနိုင်မှာ မဟုတ်သေးဘူး၊ ဒီနေ့ ကျုပ်တို့ မတိုက်ခိုက်ကြတာ ကောင်းမယ်ထင်တယ်"

သက်တံရောင် အလင်းတန်းထဲမှ ဘုန်းတော်ကြီး၏ အသံက ပြောလိုက်လေသည်။

ထိုအချိန်မှာပင် ချန်ကျန့်မေ၏ ခြေဖဝါးအောက်တွင် သွေးနီရောင် ကြာပလ္လင်တစ်ခု ထွက်ပေါ်လာလေသည်။ ကြာပလ္လင် အောက်တွင် သွေးနီရောင် ပင်လယ်မှ ရေများသည် ရေတိုင်လုံးကြီး တစ်ခုအလား မြင့်တက်လာပြီး ကောင်းကင်ထက်မှ သက်တံရောင် အလင်းတန်းဖြင့် မျက်နှာချင်းဆိုင် အနေအထား ဖြစ်သွားလေသည်။

ချန်ကျန့်မေက ...

"ကျုပ် ဒီနေ့ ဒီနေရာကနေ ထွက်သွားမှဖြစ်မယ်၊ ဆရာတော် ကျုပ်ကို ထပ်ပြီး တားဆီးနေဦးမယ်ဆိုရင် ဒီသွေးနီရောင် ကြာပန်းကို ဖျက်ဆီးပစ်လိုက်မယ်၊ ဒါဆို ဆရာတော် နှစ်ပေါင်းများစွာ ကျင့်ကြံထားတာတွေက ဘာအဓိပ္ပာယ်မှ ရှိတော့မှာ မဟုတ်ဘူး"

ချက်ချင်းပင် ပွင့်ချပ်ကိုးလွှာပါရှိသည့် သွေးနီရောင် ကြာ

ပန်းသည် ဆူပွက်လာလေသည်။

ကြာပန်းအလွှာများကို ပါးလွှာသည့် သွေးနီရောင် မြူလွှာလေး

တစ်ခုက ကာရံထားလေသည်။

ချန်ကျန့်မေသည် သွေးနီရောင် ကြာပန်းကို သန့်စင်ပြီး

သူ၏နှလုံးသားဖြင့် ချိတ်ဆက်ထားသည်ကို ဘုန်းတော်ကြီး

ရာမ ကောင်းကောင်း သိထားလေသည်။ ထို့ကြောင့် ချန်ကျန့်

မေသာ ဆန္ဒရှိမည်ဆိုလျှင် သွေးနီရောင် ကြာပန်းကို ဖောက်ခွဲ

ဖျက်ဆီး ပစ်နိုင်စွမ်း ရှိလေသည်။

သို့သော် ... သွေးနီရောင်ကြာပန်းကို ဖျက်ဆီးပစ်ခြင်းက မိုးနှင့်

မြေတွင် တန်ဖိုးအရှိဆုံး ရတနာတစ်ပါးကို ဖျက်ဆီးပစ်ခြင်း

ဖြစ်သလို ချန်ကျန့်မေ၏ ကျင့်ကြံခြင်း များစွာလည်း ပျက်စီး

သွားမည် ဖြစ်လေသည်။

ထို့အတူ ဘုန်းတော်ကြီးရာမ အတွက်လည်း အကျိုးရှိနိုင်မည် မဟုတ်ပေ။ သူ၏ ကျင့်ကြံထားသမျှသည် အစိပ္ပာယ်ကင်းမဲ့သွားရပေလိမ့်မည်။

ဘုန်းတော်ကြီးရာမသည် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"မင်းသွားပါတော့ ...."

ဘုန်းတော်ကြီး ရာမသည် အကျိုးအမြတ်ကို ကောင်းကောင်းနားလည်သူပီပီ တုံ့ဆိုင်းနေခြင်း မရှိတော့ပဲ ချန်ကျန့်မေကို သွားခွင့်ပြုလိုက်လေသည်။

သူသာ သွားခွင့်မပြုလျှင် ချန်ကျန့်မေသည် သွေးနီရောင် ကြာပန်းပွင့်လွှာ (၉)လွှာကို ကျိန်းသေ ဖောက်ခွဲပစ်မည် ဖြစ်လေသည်။

ချန်ကျန့်မေက ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။

ထို့နောက် သွေးနီရောင် ကြာပလ္လင်ကိုစီးနှင်ကာ သွေးနီရောင် ပင်လယ်ထဲမှ ထွက်ခွာ သွားလေတော့သည်။ ဘုန်းတော်ကြီး ရာမမှာတော့ သွေးနီရောင် ကြာပန်းကိုကြည့်ပြီး အကြီးအကျယ် နှမြောတသ ဖြစ်နေမိတော့သည်။

သူ့တွင်သာ ထိုသို့သော ရတနာပစ္စည်းမျိုး ပိုင်ဆိုင်ထားမည်ဆိုလျှင် တစ်ချက်ပင် နောင်တမရဘဲ အသူရာချောက်မှ ထွက်ခွာ သွားမည် ဖြစ်လေသည်။

သွေးနီရောင် ကြာပန်းသည် စကြဝဠာ စတင်ဖြစ်တည်စဉ်ကပင် တည်ရှိခဲ့သည့် တန်ဖိုးကြီးမားသည့် ရတနာပစ္စည်း (၁)ခု ဖြစ်လေသည်။

သို့သော် ... အချိန်ကာလ ပြောင်းလဲလာသည်နှင့်အမျှ မရေမတွက်နိုင်သော စမ်းသပ်မှုများကို ကြုံတွေ့ခဲ့ရပြီး တန်ခိုးစွမ်းအားမှာ တဖြည်းဖြည်း အားနည်း လာခဲ့လေသည်။

နောက်ဆုံးတွင်တော့ သူ၏ ကျင့်ကြံခြင်းမျိုးစေ့ကိုပင် ထိန်းသိမ်းထားနိုင်ခြင်း မရှိတော့သည့်အထိ ဖြစ်ခဲ့ရလေသည်။ သို့ရာတွင် သွေးနီရောင်ကြာပန်း၏ ဝိညာဉ်အစစ်အမှန်သည် ချန်ကျန့်မေဆီသို့ ပြောင်းလဲ ဝင်စားသွားခဲ့လေသည်။ ဤနည်းဖြင့် သွေးနီရောင်ကြာပန်း (၉)လွှာသည် လောကတွင် ဆက်လက်ရှင်သန် တည်ရှိနိုင်ခဲ့လေသည်။

သွေးနီရောင် ကြာပလ္လင်သည် တောင်ပိုင်းဒေသ တစ်ခုလုံးကို ဖြတ်ကျော်ကာ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်သန်းပြီး ချန်ကျန့်မေကို ခေါ်ဆောင်သွားလေသည်။ ချန်ကျန့်မေ၏ ဆံနွယ်များသည် လေထဲတွင် လွင့်မျောနေပြီး သူ၏ပုံသဏ္ဌာန်သည် သူမတူအောင် တည်ငြိမ်အေးချမ်းလျက် ရှိလေသည်။

ထို့ပြင် ကောင်းကင်ထက်တွင် ချန်ကျန့်မေ ပျံသန်းနေသည့်

အရှိန်မှာလည်း အလွန်မှ လျင်မြန်လှလေရာ လေထဲတွင် သွေး

နီရောင် သက်တံတစ်ခုကိုသာ တွေ့မြင်ရလေသည်။

အသူရာချောက်မှ လူများအနေဖြင့် ကောင်းကင်ထက်တွင်

သွေးနီရောင် သက်တံတစ်ခု ဖြစ်ပေါ်နေသည် ဟူ၍သာ သိမြင်

ကြမည် ဖြစ်လေသည်။ မည်သည့်အရာ ဖြစ်သည်ကို မည်သူမှ

ခန့်မှန်းနိုင်ကြမည် မဟုတ်ပေ။

အချိန်ခဏလေး အတွင်းမှာပင် ...

ချန်ကျန့်မေသည် ကျောက်ကဲမြို့တော်သို့ ရောက်ရှိလာလေ

သည်။

တိုက်ပွဲသည် ပြင်းထန်နေဆဲ ဖြစ်လေသည်။

ယင်းစန်းတွင် နေထိုင်သော သာမန်လူအချို့နှင့် ကျင့်ကြံသူ

အချို့မှာ ကြောက်မက်ဖွယ်ရာ တိုက်ပွဲကြီးကြောင့် ထိတ်လန့်

တုန်လှုပ်ကာ ကျောက်ကဲမြို့တော်မှ ထွက်ခွာ သွားကြလေ

သည်။

ထို့ပြင် ကျောက်ကဲမြို့တော်၏ တစ်ဝက်ခန့်မှာလည်း အမှုန့်

ဖြစ်သွားခဲ့ပြီ ဖြစ်လေသည်။ ထို့ကြောင့် အချို့သော သက်ရှိ

သတ္တဝါများမှာ အသက်ရှင်လျက် ထွက်ပြေးလွတ်မြောက် နိုင်

ခဲ့ခြင်း မရှိခဲ့ပါပေ။

လေထုထဲတွင် သတ်ဖြတ်လိုသည့် အငွေ့အသက်များဖြင့် ပြည့်

နေသည်ကို ချန်ကျန့်မေ ခံစားလိုက်ရလေသည်။ ထို

အငွေ့အသက်များသည် သူ၏ တာအိုနှလုံးသားကိုပင် လာ

ရောက် ရိုက်ခတ်နေလေသည်။

သို့သော် ထိုအငွေ့အသက်များက သူ့ကို မည်သို့မျှ ထိခိုက်ခြင်း

မရှိပေ။ သူသည် အေးဆေး တည်ငြိမ်လျက်ပင် ရှိလေသည်။

ချန်ကျန့်မေသည် တာအိုဆရာလုယာ၏ တန်ခိုးစွမ်းအားများ

ကို အရေးမစိုက်ပါချေ။

ထိုအချိန်မှာပင် … ထျန်းယီသည် ချန်ကျန့်မေ ရောက်ရှိလာသည်ကို ရိပ်မိလိုက်လေသည်။

အသူရာအရှင် မရဏဓားသခင်သည် သွေးနီရောင် ပင်လယ်ထဲမှ မည်သို့ ထွက်လာပါသနည်း။ ထျန်းယီ၏ စိတ်ထဲတွင် စိုးရိမ်စိတ်များဖြင့် ပြည့်နှက်သွားခဲ့လေသည်။

သို့သော် … ချန်ကျန့်မေသည် ထျန်းယီကိုလည်း အရေးမစိုက်ပါ။

သူသည် ကြိတ်ဆုံကြီးအထဲတွင် ပိတ်မိနေပြီး သေခြင်းရှင်ခြင်း စာအုပ်၏ တန်ခိုး စွမ်းအားများဖြင့် ကြိတ်ချေခံနေရသည့် ဆန်းလျန်ကိုသာ အရေးစိုက် လိုက်လေသည်။

"ဂိုဏ်းတူညီလေး ၊ မင်း တောင့်ခံ ထားနိုင်သေးလား"

ဆန်းလျန်သည် သေခြင်းရှင်ခြင်း စာအုပ်မှ တန်ခိုး စွမ်းအားများကို အားတင်းပြီး ခုခံနေရသည့် အချိန်တွင် ချန်ကျန့်မေ၏ အသံကို ကြားလိုက်ရလေသည်။

သူက ချက်ချင်းပင် နတ်ဘုရား စွမ်းအားများကို မရရအောင်

အသုံးပြုပြီး ချန်ကျန့်မေ၏ အမေးကို ဖြေလိုက်လေသည်။

"ခုထိတော့ ကျွန်တော် အဆင်ပြေနေသေးတယ်၊ ဒါပေမဲ့

အစ်ကိုသာ နည်းနည်းနောက်ကျမယ် ဆိုရင်တော့ ကျွန်တော်

ဆက်ပြီး တောင့်ခံနိုင်မှာ မဟုတ်တော့ဘူး"

ချန်ကျန့်မေက ...

"မင်းက နောက်ပြောင် နေနိုင်သေးတယ်နော် ..."

ချန်ကျန့်မေစကားကို ကြားရသည့်အခါ အားသာ ရှိနေသေး

လျှင် ဆန်းလျန်သည် ရယ်မောလိုက်မိမည် ဖြစ်လေသည်။

ထိုအချိန်မှာပင် ...

ချန်ကျန့်မေ၏ ကြောက်မက်ဖွယ်ရာ ဓားဝိညာဉ်သည်

ပေါက်ကွဲ ထွက်သွားလေသည်။

ထိုဓားဝိညာဉ်သည် တာ့ရှားကေရာဇ်၏ ဓားဝိညာဉ်ထက်

အဆင့်မနိမ့်ပေ။ ထိုဓားဝိညာဉ်သည် မိုးကောင်းကင် ဓားသွား

တစ်ခုအလား ဖြစ်ပြီး ဓားဝိညာဉ် နောက်ပိုင်းတွင် နတ်နဂါး

အမြီးသဖွယ် ပုံသဏ္ဍာန် ပါရှိလေသည်။

ထိုဓားသွားသည် ဆန်းလျှန်ပိတ်မိနေသည့် ကြိုတ်ဆုံကြီးကို

ထက်ပိုင်း ခွဲပစ်လိုက်လေသည်။

သို့သော် ... ကြိုတ်ဆုံကြီးသည် သေခြင်းရှင်ခြင်း စာအုပ်မှ

အဆုံးမရှိသည့် တန်ခိုးစွမ်းအားများကို စုပ်ယူထားလေရာ ဓား

ဝိညာဉ်သည် ကြိုတ်ဆုံကြီးကို ထိုးဖောက်နိုင်ခြင်း မရှိပါချေ။

ထို့ကြောင့် ဆန်းလျှန် လွတ်မြောက်ရန်အတွက် အက်ကြောင်း

လေး တစ်ခုပင် ထင်မလာခဲ့ပေ။

တာအိုဆရာ လုယာသည် တိုက်ခိုက်နေမှုကို ခေတ္တရပ်နားလိုက်

ပြီး ....

"မိတ်ဆွေလေး ... မင်းရဲ့ တန်ခိုးစွမ်းအားတွေကို အကုန်မခံနဲ့

အသူရာချောက် တစ်ခုလုံးမှာ ဒီကြိတ်ဆုံကြီးကို ဖျက်ဆီးနိုင်

တဲ့ တန်ခိုးစွမ်းအားရှိတဲ့ သူဆိုလို့ ကျုပ်တစ်ယောက်ပဲ ရှိတယ်၊

မင်းရဲ့ညီလေးကို ကယ်ချင်တယ်ဆိုရင် အရင်ဆုံး ထျန်းယီကို သတ်ပစ်လိုက်၊ ပြီးရင် ဒီလူတွေအားလုံးကို ကျုပ်နဲ့အတူ ကူပြီး တိုက်ပေး၊ ဒါဆိုရင် ကျုပ်လည်း ဆန်းလျန်ကို ကယ်နိုင်လိမ့် မယ်၊ တုံ့ဆိုင်းမနေနဲ့တော့၊ ကျုပ်တို့အတွက် အချိန်မရှိတော့ ဘူး၊ မဟုတ်ရင် ဆန်းလျန် အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

ထျန်းယီက ...

"တာအိုဆရာလုယာ၊ ဒီနေ့သာ ခင်ဗျား လွတ်သွားမယ်ဆိုရင် နောင်တစ်ချိန် ကျုပ်တို့ကို အလွတ်ပေးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ခင်ဗျားက အသူရာဘုရင်ကိုလည်း အလွတ်ပေးမှာ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ သွေးနီရောင်ကြာပန်းက ခင်ဗျားအတွက် သိပ်အသုံးဝင်တယ်လေ"

ထျန်းယီ၏ စကားကြောင့် တာအိုဆရာလုယာက ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

သူ၏ ဗုဒ္ဓပုံသဏ္ဍာန် လက်ဖဝါးထက်ဆီမှ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများကို ထုတ်လွှတ်လိုက်ပြီး ထိုက်ယင်း ရေစွမ်းအားနှင့် စန့်ချင်နတ်ဘုရား အလင်းတန်းများကို တိုက်ခိုက်လိုက်လေသည်။

"ဂိုဏ်းတူအစ်ကို ... ထျန်းယီပြောတာ မှန်တယ်၊ ကျွန်တော့်အတွက် အဆိုးဆုံးအခြေအနေ ဖြစ်လာရင်တောင်မှ ပြန်လည်မွေးဖွားပြီး အသစ်စတင်လို့ ရသေးတယ်၊ အစ်ကိုကတော့ သွေးနီရောင် ပင်လယ်ကိုပြန်ပါ၊ အဲဒီမှာဆိုရင် အစ်ကို့ကို ဘယ်သူမှ အန္တရာယ်မပေးနိုင်ဘူး၊ ကျွန်တော်တို့ ကံမကုန်ရင် ထပ်ဆုံကြဦးမှာပါဗျာ ..."

ဆန်းလျန်မှာ သူ့အပေါ်တွင် သက်ရောက်နေသည့် ဖိအားများ ပိုပြီးများလာသလို ခံစားလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော် သေခြင်းရှင်ခြင်း စာအုပ်မှ တန်ခိုးစွမ်းအားများသည် ချန်ကျန့်မေ၏ ဓားဝိညာဉ်မှ စွမ်းအားများ

ကို စုပ်ယူပြီး စွမ်းအားများ ပိုမို များပြားလာသောကြောင့် ဖြစ်လေသည်။

ချန်ကျန့်မေက အေးစက်သည့် လေသံဖြင့် ...

"ဂိုဏ်းတူညီလေး .... ကျုပ်က ရှင်သန်ခြင်း လောကရဲ့ သဏ္ဌာန်မဲ့ ဓားသိုင်းကိုပဲ ကျင့်ခဲ့ကျင့်ခဲ့၊ သေခြင်းလောကရဲ့ အသက်မဲ့ဓားသိုင်းကိုပဲ ကျင့်ခဲ့ကျင့်ခဲ့၊ ကျုပ်ကျင့်ကြံခဲ့တဲ့ မူလ အစစ်အမှန်ဓားသိုင်းဟာ သဏ္ဌာန်မဲ့ဓားသိုင်းလည်း မဟုတ် သလို အသက်မဲ့ ဓားသိုင်းလည်းမဟုတ်ဘူး၊ ကျုပ်လေ့ကျင့်ခဲ့ တဲ့ ဓားသိုင်းက အနတ္တဓားသိုင်းပဲ၊ ဒီနေ့ ကျုပ်ရဲ့ အနတ္တဓားကို အသုံးပြုပြီး မင်းကို ချင်းရှမ်ကို ပြန်ပို့ပေးမယ်၊ ဒီလူတွေ အားလုံးကိုလည်း ဓားသိုင်းဆိုတာ ဘာလဲဆိုတာ သိမြင်စေ မယ်"

သူသည် ငယ်စဉ်အချိန်ကပင် ချင်းရှမ်နတ်တံခါးသို့ တပည့် အဖြစ် ဝင်ရောက်ခဲ့လေသည်။

(၃)နှစ်အတွင်း ချူးစန်းအဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး (၁၀)နှစ်အတွင်း ရုဟွအဆင့်ကို အောင်မြင်ခဲ့လေသည်။ နောက်ထပ် နှစ်ပေါင်း(၄၀) ကြာသည့်အခါတွင်တော့ ဓားတစ်လက်ကို ကျင့်ကြံအောင်မြင်ခဲ့ပြီး လောကတစ်ခုလုံးက "ဓားတန်ခိုးရှင် ချန်ကျန့်မေ" ဟု သူ့ကို သိရှိခဲ့ကြသည်။ အနောက်ဘက် ရှီးဟွမ်ဒေသ တစ်လျှောက်မှ နတ်မိစ္ဆာများကို သုတ်သင်ပစ်ခဲ့ပြီး "သေစခြင်း ကျောင်းတော်" ကို တည်ထောင်ခဲ့သည်။ သူ၏ မရဏာစွမ်းအားများ အပေါ်တွင် ချန်ကျန့်မေသည် တစ်ချက်ကလေးမှ သံသယမဝင်ခဲ့ပါချေ။ ယခုတော့ သူ့ကိုယ်သူ အဆုံးသတ်ရမည့် အချိန်သို့ ရောက်လာခဲ့ရပြီ ....။

ရုပ်ခန္ဓာ ချုပ်ငြိမ်းသွားလျှင် အတ္တလည်းရှိမည် မဟုတ်တော့ပေ။ ထိုသို့ အတ္တမရှိခြင်းကို အနတ္တဟု ခေါ်ဆိုခြင်းဖြစ်ပေ၏။

ထိုအဆင့်သို့ ရောက်ရှိခြင်းကို “စစ်မှန်သည့် မရဏဓား” ဟု

သတ်မှတ်နိုင်မည် ဖြစ်လေသည်။

သူ၏ အတွေးများသည် မိုးသီးအစိုင်အခဲများနှင့် တူလေ

သည်။ အေးစက်ပြီး အကြင်နာတရား ကင်းမဲ့လွန်းသည်။ ထို

အတွေးတိုင်းသည် ချန်ကျန့်မေ၏ နှလုံးသားကို ရောင်ပြန်ဟပ်

လျက် ရှိလေသည်။

အတိတ်တစ်ချိန်မှ အကြောင်းအရာများကို လျှပ်တပြက်

ပြန်လည် စဉ်းစားမိသည့်တိုင် ထိုအတွေးများက သူ၏

ငြိမ်းချမ်း တည်ငြိမ်မှုကို ဖျက်ဆီးမပစ်နိုင်ခဲ့ပါ။

ဓားကို တင်းတင်းဆုပ်ကိုင်ခဲ့ပြီး ဖြတ်သန်းခဲ့ရသည့် အထီးကျန်

ဆန်လွန်းသည့် နှစ်ပေါင်း(၄၀) ကျင့်ကြံခဲ့ရမှုများ ...

ရှီးဟွမ်တွင် ရရှိခဲ့သည့် အောင်မြင်မှုများ ...

သွေးနီရောင် ပင်လယ်ထဲတွင် ရရှိခဲ့သည့် အောင်မြင်မှုများ ...

ထိုအရာများ အားလုံးသည် ဆရာသခင် ကျန်းရှော့ရှီး၏ ကျေးဇူးတရားနှင့် နှိုင်းယှဉ်လျှင် မပြောပလောက်ပါ။ ဆရာသခင် ကျန်းရှော့ရှီး၏ ပုံရိပ်သာလျှင် သူ၏အတွေးထဲတွင် ရှင်းလင်း နေခဲ့လေသည်။

ယနေ့အချိန်တွင်တော့ ...

သူသည် ဓားသိုင်းလမ်းစဉ်ကို ကျင့်ကြံခဲ့သည့်အတွက် သူ့ကိုယ်သူလည်း ကျေးဇူးတင်မည် မဟုတ်သလို သူ၏ ရန်သူများကိုလည်း ကျေးဇူးတင်မည် မဟုတ်ပေ။ သူသည် ဆရာသခင် ကျန်းရှော့ရှီးကိုသာလျှင် ကျေးဇူးတင်မည် ဖြစ်လေသည်။

သူသည် မွေးရာပါ အကြြင်နာတရား ကင်းမဲ့သည့် နှလုံးသားကို ပိုင်ဆိုင်သူဖြစ်လေသည်။

သို့သော် “ဆရာသခင် ကျန်းရှော့ရှီး” က ကိုယ်ချင်းစာတရားထားတတ်အောင် သူ့ကို သင်ပြပေးခဲ့လေသည်။

အနတ္တစားကို အောင်မြင်သွားသည့် အခါတွင်တော့ သူ့တွင် နောက်ဆုံးကျန်ရှိသည့် ကိုယ်ချင်းစာစိတ် အနည်းငယ်လေးသည် ပင်လျှင် ပျောက်ကွယ် သွားတော့မည်လား မပြောတတ်ပါပေ။

ချန်ကျန့်မေသည် ...

အနည်းငယ် တွန့်ဆုတ် နေခဲ့လေသည်။

သို့သော် ... တွန့်ဆုတ်နေပြီးသည့် နောက်ပိုင်းတွင်တော့ ခိုင်မာသည့် ဆုံးဖြတ်ချက် တစ်ခုကို ချမှတ် လိုက်လေတော့သည်။

အခန်း (၆၂၁) တောင်ပေါ်သို့အပြန်

ကြိုတ်ဆုံကြီးထဲတွင် ပိတ်မိနေလျက်နှင့်ပင် ဆန်းလျန်သည်

ချန်ကျန့်မေ စိတ်သဘောထားကို သိရှိနေခဲ့လေသည်။

ချန်ကျန့်မေသည် အနတ္တဓားကို အသုံးပြုရန်အတွက် သူ့ကိုယ်

သူ လုံး၀ ဖျက်ဆီးပစ်ပေတော့မည်။

ချန်ကျန့်မေ၏ ဓားသိုင်းအပေါ်တွင် ထားရှိသည့် ရည်မှန်းချက်

ကို ဆန်းလျန် ကောင်းကောင်း နားလည်ထားလေသည်။

သို့သော် ... ယခုအချိန်တွင်တော့ ဆန်းလျန်သည် အမှန်

တကယ်ပင် စွမ်းအားများအား လျော့နေပြီ ဖြစ်လေသည်။

ဆန်းလျန်က တတ်နိုင်သမျှ နတ်ဘုရား စွမ်းအားများကို စုစည်း

လိုက်ကာ စကားပြောလိုက်လေသည်။

"ဂိုဏ်းတူအစ်ကို ... ဒီလိုမလုပ်ခင် ထပ်စဉ်းစားပါဦး"

နောက်ဆုံးတော့ ချန်ကျန့်မေသည် သူ၏နှလုံးသားထဲမှ

အတိတ် အကြောင်းအရာများ အားလုံးကို မေ့ပစ်လိုက်လေ

သည်။

သူက တည်ငြိမ် အေးဆေးစွာဖြင့် တစ်ချက်ပြုံးလိုက်ရင်း ...

"ဂိုဏ်းတူညီလေး ..."

ရိုးရှင်းသည့် အခေါ်အဝေါ်တစ်ခုသာ ချန်ကျန့်မေ၏ နှုတ်ဖျား မှ ထွက်ပေါ်လာလေသည်။

ထိုမျှ ရိုးရှင်းသည့် အခေါ်အဝေါ်လေး တစ်ခုသည် အဓိပ္ပာယ် များစွာဖြင့် ပြည့်နှက်နေခဲ့လေသည်။

ချန်ကျန့်မေရင်ထဲမှ ပြောချင်သည့် စကားများနှင့် မပြောချင် သည့် စကားများအားလုံးသည် ထိုအခေါ်အဝေါ်လေးထဲတွင် ပေါင်းစပ် ပါဝင်နေပါလေ၏။

ဆန်းလျန်၏ ဘဝတစ်လျှောက်လုံးတွင် ...

ချန်ကျန့်မေပြောသည့် စကားပေါင်းများစွာကို နားထောင်ခဲ့ဖူး ပါသည်။ သို့သော် ... ယနေ့ ချန်ကျန့်မေ၏ နှုတ်ဖျားမှ ထွက် လာသည့် စာကြောင်း တစ်ကြောင်းပင် မဟုတ်သည့် အခေါ်အ

ဝေါ်လေး တစ်ခုသည် အလွန်မှုနက်ရှိုင်းပြီး ကျေးဇူးတင်

တန်ဖိုးထားခြင်းများဖြင့် ပြည့်နှက်နေခဲ့လေသည်။

ဤသည်မှာ ချင်းရွှမ်နတ်တံခါးတွင် အစပြုခဲ့သည့် သူ

တို့(၂)ယောက်၏ ခင်မင်မှုနှင့် ညီအစ်ကို သံယောဇဉ်ပင် ဖြစ်

လေသည်။

ထို့ထက်ပိုသည့် အချက်မှာ … သူတို့ ညီအစ်ကို

(၂)ယောက်လုံး၏ ရင်ထဲမှ ဆရာသခင် ကျန်းရှော့ရှီးအပေါ်

ထားရှိသည့် ကိုးကွယ်ယုံကြည် လေးစားမှုများသည် ထပ်တူ

ကျခဲ့ခြင်းပင် ဖြစ်လေတော့သည်။

အတိတ်တစ်ချိန်ကသာ ဆိုလျှင် …

ကျိန်းသေပင် ဆန်းလျန်သည် ချန်ကျန့်မေကို မူးသည်အထိ

အရက်တိုက်မိမည် ဖြစ်လေသည်။

သို့သော် … ယခုတော့ အခြေအနေက မတူတော့ပေ။

ဆန်းလျန်၏ တစ်ဘဝလုံးတွင် အစ်ကိုဖြစ်သူ ချန်ကျန့်မေ သူ့

အပေါ်တွင် ထားရှိသည့် ခံစားချက်များနှင့် သစ္စာရှိမှုများကို

တစ်ခါမှ တွေ့မြင်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

လောကတွင် ခံစားချက်အများဆုံး လူတစ်ယောက်သည်

အတည်ငြိမ်ဆုံး လူတစ်ယောက် ဖြစ်နိုင်လေသည်။

သံယောဇဉ် အကြီးမားဆုံး လူတစ်ယောက်သည် အစွန့်လွှတ်

နိုင်ဆုံး လူတစ်ယောက်လည်း ဖြစ်နိုင်ပါပေ၏။

ယခုအချိန်တွင် ...

ချန်ကျန့်မေ၏ ခံစားချက်များ အားလုံးကို နားလည်ပေးနိုင်သူ

မှာ ဆန်းလျန် တစ်ယောက်သာလျှင် ရှိတော့သည်။

လူတစ်ယောက်သည် အတ္တကင်းစင်သည့် ဆုံးဖြတ်ချက်တစ်ခု

ကို ချလိုက်တော့မည်ဆိုလျှင် အောင်မြင်သည်ဖြစ်စေ ရှုံးနိမ့်

သည်ဖြစ်စေ အရေးမကြီးတော့ပါ။

ထိုအရာသည် လွတ်မြောက်ခြင်း အစစ်ဖြစ်လေ၏။

ဆန်းလျှန်၏ ရင်ထဲတွင်တော့ ...

ချန်ကျန့်မေကို ပြောချင်သည့် စကားများစွာ ရှိနေခဲ့လေသည်။ ထို့ပြင် ချန်ကျန့်မေကို မတားဆီးနိုင်သည့် အတွက်လည်း သူ့ကိုယ်သူ မုန်းတီးနေမိလေသည်။

သူ၏ မူလဝိညာဉ်ခန္ဓာမှ ကြောက်မက်ဖွယ်ရာ ခံစားချက်လှိုင်းများ ထွက်ပေါ်လာလေသည်။ သူ၏ တည်ငြိမ်ခိုင်မာ လွန်းသည့် တာအိုစိတ်နှလုံးသည် ထိုမျှလောက် ပြင်းပြင်းထန်ထန် တစ်ခါမှ မလှုပ်ရှားခဲ့ဖူးပေ။

သူ၏မျက်ခုံးနှစ်ခု ကြားမှ အနီရောင်ပြဒါးရှင် သင်္ကေတသည်ပင်လျှင် တစ်ခါမှမဖြစ်ဖူးသည့် မငြိမ်သက်မှုများ ဖြစ်ပေါ်လျက် ရှိလေသည်။

ခံစားချက်များကို ခုခံရန်ကြိုးစားလေ ဝမ်းနည်း ဒေါသထွက်မှုများက ပိုပြီး ဖြစ်ပေါ်လာလေ ဖြစ်ရလေသည်။ ထိုသို့ ခံစားချက် ပြင်းထန်နေသည့် အတွက် သေခြင်းရှင်ခြင်း စာအုပ်မှ

တန်ခိုးစွမ်းအားများမှာ ပိုပြီး မြင့်မားလာလေသည်။ သူ၏ မျက်ခုံးနှစ်ခုကြားမှ လောကအသစ်ကို ဖွင့်လှစ်နိုင်သည့် မျိုးစေ့သည် အက်ကွဲလုမတတ်ပင် ဖြစ်သွားရလေသည်။ သို့သော် ဆန်းလျန်သည် ဂရုမစိုက်တော့ပါ။ သူသည် ချက်ချင်း ကြိတ်ဆုံအတွင်းမှ ထွက်ပြီး အနတ္တဓားကို အသုံးပြုတော့မည့် ချန်ကျန့်မေကို တားဆီး ချင်နေမိလေသည်။

ထိုအချိန်တွင် ...

ချန်ကျန့်မေ၏ မျက်ခုံးနှစ်ခုကြားမှ သွေးစက်များ ကျဆင်းလာလေသည်။

ချန်ကျန့်မေသည် သွေးနီရောင် ကြာပန်းပွင့်ချပ် (၉)လွှာမှ သွေးများအားလုံးကို စုပ်ယူလိုက်ပြီး သူ၏ခန္ဓာကိုယ်မှ ထူးဆန်းသည့် အလင်းတန်းများ ထွက်ပေါ်လာလေသည်။

တစ်နည်းအားဖြင့် ဆိုလျှင် ...

သွေးနီရောင် ကြာပန်းသည် ချန်ကျန့်မေဖြစ်သလို ချန်ကျန့်မေ

သည်လည်း သွေးနီရောင် ကြာပန်းပင် ဖြစ်လေသည်။

တစ်သားတည်း ပေါင်းစပ်သွားသည့် သဘောပင်။

သို့သော် ... အနတ္တဓား ထွက်ပေါ်လာသည်နှင့် ချန်ကျန့်မေ

လည်း ရှိတော့မည် မဟုတ်သလို သွေးနီရောင်ကြာပန်းလည်း ရှိ

တော့မည်မဟုတ်ပေ။ မိမိကိုယ်ကို သတ်သေသကဲ့သို့ ဖြစ်စေ

သည့် ကျင့်စဉ်များစွာ လောကတွင် ရှိသည့်တိုင် ချန်ကျန့်မေ၏

အနတ္တဓားနှင့် ယှဉ်ပြိုင်၍ မရနိုင်ပေ။

"အနတ္တဓား" သည် ထိပ်တန်းအဆင့် ဓားသိုင်းတစ်ခု ဖြစ်လေ

သည်။

အနတ္တဓားဆိုသည်မှာ အထွတ်ထိပ် နတ်ဘုရားတစ်ပါး အဆင့်

သို့ ရောက်ရှိနေသည့် တာအိုကျင့်ကြံသူ တစ်ယောက်က အရာ

အားလုံးကို စတေးခံလိုက်ခြင်းပင် ဖြစ်လေသည်။

လူတစ်ယောက်၏ ကြီးမြတ်သည့် စွန့်လွှတ် အနစ်နာခံမှုသည် ကြီးမားသည့် ပြောင်းလဲမှုကြီးများကိုလည်း ဖြစ်စေနိုင် လေသည်။

ချန်ကျန့်မေသည် ပြုံးလိုက်ပြီး သူ၏ဓားကို ရှေ့သို့ ထိုးညွှန်လိုက်လေသည်။

ဂိုဏ်းတူညီလေးရာ … ဂိုဏ်းတူညီလေး …

ကျုပ် … ချန်ကျန့်မေဆိုတဲ့သူဟာ ဒီနေ့မှာ ဒီလိုလုပ်ရပ်မျိုး လုပ်မိလိမ့်မယ်လို့ ကျုပ်ကိုယ်တိုင်တောင် ကြိုမသိခဲ့ရပါလားကွာ …။

ထျန်းယီမှာ အလွန်ထိတ်လန့် တုန်လှုပ်သွားမိလေသည်။ သွေးနီရောင်ကြာပန်းမှ အသက်ဓာတ် စွမ်းအားများမှာ ကြောက်မက်ဖွယ်ရာ ကောင်းလှသည့်အတွက် ထျန်းယီမှာ မတုန်လှုပ်ပဲ အဘယ်မှာ နေနိုင်ပါမည်နည်း။

တာအိုဆရာ လုယာကတော့ ဆက်လက် တိုက်ခိုက်နေဆဲ ဖြစ်လေသည်။

ယွမ်ကျွင်းကေရီ၊ တာ့ရှားကေရာဇ်၊ လနတ်သမီးတို့သည်လည်း ထူးဆန်းသည့် အဖြစ်အပျက်ကြောင့် တုန်လှုပ် သွားကြရလေသည်။

တာအိုဝါဒတွင် အဆင့်အမြင့်ဆုံးသော တာအိုဆရာသခင်ကြီး လုယာ ...

လောကတွင် အသိဉာဏ်ပညာ အမြင့်မားဆုံးနှင့် အတွေ့အကြုံ အများဆုံးဖြစ်သည့် ယွမ်ကျွင်းကေရီ ...

ထိုသူများသည်ပင်လျှင် ချန်ကျန့်မေ အသုံးပြုတော့မည့် "အနတ္တဓား" ၏ ကြည်ညိုလေးမြတ်ဖွယ်ရာ ကောင်းမှုကို ခံစားလိုက်ကြရလေသည်။

သူတို့သာ ချန်ကျန့်မေနေရာတွင် ရှိနေခဲ့မည်ဆိုလျှင် ဂိုဏ်းတူညီငယ် တစ်ယောက်ကို ကယ်တင်ရန်အတွက် ထိုမျှကြီးမား

သည့် စတေးခံ ပေးဆပ်မှုမျိုးကို ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပေ။

ချန်ကျန့်မေသည် "ငါ" ဆိုသည့် အတ္တကို ပယ်သတ် နိုင်ခဲ့လေသည်။

သူ၏လုပ်ရပ်သည် အကြီးမြတ်ဆုံး တာအို ဆရာသခင်ကြီး၏ နေရာကို ရယူနိုင်သည်အထိ မြင့်မြတ်လေသည်။ သို့သော် ....

ချန်ကျန့်မေ လျှောက်မည့်လမ်းသည် ပြန်လမ်းမဲ့ခဲ့လေပြီ။

သူ၏လုပ်ရပ်သည် အဓိပ္ပာယ်မရှိပါ ...။ သို့သော် ...

သူ၏လုပ်ရပ်သည် အဓိပ္ပာယ်နှင့် ပြည့်ဝလျက် ရှိနေပြန်သည်။

အတ္တကင်းစင်သွားသည့် အခါ တာအိုတရားသည် ကြည်လင်ရှင်းလင်းသွားလေသည်။

ဆန်းလျန်ကို ကြိတ်ဆုံထဲတွင် ကြိတ်ချေနေသည့် သေခြင်းရှင်ခြင်း တန်ခိုးစွမ်းအားများသည် သေခြင်းရှင်ခြင်း စာအုပ်မှ အရင်းခံလာခြင်း ဖြစ်လေသည်။ သေခြင်းရှင်ခြင်း စာအုပ်

သည် စကြဝဠာ၏ မပြောင်းလဲနိုင်သည့် မဟာတာအို လမ်းစဉ် ဖြစ်လေသည်။

သေခြင်းရှင်ခြင်း တန်ခိုးစွမ်းအားများကို ဖျက်ဆီးပစ်နိုင်ရန် အတွက် သူနှင့် အဆင့်အတန်း တူညီသည့် တန်ခိုးစွမ်းအားရှိမှ သာလျှင် ပြုလုပ်နိုင်မည် ဖြစ်လေသည်။

ချန်ကျန့်မေ၏ စတေးခံမှုသည် တန်ပါရဲ့လား …။

ချန်ကျန့်မေမှလွဲပြီး မည်သူမှ ထိုအဖြေကို သိနိုင်မည် မဟုတ် ပေ။

အနစ်နာခံပေးဆပ်ရန် အတွက် တန်သည်လား၊ မတန်ဘူးလား ဆိုသည့်အဖြေကို ပေးဆပ်သူ ကိုယ်တိုင်သာ သိပေလိမ့်မည်။ မည်သူမှ သိနိုင်မည် မဟုတ်ပါ။

ချန်ကျန့်မေသည် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်လေ သည်။

ယခင်က …

ကောင်းကင်ကြီး ထိုမျှလှပသည်ကို သူမသိခဲ့ပါ။ သို့မဟုတ် ...

သူ့ဘဝတွင် မိုးကောင်းကင်ကြီး၏ အလှတရားကို တစ်ခါမှ မ

ခံစားမိခဲ့ခြင်းလည်း ဖြစ်နိုင်လေသည်။

မိုးကောင်းကင် နိယာမများ၊ လူသားများ လူပြန်ဝင်စားခြင်းနှင့်

ဓားသိုင်းပညာ .... ထိုအရာများသည် လုံလောက်ခြင်း မရှိပါ။

သွေးနီရောင် ကြာပန်းမှ သွေးများ ခန်းခြောက်သွားပြီး ဖွင့်ဖတ်

များသည် လှပစွာဖြင့် လေထဲတွင် လွင့်နေကြလေသည်။

သွေးနီရောင် ကြာပန်း၏ နောက်ဆုံးအချိန်သည် လှပလိုက်

သည့်ဖြစ်ခြင်း ...။

သွေးနီရောင် ကြာပန်းအတွင်းမှ သွေးနီရောင် ဓားရှည်တစ်

လက် ထွက်ပေါ်လာလေသည်။

ထိုဓားရှည်သည် (၃)ပေနှင့် (၃)လက်မတိတိ ရှည်လျားပြီး

ဓား၏ဖြက်အကျယ်မှာ (၁)လက်မတိတိ ရှိလေ၏။ ချန်ကျန့်

မေသည် ထိုဓားကို ဆုပ်ကိုင်လိုက်လေသည်။

ထို့နောက် သူသည် လေထဲတွင် ရှေ့သို့ ခြေတစ်လှမ်း လှမ်း လိုက်ပြီး သူ့ရှေ့မှ ကြိတ်ဆုံကြီးကို ဦးတည်ကာ ထိုးခွင်း လိုက် လေတော့သည်။

စကြဝဠာ တုန်လှုပ်သွားစေသည့် တန်ခိုးစွမ်းအား ပေါက်ကွဲမှု ကြီး ဖြစ်ပေါ်မလာခဲ့ပါ။ မိုင်ပေါင်းတစ်သောင်း ရှည်လျားသည့် ဓားဝိညာဉ် တန်ခိုးစွမ်းအားများလည်း ထွက်ပေါ်လာခြင်း မရှိ ပါ။

သေခြင်းရှင်ခြင်း တန်ခိုးစွမ်းအားများဖြင့် ပြည့်နေသည့် ကြိတ်ဆုံကြီးသာလျှင် တိတ်ဆိတ်စွာဖြင့် ကွဲအက်သွားခဲ့လေ သည်။

တစ်ချိန်တည်းမှာပင် ...

တာအိုဆရာ လုယာဖန်ဆင်းထားသည့် ဗုဒ္ဓခန္ဓာသည် ပြို ကွဲပျက်စီး သွားရသလို ယွမ်ကျွင်းကေရီ၏ ရောမနတ်ဘုရား ခန္ဓာကြီးသည်လည်း ကွဲအက်သွားခဲ့လေသည်။

လုယာသည် သက်တံရောင် အလင်းတန်းအဖြစ်သို့ပင် သူ့ကိုယ်သူ ပြောင်းလဲပစ်နိုင်ခြင်း မရှိတော့ပါ။

တာ့ရှားကေရာဇ်သည် မိစ္ဆာဓားကောက်ကြီးကို တင်းတင်းဆုပ်ကိုင်ရင်း မတ်တတ် ရပ်နေလေသည်။ ထိုက်စန်းတောင်ကြီးကဲ့သို့ တည်ငြိမ်လွန်းသည့် တာ့ရှားကေရာဇ်၏ ဓားကိုင်လက်သည် ထိန်းချုပ်နိုင်မှု ကင်းမဲ့စွာဖြင့် တဆတ်ဆတ်တုန်ယင်လျက် ရှိလေသည်။

အနတ္တဓားမှ တိတ်တဆိတ် ပျံ့နှံ့လာသည် မရဏအငွေ့အသက်များသည် သူတို့အားလုံး၏ ခန္ဓာကိုယ်များကိုထိခိုက် စေခဲ့လေသည်။

ချန်ကျန့်မေ၏ "အနတ္တဓား" သည် အံ့သြစရာ ကောင်းလောက်အောင် သူတို့အားလုံးကို တစ်ကြိမ်တည်းဖြင့် ထိခိုက်စေခဲ့ပြီဖြစ်လေသည်။

သူတို့သည် … တိုက်ပွဲကို ဆက်မတိုက်နိုင်တော့ပါချေ။

သေခြင်းရှင်ခြင်း စာအုပ်သည် အလျင်အမြန် ထွက်ခွာသွား လေသည်။ ထို့နောက် ... သေခြင်းရှင်ခြင်း စာအုပ်၏ မူလ အရင်းအမြစ်မှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများ သည် လည်း ရုပ်တန့်သွားခဲ့လေသည်။

ဆန်းလျန်ကို ကြိတ်ချေနေသည့် ကြိတ်ဆုံကြီးသည် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး သဲလွန်စပင် မကျန်တော့ ပေ။

ဆန်းလျန်သည် လွတ်မြောက်သွားပြီ ဖြစ်လေသည်။

လေထဲတွင် သူ့ထံသို့ လျှောက်လှမ်း လာနေသည့် ချန်ကျန့်မေ ကို မြင်တွေ့နေရလေသည်။

ချန်ကျန့်မေသည် မည်သည့်ဒဏ်ရာမှ ရရှိထားခြင်း မရှိပါ။ သို့သော် ... ချန်ကျန့်မေကို တွေ့မြင်နေရသည့် မြင်ကွင်းသည် ဆန်းလျန်၏ဘဝတွင် ရင်အနင့်ရဆုံး မြင်ကွင်းဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ... ချန်ကျန့်မေ၏ ရုပ်ခန္ဓာသည် မရှိမှု ဆီသို့ တဖြည်းဖြည်း စီးဝင်ပျက်ပြယ်နေပြီး အသက်ဓာတ် စွမ်းအားများလည်း ပျောက်ကွယ်နေပြီ ဖြစ်လေသည်။

ချန်ကျန့်မေသည် ဆန်းလျန်နှင့် နီးကပ်လာသည်နှင့် သူ၏ဓား ကို လေထဲသို့ ထိုးစိုက်ချလိုက်လေသည်။

ထိုအခါ လေထဲတွင် ရေကဲ့သို့သော ကြည်လင်သည့် အပေါက် တစ်ပေါက် ဖြစ်ပေါ်လာလေသည်။

ထိုအပေါက်ထဲမှ တစ်ဆင့် အခြားသော လောကတစ်ခုကို တွေ့ မြင်နိုင်လေသည်။ ထိုလောကသည် ဆန်းလျန်နှင့် အလွန်မှ ရင်းနှီး ကျွမ်းဝင်ရှိလှလေသည်။

ဆန်းလျန်သည် ချန်ကျန့်မေကို ထိကိုင်ကြည့်ရန်အတွက် သူ၏လက်ကို အသာအယာ ဆန့်တန်းလိုက်လေသည်။

သို့သော် ... ချန်ကျန့်မေ၏ ခန္ဓာကိုယ်သည် ချက်ချင်းပင် အမှုန်မှုန့်များအဖြစ်သို့ ပြောင်းလဲကာ လွင့်ပြယ် သွားလေ

တော့သည်။ ဤသည်မှာ အနတ္တဓားကို ကျင့်ကြံခဲ့ခြင်း၏ စစ်မှန်သည့် အဓိပ္ပာယ်ပင် ဖြစ်လေသည်။

ချန်ကျန့်မေ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သို့သော် … သွေးနီရောင် မရဏဓားကတော့ ကျန်ရစ်ခဲ့ပါလေ၏။

ထိုဓားသည် တိတ်ဆိတ်စွာဖြင့် ဆန်းလျန်၏ ခြေရင်းသို့ ကျဆင်းလာလေသည်။

ဆန်းလျန်သည် ဓားကို ကောက်ယူလိုက်လေသည်။

ထို့နောက် … ဓားကို ဆုပ်ကိုင်ထားရင်းဖြင့်ပင် ယွမ်ကျွင်းကေရှီ၊ မြင့်မြတ်သည့် တာအိုဆရာသခင်လုယာ၊ ထျန်းယီ၊ လနတ်သမီးနှင့် တာ့ရှားကေရာဇ်တို့ ရှိရာသို့ လှည့်ကြည့်လိုက်လေသည်။

ဆန်းလျန်သည် ထိုသူများကို တစ်ချက်မျှ ငေးကြည့်ပြီးသည့်နောက် …

အနတ္တစားဖြင့် ချန်ကျန့်မေ ဖန်ဆင်းပေးသွားသည့် ရေကဲ့သို့ ကြည်လင်သည့် အပေါက်အတွင်းသို့ ဝင်ရောက် သွားလေတော့သည်။

သူသည် အနောက်သို့ လုံးဝ လှည့်မကြည့်တော့ပါ။

သို့သော် ... သူပြန်လာမည် ဖြစ်လေသည်။

***

ချင်းရွှမ်နတ်တံခါး ...

ချင်းရွှမ် နတ်တံခါးသည် ကျင့်ကြံသူ လောကတွင် ဒုတိယ အင်အားအကြီးမားဆုံး နတ်ဘုရားဂိုဏ်းကြီး တစ်ခု ဖြစ်နေပြီ ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ချင်းရွှမ်နတ်တံခါးသည် တပည့်များကို အားနည်းချက် အားသာချက်များနှင့် အညီ လိုက်လျောညီထွေ သင်ကြားပြသပေးသည့် ကျောင်းတော်ကြီး ဖြစ်ပြီး အလွန်အမင်း စည်းကမ်း တင်းကျပ်ခြင်းလည်း မရှိပါချေ။

များပြားလှစွာသော ကျင့်ကြံသူဂိုဏ်းများ၊ တာအိုဂိုဏ်းများသည် ချင်းရှမ်နတ်တံခါးနှင့် ပူးပေါင်း ခဲ့ကြလေသည်။

ကျင့်ကြံသူ ဂိုဏ်းပေါင်းများစွာသည် သူတို့ကိုယ်ပိုင် ကျင့်စဉ်များကို ချင်းရှမ်နတ်တံခါးသို့ လွှဲပြောင်းပေးခဲ့ကြပြီး သူတို့ကိုယ်သူတို့ ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းခွဲများအဖြစ် သတ်မှတ်ခဲ့ကြလေသည်။

သူတို့အားလုံးက ချင်းရှမ်နတ်တံခါးကို သူတို့ဂိုဏ်းများ၏ ခေါင်းဆောင်အဖြစ် သတ်မှတ် ထားခဲ့ကြလေသည်။

ထို့ပြင် … သမုဒ္ဒရာ တစ်ဖက်ကမ်း နေရာဒေသများမှ ကျင့်ကြံသူ ဂိုဏ်းများမှာလည်း ချင်းရှမ်နတ်တံခါးနှင့် မဟာမိတ်ပြုကြလေသည်။ လုကျိုးရှမ်သာ ရှမ်ထျန်း နတ်ဘုရားဂိုဏ်း၏ ဂိုဏ်းခွဲများ၊ မဟာမိတ်များကို သူ့ဘက်ပါအောင် စည်းရုံးထားနိုင်ခြင်း မရှိပါက လောကပထမ နတ်ဘုရားဂိုဏ်းကြီးသည် ချင်းရှမ်နတ်တံခါးသာ ဖြစ်လာမည်မှာ အမှန်ပင် ဖြစ်လေသည်။

လက်ရှိအချိန်တွင် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်သည် ချန်ကျင်းချင် ဖြစ်လေသည်။

သူသည် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်ခဲ့သူ ဆန်းလျန်၏ တပည့်ရင်းဖြစ်သည့် အတွက် ဂိုဏ်းချုပ်နေရာကို ဆက်ခံခဲ့ခြင်း ဖြစ်လေသည်။ ချန်ကျင်းချင်သည် နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံခဲ့သူ တစ်ယောက်ဖြစ်ပြီး သူ့ကို ဒုတိယ ဆန်းလျန်ဟုပင် တင်စားကြလေသည်။ ထို့ပြင် ချန်ကျင်းချင်သည် မကြာခင်တွင် လောကကို ကျော်လွန်တော့မည်ဟု လူတိုင်းက ယူဆထားကြလေသည်။

ထို့ပြင် ချင်းရှမ်နတ်တံခါးတွင် နူးညံ့သိမ်မွေ့ပြီး တရားမျှတသည့် ချန်ကျင်းချင် တစ်ယောက်သာ ရှိသည်မဟုတ်ပါ။ လောကပထမ ဓားတန်ခိုးရှင် ဖန်းယန်ယင်းလည်း ရှိနေခဲ့လေသည်။

ထိုက်စန့် နတ်ဘုရားဂိုဏ်းမှ ဂိုဏ်းချုပ်သည်ပင် ဖန်းယန်ယင်း နတ်သမီးကို ရှုံးနိမ့်ခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် သူမ၏ တန်ခိုးစွမ်းအားများသည် အတိတ်တစ်ချိန်က ကျိုလင် နတ်သမီးထက်ပင် အဆင့်မြင့်ကြောင်း သိသာလွန်းလေသည်။ အကယ်၍ ချန်ကျင်းချင်နှင့် ဖန်းယန်ယင်းသာ ယှဉ်ပြိုင် တိုက်ခိုက်ကြမည် ဆိုလျှင် ချန်ကျင်းချင်သည် ဖန်းယန်ယင်း ကိုတော့ အနိုင်ရနိုင်မည် မဟုတ်ဟု လူအများက သုံးသပ်ကြ လေသည်။

ဖန်းယန်ယင်းသည် ဆရာဖြစ်သူ ချန်ကျန့်မေ၏ သဏ္ဍာန်မဲ့ဓား သိုင်းကို အမွေဆက်ခံခဲ့ပြီး သူမ၏ မရဏဓားအစွမ်းသည် ချန် ကျန့်မေ လူ့လောကမှ ပျောက်ကွယ်သွားစဉ် အချိန်ကထက်ပင် မြင့်မားနေခဲ့ပြီ ဖြစ်လေသည်။

သူတို့(၂)ယောက် ချင်းရွှမ်တွင် ရှိနေသမျှ ကာလပတ်လုံး

နတ်မိစ္ဆာ မဟာတန်ခိုးရှင်ကြီး ပင်လျှင် ချင်းရွှမ်နတ်တံခါးကို

လာရောက် ရန်စရဲလိမ့်မည် မဟုတ်ပေ။

ရုတ်တရက်ပင် ...

ထူးဆန်းသည့် ဖြစ်ရပ်တစ်ခု ချင်းရွှမ်နတ်တံခါးတွင် ဖြစ်ပျက်

ခဲ့လေသည်။

ချင်းရွှမ်နတ်တံခါး၏ ကန့်သတ်နယ်မြေ ဖြစ်သည့် ကျီဖူ

တောင်ထိပ်၊ ထိုက်ဝေ့ထိုင် ခန်းမဆောင်တွင် စိုက်ပျိုးထား

သည့် ရှေးဟောင်းမိုးမခပင်သည် မထင်မှတ်စွာပင် ပန်းများ

ပွင့်လန်းလာခြင်းပင် ဖြစ်လေသည်။

ပန်းရနံ့များမှာ မွှေးပျံ့လွှမ်းလှသည့် အတွက် ချင်းရွှမ်နတ်

တံခါးမှ ကျင့်ကြံသူများ အားလုံးမှာ တအံ့တသြဖြစ်လျက် ရှိ

ကြလေတော့သည်။

အခန်း (၆၂၂) မိုးမခပင်အောက်မှအုတ်ဂူ

ဆန်းလျန် ပျောက်ကွယ်သွားပြီးသည့် နောက်ပိုင်း ကျီဖူ

တောင်ထိပ်တွင် မည်သူမှ နေထိုင်ခြင်း မရှိကြတော့ပေ။

ထိုက်ဝေ့ထိုင် ခန်းမဆောင်ကိုလည်း တားမြစ်နယ်မြေအဖြစ်

သတ်မှတ်လိုက်ပြီး မည်သူမှ လာရောက်ခွင့် မရှိတော့ပေ။

ဂိုဏ်းချုပ်၏ တရားဝင် အမိန့်မရလျှင် ဖော့ဝမ့်အဆင့်ကျင့်ကြံ

သူ တစ်ယောက်ပင်လျှင် ထိုက်ဝေ့ထိုင် ခန်းမဆောင်သို့ ကိုယ့်

သဘောနှင့်ကိုယ် ဝင်ရောက်၍ မရနိုင်ပေ။

ထို့ပြင် ချန်ကျင်းချင်သည် ကျီဖူတောင်ထိပ်တွင် တည်ရှိသည့်

နတ်ဘုရားများ အလင်းတရားရရှိသွားရာ နေရာများဖြစ်သည့်

တာအိုကျောင်းဆောင်များ ကိုလည်း တားမြစ်နယ်မြေထဲတွင်

ထည့်သွင်းကာ ထိန်းသိမ်း စောင့်ရှောက်မှုများ ပြုလုပ်ထားလေသည်။ ထိုနေရာများသို့ လောကနတ်ဘုရား တစ်ပါးပင် လာရောက်ရန် ခက်ခဲလေသည်။

စည်းကမ်းချိုးဖောက် ဝင်ရောက်သူ ရှိပါကလည်း ထိုက်ယီတောင်ထိပ်တွင် နေထိုင်ပြီး စကြဝုတန်ခိုးဖြင့် ကြည့်နေသည့် ချန်ကျင်းချင်သည် ချက်ချင်းပင် သိရှိသွားနိုင်လေသည်။ ထို့ကြောင့် မည်သူမှ တားမြစ်နယ်မြေသို့ မလာရောက်ရဲကြပေ။

ထို့ကြောင့် မည်သူမှ ဝင်ရောက်နိုင်ခြင်း မရှိသည့် တားမြစ်နယ်မြေ ဖြစ်သည့် ကျီဖူတောင်ထိပ်တွင် ထူးဆန်းသည့် အပြောင်းအလဲများ ဖြစ်ပေါ်လာခြင်းသည် ချင်းရွှမ် တောင်တစ်ခွင်ရှိ ကျင့်ကြံသူများကို တုန်လှုပ် ချောက်ချားစေခြင်းမှာ အံ့သြစရာတော့ မဟုတ်ပါချေ။

ယခုကဲ့သို့ ထူးခြား ဆန်းကြယ်မှုမျိုးသည် အဘယ့်ကြောင့် ဖြစ်ပေါ်လာရပါသနည်း။

ချင်းရွှမ်နတ်တံခါးသို့ အပြင်လူတစ်ယောက် ကျူးကျော် ဝင်ရောက် လာခြင်းလေလား။ ထိုသို့ဆိုလျှင်တော့ ချင်းရွှမ်နတ်တံခါးအတွက် အရှက်ရစရာကိစ္စပင် ဖြစ်လေသည်။

ချန်ကျင်းချင်သည် ချင်းရွှမ် ခန်းမဆောင်ထဲတွင် တရားထိုင်နေလေသည်။

သူ၏မျက်လုံးများဆီမှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး ကျီဖူတောင်ထိပ်ရှိ ထိုက်ဝေ့ထိုင် ခန်းမဆောင်ရှိရာသို့ စူးစိုက် ကြည့်လိုက်လေသည်။

သို့သော် ... သူသည် ယခင်ကကဲ့သို့ ထိုက်ဝေ့ထိုင် ခန်းမဆောင်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရခြင်း မရှိတော့သည်ကို အံ့သြစွာဖြင့် သိလိုက်ရလေသည်။

ချန်ကျင်းချင်သည် အလွန်မှ အံ့သြသွားခဲ့လေသည်။

ချင်းရွှမ်သို့ ဝင်ရောက်လာသူသည် ရန်သူတစ်ယောက် ဖြစ်မည်ဆိုလျှင် ထိုသူ၏ တန်ခိုးစွမ်းအားများသည် အတိတ်တစ်ချိန်က ယန်ရှီးနှင့် အဆင့်တူသူ တစ်ယောက် ဖြစ်ရပေမည်။

ချင်းရွှမ်နတ်တံခါး၏ တောင်ထိပ်တိုင်းမှ အလင်းတန်းများ ပျံသန်း ထွက်ပေါ်လာပြီး ကျီဖူတောင်ခြေသို့ စုရုံးရောက်ရှိသွားကြလေသည်။ ချန်ကျင်းချင်သည် တင်ပျဉ်ခွေ ထိုင်နေရာမှ တစ်ချက် လှုပ်ရှားလိုက်ပြီး ချက်ချင်းပင် ကျီဖူတောင်ခြေသို့ ရောက်ရှိလာလေသည်။

ရုတ်တရက်ပင် ...

ဓားဝိညာဉ်တစ်ခု ပျံသန်းထွက်ပေါ်လာပြီး ချန်ကျင်းချင်၏ဘေးသို့ ရောက်ရှိလာလေသည်။

ကျီဖူတောင်ခြေသို့ စုရုံး ရောက်ရှိလာသူများသည် ဂိုဏ်းချုပ်ချန်ကျင်းချင်နှင့် ရောက်ရှိလာသည့် ဓားဝိညာဉ်ကို ဦးညွှတ်

အရိုအသေ ပေးလိုက်ကြလေသည်။ သူတို့သည် ထိုသူ (၂)ယောက် ပြောမည့်စကားများကို နားစွင့်နေကြလေသည်။ ဓားဝိညာဉ်မှာ အခြားသူမဟုတ်ပါ။ ဖန်းယန်ယင်းပင် ဖြစ်ပါလေ၏။

သူမ၏ ပုံပန်းသဏ္ဌာန်သည် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာနှင့် မခြား ငယ်ရွယ်နုပျိုနေဆဲ ဖြစ်လေသည်။ ဆယ်ကျော်သက် အရွယ် မိန်းမပျိုလေး တစ်ယောက်အလားပင် ထင်မှတ်ရလေသည်။ ထိုသို့ဖြစ်ရသည်မှာ သူမ၏ ကျင့်ကြံခြင်းအဆင့် မြင့်မားခြင်းကြောင့်သာ မဟုတ်ပေ။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် တစ်ခုကြောင့်လည်း ဖြစ်လေသည်။

သူမသည် နတ်ဘုရားတစ်ပါး အဖြစ် အဆင့်မတက်ရောက် နိုင်သေးခင် အချိန်တွင် ဆရာဒေါ်လေး ကူးချိုင်ဝေ့သည် နှစ်

ပေါင်း(၅၀၀) အသက်ရှည်စေသည့် နတ်အသက်ရှည်ဆေးကို

သူမအတွက် ပေးခဲ့လေသည်။

ထိုဆေးကို သောက်ခဲ့ပြီး နှစ်ပေါင်း (၅၀၀) သက်တမ်း ကုန်ဆုံး

ခါနီးတွင်မှ နှစ်ပေါင်း (၈၀၀) ဆက်လက် အသက်ရှည်စေမည့်

ဟိုင်သန်းအဆင့်ကို သူမ အောင်မြင်ခဲ့ရလေသည်။

နောက်ဆုံးတွင် နတ်ဘုရားတစ်ပါး အဖြစ် အောင်မြင်စွာ

အဆင့်တက်ရောက် နိုင်ခဲ့လေသည်။ နတ်ဘုရားတစ်ပါး

ဖြစ်လာသည့်အချိန်မှ စပြီး သူမသည် ပြင်းပြင်းထန်ထန်

ဆက်လက် ကျင့်ကြံခဲ့လေရာ ဓားသိုင်းပညာတွင် အထွတ်ထိပ်

အဆင့်သို့ ရောက်ရှိခဲ့လေသည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀)ခန့်ကတော့ သူမသည် ထိုက်စန့်

နတ်ဘုရားဂိုဏ်းသို့ ဝင်ရောက်သွားပြီး ထိုက်စန့်နတ်ဘုရား

ဂိုဏ်းချုပ်ကို အနိုင်ယူခဲ့လေသည်။

သူမသည် ထိုက်စန့်နတ်ဘုရား ဂိုဏ်းမှ ထိုက်စန့်စကွဲ့တန်ခိုး

ကျင့်စဉ်ကျမ်းကို ရယူလာခဲ့ပြီး သဏ္ဍာန်မဲ့ ဓားသိုင်းနှင့်

ပေါင်းစပ်ကာ ထိုက်စန့်ဓားသိုင်းကို တီထွင်နိုင်ခဲ့လေသည်။

ယနေ့ အချိန်အခါတွင်တော့ ဖန်းယင်ယင်းကို မည်သူမှ စိန်မ

ခေါ်ရဲတော့ပေ။ သူမကို ရင်ဆိုင်နိုင်သူဆို၍ လောကတွင်

အနည်းငယ်သာ ရှိလေသည်။

လောကကို ကျော်လွန်သွားကြသည့် ယခင်မျိုးဆက် ကျင့်ကြံ

သူများပင်လျှင် ဖန်းယန်ယင်းကို ရင်မဆိုင်ရဲကြပေ။

ဖန်းယန်ယင်း ရောက်ရှိလာသည်နှင့် ချန်ကျင်းချင်မှာ

အနည်းငယ် စိတ်ပူပန်မှု လျော့သွားရလေသည်။ သူ၏ ဂိုဏ်း

တူအစ်မ မည်မျှအစွမ်းထက်သည်ကို ချန်ကျင်းချင်က သိရှိပြီး

သား ဖြစ်လေသည်။

သူတို့(၂)ယောက်၏ တန်ခိုးစွမ်းအားများ ပေါင်းစည်းလိုက်ပါ

က ကျူးကျော် ဝင်ရောက်လာသူသည် လုကျိုးယွမ်သာ

မဟုတ်ခဲ့လျှင် ကျိန်းသေအနိုင်ယူ နှိမ်နင်းနိုင်မည် ဖြစ်လေသည်။

သို့သော် ချန်ကျင်းချင်၏ စိတ်ထဲတွင် ကျူးကျော် ဝင်ရောက်လာသူကို အလွန် စိတ်ဝင်စားနေ မိလေသည်။

လောကတွင် သွားလာနေကြသည့် နတ်ဘုရားများထဲတွင် လုကျိုးယွမ်မှလွဲပြီး မည်သူမှ ထိုမျှမြင့်မားသည့် တန်ခိုးစွမ်းအားမရှိသည်ကို ချန်ကျင်းချင် သိထားလေသည်။

ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်းတွင် ဝမ်ရှီတောက်နှင့် စုန့်ချင်းယီတို့မှာ တန်ခိုးစွမ်းအား မြင့်မားသူများ ဖြစ်ကြလေသည်။ သို့သော် ချန်ကျင်းချင်သည် ထိုလူ (၂)ယောက်နှင့်လည်း တာအိုတရားဆွေးနွေးခဲ့ဖူးလေရာ ထိုသူ(၂)ယောက်၏ တန်ခိုးစွမ်းအားသည် ချင်းရွှမ်နတ်တံခါးကို ဖောက်ဝင်ရ လောက်အောင် မြင့်မားခြင်း မရှိသည်ကို သူကောင်းကောင်း သိထားလေသည်။

ထိုက်ဝေ့ထိုင် ခန်းမဆောင်သို့ လှမ်းကြည့်နိုင်သည့် သူ၏စကၡု အမြင်ကို တားဆီးနိုင်သည်အထိ သူတို့(၂)ယောက် သည် အဆင့်မြင့်မားခြင်း မရှိပါ။

သို့သော် ... ချန်ကျင်းချင်သည် ထိုအတွေးများကို လျှပ်တ ပြက် တွေးတောလိုက်ခြင်းသာ ဖြစ်လေသည်။

သူက ကြည်လင် ပြတ်သားသည့် လေသံဖြင့် ...

"မင်းတို့အားလုံး ကြောက်စရာမလိုဘူး၊ ထိုက်ဝေ့ထိုင် ခန်းမ ဆောင်က ကျင့်စဉ်ပညာရပ်တွေက ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာတဲ့ ပညာအမွေတွေပဲ၊ ပြီးတော့ ချင်းရွှမ်တောင်ရဲ့ တောင်ထိပ်ငါးခုမှာ တာအိုဆရာ သခင် ထိုက်ယီချမှတ်ထားတဲ့ စည်းကမ်းတွေနဲ့ နေထိုင်လာတ၊ ဒီလိုမျိုး ရုတ်တရက် အပြောင်းအလဲတွေ ဖြစ်လာတာ အကြောင်းတော့ ရှိရမယ်"

ဆရာသခင်များနှင့် တပည့်များ အားလုံးသည် ဂိုဏ်းချုပ်ပြော သည့် စကားကို အပြည့်အဝ နားလည် လိုက်ကြလေသည်။ နှစ်ထောင်ပေါင်းများစွာ အတွင်းတွင် ထိုကဲ့သို့သော အဖြစ်အပျက်မျိုး တစ်ကြိမ်တစ်ခါပင် မဖြစ်ခဲ့ဘူးပေ။ ဤသို့ ဆိုပါက ... ယခုကဲ့သို့ ပြဿနာသည် အဘယ့်ကြောင့် ဖြစ် ပျက် ခဲ့ရပါသနည်း။ ထို့ပြင် ဂိုဏ်းချုပ်ကိုယ်တိုင်ပင် ကျိုဖူ တောင်ထိပ်တွင် မည်သည့်အရာများ ဖြစ်ပျက်နေသည်ကို သေသေချာချာ သိရှိခြင်းမရှိသည့် အတွက် သူတို့အားလုံးမှာ ပိုပြီး အံ့သြနေကြရလေသည်။

မည်သို့ပင်ဖြစ်စေ ဂိုဏ်းချုပ်သည် လုကျိုးယွမ်ကိုယ်တိုင်က လောက ပထမပါရမီရှင်ဟု ထုတ်ဖော် ချီးကျူးခဲ့သည့် ဂိုဏ်းချုပ်ဆန်းလျန်၏ တပည့်ရင်း ဖြစ်လေသည်။ ထို့ကြောင့် မည်သည့်အရာကိုမှ မစဉ်းစား မဆင်ခြင်ပဲ လုပ်မည်တော့ မဟုတ်ပေ။

ချန်ကျင်းချင် နောက်ထပ် စကားမပြောသေးခင်မှာပင် ထိုက်ယီတောင်ထိပ်မှ နဂါး(၂)ကောင် ပျံသန်း ထွက်ပေါ်လာပြီး ကိုယ့်သဘောနှင့်ကိုယ် ကျီဖူတောင်ရှိရာသို့ ထိုးဖောက် ဝင်ရောက် သွားကြလေသည်။

ကျီဖူတောင်ထိပ်မှ "ခမ္မနယ်မြေ အရံအတား" သည် ချန်ကျင်းချင် ကိုယ်တိုင် ပြုလုပ်ထားခြင်း ဖြစ်သည့်တိုင် နဂါး(၂)ကောင် တစ်ပြိုင်နက် ထိုးဖောက်လာသည် ကိုတော့ တောင့်ခံမထားနိုင်ခဲ့ပေ။ နဂါး(၂)ကောင်သည် တောင်ထိပ်ဆီသို့ ထိုးဖောက် ဝင်ရောက်သွားကြလေသည်။

ဆရာသခင်များနှင့် တပည့်များမှာ ကြီးမားသည့် ပြောင်းလဲမှုကြီးတစ်ခု မကြာခင်တွင် ဖြစ်ပျက်တော့မည်ကို ရိပ်မိလိုက်ကြလေသည်။ သူတို့သည် တန်ခိုးစွမ်းအားများကို စုစည်းထားလိုက်ကြပြီး တိုက်ခိုက်ရန် အသင့်ပြင်ထား လိုက်ကြလေသည်။

သို့သော် … သူတို့ ထင်မှတ်မထားသည့် ကိစ္စတစ်ခု ဖြစ်လာခဲ့လေသည်။

နတ်နဂါး (၂)ကောင်သည် ကျီဖူတောင်ထိပ်သို့ ထိုးဖောက် ဝင်ရောက်သွားသည့်တိုင် မည်သည့် တိုက်ခိုက်မှုမှ ပြုလုပ်ခဲ့ခြင်း မရှိသလို မည်သည့် ဆူညံသံကိုမှလည်း ကြားရခြင်း မရှိပေ။ ထို့ကြောင့် ဆရာသခင်များနှင့် တပည့်များအားလုံး၏ မျက်နှာများမှာ ဖြူဖပ်ဖြူလျော် ဖြစ်သွား ကြရလေသည်။ ကျီဖူတောင်ထိပ်တွင် မည်သည့် အကြောင်းချင်းရာများ ဖြစ်ပျက်နေပါသနည်း။ နတ်နဂါး (၂)ကောင်သည် လောကနတ်ဘုရား (၂)ပါးနှင့် အရည်အချင်း အတူတူပင် ဖြစ်လေသည်။ တစ်ချိန်တုန်းက နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်ရန် အတွက် ချန်ကျင်းချင် တံခါးပိတ် ကျင့်ကြံမှု ပြုလုပ်နေသည့် အချိန်တွင် ချင်းရွှမ်နတ်တံခါး လုံခြုံရေးအတွက် ထိုနတ်နဂါးကြီး (၂)ကောင်ကို အားကိုးအားထား ပြုခဲ့ရဖူးလေသည်။

သို့သော် ... ယနေ့တွင်တော့ ကျီဖူတောင်ထိပ်သို့ ထိုးဖောက်ဝင်ရောက်သွားသည့် နတ်နဂါးကြီး (၂)ကောင်သည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိလေသည်။ ဖြစ်ရပ်များသည် ထူးခြား ဆန်းကြယ်လျက် ရှိလေသည်။

ချန်ကျင်းချင်သည် ဖန်းယန်ယင်းကို လှည့်ကြည့်လိုက်ရင်း ...

"ဂိုဏ်းတူအစ်မ၊ အတူတူ သွားကြည့်ရအောင်၊ ဘာတွေဖြစ်နေတာလဲ ဆိုတာ အရင်သိအောင်လုပ်ပြီးမှ အခြေအနေကို သုံးသပ်ကြတာပေါ့"

ဖန်းယန်ယင်းက ခေါင်းညိတ်လိုက်လေသည်။

သူမသည်လည်း ထိုသို့ပင် တွေးထားခြင်း ဖြစ်လေသည်။

ယနေ့ဖြစ်ပျက်သမျှ ကိစ္စရပ်တိုင်းသည် ဆန်းကြယ်လွန်းနေပြီး သူတို့အနေဖြင့် လိုက်လို့မမီနိုင် ဖြစ်နေရလေသည်။

"အခြေအနေ မဟာန်ရင်တော့ ထိုက်စန့်ဓားကို သုံးရလိမ့်မယ်"

သူမပြောသည့် စကားအဓိပ္ပာယ်ကို ချန်ကျင်းချင်က ကောင်းကောင်း နားလည်လိုက်လေသည်။

ထိုက်စန့်ဓားသည် အလွန်မှ တန်ခိုးစွမ်းအား မြင့်မားလေသည်။ ထိုဓားကိုသာ ကျိဖူတောင်ထိပ်တွင် အသုံးပြုလိုက်လျှင် ကျိဖူတောင်ထိပ် တစ်ခုလုံး ပျက်စီး သွားနိုင်လေသည်။ ထိုသို့သာ ဖြစ်ပျက်ခဲ့ပါက ချင်းရွှမ်နတ်တံခါး အတွက် အရှက်ရစရာ ကိစ္စတစ်ခု ဖြစ်လာပေဦးမည်။

အဘယ်ကြောင့်ဆိုသော် ဖန်းယန်ယင်းသည် ချင်းရွှမ်နတ်တံခါး အပြင်ဘက်မှ သေစေခြင်း ကျောင်းတော်၏ ဆက်ခံသူ တစ်ယောက် ဖြစ်နေသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဘိုးဘေးများ၏ နယ်မြေဖြစ်သည့် ကျိဖူတောင်ထိပ်သည် ဖန်းယန်ယင်းကြောင့် ပျက်စီးသွားခဲ့ပါက ချန်ကျင်းချင်၏ အခွင့်အာဏာကို ထိပါးသည်ဟု အနုတ်လက္ခဏာ ဆောင်သည့် ကောလာဟလများ ထွက်ပေါ်လာနိုင်လေသည်။

ထို့ကြောင့် ဖန်းယန်ယင်းက ချန်ကျင်းချင်၏ ခွင့်ပြုချက်ကို ကြိုတင်ရယူခြင်း ဖြစ်လေသည်။ သို့သော် ... ချန်ကျင်းချင်ကတော့ ထိုကိစ္စကို အရေးစိုက်ခြင်းမရှိခဲ့ပါ။

သူက ကျီဖူတောင်ထိပ်သို့ မသွားမီ တပည့်များနှင့် ဆရာသခင်များကို စကားပြောလိုက်သည်။

"ဆရာသခင်တွေနဲ့ တပည့်များ၊ အခုလောလောဆယ် ခင်ဗျားတို့ ကျီဖူတောင်ထိပ်ကို မသွားကြပါနဲ့ဦး၊ ကျုပ်တို့ အရင်သွားပြီး အခြေအနေ ကြည့်မယ် ..."

စကား ဆုံးသွားသည်နှင့် ချန်ကျင်းချင်နှင့် ဖန်းယန်ယင်းတို့သည် ကျီဖူတောင်ထိပ်ရှိ ထိုက်ဝေ့ထိုင်ခန်းမဆောင် ရှေ့သို့ ရောက်ရှိ လာကြလေတော့သည်။

ထိုအခါ သူတို့၏ သံသယသည် ပိုပြီးခိုင်မာလာပြီး ထိတ်လန့်တုန်လှုပ်သွားကြရလေသည်။

တစ်စုံတစ်ယောက်သည် အမှန်တကယ်ပင် ချင်းရှမ်နတ်တံခါးသို့ ဝင်ရောက်လာခဲ့ပြီ ဖြစ်လေသည်။

လူတစ်ယောက်သည် လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး သူတို့နှစ်ယောက်ကို ကျောခိုင်းကာ မိုးမခပင်ခြေရင်းတွင် မြှုပ်နှံထားသည့် အုတ်ဂူကို ကြည့်နေလေသည်။

ချန်ကျင်းချင်နှင့် ဖန်းယန်ယင်းတို့ (၂)ယောက်စလုံးသည် ထိုသူ၏ ကျောပြင်ကိုသာ မြင်တွေ့ကြရလေသည်။

အဝါရောင် မိုးမခပန်းပွင့်များသည် နားရွက်ရှည်များအလားလေထဲတွင် လွင့်နေကြလေသည်။ အချို့သော ပန်းပွင့်များမှာ သစ်ရွက်များကြားတွင် ဖုံးနေပြီး အချို့ကတော့ ဖုံးကွယ်နေခြင်း မရှိပေ။ လေထဲတွင် လွင့်မျောနေသည့် ပန်းပွင့်များသည် အလွန်မှ လှပလွန်းလေသည်။

သို့သော် … ထိုရှုမျှော်ခင်းသည် ဝမ်းနည်းစရာ ကောင်းလှလေသည်။

ချင်းရွှမ်တောင်ကို စောင့်ရှောက်သည့် နတ်နဂါး (၂)ကောင်သည် (၃)ပေသာသာ အရှည်မျှ သေးငယ်သွားကြကာ မြေကြီးထက်တွင် ဝပ်တွားနေကြလေသည်။

နတ်နဂါးများ၏ အရှည်သည် သူတို့ရှေ့တွင် ရှိနေသည့် သွေးနီရောင်ဓား၏ အလျားအရှည်နှင့် အတူတူပင်ဖြစ်လေသည်။

ထိုဓားကို ချန်ကျင်းချင်နှင့် ဖန်းယန်ယင်းတို့ (၂)ယောက်စလုံး သတိပြုလိုက် မိကြလေသည်။

အဘယ်ကြောင့်မှန်း မသိပေ။

ထိုသွေးနီရောင်ဓားကို မြင်လိုက်သည်နှင့် ဖန်ယန်ယင်း၏ စိတ်ထဲတွင် ပြောမပြ နိုင်လောက်အောင် ဝမ်းနည်းပူဆွေး လာပြီး ရင်များပင် နာလာရလေသည်။ သူမ၏ မျက်ဝန်းဆီမှ မျက်ရည်စက်များ ကျလာပြီး မျက်ရည်စက်များသည် မြေပြင်ထက်သို့ပင် ကျဆင်း သွားရလေသည်။

ချန်ကျင်းချင်က သူမကို မေးမြန်းရန်အတွက် ပါးစပ်ကိုဟ
လိုက်ပြီးမှ မမေးဖြစ်ခဲ့တော့ပေ။

အဘယ်ကြောင့်ဆိုသော် ...

မိုးမခပင်အောက်မှ လူသည် သူတို့ရှိရာသို့ လှည့်လာ
သောကြောင့် ဖြစ်လေသည်။

ထိုသူ သူတို့ရှိရာသို့ လှည့်လာသည့် အခါတွင်တော့ ထိုသူထံမှ
အလွန်ရင်းနှီးနေသည့် အငွေ့အသက်များကို ခံစား လိုက်ရလေ
သည်။

ချန်ကျင်းချင်နှင့် ဖန်းယန်ယင်းသည် အလွန်အမင်း အံ့သြသွား
ကြရလေသည်။ ထို့နောက် အံ့သြမှုများမှ ပျော်ရွှင်မှုအဖြစ်သို့
ကူးပြောင်းသွားလေသည်။

သူတို့သည် ချက်ချင်းပင် ထိုသူကို ဒူးထောက်ဂါရဝ ပြုလိုက်
ကြလေသည်။

"ဆရာ ..."

"ဆရာဦးလေး ..."

ဆန်းလျန်က ...

"ကျုပ်ရဲ့အစ်မ ဘယ်တုန်းက ဆုံးသွားတာလဲ ..."

ချန်ကျင်းချင်သည် အလွန်အမင်း စိတ်လှုပ်ရှားနေသည့်တိုင်

သူ့ကိုယ်သူ ပြန်ပြီး ထိန်းချုပ်လိုက်လေသည်။

"ဆရာဒေါ်လေးက ကျွန်တော်တို့ကို ထားသွားခဲ့တာ

အနှစ်(၃၀)လောက်ရှိပါပြီ၊ သူ မဆုံးခင်မှာပဲ သူ့ကို ဒီ မိုးမခပင်

အောက်မှာ မြှုပ်နှံသင်္ဂြိုလ်ပေးဖို့ မှာခဲ့တာပါ"

ဆန်းလျန်သည် ထိုက်ယီထျန်းရှန်းအဆင့်သို့ ရောက်ရှိနေခဲ့

သည့်တိုင် တစ်နေ့တည်းတွင်ပင် ဂိုဏ်းတူအစ်ကိုနှင့် ဂိုဏ်းတူ

အစ်မ (၂)ယောက်လုံးကို ဆုံးရှုံးလိုက်ရသည့် အတွက်

ဝမ်းနည်းကြေကွဲလျက် ရှိလေသည်။ ချန်ကျန့်မေနှင့် ကူးချိုင်

ဝေ့သည် သူ့ဘဝတွင် အခင်တွယ်ရဆုံးသော သူများ မဟုတ်ပါ

လား။

"ဂိုဏ်းတူအစ်မ ... အစ်မက ကျင့်ကြံခြင်းအဆင့် မတက်နိုင်ခဲ့ဘူးပဲ၊ အားလုံး ကျွန်တော့်အမှားတွေပါ အစ်မရယ် ..."

ထိုစကားများသည် ဆန်းလျန်ရင်ထဲမှ ပြောလိုက်မိသည့် စကားများ ဖြစ်လေသည်။

ကူးချိုင်ဝေ့သည် သေဆုံးသွားပြီး သည့်နောက် သူမကို ဤနေရာတွင် အဘယ့်ကြောင့် မြှုပ်နှံစေချင် ခဲ့ပါသနည်း။

ထို့ပြင် ... အဘယ့်ကြောင့် ကူးချိုင်ဝေ့သည် ကျင့်စဉ်လမ်းတွင် အဆင့်မတက် ခဲ့ရသည်ကို ဆန်းလျန် နားမလည်နိုင်ခဲ့ပါ။

ယခုတော့ဖြင့် ... သူမသည် မိုးမခပင်အောက်တွင် ထာဝရ အိပ်စက်သွားပြီ ဖြစ်သည့်အတွက် သူမရင်ထဲမှ ခံစားချက်များကိုလည်း ဆန်းလျန် ရှင်းရှင်းလင်းလင်း မသိနိုင်တော့ပါ။

ယနေ့သည် ...

ဆန်းလျန်၏ နှလုံးသားထဲတွင် ဝမ်းနည်း ပူဆွေးမှုများ ပြည့်နှက်နေသည့် နေ့တစ်နေ့သာ ဖြစ်ပေတော့သည်။

ကူးချိုင်ဝေ့ ထာဝရ အိပ်စက်သွားရခြင်း အတွက် ဆန်းလျန် ခံစားရသည့် နာကျင် ဝမ်းနည်းမှုများကို စကားလုံးဖြင့်ပင် ဖော်ပြနိုင်မည် မဟုတ်ပါပေ။

အခန်း (၆၂၃) လုန်ဟွာပွဲတော်

နှစ်ထောင်ပေါင်းများစွာ ကြာရှိခဲ့ပြီဖြစ်သည့်တိုင် ဆန်းလျန်၏ ပုံသဏ္ဌာန်သည် ချန်ကျင်းချင်၏ စိတ်ထဲတွင် စွဲထင်နေဆဲ ဖြစ်လေသည်။

ထိုအချိန်တုန်းက …

ဆန်းလျန်သည် ရိုးရှင်းစွာ အသက်ရှင်သန်ခဲ့ပြီး သူ့ကို မည်သည့်အရာကမှ ဒုက္ခမပေးနိုင်သကဲ့သို့ ပေါ့ပါးသည့် စိတ်အစဉ်ဖြင့် နေထိုင်ခဲ့သူ ဖြစ်လေသည်။

သို့သော် … ယနေ့မှာတော့ ဆရာဖြစ်သူ၏ ဝမ်းနည်း ကြေကွဲနေသည့် ပုံသဏ္ဌာန်ကို မမျှော်လင့်ပဲ မြင်တွေ့ခဲ့ရလေပြီ။

ချန်ကျင်းချင်သည် ချက်ချင်းပင် ဆန်းလျန်ကို ကုန်းပြီး ဦးချကန်တော့လိုက်ရင်း …

"တပည့်အသုံးမကျလို့ ဆရာဒေါ်လေးကို ဆက်ပြီး အသက်ရှင်ခွင့်ရအောင် မလုပ်ပေးနိုင်ခဲ့တာပါ"

ဆန်းလျန်သည် တပည့်(၂)ယောက် ရှိရာသို့ ဖြည်းညင်းစွာ လမ်းလျှောက်လာပြီး သူတို့နှစ်ယောက်ကို အသာအယာ ထူပေးလိုက်လေသည်။

"မင်းတို့နှစ်ယောက်လုံးက တပည့်ကောင်းတွေပါ၊ ကျုပ်သာ မမျှော်လင့်ပဲ ချင်းရှမ်နတ်တံခါးကို အကြာကြီးထားပြီး ထွက်ခွာသွားမိတယ်"

ဆန်းလျန်ယခုတော့ နားလည်ခဲ့ရပြီ။

သူ ... ချင်းရှမ်နတ်တံခါးကို ခွဲခွာပြီး ထွက်သွားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ။

ဝိညာဉ်မြစ်အတိုင်း မျောပါသွားပြီး အသူရာချောက်သို့ ရောက်ရှိသွားခဲ့ပြီး အချိန်များစွာ ဖြုန်းနေခဲ့မိသည် မဟုတ်ပါလား။

ချန်ကျန့်မေသည်လည်း ထို့အတူပင် ဖြစ်ပေလိမ့်မည်။ သို့သော် ... သူတို့(၂)ယောက် ရောက်ရှိသည့် အချိန်သည် အနည်းငယ်ကွာဟခဲ့သည့်အတွက် ချန်ကျန့်မေသည် သူ့ထက် အနှစ်(၃၀၀)ခန့် စောနေခဲ့ခြင်း ဖြစ်ဟန်ရှိလေသည်။

ယခုတော့ ချန်ကျန့်မေ၏ အနတ္တဓားသည် ချင်းရှမ်တည်ရှိရာ ကမ္ဘာလောကနှင့် အသူရာချောက်ကို ဖောက်ထွင်းပြီး သွားလာ

နိုင်ပြီ ဖြစ်လေသည်။ ထို့ကြောင့် အသူရာချောက်သို့ သွားရန်

အတွက် ဝိညာဉ်မြစ်ကို ဖြတ်ကျော်ရန် မလိုအပ်တော့ပေ။

ဝမ်းနည်းစရာ ကောင်းသည်မှာ ... သူသည် အချိန်ကို

နောက်ပြန်လှည့်နိုင်စွမ်း မရှိသူဖြစ်လေရကား ချန်ကျန့်မေနှင့်

ကူးချိုင်ဝေ့တို့ကို မည်သည့်အခါမှ ပြန်လည် တွေ့ဆုံရတော့

မည် မဟုတ်တော့ပေ။

ကူးချိုင်ဝေ့အနေဖြင့် လူပြန်ဝင်စား နိုင်သည့်တိုင် အမိဝမ်း

တွင်းမှ အသစ်ပြန်လည် မွေးဖွားလာပါက ယခင်ဘဝမှ

အကြောင်းအရာ အတော်များများကို မှတ်မိနိုင်ရန် မလွယ်ကူ

တော့ပေ။

နှစ်ပေါင်း(၃၀)တောင် ကြာခဲ့ပြီတဲ့လေ။

လူပြန်ဝင်စားသည့် ကူးချိုင်ဝေ့ကို ပြန်ရှာတွေ့ခဲ့မည် ဆိုလျှင်

တောင်မှ သူမသည် ကူးချိုင်ဝေ့ဟုတ်တော့မည် မဟုတ်ပေ။

မိမိကိုယ်တိုင်၏ အတ္တကို စွန့်လွှတ်သွားပြီး ထိပ်တန်းအဆင့်

ဓားသမားအဖြစ် ဘဝကို စွန့်လွှတ်သွားခဲ့သည့် ချန်ကျန့်မေ

ကတော့ ပြောစရာပင် မလိုတော့ပြီ။

စကြဝဠာတစ်ခုလုံး မြေလှန်ရှာမည်ဆိုလျှင် တောင်မှ ချန်ကျန့်

မေ နောက်တစ်ယောက် ဆိုသည်မှာ မရှိနိုင်တော့လေပြီ။

ဖန်းယန်ယင်းသည် သူမကို အသာဆွဲထူလိုက်သည့် ဆန်းလျန်

ကို မော့ကြည့်လိုက်လေသည်။

ထိုအခါ … ဆန်းလျန်ဆီတွင် ပျော်ရွှင်မှုများ ပျောက်ကွယ်

နေသည်ကို သူမ မြင်တွေ့လိုက်ရလေသည်။ ထို့နောက် သူမ

သည် သွေးနီရောင်ဓားကို ကြည့်လိုက်ပြီး မျက်ရည်များ ကျ

လာပြန်လေသည်။

သူမသည် အဆင့်မြင့်ကျင့်ကြံသူ တစ်ယောက်ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါးတွင် သူမထက် စိတ်ဓာတ်အင်အား ကြံ့ခိုင်

သည့်လူမျိုး ရှာတွေ့နိုင်မည် မဟုတ်ပေ။

ယခုတော့ ... သူမ၏စိတ်ထဲတွင် တစ်စုံတစ်ခုကို ခံစားနေရပြီး ဆန်းလျန်ကို မေးလိုက်လေသည်။

"ဆရာဦးလေး ... ဒီဓားက ကျွန်မရဲ့ဆရာနဲ့ တစ်ခုခု ပတ်သက်နေတယ် မဟုတ်လား၊ ဆရာရော ... ဆရာ ဘယ်မှာလဲဟင် ..."

ဆန်းလျန်သည် အတန်ကြာအောင် တိတ်ဆိတ် ငြိမ်သက်နေလေသည်။

နောက်ဆုံးတော့ သူက သွေးနီရောင် မရဏဓားကို ဆွဲထုတ်လိုက်လေသည်။ ဓားသွားသည် ရေကဲ့သို့ ကြည်လင်နေသလို အချိန်ကဲ့သို့လည်း စီးဆင်းနေလေသည်။ သွေးနီရောင် တောက်ပနေသည့်တိုင် သတ်ဖြတ်လိုသည့် အငွေ့အသက်ဆို၍ တစ်စက်ကလေးမှ ထွက်ပေါ်နေခြင်း မရှိပေ။

ဆန်းလျန်သည် နက်ရှိုင်းသည့် အကြည့်ဖြင့် ဓားသွားကို တစ်ချက်ကြည့်လိုက်ပြီး ...

"ယန်ယင်း ... ဒီဓားရဲ့နာမည်က 'ကျန့်မေ' လို့ခေါ်တယ်၊ ချန်ကျန့်မေရဲ့အမည် 'ကျန့်မေ' ပါပဲ"

ဆန်းလျန်ဆိုလိုသည့် အဓိပ္ပာယ်ကို ဖန်းယန်ယင်းသည် ချက်ချင်း သဘောပေါက် သွားလေသည်။

သူမ၏ နှလုံးသားထဲတွင် နက်ရှိုင်းသည့် နာကျင်မှုကို ခံစားလိုက်ရလေသည်။ သူမသည် စကားတစ်ခွန်းမှ မပြောတော့ပဲ မြေပြင်ထက်တွင် ဒူးထောက် ချလိုက်လေသည်။

သူမသည် နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး သွေးနီရောင်ဓားကို မျက်နှာချင်း ဆိုင်လိုက်ကာ ဦး(၃)ကြိမ်ချကာ ကန်တော့လိုက်လေတော့သည်။

နောက်ဆုံးတော့ ... ချန်ကျင်းချင်က သူမကို အသာအယာ တွဲထူလိုက်တော့မှသာ သူမသည် ဒူးထောက်ရာမှ ထလေတော့သည်။

ဆန်းလျန်သည် သူ၏ ကြေကွဲဝမ်းနည်းမှုများကို ဖယ်ရှားလိုက်ပြီး လေးနက်သည့် လေသံဖြင့် မေးလိုက်လေသည်။

"ကျင်းချင် ... အခုလက်ရှိ ချင်းရွှမ်နတ်တံခါးမှာ ကျင့်ကြံသူ ဘယ်လောက်ရှိသလဲ"

ဆရာဖြစ်သူက ရုတ်တရက်ကြီး စကားလမ်းကြောင်း ပြောင်းသွားသည့်အတွက် ချန်ကျင်းချင်မှာ နားမလည်နိုင် ဖြစ်သွားရလေသည်။

ချန်ကျင်းချင်က ...

"ဘယ်လိုကျင့်ကြံသူမျိုးကို ဆရာမေးတာလဲ ဆရာ၊ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်က ဘယ်လောက်ရှိရမှာလဲ"

ဆန်းလျန်က ...

"အနည်းဆုံး ချူးစန်းအဆင့် ကျင့်ကြံသူဆိုရင် ရတယ် ..."

ချန်ကျင်းချင်သည် ခေတ္တမျှ စဉ်းစားနေပြီးမှ ...

"ဒီနှစ်ပေါင်းများစွာ အတွင်းမှာ ကျင့်ကြံသူ ဂိုဏ်းပေါင်း

(၁၀၈)ဂိုဏ်းက ကျွန်တော်တို့ ချင်းရွှမ်နတ်တံခါးရဲ့

လက်အောက်ကို ခိုလှုံလာကြပါတယ်၊ ပင်လယ်တစ်ဖက်မှာ

ကျွန်တော်တို့နဲ့ မဟာမိတ်ပြုထားတဲ့ ကျင့်ကြံသူဂိုဏ်းတွေက

စုစုပေါင်း (၃၆၀)ရှိပါတယ်၊ ဆရာဒေါ်လေး ကူးချိုင်ဝေ့ရဲ့

ရှင်သန်စေခြင်း ကျောင်းတော်နဲ့ ဂိုဏ်းတူအစ်မ ဖန်းယန်ယင်း

ရဲ့ သေစေခြင်း ကျောင်းတော်က တပည့်တွေပါ ပေါင်းလိုက်

မယ်ဆိုရင် အားလုံးပေါင်း ချူးစန်းအဆင့် ကျင့်ကြံသူ

(၁၀၀၀၀)လောက် ရှိနိုင်ပါတယ်"

ထိုစကားကြောင့် ဆန်းလျန်မှာ မအံ့သြပဲ မနေနိုင်တော့ပေ။

"တော်တော် များတာပဲ ..."

ချန်ကျင်းချင်က ...

"အမှန်တော့ ချင်းရွှမ်နတ်တံခါး ခုလို အင်အားကြီး လာရတာ

ဟာ အရင်တုန်းက လူသားအားလုံး အတွက် ဆရာလုပ်ခဲ့တဲ့

အလုပ်တွေကြောင့်ပါ၊ အမှောင်မိစ္ဆာဂိုဏ်းက လောကတစ်ခု လုံးကို ဒုက္ခပေးနေချိန်မှာ အမှောင်မိစ္ဆာသခင်ကို ရင်ဆိုင်ခဲ့တဲ့ သူက ဆရာတစ်ယောက်ပဲ ရှိခဲ့တယ်လေ၊ ဆရာက လူတိုင်းကို ကယ်တင်ခဲ့တာပါ၊ အဲဒီအချိန်ကတည်းက ကျွန်တော်တို့ချင်းရှ မ်နတ်တံခါးကို လူတိုင်းကလေးစားလာကြတယ်၊ ကျင့်ကြံသူ ဂိုဏ်းတွေ ကျွန်တော်တို့လက်အောက်ကို ခိုလှုံလာကြတယ်၊ ပြီး တော့ နတ်တံခါးကနေ တောင်အောက်ကို ဆင်းသွားတဲ့ တပည့် တွေကလည်း ကျွန်တော်တို့ ကျောင်းတော်ရဲ့ ကွန်ရက်ကို ကျယ်ပြန့်စေတယ်၊ ဒီလိုနဲ့ပဲ ဒီအခြေအနေထိ တိုးတက်လာခဲ့ တာပါ"

"ကိစ္စရပ်တွေက အဲဒီလောက် ရိုးရှင်းလို့လား၊ မင်း ကျုပ်ကို တစ်ခုခု ဖုံးကွယ်ထားတာများ ရှိသလား"

ထိုမေးခွန်းကို မေးပြီးသည်နှင့် ဆန်းလျန်က ချန်ကျင်းချင်ကို တစ်ချက် စိုက်ကြည့်လိုက်လေသည်။

ချန်ကျင်းချင်မှာ ထိပ်တန်းအဆင့် လောကနတ်ဘုရား တစ်ပါး ဖြစ်သည့်တိုင် ဆရာဖြစ်သူ၏ အကြည့်စူးစူးကို ရင်ဆိုင်လိုက်ရသည့် အခါတွင်တော့ ကြောက်ရွံ့ သွားမိလေသည်။

ထိုအခါ ဖန်းယန်ယင်းက ဝင်ပြောလိုက်လေသည်။

"ဆရာဦးလေး ... ဆရာဦးလေး ပျောက်သွားပြီး နှစ်ပေါင်း (၃၀၀)လောက်ကြာတဲ့ အချိန်မှာ လော်ဝါဒ ကျင့်ကြံသူတွေက ထျန်းဟွာနယ်ကို ကျူးကျော်ခဲ့ကြပါတယ်၊ ထျန်းဟွာနယ်က စန့်တုန့်နတ်ဘုရား (၈)ပါးလုံးကို ကျောက်ရှောင်ယွီ နတ်သမီးက သတ်ဖြတ် ပစ်လိုက်ပါတယ်၊ အဲဒီအချိန်မှာပဲ ယွမ်ကျိုးနယ်က ကျင့်ကြံသူတွေကြားထဲ မှာလည်း ပဋိပက္ခတွေ ဖြစ်ပွားခဲ့ပါတယ်၊ ကျင်းချင်က အဲဒီအခွင့်အရေးကို အသုံးချပြီး ကျင့်ကြံသူဂိုဏ်း အတော်များများကို ချင်းရွှမ်နတ်တံခါးရဲ့ လက်အောက်ခံဖြစ်အောင် စည်းရုံးနိုင်ခဲ့ပါတယ်၊ အဲဒီဂိုဏ်း

တွေဟာ ချင်းရှမ်နတ်တံခါးရဲ့ အပြင်စည်းဂိုဏ်းတွေ ဖြစ်လာခဲ့ပါတယ်"

ဆန်းလျန်က ...

"နောက်တော့ ဘာတွေ ဆက်ဖြစ်သေးလဲ"

ဖန်းယန်ယင်းက ဆက်ပြောလေသည်။

"ကျောက်ရှောင်ယွီ နတ်သမီးက ထျန်းဟွာနယ်ကို ထိန်းချုပ်လိုက်ပြီး သူ့ရဲ့ တန်ခိုးစွမ်းအားတွေ ကလည်း အရမ်း မြင့်မားလာပါတယ်၊ နောက်ဆုံး လုကျိုးယွမ်တောင် မနေနိုင်တော့ပဲ ကျောက်ရှောင်ယွီကို စိန်ခေါ်ခဲ့တဲ့အထိပါပဲ၊ သတင်းတွေ ကြားရတာတော့ လုကျိုးယွမ်နဲ့ ကျောက်ရှောင်ယွီနတ်သမီး တိုက်ခိုက်ကြပြီးတဲ့ နောက်ပိုင်း ကျောက်ရှောင်ယွီ နတ်သမီးဟာ ပျောက်ကွယ် သွားခဲ့ပါတယ်၊ ကျောက်ရှောင်ယွီ နတ်သမီး မရှိတော့တဲ့နောက် လော်ဝါဒဂိုဏ်းကြီးက တပည့်တွေက မကောင်းမှုတွေ ပြုလုပ်လာကြပါတယ်၊ အဲဒီအချိန်မှာလည်း ကျင်းချင်ကပဲ

ကျင့်ကြံသူဂိုဏ်းတွေကို စုစည်းပြီး လော်ဝါဒဂိုဏ်း အမြစ်ပြတ်တဲ့အထိ သုတ်သင်ခဲ့ရပါတယ်၊ ကျင်းချင်ဦးဆောင်ပြီး ကျင့်ကြံသူလောကရဲ့ ငြိမ်းချမ်းရေးကို ရယူပေးခဲ့ပါတယ်”

ဖန်းယန်ယင်း၏ စကားများ ဆုံးသွားသည်နှင့် ချန်ကျင်းချင်သည် ကြိုးစားပြီး ပြုံးလိုက်လေသည်။

"ဆရာ ... အဲဒီအချိန်တုန်းက တပည့်မှာ ရွေးချယ်စရာမရှိခဲ့ပါဘူး၊ ဒေါ်လေးကျောက်ရှောင်ယွီ လက်အောက်မှာ လေ၊ မိုးကြိုး၊ မိုး၊ လျှပ်စစ်ဆိုတဲ့ ခေါင်းဆောင်တွေရှိပါတယ်၊ သူတို့အားလုံးက အရမ်း အဆင့်မြင့်ကြပြီးတော့ လောက နတ်ဘုရားတွေလိုပဲ တန်ခိုးကြီးကြပါတယ်၊ သူတို့က လော်ဝါဒဂိုဏ်းကြီးကို ဦးဆောင်ခဲ့တာပါ၊ သာမန် ကျင့်ကြံသူ ဂိုဏ်းလေးတွေဟာ ဘာမှမတတ်နိုင်ပဲ သူတို့ အနိုင်ကျင့် သတ်ဖြတ်တာကို ခံကြရပါတယ်၊ ကျွန်တော်တို့ ချင်းရွှမ်နတ်တံခါးရဲ့ လက်အောက်ခံဂိုဏ်း (၅)ဂိုဏ်းလောက်လည်း အဲဒီအထဲ ပါသွားရပါတယ်၊ ဒါ

ကြောင့် ဆရာနဲ့ ဒေါ်လေးကျော့ကျောက်ရှောင်ယွီရဲ့ ကြားက ခင်မင်မှု

ကို လျစ်လျူရှုပြီး လော်ဝါဒဂိုဏ်းကြီးကို ကျွန်တော်တို့ အမြစ်

ပြတ် သုတ်သင်ခဲ့ရပါတယ်"

ထိုစကားများကို ကြားသည့်အခါတွင်တော့ ဆန်းလျန် သက်

ပြင်းတစ်ချက် ချလိုက်မိလေသည်။

"မင်းလုပ်တာ မမှားပါဘူး၊ ဘာလို့ ကျုပ်ကို ဖုံးကွယ်ထားဖို့

ကြိုးစားရတာလဲ၊ ထားလိုက်ပါတော့လေ ...၊ အခုပဲ အမိန့်ချ

လိုက်ပါ၊ အချိန်(၁)လအတွင်းမှာ ချင်းရှမ်ရဲ့အမိန့်ကို နာခံလိုတဲ့

ကျင့်ကြံသူတွေကို စုစည်းလိုက်ပါ၊ ကိစ္စကြီးတစ်ခုလုပ်ဖို့ ရှိ

တယ်၊ မင်းတို့ရဲ့ အကူအညီလိုတယ်၊ ပြီးတော့ အားလုံးရဲ့

အကူအညီလည်းလိုတယ်"

ချန်ကျင်းချင်က ...

"သူတို့တွေကို စုစည်းဖို့က မခက်ပါဘူး၊ ဒါပေမဲ့ ဘယ်လို

အကြောင်းပြချက်နဲ့ စုစည်းပေးရမလဲ ဆရာ ..."

ဆန်းလျန်က ကောင်းကင်ကို စိတ်လက်ပေါ့ပါးဟန်ဖြင့် တစ်ချက် မော့ကြည့်လိုက်ပြီး ...

"ကျုပ်ဆန်းလျန်ရဲ့ နာမည်က သူတို့ကို စုစည်းစေရတဲ့ အဓိက အကြောင်းရင်းပဲ၊ ပြီးတော့ ဒီလောကမှာရှိတဲ့ နတ်ဘုရားတွေကိုလည်း မင်းပဲ သတင်းပို့လိုက်ပါ၊ ကျုပ် ဆန်းလျန်က လုန်ဟွာပွဲတော်ကျင်းပဖို့ အတွက် ဧည့်သည်တွေ ဖိတ်ကြားချင်တယ်လို့ ပြောလိုက်၊ သူတို့အားလုံးဆီကို ဖိတ်စာတွေပို့လိုက် ..."

ဆရာဖြစ်သူ၏ ပုံမှန်မဟုတ်သည့် စကားကြောင့် ချန်ကျင်းချင်မှာ အံ့သြသွားရလေသည်။

လုန်ဟွာပွဲတော် ဆိုသည်မှာ ရှေးခေတ်အချိန် ကတည်းကပင် ကျင်းပကြသည့် ဗုဒ္ဓပွဲတော်နေ့ ဖြစ်လေသည်။ ယေဘုယျအားဖြင့် ပြောရမည်ဆိုလျှင် တာအိုကျင့်စဉ် အောင်မြင်ပြီးသည့် နတ်ဘုရားများ စုဝေးသည့် ပွဲတော်တစ်ခုပင် ဖြစ်လေ၏။

သို့သော် ... လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာ ကပင် လုန်ဟွာပွဲတော် ကျင်းပရန်အတွက် လူတစ်ယောက်ကသာလျှင် အခွင့်အာဏာ ရှိခဲ့လေသည်။ ထိုသူသည် လုကျိုးယွမ်ပင် ဖြစ်လေသည်။

သို့သော် ... လုကျိုးယွမ်သည် ထိုကိစ္စများကို စိတ်မဝင်စားလှပေ။ ထို့ပြင် ချန်ကျင်းချင်သည် လုကျိုးယွမ်ကို ကြောက်လေသည်။ လုကျိုးယွမ်သည် လျှို့ဝှက်ချက်များဖြင့် ပြည့်နေသည့် လူတစ်ယောက်ဟု ချန်ကျင်းချင်က ခံစားနေရလေသည်။

မဟုတ်ပါက လုကျိုးယွမ်ကဲ့သို့ အဆင့်မြင့် ကျင့်ကြံသူတစ်ယောက်သည် လောကကို ကျော်လွန်ပြီး မဟာတာအိုလမ်းစဉ်ကို အဘယ့်ကြောင့် မရှာဖွေရပါသနည်း။

မည်သို့ပင်ဖြစ်စေ ... သူ၏ဆရာနှင့် အမှောင်မိစ္ဆာသခင် ယန်ရှီး၏တိုက်ပွဲသည် စကြဝဠာတစ်ခုလုံး တသိမ့်သိမ့်တုန်လောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းခဲ့လေသည်။

နှစ်ပေါင်း (၃၀၀၀)အတွင်း အကြီးကျယ်ဆုံး တိုက်ပွဲတစ်ခု

ဟူ၍ပင် ပြောစမှတ် ပြုခဲ့ကြလေသည်။ ယခု ဆရာဖြစ်သူ ပြန်

ရောက်လာပြီး နတ်ဘုရားများကို ဖိတ်ခေါ်သတင်းပို့သည့် ကိစ္စ

ကို မည်သူမှ ဆန့်ကျင်ကြမည်တော့ မဟုတ်ပေ။

ထို့ပြင် ... လူအများစုသည် စပ်စုလိုစိတ်မရှိဘူးဟု ပြောလျှင်

တောင်မှ ထိုစကားသည် လိမ်ရာကျမည် ဖြစ်လေသည်။

ချန်ကျင်းချင်သည် ခေတ္တမျှစဉ်းစားနေပြီးမှ ...

"တပည့် စီစဉ်လိုက်ပါ့မယ် ဆရာ၊ ဒါပေမဲ့ ဆရာ ခုလို

ရုတ်တရက်ကြီး ပြန်ရောက်လာတာ နည်းနည်းတော့ ထူးဆန်း

နေမယ် ထင်တယ်၊ ချင်းရှမ်က ဆရာသခင်တွေနဲ့ တပည့်တွေ

လည်း တော်တော်လေး ထိတ်လန့်နေကြတယ်၊ တပည့် သူတို့

ကိုအရင်သွားပြီး ဆရာပြန်ရောက်လာတဲ့ သတင်းကို

အကြောင်းကြား လိုက်ပါဦးမယ်"

ဆန်းလျန်က ...

"ဒုက္ခမရှာနဲ့ ... ကျုပ်တို့ အတူတူသွားကြမယ် ...”

ချန်ကျင်းချင်သည် ဆန်းလျန်၏ စကားကို မငြင်းရဲတော့ပါချေ။

ဆန်းလျန်သည် စိတ်ပျက် ဝမ်းနည်းနေပုံရသည့် ဖန်းယန်ယင်းကို ကြည့်လိုက်ပြီး ...

"ယန်ယင်း ... အရမ်း ဝမ်းနည်းမနေပါနဲ့တော့၊ ကျင့်ကြံသူတွေဆိုတာ မိုးနဲ့မြေကို ဆန့်ကျင်ပြီး မဖြစ်နိုင်ဘူးဆိုတဲ့ အရာကို ဖြစ်အောင် လုပ်ပြကြတဲ့သူတွေပဲ၊ မင်းက စိတ်ပျက်နေရင် ကျုပ်တင်မဟုတ်ဘူး၊ မင်းရဲ့ဆရာလည်း မင်းကို စိတ်ပျက်သွားလိမ့်မယ်"

ဖန်းယန်ယင်းက ...

"ဆရာဦးလေး ... ကျွန်မနားလည်ပါတယ်၊ ဒါပေမဲ့ ဒီလိုကြေကွဲမှုကြီးက ခံစားရခက်လွန်းတယ်"

ဆန်းလျန်သည် ဖန်းယန်ယင်း၏ ပခုံးလေးကိုပုတ်ရင်း နှစ်သိမ့်ပေးသည့် စကားများကို ပြောလိုက်ချင်လေသည်။ သို့သော် ... ထိုသို့သော နှစ်သိမ့်စားများသည် သူ့ပါးစပ်မှလည်း ထွက်မလာနိုင်ခဲ့ပေ။

နောက်ဆုံးတွင်တော့ ဆန်းလျန်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အမှန်အတိုင်း ပြောရရင် ... ကျုပ်လည်း မင်းလိုပဲ ခံစားနေရပါတယ် ယန်ယင်းရယ် ..."

အခန်း (၆၂၄) တိန်းထျန်းဂေဟာ

ဆန်းလျန်သည် ပြောပြီးသည်နှင့် လျင်မြန်သည့် ခြေလှမ်းများ ဖြင့် အရှေ့ဆီသို့ လျှောက်သွားလေသည်။

ဆရာဦးလေးသည် သူမကို စိတ်မပျက်ရန် ပြောသွားသည့်တိုင် ဆရာဦးလေးဖြစ်သူ၏ ကျောပြင်ကို ငေးကြည့်ရင်း သူမသည် အထီးကျန်မှုနှင့် ဝမ်းနည်းမှုများကို ခံစားလိုက်ရလေသည်။

ဆန်းလျန်သည် ချန်ကျန့်မေအတွက် သာမက ကူးချိုင်ဝေ့ အတွက်ပါ ဝမ်းနည်း ကြေကွဲနေသည်ကို သူမ နားလည်နိုင်ခဲ့ ပါသည်။

ဆရာဒေါ်လေးသည် ဆရာဦးလေးကို ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကို စတင်သင်ကြားပေးခဲ့သူ ဖြစ်ကြောင်း ဆရာ ဦးလေး ပြောသည်ကို အကြိမ်ပေါင်းများစွာ ဖန်းယန်ယင်း ကြားခဲ့ရဖူးလေသည်။

ချင်းရှမ်နတ်တံခါးတွင် အတူတူ ပညာသင်ကြား ခဲ့ကြသည့် ငယ်ဘဝအချိန်များတွင် ဆရာဒေါ်လေးနှင့် ဆရာဦးလေးသည်

အလွန်မှ ချစ်ခင်ရင်းနှီး ခဲ့ကြသည်ကို သံသယဝင်စရာ မရှိခဲ့ပေ။

နောက်ပိုင်းတွင်တော့ ဆရာဦးလေးသည် ဆရာဒေါ်လေး ကူးချိုင်ဝေ့ လိုက်မမီနိုင်သည့် အဆင့်ထိ ကျင့်စဉ်လမ်း အဆင့်တက်သွား ခဲ့လေသည်။ ဆရာဒေါ်လေးသည် သူမသင်ပြပေးခဲ့ရသည့် မောင်ငယ်ကို မည်သည့်အခါမှ လိုက်မမီနိုင်တော့ပေ။

ချန်ကျင်းချင်နှင့် ဖန်းယန်ယင်းတို့သည် ဆန်းလျန်နောက်မှ လိုက်ပါ လာကြလေသည်။

ချန်ကျင်းချင်က ဖန်းယန်ယင်းဆီသို့ စိတ်စွမ်းအား ပို့လွှတ်ကာ စကားပြော လိုက်လေသည်။

"ဆရာက ဘာလို့ ဂိုဏ်းတူညီမလေး ရှော့ရှီအကြောင်းကို မမေးရတာလဲ"

ဖန်းယန်ယင်းကလည်း စိတ်စွမ်းအားဖြင့်ပင် ပြန်ဖြေလိုက်လေသည်။

"ဆရာဦးလေးရဲ့ အဆင့်နဲ့ ဆိုရင် ချင်းရွှမ်နတ်တံခါးရဲ့ ကိစ္စမှန်သမျှ ဘယ်အရာမှ ဖုံးကွယ်ထားနိုင်မှာ မဟုတ်ဘူး၊ ဂိုဏ်းတူညီမလေးရှော့ရှီ အကြောင်းကို စိတ်အာရုံနဲ့ ဆရာဦးလေး သိပြီးလောက်ပြီ၊ ဒါပေမဲ့ ငါတို့ကို မပြောချင်လို့ ဖြစ်ရမယ်"

ချန်ကျင်းချင် အသံတိတ် သွားလေသည်။

ချန်ကျင်းချင်သည် တပည့်တစ်ယောက် အနေဖြင့် ကူးချိုင်ဝေ့ကိုလည်း အသက်ရှင်သန်စေရန် မတတ်နိုင်ခဲ့သလို ညီမလေးရှော့ရှီကိုလည်း တံခါးပိတ် ကျင့်ကြံခြင်းမပြုလုပ်ရန် တားဆီးမရနိုင်ခဲ့ပါချေ။ သူသည် ဆရာဖြစ်သူကို မျက်နှာချင်းပင်မဆိုင်ဝံ့ ဖြစ်နေရလေသည်။

ဆန်းရှော့ရှီ တစ်ယောက်တည်း တံခါးပိတ် ကျင့်ကြံနေခြင်းနှင့်ပတ်သက်ပြီး ဖန်းယန်ယင်းသည် မည်သည့် ထင်မြင်ချက်မှ မပေးခဲ့ပါ။

မဖြစ်နိုင်သည့်အရာကို ဖြစ်အောင် လုပ်ကြသူများသည် ကျင့်ကြံသူများဖြစ်သည်ဟု ဆရာဦးလေး ပြောခဲ့သလိုပင် ညီမလေး ရော့ရှီသည်လည်း သူမ၏ ကိုယ်ပိုင်ရွေးခြယ်မှုဖြင့် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ဟန်တူလေသည်။ အပြင်လူများ အနေဖြင့် မည်သို့ ပါဝင် ပတ်သက်နိုင်ပါမည်နည်း။

ဖန်းယန်ယင်းသည် ချန်ကျင်းချင်ထက်ပိုပြီး ကိစ္စရပ် အတော် များများကို သိမြင်နိုင်ခဲ့လေသည်။

ဂိုဏ်းတူညီမလေး ရော့ရှီသည် နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်ပြီးသည့် နောက်ပိုင်း ထူးဆန်းသည့် အပြုအမူများကို မကြာခဏ ပြုလုပ်လေ့ရှိလေသည်။

ညီမလေးရော့ရှီ တံခါးပိတ် မကျင့်ကြံခင်က အပြင်သို့ တစ်ကြိမ် ထွက်လာခဲ့သေးသည်။ ထိုအချိန် ကတည်းကပင် သူမ သည် အနည်းငယ် ထူးဆန်းနေခဲ့လေသည်။

ချန်ကျင်းချင်ကတော့ သူမကျင့်ကြံသည့် အိပ်မက်လိပ်ပြာ ကျင့်စဉ်ကြောင့် ထူးဆန်းနေခြင်း ဖြစ်နိုင်သည်ဟု ယူဆခဲ့လေ သည်။

သို့သော် … ဖန်းယန်ယင်းကတော့ ရှော့ရှီတွင် ပြဿနာ တစ်စုံတစ်ခု ရှိနေသည်ကို ဓားသွားကဲ့သို့ ထက်မြက်သည့် စိတ်ထားဖြင့် သိရှိခဲ့လေသည်။

ထို့ကြောင့် ရှော့ရှီ တစ်ယောက်တည်း ကျင့်ကြံမှု မပြုခင်အချိန် တွင် သူမက မေးမြန်းကြည့်ခဲ့လေသည်။ ရှော့ရှီကလည်း သူမ ကို ဖုံးကွယ်ထားခြင်းမရှိပါ။

ရှော့ရှီသည် လူပြန်ဝင်စားသည့် ယွမ်ကျွင်းကေရီ၏ ဉာဏ်စဉ် တစ်ခု ဖြစ်သည်ဆိုသည့် အချက်ကို ဖန်းယန်ယင်းကို ပြောပြခဲ့ လေသည်။ ထို့ကြောင့် ထိုက်စု နတ်ဘုရားဂိုဏ်းမှ ထျန်းမုန့် နတ်သမီးသည် သူမ၏ နှလုံးသားထဲတွင် နှလုံးသား စည်းချက် ကျင့်စဉ်ကို စိုက်ပျိုး ပေးခဲ့လေသည်။ ထိုကျင့်စဉ်ကို ဖျက်ဆီး

ပစ်လိုက်သည့် တိုင်အောင် သူမ၏ တာအိုနှလုံးသားတွင် အပေါက်တစ်ခု ဖြစ်နေခဲ့လေသည်။

အိပ်မက်လိပ်ပြာ ကျင့်စဉ်သည် ပြဿနာများစွာကို ဖြေရှင်းပေးခဲ့သည့်တိုင် ထိုအပေါက်ကိုတော့ ပျောက်ကွယ်သွားအောင် လုပ်နိုင်စွမ်းမရှိခဲ့ပေ။

ထိုနေ့က သူမသည် ထျန်းမုန့်နတ်သမီးနှင့် တိုက်ခိုက်ရန် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

တိုက်ပွဲတွင် ထျန်းမုန့်နတ်သမီးသည် ထင်မှတ်မထားသည့် တန်ပြန်တိုက်ခိုက်မှု တစ်ခုကို ပြုလုပ်ခဲ့လေသည်။ ထျန်းမုန့်နတ်သမီးသည် သေခြင်းတံခါးဝကို ဖွင့်လှစ်ပြီး ထိုက်စုယွမ်ကျွင်း၏ ဉာဏ်စဉ် အသိတရားတစ်ခုကို ဆင့်ခေါ်ခဲ့လေသည်။

အိပ်မက်လိပ်ပြာ ကျင့်စဉ်သည် အံ့သြစရာ ကောင်းလွန်းသည့် ထိပ်တန်းအဆင့် ကျင့်စဉ်တစ်ခုဖြစ်ပြီး ထိုကျင့်စဉ်ထက် ပိုမို အဆင့်မြင့်သည့် "နှလုံးသားနှင့် ဝိညာဉ်ကျင့်စဉ်" လောကတွင်

မရှိနိုင်ပေ။ မဟုတ်ပါက ရှေ့ရှိသည့် အစောကြီး ကတည်းက

ပင် ထိုက်စုယွမ်ကျွင်း၏ ကိုယ်ပွားဖြစ်လာမည် ဖြစ်လေသည်။

အမှန်တော့ ရှေ့ရှိနှင့် ထိုက်စုယွမ်ကျွင်းသည်

တစ်ယောက်တည်း ဖြစ်လေသည်။

သို့သော် ... သူမသည် ထိုက်စုယွမ်ကျွင်းနှင့် ပေါင်းစည်းမိခြင်း

မရှိသေးပေ။ ထို့ကြောင့် တစ်သားတည်း မဖြစ်သေးပဲ

ခန္ဓာကိုယ်(၂)ခု ကွဲနေသကဲ့သို့ ဖြစ်နေရလေသည်။

ထို့ကြောင့် ရှေ့ရှိသာ ထိုက်စုယွမ်ကျွင်း ဖြစ်လိုသည့် ဆန္ဒမရှိ

သရွေ့ ကာလပတ်လုံး သူမသည် ထိုက်စုယွမ်ကျွင်းနှင့်

ပေါင်းစည်းမိမည် မဟုတ်ပေ။

ထို့ကြောင့် သူမသည် ကိုယ်တိုင်ကိုယ်ပိုင် ဖြစ်ရန်အတွက်

တစ်ယောက်တည်း တံခါးပိတ်ကျင့်ကြံပြီး အဖြေရှာရန်

ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

သူမ၏ မူလဝိညာဉ်ခန္ဓာကို မရှိမှုအဖြစ်သို့ ပြောင်းလဲလိုက်လျှင် သူမ၏ ရုပ်ခန္ဓာတည်ရှိမှုသည် အိပ်မက်တစ်ခုပမာ ဖြစ်လေသည်။ ထိုအိပ်မက်ကမ္ဘာတွင် သူမသည် ထျန်းမုန့်နတ်သမီး ဆင့်ခေါ်ထားသည့် ထိုက်စုယွမ်ကျွင်း၏ ဉာဏ်စဉ်အသိတရားဖြင့် တိုက်ခိုက် နေခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် အိပ်မက်ကမ္ဘာသည် ဖြစ်နိုင်ချေများစွာ ရှိလေသည်။ ထို့ကြောင့် အိပ်မက်ကမ္ဘာသည် ထိုက်စုယွမ်ကျွင်းကို တိုက်ခိုက်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းပင် ဖြစ်လေသည်။

ကံကောင်းထောက်မစွာဖြင့် အိပ်မက်ကမ္ဘာတွင် သူမသာ အနိုင်ရခဲ့လျှင် ပြန်လည် နိုးထလာနိုင်မည် ဖြစ်လေသည်။ မဟုတ်ပါက သူမသည် အိပ်မက်ကမ္ဘာတွင် ထာဝရ ပိတ်မိနေမည် ဖြစ်လေသည်။

ထိုကိစ္စတွင် သူမကို မည်သူမှ မကူညီနိုင်ပေ။ သူမကိုယ်သူမ

သာ ကူညီနိုင်မည် ဖြစ်လေသည်။

ဖန်းယန်ယင်း တွေးသည်မှာ မှန်ကန်လေသည်။

ဆန်းလျန်သည် သူ၏ နတ်ဘုရားစိတ်အာရုံများ အားလုံးကို ချ

င်းရှမ်တောင် တစ်ခုလုံးသို့ ဖြန့်ကြက်လိုက်လေသည်။ ထိုအခါ

ရော့ရှီသည် တံခါးပိတ် ကျင့်ကြံနေသည်ကို သတိပြု လိုက်မိ

လေသည်။ ထို့ပြင် ရော့ရှီ၏ အခြေအနေကိုလည်း သူ

ရှင်းလင်းစွာ သဘောပေါက် လိုက်ရသည်။

ဆန်းလျန်ကိုယ်တိုင် သည်လည်း အိပ်မက်လိပ်ပြာ ကျင့်စဉ်ကို

နက်နက်ရှိုင်းရှိုင်း နားလည်ခဲ့သူဖြစ်လေရာ ရော့ရှီ တံခါးပိတ်

ကျင့်ကြံရန် ဆုံးဖြတ်ချက် ချလိုက်ရသည့် အကြောင်းရင်းကို

ပါ ချက်ချင်း သိရှိလိုက်လေသည်။

သို့သော် ... ရော့ရှီနှင့် ဆန်းလျန်သည် ဆွေမျိုးတော်စပ်သူများ

ဖြစ်လေသည်။ ထို့ကြောင့် ချင်းရှမ်နှင့် မသက်ဆိုင်သည့်

မိသားစုကိစ္စများကို ဆန်းလျန်သည် ချန်ကျင်းချင်နှင့် ဖန်းယန်ယင်းတို့ကို မေးမြန်းခြင်းမပြုရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

စိတ်ခံစားချက်များ နောက်သို့သာ လိုက်နေလျှင် အဘယ်မှာ ဆန်းလျန် ပီသပါတော့မည်နည်း။

ရော့ရှီ၏ကိစ္စကို နောက်မှ ဖြေရှင်းပေးတော့မည်ဟု ဆန်းလျန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

ယခုတော့ ... သူသည် ချင်းရှမ်းနတ်တံခါးမှ တပည့်များနှင့် ဆရာသခင်များကို "ဆန်းလျန်ပြန်လာပြီ" ဆိုသည့် သတင်းကောင်းကို အရင်ကြေညာရမည် မဟုတ်ပါလား။

***

လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက နတ်ဘုရားများနှင့် ကျင့်ကြံသူဂိုဏ်းများ အကြားတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့လေသည်။ ထို့ကြောင့် ဝိညာဉ်စွမ်းအား ပစ္စည်းများလည်း တန်ဖိုးကျဆင်း ခဲ့ရလေသည်။

ထို့နောက်တွင်တော့ ကျင့်ကြံခြင်းနှင့် ပတ်သက်သည့် ဝိညာဉ်စွမ်းအား ပစ္စည်းများကို ကုန်သွယ်မှုတွင် အသုံးပြုလာ ခဲ့ကြလေသည်။

ရှမ်ထုန်နတ်မိစ္ဆာ ဘုရင်သည် ဝိညာဉ်စွမ်းအား ပစ္စည်းများကို ကုန်သွယ်မှုတွင် ကျွမ်းကျင်သူဖြစ်ရကား နတ်ဘုရား ဈေးပွဲတော်ကို အသွင်ပြောင်းပြီး လင်ယန်နန်းတော်ကို တည်ဆောက်ခဲ့လေသည်။ ထိုနေရာတွင် နေ့နေ့ညည ကျင့်ကြံသူများဖြင့် စည်ကား သိုက်မြိုက်လျက် ရှိလေသည်။

လင်ယန်နန်းတော်သည် ဂုဏ်သတင်းကြီးမားသည့် အတွက် ကျင့်ကြံသူများနှင့် နတ်မိစ္ဆာများအားလုံး လွတ်လပ်စွာ အရောင်းအဝယ် ပြုလုပ်နိုင်လေသည်။

ထို့ကြောင့် လွန်ခဲ့သည့် နှစ်များအတွင်းတွင် နတ်ဘုရားအဖြစ် အဆင့်တက်ရောက်နိုင်သူများ မများလှသော်လည်း လင်ယန်

နန်းဆောင်တွင် ဝိညာဉ်ပစ္စည်းများ ရောင်းဝယ် ဖောက်ကား သည့် ကျင့်ကြံသူများကတော့ အလွန်မှ များပြားခဲ့လေသည်။ ထို့ပြင် လင်ယန်နန်းတော်သည် အမှောင်မိစ္ဆာသခင် ပြုလုပ်ထားခဲ့သည့် ရေကန်မှ ဆက်သွယ်ရေး နည်းစနစ်ကို သုတေသနပြုပြီး ထပ်မံတိုးချဲ့ကာ အသုံးပြုခဲ့လေသည်။ ထို့ကြောင့် လင်ယန်နန်းဆောင်၏ ဆက်သွယ်ရေး စနစ်သည် ယခင်အချိန်ကထက် ပိုမိုမြန်ဆန်ပြီး ထိရောက်မှုလည်း ရှိလာခဲ့လေသည်။

ယနေ့ခေတ် ကျင့်ကြံသူ လောကသည် ယခင်အချိန်အခါနှင့် နှိုင်းယှဉ်လျှင် များစွာ အဆင့်မြင့်ပြီး သာယာဝပြောလာခဲ့ပြီ ဖြစ်လေသည်။

အတိတ်တစ်ချိန်က … လော်ဝါဒဂိုဏ်းကြီး၏ ဌာနချုပ်ဖြစ်သည့် ကျီမော့တောင်ထိပ်သည် လော်ဝါဒဂိုဏ်းကြီး ပျက်စီးသွားပြီးသည့်နောက် လင်ယန်နန်းတော်၏ အကြီးမားဆုံး

ကုန်သွယ်မှု နေရာကြီး ဖြစ်လာခဲ့လေသည်။ ကျင့်ကြံသူများ

သည် ထိုနေရာတွင် သေမျိုးလောကမှ လူသားများအလား

တဝုန်းဝုန်း တရုန်းရုန်းဖြင့်သွားလာ လှုပ်ရှားလျက် ရှိကြလေ

သည်။

သို့သော် ... ကျင့်ကြံသူများ အတွက် လိုချင် တပ်မက်စရာများ

နှင့် ပြည့်နှက်နေသည့် လင်ယန်နန်းတော်တွင် သွားချင်တိုင်း မ

သွားနိုင်သည့် ဂုဏ်သရေရှိ နေရာများလည်း များစွာ ရှိနေပါ

သေးသည်။ ထိုနေရာများထဲတွင် တိန်းထျန်းဂေဟာ သည်

လည်း အပါအဝင် ဖြစ်လေသည်။

ထိုနေရာသည် အလွန်သာယာသည့် နေရာတစ်ခု ဖြစ်လေ

သည်။

ဂေဟာအပေါ်ဆုံးထပ်မှ ကြည့်မည်ဆိုလျှင် မြူခိုးများနှင့် နှင်း

မှုန်များမှလွဲပြီး မည်သည့်အရာကိုမှ တွေ့မြင်ရပြီး နတ်ဘုံနတ်

နန်းအလား ခံစားရမည် ဖြစ်လေသည်။

အဆင့်မြင့် အိမ်တော်များမှ မိသားစုဝင်များ၊ တန်ခိုးစွမ်းအား မြင့်မားသည့် ကျင့်ကြံသူများနှင့် နောက်ခံဇာစ်မြစ် ကောင်းကောင်းရှိသည့် သူများသာ တိန်းထျန်းဂေဟာသို့ ဝင်ခွင့်ရကြလေသည်။

ထို့ပြင် ထိုနေရာတွင် ပြောဆို ဆွေးနွေးကြသည့် ကိစ္စရပ်များ မှာလည်း ကျင့်ကြံသူ လောကမှတွင် ဖြစ်ပျက်နေသည့် အရေးကြီး ကိစ္စကြီးများသာလျှင် ဖြစ်လေသည်။

ယနေ့တွင်တော့ ...

တိန်းထျန်းဂေဟာတွင် ကျင့်ကြံသူ တစ်ယောက်က ဟောပြော မှုများ ပြုလုပ်နေပြီး အခြားသော ကျင့်ကြံသူများက နားထောင် နေကြလေသည်။

ထိုကျင့်ကြံသူသည် တစ်ချိန်တုန်းက ကျော်ကြားခဲ့သည့် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ် ဆန်းကျန်းရန် နတ်ဘုရား အကြောင်းကို ဟောပြောနေခြင်း ဖြစ်လေသည်။ ဆန်းကျန်းရန်

သည် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက ပျောက်ကွယ်သွားခဲ့ပြီး ယခု ချင်းရွှမ်နတ်တံခါးသို့ ပြန်လည် ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

ဟောပြောနေသူမှာ ချင်းရွှမ်နတ်တံခါးနှင့် နီးစပ်သူတစ်ယောက် ဖြစ်ပြီး အဆင့်မြင့် အိမ်တော်တစ်ခုမှ မိသားစုဝင်တစ်ယောက်လည်း ဖြစ်လေသည်။ ထိုကျင့်ကြံသူသည် ဆန်းကျန်းရန်နတ်ဘုရား ပြန်လည် ရောက်ရှိလာသည်ကို ကိုယ်တိုင်မျက်မြင်တွေ့ကြုံရခြင်း မရှိသည့်တိုင် မျက်မြင်တွေ့ခဲ့ရသည့်အလား စိတ်အား ထက်သန်စွာဖြင့် ပြောပြနေလေသည်။

“ကျုပ်က ဘယ်တုန်းကမှ မမှန်တဲ့စကားတွေကို မပြောတတ်ဘူးဆိုတာ ခင်ဗျားတို့လည်း သိတာပဲ၊ ချန်ကျန်းရန်နတ်ဘုရားချန်ကျင်းချင်က သူ့ရဲကောင်း တစ်ယောက်ဆိုတာ လူတိုင်းသိတာပဲ၊ ကျင့်ကြံသူလောကမှာ ချန်ကျန်းရန်နတ်ဘုရား ဆိုတာထိုက်စန်းတောင်လို ခိုင်မာပြီး ပေသိုကြယ်စင်လို တောက်ပနေ

တဲ့ နတ်ဘုရားတစ်ပါး လို့တောင် ပြောနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီ နေ့ကတော့ ချန်ကျန်းရန် နတ်ဘုရားဟာ သူ့ဆရာဖြစ်တဲ့ ဆန်း ကျန်းရန် နတ်ဘုရားရဲ့ဘေးမှာ ကုတ်ကုတ်ကလေး ငြိမ်နေတာ ပဲ၊ အိမ်မှာဆိုရင် ကျုပ်အဖေအနားကို ကျုပ်ရောက်နေသလို ပေါ့ဗျာ၊ ကိုယ့်ဆရာဆိုတော့ လေးလေးစားစား ရှိရတာပါ၊ ဒါပေမဲ့ ကျုပ်ပြောချင်တာက ချန်ကျန်းရန် နတ်ဘုရား အဲဒီလို ကုတ်ကုတ်ကလေး ဖြစ်နေရတာက သူ့ရဲ့ဆရာကို ရိုသေ လေးစားရုံသာ မကဘူး၊ ဆန်းကျန်းရန် နတ်ဘုရားရဲ့ ကျင့်ကြံ ခြင်းအဆင့်က ချန်ကျန်းရန်နတ်ဘုရားနဲ့ ယှဉ်လိုက်ရင် မိုးနဲ့မြေ လို ကွာခြားနေတယ်လေ၊ အဲဒီတော့ ချန်ကျန်းရန် နတ်ဘုရား ဟာ ဆန်းကျန်းရန် နတ်ဘုရားကို ဘယ်လိုလုပ် မလေးစားပဲ နေ ရမှာတဲ့လဲဗျာ"

"ဒီတစ်ခါ ကျုပ်အဒေါ်ရဲ့ယောက်ျား ပြောတာက ဆန်းကျန်းရန် နတ်ဘုရားက ချန်ကျန်းရန် နတ်ဘုရားကို ချင်းရွှမ်က ကျင့်ကြံ

သူတွေ အားလုံးကို တောင်ပေါ်မှာ တွေ့ဆုံဖို့ လူစုခိုင်းတယ်ဆိုပဲ၊ ကြည့်ရတာ ဆန်းကျန်းရန် နတ်ဘုရားက တစ်ခုခု ပြောစရာရှိပုံ ရတယ်၊ ပြီးတော့ ဆန်းကျန်းရန် နတ်ဘုရားဆိုတာ လောက တစ်ခွင်မှာ ကိုယ်ကျင့်တရား အကောင်းဆုံး နတ်ဘုရားတစ်ပါး ပဲ မဟုတ်လား၊ နှောင်းပိုင်း မျိုးဆက်ဖြစ်ဖြစ်၊ လက်ရှိမျိုးဆက် ပဲ ဖြစ်ဖြစ်၊ လွန်ခဲ့တဲ့ မျိုးဆက်ပဲဖြစ်ဖြစ် ကျင့်စဉ်လမ်းနဲ့ ပတ်သက်တဲ့ အခက်အခဲတွေ၊ အရှုပ်အထွေးတွေကို ဆန်း ကျန်းရန် နတ်ဘုရားကို သွားမေးမယ်ဆိုရင် သူက ရိုးသား ဖြောင့်မတ်စွာနဲ့ သေသေချာချာ သင်ပြပေးလေ့ ရှိတယ်၊ သူက လုံး၀ အတ္တမကြီးဘူး၊ တစ်ကိုယ်ကောင်းလည်း မဆန်ဘူး၊ ဒီ တစ်ခေါက် ဆန်းကျန်းရန်နတ်ဘုရား ပြန်လာတာ ကံကောင်း ရင် ကျင့်စဉ်လမ်းနဲ့ ပတ်သက်တဲ့ အခက်အခဲ အရှုပ်အထွေး တွေကို မေးခွင့်ရချင်မိတယ်၊ သူ့ဆီက ကြားရတဲ့ သင်ပြပေး မှု တစ်ခုက ပြဒါးဆေးထက်တောင် တန်ဖိုးရှိသေးတယ်”

ဟောပြောနေသည့် ကျင့်ကြံသူသည် အပြောကောင်းသူ တစ်ယောက် ဖြစ်လေသည်။

ထိုကျင့်ကြံသူ၏ မျိုးနွယ်မှာ "ကျား" ဖြစ်ပြီး သူသည် မြင့်မြတ်သည့်မျိုးနွယ်မှ ဆင်းသက်လာသူ တစ်ယောက် ဖြစ်လေသည်။

ကျားအိမ်တော်သည် ကျင့်ကြံခြင်းလောကသို့ မဝင်ရောက်မီကတည်းကပင် ဂုဏ်သတင်း ထင်ရှားသည့် အိမ်တော်တစ်ခု ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့ ကျားအိမ်တော်မှ လူငယ်လေး ကျားယိလီကို ဘိုးဘေးတစ်ဦး ဖြစ်သည့် တာအိုဆရာယွိက ချင်းရှမ်နတ်တံခါးသို့ ခေါ်ဆောင် သွားခဲ့လေသည်။ ထိုအချိန်မှစပြီး ကျားအိမ်တော်သည် ချင်းရှမ်နတ်တံခါးမှ စန်းရှောင်ကျင့်စဉ်၏ အမွေဆက်ခံသူများ ဖြစ်လာခဲ့လေသည်။

လော်ဝါဒဂိုဏ်းကြီးကို တိုက်ခိုက်သည့်အချိန်တွင် ကျားအိမ်တော်၏ သတ္တိရှိမှုကြောင့် သူတို့၏ ဂုဏ်သတင်းသည် မြင့်မား

သည်ထက် မြင့်မားလာခဲ့လေသည်။ ကျားအိမ်တော်သည် အရှေ့ချင်းရှမ်းဒေသတွင် လူသိများပြီး မိုးကြိုးတန်ခိုး စွမ်းအားကျင့်စဉ် ပညာတွင် ထိပ်တန်းအဆင့် ဖြစ်လေသည်။ အရှေ့ချင်းရှမ်းဒေသသည် ထျန်းဟွာနယ်ကို တိုက်ခိုက်ရန် အတွက် လော်ဝါဒဂိုဏ်းကြီး တပ်ဆွဲခဲ့ရာနယ်မြေလည်း ဖြစ် လေသည်။

ကျားအိမ်တော်မှ လူများသည် သူတို့၏ဘိုးဘေးများကို အလွန်အမင်း ချီးကျူးဂုဏ်ဖော်ကြပြီး မိုးကြိုးတန်ခိုးစွမ်းအား သည်ပြိုင်ဘက်ကင်းသည် ဟုလည်း အမြဲတမ်း ပြောကြလေ သည်။ လော်ဝါဒမှ အစွမ်းထက်သူများပင်လျှင် ကျားအိမ်တော် မှ လူများကို ယှဉ်ပြိုင်နိုင်ကြခြင်းမရှိကြပေ။

ချင်းရှမ်းနတ်တံခါးသို့ ရောက်ရှိသွားခဲ့သည့် ကျားအိမ်တော်မှ ဘိုးဘေးဖြစ်သည့် ကျားယိလီသည် ဟိုင်သန်းအဆင့်ကို ပုံ

ပြောင်းအဆင့် (၈)ဆင့်ဖြင့် တက်ရောက် နိုင်ခဲ့သော်လည်း ဖော့ဝမ့်အဆင့်သို့ ရောက်ရှိသည်အထိ ကျင့်ကြံနိုင်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ချင်းရှမ်နတ်တံခါးမှ ဘိုးဘေးဖြစ်သူ ကျားယိလီ ကွယ်လွန် သွားပြီးသည့်နောက် ကျားအိမ်တော်၏ဂုဏ်သတင်းမှာလည်း တဖြည်းဖြည်း မှေးမှိန်လာခဲ့ ပြန်လေသည်။ မည်သို့ပင်ဖြစ်စေ ကျားအိမ်တော်သည် ချင်းရှမ်နတ်တံခါး၏ အနွယ်တော် ဖြစ်နေသေးသည်။

ထို့ပြင် သူ၏ဘိုးဘေးဖြစ်သူ ကျားယိလီသည် ကျားအိမ်တော်မှ ဦးလေးတစ်ယောက်ကို ချင်းရှမ်နတ်တံခါးသို့ တပည့်အဖြစ် ခေါ်ဆောင် သွားခဲ့ပြန်လေသည်။ ထိုဦးလေးဖြစ်သူသည် ထူးခြားသည့် အရည်အချင်းများဖြင့် ပြည့်ဝပြီး လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် (၇)ဆင့်ဖြင့် တက်ရောက် နိုင်ခဲ့လေသည်။

ထို့ကြောင့် ကျားအိမ်တော်၏ ဂုဏ်သတင်းသည် ပြန်လည်

ထွန်းတောက် လာခဲ့ပြန်လေသည်။

"အစ်ကိုကျား၊ အစ်ကိုပြောတဲ့ အတိုင်းသာဆိုရင် ဆန်းကျန်းရန်

နတ်ဘုရားက တန်ခိုး အရမ်းကြီးတယ်ဆိုတာ အမှန်ပါပဲ၊

ဒါပေမဲ့ သူသင်ပြပေးတာ ကတော့ ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်း

က ရှန်စန်းကျန်းရန်လုကျိုးယွမ်ကို မီနိုင်မယ်မထင်ပါဘူး၊ ပြီး

တော့ ဆန်းကျန်းရန် နတ်ဘုရားမှာ ချန်ကျန်းရန် နတ်ဘုရားလို

အရမ်းတော်တဲ့ တပည့်ကောင်း တစ်ယောက် ရှိတယ်ဆိုတာက

လည်း ချန်ကျန်းရန် နတ်ဘုရားက မွေးရာပါ တာအိုခန္ဓာပိုင်ရှင်

ဆိုတာ ကိုလည်း မမေ့နဲ့ဦးလေ၊ ကျုပ်တို့လို သာမန်ကျင့်ကြံသူ

တွေနဲ့ ယှဉ်ရင် သူက တာအိုကျင့်စဉ်လမ်းကို လျှောက်လှမ်းဖို့

ပိုပြီးလွယ်ကူတာပေါ့၊ ပြီးတော့ ရှန်စန်းကျန်းရန်လုကျိုးယွမ်ရဲ့

တပည့်(၉)ယောက်ဆိုရင် အကုန်လုံး နတ်ဘုရားတွေ ဖြစ်ကုန်

ကြပြီ၊ ဝမ်ကျန်းရန်ဝမ်ရှီတောက်နဲ့ စုန့်ချင်းယီတို့ ဆိုရင်လည်း

ဆန်းကျန်းရန် နတ်ဘုရားကို မမီပေမဲ့ တန်ခိုးစွမ်းအား ဘယ်လောက် မြင့်မားကြသလဲ၊ ကျုပ်သိသလောက်တော့ တာအိုကျင့်စဉ်တွေ သင်ပြပေးတဲ့နေရာမှာ ရှန်စန်းကျန်းရန်လုကျိုးယွမ်ကို ဘယ်သူမမှ မမီနိုင်ပါဘူးကွာ ...”

ကျားအိမ်တော်မှ ကျင့်ကြံသူ ပြောပြောသည်ကို နားထောင်နေသည့် ကျင့်ကြံသူစကားဝိုင်းတွင် လူတစ်ယောက်၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အခန်း (၆၂၅) ကွေလိမင်းကြီး

ကျင့်ကြံသူကျားက နှုတ်ခေါင်းတစ်ချက် ရှုံ့လိုက်ရင်း ...

"ရှန်စန်းကျန်းရန်လုကျိုးယွမ်က သူ့တပည့်တွေကို သင်ပြပေးတဲ့နေရာမှာ အရမ်းတော်တယ် ဆိုတာကိုတော့ ငြင်းလို့မရပါဘူး၊ ဒါပေမဲ့ ရှန်စန်းကျန်းရန် ဒီလောကမှာ နေနေတာဘယ်လောက်ကြာနေပြီလဲ၊ ဒါပေမဲ့ ဆန်းကျန်းရန် နတ်ဘုရားကတော့ ကျင့်စဉ်လမ်းကို စလျှောက်လှမ်းတဲ့ အချိန်ကနေလောကကို ကျော်လွန်သွားတဲ့အထိ အချိန်နည်းနည်းပဲ ကြာခဲ့တာလေ၊ သူ့မှ တပည့်တွေကို ပြုစုပျိုးထောင်ပေးဖို့ အချိန်တောင် မရလိုက်ရှာဘူး”

ကျင့်ကြံသူကျား ဟောပြောသည်ကို နားထောင်နေကြသည့်ကျင့်ကြံသူများ အားလုံးမှာလည်း ဆင်ခြင်တုံတရား ရှိသူများဖြစ်ကြလေသည်။

ထို့ကြောင့် ဆန်းကျန်းရန်ဘက်မှ မခံချင်ဖြစ်ကာတစ်ယောက်တစ်ပေါက်ဖြင့် စတင် ဆွေးနွေးကြလေတော့သည်။

ဆန်းကျန်းရန် နတ်ဘုရားသည် အလွန်လျင်မြန်သည့် အရှိန်ဖြင့် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက် နိုင်ခဲ့သည်ကို သူ တို့အားလုံးလည်း သိကြလေသည်။

ယနေ့အချိန်ထိ အဓိက နတ်ဘုရားဂိုဏ်းကြီး (၄)ဂိုဏ်းတွင် ဟို င်သန်းအဆင့်၊ လောကနတ်ဘုရား အဆင့်၊ လောကကို ကျော် လွန်သည့် အဆင့်တို့ကို ဆန်းကျန်းရန်လောက် လျင်မြန်စွာ တက်လှမ်းနိုင်သူ တစ်ဦးတစ်ယောက်မှ ထွက်ပေါ်လာခြင်း မရှိ သေးပေ။ ဆန်းကျန်းရန် နတ်ဘုရား၏ စံချိန်ကိုမည်သူမှ မချိုး နိုင်သေးပေ။

ဆန်းကျန်းရန်ကဲ့သို့ မွေးရာပါ အရည်အချင်းမျိုးကို မည်သူမှ မပိုင်ဆိုင်ခဲ့ကြပေ။

တာအိုခန္ဓာကို ပိုင်ဆိုင်ထားသည့် ချန်ကျန်းရန် နတ်ဘုရား သည်ပင်လျှင် နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရန် အတွက် နှစ်ပေါင်း(၂၀၀) ကျင့်ကြံခဲ့ရလေသည်။

ဆန်းကျန်းရန် နတ်ဘုရားကတော့ နတ်ဘုရားတစ်ပါးဖြစ်ရန် နှစ်ပေါင်း (၁၀၀) ပင် မကြာခဲ့ပေ။ ရှန်စန်းကျန်းရန် လုကျိုး ယွမ်နှင့် ယှဥ်လျှင်ပင် ဆန်းကျန်းရန် နတ်ဘုရားက ပိုပြီး လျင်မြန်လေသည်။

လူစုလူဝေးများမှာ ဆန်းကျန်းရန် နတ်ဘုရားဘက်မှ ထောက်ခံ နေကြသည်ကို ကြားလိုက်ရသည့်အခါ ကျင့်ကြံသူကျားသည် တဖြည်းဖြည်း စိတ်လှုပ်ရှား လာခဲ့လေသည်။

သူက ပြုံးလိုက်ရင်း ....

“ဒီနေရာက လူတိုင်းက ဆန်းကျန်းရန် နတ်ဘုရားရဲ့ ကျင့်စဉ် လမ်း အဆင့်တက်တာ အရမ်းမြန်တယ်ဆိုတဲ့ အချက်ကိုပဲ ကြားဖူးပြီးတော့ အသေးစိတ် အချက်အလက်တွေကိုတော့ မ သိကြဘူး မဟုတ်လား၊ ကျုပ်ကတော့ ကျုပ်ရဲ့ဦးလေး ဆီက နေ အသေးစိတ် ကြားခဲ့ရဖူးတယ်၊ ခင်ဗျားတို့လည်း ကြားချင် တယ်ဆိုရင် ကျုပ်ပြောပြလို့ရပါတယ်”

ကျင့်ကြံသူများမှာလည်း ဒဏ္ဍာရီဆန်သည့် ဆန်းကျန်းရန်နတ်ဘုရား၏ ကျင့်စဉ်လမ်းနှင့် ပတ်သက်သည့် အသေးစိတ်ကို ကြားချင်နေကြလေရာ ....

သူတို့အားလုံး ပြိုင်တူ အော်ဟစ် လိုက်ကြလေသည်။

"ပြောပြပါ ... ပြောပြပါ ..."

ထို့နောက်တွင်တော့ ကျင့်ကြံသူများ အသံတိတ် သွားကြလေသည်။

သူတို့သည် ကျင့်ကြံသူကျား၏ မျက်နှာကိုငေးမောပြီး ပြောလာမည့်စကားကို နားစွင့်နေကြလေသည်။

ဆန်းကျန်းရန် နတ်ဘုရားကိုတော့ မည်သူမှ ပေါ့ပေါ့တန်တန် သဘောမထားရဲကြပါ။ ထို့ပြင် ဆန်းကျန်းရန် နတ်ဘုရားနှင့် ချန်ကျန်းရန်နတ်ဘုရား (၂)ပါးစလုံးသည် ကျင့်ကြံသူလောကကို များစွာ အကျိုးပြုခဲ့သူများ ဖြစ်ကြလေသည်။

အမှောင်မိစ္ဆာဂိုဏ်းကြောင့် ကျင့်ကြံသူလောက တစ်ခုလုံး ပရမ်းပတာ ဖြစ်နေစဉ်တွင် ဆန်းကျန်းရန် နတ်ဘုရားက လင်ထိုင်ဖန်းကျွမ်း တောင်တွင် အမှောင်မိစ္ဆာသခင်နှင့် ရင်ဆိုင်ခဲ့လေသည်။

ဆန်းကျန်းရန်သာ အမှောင်မိစ္ဆာသခင်ကို မနှိမ်နင်းနိုင်ခဲ့ပါက လက်ရှိကျင့်ကြံသူ လောကရှိ ထက်ဝက်ခန့်မှာ အမှောင်မိစ္ဆာသခင်၏ လက်ချက်ဖြင့် သုတ်သင်ခံရမည်မှာ မလွဲကေန်ပင်ဖြစ်လေ။

ဆန်းကျန်းရန်နတ်ဘုရား မရှိတော့သည့် နောက်ပိုင်းတွင်လည်း ပြဿနာများက ရှိလာပြန်လေသည်။

အထူးသဖြင့် လော်ဝါဒဂိုဏ်းကြီး၏ အနိုင်ကျင့်မှုပင် ဖြစ်လေသည်။

ထိုအချိန်တုန်းကလည်း ဆန်းကျန်းရန် နတ်ဘုရား၏ တပည့်ရင်းဖြစ်သူ ချန်ကျန်းရန် နတ်ဘုရားက ကယ်တင်ပေးခဲ့ ရလေသည်။

အမှန်တော့ လော်ဝါဒ၏ သူတော်စင်မိန်းမပျို ကျောက်ရှောင်ယွီသည် ဆန်းကျန်းရန် နတ်ဘုရားနှင့် အလွန်ခင်မင် သည့် မိတ်ဆွေရင်းများ ဖြစ်ခဲ့ကြလေသည်။ အမှောင်မိစ္ဆာ သခင်သည်ပင်လျှင် ဆန်းကျန်းရန်၏ စိတ်နှလုံးကို အနှောင့်အယှက်ပေးရန် အတွက် ကျောက်ရှောင်ယွီ နတ်သမီးကို သတ်ဖြတ်ပစ်ရန် ကြံစည်ခဲ့သေးသည် မဟုတ်ပါ လား။

ချင်းရွှမ်နတ်တံခါးသည် ဆရာသခင် အဆက်ဆက်ကို လေးစားကြသူများ ဖြစ်လေရာ ဆန်းလျန်၏ မိတ်ဆွေဖြစ်သည့် ကျောက်ရှောင်ယွီနတ်သမီး တည်ထောင်ခဲ့သော လော်ဝါဒဂိုဏ်းကြီးကို အမြစ်ပြတ် သုတ်သင်ရန် ဆုံးဖြတ်ချက် ချရ

ခြင်းသည် ချန်ကျန်းရန်နတ်ဘုရား အတွက် လွယ်ကူသည့်ကိစ္စ မဟုတ်ခဲ့ပေ။

သို့သော် ... ချန်ကျင်းချင်သည် ဘက်လိုက်မှု ကင်းမဲ့ပြီး ဖြောင့်မတ်မှန်ကန်သူ တစ်ယောက် ဖြစ်လေသည်။

ထို့ပြင် ချန်ကျင်းချင်သည် အခြားသူများကိုလည်း မကြာခဏ အကူအညီ ပေးတတ်လေသည်။ နတ်ဘုရားတစ်ပါး အဖြစ် အဆင့်မတက်ရောက် နိုင်သေးခင် ကာလမှပင် သူသည် ကျင့်ကြံသူများ အလယ်တွင် စိတ်ထားမြင့်မြတ်သူ တစ် ယောက်အဖြစ် သတ်မှတ်ခံရသူ ဖြစ်လေသည်။

ထို့ကြောင့်ပင် နှစ်ပေါင်းထောင်ချီ ကြာမြင့်လာသည့် အချိန် တွင် သူ့တွင် တပည့်များနှင့် မိတ်ဆွေ အပေါင်းအသင်းများ များစွာ ရှိလာခဲ့လေသည်။

ထို့ကြောင့် ချန်ကျန်းရန် နတ်ဘုရားအကြောင်း မကောင်း

သတင်း ဆိုရဲသူသည် ကျင့်ကြံသူလောကတွင် ဆက်လက်

ရပ်တည်နိုင်မည်ပင် မဟုတ်တော့ပေ။

ကျင့်ကြံသူများသည် သူ့ကို ဆန့်ကျင်ဘက် ပြောဆိုနေသည့်

ကျင့်ကြံသူကို စိတ်မဆိုးခဲ့ပါချေ။

ဆန်းလျန်၏ ကျင့်စဉ်လမ်း အတွေ့အကြုံများ အားလုံးကို

ကျင့်ကြံသူများက အားလုံး သိရှိထားသူ ဖြစ်လေသည်။

သို့သော် ... ဆန်းကျန်းရန် အကြောင်းကို ကြာရတိုင်း ပြောရ

တိုင်းတွင် ပထမဆုံးအကြိမ် ကြားရ ပြောရသလိုပင် စိတ်

လှုပ်ရှားမိစမြဲ ဖြစ်လေသည်။

ကျင့်ကြံသူများက စကားစတင် ပြောလိုက်လေသည်။

“ဆန်းကျန်းရန် နတ်ဘုရားဟာ ပင်လယ်ကိုဖြတ်ပြီး ချင်းရှမ်

နတ်တံခါးကို ရောက်လာတဲ့အချိန်မှာ အသက်(၁၆)နှစ်ပဲ ရှိ

သေးတယ်၊ သူ့အသက် (၃၃)နှစ်မှာ ချင်းရှမ်တောင်ပေါ်က

ဆင်းသွားခဲ့တယ်၊ အဲဒီအချိန်တုန်းက သူက ဟိုင်သန်းအဆင့်တောင် မတက်ရောက် နိုင်သေးဘူး၊ ဒါပေမဲ့ သူ့ကို ဘယ်သူမှအထင်မသေးရဲကြဘူး၊ ဟိုင်သန်း အဆင့်ကို ပုံပြောင်းအဆင့် (၃)ဆင့် (၄)ဆင့်လောက်နဲ့ တက်ရောက် ထားသူတွေဟာ ဟိုင်သန်းအဆင့် မတက်ရောက် နိုင်သေးတဲ့ ဆန်းကျန်းရန်ကို မယှဉ်နိုင်ကြဘူး၊ အဲဒါအပြင် သူက ကမ္ဘာ့ထိပ်တန်း ကျင့်စဉ်တစ်ခုဖြစ်တဲ့ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကို နှစ်ပေါင်း (၁၀၀) အတွင်းမှာ အောင်မြင်အောင် ကျင့်ကြံနိုင်ခဲ့တဲ့ ပထမဆုံးသော ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်နဲ့ ဟိုင်သန်းအဆင့် တက်ရောက်နိုင်ဖို့ဆိုတာ အရမ်းကိုခက်ခဲလွန်းတယ်ဆိုတာ ကျင့်ကြံသူတိုင်း သိကြပါတယ်၊ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကိုတီထွင်သူ ဆရာဘွားဘွား လီချင်းဆွေပြီးရင် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်နဲ့ ဟိုင်သန်းအဆင့် တက်ရောက်နိုင်သူဆိုလို့ ကျိုလင်နတ်သမီး၊ ပိယွင်နတ်သမီး

(၂)ယောက်ပဲ ရှိခဲ့တယ်၊ ဆန်းကျန်းရန် နတ်ဘုရားကတော့ ထို ကြိုရှီးနည်းဗျူဟာ ကျင့်စဉ်နဲ့ ဟိုင်သန်းအဆင့်ကို တက်ရောက် နိုင်ခဲ့တဲ့ တတိယမြောက် ပုဂ္ဂိုလ်ပါပဲ၊ သူတောင်ပေါ်က ဆင်း သွားပြီး (၁)နှစ်အတွင်းမှာပဲ ဟိုင်သန်းအဆင့်ကို တက်ရောက် နိုင်ခဲ့တယ်”

“ဟိုင်သန်းအဆင့် အောင်မြင်ပြီးတဲ့နောက် ဆန်းကျန်းရန် နတ် ဘုရားဟာ ချင်းရှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်ဖြစ်လာခဲ့တယ်၊ ဂိုဏ်းချုပ်တာဝန်ကို ယူခဲ့ပြီး (၁၅)နှစ်ကြာတဲ့ အချိန်မှာ နတ် ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက် နိုင်ခဲ့တယ်၊ သူ့ အသက် (၄၉)နှစ်မှာ လင်ထိုင်တာအိုပြိုင်ပွဲ ကျင်းပလေ့ရှိတဲ့ လင်ထိုင်ဖန်းကျွမ်း တောင်မှာ အမှောင်မိစ္ဆာ သခင်ကြီးနဲ့ ရင်ဆိုင် တိုက်ခိုက်ခဲ့ပြီး လောကကို ကျော်လွန်တဲ့ မိုးကောင်းကင် နတ်ဘုရားတစ်ပါး ဖြစ်သွားခဲ့တယ်၊ ဒါတွေ အားလုံးကို ခြုံကြည့်လိုက်မယ်ဆိုရင် ဆန်းကျန်းရန် နတ်ဘုရား

ဟာ ချင်းရှမ်နတ်တံခါးကို ရောက်လာပြီး ကျင့်စဉ်လမ်း စတင်လျှောက်လှမ်းခဲ့တဲ့ အချိန်ကနေ လောကကို ကျော်လွန်သွားတဲ့အထိ နှစ်ပေါင်း (၃၃)နှစ်ပဲ ကြာခဲ့တယ်ဆိုတာ သိနိုင်ပါတယ် …”

“ပြီးတော့ သူက ချင်းရှမ်နတ်တံခါး အတွက် (၁၅)နှစ်ကြာ ဂိုဏ်းချုပ် လုပ်ပေးခဲ့တယ်၊ အဲဒီအတောအတွင်း မှာလည်း ကူးကျန်းရန်ကူးချင်ဝေ့၊ ယန်ကျန်းရန်ယန့်ပုကွေး၊ လူကျန်းရန်လူစောယိတို့ဟာ ဟိုင်သန်းအဆင့်ကို တက်ရောက် အောင်မြင်ခဲ့ကြတယ်၊ သူတို့ (၃)ယောက်စလုံးဟာ ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် (၈)ဆင့်နဲ့ တက်ရောက်ခဲ့ ကြတဲ့သူတွေချည်းပဲ မဟုတ်လား၊ ဒီလိုမျိုး ကျင့်ကြံသူ(၃)ယောက် ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် (၈)ဆင့်နဲ့ တစ်ပြိုင်တည်း တက်ရောက်နိုင်ဖို့ဆိုတာ ဘယ်နတ်ဘုရားဂိုဏ်းနဲ့မှ ယှဉ်လို့မရနိုင်တဲ့ အောင်မြင်မှုမျိုးပါပဲ၊ သူတို့ (၃)ယောက်စလုံး ဟိုင်သန်းအဆင့် အောင်မြင်

ခဲ့တာဟာ ဆန်းကျန်းရန် နတ်ဘုရားရဲ့ သင်ပြပေးမှုတွေ မပါဘူးလို့ပြောရင် မမှန်စကား ဆိုရာကျမယ်လေ”

စကားဆုံးသွားသည်နှင့် ကျင့်ကြံသူကျားက သူ့ကို အတိုက်အခံ ပြောဆိုသည့် ကျင့်ကြံသူကို စိုက်ကြည့်လိုက်လေသည်။

ကျင့်ကြံသူကျား၏ စကားများမှာ ကျိုးကြောင်းညီညွတ်ပြီး အမှန်တရားများလည်း ဖြစ်လေသည်။

ထို့ပြင် ... သူ့အနေဖြင့် လုပ်ကြံပြောဆိုနေစရာ အကြောင်းလည်း မရှိပါချေ။ ထို့ကြောင့် လူအများက သူ့စကားကို ယုံကြည်ကြလေ၏။ သူ့စကားကို နားထောင်နေသည့် ကျင့်ကြံသူများ အားလုံးသည် အသေးစိတ် အကြောင်းအရာများကို သိရှိလိုက်ရသည့်အခါ အံ့သြမှင်တက် နေကြရလေတော့သည်။

သူတို့အားလုံးကို ထိတ်လန့်အံ့သြစေသည့် အချက်မှာ (၃၃)နှစ်ဆိုသည့် အချိန်အတွင်းတွင် ဆန်းကျန်းရန်နတ်ဘုရားသည်

အောင်မြင်မှုရရှိခဲ့ခြင်းပင် ဖြစ်လေသည်။ ထိုမျှလောက် မြန်ဆန်စွာဖြင့် ကျင့်စဉ်လမ်းတွင် အောင်မြင်ခြင်းသည် ကျင့်ကြံသူ တစ်ယောက်အတွက် ယုတ္တိပင်မတန်သည့် အချက် ဖြစ်လေသည်။

ဟိုင်သန်းအဆင့် တက်ရောက်နိုင်ရန်အတွက် (၁၇)နှစ်ခန့်သာ ကျင့်ကြံခဲ့ရသည်။ ဟိုင်သန်းအဆင့် အောင်မြင်ပြီးသည်နှင့် လောကကို ကျော်လွန်သည့် မိုးကောင်းကင် နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်နိုင်ရန် အတွက် (၁၆)နှစ်သာ အချိန် ကြာခဲ့သည်။

ရှေးအချိန် ကတည်းကပင် ဂင်္ဂါမြစ်ကမ်းမှ သဲမှုံများကဲ့သို့ ကျင့်ကြံသူများ များစွာ ရှိခဲ့ကြလေသည်။ ထိုကျင့်ကြံသူများ ထဲမှ အများစုသည် အောင်မြင်မှု မရရှိခဲ့ကြပေ။ သို့သော် ဆန်း ကျန်းရန် နတ်ဘုရားကတော့ (၃၃)နှစ်ဆိုသည့် အချိန်တိုလေး အတွင်းမှာပင် အောင်မြင်မှုကို ရရှိခဲ့လေသည်။

နတ်ဘုရားများ လူပြန်ဝင်စားပြီး ကျင့်ကြံသကဲ့သို့ပင် မြန်ဆန်လွန်းလှပလေသည်။

အမှန်တော့ ဆန်းလျန်သည် ပါရမီရှင်(၁)ယောက် ဖြစ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့သော် သူတို့မသိကြသည့် အချက်တစ်ခု ရှိလေသည်။

ဆန်းလျန်၏ ကျင့်စဉ်လမ်း ထိုမျှမြန်ဆန်ရခြင်းမှာ လင်ပေါင်ထျန်းကျွင်း၏ ဝိညာဉ်စွမ်းအား မြှင့်တင်သည့် ထိပ်တန်းကျင့်စဉ် တစ်ခုဖြစ်သည့် "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်ကြောင့် ဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်လေသည်။

မဟုတ်ပါက မည်မျှပင် ပါရမီရှိပါစေ ထိုမျှ မြန်မြန်ဆန်ဆန်ကျင့်ကြံ အောင်မြင်နိုင်မည် မဟုတ်ပါချေ။

ထို့ပြင် မူလနတ်ဘုရား တစ်ပါးဖြစ်သည့် လင်ပေါင်ထျန်းကျွင်း၏ ဝိညာဉ်စွမ်းအား မြှင့်တင်ခြင်းကျင့်စဉ်သည် ဆန်းလျ

န်၏ ကျင့်ကြံခြင်းအဆင့် အသီးသီးတွင် အထောက်အကူ ပြုခဲ့လေသည်။

ကနဦးကျင့်စဉ်လမ်းမှ နောက်ပိုင်း အဆင့်မြင့် ကျင့်စဉ်လမ်းသို့ တက်လှမ်းသည့် အခါတွင်လည်း လျင်လျင်မြန်မြန် ကျင့်စဉ်လမ်းအဆင့် တက်ရောက်နိုင်ရန် အတွက် များစွာ အထောက်အကူ ပြုခဲ့လေသည်။

ထိုအကြောင်းများသည် ဆန်းလျန်ကိုယ်တိုင်မှ လွဲပြီး မည်သူမှ မသိသည့် လျှို့ဝှက်ချက်တစ်ခု ဖြစ်လေသည်။

အတိုက်အခံ ပြောဆိုနေသည့် ကျင့်ကြံသူကလည်း ကျင့်ကြံသူ ကျားကို စိုက်ကြည့်နေလေသည်။

စိုက်ကြည့်နေရင်းမှ သူသည် အရှက်လည်း ကွဲသလိုခံစားရပြီး ဒေါသများလည်း ထွက်လာလေသည်။

"ကျားမျိုးနွယ်ကောင် … မင်းက ကျုပ်ကို ဘာစိုက်ကြည့်နေ တာလဲ"

ကျင့်ကြံသူကျားသည် ထိုသူအား အထင်သေးသည့် သဘော ဖြင့် တစ်ချက် ရယ်မောလိုက်လေသည်။

နောက်ဆုံးတွင်တော့ အတိုက်အခံ ပြောဆိုသည့် ကျင့်ကြံသူ သည် ဒေါသကို မထိန်းနိုင်တော့ပေ။

“မင်းရဲ့နောက်မှာ ချင်းရွှမ်နတ်တံခါးရှိသလို ကျုပ်နောက်မှာ လည်း ကျုပ်ကို ပံ့ပိုးပေးနေတဲ့သူတွေ ရှိပါတယ်ကွာ၊ မင်းဟာ မင်း ဘယ်လိုတွေပဲ ကြွားလုံးထုတ်နေပါစေ ကျုပ်ကတော့ သောက်ဂရုမစိုက်ဘူး၊ ဒါပေမဲ့ မင်း ကျုပ်ကို အခုလိုမျိုး အရှက်ခွဲဖို့တော့ မလိုပါဘူး၊ ကျုပ်က ဆန်းကျန်းရန် နတ် ဘုရားနဲ့ ချန်ကျန်းရန်နတ်ဘုရား အပေါ်မှာတော့ အပြစ်မပြုလို ပါဘူး၊ ဒါကြောင့် မင်းနဲ့ယှဉ်ပြီး မပြောတော့ဘူး၊ ဒါပေမဲ့ မင်း ကိုတော့ သေအောင်သတ်ပြမယ်၊ အဲဒီအချိန်ကျရင်တော့ မင်း မှာ ဘာသိက္ခာများ ကျန်ဦးမလဲဆိုတာ ကြည့်ကြသေးတာပေါ့”

အမှန်တော့ အတိုက်အခံ ပြောဆိုနေသည့် ကျင့်ကြံသူ၏

ကျင့်စဉ်များသည် နည်းလမ်းမှန် ကျင့်စဉ်များ မဟုတ်ပေ။

လက်ရှိအချိန်တွင် သူသည် အလွန်အမင်း စိတ်ဆိုး ဒေါသ

ထွက်နေပြီး တိန်းထျန်းဂေဟာတွင် ရောက်ရှိနေသည် ဆိုသည့်

အချက်ကိုပင် မေ့သွားခဲ့လေပြီ။ သူသည် ချက်ချင်းပင် လေထဲ

သို့ အပ်ဆယ်ချောင်း ပစ်လွှတ်လိုက်လေတော့သည်။

အခြားသော ကျင့်ကြံသူများမှာ အခြေအနေ မကောင်းတော့

ကြောင်း ချက်ချင်း ရိပ်မိလိုက်ကြလေသည်။

အဘယ်ကြောင့်ဆိုသော် အတိုက်အခံ ပြောဆိုနေသည့်

ကျင့်ကြံသူ ပစ်လွှတ်လိုက်သည့် အပ်များမှာ "လူသတ်ကျိမ့်

အပ်" များ ဖြစ်နေသောကြောင့်ပင်။

လူသတ်ကျိမ့်အပ်များသည် ကိုယ်တွင်းမှ ပြဒါးရှင်စွမ်းအားဖြင့်

ကျင့်ကြံ ပြုလုပ်ထားသည့် အပ်များဖြစ်လေသည်။ ထို့ကြောင့်

ကိုယ်တွင်းမှ စွမ်းအားကို အသုံးပြုကာ အပ်များကို လိုသလို ထိန်းချုပ်နိုင်လေသည်။

ကျင့်ကြံသူကျားသည် ကျင့်စဉ်လမ်းတွင် အဆင့်တစ်ခုသို့ ရောက်ရှိနေသူ တစ်ယောက် ဖြစ်ခဲ့ပါသည်။ သို့သော် … ထို အပ်များဖြင့်သာ ထိမိလျှင်တော့ ချက်ချင်းပင် အသက်ပျောက် သွားပေလိမ့်မည်။

ကျားအိမ်တော်မှ လူများသည် စကားကြီး စကားကျယ်များကို ပြောလေ့ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့သော် … ယခုကျင့်ကြံသူကတော့ စကားအပေါ်တွင် ပြဿနာရှာခဲ့ပြီ။ နောက်တစ်ကြိမ်တွင်တော့ ကျားအိမ်တော်မှ လူများအနေဖြင့် သတိလက်လွတ် ပြုမူရဲကြတော့မည် မဟုတ် ပေ။

အခြားသော ကျင့်ကြံသူများကတော့ အမှန်တရားကို ရှင်းရှင်းလင်းလင်း သိမြင်ကြလေသည်။ သို့သော် … ဒေါသ

ထွက်နေသည့် ကျင့်ကြံသူ၏ စိတ်များကတော့ မြူဖုံးလျက်ရှိ ချေပြီ။

ထိုကျင့်ကြံသူသည် မည်သည့်အရာကိုမှ ဂရုမစိုက်တော့ပါ။

လူသတ်ကျိမ့်ုအပ် (၁၀)ချောင်းသည် ကျင့်ကြံသူကျားနှင့် တဖြည်းဖြည်း နီးကပ်လာလေသည်။

အသေးအဖွဲ့ သဘောထားကွဲလွဲမှုလေး တစ်ခုသည် ထိုသို့ တိုက်ခိုက်ရသည်အထိ ဖြစ်လာလိမ့်မည်ဟု ကျင့်ကြံသူကျား ထင်မှတ်မထားခဲ့မိပေ။ ထို့ကြောင့် သူသည် အလွန် ကြောက်လန့်သွားမိလေသည်။

သူသည် လူသတ်အပ်များကို ငေးကြောင်ကြည့်နေ မိစဉ်မှာပင် ရွှေရောင်အလင်းတန်း တစ်ခု ထွက်ပေါ်လာပြီး အပ်များကို တားဆီးထားလိုက်လေ သည်။

အပ်များကို တားဆီးထားသည့် ရွှေရောင်အလင်းတန်း၏ နောက်မှ နတ်ဘုရားရောင်စဉ် (၅)မျိုး ထွက်ပေါ်လာလေသည်။

ထိုနတ်ဘုရား အလင်းတန်းများသည် လူသတ်ကျိမှုအပ်များ ကိုရော ရွှေရောင်အလင်းတန်းကိုပါ ဝါးမျိုဖျက်ဆီး ပစ်လိုက် လေသည်။

တိန်းထျန်းဂေဟာ၏ လှေကားရင်းတွင် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းမပျိုလေး တစ်ယောက်ကို တွေ့မြင် လိုက်ရလေသည်။

သူမက မျက်မှောင်ကြုတ်ကာ ကျင့်ကြံသူများ အားလုံးကို စိုက် ကြည့်နေလေသည်။

ထို့နောက်တွင်တော့ တံခါးတစ်ချပ် ပွင့်သွားပြီး လူငယ်တစ် ယောက် ဂေဟာအတွင်းသို့ ဝင်ရောက် လာလေသည်။

ထိုလူငယ်သည် တိန်းထျန်းဂေဟာမှ အကြီးအကဲ ဖြစ်လေ သည်။ ကျင့်ကြံသူကျားထံသို့ ဝင်ရောက်လာသည့် လူသတ်ကျိ မှုအပ်များကို သူ၏လက်နက် ဖြစ်သည့် ရွှေကြိုးကို အသုံးပြု ကာ ကာကွယ်ပေးလိုက်သူမှာ ထိုလူငယ်ပင် ဖြစ်လေသည်။

သူ၏ ရှေ့ကြိုးသည် လူသတ်ကျိမ့်အပ်များ ကဲ့သို့ပင် အစွမ်းထက်လှသည့် လက်နက်တစ်ခု ဖြစ်လေရာ နတ်ဘုရား ရောင်စဉ်(၅)မျိုး အောက်တွင် ပျက်စီး ပျောက်ကွယ် သွားရမည်ဟု တွေးမထားခဲ့မိပေ။

လူငယ်မှာ သူ၏လက်နက် ပျက်စီးသွားသည့် အတွက် မကျေမနပ် ဖြစ်နေဟန် ရှိလေသည်။

သို့သော် ... အစိမ်းရောင်ဝတ် မိန်းကလေးကို မြင်လိုက်သည်နှင့် သူ၏မျက်နှာ အမူအရာမှာ ချက်ချင်း ပြောင်းလဲသွားလေသည်။

သူက မိန်းမပျိုရှိရာသို့ အပြေးအလွှား သွားကာ ဦးညွှတ် ဂါရဝပြုလိုက်ရင်း ...

"ကွေလိမင်းကြီးကို ဂါရဝပြုပါတယ် ..."

တိန်းထျန်းဂေဟာတွင် ရောက်ရှိနေကြသည့် ကျင့်ကြံသူများမှာ အံ့သြလွန်းမက အံ့သြပြီး စကားပင် မပြောနိုင်ကြတော့ပါ။

ကွေလိမင်းကြီး ဆိုသည်မှာ မိုးကြိုးပစ် အစစ်ဆေးခံခြင်းကို

အောင်မြင်ခဲ့ပြီး တန်ခိုးစွမ်းအား မြင့်မားလှသည့် နတ်မိစ္ဆာ

ဘုရင်တစ်ပါးပင် မဟုတ်ပါလား။

အခန်း (၆၂၆) ထွက်သွားပြီး ပြန်ရောက်လာသည့် နတ်မိစ္ဆာ

ဘုရင်

လင်ယန်နန်းတော်မှ လူများသည် သတင်း အချက်အလက်များ

ကို ကျွမ်းကျင် သိရှိကြလေသည်။ ထို့ကြောင့် လူငယ်သည်

လေကားရင်းတွင် ရပ်နေသည့် မိန်းမပျိုမှာ နှစ်ပေါင်း

(၁၀၀)အတွင်း လူသိများလာခဲ့သည့် နတ်မိစ္ဆာဘုရင် ကွေလိ ဖြစ်သည်ကို ချက်ချင်းပင် သိရှိလိုက်ခြင်း ဖြစ်လေသည်။

သူမနာမည်ကျော်ကြား ရသည်မှာ အကြောင်းရှိလေသည်။

ကျင့်ကြံသူ လောကတွင် တာအိုဝါဒနှင့် ဗုဒ္ဓဘာသာကို စစ်မှန်သည့် ကျင့်စဉ်လမ်းအဖြစ် အမြဲတမ်း မှတ်ယူ ထားခဲ့ကြလေသည်။

လက်ရှိအချိန်တွင် တာအိုဝါဒကို ဦးဆောင်နေသူမှာ ရှမ်ထျန်းနတ်ဘုရားဂိုဏ်းနှင့် ချင်းရှမ်နတ်တံခါးပင် ဖြစ်လေသည်။

ဗုဒ္ဓဘာသာတွင်တော့ ဟိနယာနနှင့် မဟာယာနဆို၍ ဂိုဏ်းကွဲ (၂)ခုရှိပြီး ...

ဟိနယယာနဝါဒတွင် ချန်ကျောင်းတော် (တတ္တဝသိဒ္ဓိဂိုဏ်း) နှင့် ခုရှားဟူကျောင်းတော် (၂) ဂိုဏ်းရှိလေသည်။

မဟာယာနဝါဒတွင်တော့ လွိကျောင်းတော်၊ ဆန်းလွမ်ကျောင်းတော်၊ ထျန်းထိုင်ကျောင်းတော်၊ ယွိကျား ကျောင်းတော်(ဖှာ့ရှန်း

ဂိုဏ်း)၊ ရှန်းရှိုးကျောင်းတော်(ဟွာယန်ဂိုဏ်း)၊ မီကျောင်းတော်(ကျန်းယန်ကျောင်းတော်) ဟူ၍ ကျောင်းတော် (၆)ခု ရှိလေသည်။

ထို့ပြင် ကျင်းကွမ်းဝတ် ကျောင်းတော်မှ ဖားဟိုင် ဆရာတော်ကြီးသည် ကျင်းထူကျောင်းတော်နှင့် ပူးပေါင်းခဲ့သလို မင်ဝမ်ဝတ် ကျောင်းတော်ကြီး ပျက်စီး သွားပြီးသည့်နောက် ဟွေ့ခဲ့ ဆရာတော် သည်လည်း ဇင်ဗုဒ္ဓဘာသာဂိုဏ်းကို တည်ထောင်ခဲ့လေသည်။

ထို့ကြောင့် ... ဗုဒ္ဓဘာသာ ကျောင်းတော်ကြီး (၁၀)ကျောင်း ရှိသည်ဟု မှတ်ယူနိုင်လေသည်။

သို့သော် ... ထိုကျောင်းတော်များမှ ကျောင်းထိုင် ဘုန်းတော်ကြီးများသည် တာအိုဝါဒမှ နတ်ဘုရားများနှင့် အဆင့်ညီမျှသည့်ရွှေခန္ဓာရရှိသည့် အဆင့်သို့ရောက်အောင် မည်သူမှ ကျင့်ကြံနိုင်ခြင်း မရှိခဲ့ကြပေ။

ဟော့ခဲ့ဆရာတော်သည် ဇင်မုဒ္ဒဘာသာဂိုဏ်းကို တည်ထောင်

ပြီးသည့်နောက် နှစ်ထောင်ပေါင်းများစွာ အတွင်းတွင် ထင်ရှား

သည့် မုဒ္ဒဘာသာ ဆရာတော် (၅)ပါးကို မွေးထုတ် ပေးနိုင်ခဲ့

လေသည်။ ထို့ကြောင့် ဇင်မုဒ္ဒဘာသာဂိုဏ်းသည် အခြားသော

ကျောင်းတော်ကြီး (၉)ခုထက် နာမည်ကျော်ကြား လေသည်။

ဇင်မုဒ္ဒဘာသာ ဂိုဏ်းကြီး၏ အောင်မြင် ကျော်ကြားမှုသည် ချ

င်းရှမ်နတ်တံခါးနှင့် တန်းတူဟု သတ်မှတ်နိုင်လေသည်။

ဟော့ခဲ့ဆရာတော်က ဇင်မုဒ္ဒဘာသာ ဂိုဏ်းကြီး၏ ကျောင်း

တော်ကြီးကို ယခင် မင်ဝမ်ဝတ်ကျောင်းတော် တည်ရှိရာ နေရာ

တွင်ပင် ပြန်လည် တည်ဆောက်ခဲ့ပြီး ရှောင်လေယင်း ကျောင်း

တော်ဟု အမည်ပေးခဲ့လေသည်။

မုဒ္ဒဘာသာသည် မိုးကြိုးမုန်တိုင်း အလား ကြီးမြတ်လှသည်ကို

သိရှိစေရန် အတွက် ရှောင်လေယင်း ကျောင်းတော်ဟု

အမည်ပေးခဲ့ခြင်း ဖြစ်လေသည်။

ဒဏ္ဍာရီများထဲတွင် ဗုဒ္ဓကိုယ်တော်တိုင် သတင်းသုံးရာ ကျောင်းတော်ကြီး၏ အမည်မှာ တာ့လေယင်း ကျောင်းတော် ဖြစ်လေသည်။

ထို့ကြောင့် တာ့လေယင်း ကျောင်းတော်ကို အစွဲပြုပြီး ရှောင်လေယင်း ကျောင်းတော်ဟု အမည်ခေါ်ဝေါ်ခဲ့ပြီး ဗုဒ္ဓသီတင်းသုံးရာ ကျောင်းတော်နှင့် အနည်းငယ် ကွဲပြားစေရန် "ရှောင်" ဆိုသည့် စာလုံးကို အသုံးပြုကာ "ရှောင်လေယင်း" ကျောင်းတော်ဟု အမည်ပေးခဲ့ခြင်း ဖြစ်လေသည်။

သေမျိုးလောကရှိ လူသားများအကြားတွင် ရှမ်ထျန်းနတ်ဘုရား ကျောင်းတော်နှင့် ချင်းရှမ်နတ်တံခါး ပြီးလျှင် ဝင်ရောက်ရန် အခက်ခဲဆုံးကျောင်းတော်မှာ ရှောင်လေယင်း ကျောင်းတော်ဟု ပြောစမှတ်ရှိကြလေသည်။

သို့သော် .... လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀)ခန့်က နတ်မိစ္ဆာဘုရင် ကွေ့လိမင်းကြီးသည် သူမ၏ သဘာဝလွန် တန်ခိုး

စွမ်းအားများကို အသုံးပြု၍ကာ ရှောင်လေယင်း ကျောင်းတော် ပရဝုဏ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး “မဟာမာရှုရိ” ကျမ်းစာကို ခိုးယူခဲ့လေသည်။

ဟော့ခဲ့ဆရာတော်မှ လွဲပြီး အခြားသော ဆရာတော် (၄)ပါးက ကွေလိမင်းကြီး နောက်သို့ (၁၀)နှစ်ကျော် လိုက်ခဲ့ကြလေ သည်။ သို့တိုင်အောင် ကွေလိမင်းကြီးသည် လွတ်အောင် ရှောင်နိုင်ခဲ့လေသည်။ နောက်ဆုံးတွင်တော့ ဆရာတော်(၄)ပါး သည် ကွေလိမင်းကြီး နောက်သို့ ဆက်မလိုက်ကြတော့ပဲ ခိုး ယူသွားသည့် ကျမ်းစာကိုသာ ပြန်ပေးရန် တောင်းပန် ခဲ့ကြရ တော့သည်။

ထို့နောက်တွင်တော့ ကွေလိမင်းကြီးသည် သူမ တရားအလင်း ရခဲ့ရာ မူလနေရာဖြစ်သည့် ချွေ့ဖိန်တောင်သို့ ပြန်သွားခဲ့ပြီး သူမကိုယ်သူမ ချွေ့ဖိန်တောင်သခင်ဟု ကြေညာခဲ့လေသည်။ သူမ၏ တန်ခိုးစွမ်းအားများမှာ အဆုံးမရှိ မြင့်မားပြီး သာမန်

ကျင့်ကြံသူများ မပြောနှင့် လောကနတ်ဘုရားများ ပင်လျှင်

သူမကို သွားရောက် ရန်စရဲခြင်း မရှိကြပါချေ။

ယခုတော့ ကွေလိမင်းကြီးကဲ့သို့ လျှမ်းလျှမ်းတောက်

ကျော်ကြားသူသည် လင်ယန်နန်းတော်၏ အခွဲတစ်ခုဖြစ်သည့်

တိန်းထျန်းဂေဟာသို့ ရုတ်တရက် ရောက်ရှိလာခဲ့ပြီ ဖြစ်လေ

သည်။

ဂေဟာအကြီးအကဲ လူငယ်လေးသည် အဘယ်မှာ မ

ကြောက်ရွံ့ပဲ နေနိုင်ပါမည်နည်း။

ကွေလိကို ကြည့်ရသည်မှာ အနည်းငယ် စိတ်အနှောင့်အယှက်

ဖြစ်နေပုံရလေသည်။

"ကျုပ်ကို မင်းကြီးလို့ ခေါ်စရာမလိုဘူး၊ အပေါ်စားဆန်တယ်၊

တောင်သခင်လို့ ခေါ်ပါ"

သူမ၏ အသံလေးသည် အလွန်မှချိုမြပြီး ဂီတသံစဉ်အလား

ပင် ဖြစ်လေသည်။

ဂေဟာအကြီးအကဲ လူငယ်လေးကတော့ ကြောက်ရွံ့ ထိတ်လန့်မှုများကို တတ်နိုင်သမျှ ကြိုးစား ထိန်းထားလိုက်ရင်း ...

“တောင်သခင်ကို နှုတ်ဆက်ပါတယ်၊ ကျွန်တော်က လင်ယန်နန်းတော်ရဲ့ တာဝန်ရှိသူ ဝေ့ရန်ပါ၊ တောင်သခင် ရောက်လာတာ ဘာကိစ္စများ ရှိလို့ပါလဲ”

တောင်သခင်ကွေ့လိက ဂေဟာအပေါ်ထပ်မှ ကျင့်ကြံသူများကို တစ်ချက်ကြည့်လိုက်ပြီး လက်တစ်ဖက်ကို ဝေ့ယမ်းလိုက်ရင်း ...

“နင်တို့အကုန် ထွက်သွားကြစမ်း ...”

ထို့နောက် သူမက ကျင့်ကြံသူကျားကို လက်ညှိုး ညွှန်ပြလိုက်ရင်း ...

“နင် ... နေခဲ့ ...”

သူမ၏ စကားများကြောင့် အချို့သော ကျင့်ကြံသူများမှာ ဒေါသ ထွက်သွားကြလေသည်။

သူမသည် လူသားအသွင် ပြောင်းထားသည့် နတ်မိစ္ဆာ ဘုရင် တစ်ပါးသာ ဖြစ်လေရာ ထိုမျှ မောက်မောက်မာမာဖြင့် အခြား သူများကို အနိုင်ကျင့်စရာ အကြောင်းမရှိပေ။

ထို့ကြောင့် ဘဝင်မကျဟန်ဖြင့် ဆူဆူညံညံ စကားသံများ ထွက် လာကြလေသည်။

ဝေ့ရန်က ချက်ချင်းပင် ကြားဝင် ဖြေရှင်းရလေတော့သည်။

"ဧည့်သည်တော်များ ခင်ဗျာ၊ ဒီနေ့ ဧည့်သည်တော်များ စား သောက်ထားတဲ့ အစားအသောက်တွေကို ကျုပ် ဝေ့ရန်က ဒကာခံမှာ ဖြစ်ပါတယ်၊ ဒီပုဂ္ဂိုလ်က ကွေ့လိမင်းကြီး အဲလေ ... ချွေ့ဖိန်တောင်သခင် ကွေ့လိဖြစ်တဲ့အတွက် အမှား မလုပ်မိကြ ပါစေနဲ့၊ အမှား မလုပ်မိကြပါစေနဲ့ ..."

အမှန်တော့ ကျင့်ကြံသူ လောကတွင် ချွေ့ဖိန်တောင်သခင်ကို လူသိများကြသည့်တိုင် ချွေ့ဖိန်တောင်သခင်၏ အမည်ရင်း ဖြစ်သည့် "ကွေ့လိ" ကို သိပ်ပြီး သိရှိကြခြင်း မရှိပေ။

ယခုတော့ ချွေ့ဖိန်တောင်သခင်ဟု ကြားသည်နှင့် ကျင့်ကြံသူများ အားလုံးမှာ တုန်လှုပ်ချောက်ချား သွားကြရလေသည်။ မည်သူမှ အထွန့်မတက်ရဲတော့ပဲ တိန်းထျန်းဂေဟာမှ ထွက်ခွာသွားကြလေတော့သည်။ လူသတ်ကျိုမူအပ်များကို ဆုံးရှုံးခဲ့ရသည့် ကျင့်ကြံသူပင်လျှင် စကားတစ်ခွန်းမှ မဆိုတော့ပဲ အခြားသော ကျင့်ကြံသူများနှင့်အတူ ခပ်သွက်သွက် ထွက်ခွာသွားသည်ကို တွေ့ရှိလိုက်ရလေသည်။

နောက်ဆုံးတွင်တော့ …

တိန်းထျန်းဂေဟာတွင် နတ်မိစ္ဆာဘုရင်ကွေလိ၊ ဝေ့ရန်နှင့် ကျင့်ကြံသူကျားတို့ သာလျှင် ကျန်ရစ် လေတော့သည်။ ကျင့်ကြံသူကျားမှာ စိတ်မသက်မသာ ဖြစ်နေလေသည်။ လောကတစ်ခွင် ကျော်ကြားလှသည့် နတ်မိစ္ဆာဘုရင်သည် အဘယ့်ကြောင့် သူ့ကို နေခဲ့ရန် ပြောရပါသနည်း။ သူ … နားမလည်နိုင်ပါ။

သို့သော် ... ကံကောင်းသည့် အချက်မှာ ယခင်တစ်ချိန်တုန်းက ချွေ့ဖိန်တောင်သခင်သည် သူ့အသက်ကို ကယ်တင်ခဲ့ဖူးလေသည်။ ထို့ကြောင့် သူသည် ချွေ့ဖိန်တောင်သခင်ကို အလွန်အမင်း ကြောက်ရွံ့မိခြင်းတော့ မရှိပေ။

ကွေလိက သူမ၏ ဆံပင်များကို မိန်းကလေးဆန်စွာပင် နားရွက်နောက်သို့ အသာသပ်တင် လိုက်လေသည်။

သူမ၏ ဟန်ပန် အမူအရာလေးသည် အလွန်မှ ချစ်စရာကောင်းသည့်တိုင် ဝေ့ရန်နှင့် ကျင့်ကြံသူကျားမှာ သူမကို ခေါင်းပင် မော့မကြည့်ဝံ့ကြပေ။

သူမက လက်ဖက်ရည်သောက်ရန် စီစဉ်ပေးထားသည့် ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်လေသည်။ သူမထိုင်လိုက်သည့် နေရာသည် ညနေခင်းရှုခင်းကို ကြည့်ရှုခံစားရန်အတွက် အသင့်တော်ဆုံး နေရာတစ်ခု ဖြစ်လေသည်။

ထိုနေရာမှ မြင်ရသည့် မြင်ကွင်းသည် တစ်ချိန်က ထိုက်ယီ တောင်ထိပ်တွင် သူမ မြင်တွေ့ခဲ့ရသည့် တိမ်တိုက် မြူခိုးများ နှင့် ဆင်တူလေသည်။

ဝေ့ရန်နှင့် ကျင့်ကြံသူကျားတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် တစ်ချက် လှမ်းကြည့်လိုက်ကြပြီး တောင်သခင် ကွေ့လိရှိရာသို့ အလွန်ရိုသေ လေးစားဟန်ဖြင့် လမ်းလျှောက် လာကြလေသည်။

နောက်ဆုံးတော့ မဖြစ်မနေ စကားစပြော လိုက်ရသည့် သူက ဝေ့ရန် ဖြစ်လေသည်။

"တောင်သခင် ... ကျွန်တော်တို့ကို ဘာများ မိန့်မှာစရာ ကိစ္စရှိလို့ပါလဲ"

"ကျုပ် ဒီကိုရောက်လာရတာ လူတစ်ယောက်ကို လက်ဆောင် ပစ္စည်း ပေးချင်လို့ပဲ"

တောင်သခင်ကွေ့လိက ပြုံးရင်း ပြောလိုက်လေသည်။

သူမသည် မြူခိုးများ ထူထပ်နေသည့် ရှုမျှော်ခင်းကို ငေးကြည့်နေရင်း အနည်းငယ် စိတ်ကြည်လင် လာဟန်ရှိလေသည်။

ဝေ့ရန်မှာလည်း ယခုမှ စိတ်သက်သာရာ ရသွားလေသည်။ ကွေ့လိသာ ပြဿနာမရှာဘူး ဆိုလျှင် မည်သည့်ပစ္စည်းပင် ပေးရ ပေးရ တန်ပါသည်လေ။

ဝေ့ရန်က …

“ဘယ်လို လက်ဆောင်ပစ္စည်းများ လိုချင်ပါသလဲ ခင်ဗျာ၊ ကျွန်တော် ရအောင်ရှာပေးပါ့မယ်၊ တောင်သခင်သာ နှစ်သက်မယ်ဆိုရင် ချက်ချင်း ရစေရပါ့မယ်၊ တောင်သခင်လိုချင်တဲ့ ပစ္စည်းမရှိဘူး ဆိုရင်လည်း တခြားနေရာတွေက ကျွန်တော့်လူတွေကို ရှာပေးဖို့ ပြောပေးပါ့မယ်”

ဝေ့ရန်၏စကားက ယုံကြည်ချက်အပြည့်နှင့် ဖြစ်လေသည်။ နှစ်ထောင်ပေါင်းများစွာ အတွင်း လင်ယန်နန်းတော်၏ လုပ်ငန်းများသည် အလွန် ကျယ်ပြန့်လာလေသည်။ ထို့ပြင် ရွှမ်ထုန်

နတ်မိစ္ဆာ ဘုရင်မှာလည်း ရှန်စန်းကျန်းရန်လုကျိုးယွမ် ထံတွင် ပညာသင်ယူခဲ့သူ တစ်ယောက် ဖြစ်လေရာ သူမ၏ ဂုဏ် သတင်း ကျော်ကြားမှုကလည်း ပြော၍ပင် မကုန်နိုင်ပေ။

ထို့ပြင် ရွှမ်ထုန်နတ်မိစ္ဆာ ဘုရင်သည် အလုပ်ကို တရားမျှတစွာ ဖြင့် ပြီးမြောက်အောင် လုပ်ဆောင်သည့် နေရာတွင် နာမည်ကြီး လေသည်။

ကျင့်ကြံသူများကို အချိန်တိုအတွင်း ရောင်းချရန် မဖြစ်နိုင် သော ပစ္စည်းများကိုလည်း လင်ယန်နန်းတော်တွင် သိုလှောင် ထားသေးသည်။ ထို့ကြောင့် လင်ယန်နန်းတော်တွင် ကျင့်ကြံ သူများ အတွက် လိုအပ်သည့် မည်သည့်ပစ္စည်းမဆို ရရှိနိုင် လေသည်။

ရှားပါးပစ္စည်းများပင် လင်ယန်နန်းတော်တွင် ရှိလေသည်။ မရှိ လျှင်တောင်မှ ပစ္စည်းများနှင့် ပတ်သက်ပြီး ရှာဖွေတွေ့ရှိနိုင် မည့် နေရာများကို သဲလွန်စ ရရှိနိုင်လေသည်။

ကွေလိသည် စာလိပ်လေး တစ်လိပ်ကို ထုတ်ယူလိုက်ပြီး ထို စာလိပ်လေးသည် ဝေ့ရန်ထံသို့ လှပစွာဖြင့် ပျံသန်းသွားလေ သည်။ ထိုစာလိပ်လေး၏ ထိပ်တွင် ဝိညာဉ်စွမ်းအားကို ထည့်သွင်းထားသည့် အတွက် တောင်သခင်ကွေလိ လိုချင် သည့် ပစ္စည်းများကို ဝေ့ရန် ချက်ချင်း နားလည် သဘောပေါက် သွားရလေသည်။

ဝေ့ရန်က တစ်ခဏမျှ စဉ်းစားနေပြီးမှ ...

"တောင်သခင်က ရတနာပစ္စည်း (၁၀)မျိုးကို စာရင်းလုပ်ထား တာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ဆီမှာ (၃)မျိုးပဲရနိုင် မယ်ထင် တယ်၊ ကျန်တဲ့ပစ္စည်း (၇)မျိုးထဲမှာ (၆)မျိုးကတော့ တခြား နေရာတွေကနေ ရှာပေးနိုင်ပါတယ်၊ တောင်သခင်အတွက် ရှာဖွေပေးနိုင်ဖို့ ကျွန်တော့်လူတွေကို ချက်ချင်း အမိန့်ပေးလိုက် ပါ့မယ်၊ ဒါပေမဲ့ ဆန္ဒသစ်သီးကတော့ ရနိုင်မယ် မထင်ဘူး၊ အဲဒီ သစ်သီးကို ပြုလုပ်ဖို့က ခက်ခဲလွန်းတယ်၊ ဗုဒ္ဓနဲ့ဝိညာဉ်

စွမ်းအားအဆင့် တူညီတဲ့ နတ်ဘုရားတစ်ပါးရဲ့ ဝိညာဉ်စွမ်းအား

တွေကို စုစည်းပြီးတော့မှ ပြုလုပ်နိုင်တာပါ၊ ဒါကြောင့်

တစ်စုံတစ်ယောက်ဆီမှာ အဲဒီပစ္စည်း ရှိရင်တောင်မှ ချက်ချင်း

အသုံးပြုရင်ပြု ၊ မဟုတ်ရင်လည်း နောက်မျိုးဆက် အတွက်

လျှို့ဝှက်စွာနဲ့ သိမ်းဆည်းထားမှာပါ”

နတ်မိစ္ဆာဘုရင် ကွေလိက မျက်မှောင်တစ်ချက် ကြုတ်လိုက်

ရင်း ...

“ဒီအထူးလက်ဆောင် ပစ္စည်း(၁၀)မျိုးကို ကျုပ်သေသေချာချာ

စဉ်းစားပြီး ရေးထားရတာ၊ အခု (၁)မျိုးလိုနေတယ် ဆိုတော့

ကျုပ်ရဲ့လက်ဆောင်က ဘယ်လိုလုပ် ပြည့်စုံတော့မှာလဲ”

ကွေလိက မကျေမနပ်ဟန်ဖြင့် တစ်ချက် ညည်းညူလိုက်ရင်း

စကား ဆက်ပြောလိုက်သည်။

“စိတ်ရှုပ်စရာ ကိစ္စတွေသာမရှိရင် ဒီပစ္စည်းတွေကို ကျုပ်ဟာ

ကျုပ်လည်း ရှာနိုင်ပါတယ်လေ၊ နင့်ကို ဒုက္ခပေးနေစရာတောင်

မလိုဘူး၊ ထားလိုက်တော့ …၊ ရနိုင်မဲ့ ပစ္စည်း (၉)မျိုးကိုသာရှာ

ပေး၊ ဆန္ဒသစ်သီးကို ကျုပ်ဟာကျုပ်ပဲ ရှာတော့မယ်”

ဝေ့ရန်မှာ ယခုမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်း

တစ်ချက်ချလိုက်ရင်း …

“ကျွန်တော် ချက်ချင်းပဲ ရှာပေးပါ့မယ်၊ (၂)နာရီအတွင်းမှာ

တောင်သခင် လိုချင်တာတွေ ရရပါ့စေမယ်”

ကွေလိက …

“ဟုတ်ပြီလေ … ဒါနဲ့ ယွမ်ကျိုးနယ်တစ်ဝိုက်မှာ ဗုဒ္ဓနဲ့ဝိညာဉ်

စွမ်းအား အဆင့်ညီတဲ့ နတ်ဘုရား တစ်ပါးပါးများ ဘယ်မှာနေ

လဲဆိုတာ နင် သိနိုင်မလား”

သူမ၏ မေးခွန်းကြောင့် ဝေ့ရန်မှာ ထူးထူးဆန်းဆန်း ခံစား

လိုက်ရသည့်တိုင် သူက ပြန်ဖြေလိုက်လေသည်။

“မြောက်ဘက်မိုင်ပေါင်း (၃၅၀၀)လောက်မှာ အားယွိမင်းကြီးဆို

တဲ့ နတ်ဘုရားတစ်ပါး တစ်ယောက်ရှိပါတယ်၊ ပြောကြတာ

တော့ သူက ထူးဆန်းတဲ့ ဝိညာဉ်စွမ်းအား ကျင့်စဉ်တစ်မျိုးကို ကျင့်ကြံထားတယ်တဲ့၊ အဲဒီဒေသက တိုင်းပြည်တစ်ခုလုံးက လူတွေက သူ့ကို ကိုးကွယ်ကြတယ်၊ သူက အသွေးအသားနဲ့ ယဇ်ပူဇော်ခြင်းကို ခံလေ့ရှိတယ်၊ သူ့ရဲ့ ဝိညာဉ်စွမ်းအားကတော့ နတ်ဘုရားတွေနဲ့ ဗုဒ္ဓအဆင့်နီးပါး မြင့်မားတယ်လို့ ပြောကြတယ်”

ကွေလိက ...

“ကောင်းပြီ ...”

တစ်ခွန်းသာ ပြောပြီးသည်နှင့် ကွေလိထံမှ ရောင်စဉ်(၅)မျိုး အလင်းတန်းများ ဖြာထွက်လာပြီး ကောင်းကင်ထက်သို့ ပျံသန်း ပျောက်ကွယ် သွားလေတော့သည်။

ကျင့်ကြံသူကျားက ...

“အစ်ကိုဝေ့၊ ချွေ့ဖိန်တောင်သခင်က ဘာလို့ ချက်ချင်း ပြန်သွားရတာလဲ”

ဝေ့ရန်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး …

“ကျုပ်က ဘယ်သိမှာလဲ …”

ထို့နောက် ဝေ့ရန်က ဆက်ပြောလိုက်သည်။

“ကြောက်စရာ မလိုပါဘူး အစ်ကိုကျား၊ ကျုပ်ကြားဖူးတာတော့ အဲဒီ နတ်မိစ္ဆာဘုရင်က ချင်းရွှမ်နတ်တံခါးနဲ့ ဆက်စပ်မှုရှိတယ်တဲ့၊ ဒီတော့ သူက မင်းကို ဒုက္ခပေးမှာ မဟုတ်ပါဘူး”

ကျင့်ကြံသူကျားက ထိတ်လန့်အံ့သြသွားဟန်ဖြင့် …

“ချင်းရွှမ်နဲ့ ဘယ်လို ပတ်သက်ရတာလဲ …”

“လင်ယန်နန်းတော်သခင် ပြောတာကို ခဏခဏ ကြားဖူးတာပဲလေ၊ ဒါပေမဲ့ အသေးစိတ်တော့ ကျုပ်လည်းမသိဘူး၊ ကဲ … တောင်သခင်လိုချင်တဲ့ ပစ္စည်းတွေရှာဖွေဖို့ သွားလုပ်လိုက်ဦးမယ်၊ ဒီမှာ ခဏစောင့်နေပါဦးဗျာ”

ဝေ့ရန်က သိမ်မွေ့စွာပြောပြီး ထွက်ခွာသွားလေသည်။

သို့သော် သိပ်မကြာမီပင် ဝေ့ရန် ပြန်ရောက်လာလေသည်။

လင်ယန်နန်းဆောင်သည် စည်းကမ်းကောင်းပြီး အမိန့်ထုတ်ပြန်လိုက်သည်နှင့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် လုပ်ဆောင်သည့် ဝန်ထမ်းများ များစွာရှိသည် မဟုတ်ပါလား။

ကျင့်ကြံသူကျားကို တစ်ယောက်တည်း ထားခဲ့ရသည်မှာလည်း ညွှ့ဝတ်မကျေရာ ကျသည်ကို ဝေ့ရန်က နားလည်ထားလေသည်။

ထို့ကြောင့် သူတို့(၂)ယောက်သည် လက်ဖက်ရည် (၂)အိုးခန့် သောက်ရင်း အချိန်ဖြုန်းနေ ကြလေသည်။

သိပ်မကြာမီ အချိန်မှာပင် ...

ကောင်းကင်ထက်တွင် ရောင်စဉ်(၅)မျိုး အလင်းတန်းများ ဖြာလင်းလာပြီး သူတို့ လက်ဖက်ရည်ကြမ်း သောက်နေရာ နေရာသို့ ရောက်ရှိလာလေသည်။

တောင်သခင်ကွေလိ ပြန်လာပြီဖြစ်ကြောင်း သိလိုက်ရသည့်

အတွက် သူတို့ (၂)ယောက်လုံး ချက်ချင်းပင် အသင့်

အနေအထား ပြင်လိုက် ကြလေတော့သည်။

အခန်း (၆၂၇) မိုးကြိုးတန်ခိုးစွမ်းအား

ပတ်ဝန်းကျင် တစ်ခုလုံးတွင် နတ်ဘုရားရောင်စဉ်များ လင်း

လက်သွားလေသည်။

စောစောကပင် တောင်သခင်ကွေလိ ထိုင်ခဲ့သည့်နေရာတွင်

အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်

ယောက် ကျက်သရေရှိလှစွာဖြင့် ထိုင်နေသည်ကို တွေ့လိုက်ကြရလေသည်။

တစ်ချိန်တည်းမှာပင် သူမ၏ဘေးရှိ စန္ဒကူး ကြမ်းခင်းထက်တွင် ကြေးဝါရောင် အသားအရေရှိပြီး ရွှေရောင် အလင်းတန်းများ တောက်ပနေသည့် လူတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရလေသည်။ ထိုသူ၏ အသွင်အပြင်မှာ ရက်စက်ကြမ်းကြုတ်ဟန် ရှိလေသည်။

ဝေ့ရန်မှာ အလွန် စိတ်ရှုပ်ထွေးသွားပြီး တုန်ယင်သည့် လေသံဖြင့် ....

"တောင်သခင် ... ခုနထွက်သွားတာ အားယွိမင်းကြီးကို သွားဖမ်းတာလား"

ကွေလိက ...

"သူ့ကိုသွားမဖမ်းရင် ဘယ်လိုလုပ် ဆန္ဒသစ်သီးကို ရှာလို့ရမလဲ၊ ဒါပေမဲ့ ခုထိတောင် ဆန္ဒသစ်သီး ဘယ်လိုလုပ်ရမလဲ ဆို

တာ မသိသေးဘူး၊ ဒါပေမဲ့ သူ့ကို သတ်တော့ သတ်ပစ်လိုက်ပြီ၊ နင်တို့ လင်ယန်နန်းဆောင်မှာ ဆန္ဒသစ်သီးပြုလုပ်တဲ့ နည်းလေး ဘာလေး မရှိဘူးလား”

ဝေ့ရန်က စိတ်ရှုပ်ထွေးနေသည်ကို တည်ငြိမ်အောင် ကြိုးစားလိုက်ရင်း..

“နတ်ဘုရားတွေ သေဆုံးကြတဲ့အခါ ဝိညာဉ်စွမ်းအားက ပုံသဏ္ဍာန်မပျက် ကျန်ခဲ့မယ်ဆိုရင် အဲဒါကို အထူးအခြေအနေ တစ်ခုနဲ့ ပေါင်းစပ်ပြီး ဆန္ဒသစ်သီး ပြုလုပ်လို့ရမယ် ထင်တာပါပဲ၊ ဒီလိုလုပ်ရတာ အချိန်တော့ ကြာနိုင်တယ်၊ ကျွန်တော်တို့ နန်းတော်မှာ ဆန္ဒသစ်သီး မြန်မြန်ဆန်ဆန် ဖွံ့စည်းနိုင်တဲ့ လျှို့ဝှက်နည်းလမ်း တစ်ခုတော့ရှိတယ်၊ ကျွန်တော် တောင်သခင်အတွက် သွားယူပေးပါ့မယ်”

ကွေလိက ...

“အမြန်သွားယူစမ်း ...”

ဝေ့ရန်သည် နဖူးထက်မှ ကျလာသည့် ချွေးစများကို အင်္ကျီ

လက်ဖြင့် အသာသုတ်လိုက်ပြီး တောင်သခင်ကွေ့လိကို တစ်

ချက်ဦးညွှတ်ကာ ထွက်ခွာ သွားလေတော့သည်။

ထိုအခါမှ ကွေ့လိက ကျင့်ကြံသူကျားကို တစ်ချက် ကြည့်လိုက်

ရင်း ...

"နင့်နာမည် ဘယ်လိုခေါ်လဲ"

ကျင့်ကြံသူကျားက ...

"ကျွန်တော့်နာမည်က ကျားကျန်ပါ"

ကွေ့လိက နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း ...

"နင်က စန်းရှောင်ကျင့်စဉ်ကို ကျင့်ကြံသူရဲ့ မျိုးဆက် တစ်

ယောက်လား"

ကျားကျန်က ...

“ကျွန်တော့်ရဲ့ ဘိုးဘေးတွေကတော့ စန်းရှောင်ကျင့်စဉ်ကို ကျင့်ကြံကြသူတွေပါ တောင်သခင်၊ တောင်သခင်က ကျွန်တော့်ရဲ့ ဘိုးဘေးတွေကို သိလို့လား”

ကွေ့လိက ...

“သိတာပေါ့၊ ကျုပ် ချင်းရွှမ်မှာ အကြာကြီးနေခဲ့တာ၊ ဒါပေမဲ့ ကျုပ် ချင်းရွှမ်က ထွက်လာတာ နှစ်ပေါင်းရာနဲ့ချီနေပြီ၊ အဲဒီ ကျင့်ကြံသူ ချင်းရွှမ်မှာ ရှိသေးလားတောင် မသိတော့ဘူး”

ကျားကျန်က ...

“ကျွန်တော့်ဘိုးဘေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀)ကပဲ ကွယ်လွန်သွားပါပြီ”

ထိုအကြောင်းကို စဉ်းစားလိုက်မိသည့် အခါ ကျားကျန်သည် ချက်ချင်းပင် ဝမ်းနည်း လာတော့သည်။

အဘယ်ကြောင့် ဆိုသော် ... သူ၏ မိဘများကလည်း

အသက်(၂၀၀) ဝန်းကျင်မှသာ သူ့ကို မွေးဖွားခဲ့သောကြောင့်

ဖြစ်လေသည်။

 သူ၏ မိဘများသည်လည်း ဟိုင်သန်းအဆင့်သို့ တက်ရောက်

နိုင်ခြင်း မရှိပါက မကြာမီအချိန်တွင် သေခြင်းတရားဖြင့်

ရင်ဆိုင်ရတော့မည် ဖြစ်လေသည်။

ဦးလေးဖြစ်သူက သူ့အပေါ်တွင် ကောင်းကောင်းမွန်မွန်

ဆက်ဆံသည့်တိုင် မိဘနှစ်ပါး၏ ချစ်ခြင်းမေတ္တာနှင့်တော့

ဘယ်သောအခါမှ အစားထိုးရနိုင်မည် မဟုတ်ပေ။

သူသည် စဉ်းစားနေရင်းဖြင့်ပင် တောင်သခင်ကွေလိမှာ သူ၏

ဘိုးဘေးများနှင့်ပင် သိရှိသူဖြစ်သည့်တိုင် ယခုအချိန်ထိ

ငယ်ရွယ်နုပျိုအောင် မည်သို့များ ထိန်းသိမ်း ထားပါလိမ့်ဟု

တွေးနေမိလေသည်။

ထိုအချက်များကို ဆက်စပ် စဉ်းစားမိသည့်အခါ သူသည် နတ်ဘုရားဖြစ်ခြင်းဆိုသည့် အကြောင်းတရားကို စဉ်းစား လိုက်မိလေသည်။

သူ၏ ဘိုးဘေးဖြစ်သူ ကျားယိလီသည် ချင်းရွှမ်နတ်တံခါး၏ စည်းကမ်း ဥပဒေများကြောင့် သူတို့မိသားစုကို စန်းရှောင်ကျင့်စဉ်ကို လက်ဆင့် ကမ်းပေးခဲ့ခြင်း မရှိပေ။

သို့သော် ... ကျားယိလီ၏ "အရှေ့ချင်းရွှမ်မှ ထိပ်တန်းမိုးကြိုးလက်ဝါးသိုင်း" သည် အလွန်မှ နာမည် ကျော်ကြားလေသည်။ အချိန်များ ကြာလာသည်နှင့်အမျှ စန်းရှောင်ကျင့်စဉ်မှ မိုးကြိုးလက်ဝါးသိုင်းသည် "လေယွမ်မိုးကြိုး လက်ဝါးသိုင်း" အဖြစ် ပြောင်းလဲလာခဲ့လေသည်။

လေယွမ်မိုးကြိုး လက်ဝါးသိုင်းသည် အနည်းညံ့ဖျင်းသလို ထင်ရသော်လည်း မိုးနှင့်မြေကြားမှ မိုးကြိုးတန်ခိုးစွမ်းအားအနှစ်သာရကို ထုတ်ယူရသည့် ကျင့်စဉ်ဖြစ်လေသည်။

သို့သော် … ကျားယိလီက ထိုကျင့်စဉ်ကို စတင်တီထွင်ချိန်မှစ
ပြီး ကျားအိမ်တော်တွင် ထိုကျင့်စဉ်ကို ကျင့်ကြံ အောင်မြင်သူ
တစ်ယောက်မှ မရှိခဲ့ပေ။

ထိုကိစ္စနှင့်ပတ်သက်ပြီး တပည့်တစ်ယောက်က ကျားယိလီကို
မေးခဲ့ဖူးလေသည်။ သို့သော် ကျားယိလီကိုယ်တိုင်လည်း
တိတိကျကျ အဖြေပြန်ပေးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

နောက်ဆုံးတွင်တော့ ကျားအိမ်တော်မှ လူများသည် ထို
ကျင့်စဉ်ကို ကျင့်ကြံရန် စိတ်မဝင်စား ကြတော့ပဲ အခြားသော
ကျင့်စဉ်များကိုသာ သင်ပြပေးရန် ကျားယိလီကို တောင်းဆို ခဲ့
ကြလေသည်။

ထိုသို့ဖြင့် မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ဖြတ်သန်း လာကြ
လေရာ ကျားကျန်၏ မိဘများ လက်ထက်တွင် ထိုကျင့်စဉ်ကို
မေ့လုနီးပါးပင် ဖြစ်နေခဲ့ရလေပြီ။

လွန်ခဲ့သည့် (၂၃)နှစ်ခန့်က ကျားကျန်ကို မွေးဖွားခဲ့လေသည်။

အသက်ကြီးမှရသည့် ကလေးဖြစ်သည့် အတွက် မိဘ(၂)ပါး သည် ကျားကျန်ကို အလွန်မှ ချစ်ခင်မြတ်နိုး လှလေသည်။ ထို့ပြင် တိုက်ဆိုင်လှစွာပင် ဘိုးဘေးဖြစ်သူ ကျားယိလီ ချန် ထားရစ်ခဲ့သည့် စာပေများကိုလည်း ပြန်လည်တွေ့ရှိ ခဲ့ကြလေ သည်။

ထိုစာပေများမှာ လေယွမ်မိုးကြိုး လက်ဝါးသိုင်း ဖြစ်လေ သည်။ စာပေများထဲတွင် လေယွမ်မိုးကြိုး လက်ဝါးသိုင်းကို ကျင့်ကြံ အောင်မြင်ပါက ထိုသူသည် ချင်းရွှမ်နတ်တံခါးမှ (၁၀၈)မျိုးသော ကျင့်စဉ်များထဲမှ (၁)မျိုးကို ကျင့်ကြံနိုင်သည့် သူ အဖြစ် သတ်မှတ်ခံရမည်ဟု ဖော်ပြထားလေသည်။

ကျားကျန်၏ မိဘများမှာ အလွန်မှ ကျေနပ်ပီတိ ဖြစ်ခဲ့ကြလေ သည်။

သူတို့တွေ့ရှိခဲ့သည့် လေယွမ်မိုးကြိုး လက်ဝါးသိုင်းမှာ အလွန် အသေးစိတ်ကျပြီး ကျားယိလီ မသေဆုံးမီတွင် အသေးစိတ်

ပြန်လည် ရေးသားခဲ့ဟန် တူလေသည်။ ကျင့်စဉ်သည် အလွန်မှ ပြည့်စုံလွန်းလေသည်။

ထိုကျင့်စဉ်နှင့် ပတ်သက်ပြီး ကျားကျန်၏ မိဘများက ချင်းရွှမ်နတ်တံခါးတွင် ရောက်နေသည့် ကျားကျန်၏ ဦးလေးဆီတွင်လည်း အကြံဉာဏ်များလည်း တောင်းခံခဲ့လေသည်။

နောက်ဆုံးတွင်တော့ ကျားကျန်ကို ထိုကျင့်စဉ်ကို သင်ကြားပြသပေး ခဲ့ကြလေသည်။

သို့သော် ... ကျားအိမ်တော်၏ အရင်းအမြစ် ရှားပါးမှုများကြောင့် ကျားကျန်၏ လေယွမ်မိုးကြိုး လက်ဝါးသိုင်းသည် ချူးစန်းအဆင့် မရောက်ခင်တွင် ရပ်တန့်နေခဲ့လေသည်။ ထိုအဆင့်မှ ရှေ့သို့ တက်လှမ်းနိုင်ခဲ့ခြင်း မရှိပေ။

သူ၏မိဘများက ကျင့်စဉ် ကျင့်ကြံရာတွင် လော၍မရကြောင်းကို သိရှိကြသူများပီပီ သူ့ကို ကျင့်ကြံခြင်း ခဏရပ်နားပြီး အနားယူရန် ပြောခဲ့ကြလေသည်။

အမှန်တော့ ကျားကျန်၏ မိဘများမှာလည်း မိုးကြိုးတန်ခိုး စွမ်းအားသည် မိုးကောင်းကင်၏ အဖြောင့်မတ်ဆုံး အနှစ်သာရ စွမ်းအားဖြစ်သည်ကို မသိရှိခဲ့ကြပါ။

လေယွမ်မိုးကြိုး လက်ဝါးသိုင်းသည် မိုးကြိုးတန်ခိုး စွမ်းအားကို ထုတ်ယူနိုင်မည် ဆိုပါက ချောင်တုန့်အဆင့်တွင် ပင်လျှင် မိုးကြိုးတန်ခိုးစွမ်းအား အနှစ်သာရကို ဖွဲ့စည်းနိုင်မည် ဖြစ်လေသည်။

သို့သော် ... မိုးကြိုးတန်ခိုးစွမ်းအားကို ကျင့်ကြံတော့မည်ဆိုလျှင် မိုးကြိုးတန်ခိုး စွမ်းအားကို ဝိညာဉ်စွမ်းအားဖြင့် ပေါင်းစည်းရန် လိုအပ်လေသည်။ ချူးစန်းအဆင့်သို့ ရောက်ရန်အတွက် ရှေ့သို့ တက်လှမ်းနိုင်ရန် ထိုသို့ ပေါင်းစပ်နိုင်ရန်သာ လိုအပ်လေသည်။ ထိုအဆင့်သည် ရိုးရှင်းသလောက် ခက်ခဲလေသည်။

မိုးကြိုးတန်ခိုး စွမ်းအားသည် မိုးကောင်းကင်၏ ဖြောင့်မတ်ခြင်းတရား ဖြစ်သည့် အတွက်သာ ခက်ခဲသည်ဟု ယူဆရခြင်းဖြစ်လေသည်။ မိုးကြိုးတန်ခိုး စွမ်းအားသည် မကောင်းမှုအားလုံးကို သည်းမခံတတ်သလို မကောင်းမှုများကိုလည်း ခွင့်မလွှတ်တတ်ပေ။

ထိုသဘောတရားကို နားမလည်သည့် အတွက် ကျားအိမ်တော်မှ လူများသည် ဆက်လက် ကျင့်ကြံမရနိုင်ပဲ ဖြစ်ကြရခြင်းဖြစ်လေသည်။

သို့သော် … မိုးကြိုးတန်ခိုး စွမ်းအားကို ကျင့်ကြံနိုင်သူသည် ဖြောင့်မတ်ပြီး သီလစင်ကြယ်သူ အဖြစ် သိရှိရမည် ဖြစ်လေသည်။

လက်ရှိအချိန်တွင် ကျားကျန်သည် မသေမျိုးဖြစ်သော နတ်ဘုရားတစ်ပါး ဖြစ်လိုသည့် ဆန္ဒများ မယိမ်းမယိုင် ဖြစ်ပေါ်လျက် ရှိလေသည်။ ထိုဆန္ဒသည် ကမ္ဘာပေါ်တွင် အဖြောင့်မတ်

ဆိုးသော ဆန္ဒဖြစ်ပြီး သူ့တွင် အခြားသော အလိုဆန္ဒများ မရှိ တော့ပေ။

ထိုအချိန်မှာပင် ... သူ၏ သန့်စင်သည့် စိတ်ဆန္ဒနှင့် မိုးကြိုး တန်ခိုး စွမ်းအား ပေါင်းစည်းသွားပြီး သူ့တွင် ပြောင်းလဲမှုများ စတင် ဖြစ်ပေါ်လာလေသည်။

ရုတ်တရက် မိုးခြိမ်းသံများကို ကြားလိုက်ရပြီး လောကကြီးကို အမြင်သစ်တစ်ခုဖြင့် တွေ့မြင်လိုက်ရလေသည်။

သူသည် ကွေလိကို လှမ်းကြည့်လိုက်လေသည်။

ထို့နောက် ... သူ၏ မျက်လုံးထဲတွင် နေမင်းကဲ့သို့ တောက်ပ လွန်းသည့် အလင်းရောင်စက်ဝန်း တစ်ခုကို တွေ့မြင်လိုက်ရ လေသည်။ ရုတ်တရက် ထိတ်လန့်သွားပြီး သူသည် စိတ်နှင့်လူ နှင့် ပြန်ကပ်သွားလေသည်။

ကျားကျန်သည် ချူးစန်းအဆင့်ကို တက်ရောက်နိုင်သွားပြီဟု သူ့ကိုယ်သူ သိရှိလိုက်လေသည်။ သူ၏ဦးလေး၏ စကားအရ

ဆိုလျှင် ချူးစန်းအဆင့် အောင်မြင်သူများသည် ချင်းရှမ်နတ်တံခါးသို့ သွားရောက်ကာ ဆန်းကျန်းရန် နတ်ဘုရားနှင့် တွေ့ဆုံနိုင်တော့မည် ဖြစ်လေသည်။

သူသည် အလွန်ပျော်ရွှင်သွားပြီး ထခုန်မိမတတ်ပင် ဖြစ်သွားရလေသည်။

ထိုအချိန်မှာပင် နူးညံ့ပြီး ဂီတသံစဉ်နှင့်တူသည့် အသံတစ်သံက သူ့နားထဲသို့ ဝင်ရောက်လာလေသည်။ သို့သော် .... ထိုအသံသည် ရေခဲတမျှ အေးစက်လျက်ရှိလေ၏။

"နင်က ငါ့အနားကို ဒီလောက် နီးနီးကပ်လာရဲသလား၊ သေချင်ပြီထင်တယ် ..."

ကျားကျန်မှာ အလွန် အံ့အားသင့်သွား ရလေသည်။ သူသည် ကွေ့လိအနားသို့ လျှောက်သွားခဲ့ပြီး ကွေ့လိနှင့် ခြေတစ်လှမ်းအလိုတွင် ရောက်ရှိနေခဲ့လေသည်။

ကျားကျန်မှာ အမှတ်မထင် ပြုမိသွားသည့် အပြုအမူအတွက် ကြောက်ရွံ့ သွားမိလေသည်။

 သူသည် ချူးစန်းအဆင့်ကို အောင်မြင်ခဲ့ပြီ ဖြစ်လေသည်။ သို့သော် … ဟိုင်သန်းအဆင့်ကို တက်ရောက်နိုင်လျှင် တောင်မှ သူ့ရှေ့မှ တောင်သခင်ကို ရင်ဆိုင်နိုင်မည့်သူ မဟုတ်ပါချေ။

ထိုအချိန်မှာပင် …

ဝေ့ရန်သည် ကျောက်စိမ်းစာလိပ် တစ်လိပ်ကိုကိုင်ကာ ပြန်ရောက်လာလေသည်။

ကွေလိက သူမ၏ ဝိညာဉ်စူးစိုက်မှုကို အသုံးပြုကာ စာလိပ်ထဲမှ လျှို့ဝှက်နည်းလမ်းကို ဖတ်လိုက်ပြီး ချက်ချင်းပင် နားလည်သွားလေသည်။ သူမသည် တန်ခိုးစွမ်းအားကို ချက်ချင်းပင် ကျင့်ကြံလိုက်ပြီး သေဆုံးနေပြီဖြစ်သည့် အားယွိမင်းကြီး၏ ခန္ဓာကိုယ်ထက်သို့ ပို့လွှတ်လိုက်လေသည်။

ချက်ချင်းပင် အားယွိမင်းကြီး၏ ခန္ဓာကိုယ်သည် ကြည်လင်တောက်ပသည့် သစ်သီးတစ်လုံးအဖြစ် ကူးပြောင်းသွားလေသည်။ သစ်သီးလေးမှာ အလွန်မှ လှပလွန်းလေသည်။

ကွေ့လိက ကျေနပ်စွာဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်ရင်း ...

“ဒီလျှို့ဝှက်ကျင့်စဉ်က တကယ် အသုံးဝင်တာပဲ ...”

ဝေ့ရန်က ပြုံးလိုက်ရင်း ...

“တောင်သခင် နှစ်သက်လို့ ဝမ်းသာမိပါတယ်၊ ဒီသေတ္တာထဲမှာတော့ တခြားနေရာတွေ ကနေ ကျွန်တော့်လူတွေ ရှာလာတဲ့ ရတနာပစ္စည်း (၆)မျိုးနဲ့ ကျွန်တော်တို့ဆီမှာ ရှိပြီးသား ရတနာပစ္စည်း (၃)မျိုးကို ထည့်ထားပါတယ်”

ဝေ့ရန်က (၃)ပေရှည်လျားသည့် ရတနာ သေတ္တာလေးကို ဖွင့်လိုက်လေသည်။

သေတ္တာထဲတွင် မြင့်မြတ်ပြီး တန်ဖိုးရှိလှသည့် ရတနာပစ္စည်း (၉)မျိုး ရှိနေလေသည်။ ထိုရတနာ ပစ္စည်းများထံမှ ဝိညာဉ် စွမ်းအား အငွေ့အသက်များ ထွက်ပေါ်လျက် ရှိလေသည်။ ကျွေလိက ဆန္ဒသစ်သီးကို သေတ္တာအတွင်းသို့ ထည့်လိုက်ပြီး သေတ္တာကို ပြန်ပိတ်လိုက်လေသည်။ ထို့နောက် ရောင်စဉ် (၅)မျိုး တန်ခိုး စွမ်းအားများကို အသုံးပြုကာ သေတ္တာလေးကို ချိပ်ပိတ်လိုက်လေသည်။

သူမက …

"ကျားကျန်၊ ကျုပ်က ဒီလက်ဆောင်ပစ္စည်းကို မင်းကို ပေးလိုက်မယ်၊ မင်းက ချင်းရွှမ်တောင်ကို ရောက်တဲ့အခါ ဆန်း လျန်ကို ပေးပေးပါ၊ ကျုပ် တခြား အရေးကြီးကိစ္စတစ်ခု လုပ်ဖို့ ရှိလို့ လုန်ဟွာပွဲတော်ကို လာနိုင်မှာ မဟုတ်ဘူး ဆိုတာလည်း သူ့ ကိုပြောပြပေးပါ"

ကွေလိ ပြင်ဆင်နေသည့် လက်ဆောင် ပစ္စည်းများသည် ဆန်းကျန်းရန် နတ်ဘုရားအတွက် ဖြစ်သည်ဆိုသည့် အချက်ကို ကျားကျန် လုံးဝမတွေးမိခဲ့ပေ။

ထို့ထက်ပိုပြီး အံ့သြစရာ ကောင်းသည့်အချက်မှာ ကွေလိက သူ့ကို ယုံကြည်စိတ်ချပြီး ဆန်းကျန်းရန်နတ်ဘုရား အတွက် လက်ဆောင်ပစ္စည်းကို ပေးအပ်ခဲ့ခြင်း ဖြစ်လေသည်။

ကျားကျန်က ဖြည်းလေးသည့် လေသံဖြင့် ...

“လမ်းခရီးမှာ ဒီလက်ဆောင် ပစ္စည်းတွေ ပျောက်ကုန်မှာ စိတ်ပူမိပါတယ်၊ ဒါမှမဟုတ် အခြားသူတွေက လုယူတာ ခံရရင်ရော ဘယ်လိုလုပ်မလဲ”

ကွေလိက ယုံကြည်ချက် အပြည့်ရှိဟန်ဖြင့် ...

“ဒီရတနာသေတ္တာကို ကျုပ်ရဲ့ ရောင်စဉ် (၅)မျိုး တန်ခိုးစွမ်းအားနဲ့ ချိပ်ပိတ်ထားတယ်၊ လောကမှာ ဒီသေတ္တာကို ဖွင့်နိုင်တဲ့သူ သိပ်မရှိလှဘူး၊ ပြီးတော့ တစ်ဆွေလုံး တစ်မျိုးလုံး

အသတ်ခံရမှာကို မကြောက်တဲ့ သူလောက်ပဲ ကျုပ်ရဲ့

လက်ဆောင်ပစ္စည်းကို လှယူရဲလိမ့်မယ်”

ဝေ့ရန်မှာတော့ ကျားကျန်ကို ကံကောင်းလွန်းသူ တစ်ယောက်

ပမာ အားကျလျက် ရှိလေတော့သည်။

နတ်မိစ္ဆာဘုရင်ကွေလိ ကဲ့သို့သော တန်ခိုးစွမ်းအား မြင့်မားသူ

တစ်ယောက်သည် မြင့်မြတ်သည့် ရတနာပစ္စည်းများကို တန်ဖိုး

မထားဘဲ နေမည်မဟုတ်ပါ။ ထို့ကြောင့်လည်း သူမက

ရက်စက်သည့် စကားများကို ပြောလိုက်ခြင်း ဖြစ်လေသည်။

ထို့ပြင် ထိုရတနာ ပစ္စည်းများသည် ဆန်းကျန်းရန် နတ်ဘုရား

ကို ပေးအပ်မည့် လက်ဆောင်ပစ္စည်း ဖြစ်လေရာ မည်သူမှ ခိုး

ယူလုယက်ရဲမည် မဟုတ်ပါချေ။

တောင်သခင်ကွေလိသည် စကားပြောပြီးသည်နှင့် လေထဲသို့

ပျံသန်း ထွက်ခွာသွားပြီး ပျောက်ကွယ် သွားလေတော့သည်။

သူမ၏ လှုပ်ရှားမှုများသည် အလွန်မှ ကျက်သရေရှိလေရာ

ကျားကျန်နှင့် ဝေ့ရန်တို့မှာ လေးစားစွာဖြင့်ပင် ငေးမော ကြည့်နေမိကြလေသည်။

နတ်မိစ္ဆာဘုရင် ကွေ့လိသည် ရက်စက်ကြမ်းကြုတ်သူ တစ်ယောက် ဖြစ်သည့်တိုင် သူမသည် နတ်ဘုရားများနှင့် တန်းတူ တန်ခိုးစွမ်းအား မြင့်မားသည်ကိုတော့ မည်သူမှ ငြင်းနိုင်မည် မဟုတ်ပေ။

ဝေ့ရန်ကလည်း ကျားကျန်ကို တစ်ယောက်တည်း မလွှတ်လိုက်ပါ။ သူက ကျားကျန်ကို ကာကွယ်ပေးရန် အစောင့်များ ထည့်ပေးရန် အမိန့်ပေးလိုက်လေသည်။

သိပ်မကြာမီပင် သူတို့သည် ချင်းရွှမ်နတ်တံခါး တည်ရှိရာ ပင်လယ်ကမ်းခြေသို့ ရောက်ရှိလာကြလေသည်။

ကျားကျန်သည် လိုရာခရီးကို ရောက်ရှိလာသည့် အခါတွင်တော့ ပိုပြီး တည်ငြိမ် အေးဆေးနေလေသည်။ သူက

သူ၏ဦးလေးဖြစ်သူကို ရှာဖွေပြီး လက်ရှိကိစ္စရပ်များကို သတင်းပေးရန် အရင်ဆုံး စဉ်းစားလိုက်မိလေသည်။

ဦးလေးဖြစ်သူက သူ့ကို တစ်ညတာအနားယူပြီး နောက်တစ်နေ့ လန်းလန်းဆန်းဆန်း ရှိနေသည့်အချိန်မှ ဆန်းကျန်းရန် နတ်ဘုရားနှင့် တွေ့ဆုံရန် အကြံပေးလေသည်။

ထိုညက ... ကျားကျန်သည် အတော်လေး စိတ်လှုပ်ရှား နေခဲ့လေသည်။

အလွန်မှ နာမည်ကျော်ကြားပြီး ဒဏ္ဍာရီဆန်သည့် ဆန်းကျန်းရန် နတ်ဘုရားကို တွေ့ခွင့်ရလိမ့်မည်ဟု သူ့ဘဝတွင် တစ်ခါမှ စဉ်းစားထားခဲ့ဖူးခြင်း မရှိပေ။ ယခုကဲ့သို့ အခွင့်အရေးရခြင်းမှာ ကံအလွန် ကောင်းသောကြောင့်ပင် ဖြစ်လေသည်။

သူသည် ချူးစန်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ရုံ သာမက ဆန်းကျန်းရန် နတ်ဘုရားနှင့်လည်း တွေ့ခွင့်ရတော့မည် ဖြစ်လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင်တော့ သူသည် ဦးလေးဖြစ်သူနှင့် အတူ ထိုက်ယီတောင်ထိပ်သို့ ထွက်လာခဲ့လေသည်။ မြူခိုးများ ဝန်းရံနေသည့် နံနက်ခင်းအချိန်တွင် ငယ်ရွယ်သည့် တာအိုဆရာလေး (၂)ယောက်သည် စစ်တုရင်ပွဲကို အပြင်းအထန် ကစားနေကြလေသည်။ တစ်ယောက်က အဖြူရောင် ကျားစေ့များနှင့် တစ်ယောက်က အနက်ရောင် ကျားစေ့များနှင့် ဆင်နွှဲနေကြခြင်း ဖြစ်လေ၏။

သူ၏ ဦးလေးဖြစ်သူသည် အလွန်အမင်း ရိုသေလေးစားသည့် အမူအရာဖြင့် လူငယ် (၂)ယောက်ကို ဂါရဝပြုလိုက်ပြီး ကျားကျန်ကို ဒူးထောက် ခိုင်းလိုက်လေသည်။

“ဆရာဘိုးဘိုး၊ ဂိုဏ်းချုပ်၊ ဒီလူငယ်က ကျွန်တော့်ရဲ့တူလေး ကျားကျန်ပါ”

ပိုပြီးငယ်ရွယ်ပုံရသည့် တာအိုဆရာလေးသည် မျက်ခုံး(၂)ခုကြားတွင် အနီရောင်ပြဒါးရှင် သင်္ကေတ ရှိနေလေသည်။ သူ၏

ကိုယ်ရောင်ကိုယ်ဝါမှာ လရောင်အလား တောက်ပနေပြီး ထိုသူမှာ ဆန်းလျန်ပင် ဖြစ်လေ၏။

သူက ကျားကျန်ကို ကြည့်လိုက်ရင်း ခေါင်းတစ်ချက် ညိတ်ကာ ပြုံးလိုက်လေသည်။

“ဒီကလေးက စန်းရှောင်ကျင့်စဉ်ရဲ့ ဆက်ခံသူပဲ၊ ဒီလိုမျိုး အဖိုးတန်တဲ့ တပည့်တွေ တကယ်ပဲ ရှိနေသေးတာပဲ”

အခန်း (၆၂၈) ဆန်းလျန်၏ဆန္ဒ

ဆန်းလျန်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် ချန်ကျင်းချင်က စစ်တုရင်ကွက် တစ်ကွက်ကို ရွှေ့လိုက်ရင်း ပြုံးလိုက်လေသည်။

"ဆရာ ... စိတ်တွေ ပျံ့လွင့်မနေနဲ့တော့၊ ဒီတစ်ပွဲ ဆရာရှုံးတော့မယ်"

ထိုအခါတွင်တော့ ဆန်းလျန်က ကျက်သရေရှိစွာ ပြုံးလိုက်ရင်း လက်တစ်ဖက် ဝှေ့ယမ်းလိုက်လေရာ စစ်တုရင်ခုံသည် လေထဲတွင် လွင့်မျော ပျောက်ကွယ် သွားရလေသည်။

"အခုတော့ ဘာအနိုင်အရှုံးမှ မရှိတော့ဘူးပေါ့ ..."

ချန်ကျင်းချင်သည် မချိပြုံးတစ်ချက် ပြုံးလိုက်ရင်း ဆရာဖြစ်သူကို လှမ်းကြည့်လိုက်လေသည်။

ဆရာဖြစ်သူက အရှက်မရှိ ကလိမ်ကကျစ် လုပ်ချင်မှတော့ ဒီတပည့်က ဘာများ တတ်နိုင်မည်လဲလေ။

နောက်ဆုံးတော့ ချန်ကျင်းချင်လည်း ကျန်ကျား၏ ဦးလေးကို တစ်ချက်ကြည့်လိုက်ပြီး ...

“ချီယွိ၊ မင်းရဲ့တူလေးက ကျုပ်တို့ရဲ့ ဂိုဏ်းတူအစ်ကို ကျားယိလီရဲ့ မျိုးဆက်ပဲ မဟုတ်လား၊ သူတို့မျက်ခုံးတွေက ခပ်ဆင်ဆင်ပဲ၊ သူ မကွယ်လွန်ခင်က လေယွမ်မိုးကြိုး လက်ဝါးသိုင်းကို ပြည့်စုံအောင် ရေးသားသွားတယ်လို့ ကြားတယ်၊ အဲဒီကျင့်စဉ်က နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်နိုင်ဖို့ အတွက် အရိုးရှင်းဆုံး ကျင့်စဉ်တစ်ခုလို့ ပြောလို့ရတယ်၊ ဒါပေမဲ့ အဲဒီကျင့်စဉ်က အရမ်းခက်ခဲလို့ သူ့ရဲ့မျိုးဆက်တွေ တစ်ယောက်မှ မကျင့်ကြံနိုင်ခဲ့ကြဘူးဆို ... ”

ချီယွိက ...

“ဒီကလေးက ဘယ်လိုဖြစ်လို့ ရုတ်တရက်ကြီး ချူးစန်းအဆင့် တက်ရောက်သွားပြီး အဲဒီကျင့်စဉ်ကို ကျင့်ကြံနိုင်သွားလဲ ဆိုတာ ကျွန်တော်လည်း မသိပါဘူး၊ သူက အရည်အချင်းလည်း

မရှိ ... ကျင့်ကြံမှုစွမ်းအားလည်း မကောင်းတော့ ချင်းရှမ်နတ်တံခါးကို မဝင်ရောက်နိုင်ခဲ့ဘူး၊ အခုတော့ လေယွမ်မိုးကြိုးလက်ဝါးသိုင်းကို ကျင့်ကြံနိုင်ခဲ့ပြီ၊ ဂိုဏ်းချုပ် ... သူ့ကို ချင်းရှမ်နတ်တံခါးမှာ ပညာသင်ဖို့ အခွင့်အရေးလေးများ ပေးနိုင်မလား မသိဘူး”

ဆရာဘိုးဘိုးနှင့် ဂိုဏ်းချုပ် (၂)ယောက်လုံးနှင့် တွေ့ဆုံခွင့်ရသည့် ကျင့်ကြံသူဆို၍ အနည်းငယ်သာ ရှိလေသည်။ ထိုသို့သော အခွင့်အရေးမျိုးကလည်း ကြုံခေါင့်ကြုံခဲပင် ဖြစ်လေသည်။

ချီယွိက ထိုရှားပါးအခွင့်အရေးကို အသုံးချကာ တူဖြစ်သူ၏ အနာဂတ်အတွက် အသုံးပြုလိုခဲ့သည်။

ကျင့်ကြံသူ လောကသည် ဖွံ့ဖြိုးတိုးတက်လာပြီး လူကြိုက်လည်း များလာခဲ့လေသည်။

လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက အခြေအနေများနှင့်

ယှဉ်လျှင် ဟိုင်သန်းအဆင့်ကို ပုံပြောင်းအဆင့် (၇)ဆင့်ဖြင့်

တက်ရောက်နိုင်သည့် ကျင့်ကြံသူများ အများအပြား ပေါ်ထွက်

လာခဲ့လေသည်။ မဝေးတော့သည့် အနာဂတ်တွင် နတ်ဘုရား

များ များစွာ ပေါ်ထွက်လာမည် ဟုလည်း ခန့်မှန်းရလေသည်။

ထို့ကြောင့် နောက်ပိုင်း အချိန်များတွင် ကျင့်ကြံသူ တစ်

ယောက်သည် ခိုင်မာသည့် ကျောထောက်နောက်ခံ မရှိလျှင်

အလွယ်တကူနှင့် အသတ်ခံရ နိုင်လေသည်။

ကျားကျန်သာ ချင်းရွှမ်နတ်တံခါးသို့ ဝင်ခွင့်ရခဲ့လျှင် သူနှင့်

သူ၏မိသားစုဝင်များ အားလုံးအတွက် အကာအကွယ်

လည်းကောင်းကောင်းရသွားနိုင်လေသည်။

သို့သော် ... လောကတွင် ချင်းရွှမ်နတ်တံခါးနှင့် ဆက်စပ်

ပတ်သက်နေသည့် ကျင့်ကြံသူများစွာ ရှိခဲ့ပြီး သူတို့သည်လည်း

ချင်းရွှမ်နတ်တံခါးသို့ ဝင်ခွင့်မရခဲ့ကြပေ။

ထို့ကြောင့် ယခုရရှိသည့် အခွင့်အရေးသည် ချင်းရှမ်နတ်တံခါး တွင် ပညာသင်ခွင့်ရရန် အတွက် ကျားကျန်အတွက် နောက်ဆုံး အခွင့်အရေး ဖြစ်နိုင်လေသည်။

ချန်ကျင်းချင်က ...

“အရင်တုန်းက ချင်းရှမ်ကို ဝင်ခွင့်ရဖို့ စည်းကမ်းတွေမှာ သက်ညှာမှုတွေ ရှိခဲ့ပါတယ်၊ ဟိုင်သန်းအဆင့် ဆရာသခင် တစ်ပါးမှာ ပတ်သက်ရာ ပတ်သက်ကြောင်း တပည့် (၂)ယောက် ခေါ်ခွင့်ရှိတယ်၊ ကျုပ် နတ်ဘုရားအဖြစ် အဆင့် တက်ရောက် နိုင်ခဲ့တဲ့အခါ အဲဒီစည်းမျဉ်းက သိပ်ပြီး အဆင်မ ပြေတာကို သိလိုက်ရတယ်၊ ဘာလို့လဲဆိုတော့ အဲဒီစည်းမျဉ်း ကြောင့် ချင်းရှမ်နတ်တံခါးမှာ အရည်အချင်းရှိတဲ့ တပည့်တွေ နဲ့ အရည်အချင်းမရှိတဲ့ တပည့်တွေ ရောထွေးကုန်တယ်၊ ဒါ ကြောင့် ကျုပ် စည်းကမ်းအချို့ကိုလည်း ပြောင်းလဲလိုက် တယ်၊ နှစ်ပေါင်း (၅၀) မှ တစ်ကြိမ် တပည့်ရွေးတဲ့ပွဲကို (၁၀)နှစ်

တစ်ကြိမ် ပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဲဒီအချိန်တုန်းက ဆရာသခင်တွေ အတော်များများက ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို ကန့်ကွက် ခဲ့ကြသေးတယ်၊ မကျေနပ်ကြဘူးလေ၊ ကျုပ်အစီအစဉ်ကို ဆန့်ကျင်ဖို့တောင် လုပ်ခဲ့ကြသေးတာပဲ၊ ဒါပေမဲ့ ကျုပ်က ဆုံးဖြတ်ပြီးပြီဆိုရင် ပြန်မပြင်နိုင်ဘူး၊ အခုဆိုရင် နှစ်ပေါင်း(၈၀၀)တောင် ကြာခဲ့ပြီ၊ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့တဲ့ သူတွေလည်း လောကမှာ မရှိကြတော့ပါဘူး၊ အခု အားလုံးကလည်း စည်းကမ်းအသစ်တွေ အတိုင်း လိုက်နာကြတယ်၊ အခု ဒီကလေးက အရည်အချင်းရှိတယ် ဆိုရင်တောင်မှ သူ့အတွက်နဲ့ ကျုပ်ချမှတ်ခဲ့တဲ့ စည်းကမ်းကို မပြင်နိုင်ပါဘူး၊ မင်း နားလည်နိုင်မှာပါ ချီယွိ"

ချီယွိမှာ ပြောစရာ စကားများ ပျောက်ဆုံး သွားရလေသည်။ မည်သို့မှ မတတ်နိုင်တော့ပဲ ဂိုဏ်းချုပ်၏ စကားကို ခေါင်းညိတ် လက်ခံ လိုက်ရတော့သည်။

ချန်ကျင်းချင်က ဆက်ပြောလိုက်သည်။

"တကယ်တော့ လောကကြီးမှာ ကျင့်ကြံသူတွေအတွက် တခြားမှာ ကောင်းတဲ့ နေရာတွေလည်း အများကြီးရှိပါသေးတယ်၊ ချင်းရှမ်နတ်တံခါးမှာ သင်ယူမှ နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်နိုင်မယ် ဆိုတာလည်း မဟုတ်ပါဘူး၊ ဒီကလေးက ကျုပ်တို့ ချင်းရှမ်နတ်တံခါးနဲ့ ရေစက်မပါပေမဲ့ သူ့အတွက် တခြားနည်းလမ်း ရှိမှာပါ၊ ဒါကြောင့် စိတ်မပျက်ပါနဲ့"

ချီယွိက ...

"ဒါဆို ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ ဂိုဏ်းချုပ် လမ်းညွှန်ပေးစေချင်ပါတယ်"

ချန်ကျင်းချင်က ပြုံးလိုက်ရင်း ...

"နောက်ကျရင် ဒီကလေးက သူ့ဟာသူ နားလည်လာပါလိမ့်မယ်"

ချီယွိလည်း မည်သို့မှ မတတ်နိုင်တော့ပါ။

ထို့ကြောင့် သူက စကားလမ်းကြောင်း ပြောင်းရန်သာ ကြိုးစား လိုက်တော့သည်။ သူက ကျားကျန်နှင့် တောင်သခင် ကွေလိတို့ တွေ့ဆုံခဲ့ရပုံ အသေးစိတ်ကို ဆရာဘိုးဘိုးနှင့် ဂိုဏ်းချုပ်ကို အသေးစိတ် ပြောပြလိုက်လေသည်။

ကိစ္စရပ်များအားလုံးကို ဆန်းလျန် နားထောင်ပြီးသွားသည့် အခါတွင်တော့ ...

"အခု ကိစ္စရပ်အားလုံးကို ကျုပ်နားလည်ပါပြီ၊ နောက် (၂၅)ရက်လောက် ကျရင် လုန်ဟွာပွဲတော် မကျင်းပခင် ထိုက်ယီတောင်ထိပ်မှာ အသက်ရှည်ခြင်း လမ်းစဉ်နဲ့ ပတ်သက်ပြီး ကျုပ် သင်ပြပေးဖို့ရှိတယ်၊ အဲဒီမှာ အငယ်တန်း တပည့်တစ် ယောက် အတွက် နေရာတစ်နေရာ လစ်လပ်နေတယ်၊ ဒီ ကလေးကို အဲဒီကို လာခိုင်းလိုက်ပါ၊ ဟုတ်ပြီလား ...၊ အခု တော့ ကျုပ်တို့ စကားပြောတာကို ရပ်လိုက်ကြရအောင်၊ ကွေ လိပေးလိုက်တဲ့ လက်ဆောင်ကို ထားခဲ့လိုက်ပါ၊ ထိုက်ယီ

တောင်ထိပ်မှာ ကျုပ်သင်ပြ ပေးပြောပေးမဲ့နေ့ ကျရင် ပြန်လာ

ဖို့ မမေ့ပါနဲ့"

ဆရာဘိုးဘိုးက ထိုသို့ပြောပြီးဆိုမှတော့ ချီယွိနှင့် ကျားကျန်မှာ

လည်း ထိုက်ယီ တောင်ထိပ်တွင် ဆက်နေရန် အကြောင်းမရှိ

တော့ပေ။

သူတို့က တောင်သခင်ကွေ့လိ ပေးလိုက်သည့် လက်ဆောင်

သေတ္တာလေးကို ထားခဲ့ပြီး တောင်ပေါ်မှ ဆင်းလာ ခဲ့ကြ

တော့သည်။

ကျားကျန်သည် စိတ်ရှုပ်ထွေး နေခဲ့လေသည်။

ဆန်းကျန်းရန် နတ်ဘုရားနှင့် ချန်ကျန်းရန် နတ်ဘုရားတို့နှင့်

တွေ့ဆုံခွင့် ရခဲ့သည့်တိုင် သူမျှော်လင့်ထား သကဲ့သို့ ဖြစ်မလာ

ခဲ့ပေ။ ထို့ပြင် သူ့အနေဖြင့် ချင်းရွှမ် နတ်တံခါးတွင် ကျင့်စဉ်

များ သင်ယူရန် ဝင်ရောက်ခွင့် မရခဲ့သည့်အတွက် စိတ်ပျက်

လက်ပျက်လည်း ဖြစ်နေခဲ့လေသည်။

သို့သော် ... ချန်ကျန်းရန် နတ်ဘုရားနှင့် ဆန်းကျန်းရန် နတ်ဘုရားက သူ၏ အနာဂတ်အတွက် ညွှန်ကြားမှုများ ထပ်မံပြုလုပ်ပေးမည် ဆိုသည့်အတွက် အနည်းငယ်တော့ ပျော်ရွှင်မိခဲ့လေသည်။

ချီယွိက ...

"မင်း ဒီမှာပဲနေပြီး ကျင့်စဉ်ကို သေသေချာချာ ကျင့်ကြံပါ၊ ဆရာဘိုးဘိုး သင်ပြပြောပြောမဲ့နေ့ အထိ မစောင့်နဲ့တော့၊ တော်ကြာ အဲဒီနေ့ကျ လန့်ပြီး အရှက်ကွဲနေဦးမယ်"

ကျားကျန်က ...

"ကျွန်တော်အကောင်းဆုံး ကြိုးစားပါ့မယ် ဦးလေး"

ချီယွိက သူ၏တူလေးဖြစ်သူ၏ ပခုံးကို အသာပုတ်လိုက်ရင်း ...

"ကျုပ်တို့ရဲ့ ဘိုးဘေးဟာ ဘယ်လောက် တန်ခိုးစွမ်းအား မြင့်မားသလဲဆိုတာ ကျုပ်အခုထိ မှတ်မိနေတုန်းပဲ၊ အခုချိန်မှာတော့ မင်းက လေယွမ်မိုးကြိုး လက်ဝါးသိုင်းကို

ကောင်းကောင်း လေ့ကျင့်ပါ၊ ကျားအိမ်တော်က မင်းအတွက် ဂုဏ်ယူရအောင် ကြိုးစားပါ”

ကျားကျန်က ဆုံးဖြတ်ချက် ခိုင်မာသည့်ဟန်ဖြင့် ခေါင်းကို သေသေချာချာ ညိတ်ပြလိုက်လေသည်။

သူသည် (၂)ရက်အတွင်းမှာပင် အလွန်လေးစားဖွယ် ကောင်းသည့် ပုဂ္ဂိုလ်(၃)ဦးနှင့် တွေ့ခွင့်ရခဲ့သည်။ တောင်သခင်ကွေလိ၊ ဆန်းကျန်းရန် နတ်ဘုရားနှင့် ချန်ကျန်းရန် နတ်ဘုရားတို့ပင် ဖြစ်လေသည်။ ထို့ကြောင့် သူ၏ စံနှုန်းများသည် အတိတ်နှင့် ယှဉ်လျှင် အကြီးအကျယ် ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။ သူသည် ကျားအိမ်တော် ဂုဏ်တက်စေရေးကို ဒီလောက် စိတ်မဝင်စားတော့ပါ။ သူသည် နတ်ဘုရားတစ်ပါး ဖြစ်ချင်နေမိပြီး တောင်သခင် ကွေလိကဲ့သို့ တန်ခိုးစွမ်းအား မြင့်မားသူ တစ်ယောက် ဖြစ်ချင်စိတ် ပြင်းပြနေမိလေသည်။

***

ဆန်းလျှန်သည် ချီယွိနှင့်ကျားကျန်တို့ တောင်ပေါ်မှ ထွက်ခွာသွားသည်ကို ကြည့်နေပြီးမှ တောင်သခင်ကွေ့လိ ပေးလိုက်သည့် လက်ဆောင်ပစ္စည်း သေတ္တာကို တစ်ချက် ကြည့်လိုက်လေသည်။

သေတ္တာကို ရောင်စဉ် (၅)မျိုးဖြင့် ချိပ်ပိတ်ထားပြီး ရောင်စဉ်တန်းများသည် ကြည်လင်သည့် ရေအလား သေတ္တာပတ်ပတ်လည်တွင် စီးဆင်းလှည့်ပတ် နေလေသည်။ ဝိညာဉ်စွမ်းအားများ ပြည့်ဝနေသည်ကိုလည်း ရှင်းရှင်းလင်းလင်း သိမြင်ရလေသည်။

ဆန်းလျှန်က သေတ္တာလေးရှိရာသို့ လက်နှစ်ချောင်းဖြင့် ထိုးညွှန်လိုက်လေသည်။ ဆန်းလျှန်၏လက်မှ အဖြူရောင်နှင့်အနက်ရောင် တန်ခိုးစွမ်းအား (၂)မျိုးထွက်ပေါ်လာပြီး ရောင်စဉ်(၅)မျိုးဖြင့် တစ်သားတည်း ပေါင်းစပ်သွားလေသည်။ ထိုအခါ ရောင်စဉ်(၅)မျိုးမှာ ပျောက်ကွယ် သွားလေသည်။

ပတ်ဝန်းကျင် တစ်ခုလုံးရှိ လေထုထဲတွင် လန်းဆန်းစေသည့် အငွေ့အသက်များဖြင့် ပြည့်နှက်သွားပြီး ပွင့်လန်းနေသည့် ပန်းများပင်လျှင် ပိုပြီး အရောင်တောက်ပ လာလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း ....

"ရောင်စဉ် (၅)မျိုး တန်ခိုးစွမ်းအားနဲ့ ချိပ်ပိတ်ထားတာကို ဖွင့်နိုင်တဲ့သူဆိုလို့ လောကမှာ လူ(၁၀)ယောက်တောင် မပြည့်နိုင်ဘူး၊ ကြည့်ရတာ ချမ်းမော့ကတော့ ဒီနှစ်တွေအတွင်း အများကြီး တိုးတက်လာတာပဲ"

ချန်ကျင်းချင်က ...

"လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀၀)လောက်က ချမ်းမော့က ချင်းရွှမ်ကနေ ထွက်သွားခဲ့တယ်၊ ရှောင်ရှင်ကတော့ လူသားအသွင်ပြောင်းဖို့အတွက် မိုးကြိုးပစ် အစစ်ဆေးခံခြင်းကို ကျရှုံးခဲ့ရတယ်၊ ကျွန်တော် သူ့ကို လိုက်ရှာပါသေးတယ်၊ ဒါပေမဲ့ လုံးဝစုံစမ်းလို့မရခဲ့ဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀)လောက်က သူ

ပြန်ပေါ်လာတယ်၊ တကယ့်ကို တန်ခိုး စွမ်းအားကြီးမားတဲ့ နတ်မိစ္ဆာဘုရင်ကြီး ဖြစ်နေပြီ၊ အခု လက်ဆောင်သေတ္တာမှာ ချိပ်ပိတ်ထားတဲ့ တန်ခိုးစွမ်းအားတွေကိုသာ ဆရာကြည့်ပါတော့၊ အခု ချင်းရှမ်နတ်တံခါး မှာတောင် ဆရာပြီးရင် ဂိုဏ်းတူအစ်မ ဖန်းယန်ယင်းပဲ သူ့ကို ရင်ဆိုင်နိုင်တဲ့သူ ရှိတော့မယ်"

ဆန်းလျန်က နူးညံ့သိမ်မွေ့သည့် လေသံဖြင့် ...

"သူ့ရဲ့ ရောင်စဉ် (၅)မျိုး တန်ခိုးစွမ်းအားတွေက မွေးရာပါပါလာတာ၊ ကျုပ်တောင်မှ သူ့ကို မခန့်မှန်းနိုင်ဘူး၊ မင်း သူ့ကို ခြေရာခံနိုင်ဖို့ဆိုတာ ဘယ်ဖြစ်နိုင်မှာလဲ၊ ပြီးတော့ သူက မွေးရာပါ လျင်မြန်လွန်းတဲ့ တန်ခိုးစွမ်းအားကိုလည်း ပိုင်ဆိုင်ထားသေးတယ်၊ အရမ်းလည်း မောက်မာပြီး မာနကြီးလွန်းတယ်၊ အဲဒါကြောင့်လည်း သူ့ကိုဆန့်ကျင်တဲ့သူ တွေရဲ့အန္တရာယ်ကနေ လွယ်လွယ်နဲ့ ရှောင်ရှားနိုင်တယ်၊ ဟိုး လွန်ခဲ့တဲ့အချိန်တွေကတည်းက ကျင့်စဉ်လမ်းဆိုတာ ရှည်လျားပြီး အထီးကျန်ဆန်

တယ် ဆိုတာ ကျုပ် သိခဲ့ပါတယ် ...၊ အခုတော့ ကျုပ်နဲ့ သိကျွမ်းခဲ့သူတွေ ... ကျုပ်ကို နားလည်ပေးနိုင်တဲ့ သူတွေ အတော်များများဟာလည်း လောကမှာ မရှိကြတော့ဘူး၊ ချမ်းမော့နဲ့ တွေ့ဆုံခွင့်မရရင် တောင်မှ ချမ်းမော့ အန္တရာယ်ကင်းကင်းနဲ့ အသက်ရှင်သွားနိုင်ဖို့ ကျုပ်မျှော်လင့်မိတာပါပဲ၊ သူနဲ့ ပြန်တွေ့ဖို့ကတော့ နောင်တစ်ချိန်ကျရင် အခွင့်အရေးတစ်ခု ရချင်လည်း ရဦးမှာပေါ့လေ"

ချန်ကျင်းချင်က တည်ကြည်လေးနက်သည့် လေသံဖြင့် ...

"ဆရာပြောပြခဲ့တဲ့ အသူရာချောက်ဆိုတဲ့ နေရာက ရန်သူတွေကတော့ အရမ်းကို အံ့သြစရာ ကောင်းတယ်နော်၊ တကယ်တော့ ချမ်းမော့ကို ကျွန်တော် တကယ် ရှာတွေ့ချင်ခဲ့မိတာ၊ ခုလို ဆရာ့ကို လက်ဆောင်ပစ္စည်း ပို့လိုက်ပုံ ထောက်ရင် အတိတ်က သူနဲ့ဆရာရဲ့ သံယောဇဉ်တွေကို လျစ်လျူမရှုသေးဘူးပဲ၊ သူ့ဆီက အများကြီး အကူအညီရ နိုင်မှာပါ"

ဆန်းလျှန်က …

"အဲဒီလောက်လည်း မမျှော်လင့်ပါဘူးကွာ၊ လုန်ဟွာပွဲတော်မှာ ကျုပ် အသူရာချောက်မှာ ဖြစ်ပျက်ခဲ့တာတွေကို ပြောပြလိုက်ရင် လောကနတ်ဘုရား အများစုနဲ့ ရွှေခန္ဓာ ရရှိထားတဲ့ ဆရာတော်အများစုက ကျုပ်တို့နဲ့ ပူးပေါင်းမယ် ဆိုတာ ကျုပ် ယုံကြည်ပါတယ်၊ အမှန်တော့ ကျုပ်တို့အားလုံး ဒီလောကမှာ နေထိုင်ကြတာပဲ၊ သူတို့ ဒီအတိုင်းတော့ ပစ်ထားကြမှာ မဟုတ်လောက်ပါဘူး"

ချန်ကျင်းချင်က သက်ပြင်းတစ်ချက် ချလိုက်ရင်း …

"ဆရာသာ ပြန်မလာခဲ့ရင် တပည့်ဟာ ခပ်တုံးတုံး ဖြစ်နေဦးမှာပဲ၊ ဒီနေရာက ထွက်ခွာမသွားဖို့ အတွက် ဒီလောက မိုးနဲ့မြေရဲ့ အစိတ်အပိုင်းအဖြစ် လုကျိုးယွမ်ဟာ သူ့ကိုယ်သူ အဖြစ်ခံခဲ့တယ်၊ ဒါဟာ မိုးမြေနိယာမတွေကို အများကြီး ထိခိုက်စေ

တယ်၊ ဒါကြောင့် နတ်ဘုရားတွေဟာ နောက်ဆုံးမှာ လောကကို ကျော်လွန်သွားကြတာပဲ မဟုတ်လား"

ဆန်းလျန်က ...

"သူ့ကိုလည်း အပြစ်တင်လို့ မရဘူးလေ၊ မိုးမြေစွမ်းအား အနှစ်သာရတွေကို စုပ်ယူတာဟာ မိန်းကလေး တစ်ယောက် ကိုယ်ဝန်ဆောင်တာနဲ့ ဆင်တူတယ်၊ မိုးကောင်းကင် နတ်ဘုရား အဆင့် ရောက်သွားတာနဲ့ မိုးနဲ့မြေက ကလေး တစ်ယောက် မွေးဖွားပေးလိုက်သလိုပဲ ဖြစ်သွားပြီ၊ လွတ်လွတ်လပ်လပ် အသက်ရှင်သန် နိုင်သွားပြီ၊ မိခင်ဖြစ်သူဖြစ်တဲ့ လောကကြီး ကတော့ အများကြီး ဒုက္ခခံရတာပေါ့လေ"

အခန်း (၆၂၉) နွားရိုင်းဘုရင်

ဆန်းလျန်၏ စကားများကို နားထောင်ပြီး ချန်ကျင်းချင်သည် တိတ်ဆိတ် ငြိမ်သက်နေလေသည်။

အမှန်တော့ ကျင့်ကြံသူ တစ်ယောက်သည် ဟိုင်သန်းအဆင့် အောင်မြင်ပြီးသည်နှင့် မိုးနှင့်မြေမှာ စွမ်းအားများကို အသုံးပြု နိုင်ပြီ ဖြစ်လေသည်။

ထို့ပြင် ... ကျင့်စဉ်လမ်းတွင်လည်း ဆက်လက် ခရီးဆက်နိုင် ပြီ ဖြစ်လေသည်။ ထို့ကြောင့် မိုးမြေကို ထိခိုက်စေခြင်းကတော့ ရှောင်လွှဲမရသည့် ပြဿနာပင် ဖြစ်လေသည်။

ကျင့်ကြံသူများ၏ တိုးတက်ရာလမ်း၊ ပျက်စီးခြင်းလမ်းနှင့် အသစ်ပြန်လည် ဖြစ်တည်ခြင်းတို့ကို မည်သူက တားဆီး နိုင်ပါ မည်နည်း။

 ကြွေကျသွားသည့် ပန်းပွင့်လေးများ ကဲ့သို့ပင် ဖြစ်လေသည်။ ပွင့်ကြွေလေးများသည် မြေကြီးအတွင်းသို့ မြေဩဇာအဖြစ်

စိမ့်ဝင်သွားကြပြီး အသစ်သော သစ်ပင်ပန်းမာလ်များကို ပွင့်ဖူး စေလေသည်။ ပန်းများ မကြွေလွင့်တော့ပဲ ထာဝရ ပွင့်လန်းနေ တော့မည် ဆိုလျှင် နောက်ထပ် ပွင့်လန်းရန်အတွက် အဘယ်မှာ မြေဆီသြဇာ ရရှိပါတော့မည်နည်း။

ချန်ကျင်းချင်က ...

"ဆရာ ... လောကမှာ နတ်ဘုရားဆိုလို့ နည်းနည်းပဲ ရှိပါတယ်၊ ဆရာကတော့ လောက(၂)ခုကို ဖွင့်လှစ်နိုင်တဲ့ အစွမ်းကို ရထား တယ်၊ ဒါပေမဲ့ သာမန် ကျင့်ကြံသူတွေကတော့ အဲဒီလောက (၂)ခုကို ဘယ်လိုလုပ် ဖြတ်ကျော်နိုင်မှာလဲ၊ ကျွန်တော်တို့ နောက်ကို လိုက်မဲ့ ကျင့်ကြံသူတွေက တစ်သိန်းလောက် မရှိဘူး ဆိုရင်တောင် ရှစ်သောင်း ကိုးသောင်းလောက်တော့ အများဆုံး ရှိနိုင်တာပဲ"

ဆန်းလျန်က ...

"အဲဒီကိစ္စကို စိတ်ပူစရာမလိုဘူး၊ ကျုပ်တို့ချင်းရွှမ်မှာ ပျောက်ဆုံးနေတဲ့ ရတနာပစ္စည်းတစ်ခု ရှိတယ်၊ အဲဒါက ဘာမှ ရေးဆွဲထားခြင်း မရှိတဲ့ အဖြူရောင်ပန်းချီကား တစ်ချပ်ပဲ၊ တကယ်တော့ အဲဒီပန်းချီကားဟာ ဖြစ်တည် မလာသေးတဲ့ လောကတစ်ခုကို ရေးဆွဲထားတာ၊ အဲဒီပန်းချီကားသာ ပြန်ရမယ်ဆိုရင် သန်းနဲ့ချီတဲ့ လူတွေဆိုရင်လည်း လောက နှစ်ခုကို ဖြတ်သန်း သွားလာနိုင်လိမ့်မယ်၊ လူပေါင်း တစ်သိန်းလောက်ကို စကားထဲ ထည့်ပြောမနေနဲ့တော့၊ ကျုပ်သာ အသူရာ ချောက်မှာ တိုင်းပြည် တည်ထောင်ခဲ့တဲ့အချိန် နောက်မကျခဲ့ဘူး ဆိုရင် ဒီနေရာကနေ ကျင့်ကြံသူတွေ ခေါ်စရာတောင် မလိုပါဘူး၊ ကံကောင်းတာက အသူရာချောက်က အသက်ဓာတ်စွမ်းအားတွေက ဒီမှာထက်ပိုပြီး သိပ်သည်းတယ်၊ ဒါကြောင့် အဲဒီဘက်လောကကို ဖွင့်ရတာက ဒီဘက်လောကကို ဖွင့်ရတာထက် ပိုပြီးလွယ်ကူနိုင်တယ်"

ချန်ကျင်းချင်က ...

"ဒါဆို အဲဒီပန်းချီကား ဘယ်မှာလဲ မသိဘူးနော် ..."

ဆန်းလျန်က တည်ကြည်လေးနက်သည့် လေသံဖြင့် ...

"ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်းမှာ ..."

ချန်ကျင်းချင်မှာ အံ့သြလွန်းသဖြင့် စကားမပြောနိုင် ဖြစ်သွားရလေသည်။ ပန်းချီကားကို ပြန်လည်ရယူရန် အတွက် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရတော့မည်။

ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်းသို့ ထိုပန်းချီကား မည်သို့ ရောက်ရှိသွားရပါသနည်း။

ထိုအဖြစ်အပျက်သည် လွန်ခဲ့သည့် (၃)ရက်ခန့်ကမှ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်လေသည်။

ကျောက်ဘုရား မြစ်ဆုံဒေသသည် ထျန်းရှန်း အမိန့်တော်ဂိုဏ်းခြေကုပ်ယူရာ နေရာတစ်ခု ဖြစ်လေသည်။

ထျန်းရှန်း အမိန့်တော်ဂိုဏ်း၏ ဂိုဏ်းချုပ်မှာ တရားအလင်း ရရှိပြီးသူ နတ်မိစ္ဆာဘုရင် ရှင်းစစ်စစ်နျန်ပင် ဖြစ်လေသည်။ သူမသည် ကောင်းကင်ရန့် ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်ခဲ့ပြီး ဂါထာမန္တန်များကို လိုအသလို ပေါင်းစပ်အသုံးပြုနိုင် သည် တန်ခိုး စွမ်းအားများကို ရရှိထားသည်ဟု လူအများက ပြောကြ လေသည်။

တန်ခိုးစွမ်းအား မြင့်မားသည့် နတ်ဘုရားများ ပင်လျှင် သတိမ မူမိပါက သူမ၏ ထောင်ချောက် အတွင်းသို့ ကျရောက် သွား နိုင်လေသည်။

သို့သော် ရှင်းစစ်စစ်နျန်သည် စည်းကမ်းကြီးသူ တစ်ယောက် ဖြစ်ပြီး မလိုအပ်ပဲ မည်သူနှင့်မျှ ပြဿနာဖြစ်ခြင်း မရှိပေ။

နှစ်ထောင်ပေါင်းများစွာ အတွင်းတွင် ....

ထျန်းရှန်း အမိန့်တော်ဂိုဏ်းသည် သူမ၏ အုပ်ချုပ်မှုအောက် တွင် များစွာ တိုးတက်ကြီးပွား အောင်မြင် လာခဲ့လေသည်။

ထို့ကြောင့် နတ်မိစ္ဆာဘုရင် အချို့သည် ရှင်းစစ်စစ်နျန်၏

အောင်မြင်မှုနှင့် ကြွယ်ဝ ချမ်းသာမှုများကြောင့် သူ့မကို

လက်ဆက် လိုခဲ့ကြလေသည်။

သို့သော် … ရှင်းစစ်စစ်နျန်ကတော့ သူတို့အားလုံး၏

ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့လေသည်။

နောက်ပိုင်းတွင်တော့ … သူမကို အတင်းအကျပ် လက်ထပ်လို

သည့် နတ်မိစ္ဆာဘုရင်တစ်ပါး ပေါ်ထွက်လာခဲ့လေသည်။

ထိုနတ်မိစ္ဆာ ဘုရင်က …

"ရှင်းစစ်စစ်နျန်သာ ကျုပ်ကို လက်မထပ်ဘူးဆိုရင် ကျောက်

ဘုရား မြစ်ဆုံဒေသ တစ်ခုလုံးကို မီးလောင်တိုက် သွင်းပစ်ပြီး

ထျန်းရှန်း အမိန့်တော်ဂိုဏ်း တစ်ခုလုံးကို ဖျက်ဆီးပစ်မယ်" ဟု

ကြေညာခဲ့လေသည်။

ထိုနတ်မိစ္ဆာဘုရင် ထိုသို့ကြေညာပြီး နောက်တစ်ရက်တွင်တော့

ထိုနတ်မိစ္ဆာဘုရင် နေထိုင်ရာ နေရာတစ်ခုလုံး ပြာကျသွားသည့်

အပြင် နတ်မိစ္ဆာဘုရင်နှင့် နတ်မိစ္ဆာများမှာလည်း အမှုန့်ဖြစ်ကာ ရှုံ့အိုင်များ ဖြစ်သွား ကြရလေသည်။

ထိုအချိန်မှစပြီး ရှင်းစစ်စစ်နျန်ကို မည်သူမှ သွားပြီး ရန်မစရဲကြတော့ပေ။

ထို့ပြင် ... ထိုအချိန်မှစပြီး တရားကျင့်ကြံနေသည့် ဘုန်းတော်ကြီးများ သာမက တာအိုကျင့်ကြံသူများ သည်လည်း ကျောက်ဘုရား မြစ်ဆုံဒေသတွင် မနေရဲကြတော့ပေ။

ထို့နောက်တွင်တော့ ထျန်းရှန်း အမိန့်တော်ဂိုဏ်း၏ ဂိုဏ်းချုပ်သည် အလွန် စွမ်းအားမြင့်မားသည့် နတ်မိစ္ဆာဘုရင် တစ်ပါးနှင့် လက်ထပ်လိုက်ပြီဟု ကောလာဟလများလည်း ထွက်လာ ခဲ့လေတော့သည်။

လွန်ခဲ့သည့် (၃)ရက်ခန့်က ...

ရှင်းစစ်စစ်နျန်သည် ကျောက်ဘုရားမြစ်ဆုံ အနောက်ဘက်ရှိ တောင်တစ်တောင်ထက်မှ နေပြီး မြစ်ရေပြင်ရှုခင်းကို ကြည့်ရှု

နေလေသည်။ သူမနှင့် မျက်နှာချင်းဆိုင် တွင်လည်း တောင်
တစ်တောင် ရှိလေသည်။

ထိုတောင်ထိပ်ဆီမှ ရေတံခွန်တစ်ခု ကျဆင်းနေလေသည်။
ရေတံခွန်သည် သေးငယ်ပြီး လှပလေသည်။ နေရောင်အောက်
တွင် လှပသည့် အဖြူရောင် အလင်းတန်းများ ဖြာထွက်
နေသည်မှာ နှင်းများ ကျဆင်းနေသည်နှင့်လည်း တူသလို
စာရွက် အဖြူရောင် တစ်ရွက်နှင့်လည်း ဆင်တူလေသည်။
သို့သော် ... သေသေချာချာ ကြည့်မည်ဆိုလျှင် ထိုနေရာတွင်
မြူခိုးများ ပျံ့လွင့်နေသည်ကိုလည်း တွေ့မြင်ရမည် ဖြစ်
လေ၏။

ထိုအချိန်မှာပင် .... ထိုရေတံခွန်ဆီမှ လူရိပ်တစ်ရိပ် ထွက်
ပေါ်လာလေသည်။

ထိုသူသည် လေထဲတွင် တည်ငြိမ်စွာဖြင့် ရပ်တန့်နေလေသည်။
မြူခိုးများဝေနေသည့် အတွက်ကြောင့် အဝေးမှကြည့်လျှင် ထို

သူ၏ပုံသဏ္ဍာန်ကို ဝိညာဉ်ဆန်စွာ တွေ့မြင်ရမည် ဖြစ်လေသည်။

ရှင်းစစ်စစ်နျန်သည် ထိုသူကို စူးစိုက် ကြည့်နေလေသည်။

ထို့နောက် အနည်းငယ် တုံ့ဆိုင်းနေပြီးမှ ထိုသူရှိရာသို့ ပျံသန်းထွက်ခွာ သွားလိုက်လေသည်။

သူမ အနားသို့ ရောက်လာသည်နှင့် ရေတံခွန်အနားမှလူ၏ ပုံရိပ်သည် ပိုမိုရှင်းလင်း ပြတ်သားလာလေသည်။ ထိုသူ၏လက်ထဲတွင် စာလိပ်တစ်လိပ်ကို ကိုင်ဆောင်ထားလေသည်။

ထိုသူသည် အလွန်မှ ကျက်သရေရှိသူ တစ်ယောက်ဖြစ်ပြီး ရှင်းစစ်စစ်နျန်ရှိရာသို့ ဖြည်းဖြည်းချင်း လျှောက်လှမ်းလာလေသည်။ ရေတံခွန်မှ ကျဆင်းနေသည့် ရေများသည် သူ့ကို တစ်စက်ကလေးပင် စိုရွှဲစေခြင်း မရှိပါချေ။

သူသည် ရှင်းစစ်စစ်နျန်ရှိရာသို့ တည်ငြိမ်သည့် ခြေလှမ်းများဖြင့် တစ်လှမ်းချင်း လှမ်းလာပါလေ၏။

ရှင်းစစ်စစ်နျန်က ထိုသူ၏ အသွင်အပြင်ကို အတန်ကြာ လေ့လာနေပြီးမှ မသေမချာဖြင့် မေးခွန်းတစ်ခု မေးလိုက်လေသည်။

"ရှင်က ဝမ်ကျန်းရန် နတ်ဘုရား ဝမ်ရှီတောက်လား"

ချောမောခန့်ညားပြီး လက်ထဲတွင် စာလိပ်တစ်လိပ် ကိုင်ထားလေ့ရှိသူသည် ရှမ်ထျန်း နတ်ဘုရားဂိုဏ်းမှ ဝမ်ရှီတောက်မှလွဲပြီး မည်သူမှ မဖြစ်နိုင်ပေ။

ဝမ်ရှီတောက်က ပြုံးလိုက်ရင်း ...

"ကျောက်ဘုရား မြစ်ဆုံဒေသက စာပေလေ့လာလို့ ကောင်းတဲ့ နေရာတစ်ခုပဲ၊ အထူးသဖြင့် ဒီရေတံခွန်ကို ကျုပ် တော်တော် သဘောကျတယ်၊ ဒီတောင်မှာ ကျောင်းဆောင်တစ်ခု ဆောက်လုပ်ခွင့်ရမယ် ဆိုရင် သိပ်ကို ဝမ်းသာမိမှာပါပဲဗျာ"

ရှင်းစစ်စစ်နျန်က ...

"ဒါတော့ ချီးကျူးလွန်းနေပါပြီ၊ ကျွန်မရဲ့နေရာက ရွှမ်ထျန်း

နတ်ဘုရားဂိုဏ်း တည်ရှိတဲ့ ကောင်းကင်တံခါး ရေလက်ကြား

လောက်တော့ ဘယ်လိုလုပ် လှုပနိုင်မှာတဲ့လဲ"

ဝမ်ရှီတောက်က ရယ်မောလိုက်ရင်း ...

"အရာအားလုံးမှာ သူ့အလှနဲ့သူ ရှိတာပေါ့ဗျာ၊ ဘယ်လိုလုပ်

နှိုင်းယှဉ်ကြည့်လို့ ရနိုင်မှာလဲ"

ရှင်းစစ်စစ်နျန်က ကွေ့ပတ်မနေတော့ပဲ ...

"ဒါနဲ့ ဒီကို ဘာကိစ္စများရှိလို့ ရောက်လာရတာလဲ၊ ကျွန်မတို့

ကူညီပေးနိုင်တာများ ရှိမလား"

"အဖြူရောင် ပန်းချီကားကို ကျုပ်ကိုပေးဖို့ ပြောချင်ပါတယ်"

ရှင်းစစ်စစ်နျန်က ...

"အဲဒီပန်းချီကားကို ကျွန်မရဲ့ခင်ပွန်း ယူသွားပါတယ်"

"ရှင်းစစ်စစ်နျန်က နွားရိုင်းဘုရင်ကြီးကို လက်ထပ်ခဲ့တုန်းက

မင်္ဂလာလက်ဆောင် အနေနဲ့ အဖြူရောင် ပန်းချီကားကို ပေးရ

မယ်လို့ တောင်းဆိုခဲ့တယ်လို့ ကျုပ်သိခဲ့ရတယ်၊ မင်းက ဒီ ပန်းချီကားကို အသုံးပြုပြီး နွားရိုင်းဘုရင်ကြီးကို နှိမ်နင်းဖို့ အတွက် ချင်းရွှမ်နတ်တံခါးရဲ့ အကူအညီကို ယူမလို့မဟုတ် လား၊ ဘာလို့လဲဆိုတော့ အဲဒီနွားရိုင်းဘုရင်ကြီးက မင်းရဲ့ဖခင် ကို သတ်ခဲ့တဲ့သူပဲလေ၊ ပြီးတော့ ဒီပန်းချီကားကလည်း တာအို ဆရာသခင် ထိုက်ယီရဲ့ နတ်ဘုရား စွမ်းအားတွေနဲ့ စည်းချထား တာ၊ နွားရိုင်းဘုရင်ကြီး အတွက် ဒီပန်းချီကားက ဘာမှအသုံးမ ဝင်ဘူး"

ဝမ်ရှီတောက်က စိတ်ရှည်လက်ရှည်ဖြင့် ပြောနေလေသည်။

ရှင်းစစ်စစ်နျန်က ...

"ဒီလိုဖြစ်လာရင်လည်း ရှင့်အနေနဲ့ ဘာလုပ်လို့ရမှာလဲ၊ ပြီးတော့ ကျွန်မ သူ့ကို လက်ထပ်ကတည်းက ဒီအကြောင်းအရာတွေ အကုန်လုံးကို ဆွေးနွေး ထားပြီးသားပဲ၊ သူ့ဘက်က လက်ခံလို့ လက်ထပ်ခဲ့ကြတာပဲလေ"

ဝမ်ရှီတောက်က ရယ်မောလိုက်ရင်း ...

"တကယ်တော့ နွားရိုင်းဘုရင်ကြီးက နတ်မိစ္ဆာ ဘုရင်တွေထဲမှာ သူရဲကောင်းဆန်တဲ့ သူတစ်ယောက်ပါပဲ၊ သူက မင်းရဲ့ အဆင့်အတန်းနဲ့ ပိုင်ဆိုင်မှုတွေကို မက်မောတဲ့သူ မဟုတ်ပါဘူး၊ ပြီးတော့ သူက မင်းလက်စားချေမှာ ကိုလည်း ကြောက်မှာ မဟုတ်ဘူး၊ တကယ်တော့ သူက မြေခွေးနတ်ဘုရားမျိုးနွယ် မိန်းမပျို တစ်ယောက်ကို ချစ်ခဲ့မိတာ၊ အဲဒီမိန်းကလေးက မင်းနဲ့ ရုပ်ချင်း အရမ်းဆင်တယ်၊ ဒါကြောင့် သူက မင်းကို လက်ထပ်ခဲ့တာပေါ့"

ဝမ်ရှီတောက်၏ စကားကြောင့် ရှင်းစစ်စစ်နျန်မှာ ကြက်သေ သေသွားရလေသည်။

အတန်ကြာ တိတ်ဆိတ်နေပြီးမှ ...

"လက်စသတ်တော့ သူကျွန်မကို လက်ထပ်ရတဲ့ အကြောင်းရင်းက ဒါကြောင့်ကိုး"

"စစ်စစ်နျန်၊ သူ့ကိုလက်စားချေဖို့ အတွက် စိုးရိမ်စရာမလိုပါဘူး၊ နွားရိုင်းဘုရင်ကြီး ဒီတစ်ကြိမ် ဘာလို့ ထွက်သွားရတာလဲ သိသလား၊ သူ့ကို စိန်ခေါ်တဲ့လူတွေ ရှိလို့ပဲ၊ တိုက်ပွဲက သူသေကိုယ်သေ တိုက်ရမှာ၊ သူက စိန်ခေါ်မှုကို လက်ခံခဲ့ပေမဲ့ အနိုင်ရဖို့အတွက် သိပ်မသေချာလှဘူး၊ ဒါကြောင့် သူ ကြိုပြီးထွက်သွားတာ၊ တိုက်ပွဲနီးမှ သွားမယ်ဆိုရင် မင်းရဲ့မျက်နှာကို တွေ့နေရတာကြောင့် သူ စိတ်ဓာတ်ခွန်အား အားနည်းသွားမှာ စိုးရိမ်လို့ပဲ၊ တိုက်ပွဲစတာနဲ့ သူ့အတွက် အသက်ရှင်နိုင်ချေ နည်းသွားပါပြီ"

ဝမ်ရှီတောက်က တည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

ရှင်းစစ်စစ်နျန်က ပိုပြီး အံ့သြသွားဟန်ဖြင့် ...

"ကျွန်မက သူ့တန်ခိုး စွမ်းအားတွေကို တခြားသူတွေထက် ပိုသိတဲ့သူပါ၊ သူ့ကို ဘယ်သူကများ ဒီလိုတိုက်ပွဲမျိုးအတွက် စိန်ခေါ်ခဲ့တာလဲ၊ ရည်ရွယ်ချက်ကရော ဘာလဲ၊ သူက

ဘယ်တုန်းကမှ သူနဲ့ တန်ခိုးစွမ်းအား အဆင့်အတန်း တူတဲ့သူတွေနဲ့ တိုက်ခိုက်လေ့ မရှိဘူး"

ဝမ်ရှီတောက်က ...

"လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀၀)လောက်က နွားရိုင်းဘုရင်ကြီးဟာ မင်ဝမ်ဝတ် ကျောင်းတော်က ပစ္စည်းတစ်ခုကို ယူသွားခဲ့ဖူးတယ်၊ အခု အဲဒီဝတ်ကျောင်းတော် ပိုင်ရှင်ဟာ ကျင့်စဉ်လမ်းအောင်မြင်သွားခဲ့ပြီ၊ ဒါကြောင့် နွားရိုင်းဘုရင်ကြီးကို ပြန်ရှာပြီး ယူသွားတဲ့ပစ္စည်း ပြန်ပေးဖို့ တောင်းဆိုတယ်၊ သူတို့ (၂)ယောက်လုံးဟာ လောကမှာ တန်ခိုးစွမ်းအား မြင့်မားတဲ့ နတ်မိစ္ဆာဘုရင်တွေပဲ၊ သူတို့(၂)ယောက်သာ တိုက်ခိုက်မယ်ဆိုရင် အနိုင်အရှုံးကို ခန့်မှန်းရခက်တယ်၊ နွားရိုင်းဘုရင်ကြီးက ရန်သူကို အနိုင်ယူနိုင် ပါ့မလားတောင် မသေချာဘူး၊ ဒီလောက်စကားတွေ အများကြီး ပြောနေရတာ ... ကဲ ... ရှင်းစစ်စစ်နျန်

က အခုပဲ ပန်းချီကားကို ပေးမလား၊ ကျုပ်ကိုယ်တိုင် ယူရမလား"

ရှင်းစစ်စစ်နျန်က အေးစက်သည့် လေသံဖြင့် …

"ဝမ်ကျန်းရန် နတ်ဘုရားက တရားအလင်းရထားတဲ့ လေးစားစရာ ကောင်းတဲ့ သူတစ်ယောက်ပါ၊ ဘာလို့ ဒီလိုမဟုတ်တဲ့ အပြုအမူမျိုးကို လုပ်ချင်ရတာလဲ"

ဝမ်ရှီတောက်က သက်ပြင်းတစ်ချက် ချလိုက်ရင်း …

"အဲဒါတွေက အရေးမပါဘူးဆိုတာ ကျုပ်အစောကြီးကတည်းက နားလည်ထားပြီးသားပါ"

ပြောပြီးသည်နှင့် ဝမ်ရှီတောက်က နတ်ဘုရား တန်ခိုးစွမ်းအားများကို ထုတ်လွှတ်လိုက်လေရာ ရှင်းစစ်စစ်နျန်မှာ ကြီးမားလွန်းသည့် ဖိအားကြီးကို ခံစား လိုက်ရလေသည်။

နောက်ဆုံးတွင်တော့ …

"ကျွန်မ ပေးပါ့မယ် …"

ပြောပြီးသည်နှင့် သူမ၏ အင်္ကျီအတွင်းမှ အဖြူရောင် ပန်းချီ

ကားလိပ်ကို ထုတ်ယူကာ ဝမ်ရှီတောက်ဆီသို့ ပစ်ပေး လိုက်

လေတော့သည်။

ဝမ်ရှီတောက်က ပန်းချီကားကို တစ်ချက်ကြည့်လိုက်ပြီး ပြုံး

လိုက်ရင်း ...

"အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ်"

ထို့နောက် ဝမ်ရှီတောက်သည် အဖြူရောင် အလင်းတန်းတစ်ခု

အဖြစ် ဖန်ဆင်းကာ ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာ သွား

လေတော့သည်။

ထိုနေ့ ညနေစောင်းအချိန်တွင် ဆန်းလျန်သည် ရှင်းစစ်စစ်နျန်

ဆီသို့ ရောက်လာခဲ့လေသည်။

သို့သော် ... သူမသည် ဆန်းလျန်ကို စကားတစ်ခွန်းသာလျှင်

ပြောလိုက်နိုင်တော့သည်။

"ဆန်းကျန်းရန် နတ်ဘုရား … ရှင်လာတာ သိပ်နောက်ကျသွားပြီ …"

ရှင်းစစ်စစ်နျန်ဆီမှ အကြောင်းစုံကို ကြားပြီးသည်နှင့် ထိုလုပ်ရပ်ကို ပြုလုပ်ရန် စေခိုင်းသူမှာ လုကျိုးယွမ်ဖြစ်သည်ကို ဆန်းလျန် ချက်ချင်း သိလိုက်လေသည်။ လုကျိုးယွမ်သာ မဟုတ်ပါက ဆန်းလျန်သည် အဖြစ်အပျက်များကို ကြိုတင်ခန့်မှန်းမိမည် ဖြစ်လေသည်။

လက်ရှိအချိန်တွင် ဆန်းလျန်သည် လုကျိုးယွမ်ထက် တန်ခိုးစွမ်းအား အရာတွင် သာလွန်ခြင်း မရှိသေးပါ။

ထို့ပြင် သူသည် ဤလောကမှ လူတစ်ယောက် မဟုတ်ပါ။ သူက ညော့သည်တစ်ယောက် ဆိုလျှင် လုကျိုးယွမ်သည် အိမ်ရှင်ဖြစ်လေသည်။ ညော့သည်နှင့်အိမ်ရှင် ယှဉ်ပြိုင်လျှင် အိမ်ရှင်သည် အမြဲတမ်း အားသာသည့်ဘက်တွင် ရှိနေသည် မဟုတ်ပါလား။

အခန်း (၆၃၀) အရှင့်အကြောင်း စဉ်းစားရင်း အသက်တွေ

လည်း ကြီးလာခဲ့ရပြီ

နှစ်ထောင်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

သို့တိုင်အောင် .... ဆန်းလျန်သည် လုကျိုးယွမ်နှင့် တွေ့ဆုံချင်

သည့်စိတ်က ပြောင်းလဲ မသွားသေးပေ။

ချန်ကျင်းချင်ကတော့ စိုးရိမ်ပူပန်လျက် ရှိလေသည်။

လက်ရှိအချိန်တွင် ချန်ကျင်းချင်၏ တန်ခိုး စွမ်းအားများသည်

ဆန်းလျန်နှင့် ယန်ရှီးတိုက်ခိုက်စဉ် အခါက ဆန်းလျန်၏

တန်ခိုးစွမ်းအားများ ကဲ့သို့ မြင့်မားလျက် ရှိလေသည်။

သို့သော် .... သူ့ဘဝတွင် လုကျိုးယွမ်ကို တစ်ကြိမ် တွေ့ဆုံခဲ့ဖူး လေသည်။ ထိုစဉ်ကတည်းကပင် ရှန်စန်းကျန်းရန် လုကျိုးယွမ် သည် မည်မျှ ကြောက်မက်ဖွယ်ရာ ကောင်းသည်ကို သိရှိ ထားခဲ့လေသည်။

ဆရာဖြစ်သူဆန်းလျန် ပြုလုပ်ရန် စီစဉ်နေသည့် ကိစ္စများကို ရှ န်စန်းကျန်းရန်လုကျိုးယွမ်က ပါဝင် ပတ်သက်လိုခြင်း ရှိ လိမ့်မည်မဟုတ်ပေ။ ထို့ပြင် ဆရာဖြစ်သူအနေဖြင့် ပန်းချီကား ကို ပြန်လည် ရယူရန်အတွက် ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်းသို့ သွားမည်ဆိုပါက အလွန်မှ အန္တရာယ်ကြီးမည် ဖြစ်လေသည်။ သို့သော် ... သူ့အနေဖြင့် ဆရာဖြစ်သူ၏ ဆန္ဒသဘောထားကို မဆန့်ကျင်ရဲပါချေ။ အရာရာ ချောချောမွေ့မွေ့ ဖြစ်ပါစေ ဟူ၍သာ မျှော်လင့်ရပေတော့မည်။

***

ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်းသည် သာမန် တောင်တစ်တောင် ထက်တွင် တည်ရှိသည့် ကျောင်းတော်တစ်ခု မဟုတ်ပေ။

တောင်နှင့်ဝေးသည့် မြစ်ကမ်း တစ်လျှောက်တွင် သန့်စင်သည့် တာအိုကျောင်းဆောင် ငယ်လေးများ နေရာအနှံ့ တည်ဆောက်ထားလေသည်။ ကြည့်လေမြင်လေ ရာရာတွင် လယ်ကွင်းပြင်များ ကိုလည်း တွေ့မြင်နိုင်လေသည်။

ဘုရားစေတီများ၊ အဆောက်အဦများနှင့် ခန်းမဆောင်ကြီးများမှာ သိသာ ထင်ရှားစွာဖြင့် လှပလွန်းလေသည်။

ထို့ပြင် သန့်စင်သည့် တာအိုကျောင်းဆောင် ငယ်လေးများသည် ရှမ်ထျန်းနတ်ဘုရား ဂိုဏ်းမှ လူတစ်ဦး တစ်ယောက်ချင်းစီတိုင်းကို ကိုယ်စားပြုလေသည်။

လုကျိုးယွမ်သည် တပည့်များကို အသိပညာများ သင်ကြားပို့ချ ပေးရုံသာမက တပည့်များ၏ အရည်အချင်းများ တိုးတက်လာစေရန်လည်း ကူညီပေးလေ့ ရှိလေသည်။ ထို့ပြင် တပည့်များ၏ ပင်ကိုအရည်အချင်း အလိုက် သင့်တော်သည့် သင်ပြပေးမှုများ ကိုလည်း ပြုလုပ်ပေးလေသည်။

ထို့ကြောင့် ... သူ၏ သင်ကြား ပြသပေးမှုများတွင် တာအိုဝါဒ၊ ဗုဒ္ဓဘာသာ၊ ကွန်ဖြူးရှပ်ဝါဒဟူ၍ ခွဲခြားထားခြင်းများ မရှိပေ။ သူက ထိုဝါဒ (၃)ခုမှ အသိပညာများ အားလုံးကို အလျဉ်းသင့်သလို သင်ကြားပေးလေသည်။

တာအိုကျောင်းဆောင် ငယ်လေးများ ကြားတွင် သိသိသာသာ မြင့်မားနေသည့် စေတီတော်တစ်ဆူ ရှိလေသည်။

ထိုစေတီတော်သည် တောင်၏ အလယ်ဗဟိုတွင် တည်ရှိပြီး ဘုံ(၉)ဆင့်ဖြင့် ဆောက်လုပ်ဖွဲ့စည်း ထားလေသည်။ ထိုစေတီတော်သည် အလွန်ရှေးကျပြီး ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်းမှ တပည့်ကြီး (၉)ယောက်သာလျှင် တည်ဆောက်ခဲ့သည့် အချိန်ကို တိတိပပ သိရှိလေသည်။ အခြားသူများကတော့ သိရှိနိုင်မည် မဟုတ်ပေ။

ထိုစေတီတော်နှင့် မနီးမဝေးတွင် ဝါးကျောင်းဆောင် တစ်ခုရှိလေသည်။

ထိုဝါးကျောင်းဆောင်သည် ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်း၏ တားမြစ်နယ်မြေ ဖြစ်သလို လုကျိုးယွမ်နေထိုင်ရာ နေရာလည်း ဖြစ်လေသည်။

ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်း၏ တပည့်ကြီး (၉)ဦးနှင့် လုကျိုး ယွမ် တန်ဖိုးထားချစ်ခင်သည့် တပည့်အနည်းစုသာလျှင် ထိုဝါး ကျောင်းဆောင်သို့ ဝင်ရောက်ခွင့် ရကြလေသည်။

ဝမ်ရှီတောက်သည် လုကျိုးယွမ်၏ ဝါးကျောင်းဆောင်ရှေ့တွင် ဒူးထောက်လျက် ရှိလေသည်။

ဝမ်ရှီတောက် ဒူးထောက်နေသည်မှာ (၃)ရက်တိတိပင် ရှိပြီဖြစ် သည့်တိုင် လုကျိုးယွမ်သည် သူ့ကို တွေ့ဆုံရန် ကျောင်းဆောင် အတွင်းသို့ ခေါ်ဆောင်ခြင်း မရှိခဲ့ပါ။

ထိုအချိန်မှာပင် ...

စေတီတော်တည်ရှိရာ နေရာမှ နူးညံ့ပြီး ဂီတသံစဉ်ကဲ့သို့ ချိုမြ သည့် မိန်းမပျို တစ်ယောက်၏ အသံထွက်ပေါ်လာလေသည်။

ထိုအသံသည် နိုက်တင်ဂေးလ် ငှက်လေး တေးသီဆိုနေသည့် အလား ဖြစ်သလို စမ်းချောင်းလေး စီးဆင်းသံအလား လည်း ဖြစ်လေသည်။

ထိုအသံလေးထံမှ ကြည်လင်သည့်ရေမှ ပွင့်လန်းလာသည့် ကြာပန်းတစ်ပွင့်၏ သဘာဝအလှတရား အငွေ့အသက်များ ထွက်ပေါ်နေသည်ကို ခံစားရမည် ဖြစ်လေသည်။

"အဘိုးကြီးလု၊ ရှင့်တပည့်က ဘာအမှားများ လုပ်မိလို့ ဒီ လောက်အကြာကြီး ဒူးထောက် ခိုင်းထားရတာလဲ"

"ဟိုးရှေးရှေးတုန်းက ရှေးဟောင်း နတ်ဘုရား လက်နက်တွေ၊ တောတောင် ရေမြေတွေနဲ့ တိုင်းပြည်တွေကို ဖန်ဆင်းလိုတဲ့ အနန္တတန်ခိုးရှင် တစ်ပါးရှိခဲ့တယ်၊ ဒါကြောင့် သူက ဖြစ်တည်မ လာသေးတဲ့ ကမ္ဘာတစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုကို ရယူခဲ့ တယ်၊ အဲဒီ ဖြစ်တည်မလာသေးတဲ့ ကမ္ဘာရဲ့အစိတ်အပိုင်းကို ပန်းချီကားတစ်ခုထဲမှာ ကျင့်ကြံပြီး ထည့်သွင်းထားခဲ့တယ်၊

ဒါပေမဲ့ အဲဒီပန်းချီကားက ပြီးပြည့်စုံခြင်း မရှိခဲ့ဘူး၊ နောက်တော့ အဲဒီပန်းချီ ကားဟာ တာအိုဆရာသခင် ထိုက်ယီရဲ့လက်ထဲကို ရောက်ရှိသွားပြီး ချင်းရွှမ်နတ်တံခါးက ဆက်လက်ထိန်းသိမ်းထားခဲ့တယ်၊ အခု ကျုပ်တပည့်က အဲဒီပန်းချီကားကို ယူလာတယ်လေ၊ ဆိုရိုးတစ်ခုရှိတယ် မဟုတ်လား၊ 'ပြဿနာဆိုတာ ရှာစရာတောင် မလိုဘူး၊ ကိုယ့်ဟာကိုယ် ခေါ်လာတယ်' ဆိုတာ၊ အဲဒီပန်းချီကားက အဖိုးတန်ရတနာ တစ်ပါးဖြစ်ပေမဲ့ ပြဿနာ အကြီးအကျယ်ဖြစ်မဲ့ ပစ္စည်းပဲ"

လုကျိုးယွမ်၏ အသံက ဝါးကျောင်းဆောင် အတွင်းမှ ထွက်ပေါ်လာလေသည်။

ထိုအဖြေစကားသည် အလွန်လေးနက်သလို အမှန်တရားအရေခြုံထားသည့် အဖြေစကားလည်း ဖြစ်လေသည်။

စေတီတော် တည်ရှိရာနေရာမှ မိန်းကလေးက လက်ခုပ်တစ်ချက် တီးလိုက်လေသည်။

ထို့နောက် ကြည်လင်သည့် အသံဖြင့် ...

"ဒါဖြင့် ကောင်းတာပေါ့၊ ကြည့်ရတာ ဆန်းလျန် ပြန်ရောက်လာပြီ ထင်တယ်"

လုကျိုးယွမ်က ...

"ရှောင်ယွီ ... မင်းက တကယ် ဉာဏ်ကောင်းတာပဲ"

"ဆန်းလျန်သာ ပြန်ရောက်လာတာ မဟုတ်ရင် ရှင့်ကို ခုလောက် စိတ်မတည်မငြိမ် ဖြစ်အောင် ဘယ်သူက လုပ်နိုင်မှာတဲ့လဲ"

စေတီတော်ရှိရာမှ ကျောက်ရှောင်ယွီ၏ အသံက နူးညံ့သိမ်မွေ့စွာ ထွက်ပေါ်လာလေသည်။

လုကျိုးယွမ်က ...

"အဲဒီကိစ္စအပြင် တခြား ပြဿနာတွေလည်း ရှိသေးတယ်၊ ပြဿနာတော့ မဟုတ်ပါဘူးလေ၊ အဲဒါ ကံတရားပါပဲ၊ ဘယ်လိုလုပ် ရှောင်လွှဲနိုင်မှာတဲ့လဲ၊ ကဲ ... ထတော့ ... ရှီတောက် ..."

ဝမ်ရှီတော်သည် လုကျိုးယွမ်ထံမှ ခွင့်ပြုချက်ရသည်နှင့် အ မြန်ပင် မတ်တတ် ရပ်လိုက်လေသည်။

စေတီတော်ရှိရာမှ ကျောက်ရှောင်ယွီက ရယ်မောလိုက်ရင်း ...

"အဘိုးကြီးလု၊ ရှင်က ရှင့်တပည့်ကို ပြဿနာရှာတယ် ဆိုပြီး အပြစ်တင်နေပေမဲ့ တကယ်တမ်း ဒီအကြံအစည်ကို လုပ်ခဲ့တာ ရှင်ကိုယ်တိုင်ပဲ မဟုတ်လား၊ ဒီပန်းချီကားက ဆန်းလျန် အတွက် အရေးကြီးတယ် ဆိုတာ ကျွန်မသိတယ်၊ အမှန်ဆို ရှင့် တပည့် အဲဒီပန်းချီကားကို သွားမယူခင် ဆန်းလျန်ဟာ သိကိုသိ ရမှာပဲ၊ ဒါပေမဲ့ ဆန်းလျန်မသိအောင် ရှင့်တပည့်က ယူလာနိုင် တယ် ဆိုကတည်းက အံ့သြစရာ ကောင်းနေပြီ"

"ရှောင်ယွီပြောတာ မှန်ပါတယ်၊ ဆရာတစ်ယောက်က အပြစ် ဝန်ခံလာတဲ့ တပည့်တစ်ယောက်ကို အပြစ်ပေးရမှာဖြစ်သလို အကာအကွယ်လည်း ပေးရပါလိမ့်မယ်၊ ပြီးတော့ သူက တခြား

သူ့အတွက် လုပ်ခဲ့တာ မဟုတ်ဘူး၊ ကျုပ်အတွက် လုပ်ခဲ့တာ မဟုတ်လား"

လုကျိုးယွမ်က ပြောလိုက်လေသည်။

ဝမ်ရှီတောက်က အလျင်အမြန် ဝင်ပြောလိုက်လေသည်။

"ဆရာ ... ဒီကိစ္စက အရမ်းလေးနက်တယ် ဆိုတာကို (၃)ရက် လုံးလုံး ဒူးထောက်ပြီးတဲ့ နောက်မှာ တပည့် နားလည် သဘောပေါက်ပါပြီ၊ မဆင်မခြင်ပြုမိတဲ့ အတွက် တပည့်မှာ တာဝန်ရှိပါတယ်"

လုကျိုးယွမ်က ပြုံးလိုက်ရင်း ...

"မင်း နားလည်သွားတာ ကောင်းတယ်၊ ကျုပ်က အသက် အရှည်ကြီး နေခဲ့တဲ့ လူတစ်ယောက်ပဲ၊ ကြောက်တတ်တဲ့လူ တစ်ယောက်လည်း မဟုတ်သလို စိန်ခေါ်တာတွေကို ရင်မဆိုင် ရဲတဲ့ လူတစ်ယောက်လည်း မဟုတ်ဘူး၊ လူတွေ ကျုပ်ကိုလာ ရှာမှာကို စောင့်နေမှာ မဟုတ်ဘူး၊ အဲဒီပန်းချီကားကို ဆန်းလျန်

ဆီကို ယူသွားလိုက်ပါ၊ ပြီးတော့ ကျုပ်ကိုယ်စား အမှာ

စကားပြောလိုက်ပါ၊ ကျုပ်က အိုနေပြီ၊ ဒါကြောင့် သိပ်ပြီး

လောကီကိစ္စတွေမှာ မပါဝင်ချင်တော့ဘူး၊ ဒါကြောင့် လုန်ဟွာ

ပွဲတော်ကို တက်ရောက်ပြီး သူ့စကားတွေကို နားထောင်နိုင်မှာ

မဟုတ်ဘူးဆိုတာ ပြောပြလိုက်ပါ၊ ပြီးတော့ သင့်တော်တဲ့

အချိန်မှာ ကျုပ်နဲ့လာပြီး စကားစမြည်လေး ပြောဖို့လည်း သူ့

ကို ဖိတ်ခေါ်လိုက်ပါဦး"

ရုတ်တရက်ပင် ... ဝမ်ရှီတောက်၏ နှလုံးသားထဲတွင် အဖြေကို

ချက်ချင်း သိရှိသွားလေသည်။ ဆရာသခင်ဖြစ်သူ၏

ရည်ရွယ်ချက်ကိုလည်း ချက်ချင်းပင် နားလည် သွားရလေ

သည်။

ဝမ်ရှီတောက်က ...

"တပည့် ချင်းရွှမ်ကို အခုချက်ချင်း သွားလိုက်ပါ့မယ်"

ဝမ်ရှီတောက်သည် အချိန်ဆွဲမနေတော့ပဲ ချက်ချင်းပင် ချင်းရှွမ်နတ်တံခါးသို့ ခရီးထွက်ခဲ့ လေတော့သည်။

ဝမ်ရှီတောက် ထွက်ခွာသွားသည်နှင့် စေတီတော်တွင် ရှိနေသည့် ကျောက်ရှောင်ယွီသည် အတန်ကြာ တိတ်ဆိတ်သွားလေသည်။

ပြီးမှ ...

"အဘိုးကြီးလု ...၊ ရှင်က ဝမ်ရှီတောက်ကို ချင်းရှွမ်ကို လွှတ်လိုက်ပေမယ့် ဆန်းလျန်ကတော့ ရှင့်ကို အနှေးနဲ့အမြန် လာရှာမှာပဲ၊ ကျွန်မ ပျော်လည်းပျော်တယ်၊ ကြောက်လည်း ကြောက်မိတယ်"

လုကျိုးယွမ်က ...

"ဘာလဲ ... ကျုပ်က ဆန်းလျန်ကို ဖမ်းဆီးပြီး အဲဒီစေတီတော် ထဲမှာ ပိတ်ထားမှာကို မင်းက ကြောက်နေတာလား၊ ဒါပေမဲ့ အဲဒီလိုသာဆိုရင် မင်း ပျော်သင့်တာ မဟုတ်ဘူးလား"

ကျောက်ရှောင်ယွီက ဖြည်းညင်းသည့် လေသံဖြင့် ...

"ရှင် ဆန်းလျန်ကို ဘယ်နည်းနဲ့မှ ဖမ်းချုပ်ထားနိုင်မှာ မဟုတ်ပါဘူး၊ ကျွန်မကြောက်မိတာက ကျွန်မရဲ့လက်ရှိ ပုံသဏ္ဌာန်ကို တွေ့တဲ့အခါ သူ ကျွန်မကို သဘောမကျတော့မှာကိုပဲ ..."

လုကျိုးယွမ်၏ ရယ်မောသံကို ကြားလိုက်ရလေသည်။

ထို့နောက် ဝါးဆောင်အတွင်းမှ ဗျပ်စောင်းတီးခတ်သံ သာယာစွာ ထွက်ပေါ်လာလေတော့သည်။

ဗျပ်စောင်းသံသည် လရောင်ခြည်အလား ကြည်လင် လွန်းလှလေသည်။

ကျောက်ရှောင်ယွီသည် ထိုဗျပ်စောင်းသံကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် နားထောင်ပြီးသည့်တိုင် နားထောင်၍ မဝနိုင်အောင် ဖြစ်ရလေသည်။

ထိုဗျပ်စောင်းသံသည် လူတစ်ယောက်၏ စစ်မှန်သည့် ခံစားချက်ကို ရောင်ပြန် ဟပ်နိုင်လေသည်။ ဗျပ်စောင်းသံစဉ်ကို

ကြားရသူ မည်သူမဆို ထိုသံစဉ်ထဲတွင် ပုန်းကွယ်နေသည့် အဓိပ္ပာယ်ပြည့်ဝသည့် သတင်းစကား တစ်ခုကို သိမြင်နိုင်မည် ဖြစ်လေသည်။ ထိုအရာသည် လုကျိုးယွမ်၏ ကျေနပ်မှုပင် ဖြစ်လေ၏။

ထိုဗျပ်စောင်းသံကို ကြားရသူတိုင်းသည် ခမ်းနားလှသည့် တောင်တန်းများ၊ စီးဆင်းနေသည့် စမ်းချောင်းများ၊ သစ်ပင် များ၏ လှုပ်ခတ်သံများကြားတွင် ရွက်လွင့်သွားသည့် လေ ငယ်တစ်စင်းပမာ ခံစားရမည် ဖြစ်လေသည်။

သို့သော် ... ကျောက်ရှောင်ယွီ ကတော့ သူမ၏ နှလုံးသားထဲ တွင် အမြဲတမ်းရှိနေသူ ဆန်းလျန်ကိုသာ သတိရတမ်းတ လိုက် မိလေသည်။

"အရှင့်အကြောင်း စဉ်းစားရင်း အသက်တွေလည်း ကြီးလာခဲ့ရ ပြီ ...

နှစ်၊ လ များစွာလည်း ဖြတ်သန်း ကျော်လွန်ခဲ့ရပြီ ...

မိုးနဲ့မြေကြားက ဘဝတွေဟာ ...

ခရီးသွားတွေလို ဝေးကွဲဆဲပါပဲ ..."

ထွက်ပေါ်လာသည့် ကဗျာရွတ်သံသည် ချင်းရှမ်တောင်မှ တိမ်များနှင့် မြူခိုးများအလားပင် ဖြစ်လေသည်။ အချိန်ကြာမြင့်စွာ တည်ရှိနေခဲ့လေသည်။

***

လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာ ကတည်းက ...

ယင်းစန်းတောင်သည် တားမြစ်နယ်မြေ တစ်ခု ဖြစ်လာခဲ့လေသည်။

ကြီးမြတ်လှသည့် ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်းသည် တစ်ညအတွင်းမှာပင် သဲလွန်စပင် မကျန်အောင် ပျောက်ခြင်းမလှ ပျောက်ကွယ် သွားခဲ့လေသည်။ သူတို့ ဘယ်ဆီ ရောက်သွားသည်လဲ ဆိုသည်ကို မည်သူမှ မသိကြပေ။

သို့သော် ... မိုးနှင့်မြေတွင် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကို မည်သည့်နေရာတွင်မှ တွေ့ရှိရခြင်း မရှိတော့ပါ။

ထိုအချိန်မှစပြီး …

ယင်းစန်းတောင်သို့ ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးကျော်သူ မှန်သမျှသည် တောင်ပေါ်မှ ပြန်ဆင်းလာသည်နှင့် အသေဆိုးနှင့်သေကြရစမြဲပင် ဖြစ်လေသည်။ ထိုသူများထဲတွင် (၁)ရက်ထက်ပိုပြီး အသက်ရှင်နိုင်သူ တစ်ယောက်မှ မရှိခဲ့ပေ။

ထို့ပြင် သူတို့ သေဆုံးပုံများမှာလည်း ထူးဆန်းအံ့သြဖွယ်ရာကောင်းလေသည်။ ပြောနိုင်သည့်အချက် တစ်ချက်သာရှိ လေသည်။ ထိုအချက်မှာ သူတို့အားလုံး လူမဆန်သည့် ရက်စက်ကြမ်းကြုတ်မှုကို ခံစားရပြီး သေဆုံးခဲ့ရသည် ဆိုသည့်အချက်ပင် ဖြစ်လေသည်။

ထိုနေ့တွင်တော့ …

ယင်းစန်းတောင် အပြင်ဘက်ရှိ ဝိညာဉ် မြစ်ကမ်းနံဘေးသို့ ငယ်ရွယ်သည့် မိန်းမပျိုလေး တစ်ယောက် ရောက်ရှိလာလေသည်။

သူမသည် ဝိညာဉ်မြစ်ရေကိုကြည့်ပြီး ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် အနည်းငယ် ပြုပြင်လိုက်လေသည်။

ထူးဆန်းသည် ပတ်ဝန်းကျင်တွင်သာ မဟုတ်ဘဲ သာမန် မြစ်ကမ်းနံဘေးတွင် ထိုမျှ လှပသည့် မိန်းမပျိုကို တွေ့မြင်ရမည်ဆိုလျှင် ...

"မြစ်ကမ်းနံဘေးတွင် ရပ်နေသည့် ချစ်ရသူလေး ..." ဟု တင်စား ခေါ်ဆိုကြမည် ဖြစ်လေသည်။

ထိုမိန်းမပျိုလေးသည် အခြားသူ မဟုတ်ပါ။

တောင်သခင်ကွေ့လိဟု လောကတစ်ခွင်တွင် နာမည်ကျော်ကြားသည့် ချမ်းမော့ပင် ဖြစ်လေတော့သည်။

ရုတ်တရက် ...

ဝိညာဉ်မြစ်တစ်ခုလုံး သာမက ကမ္ဘာမြေကြီး တစ်ခုလုံးပါ တုန်ခါသွားလေသည်။

အဝေးတစ်နေရာတွင် နွားရိုင်းခေါင်းကြီးနှင့် လူသား ခန္ဓာကိုယ်ရှိပြီး အနက်ရောင် ဝတ်ဆင်ထားသည့် လူတစ်ယောက် လမ်းလျှောက်လာလေသည်။

ကွေလိက ကြည်လင်သည့် မျက်ဝန်းများဖြင့် ထိုသူကို တစ်ချက် လှမ်းကြည့်လိုက်ပြီး ပြုံးလိုက်ရင်း ...

"နင် ... နောက်ကျတယ် ..."

"မဟုတ်ဘူး၊ မင်းက စောနေတာ ..."

နွားရိုင်းနတ်မိစ္ဆာက ပြန်ပြောလိုက်လေသည်။

"ဟုတ်တယ် ...၊ ကျုပ်ထပ်ပြီး မစောင့်ချင်တော့ဘူးလေ၊ ဒါနဲ့ ပစ္စည်းပါသလား"

ကွေလိက နူးညံ့စွာဖြင့် မေးလိုက်လေသည်။

နွားရိုင်းနတ်မိစ္ဆာက ပြုံးလိုက်ရင်း ...

"ဟင့်အင်း ... မပါဘူး"

ထိုအခါတွင်တော့ ကွေလိက နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း ...

"ပစ္စည်း ယူမလာရင်တော့ အသက်ရှင်ဖို့ မစဉ်းစားနဲ့"

"တိုက်ဆိုင်လိုက်တာ၊ ကျုပ်လည်း အဲဒီလိုပဲ စဉ်းစားနေတာ၊ မင်းရဲ့ ရောင်စဉ်(၅)မျိုး တန်ခိုးစွမ်းအားက အထင်ကြီးလောက် ပါတယ်၊ ဒါပေမဲ့ မင်းက သိပ်ငယ်သေးတယ်၊ ကျုပ်ကို စိန်ခေါ် ရဲသလား၊ ဘုန်းတော်ကြီး နည်းနည်းလောက်က မင်းကို မ တိုက်ခိုက်နိုင်တာနဲ့ပဲ သိပ်မာနကြီးမနေနဲ့"

န္ဒားရိုင်းနတ်မိစ္ဆာ ဘုရင်က အေးစက်စွာဖြင့် ပြောလိုက်လေ သည်။

ကွေ့လိက မထီမဲ့မြင်လေသံဖြင့် ရယ်မောလိုက်ပြီး ကောင်းကင် ထက်သို့ ခုန်တက် လိုက်လေသည်။ ထို့နောက် သူမသည် အရိပ် ပင် မကျန်အောင် ပျောက်ကွယ် သွားလေတော့သည်။

န္ဒားရိုင်းနတ်မိစ္ဆာ ဘုရင်ကြီးမှာ သူ၏ မျက်ခုံးနှစ်ခုကြားသို့ ဝင် ရောက်လာသည့် ကြီးမားလှသည့် တန်ခိုးစွမ်းအား တစ်ခုကို

ခံစားလိုက်ရပြီး ကြောက်မက်ဖွယ်ရာ တိုက်ခိုက် ခံလိုက်ရလေ

တော့သည်။

အခန်း (၆၃၁) ဒေါင်းစိမ်းမရဏာတန်ခိုးစွမ်းအား

နွားရိုင်းဘုရင်ကြီး၏ မျက်နှာသည် တည်ကြည် လေးနက်သွား

လေသည်။

သူ၏ ခန္ဓာကိုယ်အတွင်းမှ အနက်ရောင်နှင့် အစိမ်းရောင်

ပေါင်းစပ်ထားသည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေ

သည်။ သူသည် မပြိုလဲနိုင်သည့် တိုင်လုံးကြီး တစ်လုံးအလား

ကြွကြွခံရပ်တည်နေပြီး ရောင်စဉ်(၅)မျိုး တန်ခိုးစွမ်းအားများ ကို ခုခံနေလိုက်လေသည်။

ရောင်စဉ် (၅)မျိုး မူလတန်ခိုး စွမ်းအားများသည် လောကတွင် ပြိုင်ဘက်ကင်းပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှလေသည်။ ထိုတန်ခိုး စွမ်းအားများကြောင့် အဝါရောင် ဝိညာဉ်မြစ်ရေ သည်ပင် ဆူပွက်လာရလေသည်။

ရောင်စဉ် (၅)မျိုး မူလတန်ခိုး စွမ်းအားများသည် နွားရိုင်းဘုရင် ကြီးဆီသို့ ရောက်ရှိလာသည့် အချိန်တွင် နွားရိုင်းဘုရင်ကြီး ထံမှ ထွက်ပေါ်နေသည့် အစိမ်းရောင်နှင့် အနက်ရောင် တန်ခိုး စွမ်းအားများသည် ကြီးမားသည့် လက်ကြီး တစ်ဖက်အဖြစ် ပြောင်းလဲသွားကာ လေထုကို ပိတ်ဆို့ ထားလိုက်လေသည်။ ထိုလက်ကြီးသည် တန်ခိုးစွမ်းအား (၅)မျိုးကို ဖမ်းဆုပ်လိုက် ပြီး ကွေလိ၏ ပုံသဏ္ဌာန်အမှန် ထွက်ပေါ်လာစေလေသည်။ ကွေလိက အံ့သြသွားခြင်း မရှိပါ။

သူမက လက်(၂)ဖက်ကို ဆန့်ထုတ်လိုက်ပြီး တန်ခိုးစွမ်းအား (၂)ခုကို ထုတ်လွှတ်လိုက်လေရာ ကောင်းကင်ထက်တွင် တိမ်ခိုးမြူမှုံများ ထွက်ပေါ်လာလေတော့သည်။

ကွေလိ ထုတ်လွှတ်လိုက်သည့် တန်ခိုးစွမ်းအား (၂)ခုသည် ပေါင်းစပ်သွားပြီး ယင်နှင့် ယန်အဖြစ် ဖြစ်တည် လာလေသည်။

ရုတ်တရက်ပင် ...

လေထုထဲတွင် မိုးနှင်မြေ ပြန်လည် မွေးဖွားလာသကဲ့သို့ မီး၊ လေနှင့် ရေများ ထွက်ပေါ်လာလေသည်။

ထိုအချိန်မှာပင် ...

တောက်ပသည့် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး သူတို့(၂)ယောက်၏ တိုက်ပွဲအကြားသို့ ဝင်ရောက်လာလေသည်။

ထိုအလင်းတန်းသည် သူတို့(၂)ယောက်လုံး၏ တန်ခိုးစွမ်းအား

များကို တားဆီးထားလိုက်ပြီး မိုးနှင့်မြေ ပျက်စီးခြင်းကို ကာကွယ် ပေးလိုက်လေသည်။

ထိုအလင်းတန်းမှ သတင်းစကား တစ်ခုသည် သူတို့ (၂)ယောက်လုံး၏ နှလုံးသားထဲသို့ ဝင်ရောက်သွားလေသည်။

ကွေလိက အေးစက်စွာဖြင့် နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး နွားရိုင်းဘုရင်ကြီးကလည်း တစ်ချက် ကျိန်ဆဲလိုက်လေသည်။

"မင်းဘာလုပ်တာလဲ ..."

သူတို့ (၂)ယောက်သည် အပြန်အလှန် နားလည်မှုတစ်ခု ယူလိုက်ကြပြီး ကွေလိသည် အရိပ်တစ်ရိပ်အဖြစ် ကူးပြောင်းကာ ဝိညာဉ်မြစ်ကို ဖြတ်သန်းပြီး ယင်စန်းတောင်ရှိရာသို့ ပျံသန်းထွက်ခွာသွားလေသည်။

သူမဝင်ရောက်သွားသည့် နေရာသည် တားမြစ်နယ်မြေ တစ်ခုဖြစ်ပြီး အသူရာ ချောက်ကိုးထပ်တွင် အနက်ရှိုင်းဆုံး နေရာဖြစ်သည်ဟု ဆိုလေသည်။

နွားရိုင်းဘုရင်ကလည်း သူ၏ သံမဏိခွာကြီးများကို အသုံးပြု ပြီး ခြေလှမ်း လှမ်းလိုက်လေရာ ခြေလှမ်း (၂)လှမ်း အတွင်းမှာ ပင် ကွေလိကို မီသွားလေသည်။

နွားရိုင်းဘုရင်သည် ကွေလိနောက်သို့ လိုက်လာပြီး သူ၏ခန္ဓာကိုယ်သည် ပေတစ်သောင်းမြင့်သည့် ရောမ အရွယ်အစားကြီး ဖြစ်လာခဲ့လေသည်။ သူ၏ ဦးချိုများနှင့် ခေါင်းကြီးမှာ ကောင်းကင်ကိုပင် ထိုးဖောက်တော့မည့် အလား ထင်မှတ်ရလေသည်။

အမွေးများ ဖုံးနေသည့် ခြေထောက်ကြီးများသည် ဝိညာဉ်မြစ် ထဲတွင် တစ်လှမ်းချင်း လှမ်းနေလေသည်။ မရေမတွက် နိုင် အောင် များပြားသည့် မြစ်ရေထဲမှ ဝိညာဉ်များသည် သူ၏ သံမဏိခွာကြီး အောက်တွင် ကြိတ်ချေ ခံလိုက်ကြရလေသည်။ နောက်ဘဝသို့ပင် ကူးခွင့် မရကြရှာတော့ပေ။

ပြိုင်ဘက်ကင်းသည့် နတ်မိစ္ဆာဘုရင် (၂)ပါးသည်
အချုပ်အနှောင်များကို ဖျက်ဆီးပြီး သတ်ဖြတ်လိုသည့်
အငွေ့အသက်များကို ထုတ်လွှတ် နေကြလေသည်။
ကွေလိသည် ရှုပ်ထွေးထွေးနေပြီး ဝိညာဉ်မြစ်ထက်တွင် ရပ်နေ
ကာ နွားရိုင်းဘုရင်ကြီးကို စိုက်ကြည့်နေလေသည်။ သူမ၏
အရွယ်အစားသည် နွားရိုင်းဘုရင်လောက် ကြီးမားခြင်း မရှိ
သော်လည်း တန်ခိုးစွမ်းအား အရာတွင်တော့ နှိုင်းယှဉ်နိုင်လေ
သည်။

နွားရိုင်းဘုရင်ကြီးသည် လောကတစ်ခုလုံး တုန်လှုပ်စေမည့်
တန်ခိုးစွမ်းအားများကို ထုတ်သုံးရန်ပင် မလိုပါ။ သူ၏
ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းသည် ကြောက်မက်ဖွယ်ရာ
လက်နက်များပင် ဖြစ်လေသည်။

နွားရိုင်းဘုရင်ကြီးက သူ၏ ရောမလက်ကြီးဖြင့် ကွေလိကို
ဖမ်းဆုပ်လိုက်လေသည်။

သူ၏လက်ကြီးမှာ နေ၊ လနှင့် ကြယ်များကို ဖမ်းယူဆုပ်ကိုင်တော့မည့် အလား ကြမ်းတမ်း လွန်းလှလေသည်။ ကွေ့လိ၏ပြောင်းလဲနိုင်စွမ်းများ အားလုံးကို ထိုလက်ကြီးက ပိတ်ဆို့ထားနိုင်လေသည်။

နွားရိုင်းဘုရင်၏ ရောမလက်ကြီးနှင့် ယှဉ်လျှင် ကွမ်းချင်းနတ်ဘုရား ဂိုဏ်းမှ ရှမ်ချင်းအလင်းလက် တန်ခိုးစွမ်းအားသည်ပင်လျှင် ကလေးကစားသကဲ့သို့ ဖြစ်သွားနိုင်လေသည်။ အမှောင်ထု ဖုံးလွှမ်းနေသည့် ပတ်ဝန်းကျင်တွင် လင်းလက်နေသည့် မပီမပြင် အလင်းရောင် အနည်းငယ်သည် နွားရိုင်းဘုရင်ကြီး၏ ဖမ်းဆုပ်မှုအောက်တွင် ပျောက်ကွယ် သွားခဲ့လေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး ပိန်းပိတ်အောင် အမှောင်ကျသွားခဲ့ပြီဖြစ်လေသည်။

အခြားသော နတ်မိစ္ဆာတစ်ပါးသား ဖြစ်ပါက နွားရိုင်းဘုရင်၏ ဧရာမလက်ကြီး၏ ဆုပ်ကိုင်မှုအောက်တွင် စိစိညက်ညက် ကျေသွားရမည် ဖြစ်လေသည်။

သို့သော် ... ကွေ့လိကတော့ နှစ်ထောင်ပေါင်းများစွာ အတွင်းတွင် စွမ်းအားအကြီးမားဆုံး နတ်မိစ္ဆာဘုရင်တစ်ပါး ဖြစ်သည့် အပြင် သူမ၏မျိုးရိုးကလည်း မြင့်မြတ်လေသည်။

ကွေ့လိထံမှ နူးညံ့သည့် ညည်းညူသံ တစ်ချက် ထွက်ပေါ်လာပြီး ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအား တစ်ခုကို ထုတ်ဖော် အသုံးပြုလိုက်လေသည်။

သူမသည် မူလ ထိုက်ရှီးစွမ်းအားများ ဖြစ်သည့် ရောင်စဉ် (၇)မျိုး တန်ခိုးစွမ်းအားများကို ပေါင်းစပ်ပြီး အလင်းတန်း တစ်ခု ထုတ်လွှတ်လိုက်လေသည်။ ထိုတန်ခိုးစွမ်းအားသည် အရာအားလုံးကို ဖျက်ဆီး ပစ်နိုင်လေသည်။ ထိုတန်ခိုးစွမ်းအား

သည် နွားရိုင်းဘုရင်၏ ရောမလက်ကြီးရှိရာသို့ တည့်တည့် ဝင်ရောက် သွားလေတော့သည်။

လေထဲတွင် ကြောက်မက်ဖွယ်ရာ ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားပြီး အလင်းရောင်များ လင်းထိန်တောက်ပသွား လေသည်။ နွားရိုင်းဘုရင်၏ ပတ်ဝန်းကျင်မှ ဝိညာဉ်မြစ်ရေများသည် စီးဆင်းသွားသည့် ရေတံခွန်တစ်ခု အလားကောင်းကင်ထက်သို့ မြင့်တက်သွားလေသည်။

ထိုရေတိုင်လုံးကြီးသည် ပေတစ်သောင်းခန့် ရှည်လျား မြင့်မားလေ၏။ နွားရိုင်းဘုရင်၏ ပတ်ဝန်းကျင်မှ ဝိညာဉ်မြစ်သည် ချက်ချင်းပင် ခန်းခြောက် သွားရလေသည်။

ကွေလိ၏ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားသည် ထိုရေတိုင်လုံးကြီးထဲတွင် ပါဝင်နေခဲ့လေသည်။ မျက်စိတစ်မှိတ် အတွင်းမှာပင် ရေတိုင်လုံးကြီးသည် ညအမှောင်ထု အတွင်းသို့ အငွေ့ပျံ ပျောက်ကွယ် သွားလေသည်။

တစ်ချိန်တည်းမှာပင် ... ပြန်လည်မွေးဖွားခြင်း စွမ်းအားတစ်ခု သည် ဝိညာဉ်မြစ်ရေ အတွင်းသို့ စီးဆင်းသွားလေသည်။ ထို စွမ်းအားသည် ပျံ့နှံ့သွားပြီး အရာအားလုံးကို ဖုံးလွှမ်းသွားလေ သည်။

နွားရိုင်းဘုရင်သည် တောင်တစ်လုံးကဲ့သို့ ကြီးမားသူတစ် ယောက် ဖြစ်သည့်တိုင် လက်ရှိ အချိန်တွင်တော့ သမုဒ္ဒရာထဲမှ ရေစက်လေး တစ်စက်အလား မြူခိုးထဲတွင် ပျောက်ကွယ် သွားလေသည်။

နတ်နဂါးများသည် ရုပ်ခန္ဓာကို လိုသလို ကြီးနိုင်သေးနိုင် ချုံ့ နိုင်ချဲ့နိုင် သကဲ့သို့ပင် နွားရိုင်းဘုရင် သည်လည်း လောကကြီး တစ်ခုအလား သူ၏ ခန္ဓာကိုယ်ကို ကြီးမားအောင် ဖန်ဆင်းနိုင် သလို မြူမှုံမျှကဲ့သို့ သေးငယ်အောင်လည်း ဖန်ဆင်းနိုင်သူ ဖြစ် လေသည်။

ကွေလိသည် မွေးရာပါ တန်ခိုးစွမ်းအား ရှိသူ တစ်ယောက်

မဟုတ်ဘဲ ကျင့်ကြံခြင်းမှ တစ်ဆင့် တန်ခိုးစွမ်းအားများ ရရှိခဲ့

သည့် နတ်မိစ္ဆာဘုရင် တစ်ပါးသာ ဖြစ်ခဲ့လျှင် လက်ရှိတိုက်ပွဲ

တွင် ကျိန်းသေ ရှုံးနိမ့်မည် ဖြစ်လေသည်။

အဘယ်ကြောင့် ဆိုသော် နွားရိုင်း ဘုရင်ကြီးသည် သူမထက်

တန်ခိုးစွမ်းအား သာလွန်သောကြောင့် ဖြစ်လေသည်။

နတ်မိစ္ဆာဘုရင်များ တိုက်ခိုက်သည့် တိုက်ပွဲတွင်

အရည်အချင်းထက် အတွေ့အကြုံကလည်း အရေးကြီးလေ

သည်။

ကွေလိသည် ချင်းရှမ်နတ်တံခါးတွင် နှစ်ပေါင်းရာနှင့်ချီပြီး

နေထိုင်ခဲ့သူ တစ်ယောက် ဖြစ်သည့်အတွက် တာအို

သဘောတရားများကို နားလည်သူ တစ်ယောက် ဖြစ်လေ

သည်။ ထို့ပြင် မိုးနှင့်မြေတွင် မည်သည့်အရာကမှ သူမကို

ကန့်သတ် တားဆီးထားနိုင်ခြင်း မရှိပေ။

နွားရိုင်းဘုရင်သည် မြူခိုးများကြားတွင် ပုန်းအောင်းနေပြီး

သူ၏ ဦးချိုကြီးများက ကွေလိကို တိုက်ခိုက်ရန် ချဉ်းကပ် လာ

လေသည်။ ထို့နောက်တွင်တော့ ကွေလိကို အမြင့်ဆုံးသော

တန်ခိုး စွမ်းအားများဖြင့် တိုက်ခိုက်လိုက်လေသည်။

သို့သော် ကွေလိသည် လျင်မြန်လွန်းသည့် အရှိန်ဖြင့်

လက်မတင်ကလေး ရှောင်တိမ်း သွားပြန်လေသည်။

ကွေလိ၏ဆံပင်များ ပြေကျနေပြီး လေထဲတွင် လွင့်မျော

နေသည်ကို တွေ့မြင်ရခြင်း အားဖြင့် နွားရိုင်းဘုရင်၏

တိုက်ခိုက်မှုသည် မည်မျှပြင်းထန်ပြီး အန္တရာယ်များ သည်ကို

သိမြင်နိုင်လေသည်။

နွားရိုင်းဘုရင်ကြီးက ကွေလိကို တိုက်ခိုက်မှု မအောင်မမြင်

ဖြစ်သွားပြီးသည့်နောက် နဂိုမူလပုံသဏ္ဍာန်သို့ ပြန်ပြောင်း

လိုက်ပြီး ပါးစပ်ကြီးကို ဖွင့်ဟလိုက်လေသည်။ ပတ်ဝန်းကျင်

တစ်ခုလုံးတွင် မြူခိုးများလည်း ကင်းစင် သွားလေသည်။

"ဒေါင်းစိမ်း တန်ခိုးစွမ်းအားက တကယ့်ကို ထူးခြားတာပဲ"

နွားရိုင်းဘုရင်က ဖြည်းလေးသည့် လေသံဖြင့် ပြောလိုက်လေသည်။

သူ၏အသံသည် မြေပြင်ထက်သို့ ကျောက်တုံး ထောင်ပေါင်းများစွာ ရိုက်ခတ်လိုက် သကဲ့သို့ ပဲ့တင်သံများ ထွက်ပေါ်လာကာ လေထဲတွင် ရပ်တန့်နေသည့် ကွေလိကို အသံလှိုင်းများဖြင့် ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

သို့သော် ... ကွေလိထံမှ မရေမတွက်နိုင်အောင် များပြားသည့် အလင်းတန်းများ ဖြာထွက်လာပြီး ပဲ့တင် သံလှိုင်းလုံးများမှာ ပျောက်ကွယ် သွားရလေသည်။

အစိမ်းရောင် ဝတ်ဆင်ထားသည့် ကွေလိ၏ ပုံသဏ္ဍာန်မှာ အစိမ်းရောင် နတ်သမီးလေး တစ်ပါးနှင့်ပင် ဆင်တူလေသည်။

သူမသည် အလွန်မှ တည်ငြိမ်နေလေ၏။

သူမသည် အေးစက်သည့် မျက်ဝန်းများဖြင့် နွားရိုင်းဘုရင်ကို

အထင်အမြင် သေးစွာဖြင့် ကြည့်နေလေသည်။

သူမ၏ အတွေးများကို သိနေသည့်အလား နွားရိုင်းဘုရင်က

ကျယ်လောင်စွာ အော်ဟစ်ရယ်မော လိုက်လေသည်။

သူက လေထဲတွင် ခြေလှမ်း ကျယ်ကြီးများကို တစ်လှမ်းချင်း

လှမ်းလာပြီး ကွေလိအနားသို့ တိုးကပ်လာလေသည်။ သူသည်

နတ်မိစ္ဆာ ဘုရင်တစ်ပါး၏ ဂုဏ်သိက္ခာကိုပင်

ထိန်းသိမ်းထားခြင်း မရှိတော့ပေ။ ခြေလှမ်းများ အောက်တွင်

လေထုတစ်ခုလုံး ကြိတ်ချေ ခံထားရလေသည်။

သူတို့ (၂)ယောက်၏ ပတ်ဝန်းကျင် လေထုသည် နိမ့်ဆင်း သွား

လေသည်။ လေထုတစ်ခုလုံးကို တူကြီးတစ်ချောင်းဖြင့်

အဆက်မပြတ် ရိုက်ခတ်လိုက် သကဲ့သို့ပင် ဖြစ်လေတော့၏။

ထိုအချိန် ခဏအတွင်းမှာပင် ... ကွေလိသည် ကြောက်ရွံ့

ထိတ်လန့် လာရမည့်အစား ရယ်မော လိုက်လေသည်။ သူမ၏

ရေကဲ့သို့ ကြည်လင်နေသည့် မျက်ဝန်းများသည် ရုတ်တရက် သွေးများဖြင့် ပြည့်သွားလေသည်။

သူမ၏ မျက်စံများသည် သွေးနီရောင်အဖြစ်သို့ ပြောင်းသွားပြီး သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်ပေါ်လာလေသည်။

ထိုအခါ နွားရိုင်းဘုရင်သည် တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်လေသည်။

သူက အလွန်အံ့သြသွားသည့် လေသံဖြင့် ....

"မင်းက နှစ်ပေါင်း(၁၀၀) အတွင်းမှာပဲ ဒေါင်းစိမ်းရုပခန္ဓာကို ရအောင် ကျင့်ကြံနိုင်ခဲ့တာပဲ၊ ဒေါင်းစိမ်း မရဏတန်ခိုးစွမ်းအားကိုလည်း ကျင့်ကြံ အောင်မြင်ခဲ့တယ်"

"ဒီတစ်ခေါက် ကျုပ်က မင်းကို ဘာလို့ သတ်ချင်တယ်လို့ ထင်သလဲ"

ကျွေလိက ပြန်ပြီး မေးမြန်း လိုက်လေသည်။

ကွေ့လိက ဒေါင်းစိမ်းမရဏ တန်ခိုးစွမ်းအားကို ထုတ်ဖော်

လိုက်သည်နှင့် ရှောင်လေယင်း ကျောင်းတော်မှ ကြေး

ခေါင်းလောင်းတစ်ခု ထွက်ပေါ်လာပြီး တောင်တံခါး တစ်ခုလုံး

ကို ကာကွယ် ထားလိုက်လေသည်။

အမှန်တော့ သူတို့ (၂)ယောက်သည် မိုးနှင့်မြေတွင် သေသူများ

နှင့် ရှင်သူများကို ပိုင်းခြားထားသည့် ထူခြားဆန်းကြယ်သည့်

နေရာဒေသတွင် တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

သူတို့(၂)ယောက်၏ တိုက်ပွဲသည် ရှောင်လေယင်း ကျောင်း

တော်ကို ထိုးနှက်နေသည်ဟု ဆရာတော် (၅)ပါးက ခံစားခဲ့ကြရ

လေသည်။

ထို့ပြင် သူတို့ (၂)ယောက်၏ တိုက်ပွဲကို ထိပ်တန်းအဆင့်

ကျင့်ကြံသူများအားလုံး ရိပ်မိ သိရှိခဲ့ကြလေသည်။

ဆန်းလျန်ထံသို့ ရောက်ရှိလာသည့် ဝမ်ရှီတောက်နှင့် အခြား

သော ကျင့်ကြံသူများပင်လျှင် အဝေးဆီမှ သတ်ဖြတ်လို ခြင်း

အငွေ့အသက်များကို ခံစား လိုက်ကြရလေသည်။ ထို အငွေ့အသက်များကို သူတို့ ခံစားလိုက်ရသည့် အချိန်တွင် နေ့ အချိန်သို့ပင် ရောက်ရှိနေပြီ ဖြစ်လေသည်။

ဝမ်ရှီတောက်က တည်ငြိမ် အေးဆေးသည့် လေသံဖြင့် …

"ဆရာကတော့ သတင်းစကား ပါးလိုက်ပါတယ်၊ အစ်ကိုဆန်း ဘယ်လို သဘောထားမလဲ မသိပါဘူး"

ဆန်းလျန်က ပြုံးလိုက်ရင်း …

"ရှန်စန်းကျန်းရန်လုကျိုးယွမ်က ဖိတ်ကြားမှတော့ ဒီလ လပြည့်နေ့မှာ ကျုပ် အရောက်လာခဲ့ပါ့မယ်"

ဝမ်ရှီတောက်က ဆန်းလျန်ကို လက်နှစ်ဖက်စုပ် ဂါရဝပြုလိုက် ရင်း …

"ဒါဖြင့်လည်း ဆန်းကျန်းရန် နတ်ဘုရားလာမဲ့ အချိန်ကို ကျုပ် စောင့်နေပါ့မယ်"

ထို့နောက်တွင်တော့ … ဝမ်ရှီတောက် ပြန်သွားလေသည်။

ဆန်းလျန်ဆီမှ ထွက်ပေါ်နေသည့် အေးစိမ့်သည့် အငွေ့အသက်

သည် ဆန်းလျန်နှင့် အတော်ဝေးဝေးသို့ ရောက်သွားမှသာ

ပျောက်ကွယ် သွားလေသည်။

နှစ်ပေါင်းတစ်ထောင် အတွင်းတွင် သူသည် ဆန်းလျန်ကို

ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ခြင်း မရှိနိုင်တော့သည်ကို ဝမ်ရှီ

တောက် နားလည် သွားခဲ့ရပါလေပြီ။

အခန်း (၆၃၂) အိပ်မက်ထပ်တူ

ဆန်းလျန်သည် ယင်းစန်းတောင်တည်ရှိရာ အရပ်ဆီသို့ ငေး

ကြည့်နေလေသည်။

မိုးနှင့်မြေကြားတွင် သေခြင်းလောကနှင့် ရှင်ခြင်းလောကကို ပိုင်းခြားထားသည့် နေရာသည် နိယာမများကွဲပြားသည့် အတွက် ထိုနေရာမှ အဖြစ်အပျက်များကို လွယ်လွယ်ကူကူနှင့် သိမြင်နိုင်မည် မဟုတ်ပေ။

သို့သော် … ထိုနေရာတွင် တောင်သခင်ကွေ့လိဟု လူသိများ သည့် ချမ်းမော့ရှိနေပြီး နွားရိုင်းဘုရင်နှင့် တိုက်ခိုက်နေသည် ကိုတော့ ဆန်းလျှန် အကြမ်းဖျင်း ရိပ်မိလိုက်လေသည်။

သူတို့ (၂)ယောက်စလုံးသည် ထိပ်တန်းအဆင့် နတ်မိစ္ဆာဘုရင် များ ဖြစ်ကြလေသည်။ ထို့ကြောင့် တိုက်ပွဲ အဆုံးသတ်တွင် မည်သူအနိုင်ရမည်ကို ခန့်မှန်းနိုင်မည် မဟုတ်ပေ။

ကွေ့လိ၏ ဂုဏ်သိက္ခာကို ထောက်ထားသော အားဖြင့် ဆန်းလျှ န်အနေဖြင့်လည်း ဝင်ပါနိုင်မည် မဟုတ်ပေ။

အစကတည်းကသာ အကူအညီ လိုအပ်လျှင် သူမသည် ဆန်းလျန်ထံတွင် လာရောက် အကူအညီ တောင်းခံမည် ဖြစ်လေသည်။

ထိုအချိန်မှာပင် ဆန်းလျန်ဘေးတွင် ရှိနေသည့် ချန်ကျင်းချင်က ...

"ဆရာ ... လုကျိုးယွမ်က ဝမ်ရှီတောက်နဲ့ ပန်းချီကားကို ပေးလိုက်ပြီပဲ၊ ဆရာ သူနဲ့ သွားမတွေ့သင့်ဘူး ထင်တယ် နော်"

ဆန်းလျန်က အေးဆေးသည့် လေသံဖြင့် ...

"လုကျိုးယွမ်က တာအိုတရား ဆွေးနွေးဖို့ ကျုပ်ကို ခေါ်တာပါ၊ ကျုပ်မသွားဘူးဆိုရင် သိက္ခာကျမှာပေါ့၊ ပြီးတော့ ချင်းရွှမ်နတ်တံခါးလည်း အရှက်ကွဲမှာပေါ့၊ အဲဒီလိုမျိုးတော့ မင်းရော ကျုပ်ရော ဖြစ်ချင်မှာ မဟုတ်ဘူးလေ၊ ပြီးတော့ သူသာ ပန်းချီကားကို ပြန်မပေးရင် ကျုပ်က သူနဲ့ သေချာပေါက် သွားတွေ့ရဦးမှာပဲလေ၊ အခု သူက ပန်းချီကားကို ပြန်ပေးလိုက်တယ် ဆို

တော့ သွားမတွေ့ဘဲ ရှောင်နေရင် သတ္တိကြောင်ရာ ကျမှာပေါ့၊

အဲဒါ တော်တော်လေး ရုပ်ပျက်တယ် မဟုတ်ဘူးလား"

ချန်ကျင်းချင်က မည်သည့် စကားမှ မပြောတော့ပါ။

လောကရှိ အရာအားလုံးကို အကျိုးအမြတ် တွက်နေ၍လည်း

ရမည်မဟုတ်ပါ။

ဆန်းလျန်က အဝေး တစ်နေရာသို့ ငေးလိုက်ရင်း နူးညံ့စွာဖြင့်

ပြောလိုက်သည်။

"ပြီးတော့ .... အဲဒီမှာ နှစ်ပေါင်းများစွာ ကျုပ်ကို စောင့်မျှော်နေ

တဲ့ လူတစ်ယောက်လည်း ရှိနေတယ်"

နှစ်ပေါင်းများစွာ သူ၏ ဆရာဖြစ်သူကို စောင့်နေသူမှာ မည်သူ

ဖြစ်သည်ကို ချန်ကျင်းချင် သိချင်နေမိလေသည်။

ထိုသူသည် လုကျိုးယွမ် မဟုတ်သည်မှာတော့ သေချာလေ

သည်။ ထိုသို့ဆိုလျှင် ရှမ်ထျန်းနတ်ဘုရား ဂိုဏ်းတွင် ဆရာဖြစ်

သူ ဆန်းလျန်ကို စောင့်မျှော်နေသူမှာ မည်သူ ဖြစ်နိုင်ပါ

သနည်း။

မည်မျှပင် စဉ်းစားပါစေ ချန်ကျင်းချင်မှာ အဖြေမထွက် ဖြစ်

နေရလေသည်။

အဘယ်ကြောင့်ဆိုသော် ကျောက်ရှောင်ယွီကို ရှမ်ထျန်းနတ်

ဘုရား ဂိုဏ်းတွင် ချုပ်နှောင် ထားသည်ကို မည်သူမှ မသိကြ

သောကြောင့် ဖြစ်ပါလေ၏။

ထို့နောက်တွင်တော့ ...

ဆန်းလျန်သည် ကျိဖူတောင်ထိပ်သို့ ထွက်ခွာလာခဲ့လေသည်။

သူသည် မိုးမခပင်ကို ဖြတ်ပြီး လမ်းလျှောက်သွားသည့် အခါ

တွင်တော့ ... အစိမ်းရောင် မိုးမခရွက်လေး များသည် ကူးချိုင်

ဝေ့၏ မျက်ခုံးလေးများအလား ထင်မှတ်မိသလို၊ မိုးမခပွင့်

လေးများ ကတော့ ကူးချိုင်ဝေ့၏ အပြုံးများအလား ထင်မှတ်

လိုက်မိလေသည်။

သူ့ဘဝ တစ်လျှောက်လုံးတွင် လူပေါင်းများစွာကို အကြွေးတင်ခဲ့လေသည်။ ယခုအချိန်တွင်တော့ သူ့ဘဝကို ပြီးပြည့်စုံ စေခဲ့သူများကို သတိရတမ်းတခြင်းသာ တတ်နိုင်တော့သည်။

အသက်တိုတိုနှင့် သေဆုံးသွားကြသူများအတွက် သတိရတမ်းတခြင်းသည် အဓိပ္ပာယ်ကင်းမဲ့မည် ဆိုလျှင်တောင်မှ အဓိပ္ပာယ်ရှိမှုကို မည်သို့ ထိန်းသိမ်း ထားနိုင်ပါမည်နည်း။

နောက်ဆုံးတွင်တော့ ...

ဆန်းလျန်သည် ဆရာဘွားဘွား လီချင်းဆွေနေထိုင်ရာ ခန်းမဆောင်ရှိရာသို့ ရောက်ရှိ လာခဲ့လေသည်။

ဆန်းလျန်သည် မူလ ချိတ်ဆွဲထားသည့် ဆရာဘွားဘွား လီချင်းဆွေ၏ ပန်းချီကားကို ဖယ်ရှားလိုက်ပြီး ဝမ်ရှီတောက်ပေးသည့် "ကမ္ဘာ့ရှေ့ပြေးပုံစံ ပန်းချီကား" ဖြင့် အစားထိုး ချိတ်ဆွဲလိုက်လေသည်။

ဗလာသက်သက် အဖြူရောင်ဖြစ်နေသည့် ပန်းချီကားထက် ထိုက်ရှီးကျင့်စဉ်ကို ဖော်ပြရန် အခြားသော ပန်းချီကား မရှိနိုင်ပါ။ လူတစ်ယောက်သည် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကို ကျင့်ကြံပြီး အထွတ်ထိပ်သို့ ရောက်ရှိပြီး ကိုယ်ပိုင် ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်သည့်အခါ မိုးနှင့်မြေတွင် တိကျသည့် တာအိုမဟာလမ်းစဉ်ကို ဖွင့်လှစ်နိုင် သကဲ့သို့ပင် ဖြစ်ရလေသည်။

ထို့ကြောင့်ပင် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်သည် ကမ္ဘာ့ထိပ်တန်း ကျင့်စဉ်တစ်ခု ဖြစ်နေရခြင်းပင်။

ဆန်းလျန်၏ ဘဝတစ်လျှောက်လုံးတွင် ထူးဆန်းထွေလာ များစွာကို ရင်ဆိုင်ခဲ့ရလေသည်။

သို့သော် ... စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း စာအုပ်နှင့် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်သည် သူ့ဘဝတွင် အကျိုးကျေးဇူးများစွာရှိခဲ့လေသည်။ သူ့နေဖြင့် လင်ပေါင်ထျန်းကျွင်းနှင့်

ဆရာဘွားဘွား လီချင်းဆွေကို ကျေးဇူးတင်ရမည် ဖြစ်လေသည်။

ဆရာဘွားဘွား လီချင်းဆွေကို ကိုယ်စားပြု ရေးဆွဲထားသော ရေကန်ထဲတွင် တိမ်များ အရိပ်ထင်နေသည့် ပန်းချီကားကိုတော့ ဆန်းလျန်က သိမ်းဆည်း ထားလိုက်လေသည်။

ဆရာဘွားဘွားကျိုလင် ချင်းရွှမ်နတ်တံခါးမှ ထွက်ခွာသွားသည် မှာလည်း နှစ်ထောင်ပေါင်း များစွာ ကြာမြင့်ခဲ့လေပြီ။ စကြဝဠာကြီးက ကျယ်ပြန့်လွန်းလှသည်။ ဤလောကနှင့် အနီးဆုံးနေရာတွင် တည်ရှိသည့် ကြယ်စင်သည်ပင်လျှင် ဝေးကွာလွန်းလှလေသည်။

ထို့ကြောင့် ဆရာဘွားဘွား ကျိုလင်သည် မည်သည့် ကြယ်စင်ထက်တွင် ရောက်ရှိနေမည်လဲ၊ သို့မဟုတ် အခြားကမ္ဘာ တစ်ခုသို့ ရောက်ရှိသွားပြီလား ဆန်းလျန် မသိမြင်နိုင်ပါချေ။ ထို့ပြင်

သူမနှင့်အတူ ဆရာဘွားဘွား ချင်းရှောင်းသည်လည်း အဆင်ပြေပါရဲ့လား မသိနိုင်ပေ။

ချန်ကျန့်မေ၏ အနတ္တစားကတော့ ဆန်းလျန်၏ တာအို နှလုံးသားကို ယခုချိန်ထိ လှိုင်းထအောင် ရိုက်ခတ်နေဆဲ ဖြစ်လေသည်။ ကူးချိုင်ဝေ့ ကွယ်လွန်သွားမှု ကတော့ လူသားများ၏ သေခြင်းတရားကို နှလုံးသွင်းမိ စေလေသည်။

ယခု ဆရာဘွားဘွား၏ ခန်းမဆောင်ရှေ့သို့ ရောက်သည့် အခါ တွင်တော့ သူ၏ နှလုံးသားသည် ကျိုလင်နတ်သမီးကို လွမ်းဆွတ်လှပေသည်။

လူသား တစ်ယောက်မှ နတ်ဘုရားတစ်ပါး ဖြစ်သည်အထိ ကျင့်ကြံခဲ့ပြီး ကျင့်ကြံခြင်းအဆင့် မြင့်လာလေလေ ခံစားချက် များက နည်းပါးလာလေလေ ဖြစ်လေသည်။ သို့သော် ... သူ့ တွင် လူသားဆန်သည့် ခံစားချက်အချို့ ရှိနေသေးသည်။

သို့သော် ... ထိုခံစားချက်များသည် သူ၏တာအိုစိတ်ထား ပျောက်ဆုံး သွားရခြင်းကြောင့် ဖြစ်ပေါ်လာရခြင်း မဟုတ်ခဲ့ပြန်ပါ။

ထို့ပြင် ... ခံစားချက်များတွင် ထူခြားသည့် နက်ရှိုင်းမှုတစ်ခု ပါဝင်လေသည်။

"တာအိုသည် ကရုဏာတရား ရှိသည့်တိုင် နှလုံးသား ကင်းမဲ့လေသည်။ တာအိုသည် နှလုံးသား ကင်းမဲ့သည့်တိုင် ကရုဏာတရား ရှိလေသည်"

အမှန်တော့ ယခုရက်ပိုင်း အတွင်းတွင် စိတ်ခံစားချက်များကို ဆန်းလျှန် ကိုယ်တိုင်လည်း မနှစ်သက်ခြင်း မဖြစ်မိပါ။ ထို ခံစားချက်များကို သူသည် ဖယ်ရှားမပစ်ခဲ့ပါ။ ထိုခံစားချက်များသည် ကာလကြာရှည်သည်နှင့် အမျှ နှစ်ချို့ဝိုင်ကဲ့သို့ ကောင်းမွန်သည့် အရသာတစ်မျိုးကို ပေးစွမ်းနိုင်လေသည်။

အရာအားလုံးသည် သူ့သဘော သူဆောင်ပြီး လူ့ဘဝဆိုသည်က အိပ်မက်တစ်ခု အလားပင် မဟုတ်ပါလား။

ဆန်းလျန်သည် ပကတိဖန်ဆင်းခြင်း ပညာနှင့် အိပ်မက်လိပ်ပြာ ကျင့်စဉ်၏ အနှစ်သာရသည် တစ်သားတည်းပေါင်းစပ် သွားနိုင်ခဲ့ပြီ ဖြစ်လေသည်။

ထိုအခါ ဆန်းလျန်သည် မူဝါဒတစ်ခုကို ချမှတ်နိုင်ခဲ့လေသည်။ "တာအိုကျင့်ကြံသူ တစ်ယောက်၏ နှလုံးသားသည် တောက်ပသည့် မှန်တစ်ချပ်ကဲ့သို့ပင် ဖြစ်လေသည်။ သို့သော် မကြာခဏ သန့်စင်ပေးနေရန် လိုအပ်သည်" ဆိုသည့် မူဝါဒပင် ဖြစ်လေသည်။

ယခုတစ်ကြိမ် သူ၏စိတ်နှလုံးကို သန့်စင်လိုက်သည့် လိုက်သည့်အခါ ခါတိုင်းထက် ပိုပြီးတော့ပင် သန့်စင်ကြည်လင် နေလေတော့သည်။

ထိုအချက်က သေချာသည့်အချက် ဖြစ်လေသည်။

သို့သော် ... သူ့ဘဝတွင် အရေးပါသည့် လူသားများကြောင့်သာ ဆန်းလျှန်သည် သူ့ကိုယ်သူ သိရှိခဲ့ရခြင်း ဖြစ်လေသည်။ ထို့ကြောင့်ပင် ဆန်းလျှန်သည် ဝမ်းနည်း ကြေကွဲခြင်းကို ခံစားနေခဲ့ရခြင်း ဖြစ်လေသည်။

ဖန်းယန်ယင်း အနေဖြင့် ခဏတာမျှသာ နာကျင်ကြေကွဲမည် ဖြစ်သည့်တိုင် ဆန်းလျှန်ကတော့ အချိန်ကြာမြင့်စွာ နာကျင်ခံစားနေရမည် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ဖန်းယန်ယင်းသည် ချန်ကျန့်မေကဲ့သို့ ဓားသိုင်းကျင့်ကြံသူ တစ်ယောက် ဖြစ်လေသည်။

ဓားသိုင်း လမ်းစဉ်တွင် ဦးတည်ရာ တစ်ခုတည်းသာရှိပြီး အဆုံးသတ်တွင် အတ္တကင်းစင် လေသည်။ ထို့ကြောင့် နောက်ဆုံးတွင် ဖန်းယန်ယင်း သည်လည်း ခံစားချက်များကို ပေါင်းစပ်ပြီး နှလုံးသား ကင်းမဲ့သည့် လမ်းကိုသာ လျှောက်လှမ်း သွားလိမ့်မည် ဖြစ်လေသည်။

သို့သော် ထိုအဆင့်သည် ဓားသိုင်းလမ်းစဉ်၏ နောက်ဆုံး အဆင့် မဟုတ်သေးပေ။

မိုးနှင့်မြေသည် "ဖြစ်တည်မှု" မှ မွေးဖွားလာပြီး ဖြစ်တည်မှုသည် "မရှိမှု" မှ မွေးဖွားလာခြင်း ဖြစ်လေသည်။ ထို့ကြောင့် သံသရာသည် အဆုံးသတ်နိုင်မည် မဟုတ်ပေ။ ထိုအချက်သည် ဓားသိုင်းလမ်းစဉ်၏ အလှပဆုံး အရာတစ်ခု ဖြစ်လေသည်။ သို့သော် အမြင့်မားဆုံး အဆင့်တော့ မဟုတ်သေးပေ။

ဂိုဏ်းတူအစ်ကို ချန်ကျန့်မေသည် အနတ္တဓားကို ထုတ်ဖော်အသုံးပြုလိုက်သည့် အချိန်တွင် ထိုအချက်ကို နားလည် သွားခဲ့သည်လား၊ နားမလည်ခဲ့ဘူးလား ဆိုသည်ကိုတော့ ဆန်းလျန်လည်း သေသေချာချာ မသိနိုင်ခဲ့ပါ။

နားလည် သွားခဲ့လျှင်တော့ ချန်ကျန့်မေသည် အသက်ဆက်လက် ရှင်သန်နိုင်ဦးမည် ဖြစ်လေသည်။ သို့သော် ... ထို

အကြောင်းကို ချန်ကျန့်မေကိုယ်တိုင်မှ လွဲပြီး မည်သူမှ သိရှိနိုင်မည် မဟုတ်ပေ။
အခွင့်အရေး ရလျှင်တော့ သူ့အနေဖြင့် ထိုအချက်ကို ဖန်းယန်ယင်းကို သင်ပြပေးခဲ့ရမည် ဖြစ်လေသည်။ မဟုတ်ပါက လုံး၀နှလုံးသားကင်းမဲ့သည့် အဆင့်သို့ ရောက်ရှိသွားလျှင် ဖန်းယန်ယင်းသည် နောက်ပြန်လှည့်စရာ လမ်းမရှိတော့ပဲ ပျောက်ဆုံးရမည် ဖြစ်လေသည်။
ဆန်းလျန်သည် ထိုက်ရှီး ခန်းမဆောင်မှ ရှေ့သို့ ဆက်လျှောက်လာခဲ့ပြီး ဂူတစ်ဂူ ရှိရာသို့ ရောက်ရှိ လာခဲ့လေသည်။
လွန်ခဲ့သည့် နှစ်ပေါင်းများစွာတုန်းက ထိုဂူထဲတွင် ကျိုလင်နတ်သမီးသည် တစ်ယောက်တည်း တံခါးပိတ် ကျင့်ကြံခဲ့ဖူးလေသည်။
ယခုတော့ ထိုဂူထဲတွင် ရော့ရှီသည် တံခါးပိတ် ကျင့်ကြံလျက်ရှိလေသည်။

ဂူထဲတွင် ရေခဲများဖြင့် ပြည့်နေလေသည်။

နှစ်ထောင်ပေါင်းများစွာ ကြာမြင့်ခဲ့သည့်နောက် ထိုဂူသည် ကျီဖူတောင်ထိပ်မှ ဝိညာဉ် စွမ်းအားများနှင့် တာအိုဆရာသခင် ထိုက်ယီ၏ တာအိုကာရန်များကို စုပ်ယူထားခဲ့လေသည်။

ထူးဆန်းသည့် ရေခဲများသည် ရှော့ရှီနှင့် တစ်သားတည်း ကျနေခဲ့လေသည်။ ဆန်းလျန်သာ ရေခဲများကို ဖျက်ဆီး လိုက်မည်ဆိုလျှင် ရှော့ရှီကိုလည်း နာကျင်စေမည် ဖြစ်လေသည်။

ထို့ပြင် ရှော့ရှီသည် အိပ်ပျော်နေပြီး အိပ်မက်ကမ္ဘာထဲတွင် ထိုက်စုယွမ်ကျွင်း၏ ဉာဏ်စဉ်ဖြင့် တိုက်ခိုက် နေခဲ့လေသည်။ ရေခဲပြင် အတားအဆီးထဲတွင် ဆန်းလျန်သည် မည်သည့်အခါမှ ကြွေကျမည် မဟုတ်သည့် ကြယ်စင်တစ်စင်း၏ ခိုင်မာလွန်းသည့် စိတ်စွမ်းအားကို ခံစား နေရလေသည်။

သို့သော် ... ထိုကြယ်စင် စွမ်းအားသည် မည်မျှပင် ခိုင်မာပါစေ ရှော့ရှီ၏ ရုပ်ခန္ဓာကိုတော့ ထိန်းချုပ်နိုင်ခြင်း မရှိသေးပေ။

ဆန်းလျန်လည်း မည်သို့မှ မတတ်နိုင်ပေ။

ရော့ရှီသည် အိပ်မက် မက်နေခဲ့လေသည်။ ဆန်းလျန်သည်

လည်း သူမနည်းတူ အိပ်မက် မက်နိုင်ပါသည်။

ယနေ့တွင် သူတို့ (၂)ယောက်သည် အိပ်မက် တစ်ခုတည်းကို

အတူတူမက်ရင်း အိပ်မက်ချင်း ထပ်တူကျလျက် ရှိလေသည်။

အိပ်မက်ကမ္ဘာတွင် ဆန်းရော့ရှီသည် တစ်ကြိမ်ပြီး တစ်ကြိမ်

သေဆုံး နေခဲ့လေသည်။

ထိုသို့ဖြစ်ခြင်းသည် အိပ်မက် တစ်ခုလား၊ သံသရာ လည်နေ

ခြင်းလား သူမကိုယ်တိုင်ပင် ခွဲခြားရန် ခက်ခဲနေလေသည်။

ပထမတစ်ကြိမ် သူမသေဆုံးသွားသည့် အခါတွင် သူမသည်

ချမ်းသာသည့် မိသားစုတစ်ခုတွင် သခင်မလေးအဖြစ်

ပြန်လည် မွေးဖွားလာခဲ့လေသည်။ ထို့နောက် သူမသည်

ဆင်းရဲသည့် စာပေသမား တစ်ယောက်နှင့် လိုက်ပြေးခဲ့လေ

သည်။

သူမ၏ မိသားစုများက သူတို့ (၂)ယောက်၏ ချစ်ခြင်းကို ခွဲခဲ့ပြီး နောက်ဆုံးတွင်တော့ စာပေသမားလေးသည် သူမကို စွန့်ပစ်ခဲ့လေသည်။ သူမသည် သိက္ခာတဖြည်းဖြည်း ကျဆင်းသွားပြီး နောက်ဆုံး ခေါင်းတလားထဲတွင် သေခြင်းတရားဖြင့်သာ အဆုံးသတ်ခဲ့ ရလေသည်။

ထိုအချိန်မှစပြီး ... သူမ၏ စိတ်ဝိညာဉ်သည် ဒေါသတရားများဖြင့် ပြည့်လာလေသည်။ သူမ၏ဝိညာဉ်သည် အခြားသူများနှင့် နှိုင်းယှဉ်လျှင် မူလပုံစံကို ဆက်လက် ထိန်းသိမ်းရန် ပိုမို လွယ်ကူခဲ့လေသည်။

သို့သော် ... တစ်ခါ လူပြန်ဝင်စားတိုင်း သူမ၏ မှတ်ဉာဏ်များသည် ပျောက်ကွယ်သွားမြဲ ဖြစ်လေသည်။

နောက်ထပ်တစ်ကြိမ် သေဆုံးခါနီး အချိန်သို့ ရောက်သည့်အခါ သူမသည် အတိတ်မှ မှတ်ဉာဏ်များကို ပြန်လည် သတိရလာပြန်လေသည်။

ယခု တစ်ကြိမ်တွင်လည်း သူမ သေဆုံးခဲ့ပြန်လေသည်။ ယခင် အချိန်များကဲ့သို့ပင် သူမသည် လူပြန်ဝင်စား ပြန်လေသည်။ ယခုတစ်ကြိမ်တွင်တော့ သန္ဓေသား ဘဝကတည်းက ထူးခြား ဆန်းကြယ်မှုများ ဖြစ်ပေါ်လာလိမ့်မည်ဟု သူမ ထင်ခဲ့မိလေ သည်။

သို့သော် ... မဟုတ်ခဲ့ပြန်ပါ။ သူမသည် အလွန် ကြွယ်ဝ ချမ်းသာသည် မိသားစုတွင် ပြန်လည် မွေးဖွားခဲ့လေသည်။ သူမသည် တော်ဝင်မိသားစုမှ မင်းသမီးလေး တစ်ပါး ဖြစ်လေ သည်။ သူမကို အားလုံးက ချစ်ခင် မြတ်နိုးကြလေ၏။

သို့သော် ပျော်ရွှင်စရာ အချိန်များသည် ကြာရှည်မခံခဲ့ပါချေ။ သူမအသက် (၈)နှစ်ခန့်တွင် တာအိုကျင့်ကြံသူ အမျိုးသမီး တစ်ယောက် ရောက်ရှိလာပြီး သူမ၏ မိသားစု တစ်ခုလုံးကို သတ်ဖြတ် ပစ်လိုက်လေသည်။ ထို့နောက် သူမကို ခေါ် ဆောင်သွားခဲ့သည်။ ထိုတာအို ကျင့်ကြံသူသည် သူမဖခင်၏

ချစ်သူဟောင်းဖြစ်ပြီး ဖခင်ဖြစ်သူက သူမကို လက်မထပ်ဘဲ ရော့ရှီ၏ မိခင်ကို လက်ထပ်ခဲ့လေသည်။

ထို့ကြောင့် ကျင့်စဉ်လမ်း အောင်မြင်ပြီးသည့်နောက် သူမ ပထမဆုံး ပြုလုပ်သည့် အလုပ်သည် လက်စားချေခြင်းပင် ဖြစ်လေသည်။

ထိုကျင့်ကြံသူ အမျိုးသမီးပြောသည့် စကားတစ်ခွန်းမှာ "နှောင်ကြိုးများကို ဖြတ်တောက်ရန်" ဟူ၍ ဖြစ်လေသည်။

အခန်း (၆၃၃) ဆောင်းဦးမှာကြွေတဲ့သစ်ရွက်နီလေးတွေ

သို့သော် ဆန်းရော့ရှိ နားမလည်သည့် အချက်တစ်ခု ရှိလေသည်။

တာအိုကျင့်ကြံသူ အမျိုးသမီးသည် "နှောင်ကြိုးများကို ဖြတ်တောက်ချင်သည်" ဆိုလျှင် အဘယ့်ကြောင့် သူမကိုတော့ မသတ်ရပါသနည်း။ သူမသည် ထိုမေးခွန်းကို ထုတ်ဖော်မေးမြန်းခဲ့ခြင်းတော့ မရှိပါ။ အဘယ်ကြောင့်ဆိုသော် သူမ မသေချင် သေးသောကြောင့် ဖြစ်လေသည်။

နောက်တစ်ခါ လူပြန်ဝင်စားဦးမည် ဆိုလျှင်တောင်မှ အတိတ်ဘဝမှ အကြောင်းအရာများကို မှတ်မိ နိုင်ပါတော့မည်လား မသေချာလှပေ။

တာအိုကျင့်ကြံသူ အမျိုးသမီးသည် ချောမောလှပသည့် အမျိုးသမီးတစ်ဦး ဖြစ်သော်လည်း လှပစွာ ဝတ်စား ဆင်ယင်ထားခြင်းတော့ မရှိပေ။ သို့တိုင်အောင် ရော့ရှိတွေ့ခဲ့ဖူးသမျှ အမျိုးသမီးတိုင်းတွင် သူမသည် အလှဆုံး ဖြစ်လေသည်။

သူမသိချင်နေသည့် ပြဿနာမှာ ရှော့ရှီ၏ဖခင်သည် သူမကို လက်မထပ်ဘဲ အဘယ့်ကြောင့် ရှော့ရှီ၏မိခင်ကို လက်ထပ်ခဲ့ရ ပါသနည်း ဆိုသည့် အဖြေပင် ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့ ဘုရင့်နေပြည်တော်တွင် အမတ်ကြီး ရှောင်းတောက်ဆိုသူက အာဏာသိမ်းယူခဲ့သည့် အဖြစ်အပျက် တစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။

အမတ်ကြီးသည် ယခင်တော်ဝင်မျိုးနွယ်များ အားလုံးကို လိုက်လံ ဖမ်းဆီးခဲ့လေသည်။

ဆန်းရှော့ရှီ၏ ဖခင်ဖြစ်မှာ ယခင်မင်းကြီး၏ ပထမမိဖုရားနှင့် ရသည့် သားတော်တစ်ပါး ဖြစ်လေသည်။ ထို့ကြောင့် ရှော့ရှီ သည်လည်း ယခင်မင်းကြီး၏ တော်ဝင်မျိုးနွယ် တစ်ယောက် အဖြစ် သတ်မှတ်နိုင်လေသည်။

ထို့ကြောင့် ရော့ရှိကိုသာ အသုံးချပြီး ထီးနန်း ပြန်သိမ်းမည်ဆို လျှင် ရှောင်းသောက် အနေဖြင့် ပြဿနာများစွာ ရင်ဆိုင်ရနိုင် လေသည်။

ထို့ကြောင့် တာအိုကျင့်ကြံသူ အမျိုးသမီးနှင့် ဆန်းရော့ရှိတို့ကို နန်းတွင်း စစ်သည်တော်များက လိုက်လံ ဖမ်းဆီးခဲ့ကြလေ သည်။ လိုက်လံ ဖမ်းဆီးသူများထဲတွင် တာအို ကျင့်ကြံသူများ ပင် ပါဝင်နေသေးသည်။

ထိုကျင့်ကြံသူများသည် တာအိုကျင့်ကြံသူ အမျိုးသမီး လောက် တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိသည့်တိုင် သူမတို့ သွားနေသည့် လမ်းခရီးကိုတော့ နှောင့်နှေးအောင် လုပ်နိုင်လေ သည်။

ပြောရမည်ဆိုလျှင် ယခုဘဝတွင် ဆန်းရော့ရှိသည် ဆန်းရော့ရှိ မဟုတ်ပါ။

ဘဝပေါင်းများစွာတွင် သူမသည် နာမည်အမျိုးမျိုးဖြင့် ရှင်သန်ခဲ့လေသည်။ သို့သော် ... သူမ မှတ်မိနေသည်မှာ သူမ သည် ဆန်းရော့ရှီ ဖြစ်သည်ဆိုသည့် အချက်ပင် ဖြစ်လေ သည်။

ယခင်မင်းဆက်မှ မင်းမျိုးမင်းနွယ်များ၏ မျိုးနွယ်မှာလည်း "ရှောင်း" ပင် ဖြစ်လေသည်။ တိုင်းပြည်၏ အမည်ကတော့ တာ့ ချီတိုင်းပြည် ဖြစ်လေသည်။ သို့သော် အာဏာသိမ်းယူလိုက် သည့် အမတ်မင်း ရှောင်းတောက်သည် "ရှောင်း" မျိုးနွယ်ဖြစ် သည့်တိုင် တာ့ချီပြည်၏ တော်ဝင်မိသားစုနှင့် ပတ်သက် ဆက်နွယ်သူ တစ်ယောက်တော့ မဟုတ်ခဲ့ပေ။

အမတ်ကြီး ရှောင်းတောက် ထီးနန်းသိမ်းရန် အတွက် လူ (၂)ယောက်က ကူညီခဲ့လေသည်။

တစ်ယောက်မှာ ထောင်ဟုန်ကျန်းရန် နတ်ဘုရားဖြစ်ပြီး နောက်ထပ် တစ်ယောက်မှာ ကျန်းတုန်းနယ်မှ ထိပ်တန်း

မိသားစုတစ်ခု ဖြစ်သည့် ဆန်းအိမ်တော်မှ ဆန်းလျှန်ပင် ဖြစ်လေသည်။

သူတို့ (၂)ယောက်လုံးသည် ကျင့်ကြံသူဂိုဏ်းများနှင့် ပြည်သူများအပေါ်တွင် သြဇာလွှမ်းမိုးသူများ ဖြစ်ကြလေသည်။

ထို့ပြင် နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်ရန် အတွက် အဓိက ထောက်ထိုင်များ ဖြစ်ကြလေသည်။

ထိုလောကရှိ ဆရာသခင် (၃)ပါးတွင် သူတို့ (၂)ယောက်သည် လည်း အပါအဝင် ဖြစ်လေသည်။

ထို့ပြင် လောကတွင် သူတို့ (၂)ယောက်ကို မည်သူကမှ မယှဉ်နိုင်ကြပေ။ ဘုရင့်နေပြည်တော်မှ ပြည်သူများကတော့ အမတ်ကြီး ရှောင်းတောက်ကို နှစ်သက်ကြခြင်းမရှိပါ။

လောကတွင် တတိယမြောက် တန်ခိုးစွမ်းအား မြင့်မားသည့် ဆရာသခင် ဖန့်ကျန်းသည် ဖြတ်တောက်ခြင်း ကျင့်စဉ်ဝါဒကို ယူဆောင်လာသူဖြစ်ပြီး မင်းမျိုးမင်းနွယ်များနှင့် သိုင်းလောက

တစ်ခွင်တွင် ဩဇာအာဏာကြီးမားသူ တစ်ယောက် ဖြစ်လေသည်။ သူသည် ဆန်းလျန်နှင့် ထောင်ဟုန်တို့နှင့် တန်းတူ အရည်အချင်း မြင့်မားလေသည်။

ရှောင်းတောက်သည် ဖန့်ကျန်းကို တိုက်ခိုက်ရန်အတွက် တရားအလင်း ရထားသည့် ဘုန်းတော်ကြီး အပါး (၅၀)နှင့် တာအိုဆရာများစွာကို စေလွှတ်ခဲ့လေသည်။ သို့သော် ထိုသူများအားလုံးသည် ဖန့်ကျန်းကို အနိုင်ရရှိခြင်း မရှိခဲ့ကြပေ။

ထို့ပြင် ဆရာသခင် တစ်ပါးကို အင်အားသုံးပြီး တိုက်ခိုက်ခြင်းသည် မလုပ်သင့်သည့် အလုပ်တစ်ခု ဖြစ်လေသည်။

ထိုအချက်များသည် တာအိုကျင့်ကြံသူ အမျိုးသမီးက ရှော့ရှီကို ပြောပြသည့် အချက်များပင် ဖြစ်လေသည်။

ထို့ပြင် တာအိုကျင့်ကြံသူ အမျိုးသမီးသည် ရှော့ရှီကို မသတ်ရသည့် အကြောင်းရင်းမှာ သူမကို ဘုရင့်မြို့တော်သို့ ခေါ်

ဆောင်သွားပြီး ဖန့်ကျန်းဆီသို့ ပို့ဆောင်ရမည် ဖြစ်

သောကြောင့်ပင်။

 ရှောင်းတောက်ကို အာဏာမှ ဖြုတ်ချရန်အတွက် ယခင်

ကေရာဇ်မင်း၏ အနွယ်တော်ဖြစ်သည့် ရှော့ရှီ၏ ဂုဏ်ပုဒ်ကို

အသုံးပြုရမည် ဖြစ်လေသည်။

ဖြုတ်တောက်ခြင်း ကျင့်စဉ်ဝါဒ နာမည်ကြီးလာပြီး ထိုဝါဒကို

လူအများက လက်ခံလာကြမည် ဆိုလျှင် တာအိုဝါဒနှင့်

ဗုဒ္ဓဘာသာများသည် ကွယ်ပျောက် သွားနိုင်ချေရှိလေသည်။

ဆန်းရှော့ရှီသည် ထူးထူးဆန်းဆန်း ခံစားနေရလေသည်။

ထိုသို့သာ အမှန်တကယ် ဖြစ်လာပါက တာအိုကျင့်ကြံသူ

အမျိုးသမီးသည် သံသရာလည်ခြင်း လမ်းစဉ်ကို ဆန့်ကျင်သူ

တစ်ယောက် ဖြစ်နေပေလိမ့်မည်။

တာအိုကျင့်ကြံသူ အမျိုးသမီးက ကျင့်ကြံခြင်းသည် လူတစ်

ယောက်ကို သန်မာလာစေသည်ဟု ရှော့ရှီကို ပြောပြလေသည်။

ပုရွက်ဆိတ် တစ်ကောင်ကိုပင် လူသား တစ်ယောက်ကဲ့သို့ သန်မာလာစေမည် ဖြစ်လေသည်။

သို့သော် ပုရွက်ဆိတ်ပဲဖြစ်ဖြစ် လူသားပဲဖြစ်ဖြစ် တစ်နေ့တွင် သေဆုံး ပျောက်ကွယ် သွားကြရမည်ပင် ဖြစ်လေသည်။

ထို့ကြောင့် သံသရာလည်ခြင်း လမ်းစဉ်သည် လွဲမှားနေသည် ဟု ဆိုလေသည်။

သို့သော် ဆန်းရော့ရှီသည် သူမနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။ သူမသည် သံသရာလည်ခြင်း လမ်းစဉ်၏ သက်သေခံ တစ်ယောက် ဖြစ်လေသည်။ သူမ အကြိမ်ပေါင်းမည်မျှ သေဆုံးခဲ့ပါစေ သူမ၏ဝိညာဉ်သည် ဆက်လက် တည်ရှိနေဆဲ ဖြစ်လေသည်။

သူမ စိတ်ပူနေသည့် အချက်မှာ…

လူတိုင်းက ဖြတ်တောက်ခြင်း လမ်းစဉ်ကို အမှန်ဟု ယူဆသွားကြလျှင် သူမအနေဖြင့် ရပ်တည် နေနိုင်တော့မည် မဟုတ်ပေ။

သူမနှင့် ရင်းနှီးသူ တစ်ယောက်က သူမကို ပြောပြခဲ့သည့်

စကားများကို မှတ်မိ နေခဲ့လေသည်။

တစ်ချိန်တုန်းက ဘုရင်မကြီးမှလွဲပြီး တစ်တိုင်းပြည်လုံး

ရှုးသွပ်နေကြသည့် တိုင်းပြည်တစ်ပြည် ရှိလေသည်။

နောက်ဆုံးတွင် ပြည်သူများသည် ဘုရင်မကို ထူးဆန်းနေသည်

ဟု စွပ်စွဲကာ လုပ်ကြံသတ်ဖြတ် လိုက်ကြလေတော့သည်။

သူမသည်လည်း ထူးဆန်းနေလျှင် ထိုဘုရင်မနှင့် ဘဝတူသွား

လေမည်လား။

တွေးသာ တွေးနေရသည့် ရှော့ရှိသည် လုပ်နိုင်စွမ်းကင်းမဲ့

လျက် ရှိလေသည်။ သူမ၏ ဝိညာဉ်က ဘဝအဆက်ဆက်

ဖြတ်သန်း လာခဲ့သော်လည်း သူမတွင် ထူးခြားသည့်စွမ်းရည်

တစ်ခုမှ မရှိခဲ့ပါ။

တာအိုကျင့်ကြံသူ အမျိုးသမီးနောက်သို့ လိုက်လံဖမ်းဆီးကြ

သည့် သူများသည် များသည်ထက် များလာလေသည်။ ဘုရင့်

နေပြည်တော်သို့ ရောက်ရန် နီးလာလေလေ တွေ့ကြုံရသည့်

အတားအဆီးများ ပိုများလေလေဖြစ်သည်။

ဆန်းရှော့ရှီနှင့် တာအိုကျင့်ကြံသူ အမျိုးသမီးသည် လမ်းခရီး

တစ်နေရာတွင် အလွန်တန်ခိုးစွမ်းအား ကြီးမားသည့် လူတစ်

ယောက်နှင့် ရင်ဆိုင်ရလေတော့သည်။

ထိုသူသည် တစ်ကိုယ်လုံး မီးများဖြင့် ဖုံးလွှမ်း လောင်ကျွမ်းနေ

သူ ဖြစ်လေသည်။

ထိုသူ နီးကပ်လာသည့် အခါတွင် ပတ်ဝန်းကျင် တစ်ခုလုံးရှိ

မြက်ပင်များနှင့် သစ်ပင်များမှာ ညှိုးနွမ်းခြောက်သွေ့ သွားကြ

ရလေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ထို

သူ၏ခန္ဓာကိုယ်တွင် တောက်လောင်နေသည့် မီးတောက်သည်

မည်မျှပူပြင်းသည်ကို သိမြင်နိုင်မည် ဖြစ်လေသည်။

ထိုသူသည် ကြီးမားသည့် ဓားကြီးတစ်လက်ကိုလည်း ကိုင်

ဆောင် ထားလေသည်။ ထိုဓားကြီးသည် ဆန်းရှော့ရှီလေး၏

နဖူးပြင်ထက်ပင် ကျယ်ပြန့်သေးသည်။ ထို့ပြင် ထိုသူ၏ ခန္ဓာကိုယ်ကလည်း ကြံ့ခိုင် ကြီးမားလွန်းလေသည်။ ဆန်းရော့ရှိကတော့ သိပ်ပြီးကြောက်ရွံ့ခြင်းမရှိပါ။ သူမကို တာအိုကျင့်ကြံသူ အမျိုးသမီးက ကာကွယ်ပေးမည် ဖြစ်လေသည်။

ထို့ပြင် အမတ်ကြီး ရှောင်းတောက်၏ လူများက သူမကို ဖမ်းမိသွားပါကလည်း တာအိုကျင့်ကြံသူ အမျိုးသမီးလက်ထဲတွင် နေရသည့်အခြေအနေနှင့် ထူးမခြားနားပင် ဖြစ်ရမည် မဟုတ်ပါလား။

ထို့ပြင် သူမသည် ဖြတ်တောက်ခြင်း လမ်းစဉ်ကို နှစ်သက်သူ တစ်ယောက် မဟုတ်ပေ။ ထိုဝါဒကို အတင်းအဓမ္မ လက်ခံခိုင်းမည် ဆိုလျှင်တော့ သူမ၏တည်ရှိမှုကို ဆန့်ကျင်သည့်သဘော သက်ရောက်နေမည် ဖြစ်လေသည်။

"ဆန်းလျှန်က လောကရဲ့ဆရာသခင် (၃)ပါးထဲမှာ တစ်ပါး အပါအဝင်ပဲ၊ ပြီးတော့ သူရရှိထားတဲ့ နေရာကလည်း အရေးပါတယ်၊ သူ့မှာ နတ်ဘုရားစွမ်းအားတွေ ရှိတယ်၊ ပြီးတော့ သူ့မှာ ဖြူမည်းညီနောင်ရယ်၊ ဒြပ်စင် (၅)ဖော်ရယ်၊ စစ်မိုလ်ချုပ် (၈)ယောက်ဖြစ်တဲ့ မြေကြီး၊ တောင်၊ ရွှံ့နွံ၊ ရေ၊ မီး၊ လေနဲ့ လျှပ်စီးတွေလည်း ရှိတယ်၊ ရှင်က သူ့လက်အောက်က မီး စစ်မိုလ်ချုပ် ချီကျွေးယန်ပဲ ဖြစ်ရမယ်"

တာအိုကျင့်ကြံသူ အမျိုးသမီးက သူမ၏လက်ထဲမှ ငွေရောင်ဖူချန်ကို တစ်ချက်ဝှေ့ယမ်းရင်း ပြောလိုက်လေသည်။ ထိုအခါ ဖူချန်မှာ အေးစက်သည့်အလင်းတန်းတစ်ခု ထွက်ပေါ်လာလေ၏။

တစ်ကိုယ်လုံး မီးများ တောက်လောင်နေသည့် သူက ကျယ်လောင်စွာ ရယ်မောလိုက်ရင်း....

"ဟုတ်တယ်၊ ကျုပ်က ချီကျွေးယန်ပါပဲ၊ မင်းကရော ထိုက်စု

နတ်ဘုရားဂိုဏ်းရဲ့ ဘယ်ဂိုဏ်းခွဲကလဲ”

တာအိုကျင့်ကြံသူ အမျိုးသမီးက ...

"လောကမှာ ထိုက်စုနတ်ဘုရားဂိုဏ်း ဆိုတာ မရှိတော့ဘူး၊

ကျွန်မကိုယ်တိုင်က ထိုက်စုပဲ"

ချီကျွေးယန်၏ မျက်နှာက တည်ကြည် လေးနက်သွားပြီး...

"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

တာအိုကျင့်ကြံသူ အမျိုးသမီးက ...

"နှောင်ကြိုးတွေကို ဖြတ်တောက်ပစ်ဖို့ အတွက် ထိုက်စုနတ်

ဘုရားဂိုဏ်းက လူတွေအကုန်လုံးကို ကျွန်မ သတ်ပစ်လိုက်ပြီ၊

ကျွန်မကိုလှည့်စားခဲ့တဲ့ ယောက်ျားကိုလည်း သတ်ပစ်လိုက်ပြီ၊

ထိုက်စု နတ်ဘုရားဂိုဏ်းက ကျွန်မရဲ့ဆရာနဲ့ ဂိုဏ်းတူညီအစ်မ

တွေ အကုန်လုံးကိုလည်း သတ်ပစ်လိုက်ပြီ၊ ဒါမှ ပြီးပြည့်စုံ

တယ်လို့ သတ်မှတ်နိုင်မယ်"

တာအိုကျင့်ကြံသူ အမျိုးသမီးက တည်ငြိမ်သည့် လေသံဖြင့် ပြောလိုက်လေသည်။

ချီကျွေးယန်မှာ မီးဆားကျင့်စဉ်ကို ကျင့်ကြံ အောင်မြင်ထားသူ တစ်ယောက် ဖြစ်လေသည်။ သူသည် သံနှင့်ရွှေများကိုပင် အရည်ပျော်သည်အထိ မီးလောင်တိုက် သွင်းပစ်နိုင်လေသည်။ သို့သော် ယခုအချိန်တွင်တော့ သူ၏ရင်ထဲတွင် အေးစိမ့်မှုကို ခံစားလိုက်ရလေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်း ဆိုသည်က ရှေးခေတ် အချိန်အခါ ကတည်းကပင် ကျင့်ကြံသူများ၏ မြင့်မြတ်သည့်နယ်မြေ တစ်ခုဖြစ်လေသည်။ သို့သော် … သူ့ရှေ့မှ တာအိုကျင့်ကြံသူ အမျိုးသမီးကတော့ဖြင့် ထိုက်စုနတ်ဘုရားဂိုဏ်း တစ်ခုလုံးကို သုတ်သင်သတ်ဖြတ် ပစ်လိုက်ပြီ။

ဤသည်ကို ကြည့်ခြင်းအားဖြင့် သူမ၏ တန်ခိုးစွမ်းအားများ မည်မျှ မြင့်မားသည်ကို သိရှိနိုင်မည် ဖြစ်လေသည်။

လောက၏ ဆရာသခင် (၃)ပါးသည်ပင် သူမကို ယှဉ်ပြိုင် နိုင်ပါမည်လား မသေချာလှပေ။

တာအိုကျင့်ကြံသူ အမျိုးသမီးသည် ကြောက်မက်ဖွယ် ကောင်းသည့်တိုင် ချီကျွေးယန်ကတော့ နောက်ဆုတ်မည် မဟုတ်ပါ။

သူသာ နောက်ဆုတ်ခဲ့လျှင် ပိုပြီး အသေမြန်ရမည်ကို သိထားလေသည်။

ချီကျွေးယန်က တည်ငြိမ်သည့် လေသံဖြင့်...

"မင်းက ဘုရင်ကိုတောင် သတ်နိုင်တယ်ဆိုမှတော့ ကျုပ်ရဲ့ မိီးဓားကိုလည်း အနိုင်ယူနိုင်မှာပါပဲ၊ ဒါပေမဲ့ ကျုပ်ကတော့ မင်းသမီးလေးကို အမိန့်အတိုင်း ခေါ်ဆောင် သွားရပါလိမ့်မယ်”

တာအိုကျင့်ကြံသူ အမျိုးသမီးက ဆန်းရော့ရှီလေးကို ပွေ့ချီလိုက်ပြီး နက်ရှိုင်းသည့် လေသံဖြင့်...

"မသေချင်ရင် ငြိမ်ငြိမ်နေ..."

ဟု ပြောလိုက်လေသည်။

ဆန်းရော့ရှိမှာ အနည်းငယ် တုံ့ဆိုင်းနေမိလေသည်။

ယခုဘဝတွင် အသေခံလိုက်ပြီး နောက်တစ်ဘဝ ပြန်ဝင်စား

လျှင် ကောင်းမည်လားဟု ရော့ရှိ စဉ်းစား လိုက်မိလေသည်။

သို့သော်... သူမ အသေခံလိုက်လျှင် အဆုံးသတ်ကောင်း နိုင်

ဖွယ်ရာ မရှိဟူ၍လည်း တစ်ဖက်မှ တွေးမိနေပြန်လေသည်။

သူမ စဉ်းစားနေစဉ်မှာပင် ချီကျွေးယန်က ဓားကို ဆွဲထုတ်

လိုက်လေသည်။ မီးတောက်ဓားသွားမှ ထွက်ပေါ်လာသည့်

အပူလှိုင်းများသည် ပတ်ဝန်းကျင်တစ်ခုလုံး သွေ့ခြောက်သွား

တော့မည့် အလား ထင်မှတ်ရလေသည်။

တာအိုကျင့်ကြံသူ အမျိုးသမီးက တည်ငြိမ်နေဆဲပင်။

သူမက ကိုင်ဆောင်ထားသည့် ဖူချန်ကို တစ်ချက် ဝှေ့ယမ်း

လိုက်လေသည်။ လေပြည်အေး တစ်ချက် တိုက်ခတ်လာပြီး

အပူလှိုင်းများအားလုံး ပျောက်ကွယ် သွားရလေသည်။

ငွေရောင်ဖူချန်မှ အမွေးများသည် ချွန်ထက်သည့် နွားရိုင်း

အမွေးများကဲ့သို့ ချီကျွေးယန်၏ သွေးကြောဆုံချက်များ

အားလုံးဆီသို့ ဦးတည် တိုက်ခိုက်လိုက်လေသည်။

ချီကျွေးယန်မှာ တစ်ကိုယ်လုံး ထုံကြဥ်သွားသကဲ့သို့ ခံစားလိုက်

ရလေသည်။ သူ့လက်ထဲမှ ဓားသွားသည် တဖြည်းဖြည်း

လေးလံလာပြီး သူသည် ကောင်းကင်ထက်မှ ပြုတ်ကျ သွား

လေတော့သည်။

သူ့အနေဖြင့် တာအိုကျင့်ကြံသူ အမျိုးသမီးကို စိုက်ကြည့်နေရုံ

မှ တစ်ပါး မည်သို့မှ မတတ်နိုင်တော့ပေ။ တာအိုကျင့်ကြံသူ

အမျိုးသမီးက သူ၏ခေါင်းကို တစ်ချက် ကန်ကျောက်လိုက်ပြီး

ထွက်ခွာ သွားလေတော့သည်။

ဘုရင့်နေပြည်တော်တွင် သစ်ရွက်နီလမ်းဆုံဟု လူသိများသည့်

လမ်းဆုံတစ်ခု ရှိလေသည်။

ဆောင်းရာသီ ကာလတွင် သစ်ရွက်နီများ ပြန့်ကျဲနေပြီး မြစ်ရေ ထဲသို့ပင် ကျဆင်း သွားကြလေသည်။ မြစ်ရေထဲတွင် သူရဲကောင်းတို့၏ သွေးများ စွန်းထင်းနေသည့် အလား ရဲရဲနီ နေပြီး ရှုမျှော်ခင်းသည် လှပလွန်းလှလေသည်။

ဆန်းလျန်သည် သစ်ရွက်နီ လမ်းဆုံတွင် ရောက်ရှိနေလေ သည်။

သူက ဘေးတွင်ရပ်နေသည့် အစေခံကို စကားတစ်ခွန်း ပြော လိုက်လေသည်။

"စစ်ဗိုလ်ချုပ် (၈)ယောက်၊ ဒြပ်စင်(၅)ဖော်နဲ့ ဖြူမည်းညီနောင် ကို ကျော်လွှားဖို့ သူ ဘယ်လောက် အချိန်ယူရမယ်လို့ မင်းထင် သလဲ"

အစေခံက ယဉ်ကျေး သိမ်မွေ့စွာဖြင့် ပြန်ဖြေလိုက်လေသည်။

"ကြည့်ရတာ ဒီလူတွေနဲ့ ရင်ဆိုင်ရရင် သူ သခင်လေးရှေ့ တောင် ရောက်လာနိုင်မယ် မထင်ပါဘူး"

အခန်း (၆၃၄) ကြေးမုံမှန်ကဲ့သို့ကြည်လင်သည့်စိတ်ဝိညာဉ်

ဆန်းလျန်သည် တောင်တန်းများနှင့် စမ်းချောင်းလေးများ စီးဆင်းနေရာ အဝေးတစ်နေရာသို့ လှမ်းမျှော် ကြည့်လိုက်ရင်း...

"မနက်ဖြန် အရုဏ်တက်မှာ သူ ဒီနေရာကို ရောက်လာလိမ့်မယ်"

ဆန်းလျန်၏ စကားကိုကြားသည်နှင့် အစေခံ၏မျက်နှာမှာ တည်ကြည် လေးနက်သွားလေသည်။

သူသည် သခင်လေးဆီတွင် အမှုထမ်းခဲ့သည်မှာ နှစ်ပေါင်း (၃၀)ကြာခဲ့ပြီ ဖြစ်လေသည်။ သခင်လေး၏ ခန့်မှန်းချက်များယွင်းသည်ကို တစ်ခါမှ မကြုံတွေ့ခဲ့ရဘူးပေ။ ယခုတစ်ကြိမ်လည်း မှားယွင်းမည် မဟုတ်ပေ။

သို့သော် ဖြူမည်းညီနောင်၊ ဒြပ်စင်(၅)ဖော်နှင့် စစ်ဗိုလ်ချုပ် (၈)ယောက်မှာ တန်ခိုးစွမ်းအား အလွန်မြင့်မားသူများ ဖြစ်ကြလေသည်။ သူတို့တောင်မှ ထိုအမျိုးသမီးကို မတားဆီးနိုင်လျှင် သူမ၏ တန်ခိုးစွမ်းအားသည် မည်မျှ မြင့်မားလွန်းပါသနည်း။

ဆန်းလျန်သည် တောင်ပေါ်မှ ကြွေကျနေသည့် သစ်ရွက်နီများကို ဆက်ပြီး ကြည့်နေမိလေသည်။

သူသည် တည်ငြိမ်နေလေသည်။ အိပ်မက်ထဲတွင် မတော်တဆမှုအချို့နှင့် ရင်ဆိုင်ခဲ့ရသည့်တိုင် သူက ကျေနပ် နေမိလေသည်။ သူသည် လွန်ခဲ့သည့် (၃)ရက်ခန့်က အိပ်မက်ကမ္ဘာထဲသို့ ရောက်ရှိနေသည်ကို သိရှိလိုက် ရခြင်း ဖြစ်လေသည်။

အိပ်မက်သည် ထူးခြားပြီး အစစ်အမှန်အလားပင် ထင်မှတ်ရလေသည်။ သို့မဟုတ် တကယ့် အစစ်အမှန် နေရာတစ်ခုလည်း

ဖြစ်နိုင်လေသည်။ သို့သော် ထိုအိပ်မက်သည် ရော့ရှီနှင့် အိပ်မက် လမ်းကြောင်းခြင်း တိုက်ဆိုင်နေခဲ့လေသည်။

ဖန့်ကျန်းနှင့် ထိုက်စုနတ်သမီး (၂)ယောက်စလုံးသည် ထိုက်စုယွမ်ကျွင်း၏ ဉာဏ်စဉ်များ ဖြစ်ကြလေသည်။ ထို့အတူ ထောင်ဟုန်သည်လည်း ဆန်းလျန်၏ ဉာဏ်စဉ်တစ်ခုသာ ဖြစ်လေသည်။

ဖန့်ကျန်းက ဖြတ်တောက်ခြင်း လမ်းစဉ်ကို ယူဆောင် လာရသည်မှာ ရော့ရှီ၏ ဝိညာဉ်တည်ရှိခြင်းကို သုတ်သင်ပစ်ရန် ဖြစ်လေသည်။ လောကတွင် မည်သူမှ ဝိညာဉ်၏ တည်ရှိမှုကို လက်မခံကြတော့လျှင် ရော့ရှီသည် လုံးဝဥဿုံ သေဆုံးသွားရမည် ဖြစ်လေသည်။

ရော့ရှီနှင့် ထိုက်စုယွမ်ကျွင်း၏ ဉာဏ်စဉ် တိုက်ခိုက်နေသည့် အချိန်တွင် ဆန်းလျန် ဝင်ရောက် စွက်ဖက်လာပြီဟု သိလိုက်ရသည့် အချိန်တွင် ထိုက်စုယွမ်ကျွင်း၏ ဉာဏ်စဉ်ဖြစ်သည့်

ထိုက်စုနတ်သမီးက ထိုလှည့်ကွက်ကို အသုံးပြုလိုက်ခြင်း ဖြစ်

လေသည်။

သို့သော် ဆန်းလျန်သည် အိပ်မက်ထဲသို့ ရောက်ရှိနေပြီကို

သတိပြုလိုက်ပြီး နိုးထလာခဲ့သည့် အတွက် အမတ်ကြီး ရှောင်း

တောက်ကို ကူညီပြီး ပြောင်းလဲမှုများကို ပြုလုပ် နိုင်ခဲ့လေ

သည်။ သူက ဖန့်ကျန်း အားနည်းသွားစေရန် အတွက် ဘုရင့်

အာဏာကို အသုံးပြုခဲ့ခြင်း ဖြစ်လေသည်။

ဖန့်ကျန်းသည် အမှန်တကယ်ပင် ကြောက်လန့်တုန်လှုပ်နေခဲ့

လေသည်။

ယခုတိုက်ပွဲတွင် သူလုံးဝ အရှုံးမခံနိုင်ပေ။ ထို့ကြောင့် သူက

ချက်ချင်းပင် တန်ပြန် တိုက်စစ်ဆင်လိုက်ခြင်း ဖြစ်လေသည်။

ထိုက်စုနတ်သမီးသာ ရှော့ရှီကို ဖန့်ကျန်းထံသို့ ခေါ်ဆောင် လာ

နိုင်ခဲ့လျှင် သူတို့ (၂)ယောက်လုံးသည် အနိုင်ရမည့်ဘက်သို့

ဦးတည်မည် ဖြစ်လေသည်။

ထိုအချိန်သို့ ရောက်လျှင် ဆန်းလျန်သည် ခံစစ်တွင် ပိတ်မိနေမည် ဖြစ်လေသည်။ သို့သော်... ကံကောင်းစွာဖြင့် ဆန်းလျန်သည် (၃)ရက် ကြိုပြီး အိပ်မက်ကမ္ဘာထဲသို့ ရောက်ရှိနေသည်ကို သိရှိကာ နိုးထ လာနိုင်ခဲ့လေသည်။

ထိုက်စုနတ်သမီးကို သုတ်သင်ပစ်နိုင်လျှင် ဖန့်ကျန်းကို အေးအေးဆေးဆေးပင် အနိုင်ယူနိုင်မည် ဖြစ်လေသည်။

ထိုအခါ ဆန်းလျန်အနေဖြင့် ရှော့ရှီးလေးကို အိပ်မက်ကမ္ဘာမှ ခေါ်ထုတ်လာနိုင်မည် ဖြစ်လေသည်။

ထိုအချိန်မှာပင်...

မီးအလင်းလုံးကြီး တစ်လုံး ဆန်းလျန်ရှိရာသို့ ကျဆင်းလာလေသည်။ သို့သော် ဆန်းလျန်က အမူအရာ ပျက်သွားခြင်းမရှိပါ။ သူက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ချီကျွေးယန်တော့ သေသွားရှာပြီ..."

ချီကျွေးယန်သည် သူ၏ ထိုက်ရှီးတန်ခိုး စွမ်းအား (၈)ခုမှ ဖြစ်တည်လာသည့် လူတစ်ယောက် ဖြစ်လေသည်။ သူသည် ထိုက်စုနတ်သမီးကို ခဏလေးပင် တားဆီးထားနိုင်ခဲ့ခြင်း မရှိပေ။ ဆန်းလျန်အနေဖြင့် ရန်သူကို သေသေချာချာ အာရုံစိုက်ရမည် ဖြစ်လေသည်။

ဆန်းလျန်၏ စကားကိုကြားသည့် အခါတွင်တော့ အစေခံမှာ ထိတ်လန့်တုန်လှုပ် သွားရလေသည်။

ကြိုတင် ခန့်မှန်းချက်အရ ဆိုလျှင် ချီကျွေးယန်သည် သတ်မှတ်ထားသည့် နေရာသို့ စောစောလေးကပင် ရောက်သွားခဲ့ခြင်း ဖြစ်လေသည်။ တာအိုကျင့်ကြံသူ အမျိုးသမီးက ချီကျွေးယန်ကို သတ်ဖြတ်လိုက်သည်မှာ မြန်ဆန် လွန်းလှလေ၏။

ဆန်းရော့ရှီသည် နားထဲတွင် လေသံများကိုသာ ကြားနေရလေသည်။

ထိုက်စုနတ်သမီးမှာ လျင်မြန်စွာ ပျံသန်းနေသည့်အတွက် ရှေ့တွင် မည်သည့်အရာ ရှိနေသည်ကိုပင် မြင်တွေ့ရခြင်း မရှိတော့ပေ။

***

လေထုကို ထိုးခွင်းနေသည့် အသံသည် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

သူတို့ရှေ့တွင် ထီးတစ်လက် ကိုင်ထားသည့် မိန်းမပျိုတစ်ယောက် ရပ်နေပြီး သူမ၏ ပတ်ဝန်းကျင်တွင် လေပွေတစ်ခုက လှည့်ပတ်နေလေသည်။ သူမက ကောင်းကင်ထက်မှ နေပြီး သူတို့ကို ငုံ့ကြည့်နေလေသည်။

"မင်းက ဖုန်းချင်းယွီ ဖြစ်ရမယ်"

ထိုက်စုနတ်သမီးက သစ်ပင်အမြင့်ကြီး တစ်ပင်ထက်တွင် ရပ်တန့်လိုက်ရင်း ပြောလိုက်လေသည်။

သူမ၏ လက်ထဲတွင် ရော့ရှီကိုလည်း ချီထားဆဲ ဖြစ်လေသည်။

မိန်းမပျိုက ပြုံးလိုက်ပြီး ဆောင်းထားသည့်ထီးကို ပိတ်လိုက်လေသည်။ ထို့နောက် နဂါးဆူးသွားကဲ့သို့ ပြင်းထန်သည့် လေအဟုန်ဖြင့် စတင် တိုက်ခိုက် လိုက်လေတော့သည်။

သို့သော် တာအိုကျင့်ကြံသူ အမျိုးသမီးကတော့ ဖုန်းချင်းယွီ၏ တိုက်ခိုက်မှုကို အထင်သေးစွာဖြင့် ကြည့်နေခဲ့လေသည်။

ထို့နောက် သူမက ဖုန်းချင်းယွီကို ပေါ့ပေါ့ပါးပါးပင် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သို့သော်... နောက်ထပ်ဖြစ်လာသည့် အဖြစ်အပျက်သည် တာအိုကျင့်ကြံသူ အမျိုးသမီး မျှော်လင့်မထားသည့် အဖြစ်အပျက်တစ်ခုပင် ဖြစ်လေသည်။

လေထဲတွင် ပြင်းထန်သည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်သွားပြီး သူမရပ်နေသည့် သစ်ပင်ကြီး တစ်ခုလုံးပင် ပျက်စီးသွား လုနီးပါး ဖြစ်သွားရလေသည်။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် ဖုံများသဲများ ဖုံးလွှမ်းသွားလေ

သည်။ ဖုံများသဲများ အလယ်တွင် ထိုက်စုနတ်သမီး ပေါ်လာပြီး

သူမ၏ ဆံပင်များမှာလည်း ရှုပ်ပွလျက် ရှိလေသည်။

ရန်သူက တစ်ချက်ပင် တုံ့ဆိုင်းခြင်းမရှိဘဲ သူ့ကိုယ်သူ စတေး

ခံသွားလိမ့်မည်ဟု သူမ လုံးဝ မျှော်လင့်မထားခဲ့ပေ။

မည်သူမဆို ဆန်းလျန်အတွက်ဆိုလျှင် စတေးခံရန် အသင့်ရှိ

နေကြသည်မှာ ဆန်းလျန်၏ ဆွဲဆောင်မှုများပင်လား။

တာအိုကျင့်ကြံသူ အမျိုးသမီးသည် အစီအစဉ်တကျ ရေးဆွဲ

ထားသည့် ထောင်ချောက်တစ်ခု အတွင်းသို့ ရောက်ရှိနေသည့်

အလား ခံစားလိုက်ရလေသည်။

ဆန်းလျန်သည် မုဆိုးတစ်ယောက် ဖြစ်သည်ဆိုလျှင် သူမယခု

တိုက်ခိုက်ခဲ့သည့် လူ (၂)ယောက်သည် မုဆိုး၏ အမဲလိုက်ခွေး

နှင့် သိန်းငှက်သာလျှင် ဖြစ်လေသည်။

နောက်ထပ် စစ်ဗိုလ်ချုပ် (၆)ယောက်ဖြစ်သည့် မိုးကောင်းကင်၊ မြေကြီး၊ တောင်၊ ရွှံ့နွံ၊ ရေနှင့် လျှပ်စီးတို့ ရောက်ရှိလာဦးမည် ဖြစ်လေသည်။ ထိုသူများကို တိုက်ခိုက်ရင်း သူမ၏ တန်ခိုးစွမ်းအားများကို အလဟဿ အသုံးပြုရပေဦးမည်။

သို့သော် အဓိကအချက်ကတော့ သူတို့သည် ရောက်လာမည်ပဲ ဖြစ်လေသည်။ သူတို့သည် သူမကို နားခွင့်ပေးမည် မဟုတ်ပေ။ သူတို့အားလုံးသည် တိုက်ပွဲတွင် အသက်စွန့်ရန် အသင့်ရှိ သူများ ဖြစ်ကြသည်မှာ ခြွင်းချက်မရှိပါ။

သူမမှာ တန်ခိုးစွမ်းအားများ ပြည့်ဝနေသည့်တိုင် သူမ၏ ဝိညာဉ်ကတော့ အနားမယူရသည့် အတွက် ပင်ပန်းနေခဲ့ပြီ ဖြစ်လေသည်။

သို့သော် ရန်သူက သူမကို ယခုကဲ့သို့ ဗျူဟာသုံးပြီး တိုက်ခိုက်နေခြင်းမှာ ရန်သူသည် သူမကို ကြောက်ရွံ့နေသော ကြောင်းလည်း ဖြစ်နိုင်လေသည်။

ဆန်းလျန်သည် မည်မျှ တန်ခိုးစွမ်းအား မြင့်မားသူဖြစ်ပါစေ

သူမအနေဖြင့် ဆန်းလျန်ကိုသတ်ပြီး ရှော့ရှီကို ဖန့်ကျန်းထံသို့

ပို့ဖြစ်အောင် ပို့ရမည် ဖြစ်လေသည်။

ထိုသို့ဖြင့် စစ်ဗိုလ်ချုပ် (၈) ယောက်ကို တစ်ယောက်ချင်း

တိုက်ခိုက် သုတ်သင်ခဲ့ရလေသည်။

ထို့နောက်တွင်တော့ ဒြပ်စင် (၅)ဖော်က တစ်ယောက်ပြီး တစ်

ယောက် ထပ်မံ ရောက်ရှိလာခြင်း မရှိတော့ပါ။ သို့သော်

ဒြပ်စင် (၅)ဖော်က အတူတကွ ရောက်လာကြခြင်း ဖြစ်လေ

သည်။ သူတို့နှင့်အတူ ဖြူမည်းညီနောင်သည်ပင် ပါလာခဲ့ကြ

လေသည်။

သူတို့အားလုံး၏ မျက်ဝန်းများသည် အသေခံတိုက်ခိုက်ရန်

ပြင်ဆင်ထားကြကြောင်း သိသာနေလေသည်။

သေခြင်းတရားကို မည်သူမှ မလွန်ဆန်နိုင်ခဲ့ပါ။

နောက်ဆုံးတွင်တော့ တန်ခိုးစွမ်းအား မြင့်မားလှပါသည် ဆို

သည့် သူတို့ (၇)ယောက်စလုံးသည် အသက်စွန့်ခဲ့ကြလေ

သည်။ အသက်စွန့်ရန် ဆိုသည်မှာ သူတို့အတွက် လွယ်ကူခဲ့ကြ

ခြင်းတော့ မရှိပါ။

ဆန်းရော့ရှိသာ မရှိလျှင် တာအိုကျင့်ကြံသူ အမျိုးသမီးသည်

တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်ထွက်သွားမည် ဖြစ်လေသည်။

သို့သော် သူမအနေဖြင့် ရော့ရှီကိုလည်း ထားခဲ့ရန် မဖြစ်နိုင်ပါ။

သူတို့ (၇)ယောက်သည် ခုနစ်စင်ကြယ် အရန်အတားကို ယင်

နှင့် ယန်၊ ဒြပ်စင်စွမ်းအား (၅)မျိုးဖြင့် ပေါင်းစပ်ကာ တိုက်ခိုက်

ကြခြင်း ဖြစ်လေသည်။ ထို့ကြောင့် ထိုက်စုနတ်သမီးက ဖောက်

ထွက်ရန် ကြိုးစားလိုက်တိုင်း (၇)ယောက်လုံးက

တစ်ပြိုင်တည်း ပိတ်ဆို့ထားမြဲ ဖြစ်လေသည်။

သူတို့၏ ခုနစ်စင်ကြယ် အရန်အတားသည် အမြင့်ဆုံးသော

တာအိုကာရံကို ရယူနိုင်ခဲ့ပြီး ထိုက်စုနတ်သမီး၏ နှလုံးသားကို

ထိရှစေခဲ့လေသည်။ သူမ၏ တာအိုကျင့်စဉ်သည် ပင်လျှင် ထို

မျှ အကွက်စေ့ပြီး ပိရိသေသပ်ခြင်း မရှိပေ။

သူမသည် လက်ဖဝါးထက်တွင် မိုးကြိုးနှင့်လျှပ်စီးကို ဖန်ဆင်း

ကာ အပြင်းအထန် တိုက်ခိုက်သည့်တိုင် ခုနစ်စဉ်ကြယ် အရန်

အတားကို ဖျက်ဆီးနိုင်ခဲ့ခြင်း မရှိပေ။

သူမ၏ ငွေရောင်ဖူချန်မှ ငွေကြိုးမျှင်များသည် အကြိမ်ပေါင်း

များစွာ ဝေ့ယမ်း တိုက်ခိုက်နေသည့်တိုင် ခုနစ်စင်ကြယ် အရန်

အတားကို ဖြိုခွင်းနိုင်ခဲ့ခြင်းမရှိပေ။

အချိန်ကြာလာသည်နှင့် အမျှ...

သူမသည် အစစ်အမှန်နှင့် အစစ်အမှန် မဟုတ်သည်ကို

တဖြည်းဖြည်း ခွဲခြား သိမြင်လာရလေသည်။

ထိုအခါ သူမသည် လက်နှစ်ချောင်းကို လေထဲသို့ ထိုးညွှန်

လိုက်လေသည်။ သူမ၏ လက်ချောင်းများသည် ရွှေကိုလည်း

ဖျက်ဆီးနိုင်သလို ကျောက်စိမ်းကိုလည်း ကွဲကြေအောင် လုပ်

နိုင်လေသည်။ ထိုလက်ချောင်းသည် ထိုအခါမှ ဒြပ်စင်(၅)ဖော်

ထဲမှ တစ်ယောက်၏ နှလုံးသားကို ထိုးဖောက် သွားခဲ့လေ

သည်။

ထိုအခါတွင်တော့ မပျက်စီးနိုင်သည့် ခုနစ်စင်ကြယ် အရန်အ

တားသည် တဖြည်းဖြည်း ပျက်စီးသွားရလေသည်။

ထိုက်စုနတ်သမီးသည် အတားအဆီးများမှ လွတ်မြောက် သွား

သည်ကို ခံစား သိရှိလိုက်လေသည်။

ခုနစ်စင်ကြယ် အရန်အတား ပျက်စီးသွားသည်နှင့် ကျန်ရှိသည့်

(၆)ယောက်မှာ ထိုက်စုနတ်သမီး၏ လက်ချက်ဖြင့် သေဆုံး

သွားကြရလေသည်။

သေဆုံးသွားကြသည့် လူများသည် အလောင်းများ မကျန်ရစ်ပဲ

ရောင်စုံအခိုးအငွေ့များ အဖြစ် ပြောင်းလဲသွားကြလေသည်။

ထိုက်စုနတ်သမီးသည် တစ်ခုခုမှားနေပြီ ဖြစ်သည်ကို သူမ

ခံစားလိုက်ရလေသည်။

ပထမတိုက်ခိုက်လာသူ (၈)ယောက်၊ ယခု (၇)ယောက် အားလုံးသည် အခိုးအငွေ့များအဖြစ် ပြောင်းလဲသွားပြီး ပျောက်ကွယ်သွားကြလေသည်။

သူမက ကောင်းကင်ထက်သို့ မော့ကြည့် လိုက်မိလေသည်။ ထိန်ထိန်သာနေသည့် လရောင်သည် အနောက်ဆီသို့ ဝင်တော့မည် ဖြစ်လေသည်။ သူမ၏ နားထဲတွင် စမ်းချောင်းလေး စီးဆင်းသံကို ကြားလိုက်ရလေသည်။

ထိုက်စုနတ်သမီးသည် ရှေ့သို့အနည်းငယ် ဆက်သွားလိုက်သည့် အခါတွင်တော့ နက်ရှိုင်းသည့် မြစ်တစ်စင်းကို မြင်တွေ့လိုက်ရလေသည်။ မြစ်ကမ်းဘေးတွင် လက်နှစ်ဖက်ကို နောက်ပစ်ကာ သူမကို ကျောပေးရပ်နေသည့် လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုသူကို ကြည့်နေရင်း သူမ၏ဘဝတွင် မထမဆုံးအကြိမ်အဖြစ် ရင်ထဲတွင် လေးလံသွားမိလေသည်။

သူမသည် အလောတကြီး ရှေ့သို့မသွားသေးပဲ တန်ခိုးစွမ်းအားများကို စုစည်း လိုက်လေသည်။ သို့သော်… မြစ်ကမ်းနံဘေးမှ လူ၏တည်ရှိမှုကြောင့် သူမသည် စိတ်မသက်မသာ ခံစားနေရလေသည်။ သူမ၏ တန်ခိုးစွမ်းအားများ ပြန်လည်ပြည့်ဝလာပြီဖြစ်သည့်တိုင် သူမ၏ ဝိညာဉ်ကတော့ ပင်ပန်းနွမ်းနယ်နေဆဲဖြစ်လေသည်။

ထိုအချိန်မှာပင် အရှေ့ဆီမှ နေဝန်း ထွက်ပေါ်လာလေသည်။ နေမင်းသည် မြစ်ကမ်းဆီမှ ဖြည်းဖြည်းချင်း ထွက်ပေါ်လာလေသည်။ မြစ်ရေထဲမှ အနီရောင် သစ်ရွက်ကြွေများပေါ်သို့ ရောင်နီထွန်းလင်း ဖြာကျလာလေသည်။

ထိုအချိန်မှာပင်…

ကျောခိုင်းထားသည့် လူသည် ဖြည်းညင်းစွာဖြင့် လှည့်လာလေသည်။

သူ၏ပုံသဏ္ဌာန်မှာ လူ့လောကသို့ ဆင်းသက်လာသည့် နတ်ဒေဝါ တစ်ပါးအလား ထင်မှတ်ရလေသည်။

ဆန်းရော့ရှိသည် ထိုသူ လှည့်လာသည်ကို ထိုက်စုနတ်သမီး ထက် အရင် သတိပြုမိလိုက်လေသည်။ ထိုသူကို သူမ၏စိတ်ထဲတွင် အလွန်မှ ရင်းနှီးကျွမ်းဝင် နေလေသည်။ သို့သော်... ထိုသူသည် မည်သူဖြစ်သည်ကို စဉ်းစားမရနိုင် ဖြစ်နေရလေသည်။

ထိုက်စုနတ်သမီး၏ မျက်နှာမှာ ရေခဲကဲ့သို့ အေးစက်နေပြီး အကြည့်များက စူးရှနေလေသည်။

သူမထံမှ ထွက်ပေါ်နေသည့် ကြီးမားလွန်းသည့် တန်ခိုးစွမ်းအား ဖိအားများသည် ဆန်းလျန်ကို နုပ်နုပ်စဉ်းပစ်တော့မည့် အလား ထင်မှတ်ရလေသည်။ သို့သော် ... ဆန်းလျန် အပေါ်တွင် ထိုတန်ခိုးစွမ်းအားများက သက်ရောက်ခဲ့ခြင်း မရှိပေ။

ဆန်းလျှန်က ဖြည်းညင်းစွာဖြင့် စကားစပြော လိုက်လေသည်။

"လူတစ်ယောက် မွေးဖွားလာပြီဆိုတာနဲ့ သူ့ရဲ့မူရင်းဝိညာဉ်ဟာ အဆက်မပြတ် ညစ်နွမ်းပြီးတော့ မသန့်စင်တော့ဘူး၊ ကလေး တစ်ယောက် လျှောက်ခြစ်ထားသည့် စာရွက်တစ်ရွက်လိုပါပဲ၊ ဒါပေမဲ့ အဲဒီကလေး ပန်းချီဆရာဖြစ်လာတဲ့ တစ်နေ့ကျရင် တော့ သူငယ်ငယ်က လျှောက်ခြစ်ခဲ့တဲ့ စာရွက်မျိုးကို အသုံးပြုတော့မှာ မဟုတ်ဘူး၊ လူတစ်ယောက်ဟာ ပန်းချီပညာ သင်ယူတဲ့အခါမှာ မရေမတွက်နိုင်တဲ့ စာရွက်တွေ ကုန်ဆုံးရ လိမ့်မယ်၊ ဒါပေမဲ့ ဝိညာဉ်ကတော့ လူတစ်ယောက် မွေး ကတည်းက ပါလာပြီးသားပဲ၊ အဲဒီဝိညာဉ်ကို သန့်စင်အောင် လုပ်ရမှာ၊ ဒါကြောင့် လူတွေက နည်းလမ်းပေါင်း များစွာကို ကြိုးစားရှာဖွေကြတယ်၊ ကျင့်ကြံခြင်းလိုမျိုးပေါ့၊ အညစ်အကြေးတွေကို သုတ်သင် ပစ်လိုက်တာနဲ့ ဝိညာဉ်ဟာ မူလအတိုင်း သန့်စင်သွားရတယ်၊ ကျုပ်စကားကို နိဂုံးချုပ်ရ

ရင် 'ဗောဓိသစ်ပင်ကဲ့သို့ ရုပ်ခန္ဓာ... ကြေးမုံမှန်ကဲ့သို့ ကြည်လင်သည့် စိတ်ဝိညာဉ်' လို့ပဲ ပြောရလိမ့်မည်၊ ဒါကြောင့် အညစ်အကြေးတွေ ကင်းစင်အောင် မကြာခဏ သန့်စင်ပေးဖို့လိုတယ်၊ ဒီနေ့အချိန်မှာတော့ ကျုပ်ကြိုးစားခဲ့သမျှ အလကားမဖြစ်ဘူးလို့ ပြောရဲတယ်၊ ကျုပ်ရဲ့နှလုံးသားက အခြားသူတွေထက် တောက်ပနေတယ် ဒါကြောင့် စောပြီး နိုးထလာနိုင်ခဲ့တာပဲ"

အခန်း (၆၃၅) တောင်နှင့်မြစ်ရေကောင်းကင်ဘုံပန်းချီကား

ဆန်းလျန်၏ စကားများသည် ညနေခင်းမှုံသံလို သာယာသလို နံနက်ခင်း ခေါင်းလောင်းထိုးသံ ကဲ့သို့လည်း ငြိမ့်ညောင်းလှလေသည်။

ဆန်းလျန်ပြောသည့် စကားများ၏ အဓိပ္ပာယ်ကို ထိုက်စုနတ်သမီးသည် နားလည်သလို ရှိသည့်တိုင် လက်တွေ့ကျသည်ဟု မခံစားရပေ။ သူမသည် မြူခိုးများထဲမှ ပန်းမာလ်များကို ကြည့်နေရသကဲ့သို့ မရှင်းမလင်း ဖြစ်နေရလေ သည်။

ရုတ်တရက်...

လေပြင်းတစ်ချက် တိုက်ခတ်သွားပြီး သူမလက်ထဲမှ ရော့ရှီလေးသည် ပျောက်ကွယ် သွားရလေသည်။ ရော့ရှီလေးသည် ချက်ချင်းပင် ဆန်းလျန်၏ လက်ထဲသို့ ရောက်ရှိသွားခြင်း ဖြစ်လေသည်။

ရော့ရှီသည် စိတ်ရှုပ်ထွေးနေသည့်တိုင် ရှင်းရှင်းလင်းလင်း

သိမြင်သွားသည့် အခါတွင်တော့ ပျော်ရွှင်စွာဖြင့် အော်ဟစ်

လိုက်လေသည်။

"ဦးဦး ..."

ဆန်းလျန်က သူမ၏ခေါင်းလေးကို အသာပုတ်လိုက်ရင်း ပြုံး

လိုက်လေသည်။

ထိုက်စုနတ်သမီး၏ အကြည့်များက ပိုပြီး စူးရှလာပြီး...

"ရှင်ဘယ်သူပဲ ဖြစ်ပါစေ... ဒီနေ့ သေရမယ်"

ဆန်းလျန်က သက်ပြင်း ချလိုက်ရင်း...

"ကျုပ်က နိုးထလာပြီ၊ ဒါပေမဲ့ မင်းကတော့ အိပ်မက်မက်လို့

ကောင်းနေဆဲပဲ၊ ရော့ရှီနဲ့ တိုက်ခိုက်နေခဲ့ရတဲ့ တစ်လျှောက်လုံး

မှာ မင်းလည်း ပင်ပန်းနေပြီပဲ၊ မင်းမှာ ကျုပ်ကို နိုင်ခြေမရှိဘူး"

****

ဘုရင့်နေပြည်တော်တွင်... ဖန့်ကျန်းသည် မျက်လုံးများကို

ရုတ်တရက် ဖွင့်ကြည့် လိုက်လေသည်။

ထို့နောက် သူသည် သူနေထိုင်ရာ ကျောင်းတော်မှ ထွက်ခွာလာခဲ့လေသည်။

သူက တံခါးအပြင်သို့ ထွက်လိုက်သည်နှင့် သူ့ကိုစောင့်နေသည့် တာအို ဆရာတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုတာအိုဆရာသည် စန့်ချင်နန်းတော်မှ လေးစားစရာ ကောင်းသည့် မူလနတ်ဘုရား လင်ပေါင်ထျန်းကျွင်းနှင့် အလွန်ဆင်တူလေသည်။ ထိုတာအိုဆရာသည် ဖန့်ချင်ကို စိုက်ကြည့်နေပြီး လက်ထဲတွင် ကျောက်စိမ်းကျိုင်းတံကို ကိုင်ဆောင်ထားလေသည်။

ဖန့်ကျန်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"ဟွန်း... မင်းတို့တွေက လှည့်စားလိုက်တာပဲ၊ ကျုပ် မင်းကိုအရင်သတ်မယ်၊ ပြီးရင် သူ့ကို သွားသတ်မယ်"

ပြောပြီးသည်နှင့် ဖန့်ကျန်းက အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ မိုးမြေစွမ်းအားများ ထွက်ပေါ်လာပြီး ထောင်ဟုန်

ကို တိုက်ခိုက်လိုက်လေသည်။ ထောင်ဟုန်ကလည်း သူ၏
လက်နှစ်ဖက်ကို ယှက်လိုက်ပြီး ဝင်ရောက်လာသည့် မိုးမြေ
စွမ်းအားများကို ကာကွယ်လိုက်လေသည်။
ထောင်ဟုန်သည် စန့်ချင်မူလဝိညာဉ်ခန္ဓာဖြင့် လွတ်လပ်စွာ
ဖွံ့စည်းထားသူ ဖြစ်လေသည်။ သူ၏ ဝိညာဉ်စွမ်းအားများက
ခိုင်မာပြီး ဖန့်ကျန်း တိုက်ခိုက်လိုက်သည့် မိုးမြေ စွမ်းအားများ
ကို လွယ်လွယ်ကူကူပင် ထိန်းချုပ် လိုက်နိုင်လေသည်။
ဘုရင့်နေပြည်တော် တစ်ခုလုံးတွင် ဖုံမှုန့်များ လွင့်ပျံကုန်လေ
သည်။
ရာသီဥတုမှာလည်း ချက်ချင်းပင် ပြောင်းလဲသွားလေသည်။
ထိုသို့သော အဖြစ်မျိုးသည် အမတ်ကြီး ရှောင်းတောက်
ထီးနန်းလုစဉ် အခါကသာလျှင် တစ်ကြိမ်ဖြစ်ပေါ်ဖူးလေ
သည်။
***
ထိုက်စုနတ်သမီးက...

"ရှင်က နတ်ဘုရားလို ဝတ်စားထားပြီးတော့ မိစ္ဆာလို လှည့်ဖြား တတ်တဲ့သူပဲ"

ဆန်းလျန်က ပြုံးလိုက်လေသည်။

ထိုက်စုယွမ်ကျွင်းသည် အမှန်ပင် တန်ခိုးစွမ်းအား ကြီးမားသူ တစ်ယောက် ဖြစ်သည်မှာ ပြောစရာမလိုပါ။ သို့သော် လက်ရှိ သူရင်ဆိုင်နေရသည့် ထိုက်စုနတ်သမီးမှာ ထိုက်စုယွမ်ကျွင်း၏ ဉာဏ်စဉ်တစ်ခုမျှသာ ဖြစ်လေသည်။

 သူမသည် အပြည့်အဝ နိုးထနေပြီဖြစ်သည့် ဆန်းလျန်ကို အဘယ်မှာ အန်တု ယှဉ်ပြိုင်နိုင်ပါမည်နည်း။

ဆန်းလျန်က ခွဲဖြာထားသည့် သူ၏ ထိုက်ရှီးတန်ခိုး စွမ်းအား များကို ပြန်လည် စုစည်းလိုက်လေသည်။

ထိုအခါ ဆန်းလျန်၏ တန်ခိုးစွမ်းအားများ ချက်ချင်း မြင့်တက် လာသည်ကို ထိုက်စုနတ်သမီး ခံစားလိုက်ရလေသည်။

လောကတစ်ခုလုံးသည် ဆန်းလျှန်ပိုင်ဆိုင်သည့် အလားပင်

ထင်မှတ်ရလေသည်။

ထိုက်စုနတ်သမီး၏ ငွေရောင်ဖူချန်သည် ရေတံခွန်အလား

ဆန်းလျှန်ရှိရာသို့ လွင့်မျော စီးဆင်းသွားလေသည်။ မမြင်ရ

သည့် စွမ်းအားတစ်ခုမှ ဖူချန်ကို ဆွဲငင်နေသည့် အလားပင်

ဖြစ်လေသည်။ ဖူချန်မှ တန်ခိုးစွမ်းအားများကို ထူးဆန်းသည့်

စွမ်းအင်တစ်ခုက စုပ်ယူနေပြီး သူမသည် အားနည်းလာ

သကဲ့သို့ ခံစားလိုက်ရလေသည်။

ဆန်းလျှန်၏ တန်ခိုးစွမ်းအားများ ကတော့ အဆက်မပြတ် မြင့်

တက်နေလေသည်။

ထိုက်စုနတ်သမီးက ဆန်းလျှန်၏ စွမ်းအင်စက်ဝန်းထဲမှ

သူမ၏ဖူချန်ကို ဆွဲထုတ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျှန်သည် မိုးနှင့်မြေကို တွန်းထုတ်

လိုက်သည့် အလား သူ၏ လက်ဖဝါးနှစ်ဖက်ကို ရှေ့သို့ တွန်း

ထုတ်လိုက်လေသည်။ တန်ခိုး စွမ်းအားများသည် တောင်နှင့် ပင်လယ်ပြင်ပမာ ထိုက်စုနတ်သမီးဆီသို့ ဖြည်းဖြည်းချင်း ကျ ရောက်သွားလေသည်။

ထိုက်စုနတ်သမီး၏ မျက်ဝန်းများသည် မယုံကြည်နိုင်ခြင်းများ စွာဖြင့်ပြည့်နက်နေပြီး ဖုံမှုန့်အဖြစ်သို့ တဖြည်းဖြည်း လွင့်ပြယ် ကာ ပျောက်ကွယ် သွားလေတော့သည်။

ဆန်းလျန်မှာလည်း သူ၏ တန်ခိုးစွမ်းအားများ ကုန်ဆုံးသွား သကဲ့သို့ ခံစားလိုက်ရလေသည်။ သူရောက်ရှိနေသည့် လောက သည် သာမန် အိပ်မက်ကမ္ဘာ တစ်ခုလောက် ရိုးရှင်းခြင်း မရှိ သည်ကို နားလည် လိုက်ရလေသည်။

ဘုရင့် နေပြည်တော်တွင်တော့ ထောင်ဟုန်သည် ဖန့်ကျန်းကို ထွက်ခွာ မသွားနိုင်အောင် တားဆီးထားလေသည်။

ဖန့်ကျန်း၏ တိုက်ကွက် (၃၀၈) ကွက်ကို ခုခံပြီးမှ ထောင် ဟုန်၏ တန်ခိုးစွမ်းအား တံတိုင်းကြီး ပျက်စီးသွားရလေသည်။

သို့သော် ... ဖန့်ကျန်း သွားလေရာရာသို့ ထောင်ဟုန်က

နောက်မှ လိုက်နေလေသည်။

သူတို့(၂)ယောက်၏ တန်ခိုး စွမ်းအားများကြောင့် လမ်းပေါ်

တွင် ခင်းထားသည့် အပြာရောင် ကျောက်တုံးများ ကွဲကြေကုန်

ပြီး အဝါရောင်မြေသားပင် ပေါ်လာပြီ ဖြစ်လေသည်။

နောက်ဆုံးတွင်တော့... ဖန့်ကျန်းက ရပ်တန့်လိုက်လေသည်။

သူက နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"ဒီတစ်ကြိမ်တော့ ကျုပ်ရှုံးတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့

နောက်ကျရင် မင်း ကျုပ်နဲ့ ထပ်မတွေ့ဖို့သာ ဆုတောင်းပေ

တော့"

ထို့နောက် ဖန့်ကျန်းသည် မြေမှုန်များအဖြစ် ကူးပြောင်းသွားပြီး

သဲလွန်စပင် မကျန်အောင် ပျောက်ကွယ် သွားလေတော့သည်။

ထိုအချိန်မှာပင်... ဆန်းလျန်သည် ဆန်းရော့ရှီလေး၏ လက်ကို

ဆွဲကာ လမ်းလျှောက်လာလေသည်။

ဆန်းရော့ရှိုက မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း...

"ခုန ဦးလေးရင်ဆိုင်ခဲ့တဲ့ ထိုက်စုယွမ်ကျောင်းရဲ့ ဉာဏ်စဉ်ဟာ သူ့ရဲ့ မူလရုပ်ခန္ဓာနဲ့ ပေါင်းစည်းသွားတဲ့ အခါကျရင် သမီးတို့ အကြောင်းကို ပြောပြမှာပဲ၊ နောင်တစ်ချိန်ကျရင် ပြဿနာ တက်လာနိုင်တယ်"

သဘောတရားအရ ဆိုလျှင် ဆန်းရော့ရှိုသည်လည်း ထိုက်စုယွမ်ကျောင်း၏ ဉာဏ်စဉ်တစ်ခုသာ ဖြစ်လေသည်။ သို့သော် ... လမင်းကို ဆွတ်ခူးပေးမည် ဆိုလျှင်တောင် သူမသည် ထိုက်စုယွမ်ကျောင်း ဖြစ်လာလိုသည့် ဆန္ဒမရှိခဲ့ပေ။

ဆန်းလျန်က...

"အဲဒီဆိုရင်လည်း ဦးဦးတို့ ဘယ်တတ်နိုင်မှာလဲကွာ..."

ထောင်ဟုန်သည် ဆန်းလျန်ကို တွေ့သည်နှင့် လှမ်းကြည့်လိုက်လေသည်။

ထောင်ဟုန်နှင့် ဆန်းလျန်သည် အကြည့်ချင်း ဖလှယ်လိုက်ကြပြီး ရယ်မောလိုက်လေသည်။ အမှန်တော့ သူတို့(၂)ယောက်သည် တစ်ယောက်တည်းပင် ဖြစ်လေသည်။

သို့သော် ... လက်ရှိအချိန်တွင်တော့ သူတို့သည် "မင်းနဲ့ငါ" (၂)ယောက် ကွဲနေလေသည်။

ရုတ်တရက်ပင် ထောင်ဟုန်က စကားစပြောလိုက်သည်။

"ကျုပ်တော့ ဒီလောကမှာ နေချင်တယ်၊ ဒီလောကတစ်ခုလုံးနဲ့တစ်သားတည်း ကျအောင် ပျော်ဝင် ပေါင်းစပ်လိုက်မယ်"

ဆန်းလျန်က...

"ဘာလဲ... မင်းက လုကျိုးယွမ်ကို အတုခိုးမလို့လား"

ထောင်ဟုန်က ပြုံးလိုက်ရင်း...

"အဲဒါဆိုရင် မင်းလည်း လုကျိုးယွမ်ကို အတုခိုးနေတဲ့သူပဲ ဖြစ်မှာပေါ့၊ ကျုပ်က မင်းပဲလေ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်ကလည်း မင်းပါပဲ"

ထို့နောက်တွင်တော့ ဆန်းလျန်နှင့် ဆန်းရှော့ရှီတို့သည် ဘုရင့်နေပြည်တော်မှ ပျောက်ကွယ် သွားကြလေတော့သည်။

***

ဆန်းလျန်က မျက်လုံးများကို ဖွင့်ကြည့်လိုက်သည့် အခါတွင်တော့ ဆရာဘွားဘွား လီချင်းဆွေ၏ ခန်းမဆောင် ရှိရာတွင် ချိတ်ဆွဲထားသည့် အဖြူရောင် ပန်းချီကားသည် သူ့ရှေ့တွင် ရောက်ရှိနေလေသည်။

သို့သော် ... ပန်းချီကားထဲတွင် တောင်နှင့်ရေများကို တွေ့မြင်ရမည် ဖြစ်လေသည်။ ပန်းချီကားထဲတွင် သူနှင့်ဆင်တူသည့် တာအိုဆရာ တစ်ယောက်လည်း ရောက်ရှိနေလေသည်။ သူသည် တောင်များကြားတွင် တရားထိုင်လျက် ရှိလေသည်။

ဆန်းလျန်က မွေးဖွားဖြစ်တည်လာခြင်း မရှိသေးသည့် ပန်းချီကားထဲမှ မိုးမြေလောကကို အသုံးပြုကာ အိပ်မက်ကမ္ဘာကို ဖန်တီးခဲ့ခြင်း ဖြစ်လေသည်။ ထိုအချက်သည် အိပ်မက်လိပ်ပြာ

ကျင့်စဉ်၏ ရှင်းမပြနိုင်သည့် ထူးခြားဆန်းကြယ်မှု တစ်ခုပင် ဖြစ်လေသည်။

ထို့ပြင် ဆန်းလျှန်သည်လည်း မိုးမြေလောက အသစ်ကို ဖွင့်လှစ်နိုင်မည့် သန္ဓေမျိုးစေ့ကို ပိုင်ဆိုင်ထားလေရာ မိုးမြေလောက အသစ်တစ်ခုကို ဖွင့်လှစ်ပြီး သက်ရှိလူသားများကို ဖန်ဆင်းနိုင်ရန်မှာ မည်မျှက ခက်ခဲသည်ကို နားလည်ခဲ့ရလေသည်။

အချိန်ယူရမည် ဖြစ်သလို မည်မျှ အချိန်ကြာမည်ကိုလည်း မသိရှိနိုင်ပေ။

ထို့ပြင် အိပ်မက်မှ နိုးထလာရန်မှာ လက်ဖျောက်တစ်ချက် တီးစာမျှသာ ကြာသည်ဆိုသည့် အချက်ကိုလည်း သူကောင်းကောင်း သိခဲ့လေသည်။

လက်ဖျောက်တစ်ချက် တီးရုံမျှဖြင့် အစစ်အမှန်လောက တစ်ခုကို ဖန်ဆင်းနိုင်သူဆို၍ ဗုဒ္ဓနှင့် တာအို ဆရာသခင်ကြီးသာလျှင် ရှိပေလိမ့်မည်။

ချင်းရွှမ် နတ်တံခါးတွင်တော့ ထိုသို့ပြုလုပ်နိုင်သူဆို၍ တာအိုဆရာသခင်ထိုက်ယီသာလျှင် ရှိပေလိမ့်မည်။ အခြားသူများကတော့ ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပေ။

သို့သော် ဆန်းလျန်သည် တာအိုဆရာ သခင်ကြီး၏ ရည်ရွယ်ချက်ကို နားမလည်ခဲ့ပါ။

သူ၏ ထိုက်ယီထျန်းရှန်း အဆင့်နှင့်ပင် မှန်းဆကြည့်နိုင်ခြင်း မရှိပေ။ သေချာနေသည့် အချက်တစ်ချက်တော့ ရှိလေသည်။

ထိုအချက်မှာ တာအို ဆရာသခင် ထိုက်ယီသည် ထိပ်တန်းအဆင့် ကျင့်ကြံသူ တစ်ယောက်ဖြစ်ပြီး သူ့ကို ဂရုစိုက်နေသည်ဆိုသည့် အချက်ပင် ဖြစ်လေသည်။

ပန်းချီကားထဲမှ လောကသည် အသက်ဓာတ် စွမ်းအားများ နည်းပါးနေသည့် အတွက် ဆန်းလျန်မှာ စိတ်မကောင်းသလိုပင် ခံစားလိုက်ရလေသည်။ အသက်ဓာတ် စွမ်းအားများ မကောင်းပါက ကျင့်ကြံခြင်းအတွက် သိပ်ပြီး အကျိုးပြုနိုင်မည် မဟုတ်ပေ။

ဆန်းလျန်က ပန်းချီကားကို တစ်ချက်ကြည့်လိုက်ပြီး အလေးအနက် ပြောလိုက်လေသည်။

"အခုချိန်ကစပြီး မင်းကို တောင်နဲ့မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားလို့ အမည်ပေးလိုက်မယ်"

ထိုအခါ ပန်းချီကားသည် သူ၏အမည်ကို တိတ်ဆိတ်စွာ သဘောတူလိုက်သည့် အလား တစ်ချက် တုန်ခါသွားလေသည်။

ပန်းချီကားထဲတွင် ကျန်ရစ်ခဲ့သည့် စန့်ချင် မူလဝိညာဉ်ခန္ဓာသည် တောင်နဲ့မြစ်ရေ ကောင်းကင်ဘုံပန်းချီကားနှင့်

ဖြည်းဖြည်းချင်း ပေါင်းစပ်သွားသည်ကို ဆန်းလျှန် ခံစားလိုက်ရလေသည်။

ပန်းချီကားသည် ပြင်ပလောကမှ အသက်ဓာတ် စွမ်းအားများကို စတင် စုပ်ယူလေတော့သည်။ ထိုအခါ ပန်းချီကား ထဲမှ တောင်နှင့် မြစ်ရေများသည် ပိုပြီး အသက်ဝင်လာ လေတော့သည်။

လုံလောက်သည့် အသက်ဓာတ် စွမ်းအားများကို စုပ်ယူပြီးသွားပါက တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားထဲမှ လောကသည် ကောင်းချီးပေးခံရသည့် လောကတစ်ခုအဖြစ် ဖြစ်တည်လာမည် ဖြစ်လေသည်။

ထိုသို့သာ ဖြစ်လာခဲ့ပါက လက်ရှိလောကသည် ခြောက်သွေ့သွားရပေလိမ့်မည်။

သို့သော်... ဆန်းလျှန်ကတော့ ဒဏ္ဍာရီထဲမှ ဝိညာဉ်စွမ်းအားရတနာ ပစ္စည်းတစ်ခုကို ရရှိမည် ဖြစ်လေသည်။

ပန်းချီကားသည် လောကသစ် တစ်ခုအဖြစ် ဖြစ်တည်လာနိုင်စွမ်း ရှိမည် ဖြစ်လေသည်။

ကျောက်ဂူထဲမှ ရေခဲများ အရည်ပျော်သွားပြီး ရှော့ရှီလေးမှာလည်း အန္တရာယ် ကင်းသွားပြီ ဖြစ်လေသည်။

လုကျိုးယွမ်နှင့် သွားမတွေ့ခင် ဝန်ထုပ်ဝန်ပိုး တစ်ခုတော့ ဖြေရှင်းပြီးသွားပြီဟု ဆန်းလျန် တွေးလိုက်မိလေသည်။ ဆန်းရှော့ရှီလေးသည် သူမ၏ ဦးလေးဖြစ်သူကို ပြန်လည် ဆုံတွေ့ရသည့်အတွက် ပျော်ရွှင်လျက်ရှိလေသည်။

ဂအနည်းဆုံးတော့ သူမ၏ဦးလေးသည် ထာဝရ ပျောက်ကွယ်သွားခဲ့ခြင်း မဟုတ်သည်ကို သိခွင့်ရခဲ့သည် မဟုတ်ပါလား။

ဆန်းလျန်က ကူးချိုင်ဝေ့ ကွယ်လွန်သွားပြီဆိုသည့် အကြောင်းကိုတော့ ဆန်းရှော့ရှီကို ပြောပြလိုက်လေသည်။ ရှော့ရှီသည် တံခါးပိတ် ကျင့်ကြံခြင်းမပြုမီ ထိုသို့ဖြစ်လာမည်ဟု ကြိုတင်

သိမြင်ခဲ့သော်လည်း တကယ်တမ်း သတင်းဆိုးကို ကြားရသည့်အခါ စိတ်မကောင်း ဖြစ်ရလေသည်။

ထို့ပြင် လောလောဆယ်တွင် ဦးလေးဖြစ်သူ အဘယ်မျှ စိတ်မကောင်း ဖြစ်နေမည်ကို ရိပ်မိလိုက်ပြီး သူမက စကားလမ်းကြောင်း ပြောင်းလိုက်လေသည်။

"ဦးဦး... ယန်ရှီးက အသက်ရှင်နေသေးတယ် ထင်တယ်"

"သမီးက ဘယ်လိုလုပ် သိတာလဲ"

ဆန်းလျန်က ပြန်မေးလိုက်လေသည်။

"ထျန်းမုန့်နတ်သမီး ပြောတာလေ၊ ယန်ရှီးက ဦးဦးနဲ့ မတိုက်ခိုက်ခင်မှာ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကို သွားခဲ့တယ်တဲ့၊ ထျန်းမုန့်နတ်သမီး ပြောတာက ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းက ရဲ့လျို့ယွင်ဆိုတဲ့သူက ထူးဆန်းပြီး ကြောက်စရာ ကောင်းတယ်တဲ့၊ ယန်ရှီး ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကို သွားတာဟာ ရဲ့လျို့ယွင်ကို ဘယ်လိုနည်းနဲ့မှ ဖုံးကွယ်ထားနိုင်မှာ မဟုတ်ဘူးတဲ့၊ ဒါပေမဲ့ ယ

န်ရှီးက ဘာထိခိုက်မှုမှ မရှိဘဲ ပြန်ရောက် လာခဲ့တယ်တဲ့လေ၊ အဲဒီတော့ ယန်ရှီးနဲ့ ရဲ့လျှိုယွင်ကြားမှာ ပြဿနာရှိခဲ့တဲ့ပုံတော့ မရဘူး၊ ပြီးတော့ ထျန်းမုန့်နတ်သမီးရဲ့ နှလုံးသားထဲမှာ ထည့်သွားတဲ့ ယန်ရှီးရဲ့မိစ္ဆာမျိုးစေ့က ယန်ရှီးရော ဦးလေးရော ပျောက်သွားတဲ့ အချိန်မှာတောင် ပျောက်ကွယ် မသွားခဲ့ဘူး လေ"

အခန်း (၆၃၆) ခံစားချက်ပြည့်ဝသည့်နှလုံးသား၊ အကြင်နာတရားမဲ့သည့်လုပ်ရပ်

ရှော့ရှီ၏ စကားများကို နားထောင်ပြီးသည်နှင့် ဆန်းလျန်က တစ်ချက် စဉ်းစားလိုက်ပြီး...

"တကယ်တော့ ယန်ရှီး သေသေရှင်ရှင် အရေးမကြီးပါဘူး၊ အတိတ်ဆိုတာ တိမ်ခိုးတွေလိုပါပဲ၊ ဘာလဲ... ရှော့ရှီက ဦးဦးရဲ့ အရည်အချင်းကို လျှော့တွက်ထားတာလား"

ရှော့ရှီမှာ စိတ်ရှုပ်ထွေး သွားရလေသည်။

ဦးလေးဖြစ်သူသည် သူမ၏လက်ကို ဆွဲကိုင်ထားသည့်တိုင် သူမနှင့် ဝေးကွာနေသကဲ့သို့ ခံစားနေရလေသည်။ ထို့ပြင် ဦးလေးဖြစ်သူကို ခန့်မှန်း၍လည်း မရနိုင် ဖြစ်နေရလေသည်။

ယခုအချိန်တွင် သူမ၏ ကျင့်ကြံခြင်း အဆင့်သည် မြင့်မားနေပြီ ဖြစ်လေသည်။

သေလုနီးပါး အခြေအနေနှင့် ရင်ဆိုင်ခဲ့ရပြီးမှ အသက်ရှင်သန်နိုင်ခဲ့သည့်တိုင် သူမ၏ တန်ခိုးစွမ်းအားများမှာ ယခင်ကထက် ပင် အဆင့်မြင့်မားလာလေသည်။ သို့တိုင်အောင် သူမနှင့်

ဦးလေးဖြစ်သူကြားတွင် ကြီးမားသည့် ကွာဟမှုကြီး တစ်ခုရှိ

နေသည်ကို နားလည် လိုက်ရလေသည်။

သူမက ယန်ရှီး အသက်ရှင်နေ သေးသည်ကို စိုးရိမ်နေရခြင်း

မှာ အတိတ်၏ အမြင်များမှတစ်ဆင့် ဦးလေးဖြစ်သူ၏

အခြေအနေကို ရိပ်မိခဲ့သည့်အတွက် ဖြစ်လေသည်။

ရော့ရှီ သေတွင်းမှ လွတ်မြောက်လာခဲ့သည့် အတွက် ဆန်းလျန်

က ဂုဏ်ပြုပွဲလေး တစ်ခု ကျင်းပပေးခဲ့လေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်သည် ချင်းရွှမ်တောင် (၅)ခုတွင်

လှည့်လည် သွားလာနေပြီး တပည့်များနှင့် ဆရာသခင်များ

ကြားတွင် သွားလာနေခဲ့လေသည်။ ဆန်းလျန်၏ အပြုအမူ

များကို ကြည့်ခြင်းအားဖြင့် တာဆိုဆရာ သခင်ကြီးထိုက်စန့်၏

လွတ်လပ်လွယ်ကူသည့် စိတ်ထားကို သက်သေပြနိုင်လေ

သည်။

ထို့ပြင်... ဆန်းလျန်၏ လှုပ်ရှားမှုတိုင်းသည် မိုးနှင့်မြေကို

ထူးဆန်းစွာ ဆန့်ကျင် နေတတ်လေသည်။

တပည့်များအနေဖြင့် ကျင့်စဉ်လမ်းနှင့် ပတ်သက်သည့်

အခက်အခဲများကို ဆန်းလျန်ကို မေးရန်ပင် မလိုအပ်ခဲ့ပါ။

ဆန်းလျန်ကို မြင်လိုက်သည်နှင့် အခက်အခဲများက ဖြေရှင်းပြီး

သား ဖြစ်သွားလေသည်။

တာအို ကျမ်းစာထဲတွင် ဆိုထားသည်မှာ -

"ရှိပြီးသား လမ်းစဉ်သည် မပြောင်းလဲနိုင်သည့် လမ်းစဉ်ပင်

ဖြစ်လေသည်။ ပေးထားပြီးသား နာမည်သည် မပြောင်းလဲ နိုင်

သည့်နာမည်ပင် ဖြစ်လေသည်။ လျှို့ဝှက် ဆန်းကြယ်မှုများစွာ

ထဲမှ လျှို့ဝှက် ဆန်းကြယ်မှုတစ်ခုမှာ ဝိညာဉ် စွမ်းအားမြှင့်တင်

ခြင်းသို့ သွားရောက်နိုင်သည့် လမ်းပင် ဖြစ်တော့၏"

ဟူ၍ ဖြစ်လေသည်။

ထို့ကြောင့် သူတို့၏မျက်လုံးထဲတွင် ဆန်းလျှန်ကို မြင်သည်နှင့် မိုး၊ မြေ၊ ပင်လယ်နှင့် အရာအားလုံးကို တွေ့မြင်ရသကဲ့သို့ ခံစားရလေသည်။ ထို့အတူ 'မရှိမှုတရား' ကိုလည်း ခံစားရလေသည်။

ချန်ကျင်းချင်မှာလည်း အနည်းငယ် ထူးဆန်းသလို ခံစားနေရလေသည်။

ဆရာဖြစ်သူသည် ကျီဖူတောင်ထိပ်မှ ပြန်လာပြီးနောက်ပိုင်း တန်ခိုးစွမ်းအားများ လျော့နည်းနေသည်ဟု ထင်မှတ်နေမိလေသည်။ သို့သော် တစ်ချိန်းတည်းမှာပင် တန်ခိုးစွမ်းအားများ မြင့်မား နေသည်ကိုလည်း ခံစားရပြန်သည်။

အမှန်တော့ ချန်ကျင်းချင် မှားယွင်းခြင်းမရှိပါ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်သည် စန့်ချင်မှုလဝိညာဉ်ခန္ဓာအမှတ်အသားကို ဖယ်ရှားလိုက်ပြီး တောင်နှင့် မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားထဲတွင် ချန်ထား ရစ်ခဲ့လေသည်။

ထို့ကြောင့် တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားသည်

အဆုံးစွန် ဖြစ်နိုင်ချေများကို ဆောင်ယူထားသည့် ပုံသဏ္ဍာန်

အသစ်ဖြင့် မှော်အင်းသင်္ကေတ တစ်ခု ဖြစ်လာခဲ့လေသည်။

တစ်ချိန်တည်းမှာပင်... ထိပ်တန်းဝိညာဉ် စွမ်းအားမြင့်တင်

သည့် ကျင့်စဉ်တစ်ခု ဖြစ်သည့် စိတ်အာရုံများကို ထိန်းချုပ်နိုင်

ခြင်း ကျင့်စဉ်၏ သဲလွန်စများကို ဖျောက်ဖျက် ပစ်နိုင်ခဲ့လေ

သည်။

ထို့ကြောင့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများသည် အမှန်

တကယ်ပင် အားနည်းသွားရခြင်း ဖြစ်လေသည်။ သို့သော်...

ကြီးမြတ်သည့် ပုဂ္ဂိုလ်တစ်ယောက်၏ လွှမ်းမိုးမှုဆီမှ ရုန်းထွက်

နိုင်ခဲ့ပြီ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် လုံးဝလွတ်လပ်သွားပြီ ဟူ၍တော့

ပြော၍မရသေးပေ။ မည်သို့ပင်ဖြစ်စေ ဤအဆင့်သည်

မလွဲမသွေ ကျော်ဖြတ်ရမည့် အဆင့်တစ်ခု ဖြစ်လေသည်။

ကြီးမြတ်သည့် ပုဂ္ဂိုလ်တစ်ယောက်၏ လွှမ်းမိုးမှုသည် ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ကိုယ်တိုင်ကိုယ်ပိုင် ဖြစ်ခြင်းလောက်တော့ တန်ဖိုးရှိမည် မဟုတ်ပေ။

တစ်ချိန်တုန်းက ထမင်းစားရန်အတွက် မျှစ်ဟင်းတစ်ခွက်နှင့် သောက်စရာ ဘူးသီးခြောက် တစ်ခုသာရှိသည့် သူတော်စင် တစ်ပါး ရှိခဲ့ဖူးလေသည်။

လူအများက ဘဝအခက်အခဲများဖြင့် ဒုက္ခသုက္ခများကို ခံစားနေရချိန်တွင် ထိုသူတော်စင်ကတော့ ပျော်ရွှင်နေခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတော်စင်သည် ကိုယ်ပိုင် လွတ်လပ်မှုကို ပိုင်ဆိုင်ပြီး ပြင်ပပစ္စည်းများကို တပ်မက်သည့် မှားယွင်းသော တဏှာရာဂများကို ပယ်သတ် နိုင်ခဲ့ သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သူ၏ စိတ်ဝိညာဉ်သည် ကျေနပ်လျက် ရှိလေ

သည်။ ထိုအချက်သည် ဟန်ဆောင်ပျော်ရွှင်မှုမျိုး မဟုတ်ခဲ့ပါ။

လွတ်လပ်ခြင်းမှ ရရှိသည့် စိတ်ကျေနပ်မှုသာ ဖြစ်လေသည်။

သေခြင်းတရားနှင့် သီလစင်ကြယ်မှုကို သိရှိ နားလည်ပြီး

သည့်နောက် ဆန်းလျန်လည်း ထိုသို့ ခံစားရလေသည်။

သို့သော် သူ့တွင် လုပ်စရာကိစ္စများစွာ ရှိနေသေးလေရာ လုံးဝ

လွတ်လပ်သည့် လူတစ်ယောက် ဖြစ်သည်ဟုတော့ မဆိုနိုင်

သေးပေ။

လုန်ဟွာပွဲတော် ကျင်းပရန် (၁၀)ရက်အလိုတွင်တော့ ဆန်းလျန်

သည် ချင်းရွှမ်တောင်မှ ရုတ်တရက် ပျောက်သွား လေ

တော့သည်။ ဆန်းလျန် မည်သည့်နေရာသို့ ထွက်ခွာသွားသည်

ကို မည်သူမှ မသိကြပါချေ။

****

ကောင်းကင်တံခါး ရေလက်ကြားရှိ မြစ်ရေပြင် လှိုင်းလုံးများ

ထက်တွင် လရောင်က ပက်ဖျန်းလျက်ရှိလေသည်။

နှစ်ထောင်ပေါင်းများစွာ ကြာခဲ့ပြီးသည့်နောက် ဆန်းလျှန်သည် ရွှမ်ထျန်း နတ်ဘုရားဂိုဏ်း၏ တောင်တံခါးသို့ နောက်တစ်ကြိမ် ရောက်ရှိလာခဲ့ ပြန်လေပြီ။

အရင်တစ်ချိန် ကတော့… ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှ လှေထိုး သမားက သူနှင့် ကျောက်ရှောင်ယွီကို ကြိုဆိုရန်အတွက် လှေ တစ်စင်းဖြင့် အသင့်စောင့်ကြို နေခဲ့လေသည်။

ယခုတော့ သူတစ်ယောက်တည်း ဖြစ်လေသည်။

ဆန်းလျှန်သည် မြစ်ရေပြင်ကို အကြောင်းမဲ့ ငေးမောနေမိလေ သည်။

သူသည် မြစ်ရေပြင်ကို ချက်ချင်းဖြတ်ကူးခြင်း မပြုသေးပါ။

သူက မြစ်ကမ်းနံဘေးတွင် ရပ်နေရင်း ပျံသန်းနေသည့် မီးခိုး ငွေ့များအလား လှပစွာ မျောလွင့်နေသည့် လရောင်ကို ငေး ကြည့်နေလေသည်။

နောက်ဆုံးတော့ မြစ်ရေပြင်လိှုင်းများကို ဖြတ်သန်းပြီး လှေ ငယ်လေး တစ်စင်း ထွက်ပေါ်လာလေသည်။ လှေဦးတွင် လူငယ်တစ်ယောက် မတ်တတ်ရပ်နေပြီး ဆန်းလျန်ကို စိုက်ကြည့် နေလေသည်။

လှေငယ်လေးသည် ဆန်းလျန် ရှေ့တည့်တည့်တွင် ရပ်တန့်သွားပြီး လှေထိုးသမား လူငယ်က ဆန်းလျန်ကို လှေပေါ်သို့ ကြွပါရန် လက်ဟန်ခြေဟန်ဖြင့် ယဉ်ကျေးစွာ ဖိတ်ခေါ်လိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ချင်းယီ... မင်းက ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက် ဖြစ်လာမယ်လို့ ကျုပ်ပြောခဲ့သားပဲ၊ အခုတော့ ကျုပ်ပြောတာ မမှားဘူးမဟုတ်လား"

စုန့်ချင်းယီက...

"ကျုပ်က ကြောက်စရာ ကောင်းတယ်လို့ တခြားသူတွေက

မှတ်ချက်ပြုရင်တော့ ကျုပ်အလေးအနက် ထားခဲ့မှာပဲ၊ ဒါပေမဲ့

ဆန်းလျန်...၊ မင်းက ဒီလိုစကားမျိုး ပြောတာကတော့

ရယ်စရာ ကောင်းလွန်းပါတယ်"

ဆန်းလျန်က ရယ်မောလိုက်ပြီး လှေငယ်ထက်သို့ တက်လိုက်

လေသည်။

လှေငယ်သည် လှေဝမ်းဗိုက်မရှိသလို လှော်တက်များလည်း မ

ရှိပါ။ သို့သော် လေနှင့်လှိုင်းများကို ဖြတ်ကျော်ကာ ခပ်မှန်မှန်

သွားနေလေသည်။ လှိုင်းသံများ အလယ်တွင် မြားတစ်စင်း

အလား ရွက်လွှင့်လျက် ရှိလေသည်။

မြစ်လယ်တစ်နေရာ အရောက်တွင် လှေငယ်သည် ရပ်တန့်

သွားလေသည်။

စုန့်ချင်းယီက လှေငယ်နံဘေး မြစ်လယ်တွင် မှတ်သားထား

သည့် အမှတ်အသားကို လက်ညှိုးထိုး ညွှန်ပြလိုက်ရင်း...

"အဲဒီတုန်းက မင်းရဲ့ ဒြပ်စင်ငါးပါး မှော်ဝင်ဓားကို ကျုပ် ဒီရေအောက်မှာ နှစ်မြှုပ်ထားခဲ့တယ်၊ ဒီညတော့ ဓားက သူ့ရဲ့ပိုင်ရှင်ဆီ သူပြန်သွားရတော့မယ်"

"ကြည့်ရတာ ချင်းယီက တစ်နေ့ကျရင် ကျုပ်ပြန်လာမယ် ဆိုတာ သိနေတဲ့ပုံပဲ"

ဆန်းလျန်က ပြောလိုက်လေသည်။

စုန့်ချင်းယီက လက်နှစ်ချောင်းဖြင့် ရေပြင်ကို တစ်ချက်ထိုးညွှန်လိုက်လေရာ မှော်ဝင်ဓားသည် ရေထဲမှခုန်ထွက်လာပြီး စုန့်ချင်းယီ၏ လက်ပေါ်သို့ ကျရောက်လာလေသည်။

စုန့်ချင်းယီက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"မင်းပြန်မလာပါ စေနဲ့လို့ပဲ ကျုပ်မျှော်လင့်ခဲ့မိတာပါ၊ ဒါပေမဲ့ တစ်ခါတလေ ကျတော့လည်း မျှော်လင့်တဲ့အတိုင်း ဖြစ်မလာတာတွေ ရှိတယ် မဟုတ်လား၊ အချို့ သူတွေအတွက်တော့

အစစအရာရာ ချောမွေ့အဆင်ပြေနိုင်ပေမဲ့ ကျုပ်အတွက်တော့ မဟုတ်ခဲ့ဘူးဗျာ"

ဆန်းလျန်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်ရင်း ကောင်းကင်တံခါး ရေလက်ကြားမှ မြစ်ရေများကို စိုက်ကြည့်နေလေသည်။ မြစ်ရေသည် လရောင်အောက်တွင် တောက်ပလျက် ရှိလေ၏။

ဆန်းလျန်က စုန့်ချင်းယီကို စကားလမ်းကြောင်း လွှဲလိုက်လေသည်။

"အဲဒီစေတီတော်ထဲမှာ ရှောင်ယွီကို ဖမ်းထားပေမဲ့ ရှန်စန်းကျန်းရန်က သူ့ကို ကောင်းကောင်း ဆက်ဆံခဲ့တယ် မဟုတ်လား၊ ဒါပေမဲ့ ရှောင်ယွီက အဲဒီလိုအချုပ်အနှောင် ခံထားရတာကို ကြိုက်မှာမဟုတ်ဘူး၊ လွတ်လပ်ခြင်းကို မြတ်နိုးတဲ့ ရှောင်ယွီအတွက်တော့ အခုလို ချုပ်နှောင်ခံထားရတာ တကယ် နာကျင်ခံစားရမှာပဲ"

စုန့်ချင်းယီက မချိပြုံးတစ်ချက် ပြုံးလိုက်ရင်း...

"ကျုပ်ရဲ့ဆရာက ကျောက်ရှောင်ယွီဟာ မိုးမြေ သတ်မှတ်ထား

တဲ့ ကံတရားကို လက်ခံလာတဲ့အထိ စောင့်ကြည့်နေတာပါ၊ ပြီး

တော့ သူ စိတ်ရှိတိုင်းသာ လျှောက်လုပ်နေရင် သက်ရှိတွေ

အားလုံး ဒုက္ခရောက်ကုန်မှာပေါ့"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒါကြောင့် မိုးကောင်းကင် နိယာမတွေဟာ မပြည့်စုံဘူးလို့

ပြောတာပေါ့၊ တစ်ယောက်ကတော့ အမြဲတမ်း နာကျင်ခံစားရ

စမြဲပဲလေ၊ ဒါပေမဲ့ မင်းတို့ ကျုပ်တို့ ကျင့်စဉ်လမ်းကို လိုက်ခဲ့

ကြတဲ့ အကြောင်းက အဲဒီလို ဒုက္ခတွေခံစားရတာတွေ နည်းပါး

သွားစေဖို့ပဲ မဟုတ်ဘူးလား"

ထိုအချိန်မှာပင် ဒြပ်စင်ငါးပါး မှော်ဝင်ဓားသည် စုန့်ချင်းယီ၏

လက်ထဲမှ ခုန်ထွက်သွားကာ မူလပိုင်ရှင်ထံသို့ ရောက်ရှိ သွား

လေသည်။ ဓားခြိမ်းသံတစ်သံကို ရှင်းလင်းစွာ ကြားလိုက်ရ

လေသည်။

အေးစိမ့်နေသည့် ပတ်ဝန်းကျင်တွင် တေးသွားတစ်ပုဒ် ထွက်

ပေါ်လာသည့် အလား ဖြစ်လေသည်။

တေးသွားမှာ လိုက်ကာထက်မှ ပုလဲလုံးလေးများ၏ အသံ

ကဲ့သို့ သာယာသည့်တိုင် နဂါးတစ်ကောင် ဟိန်းဟောက် လိုက်

သံနှင့်လည်း တူညီလေသည်။ အမှန်တော့ ထိုအသံသည် သေ

ခြင်းနှင့် ရှင်ခြင်းကို ထိန်းချုပ်နိုင်သည့် ဓားတစ်လက်၏

တန်ခိုးစွမ်းအားသာ ဖြစ်လေသည်။

ဆန်းလျန်က....

"ဓား... သွားစမ်း..."

စုန့်ချင်းယီ မတားဆီးလိုက် နိုင်ခင်မှာပင် ဒြပ်စင်ငါးပါး မော်ဝင်

ဓားသည် နဂါးတစ်ကောင်အလား ရှေးဟောင်း စေတီတော်ရှိရာ

သို့ ပျံသန်း ထွက်ခွာ သွားလေတော့သည်။

လရောင်သည် အခိုးအငွေ့များအလား ပျောက်ကွယ်သွားလေသည်။

အဝေးတစ်နေရာတွင် ...

ရှေးဟောင်းစေတီကို ထိုးခုတ်တိုက်ခိုက်နေသည့် သက်တံရောင်စဉ်များ ဖြာလင်းနေသည့် အလင်းတန်းတစ်ခုကို တွေ့မြင်ရမည် ဖြစ်လေသည်။ ရှေးဟောင်းစေတီ ပြိုကျသံကြားလိုက်ရပြီး ပတ်ဝန်းကျင် တစ်ခုလုံးတွင် ဖုံမှုန့်သဲမှုန့်များ ပလူပျံသွားရလေသည်။

ဒြပ်စင်ငါးပါး မှော်ဝင်ဓားသည် သူ၏ သက်တမ်း တစ်လျှောက်တွင် အထူးခြားဆုံးခရီးကို ဖြတ်သန်းခဲ့ပြီး ကံတရားကို ဆန့်ကျင်တိုက်ခိုက်ကာ လောကမှ ပျောက်ကွယ် သွားခဲ့လေသည်။

စုန့်ချင်းယီက နှမြောတသသည့် လေသံဖြင့်...

"အဲဒီဓား နှမြောစရာ ကောင်းလိုက်တာ"

ဆန်းလျန်သည် တိတ်ဆိတ် ငြိမ်သက်နေလေသည်။ သို့သော် ... ဓားကိုတော့ နှမြောသည့်ပုံမပေါ်ပေ။

လုကျိုးယွမ်၏ သိဒ္ဓိအချုပ်အနှောင်သည် အလွန်မှ စွမ်းအား မြင့်မားလွန်းလေသည်။ ဆန်းလျန်သည် လုကျိုးယွမ်နှင့် ရင်ဆိုင်ရန်အတွက် သူ၏ တန်ခိုးစွမ်းအားများကို နားလည် ထားရမည် ဖြစ်လေသည်။ ထို့ကြောင့်ပင် လွန်ခဲ့သည့် နှစ် ထောင်ပေါင်းများစွာက သူတန်ဖိုးထားရသည့် ရတနာဓားကို စတေးခံလိုက်ရခြင်း ဖြစ်လေသည်။ ထိုအချက်က ဒြပ်စင်ငါး ပါး မှော်ဝင်ဓားကို အကောင်းဆုံး အသုံးပြုနိုင်ခဲ့ခြင်း ဖြစ်လေ သည်။

ယနေ့ညတွင် ဆရာဖြစ်သူ ရင်ဆိုင်ရမည့် စိန်ခေါ်မှုသည် အကြီးမားဆုံး စိန်ခေါ်မှုတစ်ခု ဖြစ်တော့မည်ကို စုန့်ချင်းယီ ချက်ချင်းပင် နားလည် သဘောပေါက် လိုက်လေသည်။

လုကျိုးယွမ်သည် နှစ်ထောင်ပေါင်းများစွာ ကြာအောင်
လောကပထမ နတ်ဘုရား ကျောင်းတော်ကြီးတစ်ခုကို
ထိန်းသိမ်း အုပ်ချုပ်နေသည့် ကြောက်မက်ဖွယ်ရာ အရှင်သခင်
တစ်ယောက် ဖြစ်လေသည်။ မရေမတွက်နိုင်အောင် များပြား
သည့် ကျင့်ကြံသူများသည် မြစ်ကိုဖြတ်ကျော်ပြီး လုကျိုးယွမ်
ကို စိန်ခေါ်ရန် ရောက်လာကြစမြဲ ဖြစ်လေသည်။
သို့သော် ထိုကျင့်ကြံသူများ အားလုံးသည် လုကျိုးယွမ်၏
လောက ပထမနေရာကို လုယူနိုင်ခဲ့ခြင်း မရှိကြပါချေ။
ယခုတော့ ဆန်းလျန် ရောက်လာခဲ့ပြီ ဖြစ်လေသည်။
ဆန်းလျန်သည် ကြောက်မက်ဖွယ်ရာ အရှင်သခင်ကြီး တစ်ပါး
ကို စိန်ခေါ်ရန် ရောက်လာသည့် ကျင့်ကြံသူတစ်ယောက်
မဟုတ်ပါ။ ဆန်းလျန် ကိုယ်တိုင်သည်ပင် ကြောက်မက်ဖွယ်ရာ
အရှင်သခင်ကြီးတစ်ပါး ဖြစ်လေသည်။

ဆန်းလျန်သည် သူကိုယ်တိုင် ပြုလုပ်ထားခဲ့သည့် ရတနာဓား
ကို စတေးခံပြီး ရှေးဟောင်းစေတီကို ဖျက်စီးပစ်ခဲ့လေသည်။
ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်သည်
ကြောက်မက်ဖွယ်ရာ လူတစ်ယောက်ကြောင်းကို ငြင်းမရနိုင်
ပေ။ သူသည် ခံစားချက် ပြည့်ဝသည့် နှလုံးသားနှင့် အကြင်နာ
တရားမဲ့သည့် လုပ်ရပ်ကို လုပ်ခဲ့လေသည်။ ထိုအချက်ကို
ကြည့်ခြင်းအားဖြင့် ခံစားချက်များကို အသုံးပြုပြီး ဆန်းလျ
န်၏ နှလုံးသားကို လှုပ်ရှားစေရန် လုပ်ဆောင်၍ မရသည်ကို
တွေ့မြင်ရမည် ဖြစ်လေသည်။
သူတို့ (၂)ယောက်၏ ကာလရှည်ကြာ ခင်မင်ခဲ့မှုကို ဆန်းလျန်
ဘက်မှ အလေးထားလိမ့်မည်ဟု စုန့်ချင်းယီယုံကြည်ခဲ့ မိလေ
သည်။

သို့သော်... ဆန်းလျန်သည်ကား ကောင်းကင်ထက်တွင်သာနေသည့် လပြည့်ဝန်းအလား ပြီးပြည့်စုံလွန်းသူ တစ်ယောက် ဖြစ်နေခဲ့လေသည်။

လှေငယ်လေးသည် ရှမ်ထျန်းနတ်ဘုရားဂိုဏ်းသို့ ဆက်လက်ရွက်လွှင့်လာခဲ့လေသည်။

ခရီးလမ်းတွင် ဆန်းလျန်ရော စုန့်ချင်းယီပါ တိတ်ဆိတ်ငြိမ်သက် နေကြလေသည်။ စုန့်ချင်းယီသည် မည်သည့်စကားပြောရမည်ကို မသိသည့်အတွက် စကားမပြောမိခြင်း ဖြစ်လေသည်။ သို့သော် ... ဆန်းလျန်ကတော့ စကားပြောစရာ မလိုသောကြောင့် မပြောခြင်းသာ ဖြစ်ပါလေ၏။

ရုတ်တရက်ပင်...

လှေငယ်လေးသည် စုန့်ချင်းယီ၏ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်သွားလေသည်။

လှေငယ်လေးသည် ရေမျက်နှာပြင်ထက်မှ ကောင်းကင်ဆီသို့ တဖြည်းဖြည်း ပျံတက်သွားလေတော့သည်။

အခန်း (၆၃၇)လုကျိုးယွမ်နှင့်ဆုံရပြီ

စုန့်ချင်းယီက မချိုပြုံးတစ်ချက်သာ ပြုံးလိုက်နိုင်လေသည်။ ထို့နောက် သူသည် လှေငယ်ဆီမှ ထွက်ခွာ သွားလေတော့သည်။ နောက်ပိုင်း ဖြစ်လာမည့် အဖြစ်အပျက်များတွင် သူ့အနေဖြင့် ပါဝင်ပတ်သက်မည် မဟုတ်တော့ပေ။ တစ်ယောက်က သူချစ်ရသည့် သူငယ်ချင်း၊ တစ်ယောက်ကတော့ သူ၏ ဆရာသခင်...။

သူသည် ဆရာသခင်နှင့်ပိုပြီး နီးစပ်သူဖြစ်လေသည်။

သို့သော်... အခြေအနေ ဆိုးရွားလာပြီ ဆိုလျှင်တောင်မှ သူ့

အနေဖြင့် ဆန်းလျန်ကို တိုက်ခိုက်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် စိတ်အနှောင့်ယှက် အဖြစ်ခံနေမည့်အစား

စောစောစီးစီး ထွက်ခွာသွားသည်မှာ အကောင်းဆုံး ဖြစ်လေ

သည်။

ဆန်းလျန်သည် စုန့်ချင်းယီ ထွက်ခွာသွားသည်ကို ဂရုမစိုက်ပါ။

ပျံသန်းနေသည့် လှေငယ်လေးသည် ရှေးဟောင်းစေတီ

အပျက်အစီးများ ရှိရာဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာလေ

သည်။

သို့သော် ... တောအထပ်ထပ် တောင်အသွယ်သွယ် ကာဆီး

ထားသည့်အလား စေတီရှိရာသို့ မရောက်နိုင် ဖြစ်နေရလေ

သည်။

လုကျိုးယွမ်နှင့် ဆန်းလျန်၏ ထိပ်တိုက် ရင်ဆိုင်မှုသည် အမှန်

တကယ်ပင် စတင်ခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်သည် တန်ခိုးစွမ်းအား မြင့်မားသူများကို ပထမဆုံး

အကြိမ် တွေ့မြင်ဖူးခြင်း မဟုတ်ပါ။ အရင်ကနှင့်ယှဉ်လျှင် သူ

သည် အတွေ့အကြုံများစွာ ရင့်ကျက်ခဲ့ပြီ ဖြစ်လေသည်။

ထို့ပြင် လုကျိုးယွမ်သည် ဟန်အယ်နှင့် ဘုန်းတော်ကြီးရာမ

လောက် တန်ခိုးစွမ်းအား မြင့်မားသူ မဟုတ်ပေ။

ဆန်းလျန်အနေဖြင့် လုကျိုးယွမ်၏ ဗလာနယ်အရန်အတားကို

ဖျက်ဆီးပစ်ရန်အတွက် ခက်ခဲခြင်းမရှိပါ။

ဆန်းလျန်က လေတစ်ချက် ချွန်လိုက်လေရာ သူ၏ ပါးစပ်

အတွင်းမှ မဆုံးမရှိသည့် နဂါးငွေ့တန်း ထွက်ပေါ်လာလေ

သည်။ ရိုးရှင်းသန့်စင်သည့် နဂါးငွေ့တန်း ဓားဝိညာဉ်သည်

လျင်မြန်သည့်အရှိန်ဖြင့် ဗလာနယ်အတွင်းသို့ စီးဆင်း ထွက်ခွာ

သွားလေတော့သည်။

နဂါးငွေ့တန်း ဓားဝိညာဉ်သည် ဆန်းလျှန် ထိန်းချုပ်ထားသည့်

ပျံသန်းနေသည့် လှေငယ်လေးကို ခေါ်ဆောင်သွားလေသည်။

ထက်မြက်လွန်းသည့် အဆုံးမရှိသည့် ဓားဝိညာဉ်သည်

ဗလာနယ်ကို ထိုးဖောက် သွားလေသည်။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် နေဝင်ချိန်မြူခိုးများ ထွက်

ပေါ်လာပြီး နဂါးငွေ့တန်း ဓားဝိညာဉ်ကို ရောင်ပြန်ဟပ်လျက် ရှိ

လေသည်။ အလွန်မှ လှပသည့် မြင်ကွင်းတစ်ခုပင် ဖြစ်

တော့၏။

ထိုဗလာနယ်အတွင်းသို့ အခြားသော ကျင့်ကြံသူများသာ ချိုး

ဖောက်ဝင်ရောက်မည် ဆိုလျှင် ကျိန်းသေ အမှုန့်ဖြစ်သွားရမည်

ဖြစ်လေသည်။ အသက်ရှင်သန်ရန် လမ်းစပင်ရှိမည် မဟုတ်

ပေ။

တောက်ပသည့် ပိုးစတစ်ခုအလား နဂါးငွေ့တန်း ဓားဝိညာဉ်

သည် ရှေးဟောင်းစေတီပျက် ရှိရာသို့ တဖြည်းဖြည်း

ဆင်းသက်လာလေသည်။ နဂါးငွေ့တန်းအဆုံးတွင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ရှည်လျားသည့် ဆံနွယ်များကို ပိုင်ဆိုင်ထားသူ ကျောက်ရှောင်ယွီသည် တိတ်ဆိတ် ငြိမ်သက်စွာဖြင့် မတ်တတ်ရပ်နေလေသည်။

သူမသည် နှစ်ပေါင်းထောင်နှင့် ချီပြီး အချုပ်အနှောင်ခံခဲ့ရပုံပေါ်လေသည်။

လှေငယ်လေးသည် ရုတ်တရက် ရပ်တန့်သွားပြီး ညနေခင်းနှင်းပွင့်လေးအလား ဆန်းလျန်သည် သူမကို ပြုံးပြလိုက်လေသည်။ ထို့နောက်တွင်တော့ ဖန်ဆင်းထားသည့် မြူခိုးများပျောက်ကွယ်သွားပြီး ဆန်းလျန်သည် လှေငယ်လေး ထက်မှတည်ငြိမ်စွာဖြင့် ပျံသန်း ဆင်းသက်လာလေသည်။

ကျောက်ရှောင်ယွီက နူးညံ့သိမ်မွေ့သည့် လေသံလေးဖြင့်...

"ရှင်ရောက်လာပြီလား... ကျွန်မ အရမ်းဝမ်းသာတာပဲ၊ ပြီး
တော့ ရှင်ဖန်ဆင်းထားတဲ့ နေဝင်ချိန်မြူနှင်းတွေ ကောင်းကင်
တစ်ခုလုံး ပြည့်နေတာကိုလည်း အရမ်းသဘောကျတယ်"
ဆန်းလျန်က ကျောက်ရှောင်ယွီ၏ လက်လေးများကို ဆုပ်ကိုင်
ထားလိုက်ရင်း...
"ကျုပ်ဒီနေ့ မင်းအတွက် လက်စားချေပေးပါ့မယ်"
ကျောက်ရှောင်ယွီက သူမ၏လက်လေးဖြင့် နှုတ်ခမ်းများကို
အသာအုပ်ကာ ရယ်မောလိုက်လေသည်။
"အရမ်းလည်း သေချာမနေနဲ့ဦး၊ အဘိုးကြီးလုက တန်ခိုး
စွမ်းအား မြင့်မားလွန်းတယ်"
ထိုအချိန်မှာပင် ဝါးကျောင်းဆောင် အတွင်းမှ လုကျိုးယွမ်၏
ရယ်မောသံ ထွက်ပေါ်လာလေသည်။
"လူ့လောကမှာ အပြောင်းအလဲတွေ အမြဲတမ်း ဖြစ်နေတာပဲ
လေ၊ အချိန်က စီးဆင်းနေသလို အတိတ်နဲ့ ပစ္စုပ္ပန်ဆိုတာ

ဆက်စပ်နေတာပဲ၊ ကျုပ်က အခုတောင် ဆန်းကျန်းရန်ရဲ့ ဓား

ဝိညာဉ်ကို ဘယ်မှာ ခုခံနိုင်ခဲ့လို့လဲ"

ကျောက်ရှောင်ယွီက...

"အဘိုးကြီးလု၊ သူက ကျွန်မအတွက် လက်စားချေပေးမယ်

ပြောတော့ ကျွန်မ ဘယ်လိုပျော်မိမှန်း မသိတော့ပါဘူး၊ အခု

ချိန်ကစပြီး ကျွန်မတို့ နှစ်ဦးနှစ်ဖက် နစ်နာမှုတွေကို ချေလိုက်

ကြရအောင်ပါ၊ ရှင်လည်း ကျွန်မကို အကြွေးမတင်သလို

ကျွန်မလည်း ရှင့်အပေါ် အကြွေးမတင်ပါဘူး"

လုကျိုးယွမ်က...

"ဒါဖြင့်လည်း ကျေးဇူးတင်ပါတယ် ရှောင်ယွီ..."

စကားသံနှင့်အတူ လုကျိုးယွမ်သည် ဝါးကျောင်းဆောင်

အတွင်းမှ ထွက်လာလေသည်။

သူ၏ ဝတ်စား ဆင်ယင်ထားပုံမှာ ပုံမှန်မျှသာ ဖြစ်လေသည်။

ရုပ်ရည်ကတော့ အသက် (၄၀)ပင် မပြည့်သေးသည့် လူတစ်

ယောက်အလား နုပျိုနေလေသည်။ သို့သော် ... သူ့တွင် (၅)လက်မခန့်ရှည်လျားသော မုတ်ဆိတ်မွေးများကို ပိုင်ဆိုင်ထားလေသည်။

သာမန် လူ့လောကထဲတွင်သာ သူ့ကို တွေ့ရမည်ဆိုလျှင် စာပေသင်ကြားပေးသည့် သာမန် ဆရာတစ်ယောက်ဟုသာ ထင်မှတ်မိကြမည် ဖြစ်လေသည်။ လောကပထမ နတ်ဘုရားတစ်ပါးဟု လုံးဝထင်မိကြမည် မဟုတ်ပေ။

ရုတ်တရက်ပင်...

ဝါးကျောင်းဆောင်နှင့် ရှေးဟောင်း စေတီပျက်သည် ပျောက်ကွယ်သွားပြီး ပတ်ဝန်းကျင် တစ်ခုလုံးသည် ရှင်းလင်း သွားလေသည်။ ရွှမ်ထျန်းနတ်ဘုရားဂိုဏ်း တစ်ခုလုံးသည်ပင်လျှင် မျက်စိရှေ့မှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။ စကြဝဠာ အဝေးတစ်နေရာမှ လင်းလက်နေသည့် ကြယ်များကိုသာလျှင် တွေ့မြင်နေရလေသည်။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် ကောင်းကင်အစွန်းထိ တိုင်အောင်

မှောင်မိုက်လျက် ရှိပါလေ၏။

လုကျိုးယွမ်သည် မြင့်မားလွန်းသည့် တန်ခိုးစွမ်းအားကို

အသုံးပြုပြီး မျက်စိတစ်မှတ် အတွင်းမှာပင် သူတို့အားလုံးကို

အာကာသထဲသို့ ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

ထိုသို့ ရုတ်တရက် ထုတ်ဖော်လိုက်သည့် မြင့်မားသည့် တန်ခိုး

စွမ်းအားကို ကြည့်ခြင်းအားဖြင့် လုကျိုးယွမ်မှာ နှစ်

ထောင်ပေါင်းများစွာ ကြာအောင် လောက ပထမနေရာကို ရယူ

ခဲ့သည်မှာ ဖြစ်သင့်ပါလေသည်။

ဆန်းလျန်အတွက်တော့ အာကာသထဲသို့ ဒုတိယအကြိမ်

ရောက်ဖူးခြင်း ဖြစ်လေသည်။

ထူးခြား ဆန်းကြယ်ပြီး မရေမတွက်နိုင်အောင် များပြားသည့်

ကြယ်စင်ရောင် အလင်းတန်းများသည် ဆန်းလျန်ကို ဝန်းရံနေ

လေသည်။

သူ့အနားသို့ ရောက်ရှိလာသည့် ကြယ်စင်ရောင် အလင်းတန်းများကို သူ၏မျက်ခုံး (၂)ခုကြားမှ လောကသစ်တစ်ခုကို ဖွင့်လှစ်မည့် ပြဒါးရှင် သန္ဓေမျိုးစေ့က စုပ်ယူ ပစ်လိုက်လေသည်။ သို့သော် သန္ဓေမျိုးစေ့သည် ထိုစွမ်းအားများကို သိပ်ပြီးကျေနပ်နှစ်သက်ပုံ မရပေ။ ထို့ထက်ပိုပြီး ကောင်းမွန်သည့်အရာများကို စုပ်ယူခဲ့ဖူးသည့်အတွက် အဆင့်နိမ့် စွမ်းအားများကို စုပ်ယူရသည်ကို မကျေနပ်သကဲ့သို့ပင် ဖြစ်နေလေသည်။

သို့သော်... ဆန်းလျန်သည် ထိုအချက်ကို အရေးမစိုက်ပါ။

နှစ်ထောင်ပေါင်းများစွာ ကြာခဲ့ပြီးသည့်နောက်....

ဆန်းလျန်သည် လောကပထမ ရှန်စန်းကျန်းရန် လုကျိုးယွမ်ကို ဆုံတွေ့ခွင့်ရခဲ့ပြီ ဖြစ်လေသည်။

ဆရာဘွားဘွား ချင်းရှောင်းသည် လုကျိုးယွမ်ကို စိန်ခေါ်ချင်ခဲ့သူ ဖြစ်လေသည်။ သို့သော် နောက်ဆုံးတွင် ဆရာဘွားဘွားသည် သူလုပ်ချင်သည့် အလုပ်ကို လုပ်မသွားခဲ့ရရှာပေ။

ယခုတော့ မြေးတပည့်ဖြစ်သူက ဆရာဘွားဘွား မပြည့်ဝခဲ့သည့် ဆန္ဒကို ဖြည်းဆည်းပေးရမည် ဖြစ်လေသည်။

ထို့ပြင် တိုက်ပွဲကွင်းပြင်သည် အာကာသနေရာ ဖြစ်သည့်အတွက် အံ့သြစရာ ကောင်းလွန်းသည့် အတွေ့အကြုံကို ပေးလေသည်။ အဘယ်ကြောင့်ဆိုသော် အာကာသထဲတွင် ဆရာဘွားဘွား သည်လည်း ကျင့်ကြံခြင်းအဆင့် တက်ရောက်နိုင်ခဲ့သည် မဟုတ်ပါလား။

ဆန်းလျန်က...

"တကယ်တော့ ဆန်းလျန်က ရှန်စန်းကျန်းရန်ကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက လေးစားနေခဲ့တာပါ၊ အခုတော့ ဆုံတွေ့ခွင့်ရခဲ့ပြီ ဖြစ်လို့ ဆန်းလျန် အရမ်း ဝမ်းသာမိပါတယ်"

လုကျိုးယွမ်၏ လက်များသည် အကျီလက်ရှည် ဖားဖားထဲတွင် နစ်မြုပ်နေသည့် အတွက် တွေ့မြင်ရခြင်း မရှိပေ။ သူက ဆန်းလျန်ကို စိုက်ကြည့်နေလေသည်။

ထို့နောက် သူက နွေးထွေးသည့် နေရောင်ခြည်အလား ပြုံး လိုက်လေသည်။

"မင်းကို သတိထားမိတာတော့ ကြာပါပြီ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မိုးနဲ့မြေမှာ မင်းလို ပါရမီရှင် တစ်ယောက် မွေးဖွား လာတာ တကယ့်ကို ကံကောင်းတဲ့ အချက်ပါပဲ၊ ဒါပေမဲ့ မင်းက ဒီလောကမှာ အချိန်အကြာကြီး နေမသွားခဲ့ဘူး၊ အဲဒီလိုဖြစ်ရ တာလည်း မင်းရဲ့ ကံတရားပဲထင်ပါရဲ့၊ ဒါကြောင့်လည်း မင်း ကိုကျုပ် ဆက်ပြီး အသက်ရှင်ခွင့် ပေးခဲ့တာပေါ့၊ ပြီးတော့ မင်း နဲ့ ချင်းယီနဲ့ကလည်း သူငယ်ချင်းတွေ မဟုတ်လား၊ သူ စိတ်မ ကောင်းဖြစ်မှာ စိုးလို့ မင်းကို ကျုပ်ဘာမှ မလုပ်ခဲ့တာပါ"

ဆန်းလျန်က ...

"ရှန်စန်းကျန်းရန်က တပည့်တွေအပေါ် တကယ် အလေးထား တာပဲ၊ ဒါကြောင့်လည်း ရွှမ်ထျန်း နတ်ဘုရားဂိုဏ်းဟာ ရှန်စန်း ကျန်းရန် လက်ထက်မှာ အရမ်းကို အောင်မြင်ခဲ့တာပဲ"

လုကျိုးယွမ်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း ...

"လုကျိုးယွမ်သာ တကယ်ကောင်းတယ် ဆိုရင် သူ အစောကြီး ကတည်းက ထွက်သွားသင့်တာပေါ့၊ အခုတော့ ရွှမ်ထျန်း နတ်ဘုရားဂိုဏ်းက ကြီးမားတယ်ဆိုပေမဲ့ တံလျှပ်လို အရိပ်သက်သက်ပါပဲ၊ ကျုပ်တစ်ယောက်တည်း ကြောင့်သာ နာမည်ကြီးနေတာလေ၊ ဒါပေမဲ့ ကျုပ်အဘိုးကြီးက ဒီလမ်းကို လျှောက်ဖို့ ရွေးခဲ့ပြီးမှတော့ နောက်ပြန်လှည့်လို့ မရတော့ဘူးလေ၊ မင်းကိုတွေ့တော့မှ ကျုပ်ဘယ်လောက် မှားယွင်းခဲ့လဲဆိုတာ သိခဲ့ရတယ်"

ဆန်းလျန်က မပီပြင်သည့် အပြုံးတစ်ချက်ကို ပြုံးလိုက်ရင်း ...

"အဲဒီလိုဖြစ်ရတာက ရှန်စန်းကျန်းရန် အနေနဲ့ အဲဒီအချိန်တုန်းက ရွေးချယ်စရာ မရှိခဲ့လို့ ဖြစ်မှာပါ၊ ပြီးတော့ တခြားနည်းလမ်းရှိတယ် ဆိုတာကိုလည်း ရှန်စန်းကျန်းရန် မသိခဲ့လို့ ဖြစ်မှာပါ"

လုကျိုးယွမ်က ...

"အမှန်ပဲ၊ ကဲ... အပိုတွေ ပြောမနေနဲ့တော့၊ မင်းက ဒီလောက

မှာရှိတဲ့ နတ်ဘုရားတွေကို ခေါ်ထုတ်သွားချင်တယ် ဆိုရင်

ကျုပ်ကို အရင်နိုင်အောင် တိုက်ရလိမ့်မယ်၊ ဒီနေ့ ကျုပ်က

လောကနဲ့ တစ်သားတည်း ကျအောင် ပေါင်းစပ်ထားတဲ့

စွမ်းအားတွေနဲ့ မင်းကို တိုက်ခိုက်မှာ မဟုတ်ဘူး၊ ကျုပ်တို့ရဲ့

စစ်မှန်တဲ့ တန်ခိုးစွမ်းအားတွေနဲ့ပဲ တိုက်ခိုက်ကြမယ်၊ မင်း

လျှောက်ခဲ့တဲ့ ကျင့်စဉ်လမ်းက စစ်မှန်တယ်ဆိုရင်

ဘယ်လောက်တောင် တန်ခိုးစွမ်းအားရှိမလဲ ကြည့်ကြတာပေါ့"

ဆန်းလျန်က မျက်လုံးများကို အသာမှေးစင်းလိုက်ရင်း ...

"ဒါဖြင့် တိုက်ခိုက်ရမှာ အားမနာတော့ဘူးနော် ရှန်စန်းကျန်း

ရန်..."

ကျောက်ရှောင်ယွီသည် သူမ ဆုပ်ကိုင်ထားသည့် ဆန်းလျန်၏

လက်လေးများကို အသာလွှတ်ပေး လိုက်လေသည်။

ထိုသူ (၂)ယောက်ကြားတွင် အမုန်းတရား မရှိသည်ကို သူမ

နားလည်ထားလေသည်။

 သို့သော် သူတို့ (၂)ယောက်၏ ဦးတည်ချက်ကတော့ တူညီ

ခြင်းမရှိပေ။ တဖြည်းဖြည်းနှင့် သူတို့(၂)ယောက်အနက်

(၁)ယောက်သည် ရှုံးနိမ့်ရမည် ဖြစ်လေသည်။

သို့သော် မည်သူမှ အရှုံးပေးရန် ဆန္ဒရှိကြမည် မဟုတ်ပေ။

သို့သော် ရှန်စန်းကျန်းရန်သည် ဆန်းလျန်၏ နဂါးငွေ့တန်း ဓား

သိုင်းကို စိုးရိမ်ပုံရလေသည်။ ထို့ကြောင့် ဆန်းလျန်ကို မျှမျှတ

တ ယှဉ်ပြိုင်ရန် အခွင့်အရေးပေးခဲ့ခြင်း ဖြစ်လေသည်။

 ထိုအခါမှသာ ဆန်းလျန် ရှုံးခဲ့လျှင်လည်း လက်ခံနိုင်ဖွယ် ရာ

အရှုံးဖြစ်ပေလိမ့်မည်။

ရှန်စန်းကျန်းရန် ရှုံးခဲ့လျှင်တော့ ဆန်းလျန်ကို

အခွင့်အရေး(၁)ခု ပေးမည် ဖြစ်လေသည်။ သို့သော် … ထို

အခွင့်အရေးသည် (၁)ကြိမ်သာရရှိမည့် အခွင့်အရေး ဖြစ်လေသည်။

လုကျိုးယွမ်သည် လောကနှင့် တစ်သားတည်းကျနေသည့် အခြေအနေကို မှီခိုထားသူ ဖြစ်လေသည်။

ဆန်းလျန်ကတော့ တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူ့အနေဖြင့် ဆန်းလျန်ကို အာကာသထဲသို့ မောင်းထုတ်ရမည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကို အကြောင်းပြချက် မရှိဘဲ တိုက်ရိုက်ကြီး မောင်းထုတ်၍လည်း မရပြန်ပေ။ အဘယ်ကြောင့်ဆိုသော် ရန်ငြိုးမရှိသည့် ကျင့်ကြံသူ(၂)ယောက် ကြားတွင် ထိုသို့ ပြုလုပ်ခြင်းသည် ကောင်းသည့် ရွေးချယ်မှုမဟုတ်ပေ။

ထို့ပြင် ဆန်းလျန်သည် အကန့်အသတ်မဲ့ ဖြစ်နိုင်ချေများကို ပိုင်ဆိုင်ထားသူ ဖြစ်လေသည်။ သတ်လိုက်လျှင်လည်း ပြန်ရောက်လာမည့် သူပင် ဖြစ်လေသည်။

ဆန်းလျန်သည် တိတ်ဆိတ်နေလေသည်။

သူ့အနေဖြင့်ဆိုလျှင်တော့ ရှုံးနိမ့်ခဲ့လျှင်လည်း လုကျိုးယွမ်နှင့်

ရွှမ်ထျန်း နတ်ဘုရားဂိုဏ်းကို ဒုက္ခပေးမည် မဟုတ်ပါ။

ရှန်စန်းကျန်းရန် လုကျိုးယွမ်သည် သူ့ကို ပန်းချီကားကိုလည်း

ပြန်ပေးသည့်အပြင် သူနေထိုင်ရာလောကမှ တန်ခိုးစွမ်းအား

များကို အသုံးမပြုဘဲ မျှမျှတတ တိုက်ခိုက်ရန်လည်း

အခွင့်အရေး ပေးခဲ့လေသည်။

ကျောက်ရှောင်ယီ သည်လည်း ယခင်အချိန်များနှင့် မတူတော့

ပေ။

ယခုနှစ်များ အတွင်းတွင် သူမသည် လုကျိုးယွမ်ထံမှ တာအို

တရားများကို ကြားနာခဲ့ရသည့် အတွက် တန်ခိုးစွမ်းအားများ

တဖြည်းဖြည်း မြင့်တက်လာခဲ့လေသည်။ သူမသည် ထိပ်တန်း

အဆင့် မိုးကောင်းကင် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်

ရောက်နိုင်ခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် သူမသည် လောက၏ အတော်ဆုံး ကျင့်ကြံသူ (၂)ယောက်၏ တိုက်ပွဲကို ကြည့်ရှုရန်အတွက် အရည်အချင်း ပြည့်မီသူတစ်ယောက် ဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် ဆန်းလျန်နှင့် ပတ်သက်လျှင်တော့ ဝေဖန်စရာမရှိခဲ့ပါ။ အတိတ်တစ်ချိန်က ကဲ့သို့ပင် ဆန်းလျန်ကို သူမအနေဖြင့် နားလည်နိုင်စွမ်း မရှိသေးပါ။

လုကျိုးယွမ်သည် သူနေထိုင်ရာလောကမှ တန်ခိုးစွမ်းအားများ ကို မှီခိုနေခြင်း မရှိတော့သည့် လုကျိုးယွမ်ထံမှ ကျယ်ပြန့် သည့် တန်ခိုးစွမ်းအားများကို ကျောက်ရှောင်ယွီ ခံစားရခြင်း မ ရှိတော့ပေ။ လုကျိုးယွမ်သည် သိသိသာသာကြီး ပြောင်းလဲ သွားလေသည်။

လှောင်အိမ်ထဲတွင် အချိန်ကြာမြင့်စွာ ပိတ်လှောင် ခံထားရ သည့် ကျားတစ်ကောင်သည် လှောင်အိမ်ထဲမှ လွတ်မြောက်

သွားသည်နှင့် မာန်မာနကြီးစွာဖြင့် ဟိန်းဟောက်လိုက်သည့် အလားပင် ဖြစ်လေတော့သည်။

အခန်း (၆၃၈) တန်ခိုးစွမ်းအားပြိုင်ကြရာဝယ်

ကျောက်ရှောင်ယွီ ခပ်ဝေးဝေး တစ်နေရာသို့ ထွက်ခွာသွားသည်နှင့် လုကျိုးယွမ်နှင့် ဆန်းလျန်က သူတို့၏တန်ခိုးစွမ်းအားများကို စတင်ထုတ်လွှတ် လိုက်ကြလေတော့သည်။ သူတို့၏အဆင့်တွင် ဝိညာဉ်စွမ်းအား ထိပ်တိုက် ရင်ဆိုင်ရမှုသည် မထင်ရှားတော့ပါ။

ယခုရင်ဆိုင်ရခြင်းသည် တာ့ယန်ဂဏန်း အရေအတွက်ဖြစ်သည့် (၄၉) ကွဲသို့ပင် ဖြစ်လေသည်။ ပျောက်ဆုံးနေသည့် ဟာကွက်တစ်ချက်ကို ရှာတွေ့သူ မည်သူမဆို အနိုင်ရသူအဖြစ် ကြေညာနိုင်မည် ဖြစ်လေသည်။

ထိုသို့မဟုတ်လျှင်တော့ တိုက်ပွဲသည် ရေရှည်ရုန်းကန်ရသည့် တိုက်ပွဲတစ်ခု ဖြစ်သွားပြီး လွတ်လမ်းရှိမည် မဟုတ်ပေ။ ထို့ကြောင့် ရှေးယခင် အချိန်ကတည်းကပင် ထိုက်ယီထျန်းရှန်း အဆင့် နတ်ဘုရားများ၏ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လျှင် အကွက်ချ စီစဉ်ထားတတ်ကြစမြဲ ဖြစ်လေသည်။ ထို့ကြောင့် ရလဒ် မြန်ဆန်ပြီး အဆုံးအဖြတ်လည်း တိကျလေသည်။

ဆန်းလျန်နှင့် လုကျိုးယွမ်တို့ကတော့ တစ်ယောက်နှင့် တစ်ယောက် သိပ်ပြီး တွက်ချက်ထားခြင်း မရှိပေ။ ထို့ပြင် ဆန်းလျန်နှင့် လုကျိုးယွမ်တို့သည် မတူညီသောလမ်းကို လျှောက်လှမ်း

ခဲ့ကြသည့် ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားများ ဖြစ်ကြလေသည်။

လုကျိုးယွမ်သည် လောကတစ်ခု၏ မိုးမြေနှင့်တစ်သားတည်း ပေါင်းစပ်ထားသူ ဖြစ်လေသည်။

ရှင်းရှင်းလင်းလင်း ပြောရမည်ဆိုလျှင် ချင်းရွှမ်နတ်တံခါး တည်ရှိရာ လောကတွင် လုကျိုးယွမ်သည် အဓိကကျသူ တစ်ယောက် ဖြစ်လေသည်။ ဆန်းလျန်သည် စန့်ချင်မူလဝိညာဉ် အမှတ်အသားကို တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားထဲတွင် တံဆိပ်ခတ်နှိပ်ပြီး ထားရစ်ခဲ့သကဲ့သို့ပင် ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါး တည်ရှိရာလောကနှင့် လုကျိုးယွမ်သည် ခွဲခြား၍ မရနိုင်ပေ။ ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ ပေါင်းစပ်နေရမည်ပဲ ဖြစ်လေသည်။

ဆန်းလျန်ကတော့ သူကိုယ်ပိုင် အုပ်ချုပ်ရမည့် လောကတစ်ခု ကို ပိုင်ဆိုင်ထားလေသည်။

ထိုလောကမှာ သူ၏ မျက်ခုံးနှစ်ခုကြားမှ လောကအသစ်ကို ဖွင့်လှစ်မည့် သန္ဓေမျိုးစေ့ ဖြစ်လေသည်။ ထိုသန္ဓေမျိုးစေ့ သည် ဆန်းလျန်အတွက် အလွန်အရေးပါလေသည်။

သို့သော်... ဆန်းလျန်နှင့် ထိုသန္ဓေမျိုးစေ့သည် အဆင့်အတန်း လည်း မတူသလို တစ်သားတည်းလည်း မဟုတ်ပါ။

ဆန်းလျန် လျှောက်လှမ်းသည့် လမ်းစဉ်ဖြင့် ထိုက်ယီထျန်းရှန်း အဆင့် တက်ရောက် နိုင်ခြင်းသည် ကျင့်စဉ်လမ်းတွင် လမ်းမှန် ကို လျှောက်လှမ်းခြင်း ဖြစ်သည်ဟု ပြောဆိုနိုင်လေသည်။ ထို နည်းလမ်းသည် မိုးနှင့်မြေကို ပျက်စီးစေမည့် အခြေခံအချက် များမှ ကင်းလွတ်လေသည်။ လောကကိုလည်း ဝန်ထုပ်ဝန်ပိုး များမှ ကင်းစင်စေလေသည်။

စတင် တိုက်ခိုက်လိုက်သူမှာ လုကျိုးယွမ် ဖြစ်လေသည်။ သူ

သည် လက်နှစ်ဖက်စလုံးကို အသုံးပြုကာ သင်္ကေတတစ်ခုကို

ဖော်ထုတ်လိုက်လေသည်။ သူ၏လက်ဟန်သည် တရုတ်မယ် ဒ

လင်တစ်လက်ကို တီးခတ်နေ သည့်ဟန်ဖြစ်လေသည်။

ချက်ချင်းပင် အာကာသထဲတွင် ကြည်လင်သည့် ကြိုးများဖြင့်

ပြုလုပ်ထားသည့် ပိုက်ကွန်တစ်ခု ပေါ်လာလေသည်။ ထိုပညာ

မှာ ရွှမ်ထျန်းကွန်ရက် တန်ခိုးစွမ်းအား ဖြစ်လေသည်။ လွတ်

လမ်းမရှိသည့် ပိုက်ကွန်တစ်ခုနှင့် ဆင်တူပြီး တန်ခိုးစွမ်းအား

က အဆမတန်မြင့်မားလေသည်။

လုကျိုးယွမ်၏ လျင်မြန်သည့် တိုက်ခိုက်မှုသည် မည်မျှ

လျင်မြန်သည်လည်း ဆိုလျှင် အချိန် တစ်စက္ကန့်ထက်ပင် မပိုခဲ့

ပေ။ အခြားသော နတ်ဘုရားများသာ ဆိုလျှင် ချက်ချင်းပင်

ပိုက်ကွန်အတွင်းသို့ ကျရောက်သွားရမည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကဲ့သို့သော နတ်ဘုရား တစ်ပါးမှာတော့ လောကတွင် ဖြစ်ပျက်သမျှကို သိမြင်နိုင်စွမ်းရှိသူ ဖြစ်သည့် အပြင် ဖြစ်လာမည့် အကြောင်းအရာများ ကိုလည်း ခန့်မှန်းနိုင်လေသည်။ ထို့ကြောင့် လုကျိုးယွမ်၏ တိုက်ခိုက်မှု သည် အရာမထင်ခဲ့ပေ။

ဆန်းလျန် စိတ်အာရုံတစ်ချက် ညွှတ်လိုက်သည်နှင့် အသူရာချောက်တွင် ပြုလုပ်ခဲ့သည့် မရဏဓား ထွက်ပေါ်လာပြီး ရာနှင့်ထောင်နှင့်ချီသည့် ဓားဝိညာဉ် အလင်းတန်းများ ထွက်ပေါ်လာလေသည်။

မရဏဓားသည် ရွှမ်ထျန်းကွန်ရက် တစ်ခုလုံးကို ဖြတ်တောက်ပစ်လိုက်ပြီး စကြဝဠာ တစ်ခုလုံးသည် အဆုံးမရှိ လင်းလက်သွားလေသည်။

အာကာသထဲတွင် လေလည်းမရှိသလို ရေလည်းမရှိပေ။

ဓားဝိညာဉ်သည် အလင်းအလျှင်ဖြင့် အတားအဆီးမရှိ ရွေ့လျားနေလေသည်။ ဓား၏အလျှင်သည် စိတ်ထက်ပင် လျင်မြန်နေပြီး တန်ခိုးစွမ်းအား သိပ်သည်းမှုကလည်း အမြင့်ဆုံးတွင် ရောက်ရှိနေလေသည်။

ရွှမ်ထျန်းကွန်ရက်မှာ လုကျိုးယွမ် စုစည်းထားသည့် မိုးမြေမီး စွမ်းအား အနှစ်သာရဖြင့် ဖန်ဆင်းထားခြင်း ဖြစ်လေသည်။ ထို အရာသည် စွမ်းအား ဖွဲ့စည်းမှုတစ်ခုကို ဆောင်ယူထားခြင်း ဖြစ်ပြီး ပြင်းထန်သည့် အင်းသင်္ကေတနှင့် မှော်ဝင်ပစ္စည်း တူရိယာတစ်ခုကဲ့သို့ ကောင်းမွန် မာကျောလေသည်။

သို့သော် ဆန်းလျန်၏ ထိုက်ယီထျန်းရှန်း တန်ခိုးစွမ်းအားများ ဖြင့် ပြည့်နေသည့် မရဏဓားနှင့် ရင်ဆိုင်လိုက်ရသည့် အခါ မ လွှဲမရှောင်သာ ရှုံးနိမ့်သွားခဲ့ရလေသည်။

ရွှမ်ထျန်းကွန်ရက် ပျက်စီးသွားသည်နှင့် ပိုက်ကွန် အပိုင်းအစ များသည် ပြိုကျလာသည့် နဂါးငွေ့တန်းကဲ့သို့ပင် အဆုံးမသတ်နိုင်တော့ပေ။

သတ်ဖြတ်လိုသည့် အငွေ့အသက်များသည် လုကျိုးယွမ်ဆီသို့ ဦးတည်နေလေသည်။ ပိုက်ကွန် အပိုင်းအစများသည် လုကျိုးယွမ်၏ မူလဝိညာဉ်ခန္ဓာကိုသာ ထိခိုက်နိုင်မည်ဆိုလျှင် သူ၏ ရုပ်နှင့်ဝိညာဉ်နှစ်ခုစလုံး ပြိုကျ ပျက်စီးသွားရမည် ဖြစ်လေသည်။

မရဏစားး၏ ထက်မြက်မှုသည် ချင်းရွှမ်နတ်တံခါး တည်ရှိရာလောကမှ မည်သည့်နတ်ဘုရားကို မဆို ဖျက်ဆီးပစ်နိုင်လေသည်။ သူတို့အားလုံးကို သံသရာလည်ခြင်းဘုံသို့ ပို့ဆောင်ပေးနိုင်လေသည်။

သို့သော်... လုကျိုးယွမ်၏ ဝိညာဉ်စွမ်းအားသည် နတ်ဘုရားတစ်ပါးကိုပင် ကျော်လွန်နေလေသည်။ ဆန်းလျန် တိုက်ခိုက်မှု

မပြုခင်ကပင် သူသည် စိတ်အာရုံဖြင့် သိရှိခဲ့ပြီး ဖြစ်လေ

သည်။

ထိုခဏမှာပင်... လုကျိုးယွမ်ဆီမှ ဓားဝိညာဉ်တစ်ခု ထွက်

ပေါ်လာလေသည်။ ဓားဝိညာဉ်သည် တိမ်နှင့်ရေများကဲ့သို့

အခိုးအငွေ့များ ဖြစ်နေလေသည်။ ဓားဝိညာဉ်လှိုင်းများက

အကာအကွယ် စည်းတစ်ခုအလား ပတ်ဝန်းကျင်ကို ဖုံးလွှမ်း

သွားလေသည်။

ဓားဝိညာဉ် (၂)ခု ထိခတ်မိသံ ထွက်ပေါ်လာလေသည်။

အာကာသထဲတွင် လှိုင်းများ ထသွားလေသည်။ ကောင်းကင်

ကို ဖြတ်သန်းသွားသည့် ဥက္ကာပျံအလား ဓားရောင်များလည်း

လင်းလက် တောက်ပသွားလေသည်။

လုကျိုးယွမ်၏ ဓားသိုင်းသည် အဆုံးမရှိသည့် ထိပ်တန်းဓား

သိုင်းတစ်ခု ဖြစ်လေသည်။ ဆန်းလျန်နှင့် ရင်ဆိုင်ခဲ့ဖူး သည့်

ဓားတန်ခိုးရှင်များထက် အဆင့်နိမ့်ခြင်းမရှိပေ။

လုကျိုးယွမ်၏ ဓားသိုင်းထက် အဆင့်မြင့်သည့် ဓားသိုင်းဆို၍ ဂိုဏ်းတူအစ်ကို ချန်ကျန့်မေ၏ အနတ္တဓားသာလျှင် ရှိနိုင်လေသည်။

သို့သော် ... ဆန်းလျန်သည် စိတ်အာရုံ ပျံ့လွင့်မသွားခဲ့ပါ။ လောကပထမ ကျင့်ကြံသူအား အနိုင်ယူရန်အတွက် စိတ်အာရုံ စူးစိုက်ထားလေသည်။

သူ၏ မရဏဓားသည် အနတ္တဓားလောက် ထက်မြက်ခြင်း မရှိသော်လည်း ထိပ်တန်းဓားတစ်လက် ဖြစ်လေသည်။ ဆန်းလျန်၏ စိတ်ဆန္ဒအတိုင်း လိုသလို စေခိုင်းနိုင်သည့် ဓားတစ်လက် ဖြစ်လေသည်။

ထိုသို့ဖြင့်... လုကျိုးယွမ်၏ ဓားသိုင်းက ကောင်းမွန်သည့်တိုင် တဖြည်းဖြည်း နောက်ဆုတ် ပေးလာရလေသည်။

သူတို့(၂)ဦးသည် အာကာသထဲတွင် သူတို့၏ ဓားသိုင်းများကို အစွမ်းကုန်ထုတ်ကာ တိုက်ခိုက် နေခဲ့ကြလေသည်။

ဓားသိုင်းဖြန့်ကြက်ဟန်၊ ဓားသိုင်း လှည့်ပတ်ဟန်၊ ဓားသိုင်း ထိုးခုတ်ဟန်များသည် ကျင့်စဉ်လမ်းအဆင့် (၉)ဆင့် တက်လှမ်းမည့် သူများအတွက် လုံလောက်သည့် အတွေ့အကြုံများကို ရရှိစေမည် ဖြစ်လေသည်။

သိပ်မကြာမီ အချိန်တွင် သူတို့သည် တိုက်ခိုက်ရင်းဖြင့် ကြီးမားသည့် ဥက္ကာခဲအစုအဝေးကြီး အတွင်းသို့ ချိုးဖျက် ဝင်ရောက် လာကြလေသည်။ ဥက္ကာခဲကြီးများမှာ တောင်များအလား ကြီးမား လွန်းလှလေသည်။ သေးငယ်သည်ဟု ပြောနိုင်သည့် ဥက္ကာခဲများသည်ပင်လျှင် ပေ (၃၀၀)ကျော် ရှည်လျားလေသည်။

သူတို့ (၂)ယောက်သည် ဥက္ကာခဲများကြားတွင် ဟိုမှဒီမှ သွားလာတိုက်ခိုက် နေကြလေသည်။

နှစ်ယောက်စလုံး၏ ဓားသိုင်းမှာ စံနမူနာယူစရာ ကောင်းလောက်အောင် ထက်မြက်လှပြီး ပြိုင်ဘက်ရန်သူ၏ ဟာကွက်

ရှိရာ နေရာကို အပြန်အလှန် ထိုးနှက် တိုက်ခိုက်နေကြလေ
သည်။

ဥက္ကာခဲ အစုအဝေးကြီးကို ဖြတ်သန်းသွားပြီးသည့် အခါတွင်
တော့ ဥက္ကာခဲ အစုအဝေးတစ်ခုလုံးမှာ အပိုင်းအစများ အဖြစ်
ပေါက်ကွဲထွက်သွား ကြလေတော့သည်။

ဥက္ကာခဲ အပိုင်းအစများသည် လျင်မြန်စွာ လွင့်မျော သွားကြ
လေသည်။

ကျောက်ရှောင်ယွီ ကလည်း ဥက္ကာခဲ အပိုင်းအစများ ကြားထဲ
တွင် ပျံသန်းရင်း သူတို့ (၂)ယောက်၏ တိုက်ပွဲကို လိုက်ပါ
ကြည့်ရှုနေလေသည်။

ဆန်းလျန်သည် လုကျိုးယွမ်ထက် ဓားရေး သာလွန်သည့်တိုင်
လုကျိုးယွမ်ကို အနိုင်ရရန်မှာ လွယ်ကူသည့်ကိစ္စတော့ မဟုတ်
ပေ။

ရုတ်တရက်ပင် ကျောက်ရှောင်ယွီသည် အလွန် အံ့အားသင့်သွားပြီး မျက်လုံးများကိုပင် မှိတ်လိုက်မိလေသည်။

သွေးနီရောင် မရဏဓားတစ်လက်သည် ဆန်းလျန်၏ လက်ထဲတွင် ထွက်ပေါ်လာလေသည်။ ထိုဓားသည် ချန်ကျန့်မေ ထားရစ်ခဲ့သည့် အနတ္တဓား ဖြစ်လေသည်။

ဓားရှည်သည် ဗလာနယ်ကို ထိုးဖောက်နေပြီး မြင့်မားသည့် တန်ခိုး စွမ်းအားများလည်း ထွက်ပေါ်လျက် ရှိလေသည်။ ဓားမှ အနက်ရောင်နှင့် အဖြူရောင် ရောင်ခြည် (၂)ခုလည်း ထွက်ပေါ်နေလေသည်။

လုကျိုးယွမ်ကို သတ်ဖြတ်ပစ်ရန် အတွက် တန်ခိုးစွမ်းအားများ လှည့်ပတ်နေပြီး ထိုဓားကို မည်သူကမှ တားဆီးနိုင်မည် မဟုတ်ပေ။

လုကျိုးယွမ်၏ မျက်နှာအမူအရာ ပြောင်းလဲသွားလေသည်။

သွေးနီရောင်ဓားသည် ပညာသားပါပြီး ပြီးပြည့်စုံနေသလို

အခြေခံကျသည့် ဓားတစ်လက်လည်း ဖြစ်လေသည်။

အကယ်၍ ထိုဓားကိုသာ ဓားသိုင်းကျင့်စဉ် တစ်ခုအဖြစ်

ပြောင်းလဲပစ်နိုင်မည် ဆိုလျှင် နတ်ဘုရားဂိုဏ်း တစ်ဂိုဏ်းကို

ပင် တည်ထောင်နိုင်သည့် အဖိုးအတန်ဆုံး တာအိုကျမ်းစာတစ်

ခု ဖြစ်လာနိုင်လေသည်။ ထိုဓားသည် မိုးကောင်းကင် နတ်

ဘုရားတစ်ပါးနှင့် အဆင့်ညီမျှလေသည်။

သို့သော် ... လုကျိုးယွမ်သည် လုကျိုးယွမ်သာ ဖြစ်လေသည်။

နောက်ဆုံးတော့ လောကပထမဆိုသည့် တန်ခိုးစွမ်းအား

အစစ်အမှန်ကို ထုတ်ဖော် ပြသခဲ့လေသည်။ သူ၏ဦးခေါင်း

ထက်မှ ရောင်စဉ်(၅)မျိုး ဖြာလင်းနေသည့် တိမ်တိုက်တစ်ခု

ထွက်ပေါ်လာလေသည်။ ထိုတိမ်တိုက်သည် အသက်ဓာတ်

စွမ်းအား ပြည့်ဝနေပြီး ထူးဆန်းသည့် အင်းသင်္ကေတ တစ်ခု

နှင့် ဆင်တူလေသည်။

ထောင်နှင့် သောင်းနှင့်ချီသည့် နတ်ဘုရား အလင်းတန်းများ ဖြာထွက်လာပြီး လုကျိုးယွမ်ကို ဖုံးလွှမ်းသွားလေသည်။

အလင်းတန်းများနှင့် ထိမိသည့် အာကာသထဲမှ မည်သည့် ဥက္ကာပျံကိုမဆို ချက်ချင်း ပြိုကွဲပျက်စီးစေပြီး အမှုန့်အဖြစ်သို့ ပြောင်းလဲ ပစ်လိုက်လေသည်။

အင်းသင်္ကေတသည် သူ၏ တစ်ကိုယ်လုံးကို ကာကွယ်ပေး ထားသည့် အတွက် ဆန်းလျန်၏ မရဏာဓားသည် ထိုးဖောက်မ ရ ဖြစ်နေရလေသည်။

ထိုအင်းသင်္ကေတ များသည် နှစ်ထောင်ပေါင်းများစွာ ကြာမြင့် နေသည့် သင်္ကေတများဖြစ်ပြီး အချို့ဆိုလျှင် နှစ်ပေါင်း သောင်းနှင့်ပင် ချီနိုင်လေသည်။

ချင်းရှမ်တည်ရှိရာ ကမ္ဘာလောကကြီးမှ အကောင်းဆုံးသော အင်းသင်္ကေတများကို လုကျိုးယွမ် တစ်ယောက်တည်း စုဆောင်းထားသည်ဟု ထင်မှတ်စရာပင် ဖြစ်လေသည်။

ဆန်းလျန်က တစ်ချက် ရယ်မောလိုက်ရင်း စိတ်စွမ်းအားဖြင့် လုကျိုးယွမ်ကို ဆက်သွယ် စကားပြောလိုက်လေသည်။

“လုဘိုးဘိုးက မရှုံးနိုင်တဲ့မြေပြင်ကို တည်ဆောက်ပြီး ဆန်းလျန်ကို အနိုင်ယူဖို့ ကြံစည်နေတာလား၊ ဆန်းလျန် သဘောမတူနိုင်တာ ခွင့်လွှတ်ပေးပါ”

ထိုစကားကို ကြားလိုက်သည်နှင့် လုကျိုးယွမ်၏ စိတ်ဝိညာဉ်သည် တစ်ချက် လှုပ်ရှား သွားလေသည်။

ထိုခဏအတွင်းမှာပင် ဆန်းလျန်ဆီမှ ပန်းချီကား အလိပ်တစ်လိပ်သည် လုကျိုးယွမ်ရှိရာသို့ နဂါးငွေ့တန်းအလား ပျံသန်းထွက်ခွာသွားလေသည်။

ပန်းချီကားကို အနီးကပ်ကြည့်မည် ဆိုလျှင် နဂါးငွေ့တန်းကဲ့သို့ တောက်ပနေပြီး ပန်းချီကားထဲတွင် မြစ်ရေနှင့်တောင်များကို တွေ့မြင်ရလေသည်။ အခြားသော မိုးမြေလောကသစ် တစ်ခု ဖြစ်တည်လာသည့် အလား ထင်မှတ်ရလေသည်။

စကားတစ်ခွန်းမှ မဆိုဘဲ ဆန်းလျှန်သည် လုကျိုးယွမ်ကို တိုက်ခိုက်ရန်အတွက် တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားကို အသုံးပြုလိုက်ပြီး ဖြစ်လေသည်။ ပန်းချီကားသည် လုကျိုးယွမ်ဆီသို့ ရောက်ရှိသွားလေသည်။ လုကျိုးယွမ်၏ အင်းသင်္ကေတများသည် မည်မျှပင် တန်ခိုးစွမ်းအား မြင့်မားပါစေ တောင်နှင့်မြစ်ရေ ပန်းချီကားလောက်တော့ တန်ခိုးစွမ်းအား မြင့်မားနိုင်မည် မဟုတ်ပေ။

ပန်းချီကား ထွက်ပေါ်လာသည်နှင့် လုကျိုးယွမ်၏ အင်းသင်္ကေတများသည် ချက်ချင်းပင် အမှုန့်ဖြစ်သွား ရလေတော့သည်။

အခန်း (၆၃၉) ဘယ်အရာကမှ ရှင်နဲ့နှိုင်းယှဉ်လို့မရပါဘူး

တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားမှ တန်ခိုး

စွမ်းအားများသည် လုကျိုးယွမ် မျှော်လင့်ထားသည်ထက်

ကျော်လွန်နေလေသည်။ ဆန်းလျန်သည် တာအိုဆရာသခင် ထို

က်ယီ၏ အာရုံစိုက်ခံရမှုကို ရရှိလိမ့်မည်ဟု လုကျိုးယွမ် လုံးဝ

တွေးမထားခဲ့မိပေ။ ဆန်းလျန်သည် ဖြစ်တည် မလာသေးသည့်

ပန်းချီကားထဲမှ လောကကို ပြီးပြည့်စုံ စေခဲ့လေသည်။

အင်းသကော်တများသည် အလင်းတန်းများ ဖြာလင်းနေပြီး

တစ်ခုပြီးတစ်ခု ပျက်စီး ကုန်ကြလေသည်။ အင်းသကော်တ

စက်ဝန်းသည် လုကျိုးယွမ်၏ ပတ်ပတ်လည်တွင် ဝန်းရံလျက်

ရှိလေသည်။

ဆန်းလျန်က ရပ်တန့်ခြင်း မရှိသရွေ့ သူသည် အင်းသကော်တ

များသည် ဖျက်ဆီးခံနေရမည် ဖြစ်လေသည်။ ထိုအချိန် သို့

သာရောက်လာလျှင် ဂုဏ်သိက္ခာအားလုံး အမှန်ပင် ဆုံးရှုံးရမည် ဖြစ်လေသည်။

သူနေထိုင်ရာ လောကသို့ ပြန်ရောက်လျှင်တော့ သူ၏ တန်ခိုးစွမ်းအားများသည် ဆန်းလျန်ကို အနိုင်ယူနိုင်မည် ဖြစ်လေသည်။ သူနေထိုင်ရာ လောကတစ်ခုလုံး သုတ်သင်ရှင်းလင်းခြင်း မခံရသရွေ့ သူ့ကိုလည်း မည်သူမှ အနိုင်ယူနိုင်မည်မဟုတ်ပေ။

သို့သော် ... လုကျိုးယွမ်သည် ထိုသို့ မပြုလုပ်ခဲ့ပါ။

သူက စိတ်စွမ်းအင်ကို အသုံးပြုပြီး ဆန်းလျန်ကို ဆက်သွယ်စကား ပြောလိုက်လေသည်။

“ဆန်းကျန်းရန်၊ ကျုပ်ရှုံးတယ်ဆိုတာ ဝန်ခံပါတယ်”

ထိုစကားကို ကြားသည်နှင့် ဆန်းလျန်က ပြုံးလိုက်ရင်း...

“ရှန်စန်းကျန်းရန်က အရှုံးပေးလိုက်ပြီပေါ့...”

ဆန်းလျှန်သည် ပန်းချီကားကို ချက်ချင်း ရုပ်သိမ်းလိုက်လေသည်။

တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားကို ထိန်းချုပ်ရသည်မှာ မည်မျှခက်ခဲသည်ကို ဆန်းလျှန်တစ်ယောက်သာ နားလည်လေသည်။ ထိုပန်းချီကားကို ခဏတာ အသုံးပြုခြင်းကပင် သူ၏ မူလဝိညာဉ်ခန္ဓာတွင် သိုမှီးထားသည့် တန်ခိုးစွမ်းအား အနည်းငယ် ကုန်ဆုံး သွားခဲ့ရလေသည်။

သို့သော် ... ထိုကိစ္စသည် ဖြစ်လာရမည့်ကိစ္စသာ ဖြစ်လေသည်။

တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားသည် လောကငယ်တစ်ခု ဖြစ်လေသည်။ ပန်းချီကား၏ အလေးချိန်သည် ကျော်ကြားသည့် တောင်များနှင့် မြစ်များကိုပင် ဖိနှိပ်နိုင်စွမ်း ရှိလေသည်။

ထိုကဲ့သို့သော ပန်းချီကားမျိုးကို ဆန်းလျန်က လွယ်လွယ်နှင့် ထိန်းချုပ်ရန်မှာ မည်သို့မှ မဖြစ်နိုင်သည့် ကိစ္စပင် ဖြစ်လေသည်။

လုကျိုးယွမ်သည်လည်း ထိုအချက်ကို တွေးမိမည်ပဲ ဖြစ်လေသည်။

သို့သော်... သူက ဆန်းလျန် တန်ခိုးစွမ်းအားများ ကုန်ဆုံးသည်အထိ တောင့်ခံထားနိုင်မည် မဟုတ်ပေ။

ထို့ပြင် ဆန်းလျန်ကလည်း သူ၏ အရန်အတား အင်းသင်္ကေတများကို ဖျက်ဆီးပစ်ခဲ့လေသည်။ သူ့အနေဖြင့် အသက်အသေခံပြီး ဆန်းလျန်ကို အနိုင်ယူ တိုက်ခိုက်စရာ အကြောင်း မရှိပေ။

အမှန်တော့ ဆန်းလျန်သည် အခြားလောကတစ်ခုကို တိုက်ခိုက်ရန်အတွက် သူနေထိုင်ရာ လောကမှ နတ်ဘုရား အချို့ကို ခေါ်ဆောင်သွားလိုခြင်းသာ ဖြစ်လေသည်။ ဆန်းလျန်က သူ

နေထိုင်ရာ လောကကို ဖျက်ဆီးပစ်လိုစိတ်မရှိ သရွေ့ သူက ဆန်းလျန်ကို ရန်သူအဖြစ် မသတ်မှတ်နိုင်ပါ။

သူ ရှုံးနိမ့်ခဲ့ရသည့်တိုင် ထိုအရှုံးကို လက်မခံနိုင်စရာ မရှိခဲ့ပါ။ ထို့ကြောင့် နတ်ဘုရားတစ်ပါး ပီသစွာဖြင့် အချိန်တိုလေး အတွင်းမှာပင် အရှုံးပေးရန် ဆုံးဖြတ်ချက် ချလိုက်ခြင်း ဖြစ်လေသည်။

ချင်းရွှမ်နတ်တံခါး တည်ရှိရာ လောကသို့သာ ပြန်ရောက်သွားလျှင် ဆန်းလျန်အနေဖြင့် လုကျိုးယွမ်ကို အနိုင်ရနိုင်တော့မည် မဟုတ်ပေ။ သို့သော်... သူတို့အဆင့် နတ်ဘုရားများသည် အကြောင်းမရှိဘဲ သူသေကိုယ်သေ တိုက်ခိုက်ရန် မလိုအပ်လှပါချေ။

လုကျိုးယွမ်သည် နတ်ဘုရား အလင်းတန်းများဖြင့် သူ့ကိုယ်သူ ကာကွယ်ထားဆဲ ဖြစ်လေသည်။ အင်းသင်္ကေတများမှာ

ပျက်စီးသွားပြီ ဖြစ်သော်လည်း စစ်မှန်သည့် အင်းပညာ

သဘော သဘာဝကတော့ ကျန်ရစ်နေဆဲ ဖြစ်လေသည်။

သူနေထိုင်ရာ လောကသို့ ပြန်ရောက်မှသာ အချိန်ယူပြီး

ပြန်လည် ပြင်ဆင်ရမည် ဖြစ်လေသည်။ ထို့ကြောင့် သူက

ပျက်စီးသွားသည့် အင်းသင်္ကေတများကို နတ်ဘုရား

အလင်းတန်းအဖြစ် ဖန်ဆင်းကာ အကာအကွယ် ယူထားခြင်း

ဖြစ်လေသည်။

လုကျိုးယွမ်က သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ကျင့်စဉ်လမ်း အောင်မြင်ပြီးကတည်းက ကျုပ်ဘဝမှာ ပထမ

ဆုံးအကြိမ် ရှုံးနိမ့်ဖူးတာပဲ၊ တကယ့်ကို အတွေ့အကြုံကောင်း

တစ်ခုပါပဲ၊ ကျုပ်သာ အဲဒီလောကထဲက လွတ်မြောက်တဲ့

တစ်နေ့ကျရင် ဆန်းကျန်းရန်ကို တကယ်ပဲ ကျေးဇူးတင်မိမှာ

ပါ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ရှန်စန်းကျန်းရန်သာ အဲဒီလိုလုပ်နိုင်မယ် ဆိုရင် ဆန်းလျန် ဘယ်နေရာမှာပဲ ရောက်နေပါစေ အကြောင်းကြား ဖြစ်အောင် ကြားလိုက်ပါ၊ ရှန်စန်းကျန်းရန်ကို ဆန်းလျန် လာရောက် ဂါရဝ ပြုပါ့မယ်"

လုကျိုးယွမ်က ရယ်မောလိုက်ရင်း...

"အဲဒီအချိန်ကျရင်တော့ မင်းကို ရှုံးနိမ့်ရတဲ့ အရသာလေး မြည်းခိုင်းရတာပေါ့"

ဆန်းလျန်က...

"အဲဒီလိုဖြစ်လာခွင့် မကြုံမှာပဲ ဆန်းလျန် စိတ်ပူမိပါတယ်"

လုကျိုးယွမ်က ပြုံးလိုက်ပြီး ဆန်းလျန်ရှေ့မှ ပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှာပင် ကျောက်ရှောင်ယွီသည် ဆန်းလျန်ရှေ့တွင် ပေါ်လာလေသည်။

သူမက ဆန်းလျန်အနားသို့ ရောက်လာပြီး...

“ကျွန်မ ရှင့်ကိုစတွေ့တဲ့ အချိန်တုန်းက ရှင်ဟာ တစ်နေ့မှာ လု

ကျိုးယွမ်ကို အနိုင်ယူလိမ့်မယ်လို့ ထင်မထားခဲ့မိဘူး၊ ကျွန်မရဲ့

ဂိုဏ်းတူအစ်မသာ လောကမှာရှိသေးရင် ဒီသတင်းကြားရင်

အရမ်းဝမ်းသာမှာပဲ”

ကျောက်ရှောင်ယွီ၏ ဂိုဏ်းတူအစ်မသည် လုကျိုးယွမ်ကို

အလွန်မုန်းတီးသူ ဖြစ်လေသည်။ သို့သော် သူမသည်

နောက်ဆုံးအချိန်ထိ လုကျိုးယွမ်ကို လက်စား မချေခဲ့နိုင်ရှာ

ပေ။ လုကျိုးယွမ်ကို မပြောပါနှင့်။ လုကျိုးယွမ်၏ တပည့်ကို

ပင် အနိုင်ရအောင် မတိုက်ခိုက်နိုင်ခဲ့ပေ။

ဆန်းလျန်က…

“ရှန်စန်းကျန်းရန်က သိပ်ရုပ်မပျက်ချင်လို့ ကျုပ်ကို အ

လျှော့ပေးလိုက်တာပါ၊ ဒါပေမဲ့ သူနေထိုင်တဲ့ လောကထဲမှာသာ

သူနဲ့ကျုပ်နဲ့ တိုက်ခိုက်ခဲ့ရင် တိုက်ပွဲရလဒ်က တစ်မျိုး ပြောင်း

သွားနိုင်တယ်”

ကျောက်ရှောင်ယွီက…

“ဒါပေမဲ့ ကျွန်မဆိုရင်လည်း ကိုယ့်အိမ်မှာတော့ တိုက်ခိုက်မှာ မဟုတ်ဘူးလေ၊ ကိုယ့်အိမ်ပျက်စီးမှာတော့ ဘယ်သူက အရေး မထားဘဲ နေမှာလဲ …”

ဆန်းလျန်က ရယ်မောလိုက်ရင်း…

“အမှန်ပါပဲဗျာ…”

ထို့နောက်… သူတို့ (၂)ယောက်သည် ခေတ္တခဏ တိတ်ဆိတ် သွားကြလေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် လက်ချင်းတွဲလိုက်ပြီး အဝေးဆီမှ ကြယ်စင်များကို ငေးကြည့် နေကြလေသည်။

နက်ရှိုင်းသည့် စကြဝဠာထဲတွင် ကြယ်စင်များသည် လှပလွန်း လှလေသည်။ ဤကဲ့သို့သော အချိန်မျိုးသည် အလွန်မှ အဖိုးတန်လှပါလေ၏။

ရုတ်တရက် ကျောက်ရှောင်ယွီက စကားပြောလိုက်လေသည်။

“ဒီအချိန်လေးကိုပဲ အမြဲထာဝရ ပိုင်ဆိုင်ရရင် အရမ်းကောင်းမှာပဲ”

ထို့နောက် ဆန်းလျန် စကားပြန်မပြောခင်မှာပင် ကျောက်ရှောင်ယွီက ထပ်ပြောလိုက်လေသည်။

“အရင်တုန်းကဆိုရင် ရှင် ကျွန်မကို မကူညီခဲ့ဘူးနော်၊ အခုတော့ ကျွန်မကို ကယ်တင်ပေးခဲ့တယ်၊ ကျွန်မ အရမ်းပျော်တာပဲ၊ ဒါပေမဲ့လေ … ရှောင်ယွီ နောက်ထပ် အကူအညီ တစ်ခုလောက် တောင်းပါရစေဦး”

ဆန်းလျန်က…

“ကျုပ်က မင်းကို ဘယ်တုန်းက ငြင်းရက်နိုင်ခဲ့လို့လဲဗျာ…”

ကျောက်ရှောင်ယွီက…

“ဒါပေမဲ့ ရှင်က ကျွန်မကို မတတ်သာလို့ လိုက်လျောနေခဲ့ရတယ် ဆိုတာ ကျွန်မသိပါတယ်”

ဆန်းလျန်သည် တိတ်ဆိတ် ငြိမ်သက်နေလေသည်။

အမှန်တော့ ကျောက်ရှောင်ယွီသည် အခြားသူများထက် သူ့ကို နားလည်နိုင်သူ တစ်ယောက် ဖြစ်လေသည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

“ဒါပေမဲ့ အကူအညီမတောင်းခင် ကျွန်မပြောချင်တာ တစ်ခုက အခု ကျွန်မ သေရမယ်ဆိုရင်တောင် သေပျော်ပါပြီရှင်၊ ဘာလို့လဲဆိုတော့ ရှင်အခု ကျွန်မကို ပြောနေတဲ့ စကားတွေက အမှန်တွေမဟုတ်ဘူး ဆိုရင်တောင် တခြားသူတွေကို ပြောလေ့မရှိတဲ့ စကားမျိုးတွေ ဖြစ်နေလို့လေ၊ အဲဒါကြောင့် ဆန်းလျန်ရဲ့ ရင်ထဲမှာ ကျောက်ရှောင်ယွီအတွက် နေရာတစ်နေရာ ရှိနေခဲ့တယ်ဆိုတာ သိခဲ့ရပါပြီ”

ဆန်းလျန်က စကားပြောရန် ပြင်လိုက်ပြီးမှ မပြောဖြစ်တော့ပေ။ အချို့သော အကြောင်းအရာများက မပြောလိုက်ရသည်က ပင် ပိုကောင်းသည် မဟုတ်ပါလား။

ကျောက်ရှောင်ယွီက...

"ဟုတ်ပါပြီ၊ ကျွန်မတောင်းချင်တဲ့ အကူအညီက ကျွန်မတို့နေ
တဲ့ လောကကို ပြန်ရောက်ရင် ကျွန်မကို နည်းနည်းလောက်
အဖော်ပြုပေးဖို့ပါ၊ ဘာလို့လဲဆိုတော့ အချိန်အကြာကြီး
တစ်ယောက်တည်း ချုပ်နှောင်ခံထားရတာ အရမ်းပျင်းနေပြီ"
သူမ၏စကားကို ဆန်းလျန်က ခေါင်းညိတ် သဘောတူလိုက်
လေသည်။

ထို့နောက် သူတို့ (၂)ယောက်သည် ရေစီးကြောင်းများ အဖြစ်
သို့ ကူးပြောင်းသွားပြီး အာကာသထဲတွင် လွင့်မျောသွားကာ
သူတို့နေထိုင်ရာ လောကသို့ ပြန်လည်ရောက်ရှိ လာကြလေ
တော့သည်။

လောကကြီး မည်မျှ ပြောင်းလဲသွားပါစေ တောတောင်ရေမြေ
သဘာဝတရားကြီးကတော့ သိပ်ပြီး ပြောင်းလဲခြင်း မရှိပါချေ။
အကယ်၍ ပင်လယ်ပြင်ကြီးသည် လယ်ကွင်းကြီးအဖြစ်
ပြောင်းလဲသွားပြီဆိုပါက အချိန်ကာလသည် အလွန့်အလွန်

ကြာခဲ့ပြီဟု မှတ်ယူနိုင်လေသည်။ သို့သော် ... ထောင်စုနှစ်တစ်စုလောက် အတွင်းတွင်တော့ ပင်လယ်ပြင်သည် လယ်ကွင်းကြီး တစ်ခုအဖြစ် ပြောင်းလဲသွားရန် မလွယ်ကူနိုင်ပါ။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် တစ်ယောက်နှင့် တစ်ယောက် နားလည်စွာဖြင့်ပင် ယခင်အချိန်များတုန်းက အတူတူသွားခဲ့ကြဖူးသည့် နေရာများသို့ သွားရောက်လည်ပတ် ခဲ့ကြလေသည်။ သူတို့သည် တောတောင်ရေမြေများကို ဖြတ်သန်းပြီး အတူတူ လမ်းလျှောက် လာခဲ့ကြလေသည်။

နောက်ဆုံးတော့ သူတို့သည် ချင်းစွေမြစ်ကမ်းသို့ ရောက်ရှိ လာကြလေသည်။

ချင်းစွေမြစ်စောင့် နတ်သမီးဖြစ်သည့် ဘုရင်မသည် ထိုနေရာတွင် ရှိမနေတော့ပါ။

ဘုရင်မသည် မြစ်စောင့် နတ်သမီးဘဝကို လွန်ခဲ့သည့် နှစ်ပေါင်း (၂၀၀)ခန့်ကပင် စွန့်လွှတ်လိုက်ပြီး လူပြန်ဝင်စားသွားပြီဖြစ်လေသည်။ သူမသည် မြစ်စောင့် နတ်သမီးဘဝကို ကျေနပ်ခြင်း မရှိတော့ပဲ ပိုပြီးမြင့်မားသည့် နတ်ဘုရားတစ်ပါး ဖြစ်လိုသောကြောင့် ဖြစ်လေသည်။

မြစ်စောင့်နတ်သမီး မရှိတော့သည့်နောက် မြစ်စောင့်နတ်သမီးဝတ်ကျောင်းတော် သည်လည်း စွန့်ပစ်ခံ နေရာတစ်ခု ဖြစ်သွားခဲ့ရလေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီတို့သည် မြစ်စောင့်နတ်သမီးဝတ်ကျောင်းတော်၏ ခေါင်မိုးထက်တွင် ထိုင်နေကြလေသည်။ လေများက တိုက်ခတ်နေပြီး သူတို့ (၂)ယောက်လုံး၏ နဖူးဆံစထက်မှ ဆံပင်များသည် လေထဲတွင် လွင့်နေကြလေသည်။ သူတို့ (၂)ယောက်သည် ချစ်သူစုံတွဲအလားပင် ထင်မှတ်ရလေသည်။

သူတို့ (၂)ယောက်သည် အပြန်အလှန် နားလည်မှု ရှိထားကြ သည်။ အချစ်နှင့် ရမ္မက်ဆန္ဒကိုလည်း အတူတူခံစားခဲ့ကြ သည်။ သူတို့၏ နှလုံးသားများကိုလည်း တာအိုတရားများနှင့် ဖြည့်ခဲ့ကြသည်။

ကျောက်ရှောင်ယွီသည် အနည်းငယ် ပုံမှန်ပြန်ဖြစ်လာလေ သည်။

သူမထံမှ ယခင်အချိန်ကကဲ့သို့ ထူးခြား အရှိန်အဝါများ ပျောက်ကွယ်နေပြီး သူမသည် သာမန်မိန်းကလေး တစ် ယောက်နှင့် ပိုတူနေလေသည်။

သူမသည် ဟန်ဆောင်ခြင်း လုံးဝမရှိတော့ပဲ ဆန်းလျန်နှင့် အချစ်ဇာတ်လမ်းလေးတွင် ဘဝတစ်ခုလုံး မြှုပ်နှံထားလိုက် လေသည်။

ချင်းစွေမြစ် တစ်ဖက်ကမ်းတွင်တော့ တောင်ပေါ်သား တစ်စု သည် မီးပုံပွဲ ကျင်းပ နေကြလေသည်။

သူတို့သည် မီးပုံနံဘေးတွင် သီဆိုကခုန် နေကြလေသည်။

ဟောင်းနွမ်းစုတ်ပြဲသည့် အဝတ်အစားများကို ဝတ်ဆင်ထား

သော်လည်း နှလုံးသားမှ ဖြစ်တည်လာသည့် အပြုံးများကို

တော့ ဖုံးကွယ်မထားနိုင်ကြပေ။

ကျောက်ရှောင်ယွီက ...

"ကျွန်မတို့လည်း သွားကကြရအောင်..."

ဆန်းလျန်က ခဏတာမျှ တုံ့ဆိုင်းနေပြီးမှ...

"မလုပ်စမ်းပါနဲ့..."

သို့သော် ... ကျောက်ရှောင်ယွီက ဆန်းလျန်ကို အတင်းဆွဲခေါ်

ကာ မြစ်ကို ဖြတ်ကူး လာခဲ့လေသည်။ သူတို့(၂)ယောက်လုံး

ကောင်းကင်ပေါ်မှ ဆင်းသက်လာပြီး မီးပုံပွဲကျင်းပနေသူများ

အနားသို့ ရောက်ရှိ လာကြလေသည်။

တောင်ပေါ်သူ တောင်ပေါ်သားများသည် လက်များကို လွှဲယမ်း

ကာ စိတ်အား ထက်သန်စွာဖြင့် ကခုန်နေကြလေသည်။

ကျောက်ရှောင်ယွီက ပျော့်ရှင်စွာဖြင့် ဆန်းလျန်ကို ဆွဲခေါ်လိုက်ပြီး သူ၏လက်များကို ဆွဲလှည့်လိုက်လေသည်။ သူမ၏ရယ်မောသံလေးများသည် ငွေရောင် ဆည်းလည်းသံလေး အလားပင် ဖြစ်လေသည်။ သူမသည် တေးသွား စည်းချက် အတိုင်း ကခုန်နေလေတော့သည်။

ဆန်းလျန်မှာလည်း ကျောက်ရှောင်ယွီကသည့် အတိုင်း အလိုက်သင့် လိုက်က ပေးနေရလေသည်။ တဖြည်းဖြည်းနှင့် ဆန်းလျန်လည်း စိတ်ပါလာပြီး နတ်ဘုရားများနှင့် သေမျိုး လူသားများကြားမှ မတူညီမှုကိုပင် မေ့လျော့သွားခဲ့လေသည်။ ဆန်းလျန်၏ နှလုံးသားထဲတွင် မည်သည့်အရာမှ ရှိမနေတော့ပေ။

ကျောက်ရှောင်ယွီနှင့် ဆန်းလျန်မှာ သာမန်လူသားများ မဟုတ်ကြပါ။ ထို့ကြောင့် သူတို့ (၂)ယောက်၏ ကခုန်ဟန်သည် အလွန်မှလှပပြီး ဆွဲဆောင်မှုရှိကြလေရာ တောင်ပေါ်သူ

တောင်ပေါ်သားများက သဘောကျစွာဖြင့် အော်ဟစ် အားပေး

နေကြလေသည်။

မီးပုံမှမီးများ ငြိမ်းသွားပြီး မီးပုံပွဲပြီးဆုံးသွားသည့် အခါတွင်

တော့ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီလည်း တိတ်ဆိတ်စွာဖြင့်

ထွက်ခွာလာခဲ့ကြလေသည်။

ကျင့်စဉ်လမ်းကို စတင် လျှောက်လှမ်းသည့် အချိန်မှစပြီး

ဆန်းလျန်သည် အိပ်လေ့အိပ်ထ သိပ်မရှိခဲ့ပေ။

သို့သော် ... ထိုညတွင်တော့ ဆန်းလျန်သည် အပူအပင်ကင်းမဲ့

စွာဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့လေသည်။

သူ နိုးလာသည့် အခါတွင်တော့ ကျောက်ရှောင်ယွီသည် ထွက်

ခွာသွားပြီ ဖြစ်လေသည်။

သူ့ရှေ့တွင် သစ်ရွက်လေးတစ်ရွက် ရှိနေပြီး သစ်ရွက်လေး

ထက်တွင် စာကြောင်းလေး (၂)ကြောင်း ရေးသားထားလေ

သည်။

"တန်ခိုးစွမ်းအားတွေ အားလုံး၊ တာအိုတရားတွေ အားလုံး ...

ဘယ်အရာကမှ ရှင်နဲ့နှိုင်းယှဉ်လို့ မရပါဘူး....၊

ကျွန်မကို မေ့မသွားနဲ့နော်...."

အခန်း (၆၄၀) အချိန်စီးကြောင်းကိုဖြတ်တောက်ထားသည့်

အပိုင်းအခြား

ထိုစာကြောင်းလေး (၂)ကြောင်းကို ဖတ်လိုက်မိသည့် အခါတွင်

တော့ ဆန်းလျန်မှာ မှင်တက် သွားရလေသည်။ သူက

လက်ချောင်းလေးများဖြင့် သစ်ရွက်လေးကို ထိကိုင်ကြည့်

လိုက် မိလေသည်။

ဆန်းလျန်၏ လက်ချောင်းများနှင့် ထိမိသည်နှင့် သစ်ရွက်လေး

သည် ကြေမွကာ အမှုန့်ဖြစ်သွား ရလေသည်။ ကျောက်ရှောင်

ယို့ ရုတ်တရက် ပျောက်ကွယ် သွားသကဲ့သို့ပင် သစ်ရွက်လေး

သည်လည်း ရုတ်တရက် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သို့သော် ... သူသည် ထိုမိန်းကလေးကို ဘယ်တော့မှ မေ့၍ရ

တော့မည် မဟုတ်ပါလေ။

သူမ၏ ညဏ်နီညဏ်နက်များ...

သူမ၏ ဆုံးဖြတ်ချက် ပြတ်သားခြင်းများ...

သူမ၏ သိသာ ထင်ရှားလွန်းသည့် အချစ်များ....

ဆန်းလျန်သည် မီးပုံပွဲကျင်းပရာ တောင်ပေါ်တွင် နေထိုင်ရင်း

လေတွင်လွင့်နေသည့် ဝါးရွက်များ၊ ရေတံခွန်များ၊ မျောလွင့်နေ

သည့် တိမ်တိုက်များကို ကြည့်ရှုနေခဲ့လေသည်။

သူ့နှလုံးသား တည်ငြိမ်သွားစေရန် ကြိုးစားနေခဲ့ခြင်း ဖြစ်လေ

သည်။ သို့သော်.... အကျိုးသက်ရောက်မှု မရှိခဲ့ပါ။

သူသည် အစကတည်းကပင် တစ်ယောက်တည်း နေတတ်သူ ဖြစ်ပါသည်။ သို့သော်... ယခုတော့ အထီးကျန်ခြင်းကို ခံစားနေရလေသည်။ အထီးကျန်ခြင်းသည် သူ့နှလုံးသားကို နှိပ်စက်လျက် ရှိလေသည်။

ထိုသို့ဖြင့် ... အချိန်(၃)ရက် ကြာသွားခဲ့လေသည်။

နောက်ဆုံးတော့ ဆန်းလျန်သည် ချင်းရှမ်နတ်တံခါးသို့ ပြန်လာခဲ့လေတော့သည်။

ဆန်းလျန် ပြန်ရောက်လာသည်ကို မြင်ရမှပဲ ချန်ကျင်းချင်မှာ စိတ်ဒုန်းဒုန်း ချနိုင်တော့သည်။ သူ၏ ဆရာပြန်လာလျှင်ရပြီ။ လုကျိုးယွမ်နှင့် အနိုင်အရှုံးကို စိတ်မဝင်စားတော့ပါ။

ဆန်းလျန်က...

"ကျုပ် လုကျိုးယွမ်နဲ့ သဘောတူညီမှု တစ်ခုလုပ်ခဲ့တယ်၊ သူက လုန်ဟွာပွဲတော် ကျင်းပတာကို တားဆီးမှာ မဟုတ်တော့ဘူး"

ချန်ကျင်းချင်က ဆရာဖြစ်သူ ပြောသည့် စကားများကို နားထောင်နေလေသည်။

ထိုသဘောတူညီမှုကြောင့် လူပေါင်းများစွာ၏ စိတ်ဝိညာဉ် များ အကြီးအကျယ် ထိခိုက်နိုင်သည်ဟု တွေးနေမိလေသည်။

သို့သော်... သူက အသေးစိတ်များကို မေးမနေတော့ပါ။

ထို့ပြင် သူက ဆရာဖြစ်သူနှင့် လုကျိုးယွမ် မည်သူ ပို တော်သည်ဆိုသည့် အချက်ကိုလည်း မမေးချင်တော့ပါ။

နောက်ဆုံးတော့ ချင်းရွှမ်နတ်တံခါးနှင့် ရွှမ်ထျန်းနတ်ဘုရား ဂိုဏ်း ကြားတွင် မငြိမ်းနိုင်သည့် ရန်ငြိုးရန်စများ မဖြစ်ခဲ့ ကြ၍သာ တော်တော့သည်ဟု တွေးလိုက်နေခဲ့မိလေသည်။

ချန်ကျင်းချင်က...

"ဒီတစ်ခေါက်လာမဲ့ လောက နတ်ဘုရားတွေထဲမှာ အထူး ညွှန့်သည်တော် တစ်ယောက်ပါတယ်၊ ဒါပေမဲ့ ဆရာက သူ့ကို လာခွင့်ပေးနိုင်ပါ့မလား မသိဘူး"

ဆန်းလျန်က ချန်ကျင်းချင်စကားကို နားထောင်ပြီး တစ်ခဏမျှ စဉ်းစားနေလိုက်လေသည်။

"မင်းပြောတာ ကွမ်းချင်း နတ်ဘုရားဂိုဏ်းက တာအိုဆရာတုန်းဖုန်းကို ပြောတာ မဟုတ်လား၊ နှစ်ပေါင်းထောင်နဲ့ချီပြီး ကြာခဲ့ပြီပဲလေ၊ ရန်ငြိုးထားစရာ ဘာရှိမှာလဲ၊ သူလာချင်ရင်လည်း လာပါစေပေါ့"

ချန်ကျင်းချင်မှာ ဆရာဖြစ်သူကို အလွန် လေးစားသွားမိလေသည်။ ဆရာဖြစ်သူသည် သူမပြောခင်ပင် ပြောမည့်စကားကို ကြိုသိနေခဲ့သည် မဟုတ်ပါလား။

ထိုကဲ့သို့သော စွမ်းရည်မျိုးရရှိရန် အတွက် သူကတော့ နှစ်ပေါင်း ဘယ်လောက် ကျင့်ကြံရဦးမည်လဲ မသိနိုင်သေးပေ။

"ဟုတ်ကဲ့ပါ ဆရာ..."

ဟုသာ ပြောလိုက် ရတော့သည်။

***

ကျောက်ရှောင်ယွီသည် ထူးဆန်းသည့် နေရာဒေသတစ်ခုသို့ ရောက်ရှိနေလေသည်။

မနေ့က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များသည် သူမ၏ဘဝတွင် အကောင်းဆုံး အတွေ့အကြုံများ ဖြစ်ခဲ့သည်မှာ သံသယဝင်စရာပင် မရှိပေ။

ထို့ကြောင့်ပင် သူမသည် သူမ၏ စစ်မှန်သည့် ဗလာနယ် မဟာကျင့်စဉ်သည် ပြီးမြောက် အောင်မြင် သွားခဲ့ရလေသည်။ သူမသည် လော်ဝါဒကို တည်ထောင်သူ ဆရာသခင်၏ ခြေရာကို နင်းနိုင်ခဲ့ပြီး လော်ဝါဒမှ အခြားသော ဆရာသခင်များထက် သာလွန်သူတစ်ယောက် ဖြစ်ခဲ့ရပြီ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်အပေါ်တွင် ထားရှိသည့် သူမ၏အချစ်နှင့် ခံစားချက်များသည် စစ်မှန်ခဲ့ပါသည်။

ထို့ကြောင့်လည်း သူမသည် နှစ်ထောင်ပေါင်းများစွာ ကြာသည်အထိ နာကျင်မှုကို ခံစားရင်း ဆန်းလျန်၏ နှလုံးသားထဲတွင်

အရေးပါသူတစ်ယောက် ဖြစ်လာစေရန် ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။ ထိုသို့သာ မဖြစ်ခဲ့လျှင်လည်း သူမသည်လည်း ကျင့်ကြံခြင်းအဆင့် တက်ရောက်နိုင်လိမ့်မည် မဟုတ်ပေ။ ယခုတော့ ကျောက်ရှောင်ယွီသည် ကျင့်စဉ်လမ်းအဆင့် တက်နိုင်ခဲ့ပြီ ဖြစ်လေသည်။ ဆန်းလျန်အပေါ် ထားရှိသည့် ခံစားချက်များကို ဖယ်ရှားပစ်ရန် အတွက် မည်မျှပင် ခက်ခဲပါစေ ယခုတော့ ဖယ်ရှားပစ်ရန် အချိန်တန်ပြီဟု သူမ တွေးလိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော် သူမသည် ဆန်းလျန်ဆိုသည့် နောင်ကြိုးတစ်ခု အောက်တွင် ရှန်းမရသည့် အဖြစ်မျိုးကို မလိုချင်ခဲ့ပေ။ မေ့လိုက်ခြင်းကသာ သူတို့(၂)ယောက်လုံး အတွက် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

ထို့ပြင် ယခုအချိန်တွင် သူမသည် လော်ဝါဒ တည်ထောင်သူ၏ ဆက်ခံသူတစ်ယောက် ဖြစ်လာခဲ့ပြီ ဖြစ်လေသည်။ နောက်ထပ်

ရင်ဆိုင်ရမည့် ပြဿနာများကို ဆန်းလျှန်အနေဖြင့် ဖြေရှင်း ပေးနိုင်မည် မဟုတ်ပေ။ ကျောက်ရှောင်ယွီ အနေဖြင့်လည်း ဆန်းလျှန်အပေါ်တွင် ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်မိပေ။ ချင်းရှမ်နတ်တံခါး တည်ရှိရာလောကတွင် လော်ဝါဒကို တည်ထောင်သူ ဆရာသခင်သည် ပါရမီရှင်တစ်ပါး ဖြစ်လေ သည်။ ဆန်းလျှန်ထက်ပင် တန်ခိုးစွမ်းအား မြင့်မားခဲ့သူ ဖြစ် လေသည်။

 လော်ဝါဒ တည်ထောင်သူ လောကကို ကျော်လွန်သွားသည့် အချိန်တွင် ထိုက်ယီထျန်းရှန်း အဆင့်ကို အောင်မြင်ပြီးသွား ခဲ့ လေသည်။ ထို့နောက်တွင်တော့ သူသည် အနန္တတန်ခိုးရှင် တစ်ပါးအဖြစ် အဆင့်တက်ရောက် နိုင်ခဲ့လေသည်။ စကြဝဠာ တစ်ခုလုံးတွင် ရှားပါးလှစွာ တန်ခိုးစွမ်းအား မြင့်မားသူ တစ် ယောက် ဖြစ်လေသည်။

သို့သော်... လော်ဝါဒကို တည်ထောင်သူတွင် ရန်သူတစ်ယောက် ရှိလေသည်။ ထိုရန်သူသည် စကြဝဠာအစဦးကတည်းကပင် တည်ရှိခဲ့သည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

သူတို့ (၂)ယောက်၏ တိုက်ပွဲတွင် လော်ဝါဒကို တည်ထောင်သူက ရှုံးနိမ့်သွားခဲ့လေသည်။ ထို့နောက်တွင်တော့ လော်ဝါဒကို တည်ထောင်သူ၏ ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ် ပျက်စီးပျောက်ကွယ် သွားခဲ့ရသည့်အပြင် မရှိမှုကျေးရွာ တွင်ရှိနေသည့် လော်ဝါဒ တည်ထောင်သူ၏ ဝိညာဉ်သည်ပင် ဖမ်းဆီး သုတ်သင်ခံခဲ့ရလေသည်။

သို့သော်... လော်ဝါဒတည်ထောင်သူ ဆရာသခင်သည် သူသေဆုံးရတော့မည်ကို ကြိုတင် တွက်ချက်နိုင်ခဲ့သည့် အတွက် ချင်းရွှမ်နတ်တံခါးရှိရာ လောကသို့ တိတ်တဆိတ် ပြန်လာပြီး ပြီးပြည့်စုံသည့် ကျင့်စဉ်တစ်ခုကို ရေးသားသွားခဲ့လေသည်။

ကျောက်ရှောင်ယွီသည် ထိုကျင့်စဉ်ကို အမွေဆက်ခံပြီး ယခု

တော့ ကျင့်ကြံအောင်မြင်ခဲ့ပြီ ဖြစ်လေသည်။ ထို့ပြင် သူမ

သည် လျှို့ဝှက်ချက်ပေါင်း များစွာကိုလည်း သိရှိထားခဲ့လေ

သည်။

သူမသည် စစ်မှန်သည့် ဗလာနယ်ကျင့်စဉ်ကို ကျင့်ကြံ

အောင်မြင် သွားသည့်တိုင် ထိုက်ယီထျန်းရှန်းအဆင့် နတ်

ဘုရား တစ်ပါးဖြစ်လာရန်အတွက် လက်တစ်ကမ်း လိုနေသေး

သည်။

သို့သော်... သူမ ထိုက်ယီထျန်းရှန်း အဆင့်သို့ တက်ရောက်နိုင်

ပြီဆိုလျှင် မရှိမှုကျေးရွာသို့ သွားရောက်ရမည် ဖြစ်လေသည်။

ထိုအချိန်တွင် စစ်မှန်သော ဗလာနယ်ကျင့်စဉ်၏ အသက်ဓာတ်

စွမ်းအားများက စိမ့်ထွက်လာမည် ဖြစ်ပြီး လော်ဝါဒ

တည်ထောင်သူ ဆရာသခင်၏ ရန်သူသည် ရိပ်မိသွားမည် ဖြစ်

လေသည်။

နောက်ဆုံးတွင်တော့ ထိုကြောက်မက်ဖွယ်ရာ ကောင်းသူ၏ လက်ချက်ဖြင့် အသက်ဆုံးရမည် ဖြစ်လေသည်။

လော်ဝါဒကိုတည်ထောင်သူ ဆရာသခင်ကလည်း ထိုသို့ ဖြစ်လာမည်ကို မျှော်လင့်ထားခဲ့ပြီးသား ဖြစ်လေသည်။ ထို့ကြောင့် သူက အချိန်နှင့်နေရာ အချက်ပြမှုတစ်ခုကို ချန်ထားခဲ့ခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီ စစ်မှန်သည့် ဗလာနယ်ကျင့်စဉ်ကို အောင်မြင်သွားသည့် အချိန်တွင် ထိုကျင့်စဉ်ကပင် သူမကို ‘တန်ခိုးစွမ်းအား ကင်းမဲ့ရာနယ်မြေ’ သို့ ပို့ဆောင်ပေးခဲ့လေသည်။ ထိုနယ်မြေကို ဖန်တီးခဲ့သူသည် တာအိုဆရာသခင် ကြီးအဆင့်ရှိသည့် ကျင့်ကြံသူတစ်ယောက် ဖြစ်ပေလိမ့်မည်။ အချိန်စီးကြောင်းကို ဖြတ်တောက်ကာ အပိုင်းအခြား နေရာတစ်ခု ပြုလုပ်ထားခဲ့ခြင်း ဖြစ်လေသည်။

သို့မဟုတ်... ထိုနေရာသည် ကောင်းကင်ဘုံ အပျက်အယွင်း များမှလည်း ဖြစ်ပေါ်လာနိုင်လေသည်။ ထိုနေရာကို လော်ဝါဒ တည်ထောင်သူသည် အမှတ်မထင် တွေ့ရှိခဲ့ခြင်း ဖြစ်လေ သည်။ ထိုနေရာတွင်သာ ရှိနေလျှင် ကျောက်ရှောင်ယွီကို မည် သည့်ရန်သူမှ သတိပြုနိုင်လိမ့်မည် မဟုတ်ပေ။

ထို့ပြင် ထိုနေရာတွင် တစ်ရက်နေထိုင်လျှင် အခြားသော လောကတွင် အချိန်(၁)နှစ်နှင့် ညီမျှလေသည်။ ထို့ကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ကြာမှသာ သူမသည် အပြင်လောက သို့ ပြန်ထွက်လာနိုင်မည် ဖြစ်လေသည်။ ထိုအချိန်သို့ ရောက် လျှင် ဆန်းလျန်သည်လည်း သူမကို ကာကွယ်ပေးနိုင်သည့် အဆင့်သို့ ရောက်နေလောက်ပြီး ဖြစ်လေသည်။

ထိုသို့ တွေးလိုက်မိသည်နှင့် ကျောက်ရှောင်ယွီသည် ပြုံးလိုက် မိလေသည်။

ထိုအတွေးက လက်တွေ့မကျသည့် အတွေးမျှသာ ဖြစ်လေသည်။ ကျောက်ရှောင်ယွီ ထွက်လာသည့် အချိန်တွင် ဆန်းလျန်သည် စကြဝဠာတစ်ခုလုံးကို ဖိန့်ဖိန့်တုန်စေသည့် မိုးနတ်မင်းကြီး တစ်ပါးကဲ့သို့ ဖြစ်နေမည်ဟု မည်သူက အာမခံနိုင်ပါမည်နည်း။

ကျောက်ရှောင်ယွီ ဤနေရာတွင် နေထိုင်ခြင်းမရှိပါက ရန်သူနတ်ဘုရားသည် သူမကို ရှာတွေ့သွားမည် ဖြစ်လေသည်။ ဤနေရာတွင် လာရောက်နေထိုင်ခြင်း မရှိဘဲ ဆန်းလျန်နှင့်သာ တွယ်ကပ်နေပါကလည်း ရန်သူနတ်ဘုရား ရောက်ရှိလာချိန်တွင် ဆန်းလျန်သည်ပင် လွတ်လမ်းရှိလိမ့်မည် မဟုတ်ပေ။ သူမသည် လော်ဝါဒတည်ထောင်သူ ဆရာသခင်၏ ဆက်ခံသူ ဖြစ်ခဲ့လေသည်။ သူမသည် လော်ဝါဒတည်ထောင်သူ ဆရာသခင်၏ ဆိုးမွေကောင်းမွေကို လက်ခံရမည် ဖြစ်လေသည်။

ဆန်းလျှန်ကို မှီခိုအားကိုးနေခြင်းထက် သူမကိုယ်သူမ တာဝန်ယူရမည် ဖြစ်လေသည်။

ကံကောင်းစွာဖြင့်ပင် သူမ၏ ဂိုဏ်းတူအစ်မဆီမှ ရရှိခဲ့သည့် မန္တန်အလင်း ချေဖျက်ခြင်းကျမ်းသည် ရန်သူနတ်ဘုရားကို နှိမ်နင်းနိုင်ရန်အတွက် မျှော်လင့်ချက်ရေးရေးမျှ ပေးခဲ့လေသည်။

ယခုတော့...

သူမ၏ရှေ့တွင် ဂြိုဟ်ပြာကြီးတစ်လုံး ရှိနေလေသည်။

ထိုဂြိုဟ်ပြာနှင့် မနီးမဝေးတွင် အခြားသေးငယ်သော နောက်ထပ် ဂြိုဟ်သိမ်ဂြိုဟ်ငယ် တစ်လုံးလည်း ရှိနေလေသည်။ ထိုဂြိုငယ်သည် ချိုင့်ခွက်များနှင့် ပြည့်နေပြီး ဂြိုဟ်ပြာကြီး၏ အရန်လတစ်စင်း ဖြစ်ဟန်တူလေသည်။

ထိုဂြိုဟ်ပြာနှင့် နီးကပ်လာသည်နှင့် အမျှ သူမ၏ မူလဝိညာဉ်ခန္ဓာနှင့် တန်ခိုးစွမ်းအား များသည် လျင်မြန်လွန်းသည့် အရှိန်

ဖြင့် ပျက်စီး ယိုယွင်းနေလေသည်။ ထိုနေရာသည် အမှန်ပင် တန်ခိုးစွမ်းအား ကင်းမဲ့ရာနယ်မြေ ဖြစ်ဟန်ရှိလေသည်။ ကျောက်ရှောင်ယွီသည် ခဏအတွင်းမှာပင် ဂူဖိုဟ်ပြာကြီးဆီသို့ ရောက်ရှိလာပြီး မျှော်စင်ကြီးများအလား မြင့်မားလှသည့် အဆောက်အဦကြီးများကို တွေ့မြင် လိုက်ရလေသည်။ မန္တန် အလင်း ချေဖျက်ခြင်းကျမ်းမှ ကျင့်စဉ်များကို အသုံးပြုကာ သူမ၏ တန်ခိုးစွမ်အား အချို့ကို ထိန်းသိမ်း ထားနိုင်ခဲ့လေ သည်။

သူမသည် လေထဲတွင် စီးမျော ပျံသန်းလာခဲ့လေသည်။ သူမ၏ ကျက်သရေရှိစွာ လှပသည့် အလှတရားသည် လမ်း သွားလမ်းလာများကို ဆွဲဆောင်လျက် ရှိလေသည်။ ကျောက်ရှောင်ယွီသည် ဤလောကမှ ဘာသာစကားကို ခဏချင်းပင် သင်ယူ တတ်မြောက်သွားလေသည်။ ထိုနေရာ

တွင်အသုံးပြုသည့် ဘာသာစကားသည် ယခင် သူမနေခဲ့သည့် လောကမှ ဘာသာစကားနှင့် သိပ်ပြီး ကွဲပြားခြင်းမရှိပေ။ လေထဲတွင် စီးမျော ပျံသန်းလာခြင်းသည် သာမန်အမှုအရာ မဟုတ်သည့်ကို ချက်ချင်းပင် ကျောက်ရှောင်ယွီ ရိပ်မိသွားလေသည်။ ထို့ကြောင့် သူမသည် ချက်ချင်းပင် လမ်းဘေး တစ်နေရာတွင် ရပ်တန့်နေလိုက်လေသည်။

ဤလောကမှ လူများမှာ စိတ်ဝင်စားစရာ အလွန်ကောင်းလေသည်။ သူမသည် နတ်ဘုရားတစ်ပါး ဖြစ်သည့်တိုင် လူအများစုသည် ကြည့်ရုံသာ ကြည့်သွားကြပြီး ကိုယ့်အလုပ်ဖြင့်ကိုယ် ရှုပ်နေကြလေသည်။ သိပ်ပြီး စိတ်ဝင်စားခြင်း မရှိကြပေ။ သူမနှင့် မျက်နှာချင်းဆိုင်မှ အဆောက်အဦသည် မန္တန်တစ်ခု အသုံးပြုကာ ပြုလုပ်ထားခြင်း ဖြစ်ဟန်တူလေသည်။ အဆောက်အဦနံရံကြီးက လင်းလက်နေပြီး နံရံထက်တွင် ရုပ်ပုံများလည်း လှုပ်ရှားထင်ဟပ်လျက် ရှိလေသည်။ ဤသည်ကို

ကြည့်ခြင်းအားဖြင့် ဤလောကသည် ပုံမှန်မဟုတ်သည့်
လောကတစ်ခု ဖြစ်သည်မှာ သိသာလေသည်။
ထိုအဆောက်အဦကြီး ဘေးမှ ဆိုင်ငယ်လေးတစ်ဆိုင်မှ
သီချင်းသံတစ်ပုဒ် ကြားနေရလေသည်။
“မင်းနဲ့များ မဆုံခဲ့ရရင် ငါ့ဘဝ ဘာများဖြစ်နေမှာလဲ...
ဘဝဆိုတာ တန်ဖိုးထားသင့်ပေမဲ့ မင်းမရှိရင် ငါ့နေ့ရက်တွေ
ဘယ်လိုဖြစ်နေမှာလဲ...
တစ်ယောက်ယောက်နဲ့ပဲ ဆုံတွေ့ပြီး သာမန်ဘဝမှာ နေဖြစ်ခဲ့မ
လား....
အချစ်ဟာ ပျားရည်လိုပဲ ချိုမြလေမလား ငါမသိခဲ့ပါ...
အချိန်တွေ လျင်မြန်စွာ ကုန်ဆုံးသွားခဲ့ပေမဲ့ ငါ ... မင်းကိုပဲ
ဂရုစိုက်နေမိတယ်...
မင်းရဲ့အသက်ရှူသံလေးတွေနဲ့ ဆန္ဒများစွာကို ချည်နှောင်လို့...
ဘဝမှာ ယုံကြည်ချက်တွေကို ဖွေရှာရင်း ...

မင်းနဲ့ဆိုရင် ဘယ်အရာကိုပဲ ဆုံးရှုံးရပါစေ ... နှမြောစရာမရှိခဲ့ပါ....”

ထိုသီချင်းသည် ကျောက်ရှောင်ယွီ၏ နှလုံးသားထဲအထိ ရောက်သွားလေသည်။

သူမကိုယ်သူမလည်း သာမန်လူသား တစ်ယောက်နှင့်မခြား ခံစား လိုက်ရလေသည်။ ထို့ပြင် သီချင်းစာသားများသည် သူမ ဆန်းလျန်အပေါ်တွင် ထားရှိသည့် ခံစားချက်များနှင့် တိုက်ဆိုင်နေလေသည်။ ထို့ကြောင့် သူမသည် တိတ်ဆိတ်စွာ မတ်တတ်ရပ်ရင်း သီချင်းကို နားထောင် နေမိလေသည်။

သူမ မည်သည့်နေရာတွင် ရောက်နေပါစေ...

သူမ၏ အနာဂတ်သည်လည်း မည်သို့ဖြစ်လာပါစေ...

သူမသည် ထိုသီချင်းလေးကိုတော့ ဆုံးအောင် နားထောင် ချင်ခဲ့မိလေသည်။

သို့သော်... ကျောက်ရှောင်ယို့ သီချင်းနားထောင်၍ မဆုံးသေး ခင်မှာပင် လူတစ်ယောက်သည် သူမအနားသို့ အပြေးအလွှား ရောက်ရှိလာလေသည်။

ထိုသူ၏လက်ထဲတွင် စာရွက်အပိုင်းအစလေး တစ်ခုကို ကိုင်ထားပြီး...

"မိန်းမလှလေး... ငါက အရည်အချင်းရှိတဲ့ လူငယ်တွေကို စုဆောင်းနေတာပါ၊ အရမ်းအောင်မြင်တဲ့ စူပါစတား တစ်ယောက် ဖြစ်လာဖို့ စိတ်မဝင်စားဘူးလား"

အခန်း (၆၄၁) အံ့မခန်းအဖြစ်အပျက်များ

ကျောက်ရှောင်ယွီသည် ထိုသူ၏ အတွင်းစိတ်ကို ထိုးဖောက်သိမြင်နေသည့် အလား သူမရှေ့မှလူကို စိုက်ကြည့်နေလေသည်။

ဤနေရာသည် တန်ခိုးစွမ်းအား ကင်းမဲ့ရာနယ်မြေ ဖြစ်သည့်တိုင် ဝိညာဉ်စွမ်းအား ကတော့ တည်ရှိနေသေးသည်။ ကျောက်ရှောင်ယွီသည် လော်ဝါဒ၏ သူတော်စင် မိန်းမပျိုဖြစ်လေသည်။ သူမသည် ခမ်းနားကြီးကျယ်သူ တစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သူမထံမှ မြင့်မားသည့် အရှိန်အဝါများကို ခံစားရပြီး ထိုသူက သူမသည် နာမည်ကြီးစူပါစတား တစ်ယောက်ဖြစ်လာနိုင်သည်ဟု ယုံကြည် လိုက်လေသည်။

ထိုသူက မိန်းမပျိုမှာ သူ့ကိုမယုံသဖြင့် စိုက်ကြည့်နေသည်ဟု ထင်မှတ်ပြီး တုန်တုန်ယင်ယင် ဖြင့်ပင် သူ၏ဝန်ထမ်း ကဒ်ကို ထုတ်ပြလိုက်လေသည်။

ထိုသူ၏အမည်မှာ ကျော်ဖုန်းဖြစ်ပြီး ကုမ္ပဏီနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ဝန်းထမ်းကဒ်ထဲတွင် ရေးသားထားလေသည်။

ကျောက်ရှောင်ယွီက ခေါင်းတစ်ချက် ညိတ်လိုက်ရင်း…

“စကားပြောဖို့ တစ်နေရာ သွားကြရအောင်…”

“စတားဘတ်စ်ကို သွားကြတာပေါ့”

ကျော်ဖုန်းက အရှေ့လမ်းထောင့် တစ်နေရာမှ နေရာတစ်ခုကို ညွှန်ပြရင်း ပြောလိုက်လေသည်။

စတားဘတ်စ်သို့ ရောက်သည့်အခါတွင်တော့ ထိုသူက ကော်ဖီ(၂)ခွက် မှာလိုက်ပြီး သူတို့ (၂)ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြလေသည်။ ကျော်ဖုန်းသည် အနည်းငယ် ကြောက်နေပြီး ကျောက်ရှောင်ယွီကို မျက်လုံးချင်းဆုံပြီး မကြည့်ရဲရှာပေ။

သူမသည် အခြားသော နာမည်ကျော်များထက် ပိုပြီး

အရှိန်အဝါ ရှိနေသည့်အလား ထင်မှတ်ရလေသည်။ သာမန်လူ

များတွင် ထိုကဲ့သို့သော အရှိန်အဝါမျိုးရှိရန် ခဲယဉ်းလေသည်။

သို့သော်... မိန်းကလေးသည် သူနှင့်လိုက်လာသည့် အတွက်

သူကမ်းလှမ်းသည့် လုပ်ငန်းကိစ္စ သဘောတူနိုင်ရန်

အခွင့်အရေး ရှိသည်ဟုတော့ တွေးနေမိလေသည်။

ကျောက်ဖုန်းက ကျောက်ရှောင်ယွီ ဝတ်ဆင်ထားသည့်

အဝတ်အစားများကို ကြည့်လိုက်ရင်း...

"မင်းဝတ်ထားတဲ့ ဈေးခေတ် အဝတ်အစားတွေက နတ်သမီး

တစ်ပါး ကမ္ဘာပေါ် ဆင်းလာသလိုပါပဲ၊ ရုပ်ရှင်တွေထဲက ထက်

တောင် လှနေသေးတယ်"

ကျောက်ဖုန်း စကားပြောနေစဉ်မှာပင် ကော်ဖီဆိုင်ထဲမှ လူအ

ချို့သည် ကျောက်ရှောင်ယွီကို ဓာတ်ပုံခိုးရိုက် နေကြလေ

သည်။ ကျောက်ဖုန်း သတိထားလိုက်မိပြီး ကျောက်ရှောင်ယွီမှာလည်း သတိထားမိမည်ပင် ဖြစ်လေသည်။

သို့သော်... သူမက တားဆီးခြင်း မရှိသည့်အတွက် ကျောက်ဖုန်း အနေဖြင့်လည်း ဝင်ရောက် တားဆီးပေးရန် မလိုအပ်ပါချေ။

ထို့ပြင် နာမည်ကြီး တစ်ယောက် ဖြစ်လာရန်မှာလည်း ဆိုရှယ်မီဒီယာများနှင့် ထိတွေ့မှုရှိရန် လိုအပ်သည် မဟုတ်ပါလား။

ဓာတ်ပုံရိုက်ကြသူများ ကြောင့်ပင် သူမ၏ပုံများသည် မကြာမီ အင်တာနက်တွင် ပျံ့နှံ့သွားတော့မည် ဖြစ်ပြီး သူမသည် အချိန်မရွေး နာမည်ကြီး တစ်ယောက် ဖြစ်သွားနိုင်လေသည်။

"ငါက တကယ်လည်း လောကကို ဆင်းကြွလာတဲ့ မိုးကောင်းကင် နတ်ဘုရား တစ်ပါးပဲလေ..."

ကျောက်ရှောင်ယွီက တွေးလိုက်လေသည်။

ကျောက်ရှောင်ယွီသည် ကျောက်ဖုန်းနှင့် စကားပြောနေရင်း....

သူမတွင် ကျန်ရှိနေသေးသည့် စိတ်စွမ်းအားကို အသုံးပြုပြီး ကျောက်ဖုန်း၏ စိတ်ကို ဖတ်ရန် ကြိုးစားနေလေသည်။ အရင်ကတော့ ထိုသို့ပြုလုပ်ရန်မှာ လွယ်ကူလေသည်။ သို့သော် ယခုတော့ အခြေအနေများက မတူတော့ပေ။

သူမရောက်ရှိနေသည့် လောကကို ပုံဖော်ကြည့်ပြီး တိုင်းပြည်များ အကြောင်းကို နားလည်ရန်အတွက် မနည်းကြိုးစား နေရလေသည်။

သူမရောက်ရှိနေသည့် လူ့အဖွဲ့အစည်းတွင် ဘာသာတရား ရှိသော်လည်း ယခင်နေထိုင်ခဲ့သည့် လောကမှာလောက် ယုံကြည်သူများ မရှိကြပေ။ သူမ၏ တန်ခိုးစွမ်းအားများ ရရှိရန်အတွက် သူမကို ကိုးကွယ် ယုံကြည်သူများ ရရှိရန် လိုအပ်လေသည်။ ထို့ပြင် သူမရောက်ရှိနေသည့် နေရာသည် တန်ခိုးစွမ်းအား ကင်းမဲ့ရာနယ်မြေ ဖြစ်လေရာ ကန့်သတ်မထားသော တစ်ခုတည်းသော အရာမှာ ယုံကြည်မှု စွမ်းအားသာ ရှိလေသည်။

နာမည်ကြီး တစ်ယောက် ဖြစ်လာရန်မှာတော့ ရွေးချယ်မှုတစ်ခု ပင် ဖြစ်လေသည်။

နာမည်ကြီး မင်းသား မင်းသမီးများ အပေါ်တွင် ပရိသတ်များ ထားရှိသည့် လေးစား ချစ်ခင်မှုများသည် နတ်ဘုရားများ အပေါ်တွင် ကိုးကွယ်ကြသည့် ယုံကြည်ခြင်းများနှင့် ခပ်ဆင် ဆင် တူလေသည်။ ထိုလမ်းသို့သာ လျှောက်မည်ဆိုလျှင် သူမ အနေနှင့် အလွန် အဆင်ပြေနိုင်လေသည်။

ထပ်ပြောရမည်ဆိုလျှင် ယခုလောကတွင် နာမည်ကြီး သရုပ်ဆောင်၊ မော်ဒယ်၊ အဆိုတော်၊ အားကစားသမားများ စွာ ရှိပြီး လူသားသန်းပေါင်း (၆၀၀၀)နေထိုင်လေသည်။

ထိုမျှ များပြားလွန်းသည့် လူဦးရေကြောင့် ကျောက်ရှောင်ယွီမှာ အံ့အားသင့်သွားရသည်။

ထို့ပြင် ဤလောကမှ လူများ၏ အသိဉာဏ် တိုးတက်မှုမှာ လည်း အလွန်မြင့်မား ကြလေသည်။ အချို့ဆိုလျှင် ကျင့်ကြံ သူများထက်ပင် ဉာဏ်ကောင်းကြသည်ကို တွေ့ရှိရလေသည်။ သို့သော်... သူတို့တွင် ကိုးကွယ်ယုံကြည် ခြင်းစွမ်းအားကတော့ သိပ်မရှိပေ။ သို့သော် ထိုအချက်ကြောင့်တော့ဖြင့် လျှော့တွက်၍ မရနိုင်ပါချေ။

ပရိသတ် သန်းပေါင်း (၆၀၀၀)သာ ရရှိမည်ဆိုလျှင် ရှန်လမ်းစဉ် ဖြင့် နတ်ဘုရားတစ်ပါး ကျိန်းသေဖြစ်လာနိုင်မည် ဖြစ်လေ သည်။ တစ်ခါတည်းဖြင့်ပင် ထိုက်ယီထျန်းရှန်း အဆင့်သို့ပင် ရောက်ရှိ သွားနိုင်ပါပေ၏။

သို့သော်... ဤလောကမှ နာမည်ကြီးများသည် မည်သူမှ ရှန် ဝါဒလမ်းစဉ်ကို ကျင့်ကြံထားခြင်း မရှိသည်ကို သတိထား လိုက်မိသည့် အတွက် ကျောက်ရှောင်ယွီမှာ စိတ်သက်သာရာ ရ

သွားရလေသည်။ မဟုတ်ပါက ဤ လောကတွင် ဆရာသခင် များ တော်တော်များများ ရှိနေမည် ဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် ကျောက်ဖုန်းနှင့် နေ့လယ်ခင်းအထိ တိုင်အောင် စကားပြောနေ ခဲ့လေသည်။

သူမသည် ကျောက်ဖုန်းထံမှ သူမသိချင်သည့် အချက်အလက် များစွာကို သိခွင့်ရခဲ့လေသည်။ ကျောက်ဖုန်းမှာလည်း သူမကို အလွန်မှ လေးစားနေဟန် ရှိလေသည်။

ကျောက်ဖုန်းသည် ထိုသို့ခံစားနေရသည့် အတွက် သူ့ကိုယ်သူ လည်း နားမလည်နိုင် ဖြစ်နေရလေသည်။ သို့သော် သူသည် ကျောက်ရှောင်ယွီ တောင်းဆိုသည့် အရာမှန်သမျှကို တစ်ခုမ ကျန် မဆန့်ကျင်ပဲ လိုက်လျော နေမိလေသည်။

နောက်ဆုံးတော့ ကျောက်ရှောင်ယွီက သူမသည် ပါသမျှ ငွေကြေးပစ္စည်းများ အကုန်လုံး လုယက်ခံလိုက်ရပြီး သွားစရာ

နေရာလည်း မရှိကြောင်း ကျောက်ဖုန်းကို ပြောပြ လိုက်လေ တော့သည်။

ပြောစရာပင်မလိုပါ။ ကျောက်ဖုန်းသည် ကျောက်ရှောင်ယို့ အတွက် နေစရာနေရာတစ်ခု ချက်ချင်း ရှာပေးလေသည်။

ကျောက်ဖုန်းတို့ မိသားစုက ပေကျင်းတွင် နေထိုင်သူများ ဖြစ်ကြလေသည်။ ဖျော်ဖြေရေး လုပ်ငန်းများကို စိတ်ဝင်စားသည့် အတွက် ကျောက်ဖုန်းက လက်ရှိအလုပ်ကို လုပ်ကိုင်နေခဲ့ခြင်း ဖြစ်လေသည်။

သို့သော် ... သူသည် အရည်အချင်းရှိသူ တစ်ယောက် မဟုတ်သလို လူမှုဆက်ဆံရေးလည်း သိပ်ပြီး ကောင်းသူတစ်ယောက် မဟုတ်ပေ။ ထို့ကြောင့် သူက ပတ်ဝန်းကျင် အနီးအနားတွင် လူသစ်ရှာဖွေသည့် အလုပ်ကိုသာ လုပ်ခဲ့ရလေသည်။

ကျောက်ဖုန်း၏ အစ်ကိုဝမ်းကွဲ တစ်ယောက်သည် လွန်ခဲ့သည့် (၃)နှစ်ခန့်က ယဉ်တိုက်မှုတစ်ခုဖြင့် သေဆုံး သွားခဲ့ရလေ

သည်။ အစ်ကိုဝမ်းကွဲမှာ ဆရာဝန်တစ်ယောက် ဖြစ်လေသည်။

ထိုအချိန်ကတည်းက အစ်ကိုဝမ်းကွဲ၏ နေအိမ်ကို သော့ခတ်ထားခဲ့လေသည်။

သူ၏ဦးလေးကတော့ ပေကျင်းတက္ကသိုလ်တွင် ပါမောက္ခတစ်ယောက် ဖြစ်ပြီး ကျောင်းကပေးသည့် အိမ်တွင်ပင် နေထိုင်လေသည်။ ထို့ပြင် ဦးလေးဖြစ်သူက အသက်လည်းကြီးပြီ ဖြစ်သလို အခြားသူများကိုလည်း သိပ်ပြီး မယုံကြည်တတ်ပေ။ ထို့ကြောင့် သေဆုံးသွားခဲ့သည့် သားဖြစ်သူ၏အိမ်ကို အပတ်စဉ် သန့်ရှင်းရေးလုပ်ပေးသည့် အလုပ်ကို ကျောက်ဖုန်းက တာဝန်ယူထားရလေသည်။

ထိုအကြောင်းအရာများကို ပြန်စဉ်းစားမိလေတိုင်း ကျောက်ဖုန်းသည် ဝမ်းနည်းခံစားရစမြဲ ဖြစ်လေသည်။

သူ၏ အစ်ကိုဝမ်းကွဲဖြစ်သူ ယဉ်တိုက်မှုဖြင့် သေဆုံး သွားခဲ့ပြီးသည့်နောက် အဒေါ်ဖြစ်သူမှာလည်း သား၏စိတ်ဖြင့် မကြာမီ

မှာပင် ဆုံးပါးသွားခဲ့လေသည်။ ဦးလေးဖြစ်သူမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီး အိမ်တွင်ဆက်နေလျှင် ဇနီး နှင့်သားဖြစ်သူကို လွမ်းဆွတ် သတိရနေမိသည့် အတွက် တက္ကသိုလ် ပရဝုဏ်အတွင်းသို့ ပြောင်းရွှေ့ နေထိုင်ခဲ့လေ သည်။

ကျောက်ဖုန်း ပြောပြသမျှကို ကျေက်ရှောင်ယွီကလည်း ဂရုတစိုက်ဖြင့် နားထောင်နေခဲ့ပါသည်။

ကျောက်ဖုန်း၏ အစ်ကိုဝမ်းကွဲဖြစ်သူ နေအိမ်သို့ ရောက်ရှိ သည့် အခါတွင်တော့ ကျောက်ရှောင်ယွီသည် ထူးဆန်းမှု တစ်ခု ကို ခံစားလိုက်ရလေသည်။

“ရှင့်အစ်ကိုဝမ်းကွဲရဲ့ နာမည်က ဘယ်သူများလဲ”

သူမက မေးလိုက်လေသည်။

ကျောက်ဖုန်းက ရုတ်တရက် မှင်တက်သွားပြီးမှ ပြန်ဖြေလိုက် လေသည်။

"လီဖုန်း...."

ကျောက်ရှောင်ယွီက အသိအမှတ်ပြုသည့် အနေဖြင့် ခေါင်း

တစ်ချက် ညိတ်လိုက်လေသည်။

ခဏအကြာတွင်တော့ ကျောက်ဖုန်းသည် ကျောက်ရှောင်ယွီကို

ထားခဲ့ပြီး အိမ်မှ ထွက်ခွာ သွားလေတော့သည်။

ကျောက်ရှောင်ယွီသည် အိမ်ကိုလှေ့လာနေပြီး ရင်းနှီးနေသလို

ခံစားနေရလေသည်။

သို့သော် အရေးကြီးသည့် အပိုင်းမှာ ဤလောကတွင်

အံ့ဝင်ခွင်ကျဖြစ်အောင် နေထိုင်နိုင်ရန် ဖြစ်လေသည်။ သူမ

အတွက်တော့ ထိုသို့နေထိုင်ရန်မှာ ခက်ခဲသည့်အလုပ်မဟုတ်ပါ

ချေ။

တစ်ညအတွင်းမှာပင် သူမသည် ထိပ်တန်း ဟက်ကာတစ်

ယောက် ဖြစ်လာပြီး သင့်တော်သည့် မှတ်ပုံတင်တစ်ခုကို ရယူ

နိုင်ခဲ့လေသည်။ နောက်ထပ် ပြုလုပ်ရန်မှာ သူမ၏ တည်ရှိမှုကို

သက်သေပြရန် ဖြစ်လေသည်။

လော်ဝါဒ၏ ခေါင်းဆောင်တစ်ယောက် အနေဖြင့် မျက်နှာ

အသွင်အပြင်ကို ပြုပြင် ပြောင်းလဲရန်မှာလည်း ထမင်းစား

ရေသောက်ကိစ္စကဲ့သို့ပင် လွယ်ကူ လွန်းလှလေသည်။

လူသားသန်းပေါင်း (၆ဝဝဝ)၏ အားပေးမှုကို ရရှိသည့်

နာမည်ကြီး တစ်ယောက် ဖြစ်လာရန်မှာ သူမသာ ကြိုးစားလျှင်

ကျိန်းသေ ဖြစ်လာမည်ဟု ယုံကြည်နေခဲ့လေသည်။

အစစအရာရာ ပြင်ဆင်ပြီးသည့် နောက်တွင်တော့ သူမသည်

သူမရောက်ရှိနေသည့် တိုင်းပြည်၏ ယဉ်ကျေးမှုများကို

စိတ်ဝင်စား လာမိပြန်သည်။ ကံကောင်းသည့် အချက်မှာ တစ်

ကမ္ဘာလုံးမှ အကြောင်းအရာများကို အင်တာနက်မှ လေ့လာ

သင်ယူနိုင်ခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့်ပင် သူမသည်

သတင်း အချက်အလက်များစွာကို ရရှိပြီး ပြဿနာများစွာကို လည်း အတည်ပြု နိုင်ခဲ့လေသည်။

ထို့နောက်တွင်တော့ ကျောက်ရှောင်ယွီသည် သူမနေထိုင်သည့် အိမ်ပိုင်ရှင်၏ဖခင် သင်ကြားမှုများ ပြုလုပ်ပေးနေသည့် ပေ ကျင်းတက္ကသိုလ်မှ အတန်းတစ်တန်းကို တက်ရောက်ရန် ဆုံးဖြတ် လိုက်လေသည်။

****

ချင်းရှမ်နတ်တံခါးတွင် ဆန်းကျန်းရန် နတ်ဘုရားစီစဉ်သည့် လုန်ဟွာပွဲတော် ကျင်းပတော့မည် ဖြစ်လေသည်။

ယနေ့တွင်တော့…

ဆန်းကျန်းရန် နတ်ဘုရားက ပလ္လင်ထက်တွင်ထိုင်ပြီး အသက် ရှည်ခြင်း လမ်းစဉ်အကြောင်းကို ဟောပြော သင်ကြားပေးမည် ဖြစ်လေသည်။ ချင်းရှမ်နတ်တံခါးနှင့် ပတ်သက် ဆက်နွှယ် သူများ သို့မဟုတ် ချူးစန်းအဆင့်သို့ မရောက်သေး သည့် ကျင့်ကြံသူများလည်း တက်ရောက် နိုင်ကြလေသည်။

ရောက်ရှိလာကြသည့် ဧည့်သည်တော်များမှာ အလွန်များပြား လှပြီး ထိုက်ဃီတောင်ထိပ်တွင် ဧည့်သည်များကို ကြိုဆိုသည့် အနေဖြင့် ရွှေရောင် တံတားတစ်စင်း ထွက်ပေါ်လာလေသည်။ ကောင်းကင်ထက်တွင်လည်း နဂါး(၂)ကောင် လှည့်ပတ်နေပြီး ထိုမြင်ကွင်းမှာ ကြီးကျယ် ခမ်းနားလှလေသည်။

လူအများသည် ဆန်းကျန်းရန် နတ်ဘုရားသည် ရွှမ်ထျန်းနတ် ဘုရားဂိုဏ်းသို့ သွားပြီး ရှန်စန်းကျန်းရန် လုကျိုယွမ်နှင့် တရား ဆွေးနွေးခဲ့သည့် သတင်းကို ရရှိခဲ့ကြလေသည်။

သို့သော် အခြားသော သတင်းများအရဆိုလျှင် တရားဆွေးနွေး ခြင်း မဟုတ်ဘဲ တိုက်ပွဲတစ်ခု ဖြစ်ခဲ့ကြသည်ဟုလည်း ဆိုကြ ပြန်လေသည်။ တစ်ချိန်တည်းမှာပင် တိုက်တိုက်ဆိုင်ဆိုင် ရှန် စန်းကျန်းရန် လုကျိုးယွမ်မှာ ပျောက်ကွယ် သွားခဲ့လေသည်။

ရှမ်ထျန်းနတ်ဘုရားဂိုဏ်း ကတော့ ကောလာဟာလများကို ဖြေရှင်းခဲ့ခြင်း မရှိပေ။ ကောလာဟာလဆိုသည်က အခြေအမြစ်မရှိသည့် စကားများသာ ဖြစ်လေသည်။

သို့သော်... ကောလာဟာလများ ကြောင့်ပင် ချင်းရှမ်နတ်တံခါးသို့ ကျင့်ကြံသူများ တဖွဲဖွဲ ရောက်ရှိလာခဲ့ကြပြီး ခန့်မှန်းထားသည့် ဥည့်သည်တော် တစ်သောင်းထက်ပင် ကျော်လွန်ခဲ့လေသည်။

ဆန်းလျန်က တန်ခိုးစွမ်းအားကို အသုံးပြုကာ ထိုက်ယီတောင်ထိပ်တွင် တိမ်တိုက်များကို ဖန်ဆင်းခဲ့လေသည်။

ထို့ကြောင့် သိန်းနှင့်ချီသည့် ကျင့်ကြံသူများကို အဆင်ပြေစွာပင် နေရာထိုင်ခင်း ပေးနိုင်ခဲ့လေသည်။

တရားဟောရန်အတွက် ပလ္လင်ထက်တွင် မထိုင်ခင်မှာပင် လူအများ၏ စိတ်အာရုံကို ဖမ်းစားနိုင်သည့် အဖြစ်အပျက် တစ်ခုက ဖြစ်ပျက် လာခဲ့လေသည်။

နာမည်ကျော်ကြားသည့် နတ်ဘုရားများစွာနှင့် ဗုဒ္ဓဘာသာ

ဘုန်းတော်ကြီးများစွာ ထိုက်ယီတောင်ထိပ်သို့ ရောက်ရှိ နေကြ

လေသည်။

ထိုအချိန်မှာပင်...

ရေကဲ့သို့ ကြည်လင်သည့် အလင်းတန်းတစ်ခုသည် အနောက်

ဘက် ကောင်းကင်တွင် ထွန်းလင်းလာလေသည်။ အလင်းတန်း

ထဲတွင် နှင်းဆီရောင် တိမ်တိုက်တစ်ခု လွင့်မျောလာလေသည်။

ကျင့်ကြံသူ တစ်ယောက်က....

"တန်ခိုးစွမ်းအားက အကန့်အသတ်မဲ့တယ်၊ ပင်လယ်က

တိုက်စားရင် တောင်ကိုတောင် ပြိုကျစေနိုင်တယ်၊ အဲဒါ ဖားဟို

င်ဆရာတော် ကြွရောက်လာတာပဲ"

တစ်ချိန်တစ်ခါက ဟိုင်သခင်ကြီးဟု လူသိများသည့် ဖားဟိုင်

ဆရာတော်သည် ပင်လယ်မြွေကြီး တစ်ကောင် ဖြစ်လေသည်။

တာအိုကျင့်စဉ်လမ်းကို နှစ်ပေါင်းများစွာ လျှောက်လှမ်းခဲ့ပြီး

နောက်ဆုံးတွင်တော့ ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်လာကာ ဘုန်းကြီးဝတ်ခဲ့လေသည်။

သူ၏ တန်ခိုးစွမ်းအားများမှာ အဆမတန် မြင့်မားနေပြီး ကျင်း ထူကျောင်းတော်၏ ဂိုဏ်းချုပ်ပင် ဖြစ်နေခဲ့ပြီ ဖြစ်လေသည်။

ဖားဟိုင်ဆရာတော်နှင့် ဆန်းကျန်းရန်တို့မှာ မိတ်ဆွေဟောင်း များ ဖြစ်သည်ဆိုသည့် အကြောင်းကို ကျင့်ကြံသူများက တီး တိုး ပြောဆိုနေကြလေသည်။

အခန်း (၆၄၂) ဆန်းလျန်တရားဟောပြောခြင်း

ကျင့်ကြံသူများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြစဉ်မှာပင်...

ကောင်းကင် တစ်ခုလုံးတွင် အဝါရောင် တိမ်တိုက်များဖြင့် ထူထပ်ပြည့်နှက် လာပြန်လေသည်။

အဝါရောင် တိမ်တိုက်များမှ ထွက်ပေါ်နေသည့် တန်ခိုး စွမ်းအားများသည် ဖားဟိုင်ဆရာတော်နှင့် မတိမ်းမယိမ်းပင် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ထိုသူမှာ ကွမ်းချင်း နတ်ဘုရားဂိုဏ်းမှ နောက်ဆုံးသော နတ်ဘုရားတစ်ပါး ဖြစ်နေသောကြောင့်ပင်။

ကွမ်းချင်း နတ်ဘုရားဂိုဏ်းသည် ဆန်းကျန်းရန် နတ်ဘုရား ကြောင့် တစ်ချိန်က ပျက်စီးခဲ့ရလေသည်။ သို့သော် ဆန်းကျန်း ရန် နတ်ဘုရားသည် ကွမ်းချင်း နတ်ဘုရားဂိုဏ်းမှ ဂိုဏ်းသား များ အကုန်လုံးကို သုတ်သင် ရှင်းလင်းပစ်ခဲ့ခြင်း မရှိပေ။

မည်သို့ပင်ဖြစ်စေ... ကွမ်းချင်း နတ်ဘုရားဂိုဏ်းမှ နတ်ဘုရား တစ်ပါးသည် ချင်းရွှမ်နတ်တံခါးကို လာရောက်ရဲသည်မှာ အလွန်မှ သတ္တိကောင်းရာ ရောက်လေသည်။

ထိုက်ယီ တောင်ထိပ်တွင် ရှိနေသည့် ဆန်းလျန်သည် ထိုသူ ရောက်ရှိလာသည်ကို သတိထားလိုက်မိပြီး ဘေးတွင်ရှိနေ သည့် ချန်ကျင်းချင်ကို စကားလှမ်းပြော လိုက်လေသည်။

"သူက အကူအညီ တောင်းဖို့လာတာပါ"

ထိုအချိန်မှာပင် တာအိုဆရာ တစ်ယောက်၏ အသံသည် ချင်း ရွှမ်နတ်တံခါးတွင် မိုးခြိမ်းသံအလား မြည်ဟည်းထွက် ပေါ်လာ လေသည်။

"ဆန်းကျန်းရန်နတ်ဘုရား၊ ကျုပ်သေဖို့ ရောက်လာတာပါ၊ ကျုပ်ကိုသတ်လိုက်ပါတော့..."

ထိုသူ၏စကားသံ မဆုံးခင်မှာပင် စူးရှထက်မြက်လွန်းသည့် ဓားဝိညာဉ်တစ်ခုသည် မြစ်တစ်စင်းအလား ထိုက်ယီ တောင်ထိပ်တွင် ထွက်ပေါ်လာလေသည်။ တာအို ဆရာတုန်း ဖုန်းသည် ချက်ချင်းပင် ထိုဓားဝိညာဉ် အတွင်းသို့ ဝင်ရောက် သွားပြီး တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

ထိုနေ့မှစပြီး...

လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာ ကတည်းက အငြိုး အတေး ထားခဲ့သည့် ကွမ်းချင်း နတ်ဘုရားဂိုဏ်း၏ အမျက် ဒေါသနှင့် မကျေနပ်ချက်များမှာလည်း ပျောက်ကွယ် သွားခဲ့ လေသည်။ သို့သော် စိတ်မကောင်းစရာ အချက်မှာ တာအို ဆရာတုန်းဖုန်းသည် သေသည်အထိ ဆန်းလျန်နှင့် စကားပြော ခွင့် ရမသွားခဲ့ခြင်းပင် ဖြစ်လေသည်။

ချန်ကျင်းချင်က သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။ ကွမ်းချင်း နတ်ဘုရားဂိုဏ်းမှ နတ်ဘုရား (၅)ပါးလုံးသာ ဤ နေရာသို့ ရောက်ရှိလာမည် ဆိုပါက ဆန်းလျန်သည် သူတို့ အားလုံးကို လက်ခံတွေ့ဆုံကောင်း တွေ့ဆုံမည် ဖြစ်လေသည်။ ကျင့်ကြံသူများ အားလုံးသည် အဖြစ်အပျက် တစ်ခုလုံးကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရလေသည်။

သို့သော်… အဖြစ်အပျက်များမှာ လျင်မြန်လွန်းလှသည့်

အတွက် မည်သို့ တုံ့ပြန်ရမည်ပင် မသိနိုင်ကြတော့ပေ။

အားလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြလေ၏။

တာအို ဆရာတုန်းဖုန်းသည် လောကနတ်ဘုရား တစ်ပါး ဖြစ်

လေသည်။ နှစ်ပေါင်းထောင်ချီ ကြာအောင် ကျင့်ကြံခဲ့သူ တစ်

ယောက်ဖြစ်ပြီး တန်ခိုးစွမ်းအားလည်း အလွန်မြင့်မားလေ

သည်။ သို့သော်… ဆန်းလျန်ကို တွေ့ဆုံခွင့်ပင် မရလိုက်ပဲ

အမှုန့်ဖြစ်သွားခဲ့ရလေပြီ။

ဆန်းကျန်းရန် နတ်ဘုရားသည် ရှန်စန်းကျန်းရန်လုကျိုးယွမ်

ထက်ပင် သာလွန်သည်ဟု ကောလာဟလများ ပြောနေကြ

သည်မှာ အမှန်ပင် ဖြစ်နိုင်လေသည်။ ထိုသို့သာဆိုလျှင်

လောကပထမဆိုသည့် ဂုဏ်ပုဒ်သည် ပြောင်းလဲသွားခဲ့ပြီ

မဟုတ်ပါလား။

အဖြစ်အပျက်များကို မြင်တွေ့လိုက်ရသည့် ဖားဟိုင် ဆရာတော်၏ မျက်နှာအမူအရာမှာ ပြောင်းလဲသွားလေသည်။ ဆန်းလျန်သည် ထိုမျှ တန်ခိုးစွမ်းအား မြင့်မားနေလိမ့်မည်ဟု ထင်မှတ်မထားခဲ့မိပေ။ ဖားဟိုင်ဆရာတော် ကိုယ်တိုင်သည်ပင် လျှင် တာအိုဆရာတုန်းဖုန်းထက် အနည်းငယ်မျှသာ သာလွန် သူတစ်ယောက် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်၏ မြစ်ရေပြင်အလား ဓားဝိညာဉ်ဖြင့် ထိ တွေ့ခဲ့မိပါက သူသည်လည်း တစ်ချက်တည်းဖြင့် လူပြန်ဝင်စား သွားရမည် ဖြစ်လေသည်။

အစပိုင်းတွင် ဖားဟိုင်ဆရာတော်သည် ဆန်းလျန်၏ တန်ခိုး စွမ်းအားများကို တန်ခိုး စွမ်းအားများကို အကန့်အသတ် တစ်ခု အတွင်းတွင်သာ ဘောင်ခတ်ပြီး ကြည့်ထားခဲ့သည့် အတွက် သိပ်ပြီး အထင်ကြီးမထားခဲ့မိပေ။

သို့သော် ယခုတော့ တစ်ချက်တည်းဖြင့်ပင် ဆန်းလျှန်ကို လေးစားသွားရပြီး ဆန်းလျှန်သည် ပြိုင်ဘက်ကင်း တစ်ယောက်ဖြစ်သည်ကို လက်ခံ လိုက်လေတော့သည်။

တစ်ချိန်တုန်းကတော့ သူနှင့် ဆန်းလျှန်သည် ပြိုင်ဘက်များဖြစ်ကောင်း ဖြစ်ခဲ့ပေလိမ့်မည်။ သို့သော်... ယခုတော့ သူတို့ကြားမှ ကွာဟချက်က အလွန်ကြီးမားခဲ့ပြီ ဖြစ်လေသည်။

ကံကောင်းသည့်အချက်မှာ ဖားဟိုင်ဆရာတော်နှင့် ဆန်းလျှန်သည် ဆက်ဆံရေး ကောင်းခဲ့ကြသူများ ဖြစ်လေသည်။

ထို့ကြောင့် သူ့အနေဖြင့် ဆန်းလျှန်ထံမှပင် အကြံဉာဏ်များပင် တောင်းနိုင်သေးသည်။

ထို့နောက်တွင်တော့ လောကနတ်ဘုရား (၁၀)ပါးနှင့် ဘုန်းတော်ကြီး (၅)ပါး ထပ်မံ ကြွရောက် လာကြပြန်လေသည်။

ညှော်သည်တော်များ အားလုံးသည် နာမည်ကြီး ကျင့်ကြံသူများ ဖြစ်ကြလေသည်။

သို့သော် သူတို့အားလုံးက စောစောက ဖြစ်ပျက်ခဲ့သည့် ချင်းရွှမ်နတ်တံခါးနှင့် ကွမ်းချင်းနတ်ဘုရားဂိုဏ်း အကြား မကျေနပ်မှုများနှင့် ပတ်သက်ပြီး နှုတ်ပိတ်နေကြလေသည်။

တာအိုဆရာတုန်းဖုန်း အသေခံသွားခြင်းအားဖြင့် ရန်ငြိုးသည် အဆုံးသတ်သွားခဲ့လေသည်။

ချန်ကျင်းချင်က သူ၏ဆရာ မျက်နှာထွက်ပြရတော့မည့် အချိန်သို့ ရောက်ရှိပြီ ဖြစ်သည်ကို သိရှိလိုက်လေသည်။

ထိုက်ယီတောင်ထိပ်မှ ရွှေရောင် တံတားကြီးသည် ပျောက်ကွယ်သွားလေသည်။

ထူးခြား ဆန်းကြယ်မှုများဖြင့် ဝန်းရံနေပြီး ကျင့်ကြံသူများသည် လေထဲရှိ တိမ်တိုက်ထက်တွင် ခမ်းနား ကျက်သရေရှိစွာဖြင့် အသီးသီး နေရာယူထားကြလေသည်။

နေရာထိုင်ခင်းများမှာ စနစ်တကျ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ချင်းရှမ်နတ်တံခါးမှ တာဝန်ရှိသူများ၏ အစီအစဉ်ဖြင့် လူအများကို စနစ်တကျ နေရာချထား ပေးခဲ့လေသည်။

အချို့သော နတ်ဘုရားများကလည်း သူတို့၏ အထူးထိုင်ခုံများကို ယူဆောင်လာကြပြီး သာမန်ကျင့်ကြံသူများ၏ အထက်တွင် ထိုင်နေကြလေသည်။

မကြာမီမှာပင် မိုးကောင်းကင် တေးဂီတသံ ထွက်ပေါ်လာပြီး ကြာပလ္လင်တစ်ခု ပေါ်လာလေသည်။ ဆန်းလျန်သည် ကြာပလ္လင်အလယ်တွင် မတ်တတ်ရပ်နေပြီး သူ့ဘေးတွင်တော့ တာအိုသူငယ်လေး (၂)ယောက် ရှိနေကြလေသည်။

ဆန်းလျန်၏ ခွင့်ပြုချက်ဖြင့် ကျားကျန်သည်လည်း ပရိသတ်များ အလယ်တွင် ရောက်ရှိနေပြီ ဖြစ်လေသည်။

ကျားကျန်၏ ဘေးတွင်တော့ ချောမောလှပသည့် မိန်းမပျိုလေး တစ်ယောက် ရှိနေလေသည်။ သူမသည် သာမန်မဟုတ်

သည့် မိသားစုတစ်ခုမှ ဖြစ်ပုံရလေသည်။ သူမသည် ဤနေရာသို့ လာရောက်ခွင့်ရသည်မှာ အလွန်ကံကောင်းသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် သူမသည် ယနေ့အချိန်အခါကို အလွန်တန်ဖိုးထားပြီး အကောင်းဆုံး ကြိုးစားနေခဲ့လေသည်။ သို့သော်... ဆန်းလျန်ကတော့ သူတို့ (၂)ယောက်စလုံးကို အရေးမစိုက်ပါ။

သူက ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး သူ့ကို ဂါရဝပြုနေကြသည့် ကျင့်ကြံသူအချို့ကို အနည်းငယ် ခေါင်းညိတ်ကာ အသိအမှတ် ပြုလိုက်လေသည်။ ဆန်းလျန်ကို ကြည့်ရသည်မှာ ယုံကြည်မှု လွန်ကဲနေသည့်ဟန်မရှိ ပါ။ သို့သော်.... တာအိုဆရာတုန်းဖုန်း၏ အဖြစ်အပျက်ကို မြင်တွေ့ခဲ့ကြရသည့် အတွက် ဆန်းလျန်ကို မည်သူမှ မလေးမစား မလုပ်ရဲကြပေ။

ထို့ပြင် ဆန်းကျန်းရန်သည် နာမည်ဆိုးဖြင့် ကျော်ကြားသူ တစ်ယောက် မဟုတ်ပါ။ ထို့ကြောင့် လောကဝတ်ကို ထိန်းသိမ်းရန် လိုအပ်လေသည်။

ထို့ပြင် ဆန်းလျန်နှင့် ခင်မင်ခဲ့ကြဖူးသည့် ဖားဟိုင်ဆရာတော်သည် ပင်လျှင် ဆန်းလျန်ကို ဂါရဝပြုနေခဲ့သည် မဟုတ်ပါလား။

ဆန်းလျန်သည် ချက်ချင်းပင် တရားဟောပြောခြင်းကို စတင်လိုက်လေသည်။

သူက တာအိုကျင့်စဉ်လမ်းနှင့် ပတ်သက်သည့် အဆင့် (၉)ဆင့်ဖြစ်သည့် ယန်ချီ၊ ထုန့်မိုက်၊ ချောင်တုန့်၊ ယွင့်ဟွင်၊ ချူးစန်း၊ ရှုဟွ၊ ဟိုင်သန်း၊ ပုရှီး၊ ဖော့ဝမ့်အဆင့်များ အကြောင်းကို ဟောပြောခြင်းမရှိပါ။

သို့သော်... သူက အဆင့်တိုင်း အသေးစိတ် အခြေအနေများကို သေသေချာချာ ရှင်းလင်းပြသ ပေးသွားခဲ့လေသည်။ ပွဲသို့

ရောက်ရှိနေကြသည့် ကျင့်ကြံသူအများစုမှာ ချူးစန်းအဆင့် ကျင့်ကြံသူများ ဖြစ်ကြလေသည်။
သို့သော်... ဆန်းလျန်၏ ဟောပြောမှုကို နားထောင်ပြီးသည်နှင့် သူတို့သည် အသေးစိတ်များကို သိရှိခဲ့ကြခြင်း မရှိသည်ကို သဘောပေါက်ခဲ့ ကြရလေသည်။
အခြားဘက်တွင်လည်း ဆန်းလျန်၏ ဟောပြောမှုကို နားထောင်နေကြသည့် နတ်ဘုရားများမှာ သူတို့သည် ကျင့်စဉ် လမ်းကို ပြည့်စုံစွာ ကျင့်ကြံခဲ့ခြင်းမရှိဘဲ အဆင့်တက်ရောက် ခဲ့ကြရသလို ခံစားနေမိကြလေသည်။
မှတ်မိသမျှ ရှေးအချိန်ကာလ တစ်လျှောက်တွင် ကျင့်ကြံခြင်း အဆင့် (၉)ဆင့်အကြောင်းကို ထိုသို့ ပြည့်ပြည့်စုံစုံ ရှင်းပြနိုင်သူ မည်သူမှ မရှိခဲ့ကြပေ။

နောက်ဆုံးတွင်တော့ ဆန်းလျန်က သူ၏ဟောပြောမှုကို နိဂုံးချုပ်လိုက်ပြီး ကျင့်ကြံသူများကြားတွင် ထိုက်ယီ ထျန်းရှန်း အဆင့်သည် မည်သို့ကွဲပြားကြောင်းကို ပြောပြခဲ့လေသည်။

ဆန်းလျန် ဟောပြော သင်ပြပေးခြင်း မပြီးဆုံးသေးခင်မှာပင် နတ်ဘုရားတစ်ပါးက သူ၏ဘေးမှ မိတ်ဆွေကို စကားလှမ်း ပြော လိုက်လေသည်။

“ဒီနေ့ပြီးရင်တော့ ဆန်းကျန်းရန်နတ်ဘုရား ဟောပြောခဲ့တာ တွေဟာ ကျမ်းစာတစ်အုပ် ဖြစ်လာပြီး သားစဉ်မြေးဆက် ထိန်းသိမ်းရတဲ့ အရာတွေ ဖြစ်လာတော့မယ်”

သူ့စကားကို အခြားသော နတ်ဘုရားများလည်း ကြားလိုက်ကြ ရလေသည်။

ဆန်းလျန်သည် သူ၏အယူဝါဒကို ဟောပြောနေစဉ်တွင် ဗုဒ္ဓဘာသာမှ နှလုံးသား စည်းတံဆိပ် တန်ခိုးစွမ်းအားကို အသုံးပြုခဲ့လေသည်။

ထို့ကြောင့် ပရိသတ်များ အားလုံးသည် သူဟောပြောသည့်
စကားတိုင်းကို ရှင်းလင်းစွာမှတ်မိနိုင်မည် ဖြစ်လေသည်။
ထို့ကြောင့် သူတို့သည် ကျင့်စဉ်လမ်း အဆင့်တက်သည့် အချိန်
တွင် ဆန်းလျန် သင်ပြပေးသည်ကို သတိတရရှိနေပြီး
အတွေ့အကြုံကောင်းကို ဖော်ထုတ်နိုင်မည် ဖြစ်လေသည်။
ဇင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး (၃)ပါးမှာလည်း ဆန်းလျန်ကို
အလွန်လေးစား နေမိကြလေသည်။ ဟွေခဲ့ဆရာတော်ကြီးက
ဆန်းလျန်သည် ပါရမီရှင်တစ်ယောက် ဖြစ်သည်ဟု ပြောသည်
မှာ အပိုပြောခြင်း မဟုတ်သည်ကို သိရှိခဲ့ကြရပြီ။
အရှေ့ဆီမှ နေထွက်လာသည့် အချိန်တွင်တော့ ဆန်းလျန်၏
တရားဟောပြောမှုသည် ပြီးဆုံးသွားခဲ့လေသည်။
ဆန်းလျန်သည် ကျင့်ကြံခြင်းအဆင့် (၉)ဆင့်ကို အသေးစိတ်
ပြောပြနေခဲ့ခြင်း ဖြစ်သော်လည်း ထိုအကြောင်းအရာများသည်

အသက်ရှည်ခြင်း လမ်းစဉ်ကို သွယ်ဝိုက် ပြောပြနေခြင်းပင်

ဖြစ်လေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်၏ဘေးနားမှ မိန်းကလေးငယ်

က ဆရာဘိုးဘိုး၏ ခွင့်ပြုချက်ဖြင့် ကြေညာလိုက်လေသည်။

"ကျွန်မတို့ ဆရာဘိုးဘိုးက တာအိုကျင့်ကြံသူ မိတ်ဆွေများ

မေးစရာရှိတယ်ဆိုရင် မေးခွန်းမေးဖို့ အခွင့်ပေးပါတယ်၊ မေး

စရာများရှိရင် ပြင်ဆင်ထားကြပါ၊ ရွေးချယ် ခံထားရသူတွေ

ဟာ သူတို့ရဲ့ပုံရိပ်တွေလေထဲမှာ ပေါ်လာတာကို မြင်တွေ့ကြရ

ပါလိမ့်မယ်"

ပရိသတ်များမှာ စိတ်လှုပ်ရှားနေကြလေသည်။

အချိန်အတန်ကြာပြီးနောက် ကျင့်ကြံသူတစ်ဦး၏ ပုံရိပ်သည်

လေထဲတွင် ပေါ်လာလေသည်။ ထိုင်နေကြသည့်နေရာ

အသီးသီးမှ ကျင့်ကြံသူများသည် ထိုသူ၏ပုံကို မြင်တွေ့နိုင်

လေသည်။

ကျင့်ကြံသူများမှာ အနည်းငယ် စိတ်လှုပ်ရှား သွားကြ
သော်လည်း ချက်ချင်းပင် တည်ငြိမ်အောင် ကြိုးစား လိုက်ကြ
လေသည်။

ထိုသူက မေးခွန်း မေးလိုက်လေသည်။

"ဆန်းကျန်းရန်နတ်ဘုရား၊ ဖန်ဆင်းရှင်ဟာ လုံ့လ ဝီရိယရှိတဲ့သူ
တွေကို ဆုချတယ်ဆိုတဲ့ စကားရှိတယ်၊ ဒါပေမဲ့ အချို့သူတွေ
က အရမ်းကြိုးစားပြီး ကျင့်ကြံကြပေမဲ့ တိုးတက်မှုက နည်း
နည်းပဲ ရကြတယ်၊ အချို့ကတော့ မကြိုးစားပေမဲ့လည်း ခပ်
မြန်မြန် အဆင့်တက်သွားကြတယ်၊ အဲဒါ ဘာများဖြစ်လို့ပါလဲ"

မေးမြန်းသူမှာ အသက်(၅၀)ရှိပြီ ဖြစ်သည့်တိုင် ချူးစန်းအဆင့်
သာ ရောက်ရှိသေးသူ တစ်ယောက် ဖြစ်လေသည်။

အချို့သူများဆိုလျှင် အသက် (၂၀)လောက် ဆိုလျှင် ချူးစန်း
အဆင့် တက်လှမ်းနိုင်ကြပြီ ဖြစ်လေသည်။ ထို့ကြောင့် ထို
ကျင့်ကြံသူမှာ စိတ်မသက်မသာ ခံစားနေရလေသည်။

ဆန်းလျှန်က ပြုံးလိုက်ရင်း...

“လူတစ်ယောက်က ဟွေခွဲဆရာတော်ကြီးကို ‘ဘုန်းတော်ကြီးတွေ တရားအားထုတ်သလား’ လို့မေးတော့ ဆရာတော်က ‘တရားအားထုတ်တယ်’ လို့ ပြန်ဖြေခဲ့တယ်၊ အဲဒါနဲ့ အဲဒီလူက ဆက်မေးတယ် ‘ဘယ်လို တရားအားထုတ်သလဲ’ တဲ့၊ ဆရာတော်က ‘စားရမယ့်အချိန်မှာ စားပြီး အိပ်ရမယ့်အချိန်မှာ အိပ်တယ်’ လို့ ပြန်ဖြေခဲ့တယ်၊ အဲဒါနဲ့ အဲဒီလူက ဆက်မေးတယ် ‘သာမန်လူတွေဆိုရင်လည်း စားရမယ့်အချိန်စားပြီး အိပ်ရမယ့်အချိန် အိပ်ကြတာပဲ၊ ဒီလိုသာဆိုရင် သာမန်လူတွေနဲ့ ဘုန်းတော်ကြီးတွေ ဘာများ ခြားနားဦးမှာလဲ’ လို့ ထပ်မေးတယ်၊ ဟွေခွဲဆရာတော်က ‘မတူဘူး’ လို့ ပြန်ဖြေတယ်၊ ‘ဘာမတူတာလဲ’ လို့ မေးတဲ့သူက ဆက်မေးတယ်၊ ဆရာတော်က ရှင်းပြတယ် ‘စားရမယ့်အချိန်မှာ သာမန်လူသားတွေက မစားဘဲနဲ့ အခြားသူတွေရဲ့ အတင်းအဖျင်း တွေကို ဆိုကြတယ်၊ အိပ်ရ

မယ့်အချိန်မှာ မအိပ်ဘဲနဲ့ တောင်တွေးမြောက်တွေးတွေ တွေး

နေကြတယ်၊ အဲဒါက ခြားနားချက်ပဲ’ တဲ့”

ဆန်းလျှန်၏ စကားကိုကြားသည်နှင့် ဇင်ဗုဒ္ဓဘာသာဘုန်းတော်

ကြီး (၃)ပါးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်

လိုက်ကြလေသည်။

ဆန်းလျှန်၏စကားသည် ဟွေ့ခဲ့ဆရာတော်ကို ရည်ညွှန်း ပြော

သွားသော်လည်း ကျင့်ကြံခြင်း အနှစ်သာရများဖြင့် ပြည့်ဝ

လျက် ရှိလေတော့သည်။

အခန်း (၆၄၃) ဆန်းလျှန်ကိုမြင်လည်းမမြင်နိုင်ကြားလည်းမကြားနိုင်

မေးခွန်းမေးသည့် ကျင့်ကြံသူသည် အတွေးထဲတွင် လျှပ်စီးတစ်ချက် လက်သွားသကဲ့သို့ ချက်ချင်း နားလည်သွားပြီး ဆက်မမေးတော့ပေ။

အခြားသော ကျင့်ကြံသူတစ်ယောက်က....

"ကျွန်တော်ကြားဖူးတာ ဆန်းကျန်းရန်နတ်ဘုရားက တာအိုကျမ်းစာတွေ အကုန်လုံးကို သိထားတယ်တဲ့... အဲဒါ ကျင့်စဉ်လမ်းအတွက် အထောက်အကူ ဖြစ်ပါသလား..."

ဆန်းလျှန်က....

"အထောက်အကူ ဖြစ်ပါတယ်...."

ဘုန်းတော်ကြီး တစ်ပါးက....

"ဒါဆို ကျမ်းစာတွေဖတ်ပြီးတဲ့ အခါ ဆန်းကျန်းရန် ဘယ်လိုမြင်ပါသလဲ..."

"အနှစ်သာရကိုပဲ သိအောင်လုပ်ပြီး စကားလုံးတွေကို မေ့ပစ်လိုက်ပါတယ်"

ကျင့်ကြံသူများသည် နားလည်သွားကြပြီး ဆန်းလျှန်ကို ဦးညွှတ်ဂါရဝ ပြုလိုက်ကြရင်း တိတ်ဆိတ်ငြိမ်သက် နေကြလေသည်။

နောက်ထပ် မေးခွန်းမေးခွင့်ရသူမှာ ငယ်ရွယ်သည့် ကျင့်ကြံသူမိန်းကလေး တစ်ယောက်ဖြစ်လေသည်။ သူမထံတွင် အင်းသိဒ္ဓိစွမ်းအား အမြုတေရှိနေပြီး ဟိုင်သန်းအဆင့်ပင် ရောက်နေပြီဖြစ်လေသည်။

သူမသည် ကျန့်ယီဂိုဏ်းမှ ဆရာသခင်တစ်ယောက် ဖြစ်လေသည်။ သူမသည် မွေးဖွားလာစဉ် ကတည်းကပင် စကားပြောတတ်သူဖြစ်ပြီး အသက် (၃) နှစ်အရွယ်တွင် ကျင့်စဉ်လမ်းကို စတင်လျှောက်လှမ်းနေပြီ ဖြစ်လေသည်။

သူမ ဟိုင်သန်းအဆင့် တက်ရောက်သည့်အချိန်တွင် အသက် (၄၀) ပင် မပြည့်သေးပေ။

ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကျန့်ယီဂိုဏ်းတွင် ဆရာသခင်တစ်ပါး ဖြစ်လာခဲ့လေသည်။ သူမသည် တောင်ပိုင်းယွမ်ကျိုး နယ်ကျင့်ကြံသူ လောကတွင် ခေါင်းဆောင်တစ်ယောက် ဖြစ်လေသည်။

တာအိုဆရာများက ထိုမိန်းမပျိုသည် နှစ်ပေါင်း (၁၀၀)အတွင်း နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ပြီး ဒုတိယ ချန်ကျင်းချင် ဖြစ်လာလိမ့်မည်ဟု ထင်ကြေး ပေးခဲ့ကြလေသည်။

ပရိတ်သတ် နှစ်သိန်းခန့်အလည်တွင် သူမသည် ထိပ်တန်းအဆင့် အရည်အချင်းရှိသူ တစ်ယောက်ပင် ဖြစ်လေသည်။

သူမက ဆန်းလျန်ကို မေးလိုက်လေသည်။

"ဆန်းကျန်းရန်နတ်ဘုရား တာအိုကိုရရှိဖို့အတွက် လမ်း တစ်လမ်းပဲရှိသလား၊ လမ်းတွေအများကြီး ရှိသလား"

ထိုမေးခွန်းသည် နတ်ဘုရားများကိုပင်လျှင် သက်ရောက်မှု ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် သူမသည် ကျင့်ကြံသူလောကမှ လူတိုင်းရင်ဆိုင်ရမည့် မေးခွန်းကို မေးခဲ့သောကြောင့် ဖြစ်လေသည်။ တာအိုကျင့်စဉ်များစွာ ရှိလေသည်။

သို့သော်... နောက်ဆုံးတွင်တော့ ကျင့်စဉ်အားလုံးသည် တစ်ခုတည်းအဖြစ် ပေါင်းစပ်သွားရမည် ဖြစ်လေသည်။

သို့သော်... တာအိုတရားအလင်းရရန် အတွက် လမ်းကြောင်းသည် လူတိုင်းအတွက် တူညီမည် မဟုတ်ပေ။ တာအိုကျင့်စဉ်တစ်ခုတည်းကိုပင် မတူညီသည့် ကျင့်ကြံသူများ ကျင့်ကြံပါက တူညီနိုင်မည် မဟုတ်ပေ။

ဥပမာအားဖြင့် ဆန်းလျှန်ကျင့်ကြံခဲ့သည့် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ပင် ဖြစ်လေသည်။ မီးဒြပ်စင် စရိုက်လက္ခဏာရှိသည့် လူတစ်ယောက် ထိုကျင့်စဉ်ကိုကျင့်ကြံမည်ဆိုပါက ယင် နှင့် ယန်၊ ဒြပ်စင်စွမ်းအား (၅)မျိုး လမ်းစဉ်အတိုင်း သွား၍ရမည် မဟုတ်ပေ။

မီးဒြပ်စင်လမ်းစဉ် တစ်မျိုးတည်းကိုသာ သွားနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် မတူညီသည့် စရိုက်ကြောင့် ဖြစ်လေ သည်။

ကျင့်ကြံသူများသည် ကျင့်စဉ်၏ စီးကြောင်းအတိုင်း လိုက်ပါ သွားရန်သာ အာရုံစိုက်ရမည် ဖြစ်လေသည်။

မီးကဲ့သို့ စရိုက်ရှိသည့်လူသည် ရေခဲကျင့်စဉ်ကို ကျင့်ကြံမည် ဆိုလျှင် ဒုက္ခရောက်ရမည် ဖြစ်ပြီး ကျင့်စဉ်လမ်းတွင် အောင်မြင်နိုင်မည် မဟုတ်ပေ။

ကျင့်ကြံသူလောက ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ဆရာသခင်များသည် တပည့်များနှင့် သင့်တော်မည့် ကျင့်စဉ်များကို ရွေးချယ်ကာ သင်ကြား ပြသပေးလာကြပြီ ဖြစ်လေသည်။

ကျင့်စဉ် တစ်ခုတည်းကိုသာ ကျင့်ကြံရမည်ဟု တပည့်များကို မည်သူမှ ဖိအားမပေးကြတော့ပေ။

ဂိုဏ်းငယ်လေးများတွင်တော့ ရွေးချယ်စရာ ကျင့်စဉ်နည်းပါးပြီး ချင်းရှမ်နတ်တံခါးကဲ့သို့ ဂိုဏ်းကြီးများတွင်တော့ ရွေးချယ်စရာ ကျင့်စဉ်များ များပြားလွန်းလေသည်။

ချင်းရှမ်နတ်တံခါး တွင်တော့ ကျင့်စဉ်များ များပြားလှသဖြင့် မည်သည့်ဗီဇရှိသည့် ကျင့်ကြံသူမဆို သင့်တော်သည့် တာအိုကျင့်စဉ်ကို ရှာဖွေကျင့်ကြံနိုင်မည် ဖြစ်လေသည်။

ထို့ကြောင့်ပင် ချင်းရှမ်နတ်တံခါးကဲ့သို့သော နတ်ဘုရားဂိုဏ်းကြီးမျိုးသည် ကျဆင်းသွားခဲ့လျှင်တောင်မှ အချိန်

အတိုင်းအတာ တစ်ခုသာဖြစ်ပြီး နောက်ပိုင်းတွင် ပြန်လည်ဦးမော့လာမည်ပဲ ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း မေးလိုက်သည်။

"မင်းရဲ့နာမည် ဘယ်လိုခေါ်လဲ..."

မိန်းမပျိုက...

"ကျွန်မက ကျန့်ယီဂိုဏ်းကပါ၊ မျိုးနွယ်က စု မျိုးနွယ်ပါ၊ နာမည်ကတော့ ရှီးချင်ပါ"

ဆန်းလျန်က...

"ရှီးဆိုတာက အဝေးဆီကတောင်တွေကို ကိုယ်စားပြုတယ်၊ ချင်ဆိုတာကတော့ အနီးပတ်ဝန်းကျင်က ရေပြင်ကို ကိုယ်စားပြုတယ်၊ မင်းရဲ့ဆရာက နာမည်ကောင်းတစ်ခု မင်းအတွက်ပေးထားတာပဲ၊ ဒါပေမဲ့ လောကမှာ လူသားတွေ သန်းနဲ့ချီပြီးရှိတယ်၊ စုရှီးချင်ဆိုတဲ့ နာမည်နဲ့လူတွေလည်း အများကြီးရှိမှာပဲ၊

ဒါပေမဲ့ စုရှိုးချင်ဆိုတာ ကတော့ တစ်ယောက်တည်းပဲ၊ ကျုပ် ပြောတာကို မင်းနားလည်လား"

စုရှိုးချင်က ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ...

"ဆန်းကျန်းရန်နတ်ဘုရား ပြောတာ စုရှိုးချင်တွေ အများကြီးရှိနိုင်တယ်၊ ဒါပေမဲ့ ကျွန်မကတော့ တစ်ယောက်တည်းပဲ၊ တခြား စုရှိုးချင်ဆိုတဲ့အမည်နဲ့ လူတွေရှိမယ် ဒါပေမဲ့မဟုတ် စုရှိုးချင် လို့ အမည်ပေးထားသူတွေ ရှိမယ် ဒါပေမဲ့ ကျွန်မကတော့ တစ်ယောက်တည်းပဲ၊ ပြောင်းပြန်ပြန်တွေးမယ် ဆိုရင် ကျင့်စဉ်တွေက အဆုံးမဲ့ရှိနေပေမယ့် တာအိုတရားကတော့ တစ်ခုတည်းပဲပေါ့၊ ကျွန်မရဲ့ မျက်လုံးထဲမှာ တောင်တွေ၊ မြစ်ရေတွေ၊ မီးနဲ့ မိုးကြိုးအားလုံးက မတူညီဘူး၊ ဒါပေမဲ့ သူတို့အားလုံးကို ကျွန်မမျက်လုံးထဲမှာ မြင်နေရတယ်၊ တာအိုကျင့်စဉ်တွေ မဆုံးနိုင်အောင် ရှိလည်း ကျွန်မရင်ထဲမှာ တစ်ခုတည်းရှိမယ်၊ ကျွန်မ

သိပ်ပြီး နားမလည်သေးတဲ့အတွက် တောင်းပန်လိုပေမယ့် ဒီ

လောက်ပဲ နားလည်ပါတယ် ဆန်းကျန်းရန်နတ်ဘုရား"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"တစ်စုံတစ်ယောက်က ဆန်းလျန်ကိုတွေ့တယ်လို့ ပြောရင်

ဆန်းလျန် ဟုတ်ချင်မှဟုတ်မှာပါ၊ ဒါပေမဲ့ သူ့နာမည်က ဆန်း

လျန်ပဲလေ၊ ကဲပါလေ... တရားဟောပြောတာ ဒီနေ့ ဒီမှာပဲ နား

ပါပြီ"

ထို့နောက်တွင်တော့ ဆန်းလျန်၏ ပုံရိပ်သည် ကြာပလ္လင်ထက်မှ

ပျောက်ကွယ်သွားလေသည်။

အချို့သူများက စုရှီးချင်ကို အပြစ်တင်ကြလေသည်။ သူမ

ကြောင့်သာမဟုတ်လျှင် ဆန်းကျန်းရန်သည် စောစောစီးစီး

ထွက်ခွာသွားမည် မဟုတ်ပေ။

အချို့သူများကတော့ စုရှီးချင်သည် မေးခွန်းကောင်းတစ်ခု

မေးခဲ့ခြင်း ဖြစ်သည်ကို နားလည်ကြလေသည်။ သူမမေးသည့်

မေးခွန်းထက် ကောင်းသည့်မေးခွန်းမျိုး မေးနိုင်မည့်သူမရှိပေ။

သို့သော်... တရားဟော ပြောသင်ပြပေး ခြင်းကတော့ ပြီးဆုံး

သွားခဲ့ပြီ ဖြစ်လေသည်။

နတ်ဘုရားများနှင့် ဆရာတော်ကြီးများကို ချန်ကျင်းချင်က

နေထိုင်စရာ နေရာထိုင်ခင်းများ စီစဉ်ပေးပြီးသည့်နောက် ထိုက်

ယီတောင်ထိပ်တွင် ဆန်းလျန်နှင့် လာရောက် တွေ့ဆုံလေ

သည်။

ဆန်းလျန်သည် ကျောက်နံရံကြီးဘေးတွင် ရပ်နေပြီး တိမ်နှင့်

မြူခိုးများကို ငေးကြည့်နေလေသည်။ တိမ်များသည်

ပုံသဏ္ဌာန်မျိုးစုံ ပြောင်းလဲနေလေသည်။

သူက ချန်ကျင်းချင်ကို တွေ့သည်နှင့် တိမ်ခိုးများကို

လက်ညှိုးညွှန်ပြလိုက်ရင်း...

“သဘာဝတရားကြီးကို ဒီနေရာမှာ တွေ့နိုင်တယ်”

ချန်ကျင်းချင်သည် ထက်မြက်သည့် တာအိုနှလုံးသားကို ပိုင်ဆိုင်သူ ဖြစ်လေသည်။ သူက ဆရဖြစ်သူ၏စကားကို ကြားသည်နှင့် သူ၏ အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

လေပြင်းတစ်ချက် တိုက်ခတ်လာပြီး တိမ်ခိုး များပြိုကွဲသွားရလေသည်။ ကြည်လင်သည့် လေထုသာလျှင် ကျန်ရစ်ခဲ့တော့သည်။

ချန်ကျင်းချင်က...

"ဆရာ... အခု သဘာဝတရားကြီး ဘယ်ရောက်သွားပြီလဲ"

ဆန်းလျန်က...

"ကျုပ်ကိုကြည့်ပါ..."

ရုတ်တရက်... သူ၏ ဆရာဖြစ်သူ ရပ်နေသည့်နေရာတွင် အဆုံးမရှိနိုင်သည့် တောင်၊ မြစ်ရေနှင့် လောကကမ္ဘာကြီး ဖြစ်

တည်လာလေသည်။ သူတွေ့မြင်ချင်စိတ်ရှိသည့် ရှုမျှော်ခင်း များကို ဆန္ဒပြုလိုက်သည်နှင့် တွေ့မြင်နိုင်လေသည်။ ရုတ်တရက်ပင်… ထူးဆန်းသည့် အဖြစ်အပျက်သည် ပျောက် ကွယ်သွားလေသည်။

ချန်ကျင်းချင်က ပြုံးလိုက်ရင်း…

"ဆရာ့ရဲ့ ထိပ်တန်း တန်ခိုးစွမ်းအားတွေက အမှန်တရားကို အတုအယောင်အဖြစ် ပြောင်းလဲပစ်နိုင်တာပဲ"

ဆန်းလျန်က…

"ကျင်းချင်… မင်းရဲ့ဆရာက အရမ်းတန်ခိုးစွမ်းအားတွေ မြင့် မားနေတယ်လို့ မင်းတွေးကောင်း တွေးလိမ့်မယ်၊ ဒါပေမဲ့…. စကြဝဠာရဲ့ ကျယ်ပြန့်နက်ရှိုင်းမှုတွေ၊ အဆုံးမရှိတဲ့ အချိန်ရဲ့စီး ဆင်းမှုတွေနဲ့ ယှဉ်လိုက်ရင် ကျုပ်က ဘာမှမဟုတ်ပါဘူး၊ တကယ်တော့ အဲဒီအရာတွေကိုပဲ နတ်ဘုရားတွေဟာကြောင့်ပဲ မကျော်လွှန်နိုင်ကြတာပါ၊ အဲဒီထက်ပြောရရင် မိုးနဲ့မြေက

အကန့်အသတ်ရှိသလို မျက်စိနဲ့ မြင်ရသမျှကလည်း ဘောင်ကျဉ်းတယ်၊ အနာဂတ် တစ်ချိန်မှာ စကြဝဠာကြီးရဲ့ ကြီးမားကျယ်ပြန့်မှုကို နားလည်စေဖို့အတွက် တပည့်တွေကို အမြင်ကျယ်အောင် သင်ပြပေးနိုင်ရမယ်၊ ကျင့်ကြံသူ တစ်ယောက်ဟာ အဆုံးမဲ့ ဖြစ်နိုင်ချေတွေကို ရှာဖွေလိုစိတ်ရှိရမယ်"

ချန်ကျင်းချင်က...

“တပည့် နားလည်ပါပြီ...”

ဆန်းလျန်က...

“စုရှီးချင်ကို ဒီကိုခေါ်လိုက်ပါ၊ သူက သိပ်တော်တဲ့ ကျင့်ကြံသူ တစ်ယောက်ပဲ၊ ကျန့်ယီဂိုဏ်းမှာ သူ့လို တပည့်တစ်ယောက်ရှိတာ တကယ်ကံကောင်းတယ်၊ ပြီးတော့ သူ့ရဲ့ ကျင့်စဉ်လမ်းအပေါ် နားလည်မှုကလည်း အားကောင်း တယ်၊ သူ့ကို ကျုပ်ရဲ့ အတွေ့အကြုံအချို့ ပြောပြချင်တယ်၊ သူ့ရဲ့ ကျင့်စဉ်လမ်း တိုးတက်စေဖို့ မျှော်လင့်မိပါတယ်”

****

ချင်းလျန်တောင်ထက်ရှိ တာအိုကျောင်းဆောင် တစ်ခုတွင် စု ရှိုးချင် ရှိနေလေသည်။ သူမ၏ ဂိုဏ်းတူမောင်နှမများက သူမ ဘေးတွင် ဝန်းရံနေကြလေသည်။

အသက်အနည်းငယ် ကြီးပုံရသည့် ကျင့်ကြံသူတစ်ယောက် က...

“ဂိုဏ်းတူညီမလေး၊ မင်းတော့ ဒီနေ့ အရမ်းကို နာမည်ကြီးသွား တာပဲ၊ မင်းအကြောင်း ထင်မြင်ချက်တွေ အများကြီး ပေးနေ ကြတယ်”

စုရှိုးချက်က သူမ၏ ဂိုဏ်းတူအစ်ကိုကို တစ်ချက် လှမ်းကြည့် လိုက်ရင်း...

“အရင်တုန်းကတော့ ဘယ်သူမှ ဆန်းကျန်းရန် နတ်ဘုရားကို တော့ ခုလိုမျိုး မဝေဖန်ကြဘူးနော်"

ဂိုဏ်းတူအစ်ကို ဖြစ်သူက...

"လောကမှာ ဆန်းကျန်းရန်နတ်ဘုရား ဆိုတာ

တစ်ယောက်တည်း ရှိတာလေ"

စုရှိုးချင်ကလည်း မာန်မာနကြီးသည့် မျက်နှာထားဖြင့်...

"စုရှိုးချင်ဆိုတာလည်း တစ်ယောက်တည်း ရှိတာပါပဲ"

ဂိုဏ်းတူအစ်ကိုဖြစ်သူက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"မင်းရဲ့ မာနကြီးတဲ့စိတ်ကို မပြင်ဘူးဆိုရင် မင်းဆုံးရှုံးခြင်းတွေ

ကို ခံစားရလိမ့်မယ်"

စုရှိုးချင်က နူးညံ့သိမ်မွေ့သည့် လေသံဖြင့်....

"ဂိုဏ်းတူအစ်ကို၊ ကျင့်ကြံသူတိုင်းရဲ့ ကျင့်စဉ်လမ်းဆိုတာ

ဖြောင့်ဖြူးတယ် မရှိပါဘူး၊ ကျွန်မ ကျင့်စဉ်လမ်းအဆင့် တက်

တာ အရမ်းမြန်တာကို နတ်ဘုရား အတော်များများက ကြောက်

နေကြတယ် ဆိုတာ ကျွန်မသိသားပဲ၊ အဓိက နတ်ဘုရား

ကျောင်းတော်ကြီး (၄)ခုကို (၂)ခုတည်းဖြစ်အောင် ပေါင်းစည်း

ဖို့ ဆိုတာ မလယ်ကူပါဘူး၊ သူတို့တွေကလည်း ဘယ်ဂိုဏ်းရဲ့

လက်အောက်ခံမှ ဖြစ်ချင်ကြမှာ မဟုတ်ပါဘူး၊ ပြီးတော့ ကျန့်ယီဂိုဏ်းက ကျင့်ကြံတဲ့ အင်းပညာဟာ တခြားဂိုဏ်းတွေနဲ့လည်း မတူဘူးလေ၊ လောကမှာ ပြောနေကြတာ ကျွန်မက ဒုတိယ ချန်ကျန်းရန် နတ်ဘုရားလိုမျိုး ဖြစ်လာလိမ့်မယ်တဲ့၊ ဒါကြောင့် နှစ်ပေါင်း (၁၀၀)အတွင်းသာ နတ်ဘုရားတစ်ပါး မဖြစ်ခဲ့ဘူးဆိုရင် ကျွန်မတော့ အရှုက်ကွဲပြီပဲ၊ အဲဒါဆိုရင် ကျန့်ယီဂိုဏ်းလည်း ထိခိုက်ရလိမ့်မယ်”

ဂိုဏ်းတူအစ်ကိုဖြစ်သူက မချိပြုံးတစ်ချက် ပြုံးလိုက်ရင်း…

“ကျုပ်တို့က အစကတည်းက နာမည်ကြီးတွေ မဟုတ်ပါဘူး၊ ကျုပ်တို့ လမ်းစဉ်ကလည်း အမြဲတမ်း ဖြောင့်ဖြူးပါတယ်”

စုရှီးချင်သည် တိတ်တဆိတ် သက်ပြင်းချလိုက်မိလေသည်။ သူမ၏ ဂိုဏ်းတူအစ်ကိုသည် အလွန်မှပင် သာမန်ဖြစ်လွန်းလေသည်။ သို့သော်… သူမကတော့ သာမန်လူမဟုတ်ပါ။

သူမသည် ဆန်းကျန်းရန် နတ်ဘုရားကဲ့သို့ ထူးခြားသူ တစ်ယောက်သာ ဖြစ်လေသည်။

အခန်း (၆၄၄) ကျန့်ယီဂိုဏ်းမှအင်းပညာ

ဂိုဏ်းတူမောင်နှမ (၂)ယောက် စကားများနေသည့် အချိန်မှာပင်...

အလင်းတန်းတစ်ခုသည် တာအိုကျောင်းဆောင် ရှေ့တွင် ပေါ်လာပြီး စက္ကန့်ပိုင်းအတွင်းမှာပင် ပြန်လည် ပျောက်ကွယ်သွားလေသည်။

ကျန့်ယီဂိုဏ်းသားများသည် သူတို့ထံသို့ ဧည့်သည်တစ်ယောက် ရောက်လာသည်ကို သိလိုက်ကြလေသည်။ ထို့ကြောင့် တည်ငြိမ်မှု မပျက်စေဘဲ အတူတကွ အပြင်သို့ ထွက်လိုက်ကြလေသည်။ အပြင်ဘက်တွင် သူတို့ကို စောင့်နေသူကို တွေ့လိုက်ကြသည့် အခါတွင်တော့ အားလုံးမှာ အံ့အားသင့် သွားကြရလေသည်။ စုရှီးချင်၏ မျက်နှာ အမူအရာပင်လျှင် ပြောင်းလဲသွားရလေသည်။

ရောက်လာသူမှာ အခြားသူမဟုတ်...။

ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ် ချန်ကျင်းချင်ပင် ဖြစ်လေသည်။ သူတို့အားလုံးလည်း တုံ့ဆိုင်းမနေတော့ဘဲ ရှေ့သို့ ထွက်လိုက်ကြပြီး ချန်ကျင်းချင်ကို နှုတ်ဆက် ဂါရဝပြုလိုက်ကြလေသည်။

ချန်ကျင်းချင်သည် သူတို့အားလုံးကို ငေးကြည့်နေလေသည်။

အားလုံးကြားထဲတွင် စုရှိုးချင်သည် သိသာထင်ရှားလျက် ရှိလေသည်။ သူမသည် တာအိုတန်ခိုးစွမ်းများနှင့် ပြည့်နေပြီး သန့်စင်သည့် တန်ခိုးစွမ်းအားများသည် စီးဆင်းနေသည့် မြစ်တစ်စင်းအလား ထင်မှတ်ရလေသည်။

သူမသည် အမှန်တကယ်ပင် ရှားပါးသည့် ပါရမီရှင်တစ်ယောက် ဖြစ်လေသည်။ သူမသည် အရှေ့တောင်ပိုင်း ယွမ်ကျိုးနယ်တွင် ခေါင်းဆောင်တစ်ယောက် ဖြစ်နေသည်မှာ အံ့ဩစရာ မဟုတ်တော့ပါ။

ချင်းရွှမ်နတ်တံခါးတွင်သာ မဟုတ်ပါ။ တစ်လောကလုံးတွင် ပါရမီရှင်းများ ပေါ်ထွန်းနိုင်လေသည်။

ချန်ကျင်းချင်မှာ သူမကိုလာရှာခြင်း ဖြစ်သည်ကို စုရှိုးချင်က ရိပ်မိလိုက်လေသည်။

ထို့ကြောင့် သူမက...

“ချန်ကျန်းရန်နတ်ဘုရား၊ ဘာကိစ္စများ ရှိလို့ပါလဲ...”

ချန်ကျင်းချင်ကပြုံးလိုက်ရင်း...

"ကျုပ်ရဲ့ဆရာက ဆရာသခင်စုရှီးချင်ကို ထိုက်ယီတောင်ထိပ်မှာ ခဏလောက် တွေ့ချင်လို့ပါတဲ့..."

ချန်ကျင်းချင်၏စကားကြောင့် စုရှီးချင်၏မျက်နှာမှာ အနီရောင် သမ်းသွားလေသည်။

အချိန်သည် မိုးချုပ်နေပြီ ဖြစ်လေသည်။ သူမသည် မိန်းကလေးတစ်ယောက် ဖြစ်သည့်အတွက် ဆန်းကျန်းရန် နတ်ဘုရားနှင့် (၂)ယောက်တည်း တွေ့ဆုံရန်မှာ မသင့်တော်လှပေ။ ထို့ပြင် ဆန်းကျန်းရန်နတ်ဘုရား ငယ်စဉ်ကလည်း မိန်းကလေးများနှင့် အချစ်ဇာတ်လမ်းလေးများ ရှိခဲ့ဖူးလေသည်။ သူတို့ (၂)ယောက် မည်သည့်ပတ်သက်မှုမှ မရှိသည့်တိုင် ပတ်ဝန်းကျင်တွင် စကားတင်းဆိုစရာများ ဖြစ်လာနိုင်လေသည်။ သို့သော်... သူမက ဖိတ်ကြားချက်ကို ငြင်းဆန် လိုက်ပါကလည်း မောက်မာရာကျပေလိမ့်မည်။

စုရှိုးချင် ချီတုံချတုံ ဖြစ်နေစဉ်မှာပင် သူမ၏ ဂိုဏ်းတူအစ်ကို ဖြစ်သူက ဝမ်းသာအားရဖြင့်…

“ဂိုဏ်းတူညီမလေး၊ ဘာတွေ စဉ်းစားနေတာလဲ၊ ဆန်းကျန်းရန် နတ်ဘုရားက မင်းကို ပညာတွေ သင်ပေးမလို့ဖြစ်ရ မယ်၊ အမြန်သွားလိုက်၊ လူကြီးကို စောင့်ရအောင် မလုပ်နဲ့”

ထိုစကားကြောင့် စုရှိုးချင်မှာ ဒေါသ ထွက်သွားရလေသည်။ သို့သော် သူမက ဒေါသကို စိတ်ထဲမှာပင် မျိုသိပ်ထားလိုက်လေသည်။ ဆန်းကျန်းရန် နတ်ဘုရားသည် လောကတွင် ဒုတိယအတော်ဆုံး ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ ထို့ပြင် ချင်းရှမ်နတ်တံခါး၏ လွှမ်းမိုးနိုင်မှုကလည်း ကျင့်ကြံသူ လောကတွင် မြင့်မားလေသည်။

ထို့ပြင် ယခု ချင်းရှမ်တောင်ပေါ်တွင် ရောက်ရှိနေကြသည့် ကျင့်ကြံသူ အများစုမှာလည်း ချင်းရှမ်နတ်တံခါးနှင့် ပတ်သက်ဆက်နွယ် ကြသည့်သူများ ဖြစ်ကြလေသည်။

သူမ၏အဆင့်သည် ဆန်းကျန်းရန်နတ်ဘုရားနှင့် ယှဉ်လျှင် များစွာ အလှမ်းကွာဝေးလေသည်။ သူမက ပိုးစုန်းကြူးလေး ဆိုလျှင် ဆန်းကျန်းရန် နတ်ဘုရားကတော့ လမင်းတစ်စင်း အလား ဖြစ်လေသည်။

သူမအနေဖြင့် သံသယဝင်မိပါက ဆန်းကျန်းရန်နတ်ဘုရားကို စော်ကားရာ ရောက်ပေလိမ့်မည်။

သူမ ငြင်းဆန်လိုက်သည့် သတင်းသာ ပေါက်ကြားသွားခဲ့လျှင် အရှေ့တောင်ဒေသရှိ ကျင့်ကြံသူလောက တစ်ခုလုံးသည် ကျန့် ယီဂိုဏ်းကို ပြစ်တင်ရှုတ်ချကြပေလိမ့်မည်။

ထို့ပြင် သူမအနေဖြင့် ဆန်းကျန်းရန် စိတ်ကွက်သွားမည်ကို လည်း မခံယူရဲပေ။ သူမသည် ပါရမီရှင်တစ်ယောက် ဖြစ် သည့်တိုင် ဆန်းကျန်းရန် နတ်ဘုရားကိုတော့ မည်သည့်နည်း နှင့်မျှ ဖက်ပြိုင် အန်တုနိုင်မည် မဟုတ်ပါ။

စုရှိုးချင်သည် သက်ပြင်းတစ်ချက် ကျိတ်ပြီး ချလိုက်မိလေသည်။

စောစောကပင် သူမ၏ ကျင့်စဉ်လမ်း လျင်မြန်မှုအတွက် အလွန် ဂုဏ်မောက်နေခဲ့မိပြီး သူမ၏ ဂိုဏ်းတူအစ်ကိုကိုပင် မလေးမစား ဆက်ဆံခဲ့မိသည်ကို ချက်ချင်း နောင်တ ရသွားမိလေသည်။ သူမသည် ရင့်ကျက်ခြင်း မရှိသည့် မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ရပေပြီ။

သူမသည် ချက်ချင်းပင် နှလုံးသားထဲမှ အမှောင်ဆန်သည့် မိစ္ဆာဘက်ခြမ်းကို မြင်တွေ့လိုက်ရလေသည်။

ပါရမီရှင်ကျင့်ကြံသူ တစ်ယောက် ဖြစ်သည့်အတွက်ကြောင့် သူမသည် မာန်မာနတရား၏ အပြစ်ကို ချက်ချင်းသိမြင်ပြီး ဓားသွားကဲ့သို့ ထက်မြက်သည့် စိတ်နှလုံးဖြင့် ထိုမာန်မာနတရားကို ချက်ချင်း ပယ်သတ် လိုက်လေတော့သည်။

သူမက နှိမ့်ချစွာဖြင့်ပင်...

"ကျွန်မ ဆန်းကျန်းရန် နတ်ဘုရားနဲ့ လိုက်တွေ့ပါ့မယ်"

"ကျုပ်နဲ့ လိုက်ခဲ့ပါ..."

ချန်ကျင်းချင်က ပြုံးရင်း ပြောလိုက်လေသည်။

ထို့နောက် သက်တံရောင် အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ ထိုက်ယီတောင်ထိပ်သို့ ထွက်ခွာ သွားလေတော့သည်။

ချင်းရှမ်နတ်တံခါးတွင် အဆင့်မြင့်ဆရာသခင် အချို့မှလွဲပြီး အခြားသူများမှာ ပျံသန်းခွင့်မရှိပေ။

ထို့ကြောင့် ချင်းလျန်တောင်ထိပ်မှ အလင်းတန်းကို လူအများက အာရုံစိုက်မိသွားကြပြီး မကြာမီပင် စုရှီးချင်ကို ဆန်းလျန်က ခေါ်ယူတွေ့ဆုံသည့် သတင်းသည် ပျံ့နှံ့သွားလေသည်။

ကျင့်ကြံသူအချို့က ဆန်းလျန်နှင့် စုရှီးချင်အကြောင်းကို သွားပုပ်လေလွင့် ပြောချင်ကြသည့်တိုင် သူတို့ မပြောခင်မှာပင် နားထောင်သူများက ပြောမည့်စကားနှင့် နောက်ဆက်တွဲဆိုး

ကျိုးကို ရိပ်မိသည့်အလား နားမထောင်ဘဲ ထွက်သွားကြလေ

သည်။

သွားပုပ်လေလွင့် ပြောသူများသည် အရှုတ်ထုပ်များ ဖြစ်ကြ

လေသည်။ နတ်ဘုရားများသည် တန်ခိုးစွမ်းအားများဖြင့် ပြည့်

နေကြသူများ ဖြစ်ကြလေရာ သွားပုပ်လေလွင့် အသရေဖျက်

သည့် စကားများ ပြောသည်ကိုသာ သိရှိသွားပါက ရလဒ်မ

ကောင်းနိုင်ပေ။ တစ်ချက်တည်းဖြင့် ဘဝကူးသွားနိုင်လေ

သည်။

တာအိုဆရာ တုန်းဖုန်းသည် ဥပမာဖြစ်လေသည်။

တာအိုဆရာ တုန်းဖုန်းသည် နှစ်ပေါင်းထောင်ချီပြီး အသက်

ရှည်ခဲ့သည့် လောကနတ်ဘုရား တစ်ပါး ဖြစ်သည့်တိုင် ဆန်း

ကျန်းရန်နတ်ဘုရားနှင့် ရင်ဆိုင်လိုက်ရသည့်အခါ

တစ်ချက်တည်းဖြင့် အသက်ပျောက်သွား ခဲ့ရလေသည်။

ထို့ကြောင့်ပင် ဆန်းကျန်းရန် နတ်ဘုရားနှင့် ပတ်သက်သည့် အတင်းအဖျင်း မကောင်းသတင်းကို မည်သူမှမပြောရဲကြပေ။ စုရှိုးချင် ထိုက်ယီတောင်ထိုပ်သို့ ရောက်လာသည့် အခါတွင် တော့ ချန်ကျင်းချင်က သူမကို လမ်းပြပြီးသည်နှင့် ထွက်ခွာ သွားလေသည်။

ဆန်းလျန်သည် အဆင့်မြင့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ လုန်ဟွပွဲတော် ပြီးဆုံးသွားလျှင် သူနှင့်စကားပြောခွင့် ရနိုင် တော့မည် မဟုတ်ပေ။ ထို့ပြင် ဆန်းလျန်သည် လူအများနှင့် ချိတ်ဆက် အလုပ်လုပ်ရသည်ကို သိပ်ပြီး စိတ်ရှည်လှသူမ ဟုတ်ပေ။ ထိုနေရာတွင် အရည်အချင်းရှိသူကတော့ ချန်ကျင်း ချင်ပင် ဖြစ်လေသည်။

ကောင်းကင်ထက်တွင် ကြယ်စင်များက တောက်ပနေလေ သည်။

ထိုက်ယီတောင်ထိပ်သည် မိုးကောင်းကင်နှင့် နီးကပ်လွန်းလှသဖြင့် ကြယ်စင်များကိုပင် ဖမ်းယူဆုပ်ကိုင်နိုင်မည့် အလားထင်မှတ်ရလေသည်။

ဆန်းလျန်နေထိုင်ရာ တာအိုကျောင်းဆောင်လေး ရှိရာသို့ သွားသည့်လမ်းသည် အလင်းရောင်များ တောက်ပနေလေသည်။ စုရှိုးချင်သည် လမ်းလေးအဆုံးထိ လမ်းလျှောက် လာခဲ့လေသည်။

ကျောင်းဆောင် တံခါးကပွင့်နေပြီး လရောင်က အတွင်းသို့ သဘာဝကျစွာ ဖြာကျနေလေသည်။

သူမဝင်သွားသည့်အခါ အခန်းထဲတွင် လရောင်မှလွဲပြီး အခြားအလင်းရောင် မရှိပါချေ။

ဆန်းလျန်သည် ကျောက်သလွန်ထက်တွင် လဲလျောင်းနေလေသည်။ ကြည့်ရသည်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဟန် ရှိ

လေသည်။ စုရှိုးချင်သည် ဆန်းလျှန်ကို မနှိုးရဲပဲ အနားတွင်သာ တိတ်တဆိတ်ထိုင်ရင်း စောင့်နေခဲ့လေသည်။

တာအို ကျောင်းဆောင်ထဲတွင် ထူးထူးခြားခြား မွမ်းမံ ခြယ်သထားခြင်းများ မရှိဘဲ ပန်းချီကားတစ်ချပ်သာ ချိတ်ဆွဲထားလေသည်။

ပန်းချီကားထဲတွင် တောင်တန်းများနှင့် မြစ်ရေများပုံကို ရေးဆွဲထားပြီး နှစ်ကြောင်း ကဗျာလေးတစ်ပုဒ် ရေးသားထားလေသည်။

"မိုးနဲ့မြေမှာ ဘယ်သူ့ကိုမှ အားကိုးလို့မရပါဘူး၊ ကိုယ့်ကိုကိုယ်ပဲ အားကိုးလို့ရနိုင်ပါတယ် ...

ဟယ်ထူလော့ကျမ်းစာဟာ ဘယ်အရာကိုမှ မမှီခိုပါဘူး...

ဗလာနယ်ထဲကနေ အခြေခံလာတာ ဖြစ်တယ်..."

ထိုကဗျာလေးကို ဖတ်ပြီးသည်နှင့် စုရှိုးချင်သည် တအံ့တသြ ဖြစ်သွားရလေသည်။

ထိုကဲ့သို့သော စာသားမျိုးကို ရေးသားနိုင်သူဆို၍ ဤလောက တွင် ဆန်းကျန်းရန်နှင့် ရှန်စန်းကျန်းရန်သာလျှင် ရှိနိုင်လေ သည်။

သူမအနေဖြင့် ထိုသို့သောကဗျာမျိုး ရေးသားနိုင်သည့် အဆင့် သို့ ရောက်ရှိရန်အတွက် နှစ်ပေါင်းမည်မျှကြာအောင် ကျင့်ကြံရ ဦးမည်လဲ မသိနိုင်ပေ။ တစ်ဘဝလုံးကျင့်ကြံပြီး ထိုအဆင့်သို့ ရောက်ချင်မှလည်း ရောက်မည် ဖြစ်လေသည်။

သူမ သတိမထားမိခင်မှာပင် ဆန်းလျန်သည် ကျောက်သလွန် ထက်မှ ထလာလေသည်။

စုရှီးချင်သည် ချက်ချင်းပင် စိတ်အာရုံကို စုစည်းလိုက်ပြီး ဆန်းလျန်ကို လက်နှစ်ဖက်စုပ်ပြီး ဦးညွှတ်ဂါရဝ ပြုလိုက်လေ သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

“မင်းက ကျုပ်ရဲ့တပည့်မဟုတ်တဲ့ အတွက် ဒီလိုဂါရဝပြုစရာ မလိုပါဘူး၊ ကျုပ်တို့တွေဟာ မာန်မာနထားပြီး မမောက်မာသင့် ဘူး၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားဖို့တော့ လိုအပ် တယ်"

စုရှီးချင်းက…

“အကြံပေးတာ ကျေးဇူးတင်ပါတယ် ဆန်းကျန်းရန်နတ်ဘုရား၊ ဘာအကြောင်းများရှိလို့ ကျွန်မကို ခေါ်တာပါလဲ”

ဆန်းလျန်က…

“မင်းက ကျင့်စဉ်လမ်းမှာ အလားအလာ အများကြီးရှိတဲ့သူ တစ်ယောက်ပဲ၊ ဒါကြောင့် မင်းကို လမ်းညွှန်မှု နည်းနည်း လောက် ပေးချင်လို့ပါ”

ပွင့်ပွင့်လင်းလင်း ပြောလိုက်သည့် ဆန်းကျန်းရန်၏ စကား ကြောင့် စုရှီးချင်မှာ စိတ်သက်သာရာ ရသွားလေသည်။

ဆန်းလျန်က ထပ်ပြောလိုက်လေသည်။

"ဒါပေမဲ့ ကျုပ်ဆီက သင်ယူပြီးရင် တစ်ခုတော့ ပြန်ပေးရမယ်နော်"

"တစ်ခုတော့ ပြန်ပေးရမည်" ဆိုသည့်စကားကို စုရှိုးချင်သည် တလွဲအတွေး ရောက်သွားပြီး ရှက်သွေး ဖြာသွားရလေသည်။ သို့သော်... ဆန်းလျန်၏ နောက်ထပ်ပြောလာသည့် စကားကို ကြားရသည့် အခါတွင်တော့ သူမသည် အတွေးလွန်နေ ခဲ့သည်ကို သဘောပေါက်သွား ရလေသည်။

"ကျန့်ယီဂိုဏ်းရဲ့ အင်းပညာက စစ်မှန်တယ်၊ အစဉ်အဆက်လည်း ကျင့်စဉ်တွေကို ထိန်းသိမ်းခဲ့ကြတယ်၊ ပြီးတော့ အင်းချပ်တွေကို သာမန်လူတွေလည်း အသုံးပြုနိုင်တဲ့အတွက် ကျန့်ယီဂိုဏ်းဟာ လောကတစ်ခွင်မှာ ဂုဏ်သတင်း ကျော်ကြားမှုအပြည့်နဲ့ ရပ်တည်နိုင်တာ မထူးဆန်းပါဘူး၊ ဒါကြောင့် မင်းများ ကျုပ်အတွက် နှစ်နည်းနည်းလောက် အလုပ်တစ်ခုလောက် လုပ်ပေးနိုင်မလားလို့ မျှော်လင့်မိပါတယ်၊ ကျုပ်ရဲ့

တပည့်တွေကို အင်းပညာ နည်းနည်းလောက် သင်ပေးစေချင်ပါတယ်၊ အင်းပညာဆိုတာက ဘယ်ကျင့်ကြံသူမဆို အသုံးပြုလို့ သင့်တော်တယ်လေ၊ မင်း ကျုပ်အတွက် အလုပ်လုပ်ပေးတဲ့ နှစ်တွေမှာ ကျင့်စဉ်လမ်းတစ်လျှောက် မင်းရင်ဆိုင်နေရတဲ့ အခက်အခဲတိုင်းကို ကျုပ်ကို မေးမြန်းနိုင်ပါတယ်၊ ကျုပ်ကို ကူညီရလို့ မင်းရဲ့ကျင့်စဉ်လမ်း မနှောင့်နှေးစေရပါဘူး၊ ပြီးတော့ မင်းကို ကျုပ်ရဲ့ တပည့်တစ်ယောက် အဖြစ်လည်း သတ်မှတ်ပေးမယ်၊ မင်း ဘယ်လိုသဘောရလဲ"

ဆန်းလျန်က တလေးတစားဖြင့် တောင်းဆိုလိုက်လေသည်။

ဤလောကသည် အသူရာချောက်ထက်ပိုပြီး ကျင့်ကြံသူဂိုဏ်းများ ပေါ်များလေသည်။ ဤလောကမှ ကျင့်ကြံသူများ သည် ယင်းစန်းဒေသမှ ကျင့်ကြံသူများထက် သာလွန်ကြလေသည်။ ထို့ပြင် ယင်းစန်းမှ ကျင့်ကြံသူများနှင့် မတူသည့်အချက်မှာ ကျန့်ယီဂိုဏ်း၏ ထူးခြားချက်ဖြစ်လေသည်။ အင်းပညာ

ဆိုသည်က ကျင့်ကြံခြင်းအဆင့် မည်သည့်အဆင့်ပင် ဖြစ်ပါစေ သင်ယူနိုင်သလို အသုံးလည်း ပြုနိုင်လေသည်။

စုရှီးချင်သည် အင်းပညာတွင် ပါရမီရှင်တစ်ယောက်ဖြစ်ပြီး ကျန့်ယီဂိုဏ်းမှ အဆင့်မြင့် ဆရာသခင်တစ်ပါး ဖြစ်လေသည်။ သူမသည် အင်းသိဒ္ဓိ အမြုတေကိုပင် ရရှိအောင် ကျင့်ကြံထားနိုင်ခဲ့သူ ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်က သူမကို အသူရာချောက်သို့ ခေါ်သွားချင်မိလေသည်။ ထိုသို့သာဆိုလျှင် သူတည်ထောင်ထားသည့် တာ့ကျိုးပြည် အတွက်အလွန်အဆင်ပြေမည် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် စုရှီးချင်သည်လည်း တာ့ကျိုးပြည်၏ ကံကြမ္မာနှင့် ပတ်သက်ဆက်နွယ်သူ တစ်ယောက်ဖြစ်လာကာ ကျင့်ကြံခြင်းအဆင့်လည်း မြင့်တက်လာမည် ဖြစ်လေသည်။

သို့သော် … ဆန်းလျန်က သူမကို အတင်းဖိအားပေးမည်တော့ မဟုတ်ပါ။ အရာအားလုံးသည် သူမ၏ဆုံးဖြတ်ချက် အတိုင်းသာ ဖြစ်လေသည်။

အခန်း (၆၄၅) မိုးနှင့်မြေသည်လူတစ်ယောက်အတွက်နေအိမ် စုရှိုးချင်သည် ခဏမျှ စဉ်းစားနေလေသည်။

ဆန်းလျန်သည် ရှားပါးပြီး ထူးခြားသည့် တာအိုဆရာတစ်ယောက် ဖြစ်လေသည်။ သူမကို လှည့်ဖြားပြောဆိုမည်တော့ မဟုတ်တန်ရာ။

 မည်သို့ပင်ဖြစ်စေ... ချင်းရွှမ်နတ်တံခါး အတွက် အလုပ်လုပ်ပေးမည် ဆိုပါက ဆိုးကျိုးထက် ကောင်းကျိုးသာ များလေသည်။

ထို့ပြင် ကျန်းယီဂိုဏ်းတွင်လည်း နတ်ဘုရားပေါ်ထွက်ခြင်း မရှိသည်မှာ နှစ်ထောင်ပေါင်းများစွာပင် ကြာခဲ့ပြီဖြစ်လသည်။

သူမသည်လည်း အင်းသိဒ္ဓိအမြုတေ ရရှိအောင် ကျင့်ကြံပြီးသည့် နောက်ပိုင်း ရှေ့ဆက်ကျင့်ကြံရန် အတွက် လမ်းပျောက်နေခဲ့လေသည်။

သူမကို လမ်းပြပေးနိုင်သည့် နတ်ဘုရားတစ်ပါးသည် ကျန့်ယီဂိုဏ်းတွင် မရှိခဲ့ပေ။

 သို့သော်... ဆန်းကျန်းရန်နတ်ဘုရား၏ လမ်းညွှန် သင်ပြပေးမှုကိုသာ ရရှိပါက အနာဂတ်တွင် တောက်ပလာမည် မဆိုလျှင်နိုင်တောင်မှ အားကိုးရာတစ်ခုတော့ ရရှိမည် ဖြစ်လေသည်။

သူမသည် ရှင်းရှင်းလင်းလင်း စဉ်းစားပြီးသည့် အခါတွင်တော့....

“ကျွန်မ ဆန်းကျန်းရန်နတ်ဘုရား အတွက် အလုပ်လုပ်ပေးပါ့မယ်”

ဆန်းလျန်က ခေါင်းတစ်ချက် ညိတ်လိုက်ရင်း...

“ကျန့်ယီဂိုဏ်းရဲ့ စန်းရှန်းအင်းပညာကျမ်းနဲ့ ဟိုင်သန်းမှော်အင်းပညာဟာ တာအိုလမ်းကိုလျှောက်ဖို့ အစစ်မှန်ဆုံး ကျင့်စဉ်တွေပါပဲ၊ အဲဒီပညာရပ် (၂)ခုက ခပ်ဆင်ဆင်တူတယ်၊ မိုးနဲ့မြေမှာအင်းပညာ အတွေးအခေါ်တွေက နက်နဲလွန်းတယ်၊ အဲဒီအတွေးအခေါ်တွေက နတ်ဘုရားတွေထက် သာလွန်တယ်၊ ဒါပေမဲ့ နောက်ပိုင်းသင်ကြား ပြသမှုတွေမှာ အင်းပညာအကြောင်း သိပ်မပါတော့ဘူး ဆိုတော့ မှတ်တမ်းတွေလည်းအနည်းငယ်ပဲ ကျန်ရစ်တော့တယ်၊ ဆရာတွေကလည်းနောက်ပိုင်း တပည့်တွေကို တာအိုကျမ်းစာတွေနဲ့ ဗုဒ္ဓကျမ်းစာ

တွေပဲ သင်ကြားပေးတော့တယ်၊ အင်းပညာ သင်ကြားမပေး

တော့ဘူး၊ ဘာလို့လဲဆိုတော့ အင်းပညာက နက်နဲလွန်းတဲ့

အတွက် တပည့်တွေ အသိပညာ အတားအဆီးတွေနဲ့ ရင်ဆိုင်ရ

မှာကို စိုးရိမ်ကြလို့ပဲ၊ ဒုတိယအချက်ကတော့ အင်းပညာက

ဖန်ဆင်းခြင်းကို အနှောင့်အယှက် ဖြစ်တဲ့အတွက် ကပ်ဘေး

ဒုက္ခဆိုးကြီးကို ဦးတည်နေလို့ပဲ၊ ကျုပ် မင်းကို ဒီလောက်ပဲ

ပြောပြနိုင်ပါတယ်၊ ကျန်တာကိုတော့ မင်းဟာမင်း ဆက်လက်

လေ့လာရလိမ့်မယ်”

စုရှီးချင်သည် ဆန်းလျန်၏စကားများကို ငြိမ်ပြီး နားထောင်နေ

မိလေသည်။

သို့သော်... ဆန်းလျန်ပြောနေသည့် စကားများသည် နတ်

ဘုရားတစ်ပါး ဖြစ်လာရန်အတွက် အထောက်အကူဖြစ်နေ

သည့် အတွက် သူမသည် စိတ်လှုပ်ရှားနေမိလေသည်။

သူမက...

“ဆရာ… ကျွန်မကို ဆက်ပြီး သင်ပြပေးစေချင်ပါတယ်…”

ဆန်းလျန်က…

“နတ်ဘုရားတစ်ပါး ဖြစ်ဖို့ဆိုတာက ရိုးရှင်းပြီး လွယ်ကူပါတယ်၊ သေသေချာချာ သိမြင်နားလည်ပြီး ကျင့်ကြံနိုင်မယ် ဆိုရင် အဲဒီအဆင့်ကို တက်ရောက်နိုင်မှာပါ၊ နတ်ဘုရားတစ်ပါး ဖြစ်လာပြီဆိုရင် မူလဝိညာဉ်ခန္ဓာ ရရှိလိမ့်မယ်၊ ဗုဒ္ဓဘာသာ၊ ကွန်ဖြူးရှပ်ဝါဒ၊ တာအိုဝါဒ ဆိုပြီး လမ်းတွေကွဲပြားပေမယ့် အဆုံးသတ်မှာ လမ်းစဉ်အားလုံးဟာ တစ်ခုတည်းဖြစ်တယ်…."

ဆန်းလျန်က ဟိုဟိုဒီဒီ အပိုစကားများ ပြောနေစဉ်တွင် စုရှီးချင်သည် အာရုံစူးစိုက်မိခြင်း မရှိပါ။ သို့သော် ဆန်းလျန်က အသေးစိတ်ကို သဘောတရားများကို ပြောပြသည့် အခါတွင်တော့ သူမက အာရုံစိုက်မိလေသည်။

သို့သော် ဟိုဟိုဒီဒီစကားများနှင့် အသေးစိတ် သဘောတရားများ ပေါင်းစပ်သွားသည့်အခါ လူတစ်ယောက်ကို ဝိညာဉ်စွမ်းအား မြင့်တက်သွားစေနိုင်သည့် ကျင့်စဉ်တစ်ခုကို ရရှိမည်ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်သည် ယခုကဲ့သို့ သင်ပြပေးခြင်းမှာ သူမအတွက် အထူးပြုလုပ်ထားသည့် အလား ထင်မှတ်ရလေသည်။ ဆန်းလျန်၏စကားများသည် သူမ၏ ဝိညာဉ်စွမ်းအားများကို တိုးတက် လာစေခဲ့လေသည်။

ဝိညာဉ်စွမ်းအား တိုးလာသည်နှင့်အမျှ အခက်အခဲများကို ချိုးဖောက်နိုင်သည့် အခွင့်အလမ်းများ ပိုမိုမြင့်မားလာမည် ဖြစ်လေသည်။

ဆန်းလျန်က ကျင့်စဉ်များကို သရုပ်ခွဲပေးတိုင် စုရှီးချင်သည် စိတ်လှုပ်ရှားရလေသည်။ ထို့နောက် ဆန်းလျန်ထံမှ သင်ယူရ

သည်ကို သူမသည် ပျော်ရွှင်လာပြီး အချိန်များ ကုန်ဆုံးသွား

သည်ကိုပင် မေ့လျော့သွားရလေသည်။

နောက်ဆုံးတွင်တော့ ဆန်းလျန်၏ သင်ပြပေးမှုက ပြီးဆုံးသွား

လေသည်။

စုရှီးချင်မှာ ဆန်းလျန်၏ စကားများကို ထပ်မံ နားထောင်ချင်မိ

သေးသည်။ သို့သော် ထပ်ပြီး မဆောင်းဆိုတော့ပေ။ ထို့နောက်

ဆန်းလျန်ကို လေးစားစွာဖြင့် ဦးညွတ် အရိုအသေပေးကာ

ကျေးဇူးတင်စကား ဆိုလိုက်လေသည်။

ထို့နောက် သူမသည် တာအိုကျောင်းဆောင်ထဲမှ ထွက်လာခဲ့

တော့သည်။

ထိုအချိန်တွင်....

အရှေ့ဆီမှ ရောင်နီပင်ထွန်းနေပြီ ဖြစ်ပြီး တိမ်များမှာ လှပစွာ

လင်းလက်နေကြလေသည်။

စုရှိုးချင်မှာ အမြန်ပြန်ပြီး ကျင့်စဥ်ကျင့်ကြံချင်လှပြီ ဖြစ်လေသည်။ သူမသည် လေကဲ့သို့ လျင်မြန်သည့်အဟုန်ဖြင့် ချင်းလျန်တောင်ထိပ်သို့ ပြန်ရောက်လာလေသည်။ တာအိုကျောင်းဆောင်ထဲတွင် သူမ၏ ဂိုဏ်းတူမောင်နှမများသည် တရားထိုင်နေကြလေသည်။

သူမ တံခါးကိုဖွင့်လိုက်ပြီး ပျော်ရွှင်စွာဖြင့် ပြောလိုက်လေသည်။

"အမြန်ထကြ... အမြန်ထကြ...."

ပျော်ရွှင်တောက်ပနေသည့် သူမ၏မျက်နှာကို တွေ့လိုက်ရသည့် အခါတွင်တော့ ဂိုဏ်းတူ မောင်နှမများသည် သူမ အနားသို့ ချက်ချင်း ရောက်လာကြလေသည်။

ဆန်းလျန်နှင့် တွေ့ဆုံပြီးသည့်နောက် သူမ တစ်စုံတစ်ခု ရရှိလာသည်ကို အားလုံး သိလိုက်ကြလေသည်။ သူမက အသေးစိတ်

အကြောင်းအရာများကို အားလုံးကို ပြန်လည် ဝေမျှလိုက်လေသည်။

သူမက အဖြစ်အပျက်များကို ပြောပြလိုက်သည့် အခါတွင်တော့ အားလုံးက သူမကို လေးစားသွားကြလေသည်။

ထိုသတင်းသည် ပျံ့နှံ့သွားသည့်အခါတွင်တော့ သူမသည် အသက်ရှည်ခြင်း လမ်းစဉ်၏ လျှို့ဝှက်ချက်ကို သိရှိသွားကြပြီဟု ကျင့်ကြံသူများက ထင်မှတ် သွားကြလေသည်။ သူတို့သည်လည်း ထိုလျှို့ဝှက်ချက်ကို သိလိုလှလေသည်။

***

ဆန်းလျန်က စုရှီးချင်ကို သင်ပြပေးပြီးသည့်နောက် ထပ်မံတွေ့ဆုံခြင်း မရှိတော့ပါ။

ယနေ့မှစတင်ပြီး သူနှင့်အတူ အသူရာချောက်သို့ လိုက်ပါလိုသည့် လူများကို စုစည်းတော့မည် ဖြစ်လေသည်။ ကံကောင်းသည့်အချက်မှာ သူသည် အသေးစိတ် ကိစ္စရပ်များကို လုပ်ဆောင်ရန် မလိုအပ်ခြင်း ဖြစ်လေသည်။

သူလုပ်ဆောင်ရန် လိုအပ်သည်မှာ နတ်ဘုရားများနှင့် ဆက်သွယ်ရန်သာ ဖြစ်လေသည်။

ဤလောကမှ နတ်ဘုရားများသည် တစ်ယောက်ချင်း တိုက်ခိုက်မည်ဆိုလျှင် ဆန်းလျန်ကို မည်သူမှ အနိုင်ယူနိုင်မည် မဟုတ်ပါ။ သို့သော်... ထိုနတ်ဘုရားများသည် သာမန်လူများတော့ မဟုတ်ကြပါချေ။ သူတို့သည် အသူရာချောက်တွင် များစွာ အားကိုးအားထား ရနိုင်သည့်သူများ ဖြစ်လာကြပေလိမ့်မည်။

ကျင့်ကြံသူများသည် သူရာချောက်မှ မိုးမြေနိယာမများနှင့် ပတ်သက်မည် မဟုတ်ပါ။ ထို့ကြောင့် သူတို့အနေဖြင့် အောင်မြင်နိုင်ရန် ပိုပြီးနီးစပ်နိုင်လေသည်။

ထို့ပြင်... ထျန်းယီနှင့် တာ့ရှားကေရာဇ်တို့တွင်လည်း တန်ခိုးစွမ်းအား မြင့်မားသည့် နောက်လိုက်များစွာ ရှိနေသေးသည်။

ထို့ကြောင့် ဆန်းလျှန်သည် အသေးစိတ်အချက်များကို ဂရုစိုက်နိုင်မည် မဟုတ်ပေ။

ဤလောကမှ နတ်ဘုရားများသည် သူ့ကိုကူညီပြီး ဝန်ထုပ်ဝန်ပိုးများကို ထမ်းဆောင်ပေးနိုင်မည့် သူများ ဖြစ်ကြလေသည်။ ထိုအခါတွင်တော့ ဆန်းလျှန်အနေဖြင့် ရန်သူများ အုပ်စုဖွဲ့ တိုက်ခိုက်သည်ကို ကြောက်စရာလိုတော့မည် မဟုတ်ပေ။

ထို့ပြင် နတ်ဘုရားတိုင်းတွင် လျှော့တွက်၍မရသည့် အခြေခံကျင့်စဉ်နှင့် တန်ခိုးစွမ်းအားများ ရှိလေသည်။

ဤအချက်သည် အသူရာချောက်နှင့် နိုင်ငံယှဉ်လျက် အားသာချက်ဖြစ်လေသည်။ ရာနှင့်ချီသည့် ကျင့်ကြံသူဂိုဏ်းများရှိပြီး ကျင့်ကြံသူတိုင်းသည် အမျိုးမျိုးသော ကျင့်စဉ်များကို ကျင့်ကြံနိုင်ကြလေသည်။

လုန်ဟွာပွဲတော် ကျင်းပရန် အချိန်ကျသည့် အခါတွင်တော့ ဆန်းလျန်က သူ၏ နတ်ဘုရား စွမ်းအားများကို ထုတ်ဖော်လိုက်လေသည်။

သူ၏နတ်ဘုရား စွမ်းအားများသည် သမုဒ္ဒရာတစ်စင်းအလား တောက်ပ လင်းထိန်နေပြီး သူ၏ တာအိုကျောင်းဆောင် ထက်တွင် တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားသည် တောက်ပစွာ ပေါ်ထွက်လာလေသည်။

မကြာမီမှာပင် တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားသည် ထိုက်ယီတောင်ထိပ်သို့ ပျံတက်သွားပြီး ကောင်းကင်ဘုံ နန်းတော်ကြီးတစ်ခု ဖြစ်တည်လာလေသည်။

မိုးနှင့်မြေတွင် ခမ်းနားသည့် ကောင်းကင်နတ်တံခါး တစ်ချပ်ထွက်ပေါ်လာပြီး ထိုတံခါးသည် အခြားလောက တစ်ခုသို့ သွားရောက်နိုင်သည့် တံခါးဝတစ်ခုအလားပင် ဖြစ်လေသည်။

နတ်ဘုရားများနှင့် ဆရာတော်ကြီးများသည် ထိုနေရာသည် လုနှ်ပ်ဟ္ဘာပွဲတော် ကျင်းပရန် နေရာဖြစ်ကြောင်း သိရှိလိုက်လေသည်။

ထိုနေရာသည် ကောင်းကင်ဘုံ နန်းတော်နှင့် ဆင်တူနေသည့်အတွက် ဆန်းလျှန်၏ တိုင်းတာမရနိုင်သည့် တန်ခိုးစွမ်းအားများကို အားလုံးက ကျိတ်ပြီး လေးစား လိုက်မိကြလေသည်။

ကောင်းကင်ဘုံ နန်းတော်သို့ သွားရာနေရာတွင် ကြမ်းခင်း(၂၃)ခု ပေါ်လာလေသည်။ သူတို့သည် မိုးကောင်းကင်တံခါးမှ ဝင်ရောက်လိုက်သည်နှင့် ထူးခြားဆန်းကြယ်လွန်းသည့် ကျောင်းတော်ကြီး တစ်ခုကို တွေ့မြင်လိုက်ရလေသည်။ ထို့နောက် သူတို့သည် အချင်းချင်း ခေါင်းညိတ်ပြလိုက်ကြပြီး ကျောင်းတော်ကြီး အတွင်းသို့ ဝင်လိုက်ကြလေ သည်။

သူတို့ ဝင်သွားသည်နှင့် ခန်းမအလယ်တွင် ထိုင်နေသည့် ဆန်းလျန်ကို တွေ့လိုက်ကြရလေသည်။

သူတို့က ဆန်းလျန်ကို ဦးညွတ် နှုတ်ဆက်လိုက်ကြလေသည်။

ခန်းမအလယ်တွင် ကြမ်းခင်းအဝတ် (၂၃) ခု ခင်းကျင်းထားလေသည်။ ကြမ်းခင်းအဝတ်များ အားလုံးမှ မတူညီသည့် တာအိုစွမ်းအားများ ထွက်ပေါ်နေလေသည်။

နတ်ဘုရားများနှင့် ဆရာတော်ကြီးများသည် သူတို့ခံစားရသည့် အာရုံများအတိုင်း ကြမ်းခင်း အဝတ်များပေါ်တွင် ထိုင်လိုက်ကြလေသည်။

ဆန်းလျန်က....

"အားလုံး ရောက်လာပေးကြတဲ့ အတွက် တကယ်ပဲ ဝမ်းသာမိပါတယ်၊ ဒီနေရာမှာ တစ်ခုခုထူးခြားတာများ ခံစားမိကြသလား"

ဖားဟိုင်ဆရာတော်က ...

"ထူးဆန်းတဲ့ ခံစားချက်တစ်ခုကို ခံစားရတယ်၊ ကျုပ် ဒီနေရာကို ဝင်လိုက်တာနဲ့ ကျုပ်ရဲ့ခန္ဓာကိုယ်က ပေါ့ပါးပြီး နေလို့ထိုင်လို့ ကောင်းနေတယ်"

အခြားသူများကလည်း သဘောတူ လိုက်ကြလေသည်။

ဇင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တောက်ယွမ်က အနည်းငယ် စဉ်းစားလိုက်ပြီး...

"ကျုပ်တို့ အရင်လောကမှာ မရှိတော့ဘဲ တခြားလောကတစ်ခုကို ရောက်နေတာများလား"

တောက်ယွမ်၏ စကားက ခန်းမအတွင်းမှ အခြားသူများကိုပါ ထိတ်လန့်အံ့သြသွားစေလေသည်။ သို့သော်... သူတို့သည် စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်ကြလေသည်။

ဤနေရာသည် အခြားလောက တစ်ခုဖြစ်သည်မှာ ထင်ရှားနေခဲ့လေသည်။

တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် သူတို့အားလုံးသည် လောကကို ကျော်လွန်သွားသည့် သဘောပင် ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်အရင်က ဘယ်လိုနေရာမှာ ရောက်နေခဲ့သလဲဆိုတာ ပြောဖို့အတွက် အားလုံးကို ဖိတ်ကြားရတာပါ"

အားလုံးက ဆန်းလျန်၏ စကားကို အာရုံစိုက်လိုက်ကြလေ သည်။

အဘယ်ကြောင့်ဆိုသော်... လောကကို ကျော်လွန်ခြင်းဆိုသည် မှာ တာအို ကျမ်းစာများတွင်ရော ဗုဒ္ဓဘာသာကျမ်းစာ များတွင် ပါ ဖော်ပြထားသည့် အရာတစ်ခု ဖြစ်လေသည်။ ထို့ကြောင့် သူ တို့သည် သိချင်နေကြလေသည်။

ထို့ပြင် သူတို့သည် ဆန်းကျန်းရန် နတ်ဘုရား၏ ကိုယ်ကျင့် သိက္ခာကိုလည်း ယုံကြည်လေသည်။

ရှန်စန်းကျန်းရန်လုကျိုးယွမ် သည်ပင် လောကကို ကျော်လွန်သူတစ်ယောက် ဖြစ်သည့်တိုင် ထိုအကြောင်းအရာများကို ထုတ်ဖော်ပြောပြခြင်း မရှိခဲ့ပေ။ ရှန်စန်းကျန်းရန်က အားလုံးကို သင်ပြပေးသည့်တိုင် မည်သူမှ သူ၏အဆင့်ထိ မရောက်ရှိနိုင်ကြပေ။

ရှန်စန်းကျန်းရန်ကတော့ သူသိသည့်အရာများကို လျှို့ဝှက်ထားခဲ့ပြီး ဆန်းကျန်းရန် နတ်ဘုရားကတော့ ရက်ရောစွာဖြင့် မျှဝေပေးတော့မည် ဖြစ်လေသည်။

သူတို့သည် ဆန်းကျန်းရန်၏ အတွေ့အကြုံများကို နားထောင်ပြီးသည့် အခါတွင်တော့ အကြောင်းရင်းကို သိရှိသွားကြလေသည်။

သူတို့သည် ရှန်စန်းကျန်းရန်၏ နေအိမ်တွင် ကျင့်ကြံနေကြခြင်း ဖြစ်လေသည်။ ထို့ကြောင့် သူတို့လုပ်သမျှ အရာအားလုံးကို ရှန်စန်းကျန်းရန်က သိနေခဲ့ခြင်း ဖြစ်လေသည်။

ထိုခံစားချက်သည် အလွန်မှ ထူးဆန်းလှလေသည်။

အခန်း (၆၄၆) ဝိညာဉ်မြစ်ရေမတည်မငြိမ်ဖြစ်ခြင်း

ဆန်းလျန်သည် သူပြောနေသည့် စကားများကို အမြန်ပင် အဆုံးသတ်လိုက်လေသည်။

ဤကျင့်ကြံသူများသည် လက်ရှိလောကတွင် နှစ်ပေါင်းထောင်နှင့်ချီပြီး ကြာအောင် နေထိုင်ခဲ့ကြသူများ ဖြစ်လေသည်။

သူတို့သည် ဆန်းလျန်စကားကို သံသယ မဝင်ကြသည့်တိုင် လက်ရှိလောကမှ သူတို့၏ အောင်မြင်မှုများ အားလုံးကို စွန့်လွှတ်ပြီး သူတို့မသိသည့် အခြားသော လောကတစ်ခုကို

သွားရောက်ရန်အတွက် ဆုံးဖြတ်ချက်ချရန် အချိန်လိုမည် ဖြစ်လေသည်။

သို့သော်... ဤလောကတွင် ကျင့်ကြံခြင်းမှာ အကန့်အသတ်ရှိသည်ကို သူတို့သိခဲ့ကြပြီ ဖြစ်လေသည်။ လောကကို မကျော်လွန်သေးသရွေ့ လက်ရှိလောကတွင် သူတို့သည် ချန်ကျင်းချင်ရောက်ရှိသည့် အဆင့်ထိသာ ကျင့်ကြံနိုင်မည် ဖြစ်လေသည်။ ထို့ပြင်... နတ်ဘုရားများ အနေဖြင့်လည်း မိုးကောင်းကင်အစစ်ဆေးခံရခြင်း များစွာကို ရင်ဆိုင်ရလေ့ ရှိလေသည်။ သူတို့အတွက် အဓိက တာအိုအစစ်ဆေးခံရခြင်း (၃) ခုကို ရင်ဆိုင်ပြီးလျှင်တောင်မှ မဆုံးနိုင်သော အခြား အစစ်ဆေးခံရမှုများက စောင့်ကြိုနေသေးသည်။ ထိုအစစ်ဆေး ခံရခြင်းများသည် အလွန်မှ ရင်ဆိုင်ရန် ခက်ခဲလေသည်။

သူတို့သည် ကျင့်စဉ်လမ်းသည် တိုးတက်မလာပါက အစစ်ဆေးခံရမှုများကို မည်သို့မှ ကျော်လွန်နိုင်မည် မဟုတ်ပေ။ တာ

အိုကျင့်ကြိုသူ တစ်ယောက်သည် ကျင့်စဉ်လမ်းအဆင့် တက်ရန် အချိန်ကြာလေလေ ဘေးဒုက္ခရောက်ဖို့က ရာနှုန်းများလေလေ ဖြစ်လေသည်။

ဤသည်မှာ မိုးမြေနိယာမပင် ဖြစ်လေသည်။ လောကတွင် နတ်ဘုရား အရေအတွက် များပြားလာပါက စကြဝဠာ၏ ဟန်ချက်ညီမှုကို ထိခိုက်မည်ဖြစ်လေသည်။

ဆန်းလျန်သည် အထပ်ထပ်အခါခါ စဉ်းစားပြီးပြီ ဖြစ်လေသည်။

ထို့ပြင် သူနှင့် လုကျိုးယွမ်သည်လည်း သဘောတူညီမှု ရရှိခဲ့လေသည်။ ထို့ကြောင့် အသူရာချောက်တွင် ကတိထားခဲ့သည့်အတိုင်း အောင်မြင်ရန်မှာ ယခုကဲ့သို့ အခွင့်အရေးတစ်ခုသာ ရှိလေသည်။

အမှန်တကယ်သာ အကူအညီလိုအပ်ခြင်းမရှိခဲ့ပါလျှင် ဆန်းလျန်သည် ဤလောကမှ နတ်ဘုရားများကို ယခုကဲ့သို့ ခေါ်

ထုတ်မည် မဟုတ်ပေ။ ထိုသို့ပြုလုပ်ခြင်းက လုကျိုးယွမ်ကို မ
ကျေမနပ် ဖြစ်စေသည်ကတော့ အမှန်ပင် ဖြစ်လေသည်။
ဆန်းလျန်သည် မျက်လုံးများကို အသာမှိတ်ထားပြီး စကြဝဠာ
ကို လှည့်လည် အာရုံပြုနေလေသည်။
အခြားသော လောကနတ်ဘုရားများကလည်း စဉ်းစားရန်
အတွက် အချိန်ယူနေကြလေသည်။
ထိုအချိန်မှာပင် လေထုထဲမှ လှုပ်ရှားမှုတစ်ခုသည် ဆန်းလျ
န်၏ စိတ်အာရုံတွင် လာရောက် ရိုက်ခတ်လေသည်။
ကျိဖူတောင်နှင့် ထိုက်ယီတောင်ကြားတွင် စီးဆင်းနေသည့်
ဝိညာဉ်မြစ်သည် ဆန်းလျန်၏ စိတ်အာရုံကို လာရောက်
ရိုက်ခတ်သည်အထိ စွမ်းအားများကို ထုတ်လွှတ်နေခဲ့လေ
သည်။
ဆန်းလျန်သည် ထိုသို့ဖြစ်ရသည့် ဇာစ်မြစ်ကို ချက်ချင်း
အာရုံခံလိုက်လေသည်။

ထိုအခါ အသူရာချောက်ဆီမှ မိုးထိအောင် မြင့်မားသည့် သစ်ပင်ကြီးတစ်ပင် ပေါက်ရောက်နေသည်ကို တွေ့မြင် လိုက်ရလေသည်။

ထိုသစ်ပင်၏ အမြစ်များသည် အသူရာချောက်တွင် ကုပ်တွယ်ထားပြီး လေထဲသို့ အဆုံးမရှိ မြင့်တက်နေလေသည်။

ထိုအချိန်တွင် သစ်ပင်ကြီးအောက်တွင် ရက်စက်ကြမ်းတမ်းဟန် ရှိသည့် နွားရိုင်းကြီး တစ်ကောင်သည် နူးညံ့ဟန်ရှိသည့် ငှက်တစ်ကောင်နှင့် အပြင်းအထန် တိုက်ခိုက်နေကြလေသည်။

သူတို့မှာ နွားရိုင်းဘုရင်ကြီးနှင့် တောင်သခင်ကွေလိတို့ပင် ဖြစ်လေသည်။

သူတို့တိုက်ခိုက်နေကြသည့် အချိန်တွင်ပင် အကြောင်းပြချက်မရှိဘဲ ထိုရှေးမသစ်ပင်ကြီး ပေါ်ထွက်လာခြင်း ဖြစ်လေသည်။ ထိုသစ်ပင်ကြီးသည် ဒဏ္ဍာရီထဲမှ ကမ္ဘာ့သစ်ပင်နှင့် ဆက်စပ်နေသည်ဟု ဆန်းလျန်က မှန်းဆလိုက်မိလေသည်။

ထိုသို့သော အဖြစ်အပျက် ဖြစ်လာသည်နှင့် ဆန်းလျန်သည် ဆက်ပြီး ထိုင်မနေနိုင်တော့ပေ။ ထို့ကြောင့် သူ၏ စိတ်အာရုံများကို ရုပ်ခန္ဓာနှင့် ပြန်လည် ပေါင်းစည်းလိုက်ပြီး မျက်လုံးများကို ဖွင့်လိုက်လေသည်။

"မိတ်ဆွေတို့ …. အပြင်မှာ တစ်ခုခုဖြစ်နေပြီ၊ ဒါကြောင့် စိတ်မဝင်စားဘူး ဆိုရင်တော့ ပြန်နိုင်ပါပြီ…"

ဖားဟိုင်ဆရာတော်က…

"အခု ဘာတွေဖြစ်နေလို့လဲ၊ အတူတူ သွားကြည့်ကြမယ်လေ၊ မိုးပြိုကျမယ် ဆိုရင်တောင်မှ ကျုပ်တို့က ဆန်းကျန်းရန် နတ်ဘုရားကို နည်းနည်းပါးပါး လောက်တော့ ကူညီပေးနိုင်ပါတယ်"

အားလုံးက သဘောတူ လိုက်ကြလေသည်။

သူတို့အားလုံးသည် မိုးနှင့်မြေတွင် ထိပ်တန်းအဆင့် နတ်ဘုရားများ ဖြစ်ကြသည် မဟုတ်ပါလား။ သူတို့အားလုံး၏ တန်ခိုး

စွမ်းအားနှင့် ဆန်းလျန်၏ တန်ခိုးစွမ်းအားများ ပေါင်းစပ်လိုက်မည် ဆိုလျှင် လောကတွင် မည်သည့်အရာကိုမှ ကြောက်စရာမလိုပေ။

ဆန်းလျန်က...

"ဒါဖြင့်လည်း ကောင်းပြီလေ၊ ကျုပ် အားမနာတော့ဘူးနော်"

မကြာခင်မှာပင် ခန်းမကြီး တစ်ခုလုံးသည် ရွှေရောင် အလင်းတန်းများ တောက်ပလာပြီး ဖန်ဆင်းထားသည့် ကျောင်းတော်ကြီးသည် တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားအဖြစ် ပြောင်းလဲသွားလေသည်။

ပန်းချီကား အရွယ်အစားမှာ ပေထောင်ပေါင်းများစွာ ရှည်လျားပြီး ကော်စောပျံတစ်ချပ် အလား သူတို့အားလုံးကို သယ်ဆောင် သွားလေသည်။

ထိုအချိန်တွင်....

ချင်းရွှမ်တောင်ကို ဖြတ်သန်း စီးဆင်းနေသည့် ဝိညာဉ်မြစ်ရေမှာ မြင့်တက်လာလေသည်။

မြစ်ရေလျှံနေပြီဖြစ်ပြီး ချန်ကျင်းချင်သည် မတော်တဆ မြစ်ရေထဲသို့ ကျသွားကြသည့် ကျင့်ကြံသူများကို တန်ခိုးစွမ်းအားများ အသုံးပြုကာ ကယ်တင် ပေးနေခဲ့လေသည်။

ထိုအချင်းအရာကို မြင်သည်နှင့် ဖားဟိုင်ဆရာတော်က...

“မိတ်ဆွေလေးချန်... ကျုပ်ကူညီပေးမယ်”

ထို့နောက် ဖားဟိုင်ဆရာတော် သူ၏ ဝတ်ရုံစတစ်စကို ဝိညာဉ်မြစ်ပေါ်သို့ ပစ်လွှတ်လိုက်လေသည်။ ထိုအခါ အဝါရောင် မြစ်ရေများသည် ရပ်တန့်သွားလေတော့သည်။

ဖားဟိုင်ဆရာတော်၏ မျက်နှာတွင် သွေးရောင်များ လွှမ်းလာလေသည်။ ဝိညာဉ်မြစ်ရေသည် အကြောင်းပြချက်မရှိဘဲ လေးလံလာလေသည်။ မြစ်ရေသည် ယိယွမ်ချုန်းစေ့၏ အနှစ်သာရနှင့်ပင် ယှဉ်ပြိုင်နိုင်မည့်အလား ဖြစ်လေသည်။

မြစ်ရေကို ဖိနှိပ်ထားရန်အတွက် ဖားဟိုင်ဆရာတော်သည်

သူ၏ တန်ခိုးစွမ်းအားများ အားလုံးကို အသုံးပြုခဲ့ရလေသည်။

တာအိုဆရာ တစ်ယောက်က ရယ်မောလိုက်ရင်း...

"ဖားဟိုင်ဆရာတော်၊ ကျုပ် လုန်ချွမ်ကျီ ဆရာတော်ကို ကူညီပါ့

မယ်"

ပြောပြီးသည်နှင့် တာအိုဆရာသည် ဝတ်ရုံစဖြင့် ဖုံးအုပ်ထားရာ

နေရာဆီသို့ လက်နှစ်ချောင်း ထိုးညွှန်လိုက်လေသည်။

အလင်းတန်းတစ်ခု ဖြာထွက်လာပြီး ဝတ်ရုံစကို အလင်းတန်း

က ဖိနှိပ်ထားလိုက်လေသည်။

ဆန်းလျန်က သူတို့ (၂)ယောက်ကို ခေါင်းညိတ်ပြလိုက်ရင်း...

"ကျေးဇူးတင်ပါတယ် မိတ်ဆွေတို့...."

ထိုအချိန်မှာပင် လူအုပ်အတွင်းမှ ဖန်ပုလင်းတစ်လုံးကို ကိုင်

ဆောင်ထားသည့် သီလရှင်တစ်ပါး ထွက်လာလေသည်။

“ဒီဝိညာဉ်မြစ်ရေတွေကို သန့်စင်ပစ်ဖို့ ကျွန်မကူညီပါရစေ ဆန်းကျန်းရန် နတ်ဘုရား”

အမှန်တော့ လက်ရှိ ရင်ဆိုင်နေရသည့် ပြဿနာကို ဆန်းလျန် ဖြေရှင်းနိုင်ပါသည်။

သို့သော်… ကျိုကျိုက် ဝတ်ကျောင်းတော်မှ ကျောင်းထိုင် သီလရှင် ဆရာလေးဖြစ်သည့် ကျိုးနန်ဆရာလေးက ကူညီချင်နေသည့် အတွက် သူ့အနေဖြင့် ငြင်းမနေတော့ပေ။

“ကျေးဇူးတင်ပါတယ်”

ဆန်းလျန်က ပြုံးပြီး ပြောလိုက်လေသည်။

ကျိုးနန်ဆရာလေးက ခေါင်းတစ်ချက် ညိတ်လိုက်ရင်း….

“အားနာစရာ မလိုပါဘူး ဆန်းကျန်းရန် နတ်ဘုရား၊ ရှင်နဲ့ ကျွန်မရဲ့ ဆရာဒေါ်လေးချီးရှူးနဲ့က မိတ်ဆွေဟောင်းတွေပဲကိုး … ”

သူမသည် ပြောနေရင်းနှင့် ဖန်ပုလင်းလေးထဲမှ ရေများကို အောက်သို့ လောင်းချလိုက်လေသည်။

ထိုအခါ ဝိညာဉ်စွမ်းအား မိုးစက်များ ရွာသွန်းလာပြီး ဝိညာဉ်မြစ်ရေ၏ မကောင်းသည့် အငွေ့အသက်များ အားလုံး ပျောက်ကွယ် သွားရလေသည်။

ဝိညာဉ်မြစ်ရေကြောင့် ဒဏ်ရာရကာ နာကျင်ခံစားခဲ့ကြရသည့် ကျင့်ကြံသူများပင်လျှင် ချက်ချင်းပြန်လည် သက်သာကောင်းမွန် လာကြလေသည်။

ဖားဟိုင်ဆရာတော်နှင့် တာအိုဆရာ လုန်ချွမ်ကျီတို့၏ ကူညီမှုကြောင့် ချန်ကျင်းချင်သည် ဝိညာဉ်မြစ်ရေထဲတွင် နစ်မြုပ်သွားကြသည့် တာအိုကျင့်ကြံသူများကို ကယ်တင်နိုင်ခဲ့လေသည်။

ထို့နောက် သူက ဆန်းလျန်ရှိရာသို့ ရောက်လာပြီး…

“ဆရာ ဘာလို့ ဒီလိုဖြစ်ရတာလဲ”

ဆန်းလျန်က…

“ကျုပ်လည်း အခြေအနေကို ရှင်းရှင်းလင်းလင်း မသိသေးဘူး၊ ရှေ့ကိုနည်းနည်းလောက် သွားကြည့်မှရမယ်”

ချန်ကျင်းချင်က…

“ဝိညာဉ်မြစ်ရေ မတည်မငြိမ် စပြီးဖြစ်လာကတည်းက ဂိုဏ်းတူအစ်မ ဖန်းယန်ယင်းက စုံစမ်းဖို့ ထွက်သွားပါတယ်၊ ဒါပေမဲ့ သူ့ဆီက ဘာသတင်းမှ မကြားရသေးပါဘူး”

ဆန်းလျန်က…

“ယန်ယင်းဆိုရင်တော့ အဆင်ပြေနိုင်ပါတယ်၊ ကဲ… ကျုပ်တို့ အတူတူ သွားကြရအောင်”

တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားသည် လူများကို သယ်ဆောင်ကာ ဝိညာဉ်မြစ် အထက်ပိုင်းသို့ ရောက်ရှိလာလေသည်။ မြစ်အထက်ပိုင်းတွင် အဝါရောင်မြစ်ရေများ မြင့်တက်နေပြီး ဆန်းလျန်က မြစ်ရေများကို တန်ခိုး စွမ်းအားဖြင့် တားဆီးထားလိုက်လေသည်။

ဆန်းလျန်က…

“ဖားဟိုင်ဆရာတော်နဲ့ မိတ်ဆွေ လုန်ချွမ်ကျီ၊ မိတ်ဆွေတို့ရဲ့ တန်ခိုးစွမ်းအားတွေကို ရုပ်သိမ်းလိုက်ပါ၊ ဒီကိစ္စကို ကျုပ်လုပ်လိုက်ပါ့မယ်”

ဖားဟိုင်ဆရာတော်သည် ထိုအခါမှ စိတ်သက်သာရာရသွားပြီး သူ၏ဝတ်ရုံစကို ပြန်ရုပ်သိမ်းလိုက်လေသည်။

ကျီဖူတောင်နှင့် ထိုက်ယီတောင်သည် ချက်ချင်းပင် ပေါင်းစပ်သွားပြီး ဝိညာဉ်မြစ်ကို လုံးဝ ပိတ်ဆို့ ထားလိုက်လေတော့သည်။

ထို့ကြောင့် သူတို့ စီးနင်းလာသည့် ပန်းချီကားသည် တောင် (၂)လုံးကို ကွေ့ပတ်သွားရန် လိုအပ်လေသည်။

အခြားသူများသည် ဆန်းလျန်၏ တောင်နှင့် သမုဒ္ဒရများကိုပင် ရွှေ့ပြောင်းနိုင်သည့် တန်ခိုးစွမ်းအားများကို အလွန်ပင် လေးစား သွားကြလေသည်။ ထိုသို့သော တန်ခိုးစွမ်းအားကို

အေးအေးဆေးဆေးပင် ဖော်ထုတ်သွားနိုင်သည်မှာ အလွန်

ထူးဆန်းလေသည်။

ထို့နောက်... သူတို့သည် ရှည်လျားပြီး နက်ရှိုင်းသည့် ဥမင်တစ်

ခုကို ဖြတ်ကျော်ခဲ့ကြလေသည်။ ထို့နောက် သူတို့သည် ဝိညာဉ်

မြစ်ပေါ်သို့ ရောက်ရှိလာကြလေသည်။

ထိုနေရာသည် အခြား လောကတစ်ခုကဲ့သို့ ဖြစ်နေပြီး အဆုံးမ

ရှိသော အဝါရောင် ဝိညာဉ်မြစ်ရေများဖြင့် ဝန်းရံထားလေ

သည်။

ဇင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါး ဖြစ်သည့် ဟုန်ယွမ်

ဆရာတော်က.....

"ဒီနေရာက ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းရဲ့ နေရာမဟုတ်လား"

သူက ထိုမေးခွန်းကို မေးလိုက်သည်နှင့် အခြားသောသူများ၏

မျက်နှာအမူအရာများက ထူးဆန်း သွားကြလေသည်။ ချင်းရှ

မ်နတ်တံခါး၏ ဝိညာဉ်မြစ်သည် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းနှင့် ဆက်စပ် ပတ်သက်နေသည် မဟုတ်ပါလား။

ဇင်ဗုဒ္ဓဘာသာ ဂိုဏ်းတည်ရှိရာ ရှောင်လေယင်း ကျောင်း တောင်သည် ယင်းစန်းတောင်တွင် တည်ရှိလေသည်။

ထိုနေရာသည် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း တည်ရှိရာနေရာ ဖြစ်လေ သည်။ ထို့ကြောင့် ဟုန်ယွမ်ဆရာတော် အနေဖြင့် သူနှင့်နီးစပ် သည့် အရာကို မှားယွင်းပြောဆိုသည်မှာ မဖြစ်နိုင်ပေ။

ကျင့်ကြံသူများမှာ ချင်းရွှမ်နတ်တံခါး၏ လျှို့ဝှက်ချက်တစ်ခု ကို မတော်တဆ တွေ့ရှိခြင်းလေလား သို့မဟုတ် ဆန်းကျန်းရန် နတ်ဘုရား၏ တခြား အကြံအစည်လေလား မဝေခွဲနိုင် ဖြစ်နေ ကြလေသည်။

ဆန်းလျန်ကိုယ်တိုင် သည်လည်း အနည်းငယ် အံ့အားသင့်မိ သွားသည့်တိုင် ယခင်ကပင် ထိုကဲ့သို့သော အတွေးမျိုး ရှိခဲ့ဖူး

သည့်အတွက် အလွန်အမင်း အံ့သြ တုန်လှုပ် သွားခြင်းမျိုး

တော့ မဖြစ်မိပေ။

ယခုတော့ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းနှင့် ချင်းရှမ်နတ်တံခါးသည်

တစ်စုံတစ်ခု ဆက်နွယ်မှုရှိသည်ကို ဆန်းလျန်အနေဖြင့်

အတည်ပြုလိုက်နိုင်ပြီ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် ယခင်ကလည်း ဝိညာဉ်မြစ်ရေထဲ

တွင် ကျင်လည်ခဲ့ဖူးသူ တစ်ယောက် ဖြစ်လေရာ ယခုကဲ့သို့

ဥမင်တည်ရှိသည်ကိုတော့ တစ်ခါမှ သိရှိခဲ့ခြင်း မရှိပေ။

ထိုဥမင်သည် ရှာဖွေမတွေ့နိုင်ရန် ဖုံးကွယ်ထားသည့် နေရာတစ်

ခုလည်း ဖြစ်နိုင်လေသည်။

ယနေ့တွင် ဝိညာဉ်မြစ်ရေ မတည်မငြိမ် ဖြစ်လာသည့်အတွက်

ဥမင်ကို ဖုံးကွယ်ထားသည့် အရန်အတား ကျိုးပျက်သွားသည်

လား မပြောတတ်ပေ။

ထိုကိစ္စများနှင့်ပတ်သက်လျှင် ရဲ့လျိုယွင်က ပိုပြီး သိရှိနိုင်မည်ဖြစ်လေသည်။

သို့သော်... ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းနှင့် အတူ ရဲ့လျိုယွင် ပျောက်ကွယ်သွားခဲ့သည်မှာ နှစ်ထောင်ပေါင်းများစွာပင် ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

အခန်း (၆၄၇) နွားခေါင်းနှင့်မြင်းမျက်နှာနတ်ဆိုးများ

ဆန်းလျန်သည် တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားကို ဝါးဖောင်အသွင်ဖြင့် ဝိညာဉ် မြစ်ရေထဲတွင် စီးမျော

စေလိုက်ပြီး ဧရာမသစ်ပင်ကြီး ရှိရာနေရာသို့ တဖြည်းဖြည်း ချဉ်းကပ် လာလေသည်။ ယခုအချိန်တွင် ဝိညာဉ်မြစ်ရေ သည် အနည်းငယ် ထူးဆန်း နေသည်ဟု ဆန်းလျှန် ကိုယ်တိုင်လည်း ခံစားနေရလေသည်။

ဝိညာဉ်မြစ်ရေသည် အမှန်တကယ်ပင် ထူးဆန်းနေခြင်း ဖြစ် လေသည်။

မြစ်ရေပြင်ထက်တွင် ရေဝဲကန်တော့များလည်း တစ်ခုပြီးတစ် ခု ပေါ်လာနေလေသည်။ ဆန်းလျှန်က တန်ခိုးစွမ်းအား အသုံးပြုပြီး ရေဝဲကန်တော့များကို အာရုံခံကြည့် လိုက်လေရာ ရေဝဲကန်တော့များသည် အခြားသော လောကတစ်ခုနှင့် ချိတ်ဆက်နေသည်ကို သိလိုက်ရလေ၏။ ထိုရေဝဲကန်တော့ များ အတွင်း ပြုတ်ကျသွားပါက လက်ရှိလောကသို့ လွယ် လွယ်နှင့် ပြန်ရောက် လာနိုင်တော့မည် မဟုတ်ပေ။

ထို့ပြင် အကန့်အသတ် မသိရသည့်အရာများဖြစ်သည့်အတွက် ရေဝဲကန်တော့များ၏ အခြားဘက်မှ လောကတွင် မည်သည့် အရာများ ဖြစ်ပျက်နေသည်ကို မည်သူမှ မသိနိုင်ပေ။ ဆန်းလျန်က သူသိရှိလိုက်ရသည့် အချက်ကို အားလုံးကို ပြောပြလိုက်လေသည်။ ထိုမှသာ သူတို့အနေဖြင့် ရေဝဲကန်တော့များ အတွင်း ပြုတ်ကျသွားခြင်း မရှိအောင် သတိထားနိုင်မည် ဖြစ်လေသည်။

တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားသည် မယုံနိုင်လောက်အောင် ထူးခြားဆန်းကြယ် လေသည်။ သူတို့အုပ်စု ကို ဝိညာဉ် မြစ်လှိုင်းများထက်မှ ခေါ်ဆောင်သွားစဉ်မှာပင် ဝိညာဉ်မြစ်မှ မိစ္ဆာ စွမ်းအားများကို စုပ်ယူပြီး သူ့ကိုယ်သူ အားဖြည့်လိုက်လေသည်။

ဝိညာဉ်မြစ်ရေမှ မိစ္ဆာစွမ်းအားများသည် အလွန်မှ ညစ်ညမ်းလေသည်။ ထို့ကြောင့် နတ်ဘုရားများ အနေဖြင့် စုပ်ယူရန် မ

သင့်တော်ပေ။ မြစ်ရေအတွင်းမှ ဆိုးညစ်သည့် မိစ္ဆာစွမ်းအား များသည် နတ်ဘုရားတို့၏ ကြေးမုံမှန် အလားတောက်ပသည့် စိတ်ဝိညာဉ်ကို ညစ်နွမ်း စေနိုင်လေသည်။

မိစ္ဆာစွမ်းအားများကို စုပ်ယူခြင်းဖြင့် အသက်ဓာတ် စွမ်းအား အနည်းငယ် တိုးတက် လာနိုင်သော်လည်း အရှိုးနှင့်အမြတ် ယှဉ်လျှင် အရှုံးဘက်ကသာ များမည် ဖြစ်လေသည်။

သို့သော်... ပန်းချီကားကတော့ ထိုအချက်များကို စိုးရိမ်ပူပန် ခြင်း ရှိဟန်မတူပါ။ ပန်းချီကားသည် မည်သည့်အရာနှင့် မဆို ပေါင်းစည်းနိုင်ပြီး ဝိညာဉ်မြစ်ရေ၏ မိစ္ဆာစွမ်းအားများကို စုပ် ယူကာ သံသရာလည်ခြင်း နိယာမကို ပြည့်စုံစေခဲ့လေသည်။

ရုတ်တရက်ပင်...

ဆန်းလျှန်၏ရင်ထဲတွင် တင်းကျပ်လာပြီး မိစ္ဆာစွမ်းအားများ ဆယ်ဆခန့် မြင့်တက်လာသည်ကို ခံစားလိုက်ရလေသည်။

ဆန်းလျှန်က ပန်းချီကားကို အရှိန်ကို မြှင့်တင်လိုက်ပြီး ဝိညာဉ်မြစ်ကို အလျင်အမြန် ဖြတ်ကျော်လိုက်လေသည်။

နေရာတစ်ခုသို့ သူတို့ ရောက်ရှိလာလေသည်။

ထိုနေရာတွင်...

အနက်ရောင် မြူခိုးများဖုံးလွှမ်းနေပြီး မရေမတွက်နိုင်အောင်များပြားသည့် မိစ္ဆာပုံရိပ်များ လွှမ်းမိုးနေလေသည်။ နွား အော်သံများ မြင်းဟည်းသံများလည်း ထွက်ပေါ်လျက် ရှိလေသည်။

အော်မြည်သံတိုင်းသည် လူတစ်ယောက်၏ စိတ်ဝိညာဉ်ကို တုန်လှုပ်သွားစေနိုင်သော မိစ္ဆာစွမ်းအားများ ပါရှိလေသည်။ သူတို့အားလုံးမှာ နတ်ဘုရားများ ဖြစ်သည့်အတွက် အော်သံများက သူတို့ကို ထိခိုက်စေခြင်း မရှိသည့်တိုင် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားကြရလေသည်။

တာအိုဆရာလုန်ချွမ်ကျီက သူ၏ ဆရာဖြစ်သူထံမှ ကြားဖူး

ထားသည်များကို သတိရသွားပြီး တုန်လှုပ် သွားလေသည်။

"ဒီနေရာမှာ ယင်းစီးနတ်ဆိုးတွေ အများကြီး ရှိနေတာပဲ..."

နတ်ဘုရားများအားလုံး သူ့ကို လှည့်ကြည့်လိုက်ကြပြီး ဆက်

ပြောမည့်စကားကို နားစွင့် နေလိုက်ကြလေသည်။

လုန်ချွမ်ကျီက...

"ပြောကြတာတော့ ဟိုးအရင်တုန်းက အသူရာချောက်ကိုးထပ်

မှာ ငရဲမင်း (၁၀) ပါး အုပ်စိုးတယ်ဆိုပဲ၊ သူတို့အားလုံးက

တန်ခိုးစွမ်းအား တွေအရမ်းမြင့်မားကြတယ်၊ သူတို့

လက်အောက်မှာ ယင်းစီးနတ်ဆိုးတွေ အများကြီးရှိတယ်၊ အဲဒီ

နတ်ဆိုးတွေက နွားခေါင်းနဲ့ မြင်းမျက်နှာ ရှိကြတယ်၊ သူတို့

အားလုံးက ဝိညာဉ် နတ်ဘုရားတွေနဲ့ တန်ခိုးစွမ်းအား တူညီ

တယ်၊ ပြီးတော့... သူတို့က သံသရာ မလည်ချင်တဲ့

အမျက်ထွက်နေတဲ့ တစ္ဆေသရဲတွေကို ဖမ်းဆီးတဲ့ အလုပ်ကို လုပ်ကြတာ”

ဝိညာဉ် နတ်ဘုရားများသည် နတ်ဘုရား အမျိုးအစားများထဲတွင် အဆင့်အနိမ့်ဆုံး နတ်ဘုရားများ ဖြစ်လေသည်။

သူတို့သည် ကျင့်စဉ်လမ်း အဆင့် တက်ရောက်နိုင်ရန်အတွက် ယင်စွမ်းအားများကို အသုံးပြုကျင့်ကြံကြပြီး ဖော့ဝမ့် အဆင့် ကျင့်ကြံသူများထက် တန်ခိုးစွမ်းအား မြင့်မားကြလေသည်။

လက်ရှိ ဆန်းလျန်တို့ အဖွဲ့သည့် ဝိညာဉ်နတ်ဘုရား (၃)ယောက်မှ (၅)ယောက်အထိ ရင်ဆိုင်နိုင်စွမ်း ရှိလေသည်။ ထို့ထက် ပိုပြီးများပြားလာပါက ရင်မဆိုင်ဘဲ ရှောင်ထွက်သွားသည်ကသာ ပိုကောင်းမည် ဖြစ်လေသည်။

မိစ္ဆာအခိုးအငွေ့များအထဲတွင် ယင်းစီးနတ်ဆိုး ထောင်ပေါင်းများစွာ ရှိနိုင်လေသည်။

သူတို့အနေဖြင့် မည်သည့်နည်းနှင့်မှ ရင်ဆိုင်နိုင်မည် မဟုတ်ပေ။

ထိုအချိန်ခဏ အတွင်းမှာပင် သူတို့ဆီသို့ရောက်ရှိလာသည့် ဓားဝိညာဉ်တစ်ခုကို ခံစား လိုက်ရသည့် အတွက် ထိတ်လန့် အံ့သြ သွားကြလေသည်။

ထိုနေရာတွင် ဖန်းယန်ယင်းရှိနေပြီး သူမသည် မိစ္ဆာအခိုးအငွေ့များ အတွင်းသို့ ဆွဲယူခြင်းကို ခံလိုက်ရလေသည်။

ဆန်းလျန်သည် ကြက်သေသေသွားပြီး အတန်ကြာ စကားမပြောနိုင်ဖြစ်နေပြီးမှ…

“ကျင်းချင်… ယန်ယင်းကို အမြန်ဆွဲခေါ်စမ်း…”

သို့သော်… ချန်ကျင်းချင်မှာ ဆန္ဒပြင်းပြသည့် ဆွဲအားတစ်ခုက သူ့ကို စွဲခေါ်နေသည်ကို ခံစားလိုက်ရသည့် အတွက် ဖန်းယန်ယင်းကို ချက်ချင်း မကူညီလိုက်နိုင်ပေ။ သူခန့်မှန်းသည်မှာ မ

မှားဘူးဆိုလျှင် သူ့ကို ဆွဲငင်နေသည့်အရာသည် ဧရာမသစ်ပင်ကြီး ဖြစ်ဟန် တူလေသည်။

ဧရာမ သစ်ပင်ကြီးသည် သူ့ကိုယ်တွင်းမှ တစ်စုံတစ်ခုကို တဖြည်းဖြည်းချင်း ဆွဲငင်နေလေသည်။

ယင်းစီး နတ်ဆိုးများသည် ဧရာမသစ်ပင်ကြီးနှင့် ကျိန်းသေ ဆက်စပ်မှု ရှိနိုင်လေသည်။

အတန်ငယ် တည်ငြိမ်သွားမှ ချန်ကျင်းချင်သည် ဆန်းလျန်၏ အမိန့်အတိုင်း လုပ်ဆောင် လိုက်လေသည်။

ချန်ကျင်းချင်သည် ထူးဆန်းသည့် သင်္ကေတတစ်ခုကို ပြုလုပ် လိုက်လေသည်။ သူ၏ခန္ဓာကိုယ်မှ အလင်းတန်းများ ထွက်ပေါ်လာပြီး အနက်ရောင်မြူခိုးများ လွင့်ပြယ်သွားကာ ပတ်ဝန်းကျင်ကို စတင်မြင်လာရလေသည်။

နွားခေါင်းနှင့် မြင်းမျက်နှာရှိသည့် နတ်ဆိုးများသည် ဖန်းယန်ယင်းကို ဝန်းရံ ထားကြလေသည်။ သူတို့အားလုံးသည် ချွန်

ထက်သော သံချိတ်ကောက်များ ပါဝင်သည့် သတ္တုကြိုးများကို ကိုင်ဆောင် ထားပြီး ဖန်းယန်ယင်းကို ဖမ်းဆီးရန် အသင့် ဖြစ် နေကြလေသည်။

ဖန်းယန်ယင်းသည် ထိုက်စန့်ဓားကိုပင် တီထွင်ခဲ့သည့် ကျော်ကြားသည့် ဓားနတ်သမီးတစ်ပါး ဖြစ်လေသည်။ သူမ၏ ဓားဝိညာဉ်မှာ တောက်ပါနေပြီး သူမထံသို့ ဝင်ရောက်လာသည့် ချွတ်ထက်သော ချိတ်ကောက်များ ပါဝင်သည့် သတ္တုကြိုးများ ကို ခုခံတားဆီး ထားလိုက်လေသည်။

သူမ၏ဓားဝိညာဉ်ဖြင့် ခုတ်ပိုင်းခံလိုက်ရသည့် နွားခေါင်းနှင့် မြင်းမျက်နှာ နတ်ဆိုးများသည် ချက်ချင်းပင် အငွေ့ပျံ ပျောက် ကွယ် ကုန်ကြလေသည်။ ဖန်းယန်ယင်းသည် မရဏဓားသည် ယင်းစီးနတ်ဆိုးများကိုပင် သတ်ဖြတ်ပစ်နိုင်စွမ်း ရှိလေသည်။ ချန်ကျင်းချင်က သူမအနားသို့ ရောက်လာပြီး တစ်ချက်ပြုံး လိုက်ရင်း....

"ဂိုဏ်းတူအစ်မ၊ ကျွန်တော် အစ်မကို ကူညီမယ်...."

ချန်ကျင်းချင်ထံမှ ထူးဆန်းလွန်းသည့် အလင်းတန်းများ ထွက်ပေါ်လာပြီး အလင်းတန်းများဖြင့် ထိမိသည့် ယင်းစီး နတ်ဆိုးများ၏ ခန္ဓာကိုယ်များမှာ တဖြည်းဖြည်း ကျယ်ပြန့်သွားပြီး ပေါက်ကွဲ ထွက်သွားလေသည်။ ပတ်ဝန်းကျင် တစ်ခုလုံးကိုပင် ထိခိုက် သွားစေလေသည်။

ချန်ကျင်းချင် ဖန်ဆင်းလိုက်သည့် လျှပ်စီး အလင်းတန်းများသည် ယင်းစီးနတ်ဆိုးများ အပေါ်သို့ ကျရောက်သွားသည်နှင့် တစ်စမကျန်အောင် သူတို့သည် လောင်ကျွမ်း သွားရလေသည်။ အချို့သော လျှပ်စီး အလင်းတန်းများကတော့ နတ်ဆိုးများကို အေးခဲသွားစေပြီး အမှုန့်အဖြစ် ပြောင်းလဲ သွားလေသည်။

လူအုပ်ကြီးမှာ ချန်ကျန်းရန် နတ်ဘုရား၏ နက်ရှိုင်းသည့် တာအိုကျင့်စဉ် တန်ခိုးစွမ်းအားများကို အလွန်မှ လေးစား သွားမိ

လေသည်။ ချန်ကျင်းချင်သည် လျှပ်စီးငါးမျိုး တန်ခိုးစွမ်းအား

ကို ကျင့်ကြံ ထားလိမ့်မည်ဟု သူတို့ ထင်မှတ် မထားခဲ့ကြပေ။

ယင်းစီး နတ်ဆိုးများသည် လျှပ်စီးမိုးကြိုးများဒဏ်ကို

ခံနိုင်ရည်ရှိသူများ ဖြစ်ကြလေသည်။ သို့သော်... ချန်ကျင်း

ချင်၏ လျှပ်စီး စွမ်းအားများကတော့ သူတို့ခံနိုင်ရည် စွမ်းအား

ထက် သာလွန် နေခဲ့လေသည်။

ချန်ကျင်းချင် ကူညီတိုက်ခိုက် ပေးနေသည့်တိုင် ဖန်းယန်ယင်း

အား သိသိသာသာ ဖိအားများကို ခံစား နေခဲ့ရလေသည်။

သူမသည် ထိုက်စန့်ဓားကို အသုံးပြုရန် အတွေ့အကြုံ နည်း

သေးသော်လည်း ဆရာဖြစ်သူ ချန်ကျန့်မေ သေဆုံးမှု စိတ်

ဒဏ်ရာဖြင့် နတ်ဆိုးများကို ရက်စက်စွာ သတ်ဖြတ် နေခဲ့လေ

သည်။

ယင်းစီး နတ်ဆိုးတစ်ကောင်ကို သတ်ဖြတ်လိုက်တိုင်း

သူမ၏ဓားသည် သတ်ဖြတ်ခြင်း အငွေ့အသက်များ ပိုမို

များပြား လာရလေသည်။ သတ်ဖြတ်နေရင်းဖြင့်ပင် ယင်းစီး နတ်ဆိုးများ၏ အားနည်းချက် များကိုလည်း သူမ နားလည် လာရလေသည်။

အသက်ရှင်သန်ရန် အတွက် ခုခံတိုက်ခိုက်နေခြင်းမှ သတ်ဖြတ်ပွဲတစ်ခုအဖြစ် ပြောင်းလဲ သွားလေသည်။

အခြားသူများမှာလည်း ရပ်ကြည့် မနေနိုင်တော့ပေ။

သူတို့က...

"မိတ်ဆွေလေးချန်၊ ဖန်းနတ်သမီး၊ ကျုပ်တို့လည်း ကူညီ မယ်...."

ဖားဟိုင် ဆရာတော်သည် တစ်ချက်ပင် မတုံ့ဆိုင်းတော့ဘဲ အနက်ရောင် မြွေကြီးတစ်ကောင် အဖြစ် အသွင်ပြောင်းလဲ လိုက်လေသည်။ မြွေကြီးက ပါးစပ်ကိုဟလိုက်ပြီး ယင်းစီး နတ်ဆိုးများကို တစ်ကောင်ချင်းစီ ဝါးမျိုစားသောက် ပစ်လိုက် လေတော့သည်။

လူအုပ်ကြီးမှာ ခေါင်းများ ခါယမ်း လိုက်မိကြလေသည်။

ကျင်းကွမ်း ဝတ်ကျောင်းတော်တွင် ဝတ်ပြုကိုးကွယ်ကြသူများ အနေဖြင့် သူတို့ ကိုးကွယ်သည့် ဆရာတော်သည် ရောမ ပင်လယ်မြေကြီးတစ်ကောင် ဖြစ်သည်ကိုသာ သိရှိသွားပါက လာရောက် ဝတ်ပြုကိုးကွယ်ရဲကြမည် မဟုတ်တော့ပေ။ ဖားဟိုင်ဆရာတော်သည် ဘုန်းကြီးဝတ်ပြီး ကတည်းက သီလစောင့်ထိန်းခဲ့ပြီး တိုက်ခိုက် သတ်ဖြတ်ခြင်းများကို သိပ် ပြီးပြုလုပ်ခဲ့ခြင်း မရှိပေ။ ယခုတော့ အခွင့်အရေးရသည်နှင့် စိတ်တိုင်းကျ သတ်ဖြတ်နေပြီ ဖြစ်လေသည်။

ယင်းစီးနတ်ဆိုးများမှာ အားနည်းသူများ မဟုတ်ကြပါ။ သို့သော်... သူတို့ ရင်ဆိုင်နေရသည့် နတ်ဘုရားများမှာ တန်ခိုး စွမ်းအား အဆမတန် မြင့်မားသူများ ဖြစ်ကြလေသည်။ သူ တို့သည် မျက်စိတစ်မှိတ် အတွင်းမှာပင် နှိမ်နင်း ခံလိုက်ကြရ လေတော့သည်။

ဖန်းယန်ယင်းသည် နောက်ဆုံးတော့ ဖိအားများကို ခံစားရခြင်း မရှိတော့ပါ။ နွားခေါင်းနှင့် မြင်းမျက်နှာနတ်ဆိုးများမှာ ဆယ် ယောက်ခန့်သာ ကျန်တော့သည်။ သူမအတွက် လုံးဝမှုစရာ မ လိုတော့ပေ။

သူမသည် ဓားကို ကိုင်မြှောက်လိုက်ပြီး ပျောက်ကွယ် သွားလေ သည်။

ထို့နောက်တွင်တော့ နတ်ဆိုးများမှာ မျက်လုံးများကန်းကုန်ပြီး ဓားဒဏ်ရာ ရရှိထားသည့် နေရာများမှ အနက်ရောင် အခိုးအငွေ့များ ထွက်ပေါ်လျက် ရှိလေသည်။

သူတို့သည် မျက်စိကန်းကုန်ပြီ ဖြစ်သည့်အတွက် ရန်သူကို တွေ့ မြင်ရခြင်း မရှိတော့ပါ။

သူတို့သည် ထိတ်လန့်ကြောက်ရွံ့နေကြပြီး သံမဏိချိတ် ကောက်များကို ဦးတည်ချက်မဲ့စွာ ဝှေ့ယမ်းနေကြလေသည်။

ထို့ကြောင့် အချင်းချင်းထိခိုက်မိကာ ဒဏ်ရာများ ရကုန်ကြ

လေတော့သည်။

ရာနှင့်ချီသည့် နွားခေါင်းနှင့် မြင်းမျက်နှာနတ်ဆိုးများမှာ

နှိမ်နင်းခံလိုက်ရပြီ ဖြစ်လေသည်။ အသက်ရှင်နေသည့် အခြား

သော နတ်ဆိုးများမှာလည်း တွားသွားပြီး အသူရာ ချောက်

အတွင်းသို့ ပြန်ဆင်း သွားကြလေသည်။

ယင်းစီး နတ်ဆိုးများကို မြို့ချပစ်လိုက်သည့် ဖားဟိုင်

ဆရာတော်မှလွဲပြီး အခြားသော နတ်ဘုရားများမှာ တိုက်ပွဲတွင်

သိပ်ပြီး မကူညီလိုက်ရပါ။ ဖားဟိုင်ဆရာတော် လူအသွင် ပြန်

ပြောင်းလိုက်သည့် အခါတွင်တော့ သူ၏ဗိုက်ကြီးမှာ အန်းကုန်း

ကိုယ်တော်ကြီးအလား ဖောင်းကားလျက် ရှိလေ၏။

ဟုန်ယွမ်ဆရာတော်က ဖားဟိုင်ဆရာတော်မှာ နတ်ဆိုးအများ

ကြီးကို စားပစ်လိုက်သည့်အတွက် အစာမကျေ ဖြစ်မည်ကို

စိတ်ပူပြီး ပြဒါးဆေး တစ်လုံးထုတ်ကာ ပေးလိုက်လေသည်။

"နောင်တော်... ဒါက ကျုပ်တို့ ရှောင်လေယင်းကျောင်းတော်က တာ့ဟွမ်ပြဒါးဆေးပါ၊ ဒါစားလိုက်ရင် ခင်ဗျားစုပ်ယူထားတဲ့ မိစ္ဆာစွမ်းအားတွေ သန့်စင်သွားလိမ့်မယ်..."

ဖားဟိုင်ဆရာတော်က ရယ်မောလိုက်ရင်း...

"ကျေးဇူးပဲဟေ့... ဒါပေမဲ့ မင်းကျုပ်ကို နောင်တော်လို့ မခေါ်သင့်ဘူးနော်... ဆရာဘိုးဘိုးလို့ ခေါ်သင့်တာ...."

ဖားဟိုင် ဆရာတော်၏ စကားကြောင့် ဟုန်ယွမ်ဆရာတော်မှာ နှုတ်ခမ်း တစ်ချက်မဲ့ လိုက်မိလေသည်။

ကျင်းကွမ်းဝတ် ကျောင်းတော်မှ ပေါင်ယွဲ့ဆရာတော်ကြီးမှာ ရှောင်လေယင်း ကျောင်းတော်မှ ဟွေခဲ့ ဆရာတော်ကြီးနှင့် အဆင့်အတန်းတူသူ ဖြစ်လေသည်။

လူပြန်ဝင်စားသည့် ပေါင်ယွဲ့ဆရာတော်ကြီးကို ဖားဟိုင် ဆရာတော်က ပြန်လည်ရှာဖွေခဲ့ပြီး အတိတ်ဘဝကို မမှတ်မိခင် အချိန်များတွင် တပည့်အဖြစ် ပညာသင် ပေးခဲ့လေသည်။

ထို့ကြောင့် ပေါင်ယွဲ့ ဆရာတော်၏ ဆရာဖြစ်သည့် ဖားဟိုင် ဆရာတော်ကို ဆရာဘိုးဘိုးဟု ခေါ်သင့်သည်မှာ အမှန်ပင် ဖြစ်လေသည်။

ဆရာတော် (၂) ပါး နောက်ပြောင်နေကြသည်ကို ဆန်းလျန်က အရေးမစိုက်တော့ဘဲ ဖန်းယန်ယင်းကို မေးလိုက်လေသည်။

"ယန်ယင်း... ဒီယင်းစီးနတ်ဆိုးတွေ ဘယ်က ရောက်လာကြတာလဲ...."

အခန်း (၆၄၈) အသူရာချောက်မှရှေးဟောင်းသစ်ပင်

ဖန်းယန်ယင်းက...

"ဆရာဦးလေး.... ကျွန်မ ဝိညာဉ်မြစ်ကို ဖြတ်လာတဲ့ အချိန်မှာပဲ အရမ်းမြန်တဲ့ အရိပ်တစ်ခုက ကျွန်မကို ဝင်တိုက်သွားတယ်၊ ပြီးလည်းပြီးရော နွားခေါင်းနဲ့မြင်းမျက်နှာ နတ်ဆိုးတွေ ကျွန်မကို ဝိုင်းထားကြတော့တာပဲ...."

သူမ၏ စကားကြောင့် အခြားသူများမှာ များစွာ အံ့သြ ထိတ်လန့် သွားကြရလေသည်။ လောကတွင် ဓားနတ်ဘုရားများ၏ စိတ်အာရုံစူးစိုက်မှုသည် အထက်မြက်ဆုံး ဖြစ်လေသည်။

သို့တိုင်အောင်.... ဓားနတ်သမီး ကိုယ်တိုင်သည် သူမကို တိုက်မိသည့်အရိပ်ကို အာရုံခံနိုင်ခဲ့ခြင်း မရှိပေ။

ထို့ပြင်.... ဖန်းယန်ယင်း၏ တိုက်ခိုက်နိုင်မှု စွမ်းအားသည် သူတို့အားလုံးထဲတွင် အမြင့်မားဆုံး ဖြစ်လေသည်။

သူတို့သာ ထိုကဲ့သို့ တိုက်ခိုက်ခံရပါက ဒဏ်ရာ အပြင်းအထန်
ရရှိသွားမည် ဖြစ်လေသည်။ ယင်းစီး နတ်ဆိုးများ၏
တိုက်ခိုက်ခြင်းကို မည်သို့မှ ခုခံနိုင်မည် မဟုတ်ပေ။
ဝိညာဉ်မြစ်ရေ အပြောင်းအလဲ ဖြစ်နေသည့်အချိန်တွင်
ပတ်ဝန်းကျင် တစ်ခုလုံးတွင် ထူးဆန်းသ ည့်တန်ခိုးစွမ်းအား
တစ်ခုက ဖုံးလွှမ်း နေခဲ့လေသည်။ ထိုစွမ်းအားက ဆန်းလျန်၏
စိတ်အာရုံများကို ပိတ်ဆို့ထားသည့် အတွက် ဆန်းလျန်
ကိုယ်တိုင်ပင်လျှင် ပတ်ဝန်းကျင်မှာ အဖြစ်အပျက်များကို
အာရုံခံနိုင်ခဲ့ခြင်း မရှိပေ။
အကြီးမားဆုံး ပြောင်းလဲမှုတစ်ခုမှာ ရောမသစ်ပင်ကြီး ဖြစ်
လေသည်။ ထိုသစ်ပင်ကြီးကို လေ့လာပြီးမှသာ ဝိညာဉ်မြစ်၏
လျှို့ဝှက်ချက်ကို နားလည်နိုင်မည် ဖြစ်လေသည်။

တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားသည် ရောမ သစ်ပင်ကြီးရှိရာသို့ လျင်မြန်လွန်းသည့် အလျင်ဖြင့် ရောက်ရှိလာလေသည်။

ရောမသစ်ပင်ကြီး၏ အမြစ်များသည် ဝိညာဉ်မြစ်ရေထဲတွင် စိုက်ဝင်နေပြီး အဆုံးမရှိ နက်ရှိုင်းလေသည်။ ချွန်ထက်သည့် သစ်ရွက်များမှာ အိမ်တစ်လုံးမျှ ကြီးမားကျယ်ပြန့်ပြီး အကိုင်းအခက် များမှာလည်း ဓားသွားဖြင့်ပြုလုပ်ထား သည့် ဆူးခြုံများအလား ထင်မှတ်ရလေသည်။

တောင်သင်ကွေ့လိုသည် သူ၏ခြေသည်းများဖြင့် ထိုက်ရှင်း တောင်ကြီးကဲ့သို့ ကြီးမားသည့် နွားရိုင်းဘုရင်ကြီး၏ ဦးခေါင်းကြီးကို ကုပ်ဆွဲထားလေသည်။ နွားရိုင်းကြီးသည် နေရာအနှံ့သို့ လှည့်လည် ပြေးလွှားနေပြီး ဝိညာဉ်မြစ် တစ်ခုလုံးမှာ လှိုင်းများ ထလျက် ရှိလေတော့သည်။

ရုတ်တရက်...

ဖန်းယန်ယင်းရှိရာသို့ နောက်ထပ် အရိပ်တစ်ခု ဝင်ရောက် လာပြန်လေသည်။

ဖန်းယန်ယင်း မကာကွယ် လိုက်နိုင်ခင်မှာပင် ဆန်းလျန်က သူမအနားသို့ ချက်ချင်း ရောက်သွားပြီး လက်ဖျောက် တစ်ချက်တီးလိုက်ကာ အရိပ်ကို ကာကွယ်ပေးလိုက်လေသည်။

လေထုထဲတွင် လှိုင်းများထလာပြီး သေးငယ်သည့် တွင်းနက်တစ်ခု ပေါ်လာလေသည်။ ထိုတွင်းနက်ထဲမှ ဆန်းလျန်နှင့်ရင်းနှီးသည့် အငွေ့အသက်များ ထွက်ပေါ်နေလေသည်။

 အသူရာ ချောက်ကိုးထပ်မှ အငွေ့အသက်များပင် ဖြစ်လေသည်။

ဆန်းလျန်က သူ၏ဓားဝိညာဉ်ဖြင့် ဝင်ရောက်လာသည့် ပုံရိပ်ကိုတားဆီး ထားလိုက်လေသည်။

နောက်ဆုံးတွင်တော့ သွေးနီရောင် အခိုးအငွေ့ တစ်ခုသည် လေထဲတွင် ထွက်ပေါ်လာလေသည်။ ထို့နောက် သစ်ပင်ကြီးထက်မှ

သစ်ကိုင်း တစ်ကိုင်းသည် ဝိညာဉ်မြစ်အတွင်းသို့ ပြုတ်ကျ သွားလေသည်။ သစ်ကိုင်းသည် အနည်းငယ် လှုပ်ရှားနေပြီး နောက် ရောမသစ်ပင်ကြီး၏ ပုံသဏ္ဌာန်အတိုင်း အငယ်စား သစ်ပင်လေးတစ်ပင် ဖြစ်ပေါ်လာလေသည်။

အကိုင်းအခက်များမှာ လှုပ်ရှားနေပြီး သစ်ရွက်များ လှုပ်ခတ် နေသံမှာ သီချင်းဆိုသံများ အလားပင် ဖြစ်လေသည်။ ထို သစ်ပင်ငယ်မှ သတ်ဖြတ်လိုသည့် အငွေ့အသက်များက စိမ့် ထွက်လျက် ရှိလေ၏။

ထိုသစ်ပင်ငယ်ထံမှ ဆာလောင်မွတ်သိပ်သည့် အငွေ့အသက် များ ထွက်ပေါ်နေပြီး ဆန်းလျန်ကို အရှင်လတ်လတ် ဝါးစား တော့မည်အလား ထင်မှတ်ရလေသည်။

ထိုသစ်ပင်သည် ဖန်းယန်ယင်းနှင့် ဆန်းလျန်တို့၏ ဓားဝိညာဉ် များကို တိုက်ခိုက်သည်ကို ကြည့်ခြင်းအားဖြင့် သူတို့

(၂)ယောက်၏ မရဏာဓား ဝိညာဉ်များကို စိတ်ဝင်စားနေသည်မှာ သိသာလေသည်။

ထိုအချိန်မှာပင်... ကောင်းကင်အထိ ထိုးဖောက်နေသည့် ရောမသစ်ပင်ကြီးမှာ လှုပ်ရှားလေသည်။

များပြားလှစွာသည့် အရိပ်များသည် ကောင်းကင်ထက်မှ ကျဆင်း လာလေသည်။ ဆန်းလျန်သည် တောင်နှင့်မြစ်ရေ ပန်းချီကားပေါ်မှ ခုန်ဆင်းလိုက်ပြီး ပန်းချီကားကို အနန္တရာယ်ကင်းရာ အဝေးတစ်နေရာသို့ တွန်းပို့ လိုက်လေသည်။

ဆန်းလျန်၏ ပုံသဏ္ဍာန်မှာ ပြောင်းလဲသွားပြီး တန်ခိုးစွမ်းအားများ အဆုံးမရှိ ထွက်ပေါ်လာကာ သူ၏ ခန္ဓာကိုယ်သည် နွားရိုင်း ဘုရင်ကြီးကဲ့သို့ တဖြည်းဖြည်း ကြီးမား လာလေသည်။

သူ၏ ခြေနှစ်ဖက်သည် ဝိညာဉ်မြစ်ထဲတွင် နစ်မြုပ်နေပြီး ဝိညာဉ်မြစ်ရေမှ မိစ္ဆာစွမ်းအားများသည် သူ၏မျက်ခုံး (၂)ခုကြားမှ သန္ဓေမျိုးစေ့ဆီသို့ ရိုက်ခတ် နေလေသည်။

ဝိညာဉ်မြစ်ရေ မိစ္ဆာစွမ်းအားများကို သူ၏ သန္ဓေမျိုးစေ့သည့်

သဘောကျသည်မလား မကျဘူးလား ဆိုသည့် အချက်ကို

ဆန်းလျန်အရေး မစိုက်နိုင်တော့ပါ။ သူ့အနေဖြင့် ဝိညာဉ် မြစ်

ရေထဲတွင် ကျင့်ကြံမှုပြုလုပ်ရန် အချိန်မရှိတော့ပါ။

ဆန်းလျန်သည် သူ၏လက်များကို အဆက်မပြတ် ဝှေ့ယမ်း

လိုက်ပြီး တိုက်ခိုက်ရန် အတွက် သူ့ထံသို့ ဝင်ရောက်လာ သည့်

သစ်ကိုင်းများကို ဖမ်းယူလိုက်လေသည်။ ဆန်းလျန်၏

ပုံသဏ္ဍာန်မှာ ခမ်းနားထည်ဝါလှလေသည်။ မြင့်မားလှ သည့်

တန်ခိုးစွမ်းအားများကြောင့် မိစ္ဆာတိုက်ခိုက်မှု အားလုံးကို

တွန်းလှန် နိုင်ခဲ့လေသည်။

ဆန်းလျန်၏ လရောင်ကဲ့သို့ တောက်ပနေသည့် တန်ခိုး

စွမ်းအားများကို တာအိုဆရာတုန်းဖုန်းသာ မြင်တွေ့မည် ဆို

လျှင် သူကျင့်ကြံခဲ့သည့် ထိုက်ယွဲ့ သဏ္ဍာန်မှန်ပညာသည် ဆန်း

လျှန်ကို မည်သည့် နည်းနှင့်မျှ မမီနိုင်သည်ကို လက်ခံသွားမည် ဖြစ်လေသည်။

ဆန်းလျှန်သည် အလွန်ကြီးမားသည့် ခန္ဓာကိုယ်ကြီးကို ဖန်ဆင်း ထားလေသည်။ ထိုသို့ ဖန်ဆင်းနိုင်ရန် အတွက် သူသည် ထိုက်ယွဲ့ သဏ္ဌာန်မှန်ပညာနှင့် ရှားမျိုးနွယ်များ၏ တန်ခိုးစွမ်းအားများကို ပေါင်းစပ် အသုံးပြုထားခြင်း ဖြစ်လေသည်။

ဆန်းလျှန် ရိုက်ချလိုက်သည့် သစ်ကိုင်းများသည် မြစ်ရေထဲသို့ ကျကုန်ကြလေသည်။ ရေထဲသို့ ကျကုန်သည့် သစ်ကိုင်းများသည် သစ်ပင်ငယ်များ အဖြစ် ပြောင်းလဲသွားပြီး သူ၏ ခြေထောက်ကို လာရောက် ရစ်ပတ်ကြလေသည်။

သို့သော် သူ၏ ခြေထောက်များသည် ခိုင်ခန့်သည့် ထိုက်ရှီး တန်ခိုး စွမ်းအားများနှင့် ပြည့်နေသည့် အတွက် သစ်ပင်ငယ်များ သာမက ဝိညာဉ်မြစ်ရေမှ မိစ္ဆာစွမ်းအားများပင်လျှင် ပျက်စီး ကုန်ကြရလေသည်။

တခြားဘက်တွင်တော့...

ကွေ့လိသည် စိတ်စွမ်းအားကို အသုံးပြုကာ ရောမသစ်ပင်ကြီး၏ မူလဇာစ်မြစ်ကို ဆန်းလျှန်ကို ပြောပြနေလေသည်။

မိုးနတ်မင်းသည် ကျန်းမုဟုခေါ်တွင်သည့် ကမ္ဘာ့သစ်ပင်ကို စိုက်ပျိုးခဲ့လေသည်။ ထိုသစ်ပင်သည် သေမျိုးလောကနှင့် ကောင်းကင်ဘုံကို ပိုင်းခြားထားသည့် အဆီးအတားများကို ချိုးဖျက်ပေးပြီး လူသားများ အနေဖြင့် အတားအဆီးမရှိဘဲ ကောင်းကင်ဘုံသို့ရောက်ရှိနိုင်ကာ နတ်ဘုရားဖြစ်ခွင့်ကို ရရှိကြလေသည်။

သို့သော်.... ကြီးမားသည့် ဘေးအန္တရာယ် ဆိုးကြီးတစ်ခုကို ရင်ဆိုင်ရပြီး ကမ္ဘာ့သစ်ပင်ကျန်းမု ပျက်စီး ခဲ့ရလေသည်။

ကျန်းမု၏ အမြုတေသည် ဝိညာဉ်မြစ်အတွင်းသို့ ကျရောက်သွားပြီး အသူရာချောက်တွင် ရှေးဟောင်းသစ်ပင်ကြီး တစ်ပင်ပေါက်လာခဲ့လေသည်။

သို့သော် အသူရာချောက်သည် ညစ်ညမ်းသည့် မိုးမြေစွမ်းအား

များဖြင့် ပြည့်နှက်နေလေသည်။ ထို့ကြောင့်… အချိန်ကြာလာ

သည်နှင့် အမျှ ကမ္ဘာ့သစ်ပင်သည် မိစ္ဆာသစ်ပင်ကြီး တစ်ပင်

အဖြစ် ကြီးထွားလာပြီး သတ်ဖြတ်လိုသည့် အငွေ့အသက်များ

ဖြင့် ပြည့်နေ လေတော့သည်။ ထိုသစ်ပင်ကြီးသည် သတ်ဖြတ်

လိုသည့် အငွေ့အသက်များကို စုပ်ယူရသည်ကို နှစ်သက်ပြီး

ထိုသို့ စုပ်ယူလေလေ ပိုပြီး ကြီးထွားလာလေ ဖြစ်လေသည်။

တိကျန်ဗောဓိသကျသည် ရှေးဟောင်းသစ်ပင်ကြီးကို

အရံအတားတစ်ခုဖြင့် ထိန်းချုပ် ထားခဲ့လေသည်။

နှစ်ပေါင်းများစွာ ကြာပြီးသည့်နောက် ထိုအရံအတားသည်

အားနည်းလာခဲ့လေသည်။

ထို့ပြင် တောင်သခင်ကွေလိနှင့် နွားရိုင်းဘုရင်ကြီးတို့သည် ထို

သစ်ပင်ကြီးကို ထိန်းချုပ်ထားသည့် အရံအတားရှိရာ

နေရာ၏အပေါ်ဘက်တွင် အပြင်းအထန် တိုက်ခိုက်ခဲ့ကြလေ

သည်။ သူတို့ (၂)ယောက်၏ မြင့်မားလွန်းသည့် တန်ခိုး
စွမ်းအားများကြောင့် ခပ်ယွဲ့ယွဲ့သာကျန်သည့် သစ်ပင်ကြီးကို
ထိန်းချုပ်ထားသော အရံအတားသည် ပျက်စီးသွားပြီး
နောက်ဆုံးတွင် ရှေးဟောင်း သစ်ပင်ကြီး လွတ်မြောက်လာခြင်း
ဖြစ်လေတော့သည်။

ထိုသစ်ပင်ကြီးမှာ လူသား အသွင်မပြောင်းလဲ နိုင်သည့်တိုင်
သူ၏တန်ခိုးစွမ်းအားများသည် နတ်မိစ္ဆာ မဟာတန်ခိုးရှင်
တစ်ပါးထက်ပင် မြင့်မားလေသည်။

တိကျန်ဗောဓိသကျ ထိန်းချုပ်ထားခဲ့သည့် အရံအတားကြောင့်
အားနည်းနေသည့် အတွက်သာ ဆန်းလျန်အနေဖြင့် ထိုသစ်ပင်
ကြီးကို ရင်ဆိုင်နိုင်ခြင်း ဖြစ်လေသည်။ မဟုတ်ပါက ထိုက်ယီ
ထျန်းရှန်း အဆင့်ရှိသည့် ဆန်းလျန်ပင်လျှင် ထိုသစ်ပင်ကြီးကို
အနိုင်ယူနိုင်မည် မဟုတ်ပေ။

သို့သော်... ကွေလိသည် ရသည့်အခွင့်အရေးကို လက်လွှတ်မခံခဲ့ပေ။

အသူရာချောက်မှ ရှေးဟောင်းသစ်ပင်ကြီးကိုသာ အသုံးချပြီး နွားရိုင်းဘုရင်ကြီးကို တိုက်ခိုက်နိုင်မည် ဆိုလျှင် သူမသည် မခန့်မှန်းနိုင်သည့် အကျိုးကျေးဇူးများကို ရရှိမည် ဖြစ်လေသည်။

ကွေလိက သူမ၏ စိတ်အာရုံ စူးစိုက်မှုကို အသုံးပြုလိုက်ပြီး နွားရိုင်းကြီး၏ ဦးခေါင်းခွံကို သူ၏ ခြေသည်းများဖြင့် ကုတ်ဆွဲပစ်လိုက်သည့်အခါ တွင်တော့ နွားရိုင်းဘုရင်ကြီးသည် နာကျင်စွာဖြင့် အော်ဟစ် လိုက်လေသည်။ သူ၏ ဦးခေါင်းခွံသည် ကွေလိ၏ ခြေသည်းများထဲတွင် ပါသွားပြီး နွားခေါင်းကြီးထဲမှ ဦးနှောက်များ ထွက်လာလေသည်။

နွားရိုင်းပုံသဏ္ဍာန် မူလဝိညာဉ် ခန္ဓာသည် နွားရိုင်း ခန္ဓာကိုယ်ကြီး အတွင်းမှ ပျံသန်း ထွက်ပေါ်လာပြီး ကွေလိကို နာကျည်း

စွာဖြင့် တစ်ချက်ကြည့်လိုက်ကာ ဝိညာဉ်မြစ်ရေထဲတွင် ပျောက်ကွယ် သွားလေတော့သည်။

ထိုအချိန်မှာပင်... အသူရာချောက်မှ ရှေးဟောင်း သစ်ပင်ကြီး သည် အခွင့်အရေးကို လက်လွှတ်မခံဘဲ သူ၏အမြစ်များ ဖြင့် နွားရိုင်း မူလဝိညာဉ်ခန္ဓာကိုယ်ကို ဆွဲယူလိုက်ပြီး စုပ်ယူ စားသုံး လိုက်လေတော့သည်။

နွားရိုင်းမူလ ဝိညာဉ်ခန္ဓာဆီမှ ညည်းညူသံသဲ့သဲ့ကို ဆန်းလျန် ကြားလိုက်ရလေသည်။

ကွေလိသည် ကျန်ရစ်ခဲ့သည့် နွားရိုင်းခန္ဓာကိုယ်ကြီး၏ ဝမ်းဗိုက်ကိုခွဲလိုက်ပြီး အထဲမှ ပျံ့သန်း ထွက်ပေါ်လာသည့် ရောင်စုံကျောက်တုံးလေး တစ်တုံးကို ယူလိုက်လေသည်။

ကွေလိ၏ အမွေးများမှာ ကျွတ်နေပြီး ဒဏ်ရာများကိုပင် မြင် နေရလေသည်။ သူမသည် ဒဏ်ရာ အပြင်းအထန်ရထား ဟန်ရှိ

လေသည်။ သို့သော်… ကျောက်တုံးလေးကို မြင်လိုက်ရသည်နှင့် သူမသည် အလွန် ကျေနပ်ပျော်ရွှင် သွားရလေသည်။ ထိုကျောက်တုံးလေးမှာ ဝိညာဉ်ပေါင်းစပ် ကျောက်တုံးလေးဖြစ်ပြီး သူမအတွက် အဓိပ္ပာယ်များစွာ ရှိလေသည်။

ထိုကျောက်တုံးလေး အတွင်းသို့ သူမ၏ မူလတန်ခိုး စွမ်းအားများကို သွင်းလိုက်ပြီး အနည်းငယ် လှည့်ပတ်လိုက်မည် ဆိုလျှင် အချိန်တိုအတွင်းမှာပင် သူမ၏တန်ခိုးစွမ်းအားများ သန့်စင်သွားပြီး အတိုင်းအဆ မရှိ မြင့်တက်လာမည် ဖြစ်လေသည်။

နွားရိုင်းဘုရင်ကြီးသာ ထိုရတနာကို ယူမသွားခဲ့လျှင် ယခုအချိန်တွင် သူမသည် ဆန်းလျန် ထက်ပင် တန်ခိုးစွမ်းအား မြင့်မားနေမည် ဖြစ်လေသည်။

အသူရာချောက်မှ ရှေးဟောင်း သစ်ပင်ကြီးကို နှိမ်နင်းရန်မှာတော့ ကွေလိလည်း ထိုသစ်ပင်ကြီးကို နှတ်ပစ်နိုင်စွမ်း မရှိပေ။

ဆန်းလျန်နှင့် လုကျိုးယွမ်သာ တတ်နိုင်ကောင်း တတ်နိုင်ပေလိမ့်မည်။

ဆန်းလျန်သာ ထိုသစ်ပင်ကြီးကို အနိုင်ယူနိုင်မည်ဆိုလျှင် တိကျန်ဗောဓိသကျ၏ ကျင့်စဉ်လမ်း အတွေ့အကြုံများကို ကျိန်းသေရရှိမည် ဖြစ်လေသည်။ ထိုအခါ နောင်တစ်ချိန်တွင် ဆန်းလျန်အတွက် တိုးတက်မှုများစွာ ရရှိနိုင်လေသည်။

ဆန်းလျန်သာ အနန္တတန်ခိုးရှင် တစ်ပါးဖြစ်သွားမည်ဆိုလျှင် သူမသည်လည်း ဆန်းလျန်၏ အရိပ်တွင် ခိုလှုံနိုင်မည် ဖြစ်လေသည်။ ဆန်းလျန်သာ သူမကို ကာကွယ်ပေးထားလျှင် တန်ခိုးစွမ်းအား မြင့်မားသည့် ဆွေမျိုးတစ်ယောက် ရရှိထားသည့် ပမာ လောကတွင် မည်သူ့ကိုမှ ကြောက်စရာမလိုဘဲ အသက်ရှင်နိုင်မည် ဖြစ်လေသည်။

ဆန်းလျန်ကတော့ သူ့ကိုအားကိုးရန်ကြံရွယ်နေသည့် ကွေလိ၏ အတွေးများကို မသိခဲ့ပါ။ သူက ရှေးဟောင်း သစ်ပင်ကြီးကို အာရုံစိုက်ကာ တိုက်ခိုက်နေလေသည်။

အသူရာချောက်မှ ရှေးဟောင်းသစ်ပင်ကြီး၏ စွမ်းရည်မှာ ရွက်ကျပင်ပေါက်အလား သစ်ကိုင်း ကျရာတွင် အပင်ပေါက် ကာကြီးပြင်းနိုင်စွမ်း ရှိလေသည်။ ထို့ပြင် သူ၏ အမြစ် များသည် ဝိညာဉ်မြစ်ထဲတွင် ခြေကုပ်ယူထားသည့် အတွက် ဝိညာဉ်မြစ်အတွင်းမှ စွမ်းအားများကို လိုသလောက် စုပ်ယူကာ အားဖြည့် နိုင်လေသည်။ ထိုသစ်ပင်ကြီးကို မည်သည့်နည်းနှင့် မှ သတ်ပစ်နိုင်မည် မဟုတ်ပေ။

ထိုသစ်ပင်ကြီးသည် ဆန်းလျန် ရင်ဆိုင်ခဲ့ရသမျှထဲတွင် ဒုက္ခအ ပေးဆုံး ပြိုင်ဘက်ပင် ဖြစ်လေတော့သည်။

အခန်း (၆၄၉) တိကျန်တာအိုသစ်သီး

ရှေးဟောင်းသစ်ပင်ကြီးဆီမှ ထုတ်လွှတ်လိုက်သည့် ညစ်ညမ်းသည့် မိစ္ဆာအငွေ့အသက် များသည် အလွန်မှ သိသာထင်ရှားလေသည်။

ဖားဟိုင်ဆရာတော်နှင့် အတူ အဝေးတွင် ရောက်ရှိနေကြသည့် နတ်ဘုရားများသည်ပင်လျှင် ကြောက်ရွံ့ ထိတ်လန့်လျက် ရှိကြလေသည်။ ရှေးဟောင်းသစ်ပင်ကြီးမှ ထုတ်လွှတ်နေသည့် ညစ်ညမ်းသည့် မိစ္ဆာစွမ်းအားများသည် နတ်ဘုရားများ အမုန်းဆုံး မိစ္ဆာစွမ်းအားများ ဖြစ်လေသည်။

နတ်ဘုရားတစ်ပါး ဖြစ်သည်အထိ ကျင့်ကြံခဲ့ကြသူများ၏ စိတ်နှင့်ဝိညာဉ်သည် သန့်စင်ပြီး ကြည်လင် လေသည်။

ညစ်ညမ်းသည့် မိစ္ဆာစွမ်းအားများဖြင့် ထိုးနှက်ခံရပါက ထိုမိစ္ဆာ

စွမ်းအားများကို ပြန်လည်သန့်စင် ပစ်နိုင်ရန်အတွက် အချိန်

မည်မျှ ကြာမည်ဆိုသည့်အချက်ကို ဘုရားသာလျှင် သိနိုင်ပေ

လိမ့်မည်။

သူတို့သာ သေသေချာချာ သတိထားမိခြင်းမရှိဘဲ ထိုမိစ္ဆာ

စွမ်းအားများ သူတို့၏ ကိုယ်တွင်းသို့ ရောက်ရှိနေပါက

မိုးကောင်းကင် အစစ်ဆေးခံရသည့် အချိန်တွင် အော်ချိန်ပင်မ

ရှိဘဲ ပျောက်ကွယ် သွားရမည် ဖြစ်လေသည်။

ယခင်က ဆန်းလျန်ကို ဝမ်းသာအားရ ကူညီချင်သူများမှာ ယခု

တော့ တုတ်တုတ်မှ မလှုပ်ကြတော့ပေ။

ချန်ကျင်းချင်နှင့် ဖန်းယန်ယင်းက တစ်ယောက်မျက်နှာ တစ်

ယောက် ကြည့်လိုက်ကြလေသည်။

သူတို့သည် ထိုထူးဆန်းသည့် မိစ္ဆာသစ်ပင်ကြီးနှင့် ဆန်းလျန်

တစ်ယောက်တည်း တိုက်ခိုက် နေသည်ကို ဒီအတိုင်း ထိုင်

ကြည့်မနေနိုင်ပါချေ။

ဖန်းယန်ယင်း၏လက်ထဲတွင် ကြောက်မက်ဖွယ်ရာ
အငွေ့အသက်များ ထွက်ပေါ်နေသည့် ထိုက်စန့်ဓားကို ကိုင်ထား
လေသည်။ သူမ၏မျက်နှာသည် ကျောက်စိမ်းရောင် တောက်
နေပြီး ဓားနတ်သမီး တစ်ပါးနှင့်မတူဘဲ မိစ္ဆာနတ်ဘုရားတစ်ပါး
နှင့် တူနေလေသည်။

ရောမ သစ်ပင်ကြီးထံမှ ထွက်ပေါ်နေသည့် စားချင်ဝါးချင်၊
သတ်ဖြတ်ချင်နေသည့် အငွေ့အသက်များကို ဆန်းလျန်ကဲ့သို့
သူမသည်လည်း ခံစားနေရလေသည်။

ထို့ပြင် ရှေးဟောင်း သစ်ပင်ကြီးထံမှ ထွက်ပေါ်နေသည့်
ဆာလောင် မွတ်သိပ်သည့် အငွေ့အသက်များသည် ဆန်းလျန်
ကိုစားချင်သည်ထက် သူမကို စားသောက်ချင်စိတ် ပိုဖြစ်
နေသည်ကို ဖန်းယန်ယင်း သတိထားလိုက်မိလေသည်။

ထိုသို့ဖြစ်ရသည်မှာ ထိုက်စန့်စကျွဲတန်ခိုးနှင့် မရဏဓား
ပေါင်းစပ်ထားသည့် ထိုက်စန့်ဓားမှ ထွက်ပေါ်နေသည့်

သတ်ဖြတ်လိုက်သည့် အငွေ့အသက်များကြောင့်ပင် ဖြစ်လေ
သည်။

ထိုဓားမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့် အငွေ့အသက်
များသည် မိစ္ဆာသစ်ပင်ကြီးကို အလွန်မှ စွဲဆောင် နေခဲ့လေ
သည်။

ဖန်းယန်ယင်း၏ မရဏ ဓားအရင်းအမြစ်ကိုသာ စုပ်ယူနိုင်မည်
ဆိုလျှင် သစ်ပင်ကြီးသည် မရဏဓား ကျင့်စဉ်ကို ကျင့်ကြံနိုင်
မည် ဖြစ်လေသည်။ ထိုအခါ အရံအတားများကို ဖျက်ဆီးပစ်
နိုင်ပြီး တာအိုတရားကို နားလည်ကာ မိစ္ဆာသစ်ပင်အဖြစ်မှ နတ်
ဘုရားတစ်ပါးအဖြစ် အသွင်ကူးပြောင်းနိုင်မည် ဖြစ်လေသည်။
ဖန်းယန်ယင်းသည် ထိုအချက်များကို နားမလည်သည့်တိုင် ထို
သစ်ပင်ကြီးကို ဖျက်ဆီး ပစ်ရမည်ဟု ရှင်းလင်းစွာ
ဆုံးဖြတ်ချက် ချလိုက်လေသည်။ မဟုတ်ပါက ထိုသစ်ပင်ကြီး

သည် သူမကို အရိုးရော အသားရော မကျန်အောင် စားပစ်လိမ့်မည် ဖြစ်လေသည်။

ဖန်းယန်ယင်းက...

"ဂိုဏ်းတူမောင်လေး၊ ငါ ဆရာဦးလေးကို သွားကူလိုက်မယ်၊ မင်းက ဘေးကနေကြည့်နေပေးပါ၊ တကယ်လို့ တစ်ခုခု မှားနေပြီဆိုရင် ငါ့ကို သတိပေးပါ"

ချန်ကျင်းချင်သည် ဗလာနယ်ပြောင်းလဲခြင်းတန်ခိုးစွမ်းအားကို ကျင့်ကြံထားသူ တစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် ချန်ကျင်းချင်သည် သူ၏မူလဝိညာဉ်ခန္ဓာကို ကျောက်တုံး တံတားတစ်ခု အဖြစ် ပြောင်းလဲပစ်ပြီး အရေးကြီးသည့်အချိန်တွင် ဖန်းယန်ယင်းကို အကူအညီပေးနိုင်စွမ်း ရှိလေသည်။

ဖန်းယန်ယင်း၏ စကားကို သဘောတူသည့် အနေဖြင့် ချန်ကျင်းချင်က ခေါင်းညိတ် ပြလိုက်လေသည်။ ဂိုဏ်းတူအစ်မပြောသည်မှာလည်း နည်းလမ်းကျသည် မဟုတ်ပါလား။

ချန်ကျင်းချင်သည် အဆင့်မြင့် နတ်ဘုရား တစ်ပါးဖြစ်သည့်

တိုင် ဓားသိုင်းပညာတွင်တော့ ဖန်းယန်ယင်းကို မယှဉ်နိုင်ပေ။

ထို့ပြင် ယခုတလော ဆရာဖြစ်သူက ဖန်းယင်ယင်းကို ဓားသိုင်း

ထပ်မံသင်ကြား ပြသပေးထားသည့် အတွက် သူမသည် ယခင်

ကထက်ပင် ဓားသိုင်းပညာ တိုးတက် လာခဲ့လေသည်။

ဖန်းယန်ယင်းသည် တိတ်ဆိတ်ငြိမ်သက် နေလေသည်။

ထို့နောက်… သူမထံမှ အနီရောင် ဓားဝိညာဉ်တစ်ခု ထွက်

ပေါ်လာပြီး အလင်းတန်းတစ်ခု လင်းလက် သွားကာ

ရှေးဟောင်း သစ်ပင်ကြီး၏ အကိုင်းအခက်များကို ဖြတ်

တောက် ပစ်လိုက်လေသည်။

သို့သော် ရှေးဟောင်းသစ်ပင်ကြီးမှာ အလွန်တန်ခိုးစွမ်းအား

မြင့်မားလေရာ ဖန်းယန်ယင်း၏ ဓားသည် ထိုသစ်ပင်ကြီး၏

အမြစ်များအထိတိုင် ဖျက်ဆီးနိုင်ခြင်း မရှိခဲ့ပေ။ သို့သော်…

သူမ၏ မရဏဓားချက်များက ရှေးဟောင်း သစ်ပင်ကြီးကို ကောင်းကောင်းဒုက္ခပေးနိုင်စွမ်း ရှိလေသည်။

အဘယ်ကြောင့် ဆိုသော်... သစ်ပင်ကြီးသည် ဆန်းလျန်ကို တိုက်ခိုက်နေရင်းမှ ဖန်းယန်ယင်း ဘက်သို့လှည့်ကာ ခုခံကာကွယ် လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုအချိန်မှာပင် ဆန်းလျန်သည် သစ်ပင်ကြီး၏ ပင်မပင်စည်ကြီး ရှိရာနေရာသို့ တဖြည်းဖြည်း တိုးကပ်လာလေသည်။

ချန်ကျန့်မေ၏ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် ဆက်ခံသူ တပည့်တစ်ယောက် အနေဖြင့် ဖန်းယန်ယင်းသည် ဓားသိုင်းပညာတွင် သူမတူအောင် ထူးချွန်လေသည်။ သူမ၏ ဓားချက်တိုင်းသည်လည်း တန်ခိုး စွမ်းအားများဖြင့် ပြည့်လျက် ရှိလေသည်။

ထို့ကြောင့် ရှေးဟောင်း သစ်ပင်ကြီးသည် သူမ၏ဓားချက်များကို အပြင်းအထန် ခုခံနေခဲ့ရလေသည်။

ပုံမှန်အားဖြင့်ဆိုလျှင် ရှေးဟောင်း သစ်ပင်ကြီးသည် ခံစား

ချက်ကင်းမဲ့သူ ဖြစ်လေသည်။ သို့သော်... ယခုတော့ အလွန်မှ

ပင်ပန်းနွမ်းနယ်ခြင်းကို ခံစားနေရလေသည်။

ဆန်းလျန်နှင့် တိုက်ခိုက်ရသည်ပင်လျှင် သူ့ကို အလွန်ပင်ပန်း

နွမ်းနယ်စေခဲ့ပြီ ဖြစ်လေသည်။ ယခု ဖန်းယန်ယင်း၏ ဓားချက်

များကလည်း သူ့ကို ပိုပြီး လှုပ်ရှား ပျံ့လွင့်စေလေသည်။

မရဏဓားသည် လောကတွင် စွမ်းအားအမြင့်ဆုံး ဓားသိုင်းတစ်

ခု ဖြစ်လေသည်။

လင်ပေါင်ထျန်းကျွင်းသည်ပင်လျှင် တာအိုဆရာသခင်ကြီး

(၄)ပါးနှင့် တိုက်ခိုက်သည့် အချိန်တွင် မရဏဓား အရှံအတား

ကို ပြုလုပ်ကာ ခုခံကာကွယ်ခဲ့ဖူးလေသည်။

ဖန်းယန်ယင်းသည် သန့်စင်သည့် တာအိုလမ်းစဉ်ကို လျှောက်

လှမ်းခဲ့သူ ဖြစ်လေသည်။

ထို့ကြောင့် သူမ၏ စိတ်နှင့်ဝိညာဉ်သည် ဖန်သားပြင်အလား ကြည်လင်နေခဲ့လေသည်။ သတ်ဖြတ်ခြင်း တစ်ခုတည်းကိုသာ ဦးတည်နေသည့် အခြားသော ဓားနတ်ဘုရားများဖြင့် သူမ သည် ကွဲပြားခြားနား လေသည်။

သူမ၏ဓားချက်တိုင်းသည် သူမ၏ မူပိုင်ဖြစ်ပြီး တိုက်ခိုက် ရင်းနှင့်ပင် အသူရာချောက်မှ ရှေးဟောင်း သစ်ပင်ကြီး၏ အားနည်းချက်များ ကိုပိုပြီး နားလည်လာရလေသည်။

ဖားဟိုင်ဆရာတော်နှင့် အခြားသူများမှာ တိုက်ပွဲကို ကြည့်နေ ကြရင်း သူတို့သာ ဖန်းယန်ယင်းနှင့် တိုက်ခိုက်မည်ဆိုလျှင် ဓား ကွက် ဘယ်နှကွက်အထိ ခုခံနိုင်မည်လဲဆိုသည့် အချက်ကို အဖြေ ရှာနေခဲ့ကြလေသည်။

သို့သော်... သူတို့သည် ခန့်မှန်းနိုင်ခြင်း မရှိကြပေ။

ချင်းရွှမ်နတ်တံခါးကို ဆန်းလျန်သည် ရှေ့မှဦးဆောင်သွားခဲ့ပြီး ဖန်းယန်ယင်းက နောက်မှ ထောက်ပံ့ ကူညီပေးနေခဲ့ လေသည်။

ထို့ကြောင့် ချင်းရှမ် နတ်တံခါးသည် ကျင့်ကြံသူလောကတွင် မည်သည့် အကြောင်းနှင့်မှ အခြေအနေ ယိမ်းယိုင်သွားတော့ မည် မဟုတ်ကြောင်းကို သူတို့အားလုံး နားလည် လိုက်ကြလေသည်။

ချန်ကျင်းချင်သည် အလွန် အရည်အချင်း ပြည့်ဝသူ တစ်ယောက် ဖြစ်လေသည်။

သူသည် ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ် တစ်ယောက်နေဖြင့် ကျောင်းတော်ကြီးကို အကောင်းဆုံး ဖြစ်အောင် စီမံအုပ်ချုပ်နိုင်စွမ်း ရှိသူတစ်ယောက် ဖြစ်လေသည်။ ဆရာသခင် ကျန်းရော့ရှီး ပြီးသည့်နောက် အကောင်းဆုံး စီမံအုပ်ချုပ်နိုင်သည့် ဂိုဏ်းချုပ်တစ်ယောက် ဖြစ်လေသည်။

ဆန်းလျန်သည် ချင်းရှမ် နတ်တံခါး ပြိုလဲနေသည့် အချိန်တွင် ကယ်တင်ခဲ့သော ဂိုဏ်းချုပ် တစ်ယောက် ဖြစ်ပြီး လူအများ၏လေးစားခြင်းကို ခံရသူတစ်ယောက် ဖြစ်လေသည်။

ချန်ကျင်းချင်ကတော့ ချင်းရွှမ်နတ်တံခါး၏ ကြောက်မက်ဖွယ်ရာ အတိတ်မှ ရုန်းထွက်ပြီး ကျင့်ကြံသူလောကတွင် ဦးစီးဦးဆောင် ဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်လာစေရန် ပြုလုပ်ပေးခဲ့သူ ဖြစ်လေသည်။ ချန်ကျင်းချင်ကို လူတိုင်းက သဘောကျချင်မှ ကျကြပေလိမ့်မည်။ သို့သော်... ချန်ကျင်းချင် ပြုလုပ်သည့် အလုပ်တိုင်းသည် တရားမျှတပြီး မြင့်မြတ်သည်ကိုတော့ မည်သူမှ မငြင်းနိုင်ကြပေ။

ရွှမ်ထျန်း နတ်ဘုရား ဂိုဏ်းသည် အရည်အချင်းရှိသူ မြောက်မြားစွာကို မွေးထုတ် ပေးနိုင်ခဲ့သည့် နတ်ဘုရားဂိုဏ်းကြီး တစ်ဂိုဏ်း ဖြစ်လေသည်။ သို့သော် ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းသည် လက်ရှိ အခြေအနေကို ထိန်းသိမ်းထားနိုင်သည်မှာ လုကျိုးယွမ် တစ်ယောက်တည်း၏ နာမည် ဂုဏ်ပုဒ်ကြောင့်သာ ဖြစ်လေသည်။

ထိုက်ယီထျန်းရှန်း အဆင့်တက်ရောက်ပြီးသည့် နောက်ပိုင်း ဆန်းလျန် ရင်ဆိုင်ခဲ့ရသည့် တိုက်ပွဲများတွင် ယခုတိုက်ပွဲ သည် ရှောင်ထွက် သွားနိုင်ရန် ခက်ခဲသည့် ပထမဆုံး တိုက်ပွဲဖြစ်လေ သည်။ လုကျိုးယွမ်နှင့် တိုက်ခိုက်ခဲ့သည့် တိုက်ပွဲတွင်ပင် သူတို့ နှစ်ယောက်လုံး အားကုန်သုံးပြီး တိုက်ခိုက် ခဲ့ကြခြင်း မရှိပေ။ နတ်ဘုရား တစ်ပါးကဲ့သို့ တန်ခိုးစွမ်းအား မြင့်မားသည့် ရန်သူ တစ်ယောက်နှင့် သူသေကိုယ်သေ တိုက်ခိုက်ရခြင်းသည် မည် မျှရှုပ်ထွေးပြီး ခက်ခဲလှသည်ကို ဆန်းလျန် နားလည်သွားပြီ ဖြစ်လေသည်။

သို့သော်... ရှေးဟောင်း သစ်ပင်ကြီး၏ တိုက်ခိုက်မှုသည် အလွန်ရိုးရှင်းလေသည်။ သစ်ပင်ကြီးသည် သူ၏ သစ်ကိုင်း များကို ဘယ်နှင့်ညာနှင့် ယိမ်းကာ တိုက်ခိုက်နေခြင်းမျှသာ ဖြစ် လေသည်။

အခြေခံအားဖြင့် သစ်ပင်ကြီး အသုံးပြုသည့် အခြေခံအချက်တစ်ချက်သာ ရှိလေသည်။ ထိုအချက်မှာ "ခွန်အား" ဖြစ်လေသည်။

ကျင့်ကြံသူလောကမှ တန်ခိုးစွမ်းအားများနှင့် နှိုင်းယှဉ်ပါက ယခုကဲ့သို့ ရိုးရှင်းစွာ တိုက်ခိုက်မှုသည် အကြမ်းအားဖြင့် သာဖြစ်လေသည်။ သို့သော်... ထိုသို့ ရိုးရှင်းသည့် တိုက်ခိုက်မှုသည်ပင်လျှင် နတ်ဘုရား စွမ်းအားများကို ထုတ်လွှတ်နေပြီး ဆန်းလျန်ကဲ့သို့ ထိုက်ယီ ထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးကိုပင် ကောင်းကောင်း ဒုက္ခပေးနိုင်လေသည်။

ဆန်းလျန်၏ ပုံသဏ္ဌာန်မှာ ကြောက်မက်ဖွယ်ရာ ကောင်းပြီး တိုက်ခိုက်မှု တိုင်းကလည်း ခမ်းနားလွန်းလေသည်။ ဝိညာဉ်မြစ်ရေမှ ထွက်ပေါ်နေသည့် မိစ္ဆာစွမ်းအားများက သူ့ကိုဆွဲချနေသည့်တိုင်ဆန်းလျန်၏ တိုက်ခိုက်မှုများသည် ကြောက်မက်ဖွယ်ရာ ကောင်းနေဆဲ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်၏ တိုက်ခိုက်မှုက မည်မျှပင်

ကြောက်မက်ဖွယ် ကောင်းပါစေ အသူရာချောက်မှ

ရှေးဟောင်း သစ်ပင်ကြီးကိုတော့ ချက်ချင်းအမှုန့် ဖြစ်သွား

အောင် တိုက်ခိုက်နိုင်ခဲ့ခြင်း မရှိပါ။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ထိုသစ်ပင်ကြီးသည် အလွန်

ခိုင်ခံ့မြဲမြံသည့် သစ်ပင်ကြီးတစ်ပင် ဖြစ်သည်ကို သိရှိနိုင် လေ

သည်။ ထိုသို့ဖြစ်ရသည်မှာ ထိုသစ်ပင်ကြီးသည် တိကျန်ဗောဓိ

သကျ၏ မြင့်မြတ်ခြင်းများကို ခံယူထားသည့် အတွက်လည်း

ဖြစ်နိုင်လေသည်။

သို့သော် သစ်ပင်ကြီးသည် မည်မျှပင် ခွန်အားကြီးမားပါစေ

သူ၏ တန်ခိုးစွမ်းအားများသည် ထိုက်ယီထျန်းရှန်း အဆင့်

နတ်ဘုရား တစ်ပါးလောက်တော့ သန့်စင်ခြင်း မရှိပါ။

ထို့ကြောင့် ဆန်းလျန်နှင့် ဖန်းယန်ယင်း ပူးပေါင်း

တိုက်ခိုက်သည်ကို ခံရသည့်အခါ သစ်ပင်ကြီးမှာ တဖြည်းဖြည်း ပင်ပန်းနွမ်းနယ် လာရခြင်း ဖြစ်လေသည်။

နောက်ဆုံးတွင်တော့...

ရှေးဟောင်း သစ်ပင်ကြီးက ဆန်းလျန်ကို စိတ်စွမ်းအားဖြင့် ဆက်သွယ်ပြီး စကားပြောလိုက် လေသည်။

"လူငယ်လေး... ကျုပ်တို့ တိုက်ခိုက်တာ ရပ်လိုက်ကြရအောင်၊ ကျုပ်မင်းကို ပြဿနာမရှာဘူးလို့ ကတိပေးပါတယ်"

မိစ္ဆာအငွေ့အသက်များဖြင့် ဖုံးလွှမ်းနေသည့် သစ်ပင်ကြီး တစ်ပင် ဖြစ်သည့်တိုင် သူ့ထံမှ ပို့လွှတ်လိုက်သည့် ဆက်သွယ် ပြောဆိုမှုသည် တောင်ပေါ်စိမ်းချောင်းလေး တစ်ခုအလား ကြည်လင် လွန်းလှလေသည်။

အလွန်ဆိုးဝါးခြင်းမှာ ကောင်းမွန်ခြင်းသို့ ပြောင်းလဲလာသည့် သင်္ကေတ ဖြစ်ကြောင်း ဆန်းလျန် ရိပ်မိလိုက်လေသည်။

အစွန်းရောက် ညစ်ညမ်းမှုများထဲတွင် မထိတွေ့နိုင်သည့် သန့်စင်မှုတစ်ခု ရောနှောနေသည့် အလားပင် ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျှန်သည် အသူရာချောက်မှ မိစ္ဆာသစ်ပင်ကြီး၏ ကျင့်စဉ်လမ်းမှာ နက်ရှိုင်းသည်ကို သဘောပေါက်လိုက်မိလေသည်။

နတ်မိစ္ဆာများနှင့် နတ်နဂါးများထက် သစ်ပင်များနှင့် ကျောက်တုံး ကျောက်ဆောင်များသည် တရားအလင်းရရန် ပိုမို ခက်ခဲကြလေသည်။

ဒဏ္ဍာရီထဲမှ ထူးဆန်းသည့် သစ်ပင်ကြီးများသည် ကျင့်စဉ်လမ်း အဆင့်မြင့်မားလာသည်နှင့် အမျှ တာအိုဆရာ သခင်ကြီးနှင့် ဗုဒ္ဓတို့၏ လက်အောက်တွင် ခိုလှုံကြရလေသည်။ မဟုတ်ပါက သူတို့အတွက် အန္တရာယ် ရှိနိုင်လေသည်။

သစ်ပင်ကြီးက တိုက်ခိုက်ရန်အတွက် ရည်ရွယ်ကာ ဖြန့်ကား ထားသည့် သူ၏ အကိုင်းအခက် များကို ရုတ်သိမ်း လိုက်လေ သည်။

ထိုအချိန်မှာပင် ကွေလိက သစ်ပင်ကြီးကို စိတ်စွမ်းအားဖြင့် ဆက်သွယ်စကား ပြောလိုက်သည်ကို ဆန်းလျန် ကြားလိုက် ရ လေသည်။

"မင်းကို လွှတ်ပေးမယ်၊ ဒါပေမဲ့ တိကျန်တာအို သစ်သီးကို ကျုပ်တို့ကိုပေးရမယ်၊ ဘယ်လိုလဲ"

"ဟွန်း... မင်းရဲ့ ဘိုးဘေးတွေ တောင်မှ ကျုပ်ကို ဆရာဘိုးဘိုး ကြီးလို့ ခေါ်ကြတာ၊ မင်းက ကျုပ်ကို အကျပ်ကိုင်ရဲတယ်ပေါ့ လေ"

အခန်း (၆၅၀) တာ့လော်

ကွေလိက ရယ်မောလိုက်ရင်း...

"ကျုပ်ရဲ့ ဘိုးဘေးတွေက ဇာမဏီငှက်တွေပဲ၊ သူတို့သာဒီမှာရှိရင် မင်း သူတို့ကို ဆရာဘိုးဘိုးကြီးလို့ ခေါ်ခိုင်းရဲပါ့ မလားမေးလိုက်ချင်တယ်၊ မေးရဲလို့ကတော့ သူတို့တွေ ရှင့်ကို သတ်ပစ်ကြမှာပဲ"

ကွေလိ၏စကားကြောင့် ရှေးဟောင်းသစ်ပင်ကြီးမှာ တစ်ချက်တုန်လှုပ်သွားပြီး နောက်ထပ် စကားမဆိုရဲတော့ပေ။ ဇာမဏီငှက်များသည် ယင်နှင့်ယန်၊ ဒြပ်စင်စွမ်းအား (၅)မျိုးမှ မွေးဖွားလာကြသူများ ဖြစ်ကြလေသည်။ ဗုဒ္ဓနှင့် တာအိုဆရာသခင်ကြီးတို့ပင်လျှင် ဇာမဏီငှက်များကို လေးစားစွာ ဆက်ဆံကြလေသည်။

သူက ကမ္ဘာ့သစ်ပင်ကျန်းမှ ဖြစ်နေသည့်တိုင် သစ်ပင်တစ်ပင်မျှသာ ဖြစ်လေသည်။ ပထမ မိုးနတ်မင်းက ကောင်းကင်ဘုံနန်းတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ရန်အတွက် ဇာမဏီငှက်များကို ကမ္ဘာ့သစ်ပင်တွင် နေထိုင်ရန် ဖိတ်ခေါ်ခဲ့လေသည်။

သို့သော်... ဇာမဏီငှက်များက အရေးမစိုက်သည့်အပြင် မိုးနတ်မင်းကိုပင် လှောင်ပြောင် ခဲ့ကြလေသည်။ ဂုဏ်အသရေ မြင့်မားလှသည့် မိုးနတ်မင်းသည် လှောင်ပြောင် ခံရသည့်တိုင် စိတ်ဆိုး ဒေါသထွက်ခြင်း မရှိဘဲ ဇာမဏီငှက်များကို အလွန်လေးစားကြောင်း ပြသခဲ့လေသည်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီးသည့်နောက်...

ဘေးအန္တရာယ်ဆိုးကြီးကို ရင်ဆိုင်ရကာ ဇာမဏီ ငှက်များသည်လည်း ပျောက်ကွယ် သွားခဲ့ ကြလေသည်။ သို့တိုင်အောင် ရှေးဟောင်း သစ်ပင်ကြီးသည် ဇာမဏီငှက်များကို သွားပုပ်လေလွင့် မပြောရဲခဲ့ပေ။

မိုက်မဲသည့် သာမန် လူသားများ အနေဖြင့် စိတ်ဆိုးဒေါသ

ထွက်ချိန်များတွင် သူတို့၏ ဘိုးဘေးများကို ကျိန်ဆဲကောင်း

ကျိန်ဆဲကြမည် ဖြစ်လေသည်။ သို့သော်... ကျင့်ကြံခြင်း

အဆင့်မြင့် လာသည်နှင့် အမှု လူတစ်ယောက်သည်

မိုးကောင်းကင်၏ အခွင့်အာဏာနှင့် သံသရာလည်ခြင်း တရား

ကို သိရှိလာလျှင် ထိုသို့ ပြုလုပ်ရဲတော့မည် မဟုတ်ပေ။

အချို့သော ကြီးမြတ်သူများသည် မိုးမြေနိယာမများဖြင့်

တစ်သားတည်း ကျလျက် ရှိလေသည်။ ထို့ကြောင့် သေးနုတ်

သိမ်ငယ် သူများအနေဖြင့် ထိုသို့သောသူများကို

သွားပုပ်လေလွင့် မကောင်းစကား မပြောဝံ့ကြပါ။ ကြီးမြတ်

သူများ အမျက်ဒေါသထွက်ပြီဆိုပါက ကမ္ဘာပင် ခြားနေဦး

တော့ လာရောက် သတ်ဖြတ်လိမ့်မည် ဖြစ်လေသည်။

ရှေးဟောင်းသစ်ပင်ကြီးက....

"ကျုပ်က ဇာမဏီငှက်တွေကို ပြောချင်တာ မဟုတ်ပါဘူး၊ ကျုပ်ပြောချင်တဲ့သူက ဘယ်သူဆိုတာ မင်းလည်းသိမှာပါ"

ကွေ့လိက...

"အဲဒီလူက ကျုပ်ရဲ့ ဘိုးဘေးမဟုတ်ဘူး၊ ဒါပေမဲ့ အခု အဲဒီလူကလည်း အစစ်ဆေး ခံရခြင်းတွေ အားလုံးကို အောင်မြင်သွားပြီး တာ့လော်အဆင့်ကို ရောက်သွားပြီ၊ ဒါနဲ့ အဲဒီလူထက်ရောမင်းက ပိုပြီး မြင့်မြတ်တယ်လို့များ ထင်နေတာလား"

ရှေးဟောင်း သစ်ပင်ကြီးမှာ အားနည်း သွားသလိုပင် ခံစားလိုက်ရလေသည်။

သူက ကွေ့လိကို စိတ်ထဲမှ တစ်ချက် ကျိန်ဆဲလိုက်မိလေသည်။ ထိုသူသည်လည်း တာအိုကျင့်စဉ်လမ်း အောင်မြင်သွားပြီး တာ့လော်အဆင့်ကိုပင် ရောက်ရှိ သွားခဲ့သည်ကို သူ အဘယ်ကြောင့် မသိလိုက်ရပါလိမ့်။

စကြဝဠာကြီး စတင်ဖြစ်တည်လာ ကတည်းက တာ့လော်

အဆင့်ထိ ရောက်အောင် ကျင့်ကြံနိုင်သူဆို၍ တာ့ယန် ဂဏန်း

ပမာဏ ဖြစ်သည့် အယောက် (၅၀)ထက် ပိုခဲ့ခြင်းမရှိပေ။

ရှေးဟောင်း သစ်ပင်ကြီးက တစ်ခဏမျှ စဉ်းစားလိုက်လေ

သည်။

သူနှင့် တိုက်ခိုက်နေသည့် လူငယ်လေးသည် အလွန်မှ တန်ခိုး

စွမ်းအား မြင့်မားလေသည်။

ထို့ပြင် ထိုလူငယ်လေးကို ကူညီ တိုက်ခိုက်နေသည့် မရဏ

ဓားပိုင်ရှင် မိန်းကလေးငယ်မှာလည်း သာမန် လူတစ်ယောက်

မဟုတ်ပေ။ ထို့ပြင် ကွေလိမှာလည်း သာမာန်နတ်မိစ္ဆာတစ်ပါး

မဟုတ်ပေ။ သူတို့ အားလုံးကို ဆန့်ကျင်ခြင်းအားဖြင့် သူ့

အတွက် အကျိုးမရှိနိုင်ပေ။

သူ့အနေဖြင့် အပြည့်အဝ မူလအတိုင်း တန်ခိုးစွမ်းအား မရှိ

ခြင်းကြောင့် စိတ်လျှော့လိုက်ရန် ဆုံးဖြတ် လိုက်မိလေသည်။

မဟုတ်ပါက သူ့အနေဖြင့် ထိုလူစုကို တိုက်ခိုက်ရန် အတွက် ရာနှင့်ထောင်နှင့် ချီသည့် နွားခေါင်းနှင့်မြင်းမျက်နှာ နတ်ဆိုးများကို ခေါ်ထုတ်ကာ တိုက်ခိုက်ရမည် ဖြစ်လေသည်။

ယခုတော့ ရှေးဟောင်း သစ်ပင်ကြီးသည် ညဏ်ကောင်းသူတစ်ယောက် ဖြစ်ရကား တိုက်ပွဲကို ဆက်မတိုက်တော့ဘဲ နောက်ဆုတ်ရန်သာ ရွေးချယ် လိုက်လေသည်။

ရှေးဟောင်း သစ်ပင်ကြီးက တစ်ခဏမျှ စဉ်းစားလိုက်ပြီးသည့်နောက် ....

"ကောင်မလေး... ကျုပ်မင်းနဲ့ ငြင်းမနေတော့ဘူး၊ ပြီးတော့ ဒီပြီး ပြည့်စုံတဲ့ သခင်လေးက ဒီနေရာမှာ ရှိနေပေမယ့်လည်း ကျုပ်အားကုန်သုံးပြီး တိုက်ခိုက်ရင် မင်းတို့အားလုံး ကျုပ်ကို မနိုင်နိုင်ပါဘူး၊ ဒါပေမဲ့ မင်းတို့နဲ့ တိုက်ခိုက်ပြီး ကျုပ်ရဲ့ တန်ခိုးစွမ်းအားတွေကို မဖြုန်းတီးချင်တော့ဘူး၊ မင်းတို့ အတွက်လည်း ကျုပ်ကို တိုက်ခိုက်တာထက် ကောင်းတဲ့ အရာတွေ

အများကြီးကို လောကကြီးမှာ လုပ်လို့ရပါတယ်၊ လူငယ်လေး... မင်းမှာလည်း မိုးနဲ့မြေလောက အသစ်ကို မွေးဖွား ပေးနိုင်မယ့် သန္ဓေမျိုးစေ့ ရှိနေတာ ကျုပ်တွေ့ရတယ်၊ မင်းရဲ့အနာဂတ်က အရမ်းကို တောက်ပ လွန်းတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းသာ ကျုပ်ကို ဆက်ပြီး တိုက်ခိုက်မယ်ဆိုရင် ကျုပ်တို့တွေ သေတဲ့အထိ တိုက်ခိုက်ကြရမှာ၊ ဒါကြောင့် မင်းအတွက် စိတ်ပူမိတယ်"

ရှေးဟောင်း သစ်ပင်ကြီးက ထိုစကားများကို ခြောက်ကပ်ကပ် လေသံဖြင့် ပြောလိုက်လေသည်။ သို့သော်... သူက အမှန် တကယ်ပင် ညှိနှိုင်းလိုခြင်း ဖြစ်လေသည်။

ကျွေလိ၏ အားကောင်းခိုင်မာသည့် ဇာစ်မြစ်ကိုအသာထား... ဆန်းလျန်မှာလည်း တန်ခိုးစွမ်းအား အလွန်မြင့်မားသူ ဖြစ်လေသည်။

လက်ရှိတွင် ဆန်းလျန်နှင့် တိုက်ခိုက်ရင်းနှင့်ပင် ပြီးပြည့်စုံလှ
သည့် ထိုသခင်လေးသည် အဘယ်မျှ တန်ခိုးစွမ်းအား မြင့်မား
သည်ကို သူသိရှိလိုက်ရပြီ မဟုတ်ပါလား။ ထို့ပြင် ပြီးပြည့်စုံ
သည့် သခင်လေးသည် မိုးနှင့်မြေ လောကအသစ် တစ်ခုကိုဖွင့်
လှစ်နိုင်သည့် သန္ဓေမျိုးစေ့ကိုလည်း ပိုင်ဆိုင်ထားသူ ဖြစ်လေ
သည်။ ထိုအချက်က အလွန်မှ သိသာထင်ရှားလေသည်။ ထို
လူငယ်သာ တာ့လော် အဆင့်သို့ ရောက်ရှိသွားနိုင်လျှင်
လောကတစ်ခုနှင့် အတူတကွ ရပ်တည် ရှင်သန်နိုင်မည် ဖြစ်
လေသည်။

ထိုမျှ တန်ခိုးစွမ်းအားမြင့်မား လွန်းသည့် လူတစ်ယောက်နှင့်
တိုက်ခိုက်ပြီး ရှေးဟောင်း သစ်ပင်ကြီးသည် ဒုက္ခမရှာချင်
တော့ပါ။ အကောင်းဆုံး နည်းလမ်းမှာ ထိုလူငယ်လေးနှင့်
ညှိနှိုင်းရန်သာ ဖြစ်လေသည်။ ဆန်းလျန်က သဘောမတူမှ

သာလျှင် သူသေကိုယ်သေ တိုက်ပွဲကို ဆင်နွှဲရမည် ဖြစ်လေသည်။

ကွေလိက ဆန်းလျန်ကို စိတ်စွမ်းအားဖြင့် စကားပြော လိုက်လေသည်။

"အခု ကျုပ်တို့ဘက်က သာနေတယ်၊ ဘာကိစ္စပဲဖြစ်ဖြစ် အဲဒီ သစ်ပင်ကို တိကျန်တာအို သစ်သီး ထုတ်ပေးအောင် လုပ်သင့်တာ၊ အဲဒါ လက်မလွှတ်သင့်တဲ့ အခွင့်အရေးပဲ"

ဆန်းလျန်က ကွေလိကို မေးလိုက်သည်။

"တိကျန်တာအို သစ်သီးဆိုတာ ဘာလဲ"

"အရင်တုန်းက တိကျန်ဗောဓိသကျက အဲဒီ တာအိုသစ်သီးကို အသုံးပြုပြီး ဒီသစ်ပင်ကြီးကို ရတနာခုနစ်ပါး သစ်ပင်ကြီး ဖြစ်လာအောင် သန့်စင်ပစ်ဖို့ ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး၊ ဒါပေမဲ့ အဲဒီ တာအိုသစ်သီးပေါ်မှာ တိကျန်ဗောဓိသကျရဲ့ မှတ်တမ်းတွေ အများကြီး ရှိနေတယ်၊ ဒါပေမဲ့

ကျုပ်ကတော့ အဲဒီတာအို အဓိပ္ပာယ်တွေကို နားမလည်နိုင်ဘူး၊ ဒါကြောင့် အဲဒီတာအိုသစ်သီးကို ကျုပ်က မင်းကိုပဲ ပေးမှာပါ"

ကွေလိ၏ ရည်ရွယ်ချက်က သန့်စင်လေသည်။ သူ၏ဆန္ဒမှာ ဆန်းလျန်ကို ကူညီလိုသည့် ဆန္ဒတစ်ခုတည်းသာ ရှိလေသည်။ ဆန်းလျန်ကလည်း စကားအလှများကို သုံးမနေတော့ဘဲ ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

"မင်းသာ တိကျန်တာအို သစ်သီးကို ပေးမယ်ဆိုရင် မင်းဖြစ်ချင်တဲ့ ဆန္ဒကို လိုက်လျောပေးမယ်၊ ပြီးတော့ အနာဂတ်မှာ မင်းဒုက္ခရောက်မယ် ဆိုရင် မင်းကို ကျုပ် တစ်ကြိမ်ကူညီပေးမယ်"

ဆန်းလျန်၏ မျက်ဝန်းများက ကြည်လင်နေသလို စကားသံကလည်း ကြည်လင်နေလေသည်။

အမှန်တော့ တိကျန်တာအို သစ်သီးသည် ရှေးဟောင်း သစ်ပင်ကြီးအတွက် အသုံးမဝင်လှပေ။ သို့သော် အခြားသူများကို ပေး

ပစ်ရန်မှာလည်း အလွန်မှ နှမြောစရာ ကောင်းလွန်းလေသည်။

သို့သော်... ယခုတော့ သူ့အတွက် ရွေးချယ်စရာ မရှိတော့ပြီ။

ရှေးဟောင်း သစ်ပင်ကြီးသည် အလွန်မှ လောဘကြီးခဲ့လေ

သည်။ သူသာ ဤသူများကို ရင်ဆိုင် တိုက်ခိုက်ခြင်း မပြုဘဲ

စောစောစီးစီး ထွက်ပြေးခဲ့မည်ဆိုလျှင် ယခုကဲ့သို့ ပြဿနာ

များ ဖြစ်လာခဲ့မည် မဟုတ်ပေ။

အစကတည်းက သူ့နေဖြင့် လောဘမကြီး သင့်ခဲ့ပေ။

ထိုသို့သော လောဘစိတ်များသည် ဝိညာဉ် မြစ်ရေထဲမှ

ညစ်ညမ်းသည့် မိစ္ဆာစွမ်းအားများကို စုပ်ယူပြီးသည့်

နောက်ပိုင်းမှ ဖြစ်ပေါ်လာရခြင်း ဖြစ်လေသည်။

ထိုအချက်ကြောင့်ပင် တိကျန်ဗောဓိသကျသည် သူ့ကို ရတနာ

ခုနစ်ပါး သစ်ပင်ကြီးအဖြစ် သန့်စင် မပေးနိုင်ခဲ့ခြင်း ဖြစ်လေ

သည်။ ထို့ပြင် သူကိုယ်တိုင်ကလည်း ထိုလမ်းကို လျှောက်ရန်

အတွက် လက်လျှော့ ခဲ့လေသည်။

နောက်ဆုံးတွင်တော့ ရှေးဟောင်း သစ်ပင်ကြီးသည် တိကျန်

တာအို သစ်သီးကို စွန့်လွှတ်ရန် ဆုံးဖြတ် လိုက်လေ

တော့သည်။

သစ်ပင်ကြီး၏ ထိပ်ဖျားတွင် အစိမ်းရောင် သစ်သီးတစ်လုံး

ပေါ်လာလေသည်။ ထိုသစ်သီးဆီမှ နက်ရှိုင်းသည့် တာအို

အဓိပ္ပာယ်များဖြင့် ပြည့်နှက်လျက်ရှိလေသည်။

ကွေလိက ထိုသစ်သီးကို သူ၏ ခြေသည်းများဖြင့် ကုပ်ယူ

လိုက်ပြီး ဆန်းလျန်ရှေ့သို့ ရောက်လာ လေသည်။

ဆန်းလျန်ရှေ့သို့ ရောက်သည်နှင့် ကွေလိက အစိမ်းရောင်

ဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေး အသွင် ပြန်ပြောင်း

လိုက်လေသည်။

သူမသည် သစ်သီးကို ကိုင်ထားရင်းဖြင့် ဆန်းလျန်ကို ပြုံးပြ

လိုက်လေသည်။

"အခု တစ်ခါတည်း ယူလိုက်တော့…"

ကွေလိသည် ဆန်းလျန်ကို အလွန်လေးစား ချစ်ခင်သည့် အကြည့်ဖြင့် ကြည့်နေခဲ့လေသည်။

ကွေလိသည် ဆန်းလျန် အပေါ်တွင် အခြားသော အချစ်နှင့် ပတ်သက်သည့် စိတ်ခံစားချက်များ မရှိခဲ့ပါ။ သူက ဆန်းလျန်ကို ပုံမှန်အတိုင်းပင် လေးစား ချစ်ခင်နေခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ထိုက်ယီထျန်းရှန်း အဆင့်ကို ရောက်သည့် အချိန်တွင် ယင်နှင့်ယန်၊ ဒြပ်စင်စွမ်းအား (၅)မျိုးကို ပိုပြီး နားလည် လာခဲ့လေသည်။ ထိုသို့နားလည်ခြင်း များသည် သဘာဝကျစွာပင် ကွေလိနှင့် ပေါင်းစပ် သွားခဲ့လေသည်။

ကွေလိသည် နတ်မိစ္ဆာတစ်ပါး ဖြစ်ပြီး သူ၏ စိတ်သဘောထားကို ပွင့်ပွင့်လင်းလင်းပင် ထုတ်ဖော် တတ်သူ ဖြစ်လေသည်။

ဆန်းလျန်က သစ်သီးကို ယူလိုက်ပြီး တစ်ချက်ပြုံးလိုက်ရင်း...

"ဒီသစ်သီးကနေ အကျိုးကျေးဇူး တစ်ခုခု ရခဲ့မယ်ဆိုရင် မင်းကို ကျုပ် ပြောပြပါ့မယ်"

ကွေလိက...

"အဲဒီလိုလုပ်ဖို့ မလိုပါဘူး၊ ကျုပ်မှာလည်း ကျုပ်လျှောက်ရမယ့် ကျင့်စဉ်လမ်း ရှိပါတယ်၊ သူများတွေရဲ့ လမ်းစဉ်ကို မလိုအပ်ဘူး"

တာအိုသစ်သီးကို ပေးပြီးသည့် နောက်တွင်တော့ ရှေးဟောင်းသစ်ပင်ကြီးသည် အဝေးသို့ တဖြည်းဖြည်း ဆုတ်ခွာ သွားလေသည်။

ထိုတာအိုသစ်သီးမှာ အခွင့်အလမ်းကောင်း တစ်ခုဖြစ်ရုံသာမက ပြဿနာ တစ်ခုလည်း ဖြစ်သည်ကို ဆန်းလျန်ကောင်းကောင်း သိလိုက်လေသည်။

ဘုန်းတော်ကြီးရာမသည် တိကျန်ဗောဓိသကျ၏ ကျင့်စဉ်များအားလုံးကို သိရှိထားသည့် မဟာစကြာဗောဓိသကျ တစ်ပါးဖြစ်လေသည်။ ထို့ပြင် ဆန်းလျန် ကိုယ်တိုင်ကလည်း ဘုန်းတော်ကြီးရာမကို လေးစားခြင်း အရင်းခံရှိလေသည်။

ဘုန်းတော်ကြီးရာမသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဆန်းလျှန်သည် တာအိုသစ်သီးကို ရရှိသွားမည်ကို ကြိုတင် သိရှိထားခဲ့လေသလား မပြောနိုင်ပေ။

ကြည့်ရသည်မှာ ဘုန်းတော်ကြီး ရာမသည်လည်း သူတာအိုကျင့်စဉ်လမ်း အဆုံးထိ အောင်မြင်ရန်မှာ ဆန်းလျှန်နှင့်ပတ်သက် ဆက်နွှယ်နေသည်ဟု ကြိုတင် တွက်ဆထားဟန် တူလေသည်။ ထိုသို့မဟုတ်ပါကလည်း အခြားအကြောင်းပြချက်တစ်ခုလည်း ရှိနိုင်သေးသည်။

ဆန်းလျှန်၏ ခန့်မှန်းမှုများသည် အမြဲတမ်း အမှန်တရားနှင့်နီးစပ်လေ့ရှိလေသည်။

ထို့ကြောင့် သူက လောလောဆယ်တွင် တာအိုသစ်သီးကို မလေ့လာသေးဘဲ ချင်းရွှမ် နတ်တံခါးသို့ ပြန်ရန်သာ ဆုံးဖြတ်လိုက်လေသည်။

ဆန်းလျှန် စုဆောင်း ခေါ်ယူထားသည့် နတ်ဘုရားများမှာ ယခု အချိန်တွင် ဆန်းကျန်းရန် နတ်ဘုရား၏ တန်ခိုးစွမ်းအားများကို အလွန်မှ လေးစားနေကြပြီ ဖြစ်လေသည်။

ယခင်တုန်းက သူတို့သည် လောကနတ်ဘုရား တစ်ပါးထက် သာလွန်သည့် ကျင့်ကြံသူ တစ်ယောက်၏ တန်ခိုးစွမ်းအားများ ကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ခဲ့ကြဖူးခြင်း မရှိပေ။

သို့သော်... ယခုတော့ ဆန်းလျှန်၏ တန်ခိုးစွမ်းအားများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပြီ ဖြစ်လေသည်။ ထို့ကြောင့် သူတို့သည် အလွန်အမင်း စိတ်ဝင်စားနေခဲ့ကြလေသည်။

ထို့ကြောင့် ဤလောကထဲတွင် ရည်ရွယ်ချက်မရှိဘဲ နေထိုင် သွားမည့်အစား ပြင်းပြင်းထန်ထန် တိုက်ခိုက်ကာ ရှန်းထွက် လို ကြလေသည်။ ထိုသို့ စွန့်စားကြည့်ခြင်းက သူတို့အတွက် ပို ကောင်းနိုင်မည် ဖြစ်လေသည်။

အခန်း (၆၅၁) ဗလာနယ်ပုလဲ

အသူရာချောက်မှ ရှေးဟောင်း သစ်ပင်ကြီးမှာ အန္တရာယ်ကင်း

ကင်းနှင့် ထွက်ခွာလာနိုင်သည့် အတွက် အလွန်စိတ်သက်သာ

ရာ ရသွားခဲ့လေသည်။ သူသည် သစ်ပင်တစ်ပင်မျှသာ ဖြစ်

လေသည်။

တိကျန်ဗောဓိသကျ ဟောပြောခဲ့သည့် တာအိုတရားများကို နှစ်

ပေါင်းများစွာ နားထောင်နာယူခဲ့ပြီး အသူရာချောက်မှ

ညစ်ညမ်းသည့် မိစ္ဆာစွမ်းအား များကိုလည်း စုပ်ယူထားခဲ့သည့်

အတွက်သာ ဝိညာဉ်စွမ်းအားဖြင့် ပြည့်ဝနေခဲ့ခြင်း ဖြစ်လေ

သည်။

တန်ခိုးစွမ်းအားမြင့်မားသည် ဆိုသော်ငြား သူ၏အလင်း အလျှင်ဖြင့် ခရီးသွားလာနိုင်မှုသည် ပုံမှန်မျှသာ ဖြစ်လေသည်။ မြောက်ပိုင်းပေဟိုင်ပင်လယ်မှ တောင်ပိုင်းချန်းဝူတောင်သို့ တစ်နေ့တည်းဖြင့် အရောက်သွားနိုင်လောက် သည်အထိ သူ သည် လျင်မြန်ခြင်း မရှိပါချေ။

သစ်ပင်ကြီးသည် သူနှင့် တိုက်ခိုက်ခဲ့ကြသူများ၏ လက်မှ လွတ်သွားသည်နှင့် တစ်ချက်ပင် တုံ့ဆိုင်းမနေတော့ဘဲ လျှင် မြန်သည့် အလင်းအလျင်နှုန်းဖြင့် ချက်ချင်းပင် ထွက်ခွာ လာ ခဲ့လေသည်။

အတော် ဝေးဝေးသို့ ရောက်ရှိသွားပြီး စိတ်ချရသည့် အချိန် ရောက်မှ သစ်ပင်ကြီးက အရှိန်ကို လျှော့ချလိုက်လေသည်။

သစ်ပင်ကြီးမှာ အတော်ပင် မောပန်းနေပြီ ဖြစ်လေသည်။

သို့သော်... မကြာမီမှာပင် တစ်စုံတစ်ခု မူမမှန်သည်ကို သစ်ပင် ကြီး သတိပြုလိုက်မိလေသည်။

သူသည် မည်သို့ပင် အရှိန်လျှော့လိုက် စေကာမူ တစ်ကြက်နှလျှင် မိုင် (၁၀၀)နှုန်းဖြင့်တော့ သွားနိုင်သေးသည်။ အသူရာချောက် သည် အတိုင်းအဆမရှိကျယ်ပြန့်လေသည်။

ထို့ကြောင့် မှတ်သားရန် အမှတ်အသား မရှိသည့်တိုင် လက်ရှိ အချိန်တွင် သူ၏သွားနှုန်းမှာ တစ်စက္ကန့်အတွင်း (၁)မိုင်ပင် ခရီးမပေါက် ဖြစ်နေရလေသည်။

သူသွားနေရသည့် မြေနေရာ တစ်ခုလုံးသည် အဆုံးမရှိ ရှည်လျားနေသကဲ့သို့ ဖြစ်နေလေသည်။ သူ့အနေဖြင့် ခြေလှမ်း တစ်လှမ်းမှ ခြေလှမ်းဆယ်လှမ်းအထိသာ အသက်တစ်ချက် ရှူ မှု အချိန်တွင် လှမ်းနိုင်လေတော့သည်။

ယခုကဲ့သို့ ဖြစ်နေရခြင်းမှာ အလွန်ထူးဆန်းလေသည်။

သို့သော် မည်သည့် ပြောင်းလဲမှုကိုမှလည်း သစ်ပင်ကြီး အနေဖြင့် အာရုံခံမိခြင်း မရှိပေ။ သူသည် နှစ်ပေါင်းများစွာ အသက်ရှည်ခဲ့သည့် သစ်ပင်ကြီးတစ်ပင် ဖြစ်သည့်အတွက်

သတိလည်းရှိနေသလို အသက်ရှင်သန်ရန် အတွက်လည်း ပင်ကို အသိဉာဏ်ရှိလေသည်။

ထို့ကြောင့်ပင် စောစောက ဆန်းလျန်တို့ အုပ်စုနှင့် ရင်ဆိုင်ရသည့်အခါ အသိဉာဏ်ရှိရှိဖြင့် အသက်ရှင်မည့် လမ်းကို ရွေးချယ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ယခုတော့ သူသည် ထောင်ချောက် တစ်ခုထဲတွင် ပိတ်မိနေပြီ ဖြစ်လေသည်။

ထိုအချက်ကို ရိပ်မိလိုက်သည်နှင့် သစ်ပင်ကြီးသည် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစား လိုက်လေသည်။

ထို့နောက် တုန်လှုပ်ဟန်မပြဘဲ ပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်သည်။

ဆယ်မိနစ်ခန့်ကြာသည့် အခါတွင်တော့ ရှေးဟောင်းသစ်ပင်ကြီး၏ သစ်ကိုင်းအချို့မှာ ပြန့်ကားလာပြီး ပေါက်ကွဲ ထွက်သွားလေသည်။ သစ်သားဒြပ်စင် စွမ်းအားများသည် လေထဲ

တွင် ပျံ့နှံ့သွားပြီး လွင့်စဉ်ပျောက်ကွယ် သွားလေသည်။

သို့သော်... ပတ်ဝန်းကျင်တွင် မည်သည့် အဖြစ်အပျက်များ

ဖြစ်ပျက်သွားခဲ့သည်ကို သစ်ပင်ကြီး မသိလိုက်ပေ။

ထိုအချိန်မှာပင် လေထုထဲတွင် ပုလဲတစ်လုံး ထွက်ပေါ်လာပြီး

ပတ်ဝန်းကျင်တစ်ခုလုံး လင်းလက် သွားလေသည်။

ရှေးဟောင်းသစ်ပင်ကြီးက တုန်ယင်သည့် လေသံဖြင့်...

"ဗလာနယ်ပုလဲ..."

ဟု ရေရွတ် လိုက်လေသည်။

"ဗလာနယ်ပုလဲ" ဆိုသည့် အမည်နှင့် လိုက်အောင်ပင်

ဗလာနယ်ကို ဖြတ်တောက်နိုင်သည့် ထိပ်တန်း ရတနာတစ်ပါး

ဖြစ်လေသည်။ ဗလာနယ်ပုလဲသည် ပင်လယ်ပုလဲနှင့် လေဟုန်

ခွင်း ပုလဲလောက် နာမည် ကျော်ကြားခြင်း မရှိသည့် တိုင်

ဗလာနယ် တစ်ခုလုံးကို အေးခဲ သွားစေနိုင်ပြီး မြေပြင်ထက်

တွင် ရန်သူကို ပိတ်မိနေအောင် ထောင်ချောက် ဆင်ထားနိုင်စွမ်း ရှိလေသည်။

ဗလာနယ်ပုလဲသည် ဗလာနယ်ဘိုးဘိုးဆိုသည့် ရှေးဟောင်းဘိုးဘေး တစ်ယောက်ပိုင်ဆိုင်သည့် မှော်ဝင်ပစ္စည်း တစ်ခု ဖြစ်လေသည်။

ဗလာနယ်ဘိုးဘိုးသည် အသူရာချောက် အရှင်သခင်၏ လက်ချက်ဖြင့် သတ်ဖြတ်ခံလိုက်ရပြီး နောက်ဗလာနယ်ပုလဲသည်လည်း အသူရာချောက် အရှင်သခင်၏ လက်ထဲသို့ ရောက်ရှိ သွားခဲ့လေသည်။

သို့သော် အသူရာချောက် အရှင်သခင်သည် သွေးနီရောင်ပင်လယ်မှ ထွက်ခွာသွားပြီးသည့် နောက်ပိုင်း ဗလာနယ်ပုလဲသည်လည်း ပျောက်ကွယ် သွားခဲ့လေသည်။

ရှေးဟောင်း သစ်ပင်ကြီးသည် တိကျန်ဗောဓိသကျထံမှ တရားများကို ကြားနာခဲ့ရခြင်း မရှိပါက ထိုသို့သော ရတနာပစ္စည်း

မျိုးကို ကြားဖူးမည်ပင် မဟုတ်ပေ။ သူ့အနေဖြင့် တိကျန်ဗောဓိ
သကျနှင့် အသူရာချောက် အရှင်သခင်သည် ရန်သူများ
ဖြစ်သည်ဆိုသည့် အချက်ကိုလည်း သိရှိလိမ့်မည် မဟုတ်ပေ။
ထိုအချိန်မှာပင်... သွေးနီရောင် အလင်းတန်းတစ်ခု ထွက်
ပေါ်လာပြီး ရှေးဟောင်း သစ်ပင်ကြီး အနားသို့ ရောက်လာလေ
သည်။ ရှေးဟောင်း သစ်ပင်ကြီးသည် ဗလာနယ်ပုလဲထဲတွင်
ပိတ်မိနေပြီ ဖြစ်လေရာ ထိုးဖောက်ထွက်နိုင်ရန်အတွက် အချိန်
အနည်းငယ် ယူရမည် ဖြစ်လေသည်။
ယခုတော့ သူ့အနေဖြင့် အခြေအနေကို စောင့်ကြည့်ရန်သာ ရှိ
တော့သည်။
သွေးနီရောင်အလင်းတန်းသည် ချောမောခန့်ညားပြီး အဖြူ
ရောင် ဝတ်ဆင်ထားသည့် လူငယ်လေး တစ်ယောက်အဖြစ်
ပြောင်းလဲသွားလေသည်။ ထိုလူငယ်လေးသည် သွေးနီရောင်

ပုလ္လင်ထက်တွင်ထိုင်နေပြီး ရှေးဟောင်းသစ်ပင်ကြီးကို ပြုံးပြလိုက်လေသည်။

ရှေးဟောင်းသစ်ပင်ကြီးက သူ၏အကိုင်းအခက်များကို လှုပ်ခါလိုက်ပြီး သူ့ရှေ့မှ လူငယ်လေးကို စိတ်စွမ်းအားဖြင့် ဆက်သွယ်စကား ပြောလိုက်လေသည်။

"ကောင်လေး... မင်းက ဘယ်သူလဲ"

"ကျုပ်နာမည်ကရဲ့ လျိုယွင်လို့ခေါ်တယ်၊ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပဲ၊ မင်းကို ယိုတုတောင်ကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ချင်ပါတယ်"

ရဲ့လျိုယွင်က ပြုံးပြီး ပြောလိုက်လေသည်။

ရှေးဟောင်းသစ်ပင်ကြီးက...

"ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းက ရှိနေသေးတာလား၊ ပြီးတော့ မင်းရဲ့အသက်ရှူသံတွေကလည်း ငရဲလမ်းဓားနဲ့အရမ်းတူတယ်၊ ငရဲ

လမ်းဓားရဲ့ တပည့်က ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကို ပြန်ပြီး

တည်ထောင် လိုက်တာလား"

ရဲ့လျိုယွင်က...

"သစ်ပင်ကြီး... အဲဒီကိစ္စတွေကိုသိချင်ရင် ကျုပ်နဲ့ လိုက်ခဲ့ပါ"

"ကျုပ်က မလိုက်ဘူး ဆိုရင်ရော..."

မေးခွန်းမေးပြီးသည်နှင့် ရှေးဟောင်း သစ်ပင်ကြီးသည် သူ၏

တန်ခိုးစွမ်းအားများကို စုစည်း ထားလိုက်လေသည်။

ရဲ့လျိုယွင်သည် မိစ္ဆာစွမ်းအားများနှင့် ပြည့်နေပြီး စောစောက

ဆုံတွေ့ခဲ့ရသည့် မရဏဓားပိုင်ရှင် မိန်းကလေးထက်ပင်

ကြောက်မက်ဖွယ်ရာ ကောင်းလေသည်။

ထို့ပြင် သူ့ရှေ့မှလူငယ်သည် စောစောက သူရင်ဆိုင်ခဲ့ရသည့်

လူငယ်လေးကဲ့သို့ လူကြီးလူကောင်း ဆန်သူတစ်ယောက်

မဟုတ်ပေ။

ထို့ပြင် ရဲ့လျိုယွင်သည် အနည်းငယ် ကလိန်ကျစ် ကျမည့်ဟန်ရှိသည့်အပြင် သူ့ကိုလည်း လွယ်လွယ်နှင့် အလွတ်ပေးမည့်ပုံ မပေါ်ပေ။

ရဲ့လျိုယွင်က တည်ငြိမ်အေးဆေးစွာဖြင့်...

"မင်းကျုပ်နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့မလား၊ ကျုပ်အတင်း ခေါ်သွားရမလား၊ အဲဒီနှစ်လမ်းထဲက ကြိုက်တာရွေးနိုင်တယ်"

ရဲ့လျိုယွင်၏ စကားများက ရှေးဟောင်း သစ်ပင်ကြီးကိုတုန်လှုပ် သွားစေသည်။

သူ့ရှေ့မှ လူငယ်လေးသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်းအပြည့်ရှိသလို ဆုံးဖြတ်ချက်လည်း ခိုင်မာသူ ဖြစ်လေသည်။

ထို့ပြင် ဗလာနယ်ပုလဲကိုလည်း ပိုင်ဆိုင်ထားလေသည်။

ရှေးဟောင်း သစ်ပင်ကြီး အနေဖြင့် တိုက်ခိုက်ပြီး ထွက်မပြေးနိုင်သရွေ့ လွတ်လမ်းမမြင်ပေ။

ယခုနှစ်ကတော့ ရှေးဟောင်း သစ်ပင်ကြီးအတွက် အလွန်မှ

ကံဆိုးသည့် နှစ်တစ်နှစ်ပင် ဖြစ်တော့သည်။

တိကျန် ဗောဓိသကျ၏ အရံအတားမှ သူလွတ်မြောက်လာပြီး

သည့်နောက်ပိုင်း ကံတွေချည်း ဆက်တိုက် ဆိုးနေရလေသည်။

တိကျန် ဗောဓိသကျ ပြောခဲ့သည့် စကားများမှာ မှန်နေပြီ ဖြစ်

လေသည်။

"ရှေးဟောင်း သစ်ပင်ကြီးသည် အရံအတားမှ မလ

လွတ်မြောက်သရွေ့ ကံဆိုးမှုများကိုလည်း ရင်ဆိုင်ရမည်

မဟုတ်"

ဟု တိကျန်ဗောဓိသကျက ပြောခဲ့ဖူးလေသည်။

ယခုတော့ သူ့မှာ လွတ်မြောက်လာသည့် အချိန်မှစပြီး

တိုက်ခိုက်ရ၊ ပြေးလွှားရနှင့် ဘုရားတ နေခဲ့ရလေသည်။

သို့သော်... မည်သည့်ကံဆိုးမှုများပင် ရင်ဆိုင်ရပါစေ

ရှေးဟောင်းသစ်ပင်ကြီး အနေဖြင့် သေဖို့ကိုတော့ ထိုင်စောင့် မ

နေနိုင်ပါချေ။ သစ်ပင်ကြီး၏ ပင်စည်မှ မိစ္ဆာငွေ့များ ထွက်ပေါ်လာပြီး ဗလာနယ်ပုလဲဖြင့် ထိန်းချုပ်ထားသည့် နေရာတစ်ခုလုံးမှာ မိစ္ဆာငွေ့များဖြင့် ပြည့်နှက်သွားလေသည်။

မိစ္ဆာငွေ့များသည် လောကတစ်ခွင်တွင် အညစ်ညမ်းဆုံး မိစ္ဆာငွေ့များ ဖြစ်လေသည်။ ဗလာနယ် တစ်ခုလုံးမှာ ဖုံမှုန့်များဖြင့် ပြည့်နှက်သွားပြီး ဗလာနယ်ပုလဲ၏ အလင်းတန်းများကိုပင် ဖုံးအုပ် သွားလေသည်။ ထိုအခွင့်အရေးကို အသုံးချကာ ရှေးဟောင်း သစ်ပင်ကြီးက ထွက်ပြေးရန် ကြံစည် လိုက်လေသည်။

ရဲ့လျိုယွင်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ကြီးမားသည့် သွေးနီရောင် လက်ကြီးတစ်ဖက်ကို ဖန်ဆင်းကာ မိစ္ဆာငွေ့များကို ခုခံကာကွယ် လိုက်လေသည်။

ရှေးဟောင်း သစ်ပင်ကြီးသည် ရဲ့လျိုယွင်၏ ကြီးမားသည့် သွေးနီရောင် လက်ကြီးကို ကြောက်ရွံ့ခြင်း မရှိပေ။ သို့သော်

သူကြောက်ရွံ့သည်က ရန်သူသည် သူ၏ လှုပ်ရှားမှုများကို ခန့်မှန်းနိုင်ပြီး သူ့ထက် ခြေတစ်လှမ်းသာနေ သောကြောင့်ပင် ဖြစ်လေသည်။

ထူးခြားဆန်းကြယ်သည့် လူတစ်ယောက်နှင့် တိုက်ခိုက်ရခြင်း သည် ရှေးဟောင်း သစ်ပင်ကြီးကို အရှုံးဘက်သို့ ဦးတည်စေ မည် ဖြစ်လေသည်။

အမှန်တော့ သစ်ပင်ကြီးသည် တိုက်ခိုက်လိုခြင်းမရှိပေ။ ထို့ကြောင့် သူက မှောင်မိုက်နက်နဲသည့် မိစ္ဆာငွေ့များကို ထုတ် လွှတ်လိုက်ကာ ထွက်ပြေးရန် ကြံစည်မိခြင်း ဖြစ်လေသည်။ ထိုမိစ္ဆာငွေ့များသည် သူကျင့်ကြံခဲ့သည့် ရှမ်မင် မိစ္ဆာစွမ်းအား များ ဖြစ်လေသည်။

သူသည် ဆန်းလျန်နှင့် တိုက်ခိုက်စဉ်ကပင် ထိုမိစ္ဆာစွမ်းအား များကို ထုတ်မသုံးခဲ့ပေ။ ထိုရှမ်မင်မိစ္ဆာ စွမ်းအားများရရှိ အောင် ခက်ခက်ခဲခဲ ကျင့်ကြံခဲ့ရခြင်း ဖြစ်လေရာ

တကယ်တမ်း ထိုမိစ္ဆာ စွမ်းအားများကို ထုတ်သုံး လိုက်ရသည့်

အခါ စိတ်မကောင်းပင် ဖြစ်သွားမိလေသည်။

အဘယ်ကြောင့် ဆိုသော် ထိုကဲ့သို့သော တန်ခိုးစွမ်းအားများ

ပြန်လည်ရရှိရန် အတွက် နှစ်ပေါင်း (၁၀၀)ကျော် ထပ်မံ

ကျင့်ကြံမှသာ ရရှိနိုင်တော့မည် ဖြစ်လေသည်။

အရေးပေါ် အခြေအနေသာ မဟုတ်လျှင် ရှေးဟောင်း သစ်ပင်

ကြီးသည် ထိုစွမ်းအားများကို အသုံးပြုမည် မဟုတ်ပေ။

ရဲ့လျိုယွင်က ကြိုးဝါးသံ တစ်ချက်ပြုလုပ်လိုက်ပြီး မိစ္ဆာငွေ့

များမှာ သွေးနီရောင် လက်ကြီးဖြင့် ထိမိပြီး ပျောက်ကွယ် သွား

ကြလေသည်။

ရဲ့လျိုယွင်သည် အေးအေးဆေးဆေးပင် ဖြစ်နေပြီး

ရှေးဟောင်း သစ်ပင်ကြီး လွတ်မြောက် သွားမည်ကို

အနည်းငယ်မျှ စိတ်ပူပန်ခြင်း ရှိဟန်မတူပေ။

ထိုအချိန်မှာပင်... ကောင်းကင်ထက်မှ တုန်လှုပ်ခြောက်ခြား ဖွယ် ရယ်မောသံကြီး တစ်သံ ထွက်ပေါ်လာလေသည်။

ရှေးဟောင်း သစ်ပင်ကြီးသည် အနန္တရာယ် အငွေ့အသက်များကို ရလိုက်မိစဉ်မှာပင်... တစ္ဆေလေပြင်းများသည် နေရာအနှံ့မှ တိုက်ခတ် လာလေသည်။ လေပြင်းများသည် ရှေးဟောင်း သစ်ပင်ကြီးကိုပင် လွင့်ထွက်သွားအောင် တိုက်ခတ်နိုင်သည် အထိ ပြင်းထန်လေသည်။

ထိုတစ္ဆေ လေပြင်းများသည် ရှေးဟောင်း သစ်ပင်ကြီး၏ မိစ္ဆာ ငွေ့များကြားသို့ ထိုးဖောက် ဝင်ရောက်လာသည့် အတွက် သစ်ပင်ကြီးမှာ ပင်စည်တစ်လျှောက် အေးစိမ့် သွားရသည် အထိပင် ထိတ်လန့် သွားရလေသည်။

သစ်ပင်ကြီးသည် သူ၏ တာအိုခန္ဓာ ပျက်စီးတော့မည့် လက္ခဏာ ဖြစ်သည်ကို ချက်ချင်းပင် သတိပြုလိုက်မိလေ သည်။

အမှောင်ထဲမှ တိုက်ခိုက်သူသည် ခိုးကြောင်ခိုးဝှက် တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

သူသည် သူ၏တိုက်ကွက်များကို ဖုံးကွယ်ထားပြီး ရှေးဟောင်းသစ်ပင်ကြီး၏ လှုပ်ရှားမှုကို စောင့်ကြည့်ကာ အလစ်ဖမ်းပြီး တိုက်ခိုက်နေခြင်း ဖြစ်လေသည်။ အလွန်မှ အရှက်မရှိသည့် လုပ်ရပ် ဖြစ်သော်လည်း ထိရောက်မှု ရှိလေသည်။

ရှေးဟောင်းသစ်ပင်ကြီး လွတ်မြောက်ရန်မှာ ကံတရားအပေါ်တွင်သာ မူတည်တော့သည်။

ယခုကဲ့သို့ တိုက်ခိုက်ခံရမှုသည် သူ၏တာအိုခန္ဓာကို ပျက်စီးစေရုံသာမက ခက်ခဲသည့် အခြေအနေ တစ်ခုဆီသို့လည်း တွန်းပို့ ခံရသကဲ့သို့ ဖြစ်နေရလေသည်။

စောစောက ဆန်းလျန်နှင့် တိုက်ခိုက်ထားသည့် အတွက် သူ၏တန်ခိုးစွမ်းအားများမှာလည်း လျော့နည်းနေပြီ ဖြစ်လေ

ရာ ယခုကဲ့သို့ ချောင်ပိတ် တိုက်ခိုက်ခံရသည့် အခါ သူ့နေဖြင့်

ထိုးဖောက် ထွက်နိုင်စွမ်း မရှိတော့ပေ။

သူ၏ သစ်ပင်ခန္ဓာမှာ နတ်ဘုရား တစ်ပါးအလား မသေနိုင်

သည့် ခန္ဓာဖြစ်လေသည်။ သို့သော် သူ၏ ရန်သူသည် သူ့ကို

မည်သို့ ပြုလုပ်မည်ကို မသိနိုင်ပေ။

ရှေးဟောင်း သစ်ပင်ကြီးသည် အကူအညီ ကင်းမဲ့သလို ခံစား

နေရသည့် အချိန်မှာပင် ဓားရောင် တစ်ချက်လက်သွားပြီး

တစ္ဆေလေပြင်းများကို ခုတ်ဖြတ် တိုက်ခိုက် ပစ်လိုက်လေ

သည်။

ထို့နောက်... အခြားသော လောကတစ်ခုနှင့် ဆက်သွယ်ထား

သည့် တွင်းနက်တစ်ခု ပေါ်လာပြီး ရှေးဟောင်း သစ်ပင်ကြီး၏

လွတ်လမ်းကို ဖော်ထုတ် ပေးလိုက်လေသည်။

ရှေးဟောင်း သစ်ပင်ကြီးလည်း တစ်ချက်ပင် တုံ့ဆိုင်းမနေတော့ဘဲ တွင်းနက်အတွင်းသို့ တိုးဝင်ကာ ထွက်ပြေး သွားလေတော့သည်။

ရဲ့လျိုယွင်၏ သွေးနီရောင် လက်ကြီးက ရှေးဟောင်း သစ်ပင်ကြီးကို ဖမ်းဆုပ်ရန် ကြိုးစား လိုက်သော်လည်း ဓားဝိညာဉ်က ထိုလက်ကြီးကို တားဆီး ထားလိုက်လေသည်။

စက္ကန့်ပိုင်း အတွင်းမှာပင် အခြားသော လောကသို့ ဆက်သွယ်ထားသည့် တွင်းနက်သည် ပျောက်ကွယ်သွားပြီး ရဲ့လျိုယွင်သည် ရှေးဟောင်း သစ်ပင်ကြီးကို ဖမ်းဆီးနိုင်ခြင်း မရှိတော့ပေ။

ထိုအချိန်မှာပင် တစ္ဆေလေပြင်းများကို ထုတ်လွှတ်နေသည့် တုန်လှုပ်ခြောက်ခြားဖွယ် ရယ်မောသံပိုင်ရှင်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း…

"ချင်းရှမ်နတ်တံခါးက ဆန်းကျန်းရန်၊ မင်းကတော့ အမြဲတမ်း

လိုလို အထင်ကြီးစရာ ကောင်းလွန်းလှတယ်"

ဓားဝိညာဉ်သည် လူငယ် တာအိုဆရာ တစ်ပါးအဖြစ်

ပြောင်းလဲသွားပြီး ရဲ့လျိုယွင်ကို စိုက်ကြည့် နေလိုက်လေ

သည်။

"အစ်ကိုရဲ့လျိုယွင်၊ မတွေ့တာကြာပြီနော်..."

ရဲ့လျိုယွင်က...

"ဆန်းလျန်... မင်းကတကယ်ပဲ ထက်မြက်လွန်းတယ်၊

ရှေးဟောင်း သစ်ပင်ကြီးအထဲမှာ မင်းရဲ့ ဓားဝိညာဉ်ကို ဘယ်

သူမှမသိအောင် ထားခဲ့နိုင်တယ်"

ဆန်းလျန်က ...

"ဒီပညာက ကျုပ်ရဲ့ ဂိုဏ်းတူအစ်ကို ချန်ကျန့်မေ ထားခဲ့တဲ့

ပညာပါ၊ သူက အနတ္တဓားကို အောင်မြင်ခဲ့တယ်လေ"

ရဲ့လျိုယွင်က သက်ပြင်း တစ်ချက်ချလိုက်ရင်း...

"အား… ချန်ကျန့်မေ…၊ နှမျောစရာ ကောင်းတာက ကျုပ် သူနဲ့ ဓားသိုင်း မပြိုင်လိုက်ရဘူးဗျာ…"

အခန်း (၆၅၂) အသူရာချောက်သို့

တစ္ဆေလေပြင်းများကို ထုတ်လွှတ်သူက ခါးသီးစွာဖြင့်…

"ဂိုဏ်းချုပ်… တာအို ဆရာယွမ်ချင်းက ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း နဲ့ ပတ်သက်သမျှကို ဖြတ်တောက်ခဲ့ပြီးပြီပဲ၊ အခု ဒီလူက ကျုပ် တို့သွားမယ့် လမ်းကို တားဆီးနေတာ၊ သူ့ကို ကျုပ်ကတော့ ပညာပေးလိုက်ချင်တယ်"

ထိုသူက ဆန်းလျန်ကို ကြောက်ရွံ့ဟန် မရှိပေ။ အဘယ်ကြောင့် ဆိုသော် ဆန်းလျန်သည် ဓားဝိညာဉ်မှ ဖန်ဆင်းထားသည့် ပုံရိပ်ယောင် တစ်ခုမျှသာ ဖြစ်သည်ကို သိရှိထားသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က...

"မိတ်ဆွေ၊ မင်းဆီက ယင်စွမ်းအားတွေက ပြင်းထန်နေတယ်၊ အသက်ရှူသံကလည်း စူးရှတယ်၊ ကြည့်ရတာ မင်းက တစ္ဆေဂိုဏ်းခွဲက ထူကျူအရှင်ပဲ ဖြစ်ရမယ်"

"မင်း ကျုပ်ဘယ်သူလဲ ဆိုတာသိသွားပြီ ဆိုတော့လည်း ဘာလုပ်လို့ရမှာတဲ့လဲ"

တစ္ဆေဂိုဏ်းခွဲမှ ထူကျူအရှင်က အေးစက်စွာဖြင့် ပြောလိုက်လေသည်။

ထို့နောက် သူက အသူရာချောက်မှ အနက်ရောင် မိစ္ဆာရေများကို ထုတ်လွှတ်လိုက်ပြီး ဆန်းလျန်၏ ကိုယ်ပွားကို ညစ်နွမ်း

သွားစေရန် တိုက်ခိုက် လိုက်လေသည်။ သို့သော် အနက်ရောင် မိစ္ဆာရေများသည် ဆန်းလျန်ကို ရစ်ပတ်သွား ပြီးဆန်းလျန်နှင့် ပေါင်းစပ်သွားကာ ထိခိုက်ခြင်း အလျဉ်းမရှိပေ။

ရဲ့လျိုယွင်က နူးညံ့သိမ်မွေ့သည့် လေသံဖြင့်...

"တစ္ဆေသခင် ... ဒေါသမထွက်ပါနဲ့၊ ဓားဝိညာဉ်ကနေ ဖန်ဆင်းထားတဲ့ ဆန်းကျန်းရန်ရဲ့ ကိုယ်ပွားက အစစ်အမှန်ကနေ ပုံရိပ်ယောင် အဖြစ်ကို ပြောင်းလဲနိုင်သလို ပုံရိပ်ယောင်ကနေလည်း အစစ်အမှန်ကို ပြောင်းလဲနိုင်တယ်၊ အရင်ဘိုးဘေးတွေရဲ့ သွေး အရိပ်ကျင့်စဉ်လိုပဲ အံ့သြစရာ ကောင်းတယ်၊ ကျုပ်တို့ သူ့ဆီကနေ သင်ယူရမယ်"

ရဲ့လျိုယွင်က အလျင်မလိုဘဲ တစ္ဆေဂိုဏ်းခွဲထူ ကျူအရှင်ကို တည်ငြိမ်အောင် ပြောဆို လိုက်လေသည်။

ဆန်းလျန်က...

"အစ်ကိုလျိုယွင်... အစ်ကိုက တစ်နေ့တခြားကို ပိုပြီး ထူးဆန်းလာတာပဲ၊ ပြီးတော့ ကျုပ် အစ်ကို့ကို မေးစရာတစ်ခု ရှိတယ်၊ ချင်းရွှမ်နတ်တံခါးမှာ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းရဲ့ လျှို့ဝှက်လမ်းက ဘာလို့ ရှိနေရတာလဲ"

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း...

"မင်းသိချင်တယ် ဆိုရင် ဆရာကြီးယွမ်ချင်းကို သွားမေးပေါ့ကွာ..."

ဆန်းလျန်က...

"ဒါဖြင့်လည်း ကျုပ်က ဆရာဘိုးဘိုးယွမ်ချင်းကို ရှာရမှာပေါ့ဗျာ၊ အစ်ကို မပြောချင်ဘူး ဆိုရင်လည်း အဆင်ပြေပါတယ်၊ ဒါပေမဲ့ အစ်ကိုနဲ့ ကျုပ်ဟာ အနာဂတ်မှာ တစ်နေ့မဟုတ် တစ်နေ့ ပြန်တွေ့ကြရဦးမှာပဲလေ"

ထိုစကားကိုပြောပြီးသည်နှင့် ဓားဝိညာဉ်မှ ဖန်ဆင်းထားသည့် ဆန်းလျန်၏ကိုယ်ပွားသည် ကြယ်ရောင်များ လင်းလက်သွား

ပြီး ပျောက်ကွယ်သွားလေတော့သည်။ တစ္ဆေဂိုဏ်းခွဲထူ ကျူ
အရှင်ပင်လျှင် ဆန်းလျန်ကို ဖမ်းဆီးနိုင်ခြင်း မရှိခဲ့ပေ။

ရဲ့လျိုယွင်က သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"လောကမှာ ရဲ့လျိုယွင် တစ်ယောက်တည်း ရှိရုံနဲ့ မလုံလောက်ဘူးလားကွာ...၊ ဘာလို့ ဆန်းလျန် ဆိုတာက ရှိနေရသေးတာလဲ"

တစ္ဆေဂိုဏ်းခွဲထူ ကျူအရှင်က...

"ဂိုဏ်းချုပ်... ဂိုဏ်းချုပ်က ဒီလူကိုသိမ်းသွင်းဖို့ အမြဲတမ်းစိတ်ဝင်စားတယ်၊ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သူနဲ့တွေ့တာနဲ့ အရမ်းလည်း သတိထားနေတယ်၊ ပြီးတော့ ဒီလူက ထက်မြက်ပြီး ကျင့်စဉ်လမ်း အဆင့်တက်တာ လျှင်မြန်တာကလွဲရင် ဂိုဏ်းချုပ်ထက်သာတာ ဘာမှမရှိပါဘူး”

ရဲ့လျိုယွင်က...

"တစ္ဆေသခင်...၊ မင်းက ဖုန်းတုတိကျွင်းနတ်မင်းရဲ့ ဉာဏ်စဉ် တစ်ခုက လူပြန်ဝင်စားတဲ့သူ ဖြစ်လို့ ဇာစ်မြစ်နောက်ခံ အရမ်း ကောင်းတယ်၊ ဒါပေမဲ့ ဖုန်းတုတိကျွင်းက ဘယ်လောက်ပဲ တန်ခိုးစွမ်းအား မြင့်မားပါစေ နောင်တစ်ချိန်မှာ ဆန်းလျန်က သူ့ထက် သာသွားလိမ့်မယ်"

တစ္ဆေဂိုဏ်းခွဲထူ ကျူအရှင်က နှာခေါင်းတစ်ချက်ရှုံ့လိုက် ရင်း...

"သူက တာအိုဆရာသခင်ကြီး တစ်ပါး ဖြစ်ချင်ဖြစ်လာလိမ့် မယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ အရင်ဘဝ လောက်တော့ မသာနိုင်ဘူး၊ ဒီလိုဖြစ်လာစရာ အကြောင်းကို မရှိဘူး"

ရဲ့လျိုယွင်က မျက်တောင် တစ်ချက်ခတ်လိုက်ရင်း...

"အရမ်းကိုရိုးရှင်းပါတယ်၊ ဘာလို့လဲဆိုတော့ သူက အရမ်း ထက်မြက်လို့ပဲ"

တစ္ဆေဂိုဏ်းခွဲထူကျူအရှင်မှာ နားမလည်နိုင်သည့်တိုင် ရဲ့လျို ယွင်၏ စကားများကိုကြားသည်နှင့် သူ၏ ကျောရိုး တစ်လျှောက်တွင် အေးစိမ့်သွားသည်ကို ခံစားလိုက်ရလေ သည်။

ချင်းရှမ်တောင်တွင် ကျင်းပပြုလုပ်သည့် လုန်ဟွာပွဲတော်မှာ ပြဿနာလေးအနည်းငယ်ကြောင့် ကျန့်ကြာသွားသည့် တိုင် မူလရည်ရွယ်ချက်ကတော့ ပျောက်ကွယ်သွားခြင်း မရှိခဲ့ပေ။

အနည်းဆုံး နတ်ဘုရား (၁၂)ပါးက ဆန်းလျန်နှင့်အတူ အသူရာချောက်သို့ လိုက်ပါရန်အတွက် ဆုံးဖြတ် လိုက်ကြလေ သည်။

ထို့ပြင် ချင်းရှမ်နတ်တံခါးနှင့် ဆက်စပ် ပတ်သက်နေကြသည့် ကျင့်ကြံသူများကလည်း ဆန်းလျန်ပြောသည့် ကားကို ငြင်းပယ်ကြခြင်း မရှိပေ။

အဘယ်ကြောင့်ဆိုသော် သူတို့နှလုံးသားထဲတွင် ချင်းရွှမ်နတ်တံခါး၏ လွှမ်းမိုးမှုမှာနက်ရှိုင်းစွာ အမြစ်တွယ်နေခဲ့ပြီး သူတို့အနေဖြင့် ချင်းရွှမ်နတ်တံခါးကို လုံးဝဆန့်ကျင်မည် မဟုတ်ပေ။

သူတို့အားလုံးသည် ဆန်းလျန်၏ ကြီးမားသည့်အစီအစဉ်ကြီးတွင် ပါဝင်ရန်အတွက် ပထမဦးဆုံး သူတို့၏ အိမ်နှင့် မိသားစုများ အခြေတကျဖြစ်စေရန် ဆောင်ရွက်ကြလေသည်။

ထို့နောက်တွင်တော့ သူတို့က ဆန်းလျန်နှင့်အတူ အသစ်သောလောကကို လိုက်ပါရန် ပြင်ဆင် ကြလေတော့သည်။ အမှန်တော့ သူတို့ထဲမှ အများစုမှာ အခြားသော လောကတစ်ခုသို့ သွားရောက်ရန် စိတ်အား ထက်သန်လျက် ရှိကြလေသည်။

နောက်ဆုံးတွင်တော့…

နတ်ဘုရားမဖြစ်သေးသည့် ကျင့်ကြံသူများသည် အသူရာချောက်သို့ သွားရောက်ရန် အတွက် တောင်နှင့်မြစ်ရေ ပန်းချီ

ကားအတွင်းသို့ ဝင်ရောက်ကြရမည့်အချိန်သို့ ရောက်ရှိလာလေသည်။

ဆန်းလျန်သည် အချိန်ဖြုန်းမနေတော့ဘဲ အသူရာချောက်သို့ ပြန်ရန် ပြင်ဆင်လေတော့သည်။

ကျီဖူတောင်ထိပ်....

ထိုက်ဝေ့ထိုင်ခန်းမဆောင်ရှေ့...။

ဆန်းလျန်သည် မိုးမခပင်ရှိရာသို့ လမ်းလျှောက် သွားလိုက်ပြီး မိုးမခပင်အောက်ရှိ မြက်ပင် စိမ်းစိမ်းလေးများကြားမှ အုတ်ဂူကို ငေးစိုက်ကြည့်နေလေသည်။

အသူရာချောက်သို့ သွားရသည့် ရည်ရွယ်ချက်များ လျင်လျင်မြန်မြန် ချောချောမွေ့မွေ့ ပြီးဆုံးသွားမည် ဆိုလျှင်တော့ သူသည် အစ်မဖြစ်သူနှင့် အတူ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် အဖော်ပြုပေးဦးမည်ဟု စဉ်းစားလိုက်မိလေသည်။

သို့သော်... အသူရာချောက်တွင် သူသာ ကျရှုံးခဲ့လျှင်တော့ ပြောရန်ပင် မတန်တော့ပါချေ။

ဂိုဏ်းတူအစ်မဖြစ်သူ၏ အုတ်ဂူရှေ့တွင် သူ ရပ်နေလေလေ... သံယောဇဉ်အမျှင် မပြတ်သည့် အတွေးများ သူ့စိတ်ထဲသို့ ဝင်ရောက်လာလေလေ ဖြစ်နေလေရာ ဆန်းလျှန်သည့် အလင်းတန်းတစ်ခု အဖြစ် ဖန်ဆင်းကာ ထိုက်ယီတောင်ထိပ်သို့ ထွက်လာခဲ့လေတော့သည်။

ဖန်းယန်ယင်း၊ ဖားဟိုင်ဆရာတော်၊ လုန်ချွမ်ကျီ၊ ဟုန်ယွမ် ဆရာတော်နှင့် အခြားသောနတ်ဘုရား (၂၀)ခန့်က သူ့ကို စောင့်နေကြလေသည်။

"ဆရာ..."

"ဆရာဦးလေး.."

"ဆန်းကျန်ရန်နတ်ဘုရား..."

သူတို့က ဆန်းလျန်ကို တစ်ပြိုင်တည်း နှုတ်ဆက်လိုက်ကြပြီး သူတို့၏ စိတ်လှုပ်ရှား မှုများကိုလည်း ဖုံးကွယ်၍မရနိုင်ခဲ့ကြပေ။ အခြားသော လောကအသစ် တစ်ခုဆီသို့ ခရီးထွက်ခြင်းသည် ယခင့်ယခင် ဆရာသခင်များပင်လျှင် မတတ်နိုင်ခဲ့ကြပေ။

 အောင်မြင် သွားသူများသည် သူတို့ ရောက်ရှိသည့် နေရာတွင်ပင် ဆက်လက် နေထိုင်သွားခဲ့ကြလေသည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး အားလုံးကို ပြန်နှုတ်ဆက် လိုက်လေသည်။

သို့သော်... သူက ချက်ချင်းထွက်ခွာခြင်း မပြုသေးဘဲ အဝေးတစ်နေရာသို့ လှမ်းကြည့် လိုက်လေသည်။

ထိုနေရာတွင်...

သူတို့ဆီသို့ ရောက်ရှိလာသည့် ကြည်လင်သည့် အလင်းတန်းတစ်ခုကို တွေ့မြင် လိုက်ရလေသည်။ ချင်းရွှမ် နတ်တံခါးကို

ကာကွယ်ထားသည့် အကာအကွယ် အရံအတားသည်ပင်လျှင် ထိုအလင်းတန်းကို မတားဆီးနိုင်ခဲ့ပေ။

ရောက်လာသည့်သူမှာ ငယ်ရွယ်သည့် တာအိုဆရာ တစ်ယောက်ဖြစ်လေသည်။

ဆန်းလျန်ဘေးနားမှ လူများအားလုံးမှာ ထိုလူငယ်ကို တွေ့လိုက်ရသည်နှင့် အံ့သြ မှင်တက် သွားကြလေသည်။ ထိုသူ ရောက်လာလိမ့်မည်ဟု လုံးဝ ထင်မှတ် မထားခဲ့မိကြပေ။

ထိုလူငယ်မှာ အခြားသူမဟုတ်။ စုန့်ချင်းယီပင် ဖြစ်ပါလေ၏။

စုန့်ချင်းယီက...

"အစ်ကိုဆန်းလျန်... ကျုပ်လည်းလိုက်ပါရစေ"

ဆန်းလျန်နှင့်အတူ လိုက်ပါရသည့် ရည်ရွယ်ချက်ကို ထုတ်ဖော် မပြောသည့်တိုင် စုန့်ချင်းယီ၏ မျက်ဝန်းများထဲတွင် ရှိုးသား သန့်စင်မှုများကို တွေ့ရှိနိုင်လေသည်။ စုန့်ချင်းယီသည် သူ့ကို ကူညီချင်ရုံ သက်သက်ဖြင့်ပင် ဤခရီးကို လိုက်ပါလိုသည့် လူ

တစ်ယောက် ဖြစ်သည်ကို ဆန်းလျန် နားလည် လိုက်လေ

သည်။

ဆန်းလျန်က ရင်းနှီးနွေးထွေးစွာဖြင့်...

"ကောင်းပြီ"

ဟု ပြောလိုက်လေသည်။

စုန့်ချင်းယီက ရယ်မောလိုက်ပြီး ဆန်းလျန်ဘေးနားသို့

လျှောက်လာလေသည်။

ဆန်းလျန်က စကားမပြောတော့ပါ။

သူက သွေးနီရောင် ဓားရှည်ကို ဆွဲထုတ်လိုက်ပြီး လေထု

အတွင်းသို့ ထိုးညွှန် လိုက်လေသည်။ ချက်ချင်းပင် လေထု

သည် အက်ကွဲသွားပြီး ပွင့်ထွက် သွားလေတော့သည်။

အက်ကွဲပွင့်ထွက် သွားသည့်နေရာမှာ ယင်စွမ်းအားများ

များပြားစွာ ထွက်ပေါ်လာလေသည်။ ယင်စွမ်းအားများသည်

မုန့်တိုင်း တစ်ခုအလား လေထုထဲတွင် လှည့်ပတ် နေကြလေသည်။

ဆန်းလျန်သည် ချင်းရွှမ်ခန်းမဆောင်ရှိရာသို့ တစ်ချက် လှမ်းကြည့်လိုက်လေသည်။

ထိုနေရာတွင် ချန်ကျင်းချင်သည် ဆန်းလျန်ကို ဦးညွှတ် ဂါရဝပြုလျက် ရှိလေသည်။

ချင်းရွှမ်နတ်တံခါးကို နောက်ပိုင်းမျိုးဆက်များ၏လက်ထဲသို့ သူ့အနေဖြင့် လွှဲအပ်ခဲ့ပြီးပြီး ဖြစ်လေသည်။ ကျောင်းတော်ကို ဦးဆောင်ရန်အတွက် ဂိုဏ်းချုပ်ကတော့ အမြဲတမ်း ရှိနေရမည် ဖြစ်လေသည်။ ထို့ကြောင့် ချန်ကျင်းချင်သည် ဂိုဏ်းချုပ် တာဝန်ကို ယူပြီး လက်ရှိလောကတွင်ပင် နေရစ်ခဲ့ရမည် ဖြစ်လေသည်။

ထို့ပြင်... ဤခရီးစဉ်တွင် ဆန်းလျန်အနေဖြင့် မတော်တဆမှု တစ်ခုခုများဖြစ်ခဲ့လျှင် ချန်ကျင်းချင်က ချင်းရွှမ်နတ်တံခါး၏

အမွေအနှစ်များကို ဆက်လက် ထိန်းသိမ်းရန် အတွက် ရှိနေရမည် ဖြစ်လေသည်။ ဆန်းလျှန် သည်သူ၏ တပည့်အပေါ်တွင် မျှော်လင့်ချက်များစွာ ထားခဲ့လေသည်။

ဆန်းလျှန်က ခေါင်းတစ်ချက်ညိတ်ကာ ချန်ကျင်းချင်ကို အသိအမှတ် ပြုလိုက်ပြီးသည့်နောက် လေထုထဲမှ အက်ကွဲနေသည့်နေရာအတွင်းသို့ ခုန်ဝင် သွားလေတော့သည်။

ဆန်းလျှန်နောက်မှ အခြားသောနတ်ဘုရားများက လိုက်ပါဝင်ရောက် သွားကြလေသည်။

အသူရာချောက် အခြားဘက်ခြမ်းတွင်တော့....

ဆန်းလျှန်နှင့်အတူ အခြားသောနတ်ဘုရားများသည် အက်ကွဲကြောင်းအတွင်းမှ လမ်းလျှောက် ထွက်လာကြလေသည်။ သူတို့အားလုံး အသူရာချောက်သို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

အသူရာချောက်တွင် နေလည်းမသာသလို လမင်းလည်း ထွန်းလင်းခြင်း မရှိပါ။ ထိုနေရာ တစ်ခုလုံးသည် မှောင်မဲနေပြီး အနည်းငယ်သော အလင်းရောင်လေးများသာ လင်းလက် လျက် ရှိလေသည်။

အသူရာချောက်သို့ ခြေချလိုက်မိသည်နှင့် အရောင်အဆင်း မရှိသည့် တန်ခိုးစွမ်းအားများသည် ဆန်းလျန်ကို လာရောက် ရစ်ပတ် လိုက်ကြလေသည်။

ဤသည်မှာ သိန်းနှင့်ချီနေသည့် ကျင့်ကြံသူများကို အသူရာ ချောက်သို့ ခေါ်ဆောင်လာသည့် အတွက် အသူရာချောက်မှ ဆန်းလျန်ကို အပြစ်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်က ထိုစွမ်းအားများကို လက်ခံနိုင်ခဲ့ပြီး အရောင်အဆင်း မရှိသည့် တန်ခိုးစွမ်းအားများကို သူ၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက် စေလိုက်လေသည်။ ထို့နောက် သူ၏ မူလဝိညာဉ်ခန္ဓာကို အသုံးပြုကာ ထိုစွမ်းအားများကို

သန့်စင်လိုက်ပြီး တောင်နှင့်မြစ်ရေ ပန်းချီကားရှိရာသို့ စီးဆင်းဝင်ရောက် စေလိုက်လေသည်။

အသူရာချောက်၏ အပြစ်ပေးသည့် တန်ခိုးစွမ်းအားများ ပန်းချီကားထဲတွင် ခတ်နှိပ် လိုက်သည်နှင့် ပန်းချီကားမှ တစ်ဆင့် ဝင်ရောက်လာသူများ အပေါ်တွင် အသူရာချောက်မှ အပြစ်ပေးခြင်းသည် သက်ရောက်တော့မည် မဟုတ်ပေ။

သို့သော်... အက်ကွဲကြောင်းမှ ဆန်းလျန်နှင့် အတူ ဝင်လာကြသည့် ဖားဟိုင်ဆရာတော်နှင့် အခြားသော နတ်ဘုရား များမှာ တော့ သိပ်ပြီးလွယ်ကူခြင်း မရှိပါ။ သူတို့သည် အသူရာချောက်မှ ထူးဆန်းသည့် တန်ခိုးစွမ်းအားများနှင့် တိုက်ခိုက်နေကြရပြီး မျက်နှာများ ပျက်နေကြလေသည်။

သို့သော်... ဆန်းလျန်က သူတို့ကို ကူညီခြင်း မရှိပါ။ အသူရာချောက်မှ မိုးမြေစွမ်းအားများသည် ချင်းရွှမ်နတ်တံခါး တည်ရှိ

ရာလောကမှ မိုးမြေစွမ်းအားများလောက် ပြင်းထန်ခြင်းမရှိ

ပေ။

ထို့ကြောင့် နတ်ဘုရားများ ကျင့်ကြံထားကြ သည့်အမျိုးမျိုး

သော ကျင့်စဉ်စွမ်းအားများသည် အသူရာ ချောက်ဘက်ခြမ်း

တွင် အနည်းငယ် ကျဆင်းနေမည် ဖြစ်လေသည်။ သို့သော်...

ထိုသို့ဖြစ်ရခြင်းက ဆိုးရွားသည့် အခြေအနေ တစ်ခုတော့

မဟုတ်ပေ။

သူတို့သည် အသူရာချောက်၏ အပြစ်ပေးသည့်စွမ်းအားများ

ဖြင့် တိုက်ခိုက်ကြမည်ဆိုလျှင် အသူရာချောက်၏ မိုးမြေ

စွမ်းအားများကို စုပ်ယူအသုံးပြုရမည် ဖြစ်လေသည်။

ထိုအခါ အသူရာ ချောက်၏ မိုးမြေ စွမ်းအားများသည် သူ

တို့၏ သန့်စင်သည့် ယန်စွမ်းအား မူလဝိညာဉ်ခန္ဓာနှင့်

ပေါင်းစပ်ရန် လိုအပ်လေသည်။ ထိုအခါ သူတို့၏ မူလဝိညာဉ်

ခန္ဓာသည် သိပ်သည်းလာပြီး ကျင့်ကြံခြင်း အတွက်

အကျိုးကျေးဇူးများ ရရှိမည် ဖြစ်လေသည်။

အခြေအနေက သူတို့အတွက် အရမ်းခက်ခဲလာလျှင်တော့

ဆန်းလျန်က သူတို့၏ မူလဝိညာဉ် ခန္ဓာတည်ငြိမ်စေရန်

အတွက် ကူညီပေးမည် ဖြစ်လေသည်။ သို့သော်... သူတို့၏

စွမ်းအားကို မြှင့်တင်ခြင်းသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိ

မည်တော့ မဟုတ်ပေ။

သူတို့အားလုံးထဲတွင် ဖန်းယန်ယင်းက အတည်ငြိမ်ဆုံး ဖြစ်

လေသည်။

အသူရာချောက်မှ အသက်ဓာတ် စွမ်းအားများသည် သူမ၏

ခန္ဓာကိုယ်အတွင်းသို့ မုန်တိုင်း တစ်ခုအလား ဝင်ရောက်လာ

လေသည်။ သို့သော်... သူမက တစ်ချက်ပင် တုံ့ဆိုင်းခြင်းမရှိ

ဘဲ ချက်ချင်းပင် သန့်စင် ပစ်လိုက်လေသည်။

အသူရာချောက်မှ အသက်ဓာတ် စွမ်းအားများသည် သူမကို ဓားတစ်လက်အလား ထက်မြက်လာစေလေသည်။ အချိန်ကြာလာသည်နှင့် အမျှ သူမထံမှ ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး ထိုဓားဝိညာဉ်မှာ ကောင်းကင်ကိုပင် ဖြိုခွဲခြင်းပစ်တော့မည့် အလား ထင်မှတ်ရလေသည်။

ဖန်းယန်ယင်းပြီးနောက် ဒုတိယ တောင့်ခံနိုင်သူမှာ စုန့်ချင်းယီ နှင့် ဖားဟိုင်ဆရာတော်တို့ ဖြစ်လေသည်။ သူတို့ နှစ်ယောက်သည် နှိပ်စက်နေသည့် စွမ်းအားများကို လက်ခံပြီးသည့်နောက် အနည်းငယ် တည်ငြိမ် လာကြလေသည်။

ထို့နောက် သူတို့ကိုယ်ထဲသို့ ဝင်ရောက်လာသည့် အသူရာချောက်မှ မိုးမြေစွမ်းအားများကို သန့်စင်ပစ်လိုက် ကြလေတော့သည်။

အခန်း (၆၅၃) ပေမင်ကျီ

ယွမ်ကျွင်းဧကရီသည် အပြာရောင် ခရီးရှည်နန်းတော်ထဲတွင် ရှိနေလေသည်။ သူမသည် နက္ခတ် အပြောင်းအလဲ တစ်ခု ဖြစ်ပေါ်သွားသည်ကို ချက်ချင်းပင် ရိပ်မိလိုက်လေသည်။

သူမက တာအို ဆရာလုယာကို သတ်ဖြတ်ရန် ထောင်ချောက်ဆင်ခဲ့သော်လည်း မအောင်မြင်ခဲ့သည့် အပြင် ဒဏ်ရာ အပြင်းအထန်ပင် ရရှိသွားခဲ့လေသည်။ အချိန်အတန်ကြာ အနားယူမှသာ သူမ၏ ဒဏ်ရာက သက်သာပျောက်ကင်း နိုင်မည် ဖြစ်လေသည်။

သူမ အကြံအစည်များ မအောင်မြင်ခဲ့ရသည်ကို စဉ်းစားမိတိုင်း မခံချိမခံသာ ဖြစ်ရလေသည်။

ချန်ကျန့်မေသာ ဝင်မရှုတ်လျှင် တာအိုဆရာလုယာသည် သူမ လက်ထဲတွင် ကျိန်းသေ ကျရှုံးရမည် ဖြစ်လေသည်။ ထို့ပြင် အသူရာချောက်၏ ကိစ္စရပ်များကို ကောင်စုတ်လေးဆန်းလျန် ဝင်ရှုပ်နေခြင်းမှလည်း တားဆီးလိုက်နိုင်မည် ဖြစ်လေသည်။ အရာရာတိုင်းသည် သူမ စီစဉ်ထားသည့် အတိုင်းသာ ဖြစ်လာ ခဲ့လျှင် သူမသည် အသူရာချောက်၏ ကံကြမ္မာကို အသုံးပြုပြီး ကျယ်ကျောက် အမိန့်တော် ဂိုဏ်းကိုလည်း ပြန်လည် တည်ထောင်နိုင်မည် ဖြစ်လေသည်။ ယခင်အချိန်က ဆုံးရှုံးခဲ့ သည့် ဂုဏ်သိက္ခာများကိုလည်း ပြန်လည် အဖတ်ဆယ်နိုင်မည် ဖြစ်လေသည်။

သို့သော် ချန်ကျန့်မေ၏ မျှော်လင့်မထားသည့် ဓားသည် သူမ သေသေချာချာ စီစဉ်ထားသမျှကို ဖျက်ဆီး ပစ်ခဲ့လေသည်။ မည်သို့ပင်ဖြစ်စေ… ယွမ်ကျွင်း ဧကရီအနေဖြင့် ချန်ကျန့်မေကို ရိုးသားစွာပင် လေးစား မိခဲ့လေသည်။

အတိတ် တစ်ချိန်တုန်းက သူမ၏ ဂိုဏ်းတူ အစ်ကိုသာ ချန်ကျ န့်မေကဲ့သို့ ပါရမီရှင် တစ်ယောက် ဖြစ်ခဲ့လျှင် သူမသည် အပြာ ရောင်ခရီးရှည်နန်းတော်ကို အုပ်ချုပ်ရန် အတွက် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရမည် မဟုတ်ပေ။

သူမက ထိုင်နေရာမှ အသာထလိုက်ပြီး ကျင့်စဉ်ကျင့်ကြံသည့် အခန်းတွင်းသို့ ဝင်လိုက်လေသည်။

အခန်းတွင်းရှိ ကျောက်နံရံထက်တွင် ထုန်ထျန်း အရှင်သခင်၏ ပုံတူပန်းချီကားကို ချိတ်ဆွဲ ထားလေသည်။

ဆန်းလျန်သာ ဤနေရာတွင် ရှိမည်ဆိုလျှင် ကျောက်နံရံထက်မှ ပန်းချီကားသည် သူ့ပုံဖော်လေ့ ရှိသည့် လင်ပေါင်ထျန်းကျွင်း ထက် အထီးကျန်ပြီး အနှစ်သာရ ကင်းမဲ့နေသည်ကို သတိထား မိမည် ဖြစ်လေသည်။

ထုန်ထျန်းအရှင်သခင်သည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထား ပြီး ဆံပင်များကို သပ်ရပ်စွာ စည်းနှောင် ထားလေသည်။ သူ၏

လက်ထဲတွင် ကျောက်စိမ်း ကျိုင်းတံကို ကိုင်ထားထားရမည့် အစား ဓားတစ်လက်ကို ကိုင်ဆောင် ထားလေသည်။

သို့သော်… သူ၏ မျက်ဝန်းများဆီမှ ကြောက်မက်ဖွယ်ရာ အငွေ့အသက်များ ထွက်ပေါ်နေပြီး သူသာ ဆန္ဒရှိလျှင် လောက တစ်ခုလုံးကိုပင် ဖျက်ဆီး ပြောင်းလဲပစ်တော့မည့် ပုံသဏ္ဍာန် ဖြစ်လေသည်။

အလွန် အဆင့်မြင့်မားသည့် ကျင့်ကြံသူများသာလျှင် ထုန်ထျ န်း အရှင်သခင်မှာ လင်ပေါင်ထျန်းကျွင်းပင် ဖြစ်သည်ကို နားလည်ကြမည် ဖြစ်လေသည်။ သို့သော် လင်ပေါင်ထျန်းကျွ င်းသည် လင်ပေါင်ထျန်းကျွင်းသာဖြစ်ပြီး ထုန်ထျန် အရှင်ဖြစ် ရန် မလိုအပ်ပါချေ။ သူတို့ (၂)ယောက်သည် တူညီခြင်းမရှိပါ။

ယွမ်ကျွင်းကေရီသည် အမွေးတိုင် တစ်တိုင်ကို ထွန်းညှိလိုက် ပြီး ပန်းချီကားရှေ့တွင် ဦးညွှတ် ကန်တော့လိုက်လေသည်။

ထို့နောက် သူမသည် ပန်းချီကားရှေ့မှ မီးအိမ်လေးကို ထွန်းညှိလိုက်လေသည်။ မီးအိမ်လေးမှ ရွှေရောင် အလင်းတန်းများဖြာထွက်လာပြီး အခန်းတစ်ခုလုံး လင်းထိန် သွားလေသည်။ အလင်းတန်းများ အောက်တွင် ပန်းချီကားထဲမှ ထုန်ထျန်းအရှင်သည် အသက်ဝင်ပြီး အပြင်သို့ ထွက်လာတော့မည့်အလားပင် ခံစားရလေသည်။

ထိုမီးအိမ်လေးမှာ ထုန်ထျန်းအရှင်သခင်ပြုလုပ်ခဲ့သည့်အရေအတွက် တစ်သောင်းသော ရွှေရောင်မီးအိမ်များထဲမှတစ်ခုဖြစ်လေသည်။

အတိတ်တစ်ချိန်က ဖြစ်ခဲ့သည့် စစ်ပွဲတွင် ထုန်ထျန်းအရှင်သခင်၏ ခန္ဓာကိုယ်မှာ ထိခိုက်ခဲ့ခြင်း မရှိပါ။ သို့သော်များပြားလှစွာသည့် ရွှေရောင် မီးအိမ်တွေကတော့ ပျက်စီးခဲ့ရလေသည်။ ယွမ်ကျွင်း ကောရီသည် ထိုမီးအိမ်များထဲမှ တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်လေသည်။

မီးအိမ်လေးကို ဆရာဖြစ်သူ၏ ပန်းချီကားရှေ့တွင် ထွန်းညှိ
လိုက်ခြင်းဖြင့် သူမသည် ဝိညာဉ် စွမ်းအားများကို စုပ်ယူနိုင်ပြီး
ဒဏ်ရာ အမြန်ဆုံး ပြန်လည်သက်သာလာခဲ့လေသည်။
သူမသည် ရွှေရောင်မီးအိမ်လေးကို အလွန်ထားဖို့ ထားခဲ့
သည့်အတွက် မီးအိမ်လေးကို အသုံးပြုကာ ဒဏ်ရာကုသရန်
အတွက် တွန့်ဆုတ်နေခဲ့သေးသည်။
သို့သော်... သူမ ဒဏ်ရာရနေသည့် အချိန်တွင် ဆန်းလျှန်သာ
အင်အားအလုံးအရင်းနှင့် ပြန်ရောက်လာပါက သူမတွင်
ရွေးချယ်စရာလမ်း မရှိတော့ပေ။ သူမကိုယ်သူမပင် ကာကွယ်
နိုင်မည် မဟုတ်ပေ။
သူမ ဒဏ်ရာ သက်သာလာသည့် အခါတွင်တော့ အပြာရောင်
ခရီးရှည်နန်းတော် အပြင်ဘက်မှ စကားသံတစ်သံ ထွက်
ပေါ်လာလေသည်။

"တာအိုဆရာ ကျင်းလင်စန်းမှရှိပါသလား၊ ကျုပ်က သူနဲ့တွေ့ချင်လို့ပါ"

ထိုအသံသည် နန်းတော်တွင်ပြုလုပ်ထားသည့် အရံအတားများကို ထိုးဖောက်ပြီး ပျံ့လွင့်လာခြင်း ဖြစ်လေသည်။

ယွမ်ကျွင်းဧကရီမှာ အံ့သြမှင်တက်သွားရလေသည်။

ထိုအသံသည် မည်သူ၏အသံ ဖြစ်သည်ကို သိရှိခြင်းမရှိပေ။

သို့သော်... အပြာရောင် ခရီးရှည်နန်းတော် အတွင်းသို့ ထိုးဖောက် ဝင်ရောက်သည်အထိ စကားပြောဆိုနိုင်သည်ကို ကြည့်ခြင်းအားဖြင့် ထိုသူမှာ တန်ခိုးစွမ်းအားအလွန် မြင့်မားကြောင်း သိသာလေသည်။

ယွမ်ကျွင်းဧကရီသည် အပြာရောင် ခရီးရှည်နန်းတော်ထဲတွင် ရှိနေသည့် အတွက် ရောက်လာသူကို ကြောက်စရာ မလိုပါ။

သူမက လက်ဟန်တစ်ချက် ပြုလုပ်လိုက်ပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။ ထိုအခါ အပြာရောင် ခရီးရှည် နန်းတော်၏ အရံအတားသည် အနည်းငယ် ပွင့်သွားလေသည်။ ထိုအချိန်မှာပင် အလင်းတန်း တစ်ခုသည် အနည်းငယ် ပွင့်သွား သည့်နေရာမှ ဝင်ရောက်လာကာ အပြာရောင် ခရီးရှည် နန်းတော်၏ ခန်းမဆောင်ရှေ့သို့ ရောက်လာလေသည်။

တစ်ချိန်တည်းမှာပင် ယွမ်ကျွင်း ကေရီကလည်း နန်းတော် ခန်းမ၏ တံခါးဝသို့ ရောက်ရှိလာလေသည်။

ရောက်ရှိလာသည့်ငြော့သည်မှာ ရှေးဟောင်းတရုတ်ရိုးရာ အဝတ်အစားများကို ဝတ်ဆင်ထားပြီး ကျောထက်တွင် ဓား တစ်လက်ကို လွယ်ထားလေသည်။ ထိုသူ၏ခန္ဓာကိုယ်မှာ ခြေ ဆုံးခေါင်းဆုံး ရွှေရောင် တောက်ပလျက် ရှိလေသည်။

သို့သော်… သူ၏ နှာခေါင်းကတော့ သိမ်းငှက်ပုံသဏ္ဍာန် ကောက်လျက် ရှိလေ၏။

သူ၏အကြည့်များသည် ကြောက်မက်ဖွယ်ရာ ထက်မြက်နေပြီး လေထုကိုပင် ဖြတ်တောက် ပစ်တော့မည့်အလား ထင်မှတ်ရ လေသည်။

ယွမ်ကျွင်းဧကရီက ထိုတာအိုဆရာထံမှ ထွက်ပေါ်နေသည့် ထက်မြက်သည့် တန်ခိုး စွမ်းအားများကို အာရုံစိုက်လိုက်လေ သည်။ ထိုတန်ခိုး စွမ်းအားများသည် ယင်စွမ်းအားများ ဖြစ်ပြီး မှောင်မိုင်းလျက် ရှိလေသည်။ အသူရာချောက်တွင် နှစ်ပေါင်း များစွာ နေထိုင်ပြီး ကျင့်ကြံသူတစ်ယောက် ဖြစ်မှန်းသိသာ လွန်းလှလေသည်။

အသူရာချောက်တွင် ထိုမျှ ထက်မြက်သော တန်ခိုးစွမ်းအားကို ပိုင်ဆိုင်ထားသူ တစ်ယောက် ရှိနေခဲ့သည်ကို သူမ မသိခဲ့ခြင်း အတွက် အလွန်ပင် အံ့သြနေမိလေသည်။

သူမက အေးစက်သည့် လေသံဖြင့်...

"မင်းက ဘယ်သူလဲ"

"ကျုပ်က ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းရဲ့ တိရိစ္ဆာန်ဂိုဏ်းခွဲက ထူကျူ့ အရှင်ပါ၊ ကျုပ်နာမည်က ပေမင်ကျီလို့ ခေါ်ပါတယ်"

ထိုသူက ပြုံးရင်း ပြန်ဖြေလိုက်လေသည်။

သူ၏အသံမှာ ငှက်ဆိုးထိုးသံကဲ့သို့ စူးရှဆိုးဝါးလှ သည့်အတွက် ယွမ်ကျွင်းကေရှီမှာ အနည်းငယ် စိတ် အနှောင့်အယှက်ဖြစ်ရလေသည်။

ယွမ်ကျွင်းကေရှီသည် ချက်ချင်းပင် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း အကြောင်း၏ ဇာစ်မြစ်ကို ပြန်စဉ်းစား ကြည့်လိုက်လေသည်။

အသူရာချောက်၏ အရှင်သခင် ပျောက်ကွယ် သွား သည့်နောက် သူ၏ထိပ်တန်း မရဏာစား (၂)လက်ဖြစ်သည့် ယွမ်တုစားနှင့် ငရဲလမ်းစားတို့သည်လည်း လူအဖြစ် ဝင်စား ခဲ့ကြလေသည်။

ယွမ်တုဓားသည် တာအိုဆရာ သခင်ထိုက်ယီ၏ တပည့်တစ်ယောက် ဖြစ်လာပြီး ကျင့်စဉ်လမ်းကို အောင်မြင် သွားခဲ့လေသည်။

ငရဲလမ်းဓားသည်လည်း လူပြန်ဝင်စားကာ အမည်မသိ ဆရာသခင် တစ်ပါး၏ တပည့်ဖြစ်လာခဲ့ပြီ ယွမ်တုဓားကဲ့သို့ပင် အောင်မြင်မှု ရခဲ့လေသည်။ ထို့နောက် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကို တည်ထောင် ခဲ့လေသည်။ သို့သော်... ထိုသူသည် သက်တမ်းတိုခဲ့ပြီး ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်းသည်လည်း ပျောက်ကွယ် သွားခဲ့လေသည်။

ထိုအချိန်က ယွမ်ကျွင်းကောရီသည် ငရဲလမ်းဓား၏ တန်ခိုးစွမ်းအားများကို ကြောက်ရွံ့ခဲ့သည့် အတွက် ထိုအကြောင်းများကို စုံစမ်းခြင်း မပြုလုပ်ခဲ့ပေ။

သို့သော်... ယခုကဲ့သို့ အရေးတကြီး အချိန်တွင် ဟွမ်ချမ်နတ်ဆိုးဂိုဏ်း ပြန်လည်ထွက်ပေါ်လာလိမ့်မည်ဟု သူမ လုံးဝမျှော်လင့်မထားခဲ့မိပေ။

ယွမ်ကျွင်းဧကရီက...

"မင်း ငါ့ကို ဘာလို့လာရှာရတာလဲ..."

"ဘာမှတော့မဟုတ်ပါဘူး၊ အခုအချိန်မှာ အသူရာချောက်မှာ တာ့ရှား၊ ယင်းစန်းနဲ့ တာ့ကျိုးပြည်တွေက ရင်ပေါင် တန်းရပ်တည်နေပြီး အဲဒီတိုင်းပြည်တွေအကုန်လုံးက သူတို့ ကိုယ်သူတို့ ကံကြမ္မာရဲ့ အရှင်သခင်တွေဖြစ်လာဖို့ ဆုံးဖြတ်နေကြတယ်၊ ကျုပ် အခုရောက်လာတာက ကူညီပေးဖို့ ရောက်လာတာပါ"

ပေမင်ကျီက ပြောလိုက်လေသည်။

ယွမ်ကျွင်းဧကရီက...

"မင်းက ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်းတစ်ခုလုံးကို ကိုယ်စားပြုတဲ့သူ

လား"

ပေမင်ကျီက ယွမ်ကျွင်းကေရီကို နက်ရှိုင်းသည့် အကြည့်တစ်

ချက်ဖြင့် ကြည့်လိုက်လိုက်ပြီး...

"ကျုပ်က ကျုပ်ကိုယ်ကျုပ်ပဲ ကိုယ်စားပြုနိုင်ပါတယ်"

ယွမ်ကျွင်းကေရီက...

"အားလုံးက ယင်နဲ့ယန် အတူတကွ ယှဉ်တွဲတည်ရှိ နေကြတာပဲ၊

ယွမ်တုဓားနဲ့ ငရဲလမ်းဓားဟာလည်း တစ်ခုပဲ တည်ရှိနိုင်လိမ့်

မယ်၊ ငါပြောတာ မှန်တယ်မဟုတ်လား"

ပေမင်ကျီက သက်ပြင်း တစ်ချက် ချလိုက်ရင်း...

"ခင်ဗျားက တာအိုဆရာသခင်ကြီးရဲ့ တပည့်ပီသပါပေတယ်၊

ဆရာဘိုးဘိုး ငရဲလမ်းဓားနဲ့ ယွမ်တု အကြီးအကဲတို့က အဆုံးမ

ရှိ တိုက်ခိုက်ခဲ့ကြတဲ့ သူတွေပါ၊ ဒါပေမဲ့ ခင်ဗျားကို ကူညီပေးရ

တဲ့ ရည်ရွယ်ချက် ကတော့ ဆရာဘိုးဘိုး ငရဲလမ်းဆားနဲ့ရော ဟွ မ်ချွမ်နတ်ဆိုးဂိုဏ်းနဲ့ပါ မသက်ဆိုင်ပါဘူး"

ယွမ်ကျွင်းကေရီတွင် ပြောစရာစကား မရှိတော့ပါ။

သို့သော် သူမသည် သူတို့ (၂)ယောက်စကား ပြောခဲ့ခြင်း၏ အနှစ်သာရကိုတော့ သိရှိခဲ့လေသည်။ ယွမ်တုဆားနှင့် ငရဲလမ်း ဆားသည် တစ်ချိန်တည်းမှာပင် မွေးဖွားခဲ့ကြသည့် မူလမရဏ ဆားများ ဖြစ်လေသည်။ သို့သော်… အရာ အားလုံးသည် ယင် နှင့်ယန် အတူတကွ တည်ရှိကြသည် ဖြစ်လေရာ ထိုဆား (၂)လက် အတွက်လည်း ခြွင်းချက်မရှိပေ။

သူတို့သာ အသူရာချောက်၏ အရှင်သခင်လက်ထဲတွင် မရဏ ဆားများအဖြစ် အတူတကွ တည်ရှိခဲ့လျှင် ပဋိပက္ခ ဖြစ်ကြမည် မဟုတ်ပေ။

သို့သော်… သူတို့သည် တာအိုကျင့်စဉ်လမ်းကို လိုက်ခဲ့ကြပြီး ပြိုင်ဘက်များ ဖြစ်ခဲ့ကြလေသည်။

ဤသည်မှာ သဘာဝအတိုင်းပင် ဖြစ်ပြီး အခြားတစ်ယောက်သည် နောက်တစ်ယောက် အတွက် ဆန္ဒရှိစွာဖြင့် စတေးခံလိုက်ခြင်းမရှိလျှင် ထိုပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ပေ။ သို့သော်... မည်သည့်ဇာစ်မြစ်မှ ဖြစ်တည်လာသည့်သူ ဖြစ်ပါစေ ထိုမျှအထိ ကျင့်ကြံခြင်း အဆင့်တက် ရောက်ပြီးလျှင်တော့ ကိုယ့်ကိုယ်ကိုယ် စတေးခံဝံ့တော့မည် မဟုတ်ပေ။ ယွမ်ကျွင်းကေရီ၏ဘဝတွင် ထိုသို့ စတေးခံရဲသူဆို၍ ချန်ကျန့်မေ တစ်ယောက်သာလျှင် တွေ့ဖူးလေသည်။ သို့သော် ချန်ကျန့်မေသည် ချန်ကျန့်မေသည်လည်း မည်သူ့အတွက်မှ စတေးခံခဲ့သည် မဟုတ်ဟူ၍လည်း ပြောနိုင်လေသည်။

ထို့ပြင် ဆန်းလျန်သည် ယွမ်တုဓားနှင့် ဆက်စပ်ပတ်သက်မှု ရှိလေသည်။

ထို့ကြောင့် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းသည် ဆန်းလျန်ကို
အောင်မြင်စေလိုခြင်း မရှိသည်မှာ သဘာဝကျသည်ဟု ယွမ်
ကျွင်းကေရီ တွေးလိုက်မိလေသည်။
သို့သော်… ပေမင်ကျီက သူသည် ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်းကို
ကိုယ်စားမပြုဟု ဆိုခဲ့သည့် အချက်ကို ယွမ်ကျွင်းကေရီ နားမ
လည်နိုင်ခဲ့ပေ။
ယွမ်ကျွင်းကေရီက…
"ငါက ယုံလွယ်တဲ့သူတော့ မဟုတ်ဘူး၊ အပြောချည်း
သက်သက်ကိုတော့ ငါမယုံနိုင်ဘူး၊ မင်းက ဆုံးဖြတ်ချက်
ချထားပြီးပြီ ဆိုရင်တော့ လုပ်ရပ်နဲ့သာ သက်သေပြပေတော့”
ပေမင်ကျီကပြုံးလိုက်ရင်း…
"ဟုတ်ပါပြီ၊ ကျုပ်ရဲ့ သစ္စာရှိမှုကို ပြသပါ့မယ်၊ အသစ်
တည်ထောင်ထားတဲ့ တာ့ကျိုးပြည်က အားနည်းလွန်းတယ်၊
ကျုပ်က အရမ်းတော်တဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး၊

ဒါပေမဲ့ လှည့်ကွက်လေးတွေ သုံးလိုက်လို့ ရတယ်၊ တာ့ကျိုး

ပြည်ကို ကျုပ်က ပင်လယ် ရေအောက်ထဲ ရောက်သွားအောင်

လုပ်လိုက်မယ်ဆိုရင် ကျုပ်ရဲ့ သစ္စာရှိမှုကို ခင်ဗျား လက်ခံနိုင်

ပါလိမ့်မယ်”

ယွမ်ကျွင်းကေရီက မျက်နှာ တစ်ချက်ပျက်သွားပြီး...

"အဲဒီလိုလုပ်ရင် ဝဠ်လည်မှာ မင်းမကြောက်ဘူးလား"

ပေမင်ကျီက ရယ်မောလိုက်ရင်း...

"ကျုပ်က တာအိုပါပဲ၊ တရားအလင်းရအောင် ကျင့်ကြံခဲ့သလို

ဝဠ်လည်ရင်လည်း ခံလိုက်မယ်"

ယွမ်ကျွင်းကေရီမှာ ပေမင်ကျီကို လေးစားသွားမိလေသည်။

ထိုနည်းလမ်းသည် အပြစ်တရားကို ကျင့်စဉ်အဖြစ် ပြောင်းလဲ

ပစ်သည့် နည်းလမ်းပင် ဖြစ်လေသည်။ သို့သော်... ထိုနည်း

လမ်းသည် လွယ်ကူခြင်းမရှိပါ။ ပေမင်ကျီသည် ဟွမ်ချွမ်

နတ်ဆိုး ဂိုဏ်းမှ သာမန် နတ်မိစ္ဆာတစ်ယောက်သာ ဖြစ်မည်ဆို

လျှင် ထိုကျင့်စဉ်ကို ကျင့်ကြံရန်မှာ မဖြစ်နိုင်ပေ။ ထို

သူ၏ဇာစ်မြစ်သည် အဘယ်သို့ ဖြစ်နိုင်ပါသနည်း။

သို့သော်... ပေမင်ကျီ မည်သည့် အလုပ်ပင်လုပ်ပါစေ သူမကို

မထိခိုက်ဘူး ဆိုလျှင်တော့ သူမအနေဖြင့် တားဆီးစရာ

အကြောင်းမရှိပေ။

ယွမ်ကျွင်းဧကရီက...

"ဒါဖြင့်လည်း မင်းအလုပ်နဲ့သက်သေပြတာကို ငါ စောင့်နေ

မယ်"

အခန်း (၆၅၄) မိစ္ဆာသွေးစက်

ပေမင်ကျိဳက...

"ကျုပ်ရဲ့လုပ်ရပ်ကိုသဘောကျတယ်ဆိုရင် ကျုပ်ကို

အကူအညီ တစ်ခုလောက်တော့ ပြန်ပေးပါ"

ယွမ်ကျွင်းဧကရီက...

"မင်းက ငါ့ဆီက ဘာလိုချင်လို့လဲ"

"ကမ္ဘာဦးအင်းအမိန့်တော်..."

ပေမင်ကျိဳက ပြောလိုက်လေသည်။

ယွမ်ကျွင်းဧကရီက ခဏတာမျှ စဉ်းစားလိုက်ပြီး...

"ကောင်းပြီလေ"

ပေမင်ကျိဳက ရယ်မောလိုက်ပြီး လေနှင့်အတူ ပျောက်ကွယ်

သွားလေတော့သည်။

သူ၏ အလင်းအလျင်ဖြင့် ခရီးသွားနှုန်းမှာ အလွန်လျှင်မြန်လှ

သည့်အတွက် ယွမ်ကျွင်း ဧကရီပင်လျှင် သူ၏ပုံရိပ်ကို မြင်

တွေ့လိုက်ရခြင်း မရှိပေ။ ပေမင်ကျိဳ၏ လျင်မြန်မှုမှာ

ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှပြီး တာအို ဆရာလုယာ

နှင့်ပင် ကောင်းကောင်း ယှဉ်နိုင်လေသည်။

အသူရာချောက်သို့ ဆန်းလျန်နှင့် အတူလိုက်လာသည့် နတ်

ဘုရားများနှင့် ကျင့်ကြံသူများသည် တာ့ကျိုးနယ်တွင်

အခြေချ နေထိုင်ခဲ့ကြလေသည်။

အသူရာချောက်မှ အသက်ဓာတ် စွမ်းအားများမှာ များပြား

သည့်တိုင် မှောင်မှိုင်းလျက် ရှိကြလေသည်။

သို့သော်… ဖားဟိုင်ဆရာတော်နှင့် အခြားသူများအတွက်တော့

ကျင့်ကြံခြင်း အတွက် အခွင့်အရေး ကောင်းပင် ဖြစ်လေ

သည်။ သူတို့အားလုံးသည် စိတ်အေးလက်အေး ရှိနေကြပြီး

အနာဂတ်အတွက် မျှော်လင့်ချက်များဖြင့် ပြည့်နေကြလေ

သည်။

ဆန်းလျန်က သူနှင့်အတူ လိုက်လာသည့် ကျင့်ကြံသူ တစ်သိန်း

ကို ရှုပ်ထွေးသည့် အရံအတား ဖွဲ့စည်းမှုတစ်ခု ပြုလုပ်ပေးပြီး

ကျင့်ကြံစေရန် ဆုံးဖြတ်လိုက်လေသည်။ စစ်အင်အား ကောင်းလာပြီ ဆိုပါက လောကတစ်ခုလုံးနှင့် ရင်ပေါင် တန်းယှဉ်ပြိုင်နိုင်တော့မည် ဖြစ်လေသည်။

ဆန်းလျန်ပြုလုပ်သကဲ့သို့ စစ်အင်အားစုစည်းခြင်းကို ပြုလုပ်ခြင်းမှာ အသူရာချောက်တွင် ပထမဆုံးအကြိမ် မဟုတ်ပါ။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ကျယ်ကျော် အမိန့်တော်ဂိုဏ်းသည်လည်း ထောင်ပေါင်း များစွာသော နတ်ဘုရားများကို စုစည်းပြီးယခုကဲ့သို့ စစ်အင်အား စုစည်းခဲ့ဖူးလေသည်။ ဆန်းလျန်၏အဆင့်သည် ထုန်ထျန်းအရှင်သခင်နှင့် ယှဉ်လျှင် များစွာ နိမ့်ကျနေပါသေးသည်။

သို့သော်... သူသည် ယိလမ်းစဉ်ကိုလည်း နားလည်သူဖြစ်သလို မူလဝိညာဉ် ခန္ဓာသည်လည်း အလွန်မှ စွမ်းအား မြင့်မားလေသည်။

သူ့တွင် အကြံဉာဏ်များစွာရှိပြီး သူ၏ရည်ရွယ်ချက် အောင်မြင်မည်ဟု ယုံကြည် ထားလေသည်။

သို့သော်... သူ၏ အရံအတား ဖွဲ့စည်းမှုသည် ကျယ်ကျော်က အမိန့်တော်ဂိုဏ်း ဖွဲ့စည်းစဉ်ကကဲ့သို့ ထောင်ပေါင်း များစွာ သော နတ်ဘုရားများ ပါဝင်ခြင်းမရှိသလို ထိုမျှလောက်လည်း အင်အား ပြင်းထန်ခြင်း မရှိပေ။

ထိုအချိန်တုန်းကတော့... ကျယ်ကျောက် အမိန့်တော်ဂိုဏ်း၏ အမြင့်ဆုံးသော နေ့ရက်များ ဖြစ်ပြီး အထွတ်ထိပ်အဆင့်သို့ ရောက်ရှိခဲ့သည့် အချိန်ဖြစ်လေသည်။

အသူရာချောက်နှင့် ချင်းရွှမ်နတ်တံခါး တည်ရှိရာလောက (၂)ခုပေါင်းလျှင်ပင် နတ်ဘုရားပေါင်း (၂၀၀)မျှသာ ရှိလေရာ ကျယ်ကျောက် အမိန့်တော်ဂိုဏ်းသည် ထောင်ပေါင်း များစွာ သော နတ်ဘုရားများကို သူတို့နှင့်အတူ ပူးပေါင်းရန် မည်သို့ စုဆောင်းခဲ့သည်ကို တွေးကြည့်၍ပင် မရနိုင်ခဲ့ပေ။

ဆန်းလျန်သည် စိတ်ဝိညာဉ် ငြိမ်းအေးမှု အဆင့်တွင် ရောက်နေပြီး စကြဝဠာငယ်လေး တစ်ခုသည် သူ၏စိတ်အာရုံ အတွင်းသို့ဝင်ရောက် လာလေသည်။ မိုးကုပ်စက်ဝိုင်း တစ်လျှောက်တွင် မရေမတွက်နိုင်သည့် ကြယ်စင်များ ထွန်းလင်းတောက်ပနေပြီး ဝိညာဉ်စွမ်းအားများက အရာအားလုံးကို ရှင်သန်စေသည့် အလား မြင့်မားလျက် ရှိလေသည်။ ထိုရှုမျှော်ခင်းသည် အံ့သြစရာကောင်းလွန်းပြီး ခမ်းနား လွန်းလေသည်။

ငှက်များနှင့် သားရဲတိရစ္ဆာန်များ တစ်အုပ်ပြီးတစ်အုပ် ရောက်ရှိလာကြလေသည်။ ပုရွက်ဆိတ်ငယ်လေးများသည်ပင်လျှင် အသက်ဓာတ် စွမ်းအားများကို ပြည့်ဝစွာ ခံစား နေကြရလေသည်။

ဆန်းလျန်သည် ပကတိဖန်ဆင်းခြင်း ပညာကို အသုံးပြုပြီး မိုးမြေလောက တစ်ခုလုံးနှင့် သက်ရှိ သတ္တဝါ အုပ်စုများကို ကြည့်ရှု နေခဲ့လေသည်။

သူ၏စိတ်ထဲမှ စကြဝဠာသည် ပို၍ပို၍ ရှုပ်ထွေးလာလေ

သည်။

စကြဝဠာငယ်လေး အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာသည့်

အခါတွင်တော့ ဆန်းလျန်သည် သူပြုလုပ်မည့် အရံအတား

ဖွဲ့စည်းပုံကို အကြမ်းအားဖြင့် အတည်ပြု လိုက်နိုင်လေသည်။

ထို့နောက် လက်တွေ့ကျသည့် ဖွဲ့စည်းမှုတစ်ခု ပြုလုပ်ရန်

အတွက် သေချာစေခဲ့လေသည်။

ဆန်းလျန်သည် အကန့်အသတ် မရောက်မီပင် သူ၏စိတ်ထဲမှ

စကြဝဠာငယ်သည် ပျောက်ကွယ် သွားပြီး သူ၏စိတ်ထဲတွင်

မှောင်မှိုင်းနေသည့် စွမ်းအားများသာ ကျန်ရစ်ခဲ့လေသည်။

သူသည် သဘာဝတရားကို အမီပြုပြီး ဖွဲ့စည်းပုံကိုရေးဆွဲနေ

ချိန်တွင် ပြဿနာ အနည်းငယ်ကို အာရုံခံမိလေသည်။ သို့သော်

မည်သည့် ပြဿနာ ဖြစ်သည်ကိုတော့ အတိအကျ မသိနိုင်ခဲ့

ပေ။

သို့သော်... ဖြစ်လာမည့် ပြဿနာသည် အရေးကြီးခြင်း မရှိသည်ကတော့ ထင်ရှားနေလေသည်။

မည်သို့ပင်ဖြစ်စေ... ဆန်းလျန်သည် အနည်းငယ် စိတ်ပူမိသည့် အတွက် စိတ်စွမ်းအား အသုံးပြုကာ ဖန်းယန်ယင်းကို ဆင့်ခေါ်လိုက်လေသည်။

ဖန်းယန်ယင်းသည် ဓားဝိညာဉ်တစ်ခု အသွင်ဖြင့်ဆန်းလျန်၏ နန်းတော်အတွင်းသို့ ချက်ချင်း ရောက်ရှိလာလေသည်။

သူမက ဆရာဦးလေး ဖြစ်သူကို ဦးညွှတ် ဂါရဝပြုလိုက်ရင်း...

"ဘာခိုင်းစရာရှိလို့လဲ ဆရာဦးလေး...."

ဆန်းလျန်က...

"ကျိုကျိုက်ဝတ် ကျောင်းတော်က ဆရာလေးဆီက ဖန်ပုလင်းလေးကို ငှားလာခဲ့၊ အဲဒီပုလင်းနဲ့ သွေးနီရောင် ပင်လယ်ထဲက ရေနည်းနည်း ထည့်လာပြီး ကျုပ်ဆီယူလာခဲ့ပါ"

ဖန်းယန်ယင်းက...

"ဆရာဦးလေး... ဘာလုပ်မလို့လဲ"

"နောက်ရက်တွေကျ ပြဿနာတစ်ခု ဖြစ်လိမ့်မယ်၊ ဒါကြောင့် မိစ္ဆာသွေးစက်လုပ်မလို့၊ လာနှောင့်ယှက်တဲ့သူက ဘယ်သူပဲဖြစ်ပါစေ သူ့ရဲ့တာအိုခန္ဓာကို ညစ်ညမ်းအောင် လုပ်ပြီး ပညာပေးလိုက်ချင်တယ်"

ဆန်းလျန်က အေးအေးဆေးဆေးပင် ရှင်းပြလိုက်လေသည်။

ဆရာဦးလေးသည် ဖြစ်လာမည့် အကြောင်းအရာများကို ခန့်မှန်းနိုင်စွမ်းရှိသည်ကို သိထားသည့် အတွက် ဖန်းယန်ယင်းက ထပ်မံမေးမြန်းခြင်း မပြုတော့ပါ။

သို့သော် သူမသည် ဆရာဦးလေး ဖြစ်သူကိုမှ လာရောက် ဒုက္ခပေးချင်သည့် ကံဆိုးလှသည့်သူမှာ မည်သူများလဲဟု သိချင်နေမိလေသည်။

မိစ္ဆာသွေးစက်ဆိုသည်မှာ ဆရာဘိုးဘိုးယွမ်ချင်း လက်ဆင့်ကမ်းခဲ့သည့် ချင်းရှမ်နတ်တံခါး၏ ကျင့်စဉ်များထဲမှ

ရှားပါးသည့် မှော်နက်ကျင့်စဉ်တစ်ခု ဖြစ်လေသည်။ အမှန်တော့ မိစ္ဆာသွေးစက်ကို ပြုလုပ်ရန်အတွက် သွေးနီရောင်ပင်လယ် ရေလိုအပ်ခြင်းမရှိပေ။

မိန်းကလေး တစ်ယောက်၏ မသန့်စင်သည့်သွေးကို အသုံးပြုနိုင်သလို ညစ်ညူးသည့် မှော်ကနက် စွမ်းအား တစ်ခုခုကိုလည်း အသုံးပြုနိုင်လေသည်။

ကျင့်ကြံသူ တစ်ယောက်သည် မိစ္ဆာသွေးစက်ဖြင့် ထိမိပါက ဆိုးဆိုးရွားရွား ညစ်ညမ်းသွားမည် ဖြစ်ပြီး နှစ်ပေါင်းထောင်ချီပြီး ကျင့်ကြံထားခဲ့သမျှ အရာအားလုံး အလဟဿ ဖြစ်သွားရမည် ဖြစ်လေသည်။

ဆန်းလျှန်သည် မိန်းကလေးတစ်ယောက်၏ မသန့်စင်သည့်သွေးကို အသုံးပြုပြီး မိစ္ဆာသွေးစက် အစီအရင်ကို ပြုလုပ်ရလောက်အောင် စိတ်ထားယုတ်ညံ့သူ တစ်ယောက် မဟုတ်ပေ။

ထို့ကြောင့် သူက သွေးနီရောင်ပင်လယ်ရေ ကိုအသုံးပြုရန်

ရွေးချယ်လိုက်ခြင်း ဖြစ်လေသည်။

သို့သော်... သွေးနီရောင်ပင်လယ်ရေသည် စွမ်းအား မြင့်မားလှ

သည့် အတွက် သာမန် ပစ္စည်းများဖြင့် ထည့်သိုယူဆောင်ရန် မ

ဖြစ်နိုင်ပေ။ ထို့ကြောင့် ဆန်းလျန်က ကျိကျိုက်ဝတ် ကျောင်း

တော်မှ ဆရာလေး၏ ဖန်ပုလင်းကို ငှားရမ်းစေခဲ့ခြင်း ဖြစ်လေ

သည်။

ဆန်းလျန်ထံမှ အမိန့်ရသည်နှင့် ဖန်းယန်ယင်းသည် ကျိုးနန်

ဆရာလေးဆီသို့ ထွက်ခွာ လာခဲ့လေသည်။

ဖန်းယန်ယင်း ထွက်ခွာသွားသည်နှင့် ဆန်းလျန်သည် စိတ်

ဝိညာဉ် ငြိမ်းအေးခြင်းအဆင့်သို့ ပြန်လည်ဝင်စားနေလိုက်လေ

သည်။

ဖန်းယန်ယင်း ပြန်ရောက်လာမှသာလျှင် မိစ္ဆာသွေးစက်

အစီအမံကို ပြုလုပ်နိုင်မည် မဟုတ်ပါလား။

ယိုတုတောင်သည်ကား အသူရာချောက်၏ မြောက်ပိုင်းဒေသ

တွင်ရှိသည့် သန့်စင်သည့် နယ်မြေတစ်ခု ဖြစ်လေသည်။

မြောက်ပိုင်းဒေသမှ လူမျိုးများသည် ထိုတောင်ကို ကိုးကွယ်

ဆည်းကပ် တန်ဖိုး ထားကြလေသည်။

သို့သော်... ယိုတုတောင်သည် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း လျှို့ဝှက်

စခန်းချရာ နေရာတစ်ခု ဖြစ်သည်ကိုတော့ မည်သူမှ သိရှိကြ

ခြင်း မရှိပေ။ ရံဖန်ရံခါ တောင်ပေါ်မှ ထွက်ပေါ်လာလေ့ရှိသည့်

ထူးဆန်းသည့် နိမိတ် လက္ခဏာများသည် အမှန်တော့ ဟွမ်ချွမ်

နတ်ဆိုးဂိုဏ်းက ပြုလုပ်နေခြင်းသာ ဖြစ်လေသည်။

ယိုတုတောင်သည် မိုင်ပေါင်းများစွာ ရှည်လျားပြီး တောင်ခြေ

တွင် အသူရာ ချောက်ကိုးထပ်ကို ဖြတ်သန်းစီးဆင်းနေ သည့်

ဝိညာဉ်မြစ် ရှိလေသည်။ ဟွမ်ချွမ်နတ်ဆိုး စစ်တပ်သည် ထို

နေရာတွင် တပ်စွဲထားလေသည်။ ထိုနေရာသည် အလွန်

ကျယ်ပြန့်ပြီး လွတ်လပ်သည့် တိုင်းပြည်တစ်ပြည်နှင့် ဆင်တူလေသည်။

ယိုတုတောင်၏ အလယ်ဗဟိုတွင် နန်းတော်တစ်ခုရှိနေပြီး "စန်းလော်ခန်းမဆောင်" ဟု ရေးသား ထားလေသည်။ ရေးသားထားသော စာလုံးတစ်လုံးချင်းစီ၏ စုတ်ချက်တိုင်းတွင် သွေးနီရောင် ပင်လယ်မှ သတ်ဖြတ်လိုသည့် အငွေ့အသက်များဖြင့် ဖုံးလွှမ်းလျက် ရှိလေသည်။

စန်းလော်ခန်းမဆောင်ထဲတွင် ရဲ့လျိုယွင်ရှိနေပြီး မိစ္ဆာစွမ်းအားများသည် သူ၏အဖြူရောင် ဝတ်စုံကိုပင် ညစ်နွမ်း သွားစေတော့မည့် အလား ထင်မှတ်ရလေသည်။

သူသည် ငရဲလမ်း ပုလ္လင်ထက်တွင် ထိုင်နေပြီး မရေမတွက်နိုင်သည့် နတ်ဆိုးစစ်သည်တော်များ၊ နတ်ဆိုး စစ်ဗိုလ်ချုပ် များကသူ့ကို ခစားနေကြသည်ကို ကြည့်ခြင်းအားဖြင့် သူသည် ဟွမ်ချ

မ် နတ်ဆိုးဂိုဏ်းတွင် အမြင့်ဆုံး အာဏာရှိသူတစ်ယောက်

ဖြစ်သည်မှာ သိသာ လှလေသည်။

သူသည် လက်ရှိအာဏာကို ရရှိရန်အတွက် အောက်ခြေမှစတင်

ကာ ကြိုးစားခဲ့ရသူ ဖြစ်လေသည်။ ထိုသို့ ကြိုးစားခဲ့ရစဉ်

ကာလ တစ်လျှောက်တွင် သူခံစားခဲ့ရသည့် နာကျင်မှုများ၊

သည်းခံခဲ့ရမှုများကို မည်သူမှ သိရှိနိုင်မည်မဟုတ်ပေ။

ရဲ့လျိုယွင်သည် သူ၏ဆရာဖြစ်သူ ထူကျူအရှင်ယိုကျန့်ကို

ခေါင်းဖြတ် သတ်ခဲ့ပြီးသည့် နောက်ပိုင်း သူ၏အစွမ်းအစများ

ကိုမည်သူမှ သံသယမဝင်ရဲတော့ပေ။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှ ဂိုဏ်းသားအားလုံးက ရဲ့လျိုယွင်သည်

သမိုင်းတစ်လျှောက်တွင် အရည်အချင်း အရှိဆုံးသော

ဂိုဏ်းချုပ်ဖြစ်သည်ကို ဝန်ခံသဘောတူခဲ့ကြလေသည်။

အမှန်တော့… ရဲ့လျိုယွင်သည် နွေးထွေးပြီး ချဉ်းကပ်ရ လွယ်

သူ တစ်ယောက် ဖြစ်လေသည်။

သူသည် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှ သာမန်တပည့်များ၏ နာမည်များကိုပင် မှတ်မိနေသူ ဖြစ်လေသည်။ ထို့ပြင် သူက ဒေါသထွက်ခဲပြီး ဒေါသထွက်ခဲ့လျှင်လည်း ဒေါသကို ထုတ်ဖော် ပြသလေ့ရှိသူ မဟုတ်ပေ။ သူသည် အမြဲတမ်းလိုလို ယဉ်ကျေးရည်မွန်သူ တစ်ယောက် ဖြစ်လေသည်။

သို့သော်… သူ… ချမှတ်ထားသည့် စည်းကမ်းများကို ဖောက်ဖျက်မည်ဆိုလျှင်တော့ နောက်တစ်နေ့တွင် ထိုသူကို အသက်ရှင်လျက် မြင်တွေ့ရတော့မည် မဟုတ်ပေ။ သူက စည်းကမ်း ဖောက်သူများကို နောက်ဆုံးအနေဖြင့် အစားအသောက် တစ်နပ်ကျွေးပြီးသည်နှင့် ကွက်မျက် ပစ်လေ့ရှိလေသည်။

သို့သော်…

ယနေ့တွင်တော့ ရဲ့လျိုယွင်သည် ဒေါသ ထွက်နေလေသည်။

သူ့ရှေ့တွင် ဒူးထောက်နေသည့် နတ်ဆိုးစစ်ဗိုလ်ချုပ်ကို သူက

မေးခွန်း ထုတ်လိုက်သည်။

"ပေမင်ကျီက ကျုပ်ရဲ့ ခွင့်ပြုချက်မရဘဲ နန်းတော်ထဲက ထွက်

သွားရဲ့သလား"

နတ်ဆိုးစစ်ဗိုလ်ချုပ်က...

"ဂိုဏ်းချုပ်၊ ထူကျူအရှင်က ခဏတစ်ဖြုတ်ထွက်သွားတာပါ၊

သိပ်မကြာခင် ပြန်လာမှာပါ"

ရဲ့လျိုယွင်က...

"ဒါပေမဲ့ ကျုပ်အမိန့်နဲ့ မဟုတ်ရင် ဘယ်သူမှ ယိုတုတောင်က

ထွက်သွားလို့ မရဘူးလို့ စည်းကမ်း ထုတ်ထားတယ် လေ၊

သူက ကျင့်ကြံခြင်း အဆင့်မြင့်လာတာနဲ့ ကျုပ်ရဲ့ အမိန့်ကို

ဖီဆန်ရဲတာလား”

ရဲ့လျိုယွင် အကြီးအကျယ် ဒေါသထွက်နေသည်ကို လူတိုင်း

ရိပ်မိကြလေသည်။

ပလ္လင်ရှေ့တွင် ဒူးထောက်နေသည့် နတ်ဆိုးစစ်ဗိုလ်ချုပ်မှာ ကြောက်လွန်းသောကြောင့် တုန်ယင်လျက် ရှိလေသည်။ ထိုစစ်ဗိုလ်ချုပ်မှာ ယိုတုတောင်မှ ထွက်ခွာသွားသူများ၊ ယိုတုတောင်သို့ ဝင်ရောက် လာသူများကို စောင့်ကြည့်ရ သည့် တာဝန်ကို ယူထားရသည့် စစ်ဗိုလ်ချုပ် ဖြစ်လေသည်။

သို့သော် ထူကျုုအရှင်ပေမင်ကျီကိုတော့ သူ့အနေဖြင့် မည်သို့ တားဆီးနိုင်ပါမည်နည်း။ တားဆီးနိုင်မည် ဆိုဦးတော့ တားဆီးရဲမည် မဟုတ်ပါချေ။

"ဂိုဏ်းချုပ်၊ ပေမင်ကျီရဲ့ဇာစ်မြစ်ကို ဂိုဏ်းချုပ်လည်း သိတာပဲ၊ သူက နောက်ခံ အားကောင်းတော့ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်း များစွာကတည်းက ကျွန်တော်တို့ကို ဘယ်မှာ မျက်စိထဲထားလို့လဲ"

တစ္ဆေဂိုဏ်းခွဲမှ ထူကျုုအရှင်က အေးစက်သည့် လေသံဖြင့် ပြောလိုက်လေသည်။

အခန်း (၆၅၅) ဖမ်းဆီးခြင်း

တစ္ဆေဂိုဏ်းခွဲမှ ထူကျူးအရှင်၏ စကားကို ကြားလိုက်ရ

သည်နှင့် ရဲ့လျိုယွင်သည် တိတ်ဆိတ် ငြိမ်သက် သွားလေ

သည်။

အမှန်တော့ ပေမင်ကျီသည် ရဲ့လျိုယွင်ထက်ပိုပြီး တန်ခိုး

စွမ်းအားမြင့်မားသူ တစ်ယောက် မဟုတ်ပါ။ သို့သော် ပေမင်

ကျီသည် ထိုပုဂ္ဂိုလ်၏ အနွယ်တော် တစ်ယောက်ဖြစ်

သည့်အတွက် ရဲ့လျိုယွင် ချမှတ်ထားသည့် စည်းကမ်းများ ကို

ပြောင်ပြောင်တင်းတင်းပင် ဆန့်ကျင်ရန် သတ္တိရှိနေခြင်း ဖြစ်

လေသည်။

ပေမင်ကျီနှင့်ပတ်သက်သည့်ပုဂ္ဂိုလ်မှာ အလွန် ကြောက်မက်ဖွယ်ရာ ကောင်းသူတစ်ယောက် ဖြစ်သည့် အတွက် ရဲ့လျိုယွင်က ပေမင်ကျီနှင့် ရန်သူဖြစ်လိုသည့် ဆန္ဒမရှိခဲ့ပေ။

ရဲ့လျိုယွင်သည် သက်ပြင်းတစ်ချက်သာ ချလိုက်မိလေတော့သည်။

သူ့အနေဖြင့် အသစ်သော ရွေးချယ်မှုများကို ပြုလုပ်ရန်လိုအပ်ပြီး လက်ရှိအနေအထားမှ လွတ်မြောက်ရန် ကြိုးစားရမည် ဖြစ်လေသည်။

စကြဝဠာ တစ်ခုလုံးကို ကြည့်လိုက်မည်ဆိုလျှင် သူ့ကိုထောက်ပံ့ပေးနိုင်ရန် အသင့်တော်ဆုံး ပုဂ္ဂိုလ်မှာ မဟာမာရှုယိပင် ဖြစ်လေသည်။ မဟာမာရှုယိဆိုသူမှာ လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက အစစ်ဆေးခံရမှု ထောင်ပေါင်းများစွာကို အောင်မြင်ကာ လောကကို ကျော်လွန်သွားသည့် "ဒေါင်းစိမ်းမင်းကြီး" ပင် ဖြစ်ပါ၏။

သို့သော်… မဟာမာရှုယိ မည်သည့်နေရာတွင် ရောက်ရှိ နေသည်ကို သိနိုင်သူမှာ လောကတွင် တစ်ယောက်သာ ရှိလေသည်။ ထိုသူမှာ နတ်မိစ္ဆာဘုရင် ကွေ့လိပင် ဖြစ်လေတော့၏။ သို့သော်… ကွေ့လိ၏ ဒေါသကို ရဲ့လျိုယွင် ကောင်းကောင်း သိလေသည်။ သူမသည် အလွန်မာနကြီးပြီး မည်သူ့ကိုမှလည်း အထင်မကြီးတတ်သူ ဖြစ်လေရာ မဟာမာရှုယိ မည်သည့် နေရာသို့ ရောက်နေသည်ကို သွားမေးလျှင်လည်း ကြည်ကြည်သာသာနှင့် ပြောပြမည် မဟုတ်ပေ။

ထို့ပြင် သူ၏လက်ရှိအဆင့်အတန်းဖြင့် ဒေါင်းစိမ်းမင်းကြီး မဟာမာရှုယိ အာရုံစိုက်ခံရအောင် မည်သည့် ကိစ္စကိုမှ ပြုလုပ်နိုင်မည် မဟုတ်ပေ။

ဆန်းလျန်သာ သူ့နေရာမှာဆိုလျှင် မည်သို့ ပြုလုပ်လေမည်လဲ ဟု ရဲ့လျိုယွင် စဉ်းစား ကြည့်လိုက်မိလေသည်။

ထိုအခါ... လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကတည်းကပင် သူနှင့် ရင်းနှီးခဲ့လေသော၊ မည်သည့် အရာကိုမှ ဂရုမစိုက်တတ်သည့် ဆန်းလျန်၏ မျက်နှာကို မျက်ဝန်းထဲတွင် မြင်ယောင် လာမိလေသည်။

ဆန်းလျန်သည် သူကဲ့သို့ အတွေးလွန်တတ်သူ တစ်ယောက် မဟုတ်ပေ။ ဆန်းလျန်သည်ကား အရာအားလုံးကို စွန့်လွှတ်ပြီး အသစ်မှ ပြန်စရမည်ဆိုလျှင်လည်း အေးအေးဆေးဆေးပင် အသစ်ပြန်စမည့် လူတစ်ယောက် ဖြစ်လေသည်။

ထို့ပြင် သူက ဆန်းလျန်မဟုတ်ပါ။ သူက ရဲ့လျိုယွင် ဖြစ်လေသည်။

သူသည် ဆန်းလျန်ကဲ့သို့ မမြင့်မြတ်နိုင်သလို ဘဝကိုလည်း ကစားပွဲတစ်ခုလို သဘောထားနိုင်သူတစ်ယောက်မဟုတ်ပါချေ။ အားလုံးက သူ့ကို ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်း၏ မျိုးဆက်သစ် ဂိုဏ်းချုပ် တစ်ယောက်ဟု သိမြင်ကြပေလိမ့်မည်။

သို့သော် သူ့ရင်ထဲမှ ရည်မှန်းချက် အစစ်အမှန်ကိုတော့ သူ သာလျှင် နားလည်လေသည်။

ချင်းရွှမ်နတ်တံခါးတည်ရှိရာလောကမှ ကျင့်ကြံသူများကို ဆန်းလျှန် ခေါ်လာပြီးသည့် နောက်ပိုင်း တာ့ကျိုးပြည်သည် အင်အားကြီးမား လာခဲ့လေသည်။ ချင်းရွှမ်နတ်တံခါးမှ တာအို ကျင့်စဉ်များသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသုံးဝင်လာပြီး ဝိညာဉ်စွမ်းအား စုစည်းမှုများကြောင့် ဝိညာဉ် လမ်းကြောင်းများလည်း ပွင့်လင်းလာလေသည်။

ထို့ပြင် ကျန့်ယီဂိုဏ်းမှ စုရှီးချင်၏ အင်းပညာများကြောင့် သာမန် လူများသည်ပင်လျှင် ကျင့်စဉ် ပညာများကို အလွယ်တကူ သင်ယူနိုင်ကြပြီ ဖြစ်လေသည်။ ရလဒ်အနေဖြင့် တာ့ကျိုးပြည်သည် အချိန်ကြာလာသည်နှင့် အမျှ ပိုပြီး ကြွယ်ဝချမ်းသာပြီး တိုးတက် ကြီးမားလာလေသည်။

ယနေ့တွင်တော့…

ပုရွက်ဆိတ်ငယ်များသည် ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်တစ်ခု ဖြစ်ပျက်တော့မည့် အလား လှုပ်လှုပ်ရှားရှား မတည်မငြိမ် ဖြစ်နေကြလေသည်။

ငှက်များသည်လည်း တောင်ပေါ်မှ အုပ်လိုက် ပျံသန်းသွားကြကာ သားရိုင်း တိရစ္ဆာန် များမှာလည်း တောထဲမှ ထွက်လာကြပြီး ရွာများကိုပင် တိုက်ခိုက်စ ပြုလာကြလေသည်။

ဟုန်ယွမ် ဆရာတော်သည် ဇင်ဗုဒ္ဓဘာသာတရားများဟောပြောနေခြင်းကို ရပ်တန့်လိုက်ကာ အနောက်ဆီသို့ တစ်ချက်လှမ်းကြည့် လိုက်လေသည်။

ထိုအခါ... တာ့ကျိုးပြည်ရှိရာသို့ ဒေါသတကြီးဖြင့် ဝင်ရောက်လာသည့် တန်ခိုးစွမ်းအား လှိုင်းလုံးကြီး တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

တစ်စုံတစ်ယောက်သည် တာ့ကျိုးပြည်၏ ဖွဲ့စည်းပုံနှင့်အရံအတားကို ဖျက်ဆီးပစ်ရန် ရောက်ရှိလာဟန် ရှိလေသည်။

အသူရာချောက်ကဲ့သို့ လူတစ်ယောက်၏ တန်ခိုးစွမ်းအားများကို အားနည်းအောင် လုပ်နိုင်သည့် နေရာမျိုးတွင် ထိုမျှကြီးမားသည့် တန်ခိုးစွမ်းအား လှိုင်းလုံးကြီးကို ပြုလုပ်နိုင်သူသည် မည်သူဖြစ်ပါသနည်း။ ဟုန်ယွမ်ဆရာတော်သည် အံ့သြနေခဲ့လေသည်။

မြောက်ဘက်အရပ်မှ ဝင်ရောက် လာတန်ခိုးစွမ်းအား လှိုင်းလုံးကြီးသည် တာ့ကျိုး ပြည်နယ်စပ်သို့ ရောက်သည့် အခါတွင်တော့ ပင်လယ်တစ်စင်း အဖြစ် ကူးပြောင်း သွားလေသည်။

ဟုန်ယွမ်ဆရာတော်က ချက်ချင်းပင် သူ၏ ပုတီးကိုယူလိုက်ပြီး မြောက်ဘက်အရပ်မှ တန်ခိုးစွမ်းအားများ ရှိရာသို့ ပစ်လွှတ် လိုက်လေသည်။ ပုတီးသည် ရွှေရောင် စက်ဝန်းပုံသဏ္ဍာန် ပြောင်းလဲသွားပြီး တန်ခိုးစွမ်းအားများကို ခုခံတိုက်ခိုက် လိုက်လေသည်။

ကျယ်လောင်သော ပေါက်ကွဲသံကြီးများ ထွက်ပေါ်လာပြီး ရေလှိုင်းများ ပွင့်ထွက်လာလေသည်။ ဟုန်ယွမ် ဆရာတော်၏ ပုတီးစေ့ဆယ့်ရှစ်လုံးသည် ရွှေမှုန်များ အဖြစ်သို့ ချက်ချင်းပင် ကူးပြောင်း သွားရကာ ရေလှိုင်းများထဲတွင် ပျောက်ကွယ် သွားရလေတော့သည်။

ရန်သူမှာ တန်ခိုးစွမ်းအား အလွန်မြင့်မားသည်ကို သိရှိလိုက်ရသည့် အတွက် ဟုန်ယွမ် ဆရာတော်က တစ်ချက် ညည်းညူလိုက်မိလေသည်။

ထိုအချိန်မှာပင် ဝတ်ရုံစတစ်စ ထွက်ပေါ်လာပြီး ကြီးမားသည့် တံတိုင်းကြီးအလား ရေလှိုင်းများကို တားဆီး ထားလိုက်လေသည်။

သို့သော် ချွန်ထက်သည့် ငှက်နှုတ်သီးတစ်ခုပေါ်ထွက်လာပြီး ဝတ်ရုံစကို ထိုးဆိတ်လိုက်လေရာ ဝတ်ရုံစပေါက်ပြဲပြီး ရေများ စီးဆင်း လာပြန်လေသည်။

တာ့ကျိုးပြည်သူပြည်သားများမှာ ကူရာကယ်ရာမဲ့သလို ခံစားလိုက်ကြရတော့သည်။

ထိုအချိန်မျာပင် မြေပြင်ထက်မှ ချင်းကွမ်း အလင်းတန်းများဖြာလင်းလာပြီး ရေများကို ပင့်တင်ကာ တားဆီး ထားလိုက်လေသည်။ အလင်းတန်းများသည် တာ့ကျိုးပြည်တစ်ပြည်လုံးနေရာအနှံ့မှ ထွက်ပေါ်လာပြီး တာ့ကျိုးပြည်ကို ကာကွယ် ထားလိုက်လေသည်။

အဆုံးမရှိသည့် ပင်လယ်ရေများသည် ချင်းကွမ်း အလင်းတန်းများ အတွင်းသို့ ဝင်ရောက် သွားလေတော့သည်။

ထိုအခါမှ ဟုန်ယွမ် ဆရာတော်မှာ စိတ်သက်သာရာ ရသွားပြီးဘုရားစာကို ရွတ်ဖတ် လိုက်နိုင်လေသည်။

ချင်းကွမ်း အလင်းတန်းများမှာ ဆန်းကျန်းရန် နတ်ဘုရား၏တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ ပြဿနာကို ဆန်းကျန်းရန် နတ်ဘုရား

ကိုယ်တိုင် ဖြေရှင်းလိုက်ပြီ ဆိုမှတော့ အရာအားလုံး သည် အန္တရာယ်ကင်းသွားပြီ ဖြစ်လေသည်။

တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကားသည် ဖြစ်တည်ခြင်း မရှိသေးသည့် လောကတစ်ခု ဖြစ်သော်လည်း ချင်းကွမ်း အလင်းတန်းများ အဖြစ် ပြောင်းလဲကာ ပင်လယ်ရေများကို ပန်းချီကား အတွင်းသို့ စုပ်ယူလိုက်ပြီး တာ့ကျိုးပြည်ကို ကယ်တင်လိုက်ခြင်း ဖြစ်လေသည်။

ရန်သူသည် ပင်လယ်ရေများသာမက လောကတစ်ခုလုံးမှ သမုဒ္ဒရာရေများကို ယူဆောင် လာလျှင်ပင် စိုးရိမ်စရာမရှိပေ။

ပေမင်ကျီသည် ထိတ်လန့်တုန်လှုပ်သွားပြီး တည်ငြိမ်မှု ပျောက်ဆုံး သွားရလေသည်။

သူသည် တန်ခိုးစွမ်းအား မြင့်မားသူ တစ်ယောက်ဖြစ်ပြီး ပင်လယ်ရေများကို မျိုချလာကာ တာ့ကျိုးပြည်ကို ရေလွှမ်းမိုး စေခဲ့ခြင်း ဖြစ်လေသည်။

သို့သော်... တာ့ကျိုးပြည်တွင် သူယူဆောင်လာသည့် မြောက်ပိုင်း ပေဟိုင်ပင်လယ်မှ ပင်လယ်ရေများ အားလုံးကို စုပ်ယူပစ်နိုင်သည့် မှော်အင်းသင်္ကေတ တစ်ခု ရှိနေလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပေ။

ပင်လယ်ရေများအားလုံး စုပ်ယူခံလိုက် ရပြီးသည့်နောက် ပန်းချီကားထဲမှ စကြဝဠာသည် အညစ်အကြေးများ ကင်းစင်ပြီး စိမ်းလန်းစိုပြေလာလေသည်။ ပန်းချီကားထဲတွင် ရေများသည် တောင်များတစ်ဝက် အထိရောက်အောင် မြင့်တက်လာသည်ကိုလည်း တွေ့မြင်ရမည် ဖြစ်လေသည်။

ပေမင်ကျီမှာ ရှေ့ဆီသို့ လှမ်းကြည့်လိုက်ပြီး ပန်းချီကားကို တွေ့မြင်လိုက်သည်နှင့် တုန်လှုပ် ချောက်ချားသွားရကာ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရလေသည်။ နီဝါးနတ်သမီး၏ တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံပန်းချီကား

သည်အဘယ့်ကြောင့် ဆန်းလျှန်ဆီသို့ ရောက်ရှိ နေရပါ
သနည်း။

သို့သော် ထိုပန်းချီကားသည် ပုံတူကူးထားခြင်း တစ်ခုသာ
ဖြစ်သည်ကို သိရှိလိုက်သည့် အခါတွင်တော့ သူသည်
ချက်ချင်းပြန်လည် တည်ငြိမ်သွားလေသည်။ နှီဝါးနတ်သမီး၏
ပန်းချီကား အစစ်သာ ဖြစ်ပါက သူယူလာသည့် ပင်လယ်ရေကို
မဆိုထားနှင့် စကြဝဠာပေါင်း (၃၀၀၀) နှင့် ဗုဒ္ဓ၏တောင် ဖြစ်
သည့် ရှီးမီစန်းတောင်ကိုပင် စုပ်ယူပစ်နိုင်မည် ဖြစ်လေသည်။
ပေမင်ကျီသည် အကြံအစည် မအောင်မြင်တော့သည်ကို သိရှိ
သွားသည်နှင့် လေအသွင် ကူးပြောင်းကာ ထွက်ပြေး သွားလေ
တော့သည်။

သို့သော်... သူသည် ခြေတစ်လှမ်း နောက်ကျသွားခဲ့လေပြီ။
သူက လေအသွင်ကူးပြောင်းလိုက်သည်နှင့် မရဏာဓား တစ်
လက် ထွက်ပေါ်လာပြီး လေထုကို ထိုးခွင်းလိုက်လေတော့

သည်။ ထို့ကြောင့် ပေမင်ကျီသည် ချက်ချင်းပင် ပင်ကိုရုပ်သွင် ပြန်ပြောင်းလိုက် ရလေသည်။

မရဏဓားမှာ ကြိုတင်ပြင်ဆင်ထားသည့် ဓားဖြစ်သည့်အတွက် ပေမင်ကျီမှာ သူ၏ လျင်မြန်လွန်းသည့် အလင်းအလျင်ဖြင့်ပင် ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပေ။ အမှန်တော့ သူသည် ဒေါသ ထွက်နေသည့် ဓားဝိညာဉ်ဖြင့် ပေါင်းစပ်ထားသည့် လူတစ် ယောက်ကို ရင်ဆိုင်လိုက်ရခြင်း ဖြစ်လေသည်။

ပေမင်ကျီလည်း မည်သို့မှ မတတ်နိုင်တော့ဘဲ သူ၏ မူလပုံစံကို ထုတ်ဖော်ကာ ဓားဝိညာဉ်ကို ခုခံလိုက်ရလေတော့သည်။ ဓား ဝိညာဉ်မှာ ချောမောလှပသည့်တိုင် အေးစက်သည့် အမူအရာရှိ သည့် မိန်းကလေး တစ်ယောက် ဖြစ်လေသည်။

ထိုမိန်းကလေးသည် ဓားနတ်သမီး တစ်ပါးဖြစ်ပြီး သူမထံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်ပေါ်နေလေသည်။

ပေမင်ကျီမှာ ထိုဓားနတ်သမီးသည် မည်သည့်နေရာက ရောက်ရှိလာသည်ကို သိချင် နေမိလေသည်။

ပေမင်ကျီ၏ ကျင့်ကြံခြင်း အဆင့်သည် ထိုဓားနတ်သမီးထက် ပိုပြီး နက်ရှိုင်းလေသည်။ သို့သော် တကယ်တမ်း ယှဉ်ပြိုင် တိုက်ခိုက်မည်ဆိုပါက ဓားနတ်သမီးက တိုက်ခိုက်မှုစွမ်းရည် သူ့ထက် သာနိုင်လေသည်။

သို့သော်… ဓားနတ်သမီးသည် သူ့ကို တိုက်ခိုက်လိုခြင်း ရှိဟန် မတူပေ။ သူ့ကို တားဆီးပြီးသည်နှင့် ချက်ချင်းပင် ထွက်ခွာသွားလေသည်။

သို့သော်… ပေမင်ကျီသည် လေအသွင်ပြောင်းကာ ထွက်ခွာသွားရဲခြင်း မရှိတော့ပေ။

ထို့ကြောင့် သူ၏ နံရိုးများထဲမှ ရွှေရောင် အတောင်ပံတစ်စုံကို ထုတ်လိုက်ကာ ပျံသန်း လိုက်လေတော့သည်။ ထိုရွှေရောင်

အတောင်ပံများမှာ အတောင်တစ်ချက် ခတ်လိုက်လျှင် မိုင်ပေါင်းရာနှင့် ချီသည့် အဝေးသို့ ရောက်ရှိ သွားနိုင်လေသည်။

ပေမင်ကျီမှာ စိတ်သက်သာရာ ရသွားပြီး သက်ပြင်းတစ်ချက်ချလိုက်မိစဉ်မှာပင်.... ရယ်သံတစ်သံကို ကြားလိုက်ရလေသည်။

"မိတ်ဆွေ... ကျုပ် စုန့်ချင်းယီ မင်းကို စောင့်နေတာ ကြာလှပြီ..."

ချွန်ထက်နေသည့် စုတ်တံတစ်ချောင်းသည် တောင်နှင့်မြစ်များကို ရေးဆွဲနေသည့် လက်ဟန်ဖြင့် ပေမင်ကျီ၏ ဦးခေါင်းရှိရာသို့ ဦးတည် ဝင်ရောက် လာလေသည်။

ထိုစုတ်တံလက်နက်မှာ မည်မျှ တန်ခိုးစွမ်းအား မြင့်မားသည်ကို သိရှိလိုက်သည်နှင့် ပေမင်ကျီမှာ ပြောမပြ နိုင်လောက်အောင် တုန်လှုပ် ချောက်ချား သွားရလေသည်။ ထိုသူနှင့် ဆက်လက်

တိုက်ခိုက်ခြင်းမှာ မိုက်မဲရာကျသည့် လုပ်ရပ်ဖြစ်သည်ကို ချက်ချင်း ရိပ်မိလိုက်လေသည်။

ထို့ကြောင့် သူသည် အမြန်ပင် ပျံသန်း ထွက်ခွာလာခဲ့လေတော့သည်။

မိုင်ထောင်ပေါင်းများစွာ ပျံသန်းလာပြီးသည့်နောက် ပေမင်ကျီသည် သူ့ကိုယ်သူ မုန်းတီး လာမိလေသည်။ ဆန်းလျန် သာ ကြိုတင်ကြံစည် ထားခြင်းမရှိလျှင် သူသည် အလင်းအလျင်ဖြင့် ထွက်ပြေး သွားနိုင်မည် ဖြစ်လေသည်။

သို့သော်... သူအများကြီး မစဉ်းစားနိုင်ခင်မှာပင် ဗျပ်စောင်း တီးခတ်သံ တစ်သံကို ကြားလိုက်ရလေသည်။

"ယီစွေမြစ်ရေ စီးဆင်းသွားတော့ သစ်ခွပန်းရိုင်းလေးတွေ ရေစီးနဲ့ မျောလွင့်သွားတယ်....

သစ်ခွပန်းလေး တစ်ပွင့်ကို ဘုရင်က ခူးယူဆင်မြန်း လိုက်တယ်...

ပန်းလေးဟာ ဘယ်လောက် လှလိုက်သလဲ...

ရနံ့ကလည်းမွှေးပျံ့ပြီး လရောင်လိုပဲ တောက်ပနေတော့တယ်..."

ကဗျာရွတ်သံအဆုံးသတ်သွားသည်နှင့် လေထဲတွင် မြစ်တစ်စင်း ပေါ်လာလေသည်။

သာမန် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဗျပ်စောင်းတစ်လက်ကို ကိုင်ထားသည့် တာအိုဆရာ တစ်ယောက် လေထဲတွင်ပေါ်လာလေသည်။ ထိုသူ၏လက်မှ ဗျပ်စောင်းကို တီးခတ်လိုက်တိုင်း အသံလှိုင်းများက ပေမင်ကျီ သွားရာလမ်းကို တားဆီး ထားလေသည်။

ထိုသူက ...

"ကျုပ်က ယီကျီးပါ၊ မင်းကို စောင့်နေခဲ့တာ ကြာလှပြီပေါ့"

ပေမင်ကျီက ဒေါသတကြီးအော်ဟစ်လိုက်လေသည်။

"ဆန်းလျှန်ဆိုတဲ့ကောင် ဘယ်မှာလဲ၊ မင်းတို့က ဘယ်လို ကစားကွက်တွေ ထုတ်သုံး နေကြတာလဲ"

ယီကျီးက ရိုးရိုးသားသား ဟန်ပန်ဖြင့်ပင်...

"မင်းက တာ့ကျိုးပြည်ရဲ့ ဖွဲ့စည်းမှုနဲ့ အရုံအတားကို စတင် တိုက်ခိုက်တာလေ၊ ဒီတော့ ကျုပ်ရဲ့ တေးသွားကို မင်းရင်ဆိုင် ရမှာပဲပေါ့"

ယီကျီးက စကားကို ခဏရပ်လိုက်ပြီးမှ ဆက်ပြော လိုက်လေ သည်။

"ဒါပေမဲ့ ကေရာဇ်မင်း ဆန်းလျှန်ကို တွေ့ချင်တယ်ဆိုရင်တော့ မင်းရဲ့ကိုယ်စား ကျုပ်က အကြောင်းကြား ပေးပါ့မယ်"

ပေမင်ကျီက နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"မင်းလုပ်နိုင်မယ်များ ထင်သလား"

ထိုစကားများကို ပြောလိုက်စဉ်မှာပင် သူ့ပါးစပ်အတွင်းသို့ သွေးနီရောင် ရေစက်တစ်စက် ကျသွား လေတော့သည်။

အခန်း (၆၅၆) နတ်မိစ္ဆာအဓိပတိကြီး

ပေမင်ကျီသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကတည်းက တာအိုကျင့်စဉ်လမ်း အောင်မြင်ခဲ့သည့် နတ်မိစ္ဆာတစ်ပါး ဖြစ်လေသည်။ သူ့ကို နှိမ်နင်းရန်မှာ လွယ်သည့် ကိစ္စတော့ မဟုတ်ပေ။ သို့သော် ဆန်းလျန်ကတော့ ဖန်းယန်ယင်းနှင့် ကျန်သည့်သူများကို အသုံးပြုကာ သူ့ကို ဝိုင်းထား စေခဲ့သည်။ ပေမင်ကျီ၏ခြေလှမ်းတိုင်းကို ထောင်ချောက် ဆင်နိုင်ခဲ့လေသည်။

ယခု ယီကျီးသည် သူ့ကို ပိတ်ဆို့ ထားသည့်အခါ ပေမင်ကျီ၏စိတ်များ ရှုတ်ထွေးလာခဲ့လေသည်။

ထိုအချိန်မှာပင် ဆန်းလျန်က ပေမင်ကျီ၏ စိတ်နှင့် ဝိညာဉ်ကို ဆုံးရှုံးသွားစေရန် အတွက် ပြောင်းပြန် ပုံရိပ်ယောင် တန်ခိုး စွမ်းအားကို အသုံးပြုလိုက်လေသည်။ ထို့ကြောင့် မိစ္ဆာသွေး စက်ကို ပေမင်ကျီ၏ ပါးစပ်ထဲသို့ ယီကျိုးက ထည့်လိုက်နိုင် ခြင်း ဖြစ်လေသည်။

မိစ္ဆာသွေးစက်သည် ပေမင်ကျီ၏ ခန္ဓာကိုယ်အတွင်းသို့ ဝင် ရောက်သွားသည်နှင့် ပေမင်ကျီသည် သူ၏ မူလပုံသဏ္ဌာန် ထွက်ပေါ်လာလေတော့သည်။ ရွှေရောင်သိမ်းငှက်ကြီးတစ် ကောင် ဖြစ်လေသည်။ ရွှေတောင်ပံများကို တဖျတ်ဖျတ် ခတ် လိုက်သည့်အခါ ပတ်ဝန်းကျင် တစ်ခုလုံးတွေ ရွှေရောင် အလင်းတန်းများ ထိန်လင်းတောက်ပ သွားလေသည်။ သို့သော် ပေတစ်ထောင်ခန့် ပျံတက်သွားပြီးသည့်အခါ ရွှေရောင် အလင်းတန်းများသည် မမြင်ရသည့် အရံအတား

တစ်ခုကို ထိမိသည့်အလား ချက်ချင်း ပျောက်ကွယ် သွားရလေသည်။

သို့သော်... ပေမင်ကျီသည် ထိုအရာများကို စိတ်မဝင်စားနိုင်တော့ပါ။

သူ၏စူးရှသည့် သိမ်းငှက် မျက်လုံးများတွင် သွေးရောင်များလွှမ်းနေပြီး အဆက်မပြတ် အော်မြည်နေခဲ့လေသည်။ သူ၏ခန္ဓာကိုယ်ထဲတွင် ပျံ့နှံ့နေသည့် မိစ္ဆာသွေးစက်ကို ထုတ်ပစ်ရန်အတွက် အစွမ်းကုန် ကြိုးစားနေဟန် ရှိလေသည်။

ဆန်းလျန်သည် မိစ္ဆာသွေးစက်ကို သွေးနီရောင်ပင်လယ်ရေ၏ မိစ္ဆာစွမ်းအား အနှစ်သာရကို ထုတ်ယူကာ ပြုလုပ်ထားခြင်းဖြစ်သည့်အတွက် လောကတွင် အညစ်ညမ်းဆုံး စွမ်းအားတစ်ခုဖြစ်လေသည်။

ထိုသေွးစက်သည် နတ်မိစ္ဆာ၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သွားသည်နှင့် တန်ခိုးစွမ်းအားများကို ချက်ချင်း ညစ်နွမ်းသွားစေပြီး မူလဝိညာဉ် ခန္ဓာကိုပင် ထိခိုက်စေမည် ဖြစ်လေသည်။

ပေမင်ကျီသည် တန်ခိုးစွမ်းအား မြင့်မားသူ တစ်ယောက် ဖြစ်သည့်တိုင် အစွန်းရောက် ယင်စွမ်းအားများ ပါဝင်ပြီး ညစ်ညမ်းလွန်းသည့် မိစ္ဆာသွေးစက်ကို ခုခံတွန်းလှန်နိုင်ခြင်း မရှိပေ။

သူသည် ယီကျီးကို သူသေကိုယ်သေ တိုက်ခိုက်ရင်း အတူတူ သေရွာသို့သွားရန် ဆုံးဖြတ် လိုက်လေသည်။

သူသည် နတ်မိစ္ဆာခန္ဓာကို ပိုင်ဆိုင်ပြီး သူ၏သွေးမှာ နတ်ဘုရားနှင့် နတ်မိစ္ဆာသွေး ပေါင်းစပ်ထားသည့် မျိုးနွယ် ဖြစ်လေသည်။ ထို့ကြောင့် သူ၏ ရုပ်ခန္ဓာသည် အလွန်ကြံ့ခိုင် သန်မာလေသည်။

သို့သော် လက်ရှိအချိန်တွင် သူ၏ တန်ခိုး စွမ်းအားများကို အသုံးပြုနိုင်ခြင်း မရှိသည့်တိုင် သူ၏ ကြွခိုင်သည့် ရုပ်ခန္ဓာကို အသုံးပြုကာ တိုက်ခိုက်နိုင်သေးသည်။

ရွှေရောင်သိမ်းငှက်ကြီးသည် ချွန်ထက်နေသည့် လက်သည်းများဖြင့် ယီကျီးကို ထိုးကုပ် တိုက်ခိုက် လိုက်လေသည်။ သူသည် ရူးသွပ်နေသူ တစ်ယောက်အလား ရန်လိုစွာဖြင့် ဒေါသကြီး တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

လေထုသည် ပြတင်းပေါက်တွင် ကာရံထားသည့် စာရွက်တစ်ရွက် အလား ချက်ချင်းပင် ထိုးဖောက် ခံလိုက်ရလေသည်။ အသက်ဓာတ် စွမ်းအားများသည် နေရာအနှံ့တွင် ပြည့်နေပြီး မိုးကြိုးနှင့် လျှပ်စီးများ လင်းလက်လာသည်ကိုပင် တွေ့မြင်ရလေသည်။

ယီကျီးက လှုပ်ရှားခြင်းမရှိပါ။

ပေမင်ကျိ၏ လက်သည်းများက သူ၏ဦးခေါင်းကို ကုပ်ယူသည်ကို လက်ခံလိုက်လေသည်။

သို့သော်… အထူးဆန်းဆုံး အဖြစ်အပျက် တစ်ခုဖြစ်ပျက်သွားခဲ့လေသည်။ ပေမင်ကျိ၏ ချွန်ထက် လှသည့် လက်သည်းများသည် ယီကျိး၏ဦးခေါင်းခွံကို ထိုးဖောက်နိုင်ခဲ့ခြင်း မရှိပေ။

ပေမင်ကျိ၏ သွေးကြောများထဲတွင် စီးဆင်းနေသည့် ကျန်ရှိနေသည့် စွမ်းအားများအားလုံးကို ယီကျိးက လွယ်ကူစွာပင် ဖျက်ဆီး ပစ်လိုက်လေသည်။

မိစ္ဆာသွေးစက်သည် ပေမင်ကျိ၏ တန်ခိုးစွမ်းအားများ၊ စိတ်နှင့် ဝိညာဉ်ကို ညစ်ညမ်းစေရုံ သာမက သူ၏ သွေးများကိုပါ ညစ်ညမ်းစေခဲ့လေသည်။

ပေမင်ကျိ ဒေါသထွက်လေ အစွန်းရောက် ယင်စွမ်းအားနှင့် ညစ်ညမ်းမှုများက ပိုပြီး ပြင်းထန်လာလေ ဖြစ်လေသည်။

ထို့ကြောင့် လက်ရှိ အခြေအနေများ ဖြစ်ပျက်လာခဲ့ခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင်.... ယီကျီးသည် အေးဆေး တည်ငြိမ်စွာဖြင့်ပင် ပိုက်ကွန်တစ်ခုကို ဆွဲထုတ်လိုက်ပြီး ပေမင်ကျီ၏ ခန္ဓာကိုယ်ကို ပိုက်ကွန်ဖြင့် အုပ်ကာ ဖမ်းဆီး လိုက်လေသည်။

ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်း၏ ထူကျူးအရှင်၊ အလွန်စွမ်းအား ကြီးမားသည့် ဇာစ်မြစ်မှလာသည့် အဆင့်မြင့်နတ်မိစ္ဆာ တစ်ပါး သည် ယခုတော့ အကျဉ်းသားတစ်ယောက် အဖြစ် ဖမ်းဆီးခံခဲ့ ရပြီ ဖြစ်လေသည်။

ယီကျီးသည် ပေမင်ကျီကို တာ့ကျိုးပြည်သို့ ဖမ်းဆီး ခေါ် ဆောင် လာခဲ့လေသည်။

တာ့ကျိုးပြည်သူများက ယီကျီးက ရွှေရောင်သိမ်းငှက်ကြီး တစ်ကောင်ကို ဖမ်းဆီး လာသည်ဟုသာ ထင်မှတ်မိ ကြလေ သည်။ ယီကျီးသည် ပေမင်ကျီကို ဖမ်းဆီးချုပ်နှောင် ပြီးသည့်

အခါတွင်တော့ ဆန်းလျန်ကို သွားရောက် တွေ့ဆုံလိုက်လေသည်။

ဆန်းလျန်သည် ဘုရင်ဝတ်စုံကို ခမ်းနားစွာ ဝတ်ဆင် ထားလေသည်။

သူ၏ပုံသဏ္ဌာန်မှာ နေ၊ လနှင့် ကြယ်တာရာများကိုပင် ထိန်းချုပ်ထားနိုင်သည့် အလား စွမ်းအားကြီးမားပြီး မြင့်မြတ်လွန်းလှလေသည်။

သို့သော် ယီကျီးကို တွေ့ဆုံသည့် အခါတွင်တော့ သူ၏ ဘုရင်ဝတ်စုံသည် ပျောက်ကွယ် သွားလေသည်။ ရိုးရှင်းသည့် တာအိုဝတ်စုံကိုသာ ဝတ်ဆင်ထားသည့် ချောမောခန့်ညားသည့် တာအိုဆရာ တစ်ယောက် အသွင်ဖြင့်သာ ဆန်းလျန် ကယီကျီးကို တွေ့ဆုံလေသည်။

ယီကျီးက ရင်ပတ်ထက်တွင် လက်တစ်ဖက်ကို ထိကပ်လိုက်ပြီး ဆန်းလျန်ကို ဂါရဝ ပြုလိုက်ရင်း...

"မင်းကြီးရဲ့ အစေခံက နတ်မိစ္ဆာကို ဖမ်းဆီးပြီးပါပြီ၊ အဲဒီ

အကြောင်းကို သတင်းလာပေးခြင်း ဖြစ်ပါတယ်"

ဆန်းလျန်က...

"အဲဒီကောင်က ဘာပြောသေးလဲ"

ယီကျီးက...

"မင်းကြီးသာ သူ့ကို လွတ်မပေးဘူးဆိုရင် ဟွမ်ချွမ်နတ်ဆိုး

ဂိုဏ်းကလည်း မင်းကြီးကို အလွတ်ပေးမှာ မဟုတ်သလို သူ့ရဲ့

ဘိုးဘေးရောက်လာရင်လည်း မင်းကြီး အမှုန့် ဖြစ်သွားရမယ်

လို့ ပြောပါတယ်"

ဆန်းလျန်က တစ်ချက် ပြုံးလိုက်ရင်း...

"ကြည့်ရတာ ဒီမိစ္ဆာရဲ့ ဇာစ်မြစ်က မရိုးရှင်းဘူး၊ သူ့ရဲ့ဘိုးဘေး

က ဘယ်သူလဲဆိုတာ ပြောသေးလား"

ယီကျီးက...

"အဲဒါကိုတော့ သူက ပြောချင်ပုံမရပါဘူး"

ဆန်းလျှန်က စိတ်ပူသည့်ဟန် တစ်ချက်ပင် မပြပေ။

"သူပြောပြော မပြောပြော ဘာမှထူးလာမှာ မဟုတ်ပါဘူး၊ မနက်ဖြန် (၁၂)နာရီတိတိမှာ မင်းကပဲ သူ့ကို ကွက်မျက်လိုက်ပါ၊ လူအားလုံးရဲ့ရှေ့မှာ သူ့ရဲ့ရုပ်ခန္ဓာရော စိတ်ဝိညာဉ်ရော ဖျက်ဆီး ပစ်လိုက်ပါ"

ယီကျီးက တစ်ချက်တုံ့ဆိုင်းနေပြီးမှ...

"သူက မပြောပေမယ့် သူ့ဇာစ်မြစ်ကို ကျွန်တော် နည်းနည်း လောက်တော့ ရိပ်မိပါတယ်၊ သူက ဒဏ္ဍာရီထဲက နတ်မိစ္ဆာ အဓိပတိကြီးခွန်ဖိန်နဲ့ ဆက်စပ်နေတယ် ထင်ပါတယ်"

နတ်မိစ္ဆာများကြားတွင် တန်ခိုးစွမ်းအား အမြင့်မားဆုံးသူမှာ နတ်မိစ္ဆာ မဟာတန်ခိုးရှင်များ ဖြစ်လေသည်။

သို့သော်... လူသားများလောကတွင် "နတ်မိစ္ဆာအဓိပတိကြီး" ဆိုသည့်အမည်ကို သိပ်ပြီး ကြားဖူးနားဝ မရှိကြပေ။ နှစ်ပေါင်းများစွာ အတွင်းတွင် နတ်မိစ္ဆာ အဓိပတိကြီးဆိုသည့် ဘွဲ့ထူး

ဂုဏ်ထူးနှင့် သင့်တော်သည့်သူ တစ်ယောက်သာ ရှိခဲ့လေသည်။

ထိုသူမှာ ခွန်ဖိန်ပင် ဖြစ်လေသည်။

ပြောကြသည်မှာတော့ ပထမ မိုးနတ်မင်းခေတ်ကပင် နတ်မိစ္ဆာ

အဓိပတိကြီး ခွန်ဖိန်သည် ကျင့်စဉ်လမ်း အောင်မြင်သွားခဲ့ပြီ

ဟူ၍ ဖြစ်လေသည်။ ထို့ပြင် နတ်မိစ္ဆာ အဓိပတိကြီးခွန်ဖိန်၏

တန်ခိုးစွမ်းအားမှာ ပထမမိုးနတ်မင်းပြီးလျှင် ဒုတိယတန်ခိုး

စွမ်းအား အမြင့်မားဆုံး ဖြစ်လေသည်။

သူသည် ပထမမိုးနတ်မင်း၏ မျက်နှာသာပေးခြင်းကိုခံရပြီး

နတ်မိစ္ဆာမျိုးနွယ်များကို ပညာသင်ပေးရသူ ဖြစ်လေသည်။

ထို့ကြောင့် ထောင်နှင့်ချီသည့် နတ်မိစ္ဆာမျိုးနွယ်များက သူ့ကို

လေးစားကြလေသည်။

ပထမမိုးနတ်မင်း ပျောက်ကွယ် သွားပြီးသည့်နောက် ဒုတိယမိုး

နတ်မင်း အုပ်ချုပ်သည့် ခေတ်သို့ ရောက်ရှိလာခဲ့သည့် အခါ

တွင်တော့ -

နတ်ဘုရားများအားလုံးက ဒုတိယမိုးနတ်မင်းကို သစ္စာခံ

ကိုးကွယ် ကြလေသည်။ ကောင်းကင်ဘုံ၏ အခြားဘက်ခြမ်း

ကိုဖွင့်လှစ်ခဲ့ပြီး ကောင်းကင်ဘုံကို (၃၃)ပိုင်း ပိုင်းခြားခဲ့ကြ

သည့် မူလသုံးဖြာ တာအိုဆရာ သခင်ကြီး(၃)ပါးသည်ပင်လျှင်

ဒုတိယမိုးနတ်မင်း၏ လက်အောက်တွင် ခိုလှုံခဲ့ကြပြီး

မိုးကောင်းကင်ခုံရုံးတွင် တာဝန်ထမ်းဆောင် ခဲ့ကြလေသည်။

သို့သော်... ခွန်ဖိန်ကတော့ ထိုသို့ မပြုလုပ်ခဲ့ပေ။

သူက ဒုတိယမိုးနတ်မင်း၏ မိုးကောင်းကင် ခုံရုံးမှ စည်းမျဉ်း

စည်းကမ်းများကို နာခံခဲ့ခြင်း မရှိပေ။ မိုးကောင်းကင်ခုံရုံးမှ

စည်းကမ်းများကို မလိုက်နာဘဲ လွတ်လပ်စွာ နေထိုင်သည့်

တန်ခိုးစွမ်းအား မြင့်မားသူ အနည်းငယ်တွင် ခွန်ဖိန်သည်လည်း

တစ်ယောက် အပါအဝင် ဖြစ်လေသည်။

သို့သော်... ဘေးအန္တရာယ်ဆိုးကြီး ဖြစ်ပွားခဲ့ပြီးသည့်

နောက်တွင် ခွန်ဖိန်သည်လည်း ပျောက်ကွယ် သွားခဲ့လေသည်။

ထို့ကြောင့် နောက်ပိုင်းတွင် အချို့လူများသည် ခွန်ဖိန်၏

အကြောင်းကို သိရှိကြခြင်း မရှိတော့ပေ။

ယီကျီးကတော့ ထိုအကြောင်းများကို သိရှိနေခဲ့လေသည်။

သို့သော် ဆန်းလျန်ကတော့ ထိုကိစ္စများကို ယီကျီးက သိရှိနေခဲ့

သည့် အတွက် အံ့သြခဲ့ခြင်း မရှိပါ။ ယီကျီးသည်လည်း

ထူးခြားသူ တစ်ယောက်ဖြစ်ပြီး သူ၏မိခင်မှာ ယီစွေမြစ်စောင့်

နတ်သမီး ဖြစ်သည် မဟုတ်ပါလား။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒီတော့ ဘာဖြစ်သလဲ၊ နတ်မိစ္ဆာ အဓိပတိကြီးခွန်ဖိန်က သူ့

အတွက် လက်စားချေချင်တယ် ဆိုရင် သူ့ကို လွှတ်ပေးလည်း

ရောက်လာမှာပဲ၊ သတ်ပစ်လည်း ရောက်လာမှာပဲလေ၊ ပြီးတော့

ကျုပ်ခန့်မှန်း မိသလောက်ဆိုရင် နတ်မိစ္ဆာ အဓိပတိကြီးခွန်ဖိန်

ဟာ ပြန်ပေါ်လာစရာ အကြောင်း မရှိလောက်တော့ဘူး၊ ပြီး

တော့ သူပျောက်နေတာလည်း နှစ်တွေအများကြီး ကြာခဲ့ပြီ မဟုတ်လား"

ယီကျီးက သံသယများစွာဖြင့် မေးလိုက်လေသည်။

"မင်းကြီးက ဘာလို့ ဒီလိုပြောနိုင်ရတာလဲ"

ဆန်းလျန်က ...

"ကျုပ်က အသူရာချောက်ရဲ့ ရှေးဟောင်း သစ်ပင်ကြီးဆီကနေ တိကျန်တာအိုသစ်သီးကို ရခဲ့တယ်၊ အဲဒီကနေ တစ်ဆင့် အသူရာချောက်ရဲ့ လျှို့ဝှက်ချက်အချို့ကို သိခွင့်ရခဲ့တယ်၊ ဒီ အသူရာ ချောက်မှာ ထိုက်ယီထျန်းရှန်း အဆင့်ဆိုတာ အဆင့် အမြင့်ဆုံး အဆင့်ပဲ၊ ထိုက်ယီထျန်းရှန်း အဆင့်ထက်ပိုမြင့်တဲ့ သူတွေ ဒီအသူရာချောက်မှာ မရှိကြဘူး၊ ပြီးတော့ ဒီအသူရာ ချောက်ဟာ လျှို့ဝှက်ချက်ကြီး တစ်ခုနဲ့ ပတ်သက်နေတယ်၊ အခု ကိစ္စအတော်များများကို ကျုပ်ခန့်မှန်းမိနေပြီ၊ ဒါပေမဲ့ မင်း ကိုပြောပြလို့ မဖြစ်သေးဘူး၊ ဒါပေမဲ့ ကျုပ်ကို ဆန့်ကျင်တဲ့

နတ်မိစ္ဆာ တစ်ကောင်ကိုတော့ ကွပ်မျက် ပစ်ရမှာပဲ၊ ဒါမှ နောက်ပိုင်း ကျုပ်ကို အာခံချင်တဲ့ကောင်တွေ အတွက် သတိပေးရာ ရောက်လိမ့်မယ်"

ယီကျီးသည် ဆန်းလျန်ထံတွင် တာဝန်ထမ်းဆောင် ခဲ့သော်လည်း သူသည် ဆန်းလျန် အယုံကြည်ရဆုံး လူတစ်ယောက် မဟုတ်သေးပေ။

ဆန်းလျန် သူ့ကို ပြောပြသည့် အကြောင်းအရာများသည် သာမန် အကြောင်းအရာများသာ ဖြစ်လေသည်။

ဆန်းလျန် ကျင့်ကြံသူများကို ခေါ်ဆောင်ပြီး အသူရာချောက်သို့ ပြန်ရောက် လာပြီးသည့်နောက် ယီကျီးကိုလည်း သူ့ထံတွင် တာဝန်ထမ်းဆောင်ရန် အတွက် ခေါ်ယူခဲ့လေသည်။

ယီကျီးသည် ဆန်းလျန် သူ့အား သံသယဝင်မည်ကို ကြောက်ရွံ့သည့်အတွက် ယိုစန်းပြည်မှ တာ့ကျိုးပြည်သို့ ချက်ချင်းပင်

ထွက်ခွာလာခဲ့ပြီး ဆန်းလျန်ထံတွင် တာဝန်ထမ်းဆောင် ခဲ့လေသည်။

"ဒါဆိုလည်း မင်းကြီးရဲ့ ဒီအစေခံက မင်းကြီးအမိန့်ပေးတဲ့အတိုင်း လုပ်ဆောင်လိုက်ပါ့မယ်"

ယီကျီးသည် အတွေးများ ရှုပ်ထွေးနေသည့်တိုင် ဆန်းလျန်၏ အမိန့်ကို နာခံလိုက်လေသည်။

နန်းတော်ထဲမှ ယီကျီး ထွက်ခွာသွားသည်နှင့် ဖန်းယန်ယင်းနှင့် စုန့်ချင်းယီ ရောက်ရှိ လာကြလေသည်။

စုန့်ချင်းယီက တစ်ချက်ပြုံးလိုက်ရင်း...

"အစ်ကိုဆန်း... မင်းရဲ့ယိလမ်းစဉ်က တကယ်ထူးခြားတာပဲ၊ တစ်နေ့ကျရင် ကျုပ်ဘဝရဲ့ အတိတ်နဲ့ အနာဂတ်ကို ဟောပေးနိုင်ရင် အရမ်းကောင်းမှာပဲ"

ဆန်းလျန်ကလည်း ပြုံးလိုက်ရင်း...

"အတိတ်ဆိုတာက ပြောင်းလဲလို့ မရနိုင်ဘူး၊ အဲဒီတော့ ခန့်မှန်းရတာ မခက်ပါဘူး၊ ဒါပေမဲ့ အနာဂတ်ကိုတော့ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ကြီးကပဲ တိတိကျကျ ဟောကိန်း ထုတ်နိုင်လိမ့်မယ်၊ ကျုပ်ကတော့ အပြောင်းအလဲလေးတွေကို တွက်ဆပြီး အနာဂတ်ကို ခန့်မှန်းနိုင်တာပဲ ရှိတာပါ၊ အဲဒီလို ခန့်မှန်းနိုင်တော့ အကျိုးကျေးဇူးရှိတာပေါ့လေ"

စုန့်ချင်းယီက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ဒီလိုခန့်မှန်းနိုင်တာတောင်မှ တော်တော် တန်ဖိုးရှိနေပါပြီဗျာ၊ ဒါနဲ့ အခုဖမ်းထားတဲ့ နတ်မိစ္ဆာရဲ့ ဇာစ်မြစ်က မြင့်မားလွန်းတယ်၊ သူ့ကို ဘာလုပ်မယ်စိတ်ကူးထားလဲ"

ဆန်းလျန်က...

"မနက်ဖန် သူ့ကို ကွက်မျက် ပစ်လိုက်ဖို့ ယီကျီးကို အမိန့်ပေးလိုက်ပြီးပြီ"

စုန့်ချင်းယီက...

"အဲဒါဆိုရင် ပြဿနာ တစ်ခုခုဖြစ်မှာ စိတ်ပူမိတယ်"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"အခုလည်း ပြဿနာတွေက ဖြစ်နေတာပဲလေ..."

ဖန်းယန်ယင်းကတော့ ထိုနတ်မိစ္ဆာ၏ ဇာစ်မြစ်ကို အလေး အနက် မထားပါ။

"ဒီနတ်မိစ္ဆာက ဆရာဦးလေးရဲ့တိုင်းပြည်ကို ဖျက်ဆီးဖို့ ကြိုးစားတာလေ၊ သူ့ကို လွယ်လွယ်နဲ့ လွှတ်ပေးလိုက်ရင် အသူရာချောက်က တခြားလူတွေက ဆရာဦးလေးကို အထင်သေး ကုန်ကြမှာပေါ့၊ အဲဒီလိုဖြစ်လာမှသာ ပြဿနာတွေ ပိုရှုပ်ကုန်မှာ"

စုန့်ချင်းယီက ခဏမျှ စဉ်းစားလိုက်ပြီး...

"ကျုပ်က သိပ်ပြီး နက်နက်နဲနဲ မတွေးတတ်ပါဘူး၊ တူမလေး ယန်ယင်းကတော့ ကိစ္စရပ် တစ်ခုလုံးကို ပိုပြီး နားလည်ပုံ ရပါ တယ်"

ဆန်းလျှန်က...

"ဟုတ်ပါပြီ... ဒီနေ့တော့ ယန်ယင်းနဲ့ ချင်းယီ ပင်ပန်းသွားကြပြီ၊ ဒါပေမဲ့ ကျုပ် အကူအညီလေး တစ်ခု တောင်းစရာ ရှိသေးတယ်"

စုန့်ချင်းယီက...

"ဘာအကူအညီ တောင်းမလို့လဲ အစ်ကိုဆန်း"

ဖန်းယန်ယင်းကတော့ မည်သည့် စကားမှ မဆိုပါ။

သူမ၏ဆရာဖြစ်သူ ချန်ကျန့်မေ မရှိတော့သည့် နောက်ပိုင်းဆရာဦးလေးကိုသာ ဆရာရင်းအဖြစ် သူမက သတ်မှတ်ထားခဲ့လေသည်။

ထို့ကြောင့် ဆန်းလျှန် ညွှန်ကြားသည့်အရာမှန်သမျှကို သူမက ငြင်းဆန်မည် မဟုတ်ပေ။

အခန်း (၆၅၇) အစစ်ဆေးခံရမှုများစွာ

ဆန်းလျန်သည် လက်နှစ်ချောင်းကို အရှေ့ဆီသို့ ရုတ်တရက် ထိုးညွှန်လိုက်လေရာ တိမ်တိုက်များ ဖြစ်ပေါ်လာလေသည်။ ခဏအတွင်းမှာပင် တိမ်တိုက်များသည် ဘောလုံးတစ်ခုအလား သိပ်သည်းစွာဖြင့် ပေါင်းစု သွားလေသည်။ ထို့နောက် ဆန်းလျန်က လက်ကို ဝှေ့ယမ်း လိုက်လေရာ တိမ်တိုက်များ ပျောက်ကွယ် သွားပြီး မှန်ကဲ့သို့ကြည့်လင်သည့် အလင်းရောင်တစ်ခု ထွက်ပေါ်လာလေသည်။

ကြည်လင်သည့် အလင်းရောင်ထဲတွင် မရေမတွက်နိုင်အောင် များပြားသည့် တောင်နှင့် မြစ်များကို တွေ့မြင်ရလေသည်။ သေသေချာချာ အာရုံစူးစိုက်ပြီး ကြည့်မည်ဆိုလျှင် ရှုခင်းများကို ရှင်းလင်းစွာ တွေ့မြင်ရမည် ဖြစ်လေသည်။

ကြည်လင်သည့် အလင်းတန်းထဲတွင် တောင်များ၊ မြစ်များနှင့် လူများသာမက အလွန် လျင်မြန်သည့် အခိုးအငွေ့များလည်း ပါဝင်နေလေသည်။

ထိုအခိုးအငွေ့များသည် သက်ရှိ သတ္တဝါများမှ ထုတ်လွှတ်နေသည့် စွမ်းအားအခိုးအငွေ့များ ဖြစ်လေသည်။ အကယ်၍ အခိုးအငွေ့များ အတူတကွ ပေါင်းစည်းသွားလျှင် အလွန် တန်ခိုးစွမ်းအား မြင့်မားလာမည် ဖြစ်လေသည်။

အကယ်၍တန်ခိုးစွမ်းအားများက သာမန်ထက် ကျော်လွန်ပြီး စွမ်းအားမြင့်မားနေလျှင် ထုတ်လွှတ် နေသည့် အခိုးအငွေ့များသည် ဝံပုလေပုံသဏ္ဍာန် ဖြစ်ပေါ်နေတတ်လေသည်။

ဆန်းလျန်က ဖန်းယန်ယင်းနှင့် စုန့်ချင်းယီကို တောတောင် ရေမြေပုံများကို ပြသနေရင်း တစ်ချက် ပြုံးလိုက်လေသည်။

ဖန်းယန်ယင်းနှင့် စုန့်ချင်းယီမှာတော့ ဆန်းလျန်၏ ထိုးထွင်း
သိမြင်နိုင်မှုနှင့် တန်ခိုးစွမ်းအား များကို များစွာ လေးစားနေမိ
ကြလေသည်။

ထိုနေရာတွင် ဝံပုလွေပုံသဏ္ဌာန် အခိုးအငွေ့များသည်
စုစုပေါင်း (၁၃)ခု ရှိလေသည်။ ထိုအခိုးအငွေ့ များသည် အလွန်
မှ ထူးဆန်း လွန်းလှလေသည်။

ဆန်းလျန်က...

"အဲဒီတိုင်းပြည်က ယိုစန်းပြည်လို့ ခေါ်တယ်၊ ကျုပ်ရဲ့တပည့်မ
လေး စစ်ကျင်းက အဲဒီနေရာကို အုပ်ချုပ်တဲ့ ဧကရီပဲ၊ ယီကျီး
က တကယ်တော့ စစ်ကျင်းရဲ့ အကြံပေး အမတ်မင်းပဲ၊ ဒါပေမဲ့
အခု တာ့ကျိုးပြည်မှာ အရည်အချင်း ပြည့်ဝတဲ့ လူတွေ လိုအပ်
နေတာကြောင့် ကျုပ်က ယီကျီးကို ယိုစန်းပြည်ကနေ ခေါ်လိုက်
ရတာ၊ ယီကျီးက စစ်ရေးဗျူဟာ ကျွမ်းကျင်ရုံသာ မကဘဲ
တန်ခိုးစွမ်းအားလည်း အရမ်းမြင့်မားတယ်၊ သူလျှောက်တဲ့

ကျင့်စဉ်လမ်းက ကျုပ်တို့နဲ့ မတူဘူး၊ တိုက်ခိုက်ပုံ နည်းစနစ်က လည်း ကျုပ်တို့နဲ့ ကွဲပြားတယ်၊ ဒါပေမဲ့ သူက မိုးကောင်းကင် နတ်ဘုရားတစ်ပါး ကိုတောင် ကောင်းကောင်း ယှဉ်နိုင်တယ်၊ ပြီးတော့ သူကျင့်ကြံထားတဲ့ မှော်ပညာကလည်း ထူးဆန်းပြီး ခုခံကာကွယ် နိုင်ဖို့ ခက်ခဲတယ်၊ ကျုပ်က ဟိုနတ်မိစ္ဆာရဲ့ စိတ်နဲ့ ဝိညာဉ်ကို ဆုံးရှုံးအောင်လုပ်လိုက် နိုင်တယ် ဆိုပေမယ့် ယီကျီး ရဲ့ အကူအညီသာမပါရင် မိစ္ဆာသွေးစက်ကို သူ့ရဲ့ခန္ဓာကိုယ်ထဲ ရောက်သွားအောင် ထည့်နိုင်မှာ မဟုတ်ဘူး"

စုန်ချင်းယီက ခေါင်းညိတ်လိုက်ရင်း...

"အခုတော့ သူ့ရဲ့သန့်စင်ပြီး ထူးဆန်းတဲ့ အသက်ဓာတ် စွမ်းအားတွေကို ကျုပ်အာရုံခံမိပါပြီ၊ သူက မှော်ပညာမှာ ထိပ်တန်း အဆင့်ဆိုတာ ကျုပ်မရိပ်မိခဲ့ဘူး၊ သူ့ရဲ့ သန့်စင်တဲ့ အသက်ဓာတ် စွမ်းအားတွေကို ကြည့်ရတာ သူ့ရဲ့ ကျင့်စဉ် လမ်းက သဘာဝတရားကို အခြေခံတာ ဖြစ်လိမ့်မယ်၊ ကျုပ်တို့

ကျင့်ကြံတဲ့ တာအိုကျင့်စဉ်တွေနဲ့ ခပ်ဆင်ဆင်တူတယ်၊ ကျုပ်သိချင်တာ တစ်ခုရှိတယ်၊ အစ်ကိုဆန်းရဲ့ ယိလမ်းစဉ်က ဘာလို့ ဟိုနတ်မိစ္ဆာရဲ့စိတ်ကို လွယ်လွယ်နဲ့ ဆုံးရှုံးသွားအောင် လုပ်လိုက်နိုင်တာလဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒါ ဘာမှ အံ့သြစရာ မရှိပါဘူး၊ သူ့ရဲ့တန်ခိုးစွမ်းအားက တောင်နဲ့ ပင်လယ်တွေကိုတောင် တားဆီးနိုင်စွမ်းရှိပေမယ့် သူ့ရဲ့နှလုံးသားထဲမှာတော့ အသိဉာဏ်ပညာ နည်းနည်းလေးတောင် မရှိဘူး၊ ပြီးတော့ အဲဒီ နတ်မိစ္ဆာရဲ့ ဝိညာဉ် စွမ်းအားတွေက ကျုပ်တို့ ကျင့်ကြံထားသလို ကျင့်ကြံထားတဲ့ စွမ်းအားတွေ မဟုတ်ဘူး၊ အလိုလိုရရှိထားတဲ့ ဝိညာဉ်စွမ်းအားတွေလေ၊ အဲဒါကြောင့် သူ့ရဲ့ စိတ်နဲ့ဝိညာဉ်ကို ကာကွယ် ပေးထားတဲ့ ရတနာ ပစ္စည်း ရှိနေတယ် ဆိုရင်တောင်မှ ကျုပ်လက်က မလွတ်နိုင်ပါဘူး"

ဆန်းလျန်ရှင်းပြသည်ကို နားထောင်ပြီးသည်နှင့် စုန့်ချင်းယီ လည်း နားလည် သဘောပေါက် သွားရလေသည်။

ထို့ပြင် ထိုနတ်မိစ္ဆာ၏ စိတ်ပိုင်းဆိုင်ရာမည်မျှပင် ဆိုးရွား နေပါစေ ဆန်းလျန်ကဲ့သို့သော လူများသာလျှင် ထိုသူကို ဆန့်ကျင်နိုင်သည်ကို သိရှိလိုက်လေသည်။

သူသာ ထိုနတ်မိစ္ဆာနှင့် တစ်ယောက်ချင်း ရင်ဆိုင်ရမည် ဆို လျှင် သူ၏ ဆရာပေးထားသည့် စုတ်တံကို အသုံးပြုပြီး တိုက်ခိုက်သည့်တိုင် ခဏသာလျှင် တောင့်ခံနိုင်မည် ဖြစ်လေ သည်။ သူ့အနေဖြင့် ထိုနတ်မိစ္ဆာကို နိုင်ချေမရှိပေ။

ဖန်းယန်ယင်း တစ်ယောက်ကတော့ အသူရာချောက်သို့ ရောက် ရှိလာပြီးသည့် နောက်ပိုင်း အဆက်မပြတ် တိုးတက် လာခဲ့လေ သည်။

သူမ၏ မရဏာဓားသည် ထိုနတ်မိစ္ဆာကိုပင် ယာယီ ဟန့်တား ထားနိုင်လောက်အောင် ထက်မြက်လွန်းသည့် အတွက် စုန့်ချင်း ယီပင်လျှင် အံ့သြခဲ့ရလေသည်။

စုန့်ချင်းယီ၏ဆရာဖြစ်သူ လုကျိုးယွမ်က လောကတစ်ခုလုံး တွင် တွေ့ဆုံရန် ထိုက်တန်သူ (၃)ယောက်သာ ရှိသည်ဟု ပြောခဲ့ ဖူးလေသည်။

ထို (၃)ယောက်ထဲမှ တစ်ယောက်မှာ ချန်ကျန့်မေ ဖြစ်လေ သည်။ ဆရာဖြစ်သူ ထိုစကားကို ပြောခဲ့စဉ်က ချန်ကျန့်မေ သည်နတ်ဘုရား တစ်ပါးပင် မဖြစ်သေးပေ။ သို့သော် ဆရာဖြစ် သူက ချန်ကျန့်မေကို အလွန်အထင်ကြီး ခဲ့လေသည်။

ယခုတော့ ချန်ကျန့်မေ၏ တပည့်ဖြစ်သူ ဖန်းယန်ယင်း အလည့် သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။ ဆရာဖြစ်သူ၏ စကားများသည် အလကားစကားများ မဟုတ်သည်ကို စုန့်ချင်း ယီ သိရှိရပြီ ဖြစ်လေသည်။

ဖန်းယန်ယင်း၏ တိုးတက်လာခြင်းနှင့် ပတ်သက်ပြီး ဆန်းလျန်

သာလျှင် နားလည်နိုင်မည် ဖြစ်လေသည်။

ဂိုဏ်းတူ အစ်ကိုချန်ကျန့်မေ နောက်ဆုံး အသုံးပြုခဲ့သည့်

အနတ္တဓားသည် အသူရာချောက်တွင် အမှတ်အသားတစ်ခု

ထင်ရှားစွာ ဖြစ်ပေါ်စေခဲ့လေသည်။

ချန်ကျန့်မေ၏ တပည့်တစ်ယောက် ဖြစ်သည့် ဖန်းယန်ယင်း

သည် အသူရာချောက်သို့ ရောက်ရှိလာသည့်အခါ အနတ္တဓားမှ

ကျန်ရစ်ခဲ့သည့် အသက်ဓာတ် စွမ်းအားများကို စုပ်ယူနိုင်ခဲ့လေ

သည်။

သို့သော်... ဖန်းယန်ယင်းသည် ထိုက်စန့်ဓားကို ကျင့်ကြံ

အောင်မြင် ထားပြီး အကြွင်နာမဲ့ ဓားအဆင့်သို့ တက်ရောက်

ထားခြင်း မရှိလျှင် ထိုသို့ ကံကောင်းခြင်းမျိုးကို ရရှိနိုင်မည်

မဟုတ်ပေ။

သို့သော်... ဆန်းလျန်သည် ထိုအကြောင်းများကို မည်သည့်

အခါမှ ထုတ်ဖော် ပြောပြလိမ့်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ဓားသိုင်းပညာ အဆင့်မြင့်လာလေ

လေ ဖန်းယန်ယင်း၏ နှလုံးသားသည် ပိုပြီး နာကျင်လာ လေ

ဖြစ်ရပေလိမ့်မည်။ သူမသည် အကြင်နာမဲ့ဓားဖြင့် ထိုအချက်

ကို အမြဲတမ်း ဖုံးကွယ်ထားရမည် ဖြစ်လေသည်။

ဆန်းလျန်က တစ်ချက်မျှ တုံ့ဆိုင်းနေပြီးမှ...

"ယီကျီးကို ကျုပ်ကခေါ်လိုက်တဲ့ အတွက် ယိုစန်းပြည်ကို ကျုပ်

တပည့်မလေး တစ်ယောက်တည်း အုပ်ချုပ်ရတာ အဆင်မပြေ

နိုင်ဘူး၊ ဒါကြောင့် ကျုပ်ရဲ့ တပည့်စစ်ကျင်းကို မင်းတို့နှစ်

ယောက်က တိတ်တဆိတ် ကာကွယ်ပေးစေချင်တာပါ၊

တကယ်လို့ စစ်ကျင်းမှာ အန္တရာယ် တစ်စုံတစ်ခုရှိခဲ့ရင် ယိုစန်း

ရဲ့ ဧကရီရာထူးကို စွန့်လွှတ်လိုက်ရမယ်ဆိုရင် တောင်မင်းတို့

နှစ်ယောက် သူ့ကို အန္တရာယ်ကင်းကင်းနဲ့ ပြန်ခေါ်လာနိုင်ရင်ရ

ပါပြီ"

စုန့်ချင်းယီက...

"ဒါက ဘာခက်လို့လဲ၊ ကျုပ်အကောင်းဆုံး ကြိုးစားပါ့မယ်"

ဖန်းယန်ယင်းကလည်း ခေါင်းညိတ် ပြလိုက်လေသည်။

ဆန်းလျန်က နူညံ့သည့် လေသံဖြင့်...

"ကျေးဇူးအများကြီးတင်ပါတယ် ချင်းယီ"

ထိုစကားများ ပြောပြီးသွားသည်နှင့် ဆန်းလျန်က သူတို့နှစ်

ယောက်ကို လတ်တလော ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံများ

နှင့် အတွေးအမြင်များကို ပြောပြနေခဲ့လေသည်။

ကျင့်စဉ်လမ်းဆိုသည်က စိန်ခေါ်မှုများနှင့် အန္တရာယ်များ ပြည့်

နှက်နေလေရာ နောင်လာမည့် အချိန်တွင် မည်သည့်

အခက်အခဲများနှင့် ရင်ဆိုင်ရဦးမည်ကို မည်သူမှ သိရှိနိုင်ခြင်း

မရှိကြပါ။ ထို့ကြောင့် တူညီသော အမြင်ရှိသူများနှင့်

အတွေ့အကြုံ ဖလှယ်ရခြင်းသည် အမြဲတမ်း အကျိုးရှိစေလေသည်။

တစ်ချိန်တည်းမှာပင်... လူတစ်ယောက်သည် သူတို့၏ အသိပညာများနှင့် ပတ်သက်ပြီး သံလွန်စ ချန်ထား ခဲ့နိုင်လေသည်။ ထိုသို့ပြုလုပ်ပါက အနာဂတ် တစ်ချိန်တွင် ကံဆိုးမိုးမှောင်ကျခဲ့လျှင်တောင်မှ သံလွန်စများနောက်လိုက်ပြီး ဤလောကမှ ထွက်ခွာသွားနိုင်မည် ဖြစ်လေသည်။

ဤသည်မှာ ဂိုဏ်းတစ်ဂိုဏ်းတွင် ကျင့်ကြံသူများ ကျင့်စဉ်များကို လက်ဆင့် ကမ်းပေးကြသည့် အကြောင်းရင်းပင်ဖြစ်လေသည်။ ထို့ပြင် လောကနတ်ဘုရားများသည် နတ်ဘုရားများဖြစ်ကြသည့်တိုင် နှစ်ပေါင်းထောင်ချီပြီး အသက်ရှည်အောင်နေနိုင်သည့် လောကနတ်ဘုရား ဆို၍ ရှေးခေတ် အချိန်အခါကတည်းကပင် အနည်းငယ်သာ ရှိလေသည်။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးတွင် မိုးကောင်းကင် အစစ်ဆေးခံခြင်းဖြင့် ရင်ဆိုင်ရကာ ပျောက်ကွယ် သွားကြရမည်ပဲ ဖြစ်လေသည်။

လောကနတ်ဘုရားကို မပြောပါနှင့်ဦး။

သာမန် လူသားများသည်ပင်လျှင် အသက် (၁၀၀) ပြည့်အောင် မနေကြရဘဲ သေဆုံး သွားကြရသည့် သူတွေက ဒုနှင့်ဒေး မဟုတ်ပါလား။

ဆန်းလျန်သည် ထိုက်ယီထျန်းရှန်း အဆင့်ကို အလွန်လျင်မြန်သည့် နှုန်းဖြင့် အဆင့်တက်ရောက် နိုင်ခဲ့သူ ဖြစ်လေသည်။

သို့သော်... အဆင့်လျင်မြန်စွာ တက်ရောက် နိုင်ခဲ့ခြင်းကြောင့် အခြေခံ အုတ်မြစ်ခိုင်မာခြင်း မရှိမည်ကို သူစိုးရိမ်မိခဲ့လေသည်။

ယိလမ်းစဉ်ဖြင့် အနာဂတ်ကို ခန့်မှန်းကြည့်သည့်အခါ သူသည် ဘေးအန္တရာယ် များစွာကို တွေ့ကြုံရမည် ဖြစ်ပြီး ထို

ဘေးအန္တရာယ်များကိုလည်း ရှောင်လွှဲနိုင်မည် မဟုတ်သည်ကို ရှင်းလင်းစွာ နားလည် ခဲ့ရလေသည်။

ကြီးမြတ်သည့် ကံကြမ္မာနှင့် မွေးဖွားလာသူများသည် ထိုကြီး မြတ်သည့် ကံကြမ္မာနှင့် ညီမျှသည့် ဘေးအန္တရာယ်ကိုလည်း ရင်ဆိုင်ရမည်သာ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် ပြီးပြည့်စုံသူ တစ်ယောက် မဟုတ် ပါ။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရှုထောင့်ပေါင်းစုံမှ သူ့ကိုပြဿနာ ရှာမည့် လူတစ်ယောက် ပေါ်လာပြီး ထိုလူသည် သူ့ဘဝအတွင် အကြီးမားဆုံး အစစ်ဆေးခံရမှုတစ်ခု ဖြစ်လာမည် ဖြစ်လေ သည်။

ထိုအစစ်ဆေးခံရမှုကို ဆန်းလျန်အနေဖြင့် ကျော်လွှားရမည် ဖြစ်လေသည်။ ထိုသို့ ကျော်လွှားနိုင်မှသာ နောက်ထပ်ကြုံတွေ့

ရမည့် အစစ်ဆေးခံရမှုများကို ကျော်လွှားနိုင်ပြီး အနာဂတ်တွင် ရှေ့ဆက်နိုင်မည် ဖြစ်လေသည်။

ထိုသို့မဟုတ်ပါက ထိပ်တန်းအဆင့် တာအို ဆရာသခင်ကြီး တစ်ပါး ဖြစ်လာရန်အတွက် အခွင့်အရေး ရရှိနိုင်တော့မည် မဟုတ်ပေ။

သူ.... ကြိုးစားရမည် ဖြစ်လေသည်။

ချန်ကျန့်မေအတွက်...၊ ကူးချိုင်ဝေ့အတွက်...၊ ပြီးတော့ နတ်သမီးလေး ကျောက်ရှောင်ယွီ အတွက် သူကြိုးစားရ မည် ဖြစ်လေသည်။ ထိုသူများအားလုံးသည် သူ့ဘဝ၏ အစိတ်အပိုင်းများ ဖြစ်ကြလေသည်။

အရှုံးပေးလိုက်သည့် နည်းလမ်းက အကောင်းဆုံး ဖြစ်နေလျှင် တောင်မှ သူက အရှုံးပေးရမည့် လမ်းကို ရွေးချယ်မည် မဟုတ် ပါ။

ထိုသို့ပြုလုပ်ရခြင်းမှာ ဆန်းလျှန်သည် ခံစားချက်ကင်းမဲ့သူ တစ်ယောက် ဖြစ်သောကြောင့် မဟုတ်ပါ။

သို့သော်... သူက ခံစားချက်များ အားလုံးကို မေ့ထားရမည် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ခံစားချက်များသူ တစ်ယောက်သည် အမြဲတမ်း အဖြစ်ဆိုးဖြင့် အဆုံးသတ် ရလေ့ရှိသောကြောင့်ပင်။

သို့သော်.. ဆန်းလျှသည် ဘဝ၏အလှတရားနှင့် အကန် အသတ် များကိုတော့ လက်ခံသူ တစ်ယောက် ဖြစ်ခဲ့ပါသည်။ ဖန်းယန်ယင်း၊ စုန့်ချင်းယီတို့နှင့် အတူ အတွေ့အကြုံများကို ပြောပြီးသည့် နောက်တွင်တော့ ဆန်းလျှန်၏ စိတ်ခံစားချက် အပြောင်းအလဲများကို ရိပ်မိလိုက်သည့် အတွက် သူတို့ (၂)ယောက်သည် နားလည်မှုရှိစွာဖြင့် ထွက်ခွာ လာခဲ့ကြလေ သည်။

ဆန်းလျန်သည် စိတ်အာရုံ ပျံ့လွင့်နေခြင်း မရှိသော်လည်း သူတို့ထံတွင် စိတ်အာရုံ မရှိတော့ကြောင်းမှာ ထင်ရှားနေ သည်မဟုတ်ပါလား။

ဆန်းလျန်ကဲ့သို့ လူတစ်ယောက် အတွက် ထိုသို့သော အခြေအနေသည် အလွန်မှ ရှားပါးလေသည်။

ထို့ကြောင့် သူတို့သည် ဆန်းလျန်အနေဖြင့် တစ်ယောက်တည်းနေရန် အချိန်တစ်ခု လိုအပ်သည်ကို သတိပြုမိလိုက် ကြလေသည်။

ဖန်းယန်ယင်းနှင့် စုန့်ချင်းယီထွက်ခွာသွားသည်နှင့် ဆန်းလျန်က သူတို့စိတ်ထဲမှ အတွေးများကို သတိထားလိုက် မိလေသည်။ သို့သော်... သူ၏လက်ရှိ ကျင့်ကြံခြင်း အဆင့်နှင့် သူတို့၏ အတွေးများကို စိတ်ထဲတွင် ထည့်ထားရန် မလိုအပ်ခဲ့ပါ။

သေမျိုးလောက၏ ဒုက္ခတရားများ ဖြစ်သည့် သေခြင်းရှင်ခြင်း တရားများသည် သူ့ကို နာကျင် စေနိုင်သည့် အရာများ

မဟုတ်ပါ။ အသိပညာတိုင်းနှင့် အတွေ့အကြုံတိုင်းသည် သူ၏ ကျင့်ကြံခြင်း အစိတ်အပိုင်းများသာ ဖြစ်လေသည်။

ဤသို့ဖြင့်... သူသည် "တာအို" ဖြင့် နီးစပ်နိုင်မည် ဖြစ်လေသည်။

တာအိုဆိုသည်က အရာအရာတိုင်းပါဝင်နိုင်လေသည်။ ရွှေ၊ ကျောက်စိမ်း၊ ကြက်နှင့် နွားတို့၏ အညစ်အကြေးများတွင်ပင် 'တာအို' ကို တွေ့မြင်နိုင်လေသည်။ တာအိုကို မည်သည့်အရာ၊ မည်သည့် ပုံသဏ္ဍာန်ဖြင့်မှ ကန့်သတ်ထား၍ မရပေ။

ထို့ကြောင့် တာအိုကျမ်းစာထဲတွင် -

"သဘာဝတရားသည် အကျိုးဖြစ်မှုမရှိသလို အစိတ်အပိုင်း တစ်ခုလည်း မဟုတ်ပါ။ သဘာဝတရားသည် လောကတစ်ခု လုံးမှ အရာအားလုံးကို သာတူညီမျှ ဆက်ဆံမည်သာ ဖြစ်ပေသည်"

ဟု ရေးသားထားခြင်း ဖြစ်လေသည်။

ဗုဒ္ဓကလည်း -

“ခံစားချက်ရှိသည့် သတ္တဝါအားလုံးသည် အတူတူပင်

ဖြစ်သည်”

ဟု ပြောခဲ့ခြင်း ဖြစ်လေသည်။

ဤမူဝါဒကို နားလည်ရန်အတွက် ခက်ခဲခြင်းမရှိပါ။

တာအိုဝါဒနှင့် ဗုဒ္ဓစာပေများတွင် ဤမူဝါဒများကို ဖော်ပြထား

ပြီးသား ဖြစ်လေသည်။ သို့သော်… နားလည်ခြင်းနှင့်

လက်တွေ့ကျင့်သုံးနိုင်ခြင်းကတော့ တူညီမည်မဟုတ်ပေ။

ရက်ပေါင်းများစွာ ကုန်ဆုံး ခဲ့ပြီးသည့်နောက် ဆန်းလျန်သည်

သူ၏ အရံအတား ဖွဲ့စည်းမှုကို သိန်းနှင့်ချီသည့် ကျင့်ကြံ

သူများကို တဖြည်းဖြည်း လေ့ကျင့်ပေးခဲ့လေသည်။

နောက်ဆုံးတွင်တော့…

မရေမတွက်နိုင်သည့် မိုးကြိုးနှင့် လျှပ်စီးများသည် ဆန်းလျန်
နေထိုင်ရာ နန်းတော်သို့ ပစ်ခတ် တိုက်ခိုက် လိုက်ကြလေ
တော့သည်။

အခန်း (၆၅၈) ပျံသန်းနတ်ဘုရားအင်းကွက်

ဆန်းလျန်၏ နန်းတော်သည် မိုးကြိုးများဖြင့် တိုက်ခိုက်ခံခဲ့ရ
ပြီးသည့် အချိန်တွင် အင်းကွက် တစ်ခုသည် နန်းတော်ထဲမှ
ပျံသန်းထွက်ခွာလာပြီး မိုးကြိုးများကို တားဆီး ထားလိုက်လေ
သည်။ မိုးကြိုးနှင့်လျှပ်စီးများ ကြားထဲတွင် အင်းကွက်မှ

အကန့်အသတ်မဲ့သည့် တန်ခိုးစွမ်းအား အခိုးအငွေ့များ ထွက်ပေါ်လာလေသည်။

ပန်းပဲဆရာက သံကို သံမဏိဖြစ်အောင် ထုနှက်လိုက်သည့် အလား အင်းကွက်ကို မိုးကြိုး လျှပ်စီးများသည် စတင်ပစ်ခတ်လိုက်ကြလေသည်။

မိုးကြိုးပစ်ခတ်မှုကြောင့် အင်းကွက်သည် အဆက်မပြတ်သိပ်သည်းလာပြီး အခိုးအငွေ့များ ပျောက်ကွယ် သွားလေသည်။ သို့သော် မိုးကြိုးသံများကတော့ ထွက်ပေါ်နေဆဲ ဖြစ်လေသည်။

ကောင်းကင် တစ်ခုလုံးတွင် ဖုံးအုပ်နေသည့် တိမ်တိုက်များသည် (၉)ရက်နှင့် (၉)ည တိတိကြာမှသာ ပျောက်ကွယ်သွားခဲ့လေသည်။

လရောင်သည် တောက်ပစွာ ထွက်ပေါ်လာသည့် အချိန်တွင်တော့ အင်းကွက်သည် ကျယ်ပြန့်လာကာ မရေမတွက်နိုင်သည့်

ကြယ်စင်များသည် အင်းကွက်ထဲတွင် လှည့်ပတ် နေလေ

သည်။

ကြင်စင်များသည် (၃၆၀) ဒီဂရီ စက်ဝန်း ပုံသဏ္ဍာန်လှည့်ပတ်

နေပြီး အနေအထား အသီးသီး ရှိကြလေသည်။ တန်ခိုး

စွမ်းအားပေါက်ကွဲမှုကြီးနှင့် ဆက်နွယ်မှု အောက်တွင် ထိုအရာ

သည် မပျက်စီးနိုင်သည့် အရာတစ်ခု ဖြစ်လေသည်။

နောက်ဆုံးတွင်တော့ အင်းကွက်သည် လှည့်ပတ်နေပြီး မရေမ

တွက်နိုင်သည့် ကြယ်စင်များ ထွက်ပေါ်လာကာ ဆန်းလျန်၏

လက်ထဲသို့ ကျဆင်းလာကြလေသည်။ စကြဝဠာ တစ်ခုလုံး

သည် ဆန်းလျန်၏ လက်ဖဝါးထက်သို့ ဆင်းသက်လာပြီး

တိတ်ဆိတ် လင်းလက်နေသည့် အလား ဖြစ်လေသည်။

ဆန်းလျန်က နူးညံ့ သိမ်မွေ့သည့် လေသံဖြင့်...

"နည်းဗျူဟာအရံအတား အောင်အောင်မြင်မြင် ဖွဲ့စည်းနိုင်သွား

တာ ပျံသန်းနေတဲ့ နတ်ဘုရားတွေ ကာကွယ်ပေးနေ တာထက်

တောင် ကောင်းသေးတယ်၊ ဒါကြောင့် မင်းကို ‘ပျံသန်း နတ်ဘုရားအင်းကွက်’ လို့ အမည်ပေးလိုက်မယ်”

လောကကို ကျော်လွန်သွားသည့် နတ်ဘုရားများကို ပျံသန်းနေသည့် နတ်ဘုရားများဟု ခေါ်ဆို သုံးနှုန်းလေ့ ရှိလေသည်။ သန်းနှင့်ချီသည့် ကျင့်ကြံသူများ၏ တန်ခိုးစွမ်းအားများ ပေါင်းစည်းမှုသည် ပျံသန်းနေသည့် နတ်ဘုရားများ ထက် အမှန်တကယ်ပင် သာလွန်လေသည်။ သို့သော် ပျံသန်းနေသည့် နတ်ဘုရားများကဲ့သို့ ပုံပြောင်းအဆင့်များစွာ တော့ရှိမည် မဟုတ်ပေ။

ထို့ကြောင့် ထိုအင်းကွက်ကို အထူးအခြေအနေများတွင်သာ အသုံးပြုနိုင်မည်ဖြစ်လေသည်။

“ပျံသန်း နတ်ဘုရားအင်းကွက်” က ဆန်းလျှန်ပေးသည့် အမည် ကို အသိအမှတ် ပြုသည့် အနေဖြင့် ကြယ်စင်ရောင်များ တစ်ချက် လင်းလက် သွားလေသည်။

ဆန်းလျန်သည် မော်ဝင်ပစ္စည်းပေါင်း များစွာကို ပြုလုပ်ခဲ့ဖူး သော်လည်း ယနေ့ ဖန်ဆင်းလိုက်သည့် အင်းကွက်အတွက် စိတ်ထဲတွင် အလွန်အမင်း ကျေနပ်ဝမ်းမြောက် နေခဲ့လေ သည်။

ဆန်းလျန်သည် သူ့ဘဝတွင် အောင်မြင်မှုတစ်ခုရရှိ သွားသည့် အလား အင်းကွက်ကို ကြည့်နေခဲ့လေသည်။ အင်းကွက် အတွင်းမှ ဖွဲ့စည်းမှုတိုင်းတွင် သူ၏အခြေခံတန်ခိုး စွမ်းအား များဖြင့် ပြည့်နေပြီး အားနည်းချက် တစ်စုံတစ်ရာ မရှိနိုင်ပေ။ ထို့ကြောင့် ထိုအင်းကွက်သည် အဖိုးအတန်ဆုံးသော အင်းကွက်တစ်ခု မဟုတ်သော်လည်း အောင်မြင်ခဲ့သည့် အရာ တစ်ခုတော့ ဖြစ်လေသည်။ ဆန်းလျန် အတွက်တော့ ထိုသို့ သော မော်ဝင်ပစ္စည်း တစ်ခုကို ပြီးမြောက်အောင် ပြုလုပ်ရ သည်မှာ စိတ်လှုပ်ရှားစရာ ကောင်းလှလေသည်။

တစ်ချိန်တည်းမှာပင်… သူသည် တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီကား အကြောင်းကို စဉ်းစား လိုက်မိလေသည်။ တစ်နေ့တွင်တော့ ထိုပန်းချီကားသည် သူကြားဖူးထားသည့် ဒဏ္ဍာရီထဲမှ မှော်ဝင်ပစ္စည်း တစ်ခုကို တုပနိုင်လိမ့်မည်ဟု တွေးနေမိလေသည်။

ဆန်းလျှန်သည် အင်းကွက်ကို ပြုလုပ်ပြီးသည်နှင့် လူတိုင်း၏ အာရုံစိုက်မှုကို ခံခဲ့ရလေသည်။

ပေမင်ကျီကို ကွက်မျက် ပြီးသွားခဲ့ပြီ ဖြစ်လေသည်။

သို့တိုင်အောင် ပေမင်ကျီ၏ မျိုးရိုးသည် ထူးခြားလွန်းသည့်အတွက် သူ၏ စိတ်နှင့်ဝိညာဉ်ကို အမြစ်ပြတ် သုတ်သင်နိုင် ခဲ့ခြင်းမရှိပေ။ သူ၏သေးငယ်သည့် ဝိညာဉ် အပိုင်းအစလေးသည် မိုးနှင့်မြေတွင် အထီးကျန်စွာဖြင့် လှည့်လည်သွားလာနေခဲ့လေသည်။

နောက်ဆုံးတွင်တော့... ထိုဝိညာဉ် အပိုင်းအစလေးသည် မမြင်နိုင်သောလောကတစ်ခုနှင့် ဆက်သွယ်မိပြီး မရေမတွက်နိုင်သည့် အာကာသပေါင်းများစွာကို ဖြတ်ကျော်ကာ ရော့စွေမြစ်တည်ရှိရာနေရာသို့ ရောက်ရှိလာခဲ့လေသည်။

ရှေးဟောင်း နတ်ဘုရားများသာ ထိုနေရာသို့ရောက်ခဲ့ပါက ထိုနေရာသည် ဒဏ္ဍာရီဆန်သည့် ပင်လယ်လျှိုမြောင် တစ်ခုဖြစ်သည်ကို သိရှိကြမည် ဖြစ်လေသည်။ ထိုနေရာသည် မိုးကောင်းကင်ခုံရုံး အပြင်ဘက်တွင်တည်ရှိသည့် နတ်ဘုရားများ စုဝေးလေ့ရှိရာ နေရာတစ်ခု ဖြစ်လေသည်။

ထိုနေရာသည် သုံးလောကတွင် အဆန်းကြယ်ဆုံးနေရာတစ်ခု ဖြစ်လေသည်။ ထိုနေရာသို့ ဝင်ရောက်နိုင်သူ အနည်း ငယ်သာရှိပြီး ထိုနေရာမှ ပြန်ထွက် လာနိုင်သူမှာလည်း အနည်းငယ်သာရှိလေသည်။

အဆုံးမရှိသည့် မြစ်ရေထဲတွင် ငန်းများလည်း ကူးခတ်နေခြင်း မရှိသလို အလင်းရောင်လည်း မရှိပေ။ ရေထဲတွင် ကူးခတ်နေ သည့် ငါးများပင် မရှိပေ။

ပေမင်ကျိ၏ ဝိညာဉ် အပိုင်းအစလေးသည် အဆုံးမဲ့ တောင်ကြားသို့ ရောက်ရှိလာပြီး မရှိမှုကျေးရွာသို့ ဝင်ရောက် သွားခဲ့ လေသည်။ သူ၏ကိုယ်ပိုင် အသိဉာဏ်များမှာ တဖြည်းဖြည်း ပျောက်ကွယ်နေပြီး ပင်လယ်ထဲမှ အဆုံးမဲ့ တောင်ကြားနှင့် တစ်သားတည်းကျအောင် ပေါင်းစပ် သွားခဲ့ လေသည်။

ခဏအတွင်းမှာပင် ဝိညာဉ်အပိုင်းအစလေးသည် ရေခဲစိုင်ကြီး တစ်ခုအတွင်းသို့ ဝင်ရောက် သွားလေသည်။

ရေခဲစိုင်ကြီးသည် မိုင်ပေါင်း တစ်သောင်းခန့်ရှည်လျားပြီး မိုင် ပေါင်း တစ်သိန်းခန့် ကျယ်ပြန့် လေသည်။ ထိုရေခဲစိုင်ကြီး

သည်စကြဝဠာအတွင်းမှ အချို့သော ကြယ်စင်များနှင့်ပင် နှိုင်းယှဉ် နိုင်လေသည်။

ရှားပါးသည့် အချက်မှာ ထိုရေခဲစိုင်ကြီးသည် ပင်လယ်ထဲရှိ အဆုံးမဲ့ တောင်ကြားတွင် မျောလွင့်နေသည့် အဆောက်အဦ တစ်ခုနှင့် ဆက်စပ်လျက် ရှိလေသည်။

ပေမင်ကျီ၏ ဝိညာဉ် အပိုင်းအစလေးသည် ရေခဲစိုင်အတွင်းသို့ ငုပ်လျှိုးဝင်ရောက်သွားပြီး ကွာဟမှုများစွာကို ဖြတ်သန်းသွားကာ နောက်ဆုံးတွင် ဖန်သားဖြင့် ပြုလုပ်ထားသည့် နန်းတော်ကြီး တစ်ခုရှေ့သို့ ရောက်ရှိ သွားလေသည်။

ထိုနန်းတော်ထိပ်တွင် ရေးသားထားသည့် စာတမ်းမှာ…

“နတ်မိစ္ဆာအဓိပတိနန်းတော်”

ဟူ၍ ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ထိုနေရာတွင် အလွန်ပြင်းထန်သည့် တန်ခိုးစွမ်းအား ပေါက်ကွဲမှုများ ဖြစ်ပေါ်လာပြီး နန်းတော် အတွင်းမှ တန်ခိုးစွမ်းအား (၁၀)ခု ထွက်ပေါ်လာလေသည်။

တန်ခိုးစွမ်းအား ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် တန်ခိုး စွမ်းအား (၁၀)ခုသည် ပေမင်ကျီ၏ ဝိညာဉ် အပိုင်းအစလေးကို ရစ်ပတ် လွှမ်းခြုံထားလိုက်ကြလေသည်။

ထိုခဏမှာပင် အသံတစ်သံ ထွက်ပေါ်လာလေသည်။

"သွေးနီရောင်ပင်လယ်ထဲက ညစ်ညမ်းတဲ့ မိစ္ဆာစွမ်းအားတွေ သူ့ ကိုယ်ထဲ ရောက်သွားတာပဲ၊ ကြည့်ရတာ သူက အသူရာချောက် အရှင်သခင်ရဲ့ အချစ်ဆုံးတပည့်နဲ့ ရင်ဆိုင်ခဲ့ရတာများလား"

"နံပါတ် (၃)၊ မင်းကလည်း အချိန်တွေ ရှုပ်ထွေးကုန်ပြန်ပြီ၊ အသူရာချောက် အရှင်သခင်က တာအိုဆရာ ထိုက်ယီ သတ် လိုက်လို့ လူပြန်ဝင်စားသွားတာ ကြာလှပေါ့၊ အဲဒါကို အခွင့်ကောင်းယူပြီး တိကျန်ဗောဓိသကျက သွေးနီရောင်

ပင်လယ်ထဲက အသူရာတွေ အကုန်လုံးကို နှိမ်နင်းခဲ့တယ်၊

နတ်မိစ္ဆာ ဘုရင်ပေါ်ရှင်တောင်မှ ကျဆုံးသွား ခဲ့တယ်လေ၊

အသူရာချောက် အရှင်သခင်ရဲ့ အချစ်ဆုံး တပည့်ဆိုတာ ဘယ်

နေရာက ထွက်လာရတာလဲ”

အခြားအသံ တစ်သံက ပြောလိုက်လေသည်။

ထိုစကားများကို ပြောလိုက်သူမှာ လျှို့ဝှက်ချက် တော်တော်

များများကို သိထားပုံရလေသည်။

“နံပါတ် (၉)က ဆရာဘိုးဘိုးကြီး အချစ်ဆုံး တစ်ယောက်ပဲ၊ ပြီး

တော့ အသိဉာဏ် ဗဟုသုတလည်း အရှိဆုံးပဲ၊ ခုတော့ ဝိညာဉ်

အပိုင်းအစလေးပဲ ကျန်တော့တဲ့အထိ အရှုံးလုပ်ခံ လိုက်ရတယ်

ဆိုတော့ သူ့ကြောင့် ငါတို့ ခွန်ဖိန်အနွယ်တော်တွေ အကုန်

သိက္ခာ ကျကုန်တော့မှာပဲ”

“အဲဒီလိုမပြောပါနဲ့ နံပါတ် (၅)၊ ဘာပဲဖြစ်ဖြစ်သူကလည်း နတ်မိစ္ဆာ ခန္ဓာရရှိထားတဲ့ ငါတို့ ညီအစ်ကို တစ်ယောက်ပဲ မဟုတ်ဘူးလား”

ထိုစကားကို ပြောလိုက်သူ၏ လေသံသည် အလွန်မှ သြဇာအာဏာရှိပြီး သိက္ခာနှင့် ပြည့်စုံလေသည်။

ထိုသူစကား ပြောလိုက်သည့် အချိန်တွင် ပတ်ဝန်းကျင်မှ အသံများအားလုံး တိတ်ဆိတ် သွားကြလေသည်။

“နံပါတ် (၁)၊ ငါတို့ နံပါတ် (၉)ရဲ့ ရုပ်ခန္ဓာကို ပြန်လိုချင်တယ် ဆိုရင် အနောက်ဘက် ကောင်းကင်ဘုံကိုသွားပြီး ရှစ်ပါးသီလရေကန်က ကြာမြစ်ကိုတောင်းမှပဲ ဖြစ်နိုင်မယ်၊ သူတို့က မင်းရဲ့ စကားက လွဲလို့ ဘယ်သူ့စကားကိုမှ နားထောင်ကြမှာမဟုတ်ဘူး၊ ပြီးတော့ ဘုန်းတော်ကြီးတွေနဲ့ တွေ့မနေနဲ့တော့၊ ဗုဒ္ဓကိုသာ တန်းပြီးတွေ့လိုက်၊ ဗုဒ္ဓက အရင်ဘဝက မင်းနဲ့ ညီအစ်ကို တော်စပ်ခဲ့ဖူးတော့ ကူညီနိုင် ကောင်းပါတယ်”

“ဟုတ်တယ် ဟုတ်တယ် ဟုတ်တယ်၊ နံပါတ် (၉)က ရွှေရောင်

သိမ်းငှက် ဘုရင်ရဲ့ မြေးပဲ၊ သူဒုက္ခရောက်ရင် ငါတို့ ခွန်ဖိန်

အနွယ်တော်တွေက သူ့ကို ကူညီရမှာပေါ့”

နံပါတ် (၁)က ...

“အမှန်ပဲ၊ အရင်တုန်းက သူက ဆရာဘိုးဘိုးကြီးရဲ့ အချစ်ဆုံးမို့

လို့ မင်းတို့တွေ သူ့ကို မကျေနပ်ကြတာ မှန်ပေမယ့် သူက ငါတို့

နဲ့ ဆွေမျိုး တော်နေသေးတယ်လေ၊ သူ့ကို ဒီအတိုင်းပစ်ထားလို့

ဘယ်ဖြစ်မှာလဲ၊ ဆရာဘိုးဘိုးကြီး ထွက်လာလို့ ဒီအကြောင်း

သာသိသွားရင် ငါတို့အားလုံး အပြစ်ပေးခံရမှာ”

နံပါတ် (၁)က ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည့်ဟန်ဖြင့် ထို

စကားကို ပြောလိုက်လေသည်။

ထို့နောက် အခြားသူများက ထိုအကြောင်းကို ဆက်မပြောကြ

တော့ပေ။

သူတို့စကားပြောနေကြစဉ်မှာပင်... ရွှေရောင်သိမ်းငှက် တစ်ကောင် ထွက်ပေါ်လာကာ ပေမင်ကျီ၏ ဝိညာဉ် အပိုင်းအစလေးကို ကုပ်ယူလိုက်လေသည်။

ရွှေရောင်သိမ်းငှက်၏ ခြေသည်းများသည် တောက်ပနေလေသည်။ အဘယ်ကြောင့် ဆိုသော် သိမ်းငှက်ခြေသည်း များမှ တစ်ဆင့် ပေမင်ကျီ၏ ဝိညာဉ် အပိုင်းအစလေးဆီသို့ တာအိုတန်ခိုးစွမ်းအားများ ထည့်သွင်း ပေးနေသောကြောင့် ဖြစ်လေသည်။

ထို့နောက် ရွှေရောင် သိမ်းငှက်ကြီးသည် တောင်ပံများကို တဖျတ်ဖျတ်ခတ်လိုက်ကာ မိုင်ပေါင်း ကိုးသောင်း အဝေးသို့ ပျံသန်းရောက်ရှိ သွားလေတော့သည်။

သူသည် ပင်လယ်ကို ကျော်ဖြတ်ကာ လေထုကို ထိုးခွင်းပြီး အဆုံးမဲ့တောင်ကြားမှ ပျံသန်း ထွက်ခွာသွားပြီ ဖြစ်လေသည်။

ရွှေရောင်သိမ်းငှက်ကြီး ထွက်ခွာသွားသည်နှင့် စကားသံတစ်သံ ထွက်ပေါ်လာလေသည်။

"ဒီနှစ်တွေ အတွင်းမှာ နံပါတ် (၁)ရဲ့ တန်ခိုးစွမ်းအားတွေက အရမ်းကို တိုးတက်လာတာပဲ၊ ငါတို့တွေ အကုန်လုံး ပေါင်းပြီး သူ့ကို တိုက်ခိုက်မယ် ဆိုရင်တောင်မှ အနိုင်ရနိုင်မယ် မထင်ဘူး"

"အမှန်ပဲ၊ နံပါတ် (၁)က ဒုတိယမိုးနတ်မင်းကို တိုက်ခိုက်ဖို့ အတွက် သူတို့ (၆)ယောက်နဲ့ ပူးပေါင်းခဲ့တာကိုသာ ကြည့်တော့လေ"

"မင်းတို့တွေ ဆက်မပြောနဲ့တော့၊ အဲဒီတုန်းက နံပါတ် (၁)က သူတို့ (၆)ယောက်နဲ့ ပူးပေါင်းခဲ့တာက သူတို့က မိုးကောင်းကင်ခုံရုံးကို ပြောင်းလဲပစ်ချင်တယ်လို့ ပြောခဲ့လို့လေ၊ ပြီးတော့ မိုးကောင်းကင်ခုံရုံးက နတ်စစ်သည်တွေလည်း သူတို့ကို တိုက်ခိုက်ဖို့လည်း စေလွှတ်လိုက်ရော သူတို့ အကုန်လုံး

ခွေးပြေးဝက်ပြေး ပြေးကြာတာပဲ မဟုတ်လား၊ သိုကျန့်စန့်ဖူ ကိုယ်တော်တစ်ပါးပဲ နတ်စစ်သည် တစ်သိန်းကို တစ်ယောက်တည်း ခုခံကာကွယ်ပြီး ကျန်ရစ်ခဲ့တာ”

“သိုကျန့်စန့်ဖူကိုယ်တော်က ငါ အမြဲတမ်းလေးစားရတဲ့သူပဲ၊ ဒါနဲ့ စကားမစပ်... နင်တို့တွေ သူ့အကြောင်း ဝေဖန်တဲ့ အတွက် ငါ ဒီည သူတော်စင်တေးသွား မတီးခတ်တော့ဘူး၊ ငါ့ရဲ့ သူတော်စင် တေးသွားကို နားမထောင်ရရင် နင်တို့ တွေတရား ထိုင်ဖို့ စိတ်အာရုံ ဘယ်လို စူးစိုက်မလဲဆိုတာ ကြည့်ကြတာ ပေါ့”

“ညီမလေး (၁၁)၊ မင်း ဗျပ်စောင်း မတီးတော့ဘူးဆိုရင် ငါတော့ အရမ်းကျေးဇူးတင်မှာပဲ၊ နှစ်ပေါင်းတစ်ရာမှာ တစ်ညလောက် တော့ ကောင်းကောင်း အိပ်ရတော့မယ်၊ ဘာလို့ တရားထိုင် နေ တော့မလဲ”

“အစ်ကို (၈)၊ ညတိုင်း ကြိုးကြိုးစားစား ကျင့်ကြံနေတယ် ထင်နေတာ၊ လက်စသတ်တော့ ငါဗျပ်စောင်းတီးတဲ့ အချိန်တိုင်း တရားထိုင်ချင်ယောင် ဆောင်ပြီး အိပ်နေတာပေါ့လေ၊ သူတော်စင် တေးသွားက ကျင့်စဉ်လမ်းမှာ အထောက်အကူ ဖြစ်တယ်ဆိုလို့ ငါ့မှာတော့ နင်တို့တွေအတွက် နေ့တိုင်း ဗျပ်စောင်းတီးပေးပြီး ကူညီလိုက်ရတာ…”

“မင်းတို့အားလုံးက အရှုးတွေပဲ၊ နံပါတ် (၁) ထွက်သွားတာနဲ့ ရန်ဖြစ်နေကြပြန်ပြီ၊ ကမ္ဘာ့ကပ်ဆိုးကြီးသာ ဖြစ်လို့ ကတော့ မင်းတို့တွေ အကုန်လုံး နံပါတ် (၉)ထက် အဖြစ်ဆိုးကုန် ကြလိမ့်မယ်”

“အဲဒီတော့ရော ဘာကြောက်စရာရှိလဲ၊ ငါတို့က ဆရာဘိုးဘိုးကြီးရဲ့ အကာအကွယ် အောက်မှာနေတာ၊ နှစ်ပေါင်း များစွာ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ရှိခဲ့ကြတာပဲ”

ညီမလေး (၁၁) က နှာခေါင်းတစ်ချက်ရှုံ့ရင်း ပြောလိုက်လေသည်။

သို့သော်... အခြားသူများက သူမကို စကားပြန်မပြောကြတော့ပေ။

ပေမင်ကျီ ဒုက္ခရောက်သည့် အတွက် သူတို့ ပျော်ရွှင်မိကြသည့်တိုင် ပေမင်ကျီ ယခုကဲ့သို့ ဒုက္ခရောက် သွားရခြင်းက သူတို့အားလုံးကို သတိရှိရှိဖြင့် နိုးနိုးကြားကြား ရှိစေရန်လည်း သတိပေးလိုက်သည့် အလား ဖြစ်ရလေသည်။

သူတို့အားလုံး တိတ်ဆိတ် သွားသည်နှင့် နံပါတ် (၁၁) ညီမလေးက တွေးလိုက်လေသည်။

"သူတို့တွေအကုန် ငါနဲ့ စကားမပြောချင်မှတော့ ငါလည်း.. ညီမလေးကျွေလိကိုပဲ သွားရှာတော့မယ်"

ထိုသို့တွေးလိုက်မိသည်နှင့် သူမသည် အဆုံးမဲ့တောင်ကြားမှ ထွက်ခွာသွားရန် တွေးလိုက် မိလေတော့သည်။ သို့သော်...

သူမ၏အတွေးကို အခြားသူများက ရိပ်မိလိုက်ကြခြင်း မရှိပါ ချေ။

သူတို့သည် သတိရှိရှိဖြင့် နေသင့်သည်ဟု ခံစားလိုက်ရသည့် အချိန်မှာပင် သာမန်မဟုတ်သည့် အသက်ဓာတ် စွမ်းအားတစ်ခုကို ခံစားလိုက်ကြရလေသည်။

မိုးကောင်းကင်ခုံရုံး ပြိုလဲပျက်စီးသွားသည့် အချိန်ကာလတွင်သာ သူတို့သည် ထိုကဲ့သို့သော ခံစားချက်မျိုးကို ခံစားခဲ့ကြရဖူးလေသည်။

* (သိုကျန့်စန့်ဖူ - Dou Zhan Sheng Fu ဆိုသည်မှာ Winnging and defeating Buddha ကိုပြောခြင်း ဖြစ်ပါသည်။ အနောက်သို့ ခရီးသွားမှတ်တမ်းထဲတွင်တော့ သိုကျန့်စန့်ဖူ ဆိုသည်မှာ စွန်းဝူခုံးနှင့် အတူတူပင် ဖြစ်ပါသည်။ - ဘာသာပြန်သူ)

အခန်း (၆၅၉) ဗိသာနိုး

ထိုသို့ဖြင့် နတ်မိစ္ဆာအဓိပတိ နန်းတော်တွင် မေပင်ကျို၏ ကိစ္စ
ကြောင့် အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး
ပြန်လည် ငြိမ်သက် သွားကြလေသည်။

သို့သော်... တန်ခိုးစွမ်းအား အခိုးအငွေ့တစ်ခုသည် ရေခဲစိုင်
ကြီးအတွင်းသို့ တိတ်ဆိတ် ဝင်ရောက်ပျောက်ကွယ် သွားပြီး
ပင်လယ်အတွင်းရှိ အဆုံးမဲ့တောင်ကြားမှ ထွက်ခွာ သွားသည်
ကိုတော့ မည်သူမှ သိရှိလိုက်ခြင်း မရှိကြပေ။

အချိန်အတန် ကြာသွားပြီးသည့်နောက်... တစ်ယောက်ကစပြီး
စကားပြောလိုက်လေသည်။

"ကြည့်ရတာ ဒီည ညီမလေး (၁၁) တကယ်ပဲ ဗျပ်စောင်းမတီး
တော့ဘူးထင်တယ်"

သူတို့က စိတ်စွမ်းအားများကို ဖြန့်ကျက်ကာ ညီမလေး (၁၁) ၏ နန်းဆောင်ကို ဆက်သွယ် ကြည့်လိုက်ကြလေသည်။

ထိုအခါတွင်တော့ ညီမလေး (၁၁)၏ နန်းဆောင်တွင် မည်သူမှ မရှိတော့သည်ကို သိရှိ လိုက်ကြလေသည်။

"ညီမလေး (၁၁) ထွက်သွားပြီ…"

"ခွင့်ပြုချက်မရဘဲ နန်းတော်က ထွက်တာက အကြီးအကျယ် စည်းကမ်း ဖောက်ဖျက်တာပဲ၊ နံပါတ် (၁) ပြန်လာရင် တော့ ညီမလေး အပြစ်ပေးခံရတော့မယ်"

"ဒါဖြင့် ဘာလုပ်ကြမလဲ၊ ငါ နန်းတော်အပြင် ခိုးထွက်ပြီး ညီမ လေးကို သွားရှာရမလား"

"မင်းကလည်း ခိုးထွက်ချင်လို့ အကြံထုတ်နေတာ မဟုတ်လား နံပါတ် (၈)"

"ငါက ညီမလေး (၁၁)ကို စိတ်ပူလို့ပါ"

"မင်းက အဲဒီလိုပြောတော့ ငါတို့က စိတ်မပူတာ ကျနေတာပဲ"

ခွန်ဖိန် အနွယ်တော်များ စကားပြောနေကြစဉ်မှာပင် သူတို့နား ထဲသို့ တာအိုသူငယ် တစ်ယာက်၏အသံ ဝင်ရောက် လာလေ သည်။

“ဆရာဘိုးဘိုးကြီး အမိန့်ရှိလိုက်တယ်၊ ဒီနေ့ကစပြီး နတ်မိစ္ဆာ အဓိပတိနန်းတော်ထဲကနေ သခင်လေးတွေ အကုန်လုံး အပြင် ကို ထွက်ခွင့်မရှိဘူးတဲ့”

သူတို့အားလုံးမှာ အလွန်တန်ခိုး စွမ်းအား မြင့်မားသူများ ဖြစ် ကြသော်လည်း ဆရာဘိုးဘိုးကြီး ခွန်ဖိန်၏ အမိန့်ကိုတော့ မ လွန်ဆန်ရဲကြပေ။

နတ်မိစ္ဆာ အဓိပတိနန်းတော် တစ်နေရာတွင် နက်ရှိုင်း မြင့်မား သည့် စွမ်းအား တစ်ခု ပေါ်ထွက်လာပြီး သူတို့ကို စောင့်ကြည့် နေသည်ကို ခံစားလိုက်ကြရလေသည်။ ဤသည်ကို ကြည့်ခြင်း အားဖြင့် ဆရာဘိုးဘိုးကြီး ထွက်လာပြီ ဆိုသည်ကို သူတို့ အားလုံး နားလည် လိုက်ကြလေသည်။

သူတို့ အားလုံးသည် ညီမလေး (၁၁)အတွက် အလွန်စိတ်ပူ နေကြလေသည်။ အဘယ်ကြောင့် ဆိုသော် သူမ ထွက်သွားပြီး မည်သည့် အချိန်ကျမှ ပြန်လာမည်ကို မသိနိုင်ကြသောကြောင့် ဖြစ်လေသည်။

သူတို့သည် စကားလည်း ဆက်ပြီး မပြောရဲကြတော့ပေ။

သူတို့၏ စိတ်စွမ်းအားများကို ပြန်လည် ရုတ်သိမ်းလိုက်ပြီး တရားထိုင် နေလိုက် ကြလေတော့သည်။

ညီမလေး (၁၁) သည် ပင်လယ်ထဲရှိ အဆုံးမဲ့တောင်ကြားမှ ပျံသန်း ထွက်ခွာလာခဲ့လေသည်။

သူမသည် ကောင်းကင်ထက်တွင် ပျံသန်းနေလေသည်။ သူမသည် ခွန်ဖိန်၏ မြစ်မလေး ဖြစ်သည့်အတွက် သူမ၏ အလင်းအလျင်နှုန်းသည် အဆမတန် မြန်ဆန်လွန်းလှလေသည်။

ထို့ပြင် သူမ၏ တန်ခိုးစွမ်းအားများမှာလည်း နှစ်ချို့နေပြီ ဖြစ်လေရာ အာကာသထဲသို့ ရောက်ရှိ လာသည့်တိုင် သူမ၏တန်ခိုးစွမ်းအားများ ပျက်စီးသွားမည်ကို စိတ်ပူစရာ မရှိခဲ့ပေ။

သူမက ဥက္ကာပျံ အစုအဝေးတစ်ခုကို ဖြတ်သန်း သွားပြီးသည့်နောက် အဆုံးမရှိသည့် အာကာသထဲသို့ ရောက်ရှိလာ ခဲ့လေသည်။

သူမသည် အာကာသထဲတွင် လှည့်ပတ်ပျံသန်းရင်း ပျင်းရိလာမိလေသည်။ အာကာသတစ်ခွင်လုံးသည် အလွန်တရာ လှပသော်ငြား သူမနေထိုင်သည့် အဆုံးမဲ့ တောင်ကြားလောက် လှပခြင်း မရှိပေ။

သူမသည် ပျံသန်းနေရင်း နောက်ဆုံးတွင်တော့ အလွန်တရာ လှပသည့် နေရာတစ်ခုသို့ ရောက်ရှိ သွားခဲ့လေသည်။

နဂါးငွေ့တန်းသည် စကြဝဠာကြီးတစ်ခုလုံးတွင် အလှပဆုံး ဖြစ်လေသည်။ သူမဘဝတွင် တွေ့မြင်ခဲ့ရသမျှ ရှုခင်းများနှင့် ယှဉ်လျှင် အသက်ရှူ ရပ်မတတ်ပင် လှပလွန်းလေသည်။ သူမ နဂါးငွေ့တန်းနှင့် နီးကပ်လာသည်နှင့် နဂါးငွေ့တန်းသည် မည်မျှ နက်ရှိုင်း ကျယ်ပြန့်သည်ကို နားလည်လိုက်ရ လေသည်။ နဂါးငွေ့တန်းထဲတွင် စီးဆင်းနေသည့် အရာသည် မြစ်ရေလား သို့မဟုတ် အခြားသော အရာတစ်ခုခုလား ဆိုသည်ကိုတော့ သူမ သိပ်မသိပေ။ သူမ၏ ဝိညာဉ် စွမ်းအားများသည် နဂါးငွေ့တန်းဆီသို့ ထိုးဖောက်နိုင်ခြင်း မရှိသောကြောင့် ဖြစ်လေသည်။

သူမတွေ့မြင်နေရသည့် နဂါးငွေ့တန်းသည် ဒဏ္ဍာရီထဲမှ မိုးကောင်းကင်ခုံရုံးကို ဖြတ်သန်း စီးဆင်းသွားခဲ့သည့် နဂါးငွေ့တန်းများဖြစ်လေမလားဟု သူမ စဉ်းစား နေခဲ့မိလေသည်။

သူမသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ထူးဆန်းမှုတစ်ခုကို အာရုံခံ လိုက်မိလေသည်။

ထိုအခါ... တာအိုဝတ်စုံကို ဝတ်ဆင်ထားသည့် တာအိုဆရာ အဘိုးအို တစ်ယောက်ကို တွေ့လိုက်ရလေသည်။ အဘိုးအိုသည် သူမအနားတွင် ရုတ်တရက် ပေါ်လာသည်လား သူမ မသိခဲ့ပေ။ အဘိုးအို လက်ထဲတွင် ငါးမြှားတံ တစ်ချောင်းကို ကိုင်ထားပြီး ငါးမြှားချိတ်ကို နဂါးငွေ့တန်းထဲတွင် ချထားလေသည်။ နဂါးငွေ့တန်း ရေလှိုင်းများ ကြားထဲတွင် ငါးမြှားချိတ်သည် လွင့်မြောလျက် ရှိလေသည်။

သူမသည် သိချင်စိတ်ကို ထိန်းမရတော့ဘဲ အဘိုးအိုအနားသို့ ချဉ်းကပ်သွားပြီး နဂါးငွေ့တန်း အတွင်းသို့ ငုံ့ကြည့်လိုက်လေသည်။ ထိုအခါ အဘိုးအို၏ ငါးမြှားချိတ်တွင် ကြယ်တစ်လုံး တပ်ဆင်ထားသည်ကို တွေ့လိုက် ရလေသည်။

"အဲဒီ ကြယ်က အစစ်လား"

ညီမလေး (၁၁) က မေးလိုက်လေသည်။

“ဒါဖြင့် မင်းကရော အစစ်လား”

တာအိုဆရာက ခေါင်းကိုလှည့်မကြည့်ဘဲ ပြန်မေးလိုက်လေ

သည်။

“ဒါပေါ့… ကျွန်မက အစစ်လေ…”

“ဒါဖြင့် သက်သေပြလေ”

တာအိုဆရာ အဘိုးအိုက ပြောလိုက်လေသည်။

ညီမလေး (၁၁)သည် မျက်လုံးကို တစ်ချက် လှန်လိုက်မိလေ

သည်။ ထို့နောက်… သူမ၏ လက်ထဲတွင် ဗျပ်စောင်း တစ်

လက် ပေါ်လာလေသည်။ ဗျပ်စောင်းပေါ်တွင် ငှက်များ၊ သားရဲ

များ၊ ငါးပုံများ ထွင်းထုထားသည့် အပြင် “သူတော်စင်တေး

သွား” ဟုလည်း ရေးသားထားလေသည်။

သူမက ဗျပ်စောင်းကို ညင်သာစွာ တီးခတ်လိုက်သည့် အခါ တွင်တော့ တေးသွားသံစဉ် တစ်ခု ထွက်ပေါ်လာပြီး တာအို ဆရာအဘိုးအိုကို သွားရောက် ရိုက်ခတ်လေသည်။

"ရှင် နာကျင် ခံစားရမယ်ဆိုရင် ကျွန်မက အစစ်အမှန်ဖြစ်လို့ပဲ" သူမက စကားပြောလိုက်ချိန်တွင် တေးသွားသံစဉ် လှိုင်း များသည် အဘိုးအိုရှိရာသို့ တဖြည်းဖြည်း ဝင်ရောက်သွား လေ သည်။

သို့သော်... တာအိုဆရာအဘိုးအိုက အင်္ကျီလက် တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ အင်္ကျီလက်မှာ တွင်းနက်ကြီး တစ်ခု အလား ဖြစ်သွားပြီး တေးသွားသံစဉ်များ အားလုံးကို စုပ်ယူ သွားလေ တော့သည်။

သူမသည် အလွန်ကြောက်မက်ဖွယ် ရာကောင်းသည့် ဖိအား တစ်မျိုးကို ခံစားလိုက်ရလေသည်။ သူမ၏ တန်ခိုးစွမ်းအာ

များသော ခိုင်မာခြင်းမရှိပါက သူမ သည်လည်း တွင်းနက်ထဲသို့ ကျရောက် သွားရမည် ဖြစ်လေသည်။

သူမက တစ်စုံတစ်ခုကို စဉ်းစားလိုက်မိပြီး အမြန် ပြောလိုက်လေသည်။

"ကျွန်မက ဆရာဘိုးဘိုးကြီး ခွန်ဖိန်ရဲ့ မြစ်ပါ၊ နာမည်က ကျင့်စူးလို့ ခေါ်ပါတယ်၊ အဘိုး အသုံးပြုလိုက်တာ ဝိဇ္ဇာအက်ဂျီ လက်တန်ခိုးစွမ်းအားပဲ မဟုတ်လား၊ အဘိုးက ကျန့်ယွမ်ကျီ နတ်မင်းကြီးလား"

ကျင့်စူးသည် အဘိုးအို၏ တန်ခိုးစွမ်းအားကို တွေ့မြင်လိုက်သည်နှင့် အဘိုးအိုနှင့် မည်သို့မှ မယှဉ်နိုင်သည်ကို သဘောပေါက် သွားလေသည်။ ထို့ပြင်... ဝိဇ္ဇာအက်ဂျီလက်တန်ခိုးစွမ်းအားသည် ဝူကျွမ်းကျောင်းတော်မှ ကျင့်စဉ်တစ်ခု ဖြစ်လေသည်။ ဝူကျွမ်းကျောင်းတော် ပိုင်ရှင်မှာ ကျန့်ယွမ်ကျီ နတ်မင်းကြီး ဖြစ်လေသည်။

ကျန့်ယွမ်ကျိ နတ်မင်းကြီး၏ တန်ခိုးစွမ်းအားများသည်

သူမ၏ ဆရာဘိုးဘိုးကြီးနှင့် အဆင့်အတန်း အတူတူပင် ဖြစ်

လေသည်။ ထိုနတ်မင်းကြီး သည် ကြောက်မက်ဖွယ်

ကောင်းသော၊ ထင်ရှားကျော်ကြားသော၊ အကြီးမြတ်ဆုံးသော

ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်လေသည်။

သူမရှေ့မှ အဘိုးအိုသည် ကျန့်ယွမ်ကျိ နတ်မင်းကြီးသာ အမှန်

ဖြစ်ခဲ့ပါက သူမအနေဖြင့် ကြိုတင် အရှုံးပေးလိုက်ခြင်းက

အကောင်းဆုံး ဖြစ်လေသည်။ မဟုတ်ပါက သူမသည် ကျန့်

ယွမ်ကျိ၏ လက်ချောင်း တစ်ချောင်းကိုပင် အနိုင်ရအောင်

တိုက်ခိုက်နိုင်မည်မဟုတ်ပေ။

သူမ အလွန်လေးစားချစ်ခင်သည့် စံပြပုဂ္ဂိုလ်ဖြစ်သော သိုကျန့်

စန့်ဖူသည်ပင်လျှင် ကျန့်ယွမ်ကျိ နတ်မင်းကြီးကို ရှုံးနိမ့် ခဲ့ရဖူး

လေသည်။

တာအိုဆရာ အဘိုးအိုက ပြုံးလိုက်ရင်း...

“ကျုပ်က ကျန့်ယွမ်ကျီ နတ်မင်းကြီး မဟုတ်ပါဘူး၊ ဒါပေမဲ့ အရင်တုန်းက ဝူကျွမ်းကျောင်းတော်မှာ နေခဲ့ဖူးတယ်၊ တာအိုဆရာ ထိုက်ယီကြောင့် ဂျင်ဆင်းဆေးမြစ် တစ်ခု ရခဲ့ဖူးတယ်၊ ပြီးတော့ ဝိဇ္ဇာအကျ်ံဳလက်ပညာကို သင်ယူခဲ့တယ်၊ အဲဒီပညာက အခြေခံအဆင့်မှာပဲ အရမ်းခက်ခဲလွန်းတဲ့ အတွက် အကြိမ်ကြိမ် လေ့လာပြီးမှ ကျုပ်က အနှစ်ချုပ် ကျင့်စဉ်ကျမ်း တစ်ခု ရေးသားခဲ့တယ်၊ ကျုပ်ရဲ့ တပည့်သားမြေးတွေ ဝိဇ္ဇာအကျ်ံဳ လက်ပညာကို ကျင့်ကြံပြီး တကယ့် စစ်မှန်တဲ့တန်ခိုးစွမ်းအားရရှိနိုင်ဖို့ မျှော်လင့်မိတယ်၊ ဒါပေမဲ့ ဒီနေ့ဒီအချိန်အထိ အဲဒီလိုလုပ်နိုင်တဲ့သူ တစ်ယောက်မှ မရှိခဲ့ဘူး”

ထိုစကားကိုကြားတော့မှ ကျင့်စူး စိတ်သက်သာရာ ရသွားလေသည်။

ကျန့်ယွမ်ကျီနတ်မင်းကြီးနှင့် မတွေ့ရသည့် အတွက်သာ ကံကောင်းတော့သည်။

သူမက တစ်ချက်မျှ တွေးလိုက်ပြီး...

"ရှင့်ရဲ့တပည့်တွေက ရှင့်ကို ဒီလိုစိတ်ပျက်စေတာ သူတို့က ဉာဏ်မကောင်းလို့ပဲ ဖြစ်ရမယ်၊ ကျွန်မကတော့ မွေးရာပါ အရည်အချင်းရှိတဲ့ သူပါ၊ ကျွန်မကို ဝိဇ္ဇာအကျိ လက်ပညာ သင်ပေးချင်တယ်ဆိုရင် သင်ပေးလို့ ရပါတယ်"

တာအိုဆရာအဘိုးအိုက ရယ်မောလိုက်ရင်း...

"ခွန်ဖိန်ပေါက်စလေး... မင်းကအရမ်းကို လောဘကြီးလွန်းတယ်၊ မင်းရဲ့ အဘိုးအတိုင်းပဲ၊ ဒါပေမဲ့ ဝိဇ္ဇာအကျိ လက်ပညာကို မင်းသင်ချင်တယ်ဆိုရင် သင်ပေးလို့ရပါတယ်၊ ဒါပေမဲ့ ကျုပ်ကို တစ်ခုတော့ ပြန်ကူညီရမယ်"

ကျင့်စူးက...

"ကျွန်မက လောဘကြီးတာ မဟုတ်ပါဘူး၊ အဲဒီ ဝိဇ္ဇာအကျိ လက်ပညာကိုလည်း ကျွန်မ မသင်ချင်တော့ဘူး၊ ရှင် အကူအညီ တောင်းချင်တယ် ဆိုရင်လည်း တခြားသူကိုသာ ရှာ

လိုက်ပါ၊ ကျွန်မမှာ လုပ်စရာတွေ ရှိသေးတာမို့လို့ သွားတော့မယ်နော်"

သူမက ပြောပြီးသည်နှင့် ချက်ချင်း ထွက်ခွာရန် ပြင်ဆင်လိုက်လေသည်။

သူမသည် အရူးတစ်ယောက် မဟုတ်ပါ။ တာအိုဆရာ အဘိုးကြီး၏ စကားများကို ကြည့်ခြင်းအားဖြင့် အဘိုးအိုသည် သူမရောက်လာမည်ကို ကြိုသိနေသည့် အအတွက် ဤနေရာတွင်လာစောင့် နေသည်မှာ သေချာသလောက် ရှိလေသည်။

သူမအနေဖြင့် အဘိုးအို၏ ထောင်ချောက်ထဲသို့ ကျရောက်ရလောက်အောင် မိုက်မဲသူ တစ်ယောက် မဟုတ်ပါ။

သူမသည် ရွှေရောင်သိမ်းငှက်ကြီး အသွင်ပြောင်းလဲလိုက်ပြီး အတောင်ပံများကို ခတ်ကာ ပျံသန်း ထွက်ခွာရန် ပြင်ဆင်လိုက်လေသည်။

သို့သော်...

တစ်စုံတစ်ခု မှားယွင်းနေသည်ကို သူမက ချက်ချင်း နားလည် လိုက်လေသည်။

သူမ ပျံသန်း လိုက်သည့်တိုင် တာအိုဆရာ အဘိုးအိုသည် သူမ ရှေ့တွင်ရှိနေဆဲ ဖြစ်လေသည်။ သူမသည် အဘိုးအိုနှင့် ဆန့်ကျင်ဘက်အရပ်ကို ပျံသန်းလိုက်ခြင်း ဖြစ်သော်လည်း အဘိုးအိုသည် သူမရှေ့တွင် အဘယ်ကြောင့် ရှိနေရပါ သနည်း။

ထို့ပြင်... အဘိုးအိုသည် အရင်အတိုင်းပင် မပြောင်းမလဲ ထိုင် နေခြင်းဖြစ်ပြီး သူ၏ ငါးမြားတံကလည်း နဂါးငွေ့တန်းထဲတွင် ချထားဆဲ ဖြစ်လေသည်။

ထို့နောက်တွင်တော့ သူမ အတောင်ပံခတ်ကာ မည်မျှပင် ပျံသန်းထွက်ခွာပါစေ ထိုနေရာမှ တစ်ချက်မှ မရွေ့နိုင်အောင် ဖြစ်နေရလေတော့သည်။

တာအိုဆရာအဘိုးအိုက ရယ်မောလိုက်ရင်း...

"ကြည့်ရတာ မင်းက ငါ့ကို မကူညီချင်ဘူး ထင်တယ်၊ ဒါပေမဲ့ မင်းရဲ့ရုပ်ခန္ဓာကတော့ အရမ်းရိုးသားတယ်၊ ကျုပ်အနားက ခွာချင်ပုံမရဘူး"

ကျင့်စူးက...

"ကျွန်မအရှုံးပေးပါပြီ၊ ရှင်... ကျွန်မဆီက ဘာလိုချင်လို့လဲ"

သူမသည် အလွန်လည်သူ တစ်ယောက် ဖြစ်လေသည်။ တာအိုဆရာအဘိုးအိုကို အနိုင်မရနိုင်တော့သည်ကို သိလိုက်သည်နှင့် ချက်ချင်းပင် ဟန်ဆောင် လိုက်လေသည်။

တာအိုဆရာ အဘိုးအိုက...

"ကျုပ်ဆီမှာ အမိတ္တဘဟ ကျမ်းစာရှိတယ်၊ မင်းက အဲဒီကျမ်းစာကို အသူရာချောက်က သွေးနီရောင် ပင်လယ်ထဲကို ယူသွားပေးရမယ်၊ အဲဒီနေရာကိုရောက်ရင် ကျမ်းစာကို ဖွင့်လိုက်ပါ၊ အဲဒီအချိန်ကျရင် လူတစ်ယောက် ရောက်လာပြီး မင်းကို စေတီတော်ဆီ ခေါ်သွားလိမ့်မယ်၊ အဲဒီ စေတီတော်မှာ ဘုန်း

တော်ကြီးတစ်ပါးရှိတယ်၊ အဲဒီ ဘုန်းတော်ကြီးရဲ့နာမည်က ရာမ လို့ ခေါ်တယ်၊ မင်းက ဒီကျမ်းစာကို သူ့ကိုပေးပြီးရင် ကျုပ်က ဗိသဿနိုးကိုတွေ့ချင် တဲ့အကြောင်း ပြောပြလိုက်ပါ”

ကျင့်စူးက...

"ဗိသဿနိုးကို ဗုဒ္ဓကိုယ်တော်တိုင်က နှိမ်နင်းလိုက်ပြီး မဟုတ်ဘူး လား၊ သူ အခု ဘယ်ရောက် နေလဲတောင် မသိတော့ ဘူး၊ အခု အဲဒီ ဘုန်းတော်ကြီးရာမနဲ့ ဗိသဿနိုးက ဘယ်လို ပတ်သက်နေ တာလဲ"

"မင်းက တကယ့်ကို စာတတ် ပေတတ်မိသားစုကဆိုတာ မှန် တာပဲပေ့ါ၊ ဒီလိုကိစ္စတွေကိုတောင် ရှင်းရှင်းလင်းလင်း သိနေ တယ်၊ ဒါပေမဲ့ မင်းအနေနဲ့ အမေးအမြန်း မထူတာ ကောင်းလိမ့် မယ်၊ မင်းရဲ့ ဇာစ်မြစ် အရဆိုရင် ရာမ မပြောနဲ့ ဗိသဿနိုး ကိုယ်တိုင်တောင် မင်းကို မင်းကို ဒုက္ခမပေးနိုင်ဘူး၊ မင်း ဒီ ကျမ်းစာကိုသာ ကျုပ်ကိုယ်စား သွားပို့ ပေးပါ၊ ကျုပ်က ဝူ

ကျွမ်းကျောင်းတော်က ဝိဇ္ဇာအကျုံ လက်ပညာကို မင်းကို

သင်ပေးမယ်၊ ဒီလောက်ကောင်းတဲ့ အပေးအယူမျိုး ဘယ်မှာ

ရနိုင်မှာလဲ"

တာအိုဆရာ အဘိုးအိုက ပြောလိုက်လေသည်။

ကျင့်စူးက...

"ကျွန်မက အမိတ္တဘာဟ ကျမ်းစာကို ယူသွားပြီး ဘုန်းတော်ကြီး

ရာမဆီ သွားပို့မပေးဘဲနဲ့ ထွက်ပြေးသွားမှာ မကြောက်ဘူး

လား"

တာအိုဆရာအဘိုးအိုက ပြုံးရုံသာပြုံးနေပြီး မည်သည့် စကား

မှဆိုခြင်း မရှိတော့ပေ။

အခန်း (၆၆၀) ခေါင်းကိုက်ဂါထာ

တာအိုဆရာအဘိုးအိုက သူမကို စိုက်ကြည့်နေသည့် အတွက် ကျင့်စူးမှ ကြောက်ရွံ့ လာမိလေသည်။

"ရှင် ကျွန်မဆီက ဘာလိုချင်သေးလို့လဲ"

တာအိုဆရာအဘိုးအိုက ပြုံးလိုက်ရင်း…

"ခွန်ဖိန်ပေါက်စလေး၊ မင်းက အရမ်းလှတော့ ကျုပ်မင်းကို လက်ဆောင်တစ်ခု ပေးစရာရှိတယ်"

အဘိုးအို၏စကားကြောင့် ကျင့်စူးက အနည်းငယ် ရှက်သွားပြီးမှ…

"အဘိုး၊ ပစ္စည်းကောင်းလေးတွေ ဆိုရင် အဘိုးပဲ သိမ်းထား သင့်ပါတယ်"

သို့သော်… အဘိုးအိုက ခေါင်းတစ်ချက် ခါယမ်းလိုက်ရင်း…

"ဘာပဲဖြစ်နေဖြစ်နေ ဒီပစ္စည်းကမင်းကိုပဲ လက်ဆောင်ပေးရမှာ ပါ"

ပြောပြီးသည်နှင့် အဘိုးအို၏လက်ထဲတွင် ထူးဆန်းသည့် အရောင်ရှိသည့် ပန်းသရဖူ ခေါင်းဆောင်းလေး တစ်ခု ပေါ်လာလေသည်။ လှပလွန်းသည့်တိုင် ပန်းရနံ့ကတော့ မွှေးပျံ့ခြင်း မရှိပေ။

ပန်းသရဖူလေးမှာ လှပလွန်းသည့်အတွက် ကျင့်စူးသည် အတန်ကြာ ငေးစိုက် ကြည့်နေခဲ့မိလေသည်။

နောက်ဆုံးမှ သူမက ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည့်ဟန်ဖြင့်...

"အဘိုး... ကျွန်မ အဲဒီပန်းသရဖူကို မလိုချင်ပါဘူး"

တာအိုဆရာအဘိုးအိုက ပြုံးလိုက်ရင်း...

"မရဘူး..."

နောက်ဆုံးတွင်တော့...

အဘိုးအို၏ တန်ခိုးစွမ်းအား ပေါက်ကွဲမှုများ အောက်တွင် ကျင့်စူးသည် လူသားပုံသဏ္ဍာန် ပြန်လည် ဖြစ်ပေါ်လာပြီး ပန်း

သရဖူလေးကို ဦးခေါင်းထက်တွင် အတင်း အဓမ္မဆင်မြန်းပေးခြင်းကို ခံလိုက်ရလေတော့သည်။

ထို့နောက်တွင်တော့ အဘိုးအိုက ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။

ထိုအခါတွင်တော့ သူမ၏ ဦးခေါင်းထက်မှ ပန်းသရဖူသည် တင်းကျပ်လာပြီး သူမ၏ ဦးနှောက် တစ်ရှူးစများ ပေါက်ထွက်တော့မည့် အလား နာကျင်ခံစား လိုက်ရလေသည်။

သူမသည် ထိုနာကျင်ခြင်းကြောင့် သေသွားမည် မဟုတ်သည်ကို သိရှိလိုက်သော်လည်း နာကျင်မှုသည် လုံး၀ ခံစားရ ခက်လွန်းလှလေသည်။

ကျင့်စူးက ငိုရှိုက်လိုက်ရင်း...

"အဘိုးရဲ့နောက်ကွယ်မှာ ကျွန်မ မဟုတ်တာဘာမှ မလုပ်ပါဘူး၊ ဂါထာမရွတ်ပါနဲ့တော့"

သူမက တောင်းပန်လိုက်တော့မှ တာအိုဆရာအဘိုးအိုက ဂါထာရွတ်ခြင်းကို ရပ်တန့်လိုက်လေသည်။

"ဒီဂါထာနဲ့ ထိန်းချုပ်ခံရတဲ့ သူဆိုလို့ နည်းနည်းပဲရှိတယ်၊ လူသိအများဆုံးကတော့ မျောက်မင်း စွန်းဝူခုံးပဲပေါ့ကွယ်၊ မင်းကို ဒီဂါထာနဲ့ ထိန်းချုပ်လိုက်ရတာကလည်း မင်းက မျောက်မင်းစွန်းဝူခုံးလို တစ်နေ့မှာ ပုန်ကန်တဲ့သူ တစ်ယောက် ဖြစ်လာမှာမို့လို့ပဲ၊ ဒီတော့ ကျုပ်ကို အပြစ်မတင်နဲ့"

ကျင့်စူးက ခေါင်းကို အဆက်မပြတ်ညိတ်လိုက်ရင်း...

"ကျွန်မ အဘိုးကို အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ ဒီဂါထာက အရမ်းနာတယ်၊ ဒါကြောင့် မရွတ်ပါနဲ့တော့"

တာအိုဆရာ အဘိုးအိုက ပြုံးလိုက်ရင်း...

"ကောင်းပြီလေ... ကျုပ် ဂါထာ မရွတ်တော့ပါဘူး"

ကျင့်စူးက...

"ကျွန်ခေါင်းပေါ်က ဒီပန်းသရဖူကို ဘယ်တော့ဖြုတ်ပေးမှာလဲ"

တာအိုဆရာအဘိုးအိုက ပြုံးလိုက်ရင်း...

"ဒီ ပန်းသရဖူကို ဘယ်လိုဖြုတ်ရမလဲဆိုတာ ကျုပ်လည်း မသိဘူး၊ ဒါပေမဲ့ မင်းတစ်နေ့မှာ သိုကျန့်စန့်ဖူ ကိုယ်တော်ကို တွေ့ခွင့်ရမယ် ဆိုရင်တော့ သူ့ဆီက အဲဒီပန်းကုံးကို ဖြုတ်နိုင်တဲ့ ဗုဒ္ဓကျမ်းစာကို မေးမြန်းလို့ ရနိုင်တယ်"

ကျင့်စူးသည် တာအိုဆရာအဘိုးအိုကို စိတ်ထဲမှ အကြိမ်ပေါင်းထောင်နှင့် ချီပြီး ထိုးနှက်နေ ခဲ့လေသည်။

သူမတွင်သာ ဒဏ္ဍာရီထဲမှ မြားခေါင်း ခုနစ်ခုစာအုပ် ရှိနေမည်ဆိုလျှင် သူမ ပထမဆုံးလုပ်မည့် အလုပ်သည် တာအိုဆရာအဘိုးအို၏အမည်ကို စာအုပ်ပေါ်တွင် ပထမဆုံး ချရေးမည် ဖြစ်လေသည်။ သို့သော်... လက်ရှိအချိန်တွင် အဘိုးအိုမည်သူဖြစ်သည်ကိုပင် သူမက သိရှိခြင်း မရှိသေးပေ။

ထို့ကြောင့် ကျင့်စူးအနေဖြင့် မည်သို့မှ မလုပ်နိုင်ဖြစ်ရလေသည်။ သို့သော်... သူမကို ခေါင်းကိုက် ဂါထာအသုံးပြုပြီး

ထိန်းချုပ်ထားသည်မှလွဲလျှင် အဘိုးအိုသည် သူမကို ကောင်းကောင်း ဆက်ဆံ ခဲ့လေသည်။

အဘိုးအိုသည် သူမကို ဝိဇ္ဇာအကျိုးလက်ပညာကို သင်ကြားပေးလေသည်။

သူမသည်လည်း သင်ယူသည့်နေရာတွင် အတတ်မြန်သူ တစ်ယောက် ဖြစ်လေသည်။ အဘယ်ကြောင့် ဆိုသည် သူမသည် ခွန်ဖိန်အနွယ်တော် တစ်ယောက် ဖြစ်သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သူမသည် အာကာသ နိယာမ အချို့ကို နားလည်ထားသူ ဖြစ်လေသည်။ ဝိဇ္ဇာအကျိုး လက်ပညာသည် အာကာသ နိယာမများနှင့် ဆက်စပ်နေ သည့်ပညာတစ်ခု ဖြစ်လေသည်။

သို့သော်... သူမသည် ဝိဇ္ဇာအကျိုးလက်ပညာကို သင်ယူနိုင်ခဲ့သည့်တိုင် ကျန့်ယွမ်ကျီ နတ်မင်းကြီးကဲ့သို့တော့ တန်ခိုးစွမ်းအား မြင့်မားစွာဖြင့် အသုံးပြုနိုင်ခဲ့ခြင်း မရှိပေ။

သူမကို သင်ပြပေးသည့် တာအိုဆရာ အဘိုးအိုလောက် လည်း တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိခဲ့ပေ။ သို့သော်... သူမ၏ အစ်ကိုများကိုတော့ ကောင်းကောင်း အနိုင်ယူနိုင် မည်ဖြစ်လေ သည်။

သူမကို ဝိဇ္ဇာအကျိုး လက်ပညာ သင်ပေးပြီးသည်နှင့် တာအို ဆရာအဘိုးအိုက အမိတ္တဘာဟ ကျမ်းစာကို သူမကို ပေးလိုက် လေသည်။

ထိုအမိတ္တဘာဟကျမ်းစာ၏ မူလဇာစ်မြစ်ကို ကျင့်စူး ကောင်းကောင်း သိလေသည်။ ထိုကျမ်းစာသည် အော်မီတော် ဖူ ဗုဒ္ဓက လက်ဆင့်ကမ်း ပေးခဲ့သည့် ကျမ်းစာတစ်ခု ဖြစ်လေ သည်။

သို့သော်... ထိုကျမ်းစာသည် ဗုဒ္ဓဘာသာတွင် သာမန်ကျမ်းစာ တစ်ခုမျှသာ ဖြစ်လေသည်။ ထိုကျမ်းစာ ကဲ့သို့သော ကျမ်းစာ များကို နေရာအနှံ့တွင် တွေ့နိုင်လေသည်။

ထိုကျမ်းစာကိုရေးသားခဲ့သူသည် အော်မီတော် ဖူဗုဒ္ဓဖြစ်သည့်

တိုင် ထိုကျမ်းစာထဲတွင် တာအိုကာရုံများ ပါဝင်နေသည် ကို

တွေ့ရှိနိုင်လေသည်။

သို့သော်... သူမသည် လွတ်လွတ်လပ်လပ် နေချင်သည့်

နတ်မိစ္ဆာ တစ်ပါးသာ ဖြစ်ပြီး သီလရှင် ဝတ်ချင်စိတ်ရှိသူ တစ်

ယောက် မဟုတ်ပေ။ ထို့ကြောင့် ထိုကျမ်းစာသည် သူမအတွက်

အသုံးမဝင်လှပါ။

ထိုသို့တွေးနေခြင်းသည် ထိုကျမ်းစာကို မတပ်မက်မိစေရန်

အတွက် သူမကိုယ်သူမ ဆင်ခြေ ပေးနေခဲ့ခြင်း ဖြစ်လေ သည်။

အမှန်တော့... ခေါင်းကိုက်ဂါထာသည် အလွန်နာကျင်လှသည့်

အတွက် သူမသည် တာအိုဆရာ အဘိုးအိုနှင့် ပြဿနာဖြစ်လို

စိတ်မရှိပေ။

တာအိုဆရာအဘိုးအိုက သူမကို ကျမ်းစာ ပေးလိုက်ပြီးသည်

နှင့် အချိန်နှင့် အာကာသကို ကျော်ဖြတ်နိုင်သည့် အင်းသင်္ကေ

တစ်ခုကို အသုံးပြုလိုက်သည့် အတွက် သူမသည် အသူရာ ချောက်သို့ အချိန်တို အတွင်းတွင် ရောက်ရှိ သွားလေ တော့သည်။

အသူရာချောက် (၉) ထပ်သို့ ရောက်ရှိသည့်အခါတွင်တော့ သူမသည် အနည်းငယ် စိတ်လှုပ်ရှား သွားမိလေသည်။ ဤ နေရာသည် သိုကျန့်စန့်ဖူ ကိုယ်တော်ကို လူသိများအောင် စတင်လုပ်ဆောင် ပေးခဲ့သည့် နေရာဖြစ်လေသည်။

သို့သော်... သူမ ရောက်ရှိလာသည့် အချိန်တွင်တော့ အသူရာ ချောက်တွင် နွားခေါင်းနှင့် မြင်းမျက်နှာ နတ်ဆိုးများလည်း မရှိ သလို ငရဲမင်း (၁၀)ပါးလည်း ရှိမနေပေ။ ထို့ပြင် အသူရာ ချောက်သည် အရင်ကနှင့်ယှဉ်လျှင် အနည်းငယ် သေးငယ် နေ သယောင်လည်း ထင်မှတ်ရလေသည်။

ထို့ပြင် ဝမ့်ရှန်းမျှော်စင်နှင့် အစိမ်းသရဲမြို့တော်ကိုလည်း တွေ့ရှိရခြင်း မရှိပေ။ နိုင့်ဟယ် တံတားနှင့် စန်းရှန်း ကျောက်တုံးဆိုသည်မှာ ဘယ်ဆီ ရောက်နေသည်ကိုပင် မသိနိုင်တော့ပေ။ ကျင့်စူးသည် သွေးနီရောင် ပင်လယ်ရှိရာသို့ အလျှင်စလိုသွားခြင်း မရှိပါ။ တာအိုဆရာ အဘိုးအိုကလည်း သူမကို အချိန်အကန့်အသတ် ပေးမထားခဲ့ပေ။

ထို့ကြောင့် သူမက အသူရာချောက်၏ သမိုင်းကြောင်းကို နားလည်အောင် လေ့လာရန် ဆုံးဖြတ် လိုက်လေသည်။

သူမသည် တိုင်းပြည် (၃)ခုဖြစ်သည့် တာ့ရှား၊ ယင်းစန်းနှင့် တာ့ကျိုးပြည်များ အကြောင်း တစ်ခါမှ မကြားဖူးသလို တာ့ရှားဧကရာဇ်၊ ထျန်းယီအကြီးအကဲနှင့် ချင်းရှမ်ကျန်းရန် နတ်ဘုရားတို့မှာ မည်သူတွေ ဖြစ်သည်ကိုပင် သိရှိခဲ့ခြင်း မရှိပေ။ သို့သော်... သူမနှင့်ရင်းနှီးနေသည့် စကားလုံး တစ်ခုမှာ "ချင်းရှမ်" ဆိုသည့် စကားလုံးပင် ဖြစ်လေသည်။

ဇာမဏီ အနွယ်တော်တစ်ယောက် ဖြစ်သည့် ညီမလေးကွေလိ နှင့် စိတ်ချင်း ဆက်သွယ် စကားပြောသည့် အခါတိုင်း ကွေလိ က သူမ ယာယီနေထိုင်သည့် လောကဆီမှ ချင်းရွှမ်နတ်တံခါး အကြောင်းကို အမြဲတမ်း ပြောပြလေ့ရှိလေ သည်။

ညီမငယ်လေးကွေလိသည် အလွန်ငယ်ရွယ်သူ ဖြစ်သော်လည်း ကျင့်စူးကတော့ သူမကို အလွန် ချစ်လေသည်။

သို့သော်... ယခုအချိန်တွင်တော့ ညီမလေးကွေလိ မည်သည့် နေရာသို့ ရောက်ရှိနေသည်ကို သူမ မသိပါ။ သူတို့ တစ်ယောက် နှင့်တစ်ယောက် အဆက်အသွယ် မရသည်မှာ ကြာပြီ ဖြစ်လေ သည်။

ကံကောင်းစွာဖြင့်ပင် သူမသည် ဇာမဏီ အနွယ်တော်များ၏ နတ်ဘုရားနန်းတော် တည်ရှိသည့် နေရာကို သိရှိထား လေ သည်။ ထို့ကြောင့် သူမက ညီမလေးကွေလိ မည်သည့်နေရာ တွင် ရောက်ရှိနေသည်ကို စုံစမ်းနိုင်ရန်အတွက် ထိုနေရာသို့

သွားရန် ဆုံးဖြတ် လိုက်လေသည်။ ညီမလေးကွေ့လိသည် ဇာမဏီ နတ်ဘုရား နန်းတော်တွင် ပြန်လည် ရောက်ရှိနေနိုင်လေသည်။

သို့သော်... သူမက ဇာမနီနတ်ဘုရား နန်းတော်သခင်ကို ကြောက်ရွံ့လေသည်။ ဇာမဏီ နတ်ဘုရားနန်းတော်သခင်မှာ အစစ်ဆေးခံရခြင်းများစွာကို အောင်မြင်ခဲ့သည့် မဟာမာရူယိ ဟုခေါ်သည့် ဒေါင်းစိမ်း မင်းကြီးပင် ဖြစ်လေသည်။

သူမ၏ အဘိုးသည်ပင်လျှင် ဒေါင်းစိမ်းမင်းကြီးကို အနိုင်ရနိုင်မည် မဟုတ်ပေ။ ထို့ပြင် ဒေါင်းစိမ်း မင်းကြီးသည် အလွန်လည်း မာနကြီးလေသည်။ ထို့ကြောင့် သူ၏ အေးစက်မောက်မာပြီး ခံစားချက်ကင်းမဲ့သည့် မျက်နှာကို ကျင့်စူး သွားပြီး အကြည့်ဝံ့ပါချေ။

ထို့ကြောင့်... ညီမလေးကွေ့လိကို ရှာဖွေရန်ကိစ္စမှာလည်း လောစရာ ကိစ္စတစ်ခု မဟုတ်ဟု မှတ်ယူ လိုက်လေသည်။ သူမသည်

လောလောလတ်လတ်ပင် ဝိဇ္ဇာအကျော် လက်ပညာကို သင်ယူထားသည့် အတွက် ပျော်စရာအနည်းငယ် ရှာဖွေရန် ဆုံးဖြတ်လိုက်လေသည်။

သူမသည် မသိမသာဖြင့် ယင်းစန်းပြည်ပိုင်နက် အတွင်းသို့ ဝင်ရောက် လာခဲ့လေသည်။

သူမသည် ခရီးတစ်လျှောက်တွင် ပျံသန်းလိုက်၊ ရေကူးလိုက်၊ လမ်းလျှောက်လိုက်ဖြင့် ခရီးနှင် လာခဲ့လေသည်။ ထို့ပြင် သူမသည် ဝိဇ္ဇာအကျော် လက်ပညာကိုလည်း မနေနိုင်မထိုင်နိုင် အသုံးပြုချင် နေမိလေသည်။

နောက်ဆုံးတွင်တော့ ... သူမသည် တာအိုဆရာ (၇)ပါးနှင့် ရင်ဆိုင်ခဲ့ရလေသည်။

သူမကို ခေါင်းကိုက်ဂါထာနှင့်ထိန်းချုပ်ထားသူမှာ တာအိုဆရာ တစ်ယောက် ဖြစ်သည့်အတွက် သူမက တာအိုဆရာ များကို တွေ့လျှင် အမြင်ကတ်နေမိလေသည်။

ထို့ကြောင့် သူမသည် ထိုတာအိုဆရာ (၇)ပါးကိုတွေ့သည်နှင့်

တုံ့ဆိုင်းနေခြင်း မရှိဘဲ ဝိဇ္ဇာအကျင့်ဂီ လက်ပညာကို အသုံးပြုကာ

တိုက်ခိုက်လိုက်လေသည်။

သို့သော်.... တာအိုဆရာ (၇) ပါးသည် စန့်တုန့်နတ်ဘုရား (၈)

ပါးတွင် တစ်ယောက် အပါအဝင် ဖြစ်သည့် လို့ချွင်ယန်၏

တပည့်များ ဖြစ်ကြလေသည်။

သူတို့သည့် စုပေါင်းတိုက်ကွက် တစ်ခုကို အသုံးပြုကာ ကျင့်

စူး၏ ဝိဇ္ဇာအကျင့်ဂီလက်ပညာကို ခုခံ ကာကွယ် လိုက်ကြလေ

သည်။

သူမ၏ တိုက်ကွက်ကို ထိုတာအိုဆရာများက ခုခံလိုက်နိုင်

သည့်အခါ ကျင့်စူးသည် အလွန်ဒေါသ ထွက်သွားမိလေသည်။

လို့ချွင်ယန်သည် အရင်ဘဝက တုန်းဟွာတိကျွင်းနတ်မင်း ဖြစ်

လေသည်။ ရှေးခေတ် အချိန်အခါတုန်းက အလွန်မှ

ကျော်ကြားခဲ့သည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သူသည်

ကျင့်စူး၏ ဆရာဘိုးဘိုးကြီးကို မယှဉ်နိုင်သည့်တိုင် တန်ခိုးစွမ်းအားမြင့်မားသူ တစ်ယောက် ဖြစ်သည်ကတော့ ငြင်း၍မရနိုင်ပေ။

ထို့ကြောင့် သူမအနေဖြင့် ထိုကဲ့သို့သော လူများနှင့် ပြဿနာမရှုတ်သင့်ကြောင်း နားလည်လိုက်လေသည်။ ထို့ကြောင့် တာအိုဆရာ (၇)ပါးကို အနည်းငယ် ဒုက္ခရောက်အောင် လုပ်ခဲ့ပြီး သူမအလျင်အမြန်ပင် ထွက်ပြေးလာခဲ့ လေတော့သည်။

သို့သော်... သူမသည် တာအိုဆရာ (၇)ယောက်ကို ကြောက်လန့်ခြင်း မဖြစ်မိပါ။

ယင်းစန်းမှလူများက သူမကိုပိတ်ဆို့ ဖမ်းဆီးရန်မကြိုးစားမီ သူမ၏လျင်မြန်လွန်းသည့် အလင်းအလျင် စွမ်းအားကို အသုံးပြုကာ လွတ်မြောက်အောင် ထွက်ပြေးလာခဲ့လေသည်။

သူမသည် ပျော်စရာကောင်းသည့် အတွက်ကြောင့် ယင်းစန်းမှ လူများနှင့် တူတူပုန်းတမ်းပင် ကစားနေ လိုက်သေးသည်။

သို့သော်... ကျင့်စူး၏ သတင်းသည် ထျန်းယီ၏နားသို့ ချက်ချင်းပင် ရောက်ရှိ သွားလေတော့သည်။

ယင်းစန်းနန်းတော်ထဲတွင် ထျန်းယီသည် မတ်တတ်ရပ်နေလေသည်။

သူသည် ရှမ်ကျန်းကျောင်းတော်မှ တာအိုဆရာ (၇)ပါး၏ စကားများကို နားထောင်နေပြီးမှ...

“ခင်ဗျားတို့ စကားအရဆိုရင် အဲဒီမိန်းကလေးက နတ်မိစ္ဆာဘုရင် တစ်ပါး ဖြစ်ရမယ်၊ သူက ဘယ်ကနေ ရောက်လာရ တာလဲ”

ချန်စန်းကျီက...

“အဲဒီ နတ်မိစ္ဆာဘုရင်ရဲ့ တန်ခိုးစွမ်းအားက အရမ်းကြောက်စရာ ကောင်းတယ်၊ ဒါပေမဲ့ ဘာပြဿနာမှ မဖြစ်နိုင်ပါဘူး၊ ကျုပ်တို့ (၇)ယောက်ရဲ့ ခုနစ်စဉ်ကြယ် အရံအတားက လောကမှာ အကောင်းဆုံး တိုက်ကွက်တစ်ခုပဲ၊ သူသာ ဆန်းကျန်းရန် နတ်

ဘုရားလို ထိုက်ယီထျန်းရှန်း အဆင့် မရောက်သေးသရွေ့ ကျုပ်တို့ရဲ့ ခုနစ်စင်ကြယ်အရံအတားက လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး”

ထျန်းယီက…

“အဲဒီလိုဆိုရင်တော့ ပိုပြီး ဒုက္ခရောက်ကုန်တော့မယ်၊ အဲဒီ မိန်းကလေးက ထူးခြားတဲ့ တန်ခိုးစွမ်းအားတွေကို ပိုင်ဆိုင် ထားပုံရတယ်၊ ပြီးတော့ သူက နတ်မိစ္ဆာ တစ်ယောက်လည်း ဖြစ်တော့ သူ့နောက်မှာလည်း တခြားသူတွေ ရှိနေနိုင် သေး တယ်”

ချန်စန်းကျီက…

“မင်းကြီးပြောတာ မှန်ပါတယ်၊ ယွမ်ကျွင်းကေရီကို ဒီကိစ္စနဲ့ ပတ်သက်ပြီး သွားမေးဖို့ အပြာရောင် ခရီးရှည်နန်းတော်ကို ကျုပ်တို့ သွားလိုက်ရမလား၊ သူက အသိဉာဏ် ပညာကြွယ်ဝ တဲ့ သူဆိုတော့ အဲဒီမိန်းကလေးရဲ့ ဇာစ်မြစ်ကို သိနိုင်လိမ့်မယ်၊

မဟုတ်ရင်လည်း ယွမ်ကျွင်းကောရီကိုပဲ အဲဒီမိန်းကလေးနဲ့ ရင်ဆိုင်ခိုင်းလိုက်ပြီး ကျုပ်တို့ နောက်ဆုတ် နေလိုက်ကြပါ့မယ်”

ထျန်းယီက အတွေးတစ်ချက် နက်နေပြီးမှ…

“ကျုပ်ကိုယ်တိုင်ပဲ သူ့ကို သွားတွေ့လိုက်ပါ့မယ်”

အခန်း (၆၆၁) ကျင်းကျီးတောင်ကုန်း

ယင်းစန်းဒေသ၏ ကောရာဇ်မင်း ထျန်းယီသည် သူမကိုလာရှာ တော့မည်ကို ကျင့်စူးတစ်ယောက်ကတော့ မသိရှာပါ။ သိခဲ့ လျှင်လည်း သူမက အရေးစိုက်မည် မဟုတ်ပါ။

သူမသည် တောင်တစ်တောင်ထက်တွင် လမ်းလျှောက်နေခဲ့

လေသည်။

ထိုတောင်၏ပုံသဏ္ဌာန်မှာ ငှက်တစ်ကောင်အလားဖြစ်ပြီး

အတောင်များကို ဖြန့်ထားသည့် ဒေါင်းငှက်တစ်ကောင်နှင့် ဆင်

တူလေသည်။ အစိမ်းရောင်သစ်ပင်များက ဒေါင်းတစ်

ကောင်၏အမွေးများအလားပင်ဖြစ်လေသည်။

သို့သော်... ထိုတောင်သည် ဒေါင်းများနှင့်ပတ်သက်သည့်

တောင်တစ်တောင်မဟုတ်ခဲ့ပါ။

ထိုနေရာကို ကျင်းကျီးတောင်ကုန်းဟု ခေါ်လေသည်။ ကျင်း

ကျီးတောင်ကုန်း၏ မြေမျက်နှာသွင်ပြင်သည် မညီမညာ ဖြင့်

အန္တရယ်များပြီး သံလိုက်စွမ်းအားများကလည်း အလွန်ရှုတ်

ထွေးနေလေသည်။ လောကနတ်ဘုရားများပင်လျှင် ဤနေရာ

ကို ဖြတ်သန်းပြီး ပျံသန်းရန်မှာ ခဲယဉ်းလေသည်။

ကျင်းကျီးတောင်ကုန်း၏ ထူးခြားသည့် မြေမျက်နှာသွင်ပြင် ထူးခြားမှုသည် ယန်းစန်းပြည်ကိုတော့ အမြဲတမ်း အကာအကွယ် ဖြစ်စေခဲ့လေသည်။ ထိုနေရာတစ်ဝိုက်တွင် လက်တစ်ဆုပ်စာ ကျင့်ကြံသူများတွင်သာ ရှိနိုင်သည့် ကျင့်ကြံခြင်းအဆင့်ကိုပိုင်ဆိုင်ထားသည့် ကျင့်ကြံသူများစွာလည်း ရှိလေသည်။

ထိုကျင့်ကြံသူများက ယင်းစန်းဒေသကို ကာကွယ်ပေးရသည့် တာဝန်ကို ယူထားကြသည်သာမက ကျင်းကျီး တောင်ကုန်းမှ ထွက်ပေါ်နေသည့် သံလိုက်ဓာတ်စွမ်းအားများကို အသုံးပြုကာ ကျင့်ကြံနေကြခြင်းလည်း ဖြစ်လေ သည်။

သို့သော်... ယနေ့တွင်တော့ ကျင်းကျီးတောင်ကုန်းတွင် စစ်သည်တော်များလည်းမရှိသလို ကျင့်ကြံသူများလည်း တစ်ယောက်မှ မတွေ့ရပေ။ ကျင်းကျီးတောင်ကုန်းသည် ဘာမှမရှိသည့် မြို့ခံကြီးတစ်ခုအလား ဖြစ်နေလေသည်။

အဘယ်ကြောင့်ဆိုသော်...

လူ (၂)ယောက် ရောက်ရှိလာသည့်အတွက် ကျင့်ကြီး တောင်ခြေရှိ မြို့လေးတွင်နေထိုင်ကြသူများမှာ ကြောက်လန့်ကာ ထွက်ပြေးသွားကြသောကြောင့် ဖြစ်လေသည်။

မြို့သည် အနည်းငယ်ထူးဆန်းနေသည်ဟု ကျင့်စူးက တွေးလိုက်မိလေသည်။

သို့သော်... သူမသည် အပူပင်ကင်းမဲ့စွာဖြင့် မြို့ထဲတွင် လျှောက်သွားနေခဲ့လေသည်။ မြို့ထဲမှလူများမှာ အလောတကြီးထွက်ခွာသွားကြသည့်အတွက် ချက်ပြုတ်ထားသည့် အစားအသောက်များ၊ ပစ္စည်းပစ္စယများပင်လျှင် ယူဆောင်သွားနိုင်ခြင်း မရှိခဲ့ကြပေ။

ကျင့်စူးက လူအများ ကျန်ရစ်ခဲ့သည့်အစားအသောက်များကို ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။ သူမသည် သေမျိုးလူသားများ၏ အစားအသောက်များကို ရွံလျှာဖွယ်ရာဟု အမြဲတမ်း

သတ်မှတ်ထားသူ ဖြစ်လေသည်။ သို့သော်... အရသာမည်သို့ရှိသည်ကို သိချင်သည့်အတွက် မြည်းကြည့်လိုက်မိခြင်း ဖြစ်လေသည်။

ထိုပြင်သူမသည် စည်ကားသိုက်မြိုက်သည့်မြို့ကြီးများကို တစ်ခါမှ တွေ့မြင်ဖူးခြင်း မရှိပေ။ ထို့ကြောင့် တွေ့သမျှ မြင်သမျှသည် သူမအတွက်တော့ စိတ်ဝင်စားဖွယ်ကောင်းနေခဲ့လေသည်။

ထိုအချိန်မှာပင်... မိုးဖွဲများကျလာလေသည်။

မိုးရေစက်တိုင်းသည် ကောင်းကင်မှမွေးဖွားလာပြီး မြေပြင်ပေါ်သို့ကျရောက်လာသည့် ဝိညာဉ်များအလားဖြစ်လေ သည်။ လူ့လောက၏အတွေ့အကြုံကို မရှာဖွေနိုင်သေးခင်မှာပင် သူတို့သည် မြေပြင်ထက်တွင် ပျံ့နှံ့သွားကြရလေ သည်။

ကျင့်စူးသည် အသက်ရှည်ကြာစွာနေထိုင်ခဲ့သူဖြစ်သည့်တိုင်

ဘဝကို ကျေနပ်ခဲ့သူတစ်ယောက် မဟုတ်လေရာ မိုးရေစက်

များကိုကြည့်ရင်း ဝမ်းနည်းလာမိလေသည်။

ယခင်တုန်းက... သူမသည် မဟာနတ်မိစ္ဆာအဓိပတိနန်းတော်

ဖြစ်သည့် အေးစက်သည့် ရေခဲနန်းတော်ထဲတွင် အမြဲတမ်း

နေထိုင်ခဲ့ရသူ ဖြစ်လေသည်။

သူမသည် ပြင်ပလောကကြီးအကြောင်း သတင်းပေါင်းစုံကြား

ဖူးခဲ့လေ သည်။ သို့သော်... လောကကြီးအလယ်

တကယ်တမ်းလက်တွေ့ သွားလာရသည့်အခါ စာတွေ့နှင့်

အလွန်မှကွဲပြား ခြားနားလေသည်။

ထို့ကြောင့်ပင် သူမသည် သိုကျန့်စန့်ဖူကိုယ်တော်ကို

သဘောကျမိခြင်းဖြစ်လေသည်။ သိုကျန့်စန့်ဖူကိုယ်တော်သည်

သူလုပ်ချင်ရာကိုလုပ်သူဖြစ်ပြီး မည်သည့်အရာကမှ

သူ၏လွတ်လပ်မှုကို တားဆီးနိုင်ခြင်းမရှိပေ။

သို့ကျန့်စန့်ဖူကိုယ်တော်သည် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည့်တိုင်

သူမအတွက်တော့ အမြဲတမ်းသတ္တိနှင့်ပြည့်ဝသည့်

သူရဲကောင်းတစ်ယောက်ဖြစ်လေသည်။

ပြင်ပလောကကြီးတစ်ခုလုံးသည် သူမနေထိုင်ခဲ့ရာ နတ်မိစ္ဆာ

အဓိပတိနန်းတော်နှင့်လည်း မတူညီသလို သူမရင်းနှီးခဲ့သည့်

နတ်ဘုရားများ ၊ ဗောဓိသကျများသည်လည်း ပြင်ပလောက

တွင် တွေ့ဆုံရခြင်း မရှိပေ။

မိုးသည်းထန်စွာ ရွာသွန်းနေပြီး မြို့ထဲတွင် လူ (၂)ယောက် ရှိ

နေခဲ့လေသည်။

တစ်ယောက်မှာ မျောလွင့်နေသည့်တိမ်တိုက်များကဲ့သို့

ဆွတ်ဆွတ်ဖြူသည့် ဝတ်ရုံကို ဝတ်ဆင်ထားလေသည်။ ထိုသူ

သည် သွေးနီရောင်ပလ္လင်ထက်တွင် ထိုင်နေလေသည်။

နောက်တစ်ယောက်မှာတော့ မိန်းကလေးတစ်ယောက်ဖြစ်ပြီး သူမကိုကြည့်ရသည်မှာ မိုးထဲလေထဲတွင် စီးဆင်းနေ သည့် စမ်းချောင်းလေးတစ်ခုနှင့် ဆင်တူလေသည်။

သူတို့ (၂)ယောက်လုံးမှာ တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။

သို့သော်... သူတို့ (၂)ယောက်လုံး၏ တည်ရှိမှုသည် ကောင်းကင်တစ်ခုလုံးတွင်လွှမ်းမိုးနေသည့် တိမ်ညိုများကိုပင် လွှမ်းမိုးနိုင်စွမ်းရှိသည်ဟု ထင်မှတ်ရလေသည်။

အကယ်၍ လူတစ်ယောက်သာ သူတို့ (၂)ယောက်ကို မြင်တွေ့ လိုက် ရမည်ဆိုလျှင် ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် မေ့လျော့ သွားကြမည် ဖြစ်လေသည်။

ကျင့်စူးသည် စမ်းချောင်းလေးအလားစီးဆင်းနေသည့် ဝတ်စုံ ကိုဝတ်ဆင်ထားသည့် မိန်းမပျိုကို တွေ့လိုက်သည်နှင့် ထို မိန်းကလေးမှာ သူမရှာဖွေနေသည့် ညီမလေးကွေလိဖြစ်သည် ကို ချက်ချင်းမှတ်မိလိုက်လေသည်။

သို့သော်… ထိုသူ (၂)ယောက်မှာ တိုက်ခိုက်နေကြခြင်းဖြစ်ပြီး တန်ခိုးစွမ်းအားများ ပြင်းထန်စွာ ပေါက်ကွဲနေလေသည်။

 တန်ခိုးစွမ်းအားပေါက်ကွဲမှုများ များရောနှောသွားကာ အပြောင်းအလဲများလည်း ဖြစ်ပေါ်လျှက်ရှိလေသည်။

ထို့ကြောင့် သူမအနေဖြင့် သူတို့ (၂)ယောက်၏ တိုက်ပွဲကို ဝင်ရောက်စွက်ဖက်ရန် အတွက် ခက်ခဲနေလေသည်။

ကျင့်စူးသည် တန်ခိုးစွမ်းအားအရာတွင် သူတို့ (၂)ယောက်လုံးထက် သာလွန်သူ ဖြစ်လေသည်။ သို့သော်… သူတို့ (၂)ယောက်၏ တန်ခိုးစွမ်းအားပေါက်ကွဲမှုများ ပေါင်းစပ်သွားသည့်အခါ သူမသည် တိုက်ပွဲကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရခြင်း မရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော် သူတို့ (၂)ယောက်၏ တန်ခိုးစွမ်းအားများသည် လုံးဝပြီးပြည့်စုံနေသည့် စက်ဝန်းတစ်ခုအလားပေါင်းစပ်နေသောကြောင့် ဖြစ်လေသည်။

နှစ်ပေါင်းထောင်နှင့်ချီပြီး ရေတိုက်စားခြင်းကိုခံရသည့်

ကျောက်တုံးကြီးတစ်တုံးကို ကျောက်တုံးတံတားတစ်ခု

အောက်တွင် ထောက်တိုင်အဖြစ်အသုံးပြုခြင်းခံရသည့်တိုင်

ထိုကျောက်တုံးသည် မပြောင်းမလဲ တည်ရှိနေသကဲ့သို့ ပင်ဖြစ်

လေသည်။

ကျောက်တုံး (၂)တုံးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်

တိုက်ခိုက်ကြသည့်အခါ တစ်ခုနှင့်တစ်ခု ဖိအားမပေးနိုင်

သကဲ့သို့ပင် ဖြစ်လေသည်။

မုန်တိုင်းသည် ချက်ချင်းပင် ပြင်းထန်လာပြီး မိုးရေစက်တိုင်း

သည် အသက်ဝင်နေသည့်အလားကြိမ်းဝါးသံနှင့် စူးရှ သည့်

အော်ဟစ်သံများပင် ထွက်ပေါ်လျှက်ရှိလေသည်။

တန်ခိုးစွမ်းအား ပေါက်ကွဲမှု (၂)ခု ပေါင်းစပ်သွားခြင်းသည်

တာအိုလမ်းစဉ်အချို့၏ နက်ရှိုင်းသောလမ်းကို ကိုယ်စားပြု

ခြင်းဖြစ်သည့်အတွက် ထိုသို့ တန်ခိုးစွမ်းအားပေါင်းစည်း

မှုသည် သက်ရှိသတ္တဝါများကိုပင် ဖန်ဆင်းနိုင်ရန် လုံလောက်လေသည်။

ထို့ကြောင့် မိုးရေစက်များကိုဖန်ဆင်းနိုင်သည်မှာ မဆန်းလှပါ။

ကျင့်စူးကိုတွေ့လိုက်ရသည့်အခါတွင်တော့ ကွေ့လိသည်လည်း အံ့သြခြင်းမက အံ့သြသွားရလေသည်။

သူမရှေ့မှလူငယ်သည် အလွန်မှ စွမ်းအားကြီးမားလွန်းပြီး သူမကိုကျဉ်းကြပ်စေလေသည်။

ရန်သူ၏ တန်ခိုးစွမ်းအားပေါက်ကွဲမှုများသည် မျောလွင့်နေသည့် တိမ်တိုက်များအလား အချိန်နှင့်အမျှ ပြောင်းလဲနေ လေသည်။ ထိုတန်ခိုးစွမ်းအားများသည် အဆက်မပြတ်စီးဆင်းနေသည့် ရေ ၊ လောင်ကျွမ်းနေသည့် မီး ကဲ့သို့ အဆုံးသတ်ကို ရှာဖွေတွေ့ရှိနိုင်ခြင်း မရှိပေ။

အံ့ဩစရာအကောင်းဆုံးအချက်မှာ မိုးမြေစွမ်းအားများသည် သူမနှင့် တိုက်ခိုက်နေသည့်လူငယ်နှင့် သဟဇာတဖြစ် စွာ လှည့်ပတ်သွားလာနေခြင်း ဖြစ်လေသည်။

တန်ခိုးစွမ်းအား (၂)ခုပေါင်းစပ်သွားမှုကြောင့် မိုးများရွာသွန်း လာသည် ဟု ပြောနိုင်သည့်တိုင် အမှန်တကယ်တွင်တော့ မိုးရေ စက်များသည် ထိုလူငယ်၏ ထိန်းချုပ်မှုအောက်တွင်သာ ရှိနေ ခဲ့လေသည်။

မိုးများသည်းထန်စွာရွာသွန်းလာပြီး ကွေလိသည် ရန်သူ၏ အပြင်းထန်ဆုံးတိုက်ခိုက်မှုကို ခံစားလိုက်မိလေသည်။

အမှန်တော့ ထိုသို့တိုက်ခိုက်ရန် သူမဘက်က ရွေးခြယ်ခဲ့ခြင်း သာ ဖြစ်လေသည်။

အစပိုင်းတွင် ရန်သူက သူမကို အေးအေးဆေးဆေးပင် အကူအညီတစ်ခု တောင်းခံခဲ့လေသည်။ သို့သော် သူမက ထို

လူငယ် တေင်းသည့်အကူအညီကို မလိုက်လျောခဲ့သည့်အပြင် စတင်တိုက်ခိုက်ခဲ့လေသည်။

ယခုတော့... သူတို့ (၂)ယောက်၏ ပြင်းထန်လွန်းသည့် တန်ခိုးစွမ်းအားများသည် ချိတ်ဆက်နေမိပြီး ဖြေရှင်း၍ မရနိုင် တော့ပေ။ သူတို့ (၂)ယောက်လုံး နောက်ပြန်ဆုတ်၍ မရနိုင်တော့ပေ။

ထိုသို့သောအခြေအနေမျိုးဖြစ်လာလိမ့်မည်ဟု ကွေလိ မျှော်လင့်မထားခဲ့မိပါ။ ထို့အတူ သူမနှင့်ရင်ဆိုင်နေရသည့် လူငယ်သည်လည်း မျှော်လင့်ထားခဲ့ဟန် မတူပေ။

မိုးကောင်းကင်က သနားသဖြင့် ကာကွယ်ပေးမှသာ သူတို့ (၂)ယောက်လုံး ဒုက္ခတွင်းထဲမှ လွတ်မြောက်နိုင်ပေတော့ မည်။ သို့သော်... ရုတ်တရက် ကျင့်စူးရောက်လာမည်ဟု မည်သူမှ မျှော်လင့်မထားခဲ့မိကြပေ။ မည်သို့ပင်ဖြစ်စေ ကျင့်စူးရောက်ရှိလာခြင်းက သူတို့နှစ်ယောက်လုံးအတွက် လွတ်မြောက်ရန် အခွင့်အရေး ဖြစ်လာနိုင်လေသည်။

သူတို့ (၂)ယောက်လုံး တစ်ယောက်နှင့်တစ်ယောက် အပြင်းအထန်တိုက်ခိုက်နေကြချိန်တွင် သူတို့အနားသို့ ချဉ်းကပ်လာနိုင်လောက်အောင် တန်ခိုးစွမ်းအား မြင့်မားသူဆို၍ များများစားစားမရှိနိုင်ပါ။

အဖြူရောင်ဝတ်လူငယ်မှာ အခြားသူမဟုတ်ပါ။ ရဲ့လျိုယွင်ပင်ဖြစ်လေသည်။

ရဲ့လျိုယွင်သည် ပေမင်ကျီနှင့် အချိန်ကြာမြင့်စွာ ပတ်သက်ခဲ့ဖူးသူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ကျင့်စူးကိုတွေ့သည်နှင့် ပေမင်ကျီနှင့်ပတ်သက်သည်ကို ချက်ချင်းရိပ်မိလိုက်လေသည်။

သို့သော်... လက်ရှိအချိန်တွင် လောကဝတ်စကားများဖြင့် ပြောဆိုနှုတ်ဆက်နေရန် အချိန်မရှိပါ။ ထို့ပြင် သူနှင့်ပေမင်ကျီမှာလည်း သိပ်ပြီး ဆက်ဆံရေးကောင်းခဲ့ကြသူများမှ မဟုတ်ဘဲလေ။

ထို့ကြောင့် ရဲ့လျိုယွင်က ကျင့်စူးကို စကားပြောမနေတော့ဘဲ ခပ်မဆိတ်သာနေလိုက်တော့သည်။ ထို့ပြင် ကျင့်စူးသည် မည်သူ့ဘက်ကမှ ဝင်မကူညီလျှင်ကောင်းမည်ဟု မျှော်လင့်လိုက်မိလေသည်။

သို့သော်... ရဲ့လျိုယွင်မျှော်လင့်သည့်အတိုင်း ဖြစ်မလာခဲ့ပါ။

ကျင့်စူးက...

"ညီမလေးကွေလိ ၊ မမကို မှတ်မိတယ်မဟုတ်လား"

ကျင့်စူး၏အမေးကို ကွေလိက မျက်တောင်လေးတစ်ချက်ခတ်ပြပြီး တုံ့ပြန်လိုက်လေသည်။

သူမ၏ ကြည်လင်သည့်မျက်ဝန်းလေးများသည် လောကတစ်ခုလုံးတွင် အလှပဆုံးသော ရှုခင်းတစ်ခုအလား ထင်မှတ်ရလေသည်။ ကျင့်စူးသည် ထိုမျက်ဝန်းလေးများကို နမ်းချင်စိတ်ပင် ဖြစ်လာမိသည်။

သို့သော် သူမသည် ချက်ချင်းပင် စိတ်ကိုထိန်းလိုက်ပြီး...

"ညီမလေးကို မမ ကူညီမယ်..."

ကျင့်စူး၏စကားကြောင့် ရဲ့လျိုယွင်မှာ မယုံကြည်နိုင်ဖြစ်ကာ အနည်းငယ်ပင် ထိတ်လန့်သွားမိလေသည်။ ထို့ကြောင့် သူက တိုက်ပွဲကို လက်စသတ်ရန်စဉ်းစားလိုက်မိတော့သည်။

ရုတ်တရက်...

ကောင်းကင်တစ်ခွင်လုံးတွင် ရွာသွန်းနေသည့်မိုးများသည် တစ်နေရာတည်းတွင် စုဆုံသွားပြီး မြစ်တစ်စင်းအလား စီးဆင်းသွားလေသည်။ ထိုမြစ်သည် သေခြင်းနှင့်ရှင်ခြင်းကို ဖြတ်သန်းစီးဆင်းသွားလေသည်။

ရဲ့လျိုယွင်၏ ငရဲလမ်းပလ္လင်သည် နိုင့်ဟယ်တံတားအဖြစ် ပြောင်းလဲသွားလေသည်။ နိုင့်ဟယ်တံတားသည် မြစ်ကိုဖြတ်ထားပြီး ရဲ့လျိုယွင်သည် တံတားပေါ်တွင်ထိုင်နေလေသည်။

သို့သော် ရဲ့လျိုယွင်သည် ဟိုဘက်ကမ်းသို့လည်းမရောက် ၊ ဒီဘက်ကမ်းသို့လည်းမရောက် ၊ မြစ်အလယ်တွင်လည်း မရှိဘဲ

အရာအားလုံး၏အထက်တွင်ရောက်ရှိနေလေသည်။ သူသည် သေခြင်းရှင်ခြင်းနှင့် ကင်းလွတ်ရာနေရာတစ်ခု သို့ရောက်ရှိ သွားသည့်အလား ထင်မှတ်ရလေ၏။

ကွေလိသည် ရဲ့လျိုယွင်တိုက်ခိုက်လိုက်သည်ကို ခံစားလိုက်ရ သည်နှင့် သူမ၏ ခန္ဓာကိုယ်မှ ရောင်စဉ် (၅)မျိုး ဖြာထွက်လာ လေသည်။

ရောင်စဉ်လှိုင်းများသည် အသူရာချောက်တစ်ခုလုံး ပျံ့နှံ့သွား သည်ဟုပင် ထင်မှတ်ရလေ သည်။ ကြီးမားသည့် ဝေလငါးကြီး သည် ရေကိုစုပ်ယူလိုက်သကဲ့သို့ အသူရာချောက်တွင် ရှိသမျှ အရာအားလုံးသည် စုပ်ယူခံလိုက်ရလေသည်။

ရဲ့လျိုယွင်ထံမှ နာကျင်စွာ အော်ဟစ်သံတစ်ချက်ထွက်ပေါ်လာ ပြီး လျှပ်စီးအလား လျှင်မြန်စွာ ထွက်ခွာပျောက်ကွယ် သွား လေတော့သည်။

ကွေလိ၏အခြေအနေက ပိုဆိုးလေသည်။

သူမသည် ကိုယ်ကိုတစ်ချက်ကိုင်းလိုက်ပြီး အဆက်မပြတ် ချောင်းများဆိုးလာတော့သည်။

 သူမ၏ နှုတ်ခမ်းထောင့်မှ လည်းသွေးစတစ်စ စီးကျလာလေသည်။ ထိုသွေးစက်သည် မြေပြင်ထက်သို့ ကျသွားသည်နှင့် ပန်းများချက်ချင်းပင် ပွင့်လန်းလာကြလေသည်။ ထိုပန်းများသည် အစိမ်းရောင်ပန်းများဖြစ်ပြီး သစ်ရွက်များမပါရှိပေ။ ထိုပန်းများ၏အမည်မှာ "ဒေါင်းစိမ်းပန်း" ဟူ၍ ဖြစ်လေသည်။ ကျင့်စူးက ကွေလိကို အမြန်ပြေးထူလိုက်ပြီး ဒေါသတကြီးဖြင့် ပြောလိုက်သည်။

"ငါ... သူ့ကိုသတ်မယ်..."

ကွေလိက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"မသတ်နဲ့... ၊ သူက ငါ့ကို ညှာလိုက်တာ ၊ မဟုတ်ရင် ခုချိန် လောက်ဆို ဒီလောက်သွေးနည်းနည်းအန်တာထက် အခြေအနေဆိုးနေလောက်ပြီ"

ကျင့်စူးက…

“သူက တန်ခိုးစွမ်းအားတော့ တော်တော်မြင့်မားတာပဲ ၊ ပြီး တော့ ယန်မော့နတ်မင်းရဲ့ ခန္ဓာရအောင်လည်း ကျင့်ကြံ ထားပုံ ရတယ် ၊ ဒါကြောင့် သူလည်း ဒဏ်ရာသိပ်မပြင်းထန်လောက် ဘူး”

ကွေ့လိက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း…

“ဒီလူက အရမ်းထူးဆန်းတယ် ၊ ပြီးတော့ နောက်တစ်ခါ သူနဲ့ တွေ့ရင် ငါ့ဘက်က တောင့်ခံနိုင်မှာ မဟုတ်ဘူး”

ကျင့်စူးက ပြုံးလိုက်ရင်း…

“ငါ အခု ပညာအသစ်အဆန်းလေး နည်းနည်းသင်လာခဲ့တယ် ၊ အဲဒီပညာကိုသာ ကောင်းကောင်းလေ့ကျင့်နိုင်ရန် တန်ခိုး စွမ်းအားတွေ အရမ်းမြင့်မားသွားနိုင်တယ် ၊ ရှီးမီစန်းတောင် ဟာ မုန်ညင်းစေ့အသွင်သေးသေးလေးအဖြစ် ပြောင်းလဲနိုင်

သလိုပေါ့၊ ငါ အဲဒီပညာကို နင့်ကို သင်ပေးမယ်လေ၊ တကယ်တော့ အဲဒီလိုပညာမျိုးက နင်နဲ့သာ သင့်တော်တာပါ”

ကွေလိက အနည်းငယ်အံ့သြသွားပြီး...

“နင့်တို့ ခွန်ဖိန်အနွယ်တော်တွေ ကျင့်ကြံတဲ့ ‘ပေမင်’ တန်ခိုးစွမ်းအားကို ပြောတာမဟုတ်လား၊ အဲဒါကိုတော့ မသင်ချင်ပါဘူး၊ ပြီးတော့ ငါက နင့်လိုလည်း ရည်မှန်းချက်ကြီးတဲ့သူလည်း မဟုတ်ဘူး"

ကျင့်စူးက ပြုံးလိုက်ရင်း...

“ဘယ်ကလ ပေမင်တန်ခိုးစွမ်းအား ဟုတ်ရမှာလဲ၊ အဲဒီပညာကို ဝိဇ္ဇာအကျီလက်ပညာလို့ခေါ်တယ်၊ ရန်သူတွေ အကုန်လုံးကို ထောင်ဖမ်းလို့ရတယ်၊ အဲဒီပညာက နင့်ရဲ့ ရောင်စဉ်(၅)မျိုးတန်ခိုးစွမ်းအားနဲ့ မတိမ်းမယိမ်းဘဲ"

ကွေလိက မျက်ခုံးလေးများကို အသာပင့်လိုက်ရင်း...

"ဒါပေမယ့် လောလောဆယ်တော့ ငါ့မှာ သင်ဖို့ အချိန်မရှိသေးဘူး"

ကွေလိ၏ စကားဆုံးသွားသည်နှင့် .... ကျင့်စူးသည် သူမထံသို့ ချဉ်းကပ်လာသည့် တန်ခိုးစွမ်းအားတစ်ခုကိုခံစား လိုက်ရလေသည်။

မိုးမြေစွမ်းအားများသည် သူတို့ကို ရုတ်တရက် တွန်းကန်လာလေတော့သည်။

အခန်း (၆၆၂) အတင်းအကြပ်နေခိုင်းခြင်း

ကျင့်စူးက မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း...

"အဲဒီလူက တာအိုဆရာယွိတင်ရဲ့ ယွမ်ကုန်းပုံပြောင်း (၉)ဆင့်ကျင့်စဉ်ကိုကျင့်ကြံထားတာပဲ ၊ ကြည့်ရတာ အဆင့် (၈)အထိတောင် အောင်မြင်ပြီးပြီထင်တယ်"

ကွေလိက...

"ကြည့်ရတာ ဒီနှစ်တွေအတွင်းမှာလည်း နတ်မိစ္ဆာအဓိပတိနန်းတော်က ကောင်းကောင်းထိန်းသိမ်းထားနိုင်ပုံရတယ် ၊ လျှို့ဝှက်သတင်းအတော်များများကို စုဆောင်းထားနိုင်တာပဲ ၊ အဲဒီလူက ယွမ်ကုန်းပုံပြောင်း (၉)ဆင့်ကျင့်စဉ်ကို ကျင့်ကြံထားတယ်ဆိုတာ နင်မပြောရင် ငါ သိမှာတောင်မဟုတ်ဘူး"

ကွေလိ၏စကားကြောင့် ကျင့်စူးက သဘောကျသွားဟန်ဖြင့်...

"ဆရာဘိုးဘိုးကြီးက ချန်ကျင်းခန်းမဆောင်ကို တည်ဆောက်ခဲ့တယ်လေ ၊ အဲဒီမှာ စကြာဝဠာတစ်ခုလုံးက အကြောင်းအရာတွေ အကုန်လုံးကို စုဆောင်းထားတယ် ၊ ငါက အဲဒီက စာအုပ်တွေအများကြီး ဖတ်ထားတာ ၊ ဒါကြောင့် ဒီလို လျှို့ဝှက်ချက်

တွေကို သိနေတာပေါ့၊ ဒါပေမယ့် ကံမကောင်းတာက လျှို့ဝှက်

တာအိုကျမ်းစာတွေ ကိုတော့ ခေါင်းစဉ်နဲ့ အကျဉ်းချုံးအချက်

လောက်ပဲ ရေးသားထားတယ်၊ ကျင့်စဉ်တစ်ခုချင်းနဲ့ပတ်သက်

ပြီး အသေး စိတ်ရေးထားတာတွေတော့ မရှိဘူး"

ကွေလိက...

"တကယ်တော့ နတ်မိစ္ဆာအဓိပတိကြီးကိုယ်တိုင်က ကျင့်စဉ်

တွေရဲ့အသေးစိတ်ကို စုဆောင်းချင်တဲ့ ဆန္ဒမရှိလို့ပါ၊ ယွမ်

ကုန်းပုံပြောင်း (၉)ဆင့်ကျင့်စဉ်လိုမျိုး ထူးဆန်းတဲ့ကျင့်စဉ်

တွေကိုသာ နင်တို့ သိမ်းဆည်းထားမယ်ဆိုရင် တာအို ဆရာယွိ

တင်နဲ့ ချင်းယွမ်မြောင်တောက်အရှင်က နင်တို့ကိုလာပြီးသတ်

ကြမှာပေါ့”

ကျင့်စူးနှင့်ကွေလိတို့သည် နေရာမှ တစ်ဖဝါးမှမခွာဘဲ

စကားပြောနေကြခြင်း ဖြစ်လေသည်။

ကွေလိက နေရာမှ မရွှေ့ရသည့်အကြောင်းရင်းမှာ သူမသည် ဒဏ်ရာရထားသည့်အတွက် လှုပ်ရှားမှု သိပ်မလုပ်နိုင်သောကြောင့် ဖြစ်လေသည်။

ကောင်းကင်ထက် အဝေးတစ်နေရာတွင်တော့ အလင်းတန်းများ လွင့်မျောလာကြလေသည်။ ထောင်နှင့်သောင်းနှင့် ချီသည့်အလင်းတန်းများသည် တဖြည်းဖြည်းနီးကပ်လာပြီး ကျင့်ကြံသူများ၏ တန်ခိုးစွမ်းအား များအဖြစ် ထွက်ပေါ်လာကြလေသည်။

ကျင့်ကြံသူအုပ်စုကို ဦးဆောင်လာသူမှာ ထူးခြားသည့် ပုံပန်းသဏ္ဌာန်ရှိလေသည်။

သူ၏ဝတ်ရုံသည် တောင်နှင့်မြစ်ရေများကို လှပစွာ ပုံဖော်ထားလေသည်။ ရင်ပတ်ထက်တွင် ခွန်အားကြီးပြီး အသက်ဓာတ်စွမ်းအားများနှင့်ပြည့်ဝနေသည့် ပျံလွှားငှက်တစ်ကောင်၏ ပုံသဏ္ဌာန်ကို ပန်းထိုးထားလေသည်။

ထိုသူမှာ ထျန်းယီပင် ဖြစ်လေသည်။

သူက ကျင့်စူးကို အရင်ဆုံး သတိပြုလိုက်မိလေသည်။

သူမသည် တန်ခိုးစွမ်းအားမြင့်မားရုံသာမက သူမ၏တန်ခိုး

စွမ်းအားများသည် နေနှင့်လတို့အလား နက်ရှိုင်းလွန်းလှ လေ

သည်။ အံ့ဩစရာကောင်းလွန်းပေစွ။

သို့သော်... ထျန်းယီ၏ ယွမ်ကုန်း ပုံပြောင်း (၉)ဆင့်ကျင့်စဉ်

သည် အဆင့် (၈) အထိ အောင်မြင်ခဲ့ပြီးသည့်နောက် သူသည်

ယင်းစန်းပြည်၏ မိုးမြေနှင့်အတူ ပေါင်းစည်းသွားခဲ့လေသည်။

သူသည် ဆန်းလျန်ကဲ့သို့ပင် တစ်တိုင်းပြည် လုံး၏ထောက်ခံမှု

ကို ရရှိထားသူတစ်ယောက် ဖြစ်သည့်အတွက် ကျင့်စူးကို

ကြောက်လွန့်သွားခြင်း မရှိပါ။ သူ့ပုံစံက အလွန်မှ တည်ငြိမ်နေ

လေသည်။

ထို့နောက် သူက ကွေလိကို သတိထားလိုက်မိလေသည်။

ထိုအခါတွင်တော့ သူ၏တည်ငြိမ်မှုများမှာ ပျောက်ကွယ်သွား လုမတတ် ဖြစ်သွားရလေသည်။ တည်ငြိမ်မှု ပျောက်သွားရုံသာ မက စိတ်များပင်ရှုတ်ထွေးသွားရလေသည်။

ထျန်းယီသည် လိမ္မာပါးနပ်ပြီး ခံစားချက်များကို တော်ရုံဖြင့် ထုတ်ဖော်ပြောတတ်သူ မဟုတ်ပေ။

ထို့ကြောင့်သူက အေးဆေးစွာဖြင့်ပင် မေးလိုက်လေသည်။

"မင်းတို့တွေကို ကျုပ်ဘယ်လိုခေါ်ရမလဲ"

ထျန်းယီ၏အမေးကို ကွေလိက မကျေမနပ်ဖြစ်သွားပြီး..

"မင်းရဲ့အကြည့်တွေကို ကျုပ်သဘောမကျဘူး”

ကွေလိကျင့်ကြံထားသည့်ကျင့်စဉ်သည် ကျင့်စူးကျင့်ကြံထား သည့်ကျင့်စဉ်ထက်ပိုပြီး အာရုံခံစားနိုင်စွမ်း ကောင်းလေ သည်။ ထိုသို့ဖြစ်ရသည်မှာ ဆန်းလျှန်ကြောင့်လည်း ဖြစ်လေ သည်။

ကျင့်စူးသည် ကွေလိထက်ပိုပြီး အသက်လည်းကြီးသလို

တန်ခိုးစွမ်းအားလည်း မြင့်မားလေသည်။ သို့သော် ကွေလိက

ပိုပြီး တည်ငြိမ်ကာ အသေးစိတ်ကျလေသည်။

ထို့ကြောင့် ဇာမဏီနတ်ဘုရားနန်းတော်တွင်

သူမ၏အဆင့်အတန်းသည် အလွန်မြင့်မားလေသည်။ အများ

စုက သူမသည် မဟာမာရူယိဒေါင်းစိမ်းမင်းကြီး၏ ခြေရာကို

နင်းနိုင်မည့်သူတစ်ယောက်ဟု သတ်မှတ်ယူဆထားကြလေ

သည်။

ကွေလိသည် ထိုမျှဝိညာဉ်စွမ်းအားမြင့်မားလိမ့်မည်ဟု ထျန်းယီ

က ထင်မထားခဲ့မိပေ။

ယွမ်ကုန်းပုံပြောင်း (၉)ဆင့်၏ မူလဝိညာဉ်ခန္ဓာကိုရထားသည့်

တိုင် ကွေလိသည် သူ၏အတွင်းစိတ်ကို သိရှိနိုင်လေ သည်။

ကွေလိကို ဖုံးကွယ်ထားနိုင်ခြင်း မရှိပေ။

ထျန်းယီက...

"အထင်မလွဲပါနဲ့ တာအိုမိတ်ဆွေတို့၊ ငါကိုယ်တော်နဲ့ အခုလိုဆုံတွေ့ရမှတော့ အတိတ်ကရေစက်ပါလို့ပဲ ဖြစ်ရမယ်၊ မင်းတို့သာ ယင်းစန်းမှာ နေမယ်ဆိုရင် ယင်းစန်းပြည်တစ်ဝက်က မင်းတို့အပိုင်ပါပဲ"

ကျင့်စူးကအေးစက်စွာဖြင့်ပြုံးလိုက်ရင်း....

"ရှင်က ကျွန်မရဲ့ညီမလေးကို အသူရာချောက်တစ်ခုလုံးပေးရင်တောင်မှ ညီမလေးက အရေးစိုက်မှာမဟုတ်ဘူး၊ ရှင်က ကျွန်မ ညီမလေးရဲ့ ဇာစ်မြစ်ကိုတောင် သိလို့လား..."

ဇာမဏီနတ်ဘုရားနန်းတော်သည် နတ်မိစ္ဆာဂိုဏ်းများထဲတွင် ရှေးအကျဆုံးနှင့် အမြင့်မြတ်ဆုံးနေရာတစ်ခု ဖြစ်လေသည်။ မဟာမာရှုယိအဆင့်သို့ရောက်သည်နှင့် ဒုတိယမိုးနတ်မင်းကဲ့သို့သော အဆင့်ကိုရောက်ရန် အခွင့်အရေး ပိုများလာမည် ဖြစ်လေသည်။

မဟာမာရူယိအဆင့်သည် အတိတ်နှင့် ပစ္စုပ္ပန်တွင် ရှားပါးသည့် တည်ရှိမှုတစ်ခုဖြစ်ပြီး မရေမတွက်နိုင်အောင်များပြား သည့် သက်ရှိသတ္တဝါများ အားလုံး၏အလယ်တွင် မြင့်မြတ်သူတစ်ယောက်ဖြစ်လေသည်။

အသူရာချောက် ထိပ်ဆုံးအဆင့်သို့ရောက်နေချိန်....

အသူရာချောက်ကို ငရဲမင်း (၁၀) ပါးအုပ်ချုပ်စဉ် အခါကပင် ငရဲမင်းများသည် ဇာမဏီနတ်ဘုရားနန်းတော်ကို ပြဿနာရှာရဲခြင်း မရှိကြပေ။

သို့သော်... ပျောက်ဆုံးသွားသည့်အသူရာချောက်အရှင်သခင်ကတော့ အဘယ့်ကြောင့် ထိုမျှ သူ့ကိုယ်သူယုံကြည်ရ သည်လဲဆိုသည့်အချက်ကိုတော့ မည်သူမှ သိရှိကြခြင်း မရှိပေ။

ထျန်းယီက...

“မိုးကောင်းကင်က ပျံလွှားငှက်ကိုစေလွှတ်ပြီး ယင်းစန်းကို မွေးဖွားပေးလိုက်တယ် ၊ မင်းရဲ့ပုံစံက ဘိုးဘေးတွေ ပြောခဲ့ဖူးတဲ့

အကြောင်းအရာတွေကို နားလည်စေတယ်၊ မင်းသာ ကျုပ်ကို လက်ထပ်မယ်ဆိုရင် ကျုပ်ရဲ့ ယွမ်ကုန်း ပုံပြောင်း(၉)ဆင့် ကျင့်စဉ်ကို မင်းကိုသင်ပြပေးမယ်၊ အဲဒီလိုဆိုရင် မင်းဟာ မျိုးနွယ် (၂)ခုရဲ့ ခေါင်းဆောင် ဖြစ်လာ လိမ့်မယ်၊ ပြီးတော့ မပျက်စီးနိုင်တဲ့ နတ်ဘုရားခန္ဓာကို ရရှိလိမ့်မယ်”

ထျန်းယီမှာ ကွေ့လိ၏အသွင်အပြင်ကို မြင်ရုံမျှဖြင့် သူ့ကို များစွာအကျိုးပြုနိုင်သည်ကို သိသည့်အတွက် စိတ်အား ထက်သန်နေခဲ့လေသည်။

စစ်မှန်သည့် ပျံလွှားငှက်တစ်ကောင်ကသာလျှင် သူ၏လက်ရှိ ဘဝ ဆန္ဒများကိုပြည့်ဝစေရန် ကူညီပေးနိုင်မည် ဖြစ်လေသည်။

ထိုအခါမှသာ ယွမ်ကုန်းပုံပြောင်း (၉)ဆင့်ကျင့်စဉ် အဆင့်(၉)ကို အောင်မြင်စွာ တက်ရောက်နိုင်မည် ဖြစ်သည်သာမက

ယင်းစန်းကိုလည်း ကောင်းကင်ဘုံတိုင်းပြည်တစ်ခုအဖြစ်
ပြောင်းလဲပစ်နိုင်မည် ဖြစ်လေသည်။
တာ့ရှားကေရာဇ်ကို အသာထား ၊ သူနှင့်ဆန်းလျန်၏အင်အား
ပေါင်းစပ်လိုက်လျှင် တာအိုဆရာသခင်လုယာကိုလည်း လူပြန်
ဝင်စားစေမည်ဖြစ်သလို ယင်းစန်းကိုလည်း ကောင်းကင်ဘုံ
တိုင်းပြည် အဖြစ် တည်ဆောက်နိုင်မည် ဖြစ်လေ သည်။
သူ၏ယခင်ဘဝမှ ရရှိခဲ့သည့် ကျိန်စာကိုလည်းဖယ်ရှားပစ်နိုင်
မည်ဖြစ်ပြီး ယင်းစန်းကို ဦးဆောင်ကာ အမည်မသိေ လာက
တစ်ခုဆီသို့ ပို့ဆောင်ပေးနိုင်မည် ဖြစ်လေသည်။
ထျန်းယီ၏စကားများကြောင့် ကွေ့လိ၏မျက်ခုံးလေးများ
အနည်းငယ်တွန့်ချိုးသွားလေသည်။
လူအများစုက သူမကို ဒေါင်းစိမ်းမျိုးနွယ်ဟု ထင်ကြလေ
သည်။ အမှန်တော့ သူမ၏သွေးထဲတွင် ပျံလွှားသွေးတစ်ဝက်

စီးဆင်းနေလေသည်။ ထိုပျံလွှားသွေးသည် မူလဖြစ်ပြီး ရှေး

လည်းကျသလို မြင့်လည်းမြင့်မြတ်လေသည်။

“ကျုပ် အဲဒီလိုလုပ်ဖို့ ဆန္ဒမရှိဘူး ၊ မင်းထပ်ပြောမယ်ဆိုရင်

မင်းရဲ့မိသားစုအကုန်လုံးကို သတ်ပစ်မယ်”

ကွေ့လိက တည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

ထျန်းယီက...

"မိတ်ဆွေလေး... မင်း နားလည်မှုလွဲနေပြီထင်တယ် ၊ ဒီကိစ္စက

တကယ်တော့ မင်းအတွက်လည်း အကျိုးရှိပါတယ်"

"ကျုပ်က အကျိုးအမြတ်ကို ဂရုစိုက်နေလို့လား..."

ကွေ့လိက အေးစက်စွာဖြင့်ပြောလိုက်လေသည်။

ကျင့်စူးက ကွေ့လိ၏ လက်လေးကိုအသာစုပ်ကိုင်လိုက်ရင်း....

"သူတို့နဲ့ စကားဆက်ပြောပြီး ဘာလို့ စိတ်ရှုတ်ခံတော့မလဲ"

ပြောပြီးသည်နှင့် ကျင့်စူးသည် အင်္ဂါလက်ကို တစ်ချက်ဝှေ့

ယမ်းလိုက်လေသည်။ ချက်ချင်းပင် ကောင်းကင်ထက် တွင်

တွင်းနက်တစ်ခု ပေါ်လာလေသည်။

ထျန်းယီနှင့်ပါလာသည့် ကျင့်ကြံသူများသည် ထိုသို့

ရုတ်တရက်တိုက်ခိုက်မှုကို မျှော်လင့်မထားကြသည့်အတွက်

တွင်းနက်ထဲသို့ စုပ်ယူခံလိုက်ကြရလေသည်။

ဝိဇ္ဇာအင်္ဂါလက်ပညာသည် သူမ၏ ကြောက်မက်ဖွယ်ရာ

တန်ခိုးစွမ်းအားနှင့်ပေါင်းစပ်သွားသည့်အခါ ကြီးမားသည့်

တန်ခိုးစွမ်းအားများ ပေါ်ထွက်လာပြီး တောင့်ခံနိုင်သူ

အနည်းငယ်သာ ရှိလေသည်။

ကျင့်စူးတွင် ထိုမျှကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားမျိုးကို

ပိုင်ဆိုင်ထားလိမ့်မည်ဟု ထျန်းယီက မျှော်လင့်မထား ခဲ့ပေ။

သူ၏ ခန္ဓာကိုယ်မှ နတ်ဘုရားအလင်းတန်းများ အလျှံလိုက်

ဖြာထွက်လာလေသည်။

တဖြည်းဖြည်းနှင့် ထျန်းယီ၏ ခန္ဓာကိုယ်သည် ရှည်လျားသည့် ပုံရိပ်ယောင်တစ်ခု ဖြစ်လာလေသည်။

သူက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်နှင့် အနားမှ ဧရာမ တောင်ကြီးတစ်လုံးမှာ ရွှေ့လျားပျံသန်းလာကာ ကျင့်စူး၏ ဝိဇ္ဇာအကျိုးလက်ပညာဖြင့် ဖန်ဆင်းထားသည့် တွင်းနက်ထဲသို့ ပစ်ချခံလိုက်ရလေသည်။

ဆန်းလျန်သာ ထိုနေရာတွင် ရှိမည်ဆိုလျှင် ဤအချက်ကို ရှင်းရှင်းလင်းလင်းနားလည်မည် ဖြစ်လေသည်။

ယင်းစန်းပြည်တွင် ထျန်းယီသည် လုကျိုးယွမ်ကဲ့သို့ပင် ဖြစ်လေသည်။

ထို့ကြောင့် တာအိုဆရာလုယာနှင့် တိုက်ခိုက်စဉ်က ထျန်းယီ သည် ကျင့်ကြံခြင်းအဆင့် အနိမ့်ဆုံးဖြစ်သည့်တိုင် အရေးပါ သည့်နေရာမှ ပါဝင်ခဲ့ရခြင်း ဖြစ်လေသည်။

ယင်းစန်းပြည်သာ ကောင်းကင်ဘုံတိုင်းပြည်ကြီးတစ်ခုအဖြစ်

ပြောင်းလဲနိုင်မည်ဆိုလျှင် ထျန်းယီသည်လည်း ပိုပြီး

ကြောက်မက်ဖွယ်ရာ လူတစ်ယောက် ဖြစ်လာပေလိမ့်မည်။

ကျင့်စူးသည် တောင်တစ်ခုလုံး တွင်းနက်ထဲသို့ ကျရောက်လာ

သော်လည်း အခြေအနေကို ထိန်းထားနိုင်ဆဲဖြစ်လေ သည်။

နောက်ထပ် တောင် (၂) လုံးလည်း ထပ်မံဝင်ရောက်လာသည့်

အခါတွင်တော့ သူမသည် ခုခံနိုင်စွမ်းအနည်းငယ် လျော့နည်း

သွားရလေသည်။

ထို့ပြင် ထျန်းယီတစ်ယောက်တည်းသာ တိုက်ခိုက်နေသည်

မဟုတ်ပါ။

တွင်းနက်ထဲသို့ ကျရောက်မသွားဘဲ တောင့်ခံကာကျန်ရစ်ခဲ့ကြ

သည့် ကျင့်ကြံသူများကလည်း တန်ခိုးစွမ်းအားများ စုစည်း

ကာ ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။ ထို့ကြောင့် တစ်ချိန်

တည်းမှာပင် မီးဘောလုံးများ ထွက်ပေါ်လာကြလေ သည်။

ထို့နောက် မီးဘောလုံးများသည် တစ်ခုနှင့်တစ်ခု ပေါင်းစည်း

သွားကြလေသည်။

ကျင့်ကြံသူများ၏ တန်ခိုးစွမ်းအားများ ပေါင်းစပ်ပြုလုပ်လိုက်

သည့် ကြက်သွေးရောင်မီးဘောလုံးများသည် သန့်စင် သည့်

အဖြူရောင်မီးဘောလုံးများအဖြစ် အသွင်ပြောင်းလဲသွားလေ

သည်။

မီးဘောလုံးများသည် ကောင်းကင်ထက်မှ ဆင်းသက်လာသည့်

အခါတွင်တော့ ကျင့်စူးသည် ထိတ်လန့်သွားရလေ သည်။

ကျင့်ကြံသူများစုပေါင်းပြီး ထိုသို့ တိုက်ခိုက်လိမ့်မည်ဟု သူမ

တစ်ခါမှ တွေးမထားခဲ့မိပေ။

အဖြူရောင်မီးတောက်များနှင့်ထိမိလျှင် အရာအားလုံး အရည်

ပျော်သွားနိုင်လေသည်။

ကျင့်စူးသည် ခွန်ဖိန်အနွယ်တော်တစ်ယောက်ဖြစ်သော်လည်း

ခြေထောက်သုံးချောင်းပါရှိသည့် နေစကြာနတ်ငှက် တစ်

ကောင် မဟုတ်ပေ။ ထို့ကြောင့်... သူမ၏ ခန္ဓာကိုယ်သည် မီးတောက်များကို ခုခံတိုက်ခိုက်နိုင်စွမ်း မရှိပေ။

ပုံမှန်အားဖြင့်ဆိုလျှင် ပုရွက်ဆိတ်များလောက်ပင် အရေးမပါသည့် ထိုကျင့်ကြံသူများကို ကျင့်စူးလုံးဝ အရေးစိုက်မည် မဟုတ်ပါ။

သို့သော်... ထိုကျင့်ကြံသူများ သူတို့၏စွမ်းအားများကို တစ်ပေါင်းတစ်စည်းတည်း စုစည်းတိုက်ခိုက်လိုက် သည့်အခါတွင်တော့ သူမအနေဖြင့် ခုခံနိုင်ရန် ခက်ခဲသွားရလေသည်။

ထို့ပြင် ထျန်းယီ၏ လှည့်စားမှုကြောင့်လည်း ထိုကျင့်ကြံသူများ၏ တန်ခိုးစွမ်းအားပေါင်းစည်းမှုက မြင့်မားနေရခြင်း ဖြစ်လေသည်။

ကွေ့လိက ကျင့်စူး၏လက်များကို တင်းတင်းဆုပ်ကိုင်ထားလိုက်လေသည်။ သူမလက်ဖဝါးများသည် ချွေးစေးများဖြင့် စိုစွတ်နေလေသည်။

ထို့ကြောင့် ညီမလေးကွေလိ၏ဒဏ်ရာသည် သူမမျှော်လင့်ထားသည်ထက်ပိုပြီး ပြင်းထန်သည်ကို ကျင့်စူးသတိထားလိုက်မိလေသည်။

ကွေလိကဲ့သို့ အဆင့်မြင့်နတ်မိစ္ဆာတစ်ပါးသည် သူမ၏ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံးကို ထိန်းချုပ် ထားနိုင်သူ ဖြစ်လေသည်။ မည်သည့်အကြောင်းကြောင့်မှ ချွေးထွက်စရာ အကြောင်းမရှိပေ။ ယခု ထိန်းချုပ်ထားနိုင်ခြင်းမရှိတော့သည်မှာ ပုံမှန်မဟုတ်သည့် အခြေအနေကြောင့်သာ ဖြစ်လေသည်။

သူမသည် ကွေလိနှင့်တိုက်ခိုက်ခဲ့သည့် အဖြူရောင်ဝတ်ဆင်ထားသူ လူငယ်ကိုသာ မုန်းတီးလိုက်မိလေတော့သည်။

ကွေလိသည် သူမတို့နှင့် နီးကပ်လာသည့် အဖြူရောင်မီးတောက်များကို အေးစက်စွာဖြင့် ရင်ဆိုင်လိုက်လေသည်။

ရုတ်တရက်...

သူမက ပါးစပ်ကို ဟလိုက်လေရာ... ထူးခြားသည့် အဖြူရောင်နှင့်အနက်ရောင်တန်ခိုးစွမ်းအားများထွက်ပေါ်လာပြီး အဖြူရောင်မီးတောက်များ အားလုံးကို ရစ်ပတ်ကာ ငြိမ်းသတ်ပစ်လိုက်လေသည်။

ထိုသို့တိုက်ခိုက်လိုက်သည့်အတွက် ကွေလိ၏ဒဏ်ရာမှာ ပိုပြီးအခြေအနေဆိုးသွားရလေတော့သည်။

အခန်း (၆၆၃) သူငယ်ချင်းကောင်း

ကျင့်စူးမှာ ကွေလိ၏အခြေအနေကိုကြည့်ပြီး ကွေလိကိုယ်တိုင်ထက်ပင် ပိုပြီး ရင်ကွဲပက်လက်ခံစားလိုက်ရလေ သည်။

သူမက ဝမ်းနည်းစွာဖြင့်....

"ငါ နင့်ကိုခေါ်ပြီး ထွက်သွားမယ်..."

ကျင့်စူးသည် ထျန်းယီကို ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ပေ။ သူမသည် မျက်တောင်တစ်ချက်ခတ် လိုက်သည်နှင့် ခွန်ဖိန်တစ်ကောင်အသွင်သို့ ပြောင်းလဲသွားလေသည်။

သူမသည် ကွေလိကို ကျောပေါ်သို့တင်ကာ အတောင်ပံများကို ဖြန့်ကားလိုက်ပြီး ကောင်းကင်ထက်သို့ ပျံတက်သွား လေသည်။

သူမထံသို့ ပျံသန်းဝင်ရောက်လာသည့်တောင်မြင့်ကြီးကို ဘေးသို့စောင်းကာရှောင်လိုက်ပြီး လမ်းလွဲစေလိုက်လေ သည်။

သို့သော်... သူမ အသက်တစ်ချက်ရှူခန့်မျှကြာသည့်အချိန်မှာပင် သူမရှေ့တွင် နတ်သမီးတစ်ပါးပေါ်ထွက်လာသည် ကိုတွေ့လိုက်ရလေသည်။

ကျင့်စူးသည် တစ်ချက်ရင်ထိတ်သွားရပြီး...

"ကျောင်းလင်စန်းမှ..."

ဟု ရေရွတ်လိုက်လေသည်။

ယွမ်ကျွင်းကေရီက ပြုံးလိုက်ရင်း....

"နတ်မိစ္ဆာအဓိပတိကြီးခွန်ဖိန်က ငါ ဘယ်လောက်ကြောက်စရာ

ကောင်းတယ်ဆိုတာ မင်းကို ပြောပြထားတယ် မဟုတ်လား ၊

မင်းကျောပေါ်က ကောင်မလေးကိုထားခဲ့ ၊ မင်းကို ဒုက္ခမပေး

ဘူး"

ကျင့်စူးက...

"လုံးဝမစဉ်းစားနဲ့"

ထိုအချိန်မှာပင် ကွေလိက အေးစက်သည့်လေသံဖြင့် စကား

ဝင်ပြောလိုက်လေသည်။

"ကျင့်စူး... အနောက်ဘက်ကိုသွားပါ ၊ ဆန်းလျန်ဆိုတဲ့လူကိုရှာ

ပြီး အပြာရောင်ခရီးရှည်နန်းတော်မှာ ငါ့ကိုလာကယ်ဖို့ ပြော

ပေးပါ"

သူမသည် ပြောပြီးသွားသည်နှင့် ကျင့်စူး၏ ခန္ဓာကိုယ်ထက်မှ ပျံသန်းပြီးဆင်းသွားပြီး ယွမ်ကျွင်းဧကရီ၏နံဘေးတွင် ရပ်နေလိုက်လေသည်။

ကျင့်စူးက ကျယ်လောင်သည့်အသံဖြင့်....

"အကူအညီသွားတောင်းပြီးတာနဲ့ ငါ... ချက်ချင်းပြန်လာခဲ့မယ်"

ယွမ်ကျွင်းဧကရီသည် ကွေလိကိုဖမ်းဆီးမိသည်နှင့် ကျင့်စူးကို အရေးမစိုက်တော့ပါ။

ကျင့်စူးသည် မူလပုံသဏ္ဍာန်ပြောင်းလဲထားသည့်အတွက် ခွန်ဖိန်တစ်ကောင်ဖြစ်သည်ကို ယွမ်ကျွင်းဧကရီလည်း သိရှိသည်ပဲဖြစ်လေသည်။ သို့သော်... ယွမ်ကျွင်းဧကရီသည် သူမကို တစ်စက်ကလေးပင် အသိအမှတ်မပြုခဲ့ပေ။

ထျန်းယီက ကွေလိကို အလျှင်အမြန်ဖမ်းဆီးရန် ပြင်လိုက်လေသည်။

သို့သော်... ယွမ်ကျွင်းကေရီသည် ထျန်းယီကိုလည်း အရေးမ စိုက်ပါ။

သူမသည် ကွေလိကို ဖမ်းဆီးခေါ်ဆောင်သွားပြီး အလင်းတန်း တစ်ခုအသွင်ပြောင်းလဲကာ ထွက်ခွာသွားလေတော့ သည်။

ယွမ်ကျွင်းကေရီနှင့်ကွေလိသည် ချက်ချင်းပင် အပြာရောင် ခရီးရှည်နန်းတော်သို့ ရောက်ရှိလာကြလေသည်။

ထုန်ထျန်းအရှင်သခင် တစ်ချိန်က အုပ်စိုးခဲ့ဖူးသည့် တရား အလင်းရရာနယ်မြေသို့ ရောက်လာသည့် အခါတွင်တော့ ကွေ လိသည် စိတ်ဝင်တစားမကြည့်ရှုဘဲ မနေနိုင်ခဲ့ပေ။

ယွမ်ကျွင်းကေရီက နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"အရင်တုန်းက မဟာမာရူယိလည်း အပြာရောင်ခရီးရှည် နန်းတော်ကို လာခဲ့ဖူးတယ်လေ ၊ ငါက မင်းကို ဖမ်းဆီးခဲ့ရ ပေ မယ့် အန္တရယ်ပေးလိုတဲ့စိတ်မရှိပါဘူး ၊ မင်းသာ ငါ့အတွက် စာ တစ်စောင်ပို့ပေးမယ်ဆိုရင် အတိတ်တုန်းက သူ့ကို ငါ

အကြွေးတင်ခဲ့ဖူးတဲ့ မျက်နှာကိုထောက်ထားပြီး မင်းရဲ့ဒဏ်ရာ

ကိုလည်း ကုသပေးမယ်၊ မင်းစိတ်တိုင်းကျ လွတ်လွတ်လပ်

လပ်လည်း နေနိုင်ပါတယ်”

ကွေ့လိက တည်ငြိမ်စွာဖြင့်ပင်....

“ကျုပ် လုပ်ပေးမှာမဟုတ်ဘူး”

ယွမ်ကျွင်းကေရီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

“ငါက တောင်းဆိုတာပါ၊ ငါ့မှာ ရွေးခြယ်စရာမရှိဘူးလေ၊

မဟုတ်ရင် ထျန်းယီနဲ့ မျက်နှာအပျက်ခံပြီး မင်းကိုခေါ်မလာ

ဘူး"

ကွေ့လိက...

“မဟာမာရှူယိက ကျုပ်ရဲ့ ဘိုးဘေးမဟုတ်ဘူး၊ ကျုပ်က မင်း

အတွက် စာပို့ပေးရင်တောင်မှ သူကတော့ မင်းကို ကူညီမှာ

မဟုတ်ဘူး"

ယွမ်ကျွင်းကေရီက...

“မင်းမကြိုးစားကြည့်သေးဘဲနဲ့ ဘယ်သိနိုင်မှာလဲ”

ကွေ့လိက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း…

"မင်းစိတ်ပူရမှာက သူ ကျုပ်ကို လာကယ်ရင် ရှင်ဘာလုပ်နိုင်မှာတဲ့လဲ”

ယွမ်ကျွင်းကေရီ၏မျက်နှာမှာ ချက်ချင်းပင် တင်းမာခက်ထန်သွားလေသည်။

“ဒီနေရာက အပြာရောင်ခရီးရှည်နန်းတော်ပဲ ၊ သူသာ မင်းကို ဒီနေရာကနေ ကယ်ထုတ်သွားနိုင်မယ်ဆိုရင် ငါက အလကားဖြစ်သွားမှာပေါ့”

ကွေ့လိက တွေးတောနေရင်းဖြင့်….

"လက်စသတ်တော့ မင်းက ကျုပ်ကို စာပို့ပေးစေချင်ရုံတင်မကဘူး ဆန်းလျန်ကိုလည်း မြှားခေါ်ဖို့ ကြံစည်နေတာကိုး…"

"မင်းလိုမြင့်မြတ်တဲ့အနွယ်ဝင်တစ်ယောက်က သူ့ရဲ့စီးတော်ယဉ်ဖြစ်ခဲ့ဖူးမယ်လို့ လူတစ်ယောက်ကသာ ငါ့ကိုပြောမပြခဲ့ရင် လုံးဝထင်မိမှာမဟုတ်ဘူး"

ယွမ်ကျွင်းဧကရီက ပြောလိုက်လေသည်။

"မင်းမှားနေပြီ... ကျုပ်တို့က သူငယ်ချင်းကောင်းတွေပါ"

ကွေလိက ခေါင်းတစ်ချက်ခါယမ်းရင်းပြောလိုက်လေသည်။

ယွမ်ကျွင်းဧကရီက...

"ဒါဖြင့် မင်းရဲ့သူငယ်ချင်းက မင်းကို လာကယ်မယ်လို့ မင်းက ထင်နေတာပေါ့"

"အမှန်ပဲ..."

ကွေလိက ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်လေသည်။

ကွေလိ၏ ခိုင်မာသည့်ယုံကြည်မှုများကို ယွမ်ကျွင်းဧကရီ မြင်တွေ့လိုက်ရလေသည်။ သူမသည် လိမ်ညာနေခြင်း မဟုတ်ဘဲ ဆန်းလျန်ကို အမှန်တကယ်ယုံကြည်နေခြင်း ဖြစ်လေသည်။

ယွမ်ကျွင်းဧကရီက...

“မင်း တကယ်ပဲ အဲဒီလောက်တောင် သူ့အပေါ်ယုံကြည်သလား”

ကွေ့လိက...

“အမှန်ပဲ... ၊ ဘာလို့လဲဆိုတော့ သူက မဖြစ်နိုင်တဲ့အရာတွေကို ဖြစ်လာအောင် လုပ်နိုင်တဲ့သူမို့လို့ပဲ ၊ မင်းကတော့ အဲဒီအချက်ကို နားမလည်လို့ ရှုံးနိမ့်ရမှာပဲ”

ယွမ်ကျွင်းဧကရီက တည်ငြိမ်စွာဖြင့်..

“ငါက မငြင်းပါဘူး ၊ ဆန်းလျန်က တကယ်အရည်အချင်းရှိတဲ့ လူတစ်ယောက်ပါ ၊ ဒါပေမယ့်... သူ့ထက် အရည် အချင်းရှိပြီး လေးစားစရာကောင်းတဲ့သူတွေ အများကြီးကိုလည်း ငါတွေ့ဖူးပါတယ် ၊ အဲဒီကောင်စုတ်လေး ထက် ဆာရင် ချင်းယွမ်မြောင်တောက်အရှင်ဆိုရင်လည်း ကျင့်စဉ်လမ်းအဆင့်တက်တာ အရမ်းမြန်တာပဲ ၊ သူ့ထက်တောင် သာသေးတယ် ၊ ဒါပေမယ့်

ချင်းယွမ်မြောက်တောက်အရှင်က တစ်ခါမှ ငါ့ရဲ့ဆရာဆီကို ရောက်မလာခဲ့ဖူးဘူး၊ ဒီအပြာရောင်ခရီးရှည်နန်းတော်ဟာ ငါ့ရဲ့ဆရာ တာအိုတရားတွေကို နှစ်ပေါင်းများစွာဟောပြောခဲ့တဲ့နေရာလည်းဖြစ် သလိုဆရာ့ရဲ့ တန်ခိုးစွမ်းအားတွေနဲ့ ဂုဏ်သတင်းတွေလည်း ကျန်ရစ်နေဆဲပဲ"

ကွေ့လိက...

"ဆန်းလျန် ကျင့်ကြံထားတဲ့ ဝိညာဉ်စွမ်းအားမြှင့်တင်တဲ့ ကျင့်စဉ်က လင်ပေါင်ထျန်းကျွင်းနဲ့ နက်နက်ရှိုင်း ပတ်သက် နေတယ်ဆိုတာ မင်း မမေ့ပါနဲ့..."

ယွမ်ကျွင်းကေရီက လေသံခပ်တိုးတိုးဖြင့်...

"သူသာ ဒီကိုလာပြီး မင်းကိုကယ်ထုတ်နိုင်တယ်ဆိုရင်တော့ ဆရာက ငါ့ကို တကယ်ပဲ စွန့်ပစ်လိုက်ပြီဆိုတဲ့ အဓိပ္ပါယ်ပဲ၊ တကယ်လို့ အဲဒီလိုသာ ဖြစ်ခဲ့ရင်တော့ ငါ့ဘဝဟာ ဘာအဓိပ္ပါယ်မရှိတော့ပါဘူး"

ရုတ်တရက်.... ကွေလိတွင် ပြောစရာစကားမရှိ ဖြစ်သွားရလေသည်။

သူမရှေ့မှ အမျိုးသမီးသည် စက်စုပ်ရှုံ့ရှာစရာကောင်းသူဖြစ်သော်လည်း ဆရာတပည့်သံယောဇဉ်ကို အလေးအနက် ထားသူတစ်ယောက် ဖြစ်လေသည်။

လူတကာလေးစားကြသည့် မဟာမာရှုယိဒေါင်းစိမ်းမင်းကြီးသည် ထိပ်တန်းအဆင့် တာအိုသစ်သီးကို ပြုလုပ်နိုင်ခဲ့ သည့်တိုင် သူမကတော့ ထိုသူကို မည်သည့်အခါမှ ခွင့်လွှတ်နိုင်မည်မဟုတ်ပါ။ ထိုသူ၏ဘဝတွင် မည်မျှပင် အောင်မြင်မှုများရရှိခဲ့ပါစေ သူမကတော့ မည်သည့်အခါမှ အထင်ကြီးမည် မဟုတ်ပေ။

ယွမ်ကျွင်းကေရီသည် လင်ပေါင်ထျန်းကျွင်း၏ ပန်းချီကားရှိရာ ကျင့်စဉ်ကျင့်ကြံသည့်အခန်းတွင်းသို့ ကွေလိကို ခေါ်ဆောင်လာလေသည်။

သူမက နှုးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"ချန်ကျန့်မေရဲ့ အနုတ္တဓားတစ်ချက်ကို လူအားလုံးက လေးစားခဲ့ကြတယ်၊ ဒါပေမယ့် ငါ့ ဆရာရဲ့ဓားနဲ့ယှဉ်လိုက်ရင် ချန်ကျန့်မေရဲ့ဓားဟာ နှိုင်းလို့တောင်မရဘူး၊ လေးဖြာမရဏနတ်ဓားကိုမပြောနဲ့ဦး ချင်းဖျင်ဓားတစ်ခုတည်းနဲ့တင် ဆရာ့ကို ဘယ်သူမှ မယှဉ်နိုင်ခဲ့ကြဘူး"

ကွေ့လိက...

"မင်းရဲ့ဆရာကတော့ ကျုပ်လေးစားရတဲ့လူတစ်ယောက်ပါ၊ ဒါပေမယ့် သူ့ဘေးနားကလူတွေက ဘယ်သူမှ သူ့ခြေရာကို မနင်းနိုင်ခဲ့ကြဘူး၊ စကြာဝဠာစတင်ဖြစ်တည်လာတော့ ဗုဒ္ဓနဲ့တာအိုဆရာသခင်ထိုက်ယီတို့က မွေးကင်းစရုပ်ခန္ဓာထဲမှာတင် တာအိုသစ်သီးကို တည်ဆောက်နိုင်ခဲ့ကြတယ်၊ မင်းရဲ့ဆရာက အဲဒီလိုမျိုး မြင့်မြတ် ကြီးကျယ်တဲ့ လူတစ်ယောက်ပဲ၊ ဘယ်သူက သူ့ကို ယှဉ်နိုင်မှာတဲ့လဲ"

ယွမ်ကျွင်းဧကရီက...

"တကယ်တော့ ပထမမိုးနတ်မင်းရော ဒုတိယမိုးနတ်မင်းရော အဲဒီလို ထိပ်တန်းအဆင့်ရောက်ဖို့ အခွင့်အရေးရခဲ့ ကြပါတယ် ၊ ဒါမေပယ့် နောက်ဆုံးတော့ အခွင့်အရေးကို လက်လွှတ်ခဲ့ကြရ တာပဲလေ"

ကွေလိက...

"အဲဒီလိုအခွင့်အရေးမျိုး ထပ်ပေါ်လာဦးမယ်လို့ မင်းက ထင်နေ တာလား"

ယွမ်ကျွင်းဧကရီက...

"မထင်ပါဘူး..."

ကွေလိက စကားပြန်မပြောတော့ပါ။

သူမက ကျင့်စဉ်ကျင့်ကြံသည့်အခန်းထဲတွင် ခင်းထားသည့် ကြမ်းခင်းအဝတ်လေးပေါ်တွင် ထိုင်လိုက်လေသည်။ ထို့နောက် သူမက အသက်ရှူသွင်း ၊ ရှူထုတ်လုပ်နေပြီး သူမ၏ နှာသီးဖျား

တွင် အဖြူရောင်အခိုးအငွေ့သည် နဂါး (၂)ကောင်အလား

ဖြတ်သန်းနေလေသည်။ တစ်ချိန်တည်းမှာပင် သူမ၏ ဒဏ်ရာ

သည် တဖြည်းဖြည်းသက်သာ ပျောက်ကွင်းသွားခဲ့လေသည်။

.....

တာ့ကျိုးနန်းတော်ကို ကျင့်ကြံသူပေါင်း (၃၀၀၀)က

စောင့်ရှောက်ကာကွယ်ထားကြလေသည်။ သို့သော်... ထို

ကျင့်ကြံသူပေါင်း (၃၀၀၀)သည် မိန်းကလေးတစ်ယောက်

အသက်တစ်ချက်ရှူလိုက်သည်ကိုပင် တားဆီးနိုင်ခြင်း မရှိခဲ့ကြ

ပေ။

ထိုမိန်းကလေးသည် သူမကိုယ်သူမ ထိန်းချုပ်နိုင်ခြင်းများ

ပျောက်ဆုံးနေပြီး ကျင့်ကြံသူအတော်များများမှာ အသတ်ခံ

လိုက်ကြရလေသည်။

မိန်းကလေးသည် ဆန်းလျန်၏ နန်းတော်သို့ ရောက်ရှိလာပြီး

စကားတစ်ခွန်းကို ပြောလိုက်လေသည်။

"ကွေလိ အပြာရောင်ခရီးရှည်နန်းတော်မှာ အဖမ်းခံထားရတယ် ၊ သူက ရှင်လာကယ်မှာကို စောင့်နေတယ်"

သူမသည် ဆန်းလျန်ကို ပထမဆုံးအကြိမ်တွေ့ဖူးခြင်းဖြစ်သော်လည်း အနည်းငယ် ရင်းနှီးနေသလို ခံစားလိုက်ရလေသည်။

စဉ်းစားကြည့်လိုက်သည့်အခါတွင်တော့ ဆန်းလျန်၏သွေးခုန်နှုန်းသည် သူမနှင့်တွေ့ဆုံခဲ့သည့် တာအိုဆရာ အဘိုးအို၏ သွေးခုန်နှုန်းနှင့်ဆင်တူနေသည်ကို သတိပြုလိုက်မိလေသည်။ သို့သော်… တာအိုဆရာအဘိုးအိုမှာ ဆန်းလျန်ထက်ပိုပြီး ခန့်မှန်းရခက်လေသည်။ ထို့ပြင် ဆန်းလျန်တွင် ရှိသည့် တစ်စုံတစ်ခုသည် ထိုတာအိုဆရာအဘိုးအိုထံတွင် ပျောက်ဆုံးနေသလို ခံစားရလေသည်။

ဆန်းလျန်သည် တာအိုဆရာအဘိုးအိုထက် ပိုပြီးတော်သည်ဟု မဆိုသာပါ။ သို့သော်… ဆန်းလျန်တွင် ထင်ရှားသည့်

ဝိသေသလက္ခဏာများရှိလေသည်။ ဆန်းလျန်သည် မြင့်မြတ်ပြီး တန်ဖိုးရှိသူတစ်ယောက်ဖြစ်သည်မှာ သိသာလွန်း လေသည်။

ဆန်းလျန်ကဲ့သို့ ဝိသေသသိသာထင်ရှားမှုများကို ဆရာဘိုးဘိုးကြီးခွန်ဖိန်ပင်လျှင် ပိုင်ဆိုင်ထားခြင်း မရှိပေ။

ကွေလိသည် ဆန်းလျန်ကို အဘယ့်ကြောင့် အကူအညီတောင်းရသည်ကို ကျင့်စူးသည် ချက်ချင်းပင် သဘောပေါက်သွားလေသည်။

ဆန်းလျန်က လက်နှစ်ဖက်ကို နောက်သို့ပစ်လိုက်ရင်း...

"အပြာရောင်ခရီးရှည်နန်းတော်ဟာ ထုန်ထျန်းအရှင်သခင်တရားအလင်းရခဲ့တဲ့ နေရာတစ်ခုပဲ ၊ ပြီးတော့ အဲဒီ နန်းတော်ရဲ့တည်ရှိမှုကလည်း အချိန်နဲ့အမျှ ပြောင်းလဲနေတာ ၊ တည်နေရာကိုသိဖို့အတွက် ကျုပ် အချိန်နည်းနည်း လောက်ယူရလိမ့်မယ်"

ကျင့်စူးက...

"အချိန်မရှိတော့ဘူး… အပြာရောင်ခရီးရှည်နန်းတော်ဘယ်မှာရှိလဲဆိုတာ ကျွန်မသိတယ်၊ ရှင်က ကျွန်မနောက်ကို လိုက်ခဲ့ရုံပဲ"

ကျင့်စူးသည် အပြာရောင်ခရီးရှည်နန်းတော်၏ တည်နေရာကို အဘယ့်ကြောင့် သိရှိနေရသနည်းဟု ဆန်းလျန်က မေးမနေတော့ပါ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်က သူမ၏ သွေးခုန်နှုန်းသည် ပေမင်ကျီနှင့် တစ်ထပ်တည်းတူညီသည်ကို ရိပ်မိထားသောကြောင့် ဖြစ်လေသည်။ ထိုသို့သော မျိုးနွယ်များအနေဖြင့် အခြားသူများထက်သတင်းအချက် အလက်များကို သိရှိနေသည်မှာ အံ့သြစရာမဟုတ်တော့ပါ။

ကြည့်ရသည်မှာ ယခု သူ့ရှေ့သို့ရောက်လာသည့် မိန်းကလေးသည် သူနှင့်ပေမင်ကျီကြားမှ အဖြစ်အပျက်များကို သိရှိဟန်မတူသေးပေ။

သို့သော်... ကွေလိ၏ကိစ္စက ပိုအရေးကြီးနေသည့်အတွက် ဆန်းလျန်သည် ပေမင်ကျိုကိစ္စကို သူမကို မပြောဖြစ်တော့ပေ။ ကွေလိကိုကယ်တင်ရန်မှာ မည်သို့မျှ မငြင်းနိုင်သည့် ကိစ္စဖြစ်လေသည်။ ကွေလိက သူမကို ကယ်တင်ရန်အတွက် သူ့အကြောင်းကြားစေခြင်းမှာ သူတို့သည် သူငယ်ချင်းကောင်းများဖြစ်သောကြောင့်သာ ဖြစ်လေသည်။

ဆန်းလျန်သည် မိတ်ဆွေသူငယ်ချင်း သိပ်ရှိသူတစ်ယောက်မဟုတ်ပေ။ သို့သော်... လူတစ်ယောက်ကို မိတ်ဆွေအဖြစ်အသိအမှတ်ပြုပြီးလျှင်တော့ မိတ်ဆွေအချင်းချင်း ကူညီတတ်သူတစ်ယောက် ဖြစ်လေသည်။ ထို့ပြင် သူ့အနေဖြင့် အပြာရောင်ခရီးရှည်နန်းတော်သို့ သွားရမည့် ကိစ္စတစ်ခုလည်း ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်နှင့်ပတ်သက်ပြီး နားမလည်သည့်အချက်များကို

ရှင်းလင်းသွားစေရန်အတွက် ဖြစ်လေသည်။ အပြာရောင်ခရီး ရှည်နန်းတော်သို့ သွားရောက်ခြင်းဖြင့် သူ့အတွက် အဖြေတစ်ခု ရကောင်းရနိုင်လေသည်။

ဆန်းလျန်သည် သူနှင့်အတူ မည်သူ့ကိုမှ ခေါ်ဆောင်သွားခြင်း မရှိပါ။

သူသည် တောင်နှင့်မြစ်ရေကောင်းကင်ဘုံပန်းချီကားကို အဖြူရောင်တိမ်တိုက်များအဖြစ် အသွင်ပြောင်းလိုက်ကာ တိမ်တိုက်ကိုစီးနင်းပြီး ထွက်ခွာသွားလေတော့သည်။

ကျင့်စူးသည်လည်း သူနှင့်အတူလိုက်ပါလာပြီး အပြာရောင်ခရီးရှည်နန်းတော်တည်ရှိရာ နေရာကို လမ်းညွှန်ပေးခဲ့လေသည်။

အခန်း (၆၆၄) မြစ်ဝါကိုးကွေ့အရံအတား

ဆန်းလျန်နှင့် ကျင့်စူးသည် မြူများဆိုင်းနေသည့် ပင်လယ်

ဒေသတစ်ခုသို့ ရောက်ရှိလာကြလေသည်။

ပင်လယ်ရေလှိုင်းများသည် တလိမ့်လိမ့် ရိုက်ခတ်နေကြပြီး

သက်ရှိသတ္တဝါဆို၍ တစ်ယောက်မှ ရှိဟန်မတူပေ။

ပတ်ဝန်းကျင်တစ်ခုလုံးသည် မရဏနယ်မြေတစ်ခုအလား

တိတ်ဆိတ်ငြိမ်သက်လျှက်ရှိလေသည်။

ကျင့်စူးက တည်နေရာကို တစ်ချက်တွက်ချက်လိုက်ပြီး...

"အပေါ်ဘက်ကို ပေတစ်ထောင်လောက် တက်ရမယ်"

ဆန်းလျန်ကလည်း ကျင့်စူးပြောသည့်အတိုင်း တက်လိုက်လေ

သည်။ သို့သော်... ပေတစ်ထောင်အမြင့်သို့ ရောက်ရှိသည့်အခါ

တွင်တော့ ကျင့်စူးသည် စိတ်ရှုတ်ထွေးသွားပုံရလေသည်။

သူမက...

"မဟုတ်သေးဘူး ၊ ပေတစ်ရာလောက် ပြန်ဆင်းရဦးမယ်ထင်တယ်"

ဆန်းလျန်က အထွန့်မတက်ဘဲ ပြန်ဆင်းလိုက်လေသည်။ ပေတစ်ရာသာမက ပေငါးရာအထိ ဆင်းပြီးသည့်တိုင် အခြေအနေက မထူးခြားပေ။

ကျင့်စူးက...

"မဟုတ်သေးဘူး ၊ ဘယ်ဘက်ကို ပေသုံးရာလောက် ကွေ့ကြည့်မယ်ဆိုရင်ရော..."

ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်သည ကျင့်စူးပြောသည့်အတိုင်း လိုက်မလုပ်တော့ပါ။

သူက အရှေ့သို့ တစ်ချက်ကြည့်လိုက်ပြီး...

"ထပ်မကြိုးစားနဲ့တော့...."

ဟုပြောလိုက်လေသည်။

ရုတ်တရက်...

ပင်လယ်ပြင်တွင် မြူခိုးများ ထွက်ပေါ်လာပြီး မြူခိုးများသည် သူတို့ (၂)ယောက်လုံးကို တဖြည်းဖြည်း ဖုံးလွှမ်းလာ လေသည်။

ကျင့်စူးက အံ့သြမင်သက်စွာဖြင့် ရေရွတ်လိုက်လေသည်။

"မြစ်ဝါကိုးကွေ့အရှံအတား..."

ဆန်းလျန်က...

"ပြီးပြည့်စုံတဲ့ မြစ်ဝါကိုးကွေ့အရှံအတားတော့မဟုတ်ဘူး..."

ထိုအချိန်မှာပင်...

ဆန်းလျန်က သူ၏နတ်ဘုရားစွမ်းအားများကို စုစည်းလိုက် လေသည်။

သူ၏ မူလဝိညာဉ်ခန္ဓာမှ တန်ခိုးစွမ်းအားများကို သူ၏မျက်ခုံး နှစ်ခုကြားမှ မိုးမြေသန္ဓေမျိုးစေ့နေရာတွင် စုစည်းလိုက်လေ သည်။

ဆန်းလျန်၏ ပုံသဏ္ဍာန်သည် သာမန်လူတစ်ယောက်အဖြစ်မျှ

သာ ထင်ရလေသည်။ သို့သော်... အလွန်ခိုင်မာသည့် သာန်လူ

တစ်ယောက်ဖြစ်သည်ဟု ဆိုနိုင်လေသည်။

သို့သော်... ကျင့်စူးကတော့ ဆန်းလျန်လုပ်သည့်အတိုင်း လိုက်

မလုပ်ပါ။ သူမက မြူခိုးများအတွင်းသို့ တိုးဝင်လိုက် လေရာ

နာကျင်လွန်းသည့်အတွက် အော်ဟာစ်လိုက်မိလေသည်။

မြူခိုးများနှင့်ထိမိသည်နှင့် နှစ်ပေါင်းများစွာ ကျင့်ကြံထားခဲ့

သည့် သူမ၏တန်ခိုးစွမ်းအားများသည် ချက်ချင်းပင် ပျောက်

ကွယ်သွားရလေသည်။

သို့သော်... သူမ၏ဦးခေါင်းထက်မှ ပန်းသရဖူကြောင့်သာ

သူမ၏ မူလဝိညာဉ်ခန္ဓာသည် ပျက်စီးမသွားခဲ့ရခြင်း ဖြစ်လေ

သည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းကိုက်ဂါထာသည် မူလ

ဝိညာဉ်ခန္ဓာကိုပါ ချုပ်ထားနိုင်သည့် အစွမ်းရှိ သောကြောင့်

ဖြစ်လေသည်။

ထို့ကြောင့် ပန်းသရဖူမှာ ပုံပျက်သွားသည့်တိုင် သူမ၏မူလ ဝိညာဉ်ခန္ဓာ မပျက်စီးသွားအောင် ကာကွယ်ပေးနိုင်ခဲ့လေသည်။

ရုတ်တရက်...

ဆန်းလျန်၏ လက်တစ်ဖက်က သူမ၏ ပခုံးထက်သို့ လာရောက်ဖိကိုင်လိုက်လေသည်။

ကျင့်စူးကိုထိမိထားသည့် မြူခိုးများကို ဆန်းလျန်၏လက်က စုပ်ယူလိုက်ခြင်း ဖြစ်လေသည်။ ဆန်းလျန်၏ လက်မှာ ချက်ချင်းပင် အဖြူရောင်မှ အနက်ရောင်သို့ ပြောင်းလဲသွားလေသည်။

"အတွေးတစ်ချက်နဲ့တော့ ဗလာနယ်တစ်ခုကို ဖန်ဆင်းနိုင်မှာ မဟုတ်ဘူး"

နူးညံ့သည့်အသံတစ်သံသည် ကျင့်စူးနားထဲသို့ ဝင်ရောက်လာလေသည်။

ထိုအသံသည် တာအိုမဟာလမ်းစဉ်၏ ပဲ့တင်သံဖြစ်လေသည်။

ချက်ချင်းပင် ကျင့်စူးသည် တရားကို သိမြင်သွားခဲ့ပြီး

သူမ၏တန်ခိုးစွမ်းအားများ ကုန်ဆုံးနေခြင်းသည်လည်း

လျော့နည်းသွားရလေသည်။

ကျင့်စူးက မုန်းတီးစက်စုပ်သည့်လေသံဖြင့်...

"ဒီမိစ္ဆာမကြီးက တော်တော်ဆိုးတာပဲ..."

မြစ်ဝါကိုးကွေ့အရုံအတားသည် ကျင့်ကြံသူအားလုံး၏အမြင်

တွင် အခြေခံကျသည့် မှော်မိစ္ဆာအရုံအတားတစ်ခု ဖြစ်လေ

သည်။

ထိုအရုံအတားသည် နယ်ပယ် (၃)ခုအပေါ်တွင် အခြေခံထား

လေသည်။

လောက၏နက်နဲမှုများဖြစ်သည့် စိတ်ရှုတ်ထွေးစေသည့်နတ်

ပြဒါးဆေး ၊ အလုံပိတ်မန္တန် ၊ နတ်ဘုရားရှုံးနိမ့်ခြင်း ၊ နတ်

ဘုရားဝိညာဉ်ဖျက်ခြင်း ၊ နတ်ဘုရားထောင်ချောက် ၊ နတ်

ဘုရားစွမ်းအားဖျက်ဆီးခြင်း ၊ ဖယ်ထုတ်ခံထားရသည့် နတ်ဘုရားဖွဲ့စည်းမှု ၊ နတ်ဘုရားခန္ဓာပျက်စီးစေခြင်း များပါဝင်လေသည်။

ထိုအရံအတားအတွင်းသို့ဝင်မိသည့် နတ်ဘုရားတိုင်းသည့် သာမန်လူတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားရမည် ဖြစ်ပြီး သာမန်လူတစ်ယောက် ဝင်မိပါက ချက်ချင်းပင် အသက်ပျောက်သွားမည် ဖြစ်လေသည်။

အတိုချုပ်ပြောရမည်ဆိုလျှင်တော့ နတ်ဘုရားတစ်ပါးသည် မည်မျှမြင့်မားသည့် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထား ပါစေ အရံအတားအတွင်းသို့ ဝင်မိသည်နှင့် တန်ခိုးစွမ်းအားများ အားလုံး ဆုံးရှုံးသွားရမည် ဖြစ်လေသည်။ ထို့ပြင် စိတ်ဝိညာဉ် လည်း ပျက်စီးရမည်ဖြစ်သလို ဝိညာဉ်ကိုလည်း ဆုံးရှုံးရမည် ဖြစ်လေသည်။

ထိုအခြေအနေသည် ကျင့်ကြံသူများအတွက် မည်သို့မှ လွယ်ကူမည် မဟုတ်ပေ။ ကျင့်ကြံသူများသည် တန်ခိုးစွမ်းအားများရရှိရန်အတွက် နေ့စဉ်နှင့်အမျှ ကျင့်ကြံကြရလေသည်။ သို့သော်... သူတို့သည် အရံအတားအတွင်းသို့ ကျရောက်သွားပါက နာကျင်ခံစားရမည် ဖြစ်သည့်အပြင် နှစ်ပေါင်းများစွာ ကျင့်ကြံထားသမျှ အရာအားလုံးသည် လည်းမြူမှုံအလား လွင့်ပြယ်ပျောက်ပျက်သွားရမည် ဖြစ်လေသည်။ ကျင့်စူးသည် ထင်ရှားသည့်ဇာစ်မြစ်ရှိသည့် နတ်မိစ္ဆာတစ်ပါးဖြစ်သည့်တိုင် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် ဖြစ်လာရန် ကျင့်ကြံရသည်မှာ လွယ်ကူခဲ့သည် မဟုတ်ပါချေ။ ဆန်းလျန်သာ သူမကို မကူညီခဲ့လျှင် သူမ၏ တန်ခိုးစွမ်းအားများအားလုံး ဆုံးရှုံးသွားရမည် ဖြစ်လေသည်။ နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံလျှင်တောင်မှ သူမ၏တန်ခိုးစွမ်းအားများပြန်လည်ရရှိရန် ခက်ခဲပေလိမ့်မည်။

ဆန်းလျန်က…

"ဒီအရံအတားကို ဖြေရှင်းနိုင်မယ့်နည်းလမ်းကို အရင်စဉ်းစားရအောင်၊ ကျုပ်တို့ရဲ့ တ်ခိုးစွမ်းအားတွေကိုဖုံးကွယ် ထားပြီး ဒီအရံအတားကို လှည့်စားထားနိုင်ပေမယ့် ဒီအရံအတားကနေလွတ်မြောက်ဖို့ ကျုပ်တို့ရဲ့ တန်ခိုးစွမ်းအား တွေကို မသုံးလို့လည်း မရဘူးလေ"

ကျင့်စူးက…

"အရင်တုန်းက ဒီအရံအတားကို တီထွင်ခဲ့တာ ယွင်ရှောင်းနတ်သမီးပဲ၊ အဲဒါကြောင့် ယွင်ရှောင်းနတ်သမီးပဲ ဒီအရံအတားကို ချိုးဖျက်နိုင်မှာ၊ အဲဒီတုန်းက ယွင်ရှောင်းနန်သမီး မြစ်ဝါကိုးကွေ့အရံအတား ဖန်ဆင်းတော့ ယွိချင်နဲ့ ထိုက်ချင်ရဲ့ နတ်ဘုရားခန္ဓာတွေတောင် ဆင်းသက်လာခဲ့ကြဖူးတယ်၊ ဒီအရံအတားကို တခြားနည်းနဲ့ ဖြေရှင်းလို့မရ နိုင်ဘူး၊ ယွိချင်နဲ့ ထိုက်ချင်တို့ရဲ့ နတ်ဘုရားခန္ဓာတွေကို ဆင့်ခေါ်မှပဲ ရနိုင်မယ်"

ဆန်းလျန်က...

"ဒါပေမယ့် ဒီအရံအတားက မပြည့်စုံဘူး ၊ ကျုပ်တို့ ဖြေရှင်းနိုင်မှာပါ"

ကျင့်စူးက...

"တစ်ချက်လောက်ကြည့်လိုက်တာနဲ့ ဒီအရံအတားက မပြည့်စုံဘူးဆိုတာ ရှင်က ဘယ်လိုလုပ်သိတာလဲ ၊ ဟို မိစ္ဆာမ ကြီးက မြစ်ဝါကိုးကွေ့ အရံအတားကို ပြီးပြည့်စုံအောင် မဖန်တီးနိုင်လောက်ဘူးလို့ ရှင် လျှောက်ခန့်မှန်းကြည့်နေတာ တော့မဟုတ်ပါဘူးနော်"

ဆန်းလျန်က မြူခိုးများကို ကြည့်နေရင်းမှ နူးညံ့သည့်လေသံဖြင့်...

"ဒီအရံအတားသာ ပြီးပြည့်စုံတဲ့ မြစ်ဝါကိုးကွေ့အရံအတားဖြစ်မယ်ဆိုရင် လှည့်ပတ်ခြင်းလမ်းစဉ်အတိုင်းစီးဆင်း နေလိမ့်မယ် ၊ ဖန်းဆင်းမှုအနုပညာအတိုင်း အဆက်မပြတ်လှည့်ပတ်

နေလိမ့်မယ်၊ အဲဒီလိုအခြေအနေသာဆိုရင် အရံအတားထဲမှာ

သတ်ဖြတ်လိုတဲ့အငွေ့အသက်တွေ တဖြည်းဖြည်းများလာမှာ

မဟုတ်ဘူး"

ဆန်းလျန် စကားပြောနေစဉ်မှာပင် မြူခိုးများက ပိုပြီး ထူထပ်

လာလေသည်။

ကျင့်စူးမှာ ဗဟုသုတအလွန်ကြွယ်ဝသူတစ်ယောက်ဖြစ်

သော်လည်း ဆန်းလျန်ပြောနေသည့် တာအို သဘောတရား

များကို သူမ နားလည်ခြင်း မရှိပေ။

"ဘာကြောင့် သတ်ဖြတ်လိုတဲ့အငွေ့အသက်တွေက

အရံအတားရဲ့အားနည်းချက် ဖြစ်နေရတာလဲ"

ဆန်းလျန်က သူမကို စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြလိုက်လေ

သည်။

"အမြင့်ဆုံးရောက်ပြီးရင် ကျဆုံးရမှာပဲ၊ အရာအားလုံးက

အတက်အကျရှိတယ်၊ လောကမှာ ဘယ်အရာမှ အင်အား

အကြီးဆုံးအဖြစ် အစဉ်အမြဲမရပ်တည်နိုင်ဘူး ၊ သတ်ဖြတ်လို တဲ့အငွေ့အသက်တွေက လေထဲက အလိုလိုပေါ်လာ တာတော့ မဖြစ်နိုင်ဘူးလေ ၊ ဒီအရံအတားထဲမှာ သတ်ဖြတ်လိုတဲ့ အငွေ့အသက်တွေ ရောက်လာဖို့အတွက် တစ်စုံတစ်ခုက ပြုလုပ်နေမှရမှာ ၊ လယ်ကွင်းထဲက စပါးပင်တွေလိုပေါ့ ၊ စပါး ခင်းတွေသန်လေလေ မြေဩဇာတွေ နည်းပါးလာလေလေပေါ့ ၊ ရာသီဥတုဖောက်ပြန်တဲ့အခါကျတော့ မြေဆီဩဇာမရှိတော့ တဲ့ မြေတွေက အလွယ်တကူ တိုက်စားခံရတယ်လေ ၊ အခု အခြေအနေကလည်း အဲဒီလိုမျိုးပဲ ၊ အရှင်းဆုံးပြောရရင် 'ဦးရေပြားမရှိဘဲ ဆံပင်က ဘယ်လိုလုပ်ပေါက်နိုင်မှာလဲ' ဟုတ် တယ်မလား"

ဆန်းလျန်၏ရှင်းလင်းပြောပြမှုသည် များပြားသည့်တိုင် ယခု တစ်ကြိမ်တွင်တော့ ကျင့်စူးက နားလည်သဘောပေါက် သွားခဲ့ လေသည်။ ဆန်းလျန်သည် မြစ်ဝါကိုးကွေ့အရံအတားကို

နားလည်သဘောပေါက်သူဖြစ်သည်ကို ကျင့်စူးက သိရှိသွား

လေသည်။ ထို့ကြောင့် အရံအတား၏ အခြေခံအချက်ကို ဖျက်

စီးနိုင်လျှင် ပြဿနာကိုဖြေရှင်းပြီးသား ဖြစ်ပေလိမ့်မည်။

အရံအတားအတွင်းမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များမှာ

လည်း တဖြည်းဖြည်းပိုပြီး အားကောင်းလာလေသည်။

ထိုအခါ အရာအတားသည် တဖြည်းဖြည်းအားနည်းလာလေ

သည်။

ကျင့်စူးက…

“ဒါဆို ဒီအရံအတားကို တစ်ခါတည်းဖျက်စီးပစ်လိုက်ကြ

ရအောင်…”

ဆန်းလျန်ကအသံကို နှိမ့်လိုက်ပြီး…

“မလောပါနဲ့…”

ဆန်းလျန်သည် အလျှင်စလိုမရှိပေ။ သူသည် တောင်နှင့်မြစ်

ရေကောင်းကင်ဘုံပန်းချီကားမှ ဖန်ဆင်းထားသည့် လွင့်မျော

နေသည့်တိမ်တိုက်ထက်တွင် အေးအေးဆေးဆေးထိုင်နေလေ
သည်။
လွှင့်မျောနေသည့်တိမ်တိုက်ဆီသို့ မြူခိုးများက တဖြည်းဖြည်း
တိုးဝင်လာလေသည်။
သို့သော်... တောင်နှင့်မြစ်ရေကောင်းကင်ဘုံပန်းချီကားသည်
သက်ရှိသတ္တဝါတစ်ယောက် မဟုတ်ပေ။ ထို့ကြောင့် ... မြူခိုး
များ၏တိုက်ခိုက်မှုသည် ပန်းချီကားအပေါ်တွင် သက်ရောက်မှု
မရှိပေ။ အနည်းငယ် ညစ်ညမ်းသွားရုံသာ ရှိပေလိမ့်မည်။
ဆန်းလျန်၏ ရုပ်ခန္ဓာသည် မြူခိုးများကြောင့် အဆက်မပြတ်
ညစ်နွမ်းနေရလေသည်။ သူ၏တာအိုဝတ်ရုံမှာ စုပ်ပြဲသွားခြင်း
မရှိသည့်တိုင် အနက်ရောင်ပြောင်းသွားလေသည်။
သူ၏အသားအရေများပေါ်တွင်လည်း အနက်ရောင်အစက်
အပျောက်များ ထင်လာလေသည်။ သူ့ရုပ်ခန္ဓာသည် မြစ်ဝါကိုး

ကြွေ့အရံအတားး၏ တိုက်စား ဖျက်ဆီးခြင်းကို ခံနေရလေ

သည်။

သို့သော်… ဆန်းလျှန်သည် တစ်ချက်မှ မရွှေ့ပါ။ သူသည်

ဘုန်းတော်ကြီးတစ်ပါးအလား ငြိမ်သက်စွာထိုင်နေပြီး မျက်လုံး

များကိုလည်း မှိတ်ထားလေသည်။

ကျင်းစူးမှာ နာကျင်သည့်ဒဏ်ကို မခံနိုင်တော့ပေ။

သူမတစ်ကိုယ်လုံးမှာ ယားယံလာပြီး သူမသည် အသားများပွဲ

ထွက်သည်အထိ ကုတ်ခြစ်ပစ်ချင်နေမိလေသည်။ မြစ်ဝါကိုး

ကြွေ့အရံအတားသည် နတ်ဘုရားတစ်ပါးကို လူသားတစ်

ယောက်ဖြစ်သွားသည်အထိ လုပ်ဆောင်နိုင်သည် မှာသံသယ

ဖြစ်စရာပင် မလိုပါ။ သူမကဲ့သို့သော လူတစ်ယောက်သည်

ယားယံခြင်းကို ခံစားရလေ့ရှိသူ မဟုတ်ပေ။ သို့သော် ယခု

တော့ ယားယံခြင်းကို အပြင်းအထန် ခံစားနေရလေသည်။

ဆန်းလျန်က မျက်ဝန်းများကို ဖွင့်ကြည့်လိုက်လေသည်။ သူက ကျင့်စူးတစ်ယောက် ဆိုးဆိုးဝါးဝါးဒုက္ခရောက် နေသည်ကို တွေ့သည့်အခါတွင်တော့ ...

"မင်းရဲ့လက်ကို ကျုပ်ပခုံးပေါ်တင်ထားလိုက်ပါ"

ကျင့်စူးက...

"ကျွန်မခံရတဲ့ဒုက္ခကို ရှင် ကူညီစရာမလိုပါဘူး ၊ ကျွန်မခံနိုင်ပါတယ်"

ဆန်းလျန်က စကားဆက်မပြောတော့ပါ။

အမှန်တော့ သူလည်း အလွန်မှ ဖိစီးမှုများစွာကို ခံစားနေခဲ့ရလေသည်။ နာကျင်မှုကိုခံစားနေရရုံသာမက အရံအတားတစ်ခုလုံး၏ တုန်ခါမှုပုံစံကိုလည်း သူက တွက်ချက်နေရလေသည်။ အထူးသဖြင့် မိုးမြေသန္ဓေမျိုးစေ့အတွင်းသို့ရောက်နေသည့် သူ၏ မူလဝိညာဉ်ခန္ဓာသည် ဖိနှိပ်မှုကို အပြင်းအထန် ခံစားနေရလေသည်။

ထို့ကြောင့် သူ့အတွက် လွယ်ကူလှသည်တော့မဟုတ်ပေ။

မြစ်ဝါကိုးကွေ့အရုံအတားသည် လောက (၃)ခုဖြစ်သည့် မိုး၊ မြေ နှင့် လူသား အပေါ်တွင် အခြေခံထားခြင်းဖြစ်လေ သည်။ မိုးကောင်းကင်နိယာမ စတင်တည်ဆောက်စဉ်အခါက ယင် နှင့် ယန်သာ ရှိလေသည်။ မြေပြင်နိယာမကို တည်ဆောက်စဉ်အခါ က နူးညံ့မှုနှင့် မာကျောမှုသာ ရှိလေသည်။ လူသားဆန်မှု နိယာမကို တည်ဆောက်စဉ်အခါက စေတနာတရားနှင့် တရား မျှတမှုဖြင့် တည်ဆောက်လေသည်။

ထို့ကြောင့် နယ်ပယ်တစ်ခုချင်းစီ၏ ကဏ္ဍတစ်ခုစီသည် အခြား (၂)ခုနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။

မြူခိုးများသည် တိုက်စားတတ်သည့် သဘောသဘာဝရှိလေ သည်။ သို့သော်... ထိုအရာသည် ဖျက်စီးခံလိုက်ရလျှင် အသစ် ပြန်လည်မွေးဖွားလသည်ဟု ဆုံးဖြတ်နိုင်လေသည်။

အရုံအတားမှာ ယိုယွင်းလာသည်ဟု ထင်မှတ်ရသော် လည်း

ပြန်လည်ဖြစ်တည်လာသည့် အားအင်တစ်ခုကလည်း တစ်ပြိုင်တည်းမှာပင် ပေါ်ထွက်လာလေသည်။ သို့သော် ထိုအားအင်သည် အလွန်မှ သေးငယ်လွန်းလေသည်။ သေသေချာချာသာ အာရုံစိုက်ခြင်းမရှိလျှင် ထိုအားအင် တည်ရှိမှုကို လုံးဝ ရှာတွေ့နိုင်မည် မဟုတ်ပေ။ ဆန်းလျန်ကတော့ ထိုအင်အား၏ တည်ရှိမှုကို ရှာတွေ့သွားခဲ့ပြီဖြစ်လေသည်။

ဤအရံအတားသာ ပြီးပြည့်စုံသည့်အဆင့်သို့ ရောက်ရှိသွားပါက အရင်းအမြစ်ကိုရှာဖွေဖျက်စီးနိုင်ရန်မှာ ခက်ခဲသွား မည်ဖြစ်လေသည်။

သူက အရံအတား၏အရင်းအမြစ်ကို မရမနေရှာဖွေရန် အားစိုက်ကြိုးစားလျှင်လည်း ရှာတွေ့နိုင်မည် မဟုတ်ပါ။ ရှာမတွေ့နိုင်သည့်အပြင် သူ၏ နတ်ဘုရားခန္ဓာသည်ပင် ပျက်စီးသွားနိုင်လေသည်။

ကျင့်စူးသည် နာကျင်ခံစားရသည့်ဒဏ်ကို အနည်းငယ်

ထိန်းချုပ်သွားနိုင်ပြီ ဖြစ်သည့်အတွက် ဆန်းလျန်က သူမကို

စိုးရိမ်မနေတော့ပါ။

အကယ်၍ အရုံအတား၏ နက်နဲဆန်းကြယ်မှုကို လေ့လာနိုင်ပါ

က ကျင့်စူး၏ ကျင့်စဉ်လမ်းအတွက် အကျိုးရှိနိုင်လေသည်။

သို့သော်... ဆန်းလျန်သည် ထိုအချက်ကို သူမကို ပြောပြမည်

မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် သူနှင့် ကျင့်စူးသည် မိတ်ဆွေများ

ဖြစ်လာနိုင်မည်မဟုတ်ဟု သူ တွေးထင်မိသောကြောင့် ဖြစ်

လေသည်။ ပေမင်ကျီနှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပျက်ခဲ့သည့်

အဖြစ်အပျက်ကြောင့် သူတို့သည် နောင်တစ်ချိန်တွင်

ကျိန်းသေ ရန်သူများသာ ဖြစ်လာကြရမည် မဟုတ်ပါလား။

အခန်း (၆၆၅) ရွှေဇလား

ထို့ပြင် ကျင့်စူးသည် ဆန်းလျန်ကဲ့သို့ သိမ်မွေ့သည့် တာအို အခြေခံမရှိခဲ့ပါ။

ထို့ကြောင့် သူမသည် ဆန်းလျန်ကဲ့သို့ မြစ်ဝါကိုးကွေ့ အရံအတား၏ အားနည်းချက်ကို ရှာဖွေနိုင်ခဲ့ခြင်း မရှိပေ။

သူမ၏ ခွန်ဖိန်နတ်မိစ္ဆာခန္ဓာသည် အမှန်တကယ်ပင် ထူးခြား လွန်းသည့်အတွက်သာ ယခုအချိန်ထိ တောင့်ခံနိုင်ခြင်း ဖြစ် လေသည်။

သူမ၏ နူးညံ့သိမ်မွေ့သည့်အရေခွံတွင် ရေဓာတ်များဆုံးရှုံးနေ ပြီး အချို့သောအစိတ်အပိုင်းများဆိုလျှင် ပုပ်ဆွေးစပင် ပြုနေ ပြီ ဖြစ်လေသည်။

သူမ၏အသားထဲသို့ လက်သည်းများထိုးသွင်းပြီး ကုတ်ခြစ်ထားမှုများမှာလည်း မခံမရပ်နိုင် စရာပင် ဖြစ်လေသည်။

သို့သော်... ထိုနာကျင်မှုများသည် ခေါင်းကိုက်ဂါထာကြောင့် နာကျင်ရသည် လောက်တော့ မဆိုးလှသေးပေ။

မြူခိုးများသည် ပိုပြီး သိပ်သည်းလာလေသည်။

ကျင့်စူးနှင့်ဆန်းလျန်မှာ နီးကပ်စွာ ရှိနေကြသည့်တိုင် တစ်ယောက်ကိုတစ်ယောက် မမြင်နိုင်ကြတော့ပေ။ မြူခိုးများသည် ရောမမြေကြီးတစ်ကောင်အလား လှည့်ပတ်နေပြီး သူတို့(၂)ယောက်ကို ဝန်းရံထားလေသည်။

ဆန်းလျန်သည် မျက်လုံးများကို ဖွင့်ကြည့်လိုက်လေသည်။

သူတို့အတွက် နောက်ဆုံးအခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ဆန်းလျန်သည် မြစ်ဝါကိုးကွေ့အရံအတားကို စိတ်တွင်းမှ နားလည်သော်လည်း အနည်းငယ်လိုက်မမီ ဖြစ်နေရလေ

သည်။ အဘယ်ကြောင့်ဆိုသော် အရံအတားသည်

အတက်အကျအလွန်လျှင်မြန်သောကြောင့် ဖြစ်လေသည်။

အရံအတားထဲတွင် ပိတ်မိနေသူသည် အရံအတားထဲတွင်

ပါဝင်သည့် နယ်ပယ် (၃)ခုအကြောင်းကို နားလည်နိုင်ကြ မည်

မဟုတ်ပေ။ ဤအရံအတားကို ယွင်ရှောင်းနတ်သမီးကိုယ်တိုင်

ပြုလုပ်ခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် အရံအတားသည် ပြီးပြည့်စုံခြင်းမရှိလျှင်တောင်မှ

အန္တရယ်များလွန်းသည်မှာ ထင်ရှားလေသည်။

မည်သို့ပင်ဖြစ်စေ ဆန်းလျန်ကိုလည်း လျှော့တွက်၍ မရပါ။

ရန်သူသည် မြစ်ဝါကိုးကွေ့အရံအတားတစ်ခုတည်းဖြင့် သူ့ကို

တိုက်ခိုက်မည်မဟုတ်ပေ။ သို့သော်... လက်ရှိအချိန် တွင်တော့

သူ့ကို မြွေတစ်ကောင်အလားလှည့်ပတ်နေသည့် မြူခိုးများကို

အရင်ဆုံး ဖြေရှင်းရမည် ဖြစ်လေသည်။

ထိုမြူခိုးများသည် မြစ်ဝါကိုးကွေ့အရံအတား၏ တန်ခိုး စွမ်းအားများ သိပ်သည်းလာခြင်းမှ ဖြစ်တည်လာခြင်း ဖြစ်လေ သည်။ ဆန်းလျန်သည် သူ၏ စိတ်နှင့် စိတ်ဝိညာဉ်ကို လောက အသစ်ဖြစ်တည်လာမည့် သန္ဓေမျိုးစေ့ထဲတွင် ဖုံးကွယ် ထား သည့်တိုင် သူသည် ထိန်းချုပ်မရနိုင်အောင် စိတ်ရှုတ်ထွေးနေခဲ့ လေသည်။

ဤသို့ဖြစ်ရသည်မှာ သူ၏ မူလဝိညာဉ်ခန္ဓာမတည်မငြိမ်ဖြစ် နေရခြင်းကြောင့် ဖြစ်လေသည်။ သူ၏ မူလဝိညာဉ်ကို မိုးမြေ သန္ဓေမျိုးစေ့ထဲမှ ပြန်ထုတ်လိုက်လျှင် သူ့အခြေအနေက ပိုပြီး ဆိုးဝါးသွားနိုင်လေသည်။

မြူခိုးမြွေကြီးသည် ခန္ဓာကိုယ်ကိုတစ်ချက်လှုပ်ရှားလိုက်ပြီး ဆန်းလျန်ကို စက်ဝိုင်းပုံသဏ္ဌာန်ရစ်ပတ်လိုက်လေသည်။ အဝေးမှလှမ်းကြည့်လိုက်မည်ဆိုလျှင် ရောမမြွေကြီးတစ် ကောင်သည် လူငယ်လေးတစ်ယောက်ကို ရစ်ပတ်ထား သည့်

အလား မြင်တွေ့ရမည် ဖြစ်လေသည်။ နောက်ဆုံးတွင် မြွေကြီး သည် လူငယ်ကို သွေးအိုင်တစ်ခုဖြစ်သွားသည် အထိညှစ်သတ် ပစ်လိုက်လိမ့်မည်ဟု ထင်စရာရှိလေသည်။

ကျင့်စူးမှာ မြူခိုးများ၏ တိုက်ခိုက်မှုကိုခံနေရဆဲ ဖြစ်သည့် တိုင် အနည်းငယ် သက်သာလာခဲ့လေသည်။ သို့သော်...

သူမ၏ နတ်မိစ္ဆာခန္ဓာကတော့ များစွာ ပျက်စီးသွားပြီး စွမ်းအား လည်း တစ်စက်မှ မကျန်ရှိတော့ပေ။

သူက ဆန်းလျန်ကို ကြည့်ရင်းတွေးလိုက်မိလေသည်။

“ဒီလူက တကယ်ပဲ အသုံးမကျတဲ့သူလား”

ရောမမြူခိုးမြွေကြီးသည် ဆန်းလျန်ကို လုံး၀ ရစ်ပတ်ထားပြီ ဖြစ်လေသည်။

မြွေကြီးသည် ဘုံကိုးဆင့်ပါသည့်စေတီတစ်ဆူအလား ဆန်းလျ န်ကို ဖိနှိပ်ထားလေသည်။

ကျင့်စူးသည် တုန်လှုပ်လာမိလေသည်။ သူမသည် ဆန်းလျန်ကို မြွေကြီးက ရစ်ပတ်ပြီး ဖြစ်ညစ်ပစ်နေသည်ကို ကြည့်နေရုံသာ တတ်နိုင်လေသည်။

သူမသည် ခွန်ဖိန်အနွယ်တော်တစ်ယောက်ဖြစ်သည့်တိုင် ခက်ခဲသည့်အခြေအနေတွင် အသက်ရှင်သန်နိုင်ရန် အတွက် ဂမ္ဘီရပညာအချို့ကို သင်ယူထားခဲ့လေသည်။ သို့သော်... ထိုပညာများကို အသုံးပြုပြီး ဆန်းလျန်ကို ကယ်တင်ရန်မှာတော့ မတန်ပါချေ။

ထို့ပြင် ထိုပညာများကိုအသုံးပြုလိုက်ပါက ပေးဆပ်ရမည့်တန်ဖိုးကလည်း မြင့်မားလေသည်။ သို့သော်... ဆန်းလျန်မှာ ညီမလေးကွေလိနှင့် ခင်မင်သူတစ်ယောက် ဖြစ်သည့်အတွက် သူမ အနေဖြင့် ဆန်းလျန်ကျဆုံးသွားရမည်ကိုလည်း မဖြစ်စေချင်မိပေ။

သူမ အတွေးလွန်နေဆဲမှာပင် ဆန်းလျန်ကို အမှောင်ထုကြီး တစ်ခုက ဝန်းရံဖုံးအုပ်သွားပြီ ဖြစ်လေသည်။ သူ၏ စိတ်အာရုံ သည် အမှောင်ထုကိုသာ သိရှိနိုင်တော့သည်။

ကြားနေရသည့် အသံများအားလုံး ပျောက်ကွယ်သွားပြီ ဖြစ် လေသည်။

တစ်ချိန်တည်းမှာပင် သူ၏မူလဝိညာဉ်ခန္ဓာသည် တစ်ခါမှ မ ဖြစ်ဘူးသည့် အခြေအနေမျိုးဖြင့် အားနည်းလာသည်ကို ဆန်း လျန် သိလိုက်ရလေသည်။ မိုးမြေသန္ဓေမျိုးစေ့သည်ပင်လျှင် လက်ရှိအခြေအနေတွင် သူ့ကို ကာကွယ်ပေးနိုင် ခြင်း မရှိတော့ပေ။

လောကကိုစတင်ဖန်ဆင်းသည့် အချိန်တစ်ခုသို့ ဆန်းလျန် ရောက်ရှိသွားလေသည်။

ထိုအခြေအနေမျိုးတွင်...

ကံတရားမရှိ ၊ ကံဆိုးစေသည့်ဘေးအန္တရာယ်များသည်လည်း ပုန်းကွယ်နေပြီး တန်ခိုးစွမ်းအားများလည်း ဖြစ်တည် ခြင်းမရှိ သေးပေ။ သို့သော်... သူ၏ တာအိုနှလုံးသားကတော့ ပိုပြီး သန့်စင်လာကာ ယိလမ်းစဉ်သည် တဟုန်ထိုး မြင့်တက်လာလေ သည်။

နောက်ဆုံးတွင်တော့... သူ၏မျက်လုံးထဲတွင် ပုံရိပ်တစ်ခုကို မြင်လိုက်ရလေသည်။ ထိုအရာသည် ရွှေဇလားတစ်ခု ဖြစ်လေ သည်။

ထိုရွှေဇလားသည် မိုးမြေလောကအသစ်တစ်ခု မွေးဖွားလာ ခြင်း၏ သင်္ကေတဖြစ်လေသည်။ အရာအားလုံးသည် အသစ် ဖြစ်တည်လာသည့်အလား လတ်ဆတ်လျှက်ရှိလေသည်။

ဆန်းလျန်၏ မျက်ခုံး (၂)ခုကြားမှ မိုးမြေသန္ဓေမျိုးစေ့သည် ရွှေဇလားမှ အသက်ဓာတ်စွမ်းအားများ၏ လွှမ်းမိုးမှုကို ခံလိုက် ရပြီး အဖူးလေးစတင်ဖူးလာလေသည်။

ဆန်းလျန်၏ မျက်ခုံး (၂)ခုကြားတွင် တောက်ပသည့် စီးဆင်းမှု တစ်ခု ဖြစ်ပေါ်လာလေသည်။ ရွှေဇလားပုံရိပ်သည် မိုးမြေ သန္ဓေမျိုးစေ့ကို နက်နက်ရှိုင်းရှိုင်း လွှမ်းမိုးထားလေသည်။ သန္ဓေမျိုးစေ့သည် တဖြည်းဖြည်းကြီးထွားလပြီး ပြောင်းလဲ လာလေသည်။ သန္ဓေမျိုးစေ့သည် ရွှေဇလားအငယ်စားလေး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ဆန်းလျန်သည် ရွှေဇလား၏ တည်နေရာကို သေချာသတိထား ပြီး ရှာဖွေနေခဲ့လေသည်။

တွေ့ရှိသွားသည့်အခါတွင်တော့ တစ်ချက်ပင် တုံ့ဆိုင်းမနေ တော့ဘဲ လက်သီးဖြင့် ထိုးချလိုက်လေတော့သည်။ ထို လက်သီးချက်ထဲတွင် သူ၏ တန်ခိုးစွမ်းအားများအားလုံး ပါဝင်သွားခဲ့လေသည်။ သူ၏လက်သီးချက်သည် မရှိခြင်း တရားထဲသို့ တိုးဝင်သွားပြီး ကွဲအက်သွားသည့် အသံတစ်သံ ထွက်ပေါ်လာလေသည်။

ထိုအခါ... အာကာသထဲတွင် ငိုညည်းသံတစ်သံ ထွက်ပေါ်လာလေသည်။

လက်သီးဖြင့်အထိုးခံလိုက်ရသည့်အတွက် အဆက်မပြတ်လည်ပတ်နေသည့် ရွှေဇလား (၁)လုံး ပေါ်လာလေသည်။ ထိုရွှေဇလားသည် တဖြည်းဖြည်း သဲမှုံများအဖြစ်ပြောင်းလဲသွားပြီး သဲလွန်စမကျန် ပျောက်ကွယ်သွားလေတော့ သည်။

ရွှေဇလား ပျောက်ကွယ်သွားသည်နှင့် ဆန်းလျန်ကို ရစ်ပတ်ထားသည့် ဧရာမ မြူခိုးမြွေကြီးသည်လည်း သဲမှုံများအဖြစ်ပြောင်းလဲကာ ပျောက်ကွယ်သွားလေတော့သည်။ သဲလွန်စပင်မကျန်ရစ်ခဲ့တော့ပေ။

ကျန်ရစ်ခဲ့သည်မှာ ဆန်းလျန်၏ ဝိညာဉ်ပုံရိပ်နှင့် အနာများဖြင့်ပြည့်နေသည့် ရုပ်ခန္ဓာပင် ဖြစ်လေသည်။ ထိုဒဏ်ရာများသည်သူနာကျင်ခံစားခဲ့ရခြင်း၏ သက်သေပင် ဖြစ်လေသည်။

ကျင့်စူးက...

“အဲဒါ ဟွင့်ယွမ်ရွှေဇလားမဟုတ်လား”

“အဲဒါ ပုံရိပ်ယောင်တစ်ခုပါပဲ ၊ ဟွင့်ယွမ်ရွှေဇလားကို ဘာလို့ ဟွင့်ယွမ်လို့ခေါ်ရလဲဆိုတာ ကျုပ်အခု သဘောပေါက် သွားပြီ"

ဆန်းလျန်က သိမ်မွေ့စွာဖြင့် ပြောလိုက်လေသည်။

"ဘာဖြစ်လို့လဲ"

"ဟွင့်ယွမ်ဆိုတာ မိုးနဲ့မြေကို ကိုယ်စားပြုတာပဲ ၊ ဟွင့်ယွမ်ရွှေ ဇလားဟာ မိုးနဲ့မြေစတင်ဖြစ်တည်တဲ့ သက်သေ အထောက်အထားပဲ ၊ အဲဒီအချက်ကို နားလည်သွားတာပါ"

ဆန်းလျန်က သူ၏လက်များကို ဖြန့်လိုက်လေသည်။

သူ၏လက်ဖဝါးများထက်တွင် ကြည်လင်သည့်အလင်းရောင် တစ်ခု ထွက်ပေါ်လာပြီး ရွှေဇလားတစ်ခုပေါ်လာ လေသည်။ ထို ရွှေဇလားလေးသည် မှေးမှိန်နေပြီး အသက်ဓာတ်စွမ်းအားများ လည်း နည်းပါးလေသည်။

မြစ်ဝါကိုးကွေ့အရံအတားမှ မြူခိုးငွေ့များသည် သူတို့၏မိဘကိုတွေ့သည့်အလား ရွှေဇလားအတွင်းသို့ အလုအယက် ဝင်ရောက်သွားကြလေတော့သည်။

ကျင့်စူးက အံ့သြစွာဖြင့်...

"ရှင့်မှာလည်း ဟွင့်ယွမ်ရွှေဇလားရှိနေတာလား"

"အဲဒီလိုပြောလို့ရပါတယ်၊ ဒါပေမယ့် ဒါက လုံးဝအစစ်အမှန်တော့ မဟုတ်သေးဘူး၊ ဟွင့်ယွမ်အစစ်က ခွဲထွက်လာ တဲ့အစိတ်အပိုင်းတစ်ခုပဲ ရှိသေးတယ်၊ ဟွင့်ယွမ်ရွှေဇလားမှာ တာအိုတရားဆုတ်ယုတ်ကျဆင်း သွားတဲ့ ဆုတ်ခေတ် ရဲ့အနှစ်သာရတွေလည်း ပါဝင်နေတယ်၊ အဲဒါတွေကို ကျုပ်လည်း သိပ်ပြီးနားမလည်နိုင်ပါဘူး၊ ဒီမြူခိုးတွေက ကြောက်စရာကောင်းပေမယ့် အရမ်းစွမ်းအားကြီးမားတဲ့အရာတွေကိုတော့ မလွန်ဆန်နိုင်ပါဘူး"

ဆန်းလျန်က အရေးမစိုက်သည့်လေသံဖြင့် ပြောလိုက်လေသည်။

မည်သို့ပင်ဖြစ်စေ.... ဆန်းလျန်ရရှိခဲ့သည့် အောင်မြင်မှုမှာ သူ၏ မိုးမြေသန္ဓေမျိုးစေ့သည် အဖူးလေးစတင်ဖြစ်ပေါ်လာခြင်းပင်ဖြစ်လေသည်။ ထိုသို့ ဖြစ်တည်လာခြင်းသည် ရတနာတစ်ခု ရရှိခြင်းထက် ပိုပြီးဝမ်းသာဖွယ်ရာဖြစ်သည် မှာ သိသာထင်ရှားလှပါသည်။

ထိုသို့ဖြစ်ခြင်းသည် သူ၏ကျင့်စဉ်လမ်းတွင် အဓိကအဆင့်တစ်ခုသို့ တက်လှမ်းနိုင်ခြင်း မဟုတ်သော်လည်း အမှန်ဆိုလျှင် ထိုသို့ဖြစ်လာရန်အတွက် အချိန်အကြာကြီးစောင့်ရဦးမည် ဖြစ်လေသည်။

သူ့အနေဖြင့် သူ့တွင်ရှိသည့်အရာအားလုံးကို ထိုမိုးမြေသန္ဓေမျိုးစေ့ထဲတွင် ဖုံးကွယ်ထားနိုင်မည် ဖြစ်လေသည်။

ထိုမိုးမြေသန္ဓေမျိုးစေ့အတွင်းတွင် တာအိုဆရာသခင်ကြီးနှင့် ဗုဒ္ဓမှလွဲပြီး သူ့ကို မည်သူမှ ဖမ်းဆီးနိုင်မည် မဟုတ်ပေ။ အချိန်နှင့်နေရာသည် အကန့်အသတ်မရှိပေ။ ဗုဒ္ဓ၏ဉာဏ်တော်ဖြင့်သာ အရာအားလုံးကို ရှင်းလင်းစွာသိမြင်နိုင်မည် ဖြစ်လေသည်။

ဒဏ္ဍာရီထဲမှ စန်းရှောင်းနတ်မိမယ် (၃)ဖော်သည် တာအိုဆရာသခင်ကြီးမှလွဲပြီး အခြားသောသူများအားလုံးကို အဘယ့်ကြောင့် အနိုင်ယူနိုင်ခဲ့သည်ကို သူ နားလည်သွားပြီဖြစ်လေသည်။ လျန်ချန်ဂိုဏ်းမှ ရွှေရောင်နတ်ဘုရား (၁၂)ပါးသည်ပင် လျှင် သူတို့ကြောင့် တန်ခိုးစွမ်းအားများအားလုံး ဆုံးရှုံးခဲ့ရလေသည်။

ထို့ကြောင့် ပြီးပြည့်စုံသည့် ဟွင့်ယွမ်ရွှေဇလားသည် အလွန်မှကြောက်မက်ဖွယ်ရာဖြစ်လေသည်။ ထို့ပြင်... ထိုအရာ သည်မြင့်မြတ်သည့်တာအိုလမ်းစဉ်တစ်ခုလည်း ဖြစ်လေသည်။

စန်းရှောင်းနတ်မိမယ် (၃)ဖော်သည် အလွန်မာန ထောင်လွှားခဲ့ကြသည်မှာ အံ့ဩစရာ မဟုတ်တော့ပါ။

(စန်းရှောင်းနတ်မိမယ် (၃) ဖော်ဆိုသည်မှာ ယွင်ရှောင်း၊ ချုန်ရှောင်း နှင့် ပိရှောင်းဆိုသည့် နတ်သမီး (၃)ပါး ဖြစ်လေသည်။ ထိုနတ်သမီး (၃)ပါးထဲမှ ယွင်ရှောင်းနတ်သမီးက မြစ်ဝါကိုးကွေ့အရံအတားကို တီထွင်ဖန်တီးခဲ့သူ ဖြစ်ပါသည်။ - ဘာသာပြန်သူ)

သို့သော်... ဆန်းလျန်၏ မိုးမြေသန္ဓေမျိုးစေ့မှ မွေးဖွားဖြစ်တည်လာသည့် ဟွင့်ယွမ်ရွှေဇလားမှာ အခွံသက်သက်မျှသာ ဖြစ်လေသည်။ ထိုအရာသည် တောင်နှင့်မြစ်ရေကောင်းကင်ဘုံ ပန်းချီကားကို မယှဉ်နိုင်သေးပေ။

အပြာရောင်ခရီးရှည်နန်းတော်အပြင်ဘက်မှ အသံလှိုင်းများ အရင်အတိုင်းပင် ထွက်ပေါ်နေလေသည်။

ယွမ်ကျွင်းဧကရီသည် အံ့သြမင်သက်စွာဖြင့် ငေးကြည့်နေလေသည်။ ဆန်းလျှန်သည် မြစ်ဝါကိုးကွေ့ပန်းချီကားကို ကျော်ဖြတ်နိုင်လိမ့်မည်ဟု သူမ လုံးဝတွေးထင်ထားခဲ့ခြင်း မရှိပေ။ သူမ ပြုလုပ်ခဲ့သည့် မြစ်ဝါကိုးကွေ့အရံအတား သည် ယွင်ရှောင်း နတ်သမီးကိုယ်တိုင်ပြုလုပ်ခဲ့သည့် အရံအတားလောက် တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိသည့်တိုင် လျှန်ချန်ဂိုဏ်းကို အကြီးအကျယ်အနိုင်ယူခဲ့သော ယွင်ရှောင်းနတ်သမီး၏ မြစ်ဝါကိုးကွေ့အရံအတားကို အတုခိုးပြီး ပြုလုပ်ထားခြင်း ဖြစ်လေသည်။

သူမသည် မယုံကြည်နိုင်ခြင်းများစွာကို ခံစားနေရလေသည်။ သို့သော်... သူမသည် သူမဘက်မှ ရှုံးနိမ့်သွားသည်ကို ဝန်မခံနိုင်ခဲ့ပေ။ မည်သို့သောအခြေအနေများ ရင်ဆိုင်ကြုံတွေ့ရပါစေ သူမသည် အပြာရောင်ခရီးရှည်နန်းတော်ကို အခြားသူများ လက်တွင်းသို့ ကျရောက်မခံနိုင်ပေ။

ထိုအတွေးကိုတွေးမိသည့်အခါတွင်တော့ သူမ၏

အမျက်ဒေါသများ အဆုံးမရှိထွက်လာလေတော့သည်။ ထို

အမျက်ဒေါသက သူမ၏ တာအိုနှလုံးသားကိုပင် လောင်ကျွမ်း

စေလေသည်။

ကွေလိမှာလည်း အံ့သြမင်သက်သွားရလေသည်။

သူမသည် ခန်မဆောင်ရှိရာသို့ လမ်းလျှောက်ထွက်လာခဲ့လေ

သည်။

ထိုအခါတွင်တော့… ယွမ်ကျွင်းကေရီ၏ခန္ဓာကိုယ်သည်

မီးတောက်များဖြင့် ဝါးမြိုလောင်ကျွမ်းခံနေရသည်ကို တွေ့

လိုက်ရလေတော့သည်။ မြင့်မြတ်သည့်မျိုးနွယ်မှ မိန်းမပျိုတစ်

ယောက်ဖြစ်သည့် ကွေလိပင်လျှင် ထိုမီးတောက် များကို

ကြောက်ရွံ့သွားမိလေသည်။

သို့သော်... ယွမ်ကျွင်းဧကရီကိုယ်တိုင်ကတော့ သူမ၏ ခန္ဓာကိုယ်တွင် မီးများတောက်လောင်နေသည်ကို သူမ ကိုယ်တိုင်ပင် သိရှိပုံမရပေ။

သူမ၏ပုံစံသည် အနည်းငယ် ဆောက်တည်ရာမရ ဖြစ်နေလေ သည်။

မီးတောက်များအလယ်တွင် သူမ၏ခန္ဓာကိုယ်သည် ဖန်သား အလားကြည်လင်နေပြီး ဖောက်ထွင်းမြင်နေရလေသည်။ ကွေ လိသည် သူမ၏ ဝမ်းဗိုက်နေရာကို သတိထားလိုက်မိလေ သည်။ ထိုနေရာတွင် နှလုံးသားတစ်ခုတည်ရှိနေလေသည်။ သို့သော်... ထိုနှလုံးသားသည် လျှင်မြန်သည့်အရှိန်ဖြင့် ကျုံ့ဝင် သွားသည်ကို တွေ့မြင်နေရလေသည်။ နောက်ဆုံးတွင်တော့ နှလုံးသားသည် တဖြည်းဖြည်းကျုံ့ဝင်သွားပြီး လုံးဝ ပျောက် ကွယ်သွားလေတော့သည်။

ထို့နောက် မီးတော်ကများ၏အရှိန်အဟုန်သည် တဖြည်းဖြည်း လျော့ကျသွားလေသည်။ ယွမ်ကျွင်းဧကရီသည် ကွေလိကို လှမ်းကြည့်လိုက်လေ၏။

အံ့သြစရာကောင်းစွာပင် သူမသည် ဒေါသထွက်နေခြင်း မရှိ တော့ပါ။ သူမသည် တည်ငြိမ်နေလေသည်။ သို့သော်... ပုံမှန် မဟုတ်ဘဲ တစ်ခုခုထူးခြားနေခဲ့လေသည်။

ကွေလိသည် တစ်ချက်မျှတုံ့ဆိုင်းနေပြီးမှ မေးလိုက်လေသည်။

"မင်း ဘာဖြစ်သွားတာလဲ..."

အခန်း (၆၆၆) ပေပေါင်းတစ်သောင်းရှစ်ထောင်မြင့်သည့် ကောင်းကင်မျှော်စင်

ယွမ်ကျွင်းဧကရီ၏ မျက်နှာအမူအရာသည် ခံစားချက်လုံးဝမရှိ ၊ ဗလာကျင်းနေသည့် မျက်နှာအမူအရာ ဖြစ်နေလေ သည်။

သူမက လက်နှစ်ချောင်းဖြင့် ကွေ့လိရှိရာသို့ထိုးညွှန်လိုက်လေရာ အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး ကွေ့လိသည် ခြေတစ်လှမ်းပင်ရွေ့၍မရနိုင်တော့အောင် ထိန်းချုပ်ခံလိုက်ရလေသည်။

အလင်းတန်းမှ တန်ခိုးစွမ်းအားမှာ မယုံနိုင်စရာကောင်းလွန်းလောက်အောင် ကြောက်မက်ဖွယ်ရာကောင်းလွန်း

သည့်အတွက် ကွေ့လိသည် နှလုံးသားထဲတွင် ချက်ချင်းပင် ထိတ်လန့်တုန်လှုပ်သွားရလေသည်။

ယွမ်ကျွင်းဧကရီသည် ခံစားချက်မရှိ ဗလာဖြစ်နေ

သည့်အတွက် ကွေ့လိသည် သူမကို အာရုံခံ၍ မရနိုင်တော့ပေ။

အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် မရေမတွက်နိုင်အောင်

များပြားသည့် မမြင်ရသည့် အရိပ်များထွက်ပေါ်လာ လေ

သည်။

ထိုအရိပ်များသည် ယွမ်ကျွင်းကေရီ၏ ခန္ဓာကိုယ်အတွင်းသို့

တစ်ခုပြီးတစ်ခု ဝင်ရောက်သွားကြလေ သည်။ ထိုအရိပ်များ

မှာ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့ကြသည့်

ထောင်ပေါင်းများစွာသော နတ်ဘုရားများ၏ စိတ်ဝိညာဉ်

အကြွင်းအကျန်များဖြစ်ကြလေသည်။ ယနေ့တွင်တော့ သူတို့

အားလုံးသည် ခန္ဓာကိုယ် တစ်ခုအတွင်းသို့ စုပြုံဝင်ရောက်ကုန်

ကြလေပြီ။

ဆန်းလျန်သည်လည်း အပြာရောင်ခရီးရှည်နန်းတော်အနားသို့

ချဉ်းကပ်လာလေသည်။

ထောင်ပေါင်းများစွာသော နတ်ဘုရားများ၏ စိတ်ဝိညာဉ်

အကြွင်းအကျန်များသည် ဒီရေလှိုင်းများအလားမြင့်တက် နေ

ခြင်းမရှိသည့်တိုင် ထိုစိတ်ဝိညာဉ်များမှ ထွက်ပေါ်နေသည့်

အသက်ဓာတ်စွမ်းအားများသည် ပုံမှန်မဟုတ်ဘဲ စွမ်းအားမြင့်မားကြလေသည်။

ထိုစွမ်းအားများကြောင့် ဆန်းလျန်၏နှလုံးသားထဲတွင် လေးစားမှုနှင့် အလေးအနက်ထားမှုများကိုဖြစ်ပေါ်လာစေ လေသည်။

ကျင့်စူးက အပြာရောင်ခရီးရှည်နန်းတော်ကို တစ်ချက်ကြည့်လိုက်ပြီး...

"အရင်တုန်းက ကျယ်ကျောက်အမိန့်တော်ဂိုဏ်းဟာ ဘယ်လောက်ကြောက်စရာကောင်းလဲဆိုတာ သိချင်မိတယ် ၊ အပြာရောင်ခရီးရှည်နန်းတော်က အကြွင်းအကျန် အငွေ့အသက်တွေကတောင် လူတွေရဲ့စိတ်ကို တုန်လှုပ်စေတယ်"

ဆန်းလျန်က...

"တော်တော်လေးထူးဆန်းတယ်..."

ကျင့်စူးက...

"ဘာကိုလဲ..."

ဆန်းလျန်က ခဏတာမျှ တိတ်ဆိတ်နေလေသည်။

ထို့နောက် သူက အသက်တစ်ချက်ရှူထုတ်လိုက်လေရာ ပြင်းထန်သည့်လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာလေသည်။ ထိုလေဆင်နှာမောင်းသည် လမ်းတစ်လျှောက်ရှိ အတားအဆီးများအားလုံးကို ဖျက်ဆီးပစ်လိုက်လေသည်။ မည်သည့်အရာကမှ လေဆင်နှာမောင်းကို တားဆီးနိုင်ခြင်းမရှိဘဲ လေဆင်နှာမောင်းသည် အပြာရောင်ခရီးရှည် နန်းတော်အတွင်းသို့ ဝင်ရောက်သွားလေသည်။

ခဏကြာသည့်အခါတွင်တော့ ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင့်စူးက...

"အပြာရောင်ခရီးရှည်နန်းတော်အပြင်ဘက်မှာ ဘာအရံအတား မှ လုပ်မထားဘူးလား"

"ကြည့်ရတာ ထင်သလောက်တော့ မရိုးရှင်းဘူး ၊ ကျုပ် လွှတ်လိုက်တဲ့ လေဆင်နှာမောင်းက ပတ်ဝန်းကျင်တ်ခုလုံးက အသက်ဓာတ်စွမ်းအားတွေကို စုပ်ယူပြီး အဆက်မပြတ် လှည့်ပတ်သွားတာ ၊ ဒါပေမယ့် အဲဒီ လေဆင်နှာမောင်းက အပြာရောင်ခရီးရှည်နန်းတော်ထဲကိုရောက်သွားတာနဲ့ အရပ် လေးမျက်နှာကို ပေါက်ကွဲထွက်သွားတယ် ၊ ဒါကြောင့် ခုန ပေါက်ကွဲသံကို ကြားလိုက်ရတာပဲ"

ဆန်းလျန်က အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်ဆိုလိုသည့်အဓိပ္ပါယ်ကို ကျင့်စူးက ချက်ချင်းပင် နားလည်သွားလေသည်။

"ကျွန်မတို့ ဒီနေရာကိုရောက်လာမှတော့ ထောင်ချောက်ဆင် ထားတယ်ဆိုရင်တောင်မှ ဝင်ရမှာပဲ..."

ကျောင်းစုးက လုံးဝအကြောက်အလန့်မရှိခဲ့ပါ။

သူမက ခြေတစ်လှမ်းလှမ်းလိုက်ရုံဖြင့် အပြာရောင်ခရီးရှည် နန်းတော်၏ ခန်းမဆောင်ရှေ့သို့ ရောက်ရှိသွားလေတော့ သည်။

သူမသည် ချက်ချင်းပင် မူမမှန်သည်ကို ရိပ်မိလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် သူမ ခန်းမဆောင်ရှေ့သို့ ရောက်ရှိ သွားသည်နှင့် ပတ်ဝန်းကျင်မှ အသက်ဓာတ်စွမ်းအား များကို အနည်းငယ်ပင် အသုံးပြုနိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် သူမ၏ ကိုယ်ပိုင်စွမ်းအားများကိုသာ အသုံးပြု လိုက်ရလေ သည်။

ပတ်ဝန်းကျင်မှ အသက်ဓာတ်စွမ်းအားများ ၊ မိုးမြေစွမ်းအာ များသည် သူမကို အားဖြည့်ပေးနိုင်ခြင်း လုံးဝမရှိတော့ ပေ။ မြစ်ဝါကိုးကွေ့အရံအတားကို ကျော်ဖြတ်ခဲ့ရသည့်အတွက် ကျောင်းစုးမှာ တန်ခိုးစွမ်းအားများလည်း လျော့ကျနေလေရာ

ပတ်ဝန်းကျင်မှ စွမ်းအားများကို အသုံးပြု၍မရခြင်းက သိပ်တော့ မလွယ်ကူလှပေ။

ကျင့်စူးသည် ချက်ချင်းပင် မြစ်ဝါကိုးကွေ့အရံအတားဖြင့် သူတို့ကို တားဆီးရသည့် ရည်ရွယ်ချက်ကို သဘောပေါက် သွားရလေသည်။ ထိုအရံအတားသည် သူတို့၏ စွမ်းအားများ ကုန်သွားစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားခြင်း ဖြစ်လေသည်။ သူမ နောက်သို့ လှည့်ကြည့်လိုက်သည့်အခါတွင်တော့ တံ့ဆိုင်းခြင်းမရှိဘဲ သူမနောက်မှ လိုက်လာသည့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။ ဆန်းလျန်သည် ချက်ချင်းပင် အပြာရောင်ခရီးရှည်နန်းတော်၏ ခန်းမဆောင် ရှေ့သို့ရောက်ရှိလာလေသည်။

ဆန်းလျန်က ခန်းမဆောင်ရှေ့တွင် ရေးထားသည့် "အပြာရောင်ခရီးရှည်နန်းတော်" ဆိုသည့် ဆိုင်းဘုတ်ကို တစ်ချက် ကြည့်လိုက်လေသည်။ ရေးသားထားသည့် စုတ်ချက်တိုင်းသည်

အလွန်မှ ရိုးရှင်းပြီး တာအိုကာရံများ လည်း ပါဝင်ခြင်းမရှိ

သလို ပြောင်းလဲခြင်းများလည်း မရှိပေ။

သို့သော် တစ်စုံတစ်ယောက်သည် ထိုစာလုံးများ ရေးသားထား

သည့် စုတ်ချက်ကိုမြင်လိုက်ရသည့်တစ်ခဏတွင် မည်သည့်

အခါမှ မေ့ပျောက်နိုင်တော့မည် မဟုတ်ပေ။

တာအိုသည် အရိုးရှင်းဆုံးဖြစ်လေသည်။

တာအိုသည် မိုးကောင်းကင်ကြီးကဲ့သို့ ဖြစ်လေသည်။

"အပြာရောင်ခရီးရှည်နန်းတော်" ဟု ရိုးရှင်းစွာရေးထိုးထား

သည့် စာလုံးများသည် တာအိုသဘောတရားများကို

အသေးစိတ်ဖော်ပြနေခဲ့လေသည်။

ဆန်းလျန်က အပြာရောင်ခရီးရှည်နန်းတော်ကို ထိကိုင်လိုက်

လေသည်။

ဤနေရာသည် သူ၏ ဝိညာဉ်စွမ်းအားမြင့်တင်ခြင်းကျင့်စဉ်

ဖြစ်သည့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်" ၏ မူလ

နေရာဖြစ်သည်ကို သိရှိလိုက်ရသည်သာမက ထူးခြားသည့်

ခံစားချက်တစ်ခုကိုလည်း ခံစားလိုက်ရလေသည်။

မည်သည့်အရာများ ဖြစ်ပျက်လာပါစေ သူသည် ထုန်ထျန်း

အရှင်သခင်ကို အမြဲတမ်း နက်ရှိုင်းစွာဖြင့် လေးစားနေမည်

ဖြစ်လေသည်။

ကျင့်စူးကတော့ ဆန်းလျန်ကဲ့သို့ ခံစားရခြင်း မရှိပါ။ သူမ

ကတော့ သိုကျန့်စန့်ဖူကိုယ်တော်ကဲ့သို့ ခံစားနေရလေ သည်။

ကျင့်စူးက ဆန်းလျန်ကို ကြည့်လိုက်ပြီး...

"ကျွန်မတို့ အထဲဝင်ကြမလား..."

ကျင့်စူးမေးသည့်မေးခွန်းကို ဆန်းလျန်က မဖြေပါ။

သို့သော်... သူ၏ခြေလှမ်းများက ခန်းမဆောင်ရှိရာသို့သွားရာ

လှေကားထစ်များဆီသို့ ဦးတည်နေလေသည်။

"ကောင်းကင်မျှော်စင်က ပေပေါင်းတစ်သောင်းရှစ်ထောင် မြင့်

မားတယ်..."

ဂါထာရွတ်ဖတ်သံကဲ့သို့သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ထိုအသံသည် တိမ်ကင်းစင်သည့် အမှောင်ည၏ မိုးကောင်းကင်အလား... ထူးခြားစွာဖြင့် အေးစက်နေခဲ့လေသည်။

ထိုအချိန်မှာပင် လှေကားထစ်များသည် ရုတ်တရက်... ကျယ်ပြန့်သွားလေသည်။ လှေကားထစ်တိုင်းသည် ဆယ်ပေမြင့်ပြီး လှေကားထစ်ပေါင်း တစ်သောင်းရှစ်ထောင် ဖြစ်ပေါ်လာလေသည်။

ကျင့်စူးသည် လှေကားထစ်များကို စပြီးတက်လိုက်လေသည်။

ထိုအချိန်မှာပင် လှေကားထစ်များကိုတက်ရန် အခက်အခဲများသည် အကန့်အသတ်မရှိသည်ကို ချက်ချင်းပင် သိလိုက်ရလေသည်။

ပထမဆုံးလှေကား (၁)ထစ်ကို တက်လိုက်သည့်အချိန်တွင် ပေါ့ပေါ့ပါးပါးရှိလှသော်လည်း ဒုတိယခြေလှမ်းတွင်တော့ ဖိအား (၂)ဆ တိုးလာလေသည်။

လှေကားထစ် (၁) ထစ်ကိုတက်လိုက်တိုင်း ဖိအားက (၂)ဆ (၂)ဆ ပိုပြီးများလာလေသည်။ လှေကားထစ်များသည် လည်ပတ်နေသည့် စက်ဝန်းများအလားဖြစ်လေသည်။ ထို့ပြင် သူမအနေဖြင့် ပြင်ပလောကမှ မိုးမြေစွမ်းအားများကို လည်း ရယူသုံးစွဲနိုင်ခြင်းမရှိသောကြောင့် ခြေလှမ်းတိုင်းကို သူမ၏ကိုယ်ပိုင်စွမ်းအားများဖြင့် တက်လှမ်းနေရသည်မှာ အလွန်မှ ပင်ပန်းလှလေသည်။

အချိန်အနည်းငယ်ကြာသွားပြီးသည့်နောက်... သူမသည် ဆန်းလျန်ကို မီလာလေသည်။

သူတို့ (၂)ယောက်ကြားထဲတွင် လှေကားထစ် (၃)ထစ်မျှသာ ခြားတော့သည်။ ဆန်းလျန်သည် လှေကားအဆုံးသို့ ရောက်ရန် အတွက် တစ်ထစ်သာလိုတော့သည်။

ယခုတော့ လှေကားထစ် (၁)ထစ်ကို တက်လှမ်းနိုင်ရန်ပင် ကျင့်စူးအတွက် အလွန်ခက်ခဲနေခဲ့ရပြီ ဖြစ်လေသည်။ ဖိအားများသည် သူမ၏ ခန္ဓာကိုယ်အပေါ်သို့သာမက မူလဝိညာဉ်ခန္ဓာကိုပါ ဖိနှိပ်ထားလေသည်။ သူမအတွက် အတွေးလေးတစ်ချက် စုစည်းနိုင်ရန်ပင် အလွန်ခက်ခဲနေပြီဖြစ်သည်။

ဆန်းလျန်သည်လည်း ကျင့်စူးကဲ့သို့ပင် ခံစားနေရလေသည်။

သို့သော်… ဆန်းလျန်၏မျက်နှာအမူအရာက ပြောင်းလဲသွားခြင်းရှိပါ။ လှေကားထစ်များကို ဖြည်းလေးစွာဖြင့်ပင် ကြိုးစားတက်နေလေသည်။ အပြာရောင်ခရီးရှည်နန်းတော်သို့ ရောက်ရှိမည့် နောက်ဆုံးလှေကားထစ်သည် အမှန်တကယ်ခက်ခဲလွန်းသည့်အဆင့် ဖြစ်နေခဲ့လေသည်။

လှေကားထစ်များသည် အကန့်အသတ်ရှိသလို လူတစ်ယောက်၏ စွမ်းအားသည်လည်း အကန့်အသတ်ရှိစမြဲပင် ဖြစ်လေသည်။

ဆန်းလျန်၏စွမ်းအားများသည်လည်း အကန့်အသတ်ပြည့်သွားပြီ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် ခြေလှမ်းတစ်ဝက်ပင် နောက်တွန့်သွားခဲ့ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူရင်ဆိုင် နေရသည့် တန်ခိုးစွမ်းအားသည် ယွမ်ကျွင်းဧကရီပြုလုပ်ထားသည့် အရုံအတားတန်ခိုးစွမ်းအား မဟုတ်သောကြောင့် ဖြစ်လေသည်။

ထိုအရုံအတားများသည် ထုန်ထျန်းအရှင်သခင် ပြုလုပ်ထားသည့် အရုံအတားများ ဖြစ်လေသည်။

ထုန်ထျန်းအရှင်သခင်သည် အလွန်မှ မာနကြီးသူတစ်ယောက်ဖြစ်လေသည်။

တစ်ခါမှ ထုတ်ဖော်ပြသခြင်းမရှိသည့်တိုင် ဆန်းလျန်သည်လည်း သူ၏ရင်ထဲနက်နက်ရှိုင်းရှိုင်း၏တစ်နေရာတွင် အလွန်မှမာနကြီးလွန်းသူတစ်ယောက် ဖြစ်လေသည်။

"ခင်ဗျားဆီက ကျင့်စဉ်ပညာကို ကျုပ်သင်ယူခဲ့ပေမယ့် ကျုပ်က ခင်ဗျားကိုတော့ အရှုံးပေးမှာမဟုတ်ဘူး"

ဆန်းလျန်သည် ယွမ်ကျွင်းဧကရီကို ဒေါသထွက်နေခြင်း မရှိပါ။

သူယခုကဲ့သို့ ပြုလုပ်နေခြင်းမှာ စန့်ချင်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်းကို စိန်ခေါ်လိုခြင်းသာ ဖြစ်လေသည်။

သို့သော်.... ကြောက်မက်ဖွယ်ရာဖိအားများအောက်တွင် ဆန်းလျန်၏ နတ်ဘုရားခန္ဓာသည် တဖြည်းဖြည်းအားနည်း လာလေသည်။ မြစ်ဝါကိုးကွေ့အရံအတားကိုလည်း ဖြတ်ကျော်ခဲ့ရသေးသည် မဟုတ်ပါလား။

ဖိအားများက ခန္ဓာကိုယ်၏ သေးငယ်သည့် ဖွဲ့စည်းပုံများကိုပင် တစ်စစီ ဆွဲဖြဲနေသကဲ့သို့ ခံစားရလေသည်။ ဆန်းလျန်သည် သူ၏တန်ခိုးစွမ်းအားများ ပြန်လည်ပြည့်ဝလာစေရန်အတွက် မိုးမြေစွမ်းအားများကိုလည်း စုပ်ယူ၍မရသည့် အနေအထား သို့ ရောက်နေလေသည်။

သူ၏မူလဝိညာဉ်ခန္ဓာမှ တန်ခိုးစွမ်းအားများသည် အလျှင်အမြန်ကုန်ဆုံးနေခဲ့ပြီ ကုန်ဆုံးသွားသည့်စွမ်းအားများသည် ပြန်လည်ရယူနိုင်တော့မည် မဟုတ်ပေ။

ဝိညာဉ်စွမ်းအားကောင်းမွန်ခြင်းမရှိဘဲ ဤအရံအတားကို ကျော်ဖြတ်နိုင်မည် မဟုတ်ပေ။ ထုန်ထျန်းအရှင်သခင်၏ အတားအဆီးသည် အခြခံစွမ်းအားဆိုသည်မှာ မည်သည့်အရာကိုခေါ်ဆိုကြောင်းကို အမှန်တကယ်ပင် သင်ပြပေးနေ လေတော့သည်။

ဆန်းလျှန်သည် သူ၏ခန္ဓာကိုယ်ထဲမှ ကျယ်လောင်သည့်ကွဲ

သံကြီးကို ကြားလိုက်ရလေသည်။ သူ၏ တန်ခိုးစွမ်းအာ

များသည် ဆူပွက်လျှက်ရှိလေသည်။ ဆူပွက်နေသည့်တန်ခိုး

စွမ်းအားများသည် ဝိညာဉ်မြစ်ရေ၏ အော်မြည်သံများအလား

ပင် ထင်မှတ်ရလေသည်။

နောက်ပြန်ဆုတ်လိုက်မည်ဆိုလျှင်တော့ ထိုဖိအားများမှ

ကင်းလွတ်သွားရပေလိမ့်မည်။

သို့သော်… သူ အရှုံးမပေးနိုင်ပါ။

သူသည် နောက်ဆုံးလှေကားထစ်ကို မဆုတ်မနစ်သော

ခြေလှမ်းများဖြင့် တစ်ချက်ပင် မတုံ့ဆိုင်းဘဲ တက်သွားခဲ့လေ

သည်။

သူခြေလှမ်းလှမ်းလိုက်သည်နှင့် ဖိအားများက ချက်ချင်းပင်

(၂)ဆ မြင့်တက်လာလေသည်။ သူ၏နတ်ဘုရားခန္ဓာ ဖွဲ့စည်းမှု

များအားလုံးသည် ပြိုကျပျက်စီးကုန်လေသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် အမွှေးများဖြင့် ယာယီထုလုပ်ထားသည့် ရုပ်တုတစ်ခုအလားပင် ထင်မှတ်ရလေသည်။

ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားမှ ပြဒါးရှင်သင်္ကေတသည် လေထဲတွင်လွင့်နေသည့် မီးတောက်တစ်ခုအလား အချိန်မရွေးငြိမ်းသတ်သွားတော့မည့်အလား ထင်မှတ်ရလေသည်။

သို့သော်… ပြဒါးရှင်သင်္ကေတမှထွက်ပေါ်နေသည့် လရောင်ကဲ့သို့ အလင်းရောင်လေးသည် ဆန်းလျန်၏စိတ်အာရုံ စူးစိုက်နိုင်မှုကို ကာကွယ်ပေးထားလေသည်။

ဆန်းလျန်၏ရှေ့တွင် အရပ်မြင့်မြင့်နှင့် နတ်ဘုရားတစ်ပါးပေါ်လာလေသည်။

ထိုနတ်ဘုရားသည် လက်နှစ်ဖက်ကိုနောက်သို့ပစ်ထားပြီး စကားတစ်လုံးမှ မပြောဘဲ ဆန်းလျန်ကို ကြည့်နေလေ သည်။

ဆန်းလျန်သည် သူ၏စိတ်အာရုံထဲတွင် အမြဲတမ်း ပုံဖော်လေ့ရှိသည့် နတ်ဘုရားကို ပြင်ပလောကတွင် ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရခြင်း ဖြစ်လေသည်။

သူ… အတိတ်တစ်ချိန်က စိတ်ထဲတွင် ပုံဖော်ကြည့်လေ့ရှိပြီး သူ လေးစားခဲ့ရသည့် နတ်ဘုရားတစ်ပါးကို သူ့ရှေ့တွင် မြင်တွေ့နေရပြီ ဖြစ်လေသည်။

ထိုနတ်ဘုရား၏ မျက်ဝန်းများသည် ယခင်အချိန်က ဆန်းလျန် ပုံဖော်ခဲ့သည့်အတိုင်း အတိအကျ ဆင်တူလွန်းလေ သည်။ ထို မျက်ဝန်းများတွင် ခံစားချက်ကင်းမဲ့ပြီး အထီးကျန်မှုများဖြင့် ပြည့်နေလေသည်။

ရုတ်တရက်… ထိုနတ်ဘုရားသည် လက်တစ်ဖက်ကို ဝေ့ယမ်းလိုက်လေရာ… သူ၏လက်ထဲတွင် ကျောက်စိမ်း ကျိုင်းတံတစ်ခုပေါ်လာပြီး ဆန်းလျန်၏ ဝမ်းဗိုက်ကို ရိုက်နှက်လိုက်လေသည်။

ကျောက်စိမ်းကျိုင်းတံသည် အရာအားလုံးကို ဖျက်စီးပစ်နိုင်စွမ်းရှိလေသည်။ ဆန်းလျန်သာ နောက်သို့ဆုတ်ကာ မရှောင်တိမ်းလျှင် စိတ်ဝိညာဉ် နှင့်ရုပ်ခန္ဓာအားလုံး ပျောက်ကွယ်ပျက်စီးသွားရပေလိမ့်မည်။

သို့သော်... ဆန်းလျန်က ရှောင်တိမ်းခဲ့ခြင်း မရှိပါ။

သူ၏ မျက်ခုံး (၂)ခုကြားမှ ပြဒါးရှင်သင်္ကေတသည် မျက်ခုံး (၂)ခုအလယ်မှ ပျံသန်းထွက်ခွာသွားပြီး သေးငယ်သည့် ရွှေဇလားတစ်ခုအဖြစ်သို့ ကူးပြောင်းသွားကာ ကျောက်စိမ်းကျိုင်းတံကို ရင်ဆိုင်လိုက်လေသည်။

ကျောက်စိမ်းကျိုင်းတံသည် မည်သည့်အခါမှ မပျက်စီးနိုင်သောလက်နက်တစ်ခု ဖြစ်လေရာ ကျောက်စိမ်းကျိုင်းတံနှင့် ထိခိုက်မိသည်နှင့် ရွှေဇလားတွင် အက်ကွဲကြောင်းများ ထင်လာလေသည်။

လင်ပေါင်ထျန်းကျွင်းသည် ခံစားချက်ကင်းမဲ့စွာဖြင့် ရွှေဇလား
ကို (၃)ချက်တိတိ အဆက်မပြတ်ရိုက်ချလိုက်လေတော့ သည်။
ရွှေဇလားသည် ပျက်စီးသွားပြီး မြေကြီး ၊ မီး ၊ လေ နှင့် ရေ ဆို
သည့် ဒြပ်စင် (၄)ခုအဖြစ်သို့ ကူးပြောင်းသွားပြီး ပတ်ဝန်းကျင်
တစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။
ရွှေဇလားလေးသည် ဆန်းလျှန်အတွက် အဓိပ္ပါယ်များစွာရှိ
သည့် အရာတစ်ခု ဖြစ်လေသည်။
ထိုရွှေဇလားသည် သူ၏ အနာဂတ်တာအိုကျင့်စဉ်လမ်း
အတွက် အခြေခံ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ထို
ရွှေဇလားသည် သူကိုယ်တိုင်ဖန်ဆင်းထားသည့် လောကသစ်
တစ်ခုဖြစ်သောကြောင့်ပင်။
ထို့ပြင် မိုးမြေသန္ဓေ မျိုးစေ့သည် ကြီးထွားရင့်ကျက်သည့်
အခြေအနေတစ်ခုကို ရောက်ရှိနေပြီ ဖြစ်လေသည်။ ထိုမိုးမြေ

သန္ဓေမျိုးစေ့သည် မည်သည့်အချိန်တွင် လောကသစ်တစ်ခု အဖြစ် မွေးဖွားလာမည်ကို မည်သူမှ မသိနိုင်ပေ။

ယခုတော့ ဆန်းလျန်မျှော်လင့်ထားသမျှ အရာအားလုံးသည် အဆုံးသတ်သွားပြီဟု ကြေငြာလိုက်သည့်အလားပင် ဖြစ်ရလေသည်။ မွေးဖွားဖြစ်တည်လာခြင်းမရှိသေးသည့် လောကအသစ်သည် ကျောက်စိမ်းကျိုင်းတံအောက်တွင် ဒြပ်စင် (၄)ခု အဖြစ် အပိုင်းပိုင်းကွဲသွားခဲ့ရပြီ ဖြစ်လေသည်။

ဆန်းလျန်သည် ပထမဆုံးအကြိမ်အဖြစ် စိတ်ပျက်သွားပြီး တစ်ချက် တွန့်ဆုတ်သွားမိလေသည်။

သူရင်ဆိုင်ရမည့်သူသည် အမှန်တကယ်ပင် ကြီးမားလွန်းလေသည်လား....။

ဒြပ်စင် (၄)မျိုးသည် လေ့ကားထစ်များထက်တွင် လွင့်မျောနေလေသည်။ ပုံသဏ္ဍာန်မရှိသော်လည်းထုထည်တစ်ခု အလားဖြစ်တည်နေလေသည်။ ဆန်းလျန်၏ စိတ်အာရုံသည် ရေမရှိသည့်

မြစ်ငယ်ထဲတွင် တဖျတ်ဖျတ်ခုန်နေသည့် ငါးတစ်ကောင်

အလား ကစဉ့်ကလျားဖြစ်နေပြီး အချိန်မရွေးပျက်စီးသွားနိုင်

သည့် အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

အခန်း (၆၆၇) ထင်သလောက်လည်းမတော်ပါဘူး

မရှိမှုကျေးရွာတွင် အပ်နှင်းခံထားရသည့် ဆန်းလျန်၏ ဝိညာဉ်

အစစ်အမှန်သည်လည်း မရေမရာအခြေအနေသို့ ရောက်ရှိ

သွားလေသည်။

ထိုမျှ ကူရာကယ်ရာမဲ့သည့် ခံစားချက်မျိုးကို ဆန်းလျန်၏ဘဝ

တွင် တစ်ခါမှ မခံစားခဲ့ဖူးပေ။

မရှိမှုကျေးရွာမှ ဝိညာဉ်အစစ်အမှန်သည် ထိုသို့သော အခြေအနေရောက်သွားသည်နှင့် သူရင်ဆိုင်လိုက်ရသည့် အန္တရယ်သည် သူ့ကို အချိန်စီးကြောင်းထဲမှ ဖယ်ထုတ်ပစ်တော့မည် ဖြစ်သည်ကို ပြသနေလေသည်။ ဆန်းလျန်သည် ဤလောကမှ လုံးဝပျောက်ကွယ်သွားရတော့မည် ဖြစ်လေသည်။

အနာဂတ်တွင် သူနှင့်တူသည့်လူတစ်ယောက် ဖြစ်ပေါ်လာပြီး သူကဲ့သို့ အတွေ့အကြုံများကို ရရှိနိုင်ကောင်းမည် ဖြစ်သော်လည်း ထိုသူသည် "သူ" ဟုတ်တော့မည် မဟုတ်ပေ။ နတ်ဘုရားတစ်ပါးအတွက်တော့ သေဆုံးခြင်းထက်ကြောက်စရာကောင်းသည့်အရာမှ တည်ရှိမှုတစ်ခုလုံး ပျောက်ဆုံး သွားရခြင်းပင် ဖြစ်လေသည်။

ဆန်းလျန်သည် စန့်ချင်တာအိုဆရာသခင်၏ ဂုဏ်အသရေကို မာနထောင်လွှားစွာဖြင့် ခေါင်းမာစွာ ရင်ဆိုင်ခဲ့မိသည့် အတွက် နောင်တရနေမိလေသည်။ သူသည် တာအိုဆရာသခင်ကြီး

တစ်ပါးကို ရင်ဆိုင်နိုင်လိမ့်မည်ဟု မာန ထောင်လွှားစွာဖြင့်

ယုံကြည်ခဲ့မိလေသည်။

သို့သော်... အချိန်လွန်မှ နောင်တရခြင်းသည် အသုံးမဝင်တော့

ပါ။ နောင်တတရားသည် နောက်ကျခဲ့ပြီ ဖြစ်လေ သည်။

ထိုသို့သောအတွေးမျိုးကို တွေးမိသည့်တစ်ခဏမှာပင်

အရှက်ကွဲခြင်းကိုလည်း ဆန်းလျန်ခံစားလိုက်ရလေသည်။

သာမန်အချိန်တွင်သာဆိုလျှင် သူသည် ထိုသို့သောခံစားချက်

မျိုးကို လုံးဝခံစားမိမည်မဟုတ်ပေ။

ဆန်းလျန်သည် ဒေါသထွက်ပြီး ရှက်လည်းရှက်နေမိလေ

သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သူ၏ လူသားဆန်

သည့်သဘောသဘာဝများ ပျောက်ကွယ်သွားခြင်းမရှိသေး

သည်ကို သိလိုက်ရလေသည်။

ဆန်းလျန်၏ စရိုက် လက္ခဏာအရ သူ့ကိုယ်သူ သာမန်ထက်ပို

ပြီး ထူးချွန်သူတစ်ယောက်ဟု မပြောနိုင်တော့သည်ကို

နားလည်လိုက် လေသည်။ သူ၏မနှစ်မြို့စရာကောင်းသည့်
စိတ်နှလုံးကို သူကိုယ်တိုင် မြင်တွေ့ခဲ့ရပြီး ထိုအရာကို သူ
ရင်ဆိုင်နိုင်ခြင်း မရှိခဲ့ပေ။

နောက်ထပ်ရင်ဆိုင်ရန်ခက်ခဲသည့် ကိစ္စတစ်ခုရှိပါသေးသည်။
ထိုအချက်မှာ လက်ရှိရင်ဆိုင်နေရသည့်အခက်အခဲမှ
လွတ်မြောက်ရန် မည်သို့ ပြုလုပ်ရမည်ကို သူကိုယ်တိုင် မသိ
ခြင်း ဖြစ်လေသည်။

အတိတ်တစ်ချိန်တုန်းက တိုက်ပွဲတစ်ပွဲတွင် ရှုံးနိမ့်တော့မည်ဆို
လျှင် သူအသုံးပြုသည့် လျှို့ဝှက်တန်ခိုးစွမ်းအားသည် "စိတ်
အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်ပင် ဖြစ်လေသည်။
 သို့သော်... ထိုလျှို့ဝှက်တန်ခိုးစွမ်းအားသည် ယခုအချိန်တွင်
တော့ အသုံးမဝင်တော့ပေ။ ထိုအချက်ကပင် သူ့အတွက်
ခက်ခဲသည့်အခြေအနေကို ရင်ဆိုင်ရခြင်း ဖြစ်လေသည်။

ဒြပ်စင် (၄)မျိုး၏ သန့်စင်သည့်စွမ်းရည်သည် အလွန်ပင် ကြောက်မက်ဖွယ်ရာ ကောင်းလေသည်။ ဆန်းလျန်၏စိတ် အာရုံသည် ဒြပ်စင် (၄)မျိုး၏ သန့်စင်သည့်စွမ်းအားဖြင့် အနည်းငယ်လေးထိလိုက်မိသည်နှင့် တစ်ခါမှ မခံစားဘူးသည့် နာကျင်ခြင်းကို ခံစားရလေသည်။

သို့သော် နာကျင်ခြင်းကိုခံစားရသည့်အတွက် ဒေါသနှင့် အရှက်တရားကိုတော့ ခဏတာမျှ မေ့ပျောက်သွားစေလေ သည်။

မြင့်မြန်သည့် ထုန်ထျန်းအရှင်လင်ပေါင်ထျန်းကျွင်းသည် သနားစရာ ရှုံးနိမ့်သွားပြီဖြစ်သည့် ဆန်းလျန်ကို အရေးမလုပ် တော့ပါ။ ရွှေဇလားပျက်စီးသွားသည်နှင့် ထိုနတ်ဘုရားသည် ဆက်လက်တိုက်ခိုက်ခြင်းမပြုလုပ်တော့ ပေ။ ရွှေဇလားမှ ပြို ကွဲသွားသည့် ဒြပ်စင် (၄)မျိုးမှာလည်း လင်ပေါင်ထျန်းကျွ င်း၏အနားသို့ တိုးကပ်ရဲခြင်းပင်မရှိကြ ပေ။

သို့သော်... ထိုဒြပ်စင် (၄)မျိုးသည် ဆန်းလျန်ကိုတော့ သတ္တိရှိ
ရှိဖြင့် စတင်နှိပ်စက်ကြလေတော့သည်။
ဆန်းလျန်တွင် အသိတရားရှိနေသည်မှလွဲပြီး မည်သို့မှ မတတ်
နိုင်တော့သည့်အတွက် သူတို့သည် ပျော်ရွှင်စွာဖြင့်ပင် နှိပ်စက်
ကြလေတော့သည်။
ဆန်းလျန်မှာတော့ ဒြပ်စင် (၄)မျိုးကို ကာကွယ်ရန်ပင် မတတ်
နိုင်တော့ပေ။ သူ မကာကွယ်နိုင်တော့ပါ။ ဒြပ်စင် (၄)မျိုးနှင့်
ထိခိုက်မိတိုင်း နာကျင်မှုကို အထပ်ထပ်အခါခါခံစားရလွန်း
သည့်အတွက် ထုံပေပေပင် ဖြစ်နေခဲ့ပြီ ဖြစ်လေသည်။
သူ့စွမ်းအားများအားလုံးကုန်ဆုံးသွားပြီး ခံစားနေရသည့်
နာကျင်မှုများ မြန်မြန်အဆုံးသတ်သွားရန်ပင် ဆန်းလျန် တွေး
လိုက်မိလေသည်။
ယွမ်ကျွင်းဧကရီက ကွေလိကို ပြောလိုက်လေသည်။

"မင်းပြောတော့ သူက မဖြစ်နိုင်တာကိုတောင် ဖြစ်လာအောင် လုပ်ပြနိုင်တယ်ဆို ၊ အခုတော့ သူ့ကိုယ်သူတောင် အသက်ရှင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ မသိတော့ပါလား"

ကွေ့လိသည် လှုပ်ရှားမရသည့်တိုင် အသိလည်းရှိနေသလို သူမရှေ့မှ မြင်ကွင်းကိုလည်း တွေ့မြင်နေရလေသည်။ ယွင်ကျွင်းဧကရီက ဆန်းလျန်မည်သို့ ထိခိုက်ဒဏ်ရာရသွားသည်ကို သူမ၏ တာအိုကျင့်စဉ်ဖြင့် ကွေ့လိကို ပြသလျှက်ရှိလေသည်။ ဆန်းလျန်၏ မရေရာတော့သည့် စိတ်အခြေအနေကို တွေ့မြင်နေရသည့်အခါတွင်တော့ ကွေ့လိမှာလည်း နာကျင်ခံစားရလေသည်။

ဆန်းလျန် ထိုမျှ မတည်မငြိမ်ဖြစ်နေသည်ကို ကွေ့လိ၏ဘဝတွင် ပထမဆုံး မြင်တွေ့ဖူးခြင်း ဖြစ်လေသည်။ ယခင်တုန်းက လောကတွင် ဆန်းလျန်အတွက် ခက်ခဲသည့်အရာဆိုသည်ကို သူမ တစ်ခါမှ မတွေ့မြင်ဘူးခဲ့ပေ။

ယခုတစ်ကြိမ်တွင်တော့ လုံး၀ ဆန့်ကျင်ဘက်ဖြစ်နေလေ

သည်။

ဆန်းလျန်သည် ယခင်ကကဲ့သို့ ယုံကြည်မှုအပြည့်ဖြင့် နတ်

ဘုရားတစ်ပါး မဟုတ်တော့ပါ။

ယခုအချိန်တွင် သူသည် လူသားတစ်ယောက်အလား ဖြစ်သွား

ခဲ့ပြီ ဖြစ်လေသည်။ အားနည်းချက်များဖြင့်ပြည့်နေသည့်

လူသားတစ်ယောက် ဖြစ်သွားခဲ့ရလေပြီ။

လူသားများပြောလေ့ရှိကြသည်မှာ -

"လမ်းပေါ်ကလူတစ်ယောက်ပင် ဖြစ်လင့်ကစား ကျောက်စိမ်း

ကဲ့သို့ သွင်ပြင်ရှိလျှင် လောကတွင် ပြိုင်ဘက်မရှိသည့် သခင်

လေးပင်ဖြစ်သည်"

ဟူ၍ဖြစ်လေသည်။

ဆန်းလျန်သည် ထိုကဲ့သို့သော လူစားတစ်ယောက် ဖြစ်လေ

သည်။

ပြိုင်ဘက်မရှိ ၊ ထင်ရှားကျော်ကြားပြီး မည်သူနှင့်မှ နှိုင်းယှဉ်၍မရနိုင်ပေ။ လူ့လောကတွင် နေထိုင်စဉ်က ဆန်းလျှန်သည်လည်း သူ့ကိုယ်သူ ထိုသို့သောလူတစ်ယောက်ဖြစ်သည်ဟု ယူဆခဲ့လေသည်။

ယခုတော့...

လူအများတွေးထင်ကြသလို သူသည် ပြီးပြည့်စုံသည့် လူတစ်ယောက် မဟုတ်တော့ပေ။

ယခုအချိန်တွင်တော့... ဆန်းလျှန်၏ အဖြစ်သည် ကွေလိအလွန်မုန်းတီးသည် မဟာမာရှုယိဒေါင်းစိမ်းမင်းကြီး၏ အဖြစ်နှင့် အလွန်ဆင်တူလေသည်။

သူတို့ (၂)ယောက်လုံးသည် ပါရမီရှင်များ ဖြစ်ကြလေသည်။ မာနကြီးပုံခြင်းလည်း တူကြသလို အဆုံးသတ်သည် လည်း ခပ်ဆင်ဆင်ပင် ဖြစ်လေသည်။

သူတို့ (၂)ယောက်လုံးသည် တာအိုဆရာသခင်ကြီးများနှင့် ရင်ဆိုင်ခဲ့ကြရပြီး မာနများချိုးဖျက်ခံလိုက်ရကာ သာမန် လူသားတစ်ယောက် ဖြစ်ခဲ့ကြရလေသည်။ သူတို့ပြုလုပ်လိုက် သည့် ရွေးခြယ်မှုသည် အခြားသူများကိုပင် စိတ်ပျက်စေလေ သည်။

"လောကမှ ဘယ်သူမှ ပြီးပြည့်စုံတယ်ဆိုတာ မရှိပါဘူးလေ..."

ယွမ်ကျွင်းဧကရီကအသံမှာ လှောင်ပြောင်မှုများဖြင့် ပြည့်နေ လေသည်။

ကွေလိသည် စကားမပြောတော့ပါ။ သူမသည် ဆန်းလျန်ကို ယခင်ကကဲ့သို့ပင် ခိုင်မာသည့်အကြည့်တစ်ခုဖြင့် စူးစိုက်ကြည့် နေခဲ့လေသည်။

ဆီးနှင်းများကျဆင်းနေသည့်နေ့တစ်နေ့တွင်...

သူမ၏ဘဝ ကံဆိုးမိုးမှောင်ကျခဲ့ရသည့်တစ်နေ့ကို အမှတ်ရနေ ခဲ့လေသည်။

ထိုနေ့တွင် လူငယ်လေးတစ်ယောက် ရောက်လာပြီး သူမကို ကယ်တင်သွားခဲ့လေသည်။

ထိုအချိန်က ... ဆန်းလျန်သည် လက်ရှိအချိန်ထက် အဆပေါင်းတစ်ထောင်မကအောင် တန်ခိုးစွမ်းအားများ နည်းပါးနေသေးသည့်အချိန် ဖြစ်လေသည်။

သို့သော်... မည်သည့်အခါမှ ပြောင်းလဲနိုင်မည် မဟုတ်သည့် အချက်တစ်ချက်ရှိလေသည်။

ထိုအချက်မှာ... ကွေလိသည် သူမကို လာကယ်သည့် ဆန်းလျန်၏ မျက်ဝန်းများထဲမှ အကြည့်ပင် ဖြစ်လေသည်။ ဆန်းလျန်သည် သူမကို သနားစရာကောင်းသူတစ်ယောက်အဖြစ် ကြည့်ခဲ့ခြင်း မဟုတ်ပါ။ သူသည် ဘဝတစ်ခု၏ လှပမှုကို တွေ့မြင်သည့်အလား သူမကို ကြည့်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအချိန်ကတည်းက ဆန်းလျန်သည် ထူးခြားသူတစ်ယောက် ဖြစ်သည်ဟု သူမ ယုံကြည်ခဲ့လေသည်။

သူမ၏ မိတ်ဆွေသူငယ်ချင်းများအားလုံးထဲတွင် ဆန်းလျန်သည် အယုံကြည်ရဆုံး လူတစ်ယောက် ဖြစ်လေသည်။

သူမ၏ မိတ်ဆွေသူငယ်ချင်းများအားလုံးထဲတွင် ဆန်းလျန်သည် လေးစားစရာအကောင်းဆုံး လူတစ်ယောက် ဖြစ်လေသည်။

ဆန်းလျန်သည် မည်သည့်အခါမှ လူတစ်ဖက်သားကို အထင်သေးနှိမ့်ချတတ်သူတစ်ယောက် မဟုတ်ခဲ့ပေ။ ချင်းရှမ်နတ်တံခါးမှ အညံ့ဆုံးတပည့်ကိုပင်လျှင် ဆန်းလျန်သည် မည်သည့်အခါမှ နှိမ့်ချဆက်ဆံခဲ့ခြင်း မရှိပေ။

သူသည် အညံ့ဆုံးတပည့်ကိုပင်လျှင် ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး သင်ကြားပြသပေးရန် အမြဲတမ်း ဆန္ဒရှိခဲ့သူ ဖြစ်လေသည်။

ယနေ့အချိန်ထိ.... နတ်မိစ္ဆာဘုရင်တစ်ပါးဖြစ်သည့် ကွေလိ

သည် ဆန်းလျန်က သူမကို ကယ်တင်နိုင်ဦးမည်ဟု ယုံကြည်

နေဆဲ ဖြစ်လေသည်။

သူမသည် ဆန်းလျန်ကို မိတ်ဆွေတစ်ယောက်အဖြစ်

အကူအညီတောင်းခဲ့ခြင်းသာဖြစ်ပြီး ထို့ထက်မပိုခဲ့ပါ။

ယွမ်ကျွင်းဧကရီသည် ကွေလိ၏မျက်ဝန်းများထဲတွင် အရှုံးမ

ပေးလိုသည့် ဆန္ဒများကို တွေ့မြင်လိုက်ရလေသည်။

သို့သော်... အမှန်တရားသည် ရှင်းလင်းနေပြီဖြစ်လေရာ သူမ

သည် ကွေလိကို စကားထပ်ပြောနေစရာ အကြောင်းမရှိတော့

ပေ။

"ဆန်းလျန်က ဒီလောက်လဲ မတော်ပါဘူး ၊ အနည်းဆုံးတော့

လူတွေထင်ထားသလောက် အထင်ကြီးစရာ မရှိပါဘူး..."

သို့သော်... သူမရင်ထဲတွင် အမျက်ဒေါသများကလည်း လောင်ကျွမ်းနေဆဲ ဖြစ်လေသည်။ ဒေါသသည် ငြိမ်သက်သွားပြီဖြစ်သည့်တိုင် တမြေ့မြေ့လောင်ကျွမ်းနေဆဲ ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ... ဆန်းလျန်သည် အသုံးမကျသူတစ်ယောက် ဖြစ်သည့်တိုင် သူမ၏ဆရာက ရွေးခြယ်ခဲ့သည့် လူတစ်ယောက် ဖြစ်လေသည်။

ဆရာဖြစ်သူကိုယ်တိုင်က ဆန်းလျန်၏ တည်ရှိမှုနှင့် စိတ်ဓာတ်ရေးရာတို့ကို ချိုးဖွဲ့ဖျက်စီးပစ်လိုက်ပြီး ဖြစ်သည့်တိုင် ဆန်းလျန်သည် နှစ်ပေါင်းများစွာအတွင်းတွင် ဆရာဖြစ်သူ စမ်းသပ်ခဲ့သည့် တစ်ဦးတည်းသောလူသား ဖြစ်လေ သည်။

ထိုကဲ့သို့သော ဂုဏ်အသရေကိုပိုင်ဆိုင်ရသူသည် နောက်တစ်ယောက် မရှိနိုင်ပါ။

လောကတွင် ဆရာဖြစ်သူကို သူမထက်ပိုပြီး လေးစားချစ်ခင်သူ မည်သူမှ မရှိနိုင်ပါ။

သူမကလွဲလျှင် မည်သူမှ ကျယ်ကျောက်အမိန့်တော်ဂိုဏ်း

အပေါ်တွင် တန်ဖိုးထားသူ မရှိနိုင်ပါ။

အဘယ့်ကြောင့် ဆရာဖြစ်သူသည် သူမကို မရွေးခြယ်ခဲ့ရပါ

သနည်း။

ထိုအချက်သည် သူမ ဆန်းလျန်ကို ဆန့်ကျင်ရန်ရသည့်

အကြောင်းတစ်ချက်လည်း ဖြစ်နိုင်လေသည်။ သူမ မနာလိုဖြစ်

ခဲ့သည်။ သူမ ဆန်းလျန်ကို အလွန်မှ မနာလိုဖြစ်ခဲ့လေသည်။

ကျင့်စူးသည် လှေကားထစ်များထက်တွင် ရှိမနေတော့ပါ။

သူမသည် ဆန်းလျန်လောက် စိတ်စွမ်းအား မကောင်း

သည့်အတွက် ဖိအားများကို ရင်မဆိုင်နိုင်တော့ဘဲ ဆန်းလျန်

ကြုံတွေ့နေရသည့် အဖြစ်အပျက်များကိုသာ ကြည့်နေမိလေ

သည်။

 ဒြပ်စင် (၄)မျိုး၏ တိုက်ခိုက်ခြင်းကို ခံနေရသည့် ဆန်းလျန်၏

မူလဝိညာဉ်ခန္ဓာမှာ တဖြည်းဖြည်း အသိတရားများအားနည်း

လာပြီး ပင်လယ်ပြင်တွင် အချိန်မရွေး နစ်မြုပ်သွားတော့မည့် လှေငယ်လေးအလား ဖြစ်နေရလေသည်။

သူမလည်း မည်သို့မှ ကူညီနိုင်မည်မဟုတ်သည်ကို ကျင့်စူး နားလည်လိုက်လေသည်။ သူမသည် ဆန်းလျန်ရှိနေသည့် နေရာအနားသို့ပင် တိုးကပ်သွားနိုင်ခြင်း မရှိပါ။

သို့သော်… သူမ ဒီအတိုင်းတော့ ကြည့်မနေနိုင်ချေ။

သူမနှင့် ဆန်းလျန်သည် ဒုက္ခသုက္ခများကို အတူတူရင်ဆိုင်ခဲ့ကြပြီး မြစ်ဝါကိုးကွေ့အရံအတားကိုလည်း ရင်ဆိုင်ခဲ့ကြ လေသည်။

သူမသည် ရုတ်တရက်ပင် အမိတ္တဘဟကျမ်းစာကို သတိရသွားမိလေသည်။ တာအိုဆရာအဘိုးအိုက ထိုကျမ်းစာကို ဘုန်းတော်ကြီးရာမကို ပေးရန် မှာကြားလိုက်လေသည်။

တာအိုဆရာအဘိုးအိုက သူမကို ထိုသို့ခိုင်းသည်ကိုကြည့်လျှင် ဘုန်းတော်ကြီးရာမသည် ဗဿနိုးနှင့် ပတ်သက်နေရ ပေမည်။

ဗိသနိုးသည် စကြာဝဠာတစ်ခုလုံးတွင် စွမ်းအားအမြင့်မားဆုံး သူတစ်ယောက် ဖြစ်လေသည်။

ဗိသနိုးသည် ဗုဒ္ဓကို ရှုံးနိမ့်ခဲ့သည့်တိုင် ဂုဏ်သိက္ခာတော့ ရှိနေဆဲ ဖြစ်လေသည်။ သူသည် အလွန်ကြောက်မက်ဖွယ် ရာကောင်းသည့် နတ်ဘုရားတစ်ပါး ဖြစ်နေဆဲ ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်ကို ကယ်တင်နိုင်ရန်အတွက် ဘုန်းတော်ကြီးရာမသည် ဗိသနိုးထံတွင် အကူအညီတောင်းခံနိုင်ကောင်းမည်ဟု ကျင့်စူးက တွေးလိုက်မိလေသည်။

သူမ၏အလင်းအလျှင်ဖြင့် ခရီးသွားနှုန်းသည် အလွန်လျှင်မြန်လေရာ သွေးနီရောင်ပင်လယ်သို့ရောက်ရှိရန်အတွက် အချိန်သိပ်ပြီး မလိုအပ်ပေ။ ဆန်းလျန်သာ ခဏတောင့်ခံထားနိုင်ဦးမည်ဆိုလျှင် သူမသည် အကူအညီရှာတွေ့ကောင်းရှာတွေ့နိုင်မည် ဖြစ်လေသည်။

ဘုန်းတော်ကြီးရာမက မကူညီချင်ဘူးဆိုလျှင်လည်း သူမသည် နတ်မိစ္ဆာအဓိပတိနန်းတော်သို့ ပြန်ပြီး ဆရာဘိုးဘိုးကြီးကို ရှာရန်သာ ရှိလေသည်။ သို့သော်... ထိုမျှလောက်အထိ အချိန်ကြာသွားလျှင် ဆန်းလျန်သည် တောင့်ခံနိုင်တော့မည် မဟုတ်ပေ။ မည်သို့ပင်ဖြစ်လာပါစေ အနည်းဆုံးတော့ သူမ ကြိုးစားကြည့်ရမည်ဖြစ်သည်။ ထို့ပြင် သူမအနေဖြင့်လည်း သွေးနီရောင်ပင်လယ်သို့ အနေးနှင့်အမြန် သွားရမည်ပဲ မဟုတ်ပါလား။ ထိုသို့တွေးလိုက်ပြီးသည်နှင့် ကျင့်စူးသည် တစ်ချက်ပင် တုံ့ဆိုင်းမနေတော့ဘဲ သွေးနီရောင်ပင်လယ်သို့ အလင်းအလျှင်ဖြင့် လျှင်မြန်စွာ ထွက်ခွာလာခဲ့လေတော့သည်။

အချိန်(၁၅)မိနစ်အတွင်းမှာပင် သူမသည် သွေးနီရောင်ပင်လယ်သို့ ရောက်ရှိလာခဲ့လေသည်။

သူမက အမိတ္တဘာဟာကျမ်းစာကို ထုတ်လိုက်သည်နှင့်
အလင်းတန်းတစ်ခုချက်ချင်းပ ပေါ်ထွက်လာပြီး သူမကို
လောကငယ်လေးတစ်ခုအတွင်းသို့ ဆွဲခေါ်သွားလေသည်။
ထိုနေရာသည် တောင်တစ်တောင်ဖြစ်ပြီး တောင်ထိပ် တွင်
စေတီတော်တစ်ဆူ ရှိနေလေသည်။ အလင်းတန်းသည်
တောင်ထိပ်ရှိ စေတီတော်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။
သူမရှေ့တွင် ဘုန်းတော်ကြီးတစ်ပါးကို တွေ့လိုက်ရလေသည်။
ထိုဘုန်းတော်ကြီးသည် ဘုန်းတော်ကြီးရာမဖြစ်မည် မှာပြော
စရာပင် မလိုတော့ပေ။
"တာအိုဆရာတစ်ယောက်က ဒီအမိတ္တဘာဟာကျမ်းစာကို
ဆရာတော်ဆီပို့ပေးခိုင်းလိုက်လို့ပါ၊ ပြီးတော့ သူက မိဿနီးကို
တွေ့ချင်တယ်လို့လည်း မှာလိုက်ပါတယ်"
ကျင့်စူးက ချက်ချင်းပင် ပြောလိုက်လေသည်။

ဘုန်းတော်ကြီးရာမက ကျင့်စူးဆီမှ အမိတ္တဘာဟာကျမ်းစာကို လက်ခံယူလိုက်ပြီး လက်အုပ်ချီလိုက်လေသည်။

"ကျေးဇူးအများကြီးတင်ပါတယ် ဒကာမလေး ၊ ကျုပ်နားလည်ပါပြီ"

ကျင့်စူးက...

"ဒီကျမ်းစာကိုယူလာရင်းနဲ့ ပြဿနာလေး နည်းနည်းဖြစ်လာခဲ့တယ် ၊ ဆရာတော်များ လူတစ်ယောက်ကို ကယ်တင်ပေးဖို့ တတ်နိုင်မလားမသိဘူး"

ဘုန်းတော်ကြီးရာမက ကျင့်စူးကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ် သူ့ကို မကယ်နိုင်ပါဘူး"

ကျင့်စူးက...

"ဒါဖြင့် သူ့ကိုကယ်တင်ပေးဖို့ ဗိသနိုးကိုပြောပေးလို့ရော ရနိုင်မလား"

ဘုန်းတော်ကြီးရာမက...

"ဗိသာနိုးလည်း သူ့ကို ကယ်နိုင်မှာ မဟုတ်ပါဘူး"

ဘုန်းတော်ကြီးရာမက ဆက်ပြောလိုက်လေသည်။

"အဲဒါက သူရင်ဆိုင်ရမယ့် အစစ်ဆေးခံရခြင်းဖြစ်သလို သူ့ရဲ့ ကံတရားလည်း ဖြစ်တယ်၊ ဘေးလူတွေ ဘယ်သူမှ သူ့ကို ကူညီပေးနိုင်မှာမဟုတ်ဘူး၊ အရာအားလုံးက သူ့အပေါ်မှာပဲ မူတည်နေပါတယ်"

အခန်း (၆၆၈) အံ့သြစရာများဖြစ်လာနိုင်ဦးမှာလား

ကျင့်စူးက...

"ကျွန်မ ဆရာတော်ကို မယုံဘူး"

ထိုစကားကိုပြောပြီးသည်နှင့် သူမသည် ချက်ချင်းထွက်ခွာသွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် သူမသည် နတ်မိစ္ဆာအဓိပတိနန်းတော်သို့ အမြန်ပြန်ချင်သောကြောင့်ဖြစ်လေသည်။ သူမ၏ ဆရာဘိုးဘိုးကြီးသည် ဆန်းလျှန်ကိုကယ်တင်ပေးနိုင်မည်ဟု သူမက မျှော်လင့်ထားမိလေသည်။

ဆရာဘိုးဘိုးကြီး ကမကယ်တင်နိုင်ဘူးဆိုလျှင်တောင်မှ အနည်းဆုံးတော့ သူမအကောင်းဆုံးကြိုးစားကြည့်ရမည်လေ။

ဘုန်းတော်ကြီးရာမ၏မျက်ဝန်းများသည် ထွက်ခွာသွားသည့်ကျင့်စူးကို ငေးကြည့်နေခဲ့လေသည်။

သူ့လက်ထဲတွင်ကိုင်ထားသည့် အမိတ္တာဘဟကျမ်းစာထဲတွင် ဗုဒ္ဓဘုရားပုံကို ပန်းထိုးထားသည့် ပုံတော်တစ်ပုံ ပါရှိလေသည်။

ထိုဗုဒ္ဓပုံတော်ကို ဖူးမျှော်လိုက်ရသည်နှင့် အဆုံးမရှိသည်

ဉာဏ်ပညာဖြင့် ထာဝရမတည်မငြိမ်ဖြစ်နေ သည့်ပြဿနာများ ၊ စိုးရိမ်ပူပန်မှုများအားလုံးကို ဖြေရှင်းသွားနိုင်တော့မည့် အလား ခံစားရလေသည်။

ထိုပုံတော်သည် အော်မီတော်ဖူဘုရား၏ပုံတော်ဖြစ်လေသည်။ အနန္တတန်ခိုးဖြင့်ပြည့်စုံသော ဗုဒ္ဓဟုလည်း သိထားနိုင် လေ သည်။ ကောင်းကင်ဘုံတွင် သူသည် ထိပ်တန်းအဆင့်တန်ခိုး စွမ်းအားပိုင်ဆိုင်ထားသူ အနည်းငယ်တွင်တစ်ပါး အပါအဝင် ဖြစ်လေသည်။

ထိုအချိန်မှာပင်... စေတီတော်အောက်ခြေမှာ မျောက်တစ် ကောင်၏ ဦးခေါင်းထွက်ပေါ်လာလေသည်။

"အမိတ္တာဘဟကျမ်းစာက ပျောက်ကွယ်သွားတာကြာပြီမဟုတ် လား ၊ အခု ဘယ်သူက ပေးလိုက်တာလဲ"

ဘုန်းတော်ကြီးရာမက နူးညံ့သည့်လေသံဖြင့်...

"ပြောကြတာတော့ တာအိုဆရာသခင်ထိုက်ယီက အနောက်ဘက်ကောင်းကင်ဘုံကိုသွားပြီး ကျမ်းစာ (၃)အုပ်ကို ယူခဲ့တယ်တဲ့ ၊ အဲဒီကျမ်းစာတွေထဲမှာ အမိတ္တာဘဟကျမ်းစာလည်း ပါတယ်"

တာအိုဆရာသခင်ထိုက်ယီဆိုသည့်အမည်ကိုကြားသည်နှင့် ဟာနုမာန်သည် ချက်ချင်းပင် ရှိသေလေးစားသွားဟန် ဖြင့်...

"ဒါဆို ဗိသနိုးကိုတွေ့ချင်တဲ့သူက တာအိုဆရာသခင်ထိုက်ယီလား ၊ သူသာဆိုရင်တော့ ဆရာတော်နဲ့ ဗိသနိုးကြား က ပတ်သက်မှုကိုသိနေတာ မဆန်းတော့ပါဘူး"

ဘုန်းတော်ကြီးရာမက...

"အဲဒီလူက တာအိုဆရာသခင်ထိုက်ယီမဟုတ်ပါဘူး ၊ ဘာလို့လဲဆိုတော့ ကျုပ်ပဲဖြစ်ဖြစ် ဗိသနိုးပဲဖြစ်ဖြစ် သူ့မျက်လုံးထဲမှာ အထင်ကြီးစရာမရှိပါဘူး ၊ အဲဒီလူဘယ်သူလဲဆိုတာ ကျုပ်

သိပြီးပါပြီ ၊ ဗိသာနိုးလည်းသိမှာပါပဲ ၊ ဒီကိစ္စကို ဗိသာနိုးက ဖြေရှင်းပါလိမ့်မယ်"

ဟာနုမာန်မှာ ယခုအထိ မသိရှာသေးပေ။

သူက ...

"ဗိသာနိုးနဲ့ ဗုဒ္ဓက တိုက်ခိုက်ခဲ့ကြသေးတယ်မဟုတ်လား ၊ တာအိုဆရာသခင်ထိုက်ယီရဲ့ တန်ခိုးစွမ်းအားတွေက ဗုဒ္ဓလိုပဲ မြင့်မားတယ် ၊ တာအိုဆရာသခင်ထိုက်ယီက ဘာလို့ ဗိသာနိုးကို အထင်သေးရမှာလဲ"

ဘုန်းတော်ကြီးရာမက ကြိုးစားပြီး ပြုံးလိုက်လေသည်။

"ဗိသာနိုးက သိပ်မာနကြီးတယ် ၊ ဒါကြောင့် သူက ဗုဒ္ဓကို စိန်ခေါ်ခဲ့တာပဲ ၊ ဒါပေမယ့် သူတို့လိုအဆင့်ကို မရောက် သေးသရွေ့ သူတို့လုပ်တဲ့အလုပ်တွေအပေါ် ဘယ်လိုလုပ် နားလည်နိုင်မှာလဲ"

ဟာနုမာန်က...

"ဟို ကောင်စုတ်လေး မာနကြီးပုံမျိုးနဲ့ သွားတူမှာပေါ့ ၊ အဲဒီ

ကောင်စုတ်လေး အခုလို အစစ်ဆေးခံရမှုကို ကျော်လွှား နိုင်

မယ်လို့ ဆရာတော် ထင်သလား"

ဘုန်းတော်ကြီးရာမက အေးဆေးသည့်လေသံဖြင့်...

"ကျုပ်လည်း မသိဘူးကွယ် ၊ ဒါပေမယ့် သူ ကျော်လွှားနိုင်မယ်

ထင်တာပါပဲ"

ဟာနမာန်က...

"ဘာဖြစ်လို့လဲ"

ဘုန်းတော်ကြီးရာမက...

"ဘာလို့လဲဆိုတော့ သူလုပ်တဲ့အလုပ်တွေက ထူးခြားတယ် ၊

သူက တာအိုဆရာသခင်ကြီးရဲ့ ဂုဏ်သိက္ခာနဲ့ တန်ခိုးစွမ်းအား

တွေကိုတောင် စိန်ခေါ်ရဲတဲ့သူပဲ ၊ သူလုပ်နိုင်တယ်ဆိုတာကိုသိ

ရရင် အခြားသူတွေလည်းလုပ်နိုင် ရမှာပေါ့ ၊ ဗုဒ္ဓကိုစိန်ခေါ်ခဲ့တဲ့

အတွက် ဗိသနိုးဟာ ကိုယ့်ကိုကိုယ်ယုံကြည်မှုတွေ ပျောက်ဆုံး

ခဲ့ရတယ် ၊ ဒါပေမယ့် ကျုပ်ရာမကတော့ ယုံကြည်မှုတွေ ရှိနေဆဲပဲ"

ဘုန်းတော်ကြီးရာမပြောသည့်အဓိပ္ပါယ်ကို ဟာနုမာန်သည် ချက်ချင်းပင် နားလည်သွားလေသည်။ ဘုန်းတော်ကြီး ရာမသည် ဆန်းလျန်ကို အောင်မြင်စေချင်ဟန် ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် တာအိုဆရာသခင်ကြီးဆိုသည်က ထိပ်တန်းအဆင့်ဖြစ်ပြီး မည်သူမှ သူ့ကို စိန်ခေါ်ရဲခြင်း မရှိကြပေ။

သို့သော်... ဆန်းလျန်သာ အောင်မြင်ခဲ့မည်ဆိုလျှင် ရာမသည်လည်း ယုံကြည်မှုတစ်ခုကို ရရှိမည် ဖြစ်လေသည်။ ထိုယုံကြည်မှုသည် ဗိသနိုးဆုံးရှုံးခဲ့ရသည့် ယုံကြည်မှုပင် ဖြစ်လေသည်။

ယခုတော့ ဘုန်းတော်ကြီးရာမသည် ထိုအချက်ကို ပြန်လည်ရှာဖွေရမည် ဖြစ်လေသည်။

ဗိသနိုးသည် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် ဖြစ်ပါသည်။ သို့သော်... ဗုဒ္ဓလောက်တော့ အဘယ်မှာ ကြီးမြတ်ခြင်း ရှိပါမည်နည်း။ ဘုန်းတော်ကြီးရာမသည် အဆုံးမရှိသည့် ဖြစ်နိုင်ချေများကို တွက်ချက်လျှက်ရှိလေ သည်။

......

ကျင့်စူးသည် သူမနေထိုင်ရာနေရာကို ပြန်ရန်အတွက် တာအိုပစ်မှတ်ကို သိသော်လည်း အချိန်နှင့်အာကာသကို ဖြတ်သန်းပြီး ပြန်လာရခြင်း ဖြစ်သည့်အတွက် နတ်မိစ္ဆာအဓိပတိနန်းတော်သို့ ရောက်ရန် နေ့တစ်ဝက်ခန့် အချိန်ကုန် ခဲ့လေသည်။

သို့သော်... နန်းတော်တစ်ခုလုံးကို ချိတ်စည်းပိတ်ထားပြီ ဖြစ်လေသည်။ သူမ မည်သည့်တန်ခိုး စွမ်းအားကို အသုံးပြုပါစေ နန်းတော်တံခါးသည် ပွင့်မလာတော့ပေ။

ဆရာဘိုးဘိုးကြီးသည် သူမပြန်လာသည်ကို ကျိန်းသေသိရှိရမည် ဖြစ်လေသည်။ သို့သော်... နန်းတော်တံခါးက ချိတ်စည်း

ပိတ်ထားပြီဖြစ်သည့်အတွက် သူမအနေဖြင့် နန်းတော်အတွင်း

သို့ ဝင်ရန် မည်သည့်နည်းနှင့်မှမဖြစ်နိုင် တော့ပေ။

နန်းတော်ကို မည်သူမှ မတိုက်ခိုက်ရဲကြပေ။

ထို့ကြောင့် နန်းတော်တံခါး တင်းကြပ်စွာပိတ်ထားခြင်းမှာ လာ

ရောက်တိုက်ခိုက်မည့် ရန်သူများကိုကာကွယ် ထားခြင်းမဟုတ်

ဘဲ နန်းတော်အတွင်းမှလူများ အပြင်သို့ မထွက်စေရန် တံခါး

ပိတ်ထားခြင် ဖြစ်ဟန်တူလေသည်။

ထိုအဓိပ္ပါယ်ကို ကျင့်စူးသည် ချက်ချင်းနားလည်သွားလေ

သည်။

ယခင်တစ်ကြိမ် နတ်မိစ္ဆာအဓိပတိနန်းတော်ကို ချိတ်စည်းပိတ်

စဉ်အခါတုန်းက မိုး ၊ မြေ နှင့် စကြာဝဠာတစ်ခုလုံးတွင် ဘေး

အန္တရယ်ဆိုးကြီးတစ်ခု ကျရောက်ခဲ့စဉ်က ဖြစ်လေသည်။

ယခုတစ်ကြိမ်လည်း ထိုသို့ပင် ဖြစ်ရပေမည်။

သို့သော် ယခုတော့ ကျင့်စူးသည် နန်းတော်အတွင်းသို့ ဝင်မရ

သည့်အတွက် သူမကိုယ်တိုင်သည် ဘေးအန္တရယ်ကြီး

၏အစိတ်အပိုင်းဖြစ်နိုင်လေသည်။ သူမသည် ဘေးအန္တရယ်

ကျရောက်မည်ကို မကြောက်ပါ။ သို့သော် ဆန်းလျန်ကိုတော့

သနားနေမိလေသည်။

သူမသည် တာဝန်မကျေသည့်ခံစားချက်များကိုခံစားရင်း

အပြာရောင်ခရီးရှည်နန်းတော်သို့ ပြန်လာခဲ့လေသည်။ သူမ

ပြန်ရောက်လာသည့်နေ့သည် (၂)ရက်မြောက်နေ့ ဖြစ်သွားခဲ့ပြီ

ဖြစ်လေသည်။

နံနက်ခင်းနေရောင်သည် ပင်လယ်ထက်တွင်တောက်ပနေပြီး

ရွှေရောင်အလင်းတန်းများသည် နေရာအနှံ့တွင် တောက်ပနေ

လေသည်။

ကြည်လင်တောက်ပနေသည့်ရောင်ခြည်များသည် နေရောင်ကို

ရောင်ပြန်ဟပ်နေလေ သည်။ ရှုခင်းသည် အလွန်မှလှပလွန်းပြီး

ရင်သပ်ရှုမောဖွယ်ရာဖြစ်လေသည်။ သို့သော်… ကျင့်စူးသည် ထိုမျှလှပ သည့် ရှုမျှော်ခင်းကို နည်းနည်းလေးပင် စိတ်မဝင်စားခဲ့ပေ။

သူမ အပြာရောင်ခရီးရှည်နန်းတော်သို့ရောက်လာသည့်အချိန်တွင် ဒြပ်စင် (၄)မျိုးသည် အနည်းငယ် ငြိမ်သက်နေပြီ ဖြစ်လေသည်။

 အဘယ်ကြောင့်ဆိုသော် အပြာရောင်ခရီးရှည်နန်းတော်၏ ထူးခြားသည့် လက္ခဏာကြောင့် ဒြပ်စင် (၄)မျိုးသည် အပိုင်းပိုင်းအစစ စတင် ပြိုကွဲစပြုနေပြီ ဖြစ်သည့်အတွက် ဖြစ်လေသည်။

ဆန်းလျန်မှာ အသိတရားရှိနေသေးသည်ကိုတွေ့ရသည့်အခါ ကျင့်စူး အတော်လေးအံ့သြသွားရလေသည်။ သို့သော်… ဆန်းလျန်သည် ယခင်နေ့များထက်တော့ များစွာအားနည်းနေခဲ့လေသည်။

ဆန်းလျန်သည် ငြိမ်းခါနီးမီးတောက်ကလေးတစ်ခုနှင့်ပင် တူလေသည်။ လေအနည်းငယ်တိုက်ခတ်ရုံဖြင့် မီးတောက်လေးသည် ငြိမ်းတော့မည့်အလား မှေးမှိန်သွားရလေသည်။

 သို့သော်... ဟိုဘက်ဒီဘက် လှုပ်ရမ်းနေပြီး အပြီးတိုင် ငြိမ်းသွားခြင်းမျိုးတော့ မဖြစ်သေးပေ။

အံ့သြနေသူမှာ ကျင့်စူးတစ်ယောက်တည်း မဟုတ်ပါပေ။

ယွမ်ကျွင်းဧကရီမှာလည်း များစွာ အံ့သြနေရလေသည်။

ဆန်းလျန်သည် သေလူတစ်ယောက်ဖြစ်နေပြီး စိတ်ပျက်အားလျော့နေသည်မှာလည်း ထင်ရှားနေလေသည်။ အဘယ့်ကြောင့် သူသည် ခေါင်းမာစွာဖြင့် တောင့်ခံထားရပါသနည်း။

လှေကားထစ်များထက်ဆီမှ လင်ပေါင်ထျန်းကျွင်း၏ပုံရိပ်သည် တည်ရှိနေပါသေးသည်။ သို့သော်... ထင်ယောင်ထင်မှားပုံရိပ်ယောင်တစ်ခုအလား မှုံဝါးဝါး ဖြစ်နေလေသည်။

ကြီးမြတ်သည့်နတ်ဘုရား၏ ပုံရိပ်အောက်တွင် ဆန်းလျန်သည် ဖုံမှုံ့လေးအလား သေးနုတ် သိမ်ငယ်လှလေသည်။ သူ့အနေဖြင့် အဆုံးထိ တောင့်ခံထားပြီး တိုက်ခိုက်နေရန် လိုအပ်ပါသလား။ ထိုအတွေးများသည် ဆန်းလျန်၏ ခေါင်းထဲတွင် ပျံ့နှံ့နေလေသည်။

ယခင်အချိန်များတုန်းက သူ့ဘဝတွင် ထိုမျှ စိတ်ဓာတ်ကျရမှု မျိုးကို တစ်ခါမှ ကြုံတွေ့ခဲ့ရဖူးခြင်း မရှိပေ။ သူသည် ယခင် အချိန်များတုန်းက ဖြစ်နိုင်သမျှ နည်းလမ်းများစွာဖြင့် ကြိုးစား ခဲ့သည်ချည်းပဲ ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးတစ်ပါးအတွက်တော့ ဆန်းလျန်သည် ကစားစရာအရုပ်လေးတစ်ခုမျှသာပဲလား...။

ဆန်းလျန်ဘဝတစ်လျှောက်လုံး ကြိုးစားအားထုတ်ခဲ့သမျှ အရာ အားလုံး ပျက်စီးသွားစေရန်အတွက် သူ့ရှေ့မှ နတ်ဘုရားသည် မည်သည့်တန်ခိုးစွမ်းအားကိုမှပင် အသုံးပြုခဲ့ခြင်း မရှိပေ။

တကယ်တော့… သူ့အနေဖြင့် စန့်ချင်တာအိုဆရာသခင်ကို အနိုင်ယူရန် မကြိုးစားခဲ့သင့်ပေ။

ယခုတော့ သူ့ဘဝတစ်လျှောက်လုံး ပြုလုပ်ခဲ့သမျှ အလုပ်များအားလုံးတွင် အမိုက်မဲဆုံးအလုပ်တစ်ခုကို လုပ်ခဲ့မိပြီ ဖြစ်လေသည်။

ယခုတော့ သူ၏အတ္တကြီးခြင်းနှင့် မာန်မာနထောင်လွှားခြင်းတို့အတွက် မယုံကြည်နိုင်လောက်အောင် ပြန်လည် ပေးဆပ်နေရပြီ ဖြစ်လေသည်။

ဒြပ်စင် (၄)မျိုး၏တိုက်ခိုက်နေမှုကြောင့် ဆန်းလျန်၏အသိတရားသည် အချိန်မရွေးပျောက်ကွယ်သွားနိုင်လေသည်။ ထိုအခါ မရှိမှုကျေးရွာတွင် အပ်နှင်းထားသည့် သူ၏ဝိညာဉ်အစစ်အမှန်သည်လည်း ပျောက်ကွယ်သွားရတော့မည်ဖြစ်လေသည်။

ကျောက်စိမ်းကျိုင်းတံသည် သူ၏ မာန်မာနများကိုသာမက သူ၏ ပြည့်ဝစုံလင်ခြင်းနှင့် အရာအားလုံးကိုပါ ရိုက်ချိုးပစ်ခဲ့ပြီ ဖြစ်လေသည်။

သူသည် သာမန်လူသားတစ်ယောက် လုံးလုံးဖြစ်သွားခဲ့လေသည်။ သာမန်ထက် ဘာမှမပိုခဲ့ပေ။ အတိတ်တစ်ချိန်က ဘာမှမဟုတ်သည့် သာမန် တောသားလေး ဆန်းလျန်အလားပင် ဖြစ်လေသည်။ သူသည် သက်ရှိတစ်ယောက်မျှသာ ဖြစ်လေသည်။ သူသည် ခံစားနေရလေသည်။

သူမုန်းတီးသည့် လူ့အဖွဲ့အစည်း... ၊ သူချစ်ခင်ရသူများနှင့် ဝေးကွာခဲ့ရခြင်းများ ၊ သူလိုချင်သည့်ဆန္ဒများကို ဖြည့်ဆည်းခွင့်မရခဲ့ခြင်းများ။

သူခံစားရသည့် နာကျင်မှု ၊ ခက်ခဲပင်ပန်းမှု ၊ သူ့ဘဝတစ်လျှောက်လုံး ခံစားခဲ့ရသည့် ဒုက္ခသုက္ခများသည် နတ်

ဘုရားတစ်ပါးဖြစ်သွားခြင်းကြောင့်တော့ ပျောက်ကွယ်သွားခဲ့ခြင်း မရှိခဲ့ပါ။

စန့်ချင်တာအိုဆရာသခင်၏ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်သည် လင်ပေါင်ထျန်းကျွင်း၏ပုံရိပ်ကို စိတ်ထဲတွင် ပုံဖော်ရုံမျှဖြင့် ဆန်းလျန်ကို ပြီးပြည့်စုံစေသူတစ်ယောက်ဖြစ်စေခဲ့သည်။ သို့သော်… ထိုအရာသည် သူ အစစ်အမှန်မဟုတ်ပေ။

ယခုအချိန်တွင်တော့…

ဆန်းလျန်သည် သူ၏ အသိတရားဖြင့် လွတ်လပ်စွာ တည်ရှိနေခဲ့ပြီ။

သို့သော် အချိန်တန်လျှင်တော့ သူသည် ဘာမှမရှိသည့် အရာတစ်ခုအဖြစ် ပျောက်ကွယ်သွားရတော့မည် ဖြစ်လေသည်။ သူ ပျောက်ကွယ်မသွားချင်သေးပေ။ အဘယ်ကြောင့်ဆိုသော် အသက်ဆက်ရှင်ချင်သောကြောင့် ဖြစ်လေသည်။

သူ... ဤလောကမှ ပျောက်ကွယ်မသွားချင်သည့် အကြောင်းအရာ များစွာရှိလေသည်။

သူ ချန်ကျန့်မေကို အသက်ရှင်လျှက် ပြန်တွေ့ချင်မိသေးသည်။ ကူးချိုင်ဝေ့ကိုလည်း ပြန်လည် ရယူချင်မိသည်။ သူ့ကို နတ်ဘုရားတစ်ပါးဖြစ်လာသည်အထိ သွန်သင်ပြသပေးသည် ဆရာသခင်ကျန်းရော့ရှီးကိုလည်း သူ့ရှေ့တွင် ပြန်ပေါ်လာစေချင်သည်။

သူ့ဘဝတွင်အရေးပါသည့် လူတစ်ယောက်ချင်းစီသည် သူ့ခေါင်းထဲတွင် တစ်ယောက်ပြီးတစ်ယောက် ပြန်ပေါ်လာ လေသည်။

ထောင်ပေါင်းများစွာသောတန်ခိုးစွမ်းအားများကိုသိမြင်ပြီး တာအို၏အဆုံးမရှိမှုကို သိမြင်ထားသည့် ကောင်းမွန်မြင့်မြတ်သည့်သည့်လူငယ်တစ်ယောက်ဖြစ်သည့်.... ဆန်းလျန်...။

သူသာ ယခုလိုပုံစံမျိုးဖြင့် လောကမှ ပျောက်ကွယ်သွားမည်ဆိုပါ

က သူမြတ်နိုးရသည့် ကျိုလင်နတ်သမီးသည် သူ့ကို အလွန်

စိတ်ပျက်သွားပေလိမ့်မည်။

သူမသည်..... သူ့ကို အလွန်စိတ်ပျက်သွားပေလိမ့်မည်။

သို့သော်... ယခုကဲ့သို့ ဘဝ၏နောက်ဆုံးအချိန်သို့သာ ရောက်ရှိ

ရခြင်းမရှိပါက လောကတွင် သူဂရုစိုက်သည့် လူပေါင်းများစွာ

ရှိသည်ကို သူနားလည်ခွင့်ရခဲ့မည် မဟုတ်ပေ။

ဆုံးရှုံးရသည့်အချိန်မှသာ တန်ဖိုးကို နားလည်ကြရသည်ပဲ

မဟုတ်ပါလား။ ဤသည်မှာ လူတို့၏ ဖြစ်တတ်သည့်

သဘောသဘာဝပင် ဖြစ်လေသည်။

ပျောက်ကွယ်မသွားချင်သေးသည့်ဆန္ဒများစွာဖြင့် ဆန်းလျန်

သည် နောက်ထပ်တစ်ရက် တောင့်ခံထားခဲ့ပြန် လေသည်။

ဒြပ်စင် (၄)မျိုးမှာ ပြိုကွဲနေပြီဖြစ်သည့်တိုင် ဆန်းလျန်ကို ပိုပြီး

ပြင်းထန်စွာ တိုက်ခိုက်နေလေသည်။

မှုံဝါးဝါးဖြစ်နေသည့် လင်ပေါင်ထျန်းကျွင်း၏ ပုံရိပ်သည် အနည်းငယ် သိပ်သည်းလာလေသည်။ အစစ်အမှန်ဖြစ်သည့် စန့်ချင်တာအိုဆရာသခင်ကိုယ်တိုင် လောကသို့ ဆင်းသက်လာသည့်အလား ထင်မှတ်ရလေသည်။

ဆန်းလျန် တစ်စုံတစ်ခုကို ဖြည်းဖြည်းချင်း နားလည်လာလေသည်။ လင်ပေါင်ထျန်းကျွင်း၏ပုံရိပ် တဖြည်းဖြည်း သိပ်သည်းလာရခြင်းမှာ သူ့ထံမှ အသိတရားကို စုပ်ယူနေခြင်းကြောင့် ဖြစ်လေသည်။

လင်ပေါင်ထျန်းကျွင်း၏ မျက်နှာသည် တဖြည်းဖြည်း ကြည်လင်ပြတ်သားလာလေသည်။ ထိုအခါ လင်ပေါင်ထျန်းကျွင်း၏ မျက်နှာသည် အံ့သြစရာကောင်းလှစွာ ဆန်းလျန်နှင့် အလွန်ဆင်တူနေသည်ကို တွေ့လိုက်ရ လေသည်။

 ထို "သူ" သည် ဆန်းလျန်၏ အသိတရားများ ရောင်ပြန်ဟပ် နေခြင်းဖြစ်ပြီး လင်ပေါင်ထျန်းကျွင်း၏ ပုံသဏ္ဍာန် အစစ်အမှန် တော့မဟုတ်ပေ။

ထိုအခါ ဆန်းလျန်ခေါင်းထဲသို့ စိတ်ပျက်ဖွယ်ရာ အတွေးတစ်ခု ဝင်ရောက်လာလေသည်။ သူ၏အသိတရားများကို စုပ်ယူစား သုံးပြီး လင်ပေါင်ထျန်းကျွင်းသည် ဤလောကသို့ အမှန် တကယ် ရောက်ရှိလာရန် ကြိုးစားနေခြင်းများ လား…။

ဆန်းလျန်သည် ထို့ထက်ပိုပြီး မတွေးနိုင်တော့ပါ။ အဘယ့် ကြောင့်ဆိုသော် လင်ပေါင်ထျန်းကျွင်း၏ ပုံရိပ်က ပိုပြီး သိပ်သည်းလာလေလေ ၊ သူ၏အသိတရားမှာလည်း ပျောက် ကွယ်လုနီးပါး ဖြစ်လာလေလေ ဖြစ်သောကြောင့်ပင်။ ယခုတစ် ချိန်တွင်တော့… သူပျောက်ကွယ်သွားလိုခြင်းမရှိသည့်တိုင် တောင့်ခံနိုင်ခြင်း မရှိတော့ပေ။

"ဒီလိုအချိန်မှာတောင်မှ နောက်ထပ်အံ့ဩစရာကောင်းတာတွေ ဖြစ်လာနိုင်ဦးမယ်လို့ မင်းထင်သလား"

ယွမ်ကျွင်းဧကရီက ကွေ့လိကို မေးလိုက်လေသည်။

ဆန်းလျန် ယခုအချိန်ထိ တောင့်ခံနေနိုင်ခြင်းကြောင့် ကွေ့လိ သည်လည်း အတော်လေး စိုးရိမ်နေခဲ့လေသည်။

သို့သော်... သူမ သက်ပြင်းတစ်ချက်ချကာ စိတ်သက်သာရာရ သွားသည့် အချိန်တစ်ခုသည် နောက်ဆုံးတော့ ရောက်ရှိလာခဲ့ လေသည်။

အခန်း (၆၆၉) စန့်ချင်တာအိုဆရာသခင်

ကွေ့လိသည် ယွမ်ကျွင်းကေရီကို စကားပြန်မပြောပါ။

ဆန်းလျန်သည် မကြာခင်အချိန်တွင် ပျောက်ကွယ်သွားရတော့မည် ဖြစ်လေသည်။ သို့သော်... သူမသည် ဆန်းလျန် ထံမှ အကြည့်မလွှဲရက်ပေ။ ဆန်းလျန်ရှိရာသို့သာ ငေးကြည့်နေခဲ့မိလေသည်။

ဒြပ်စင် (၄)မျိုးသည် သူတို့၏ နောက်ဆုံးအချိန်သို့ရောက်ရှိနေပြီး ဆန်းလျန်၏ စိတ်ဝိညာဉ်အစစ်အမှန်ကို နောက်ဆုံးအနေဖြင့် အရှိန်အဟုန်ပြင်းထန်စွာ အကြမ်းဖက်တိုက်ခိုက်ဖျက်စီးနေလေသည်။

ဆန်းလျန်သည် ရက်စက်လွန်းစွာဖြင့် နှိပ်စက်သည့်ဒဏ်ကို နာကျင်စွာ ခံစားနေရလေသည်။ အဆုံးသတ်တွင်တော့ သူသည် လောကတွင် သဲလွန်စပင်မကျန်အောင် ပျောက်ကွယ်သွားရမည်ဖြစ်လေသည်။

သူ့တွင် ရွေးခြယ်စရာမရှိ...။

သူ့တွင် လွတ်လမ်းမရှိ...။

သူတတ်နိုင်သည်မှာ သည်းခံနေရန်သာ ဖြစ်လေသည်။

သူခံနိုင်သည့်အနေအထားကိုကျော်လွန်သည်အထိ သူ

ကြိုးစားပြီး တောင့်ခံခဲ့လေသည်။

စန့်ချင်တာအိုဆရာသခင် ၏ပုံရိပ်မှာတော့ တဖြည်းဖြည်း

ရုပ်လုံးပေါ်လာပြီး ဆန်းလျန်နှင့်ပိုပြီး တူလာလေသည်။

နောက်ပိုင်းတွင်တော့.... ဆန်းလျန်သည် သူ၏မှတ်ဉာဏ်များ ၊

အမှတ်တရအဖြစ်အပျက်များအားလုံးကို တဖြည်းဖြည်း

မေ့လျော့စပြုလာလေတော့သည်။ အတိတ်မှ ဖြစ်ပျက်ခဲ့သမျှ

သော အတိတ်ဖြစ်ရပ်များသည် သူ့ထံမှ ကွာကျကုန်ကျပြီး စန့်

ချင်တာအိုဆရာသခင်၏ ပုံရိပ်ဖြင့် တဖြည်းဖြည်းပေါင်းစပ်

သွားကြလေသည်။

ဆန်းလျန်၏ အသိတရားများသည် ကြက်သွန်နီမှ အလွှာများ

ကွာကျသကဲ့သို့ တစ်လွှာပြီးတစ်လွှာ ကွာကျနေလေ သည်။

ခေတ်ပေါ်ကမ္ဘာတွင်နေထိုင်ခဲ့သည့် ဒေါက်တာလီဖုန်း...။

ချင်းရှဝတ်ကျောင်းတော်မှ လူငယ်လေး ဆန်းလျန်...။

ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ် ဆန်းလျန်...။

အသူရာချောက်မှ တာ့ကျိုးပြည်၏ ဧကရာဇ်မင်း ဆန်းလျ

န်...။

အတိတ်မှထိုအကြောင်းအရာများအားလုံးသည် အလွှာလိုက်

အဖယ်ခံလိုက်ရသလို ပျောက်ကွယ်သွားနေလေသည်။

သူ၏မှတ်ဉာဏ်ထဲတွင် မည်သည့်အရာမှ ကျန်ရှိခြင်း မရှိတော့

ပေ။

မှတ်ဉာဏ်များ ၊ အမှတ်တရများသာ မကျန်ရှိတော့လျှင် ... သူ့

ကို "ဆန်းလျန်" ဖြစ်ပါသည်ဟု မည်သည့်အရာက အတည်ပြု

ပေးနိုင်ပါဦးမည်နည်း...။

ဆန်းလျန်ကိုယ်တိုင်လည်း ထိုမေးခွန်းအတွက် အဖြေမရှိပါ။

အဘယ်ကြောင့်ဆိုသော် သူ့ကိုယ်သူ ဆန်းလျန် ဖြစ်သည်ဆို

သည့်အချက်ကို လျှင်မြန်စွာ မေ့ပျောက်နေပြီ ဖြစ်သောကြောင့်ပင်။

ကြက်သွန်နီမှ အလွှာများအားလုံးကို တစ်လွှာချင်းခွာလိုက်သည့်အခါ ကြက်သွန်နီတွင် မည်သည့်အရာ ကျန်ရစ်ခဲ့ပါဦးမည်နည်း။

ထိုအခြေအနေသို့ရောက်လျှင်တော့ ဆန်းလျန်သည် လုံးဝပျောက်ကွယ်သွားရတော့မည် ဖြစ်လေသည်။

အဆုံးသတ်ကို မလွဲကေန် ရင်ဆိုင်ရပြီ ဖြစ်လေသည်။ ဖြစ်နိုင်သည်မှာ အခြေအနေသည် "မရှိမှု" သို့ ပြောင်းလဲသွားပြီ ဖြစ်လေသည်။

ကျင့်စူးသည် ဆန်းလျန်ကို ကြည့်ပြီး စိတ်ပျက်အားလျော့လာမိလေသည်။ သူမသည် အစကတည်းက ဆန်းလျန် အပေါ်တွင် အလွန်အမင်း လေးစားအထင်ကြီးခဲ့သူတစ်ယောက်တော့ မဟုတ်ပေ။

သို့သော် ယခု (၃)ရက်အတွင်း တွင်ဆန်းလျန်က အဆုံးထိ အား

မလျှော့ရန် ၊ မဆုတ်မနစ်ကြိုးစားရန် သူမကို အမြင်ဖွင့်ပေး

သွားခဲ့လေသည်။ သူမ သည်ဘေးမှကြည့်နေသူတစ်ယောက်

သာ ဖြစ်သည့်တိုင် ဆန်းလျန်ကဲ့သို့ အချိန်အကြာကြီး

မဆုတ်မနစ် တောင့်ခံထားနိုင်ရန်မှာ မည်မျှခက်ခဲသည်ဆိုသည်

ကို နားလည်လေသည်။

ဆန်းလျန်သည် ကြိုးစားပြီးတောင့်ခံခဲ့သည့်တိုင် နောက်ဆုံး

တွင်တော့ သူ၏ ကံကြမ္မာကို ပြောင်းလဲနိုင်ခြင်း မရှိတော့ပါ။

ကံကြမ္မာသည်ခက်ခဲလွန်းသည်သာမက လူသားဘဝ၏

ဝမ်းနည်းစရာအကောင်းဆုံး ဖြစ်ရပ်လည်း ဖြစ်လေသည်။

ဆန်းလျန်၏အဖြစ်သည် ဘေးမှ ရပ်ကြည့်နေသူများကိုပင်

လျှင် နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းခံစားရစေလေသည်။

သို့သော်... ဆန်းလျန်သာ နောက်ဆုံးအချိန်ထိ တောင့်ခံထား

ခြင်းမရှိခဲ့လျှင် သူ့ကိုကူညီပေးနိုင်မည့် အံ့သြစရာ

အဖြစ်အပျက်များလည်း ဖြစ်လာနိုင်မည် မဟုတ်ပေ။ အမှန်တော့ ဝမ်းနည်းခံစားရသူမှာ သူတစ်ယောက်တည်း မဟုတ်ပေ။ ဆန်းလျန်၏ နောက်ဆုံးကျန်သည့် အသိတရားလေးသည် ပိန်းပိတ်အောက်မှောင်နေသည့် ညအမှောင်ထဲတွင် တောက်လောင်နေသည့် နောက်ဆုံးမီးတောက်လေးအလား မှိန်ပြပြလေး လင်းလက်နေလေသည်။ ဆက်လက် ရှင်သန်နိုင်ရန်အတွက် သူစွမ်းအားရှိသလောက် အမှောင်ညထဲတွင် အစွမ်းကုန်တောက်ပနေလေသည်။

သို့သော်... ဒြပ်စင် (၄)မျိုးကလည်း ညအမှောင်တွင် တိုက်ခတ်နေသည့် လေပြင်းများအလား မီးတောက်လေးကို လုံးဝ ငြိမ်းသတ်သွားရန် တိုက်ခိုက်နေကြလေသည်။

လူတစ်ယောက်၏ သေလုနီးပါးအခြေအနေသည် သူ့ဘဝ၏ အဖိုးအတန်ဆုံးသော အခိုက်အတန့်များကို အမှန်တကယ် သတိရတမ်းတမိသည့် အချိန်ဖြစ်လေသည်။ ထိုအခိုက်အတန့်

သည် ဘဝ၏အလှတရားနှင့် ကြီးကျယ်ခမ်းနားခြင်းကို စစ်မှန်စွာ နားလည်သဘောပေါက်စေလေသည်။

သို့သော်... ဆန်းလျန်ကတော့ အဖိုးတန်သည့်အချိန်များကို ပြန်လည်တမ်းတသတိရနိုင်ခြင်း မရှိတော့ဘဲ သေခြင်းတရားကိုသာ ခံစားနေမိလေသည်။ သူ၏မှတ်ဉာဏ်များအားလုံး ပျက်စီးသွားပြီဖြစ်သည့်အတွက် မည်သည့် အမှတ်တရကိုမှ သတိရနိုင်ခြင်း မရှိတော့ပေ။

သူသည် ဆန်းလျန်ဖြစ်ခဲ့သည်ဆိုသည့်အချက်ကိုပင် သိရှိခြင်း မရှိတော့ပါ။ အတိတ်တစ်ချိန်က သူသည် ဆန်းလျန် ဖြစ်ခဲ့သည်ဟု ကိုယ်စားပြုသည့် အရေးကြီးသည့် အဖြစ်အပျက်တိုင်း ၊ အမှတ်တရတိုင်းသည် သူ့နှလုံးသားထဲတွင် အားလုံး ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သူ၏ တာအိုနှလုံးသားသည် မှောင်မိုက်ပြီး အထီးကျန်ဆန် လွန်းလှလေသည်။

နောက်ဆုံးကျန်ရှိနေသည့် အသိတရားအလင်းတန်းလေးသည် ကြယ်လေးတစ်စင်းကြွေသွားသည့်အလား အတောက်ပဆုံး တစ်ချက်လင်းလက်လိုက်ပြီး ကြွေကျသွားခဲ့လေသည်။ သူ့ဘဝကိုလည်း ကြွေကျသွားသည့် ကြယ်တစ်စင်းနှင့်ပင် အဓိပ္ပါယ်ဖော်နိုင်မည်ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ထုသာ ကျန်ရစ်ခဲ့တော့သည်။

ကြယ်တစ်စင်းသည် တောက်ပခြင်း ၊ ခမ်းနားခြင်း ၊ မြင့်မြတ်ခြင်း ၊ ဂုဏ်အသရေရှိခြင်းများဖြင့် ပြည့်နက်နေခဲ့သည့် တိုင် ကြွေသွားသည့်ကြယ်များကိုမည်သည့်နည်းနှင့်မျှ ပြန်လည်ရရှိနိုင်မည် မဟုတ်တော့ပေ။

လွန်ခဲ့သည့် နှစ်ပေါင်း ရာနှင့်ထောင်နှင့်ချီသည့် အတိတ်တစ်ချိန်တုန်းကလည်း "ဆန်းလျှန်" ဆိုသည်မှာ လောက တွင် တည်ရှိခဲ့ခြင်း မရှိသေးပေ။

ထို့အတူ… နောင်အနာဂတ်တွင် နှစ်ပေါင်း ရာနှင့်ထောင်နှင့်ချီပြီး အချိန်များကြာမြင့်သွားသည့်အခါတွင်လည်း "ဆန်းလျန်" ဆိုသည့် သူ့ကို မည်သူမှ သိရှိမှတ်မိကြတော့မည် မဟုတ်ပေ။

အသိတရားအလင်းတန်းလေးပျောက်ကွယ်သွားသည်နှင့် အမှောင်ထုကြီးသည်လည်း ဒီရေများအလား မြင့်တက် လာခဲ့လေသည်။ ဆန်းလျန်တွင် နောက်ဆုံးကျန်ရှိနေခဲ့သည့် အသိတရားလက်ကျန်လေးသည် ပျောက်ကွယ်သွား ခဲ့ပြီဖြစ်လေသည်။

ဆန်းလျန် ထိုကဲသို့ ဆိုးရွားစွာ ပျက်စီးသွားသည့်အချိန်တွင် …

စန့်ချင်တာအိုဆရာသခင်၏ ရုပ်ခန္ဓာသည် လုံး၀ ရုပ်လုံးပေါ်လာပြီး ဒြပ်စင် (၄)မျိုး၏ အထက်တွင် ရပ်နေလေသည်။ သူသည် "မဟာတာအိုလမ်းစဉ်" ကို အသုံးပြုလိုက်လေသည်။

သူက ဒြပ်စင် (၄)မျိုးကို အစီအစဉ်တကျဖြစ်အောင် ပြုပြင်လိုက်ပြီး အားလုံးကို ရောနှောကာ အတူတကွစုစည်း လိုက်လေသည်။

ထိုအခါ လောကငယ်လေးတစ်ခု စတင်ဖြစ်တည်လာပြီး မွေးဖွားခြင်းတန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။ စန့်ချင်တာအိုဆရာသခင်သည် ဒြပ်စင် (၄)မျိုးကိုအသုံးပြုကာ လောကအသစ်တစ်ခုကို ဖန်ဆင်းလိုက်ခြင်း ဖြစ်လေသည်။ အနန္တစကြာဝဠာတစ်ခု စတင် ဖြစ်တည်လာသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

လှပသည့် တောင်နှင့် မြစ်ရေများ ၊ သဲကန္တာရများ ၊ ပင်လယ်ရေလှိုင်းများနှင့် ကုန်းမြေတိုက်ကြီးများ....။

သန့်စင်သည့်တန်ခိုးစွမ်းအားများသည် အထက်သို့တက်သွားပြီး မိုးကောင်းကင်ဖြစ်တည်သွားလေသည်။

မသန့်စင်သည့်တန်ခိုးစွမ်းအားများကတော့ မြေအောက်သို့ နစ်မြုပ်သွားပြီး အသူရာချောက် (၉)ထပ် ဖြစ်တည်လာ လေသည်။

ကောင်းကင်ထက်တွင်တော့ ကြယ်များ ၊ နေနှင့်လများ ဖြစ်တည်လာလေသည်။ ကမ္ဘာမြေပြင်ပေါ်တွင်တော့ ငှက်များ ၊ သားရဲများ ၊ အင်းဆက်ပိုးမွှားများ ၊ ငါးများ ဖြစ်တည်လာလေသည်။

 လောကအသစ်သည် အသက်ဓာတ် စွမ်းအားများဖြင့် ပြည့်နက်သန်စွမ်းလျှက်ရှိလေသည်။ လောကအသစ်သည် အသက်ဝင်ပြီး တောက်ပလျှက်ရှိသလို ရင်သပ်ရှုမောဖွယ်ရာပင် ဖြစ်လေသည်။

ယွမ်ကျွင်းကေရီ၏မျက်နှာထက်တွင် ခံစားချက်များရှုတ်ထွေးနေလေသည်။

သူမသည် အဖြစ်အပျက်များအားလုံးကို အကြည့်တစ်ချက်မလွှဲဘဲ ကြည့်နေခဲ့လေသည်။

သူမ၏ ဆရာသည် အမြင့်ဆုံးသော ထိပ်တန်းအဆင့်ဖန်ဆင်းခြင်းကို ပြုလုပ်နေခဲ့လေသည်။ မိုးနှင့်မြေကိုခွဲခြားပြသသည့် တာအို၏ ဖန်ဆင်းခြင်းသဘောတရားကို ပြသနေခဲ့လေသည်။ ထိုလောကအသစ်၏ စတုရန်းတစ်လက်မရှိသည့် ကုန်းမြေတစ်ခုချင်းစီတိုင်းတွင် ကြီးမြတ်သည့်စွမ်းအားတစ်ခု ပါဝင်လေသည်။ လက်ဖျောက်တစ်ချက်တီးလိုက်ရုံမျှဖြင့် မိုးနှင့်မြေများစွာ ၊ လောကသစ်များစွာကို ဖန်ဆင်းနိုင်မည် ဖြစ်လေသည်။ ဤသည်မှာ "တာအိုဆရာသခင်ကြီး" ဆိုသည့် အဓိပ္ပါယ်ပင် ဖြစ်လေသည်။

သို့သော်... ကွေလိကတော့ ထိုအဖြစ်အပျက်များအားလုံးကို စိတ်ဝင်စားခြင်းမရှိပါ။

သူမသည် ဆန်းလျန်အတွက် ဝမ်းနည်းနေခဲ့မိလေသည်။

နောက်ဆုံးတော့ ဆန်းလျန်အသက်ရှင်သန်နိုင်ရန်အတွက် အံ့သြစရာအဖြစ်အပျက်များ ဖြစ်လာခြင်း မရှိတော့ပါလား...။

စန့်ချင်တာအိုဆရာသခင်သည် တိတ်ဆိတ်ငြိမ်သက်နေလေ
သည်။
ဆန်းလျန်နှင့်အလွန်ဆင်တူသည့် စန့်ချင်တာအိုဆရာသခင်၏
ခန္ဓာကိုယ်ပေါ်မှ သိပ်သည်းလှသည့် မဟာတာအို
လမ်းစဉ်၏သင်္ကေတများနှင့် စကားလုံးများ ထွက်ပေါ်လာလေ
သည်။ ထိုအရာများသည် လောကတွင် မည်သူကမှ အနိုင်ယူ
နိုင်ခြင်းမရှိသည့် နက်နဲဆန်းပြားသည့် နိယာမတရားများပင်
ဖြစ်လေသည်။
ဤသို့သော မြင်ကွင်းမျိုးကို မြင်တွေ့ရန်အတွက် အခွင့်အရေး
ရသူများသည် သူတို့ဘဝတစ်လျှောက်လုံးတွင် ရရှိရန် ခက်ခဲ
လှသည့် အလားအလာကောင်းများကို ရရှိလိုက်ကြလေသည်။
ကျင့်စူးသည် အံကိုတင်းတင်းကြိတ်ထားလေသည်။
ဆန်းလျန်သည် သေဆုံးသွားပြီဖြစ်သော်လည်း သူမကတော့
တာအိုဆရာသခင်ကြီး၏ အမြင့်ဆုံးသော ထိပ်တန်း အဆင့်

ပညာများကို လေ့လာမြင်တွေ့ခွင့်ရခဲ့လေသည်။ ယခုဖြစ်စဉ်ကို လေ့လာရခြင်းအားဖြင့် သူမအတွက် အကျိုးကျေးဇူးများ များစွာရရှိနိုင်မည် ဖြစ်လေသည်။

သို့သော်... မည်သူမှ သတိမထားမိသည့်အချက်တစ်ချက် ရှိလေသည်။

ထိုအချက်မှာ အသစ်ဖြစ်တည်လာသည့် လောကငယ်ထဲရှိ သစ်ပင်တစ်ပင်ထက်မှ သစ်ရွက်လေးတစ်ရွက်တွင် ပိုးတုံးလုံးလေးတစ်ကောင် ရှိနေခဲ့လေသည်။ ထိုပိုးတုံးလုံးလေးသည် အဆက်မပြတ် တဆတ်ဆတ်တုန်လှုပ်ရှိလေ သည်။

ဆန်းလျန်၏ အသိတရားများအားလုံးသည် လုံးဝပျောက်ဆုံးသွားပြီ ဖြစ်လေသည်။

နောက်ဆုံးတွင်တော့ ဆန်းလျန်သည် ပိုးတုံးလုံးလေးအသွင်သို့ ပြောင်းလဲသွားပြီး ထိုပိုးတုံးလုံးလေးသည် နှိုင်းယှဉ်မှုကိုကျော်လွန်လောက်အောင် သန်မာလွန်းလေသည်။ ထိုပိုးတုံးလုံးလေး

သည် ပိုးချည်မျှင်များဖြင့် သူ့ကိုယ်သူရစ်ပတ်ပြီး အမှောင်ထု ထဲတွင် တိတ်ဆိတ်စွာ နေထိုင်နေလေသည်။

ပိုးတုံးလုံးလေသည်။ အထီးကျန်ပြီး အမှောင်ထုထဲတွင် ပိတ်မိ နေသည့်အတွက် သေသည်နှင့်ကွဲပြားခြင်း မရှိပါ။

ဤအခြေအနေသည် မရှိမှုကျေးရွာတွင်ရှိနေသည့် ဆန်းလျ န်၏ ဝိညာဉ်အစစ်အမှန် အခြေအနေပင် ဖြစ်လေသည်။

အတွေးများမရှိ ၊ စိတ်မရှိ ၊ အနာဂတ်မရှိ ၊ မည်သည့်အရာမှမ ရှိသည့် အခြေအနေဖြစ်လေသည်။

ဆန်းလျန်အနေဖြင့် ကိုယ့်ကိုကိုယ်ပြန်လည်သိမြင်လာရန် အတွက် အချိန်မည်မျှကြာမည်ကို မည်သူမှ မသိနိုင်ပေ။ သူ့ တွင် မျက်လုံးများလည်းမရှိ ၊ နားများလည်းမရှိ ၊ နှုတ်ခမ်း များလည်း မရှိတော့ပေ။ တည်ရှိသည်ဆိုသည့် အခြေခံ သဘောတရားတစ်ခုအဖြစ်သာ တည်ရှိနေခြင်း ဖြစ်လေသည်။

"ငါ" ဆိုသည့်အရာကို သူမသိတော့ပေ။ "ငါ" ဆိုသည့် အယူ
အဆသည်ပင် သူ့တွင်မရှိတော့ပေ။
သို့သော်... အထီးကျန်သည့်အမှောင်ထုထဲတွင် မတူကွဲပြား
သည့် နောက်ထပ်ဖြစ်တည်မှုတစ်ခု ထွက်ပေါ်လာလေ သည်။
ထိုဖြစ်တည်မှုကို တွေ့မြင်လိုက်ရသည့်အခါတွင်တော့ ဆန်းလျ
န်သည် "ငါ" ဆိုသည့်အတွေးကို တွေးလိုက်မိလေ သည်။
ထိုအခါ အခြားဖြစ်တည်မှုသည် "သူ" ဖြစ်ရပေမည်။
"သူ" ဖြစ်တည်ပေါ်ထွက်လာခဲ့လေသည်။ "သူ" သည် အမှောင်
ထုထဲတွင် တိတ်ဆိတ်စွာဖြင့် ရပ်နေခဲ့လေသည်။ "သူ" ရှေ့မှ
မည်သည့်အရာမှ အရေးမကြီးသည့်အလား ရပ်နေခဲ့လေ
သည်။
"သူ" ၏ မျက်လုံးများသည် တောက်ပနေလေသည်။
"သူ" ထံမှ အသိတရားများ ၊ မှတ်ဉာဏ်များနှင့်
အချက်အလက်များသည် အရှိန်ပြင်းထန်သည့် ရေလှိုင်းများ

အလား ဆန်းလျှန်၏ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာလေသည်။ ရာစုနှစ်ပေါင်းများစွာတွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များအားလုံးကို ဆန်းလျှန်သည် တစ်ခဏအတွင်း ပြန်လည်မှတ်မိသွားရလေသည်။

"ဆန်းလျှန်" သည် ချက်ချင်းပင် "ဆန်းလျှန်" မည်သူဖြစ်သည်ကို သိရှိနားလည်သွားလေသည်။ ထို့ပြင် ဆန်းလျှန်ရှိရာသို့ ရောက်လာသည့် "သူ" ဆိုသည့် ဖြစ်တည်မှုသည် စန့်ချင်တာအိုဆရာသခင်ဖြစ်သည်ကိုလည်း ဆန်းလျှန်သိလိုက်ရလေသည်။ စန့်ချင်တာအိုဆရာသခင်သည် ဆန်းလျှန်ကို စိတ်ပျက်အားလျှော့ပြီး နာကျင်ရသည့် အတွေ့အကြုံကိုရော ၊ ဘဝအသစ်ကိုပြန်လည်ရရှိသည့် အတွေ့အကြုံကိုရော ပေးခဲ့လေသည်။

သူသည် ဆန်းလျန်ကို လုံးဝပျောက်ကွယ်သွားအောင် ပြုလုပ်ခဲ့လေသည်။ သို့သော်... သူသည် ဆန်းလျန်ကို ချက်ချင်းပင် အရာအားလုံးကို ပြန်လည်ပေးအပ်ခဲ့လေသည်။

သူက အရာအားလုံးကိုဖန်တီးနိုင်ပြီး အရာအားလုံးကို ဖျက်စီးနိုင်သူလည်း ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်က စကားတစ်ခွန်းမှ မပြောပါ။

သို့သော်... တာအိုဆရာသခင်ကြီးသည် အဘယ်မျှ ကြောက်မက်ဖွယ်ကောင်းသည်ကို ဆန်းလျန် နားလည်သဘောပေါက်သွားခဲ့ရပြီ ဖြစ်လေသည်။ ထိုသို့ ကြောက်မက်ဖွယ်ရာကောင်းမှုကို ဆန်းလျန်ဘဝတွင် တစ်ခါမှ ခံစားခဲ့ဖူးခြင်း မရှိပေ။

လူတစ်ယောက်၏အတွေးကို မည်သည့်အခါမှ နားမလည်နိုင်သည့် ပုရွက်ဆိတ်တစ်ကောင်၏အဖြစ်နှင့် ဆန်းလျန် သည် ဆင်တူခဲ့လေသည်။

ဆန်းလျန်သည် စိတ်ပျက်လက်လျှော့မှုကို အမှန်တကယ် ခံစား
ခဲ့ရလေသည်။ ဖြစ်ခဲ့သမျှကို ပြန်စဉ်းစားလိုက်တိုင်း မည်သို့မှ
မတတ်နိုင်ဘဲ နာကျင်မှုကို ခံစားရလေသည်။

စန့်ချင်တာအိုဆရာသခင်ကဲ့သို့ပင် ဆန်းလျန်သည်လည်း
တိတ်ဆိတ်နေခဲ့လေသည်။

သူသည် စိတ်ပျက်လက်လျှော့မှုများကို ခံစားခဲ့ရပြီး ယခု
အချိန်ထိ လွတ်မြောက်ခြင်း မရှိသေးပေ။ သူ ဘာမှ မလုပ်
နိုင်သည်မှာ ထင်ရှားနေခဲ့လေသည်။ စောစောက ဖြစ်ပျက်ခဲ့
သည့်အဖြစ်အပျက်များကို ပြန်တွေးလိုက်မိသည့် အခါ သူ
သည် မည်မျှအကူအညီမဲ့ပြီး အားလျော့စိတ်ပျက်ခဲ့ရသည်ကို
သဘောပေါက်လိုက်ရလေသည်။

ယခုတော့ သူ့အခြေအနေသည် အလွန်ဆိုးရွားနေခြင်း မရှိ
တော့သည့်တိုင် အရာအားလုံးပြီးပြည့်စုံခဲ့သည့် သူ၏ပုံရိပ်ကို
ပြန်သတိရစဉ်းစားလိုက်မိလေသည်။

ထို့နောက် ပျောက်ကွယ်သွားလိုခြင်းမရှိသည့် ဆန္ဒများနှင့် အစွမ်းအစများအားလုံး ဆုံးရှုံးခဲ့ရသည့်အချိန်တစ်ခဏကို ပြန်စဉ်းစားမိပြန်သည်။ ထိုအတွေ့အကြုံများအားလုံးသည် နာကျင်စရာကောင်းလှလေသည်။ ထို့ပြင် ထိုအကြောင်းအရာများအားလုံးသည် ဝတ္ထုတစ်ပုဒ်ကဲ့သို့ ဖြစ်လေသည်။

"အခက်အခဲတွေမရှိဘူးဆိုရင် နာကျင်ခံစားရမှုတွေမရှိဘူးဆိုရင် ဘယ်တော့မှ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာမှာမဟုတ်ဘူး"

စန့်ချင်တာအိုဆရာသခင်ကြီးက နောက်ဆုံးတော့ စကားပြောလိုက်လေသည်။

သူ့လေသံက ပုံမှန်ပင် ဖြစ်လေသည်။ သူ၏အသံသည် လေကဲ့သို့ အသူရာချောက် (၉)ထပ်၏ အောက်ဆုံး အဆင့်ထိတိုင်အောင် လွင့်မျောသွားလေသည်။ သူ၏အသံသည် လူတစ်

ယောက်၏ါနှလုံးသား အနက်ရှိုင်းဆုံးနေရာ အထိ အေးစက်မှု

ကို ခံစားရစေလေသည်။

ကြီးမြတ်သည့်အောင်မြင်မှုများကိုရရှိထားပြီး မည်သူမှ အနိုင်

မယူနိုင်သော…

အတိတ် ၊ ပစ္စုပ္ပန်နှင့် အနာဂတ် လိုသလို ကျော်လွန်သွားလာနိုင်

သော…

တာအိုဆရာသခင်ကြီးက ဆန်းလျန်ကို အံ့သြစရာကောင်းစွာ

စကားပြောလိုက်သည်တဲ့လေ။

သို့သော်… ဆန်းလျန်က စကားပြန်မပြောပါ။

နောက်တစ်ကြိမ် အခွင့်အရေးရခဲ့ပြီကို ဆန်းလျန်သိလိုက်လေ

သည်။

ထိုအခွင့်အရေးကိုပေးသူသည် စန့်ချင်တာအိုဆရာသခင်

ကိုယ်တိုင် ဖြစ်ခဲ့သည့်တိုင် သူကိုယ်တိုင် မဆုတ်မနစ် ၊ မလျှော့

သောဇွဲဖြင့် ရယူခဲ့သည့် အခွင့်အရေးလည်း ဖြစ်လေသည်။

အခန်း (၆၇၀) တန်ခိုးနည်းနည်းပေးပါ

ဆန်းလျန်၏ လက်ရှိအခြေအနေမှာ စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်းကျင့်စဉ်ကို စတင်ကျင့်ကြံသည့်အချိန်တွင် လင်ပေါင်ထျန်းကျွင်း၏ပုံရိပ်ကို စိတ်ထဲတွင်ပုံဖော်ကြည့်သည့် အချိန်နှင့် အလွန်ဆင်တူလေသည်။

အချိန် (၂)ခုစလုံး သည် အထီးကျန်လွန်းပြီး အမှောင်ထု ဖုံးလွှမ်းနေလေသည်။ ထိုအချိန်တွင် စန့်ချင်တာအိုဆရာသခင် တစ်ပါးတည်း သူ့ရှေ့တွင် ပေါ်လာခြင်း ဖြစ်လေသည်။

မတူညီမှုတစ်ခုတော့ရှိလေသည်။ ယခုအချိန်မှာ ဆန်းလျန်၏ "ငါ" ဆိုသည့် ခံစားချက်ပြန်ပေါ်လာသည့် ပထမဆုံး အချိန်ဖြစ်နေခြင်းပင် ဖြစ်လေသည်။

မည်မျှပင်ကြိုးစားရုန်းကန်ပါစေ စိတ်ပျက်အားလျော့ခဲ့ရပြီး လွတ်လမ်းမရှိသည့်အခြေအနေကို ရင်ဆိုင်လိုက်ရသည့် တိုင် ယခုတော့ ဆန်းလျန်သည် စိတ်ပျက်နေခြင်း မရှိတော့ပါ။

ထို့ပြင် စန့်ချင်တာအိုဆရာသခင်၏စကားများဖြင့် သူ့ကိုယ်သူ ပြန်လည်း ဆန်းစစ်ကြည့်ခဲ့လေသည်။

သူသည် တာအိုဆရာသခင်ကြီးကို ဆန့်ကျင်တိုက်ခိုက်ခဲ့ သည့်အတွက် ရှုံးနိမ့်ခဲ့ရပြီး တစ်စစီဖြစ်သည်အထိ နာကျင် ခံစားခဲ့ရလေသည်။

ဘဝတစ်ခုလုံး စိတ်ပျက်အားလျော့ဖွယ်အကောင်းဆုံး အတွေ့အကြုံကို ကြုံတွေ့ခဲ့ရလေသည်။ သို့သော်… ထို

အတွေ့အကြုံသည် လောကရှိလူသားတိုင်းအတွက် အဖိုး

အတန်ဆုံး အတွေ့အကြုံဖြစ်လေသည်။

သေခြင်းတရား၏ အတွေ့အကြုံကိုရင်ဆိုင်ခဲ့ရလေသည်။ ထို

အတွေ့အကြုံအားဖြင့် သူသည် တန်ဖိုးရှိသည့်အရာ အတော်

များများကို ရရှိခဲ့လေသည်။ သူအသက်ဆက်ရှင်သန်နေသရွေ့

ထိုအတွေ့အကြုံသည် ဗုဒ္ဓ၏အဆုံးအမများကဲ့သို့ တည်ရှိနေ

လိမ့်မည် ဖြစ်လေသည်။

အပြာရောင်ခရီးရှည်နန်းတော်ထဲမှ လင်ပေါင်ထျန်းကျွင်း၏ပုံ

ရိပ်သည် ယခင်ကအတိုင်း မှုံဝါးဝါးပြန်ဖြစ်သွားလေ သည်။

ထိုပုံရိပ်သည် စန့်ချင်တာအိုဆရာသခင်၏ ပုံရိပ်ယောင်တစ်ခု

မျှသာဖြစ်သည့်တိုင် ဆန်းလျန်အနေဖြင့် မည်သို့မျှ အနိုင်မယူ

နိုင်သည်ကို သိရှိသွားပြီ ဖြစ်လေသည်။

သို့သော်... သူက စန့်ချင်တာအိုဆရာသခင်နှင့်ပတ်သက်ပြီး စိတ်ပူပန်ခြင်း မရှိတော့ပါ။ သူမလုပ်နိုင်သည့်အလုပ်တစ်ခုကို သတ္တိရှိစွာဖြင့် ပြုလုပ်ခဲ့ပြီးပြီ ဖြစ်လေသည်။

သူ့အနေဖြင့် နောက်မျိုးဆက်သစ်များအတွက် ဒဏ္ဍာရီဆန်သည့်နတ်ဘုရားတစ်ပါးဖြစ်လာရန်ကြိုးစားခြင်းထက် လက်ရှိအချိန်ကို လက်တွေ့ကျကျရင်ဆိုင်ပြီး အမှောင်ထဲမှ ရုန်းထွက်ရန် သိမြင်ခဲ့ရလေသည်။

ဆန်းလျန်သည် မတ်တပ်ထရပ်လိုက်ပြီး အမှောင်ထုထဲမှ ထွက်ခွာသွားလေသည်။

လျှောက်ရသည့်လမ်းသည် အဆုံးမရှိပေ။ အမှောင်ထဲတွင် သူတစ်ယောက်တည်း အချိန်မည်မျှကြာအောင် လျှောက်လှမ်းနေရမည်ကိုလည်း သူမသိနိုင်ပေ။ သူသည် အတိတ်မှ ပစ္စုပ္ပန်သို့ လမ်းလျှောက်လာခဲ့ပြီး ပစ္စုပ္ပန်မှ အနာဂတ်သို့ ဆက်လက်လျှောက်လှမ်းရမည် ဖြစ်လေသည်။

အမှောင်ထုသည် သူ၏ထာဝရနေထိုင်ရာနေရာ မဟုတ်ပါ။ အလင်းနှင့်အမှောင်သည် ထာဝရတည်မြဲရာ စစ်မှန်သည့် အရာများ ဖြစ်လေသည်။ ဆန်းလျှန်သည် လမ်းလျှောက်လာရင်း မီးအိမ်တစ်ခုအလား တဖြည်းဖြည်း လင်းလက်လာလေသည်။ အလင်းရောင် မိုးနှင့်မြေရှိ အရာအားလုံးကို သူသိရှိနားလည်ထားသည့် အသိပညာအားလုံး၏ အစိတ်အပိုင်း ဖြစ်လေသည်။

သစ်ပင်ထက်တွင်ရှိနေသည့် ပိုးတုံးလုံးလေးသည် တွန့်လိမ်သွားပြီး အလင်းတန်းများ ဖြာလင်းလာလေသည်။ ထို့နောက် ပိုးတုံးလုံးလေးကို ရစ်ပတ်ထားသည့် ပိုးအိမ်များသည် ပျက်စီးသွားပြီး အထဲမှ အလင်းတန်းများ တောက်ပစွာ ထွက်ပေါ်လာလေသည်။

နေ့ဦးအိပ်မက်လေးအလား ပိုးအိမ်ထဲမှ လိပ်ပြာလေးတစ်ကောင် ပျံသန်းထွက်ပေါ်လာလေသည်။ လိပ်ပြာလေးသည်

သဲလွန်စပင်မကျန်တော့ပဲ လောကတစ်ခုလုံးနှင့် ပေါင်းစပ်သွား

လေတော့သည်။

ယခုဖြစ်တည်လာသည့် လောကအသစ်အတွင် စန့်ချင်တာအို

ဆရာသခင်သည် အဓိကကျလေသည်။ မရေမတွက်နိုင်သည့်

နိယာမများကို ပြည့်ဝစွာအသုံးပြုပြီး ဖန်ဆင်းထားလေသည်။

နော်ကဆုံးတွင်တော့ နိယာမတရားများသည် စန့်ချင်တာအို

ဆရာသခင်၏ ပုံရိပ်ယောင်ဆီသို့ အတူတကွ စုစည်းသွားကြ

လေသည်။

ဆန်းလျန်မှ အသွင်ပြောင်းထားသည့် လိပ်ပြာငယ်သည်

ဗလာနယ်၏ အလယ်တွင် တည်ရှိနေလေသည်။ နိယာမတရား

များသည် လောကတစ်ခုလုံးကို မုန်တိုင်းတစ်ခုအလား ဝင်

ရောက်စီးနင်းသည်ကို ခွင့်ပြုလိုက်လေ သည်။

သို့သော်.... သူကတော့ လှုပ်ရှားမှုကင်းမဲ့စွာဖြင့် ရပ်တန့်နေခဲ့

လေသည်။

သူသည် လိပ်ပြာလေးတစ်ကောင်လည်းဖြစ်သလို မရှိမှုတရား လည်း ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်ပြုလုပ်သမျှကို ယွမ်ကျွင်းကေရီနှင့် ကျင့်စူးသည် မျက်တောင်မခတ်ကြည့်နေကြလေသည်။

လောကနိယာမတရားမှ ဖြစ်တည်လာသည့် မုန်တိုင်းများသည် မိုးကြိုးသံများ ထွက်ပေါ်လာပြီး စန့်ချင်တာအိုဆရာ သခင်၏ပုံရိပ်ဆီသို့ ဝင်ရောက်သွားလေသည်။

စန့်ချင်တာအိုဆရာသခင် ရပ်နေသည့်ဗလာနယ်ထဲတွင် အ ဖျက်စွမ်းအားများ ဖြစ်ပေါ်လာလေသည်။ အသစ်ဖြစ် တည် လာသည့် လောကငယ်သည် အဖျက်တရားများကို လက်ခံယူ လိုက်လေသည်။

ထိုအဖျက်တရားသည် လောကကိုဖျက်စီးသည့် စစ်မှန်သည့် အင်အားစု ဖြစ်လေသည်။ လောကသည် သေးငယ်လှသည့်

နေရာလေးတွင် စတင်မွေးဖွားခဲ့သည့်တိုင် လောကတစ်ခုသာ ဖြစ်ပြီး စိတ်ကူးယဉ်မှုတစ်ခု မဟုတ်ပေ။

မငြိမ်သက်ဖြစ်နေသည့် နိယာမတရားမုန်တိုင်းများသည် အဖျက်စွမ်းအားများကို လက်ခံလိုက်ပြီး စန့်ချင်တာအိုဆရာသခင်ကို မရှိမှုတရားဆီသို့ တွန်းပို့နေလေသည်။

မရပ်မနားဖျက်စီးနေသည့် မုန်တိုင်းကြားတွင် မြင့်မြတ်သည့် နတ်ဘုရားသည် တဖြည်းဖြည်း ပျက်ပြယ်စပြုလာလေ သည်။

ငရဲငယ်တစ်ခုဟုခေါ်ဆိုနိုင်သည့် ထိတ်လန့်ဖွယ်ရာအခြေအနေအောက်တွင် တာအိုဆရာသခင်ကြီး၏ ကြီးမြတ်ခြင်း နှင့် ခမ်းနားထည်ဝါမှုများသည် တဖြည်းဖြည်းဖယ်ရှားခံလိုက်ရလေသည်။

ကျင့်စဉ်လမ်း၏အတွေးအခေါ်များသည် တစ်လွှာပြီတစ်လွှာ တာအိုဆရာသခင်ကြီး၏ ခန္ဓာကိုယ်ပေါ်တွင် ပျံ့နှံ့နေ လေသည်။

ကျင့်စူးသည် အခြေအနေတစ်ခုလုံးကို တုန်လှုပ်ခြောက်ခြားသည့် မျက်နှာထားဖြင့် ကြည့်နေလေသည်။

ဤကိစ္စများဖြစ်သွားပြီးသည့်နောက်တွင် သူမနေထိုင်ရာ အသူရာချောက်မြောက်ပိုင်းတွင် အံ့သြထိတ်လန့်စရာ ကောင်းသည့် အပြောင်းအလဲတစ်ခုနှင့် ဖြစ်လာတော့မည်ကို သူမ ကျိန်းသေသိလိုက်ရလေသည်။

သူမအတွက် "ဖိန်နတ်မိစ္ဆာဘုရင်" နှင့် အဆင့်အတန်းတူညီနိုင်သည့် မျှော်လင့်ချက်ကို ရရှိလိုက်လေသည်။ ထို့ပြင် ကြီးမြတ်သည့် နတ်မိစ္ဆာဘုရင် (၇)ပါးထက် သာလွန်သည့်အဆင့်ကို သူမ ရောက်ရှိနိုင်လေသည်။

အဘယ်ကြောင့်ဆိုသော်... "ဖိန်နတ်မိစ္ဆာဘုရင်" ကိုင်တိုင်သည်ပင် တာအိုဆရာသခင်ကြီး၏ တန်ခိုးစွမ်းအားများကို မြင်တွေ့ရန် အခွင့်အရေးမရရှိခဲ့သောကြောင့် ဖြစ်လေသည်။

ဆရာဘိုးဘိုးကြီးခွန်ဖိန်သည် အလွန်မှ တန်ခိုးစွမ်းအားမြင့်မား ပါသည်။ များပြားလှစွာသည့် တာအိုဆရာသခင်ကြီး များနှင့် လည်း ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်သူ ဖြစ်ပါသည်။ သို့သော်... ဆရာဘိုးဘိုးကြီးသည် တာအိုဆရာသခင်ကြီး တစ်ပါးတော့ မဟုတ်ခဲ့ပေ။

ယွမ်ကျွင်းကေရီ၏ စိတ်များသည်လှိုင်းထလျှက်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ဆရာ ယခုကဲ့သို့ ထိပ်တန်း အဆင့်တန်ခိုးပြသည်ကို တစ်ခါမှ မတွေ့မြင်ဖူးသော ကြောင့် ဖြစ်လေသည်။ စန့်ချင်တာအိုဆရာသခင် တန်ခိုးပြနေခြင်း သည် အလွန်မှ နက်နဲလွန်းလေသည်။

သို့သော် ထိုအဓိပ္ပါယ်ကို သာမန်လူသားများသည်လည်း နားလည်နိုင်လေသည်။ သာမန်လူသားများသာ လင်ပေါင်ထျ န်းကျွင်း ထိုသို့တန်ခိုးပြခြင်းကို မြင်တွေ့ရပါက ချက်ချင်းပင် နတ်ဘုရားတစ်ပါး ဖြစ်သွားနိုင်လေသည်။

သို့သော် စန့်ချင်တာအိုဆရာသခင် လက်ရှိပြသနေသည့် တန်ခိုးစွမ်းအားများသည် မိုးမြေ၏နက်ရှိုင်းသည့် သဘောတရားမဟုတ်သေးပါ။ လောကအသစ်တစ်ခုကို ဖန်ဆင်းပြပြီး ထာဝရဖြစ်သည့် စစ်မှန်သည့် "ငါ" ကို ပြသ နေခြင်းပင်ဖြစ်လေသည်။

ဤအချက်သည် ဆန်းလျန်ကို သတိပေးနေခြင်း ဖြစ်လေသည်။

အသူရာချောက်ဖြစ်ပါစေ ၊ ကမ္ဘာမြေဖြစ်ပါစေ ၊ စကြာဝဠာထဲမှ နဂါးငွေ့တန်းဖြစ်ပါစေ ၊ မိုးနှင့်မြေဖြစ်ပါစေ... ထိုအရာများအားလုံးသည် မတည်မြဲနိုင်ဆိုသည့် အချက်ကို ပြသနေခြင်းဖြစ်လေသည်။

နောက်ဆုံးတွင်တော့ အရာအားလုံးကို ကျော်လွန်နိုင်သည့် "ငါ" ဆိုသည့်အရာသာလျှင် ကျန်ရစ်ခဲ့လေသည်။ ထိုသို့ "ငါ" ဆိုသည့်အရာကျန်ရစ်ခဲ့သူ မည်သူမဆို တာအိုဆရာသခင်ကြီး

ဖြစ်လာလိမ့်မည် ဖြစ်လေသည်။ တာအိုဆရာသခင်ကြီး
တစ်ပါးသည်ကား အရာအားလုံးဖြစ်လေသည်။
အရာအားလုံးသည် ပျက်စီးပျောက်ဆုံးရမည်ဖြစ်ပြီး အားလုံး
သောအရာများသည် မရှိမှုသို့ ပြောင်းလဲသွားရမည် ဖြစ်လေ
သည်။ သို့သော်... တာအိုဆရာသခင်ကြီးတစ်ပါးကတော့ ထို
အရာများအားလုံးကို ရင်ဆိုင်နိုင်လေသည်။
ထို့ကြောင့် တာအိုဆရာသခင်ကြီး၏ပုံသဏ္ဍာန်သည် ဆန်းလျန်
နှင့်တူနေခြင်း သို့မဟုတ် အခြားသူများနှင့် တူနေခြင်း ဖြစ်ပါ
က ထူးဆန်းစရာ မရှိပါ။
ဆန်းလျန်က တာအိုဆရာသခင်ကြီးသည် ဤလောကသို့
ရောက်လာနိုင်ရန်အတွက် သူ့ကိုအသုံးပြုသည်ဟု တွေးထင်ခဲ့
မိလေသည်။ သို့သော် ထိုအတွေးများသည် မည်မျှ အဓိပ္ပါယ်မဲ့
လိုက်ပါသနည်း။

အတန်ကြာသည့်အခါတွင်တော့ အဖျက်တရားစွမ်းအား

များသည် တဖြည်းဖြည်းငြိမ်သက်သွားလေသည်။

စန့်ချင်တာအိုဆရာသခင်ကိုတော့ အရိပ်အယောင်မျှပင် မမြင်

ရတော့ဘဲ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

အပြာရောင်ခရီးရှည်နန်းတော်၏ခန်းမဆောင်သို့သွားရာ

လှေကားထစ်များသည်လည်း ယခင်အတိုင်း ပုံမှန်ပြန်ဖြစ်

သွားပြီဖြစ်လေသည်။ မည်သည့်အရာမှ ဖြစ်ပျက်ခဲ့ခြင်း မရှိ

သည့်အလား ပုံမှန်အတိုင်း အခြေအနေဖြစ်နေခဲ့လေပြီ။

လှည့်ပတ်နေသည့် ဒြပ်စင် (၄)မျိုး ၊ အသစ်ဖြစ်တည်လာသည့်

မိုးနှင့်မြေလောကအသစ်တစ်ခု ၊ ကြောက်မက်ဖွယ်ရာ အဖျက်

တရားနိယာမများ ၊ အရာအားလုံးသည်သဲလွန်စ တစ်ခုပင် မ

ကျန်အောင် ပျောက်ကွယ် သွားခဲ့ပြီ ဖြစ်လေသည်။

လိပ်ပြာလေးသည် အပြာရောင်ခရီးရှည်နန်းတော်အတွင်းသို့ ပျံသန်းဝင်ရောက်လာပြီး ကွေ့လိ၏ ပခုံးထက်တွင် နားလိုက်လေသည်။

ကွေ့လိ၏ မိစ္ဆာခန္ဓာအတွင်းသို့ နွေးထွေးသည့် အပူစီးကြောင်းတစ်ခု စီးဆင်းဝင်ရောက်သွားသည်ကို ခံစားလိုက်ရပြီး သူမသည် လှုပ်ရှား၍ရလာလေသည်။

ယွမ်ကျွင်းဧကရီသည်လည်း ထိုအချက်ကို သတိပြုလိုက်မိပြီး လိပ်ပြာလေးကို စိတ်ရှုတ်ထွေးစွာဖြင့် တစ်ချက် လှမ်းကြည့်လိုက်လေသည်။ လိပ်ပြာလေး တောင်ပံခတ်လိုက်သည်နှင့် မရပ်တန့်နိုင်သည့် မုန်တိုင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

ကွေ့လိသည် ချက်ချင်းပင် နားလည်သဘောပေါက်သွားပြီး ပြုံးလိုက်လေသည်။

ယွမ်ကျွင်းဧကရီက အေးစက်သည့်လေသံဖြင့်...

"အံ့ဩစရာကိစ္စတစ်ခုဖြစ်လာမယ်လို့ ငါ မထင်ခဲ့မိဘူး"

လိပ်ပြာလေးသည် ကွေလိ၏ ပခုံးထက်မှ ပြုတ်ကျသွားပြီး ဆန်းလျန်၏ပုံသဏ္ဍာန်အဖြစ် လျှင်မြန်စွာ ပြောင်းလဲ သွားလေသည်။

သူက....

"ဘာမှ အံ့ဩစရာမရှိပါဘူး ၊ ဒါတွေအားလုံးက စန့်ချင်တာအို ဆရာသခင်က သင်ပြပေးတဲ့ သင်ခန်းစာတွေပါ ၊ စန့်ချင်တာအို ဆရာသခင်ရဲ့မျက်နှာကိုထောက်ပြီးတော့ မင်းကို မသတ်တော့ဘူး ၊ မင်းကို အပြာရောင်ခရီးရှည် နန်းတော်က အသက်ရှင်လျက် ထွက်ခွာသွားခွင့်ပြုမယ် ၊ တခြားမှာ နေစရာနေရာတစ်ခု သွားရှာပါ"

ယွမ်ကျွင်းဧကရီက...

"ဘာကိစ္စငါကထွက်သွားရမှာလဲ ၊ တကယ်ထွက်သွားရမယ့်သူက မင်းပဲလေ..."

ဆန်းလျန်က...

"မင်း အပြာရောင်ခရီးရှည်နန်းတော်မှာ နေလာတာ နှစ်ပေါင်း ရာနဲ့ ထောင်နဲ့ ချီနေပြီ ၊ စန့်ချင်တာအိုဆရာသခင်က မင်းကို ဘယ်နှစ်ခါများ ကိုယ်ထင်ပြဖူးလို့လဲ ၊ ကျုပ်ကတော့ မတူဘူး ၊ ကျုပ်ရောက်လာတာနဲ့ စောစောကပဲ ဘာတွေဖြစ်ခဲ့လဲဆိုတာ မင်းလည်း မြင်တာပဲ ၊ အပြာရောင်ခရီးရှည်နန်းတော်ရဲ့ ပိုင်ရှင် အသစ်က ဘယ်သူလဲဆိုတာ မင်းနားမလည်သေးဘူးလား"

ဆန်းလျန်သည် ထိုမျှ အစွမ်းထက်လိမ့်မည်ဟု ယွမ်ကျွင်း ဧကရီသည် တစ်ခါမှ မတွေးခဲ့ဖူးပေ။ သူမသည် ဒေါသတရား များဖြင့် လောင်ကျွမ်းလာလေတော့သည်။

စန့်ချင်တာအိုဆရာသခင်သည် ဆန်းလျန်ကို "စိတ်ပျက် အားလျော့ခြင်း" အကြောင်း သင်ခန်းစာတစ်ခု သင်ပြပေးခဲ့ သည်ကို သူမ မသိရှိခဲ့ပါ။ အနက်ရှိုင်းဆုံးအဆင့်ထိ စိတ်ပျက် အားလျော့ခဲ့ရခြင်းကို ခံစားပြီးသည့်နောက် ဆန်းလျန်သည် အရာရာကို ပိုပြီး အကောင်းမြင်တတ်လာလေသည်။

လောကတွင် ကြောက်မက်ဖွယ်ရာအကောင်းဆုံးအရာကို ရင်ဆိုင်ခဲ့ရပြီးသည့်နောက် သူ့နေဖြင့် သူ့ကိုယ်သူ ထိန်းချုပ်ထားရန် မသင့်တော့ပြီ။ သူလုပ်သည့်အလုပ်တိုင်း ၊ သူမလုပ်သည့်အလုပ်တိုင်းသည် သူ၏နှလုံးသား အနက်ရှိုင်းဆုံးနေရာမှ တိုက်ရိုက် ဖြစ်တည်လာသည့် အရာများ ဖြစ်လေသည်။ စန့်ချင်တာအိုဆရာသခင်သည် သူ့ကို ပြန်လည်မွေးဖွားစေခဲ့ပြီးသည့်နောက် သူ့အနေဖြင့် အလွန်အကျွံသံသယဝင် နေစရာလည်း မလိုတော့ပေ။ သူသည် အရာအားလုံးကို လက်ခံရမည်ဖြစ်လေသည်။ ထို့ပြင် တာအိုဆရာသခင်ကြီး ကိုရင်ဆိုင်ခဲ့ရပြီးသည့်နောက် အခြားသောကြောက်မက်ဖွယ်ရာမှန်သမျှသည် သူ့အတွက် ရယ်စရာဟာသသဖွယ်ဖြစ် သွားခဲ့လေသည်။ ယွမ်ကျွင်းကေရီကတော့ ဆန်းလျန်၏ အတွေးများကို နားလည်နိုင်ခြင်း မရှိပါ။

သူမက အလွန်အမင်းဒေါသထွက်စွာဖြင့် ဟားတိုက် ရယ်မောလိုက်လေသည်။

"မင်းရဲ့နတ်ဘုရားခန္ဓာက သိပ်မခံတော့ပါဘူး၊ ပြီးတော့ မင်းမှာ တန်ခိုးလည်း မရှိတော့ဘူး၊ မင်းက ငါနဲ့ တိုက်ခိုက်ပြီး ဘာလုပ်ဦးမှာလဲ"

ဆန်းလျန်က ခေါင်းညိတ်လိုက်လေသည်။

"မင်းပြောတာမှန်ပါတယ်၊ စောစောက အဖြစ်အပျက်ကိုသာ ရင်မဆိုင်ခဲ့ရရင် ကျုပ်မင်းကို တိုက်ခိုက်နိုင်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် မင်းက အမှောင်ဖုံးနေတဲ့အတွက် ထိုက်စန်းတောင်ကြီးတစ်ခုလုံးကိုတောင် မမြင်နိုင်တော့ တဲ့သူပဲ၊ မင်းက အစစ်အမှန်ကို မမြင်နိုင်တော့ဘူး၊ ခုနပဲ စန့်ချင်တာအိုဆရာသခင် လုပ်ခဲ့တဲ့လုပ်ရပ်ကို တန်ခိုးပြတယ်ဆိုတာလောက်ပဲ မင်းက တွေးနေတာလား၊ ထိပ်တန်းအဆင့် တာအိုလမ်းကို

လှျောက်လှမ်းနိုင်ဖို့ အဓိကအချက်ကဘာလဲဆိုတာကို မင်းက

လုံး၀ လျစ်လျူရှုထားခဲ့တာလား"

ထို့နောက် အပြာရောင်ခရီးရှည်နန်းတော်အတွင်းသို့ဝင်လာ

သည့် ကျင့်စူးနှင့် သူ့အနားတွင်ရပ်နေသည့် ကွေလိတို့ကို ဆန်း

လျန်က တစ်ချက်ပြုံးပြလိုက်ပြီး...

"နတ်သမီးလေးတို့ရေ... ကျုပ်ကို တန်ခိုးလေးနည်းနည်း

လောက် ပေးကြပါလားဗျာ..."

အခန်း (၆၇၁) အပြာရောင်ခရီးရှည်နန်းတော်မှတိုက်ပွဲကြီး

ကွေလိက ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်ပြီး ကျင့်စူး ကတော့ အနည်းငယ်တုံ့ဆိုင်းနေပြီးမှ ခေါင်းညိတ်ပြလိုက်လေသည်။

ချက်ချင်းပင် သူတို့၏ ခန္ဓာကိုယ်ထဲတွင် မယုံကြည်နိုင်လောက်သည့်ပြောင်းလဲမှုများကို ခံစားလိုက်ရလေသည်။

ဆန်းလျန်၏ ဝိညာဉ်သည် ပုံသဏ္ဍာန်ပြောင်းလဲသွားပြီး အံ့သြစရာကောင်းသည့် တန်ခိုးစွမ်းအားတစ်ခုကို ထုတ်လွှတ် လိုက်လေသည်။ ဆန်းလျန် တန်ခိုးစွမ်းအားအမြင့်မားဆုံးအချိန်ကထက်ပင် တန်ခိုးစွမ်းအားများက ပိုပြီး အားကောင်း နေသေးသည်။

ထို့နောက်… လေပြင်းတစ်ချက်တိုက်ခတ်သွားပြီး ကွေလိနှင့် ကျင့်စူး (၂)ယောက်လုံးသည် အပြာရောင်ခရီးရှည် နန်းတော်အပြင်ဘက်သို့ ရောက်ရှိသွားကြလေသည်။

ခန်းမဆောင်ထဲတွင် ယွမ်ကျွင်းဧကရီနှင့် ဆန်းလျန်သာလျှင်

ကျန်ရစ်ခဲ့ကြလေသည်။

ယွင်ကျွင်းဧကရီက...

"မင်းက တန်ခိုးစွမ်းအားလှည့်ဖြားမှုပညာကို သုံးမလို့လား"

သေမျိုးလောကမှ ကျင့်ကြံသူများတွင် နတ်ဘုရားများ၏

တန်ခိုးစွမ်းအားကို ရယူသုံးစွဲရန် ပင့်ဖိတ်သည့် နည်းပညာ

အမျိုးမျိုးရှိလေသည်။

သို့သော် ... အကန့်အသတ်တော့ရှိလေသည်။

ဆန်းလျန်သည် နတ်သမီး (၂)ပါးထံမှ ခွင့်ပြုချက်ဖြင့် သူတို့၏

တန်ခိုးစွမ်းအားများကို ရယူလိုက်လေသည်။ ထို့ကြောင့် အချိန်

တိုတိုအတွင်းမှာပင် တန်ခိုးစွမ်းအားများ မြင့်မားလာလေ

သည်။ တန်ခိုးစွမ်းအားလှည့်ဖြားမှုပညာကို မယုံကြည်နိုင်

လောက်အောင် အသုံးပြုနိုင်ခဲ့လေသည်။

ယွမ်ကျွင်းဧကရီသည် စိတ်ရှုတ်ထွေးနေခဲ့လေသည်။

စန့်ချင်တာအိုဆရာသခင် သင်ပြပေးခဲ့ပြီးသည့်နောက်ပိုင်း ဆန်းလျန်သည် သူ၏ရုပ်ခန္ဓာအတွင်းသို့ မိုး ၊ မြေ နှင့် သက်ရှိသတ္တဝါအားလုံး၏ စွမ်းအားများ စုပ်ယူနိုင်သည်ကို ရှင်းလင်းစွာ နားလည်သွားခဲ့ရလေသည်။

အမှန်တော့ မိုး ၊ မြေနှင့် အရာအားလုံးသည် ဆန်းလျန်၏ ခန္ဓာကိုယ်ထဲတွင် ဖုံးကွယ်ထားခြင်း ဖြစ်လေသည်။ ဤသည်မှာ မှန်ကန်သည့် ထိပ်တန်းတာအိုလမ်းစဉ်တစ်ခုလည်း ဖြစ်လေသည်။

မိုးမြေသန္ဓေမျိုးစေ့မှ ကိုယ်ပိုင်လောကသစ်တစ်ခုဖန်ဆင်းရန် ယခင်က ကျင့်ကြံခဲ့သည့်အရာနှင့် အနည်းငယ် ကွဲပြားသော်လည်း နည်းလမ်း (၂)ခုလုံးသည် အတူတူပင်ဖြစ်လေသည်။ လုကျိုးယွမ်သည် ဤတာအိုလမ်းစဉ်ကို နားလည်သူတစ်ယောက်ဟု ဆိုနိုင်လေသည်။

သို့သော်... သူသည် ချင်းရှမ်တည်ရှိရာ လောကတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေခဲ့ခြင်းကြောင့် သူ၏ အလားအလာသည် ဟောင်းနွမ်းဆွေးမြေ့သွားပြီး မှားယွင်းသည့်လမ်းကို လိုက်မိ သည်ဟု ဆိုနိုင်လေသည်။

ကွေ့လိနှင့် ကျင့်စူးတို့သည်လည်း လောကတွင်နေထိုင်သည့် သက်ရှိသတ္တဝါများပင် ဖြစ်ကြလေသည်။

သူတို့ (၂)ယောက်၏ ခွင့်ပြုချက်ဖြင့် ဆန်းလျန်သည် တန်ခိုးစွမ်းအားလှည့်ဖြားခြင်းပညာကို အသုံးပြုခဲ့ခြင်းဖြစ်သည့် အတွက်ယုတ္တိကျသည်ဟု ဆိုနိုင်ပါသည်။

ဆန်းလျန်က...

"မင်း အခုထွက်သွားမယ်ဆိုရင် အသက်ချမ်းသာပေးမယ်"

ယွမ်ကျွင်းကေရီမှာ အကြီးအကျယ် ဒေါသထွက်နေပြီ ဖြစ်လေသည်။ သူမသည် နှစ်ပေါင်းများစွာကြာအောင် ဂုဏ်သတင်း

ကျော်ကြားခဲ့သူတစ်ယောက်ဖြစ်ပြီး မည်သူမှ သူမကို

ယခုကဲ့သို့ မထီမဲ့မြင်မပြုရဲကြပေ။

သူမ ထိပ်ဆုံးအဆင့်အောင်မြင်နေခဲ့သည့်အချိန်တွင်

အသိပညာနတ်ဘုရားဝန်စူး ၊ ဖူရှန်မယ်တော်နှင့် တာအိုဆရာ

ချီဟာန်တို့ (၃)ယောက်ပေါင်းပြီး တိုက်ခိုက်သည်ကိုပင် ခုခံနိုင်ခဲ့

သူ ဖြစ်လေသည်။

ယခုအချိန်တွင် သူမသည် အစွယ်ကျိုးသည့်ကျားတစ်ကောင်

ဖြစ်နေဦးတော့ ဆန်းလျန်ကဲ့သို့သော သူ့ထက်ငယ် သည့်

ကောင်စုတ်လေးတစ်ယောက်၏ အနိုင်ယူခြင်းကိုတော့ ငြိမ်ခံ

နေမည် မဟုတ်ပေ။

သူမ၏ နတ်ဘုရားခန္ဓာကို ထုတ်ဖော်လိုက်သည်နှင့် မရေမ

တွက်နိုင်သော ကြယ်စင်အလင်းတန်းများ တောက်ပလာ လေ

သည်။ သူမသည် စကြာဝဠာ၏ကောင်းချီးကိုခံစားခဲ့ရပြီး

ကြယ်စင်များ၏စွမ်းအားကို အသုံးပြုနိုင်သူတစ်ယောက် ဖြစ်လေသည်။

ထိုကြယ်စင်များသည်ကား ကျယ်ကျောက်အမိန့်တော်ဂိုဏ်းမှ ပျက်စီးသွားသည့် နတ်ဘုရားများ၏ ဝိညာဉ်များဖြစ်ကြလေသည်။ ထိုဝိညာဉ်များသည် အသူရာချောက်၏ ကြယ်စင်များဖြစ်ကြလေသည်။ သူမသည် တန်ခိုးစွမ်းအားကို မြှင့်တင်ရန် အတွက် ကြယ်စင်စွမ်းအားများကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်… ယွမ်ကျွင်းကေရီ၏ပတ်ဝန်းကျင်မှ နတ်ဘုရားတေးသွားများ ထွက်ပေါ်လာလေသည်။ ဟွမ်ထင်ကျမ်းစာကိုရွတ်ဖတ်သည့် တေးသွားများ ဖြစ်လေသည်။

ထိုအခါ အပြာရောင်ခရီးရှည်နန်းတော်တစ်ခုလုံး တွင် အသက်ဓာတ်စွမ်းအားများဖြင့် ပြည့်လာလေသည်။

ယွမ်ကျွင်းကေရီ၏ မျက်ဝန်းများသည် သတ်ဖြတ်လိုသည့် အငွေ့အသက်များဖြင့် တောက်ပနေလေသည်။

သူမက လက်နှစ်ချောင်းကို ထိုးညွှန်လိုက်သည့်အခါ အင်းသင်္ကေတတစ်ခုပေါ်လာပြီး ရေများစီးဆင်းလာလေသည်။

ရေများသည်တောက်ပနေပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များဖြင့် ပြည့်နက်နေကာ ဆန်းလျန်ရှိရာသို့ မုန်တိုင်း တစ်ခုအလား ဝင်ရောက်လာကြလေတော့သည်။

အပြာရောင်ခရီးရှည်နန်းတော်တစ်ခုလုံးသည် ရေလှိုင်းများကြောက် တုန်လှုပ်နေသည့်တိုင် တာအိုစွမ်းအားများကို ခံနိုင်ရည်ရှိလေသည်။ ထိုကဲ့သို့သော တာအိုနန်းတော်မျိုးသာလျှင် နတ်ဘုရား (၂)ပါး၏ ကြောက်မက်ဖွယ်ရာ တိုက်ပွဲကို ခံနိုင်မည်ဖြစ်လေသည်။

ဆန်းလျန်သည် ရှေးဟောင်းနတ်ဘုရားတစ်ပါးဖြင့် ပထမဆုံးတိုက်ခိုက်ဖူးခြင်း ဖြစ်လေသည်။

လက်ရှိအချိန်တွင် ယွမ်ကျွင်းဧကေရီသည် အနည်းငယ် တန်ခိုး စွမ်းအား ကျဆင်းနေသည့်တိုင် ကြောက်မက်ဖွယ်ရာ ကောင်း နေဆဲ ဖြစ်လေသည်။

ဆန်းလျန်သည် သူမ၏ ရေလှိုင်းများကို ဓားဝိညာဉ်တစ်ခု အသုံးပြုကာ ခုခံကာကွယ်လိုက်လေသည်။ ဓားဝိညာဉ် သည် နေရာအနှံ့သို့ ပျံ့နှံ့သွားလေသည်။

ဓားဝိညာဉ်အောက်တွင် ရေလှိုင်းများသည် တစ်စစီပြိုကွဲသွား ရလေသည်။

စွမ်းအားမြင့်မားလွန်းသည့်ဓားဝိညာဉ်သည် အရာအားလုံးကို ဖျက်စီးပစ်တော့မည့်အလား ထင်မှတ်ရလေသည်။ ဓားဝိညာဉ် သည် ရေလှိုင်းလုံးများတစ်လျှောက် ဖြတ်သန်းသွားပြီး ယွင် ကျွင်းဧကေရီ၏ နတ်ဘုရားခန္ဓာကို ထိုးစိုက်ချ လိုက်လေသည်။

ဓားဝိညာဉ်ချဉ်းကပ်လာသည်နှင့် ယွမ်ကျွင်းဧကေရီသည် ကျောက်သားအသွင်သို့ ကူးပြောင်းလိုက်လေသည်။ အတိတ်

တစ်ချိန်တုန်းက ထို့ထက်ပိုပြီး ခမ်းနားသည့်တိုက်ကွက်များကို သူမရင်ဆိုင်ခဲ့ဖူးသည်ဖြစ်၍ ထိတ်လန့်ခြင်း မဖြစ်မိပေ။ သူမက အင်္ကျီလက်တစ်ဖက်ဖြင့် ဓားဝိညာဉ်ကို ရိုက်ထုတ်လိုက်လေသည်။ မိုးခြိမ်းသံများသည် လေထုကိုထိုးခွင်း ကာ ထွက်ပေါ်လာလေသည်။

ကျင့်စူးသည် မထိန်းနိုင်တော့ဘဲ မေးလိုက်လေသည်။

"ညီမလေးကွေလိ ၊ အဲဒီမိစ္ဆာမကြီးက ရှူးများနေလား မသိဘူး"

ကွေလိက နူးညံ့သိမ်မွေ့သည့်လေသံဖြင့်....

"ကျယ်ကျောက်အမိန့်တော်ဂိုဏ်းရဲ့တပည့်တွေအားလုံးထဲမှာ ကျင်းလင်စန်းမုက ထူးခြားတဲ့ တန်ခိုးစွမ်းအားတွေကို ပိုင်ဆိုင်ထားတဲ့သူပဲ ၊ တန်ခိုးစွမ်းအားလည်း အရမ်းမြင့်မားတယ် ၊ သူက အရင်တုန်းက ရှေးဟောင်းနတ်မိစ္ဆာတွေထဲ မှာအတော်ဆုံးဖြစ်တဲ့ ကွေလင်စန်းမုထက်တောင် သာသေးတယ် ၊ ကျင်းလင်စန်းမုရဲ့ မူလတာအိုခန္ဓာဟာ တာအို ဆရာရန်တိန့်ရဲ့

ပင်လယ်ပုလဲကြောင့်သာ မပျက်စီးခဲ့ရင် ဆန်းလျန်

ဘယ်လောက်ပဲတန်ခိုးကြီးကြီး အပြာရောင်ခရီး ရှည်နန်းတော်

ကနေ အသက်ရှင်လျက် ထွက်သွားနိုင်မှာ မဟုတ်ဘူး"

ကျင့်စူးက....

"ညီမလေးပြောတာတွေအကုန်လုံး ငါသိပါတယ်၊ ဒါပေမယ့်

သူ့မှာကျန်နေတဲ့စွမ်းအားက အဲဒီလောက်ကြောက်စရာ ကောင်း

မယ်လို့ ထင်မထားမိဘူး၊ သူ အထွတ်ထိပ်အဆင့် အောင်မြင်ခဲ့

တုန်းကဆိုရင် ဘယ်လောက်တောင် ကြောက်စရာကောင်း

လိုက်မလဲနော်"

ကွေလိက...

“သူ အထွတ်ထိပ်အဆင့်ကို ဘယ်တော့မှ ပြန်မရောက်နိုင်တော့

ပါဘူး၊ အဲဒီတော့ ငါတို့လည်း မတွေ့ရတော့ဘူးပေါ့”

ကျင့်စူးက ကွေလိ၏လက်လေးများကို ဆုပ်ကိုင်လိုက်ရင်း

တစ်ချက်ပြုံးလိုက်လေသည်။

"ဒါနဲ့… ညီမလေးက အဲဒီကောင်လေးအပေါ် အရမ်းယုံကြည်တယ်နော်"

သူတို့ (၂)ယောက် စကားပြောနေကြစဉ်မှာပင် ဆန်းလျန်နှင့် ယွမ်ကျွင်းဧကရီသည် အကြိမ်ပေါင်းများစွာတိုက်ခိုက် ပြီးခဲ့ပြီဖြစ်လေသည်။ အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် မုန်တိုင်းထန်နေပြီး ဓားဝိညာဉ်တစ်ခုကလည်း လင်းလက်တောက်ပနေလေသည်။

ယွမ်ကျွင်းဧကရီသည် တည်ငြိမ်စွာဖြင့် ဆန်းလျန်ကို အဆက်မပြတ်တိုက်ခိုက်နေလေသည်။ သူမတိုက်ခိုက်သည့် တန်ခိုးစွမ်းအားမျိုးကို ဆန်းလျန်၏ဘဝတွင် တစ်ခါမှ မြင်တွေ့ခဲ့ဖူးခြင်း မရှိပေ။

သူမသည် ရှေးဟောင်းနတ်ဘုရား တစ်ပါး၏ ကြီးမြတ်သည့် တန်ခိုးစွမ်းအားများကို ထုတ်ဖော်ပြသလျှက်ရှိလေသည်။

ဆန်းလျန်ကလည်း သူမ၏တိုက်ခိုက်မှုများကို အဆက်မပြတ် ခုခံနေခဲ့ပါသည်။ ဓားဝိညာဉ်ဖြင့် တစ်ချက်တိုက်ခိုက် လိုက် တိုင်း တန်ခိုးစွမ်းအားပေါက်ကွဲမှုတစ်ခုက ဖြစ်ပေါ်လာစမြဲဖြစ် လေသည်။ ထို့ကြောင့် ဆန်းလျန်သည် ယွမ်ကျွင်းဇကေရီ၏ တိုက်ခိုက်မှုများကို ခုခံကာကွယ်နိုင်သည်သာမက အသာစီးပင် ရလျှက် ရှိလေသည်။

သို့သော်… တစ်ဖက်မှ ပြတ်ပြတ်သားသားရှုံးနိမ့်သွားခြင်း မရှိ သေးသရွေ့ နတ်ဘုရားများ၏တိုက်ပွဲသည် အချိန်တို အတွင်း အဆုံးအဖြတ်ပေးနိုင်မည် မဟုတ်ပေ။ ထိုအရာသည် စကြာဝဠာအရှင်ကြီးနှင့် ဝမ်လင်ကွမ်းတို့ တိုက်ပွဲနှင့် တူညီလေ သည်။ စကြာဝဠာအရှင်ကြီးနှင့် ဝမ်လင်ကွမ်းတို့ ဆယ်ချီအထိ တိုက်ခိုက်ခဲ့ကြသည့်တိုင် အနိုင်အရှုံး ပြတ်ပြတ်သားသား မရှိခဲ့ ပေ။

ရုတ်တရက်…

ဆန်းလျန်၏ဝိညာဉ်သည် မီးတောက်မီးလျံများတောက်လောင်နေသည့် ခွန်ဖိန်တစ်ယောက်အဖြစ်ပြောင်းလဲသွား လေသည်။ ကျင့်စူး၏ တန်ခိုးစွမ်းအားများကို ယူသုံးထားသည့်အတွက် စကြာဝဠာတွင် အကြီးမြတ်ဆုံး နတ်မိစ္ဆာ တစ်ပါး၏ပုံသဏ္ဍာန် အဖြစ် ပြောင်းလဲလိုက်နိုင်ခြင်း ဖြစ်လေသည်။

ခွန်ဖိန်နတ်မိစ္ဆာတစ်ပါး၏ လျှင်မြန်မှုသည် လောက တွင် ပြိုင်ဘက်ကင်းလေသည်။ ခွန်ဖိန်များ၏လျှင်မြန်မှုကို ယှဉ်နိုင်သူ သိပ်မရှိလှပေ။

ဆန်းလျန်သည် အတောင်များကို တစ်ဖျတ်ဖျတ်ခတ်လိုက်ပြီး မယုံကြည်နိုင်လောက်အောင် လျှင်မြန်သည့်အရှိန်ဖြင့် ယွမ်ကျွ င်းကေရီရှိရာသို့ ဓားဝိညာဉ်ဖြင့် ထိုးစိုက်ချလိုက်လေသည်။

ယွမ်ကျွင်းကေရီသည် အနည်းငယ်ထိတ်ထိတ် ပြာပြာဖြစ်သွားပြီး ဆန်းလျန်၏ ဓားချက်ကို ပွတ်ကာသီကာဖြင့် ရှောင်တိမ်းလိုက်ရလေသည်။

လေထဲတွင် ဆံပင်များလွင့်သွားပြီး အောက်သို့ ပြုတ်ကျသွားရ လေသည်။ သူမ၏ ချောမောလှပသည့် မျက်နှာထက် တွင် သေးငယ်သည့် ဓားခြစ်ရာတစ်ခု ထင်သွားလေသည်။ ထိုဓား ခြစ်ရာမှ သွေးအနည်းငယ်ပင် ထွက်နေလေသည်။

သူမ၏ ပြိုင်ဘက်မရှိ လှပသည့်မျက်နှာသည် ချက်ချင်းပင် ဒေါသကြောင့် သွေးရောင်လွှမ်းသွားလေသည်။ သူမ ဒေါသ ချောင်းချောင်းထွက်နေခဲ့လေသည်။

ကျင့်စူးက…

“မကောင်းတော့ဘူး ၊ မိစ္ဆာမကြီးဒေါသထွက်နေပြီ…”

ကွေ့လိကတော့ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အပြာရောင်ခရီး ရှည်နန်းတော်ထဲမှ အခြေအနေကို စူးစိုက်ကြည့်နေလေ သည်။ သူမသည်လည်း အမှတ်မထင် ကျင့်စူး၏လက်ကို တင်းကြပ်စွာ စုပ်ကိုင်ထားလိုက်မိလေသည်။

မြင့်မြတ်သည့်နတ်မိစ္ဆာမျိုးရိုးမှ ဆင်းသက်လာကြသည့် မိန်းမပျိုလေး (၂)ယောက်သည် တိုက်ပွဲကို ကြည့်နေရုံသာ တတ်နိုင်ကြလေသည်။ သူတို့အနေဖြင့် အခြေအနေကို ပြောင်းလဲပစ်နိုင်စွမ်း မရှိကြပေ။

ယွမ်ကျွင်းကေရီထံမှ ဂါထာရွတ်သံတစ်ချက် ကြည်ကြည်လင်လင်ထွက်ပေါ်လာလေသည်။

ထိုဂါထာသည် စကြာဝဠာရှိကြယ်အစုအဝေးများနှင့် ပေါင်းစပ်သွားပြီး သူမ၏ တာအိုခန္ဓာတွင် ဝန်းရံနေလေသည်။ မရေမတွက်နိုင်သည့် ကြယ်စင်များထွက‌ပေါ်လာပြီး မမြင်ရသည့်တန်ခိုးစွမ်းအားများအဖြစ် ပြောင်းလဲသွားပြီး ကြယ်စင်တံတိုင်းကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

ဆန်းလျန်သည် လောကအလယ်တွင် နှစ်ပေါင်းများစွာလွတ်လပ်စွာနေခဲ့သူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့်

သူ၏ မရဏဓားမှာ ထက်မြက်မှုတွင် ပြိုင်ဘက်ကင်းလေသည်။

ဓားဝိညာဉ်သည် ချက်ချင်းပင် သန်းနှင့်ချီသည့် ဓားများအဖြစ် ပြောင်းလဲသွားပြီး ကြယ်စင်တံတိုင်းကြီးကို ခုတ်ဖြတ်တိုက်ခိုက်လိုက်လေသည်။ ကြယ်စင်တံတိုင်းကြီးသည် ဆန်းလျန်၏ မရဏဓားကို ရေရှည် ခုခံကာကွယ် နိုင်ခြင်း မရှိခဲ့ပါ။

လေပူပေါင်းတစ်လုံးအလား ပေါက်ကွဲ ထွက်သွားလေသည်။

ကြယ်စင်တံတိုင်းသည် များစွာ အထောက်အကူမပေးနိုင်သော်လည်း တိုက်ပွဲကိုတော့ အနည်းငယ် နှောင့်နှေးသွားအောင်စွမ်းဆောင်နိုင်လေသည်။

ကြယ်စင်တံတိုင်းပျက်စီးသွားသည်နှင့် ယွမ်ကျွင်းကေရီသည် ဖန်သားအလားကြည်လင်သည့် လက်သီးချက်တစ်ချက်ဖြင့် ဆန်းလျန်ကို ထိုးချလိုက်လေသည်။

ထိုလက်သီးချက်သည် သူမ နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သည့် သဘောဝလွန်စွမ်းအားတစ်ခုဖြစ်ပြီး "ကေရီလက်သီး" ဟု ခေါ်လေသည်။

လက်သီးတစ်ချက်တည်းဖြင့်ပင် အပြာရောင်ခရီးရှည် နန်းတော်ကြီးတစ်ခုလုံး တုန်လှုပ်သွားရ လေသည်။ ထို လက်သီးချက်သည် နေ ၊ လ နှင့် ကြယ်တာရာများကိုပင် ဖုံးလွှမ်းသွားလေသည်။

ထိုလက်သီးချက်သည် အကြင်နာတရားကင်းမဲ့စွာဖြင့် ဆန်းလျန်ရှိရာသို့ ဝင်ရောက်လာလေသည်။

ထိုအခါ... သူတို့ (၂)ယောက်၏ တိုက်ပွဲအနေအထားသည် ချက်ချင်းပြောင်းပြန်ဖြစ်သွားလေသည်။

ဆန်းလျန်သည် ယွမ်ကျွင်းကေရီ၏ လက်သီးချက်ကို အလွန်လျှင်မြန်သည့်အရှိန်ဖြင့် ရှောင်တိမ်းရန် ကြိုးစားလိုက်သည့်တိုင် ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပါ။

သို့သော်... ဆန်းလျန်သည် ထိတ်လန့်သွားခြင်း မရှိပါ။

သူ၏မျက်နှာသည် အေးဆေးတည်ငြိမ်နေဆဲ ဖြစ်လေသည်။

အခန်း (၆၇၂) ဖိနှိပ်ခြင်း

ယွမ်ကျွင်းကေရီသည် ချက်ချင်းပင် ခံစစ်မှ တိုက်စစ်သို့ ပြောင်းသွားလေသည်။

ဆန်းလျန်၏ရှေ့ရှိ လေထုတစ်ခုလုံးသည် ယွမ်ကျွင်းကေရီ၏လက်သီးချက်မှထွက်ပေါ်လာသည့် အဖြူရောင်အလင်း တန်းများနှင့် ပြည့်နေလေသည်။

ပြင်းထန်လွန်းသည့် လက်သီးချက်သည် တန်ခိုးစွမ်းအားမည်
မျှမြင့်မားသည်ကို တွေ့မြင်နိုင်မည် ဖြစ်လေသည်။ သို့သော်
လက်သီးချက်သည် မယုံကြည်နိုင်လောက်အောင်လည်း
တိတ်ဆိတ်ငြိမ်သက်လျှက် ရှိလေသည်။
ယွမ်ကျွင်းကေရီသည် သူမ ထိပ်ဆုံးအဆင့် အောင်မြင်ခဲ့သည့်
အချိန်ကာလသို့ ပြန်ရောက်သွားသလို ခံစားလိုက်ရလေသည်။
သူမသည် တစ်ချိန်တုန်းက ဗောဓိသကျအဆင့်ရှိသည့် နတ်
ဘုရား (၃)ပါးဖြစ်သည့် အသိပညာနတ်ဘုရားဝန်စူး ၊ ဖူရှန်
မယ်တော်နှင့် တာအိုဆရာချီဟန်တို့ကို ရင်ဆိုင်တိုက်ခိုက်ခဲ့
သည့်အချိန်များကို ပြန်တွေးနေခဲ့မိလေသည်။
ဆန်းလျန်၏ တာအိုနှလုံးသားကတော့ တစ်ချက်ပင် တည်ငြိမ်
မှုပျက်ပြားသွားခြင်း မရှိခဲ့ပါ။
ယွမ်ကျွင်းကေရီ၏ လက်သီးချက်သည် အသက်ဓာတ်စွမ်းအာ
များဖြင့် ပြည့်နေလေသည်။

ရုတ်တရက်ပင်...

ဆန်းလျှန်က လက်သီးချက်ကို လက်မတင်ကလေး ခပ်မြန်မြန် ရှောင်တိမ်းလိုက်ကာ အနောက်သို့ ခုန်ဆုတ်လိုက် လေသည်။ ချက်ချင်းပင် သူ၏လက်နှစ်ဖက်ဖြင့် ချိတ်စည်းတစ်ခုကို ပြုလုပ်ပြီး ယွမ်ကျွင်းကေ့ရီ၏ လက်သီးချက်ကို ထိန်းချုပ် ထားလိုက်လေသည်။

အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် အံ့အားသင့်စရာကောင်း လောက်အောင် တန်ခိုးစွမ်းအားများ ပေါက်ကွဲထွက် သွားလေ သည်။ ခန်းမဆောင်ထဲတွင် အဖြူရောင်အလင်းတန်းများ လင်းလက်တောက်ပနေလေသည်။

ယခုကဲ့သို့တိုက်ပွဲမျိုး ပြင်ပလောကတွင်သာ ဖြစ်ပျက်ခဲ့ပါက သစ်ပင်ပန်းမန်နှင့် အဆောက်အဦးများ ကျိုးပွဲပျက်စီး ကုန် မည် ဖြစ်လေသည်။ အဖျက်စွမ်းအားများကြားတွင် သက်ရှိ

သတ္တဝါများလည်း အသက်ရှင်သန်ကျန်ရစ်နိုင်မည် မဟုတ်ပေ။ လေထုတစ်ခုလုံးပင် ပျက်စီးသွားနိုင်လေသည်။

သို့သော်... အပြာရောင်ခရီးရှည်နန်းတော်ကတော့ အနည်းငယ်တုန်လှုပ်သွားသည်မှတစ်ပါး အနည်းငယ်ပင် ပျက်စီးသွားခြင်းမရှိပါ။

ဆူနာမီလှိုင်းများနှင့်တူသည့် ကြောက်မက်ဖွယ်ရာ အသက်ဓာတ်စွမ်းအားပေါက်ကွဲမှုကြီးကို အပြာရောင်ခရီးရှည်နန်းတော်က ကြံ့ကြံ့ခံနိုင်ခဲ့လေသည်။

ဆန်းလျန်၏ ဝိညာဉ်သည် တန်ခိုးစွမ်းအားလှိုင်းလုံးများကြားတွင် လှည့်ပတ်နေခဲ့သော်လည်း ပျက်စီးသွားခြင်းမရှိပါ။ သူဖန်ဆင်းလိုက်သည့် စည်းတံဆိပ်သည် သူ၏အရည်အသွေးကို အကြီးအကျယ်ပြောင်းလဲ သွားစေခဲ့လေသည်။ သူ၏ပုံသဏ္ဍာန်မှာ ကျက်သရေအပေါင်းနှင့်ပြည့်စုံပြီး နတ်ဒေဝါတစ်ပါးအလား တင့်တယ်နေလေသည်။

သူသည် ထိုက်ရှီး၏ကနဦးအဆင့်နှင့်ပေါင်းစပ်နေပြီး မည်သည့်အရာကမှ သူ့ကို လွယ်လွယ်ကူကူဖြင့် ထိခိုက်စေမည်မဟုတ်တော့ပေ။

ဆန်းလျန်အသုံးပြုထားသည့် စည်းတံဆိပ်သည် ထိုက်ရှီးလမ်းစဉ်၏ နက်နဲသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကိုယ်စားပြုလေသည်။ ထိုက်ရှီးလမ်းစဉ်သည် ယွမ်ကျွင်းကေရှီ၏တိုက်ခိုက်မှုအားလုံးကို အနိုင်ယူခဲ့လေသည်။

ယွမ်ကျွင်းကေရှီနှင့် ဆန်းလျန်တို့သည် အဝေးမှပင် တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်နေကြလေသည်။

သူတို့ (၂)ယောက်လုံး၏ ဂုဏ်သတင်းကျော်ကြားမှုသည် ကောလဟာလမျှ မဟုတ်ဘဲ အစစ်အမှန်ဖြစ်သည်ကို နားလည်သွားကြလေသည်။

ယွမ်ကျွင်းကေရှီက ပိုပြီး အံ့သြနေခဲ့ရလေသည်။ သူမ၏ ခံစားချက်များကို ဖော်ပြခြင်းပင် မစွမ်းနိုင်တော့ပေ။

သူမ၏တန်ခိုးစွမ်းအားများကို မြှင့်တင်ရန်အတွက် သူမသည် ကျယ်ကျောက်အမိန့်တော်ဂိုဏ်း၏ ကျန်ရှိနေသေး သည့် ဝိညာဉ်များအားလုံးကို သူ၏ခန္ဓာကိုယ်အတွင်းသို့ စုဝေး ရောက်ရှိစေလိုက်လေသည်။ သို့သော်... ဆန်းလျန်ကို အနိုင်ယူ နိုင်ပါမည်လားဆိုသည်ကတော့ မသေချာလှပေ။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းရဲ့ပညာက ဒီလောက်လေးပဲဆိုင်တော့ အပြာရောင်ခရီး ရှည်နန်းတော်က အသက်ရှင်လျက် ထွက်သွားနိုင်မှာ မဟုတ် ဘူးနော်"

ယွမ်ကျွင်းကေရီက တိုးလျသည့်လေသံဖြင့်...

"ငါ ဘယ်တော့မှ ဒီနေရာက ထွက်သွားမှာမဟုတ်ဘူး"

ဆန်းလျန်က နှာခေါင်းတစ်ချက်ရှုံ့လိုက်လေသည်။

ထို့နောက်... သူ၏ခန္ဓာကိုယ်ထဲမှ အနက်ရောင်နှင့်အဖြူရောင် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

သူ၏ခြေထောက်အောက်တွင်တော့ ကျယ်ပြန့်လွန်းသည့် ပင်လယ်ရေပြင်အလား တောက်ပသည့်လှိုင်းလုံးများရှိနေ လေသည်။

သူက ကျင့်စူး၏တန်ခိုးစွမ်းအားများကို အသုံးပြု၍ မြောက်ပိုင်းအသူရာချောက်မှ ပင်လယ်ကို ဖန်ဆင်း ခဲ့ပြီးကွေလိ၏တန်ခိုးစွမ်းအားများကို အသုံးပြု၍ ယင် နှင့် ယန် ကို ဖန်ဆင်းခဲ့ခြင်း ဖြစ်လေသည်။

လှပသည့်အစိမ်းရောင်ငှက်တစ်ကောင်နှင့် ခွန်ဖိန်တစ်ကောင်သည် ဆန်းလျန်၏ဘေးတွင်ပေါ်လာပြီး ထိပ်တန်းမိစ္ဆာစွမ်းအားများကို ထုတ်လွှတ်နေလေသည်။

ကျင့်စူးက…

“သူက ငါတို့တန်ခိုးစွမ်းအားနဲ့ အဲဒီပုံစံတွေ ဖန်ဆင်းနေတာပဲ ၊ သူက သိုကျန့်စန့်ဖူကိုယ်တော်ရဲ့ (၇၂)မျိုး ဖန်ဆင်းနိုင် တဲ့ပညာကိုတောင် ယှဉ်နိုင်တယ်”

ကွေ့လိက သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်သည် အရာအားလုံးကို နက်နက်ရှိုင်းရှိုင်းနားလည်သူ တစ်ယောက်ဖြစ် သည်မှာ ထင်ရှားနေလေသည်။

ထို့ကြောင့်သာလျှင် ဆန်းလျန်သည် ကျင့်စူးနှင့် ကွေ့လိ၏တန်ခိုးစွမ်းအားများကို အသုံးပြုကာနတ်မိစ္ဆာပုံသဏ္ဍာန်များကို ဖန်ဆင်းနိုင်ခြင်း ဖြစ်လေသည်။ သူ၏ဖန်ဆင်းခြင်းမှာ ပုံရိပ်ယောင်မျှသာဖြစ် သော်လည်းတန်ခိုးစွမ်းအားများကတော့ သူမတို့ (၂)ယောက်နီးပါး မြင့်မားလေသည်။

ယွမ်ကျွင်းကေရီကတော့ သူမရှေ့မှ ထူးဆန်းသည့်မြင်ကွင်းကို အေးစက်သည့်အကြည့်များဖြင့် စိုက်ကြည့်နေခဲ့လေသည်။

သူမကို ဝန်းရံနေသည့် ကြယ်စင်အလင်းတန်းများသည် ကြယ်စင်အမှုံများအလား စီးဆင်း သွားလေသည်။

ထို့နောက် သူမ၏မျက်ဝန်းထဲတွင် တင်ပျဉ်ခွေထိုင်နေသည့် လူသေးသေးလေးတစ်ယောက်၏ပုံ ပေါ်လာလေသည်။ ထိုပုံလေးမှာ သူမ၏ မူလဝိညာဉ်ခန္ဓာပင်ဖြစ်လေသည်။

နတ်ဘုရားတေးသွားများပျံ့လွင့်လာပြီး ဂီတသံများလည်း ထွက်ပေါ်လာလေသည်။ သူမ၏မျက်ဝန်းများထဲတွင် များပြားလှစွာသည့် စည်းတံဆိပ်များထွက်ပေါ်လာပြီး သူမ၏ မူလဝိညာဉ်ခန္ဓာကို ဝန်းရံထားကြလေသည်။

ဤသည်မှာ “ဟွမ်ထင်ကိုယ်တွင်းမြင်ကွင်း” ဖြစ်လေသည်။

သူမကျင့်ကြံထားသည့် ကျင့်ကြံမှုအတွေ့အကြုံများသည် ကြောက်မက်ဖွယ်ရာအဆင့်သို့ ချက်ချင်းပင် ကူးပြောင်းသွားလေသည်။

အပြာရောင်ခရီးရှည်နန်းတော်အပြင်ဘက်ရှိ အသူရာချောက်၏ ကောင်းကင်ထက်တွင်တော့ ကြယ်စင်များ လင်းလက်စွာတောက်ပနေကြလေသည်။

ယွမ်ကျွင်းကေရီ၏ နတ်ဘုရားတေးသွားသည် သူမနှင့် ကြယ်စင်များအကြားရှိ ရှေးဟောင်းပဋိညဉ်စာချုပ်တစ်ခု အလား ဖြစ်လေသည်။ သူမ ကြယ်စင်များကိုဆက်သွယ်လိုက်သည်နှင့် အဆုံးမဲ့ ဥက္ကာပျံများက သူမဘေးသို့ ဆင်းသက်လာလေ သည်။

ဆန်းလျန်သည် လှပသည့် ရှုမျှော်ခင်းကို ငေးကြည့်နေခဲ့လေ သည်။

အသူရာချောက်၏ ဒဏ္ဍာရီများအရ ယွမ်ကျွင်းကေရီသည် ကြယ်စင်များ၏ကေရီဖြစ်လေသည်။ သူမသည် နေနှင့်လ မှ လွဲပြီး ကြယ်စင်များအားလုံးကို အနိုင်ယူခဲ့သူ ဖြစ်လေသည်။ ယခုတော့ ထိုဒဏ္ဍာရီများသည် လုပ်ကြံဇာတ်မဟုတ် သည်မှာ သေချာနေလေပြီ။

ခွန်ဖိန်ငှက်နှင့် အစိမ်းရောင်ငှက်တို့သည် ယွမ်ကျွင်းကေရီ၏ ကြယ်စင်စွမ်းအားများကို အရေးမစိုက်ပါ။ တစ်ကောင်က ယွမ်

ကျွင်းဧကရီ၏ ဦးခေါင်းနေရာကို တိုက်ခိုက်လိုက်ပြီး တစ်ကောင်ကတော့ ယွမ်ကျွင်းဧကရီ၏ အောက်ဘက်ပိုင်းကို တိုက်ခိုက်လိုက်လေသည်။

 ၄က်များသည် ဆန်းလျှန်ဖန်ဆင်းထားသည့် ပုံရိပ်ယောင်များဖြစ် သည့်အတွက် သေမည်ကို မကြောက်ဘဲ အစွမ်းကုန် တိုက်ခိုက်ကြလေသည်။

တန်ခိုးစွမ်းအားများ ပြင်းထန်လွန်းသည့်အတွက် အပြာရောင်ခရီးရှည်နန်းတော်ကြီးမှာ တစ်ချက်တုန်ခါသွားပြီး ယွမ်ကျွင်းဧကရီမှာ လဲကျမလိုပင်ဖြစ်သွားရလေသည်။

သို့သော်... သူမသည် ကြယ်စင်စွမ်းအားများကို စနစ်တကျစုစည်းလိုက်ပြီး ရှေးဟောင်းဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။

 ဂါထာရွတ်ဆိုလိုက်သည်နှင့် ကြယ်စင်စွမ်းအားများမှာ ပြင်းထန်စွာ မြင့်တက်လာကြလေ သည်။ ထို့ကြောင့် နတ်မိစ္ဆာ

ငှက် (၂)ကောင်သည် သူမကို တိုက်ခိုက်ရန် ခက်ခဲသွားရလေ

သည်။

ဆန်းလျန်သည် အံ့သြမင်သက်စွာဖြင့်ကြည့်နေလေသည်။

ယွမ်ကျွင်းဧကရီသည် မည်သို့သော တန်ခိုးစွမ်းအားများကို

ထုတ်ဖော်အသုံးပြုနေသည်ကို သူ မသိသော်လည်း သူမကို

ရှေ့ဆက်ခွင့်မပြုနိုင်ပေ။

ဆန်းလျန်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ကြယ်စင်

များရှိရာသို့ ဝင်ရောက်သွားလိုက်လေသည်။

ဆန်းလျန်၏ အသက်ဓာတ်စါမ်းအားများသည် ချက်ချင်းပင်

ရေခဲတမျှ အေးစက်သွားရလေသည်။ ဆန်းလျန် အနည်းငယ်

ထိခိုက်သွားသည်နှင့် နတ်မိစ္ဆာငှက် (၂)ကောင်မှာလည်း

ချက်ချင်းပင် ဖိနှိပ်မှုကို ခံလိုက်ကြရလေသည်။

ဆန်းလျန်သည် ကြယ်စင်များကြားထဲတွင် ဖြတ်သန်းသွားပြီး

အာကာသအတွင်းသို့ ရောက်ရှိသွားလေသည်။ ထို့နောက်သူ

သည် နဂါးငွေ့တန်းကို ဖြတ်သန်းကာ ယွမ်ကျွင်းကေရီရှိရာသို့ တဖြည်းဖြည်းစီးဆင်းလာလေသည်။

သူတိုက်ခိုက်လိုက်သည့် အမှတ်တမဲ့တိုက်ခိုက်လိုက်သည့် တိုက်ကွက်လေးတစ်ကွက်ကပင် တာအိုလမ်းစဉ်တစ်ခု ကိုပုံဖော်ပြလေသည်။

ယွမ်ကျွင်းကေရီ၏မျက်နှာမှာ အေးစက်ပြီး အမူအရာကင်းမဲ့နေလေသည်။ သူမသည် ကြယ်စင်များကြားတွင် လမ်းလျှောက်လာလေသည်။

သူမသည် ရှေးဟောင်းဂါထာကို အဆက်မပြတ်ရွတ်ဆိုနေပြီး တစ်ချိန်တည်းမှာပင် တန်ခိုးစွမ်းအားများကို ထုတ်လွှတ်ကာ ဆန်းလျန်ကို တိုက်ခိုက်လိုက်လေသည်။

သူမသည် ယုံကြည်မှုအပြည့်၊ တည်ငြိမ်မှုအပြည့်ဖြင့် ရပ်နေလေသည်။

ဆန်းလျန်သည် ယွမ်ကျွင်းဧကရီ၏ တန်ခိုးစွမ်းအားများကို ရှောင်တိမ်းလိုက်လေသည်။ သူ၏နှလုံးသားအတွင်းသို့ ဝင်ရောက်လာသည့် ရှေးဟောင်းဂါထာကို ဆန်းလျန်သည် ခွဲခြမ်းစိတ်ဖြာကြည့်နေခဲ့လေသည်။

နောက်ဆုံးတွင်တော့ ယိလမ်းစဉ်သည် လျှင်မြန်စွာ ပြောင်းလဲသွားပြီး နက်နဲသောကိစ္စတစ်ခုကို ဖော်ထုတ်နိုင်ခဲ့လေ သည်။ ရှေးဟောင်းဂါထာသည် တာအိုပဲ့တင်သံရိုက်ခတ်မှုတစ်ခု ဖြစ်လေသည်။

တာအိုလမ်းစဉ်သည် နာရီတစ်ခုဆိုလျှင် ရှေးဟောင်းဂါထာသည် စည်းချက်မှန်မှန်သွားနေသည့် နာရီလက်တံများနှင့် ဆင်တူလေသည်။

သူမသည် တာအိုကို ဖန်ဆင်းရန်အတွက် သူမကိုယ်သူမ အမှန်တကယ် စတေးခံချင်နေလေသည်။ သူမသည် ဘယ်လောက်ပင်ပေးဆပ်ရပါစေ ဆန်းလျန်ကို အပြာရောင်ခရီးရှည်

နန်းတော်ထဲတွင် သတ်ပစ်ရန် ဆုံးဖြတ်ချက်ချ ထားဟန်ရှိလေသည်။

သူမ၏စိတ်ဆုံးဖြတ်ချက်ကို ဆန်းလျန်လေးစားမိပါသည်။

သို့သော် သူမအောင်မြင်ရန်အတွက်တော့ ဆန်းလျန် ခွင့်မပြုနိုင်ပါချေ။

ဆန်းလျန်၏ရှေ့တွင် ပန်းချီကားလိပ်တစ်ခု ပေါ်လာလေသည်။

ထိုပန်းချီကားသည် ကြမ်းတမ်း သည့် သတ္တဝါတစ်ကောင်အလား သူ၏ပါးစပ်ကိုဖွင့်ကာ အဆုံးမရှိသည့် ကြင်စင်စွမ်းအားများကို စုပ်ယူပစ်လိုက် လေသည်။

ပန်းချီကားသည် ထိန်းချုပ်နိုင်မှုမရှိတော့ဘဲ တုန်လှုပ်နေလေသည်။ ကြယ်စင်စွမ်းအားများထဲတွင် များပြားလှစွာ သောဖိအားများပါဝင်နေသည်မှာ ထင်ရှားနေလေသည်။

သို့သော်... ဆန်းလျန်နှင့် ယွမ်ကျွင်းဧကရီကြားတွင် အတားအဆီးမရှိတော့ပါ။

ဆန်းလျန်၏လက်ထဲတွင် ထုန်ထျန်းဓားဝိညာဉ်ထွက်ပေါ်လာလေသည်။

ဆန်းလျန်က ခံစားချက်ကင်းမဲ့သည့်လေသံဖြင့်...

"ထုန်ထျန်းရဲ့အကြွင်နာမဲ့ဓား၊ ကိုယ့်ကိုကိုယ်စတေးခံပြီး တာအိုကို ရရှိစေတယ်၊ ဒါဟာ မရဏဓားရဲ့ အနက်ရှိုင်း ဆုံးအဆင့်တစ်ခုပါပဲ၊ ကျုပ်ရဲ့ ခံစားချက်ကင်းမဲ့တဲ့ဓားကို မြည်းကြည့်လိုက်စမ်းပါ"

ဆန်းလျန်အဖြစ်ကို ပြန်မရခင် သူသည် စိတ်ပျက်အားလျော့သည့် အခြေအနေတွင် နာကျင်ခံစားခဲ့ရလေသည်။

သူ၏နှလုံးသားသည် အမှောင်ထုထဲတွင် အေးစက်အထီးကျန်နေခဲ့လေသည်။

သူ့ကိုယ်သူပင်မေ့လျော့နေခဲ့ပြီး ခံစားချက်အားလုံးမှာလည်း လျစ်လျူရှုခံခဲ့ရလေသည်။ ထို့ကြောင့် ဆန်းလျန်၏ အနတ္တ

ဓားဝိညာဉ်သည် အရှိန်အဝါ ကြီးစွာဖြင့် လင်းလက်တောက်ပနေခြင်း မရှိပါ။

ဓားဝိညာဉ်သည် အလွန်ရိုးရှင်းပြီး သန့်စင်နေလေသည်။

ယွမ်ကျွင်းကေရီသည် သူမထံသို့ ဝင်ရောက်လာသည့် ဓားဝိညာဉ်ကို ခံစားလိုက်ရလေသည်။ သူမသည် ရှေးဟောင်းဂါထာကို ဆက်လက်ရွတ်ဆိုနိုင်ခြင်း မရှိတော့ပါ။

သူမ၏ဝိညာဉ်အတွင်းမှ နတ်ဘုရားစွမ်းအားများသည် ပေါက်ကွဲထွက်သွားပြီး သူမ၏ တာအိုနှလုံးသားသည် အေးစက်သွားလေသည်။

သူမသည် တစ်ကိုယ်လုံးစတင် တုန်ယင်လာလေသည်။

ရှေးဟောင်းဂါထာကို ရွတ်ဆိုပြီး ကိုယ့်ကိုကိုယ်စတေးခံခြင်းသည် အပြည့်အဝမပြီးသေးသည့်တိုင် ယွမ်ကျွင်းကေရီ သည် အလွန်မတည်မငြိမ်ဖြစ်နေပြီ ဖြစ်လေသည်။ သူမ၏ ဝိညာဉ်ခန္ဓာမှ အဆုံးမရှိသည့်အလင်းတန်းများဖြာထွက် လာပြီး

ရွှေရောင်ပန်းလေးတစ်ပွင့်သည် လေထဲတွင် လွင့်မျောနေလေ

သည်။

ဆန်းလျန်၏ ဓားဝိညာဉ်သည် အချိန်ကိုက်ပင် ရွှေရောင်ပန်းပွင့်

လေးကို တိုက်ခိုက်လိုက်လေသည်။

နောက်ဆုံးတွင် လေထုထဲတွင် ရွှေရောင်ပန်းပွင့်လေးနှင့်

ထိမိသည်နှင့် ဆန်းလျန်၏ ဓားဝိညာဉ်သည် ပျောက်ကွယ်

သွားရလေသည်။

ဆန်းလျန်၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်နေလေသည်။

သို့သော်... သူသည် တုံ့ဆိုင်းခြင်းမရှိဘဲ ဆက်လက်တိုက်ခိုက်

လိုက်လေသည်။

ဆန်းလျန်သည် သူ့ကိုယ်သူ ရွှေဇလားအသွင်သို့ ပြောင်းလဲ

လိုက်လေသည်။ ရွှေဇလားသည် အောက်ဘက်သို့ မျက်နှာမူ

လိုက်ပြီး ရွှေရောင်ပန်းပွင့်ကို ပြင်းထန်သော စွမ်းအားများနှင့်

ဖိနှိပ်ထားလိုက်လေတော့သည်။

အခန်း (၆၇၃) လျှို့ဝှက်ချက်

ရွှေဇလားထဲမှ နတ်ဘုရားအလင်းတန်းများ ထွန်းလင်းလာလေသည်။

ယွမ်ကျွင်းဧကရီကလည်း သေမည့်အရေး ထိုင်စောင့်နေမည့်သူမဟုတ်ပေ။ သို့သော်... လောကနိယာမတရား များသည်ရွှေဇလားထဲမှ စတင်ထွက်ပေါ်လာလေသည်။

ဆန်းလျန်ကို တိုက်ခိုက်ရန်အတွက် ယွမ်ကျွင်းဧကရီအသုံးပြုလိုက်သည့် နတ်ဘုရားစွမ်းအားများသည် နွေဦးရာသီတွင် အရည်ပျော်ကျခဲ့ရသည့် နှင်းများအလားပင် ဖြစ်သွားလေသည်။

ယွမ်ကျွင်းဧကေရီ၏ တုံ့ပြန်တိုက်ခိုက်မှုများသည်

တဖြည်းဖြည်းအားနည်းလာလေသည်။ နောက်ဆုံးတွင်တော့

ရွှေဇလားသည် ဆက်လက်တိုက်ခိုက်ခြင်းမရှိတော့ဘဲ ရပ်တန့်

သွားလေသည်။

ကျင့်စူးနှင့် ကွေ့လိမှာ သူတို့၏ ခန္ဓာကိုယ်ထဲသို့ တန်ခိုး

စွမ်းအားများ ပြန်လည်စီးဆင်းဝင်ရောက်လာသည်ကို ခံစား

လိုက်ရလေသည်။ တိုက်ပွဲတွင် ဆန်းလျန်အနိုင်ရသွားပြီ

ဖြစ်သည်ကို သူတို့ သိရှိလိုက်ကြလေသည်။

သူတို့ (၂)ယောက်သည် လက်ချင်းတွဲရင်းဖြင့်ပင် ခန်းမဆောင်

အတွင်းသို့ ပြေးဝင်သွားကြလေသည်။

ရွှေဇလားသည် ကြမ်းပြင်ထက်တွင် ရေများစီးဆင်းနေသည့်

အလား ရွှေ့လျားနေလေသည်။ ထို့နောက် ဖြည်းဖြည်း လူတစ်

ယောက်အသွင်သို့ ကူးပြောင်းသွားလေသည်။ ထိုသူသည်

ဆန်းလျန်ဖြစ်ပြီး ကြမ်းပြင်ထက်တွင် တင်ပျဉ်ခွေ ထိုင်လျှက်ရှိ

လေသည်။ သူသည် လှုပ်ရှားခြင်းမရှိတော့ဘဲ အလွန်ပင်ပန်း

နေသည့်ဟန် ဖြစ်လေသည်။

ယွမ်ကျွင်းကေရီကို အနိုင်ယူခဲ့ရခြင်းသည် သူထင်ထားခဲ့

သလောက် မလွယ်ကူခဲ့ပေ။

ကျင့်စူးက…

"ဒီတိုက်ပွဲသတင်းသာပျံ့သွားရင် ရှင်ကတော့ေ လာကသုံးပါး

မှာ အကြီးမြတ်ဆုံးပုဂ္ဂိုလ်လို့ အပြောခံရတော့မှာပဲ"

သူမက ဆန်းလျန်ကို အလွန်အမင်းချီးကျူးလိုက်ခြင်း ဖြစ်လေ

သည်။

ဆန်းလျန်က သူမကို စကားပြန်ပြောရန် ဟန်ပြင်လိုက်စဉ်မှာ

ပင် သူ၏ခန္ဓာကိုယ်ထဲမှ ကြိုးဝါးသံများထွက်ပေါ်လာ လေ

သည်။ ထို့နောက် သူသည် အပိုင်းပိုင်းပျက်စီးသွားပြီး

ထောင်ပေါင်းများစွာသောအလင်းတန်းများအဖြစ် ပေါက်ကွဲ

ထွက်သွားလေတော့သည်။

ကျင့်စူးနှင့် ကွေလိမှာ တန်ခိုးစွမ်းအားများ ပြန်လည်ရရှိနေပြီ ဖြစ်သည့်အတွက် အလင်းတန်းများကို အလျှင်အမြန်ပင် ကာကွယ်လိုက်ကြရလေသည်။ ထို့ကြောင့် ဒဏ်ရာရရှိခြင်း မဖြစ်ကြပေ။

ကျင့်စူးက ကြက်သေသေသွားပြီး....

“သူသေသွားပြီလား...”

ကွေလိက ခေါင်းခါယမ်းပြလိုက်လေသည်။

ခန်းမအတွင်းရှိအလင်းတန်းများသည် တဖြည်းဖြည်းပျောက်ကွယ်သွားပြီး ခန်းမအတွင်းရှိတစ်နေရာတွင် လေပွေ တစ်ခု ဖြစ်ပေါ်လာလေသည်။ ထိုလေပွေသည် လူတစ်ယောက်၏ ပုံသဏ္ဌာန်ဖြစ်ပေါ်လာပြီး ဆန်းလျန် ပေါ်ထွက်လာ လေသည်။ သို့သော်... သူ၏ဝိညာဉ်မှာ ပိုပြီးမှေးမှိန်ဖျော့တော့လျှက် ရှိလေသည်။

ဆန်းလျန်က...

“ယွမ်ကျွင်းကောရီက တော်တော် ဆုံးဖြတ်ချက်ခိုင်မာတဲ့သူပဲ ၊ သူ့ရဲ့ တာအိုခန္ဓာကို စွန့်လွှတ်ခဲ့တာတောင်မှ သူ့အနေနဲ့ လူပြန်ဝင်စားနိုင်သေးတယ် ၊ သူ့မှာ အကြောက်တရားလုံးဝမရှိတာ ကျုပ်ယုံသွားပါပြီ"

ကွေလိက…

“မင်း ဘာမှ မဖြစ်ပါဘူးနော်…”

ကျင့်စူးက…

“ညီမငယ်လေး ၊ နင်က ငါ့ကိုကျတော့မမေးဘူး ၊ နင်ဒဏ်ရာရထားတုန်းက ငါက နင့်အတွက် တိုက်ခိုက်ပေးခဲ့ရတာ လေ”

ကွေလိက မျက်လုံးတစ်ချက်လှန်လိုက်ပြီး…

“နင့်အခြေအနေက နဂါးကိုတောင် ဖမ်းပြီးမြို့ချနိုင်နေတာ ငါက ဘာလို့ မေးရမှာလဲ”

ခွန်ဖိန်အနွယ်တော်များကို နဂါးကိုစားသည့်အနွယ်တော်များဟု လူသိများကြလေသည်။ ခွန်ဖိန်အနွယ်တော်များနှင့် နဂါးမျိုး

နွယ်များသည် ခေတ်အဆက်ဆက် ရန်သူများဖြစ်ကြလေ
သည်။

သို့သော်... နတ်နဂါးများကို သာမန်အားဖြင့် မြင်တွေ့ရလေ့မရှိ
ပေ။ နဂါးမျိုးနွယ်များသည် တန်ခိုးဖြင့်ဖန်ဆင်းထား သည့်နဂါး
မျိုးနွယ်များ၏လောကတွင်သာ နေထိုင်ကြလေသည်။

ကျင့်စူးသည် အဆုံးမဲ့တောင်ကြားတွင် မေ့ဖွားလာသူဖြစ်လေ
သည်။ သူမ ငယ်ငယ်တုန်းက နဂါးအသားကို အနည်းငယ်
မြည်းကြည့်ဖူးပြီးသည့်နောက်ပိုင်း ထပ်ပြီး စားသောက်ရခြင်း
မရှိတော့ပေ။

နဂါးအသားအကြောင်းကို တွေးလိုက်မိသည်နှင့် ကျင့်စူးသည်
အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

“တာ့ရှားပြည်မှာ ယင်းလုန်နဂါးကြီးရှိတယ်လို့ ကြားဖူးတယ် ၊
နင် ငါနဲ့အတူ သူ့ကိုလိုက်ဖမ်းပေးပါလား ၊ အတူတူ စားကြမယ်
လေ”

ဆန်းလျှန်က ရယ်မောလိုက်ရင်း...

"လျှောက်မလုပ်နဲ့၊ တာ့ရှားပြည်မှာ တန်ခိုးစွမ်းအားအရမ်း ကြီးမားတဲ့သူ (၂)ယောက်ရှိတယ်၊ ယင်းလုန်က သာမန် နဂါး တစ်ကောင်မဟုတ်ဘူး၊ မင်း ယင်းလုန်ကိုသာသွားဖမ်းရင် သူ စားတာ ပြန်ခံလာရလိမ့်မယ်"

ကျင့်စူးက မျက်လုံးကို တစ်ချက်လှန်လိုက်ရင်း...

"ရှင်ကရော ဘာလို့ ကျွန်မကို မကူညီချင်ရတာလဲ၊ ကျွန်မတို့ (၃)ယောက်ပေါင်းလိုက်ရင် အသူရာချောက် တစ်ခုလုံးကို တောင် ဖျက်စီးပစ်လို့ရတယ်၊ အကုန်လုံးတောင် စားပစ်လိုက် ဦးမှာ..."

ကွေ့လိလည်း မနေနိုင်တော့ဘဲ ကျင့်စူး၏တင်ပါးကို ဖောင်းခနဲ နေအောင် ရိုက်လိုက်လေသည်။

"ဆန်းလျှန်က တာအိုကျင့်ကြံသူတစ်ယောက်လေ၊ နင့်လို သောက်စားပဲ ငမ်းနေတာမဟုတ်ဘူး"

ကွေလိ၏အပြုအမူကြောင့် ကျင့်စူးမှာ ရှက်သွားရလေသည်။

သူမက ကွေလိ၏လက်လေးကိုကိုင်လိုက်ရင်း...

"ညီမငယ်လေး ၊ နင်ဘာလို့ ငါ့တင်ပါးကို လာရိုက်ရတာလဲ"

သူမက ကွေလိ၏ နားရွက်လေးများအနားသို့ တိုးကပ်ရင်းပြော လိုက်လေသည်။

သူမ၏အပြုအမူကြောင့် ကွေလိမှာအသဲယားသွားရလေ သည်။

စကားပြောပြီးသည်နှင့် ကျင့်စူးက ဆန်းလျန်ကို တစ်ချက် လှမ်းကြည့် လိုက်လေသည်။ သူမက ကွေလိသည် ဆန်းလျန် နှင့်ဆာလျှင် သူမနှင့်ပိုရင်းနှီးသည်ဟု ပြသလိုက်ခြင်း ဖြစ်လေ သည်။

ခွန်ဖိန်မလေးသည် အလွန်မှ ရယ်စရာကောင်းပြီး ချစ်စရာ လည်းကောင်းသည်ကို ဆန်းလျန် သိလိုက်ရလေသည်။ အရင် အချိန်က ပေမင်ကျီနှင့်ပတ်သက်ပြီး သူမကို ခွဲခြားဆက်ဆံလို

စိတ်များသည် ဆန်းလျှန်ထံမှ ပျောက်ကွယ်သွား ခဲ့ရလေ

သည်။

ဆန်းလျှန်က ကွေလိကို တစ်ချက်ကြည့်လိုက်ရင်း....

“ကျုပ် ဘာမှ မဖြစ်ပါဘူး ၊ ဒါနဲ့ မင်းကရော အသူရာချောက်ကို

ဘယ်လိုလုပ်ရောက်လာရတာလဲ”

ခက်ခဲသည့် တိုက်ပွဲကိုရင်ဆိုင်ရပြီးသည့်နောက် ဆန်းလျှန်

သည် များစွာ တိုးတက်လာခဲ့လေသည်။

ယွမ်ကျွင်းဧကရီသည် တိုက်ပွဲတွင် ရှုံးနိမ့်သွားသည့်တိုင် ခွဲ

ဖြာထွက်သည့်နည်းလမ်းကို နောက်ဆုံးအဖြစ်အသုံးပြု ကာ သူ့

ကို တိုက်ခိုက်မည်ကို ကြိုပြီး သိမြင်နေခဲ့လေသည်။ ထို့ကြောင့်

ဆန်းလျှန်က ထောင်ပေါင်းများစွာသော အလင်းတန်းများ

အဖြစ် သူ၏ဝိညာဉ်ကို ခွဲဖြာကာ ကာကွယ်လိုက်ရခြင်း ဖြစ်

လေသည်။

ထို့ကြောင့် သူ၏ဝိညာဉ်သည် ထိခိုက်မှု သိပ်မရှိခဲ့ခြင်း ဖြစ်လေသည်။

ကွေလိက...

"ကျုပ်မှာ ဇာမဏီနတ်ဘုရားနန်းတော်ရဲ့အချိန်နဲ့အာကာသ အချက်ပြသင်္ကေတရှိတယ်လေ ၊ အဲဒါနဲ့ဆိုရင် အသူရာ ချောက်ကို လာဖို့ မခက်ပါဘူး"

သူမက စကားပြောပြီးသွားသည်နှင့် သူမ၏ လက်ဖဝါး (၂)ဖက်ကို အသာဖြန့်လိုက်လေသည်။ လက်ဖဝါးထက်တွင် စကြာဝဠာပုံစံငယ်တစ်ခု ပေါ်လာလေသည်။ ထိုစကြာဝဠာငယ် ထဲတွင် အချိန်နှင့်နေရာသည် မျောလွင့်ပြီး နစ်မြုပ်နေ လေသည်။ ထိုအထဲတွင် နေရာတစ်ခုသည် အတော်လေး မှေးမှိန်နေလေသည်။ သို့သော်... ထိုနေရာမှ အသက်ရှူသံသည် အလွန်မှ ထင်ရှားလွန်းလေသည်။ ထိုနေရာသည် မှောင်မိုင်းနေပြီး အသူရာချောက် တည်ရှိရာ နေရာဖြစ်လေသည်။

ထိုစကြာဝဠာပုံစံငယ်လေးသည် ဆန်းလျန်ရှိရာသို့ ပျံသန်း ထွက်ခွာသွားလေသည်။ ထို့နောက် ဆန်းလျန်၏ စိတ်ဝိညာဉ် နှင်ပေါင်းစပ်သွားပြီး လျှို့ဝှက်နက်နဲသည့် အချိန်နှင့်အာကာသ ဆိုင်ရာ အချက်အလက်များကို ဆန်းလျန် သိရှိလိုက်ရလေ သည်။

"အဲဒါက ဇာမဏီနတ်ဘုရားနန်းတော်က နှစ်ပေါင်းများစွာ စုဆောင်းထားတဲ့ အချိန်နဲ့အာကာသ အချက်ပြသင်္ကေတ တွေ ပဲ ၊ မိုးနဲ့မြေ ၊ ကြယ်စင်တွေတည်ရှိရာနေရာတွေတောင် ပါသေး တယ် ၊ အရမ်းဝေးတဲ့နေရာတွေကို သွားမယ် ဆိုရင်တော့ အသက်ဓာတ်စွမ်းအားတွေ အများကြီးလိုတယ် ၊ အဲဒါက တကယ်တော့ အရမ်းထူးဆန်းတယ် ၊ ရှင်ပေါ့ပေါ့ဆဆတော့ လုပ်လို့မရဘူး ၊ အချို့နေရာတွေက အနန္တတန်ခိုးရှင်တွေရဲ့ တရားအလင်းရရာနယ်မြေတွေ လေ ၊ တန်ခိုးစွမ်းအားတွေပွင့်

နေတာ ၊ အဲဒီလိုနေရာမျိုးတွေကို လမ်းမှားပြီးရောက်သွားလို့

တော့ မဖြစ်ဘူး"

ဆန်းလျန်က...

"ကျေးဇူးတင်ပါတယ် ၊ မင်းပေးတဲ့ အချိန်နဲ့အာကာသ

သင်္ကေတတွေက တော်တော်လေးပြည့်စုံပါတယ် ၊ ဒါနဲ့ ဇာမဏီ

နတ်ဘုရား နန်းတော်ဆိုတာ ဘာလဲ"

ဆန်းလျန်၏အမေးကို ကွေ့လိမဖြေခင် ကျင့်စူးက ဝင်ဖြေ

လိုက်လေသည်။

"ဇာမဏီနတ်ဘုရားနန်းတော်ဆိုတာ လောကကြီးစတင်ဖြစ်

တည်လာတုန်းက မီးတောင်တစ်တောင်ပဲ ၊ အဲဒီ မီးတောင်ထဲ

ကနေ မိုးနဲ့မြေရဲ့ ပထမဆုံးဇာမဏီငှက်ကို မွေးဖွားခဲ့တယ် ၊

အဲဒီဇာမဏီငှက် တာအိုလမ်းစဉ်ကို အောင်မြင်သွားတဲ့အခါ

အဲဒီမီးတောင်ကို ပြန်ပြီးသန့်စင်ခဲ့တယ် ၊ ပြီးတော့ ဗလာနယ်ထဲ

မှာ တာအိုနန်းတော်တစ်ခု တည်ဆောက်ခဲ့ပြီး ဇာမဏီနတ်

ဘုရားနန်းတော်လို့ အမည်ပေးခဲ့တယ်၊ ဇာမဏီမျိုးနွယ်တွေ

အားလုံး အဲဒီနန်းတော် ကိုဝင်လို့ရတယ်၊ ဒီနှစ်တွေအတွင်းမှာ

တော့ ဇာမဏီနတ်ဘုရားနန်းတော်ဟာ အပြောင်းအလဲတွေ

အများကြီး ဖြစ်ပေါ်ခဲ့တယ်၊ ပြီးတော့ အမွေဆက်ခံတဲ့

မျိုးဆက်လည်း ပျောက်ဆုံးသွားခဲ့တယ်၊ ဒီလောကနဲ့

စကြာဝဠာတစ်ခု လုံးမှာ စွမ်းအားကြီးမားတဲ့ နေရာအနည်းငယ်

ပဲရှိတဲ့အထဲမှာ ဇာမဏီနတ်ဘုရားနန်းတော်က တစ်ခု

အပါအဝင်ပါပဲ"

ကွေလိက…

"သူပြောသလောက်လည်း မဟုတ်ပါဘူး၊ မင်းရဲ့ တာအို

ကျင့်ကြံခြင်းအဆင့်နဲ့ဆိုရင် ဇာမဏီနတ်ဘုရားနန်းတော်မှာ

မင်းကို ယှဉ်နိုင်မယ့်သူတောင် သိပ်မရှိနိုင်ဘူး"

ကျင့်စူးက ပြုံးလိုက်ရင်း…

"ညီမလေးကွေလိ ပြောတာမှန်ပါတယ်၊ ဇာမဏီနတ်ဘုရား နန်းတော်က စွမ်းအားကြီးမားပေမယ့် အပြာရောင် ခရီးရှည် နန်းတော်၊ ကျောက်စိမ်းဝိညာဉ်နန်းတော်၊ ဘုရင်ရှစ်ပါး နန်းတော်တွေကို မယှဉ်နိုင်ပါဘူး၊ အပြာရောင် ခရီးရှည် နန်းတော် ကျဆုံးသွားရပေမယ့် ဘုရင်ရှစ်ပါးနန်းတော်နဲ့ ကျောက်စိမ်းဝိညာဉ်နန်းတော်တွေက မျိုးဆက်ပြတ် မသွား သေးဘူး၊ ဘုရင်ရှစ်ပါးနန်းတော်က စန့်တုန့်နတ်ဘုရား (၈)ပါး ဆိုရင် မရေမတွက်နိုင်အောင် လူပြန်ဝင်စားပြီး ကျင့်ကြံခဲ့ကြ တာ တာ့လော်အဆင့်ကိုတောင် ဝင်ရောက်နိုင်ကြတော့မယ်၊ ဘုရင်ရှစ်ပါးနန်းတော်ရဲ့ လက်ရှိ နန်းတော်သခင် တာအိုအရှင် သခင်ရွှမ်တုဟာဆိုရင် တာ့လော်အဆင့်ကို တက်ရောက်သွား နိုင်ခဲ့ပြီလို့ ဆိုကြတယ်၊ ဒေါင်းစိမ်းမင်းကြီးမဟာမာရှုယိ တောင်မှ သူ့ကို ယှဉ်နိုင်မှာမဟုတ်ဘူး၊ ကျောက်စိမ်းဝိညာဉ် နန်းတော်ရဲ့ လက်ရှိ နန်းတော်သခင်ကတော့ ယွိတင်နတ်ဘုရား

ပဲ ၊ သူက စိတ်ထားတော့သိပ်မကောင်းပေမယ့် သူ့လူတွေကို တော့ အမြဲတမ်းကာကွယ်ပေးလေ့ရှိတယ် ၊ သူ့ရဲ့ နတ်ဘုရားထောင်ခြောက်ဆားကြောင့် မရေမတွက်နိုင်တဲ့ နတ်ဘုရားတွေ ၊ နတ်မိစ္ဆာတွေ အများကြီး အသက်ဆုံးရှုံးခဲ့ရတယ် ၊ သူ့ရဲ့ တပည့်ဖြစ်တဲ့ ချင်းယွမ်မြောင်တောက်အရှင်ဆိုရင် အနောက်ဘက်ကောင်းကင်ဘုံက သိုကျန့်စန့်ဖူကိုယ်တော်နဲ့တောင် ကောင်းကောင်းယှဉ်နိုင်တယ်၊ အဲဒီနတ်ဘုရား (၂)ပါးရှိနေသရွေ့ ဘယ်သူမှ ကျောက်စိမ်းဝိညာဉ်နန်းတော်ကို မစော်ကားရဲဘူး ၊ တကယ်လို့ ရှင်သာ အပြာရောင် ခရီးရှည်နန်းတော်ကို သိမ်းပိုက်လိုက်မယ်ဆိုရင် ဘုရင်ရှစ်ပါးနန်းတော်နဲ့ ကျောက်စိမ်းဝိညာဉ်နန်းတော်တွေနဲ့ အကောင်းအဆိုးပတ်သက်ရမှုတွေ ရှိလာမှာပဲ ၊ ဒါကြောင့် သေသေချာချာ စဉ်းစားစေချင်တယ်"

ကျင့်စူး၏ စကားများကို ဆုံးအောင်နားထောင်ပြီးသည်နှင့် ဆန်းလျန်က ပြုံးလိုက်လေသည်။

"ကျုပ်မှာရွေးခြယ်စရာမရှိပါဘူး ၊ အပြာရောင်ခရီးရှည် နန်းတော်ကို တာဝန်ယူရတော့မှာပဲ ၊ စန့်ချင်တာအိုဆရာသခင် ပြောခဲ့တယ် ၊ 'အခက်အခဲတွေမရှိဘူးဆိုရင် နာကျင်ခံစားရမှု တွေမရှိဘူးဆိုရင် ဘယ်တော့မှ တာအိုဆရာသခင်ကြီး တစ်ပါး ဖြစ်လာမှာမဟုတ်ဘူး' တဲ့ ၊ ပြီးတော့ ကျုပ်ဒီနေ့ ဒီလောက် အထိ တန်ခိုးစွမ်းအားမြင့်မားခဲ့ရတာလည်း စန့်ချင်တာအိုဆရာ သခင်ရဲ့ ဝိညာဉ်စွမ်းအားမြှင့်တင်တဲ့ ကျင့်စဉ်ကြောင့်ပါပဲ ၊ ဒါ ကြောင့် ကျုပ်ဟာ အရင်ကတည်းက အပြာရောင်ခရီးရှည် နန်းတော်နဲ့ ပတ်သက်နေခဲ့တဲ့သူပါ ၊ တကယ်လို့ ဘုရင်ရှစ်ပါး နန်းတော်နဲ့ ကျောက်စိမ်းဝိညာဉ် နန်းတော်တွေက မကျေနပ်ကြ ဘူးဆိုရင်လည်း ကျုပ်အပြာရောင်ခရီးရှည်နန်းတော်ကို မ အုပ်ချုပ်ခင် ကျုပ်ကိုလာရှာ ကြရုံရှိတာပေါ့"

ကျင့်စူးက ထူးဆန်းသည့်အမူအရာဖြင့်...

"ရှင်က စန့်ချင်တာအိုဆရာသခင်ရဲ့ ဝိညာဉ်စွမ်းအားမြှင့်တင်တဲ့ ကျင့်စဉ်ကို ကျင့်ကြံထားတယ် ဟုတ်လား ၊ အဲဒါက 'စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း' ဆိုတဲ့ စာအုပ်များလား"

ဆန်းလျန်သည် ထိုကျင့်စဉ်စာအုပ်ကို စတင်ကျင့်ကြံခဲ့သည့်အချိန်မှစပြီး စာအုပ်အမည်ထုတ်ဖော်ပြောနိုင်သူ တစ်ဦးတစ်ယောက်ကိုမှ တွေ့ခဲ့ဖူးခြင်း မရှိပေ။

ထို့ကြောင့် သိချင်စိတ်ဖြင့်မေးလိုက်မိလေသည်။

"မင်း ဘယ်လိုလုပ် အမှန်ကိုသိနေရတာလဲ"

ကျင့်စူးသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်လေသည်။

ပြီးမှ သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒီနေရာက အပြာရောင်ခရီးရှည်နန်းတော်ဖြစ်နေလို့ တော်သေးတယ်၊ မဟုတ်ရင် ရှင့်ကြောင့် ကျွန်မ ကောင်းကောင်းဒုက္ခရောက်သွားနိုင်တယ်"

သူမကိုကြည့်ရသည်မှာ အလွန်မတည်မငြိမ်ဖြစ်နေလေသည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်သည် ကြောက်မက်ဖွယ်ရာ လျှို့ဝှက်ချက်များဖြင့် ပြည့်နေသည့် စာအုပ်တစ်အုပ်ဖြစ်လေသည်။

ထို့ကြောင့် ခိုင်မာသည့်ဇာစ်မြစ်တစ်ခုမှ ဆင်းသက်လာသည့် ကျင့်စူးသည်ပင်လျှင် ထိုစာအုပ်ကို ကြောက်ရွံ့လျှက်ရှိ လေသည်။

အခန်း (၆၇၄) ရည်ရွယ်ချက်ပေါ်လာခြင်း

ဆန်းလျန်၏ တာအိုနှလုံးသားသည် အာရုံခံနိုင်စွမ်း အလွန်ကောင်းလေသည်။

ထို့ကြောင့် ကျင့်စူးကြောက်ရွံ့နေသည်မှာ လိမ်ညာနေခြင်း မဟုတ်သည်ကို ချက်ချင်းသိလိုက်လေသည်။ ကျင့်စူး သည် လေးစားစရာဇာစ်မြစ်တစ်ခုမှ ဖြစ်သည့်တိုင် သူမ၏ ဝိညာဉ်စွမ်းအားသည် သေသေချာချာကျင့်ကြံ ထားခြင်း မရှိသည့်အတွက် သိပ်ပြီး အားမကောင်းလှပါ။ သို့သော်… သူမသည် အသက်အရှည်ကြီး နေခဲ့ရသည့်အတွက် စိတ်အာရုံစူးစိုက်မှုတော့ ကောင်းမွန်လေသည်။

ထို့ကြောင့် ဆန်းလျန်သည် သူမ အဘယ်ကြောင့် ထိတ်လန့်ကြောက်ရွံ့နေရသည်ကို သိချင်သွားမိလေသည်။

အရင်ကစိတ်နှင့်ဆိုလျှင်တော့ ဆန်းလျှန်သည် ထိုကဲ့သို့သော ကိစ္စများကို မေးမြန်းခြင်းပြုမည်မဟုတ်ဘဲ မလိုအပ် သည့် ပြဿနာများကို မဖြစ်အောင် ရှောင်လွှဲမည် ဖြစ်လေသည်။

သို့သော်... စိတ်ပျက်အားလျော့ခြင်း အခြေအနေကို အကူအညီမဲ့စွာခံစားဖြတ်ကျော်ပြီးခဲ့သည့်နောက် ဆန်းလျှန် သည် ပိုပြီး ပွင့်လင်းလာခဲ့လေသည်။ သူသည် မည်သည့် ပြဿနာကိုမှ ကြောက်ရွံ့ခြင်း မရှိတော့ပေ။

သူက ပွင့်ပွင့်လင်းလင်းပင် မေးလိုက်လေသည်။

"မင်းဘာလို့ ကြောက်နေတာလဲ ပြောပြပါလား"

ကျင့်စူးက ကွေလိကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ကွေလိသည် နတ်မိစ္ဆာများကြားတွင် အတော်ဆုံးတစ်ယောက် ဖြစ်လေရာ ကျင့်စူးဆိုလိုသည့်အဓိပ္ပါယ်ကို ချက်ချင်း သဘောပေါက်သွားလေသည်။

ကွေလိက ပြုံးလိုက်ရင်း...

"ကျွန်မ အပြင်ခဏသွားလိုက်ဦးမယ်"

အစိမ်းရောင်အလင်းတန်းလေးသည် ရေများစီးဆင်းသွားသည့် အလား အပြာရောင်ခရီးရှည်နန်းတော်အတွင်းမှ ပျံသန်းထွက်ခွာသွားလေတော့သည်။

ကွေ့လိထွက်ခွာသွားတော့မှ ကျင့်စူးက စကားစပြောလိုက်လေသည်။

"ဒီကိစ္စက အရမ်းရှုတ်ထွေးတယ် ၊ သူသိသွားရင် ဘေးဆိုးတွေ သူ့ဆီကျရောက်လာမှာကို စိတ်ပူမိတယ်"

သူမက ပြောပြီးသည်နှင့် ဆန်းလျန်ကို မကျေမနပ်ဖြင့် တစ်ချက်ကြည့်လိုက်လေသည်။

သူမသည် လှည့်စားခံရသည်ဟု ခံစားနေရလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကဲ... ပြောပြတော့လေ..."

ဆန်းလျန်က ဘာမှမဖြစ်သလို တည်ငြိမ်အေးဆေးသည့်ပုံဖြင့်

ပင် ပြောလိုက်လေသည်။

ကျင့်စူးက တွေးလိုက်မိသည်။

"ဒီကိစ္စတွေအားလုံးသိသွားပြီးတဲ့နောက်မှာ ရှင် ဒီလိုပဲ

တည်ငြိမ်နိုင်ဦးမလားဆိုတာ ကြည့်ကြတာပေါ့"

သူမက စိတ်ကိုတည်ငြိမ်အောက် ထိန်းလိုက်ရင်း...

"ရှင် ကျင့်ကြံခဲ့တဲ့ 'စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်'

က ပြီးပြည့်စုံတဲ့ကျင့်စဉ်တစ်ခု မဟုတ်ဘူး"

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ကျုပ်လည်းရိပ်မိပါတယ်၊ အဲဒီကျင့်စဉ်ကို စပြီးကျင့်ကြံ

ကတည်းက ကျုပ်ရဲ့ဝိညာဉ်စွမ်းအားတွေ အဆက်မပြတ်

တိုးတက်လာပေမယ့် ဘယ်အတားအဆီးကိုမှ ရင်မဆိုင်ခဲ့ရဘူး

၊ ပြီးတော့ အဲဒီကျင့်စဉ်မှာ တစ်ခုခုပျောက်ဆုံး နေတယ်ဆိုတာ

ကို ကျုပ်လည်း ခံစားမိပါတယ်"

ဆန်းလျန်က အမှန်တရားကို ပြောလိုက်ခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီကျင့်ကြံခဲ့သည့် ဝိညာဉ်စွမ်းအားမြှင့်တင်ခြင်းကျင့်စဉ်ဖြစ်သည့် ကြာပန်းကိုးပွင့်ကျင့်စဉ်ကျမ်းသည် ထူးဆန်းသော်လည်း ကျင့်စဉ်လမ်းအဆုံးထိ ကျင့်ကြံသွားနိုင်ခြင်း ရှိလေသည်။

ထို့အတူ ထျန်းယီကျင့်ကြံခဲ့သည့် ယွမ်ကုန်းပုံပြောင်း (၉)ဆင့် ကျင့်စဉ်သည်လည်း ဖျက်ဆီး၍ မရနိုင်သည့် မူလဝိညာဉ်ခန္ဓာကိုရရှိသည့် အဆင့်အထိ တက်ရောက်နိုင်ခဲ့လေသည်။

သို့သော်... သူ ကျင့်ကြံခဲ့သည့် စန့်ချင်တာအိုဆရာသခင်၏ ဝိညာဉ်စွမ်းအားမြှင့်တင်သည့်ကျင့်စဉ်ကတော့ သူ၏ ဝိညာဉ်စွမ်းအားတစ်ခုတည်းကိုသာ မြှင့်တင်ပေးခဲ့လေသည်။ အခြားသော ထူးခြားချက်များ ပါဝင်ခြင်းမရှိပေ။ ဆန်းလျန်ပြုလုပ်ခဲ့သည့် ထူးခြားမှုတစ်ခုမှာ ဆန်းလျန်သည် စန့်ချင်တာအိုဆရာသခင်၏ပုံကို စိတ်အာရုံတွင် အမြဲတမ်း ပုံဖော်ကြည့်ခဲ့ခြင်း

သာလျှင် ရှိလေသည်။ ထိုသို့ ပုံဖော်ကြည့်ခဲ့ခြင်းက များစွာ
သော အခက်အခဲများကို ဖြေရှင်းပေးနိုင်ခဲ့လေသည်။ ထိုပညာ
ဖြင့် ဆန်းလျန်သည် အခက်အခဲများစွာကို ကျော်လွန်ပြီး
အသက်ရှင်သန်နိုင်ခဲ့ လေသည်။

ကျင့်စူးက ဖြည်းညင်းစွာဖြင့်...

“အဲဒီဝိညာဉ်စွမ်းအားမြှင့်တင်တဲ့ကျင့်စဉ်ကို စန့်ချင်တာအို
ဆရာသခင်က ရည်ရွယ်ချက်ရှိရှိနဲ့ မပြည့်မစုံရေးသားခဲ့တာ ၊
အဲဒီလိုဘာလို့လုပ်ရလဲဆိုတာကိုတော့ သိတဲ့သူ နည်းနည်း
လောက်ပဲ ရှိလိမ့်မယ် ၊ အဲဒီစာအုပ်က လောကမှာရှိနေ တာ
အရမ်းကြာခဲ့ပြီ ၊ ဒါပေမယ့် ဘယ်သူမှ အဲဒီစာအုပ်ကို မလိုချင်
ကြဘူး ၊ ကျင့်ကြံဖို့ဆိုတာတော့ ပြောမနေနဲ့တော့"

“တားမြစ်ချက်တစ်ခုခုများရှိလို့လား...”

ဆန်းလျန်က သိချင်စိတ်ဖြင့်မေးလိုက်လေသည်။

ကျင့်စူးက...

“အဲဒီကျင့်စဉ်ကိုကျင့်ကြံမယ်ဆိုရင် အချိန်တိုလေးအတွင်းမှာ ဝိညာဉ်စွမ်းအားတွေ အရမ်းမြင့်မားလာလိမ့်မယ်၊ အဲဒီ ကျင့်စဉ်ကို ကျင့်ကြံတာ ရပ်လိုက်မယ်ဆိုရင်တောင်မှ နှစ် ပေါင်းသန်းနဲ့ချီပြီးကြာတဲ့တစ်နေ့ကျရင် ရှင်ရောက်ရှိ မယ့် အဆင့်က တာ့လော်အဆင့်ထက်မနိမ့်နိုင်ဘူး၊ ရှင့်မှာ တာ့လော် အဆင့်နဲ့ညီမျှတဲ့ အဆန်းကျယ်ဆုံး မူလဝိညာဉ် ခန္ဓာနဲ့ဆန်း ကျယ်တဲ့တန်ခိုးစွမ်းအားတွေကို ပိုင်ဆိုင်ရလိမ့်မယ်၊ အဲဒီ ကျင့်စဉ်ကိုကျင့်ကြံတဲ့သူက အသက်လည်း ရှည်ရှည်နေရပြီး လောကမှာ ကြီးကျယ်မြင့်မြတ်တဲ့သူတစ်ယောက် တဖြည်းဖြည်းနဲ့ ဖြစ်လာရလိမ့်မယ်”

ထိုစကားများကြောင့် ဆန်းလျန်၏စိတ်ထဲတွင် ပျော်ရွှင်ခြင်းကို မခံစားရပါ။

“ဒီလောက်ကောင်းကျိုးတွေများနေမှတော့ ဆိုးကျိုးကလည်း အရမ်းကြီးမားနေမယ် မဟုတ်လား”

ကျင့်စူးက...

“ဆိုးကျိုးလို့တော့ပြောလို့မရပါဘူး ၊ လောကမှာ ဘယ်အရာမှ ထာဝရမတည်ရှိနိုင်ဘူးမဟုတ်လား ၊ ဒါပေမယ့် စန့်ချင်တာအို ဆရာသခင်ရေးခဲ့တဲ့ အဲဒီကျင့်စဉ်က စကြာဝဠာရဲ့ နိယာမတရားတွေအားလုံးကို ဆန့်ကျင်ထားခဲ့တယ် ၊ သူက တာအိုဆရာသခင်ကြီးပဲလေ ၊ သူက သဘာဝတရားရဲ့ အပြစ်ပေးခြင်းခံရမှာကို ကြောက်တဲ့သူမှမဟုတ်တာ ၊ ဒါပေ မယ့် အဲဒီကျင့်စဉ်ကိုကျင့်ကြံတဲ့သူကတော့ သဘာဝတရားရဲ့ အပြစ်ပေးခြင်းကို အချိန်တစ်ခုမှာ ကျိန်းသေ ပြင်းပြင်းထန်ထန်ခံစားရလိမ့်မယ် ၊ နောက်ဆုံးတော့ ရွေးခြယ် စရာမရှိဘဲ (၁၀)ကြိမ်တိတိသေခြင်းတရားကို ရင်ဆိုင်ရပြီး ထာဝရပျက်စီးပျောက်ကွယ်သွားရလိမ့်မယ်"

ဆန်းလျန်က...

"မိုးကောင်းကင်နိယာမအရဆိုရင်တော့ လမ်းပျောက်တဲ့အချိန် တိုင်းမှာ အခွင့်အရေးတစ်ခုအမြဲရှိတယ်လို့ဆိုထား တယ်၊ မင်း ပြောပုံအရဆိုရင် အဲဒီကျင့်စဉ်ကိုကျင့်ကြံတဲ့သူက လွတ် လမ်းမရှိတော့ဘူးပေါ့"

ကျင့်စူးက...

"သဘာဝတရားကအပြစ်ပေးတဲ့တစ်နေ့ကိုရောက်လာရင် ရှောင်လွှဲနိုင်မယ့် နည်းလမ်းတစ်ခုတော့ရှိတယ်၊ အဲဒါကတော့ ထိုက်ချင်တာအိုဆရာသခင်နဲ့ ယွိချင်တာအိုဆရာသခင်တို့ရဲ့ မူလသင်္ကေတတွေကို ရယူနိုင်မှ ဖြစ်လိမ့်မယ်၊ ဘာလို့လဲဆို တော့ အဲဒီကျင့်စဉ်က စန့်ချင်တာအိုဆရာသခင်ရဲ့ မူလ သင်္ကေတနဲ့ဖန်တီးထား တာဖြစ်လို့ပဲ၊ ရှင့်ဘက်က အဲဒီ မူလ အမှတ်အသားနှစ်ခုကိုရရှိနိုင်မှ ရှင်ကျင့်ကြံနေတဲ့ပညာက ချင် (၃) ပါးလို့ခေါ်တဲ့ မူလသုံးဖြာတာအိုဆရာသခင် (၃)ပါးရဲ့ မူလ သင်္ကေတ (၃)ခုနဲ့ပြည့်စုံပြီး အောင်မြင်ပြည့်စုံတဲ့ ပညာရပ်တစ်

ခု ဖြစ်သွားလိမ့်မယ်၊ အဲဒီလို မူလသုံးဖြာတာအိုဆရာသခင် (၃)ပါးရဲ့ မူလသင်္ကေတ (၃)ခုဟာ ခန္ဓာကိုယ်တစ်ခု အတွင်းမှာ ပေါင်းစပ်နိုင်သွားတော့မှ ကျင့်စဉ်ကပြီးပြည့်စုံသွားလိမ့်မယ်၊ အဲဒီလိုပြီးပြည့်စုံသွားရင်တော့ အဆုံးသတ် ဆိုတာ ရှိမလာနိုင်တော့ဘူး၊ အဆုံးသတ်ရှိမလာနိုင်တော့တဲ့အခါကျရင် ရှင်က တာအိုဆရာသခင်ကြီး တစ်ပါး ဖြစ်မလာဘူးဆိုရင်တောင် ပျက်စီးခြင်းတရားကိုတော့ ကျော်လွန်သွားနိုင်လိမ့်မယ်”

ဆန်းလျန်က မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း…

“အခု ကျုပ်နားလည်ပါပြီ၊ လောကမှာ မူလသုံးဖြာတာအိုဆရာသခင် (၃)ပါးရဲ့ မူလသင်္ကေတတွေကို ယူရဲတဲ့သူ ဘယ်သူရှိမှာတဲ့လဲ၊ ဒီပညာကို ကျင့်ကြံခဲ့မယ်ဆိုရင်လည်း နောက်ဆုံးမှာ မူလသင်္ကေတတွေကိုရယူနိုင်ဖို့အတွက် ထိုက်ချင်တာအိုဆရာသခင်နဲ့ ယွိချင်တာအိုဆရာသခင်ကို ဘယ်သူက သွားရင်ဆိုင်ရဲမှာတဲ့လဲ”

ကျင့်စူးက...

“အမှန်ပဲ ၊ အဲဒီတာအိုဆရာသခင်တွေကို ရင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ ရှင်လည်းနာလည်မှာပါပဲ"

ဆန်းလျန်က သက်ပြင်းတစ်ချက် ကြိတ်ပြီးချလိုက်မိလေသည်။

ထိုတာအိုဆရာသခင်များကိုရင်ဆိုင်ရန်မှာ မဖြစ်နိုင်သည့်ကိစ္စတစ်ခုတော့ မဟုတ်ပေ။ မဖြစ်နိုင်ခြင်းထက်ပင် ပိုလေသည်။ ထိုတာအိုဆရာသခင်များကို သူ့အနေဖြင့် ယခုထက် အဆတစ်ထောင်ပိုပြီး တန်ခိုးစွမ်းအားမြင့်မားဦး တော့မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်နိုင်မည် မဟုတ်ပါချေ။

ဆန်းလျန်က...

“တာအိုဆရာသခင်ကြီးတွေကလည်း လောကမှာ ပေါ်မလာတာ အချိန်အရမ်းကြာနေခဲ့ပြီမဟုတ်ဘူးလား ၊ အဲဒီတာအိုဆရာသခင်ကြီးတွေ သုံးလောကမှာတောင် ရှိကြသေးရဲ့လား မသိပါ

ဘူး ၊ အဲဒါဆိုရင် ကျုပ်ရဲ့ ကျင့်စဉ်က ဘယ်တော့မှ အောင်မြင်နိုင်မှာမဟုတ်တော့ဘူးပေါ့”

ကျင်းစူးက…

“တကယ်တော့ ရှင့်အနေနဲ့ ထိုက်ချင်တာအိုဆရာသခင်နဲ့ ယွိချင်တာအိုဆရာသခင်ကို သွားရှာစရာတော့မလိုပါဘူး ၊ သူတို့တာအိုကျင့်စဉ်လမ်းအောင်မြင်သွားတဲ့အချိန်တုန်းက ရတနာပစ္စည်း (၂)ပါးကို ထားခဲ့တယ် ၊ အဲဒီရတနာတွေ ကဖန်ကူအလံနဲ့ ထိုက်ချိပန်းချီကားပဲ ၊ အဲဒီရတနာပစ္စည်းတွေထဲမှာ တာအိုဆရာသခင်ကြီးတွေရဲ့ မူလသင်္ကေတ တွေရှိနေတယ် ၊ ပြီးတော့ အဲဒီရတနာပစ္စည်းတွေက ကျောက်စိမ်းဝိညာဉ်နန်းတော်နဲ့ ဘုရင်ရှစ်ပါးနန်းတော်မှာ ရှိတယ်လေ"

ထိုစကားကြောင့် ဆန်းလျန်မှာ ချက်ချင်းပင် ပျော်သွားရလေသည်။

နောက်ဆုံးတော့ စန့်ချင်တာအိုဆရာသခင်၏ ရည်ရွယ်ချက်ကို သူ ရှင်းရှင်းလင်းလင်း နားလည်ခဲ့ပြီဖြစ်လေသည်။

သူ့အနေဖြင့် စန့်ချင်တာအိုဆရာသခင်၏ "စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်ကို စတင်ကျင့်ကြံခဲ့ကတည်း က အခြားသော တာအိုဆရာသခင် (၂)ပါဖြစ်သည့် ယွီချင်တာအို ဆရာသခင်နှင့် ထိုက်ချင်တာအိုဆရာသခင်တို့နှင့် ပတ်သက် လာရန် ကြမ္မာဖန်ခဲ့ပြီးသား ဖြစ်လေသည်။

အခြားတစ်နည်းဖြင့်ပြောရမည်ဆိုလျှင် ထိုသို့ မူလသင်္ကေတ (၃)ခုစလုံးပြည့်စုံမှသာလျှင် တာအိုဆရာသခင် (၃)ပါး၏ ဓမ္မ အလုံးစုံကို ဆက်ခံနိုင်သူ တစ်ယောက်ဖြစ်လာမည် ဖြစ်လေ သည်။

ကျင့်စူးသည် လျှို့ဝှက်ချက်များကိုသိသော်လည်း ကျင့်စဉ်၏ရည်ရွယ်ချက်ကို သိရှိမည် မဟုတ်ပါ။

တိုက်ဆိုင်သည့်အချက်မှာ ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှလူများသည် ဆန်းလျန်သည် စန့်ချင်တာအိုဆရာသခင်၏ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်ကို ကျင့်ကြံထားသည်ဆိုသည့်အချက်ကို မသိရှိကြခြင်း ဖြစ်လေသည်။ ဤအချက်မှာလည်း နည်းနည်းတော့ ထူးဆန်းလေသည်။

သို့သော်... စန့်ချင်တာအိုဆရာသခင်ကိုယ်တိုင်က ဤအကြောင်းကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖုံးကွယ်ပေးထားခြင်းလည်းဖြစ်နိုင်လေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် ဆက်လက်လျှို့ဝှက်ထားနိုင်လေသည်။ သို့သော်... မည်သည့် လျှို့ဝှက်ချက်မှ အမြဲထာဝရ ဖုံးကွယ်ထားနိုင်ခြင်း ရှိမည်မဟုတ်ပါပေ။

သူကျင့်ကြံနေသည့်ကျင့်စဉ်၏ လျှို့ဝှက်ချက်သာ ပေါ်ပေါက်သွားပါက အသူရာချောက်ကိုစုစည်းမည့် အကြံအစည် ကို

အကောင်အထည်မဖော်နိုင်မီမှာပင် ကျောက်စိမ်းဝိညာဉ် နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှလူများ သူ့ကို လာသတ်ကြမည် ဖြစ်လေသည်။

ထို့ပြင် သဘာဝတရား၏အပြစ်ပေးမှုသည်လည်း တစ်ချိန်ချိန်တွင် သူ့ထံသို့ မဖြစ်မနေ ရောက်ရှိလာမည်ဖြစ်လေ သည်။

ထို့ကြောင့် သူ့အနေဖြင့် သဘာဝတရား၏အပြစ်ပေးခြင်းကို ကျော်လွှားနိုင်ရန်အတွက် ကျောက်စိမ်းဝိညာဉ် နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှလူများနှင့် အနေးနှင့်အမြန် တွေ့ဆုံရမည်ပဲ ဖြစ်လေသည်။ ထို့ကြောင့် သူ၏ လျှို့ဝှက်ချက်သည် နောက်ဆုံးတွင်တော့ ဘူးပေါ်သလို ပေါ်လာမည်ပဲ ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်ပြောခဲ့သည့် -

"အခက်အခဲတွေမရှိဘူးဆိုရင် နာကျင်ခံစားရမှုတွေမရှိဘူးဆို ရင် ဘယ်တော့မှ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာမှာ မဟုတ်ဘူး"

ဆိုသည့်စကားသည် ကြီးမားသည့်နိမိတ်စကားတစ်ခု ဖြစ်ရပေ မည်။

တာအိုဆရာသခင်ကြီး (၂)ပါးကို ရင်ဆိုင်ရဲသူသည် တာအို ဆရာသခင်ကြီးတစ်ပါး ကျိန်းသေဖြစ်လာရမည်ဖြစ်လေ သည်။

မဟုတ်ပါက သဘာဝတရား၏ ရှောင်လွှဲမရသည့်အပြစ်ပေးခံ ရခြင်းတွင် မည်သို့ အသက်ရှင်နိုင်ပါမည်နည်း။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကို ရယူလိုသည့် လူပင် လောကတွင်မရှိဟု ကျင့်စူးက ပြောခဲ့လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဤကျင့်စဉ်သည် ရေနက်ပိုင်း အထိ ရေငုပ်ရခြင်းနှင့်ဆင်တူလေသည်။ ခံနိုင်ရည်ရှိရန် အလွန်

မှ ခက်ခဲလေသည်။ အဘယ်ကြောင့်ဆိုသော် မည်သူမှ

အကြောက်တရားကို ရင်ဆိုင်နိုင်ခြင်းမရှိသလို အခက်အခဲ

ပြဿနာများကို ရှန်းကန်လိုစိတ်လည်း မရှိကြသောကြောင့်

ဖြစ်လေသည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်ကို ကျင့်ကြံမိ

သည့်အတွက် ဆန်းလျှန်သည် စန့်ချင်တာအိုဆရာသခင်

ပိုင်ဆိုင်သည့် ဓားတစ်လက်ကဲ့သို့ ဘဝမျိုးကို ရောက်ရှိသွားရ

သည်ဟု ဆိုနိုင်လေသည်။

မည်ကဲ့သို့သော ဓားမျိုးဖြစ်ပါသနည်း။

ယွိချင်တာအိုဆရာသခင်နှင့် ထိုက်ချင်တာအိုဆရာသခင်ကို

ရင်ဆိုင်ရမည့် ဓားဖြစ်လေသည်။ အမှန်တော့ မူလ (၃)ဖြာ တာ

အိုဆရာသခင် (၃)ပါးမှ စန့်ချင်တာအိုဆရာသခင်သည် ခွဲထွက်

သွားခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်က ဆန်းလျန်ကို တာအိုဆရာသခင် တစ်ပါးဖြစ်လာရန် ပျိုးထောင်ပေးခဲ့သော်လည်း သူ့အနေဖြင့် အခြားသော တာအိုဆရာသခင်ကြီး (၂)ပါးကို မည်သို့ ရင်ဆိုင်နိုင်ပါမည်နည်း။ သူလုပ်နိုင်သည်မှာ ထိုတာအိုဆရာသခင်ကြီး (၂)ပါး ထားခဲ့သည့် မူလသင်္ကေတများကို စိန်ခေါ်ရန်သာ ရှိလေသည်။ ဤသည်မှာလည်း စန့်ချင်တာအိုဆရာသခင်၏ ဖြစ်စေချင်သည့် ဆန္ဒပင် ဖြစ်ပေလိမ့်မည်။

နတ်ဘုရားဒဏ္ဍာရီများအတိုင်းသာ အမှန်ဆိုလျှင်....

စန့်ချင်တာအိုဆရာသခင်၏ မူလသင်္ကေတသည် ယွီချင်တာအိုဆရာသခင်နှင့် ထိုက်ချင်တာအိုဆရာသခင်တို့၏ လက်ထဲတွင် ဖျက်စီးခံခဲ့ရလေသည်။ ထို့ကြောင့် စန့်ချင်တာအိုဆရာသခင်က လက်စားချေလိုခြင်း ဖြစ်လေသည်။ စန့်ချင်တာအိုဆရာသခင်၏ လက်စားချေလိုသည့်ဆန္ဒကို ဖြည့်ဆည်းမပေးနိုင်ပါ

က ဆန်းလျန်၏ ဘဝအဆုံးသတ် သည်လည်း မည်သည့်နည်း နှင့်မျှ လုပ်နိုင်မည် မဟုတ်ပေ။

ကျင့်စူးသည် ဆန်းလျန်၏ မျက်နှာအမူအရာကို သေသေချာချာလေ့လာနေလေသည်။

သူမက ဆန်းလျန်၏မျက်နှာတွင် အကြောက်လွန်သွားမည့် အမူအရာကို ရှာဖွေနေခြင်းဖြစ်လေသည်။ သို့သော်... ဆန်းလျန်၏မျက်နှာတွင် မည်သည့်ခံစားချက်ကိုမှ မြင်တွေ့ရခြင်း မရှိပေ။

သူမသည် အရူးတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် စန့်ချင်တာအိုဆရာသခင်၏ရည်ရွယ်ချက်ကို သူမလည်း ကောင်းကောင်း သိလေသည်။ သို့သော်... ကံမကောင်းသည့်အချက်မှာ သူမသည် ယခုအခြေအနေများတွင် ကံဆိုးစွာဖြင့် ပါဝင်ပတ်သက်မိခြင်း ဖြစ်လေသည်။

ထို့ပြင် တာအိုဆရာယွိတင်၏ ဒေါသကို သူမကောင်းကောင်း သိလေသည်။

ဆန်းလျှန်၏လျှို့ဝှက်ချက်ကိုသာ တာအိုဆရာယွိတင်သိသွားပါက သူမသည်လည်း ဆရာဘိုးဘိုးကြီးခွန်ဖိန် ကိုယ်တိုင်လာပြီးကယ်တင်ပေးမည်ဆိုလျှင်တောင်မှ လွတ်လမ်းရှိတော့မည် မဟုတ်ပေ။

အခန်း (၆၇၅) အစားသောင်းကြမ်းသူ

ဆန်းလျန်၏မျက်နှာထက်တွင် ကြောက်ရွံ့ထိတ်လန့်သည့်

အမှုအရာကို မတွေ့ရသည့်အခါ ကျင့်စူးသည် အနည်းငယ်

စဉ်းစားသွားလေသည်။

ထိုအချိန်မှာပင်...

ဆန်းလျန်၏ နွေးထွေးသည့်အကြည့်လေးတစ်ချက်ကို သူမ

ရင်ဆိုင်လိုက်ရလေသည်။

ဆန်းလျန်က...

“လောလောဆယ်တော့ အဆင်ပြေပါတယ် ၊ ဘာလို့လဲဆိုတော့

အဆိုးဆုံးအခြေအနေမှ မရောက်သေးတာ"

ဆန်းလျန်က ထိုစကားကိုပြောလိုက်သည့်တိုင် သူသည် မည်

သည့်အခါမှ အဆိုးဆုံးအခြေအနေသို့ မရောက်နိုင် သည်ကို

သိရှိထားလေသည်။

စောစောကပင်ရင်ဆိုင်ခဲ့ရသည့် စန့်ချင်တာအိုဆရာသခင်၏

စစ်ဆေးမှုကြောင့် အရာအားလုံးဆုံးရှုံးသွားခဲ့ပြီးမှ သူ၏

ဝိညာဉ်သည် ပြန်လည်တည်ဆောက်ပေးခြင်း ခံခဲ့ရလေသည်။

ထို့ကြောင့် သူ၏ ဝိညာဉ်စွမ်းအားပစ္စည်းများဖြစ် သည့် မိုးမြေ

သန္ဓေမျိုးစေ့နှင့် တောင်နှင့်မြစ်ရေကောင်းကင်ဘုံပန်းချီကား

(၂)ခုလုံး ပျက်စီးပျောက်ကွယ်သွားခဲ့ရလေ သည်။

သို့သော်... မိုးမြေသန္ဓေမျိုးစေ့နှင့် တောင်နှင့်မြစ်ရေ

ကောင်းကင်ဘုံပန်းချီကား (၂)ခုစလုံးသည် အသစ် ပြန်လည်

ဖြစ် တည်လာသည့် သူ၏ဝိညာဉ်ဖြင့် စီးဝင်ပေါင်းစပ်သွားခဲ့

လေသည်။

ထို့ကြောင့် ယွမ်ကျွင်းကေရှီနှင့် တိုက်ခိုက်သည့်အချိန်တွင် သူ့

ကိုယ်သူ ရွှေဇလားအသွင် ဖန်ဆင်းပြီး တိုက်ခိုက်နိုင်ခဲ့ ခြင်းဖြစ်

လေသည်။ ယခင်ကကဲ့သို့ တန်ခိုးစွမ်းအားသာ

အလုံအလောက်ရှိမည်ဆိုလျှင် သူ့ကိုယ်သူ တောင်နှင့်မြစ်ရေ

ကောင်းကင်ဘုံပန်းချီကားအဖြစ်လည်း ဖန်ဆင်းနိုင်မည် ဖြစ်

လေသည်။

ထို့ကြောင့် လက်ရှိအချိန်ကို အဆိုးဆုံးအခြေအနေဟု အဘယ့်ကြောင့် ပြောရပါမည်နည်း။

တောင်နှင့်မြစ်ရေကောင်းကင်ဘုံပန်းချီကား သူ့လက်ထဲသို့ ရောက်လာသည်နှင့် တာအိုဆရာသခင်ထိုက်ယီက ထိုပန်းချီကားကို ကူညီပြီး ဖွင့်လှစ်ပေးခဲ့လေသည်။ ဆန်းလျန်က သူ၏ခန္ဓာကိုယ်ထဲမှ စန့်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတကို ထိုပန်းချီကားထဲတွင် ချန်ထားရစ်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ချန်ထားခဲ့ခြင်းအားဖြင့် စန့်ချင်တာအိုဆရာသခင်၏ လွှမ်းမိုးမှုအောက်မှ ရုန်းထွက် နိုင်မည်ဟု ထင်ခဲ့မိသောကြောင့် ဖြစ်လေသည်။

ဖြစ်ရပ်များက ရှုတ်ထွေးသည့်အတွက် ဆန်းလျန်ကိုယ်တိုင်ပင် သိပ်နားမလည်သော်ငြား စန့်ချင်တာအိုဆရာသခင် ၏မူလဝိညာဉ်ခန္ဓာသင်္ကေတကို သူ၏မူလဝိညာဉ်ထဲမှ ခွဲထုတ်နိုင်ခဲ့လေသည်။

သို့သော်... စန့်ချင်တာအိုဆရာသခင်သည် သူ၏အကြံအစည်ကို လက်လျှော့ဟန်မရှိပါ။

စန့်ချင်တာအိုဆရာသခင်သည် အပြာရောင်ခရီးရှည်နန်းတော်တွင် ဆန်းလျန်ကို စစ်ဆေးခြင်းပြုလုပ်ပြီး တောင်နှင့် မြစ်ရေကောင်းကင်ဘုံပန်းချီကားထဲမှ သူ၏မူလဝိညာဉ်သင်္ကေတကို ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာ အတွင်းသို့ ပြန်လည်ထည့်သွင်းပေးခဲ့လေသည်။

စန့်ချင်တာအိုဆရာသခင်သည် သူနှင့် ခွဲခြားမရလောက်အောင်နက်နက်ရှိုင်းရှိုင်းပတ်သက်ခဲ့ပြီဆိုသည့် အချက်ကို ဆန်းလျန်နားလည်ခဲ့ရလေပြီ။

ပြန်လည်ဖန်ဆင်းခံရသည့် ဆန်းလျန်၏ဝိညာဉ်အစစ်အမှန်သည် မရှိမှုကျေးရွာတွင် ရှိနေဆဲဖြစ်လေသည်။ ယခုတစ်ကြိမ်တွင်တော့ သူ၏ဝိညာဉ်အစစ်အမှန်ဖြင့် စန့်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်ခန္ဓာသင်္ကေတတို့ ပေါင်းစပ်သွားခဲ့ပြီဖြစ်

သည့်အတွက် သူ့အနေဖြင့် စန့်ချင်တာအိုဆရာသခင်၏မူလ

ဝိညာဉ်သကော်တနှင့် သူ၏ မူလဝိညာဉ်ခန္ဓာကို ထပ်မံခွဲထုတ်

နိုင်ရန် နည်းလမ်းမမြင်တော့ပေ။

မည်သို့ပင်ဖြစ်စေ ဆန်းလျှန်သည် အပြာရောင်ခရီးရှည်

နန်းတော်သို့လာခဲ့မိသည့်အတွက် နောင်တရခြင်း မရှိခဲ့ပါ။

ထို့ပြင် သူ့အနေဖြင့် လင်ပေါင်ထျန်းကျွင်းကို မည်သည့်နည်း

နှင့်မျှ မလွန်ဆန်နိုင်ကြောင်းကိုလည်း စန့်ချင်တာအို ဆရာ

သခင်ကိုယ်တိုင်က သင်ပြပေးသွားခဲ့ပြီ ဖြစ်လေသည်။ ထို့ပြင်

သူ့အနေဖြင့် အပြာရောင် ခရီးရှည်နန်းတော်သို့ ယနေ့ မလာ

ရောက်ခဲ့လျှင်လည်း နောင်တစ်ချိန်တွင် အခြား

အကြောင်းအရာများဖြင့် လာရောက်ရမည်ပဲ ဖြစ်လေ သည်။

ထို့ပြင်... သူ့ရင်ထဲမှ သံသယများကို ဖြေရှင်းပေးသွားသည့်

ကျင့်စူးကိုလည်း အလွန်ကျေးဇူးတင်မိလေသည်။

စန့်ချင်တာအိုဆရာသခင်၏စစ်ဆေးခြင်းကြောင့် မခံမရပ်နိုင်အောင် နာကျင်မှုများနှင့် စိတ်ပျက်အားလျော့ခြင်းများကို ခံစားခဲ့ရသော်လည်း သူ့ဘဝ ပျက်စီးခြင်းကို ဖြေရှင်းနိုင်မည့် နည်းလမ်းကို ကျင့်စူးထံမှ သိရှိခဲ့ရသည့်အတွက် အလွန်ကံကောင်းသည်ဟု ဆိုနိုင်လေသည်။

ထို့ပြင်... တာအိုဆရာသခင်ထိုက်ယီကိုလည်း ဆန်းလျန်ကျေးဇူးတင်မိလေသည်။

ကံဆိုးမိုးမှောင်ကျမှုများမှ လွတ်မြောက်ရန်အတွက် တာအိုဆရာသခင်ထိုက်ယီက သူ့ကို အတတ်နိုင်ဆုံး ကူညီခဲ့ သည်မဟုတ်ပါလား။ သို့သော်... ကံမကောင်းစွာဖြင့်ပင် သူသည် အရှုတ်အထွေးများအတွင်းသို့ တဖန်ပြန်လည် သက်ဆင်းခဲ့ရပြန်လေသည်။

တာအိုဆရာသခင်ထိုက်ယီအနေဖြင့် သူ့ထံမှကျေးဇူးပြန်ဆပ်မှုကို မလိုအပ်သည့်တိုင် သူ၏ကျေးဇူးတရားကိုတော့ ဆန်းလျန်

ကအမြဲတမ်း သတိရနေမိမည် ဖြစ်လေသည်။ ကျေးဇူးပြန်ဆပ်နိုင်လျှင်တော့ အတိုင်းထက်အလွန်ပင် ဖြစ်ပေလိမ့်မည်။

ဆန်းလျန်က အေးဆေးတည်ငြိမ်နေသည့်အတွက် ကျင့်စူးသည် ဒေါသထွက်လာလေသည်။

သူမက ဒေါသတကြီးဖြင့်...

“ရှင် ဘာလို့ နည်းနည်းလေးမှ မကြောက်ရတာလဲ”

ဆန်းလျန်ကပြုံးလိုက်ရင်း...

“ကြောက်နေလည်း ဘာများတတ်နိုင်မှာမို့လို့လဲ ၊ ပြီးတော့ လောကမှ ကျုပ်လိုအောင်မြင်တဲ့သူဆိုတာ ခပ်ရှားရှား ရယ် ၊ စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းကျင့်စဉ်တွေကို ကျင့်ကြံမိလို့ ခုလိုအောင်မြင်မှုတွေရတာဆိုတော့ စန့်ချင် တာအိုဆရာသခင်ကို ကျေးဇူးတောင်တင်သင့်တယ်"

ကျင့်စူးက စိတ်ပျက်လက်ပျက်ဖြင့်...

“ရှင်ကတော့ စံပဲပေါ့ ၊ စောစောကတောင် စန့်ချင်တာအိုဆရာ

သခင်က ရှင့်ကို သတ်တော့မလို့လေ…"

စန့်ချင်တာအိုဆရာသခင်၏ စစ်ဆေးခံရမှုကြောင့် ဆန်းလျန်

ကျင့်စဥ်လမ်းအဆင့်တက်ရောက်နိုင်ခဲ့သည်ကို ကျင့်စူး သိရှိခဲ့

ခြင်း မရှိပေ။

သာမန်လူများသည် သာမန်ကိစ္စရပ်များကိုသာ နားလည်နိုင်

မည် ဖြစ်လေသည်။ ကောင်းကင်မှ ဥက္ကာပျံတစ်စင်း ကြွေကျ

သွားသည်ကိုပင် သာမန်လူတစ်ယောက်အတွက် ထူးဆန်းချင်

ထူးဆန်းနေပေလိမ့်မည်။ သက်တမ်းရင့် ကြယ်စင်များကို

မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရလျှင်တော့ လူသားများအတွက်

ဆိုဖွယ်ရာပင် မရှိတော့ပေ။

ထို့ကြောင့် စန့်ချင်တာအိုဆရာသခင်ကို ဆန်းလျန်

ကျေးဇူးတင်မိခြင်းမှာ စိတ်ရင်းနှင့် ဖြစ်လေသည်။

အမှန်တော့ သူသည် သာမန်လူတစ်ယောက်မျှသာ ဖြစ်ခဲ့လေသည်။ အခြားလူများကဲ့သို့ အသက်တိုပြီး အချိန်တန် လျှင် အိုမင်းကာ သေဆုံးသွားရမည် ဖြစ်လေသည်။ သူ၏အဘိုးဖြစ်သူ ဆန်းသခင်ကြီးက သက်သေဖြစ်လေသည်။ နောက်ဆုံးတွင်တော့ ဘဝတစ်ခုသည် မြေကြီးထဲတွင် မြှုပ်နှံသင်္ဂြိုလ်ခံလိုက်ရသည်ပဲ ဖြစ်လေသည်။

ယခုအချိန်တွင်... တစ်ချိန်တုန်းက ဆန်းသခင်ကြီးကို သိရှိသူဆို၍ လောကတွင် တစ်ယောက်တစ်လေပင် ရှိတော့ မည်မဟုတ်ပေ။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒီ အပြာရောင်ခရီးရှည်နန်းတော်နဲ့ပတ်သက်ပြီးတော့ သတင်းကောင်းလေးဘာလေး ပြောပြစရာ မရှိတော့ဘူးလား"

ကျင့်စူးသည် သူမလုပ်ခဲ့သည့်လုပ်ရပ်များအတွက် နောင်တရ

နေပြီး စန့်ချင်တာအိုဆရာသခင်ကိုလည်း ဝေဖန်မနေ တော့

ပေ။

သူမက...

"ရှင်ဘာတွေပဲလုပ်လုပ် ကျွန်မစိတ်မဝင်စားတော့ဘူး ၊ ဒါပေ

မယ့် ဘာလို့ ဒီကံဆိုးမှုကြီးမှာ ကျွန်မပါရောပြီး ပတ်သက်နေရ

တာလဲ ၊ ကျွန်မက ပြင်ပလောကကိုထွက်ပြီး နည်းနည်း

လောက်လျှောက်ကြည့်ချင်ရုံပါ..."

သူမသည် ထိုစကားများကိုပြောရင်း ဝမ်းနည်းလာမိလေသည်။

သူမသည် မည်သည့်အခါမှ ဝမ်းမနည်းတတ်သည် နတ်မိစ္ဆာမ

လေး ဖြစ်လေသည်။ စည်းကမ်းများအတိုင်းလိုက်နာပြီး

နှလုံးသားမှခံစားချက်များကို အလေးမထားတတ်ပေ။ ယခု

တော့ သူမသည် စတင်ငိုကြွေးနေပြီ ဖြစ်လေသည်။ သူမ၏ ခွန်

ဖိန်နတ်မိစ္ဆာခန္ဓာသည် ရေဖြင့်ဖွဲ့စည်းတည်ဆောက်ထားခြင်း

ဖြစ်လေရာ သူမငိုသည့်အခါ အပြာရောင် ခရီးရှည်နန်းတော်

တစ်ခုလုံး ရေများဖုံးလွှမ်းသွားပြီး ခန်းမဆောင်ကြီးတစ်ခုလုံး

ရေမြုပ်တော့မည့်အလား ဖြစ်ရလေ သည်။

ဘဝဆိုသည်က ရွေးခြယ်စရာမှ မရှိဘဲလေ...။

ဆန်းလျန်သည် သူ့ကိုယ်သူ ဗလာနယ်တစ်ခုအဖြစ် ဖန်ဆင်း

ကာ ရေများအားလုံးကို စုပ်ယူလိုက်လေသည်။

ကျင့်စူးမှာ ဆန်းလျန်၏အပြုအမူကြောင့် အံ့သြသွားပြီး အငို

တိတ်သွားလေသည်။

“ရှင်ဘာလို့ ကျွန်မမျက်ရည်တွေကို မြိုချပစ်လိုက်ရတာလဲ”

သူမ ငိုနေသည်မျာ သူနှင့်ပတ်သက်နေသည့်အတွက် ဆန်းလျန်

သည် သူမနှင့်ပြိုင်ပြီး အငြင်းအခုန်လုပ်မနေတော့ ပေ။

“စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း” စာအုပ်၏လျှို့ဝှက်ချက်

များကို ကျင့်စူးသည် ဆန်းလျန်ကို ပြောပြခဲ့သည့် အတွက်

သူမ၏ကံကြမ္မာသည် ဆန်းလျန်နှင့် ဆက်နွယ်သွားပြီ ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှလူများသည် ဆန်းလျန်၏လျှို့ဝှက်ချက်ကို သိရှိသွားသည် နှင့် မီးခိုးကြွက်လျှောက် စုံစမ်းမှုများကို ပြုလုပ်ကြပေလိမ့်မည်။ ထိုအခါ ... ပြဿနာအရှုတ်ထုပ်များကြားတွင် ကျင့်စူး သည်လည်း မလွှဲမရှောင်သာ ယက်ကန်ယက်ကန်ဖြင့် ကြားညပ်ရတော့မည် ဖြစ်လေသည်။

ကျင့်စူးအနေဖြင့် ဆန်းလျန်ကိုသစ္စာဖောက်ပြီး ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်သို့သွားကာ ဆန်းလျန်အကြောင်း ဖော်ကောင်လုပ်ပြီး သတင်းပေးလျှင်တောင်မှ သူမကို မည်သူကမှ ကျေနပ်ကြလိမ့်မည် မဟုတ်ပေ။ သူမထိုသို့ပြုလုပ်ခဲ့လျှင်လည်း ထိုနန်းတော် (၂)ခုလုံးသည် သူမ

ကဲ့သို့ နတ်မိစ္ဆာတစ်ပါးထံတွင် ကျေးဇူးကြွေး အတင်ခံကြမည်မဟုတ်ပေ။

ကျောက်စိမ်းဝိညာဉ်နန်းတော်သည် မြင့်မြတ်ပြီးသီးခြားတည်ရှိရာနေရာတစ်ခု ဖြစ်လေသည်။ ကျောက်စိမ်းဝိညာဉ် နန်းတော်သည် မည်သူ့ကိုမှ ကြောက်ရွံ့ခြင်းမရှိသလို လေးစားခြင်းလည်း မရှိပေ။ ဘုရင်ရှစ်ပါးနန်းတော်မှာတော့ ပြောနေစရာပင်မလိုတော့ပေ။

ယခင်အချိန်များတုန်းက ကျယ်ကျောက်အမိန့်တော်ဂိုဏ်း၏ အောင်မြင်ကျော်ကြားမှုများကို ကျောက်စိမ်းဝိညာဉ် နန်းတော်မှလူများက "တိရိစ္ဆာန်းများနှင့် ပိုးကောင်များစုစည်းနေသည့်အုပ်စု" ဟု သရော်လှောင်ပြောင်ခဲ့ကြဖူးခြင်းက သက်သေပင်ဖြစ်လေသည်။

ကျင့်စူးသည် ခွန်ဖိန်အနွယ်တော်တစ်ယောက်ဖြစ်သည့်တိုင်ကျယ်ကျောက်အမိန့်တော်ဂိုဏ်းမှ မြင့်မြတ်သည့် တပည့်များ

နှင့် မည်သို့မှ မနှိုင်းယှဉ်နိုင်ပါ။ အမှန်တော့ သူတို့နှင့်ယှဉ်လျှင် သူမသည် အဆင့်နိမ့်နတ်မိစ္ဆာတစ်ကောင် သာဖြစ်လေသည်။ ဆရာဘိုးဘိုးကြီးခွန်ဖိန်သည် မည်မျှ တန်ခိုးစွမ်းအားမြင့်မားပါစေ စန့်ချင်တာအိုဆရာသခင်နှင့် တော့ယှဉ်နိုင်မည် မဟုတ်ပေ။ သူမသည် ဆရာဘိုးဘိုးကြီးခွန်ဖိန်၏ တပည့်ဖြစ်သည့်တိုင် တာအိုဆရာသခင်ကြီးများ၏ တပည့်များလောက်တော့ အဘယ်မှာ အဆင့်မြင့်နိုင်ပါမည်နည်း။

ထို့ကြောင့် ကျင့်စူးအနေဖြင့် ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်တွင် သွားရောက်ခိုလှုံမည် ဆိုလျှင် တောင်မှ ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်ရပေလိမ့်မည်။ ဆန်းလျန်က သူမနှင့်ပြိုင်ပြီး ငြင်းခုန်မနေသည့်အတွက် သူမက ဆန်းလျန်ကို လူကြီးလူကောင်းပီသသူတစ်ယောက် ဟု သတ်မှတ်လိုက်လေသည်။ သူမ၏စိတ်များလည်း အနည်းငယ်

တည်ငြိမ်လာပြီး ဆန်းလျန်ပြောသည့်စကားများ မှာ ကျိုးကြောင်းဆီလျော်ကြောင်း နားလည်လာရလေသည်။

ဝမ်းနည်းပူဆွေး စိုးရိမ်သောကရောက်နေရုံဖြင့် အခြေအနေများက ပြောင်းလဲသွားမည်မှ မဟုတ်ဘဲလေ။

ထို့ကြောင့် သူမသည် အနည်းငယ်တည်တည်ငြိမ်ငြိမ်ဖြစ်လာပြီး သက်ပြင်းချလိုက်လေသည်။

"အဲဒီအကြောင်းတွေ ထားလိုက်တော့ ၊ ကျွန်မကံဆိုးတယ်ဆိုလည်း ရှိပါစေတော့ ၊ အဲဒါ ကျွန်မပြဿနာပဲ ၊ တကယ်တော့ နတ်မိစ္ဆာအစိပတိနန်းတော်မှာ နေရတဲ့ဘဝက ပျော်စရာအကောင်းဆုံးပဲ ၊ နန်းတော်ကနေ ကိုယ့်သဘောနဲ့ကိုယ် ထွက်လာမိတာ အမှားကြီးမှားတာပဲ ၊ ခုတော့ ပြဿနာတောထဲဝင်မိတာ ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်ရတော့မှာပဲ"

ဆန်းလျန်က...

“ကျုပ် မင်းကို နတ်မိစ္ဆာအဓိပတိနန်းတော်ကို လိုက်ပို့ပေးမယ်လေ ၊ ဒါဆို နတ်မိစ္ဆာအဓိပတိကြီးခွန်ဖိန်က မင်းကို ကာကွယ်ပေးနိုင်မှာပါ”

ကျင့်စူးက ခေါင်းခါယမ်းလိုက်ရင်း…

“နတ်မိစ္ဆာအဓိပတိနန်းတော်က ချိတ်စည်းတံဆိပ်ချထားလိုက်ပြီ ၊ ကမ္ဘာ့ကပ်ဆိုးကြီးမပြီးဆုံးသရွေ့ ကျွန်မ အဲဒီကို ပြန်လို့မရတော့ဘူး”

ကျင့်စူးသည် ဒေါသထွက်လွယ်သလို စိတ်လည်းပြေလွယ်လေသည်။

ယခုတော့ ကျင့်စူးသည် စိတ်ဆိုးပြေသွားပြီ ဖြစ်ပြီး ဆန်းလျန်ကို ချိုချိုသာသာလေးသံလေးနှင့် စကားဆက်ပြော လိုက်လေသည်။

“ရှင်က စိတ်ထားကောင်းတယ်၊ အဲဒါလေ... ကျွန်မ တကယ် နဂါးအသားစားချင်လို့၊ ရှင်သာ ကျွန်မစားဖို့ ယင်းလုန်ကို ဖမ်း ပေးမယ်ဆိုရင် ရှင့်ကို အပြစ်မတင်တော့ဘူး”

ဆန်းလျန်မှာ ဘာပြောရမှန်းပင်မသိ ဖြစ်သွားရလေသည်။ သူ့ဘဝတွင် လူပေါင်းများစွာဖြင့် တွေ့ဆုံဖူးလေသည်။ သို့သော်... ကျင့်စူးကဲ့သို့ အစားသောင်းကြမ်းသူတစ်ယောက် ကိုတော့ ယခုမှပင် တွေ့ဆုံဖူးခြင်း ဖြစ်လေသည်။

ဆန်းလျန်က...

“ကျုပ်နဲ့ တာ့ရှားပြည်က သိပ်အဆင်မပြေလှဘူး၊ ဒီတော့ ယင်းလုန်ကိုတော့ မဖမ်းခိုင်းပါနဲ့ဗျာ”

ကျင့်စူးက...

“ကျွန်မတို့ သဘောတူထားတာရှိတယ်လေ၊ ရှင့်စကားကိုရှင်မ မေ့နဲ့နော်၊ ကျွန်မတို့ အခုပဲ သွားဖမ်းကြမယ်”

ဆန်းလျန်က...

“အပြာရောင်ခရီးရှည်နန်းတော်ကို အရင်သန့်ရှင်းရေးလုပ်ပါရစေဦး ၊ ကျုပ် ဒီနန်းတော်ကို တာ့ကျိုးပြည်ကို ရွှေ့သွား ချင်လို့ပါ"

ထိုအခါတွင်တော့ ကျင့်စူးကလည်း ဆန်းလျန်စကားကို နားထောင်ရှာလေသည်။

သူမက...

“ဒီနေရာက စန့်ချင်တာအိုဆရာသခင် တရားအလင်းရခဲ့တဲ့ နေရာပဲ ၊ အခုတော့ ရှင်... တကယ်ပဲ ဒီနေရာကို သိမ်းပိုက်လိုက်နိုင်ပြီနော် ၊ ကျွန်မမှာသာ ရှင်လိုမျိုး တာအိုနန်းတော်ကြီး တစ်ခုလောက် ပိုင်ဆိုင်ရင် နတ်မိစ္ဆာမဟာ တန်ခိုးရှင် (၇)ပါးကို နှိမ်နင်းပစ်မှာပဲ”

သူမက ဆက်ပြောလိုက်လေသည်။

“မဟုတ်ဘူး ... (၆)ပါးလို့ပြောတာ...”

သူမသည် သိုကျန့်စန့်ဖူကိုယ်တော်ကို စံပြပုဂ္ဂိုလ်အဖြစ် လေးစားသူ ဖြစ်လေသည်။

ထို့ကြောင့် နတ်မိစ္ဆာမဟာတန်ခိုးရှင် (၇)ပါးကို နှိမ်နင်းမည်ဆိုလျှင် သိုကျန့်စန့်ဖူကိုယ်တော်ပါ ပါနေသည့်အတွက် တစ်ပါးလျှော့လိုက်ခြင်း ဖြစ်လေသည်။

ကျင့်စူး၏ စိတ်ထားဖြူစင်ပုံလေးမှာ ချစ်စရာကောင်းသည်ကို ဆန်းလျန် နားလည်လိုက်ရလေသည်။ ပေမင်ကျီကို သူ သတ်ဖြတ်ပစ်ခဲ့သည့်တိုင် ကျင့်စူးကတော့ တကယ်ပင် ခင်မင်စရာကောင်းသူ ဖြစ်လေသည်။

ထိုသို့တွေးနေရင်းမှာပင် ဆန်းလျန်သည် စိတ်စွမ်းအားကို အသုံးပြု၍ ကွေလိကိုပြန်လာရန် အကြောင်းကြားလိုက် လေသည်။

အခန်း (၆၇၆) တာဝန်ခံမှု

အပြာရောင်ခရီးရှည်နန်းတော်သည် စန့်ချင်တာအိုဆရာသခင်လေထဲမှ ဖန်ဆင်းလိုက်သည့် နေရာတစ်ခုတော့ မဟုတ်ခဲ့ပါ။ ထုန်ထျန်းအရှင်သခင်သည် ဤနန်းတော်ထဲတွင် အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ပြီး သူ၏တန်ခိုးစွမ်းအားများကို အပြာရောင်ခရီးရှည်နန်းတော်သို့ ဖြည့်တင်းပေးခဲ့ပြီးမှ ဖြစ်ပေါ်စေခဲ့သည့် ကိုယ်ပိုင်ကမ္ဘာတစ်ခုဖြစ်လေသည်။

ဆန်းလျန်သည် စန့်ချင်တာအိုဆရာသခင်၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရသူ ဖြစ်လေသည်။ ထို့ကြောင့် ဝိညာဉ် စွမ်းအားများနှင့်ပြည့်နက်နေသည့် အပြာရောင်ခရီးရှည်နန်းတော်သည် ဆန်းလျန်ကို ငြင်းဆန်ခဲ့ခြင်းမရှိဘဲ အရှင်သခင်အသစ်အဖြစ် လက်ခံခဲ့လေသည်။

ထို့ကြောင့် ဆန်းလျန်သည် နန်းတော်ကို မျှော်လင့်ထားသည်ထက်ပိုပြီး လွယ်လွယ်ကူကူဖြင့် သိမ်းပိုက်နိုင်ခဲ့လေ သည်။

ထို့နောက်တွင်တော့... ဆန်းလျန်သည် ကွေလိနှင့် ကျင့်စူးကိုခေါ်ကာ တာ့ကျိုးပြည်သို့ ပြန်လာခဲ့လေသည်။

တာ့ကျိုးပြည်သူပြည်သားများမှာ ဆန်းလျန်သည် အလွန်တရာချောမောလှပသည့် နတ်သမီးလေး (၂)ပါးနှင့်အတူ ပြန်လာသည်ကို တွေ့လိုက်ရသည့်အတွက် စပ်စုချင်နေကြလေသည်။ သူတို့က ဧကရာဇ်မင်းသည် နောက်ဆုံးတော့ ကြင်ယာတော် ရှာတွေ့သွားပြီဟု တွေးထင်နေကြလေသည်။

သို့သော်... ချင်းရွှမ်တည်ရှိရာလောကမှ ဆန်းလျန်ခေါ်လာခဲ့သည့် ကျင့်ကြံသူများနှင့် နတ်ဘုရားများကတော့ အခြေအနေမှန်ကို ရိပ်မိကြလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနတ်သမီး (၂)ပါးမှ တစ်ပါးမှာ လောကတစ်ခုလုံး ကိုတုန်လှုပ်

စေသည့် နတ်မိစ္ဆာဘုရင်ကွေ့လိဖြစ်သည်ကို သိရှိနေကြ

သောကြောင့်ပင်။

သူတို့သည် ကျင့်စူးကိုတော့ သိရှိကြခြင်းမရှိပေ။ သို့သော်

ကျင့်စူးသည် နတ်မိစ္ဆာဘုရင်မကွေ့လိနှင့် ခင်မင်ရင်းနှီး သည်

ကို တွေ့မြင်လိုက်ရသည့်အတွက် ကြောက်မက်ဖွယ်ရာ

နတ်မိစ္ဆာတစ်ပါးဖြစ်သည်ကို ချက်ချင်းပင် ရိပ်မိလိုက် ကြလေ

သည်။

ကျင့်စူးနှင့် ကွေ့လိရောက်ရှိလာသည့်အတွက် တာ့ကျိုးပြည်

သည် ပိုမိုအင်အားကြီးမားလာမည်ကို ရိပ်မိလိုက်ကြ

သော်လည်း ဆန်းလျန်ရင်ဆိုင်ရတော့မည့် အန္တရာယ်များလွန်း

သည့် အခြေအနေများကိုတော့ သူတို့ မသိရှိခဲ့ကြပေ။

သို့သော်... ကွေ့လိကတော့ ရိပ်မိခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏အမူအရာများက

အေးအေးဆေးဆေးပင်ရှိနေသည့်တိုင် ကျင့်စူး၏ပုံစံမှာ

တစ်ခါတစ်လေတွင် စိုးရိမ်သောကရောက်နေဟန် ရှိလေသည်။
သူမသည် ကျင့်စူးအကြောင်းကို ကောင်းကောင်း သိလေ
သည်။ ကျင့်စူးသည် နတ်မိစ္ဆာအဓိပတိနန်းတော်မှ မြင့်မြတ်
သည့် ခွန်ဖိန်အနွယ်တော်တစ်ယောက် ဖြစ်လေ ရာ သူမ ဘဝ
တွင် စိုးရိမ်သောကရောက်စရာ သိပ်မရှိလှပေ။
သို့သော်... ထိုနေ့က ကျင့်စူးသည် သူမကို ထွက်သွားရန်
မျက်ရိပ်ပြလိုက်ပြီးသည့်နောက် ဆန်းလျန်နှင့် ကျင့်စူးပြော
သည့် စကားများသည် ပြဿနာရှိနိုင်လေသည်။ ကျင့်စူး
ကိုယ်တိုင်လည်း ထိုပြဿနာများကို ဖြေရှင်းနိုင်ဟန် မရှိပေ။
ကျင့်စူးကြောက်ရွံ့နေသည်ကို ကွေလိသည် မမြင်ရက်
သည့်အတွက် ဖြစ်နိုင်လျှင် မဟာမာရူယိထံသို့သွားကာ
အကူအညီတောင်းပေးမည်ဟု စိတ်ကူးလိုက်မိလေသည်။
သူမ၏အတွေ့ထက် သူငယ်ချင်းဖြစ်သူက ပိုအရေးကြီး သည်မ

ဟုတ်ပါလား။ သို့သော်... သူမအနေဖြင့် မည်သည့်ပြဿနာ ဖြစ်နေသည်ကို ပထမဆုံး သိရှိရန် လိုအပ်လေသည်။ သို့သော်... ဆန်းလျန်ရော ကျင့်စူးပါ သူမကို လုံးဝပြောမပြရန် ဆုံးဖြတ်ထားကြဟန် ရှိလေသည်။

ကွေ့လိသည် ဆန်းလျန်ကို မေးမြန်းရန်တော့ မစဉ်းစားခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်သည် ပွင့်လင်းသူ တစ်ယောက်ဖြစ်သည့်အတွက် သူမသိဖို့လိုသည့်ကိစ္စဆိုလျှင် သူမ မေးစရာပင်မလိုဘဲ ပြောပြမည် ဖြစ်လေသည်။ သို့သော်... ဆန်းလျန် လုံးဝ မပြောချင်ဘူးဆိုလျှင်တော့ သူမကို လုံးဝမသိစေချင်သောကြောင့်သာဖြစ်လေသည်။

ကွေ့လိ၏အစောပိုင်းအစီအစဉ်မှာ နွားရိုင်းမင်းကြီးထံမှ ရရှိခဲ့သည့် ပုံရိပ်မှဲ့ပုလဲကိုယူပြီး စကြာဝဠာတစ်ခုလုံးသို့ အလည်အပတ်သွားကာ အလှတရားများကို လျှောက်ကြည့်ရန်

ဆုံးဖြတ်ထားခဲ့လေသည်။ သို့သော်... ယခုတော့ သူမ၏ဆန္ဒ
များ ပျောက်ကွယ်သွားရပြီ ဖြစ်လေသည်။

ဆန်းလျန်၏ပြဿနာသည် မည်သည့်ပြဿနာမှန်းမသိသည့်
တိုင် သူမသာ ဆန်းလျန်နှင့်အတူရှိနေလျှင် အနည်းနှင့် အများ
တော့ ဆန်းလျန်ကို ကူညီနိုင်မည်ဟု မျှော်လင့်ထားခဲ့လေ
သည်။

ထို့ပြင် ... သူမ၏စိတ်အခြေအနေသည်လည်း သိပ်ပြီး မ
ကောင်းပေ။ သူမသည် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှ ရဲ့လျိုယွင် နှင့်
ယင်းစန်းမှထျန်းယီတို့နှင့် တိုက်ခိုက်ခဲ့သည့် တိုက်ပွဲများကို
လျစ်လျူရှုမထားနိုင်သေးပေ။

ဆန်းလျန်သည် တာ့ကျိုးပြည်သို့ ပြန်ရောက်သည်နှင့်
ချက်ချင်းပင် တံခါးပိတ်ကျင့်ကြံခြင်းကို ပြုလုပ်လေသည်။
ထို့ကြောင့် ကွေလိသည် တာ့ကျိုးပြည်တွင်ပင် လွတ်လွတ်လပ်
လပ်နေထိုင်နေလေတော့သည်။ သူမသည် ဆန်းလျန် အသူရာ

ချောက်သို့ခေါ်လာသည့် အချို့သောကျင့်ကြံသူများနှင့်လည်း သိရှိသူဖြစ်လေရာ သူမသည် ထိုသူများနှင့် ကျင့်စဉ်လမ်း အကြောင်း စကားစမြည်ပြောလေ့ရှိလေသည်။

သူတော်စင်များ ပြောလေ့ရှိသည့် စကားတစ်ခုရှိလေသည်။ “လူ (၃)ယောက်တွင် (၁)ယောက်ကတော့ သင်၏ဆရာဖြစ်လာ နိုင်သည်” ဟူ၍ပင်။

ချင်းရှမ်တွင် အချိန်ကြာမြင့်စွာနေခဲ့ပြီးသည့်နောက်ပိုင်းတွင် ကွေလိနားလည်လာရသည့်ကိစ္စ (၁)ခု ရှိလေသည်။ ထိုအချက် မှာ သူမသည် မည်မျှပင် ကျင့်ကြံခြင်းအဆင့်အောင်မြင် နေပါစေ လိုအပ်ချက်ကတော့ အမြဲရှိနေသည် ဆိုသည့်အချက် ပင်ဖြစ်လေသည်။ ထို့ကြောင့် ကျင့်ကြံခြင်းအဆင့်နိမ့်သည့် ကျင့်ကြံသူများသည်လည်း တစ်ခါတလေ တွင်ကောင်းမွန် သည့်အကြံဉာဏ်များကို ပေးနိုင်လေသည်။

ယနေ့တွင်တော့… တာ့ကျိုးပြည်၏မြို့တော် ရှီးလျန်တွင် ကွေ့လိသည် ကျိကျိုက်ဝတ်ကျောင်းတော်မှ ကျိုးနန် ဆရာလေးနှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်ထိုင်ရင်း ဗုဒ္ဓဘာသာအကြောင်းကို ဆွေးနွေးနေခဲ့ကြလေသည်။

ထိုအချိန်မှာပင်…

တာ့ကျိုးနန်းတော်အနီးပတ်ဝန်းကျင်တွင် ဓားဝိညာဉ် (၂)ခု တိုက်ခိုက်သံကို ကြားလိုက်ရလေသည်။

ကျိုးနန်းဆရာလေးကလည်း ခေသူမဟုတ်ပါ။ သူမ၏ ကျင့်ကြံခြင်းအဆင့်သည် ကွေ့လိထက်တော့ အဆင့်မနိမ့်ပေ။

ကျိုးနန်းဆရာလေးက…

“တောင်သခင်ကွေ့လိ ၊ ကျင့်စူးနတ်သမီးနဲ့ ဖန်းကျန်းရန်နတ်သမီးတို့ ဘာလို့ တိုက်ခိုက်နေကြတာလဲ”

ကွေ့လိက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း…

“သွားကြည့်ရအောင်…”

သူတို့ (၂)ယောက်လုံးသည် ချက်ချင်းပင် လက်ဖက်ရည်ဆိုင်ထဲမှ ပျောက်ကွယ်သွားပြီး နန်းတော်အနားသို့ ရောက်ရှိသွားလေသည်။

ထိုနန်းတော်သည်ကား... အပြာရောင်ခရီးရှည်နန်းတော် ဖြစ်လေသည်။

အပြာရောင်ခရီးရှည်နန်းတော်သည် ရွှေ့လျားနိုင်သည့် တာအိုနန်းတော်တစ်ခု ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်အနေဖြင့် အပြာရောင်ခရီးရှည်နန်းတော်ကို မြေလှန်ပြီး ရွှေ့ပြောင်းလာစရာမလိုဘဲ လွယ်လွယ်ကူကူပင် တာ့ကျိုးသို့ ဆောင်ယူလာနိုင်ခဲ့လေသည်။

အပြာရောင်ခရီးရှည်နန်းတော်၏ ခိုင်မာသည့်အခြေခံအုတ်မြစ်ကြောင့် တာ့ရှားကေရာဇ်နှင့် ထျန်းယီတို့လောက်ကို တော့ အသာလေးတောင့်ခံနိုင်လေသည်။ သူတို့ (၂)ယောက်ပေါင်းပြီး

တိုက်ခိုက်လျှင်တောင်မှ နန်းတော်သည် ပျက်စီးမည်မဟုတ်

ပေ။

ထို့ပြင်.... အပြာရောင်ခရီးရှည်နန်းတော်သည်

တစ်ယောက်တည်းတံခါးပိတ်ကျင့်ကြံရန်အတွက် အသင့်တော်

ဆုံး နေရာဖြစ်လေသည်။

ဆန်းလျန် တစ်ယောက်တည်းတံခါးပိတ်ကျင့်ကြံရသည့်

အကြောင်းရင်းမှာ ဆုံးရှုံးသွားသည့် တန်ခိုးစွမ်းအားများ

ပြန်လည်ရရှိရန်အတွက် ဖြစ်လေသည်။ အမှန်တော့

သူ၏တန်ခိုးစွမ်းအားများ မူလအတိုင်းပြန်ရရန်မှာ အချိန်

အတန် ကြာအောင် ကျင့်ကြံရမည် ဖြစ်လေသည်။ သို့သော်...

တာ့ကျိုးပြည်၏ ကံကြမ္မာနှင့် ပြည်သူများ သူ့အပေါ်ထားရှိ

သည့်ယုံကြည်မှုများကြောင့် ဆန်းလျန်သည် တန်ခိုးစွမ်းအား

များ လျှင်မြန်စွာပင် ပြန်လည်တိုးတက်လာခဲ့လေသည်။

နှစ်ဝက်အတွင်းမှာပင် ယခင်ကကဲ့သို့ တန်ခိုးစွမ်းအားများ ပြန်လည်ရရှိလာခဲ့လေသည်။

ဤသည်မှာ တိုင်းပြည်ကံကြမ္မာကြောင့် ရရှိခဲ့သည့် အကျိုးအမြတ်ပင်ဖြစ်လေသည်။ ထို့ကြောင့် ကျင့်ကြံသူများ သည် တိုင်းပြည်များတွင် တိုင်းပြည်အကြံပေးအမတ်မင်းများ အဖြစ် တာဝန်ထမ်းဆောင်ကြခြင်း ဖြစ်လေသည်။ သူတို့၏ ကျင့်စဉ်လမ်းတွင် တိုင်းပြည်၏ကံကြမ္မာကို အသုံးပြုလို သောကြောင့် ဖြစ်လေသည်။ သို့သော်... လောကီရေးရာ၏ ဆိုးညစ်မှုများကြောင့် သူတို့၏ ကံကြမ္မာတွင်လည်း အပြောင်းအလဲများ ဖြစ်နိုင်လေသည်။ ထို့ကြောင့် ဤနည်း လမ်း သည်အကျိုးအပြစ်ရောထွေးနေသည့် နည်းလမ်းဖြစ် လေသည်။

ဆန်းလျန်သည် မည်သည့်ကံကြမ္မာကိုမှ ကြောက်ရွံ့ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်အတွက်တော့ တာအိုဆရာ

သခင်ကြီးတစ်ပါးဖြစ်လာရန်ထက် ကောင်းမွန်သည့် ကံကြမ္မာ မရှိသောကြောင့် ဖြစ်လေသည်။

လက်ရှိအချိန်တွင် သူအာရုံစိုက်နေသည့်အချက်မှာ ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှလူ များ နှင့်ရင်ဆိုင်ရန်သည့်အခါ တန်ခိုးစွမ်းအားများ မြင့်မားနေ စေရန် ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏နတ်ဘုရားခန္ဓာကို ပြန်လည် တည်ဆောက်ရန်အတွက် အသက်ဓာတ်စွမ်းအားများကို စုစည်း နေခဲ့လေသည်။ သူသည် စိတ်အာရုံစူးစိုက်မှုအနက်ရှိုင်း ဆုံးအဆင့်သို့ ရောက်ရှိနေလေသည်။

ထို့ကြောင့် သူက ဖန်းယန်ယင်းကို ယိုစန်းပြည်မှ ပြန်ခေါ်လိုက် ပြီး နန်းတော်အတွင်းသို့ မည်သူမှ မဝင်စေရန် စောင့်ကြပ်စေခဲ့ လေသည်။

ထို့ကြောင့် ကျင့်စူးတစ်ယောက် အပြာရောင်ခရီးရှည်နန်းတော် အတွင်းသို့ အလောတကြီးဝင်လာသည့်အခါ ဖန်းယန်ယင်းက တားဆီးလိုက်ခြင်း ဖြစ်လေသည်။

တန်ခိုးစွမ်းအားနှင့် ကျင့်ကြံခြင်းအဆင့်တွင် ဖန်းယန်ယင်း သည် ကျင့်စူးကို မမီပေ။ သို့သော် ဖန်းယန်ယင်း၏ တိုက်ခိုက် မှုက အခြားသောနတ်ဘုရားများထက်ပိုပြီး ရက်စက်လေ သည်။

ကျင့်စူးမှာ ဆန်းလျန်ကို မေးစရာရှိသည့် အတွက် ရောက်လာ ခြင်းဖြစ်ပြီး ဆန်းလျန်ကို နှောက်ယှက်ရန် ဆန္ဒမရှိပေ။ ထို့ကြောင့် သူမကို ဖန်းယန်ယင်းက တိုက်ခိုက်လိုက်သည့်အခါ အနည်းငယ် တုံ့ဆိုင်းသွားမိလေသည်။

အခြားသူများအမြင်တွင်တော့ ဖန်းယန်ယင်း၏ဓားသည် လှိုင်း များပြင်းထန်နေပြီး လှိုင်းများကြားတွင် ပိတ်မိနေသည့် ခွန်ဖိန် တစ်ကောင်ကို တွေ့ရမည် ဖြစ်လေသည်။

ကျင့်စူး၏တန်ခိုးစွမ်းအားမှာ သူမထက် များစွာသာလွန်သည်ကို ဖန်းယန်ယင်း ကောင်းကောင်းသိထားပါသည်။ သူမ၏ ဓားဝိညာဉ်သည် ခုခံရန်ခက်ခဲသည့် ဓားဝိညာဉ်ဖြစ်သည့်တိုင် ကျင့်စူး၏မိစ္ဆာခန္ဓာအနားသို့ရောက်သည်နှင့် ပျက်ပြယ်သွားရလေသည်။ မမြင်ရသည့် စွမ်းအားတစ်ခုက ဓားဝိညာဉ်ကို စုပ်ယူလိုက်သည့်အလားပင်ဖြစ်လေ သည်။

သူမ၏ ဓားဝိညာဉ်သည် အလွန်မှ ပြင်းထန်ပြီးကြောက်မက်ဖွယ်ရာကောင်းလေသည်။ သို့သော်... ကျင့်စူးအပေါ်တွင် သက်ရောက်နိုင်မှု သုညဖြစ်နေလေသည်။

ကျင့်စူးမှာလည်း ဖန်းယန်ယင်း၏ ကြောက်မက်ဖွယ်ရာ မရဏဓားကြောင့် များစွာ အံ့သြထိတ်လန့်သွားရလေသည်။ သူမသည် ဗဟုသုတကြွယ်ဝသူတစ်ယောက်ဖြစ်သည့်အတွက် ဖန်းယန်ယင်း၏ မရဏဓားတွင် တာအိုဆရာသခင် ထိုက်စန့်၏ အငွေ့အသက်များပါဝင်နေသည်ကို ချက်ချင်းသိလိုက်လေ

သည်။ ထိုအငွေ့အသက်များမှာ ဘုရင်ရှစ်ပါး နန်းတော်မှ ထိုက်စန့်တာအိုကာရုံနှင့် ဆင်တူလေသည်။

သူမသည် ယွမ်တုဓား သို့မဟုတ် ငရဲလမ်းဓားကဲ့သို့ ဖြစ်မလာနိုင်ဘူးဟု မည်သူက အတတ်ပြောနိုင်ပါမည်နည်း။

ကံကောင်းသည်မှာ သူမသည် "ပေမင်" အကာအကွယ်ကို အသုံးပြုထားသည့်အတွက် ဖန်းယန်ယင်း၏ ထက်မြက် လွန်းသည့်မရဏဓားကို ကာကွယ်ထားနိုင်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဖန်းယန်ယင်း စတင်တိုက်ခိုက်လိုက်သည့် အချိန်တွင် ကျင့်စူးသည် အနည်းငယ်တုံ့ဆိုင်းသွားသည့်တိုင် သူမတွင် ထိခိုက်မှု တစ်စုံတစ်ရာ မဖြစ်ခဲ့ပေ။

သို့သော်... သူမသည် ဖန်းယန်ယင်း၏ တိုက်ခိုက်မှုကို ပြန်လည်ရင်ဆိုင်ရန်အတွက် အချိန်အနည်းငယ် လိုအပ်လေသည်။

ကျင့်စူးက ဖန်းယန်ယင်းကို မည်သို့ပြန်လည်တိုက်ခိုက်ရမည်ကို စဉ်းစားနေစဉ်မှာပင် ရောင်စဉ် (၅)မျိုးသည် ဓားဝိညာဉ်လှိုင်းများအတွင်းသို့ ဝင်ရောက်လာပြီး ဓားဝိညာဉ်ကို လုံးဝပျောက်ကွယ်သွားစေလေသည်။

ကွေလိရောက်ရှိလာခြင်းဖြစ်သည်ကို ကျင့်စူးက ကောင်းကောင်း သိလိုက်လေသည်။

ကွေလိသည် အပြာရောင်ခရီးရှည်နန်းတော်ရှေ့ တွင်ရှိနေသည့် ဖန်ယန်ယင်း၏ဘေးတွင် မတ်တပ်ရပ်နေလေသည်။

ကျင့်စူးက ဖန်းယန်ယင်းကို ကြည့်လိုက်ရင်း...

"ငါ ဆန်းလျန်ကို တွေ့ရမှ ဖြစ်မယ်"

ဖန်းယန်ယင်းက...

"ဆရာဦးလေးက တံခါးပိတ်ကျင့်ကြံနေတာ ၊ ဘယ်သူ့ကိုမှ အတွေ့ခံမှာ မဟုတ်ဘူး"

ကွေ့လိနှင့် ဖန်ယန်ယင်းမှာ ရင်းနှီးကြသူများဖြစ်လေရာ ဖန်းယန်ယင်း မည်မျှ မာနကြီးပြီးခေါင်းမာသည်ကို ကွေ့လိက အသိဆုံးဖြစ်လေသည်။

အထူးသဖြင့် ဆန်းလျန် တစ်ယောက်တည်း တံခါးပိတ်ကျင့်ကြံနေသည့်အချိန်မျိုးတွင် သူမဘက်မှ မည်သည့်နည်း နှင့်မှ အလျှော့ပေးလိမ့်မည် မဟုတ်ပေ။ ဆန်းလျန်ကို မည်သူမှ မနှောက်ယှက်စေရန် အတတ်နိုင်ဆုံး ကာကွယ်မည် ဖြစ်လေသည်။

ကွေ့လိက ဝင်ရောက်ဖြန်ဖြေပေးရလေသည်။

"မမကျင့်စူး ၊ ဘာလို့ ဆန်းလျန်ကို ရှာရတာလဲ"

ကျင့်စူးက…

"ငါ့ အစ်ကို (၉)ရဲ့ နတ်မိစ္ဆာခန္ဓာကို ဖျက်စီးပစ်လိုက်တာ ဆန်းလျန်လုပ်တာလားလို့ မေးမလို့"

ကွေ့လိက…

"ဒီမှာ ဘာတွေများဖြစ်ခဲ့ကြလို့လဲ"

အခန်း (၆၇၇) မျှော်လင့်ချက်ကင်းမဲ့သည့်ကျင့်စဉ်လမ်း

ကျင့်စူးက ဖန်းယန်ယင်းကို လက်ညိုးထိုးပြလိုက်ပြီး...

"သူ့ကိုမေးကြည့်လေ..."

ဖန်းယန်ယင်းက ကွေလိမေးသည်ကို မစောင့်တော့ဘဲ

ချက်ချင်းဖြေလိုက်လေသည်။

"မင်းရဲ့ အစ်ကို (၉)ဆိုတဲ့သူက ငါတို့ တာ့ကျိုးပြည်တစ်ပြည်

လုံးကို ရေလွှမ်းမိုးအောင်လုပ်ဖို့အတွက် ရောက်လာတာ ၊ သူက

တာ့ကျိုးရဲ့ ဥပဒေကို ချိုးဖောက်တာပဲ ၊ ဒါကြောင့် အပြစ်ပေး

ခံရတာ"

ကျင့်စူးက...

"ဆန်းလျန်က ငါ့ကို ဘာလို့ ပြောမပြရတာလဲ"

ဖန်းယန်ယင်းက...

"ဒါတော့ ဆရာဦးလေး တံခါးပိတ်ကျင့်ကြံရာကနေ ထွက်လာမှ

ပဲ မေးကြည့်ပေါ့ ၊ အခုတော့ ဝင်လို့မရဘူး"

ကျင့်စူးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ငါက အခုပဲ မေးချင်တာ"

အမှန်တော့ သူမနှင့် ပေမင်ကျီသည် ဒီလောက်လည်း ရင်းနှီး

ကြသူများမဟုတ်ပေ။ သို့သော်... ဆန်းလျန်က သူမကို ပြောပြ

ခဲ့ခြင်းမရှိသည့်အတွက် ဒေါသထွက်နေရခြင်း ဖြစ်လေသည်။

ဖန်းယန်ယင်းက...

"ငါသေမှပဲ ဖြစ်နိုင်မယ်"

ကျင့်စူး၏ မျက်ဝန်းများသည် စူးရှထက်မြက်နေပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များ ထွက်ပေါ်နေလေသည်။ သူမ၏ ခွန်ဖိန်တန်ခိုးစွမ်းအားများသည် ဖန်းယန်ယင်းကို လွှမ်းခြုံသွားလေသည်။

ကျင့်စူးကို ယှဉ်နိုင်သူဆို၍ လောကတွင် အနည်းငယ်သာ ရှိနိုင်လေသည်။

ဖန်းယန်ယင်းကတော့ ထူးခြားသည့်ပါရမီရှင်တစ်ယောက် ဖြစ်လေသည်။ ထို့ပြင် သူမသည် ခွန်ဖိန်အနွယ်တော်များထက် သာလွန်သူလည်း ဖြစ်လေသည်။

သို့သော်.. သူမ၏ ကျင့်ကြံခြင်းအဆင့်သည် ကျင့်စူးကိုမမီသေးသည့်အတွက် ကျင့်စူးထံမှ ပြင်းထန်လွန်းသည့် တန်ခိုးစွမ်းအားအငွေ့အသက်များထွက်ပေါ်လာသည့်အခါ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရလေသည်။ သို့ရာတွင်... သူမသည်

အလျှော့ပေးလိုသည့် ရည်ရွယ်ချက်မရှိဘဲ ခပ်မတ်မတ်ရပ်နေဆဲ ဖြစ်လေသည်။

ကွေ့လိက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဖန်းယန်ယင်း... ကျုပ်ရော ဆန်းလျန်ကို ခဏလောက်တွေ့ခွင့်ရနိုင်မလား"

ဖန်းယန်ယင်းက...

"ရတယ်..."

ထိုအခါမှ ကွေ့လိသည် စိတ်သက်သာရာရသွားလေသည်။

သူမသည် ဆန်းလျန်၏ တပည့်ဖြစ်သူ ဖန်းယန်ယင်းကို သတ်ဖြတ်လိုခြင်း မရှိပေ။

သို့သော်... ဖန်းယန်ယင်းက ဆက်ပြောလိုက်လေသည်။

"ရတယ်ဆိုတာ ငါသေမှပဲရမယ်လို့ ပြောတာ..."

ကျင့်စူးက...

"ညီမလေးကွေလိ ၊ ဒုက္ခမရှာနဲ့တော့... ငါ အထဲကို မဝင်တော့ဘူး"

ပြောပြီးသည်နှင့် ကျင့်စူးသည် တစ်ချက်ပြုံးလိုက်လေသည်။ ထို့နောက် ... သူမသည် ရွှေရောင်သိမ်းငှက်ကြီးတစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားပြီး ရွှေရောင်အတောင်ပံများကို ခမ်းနားစွာဖြင့် တစ်ဖျတ်ဖျတ်ခတ်လိုက်လေသည်။ ထိုအခါ ပြင်းထန်လှသည့် မုန်တိုင်းတစ်ခုသည် အပြာရောင် ခရီးရှည် နန်းတော်ရှိရာသို့ တိုက်ခတ်လာလေတော့သည်။

အပြာရောင်ခရီးရှည်နန်းတော်မှာ မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့်တိုင် ပတ်ဝန်းကျင်မှ အဆောက်အဦများမှာတော့ ပျက်စီးကုန်ကြရလေသည်။ အကယ်၍ မြို့တော်ထဲတွင် တာအိုအရံအတားများကို ဖန်ဆင်းနိုင်သည့် ကျင့်ကြံသူများ သာမရှိခဲ့ဘူးဆိုလျှင် အခြေအနေမှာ ပိုပြီးဆိုးရွားမည် ဖြစ်လေသည်။

ကွေလိမှာ အကြပ်ရိုက်သွားလေသည်။ ကျင့်စူးသည် စိတ်ထင်တိုင်းသောင်းကြမ်းနေပြီ ဖြစ်လေသည်။ သို့သော် ယခုအချိန်တွင် ကျင့်စူးကို သွားပြီးတားဆီးပြန်လျှင်လည်း စိတ်ကူးကြည့်၍ပင်မရနိုင်သည့် နောက်ဆက်တွဲဆိုးကျိုး များဖြစ်ပေါ်လာမည် ဖြစ်လေသည်။

အရာရာကို ပြတ်ပြတ်သားသားလုပ်တတ်သည့် ကွေလိပင်လျှင် လက်ရှိအချိန်တွင် မည်သို့လုပ်ရမည်မသိနိုင်အောင်အကြပ်ရိုက်လျှက်ရှိလေသည်။

ကျင့်စူးသည် ရပ်တန့်မည့်ဟန်မရှိပေ။ မုန်တိုင်းသည် ပိုပြီးပြင်းထန်ကြမ်းတမ်းလာလေသည်။

အပြာရောင်ခရီးရှည်နန်းတော်ရှေ့တွင် အဆုံးမရှိသည့်အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်လာပြီး မြေကြီးများ မွစာကျဲကာ လွင့်ထွက်ကုန်လေသည်။ ဖန်းယန်ယင်းနှင့်ကွေလိတို့မှာ

တန်ခိုးစွမ်းအားမြင့်မားသူများ မဟုတ်ကြလျှင် သူတို့သည်လည်း တစ်ချက်တည်းဖြင့် အမှုန့်ဖြစ်သွားနိုင်လေသည်။

ကျင့်စူးဒေါသချောင်းချောင်းထွက်နေသည့်အချိန်မှာပင် အပြာရောင်ခရီးရည်နန်းတော်၏ ခေါင်မိုးထက်တွင် ရွှေဇလားတစ်ခုထွက်ပေါ်လာလေသည်။ ရွှေဇလားသည် ဖြည်းညင်းစွာတစ်ချက်လှည့်ပတ်လိုက်ပြီး မုန်တိုင်းကို စုပ်ယူလိုက်လေသည်။ ထိုအခါမှ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည် အေးဆေးငြိမ်သက်သွားရလေသည်။

ရွှေဇလားသည် မုန်တိုင်းကိုစုပ်ယူပြီးသည့်နောက် ကြာပလ္လင်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်။ ကြာပလ္လင် ထက်တွင် နတ်ဘုရားတစ်ပါးပေါ်လာလေသည်။

ထိုနတ်ဘုရားသည် အခြားသူမဟုတ်။ ဆန်းလျန်သာ ဖြစ်လေ၏။

"တော်လောက်ပြီ ကျင့်စူး"

ဆန်းလျန်က ပြောလိုက်လေသည်။

ကျင့်စူးသည် ဆန်းလျန်ကို တွေ့သည့်တိုင် ရွှေရောင်သိမ်းငှက်ကြီးအသွင်မှ လူသားအသွင်သို့ ပြန်လည် ပြောင်းလဲခြင်း မရှိသေးပေ။

သူမက...

"ရှင်က အစ်ကို (၉) အကြောင်း ကျွန်မကို ဘာလို့ ပြောမပြတာလဲ ၊ ဘာလဲ... ကျွန်မ အမှန်ကိုသိသွားရင် ရှင့်ကို သစ္စာဖောက်သွားမှာ စိုးရိမ်လို့လား ၊ ရှင် ကျွန်မကို အသုံးချလို့မရတော့မှာ စိုးရိမ်လို့မဟုတ်လား ၊ ကျွန်မပြောတာ မှန်တယ်မဟုတ်လား"

ဆန်းလျန်က...

"မင်းကို အသုံးချခဲ့တာတော့ မှန်ပါတယ် ၊ ဒါပေမယ့် မင်း သစ္စာဖောက်မှာကိုတော့ မစိုးရိမ်ပါဘူး ၊ တကယ်တော့ လူတစ်ယောက်ကို မျှားခေါ်ဖို့အတွက် ဒီလိုလုပ်ခဲ့ရတာပါ"

ကျင့်စူးက...

"ရှင့်စကားက ဘာအဓိပ္ပါယ်လဲ..."

"မင်းကို လျှို့ဝှက်ထားစရာ မလိုပါဘူး ၊ မင်းရဲ့ အစ်ကို (၉)အကြောင်းကို ကျုပ်မပြောလည်း အနေးနဲ့အမြန် မင်းသိလာမှာပဲလေ ၊ ဒါပေမယ့် ကျုပ် မင်းကို ပြောမပြရတဲ့ အကြောင်းက ကျုပ်မပြောဘဲ မင်းကို ဘယ်သူပြောပြ လိုက်သလဲ ဆိုတာ သိချင်တာပါ"

ဆန်းလျန်သည် ထိုစကားကို ကျင့်စူးတစ်ယောက်တည်းသာ ကြားသိနိုင်အောင် စိတ်စွမ်းအားဖြင့် ပြောလိုက်ခြင်း ဖြစ်လေသည်။

ကျင့်စူးသည် ငတုံးတစ်ယောက်မဟုတ်ပါ။ သူမသည် အတောင်များကို တစ်ဖျတ်ဖျတ်ခတ်ကာ အပြာရောင်ခရီးရှည်နန်းတော်အတွင်းသို့ ပျံသန်းဝင်ရောက်သွားလေသည်။

ဖန်းယန်ယင်းသည်ပင် သူမကို တားချိန်မရလိုက်တော့ပေ။

နန်းတော်အတွင်းသို့ရောက်သည့်အခါတွင်တော့ သူမကိုစောင့်နေသည့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။ ဆန်းလျန်သည် သူမထက်ပင်လျှင်မြန်လွန်းသည်ကို တွေ့လိုက်ရသည့်အတွက် ကျင့်စူးမှာ အလွန်အံ့သြသွားရလေ သည်။

သူမက...

"တံခါးပိတ်ကျင့်ကြံပြီးတဲ့နောက် ရှင် တော်တော်တိုးတက်လာတာပဲ"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က အန္တရယ်များတဲ့ ရေခဲအလွှာပါးလေးပေါ်မှာ လမ်းလျှောက်နေရတဲ့သူပဲလေ ၊ နည်းနည်းလောက်တိုးတက်လာတာက ဘာလုပ်လို့ရမှာလဲ"

ကျင့်စူးက...

"အဲဒီကိစ္စမပြောတော့ဘူး ၊ ခုနပြောတဲ့စကားရဲ့ အဓိပ္ပါယ်က ဘာလဲ "

ဆနန်းလျန်က...

"အသူရာချောက်မှာ ကျုပ်ရဲ့ရန်သူတွေ အများကြီးရှိတယ်၊ အားလုံးကလည်း လျှို့ဝှက်ချက်တွေ ကိုယ်စီနဲ့၊ ကျုပ်က အနာဂတ်ကိုသိမြင်နိုင်တယ်ဆိုပေမယ့် အတိအကျတော့ မသိနိုင်ဘူး၊ ဒါကြောင့် မရည်ရွယ်ဘဲ မင်းကို အသုံးချမိ သလိုဖြစ်သွားတယ်"

ကျင့်စူး၏မျက်နှာသည် ချက်ချင်းပင် အေးစက်ခက်ထန်သွားလေသည်။

"ဒီတော့ ကျွန်မကို ငါးစာအဖြစ်အသုံးချလိုက်တယ်ပေါ့လေ၊ ကောင်းလိုက်တဲ့အကြံ ...၊ ကျွန်မ ရှင့်ကို ဆန့်ကျင် တိုက်ခိုက်မှာ ရှင် စိတ်မပူဘူးလား"

"မင်းရဲ့အစ်ကို (၉)နဲ့ မင်းက ရင်းနှီးကြတဲ့လူတွေဆိုရင် မင်း အနေနဲ့အမြန် ကျုပ်ကို တိုက်ခိုက်မှာပဲလေ"

ကျင့်စူးက...

"အစ်ကို (၉)နဲ့ပတ်သက်ပြီး ကျွန်မမှာ ဘာခံစားချက်မှ မရှိပါဘူး ၊ ဒါပေမယ့် ကျွန်မဒေါသထွက်တာက ရှင် ကျွန်မကို ဖုံးကွယ်ထားလို့ပဲ ၊ ပြီးတော့... ရှင်က ကျွန်မကို ဖုံးကွယ်ထားရုံသာမက အသုံးတောင်ချလိုက်သေးတယ် ၊ ကျွန်မ ဒေါသအရမ်းထွက်နေပြီ"

ကျင့်စူးသည် ဆန်းလျန်ကို ဒေါသတကြီး မီးဝင်းဝင်းတောက်သည့် မျက်ဝန်းများဖြင့် ကြည့်နေလေသည်။ သို့သော်.. ဆန်းလျန်က တစ်ချက်လေးပင် တွန့်သွားခြင်း မရှိခဲ့ပေ။

"ကျုပ်က မင်းအကူအညီကို လိုအပ်နေတာပါ ၊ အဲဒီအကြောင်း မင်းကိုဘယ်သူပြောလဲဆိုတာ ပြောပြပါလား"

ကျင့်စူးသည် ဒေါသအကြီးအကျယ်ထွက်နေခဲ့လေသည်။ သို့သော် ဆန်းလျန်သည် အရှက်မရှိ သူမထံမှ အကူအညီကိုပင် ပွင့်ပွင့်လင်းလင်းတောင်းခံနေလေရာ သူမမှာ စိတ်ဆိုးရအခက်ဖြစ်သွားရလေသည်။ မည်သို့ပင်ဖြစ်စေ သူမနှင့်ဆန်းလျန်

သည် စန့်ချင်တာအိုဆရာသခင်၏ ကံတရားတစ်ခုတွင်

အတူတကွ ချည်နှောင်မိနေကြသူများဖြစ်လေသည်။

ထိုအကြောင်းကို တွေးမိသည့်အခါတွင်တော့ သူမသည်

စိတ်ဓာတ်ကျသွားပြီး အဖြေပေးလိုက်လေတော့သည်။

"အနက်ရောင်ယူနီကွန်းကြီး ကျွန်မကို ပြောပြတာ..."

ဆန်းလျန်သည် ကျင့်စူး၏ အတွင်းစိတ်ကို ချက်ချင်းဖတ်

လိုက်နိုင်လေသည်။

ဆန်းလျန်က...

"ကဲ... တိချိုးမြို့တော်ကို အတူတူသွားမယ် ၊ မင်းစားဖို့ ယင်း

လုန်ကို ဖမ်းပေးမယ် ၊ မင်း အသက်ရှင်ရမယ့်ရက် သိပ်မကျန်

တော့ဘူးလို့ တွေးနေတာမလား ၊ မင်းရဲ့ဖြစ်ချင်တဲ့ဆန္ဒတွေ

ဖြစ်လာအောင် ကျုပ်ကူညီပေးပါ့မယ်"

ကျင့်စူးသည် ဆန်းလျန် ထိုသို့ပြောလိမ့်မည်ဟု မျှော်လင့်မ

ထားခဲ့မိပေ။

သူမက...

"ရှင် အသေးစိတ်မမေးတော့ဘူးလား ၊ အနက်ရောင်ယူနီကွန်း ကြီးပြောတယ်လို့ သိသွားတာနဲ့ ပြီးသွားပြီလား ၊ ဘာမှ မလုပ် တော့ဘူးလား"

ဆန်းလျန်သည် သူမကို စကားပြန်မပြောတော့ပါ။

ကျင့်စူးကို မမေးလည်း အဖြေကို ဆန်းလျန်က သိပြီးသားဖြစ် လေသည်။ အနက်ရောင်ယူနီကွန်းကြီးကိုပင် ဖားဟိုင် ဆရာတော်က ရွှေခရမ်းရောင်သပိတ်ထဲတွင် ဖမ်းချုပ်ထားပြီး ပြီ ဖြစ်လေသည်။ သို့သော်... ကျင့်စူးကတော့ သိရှိခဲ့ခြင်း မရှိ ပေ။

ဆန်းလျန်သည် ပွင့်လင်းသူတစ်ယောက်ဖြစ်လေသည်။

သို့သော်.. ယခုတစ်ကြိမ်တော့ ထိုအကြောင်းများကို ပြောမပြ တော့ရန် ဆုံးဖြတ်လိုက်မိလေသည်။ တစ်ခါတစ်ရံတွင် အမှန် တရားကို ပွင့်ပွင့်လင်းလင်းထုတ်ပြောလိုက်ရ ခြင်းက အခြား

သူများကို နာကျင်စေသလို သူကိုယ်တိုင်လည်း နာကျင်ရမည် ဖြစ်လေသည်။

နန်းတော်အတွင်းသို့ဝင်လာသည့် ကွေ့လိနှင့် ဖန်းယန်ယင်းတို့ မှာလည်း သူတို့နှစ်ယောက် ပြောနေသည့်စကားများ ကိုကြား သွားကြလေသည်။

ကွေ့လိက...

"ဒါဖြင့် အတူတူသွားကြမယ်လေ..."

ကျင့်စူးက မသွားဘူးဟု ငြင်းရန်ပြင်နေစဉ်မှာပင် ကွေ့လိက ဝင်ပြောလိုက်သည့်အတွက် ငြင်းရန် ခက်သွားရလေ သည်။

မည်သို့ပင်ဖြစ်စေ သူမလည်း ယင်းလုန်နဂါးကြီးကို စားချင်မိ လေသည်။

ယင်းလုန်အကြောင်းကို စာအုပ်ထဲတွင် ရေးသားထားသည်များ ကို သူမ ဖတ်ဖူးလေသည်။

ယင်းလုန်သည် အတောင်ပံများပါသည့် နတ်နဂါးတစ်ပါးဖြစ်ပြီး အလွန်မှ ထင်ရှားသူဖြစ်လေသည်။ သူမသည် နဂါးအသားကိုစားချင်ရုံသာမက နဂါးတောင်ပံကိုပါ ကိုက်ချင်နေမိလေသည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ပြုံးလိုက်ရင်း...

"ဒါဖြင့် အချိန်မဖြုန်းနဲ့တော့ ၊ အခုပဲ သွားကြရအောင် ၊ ဒါပေမယ့် မသွားခင် ပြဿနာလေးနည်းနည်း ဖြေရှင်းဖို့ရှိ သေးတယ်"

ကျင့်စူးက...

"တွေ့လား... ရှင်ပဲ အချိန်ဖြုန်းနေတာလေ..."

ဆန်းလျန်က ကျင့်စူးစကားကို အရေးမထားတော့ပါ။

ဆန်းလျန်က သူ၏အင်္ကျီလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်လေရာ ကြည်လင်သည့်အဖြူရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။

ထိုအခါ... ကျင့်စူး၏ မုန်တိုင်းကြောင့် သေဆုံးသွားကြရသည့် တာ့ကျိုးပြည်သားများ၏ ဝိညာဉ်များ ထွက်ပေါ်လာ လေသည်။ ထိုဝိညာဉ်များသည် ဆန်းလျန်၏ အဖြူရောင် အလင်းတန်းနှင့် ထိတွေ့မိသည်နှင့် တဖြည်းဖြည်း ရုပ်လုံးပေါ် လာကြလေသည်။ သူတို့သည် ရုပ်ခန္ဓာများ ပြန်လည်ရရှိသွား ပြီး မည်သည့်နည်းနှင့်မျှ ဤလောကမှ ပျောက်ကွယ်သွားကြ တော့မည် မဟုတ်ပေ။

မုန်တိုင်းကြောင့် လူပေါင်းတစ်ရာမက သေကြေပျက်စီးခဲ့ကြ ပြီး ဆန်းလျန်က သူတို့ကို ပြန်လည်ရှင်သန်စေခဲ့လေ သည်။ သူတို့အားလုံးသည် နန်းတော်ရှေ့တွင် ဒူးထောက်ပြီး ဆန်းလျန် ကို ကျေးဇူးတင်စကား ဆိုနေကြလေသည်။ သို့သော်... ဆန်း လျန်ထံမှ နူးညံ့သည့် တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာပြီး ထိုသူများကို အသာမတ်တပ်ရပ်စေ လိုက်လေသည်။

"မင်းတို့တွေ သွားလိုရာသွားလို့ရပါပြီ"

အပြာရောင်နန်းတော်ထဲမှ ဆန်းလျန်၏အသံသည် ပွဲတင်ထပ်ကာ ထွက်ပေါ်လာလေသည်။

ကျင့်စူးသည် လူအများ၏အသက်ကို ပုရွက်ဆိတ်များ၏အသက်အလား မည်သည့်အခါမှ အရေးစိုက်ခဲ့သူ မဟုတ် ပေ။

ဆန်းလျန်က တန်ခိုးစွမ်းအားများစွာကိုအသုံးပြုကာ ထိုသူများအားလုံးအတွက် ရုပ်ခန္ဓာများ ဖန်ဆင်းပေးလိုက်သည် ကိုတွေ့ရှိလိုက်ရသည့်အခါ သူမက ပြောလိုက်လေသည်။

"ရှင့်စိတ်ထားက ဗောဓိသတ္တတစ်ပါးလိုပဲ ကြင်နာတတ်လိုက်တာ..."

ဆန်းလျန်က သူမကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ဒါက ဘာဟုတ်သေးလို့လဲ..."

ပြောပြီးသည်နှင့် ဆန်းလျန်က တိတ်တဆိတ်သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ယနေ့သူက လူအများကို ကူညီခဲ့လေသည်။ သို့သော်... နောင်တစ်ချိန်တွင် သူ့ကိုရော မည်သူက ကူညီပါမည်နည်း။

ယခုအချိန်တွင် သူ၏ကျင့်စဉ်လမ်းသည် မှော်လင့်ချက်မဲ့ပြီး စိတ်ပျက်စရာဖြစ်နေသည့်တိုင် ရှောင်လွှဲမရ ရင်ဆိုင်ရမည်ပဲဖြစ်လေသည်။

အခန်း (၆၇၈) ကွမ်ဟာန်

ပုရွက်ဆိတ်များကဲ့သို့ အသုံးမကျသည့် လူသားများ၏အသက်ကို ကယ်တင်ရန်အတွက် ကျင့်စူးသာဆိုလျှင် သူမ၏ တန်ခိုး

စွမ်းအားများကို မည်သည့်အခါမှ အသုံးပြုလိမ့်မည် မဟုတ်ပေ။

သို့သော်… ဆန်းလျှန်လုပ်ရပ်ကို မြင်တွေ့လိုက်ရသည့်အခါ တွင်တော့ သူမ၏စိတ်ထဲမှ ခံစားချက်များ ပြောင်းလဲသွား လေသည်။ ဆန်းလျှန်သည် အခြားသူများနှင့်မတူသည့် လူတစ်ယောက်ဖြစ်သည်ဟု သူမ ခံစားလိုက်ရလေသည်။

ကျွေလိကတော့ ထူးထူးခြားခြားခံစားရခြင်း မရှိပါ။ သူမနှင့် ဆန်းလျှန်သည် အချိန်ကြာမြင့်စွာ သိကျွမ်းခင်မင်လာခဲ့ ကြသူများ ဖြစ်သည့်အတွက် ထိုကဲ့သို့သောအလုပ်မျိုး ဆန်းလျှန် ပြုလုပ်သည်မှာ သိပ်ပြီး မထူးဆန်းတော့ပါ။

ထို့နောက် သူတို့ (၃)ယောက်သည် တိမ်ပေါ်သို့ခုန်တက်ကာ ပျောက်ကွယ်သွားကြလေတော့သည်။ သူတို့သည် မည်သည့် အရာကိုမှ အလေးမထားသည့် ခံစားချက်များဖြင့် တစ်ချက် ပင် တုံ့ဆိုင်းနေခြင်းမရှိဘဲ ထွက်ခွာသွားကြ လေတော့သည်။

တာ့ကျိုးပြည်နှင့် တိချိုးမြို့တော်သည် သာမန်လူများအတွက်

တော့ အလွန်ကွာဝေးသည့် နေရာဒေသများဖြစ်လေ သည်။

သို့သော်... သူတို့ကဲ့သို့ အဆင့်မြင့်ကျင့်ကြံသူများအတွက်

တော့ ဟိုဘက်အိမ်နှင့် ဒီဘက်အိမ်ကူးရသလိုပင် နီးလွန်းလှပါ

လေ၏။

တိချိုးမြို့တော်....

ရှားတူးမြောင်းမှ မြစ်ရေများသည် ခမ်းနားလှပစွာ ၊ ဝိညာဉ်

စွမ်းအားပြည့်ဝစွာဖြင့် စီးဆင်းနေဆဲ ဖြစ်လေသည်။

သို့သော်... ရှားတူးမြောင်းမှ ဝိညာဉ်စွမ်းအားများ သိသိ

သာသာလျော့နည်းပျက်စီးနေသည်ကိုတော့ ဆန်းလျန်က

ရှင်းရှင်းလင်းလင်း သတိပြုလိုက်မိလေသည်။

တာ့ရှားပြည်၏ ကံကြမ္မာသည် အထွတ်ထိပ်တွင် ရှိမနေတော့

ဘဲ ကျဆင်းသွားခဲ့ပြီ ဖြစ်လေသည်။ တိချိုးမြို့တော်ကြီး

သည်လည်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။ တိချိုး

မြို့တော် ခံတပ်တံတိုင်းမှာလည်း အနက်ရောင်လုံးလုံး ဖြစ်နေလေသည်။ အနက်ရောင်မင်ရည်ကဲ့သို့ လုံး၀ နက်မှောင်နေခြင်း ဖြစ်လေသည်။

အနက်ရောင်ဆိုသည်က ထူးဆန်းပြီး ခန့်မှန်း၍မရနိုင်ခြင်းကို ကိုယ်စားပြုလေသည်။ အနက်ရောင်သည် ဖုံးကွယ် ထားခြင်း ၊ ရှောင်တိမ်းခြင်းနှင့် ရှုတ်ထွေးခြင်းကိုလည်း ကိုယ်စားပြုလေသည်။

အဖြူရောင်စာရွက်တစ်ရွက်ပေါ်တွင် မည်သည့်အရောင်ကိုမဆို ထင်ရှားစွာ တွေ့မြင်နိုင်မည် ဖြစ်လေသည်။ သို့သော် အနက်ရောင်စာရွက်အပေါ်တွင်တော့ အဖြူရောင်ကသာ ထင်ရှားနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်တို့ (၃)ယောက်မှာ တိချိုးမြို့တော်သို့ အဖြူရောင် တိမ်တိုက်ကို စီးနင်းပြီး ရောက်ရှိလာကြသည့်အတွက် အနက်

ရောင်နှင့် မလိုက်ဖက်လှစွာ အဖြူရောင်သည် ထင်ရှားလျှက် ရှိလေသည်။

ကျင့်စူးသည် ခွန်ဖိန်အနွယ်တော်ဖြစ်သည့်အတွက် ငှက်တစ်ကောင်အသွင်လည်းပြောင်းနိုင်သလို ငါးတစ်ကောင် အဖြစ်လည်း အသွင်ပြောင်းနိုင်လေသည်။ ထို့ကြောင့် သူမက ရောမခွန်သတ္တဝါငါးကြီးအသွင်ပြောင်းကာ ရေထဲတွင် ကူးခတ်သွားလေသည်။ သို့သော်... သူမသည် တိချိုးမြို့တော်၏ ရှားတူးမြောင်းကို နှစ်သက်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ရှားတူးမြောင်းထဲမှ ရေများသည် ဝိညာဉ်စွမ်းအားပြည့်ဝသည့်တိုင် ခါးသက်သည့်အရသာ ရှိသောကြောင့် ဖြစ်လေသည်။ ခါးသက်သည့်အရာသာသည် ပိုးမွှားကောင်များ၏အရသာကဲ့သို့ ခါးသက်ခြင်းမဟုတ်ပေ။ ခါးသက်သည့်အရသာ သည် လူသားတစ်ယောက်၏ မျှော်လင့်ချက်ကင်းမဲ့မှု ၊ စိတ်ဓာတ်ကျဆင်းမှုများကြောင့် ခါးသက်ရခြင်းနှင့်ဆင်တူ လေသည်။

ကျင့်စူးသည် သူမရယ်ချင်လျှင်ရယ်မောပြီး ငိုချင်လျှင်ငိုချ လိုက်သည့် နတ်မိစ္ဆာတစ်ပါးဖြစ်လေသည်။ သို့သော်… ယခု တော့ သူမသည် အလွန်စိတ်ဓာတ်ကျနေပြီး ကျယ်လောင်စွာ ဖြင့်ပင် ငိုလိုက်ချင်စိတ် မရှိတော့ပေ။

တိချိုးမြို့တော်၏ဖွဲ့စည်းပုံသည် ကန့်လန့်ဖြတ်ဖွဲ့စည်းပုံ ဖြစ် လေသည်။ လမ်းမကြီးများကလည်း ကျယ်ပျံ့လေသည်။

သို့သော်… မြို့တော်အတွင်းသို့ ဝင်လိုက်သည်နှင့် အနက်ရောင် မြူခိုးများက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းနေ လေရာ သာမန်လူသားများဆိုလျှင် ခပ်ဝေးဝေးသို့ မြင်နိုင်မည် မဟုတ် ပေ။

သို့သော်… သူတို့ (၃)ယောက်လုံးသည် သာမန်လူများမဟုတ် ကြပါ။

ကျင့်စူးက တောက်ပသည့် မျက်ဝန်းများဖြင့် ဆန်းလျန်ကို လှမ်းကြည့်လိုက်ရင်း…

"ဒီနေရာက တော်တော်ထူးဆန်းတာပဲ"

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရင်း...

"ကြည့်ရတာ တာ့ရှားကေရာဇ်က မူလမိစ္ဆာခန္ဓာကို ကျင့်ကြံ အောင်မြင်ပြီးသွားပြီထင်တယ်"

သူ ယခုတစ်ကြိမ် တိချိုးမြို့သို့ ရောက်လာရသည့် နောက်ထပ် အကြောင်းတစ်ခုမှာ ယွမ်စီမှော်မိစ္ဆာကျင့်စဉ်ကို လေ့လာချင် သောကြောင့် ဖြစ်လေသည်။

အဘယ်ကြောင့် ထိုပညာကို လေ့လာချင်ရပါသနည်း။

အဘယ်ကြောင့်ဆိုသော် ယွမ်စီမှော်မိစ္ဆာကျင့်စဉ်သည် ယွမ်စီ ထျန်းကျွင်းဟုခေါ်သည့် ယို့ချင်တာအိုဆရာသခင်၏ ထိပ်တန်း အဆင့် ကျင့်စဉ်တစ်ခု ဖြစ်သောကြောင့် ဖြစ်လေသည်။

ယွမ်စီမှော်မိစ္ဆာပညာသည် ယွမ်စီထျန်းကျွင်း၏ နှလုံးသား လည်း ဖြစ်လေသည်။ နောက်ဆုံးတွင် ယွမ်စီးထျန်းကျွင်း သည် ထိုကျင့်စဉ်ကို အဆက်ဖြတ်ပစ်ခဲ့သော်လည်း ယွမ်စီမှော်

မိစ္ဆာပညာနှင့် ယွမ်စီးထျန်းကျွင်း၏ပတ်သက် ဆက်နွှယ်မှုမှာ အလွန်မှ နက်ရှိုင်းလွန်းလေသည်။

ထိုအတွေးများကို အပြာရောင်ခရီးရှည်နန်းတော်တွင် ရှိစဉ်က ဆန်းလျန် တွေးခဲ့မိခြင်း ဖြစ်သော်လည်း တိချိုးမြို့တော်သို့ ရောက်လာသည့်အခါတွင်တော့ ထိုအတွေးကိုမေ့ထားလိုက်တော့သည်။ သူသည် ယွမ်စီမှော်မိစ္ဆာ ပညာကို လေ့လာရန်ကိစ္စကို အသာထားလိုက်ပြီး ကျင့်စူးကို ကတိပေးထားသည့် အတိုင်းသာ ယင်းလုန်ကိုဖမ်းရန် စိတ်ကူးလိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သည့် ယွိချင်တာအိုဆရာသခင် "ယွမ်စီထျန်းကျွင်း" သည် သူ၏အတွေးများကို သိသွားမည်ကို စိတ်ပူသောကြောင့် ဖြစ်လေသည်။

အပြာရောင်ခရီးရှည်နန်းတော်နှင့် ချင်းရွှမ်နတ်တံခါး နေရာ (၂)ခုသာလျှင် ယွိချင်တာအိုဆရာသခင်အကြောင်းကို

လွတ်လပ်စွာတွေးတောနိုင်သည့် နေရာများဖြစ်လေသည်။

အခြားနေရာများတွင်ဆိုလျှင် ယွိချင်တာအိုဆရာသခင် သည် သူ့အတွေးများကို သတိထားပြုမိသွားနိုင်လေသည်။ ထိုနေရာ (၂)နေရာကသာ ဆန်းလျန်၏အတွေးများကို ကာကွယ်ပေးနိုင်ခြင်း မရှိလျှင်တော့ သူ့အနေဖြင့် အသက်ရှင်ရန်အတွက် ထိုင်ဆုတောင်းနေရန်သာ ရှိတော့သည်။

တာအိုဆရာသခင်ကြီးများ၏မျက်ဝန်းထဲတွင် သူသည် ပုရွက်ဆိတ်တစ်ကောင်လောက်မျှသာ အဆင့်ရှိသော်လည်း သူ့အနေဖြင့် အနည်းငယ်တော့ ရင်ဆိုင်ကြည့်ချင်မိလေသည်။ ထို့ပြင် သူက စန့်ချင်တာအိုဆရာသခင်ဖြစ်သည့် လင်ပေါင်ထျန်းကျွင်း၏ ရွေးခြယ်ခြင်းကို ခံထားရသူတစ်ယောက် ဖြစ်သည့်အတွက် လွယ်လွယ်ကူကူနှင့်တော့ ပျက်စီးသွားနိုင်မည် မဟုတ်ပေ။

သူ့ဘာဝအဆုံးသတ်သည် စိတ်ပျက်ဖွယ်ရာဖြစ်မည်ဆိုသည့်တိုင် သူ့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားကြည့်ချင်မိ လေသည်။ အတတ်နိုင်ဆုံးကြိုးစားကြည့်ပြီးမှသာ နောက်ဆုံးအချိန်တွင် အဆုံးသတ်မလှသည့်တိုင် နောင်တတရား ကျန်ရစ်ခဲ့ခြင်း မရှိဘဲ နေပေလိမ့်မည်။

ယွမ်စီမော်မိစ္ဆာပညာဟုကြားလိုက်သည်နှင့် တိချိုးမြို့တော်သည် ထူးဆန်းသည်ဟု ခံစားနေရသည့် ခံစားချက်များသည် ကျင့်စူးစိတ်ထဲမှ ချက်ချင်းပျောက်ကွယ်သွားလေသည်။

ကျင့်စူးက...

"ဒီတိုင်းပြည်ရဲ့ဘုရင်က ယွမ်စီမော်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံနေတာ.... ဟုတ်လား ၊ ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ ယွမ်စီမော်မိစ္ဆာပညာဆိုတာ လောကမှာ မရှိသင့်တဲ့ပညာတစ်ခုပဲ"

ဆန်းလျန်သည် ရှားတူးမြောင်းအဆုံးတစ်နေရာသို့ ငေးကြည့်နေလေသည်။

ထိုနေရာအဆုံး မြူခိုးများကြားတွင် တာ့ရှားနန်းတော်တည်ရှိမည် ဖြစ်လေသည်။ တာ့ရှားနန်းတော်ထဲတွင် တာ့ရှား ဧကရာဇ်နေထိုင်လေသည်။

ထို့ကြောင့် ဆန်းလျန်က ရှားတူးမြောင်း၏ အသံပျံ့လွင့်နိုင်သည့် ဒီရေများကို တားဆီးလိုက်ပြီး ကျင့်စူးကို စကားပြန်ပြောလိုက်လေသည်။

"မင်းကတော့ ကောင်းကောင်းသိမှာပါလေ ၊ ယွမ်စီမော်မိစ္ဆာပညာဟာ လောကရဲ့နေရာတိုင်းမှာ သဲလွန်စတွေ ကျန်ခဲ့တာပဲမဟုတ်ဘူးလား ၊ အဲဒီပညာရဲ့တည်ရှိမှုကို အမြစ်ပြတ်ဖယ်ထုတ်ဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ တာ့ရှားဧကရာဇ်ကိုယ်တိုင်တောင်မှ ယွမ်စီးမော်မိစ္ဆာပညာရဲ့ သဲလွန်စတွေကနေ မွေးဖွားလာတဲ့သူတစ်ယောက် ဖြစ်နိုင်တာပဲ မဟုတ်လား"

သူ၏စကားလုံးများထဲတွင် မနာလိုအားကျသည့် အငွေ့အသက်များ အနည်းငယ်ပါဝင်နေလေသည်။

ထိုသို့ လောကတွင် အမြစ်မပြတ်ဘဲ တည်ရှိနေမှုသည် အချိန်ရေစီးကြောင်းတွင် တစ်ချိန်မဟုတ်တစ်ချန် ပြန်ပေါ်လာမည်ပဲ ဖြစ်လေသည်။

ထိုစဉ်မှာပင်... တစ်ချိန်လုံးတိတ်ဆိတ်နေသည့် ကွေလိက စကားဝင်ပြောလိုက်လေသည်။

"အခု ည ရောက်နေပြီမဟုတ်လား"

လောလောဆယ်အချိန်တွင် တိချိုးမြို့တော်တစ်ခုလုံးသည် မှောင်မိုက်နေပြီး နေ့နှင့်ည ကွဲပြားခြင်း မရှိတော့ပေ။

သို့သော်... ကွေလိကလည်း "ည ရောက်ပြီ" ဟု ပြောလိုက်ရသည်မှာ အကြောင်းရင်း ရှိလေသည်။ အဘယ်ကြောင့် ဆိုသော် ကောင်းကင်ထက်တွင် လတစ်စင်း ထွက်ပေါ်လာသောကြောင့် ဖြစ်လေသည်။

သစ်ပင်ကြီးများသည် လေအဝေ့တွင် ယိမ်းထိုးလှုပ်ရှားနေကြလေသည်။ သစ်ပင်များထက်မှ ရေစက်လေးများသည် လရောင်၏အေးစက်လွန်းခြင်းကြောင့် ရေခဲမှုံများအဖြစ် ပြောင်းလဲသွားကြလေသည်။ မြူခိုးများသည် လရောင်အောက်တွင် လွင့်ပျံနေပြီး မြို့တော်တစ်ခုလုံးသည် မိန်းမောကာ မှောင်မှိုင်းလျှက်ရှိလေသည်။

ကျင့်ကြံသူအများစုသည် တိချိုးမြို့တော်ကို စွန့်ခွာ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ကျင့်ကြံသူများဆိုသည်က သူတို့၏အသက်ကို အခြားအရာများထက် တန်ဖိုးထားသူများ ဖြစ်ကြလေသည်။ လူတစ်ယောက်သည် အသက်ရှည်လွန်းပါက သိပ်ပြီး မစွန့်စားရဲကြတော့ပေ။

သို့သော်… ထိုသို့သောလူများထဲတွင် ကွေလိနှင့် ကျင့်စူးကတော့ ပါဝင်ခြင်း မရှိပေ။

သူတို့သည် စစ်မှန်သည့် နတ်မိစ္ဆာများဖြစ်လေသည်။ အထူးသဖြင့် အတွေ့အကြုံရင့်ကျက်သည့် ကွေ့လိသည် မည်သည့်အရာကိုမှ ကြောက်တတ်သူမဟုတ်ပေ။ အခက်အခဲများသည် သူမ၏ ကျင့်စဉ်လမ်းကို ပိုပြီးခိုင်မာစေလေ သည်။ ကျင့်စူးကတော့ လမင်းကိုကြည့်ပြီ ကြက်သေသေနေမိလေသည်။

သူမစိတ်ထဲတွင် လေးလံနေသည့်ခံစားချက်များ ပျောက်ကွယ်သွားပြီး တောက်ပသည့်လမင်းကိုငေးကြည့်ရင်း ပြောလိုက်လေသည်။

"ဒီထိုက်ယင်းစွမ်းအားက သန့်စင်လိုက်တာ ၊ ဟန်အယ်ဆီက အမွေဆက်ခံထားတယ်လို့တောင် ထင်မိတယ်"

ဟန်အယ်ဆိုသည်မှာ လေးသည်တော်တာ့ယိ၏ ဇနီးဖြစ်လေသည်။

သူမသည် အနောက်ဘက်မယ်တော်ကဲ့သို့ ထင်ရှားသည့် ရှေးဟောင်းနတ်သမီးတစ်ပါး ဖြစ်လေသည်။ တာ့ယိသည် ဒဏ္ဍာရီဆန်သည့်လေးသည်တော်တစ်ဦးအဖြစ် ထင်ရှားကျော်ကြားသူဖြစ်လေသည်။ သို့သော် သူ၏ဇနီးဖြစ်သူ ဟန်အယ်မှာ အနန္တတန်ခိုးရှင်တစ်ပါးဖြစ်သည်ကို မည်သူမှ သိရှိကြခြင်း မရှိပေ။

သူမသည် တာ့ယိထက်ပင် အဆင့်မြင့်သူတစ်ယောက် ဖြစ်လေသည်။ သို့သော် သူမသည် တိုက်ခိုက်မှု အတွေ့အကြုံတော့ သိပ်မရှိပေ။

တာ့ယိမရှိတော့သည့်နောက် ဟန်အယ်သည် တာအိုနန်းတော်တစ်ခုကို တည်ဆောက်ခဲ့လေသည်။ ထိုနန်းတော်၏ အမည်မှာ "ကွမ်ဟန်" ဖြစ်လေသည်။ ထိုနန်းတော်သည် ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော် လောက်ခမ်းနားခြင်းမရှိပါ။ သို့သော် နတ်မိစ္ဆာအဓိပတိနန်းတော်နှင့် ဇာမဏီ

နတ်ဘုရားနန်းတော်များနှင့်တော့ ကောင်းကောင်းယှဉ်ပြိုင်နိုင်

လေသည်။

ကောင်းကင်ထက်တွင်သာနေသည့် လမင်းသည် ကွမ်ဟန်

နန်းတော်နှင့်ပတ်သက်မှုရှိနေမည်ကို ကျင့်စူးက စိတ်ပူနေခဲ့လေ

သည်။

ဟန်အယ်မရှိတော့သည့်တိုင် ကွမ်ဟန်နန်းတော်တွင် တပည့်

မျိုးဆက်များ ကျန်ရစ်ခဲ့ကြလေသည်။ ကျင့်စူးသည် နတ်မိစ္ဆာ

အဓိပတိနန်းတော်သို့ မပြန်နိုင်တော့ကတည်းက အခြားသူများ

နှင့် သိပ်ပြီးပြဿနာတက်လိုခြင်း မရှိပေ။

ကျင့်စူး၏စကားကို ကြားလိုက်ရသည့်တိုင် ဆန်းလျန်ကတော့

အေးဆေးတည်ငြိမ်နေဆဲဖြစ်လေသည်။

ဆန်းလျန်က...

"အဲဒါ အသူရာချောက်က လနတ်သမီးပဲ ၊ သူက ဟန်အယ်နဲ့

ပတ်သက်နေတယ်ဆိုရင်တောင်မှ အရေးစိုက်စရာ မလိုဘူး"

ဆန်းလျှန်အေးဆေးတည်ငြိမ်နေသည်ကို တွေ့ရတော့မှ ကျင့်စူးလည်း စိတ်သက်သာရာရသွားလေသည်။

ကျင့်စူးက...

"ဒါဖြင့်လည်း အဲဒီတစ်ယောက်ကို စမ်းကြည့်တာပေါ့..."

ထိုအချိန်မှာပင် တာ့ရှားကေရာဇ်၏ ကေရီမိဖုရားဖြစ်သူ လနတ်သမီးသည် တာ့ရှားနန်းတော်ခေါင်မိုးထက်တွင် ပေါ်လာလေသည်။ သူမဘေးတွင်တော့ အနက်ရောင်ဘုရင်ဝတ်စုံကို ဝတ်ဆင်ထားသည့် တာ့ရှားကေရာဇ်ရပ်နေလေ သည်။

လနတ်သမီးက နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"အဲဒီ ဆန်းလျှန်ကို သတ်မပစ်ဘူးဆိုရင် ရှင်ဟာ ဘယ်တော့မှ စစ်မှန်တဲ့ မူလမိစ္ဆာတစ်ပါး ဖြစ်လာမှာမဟုတ်ဘူး"

တာ့ရှားကေရာဇ်က...

"ငါကိုယ်တော်က ငါကိုယ်တော်ပဲလေ ၊ ဘယ်တော့မှ မူလမိစ္ဆာတစ်ပါး ဖြစ်လာမှာမဟုတ်ဘူး ၊ ငါကိုယ်တော်က အသူရာ

ချောက်ရဲ့အရှင်သခင်ဖြစ်မလာတော့ဘူးဆိုရင်တော့ အသူရာ

ချောက်တစ်ခုလုံးကိုပါ ဆန်းလျှန်နဲ့အတူ သေတွင်းကို ပို့

ပစ်လိုက်တော့မယ်"

အခန်း (၆၇၉) ကံကြမ္မာ

လနတ်သမီးက...

"အသူရာချောက်ဆိုတာ မပျက်စီးနိုင်တဲ့နေရာတစ်ခုပဲ ၊ ဒီနေရာ

ကို ရှင်ဖျက်စီးပစ်မှာ ကျွန်မ ခွင့်မပြုနိုင်ဘူး"

တာ့ရှားကေရာဇ်က...

"တစ်ချိန်တုန်းက ပျက်စီးနေတဲ့ အသူရာချောက်ကို တိကျန်ဗောဓိသကျက ပြန်လည်သန့်စင်ခဲ့ပြီးတော့ ကျင့်စဉ်လမ်းအောင်မြင်အောင် ကျင့်ကြံသွားခဲ့တယ်လို့ မင်းပြောချင်တာမဟုတ်လား ။ ပြီးတော့ မင်းနဲ့ တာအိုဆရာလုယာရဲ့ တာအိုခန္ဓာတွေက နေနဲ့လ လှည့်ပတ်မှုတွေနဲ့ ဆက်နွယ်နေတယ် ။ ဒါကြောင့် ဒီနေရာက မင်းအတွက် မျှော်လင့်ချက်တစ်ခုလို ဖြစ်နေလို့ တွယ်တာနေတာမဟုတ်လား ။ ဒါကြောင့် မင်းကအသူရာချောက်ကို ဖျက်စီးမယ့် သူဘယ်သူ့ကိုမဆို သည်းခံမှာမဟုတ်ဘူး ။ ဒါပေမယ့် မင်း ကိစ္စတစ်ခုကို မသိခဲ့ဘူး ။ အဲဒါကတော့ အသူရာချောက် ဆိုတာ မင်းပိုင်ဆိုင်တဲ့ နေရာမဟုတ်ဘူးဆိုတာပဲ"

လနတ်သမီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ရှင်သိတာတွေ သိပ်များနေပြီ..."

တာ့ရှားကေရာဇ်က...

"မင်းနားမလည်ဘူးလား ၊ လူတစ်ယောက်ဟာ ကျင့်စဉ်လမ်း အဆင့်မြင့်လာလေ သိတာတွေများလာလေပဲ ၊ မင်း ကွမ်းလုန်ကျီကို မေ့သွားပြီလား ၊ သူမသေခင် ယိလမ်းစဉ်ကိုနားလည်သွားခဲ့ပြီး လျန်စန်းကို ရေးသွားခဲ့တာကိုလည်း ကျုပ်သိထားတယ်"

"အဲဒီလူက အရမ်း စိတ်ဓာတ်ခိုင်မာတယ် ၊ ရှင့်အပေါ်မှာလည်း အရမ်းသစ္စာရှိတယ် ၊ ရှင် သူ့ကို မသတ်သင့်ဘူ"

လနတ်သမီးက ပြောလိုက်လေသည်။

ကွမ်းလုန်ကျီအကြောင်း စဉ်းစားမိသည့်အခါ လနတ်သမီးသည် သက်ပြင်းမချဘဲ မနေနိုင်မိပေ။

"သူက သေသင့်လို့ ကျုပ်သတ်လိုက်တာပဲ"

တာ့ရှားကေရာဇ်က ပြန်ပြောလိုက်လေသည်။

တာ့ရှားကေရာဇ်၏စကားကြောင့် လနတ်သမီး၏ နှလုံးသားထဲတွင် အေးစိမ့်သည့်အငွေ့အသက်များကို ခံစားလိုက် ရလေ

သည်။ သူမသည် တာ့ရှားကေရာဇ်၏ လူမဆန်စွာရက်စက်မှု များကို လျှော့တွက်ခဲ့မိလေသည်။ သူသည် ဆွေမျိုးတော်စပ် ခြင်းများ ၊ ရင်းနှီးချစ်ခင်မှုများအပေါ်တွင် အလေးထားသူမ ဟုတ်ပေ။ ထို့ကြောင့်လည်း ယွမ်စီ မှော်မိစ္ဆာပညာကို စတင် ကျင့်ကြံခဲ့သည့်အချိန်မှစပြီး တစ်ရှိန်ထိုးအောင်မြင်ခဲ့ခြင်း ဖြစ် လေသည်။

သူမအနေဖြင့် တာ့ရှားကေရာဇ်နှင့် ပူးပေါင်းခဲ့မိသည်မှာ မှားပြီ ထင်ပါသည်။

တာ့ရှားကေရာဇ်က...

"မင်းက ကျုပ်လူမဆန်အောင် ရက်စက်တာ မလုံလောက်သေး ဘူးလို့ ထင်နေတာ မဟုတ်လား ၊ ဘာလို့ အခုတော့ ကြောက်နေ ရတာလဲ"

လနတ်သမီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"ရှင့်ကို ဒီလိုပုံစံနဲ့မြင်တွေ့ရတာ ဘယ်သူက မကြောက်ဘဲ နေနိုင်မှာလဲ"

တာ့ရှားကေရာဇ်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်လေသည်။

လနတ်သမီးသည် တာ့ရှားကေရာဇ်၏အနားမှ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး ကောင်းကင်ထက်မှ လမင်းသည် ပိုမိုတောက်ပလာလေသည်။ သို့သော်... အေးစိမ့်သည့် အငွေ့အသက်များကတော့ အရိုးထဲထိအောင်အေးစိမ့်နေ လေသည်။

တိချိုးမြို့တော်မှ ထိုက်ယင်းစွမ်းအားသည် ကျင့်စူးထင်မှတ်ထားသည်ထက်ပင် ကျော်လွန်နေခဲ့လေသည်။ ထိုကဲ့သို့သော ပြည့်ဝသည့် ထိုက်ယင်းတန်ခိုးစွမ်းအားသည် နတ်မိစ္ဆာတစ်ပါး (၁၀)နှစ်ကျင့်ကြံမှုနှင့် ညီမျှသည့် မိစ္ဆာ စွမ်းအားများကို ထုတ်လွှတ်နိုင်လေသည်။

ထိုက်ယင်းစွမ်းအားသည် မိစ္ဆာစွမ်းအား မြင့်တက်လာစေရုံသာ မက သေလည်းသေစေနိုင်လေသည်။ လရောင်ခြည် တိုင်း သည် ထင်ရှားရှင်းလင်းသည့် ကွမ်ပဟန်အမှတ်အသားများဖြစ် လေသည်။

ကျင့်စူးသည် ထိုမိစ္ဆာစွမ်းအားများဒဏ်ကို မခံနိုင်တော့ဘဲ ကောင်းကင်ထက်မှ လမင်းဆီသို့ ပျံသန်းထွက်ခွာသွားပြီး အတောင်ပံများဖြင့် လမင်းကို ကာထားလိုက်လေသည်။

ထို့ကြောင့် တိချိုးမြို့တော်တစ်ခုလုံး မှောင်မိုက်သွားရလေ သည်။

ထိုအခါ လနတ်သမီးသည် လမင်းကို လနတ်သမီးဗိမာန်အဖြစ် ပြောင်းလဲကာ ကျင့်စူးကို အေးစက်စွာဖြင့် စိုက်ကြည့် နေလေ သည်။

လနတ်သမီးက လက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်လေရာ ထိုက် ယင်းစွမ်းအားများသည် သမုဒ္ဒရာကြီးအလား ကျင့်စူး ဆီသို့

ပျံ့နှံ့သွားလေသည်။ ကျင့်စူးက ရယ်မောလိုက်ပြီး မိုက်တစ်ထောင်ခန့်ရှည်လျားသည့် ခွန်သတ္တဝါငါးကြီး တစ်ကောင်အဖြစ်ပြောင်းလဲလိုက်ကာ ထိုက်ယင်းသမုဒ္ဒရာထဲတွင် ကူးခတ်သွားလေတော့သည်။

မြေပြင်ထက်တွင် ရှိနေသည့် ဆန်းလျန်ကတော့ ကျင့်စူးနှင့် လနတ်သမီးတိုက်ခိုက်နေသည်ကို စိတ်မဝင်စားပါ။

သူက ကွေ့လိကို ပြောလိုက်လေသည်။

"တိချိုးမြို့တော်တစ်ခုလုံးက ကြီးမားတဲ့ထောင်ချောက်ကြီးတစ်ခုဖြစ်သွားပြီ ၊ အဲဒီထောင်ချောက်ရဲ့ အဓိကအကျဆုံး လူကတော့ တာ့ရှားကေရာဇ်ပဲ ၊ ဒီထောင်ချောက်အသက်မဝင်ခင်ကျုပ် သူ့ကိုတိုက်ခိုက်မှ ဖြစ်မယ် ၊ ဒါပေမယ့် မင်းကတော့ သူ့လက်အောက်က မိစ္ဆာတွေကို သတိထားရမယ်"

ကွေ့လိက...

"စိတ်ချပါ ၊ ကျုပ်က မင်းအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရပါဘူး..."

သူမက နူးညံ့စွာပြောလိုက်လေသည်။

ကွေလိသည် သူမကိုယ်သူမ ယုံကြည်မှုအပြည့်ရှိပုံရလေသည်။

ဆန်းလျန်ကခေါင်းတစ်ချက်ညိတ်လိုက်ပြီး လေပွေတစ်ခု အဖြစ်ပြောင်းလဲသွားလေသည်။ လေပွေနှင့်တိုက်ခတ်မိ သည့်နေရာတိုင်းတွင် မိစ္ဆာပုံရိပ်များထွက်ပေါ်လာလေသည်။ မိစ္ဆာပုံရိပ်များအားလုံးကို ဆန်းလျန်က ရိုက်ထုတ် လိုက်လေသည်။

အချို့မိစ္ဆာပုံရိပ်များက ဆန်းလျန်နောက်သို့လိုက်လာပြီး အချို့ကတော့ ကွေလိကို တိုက်ခိုက်လိုက်ကြလေသည်။

ထိုမိစ္ဆာများအားလုံးမှာ တာ့ရှားကေရာဇ် သတ်ဖြတ်ပစ်ခဲ့သည့် ရှားမျိုးနွယ်များဖြစ်ပြီး တာ့ရှားကေရာဇ်၏ သစ္စာရှိ နောက်လိုက်များ ဖြစ်ကြလေသည်။

ကွေလိက အကြောက်အလန့်မရှိပါ။ တိုက်ခိုက်ရခြင်းသည် သူမအတွက် အတားဆီးကိုကျော်ဖြတ်ချင်းလည်းဖြစ် သလို လေ့ကျင့်ခြင်းလည်း ဖြစ်လေသည်။ သူမ၏ ဒေါင်းစိမ်းမရဏ တန်ခိုးစွမ်းအားသည် အလွန်အစွမ်းထက်ပြီး ဒေါင်းစိမ်း မင်းကြီးမဟာမာရူယိအဆင့်နှင့်ပင် နီးကပ်နေပြီ ဖြစ်လေ သည်။

ဆန်းလျန်ကလည်း ထိုအချက်ကိုသိရှိသည့်အတွက် ကွေလိကို တိုက်ခိုက်ခွင့်ပေးလိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် လျှပ်စီးထက်ပင်လျှင်မြန်လေသည်။ သူ့ကို မည်သည့်မိစ္ဆာကမှ တားဆီးနိုင်ခြင်းမရှိပေ။ နောက်ဆုံး တွင် သူသည် တာ့ရှားနန်းတော်အတွင်းသို့ ဝင်ရောက်သွားလေ တော့သည်။

တာ့ရှားနန်းတော်သို့ ဆန်းလျန်သည် ပထမဆုံးအကြိမ်ရောက် ဖူးခြင်း မဟုတ်ပေ။ သို့သော်... ယခုတော့ နန်းတော်အတွင်းသို့

ဝင်ရောက်လိုက်သည်နှင့် သက်ပြင်းတစ်ချက် ချလိုက်မိလေ

သည်။ အချိန်တိုအတွင်းမှာပင် အရာတော်တော်များများက

ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

အရာရာသည် ဆန်းလျန်အတွက် မှုန်မှုန်ဝါးဝါးဖြစ်နေလေ

သည်။ သူ့နေဖြင့် တာ့ရှားကေရာဇ်အပေါ်တွင် အကြီးအကျယ်

မုန်းတီးစိတ်မရှိခဲ့ပါ။ သို့သော်… သူတို့ (၂)ယောက်တွင် တစ်

ယောက်သာလျှင် အသက်ရှင်ရမည်ဖြစ် လေသည်။ ဤ

သည်မှာ ကံကြမ္မာပင် ဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် အနက်ရောင်ဘုရင်ဝတ်စုံကို ဝတ်ဆင်

ထားပြီး ဆန်းလျန် ဝင်ရောက်လာသည်ကို ကြည့်နေ လေ

သည်။ သူ၏အသားအရေများက တောင်ပေါ်မှ နှင်းပွင့်များ

အလား ဖြူဆွတ်နေလေသည်။ ထို့ပြင် သူ့ကိုကြည့်ရ သည်မှာ

အထီးကျန်ဆန်လှသလို ထူးခြားဆန်းကျယ်၍လည်း နေလေ

သည်။

ဆန်းလျန်က သူ့ဆီသို့ တစ်လှမ်းချင်းလမ်းလျှောက်သွားလေသည်။ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ဆန်းလျန်၏ ခြေဖဝါးအောက်တွင် ကြာပန်းများ ပေါ်လာလေသည်။ ထို့ပြင် သူ့ထံမှ အလင်းရောင်ပြပြလေးလည်း လင်းလက်နေ လေသည်။ သူ၏ဝတ်ရုံနှင့် အင်္ကျီလက်များသည် လေထဲတွင် လွင့်ပျံနေကြလေသည်။ နတ်ဘုရားတစ်ပါး လူ့လောက သို့ဆင်းသက်လာသည့်အတိုင်းပင် ဖြစ်လေသည်။

တာ့ရှားဧကရာဇ်၏ဘဝတွင် တန်ခိုးစွမ်းအားမြင့်မားသည့် ကျင့်ကြံသူများစွာကို တွေ့ခဲ့ဖူးပါသည်။ သို့သော်... လက်ရှိအချိန်တွင် ဆန်းလျန်သည် မည်သည့်ကျင့်ကြံသူနှင့်မှ နှိုင်းယှဉ်၍မရနိုင်တော့ပေ။ ဆန်းလျန်၏ ဝင်သက် ထွက်သက်တိုင်းသည်ပင် နေနှင့်ညကိုပင် ပြောင်းလဲပစ်နိုင်စွမ်းရှိနေလေပြီ။ ဆန်းလျန်၏ ပြုမူလှုပ်ရှားမှုတိုင်းတွင် တန်ခိုး စွမ်းအားများ

ကိန်းအောင်းနေသည်ကို တာ့ရှားဧကေရာဇ် ခံစားနေရလေသည်။

တစ်ချိန်တည်းမှာပင်... သူသည် ကံကြမ္မာကို ခံစားခဲ့ရလေသည်။ သူသည် ဆန်းလျန်ကို အသေသတ်ရမည် ဖြစ်လေသည်။ ဤသည်မှာ အမုန်းတရားနှင့်မသက်ဆိုင်သည့် ကံကြမ္မာသာ ဖြစ်လေသည်။

အမှန်တော့ ဆန်းလျန်သည်လည်း ထို့အတူပင် ခံစားခဲ့ရသူ ဖြစ်လေသည်။ သို့သော် ဆန်းလျန်ကတော့ သိပ်အများ ကြီးစဉ်းစားထားခြင်း မရှိပါ။

ကံကြမ္မာနှင့်ပတ်သက်ပြီး သူတို့ (၂)ယောက် ခံစားချက်တူညီနေရသည်မှာ သူတို့ ကျင့်ကြံခဲ့သည့် ကျင့်စဉ်များ ကြောင့် ဖြစ်လေသည်။

တစ်ယောက်က ယွမ်စီထျန်းကျွင်း၏ ယွမ်စီမျော်မိစ္ဆာပညာကို ကျင့်ကြံခဲ့ပြီး တစ်ယောက်ကတော့ လင်ပေါင် ထျန်းကျွင်း၏

စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း ကျင့်စဉ်ကို ကျင့်ကြံခဲ့သူ ဖြစ်လေသည်။

ကျင့်စဉ် (၂)ခုလုံးသည် တာအိုဆရာသခင်ကြီး (၂)ပါး၏ အမုန်းတရားများမှ ဖြစ်တည်လာကြသည့် ကျင့်စဉ်များ ဖြစ်ကြလေသည်။

ယွမ်စီထျန်းကျွင်းဖြစ်သည့် ယွိချင်တာအိုဆရာသခင်နှင့် လင်ပေါင်ထျန်းကျွင်းဖြစ်သည့် စန့်ချင်တာအိုဆရာသခင်တို့ မည်သူပိုပြီးသာသည်ဆိုသည့်အချက်ကို သိမြင်ရန်အတွက် သူတို့ (၂)ယောက် တိုက်ခိုက်ကြရမည် ဖြစ်လေသည်။

တာ့ရှားကေရာဇ်သည် စကားတစ်လုံးမှ မပြောပါ။ သူက လက်သီးတစ်ချက်ဖြင့်သာ ဆန်းလျန်ကို တုန့်ပြန်လိုက်လေသည်။ သူ၏လက်သီးချက်သည် နှင်းများဖုံးနေသည့် တောင်ကြီးတစ်လုံးအလား ပြင်းထန်လွန်းလေသည်။

ထိုလက်သီးချက်တွင် လောကတစ်ခုလုံးတုန်လှုပ်သွားစေသည့် အသံများထွက်ပေါ်လာခြင်း မရှိပါ။ တောင်တစ်လုံး ကဲ့သို့ ပြင်းထန်လှသည့်တိုင် တိတ်ဆိတ်လွန်းလှလေသည်။

လက်ရှိအချိန်တွင် ယွမ်စီမှော်မိစ္ဆာပညာကို ကျင့်ကြံထားသည့် တာ့ရှားကေရာဇ်ကို ဆန်းလျန်သည် လုံး၀ လျှော့မတွက်ရဲပါ။ သူက လက်ဟန်တစ်ချက်ဖန်ဆင်းပြီး ထိုက်ချိသင်္ကေတတစ်ခု ကို ပြုလုပ်လိုက်လေသည်။ ထိုက်ချိသင်္ကေတတွင် ယင်နှင့်ယန် လှည့်ပတ်သွားပြီး တာ့ရှားကေရာဇ်၏ လက်သီးချက်ကို ကျောက်ဆောင်တစ်ခု အလားကာကွယ်ထားလိုက်လေသည်။

တာ့ရှားကေရာဇ်၏ လက်သီးချက်နှင့် ဆန်းလျန်၏ ယင်ယန် ကျောက်ဆောင်ထိမိသည့်အရှိန်သည် ကောင်းကင် တစ်ခုလုံး ကွဲထွက်သွားတော့မည့်အလား ထင်မှတ်ရလေသည်။ တာ့ရှား ကေရာဇ်၏ လက်သီးချက်သည် လောက တစ်ခုလုံးကို ဖျက်စီး နိုင်မည့်အလား ကြောက်မက်ဖွယ်ကောင်းလွန်းလှလေသည်။

လက်သီးချက်သည် ထိုက်ချိယင်ယန်ကျောက်ဆောင်ကြီးကို ထိုးခွဲပစ်လိုက်ပြီး ကျန်ရှိနေသေးသည့် အင်အားမှာလည်း အရှိန်အဟုန်ပြင်းစွာဖြင့် ဆန်းလျန်ရှိရာသို့ ဝင်ရောက်လာလေသည်။

ဆန်းလျန်၏ နတ်ဘုရားခန္ဓာသည် ပုံရိပ်ယောင်တစ်ခုအလား အစိတ်အမွှာမွှာ ကွဲဖြာသွားလေသည်။

သူ၏လက်သီးချက်သည် ဆန်းလျန်၏ ယင်နှင့်ယန် တန်ခိုးစွမ်းအားကိုသာ ထိုးနှက်မိသည့်အတွက် တာ့ရှား ဧကရာဇ်သည် မကျေမနပ်ဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏လက်သီးချက်သည် ဆန်းလျန်ကို ထိခိုက်ခြင်း မရှိခဲ့သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်၏ နတ်ဘုရားခန္ဓာတစ်စစီ ပြိုကွဲသွားခြင်းမှာ တာ့ရှားဧကရာဇ်၏ လက်သီးချက်ကို ရှောင်ရှားရန်အတွက် မြင်ကွင်းမှ ခဏတာပျောက်ကွယ်သွားခြင်းသာ ဖြစ်လေသည်။

တာ့ရှားကေရာဇ်၏ ဘုန်းတန်ခိုး နေလိုလလို ထွန်းတောက်စဉ် အချိန်က ကျင့်ကြံသူပေါင်းများစွာ၏ လှည့်ကွက် များစွာကို မြင်တွေ့ခဲ့ရဖူးလေသည်။ လေထဲတွင် မမြင်ရအောင် ပုန်းကွယ် နေနိုင်သည့် အံ့သြလောက်စရာကျင့်စဉ် များစွာရှိကြ သော်လည်း ယခု ဆန်းလျန်ပျောက်ကွယ်သွားသလိုမျိုး တာ့ ရှားကေရာဇ်ရှေ့တွင် ပျောက်ကွယ်သွားနိုင် သည့်သူဆို၍ တစ် ယောက်မှ မရှိခဲ့ပေ။

ဤနေရာသည် တိချိုးမြို့တော်ဖြစ်လေသည်။ တာ့ရှား ကေရာဇ်၏ နယ်မြေဖြစ်လေသည်။ သူသည် တိုင်းပြည်ကို ထျ န်းယီအကြီးအကဲလောက် စုစည်းနိုင်ခဲ့ခြင်း မရှိပါ။ သို့သော်... သူ၏ ကျင့်ကြံခြင်းအဆင့်ကို မည်သူမှ လျှော့မတွက်ရဲကြပေ။ သူ့မျက်လုံးထဲမှ ထိုသို့ ပျောက်ကွယ်သွားနိုင်သူဆို၍ မည်သူမှ မရှိပေ။

ယနေ့တော့ ဆန်းလျန်က လုပ်ပြခဲ့လေပြီ။

ရန်သူတစ်ယောက်ဖြစ်သည့်တိုင် တာ့ရှားကေရာဇ်သည် ဆန်း

လျှန်ကို လေးစားအထင်ကြီးသွားမိလေသည်။ သို့သော်...

သူက အထင်ကြီးလေ တိုက်ခိုက်မှုက ပိုပြီပြင်းထန်လာလေ

ဖြစ်လေသည်။

တာ့ရှားကေရာဇ်၏လက်ထဲတွင် မိစ္ဆာဓားကောက်ကြီးပေါ်လာ

လေသည်။

သူက ဓားကောက်ကြီးကို လေထဲတွင် တစ်ချက်ဝှေ့ယမ်းလိုက်

လေသည်။ ထိုအခါ လေထဲတွင် ဓားဝိညာဉ်ပေါင်း တစ်သိန်း

နှစ်သောင်းကိုးထောင်ခြောက်ရာတိတိ ထွက်ပေါ်လာလေ

သည်။

ဓားရောင်များသည် လေထုထဲတွင် တောက်ပနေပြီး လေထု

တစ်ခုလုံးမှာ သဏ္ဍာန်မဲ့ထုထည်တစ်ခုပြိုကျသည့်အလား

ချက်ချင်းပင် ကွဲအက်သွားရလေသည်။

အခန်း (၆၈၀) ကြယ်စင်များကိုပင်ဆင့်ခေါ်နိုင်သူ

လေထုထဲတွင် ဦးတည်ချက်နှင့် ဆုံမှတ်များ ပျောက်ဆုံးသွား

လေသည်။

တာ့ရှားကေရာဇ်၏ ဓားဝိညာဉ်သည် စစ်တုရင်ခုံကို ကန့်လတ်

ဖြတ် ဖြတ်သန်းလာသကဲ့သို့ လေထုထဲတွင် ကန့်လတ်ဖြတ်

ပျံသန်းလာလေသည်။ သူ၏ ဓားဝိညာဉ်မှ အတိတ်နှင့်

အနာဂတ်ပင် လွတ်မြောက်နိုင်ခြင်းရှိမည် မဟုတ်ပေ။

ဆန်းလျန်၏ ဝိညာဉ်ပုံရိပ်သည် တာ့ရှားကေရာဇ်၏ ဓားဝိညာဉ်

များကြားတွင် ရှောင်တိမ်းကာ သွားလာနေလေသည်။ ဆန်းလျ

န်သည် တိုက်ခိုက်မှုများကို ရှောင်တိမ်းနေသည့်တိုင် အလွန်မှ

တည်ငြိမ်အေးဆေးနေလေသည်။

တာ့ရှားကေရာင်ဇ်၏မျက်လုံးများသည် မွန်းတည့်ချိန်နေရောင်ကဲ့သို့ စူးရှလောင်ကျွမ်းနေလေ၏။

ယနေ့ထိ သူအာမခံနိုင်သည့်အချက်မှာ ယင်းစန်းပြည်မှ ထျန်းယီတစ်ယောက်မှလွဲပြီး အခြားသူများအားလုံးမှာ သူ၏ဓားချက်အောက်တွင် အသက်ပျောက်ခဲ့ရသည်ပဲ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်၏ ကျင့်ကြံခြင်းအဆင့် သည် အတိတ်နှင့်အနာဂတ်ကို ကျော်လွန်နိုင်သည့် အဆင့်သို့ ရောက်ရှိနေခဲ့ပြီဖြစ်လေသည်။ ထိုကဲ့သို့ အောင်မြင်မှုများကို ပေးအပ်ခဲ့သည့် စန့်ချင်တာအိုဆရာသခင်၏ ရည်ရွယ်ချက်ကိုလည်း သူရှင်းလင်းစွာနားလည်ခဲ့ ရလေသည်။

တာ့ရှားကေရာင်ဇ်၏မျက်ဝန်းများမှထွက်ပေါ်နေသည့် အပူရှိန်များသည် ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် ဖုံးလွှမ်းနေလေသည်။ သူသည် ယွမ်စီမှော်မိစ္ဆာပညာကို အမွေဆက်ခံကျင့်ကြံခဲ့သော်လည်း ယွီချင်တာအိုဆရာသခင် ဖြတ်တောက် ခဲ့သည့်မ

ကောင်းမိစ္ဆာနှလုံးသားကို ဖြတ်တောက်နိုင်ခြင်းမရှိ
သည့်အတွက် တာအိုဆရာသခင်ကြီး လောက်တော့ တန်ခိုး
စွမ်းအားမြင့်မားနိုင်ခြင်း မရှိသေးပေ။
ယွမ်စီးမော်မိစ္ဆာပညာကို ကျင့်ကြံခဲ့သည့်အတွက် သူ နောင်တ
အရဆုံးအချက်မှာ မည်သူ့ကိုမဆို လူမဆန်စွာ
ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့်တိုင် သူသည် အမြင့်ဆုံး
စွမ်းအားကို ရရှိနိုင်ခြင်း မရှိသေးခြင်း ဖြစ်လေသည်။
ယခုတော့ တာ့ရှားကေရာဇ်သည် တာအိုဆရာသခင်ကြီး၏
ထိပ်တန်းအဆင့် ဝိညာဉ်စွမ်းအားကိုရရှိထားပြီဖြစ်သည့် တိုင်
ယွမ်စီမော်မိစ္ဆာပညာမှ ဖြစ်တည်လာသည့် မိစ္ဆာမျိုးစေ့သည်
သူ့ကို သွေးဆောင်နေဆဲ ဖြစ်လေသည်။
မျက်စိတစ်မှိတ်အတွင်းမှာပင် တာ့ရှားကေရာဇ်၏ ဓားဝိညာဉ်
များအားလုံး ပျောက်ကွယ်သွားလေသည်။ ဆန်းလျန် သည် မိုး

နှင့်မြေကို ကျော်လွန်သွားပြီး ဓားဝိညာဉ်များအားလုံးကို ရှောင်ထွက်သွားလေသည်။

ဆန်းလျန်၏မျက်ဝန်းများက တည်ငြိမ်အေးချမ်းနေသည့်တိုင် အရာအားလုံးကို ထိုးဖောက်မြင်နိုင်သည့်အလား ထင်မှတ်ရလေသည်။ တာ့ရှားကေရာဇ်၏ ခြေအဆုံးခေါင်းအဆုံးရှိ လျှို့ဝှက်ချက်များအားလုံးသည် ဆန်းလျန်၏ မျက်ဝန်းများဆီမှ ဖုံးကွယ်မရနိုင်သည့်အလား ဖြစ်လေသည်။

သို့သော်... တကယ်တမ်းတွင်တော့ ဆန်းလျန်တွင် ထိုကဲ့သို့သော အရည်အချင်းမျိုးမရှိသည်ကို တာ့ရှားကေရာဇ် သိထားပါလေသည်။ မည်သို့ပင်ဖြစ်စေ... ဆန်းလျန်၏အကြည့်များကို သူ အလွန်မုန်းတီးမိလေ၏။

တာ့ရှားကေရာဇ်က နောက်ထပ် လက်သီးတစ်ချက် ထပ်ထိုးလိုက်လေသည်။

သူ၏လက်တွင် နဂါးတစ်ကောင်ရစ်ပတ်နေပြီး နဂါးဟိန်း

သံကြီးကိုပါ ကြားလိုက်ရလေသည်။ စောစောက ကွဲအက်

သွားသည့်လေထု ပြန်လည်အသားမကျသေးမိမှာပင် လေထု

သည် အစိတ်စိတ်အမွှာမွှာ ထပ်မံကွဲထွက်သွားရ ပြန်လေ

သည်။ တာ့ရှားကေရာဇ်၏ တိုက်ခိုက်မှုတိုင်းသည် မိစ္ဆာ

အငွေ့အသက်များ ထွက်ပေါ်နေပြီး ကောင်းကင်နှင့် လမင်းကို

ပင် သက်ရောက်မှုရှိနေလေသည်။

ခွန်သတ္တဝါဧရာမငါးကြီးသည် ထိုက်ယင်းသမုဒ္ဒရာကြီးထဲတွင်

ကူးခတ်နေလေသည်။ သူမနောက်သို့ လိုက်လာသည့် မိစ္ဆာ

အငွေ့အသက်များကို ဖယ်ရှားရန်အတွက် အမြီးကို ယိမ်းရင်း

ရှောင်တိမ်းနေလေသည်။

တာ့ရှားကေရာဇ်၏ နဂါးလက်သီးကို ရင်ဆိုင်လိုက်ရသည့်တိုင်

ဆန်းလျန်က ရှောင်တိမ်းခြင်းမရှိပါ။ သူကတောင်နှင့် မြစ်ရေ

သကော်တကို ရေးဆွဲလိုက်ပြီး တန်ပြန်တိုက်ခိုက်လိုက်လေ

သည်။

တာ့ရှားကောရာဇ်၏ ရက်စက်ကြမ်းကြုတ်လှသည့် နဂါး

လက်သီးသည် တကယ့်တောင်နှင့်မြစ်များကို ဖျက်စီးပစ်နိုင်

စွမ်းရှိလေသည်။ ထို့ကြောင့် ဆန်းလျန်ရေးဆွဲလိုက်သည့်

တောင်နှင့်မြစ်ရေများသည် ဖျက်စီးခံရတော့ မည့်အလား

ထင်မှတ်ရလေသည်။

သို့သော်... တောင်နှင့်မြစ်ရေသကော်တသည် ဆန်းလျန်

တကယ်တိုက်ခိုက်လိုက်သည့် တိုက်ကွက်ဖြစ်လေသည်။ ဆန်း

လျန်ဖန်ဆင်းလိုက်သည့် တောင်နှင့်မြစ်ရေများသည် ညအ

မှောင်တွင်တောက်ပနေသည့် ပုလဲတစ်လုံးအလား တာ့ရှား

ကောရာဇ်၏ နဂါးလက်သီးဆီသို့ ကြီးမားသည့်အရှိန်အဟုန်ဖြင့်

တိုးဝင်သွားလေသည်။

လေထုထဲတွင် အဆုံးမရှိသည့် ပေါက်ကွဲသံများထွက်ပေါ်လာပြီး လျှပ်စီးများလည်း လက်လာလေသည်။ လေထု တစ်ခုလုံးပြိုကွဲသွားပြီး နဂါးလက်သီး၏ အမျက်ဒေါသများအားလုံးလည်း ပျောက်ဆုံးသွားရလေသည်။

တောင်နှင့်မြစ်ရေသကော်တမှာ သန့်စင်သည့်အလင်းတန်းများကတော့ ဆက်လက်လင်းလက်နေဆဲ ဖြစ်လေသည်။ တန်ခိုးစွမ်းအားများ ပြင်းထန်လွန်းသည့်အတွက် တာ့ရှားကေရာဇ်ကိုပင် ခြိမ်းခြောက်နိုင်စွမ်း ရှိလေသည်။ တာ့ရှား ကေရာဇ်၏ဓားဝိညာဉ်မှာလည်း တောင်နှင့်မြစ်ရေသကော်တ၏ ဖျက်စီးခြင်းကို ခံလိုက်ရလေသည်။ ဓားဝိညာဉ်များမှာ တာ့ရှားကေရာဇ်၏အနောက်ဘက်တွင် တစ်စစီပျံ့နှံ့သွားပြီး သူ၏ နန်းတော်ကြီးပင် ပြိုကျသွားရလေတော့သည်။

သူတို့ (၂)ယောက်၏ တိုက်ပွဲသည် အသူရာချောက်မှ ပညာရှင်ပေါင်းများစွာ၏ စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့လေသည်။

သူတို့ (၂)ယောက်စလုံးသည် ရဲရင့်စွာဖြင့် တိုက်ခိုက်နေကြလေ ရာ ပညာရှင်အများစုသည် တိုက်ပွဲကြောင့် တုန်လှုပ် ခဲ့ကြရ လေသည်။

ဆန်းချင်းရွှမ်သည် အသူရာချောက်၏ သူတော်စင် (၃)ပါးထဲ တွင် အတော်ဆုံးဖြစ်သည်ကို အားလုံးက သိရှိထားပြီး သား ဖြစ်သည့်တိုင် ဆန်းလျန်သည် တာ့ရှားကေရာဇ်ကို ယခုကဲ့သို့ တိုက်ရိုက်စိန်ခေါ်တိုက်ခိုက်လိမ့်မည်ဟု မည်သူမှ ထင်မှတ်မ ထားခဲ့မိကြပေ။

တုန်းယီဒေသ ၊ ပင်လယ်များနံဘေးရှိ တောင်တစ်တောင်ထက် တွင် အဖြူရောင်မင်းကြီး၏သားတော် ယွမ်ယန် ရှိနေလေ သည်။ ယွမ်ယန်၏မျက်နှာသည် ဖြူဖပ်ဖြူလျော် ဖြစ်နေလေ သည်။

သူ့ဘေးနားတွင်ရပ်နေသည့် နတ်မိစ္ဆာမဟာတန်ခိုးရှင်က ယွမ် ယန်၏ပခုံးကို တစ်ချက်ပုတ်လိုက်ရင်း...

"ညီလေးယွမ်ယန် ၊ မင်း ဘာလို့ ကျုပ်နဲ့ မလိုက်ချင်ရတာလဲ ၊ အသူရာချောက်ဟာ မင်းပါဝင်ပတ်သက်လို့ကောင်းတဲ့ နေရာ တစ်ခု မဟုတ်တော့ဘူး"

ယွမ်ယန်က မကျေမနပ်ဖြင့်…

"သူတို့ နှစ်ယောက်က ဘာလို့ ဒီလောက်တန်ခိုးကြီးနေရတာလဲ ၊ ဘာကြောင့်လဲ… ၊ တကယ်ဆို ကျုပ်က အဖြူရောင်မင်းကြီး ရဲ့သားတော်လေ ၊ အနာဂတ်မှာ နတ်မိစ္ဆာမျိုးနွယ်အားလုံးရဲ့ ခေါင်းဆောင်ဖြစ်လာရမှာ မဟုတ် ဘူးလား"

နတ်မိစ္ဆာမဟာတန်ခိုးရှင်က…

"အမှန်ပဲ ၊ မင်းက အနာဂတ်မှာ နတ်မိစ္ဆာမျိုးနွယ်အားလုံးရဲ့ ခေါင်းဆောင်ဖြစ်လာမယ့်သူပဲ ၊ ဒါကြောင့် ကိုယ့်ကိုကိုယ် အန္တရာယ်ကင်းအောင် နေသင့်တယ် ၊ စကြာဝဠာအရှင်ကြီးစွန်း ဝူခုံးဟာ အရမ်းစိတ်ဓာတ်ကြွခိုင်ပြီး အကြင်နာတရား ကင်းမဲ့ခဲ့ လို့ နှစ်အနည်းငယ်အတွင်းမှာပဲ ထိုက်ယီထျန်းရှန်းအဆင့်ကို

တက်ရောက်နိုင်ခဲ့တယ်၊ ဒါပေမယ့် တစ်ခုခု အစွန်းရောက်သွား ပြီဆိုရင် အခြေအနေတွေက ပြောင်းပြန်ဖြစ်သွားနိုင်တယ်၊ ဒါ ကြောင့်လည်း စကြာဝဠာအရှင်ကြီး ဟာနှစ်ပေါင်း (၅၀၀) တောင်အောက်မှာ အပိတ်ခံလိုက်ရတယ်၊ မင်းသာ ဒီ အခြေအနေတွေထဲမှာဝင်ပြီးပတ်သက် ချင်တယ်ဆိုရင် စကြာဝဠာအရှင်ကြီးလို နှစ်ပေါင်း (၅၀၀)တောင် အသက် ရှင် ခွင့်ရနိုင်မယ် မထင်ဘူး"

နတ်မိစ္ဆာမဟာတန်ခိုးရှင်၏စကားများကြောင့် ယွမ်ယန် အနည်းငယ်တည်ငြိမ်သွားသော်လည်း မကျေမနပ်တော့ ဖြစ် နေဆဲ ဖြစ်လေသည်။

သူသည် မွေးကတည်းက ဒုက္ခသုက္ခများကို ခံစားခဲ့ရပြီး နောက်ဆုံးမှ ကျင့်စဉ်လမ်းတွင် အောင်မြင်ခဲ့ရလေသည်။ သို့သော် တာ့ရှားကေရာဇ်၏ တိုက်ခိုက်မှုအောက်တွင် လေပြင်း တိုက်ခတ်သောကြောင့် ကြွေကျသည့် သစ်ရွက်လေး ပမာ

ရှုံးနိမ့်ခဲ့ရလေသည်။ သူသည် ယင်နှင့်ယန်မီးအိမ်ကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ကွမ်းလုန်ကျိုက ယူဆောင်သွား ခြင်းကို ခံခဲ့ရလေသည်။

သူသည်... မည်မျှ ကံဆိုးလိုက်ပါသနည်း။

အသူရာချောက်တွင် အပြောင်းအလဲများဖြစ်ပေါ်ခဲ့ပြီး သူ့အနေဖြင့် အခွင့်အာဏာကို ချုပ်ကိုင်ရန် အချိန်ကောင်းသို့ရောက်ရှိခဲ့လေသည်။ သို့သော်... ယခုတော့ သူသည် ဆုတ်ခွာထွက်သွားရတော့မည်။ သူ့အနေဖြင့် မည်သည့်နည်း နှင့်မှလက်မခံနိုင်ပါချေ။

နတ်မိစ္ဆာမဟာတန်ခိုးရှင်က...

"ဒီကနေထွက်သွားကြရအောင်ပါ၊ ကျုပ်ရဲ့ဘိုးဘေးနဲ့တွေ့ဖို့မင်းကိုခေါ်သွားပေးမယ်၊ ကျုပ်ရဲ့ဘိုးဘေးက နတ်မိစ္ဆာ မဟာတန်ခိုးရှင်တစ်ပါးဖြစ်တဲ့ ချီရှုန်တာ့စန့်အရှင်ကြီးပဲ၊ မင်း သူ့ဆီ

က နည်းနည်းလောက် သင်ယူလိုက်မယ်ဆိုရင် အဲဒီ

(၂)ယောက်လုံးကို အနိုင်ယူနိုင်မှာပါ"

ယွမ်ယန်သည် အချိန်အကြာကြီး စကားမပြောဘဲ တိတ်ဆိတ်

နေပြီးမှ...

"ဒါဖြင့်လည်း အစ်ကိုကြီးကိုပဲ ဒုက္ခပေးရတော့မယ်...."

ဟု ပြောလိုက်လေသည်။

နတ်မိစ္ဆာမဟာတန်ခိုးရှင်နှင့် ယွမ်ယန်တို့ စကားပြောနေကြစဉ်

မှာပင် ဆန်းလျန်နှင့် တာ့ရှားကေရာဇ်တို့မှာ အကြိမ် ပေါင်း

ထောင်နှင့်ချီပြီး တိုက်ခိုက်ပြီးကြပြီ ဖြစ်လေသည်။

သူတို့ထံမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားအငွေ့အသက်

များကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ လျှောင်လှုပ်သလို

တုန်လှုပ်နေပြီး တာ့ရှားကေရာဇ်၏ ဝမ်ချန်နန်းတော်ကြီးတစ်ခု

လုံးမှာလည်း ပြိုကျပျက်စီးသွားပြီ ဖြစ်လေသည်။

ကွေ့လိသည် တိုက်ပွဲ၏အဝေးတစ်နေရာတွင်ရှိနေလေသည်။

ရှားမျိုးနွယ်မိစ္ဆာများသည် မည်မျှပင်တိုက်ခိုက်ပါစေ သေဆုံးသွားခြင်းလည်းမရှိသလို လျော့နည်းသွားခြင်းလည်း မရှိပေ။ သူတို့သည် ကွေ့လိ၏ဘေးနားတွင် လှည့်ပတ် နေကြလေသည်။

သူမသည် ရောင်စဉ် (၅)မျိုး တန်ခိုးစွမ်းအားကို ကျင့်ကြံထားသည့်တိုင် ထိုမိစ္ဆာများကိုတိုက်ခိုက်ရသည်မှာ ကြီးမား သည့်စိန်ခေါ်မှု တစ်ခု ဖြစ်နေရလေသည်။

ဆန်းလျန်သည် အသူရာချောက်၏ စွမ်းအားအမြင့်မားဆုံးစစ်ဘုရင်တစ်ပါးဖြစ်သည့် တာ့ရှားကောရာဇ်နှင့် သူသေ ကိုယ်သေ (၂)ဦးချင်း ရင်ဆိုင်တိုက်ခိုက်သည်မှာ ပထမဆုံးအကြိမ်ဖြစ်လေသည်။

တာ့ရှားကောရာဇ်၏ အနက်ရောင်ဘုရင်ဝတ်ရုံမှာ စုတ်ပြဲနေပြီး ရင်ပတ်တစ်ခုလုံး သွေးချင်းချင်းနီရဲနေကာ ဒဏ်ရာများဖြင့်

ပြည့်နေလေသည်။ သူ၏ ဆံပင်များမှာလည်း ပြေကျနေလေသည်။ သို့သော်... မည်မျှ ဒဏ်ရာ အပြင်းအထန်ရထားပါစေ သူ၏ တိုက်ခိုက်လိုသည့်စိတ်ဓာတ်သည် တစ်စက်ကလေးမှ လျော့မသွားဘဲ ထက်မြက်ပြီး ကြံ့ကြံ့ခိုင်လျက် ရှိနေဆဲ ဖြစ်လေသည်။

ယွမ်စီမော်မိစ္ဆာပညာ၏ မိစ္ဆာမျိုးစေ့သည် မယုံကြည်နိုင်လောက်သည့် အသက်ဓာတ်စွမ်းအားများကို ပိုင်ဆိုင်ထား လေသည်။ မပျက်စီးနိုင်သည့် ခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားသည့် တာ့ရှားဧကရာဇ်သည် ဒုတိယစကြာဝဠာအရှင်ကြီး အလားပင် ဖြစ်လေသည်။

တာ့ရှားဧကရာဇ်က သွေးပျက်နေသည့် ပုံစံဖြင့် ရယ်မောလိုက်ရင်း...

"မင်း ကျုပ်ကိုမသတ်ဘူးဆိုရင်၊ ကျုပ်က မင်းကို သေတဲ့အထိ နှိပ်စက်ပြီး သတ်ပြမယ်"

ဆန်းလျန်၏ မျက်နှာကတော့ ခံစားချက်ကင်းမဲ့နေလေသည်။

သူ၏ ဝတ်ရုံက သန့်စင်နေပြီး သူ၏ ဝိညာဉ်ခန္ဓာမှာလည်း

ထိခိုက်မှုတစ်စက်ကလေးမှ မရှိသေးပေ။ သူက တာ့ရှား

ဧကရာဇ်ကို အထက်စီးမှာ တိုက်ခိုက်နေခဲ့လေသည်။

ဆန်းလျန်က...

"ကျုပ်ရဲ့ကျင့်စဉ်က မိုးနဲ့မြေကိုတောင် ပိုင်ဆိုင်နိုင်တယ် ၊ မင်း

မာနကြီးနိုင်သလောက်တော့ ပြောထားဦးပေါ့ တာ့ရှားဧကရာဇ်

ရယ်..."

သူ့အသံက ကြည်လင်ပြီး ရှင်းလင်းပြတ်သားနေလေသည်။

ထို့နောက် သူက တာ့ရှားဧကရာဇ်ကို ဆက်လက်တိုက်ခိုက်

လိုက်လေသည်။

ထိုအချိန်မှာပင်... တိမ်များပျောက်ကွယ်သွားပြီး တောက်ပ

သည့်လရောင်လင်းလက်လာကာ ကောင်းကင်တစ်ခုလုံး တွင်

ကြယ်စင်များဖြင့် ပြည့်နေလေသည်။

ကြယ်စင်များသည် ပုံမှန်မဟုတ်သည်ကို တာ့ရှားဧကေရာဇ်

သတိထားလိုက်မိလေသည်။

လင်းလက်တောက်ပနေသည့် ကြယ်စင်များသည် ကြွေကျလာ

ကြပြီး လောကကြီးတစ်ခုလုံး တောက်ပသွားလေ သည်။

ထိုကြယ်စင်များသည် အသူရာချောက်မှ ကြယ်စင်များမဟုတ်

ပါ။ စကြာဝဠာထဲတွင် ထာဝရတည်ရှိနေသည့် ကြယ်စင်အစစ်

များ ဖြစ်လေသည်။ တောက်ပသောအလင်းတန်းများနှင့်အတူ

အကန့်အသတ်မရှိသည့်စွမ်းအားများ ကိုထုတ်လွှတ်နေလေ

သည်။

ကောင်းကင်ထက်မှ မိုးများရွာသွန်းလာလေသည်။ သို့သော်...

ဥက္ကာပျံမိုးများ ဖြစ်လေသည်။

အာကာသထဲမှ တောင်များအလားကြီးမားသည့် ဥက္ကာပျံများ

ကို ဆန်းလျှန်ကဆင့်ခေါ်လိုက်ခြင်း ဖြစ်လေသည်။ ထို့နောက်

ဥက္ကာပျံရောင်ခြည်တန်းများအဖြစ် ပြောင်းလဲလိုက်ပြီး တာ့ရှား

ဧကရာဇ်ကို ထိုးနှက်တိုက်ခိုက်လိုက်လေ တော့သည်။

ထိုစွမ်းအားများသည် ကမ္ဘာဖျက်စွမ်းအားများဖြစ်ပြီး ဆန်းလျ

န်၏ ပုံသဏ္ဍာန်သည်ပင်လျှင် အနည်းငယ် မတည်မငြိမ် ဖြစ်

သွားရလေသည်။

အနက်ရောင်ယူနီကွန်းကြီးကို စီးပြီးကောင်းကင်ထက်မှပျံသန်း

လာသည့် လူတစ်ယောက်သည် ထိုမြင်ကွင်းကို တိချိုးမြို့တော်

အပေါ်ဘက်မှ ကြည့်နေလေသည်။ ထိုလူတွင် မျက်လုံး (၃)လုံး

ပါရှိလေသည်။ ထိုသူသည်ကား ဝမ်ကျုန်းပင်ဖြစ်ပါလေ၏။

ဝမ်ကျုန်းသည် မျက်မှောင်များကို ကြုတ်ထားလေသည်။

ဝူတင်၏ ပျံသန်းကြယ်စင်ကျင့်စဉ်သည်ပင်လျှင် အမြင့်ဆုံး

အဆင့်ထိကျင့်ကြံအောင်မြင်မှ ယခု ဆန်းလျန်ပြုလုပ် သကဲ့သို့

ပြုလုပ်နိုင်မည် ဖြစ်လေသည်။ ဆန်းလျန် အသုံးပြုလိုက်သည့်

ပညာမှာ ဝူတင်၏ပျံသန်းကြယ်စင်ကျင့်စဉ် နှင့်အခြေခံ

သဘောတရားများတူညီသည့်တိုင် အနည်းငယ်သာလွန်နေလေ

သည်။

ဝမ်ကျုန်းသည် အလွန်မှ အံ့ဩတုန်လှုပ်နေခဲ့လေသည်။

ထို ဆန်းလျန် ဆိုသူသည် မည်သို့သော မကောင်းဆိုးဝါးမျိုး

ဖြစ်ပါသနည်း။ ဝမ်ကျုန်းသည် ဆရာဖြစ်သူ ယွမ်ကျွင်းဧကရီ

အတွက် လက်စားချေမည့်အစီအစဉ်ကိုပင် တစ်ယောက်တည်း

ပြုလုပ်နိုင်တော့မည် မဟုတ်ပေ။

ဥက္ကာပျံကြယ်စင်မိုးများရွာသွန်းသည့်အတွက် ကောင်းကင်

တစ်ခုလုံးသည် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေ သည်။

တာ့ရှားဧကရာဇ်၏ ဝိညာဉ်သည် ကြီးမားသည့် ဖိအားများကို

ရင်ဆိုင်လိုက်ရလေသည်။ သူ့ဘဝတွင် ထိုကဲ့သို့ အကြပ်ရိုက်

သည့်အခြေအနေကို ပထမဆုံးအကြိမ် ခံစားခဲ့ရခြင်းဖြစ်လေ

သည်။

အခန်း (၆၈၁) ဓားတစ်လက်ဖြင့် တစ်လောကလုံးကို အုပ်စိုးမည်

ကျောက်ကဲမြို့တော်၏ ကောင်းကင်ထက်တွင် ထျန်းယီသည်လည်း မတ်တပ်ရပ်လျှက်ရှိလေသည်။

သူသည် ခံစားချက်များရောထွေးနေသည့် မျက်နှာထားဖြင့် ကြယ်စင်မိုးများ တောက်ပစွာရွာသွန်းနေသည်ကို ကြည့်နေလေသည်။ ဆန်းလျန်သည် အချိန်တိုတိုအတွင်းတွင် အဘယ့်ကြောင့် ထိုမျှ တိုးတက်လာရပါသနည်း။

အဖြစ်အပျက်များကိုကြည့်နေရင်းမှာပင် သူသည် မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် အမှောင်ထုထဲတွင် နစ်မြုပ်သွားသည့် အလား ခံစားလိုက်ရလေသည်။

နေအဖွဲ့အစည်းအတွင်းတွင်တော့ နေစကြာနတ်ငှက် (၃)ကောင် ရောက်ရှိနေလေသည်။ နေအဖွဲ့အစည်းအတွင်းတွင် ထူးဆန်းသည့် မီးတောက်များဖြင့် တည်ဆောက်ထားသည့် တာအိုနန်းတော်တစ်ခုကို တွေ့ရှိနိုင်လေသည်။ အသုံးပြုထားသည့် ပစ္စည်းများအားလုံးသည် လူ့လောကမှ ပစ္စည်းများ မဟုတ်ပေ။ နေမင်းများမှထွက်ပေါ်နေသည့် မီးတောက်ကြိုးများသည် နန်းတော်တစ်ခုလုံးတွင် ပျံ့နှံ့နေလေသည်။

အနီရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် ဖူဟောင်သည် အလွန်မှ လေးစားသည့်မျက်ဝန်းများဖြင့် အသူရာချောက်ကို ကြည့်နေလေသည်။ နေစကြာနတ်ငှက် (၃)ကောင်သည် အညှာအတာကင်းမဲ့လွန်းလှလေသည်။ နေမင်းမှ စစ်မှန် သည့်မီးတောက်များသည် ပိုမိုတောက်လောင်လာကာ တောထဲမှ ဖူစန်းသစ်ပင်ကို ကြီးထွားစေသည့်အလားဖြစ် လေသည်။

အသူရာချောက် အတွင်းနှင့်အပြင်မှ လူများအားလုံးသည် တိ

ချိုးမြို့တော်သို့ အာရုံစိုက်နေကြလေသည်။

တာ့ရှားကေရာဇ်သည် ယင်းလုန်နဂါးကြီး၏ဦးခေါင်းထက်တွင်

မတ်တပ်ရပ်နေလေသည်။

သူကဆုံးဖြတ်ချက်ခိုင်မာစွာချထားသည့်လေသံဖြင့်...

"တက်စမ်း..."

ဟု အမိန့်ပေးလိုက်လေသည်။

ယင်းလုန်သည် နက်ရှိုင်းသည့် ကြိုးဝါးသံတစ်ချက် ပြုလုပ်

လိုက်ပြီး အဆုံးမဲ့ဥက္ကာပျံများကြားသို့ တိုးဝင်သွားလေ

တော့သည်။ ဥက္ကာခဲများသည် နဂါးကြီး၏ ဦးချိုများကို

ရိုက်ခတ်မိပြီး အဝါရောင်နဂါးသွေးများ ထွက်လာလေသည်။

တာ့ရှားကေရာဇ်က ခါးသက်စွာ ရယ်မောလိုက်ပြီး ယင်းလုန်ကို

ဆက်မသွားခိုင်းတော့ပေ။

သို့သော်... ယခုအခြေအနေထိရောက်လာမှတော့ တစ်ခုတည်းသောနည်းလမ်းမှာ တိုက်ခိုက်ရန် ဖြစ်လေသည်။ သနားစရာ နဂါးကြီးသည် တာ့ရှားကေရာဇ်နှင့်အတူ တိုက်ခိုက်ရင်း အသေခံလိုစိတ် အပြည့်ရှိခဲ့လေသည်။ ထို့ကြောင့်သူသည် ရပ်တန့်ခြင်း မရှိခဲ့ပါ။

ယင်းလုန်သည် သူ၏အမြီးကို တစ်ချက်ခါယမ်းလိုက်ပြီး ရှေ့သို့ ခုန်ထွက်သွားလေသည်။ တာ့ရှားကေရာဇ်၏ လက်ထဲတွင် မိစ္ဆာဓားကောက်ကြီးပြန်ပေါ်လာပြီး သွေးနီရောင်လင်း လက်တောက်ပလျှက် ရှိလေသည်။ ထိုခဏ အတွင်းမှာပင် မိုးနှင့်မြေတွင် အဆုံးမရှိသည့် မိုးကြိုးများပစ်ခတ်လာပြီး မိစ္ဆာစွမ်းအားများမြင့်တက်လာကာ တိချိုးမြို့တော်တစ်ခုလုံးသည် ငရဲပြည်အလား ပွက်ပွက်ညံလျှက် ရှိလေတော့သည်။

ကြယ်စင်မိုးများ ရှာသွန်းနေခြင်းကလည်း ရပ်တန့်မည့်ဟန် မရှိပေ။ လေထုတစ်ခုလုံးသည် ပေါက်ပြဲနေသည့် စက္ကူ တစ်စအလားပင် ဖြစ်နေတော့သည်။

တာ့ရှားကေရာဇ်၏ အမျက်ဒေါသထွက်နေသည့် ဓားဝိညာဉ်သည် တောင်များအလားကြီးမားသည့် ဥက္ကာခဲများကို ကြောက်ရွံ့ခြင်းမရှိ ထိုးခုတ်နေခဲ့လေသည်။ ဓားချက်တစ်ချက်တိုင်းသည် ဥက္ကာခဲများအားလုံးကို အမှုန့်ဖြစ်သည် အထိ ထိုးခုတ်ပစ်နေ လေသည်။ ဓား၏စွမ်းအားမှာ ကြောက်မက်ဖွယ်ရာပင် ဖြစ်လေသည်။

များပြားလှစွာသည့် ဥက္ကာပျံများကို ဖြတ်သန်းလာပြီးသည့်နောက် တာ့ရှားကေရာဇ်သည် ဆန်းလျှန်နှင့်နီးကပ်လာလေသည်။ ဥက္ကာခဲများကြားတွင် ဓားဝိညာဉ်သည် တစ်ချက်ကလေးပင် ရပ်တန့်သွားခြင်းမရှိဘဲ ပို၍ပင် တောက်ပ လာလေသည်။ တာ့ရှားကေရာဇ်၏ပုံစံမှာ ရှေးဟောင်းနတ်ဘုရား

တစ်ပါး ပြန်လည်အသက်ဝင်လာသည့်အလား ထင်မှတ်ရလေသည်။

တာ့ရှားကေရာဇ်၏ ရက်စက်ကြမ်းကြုတ်မှုသည် သမိုင်းတစ်လျှောက်တွင် အကန့်အသတ်မရှိပေ။ သူသည် ဒဏ္ဍာရီထဲမှ ရှေးဟောင်းမိစ္ဆာနတ်ဘုရားများနှင့်ပင် ကောင်းကောင်းယှဉ်နိုင်လေရာ ယွမ်စီမျော်မိစ္ဆာပညာသည် မည်မျှကြောက်မက်ဖွယ်ရာကောင်းသည်ကို သိနိုင်လေသည်။

ဆန်းလျန်၏ရင်ထဲတွင် အလွန်မှ လေးနက်သည့်ခံစားချက်တစ်ခုကို ခံစားလိုက်ရလေသည်။ တာ့ရှားကေရာဇ်၏ ရက်စက်ကြမ်းတမ်းမှုသည် သူမျှော်လင့်ထားသည်ထက် ကျော်လွန်နေလေသည်။ သို့သော်... တာ့ရှားကေရာဇ်၏ တန်ခိုးစွမ်းအားပေါက်ကွဲမှုကို သူ လျှော့တွက်ထားခဲ့မိလေသည်။

သို့သော်... တာ့ရှားကေရာဇ်တစ်ယောက်သာလျှင် ဖိအားပေးခံရခြင်းမဟုတ်ပါ။

ဆန်းလျန်သည် မည်သည့်စကားမှ မပြောဘဲ သူ၏လက်နှစ်ဖက်ကို အတူတကွ စုစည်းလိုက်လေသည်။ ထိုအခါ ပျံ့ကျဲနေသည့် ဥက္ကာပျံများသည် စုစည်းသွားပြီး တာ့ရှားဧကရာဇ်ကို အသူရာချောက်၏ အနက်ရှိုင်းဆုံးနေရာသို့ ရိုက်ချလိုက်လေသည်။ တာ့ရှားဧကရာဇ်အတွက် မည်သို့မှ ပြန်လမ်းရှိနိုင်တော့မည် မဟုတ်ပေ။

များပြားလှစွာသည့် တာအိုတန်ခိုးစွမ်းအားများစုပေါင်းသွားပြီး ဆန်းလျန်ကို လှည့်ပတ်နေလေသည်။ တာအိုကာရံ သည်နတ်နဂါးကြီးတစ်ကောင်အလား ထွက်ပေါ်လာလေသည်။ နိယာမများပါဝင်သည့် တန်ခိုးစွမ်းအားသည် အကန့်အသတ်မဲ့လေသည်။

ကျယ်ပြန့်လှသည့် သဘာဝလွန်စွမ်းအများများနှင့် အဆုံးမရှိသည့်တာအိုစွမ်းအားများသည် လုံး၀ ရပ်တန့်ခြင်း မရှိပေ။ ထို

စွမ်းအားများသည် တာ့ရှားကေရာဇ်နှင့် ယင်းလုန်ကို ဥက္ကာပျံ များဖြင့်လှည့်ပတ်ပြီး တိုက်ခိုက်လိုက်လေ သည်။

မိုးပြိုသည့်အလား မြေကြီးတစ်ခုလုံး ကျွံကျသွားလေသည်။

ဆန်းလျန်၏မျက်နှာတွင် ပွဲပြီးသွားပြီဆိုသည့်မျက်နှာ ထားကို တွေ့မြင်နိုင်လေသည်။

သို့သော်… တာ့ရှားကေရာဇ်၏ ဓားဝိညာဉ်သည် တောက်ပနေ ဆဲ ဖြစ်ပြီး တာ့ရှားကေရာဇ်၏အသက်ရှူသံမှာလည်း ပျောက် ကွယ်သွားခြင်းမရှိသေးဘဲ ယွင်စီးမော်မိစ္ဆာနှလုံးသားမှ ကြိုးဝါးသံများ ထွက်ပေါ်နေလေသည်။ အခြားစကား ဖြင့်ပြော ရမည်ဆိုလျှင် ဆန်းလျန်၏ နတ်ဘုရားသြဇာသက်ရောက်မှု အရှိန်အဝါသည် တာ့ရှားကေရာဇ်ကို လုံးလုံး လျားလျားဖိနှိပ် နိုင်ခဲ့ခြင်း မရှိပေ။

ယင်းလုန်သည် ဥက္ကာပျံများကြားတွင် မရမနေ လမ်းတစ်ခု ရအောင်ရှာပြီး ဖောက်ထွက်နေလေသည်။ သူ့ဘဝ၏ အ တောက်ပဆုံးခရီးတစ်ခုအလား လမ်းကိုရှာဖွေနေလေသည်။ အဆုံးမရှိသည့် သမုဒ္ဒရာထဲတွင် ကူးခတ်နေသည့်အလား ယင်း လုန်၏ခန္ဓာကိုယ်သည် ဖြောင့်မတ်နေပြီး အမြီးကို ခါယမ်းလျှ က်ရှိလေသည်။

တာ့ရှားကေရာဇ်၏ မျက်ဝန်းများတွင် အလင်းရောင်များ တောက်ပလာပြီး မျက်သားအဖြူရောင်များပင် ပျောက်ကွယ် သွားလေသည်။ နက်မှောင်နေသည့်မျက်ဝန်းများသည် တာ့ရှား ကေရာဇ်ကို ပိုပြီး ကြောက်မက်ဖွယ်ရာ ဖြစ်စေလေ သည်။ ထိုအချိန်ခဏတာသည် တာ့ရှားကေရာဇ်၏ ဘဝတစ်လျှောက် လုံးတွင် စွမ်းအားအမြင့်မားဆုံး အချိန်ဖြစ်လေသည်။

ယင်းလုန်သည် ဥက္ကာပျံများကြားမှ ထွက်ခွာလာသည့် အခါ တွင်တော့ အားအင်ကုန်ခမ်းသွားခဲ့ပြီ ဖြစ်လေသည်။ နဂါး

ခန္ဓာကိုယ်ကြီးသည် လေထဲတွင် အေးခဲပြီး ရပ်တန့်သွားလေသည်။ ထိုအခိုက်အတန့်သည် ထာဝရဖြစ်မည်ဆိုပါက နဂါးကြီးသည် ထိုအခိုက်အတန့်တွင် ထာဝရနေလိုသည့် ဆန္ဒများ ဖြစ်ခဲ့မိလေသည်။

ဆန်းလျန်၏ စိတ်ထဲတွင်တော့ အခြားအတွေးများမရှိဘဲ သူ၏တာအိုနှလုံးသားသည် မရေရာမှုနှင့်တစ်သားတည်း ကျနေလေသည်။ ထိုနေရာတွင် အထက် ၊ အောက် မရှိ ။ အချိန်နှင့်နေရာမရှိ။ လူသားမရှိ ၊ အတ္တမရှိပေ။

သို့သော်... ထိုနေရာတွင် မရဏာစားတစ်လက် ထွက်ပေါ်လာလေသည်။

မရဏာစားထဲတွင် နဂါးငွေ့တန်း၏ တာအိုအခိပ္ပါယ်များပါဝင်နေပြီး အချိန်စီးဆင်းသည့်အလား ယင် နှင့် ယန် တို့က စီးဆင်းနေလေသည်။

ဓားတစ်လက်ဖြင့် တစ်လောကလုံးကို အုပ်စိုးမည် ဖြစ်လေသည်။

တာ့ရှားကေရာဇ်၏ မိစ္ဆာဓားကောက်ကြီးနှင့် ဆန်းလျန်၏ မရဏဓားတို့ ဓားထိပ်ဖျားခြင်း ရင်ဆိုင်ထိခတ်မိကြလေသည်။ ထိုဓား (၂)လက်မှ ထွက်ပေါ်လာသည့် တောက်ပသည့် အလင်းရောင်များ၏ ခမ်းနားမှုကို လောကတွင် မည်သည့် အရာကမှ မီနိုင်မည် မဟုတ်ပေ။

ယင်းလုန်သည် သူ့ဘဝတွင် အခမ်းနားဆုံးအလုပ်တစ်ခုကို ပြုလုပ်ခဲ့ပြီးစဉ်တွင် တာ့ရှားကေရာဇ်၏ ဓားသည်လည်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားခဲ့ပြီ ဖြစ်လေသည်။

လောကတွင် နောက်ထပ်ယင်းလုန်တစ်ကောင်ပေါ်လာဦးမည် ဆိုလျှင်တောင်မှ ယခုယင်းလုန်၏ ခမ်းနားမှုနှင့် သတ္တိရှိမှုများကို ကျော်လွန်နိုင်မည် မဟုတ်ပေ။

နဂါးများသည် မိုးနှင့်မြေတွင် လွတ်လပ်စွာ သွားလာနိုင်သူများ အဖြစ် မွေးဖွားလာကြသူများဖြစ်လေသည်။ ယင်းလုန်နဂါး ကြီး၏ နောက်ဆုံးဆန္ဒမှာတော့ တာ့ရှားကေရာဇ် အသက် ရှင်သန်ရန် ဖြစ်လေသည်။

နဂါးကြီးသည် တာ့ရှားကေရာဇ်၏ မစ္ဆာစားကောက်ကြီးနှင့် ဆန်းလျှန်၏မရဏာစား ထိခတ်မိသည့် ဆုံချက်နေရာကို ငေး ကြည့်နေလေသည်။ နဂါးကြီးသည် အရာအားလုံးကို ကျော် ဖြတ်လွှမ်းမိုးနိုင်သည့် ဓားဝိညာဉ်ကို တွေ့မြင်ရန် မျှော်လင့် လိုက်မိလေသည်။ သို့သော်... နဂါးကြီးသည် တွေ့မြင်လိုက်နိုင် ခြင်း မရှိတော့ပေ။

ယင်းလုန်နဂါးကြီးသေဆုံးသွားခဲ့ပြီဖြစ်ပြီး သူ၏ဝိညာဉ်သည် လည်း ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

တာ့ရှားကေရာဇ်၏ ခန္ဓာကိုယ်မှာလည်း တဖြည်းဖြည်း ပျက်စီးသွားပြီး သူ၏တစ်ကိုယ်လုံးမှာလည်း မိစ္ဆာသွေးများဖြင့် ဖုံးလွှမ်းနေလေသည်။

သို့သော်...

တာ့ရှားကေရာဇ်သည် မည်သည့်အခါမှ လဲမကျတော့မည့် အလား ခပ်မတ်မတ် မတ်တပ်ရပ်နေဆဲ ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်... မိစ္ဆာဓားကောက်ကြီးနှင့် မရဏဓားတို့မှ အလင်းရောင်များမှာလည်း ချက်ချင်းပင် မှေးမှိန် သွားလေသည်။ မိုးနှင့်မြေတွင် မည်သည့်အသံမှ ထွက်ပေါ်လာခြင်းမရှိဘဲ လေထုထဲတွင် အက်ကြောင်းများ ထွက်ပေါ်လာလေသည်။ အသူရာချောက်မှ မြေကြီးကျွံဝင်သွားပြီး ယင်စွမ်းအားများ မြင့်တက်လာကာ များပြားလှစွာသော ဝိညာဉ်များ ပြန်လည် ထွက်ပေါ်လာခဲ့လေသည်။ ဝိညာဉ်များသည် တဖြည်းဖြည်း

ပြန်လည် အားပြည့်လာကြသော်လည်း သူတို့ သည်ကျယ်

လောင်စွာ အော်ဟစ်ရဲခြင်း မရှိကြပေ။

ဆန်းလျန်၏ ပုံသဏ္ဍာန်သည် အေးဆေးတည်ငြိမ်နေဆဲ ဖြစ်

လေသည်။ သို့သော်... သူ၏ အနက်ရောင်ဆံပင်ရှည်များ

သည် ကြယ်စင်များစီးဆင်းနေသည့်အလား လေထဲတွင် လွင့်

ပျံနေလေသည်။

တိုက်ပွဲတွင် ဆန်းလျန် အနိုင်ရခဲ့သည်မှာ ရှင်းနေပြီ ဖြစ်လေ

သည်။

တာ့ရှားကေရာဇ်၏ မြင့်မားလှသည့်တန်ခိုးစွမ်းအားများနှင့်

ယင်းလုန်၏ပေးဆပ်အနစ်နာခံမှုများပေါင်းစပ်လိုက်သည့် တိုင်

တိုက်ပွဲရလဒ်မှာ ပြောင်းလဲသွားခြင်း မရှိခဲ့ပါချေ။

တိုက်ပွဲကို လျှို့ဝှက်စွာဖြင့် ကြည့်နေသည့် တန်ခိုးစွမ်းအားမြင့်

မားသူတစ်ယောက်သည် မည်သို့မှ မတတ်နိုင်သည့် တိုင်ခါးသီး

သည့်ခံစားချက်ကို ခံစားလိုက်ရလေသည်။ ဆန်းလျန်သည်

အစကတည်းက အသူရာချောက်တွင် ပြိုင်ဘက်ကင်းတစ်ယောက်ဖြစ်ခဲ့သည်မှာ ငြင်းစရာမရှိပါ။ သို့သော် ... ယခုအချိန်ထိတိုင် သူသည် ထိုအချက်ကို လက်မခံချင်သေးပေ။

အပြစ်ကင်းစင်ပြီး ပြီးပြည့်စုံလွန်းသည့်ဆန်းလျန်သည် တာအိုဆရာသခင်ကြီးတစ်ပါးကဲ့သို့ ခမ်းနားလွန်းလှလေ သည်။ တာ့ရှားကေရာဇ်ကတော့ ကျဆုံးသွားခဲ့ပြီ ဖြစ်လေသည်။ နှစ်ပေါင်းများစွာ သူတည်ဆောက်ခဲ့သည့် ဂုဏ်သိက္ခာများသည်လည်း လုံးဝ ပျက်စီးသွားခဲ့ပြီ ဖြစ်လေသည်။

ယခုတော့ ဘုန်းတန်ခိုးအာဏာကြီးမားသည့် တာ့ရှားကေရာဇ်မဟုတ်တော့သလို ရှားမျိုးနွယ်များ၏သမိုင်းတွင် လည်းအကြီးမြတ်ဆုံး ဘုရင်တစ်ပါး မဟုတ်တော့ပါ။

သူသည် အရှုံးသမားတစ်ယောက်သာဖြစ်ပြီး အသူရာချောက်တွင် မည်သည့်ဩဇာအာဏာမှ မရှိတော့ပါ။

မည်သူမှ လောကတွင် ရှုံးနိမ့်ချင်မည် မဟုတ်ပါ။ အထူးသဖြင့် တာ့ရှားကေရာဇ်လိုလူမျိုးသည် အရှုံးတရားကို အမုန်းကြီးမုန်းသူ ဖြစ်လေသည်။

သို့သော်... သူနှင့် ဆန်းလျန်သည် များစွာ အဆင့်အတန်းကွာခြားသည်ကို ဝန်ခံရတော့မည် ဖြစ်လေသည်။ ကျင့်ကြံခြင်းအဆင့်တွင် ဆန်းလျန်သည် သူ့ထက်များစွာ အဆင့်မြင့်လေသည်။

ဆန်းလျန်၏ မရဏာဓားသည် ချန်ကျန့်မေ၏ အနတ္တဓားလောက် တန်ခိုးစွမ်းအားမြင့်မားခြင်း မရှိပါ။ သို့သော်... ဆန်းလျန်သည်လည်း ကိုယ်ပိုင် မရဏာဓားတစ်လက်ကို ကျင့်ကြံအောင်မြင်ခဲ့သူတစ်ယောက် ဖြစ်လေသည်။

တာ့ရှားကေရာဇ်၏ မိစ္ဆာဓားကောက်ကြီးအထွတ်ထိပ်အဆင့်သို့ ရောက်ရှိသွားသည့်အချိန်တွင် တာ့ရှားကေရာဇ် ကိုယ်တိုင်

လည်း ပင်ပန်းနွမ်းနည်နေပြီဖြစ်သလို ယင်းလုန်သည်လည်း စတေးခံခဲ့ပြီးပြီ ဖြစ်လေသည်။

သူ့အနေဖြင့် နောက်တစ်ကြိမ် ဓားကိုအသုံးပြုရန် လုံးဝအားမရှိတော့ပေ။ ဆန်းလျန်ကတော့ သူ၏ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဓားကွက်ကို အသုံးပြုနိုင်ခဲ့လေသည်။

ထို့ကြောင့် ... ဆန်းလျန် ဒုတိယအကြိမ် ဓားကိုထုတ်လိုက်ချိန်တွင် တာ့ရှားကေရာဇ်သည် ခုခံနိုင်စွမ်းမရှိတော့ပေ။ မရဏဓားသည် တာ့ရှားကေရာဇ်၏ ရင်ပတ်ကို ထိုးစိုက်သွားလေသည်။

နွေးထွေးသည့်သွေးများ သူ့ကိုယ်ထဲမှ စီးထွက်လာပြီး ယွမ်စီမျော်မိစ္ဆာနှလုံးသားသည် လွတ်မြောက်ရန်အတွက် တာ့ရှားကေရာဇ်၏ရင်ပတ်အတွင်းမှ ခုန်ထွက်လာလေသည်။

သို့သော်... ရောမလက်ကြီးတစ်ဖက်က ထိုနှလုံးသားကို တားဆီးထားလိုက်လေသည်။

လေထုတစ်ခုလုံး အပြည့်အဝ ချိတ်စည်းတံဆိပ်အခတ်ခံလိုက်ရပြီး မိစ္ဆာနှလုံးသားသည် ဧရာမလက်ကြီးထက်သို့ ကျရောက်လာလေသည်။ မိစ္ဆာနှလုံးသားထက်တွင် အဆုံးမရှိမိစ္ဆာသင်္ကေတများကို တွေ့မြင်ရပြီး ယွမ်စီမော်မိစ္ဆာ စွမ်းအားများလှည့်ပတ်နေလေသည်။ မော်မိစ္ဆာစွမ်းအားများ၏ ကြိုးဝါးသံများလည်း ထွက်ပေါ်လျှက် ရှိနေလေတော့ သည်။

အခန်း (၆၈၂) ရေမိစ္ဆာမယ်

ဆန်းလျန်၏ရင်ထဲတွင် ပျော်ရွှင်ခြင်းလည်းမဖြစ်မိသလို စိတ်မကောင်းဖြစ်ခြင်းလည်း မဖြစ်မိပါ။

ဆန်းလျှန်သည် ကောင်းကင်ထက်မှ ဖြေးညင်းစွာ ဆင်းသက်လာလေသည်။ သူသည် လနတ်သမီးကို တစ်ချက်ပင် အရေးမစိုက်ပါ။ သို့သော်... လနတ်သမီးသည်လည်း မနေရဲတော့သည့်အတွက် ညကောင်းကင်မှ ပျောက်ကွယ်သွား ခဲ့ပြီဖြစ်လေသည်။

တိချိုးမြို့တော် ကျဆုံးသွားခဲ့ပြီဖြစ်လေသည်။

တာ့ရှားဧကရာဇ်သေဆုံးသွားသည်နှင့် မိစ္ဆာဝိညာဉ်များသည် သဲမုန်တိုင်းများအလား တစ်ယောက်ပြီးတစ်ယောက် လွင့်စင်ပျောက်ကွယ်သွားကြလေသည်။

ဂုဏ်ယူစရာ တိချိုးမြို့တော်ကြီးနှင့် မည်သူမှ အနိုင်မယူနိုင်သည့် ရှားမျိုးနွယ်များသည် လူတစ်ယောက်၏လက်ထဲ တွင် ကျဆုံးသွားခဲ့ကြရပြီ ဖြစ်လေသည်။ သူတို့ပြန်လာရန်မှာ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်တော့ပေ။

အလင်းရောင်တစ်ချက်လင်းလက်သွားကာ ကျင့်စူးသည်
လူသားပုံသဏ္ဍာန်ပြန်ပြောင်းလိုက်ပြီး ကွေလိ၏ဘေးတွင်
ရပ်နေလိုက်လေသည်။ သူမသည် ဆန်းလျန်ကို ကြည့်လိုက်ပြီး
ဆန်းလျန်သည် ထူးဆန်းသည့် ခံစားချက်တစ်ခုကို သူမကိုပေး
သည့်အတွက် အံ့သြမင်သက်သွားရလေသည်။
မည်သူမှ သူ့ကို မထိုးနှက်နိုင်သည့်အလား ဖြစ်လေသည်။ ပုံ
ရိပ်ယောင်မျှသာဖြစ်သည့်တိုင် မမေ့နိုင်သည့် ခံစားချက် ကို
ပေးနိုင်လေသည်။
ကြီးမားသည့်နဂါးကြီးတစ်ကောင်၏ ခန္ဓာကိုယ်သည်
ကောင်းကင်ထက်မှ ပြုတ်ကျလာလေသည်။ နဂါးခန္ဓာကိုယ်
ကြီး သည်မြေပြင်ပေါ်သို့ ပြုတ်ကျလာသည့် တောင်တန်းကြီး
အလား ဖြစ်လေသည်။

ဆန်းလျန်က သူ၏လက်ကို အသာအယာဝှေ့ယမ်းလိုက်ပြီး ပြုတ်ကျလာသည့်နဂါးကြီးကို အရှိန်ထိန်းပေးလိုက်လေ သည်။

တိုက်ပွဲအရှိန်ကြောင့် တိချိုးမြို့တော်တွင် မြေကြီးများကျွံဝင်နေပြီး တွင်းနက်ကြီးတစ်ခု ဖြစ်တည်နေလေသည်။

အသူရာချောက်မှ ရေများသည် မြေကြီးထက်သို့ စိမ့်ထွက်လာပြီး တိတ်ဆိတ်စွာဖြင့် စီးဆင်းသွားလေသည်။ တွင်းနက်ကြီးသည် အဘယ်မျှနက်ရှိုင်းသည်ကို မည်သူမှ မသိနိုင်ပေ။

ဆန်းလျန်က ကျင့်စူးကို မေးလိုက်လေသည်။

"မင်း နဂါးအသားစားချင်သေးလား"

ကျင့်စူးသည် ယင်းလုန်မသေမီတွင် ထိန်းသိမ်းထားခဲ့သည့် နဂါးအသွင်သဏ္ဌာန်ကြီးကို တစ်ချက် ကြည့်လိုက်လေ သည်။

နဂါးကြီးကို ဝန်းရံထားသည့် ဥက္ကာပျံများကို ဆန်းလျန်က တန်းခိုးဖြင့် ထိန်းသိမ်းထားလေသည်။

ကျင့်စူးမှာ စိတ်ဓာတ်ကျသွားရလေသည်။ ထိုမျှ သူရဲကောင်း ဆန်လွန်းသည့် နဂါးကြီးကို သူမအနေဖြင့် မစားရက် တော့ပေ။ သူမက ဆန်းလျန်၏အမေးစကားကို ခေါင်းခါယမ်းပြလိုက်ရင်း အဖြေပြန်ပေးလိုက်လေသည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဥက္ကာပျံများနှင့် အတူယင်းလုန်ကို တွင်းနက်ကြီးအတွင်းသို့ မြှုပ်နှံပေး လိုက်လေသည်။ နဂါးကြီး တွင်းနက်ကြီးအတွင်းသို့ကျသွားသည်နှင့် ကျယ်လောင်သောအသံကြီးတစ်သံထွက်ပေါ်လာလေသည်။ တွင်းနက်ကြီးမှာ မည်မျှ နက်ရှိုင်းသည်ကို ပြသနေခြင်း ပင်ဖြစ်လေသည်။

ဆန်းလျန်၏ လက်ဖဝါးထက်ရှိ တာရှားကေရာဇ်၏ ယွမ်စီမှော် မိစ္ဆာနှလုံးသားသည် တဖြည်းဖြည်း ကျုံ့သွားပြီး ပုတီးစေ့ တစ်လုံးအဖြစ်သို့ ပြောင်းလဲသွားလေသည်။ ပုတီး စေ့၏အရောင်သည် နက်မှောင်လွန်းသည့်အတွက်

ပတ်ဝန်းကျင်မှ အလင်းရောင်များကိုပင် စုပ်ယူတော့မည့်

အလား ထင်မှတ်ရလေသည်။ ဆန်းလျန်က ပုတီးစေ့ကို သူ၏

အင်္ကျီလက်ထဲတွင် သိမ်းဆည်းလိုက်ပြီး ယင်းစန်းပြည်ရှိရာ

အဝေးတစ်နေရာသို့ လှမ်းမျှော်ကြည့်လိုက်လေ သည်။

ကျင့်စူးက ...

"အခုတော့ ရှင်က အရမ်းတန်ခိုးစွမ်းအားမြင့်မားနေတာပဲ ၊ ဒါ

ပေမယ့်...."

ဆန်းလျန်က သူမ၏ စကားကို ဖြတ်ပြောလိုက်လေသည်။

"ဘာလဲ... ကျုပ်တော့ နာမည်ကြီးတစ်ယောက်ဖြစ်လာတော့

မယ်လို့ မင်းထင်နေတာလား"

ကျင့်စူးက...

"အမှန်ပဲ ၊ ဒါပေမယ့် လောလောဆယ်တော့ ရှင်နည်းနည်း

လောက် ငြိမ်နေသင့်တယ်ထင်တယ်"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင်...

"နာမည်ကျော်ကြားတယ်ဆိုတာ ရွေးခြယ်မှုတစ်ခုပါပဲ ၊ မထင်မရှားနေတယ်ဆိုတာလည်း ရွေးခြယ်မှုတစ်ခုပါပဲ ၊ ဒါပေမယ့်ကျုပ်မှာတော့ ရွေးခြယ်စရာမရှိဘူး"

ဆန်းလျန်၏ စကားသည် အမှန်ပင် ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်သည် သူ့ဘဝတစ်ခုလုံးကိုအေးအေးဆေးဆေးနေခွင့် မပေးတော့ပြီ မဟုတ်ပါလား။

သို့သော်... ထိုအချက်ကြောင့်တော့ စန့်ချင်တာအိုဆရာသခင်ကလည်း ဆန်းလျန်ကို ရွေးခြယ်ခဲ့ခြင်းမဟုတ်သလို ဆန်းလျန်ကလည်း လက်လျှော့တတ်သည့်လူစားမျိုး မဟုတ်ပါ။

ဆန်းလျန်၏စိတ်အမှောင်ဘက်ခြမ်းကို မည်သူမှ မသိသည့်တိုင် ဆန်းလျန်ဆိုသည်က သေဖို့အရေးကို ထိုင်စောင့်နေ မည့်သူတစ်ယောက်တော့ မဟုတ်ပေ။

ထိုအချိန်မှာပင်... လေမုန်တိုင်းတစ်ခုတိုက်ခတ်လာပြီး မိုးများသည်းထန်စွာ ရွာသွန်းလာလေသည်။ တိုက်ပွဲဖြစ်ပွား ခဲ့သည့်

သဲလွန်စများအားလုံးသည် မုန်တိုင်းထဲတွင် ပျောက်ကွယ်သွား
လေသည်။

ထို့ပြင် ဆန်းလျန်သည်၏ အနာဂတ်သည်လည်း မုန်တိုင်းတစ်
ခုအလား အခက်အခဲများနှင့် ပြည့်နက်နေတော့မည့် နိမိတ်ပင်
ဖြစ်လေသည်။

စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းကျင့်စဉ်ကို စတင်ကျင့်ကြံခဲ့
သည့်အချိန်မှစပြီး သူ့ဘဝတွင် ရွေးခြယ်စရာ မရှိတော့ ပါ။

ဆန်းလျန်သည် မိုးရေထဲတွင် တစ်ယောက်တည်း ရပ်နေလေ
သည်။ မိုးရေစက်များသည် သူ့ကို ရိုက်ခတ်နေသည်ကို
တားဆီးခြင်းမပြုဘဲ တစ်ယောက်တည်း စဉ်းစားနေမိလေ
သည်။

"ဒီမုန်တိုင်းက တော်တော်ကြမ်းတာပဲ"

ထိုအချိန်မှာပင်... ကျောက်ကဲမြို့တော်တွင်လည်း မုန်တိုင်း
တိုက်ခတ်လျှက် ရှိလေသည်။

ထျန်းယီသည်လည်း စဉ်းစားနေမိလေသည်။

"နောက်ထပ်လာမယ့်မုန်တိုင်းက ပိုပြီးကြမ်းလိမ့်မယ်"

တာ့ရှားပြည်တည်ရှိသည့်နေရာဒေသနှင့် တာ့ရှားပြည်မှ တိုင်းသူပြည်သားများကတော့ ဆက်လက်ရှိနေဦးမည် ဖြစ်လေသည်။ သို့သော်... တာ့ရှားဧကရာဇ်နှင့် တိချိုးမြို့တော်မှာတော့ ရှိတော့မည် မဟုတ်ပေ။ တစ်နည်းအားဖြင့် ဆိုရသော် တာ့ရှားပြည်ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

ယင်းစန်းပြည် ၊ တာ့ကျိုးပြည်နှင့် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း တို့သည်သာ အသူရာချောက်၏ အဓိကကစားသမားများ ဖြစ်လာတော့မည် ဖြစ်လေသည်။ သို့သော်... ယင်းစန်းပြည်နှင့် တာ့ကျိုးပြည်တို့ကတော့ ရန်ဘက်အင်အားစုများ ဖြစ်လာမည်မှာ သိသာထင်ရှားလွန်းလှလေသည်။

သို့သော်... ထိုအခြေအနေသည် ယင်းစန်းမကျဆုံးမီ အချိန်အတွင်းသာဖြစ်သည်ကို လူအများက ခန့်မှန်းမိကြလေ သည်။

အဘယ်ကြောင့်ဆိုသော် ယင်းစန်းတွင် ဆန်းလျန်ကို ယှဉ်နိုင်မည့်သူ တစ်ဦးတစ်ယောက်မှ မရှိပေ။

သို့သော်... ဆန်းလျန်သည်လည်း တာ့ရှားဧကရာဇ်ကို သတ်ဖြတ်သုတ်သင်ပြီးသည့်နောက် ယင်းစန်းကို တိုက်ခိုက်ရန်အတွက် အလျင်မလိုသေးပါ။ သူသည် တာ့ကျိုးပြည်သို့ ပြန်သွားခဲ့လေသည်။ သူနောက်ထပ်လှမ်းမည့်ခြေလှမ်း ကို မည်သူမှ မခန့်မှန်းနိုင်ကြပေ။

တာ့ရှားဧကရာဇ် ကျဆုံးသွားပြီး ရက်ပေါင်း (၁၀၀)ကြာသည့်နောက်တွင် တာ့ကျိုးပြည်တွင် ထူးဆန်းသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့လေသည်။

တာ့ကျိုးပြည်တွင် စီးဆင်းနေသည့် မြစ်များအားလုံးသည် ထိတ်လန့်ဖွယ်ရာကောင်းအောင် ခြောက်သွေ့သွားခဲ့ကြ လေသည်။

အင်းပညာရှင်ဖြစ်သည့် ဆရာသခင်စုရှိုးချင်က ရေကိုစွဲဆောင်သည့် အင်းသင်္ကေတများဖြင့် တိုင်းပြည်တစ်ဝှမ်းမှ မြစ်များ ပြန်လည်စီးဆင်းလာစေရန် ပြုလုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့ပြင်... ရေစွမ်းအားကျင့်စဉ်ကို ကျင့်ကြံကြသည့် ကျင့်ကြံသူများက တွက်ချက်ကြည့်လေရာ တာ့ကျိုးပြည်၏ မိုးနှင့်မြေတစ်ခုလုံးသည် ရေအရင်း အမြစ်နှင့် ဆက်သွယ်နိုင်ခြင်း မရှိတော့သည်ကို တွေ့ရှိလိုက်ရလေသည်။

ကောင်းကင်ထက်တွင် တိမ်တိုက်များရှိနေသော်လည်း ထိုတိမ်တိုက်များသည် တာ့ကျိုးပြည်အတွင်းသို့ ဝင်ရောက် လာသည်နှင့် ချက်ချင်းပျောက်ကွယ်သွားကြလေသည်။

တာ့ကျိုးပြည်တွင် အသူရာချောက်မှ စိမ့်ထွက်လာသည့် ရေတစ်မျိုးသာ ရှိတော့သည်။ သို့သော် ထိုရေသည် လူသားများ စားသုံးရန်အတွက် သင့်တော်ခြင်း မရှိပေ။

မြေကြီးမှ အစိုဓာတ်လျော့နည်းသွားပြီး တာ့ကျိုး

ပြည်သူပြည်သားများ ဒုက္ခရောက်စ ပြုလာကြလေသည်။

အဆင့်နိမ့်ကျင့်ကြံသူများမှာလည်း ထိုအဖြစ်အပျက်၏

အကျိုးသက်ရောက်မှုကို ခံစားကြရလေသည်။ ကျင့်ကြံသူ

များသည် ထမင်းစားစရာမလိုသည့်တိုင် ရေသောက်ရန်လိုအပ်

သလို တာအိုခန္ဓာကိုသန့်စင်ရန်အတွက် ရေချိုးရန် လည်း

လိုအပ်လေသည်။

ထို့ကြောင့် တိုင်းပြည်၏အမတ်မင်းတစ်ပါးဖြစ်သည့် ယီကျီး

သည် စိတ်ပူပန်နေရလေတော့သည်။ ထို့ကြောင့် နောက်ဆုံး

တွင် ဆန်းလျန်ရှိရာ အပြာရောင်ခရီးရှည်နန်းတော်သို့ လာ

ရောက်အကူအညီတောင်းရလေတော့သည်။

ဆန်းလျန်သည် အပြာရောင်ခရီးရှည်နန်းတော်ထဲတွင်

ကိုယ်ယောင်ဖျောက်ထားလေသည်။ တာ့ရှားဧကရာဇ်ကို

သတ်ဖြတ်ပြီးသည့်နောက် သူသည် အပြာရောင်ခရီးရှည်

နန်းတော်မှ တစ်ဖဝါးမှ မခွာခဲ့ပေ။

ယီကျီးက...

"ကျွန်တော်မျိုး ယီကျီး ၊ မင်းကြီးကို လာရောက်တွေ့ဆုံပါ

တယ်..."

ဆန်းလျန်၏ ကြည်လင်သည့်အသံသည် နန်းတော်အတွင်းမှ

ထွက်ပေါ်လာလေသည်။

"မင်းရောက်လာရတဲ့အကြောင်းရင်းကို ကျုပ်သိပြီးသားပါ"

ယီကျီးက တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်...

"မင်းကြီး.... တာ့ကျိုးပြည်မှာ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်

ခု ဖြစ်နေတာကို မင်းကြီး သိပါသလား"

ဆန်းလျန်က...

"သိတယ်..."

ယီကျီးမှာ ထိုအခါမှ စိတ်သက်သာရာ ရသွားလေသည်။

ဆန်းလျန်သာ လက်ရှိရင်ဆိုင်နေရသည့် အဖြစ်အပျက်များ၏ နောက်ကွယ်မှအကြောင်းရင်းကို မသိရှိလျှင် သူလည်း ထို ပြဿနာများကို ဖြေရှင်းနိုင်မည် မဟုတ်ပေ။ ဆန်းလျန်က ပြဿနာ၏အရင်းအမြစ်ကို ပြောမပြဘူးဆိုလျှင် တောင်မှ သိရှိသည်ဆိုလျှင် ဖြေရှင်းပေးမည် ဖြစ်လေသည်။

ယီကျိုးက...

"မင်းကြီး ပြဿနာကို မင်းကြီး ဖြေရှင်းပေးမှာလား ၊ ဒါမှ မဟုတ် ကျွန်တော်မျိုးကို ဖြေရှင်းဖို့ လမ်းညွှန်ချက်များ ပေးနိုင် မလား"

ဆန်းလျန်သည် အပြာရောင်ခရီးရှည်နန်းတော်ထဲမှ ထွက်လာ လေသည်။

ဆန်းလျန်ကိုကြည့်ပြီး ယီကျိုးမှာ များစွာ အံ့သြထိတ်လန့်သွား ရလေသည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏ မျက်နှာ

တစ်ခုလုံးတွင် မိစ္ဆာသင်္ကေတများဖြင့် ပြည့်နေပြီး အလွန်မှ

ကြောက်မက်ဖွယ်ရာ ကောင်းနေသာကြောင့် ဖြစ်လေသည်။

သူ၏လည်ပင်းထက်တွင် အနက်ရောင်ပုတီးစေ့တစ်လုံးကို

ဆွဲထားပြီး ထိုပုတီးစေ့မှ မိစ္ဆာစွမ်းအားများ စိမ့်ထွက်နေ လေ

သည်။ ယီကျီးသည် မိစ္ဆာတစ်ယောက်၏ ပိုင်နက်အတွင်းသို့

ရောက်ရှိနေသည့်အလား ခံစားလိုက်ရလေသည်။

သို့သော်…ဆန်းလျန်၏ ကြည်လင်ရှင်းသန့်နေသေးသည့် နတ်

ဘုရားစွမ်းအားများကတော့ မိစ္ဆာစွမ်းအားများကြောင့်

ထိခိုက်ခြင်းမရှိသေးပေ။

ဆန်းလျန်က…

"ယီကျီး… မင်း ကျုပ်ရဲ့ပုံစံကို ကြောက်သွားတာလား ၊ ဒါ

ကြောင့်လည်း ကျုပ် နန်းတော်ထဲက တစ်ဖဝါးမှ မခွာဘဲ နေနေ

တာပေါ့ ၊ ယွမ်စီမိစ္ဆာစွမ်းအားတွေဟာ တစ်ခုခုတော့ တစ်ခုခုပဲ

၊ အခု ရက် (၁၀၀) ရှိနေတာတောင် အဲဒီမိစ္ဆာစွမ်းအားတွေကို ကျုပ်ဟာ လုံးလုံးလျားလျား ထိန်းချုပ်လို့ မရခဲ့ဘူး"

ဆန်းလျန်အဆင်ပြေသည်ကို သိတော့မှာ ယီကျီးမှာလည်း စိတ်သက်သာရာ ရသွားခဲ့လေသည်။ သို့သော်... ဆန်းလျန်၏ ပုံစံမှာ အလွန်မှ ကြောက်မက်ဖွယ်ရာကောင်းနေသည့်အတွက် ဆန်းလျန်၏ လက်ရှိပုံသဏ္ဍာန်ကိုသာ အခြားသူများတွေ့မြင်သွားမည်ဆိုလျှင် ကောလဟာလမျိုးစုံ ပြောဆိုကြမည် ဖြစ်လေသည်။

"အခု တာ့ကျိုးပြည်မှာဖြစ်နေတာ သာမန်ဘေးအန္တရာယ်မဟုတ်ဘူး ၊ တာ့ရှားပြည်က မြစ်ဖျားခံလာတာပဲ"

ယီကျီးက...

"မင်းကြီး... အသေးစိတ် ရှင်းပြပေးလို့ရမလား"

ဆန်းလျန်က ယီကျီး၏ရှေ့တွင် ကြာပန်းပုံသဏ္ဍာန်တင်ပျဉ်ခွေချိတ်ထိုင်လိုက်ပြီး...

"တာ့ရှားပြည်ကိုတည်ထောင်ခဲ့သူက ဧကရာဇ်စစ်ဝမ်မင့်ပဲ ၊ သူ တိုင်းပြည်ကို စတင်တည်ထောင်ခဲ့တုန်းက အခြား အမတ်မင်း တွေအပြင် ယုံကြည်စိတ်ချရတဲ့ လက်ထောက် (၂)ယောက် ရှိခဲ့ တယ် ၊ အဲဒီ (၂)ယောက်မှာ တစ်ယောက်က ယင်းလုန်နဂါးကြီး ပဲ ၊ ယင်းလုန်က ရေကိုထိန်းချုပ်နိုင်တဲ့ နဂါးအနွယ်တော် တစ်ပါးပဲ ၊ ဒါကြောင့် လည်းတိချိုးမြို့တော်လိုနေရာမျိုးမှာ ရှားတူးမြောင်းကို တူးဖော်ပြုလုပ်နိုင်ခဲ့တာပေါ့ ၊ နောက်တစ် ယောက်ကတော့ မိုးနတ်မယ်ပဲ ၊ ဘယ်သူမှ သူ့ရဲ့ဇာစ်မြစ်ကို မ သိကြဘူး ၊ ဒါပေမယ့် သူက ရေအရင်းအမြစ်တွေကို ခမ်း ခြောက်သွား အောင်ဖြတ်တောက်ပစ်နိုင်စွမ်းရှိတယ် ၊ ဒါ ကြောင့်သူ့ကို ရေမိစ္ဆာမယ်လို့လည်း ခေါ်ကြတယ် ၊ သူပျောက် ကွယ် နေတာနှစ်ပေါင်းများစွာကြာခဲ့ပြီ ၊ အခုတော့ လျှို့ဝှက်ပြီး ပြန်ပေါ်လာပုံရတယ် ၊ တာ့ကျိုးပြည် ရေပြတ်လပ်သွား အောင်သူလုပ်နေတာပဲ"

အခန်း (၆၈၃) မြားခုနစ်စင်းကျမ်းစာ

"ဒါဆို ဒီပြဿနာကို ဘယ်လိုဖြေရှင်းမှာလဲ..."

ယီကျိုးက မေးလိုက်လေသည်။

ဆန်းလျန်က...

"သူ့ကိုရှင်းပစ်ရမှာပေါ့ ၊ ဒါပေမယ့် သူက အပုန်းတော်တယ် ၊

ဒါကြောင့် သူ့ကို ခြေရာခံဖို့ သိပ်မလွယ်ဘူး"

ယီကျိုးသည် ဆန်းလျန်၏စကားများကြောင့် စိတ်သက်သာရာ

ရသွားလေသည်။

ဆန်းလျန်ပြောသည့် "သိပ်မလွယ်ဘူး" ဆိုသည့်စကားမှာ "မ

ဖြစ်နိုင်ဘူး" ဆိုသည့်စကားမှ မဟုတ်လေပဲ။

ယီကျီးက…

"ကျွန်တော် ဘာဆက်လုပ်ရမလဲ"

ဆန်းလျန်က…

"တိုင်းပြည်ကိုစောင့်ရှောက်ပြီး တိုင်းသူပြည်သားတွေကို နှစ်သိမ့်လိုက်ပါ၊ ပြီးတော့ မင်းလုပ်နေကျအလုပ်တွေပဲ ဆက်လုပ်နေပါ၊ ကျန်တာကို ကျုပ်တာဝန်ထားလိုက်…"

ဆန်းလျန်ဆီမှ အမိန့်ရသည်နှင့် ယီကျီးလည်း ပြန်သွားလေတော့သည်။

ဆန်းလျန်သည် ယီကျီးလုပ်ဆောင်သမျှ တိုင်းရေးပြည်ရာစီမံဆောင်ရွက်မှုများတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိပေ။ ထို့ကြောင့် ယီကျီး၏ရည်မှန်းချက်များဖြစ်လာနိုင်ပြီး ကျင့်ကြံရန်အတွက် အခွင့်အရေးလည်းရမည် ဖြစ်လေသည်။ ခဲတစ်လုံးတည်းဖြင့် ငှက် (၂)ကောင် ပစ်ခြင်းဖြစ်သလို ဆန်းလျ

န်ကလည်း သူ့ကိုကတိပေးထားသည့်အတိုင်း ဖြည့်ဆည်းပေး

ခြင်း ဖြစ်လေသည်။

ယီကျိုးထွက်သွားတော့မှ ဆန်းလျန်က သက်ပြင်းတစ်ချက် ချ

လိုက်လေသည်။ ရေမိစ္ဆာမယ်ကို ရှာဖွေရန်မှာ လွယ်ကူ သည့်

ကိစ္စမဟုတ်ပါ။ သူမသည် ယင်းလုန်လောက် တန်ခိုးစွမ်းအား

မြင့်မားခြင်း မရှိပေ။ သို့သော်... သူမကို ခြေရာခံ နိုင်ရန်မှာ

ခက်ခဲလေသည်။

ထို့ပြင် ယခုကဲ့သို့ ရေမိစ္ဆာမယ် ခြေရာဖျောက်ပုန်းအောင်းနေ

ခြင်းမှာ သူ့တစ်ယောက်တည်း၏ တန်ခိုးစွမ်းအားဖြင့် တော့

မဟုတ်ပေ။ တစ်စုံတစ်ယောက်က သူ့ကို ပုန်းအောင်းနေနိုင်ရန်

ကာကွယ်ပေးနေခြင်း ဖြစ်လေသည်။

ထိုသို့ကာကွယ်ပေးနေသူမှာ မည်သူဖြစ်သည်ကို ဆန်းလျန်

သည် လုံးဝ ခန့်မှန်းမရဖြစ်နေလေသည်။

အသူရာချောက်သည် ကြီးမားကျယ်ပြန့်သည့်နေရာတစ်ခု ဖြစ်ပါသည်။ သို့သော်… စကြာဝဠာ ၊ နဂါးငွေ့တန်းတို့နှင့် ယှဉ်လျှင်တော့ ပြောစမှတ်ပြုစရာမလိုပေ။ သို့သော်… ရေမိစ္ဆာမယ်၏နောက်ကွယ်မှလူကတော့ မလွယ်သည့် လူတစ်ယောက်ဖြစ်လေသည်။

ဆန်းလျှန်သည် အခက်အခဲပြဿနာကို ကြောက်ရွံ့သူတစ်ယောက်မဟုတ်ပါ။ သို့သော်… သူမကြိုက်သည့်အချက် မှာ ပြဿနာ၏အရင်းအမြစ်ကို မသိနိုင်ခြင်း ဖြစ်လေသည်။ ထိုသို့ မသိနိုင်သည့်အတွက် သူ့ဘက်မှ တစ်ပန်းရှုံးလေ သည်။ ရေမိစ္ဆာမယ်၏သဲလွန်စကို ရှာမတွေ့မချင်း တိုင်းပြည်တွင် ရေပြတ်လပ်မှုကတော့ ဆက်ဖြစ်နေမည် ဖြစ်လေသည်။ သူက ရေမိစ္ဆာမယ်ကို လွယ်လွယ်ကူကူဖြင့် ထွက်ပေါ်လာမည်ကိုလည်း မလိုလားပါ။ အဘယ်ကြောင့်ဆိုသော်… သူမ၏နောက်ကွယ်မှ

ကြိုးကိုင်ခြယ်လှယ်နေသူကို သိချင်သောကြောင့် ဖြစ်လေသည်။

ထို့ပြင်... ယွမ်စီမော်မိစ္ဆာနှလုံးသားကိုလည်း ထိန်းချုပ်ရန်လိုအပ်နေသေးသည်။ ထိုကိစ္စမအောင်မြင်ခင်သူ့အနေဖြင့်လှုပ်ရှားမှုပြုရန်လည်း မသင့်တော်သေးပေ။

ဆန်းလျန်အတွေးလွန်နေစဉ်မှာပင် သူ့စိတ်ထဲတွင် တစ်ချက်လှုပ်ခတ်သွားလေသည်။

ရှီးလျန်မြို့တော်ရှိ အပြာရောင်ခရီးရှည်နန်းတော်ရှေ့တွင် အနီရောင်ဝတ်ဆင်ထားသည့် မိန်းကလေး တစ်ယောက် ပေါ်လာလေသည်။ အစောင့်စစ်သည်တော်များမှာလည်း ကျင့်ကြံသူများဖြစ်ကြလေရာ သူမကို တားဆီးလိုက်ကြ လေသည်။

သို့သော်... အစောင့်စစ်သည်တော်များက ဆန်းလျန်ကိုသတင်းမပို့မီမှာပင် ဆန်းလျန်၏ အသံထွက်ပေါ်လာလေသည်။

"သူ့ကိုဝင်လာခိုင်းလိုက်...."

အနီရောင်ဝတ်မိန်းကလေးသည် အပြာရောင်ခရီးရှည်နန်းတော်အတွင်းသို့ ဝင်ရောက်လာလေသည်။

သူမ၏ ငယ်ရွယ်ပြီးချစ်စရာကောင်းသည့်မျက်နှာလေးသည် တည်ကြည်လေးနက်နေလေသည်။ သို့သော်... သူမသည် ရန်ပြုလိုခြင်းမရှိကြောင်း သိသာနေလေသည်။ သူမသည် နန်းတော်ခန်းမဆောင်အတွင်းသို့ရောက်သည် နှင့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။

သို့သော်... ဆန်းလျန်သည် ကျောက်သလွန်တစ်ခုထက်တွင် တင်ပျဉ်ခွေထိုင်နေပြီး သူမကို ကျောခိုင်းထားလေ သည်။

သူတို့ (၂)ယောက်ကြားတွင် ပုတီးစေ့လိုက်ကာသည်လည်း ခြားနားလျှက်ရှိလေသည်။

မိန်းကလေးက ဆန်းလျန်ကို ဦးညွှတ်ဂါရဝပြုလိုက်ရင်း...

"ဖူဟောင် ရှန်းကျွင်းအရှင်ကို ဂါရဝပြုပါတယ်"

ဆန်းလျန်က...

"မင်းက ဘာလို့ကျုပ်ကို ရှန်းကျွင်းအရှင်လို့ ခေါ်ရတာလဲ"

ဖူဟောင်က...

"လူတိုင်းဒီလိုပဲ ခေါ်ကြတာလေ"

သူမသည် ပတ်ဝန်းကျင်ကို စပ်စပ်စုစုဖြင့် လေ့လာနေခဲ့

သော်လည်း သူမအလွန်မှ လေးစားရသည့်လူ၏မျက်နှာကို

တော့မြင်တွေ့ရခြင်း မရှိသေးပါ။

သို့သော်... သူမရှေ့မှလူသည် ဆန်းလျန်ဖြစ်သည်ကို သံသယ

မဝင်မိပါ။ အဘယ်ကြောင့်ဆိုသော် ဤနေရာသည် အပြာ

ရောင်ခရီးရှည်နန်းတော်ဖြစ်ပြီး အသူရာချောက်တွင် ဆန်းလျန်

အဖြစ် ဟန်ဆောင်ရဲသူ တစ်ယောက်မှ မရှိပေ။

ဆန်းလျန်ကရယ်မောလိုက်ရင်း...

"သူတို့ဟာသူတို့ ဘယ်လိုခေါ်ခေါ်ပေါ့၊ မင်းအမေက ကျုပ်

လက်အောက်က နတ်သမီးတစ်ပါးပဲ၊ ဒါကြောင့် ကျုပ်ကို နတ်

ဘုရားဆရာလို့ပဲခေါ်ပါ"

"ဟုတ်ကဲ့..."

ဖူဟောင်ကပြောလိုက်လေသည်။

"ကျွန်မ နတ်ဘုရားဆရာကို ပစ္စည်းတစ်ခုပေးစရာရှိလို့ပါ"

ဖူဟောင်က စာလိပ်လေးတစ်ခုကို ထုတ်ယူလိုက်လေသည်။

ထိုစာလိပ်လေးထံမှ နူးညံ့သည့်စွမ်းအားတစ်ခု ထွက်ပေါ်လာ

သည်ကို ခံစားလိုက်ရလေသည်။ ထိုစာလိပ်ပေါ်တွင် "မြားခုနစ်

စင်းကျမ်းစာ" ဟု ရေးသားထားလေ သည်။

ထိုစကားလုံးများကိုမြင်တွေ့လိုက်ရသည်နှင့် ထို

စာအုပ်၏လျှို့ဝှက်သမိုင်းကြောင်းကို သိရှိကြသည့် ကျင့်ကြံ

သူများစွာ သည်စိတ်လှုပ်ရှားသွားကြမည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကတော့ အေးဆေးတည်ငြိမ်နေဆဲပင်။

ဆန်းလျန်က...

"ဒါ တကယ်အဖိုးတန်တဲ့ပစ္စည်းပဲ"

ဖူဟောင်က...

"ဆရာလုယာပြောလိုက်တာက ဒီပညာကို ပေါ့ပေါ့တန်တန်

သဘောမထားပါနဲ့တဲ့ ၊ နတ်ဘုရားဆရာရဲ့အဆင့် အတန်းနဲ့ဆို

ရင် အမြင့်ဆုံးအဆင့်အဖြစ် တစ်ကြိမ်အသုံးပြုနိုင်ပါလိမ့်မယ်

တဲ့ ၊ ဒါပေမယ့် တစ်ကြိမ်ထက်ပိုပြီးအသုံးပြု မိရင်တော့ ကံဆိုး

ရလိမ့်မယ်တဲ့ ၊ ဒါကြောင့် ညဏ်နဲ့ယှဉ်ပြီးအသုံးပြုပါလို့

မှာလိုက်ပါတယ်"

ဆန်းလျန်က...

"ကျုပ်သိပါပြီ ၊ ဒါနဲ့ မင်းအခုပြန်တော့မလို့လား"

ဖူဟောင်က...

"ကျွန်မအမေနဲ့ သွားတွေ့မလို့ပါ"

သူမစကားဆုံးသွားသည်နှင့် ဆန်းလျန်သည် သူမရှေ့တွင်

ပေါ်လာလေသည်။

သို့သော်... ပုတီးစေ့လိုက်ကာကြားရှိ ကျောက်သလွန်ထက်

တွင် ကျောခိုင်းပြီး တင်ပျဉ်ခွေထိုင်နေသည့် ဆန်းလျန်က

လည်း ယခင်အတိုင်းပင် ရှိနေလေသည်။

ဖူဟောင်၏ရှေ့မှ ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်လည်း ကိစ္စတစ်ခုလုပ်ဖို့အတွက် မြောက်ပိုင်းကိုသွား

စရာရှိတယ် ၊ မင်းကျုပ်နဲ့လိုက်ခဲ့ပါလား ၊ မင်းအမေနဲ့တွေ့ ဖို့

လည်း မင်းကိုခေါ်သွားပေးမယ်လေ"

ဖူဟောင်သည် ခဏတာမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ

သဘောတူလိုက်လေသည်။

သူမသည် ပျော်ရွှင်နေလေသည်။ အသူရာချောက်တွင် ဆန်း

လျန်အနားတွင်မနေချင်သူ မည်သူရှိပါမည်နည်း။

ဆိုရိုးတစ်ခုရှိသည်မှာ -

"လူတစ်ယောက် တရားရကာ နတ်ဘုရားတစ်ပါးဖြစ်သွားလျှင် သူ၏အိမ်မွေးတိရစ္ဆာန်များသည်လည်း ကောင်းကင်ဘုံ သို့ ရောက်ကြရမည်"

ဟူ၍ဖြစ်လေသည်။

ထိုဆိုရိုးမှာ မှန်ကန်လေသည်။ ဆန်းလျန်အနားတွင်နေထိုင်ရလျှင် များပြားလှစွာသည့်အကြောင်းအရာများကို သင်ယူနိုင်မည် ဖြစ်လေသည်။ ထို့ပြင် ဖူဟောင်သည် ဆန်းလျန်ကို အလွန့်အလွန်ရိုသေလေးစားသူဖြစ်ရကား ဆန်းလျန်စိတ်ပျက်အောင် မည်သည့်အခါမှ လုပ်မည့်သူမဟုတ်ပေ။

သို့သော်... သူမရှေ့တွင်ရပ်နေသည့်ဆန်းလျန်သည့် နတ်ဘုရားဆရာ၏ ကိုယ်ပွားတစ်ခုသာဖြစ်ကြောင်း ရိပ်မိထား လေသည်။

ဆန်းလျန်၏ကိုယ်ပွားသည် တန်ခိုးစွမ်းအားများစွာရှိမည် မဟုတ်ပေ။ သို့သော်... စစ်မှန်သည့်အခြေအနေတစ်ခုတွင်

တော့ရှိနေဆဲ ဖြစ်လေသည်။ ဆန်းလျန် ဖူဟောင်နှင့်အတူ ခရီး ထွက်ချိန်တွင် သူ၏ တည်ရှိမှုကို နတ်ဘုရားများစွာက အာရုံခံ မိကြလေရာ နတ်ဘုရားများသည် သူတို့လုပ်လက်စအလုပ်များ ကို ရပ်ထားကြပြီး သူတို့ကို နှုတ်ဆက်စကား ဆိုကြလေသည်။ ဆန်းလျန်က သူတို့တစ်ယောက်ချင်းစီကို နှုတ်ဆက်မနေအား ပါ။ သူက ဖူဟောင်ကိုခေါ်ကာ ကောင်းကင်ထက်သို့ ပျံသန်း ထွက်ခွာသွားပြီး ပျောက်ကွယ်သွားလေတော့သည်။

သူတို့သည် တာ့ရှားပြည်နယ်နိမိတ်ကိုဖြတ်ကျော်ကာ မြောက် ပိုင်းသို့ ဦးတည်လိုက်ကြလေသည်။

မြောက်ပိုင်းဒေသတွင် မျိုးနွယ်စုများစွာ ရှိလေသည်။ မြောက် ပိုင်းဒေသမှ မျိုးနွယ်စုများသည် လူရိုင်းမျိုးနွယ်များ ဖြစ်ကြ ပြီး မြောက်ပိုင်းဒေသတစ်ခုလုံးသည် အဆုံးမရှိသည့် မြက်ခင်းပြင်များ ၊ တောင်တန်းများဖြင့် ပြည့်နက်လျှက် ရှိလေ သည်။

ကောင်းကင်ကပြာပြီး တောကနက်ရှိုင်းလေသည်။
မြက်ခင်းပြင်များတွင် ကျွဲ ၊ နွား ၊ သို့များဖြင့် ပြည့်နက်နေခြင်း
မရှိပါ။ သို့သော် မိစ္ဆာသားရဲများဖြင့် ပြည့်နေလေသည်။
မြောက်ပိုင်းဒေသသည် အခြားသောဒေသများနှင့်မတူကွဲပြား
လေသည်။ မိစ္ဆာသားရဲအရေအတွက်များပြားပြီး သားရဲများ
အားလုံးမှာလည်း စွမ်းအားကိုယ်စီရှိကြလေသည်။ သားရဲများ
အာလုံးသည်လည်း သွေးနှောများဖြစ်ကြ သည်ဟု ဆိုစမှတ်ရှိ
ကြလေသည်။
ထို့ပြင် မြောက်ပိုင်းဒေသမျိုးနွယ်စုများမှာလည်း မျိုးဆက်
ပေါင်းများစွာ ရှင်သန်ပြီး အစွမ်းထက်မြက်သူများ ဖြစ်ကြ
လေသည်။
တာ့ရှားပြည်နယ်ခြားအစောင့်တပ်မှာ မြောက်ပိုင်းဒေသမျိုး
နွယ်စုများကို ခိုင်မာစွာပိတ်ဆို့ထားနိုင်သည့်အတွက်သာ

မြောက်ပိုင်းမျိုးနွယ်စုများသည် တာ့ရှားပြည်ကို ခြိမ်းခြောက်လာနိုင်ခြင်း မရှိခြင်း ဖြစ်လေသည်။

မြောက်ပိုင်းနယ်ခြားစောင့်တပ်ကိုဦးဆောင်သူမှာ တာ့ရှားဧကရာဇ်၏ တစ်ဦးတည်းသောသားတော်ဖြစ်လေသည်။ သူသည် ကျင့်စဉ်လမ်းအဆင့်မြင့်မားသည့်တိုင် ဆန်းလျန်လောက်တော့ တန်ခိုးစွမ်းအားမြင့်မားခြင်း မရှိပေ။ ထို့ပြင် တာ့ရှားပြည် ပျက်စီးသွားပြီးသည့်နောက် သူက တာ့ကျိုးပြည်ကို တိုက်ခိုက်ရန်အတွက် စစ်အင်အားစုဆောင်းခြင်း များကိုမပြုလုပ်ခဲ့ပေ။

ဆန်းလျန် မြောက်ပိုင်းသို့သွားရသည့်အကြောင်းရင်းမှာ တာ့ရှားဧကရာဇ်၏သားတော်ကို သွားရောက်တိုက်ခိုက်ခြင်း မဟုတ်ပါ။ ဆန်းလျန်သည် မည်သူ့ကိုမှ အလွတ်မပေး အမြစ်ပြတ်သုတ်သင်ပစ်တတ်သည့် လူတစ်ယောက် မဟုတ်ပေ။

မြောက်ပိုင်းမျိုးနွယ်စုများသည် မည်သည့်အခါမှ စည်းလုံး

ညီညွတ်ခဲ့ကြသည် မရှိပေ။ သူတို့ကိုယ်ပိုင်နယ်မြေများဖြင့်

သာနေထိုင်ကြလေသည်။

သို့သော်... သူတို့ထဲတွင် အကြီးမားဆုံးတိုင်းပြည်တစ်ခုမှာ

ချုန်းကော်တိုင်းပြည်ဖြစ်လေသည်။

ချုန်ကော်တိုင်းပြည်၏ ဘုရင်ကို တာ့ရှားကေရာဇ်က ချုန်းဟို

ဆိုသည့်အမည်ဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့လေသည်။ မြောက်ပိုင်း

တွင် တာ့ရှားကေရာဇ်အသိအမှတ်ပြုခံရသည့် မျိုးနွယ်စုမှာ

ရှားပါးလေသည်။ ထို့ကြောင့် ချုန်းဟို ဆိုသည့်အမည်မှာ တာ့

ရှားကေရာဇ်ချီးမြှင့်သည့် အမည်ဖြစ်သည့်အတွက် ချုန်းကော်

တိုင်းပြည်ဘုရင်က သူတို့၏ မျိုးနွယ်အဖြစ် တရားဝင်

သတ်မှတ်လိုက်လေသည်။

ချုန်းကော်တိုင်းပြည်သည် တိုးတက်အောင်မြင်သည့်

တိုင်းပြည်တစ်ခုဖြစ်သော်လည်း နန်းတွင်းရေးရာပဋိပက္ခလေး

အနည်းငယ်တော့ ရှိနေခဲ့လေသည်။ ထိုပဋိပက္ခများမှာ ချုန်းကော်တိုင်းပြည်၏ မင်းသားငယ် (၂)ပါးနှင့်ပတ်သက်နေ လေသည်။

ချုန်းကော်တိုင်းပြည်ဘုရင်တွင် သားတော် (၂)ပါးရှိလေသည်။ ပထမသားတော် မွေးကင်းစအရွယ်ကတည်းကပင် နတ်ဘုရားတစ်ပါးက တပည့်အဖြစ် မွေးစားကာ ပညာသင်ပေးခဲ့လေသည်။ ပြောကြသည်မှာတော့ ပထမသားတော်သည် ကျားမိစ္ဆာတစ်ပါး လူပြန်ဝင်စားခြင်း ဖြစ်သည်ဟု ဆိုလေသည်။

ထို့ကြောင့် ချုန်းဟိုဘုရင်က သားတော်အကြီးကို ချုန်းဟိုဟူဟု အမည်ပေးခဲ့လေသည်။ သူသည် ချုန်းဟိုဟူကို ချုန်းကော်တိုင်းပြည်၏ အနာဂတ်ဘုရင်ဖြစ်လာစေရန် မျှော်လင့်ခဲ့မိလေသည်။

သို့သော်... မကြာမီပင် ချုန်းဟိုဘုရင်တွင် ဒုတိယသားတော်တစ်ပါး မွေးဖွားခဲ့ပြန်လေသည်။

ထိုသားတော်ကို မွေးမွေးချင်းပင် နတ်ဘုရားနိမိတ်များ

ထင်ဟပ်လာပြီး ကျားနက်တစ်ကောင်၏ သူ၏ခန္ဓာကိုယ်

ထက်တွင်မွေးရာပါ အမှတ်အသား ပါရှိလေသည်။

ပထမသားတော်ကို ချုန်းဟိုဟူဟု အမည်ပေးခဲ့ပြီး

သည့်အတွက် ကျားအနွယ်တစ်ယောက်ဖြစ်သည့် ဒုတိယ သား

တော်ကိုလည်း ချုန်းဟိုဟူဆိုသည့်အမည် ထပ်ပေး၍ မဖြစ်

တော့ပြီ။ ထို့ကြောင့် သားတော်အငယ်ကို ချုန်းဟိုဟေးဟူဟု

အမည်ပေးလိုက်လေသည်။ နောက်ပိုင်းတွင် ခေါ်ရလွယ်ရန်

အတွက် ဒုတိယသားတော်ကို ချုန်းဟေးဟူဟု ခေါ်ကြလေ

သည်။

(ဟူ = ကျား ဟု အဓိပ္ပါယ်ရ ၊ ဟေးဟူ = ကျားနက် - ဘာသာ

ပြန်သူ)

သားတော်အကြီးချုန်းဟိုဟူသည် အမှန်တကယ်ပင် ကျားမိစ္ဆာ

ဝင်စားခြင်းဖြစ်လေသည်။ သူသည် အသက် (၁၀)နှစ် အရွယ်

တွင်ပင် တိုင်းပြည်၏ ထိပ်တန်းစစ်သည်တော်တစ်ယောက်

ဖြစ်လာခဲ့လေသည်။ ထို့ပြင် သူသည် နတ်ဘုရား ကျင့်စဉ်များ

ကို ကျင့်ကြံခဲ့ပြီး များပြားလှစွာသည့် အစွမ်းထက်မိစ္ဆာသားရဲ

များသည် သူ့ကို လုံးဝယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ ပေ။

သို့သော်... ချုန်းဟိုဟူသည် သူ၏ညီငယ်ဖြစ်သူ ချုန်းဟေးဟူ

ကို အလွန်မုန်းတီးလေသည်။

သူက ညီဖြစ်သူ ထိခိုက်ဒဏ်ရာရအောင် နည်းမျိုးစုံဖြင့်

အကောက်ကြံလေ့ရှိလေသည်။ သို့သော်... ချုန်းဟေးဟူကို

နတ်ဘုရားအလင်းတန်းများက အမြဲတမ်းကာကွယ်ပေးထား

လေသည်။ ထို့ကြောင့် သူက ညီဖြစ်သူကို ဒုက္ခပေးရန် ကြိုးစား

တိုင်း နတ်ဘုရားအလင်းတန်းများထွက်ပေါ်လာပြီး ချုန်းဟိုဟူ

သာလျှင် နာကျင်ဒဏ်ရာရရစမြဲ ဖြစ်လေသည်။

ချုန်းဟေးဟူသည် အစ်ကိုဖြစ်သူ၏ရန်မှ သူ့ကိုယ်သူကာကွယ်

ရန် တတ်နိုင်သော်လည်း သူ့အစ်ကိုကဲ့သို့ အရည်အချင်းရှိသူ

တစ်ယောက် မဟုတ်ပါချေ။ ထို့ကြောင့် သူ၏နေ့ရက်များသည်

လွယ်ကူခြင်းမရှိခဲ့ပါ။

သို့သော်... ချုန်းဟေးဟူသည် ပျော်ပျော်နေတတ်ပြီး လူများ

အပေါ်တွင် ကောင်းကောင်းမွန်မွန် ဆက်ဆံတတ်သူ တစ်

ယောက် ဖြစ်သည့်အတွက် တိုင်းသူပြည်သားများက သူ့ကိုပို

ပြီး ချစ်ခင်ကြလေသည်။ ထို့ကြောင့် ချုန်းဟိုဟူ သည်မနာလို

ဖြစ်ကာ ချုန်းဟေးဟူနှင့်အဆင်ပြေသည့် လူများကို

လက်စားချေပစ်လေ့ရှိလေသည်။

ထိုသို့သောအခြေအနေများကြောင့် ချုန်းဟေးဟူမှာ စိတ်မ

ကောင်းဖြစ်ရရုံမှတစ်ပါး မည်သို့မှ မတတ်နိုင်ခဲ့ပေ။

ချုန်းဟိုဘုရင်ကြီးအသက်အရွယ်ကြီးရင့်လာသည့်အခါ

ညီအစ်ကို (၂)ယောက်ကြားမှ အခြေအနေတင်းမာမှုများမှာ

တဖြည်းဖြည်းမြင့်မားလာလေသည်။ ချုန်းဟေးဟူမှာ သူ့

အသက်ကိုသာ ကာကွယ်နေရပြီး အခြေအနေအရပ်ရပ် သည်

သူ့အတွက် ခက်ခဲလျှက်ရှိလေတော့သည်။

တစ်နေ့တွင်တော့...

ချုန်းဟေးဟူသည် စိတ်ဓာတ်ကျပြီး အမဲလိုက်ခရီးတစ်ခုထွက်

ခွာသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

အခန်း (၆၈၄) ကျားမိစ္ဆာကျင့်စဉ်

ချုန်းဟေးဟူတွင် သူ့ကိုကာကွယ်ပေးသည့် နတ်ဘုရား

အလင်းတန်းရှိနေသဖြင့် မည်သူမှ သူ့ကို နာကျင်အောင် မလုပ်

နိုင်ပေ။

သူက စိတ်ပြေလက်ပျောက် အမဲလိုက်ခရီးထွက်လာခြင်းဖြစ်ပြီး မည်သူနှင့်မှ အပေါင်းအသင်းလုပ်လိုစိတ်မရှိပေ။ ထို့ကြောင့် သူက သူ၏ မြင်း ၊ လေးနှင့်မြားကိုယူဆောင်ကာ မြောက်ပိုင်းကုန်းပြင်မြင့်များဆီသို့ ထွက်လာခဲ့လေတော့သည်။

ယခုနှစ်များအတွင်းတွင် အသူရာချောက်တွင် ယန်စွမ်းအားများ သိသိသာသာကျဆင်းလာပြီး ယင်စွမ်းအားများက သိသိသာသာ မြင့်တက်လာခဲ့လေသည်။ ထို့ကြောင့် ဆောင်းတွင်းကာလသို့ မရောက်သေးသည့်တိုင် ရာသီဥတုက အေးစိမ့်လျှက်ရှိလေသည်။ ချုန်းဟေးဟူသည် ကျန်းမာသန်စွမ်းသည့် လူငယ်လေးတစ်ယောက်ဖြစ်သည့်တိုင် အအေးဓာတ်ကိုခံစားနေခဲ့ရလေသည်။ လေပြေလေးတိုက်ခတ်လာသည့်အခါ ချမ်းအေးလွန်းသည့်အတွက် အနည်းငယ်ပင် တုန်တုန်ယင်ယင်ဖြစ်သွားရှာလေသည်။

ထိုအချိန်မှာပင်...

အရှေ့ဆီမှ တောအုပ်ထဲရှိ သစ်ရွက်များလှုပ်ရှားလာကြပြီး သစ်ကိုင်းများထက်တွင် အရိပ်များထွက်ပေါ်လာကြလေသည်။ နတ်မိစ္ဆာသားရဲအသိုက်တစ်ခုကို ဖြစ်လေမည်လားဟု တွေးမိသည့်အခါ ချုန်းဟေးဟူသည် ကျောရိုးထဲအထိ စိမ့်သွားအောင် ကြောက်ရွံ့သွားမိလေသည်။

သူသည် လေးနှင့်မြားကိုဆွဲထုတ်လိုက်ကာ တောအုပ်အတွင်းသို့ ချိန်ရွယ်လိုက်လေသည်။

အချိန်ကြာလာလေလေ အရိပ်များကပိုပြီးထင်ရှားလာပြီး သစ်ပင်များကလည်း ပိုပြီး လှုပ်ရမ်းလာကြလေသည်။

ချုန်းဟေးဟူသည် နတ်ဘုရားအလင်းတန်းများဖြင့် သူ့ကိုယ်သူကာကွယ်ထားလိုက်လေသည်။ သို့သော်... သူသည် ကြောက်ရွံ့နေဆဲ ဖြစ်လေသည်။ ကြောက်လွန်းသဖြင့် ချွေးစေးများပင် ပျံလာလေတော့သည်။

သူ့ အလွန်စိတ်ရှုတ်ထွေးနေဆဲမှာပင် တောအုပ်ထဲမှ ကြီးမား

သည့်တီကောင်ကြီးတစ်ကောင် ထွက်ပေါ်လာလေ သည်။

တီကောင်ကြီးမှာ အနက်ရောင်ဖြစ်ပြီး အမွေးများလည်းပါရှိ

ကာ မျက်လုံးများကလည်း တောက်ပလျှက်ရှိလေ ၏။

မကြာမီမှာပင် လေပြင်းများတိုက်ခတ်လာပြီး သူစီးနင်းလာ

သည့်ကမြင်းမှာ သေသေချာချာလေ့ကျင့်ပေးထားသည့် စစ်

မြင်းတစ်ကောင်ဖြစ်သည့်တိုင် ဆက်လက်ရပ်တန့်နေနိုင်ခြင်းမ

ရှိတော့ဘဲ တစ်ချက်ဟီလိုက်လေသည်။ ချုန်းပေးဟူသည်

မည်သို့မှ မတတ်နိုင်တော့ဘဲ မြားကို ပစ်လွှတ်လိုက်မိလေ

သည်။

သို့သော်… ချုန်းပေးဟူ အလွန်အံ့သြထိတ်လန့်သွားလေ

သည်။

အဘယ်ကြောင့်ဆိုသော်... သူ၏မြားသည် တီကောင်ကြီးကို မ ပစ်မိဘဲ ကျားနက်ကြီးတစ်ကောင်ကို ပစ်မိသွားသော ကြောင့် ဖြစ်လေသည်။

ကျားနက်ကြီးသည် သူ့ကို ချက်ချင်းပင် ခုန်အုပ်လိုက်လေ သည်။ ထိုအခါ... သူ၏စိတ်အာရုံအတွင်းသို့ မှတ်ဉာဏ်များ စွာစီးဆင်းဝင်ရောက်လာသည့်အတွက် ခေါင်းများပင် မူးဝေသွားရပြီး မြင်းပေါ်မှ ပြုတ်ကျသွားရတော့သည်။ သူ၏မြင်းသည်ကြောက်လန့်သွားပြီး သခင်ဖြစ်သူကိုပင် စွန့်ပစ်ကာ ကဆုန်ပေါက်ပြီး မြို့တော်ရှိရာသို့ ပြန်ပြေးသွား လေသည်။

ချုန်းဟေးဟူက မျက်လုံးများကို ဖွင့်ကြည့်လိုက်လေသည်။ သူ့ ခန္ဓာကိုယ်တစ်ခုလုံး စူးရှသည့်နာကျင်မှုကို ခံစားလိုက်ရပြီး သူ့ ကိုကာကွယ်ပေးထားသည့် နတ်ဘုရားအလင်းတန်းများမှာ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

နတ်ဘုရားအလင်းတန်းများပျောက်ကွယ်သွားပြီး မြင်းပေါ်မှ

မြေပြင်ထက်သို့ အရှိန်ဖြင့် ပြုတ်ကျသည့်အတွက်

နာကျင်သည်မှာ မဆန်းလှပါ။

ထိုအချိန်မှာပင်...

သူ့မျက်ဝန်းများရှေ့တွင် လက်တစ်ဖက်ပေါ်လာလေသည်။

သူသည် ကံကောင်းသွားသည်ဟု ခံစားလိုက်ရပြီး ထိုလက်ကို

ဆုပ်ကိုင်လိုက်လေသည်။ ချက်ချင်းပင် သူ့ခန္ဓာကိုယ် တစ်ခု

လုံးနွေးထွေးသွားပြီး ရုပ်ပိုင်းဆိုင်ရာနာကျင်မှုများ သက်သာ

သွားရလေသည်။ သူက ခေါင်းမော့ကြည့်လိုက် လေရာ သူ့ရှေ့

တွင်ရပ်နေသည့် ငယ်ရွယ်သည့်တာအိုဆရာတစ်ယောက်ကို

တွေ့လိုက်ရလေသည်။

တာအိုဆရာ၏ပုံစံမှာ အိပ်မက်ဆန်လွန်းလှပြီး လူ့လောကမှ

လွတ်မြောက်နေသည့်အလား ခံစားရလေသည်။

ချုန်းဟေးဟူသည် တာအိုဆရာလူငယ်၏လက်ကိုလွှတ်လိုက်ပြီး ချက်ချင်းပင်ဒူးထောက်လိုက်လေသည်။ ထို့နောက် သူက တာအိုဆရာလူငယ်လေး၏ ခြေထောက်ကိုဖက်ကာ ငိုကြွေးလေတော့သည်။

"သခင်လေး... နောက်ဆုံးတော့ ကျွန်တော့်ကို သတိရပြီပေါ့"

သူသည် လူတစ်ယောက်အဖြစ် ပြန်ဝင်စားခဲ့သော်လည်း ကျားနက်ကြီးဘဝမှ မှတ်ဉာဏ်များကို ပြန်လည်ရရှိသွား သည့်အခါ ယခင်ဘဝမှအပြုအမူအတိုင်း လုပ်ဆောင်လိုက်မိခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင်... နူးညံ့သည့်ရယ်မောသံလေးနှင့်အတူ မိန်းကလေးတစ်ယောက်၏ စကားသံထွက်ပေါ်လာလေ သည်။

"နတ်ဘုရားဆရာ ၊ ဒီလူက ဘယ်လိုဖြစ်လို့ ခွေးတစ်ကောင်လို ပြုမူနေရတာလဲ"

ဆန်းလျန်က...

"ထပါ..."

ဟု ပြောလိုက်လေသည်။

ချုန်းဟေးဟူက မတ်တပ်ရပ်လိုက်ပြီး ရယ်မောနေသည့်

မိန်းကလေးကို လှမ်းကြည့်လိုက်လေသည်။

သူမသည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့်အတွက်

မီးတောက်လေးတစ်ခုအလားထင်မှတ်ရပြီး သူမ၏ အလှ

တရားကလည်းပြိုင်ဘက်ကင်းလွန်းလေသည်။ ထို့ပြင် ချုန်း

ဟေးဟူသည် သူမကို ရင်းနှီးနေသလို ခံစားလိုက်ရ လေသည်။

ထို့ကြောင့် သူက ဆန်းလျန်ကို မေးလိုက်လေသည်။

"သခင်လေး... ဒီမိန်းကလေးက ဘယ်သူလဲ"

ဆန်းလျန်ကရယ်မောလိုက်ရင်း...

"မင်း မမှတ်မိဘူးလား ၊ သူက အားလျန်ရဲ့သမီးလေ..."

ချုန်းဟေးဟူက ထိုမိန်းကလေးသည် နောက်ခံကောင်းကောင်း

တစ်ခုမှ ဆင်းသက်လာသူတစ်ယောက်ဖြစ်မည်ဟု ထင်နေခဲ့

လေရာ အားလျှန်၏သမီးဟု ကြားလိုက်ရသည်နှင့် ချက်ချင်း ပင် အထင်အမြင်သေးသည့်အမူအရာ ပြောင်းလဲသွားပြီး...

"မင်းအမေနဲ့ ကျုပ်နဲ့တွေ့တုန်းက မင်းက မွေးစလေးပဲရှိ သေးတာ ၊ လာစမ်း လာစမ်း ၊ ကျုပ်ကို ဦးလေးလို့ ခေါ်စမ်း..."

ဆန်းလျှန်က...

"သူက အခု တာအိုဆရာလုယာရဲ့တပည့်ဖြစ်နေပြီ ၊ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ဂူတင်ထက်တောင်သာနေသေး တယ်"

ထိုစကားကိုကြားသည့်အခါတွင်တော့ ချုန်းပေးဟူ၏မျက်နှာ အမူအရာက ပြန်လည် ပြောင်းလဲသွားလေသည်။

ဆန်းလျှန်၏လေသံအရဆိုလျှင် တာအိုဆရာလုယာဆိုသူမှာ တန်ခိုးစွမ်းအားမြင့်မားသည့်လူတစ်ယောက်ဖြစ်နိုင်ပြီး မိန်းကလေးငယ်ကလည်း ဂူတင်ထက်ပင်အစွမ်းထက်နေသည် တဲ့လေ။

သူ့အနေဖြင့် ထိုမိန်းကလေးနှင့် သွားမပတ်သက်သည်က အကောင်းဆုံးဖြစ်လေသည်။ မဟုတ်ပါက ပြဿနာတစ်ခုခု ဖြစ်ခဲ့လျှင် သခင်လေးကလည်း သူ့ဘက်မှ ရပ်တည်ပေးမည့်ပုံ မပေါ်ပေ။

ထို့ကြောင့် သူက ချက်ချင်းပင် ရယ်မောလိုက်ပြီး...

"မင်္ဂလာပါ မိန်းကလေး"

ဟု နှုတ်ဆက်လိုက်လေတော့သည်။

အနီရောင်ဝတ်မိန်းကလေးက တစ်ချက်ရယ်မောလိုက်လေ သည်။ သူမက ချုန်းဟေးဟူသည် စိတ်ဝင်စားစရာ ကောင်း သည်ဟုတွေးနေမိလေသည်။

ဆန်းလျန်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"ဟေးဟူ ၊ မင်းကို လူဝင်စားခွင့်ရအောင် ကျုပ်ကလုပ်ပေးခဲ့ တာ ၊ ဒါကြောင့်လည်း မင်းကို ပြန်လာရှာပြီး အတိတ်ကို မှတ်မိ အောင်ပြန်လုပ်ပေးခဲ့တာပဲ ၊ အခု မင်းဘာလုပ်ဖို့ စဉ်းစားထား

လဲ ၊ မင်း ကျုပ်နောက်ကိုလိုက်ချင်သလား ၊ ဒါမှမဟုတ် ချုန်း

ကော်တိုင်းပြည်ရဲ့ ဘုရင်ဖြစ်ချင်သလား"

ချုန်းဟေးဟူက…

"ကျွန်တော် သခင်လေးနောက်ပဲလိုက်မှာပေါ့ ၊ ဒါပေမယ့် အခု

လူ့ဘဝဖြစ်နေတော့ အရင်တုန်းကလို သခင်လေး ကျွန်တော့်

အပေါ်မှာ စီးလို့တော့မရတော့ဘူးပေါ့"

ဆန်းလျန်က အေးဆေးတည်ငြိမ်သည့်လေသံဖြင့်…

"ဒီနှစ်တွေအတွင်းမှာ ကျုပ်ရဲ့ ကျင့်ကြံခြင်းအဆင့်တွေ အရမ်း

မြင့်မားလာတယ် ၊ ဒါကြောင့် မင်းအတွက် ကျင့်စဉ် တစ်ခု

တီထွင်ထားတယ် ၊ ကျားမိစ္ဆာကျင့်စဉ်လို့ခေါ်တယ် ၊ နည်း

လမ်းကျကျပြောရရင်တော့ ကျင့်စဉ်အောင်မြင်သွား ရင်

သင်္ကေတ (၄)မျိုးထဲက ကျားဖြူလိုမျိုး တန်ခိုးစွမ်းအား မြင့်

မားလာလိမ့်မယ် ၊ ဒါပေမယ့် လူသားပုံစံကနေ မိစ္ဆာပုံစံကို

ပြောင်းပြီး ကျင့်ကြံရမှာဖြစ်လို့ ယုတ္တိဗေဒကိုတော့ ဆန့်ကျင်

နေတယ်၊ အဲဒီကျင့်စဉ်မှာ အဆင့် (၇)ဆင့်ရှိ တယ်၊ အဆင့်တိုင်းမှာ ရုပ်ခန္ဓာကို အသွင်ပြောင်းလဲဖို့နဲ့ နတ်မိစ္ဆာစွမ်းအားနဲ့ နတ်မိစ္ဆာသွေး ရအောင်ကျင့်ကြံနိုင်ဖို့ အတွက် အသက်ဓာတ်စွမ်းအားတွေ အများကြီးလိုတယ်၊ အဲဒါကြောင့် ကျင့်စဉ်ကျင့်ကြံရတာ အရမ်းခက်ခဲလိမ့်မယ်၊ ဒါပေမယ့် ကောင်းတာတစ်ခုတော့ရှိတယ်၊ မင်း ဒီကျင့်စဉ်ကိုစပြီးကျင့်ကြံပြီဆိုတာနဲ့ နတ်မိစ္ဆာတစ်ပါးလို အသက်ရှည်လိမ့်မယ်၊ တခြားကျင့်ကြံသူတွေလို အဆင့်တက်ဖို့အတွက် မိုးကောင်းကင် အစစ်ဆေးခံရတာမျိုးတွေ ကိုလည်း ရှောင်ရှားနိုင်လိမ့်မယ်"

ဆန်းလျန်၏စကားကိုကြားသည့်အခါ ချုန်းဟေးဟူသည် ဝမ်းသာသွားလေသည်။

"ဟုတ်... ကျွန်တော် အဲဒီကျင့်စဉ်ကို သင်ယူချင်ပါတယ်၊ တခြားတာအိုကျင့်စဉ်တွေလိုမျိုး စိတ်ဝိညာဉ်ငြိမ်းအေးဖို့ တရားထိုင်ရတာတွေ ဘာတွေက ကျွန်တော်နဲ့ သိပ်မကိုက်ပါ

ဘူး ၊ သခင်လေး နေ့တိုင်းတုတ်နဲ့ရိုက်မယ်ဆိုရင်တောင် ကျင့်ကြံဖို့ခက်မှာပဲ..."

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"တာအိုကျင့်စဉ်တွေကတော့ စကြာဝဠာရဲ့ အခြေခံအကျဆုံး ကျင့်စဉ်တွေပါပဲ ၊ ဒါပေမယ့် မင်းနဲ့ မသင့်တော်ဘူး ၊ ဒီ ကျား မိစ္ဆာကျင့်စဉ်ကို သင်ယူတာပဲ ပိုကောင်းပါတယ် ၊ အနည်းဆုံး တော့ တန်ခိုးစွမ်းအားတွေရရှိပြီး အသုံးပြုလို့ ရတာပေါ့"

လူသားတိုင်းသည် စိတ်ထားအမျိုးမျိုးရှိကြပြီး ရွေးခြယ်မှု အမျိုးမျိုးကိုလည်း ပြုလုပ်နိုင်ကြလေသည်။ တာအိုကျင့်စဉ် များသည် ကောင်းမွန်းသော်လည်း လူသားတိုင်းကျင့်ကြံနိုင်ရန် တော့ မဖြစ်နိုင်ပေ။

နတ်ဘုရားတို့၏တံခါးဝတွင် သေလွန်ခဲ့ကြသူများ၏ အရိုးများ တောင်လိုပုံနေသည်က သက်သေပင် ဖြစ်လေသည်။

ချုန်းပေးဟူ၏စိတ်သဘောကို နားလည်သည့်အတွက် ဆန်း

လျန်က ကျားမိစ္ဆာကျင့်စဉ်ကို ဖန်တီးပေးခဲ့ခြင်း ဖြစ်လေသည်။

ထိုကျင့်စဉ်သည် တာအိုကျင့်စဉ်လမ်းကိုတော့ အောင်မြင်နိုင်

မည်မဟုတ်သည့်တိုင် တန်ခိုးစွမ်းအား များကိုတော့ရရှိမည်

ဖြစ်လေသည်။ ထို့ပြင်... လူတစ်ယောက်သည် စိတ်ဓာတ်

ခိုင်မာပြီး ကြိုးစားမည်ဆိုလျှင် ထိုသူ၏အနာဂတ်သည်

တောက်ပနေမည် ဖြစ်လေသည်။

သို့သော်... ထိုကျင့်စဉ်သည် အနာဂတ်ကျင့်စဉ်လမ်းကိုတော့

အဟန့်အတားဖြစ်စေမည့်အတွက် ရည်မှန်းချက် မြင့်မားလွန်း

သူတစ်ယောက်ဆိုလျှင်တော့ ရွေးခြယ်ရန် မသင့်တော်ပေ။

ထိုကဲ့သို့သော ကျင့်စဉ်မျိုးကို ဆန်းလျန်သာလျှင် တီထွင်နိုင်

လေသည်။ ကျားမိစ္ဆာကျင့်စဉ်သည် သက်ရှိသတ္တဝါများ

၏အသွေးအသားဖွဲ့စည်းမှုများကို ဆန်းလျန်လေ့လာထားသမျှ

အနှစ်ချုပ်ထည့်သွင်းထားသည့်ကျင့်စဉ် ဖြစ်လေ သည်။ ဆန်း

လျှန်၏ လေ့လာမှုစွမ်းအားကောင်းခြင်းကို ထိုကျင့်စဉ်က ပြသ

လျှက်ရှိလေသည်။

ဆန်းလျှန်သည် အချိန်မဆိုင်းတော့ဘဲ ချက်ချင်းပင် ကျားမိစ္ဆာ

ကျင့်စဉ်ကို ချုန်းပေးဟူကို သင်ကြားပေးလိုက်လေ သည်။

တာအိုဆရာလုယာ၏ တပည့်ဖြစ်ပြီး ကျင့်စဉ်လမ်း

အတွေ့အကြုံမြင့်မားလွန်းသည့် အနီရောင်ဝတ် မိန်းကလေး

သည်ပင်လျှင် အံ့သြနေခဲ့ရလေသည်။

သူမသည် ချက်ချင်းပင် ထိုကျင့်စဉ်၏ သဘောတရားကို

နားလည်သွားလေသည်။ သို့သော်... နတ်မိစ္ဆာတစ်ပါး အသွင်

သို့ပြောင်းလဲနိုင်သည့်လူသားတစ်ယောက်သည် မည်သည့်

နည်းနှင့်မှ တာအိုလမ်းစဉ်သို့ လိုက်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ထိုကျင့်စဉ်သည် သဘာဝမကျသော်လည်း

စိတ်ဝင်စားဖွယ်တော့ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် ထိုကျင့်စဉ်ကို အဘယ့်ကြောင့် ချုန်းပေးဟူကို သင်ကြားပေးရသည်ကို သူမက သိပ်ပြီး နားမလည်ပေ။ ဆန်းလျန်သည် အခြားသူတစ်ယောက်၏ ရည်မှန်းချက်ကို အလေးမထားခြင်းလေပဲလား။

နေဝင်သွားပြီဖြစ်ပြီး ကောင်းကင်ထက်တွင် ကြယ်များ တောက်ပလာလေသည်။

ယခင်ဘဝက နတ်မိစ္ဆာတစ်ပါးဖြစ်ခဲ့သည့် ချုန်းပေးဟူသည် ကျင့်စဉ်၏သဘောတရားကို ချက်ချင်းပင် နားလည် သွားလေသည်။ အသူရာချောက်မှ ယင်စွမ်းအားများနှင့်အသက်ဓာတ်စွမ်းအားများ ချက်ချင်းပင် သူ့ထံသို့စုစည်းလာ ပြီးသူ့တစ်ကိုယ်လုံးကို လွှမ်းခြုံသွားလေသည်။ မြူခိုးများထူထပ်နေပြီး သူ၏ ခြေလက်များ ၊ အရိုးများ ၊ အသားများ ထဲတွင် နတ်မိစ္ဆာစွမ်းအားများ မြင့်မားလာပြီး သူ၏ အသွေးအသားများထဲသို့ ပျံ့နှံ့သွားလေသည်။

ဆန်းလျန်သည် ချုန်းဟေးဟူ၏ခန္ဓာကိုယ်မှ ပြောင်းလဲမှုများ

ကို အာရုံခံလိုက်နိုင်လေသည်။ လူသားအသွေးအသား များထဲ

တွင် သန့်စင်သည့်မိစ္ဆာစွမ်းအားနှင့်သွေးများက အစားထိုးဝင်

ရောက်နေပြီ ဖြစ်လေသည်။

ချုန်းဟေးဟူ၏ကျောရိုးသည် နဂါးတစ်ကောင်၏ကျောရိုး

အလား လွန့်လူးနေလေသည်။

အချိန် (၂)နာရီခန့် ကြာပြီးသည့်အခါတွင်တော့...

ကောင်းကင်ထက်တွင် ကြယ်ရောင်များ လင်းလက်တောက်ပ

နေခြင်း မရှိတော့ပါ။

သို့သော်... အနောက်ဘက်ကောင်းကင်ဘုံဆီမှ ကျားဖြူ

ကြယ်တာရာသည် အလင်းလက်ဆုံး တောက်ပနေခဲ့လေ

သည်။

ကျားဖြူကြယ်တာရာမှ ကြယ်စင်စွမ်းအားများသည် သတ်ဖြတ်လိုသည့်အငွေ့အသက်များနှင့် ပေါင်းစပ်သွားပြီး မြေပြင်ထက်သို့ ဆင်းသက်လာလေသည်။

ချုန်းဟေးဟူသည် အသက်တစ်ချက်ရှူလိုက်တိုင်းကြီးထွားလာလေသည်။ သူ၏လက်များမှ လက်သည်းများ ထွက်ပေါ်လာလေသည်။ သူ၏အရေပြားထက်မှာ အမွေးများမှာ ထူထပ်ရှည်လျားလာပြီး အရိုးဖွဲ့စည်းပုံမှာလည်း တဖြည်းဖြည်းပြောင်းလဲသွားလေသည်။

ဆန်းလျန်နှင့် ကျားဖြူကြယ်တာရာစွမ်းအားများ၏ အကူအညီဖြင့် ချုန်းဟေးဟူသည် လူသားပုံသဏ္ဍာန်မှ ကျားတစ်ကောင်၏ပုံသဏ္ဍာန်သို့ ပြောင်းလဲရန်အတွက် အရေးကြီးဆုံးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်လေသည်။

အခန်း (၆၈၅) နောင်တမရှိ

ချုန်းဟေးဟူသည် ကျင့်စဉ် နောက်ဆုံးအဆင့်ထိရောက်အောင် ကျင့်ကြံရန်အတွက် အချိန်သိပ်မကြာခဲ့ပေ။

ဖူဟောင်သည် ဟေးဟူ လူသားအသွင်မှ ကျားအသွင်ပြောင်းသွားသည်ကို ကြည့်နေလေသည်။

ထိုအချိန်မှာပင်... အန္တရယ်အငွေ့အသက်များကို သူမ ရလိုက်လေသည်။

ကောင်းကင်က မှောင်မိုက်နေပြီး အဝေးဆီမှ အလင်းရောင်သဲ့သဲ့ထွက်ပေါ်လာသည်ကို မြင်တွေ့လိုက်ရလေသည်။ ထိုအလင်းရောင်မှာ မြင်းတပ်ကြီးတစ်တပ် ချီတက်လာခြင်းဖြစ်ပြီး စစ်တပ်ကြီးမှာ မြွေရှည်ကြီးတစ်ကောင်နှင့်ပင် ဆင်တူလေသည်။

ဖူဟောင်သည် သာမန်ထက်ထူးခြားသူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် မီးအလင်းရောင် လင်းလက်နေသည် သာမက ယင်စွမ်းအားများ တဖြည်းဖြည်းပျောက်ကွယ်နေသည်ကိုလည်း သတိထားလိုက်မိလေသည်။ ယင်စွမ်းအား များနည်းပါးသွားသည့်အတွက် ညသည် အအေးဓာတ်လျော့နည်းသွားလေသည်။

ထိပ်ဆုံးမှ မြင်းစီးသူရဲကောင်းသည် ကြွက်သားများဖြင့် သန်မာခွန်အားကြီးသည့် လူငယ်တစ်ယောက် ဖြစ်လေသည်။ သူ့ထံမှ အငွေ့အသက်သည် ညအမှောင်တွင်တောက်လောင်နေသည့် တောမီအလားဖြစ်လေသည်။ ထိုသူနီးကပ် လာသည်နှင့် အမျှ မီးဖိုကြီးတစ်ခုအလား ပူလောင်မှုကို ခံစားလိုက်ကြရလေသည်။

ထိုသူမှာ အရပ်မြင့်မြင့် နဖူးကျယ်ကျယ်နှင့်ဖြစ်လေသည်။

စွမ်းအားကြီးသူတစ်ယောက်ဖြစ်သည်ကိုတော့ ငြင်းဖွယ်ရာ မရှိပေ။

"ဘယ်မိစ္ဆာက ကျုပ်ညီကို ကျားမိစ္ဆာပုံစံ ပြောင်းပစ်နေတာလဲ"

မြင်းစီးသူရဲကောင်းက ချုန်းဟေးဟူ၏ အဝတ်အစားများကို တွေ့သည်နှင့် စကားပြောလိုက်လေသည်။

သို့သော်... သူ့စကားမဆုံးသေးမီမှာပင် ကောင်းကင်ထက်မှ မိုးကြိုးတစ်ချက် ပစ်ချလိုက်လေတော့သည်။

မြင်းစီးသူရဲကောင်းမှာ ကြံ့ခိုင်သန်စွမ်းသူတစ်ယောက်ဖြစ်သော်လည်း မိုးကြိုးဒဏ်ကိုတော့ ခံနိုင်စွမ်းမရှိပေ။ ဆန်းလျန် တစ်ချက်ပင် တိုက်ခိုက်စရာ မလိုဘဲ ထိုသူ၏အသားများသည် မီးသွေးခဲအလားဖြစ်သွားရလေသည်။

ဖူဟောင်ပင်လျှင် ဆန်းလျန် မည်သို့သော တန်ခိုးစွမ်းအား အသုံးပြုလိုက်သည်ကို မသိလိုက်ပေ။

သို့သော်… ဆန်းလျှန်သည်လည်း မည်သည့်တန်ခိုးစွမ်းအားမှ အသုံးပြုခဲ့ခြင်းမရှိခဲ့ပါ။

ချုန်းဟေးဟူကျင့်ကြံနေစဉ်အချိန်တွင် ဆန်းလျှန်သည် အခြားသူများ မနှောက်ယှက်ရန်အတွက် အရံအတားပြုလုပ် ထားခဲ့လေသည်။

ထိုအချိန်မှာပင်… မြင်းစီးသမားက ဆန်းလျှန်ကို မိစ္ဆာဟု စွပ်စွဲပြောဆိုလိုက်သည့်အခါ ဆန်းလျှန်ကဲ့သို့ ကြီးမြတ်သူတစ်ယောက်ကို မထီမဲ့မြင်ပြုခြင်းအတွက် မိုးကြိုးပစ်ခံလိုက်ရခြင်းသာ ဖြစ်လေသည်။

မြင်းစီးသူရဲကောင်း၏အဆင့်သည် ဆန်းလျှန်ကို ပြစ်မှားလောက်ရသည်အထိ တန်ခိုးစွမ်းအားမလုံလောက်ပေ။

ထို့ကြောင့် အပြစ်ပေးခံလိုက်ရခြင်းဖြစ်လေသည်။

မြင်းစီးသမားသည် မြေပြင်ထက်သို့ပြုတ်ကျသွားပြီး အကြောများစွဲနေကာ မိုးကြိုးဒဏ်ကြောင့် ပါးစပ်တွင်းမှ အဖြူ

ရောင်အမြှုပ်များ ထွက်နေလေသည်။ သူ့နောက်မှ လိုက်လာ

သည့်စစ်သည်တော်များမှာ အဘယ်သို့ လုပ်ရမည် မသိဖြစ်

သွားကြရလေသည်။ စစ်သည်တော်အနည်းငယ်က မြင်းစီး

သမားရှိရာသို့ ကူညီရန် သွားလိုက်ကြပြီး ကျန်သည့်စစ်သည်

တော်များက ဆန်းလျှန်ကို ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင်

ဝိုင်းထားလိုက်ကြလေသည်။

ချုန်းပေးဟူမှာ ကျားတစ်ကောင်အသွင်သို့ လုံးဝပြောင်းလဲပြီး

သွားပြီ ဖြစ်လေသည်။

သူက တစ်ချက်ဟိန်းလိုက်ပြီး...

"ကျုပ်ရဲ့ဇာစ်မြစ်က ကျယ်ယန်းတောင်က ကျားတစ်ကောင်ပဲ ၊

သခင်လေးနဲ့တွေ့ပြီးနဲ့နောက် မိုးမြေသဘာဝတရား တွေ

အကြောင်း နားလည်ခွင့်ရခဲ့တယ် ၊ အခု သခင်လေးက ကျုပ်

ကို ပညာသင်ပေးဖို့ရောက်လာခဲ့တယ် ၊ ကျုပ် ကျားအသွင်

ပြောင်းပြီး သူနဲ့ လိုက်သွားတော့မယ် ၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

သူ၏စကားသံတိုင်းသည် မိုးပေါ်မှ တူကြီးတစ်ချောင်းဖြင့်ထုနေသည့်အလား ခံစားရလေသည်။

ချုန်းကော်တိုင်းပြည်မှ လူတိုင်းသည် သူ့အသံကို ကောင်းကောင်းကြားလိုက်ကြရလေသည်။

ဆန်းလျန်က...

"သွားကြစို့..."

ဆန်းလျန်သည် ချုန်းကောင်တိုင်းပြည်မှလူများကို လှည့်ပင်မကြည့်တော့ပေ။

လင်းလက်နေသည့် တိမ်တိုက်တစ်ခုထွက်ပေါ်လာပြီး သူတို့ (၃)ယောက်စလုံးကို ဝန်းရံလိုက်ကာ ညအမှောင်တွင် ပျောက်ကွယ်သွားကြလေတော့သည်။

ထိုညတွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို လူအများသည် ဒဏ္ဍာရီအဖြစ် မှတ်တမ်းတင်ထားခဲ့ကြပြီး ထိပ်တန်းစစ်သည်တော်တစ်ပါး ဖြစ်သည့်ချုန်းဟိုဟူသည် ထိုညတွင် အရှုံးကြီး ရှုံးနိမ့်ခဲ့ရလေသည်။ သူ၏ရဲစွမ်းသတ္တိ များအားလုံး ပျောက်ဆုံးသွားခဲ့ရပြီး သူ့နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် မှော်နက်အတတ်ပညာ များကိုသာ အသုံးပြုခဲ့ရလေသည်။

တိမ်တိုက်များ၏အနောက်ဘက်တွင် ကြယ်ရောင်များ လင်းလက်တောက်ပနေလေသည်။ ကောင်းကင်ထက်မှ ကြည့်လိုက်သည့်အခါ လောကမြေပြင်ကို စစ်တုရင်ခုံတစ်ခုအလား တွေ့မြင်ရလေသည်။ တောင်တန်းနှင့် မြစ်ချောင်း များသည် စစ်တုရင်ကွက်များနှင့်ဆင်တူပြီး လှုပ်လှုပ်ရှရှနှင့် သက်ရှိသတ္တဝါများသည် စစ်တုရင်အရုပ်များနှင့်ဆင်တူ လေသည်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီးမှ ဆန်းလျန်နှင့်အတူ ကောင်းကင်ထက်တွင်ပျံသန်းနေရသည်မှာ အိပ်မက်ဆန်လွန်းလှ သည်ဟု ချျန်းဟေးဟူ ခံစားနေရလေသည်။

ဆန်းလျန်က...

"မင်းရဲ့ အစ်ကိုနဲ့ ပြည်သူတွေကိုထားခဲ့ရလို့ နောင်တရနေသလား"

ဟေးဟူက...

"သခင်လေးအနားမှာနေရတာက ပြဒါးဆေးစားရတာထက်တောင် ကောင်းပါသေးတယ်၊ ဘာလို့ နောင်တရစရာ ရှိမှာလဲ"

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်းက လူသာပြန်ဝင်စားတာ အကျင့်ကအရင်အတိုင်းပဲ၊ ဒါပေမယ့် မင်းရဲ့အစ်ကိုက အနေးနဲ့အမြန် မင်းရဲ့လက်ထဲမှာသေရလိမ့်မယ်"

ဟေးဟူက...

"သခင်လေး ၊ ကျွန်တော် သူ့ကိုသဘောမကျပေမယ့် သတ်ပစ်ချင်ရလောက်အောင်တော့ မမုန်းသေးပါဘူး ၊ သူက ဘာလို့ကျွန်တော့်လက်ထဲမှာ သေရမှာလဲ"

ဆန်းလျန်က...

"အဲဒါ ကံတရားအတိုင်းပဲလေ..."

ဟေးဟူက ခေါင်းငုံ့လိုက်သည့်အခါတွင်တော့ သူ၏မျက်ခုံးနှစ်ခုကြားမှ ဧကရာဇ်သင်္ကေတက နက်ရှိုင်းစွာထွက်ပေါ်လာလေသည်။

အစ်ကိုဖြစ်သူကို သူ့လက်ဖြင့်သတ်ရမည့်နေ့ရက်သို့ ရောက်လာခဲ့လျှင်လည်း အစ်ကိုဖြစ်သူကိုမသတ်ဘဲ လွှတ်ပေးလိုက်မည်ဟု စဉ်းစားနေခဲ့လေသည်။

လူသားတစ်ယောက်အဖြစ် လူပြန်ဝင်စားခဲ့သည့်အတွက် ကိုယ်ကျင့်တရားနှင့် လူသားတို့လိုက်နာရမည့် စည်းကမ်းများ ၊

စိတ်နေသဘောထားများ ပေးဟူတွင် အပြည့်ရှိနေပြီ ဖြစ်လေ

သည်။

သူက...

"သခင်လေး... ကျွန်တော်တို့ဘယ်ကိုသွားနေတာလဲ"

"မင်းအရင်ဘဝ ဆုံးသွားတဲ့နေရာကို သွားနေတာ"

ဆန်းလျန်က ပြန်ပြောလိုက်လေသည်။

ပေးဟူက ထိုနေ့က အဖြစ်အပျက်များကို ပြန်လည် သတိရ

သွားမိလေသည်။

ထိုနေ့က သူ့ဘဝ (၂)ခုစလုံးတွင် သတ္တိအရှိဆုံးအပြုအမူကို

ပြုလုပ်ခဲ့သည့်နေ့ ဖြစ်လေသည်။ ထို့ကြောင့်လည်း သခင်လေး

သူ့အပေါ်ထားသည့် သဘောထား ပြောင်းသွားခဲ့ခြင်း ဖြစ်လေ

သည်။ မဟုတ်ပါက ဆန်းလျန်သည် သူ့ကို ကျင့်စဉ်တစ်ခု

ရေးသားသင်ပြပေးမည် မဟုတ်ပေ။

ဖူပေါင်သည်လည်း ထိုနေ့က အဖြစ်အပျက်များကို ပြန်လည်သတိရနေမိလေသည်။ သူမသည် ထိုအချိန်က အလွန်ငယ်ရွယ်ပြီး မသိနားမလည်သေးသည့်တိုင် ပေးဟူ၏ သတ္တိရှိစွာပြုလုပ်ခဲ့သည့်အပြုအမူက သူမ၏ရင်ကို ထိရှစေခဲ့လေသည်။ ထိုနေ့က... ပေးဟူ၏တစ်ကိုယ်လုံးတွင် သွေးများထွက်နေပြီး နတ်ဘုရားကျောင်းတော်အတွင်းသို့ ဝင်ရောက်လာ ကာသူမ၏ မိခင်ဖြစ်သူထံမှ နတ်ဘုရားဆရာကို ကူညီပေးရန် အကူအညီတောင်းခံခဲ့လေသည်။ သူသည် နောက်ဆုံး ထွက်သက်အထိဆန်းလျန် ပြန်လည်လွတ်မြောက်လာရန် စောင့်နေခဲ့လေသည်။ သို့သော်... ထိုသို့ သတ္တိနှင့်ပြည့်ဝလှသည့်ကျားနက်ကြီးမှာ ယခုအချိန်တွင် ဆန်းလျန်ရှေ့၌ ခွေးလေးတစ်ကောင်လို ပြုမူနေသည့် ပေးဟူနှင့် ယှဉ်ကြည့်လျှင် မည်သို့မှ ဆက်စပ်၍ပင် မရနိုင်ပေ။

သူတို့ (၃)ယောက်သည် ထောင်ပေါင်းများစွာသော တော

တောင်ရေမြေများကို ဖြတ်ကျော်သွားပြီးနောက် မက်မွန်

တောင်သို့ ရောက်ရှိလာကြလေသည်။

နတ်ဘုရားကျောင်းတော်သည် ယခင်ကထက်ပင်ပိုပြီး ခမ်းနား

ကြီးကျယ်နေခဲ့လေသည်။ ကျောင်းတော်ကို စောင့်ရှောက်

ထောက်ပံ့ပေးနေသည့် စစ်ကျင်းကို ကျေးဇူးတင်ရမည် ဖြစ်

လေသည်။

စစ်ကျင်းသည် ယိုစန်းပြည်၏ ဧကရီဘုရင်မဖြစ်ပြီး

အရှေ့တိုင်းစစ်သည်တော်များကို ထိန်းချုပ်ထားနိုင်သူ ဖြစ်

လေ သည်။ ထို့ကြောင့် ခမ်းနားသည့် ဝတ်ကျောင်းတော်တစ်ခု

ဆောက်လုပ်ရန်မှာ သူမအတွက် ခက်ခဲ့သည့်အလုပ် မဟုတ်

ပေ။

ထို့ပြင် ဆန်းလျှန်သည်လည်း အသူရာချောက်တစ်ဝှမ်းတွင် တစ်နေ့တခြား ဂုဏ်သတင်းကြီးမားလာလေရကား နတ်ဘုရားကျောင်းတော်တွင် ဆုတောင်းပြည့်ကြသည်က များလေသည်။ နတ်ဘုရားကျောင်းတော်ကို ကောင်းကင်ထက်မှ ကြည့်မည်ဆိုလျှင် ဆုတောင်းစကားများကြောင့် တန်ခိုးစွမ်းအားအငွေ့အသက်များ စုဝေးနေပြီး မိုးနှင့်မြေမှ ကင်းလွတ်နေသည့် အလားပင် ခံစားရလေသည်။

နတ်ဘုရားကျောင်းတော်ကို မလေးမစားလုပ်သည့် ကျင့်ကြံသူမည်သူမဆို အပြစ်ပေးခံရနိုင်လေသည်။

သူတို့ (၃)ယောက်သည် နတ်ဘုရားကျောင်းတော်အတွင်းသို့ မဝင်ဘဲ နတ်ဘုရားနယ်မြေအတွင်းသို့ တန်းပြီး ဝင်ရောက်သွားကြလေသည်။ နတ်ဘုရားနယ်မြေသည် အစစ်အမှန်မဟုတ်သလို အတုအယောင်ဟုလည်း ပြော၍မရပေ။ နတ်ဘုရားနယ်မြေသည် နတ်ဘုရားကျောင်းတော်နှင့် တစ်ထေရာတည်း

တူသည့်တိုင် အပြင်လူများ ဝင်၍မရသည့် နေရာတစ်ခုဖြစ်

လေသည်။

သူတို့ ဝင်လာသည်နှင့် ပလ္လင်ထက်တွင်ထိုင်နေသည့် အားလျန်

က ဆင်းလာပြီး ဆန်းလျန်ကို ဂါရဝပြုလိုက်လေ သည်။

သူမသည် ဖူဟောင်ကို တွေ့သည်နှင့် မျက်ရည်များစီးကျလာ

လေသည်။ ဖူဟောင်သည်လည်း သူမ၏မိခင်ကို ပြေးဖက်

လိုက်လေသည်။

အားလျန်က သမီးဖြစ်သူ၏ဆံပင်လေးများကို အသာအယာ

သပ်ပေးလိုက်ရင်း...

"မေမေ သမီးကို နောက် ဘယ်တော့မှ မဆူတော့ပါဘူးကွယ်..."

သားအမိ (၂)ယောက် အလွမ်းသယ်နေကြလေရာ အချိန်ခဏ

ကြာလာသည့်အခါတွင်တော့ ဟေးဟူက မကျေမနပ်ဖြင့် တစ်

ချက်ညည်းညူလိုက်လေသည်။

ထိုအခါမှာ အားလျန်က သမီးဖြစ်သူကို ပွေ့ဖက်ထားခြင်းမှ လွှတ်လိုက်ပြီး…

"သခင်လေးဟေးဟူ ၊ အခုလိုပြန်လာတာ အရမ်းဝမ်းသာတာပဲ"

ဟေးဟူက ပြုံးလိုက်ရင်း…

"မင်းကိုကြည့်ရတာ အရင်ကထက် တန်ခိုးစွမ်းအားတွေ မြင့်မားလာသလိုပဲ"

အားလျန်က…

"ကျွန်မ အခုလိုအခြေအနေမျိုးရောက်လာတာဟာ နတ်ဘုရားဆရာကြောင့်ပါ"

ဆန်းလျန်က…

"ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး ၊ ဒါနဲ့ မင်းရဲ့သမီးကိုလည်း တွေ့ရပြီဆိုတော့ အကူအညီတစ်ခုလောက် တောင်းချင်သေးတယ်"

အားလျှန်က...

"ဟုတ်ကဲ့ပါ ၊ နတ်ဘုရားဆရာ အမိန့်ကိုနာခံပါ့မယ်"

ဆန်းလျှန်က...

"တာ့ကျိုးပြည် မိုးခေါင်ရေရှားဒုက္ခကြုံနေရတာ မင်းလည်း ကြားမှာပဲ"

အားလျှန်က ခေါင်းညိတ်လိုက်ရင်း...

"ဟုတ်ကဲ့ ၊ အဲဒီသတင်းကိုကြားပါတယ် ၊ ကျွန်မ တာ့ကျိုးပြည် ကိုသွားပြီး မိုးရွာစေတဲ့တိမ်တိုက် ဖန်ဆင်းပေးခဲ့ပါ သေးတယ် ၊ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး ၊ စိတ်မကောင်းစရာပါပဲ"

ဆန်းလျှန်က...

"မင်းအဲဒီလိုစေတနာထားတာ တကယ်ကောင်းတယ် ၊ တကယ် တော့ ဒီကိစ္စဖြစ်ရတဲ့အကြောင်းကို ကျုပ်သိထား တယ် ၊ အဲဒီ ပြဿနာကိုဖြေရှင်းဖို့အတွက် မင်းဆီက ကြာပန်းမီးအိမ်လေး ခဏငှားချင်လို့ပါ"

အားလျန်က...

"ကြာပန်းမီးအိမ်က နတ်ဘုရားဆရာဖန်တီးခဲ့တဲ့ပစ္စည်းပါ၊ နတ်ဘုရားဆရာလိုချင်ရင် အချိန်မရွေးပြန်ယူသွားလို့ ရတာပါပဲ"

ဆန်းလျန်က...

"ဘယ်ဟုတ်မလဲ၊ ကျုပ်က မင်းကိုပေးလိုက်ပြီဆိုမှတော့ မင်းအပိုင်ဖြစ်သွားပြီပေါ့၊ ရှေ့လျှောက် ယုံကြည်သူတွေရဲ့ ဆုတောင်းတွေကို မင်းကိုယ်တိုင်အသုံးပြုပြီး ကျင့်ကြံတဲ့အခါ ကျုပ်ရဲ့ပစ္စည်းဖြစ်တဲ့အကြောင်းကို ဖျောက်ဖျက် ပစ်လိုက်သင့်တယ်၊ ရှန်လမ်းစဉ်က ကျင့်ကြံရတာ ခက်ခဲတယ်၊ ကျုပ်အတွက် အဖိုးတန်တဲ့ပစ္စည်းတွေကို မဖြုန်းတီး မိစေနဲ့"

ဆန်းလျန်၏စကားများက အားလျန်၏နှလုံးသားကို ထိရှသွားစေလေသည်။

သို့သော်... သူမက ဆုံးဖြတ်ချက်ခိုင်မာသည့်လေသံဖြင့်...

"ကျွန်မက အမြဲတမ်း နတ်ဘုရားဆရာအတွက် တာဝန်ထမ်းဆောင်ပေးမယ့်သူပါ၊ ဒီဆုံးဖြတ်ချက်ကို ဘယ်တော့မှ မပြောင်းလဲပါဘူး"

မိခင်ဖြစ်သူ၏စကားကြောင့် ဖူဟောင်ကတော့ သက်ပြင်းတစ်ချက် ကြိတ်ပြီးချလိုက်မိလေသည်။

သူမက ဆရာဖြစ်သူ တာအိုဆရာလုယာထံမှ အကြောင်းအရာအချို့ကို သိရှိထားလေသည်။ နတ်ဘုရားဆရာသည် ဘဝတွင်ကြီးမားသည့်အောင်မြင်မှုများကို ရရှိခဲ့သည့်တိုင် သူ၏ဘဝအဆုံးသတ်သည် လှပမည် မဟုတ်ပေ။

သို့သော်... သူမ၏မိခင်ပဲဖြစ်ဖြစ် ၊ သူမကိုယ်တိုင်ပဲဖြစ်ဖြစ် ဆန်းလျန်နှင့် ချည်နှောင်ထားသည့်ကြိုးကို ဖြတ်တောက် ပစ်မည်မဟုတ်ပေ။ ထို့ကြောင့် သူတို့ (၂)ယောက်သည်လည်း ဘဝအဆုံးသတ် လှပရမည် မဟုတ်ပေ။

သူမ၏ မိခင်သည်လည်း ငြင်းဆန်လိမ့်မည်မဟုတ်သလို သူမ

သည်လည်း နောင်တရလိမ့်မည် မဟုတ်ပါ။

ဆန်းလျန်က…

"ဒါဖြင့်လည်း မင်းသဘောအတိုင်းပါပဲ ၊ ဒီကြာပန်းမီးအိမ်က

အခု ရင်ဆိုင်နေရတဲ့ပြဿနာကိုသာ ဖြေရှင်းနိုင်ရင် ပိုပြီး

တန်ခိုးစွမ်းအား မြင့်မားလာလိမ့်မယ် ၊ နောက်ပိုင်းကျ အဲဒီ

မီးအိမ်ကို မင်းအတွက် အကာအကွယ်အဖြစ် အသုံးပြုပြီး အန္တ

ရယ်တွေကို ကျော်လွှားနိုင်ပါလိမ့်မယ် ၊ ဒါပေမယ့် မင်းက

ကျုပ်နဲ့ ရေစက်မဖြတ်ချင်ဘူးဆိုရင်တော့ ကျုပ်ရင်ဆိုင် ရမယ့်

ကြမ္မာဆိုးမှာ မင်းတို့လည်း ပတ်သက်နေမိကြလိမ့်မယ် ၊

နောင်တမရဘူးဆိုရင်လည်း ရပါတယ်"

အခန်း (၆၈၆) တိက္ကျွင်းအရှင်

ဆန်းလျှန် နတ်ဘုရားကျောင်းတော်ထဲတွင် ရှိနေစဉ်တွင် အခြားသော စကြာဝဠာဘက်ခြမ်းတွင်တော့ မငြိမ်မသက်ဖြစ် လျှက်ရှိလေသည်။

စကြာဝဠာတစ်ခုလုံးတွင် တည်ရှိမှုအများဆုံးမှာ ကြယ်စင်များ ဖြစ်လေသည်။ တာအိုဆရာသခင်ကြီးပင်လျှင် ကြယ်စင် များ၏အရေအတွက်ကို သိရှိနိုင်ခြင်း မရှိပေ။ အဘယ်ကြောင့်ဆို သော် အချိန်တစ်ခဏအတွင်းမှာပင် ကြယ်များသည် ကြွေကျ လိုက် ၊ ဖြစ်တည်လာလိုက်နှင့် အဆုံးမရှိ ပြောင်းလဲနေ သောကြောင့် ဖြစ်လေသည်။

ကြယ်အစုအဝေးတိုင်းတွင် သန်းနှင့်ချီသည့် ကြယ်စင်များ တောက်ပနေကြလေသည်။ ကြယ်စင်တစ်ခုချင်းစီတိုင်း သည် ချင်းရွှမ်နတ်တံခါးတည်ရှိရာ လောကထက် သေးငယ်ခြင်း မရှိ

ကြပေ။ ထို့ပြင်... ကြယ် (၂)စင်း၏ အကွာအဝေး သည်

အလင်းအလျှင်ဖြင့်ခရီးသွားလျှင်တောင်မှ လပေါင်းများစွာ

နှစ်ပေါင်းများစွာ ခရီးသွားမှ ရောက်ရှိနိုင်လောက် အောင်

ဝေးကွာလွန်းကြလေသည်။

အာကာသထဲတွင် သတ်မှတ်ထားသည့် အချက်ပြသင်္ကေတ

များသာ မရှိပါက ကြယ်စင်များကြား ခရီးသွားရသည်မှာ

ပို၍ပင် အချိန်ကြာနိုင်လေသည်။

ထို့ပြင် ကြယ်စင်များတစ်ခုနှင့်တစ်ခုကြား ခရီးသွားနိုင်သူများ

သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဆင့် ရှိမှသာ ဖြစ်နိုင်

လေသည်။ မဟုတ်ပါကလည်း ကြယ်အစုအဝေးများထဲတွင်

ခရီးသွားနိုင်သည့် မော်အင်းသင်္ကေတ ပိုင်ဆိုင်ထားမှသာ ဖြစ်

နိုင်လေသည်။

ကြယ်အစုအဝေးများစွာရှိသည့်တိုင် သက်ရှိများနေထိုင်နိုင်

သည့်နေရာကတော့ ရှားပါးလေသည်။ ထို့ထက်ပိုသော အချက်

မှာ ကျင့်ကြံသူများနေထိုင်ရန် သင့်တော်သည့် ကြယ်စင်များက ပိုပြီးရှားပါးလေသည်။ နက်ရှိုင်းကျယ်ပြန့်လွန်းသည့် စကြာဝဠာထဲတွင် ကျင့်ကြံသူများသည် တစ်ယောက်တည်း အသက်ရှင်သန်ရန်မှာ မဖြစ်နိုင်ပေ။ သို့သော်... ကျင့်ကြံသူများသည် အင်အားအကြီးမားဆုံးရှင်သန်နေကြသူများ ဖြစ်ကြလေသည်။

ထိုအချက်သည် တာအိုဆရာသခင်ကြီး၏ ကျမ်းစာထဲတွင် ပါဝင်သည့် မိုးကောင်းကင်ခုံရုံးဟုခေါ်သည့် ကောင်းကင်ဘုံနန်းတော် မျိုးဆက် (၂)ဆက်နှင့်လည်း ဆက်နွယ်ပတ်သက်နေလေသည်။

ယခု ကြယ်အစုအဝေးကြီးကိုတော့ "ကျီဝေး" ဟုခေါ်လေသည်။

ထိုနေရာတွင် သက်ရှိ အနည်းငယ်နေထိုင်လေသည်။

ရှေးဟောင်းနတ်ဘုရားများနှင့် ရှေးခေတ်အခါမှ ဗောဓိသကျ

များ တိတ်တဆိတ်နေထိုင်ကြရာ နေရာဖြစ်လေသည်။ နတ်ဘုရားများ ၊ ဗောဓိသတ္တများသည် ကောင်းကင်ဘုံများစွာ ၊ လောကငယ်များစွာကို တည်ဆောက်ကာ နေထိုင်လေ့ရှိကြလေသည်။

ယခု ကြယ်အစုအဝေးတွင် အမြင့်ဆုံးအဆင့် ကျင့်ကြံသူမှာ ကျောက်စိမ်းဝိညာဉ်သခင် "ကျီဝေးတိကျွင်း" ဖြစ်လေ သည်။ ကျီဝေးတိကျွင်းသည် မိုးကောင်းကင်ခုံရုံးမှ အရှင်သခင် (၄)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ကျီဝေးဧကရာဇ် လူပြန်ဝင်စားသည်ဟု အချို့က ဆိုကြလေသည်။

အချို့ကလည်း ကျီဝေးတိကျွင်းမှာ ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ထင်ရှားသည့်သခင်တစ်ပါး လူပြန်ဝင်စားသည်ဟု ဆိုကြပြန်သည်။

အချို့ကလည်း ကျီဝေးတိကျွင်းသည် နောက်ဆုံးမိုးနတ်မင်းထံမှ ကောင်းကင်ဘုံကျမ်းစာ အစိတ်အပိုင်းကို ရရှိထား သူဖြစ်

ပြီး သူ၏ ကျင့်ကြံခြင်းအဆင့်သည် ဝူကျွမ်းကျောင်းတော်မှ ကျန့်ယွမ်ကျီနတ်မင်းကြီးနှင့် နတ်မိစ္ဆာအဓိပတိ နန်းတော်မှ နတ်မိစ္ဆာအဓိပတိကြီးခွန်ဖိန်တို့နှင့် အဆင့်အတန်းတူညီသည် ဟုလည်း ဆိုကြလေသည်။

သို့သော်... ထိုကောလဟာလများ အမှန်ဖြစ်သည်ဟု မည်သူမှ သက်သေမပြနိုင်ကြပေ။

ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းသည် အမြင့်ဆုံး အဆင့်အာဏာရှိသူတစ်ယောက် ဖြစ်လေသည်။

သို့သော်... ကျောက်စိမ်းဝိညာဉ်နန်းတော်မှ တာအိုဆရာယို့တင် ကတော့ ကျီဝေးတိကျွင်း၏အမည်ဖြစ်သည့် "ကျောက်စိမ်း ဝိညာဉ်သခင်" ဆိုသည့် ဘွဲ့အမည်မှာ ကျောက်စိမ်းဝိညာဉ် နန်းတော်၏အမည်နှင့် ဆင်တူနေသည့် ကိစ္စနှင့်ပတ်သက်ပြီး မည်သည့်ဖြေရှင်းချက်မှ မပေးခဲ့ပေ။

ထို့ကြောင့် ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ကျောက်စိမ်း
ဝိညာဉ်သခင်ကျီဝေးတိကျွင်းတို့မှာ ပတ်သက်မှုရှိသည် လား ၊
မရှိသည်လားဆိုသည့်အချက်မှာ ခန့်မှန်းရန် ခက်ခဲလေသည်။
ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းသည် ကျင့်ကြံခြင်း
အဆင့်အလွန်မြင့်သည့်တိုင် သူ့တွင် လူသားတို့၏ စိတ်ဆန္ဒ
များ ရှိနေသေးသည်။ ထို့ကြောင့် နှစ်ပေါင်းများစွာကြာခဲ့ပြီး
သည့်နောက် သူ့တွင် မိဖုရားများနှင့် မောင်းမအခြွေအရံ များ
စွာရှိလေသည်။ သူ၏ မိဖုရားများထဲတွင် နတ်သမီးများလည်း
ပါရှိကြလေသည်။
အချို့မိဖုရားများက အခြေအမြစ်ခိုင်မာသည့် နတ်ဘုရား
ကျောင်းတော်ကြီးများမှဖြစ်ပြီး အချို့မှာလည်း အစဉ်အလာ
ကြီးမားသည့် ကျင့်ကြံသူမိသားစုများမှ ဖြစ်ကြလေသည်။
ကျင့်ကြံသူများသည် ကာမဆန္ဒနှင့်ပတ်သက်ပြီး စိတ်ဆန္ဒ

နည်းပါးကြသူများဖြစ်ကြလေရာ ကျီဝေးတိကျွင်းကဲ့သို့သော လူမျိုးကတော့ ရှာမှရှားဖြစ်လေသည်။

ထိုမျှ မိဖုရားများ ၊ မောင်းမမိတ်သံများ များပြားလွန်းသည့် ကြားကပင် သူသည် ကျီဝေးကြယ်အစုအဝေးကြီးကို ကောင်းစွာ စီမံအုပ်ချုပ်နိုင်သူ တစ်ယောက် ဖြစ်လေသည်။

သူ၏သြဇာလွှမ်းမိုးမှုနှင့် ထင်ပေါ်ကျော်ကြားမှုကို အများသိရှိနိုင်ရန်အတွက် ကျီဝေးကြယ်အစုအဝေးရှိ နေရာတိုင်း တွင် သူ၏အမည်ကို ရေးသားထားလေသည်။

သို့သော်... အားနည်းချက်တစ်ခုမှာ ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးသည် လူပြန်ဝင်စားခြင်းကို မတည်ဆောက် နိုင်ခြင်း ဖြစ်လေသည်။

လူပြန်ဝင်စားခြင်းဆိုသည်မှာ စကြာဝဠာတစ်ခုလုံးတွင် အဆန်းကျယ်ဆုံး ကိစ္စတစ်ခု ဖြစ်လေသည်။ အဘယ်ကြောင့်

ဆိုသော်... လူပြန်ဝင်စားခြင်းသည် အသူရာချောက်တွင်သာရှိနိုင်သည့် အစိတ်အပိုင်းတစ်ခု ဖြစ်သောကြောင့်ဖြစ် လေသည်။ ကျိုးပဲ့နေသည့်အစိတ်အပိုင်းများကို အသူရာချောက်တွင် နေရာအနှံ့အပြားတွင်တွေ့နိုင်သော်လည်း မိုးနတ်မင်းနှင့် ဗုဒ္ဓသာလျှင် ထိုအစိတ်အပိုင်းများကို ဖမ်းယူဆုပ်ကိုင်နိုင်စွမ်း ရှိလေသည်။

အသူရာချောက်သည် အဓိကကျသည့်နေရာများထဲမှ တစ်ခုဖြစ်လေသည်။ ထို့ကြောင့် တိကျန်ဗောဓိသကျသည် အသူရာချောက်ကို လေ့လာရန်အတွက် ဗုဒ္ဓကိုယ်တော်တိုင်က စေလွှတ်ခဲ့ခြင်းဖြစ်လေသည်။ ထို့အတူ မိုးနတ်မင်းသည်လည်း နတ်ဘုရားများစွာကို အသူရာချောက်သို့ လေ့လာရန် စေလွှတ်ခဲ့ဖူးလေသည်။

သို့သော်... ကြီးမားသည့် ဘေးအန္တရယ်ဆိုးကြီး ကျရောက်ပြီး သည့်နောက် တိကျန်ဗောဓိသကျသာမက မိုးနတ်မင်းပါ ပျောက်ကွယ်သွားခဲ့လေသည်။

ယခုတော့ ... အသူရာချောက်သည် ပျက်စီးနေပြီဖြစ်ပြီး ယခင် အခြေအနေအတိုင်း ပြန်ဖြစ်နိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့်... ကျိုးပဲ့နေသည့် အပိုင်းအစများတည်ရှိနေမှုကို လူအနည်းငယ် သာ သိရှိထားကြလေသည်။

ထိုသို့သိရှိထားသူအနည်းငယ်တွင် ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းလည်း အပါအဝင်ဖြစ်လေသည်။ သူသည် လူ ပြန်ဝင်စားခြင်း၏ လျှို့ဝှက်ချက်ကို သိချင်နေမိလေသည်။

သို့သော်... သူ့မတိုင်ခင်တွင် အသူရာချောက်ကို တည်ထောင်ခဲ့ သူ တစ်ယောက်ရှိခဲ့ဖူးလေသည်။

ထိုသူနှင့် သူသည် တန်ခိုးစွမ်းအား တူညီသည့်အတွက် သူ့ကို တိုက်ခိုက်ခြင်းခံခဲ့ရသည်ဟုလည်း သူက ခံစားနေရ လေသည်။

အသူရာချောက်သည် ထူးခြားဆန်းကျယ်သည့် နေရာတစ်ခု ဖြစ်လေသည်။ လူပြန်ဝင်စားခြင်း၏ဆန်းကျယ်သည့် တန်ခိုးစွမ်းအားများဖြင့် အသူရာချောက်ကို ကာကွယ်ထားလေသည်။

ထို့ကြောင့်... ကျောက်စိမ်းဝိညာဉ်သခင် ကျိဝေးတိကျွင်းသည် အသူရာချောက်မှ ပျက်စီးနေသည့်အပိုင်းအစများကို ရှင်းလင်းစွာ အာရုံခံနိုင်ခြင်း မရှိပေ။

သို့သော်... သူ၏စိတ်အာရုံတွင် အသူရာချောက်တွင် ကြီးမားသည့်ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်နေသည်ကို အာရုံခံမိ လေသည်။

ကျိုးပျက်နေသည့်အပိုင်းအစများသည် အင်အားကြီးမားလာပြီး အဓိကမဏ္ဍိုင်တစ်ခုအဖြစ် ပေါင်းစည်းနေလေသည်။

ထိုသို့ပေါင်းစည်းနေခြင်းက အခြားကျန်ရှိနေသည့် အစိတ်အပိုင်းများကိုလည်း ဆွဲဆောင်နေပြီး အသူရာချောက်ကို ယခင်အတိုင်း ပြန်လည်ပုံဖော်ရန် ကြိုးစားနေကြလေသည်။

ပြောင်းလဲမှုသည် အနည်းငယ်မျှသာဖြစ်သည့်တိုင် အလွန်လျှင်မြန်လေသည်။

ယခုအချိန်တွင်သာ မလှုပ်ရှားလျှင် သူ့အတွက် နောက်ထပ်အခွင့်အရေးရတော့မည် မဟုတ်ပေ။

သို့သော်... တစ်စုံတစ်ယောက်က သူ့ကို ချိတ်စည်းတံဆိပ်ခတ်ထားသည့်အတွက် ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းသည် အသူရာချောက်သို့ သွားရောက်နိုင်ခြင်း မရှိပေ။

ဤလောကတွင် သူ့ကို ယှဉ်ပြိုင်နိုင်သူ အလွန်မှ ရှားပါးလွန်းလေသည်။

သို့သော်... တာအိုဆရာသခင် ထိုက်ယီတွင် တာအိုဆရာယွမ်ချင်းဆိုသည့် တပည့်တစ်ယောက် ရှိလေသည်။ တာအိုဆရာယွမ်ချင်းသည် အသူရာချောက်၏ ဗီဇဝိညာဉ်မရဏာစားတစ်လက်ဖြစ်သည့် ယွမ်တုစားမှ လူပြန်ဝင်စားသူ ဖြစ်လေသည်။ ယွမ်တုစားသည် တာအိုဆရာသခင်ထိုက်ယီ၏ တပည့်တစ်ယောက်ဖြစ်လာပြီး ထိပ်တန်းအဆင့် တာအိုခန္ဓာရသည် အထိကျင့်ကြံနိုင်ခဲ့လေသည်။ ထို့ကြောင့် တာအိုဆရာယွမ်ချင်း၏တန်ခိုးစွမ်းအားများသည် တာအိုဆရာယို့တင် ကဲ့သို့တန်ခိုးစွမ်းအား မြင့်မားလွန်းလှလေသည်။

သို့သော်... ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းကို ချိတ်စည်းတံဆိပ်ခတ်ခဲ့သူမှာ တာအိုဆရာယွမ်ချင်းတစ်ယောက်တည်းမဟုတ်ခဲ့ပေ။ တာအိုဆရာယွမ်ချင်းတစ်ယောက်တည်းသာဆိုလျှင် သူ့အနေဖြင့် ထိုမျှ စိတ်အနှောက်အယှက်ဖြစ်မိမည် မဟုတ်ပါ။ သို့သော်... တာအိုဆရာ

ယွမ်ချင်းနှင့်အတူ အခြားသူတစ်ယောက်လည်း ပါဝင်သေး
သည်။

ထိုသူသည် ရှန်လမ်းစဉ်ကို ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး
တန်ခိုးစွမ်းအားလည်း အလွန်မြင့်မားလှလေသည်။ ထိုသူသည်
ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းပြုလုပ်သမျှကို
တားဆီးထိန်းချုပ်နိုင်သူ ဖြစ်လေသည်။

ထို့ကြောင့် တာအိုဆရာယွမ်ချင်းနှင့် ထိုသူတို့ ပေါင်းစည်းလိုက်
သည့်အခါတွင်တော့ ကျီဝေးတိကျွင်းသည် ကျီဝေး ကြယ်
အစုအဝေးကြီးမှ တစ်ဖဝါးမှ ထွက်ခွာနိုင်ခြင်းမရှိအောင် ပိတ်မိ
နေလေတော့သည်။

ကျီဝေးတိကျွင်း ထပ်ပြီးသည်းမခံနိုင်တော့ပါ။

သူက ယုံကြည်ရသည့် နောက်လိုက်များဖြစ်သည့် ကျန်းကျွင်း
စစ်ဗိုလ်ချုပ် (၄)ယောက်ကို နန်းတော်အတွင်းသို့ ဆင့်ခေါ်လိုက်
လေသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှ လေးထောင့်ကျကျမျက်နှာရှိပြီး နဖူးကျယ်ကျယ် ၊ မျက်လုံးပြူးပြူး ၊ နားရွက်ကြီးကြီးနှင့် ဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအားသည် နဂါးငွေ့တန်းမှ တန်ခိုးစွမ်းအားများနှင့်တူညီပြီး သူ့ကို လှည့်ပတ်နေလေ သည်။ ကျီဝေး ကြယ်အစုအဝေးတွင် သူ့ကိုယှဉ်နိုင်သူ မရှိပေ။

သူ၏အမည်မှာ စစ်ဗိုလ်ချုပ်ထျန်းဖိန် ဖြစ်လေ၏။

ထျန်းဖိန်သည် မိုးကောင်းကင်ခုံရုံးပျက်စီးသည့်အချိန်တွင် အသက်ရှင်ကျန်ရစ်သူများထဲမှ တစ်ယောက်အပါအဝင် ဖြစ်ပြီး တိကျွင်း၏ အစွမ်းထက်မြက်သည့် လက်ထောက်တစ်ယောက်လည်း ဖြစ်လေသည်။

သူ့နောက်တွင် နောက်ထပ်စစ်ဗိုလ်ချုပ် (၃)ယောက်လည်း လိုက်ပါလာလေသည်။ သူတို့အားလုံးမှာ ကျန်းကျွင်းစစ်ဗိုလ်ချုပ် (၄)ပါးဟု လူသိများကြသည့် စစ်ဗိုလ်ချုပ် (၄)ယောက် ဖြစ်လေသည်။

စစ်ဗိုလ်ချုပ်ထျန်းဖိန်က ကျီဝေးတိကျွင်းကို ဦးညွှတ်ဂါရဝပြု လိုက်ရင်း...

"ဘာအကြောင်းများရှိလို့ခေါ်ပါသလဲ တိကျွင်းအရှင်..."

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက လက်တစ်ဖက်ကို ဆန့်လိုက်ပြီး ပန်းချီကားတစ်ချပ်ကို ဖန်ဆင်းလိုက် လေသည်။ ပန်းချီကားထဲတွင် လူ (၅)ယောက်၏ပုံများ ပါဝင်ပြီး ယောကျ်ားလေးများရော မိန်းကလေးများပါ ပါဝင်လေသည်။ ထို့ပြင် အချို့က ကွန်ဖြူးရှပ်ဝါဒ စာပေသမားပုံစံဝတ်ဆင်ထားပြီး အချို့က တာအိုဝတ်စုံများ ဝတ်ဆင်ထားကြလေသည်။

ပန်းချီကားထဲမှ မိန်းမလှလေးတစ်ယောက်ကတော့ သူတို့အားလုံး၏ စိတ်အာရုံကို ဖမ်းစားထားလိုက်နိုင်လေသည်။

ဆန်းလျှန်သာ ထိုနေရာတွင်ရှိနေမည်ဆိုလျှင် ထိုမိန်းမလှလေး

သည် သူ၏ဆရာဘွားဘွားဖြစ်သူ ကျိုလင်နတ်သမီး

ဖြစ်ကြောင်း သိရှိသွားမည် ဖြစ်လေသည်။

ပန်းချီကားထဲမှ နတ်ဘုရား(၅)ပါးစလုံးသည် မတူညီသည့်

ကြယ်စင်များဖြစ်ကြလေသည်။ သို့သော်... ကျီဝေး တိကျွင်း

နန်းတော်ကတော့ သူတို့အားလုံးကို ဆက်သွယ်နိုင်စွမ်းရှိလေ

သည်။

ကျီဝေးတိကျွင်းက အမိန့်ပေးလိုက်လေသည်။

"သူတို့အားလုံးကို ဒီကိုခေါ်လာခဲ့..."

စစ်ဗိုလ်ချုပ်ထျန်းဖိန်က အနည်းငယ်တုံ့ဆိုင်းနေပြီးမှ...

"သူတို့အားလုံးက ကြယ်အစုအဝေးအသီးသီးမှာ နာမည်

ကျော်ကြားကြတဲ့သူတွေပဲ ၊ အထူးသဖြင့် ကျိုလင်နတ်သမီး ပဲ

၊ သူ့ရဲ့တန်ခိုးစွမ်းအားက အရမ်းမြင့်မားပြီး ဓားသိုင်းကလည်း

တော်လွန်းတယ် ၊ ချင်းယွမ်မြောင်တောက်အရှင် တောင်မှ သူ့

ကို အရမ်းချီးကျူးတာ ၊ ဒါကြောင့် သိပ်တော့မလွယ်လှဘူး နော်"

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက...

"ဒီ ကျီဝေးကြယ်အစုအဝေးမှာတော့ ကျုပ်စကားက အမိန့်ပဲ"

စစ်ဗိုလ်ချုပ်ထျန်းဖိန်သည် သက်ပြင်းတစ်ချက် ကြိတ်ပြီး ချ လိုက်မိလေသည်။

အမှန်တော့ သူသည် ကျိုလင်နတ်သမီးကို အလွန်လေးစားသူ ဖြစ်လေသည်။ ထို့ကြောင့် တိကျွင်းက သူမကို ဖမ်းဆီးခေါ် ဆောင်ရသည့် အကြောင်းရင်းကို သိချင်နေမိလေသည်။

စစ်ဗိုလ်ချုပ်ထျန်းဖိန်အပေါ်တွင် တိကျွင်း၏ ကျေးဇူးတရား များ များစွာရှိလေရကား သူ့အတွက် အမိန့်ကိုနာခံရန်မှ တစ်ပါး အခြားရွေးခြယ်စရာ မရှိတော့ပေ။

အမိန့်ကို လက်ခံပြီးသည်နှင့် သူတို့ နန်းတော်အတွင်းမှ ထွက် ခွာလာကြလေသည်။

နန်းတော်အပြင်ဘက်သို့ရောက်သည်နှင့် ထျန်းဖိန်က စကားစ

လိုက်သည်။

"ကျိုလင်နတ်သမီးက တန်ခိုးစွမ်းအားမြင့်မားလွန်းတဲ့အတွက်

ကျုပ်ကိုယ်တိုင် သွားဖမ်းမယ်၊ ကျန်တဲ့သူတွေကို မင်းတို့သွား

ဖမ်းလိုက်ကြပါ..."

အခြားသူ (၃)ယောက်က ခေါင်းညိတ်လိုက်ကြပြီး...

"စိတ်ချပါ၊ ကျုပ်တို့ အမိန့်အတိုင်းလုပ်ဆောင်ပါ့မယ်"

အခန်း (၆၈၇) ကစားပွဲထဲကိုဘယ်သူဝင်လာပြီလဲ

ထိုသို့ဖြင့် ကျန်သည့် စစ်ဗိုလ်ချုပ် (၃)ယောက်သည် အခြားသူ (၄)ယောက်ကို ဖမ်းဆီးရန် ထွက်ခွာသွားကြလေ သည်။

စစ်ဗိုလ်ချုပ်ထျန်းဖိန်ကတော့ ကျိုလင်နတ်သမီးကို ဖမ်းဆီးရန် အတွက် နတ်စစ်သည်တစ်သောင်းကို ခေါ်ဆောင် သွားခဲ့လေ သည်။

ထိုနတ်စစ်သည်များမှာ အဆင့်မြင့်ကျင့်ကြံသူများတော့ မဟုတ်ကြပေ။ သို့သော်... သူတို့သည် နှစ်ပေါင်းများစွာ အစွမ်းထက် ဝိညာဉ်စွမ်းအားဆေးဝါးများကို သုံးစွဲထားကြ သူများဖြစ်လေသည်။ ထို့ကြောင့် ထိုနတ်စစ်သည်များ ပူးပေါင်းပြီး ထောင်ချောက်ဆင်မည်ဆိုလျှင် နတ်ဘုရားများကို ဖမ်းဆီးနိုင်မည် ဖြစ်လေသည်။

ကျိုလင်နတ်သမီးသည် အလွန်မှ တန်ခိုးစွမ်းအားမြင့်မားသူဖြစ် သည့်အတွက်သူမကို ဖမ်းဆီးရန် ထိုသို့ ပြုလုပ်ရခြင်း ဖြစ်လေ သည်။

အချိန်အနည်းငယ်ကြာသည့်အခါတွင်တော့ စစ်ဗိုလ်ချုပ်ထျန်း ဖိန်သည် ကျိုလင်နတ်သမီးနေထိုင်ရာ နေရာသို့ ရောက်ရှိလာ လေသည်။

ကျိုလင်နတ်သမီးနေထိုင်သည့်နေရာသည် ကြယ်စင်တစ်စင်း ပေါ်တွင် မဟုတ်ပါ။ သို့သော်... ထိုနေရာသည် ထုန်ထျန်းနတ် မြစ်ဟုခေါ်သည့် ကောင်းကင်ထက်မှ မမြင်ရသည့် မြစ်တစ် စင်း ဖြစ်လေသည်။ ထိုမြစ်ကိုမမြင်တွေ့ရခြင်းမှာ တန်ခိုး စွမ်းအားအငွေ့အသက်များဖြင့် ဖုံးလွှမ်းနေသောကြောင့် ဖြစ် လေသည်။

ရှေးခေတ်အချိန်ကတည်းကပင် ထိုမြစ်သည် ရပ်တန့်သွားခြင်း မရှိပေ။

ကျိုလင်နတ်သမီး လောကကိုကျော်လွန်ပြီးသွားသည့်နောက် ဤနေရာတွင် လာရောက်နေထိုင်သည်မှာ နှစ်ပေါင်း တစ်ရာခန့် ရှိပြီ ဖြစ်လေသည်။

ထုန်ထျန်းနတ်မြစ်သို့လာရောက်ကြသူ များစွာရှိလေသည်။ သို့သော်… ထိုနေရာမှ အကျိုးအမြတ်ရရှိသွားသူ မည်သူမှ မရှိပေ။ ထုန်ထျန်းနတ်မြစ်သို့ ရောက်လာကြသူ အတော်များများမှာ မြစ်ရေကိုဖုံးလွှမ်းနေသည့် အဆုံးမရှိသည့် တန်ခိုးစွမ်းအားအခိုးအငွေ့များအကြောင်းကို စပ်စုချင်သည့်အတွက် ရောက်လာကြခြင်းသာ ဖြစ်လေသည်။

ကျိုလင်နတ်သမီးသည် ထိုနေရာတွင် ကျင့်ကြံခြင်းအဆင့် တက်ရောက်နိုင်ခဲ့လေသည်။ သို့သော်… ထိုနေရာတွင် ကျင့်ကြံခြင်းအဆင့်တက်ရောက်ခဲ့သူမှာ သူမတစ်ယောက်တည်းတော့ မဟုတ်ပေ။

နတ်စစ်သည်တစ်သောင်း၏ အငွေ့အသက်များသည် နတ်ဘုရားများကို ထိတ်လန့်စေရန်အတွက်လုံလောက်လေ သည်။ ထို့ကြောင့် ကျိုလင်နတ်သမီးသည်လည်း ထိတ်လန့်သွားခဲ့ရလေသည်။

"ကျုပ် စစ်ဗိုလ်ချုပ်ထျန်းဖိန် တိကျွင်းအရှင်ရဲ့အမိန့်နဲ့ ကျိလင်နတ်သမီးကို ကျီဝေးတိကျွင်းနန်းတော်ကိုခေါ်ဆောင်ဖို့ ရောက်လာပါတယ်၊ မသက်ဆိုင်သူတွေ ခပ်ဝေးဝေးရှောင်ပေးကြပါ"

စစ်ဗိုလ်ချုပ်ထျန်းဖိန်၏အသံသည် ထုန်ထျန်းနတ်မြစ်ကြောင်းတစ်လျှောက် ဖုံးလွှမ်းသွားလေသည်။ သူ၏အသံကိုကြားလိုက်ရသည်နှင့် မသက်ဆိုင်သူများမှာ အသီးသီးရှောင်ပေးသွားကြလေသည်။

ထိုအချိန်မှာပင် ထုန်ထျန်းနတ်မြစ်သည် လိုက်ကာတစ်စအလား နှစ်ခြမ်းကွဲသွားပြီး မြစ်အတွင်းမှ ခရမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက် လှပစွာဖြင့် လမ်းလျှောက်ထွက်လာလေသည်။

သူမသည် အလွန်မှ ချောမောလှပပြီး ကျက်သရေရှိလှသည့် ကျိလင်နတ်သမီးပင် ဖြစ်လေတော့သည်။

သူမက စစ်ဗိုလ်ချုပ်ထျန်းဖိန်ကို တစ်ချက်ကြည့်လိုက်ပြီး...

"စစ်ဗိုလ်ချုပ်ထျန်းဖိန်၊ ကျွန်မက ကျီဝေးတိကျွင်းနန်းတော်ကို မလိုက်နိုင်ပါဘူး၊ ကျေးဇူးပြုပြီး ပြန်ပါတော့"

ထျန်းဖိန်က လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်ရင်း...

"ကျုပ်က တိကျွင်းအရှင်ရဲ့အမိန့်နဲ့ရောက်လာတာပါ၊ ကျေးဇူးပြုပြီး လိုက်ခဲ့စေလိုပါတယ်"

ကျိုလင်နတ်သမီးက အေးစက်သည့်လေသံဖြင့်...

"ရှင် ဒီနေရာမှာ ကျွန်မကို ဖမ်းခေါ်သွားလို့ မရနိုင်ပါဘူး"

သူမက လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေရာ ထုန်ထျန်းနတ်မြစ်တွင် တာအိုမီးတောက်များ တောက်လောင်လာလေ သည်။

မီးတောက်များအလယ်တွင် ကျိုလင်နတ်သမီးသည် ရှေးဟောင်းမီးနတ်သမီးတစ်ပါးနှင့်ပင် ဆင်တူလေသည်။ သူမထံမှ ဓားတစ်လက်ပျံသန်းထွက်ပေါ်လာပြီး ဓားရောင်သည် မီး

ရောင်အောက်တွင် လင်းလက်နေလေရာ လှပသည့် နေဝင်ဆည်းဆာချိန်အလားပင် ထင်မှတ်ရလေသည်။

ကျိုလင်နတ်သမီး၏ပုံသဏ္ဍာန်သည် အလွန်မှ ခမ်းနားမြင့်မြတ်လွန်းလှလေသည်။

စစ်ဗိုလ်ချုပ်ထျန်းဖိန်သည် ကျီဝေးကြယ်အစုအဝေးကြီးတွင် အချိန်ကြာမြင့်စွာ နေထိုင်ခဲ့သူဖြစ်သည့်တိုင် ထုန်ထျန်း နတ်မြစ်တွင် တာအိုမီးတောက်များဖြင့်ပြည့်နေသည့်မြင်ကွင်းမျိုးကို ဘဝတွင် ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းဖြစ် လေသည်။

နေရာအနှံ့တွင် တာအိုစွမ်းအားများဖြင့် ပြည့်နက်နေပြီး တာအိုမဟာလမ်းစဉ်သည် ကိန်းအောင်းလျှက်ရှိ လေသည်။

အတိတ်တစ်ချိန်တုန်းက ထုန်ထျန်းနတ်မြစ်၏ လျှို့ဝှက်ချက်ကို မည်သူမှ မသိရှိခဲ့ကြသည့်အတွက် ကျိုလင်နတ်သမီး သည် ထိုပညာကို ကံကောင်းစွာဖြင့် ကျင့်ကြံအောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။

ထုန်ထျန်းနတ်မြစ်သည် ကျိလင်နတ်သမီး၏ ပိုင်နက်ဖြစ်သွား

သည့်အတွက် သူမသာလျှင် မြစ်ရေပြင်ကို လောင်ကျွမ်းစေနိုင်

ပြီး တိုက်ခိုက်မှုကို ပြုလုပ်နိုင်လေသည်။

သို့သော်... စစ်မိုလ်ချုပ်ထျန်းဖိန်ဆိုသည်က အခက်အခဲပေါင်း

များစွာကို ကျော်လွှားနိုင်ခဲ့သည့် စစ်မိုလ်ချုပ် တစ်ယောက်ဖြစ်

ရကား မည်သည့်အရာကမှ သူ့ကို တားဆီးနိုင်မည် မဟုတ်ပေ။

စစ်မိုလ်ချုပ်ထျန်းဖိန်က...

"ဒါဖြင့်လည်း တိုက်ခိုက်ရမှာဖြစ်လို့ တောင်းပန်ပါတယ်"

ပြောပြီးသည်နှင့် စစ်မိုလ်ချုပ်ထျန်းဖိန်က ငွေရောင်တောက်ပ

နေသည့် အသွားကိုးခု ထွန်ခြစ်ကို ထုတ်ယူကာ တိုက်ခိုက်လိုက်

လေတော့သည်။ ငွေရောင်ထွန်ခြစ်ကို ဝှေ့ယမ်းလိုက်သည်နှင့်

ငွေရောင်နဂါးကြီး (၉)ကောင် ထွက်ပေါ်လာကာ ကျိလင်

နတ်သမီးထံသို့ ဝင်ရောက်သွားလေတော့သည်။

ငွေရောင်အသွားကိုးခုထွန်ခြစ်သည် နှယ်နှယ်ရရ လက်နက်
တစ်ခု မဟုတ်ပါ။ ထိုက်စန့်လောင်ကျွင်း၏ ဖိုထဲတွင် ထည့်ကာ
မီးထိုးခံပြုလုပ်ထားသည့် လက်နက်ကောင်းတစ်ခု ဖြစ်လေ
သည်။ ထို့ကြောင့် အသွားကိုးခုထွန်ခြစ်မှာ အလွန်မှ တန်ခိုး
စွမ်းအား ပြင်းထန်လွန်းလေသည်။

သို့သော်... ကျိုလင်နတ်သမီးကလည်း တာအိုမီးတောက်များ
ကို ငွေရောင်နဂါးကြီးများဆီသို့ ထုတ်လွှတ်လိုက်ကာ ပြန်လည်
တိုက်ခိုက်လိုက်လေသည်။ ငွေရောင်နဂါး (၉)ကောင်မှာလည်း
အစွမ်းထက်မြက်လှလေရာ ကျယ်လောင် သည့် အော်ဟစ်
သံကြီးများ ကိုပြုလုပ်လိုက်ပြီး တာအိုမီးတောက်များကို
တားဆီးထားလိုက်ကြလေသည်။

ထို့နောက်တွင်တော့.... မိုးမြေ တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်
သွားလေတော့သည်။

ထျန်းဖိန်သည် မာန်မာနကြီးသူတစ်ယောက် မဟုတ်ပါ။ ထို့ပြင် သူသည် ကျိုလင်နတ်သမီးထက် မျိုးဆက်ပေါင်းများ စွာ ရှည်ကြာခဲ့သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ သူ့ ဘဝတွင် ကျိုလင်နတ်သမီးထက်တော်သည့်သူ များစွာနှင့် လည်း ရင်ဆိုင်ခဲ့ရဖူးလေသည်။

သို့သော်... သူ့အနေဖြင့် ကျိုလင်နတ်သမီးကို ဖမ်းဆီးခေါ် ဆောင်သွားနိုင်ခြင်း မရှိလျှင်သာ ရှက်ဖွယ်လိလိဖြစ်ရပေ လိမ့်မည်။

သို့သော်... ကျိုလင်နတ်သမီးဆိုသည်ကလည်း ခေသူတစ် ယောက် မဟုတ်ပါပေ။

ရုတ်တရက်.... ထျန်းဖိန်သည် အေးစိမ့်မှုကို ခံစားလိုက်ရလေ သည်။ သူ၏ ကျင့်ကြံခြင်းအဆင့်နှင့်ဆိုလျှင် အပူအအေး ပြောင်းလဲမှုများကို ခံနိုင်ရည်ရှိသူ တစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် ကျိုလင်နတ်သမီးက သူ ခံစားမိသည့်အထိ အပူရှိန်

ကို လျှော့ချလိုက်နိုင်သည်မှာ အတော်လေး တန်ခိုးစွမ်းအား

မြင့်မားကြောင်း သိသာလေ သည်။

အေးစိမ့်မှုကြောင့် တိုက်ခိုက်မှုမှမပြုသေးဘဲ ရပ်နေကြသည့်

နတ်စစ်သည်များ၏ မျက်ခုံးများနှင့် နှုတ်ခမ်းများတွင် ရေခဲ

အလွှာများကို တွေ့မြင်ရမည် ဖြစ်လေသည်။ ပတ်ဝန်းကျင်

တစ်ခုလုံးသည် ရုတ်တရက် အေးစိမ့်သွားခဲ့လေ သည်။

အစွန်းရောက်အောင်အေးစက်လွန်းလှသည့် ထိုက်ယင်း

စွမ်းအားသည် ထျန်းဖိန်နှင့်သူ၏ နတ်စစ်သည်များကို လွှမ်းမိုး

ထားလေသည်။ ကျဆင်းလာသည့်နှင်းပွင့်တိုင်းတွင် အေးစက်

သည့်ဓားဝိညာဉ်များ ပါဝင်နေလေသည်။ ငွေရောင်နဂါးကြီး

(၉)ကောင်မှာ ထိုက်ယင်းစွမ်းအားဖြင့်လွှမ်းမိုးခံရပြီး

ကောင်းကင်ထက်တွင် ငွေရောင် နဂါးရုပ်ထုကြီး (၉)ခုပမာ

အေးခဲနေကြပြီ ဖြစ်လေသည်။

ထျန်းဖိန်က အံ့သြသွားသည့်လေသံဖြင့်...

"မင်းရဲ့ ထိုက်ယင်းစွမ်းအားတွေက ကွမ်ဟန်နန်းတော်က
နတ်သမီးနဲ့တောင် ကောင်းကောင်းယှဉ်နိုင်တာပဲ ၊ ဒါပေမယ့်
ကျုပ် ကွမ်ဟန်နန်းတော်ကိုနောက်ဆုံးတစ်ကြိမ်ရောက်တုန်းက
အဲဒီစွမ်းအားတွေကို ဘယ်လို တိုက်ခိုက်ရမလဲဆိုတာ သိခွင့်ခဲ့
ရလို့ တော်သေးတာပေါ့"

ပြောပြီးသည်နှင့် ထျန်းဖိန်က ဂါထာတစ်ပုဒ်ကိုရွတ်လိုက်ပြီး
သူ၏နှာခေါင်းကို လက်ဖြင့်ပွတ်လိုက်လေသည်။

ထိုအခါ... သူ၏ပါးစပ်အတွင်းမှ မီးတောက်တစ်ခု ထွက်
ပေါ်လာလေသည်။ မီးတောက်၏အပူရှိန်ကြောင့် ရေခဲများ
ချက်ချင်းအရည်ပျော်သွားပြီး ဓားဝိညာဉ်မှာလည်း ပျောက်
ကွယ်သွားရလေသည်။

သူတို့ (၂)ယောက်သည် လေထုထဲတွင် တိုက်ခိုက်နေ
သည့်အတွက်သာ အခြားသူများ ထိခိုက်မှုမရှိခြင်း ဖြစ်လေ
သည်။ ထို့ပြင်... ထုန်ထျန်းနတ်မြစ်သည် ထူးဆန်းသော မြစ်

တစ်ခုဖြစ်လေသည်။ သူတို့ အပြင်းအထန် တိုက်ခိုက်နေကြ
သည့်တိုင် အခြားသူများကို ထိခိုက်ခြင်း မဖြစ်ခဲ့ပေ။
တစ်ခဏမျှ တိုက်ခိုက်လိုက်သည်နှင့် စစ်ဗိုလ်ချုပ်ထျန်းဖိန်၏
တိုက်ခိုက်မှုပညာအသေးစိတ်ကို ကျိုလင်နတ်သမီးက နားလည်
သွားလေသည်။ ကောလဟာလများအရဆိုလျှင် ထျန်းဖိန်သည်
ဘုရင်ရှစ်ပါးနန်းတော်နှင့် ပတ်သက်သူ တစ်ယောက်ဖြစ်လေ
သည်။ သူ၏ ကျင့်ကြံခြင်းလမ်းစဉ်မှာ စစ်မှန်ပြီး ဖျက်စီးနိုင်
ရန် ခက်ခဲလေသည်။

ကျိုလင်နတ်သမီးက ပြုံးသည်ဆိုရုံလေးတစ်ချက် ပြုံးလိုက်
လေသည်။

ထို့နောက်တွင်တော့… ထုန်ထျန်းနတ်မြစ်အတွင်းမှ ထောင်နှင့်
ချီသည့်အလင်းလုံးများ ထွက်ပေါ်လာလေသည်။ ထျန်းဖိန်မှာ
အံ့ဩထိတ်လန့်သွားရလေသည်။ မျက်စိတစ်မှိတ်အတွင်းမှာ
ပင် ပတ်ဝန်းကျင်အခြေအနေက ပြောင်းလဲ သွားသည်မဟုတ်

ပါလား။ ပတ်ဝန်းကျင်းတစ်ခုလုံးတွင် တန်ခိုးစွမ်းအား

အငွေ့အသက်များ ဖုံးလွှမ်းနေလေသည်။ အသက်တစ်ချက်ရှူရုံ

မျှဖြင့်ပင် တန်ခိုးစွမ်းအားများ ဖြစ်ပေါ်နေသည့်အလား ခံစားရ

လေသည်။

ထျန်းဖိန်က အံ့သြစွာဖြင့် ရေရွတ်လိုက်လေသည်။

"နတ်ကမ္ဘာငယ်..."

နတ်ကမ္ဘာငယ်ဆိုသည်မှာ ကမ္ဘာငယ်တစ်ခုပင် ဖြစ်လေသည်။

သို့သော် ထိပ်တန်းအဆင့် လမ်းစဉ်ကို သက်သေပြခဲ့ကြသည့်

မြင့်မြတ်သူများ၏ တန်ခိုးစွမ်းအားများဖြင့် တည်ဆောက်ထား

ခြင်း ဖြစ်လေသည်။

ပြောကြသည်မှာတော့ မည်သည့်ဂါထာမန္တန်ဖြစ်စေ ၊ တန်ခိုး

စွမ်းအားကျင့်စဉ်ဖြစ်စေ ထိုနေရာတွင် လျှင်မြန်စွာ လေ့လာ

သင်ယူနိုင်သည်ဟု အဆိုရှိကြလေသည်။ ထိုနေရာသို့ ဝင်

ရောက်နိုင်သည့် သာမန်ကျင့်ကြံသူများသည် အလွန်မှ ကံကောင်းသည်ဟု ဆိုနိုင်လေသည်။

သို့သော်... ဘုရင်ရှစ်ပါးနန်းတော်မှ ကျင့်စဉ်ကို ကျင့်ကြံထားသည့် ထျန်းဖိန်အတွက်တော့ နတ်ကမ္ဘာငယ်သည် ဆန့်ကျင်ဘက်အကျိုးသက်ရောက်မည် ဖြစ်လေသည်။

တာအိုကျင့်စဉ်များနှင့် တန်ခိုးစွမ်းအားကျင့်စဉ်များသည် ထိုပညာများကို တီထွင်ရေးသားခဲ့ကြသည့် မြင့်မြတ်သူများ၏မူလသဘောတရားများပါဝင်လေသည်။ အကယ်၍ ကျင့်ကြံမည့်ကျင့်စဉ်သည် ကျင့်ကြံသူ၏ သဘော သဘာဝနှင့် မကိုက်ညီပါက ကိုယ်ကျင့်တရားကိုပင် ထိခိုက်ညစ်ညမ်းစေမည် ဖြစ်လေသည်။ အခြားသူများအနေဖြင့် ကျင့်စဉ် တစ်ခုကိုကျင့်ကြံပြီး တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက်ဖြစ်လာသည့်တိုင် နောက်တစ်ယောက်ကတော့ အောင်မြင်ချင်မှ အောင်မြင်မည် ဖြစ်လေသည်။

အခန့်မသင့်လျှင် ကျင့်စဉ်မှားယွင်းမှုကြောင့် ကျင့်ကြံသူတစ်ယောက်၏ တာအိုလမ်းစဉ်သည်ပင် အတားအဆီး ဖြစ်သွားနိုင်လေသည်။

ကျိုလင်နတ်သမီး၏အသံသည် အဝေးမှလာသည့်အလား ထွက်ပေါ်လာလေသည်။

"ရှင်က လေ့လာမှုအားအရမ်းကောင်းတယ်၊ တကယ်တော့ ထုန်ထျန်းနတ်မြစ်ဟာ နတ်ကမ္ဘာငယ်ဆီကို ဝင်တဲ့ဝင်ပေါက် တစ်ခုပဲ၊ ရှင်သာ အဲဒီမှာ ပိတ်မိနေရင် ထွက်လာလို့ရမှာ မဟုတ်တော့ဘူး"

ထျန်းဖိန်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ဘယ်သူက တိကျွင်းအရှင်ကို ဆန့်ကျင်ရဲတာလဲ"

ထျန်းဖိန်သည် သာမန်ကျင့်ကြံသူတစ်ယောက် မဟုတ်ပါ။

ထုန်ထျန်းနတ်မြစ်သည် သာမန်နေရာတစ်ခုမဟုတ်သည်ကို သိရှိထားလေသည်။ သို့သော်... နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ

ဖြစ်သည့်တိုင် ထုန်ထျန်းနတ်မြစ်သည် နတ်ကမ္ဘာငယ်တစ်ခု၏ ဝင်ပေါက်ဖြစ်နေသည်ကို လုံးဝ သိရှိခဲ့ခြင်း မရှိပေ။

သူတင်မဟုတ်ပါ။ တိကျွင်းအရှင်သည်လည်း သိရှိခဲ့ခြင်း မရှိပေ။

ဤအချက်မှာ ထူးဆန်းလွန်းလေသည်။

တစ်စုံတစ်ယောက်ကသာ လှည့်စားပြီး ဖုံးကွယ်ထားခြင်း မဟုတ်ပါက သူတို့အနေဖြင့် မသိစရာ အကြောင်းမရှိပေ။

နတ်ကမ္ဘာငယ်သည် ကြီးကျယ်မြင့်မြတ်သည့်ပုဂ္ဂိုလ်တစ်ယောက် လျှောက်လှမ်းခဲ့သည့်လမ်းစဉ်ကို ကိုယ်စားပြုလေသည်။ ထိုသို့သောလူမျိုးသည် စကြာဝဠာထဲတွင် အနည်းငယ်သာ ရှိလေသည်။ ထျန်းဖိန်သည် ချက်ချင်းပင် တိကျွင်းအရှင်အတွက် စိတ်ပူသွားမိလေသည်။

ကျိုလင်နတ်သမီးက...

"ကျောက်စိမ်းဝိညာဉ်သခင်ကျိဝေးတိကျွင်းက ဓားသူတော်စင်ကျိဝေးလို့ခေါ်တဲ့ ကျိဝေးကေရာဇ်ရဲ့ နောက်လိုက် တစ်ယောက်ပဲ ၊ ဒါပေမယ့် အခု သူက ဓားသူတော်စင်ကျိဝေးရဲ့အမည်ကို အသုံးပြုပြီး အလွဲသုံးစားလုပ်နေခဲ့တယ် ၊ ကံတရားက အပြစ်ပေးတာကို ခံရမှာပဲ"

ထျန်းဖိန်သည် ဖြစ်နိုင်ချေတစ်ခုကို စဉ်းစားလိုက်မိလေသည်။

"ကျိဝေးကေရာဇ်က ကျဆုံးသွားပြီ မဟုတ်ဘူးလား"

ထျန်းဖိန်၏စကားကို ကျိုလင်နတ်သမီးက တုန့်ပြန်ခြင်း မရှိပါ။ နတ်ဘုရားစွမ်းအားများ အဆက်မပြတ်မြင့်တက်လာပြီး ထျန်းဖိန်ကို အဆက်မပြတ် ထိုးနှက်တိုက်ခိုက်လိုက်သည့် အတွက် ထျန်းဖိန်အနေဖြင့် အခြားကိစ္စများကို စဉ်းစားချိန်မရတော့ပေ။

အခန်း (၆၈၈) လင်စန်းတောင်

ထျန်းဖိန်သည် နတ်ဘုရားကမ္ဘာငယ်ထဲသို့ ရောက်ရှိသွားသည်ကို ကျောက်စိမ်းဝိညာဉ်သခင် ကျိဝေးတိကျွင်းက ချက်ချင်းပင် အာရုံခံလိုက်မိလေသည်။

သူ၏နှလုံးသားသည် ကြည်လင်ရှင်းလင်းနေပြီး နတ်ဘုရားစိတ်အာရုံကို အာကာသတစ်ခုလုံးသို့ ဖြန့်ကျက်လိုက် လေသည်။

ထိုအခါ သူ၏စိတ်အာရုံတွင် လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုသူသည် အလွန်တရာ ချောမောလှပလွန်းပြီး ကျက်သရေလည်းရှိလှလေသည်။ ထိုသူ၏ ဝတ်ရုံသည် လေထဲတွင် လွင့်ပျံနေပြီး တာအိုမဟာလမ်းစဉ်၏ စာလုံးသင်္ကေတများက ထို

သူကို လှည့်ပတ်နေလေသည်။ ထိုသူ၏ ကြီးကျယ်မြင့်မြတ်မှု

ရှေ့တွင် မည်သူမဆို သိမ်ငယ် ခံစားရမည်ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းသည် သူ၏ နတ်

ဘုရားစိတ်အာရုံများကို လူသားအသွင်သဏ္ဍာန် ပြောင်း

လိုက်ကာ ထိုသူရှေ့တွင် ရပ်လိုက်လေသည်။

သူက အေးစက်သည့်လေသံဖြင့်...

"မင်းက မသေသေးဘူးကိုး...."

"ဓားသူတော်စင်ကျီဝေးလို့ခေါ်တဲ့ ကျီဝေးကေရာဇ်က သေဆုံး

သွားခဲ့ပါပြီလေ ၊ အခု မင်းရှေ့မှာ ရောက်နေတာ စူးချန်ဝမ်ပါ"

ထိုသူက ပြောလိုက်လေသည်။

ထိုသူသည်ကား အခြားသူမဟုတ်။ ဟိုးလွန်ခဲ့သည့်နှစ်ပေါင်း

များစွာက ဆန်းလျန်အား ရှိခြင်းမရှိခြင်းဓားဝိညာဉ်ကို

သင်ကြားပေးခဲ့သည့် ဓားသူတော်စင်ကျီဝေးတစ်ဖြစ်လဲ ဆရာ

စူးပင်ဖြစ်လေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင် ဆရာစူး၏ ပုံသဏ္ဍာန်သည် ပြောင်းလဲသွားခြင်းမရှိပါ။

သို့သော်... သူ၏ ဝိညာဉ်ပုံရိပ်သည် စကြာဝဠာကြီးတစ်ခုအလား မရေမရာ ခံစားရစေလေသည်။

ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းက...

"မင်း ဘာလို့ ဒီကို ရောက်လာရတာလဲ"

ဆရာစူးက တစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ်အသက်ရှင်နေသေးတာကို မင်းသိသွားရင် ကျုပ်ကို သတ်မှာပဲ မဟုတ်ဘူးလား ၊ ဒါကြောင့် မင်းကျုပ်ကို လာသတ်မှာကို စောင့်မနေတော့ဘဲ မင်းကို အရင်လာသတ်တာ"

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက...

"ကျုပ်က အရင်ကနဲ့ မတူတော့သလို မင်းကလည်း ကျီဝေးဧကရာဇ် မဟုတ်တော့ဘူးလေ ၊ ဘယ်လိုလုပ် ကျုပ်ကို သတ်နိုင်မှာတဲ့လဲ"

ဆရာစူးက...

"ကျုပ်ရဲ့ဓားနဲ့ပေါ့ဗျာ..."

ဆရာစူး၏လက်ထဲတွင် ဓားမရှိပါ။ သို့သော်... ပတ်ဝန်းကျင်တစ်ခုလုံးတွင် ဓားဝိညာဉ်အငွေ့အသက်များ ထွက်ပေါ်လာသည်ကို ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်း ခံစားလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော် ဆရာစူးပြောသည့်အတိုင်းပင် ကျီဝေးတိကျွင်းမြင်တွေ့သမျှနှင့် ခံစားရသမျှသည် ဆရာစူး ၏ဓားအဖြစ်သို့ ပြောင်းလဲသွားသောကြောင့် ဖြစ်လေသည်။

ဆရာစူး၏ဓားသိုင်းသည် လောကတွင်အမြင့်မြတ်ဆုံးအဆင့်ဓားသိုင်း မဟုတ်သေးသည့်တိုင် နီးစပ်နေပြီဖြစ်လေ သည်။

သို့သော် ဤဓားကွက်တစ်ခုတည်းဖြင့် ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းကို သုတ်သင်ပစ်ရန်မှာ မလွယ်ကူ လှပါ။

တာအိုဆရာယွမ်ချင်းနှင့် ဗိဿနိုးတို့က ကျီဝေးတိကျွင်းကို

ချိတ်စည်းတံဆိပ်ခတ်ထားပြီး လျှို့ဝှက်စောင့်ကြည့် နေကြ

သည့်တိုင် လွယ်ကူမည်တော့ မဟုတ်ပေ။

ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းက ဆရာစူးကို

ပြန်လည် တိုက်ခိုက်ခြင်း မရှိပါ။

သို့သော်... ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံးတွင်

အလင်းရောင်များ တောက်ပလာလေသည်။ တောက်ပနေသည့်

ကြယ်စင်ပေါင်း သုံးရာခြောက်ဆယ် ထွက်ပေါ်လာပြီး နတ်

ဘုရားထောင်ချောက်တစ်ခုကို ပြုလုပ်လိုက်ကြလေသည်။

တစ်ချိန်တည်းမှာပင် ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွ

င်း၏ ရုပ်ခန္ဓာအစစ်သည်လည်း ရောက်ရှိလာကာ နတ်ဘုရား

ထောင်ချောက်၏ အလယ်ဗဟိုသို့ ဆင်းသက်လာလေသည်။

နတ်ဘုရားထောင်ချောက်အပြင်ဘက်တွင် တာအိုဆရာအဘိုး

အိုတစ်ယောက် ရောက်ရှိလာပြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်လေ

သည်။

"သူက စကြာဝဠာကြယ်စင်ထောင်ချောက်ကို တည်ဆောက်နေတာပေါ့လေ..."

ထိုတာအိုဆရာအဘိုးအို၏ ခြေထောက်အောက်တွင် နဂါးငွေ့တန်းကို တွေ့မြင်နိုင်လေသည်။

အဘိုးအို၏ဘေးတွင် မြွေကြီးတစ်ကောင်ကို စီးနင်းထားသည့် နတ်ဘုရားတစ်ပါးပေါ်လာလေသည်။

ထိုနတ်ဘုရားက...

"သူက စကြာဝဠာကြယ်စင်ထောင်ချောက်ကို တည်ဆောက်မှတော့ လင်စန်းတောင်ကလူတွေ သူ့ကိုလာကယ်တော့ မယ်ထင်တယ်"

"အမှန်ပဲ ၊ လင်စန်းတောင်ကလူတွေ ကျုပ်တို့ကိုသတ်ဖို့အတွက် ဒီကိုရောက်နေလောက်ပြီ..."

တာအိုဆရာအဘိုးအိုက ခံစားချက်ကင်းမဲ့သည့် မျက်နှာထားဖြင့် ပြောလိုက်လေသည်။

မြေကြီးကို စီးနင်းထားသည့် နတ်ဘုရားက ပြုံးလိုက်ရင်း…

"ကျုပ်က အမိန့်ကိုဖီဆန်ခဲ့တဲ့သူမို့လို့ လင်စန်းတောင်ကလူတွေက ကျုပ်ကို သတ်ချင်ကြတာ မဆန်းပါဘူး။ ဒါပေမယ့် မင်းကိုရော သူတို့က ဘာလို့ သတ်ရမှာလဲ"

တာအိုဆရာအဘိုးအိုက…

"စကြာဝဠာအဆုံးမသတ်မီ တာအိုဆရာသခင်ကြီးတစ်ပါး ပေါ်ထွက်လာခဲ့ဖူးတယ်။ အဲဒီတာအိုဆရာသခင်ကြီး ဟာ လောကမှာ နောက်ဆုံးပေါ်ထွက်ခဲ့တဲ့ တာအိုဆရာသခင်ကြီးပဲ။ တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာဖို့ဆိုတာ သိပ်ကို ခက်လွန်းတယ်။ ဒါပေမယ့် အဲဒီ နောက်ဆုံးပေါ်ထွက်ခဲ့တဲ့ တာအိုဆရာသခင်ကြီးက ကျုပ်ပဲလေ"

မြေကြီးကို စီးနင်းထားသည့်နတ်ဘုရားက…

"လောကမှာ ဘယ်ကိစ္စကိုမှ ကြိုတင်ခန့်မှန်းလို့မရပါဘူး။ နှစ်ပေါင်းများစွာကြာခဲ့ပြီးတဲ့နောက် မင်းရဲ့ ဂိုဏ်းက မျိုးဆက်

သစ်ကောင်လေးတစ်ယောက်ကတော့ တာအိုဆရာသခင်ကြီး

တစ်ပါး ဖြစ်လာဖို့ အလားအလာတွေရှိနေခဲ့ တယ်"

တာအိုဆရာအဘိုးအိုက စကားပြန်မပြောပါ။

သို့သော် အံ့သြမင်သက်သွားသည့် မျက်နှာထားဖြင့် မြွေကြီးကို

စီးထားသည့် နတ်ဘုရားကို လှမ်းကြည့်လိုက်လေ သည်။

မြွေကြီးကိုစီးနင်းထားသည့်နတ်ဘုရား၏ မျက်ခုံးနှစ်ခုကြား

တွင် မျက်လုံးတစ်လုံးရှိနေပြီး မိုးမြေမှ ဖြစ်ပျက်သမျှ

အကြောင်းအရာများကို သိမြင်နိုင်ပြီး အတိတ်နှင့်အနာဂတ်ကို

လည်း တွေ့မြင်နိုင်သည့်ဟန် ရှိလေသည်။

နောက်ဆုံးတော့ သူတို့ (၂)ယောက်စလုံး စကားပြောခြင်းကို

ရပ်တန့်လိုက်ကြလေသည်။ သူတို့သည် တစ်စုံတစ်ခု ဖြစ်ပျက်

လာမည်ကို စောင့်မျှော်နေကြဟန်ရှိလေသည်။

အနောက်ဘက်ကောင်းကင်ဘုံတွင် ဗုဒ္ဓသည် လင်စန်းတောင်

ကို တည်ထောင်ခဲ့လေသည်။

ဗုဒ္ဓသတင်းသုံးခဲ့ရာ ရှီးမီစန်းတောင်သည် ဗုဒ္ဓကျမ်းစာများထဲတွင် မြင့်မြတ်သည့် တောင်တစ်တောင်အဖြစ် ဖော်ပြခံခဲ့ရလေသည်။ သို့သော်... နောက်ပိုင်းတွင် ဗုဒ္ဓသည် လင်စန်းတောင်ကို တည်ထောင်ပြီးသည့်နောက်ပိုင်း လင်စန်းတောင်သည် လောကသုံးပါးတွင် ဒုတိယအမြင့်မြတ်ဆုံးတောင်တစ်လုံးဖြစ်လာခဲ့လေသည်။

သို့သော်... ပထမအမြင့်မြတ်ဆုံးတောင်မှာတော့ ရှီးမီစန်းတောင်မဟုတ်ခဲ့ပါ။ သုံးလောကတွင် အမြင့်မြတ်ဆုံးတောင်သည်ကား ခွန်လွန်တောင်ဖြစ်လေ၏။

လင်စန်းတောင်သည် သိပ်ပြီး မြင့်မားခြင်း မရှိပါ။ သို့သော်... ထိုနေရာတွင် နတ်ဘုရားများ နေထိုင်ကြလေသည်။ ရေကလည်းသိပ်ပြီးနက်ရှိုင်းခြင်းမရှိပါ။ သို့သော် နတ်နဂါးများနေထိုင်ကြလေသည်။

လင်စန်းတောင်သည် မြင့်မြတ်သည့်တောင်တစ်တောင်ဖြစ်လာရသည့် အဓိကအကြောင်းရင်းမှာ ထိုတောင်တွင် ဗုဒ္ဓကိုယ်တော်တိုင် သတင်းသုံးသောကြောင့် ဖြစ်လေသည်။

သို့သော်… လင်စန်းတောင်မှ ဗုဒ္ဓထွက်ခွာသွားပြီးသည့်နောက်ပိုင်း လင်စန်းတောင်ကို ဦးစီးဦးဆောင်ပြုမည့်သူ မရှိတော့ပါ။ အထူးသဖြင့် လင်စန်းတောင်ကို အုပ်ချုပ်နိုင်စွမ်းရှိသူ မည်သူမှ မရှိသောကြောင့် ဖြစ်လေသည်။ တိကျန်ဗောဓိသကျနှင့်ကွမ်ယင်မယ်တော်တို့သည် လင်စန်းတောင်ကို အုပ်ချုပ်နိုင်သည့် အရည်အချင်းရှိသူများ အဖြစ် အများက ယူဆကြသည့်တိုင် လက်ရှိအချိန်တွင် တိကျန်ဗောဓိသကျရော ကွမ်ယင်မယ်တော်ပါ မည်သည့် နေရာသို့ ရောက်ရှိနေမှန်း မသိကြပေ။ ထို့ကြောင့် လက်ရှိအချိန်တွင် လင်စန်းတောင်ကို ယာယီအုပ်ချုပ်နေသူမှာ မဟာကျားရဲ့ကိုယ်တော်ကြီး ဖြစ်လေသည်။

မဟာကျားရဲ့ကိုယ်တော်ကြီးသည် တန်ခိုးစွမ်းအားလည်း

အမြင့်မားဆုံးမဟုတ်သလို ကျင့်ကြံခြင်းအဆင့်လည်း

နက်ရှိုင်းလွန်းခြင်း မရှိပါ။ သို့သော်… မဟာကျားရဲ့ကိုယ်တော်

ကြီးသည် ဗုဒ္ဓ၏တပည့်များနှင့် အကျွမ်းဝင်ဆုံးရှိသူ တစ်

ယောက်ဖြစ်လေသည်။ ထို့ပြင် ကိုယ်တော်ကြီးသည် ရိုးသား

ဖြောင့်မတ်သူတစ်ယောက်ဖြစ်ပြီး ဗုဒ္ဓကိုလည်း အလွန်မှ

ယုံကြည်ကိုးကွယ်သူတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် မဟာကျားရဲ့ကိုယ်တော်ကြီးသည် အများလက်ခံ

ထားကြသည့် လင်စန်းတောင်၏ အုပ်ချုပ်သူ တစ်ယောက်

ဖြစ်လာခဲ့လေသည်။

မဟာကျားရဲ့ကိုယ်တော်ကြီးသည် လင်စန်းတောင်ထိပ်ရှိ

ကျောင်းတော်ခန်းမဆောင်ထဲတွင် ထိုင်နေလေသည်။

သူ၏အောက်တွင်တော့ ဘုရားငယ်များဖြစ်သည့် ကျူဖူ ကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များနှင့် ဗောဓိသကျ များ ၊ အခြားသော နဂါးနှင့် ဆင်များ ထိုင်နေကြလေသည်။ မဟာကျားရဲ့ကိုယ်တော်ကြီးသည် ရွှေသင်္ကန်းကို ဝတ်ဆင် ထားခြင်းမရှိပါ။ ဟောင်းနွမ်းနေသည့် သင်္ကန်းတစ်ထည် ကို သာရုံထားလေသည်။ သို့တိုင်အောင် သူ၏ပုံပန်းသဏ္ဍာန်သည် တည်ကြည်ခန့်ငြားပြီး ကြည်ညိုဖွယ်ရာအတိဖြစ် လေ၏။ လင်စန်းတောင်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည့်တိုင် သူ သည် စိတ်ကြီးဝင်ကာ မာနကြီးခြင်းမျိုး မရှိခဲ့ပါ။

ထိုအချိန်မှာပင်...

ဘုန်းတော်ကြီးတစ်ပါးက စကားစပြောလိုက်လေသည်။

"ကိုယ်တော်ကြီး... ကျုပ် တရားထိုင်ရင်းနဲ့ အမြင်တစ်ခုကို မြင် ခဲ့တယ် ၊ ဓားတစ်လက်က လင်စန်းတောင်က ဘုန်းတော်ကြီး

တွေကို သတ်ဖြတ်ပစ်နေတဲ့မြင်ကွင်းပဲ ၊ အဲဒီဓားဟာ ဘာလဲဆို

တာ ကိုယ်တော်ကြီးများ သိနိုင်မလား"

ထိုဘုန်းတော်ကြီးသည် သာမန်ဘုန်းတော်ကြီးတစ်ပါး မဟုတ်

ပါ။

ထို့ကြောင့် တရားထိုင်စဉ်တွင် မြင်တွေ့ခဲ့ရသည့် အမြင်များ

ဆိုသည်မှာ လုပ်ကြံဖန်တီးပြောဆိုခြင်း မဖြစ်တန်ရာပေ။

မဟာကျားရဲ့ကိုယ်တော်ကြီးက တစ်ချက်စဉ်းစားလိုက်ပြီး...

"ကျန်းလုန်ကိုယ်တော်... အဲဒီဓားမှာ ဘာထူးခြားချက်များရှိ

သလဲ"

"အဲဒီဓားက အရမ်းထက်မြက်လွန်းတယ် ၊ စကြာဝဠာ

အရှင်ကြီးဖြစ်တဲ့ သိုကျန့်စန့်ဖူကိုယ်တော်ထက်တောင် တန်ခိုး

စွမ်းအားမြင့်မားတယ်လို့ ထင်ရတယ်"

ကျန်းလုန်ကိုယ်တော်က ပြန်ပြောလိုက်လေသည်။

ရွှေခန္ဓာရရှိထားသည့် လော်ဟန်ကိုယ်တော်များထဲတွင် ကျန်းလုန်ကိုယ်တော်သည် တန်ခိုးစွမ်းအား အမြင့်မားဆုံး ဖြစ်လေသည်။ သူသည် အခြားသော ဗောဓိသကျများနှင့် ရှေးဟောင်းဘုရားငယ်များဖြစ်သည့် ကျူုဖူကိုယ်တော်များ ထက်ပင်သာလွန်သည်ဟု မှတ်ယူနိုင်လေသည်။

မဟာကျားရဲ့ကိုယ်တော်ကြီးက...

"အိမ်း... ဒါဖြင့်ရင်တော့ ဗီဇဝိညာဉ်မရဏာဓားတစ်လက်ပဲ ဖြစ်လိမ့်မယ်"

"ဗီဇဝိညာဉ်မရဏာဓား ဟုတ်လား ၊ စန့်ချင်တာအိုဆရာသခင်ရဲ့ မရဏာဓား (၄)မျိုးဖြစ်တဲ့ နတ်ဘုရားဒဏ်ခတ်ဓား ၊ နတ်ဘုရားထောင်ချောက်ဓား ၊ နတ်ဘုရားတန်ခိုးဖျက်ဓား ၊ နတ်ဘုရားသုတ်သင်ဓားတွေ အားလုံးကို ကျုပ်တွေ့ဖူး တယ် ၊ ဒါပေမယ့် အဲဒီ ဗီဇဝိညာဉ်မရဏာဓားကိုတော့ တစ်ခါမှ မတွေ့ဖူးဘူး"

ကျန်းလုန်ကိုယ်တော်က ပြောလိုက်လေသည်။

မဟာကျားရဲ့ကိုယ်တော်ကြီးက...

"အဲဒီ မရဏာဓား (၄)မျိုးအပြင် ယွမ်တုဓားနဲ့ ငရဲလမ်းဓားဆိုတဲ့ ဗီဇဝိညာဉ်မရဏာဓား (၂)လက် ရှိသေးတယ်၊ မင်းရဲ့ စိတ်အာရုံထဲမှာ မြင်ခဲ့တာက အဲဒီ ဓား (၂)လက်ထဲက တစ်လက်ဖြစ်ရမယ်"

ကျန်းလုန်ကိုယ်တော်က...

"ယွမ်တုဓားနဲ့ ငရဲလမ်းဓားရဲ့ မူလဇာစ်မြစ်က ဘာများပါလဲ"

မဟာကျားရဲ့ကိုယ်တော်ကြီးက...

"အဲဒီ မရဏာဓား (၂)လက်က အသူရာချောက်ရဲ့အရှင်သခင်ပိုင်ဆိုင်တဲ့ဓားတွေပဲ၊ စန့်ချင်တာအိုဆရာသခင်ရဲ့ မရဏာဓားတွေနဲ့ ကောင်းကောင်းယှဉ်နိုင်တယ်၊ အဲဒီဓားတွေက တန်ခိုးစွမ်းအားမြင့်မားလွန်းလို့ လူသားအဖြစ် ဝင်စားပြီး တာအိုတရားတွေရကုန်ကြတယ်၊ သူတို့ထက်အစွမ်းထက်တဲ့သူ လောကမှာ ရှိမယ် မထင်ဘူး"

ကျန်းလုန်ကိုယ်တော်က...

"အခု ဗီဇဝိညာဉ်မရဏာဓားတစ်လက်က လင်စန်းတောင်က ဘုန်းတော်ကြီးတွေကို သုတ်သင်ပစ်တယ်လို့ အမြင်အာရုံရတာဆိုတော့ လင်စန်းတောင်များ ပျက်စီးသွားမလား စိတ်ပူမိတယ်၊ ကိုယ်တော်ကြီး ဒီလိုမျိုး အခြေ အနေသာ ဖြစ်လာရင် ဘယ်လိုကြိုတင်ကာကွယ်မှုတွေ လုပ်ထားရမလဲ"

မဟာကျားရဲ့ကိုယ်တော်ကြီးက...

"စိတ်မပူပါနဲ့၊ သိုကျန့်စန့်ဖူကိုယ်တော်က လင်စန်းတောင်ကို ကာကွယ်ပါလိမ့်မယ်၊ ပြီးတော့ ဗီဇဝိညာဉ်မရဏာဓား ဟာ လင်စန်းတောင်ကို မဖျက်စီးနိုင်ပါဘူး"

ကျန်းလုန်ကိုယ်တော်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်လေသည်။

သို့သော်... ကျောင်းတော်ခန်းမဆောင်ထဲတွင် သိုကျန့်စန့်ဖူကိုယ်တော်ကို မတွေ့ရပေ။ ထို့ကြောင့် မဟာကျားရဲ့

ကိုယ်တော်ကြီးသည် ဓမ္မကိုနက်ရှိုင်းစွာနားလည်သူတစ်ယောက်ဖြစ်သည့်အားလျော်စွာ သူ့ထက်အရင် အခြေအနေများကို ကြိုတင်ခန့်မှန်းနိုင်သည်မှာ ထင်ရှားနေလေသည်။

......

အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် ဆန်းလျန်ထိုင်နေလေသည်။

သူသည် စိတ်ဝိညာဉ်ငြိမ်းအေးခြင်းအဆင့်သို့ ရောက်ရှိနေလေသည်။ အတွေးများကင်းစင်နေပြီး သူ၏စိတ်သည် တည်ငြိမ်နေလေသည်။ တစ်ချိန်တည်းမှာပင် သူ၏အတွေးတစ်ချက်ဖြင့် စိတ်အာရုံမြင်ကွင်းများကို မွေးဖွားနိုင်လေ သည်။

ယွမ်စီမျော်မိစ္ဆာနှလုံးသားသည် မည်သည့်အရာကိုမှ မတောင်းဆိုပါ။ သို့သော် ဆန်းလျန်၏ နှလုံးသားကို တောင်းဆိုနေလေသည်။ ထို့ကြောင့် ယွမ်စီမျော်မိစ္ဆာနှလုံးသားသည် ဆန်းလျန်၏စိတ်ထဲတွင် တွေးသမျှကို သိနေလေသည်။ သို့သော်...

ယွမ်စီမော်မိစ္ဆာနှလုံးသားမှ နောက်ထပ်လုပ်မည့်အလုပ်များကို ဆန်းလျန် မသိနိုင်သေး ပေ။

ဆန်းလျန်သည် အဆုံးမရှိသည့် အမှောင်ထုထဲတွင် လမ်းလျှောက်နေလေသည်။ အမှောင်ထုသည် ဆုံးနိုင်ဖွယ်ရာ မရှိပေ။ သို့သော်... ဆန်းလျန်သည် ကြောက်ရွံ့ခြင်းလည်းမရှိ ၊ စိတ်ပူခြင်းလည်းမရှိဘဲ အမှောင်ထုထဲတွင် လမ်းလျှောက်နေခဲ့ လေသည်။

အမှောင်ထုထဲတွင် ကြောက်မက်ဖွယ်ရာအကောင်းဆုံးအရာမှ လျှို့ဝှက်ဆန်းကြယ်သည့် မသိနိုင်သော အရာများ သာဖြစ် လေသည်။ ထို့ကြောင့် အချို့သူများသည် မသိနိုင်သည့်အရာ များကို သိအောင် မကြိုးစားဘဲ ရှောင်ရှားတတ် ကြလေသည်။ သို့သော်... ထိုသို့ ပြုလုပ်ခြင်းသည် ပြဿနာ၏အရင်းအမြစ် ကို ဖြေရှင်းနိုင်သည့် နည်းလမ်း မဟုတ်ပေ။

ဥပမာအားဖြင့်... အရိုးစုကျင့်စဉ် ဖြစ်လေသည်။

လူတစ်ယောက်သည် ပန်းရောင်အရာဝတ္ထုတစ်ခုကို ကြည့်ပြီး အရိုး အရိုးဟု မှတ်ယူနေမည်ဆိုလျှင် အရိုးပုံသဏ္ဍာန် နောက်ဆုံးတွင် ထင်မြင်လာမည် ဖြစ်လေသည်။ သို့သော်... ယာယီမျှသာဖြစ်ပြီး မှန်ထဲမှ လရောင်ကို ကြည့်ရှုရသကဲ့သို အစစ်အမှန်တရားကို တွေ့မြင်ရမည် မဟုတ်ပေ။

သေသေချာချာခွဲခြားကြည့်မည်ဆိုလျှင် ပန်းရောင်အရာဝတ္ထု သည် ပန်းရောင်အရာဝတ္ထုသာဖြစ်ပြီး အရိုးသည် အရိုးသာ ဖြစ်မည် ဖြစ်လေသည်။ ရှင်းလင်းသွားသည့်အခါ နှလုံးသားထဲ တွင်လည်း ကြောက်စိတ်များ ရှိတော့မည် မဟုတ်ပါ။ ဆန်းလျှန်သည် အရာအားလုံးကို ရှင်းလင်းစွာသိမြင်သူတစ် ယောက် ဖြစ်လေသည်။

အမှောင်ထဲတွင် ထူးဆန်းသည်လျှို့ဝှက်ချက်များကို မသိမြင် နိုင်ဘဲ မည်သည့်နေရာသို့ သွားနေရမှန်း မသိသည့်တိုင် ဆန်း

လျှန်၏ စိတ်အစဉ်သည် တည်ငြိမ်အေးချမ်းနေဆဲ ဖြစ်လေသည်။

သူသည် လွတ်မြောက်နိုင်မည်မဟုတ်သလို အကြောင်းရင်းကို နားလည်သည့်တိုင် လွတ်မြောက်အောင်လည်း မလုပ်နိုင်သေးပါ။

သူလုပ်နိုင်သည့်အလုပ်မှာ ယွမ်စီမော်မိစ္ဆာနှလုံးသားက သူ၏အတွေးများကို အမှောင်ထဲသို့ ခေါ်ဆောင်သွားသည့်အတိုင်း လိုက်ပါသွားရန်သာ ရှိလေသည်။

အခန်း (၆၈၉) ကျုပ်မင်းကိုနှိမ်နင်းပစ်မယ်

အမှောင်ထုသည် တွင်းနက်ကြီးအလား ဖြစ်လေသည်။ အဆုံးသတ်ကိုလည်းတွေ့မြင်ရခြင်းမရှိသလို အလင်းရောင်လည်း မမြင်ရပေ။ ဆန်းလျန်သည် ငါးတစ်ကောင်အလား အမှောင်ထုထဲတွင် ရွေ့လျားနေပြီး မည်သည့်အခက်အခဲများကို ရင်ဆိုင်ရမည်ကိုလည်း မသိနိုင်ပေ။

ယွမ်စီမော်မိစ္ဆာသည် သူ့ကိုထိခိုက်စေရန်အတွက် ကျောက်တုံးကျောက်ဆောင်များနှင့် ရေများကို ဖန်ဆင်းထားလေ သည်။ သို့သော် ဆန်းလျန်သည် စိတ်ပျံ့လွင့်ခြင်းမရှိသည့်အတွက် ကျောက်တုံးကျောက်ဆောင်များအားလုံးကို ရှောင်ရှားနိုင်ခဲ့လေသည်။

ဆန်းလျန်သည် စီးကြောင်းအတိုင်း လိုက်ပါသွားပြီး မည်သည့် ထိခိုက်မှုမှ မရှိခဲ့ပေ။

အမှောင်ထုသည် ဆန်းလျန်၏ နှလုံးသားပင် ဖြစ်လေသည်။ သူ၏ နှလုံးသားကို ယွမ်စီမော်မိစ္ဆာ၏ အမှောင်တရားက အုပ်

ဆိုးထားခြင်း ဖြစ်လေသည်။ သို့သော်… ဆန်းလျန်၏ အသိစိတ်သည် ပျက်စီးခြင်းမရှိဘဲ ဆိုးညစ်သည့်အမှောင် ထုထဲတွင် ရွေ့လျားနေခဲ့လေသည်။

သို့သော် ထိုသို့ပြုလုပ်ရသည်မှာ လွယ်ကူခြင်းလည်းမရှိသလို ထိုသို့ပြုလုပ်နိုင်ခဲ့သည့်အတွက်လည်း သူ့ကိုယ်သူ ဂုဏ်မယူခဲ့ပါ။

မကြာမီတွင်…

ဆန်းလျန်၏ရှေ့တွင် တာအိုနန်းတော်ကြီးတစ်ခု ပေါ်လာလေသည်။

နန်းတော်ရှေ့တွင် "ကျောက်စိမ်းဝိညာဉ်နန်းတော်" ဟု ရေးသားထားလေသည်။ ဆန်းလျန်သည် ထိုစကားလုံးများ ကိုတစ်ခါမှ မြင်တွေ့ဖူးခြင်းမရှိသည့်တိုင် အဓိပ္ပါယ်ကိုတော့ နားလည်လိုက်လေသည်။

မည်သည့်သက်ရှိမဆို ထိုစကားလုံးများကိုတော့ သိရှိမည် ဖြစ်လေသည်။

ဆန်းလျန်၏ စိတ်အာရုံသည် ကျောက်စိမ်းဝိညာဉ်နန်းတော်အတွင်းသို့ ဝင်လာခဲ့လေသည်။ ကျောက်စိမ်းဝိညာဉ် နန်းတော်သည် ပြင်ပလောကနှင့် အဆက်အသွယ်မရှိသည့် သီးခြားကမ္ဘာတစ်ခု ဖြစ်လေသည်။ အပြာရောင်ခရီးရှည် နန်းတော်နှင့်ယှဉ်လျှင် ကျောက်စိမ်းဝိညာဉ်နန်းတော်က တာအိုနန်းတော်တစ်ခုနှင့် ပို၍ဆင်တူလေသည်။

နန်းတော်ကြီးသည် မြင့်မားကျယ်ပြန့်ပြီး တာအိုမဟာလမ်းစဉ်၏ တာအိုကာရံသည်လည်း စီးဆင်းလျှက်ရှိလေသည်။

ဆန်းလျန်သည် ကျောက်စိမ်းဝိညာဉ်နန်းတော်ကို ကြည်ညိုလေးမြတ်မှုများစွာဖြင့် ကြည့်နေမိလေသည်။

နန်းတော်၏ ခန်းမအလယ်တွင် လူတစ်ယောက် ထိုင်နေလေသည်။

ထိုသူသည် တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထားသော်လည်း ပုံပန်းသဏ္ဍာန်မှာ အလွန်ကြည့်ကောင်းလေသည်။ ဆန်းလျှန်တွေ့ဖူးသမျှလူများထဲတွင် စန့်ချင်တာအိုဆရာသခင်ပြီးလျှင် ဒုတိယမြောက် အခမ်းနားဆုံး လူတစ်ယောက် ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်၏ အရှိန်အဝါက သူ့အတွက် စိတ်ပျက်အားလျော့ခြင်းကို ခံစားရစေလေသည်။ သို့သော်... သူ့ရှေ့မှလူကတော့ ထိုသို့သောခံစားချက်မျိုးမပေးပေ။ ထိုသူကို တွေ့မြင်ရသည်မှာ လမ်းတစ်ခု၏အဆုံးသတ်ကို တွေ့မြင်ရသကဲ့သို့ ခံစားရလေသည်။ သူသင်ယူခဲ့သမျှ ပညာများအားလုံးသည် ထိုသူရှေ့တွင် ရယ်စရာဟာသ တစ်ခုဖြစ်သွားသည့်အလားပင် ဖြစ်လေသည်။

သို့သော်… သူ့ရှေ့မှပုဂ္ဂိုလ်သည် စန့်ချင်တာအိုဆရာလောက် အဆင့်မြင့်မားခြင်း မရှိပါ။ ထို့ပြင် ထိုသူနှင့် စန့်ချင် တာအို ဆရာသခင်သည် အဆင့်အတန်းများစွာ ကွာခြားလွန်းလေသည်။

ထိုသူက မျက်လုံးကို ဖွင့်လိုက်သည့်အခါတွင်တော့ ဖန်ဆင်းခြင်းမတိုင်မီ အချိန်ကာလတစ်ခုကို တွေ့ရှိရသကဲ့သို့ ခံစားလိုက်ရလေသည်။ အရာအားလုံး၏ကနဦးအစသည် ထိုသူ၏မျက်ဝန်းများထဲမှ စတင်သယောင် ထင်မှတ်ရလေသည်။

ဆန်းလျန်က သူ့ကိုအတန်ကြာစိုက်ကြည့်နေပြီးမှ နောက်ဆုံးတွင်တော့ ပြုံးလိုက်လေသည်။

"မင်းက မူလတာအိုဆရာသခင်ယွိချင်နဲ့ ဆင်တူပေမယ့် မင်းက ယွိချင်မဟုတ်ဘူး ၊ မင်းက ယွမ်စီမျော်မိစ္ဆာပဲ"

"မင်းက ဘယ်လိုလုပ်သိသွားတာလဲ"

ထိုသူက မေးလိုက်လေသည်။

ဆန်းလျန်က...

"မင်းက အပြစ်ပြောစရာမရှိအောင် ပြည့်စုံနေတယ်၊ ပြီးတော့ မင်းက ယွိချင်တာအိုဆရာသခင်မဟုတ်တဲ့အတွက် ဘယ်လောက်ပဲ ကြိုးစားကြိုးစား သူနဲ့ တူနိုင်မှာ မဟုတ်ဘူး"

ယွမ်စီမျော်မိစ္ဆာက...

"မင်းပြောတာမှန်ပါတယ်၊ ဘယ်လောက်ပဲ ကျုပ်သင်ယူခဲ့ပါစေ ကျုပ်က ယွိချင်တာအိုဆရာသခင် ဖြစ်မလာနိုင်ပါဘူး၊ ဒါပေမယ့် သူ ဘယ်လောက်ပဲ ကျုပ်ကိုခွဲထုတ်ဖြတ်တောက်ခဲ့ပါစေ ကျုပ်က ဆက်ရှိနေဦးမှာပဲမဟုတ်လား"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်က တာအိုဆရာသခင်ကြီးမှမဟုတ်တာ ဘယ်သိနိုင်မှာလဲ"

ယွမ်စီမျော်မိစ္ဆာက ...

"မင်းက တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်ချင်တာလား"

"တာအိုဆရာသခင်ကြီးဖြစ်လာဖို့ အမြဲတမ်းအိပ်မက်မက်ခဲ့တာပေါ့"

ဆန်းလျန်က ယွမ်စီမျော်မိစ္ဆာကို စိုက်ကြည့်လိုက်ပြီး ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

ထိုဆန္ဒမှာ သူ၏ရင်ထဲမှ စိတ်ဆန္ဒဖြစ်လေသည်။ သူသည် လွတ်ချရန်ကြိုးစားမိသည့်တိုင် ထိုဆန္ဒသည် ပျက်ပြယ် မသွားခဲ့ပေ။ ထို့ကြောင့် သူ့အနေဖြင့် လိမ်ပြောစရာအကြောင်းလည်း မရှိပေ။

ယွမ်စီမျော်မိစ္ဆာက...

"ကျုပ် မင်းကိုကူညီပေးနိုင်ပါတယ်"

ဆန်းလျန်က ငြင်းလိုက်လေသည်။

"မင်း မကူညီနိုင်ပါဘူး"

ယွမ်စီမျော်မိစ္ဆာက...

"ကျုပ်က မင်းကိုမကူညီနိုင်ဘူးလို့ ဘယ်လိုလုပ်ပြောနိုင်ရတာလဲ"

ဆန်းလျန်က...

"ကျုပ်က တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်မလာသေးပေမယ့် အဲဒီလမ်းကိုလျှောက်လှမ်းဖို့ ကိုယ့်ကိုကိုယ်ပဲ အားကိုးလို့ရမယ်ဆိုတာ သိထားပါတယ်"

ယွမ်စီမျော်မိစ္ဆာက...

"မင်းရဲ့စကားတွေက သေချာလှချည်လား"

ဆန်းလျန်က..

"တာအိုဆရာသခင်ကြီးက သေချာတာပါ..."

ယွမ်စီမျော်မိစ္ဆာက...

"မင်းက ကျုပ်ထင်ထားတာထက် ပိုပြီးတော်တာပဲ ၊ မင်းကိုစားပြီးရင် လူ့လောကမှ ပြန်ပြီး မွေးဖွားလာနိုင်မယ်လို့ ကျုပ်တွေး

ထားတယ်၊ ကျုပ်က တာအိုဆရာသခင်ကြီးတော့ မဖြစ်ချင်ပါဘူး၊ လူ့လောကမှ နေထိုင်နိုင်ဖို့ပဲမျှော်လင့် မိတာပါ"

ဆန်းလျန်က တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်...

"ကျုပ်က မင်းကိုနှိမ်နင်းပစ်မယ်..."

ယွမ်စီမော်မိစ္ဆာက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"မင်းက သိပ်ရယ်စရာကောင်းတာပဲ၊ ကျုပ်က တာအိုဆရာသခင်ကြီးတစ်ပါးမဟုတ်ပေမယ့် ယွိချင်တာအိုဆရာ သခင်ရဲ့ မိစ္ဆာဉာဏ်စဉ်တွေစုစည်းထားတဲ့ မိစ္ဆာတစ်ပါးဆိုတာ မမေ့ပါနဲ့"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"မင်းက ယွိချင်တာအိုဆရာသခင်ဆိုရင်တော့ ကျုပ်အနေနဲ့ နှိမ်နင်းဖို့ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် မင်းက ယွိချင် တာအို ဆရာသခင် အစစ်မှမဟုတ်တာ"

ဆန်းလျန်၏ ခန္ဓာကိုယ်ထဲမှ သန့်စင်သည့်တန်ခိုးစွမ်းအားများ စီးဆင်းထွက်ပေါ်လာလေသည်။ ထိုတန်ခိုးစွမ်းအား များသည်

ဆန်းလျှန်၏ အခြေခံကျပြီး သန့်စင်သည့် တာအိုညဏ်စဉ်များ ဖြစ်လေသည်။

ယွမ်စီမော်မိစ္ဆာက မတ်တပ်ရပ်လိုက်ပြီး ခြေတစ်လှမ်းလှမ်းလိုက်လေသည်။ သူသည် ချက်ချင်းပင် ဆန်းလျှန် ရှေ့သို့ ရောက်လာပြီး မတ်တပ်ရပ်နေခဲ့လေသည်။

သူသည် မိစ္ဆာညဏ်စဉ်များ စုစည်းထားခြင်းဖြစ်သော်လည်း သူ့ထံတွင် ယွိချင်တာအိုဆရာသခင်၏ အနှစ်သာရ သဘောတရားများ ရှိနေသေးသည်။ ထို့ကြောင့် သူ့ထံတွင် ထူးခြားသည့် ဝိသေသလက္ခဏာများ ရှိနေလေသည်။

ထို့ကြောင့်ပင် ယွမ်စီမော်မိစ္ဆာနှလုံးသားကို ဆန်းလျှန်က သန့်စင်မပစ်နိုင်ခဲ့ခြင်း ဖြစ်လေ၏။

သန့်စင်မပစ်နိုင်လျှင် နှိမ်နင်းပစ်ရမည် ဖြစ်လေသည်။

သို့သော်... ယွမ်စီမော်မိစ္ဆာကို နှိမ်နင်းပစ်ရန်မှာ မဖြစ်နိုင်သည့် နီးပါးခက်ခဲလေသည်။

ယွမ်စီမော်မိစ္ဆာသည် ဆန်းလျန်နှင့် ချည်နှောင်မိသွားပြီ ဖြစ်လေသည်။ ဤသည်မှာ မိစ္ဆာစွမ်းအားတို့၏ သဘာဝပင် ဖြစ်လေသည်။ ယွမ်စီမော်မိစ္ဆာသည် တစ်ခုတည်း ရပ်တည်ရှင်သန်ရန် မဖြစ်နိုင်ပေ။ ချည်နှောင်ထားသည့် အမှီ တစ်ခုရှိမှသာ ရပ်တည်ရှင်သန်နိုင်မည် ဖြစ်လေသည်။

ဆန်းလျန်အနေဖြင့် သူ၏တာအိုနှလုံးသားထဲသို့ရောက်ရှိနေသည့် မိစ္ဆာဉာဏ်စဉ်ကို ကျော်လွှားနိုင်ရန် လိုအပ်လေ သည်။ မကျော်လွှားနိုင်ပါက လောကတွင် ဆန်းလျန်ဆိုသည်မှာ တည်ရှိနိုင်တော့မည် မဟုတ်ပေ။ သူသည် ဆုံးဖြတ် ချက်ခိုင်မာစွာချထားလိုက်ပြီ ဖြစ်သည့်တိုင် ထုတ်ဖော်ပြသခဲ့ခြင်း မရှိပေ။

ယွမ်စီမော်မိစ္ဆာနှင့် ထိပ်တိုက်ရင်ဆိုင်နေရသည့်တိုင် ဆန်းလျန်သည် တည်ငြိမ်အေးဆေးနေဆဲ ဖြစ်လေသည်။

ကြောက်စိတ်ကင်းမဲ့ပြီး စိုးရိမ်ပူပန်ခြင်းမရှိအောင် သူ့စိတ်ကိုသူ ပြင်ဆင်ထားခဲ့လေသည်။ သူ၏နှလုံးသားထဲတွင် ထိုကိစ္စ

ကို သာမန် ထမင်းစားရေသောက်ကိစ္စကဲ့သို့ သတ်မှတ်ထား
လိုက်လေသည်။

မိစ္ဆာစွမ်းအားများသည် ဆန်းလျန်ကို ဝန်းရံထားလေသည်။

ဆန်းလျန်ထံမှ ထွက်ပေါ်နေသည့် သန့်စင်သည့်တန်ခိုး
စွမ်းအားများသည် မိစ္ဆာစွမ်းအားများကြားတွင် ကွဲကြေသွား
တော့မည်အလား ထင်မှတ်ရလေသည်။

မရေမတွက်နိုင်အောင်များပြားသည့် မိစ္ဆာများနှင့် ထူးဆန်း
သည့် နတ်ဆိုးများထွက်ပေါ်လာပြီး ဆန်းလျန်ကို ကိုက်ဖြတ်
စားသောက်ပစ်ရန် ချဉ်းကပ်လာကြလေသည်။

ဆန်းလျန်သည် တင်ပျဉ်ခွေထိုင်ချလိုက်လေသည်။

သူ့တွင် ကြောက်စိတ်ဝင်လာလျှင် ရှုံးနိမ့်ရမည်ဖြစ်လေသည်။

သူ့တွင် ဒေါသတရားဝင်လာလျှင် သူ့ကိုယ်သူ ထိန်းချုပ်နိုင်
စွမ်း ကင်းမဲ့သွားမည် ဖြစ်လေသည်။

သူလုပ်နိုင်သည့် တစ်ခုတည်းသောအလုပ်မှာ အေးဆေး တည်ငြိမ်စွာဖြင့် ညှင်းပန်းနှိပ်စက်မှုအားလုံးကို လက်ခံရန် သာ ဖြစ်လေသည်။

ဤသည်မှာ ကြောက်မက်ဖွယ်ရာ စမ်းသပ်မှုတစ်ခု ဖြစ်လေ သည်။ ထိုစမ်းသပ်မှုသည် ဆန်းလျန်ကိုယ်တိုင်နှင့် ယွမ်စီမော် မိစ္ဆာ၏ သည်းခံနိုင်မှုစွမ်းအားကို စမ်းသပ်ခြင်း ဖြစ်လေသည်။ အကယ်၍ဆန်းလျန် ရှုံးနိမ့်ခဲ့ပါက သူ၏ ကျင့်ကြံခြင်းအဆင့် သည် အဆင့်မမီသေးကြောင်း ပြသခြင်းဖြစ်လေသည်။

အပြာရောင်ခရီးရှည်နန်းတော် အပြင်ဘက်တွင် ဆန်းလျန်၏ နတ်ဘုရားဉာဏ်စဉ်တစ်ခု စေလွှတ်ထားလေသည်။ ထိုနတ် ဘုရားဉာဏ်စဉ်သည် အားလျန်ရှိရာ နတ်ဘုရားကျောင်းတော် သို့ ရောက်ရှိနေလေသည်။

သို့သော်... သူသာ ယခုတိုက်ပွဲတွင်ရှုံးနိမ့်ခဲ့ပါက သူ၏ ဉာဏ်စဉ်သည်လည်း ကွယ်ပျောက်သွားရမည် ဖြစ်လေသည်။

နတ်ဘုရားကျောင်းတော်ဆီမှ သူ၏ဉာဏ်စဉ်၏ အပြုအမူများ ကို ဆန်းလျန်ခံစားနေရလေသည်။ သို့သော်... ဆန်းလျန်က ထို ခံစားချက်များကို သီးခြားခွဲထားလိုက်လေသည်။ သူလုပ်ရ မည့်အလုပ်ကို လုပ်ရမည်ပဲဖြစ်လေ သည်။

အားလျန်သည် ကြာပန်းမီးအိမ်လေးကို ထုတ်ယူလိုက်လေ သည်။ မီးအိမ်မှအလင်းတန်းများသည် အမှောင်ထု မှန်သမျှကို ထိုးဖောက်ဖြိုခွင်းနိုင်မည်အလား ထင်မှတ်ရလေသည်။

ဆန်းလျန်က မီးအိမ်လေးကို သေသေချာချာလေ့လာကြည့် လိုက်လေသည်။ မီးအိမ်လေးမှ စုပ်ယူထားသည့် ဆုတောင်း ခြင်း၏တန်ခိုးစွမ်းအားများစွာကို ဆန်းလျန် ခံစားလိုက်ရလေ သည်။ ထိုတန်ခိုးစွမ်းအားများသည် မီးစာဆီ အလားမီးအိမ် လေးကို ထွန်းလင်းနေစေခြင်း ဖြစ်လေသည်။ မီးအိမ်လေး သည် ရေကဲ့သို့ ကြည်လင်နေပြီး ဆီများ ပေကျံနေခြင်း မရှိပါ။

အလင်းရောင်မှ မွှေးပျံ့သည့်ရနံ့တစ်မျိုး ထွက်ပေါ်နေလေ

သည်။ လူသားများသာ ထိုရနံ့ကို ရှူရှိုက်မိလျှင် ဉာဏ်ရည် များ

ထက်မြက်လာမည် ဖြစ်လေသည်။ စာပေလေ့လာလျှင်လည်း

လွယ်လွယ်နှင့်နားလည်မည်ဖြစ်ပြီး စီးပွားရေး လုပ်မည်ဆို

လျှင်လည်း ခိုင်မာသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်

ဖြစ်လေသည်။

ထို့ထက်ပိုသည့် အကြီးမားဆုံးအကျိုးကျေးဇူးသည်ကား

ကျင့်စဉ်လမ်းအဆင့်တက်နိုင်ခြင်း ဖြစ်လေသည်။ မီးအိမ်လေး

ကိုသာ ပိုင်ဆိုင်ထားမည်ဆိုလျှင် တာအိုကျင့်စဉ်များနှင့် တန်ခိုး

စွမ်းအားကျင့်စဉ်များကို ကျင့်ကြံရာတွင် လွယ်လွယ်နှင့်

အောင်မြင်နိုင်မည် ဖြစ်လေသည်။

ဆန်းလျန်က နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"ဒီ မီးအိမ်လေးနဲ့ဆိုရင် မိစ္ဆာအားလုံးကို နှိမ်နင်းနိုင်လိမ့်မယ်၊

ဒါပေမယ့် စွမ်းအားအပြည့်အဝ အသုံးပြုနိုင်ဖို့အတွက်

သော့ချက်တစ်ခုလိုတယ်"

အားလျန်က...

"သော့ချက်ကဘာလဲ..."

ဆန်းလျန်က...

"ဟောက်ရန်တန်ခိုးစွမ်းအား..."

ဟောက်ရန်တန်ခိုးစွမ်းအားဆိုသည်မှ အလွန်သန့်စင်မြင့်မြတ်

သည့် တန်ခိုးစွမ်းအား ဖြစ်လေသည်။

ဆန်းလျန်၏ ဘဝတွင် လူပေါင်းများစွာနှင့် ဆုံတွေ့ဖူး

သော်လည်း ဟောက်ရန်တန်ခိုးစွမ်းအားကို မွေးရာပါ ပိုင်ဆိုင်

သူ (၂)ယောက်ကိုသာ တွေ့ဆုံခဲ့ဖူးလေသည်။

တစ်ယောက်မှာ လူစောယိ ဖြစ်လေသည်။ သို့သော် လူစောယိ သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် လောကကိုကျော်လွန် သည့် နတ်ဘုရားတစ်ပါး ဖြစ်သွားခဲ့ပြီ ဖြစ်လေသည်။

နောက်တစ်ယောက်မှာတော့ စုန့်ချင်းယီ ဖြစ်လေသည်။

ဟောက်ရန်တန်ခိုးစွမ်းအားဆိုသည်က ကျင့်ကြံ၍ရရှိသည့် တန်ခိုးစွမ်းအားမျိုး မဟုတ်ပေ။ လူတစ်ယောက်၏ စိတ်နေ သဘာဝနှင့် မွေးရာပါဆက်စပ်နေသည့် စွမ်းအားတစ်မျိုးဖြစ် လေသည်။

ရိုးသားဖြောင့်မတ်သူများသည် အလွန်းထူးချွန်ခြင်းမရှိကြ သော်လည်း မြင့်မြတ်သူများ ဖြစ်ကြလေသည်။ ထိုသို့သော လူမျိုးများနှင့်မိတ်ဆွေဖြစ်ခွင့်ရခြင်းက ကံကောင်းသည်ဟု ဆို နိုင်လေသည်။

ထို့ကြောင့် ... စုန့်ချင်းယီနှင့် မိတ်ဆွေဖြစ်ခွင့်ရခဲ့သည့် ဆန်း လျန်သည်လည်း ကံကောင်းသူတစ်ယောက် ဖြစ်လေ သည်။

အခန်း (၆၉၀) မိုးကြိုးနတ်မင်း

စုန့်ချင်းယီသည် ယိုစန်းပြည်တွင်ရှိနေခဲ့လေသည်။

ဆန်းလျန်အကူအညီတောင်းသည့်အတွက် ဆန်းလျန်၏တပည့်မလေး စစ်ကျင်းကို လျှို့ဝှက်စွာဖြင့် ကာကွယ်ပေးနေခဲ့လေသည်။ ဖန်းယန်ယင်းသည်လည်း စုန့်ချင်းယီနှင့်အတူ ယိုစန်းပြည်တွင်ရှိနေရာမှ ဆန်းလျန်က ပြန်ခေါ်သည့်အတွက် တာ့ကျိုးပြည်သို့ ပြန်သွားပြီ ဖြစ်လေသည်။

စစ်ကျင်းသည် စုန့်ချင်းယီရောက်ရှိလာကတည်းက သတိထားမိလေသည်။

သို့သော်... စုန့်ချင်းယီသည် ဆန်းလျန်၏ သူငယ်ချင်း
ဖြစ်သည်ကို သိရှိလိုက်ရသည့်အခါတွင်တော့ သူမသည် စုန့်ချ
င်းယီကို လေးလေးစားစား ဆက်ဆံခဲ့လေသည်။ ထို့ပြင်...
သူမသည် ဆန်းလျန်၏ အတိတ်မှအကြောင်းများ ကိုလည်း
အလျဉ်းသင့်လျှင်သင့်သလို စုန့်ချင်းယီကို မေးမြန်းတတ်လေ
သည်။

စုန့်ချင်းယီသည် စစ်ကျင်းကို ဆန်းလျန်၏အကြောင်းများ
ပြောပြသည့်အချိန်တွင် စစ်ကျင်း၏ ထူးခြားမှုတစ်ခုကို
သတိပြုလိုက်မိလေသည်။ သူမသည် တစ်ချိန်တုန်းက ညီမ
ငယ်လေးချီးရှီးကဲ့သို့ပင် ဆန်းလျန်အပေါ်တွင် သံယောဇဉ်
ကြီးမားပြီး မေတ္တာသက်ဝင်နေသူတစ်ယောက် ဖြစ်လေသည်။
သို့သော်... ချီးရှီးသည် ဆန်းလျန်နှင့် ထပ်မံဆုံတွေ့ခွင့် မရခဲ့ရှာ
ပေ။

ချီးရှိုးအသက်ရှင်နေသေးသည်လား သေဆုံးသွားခဲ့ပြီလား ဆိုသည်ကိုတော့ စုန့်ချင်းယီလည်း သိရှိခြင်းမရှိပါ။ သို့သော်... ချီးရှိုးသည် အသက်ရှင်နေသေးလျှင်လည်း နောင်တတရား များကို ရင်ဝယ်ပိုက်ပြီး အသက်ရှင်ရရှာပေ လိမ့်မည်။ အဘယ်ကြောင့်ဆိုသော်... သူမသည် ဆန်းလျန်အပေါ်တွင် ထားရှိသည့် မေတ္တာတရားကို သတ္တိရှိစွာဖြင့် ဖွင့်ဟဝန်ခံခွင့် မရ ခဲ့ရှာသောကြောင့် ဖြစ်လေသည်။

သို့သော်... ထိုအချက်က သူမ၏ ကျင့်စဉ်လမ်းနှင့် သက်ဆိုင် ခြင်းမရှိပါ။ သူမ၏ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုသာ ဖြစ်လေ သည်။ လူတစ်ယောက်အပေါ်တွင်ထားရှိသည့်ခံစားချက်ကို ဖွင့်ပြောခြင်း ၊ မပြောခြင်းဆိုသည်မှာ ထိုသူ၏ ကိုယ်ပိုင်ခံစား ချက်နှင့်ပင် သက်ဆိုင်လေသည်။

စစ်ကျင်း၏အဖြစ်မှာလည်း ချီးရှိုးနှင့်တူလွန်းလှသည့်အတွက် စုန့်ချင်းယီမှာ စစ်ကျင်းကို သနားနေမိလေသည်။

စစ်ကျင်းမှာ စုန့်ချင်းယီ သူ့မအပေါ်တွင် သဘောထားပြောင်း သွားသည်ဟု ထင်လိုက်မိပြီး စုန့်ချင်းယီကို တွေ့ဆုံရန် မျက်နှာ ပူနေမိလေသည်။ ထို့ပြင် ဆန်းလျန်အကြောင်း မေးစရာမရှိ တော့သည့်အတွက် စုန့်ချင်းယီကို ဆက်သွယ် စရာမလိုတော့ ဟု၍လည်း တွေးနေမိလေသည်။

စုန့်ချင်းယီသည် အချိန်ကြာမြင့်စွာ အသက်ရှင်နေထိုင်ခဲ့သူ တစ်ယောက် ဖြစ်သည့်အတွက် စစ်ကျင်း သူ့ကို အထင်လွဲသွား ပြီကို ချက်ချင်းသိလိုက်လေသည်။ သူ့ဘက်က စစ်ကျင်း အပေါ်တွင် သနားမိခြင်းသာရှိပြီး အခြားသော ခံစားချက်မရှိခဲ့ ပါ။

(၁)လခန့်ကြာသည့်အခါတွင်တော့…

ယိုစန်းပြည်၏နန်းတော်တွင် ထူးဆန်းသည့်တန်ခိုးစွမ်းအား တစ်ခု ပေါ်ထွက်လာလေသည်။

အစပိုင်းတွင်တော့ စစ်ကျင်းက ထူးဆန်းသည့်ကျင့်တစ်ခု ကျင့်ကြံနေသည့်အတွက် ထွက်ပေါ်လာသည့် တန်ခိုး စွမ်းအား ဖြစ်မည်ဟု စုန့်ချင်းယီက ထင်မိလေသည်။ သို့သော် ... နောက်ပိုင်းတွင်တော့ ထိုတန်ခိုးစွမ်းအားများမှာ ယိုစန်းပြည် ၊ နန်းတော်အတွင်းမှ လူတစ်စုကြောင့် ထွက်ပေါ်လာရခြင်း ဖြစ်သည်ကို ရိပ်မိလိုက်လေသည်။

ယိုစန်းပြည် ၊ နန်းတော်သို့ အစောင့်စစ်သည်တော်တပ်တစ်တပ် ရောက်ရှိလာခဲ့လေသည်။ ထိုအစောင့်စစ်သည် တော်တပ်သည် ယခင် နန်းတော်အတွင်းမှ လူဟောင်းများ နေရာတွင် အစားထိုး လိုက်လေ သည်။ ထိုစစ်သည်တော် တပ်မှထူးဆန်းသည့် တန်ခိုးစွမ်းအားက ထွက်ပေါ်နေခြင် ဖြစ်လေသည်။

ထိုသူများ၏ တန်ခိုးစွမ်းအားသည် စစ်ကျင်း၏ တန်ခိုး စွမ်းအားများနှင့် ဆင်တူလေသည်။ သူတို့သည် စစ်ကျင်း၏ မျိုးနွယ်ဖြစ်သည့် လေ့အိမ်တော်မှ ယိုဟူမျိုးနွယ်များဖြစ်ကြ

ပြီး တာ့ရှားပြည်မှ အနွယ်တော်များ ဖြစ်ကြလေသည်။

ထို့ကြောင့် ထိုစစ်သည်တော်များကို စစ်ကျင်း၏လူများပင် ဖြစ်သည်ဟု အားလုံးက ထင်မှတ်ထားကြလေသည်။

စုန့်ချင်းယီက စစ်ကျင်းကို တိတ်တဆိတ်လေ့လာကြည့်သည့် အခါတွင်တော့ သူမတွင် ပြဿနာတစ်စုံတစ်ရာ ရှိဟန် မပေါ်ပေ။ ထို့ကြောင့် သူကလည်း အခြေအနေများကို ဝင်မစွက်ဘဲ နေလိုက်လေသည်။

သို့သော်... ယနေ့တွင်တော့ မူမမှန်သည့် ကိစ္စတစ်ခု ဖြစ်ပျက်ခဲ့လေသည်။

ယိုစန်းပြည် ၊ နန်းတော်ထဲတွင် နွေးထွေးသည့်အပူငွေ့များထွက်ပေါ်လာပြီး ပန်းများလည်း ပွင့်လန်းလာကြသလို သစ်ပင်များနှင့် မြက်ပင်များမှာလည်း အညှောင့်များထွက်လာကြလေသည်။

နွေးထွေးသည့်အပူငွေ့များမှာ သန့်စင်သည့် ယန်စွမ်းအားများ ဖြစ်ပြီး အတော်လေး ပူလောင်လေသည်။ ထို့ကြောင့် နွေဦး ရာသီပင်ဖြစ်လင့်ကစား ယိုစန်းနန်းတော်အတွင်းမှာတော နွေရာသီကဲ့သို့ ပူပြင်းလျှက် ရှိလေတော့သည်။

စုန့်ချင်းယီသည် တစ်စုံတစ်ခု မှုမမှန်သည်ကို သိရှိလိုက်ည့် အတွက် စစ်ကျင်းနှင့်တွေ့ဆုံရန် နန်းတော်အတွင်းသို့ ရောက်လာခဲ့လေသည်။

သို့သော်... သူတွေ့မြင်လိုက်ရသည့် စစ်ကျင်းမှာ ပုံရိပ်ယောင် တစ်ခုလေလားထင်မှတ်ရပြီး ယခင်ကထက်ပိုပြီး လှပလွန်းနေ လေသည်။ စုန့်ချင်းယီသည် အတွေးများကိုပင် ဆက်မတွေး နိုင်တော့ဘဲ စစ်ကျင်း၏ ခမ်းနားလှသည့် အလှတရားများကို ရှောင်လွှဲနိုင်ခြင်းမရှိဘဲ ငေးမောကြည့်နေမိတော့သည်။

စစ်ကျင်းက...

"ဆရာချင်းယီ ၊ ဘာကိစ္စများရှိလို့လဲ"

စုန့်ချင်းယီက...

"နန်းတော်ထဲမှ ရာသီဥတုက ထူးထူးဆန်းဆန်း ပြောင်းလဲသွား လို့ ၊ ကေရီစစ်ကျင်း ပြဿနာတစ်ခုခုများဖြစ်နေ သလားလို့ လာကြည့်တာပါ"

"အခု ဆရာချင်းယီတွေ့တဲ့အတိုင်းပဲလေ ၊ ကျွန်မ ဘာမှ မဖြစ် ပါဘူး ၊ ဒီတော့ စိတ်မပူပါနဲ့"

စစ်ကျင်းက ကြည်လင်သည့်မျက်ဝန်းလေးများဖြင့် စုန့်ချင်းယီ ကိုကြည့်ရင်းပြောလိုက်လေသည်။

ထိုအခါ... စုန့်ချင်းယီသည် သူမ၏မျက်ဝန်းများထဲတွင် လျှပ်စီးများလက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

စုန့်ချင်းယီက...

"ကေရီလေးရဲ့ လျှပ်စီးစွမ်းအားတွေက အရင်ကထက်ပိုပြီး ပြင်းထန်နေတယ်"

စစ်ကျင်းက...

"ဟုတ်လား..."

ဟု ပြန်မေးလိုက်လေသည်။

စုန့်ချင်းယီက သူမ၏ မျက်ဝန်းများကို ထပ်မံကြည့်ရှုလိုက်

လေသည်။

ထိုအခါ လျှပ်စီးများကို မြင်တွေ့ရခြင်းမရှိတော့ပေ။

သို့သော်... မျက်ဝန်းများက တစ်လက်လကတောက်ပနေလေ

သည်။ ထိုသို့တောက်ပနေခြင်းမှာ ပုံမှန်မဟုတ်ပေ။

ထို့ကြောင့် စုန့်ချင်းယီက...

"ဟုတ်တယ်..."

ဟု ပြန်ဖြေလိုက်လေသည်။

ထိုအခါမှ စစ်ကျင်းက...

"ဆရာချင်းယီက တကယ် အမြင်စူးရှတာပဲ ၊ ကျွန်မ ကျင့်ကြံ

ခြင်းအဆင့် တိုးတက်လာတာပါ ၊ အခု ကျွန်မပင်ပန်း နေပြီ ၊

ဆရာချင်းယီ ပြန်ပါတော့"

စုန့်ချင်းယီက စစ်ကျင်းကို တစ်ချက်ကြည့်လိုက်ပြီး...

"ဒါဖြင့်လည်း ကျုပ်ပြန်ပါတော့မယ် ၊ ကေရီလေး ဂရုစိုက်ပါ"

စုန့်ချင်းယီက စစ်ကျင်းကို ကျောခိုင်းလိုက်ပြီး တံခါးမှ ထွက်ရန် ပြင်လိုက်လေသည်။

ရုတ်တရက်... စစ်ကျင်းက လက်ဟန်တစ်ခုကို ပြုလုပ်လိုက်လေရာ မိုးကြိုးတစ်စင်းဖြစ်တည်လာပြီး စုန့်ချင်းယီကို နောက်ကျောမှ ပစ်ခတ်တိုက်ခိုက်လိုက်လေတော့သည်။

သို့သော်... လျှပ်စီးသည် ဗလာနယ်တစ်ခုကိုသာ ထိခိုက်မိသွားလေသည်။

ထို့နောက်တွင်တော့... စစ်ကျင်းသည် ထူးဆန်းသည့်လူတစ်ယောက်အသွင် ပြောင်းလဲသွားလေသည်။ ထိုသူတွင် အတောင်ပံများပါရှိပြီး အတောင်ပံများတွင် လျှပ်စီးများလင်းလက်နေလေသည်။

စုန့်ချင်းယီကို တိုက်ခိုက်သူမှ စစ်ကျင်းမဟုတ်သည်မှ ထင်ရှားနေလေသည်။ စစ်ကျင်းအဖြစ် အယောင်ဆောင်ထား သူက စုန့်ချင်းယီကို တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ထို့နောက်တွင်တော့... ပလ္လင်ထက်တွင် လျှပ်စီးကြိုးများဖြင့် ချည်နှောင်ထားခြင်းခံရသည့် စစ်ကျင်းအစစ် ပေါ်လာ လေသည်။ သူမ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်နေပြီး အလွန်မှ နာကျင်ခံစားနေရဟန်ရှိလေသည်။

စုန့်ချင်းယီက ထူးဆန်းသည့်လူဘက်သို့လှည့်လိုက်ပြီး...

"မင်းက ဘယ်သူလဲ"

ထူးဆန်းသည့်လူက သူ၏အတောင်များကို ဖြန့်ကားလိုက်လေရာ ခန်းမတစ်ခုလုံးတွင် မိုးခြိမ်းသံများထွက်ပေါ်လာ လေသည်။ သူက စုန့်ချင်းယီကို အေးစက်သည့်အကြည့်များဖြင့် စိုက်ကြည့်နေပြီး စကားတစ်ခွန်းမှ ပြန်မပြောပေ။

လှျပ်စီးကြိုးများဖြင့် ချည်နှောင်ခံထားရသည့် စစ်ကျင်းကသာ နာကျင်နေသည့်ကြားမှ အားယူပြီး တစ်လုံးချင်းပြော လိုက်လေသည်။

"သူ.. သူက... မိုးကြိုးနတ်မင်းပဲ ၊ ကျွန်မတို့ ... ဘိုးဘေးလည်း ဖြစ်တယ်"

စုန့်ချင်းယီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မိုးကြိုးနတ်မင်းက ကျုပ်ကိုတိုက်ခိုက်ချင်တာ မင်းကဘာလို့ တားဆီးထားရတာလဲ ၊ မင်းခုလိုဒဏ်ရာရသွားတော့ အစ်ကို ဆန်းကို ကျုပ် ဘယ်လိုမျက်နှာပြရတော့မလဲ"

စစ်ကျင်းက တိုးလျသည့်လေသံဖြင့်...

"ရှင်က ဆရာ့ရဲ့ သူငယ်ချင်းလေ ၊ သူတို့ရှင့်ကို ဒုက္ခပေးမှာကို ကျွန်မ ကြည့်မနေနိုင်ဘူး"

စုန့်ချင်းယီက ပြုံးလိုက်ရင်း...

"ဆန်းလျန်က ကျုပ်ကို ဒီကိုလွှတ်လိုက်တာ ကေရီလေးကို ကာကွယ်ပေးဖို့လေဗျာ ၊ အခုတော့ ကေရီလေးက ကျုပ်ကို ပြန်ပြီး ကာကွယ်ပေးနေရတယ်လို့"

စုန့်ချင်းယီ၏ လက်ထဲတွင် စုတ်တံတစ်ချောင်း ပေါ်လာလေသည်။

စုတ်တံ၏အစွန်းဖျားသည် စိန်တစ်လုံးကဲ့သို့ ကြည်လင်တောက်ပလာလေသည်။ စုတ်တံ၏ထိပ်တွင် ပြည့်နက်နေသည့်တန်ခိုးစွမ်းအားများသည် လူသားဆန်ခြင်းဖြင့် ပြည့်ဝနေပြီး နေ့ဦးရာသီနှင့် ဆောင်းဦးရာသီကို ရေးသားပြီး လောကနိယာမများကို ပြန်လည်ပြုပြင်တော့မည့်အလား ထင်မှတ်ရလေသည်။

ထိုစုတ်တံကိုတွေ့မြင်လိုက်သည်နှင့် မိုးကြိုးနတ်မင်းသည် တစ်ချက် လှုပ်ရှားသွားလေသည်။

မိုးကြိုးနတ်မင်းသည် အသိဉာဏ်ပညာနှင့် ပြည့်ဝသူတစ်ယောက်ဖြစ်လေရာ စုန့်ချင်းယီ၏ လက်ထဲမှ စုတ်တံသည် သာမန်မဟုတ်ဘဲ မြင့်မားသည့်ဇစ်မြစ်မှလာသည်ကို သိရှိလိုက်ပြီး အန္တရယ်အငွေ့အသက်များကိုလည်း ခံစားလိုက်ရ လေသည်။

အန္တရယ်အငွေ့အသက်များသည် ကြောက်တရားအဖြစ်သို့ ကူးပြောင်းသွားလေသည်။

အဘယ်ကြောင့်ဆိုသော်...

ခန်းမဆောင်အတွင်းသို့ ကြာပန်းမီးအိမ်လေးတစ်ခု လွင့်မျော လာသောကြောင့် ဖြစ်လေသည်။

မီးအိမ်လေးထံမှ နွေးထွေးသည့်အငွေ့အသက်များထွက်နေသည့်တိုင် မိုးကြိုးနတ်ဘုရားသည် တစ်ကိုယ်လုံးအေးစိမ့် သွားသလို ခံစားလိုက်ရလေသည်။

မီးအိမ်လေးမှ ပူလောင်လွန်းသည့်တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး မိုးကြိုးနတ်ဘုရားကို ရစ်ပတ်ထားလိုက်လေသည်။ ထို့နောက်တွင်တော့ မီးခိုးငွေ့များထွက်ပေါ်လာပြီး မိုးကြိုးနတ်ဘုရားသည် လုံး၀ ပျောက်ကွယ်သွားလေတော့သည်။

စုန့်ချင်းယီမှာ အနည်းငယ် အံ့သြသွားမိလေသည်။

သူက ပွဲကြီးပွဲကောင်း နွှဲရတော့မည်ဟု ထင်ထားလေရာ ယခုတော့ ရန်သူက အကြောက်လွန်ကာ ပြေးပြီ ဖြစ်လေ သည်။

မီးခိုးငွေ့များနှင့်ဖုံမှုန့်များကို အလင်းတန်းတစ်ခုက ရှင်းလင်းပစ်လိုက်လေသည်။ ထို့နောက်တွင်တော့ လက်ထဲတွင် ကြာပန်းမီးအိမ်လေးကို ကိုင်ဆောင်ထားသည့် လူငယ်တစ်ယောက်သည် စစ်ကျင်းရှိရာသို့ လမ်းလျှောက်လာသည် ကိုတွေ့မြင်လိုက်ကြရလေသည်။

လူငယ်က ကြာပန်းမီးအိမ်လေးကို လျှပ်စီးကြိုးများအောက် တွင်ထားလိုက်သည့်အခါ လျှပ်စီးကြိုးများ ချက်ချင်း အရည် ပျော်ကျသွားပြီး စစ်ကျင်း လွတ်မြောက်သွားရလေသည်။

သူမသည် လူငယ်ကိုပြေးဖက်လိုက်ရင်း အချိန်အတန်ကြာ အောင် ငိုနေလေတော့သည်။

ဆန်းလျန်က သူမ၏ ပခုံးလေးကို အသာပုတ်ပေးကာ နှစ်သိမ့် လိုက်ရင်း...

"မငိုနဲ့တော့... တော်ကြာ သူများတွေ မင်းကို လှောင်ပြောင်ကုန် တော့မယ်..."

ဆန်းလျန်၏ စကားကြောင့် စစ်ကျင်းမှာ ရှက်သွားရလေသည်။ စစ်ကျင်းသည် ဆန်းလျန်ကို မတွေ့ရသည်မှာ ကြာလှပြီဖြစ် သည့်အတွက် မျက်စိအကြည့်တစ်ချက်ပင်မလွှဲဘဲ ငေးကြည့် နေလေသည်။

စုန့်ချင်းယီက ရယ်မောလိုက်ရင်း...

"မင်းအချိန်မီရောက်လာတာပဲ..."

ဆန်းလျန်က စုန့်ချင်းယီကို ကျေးဇူးတင်စကားပြောလိုက်လေသည်။

"မင်းကူညီခဲ့တာအားလုံးအတွက် ကျေးဇူးပါကွာ... ချင်းယီ"

စုန့်ချင်းယီက...

"ဘာမှလည်း မကူညီလိုက်ရပါဘူး၊ ကေရီလေးလည်း ဒဏ်ရာရသွားတယ်လေ"

စစ်ကျင်းက ပြာပြာသလဲဖြင့် ငြင်းလိုက်လေသည်။

"ဆရာချင်းယီ၊ ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ မိုးကြိုးနတ်မင်းက ကျွန်မကို ဘာမှ မလုပ်ပါဘူး"

ဆန်းလျန်က...

"ကဲ... ဘာတွေဖြစ်တာလဲ ပြောပြပါဦး"

"မိုးကြိုးနတ်မင်းက ကျွန်မတို့ ယိုဟူမျိုးနွယ်တွေရဲ့ဘိုးဘေး တစ်ယောက်ပါ၊ ပြီးတော့ သူက တာ့ရှားပြည်ကို တည်ထောင်

ခဲ့တဲ့ ကေရာဇ်စစ်ဝမ်မင့်ရဲ့ သစ္စာရှိအမှုထမ်းပါ။ သူက လေ့

အိမ်တော်ကို ရောက်သွားတော့ ကျွန်မ အကြောင်းကို သိသွား

တယ်။ ကျွန်မကို တာ့ရှားပြည်ရဲ့ ဘုရင်မ လုပ်ဖို့ပြောတယ်။

ကျွန်မက သဘောမတူလို့ သူက ဒုက္ခပေးချင်တာပါ"

ဆန်းလျန်က...

"တာ့ရှားပြည်ရဲ့ ဘုရင်မအသစ်လုပ်တာ ဘာမကောင်းတာရှိလို့

လဲ။ မင်း ကျုပ်အတွက် ထည့်စဉ်းစားပေးစရာ မလိုပါဘူး"

စစ်ကျင်းက...

"ကျွန်မ ဒီလိုတာဝန်တွေယူရတာကို သဘောမကျဘူးဆိုတာ

ဆရာလည်းသိရဲ့သားနဲ့၊ ဖြစ်နိုင်ရင် ကျွန်မက တောထဲ

တောင်ထဲသွားပြီး တစ်ယောက်တည်းကျင့်ကြံနေချင်တာ"

ဆန်းလျန်က...

"အ လိုက်တဲ့ကလေး၊ လောကမှာ သန့်စင်တဲ့နေရာ ဘယ်နေရာ

မှမရှိဘူး၊ ပြီးတော့... မိုးကြိုးနတ်မင်းက စစ်ဝမ်မင့်ရဲ့သစ္စာရှိ

အမှုထမ်းဆိုတာ အရင်တုန်းက ကိစ္စတွေပါ၊ သူ အခု ရောက်လာတာ သိပ်ပြီးတော့ မရိုးရှင်းဘူးခ

ဆန်းလျန်၏ စကားကြောင့် စစ်ကျင်းမှာ ပဟေဠိဖြစ်သွားရပြီး...

"ဆရာ့စကားက ဘာအဓိပ္ပါယ်လဲ"

ဆန်းလျန်က ကြမ်းပြင်ထက်တွင်ကျနေပြီး အရည်မပျော်သေးသည့် လျှပ်စီးကြိုးတစ်ခုကို ကောက်ယူလိုက်ကာ လေနှင့်မှုတ်လိုက်လေသည်။ ကြိုးစသည် လေထဲသို့ အမှုံအမွှားများအဖြစ်လွင့်ပြယ်သွားပြီး တန်ခိုးစွမ်းအားသဲလွန်စ အနည်းငယ်ကျန်ရစ်ခဲ့လေသည်။

ကျန်ရစ်ခဲ့သည့် တန်ခိုးစွမ်းအားသဲလွန်စသည် အရာအားလုံး၏ ဇာစ်မြစ်ကို ဖော်ပြလျှက်ရှိလေတော့သည်။

အခန်း (၆၉၁) တာအိုဆရာလီချင်းဆွေ

ဆန်းလျန်သည် သူ၏လက်ချောင်းများဖြင့် မိုးကြိုးနတ်မင်း ကျန်ရစ်ခဲ့သည့် တန်ခိုးစွမ်းအားသဲလွန်စများကို ထိကိုင် လိုက်လေသည်။ ထိုအခါ အလွန်လှပသည့် ကြာပန်းလေးများ ရုတ်တရက် ပွင့်လန်းလာလေသည်။

ဆန်းလျန်က...

"ဒီ တန်ခိုးစွမ်းအားတွေက ကျောက်စိမ်းဝိညာဉ်နန်းတော်က တန်ခိုးစွမ်းအားပဲ ၊ ကြည့်ရတာ မိုးကြိုးနတ်မင်းက ကျောက်စိမ်းဝိညာဉ်နန်းတော်မှာ ကျင့်စဉ်တစ်ခုခု သင်ယူခဲ့ပုံရတယ်"

ဆန်းလျန်၏ စကားကြောင့် စုန့်ချင်းယီမှာ အံ့သြခြင်းမက အံ့သြသွားရလေသည်။

သူက...

"ဒါပေမယ့် ဘာကြောက်စရာရှိလဲ၊ မင်းတို့ ချင်းရွှမ်နတ်တံခါး က တာအိုဆရာသခင်ထိုက်ယီရဲ့အမွေကို ဆက်ခံ ထားတဲ့ ဂိုဏ်းတစ်ဂိုဏ်းပဲမဟုတ်လား..."

ဆန်းလျန်က...

"အဲဒီလိုတော့ ပြောလို့မရဘူး၊ ချင်းရွှမ်နတ်တံခါးက တာအို ဆရာသခင်ထိုက်ယီရဲ့ အမွေကိုဆက်ခံထားတယ်ဆိုပေ မယ့် ဂိုဏ်းခွဲတစ်ခုအဆင့်ပဲရှိတယ်၊ ကျောက်စိမ်းဝိညာဉ်နန်းတော် ကကျတော့ ယွီချင်တာအိုဆရာသခင်ဆီက တိုက်ရိုက် ဆင်းသက်လာတဲ့ မျိုးဆက်တွေပဲ၊ ယွီချင်ဒုတိယမျိုးဆက်လို့ တောင် ခေါ်လို့ရတယ်"

ဆန်းလျန်၏ စကားကြောင့် စုန့်ချင်းယီက စိတ်ပူသွားပြီး...

"ဒါဆိုရင်တော့ပြဿနာပဲ၊ သူတို့က မင်းကို ဒုက္ခပေးချင်တာ လား..."

ဆန်းလျန်က...

"ကိစ္စမရှိပါဘူး ၊ အဲဒီပြဿနာတွေကို ကျုပ်ဖြေရှင်းနိုင်မှာပါ"

စစ်ကျင်းမှာ ဆန်းလျန်ကို စကားပြောချင်သော်လည်း မြို့

သိပ်ထားလိုက်မိလေသည်။

သူမသည် ဆန်းလျန်ကို ချစ်မိနေသည့်အတွက် ဆန်းလျန်ဘက်

တွင် ရပ်တည်ပေးနေသည့်တိုင် မိုးကြိုးနတ်မင်း မှာလည်း

သူမ၏ ဘိုးဘေးတစ်ယောက်ဖြစ်နေလေသည်။

စုန့်ချင်းယီက...

"ဘာတွေပဲဖြစ်လာဖြစ်လာ ကျုပ်ကတော့ မင်းဘက်မှာ အမြဲရှိ

နေမှာပါ"

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"တကယ်တော့ မင်းဆီက အကူအညီတောင်းစရာရှိလို့ ကျုပ် ဒီ

ကိုလိုက်လာတာ"

စုန့်ချင်းယီသည် ဆန်းလျန်တောင်းသည့် အကူအညီကို ငြင်းဆန်ခြင်း မရှိပါ။

ဆန်းလျန်သည် သူ့ကို မည်သည့်အခါမှ ဒုက္ခရောက်အောင် လုပ်သူမဟုတ်ပေ။ ထို့အတူ သူကလည်း ဆန်းလျန်ကို မည်သည့်အခါမှ ဒုက္ခရောက်အောင်လုပ်မည် မဟုတ်ပေ။

သူတို့ (၂)ယောက်၏ တစ်ယောက်အပေါ်တစ်ယောက်ထားရှိသည့် ယုံကြည်မှုသာ မခိုင်မာခဲ့လျှင် သူတို့၏ ခင်မင်မှုသည် အလဟာသ ဖြစ်ရပေမည်။

လောကတွင် အချို့ကိစ္စများသည် ဖွင့်ပြောရန်ပင် မလိုပါ။

အချို့သော မိတ်ဆွေသူငယ်ချင်းများသည် သံသယ ဝင်စရာမလိုအောင် ယုံကြည်စိတ်ချနိုင်သူများ ဖြစ်ကြလေသည်။

....

တော့ကျိုးပြည်အပြင်ဘက်တွင် ရေတစ်စက်မှမရှိသည့် ကန္တာရတစ်ခု တည်ရှိလေသည်။

ကန္တာရအလယ်တွင် မိန်းမပျိုတစ်ယောက် ပေါ်လာလေသည်။

သူမသည် အစိမ်းရောင်ဝတ်ဆင်ထားပြီး အလွန် ချောမောလှပလေသည်။

ထို့နောက်... သူမရှေ့တွင် မိုးခြိမ်းသံတစ်သံထွက်ပေါ်လာပြီး လျှပ်စီးများစီးဆင်းနေသည့် အတောင်ပံများကို တဖျတ်ဖျတ်ခတ်ရင်း မိုးကြိုးနတ်မင်း ပေါ်လာလေသည်။

မိုးကြိုးနတ်မင်းသည် လေထဲတွင် ရပ်နေလေသည်။

လျှပ်စီးများဖြင့်တောက်ပနေသည့် အတောင်ပံများကို တဖျတ်ဖျတ်ခတ်နေသည့်အတွက် ကန္တာရထဲတွင် သဲမုန်တိုင်းများပင်တိုက်ခတ်လာလေ၏။ သို့သော်... အစိမ်းရောင်ဝတ်မိန်းကလေး၏ အနားသို့ရောက်သည်နှင့် သဲမုန်တိုင်းများမှာ ချင်ချင်းပင် ပျက်ပြယ်သွားကြလေသည်။

အဘယ်ကြောင့်ဆိုသော် မိန်းကလေးထံမှ အပူလှိုင်းများ ထုတ်လွှတ်လိုက်သောကြောင့် ဖြစ်လေသည်။ ထိုအပူလှိုင်း

များသည် မီးတောက်များ မဟုတ်သည့်တိုင် မီးတောက်ထက်

ပင်ပူပြင်းပြီး ကြောက်မက်ဖွယ်ရာကောင်းလေသည်။

သူမသည်ကား… ရေမိစ္ဆာမယ်ဟု လူသိများသည့် မိုးနတ်မယ်

ပင် ဖြစ်လေသည်။ သူမသည် မိုးကောင်းကင်နတ်ဘုရား

တစ်ပါးဖြစ်ပြီး လျှို့ဝှက်နက်နဲသည့် အစွမ်းများကို ပိုင်ဆိုင်

ထားလေသည်။

မိုးကြိုးနတ်မင်းက…

"မင်းက ကျုပ်ထက်တောင်မှ ဆန်းလျှန်ကို ကြောက်နေပါလား"

ရေမိစ္ဆာမယ်က…

"ကြောက်ရမယ်လေ ၊ သူက ကျွန်မကို ကိစ္စတုံးပစ်လိုက်နိုင်တာ

ရှင်လည်းသိတာပဲ"

မိုးကြိုးနတ်မင်းက နက်ရှိုင်းသည့်လေသံဖြင့်…

"နေပါဦး ၊ မင်းပြောပုံအရဆိုရင် သူက စန့်ချင်တာအိုဆရာရဲ့

အမွေဆက်ခံသူ ဖြစ်နေတာပေါ့"

ရေမိစ္ဆာမယ်က...

"သိပ်တော့မသေချာဘူး ၊ ဒါပေမယ့် ကျောက်စိမ်းဝိညာဉ်

နန်းတော်က သူ့ကို သံသယဝင်နေတာကြာပြီ ၊ ဒါပေမယ့် ဘာ

လို့ သတ်မပစ်သေးတာလဲ မသိဘူး"

မိုးကြိုးနတ်မင်းက...

"သူက တာအိုဆရာလီချင်းဆွေရဲ့ ထိုက်ရှီးနည်းဗျူဟာ

ကျင့်စဉ်ကို ကျင့်ကြံထားတယ်လေ ၊ အဲဒီတော့ ကျောက်စိမ်း

ဝိညာဉ်နန်းတော်က သခင် (၂)ပါးကလည်း တာအိုဆရာချင်း

ဆွေနဲ့ တာအိုဆရာသခင်ထိုက်ယီရဲ့ မျက်နှာကိုထောက်ပြီး

လက်လွှတ်စပယ် ဘယ်လုပ်ရဲကြပါ့မလဲ"

ရေမိစ္ဆာမယ်က...

"တာအိုဆရာလီချင်းဆွေဆိုတာ ဘယ်သူလဲ"

မိုးကြိုးနတ်မင်းက...

"ပြောကြတာတော့ သူက တာအိုဆရာသခင်ထိုက်ယီရဲ့ သမီး
တဲ့ ၊ ဒါပေမယ့် တစ်ထစ်ချလည်းပြောလို့မရပြန်ဘူး ၊ သူက
အရမ်းတော်ပြီး အရည်အချင်းရှိတဲ့ ကျင့်ကြံသူတစ်ယောက်ပဲ ၊
သခင် (၂)ပါးက သူ့ထက် တန်ခိုးစွမ်းအား မြင့်မားပေမယ့် သူ့
ကို နိုင်အောင် မတိုက်ခိုက်နိုင်ခဲ့ကြဘူးလေ"
မိုးကြိုးနတ်မင်းက ပင့်သက်တစ်ချက်ရှိုက်လိုက်ရင်း
စကားဆက်ပြောလိုက်လေသည်။
"ဘာပဲဖြစ်ဖြစ် ဆန်းလျန်ရဲ့ လျှို့ဝှက်ချက်တွေပေါ်လာအောင်
တော့ လုပ်ရမှာပဲ ၊ သခင် (၂)ပါးကလည်း ကျုပ်တို့ကို စောင့်
ကြည့်နေတယ် မဟုတ်လား ၊ ကျုပ်တို့အလုပ်သာ မအောင်မြင်
ရင် သွားရမယ့်လမ်းက သေလမ်းပဲရှိတယ်"
ရေမိစ္ဆာမယ်က...
"ကျွန်မ ဒီအလုပ်တွေ ဆက်လုပ်ပေးမှာပါ ၊ ဒါပေမယ့် စစ်ဝမ်မ
င့် ဘယ်ရောက်နေလဲဆိုတာ ကျွန်မကိုပြောပြစေချင် တယ် ၊

သူက အသူရာချောက်မှာ ကျွန်မတစ်ယောက်တည်းထားခဲ့ပြီး အလျှင်စလိုနဲ့ ထွက်သွားတာ ၊ သူ ဘာဖြစ်နေ တယ်ဆိုတာ ကျွန်မ သိရမှဖြစ်မယ်"

မိုးကြိုးနတ်မင်းက...

"ဧကရာဇ်စစ်ဝမ်မင့်က စကြာဝဠာတစ်နေရာမှာ ကျင့်ကြံနေ တယ်လို့ သတင်းကြားတယ် ၊ အသေးစိတ်ကိုတော့ ကျုပ် လည်းသေချာမသိဘူး"

ရေမိစ္ဆာမယ်က စကားဆက်ပြောရန် ပြင်လိုက်လေသည်။ သို့သော် မိုးကြိုးနတ်မင်းက အလွန်ထိတ်လန့်တုန်လှုပ်သည့် အကြည့်များဖြင့် သူမကိုပြူးကြည့်နေသည့်အတွက် စကားဆက်မပြောဖြစ်တော့ပေ။

ထိုအချိန်မှာပင်... သူမ၏ ခန္ဓာကိုယ်ကို မီးတောက်များက ဝါး မြိုလောင်ကျွမ်းနေသည်ကို သိလိုက်ရလေသည်။ မီးတောက် များမှာ စိမ်းပြာရောင်ဖြစ်လေသည်။ မီးများလောင်ကျွမ်းနေ

သည့်တိုင် ရေမိစ္ဆာမယ်သည် နာကျင်ခြင်းကို မခံစားရပေ။

သို့သော်... သူမ၏ တန်ခိုးစွမ်းအားများ လျော့နည်းသွားသည်

ကို ခံစားလိုက်ရလေသည်။

သူမ၏ဘဝတွင် စစ်ဝမ်မင့်ကို မည်သည့်အခါမှ ပြန်လည်ဆုံ

တွေ့ရတော့မည် မဟုတ်သည်ကို သူမ နားလည်လိုက် လေ

သည်။ အဘယ်ကြောင့်ဆိုသော် သူမသည် သေဆုံးရတော့မည်

ဖြစ်လေသည်။

ရေမိစ္ဆာမယ်၏ ခြေဖဝါးအောက်တွင် ကြာပလ္လင်တစ်ခု ရှိနေ

လေသည်။ စိမ်းပြာရောင်မီးတောက်များသည် ထိုကြာပလ္လင်မှ

ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ကြာပလ္လင်ထွက်ပေါ်လာသည့် အချိန်မှစပြီး မိုးကြိုးနတ်မင်း

ရော ရေမိစ္ဆာမယ်ပါ လှုပ်ရှားနိုင်စွမ်း မရှိတော့ပေ။

နောက်ထပ် ကြောက်မက်ဖွယ်ရာအချက်မှာ ရေမိစ္ဆာမယ်၏

ခန္ဓာကိုယ်တွင် မီးများလောင်ကျွမ်းနေသည်ကို မိုးကြိုးနတ်မင်း

ရော ရေမိစ္ဆာမယ်ကိုယ်တိုင်ပါ သတိမထားမိခြင်း ဖြစ်လေသည်။

မီးတောက်များသည် ရေမိစ္ဆာမယ်၏ ခန္ဓာကိုယ်တစ်ခုလုံးကို တဖြည်းဖြည်း ဝါးမြိုလောင်ကျွမ်းသွားလေသည်။ သို့သော်... သူမသည် အားအင်များ လျော့နည်းနေပြီး မီးတောက်များကို လုံးဝ ခုခံတားဆီးနိုင်ခြင်း မရှိခဲ့ပေ။

မိုးကြိုးနတ်မင်းသည် လျှပ်စီးတောင်ပံများကို တဖျတ်ဖျတ်ခတ်လိုက်ပြီး အင်အားအကြီးဆုံးမိုးကြိုးတစ်စင်းဖြင့် ကြာပလ္လင်ကို ပစ်ချလိုက်လေသည်။ သို့သော်... ကြာပလ္လင်ဆီမှ အလင်းရောင်အလွှာပါးလေးတစ်ခု ထွက်ပေါ်လာပြီး မိုးကြိုးပစ်ချက်ကို ခုခံကာကွယ်ထားလိုက်လေသည်။

ထို့နောက် ... မိုးကြိုးနတ်မင်း၏ တန်ခိုးစွမ်းအားများကိုပင် အလင်းရောင်အလွှာပါးလေးက စုပ်ယူပစ်လိုက်လေသည်။

မိုးကြိုးနတ်မင်းမှာ သူ့ကိုယ်သူကာကွယ်ရန် ကြိုးစားလိုက်

သော်လည်း မည်သို့မှကာကွယ်၍ မရခဲ့ပေ။ ကြာပလ္လင်၏ တန်ခိုးစွမ်းအားများသည် သူမျှော်လင့်ထားသည်ထက် မြင့်မား နေလေသည်။

ရေမိစ္ဆာမယ်၏ဆံပင်များအားလုံး မီးလောင်ကျွမ်းသွားပြီဖြစ် ပြီး သူမသည် အားနည်းဖျော့တော့နေလေသည်။

သူမက...

"စစ်ဝမ်မင့်ကိုရှာပြီး ကျွန်မအတွက် လက်စားချေပေးဖို့ ပြော ပေးပါ"

မိုးကြိုးနတ်မင်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။ သူသည် မည်သို့မှ မကူညီနိုင်တော့ဘဲ ရေမိစ္ဆာမယ် ပြာမှုန့် ဖြစ်သည်အထိ လောင်ကျွမ်းသွားသည်ကို ဒီအတိုင်း ထိုင် ကြည့်နေရလေတော့သည်။

ရေမိစ္ဆာမယ်သေဆုံးသွားသည်နှင့် တာ့ကျိုးပြည်၏ ကောင်းကင်တစ်ခုလုံးတွင် တိမ်များထူထပ်စွာ ဖြစ်တည်လာ

လေ သည်။ ထို့နောက် မိုးများစတင်ရွာသွန်းလေတော့သည်။

မြေပြင်တစ်ခုလုံး စိုပြေလန်းဆန်းလာပြီး တိုင်းပြည်တစ်ခုလုံး မှာအသစ်ပြန်လည်မွေးဖွားလာလေတော့သည်။

မိုးကြိုးနတ်မင်းမှာ အဖြစ်အပျက်များကြောင့် ထိတ်လန့်ပြီး ထို နေရာမှ ချက်ချင်းထွက်ခွာသွားလေသည်။

မိုးကြိုးနတ်မင်းထွက်ခွာသွားသည်နှင့် ကန္တာရထဲတွင် ဆန်းလျ န်နှင့် စုန့်ချင်းယီပေါ်လာလေသည်။

စုန့်ချင်းယီက ကြာပန်းမီးအိမ်လေးကိုကိုင်ထားလေသည်။

သူက တအံ့တဩလေသံဖြင့်...

"ဟောက်ရန်တန်ခိုးစွမ်းအားနဲ့ ရှန်လမ်းစဉ်ပေါင်းစပ်လိုက်တာ ထိပ်တန်းတန်ခိုးစွမ်းအားထွက်ပေါ်လာတာပဲ"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ဒါက ရှန်လမ်းစဉ်ကို လူသားဆန်မှုနဲ့ ပေါင်းစပ်လိုက်တာပေါ့

ကွာ ၊ အဲဒီစွမ်းအားကို ကောင်းကင်ဘုံက တန်ခိုး စွမ်းအားတွေ

တောင် ကာကွယ်နိုင်မှာ မဟုတ်ဘူး"

စုန့်ချင်းယီက...

"နေပါဦး ၊ မင်းက အဲဒီအကြောင်းတွေ ဘယ်လိုလုပ် သိနေရ

ပြန်တာလဲ"

ဆန်းလျန်က...

"လောကမှာ ကျုပ်မသိတာ ဘာရှိလို့လဲ"

စုန့်ချင်းယီက...

"မင်းကတော့လေ... သိတာတွေများနေပြီ ၊ နာနာလေးရိုက်

ပြီးဆုံးမမှ ဖြစ်တော့မယ်"

ဆန်းလျန်က မျက်နှာသေဖြင့်...

"အဟက်... ကျုပ်ကိုနိုင်အောင်ပဲ အရင်တိုက်စမ်းပါဦး ချင်းယီ

ရာ..."

ဆန်းလျန်စကားဆုံးသွားသည်နှင့် စုန့်ချင်းယီက ရယ်မောလိုက်လေသည်။

"မင်းဟာလေ... အမြဲတမ်းဒီအတိုင်းပဲနော်၊ ပြီးတော့ မင်း အခုလိုမျိုး နောက်နောက်ပြောင်ပြောင်နဲ့ အမြဲတမ်း နေသင့်တယ်၊ အင်း... တကယ်တော့ မင်းမှာ တခြားသူတွေကို ပြောမပြနိုင်တဲ့ ပြဿနာတွေရှိတယ်ဆိုတာ ကျုပ်သိပါတယ်ကွာ"

ဆန်းလျန်က...

"သိရင်လည်း မမေးနဲ့ကွာ..."

စုန့်ချင်းယီက စိတ်အားထက်သန်စွာဖြင့်...

"မမေးသင့်ဘူးဆိုတာ သိပါတယ်ကွာ၊ ဒါပေမယ့် မင်းရင်ဖွင့်ချင်တယ်ဆိုရင် သူငယ်ချင်းတစ်ယောက်အနေနဲ့ ကျုပ်အမြဲတမ်းရှိနေပေးပါ့မယ်၊ ပြီးတော့ ဘာတွေပဲဖြစ်လာပါစေ၊ ဘယ်လိုအရာတွေပဲ ပြောင်းလဲသွားပါစေ၊ မင်းရဲ့ ကျင့်စဉ်

လမ်းလည်း ဘယ်လောက်ထိပဲ အဆင့်မြင့်သွားပါစေ ကျုပ်က

မင်းကို အရင်ကလိုပဲ ပျော်ပျော်ရွှင်ရွှင် နေသွားစေချင်တယ်"

ဆန်းလျန်သည် အတန်ကြာတိတ်ဆိတ်ငြိမ်သက်နေလေသည်။

ပြီးမှ ကန္တာရထဲမှ ရွှေရောင်သဲပြင်များကို ငေးကြည့်နေရင်း...

"မင်းနဲ့ကျုပ် ပထမဆုံးတွေ့ကြတဲ့အချိန်ကို မှတ်မိသေးလား ၊

အဲဒီတုန်းကလည်းသဲကန္တာရထဲမှာပဲလေ ၊ နှစ်ပေါင်းထောင်ချီ

ကြာခဲ့ပေမယ့် အဖြစ်အပျက်တွေက မနေ့တစ်နေ့ကအတိုင်းပဲ

မှတ်မိနေပါသေးတယ် ၊ အချိန်တွေ ဒီလောက်ကြာခဲ့တာတောင်

မင်းရော ကျုပ်ရော ဒီလောက်အကြာကြီး အသက်ရှည်ကြမယ်

လို့ ဘယ်သူက တွေးမိမှာလဲ"

စုန့်ချင်းယီက...

"အဲဒီတုန်းက မင်း ကျုပ်ကို ညာထားတာလေ ၊ ကျုပ်ကတော့

မင်းကို သာမန်ကျင့်ကြံသူတစ်ယောက်လို့ ထင်နေမိတာ ၊ အခု

လို အံ့သြစရာအလုပ်တွေလုပ်ပြမယ့် နတ်ဘုရားတစ်ပါး

ဖြစ်လာမယ်လို့ ဘယ်ထင်မှာလဲ ၊ ဒါပေမယ့် ကျုပ် မင်းအတွက်

ဂုဏ်လည်းယူသလို အားလည်းကျမိပါတယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါတော့ မင်း ကျုပ်ကို မြှောက်ပြောနေတာပဲ"

စုန့်ချင်းယီက...

"ဒါဖြင့် မင်းလုပ်ခဲ့တဲ့အလုပ်တွေက အလကားအလုပ်တွေလို့

ကျုပ်က ပြောရမှာလား"

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရင်း...

"ကျုပ်လုပ်သမျှ အကုန်အရေးပါတယ် ၊ ပြီးတော့ မင်း

ယုံကြည်ထားရမှာက ကျုပ် ဆန်းလျန်က ဒီထက်ပိုပြီး ကြီးမား

တဲ့အလုပ်တွေကိုလည်း လုပ်ဦးမှာ ဖြစ်တယ် ၊ ဒီတော့ မင်း စုန့်

ချင်းယီကလည်း ကျုပ်အနားမှာ အချိန်အကြာကြီး ရှိနေပေးပါ

၊ ဘာလို့လဲဆိုတော့ မင်းမရှိတော့ရင် ကျုပ်ကိုမြှောက်ပြောမယ့်

သူရှိမှာမဟုတ်တော့ ဘူး"

ဆန်းလျန်၏စကားကြောင့် စုန့်ချင်းယီက ကျယ်လောင်စွာ

အော်ဟစ်ရယ်မောလိုက်လေသည်။

"စောင့်ကြည့်ရတာပေါ့ကွာ..."

ဆန်းလျန်ကလည်း...

"စောင့်ကြည့်ရတာပေါ့ကွာ..."

ဆန်းလျန်သည် နေဝင်ချိန်ကို ငေးမောကြည့်နေခဲ့လေသည်။

လောကကြီးသည် အလွန်မှ လှပလွန်းလေသည်။ သူ့အနေဖြင့်

ထိုမျှလှပသော လောကကြီးကို ချန်ထားခဲ့ပြီး ဘဝကို စွန့်ခွာ

သွားနိုင်မည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်ပါစေ... သူ ထွက်ခွာမ

သွားနိုင်ပါ။ လောကတစ်ခုလုံးမှ လှပသည့် သဘာဝတရားများ

ကို သူ ကြည့်မြင်ချင်သေးသည်။

ဆည်းဆာနေရောင်အောက်တွင် ဆန်းလျန်၏ ပုံရိပ်သည်

တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

တခြားဘက်တွင်တော့...

အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် ဆန်းလျန်နှင့် ယွမ်စီမော် မိစ္ဆာတို့၏ တိုက်ပွဲသည် ပြင်းထန်လျှက်ရှိလေသည်။

အခန်း (၆၉၂) အချစ်နှောင်ကြိုး

ဆန်းလျန်၏ ဘဝတွင် အေးစိမ့်မှုကို တစ်ခါမှ ခံစားခဲ့ရဖူးခြင်း မရှိပေ။

ယခုတော့ အေးစိမ့်မှုကို ခံစားနေရလေသည်။ သို့သော်... ခံစားနေရသည့်အေးစိမ့်မှုသည် အေးစိမ့်မှုဟုလည်းမ ဆိုသာပေ။ ထုံကြဉ်နေသည့် ခံစားချက်တစ်ခု ဖြစ်လေသည်။

ထိုကြဉ်မှုအောက်တွင် သူ၏နှလုံးသားထဲမှ ခံစားချက်များသည် အဖူးအငုံများအဖြစ်ပြောင်းလဲသွားလေသည်။ ခံစားချက်များ ထွက်ပေါ်လာခြင်း မရှိတော့ပေ။

ယွမ်စီမော်မိစ္ဆာသည် ဆန်းလျန်၏ အသိတရားများကို ဖျက်စီးနေခြင်း မဟုတ်ပေ။ စိတ်ခံစားချက်များကို ဖျက်စီး နေခြင်းဖြစ်လေသည်။

ဆန်းလျန်သည် သူ၏အသိတရားများကို ပြီးပြည့်စုံလွန်းသည့် စိန်တစ်လုံးအဖြစ် ပြောင်းလဲထားခဲ့လေသည်။ ထိုအသိတရားစိန်တုံးသည် ခိုင်မာပြီးသန့်စင်လေသည်။ ထို့ကြောင့် ယွမ်စီမော်မိစ္ဆာအနေဖြင့် ဖျက်စီးရန် မဖြစ်နိုင်ပေ။

ဆန်းလျန်သည် သူ၏အသိတရားများကို ပြီးပြည့်စုံသည့် စိန်တစ်လုံးအဖြစ် ပြောင်းလဲထားခြင်းမှာ အလွန်အကျိုးကျေးဇူးများလေသည်။ ထိုသို့ ပြုလုပ်နိုင်ခြင်းသည် တာအို၏ နက်ရှိုင်း

သည့်အဆင့်တစ်ခု ဖြစ်ပြီး ထိုက်စန့်ဝမ့်ချင်အဆင့်အထိ တက်လှမ်းနိုင်ရန် နီးစပ်လေသည်။

သို့သော်... ထိုအချက်များက အဓိကမကျပါ။

ဆန်းလျန်သည် အစကတည်းကပင် ဦးနှောက်နှင့်နှလုံးသားဆိုလျှင် ဦးနှောက်ကို ဦးစားပေးပြီး ခံစားချက်ကို ရှေ့တန်းတင်တတ်သူမဟုတ်ပေ။ ဆန်းလျန်သည် အကျိုးသင့်အကြောင်းသင့် စဉ်းစားတတ်သူတစ်ယောက် ဖြစ်လေ သည်။

ထို့ကြောင့် သူ၏စိတ်ကို သေသေချာချာ ခွဲခြမ်းစိတ်ဖြာကြည့်ပြီး နိဂုံးချုပ်တစ်ခုဆီသို့ ရောက်ရှိခဲ့လေသည်။ ထို့ကြောင့် ယွမ်စီမော်မိစ္ဆာအနေဖြင့် ဆန်းလျန်၏ ခိုင်မာလွန်းသည့် ကိုယ်ပိုင်အသိတရားများကိုဖျက်စီးပစ်ရန်မှာ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပေ။

လောကတွင် အဆိုးဝါးဆုံးအရာသည် အထီးကျန်ခြင်း မဟုတ်ပါ။ အထီးကျန်ဆန်သည့်လမ်းကို သိသိကြီးနှင့် ရွေးခြယ်ခဲ့ခြင်းသည်သာ အဆိုးဝါးဆုံးအရာဖြစ်လေသည်။ ဆန်းလျန်သည်လည်း အထီးကျန်ဆန်သည့်လမ်းကို ရွေးခြယ်ခဲ့သူတစ်ယောက် ဖြစ်သည်ဆိုလျှင် ချဲ့ကားပြောဆိုရာ ရောက်ပေလိမ့်မည်။

ယွမ်စီမော်မိစ္ဆာသည် ဆန်းလျန်၏ အသိတရားများကို မည်သို့မှ ဖျက်စီးနိုင်ခြင်း မရှိသည့်အတွက် သူက ဆန်းလျန်၏ ချစ်ခြင်းမေတ္တာအကြောင်းတရား (၇)ခုနှင့် စိတ်ဆန္ဒ (၆)ခုကို ပျောက်ကဆုံးအောင် ပြုလုပ်လိုက်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်သည် ထုံကြဉ်သည့် ခံစားချက်ကို ခံစားလိုက်ရပြီး သူ၏စိတ်ခံစားမှုများသည် အဖူးအငုံများ သဖွယ်ဖြစ်သွားရခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်သည် ပုံကြမ်းအားဖြင့် ယွမ်စီမော်မိစ္ဆာ

လိုချင်သည့် ပုံစံမျိုး ဖြစ်သွားရလေသည်။

အမှန်တော့ ဆန်းလျန်၏ စိတ်ခံစားမှုများသည်

အလိုက်အထိုက် ပြောင်းလွယ်ပြင်လွယ်ဖြစ်ပြီး အဆက်မပြတ်

ကြီးထွားတိုးတက်လျှက်ရှိလေသည်။

ယွမ်စီမော်မိစ္ဆာက အေးစိမ့်သည့် မုန်တိုင်းကို ထုတ်လွှတ်ကာ

ဆန်းလျန်၏ စိတ်ခံစားချက်များကိုပျောက်ကွယ်စေပြီး

နောက်ဆုံးတွင် ဆန်းလျန်၏ အသိတရားများကိုပါ ဇီဝိန်ခြွေ

ပစ်ရန် ရည်ရွယ်လိုက်ခြင်း ဖြစ်လေသည်။

သို့သော်... သူ မအောင်မြင်ခဲ့ပါ။

တိုက်ပွဲသည် လက်ရှိအခြေအနေတွင် ရပ်တန့်သွားလျှင် ဆန်း

လျန်သည် ရှုံးနိမ့်သွားမည် ဖြစ်လေသည်။ သူသည် ချစ်ခြင်း

မေတ္တာအကြောင်းတရား (၇)ခုနှင့် စိတ်ဆန္ဒ (၆)ခု ပျက်သုဉ်း

သွားသည့် အသိတရားမရှိတော့သည့် လူတစ်ယောက်ဖြစ်သွား ရပေလိမ့်မည်။

အချစ်ဆိုသည်မှာ လူတစ်ယောက်ကို အသိတရားပျောက်စေပြီး စိတ်ကိုအမှောင်ဖုံးစေလေသည်။ သို့သော် အချစ်ဆိုသည်မှာ လူတစ်ယောက်ကို ကာကွယ်ပေးသည့် ဒိုင်းတစ်ခုလည်း ဖြစ်လေ၏။

"မင်းက ခံစားချက်ရှိတဲ့လူတစ်ယောက် မဟုတ်လား ၊ ဒါပေမယ့် အခုရော ဘာများခံစားရသေးသလဲ"

ယွမ်စီမော်မိစ္ဆာ၏အသံသည် ဝိညာဉ်များနေထိုင်ရာ အသူရာချောက်၏ အနက်ရှိုင်းဆုံးနေရာမှ အေးစိမ့်စွာထွက်ပေါ်လာသည့်အလား ထင်မှတ်ရလေသည်။

ဆန်းလျန်က...

"ခံစားချက်တွေမရှိတော့ဘူးဆိုရင်လည်း အတွေ့အကြုံအသစ်တစ်ခု ရတာပေါ့၊ မင်းသာမရှိရင် ဒီလိုအတွေ့အကြုံမျိုး ရနိုင်မယ် မထင်ဘူး"

ယွမ်စီမျော်မိစ္ဆာက...

"ခံစားချက်မရှိတာ ကောင်းတယ်လို့ မင်းက ပြောနေတာလား"

"ဒီမေးခွန်းက အဖြေမရှိတဲ့ မေးခွန်းပဲ၊ ဒါပေမယ့် အခုလောလောဆယ် ကျုပ် ပျော်ရွှင်တာရော ဝမ်းနည်းတာရော မခံစားရတော့ဘူးလေ၊ လုံးဝကို အကျိုးသင့်အကြောင်းသင့်ဖြစ်နေတာ"

ယွမ်စီမျော်မိစ္ဆာက ရုတ်တရက် ထမေးလိုက်လေသည်။

"အခု ကျုပ်တို့ ပူးပေါင်းလို့ရပြီလား"

ဆန်းလျန်က...

"မရဘူး..."

ယွမ်စီမော်မိစ္ဆာက ဆန်းလျန်အဖြေကြောင့် အံ့သြသွားပြီး တစ်ချက် အော်ဟစ်လိုက်လေသည်။

သူနားလည်သလောက် သူ့ရှေ့မှကောင်လေးတွင် အချစ်နှင့်စိတ်ဆန္ဒများ မရှိတော့ပေ။ သူ၏စိတ်ထဲတွင် အကျိုးအမြတ်သာလျှင် စဉ်းစားတော့မည် ဖြစ်လေသည်။ ထို့ကြောင့် သူ၏ကမ်းလှမ်းချက်ကို ငြင်းနေစရာ အကြောင်းမရှိတော့ပေ။ သို့သော်... ဆန်းလျန်က သူ့ကို ငြင်းနေဆဲ ဖြစ်လေသည်။

ထိုအချိန်မှာပင်... ဆန်းလျန်က ရုတ်တရက် ထ ရယ် လိုက်လေသည်။

ဆန်းလျန်၏ ရယ်သည်မှာ မထူးဆန်းပါ။ သို့သော်... ယွမ်စီမော်မိစ္ဆာအတွက်တော့ ဆန်းလျန်၏ ရယ်သံသည် အခြားသောမြင့်မားသည့်တန်ခိုးစွမ်းအားများထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းနေခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော်.... စိတ်ခံစားချက်မရှိသူတစ်ယောက်သည် အဘယ့်ကြောင့် ရယ်မောနေရပါသနည်း။ ခံစားချက်မရှိသူတစ်ယောက်သည် ရယ်မောရန်မှာ မည်သို့ ဖြစ်နိုင်ပါမည်နည်း။

သို့သော်... ဆန်းလျန်၏ ရယ်သံသည် ဟန်ဆောင်ခြင်း မဟုတ်ပါ။

ရယ်မောနေစဉ်တွင် ဆန်းလျန်၏ အမူအရာမှာ အလွန်ရိုးသားနေပြီး ရယ်သံမှာလည်း ခံစားချက်အပြင့်နှင့်ဖြစ်လေ သည်။ ထိုအချိန်မှာပင်... ဆန်းလျန်၏ သန့်စင်သည့် အသိတရားထဲတွင် ထူးခြားဆန်းကြယ်သည့် ကြိုးတစ်ချောင်း ထွက်ပေါ်လာလေသည်။

ယွမ်စီမော်မိစ္ဆာက နက်ရှိုင်းသည့် လေသံဖြင့်...

"အချစ်နှောင်ကြိုး..."

ဟု ရေရွတ်လိုက်လေသည်။

လောကတွင် ရှန်းထွက်ရန်အခက်ခဲဆုံးအရာများမှာ မ
လွတ်မြောက်နိုင်သည့် ပိုက်ကွန်းများလည်းမဟုတ်သလို
လည်ပတ်နေသည့် ကံတရားလည်း မဟုတ်ပါ။
လောကတွင် ရှန်းထွက်ရန် အခက်ခဲဆုံးအရာမှာ အချစ်
နှောင်ကြိုးဖြင့် နှောင်ဖွဲ့ခြင်းသာလျှင် ဖြစ်လေသည်။
တာ့ယိကဲ့သို့ မြင့်မြတ်သည့်လေးသည်တော်တစ်ပါးသည်ပင်
အချစ်နှင့် မကင်းခဲ့ပေ။ ထို့ကြောင့် ဆန်းလျှန်သည် လည်းအ
ဘယ်မှာ အချစ်နှင့် ကင်းနိုင်ပါမည်နည်း။
အချစ်နှင့်နှောင်ဖွဲ့ခြင်းမှ သက်ရှိတိုင်းရှန်းထွက်ရန်ခက်ခဲလေ
သည်။ ထို့ပြင် အချစ်သည် သက်ရှိတိုင်းကို နူးညံ့သိမ်မွေ့သွား
စေလေသည်။
သို့သော်... အချစ်သည် ဆန်းကြယ်ပြီး နားလည်ရခက်လေ
ရကား အတော်ဆုံးဆိုသည့် ကျင့်ကြံသူများပင်လျှင်
အချစ်၏ဆန်းကြယ်မှုကို နားလည်နိုင်ခြင်း မရှိကြပေ။

ထိုအချစ်ဆိုသည့် နှောင်ဖွဲ့မှုတစ်ခုဖြစ်သည့် အချစ်နှောင်ကြိုးမှတစ်ဆင့် ဆန်းလျန်၏ ခံစားချက်များ ပြန်လည် ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။

အချစ်နှောင်ကြိုးသည် ဆန်းလျန်၏ နှလုံးသားကို ရစ်ပတ်သွားပြီး အချစ်ပိုက်ကွန်တစ်ခု ပေါ်လာလေသည်။

ယွမ်စီမော့်မိစ္ဆာသည် ဆန်းလျန်၏ အချစ်ပိုက်ကွန်ဖြင့် ချုပ်နှောင်မိသွားလေသည်။ ယွမ်စီမော့်မိစ္ဆာအနေဖြင့် မြင့်မားသည့် တန်ခိုးစွမ်းအားများစွာကို ရင်ဆိုင်ခဲ့ဖူးသော်လည်း အချစ်နှင့် ခံစားချက်များကို လက်နက်အဖြစ်အသုံး ပြုကာ တိုက်ခိုက်နိုင်သည့် ဆန်းလျန်ကဲ့သို့သော လူမျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးပေ။ တွေ့မြင်ဖူးဖို့ဝေးစွ ကြားပင် မကြားခဲ့ဖူးပေ။

ယွမ်စီမော့်မိစ္ဆာ၏ သဘောသဘာဝသည် လွတ်လပ်ပြီး စီးဆင်းနေသည့် စမ်းချောင်းတစ်ခုနှင့် အလားသဏ္ဍာန်တူလေသည်။ ထို့ကြောင့် ဆန်းလျန်၏ အချစ်ပိုက်ကွန်ဖြင့် တုတ်

နှောင်ခံလိုက်ရသည့်အခါ သူသည် မည်သို့ ဖြေရှင်းရမည် မသိ ဖြစ်သွားရလေသည်။

အချစ်ပိုက်ကွန်ကြောင့် ယွမ်စီမော်မိစ္ဆာသည် မည်သို့လုပ်ရမည် မသိ ဇဝေဇဝါဖြစ်နေလေသည်။ ထို့နောက် ယွမ်စီမော်မိစ္ဆာ၏ ဖြစ်တည်လာခြင်းမရှိသေးသည့် အသိတရားများသည် အချစ်ပိုက်ကွန်ထဲတွင် တစ်စစီ ကွဲထွက်သွားလေတော့သည်။

ဆန်းလျန်သည် အချစ်ပိုက်ကွန်ကို နှလုံးသားထဲတွင် ထိန်းသိမ်းထားလေသည်။ သူ၏ နတ်ဘုရားစိတ်အာရုံများသည်လည်း ငြိမ်းချမ်းလျှက် ရှိနေလေတော့သည်။

အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် ဆန်းလျန်၏ မူလဝိညာဉ် ခန္ဓာပေါ်လာပြီး ယင် နှင့် ယန် ထိုက်ချိသင်္ကေတ အဖြစ် ပြောင်းလဲသွားလေသည်။ ထိုက်ချိသင်္ကေတသည် လူသားတစ်ယောက် ပုံသဏ္ဍာန်သို့ ပြောင်းလဲသွားလေ သည်။

နောက်ဆုံးတွင်တော့ ထိုက်ချိယင်ယန်သင်္ကေတပါရှိသည့် တာအိုဝတ်စုံကို ဝတ်ဆင်ထားသည့် တာအိုဆရာ တစ်ယောက် ခန်းမထဲတွင် ပေါ်လာလေသည်။

ထိုတာအိုဆရာသည် ဆန်းလျန်ပင် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်... တာ့ကျိုးပြည်ကြီးတစ်ခုလုံးသည် အကြောင်းရင်းမရှိဘဲ ငလျင်များ လှုပ်ခတ်လာလေသည်။

ငလျင်လှုပ်ခတ်မှုသည် မြေကြီးထဲမှ သစ်ပင်ငယ်လေးများ ထိုးခွဲထွက်ပေါ်လာသည်နှင့် ဆင်တူလေသည်။

အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် တစ်စုံတစ်ခုပြောင်းလဲသွားသည်ကို ကျင့်စူး အာရုံရလိုက်လေသည်။ ထို့ကြောင့် သူမက အပြာရောင်ခရီးရှည်နန်းတော်ဆီသို့ ထွက်လာခဲ့လေသည်။

ထိုအခါ နန်းတော်အတွင်းမှ ထွက်လာသည့်ဆန်းလျန်ကို တွေ့လိုက်ရလေသည်။

ဆန်းလျန်ဝတ်ဆင်ထားသည့် အင်္ကျီပြောင်းလဲသွားသည်မှအပ ဆန်းလျန်တွင် အခြားသော ထူးခြားသည့်ပြောင်းလဲမှု မတွေ့ရပေ။

သို့တိုင်အောင် ဆန်းလျန် တစ်ခုခုပြောင်းလဲသွားသည်ဟု ကျင့်စူး ခံစားနေရလေသည်။ သို့သော်... မည်သည့်အရာ ပြောင်းလဲသွားသည်ကိုလည်း သူမ ပြောမပြတတ်ပေ။

ကွေ့လိသည်လည်း အပြာရောင်ခရီးရှည်နန်းတော်သို့ ရောက်ရှိလာလေသည်။

သူမက ဆန်းလျန်ကို လှမ်းကြည့်လိုက်ရင်း...

"မင်း ဘာကျင့်စဉ် အောင်မြင်သွားပြန်တာလဲ..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ပြောရတော့ခက်တယ် ၊ ဒါပေမယ့် မင်းတို့ကို ကျုပ်ဇာတ်လမ်းတစ်ပုဒ်ပြောပြမယ်"

ကျင့်စူးက...

"ဘာဇာတ်လမ်းလဲ..."

ဆန်းလျန်က...

"မင်းက နားထောင်ချင်လို့လား..."

ကျင့်စူးက မျက်လုံးကို အပေါ်သို့လှန်လိုက်ရင်း...

"အပိုတွေလုပ်မနေနဲ့တော့..."

ဆန်းလျန်က လက်နှစ်ဖက်ကို နောက်သို့ပစ်လိုက်ရင်း ပြုံး လိုက်လေသည်။

"ဟိုးတုန်းက မြောက်ပိုင်းပေမင်ပင်လယ်ထဲမှာ ငါးကြီးတစ် ကောင်ရှိတယ်၊ သူ့ကို ခွန်သတ္တဝါလို့ခေါ်တယ်၊ သူက အရမ်း ကြီးလွန်းလို့ ချက်စားဖို့ဆိုရင်လည်း အိုးနဲ့မဆန့်ဘူး၊ ပြီးတော့ အဲဒီငါးကြီးက ငှက်လိုလည်း ဖန်ဆင်းနိုင်တယ်၊ ငှက်လို ဖန်ဆင်းလိုက်ရင် သူ့ကို ဖိန်လို့ ခေါ်သတဲ့၊ ဖိန်ငှက်ကြီးက လည်း အရမ်းကြီးမားလွန်းလို့ မီးကင်ပြီးစားမယ်ဆိုရင် စင်နှစ် ခုပေါ်တင်ပြီး ကင်ရတယ်တဲ့"

ဆန်းလျန၏ စကားမဆုံးမီပင် ကျင့်စူးက ဒေါသတကြီးဖြင့် ဆန်းလျန်ကို တိုက်ခိုက်လိုက်လေသည်။

ကျင့်စူးထံမှ အလွန်ကြီးမားသည့် သမုဒ္ဒရာကြီးတစ်စင်းထွက်ပေါ်လာပြီး ဆန်းလျန်ရှိရာသို့ ဝင်ရောက်သွားလေသည်။

သို့သော် ဆန်းလျန်က ထိုက်ချိသကော်ကိုဖန်ဆင်းလိုက်ပြီး ရေများအားလုံးကို စုပ်ယူပစ်လိုက်လေသည်။

ဆန်းလျန်က ထိုအပြုအမူကို အေးအေးဆေးဆေးပင် ပြုလုပ်လိုက်ခြင်း ဖြစ်လေသည်။

ထို့နောက်... ဆန်းလျန်က ချက်ချင်းပင် ကျင့်စူးအနားသို့ရောက်ရှိသွားပြီး နောက်ထပ်တိုက်ခိုက်ခြင်းမပြုနိုင်အောင် သူမ၏ လက်များကို ဖမ်းချုပ်ထားလိုက်လေသည်။ ဆန်းလျန်သူမကို ဖမ်းချုပ်ထားမှုမှာ အားပျော့သည့်တိုင် အလွန်ကြီးမားသည့် တာအိုစွမ်းအားတစ်ခုက သူမကို ထိန်းချုပ်ထားသည့်

အလား ခံစားရပြီး သူမသည် ဆက်လက် တိုက်ခိုက်၍ မရ

တော့ပေ။

ကျင့်စူးထံမှ ဆဲဆိုအပြစ်တင်သံများ ထွက်မလာခင်မှာပင်

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့် ...

"နောက်ပြောင်မနေနဲ့တော့..."

ဆန်းလျန်၏ လေသံမှာ သတိပေးသံမဟုတ်ပါ။

သို့သော်... သဘောထားကြီးမှုနှင့် ခွင့်လွှတ်မှုများဖြင့် ပြည့်ဝ

နေပြီး အတော်လေးလည်း တည်ငြိမ်အေးချမ်းနေလေ သည်။

ဆန်းလျန်၏စကားသံကို ကြားလိုက်ရသည့်အခါ ဆဲဆို

အပြစ်တင်ရန်ပြင်ဆင်နေသည့် ကျင့်စူး၏ စကားလုံးများသည်

လည်ပင်းထဲတွင် ပျောက်ရှသွားလေသည်။

ဆန်းလျန်က ...

"ရေတွေသာ ခမ်းခြောက်သွားရင် ငါးတွေဘယ်လိုလုပ်မလဲ ၊

တစ်ယောက်နဲ့တစ်ယောက် ရေမရှိတဲ့နေရာမှာ ဒုက္ခတွေ

အတူတူခံစားရင်း တွယ်တာနေကြမယ့်အစား အခြားမြစ်တွေ

ရေကန်တွေရှိရာကို ရှာဖွေပြီး လွတ်လွတ် လပ်လပ် နေထိုင်ကြ

တာ အကောင်းဆုံးပဲ မဟုတ်လား"

ကျင့်စူးက...

"ဒါ ကျွမ်းကျီပြောခဲ့တဲ့စကားတွေပဲ ၊ ရှင်ဘာလို့ အဲဒီစကားတွေ

ကို ရွတ်နေရတာလဲ"

ဆန်းလျန်က နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"ကျုပ်တို့ နှစ်ယောက်က အဲဒီစာသားတွေထဲက ငါးတွေလိုပဲ

လေ..."

ကျင့်စူးသည် အံ့သြမှင်တက် သွားရလေသည်။

"ရှင်က ကျွန်မကို ထွက်သွားဖို့ ပြောနေတာလား"

ဆန်းလျန်က ပုံမှန်လေသံဖြင့်ပင်...

"မဟုတ်ပါဘူး ၊ ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် မေ့လိုက်ကြပြီး ပိုကောင်းတဲ့ဘဝတွေမှာ နေကြရအောင်လို့ ပြောတာပါ"

ကွေလိက ကျင့်စူးကို အသာဖက်လိုက်လေသည်။

ထို့နောက်... သူမက ဆန်းလျန်ကို ထူးဆန်းသည့်အကြည့်တစ်ချက်ဖြင့်ကြည့်လိုက်ရင်း...

"မမ... ငါတို့ သွားကြရအောင်ပါ"

ကျင့်စူးသည် ထွက်ခွာသွားလိုစိတ်မရှိသည့်တိုင် ကွေလိ၏ စကားကို နားထောင်လိုက်လေသည်။

ထို့နောက် သူတို့ (၂)ယောက်သည် တိမ်ပေါ်သို့ခုန်တက်သွားပြီး ပျောက်ကွယ်သွားကြလေတော့သည်။

ဆန်းလျန်သည် သူတို့ (၂)ယောက် ထွက်ခွာသွားသည်ကို မျက်စိတစ်ဆုံးငေးကြည့် နေခဲ့လေသည်။

ထို့နောက်တွင်တော့ ဖားဟိုင်ဆရာတော်နှင့် တာ့ကျိုးပြည်မှ လူများကို စုစည်းစေလိုက်လေသည်။

သူ့အနေဖြင့် ယင်းစန်းပြည်ကို အမြန်ဆုံးတိုက်ခိုက်ရန် လိုအပ်လေသည်။ ထိုသို့ပြုလုပ်မှသာ အသူရာချောက်ကို အချိန်တိုအတွင်း စုစည်းနိုင်မည် ဖြစ်လေသည်။

......

တိမ်တိုက်များထက်တွင်တော့ ကျင့်စူးသည် စိတ်တိုနေလေသည်။

"သူ ငါတို့ကို ဘာလို့ နှင်ထုတ်လိုက်တာလဲ..."

ကွေ့လိက...

"မမကျင့်စူး ၊ နင်နဲ့ ဆန်းလျန် ငါ့ကို တစ်ခုခု ဖုံးကွယ်ထားတယ် မဟုတ်လား"

ကျင့်စူးက...

"မဟုတ်ပါဘူး"

ကွေ့လိက...

"နင်ပြောမပြချင်လည်း ငါနားလည်ပေးပါတယ်၊ ဒါပေမယ့် အဲဒီပြဿနာကြောင့်ပဲ ဆန်းလျန်က နင့်ကို ထွက်သွားဖို့ ပြောတာဖြစ်လိမ့်မယ်"

ကျင့်စူး စကာပြန်မပြောနိုင်ခင်မှာပင် ကောင်းကင်တစ်ခွင်တွင် ရောင်စဉ် (၅)မျိုးအလင်းတန်းများ ဖြာလင်းလာလေ သည်။

ကျင့်စူးက မျက်မှောင်တစ်ချက် ကြုံ့လိုက်ရင်း...

"ဇာမဏီနတ်ဘုရားနန်းတော်က နင့်လူတွေ ရောက်လာကြပြီ ထင်တယ်..."

ရောင်စဉ် (၅)မျိုးအလင်းတန်းများ ပျောက်ကွယ်သွားပြီး လူငယ်လေးတစ်ယောက် ထွက်ပေါ်လာလေသည်။

သူက ကွေလိကို ဂါရဝပြုလိုက်ရင်း...

"နန်းတော်သခင်ရဲ့အမိန့်အရ သခင်မလေးကို နန်းတော်ကို ပြန်ဖို့ လာခေါ်တာပါ"

ကွေလိက ခံစားချက်ကင်းမဲ့သည့်လေသံဖြင့်...

"သူက ဘာကိစ္စ ကျုပ်ကို ပြန်ခေါ်ရတာလဲ ၊ ကျုပ်တို့ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေကြတာမှ မဟုတ်တာ"

လူငယ်လေးက...

"ဒါတော့ ကျွန်တော်လည်း မသိပါဘူး"

ကျင့်စူးက...

"ငါ့မှာလည်း သွားစရာနေရာမရှိတော့ဘူး ၊ နင် ဇာမဏီနတ်ဘုရားနန်းတော်ကို ပြန်မယ်ဆိုရင် ငါလည်း လိုက်ခဲ့လို့ ရတာပေါ့"

အခန်း (၆၉၃) အပြစ်ပေးခံရသည့်နှလုံးသား

ကျင့်စူးမှာ ကြီးမားသည့် ကြမ္မာဆိုးကြီးတစ်ခုနှင့် ပတ်သက်နေ မိပြီး နတ်မိစ္ဆာအစိပတိနန်းတော်သို့လည်း ပြန်သွား နိုင်ခြင်းမရှိ တော့ပေ။

ထို့ပြင် ဆန်းလျန်ကလည်း သူမကို နှင်ထုတ်လိုက်ပြီ ဖြစ်လေ ရာ လောကကြီးက ကျယ်ပြောလှသည့်တိုင် သူမအတွက်တော့ သွားစရာနေရာ မရှိတော့ပေ။ ထို့ကြောင့် ဇာမဏီနတ်ဘုရား နန်းတော်သို့ သွားရောက်ခြင်းကသာ အကောင်းဆုံးဖြစ်သည် ဟု တွေးလိုက်မိလေသည်။

ထို့ကြောင့် မဟာမာရူယိက ကွေလိကို ပြန်ခေါ်သည့်အခါ သူမ ကလည်း နတ်ဘုရားနန်းတော်သို့ပြန်ရန် ဝင်ရောက် ထောက်ခံ လိုက်ခြင်း ဖြစ်လေသည်။

ကျင့်စူးက ဇာမဏီနတ်ဘုရားနန်းတော်သို့ သွားရောက်ချင်နေ သည့်အတွက် ကွေလိကလည်း ငြင်းမနေတော့ပါ။ ကျင့်စူးက

ပေါက်ကရ စကားများလျှောက်ပြောပြန်လျှင်လည်း သူမသာ အရှက်ကွဲရဦးမည် ဖြစ်လေသည်။

ထို့ကြောင့် ကေ့ဝလိက...

"ကျုပ်ပြန်လိုက်ခဲ့မယ်..."

သူမသည် ဝေ့လည်ကြောင်ပတ်လုပ်တတ်သည့်လူမျိုးမဟုတ် လေရကား ပြောပြီးသည်နှင့် ချက်ချင်းပင် ဇာမဏီနတ် ဘုရားနန်းတော်သို့ ပြန်လာခဲ့လေတော့သည်။

သူမကိုလာခေါ်သည့် လူငယ်လေးမှာလည်း သူ၏တာဝန် အောင်မြင်စွာပြီးဆုံးသွားသည့်အတွက် စိတ်သက်သာရာ ရ သွားလေသည်။

သို့သော်... သူတို့ (၃)ယောက်ကို ဆန်းလျန် ကြည့်နေခဲ့သည်ကို တော့ သူတို့အားလုံး မသိရှိခဲ့ကြပေ။ သူတို့အားလုံး ထွက်ခွာ သွားသည်မှာ သေချာတော့မှ သူတို့ကို စောင့်ကြည့်နေခြင်းကို ဆန်းလျန် ရပ်တန့်လိုက်လေသည်။

အမှန်တော့ ကွေလိနှင့်ကျင့်စူးကို နှင်ထုတ်လိုက်ရခြင်းမှာ သူတို့ (၂)ယောက် ကောင်းဖို့အတွက်သာ ဖြစ်လေသည်။ ဇာမဏီနတ်ဘုရားနန်းတော်မှ လူတစ်ယောက်က ကွေလိကို လာခေါ်တော့မည်ကို ဆန်းလျန် ခန့်မှန်းလိုက်မိသည် အချိန်ကိုက်ပင် သူတို့ကို နှင်ထုတ်လိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်၏ လျှို့ဝှက်ချက်များသာ ပေါ်သွားသည့်တစ်နေ့တွင် ဇာမဏီနတ်ဘုရားနန်းတော်သည်လည်း ကျင့်စူးကို ကာကွယ်ပေးနိုင်လိမ့်မည် မဟုတ်ပေ။ သို့သော်... ဆန်းလျန်သည် ကျင့်စူး အန္တရယ်ကင်းစေရန်အတွက် မျှော်လင့်ချက်ရေးရေးလေးမျှရှိလျှင်တောင်မှ တတ်နိုင်သမျှ လုပ်ဆောင်ပေးလိုလေသည်။

ဆန်းလျန်အနေဖြင့် အသူရာချောက်တစ်ခုလုံးကို စည်းလုံးညီညွတ်အောင် ပြုလုပ်ပေးပြီး အသူရာချောက် (၉)ထပ် ကိုယခင်အတိုင်းပြန်လည် သန့်စင်ပေးလိုက်နိုင်လျှင် သူ၏တာဝန်ပြီးဆုံးပြီ ဖြစ်လေသည်။

ပြီးလျှင်တော့ သူရင်ဆိုင်ရမည့် အခက်အခဲများမှာ ယွိချင်တာ အိုဆရာသခင်နှင့် ထိုက်ချင်တာအိုဆရာသခင်တို့၏ မူလ သင်္ကေတများကိုရယူရန် ဖြစ်လေသည်။ ထိုအလုပ်များကို တော့ ပြီးဆုံးအောင် လုပ်နိုင်ပါမည်လား မသေချာလှ ပေ။ မည်သို့ပင်ဖြစ်စေ... သူ့တွင် ရွေးချယ်စရာမရှိပေ။

လက်ရှိအချိန်တွင်... သူ၏ ကျင့်စဉ်လမ်းသည် အရှိန်အဟုန် ဖြင့်တိုးတက်လာနေပြီး သူ၏မူလဝိညာဉ်ခန္ဓာ သည်လည်း အလျှင်အမြန် ကြီးထွားလာနေလေသည်။ နှစ်ပေါင်းတစ် ထောင်အတွင်းတွင် သူ၏ မူလဝိညာဉ် ခန္ဓာသည် တာ့လော် အဆင့်သို့ ရောက်ရှိသွားနိုင်လေသည်။ အခြားသူများဆိုလျှင် နှစ်ပေါင်းတစ်သောင်းခန့် ကျင့်ကြံ မှသာတာ့လော်အဆင့်သို့ ရောက်ရှိနိုင်မည် ဖြစ်လေသည်။ အချို့ဆိုလျှင် တာ့လော အဆင့်သို့ရောက်ရှိရန်အတွက် နှစ်ပေါင်း သိန်းနှင့်သန်းနှင့်ချီပြီး ပင် ကျင့်ကြံရလေ့ရှိလေသည်။

ဆန်းလျန်အနေဖြင့် ကျင့်စဉ်လမ်း အရှိန်အဟုန်ဖြင့် တိုးတက်လာနေခြင်းမှာ ဝမ်းမြောက်ဖွယ်ရာဖြစ်သည်ဟု ထင်စရာရှိသော်လည်း ကျင့်စဉ်လမ်း တိုးတက်လာလေ သဘာဝတရားမှ အပြစ်ပေးခြင်းနှင့် ရင်ဆိုင်ရရန် အချိန် နီးကပ်လာလေ ဖြစ်လေသည်။ ထို့ပြင် သူ့နှလုံးသားထဲမှ စိတ်ဒဏ်ရာသည်လည်း ပိုပြီး ပြင်းထန်လာခဲ့လေသည်။

သဘာဝတရားမှအပြစ်ပေးခြင်းသည် အခြားသော အစစ်ဆေးခံရမှုများနှင့်မတူညီပေ။ သဘာဝတရားမှ အပြစ်ပေး ခြင်းကိုခံရသူသည် ထာဝရသေဆုံးသွားရမည်ဖြစ်လေသည်။

သဘာဝတရားမှအပြစ်ပေးခြင်းဆိုသည်မှာ မိုးကောင်းကင်နိယျာမတရားများက သူ့ကိုဆက်လက်ရှင်သန်ခွင့်မပေး တော့ခြင်းပင် ဖြစ်လေသည်။ တာအိုဆရာသခင်ကြီးတစ်ပါးကဲ့သို့ ထိပ်တန်းအဆင့်ရှိသည့် အဓိပတိကြီးများသာ လျှင်

သဘာဝတရားမှအပြစ်ပေးခြင်းကို ကျော်လွှန်နိုင်စွမ်းရှိကြလေသည်။

ဆန်းလျှန်အနေဖြင့် မသေချင်လျှင်တော့ ရှင်သန်နိုင်မည့်အခွင့်အရေးကို ရှာဖွေရမည် ဖြစ်လေသည်။ ရှင်သန်နိုင်ရန်အတွက် တာအိုဆရာသခင်ကြီး (၃)ပါး၏ မူလသင်္ကေတ (၃)ခုသူ့ထံတွင် ပြည့်စုံနေမှပင် ဖြစ်ပေလိမ့် မည်။

ထို့ပြင်... သူရင်ဆိုင်ရမည့် အဓိက ပြဿနာတစ်ခုလည်း ရှိနေသေးသည်။

သူ၏ကျင့်စဉ်လမ်းအဆင့်သည် အရှိန်အဟုန်မြန်စွာဖြင့်တိုးတက်လာခဲ့လျှင် သဘာဝတရားမှအပြစ်ပေးခြင်းသည်လည်း စောစီးစွာ ရောက်လာမည် ဖြစ်လေသည်။ ထိုအချိန်သို့ရောက်သည်အထိ သူ့အနေဖြင့် တာအိုဆရာသခင်ကြီး(၃)ပါး၏ မူလသင်္ကေတ(၃)ခု ကိုစုစည်းနိုင်ခြင်းမရှိသေးလျှင်

မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားပါစေ ကျိန်းသေ အသက်ပျောက်ရမည်ဖြစ်လေ သည်။

သို့သော်... သဘာဝတရားမှအပြစ်ပေးခြင်းကို သူတစ်ယောက်တည်း ခံစားရမည် မဟုတ်ပါ။ သဘာဝတရားမှအပြစ်ပေးခြင်းသည် ဘေးအန္တရယ်ကပ်ဆိုးကြီးတစ်ခု ဖြစ်လေရာ သူနှင့်ပတ်သက်သူများသည်လည်း ထိုကြမ္မာဆိုး ကြီးကို ကျိန်းသေ ခံစားရဖွယ် ရှိလေသည်။

ထို့ကြောင့် ဆန်းလျန်သည် အပူတပြင်း ဖြစ်နေရခြင်းဖြစ်သလို ကျင့်စူးကို နှင်ထုတ်လိုက်ရခြင်း ဖြစ်လေသည်။

ကျင့်စူးအနေဖြင့် သူနှင့်မပတ်သက်ဘဲ ကိုယ့်လမ်းကိုယ်လျှောက်သည်က ပိုကောင်းနိုင်မည် ဖြစ်လေသည်။

ဆန်းလျန် ကျင့်စူးကို သူပြောခဲ့သည့် စကားများထဲတွင် နောက်ဆုံးစာကြောင်းတစ်ခု ကျန်ရှိနေသေးသည်။

"ဟိုလူ့ကိုအပြစ်တင် ၊ ဒီလူ့ကိုချီးကျူးလုပ်နေမည့်အစား အရာအားလုံးကိုမေ့ပစ်လိုက်ပြီး အားလုံးကို ကံတရား အတိုင်းရှိစေလိုက်ခြင်းက ပိုကောင်းပါသည်"

ဆိုသည့် စာကြောင်းပင်ဖြစ်လေသည်။

တကယ်တော့ အခြားသူများ၏ ကောင်းခြင်း ဆိုးခြင်းများကို ဂရုစိုက်နေမည့်အစား အရာအားလုံးကိုမေ့ပစ်လိုက်ပြီး ကိုယ့်လမ်း ကိုယ်လျှောက်ရန်သာ လိုအပ်သည်မဟုတ်ပါလား။

အမှန်နှင့်အမှားဆိုသည်မှာ သဘာဝတရားပင်ဖြစ်ပြီး လူတစ်ယောက်ကတော့ အရာအားလုံးကို ရင်ဆိုင်ကြုံတွေ့ရ မည်ပဲဖြစ်လေသည်။

ယီကျီး၏ အုပ်ချုပ်မှုအောက်တွင် တာ့ကျိုးပြည်သည် စည်းလုံးညီညွတ်လျှက်ရှိပြီး ကျင့်ကြံသူများနှင့် သာမန်လူများသည်လည်း အဆင်ပြေပြေနေထိုင်လျှက်ရှိကြလေသည်။

နောက်ပိုင်းတွင်... ကျင့်ကြံသူများနှင့် သာမန်လူများကြားမှ ခြားနားချက်သည် တဖြည်းဖြည်းပပျောက်သွားကြမည် ဖြစ်လေသည်။ သို့သော်... ထိုသို့ဖြစ်သွားပါက ကျင့်ကြံသူများအတွက် အကျိုးသိပ်မရှိသော်လည်း တိုင်းပြည်အတွက် တော့ အကျိုးရှိလေသည်။

ကျင့်ကြံသူများသည် ထိန်းချုပ်ရခက်သူများဖြစ်ပြီး စိတ်ထားလည်း လွတ်လပ်ကြလေသည်။ သာမန်လူများကတော့ ထိုသို့ မဟုတ်ပေ။

ကျင့်ကြံသူများနှင့် သာမန်လူများကြားမှ ခြားနားချက်သည် ကြီးမားလွန်းလေသည်။

သို့သော်... မတူညီမှုများကြားတွင် တူညီမှုတစ်ခုရှိလေသည်။ ထို့ကြောင့်လည်း ယီကျီးသည် တိုင်းပြည်ကို အောင်မြင်အောင် အုပ်ချုပ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ သူသည် မတူညီမှုများကြား

မှ တူညီမှုတစ်ခုကိုရှာတွေ့ခဲ့ပြီး တိုင်းပြည်ကို ဟန်ချက်ညီ
အောင် ပြုလုပ်နိုင်ခဲ့လေသည်။

ထိုသို့ ဟန်ချက်ညီအောင် ပြုလုပ်နိုင်ခဲ့ခြင်းမှာ ဆန်းလျန်၏
သင်ပြပေးမှုများမှ အခြေခံခဲ့ခြင်း ဖြစ်လေ၏။

ဆန်းလျန် စာရေးနေသည်ကို ယီကျီးက စိုက်ကြည့်နေခဲ့လေ
သည်။

အမှန်တော့... ယီကျီးသည် ဆန်းလျန်ကို နားလည်နိုင်ခြင်း မရှိ
ခဲ့ပါ။ နားမလည်ရခြင်းမှာ ဆန်းလျန်သည် အလွန်
ထူးဆန်းသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေသောကြောင့်
မဟုတ်ပါ။ ဆန်းလျန်၏ ကျင့်စဉ်လမ်းသည် အဆက်မပြတ်
တိုးတက်နေခဲ့သောကြောင့် ဖြစ်လေသည်။

သူက ဆန်းလျန်ကို လိုက်မီတော့မည်ဟု တွေးမိတိုင်း ဆန်းလျ
န်သည် ရှေ့သို့ အများကြီး တိုးတက်သွားပြန်ပြီ ဖြစ်လေသည်။

သူ သတိမမူမိခင်မှာပင် ဆန်းလျန်သည် တန်ခိုးစွမ်းအားများ အလွန်အမင်း မြင့်တက်နေခဲ့ပြီ ဖြစ်လေ သည်။

ထို့ကြောင့် ဆန်းလျန်ကဲ့သို့သောလူမျိုးကို ရင်ဆိုင်ရမည့် ရန်သူ သည် ကျိန်းသေရှုံးနိမ့်ရမည်ပဲ ဖြစ်လေသည်။ ကံကောင်းသည် မှာ ယီကျီးသည် ဆန်းလျန်၏ရန်သူမဟုတ်ခဲ့ဘဲ ဆန်းလျန် ဘက်တော်သား ဖြစ်နေခဲ့ခြင်းပင်။ ဆန်းလျန်၏ရန်သူဖြစ်ရ ခြင်းသည် ကောင်းကျိုးမရှိနိုင်ပေ။

ဆန်းလျန်စာရေးသားနေဟန်မှာ အလွန်မှ သဘာဝကျလေ သည်။ ဆန်းလျန်၏ လက်လှုပ်ရှားနေဟန်သည် ပြည့်စုံလွန်းပြီး လေးစားမြတ်နိုးဖွယ်ရာ ဖြစ်လေသည်။

ပြီးပြည့်စုံခြင်းသည် နေရာတိုင်းတွင် မရှိနိုင်ပါ။ သို့သော်... ဆန်းလျန်၏ အပြုအမူတိုင်းတွင် ပြီးပြည့်စုံမှုကိုတွေ့မြင် ရ လေသည်။

ဆန်းလျန်စာရေးပြီးသွားသည်နှင့် စာရွက်ပေါ်မှ မင်များက

ချက်ချင်းခြောက်သွားလေသည်။ ထိုအခါ ဆန်းလျန် ရေးသား

ထားသည့်စာများကို ယီကျီး တွေ့မြင်လိုက်ရလေသည်။

စာပိုဒ်တစ်ပိုဒ် ရေးသားထားခြင်း ဖြစ်လေ၏။

ယီကျီးသည် ကိုယ့်ကိုကိုယ်ထိန်းချုပ်နိုင်သူတစ်ယောက်ဖြစ်

သည့်တိုင် ဆန်းလျန်ရေးသားထားသည့် စာပိုဒ်ကို မနေနိုင်မ

ထိုင်နိုင် ဖတ်ကြည့်လိုက်မိလေသည်။

စာပိုဒ်မှာ -

"ကျုပ်သာ သစ်ပင်တစ်ပင်အဖြစ် မွေးဖွားလာခဲ့ရင်

ပတ်ဝန်းကျင်တစ်ခုလုံးလှပဖို့ အစွမ်းကုန်ပွင့်လန်းပေးမယ်။

ကျုပ်သာ မြက်ပင်တစ်ပင်အဖြစ် မွေးဖွားလာခဲ့ရင်

မြက်ခင်းပြင်ထဲမှာ အစိမ်းလန်းဆုံး ရှင်သန်ပေးမယ်။ မြက်ပင်

ငယ်လေးတစ်ပင်ဖြစ်ပေမယ့်လည်း သစ်ပင်အမြင့်ကြီးတွေကို

အားကျနေစရာမလိုပါဘူး။ မြက်ပင်လေးအဖြစ် နဲ့ပဲ အစိမ်း

လန်းဆုံး ရှင်သန်သွားမယ်"

စာပိုဒ်က ရှည်လျားခြင်းမရှိပါ။ သို့သော်... ထိုစာပိုဒ်ထဲတွင် ယီ

ကျီးကို ထိရှစေသည့် တန်ခိုးစွမ်းအားတစ်ခုပါဝင်လေ သည်။

စာပိုဒ်ကိုဖတ်ပြီးသွားသည်နှင့် သူက လေးစားသည့်လေသံ

ဖြင့်...

"မင်းကြီးရေးတဲ့စာပိုဒ်ထဲမှာ တာအိုရဲ့ အနှစ်သာရတွေကို တွေ့

မြင်ရတယ် ၊ မယုံနိုင်စရာပါပဲ"

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဒါ ကျုပ်ရေးထားတဲ့စာမဟုတ်ပါဘူး ၊ အရင်ကဖတ်ဖူးတဲ့

စာအုပ်တစ်အုပ်ထဲက စာပိုဒ်ပါ"

ယီကျီးက...

"ဘာစာအုပ်များလဲ..."

ဆန်းလျန်က ပြုံးရုံသာပြုံးနေပြီး ယီကျီး၏အမေးကို ပြန်မဖြေပါ။

ဆန်းလျန်သည် သူရေးထားသည့် စာရွက်ကိုယူလိုက်ပြီး ခန်းမဆောင်အတွင်းရှိ ပလ္လင်၏ ညာဘက်တွင် ချိတ်ဆွဲထား လိုက်လေသည်။

အမှန်တော့ ထိုစာပိုဒ်မှာ ဆန်းလျန် ယခင်ကဖတ်ခဲ့ဖူးသည့် ဝတ္ထုတစ်ပုဒ်ထဲမှ စာပိုဒ်ဖြစ်လေသည်။ ဝတ္ထုနာမည်မှာ "အပြစ်ပေးခံရသည့်နှလုံးသား" ဆိုသည့်ဝတ္ထု ဖြစ်လေသည်။ ထိုစာအုပ်ကိုသတိရမိသည့်အကြောင်းမှာ ဝတ္ထုနာမည်ဖြစ်သည့် "အပြစ်ပေးခံရသည့်နှလုံးသား" ဆိုသည့်အမည်မှာ လက်ရှိ သူ့အဖြစ်နှင့်ဆင်တူနေသောကြောင့် ဖြစ်လေသည်။ သူသည် စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်း၏ ထိပ်တန်းအဆင့် ဝိညာဉ်စွမ်းအား မြှင့်တင်သည့် ကျင့်စဉ်တစ်ခုဖြစ်သည့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်ကို

ကျင့်ကြံခဲ့မိပြီး သဘာဝတရားမှအပြစ်ပေး ခြင်းကို ခံရတော့

မည့်သူ ဖြစ်လေသည်။

သူရေးသားလိုက်မိသည့်စာပိုဒ်လေးမှာ "အပြစ်ပေးခံရသည့်

နှလုံးသား" ဝတ္ထုကို အနှစ်ချုပ်ထားသည့် စာပိုဒ်လေးဖြစ် ပြီး

လက်ရှိ သူ့ရင်ထဲတွင် ခံစားနေရသည့် ခံစားချက်ဖြင့်လည်း

တိုက်ဆိုင်နေလေသည်။

ဆန်းလျန်ရော ယီကျီးပါ အချိန်အတန်ကြာအောင် တိတ်ဆိတ်

ငြိမ်သက်နေကြလေသည်။

အတန်ကြာမှ ဆန်းလျန်က တိတ်ဆိတ်မှုကို ဖြိုခွင်းကာ စတင်

စကားပြောလိုက်လေသည်။

"သူတို့တွေ ပျံသန်းနတ်ဘုရားအင်းကွက်နဲ့ ပြုလုပ်ထားတဲ့

အရံအတားကျင့်စဉ်ကို ကောင်းကောင်း လုပ်နိုင်ကြရဲ့ လား၊

အရံအတားဖွဲ့စည်းပုံနဲ့ရော ရင်းနှီးနေကြပြီလား"

ယီကျီးက...

"ဟုတ်ကဲ့ ၊ သူတို့ အဆင်ပြေကြပါတယ် ၊ ပြီးတော့ စုရှိုးချင်
နတ်သမီးလေးကလည်း အရမ်းကိုတော်လွန်းပါတယ် ၊ သူက
ဝိညာဉ်စွမ်းအားစုစည်းတဲ့ အင်းသင်္ကေတတစ်ခုရေးဆွဲပြီး
ကျင့်ကြံသူတွေရဲ့ တန်ခိုးစွမ်းအားတွေကို အရံအတားထဲကို
ပေါင်းစပ်လို့ရအောင် လုပ်ပေးခဲ့တယ် ၊ အဲဒီအင်းသင်္ကေတက
ဟိုင်သန်းအဆင့်မရောက်သေးတဲ့ ကျင့်ကြံသူတွေအတွက်
အရမ်းအသုံးဝင်တယ်"

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အဲဒီမိန်းကလေးက တကယ်အရည်အချင်းရှိတယ် ၊ ပြီးတော့
မိုးမြေစွမ်းအားတွေနဲ့ကျင့်ကြံခြင်းထက် အင်းပညာနဲ့ ကျင့်ကြံ
ခြင်းက ပိုပြီးသင့်တော်တယ် ၊ အင်းပညာကျင့်စဉ်ဟာ
နောက်ပိုင်းမှာ တာ့ကျိုးပြည်ရဲ့ အဓိကကျင့်ကြံခြင်း ပညာတစ်
ခု ဖြစ်လာလိမ့်မယ်"

ယီကျီးက တစ်ချက်တုံ့ဆိုင်းနေပြီးမှ...

"ဒါပေမယ့် အဲဒီလိုသာဖြစ်လာမယ်ဆိုရင် အပြင်ပန်းအရ

ကောင်းနိုင်ပေမယ့် ၊ ကျင့်ကြံသူတွေ ကျင့်ကြံခြင်းကို

အာရုံစိုက်တာလျော့နည်းသွားလိမ့်မယ် ၊ ဒါဆို အနာဂတ်မှာ

ဘယ်သူမှ နတ်ဘုရားတွေ ဖြစ်လာနိုင်မှာ မဟုတ်တော့ဘူး"

ဆန်းလျန်က…

"ကျင့်စဉ်တိုင်းက တူညီမှုမရှိပါဘူး ၊ အင်းပညာဆိုတာက

လည်း တာအိုကျင့်စဉ်တစ်ခုပါပဲ ၊ ဒါပေမယ့် နတ်ဘုရားဖြစ်

လာတဲ့သူတိုင်းလည်း တာအိုကို နားမလည်နိုင်ဘူး ၊ အဲဒီလို

လူမျိုးတွေကတော့ အသက်ရှည်တာလောက်ပဲ

အကျိုးကျေးဇူးရနိုင်တယ်"

ယီကျီးမှာ သက်ပြင်းတစ်ချက် ကြိတ်ပြီး ချလိုက်မိလေသည်။

ထိုသို့သော စကားမျိုးကို ဆန်းလျန်ကဲ့သို့သောလူမျိုးသာပြော

နိုင်မည် ဖြစ်လေသည်။

ထို့ပြင်…

အင်းပညာသည် လူသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေပြီး ကျင့်ကြံသူအရေအတွက်ကိုလည်း လျှော့ချနိုင်မည် ဖြစ်လေသည်။ ထိုအခါ ကျင့်ကြံသူများကြောင့် သဘာဝတရားကြီးမှ မိုးမြေစွမ်းအားများ လျော့နည်းသွားရသည်ကို ကာကွယ်ပြီးသား ဖြစ်သွားပေလိမ့်မည်။

ဤနည်းအားဖြင့် အသူရာချောက်တစ်ခုလုံးအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည် ဖြစ်လေသည်။

အခန်း (၆၉၄) ကျုပ်ရဲ့ခေတ်

နေ့ရက်ပေါင်းများစွာ ကုန်ဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

တာ့ကျိုးပြည်တွင် ပြောင်းလဲမှုအချို့ဖြစ်ပေါ်လျှက်ရှိလေ၏။

သို့သော်... ထိုပြောင်းလဲမှုသည် သာမန်လူများနှင့်တော့

ပတ်သက်ခြင်း မရှိပေ။

လေထုတစ်ခုလုံးတွင် တာအိုအနှစ်သာရများဖြင့်ပြည့်နက်နေ

ပြီး တန်ခိုးစွမ်းအားများ စီးဆင်းနေကြလေသည်။

ကျင့်ကြံသူများသည် တိုက်ခိုက်ရမည့် စစ်ပွဲအတွက် ပြင်ဆင်

နေကြလေသည်။ ချင်းရွှမ်နတ်တံခါးမှ ဆန်းလျန် ခေါ်ဆောင်

လာသည့် ကျင့်ကြံသူပေါင်း တစ်သိန်းကျော်သည် အသူရာ

ချောက်သို့ ရောက်လာပြီးသည့်နောက်ပိုင်း တန်ခိုးစွမ်းအားများ

မြင့်မားလာကြလေသည်။

ထို့ကြောင့်... အသူရာချောက်တစ်ခုလုံးတွင် အသက်ဓာတ်

စွမ်းအားများ မြင့်တက်လျှက်ရှိလေတော့သည်။

ထိုနေ့က...

နှင်းများကျဆင်းနေခဲ့လေသည်။

နှင်းတောထဲတွင် ကျောင်းကြီးသူပေါင်းတစ်သိန်းကျော်သည်

စုစည်းမတတ်တပ်ရပ်လျှက် ရှိလေ၏။ ထိုကျင့်ကြံသူများထဲ

တွင်ဖားဟိုင်ဆရာတော်နှင့် အခြားသောနတ်ဘုရားများလည်း

ပါဝင်လေသည်။ ကျင့်ကြံသူများ၏ တန်ခိုးစွမ်းအားများ

ပေါင်းစည်းနေပြီး ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားမြစ်

ကြီးတစ်စင်း စီးဆင်းနေသည့်အလား ခံစားရလေသည်။

နှင်းပွင့်လေးများသည် လေထဲတွင် လွင့်မျောနေကြလေသည်။

သို့သော်... မည်သည့်နှင်းပွင့်မှ ကျင့်ကြံသူများ စုဝေးရာ နေရာ

သို့ ကျဆင်းလာခြင်း မရှိကြပေ။

ထိုနေရာတွင် ဆန်းလျန် ပေါ်လာလေသည်။

သူရောက်ရှိလာသည်နှင့် ကျဆင်းနေသည့် နှင်းများရပ်တန့်

သွားသလို တိုက်ခတ်နေသည့်လေသည်လည်း ငြိမ်သက် သွား

လေသည်။

နှင်းပွင့်လေးများသည် လေထဲတွင် အေးခဲရပ်တန့်နေကြပြီး ဖန်သားပြင်လမ်းကြောင်းများအလား လှပလွန်းလှလေ သည်။

နှင်းပွင့်ဖန်သားအစွန်းတစ်ခုချင်းစီသည်ပင်လျှင် ထိတ်လန့်ဖွယ်ရာ ထက်ရှလျှက်ရှိလေ၏။

ဆန်းလျှန်သည် ရိုးရှင်းသည့် အပြာရောင် တာအိုဝတ်စုံကို ဝတ်ဆင်ထားလေသည်။

သူ၏ပုံစံမှာ သန့်စင်သည့် ကောင်းကင်ပြာအလား ၊ ကြည်လင်သည့် သမုဒ္ဒရာရေပြင်အလား ဖြစ်လေသည်။ သူ၏ မျက်ခုံးနှစ်ခုကြားမှ အနီရောင်ပြဒါးရှင်သကော်တက သူ့ကို ပိုပြီးမြင့်မြတ်ခမ်းနားစေလေသည်။

သူသည်... လူ့လောကသို့ ဆင်းကြွလာသည့် တာအိုဆရာသခင်ကြီးတစ်ပါးအလား ဖြစ်လေ၏။

ကျင့်ကြံသူများသည် တုတ်တုတ်ပင် မလှုပ်ရဲကြပေ။ သူတို့အားလုံးသည် ငြိမ်သက်စွာဖြင့် ဆန်းလျန်ကိုအာရုံစိုက်နေ ကြလေသည်။

ဆန်းလျန်က သူ၏အကြည့်ကို ကျင့်ကြံသူပေါင်း တစ်သိန်းကျော်ဆီသို့ ဖြန့်ကျက်လိုက်လေသည်။

ကျင့်ကြံသူများသည် ဆန်းလျန်၏ အကြည့်တစ်ချက်ကို ရင်ဆိုင်လိုက်ရသည်နှင့် စိတ်ဓာတ်များ တက်ကြွလာကြလေသည်။

ကျင့်ကြံသူများအလယ်တွင်... စုရှီးချင်သည် မိန်းကလေးတစ်ယောက် ဖြစ်သည့်တိုင် အလွန်မှ စိတ်အားတက်ကြွ လျှက်ရှိလေ၏။

အားလုံးသည် တိတ်ဆိတ်နေကြပြီး မည်သူမှ စကားမပြောကြပေ။

ခဏအကြာတွင်တော့ ဆန်းလျန်က စကားစပြောလိုက်လေ

သည်။

ခံစားချက် တစ်ခုတစ်လေမှ မပါဝင်ဘဲ တည်ငြိမ်လွန်းလှသည့်

ဆန်းလျန်၏အသံသည် သူတို့အားလုံး၏နှလုံးသား ထဲသို့ ဝင်

ရောက်သွားကြလေသည်။

"ဒီခေတ်က ကျုပ်ရဲ့ခေတ်ပဲ..."

ဆန်းကျန်းရန်နတ်ဘုရားသည် လွှမ်းမိုးမှုအရှိဆုံးစကားကို

အတည်ငြိမ်ဆုံးလေသံဖြင့် ပြောကြားခဲ့လေပြီ။

ထို့ပြင်... ဆန်းလျန်သည် "ကျုပ်တို့ရဲ့ခေတ်" ဟု မသုံးခဲ့ပေ။

"ကျုပ်ရဲ့ခေတ်" ဟု အခိုင်အမာ ဆိုခဲ့လေသည်။

ထိုစကားသည် သမိုင်းတွင်မည့်စကားလည်းဖြစ်သလို ဆန်းလျ

န်၏ သူ့ကိုယ်သူ ကြေငြာချက်ထုတ်သည့်စကား လည်းဖြစ်

လေသည်။

အမှန်တကယ်ပင် "ဆန်းကျန်းရန်နတ်ဘုရား၏ခေတ်" ဖြစ်သည့်အတွက် ထိုစကားကို မည်သူမှ မငြင်းဆန်းနိုင်ကြ ပေ။ မိုးနှင့်မြေတွင် အဓိကဇာတ်ဆောင်ကိုပြောပါဆိုလျှင် "ဆန်းကျန်းရန်နတ်ဘုရား" သာလျှင် ဖြစ်ပေ၏။ ဆန်းကျန်းရန် နတ်ဘုရားသာလျှင် မရှိမဖြစ် အရေးပါသူတစ်ယောက် ဖြစ်ပေ၏။ ကျင့်ကြံသူပေါင်းတစ်သိန်းကျော်သည် ဒဏ္ဍာရီဆန်သည့်နတ်ဘုရားတစ်ပါးကို မျက်စိဖြင့် တပ်အပ်မြင်တွေ့နေကြရ လေသည်။

ဆန်းလျန် ထိုစကားကိုပြောလိုက်သည့်အချိန်တွင် လောကကိုအောင်နိုင်သူတစ်ယောက်၏ စွမ်းအားများ ထင်ဟပ်လျှက်ရှိလေသည်။

ဆန်းလျန်၏ စကားတစ်ခွန်းသည် စစ်ပွဲ (၁၀၀)ကို အောင်နိုင်ခြင်းထက်ပင် ကျင့်ကြံသူများကို အားတက်စေလေ သည်။

ထို့နောက် ပျံသန်းနတ်ဘုရားအင်းကွက်ထွက်ပေါ်လာပြီး အင်းကွက်သည် တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာလေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် နတ်ဘုရားများနှင့် ကျင့်ကြံသူများသည် လေထုအတွင်းသို့ ခုန်တက်သွားကြပြီး အင်းအကွက်အတွင်းမှ နေရာများတွင် အသီးသီးတွင် နေရာယူလိုက်ကြလေသည်။ ကြိုတင်လေ့ကျင့် ထားပြီးသား ဖြစ်သည့်အတွက် ကျင့်ကြံသူများအနေဖြင့် အင်းကွက်နှင့် ရင်းနှီးပြီးသား ဖြစ်လေသည်။

"ချီတက်..."

အမိန့်သံဆုံးသည်နှင့် ပျံသန်းနတ်ဘုရားအင်းကွက်သည် ကျင့်ကြံသူပေါင်းတစ်သိန်းကျော်ကို သယ်ဆောင်သွားပြီး ယင်းစန်းပြည်သို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

မည်သူမှ မတားဆီးနိုင်သည့် မိုးကောင်းကင်စစ်တပ်ကြီးတစ်တပ်အလား ထင်မှတ်ရတော့သည်။

ယင်းစန်းပြည်၏ ကောင်းကင်တစ်ခုလုံးမှောင်မှိုင်းလာပြီး ကြီးမားလွန်းသည့်ဖိအားကြီးတစ်ခုကို ယင်းစန်းမှလူတိုင်း ခံစားလိုက်ကြရလေသည်။ ထိုဖိအားကြီးကို မည်သူမှ မတွန်းလှန်နိုင်ကြပေ။

တိမ်တိုက်များကြားတွင် အင်းကွက်တစ်ခု ပေါ်လာလေသည်။ အင်းကွက်သည် ဖြည်းဖြည်းချင်းလှည့်ပတ်နေပြီး အသူရာချောက်တစ်ခုလုံးကို မွှေနှောက်ပစ်တော့မည့်အလား ခံစားရစေလေသည်။

ထိုအချိန်မှာပင်... လျှပ်စီးများလက်လာပြီး မုန်တိုင်းတစ်ခု စတင်တိုက်ခတ်လာလေတော့သည်။

ကျောက်ကဲမြို့တော်မှ နန်းတော်ကြီးသည် ကောင်းကင်ထက်သို့ ပျံတက်လာလေသည်။

ထိုနန်းတော်ထဲတွင် ထျန်းယီရှိနေလေသည်။ ထျန်းယီသည် လက်နှစ်ဖက်ကို နောက်ပစ်ပြီး နတ်ဘုရားအင်းကွက်ကို ကြည့်နေလေသည်။

အင်းကွက်အတွင်းတွင် နတ်ဘုရားများသည် သူ့နေရာနှင့်သူ အတန်းလိုက်တန်းစီနေကြပြီး မရေမတွက်နိုင်သည့် ကျင့်ကြံသူများက နတ်ဘုရားများနောက်တွင် ရပ်နေကြလေသည်။

ထိုအချိန်မှာပင် ကောင်းကင်ထက်တွင်ပျံသန်းနေသည့် နန်းတော်ကြီးရှေ့တွင် ဆန်းလျန် ပေါ်လာလေသည်။

သူ၏လက်ထဲတွင် မည်သည့်လက်နက်မှ ကိုက်ဆောင်ထားခြင်းမရှိဘဲ ထျန်းယီကိုသာ စိုက်ကြည့်နေလေ၏။

စကားပြောနေလျှင်လည်း အသုံးဝင်မည် မဟုတ်သောကြောင့် ဆန်းလျန်က အပိုစကားများကို မပြောတော့ရန် ဆုံးဖြတ်ထားလေသည်။

သို့သော်... ထျန်းယီက စကားစပြောလိုက်လေသည်။

"တကယ်တော့ ကျုပ်က မိုးကောင်းကင်တစ်ဘက်ခြမ်းက ရောက်လာခဲ့တဲ့သူပဲ"

ဆန်းလျန်က ထျန်းယီကို ကြည့်နေရင်း...

"ကျုပ်သိပါတယ်..."

ထျန်းယီက...

"အသူရာချောက်ကို မင်းသိမ်းပိုက်မှာကို ကျုပ် လက်မခံနိုင်ဘူး"

ဆန်းလျန်က...

"ကျုပ်နားလည်ပါတယ်..."

ထျန်းယီက တစ်ချက်ရယ်မောလိုက်ရင်း...

"ဒါဖြင့်လည်း တိုက်ခိုက်ကြတာပေါ့"

ထျန်းယီ၏ရယ်မောသံများထဲတွင် နာကျည်းမှုများဖြင့် ပြည့်နေလေသည်။

ထိုနာကျည်းချက်များသည် မည်သည့်အခါမှ ပျောက်ကွယ်သွားမည် မဟုတ်ပေ။

ထျန်းယီ၏ ဘုရင်ဝတ်ရုံသည် မသိမသာလှုပ်ရှားသွားပြီး နတ်ဘုရားအလင်းတန်းများ ဖြာထွက်လာလေသည်။

ထျန်းယီ၏ လက်သီးချက်သည် ဆန်းလျန်ဆီသို့ မုန်တိုင်းတစ်ခုအလား ဝင်ရောက်သွားလေသည်။ လက်သီးချက်မှ မြင့်မြတ်သည့် အသက်ဓာတ်စွမ်းအားများ ထွက်ပေါ်လာပြီး စကြာဝဠာတစ်ခုလုံးကိုပင် ဖျက်စီးပစ်တော့မည့်အလား ထင်မှတ်ရလေသည်။

ဆန်းလျန်၏အကြည့်များက အေးစက်သွားပြီး တောင်နှင့်မြစ်ရေကောင်းကင်ဘုံပန်းချီကားသည် လေထဲတွင် ပေါ်လာလေသည်။ ပန်းချီကားထဲတွင် တောင်များ ၊ မြေမျက်နှာသွင်ပြင်အနေအထားများ ၊ နေ ၊ လ နှင့် ကြယ်တာရာများအပြင်

လူ့လောကကြီးတစ်ခုပင် ပါဝင်လေသည်။ ပန်းချီကားသည်

အရာအားလုံးကို လွှမ်းခြုံနိုင်စွမ်း ရှိလေသည်။

ပန်းချီကားသည် ထျန်းယီ၏ လက်သီးချက်ကို လွှမ်းခြုံသွားရုံ

သာမက ထျန်းယီတစ်ကိုယ်လုံးကိုပင် လွှမ်းခြုံသွားလေ သည်။

ဆန်းလျန်၏ပန်းချီကားမှ တောင်နှင့်မြစ်ရေများသည် ထျန်းယီ

ထံသို့ အဆက်မပြတ် ထိုးနှက်ဝင်ရောက်လာလေ သည်။

တောင်နှင့်မြစ်ရေများသည် ပုံရိပ်ယောင်များ မဟုတ်ပါ။ လူ

တစ်ယောက်၏ စွမ်းအားများအားလုံးကို အစစ်အမှန် လောက

ကြီးတစ်ခု ဖြစ်လေသည်။ လူတစ်ယောက်၏ စွမ်းအင်များ

အားလုံးကို ဖျက်စီးပစ်နိုင်စွမ်းရှိသည့် ကမ္ဘာလောကကြီးတစ်ခု

လုံးကို ထျန်းယီသည် မည်သို့ရင်ဆိုင်နိုင်ပါမည်နည်း။

ထို့ပြင်... အဆုံးမရှိသည့် နတ်ဘုရားအလင်းတန်းများသည်

လည်း ဆန်းလျန်ထံမှ ထွက်ပေါ်လာလေသည်။

ဆန်းလျှန်ထံမှထွက်ပေါ်လာသည့် နတ်ဘုရားအလင်းတန်းများသည် တောင်နှင့်မြစ်ရေကောင်းကင်ဘုံပန်းချီကားနှင့်ပေါင်းစပ်သွားပြီး မဟာအင်အားကြီးတစ်ခု ထွက်ပေါ်လာလေသည်။

ထိုအချိန်မှာပင်… အသံနက်ကြီးတစ်သံ ထွက်ပေါ်လာလေသည်။

"ဆန်းချင်းရွှမ်… သေဖို့သာပြင်ထား"

ရောက်ရှိလာသူမှာ ဝမ်ကျုန်းဖြစ်လေ၏။

ဝမ်ကျုန်း၏ တတိယမျက်လုံးသည် ပွင့်နေပြီး အဆုံးမရှိသည့် မိုးကြိုးများ ထွက်ပေါ်နေလေသည်။

သူသည် အနက်ရောင်ယူနီကွန်းကြီးကို စီးနင်းလာပြီး နတ်ဘုရားတစ်ပါး၏ ဂုဏ်သိက္ခာနှင့် ပြည့်လျှံက်ရှိလေသည်။

သူ့နောက်တွင် တန်ခိုးစွမ်းအားမြင့်မားသည့် ရှေးဟောင်းကျင့်ကြံသူ (၁၀)ယောက် လိုက်ပါလာလေသည်။ ထိုကျင့်ကြံ

သူများထံမှ တန်ခိုးစွမ်းအားများ ပေါက်ကွဲထွက်နေပြီး မကြာမီ နတ်ဘုရားများအဖြစ် အဆင့်တက်ရောက် နိုင်တော့မည်မှာ ထင်ရှားနေလေသည်။

ဝမ်ကျုန်း၏ အဖွဲ့မှာ ကြောက်မက်ဖွယ်ရာကောင်းလှပြီး ချင်းရွှမ်နတ်တံခါးတည်ရှိရာလောကမှ ကျင့်ကြံသူဂိုဏ်းများ ကိုပင် သုတ်သင်ပစ်နိုင်လောက်သည်အထိ စွမ်းအားကြီးမားလေသည်။

ဆန်းလျန်သည် ဝမ်ကျုန်းတို့အုပ်စုကို တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကြည့်နေခဲ့လေသည်။

ထို့နောက်... လက်သီးချက်တစ်ချက်ဖြင့် ထိုးခွင်းလိုက်လေရာ ကောင်းကင်ပြာတစ်ခုလုံး ပြိုကွဲသွားသည့်အလား ထင်လိုက်ရလေသည်။

ဆန်းလျန်၏ လက်သီးချက်သည် တစ်လောကလုံးကို စိစိညက်ညက်ကျေသွားစေလောက်အောင် အင်အားပြင်းထန် ပြီးအချိန်

နှင့်အာကာသကိုသာမက လောကနိယျာမများကိုပါ ချိုးဖျက်ပစ်နိုင်မည့် စွမ်းအားများနှင့် ပြည့်နေလေသည်။

ပျံသန်းနတ်ဘုရားအင်းကွက်ပေါ်တွင်ရပ်နေကြသည့် ကျင့်ကြံသူပေါင်းတစ်သိန်းကျော်သည် အံ့ဩမှင်တက်သွားကြရ လေသည်။

ဆန်းကျန်းရန်သည် ကျောက်သားထုအလား ဖြစ်လေသည်။

သူ၏ တန်ခိုးစွမ်းအားများသည် သူတို့ထင်မှတ်ထား သည်ထက်ပင် ပိုမိုပြင်းထန်လွန်းနေလေသည်။

ဆန်းလျန်သည် တရားအလင်းရသွားသည့် တာအိုဆရာသခင်ကြီးတစ်ပါးအလားပင် ထင်မှတ်ရလေ၏။

ဝမ်ကျုန်းသည်လည်း ဆန်းလျန်၏ ကြောက်မက်ဖွယ်ရာလက်သီးချက်ကြောင့် အံ့အားသင့်သွားရလေသည်။

သူစီးလာသည့် အနက်ရောင်ယူနီကွန်းကြီး၏ကိုယ်ထဲမှ သွေးများပန်းထွက်လာပြီး ယူနီကွန်းကြီးမှာ နာကျင်စွာဖြင့် အော်ဟစ်လိုက်လေသည်။

ဝမ်ကျုန်းနှင့်အတူပါလာသည့် ကျင့်ကြံသူများမှာလည်း ဆန်းလျန်၏ လက်သီးချက်ကို ခုခံကာကွယ်နိုင်စွမ်း မရှိပါ။ သူတို့၏ နတ်ဘုရားခန္ဓာများသည် ပေါက်ထွက်ကုန်ကြလေသည်။

ဆန်းလျန်သည် တိတ်ဆိတ်ငြိမ်သက်နေဆဲ ဖြစ်လေသည်။

ထိုအချိန်မှာပင်... ပျံသန်းနတ်ဘုရားအင်းကွက်သည် တစ်ချက် လှုပ်ရှားသွားပြီး ပြင်းထန်လှသည့် တန်ခိုးစွမ်းအား ထုကြီးသည် ဝမ်ကျုန်းနှင့် သူ၏လူများရှိရာသို့ ဦးတည်ဝင်ရောက်သွားကာ တိုက်ခိုက်လိုက်ကြလေတော့သည်။

ဆန်းလျန်က ထျန်းယီကို ပြန်ပြီး အာရုံစိုက်လိုက်လေသည်။

လေထဲတွင်လွင့်မျောနေသည့် နန်းတော်ကြီးသည် ဆန်းလျန်ရှိရာသို့ ဦးတည်ပျံသန်းလာပြီး လေထုမှာ မငြိမ်မသက် ဖြစ်သွားရလေသည်။

နန်းတော်ထဲတွင် နတ်ဘုရား အပါး (၂၀)ခန့်ရှိနေပြီး သူတို့အားလုံးသည် မိုးကောင်းကင်နတ်ဘုရားများ ဖြစ်လုနီးနေ ပြီဖြစ်လေသည်။ ထိုနတ်ဘုရားများထဲတွင် ဆန်းလျန်နှင့်ခင်မင်ခဲ့သူများဖြစ်ကြသည့် ချန်စန်းကျီနှင့် ဝူတင်တို့လည်း ပါဝင်လေသည်။

ဝူတင်၏စိတ်ထဲတွင် သူနှင့် ဆန်းလျန် အတူတူဖြတ်သန်းခဲ့ကြသည့် အချိန်များကို ပြန်လည် သတိရလာမိလေ သည်။ သူတို့(၂)ယောက် အတူတူအရက်သောက်ခဲ့ကြသည့် အချိန်ကာလကို ထင်ထင်ရှားရှားပင် မြင်ယောင်လာ မိသည်။

အခုတော့ ထိုအချိန်များသည် အိပ်မက်တစ်ခုပမာ ဖြစ်ရပြီး ဝမ်းနည်းမှုများဖြင့်သာ အဆုံးသတ်ရပေတော့မည်။

အခြေအနေများသည် အဘယ်ကြောင့် ထိုမျှအထိ ဖြစ်လာရသည်ကို ဂူတင် နားမလည်နိုင်ခဲ့ပေ။ ကံတရားသာ ဖြစ်ရမည်ဟု သူလက်ခံထားမိတော့သည်။

ထိုအချိန်မှာပင်... ကြယ်စင်မီးတောက်များတောက်ပနေသည့် ဓားတစ်လက်သည် ကောင်းကင်ထက်တွင် ပေါ်လာ လေသည်။ ဂူတင်က ဆန်းလျန်ကို တိုက်ခိုက်ရန်အတွက် ပျံသန်းကြယ်စင်ဓားကို ထုတ်လိုက်ခြင်း ဖြစ်လေသည်။

ဓားရောင်သည် မိုးနှင့်မြေတွင် တောက်ပနေပြီး ဓားသွားသည် ဆန်းလျန်ရှိရာသို့ ဦးတည် ဝင်ရောက်လာလေသည်။

ဆန်းလျန်သည် သူ့ထံသို့ ဝင်ရောက်လာသည့်ဓားကို လက်နှစ်ချောင်းဖြင့် အသာလေး ခုခံလိုက်လေသည်။ ဆန်းလျန်၏ လက်နှင့်ထိမိသည်နှင့် ဓားသွားတွင်တောက်ပနေသည့် ကြယ်စင်အလင်းတန်းများ ချက်ချင်း ပျောက်ကွယ်သွားပြီး ဓားရှည်သည်လည်း အပိုင်းပိုင်းပြတ်ထွက်သွားရလေသည်။

တန်ခိုးစွမ်းအားအပြည့်ဖြင့် တိုက်ခိုက်လိုက်သည့် ဝူတင်၏ဓား

သည် ဆန်းလျန်၏ လက်ချောင်းများကိုပင် ထိခိုက်စေ နိုင်ခြင်း

မရှိခဲ့ပေ။

ဆန်းလျန်က…

"ဝူတင်… မင်းရဲ့ဓားသိုင်းက အဆုံးထိ မအောင်မြင်သေးဘူး ၊

နောက်ထပ် နှစ်ပေါင်း (၅၀၀၀)ကြာမှ ကျုပ်ကိုလာရှာ ပါ"

ဆန်းလျန်၏ စကားဆုံးသွားသည်နှင့် ဝူတင်သည် နေရာမှ

ပျောက်ချင်းမလှ ပျောက်ကွယ်သွားလေသည်။ ဝူတင်သည်

ကောင်းကင်တစ်ဘက်ခြမ်းဆီသို့ လွင့်ထွက်သွားပြီး အမည်မ

သိနေရာတစ်ခုသို့ ရောက်ရှိသွားလေတော့ သည်။

အခြားသူများသည်ကား ဝူတင်ကဲ့သို့ ကံမကောင်းကြပါချေ။

ဆန်းလျန်သည် သူ၏လက်နှစ်ချောင်းဖြင့် ကျန်ရှိသည့် နတ်

ဘုရားများရှိရာသို့ ထိုးညွှန်လိုက်လေသည်။ လက်ဖြင့် ထိုးညွှန်

ခံရသူတိုင်းသည် သေမိန့်ကျခံရသည့်အလား ချက်ချင်းပင် အသက်ပျောက်ကုန်ကြရလေသည်။

ဆန်းလျန်သည် သေမင်းတစ်ပါးအလားဖြစ်ပြီး သူ၏ နတ်သက်ခြေလက်ချောင်းများမှ မည်သူမှ မလွတ်မြောက် နိုင်ခဲ့ကြပေ။

ဆန်းလျန်အသုံးပြုလိုက်သည်မှာ ကျောက်ရှောင်ယွီ၏ ဝူရှန်သိုင်းကွက်ပင် ဖြစ်ပါလေ၏။

ယခုအချိန်တွင် လော်ဝါဒကိုတည်ထောင်သူ ဆရာသခင်ကိုယ်တိုင် ပြန်ပေါ်လာလျှင်တောင်မှ ဆန်းလျန်၏ ဝူရှန်သိုင်းကွက်ကို ယှဉ်နိုင်မည် မဟုတ်တော့ပေ။

အခန်း (၆၉၅) တာအိုဆရာယို့တင်

ယိုတုတောင်သည် ဟွမ်ချမ်နတ်ဆိုးဂိုဏ်း၏ ပိုင်နက်ဖြစ်လေ၏။

မရေမတွက်နိုင်အောင်များပြားလှသည့် နတ်ဆိုးစစ်သည်များသည် တိတ်ဆိတ်စွာဖြင့် မတ်တပ်ရပ်နေကြလေသည်။

ရဲ့လျိုယွင်သည် ငရဲလမ်းပလ္လင်ထက်တွင်ထိုင်နေပြီး သူ့အရှေ့မှ သွေးရေကန်ကို ကြည့်နေလေသည်။ သွေးရေကန် ထဲတွင် ဆန်းလျန်တိုက်ခိုက်နေသည့် ယင်းစန်းပြည်တိုက်ပွဲသည် ထင်ရှားပေါ်လွင်လျှက် ရှိလေသည်။

တိုက်ပွဲမှာ ပြင်းထန်လွန်းသည့်အတွက် ကြည့်နေသည့် နတ်ဆိုးစစ်သည်တော်များ၏ခန္ဓာကိုယ်များမှာ တောင့်တင်း သွားကြရလေသည်။

ထိုအချိန်မှာပင်... ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ… နေနှင့်လကိုပင် ဖယ်ရှားပစ်နိုင်သည့် မဟာစွမ်းအား

ကြီးတစ်ခု ထွက်ပေါ်လာလေသည်။ အသက်ဓာတ် စွမ်းအား

များသည်လည်း ကြီးမားသည့် ဒီရေလှိုင်းကြီးများအလား မြင့်

တက်လာလေသည်။

ထိုမြင်ကွင်းကိုတွေ့မြင်လိုက်ရသည်နှင့် တစ္ဆေဂိုဏ်းခွဲမှ ထူ

ကျူအရှင်က…

"ဆန်းချင်း ရှမ်က တကယ့်ကိုကြောက်မက်ဖွယ်ရာပါပဲလား ၊

အရင် ဂိုဏ်းချုပ်အဟောင်းတောင်မှ သူ့ကို ယှဉ်နိုင် တော့မယ်

မထင်ဘူး"

ထိုစကားကိုပြောလိုက်သည့်အချိန်တွင် သူ၏လေသံသည် ခါး

သက်လျှက် ရှိလေသည်။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏ ယခင်ဂိုဏ်းချုပ်သည် နဂါးငွေ့တန်း

ကိုပင် အသာလေးဖြတ်ကျော်သွားနိုင်သည်ဟု လူသိများ သည့်

နတ်ဆိုးများ၏ အရှင်သခင်ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် အလွန်တရာစွမ်းအားကြီးမားလှ
သည့်အတွက် ယခင်ဂိုဏ်းချုပ်ပြန်ရောက်လာလျှင်ပင် သူ့ကို
နှိမ်နင်းနိုင်တော့မည် မဟုတ်ပေ။

ဆန်းလျန်သည် တာ့ရှားပြည်ကိုလည်း ဖျက်စီးပစ်ခဲ့ပြီး တာ့ရှား
ဧကရာဇ်ကိုလည်း သတ်ဖြတ်ပစ်ခဲ့လေသည်။

ဆန်းလျန်၏ပုံစံသည် အနည်းငယ် မတည်မငြိမ်ဟန် ဖြစ်နေ
သော်လည်း အခြားသူများနှင့်ယှဉ်လျှင် အလွန်မှ တန်ခိုး
စွမ်းအား မြင့်မားလွန်းလေသည်။

ထို့ပြင်... ပျံသန်းနတ်ဘုရားအင်းကွက်နှင့်ပေါင်းစပ်ထားသည့်
နတ်ဘုရားများနှင့် ကျင့်ကြံသူများသည်လည်း မပျက်စီးနိုင်
သည့် စွမ်းအားတစ်ခု ဖြစ်လေသည်။

နတ်ဘုရားများနှင့် ကျင့်ကြံသူများသည် ဆန်းလျန်ကဲ့သို့
ထူးခြားသည့် နတ်ဘုရားတစ်ပါးနှင့် ပူးပေါင်းလိုက်သည့် အခါ

တွေးထင်နိုင်စွမ်းရှိသည်ထက်ပင် အင်အားကြီးမားသည့်

တန်ခိုးစွမ်းအားများ ထွက်ပေါ်လာရလေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများသည် ပို၍ပြင်းထန်လာလေ

သည်။

သူ၏လက်ချောင်းနှစ်ချောင်းဖြင့် ထိုးညွှန်ခံရသည့် ကျင့်ကြံသူ

တိုင်းသည် ချက်ချင်းပင် အသက်ပျောက်ကုန်ကြလေ သည်။

ထျန်းယီမှာလည်း တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံပန်းချီကား

ဖြင့် ဖိနှိပ်ခံထားရသည့်အတွက် တဖြည်းဖြည်းနှင့် ကြောက်ရွံ့

တုန်လှုပ်လာမိလေသည်။ သူ၏လူများ မျက်စိရှေ့တွင် တစ်

ယောက်ပြီးတစ်ယောက် အသတ်ခံနေရသည့် တိုင် သူ့တွင်

ကူညီနိုင်စွမ်း မရှိခဲ့ပါ။

သူ့ဘဝနောက်ဆုံးအချိန်သို့ ရောက်နေသည့်အလား ကူရာကယ်

ရာမဲ့စွာ ခံစားနေရလေသည်။ ထိုခံစားချက်များနှင့် အတူ

သူ၏တာအိုနှလုံးသားသည် မလိုလားခြင်းနှင့် ငြင်းဆန်ခြင်း
များဖြင့် ပြည့်နှက်လာရလေသည်။

နောက်ဆုံးတွင် ထျန်းယီသည် တောင်နှင့်မြစ်ရေ
ကောင်းကင်ဘုံပန်းချီကားအတွင်းမှ လောကထဲတွင် မြစ်
ချောင်းနှင့် ပန်းမန်များတွင် ပြောင်းလဲမှုတစ်ခု ဖြစ်လာသည်ကို
သတိထားလိုက်မိလေသည်။

သူ၏ ဦးခေါင်းမှ ခြေချောင်းများအထိ သန့်စင်သည့် အစိမ်း
ရောင်အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားလေသည်။

သူ၏ခန္ဓာကိုယ်အတွင်းသို့ ကြီးမားသည့် စွမ်းအားတစ်ခု ဝင်
ရောက်လာပြီး သူက တောင်နှင့်မြစ်ရေ ကောင်းကင်ဘုံ ပန်းချီ
ကားကို လက်သီးဖြင့် ထိုးချလိုက်လေတော့သည်။

ပန်းချီကားပျက်စီးသွားပြီး ကောင်းကင်ထက်သို့ ထျန်းယီ ပြန်
ရောက်လာလေသည်။

ယင်းစန်း၏ ကံကြမ္မာသည် သူ၏ခန္ဓာကိုယ်နှင့် ခွဲခြားမရရှိနေခဲ့ပြီး သူ၏ခန္ဓာကိုယ်မှ အသက်ဓာတ်စွမ်းအားများသည် တဖြည်းဖြည်း ကျယ်ပြန့်စွာ ထွက်ပေါ်လာလေသည်။

ထိုအချိန်မှာပင်.... ဆန်းလျန်သည် များပြားလှစွာသည့် တန်ခိုးစွမ်းအားများကို အသုံးပြုကာ ထျန်းယီ၏ မူလဝိညာဉ် ခန္ဓာကို တိုက်ခိုက်လိုက်လေသည်။

သို့သော်... ဆန်းလျန်၏ တိုက်ခိုက်မှုက မအောင်မြင်ခဲ့ပေ။

ဆန်းလျန်တိုက်ခိုက်လိုက်သည့် တန်ခိုးစွမ်းအားများကြောင့် ထျန်းယီသည် နာကျင်ခံစားရဟန် စိုးစဉ်းမျှ မရှိပေ။

ထျန်းယီထံမှ ဆန်းလျန်၏ နှလုံးသားကိုပင် လှုပ်ခတ်သွားစေသည့် အသက်ဓာတ်စွမ်းအားတစ်ခု ထွက်ပေါ်လာလေ သည်။

ထိုအသက်ဓာတ်စွမ်းအားသည် ယွီချင်တာအိုဆရာသခင်၏ အသက်ဓာတ်စွမ်းအားများနှင့် ဆင်တူလေသည်။

ဆန်းလျန်သည် အရာအားလုံးကို ထိုးဖောက်သိမြင်နေသည့် မျက်ဝန်းများဖြင့် ထျန်းယီကို စိုက်ကြည့်နေလေသည်။

ဆန်းလျန်က...

"ယွမ်စီထျန်းကျွင်းရဲ့ တန်ခိုးစွမ်းအားပဲ..."

ဟု ရေရွတ်လိုက်လေသည်။

ထျန်းယီထံမှ နတ်ဘုရားအလင်းတန်းများ အဆက်မပြတ် ဖြာထွက်လာလေသည်။

ဆန်းလျန်၏ တိုက်ခိုက်မှုကြောင့် အသေအလဲ ခွေးပြေးဝက်ပြေး ပြေးခဲ့ကြသည့် ကျင့်ကြံသူများသည် ချက်ချင်းပင် ထျန်းယီနောက်တွင် စုရုံးလိုက်ကြလေသည်။

နောက်ဆုံးတော့ ထျန်းယီ၏အကာအကွယ်အောက်တွင် သူတို့သည် သေရမည့်ဘေးအန္တရယ်မှ လွတ်မြောက်ခဲ့ကြ ရလေပြီ။

ထျန်းယီက...

"အမှန်ပဲ ၊ မင်းမရှိဘဲနဲ့ ယွမ်ကုန်းပုံပြောင်း (၉)ဆင့်ကျင့်စဉ်ရဲ့ နဝမအဆင့်ကို ကျုပ် တက်ရောက်နိုင်ခဲ့မှာမဟုတ်ဘူး ၊ အခု တော့ မူလနတ်ဘုရားခန္ဓာရခဲ့ပြီ ၊ အခုအချိန်ကစပြီးတော့ ကျုပ်ဟာ မသေနိုင်တော့ဘူး ၊ မင်းလည်း ကျုပ်ကို သတ်နိုင်မှာ မဟုတ်တော့ဘူး"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အခုတော့ ကျုပ်နားလည်သွားပြီ..."

ထျန်းယီက...

"ဘာကိုလဲ..."

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"အပ်ချုပ်သမလေးဟာ နှစ်စဉ်နှစ်တိုင်း တခြားသူတွေအတွက် မင်္ဂလာဝတ်စုံချုပ်ပေးရပေမယ့် သူကိုယ်တိုင်အတွက် တော့ မင်္ဂလာဝတ်စုံ မချုပ်ရရှာဘူး ၊ ခင်ဗျားလည်း ဒီလိုပဲလေ...

ဘဝတစ်လျှောက်လုံး ကျင့်ကြံခဲ့ပေမယ့် ခင်ဗျား ကိုယ်တိုင်အတွက် မဟုတ်ခဲ့ဘူးပဲ ၊ သနားစရာပဲဗျာ..."

ဆန်းလျန်၏ပုံစံမှာ ထျန်းယီကို အမှန်တကယ်ပင် သနားနေသည့်ဟန် ဖြစ်လေသည်။

ဆန်းလျန်၏ စကားဆုံးသွားသည့်အခါတွင်တော့ ထျန်းယီသည် သူ၏မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကာ ချုံးပွဲချ ငိုလေတော့သည်။

ထို့နောက်တွင်တော့ ထျန်းယီ၏ လက်များသည် သစ်သားရုပ်မှ လက်နှစ်ဖက်အလား ဘေးသို့ ပြုတ်ကျသွားပြီး ထျန်းယီသည် မလှုပ်မယှက် ရပ်နေလေတော့သည်။

ထို့နောက်တွင်တော့ ထျန်းယီ၏ ရုပ်သွင်သည် ယခင်ခေတ်ပေါ်ကမ္ဘာတွင် ဆန်းလျန်ကြည့်ခဲ့ဖူးသည့် စီချွမ်အော်ပရာ ပြဇာတ်ထဲမှ ရုပ်ပြောင်းရုပ်လွှဲပညာရှင်များကဲ့သို့ ပြောင်းလဲသွားလေတော့သည်။

ထျန်းယီ၏မျက်နှာလုံးဝ မဟုတ်တော့ပေ။ ထျန်းယီနှင့် လုံးဝမ

တူသည့် နောက်ထပ်လူတစ်ယောက်၏ အစိမ်း သက်သက်

မျက်နှာတစ်ခု ပေါ်လာလေသည်။

ထိုသူ၏မျက်နှာမှာ ချောမောခန့်ညားလွန်းလေသည်။

သို့သော်... သတ်ဖြတ်လိုသည့်အငွေ့အသက်များဖြင့် ပြည့်နက်

လျှက် ရှိလေ၏။

ထိုသူသည် မိစ္ဆာအယူဝါဒများနှင့် တာအိုဝါဒကို ဆန့်ကျင်

သူများအားလုံးကို သုတ်သင်ချေမှုန်းပစ်ပြီး တစ်လောက လုံး

ကိုတစ်ယောက်တည်း အုပ်ဆိုးတော့မည့်အလား ဖြစ်လေ

သည်။

သူ၏နောက်တွင် ရောက်ရှိနေကြသည့် ယင်းစန်းဒေသမှ

ကျင့်ကြံသူများသည် တစ်ယောက်ပြီးတစ်ယောက် ပေါက်ကွဲ

ထွက်ကုန်ကြပြီး သန့်စင်သည့် အခိုးအငွေ့များအဖြစ်

ပြောင်းလဲသွားကြကာ ထိုသူ၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သွားကြလေသည်။

တစ်ချိန်တည်းမှာပင်... ကျင့်ကြံသူများ၏ ပေါက်ကွဲထွက်ကုန်သည့် ခန္ဓာကိုယ်မှ သွေးများဖြင့် ယင်းစန်းပြည်တစ်ခု လုံးသွေးမိုးများဖုံးလွှမ်းသွားလေတော့သည်။

ဆန်းလျန်က...

"မင်းကို ထျန်းယီလို့ခေါ်ရမလား ၊ ယွိတင်လို့ခေါ်ရမလား"

ထိုသူက...

"ကြိုက်သလိုခေါ်..."

ထျန်းယီဝတ်ဆင်ထားသည့် ဘုရင်ဝတ်စုံပျောက်ကွယ်သွားပြီး ငှက်မွေးများဖြင့် ချုပ်လုပ်ထားသည့် ဝတ်ရုံတစ်ထည် ကိုဝတ်ဆင်လျှက်သားဖြစ်သွားလေသည်။ သူ၏ကျောထက်တွင် ရိုးရှင်းသည့် နတ်ဓားတစ်လက်ကို လွယ်ထားပြီး ထိုဓားမှ

သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်လျှက်ရှိလေသည်။

ဆန်းလျန်သည် ထိုအခြေအနေများနှင့် ရင်းနှီးနေလေသည်။

ထျန်းယီ၏အဖြစ်သည် ဆန်းလျန်၏ တူမလေးဖြစ်သူ ရှော့ရှီ၏အဖြစ်နှင့် ဆင်တူလေသည်။

ရှော့ရှီသည် ယွမ်ကျွင်းကေရီ၏ ဉာဏ်စဉ်တစ်ခု လုပြန်ဝင်စားခြင်းဖြစ်သကဲ့သို့ ထျန်းယီသည် တာအိုဆရာယွိတင်၏ ဉာဏ်စဉ်တစ်ခုမှ လုပြန်ဝင်စားခြင်းသာ ဖြစ်လေသည်။

ထို့ကြောင့် ကျောက်စိမ်း ဝိညာဉ်နန်းတော်မှ ယွမ်ကုန်း ပုပြောင်း(၉)ဆင့် ကျင့်စဉ်ကို ထျန်းယီ ကျင့်ကြံအောင်မြင်သွားသည်နှင့် ထျန်းယီသည် တည်ရှိမနေ တော့ဘဲ ယွိတင် အဖြစ်သို့ ပြောင်းလဲသွားရခြင်းသာ ဖြစ်လေသည်။

ဆန်းလျန်၏တူမလေး ရှော့ရှီမှာ ထိုက်ဝေ့ထိုင်မှ နတ်ဘုရားအဘိုးအိုက အိပ်မက်လိပ်ပြာကျင့်စဉ်ကို ကျင့်ကြံစေပြီး ယွမ်ကျွ

င်းကောရီနှင့် ပတ်သက်မှုကို ဖြတ်တောက်စေခဲ့သလို ရော့ရှီ

ကိုယ်တိုင်ကလည်း ယွမ်ကျွင်းကောရီအဖြစ် ဖြစ်တည်လိုစိတ်မ

ရှိပေ။

ထို့ကြောင့် ရော့ရှီသည် ပျောက်ကွယ်မသွားရခြင်း ဖြစ်လေ

သည်။

သို့သော်... ထျန်းယီကတော့ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေ

သည်။

ဆန်းလျန်က...

"မင်းကို ယွိတင်လို့ပဲ ခေါ်တော့မယ်"

တာအိုဆရာယွိတင်က...

"မင်းက တကယ်ပဲ ဆရာဦးလေးစန့်ချင် ရွေးချယ်ထားတဲ့သူ

ဖြစ်နေတာကိုး ၊ ဒါပေမယ့် ကစားပွဲက ဒီမှာပဲ အဆုံးသတ်သွာ

ပါပြီ ၊ ဆရာဦးလေးက တစ်ခါရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် သူက

အမြဲတမ်း ရှုံးနိမ့်နေရမယ့်သူပါပဲ"

ဆန်းလျန်က...

"ကျုပ်ရဲ့ ဂိုဏ်းတူအစ်ကို ချန်ကျန့်မေကို အရင်တုန်းက သေ စခြင်းကျောင်းတော်မှာ သတ်ပစ်ခဲ့တာ မင်း မဟုတ်လား"

ယွိတင်က ခံစားချက်ကင်းမဲ့သည့်လေသံဖြင့်...

"အမှန်ပဲ ၊ သူက မင်းထက်တော်တယ်လေ ၊ တကယ်လို့ ဆရာ ဦးလေးရွေးချယ်ခဲ့တဲ့သူက မင်းမဟုတ်ဘဲ သူသာဖြစ်နေခဲ့ရင် ပိုပြီးဒုက္ခတွေရောက်ကုန်မယ် ၊ ဒါကြောင့် ကြိုပြီး ရှင်းပစ်လိုက်တာ"

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"သေချာတာပေါ့ ၊ အစ်ကိုချန်ကျန့်မေက ကျုပ်ထက်ပိုပြီးတော်တဲ့သူပါ ၊ ဒါပေမယ့် ကစားပွဲက အဆုံးမသတ်သေးပါ ဘူး ၊ အနည်းဆုံးတော့ ကျုပ်က ကံကြမ္မာက ရွေးချယ်ထားတဲ့လူ တစ်ယောက်ပဲ"

ယွိတင်က ပြုံးလိုက်ရင်း...

"ကံကြမ္မာဆိုတာ ကျုပ်တို့ ကျောက်စိမ်းဝိညာဉ်နန်းတော်က ဆန္ဒအတိုင်းပဲ ဖြစ်ရစေမယ်၊ မင်းကို သတ်လိုက်တာနဲ့ ကျုပ်ရဲ့ ကျင့်စဉ်လမ်းအစစ်ဆေးခံရမှုတွေအားလုံး အဆုံးသတ်သွား လိမ့်မယ်၊ ပြီးတော့ ယွိချင်နဲ့ စန့်ချင်ကြားက ရန်ငြိုးတွေလည်း တစ်ခါတည်း ဖြေရှင်းပြီးသား ဖြစ်သွားမယ်"

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အခု ကျုပ်ရှေ့မှာ ရောက်နေတာ တာအိုဆရာယွိတင် အစစ်အမှန်ဆိုရင်တော့ ကျုပ်အနေနဲ့ သေလမ်းမြန်းရမှာပေါ့ ဗျာ၊ ဒါပေမယ့် မင်းကတော့ ယွိတင်ရဲ့ဉာဏ်စဉ်တစ်ခုက လူ ပြန်ဝင်စားထားတာထက်မပိုပါဘူး၊ ကြည့်ရတာ မင်းဆန္ဒ အတိုင်း ဖြစ်လာနိုင်မှာမဟုတ်ဘူး"

ယွိတင်က ဆန်းလျန်ကို သေသေချာချာ စိုက်ကြည့်လိုက် ရင်း...

"တော်လိုက်တဲ့ကောင်လေး..."

အမှန်တော့ ဤကစားပွဲ၏ အခြေအနေတစ်ခုလုံးကို သူ့

အနေဖြင့် ထိန်းချုပ်နိုင်စွမ်းမရှိပေ။

သို့သော်... ကိစ္စမရှိပါ။ ခန့်မှန်းတွက်ချက်မှုများဆိုသည်က

အချိန်မရွေး လွဲမှားသွားနိုင် သည်ပဲဖြစ်လေသည်။

ပြင်းထန်သည့် တန်ခိုးစွမ်းအားများအောက်တွင် ခန့်မှန်းမှု

များသည် စက္ကူအလွှာပါးလေးအလား အလွယ်တကူပင် တစ်

စစီ ပျက်စီးသွားရမည်ပဲ ဖြစ်လေသည်။

....

မရှိမှုကျေးရွာတွင် အမတတောင်တစ်တောင်ရှိလေသည်။

ထိုတောင်သည် မည်မျှမြင့်သည်ကို မည်သူမှ မသိနိုင်ပေ။

သို့သော် မရှိမှုကျေးရွာရှိ အမတတောင်များထဲတွင် အကြီးမား

ဆုံးတောင်တစ်တောင် ဖြစ်လေသည်။

ထိုတောင်ကို "ခွန်လွန်တောင်" ဟု ခေါ်လေ၏။

တစ်ချိန်တုန်းက ချင် (၃)ပါးဟုခေါ်သည့် စန့်ချင် ၊ ထိုက်ချင် ၊ ယွိချင်ဆိုသည့် မူလ(၃)ဖြာတာအိုဆရာသခင်ကြီး (၃)ပါးသည် ခွန်လွန်တောင်တွင် အတူတကွ ကျင့်ကြံခဲ့ကြလေသည်။

သို့သော်... နောက်ဆုံးတွင်တော့ ယွိချင်တာအိုဆရာသခင် တစ်ပါးသာ ခွန်လွန်တောင်တွင် ကျန်ရစ်ခဲ့လေသည်။

ခွန်လွန်တောင်သည် အလွန်မှ နက်ရှိုင်းကျယ်ပြန့်သည့် တောင် ကြီးတစ်တောင်ဖြစ်လေသည်။ သို့သော်... ထိုတောင် ထက် တွင် တာအိုနန်းတော်တစ်ခုသာ ရှိလေသည်။

ထိုတာအိုနန်းတော်မှာ "ကျောက်စိမ်းဝိညာဉ်နန်းတော်" ပင် ဖြစ် လေသည်။

ရှေးခေတ်အချိန်အခါကတည်းက... ကျောက်စိမ်းဝိညာဉ် နန်းတော်သို့ မည်သည့်နတ်မိစ္ဆာမှ လာရောက်ရဲခြင်းမရှိကြ ပေ။ အဘယ်ကြောင့်ဆိုသော် ယွိချင်တာအိုဆရာသခင်သည် နတ်မိစ္ဆာများကို သဘောမကျသောကြောင့် ဖြစ်လေ သည်။ ထို

အကြောင်းကို လူတိုင်းသိကြလေသည်။ ထို့ပြင် တာအိုဆရာသခင်ကြီးယွိချင်၏ အမိန့်အာဏာကို မည်သူမှ မလွန်ဆန်ရဲကြပေ။

သို့သော်... ယနေ့တော့ ခြွင်းချက်တစ်ခု ရှိလာခဲ့လေပြီ...။ ကျောက်စိမ်းဝိညာဉ်နန်းတော်ကို အဆုံးမရှိသည့် ရောင်စဉ် (၅)မျိုးက လွှမ်းခြုံထားလေသည်။ ထိုရောင်စဉ် (၅)မျိုးသည် ကွေလိ၏ ရောင်စဉ် (၅)မျိုးဖြင့် ဆင်တူလေသည်။ သို့သော်... ကွေလိ၏ ရောင်စဉ် (၅)မျိုးက စမ်းချောင်းလေးဆိုလျှင် ကျောက်စိမ်းဝိညာဉ်နန်းတော်ကို လွှမ်းခြုံထားသည့် ရောင်စဉ် (၅)မျိုးကတော့ သမုဒ္ဒရာကြီး အလားဖြစ်လေ၏။ ထိုရောင်စဉ် (၅)မျိုးက ကျောက်စိမ်းဝိညာဉ်နန်းတော်ကို ပိတ်ဆို့ထားသည့်အတွက် မည်သူမှ နန်းတော်အပြင်သို့ မထွက်ခွာရဲကြပေ။

အဘယ်ကြောင့်ဆိုသော်... ထိုရောင်စဉ် (၅)မျိုးသည် အရာ

အားလုံးကို စုပ်ယူပစ်နိုင်စွမ်းရှိသောကြောင့် ဖြစ်လေ သည်။

ထိုရောင်စဉ် (၅)မျိုးသည် တာအိုဆရာသခင်ကြီးတစ်ပါး၏

နတ်ဘုရားခန္ဓာကိုပင် စုပ်ယူပစ်နိုင်စွမ်းရှိသည်ဟု ပြောစမှတ် ရှိ

လေသည်။

သို့သော်... ကျောက်စိမ်းဝိညာဉ်နန်းတော်မှာ ရောင်စဉ် (၅)မျိုး

အလယ်တွင် မယိမ်းမယိုင်တည်ရှိနေသည်ကို ကြည့်ခြင်း

အားဖြင့် ယွီချင်တာအိုဆရာသခင်၏ တန်ခိုးစွမ်းအားများမှာ

မည်မျှ ပြင်းထန်သည်ကို သိရှိနိုင်လေသည်။

ထိုအချိန်မှာပင်...

နန်းတော်အတွင်းမှ ကြည်လင်ပြတ်သားသည့် အသံတစ်သံ

ထွက်ပေါ်လာလေသည်။

"ခုံရှမ်း ၊ မင်းက လင်ထိုင်ဖန်းကျွမ်းတောင်က ပုဂ္ဂိုလ်ထူးတစ်ယောက်ရဲ့ အထောက်အပံ့ရထားတာနဲ့ပဲ ကျုပ်တို့ ကျောက်စိမ်းဝိညာဉ် နန်းတော်ကို ရန်စရဲတာလား"

"မင်းနဲ့ ကျုပ် (၂)ယောက်လုံးက တာ့လော်အဆင့် ကျင့်ကြံသူတွေပဲလေ ၊ မင်းက ကျောက်စိမ်းဝိညာဉ်နန်းတော်ရဲ့ သခင်တစ်ပါးဖြစ်လာတာနဲ့ မင်းကိုယ်မင်း ယွမ်စီထျန်းကျွင်းလို့ ထင်နေတာလား"

အသံနှင့်အတူ ရောင်စဉ် (၅)မျိုးအလင်းတန်းများကြားထဲမှ လူတစ်ယောက်ထွက်ပေါ်လာလေသည်။

ထိုလူ၏ ပုံပန်းသဏ္ဌာန်ကို ဖော်ပြရန်မှာ ခက်ခဲလေသည်။ သူသည် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး နှင်းခဲတစ်စအလား ဖြူစင်လွန်းလေသည်။

သူ၏ပုံစံက သတ္တဝါများအားလုံးကို အထင်သေးဟန်ရှိပြီး အလွန်မာန်မာနကြီးဟန် ရှိလေသည်။

"မင်းက ကျုပ်ဆရာရဲ့နာမည်ကိုတောင် အခုလို ခေါ်ရဲမှတော့ မင်းကို ခွင့်လွှတ်နိုင်မယ် မထင်နဲ့၊ ကျောက်စိမ်း ဝိညာဉ် နန်းတော်က ငြိမ်နေတာကြာလို့ အခုလိုမျိုး လာစော်ကားရဲ တယ်ပေါ့လေ ၊ မင်းကိုသတ်ပြီးတော့ ကျောက်စိမ်း ဝိညာဉ် နန်းတော်ကို လူတွေအကုန် ကြောက်လန့်အောင် လုပ်ပြမယ်" ထိုအသံသည် သတ်ဖြတ်လိုသည့် အငွေ့အသက်များနှင့် ပြည့် နေလေသည်။

သူက တာ့လော်အဆင့်သို့ တက်ရောက်ထားသည်မှာ သိပ်မ ကြာသေးသည့် ဒေါင်းစိမ်းမင်းကြီး မဟာမာရူယိကို ချက်ချင်း ပင် သတ်ဖြတ်ပစ်ချင်နေမိလေသည်။

ဒေါင်းစိမ်းမင်းကြီး မဟာမာရူယိဖြစ်သူ ခုံရှွမ်းက ခံစားချက် ကင်းမဲ့သည့်လေသံဖြင့်...

"ဒါဖြင့်လည်း မင်းရဲ့တန်ခိုးစွမ်းအား ဘယ်လောက်ရှိလဲဆိုတာ ကြည့်တာပေါ့ကွာ..."

အခန်း (၆၉၆) မင်းရဲ့နာမည်ကိုသေခြင်းရှင်ခြင်းစာအုပ်ထဲမှာ

ရေးမယ်

သုံးလောကတစ်ခွင်မှ နတ်ဘုရားများသည် ခုံရှမ်းနှင့် တာအိုဆ

ရာယွိတင်တို့၏ တိုက်ပွဲကို တိတ်တဆိတ်စောင့်ကြည့် နေကြ

လေသည်။

မည်သည့်နတ်ဘုရားမှ ခုံရှမ်းအနိုင်ရလိမ့်မည်ဟု ထင်ကြေးမ

ပေးကြပေ။ သို့သော်... သူတို့သည် ကျောက်စိမ်း ဝိညာဉ်

နန်းတော်ကို လာရောက်စိန်ခေါ်ရဲသည့် ခုံရှမ်း၏ သတ္တိကိုတော့

မလေးစားဘဲ မနေနိုင်ကြပေ။

ထို့ပြင် မိုးကောင်းကင်ခုံရုံးပျက်စီးသွားပြီးသည့်နောက်ပိုင်း တာ့လော်အဆင့်ရှိသည့် နတ်ဘုရားများသည် တစ်ယောက်နှင့် တစ်ယောက် သိပ်ပြီး ပတ်သက်ကြခြင်း မရှိတော့ပေ။

ထို့ကြောင့် ယခု တာ့လော်အဆင့်ရှိသည့် နတ်ဘုရား (၂)ပါး တိုက်ခိုက်ကြသည့်တိုက်ပွဲသည် သမိုင်းတွင်မည့် တိုက်ပွဲတစ်ခု ဖြစ်မည်မှာ သေချာလေသည်။

ဆန်းလျန်သည် ကျောက်စိမ်းဝိညာဉ်နန်းတော်တွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်များကို သိရှိခြင်း မရှိပါ။

သို့သော်... သူ၏ အခြေအနေသည် အဆိုးကြီးမဟုတ်သေးသည်ကို ခံစားနေရလေသည်။ ထို့ပြင်... ယခု သူ့ရှေ့မှလူသည် တာအိုဆရာယွိတင်အစစ်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ ယခုအချိန်တွင် သူ့ရှေ့သို့ တာအိုဆရာယွိတင်အစစ်သာက ဒဏ္ဍာရီဆန်သည့် နတ်ဘုရား ချင်းယွမ် မြောင်တောက်အရှင်ကိုယ်တိုင် ရောက်လာဦးတော့ ဆန်းလျန်

က အရေးစိုက်တော့မည် မဟုတ်ပါ။ ရင်ဆိုင်စရာရှိသည်ကို နောက်မဆုတ်ဘဲ ရင်ဆိုင်ရမည် ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်မလာသေးသရွေ့ သူ့ အတွက် လွတ်လမ်းမှ မမြင်နိုင်ဘဲ။

ဝမ်ကျုန်းဦးဆောင်သည့်ကျင့်ကြံသူများနှင့် ဆန်းလျန်၏ ပျံသန်းနတ်ဘုရားအင်းကွက်အတွင်းမှ ကျင့်ကြံသူများ တိုက်ခိုက်နေကြစဉ်တွင် ဆန်းလျန်ကတော့ တာအိုဆရာယွိ တင်၏ လူပြန်ဝင်စားသည့် ဉာဏ်စဉ်နှင့် တိုက်ခိုက်နေလေ သည်။

ရန်သူသည် ဆန်းလျန် တိုက်ခိုက်လိုက်သည့် တိုက်ကွက်တိုင်း ကို ကြိုတင်သိမြင်နေပြီး အေးအေးဆေးဆေးပင် ခုခံ သွားလေ သည်။

ဆန်းလျန်၏ ဘဝတစ်လျှောက်လုံးတွင် ရန်သူကို အနိုင်ရရန် အတွက် ရန်သူ၏ တိုက်ကွက်နှင့် စိတ်ဓာတ်ကို အမြဲတမ်း

ကြိုတင်ခန့်မှန်းနိုင်ခဲ့လေသည်။ ယခုတစ်ကြိမ်တွင်တော့ အခြေအနေက ပြောင်းပြန်ဖြစ်နေပြီး ရန်သူက သူ၏လှုပ်ရှား မှု တိုင်းကို ကြိုတင်ရိပ်မိနေသည့်အတွက် တိုက်ပွဲက လွယ်ကူခဲ့ ခြင်း မရှိပေ။

ဆန်းလျန်သည် မြေအောက်သို့ ဖြည်းဖြည်းချင်းဆင်းသွားလေ သည်။ နောက်ဆုံး သူ၏ နှာခေါင်း ၊ နားရွက်များသည် မြေအောက်အလွှာများထဲတွင် နစ်မြုပ်သွားလေသည်။

နောက်ဆုံးတွင် ဆန်းလျန်သည် ဝိညာဉ်မြစ်၏ အနက်ရှိုင်းဆုံး နေရာသို့ ရောက်ရှိသွားလေသည်။ ယွိတင်ကလည်း သူ့ နောက်မှ ထပ်ကြပ်မကွာ လိုက်လာလေသည်။

ဆန်းလျန်သည် အသူရာချောက် (၉)ထပ်တွင် အနက်ရှိုင်းဆုံး ဖြစ်သည့် ဝိညာဉ်မြစ်ကြမ်းပြင်သို့ ရောက်ရှိလာလေ သည်။ ထို နေရာတွင် အလင်းရောင်မရှိပေ။ အနက်မှောင်ဆုံးယင်စွမ်းအား

များသည် ဆန်းလျန်၏ မွေးညင်းပေါက် လေးများအတွင်းသို့ စိမ့်ဝင်လာလေသည်။

ဝိညာဉ်မြစ်ကြမ်းပြင်တွင် သေခြင်းရှင်ခြင်းစာအုပ် ရှိနေလေသည်။

သေခြင်းရှင်ခြင်းစာအုပ်သည် အသူရာချောက်၏နှလုံးသားနှင့် ချိတ်ဆက်နေပြီး စာအုပ်က အသက်တစ်ချက်ရှူလိုက် တိုင်း ဝိညာဉ်မြစ်ရေသည်သည် လှိုင်းထသွားရလေသည်။

ဆန်းလျန်က လက်ဖဝါးများကိုဖြန့်လိုက်ရာ သူ၏လက်ထဲတွင် မှောင်မိုက်တိတ်ဆိတ်နေသည့် ဓားတစ်လက်ပေါ်လာ လေသည်။

ထိုဓားမှာ ချန်ကျန့်မေမှ အသွင်ပြောင်းသွားသည့် အနတ္တဓားပင် ဖြစ်လေသည်။

ဆန်းလျန်နှင့် မနီးမဝေးတစ်နေရာတွင် ယွိတင် ရှိနေလေသည်။

ယွိတင်က ကျောထက်တွင်လွယ်ထားသည့် နတ်ဘုရား သုတ်သင်ဓားကို ဆွဲထုတ်လိုက်လေသည်။ သူက ဝိညာဉ်မြစ်ကို ဓားဖြင့် တစ်ချက် ခုတ်ပိုင်းလိုက်လေရာ ဝိညာဉ်မြစ်ရေတွင် ထနေသည့်လှိုင်းများ ချက်ချင်း ငြိမ်သက်သွားလေသည်။

အသူရာချောက် (၉)ထပ်ရှိ ဝိညာဉ်မြစ်ရေထဲတွင် ဆန်းလျန်၏ စိတ်များကို တစ်စုံတစ်ခုက တားဆီးထားသလို ခံစားနေရလေသည်။ သူ၏စိတ်သည် ရှင်းရှင်းလင်းလင်းမရှိပါ။ ယွိတင်သည်လည်း အလားတူခံစားနေရဟန် ရှိလေသည်။

အနတ္တဓားသည် အနည်းငယ်တုန်ခံသွားပြီး ဓားညည်းသံတစ်ချက် ထွက်ပေါ်လာလေသည်။

ဆန်းလျန်က ဓားကိုတစ်ချက် ဝှေ့ယမ်းလိုက်ပြီး ယွိတင်ကို စတင်တိုက်ခိုက်လိုက်လေသည်။ အနတ္တဓားမှ သဏ္ဍာန်မဲ့ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး အရပ်မျက်နှာအသီးသီးမှ ဓား

တန်ခိုးစွမ်းအားများသည် ယှိတင်ရှိရာသို့ ဝင်ရောက်လာလေသည်။

ဓားချက်သည် အလိုက်သင့်စီးဆင်းသွားပြီး သားသတ်သမား၏ ဓားချက်ကဲ့သို့ သဲလွန်စမကျန် ပြတ်သားလွန်းလှလေသည်။

ဆန်းလျန်၏မျက်နှာသည် တည်ငြိမ်နေလေ၏။ သူ၏မျက်နှာထက်တွင် ဓားဝိညာဉ်အငွေ့အသက်လည်းမရှိသလို သတ်ဖြတ်လိုသည့်အရိပ်အယောင်လည်း မရှိပေ။ သူ၏နှလုံးသားသည် ရေအလျဉ်အလား အေးချမ်းလျှက် ရှိလေ သည်။

ယခုအချိန်တွင်… သူသည် ဆန်းလျန်မဟုတ်တော့ပါ။ ချန်ကျန့်မေ၏ ဝိညာဉ်ဝင်ပူးထားသည့်အလား ခံစားနေရလေသည်။

ချန်ကျန့်မေကိုယ်တိုင်သည် အနတ္တဓားကိုဆွဲကိုင်ပြီး သူ့ကိုသတ်ဖြတ်ခဲ့သူကို လက်စားချေရန် အသင့်ရှိနေသည့်အလားပင်။

ထူးဆန်းသည့် ထိပ်တန်းဓားသိုင်းပညာများစွာသည် ဆန်းလျ
န်၏စိတ်ထဲသို့စီးဆင်းဝင်ရောက်လာလေသည်။

ဓားသိုင်းကွက်တိုင်းသည် မိုးနှင့်မြေကို တစ်လွှာချင်းခုတ်ဖြတ်
တော့မည့်အလား ထင်မှတ်ရလေ၏။

လောကကြီး ၊ သက်ရှိသတ္တဝါများ ၊ သဘာဝအလျှောက်
တည်ရှိနေသည့်လောကဓမ္မ... ဓားသိုင်းကွက်ထဲတွင် ထိုအရာ
များအားလုံးကို တွေ့မြင်ရလေသည်။

ဆန်းလျန်နှင့်တိုက်ခိုက်နေသည့် ယွိတင်သည် တာအိုဆရာယွိ
တင်၏ ဉာဏ်စဉ်တစ်ခုမှ လူပြန်ဝင်စားခြင်း ဖြစ်သော်လည်း
သူ၏စိတ်အခြေအနေသည် တာ့လော်အဆင့်တွင် ရှိနေလေ
သည်။

သူ့လက်ထဲမှ နတ်ဘုရားသုတ်သင်ဓားသည် ထိပ်တန်းနတ်ဓား
တစ်လက် ဖြစ်လေသည်။ သို့သော်... သူ၏ဓားသည် အနတ္တ

ဓားနှင့် ထိမိသည့်အခါတွင်တော့ အနည်းငယ် တုန်လှုပ်သွားရ လေသည်။

အနတ္တဓားသိုင်းသည် ဆန်းလျန်၏ ဓားသိုင်းမဟုတ်ပါ။ ချန်ကျန့်မေ၏ ဓားသိုင်း ဖြစ်လေသည်။

အရေးမပါသူတစ်ယောက်အလား အသက်စွန့်သွားခဲ့သည့်တိုင် တစ်ချိန်တုန်းက လောကတွင် ပြိုင်ဘက်ကင်းသည့် ဓားသိုင်း ပါရမီရှင်တစ်ယောက်ဖြစ်သူ ချန်ကျန့်မေ၏ ဓားသိုင်း ဖြစ်လေ သည်။

အနတ္တဓားသည် ကန့်သတ်ချက်များနှင့် အတားအဆီးများစွာကို ကျော်လွန်ပြီး ထိပ်တန်းအဆင့် စာရင်းဝင်သည့် ဓားတစ်လက် ဖြစ်လေသည်။

ထိုကဲ့သို့သော ထိပ်တန်းအဆင့်ဓားတစ်လက်ကသာလျှင် ယွိတင်၏ နတ်ဘုရားသုတ်သင်ဓားကို ကောင်းစွာ ယှဉ်ပြိုင်နိုင်မည် ဖြစ်လေသည်။

သူတို့ (၂)ယောက်သည် စစ်မြေပြင်မှာ သူရဲကောင်း (၂)ဦးပမာ

အပြင်းအထန်တိုက်ခိုက်နေကြလေသည်။

သူတို့သည် နက်ရှိုင်းသည့် ဝိညာဉ်မြစ်ရေထဲတွင် တိုက်ခိုက်နေ

ကြခြင်း ဖြစ်လေရာ ရေဖိအား၏ သက်ရောက်မှု ကြောင့်သူ

တို့၏လှုပ်ရှားမှုများသည် မြန်ဆန်ခြင်းမရှိလှပေ။ သို့သော်

တိုက်ပွဲကတော့ မိုးနှင့်မြေ ပျက်စီးသွားစေ သည်အထိ

စွမ်းအားပြင်းထန်လွန်းလေသည်။

ဓားသူတော်စင်တစ်ပါးသာ သူတို့တိုက်ပွဲကို တွေ့မြင်သွားမည်

ဆိုလျှင် သူတို့ (၂)ယောက်လုံးသည် စစ်မှန်သည့် ဓားသိုင်း

မဟာလမ်းစဉ်ကို လျှောက်လှမ်းနေကြသူများဖြစ်သည်ဟု

မှတ်ချက်ပြုပေလိမ့်မည်။

သူတို့အသုံးပြုသည့် ရိုးရှင်းသည့်ဓားကွက်များသည်ပင်လျှင်

လောက၏ လျှို့ဝှက်ဆန်းကြယ်မှုများကို အနက်ဖွင့်ရန်

လုံလောက်လေ သည်။

စစ်မှန်သည့် နတ်ဘုရားများသာလျှင် သူတို့၏ဓားသိုင်းကွက်

များကို နားလည်နိုင်ပေလိမ့်မည်။

ထိုအချိန်မှာပင်... ယွိတင်၏စိတ်သည် တစ်ချက် လှုပ်ရှားသွား

လေသည်။ သူ၏ တာ့လော်အဆင့် စိတ်စွမ်းအားများ သည်

တဖြည်းဖြည်း ဆုတ်ယုတ်ကျဆင်းနေသည်ကို မမျှော်လင့်ဘဲ

သတိပြုလိုက်မိလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ကျောက်စိမ်းဝိညာဉ်နန်းတော်

တွင် ခုံရှမ်းနှင့်တိုက်ခိုက်နေသည့် ယွိတင်အစစ်သည်

အခြေအနေသိပ်မဟန်ကြောင်း သိနိုင်လေသည်။

ယွိတင်၏စိတ်ထဲတွင် သံသယများပြည့်နက်လာသည့်အချိန်

တွင် ဆန်းလျန်၏အနတ္တဓားကတော့ တန်ခိုးစွမ်းအား များ

တဖြည်းဖြည်းမြင့် တက်လာခဲ့လေသည်။

စိတ်လှုပ်ရှားမှုများ အဆုံးစွန်ထိရောက်သွားပြီးနောက် ယွိ

တင်၏ တန်ခိုးစွမ်းအားများမှာ ပေါက်ကွဲထွက်သွားလေ သည်။

ထိုအခါ... ယွိတင်၏ခန္ဓာကိုယ်မှာ ပုံမှန်မဟုတ်တော့ဘဲ ခေါင်း (၃)လုံးနှင့် လက် (၆)ဖက် ထွက်ပေါ်လာလေသည်။ သူ၏ တန်ခိုးစွမ်းအားများသည် (၃)ဆခန့် ပိုမိုများပြားလာလေသည်။ ဒဏ္ဍာရီထဲမှ ခေါင်း (၃)လုံး လက်(၆)ဖက် တန်ခိုးစွမ်းအားနှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်ကို ဆန်းလျန် သိလိုက်လေ သည်။ ထိုတန်ခိုးစွမ်းအားသည် ကောင်းကင်ဘုံတစ်ခုလုံးနှင့် ထောင်ပေါင်းများစွာသော ကြယ်စင်များကြားတွင် အလွန် ထူးဆန်းလျှို့ဝှက်သည့် တန်ခိုးစွမ်းအား ဖြစ်လေသည်။ ထို့ပြင် ထိုတန်ခိုးစွမ်းအားည် ယွိချင်တာအိုဆရာသခင် ကိုယ်တိုင် တီထွင်ဖန်တီးထားသည့် တန်ခိုးစွမ်းအား ဖြစ်လေ သည်။

သို့သော်... ထိုတန်ခိုးစွမ်းအား၏ အရင်းအမြစ်ကို ဆန်းလျန် သည် ချက်ချင်းပင် နားလည်သွားလေသည်။

ထိုအခါ မူလအားဖြင့် မှောင်မိုက်တိတ်ဆိတ်နေသည့် အနတ္တ ဓားသည် တောက်ပလပြီး အလင်းတန်းများ အဆက်မပြတ် ဖြာထွက်လာလေသည်။

ဆန်းလျှန်ထံမှ တန်ခိုးစွမ်းအားဖိအားများ ထွက်ပေါ်နေပြီး ယွီ တင်သည် ဆန်းလျှန်အနားသို့ တိုးကပ်နိုင်ခြင်း မရှိပေ။

ထို့ကြောင့် ခေါင်း (၃)လုံးနှင့် လက် (၆)ဘက်ရှိနေသည့် ယွီ တင်သည် ဆန်းလျှန်ကို တစ်စစီဖြစ်သွားစေရန်အတွက် ဝိညာဉ်မြစ် ကိုလှုပ်ခါ နေလေသည်။

ယွီတင်၏ တန်ခိုးစွမ်းအားများကြောင့် စကြာဝဠာတစ်ခုလုံး သာမက ရှီးမီစန်းတောင်ကြီးပင် တုန်လှုပ်နေသည့်အလား ခံစားရလေသည်။

သို့သော်... တာအိုဆရာယွီတင်၏ တန်ခိုးစွမ်းအားများသည် ထူးဆန်းစွာပင် ဆန်းလျှန်အပေါ်တွင် သက်ရောက်မှု မရှိပါ။

သူ၏လက်ထဲမှ အနတ္တဓားသည် မယုံကြည်နိုင်စရာ ကောင်း

လောက်အောင် တောက်ပနေလေသည်။ ဓားသွားသည် ကံကြမ္မာကို ဖြတ်တောက်ပစ်ပြီး အာကာသတစ်ခုလုံးကို ထိုး ဖောက်ပစ်တော့မည့်အလား ထင်မှတ်ရ လေသည်။

သို့သော်... ထိုအဆင့်အားလုံးကို ကျော်လွန်သွားသည်နှင့် အနတ္တဓားမှ နောက်ဆုံးအသက်ရှူသံသည် ပျောက်ကွယ်သွားခဲ့ လေသည်။

ဆန်းလျန်၏မျက်နှာသည် တည်ငြိမ်နေလေသည်။

တိုက်ပွဲတွင် နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ သူအရေးမစိုက် တော့ပါ။ သေသည်ဖြစ်စေ ရှင်သည်ဖြစ်စေ သူ့အတွက် အရေး မကြီးတော့ပါ။

သူသည် လင်းလက်နေသည့် ဓားရောင်ကြားတွင် သူလျှောက် လှမ်းရမည့်ခရီးကို တစိုက်မတ်မတ်လျှောက်လှမ်းနေခဲ့ လေ သည်။ သူလုပ်ရမည့်အလုပ်ကို တည်ငြိမ်စွာ လုပ်နေခဲ့လေ သည်။

ဆန်းလျန်သည်.... အသူရာချောက်၏ အဓိကမဏ္ဍိုင်ဖြစ်သည့် သေခြင်းရှင်ခြင်းစာအုပ်ရှိရာသို့ သွားနေခဲ့လေသည်။

ခေါင်း (၃)လုံး လက် (၆)ဘက်ရှိပြီး တန်ခိုးစွမ်းအားများ အဆမတန် မြင့်မားနေသည့် ယွိတင်သည် သေခြင်းရှင်ခြင်း စာအုပ်ဆီသို့ ဦးတည်သွားနေသည့် ဆန်းလျန်ကို တားဆီးနိုင်ခြင်း မရှိပါချေ။

ထို့နောက်တွင်တော့ ... အနတ္တစားမှုထွက်ပေါ်နေသည့် အလင်းတန်းများသည် ပြန်လည်အားနည်းသွားခဲ့လေသည်။

ဝိညာဉ်မြစ်ရေမှာအရှိန်နှင့် မြင့်တက်လာပြီး နက်မှောင်သည့် ယင်စွမ်းအားများကြောင့် ဆန်းလျန်၏သန့်စင်မှုများမှာ လည်း ညစ်နွမ်း သွားရလေသည်။

သို့သော်... ဆန်းလျန်က အရေးမစိုက်ပါ။

ဝိညာဉ်မြစ်ထဲတွင် သူ၏ တာအိုဝတ်စုံသည် လွင့်မျောနေပြီး ဇမ္ဗူဒီပါလက်ကျာတောင်ကျွန်း၏ ယူဇနာပေါင်း (၃၀၀၀) ကို

အရှိန်အဟုန်ဖြင့် ဖြတ်ကျော်တော့မည့် လူတစ်ယောက်အလား ထင်မှတ်ရလေသည်။

ဆန်းလျန်သည် သူ့လက်ထဲမှဓားကို အရှေ့သို့ ထိုးညွှန်လိုက်လေသည်။

ပြောင်းလဲမှုတစ်ခုဖြစ်ပေါ်သွားပြီး အချိန်သည် ရပ်တန့်သွားခဲ့လေသည်။ တာအိုဆရာယွိတင်၏ တန်ခိုးစွမ်းအားများပါ ရပ်တန့်သွားခဲ့လေသည်။

အနတ္တဓားသည် တစ်လက်မချင်း တစ်လက်မချင်း တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ နောက်ဆုံးတွင်တော့ ချန်ကျန့်မေ နောက်ဆုံးချန်ထားခဲ့သည့် အနတ္တဓားသည် ထာဝရပျောက်ကွယ်သွားခဲ့လေသည်။

"သဘာဝတရား၏အလှတရား... မိုးနှင့်မြေမှမွေးဖွားလာ..."

ရုတ်တရက် ... တာအိုတေးသွားတစ်ပုဒ်သည် အသူရာချောက်(၉)ထပ်မှ ထွက်ပေါ်လာလေသည်။

ဆန်းလျှန်သည် ဝမ်းနည်းခြင်းလည်းမဖြစ်မိသလို ဝမ်းသာခြင်းလည်း မဖြစ်မိပါ။ စိုးရိမ်ပူပန်ခြင်းလည်းမဖြစ်မိ သလို ကြောက်ရွံ့ခြင်းလည်း မဖြစ်မိပါ။

သူသည် သေခြင်းရှင်ခြင်းစာအုပ်ကို လှမ်းယူလိုက်လေသည်။

သေခြင်းရှင်ခြင်းစာအုပ်ကို ကိုင်လိုက်သည်နှင့် သူ၏လက်တစ်ဖက်လုံးမှာ အနက်ရောင်ပြောင်းသွားလေသည်။

သူက သေခြင်းရှင်ခြင်းစာအုပ်မှ စာမျက်နှာအလွတ်တစ်ရွက်ကို လှန်လိုက်ပြီး သူ၏လက်ချောင်းများဖြင့် အဖြူရောင်စာရွက်ပေါ်တွင် နာမည်တစ်ခုကို ရေးလိုက်လေသည်။

"ယွိတင်..."

လောကတွင် "ယွိတင်" ဆိုသည့် နာမည်တူလူသားများအားလုံးထဲမှ...

ဆန်းလျှန်ရေးသားလိုက်သည့် "ယွိတင်" ဆိုသူမှ ... "တာ့လော်အဆင့်နတ်ဘုရားတစ်ပါးဖြစ်ပြီး သေခြင်းရှင်ခြင်းကို

လွှန်မြှောက်ထားသူ ၊ ကျောက်စိမ်းဝိညာဉ်နန်းတော်မှ တာအိုဆရာယွိတင်" ဖြစ်လေသည်။

ဆန်းလျန်က သေခြင်းရှင်ခြင်းစာအုပ်ထဲတွင် ယွိတင်အကြောင်း အသေးစိတ်ကို ချရေးလိုက်လေသည်။

ရိုးရိုးရှင်းရှင်းပြောရမည်ဆိုလျှင် သတ္တမအဆင့်တရားသူကြီးတစ်ယောက်ကို ဧကရာဇ်မင်းကိုယ်တိုင်က သေဒဏ် ချမှတ်လိုက်သည်နှင့် ဆင်တူလှလေသည်။

ဆန်းလျန်သည် စိတ်အာရုံများကို စူးစိုက်ပြီး တာအိုစွမ်းအားများကို အသုံးပြုကာ "ယွိတင်" ဆိုသည့်အမည်ကို သေခြင်းရှင်ခြင်းစာအုပ်ထဲတွင် ရေးသားလိုက်လေသည်။ သို့သော်... "ယွိတင်" ဆိုသည့်နာမည်သည် သေခြင်း ရှင်ခြင်းစာအုပ်ထဲမှ ပြန်လည်ပျောက်ကွယ်သွားလေသည်။ သေခြင်းရှင်ခြင်းစာအုပ်သည် ယွိတင်ဆိုသည့်အမည်ကို မှတ်တမ်းတင်မထားရဲသကဲ့သို့ ရှိလေသည်။

ယွိတင်က အေးစက်စွာဖြင့်ရယ်မောလိုက်ရင်း...

"အခု မင်းလုပ်နေတဲ့အလုပ်မျိုးကို ငရဲမင်း (၁၀)ပါးတောင် မ လုပ်ရဲကြဘူးကွ ၊ မင်းက ဒီလောက်မာနကြီးလွန်းတာ ကျုပ် တောင်အံ့သြမိတယ် ၊ ပြီးတော့ စိတ်လည်းပျက်မိတယ်"

ယွိတင်က ဆန်းလျန်ကို တိုက်ခိုက်ခြင်းမရှိပါ။

သို့သော်... သူက ပတ်ဝန်းကျင်တစ်ခုလုံးမှ လေထုကို အေးခဲ စေလိုက်လေသည်။ ထိုသို့ပြုလုပ်လိုက်ခြင်းမှာ ဆန်းလျန် ထွက်ပြေးနိုင်မည့် ပြေးပေါက်အားလုံးကို ပိတ်ဆို့ထားလိုက် ခြင်း ဖြစ်လေသည်။

ထိုအချိန်တွင်... ဆန်းလျန်၏ လက်ထဲတွင် အနီရောင်ပန်းတစ် ပွင့် ပေါ်လာလေသည်။ အနီရောင်ပန်းပွင့်တွင် အရွက်များ မရှိ ပါ။ ပန်းပွင့်နှင့် ရိုးတံသာလျှင် ရှိလေသည်။

ထိုပန်းပွင့်မှာ ဆန်းလျန် အသူရာချောက်သို့ ရောက်ရှိလာသည့် အချိန်တွင် သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းတွင် ပွင့်ခဲ့သည့်

အနီရောင်ပင့်ကူငရဲပန်းပင် ဖြစ်လေသည်။ အနီရောင် ပင့်ကူငရဲပန်းများ ပွင့်လန်းလာရခြင်းသည် အသူရာချောက်၏အရှင်သခင် ထွက်ပေါ်လာမည့် နိမိတ်လည်း ဖြစ်ခဲ့လေသည်။

ဆန်းလျန်လက်ထဲတွင် ကိုင်ထားသည့် ပန်းပွင့်မှာတော့ တစ်ချိန်တုန်းက တပည့်ဖြစ်သူစစ်ကျင်း သူ့ကို လက်ဆောင်ပေးခဲ့သည့် ပန်းပွင့်ဖြစ်လေသည်။

အနီရောင်ပင့်ကူငရဲပန်း၏ အပွင့်နှင့်အရွက်များသည် တည်ရှိမှုထူးဆန်းလေသည်။ အရွက်ရှိနေလျှင် အပွင့်မရှိဘဲ အပွင့်ရှိနေလျှင်လည်း အရွက်မရှိပေ။

ထိုပန်းသည် အသူရာချောက်တွင် အဆန်းကျယ်ဆုံးပန်းပွင့်များဖြစ်ပြီး ထိုပန်းပွင့်များထဲတွင် မည်သို့သော တန်ခိုးစွမ်းအားများ ကိန်းအောင်နေသည်ကို မည်သူမှ မသိနိုင်ကြပေ။

အခန်း (၆၉၇) အသူရာချောက်ရဲ့အရှင်အသခင်

တာအိုဆရာယွိတင်သည် ဆန်းလျန်လက်ထဲမှ အနီရောင်ပင့်ကူငရဲပန်းကို စိုက်ကြည့်နေလေသည်။ အဘယ့်ကြောင့် မှန်းမသိ ထိုပန်းသည် သူနှင့် ရင်းနှီးနေသလို ခံစားလိုက်ရလေသည်။ သို့သော်... အဘယ့်ကြောင့် ထိုသို့ခံစားရသည်ကိုလည်း သူကိုယ်တိုင် နားမလည်ပေ။

ထိုပန်းပွင့်သည် သာမန်ပန်းပွင့်တစ်ပွင့်မဟုတ်သည်ကို ချက်ချင်းပင် သိလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော်... တာ့လော်အဆင့်စိတ်ထားကိုပိုင်ဆိုင်သူတစ်ယောက်ဖြစ်သည့် ယွိတင်အနေဖြင့် ရင်းနှီးကျွမ်းဝင်သည့် အရာတစ်ခုကို မမှတ်မိခြင်းမှာ မဖြစ်သင့်သည့်အချက် ဖြစ်လေ၏။

ဆန်းလျန်က...

"ဗုဒ္ဓကပြောဖူးတယ်၊ မေတ္တာဟာ အကျိုးကိုလိုလားတယ်တဲ့၊

ဒါပေမယ့် သေခြင်းတရားမှာတော့အကျိုးအပြစ်ကို လိုလား

ခြင်းဘာတစ်ခုမှမရှိဘူး၊ မင်း တာအိုကျင့်စဉ်လမ်းအောင်မြင်

ခဲ့တာကလည်း ကံတရား အတိုင်းပဲဖြစ်သလို မင်းသေရမယ်ဆို

ရင်လည်း ကံတရားအတိုင်းပဲ"

သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းမှ အနီရောင်ပင့်ကူငရဲပန်း

များသည် အဝါရောင်ဝိညာဉ်မြစ်၏ မြင့်မြတ်သည့်ပန်း များ

လည်း ဖြစ်လေသည်။

ဆန်းလျန်လက်ထဲမှ အနီရောင်ပင့်ကူငရဲပန်းသည် အနီရောင်

ပြဒါးရှင်အလား တောက်ပနေလေသည်။

ဆန်းလျန်က ပန်း၏ရိုးတံကိုအသုံးပြုကာ သေခြင်းရှင်ခြင်း

စာအုပ်ထဲတွင် "ယွိတင်" ဆိုသည့်အမည်ကို ထပ်မံရေး သား

လိုက်လေသည်။

သေခြင်းရှင်ခြင်းစာအုပ်၏ အဖြူရောင်စာမျက်နှာထက်တွင် သွေးရောင်ကဲ့သို့ နီစွေးလွန်းသည့် "ယွိတင်" ဆိုသည့် အမည် ပေါ်လာလေသည်။

တစ်ခဏအတွင်းမှာပင် လောကကြီးတစ်ခုလုံး ချာချာလည် သွားလေသည်။

ဆန်းလျန်နှင့် ယွိတင်သည် ဝိညာဉ်မြစ်ကြမ်းပြင်အောက်တွင် မရှိတော့ပါ။ သူတို့ (၂)ယောက်သည် သွေးနီရောင် ပင်လယ်ကမ်းခြေတွင် ပေါ်လာကြလေသည်။

သွေးနီရောင်ပင်လယ်သည် လှိုင်းများထန်နေခြင်းမရှိပါ။ သို့သော် ငြိမ့်ညောင်းသည့်ရေစီးဆင်းသံကို ကြားနေရလေ ၏။

သွေးနီရောင်ပင်လယ် တစ်ဖက်ကမ်းတွင်တော့ အနီရောင် ပင့်ကူငရဲပန်းများ ပွင့်လန်းနေကြလေသည်။

ထိုအချိန်မှာပင်... သွေးနီရောင်ပင်လယ်ထဲတွင် ဘုန်းတော်ကြီး တစ်ပါးပေါ်လာပြီး သူ၏နောက်ဘက်တွင် စေတီတော်တစ်ဆူ

ရှိနေလေသည်။ စေတီတော်ထိပ်မှ ရောင်ခြည်များထွန်းလင်း

လျှက်ရှိလေ၏။

"ကမ္ဘာကလေးစားရတဲ့ လောကရဲ့ရတနာ ၊ ဗုဒ္ဓရဲ့

ဉာဏ်ပညာ..."

ဘုရားစာရွတ်ဖတ်သံများသည် သွေးနီရောင်ပင်လယ်

တစ်လျှောက်ထွက်ပေါ်လာပြီး ယွိတင်၏နားတွင်းသို့ ဝင်

ရောက် လာလေသည်။

ယွိတင်က အေးစက်သည့်လေသံဖြင့်...

"တိကျန်ဓမ္မခန္ဓာ..."

ဟု ရေရွတ်လိုက်လေသည်။

ထိုအချိန်မှာပင်... အသူရာချောက်မှ တန်ခိုးစွမ်းအားကြိုးများ

ထွက်ပေါ်လာပြီး ယွိတင်ကို တုတ်နှောင်ထားလိုက် လေသည်။

ယွိတင်သည် မည်သို့လှ လှုပ်ရှား၍ မရတော့ပေ။ ထိုကြိုးများ

မှာ သေခြင်းရှင်ခြင်းစာအုပ်မှ တန်ခိုးစွမ်းအားကြိုးများဖြစ်ပြီး

လူပြန်ဝင်စားခြင်းမဟာလမ်းစဉ်လည်း ဖြစ်လေသည်။

ယွိတင်က သူ၏နတ်ဘုရားသုတ်သင်ဓားဝိညာဉ်ဖြင့် သေခြင်း

ရှင်ခြင်းစာအုပ်မှ ကြိုးများကို ဖြတ်တောက်ပစ်လိုက် လေ

သည်။

သို့သော်... အချည်းနှီးသာ ဖြစ်ခဲ့ပါလေ၏။

အဘယ်ကြောင့်ဆိုသော် စေတီတော်မှ အလင်းတန်းများက ယွိ

တင်၏ ဓားဝိညာဉ်ကိုတားဆီးထားလိုက်သော ကြောင့်ဖြစ်လေ

သည်။

ထို့နောက်... စေတီတော်မှ အလင်းတန်းများသည် ယွိတင်တစ်

ကိုယ်လုံးကို ဖုံးလွှမ်းသွားလေသည်။

စေတီတော်မှအလင်းတန်းများသည် တာအိုဆရာသခင်ကြီး

တစ်ပါးထံမှ အရင်းခံလာသည်ကိုဆန်းလျှန် ရိပ်မိလိုက် လေ

သည်။ ထိုတာအိုဆရာသခင်ကြီးမှာ မည်သူဖြစ်သည်ကို ဆန်း လျန်သိလိုက်လေသည်။

လင်ထိုင်ဖန်းကျွမ်းတောင်တွင် ယန်ရှီးနှင့်တိုက်ခိုက်စဉ်က ပိ ယွမ်ဟူဘိုးဘိုးအသွင်ဖြင့် ဆန်းလျန် မြင်တွေ့ခဲ့ရသည့် တာအို ဆရာသခင်ကြီးပင် ဖြစ်လေသည်။

စေတီတော်မှ အလင်းတန်းများသည် သွေးနီရောင်ပင်လယ် တစ်ခုလုံးဆီသို့ ပျံ့နှံ့သွားပြီး ယွိတင်ကို ဖိနှိပ်ထားလေ သည်။ ထိုအချိန်မှာပင် အသူရာချောက်တွင် တစ်စစီ ကျိုးပဲ့ပျက်စီးနေ သည့် အစိတ်အပိုင်းများသည် တဖြည်းဖြည်း ပေါင်းစည်းသွား ပြီး သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းတွင် မရေမတွက်နိုင် အောင် များပြားသည့် အနီရောင်ပင့်ကူ ငရဲပန်းများ ပွင့်လန်း လာလေတော့သည်။

အသူရာချောက်သည် အရှိန်အဟုန်မြင့်မားစွာဖြင့် တဖြည်းဖြည်းကြီးထွားလာသည်ကို ဆန်းလျန်ခံစားလိုက်ရ

လေ သည်။ တစ်ချိန်တည်းမှာပင်... သူနားမလည်နိုင်သည့် အသူရာချောက်၏ ဥပဒေများလည်း ထွက်ပေါ်လာလေသည်။ အရှေ့တိုင်းစစ်သည်တော်များဒေသတွင် ဆန်းလျန်အတွက် တည်ဆောက်ထားသည့် "နတ်ဘုရားကျောင်းတော်" ဆိုင်းဘုတ်တွင် ရေးသားထားသည့် စာလုံးများသည် ဖြည်းဖြည်းချင်း ပြောင်းလဲသွားလေသည်။

"ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင် ချင်းရွှမ်ထျန်းကျွင်း"

နတ်ဘုရားကျောင်းတော်တွင် ဆိုင်းဘုတ်အမည်ပြောင်းလဲသွားသည်ကို ဆန်းလျန် ချက်ချင်းပင် ခံစားလိုက်ရလေ သည်။ ထို့နောက် ဆန်းလျန်၏ စိတ်အာရုံတွင် အမြင်အာရုံ (၂)ခု ထင်ဟပ်လာလေသည်။

ပုံရိပ်တစ်ခုမှာ နတ်ဘုရားကျောင်းတော်အတွင်းမှ ဆန်းလျန်၏ ရုပ်တုဖြစ်ပြီး နောက်ထပ်ပုံရိပ်တစ်ခုမှာ လက်ရှိ ဆန်းလျန်၏

ပုံရိပ်ဖြစ်လေသည်။ ပုံရိပ်နှစ်ခုလုံးသည် "ဆန်းလျန်" ဖြစ်လေသည်။

နတ်ဘုရားကျောင်းတော်မှ အပြောင်းအလဲအရဆိုလျှင် သူသည် "ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရွှမ်ထျန်းကျွင်း" ဖြစ်သွားခဲ့ပြီဟု ဆိုနိုင်လေသည်။

သေခြင်းရှင်ခြင်းစာအုပ်သည် ချင်းရွှမ်ထျန်းကျွင်း၏ လက်ထဲတွင်ပေါ်လာပြီး နောက်ဆုံးတော့ အသူရာချောက်၏ ဥပဒေများအားလုံးကို နားလည်သွားရလေသည်။

ဆန်းလျန်သည် ချက်ချင်းပင် သက်ရှိသတ္တဝါ တစ်ဦးတစ်ယောက်ချင်းစီတိုင်း ခံစားကြရသည့် ဒုက္ခများကို သိမြင်လာလေသည်။

ထိုအခါ သူ့ရင်ထဲတွင် ဝမ်းနည်းခြင်းကို ခံစားရသလို ကရုဏာတရားသည်လည်း သူ့နှလုံးသားထဲမှ ပေါ်ထွက်လာပြီး သတ္တဝါ

များအားလုံးကို ကယ်တင်ရန် စိတ်ဆန္ဒပြင်းထန်လာလေတော့သည်။

တစ်ချိန်တည်းမှာပင်... သွေးနီရောင်ပင်လယ်တွင် တာအိုဆရာယွိတင်၏ လူပြန်ဝင်စားခြင်းအစစ်ဆေးခံမှုသည် ကျဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

တာအိုဆရာယွိတင်ပျောက်ကွယ်သွားပြီး များပြားလှသည့် နတ်ဘုရားအလင်းတန်းများ ထွက်ပေါ်လာလေသည်။ ဘုန်းတော်ကြီးရာမက ထိုအလင်းတန်းများအားလုံးကို စုပ်ယူမြိုချလိုက်လေသည်။ ထိုအခါ ဘုန်းတော်ကြီးရာမ၏ တိကျန်ဓမ္မခန္ဓာသည် ပိုမိုပြည့်စုံလာလေသည်။ ဘုန်းတော်ကြီးရာမသည် အဆုံးမရှိသည့် အကျိုးကျေးဇူးများ ရသွားဟန် ရှိလေသည်။ ယွိတင်သည် တာ့လော်အဆင့် နတ်ဘုရားတစ်ပါးဖြစ်သည့် တာအိုဆရာယွိတင်၏ ဉာဏ်စဉ်တစ်ခု လူပြန်ဝင်စားခြင်း ဖြစ်သည့်အတွက် တာ့လော်၏ လျှို့ဝှက်ချက်များစွာ သူ့ထံတွင် ရှိ

နေလေသည်။ ထိုလျှို့ဝှက်ချက်များကို ဘုန်းတော်ကြီးရာမ ရရှိသွားခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဘုန်းတော်ကြီးရာမသည် တာ့လော်အဆင့်သို့ ရောက်ရှိခြင်းမရှိသေးသည့်တိုင် ထိုက်ယီထျန်းရှန်းအဆင့်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

ဆန်းလျန်သည် ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရွှမ်ထျန်းကျွင်း ဖြစ်သွားသည့်တိုင် သူ့အနေဖြင့် ဘုန်းတော်ကြီးရာမကို အနိုင်ရမည်ဟု အတတ်မပြောနိုင်ပေ။

သို့သော်… တာအိုဆရာယွိတင်ကို ကစားပွဲထဲမှ စောစောစီးစီး ဖယ်ရှားပစ်လိုက်နိုင်သည့်အတွက် သူ အတော်လေး စိတ်အေးသွားရလေသည်။ အမှန်တော့ ဤကစားပွဲအတွက် ယွိတင်သည် အချိန်ကြာမြင့်စွာ တွက်ချက်ထားခဲ့ဟန် ရှိလေသည်။

သို့သော်... ဘုန်းတော်ကြီးရာမသည် ဆန်းလျန်ဘက်မှ ကူညီခဲ့လေသည်။

ဘုန်းတော်ကြီးရာမသည် ဆန်းလျန်ကို မဆန့်ကျင်ခဲ့သည့် အပြင် ရင်းနှီးမှုကိုပင် ပြသခဲ့သေးသည်။ အံ့သြစရာတော့ မဟုတ်ပါ။ ဆန်းလျန်နှင့်သာ မပူးပေါင်းခဲ့လျှင် ယနေ့ရရှိသည့် အကျိုးအမြတ်မျိုး သူ့အနေဖြင့် ရရှိနိုင်မည် မဟုတ်ပေ။ ထို့ပြင် ဆန်းလျန်သည် တာအိုဆရာယွိတင်ကို ထောင်ဖမ်းနိုင်သည့် ငါးစာလည်း ဖြစ်လေသည်။ ထို့ကြောင့် ဘုန်းတော်ကြီးရာမသည် ဆန်းလျန်ကို ကြိုးရှည်ရှည်ဖြင့်လွှန်ကာ ယနေ့လို အချိန်မျိုးကို စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်လေ သည်။

စေတီတော်မှ အလင်းတန်းများသည် တာအိုဆရာယွိတင်၏ လူပြန်ဝင်စားခြင်းအစစ်ဆေးခံရမှုကို ပျက်စီးစေခဲ့သည့် အရေးပါသည့် ရတနာအလင်းတန်းများ ဖြစ်ခဲ့လေသည်။

မည်သို့ပင်ဖြစ်ပါစေ... တာအိုဆရာယို့တင်သည် တာ့လော်အဆင့် အထွတ်ထိပ် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သူ၏ဉာဏ်စဉ်တစ်ခုက လူပြန်ဝင်စားခြင်းအစစ်ဆေးခံရမှုတွင် ကျဆုံးသွားခဲ့သည့်တိုင် သူ့ကို ပေါ့ပေါ့တန်တန်တော့ သဘောထား၍ မဖြစ်ပေ။

တာအိုဆရာယို့တင် လူပြန်ဝင်စားခြင်းအစစ်ဆေးခံရမှုမှ ထွက်ပေါ်လာသည့် အလင်းတန်းများအားလုံးကို ဘုန်းတော်ကြီးရာမက စုပ်ယူမြိုချခဲ့လေသည်။ ထို့ကြောင့် အသူရာချောက်၏ အရှင်သခင်နေရာသည် ဘုန်းတော်ကြီး ရာမ ရရှိရမည့် နေရာဖြစ်လေသည်။ သို့သော်... မထင်မှတ်စွာပင် ဆန်းလျန်သည်လည်း ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရွှမ်ထျန်းကျွင်း ဖြစ်သွားခဲ့လေသည်။

အမှန်တော့... နတ်ဘုရားကျောင်းတော်ကို တည်ဆောက်စဉ်အချိန်က ဆန်းလျန်သည် ရှန်လမ်းစဉ်ကို အမှတ်မထင်

အုတ်မြစ်ချပေးခဲ့မိလေသည်။ ထိုသို့ အုတ်မြစ်ချပေးခဲ့ခြင်းက ယနေ့အချိန်တွင် သူ့အတွက် အင်အားစုတစ်ခု ဖြစ်လာ ခဲ့ရ ခြင်းဖြစ်လေသည်။

ယခုတော့ ဆန်းလျန်သည် ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရှမ်ထျန်းကျွင်း ဖြစ်သွားခဲ့ပြီ ဖြစ် လေသည်။ ထိုအချက်ကိုကြည့်မည်ဆိုလျှင် သူနှင့် အသူရာ ချောက်သည် ခွဲခြားမရတော့သည့် သဘောဖြစ်လေ သည်။ သေခြင်းရှင်ခြင်းစာအုပ်သည် ဆန်းလျန်ကို ကြောက်ရွံ့နေပြီး အလွန်လည်း ရိုသေလေးစားနေဟန် ရှိလေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်သည် အသူရာချောက်၏ အရှင်သခင် ဖြစ်သွားပြီဟု ကြေငြာလိုက်သည့် အလားပင်ဖြစ် လေသည်။

ဆန်းလျန်သည် ရှင်ခြင်း ၊ သေခြင်းနှင့် လူပြန်ဝင်စားခြင်းများ ကို အုပ်ဆိုးသူ အသူရာချောက်၏အရှင်သခင် ဖြစ်ခဲ့ပေပြီ။

ဆန်းလျှန်သည် သွေးနီရောင်ပင်လယ်ကမ်းခြေတွင်ရပ်နေဆဲ မှာပင် ဘုန်းတော်ကြီးရာမသည် သွေးနီရောင်ပင်လယ် လှိုင်း များကြားတွင် ထွက်ပေါ်လာလေသည်။

သူတို့ (၂)ယောက်ကြားတွင် ခြားနားထားသည့်အရာမှာ သွေးနီ ရောင်ပင်လယ်ရေပြင်မျှသာ ဖြစ်သော်လည်း ကမ္ဘာခြားနေ သည့်အလား ခံစားရလေသည်။

ဘုန်းတော်ကြီးရာမက ဆန်းလျှန်ရှိရာသို့ အသံလွှင့်ပြီး စကားပြောလိုက်လေသည်။

"ပြောကြတာတော့ တာအိုဆရာသခင်ထိုက်ယီဟာ တာအို ကျင့်စဉ်လမ်းမအောင်မြင်ခင်မှာ ဝိညာဉ်ကျင့်စဉ်လမ်း တစ်ခု ကို ဝင်ရောက်ခဲ့ပြီး ဒုက္ခအပေါင်းကိုကယ်တင်သူ ထိုက်ယီထျ န်းကျွင်း ဖြစ်လာခဲ့ဖူးတယ်၊ ပြီးတော့ အသူရာ ချောက်ရဲ့ အရှင်သခင်ဖြစ်လာခဲ့တယ်၊ အခု ဒကာလေးလည်း အဲဒီ အတိုင်း ဖြစ်လာခဲ့ပြီ၊ ကြည့်ရတာ တာအိုဆရာ သခင်ထိုက်ယီ

က သူရရှိခဲ့တဲ့ ဒုက္ခအပေါင်းကိုကယ်တင်သူကောင်းကင်ဘုံ

အရှင်ဘွဲ့နဲ့ တာဝန်တွေကို ဒကာလေးကို လွှဲပြောင်းပေးလိုက်ပြီ

ထင်ပါတယ်၊ တကယ်လို့ ဒကာလေးဆန်းလျန်က အဲဒီဘွဲ့ကို

စွန့်လွှတ်မယ်ဆိုရင် ကျုပ်ဘုန်းကြီးက ဒကာလေး ကျ

ရောက်လာမယ့်အန္တရယ်တွေကို ကူညီဖြေရှင်းပေးပါ့မယ်"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင်...

"ဆရာတော်က ဆန်းလျန်မှာ ပြဿနာလေးတွေရှိနေတယ်ဆို

တာ သိနေပုံပဲ၊ ဆရာတော်ရဲ့စေတနာကိုလည်း ဆန်းလျန်

လေးစားပါတယ်၊ ဒါပေမယ့် တပည့်တော်တောင်းဆိုလိုတာက

ဆရာတော် အသူရာချောက်ကနေ ထွက်သွားပါတော့၊ အခု

တောင် ဆရာတော်အနေနဲ့ အကျိုးအမြတ်တွေအများကြီးရ

သွားခဲ့ပါပြီ၊ ဒီမှာဆက်နေပြီး နောက်ထပ်အကျိုးအမြတ်တွေ

မရှာပါနဲ့တော့"

ဘုန်းတော်ကြီးရာမက...

"ဒုက္ခအပေါင်းမှကယ်တင်သူကောင်းကင်ဘုံအရှင်ဆိုတဲ့အမည်က အသူရာချောက်ရဲ့အရှင်သခင်တွေရရှိတဲ့ဘွဲ့ဆို ပေမယ့် အသူရာချောက်ကို သန့်စင်ပေးသွားပြီး သီးခြားလောကတစ်ခုအဖြစ်ခွဲထွက်နိုင်အောင် ပြုလုပ်ပေးခဲ့သူက တိကျန်ဗောဓိသကျပါ၊ ကျုပ်ဘုန်းကြီးက တိကျန်ဗောဓိသကျရဲ့ အမွေကိုဆက်ခံထားတဲ့သူဖြစ်လို့ အသူရာချောက် ကိုတစ်ဝက်ပိုင်တယ်လို့ပြောလို့ရပါတယ်၊ ဒါကြောင့် ဒကာလေးဆန်းလျန်က ကျုပ်ကို ဒီနေရာကနှင်လွှတ်လည်း ကျုပ်အနေနဲ့ သွားစရာမြေမရှိပါဘူး"

ဆန်းလျန်က ဘုန်းတော်ကြီးရာမကို တစ်ချက်စိုက်ကြည့်လိုက်ပြီး သွေးနီရောင်ပင်လယ်ရေများထက်သို့ လမ်းလျှောက်သွားလိုက်လေသည်။

သို့သော်... ဘုန်းတော်ကြီးရာမက လက်နှစ်ချောင်းဖြင့် ညွှန်ပြလိုက်ရာ သွေးနီရောင်ပင်လယ်ကမ်းခြေတွင် တောင်ကြီးတစ်လုံး ပေါ်လာလေသည်။

ထိုတောင်ကြီးမှာ ယင်းစန်းတောင်ပင် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ရှေ့တွင် ပေါ်လာသည့် ယင်းစန်းတောင်ကြီးသည် အကန့်အသတ်မဲ့ကျယ်ပြန့်မြင့်မြားလွန်းပြီး ချင်းရွှမ်တည်ရှိရာလောကမှ ယင်းစန်းတောင်ထက် ကြီးမားလေသည်။

ဆန်းလျန်အနေဖြင့် ထို ယင်းစန်းတောင်ကြီး ကိုခြေတစ်လှမ်းတည်းဖြင့် ကျော်လွှားသွားရန်မှာ မဖြစ်နိုင်ပေ။

ထို့ပြင်... ဘုန်းတော်ကြီးရာမသည် သူနှင့်တိုက်ခိုက်လိုခြင်း မရှိသည်မှာ ထင်ရှားနေလေသည်။ ထို့ကြောင့် ဆန်းလျန်သည် စိတ်လျှော့လိုက်လေသည်။

ဆန်းလျန်အနေဖြင့်လည်း ဘုန်းတော်ကြီးရာမနှင့် ပြဿနာမဖြစ်ချင်သေးပါ။

အဘယ်ကြောင့်ဆိုသော်... ယခုပင် တာအိုဆရာယွိတင်၏ လူပြန်ဝင်စားသည့် နတ်ဘုရားညဏ်စဉ်ဖြင့် တိုက်ခိုက်ခဲ့ရလေသည်။ ထို့ပြင်... နောက်ထပ် ပြဿနာများက တစ်ခုပြီးတစ်ခု ရောက်လာဦးမည် ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်တွင် တာအိုဆရာယွိတင်အပြင် ချင်းယွမ်မြောင်တောက်အရှင်နှင့် အခြားသော တန်ခိုးစွမ်းအား မြင့်မားသူများ ရှိနေသေးသည်။ ထို့ပြင်... ဘုရင်ရှစ်ပါး နန်းတော်သည်လည်း ဆန်းလျန်ကို ဒီအတိုင်း လွှတ်ထားမည် မဟုတ်ပေ။

ထို့ပြင် ဆန်းလျန် မည်သူမည်ဝါဖြစ်သည်ဆိုသည့်အချက်မှာလည်း ဘူးပေါ်သလို ပေါ်သွားခဲ့ပြီ ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်သည် ယွိချင်တာအိုဆရာသခင်နှင့် ထိုက်ချင်တာအိုဆရာ သခင်တို့မှ ဆင်းသက်လာသည့် မျိုးဆက်များ ဖြစ်လေသည်။ သူတို့သည်

စန့်ချင်တာအိုဆရာသခင်နှင့် ပတ်သက်နေ သည့်ဆန်းလျန်ကို မည်သည့်နည်းနှင့်မှ အလွတ်ပေးမည် မဟုတ်ပေ။

ဆန်းလျန်သည် တာအိုဆရာသခင်ထိုက်ယီ၏ တပည့် မျိုးဆက်တစ်ယောက် ဖြစ်သည့်တိုင် ထိုသူများသည် တာအို ဆရာသခင်ထိုက်ယီ၏ မျက်နှာကို ထောက်ထားကြမည် မဟုတ်ပေ။

စကြာဝဠာကြီးမည်မျှ ကျယ်ပြောပါစေ ဆန်းလျန်အတွက် ပြေးစရာ မြေမရှိပါ။

ထို့ပြင်... နတ်ဘုရားကျောင်းတော်မှ ဆိုင်းဘုတ်သည် "ဒုက္ခ အပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရွှမ် ထျန်း ကျွင်း" ဟု အလိုလိုပြောင်းလဲသွားသည်ကို ဆန်းလျန်သည် နား မလည်နိုင်လောက်အောင် ဖြစ်ရလေသည်။ သို့သော်... ဆန်း လျန်သည် ထိုဂုဏ်ပုဒ်ကို လွယ်လွယ်နှင့် စွန့်လွှတ်မည် မဟုတ် ပေ။

အဘယ်ကြောင့်ဆိုသော်… ထိုအမည်နာမသည် တာအိုဆရာသခင်ထိုက်ယီနှင့် ဆက်စပ်ပတ်သက်နေသောကြောင့် ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးများဖြစ်သည့် ယွိချင်နှင့်ထိုက်ချင်ထံမှ ဖိအားများကို ရင်ဆိုင်ရသည့်အခါ သူ့ကိုကူညီနိုင်သူ ဆို၍ တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သည့် ထိုက်ယီသာလျှင် ရှိလေသည်။

တာအိုဆရာသခင်ထိုက်ယီ၏အတွေးများကို ဆန်းလျန်သည်လည်း သိရှိနိုင်စွမ်းမရှိပါ။ သို့သော်… သူရရှိထားသည့် ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင်ဆိုသည့် ဘွဲ့အမည်ကတော့ တာအိုဆရာသခင်ထိုက်ယီနှင့် ကျိန်းသေဆပ်စပ်ပတ်သက်နေလေသည်။ ထို့ကြောင့် ထိုအမည်နာမကို စွန့်လွှတ်ပြီး တာအိုဆရာသခင်ထိုက်ယီနှင့် ပတ်သက်မှုကို

ဖြတ်တောက်မပစ်နိုင်ပါ။ ထို့ကြောင့် ဘုန်းတော်ကြီးရာမ၏

တောင်းဆိုမှုကို ငြင်းဆန်လိုက်ရခြင်း ဖြစ်လေသည်။

တွေးနေရင်းဖြင့်ပင် ဆန်းလျန်သည် ကျောက်ကဲမြို့တော်သို့

ပြန်ရောက်လာလေသည်။

ကျောက်ကဲမြို့တော်တွင်တော့ ဝမ်ကျုန်းနှင့်သူ၏လူများ

အားလုံးမှာ အနိုမ်နင်းခံလိုက်ရပြီဖြစ်လေသည်။

ယင်းစန်းပြည်မှ ကျင့်ကြံသူများသည် ပျံသန်းနတ်ဘုရား

အင်းကွက်ကို အသုံးပြုထားသည့် ဆန်းလျန်ဘက်တော်သား

ကျင့်ကြံသူများကို ခုခံနိုင်စွမ်းမရှိခဲ့ပါ။

အသူရာချောက်ကို သိမ်းပိုက်မည့် ဆန်းလျန်၏အစီအစဉ်

သည် တစ်ဝက်အောင်မြင်ခဲ့ပြီ ဖြစ်လေသည်။

စုန့်ချင်းယီက အရှေ့သို့ထွက်လိုက်ပြီး...

"မင်း ထျန်းယီကို အနိုင်ယူလိုက်ပြီလား..."

ထျန်းယီမှာ တာအိုဆရာယွိတင်၏ ဉာဏ်စဉ်တစ်ခု လူပြန်ဝင်စားခြင်းဖြစ်သည့်အကြောင်းများကိုတော့ ဆန်းလျန် ရှင်းပြမနေတော့ပါ။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အခု ကျုပ်က အသူရာချောက်ရဲ့အရှင်သခင် ဖြစ်သွားပြီ..."

ဆန်းလျန်၏စကားကြောင့် ကျင့်ကြံသူများအားလုံး၏မျက်နှာများထက်တွင် ပျော်ရွှင်မှုများဖြင့် ပြည့်သွားကြလေ သည်။

ဆန်းလျန်သည် အသူရာချောက်၏အရှင်သခင်ဖြစ်သွားခဲ့လေပြီ။ သူတို့အားလုံးသည်လည်း ဆန်းလျန်ကို ကူညီခဲ့ကြ သူများဖြစ်လေရာ ဆုလဒ်အသီးသီးရရှိကြမည် ဖြစ်လေသည်။

ဖားဟိုင်ဆရာတော်က...

"ဆန်းကျန်းရန်နတ်ဘုရား ၊ ကျုပ်တို့တွေ မိုးကောင်းကင်နတ်ဘုရားဖြစ်သွားရင်တော့ အသူရာချောက်က ထွက်သွား ခွင့်ရမယ်မဟုတ်လား"

ဖားဟိုင်ဆရာတော်မေးသည့်မေးခွန်းသည် အခြားသူများကလည်း သိချင်နေသည့် မေးခွန်းဖြစ်လေသည်။

ဆန်းလျန်သည် အသူရာချောက်တွင် လုကျိုးယွမ်ကဲ့သို့ဖြစ်လာပြီး သူတို့ကို ဆက်လက်ထိန်းချုပ်ထားမည် ဆိုပါကမည်သည့်အောင်မြင်မှုများပင်ရရှိပါစေ သူတို့အနေဖြင့် စိတ်ချမ်းသာကြမည် မဟုတ်ပေ။

ဆန်းလျန်က...

"ကျုပ် အရင်ကပြောခဲ့တဲ့အတိုင်းပါပဲ ၊ အားလုံးကို ကျုပ်ကအသူရာချောက်ကို ခေါ်လာခဲ့ပေမယ့် မိတ်ဆွေတို့ ဆန္ဒရှိတဲ့အတိုင်း သွားချင်တဲ့နေရာ သွားနိုင်သလို ၊ ပြန်ချင်ရင်လည်းပြန်နိုင်ပါတယ်"

ဆန်းလျှန်၏အဖြေစကားကိုကြားရတော့မှ ကျင့်ကြံ

သူများ၏ရင်ထဲမှ အလုံးကြီးကျသွားလေသည်။

သို့သော်... လက်ရှိအချိန်တွင် အသူရာချောက်သည် အရင်က

အသူရာချောက်နှင့် တူညီခြင်းမရှိတော့သည်ကိုတော့ သူတို့

ရိပ်မိကြခြင်း မရှိပေ။ အသက်တစ်ချက်မရှူ ၊ တီးတိုးစကားသံ

တစ်ချက်မဆိုဘဲ အသူရာချောက်တစ်ခုလုံး၏ ဥပဒေ

များသည် ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

အခန်း (၆၉၈) ဆရာကြီး

ယခင်အချိန်ကအသူရာချောက်သည် မျိုးစေ့တစ်စေ့ဖြစ်သည် ဆိုလျှင် ယခုအသူရာချောက်သည် ပျိုးပင်တစ်ပင်ဖြစ် လာခဲ့ပြီ ဖြစ်လေသည်။ ပျိုးပင်ငယ်သည် အာဟာရများကို စုပ်ယူပြီး အဆက်မပြတ်ကြီးထွားလာနေလေသည်။

ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရွှမ်ထျန်းကျွင်း ကျောင်းတော်သည် အသူရာချောက်မှ ပျောက်ကွယ် သွားလေသည်။ သို့သော်... ထိုကျောင်းတော်သည် အသူရာ ချောက်နှင့်ဆက်စပ်နေသည့် ထူးဆန်း သည့် အာကာသတစ် နေရာတွင် တည်ရှိနေလေသည်။ ဆန်းလျန်သည် စီစဉ်စရာရှိ သည်များ စီစဉ်ပြီးသည်နှင့် ချင်းရွှမ်ထျန်းကျွင်းကျောင်းတော် သို့ ထွက်ခွာလာခဲ့လေသည်။

ကျောင်းတော်အတွင်းသို့ ဝင်လိုက်သည်နှင့် ဆန်းလျန်သည် ပျောက်ကွယ်သွားလေသည်။

သို့သော်... ကျောင်းတော်ထဲတွင် ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရွှမ်ထျန်းကျွင်း ပေါ်လာလေသည်။ အလွန်မှ ထူးခြားဆန်းကျယ်လွန်းလေသည်။ ဆန်းလျန်သည် ဆန်းလျန်ကိုယ်တိုင်ဖြစ်လေသည်။ သို့သော်... သူသည် ချင်းရွှမ်ထျန်းကျွင်း ဖြစ်နေခဲ့လေသည်။

ဆန်းလျန်သည် ထိုဘွဲ့အမည်ကို ဆန့်ကျင်လိုခြင်းတစ်စက်မှမရှိဘဲ လိုလိုလားလားပင် လက်ခံနေမိလေသည်။

ထိုဘွဲ့အမည်ကြောင့် ဆန်းလျန်သည် ထူးခြားပြီး ပြောင်းလဲသွားခြင်းလည်းမရှိပါ။

အိမ်ရှေ့မင်းသားသည် ရာဇပလ္လင်ပေါ်တက်ပြီး ဧကရာဇ်မင်းဖြစ်သွားသည့် ခံစားချက်မျိုးကိုသာ ခံစားလိုက်ရလေ သည်။ အတိတ်နှင့် ပစ္စုပ္ပန်ပြောင်းလဲသွားခြင်းသာဖြစ်ပြီး ဆန်းလျန်သည် ဆန်းလျန်ပဲ ဖြစ်လေသည်။

ဆန်းလျန်သည် ချက်ချင်းပင် သူရရှိထားသည့် ဘွဲ့အမည်ကို လက်ခံလိုက်လေသည်။

သူ့လက်ထဲတွင်ကိုင်ထားသည့် သေခြင်းရှင်ခြင်းစာအုပ်တွင် ကြိုးပေါင်းများစွာရှိနေပြီး ကြိုးမျှင်တိုင်းသည် အသူရာ ချောက်တွင်ရှိနေသည့် သက်ရှိသတ္တဝါအားလုံးနှင့် ချိတ်ဆက် ထားလေသည်။ သက်ရှိအသစ်တစ်ယောက် အသူရာ ချောက် သို့ ရောက်လာတိုင်း ကြိုးအသစ်များက ထွက်ပေါ်လာစမြဲဖြစ် လေသည်။ ကုန်ကုန်ပြောရမည်ဆိုလျှင် အသူရာချောက်သို့ ရောက်ရှိလာသည့် သက်ရှိအားလုံးသည် သေခြင်းရှင်ခြင်း စာအုပ်နှင့် ချိတ်ဆက်နေလေသည်။

ဆန်းလျန်သည် ကျောင်းတော်အတွင်းမှ ပလ္လင်ထက်တွင်ထိုင် လိုက်လေသည်။ သေခြင်းရှင်ခြင်းစာအုပ်မှ အဖြူရောင် နှင့် အနက်ရောင်တန်ခိုးစွမ်းအားများ ထွက်ပေါ်နေပြီး ဆန်းလျန်ကို ဝန်းရံထားကြလေသည်။

အားလျှန်သည် ဆန်းလျှန်၏ လက်အောက်ခံနတ်သမီးတစ်ပါး ဖြစ်လာပြီး သူမသည် ထာဝရတောက်လောင်နေသည့် ကြာပန်း မီးအိမ်လေးကိုကိုင်ကာ ပလ္လင်အောက်တွင် ရပ်နေလေသည်။

ချင်းရွှမ်ထျန်းကျွင်းအနေဖြင့် ဆန်းလျှန်၏ လက်အောက်တွင် နတ်ဘုရား (၃)ပါး တာဝန်ထမ်းဆောင်ခွင့်ရှိလေသည်။ ကြာ ပန်းမီးအိမ်လေးသည် သေလွန်သူများ၏ ဝိညာဉ်များကို လက်ခံရန်အတွက် ဝိညာဉ်မြစ်တစ်လျှောက် အလင်း ပေးသည့် မီးအိမ်လေး ဖြစ်လာခဲ့လေသည်။

ထို့ပြင် ကြာပန်းမီးအိမ်လေးသည် ဘာသာရေးပွဲအခမ်းအနား များတွင်လည်း သေလွန်သူများ၏ ဝိညာဉ်များ ငြိမ်းချမ်း စေ ရန်အတွက် ကူညီပေးလေသည်။

ဆန်းလျှန်သည် ချင်းရွှမ်ထျန်းကျွင်းကျောင်းတော်အတွင်းသို့ ရောက်သွားသည်နှင့် ရှန်လမ်းစဉ် နတ်ဘုရားတစ်ပါးဖြစ် သည့် ချင်းရွှမ်ထျန်းကျွင်းအဖြစ် အသွင်ပြောင်းသွားလေသည်။

သို့သော်... ထိုသို့ အသွင်ပြောင်းသွားသည့်အတွက် ပြင်ပလောကနှင့် အဆက်အသွယ်ပြတ်သွားခြင်းမျိုးတော့ မရှိပါ။ ထို့ပြင် သူ၏တာဝန်မှာ အဆုံးမရှိ ဒုက္ခခံစားနေကြရသူများကို ကယ်တင်ရန် ဖြစ်လေသည်။ ဒုက္ခခံစားနေကြရသူများ ဆိုရာတွင် လူသားများသာမက သက်ရှိသတ္တဝါများအားလုံး ပါဝင်လေသည်။

ကယ်တင်ခြင်းပြုလုပ်ရန်အတွက် ဆင်းရဲဒုက္ခခံစားနေရသည့် သက်ရှိသတ္တဝါများသည် သူတို့နှလုံးသားထဲတွင် ချင်းရွှမ်ထျန်းကျွင်းသည် သူတို့ကို ကယ်တင်နိုင်သည်ဟု အကြွင်းမဲ့ ယုံကြည်ရမည် ဖြစ်လေသည်။ ယုံကြည်ခြင်း မရှိပါက ကယ်တင်ခြင်းကို ခံရမည် မဟုတ်ပေ။

သို့သော်... ထိုသို့ကယ်တင်ပေးခြင်းအတွက် ချင်းရွှမ်ထျန်းကျွင်းအနေဖြင့် မည်သည့်အကျိုးအမြတ်မှ ရရှိမည်မဟုတ် ပါ။

ကယ်တင်ခြင်းဆိုသည်မှာ ချင်းရွှမ်ထျန်းကျွင်း၏ ကရုဏာ တရားသက်သက်သာ ဖြစ်လေသည်။

ချင်းရွှမ်ထျန်းကျွင်း၏နှလုံးသားထဲတွင် ကရုဏာတရားဖြင့် ပြည့်နေသည့်တိုင် သိပ်ပြီးများပြားခြင်း မရှိပါချေ။

အဘယ်ကြောင့်ဆိုသော်... သူသည် ဆန်းလျန် ဖြစ်နေသောကြောင့် ဖြစ်လေသည်။ ဆန်းလျန်သည် လူဆိုးလည်း မဟုတ်သလို ၊ လူကောင်းတစ်ယောက်လည်း မဟုတ်ပေ။ အစ ကတည်းကပင် အေးစက်သည့်နှလုံးသားကို ပိုင်ဆိုင်သူတစ် ယောက် ဖြစ်လေသည်။

လောလောဆယ်အချိန်တွင်တော့ ချင်းရွှမ်ထျန်းကျွင်း အနေဖြင့် သက်ရှိသတ္တဝါများကို ကယ်တင်ရမည့်တာဝန်ကို ပြုလုပ်လိုခြင်း မရှိသေးပါ။ သူက သေခြင်းရှင်ခြင်းစာအုပ်ထဲ မှ သေဆုံးသွားခဲ့ကြသည့် အသိမိတ်ဆွေအပေါင်းများ ၏အကြောင်းကို ရှာဖွေနေလေသည်။

နေက်ဆုံးတော့ လူတစ်ယောက်၏ အကြောင်းကို သူရှာတွေ့သွားခဲ့လေသည်။

"ကျန်းရော့ရှီး" ဆိုသည့်အမည်ဖြင့် သေခြင်းရှင်ခြင်းစာအုပ်တွင် အမည်စာရင်းရေးသွင်းထားသည့် ဆရာသခင် ကျန်းရော့ရှီးကို ရှာဖွေတွေ့ရှိသွားခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်က ဆရာသခင်၏အမည်ကိုတွေ့သွားသည်နှင့် သေခြင်းရှင်ခြင်းစာအုပ်ကို ပြန်ပိတ်လိုက်လေသည်။ ထို့နောက် အားလျန်ကို လှမ်းပြောလိုက်လေသည်။

"ချင်းရွှမ်ထျန်းကျွင်းအဖြစ်နဲ့ လူတွေကိုကယ်တင်ဖို့ နေရာ(၄)ခု စီစဉ်မယ် ၊ ဒီနေရာကတော့ ချင်းရွှမ်နတ်ဗိမာန်ဖြစ် ပြီးဒီနေရာရဲ့အကြီးအကဲအဖြစ် မင်းက တာဝန်ယူရမယ်"

အားလျန်က ဝမ်းသာစွာဖြင့်ပင် ဆန်းလျန်၏ အမိန့်ကို နာခံလိုက်လေသည်။

အားလျှန်သည် နတ်ဘုရားကျောင်းတော်နှင့် ပတ်သက်သည့် ကိစ္စများအားလုံးကို နားလည်သူဖြစ်လေသည်။ ထို့ပြင် ဆန်းလျှန်သည် ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရှမ်ထျန်းကျွင်း ဖြစ်သွားပြီဆိုသည့်အချက်ကို သူမ နားလည်လိုက်လေသည်။

ထိုအမည်နာမသည် ရှန်လမ်းစဉ်တွင် အဆင့်အလွန်မြင့်သည့် အမည်နာမ ဖြစ်လေသည်။ ထို့ကြောင့် သူမသည် လည်း ချက်ချင်းပင် အဆင့်မြင့်နတ်သမီးတစ်ယောက် ဖြစ်လာကာ များစွာသောအလုပ်များကို လုပ်ဆောင်နိုင်စွမ်းရှိ လာလေ သည်။

ဆန်းလျှန်နှင့်ယှဉ်လျှင် သူမက ပိုပြီး ကရုဏာတရားရှိသူဖြစ် လေသည်။

ထို့ပြင် သူမ၏ဘဝသည် ဒုက္ခများစွာဖြင့် နာကျင်ခံစားခဲ့ရလေ

ရာ အခြားသူများကို ကူညီရန် သူမသည် စိတ်အား ထက်သန်

လျှက်ရှိလေသည်။

ဆန်းလျန်သည် ပြောစရာရှိသည်များကို ပြောပြီးသည်နှင့်

ပြန်သွားခဲ့လေသည်။

သို့သော်... ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်

ချင်းရှမ်ထျန်းကျွင်းသည် ကျောင်းတော်ထဲတွင် ကျန်ရစ် ခဲ့

သည့်အတွက် ထိုနေရာမှ ဆန်းလျန် ပြန်သွားခြင်း မရှိဟုလည်း

ဆိုနိုင်လေသည်။

ဆန်းလျန်သည် ကျောင်းတော်အတွင်းမှ ထွက်လိုက်သည်နှင့်

အလွန်ထူးဆန်းသည့် ခံစားချက်တစ်ခုကို ခံစားလိုက်ရလေ

သည်။

ကျောင်းတော်ထဲတွင် သူသည် ရှန်လမ်းစဉ်၏နတ်ဘုရား

တစ်ပါးဖြစ်နေလေသည်။ ကျောင်းတော်အပြင်သို့ ထွက်လိုက်

သည်နှင့်သူသည် ယခင်အတိုင်း ဆန်းလျန်ပြန်ဖြစ်သွားလေသည်။ ထိုခံစားချက်နှစ်ခုသည် အလွန်မှ ခြားနားလေသည်။ ချင်းရှမ်ထျန်းကျွင်းတွေးသည့်အတွေးနှင့် ဆန်းလျန်တွေးသည့်အတွေးပင် တူညီခြင်း မရှိပေ။

သာမန်လူတစ်ယောက်ဆိုလျှင် ရူးသွားနိုင်လေသည်။

သို့သော်... ဆန်းလျန်သည် သာမန်လူတစ်ယောက် မဟုတ်ပါ။

သူသည် ရူးသွပ်မသွားသည့်အပြင် သင်ခန်းစာအချို့ကို သင်ယူနိုင်ခဲ့လေသည်။

သို့သော်... ထိုအရာများအားလုံးသည် နောက်ထပ်သူလုပ်ရမည့် အလုပ်များလောက် အရေးကြီးခြင်း မရှိပါ။

......

ယခင်တုန်းက မက်မွန်သီးခုနစ်လုံးတောင်ဟု လူသိများခဲ့သည့်တောင်မှာ ယခုတော့ မက်မွန်သီးတောင်ဟု ပြောင်းလဲ သွားခဲ့ပြီဖြစ်လေသည်။

ယခင်တုန်းကတော့... ထိုတောင်တွင် တာအိုဆရာလျိုမုန့်

တယ် နေထိုင်ခဲ့ဖူးလေသည်။

လျိုမုန့်တယ်သည် ယခင်က တာ့ရှားပြည်အခြေစိုက် ရှမ်ကျန်း

ကျောင်းတော်မှ တပည့်တစ်ယောက် ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့ တာ့ရှီပြည်တွင် တိုင်းပြည်အကြံပေး

အမတ်မင်း ဖြစ်လာခဲ့လေသည်။

တာ့ရှီပြည်အကြောင်းကို ယခုအချိန်တွင် လူအတော်များများ

က မေ့ပျောက်သွားကြပြီ ဖြစ်လေသည်။ သို့သော် တာ့ရှီပြည်

သည် တာ့ကျိုးပြည် ပထမဆုံးနှိမ်နင်းခဲ့သည့် တိုင်းပြည် ဖြစ်

လေသည်။

ထို့နောက်တွင်တော့ တာအိုဆရာလျိုမုန့်တယ်သည် တာ့ကျိုး

ပြည် ၊ ကျယ်ယန်းတောင်တွင် ကျင့်ကြံနေထိုင်ခဲ့ပြီး တာ့ကျိုး

ပြည်နှင့် နီးစပ်သည့် ဆက်ဆံရေးရှိခဲ့လေသည်။

ကျယ်ယန်းတောင်မှ ထွက်ခွာသွားပြီးသည့်နောက်ပိုင်း လျိုမုန့်တယ်လည်း ပျောက်ကွယ်သွားခဲ့လေသည်။

သို့သော်... လျိုမုန့်တယ်နေထိုင်ခဲ့ရာ မက်မွန်သီးတောင်ဒေသတစ်ဝိုက်မှလူများသည် စာပေပညာထူးချွန်ကြပြီး ပညာတတ်များစွာ ထိုဒေသမှ ထွက်ပေါ်လေ့ရှိလေသည်။ ယီကျီးသည်ပင်လျှင် ထိုဒေသမှ စာပေပညာရှင်များကို အရာရှိများအဖြစ် ရွေးခြယ်ခန့်အပ်ထားခဲ့သေးသည်။

မက်မွန်သီးတောင်တွင် စာပေပညာသင်ကြားကြသည်က ထုံးစံပင် ဖြစ်လေသည်။ တောင်ခြေမှရွာတိုင်းတွင် စာပေ ပညာသင်ကြားပေးသည့် ကျောင်းများ ရှိကြလေသည်။

စာပေပညာသင်ကြားပေးသည့် ကျောင်းများအနက် ကျောင်းတစ်ကျောင်းမှာ အလွန် နာမည်ကြီးလေသည်။ ထိုကျောင်းတွင် စာပေပညာသင်ကြားပေးသည့်ဆရာကြီးမှာ အသက်အရွယ်ကြီးရင့်ပြီဖြစ်သည့် ဆရာကြီး တစ်ယောက် ဖြစ်လေသည်။

ဆောင်းဦးရာသီသို့ရောက်ရှိလာလေပြီ။

ဆောင်းဦးလေပြေလေးက တိုက်ခတ်လျှက် ရှိလေသည်။

လေအဝှေ့တွင် ရွှေရောင်ရော်ရွက်ဝါများသည် ကြွေကျကုန်ပြီး

ရွာလမ်းတစ်လျှောက်တွင် ရွှေရောင်များဖုံးလွှမ်းနေ သည့်

အလားထင်မှတ်ရလေသည်။

စာအုပ်လှန်သံများနှင့် ကလေးငယ်များ၏ စာအံသံများသည်

ရွှေရောင်ရွက်ကြွေရွာလမ်းလေးတစ်လျှောက် ဆောင်းဦး

လေပြေနှင့်အတူ လွင့်မျောလာလေသည်။ ကလေးငယ်များ၏

ကြည်လင်သည့်စာအံသံများသည် အေးမြသည့်ဆောင်းဦး

ရာသီမှာပင် နွေးထွေးမှုကို ဖြစ်ပေါ်စေလေသည်။

နေဝင်ချိန်ရောက်သည့်အခါတွင်တော့ ကျောင်းဆင်းခေါင်းလံ

သံတစ်ချက် ထွက်ပေါ်လာပြီး ကလေးများ၏စာအံသံ များ

လည်းပျောက်ကွယ်သွားကြလေသည်။

ကလေးများသည် ကျောင်းဆင်းလာကြသည့်အခါ ကျောင်း

အပြင်ဘက်တွင် ထိုင်နေသည့် လူငယ်လေး တစ်ယောက်ကို

တွေ့လိုက်ကြရလေသည်။ ကလေးငယ်များက လူငယ်ကို

စပ်စပ်စုစုဖြင့် ကြည့်သွားကြလေသည်။ လူငယ်လေးသည် ရိုး

ရှင်းသည့်အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြစ်အောင်

ဝတ်ဆင်ထားလေသည်။

လူငယ်လေးသည် စာသင်ကြားခြင်းစတင်သည့်အချိန်တွင်

ရောက်လာတတ်ပြီး ကျောင်းဆင်းလျှင် ပြန်သွားတတ် လေ

သည်။ ထိုသို့ (၁၀)ရက်ခန့်မျှ ဆက်တိုက်ပြုလုပ်နေခဲ့လေ

သည်။

စာပေသင်ကြားပေးသည့်ဆရာကြီးသည် စည်းကမ်းတင်းကြပ်

သူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် သူက စာပေ

သင်ကြားနေစဉ်အချိန်တွင် အခြား အရေးမကြီးသော

အလုပ်များကို မလုပ်တတ်ပေ။ ထို့ကြောင့် သူသည် စာသင်ကြားပေးနေစဉ်တွင် လူငယ်ကို စကားပြောဆိုခြင်း မရှိခဲ့ပေ။ ထို့ကြောင့်ပင် လူငယ်သည် ရက်ပေါင်း (၁၀)ရက်ကြာသည့်တိုင် ဆရာကြီးနှင့်စကားပြောခွင့်မရခဲ့ရှာပေ။

အစပိုင်းတွင် ကျောင်းလာတက်ကြသည့် ကလေးငယ်များသည် လူငယ်ကိုတစ္ဆေတစ်ကောင်ဖြစ်မည်ဟု ထင်နေကြလေသည်။ အဘယ်ကြောင့်ဆိုသော် လူငယ်သည် ရောက်လာပြီး ပြန်ထွက်သွားလေ့ရှိပြီး ရွာထဲတွင်လည်း နေထိုင်ခြင်း မရှိသောကြောင့် ဖြစ်လေသည်။

အစပိုင်းတွင် ကလေးများမှာ ကြောက်ရွံ့မိကြသော်လည်း (၁၀)ရက်ခန့်ကြာလာသည့်အခါတွင်တော့ သိပ်မထူးဆန်းတော့ပဲ ပုံမှန်ပင် ဖြစ်လာကြလေတော့သည်။

ကလေးများသည် လူငယ်ကိုတော့ အမြဲတမ်း ခိုးခိုးကြည့်လေ့ရှိလေသည်။ အဘယ်ကြောင့်ဆိုသော်... လူငယ်သည်

ရုတ်တရက် ပျောက်ကွယ်သွားမည်လားဟု သူတို့က သိချင်သောကြောင့် ဖြစ်လေသည်။

ထိုနေ့ကတော့...

လူငယ်ထွက်ခွာသွားရန် ပြင်နေစဉ်မှာပင် ဆရာကြီးက တံခါးဝသို့ရောက်ရှိလာပြီး မေးလိုက်လေသည်။

"မင်း ကျောင်းအပြင်မှာ လာလာစောင့်နေတာ ရက်တော်တော်ကြာနေပြီ ၊ ဘာကိစ္စများ ရှိလို့လဲ"

လူငယ်က ဆရာကြီးကို လက်နှစ်ဖက်ဆုပ်ကာ လေးလေးစားစားဖြင့် ဂါရဝပြုလိုက်ရင်း...

"ဆရာကြီးက အရမ်းအသိပညာကြွယ်ဝလွန်းတယ် ၊ အပြင်ကနေ ဆရာကြီးသင်ပြပေးတာတွေကို လာနားထောင် နေတာပါ ၊ တကယ့်ကို အကျိုးရှိပါတယ်"

ဆရာကြီးက..

"မင်းပုံစံကြည့်ရတာ ကျင့်ကြံသူတစ်ယောက် ဖြစ်မယ်ထင်တယ်၊ ကျုပ်က သာမန်လူတစ်ယောက်ပါ၊ မင်းက ကျုပ်စာသင်တာကို လာနားထောင်တယ်ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ မင်း လာရတဲ့အဓိကအကြောင်းရင်းကို သာပြောစမ်းပါ"

လူငယ်သည် ဆရာကြီးကို အလွန်ပင်ရိုသေလေးစားဟန်ရှိလေသည်။

"ဆရာကြီးရိပ်မိသွားပြီဆိုမှတော့ ကျွန်တော် ဖုံးကွယ်မထားတော့ပါဘူး၊ အခု ကျွန်တော့်မှာ စာလေးတစ်ပုဒ်ရထား လို့ပါ၊ အဲဒီစာကို နားမလည်တာနဲ့ အချိန်အကြာကြီးစဉ်းစားနေရလို့ ဆရာကြီးများ ရှင်းပြနိုင်မလားလို့ အကူအညီ လာတောင်းတာပါ"

ဆရာကြီးက ခေါင်းတစ်ချက် ခါယမ်းလိုက်ရင်း...

"ကူညီနိုင်မယ်ဆိုရင်တော့ ကူညီပေးချင်ပါတယ်၊ ဒါပေမယ့် ကျုပ်က ဒီရွာလေးက သာမန်ဆရာတစ်ယောက်ပဲ၊ ဗဟုသုတ သိပ်မကြွယ်ဝတော့ မင်းရဲ့စာကို နားလည်နိုင်မယ်မထင်ဘူး"

လူငယ်က...

"ဆရာကြီး၊ ကိုယ့်ကိုကိုယ် အဲဒီလောက်မနှိမ့်ချပါနဲ့၊ စာပေ ပညာရှင်တွေအများကြီးကို ဆရာကြီးက မွေးထုတ်ပေး နေတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်ပြောတဲ့ စာကိုတောင်မကြည့် ရသေးဘဲ မသိဘူးလို့တော့ မပြောလိုက်ပါနဲ့"

လူငယ်လေးသည် ဆရာကြီးထက် ခေါင်းတစ်လုံးခန့် အရပ်ပို မြင့်လေသည်။

ထို့ကြောင့် ဆရာကြီးသည် လူငယ်လေးနှင့် မျက်လုံးချင်းဆုံရန် အတွက် ခေါင်းကိုအနည်းငယ်မော့ပြီး ကြည့်လိုက် လေသည်။

လူငယ်၏မျက်ဝန်းများသည် သန့်စင်ပြီး မိစ္ဆာအရိပ်အငွေ့များ စိုးစဉ်းမျှ မရှိပေ။

ဆရာကြီးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဒါဖြင့်လည်း ကျုပ်နဲ့လိုက်ခဲ့ပါ"

ပြောပြီးသည်နှင့် ဆရာကြီးသည် ဆန်းလျှန်ကို စာသင်ကျောင်း

အနောက်ဘက်ရှိ သူ၏နေအိမ်သို့ ခေါ်ဆောင်လာခဲ့ လေ

တော့သည်။

အခန်း (၆၉၉) လီအော့ချို

ဆရာကြီးသည် ရွာထဲတွင် အလွန်မှာ ဂုဏ်သိက္ခာရှိသူ ဖြစ်လေ

သည်။

ဆရာကြီး၏နေအိမ်သို့ ထူးဆန်းသည့်လူငယ်ဝင်ရောက်သွား သည့်သတင်းသည် ရွာထဲတွင် ချက်ချင်းပျံ့နှံ့သွားလေ သည်။ သိပ်မကြာမီပင် ဆရာကြီး၏ အိမ်ပတ်ဝန်းကျင်သို့ ရွာသားများ ရောက်လာကြလေတော့သည်။

လူစိမ်းတစ်ယောက် ဆရာကြီးဆီသို့ ရောက်နေသည်ကို တစ် ရွာလုံးသိရှိသွားပြီး ရွာသားများက ဆရာကြီးကို စိတ်ပူ သည့်အတွက် ဆရာကြီးအိမ်သို့ ရောက်လာကြခြင်း ဖြစ်လေ သည်။

သို့သော် ဆရာကြီးသည် လူငယ်ပေးသည့် စာရွက်ထဲမှ စာများ ကို အာရုံစိုက်ပြီး စိတ်ဝင်တစားဖတ်ရှုနေသည့် အတွက် ပတ်ဝန်းကျင်ကို သတိပြုမိခဲ့ခြင်း မရှိပေ။

လူငယ်ပေးသည့်စာရွက်မှာ ရွှေရောင်ပေစာလေးတစ်ရွက်ဖြစ် ပြီး စာရွက်ပေါ်တွင် "ဟွမ်ထင်ကျမ်းစာ" ဟု ရေးသား ထားလေ သည်။

ရွှေပေလွှာထဲတွင် ရေးသားထားသည့် ကျမ်းစာများမှာ ခက်ခဲလွန်းသည့်တိုင် ဆရာကြီးသည် ထူးဆန်းစွာပင် နားလည်နေခဲ့လေသည်။

(၆)နာရီအတွင်းမှာပင် ဟွမ်ထင်ကျမ်းစာ၏ စာလုံးပေါင်း (၃၀၀)လုံးကို ဖတ်ပြီးသွားခဲ့လေသည်။ စာဖတ်ပြီးသွား သည့်အချိန်တွင် ညပင် နက်နေပြီ ဖြစ်လေသည်။ သို့သော်...

ဆရာကြီး၏အိမ်သည် မီးခွက်ထွန်းစရာ မလိုဘဲ လင်းလက်နေခဲ့လေသည်။ ထို့ပြင် ဆရာကြီး၏ ခန္ဓာကိုယ်အတွင်းသို့ ပူနွေးသည့် စီးကြောင်းတစ်ခု စီးဆင်းဝင် ရောက်လာပြီး ဆောင်းဦးရာသီပင် ဖြစ်လင့်ကစား အေးစိမ့်ခြင်းကို မခံစားရပေ။

လူငယ်လေးသည် ပျောက်ကွယ်သွားပြီဖြစ်လေသည်။ ထို့အတူ ရွှေပေလွှာလေးလည်း ပျောက်ကွယ်သွားလေသည်။

သို့သော်... ရွှေပေလွှာထဲမှ ကျမ်းစာများအားလုံးသည် ဆရာကြီး၏ဦးနှောက်ထဲတွင် စွဲထင်နေခဲ့လေသည်။

ဆရာကြီးသည် အတွေ့အကြုံများပြီး အသိဉာဏ်ဗဟုသုတ ကြွယ်ဝသူတစ်ယောက် ဖြစ်လေရာ လောကတွင် မမြင်နိုင် သည့် ဆန်းကျယ်မှုများရှိသည်ကို လက်ခံထားလေသည်။ ထူးဆန်းသောဖြစ်ရပ်များနှင့်ပတ်သက်ပြီး အတွေ့အကြုံမရှိ သည့်တိုင် သူသည် နတ်ဘုရားများ ၊ နတ်မိစ္ဆာများ အကြောင်း ကို ကြားဖူးလေသည်။ လူငယ်သည် ထိုသူများထဲမှ တစ်ယောက်ယောက် ဖြစ်ရပေလိမ့်မည်။

လူငယ်ကဲ့သို့ ထူးဆန်းသော ပုဂ္ဂိုလ်တစ်ယောက်သည် ကျမ်းစာ ကို သူ့ကို အဘယ့်ကြောင့်ပေးအပ်ရသည်ကို သေသေချာချာ တော့ နားမလည်နိုင်သေးပေ။ ထို့ပြင်... လူငယ်မှာ ပျောက် ကွယ်သွားပြီ ဖြစ်သည့်အတွက် မေးမြန်း ကြည့်ရန်လည်း မဖြစ် နိုင်တော့ပေ။

ဆရာကြီးသည် သူမသိနိုင်သည့်ကိစ္စများကို စဉ်းစားလေ့မရှိ ပေ။ သူက လက်တွေ့ကျပြီး ပစ္စုပ္ပန်ကျကျနေတတ်သူ တစ် ယောက် ဖြစ်လေသည်။

စာဖတ်ပြီးသွားသည်နှင့် အိမ်ရှေ့မှ ဆူဆူညံညံအသံများ ကြောင့် ဆရာကြီးသည် တံခါး ထဖွင့်လိုက်လေသည်။ ထိုအခါ အပြင်ဘက်မှ ရွာသားများသည် ဆရာကြီး၏အိမ်အတွင်းသို့ တဟုန်ထိုး ဝင်ရောက်လာကြလေသည်။ သို့သော်... သူ တို့သည် လူငယ်ကိုတော့ တွေ့မြင်ရခြင်း မရှိတော့ပေ။

ထိုအချိန်မှာပင်... ရွာသားလေးတစ်ယောက်က အိမ်နံရံကို လက်ညှိုးထိုးပြလိုက်ရင်း တအံ့တသြဖြင့် ထ အော်လိုက် လေ သည်။

ရွာသားလေး ညွှန်ပြရာနေရာသို့ ရွာသားများက ကြည့်လိုက် ကြလေသည့်အခါတွင်တော့ နံရံထက်တွင် ရေးသား ထားသည့် ကဗျာတစ်ပုဒ်ကို တွေ့လိုက်ရလေသည်။

"တာအိုဆရာတစ်ယောက်ရဲ့ ဂုဏ်သတင်းမွှေးပျံ့မှုကို ဘယ်သူက အပ်နှင်းခဲ့ပါသလဲ...

နှစ်ပေါင်းရာနဲ့ချီအသက်ရှည်ခဲ့သူ ဆရာသခင်ကို တွေ့ဆုံရတဲ့အခါ နှလုံးသားသည် ကြေကွဲလျှက်ရှိပါတယ်...

အသူရာချောက်ရဲ့အထီးကျန်ဆန်တဲ့အခိုးအငွေ့တွေကြားထဲ...

သက်ပြင်းကိုထပ်ခါချရင်း ခေါင်းကိုငုံ့ကာ ဆရာ့ကိုဦးညွှတ်လို့နေဆဲ..."

ကဗျာလေးဆုံးသွားသည်နှင့် ကဗျာအောက်တွင် လက်မှတ်ထိုးထားလေသည်။

"အသုံးမကျတဲ့တပည့်ဆန်းလျန် ဆရာ့ကို လေးစားစွာဖြင့် အပ်နှင်းပါတယ်"

ဆရာကြီးသည် တစ်စုံတစ်ခုကို စဉ်းစားမိသလိုရှိသွားသော်လည်း ရွာသားများက ဆူညံနေသည့်အတွက် သေသေချာချာစဉ်းစားမရ ဖြစ်နေရလေသည်။

နောက်ဆုံးတော့ မတတ်သာတော့ဘဲ သက်ပြင်းတစ်ချက်

အသာချလိုက်ရင်း...

"လီအော့ချိုနဲ့ကျန်တဲ့သူတွေ အိမ်ပြန်ကြပါတော့..."

ရွာသားများအားလုံးမှ ငယ်စဉ်က ဆရာကြီးထံတွင် စာပေ

သင်ကြားခဲ့ကြသည့် တပည့်များဖြစ်ကြလေသည်။

သူတို့သည် ဆရာကြီးကို အလွန်မှ လေးစားကြသူများ ဖြစ်လေ

ရာ ဆရာကြီးက ပြန်ခိုင်းသည့်အခါ ဆက်မနေရဲကြ တော့ပေ။

ထို့ပြင် ဆရာကြီး အန္တရယ်ကင်းစွာရှိနေသည့်အတွက်လည်း

စိတ်ချသွားကြလေသည်။

နံရံထက်မှာ ကဗျာကိုတွေ့မြင်ခဲ့သည့်လူငယ်မှာ လီအော့ချိုဖြစ်

လေသည်။ သူသည် ဆန်းကြယ်သည့်ကဗျာကို ဖတ်မိသည့်

အခါ သူ့ရင်ထဲတါင် နွေးထွေးမှုတစ်ခုကို ခံစားလိုက်ရလေ

သည်။

သူသည် အိမ်သို့အပြေးပြန်လာခဲ့ပြီး နွားတင်းကုပ်သို့ ရောက်လာလေသည်။

ထိုအချိန်တွင်... နွားတင်းကုတ်ထဲတွင် နွားရိုင်းကြီးတစ်ကောင်သည် မြက်များကို ဖြည်းဖြည်းချင်းဝါးနေလေသည်။ လီအော့ချိုသည် နွားရိုင်းကြီးအနားသို့သွားလိုက်ပြီး ဆရာကြီးအိမ်တွင် တွေ့ကြုံရသမျှကို ပြန်ပြောပြလိုက်လေသည်။

လီအော့ချိုသည် ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်လေရာ ဆရာကြီးအိမ်တွင် မီးမထွန်းဘဲ လင်းထိန်နေသည်ကို လည်း သတိထားလိုက်မိလေသည်။

လီအော့ချိုက ကြုံတွေ့ရသမျှကို နွားရိုင်းကြီးကို ပြောပြနေရင်း ဆရာကြီးအိမ်သို့ ရောက်လာသည့် လူငယ်မှာ နတ်ဘုရား တစ်ပါးဖြစ်ရမည်ဟု တွေးလိုက်မိလေသည်။ ထိုလူငယ်သည် နတ်မိစ္ဆာတစ်ပါးမဟုတ်ဘဲ နတ်ဘုရား တစ်ပါးဖြစ်မည်ဟု လီအော့ချိုတွေးရသည်မှာ အကြောင်းရှိလေသည်။

အဘယ်ကြောင့်ဆိုသော် နတ်မိစ္ဆာတစ်ပါး သည် ထိုကဲ့သို့သော

ကဗျာကို ရေးသားနိုင်မည်မဟုတ်ဟု သူက ထင်ခဲ့မိလေသည်။

လီအောနျိုက…

"အစ်ကိုနွားကြီးရယ်၊ လောကမှာ နတ်ဘုရားတွေရှိတယ်ဆို

တာ တကယ်ပဲနော်၊ ကျုပ်လည်း အဲဒီလို နတ်ဘုရား တစ်ပါး

ဖြစ်ချင်လိုက်တာဗျာ"

လီအောနျိုသည် အိမ်တွင် အငယ်ဆုံးဖြစ်လေသည်။

သို့သော်… သူ၏မိဘများ ဆုံးပါးသွားပြီးဖြစ်သည့်အတွက်

အစ်ကိုနှင့် မရီးဖြစ်သူတို့နှင့်အတူ နေထိုင်ရလေသည်။ နေ့ရက်

များက ကောင်းမွန်သာယာခဲ့သော်လည်း လီအောနျိုသည်

အနာဂတ်အတွက် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေခဲ့လေသည်။

ယနေ့ကြုံတွေ့လိုက်ရသည့်ဖြစ်ရပ်များကတော့ သူ့နှလုံးသား

ကို လှုပ်ရှားစေခဲ့လေသည်။

တွေးရင်းနှင့်ပင် လူအများပြောလေ့ရှိသည့် ဒဏ္ဍာရီများကို သတိရလာပြီး နတ်ဘုရားတစ်ပါးဖြစ်လိုသည့် စိတ်များမှာ ထိန်းမရတော့ပေ။ သို့သော်... ထိုသို့သောအကြောင်းအရာများကို သူ့အနေဖြင့် အခြားသူများကို သွားပြီး ပြောမပြရဲပါချေ။ အဘယ့်ကြောင့်ဆိုသော် ရယ်မောလှောင်ပြောင်ခံရမည် စိုးသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သူပြောသမျှကို နားမလည်နိုင်သည့် နွားရိုင်းကြီးကို ရင်ဖွင့်နေခြင်း ဖြစ်လေသည်။

ပြောနေရင်းဖြင့်ပင် လီအော့နျိုသည် စိတ်ပျက်လာပြန်လေသည်။

"ဒါပေမယ့် နတ်ဘုရားတစ်ပါးဖြစ်လာအောင် ပညာတွေသင်ယူဖို့ ဘယ်ကိုသွားရမလဲ"

သူသည် တောသူတောင်သားမိသားစုလေးမှ လူငယ်တစ်ယောက်မျှသာ ဖြစ်လေသည်။

တာအိုကျင့်စဉ်များသင်ကြားရန်အတွက် နတ်ဘုရားများကို ရှာဖွေရန် ခရီးထွက်မည်ဆိုလျှင်တောင်မှ သူ၏အစ်ကိုနှင့် မရီး ဖြစ်သူသည် စရိတ်တတ်နိုင်မည် မဟုတ်ပေ။

ထိုအချိန်မှာပင်...

နွားရိုင်းကြီးထံမှ စကားပြောသံထွက်ပေါ်လာလေသည်။

"မင်း သင်ယူချင်တယ်ဆိုရင် ကျုပ်သင်ပေးလို့ရပါတယ်..."

အစပိုင်းတော့ လီအော့နျိုမှာ ကြောင်တောင်တောင်ဖြစ်သွားရ လေသည်။

နောက်တွင်တော့ သူက စိတ်များ ရှုတ်ထွေးသွားရပြီး...

"အ... အစ်ကို နွားကြီး ၊ မင်း... မင်းက လူ... လူစကား ပြော... ပြောတတ်တယ် ၊ မင်း... မင်းက နတ်မိစ္ဆာလား..."

နွားရိုင်းကြီးက...

"ကြည့်စမ်း ၊ မင်းကြောက်နေလိုက်တာ ၊ ဒါပေမယ့် မင်းသင် ချင်လား မသင်ချင်ဘူးလားပဲ ပြောစမ်းပါ"

နွားရိုင်းကြီးက လီအော့နျိုး၏ အမေးကိုမဖြေဘဲ ကြေးနီရောင် တောက်နေသည့် မျက်လုံးကြီးများဖြင့်သာ လီအော့နျို ကိုစိုက်ကြည့်နေလေသည်။

ထိုအကြည့်များကို ရင်ဆိုင်လိုက်ရသည့်အခါတွင်တော့ လီအော့နျိုမှာ အကြောက်ပြေသွားရလေသည်။

သူက တည်ကြည်လေးနက်သည့်လေသံဖြင့်...

"ကျုပ်သင်မှာပေါ့ဗျ..."

ဟု ပြောလိုက်လေတော့သည်။

ထိုအခါတွင်တော့... နွားရိုင်းကြီးသည် လီအော့နျိုကို ပါးစပ်ဖြင့် ကိုက်ချီကာ သူ၏ကျောပေါ်သို့ ပစ်တင်လိုက်လေ သည်။

ထို့နောက် လျှင်မြန်လွန်းသည့် အရှိန်အဟုန်ဖြင့် ထွက်ခွာသွားလေရာ လီအော့နျိုမှာ မျက်နှာကိုလေများတိုက်ခတ်ပြီး နားထဲတွင်လည်း လေသံများကိုသာ ကြားနေရလေတော့သည်။

လေသံများရပ်တန့်သွားသည့်အခါတွင်တော့ မိုင်ဝက်ခန့်ဝေး
သော တောင်ကုန်းတစ်နေရာသို့ သူတို့ ရောက်ရှိနေကြ ပြီဖြစ်
လေသည်။

လီအော့နျိုက ပတ်ဝန်းကျင်ကို ကြည့်လိုက်သည့်အခါတွင်
တော့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အဖြူရောင် ဖြစ်နေလေ
သည်။

လီအော့နျိုသည် ထူးဆန်းသည်ဟု မခံစားရပါ။

အစ်ကိုနွားကြီးသည် လူသားကဲ့သို့ စကားပြောနိုင်
သည့်အတွက် နတ်မိစ္ဆာတစ်ပါးဖြစ်ရပေမည်။ ထို့ပြင် အင်အား
ကြီး မားသော နွားတစ်ကောင်သည် မိုင်ဝက်ခန့်အဝေးသို့
အချိန်တိုအတွင်းပြေးနိုင်သည်မှာ ပုံမှန်ပင် ဖြစ်လေသည်။

နွားရိုင်းကြီးက လူတစ်ယောက်အလား နောက်ခြေ (၂)ဖက်ကို
ထောက်ကာ မြေပြင်ထက်တွင် မတ်တပ်ရပ်လိုက်လေ သည်။

ထို့နောက် လူသားတစ်ယောက်၏လှုပ်ရှားမှုကဲ့သို့ လက်သီးဖြင့်

ထိုးသည့် အမူအရာ ပြုလုပ်လိုက်လေသည်။ လီအော့န်ျိုက

လည်း နွားရိုင်းကြီး ပြုလုပ်သည့် အမူအရာများအတိုင်း လိုက်

လုပ်လေသည်။

နောက်ဆုံးတွင်တော့ လီအော့န်ျိုမှာ တစ်ကိုယ်လုံး ချွေးများစို ရွှဲ

နေပြီး သူ၏နားထဲတွင် ဝိညာဉ်မြစ်ရေစီးဆင်းသံများ ကို

ကြားနေရလေတော့သည်။ အမှန်တော့ ထိုရေစီးသံများသည်

သူ၏ခန္ဓာကိုယ်ထဲမှ တန်ခိုးစွမ်းအား စီးဆင်းသံများ ဖြစ်သည်

ကို သူကိုယ်တိုင် မသိခဲ့ပါ။

ကျင့်ကြံသူများသည် ပထမဆုံးအကြိမ် စတင်ကျင့်ကြံ

သည်နှင့် လီအော့န်ျိုကဲ့သို့ တန်ခိုးစွမ်းအား စီးဆင်မှုများကို

ကြားနိုင်ခြင်း မရှိကြပါ။ နွားရိုင်းကြီးသင်ပေးသမျှကို လိုက်လံ

ပြုလုပ်နေရင်း လီအော့န်ျိုမှာ အလွန်ပင်ပန်းလာလေ သည်။

ထို့နောက်တွင်တော့ နွားရိုင်းကြီးက ဂါထာတစ်ပုဒ်ကို ရွတ်ဖတ်

လိုက်လေသည်။ လီအော့နျိုသည် ထူးဆန်းစွာဖြင့်ပင် ထိုဂါထာမှ စကားလုံးများကို ချက်ချင်း မှတ်မိသွားလေသည်။

လီအော့နျိုသည် နွားရိုင်းကြီး ရွတ်ဆိုလိုက်သည့် ဂါထာမှ တစ်ဆင့် အသက်ရှူကျင့်စဉ်ကို သဘောပေါက်သွားကာ လေ့လာနိုင်ခဲ့လေသည်။ သူသည် ထိုဂါထာထဲမှအတိုင်း အသက်ရှူလိုက်သည်နှင့် တိမ်တိုက်အမြင့်ကြီးတစ်နေရာသို့ ရောက်ရှိသွားသလို ခံစားလိုက်ရလေသည်။ သူ့စိတ်ထဲတွင် ကျေနပ်မှုများကို မယုံကြည်နိုင်လောက်အောင် ခံစားလိုက်ရပြီး ပင်ပန်းနွမ်းနယ်မှုများအားလုံးလည်း ပျောက်ကွယ်သွားလေသည်။

သူ၏စိတ်များသည်လည်း သူမတူအောင် ကြည်လင်ရှင်းလင်းလာလေသည်။ သူ၏အမြင်အာရုံများမှာလည်း ပြတ်သားလာပြီး ပေ (၅၀)အဝေးမှ ပုရွက်ဆိတ်လေးများ သွားလာနေကြသည်ကိုပင် ထင်ထင်ရှားရှားတွေ့မြင်နေရ လေသည်။

ပုရွက်ဆိတ်များ၏ ဦးခေါင်းထက်မှ အာရုံခံအတံလေးများကို

ပင် မြင်တွေ့နေရလေသည်။

လီအော့နျိုက နွားရိုင်းကြီးကို ကျေးဇူးတင်စကားပြောလိုက်ေ

လသည်။

နွားရိုင်းကြီးက နှာတစ်ချက်မှုတ်လိုက်ရင်း...

"မင်းကို ကျုပ်သင်ပေးတဲ့ တာအိုကျင့်စဉ်ကို ဘယ်သူ့ကိုမှ မ

ပြောပြရဘူးနော်၊ ပြီးတော့ ကျုပ် အခုချက်ချင်း ထွက်သွားမှ

ဖြစ်မယ်"

လီအော့နျိုက...

"ဘာဖြစ်လို့လဲ..."

နွားရိုင်းကြီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"စောစောက မင်းပြောပြတဲ့ ကဗျာက ဆန်းလျန်ရေးခဲ့တယ်လို့

ပြောတယ်မဟုတ်လား၊ ငါ သူနဲ့ မတွေ့ချင်ဘူး၊ တကယ်လို့

ကျုပ်သာထွက်မသွားရင် သူ ကျုပ်ကို ရှာတွေ့သွားလိမ့်မယ်"

ထိုအချိန်မှာပင်... တာအိုဆရာတစ်ယောက်၏ အသံသည် မည်သည့်နေရာကမှန်းမသိ ထွက်ပေါ်လာလေသည်။
"နွားရိုင်းမင်းကြီးက တွက်ချက်တတ်သားပဲ ၊ မဆိုးပါဘူး... ဒါပေမယ့် မင်းရဲ့ကျင့်ကြံခြင်းအဆင့်လောက်နဲ့ ဒီတာအိုဆရာဆီကနေ ရှောင်ပြေးလို့ လွတ်မယ်တဲ့လား ၊ ဒါပေမယ့် အံ့ဩစရာကောင်းတာက ပြေးစရာရှိတာ ချက်ချင်းမပြေးသေးဘဲ ဒီကောင်လေးကို ပညာသင်ပေးနေသေးတယ်.."
နွားရိုင်းကြီးက...
"မင်းဆီက ပြေးမလွတ်ဘူးဆိုတာ ကျုပ်သိသွားပါပြီ ၊ လွန်ခဲ့တဲ့နှစ်တွေက ဒီကောင်လေးက ကျုပ်ကို နေစရာ စားစရာပေးခဲ့တယ် ၊ ဒီကျေးဇူးကိုထောက်တဲ့အနေနဲ့ ကျုပ်က ပညာသင်ပေးခဲ့ချင်တာပါ ၊ တကယ်လို့ နတ်ဘုရား ဆန်းလျှန် ကျုပ်ကို တစ်ခုခုလုပ်ခဲ့မယ်ဆိုရင် ဒီလူငယ်ကို ကျေးဇူးဆပ်ခွင့်မရမှာ စိတ်ပူလို့ပါ"

"ကျုပ်နဲ့ မြေခွေးနတ်ဘုရားအဘိုးအို ရှင်းချိုပင်းနဲ့က အတော်လေး ခင်မင်ပါတယ်၊ မင်းကလည်း ရှင်းစစ်စစ်နျန်ကို လက်ထပ်ခဲ့တဲ့သူဆိုတော့ ရှင်းချိုပင်းရဲ့ သားမက်ပါပဲ၊ ဒါပေမယ့် မင်းက ရှင်းချိုပင်းကို သတ်ခဲ့တဲ့လူလည်း ဖြစ်တယ်၊ ဒီတော့ သူ့ကိုယ်စား ကျုပ်က လက်စားချေပေးရမှာပေါ့၊ ဒါပေမယ့် တစ်ခုကံကောင်းတာက မင်းက တစ်ကြိမ် သေဆုံးပြီးသွားခဲ့ပြီ၊ ပြီးတော့ စစ်စစ်နျန်ကလည်း မင်းကိုသံယောဇဉ်ရှိပါတယ်၊ ဒါကြောင့် မင်းကိုထပ်ပြီး သတ်ပစ်မယ်ဆိုရင် လူမဆန်ရာကျမယ်၊ ဒီတော့ အပြာရောင်ခရီးရှည်နန်းတော်မှာ နှစ်ပေါင်းတစ်ထောင် အစေခံ အဖြစ်တာဝန်ထမ်းဆောင်ပေးပါ၊ ဒါဆိုရင် မင်းရဲ့အပြစ်တွေကို ခွင့်လွှတ်ပေးမယ်"

ထိုစကားသံကိုကြားမှ နွားရိုင်းကြီးမှာ စိတ်သက်သာရာရသွားလေသည်။

"ကောင်းပါပြီ..."

ဆန်းလျှန် သူ့ကိုရှာတွေ့သွားသည်နှင့် သူ့အတွက် လွတ်လမ်းမ ရှိတော့သည်ကို နွားရိုင်းကြီးက သိထားပြီးသား ဖြစ်လေသည်။ လီအော့နျိုမှာတော့ နွားရိုင်းကြီးအတွက် မကျေမနပ်ဖြစ်သွားရ လေသည်။

နှစ်ပေါင်းတစ်ထောင် အစေခံရမည်… တဲ့။ ထိုသို့ တကယ်ပင် လုပ်ရပါမည်လား။

လီအော့နျိုက နွားရိုင်းကြီးကို တီးတိုးမေးလိုက်လေသည်။

"အစ်ကိုနွားကြီး ၊ အဲဒီလူက ဘယ်သူလဲဗျ"

နွားရိုင်းကြီးက လီအော့နျို၏ အမေးကိုမဖြေဘဲ ခေါင်းသာ ခါ ယမ်းပြလိုက်လေသည်။

ထို့နောက် နွားရိုင်းကြီးသည် လေထဲသို့ ပျံသန်းထွက်ခွာသွားပြီး လရောင်အတွင်းသို့ တိုးဝင်ကာ ပျောက်ကွယ်သွား လေ တော့သည်။

နွားရိုင်းကြီး၏ စိတ်စွမ်းအားဖြင့် ဆက်သွယ်စကားပြောဆိုသံ

ကို လီအော့နျို၏ နားထဲတွင် ကြားလိုက်ရလေသည်။

"မင်း ကျုပ်ကို တွေ့ချင်တယ်ဆိုရင် အပြာရောင်ခရီးရှည်

နန်းတော်မှာ လာရှာပါ..."

လီအော့နျိုသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား

လိုက်လေသည်။

သူက နွားရိုင်းကြီးထွက်ခွာပျောက်ကွယ်သွားသည့်အရပ်ကို

လှမ်းကြည့်လိုက်ရင်း...

"အစ်ကိုနွားရိုင်းကြီး ၊ ကျုပ် မင်းကို လာကယ်ပါ့မယ်"

လေထဲမှ ရယ်မောသံတစ်ချက် ထွက်ပေါ်လာလေသည်။

"အရမ်းသွေးဆူလွယ်တဲ့ လူငယ်လေးပဲ...."

လီအော့နျိုမှာ အသံသာကြားရပြီး အသံပိုင်ရှင်ကို အရိပ်ပင်

တွေ့မြင်ရခြင်းမရှိပေ။

သို့သော် သူစိတ်ထဲတွင် စွဲမှတ်လိုက်မိသည့်အမည်တစ်ခုမှာ

"အပြာရောင်ခရီးရှည်နန်းတော်" ဟူ၍ ဖြစ်လေသည်။

အခန်း (၇၀၀) နတ်ဘုံနတ်နန်း

မြူခိုးနှင့် တိမ်တိုက်များ တဖြည်းဖြည်းကျယ်ပြန့်လာလေ

သည်။

နွားရိုင်းကြီးသည် တိမ်တိုက်ပေါ်တွင် လမ်းလျှောက်နေပြီး

သူ၏ကျောထက်တွင် လူတစ်ယောက် ထိုင်နေလေသည်။ ထို

သူမှာ ဆန်းလျန်ပင် ဖြစ်လေ၏။

နွားရိုင်းကြီးမှာ အခြားသူမဟုတ်ပါ။ ကွေလိနှင့်တိုက်ခိုက်ခဲ့

သည့် နွားရိုင်းမင်းကြီးပင် ဖြစ်လေသည်။ နွားရိုင်းကြီးသည်

ကမ္ဘာဦးအစကတည်းကတည်ရှိသည့် မျိုးစိတ်တစ်ခုမှ

ဆင်းသက်လာသူ ဖြစ်လေသည်။ ဆန်းလျန်သာ တန်ခိုး

စွမ်းအား မြင့်မားလွန်းခြင်း မရှိလျှင် နွားရိုင်းကြီးသည် လွယ်

လွယ်နှင့် အရှုံးပေးမည် မဟုတ်ပေ။

အမှန်တော့ နွားရိုင်းကြီး ကံဆိုးသွားခဲ့ခြင်းသာ ဖြစ်လေသည်။

နွားရိုင်းကြီးသည် တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာသခင်ကျန်း

ရော့ရှီး လူပြန်ဝင်စားသည့် ကျောင်းဆရာကြီးနှင့် တစ်ရွာ

တည်းတွင် ရော်နေခဲ့လေသည်။ မဟုတ်လျှင် ဆန်းလျန်က

လည်း နွားရိုင်းကြီးကို တမင်သက်သက် လိုက်ရှာ ဖြစ်မည်

မဟုတ်ပေ။

ကံကြမ္မာ၏တိုက်ဆိုင်မှုကြောင့် နွားရိုင်းကြီးသည်လည်း မည်သို့မှ မတတ်သာတော့ဘဲ ဆန်းလျန်ကို အညံ့ခံလိုက် ရရှာလေသည်။

နွားရိုင်းကြီးက တစ်ချက်အော်မြည်လိုက်ပြီး စကားစပြောလိုက်လေသည်။

"လွန်ခဲ့တဲ့နေ့တွေတုန်းက သခင်လေးက တိုင်းပြည် (၂)ပြည်ကို တိုက်ခိုက်ဖို့အတွက် တန်ခိုးစွမ်းအားတွေ အများကြီး အသုံးပြုခဲ့တယ်၊ အခု အသူရာချောက်ဟာ တဖြည်းဖြည်း စုစည်းလာခဲ့ပြီ၊ ပြီးတော့ သခင်လေးက အပြာရောင် ခရီးရှည်နန်းတော်ကိုလည်း သိမ်းပိုက်ခဲ့တယ်၊ သခင်လေး အခုဘဝမှာပဲ ကျင့်ကြံရင်း အခုလို တန်ခိုးစွမ်းအား မြင့်မားလာတာလား၊ ဒါမှမဟုတ် ရှေးဟောင်းနတ်ဘုရားတစ်ပါး လူပြန်ဝင်စားတာလား"

အမှန်တော့ နွားရိုင်းကြီးက ဆန်းလျန်ထံမှ သူသိချင်သည့်အကြောင်းကို အစ်ထုတ်လိုက်ခြင်း ဖြစ်လေသည်။

အမှန်တော့ ကံကြမ္မာကြောင့်သာ ယနေ့ရရှိသည့် အောင်မြင်မှု

များကို ဆန်းလျန်သည် ရရှိခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်က...

"ကျုပ်ကလည်း တခြားသူတွေလိုပဲ ဇမ္ဗူဒီပါလက်ျာတောင်

ကျွန်းက လူသားတစ်ယောက်ပါပဲ ၊ ကံတရားကြောင့်သာ ဒီနေ့

ဒီလိုနေရာကိုရောက်လာတာပါ ၊ လူတွေထင်နေကြသလိုမျိုး

မဟုတ်ပါဘူး ၊ ဒါနဲ့ စောစောက ကောင်လေး ရဲ့ဇာစ်မြစ်က

ထူးခြားတယ် ၊ မင်းသူ့ကို ပညာသင်ပေးလိုက်လို့ သူနဲ့မင်းရဲ့

ကြားမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးရ သွားတာဟာ မင်းရဲ့

ကုသိုလ်ပါပဲ"

ဆန်းလျန်၏စကားများကြောင့် နွားရိုင်းကြီး၏စိတ်ထဲတွင်

တစ်ချက် လှုပ်ရှားသွားလေသည်။

လီအော့နျိုကိုသူပညာသင်ပေးခဲ့သည်မှာ သူ့ကို နေစရာ ၊

စားစရာ ပေးထားသည့်အတွက် ပြန်လည်ပေးဆပ်ခြင်းသာ

ဖြစ်လေသည်။ ထိုလူငယ်လေးသည် ထူးခြားသည့် ဇာစ်မြစ်

တစ်ခုမှလာသည့် လူငယ်တစ်ယောက်ဖြစ်သည်ကို သိရှိခဲ့ခြင်း

မရှိပေ။ ယခု ဆန်းလျန်၏ စကားကိုကြားရတော့မှ သူသည်

လူငယ်လေးကို အလွန်အထင်ကြီးသွားမိ လေသည်။

သူက ဆန်းလျန်ကို မေးလိုက်လေသည်။

"သူ့ရဲ့ဇာစ်မြစ်က ဘာများလဲ"

ဆန်းလျန်ကပြုံးလိုက်ရင်း...

"မိုးကောင်းကင်ရဲ့လျှို့ဝှက်ချက်ဆိုတာ ပြောပြလို့မရဘူး"

ဆန်းလျန်သည် အကြည့်တစ်ချက်ဖြင့်ပင် ထိုလူငယ်လေး၏

ဇာစ်မြစ်ကို ချက်ချင်းသိရှိလိုက်လေသည်။

ဆန်းလျန်သည် ချင်းရွှမ်ထျန်းကျွင်း၏တန်ခိုးစွမ်းအားများနှင့်

ထိုလူငယ်လေး၏ အရင်ဘဝနှင့် လက်ရှိဘဝကို ချက်ချင်းပင်

သိမြင်ခဲ့လေသည်။ ထို့ပြင် ထူးဆန်းသည့်အရာတစ်ခုကိုလည်း

ရှာဖွေတွေ့ရှိခဲ့လေသည်။ ထိုလူငယ် လေးသည် တစ်ချိန်တုန်း

က ပြင်းထန်သည့် ဒုက္ခများစွာကို ခံစားခဲ့ရပြီး အကြိမ်ပေါင်း များစွာ လူပြန်ဝင်စားခဲ့ရလေ သည်။

ထို့ကြောင့်… လက်ရှိဘဝတွင် ထိုလူငယ်လေးသည် တစ်ချိန် တုန်းက ပြိုင်ဘက်ကင်းခဲ့သည့် လူတစ်ယောက်၏ စိတ်ဓာတ် များကို ပြန်လည်ပျိုးထောင်ရန်မှာ လွယ်ကူမည်တော့မဟုတ် ပေ။

နွားရိုင်းကြီးမှာ သိချင်နေမိသော်လည်း ထပ်ပြီး မမေးရဲတော့ ဘဲ သူ့ကိုယ်သူသာ ကျိန်ဆဲလိုက်မိလေသည်။

လူသားတစ်ယောက်နှင့် နွားရိုင်းကြီးတစ်ကောင်သည် ကျယ် ပြောလှသည့်ကောင်းကင်ထက်တွင် စကားတပြောပြော နှင့် ခရီးနှင့် လာခဲ့ကြလေသည်။

ဆန်းလျန်က ဗဟုသုတကြွယ်ဝပြီး အတွေ့အကြုံရှိသူတစ် ယောက် ဖြစ်လေသည်။ နွားရိုင်းကြီးကတော့ ရှေးခေတ်အချိန်

မှ လျှို့ဝှက်ချက်များကို သိရှိသူဖြစ်ပြီး တန်ခိုးစွမ်းအားမြင့်မား သည့် နတ်မိစ္ဆာဘုရင်တစ်ပါး ဖြစ်လေ သည်။

သူတို့ (၂)ယောက်သည် နက်နဲသည့်အကြောင်းအရာများကို ပြောဆိုဆွေးနွေးရင်း ခရီးဆက်လာကြလေသည်။

ကျင့်ကြံသူတစ်ယောက်သာ သူတို့ပြောသည့်စကားများကို နားထောင်ခွင့်ရမည်ဆိုလျှင် များစွာသော အကြောင်းအရာများ ကို သင်ယူလေ့လာနိုင်မည် ဖြစ်လေသည်။

သို့သော်... သူတို့ (၂)ယောက်ကတော့ အချိန်ဖြုန်းသည့် အနေဖြင့် စကားပြောနေကြခြင်း ဖြစ်လေသည်။

ယခုအချိန်တွင် အသူရာချောက်သည် အရှိန်အဟုန်ဖြင့် ကျယ်ပြန့်လာပြီး ယခင်အရွယ်အစားထက် များစွာ ကြီးမား လာလေသည်။

ဆန်းလျန်သည် တာ့ကျိုးပြည်သို့ အလျင်စလို ပြန်လိုခြင်း မရှိ သေးပါ။ သူက အသူရာချောက်နှင့် စကြာဝဠာကြားတွင်

ဆက်နွယ်နေမှုများကို အသေးစိတ်လေ့လာကြည့်ရန် ပြင်ဆင်နေခဲ့လေသည်။

ထို့ပြင် ချင်းရှမ်ထျန်းကျွင်းအနေဖြင့် လူသားများ၏ ဒုက္ခအပေါင်းကိုကယ်တင်ရန်အတွက်လည်း တန်ခိုးစွမ်းအားများရရှိထားလေသည်။ ထို့ပြင် လောကတစ်ခုလုံးမှ သက်ရှိသတ္တဝါများ၏ ဆင်းရဲဒုက္ခများကိုလည်း သိမြင်နေရလေသည်။

ကံကံ၏အကျိုးကိုခံစားရပြီး ကံတရား၏ အပြစ်ပေးခြင်းကိုခံစားရသည့် သတ္တဝါတိုင်း၏ဘဝသည် စိတ်ဆင်းရဲစရာကောင်းလှလေသည်။ သတ္တဝါအချို့၏ ညည်းတွားသံများကိုသူ့နားထဲတွင်ကြားနေရပြီး သူ့နှလုံးသားကို တုန်လှုပ်ချောက်ချားစေလေသည်။

ဗုဒ္ဓဘာသာတွင် ဟောကြားခဲ့သည့်တရားတော်အတိုင်း "ချစ်သောသူနှင့်ကွေကွင်းရခြင်း ၊ မချစ်မနှစ်သက်သောသူ များနှင့်

အတူနေထိုင်ရခြင်း" ဆိုသည့် ဒုက္ခများအတိုင်း သက်ရှိ

တိုင်း၏ဘဝသည် သူတို့ဆန္ဒအတိုင်း နေထိုင်နိုင်ခြင်း မရှိဘဲ ကံ

တရားကြိုးဆွဲရာ ကကြရလေသည်။

ထိုဒုက္ခများမှ ဆန်းလျှန်ပင်လျှင် လွတ်မြောက်နိုင်ခြင်း မရှိ

သေးပေ။

ထို့ပြင် မွေးဖွားခြင်း ၊ အိုခြင်း ၊ နာခြင်း ၊ သေခြင်း ဆိုသည့်

တရား (၄)ခုကလည်း သက်ရှိသတ္တဝါများကို နေ့စဉ် ပျော်ရွှင်မှု

များကို ရပ်တန့်သွားစေပြီး စိတ်ဆင်းရဲစရာများသာလျှင် ဖြစ်

စေခဲ့လေသည်။

သူသည်လည်း ကျင့်စဉ်လမ်းတွင် မအောင်မြင်ခဲ့ပါက ထိုလမ်း

သို့ လိုက်ရမည်ပဲ ဖြစ်လေသည်။

ထို့ပြင် ခေတ်ပေါ်ကမ္ဘာတွင် ဒေါက်တာလီဖုန်းဆိုသည့်

ဆရာဝန်တစ်ယောက်အဖြစ် ဘဝကို ရပ်တည်ခဲ့စဉ်ကတည်း

က သူသည် လူနာများဖြင့် ထိတွေ့ဆက်ဆံခဲ့ရလေရာ ထိုဒုက္ခ
များကို သိတန်သလောက် သိထားခဲ့ပြီး ဖြစ်လေသည်။
အနာဂတ်တစ်ချိန်တွင် သူသည် အစစ်ဆေးခံရမှုများကို
ရင်ဆိုင်ရပြီး မရေမတွက်နိုင်သည့် အခက်အခဲများကို ကြုံတွေ့
ရမည်ဆိုလျှင်တောင်မှ လက်ရှိ သူ့ဘဝသည် သာမန်လူသား
တစ်ယောက်ထက်တော့ သာလွန်သည်ဟု ဆိုနိုင်လေသည်။
ထို့ကြောင့် အောင်မြင်သူတစ်ယောက်အနေဖြင့်
အကျပ်အတည်းထဲ ကျရောက်နေသည့်တိုင် ညည်းညူနေစရာ
အကြောင်းမရှိပေ။
ရုတ်တရက်... သက်ရှိသတ္တဝါများ၏ ဒုက္ခနှင့်ညည်းတွားသံ
များကို မကြားရတော့ဘဲ ပြတ်တောက်သွားလေသည်။
နွားရိုင်းကြီးသည် လမ်းမှားသွားပြီး အချိန်နှင့်အာကာသ ရှုပ်
ထွေးနေသည့် လမ်းကြောင်းတစ်ခုဆီသို့ ဝင်ရောက် သွားလေ
သည်။

သူတို့အရှေ့တွင် အလင်းရောင်များတောက်ပနေသည့် ဥမင်လမ်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ဥမင်အဝတွင် များပြားလှစွာသည့် ရောင်စုံ နတ်ဘုရားအလင်းတန်းများသည် စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်နေလေသည်။

သာမန်ကျင့်ကြံသူတစ်ယောက်သာ ဤနေရာသို့ ရောက်ရှိလာမည်ဆိုလျှင် ထိုအလင်းတန်းများစုပ်ယူသည်ကို ချက်ချင်းပင်ခံလိုက်ရမည် ဖြစ်ပြီး တစ်ကိုယ်လုံး အမှုန့်ဖြစ်သွားနိုင်လေသည်။ အခန့်မသင့်လျှင် ဝိညာဉ်ပါ ကြွေလွင့် သွားနိုင်လေသည်။

နွားရိုင်းကြီးသည် လေထဲတွင်ရပ်ပြီး ထိုဥမင်အဝကို ကြည့်နေလေသည်။ သူသည် တစ်ချက်မှ ရွေ့လျားခြင်း မရှိပေ။

ပြီးမှ နွားရိုင်းကြီးက ညင်သာသည့်လေသံဖြင့်...

"သခင်လေး... ၊ ဒီဥမင်က ကျွန်တော်တို့ရှေ့မှာ ရုတ်တရက်

ပေါ်လာတာ ၊ တန်ခိုးရှင်နတ်ဘုရားတစ်ပါးပါးရဲ့ နတ်ဘုံငယ်ကို

သွားတဲ့လမ်းတစ်ခု ဖြစ်နိုင်တယ် ၊ အသူရာချောက်က အဲဒီ

လမ်းနဲ့ သွားပြီး ပေါင်းစပ်နေတာလား မသိဘူး"

ဆန်းလျှန်က ခေါင်းညိတ်လိုက်ရင်း...

"အသူရာချောက်က အရင်နဲ့မတူတော့ဘူး ၊ အရမ်းကျယ်ပြန့်

လာနေတော့ တခြားနတ်ဘုံနတ်နန်းတွေနဲ့ ပေါင်းစပ် ကုန်တာ

ဖြစ်လိမ့်မယ် ၊ ဒါမှမဟုတ် တခြား နတ်ဒေဝါတွေက သူတို့

နေထိုင်ဖို့ နေရာရှာရင်း ဒီနေရာကိုရောက်လာ တာမျိုးလည်း

ဖြစ်နိုင်တယ် ၊ အဲဒီလိုလုပ်ရင် သူတို့လည်း ကျင့်ကြံခြင်း

အဆင့် မြင့်တက်လာနိုင်တယ်လေ"

စကြာဝဠာထဲမှ နတ်ဘုရားများသည် ကိုယ်ပိုင် နတ်ဘုံငယ်များ

၊ နတ်ဘုံနတ်နန်းများများဖန်ဆင်းကာ နေထိုင်လေ့ ရှိကြလေ

သည်။ ထိုနတ်ဘုံနတ်နန်းများမှာ ပြီးပြည့်မစုံခြင်းမရှိသော

လောကငယ်များနှင့် အလားသဏ္ဍာန်တူလေ သည်။

သို့သော်... ထိုသို့သော နတ်ဘုံနတ်နန်းများသည် ပြီးပြည့်စုံ

သည့်လောကတစ်ခု မဟုတ်သည့်အတွက် ထိုနေရာများ တွင်

ကျင့်ကြံသူများ နေထိုင်မည်ဆိုလျှင်တော့ နတ်ဘုရားတစ်ပါး

ဖြစ်လာသည်အထိ ကျင့်ကြံနိုင်ရန် ခက်ခဲပေလိမ့် မည်။ နတ်

ဘုရားတစ်ပါး ဖြစ်လာရန်မပြောနှင့် ဟိုင်သန်းအဆင့်တက်

ရောက်နိုင်ရန်ပင် လွယ်ကူမည် မဟုတ်ပေ။

"သခင်လေး... အဆင်ပြေရင် သွားကြည့်ကြရအောင်လေ"

နွားရိုင်းကြီးက ပြောလိုက်လေသည်။

"ကောင်းပြီ..."

သူတို့က ဘေးဘီဘယ်ညာ ပတ်ဝန်းကျင်ကိုတစ်ချက်လေ့လာ

လိုက်ရာ ပတ်ဝန်းကျင်သည် အဆင်ပြေလျှက်ရှိသည် ကိုတွေ့

လိုက်ရလေ သည်။

နတ်ဘုံနတ်နန်းနှင့် အသူရာချောက်ပေါင်းစပ်နေမှုသည် သာမန်ထက်ထူးခြားလေသည်။ နတ်ဘုံနတ်နန်းသည် အသူရာချောက်နှင့် ထိစပ်လိုက်မိသည်နှင့် ချက်ချင်းပင် ပေါင်းစပ်သွားခဲ့လေသည်။

အမှန်တော့ နတ်ဘုံနတ်နန်းတစ်ခုအနေဖြင့် လောကတစ်ခုနှင့်ပေါင်းစပ်ရန်မှာ အချိန်များစွာ လိုအပ်လေသည်။ ကျိုးကြောင်းညီညွတ်စွာ တွက်ချက်ကြည့်မည်ဆိုလျှင် ထိုသို့ပေါင်းစည်းရန်အတွက် နှစ်ပေါင်းတစ်ထောင်ခန့် ကြာနိုင် လေသည်။

ထိုဥမင်ထဲတွင် မည်သို့သော အန္တရယ်များ ကြုံတွေ့ရပါမည်နည်း။ အန္တရယ်များရှိနေလျှင်လည်း ဆန်းလျန်က ကြောက်ရွံ့မည် မဟုတ်ပါ။

လောကတွင် မည်သည့်အန္တရယ်မှ ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်လောက် ကြောက်မက် ဖွယ်ကောင်းမည် မဟုတ်ပေ။ ယခုတော့ ထိုနန်းတော်နှစ်ခုလုံးသည်

ဆန်းလျန်ဆိုသည်မှာ မည်သူမည်ဝါဖြစ်သည်ကို သိရှိသွားကြပြီ ဖြစ်လေသည်။

သို့သော်... ထိုနန်းတော် (၂) ခုလုံးသည် သူ့ကို တိုက်ခိုက်ကြခြင်း မရှိသေးပါ။

ထိုကိစ္စနှင့်ပတ်သက်ပြီး ဆန်းလျန်သည် အနည်းငယ်မသေမချာဖြစ်နေခဲ့သော်လည်း တကယ်တမ်း အင်အားကြီး နန်းတော် (၂) ခုနှင့်ရင်ဆိုင်ရမည်လျှင် ဆန်းလျန်တွင် ခုခံရန်အတွက် နည်းလမ်းမရှိသေးပါ။

မည်သို့ပင်ဖြစ်စေ ... သူ၏လုပ်ရပ်တိုင်းကိုတော့ ခါတိုင်းထက်ပိုပြီး သတိထားရမည် ဖြစ်လေသည်။ သို့သော်... ထိုနန်းတော် (၂)ခုနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်း မရှိသေးသရွေ့ အကြောက်လွန်နေစရာလည်း မလိုပေ။

လက်ရှိအချိန်တွင် လောကကြီးတစ်ခုလုံးကို ပုံရိပ်ယောင်တစ်ခုမျှသာဖြစ်သည်ဟု ဆန်းလျန် သဘောထားနေခဲ့မိ လေသည်။

သူ၏ဘဝတွင် အောင်မြင်မှုများ ရှုံးနိမ့်မှုများနှင့် အတက်အကျများစွာကို ခံစားခဲ့ရဖူးပြီ ဖြစ်လေသည်။ ယခုအချိန်တွင် သူ၏မူလဝိညာဉ်ခန္ဓာသည် လျှင်မြန်သည့်အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်နေခဲ့လေသည်။

ထို့ကြောင့်... သဘာဝတရား၏အပြစ်ပေးခြင်းမှာလည်း အနေးနှင့်အမြန်ရောက်လာနိုင်လေသည်။ တကယ်တမ်း သဘာဝတရား၏အပြစ်ပေးခြင်းနှင့် ဘေးအန္တရာယ်ကပ်ဆိုးကြီးကို ရင်ဆိုင်ရသည့်အချိန်တွင် သူ မည်သို့ ကိုင်တွယ် ဖြေရှင်းမည်ကို သူကိုယ်တိုင်လည်း ရေရေရာရာ မသိသေးပေ။ ဆန်းလျှန်၏အခက်အခဲများကို နွားရိုင်းကြီးကတော့ သိရှိခြင်းမရှိပါ။ ယခုအချိန်တွင် နွားရိုင်းကြီး ၏အဖြစ်ချင်ဆုံး ဆန္ဒမှာ အပြာရောင်ခရီးရှည်နန်းတော်တွင် အပြစ်ဒဏ်ကျခံရမည်ကို တတ်နိုင်သမျှ အချိန်ဆွဲထားရန်သာ ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်က ဥမင်အတွင်းသို့ဝင်ရန် သဘောတူ
လိုက်သည်နှင့် သူသည် ပျော်ရွှင်စွာဖြင့် ကဆုန်ပေါက်ကာ ဥမင်
အတွင်းသို့ ဝင်သွားလေတော့သည်။
ဥမင်အတွင်းသို့ ဝင်လိုက်သည်နှင့်ဝိညာဉ်စွမ်းအား အခိုးအငွေ့
များသည် နွားရိုင်းကြီး၏ နှာခေါင်းကို လာရောက် တိုးဝှေ့
သည့်အတွက် တစ်ချက် နှာချေလိုက်မိလေသည်။
သူတို့ဝင်သွားသည် နတ်ဘုံနတ်နန်းသည် အလွန်ကြီးမားလွန်း
ခြင်း မရှိပါ။ ဧရိယာ မိုင် (၁၀၀၀) ပတ်လည်ပင် မရှိပေ။ အထဲ
တွင် အများဆုံး လူဦးရေတစ်သန်းခန့်သာ နေနိုင်လေသည်။
ဥမင်ထဲတွင် ဝိညာဉ်စွမ်းအားများ မတည်မငြိမ်ဖြစ်နေပြီး
ကျင့်ကြံသူများသာ ရှိလျှင် ကျင့်စဉ်လမ်းအဆင့်တက်လှမ်း
နိုင်ရန် အချိန်ကြာမြင့်မည် ဖြစ်လေသည်။
နွားရိုင်းကြီးက...

"သခင်လေး... ဒီနေရာမှာဝိညာဉ်စွမ်းအားတွေက ခြောက်သွေ့နေတယ်၊ အသူရာချောက်နဲ့ လာပြီးပေါင်းမိတာ ဒီနေရာအတွက် ကံကောင်းတာပဲ"

ဆန်းလျန်က...

"ဆက်သွားပြီး ကြည့်ရအောင်..."

ဥမင်အတိုင်းဝင်လာပြီးသည့်နောက် အရှေ့ဆီတွင် တောင်ကတုံးတစ်ခုကို တွေ့လိုက်ရလေသည်။ တောင်မှာ နှင်းများဖြင့် ဖုံးလွှမ်းနေလေသည်။

နတ်ဘုံနတ်နန်းလောကငယ်ထဲတွင် အတော်အတန် မြင့်မားသည့်တောင်ဟု သတ်မှတ်နိုင်လေသည်။

ထိုတောင်ဆီမှ တန်ခိုးစွမ်းအားလှိုင်းလုံးများထွက်ပေါ်နေပြီး သန့်စင်သည့်အသက်ဓာတ်စွမ်းအားများလည်း ပြည့်ဝနေသည်ကို ဆန်းလျန် ခံစားလိုက်ရလေသည်။

စောစောကကြုံတွေ့ခဲ့ရသည့် အသက်ဓာတ်စွမ်းအားများ ခြောက်သွေ့နေသည့် ဥမင်နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်လေသည်။

နွားရိုင်းကြီးသည် လေထဲတွင် သွားနေရင်း တောင်ပေါ်သို့ ဆင်းသက်လိုက်လေသည်။

နွားရိုင်းကြီးသည် ဥက္ကာပျံတစ်စင်းအလား ပြင်းထန်သည့် အရှိန်အဟုန်ဖြင့် တောင်ပေါ်သို့ ဆင်းသက်လိုက်ခြင်း ဖြစ်သော်လည်း ဆင်းသက်လိုက်သည့်အရှိန်ကြောင့် တောင်ပေါ်တွင် ဖုံးလွှမ်းနေသည့်နှင်းများ တစ်ချက်ပင် ပုံပျက်သွားခြင်းမရှိပေ။

ဆန်းလျန်သည် နွားရိုင်းကြီး၏ စွမ်အားထိန်းချုပ်နိုင်စွမ်းကို ကြိတ်ပြီး ချီးကျူးလိုက်မိလေသည်။ နွားရိုင်းကြီးသည် အရည်အချင်းရှိသူတစ်ယောက်ဖြစ်ပြီး အထင်ကြီးလောက်စရာ နတ်မိစ္ဆာတစ်ပါးပင် ဖြစ်လေသည်။

ထို့နောက်... နွားရိုင်းကြီးသည် တောင်ပေါ်လမ်းလေးအတိုင်း ရှေ့သို့ ဆက်သွားလိုက်လေသည်။

နွားရိုင်းကြီးက...

"သခင်လေး... ဒီတောင်က ဝိညာဉ်စွမ်းအားတွေနဲ့ ဒီလောက်ပြည့်ဝနေတာ ၊ ဒါပေမယ့် ဘာမှလည်း မတွေ့ရဘူး ၊ အနည်းဆုံးတော့ ဝိညာဉ်စွမ်းအားပြည့်ဝတဲ့ ဆေးပင်တွေရှိနေသင့်တယ် မဟုတ်လား"

ဆန်းလျန်က...

"တစ်စုံတစ်ယောက်က တန်ခိုးစွမ်းအားအသုံးပြုပြီး ဒီတောင်ကို ဖန်ဆင်းထားတာ ၊ ဒါကြောင့် ဝိညာဉ်စွမ်းအား တွေက အလိုလိုပြည့်ဝနေတာပဲ ၊ အရမ်းကိုလက်ရာမြောက်တဲ့ဖန်ဆင်းမှုပါပဲ”

အခန်း (၇၀၁) ချိစုန်းကျီ

ထိုတောင်ကိုဖန်ဆင်းထားခြင်းကို ဆန်းလျန်က "လက်ရာမြောက်သည်" ဟု ချီးကျူးလိုက်ခြင်းမှာ အမှန်တကယ် လည်းထူးခြားလွန်းသောကြောင့် ဖြစ်လေသည်။

နွားရိုင်းကြီးက တောင်ပေါ်တွင် ခမ်းနားစွာဖြင့် ရပ်တန့်လိုက်ပြီး...

"ဒီတောင်ကိုဖန်ဆင်းထားတဲ့တန်ခိုးစွမ်းအားက ဘယ်လောက်ပဲထူးခြားပါစေ ၊ ကျုပ်ကတော့ ဒီတောင်ကို မြေလှန်ပစ်နိုင်တယ်"

နွားရိုင်းနတ်မိစ္ဆာကြီး၏ တန်ခိုးစွမ်းအားများသည်

ထောင်ပေါင်းများစွာသော တန်ခိုးစွမ်းအားများကို ဖျက်စီးပစ်

နိုင်စွမ်း ရှိလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒီကိစ္စထားလိုက်တော့ ၊ ဒီလို မြင့်မားတဲ့တန်ခိုးစွမ်းအားတွေ

ကို ဖျက်စီးပစ်မယ်ဆိုရင် မင်းရဲ့ တန်ခိုးစွမ်းအားတွေ အလဟ

သဖြုန်းတီးရာရောက်လိမ့်မယ် ၊ ရှေ့ဆက်ပြီးသာ အာရုံစိုက်ပြီး

သွားစမ်းပါ"

တာအိုဆရာလူငယ်လေးသည် နွားရိုင်းကြီး၏ကျောထက်တွင်

စီးကာ အေးအေးဆေးဆေးပင် ခရီးဆက်နေလေ သည်။

အရှေ့ဘက် ပေ (၂၀၀)ခန့် ဆက်သွားမိသည့်အခါတွင်တော့

မြင်ကွင်းများက ပြောင်းလဲသွားလေသည်။ အရှေ့ဆီတွင်

အလွန်နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီးတစ်ခုကို တွေ့လိုက်

ရလေသည်။ နွားရိုင်းကြီးကတော့ စိတ်ပူပုဟန်မရှိပါ။ သူသည်

လေထဲတွင် လမ်းလျှောက်သွားပြီး ချောက်ကမ်းပါးကြီးကို

ဖြတ်ကျော်သွားလေသည်။

ချောက်ကမ်းပါးကြီးကို ကျော်လွန်သွားသည်နှင့် ရှုမျှော်ခင်း

များက အကြီးအကျယ် ပြောင်းလဲသွားလေသည်။

လင်ဇီးမှိုများ ၊ နတ်မြက်များပေါက်ရောက်နေပြီး စမ်းချောင်း

လေးများစီးဆင်းနေသည့် အလွန်ထူးဆန်းလှပသည့် နတ်ဘုံ

နတ်နန်းအလား နေရာတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ပတ်ဝန်းကျင်အာရုံလွှဲပြောင်းခြင်းကို ဆန်းလျန်မည်သို့ပြုလုပ်

လိုက်သည်ကို နွားရိုင်းကြီး မသိလိုက်ပါ။

ချောက်ကမ်းပါးကြီးကို ပုံမှန်အတိုင်းကျော်ဖြတ်သွားရုံနှင့်

သာယာလှပလွန်းသည့်နေရာသို့ ရောက်ရှိလာရန်မှာ မည်သို့မှ မ

ဖြစ်နိုင်ပေ။ ဆန်းလျန်သည် နတ်ဘုံနတ်နန်းလောကငယ်၏

ဆိုးညစ်သည့်နေရာဒေသများကို တန်ခိုးစွမ်းအားဖြင့် ကျော်

ဖြတ်လိုက်သည့်အတွက်သာ ဤနေရာသို့ တန်းရောက်လာခြင်း ဖြစ်လေသည်။

သာယာလှပသည့်နတ်ဘုံနတ်နန်းအတွင်းပိုင်းသည် ဝိညာဉ် စွမ်းအားများ ခြောက်သွေ့နေသည့် အပြင်ပိုင်းနှင့် စည်းခြား ထားလေသည်။ ထိုစည်းသည် ခိုင်မာပြီး နေရာ (၂)ခုကို သမံ ကာလျှံကာ ပိုင်းခြားထားသည့် စည်းမျိုး မဟုတ်ပေ။

နွားရိုင်းကြီးက စိတ်ရှုတ်ထွေးစွာဖြင့် မေးခွန်းထုတ်လိုက်လေ သည်။

"သခင်လေး... အဲဒီစည်းကို ဘယ်လိုလုပ် ချိုးဖျက်ခဲ့တာလဲ"

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်ပင်...

"ပကတိဖန်ဆင်းခြင်းပညာလေ ၊ သဲလွန်စမကျန်အောင် သွား နိုင်လာနိုင်တယ်"

ဆန်းလျန်၏ အဖြေစကားကိုကြားလိုက်ရသည်နှင့် နွားရိုင်း ကြီး၏စိတ်မှာ တုန်လှုပ်သွားလေသည်။ ဆန်းလျန်သည်

မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်တစ်ခုဖြစ်သည့် ပကတိ ဖန်ဆင်းခြင်းပညာကို ကျင့်ကြံထားလိမ့်မည်ဟု သူမျှော်လင့် မထားခဲ့ပါ။

ထို့ပြင် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်သည် ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်နှင့် ဆက်စပ်နေလေသည်။ မိုနှင့်မြေ ခွဲထွက်သွားသည့်အချိန်တွင် ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်တွင် မာန်နတ်မွေးဖွားလာခဲ့လေသည်။ မာန်နတ်သည် ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်ကို အုပ်ချုပ်သူလည်း ဖြစ်လေသည်။

ယခင်က မာန်နတ်သည် ဗုဒ္ဓကို ဒုက္ခပေးခဲ့ဖူးသူ ဖြစ်လေသည်။ သို့သော်... ဗုဒ္ဓတရားအလင်းရသွားပြီးသည့် နောက်ပိုင်း တွင် မာန်နတ်ကို နှိမ်နင်းခဲ့လေသည်။

ထို့ပြင် မာန်နတ်ဆိုသည်မှာ တန်ခိုးစွမ်းအားကြီးသည့် နတ်မင်းတစ်ပါး ဖြစ်ရုံသာမက ကျင့်ကြံခြင်း အဆင့်တစ်ခုလည်း ဖြစ်လေသည်။

ပြောကြသည့်စကားများအရဆိုလျှင်တော့ လူတစ်ယောက်သည် မာန်နတ်အဆင့်ထိရောက်အောင် ကျင့်ကြံသွားနိုင် လျှင် လူအများကို ဖုံမှုန့်များအလား ရှုမြင်ပြီး စကြာဝဠာကို နှလုံးသားတစ်ခုဟု ရှုမြင်ပေလိမ့်မည်။

မာန်နတ်အဆင့်သို့ရောက်ရှိအောင် ကျင့်ကြံနိုင်မည်ဆိုလျှင် ဗုဒ္ဓနှင့် တာအိုဆရာသခင်ကြီးလောက် တန်ခိုးစွမ်းအား အဆင့်မမြင့်သည့်တိုင် ကျင့်စဉ်လမ်း အဆုံးသတ်ပြီဟုလည်း ဆိုနိုင်လေသည်။

သို့သော်… မာန်နတ်တစ်ပါးဖြစ်လာရန် ကျင့်ကြံခြင်းက ရှုတ်ထွေးပြီး အောင်မြင်သူလည်း ရှားပါးလေသည်။ နားလည်ရခက်သည့် ကျင့်ကြံခြင်းအဆင့်လည်း ဖြစ်လေသည်။

သို့သော်… မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်တွင်တော့ နွားရိုင်းကြီး ကြောက်ရွံ့သည့် တန်ခိုးစွမ်းအားတစ်ခု ပါဝင်လေသည်။

ထိုတန်ခိုးစွမ်းအားမှာ လူတစ်ယောက်၏ နှလုံးသားကို

ထိန်းချုပ်ခြင်းပင် ဖြစ်လေသည်။

ထိုအချက်ကို စဉ်းစားလိုက်မိသည့်အခါတွင်တော့ ဆန်းလျန်

သည် နတ်ဘုရားများ ၊ နတ်မိစ္ဆာများ၏ နှလုံးသားကို သူသာ

တကယ်တမ်းဆန္ဒရှိလျှင် ထိန်းချုပ်ထားနိုင်စွမ်းရှိသည်ကို

သဘောပေါက်လိုက်မိလေသည်။ သို့သော်… ဆန်းလျန်က

ထိုသို့ပြုလုပ်မည့်သူတစ်ယောက် မဟုတ်ပါ။

ထို့ပြင် ဆန်းလျန်သည် နတ်ဘုရားများ ၊ နတ်မိစ္ဆာများ၏

အတွေးအကြံများကိုလည်းသိရှိနေနိုင်လေသည်။

လောလောဆယ်အချိန်တွင် သူ့အနေဖြင့် ဆန်းလျန်အပေါ်

မဟုတ်မဟပ် ဒုက္ခပေးမည့်အတွေးများ မတွေးမိသည်မှာ

ကံကောင်းသည်ဟု နွှားရိုင်းကြီးက တွေးနေမိလေသည်။

ဆန်းလျန်သည် နွှားရိုင်းကြီး၏အတွေးများကို ရိပ်မိနေ

သော်လည်း အရေးမစိုက်တော့ပါ။

အဘယ်ကြောင့်ဆိုသော် အရှေ့ဆီတွင် နတ်ဗိမာန်တစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ဦးခေါင်းထက်တွင် ကြက်အမောက်ကဲ့သို့ အမောက်တစ်ခုရှိသည့် မိန်းကလေးတစ်ယောက် နန်းတော်ထဲမှ ထွက်လာ လေသည်။ သူ၏ဘေးတွင် အလွန်ယဉ်ပါးဟန်ရှိသည့် ကြက်ဖကြီးတစ်ကောင် ပါလာလေသည်။ ထိုကြက်ဖကြီး၏ ပုံသဏ္ဍာန်မှာ ဇာမဏီငှက်တစ်ကောင်အလား လှပလွန်းလှလေသည်။

မိန်းကလေးမှာတော့ သာမန်ရွက်ကြမ်းရေကျိုမျှသော ရုပ်ရည်သာ ရှိလေသည်။ သာမန်လူ့လောကတွင်ပင် ထိုသို့သော ရုပ်ရည်မျိုးကို အလွယ်တကူ ရှာတွေ့နိုင်လေသည်။

သို့သော်... သူမ ချောမောလှပခြင်း မရှိသည့်တိုင် ကျက်သရေနှင့် ပြည့်စုံလေသည်။ ဆန်းလျှန်သည် မိန်းကလေးပေါင်းများစွာနှင့် တွေ့ဆုံဖူးသည့်တိုင် ထိုမျှ ကျက်သရေရှိသည့် မိန်းကလေးမျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးပေ။

သူမ၏ မျက်ဝန်းများက စကားပြောနေသကဲ့သို့ ဖြစ်လေ

သည်။

သူမ၏ မျက်ဝန်းများကို ကြည့်လိုက်သည်နှင့် သူမ ပြောနေ

သည့်စကားကို ဆန်းလျန် နားလည်လိုက်လေသည်။

"ရှင်ဘယ်သူလဲ..."

ဆန်းလျန်က သူမကို ခြေအဆုံးခေါင်းအဆုံး အတန်ကြာ

အောင် အကဲခတ်နေခဲ့လေသည်။

ဆန်းလျန်၏အကြည့်ကြောင့် မိန်းကလေးက ရှက်သွားခြင်း

မျိုး မရှိပါ။ သို့သော်... သူမကလည်း ဆန်းလျန်ကို ပြန်ပြီး

အကဲခတ်နေခဲ့လေသည်။

အချိန်အတန်ကြာအောင် သူတို့ (၂)ယောက် စကားမပြောဖြစ်

ကြဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်နေခဲ့ကြ လေသည်။

နွားရိုင်းကြီးက ရုတ်တရက် အော်မြည်လိုက်လေသည်။

မိန်းကလေးကနွားရိုင်းကြီးရှိရာသို့ အေးအေးဆေးဆေးပင် လမ်းလျှောက်လာပြီး ခေါင်းကို ရိုက်လိုက်လေသည်။ နွားရိုင်းကြီးမှာ တန်ခိုးစွမ်းအားမြင့်မားသည့်တိုင် အမျိုးသမီး၏ ရိုက်ချက်ကို ရှောင်တိမ်းလိုက်နိုင်ခြင်း မရှိခဲ့ပေ။ အံ့သြစရာကောင်းလှလေသည်။

"နွားလေး... လျှောက်အော်မနေနဲ့၊ ငါ့ ဆရာအိပ်နေတယ်"

သူမ၏ အသံမှာ ရှေးဟောင်းတရုတ်ခေါင်းလောင်းသံလေးအလား သာယာပြီး သဘာဝကျလွန်းလေသည်။

နွားရိုင်းနတ်မိစ္ဆာကြီးမှာ မိန်းကလေးကို ချက်ချင်းပင် ကြောက်ရွံ့သွားမိလေသည်။ သူ၏ခေါင်းကိုရိုက်လိုက်သည့် မိန်းကလေး၏ လက်မှာ ပူနွေးနေပြီး သူ့ကို ပြာချပစ်နိုင်လောက်လေသည်။

ဆန်းလျှန်က နွားရိုင်းကြီးအပေါ်မှဆင်းလိုက်ပြီး တစ်ချက်ပြုံးလိုက်ရင်း...

"ဒီ နွားရိုင်းကြီးကို စီးလာတဲ့တာအိုဆရာက မလေးမစားပြုမိတာရှိရင် ခွင့်လွှတ်ပါ၊ နတ်သမီးကို နှောက်ယှက်လိုတဲ့ ဆန္ဒမရှိပါဘူး"

မိန်းကလေးက သာယာသည့်လေသံဖြင့်...

"ရှင်ကတော့ ယဉ်ကျေးသားပဲ၊ ကျွန်မဆရာ အိပ်ယာကနိုးလာတဲ့အခါကျရင် နန်းတော်ထဲဝင်ပြီး ရေလေးတစ်ခွက် လောက်သောက်ရဖို့ ပြောပေးပါ့မယ်"

ထိုအချိန်မှာပင် နန်းတော်ထဲမှ အသံတစ်သံထွက်ပေါ်လာလေသည်။

"တပည့်လေး... ဆန်းကျန်းရန်နတ်ဘုရားကို အထဲဝင်လာခိုင်းလိုက်..."

ထိုအသံကြောင့် ဆန်းလျန်မှာ အံ့သြသွားရလေသည်။ နန်းတော်ထဲမှလူသည် သူ့ကိုသိနေမည်ဟု ထင်မထားခဲ့မိပေ။ မိန်းမပျိုက...

"ဆရာက ဖိတ်ခေါ်မှတော့ ကျွန်မနဲ့လိုက်ခဲ့ပါ တာအိုဆရာ..."

ဆန်းလျန်က နွားရိုင်းကြီးကို လက်ညိုးတစ်ချက်ညွှန်ပြလိုက်ပြီး...

"ကျုပ်ရဲ့စီးတော်အတွက်လည်း နတ်သမီးကပဲ သင့်တော်တဲ့ နေရာတစ်ခုလောက် စီစဉ်ပေးစေလိုပါတယ်"

သူမက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ယွိအယ်... နွားလေးကို ဥယျာဉ်ထဲမှာ မြက်ကျွေးထားလိုက်..."

ဇာမဏီငှက်ကဲ့သို့ လှပလွန်းသည့် ကြက်ဖကြီးက နွားရိုင်းကြီးကို မော့ကြည့်လိုက်လေသည်။

ထို့နောက် အတောင်များကို တဖျတ်ဖျတ်ခတ်လိုက်ပြီး နွားကြီး၏ ဦးခေါင်းထက်သို့ ခုန်တက်လိုက်ကာ နွားရိုင်းကြီး ကို အဝေးဆီသို့ ထိုးသုတ်ခေါ်ဆောင်သွားလေတော့သည်။

မိန်းမပျိုမှာ တန်ခိုးစွမ်းအားမြင့်မားသည့်အတွက် နွားရိုင်းကြီး

သည် မိန်းမပျိုကို ကြောက်ရွံ့နေသည်ကို ဆန်းလျန် ရိပ်မိထား

လေသည်။ သို့သော်... ကြက်ဖကြီးမှာ ထိုမျှလောက် တန်ခိုး

စွမ်းအားမြင့်မားမည်ဟု ဆန်းလျန် ထင်မထားခဲ့မိပေ။

ဆန်းလျန်က...

"ဒီ ကြက်ဖကြီးက တကယ်ထူးခြားတာပဲ ၊ သူ့ရဲ့ ဇာစ်မြစ်က

ဘာများပါလဲ"

မိန်းမပျိုက....

"ယခွိအယ်က မိုးကောင်းကင်ခုံရုံးက မောင်းရိကြယ်နတ်မင်းပဲ ၊

မိုးကောင်းကင်ခုံရုံးပျက်စီးသွားတော့ သူက ဒီကို ရောက်လာ

တာ..."

မောင်းရိကြယ်နတ်မင်းသည် မိုးကောင်းကင်ခုံရုံးတွင် မသေနိုင်

သော နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ ထိုက်ယီထျန်းရှန်း

အဆင့်ထက် အနည်းငယ်မျှသာ အဆင့်နိမ့်နိုင်လေသည်။ ထိုမျှ

တန်ခိုးစွမ်းအားကြီးမားသော မိုးကောင်းကင်ခုံရုံးမှ မောင်းရိ ကြယ်နတ်မင်းသည် ဤနေရာတွင် ကြက်တစ်ကောင် လာဖြစ် နေသည်မှာ အံ့သြစရာ ကောင်းလှလေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် မိန်းမပျို၏ ဆရာဆိုသူသည် နှယ်နှယ်ရရတော့ ဟုတ်ဟန်မတူပေ။ ထို့ပြင်... ထိုသူသည် မည်သူဖြစ်သည်ကို ဆန်းလျန် ခန့်မှန်းနိုင်ခြင်း မရှိပေ။ ကြည့်ရ သည်မှာ ထိုလူထူးလူဆန်းသည် ရှေးဟောင်းနတ်ဘုရားတစ်ပါး ဖြစ်ပုံရလေသည်။

ထိုရှေးဟောင်းနတ်ဘုရားသည် ဆန်းလျန်နှင့် တိုက်ခိုက်လိုမည် ဆိုလျှင်တော့ တိုက်ပွဲတစ်ပွဲ ဆင်နွှဲရပေဦးတော့ မည်ဟု ဆန်း လျန် တွေးလိုက်မိလေသည်။

ထိုသို့တွေးလိုက်မိသည့်တိုင် ဆန်းလျန်သည် အလွန်အမင်း တုန်လှုပ်သွားခြင်းတော့ မဖြစ်မိပေ။

မိန်းမပျိုက ဆန်းလျန်ကို နတ်ဗိမာန်အတွင်းသို့ လမ်းပြခေါ်ဆောင်သွားလေသည်။

နတ်ဗိမာန်အတွင်းတွင် နွေးထွေးသည့် ကျောက်စိမ်းအခိုးအငွေ့များ ပျံ့လွင့်နေလေသည်။ နတ်ဗိမာန်သည် ထူးဆန်းပြီး ကျောက်စိမ်းများဖြင့် သဘာဝအတိုင်း ဖြစ်တည်နေသည့် နေရာတစ်ခု ဖြစ်လေသည်။ အထူးပြုပြင် တည်ဆောက်ထားသည့် နေရာတစ်ခု မဟုတ်ပေ။

ထိုသို့သော နတ်ဗိမာန်မျိုးကို တည်ဆောက်မည်ဆိုလျှင်လည်း လူအင်အားများစွာကို အသုံးပြုမှသာ တည်ဆောက် နိုင်မည် ဖြစ်လေသည်။

ကျင့်ကြံခြင်းအကြောင်း တစ်လုံးတစ်ပါဒမှမသိသည့် လူတစ်ယောက်သည်ပင် ဤခန်းမဆောင်အတွင်းမှ ကျောက်စိမ်းအငွေ့များကို နေ့စဉ်ရှူရှိုက်မည်ဆိုလျှင် နှစ်ပေါင်း တစ်ထောင်တော့ အနည်းလေး အသက်ရှည်နိုင်လေ သည်။

သတိမထားမိခင်မှာပင် ဆန်းလျန်ကို ကြိုဆိုနေသည့် တာအို ဆရာတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဆန်းလျန် နှလုံးသားထဲတွင် လေနှင့်မိုးများ ပြင်းထန်လာပြီး သေခြင်းရှင်ခြင်း တိမ်တိုက်များသည် လွင့်မျောလာ သလို အထီးကျန်ဆန်ခြင်း ပန်းပွင့်များသည်လည်း ပွင့်လန်းလာလေ သည်။

ဆန်းလျန်သည် သူ၏ မူလဝိညာဉ်ခန္ဓာကို ချက်ချင်းပင် သန့်စင်ပစ်လိုက်ပြီး သူ့နှလုံးသားထဲမှအရာအားလုံးကို မီးစ တစ်ခုဖြင့်လောင်ကျွမ်းစေလိုက်လေသည်။ ထို့နောက် စိတ်ကို ကြည်လင်အောင် ထားလိုက်လေသည်။

တာအိုဆရာက ပြုံးလိုက်ရင်း...

"ဆန်းကျန်းရန်နတ်ဘုရား ရောက်လာမယ်ဆိုတာ မသိလို့ ထွက် မကြိုမိဘူး ၊ တပည့်လေး... အရက်ကောင်းပြင်စမ်း ၊ ဆန်း ကျန်းရန်နတ်ဘုရားကို ဧည့်ခံရအောင်"

သူကပြောရင်း ဆန်းလျှန်အနားသို့ လျှောက်လာကာ လက်များကို ဆုပ်ကိုင်လိုက်လေသည်။

ထိုသို့ ဆန်းလျှန်၏ လက်များကို ဆုပ်ကိုင်လိုက်ခြင်းသည် ထူးဆန်းသည့် တန်ခိုးစွမ်းအားကို ပြသလိုက်ခြင်း ဖြစ်လေသည်။ ချက်ချင်းပင် ဆန်းလျှန်ကိုယ်တွင်းသို့ လေနှင့်မိုးများ တိုက်ခတ်ဝင်ရောက်သွားသလို ခံစားလိုက်ရ လေသည်။

ထိုသူထံမှ စွမ်းအားများသည် ဆန်းလျှန် ကျင့်ကြံထားသည့် လေနှင့်မိုးကိုဆင့်ခေါ်ခြင်း တန်ခိုးစွမ်းအားနှင့် ဆင်တူ လေသည်။

သို့သော်... ထိုတာအိုဆရာထံမှ တန်ခိုးစွမ်းအားများသည် လေနှင့်မိုးကိုဆင့်ခေါ်ခြင်းကျင့်စဉ်ထက် အဆထောင် ပေါင်းများစွာ မြင့်မားလေသည်။

ဆန်းလျန်က ထိုတာအိုဆရာ၏တန်ခိုးစွမ်းအားများကို မသိ ကျိုးကျွံပြုရင်း နတ်ဗိမာန်အတွင်းသို့ လှမ်းဝင်လိုက်လေ သည်။

တာအိုဆရာသည် ဆန်းလျန်က စကြာဝဠာတစ်ခွင် လွတ်လပ်စွာ သွားလာနိုင်သည့် ပကတိဖန်ဆင်းခြင်းပညာကို အသုံးပြုနိုင်ခြင်းအား သိရှိထားသည့်အတွက် စိတ်ထဲတွင် အနည်းငယ်တုန်လှုပ်နေလေသည်။

သူတို့ (၂)ယောက်သည် နတ်ဗိမာန်ထဲတွင် မျက်နှာချင်းဆိုင်ထိုင်လိုက်ကြလေသည်။

ဆန်းလျန်က...

"ဒီက မိတ်ဆွေက ဘယ်သူများလဲ သိပါရစေ..."

တာအိုဆရာက ဝမ်းမြောက်ဝမ်းသာလေသံဖြင့်...

"ကျုပ်နာမည် ချိစုန်းကျီလို့ ခေါ်ပါတယ်၊ မိုးနတ်မင်းခေတ်တုန်းက ကျင့်ကြံသူတစ်ယောက်ပါ၊ ကျုပ်တပည့်ကတော့ ရှန်

နန်းအနွယ်တော်တစ်ယောက်ပေါ့၊ အခုတော့ ကျုပ်ဆီမှာ ပညာသင်နေတာပေါ့"

ဆန်းလျန်မှာ အလွန်ပင် အံ့အားသင့်သွားရလေသည်။ ချိစုန်းကျီဆိုသည့် အမည်ကို အရင်ကလည်း ကြားဖူးထားခဲ့ပါသည်။ ချိစုန်းကျီဆိုသည်က ကျော်ကြားသည့် နတ်ဘုရားတစ်ပါးဖြစ်ပြီး ဒေဝေါနတ်မင်းကြီးဟု နာမည်ကြီးသူဖြစ်လေသည်။

သူသည် အလွန်လျှို့ဝှက်နက်နဲသော တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ပြီး လောကတစ်ခုလုံးတွင် မိုးရွာသွန်းခြင်းကို ထိန်းချုပ်ထားသည့် နတ်ဘုရားဖြစ်လေသည်။ သူသည် တာ့လော်အဆင့် မရောက်သေးသည့်တိုင် ထိုက်ယီထျန်းရှန်းအဆင့်၏ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"လက်စသတ်တော့ ဆရာကြီး ချိစုန်းကျီကိုး ၊ ဒါနဲ့… ဆရာကြီး လိုပုဂ္ဂိုလ်မျိုးက ကျုပ်ကို ဘယ်လိုလုပ်သိနေရတာလဲ"

အခန်း (၇၀၂) ဗောဓိပင်အောက်မှ ရှုပနတ်ဘုရားမင်းကြီး

ချိစုန်းကျီသည် ရှေးဟောင်းနတ်ဘုရားတစ်ပါးဖြစ်သည့်အလျောက် ကြိုတင်ခန့်မှန်းနိုင်စွမ်းလည်း မြင့်မားလေသည်။ ထို့ကြောင့် ဆန်းလျန်အကြောင်းကို သိရှိနေသည်မှာ အံ့သြစရာတော့ မဟုတ်ပေ။

သို့သော်... ဆန်းလျန်က ချိစုန်းကျီသည် သူ့အကြောင်းကို ခန့်မှန်းသိရှိနေခြင်းမဟုတ်ဘဲ အခြားအကြောင်းတစ်ခု ကြောင့် သူ့ကို သိရှိနေခြင်းဖြစ်သည်ဟု ရိပ်မိလိုက်သည့်အတွက် "ဆရာကြီးလိုပုဂ္ဂိုလ်မျိုးက ကျုပ်ကို ဘယ်လိုလုပ်သိနေရတာ လဲ" ဆိုသည့်မေးခွန်းကို မေးလိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ထိုကိစ္စနှင့်ပတ်သက်ပြီး သေချာနေခဲ့လေ သည်။ အဘယ်ကြောင့်ဆိုသော် သူသည်လည်း ခေသူမှ မဟုတ်ဘဲလေ။

နတ်ဘုရားတစ်ပါးဖြစ်လာပြီဆိုလျှင် ခန့်မှန်းရုံဖြင့် အချို့သော အကြောင်းအရာများကို ကောက်ချက်ချ နိုင်လေသည်။ ထိုသို့ ခန့်မှန်းနိုင်ခြင်းမှာ ခက်ခဲခြင်းမရှိသော်လည်း လျစ်လျူရှု၍တော့ မရနိုင်အောင် အရေးပါလေသည်။

အကယ်၍ အဆင့်အတန်းတူညီသည့် နတ်ဘုရားတစ်ပါးသည်

အခြားနတ်ဘုရားတစ်ပါးကို ကြိုတင်ခန့်မှန်းကြည့် နေလျှင်

ခန့်မှန်းခံရသည့်နတ်ဘုရားသည် သိရှိမည်ပဲ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် ထိုသို့ သိရှိခဲ့ခြင်း မရှိပေ။

ထို့ကြောင့် ချိစုန်းကျီ သူ့ကို သိနေရခြင်းမှာ ခန့်မှန်းခြင်းဖြင့်

မဟုတ်ဘဲ တခြားနည်းလမ်းဖြင့် သိနေခြင်းဖြစ်သည်ဟု

တပ်အပ်ပြောနိုင်ခြင်း ဖြစ်လေသည်။

ဆန်းလျန်ဆိုလျှင် ယိလမ်းစဉ်နှင့် စန့်ချင်တာအိုဆရာသခင်၏

စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းကျင့်စဉ် (၂)ခုပေါင်းစပ်ပြီး

တာ့လော်အဆင့် နတ်ဘုရားတစ်ပါးကိုပင် ခန့်မှန်းကြည့်နိုင်လေ

သည်။

သို့သော်... အခြားသူများအတွက်ဆိုလျှင်တော့ ဆန်းလျန်

ကဲ့သို့ စွမ်းရည်များကို ရရှိရန်မှာ ခက်ခဲပေလိမ့်မည်။

ချိစုန်းကျီက ပြုံးလိုက်ရင်း...

"ကျုပ်က ဆန်းကျန်းရန်နတ်ဘုရားကို ဘာလို့သိနေရသလဲဆို

တော့ ကျုပ်တို့က ကံကြမ္မာတစ်ခုတည်းမို့လို့ပဲ"

ဆန်းလျန်က...

"အဲဒါ ဘာအဓိပ္ပါယ်လဲ"

ချိစုန်းကျိဳက...

"အင်း... အချို့သူတွေက ကျုပ်ကို ထိုက်ရှီးကျန်းရန်လို့လည်း

ခေါ်ကြတယ်ဆိုတာ ဆန်းကျန်းရန်နတ်ဘုရား သိတယ်မဟုတ်

လား"

ဆန်းလျန်၏ခေါင်းထဲသို့ အကြောင်းအရာပေါင်းများစွာ ဝင်

ရောက်လာပြီး နောက်ဆုံးတွင်တော့ အကြောင်းအရာ တစ်ခု

ပေါ်လာလေသည်။

ဆန်းလျန်က...

"သိတာပေါ့ဗျာ ၊ ကျုပ်ကျင့်ကြံခဲ့တဲ့ ထိုက်ရှီးနည်းဗျူဟာ

ကျင့်စဉ်က ခင်ဗျားနဲ့ ဆက်စပ်နေတာလား"

ချိစုန်းကျီက ပြုံးလိုက်ရင်း...

"ဆက်စပ်မှုရှိတယ်လို့ ပြောလို့ရတယ်၊ ဘာလို့လဲဆိုတော့ တာအိုဆရာလီချင်းဆွေဟာ အစစ်ဆေးခံရမှုတစ်ခု ကြောင့်လူပြန်ဝင်စားခဲ့တဲ့အချိန်တုန်းက ဒီကျောက်စိမ်းဗိမာန်မှာ ကျုပ်နဲ့တစ်ခါ ဆုံခဲ့ဖူးတယ်"

နတ်ဗိမာန်တစ်ခုလုံးမှာ ကျောက်စိမ်းများနှင့်တည်ဆောက်ထားသည့်အတွက် ဤနေရာကို ကျောက်စိမ်းဗိမာန်ဟု ခေါ်သည်ကို ဆန်းလျန် အံ့ဩမနေတော့ပါ။

ကျောက်စိမ်းဆိုသည်မှာ အဆင့်လွန်နတ်ဘုရားတစ်ပါးကို ကိုယ်စားပြုနိုင်လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ချိစုန်းကျီသည် လောက၏ မူလဖြစ်တည်မှုတရားများကိုပင် သိမြင်နေနိုင်ပြီဟု ဆိုလိုခြင်း ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဆရာဘွားဘွားလီချင်းဆွေက ဆရာကြီးဆီက တာအိုကျင့်စဉ်ကို သင်ယူခဲ့တာကိုး ၊ ဆရာကြီး အသေးစိတ်များ ပြောပြပေးလို့ရမလား"

ချိစုန်းကျီ၏ အကြည့်က ဆန်းလျန်ဆီသို့ ကျရောက်လာလေသည်။

သူ၏ မျက်ဝန်းများသည် လျှပ်စီးများလက်နေသကဲ့သို့ တလက်လက်တောက်ပနေလေ၏။ သူ၏မျက်ဝန်းများထဲတွင် ဗလာနယ်အတွင်းမျ စွမ်းအားများဖြင့် ပြည့်နေသည်ဟု ဆိုနိုင်လေသည်။ ကြီးမြတ်သော သူတော်စင်များနှင့် ပညာရှိများတွင်သာ ထိုကဲ့သို့ သောထူးခြားသည့်လက္ခဏာများ ရှိကြလေသည်။

ချိစုန်းကျီက...

"သူမေးတဲ့မေးခွန်းတွေတောင် ကျုပ်မေ့ကုန်ပြီ ၊ ဒါပေမယ့် စကားနည်းနည်းပါးပါးကိုတော့ မှတ်မိသေးတယ် ၊ မင်း နားထောင်ချင်သလား"

ဆန်းလျန်က...

"ကျေးဇူးပြုပြီးပြောပြပေးပါ"

ချိစုန်းကျီက...

"ဒီလောကမှာ အသက်ဓာတ်ကိုဖြစ်စေတဲ့ ယင်စွမ်းအားနဲ့ ယန်စွမ်းအားဆိုပြီးတော့ ရှိတယ် ၊ မိုးကောင်းကင်က မြင့်မြတ်တယ် ၊ ဒါပေမယ့် သူ့ရဲ့လုပ်ဆောင်ချက်တွေကို မြေပြင်မှာ တွေ့မြင်နိုင်တယ် ၊ မြေကြီးက ယုတ်ညံ့တယ် ဒါပေမယ့်သူ့ရဲ့ လုပ်ဆောင်ချက်တွေကို ကောင်းကင်မှာ မြင်တွေ့နိုင်တယ် ၊ ကောင်းကင်က စကားမပြောပေမယ့် ရာသီဥတု (၄)မျိုး ပြောင်းလဲပေးတယ် ၊ ကမ္ဘာမြေကြီးက စကားမပြောပေမယ့် သက်ရှိတွေဟာ တဖြည်းဖြည်း ကြီးထွားဖွံ့ဖြိုးလာစေတယ် ၊

အဲဒီအရာတွေအားလုံးရဲ့အလယ်မှာ လူသားတွေက လွတ်လပ်စွာ အသက်ရှင်ကြတယ်၊ ဒါပေမယ့် လူသားတွေရဲ့ အသက်ရှူသံနဲ့ လှုပ်ရှားမှုတိုင်းကို မိုးနဲ့မြေက သိမြင်တယ်၊ ဒါပေမယ့် မရှိမှုတရားကိုတော့ မိုးနဲ့မြေက မသိနိုင်ဘူး၊ အဲဒီလို မိုးနဲ့မြေက မသိရှိတဲ့အရာကို ထိုက်ရှီးလို့ခေါ်တယ်"

ဆန်းလျန်က လက်ခုပ်တစ်ချက်တီးလိုက်ရင်း...

"မိုးနဲ့မြေဟာ မရှိမှုတရားကနေမွေးဖွားလာတယ်၊ အရာဝတ္ထုတိုင်းရဲ့ မူလပုံစံဟာလည်း မရှိမှုကနေ မွေးဖွားလာတာ ပဲ၊ မြေကြီးတွေစုစည်းပြီး ကမ္ဘာမြေဖြစ်တည်မလာခင်က မရှိမှုတရားသာလျှင် တည်ရှိတယ်၊ ဆရာဘွားဘွား လီချင်းဆွေက ဒီအချက်တွေကို အခြေခံပြီး ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ရေးသားခဲ့တာပဲ"

ချိစုန်းကျီက ပြုံးလိုက်ရင်း....

"ဆန်းကျန်းရန်နတ်ဘုရား ကျုပ်ကို အရမ်းလည်း အထင်မကြီးပါနဲ့၊ တကယ်လို့ ကျုပ် ချိစုန်းကျီ ဒီလောကမှာ မရှိဘူးဆိုရင်လည်း တာအိုဆရာချင်းဆွေဟာ ထိုက်ရှီးနည်းဗျူဟာရဲ့ အနှစ်သာရကို တစ်နည်းမဟုတ်တစ်နည်းနဲ့ နားလည်သဘောပေါက်သွားမှာပါပဲ၊ ကျုပ်က သူ့ကို အချိန်ကိုက် အချက်အလက်လေးနည်းနည်းလောက် ပြောပြ လိုက်နိုင်ရုံပါ"

နောက်ဆုံးဆော့ ချိစုန်းကျီ သူ့အကြောင်းများကို သိနေရသည့် အကြောင်းရင်းကို ဆန်းလျန် နားလည်သွားခဲ့ပြီ ဖြစ်လေသည်။ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်သည် ချိစုန်းကျီနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်နွယ်နေခဲ့လေသည်။

စုန့်ချင်းကျီကဲ့သို့ ရှေးဟောင်းနတ်ဘုရားများ၏ ကျင့်စဉ်များသည် လက်ရှိခေတ်နတ်ဘုရားများ၏ ကျင့်စဉ်များကဲ့သို့ ခေတ်မီဆန်းပြားခြင်းမရှိသလို ပြုပြင်ပြောင်းလဲနိုင်ခြင်းလည်း မရှိပေ။ သို့သော်... မိုးမြေသဘာဝတရား၏ နိယာမများ ကို

နားလည်ခြင်းများမှာတော့ ရှေးဟောင်းနတ်ဘုရားများက ယခု ခေတ်နတ်ဘုရားများထက် သာလွန်လေသည်။

ချိစုန်းကျီတို့ကဲ့သို့ ရှေးဟောင်းနတ်ဘုရားများ စတင်ကျင့်ကြံစဉ်က မည်သည့် ကျင့်စဉ်မှ သေသေချာချာမရှိသေးပေ။ မိုးမြေသဘာဝတရား၏ နိယာမများကို ကိုယ်တိုင်လေ့လာရင်းဖြင့် တရားအလင်းရခဲ့ကြခြင်း ဖြစ်လေသည်။ ထို့ကြောင့် စကြာဝဠာနှင့်လူသားများအကြောင်းကို သူတို့၏ နားလည်နိုင်စွမ်းက အခြားသူများထက် သာလွန်လေ သည်။

ထို့ကြောင့် ဆန်းလျန်က ထိုက်ရှီးနည်းဗျူဟာကို ကျင့်ကြံထားသည့်အခါ သူ့ဆီတွင်ရှိနေသည့် ထိုက်ရှီး၏ အစိပ္ပါယ်ကို ချိစုန်းကျီကသိရှိနေသည့်အတွက် သူ့ကိုလည်း သိရှိနားလည်နေခြင်း ဖြစ်ပေလိမ့်မည်။

သူ့အထင် ဟုတ်မဟုတ်ကို ဆန်းလျန်က နောက်ထပ်မေးခွန်းတစ်ခုဖြင့် စမ်းသပ်လိုက်လေသည်။

"ဆရာဘွားဘွားကျိလင် ဘယ်ရောက်နေလဲဆိုတာ ဆရာကြီး

များ သိနိုင်မလား"

ချိစုန်းကျီက...

"မင်း အထင်လွဲနေပြန်ပြီ ၊ ကျုပ်က ထိုက်ရှီးနည်းဗျူဟာ

ကျင့်ကြံတဲ့သူတိုင်းကို ခြေရာမခံနိုင်ပါဘူး ၊ မင်းတစ်ယောက်

ကိုပဲခြေရာခံနိုင်တာပါ ၊ ဒါပေမယ့် မင်းကမေးမှတော့ သူဘယ်

မှာရှိလဲဆိုတာ နည်းနည်းပါးပါးသိထားတာလေးတွေ တော့ ရှိ

တယ်"

ချိစုန်းကျီက တစ်ခဏမျှ ရပ်နားလိုက်ပြီးမှ စကားဆက်ပြော

လိုက်လေသည်။

"မင်း သူ့ကိုတွေ့ချင်တယ်ဆိုရင်တော့ မြောက်ဘက်တည့်တည့်

မှာရှိတဲ့ ကျီဝေးကြယ်အစုအဝေးဆီကို သွားမှဖြစ်လိမ့် မယ်"

ထိုအချိန်မှာပင်... ချိစုန်းကျီ၏ တပည့်မလေး နတ်ဗိမာန်

အတွင်းသို့ ဝင်လာလေသည်။

သူမလက်ထဲတွင် အရက်ခွက် (၂)ခွက်ကို ယူလာပြီး အရက်ခွက်များကို သူတို့ (၂)ယောက်ရှေ့တွင် ချလိုက်လေ သည်။

တစ်ဆက်တည်းပင် သူမက ကျောက်စိမ်းအပိုင်းအစလေး (၂)ခုကို အရက်ခွက်များအတွင်းသို့ ထည့်လိုက် လေသည်။

ကျောက်စိမ်းအပိုင်းအစလေးသည် အရက်ခွက်ထဲသို့ရောက်သည်နှင့် ကြည်လင်သည့်ရေအသွင်သို့ ပြောင်းလဲ သွားပြီး အလွန်မှလည်း မွှေးပျံ့သည့်ရနံ့ ထွက်ပေါ်လာလေသည်။

ချိစုန်းကျီက…

"ကျုပ်နေရာက ဘာမှ သိပ်ပြီး ပေါပေါများများမရှိဘူး ၊ ဒီအရက်ကောင်းတစ်ခွက်နဲ့ပဲ ဧည့်ခံနိုင်ပါတယ်"

ပြောပြီးသည်နှင့် သူက အရက်ခွက်ကို မြှောက်ကာ မော့သောက်လိုက်လေသည်။

အရက်ကိုသောက်ပြီးသည်နှင့် သူ၏သွေးကြောဆုံချက် (၉)နေရာပွင့်သွားပြီး ခရမ်းရောင်အငွေ့များ ထွက်လာကြ လေ

သည်။ ခရမ်းရောင်အငွေ့များသည် နတ်နဂါးများနှင့်ပင် ဆင်တူလေသည်။ ထိုအငွေ့များထဲတွင် နေ ၊ လ နှင့် ကြယ်စင်များလည်း တောက်ပလျှက်ရှိလေသည်။ ချိစုန်းကျီကို ကြည့်ရသည်မှာ လူသားပုံသဏ္ဍာန်စကြာဝဠာတစ်ခုနှင့် နီးစပ်စွာ ဆင်တူနေလေသည်။

ဆန်းလျန်ကလည်း အရက်ခွက်ကို မော့သောက်လိုက်လေသည်။

အရက်များ သူ့ကိုယ်တွင်းသို့ စီးဝင်သွားသည်နှင့် ပူလောင်သည့် စီးကြောင်းတစ်ခု ဖြစ်ပေါ်လာလေသည်။ ဤအရက်သည် အလွန်အမင်းသိပ်သည်းနေသည့် ဝိညာဉ်စွမ်းအားစုစည်းမှုများ ဖြစ်လေသည်။ ဖားဟိုင်ဆရာတော် ကဲ့သို့သောကျင့်ကြံသူတစ်ယောက်ပင် ဤအရက်ကို သောက်မှုလျှက်သူ၏ မူလဝိညာဉ်ခန္ဓာ ပေါက်ကွဲထွက်သွားနိုင်လေသည်။

ကျင့်ကြံသူများအတွက် ဤအရက်သည် နတ်အရက်လည်း ဖြစ်နိုင်သလို အဆိပ်လည်း ဖြစ်နိုင်လေသည်။

သို့သော်... ဆန်းလျန်အတွက်တော့ အဆိပ်မဖြစ်ခဲ့သလို သူ၏ ခန္ဓာကိုယ်တွင်လည်း မည်သည့်ပြောင်းလဲမှုမှ မဖြစ်ခဲ့ပေ။

ထို့ပြင်... သူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းသည် ပြန်လည် မွေးဖွားလာသလို ခံစားလိုက်ရလေသည်။

သူ၏ခန္ဓာကိုယ်အတွင်းသို့သာ မြင်နိုင်မည်ဆိုလျှင် စကြာဝဠာ ငယ်တစ်ခုကို မြင်တွေ့ရမည် ဖြစ်လေသည်။ ဆန်းလျန်၏ ကိုယ်ထဲမှ စကြာဝဠာငယ်သည် ဝိညာဉ်စွမ်းအားများ ပေါက်ကွဲ ထွက်နေပြီး သူသောက်လိုက်သည့် အရက်မှ ဝိညာဉ်စွမ်းများ ကို စုပ်ယူပစ်လိုက်လေသည်။

ချိစုန်းကျီက အလွန်အံ့အားသင့်သွားသည့်လေသံဖြင့်...

"ဆန်းကျန်းရန်နတ်ဘုရားရဲ့ ကျင့်ကြံမှုက တကယ်ပဲ စန့်ချင် တာအိုဆရာသခင်နဲ့ ပတ်သက်နေတာကိုး..."

ဆန်းလျန်က...

"ဆရာကြီးပြောတဲ့စကားက ဘာအဓိပ္ပါယ်လဲ"

ချိစုန်းကျီက ဖြည်းညင်းစွာဖြင့်....

"လောကမှ တာအိုဆရာသခင်ကြီး (၈)ပါး ပေါ်ထွက်ခဲ့တယ်၊ တာအိုဝါဒက (၄)ပါး၊ ဗုဒ္ဓဘာသာက (၃)ပါး နတ်မိစ္ဆာဝါဒက (၁)ပါး ပေါ်ထွက်ခဲ့တယ်၊ ကျန်တဲ့သူတွေကတော့ တခြားဝါဒတွေကပေါ့၊ ဒါကြောင့် တခြားဝါဒက လူတွေကို တာအိုဆရာသခင်ကြီးတွေလို့ မသတ်မှတ်ဘူး၊ ဒါပေမယ့် မူလ (၃) ဖြာ တာအိုဆရာသခင်ကြီး (၃)ပါးကတော့ တခြားတာအိုဆရာသခင်ကြီးတွေနဲ့ မတူဘူးဆိုတာ မင်း သိသလား"

ဆန်းလျန်က...

"ကျွန်တော်ကြားဖူးတာတော့ မူလသုံးဖြာတာအိုဆရာသခင်ကြီး (၃)ပါးက (၃)ပါးပေါင်းရင် တစ်ပါးတည်းလို့သိရ တယ်၊ အဲဒါ ဘယ်လိုရည်ရွယ်ချက်လဲဆိုတာတော့ မသိဘူး"

ချိစုန်းကျီက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"ဟိုး ရှေးခေတ်ကတည်းက အဲဒီလိုမျိုးပြောကြတယ်၊ ဒါပေမယ့် တာအိုဆရာသခင်ကြီးတွေကိုယ်တိုင်က ဘာဖြေရှင်းချက်မှ မပေးခဲ့ကြဘူး၊ ဒါကြောင့် အမှန်လို့ အတည်မပြုနိုင်ဘူး၊ ဒါပေမယ့် ကျုပ်ပြောချင်တဲ့စကားက အဲဒီ (၃)ပါးပေါင်းရင် (၁)ပါးတည်းပဲဆိုတဲ့ အယူအဆနဲ့ မသက်ဆိုင်ပါဘူး"

.....

ခွန်လွန်တောင်၊ ကျောက်စိမ်းဝိညာဉ်နန်းတော်...

ကျောက်စိမ်းဝိညာဉ်နန်းတော်ကို ဖုံးအုပ်ထားသည့် ရောင်စဉ် (၇)မျိုးသည် နောက်ဆုံးတွင် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်သို့သွားရာ လှေကားနားတွင် ဗောဓိပင်တစ်ပင် ပေါ်လာလေသည်။ ထိုဗောဓိပင် အောက်တွင် ငယ်ရွယ်ပြီး မာနကြီးဟန်ရှိသည့် လူငယ်တစ်ယောက် ရှိနေလေသည်။

ဗောဓိပင်မှ ရောင်ခြည်များဖြာထွက်နေလေသည်။ ရောင်ခြည်များသည် အတိတ်နှင့်အနာဂတ်တစ်လျှောက်လုံးတွင် ထွန်းလင်းနေသည့်အလား ထင်မှတ်ရလေသည်။

ထိုအချိန်မှာပင် ကျောက်စိမ်းဝိညာဉ်နန်းတော်ထိပ်မှ အလံတစ်ခု ထွက်ပေါ်လာလေသည်။ အလံတစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် ဗောဓိပင်မှအလင်းတန်းများ ပျက်ပြယ်သွားရလေသည်။

ဗောဓိပင်အောက်မှလူငယ်မှာ ဒေါင်းစိမ်းမင်းကြီး မဟာမာရူယိဖြစ်သူ ခုံရှမ်း ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်မှ အလံတစ်ချက် ဝှေ့ယမ်းလိုက်တိုင်း လူငယ်သည် သွေးတစ်ပွက်အန်ချလိုက်လေ သည်။

အလံက (၉)ကြိမ်တိတိဝှေ့ယမ်းလိုက်သည့်အတွက် မဟာမာရူယိသည် (၉)ကြိမ်တိတိ သွေးများအန်ချလိုက်လေ သည်။

သို့သော်… သူသည် သေဆုံးသွားခြင်း မရှိသေးပါ။ သို့သော်… ရှင်သန်ရန်လည်း ခက်ခဲလျှက်ရှိလေသည်။
သူသည် ဗောဓိပင်အောက်တွင် ထိုင်ချလိုက်ပြီး ကျောက်စိမ်းဝိညာဉ်နန်းတော်ကို ဖြည်းညင်းစွာဖြင့် စိုက်ကြည့်နေလေသည်။
ထို့နောက် သူ၏လက်ဖဝါးနှစ်ဖက်ကို ရှေ့သို့ တွန်းထုတ်လိုက်လေသည်။
ချက်ချင်းပင် မရေမတွက်နိုင်သည့် ဝမ့်စကြာ ပုံသဏ္ဍာန်များ ထွက်ပေါ်လာပြီး ခွန်လွန်တောင်တစ်ခုလုံး တုန်လှုပ်သွား ရလေသည်။
တိုက်ပွဲကို ကြည့်နေကြသူများအားလုံးမှာ အံ့ဩမှင်တက်သွားကြလေသည်။ အဘယ်ကြောင့်ဆိုသော် မဟာမာရှုယိ အသုံးပြုလိုက်သည့်လက်ဖဝါးတန်ခိုးစွမ်းအားမှ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားဖြစ်နေသောကြောင့်ပင်။

အခန်း (၇၀၃) နိဗ္ဗာနခန်းမဆောင်

ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားမှာ ဗုဒ္ဓကိုယ်တိုင် လက်ဆင့်ကမ်းပေးခဲ့သည့် ပညာတစ်ခုဖြစ်လေသည်။

ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားတွင် အဆင့် (၉)ဆင့်ရှိလေသည်။ သို့သော်... တစ်ဆင့်နှင့်တစ်ဆင့် တူညီခြင်း မရှိပေ။ အဆင့်တိုင်းသည့် မြင့်မြတ်သည့် တာအိုလမ်းစဉ်နှင့် ပတ်သက်ဆက်နွှယ်နေလေသည်။ အဆင့်တိုင်းကို နားလည်သွားလျှင်တော့ တာ့လော်အဆင့်သို့ ရောက်ရှိသွားမည် ဖြစ်လေသည်။

အမှန်တော့ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားတွင် ဒသမမြောက်အဆင့်ရှိသေးသည်ဟု ဆိုကြလေသည်။ သို့သော်... လောက

တွင် ကိုးဂဏန်းသည် အမြင့်ဆုံးဖြစ်ပြီး တစ်ဆယ်ဂဏန်းသည် ကိန်းဂဏန်းသတ်မှတ်ချက်အဆင့်ကို ကျော်လွန်သည်ဟု အဆို ရှိကြလေသည်။

ထို့ကြောင့် လူတစ်ယောက်သည် ဒသမအဆင့်ကို ကျင့်ကြံနိုင် မည်ဆိုပါက သံသရာမှ လွတ်မြောက်သွားနိုင်မည် ဖြစ်လေ သည်။

သို့သော်… မဟာမာရူယိသည် ဒသမမြောက်လက်ဖဝါးတန်ခိုး စွမ်းအားကို အသုံးပြုနိုင်ခြင်း မရှိပါ။ ထို့ပြင် သူသည် တစ် ကြိမ်တည်းဖြင့်လည်း လက်ဖဝါးတန်ခိုးစွမ်းအား (၉)ဆင့်လုံး ကို အသုံးမပြုနိုင်ပါ။ သူသည် လက်ဖဝါးတန်ခိုး စွမ်းအား အဆင့်တစ်ခုကိုသာ ရိုးရှင်းစွာ အသုံးပြုနိုင်လေသည်။

နေရာအနှံ့ပျံ့နှံ့နေသည့် ဝမ့်စကြာများသည် ခွန်လွန်တောင် တစ်ခွင်လုံးကို လွှမ်းခြုံနေစေလေသည်။

မရှိမှုကျေးရွာတွင် မည်သည့်အရာမှ မရှိပေ။ သို့သော်...

ကြီးမားသည့်တိုက်ခိုက်မှုကြီးအလယ်တွင် တသိမ့်သိမ့်တုန် လှုပ်ရှိလေ၏။

လူအများစုသည် ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားကို မြင်တွေ့လိုက်ရသည့်အခါ အံ့ဩမှင်တက်သွားကြရလေသည်။ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားသည် မရှိမှုဟုခေါ်ဆိုသည့် ထိုက်ရှီးကိုပင် တုန်လှုပ်သွားစေလောက်အောင် အစွမ်းမြင့်မားလွန်းလှလေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ကျောက်စိမ်းလှေကားထစ်များသည် အက်ကွဲကာ ပြိုကျလုနီးပါးဖြစ်သွားလေသည်။

ဤသို့ဖြစ်ရသည်မှာ ကျောက်စိမ်းဝိညာဉ်နန်းတော် အရှက်ကွဲခြင်းပင် ဖြစ်လေသည်။ ယွမ်စီထျန်းကျွင်း ထွက်ခွာ သွားပြီးသည့်နောက်ပိုင်း ကျောက်စိမ်းဝိညာဉ်နန်းတော် ယခုကဲ့သို့စော်ကားခံရသည်မှာ ပထမဆုံးအကြိမ်ဖြစ်လေ သည်။

"ခုံရွှမ်း ၊ မင်းကို ကျုပ်အပိုင်းပိုင်းဖြတ်ပစ်မယ် ၊ မင်းရဲ့ဝိညာဉ်ကိုလည်း အသူရာချောက်ကိုးထပ်မှာ ညှင်းပန်းနှိပ်စက် ခံစေရမယ် ၊ ဘယ်တော့မှ ပြန်ကောင်းမလာစေရဘူး"

ကျောက်စိမ်းဝိညာဉ်နန်းတော်အတွင်းမှ ကြိုးဝါးသံတစ်ချက်ထွက်ပေါ်လာလေသည်။

ကြိုးဝါးသံနှင့်အတူ ကျောက်စိမ်းဝိညာဉ်နန်းတော်အတွင်းမှ စည်းတံဆိပ်တစ်ခု ထွက်ပေါ်လာလေသည်။ ထိုစည်းတံဆိပ်မှာ "ကောင်းကင်လွှမ်းစည်းတံဆိပ်" ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ကောင်းကင်လွှမ်း စည်းတံဆိပ်တန်ခိုးစွမ်းအားသည် ဒဏ္ဍာရီထဲမှ ဖန်ထျန်းစည်း တံဆိပ်လောက်တော့ အရာအားလုံးကို ဖိနှိပ်ပစ်နိုင်စွမ်း မရှိပေ။

သို့သော်... ကောင်းကင်လွှမ်းစည်းတံဆိပ်သည် ယွမ်စီထျန်းကျွင်းကိုယ်တိုင်တီထွင်ခဲ့သည့် တန်ခိုးစွမ်းအားဖြစ်ပြီး ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားကို ယှဉ်ပြိုင်နိုင်လေ သည်။

ဗောဓိပင်မှ အရွက်များ ကြွေကျကုန်ကြပြီး သစ်ရွက်များသည် အမှုန့်အဖြစ် ပြောင်းလဲသွားကြလေသည်။ ခုံရှွမ်းသည် ကောင်းကင်လှွမ်းစည်းတံဆိပ်ဖြင့် ဖိနှိပ်ခံထားရလေသည်။ သူ၏ခန္ဓာကိုယ်မှ ရောင်စဉ် (၅)မျိုးတောက်ပနေသော လည်းကောင်းကင်လှွမ်းစည်းတံဆိပ်ကို တွန်းလှန်နိုင်ခြင်း မရှိပေ။

နောက်ဆုံးတွင်တော့ ခုံရှွမ်းသည် သူ၏လက်နှစ်ဖက်ကိုဝှေ့ယမ်းလိုက်ပြီး ခွန်လွန်တောင်တစ်ခုလုံးတွင် သွေးမိုးများ ရွာသွန်းစေလိုက်လေသည်။

ဤသည်မှာ တာအိုမဟာလမ်းစဉ်၏ သွေးမိုးပင်ဖြစ်လေသည်။ သွေးမိုးများကြောင့် ခွန်လွန်တောင်တစ်ခုလုံးတွင် အက်ကြောင်းများ ထင်လာလေသည်။ သွေးမိုးများစွန်းထင်းသွားသည်နှင့် ခမ်းနားလှသည့် ကျောက်စိမ်းဝိညာဉ်

နန်းတော်၏ ကျက်သရေရှိမှုသည် ချက်ချင်းပင် လျော့နည်းသွားလေသည်။

စကြာဝဠာတစ်ခုလုံးမှ အမျိုးမျိုးသောကျင့်စဉ်များကို ကျင့်ကြံနေကြသည့်ကျင့်ကြံသူများသည် ဒြပ်စင်စွမ်းအား (၅)မျိုး ရုတ်တရက်ကျဆင်းသွားသည်ကို ခံစားလိုက်ကြရပြီး သူတို့အားလုံး၏ အသက်ဓာတ်စွမ်းအားများသည် လျော့နည်းသွားကြလေသည်။

သို့သော် ခုံရွှမ်း၏ တန်ခိုးစွမ်းအားများကတော့ အဆက်မပြတ်မြင့်မားလာပြီး ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် တန်းတူတန်ခိုးစွမ်းအားများ မြင့်မားလာလေသည်။

သူ၏လက်ဖဝါးထက်တွင် အသက်ဓာတ်စွမ်းအားများပေါင်းစည်းထားသည့် တိမ်တိုင်တစ်ခု ပေါ်လာလေသည်။ ထိုတိမ်တိုက်သည် ကောင်းကင်လွှမ်းစည်းတံဆိပ်တော်ကို ကြွဲကြွဲခံ ခုခံကာကွယ်ထားလေသည်။

သူက တိမ်တိုက်ကို ကောင်းကင်လွှမ်းတံဆိပ်တော်ရှိရာသို့ ပစ်လွှတ်လိုက်သည့်အခါတွင်တော့ စည်းတံဆိပ်တော် သည် ဆက်လက်တောင့်ခံနိုင်ခြင်း မရှိတော့ပေ။ တိမ်တိုက်သည် လေထုထဲတွင် တစ်ချက်လှုပ်ရှားသွားပြီး ကျောက်စိမ်းနန်းတော်ရှိရာသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားလေသည်။

တိုက်ပွဲကို တိတ်တဆိတ်စောင့်ကြည့်နေကြသည့် ကြီးမြတ်သည့်နတ်ဘုရားများသည် ထိုမြင်ကွင်းကို တွေ့မြင် လိုက်ရသည့်အခါတွင်တော့ အံ့သြခြင်းမက အံ့သြကာ ကြက်သေသေကုန်ကြရလေသည်။

ယွိချင်တာအိုဆရာသခင် ယွမ်စီထျန်းကျွင်း တရားအလင်းရခဲ့ရာ ကျောက်စိမ်းဝိညာဉ်နန်းတော်ကို ခုံရွှမ်းသည် အမှန်တကယ်ပင် ဖျက်စီးပစ်လိုနေခြင်း ဖြစ်လေသည်။ ဤသည်မှာ အဖျက်လုပ်ရပ်တစ်ခုပင် ဖြစ်လေသည်။

ကျန့်ယွမ်ကျီနတ်မင်းကြီးကဲ့သို့သော တန်ခိုးစွမ်းအားမြင့်မား

သူများပင်လျှင် ထိုကဲ့သို့ ရဲရင့်လွန်းသည့် ဆုံးဖြတ်ချက် မျိုးကို

ချရဲကြမည် မဟုတ်ပေ။

ထိုအချိန်မှာပင်... ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ဖန်ကူအလံ

သည် စတင်လှုပ်ရှားလာလေသည်။ မရှိမှုကျေးရွာ တစ်ခုလုံး

တွင် ကြိမ်းဝါးသံကြီးတစ်ချက် ထွက်ပေါ်လာလေသည်။

ဖန်ကူအလံမှ ယွီချင်နတ်ဘုရားအလင်းတန်းများ ထွက်ပေါ်လာ

ပြီး ကြီးမားသည့် လက်ကြီးတစ်ဖက်လည်း ထွက်ပေါ်လာလေ

သည်။

ကြီးမားသည့်လက်ကြီးက ခုံရှမ်းပစ်လွှတ်လိုက်သည့် အသက်

ဓာတ်စွမ်းအားတိမ်တိုက်ကို အစိတ်အစိတ်အမွှာမွှာ ကွဲကြေ

သွားအောင် ရိုက်ချလိုက်လေသည်။ ထို့နောက် ကောင်းကင်

လွှမ်းခြုံစည်းတံဆိပ်သည် ခုံရှမ်းဆီသို့ တန်းတန်းမတ်မတ်ဝင်

ရောက်သွားကာ ခုံရှမ်၏ပခုံးကို ထိမှန်သွားလေသည်။

ကောင်းကင်လွှမ်းတံဆိပ်နှင့်ထိမိသည်နှင့် ခုံရှမ်းသည် မြေပြင် ထက်သို့ လဲကျသွားလေသည်။ ထိုအချိန်မှာပင် ကြီးမားသည့် လက်ကြီးက ခုံရှမ်း၏ခန္ဓာကိုယ်တစ်ခုလုံးကို ဖမ်းဆုပ်ထား လိုက်လေတော့သည်။ နှစ်ပေါင်းများစွာ ကျင့်ကြံနေခဲ့သည့် တာ့လော်အဆင့် နတ်ဘုရားတစ်ပါးဆိုလျှင်တောင်မှ ထို လက်ကြီးထဲတွင် မုန့်ချပ်တစ်ခုလို စိစိညက်ညက် ကြေမွသွား နိုင်လေသည်။

"ချီလင်ချောက်ကမ်းပါးမှာ သူ့ကို အကျဉ်းချထားလိုက်"

အမိန့်ပေးသံတစ်ချက်ထွက်ပေါ်လာလေသည်။

ထို့နောက်... ကျောက်စိမ်းဝိညာဉ်နန်းတော်အတွင်းမှ ရွှေရောင် ဝတ်ရုံများဝတ်ဆင်ထားသည့် သူရဲကောင်း (၂)ယောက်ထွက် လာပြီး နတ်ကြိုးများဖြင့် ခုံရှမ်းကို တုတ်နှောင်လိုက်ကြလေ သည်။ ထို့နောက် ကျောက်စိမ်းဝိညာဉ် နန်းတော်အနောက်ဘက်

ရှိ ချီလင်ချောက်ကမ်းပါးသို့ သူ့ကိုခေါ်ဆောင်သွားကာ ထို

နေရာတွင် အကျဉ်းချထားလိုက် ကြလေတော့သည်။

တိုက်ပွဲကို တိတ်တဆိတ်စောင့်ကြည့်နေကြသည့် အဆင့်မြင့်

နတ်ဘုရားများနှင့် နတ်မိစ္ဆာများသည် ခုံရှမ်းကို သနားနေမိကြ

လေသည်။

တိုက်ပွဲကို အဆုံးသတ်ရန်အတွက် ဖန်ကူအလံမှ ထွက်ပေါ်လာ

သည့် ယွိချင်နတ်ဘုရားအလင်းတန်းများမှာ ယွမ်စီထျန်းကျွ

င်း၏ မူလသင်္ကေတဖြစ်လေသည်။

ထိုအလင်းတန်းများကို အသုံးပြုကာ တာအိုဆရာယွိတင်က

ရောမလက်ကြီးကို ဖန်တီးတိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော်... သူ၏ကိုယ်ပိုင်စွမ်းအားဖြင့် ခုံရှမ်းကို တိုက်ခိုက်ခဲ့

ခြင်း မဟုတ်ဘဲ ယွိချင်တာအိုဆရာသခင် ယွမ်စီထျန်းကျွင်း၏

မူလသင်္ကေတကိုယူကာ ခုံရှမ်းကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေ

သည်။

ထို့ကြောင့် ခုံရှမ်းကို အနိုင်ယူလိုက်သူမှာ ယွိတင် မဟုတ်ပါ။

ခုံရှမ်းသည် ကျောက်စိမ်းဝိညာဉ်နန်းတော်၏ လေးနက်လွန်း

သည့် ယွိချင်တာအိုဆရာသခင်၏ မူလသကော်တဖြစ် သည့်ဖန်

ကူအလံကို ရှုံးနိမ့်သွားရခြင်းသာ ဖြစ်လေသည်။

လောကတွင် မြောက်မြားလှစွာသော ရတနာပစ္စည်းများစွာ ရှိ

သော်လည်း တာအိုဆရာသခင်ကြီးများ၏ မူလဝိညာဉ်

သကော်တပစ္စည်းများလောက် တန်ဖိုးရှိနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ယွိတင်ထံတွင် ဖန်ကူအလံ ရှိနေသရွေ့ သုံးလောက

တွင် သူ့ကိုယှဉ်နိုင်သူ မည်သူမှ ရှိမည် မဟုတ်ပေ။

ယွိတင်နှင့် ခုံရှမ်း၏တိုက်ပွဲပြီးဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

ထိုတိုက်ပွဲကြောင့် ကျောက်စိမ်းဝိညာဉ်နန်းတော်အနေဖြင့်

ဂုဏ်တက်ခဲ့ရသော်လည်း ဇာမဏီနတ်ဘုရားနန်းတော် ကတော့

သိက္ခာကျဆင်းခဲ့ရလေသည်။

....

ဇာမဏီနတ်ဘုရားနန်းတော်...

ဇာမဏီနတ်ဘုရားနန်းတော်တွင်တော့ ကွေလိသည် ခုံရွှမ်းနှင့် ယွိတင်တိုကခိုက်သည့်တိုက်ပွဲကို နတ်ဘုရားစွမ်းအား အကန့်အသတ်များကို အသုံးပြုကာ ကြည့်နေခဲ့လေသည်။

တိုက်ပွဲပြီးဆုံးသွားပြီး ခုံရွှမ်းအဖမ်းခံလိုက်ရသည်အထိ သူမ သည် မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပြီး အဖြစ်အပျက်များကို သူမသည် ယုံကြည်နိုင်ခြင်း မရှိသေးပေ။

ထို့ပြင်... ခုံရွှမ်းသည် ကျောက်စိမ်းဝိညာဉ်နန်းတော်ကို အဘ ယ့်ကြောင့်သွားရောက်စိန်ခေါ်ရသည်ကိုလည်း သူမ နားမလည် နိုင်ပေ။ ပြီးတော့... ခုံရွှမ်းသည် ကျောက်စိမ်းဝိညာဉ်နန်းတော် ကို သွားရောက်စိန်ခေါ်ရသည့် အကြောင်း ရင်းကိုလည်း ပြောမ သွားခဲ့ပေ။

ထိုအချိန်မှာပင် ဇာမဏီနတ်ဘုရားနန်းတော်၏ အုပ်ချုပ်ရေးမှူး သည် ခန်းမဆောင်အပြင်ဘက်သို့ရောက်ရှိလာပြီး ကွေလိကို

တွေ့ဆုံခွင့် တောင်းလေသည်။ ကွေလိကလည်း သူ့ကို ဝင်ခွင့် ပြုလိုက်လေသည်။

နန်းတော်အုပ်ချုပ်ရေးမှူး၏ ကျင့်ကြံခြင်းအတွေ့အကြုံမှာ အလွန်နက်ရှိုင်းပြီး ထိုင်ယီထျန်းရှန်းအဆင့်သို့ပင် ရောက်လုနီးပါး ဖြစ်နေပြီဖြစ်လေ၏။

သူက ကွေလိကို လေးလေးစားစားပင် ဂါရဝပြုလိုက်ပြီး....

"သခင်မလေး... ကျွန်တော်က ဖုန်းချင်းထျန်းလို့ ခေါ်ပါတယ် ၊ ရှုပနတ်ဘုရားမင်းကြီးက အခုလိုအချိန်ရောက်လာခဲ့ ရင် သခင်မလေးကို နေရာတစ်ခုကိုခေါ်သွားဖို့ မှာကြားထားခဲ့ပါ တယ်"

ဖုန်းချင်းထျန်း၏စကားကြောင့် ကွေလိက အနည်းငယ်အံ့သြ သွားပြီး...

"သူက ဘယ်တုန်းက မှာခဲ့တာလဲ..."

ဖုန်းချင်းထျန်းသည် အမြဲတမ်း တည်တည်ကြည်ကြည်နေ
တတ်သူတစ်ယောက်ဖြစ်လေသည်။
သူက တည်ကြည်သည့်လေသံဖြင့်...
"သခင်မလေးပြန်မလာခင်ကတည်းက မှာထားခဲ့တာပါ၊ ရှူပ
နတ်ဘုရားမင်းကြီးက ဒီနေ့မှာ ဒီလိုဖြစ်လာမယ်ဆိုတာ ကိုကြို
သိခဲ့ပုံရပါတယ်၊ အခု သူလည်း ခွန်လွန်တောင်မှာ အနိမ့်နင်းခံ
လိုက်ရပြီဆိုတော့ ဇာမဏီနန်းတော်ရဲ့ နန်းတော်သခင်နေရာကို
သခင်မလေးက ဆက်ခံရပါမယ်၊ သခင်မလေး အခက်မတွေ့
ရအောင် သူက အစစအရာရာ စီစဉ်သွားခဲ့ပါတယ်၊
ကျေးဇူးပြုပြီး သခင်မလေး ကျွန်တော့်နောက်လိုက်ခဲ့ပါ"
ကွေလိသည် နောက်ဆုံးတော့ အခြေအနေများကို နားလည်
သွားလေသည်။

ခုံရွှမ်းသည် ခွန်လွန်တောင်တိုက်ပွဲတွင် သူရှုံးနိမ့်ရမည်ကို ကြိုတင်ခန့်မှန်းထားခဲ့ပြီးသား ဖြစ်လေသည်။ ထို့ကြောင့်... သူက စီစဉ်စရာရှိသည်များကို စီစဉ်ထားခဲ့ခြင်း ဖြစ်လေသည်။ သို့သော်... အဘယ့်ကြောင့် ထိုသို့သောဆုံးဖြတ်ချက်ချခဲ့သည်ကို ကွေ့လိ နားမလည်နိုင်သေးပေ။

မည်သို့ပင်ဖြစ်စေ... ခုံရွှမ်းစီစဉ်ထားခဲ့သမျှကို ကွေ့လိက ငြင်းဆန်ခြင်းမပြုပါ။ သူမသည် ဖုန်းချင်းထျန်း နောက်သို့ လိုက်သွားလေသည်။ ထို့ပြင် ... ခုံရွှမ်း ဘာတွေစီစဉ်သွားခဲ့ သည်ကို သိချင်နေမိလေသည်။

ဖုန်းချင်းထျန်းသည် ကွေ့လိကို ခုံရွှမ်းတစ်ယောက်တည်း တံခါးပိတ်ကျင့်ကြံသည့်အခန်းသို့ ခေါ်လာခဲ့လေသည်။ ထိုအခန်းကို နိဗ္ဗာနခန်းမဆောင်ဟုခေါ်လေသည်။ ထိုနေရာ သည် ဇာမဏီငှက်များ ကျင့်စဉ်ကျင့်ကြံလေ့ရှိသည့် နေရာ ဖြစ် လေသည်။

ထို့ပြင် ထိုနေရာသည် ဇာမဏီနတ်ဘုရားနန်းတော်၏ တားမြစ်နယ်မြေလည်း ဖြစ်လေသည်။ ထိုနေရာသို့ ဖုန်းချင်းထျန်းပင်လျှင် ဝင်ရောက်ရဲခြင်း မရှိပေ။

နိဗ္ဗာနခန်းမဆောင်အတွင်းသို့ ကွေလိတစ်ယောက်သာလျှင် ဝင်ခွင့်ရှိလေသည်။ သူမ၏ ကျင့်ကြံခြင်းအဆင့်က သိပ်ပြီးမြင့်မားခြင်းမရှိသည့်တိုင် သူမသည် ခုံရွှမ်းပြီးလျှင် ဇာမဏီနတ်ဘုရားနန်းတော်တွင် ဩဇာအာဏာအရှိဆုံး လူတစ်ယောက်ဖြစ်လေသည်။

သူမသည် နိဗ္ဗာနခန်းမဆောင်သို့ ဝင်ခွင့်ရှိသူတစ်ယောက်ဖြစ်သည့်တိုင် ယနေ့မှ ပထမဆုံးအကြိမ် ဝင်ရောက်ဖူးခြင်း ဖြစ်လေသည်။

ခန်းမဆောင်သို့ ဝင်ဝင်ချင်းမှာပင် ဒေါင်းစိမ်းလိုက်ကာတစ်ခုဖြင့် ကာရံထားသည်ကို တွေ့လိုက်ရလေသည်။ လိုက်ကာမှ ရွှေရောင်အလင်းတန်းများထွက်ပေါ်နေပြီး နွေးထွေးမှုကိုခံစား

ရလေသည်။ ထိုအလင်းတန်းများက စိတ်ကိုတည်ငြိမ်စေလေသည်။

ထိုရွှေရောင်အလင်းတန်းများမှာ ခုံရွှမ်း တံခါးပိတ်ကျင့်ကြံစဉ်တွင် ချန်ထားခဲ့သည့် တရားဓမ္မများပင် ဖြစ်လေသည်။ ထိုအလင်းတန်းများသည် ခုံရွှမ်းနားလည်ခဲ့သမျှ ဗုဒ္ဓဘာသာတရားတော်များ၏ အနှစ်သာရများပင် ဖြစ်လေသည်။

သို့သော်... ကွေလိက ထိုအရာများကို စိတ်ဝင်စားခြင်း မရှိပါ။ သူမသည် ဒေါင်းစိမ်းလိုက်ကာကိုဖြတ်ကျော်ပြီး တိတ်ဆိတ်နေသည့် ခန်းမဆောင်ကြီးအတွင်းသို့ ဝင်လိုက်လေ သည်။

ခန်းမဆောင်ကိုခင်းထားသည့်ကြမ်းခင်းမှာ ချောမွေ့သည့်ကျောက်သားပကတိဖြစ်ပြီး ဗုဒ္ဓဘာသာဒဏ္ဍာရီများထဲမှ မိုးကောင်းကင်ပုလဲဟုပင် ထင်မှတ်ရလေသည်။

မိုးကောင်းကင်ပုလဲဆိုသည်မှာ အမှန်တော့ သာမန် ကျောက်သား တစ်မျိုးပင် ဖြစ်လေသည်။ သို့သော်... သီလနှင့်ပြည့်စုံ

သည့် ဘုန်းတော်ကြီးများ၏ တရားဓမ္မနှင့် ထိတွေ့ကောင်းချီး ပေးခြင်းခံရသဖြင့် မိုးကောင်းကင်ပုလဲအဖြစ် ပြောင်းလဲသွားရခြင်း ဖြစ်လေသည်။

ခန်းမထဲတွင် ပုလဲမယ်တော်ဂမုန်းသည်လည်း ပွင့်လန်းလျှက်ရှိလေသည်။

ဂမုန်းပန်းများနှင့် ကြမ်းပြင်ထက်မှ ကျောက်သားပြင်သည် သဟဇာတညီစွာ လိုက်ဖက်လျှက်ရှိလေသည်။

သို့သော်... ဆွဲဆောင်မှုအရှိဆုံးမှာ ဂမုန်းပန်းပွင့်များ နောက်ကွယ်တွင် ရှိနေသည့် ပလ္လင်တစ်ခု ဖြစ်လေသည်။

ပလ္လင်ထက်တွင် အပူဇော်ခံ တာအိုဆရာတစ်ပါးရှိနေလေသည်။

အမှန်ဆိုလျှင် နိဗ္ဗာနခန်းမဆောင်သည် ဇင်ဗုဒ္ဓဘာသာ၏ တည်ငြိမ်အေးချမ်းမှုများဖြင့် ပြည့်နက်နေရမည့် နေရာတစ်ခု ဖြစ်လေသည်။ ထို့ကြောင့် ဤသို့သောနေရာမျိုးတွင် တာအို

ဆရာတစ်ပါးကို တွေ့မြင့်ရခြင်းက ခပ်ဆန်းဆန်း ဖြစ်နေလေသည်။ သို့သော်... ထူးဆန်းလှသည်လည်း မဆိုသာပေ။

တာအိုဆရာသည် ပလ္လင်ထက်တွင်တိတ်ဆိတ်စွာထိုင်နေပြီး သူ၏လက်ထဲတွင် ရတနာခုနစ်ပါးစီခြယ်ထားသည့် ထူးဆန်းသည့် သစ်ပင်တစ်ပင်ကို ကိုင်ဆောင်ထားလေသည်။

သို့သော်... ထိုတာအိုဆရာသည် ဇင်ဗုဒ္ဓဘာသာ၏ ပတ်ဝန်းကျင်တွင် လိုက်ဖက်ညီလျှက်ရှိလေသည်။ သူတို့သည် ခွဲခြား၍ မရသည့်အလားပင် ဖြစ်လေ၏။

ဗုဒ္ဓကျင့်စဉ်နှင့် တာအိုကျင့်စဉ် နှစ်မျိုးလုံးကို ကျင့်ကြံနိုင်သူများမှာ လောကတွင် ခပ်ရှားရှားပင် ဖြစ်လေသည်။ ကွေလိ၏ဘဝတွင် ထိုသို့ အယူဝါဒနှစ်ခုလုံးမှ ကျင့်စဉ်များကို တစ်ပြိုင်တည်းကျင့်ကြံနိုင်သူဆို၍ သိပ်များများစားစား မတွေ့ဖူးပေ။

သို့သော်... ထိုသို့သော အရည်အချင်းမျိုးကို ပိုင်ဆိုင်ထားသူ တစ်ယောက်မှာ ဆန်းလျန် ဖြစ်လေသည်။

အခန်း (၇၀၄) ကနဦးမူလ (ယွမ်စီ) ဆိုတာဘာလဲ

ကျွေလိသည် တာအိုဆရာကို ငေးကြည့်နေရင်း "မူလ" ဆိုသည့် စကားလုံးသည် အဆက်အစပ်မရှိဘဲ သူမ၏ခေါင်း ထဲသို့ဝင် လာလေသည်။ ယွမ်စီထျန်းကျွင်းကို တာအိုဝါဒ၏ ကနဦးမူလ ဟု သတ်မှတ်ကြလေသည်။ ထိုတာအိုဆရာ သည်ပင်လျှင် ဗုဒ္ဓဘာသာ၏ မူလအစလည်း ဖြစ်လေသည်။

ဤသည်မှာ ယွမ်စီထျန်းကျွင်းနှင့် သဟဇာတဖြစ်သည့်
မြင့်မြတ်သည့် ဖြစ်တည်မှုတစ်ခုဖြစ်လေသည်။
ထိုအချိန်ခဏလေးအတွင်းမှာပင်... ကွေလိ၏စိတ်ထဲသို့
အကြောင်းအရာပေါင်းများစွာဝင်ရောက်လာလေသည်။
အလိုလိုနေရင်းနှင့်ပင် သူမ၏ ကျင့်ကြံခြင်းအဆင့်သည်
အဆက်မပြတ် တိုးတက်လာလေသည်။
နိဗ္ဗာနခန်းမဆောင်အပြင်ဘက်တွင်စောင့်နေသည့် ဖုန်းချင်းထျ
န်းသည် ကွေလိ၏ အသက်ဓာတ်စွမ်းအားများ အဆမတန် မြင့်
တက်လာသည်ကို ခံစားလိုက်ရပြီး ကျေနပ်စွာဖြင့် တစ်ချက်
ပြုံးလိုက်လေသည်။ ယခုတစ်ကြိမ် တံခါးပိတ်ကျင့်ကြံမှု
ပြုလုပ်ပြီးလျှင်တော့ သခင်မလေးသည် ကြီးမားသည့်
ပြောင်းလဲမှုကြီးတစ်ခုဖြင့် ရင်ဆိုင်ရမည် ဖြစ်လေသည်။
သူမ၏ အဆင့်အတန်းကို မည်သူမှ သံဝယဝင်ရဲကြတော့မည်
မဟုတ်ပေ။

ခွန်လွန်တောင်တွင် ခုံရွှမ်းဖမ်းဆီးခံလိုက်ရသည့်ကိစ္စနှင့် ပတ်သက်လျှင်တော့ သူက စိုးရိမ်ပူပန်ခြင်း မရှိပါ။

အဘယ်ကြောင့်ဆိုသော် ထိုသို့ဖြစ်ရသည်မှာ ကံတရားအတိုင်း ဖြစ်သောကြောင့်ပင်။ ထို့ပြင်... ခုံရွှမ်းက ကျောက်စိမ်း ဝိညာဉ် နန်းတော်ကို တိုက်ခိုက်နေသည့်အချိန်တွင် ချင်းရွှမ်မြောင် တောက်အရှင်သည် တစ်ချက်ကလေးပင် ထွက်ပေါ်လာခဲ့ခြင်း မရှိပေ။

ကြည့်ရသည်မှာ သုံးလောကတွင် အကျော်ကြားဆုံးဖြစ်သည့် ချင်းယွမ်မြောင်တော်ကအရှင်သည် နောက်ဆုံးအဆင့် ကို အောင်မြင်ရန်အတွက် အစစ်ဆေးခံနေရခြင်း ဖြစ်နိုင်လေ သည်။

ချင်းယွမ်မြောင်တောက်အရှင်သည် မိုးနတ်မင်း၏ တူတော်စပ် သူဖြစ်ရုံသာမက ယွမ်စီထျန်းကျွင်းကိုယ်တိုင် ရွေးခြယ် ထား သူတစ်ယောက်လည်း ဖြစ်လေသည်။

ချင်းယွမ်မြောင်တောက်အရှင် ကျောက်စိမ်းဝိညာဉ်နန်းတော်တွင် မရှိခြင်းက လက်တစ်ဖက်ပြုတ်နေသည့် လူတစ်ယောက်အလား ဖြစ်ရလေသည်။ အမှန်တော့ ချင်းယွမ်မြောင်တောက်အရှင်သာ ရှိမည်ဆိုလျှင် ကျောက်စိမ်း ဝိညာဉ်နန်းတော်အနေဖြင့် ထိုမျှလောက် အရှက်ကွဲလိမ့်မည် မဟုတ်ပေ။ ယွိချင်တာအိုဆရာသခင် ယွမ်စီထျန်းကျွင်းကို မည်သူမှ စိန်မခေါ်ရဲကြပေ။

ကျောက်စိမ်းဝိညာဉ်နန်းတော်သည် ယွိချင်တာအိုဆရာသခင်၏ အမွေဆက်ခံသူတပည့်များ နေထိုင်သည့် နေရာဖြစ်လေသည်။ ထို့ကြောင့် ကျင့်ကြံသူများက ကျောက်စိမ်းဝိညာဉ်နန်းတော်မှာ ယွိချင်တာအိုဆရာသခင်ကဲ့သို့ ဂုဏ်အသရေရှိသည်ဟု လက်ခံထားကြလေသည်။

သို့သော်... တန်ခိုးစွမ်းအားမြင့်မားလွန်းသည့် အပြာရောင်ခရီးရှည်နန်းတော်သည်ပင် ကျဆုံးခဲ့ပြီ ဖြစ်လေရာ ကျောက်စိမ်း

ဝိညာဉ်နန်းတော်သည်လည်း တစ်နေ့တွင် ကျဆုံးရမည်ကို

မီးမောင်းထိုးပြနေသည့်အလား ဖြစ်လေ သည်။

....

ခွန်လွန်တောင်ရှိ ချီလင်ချောက်ကမ်းပါးအော်ကတွင် ဒေါင်း

စိမ်းတစ်ကောင် ဖိနှိပ်ခံထားရလေသည်။

ချောက်ကမ်းပါးအောက်တွင် ဒေါင်းစိမ်း၏ ဦးခေါင်းကိုသာ

တွေ့မြင်နိုင်လေသည်။ ဒေါင်းစိမ်းသည် တန်ခိုးစွမ်းအား

အလွန်မြင့်မားသူဖြစ်သည့်တိုင် ခွန်လွန်တောင်ကြီးကို 'မ' နိုင်

စွမ်းတော့ မရှိပါချေ။ ခွန်လွန်တောင်ဆိုသည်က သုံးလောက

တွင် အမြင့်မြတ်ဆုံး အမတတောင် ဖြစ်သည် မဟုတ်ပါလား။

သို့သော်... ဒေါင်းစိမ်းသည် အတောင်များကို ဒေါသတကြီး

ဖြင့် တဖျတ်ဖျတ်ခတ်ရင်း လွတ်မြောက်ရန် ကြိုးစားနေခဲ့ လေ

သည်။

"အားအကုန်ခံမနေနဲ့ ဒေါင်းစုတ်လေး ၊ ခွန်လွန်တောင်က

လောကမှာ အမြင့်မြတ်ဆုံးတောင်တစ်တောင် ဖြစ်ရုံတင် မက

ဘူး ဆရာဦးလေးရဲ့ တာအိုကာရံတွေနဲ့လည်း ပေါင်းစပ်ထား

တာ၊ တာအိုဆရာသခင်ကြီးတွေကလွဲရင် ဘယ်သူမှ ဒီနေရာ

က မလွတ်မြောက်နိုင်ဘူး၊ သက်ရှည်တောင်ကလူတွေတောင်

မှ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး"

နူးညံ့သည့် မိန်းကလေးသံတစ်သံကို ဒေါင်းစိမ်းမင်းကြီး

ကြားလိုက်ရလေသည်။

သူမက စိတ်စွမ်းအားဖြင့် စကားပြောလိုက်ခြင်းဖြစ်ပြီး သူမ

ထက် ကျင့်ကြံခြင်းအဆင့် မြင့်မားသူများသာလျှင် သူမ၏

အသံကို ကြားရမည် ဖြစ်လေသည်။

ဒေါင်းစိမ်းမင်းကြီးသည် ရုန်းကန်နေခြင်းကို ရပ်တန့်လိုက်လေ

သည်။ ထို့နောက် သူမကို စိတ်စွမ်းအားဖြင့် ဆက်သွယ်

စကားပြောလိုက်လေသည်။

"ယွင်ရှောင်းနတ်သမီး... နတ်သမီးက အသက်ရှင်နေသေးတာ

လား"

"အင်း... ဒီနာမည်တောင် အခေါ်မခံရတာ တော်တော်ကြာနေပါပြီ၊ ဒါနဲ့ ဒေါင်းစိမ်းလေး၊ ကျယ်ကျောက် အမိန့်တော်ဂိုဏ်းမှာ ဘယ်သူကျန်သေးလဲ၊ ကျုပ်ရဲ့ဆရာရော အဆင်ပြေရဲ့လား"

မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိသည့် သာယာသည့် အသံလေးက ထွက်ပေါ်လာပြန်လေသည်။

သို့သော်... ယခုတစ်ကြိမ်တွင်တော့ ထိုအသံသည် ခုံရှမ်းတစ်ယောက်သာ ကြားရသည်မှာ ထင်ရှားနေလေသည်။

ဒေါင်းစိမ်းမင်းကြီးသည် အလွန်မာနကြီးသူတစ်ယောက်ဖြစ်လေသည်။ လောကတွင် သူလေးစားသူ သိပ်မရှိပေ။

သို့သော်... သူလေးစားရသည့် အနည်းငယ်မျှသောသူများထဲတွင် ယွင်ရှောင်းနတ်သမီးမှာ တစ်ယောက်အပါအဝင် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူမသည် ယွိချင်တာအိုဆရာသခင် ယွမ်စီထျန်းကျွင်းကို သတ္တိရှိရှိ စိန်ခေါ်ရဲသူတစ်ယောက်ဖြစ်သောကြောင့်ပင်။

ယွမ်စီထျန်းကျွင်းကို သူမရှုံးနိမ့်သွားရသည့်တိုင် သူ၏ရှုံးနိမ့်မှုက ဂုဏ်ယူစရာကောင်းခဲ့လေသည်။

ထို့ပြင် ယွင်ရှောင်းနတ်သမီးသည် စန့်ချင်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်း၏ တပည့်ဖြစ်လေသည်။

ခုံရှမ်းက...

"ကျယ်ကျောက်အမိန့်တော်ဂိုဏ်းက ပျက်သွားပါပြီ ၊ အဲဒီတော့ စန့်ချင်တာအိုဆရာသခင်လည်း ဘယ်စိတ်ကောင်း နိုင်ပါ့မလဲ ၊ ဒါပေမယ့် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကပဲ စကြာဝဠာတစ်ခုလုံးက တာအိုဆရာသခင်ကြီးတွေ ပျောက်ကွယ်သွားကြတယ်"

ယွင်ရှောင်းက...

"အော်... ကျယ်ကျောက်အမိန့်တော်ဂိုဏ်း ပျက်သွားခဲ့ပြီလား ၊ ငါတို့တွေရဲ့ အောင်မြင်မှုတွေက ကံဆိုးမှုတွေကို ဖြစ် စေခဲ့တာပဲ ၊ ဆရာကတော့ အားလုံးကို သိခဲ့ပါတယ် ၊ အဲဒါကြောင့်လည်း ငါတို့ကို သတိပေးခဲ့တယ် ၊ ဒါပေမယ့် ဘယ်သူမှ ဆရာ့

စကားကို နားမထောင်ခဲ့ကြဘူး ၊ အခုလိုဖြစ်လာမှတော့ ငါတို့

ကိုယ် ငါတို့ပဲ အပြစ်တင်ကြရမယ်"

ခုံ ရှမ်းက ခံစားချက်ကင်းမဲ့သည့်လေသံဖြင့်...

"နတ်သမီး... ဒီမှာ အချုပ်နှောင်ခံနေရတာ နှစ်ပေါင်းများစွာ

ကြာနေလို့ အရင်လို ထက်မြက်တဲ့စိတ်တွေ မရှိတော့ဘူး လား ၊

ကျယ်ကျောက်အမိန့်တော်ဂိုဏ်းက ကျောက်စိမ်းဝိညာဉ်

နန်းတော်ရဲ့လက်ချက်နဲ့ ပျက်စီးခဲ့ရတာ ၊ နတ်သမီး ကကျယ်

ကျောက်အမိန့်တော်ဂိုဏ်းက အသက်ရှင်ကျန်ရစ်ခဲ့သူတစ်

ယောက်အနေနဲ့ ကျယ်ကျောက် အမိန့်တော် ဂိုဏ်းကို ပြန်

တည်ထောင်ရမှာပေါ့"

ယွင်ရှောင်းက...

"ဒီနှစ်တွေအတွင်းမှာ ငါ့ရဲ့ကျင့်စဉ်လမ်းလည်း အများကြီး

တိုးတက်လာပါတယ် ၊ ဒါပေမယ့် ကျောက်စိမ်းဝိညာဉ်

နန်းတော်ကို ငါတစ်ယောက်တည်းနဲ့ ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ ၊ ပြီးတော့ ငါတို့ နှစ်ယောက်လုံးက ဒီက အကျဉ်းသားတွေလေ"

ခုံရွှမ်းက....

"နတ်သမီး... နတ်သမီးကို ဖမ်းဆီးခဲ့တဲ့သူက ယွမ်စီထျန်းကျွင်းလေ ၊ ကျောက်စိမ်းဝိညာဉ်နန်းတော်မှ မဟုတ်တာ ၊ ဒီကျောက်စိမ်းဝိညာဉ်နန်းတော်က နတ်သမီးကို ဘယ်ယှဉ်နိုင်မှာလဲ ၊ ပြီးတော့ ကျုပ် ခုလို အဖမ်းခံလိုက်တာက လည်း ကျောက်စိမ်းဝိညာဉ်နန်းတော်က ပစ္စည်းတစ်ခုကို လိုချင်လို့ပါ"

ယွင်ရှောင်းနတ်သမီးက...

"ဘာပစ္စည်းလဲ..."

ခုံရွှမ်းက...

"ဖန်ကူအလံ..."

ယွမ်ရှောင်းက အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"ဖန်ကူအလံကို မင်းတစ်ယောက်တည်းစွမ်းအားနဲ့ ဘယ်လိုလုပ် ယူလို့ရမှာလဲ"

"ဒါကြောင့် နတ်သမီးရဲ့အကူအညီလိုတယ်လို့ ပြောတာပေါ့၊ ပြီးတော့ နတ်သမီးက ခွန်လွန်တောင်မှာ ရောက်နေတာ ကြာပြီ လေ၊ ကျုပ်ကိုကူညီဖို့ နည်းနည်းပါးပါးလောက်တော့ သိမှာပါ"

ယွင်ရှောင်းနတ်သမီးက...

"ငါက မင်းကိုဘာလို့ကူညီရမှာလဲ"

ခုံရှမ်းက...

"နတ်သမီး... သိပ်မကြာခင်မှာ ဘေးအန္တရာယ်ကပ်ဆိုးကြီးကျ ရောက်တော့မယ်"

ယွင်ရှောင်းနတ်သမီးက...

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ"

ခုံရှမ်းက...

"အဲဒီ ဘေးအန္တရယ်ကပ်ဆိုးကြီးက အဆုံးသတ်မှာမဟုတ်ဘူး ၊ အဲဒီအချိန်မှာ စကြာဝဠာမှာ နောက်ဆုံးပွင့်တဲ့ တာအိုဆရာသခင်ကြီးရောက်လာပြီး အရာအားလုံးကို အဆုံးသတ်ပေးရလိမ့်မယ် ၊ အဲဒီ တာအိုဆရာသခင်ကြီးကပဲ အားလုံးအတွက် စကြာဝဠာအသစ်တစ်ခုကို ဖန်ဆင်းပေးလိမ့်မယ် ၊ ပြီးတော့ အဲဒီတာအိုဆရာသခင်ကြီးဟာ ဘယ်သူဖြစ်လာမလဲဆိုတာ မသိနိုင်ဘူး ၊ ပြီးတော့ နတ်သမီးအနေနဲ့လည်း ကျောက်စိမ်းဝိညာဉ်နန်းတော်က နောက်ထပ် တာအိုဆရာသခင်ကြီးတစ်ပါး ထပ်ထွက်ပေါ်လာမှာ မဖြစ်စေချင်ဘူး မဟုတ်လား"

ယွင်ရှောင်းနတ်သမီးက အံ့ဩသွားပြီး...

"ဘာ... ဒီကျောက်စိမ်းဝိညာဉ်နန်းတော်မှာ ဘယ်သူက နောက်ထပ် တာအိုဆရာသခင်ကြီး ဖြစ်လာစရာရှိလို့လဲ"

ခုံရွှမ်းက...

"ဒါပေမယ့် သူတို့ဆီမှာ ဖန်ကူအလံရှိနေသရွေ့ ဖြစ်နိုင်ချေရှိနေတယ်တယ်လေ၊ ပြီးတော့ ယွမ်စီထျန်းကျွင်း ပြောခဲ့ဖူးတဲ့ နိမိတ်စကားရှိတယ်မလား၊ နောက်ဆုံးပွင့်တဲ့ တာအိုဆရာသခင်ကြီးဟာ ဖန်ကူအလံကိုကိုင်ပြီး စကြာဝဠာကို အသစ်ပြန်လည် ဖန်ဆင်းလိမ့်မယ်တဲ့"

ယွင်ရှောင်းနတ်သမီးက...

"နေပါဦး... မင်းက ဒီကိစ္စတွေအကုန်လုံးကို ဘယ်လိုကြောင့် သိနေရတာလဲ"

ခုံရွှမ်းက...

"ကျုပ်ကို တာအိုဆရာသခင်ကြီးတစ်ပါးက ပြောပြတာ"

ယွင်ရှောင်းနတ်သမီးက...

"မင်းပြောတာတွေအကုန်လုံးကို ငါယုံပါတယ်၊ ဒါပေမယ့် မင်းကိုတော့ ကူညီနိုင်မှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ငါသာတတ်နိုင်ရင် ဒီနေရာက လွတ်မြောက်သွားတာ ကြာလှပြီပေါ့၊

ပြီးတော့ ယို့တင်က မင်းထင်ထားတာထက်ပိုပြီး တန်ခိုးကြီး

တယ်နော်..."

ခုံရွှမ်းက...

"ကျုပ်သိပါတယ်၊ ယို့တင်က ဘိုးဘေးမှော်မိစ္ဆာကြီးရဲ့ တန်ခိုး

စွမ်းအားနဲ့ သွေးတွေကို တစ်ဝက်တိတိရထားတဲ့အပြင် ယွမ်စီ

မှော်မိစ္ဆာသွေးတစ်ဝက်ကိုလည်း မြိုထားသေးတယ်၊ ကျုန့်ယွမ်

ကျီနတ်မင်းကြီးတောင် သူ့လောက် တန်ခိုး စွမ်းအားမြင့်မား

မယ်မထင်ဘူး၊ ဒါကြောင့်လည်း ကျောက်စိမ်းနန်းတော်ရဲ့

နန်းတော်သခင်ဖြစ်လာတာပေါ့၊ ပြီးတော့ သူက ရန်သူတွေနဲ့

တိုက်ခိုက်တိုင်းလည်း သူ့ရဲ့တန်ခိုးစွမ်းအားကို အကုန်သုံးလေ့

မရှိတော့ ခန့်မှန်းရခက်တယ်"

ယွင်ရှောင်းက...

"ဒီအကြောင်းတွေကိုလည်း မင်းကို အဲဒီ တာအိုဆရာသခင်ကြီး

ကပဲ ပြောပြတာမဟုတ်လား၊ မင်းပြောတော့ တာအိုဆရာ

သခင်ကြီးတွေအကုန်လုံး ပျောက်ကွယ်သွားကြပြီဆို ၊ မင်းက ဘယ်လိုလုပ် တာအိုဆရာသခင်ကြီး တစ်ပါးနဲ့ ဆက်သွယ်မိရတာလဲ"

ခုံရှမ်းက...

"တာအိုဆရာသခင်ကြီးတွေအားလုံး ပျောက်ကွယ်သွားကြတာက ဒီစကြာဝဠာကြီးက တာအိုဆရာသခင်ကြီးတွေရဲ့ တည်ရှိမှုကို လက်မခံတော့လို့တဲ့ ၊ ဒါပေမယ့် တာအိုဆရာသခင်ကြီးတွေက စိတ်စွမ်းအားနဲ့တော့ ဆက်သွယ်စကား ပြောနိုင်တယ်ဆိုတာ မမေ့နဲ့လေ"

"ဒါဖြင့် အဲဒီတာအိုဆရာသခင်ကြီးက ဘယ်သူလဲဆိုတာ ငါ့ကို ပြောပြစမ်းပါ"

....

ကျောက်စိမ်းဗိမာန်ထဲတွင်တော့ ချိစုန်းကျီသည် ကိုယ်ဟန်မတ်မတ်နှင့် ထိုင်နေလေသည်။

သူက...

"မူလ (၃)ဖြာတာအိုဆရာသခင်ကြီး (၃)ပါးဖြစ်တဲ့ စန့်ချင် ၊ ယွီချင်နဲ့ ထိုက်ချင်တို့ရဲ့ ဩဇာလွှမ်းမိုးမှုက တခြား တာအိုဆရာသခင်ကြီးတွေထက် သာလွန်တယ် ၊ အဲဒါက သူတို့အောင်မြင်ခဲ့တဲ့ ကျင့်စဉ်လမ်းကြောင့်သာမကဘဲ သူတို့ရဲ့ ထူးခြားတဲ့ တန်ခိုးစွမ်းအားတွေကြောင့်လည်း ဖြစ်တယ် ၊ ဘာလို့ ယွီချင်တာအိုဆရာသခင်ကို ယွမ်စီထျန်းကျွင်းလို့ခေါ်ရလဲ သိသလား ၊ ဘာလို့လဲဆိုတော့ ကျုပ်တို့တွေ ကျင့်စဉ်လမ်းမှာ ထိုက်ယီထျန်းရှန်း အဆင့်ကိုရောက်ရင် မရှိမှုကျေးရွာကိုဝင်ရတယ်မဟုတ်လား ၊ အဲဒီမရှိမှုကျေးရွာဆိုတဲ့နေရာဟာ ယွမ်စီထျန်းကျွင်းရဲ့ တာအိုခန္ဓာတစ်ခုပဲ ၊ မရှိမှုကျေးရွာမှာ ဘာမှမရှိဘူး ၊ ဘာမှမရှိလို့လည်း အရာအားလုံးရဲ့ မူလဖြစ်တဲ့ ယွမ်စီဆိုပြီး ဖြစ်လာတာပေါ့ ၊ ပြောကြတဲ့စကားတွေအရဆိုရင် ကျုပ်တို့နေတဲ့ လူ့လောကဆိုတာကလည်း မရှိမှုကျေးရွာကနေ စတင်ဖြစ်တည်လာ တယ်လို့ဆိုတယ်"

ချိစုန်းကျီ၏ စကားများကို ကြားလိုက်ရသည့်အခါတွင်တော့ ဆန်းလျန်၏ တည်ငြိမ်နေသည့် တာအိုနှလုံးသားသည် တစ်ချက်လှုပ်ရှားသွားလေသည်။

ချိစုန်းကျီပြောသည့်စကားများသာ အမှန်ဆိုလျှင် ယွမ်စီထျန်းကျွင်းသည် မရှိမှုကျေးရွာတွင် သူဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များအားလုံးကို သိရှိနေမည် ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်းသည်ပင်လျှင် ယွမ်စီထျန်းကျွင်း၏ တာအိုခန္ဓာထဲတွင် ဖြစ်ပျက်သမျှ ကိုဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် လင်ပေါင်ထျန်းကျွင်းက သူ၏လျှို့ဝှက်ချက်ကို မည်သို့ပင် ဖုံးကွယ်ပေးထားပါစေ မရှိမှုကျေးရွာတွင် သူ၏ ဝိညာဉ်ရှိနေသရွေ့ သူ့အကြောင်းများကို ယွမ်စီထျန်းကျွင်းက သိနေမည်ပဲ ဖြစ်လေသည်။ ထိုသို့ဆိုလျှင် သူ့အသက် သည်

ယွိချင်တာအိုဆရာသခင်ဖြစ်သည့် ယွမ်စီထျန်းကျွင်း၏

လက်ခုပ်ထဲမှရေအလား ဖြစ်ရပေတော့မည်။

အခန်း (၇၀၅) ပျော်ပျော်သေ

ချိစုန်းကျီက ဆန်းလျန်၏ခံစားချက်ကို နားလည်လိုက်ဟန်ရှိ

လေသည်။

ထို့ကြောင့် သူက ပြုံးလိုက်ရင်း...

"မရှိမှုကျေးရွာက ယွမ်စီထျန်းကျွင်းပိုင်ဆိုင်တဲ့နေရာဆိုပေမယ့် အဲဒီနေရာရဲ့ အားသာချက်ကို အသုံးပြုပြီး မင်းကို သူ ဒုက္ခပေးလို့ မရနိုင်ပါဘူး"

ဆန်းလျန်က…

"ဒါပေမယ့် ယွိချင်တာအိုဆရာသခင်သာ ကျုပ်ကိုသတ်ချင်တယ်ဆိုရင် ဘာပြောစရာလိုတော့မှာလဲ ၊ အဲဒီတော့ စိတ်ပူစရာမလိုပါဘူး…"

ဆန်းလျန်သည် အခြေအနေများအားလုံးကို ရှင်းရှင်းလင်းလင်း သိမြင်လက်ခံလိုက်ပြီ ဖြစ်လေသည်။ ယွိချင်တာအိုဆရာသခင်သာ သူ့ကို တကယ်တမ်း သေစေချင်မည်ဆိုလျှင် ဆန်းလျန် အယောက် (၁၀၀)ပင် ရှိစေဦး တော့ လွတ်လမ်းရှိမည် မဟုတ်ပေ။ သို့သော်… ထိုသို့ဖြစ်လာစရာ အကြောင်းမရှိပေ။

ချိစုန်းကျီက…

"ဆန်းကျန်းရန်က တကယ်အရည်အချင်းရှိတာပဲ ၊ ကျုပ်က နည်းနည်းလေးပဲပြောလိုက်တာနဲ့ အကုန်နားလည်သွား တယ် ၊ ပြီးတော့ ကျုပ်တို့ ခုလို တွေ့ဆုံကြတယ်ဆိုတာလည်း ရေစက်ပါလို့ပဲ ၊ ဒါကြောင့် မင်းသိသင့်တယ်ထင်တဲ့ ကိစ္စတစ်ချို့ကို ပြောပြခဲ့တာပဲ"

ဆန်းလျန်က ရုတ်တရက် မတ်တပ်ထရပ်လိုက်ပြီး...

"ဆရာကြီးရဲ့ ညွှဝတ်ကျေပွန်မှုအတွက် ကျေးဇူးတင်ပါတယ် ၊ အနာဂတ်မှာ ကျုပ်တို့ ပြန်တွေ့ကြဦးမယ်ဆိုရင် ဆရာကြီး သင်ပြပေးတာတွေကို နားထောင်ချင်ပါသေးတယ် ၊ ဒါပေမယ့် အခုတော့ လုပ်စရာလေးတစ်ခုရှိလို့ ကျုပ်ကို သွားခွင့်ပြုပါဦး"

ပြောပြီးသည်နှင့် ဆန်းလျန်သည် ကျောက်စိမ်းနတ်ဗိမာန်မှ သဲလွန်စမကျန် ပျောက်ကွယ်သွားလေတော့သည်။

ကျောက်စိမ်းဗိမာန်အပြင်ဘက်တွင် နွားအော်သံတစ်ချက်

ကြားလိုက်ရပြီး ဆန်းလျန်သည် နွားရိုင်းကြီးကိုစီးကာ ပျောက်

ကွယ်သွားလေတော့သည်။

ချိစုန်းကျီ၏ တပည့်မလေးက မကျေမနပ်ဖြင့်...

"ဒီလူကို အစတုန်းက ရည်ရည်မွန်မွန်နဲ့လို့ ထင်ခဲ့တာ ၊ အခု

တော့ အတော်ရိုင်းစိုင်းတာပဲ"

ချိစုန်းကျီကတော့ ဒေါသထွက်ခြင်း အလျဉ်းမရှိပေ။

နတ်ဗိမာန်အတွင်းမှ သဲလွန်စမကျန် ဆန်းလျန်ထွက်ခွာသွား

သည့်နည်းလမ်းမှာ ထိုက်ရှီးစွမ်အားများနှင့် ပြည့်ဝနေ လေ

သည်။ ထိုလူငယ်လေး၏ တာအိုလမ်းစဉ်သည် အမှန်ပင်

ရင်သပ်ရှုမော အံ့သြစရာ ကောင်းလှလေ သည်။

....

နွားရိုင်းကြီးသည် သမုဒ္ဒရာကိုဖြတ်ကာ တိမ်တိုက်များထက်

တွင် ခရီးနှင်နေလေသည်။

"သခင်လေး... ကျွန်တော် ဘာမှတောင်မစားရသေးဘူး ၊ ဘာ လို့ အမြန်ပြန်ထွက်လာရတာလဲ"

နွားရိုင်းကြီးက မကျေမနပ်ဖြင့် ပြောလိုက်လေသည်။

နွားရိုင်းကြီးမှာ ချိစုန်းကျီ၏ ဥယျာဉ်ထဲသို့ ရောက်သွား သည်နှင့် အံ့သြခြင်းမကာ အံ့သြသွားရလေသည်။ အဘယ့် ကြောင့်ဆိုသော် ဥယျာဉ်ထဲတွင် မရေမတွက်နိုင်သည့် ဝိညာဉ် စွမ်းအားဆေးပင်များနှင့် ပြည့်နေသော ကြောင့်ဖြစ်လေသည်။ နွားရိုင်းကြီးသည် ဆေးပင်များဆီမှ တစ်ချက်ပင် အကြည့်မလွှဲ နိုင်ခဲ့ပေ။

ဆန်းလျန်သာ အတင်းသူ့ကိုခေါ်မလာခဲ့လျှင် သူသည် ဥယျာဉ် အတွင်းမှ တဖဝါးမှ ထွက်ခွာလိုမည် မဟုတ်ပေ။

ဆန်းလျန်က နွားရိုင်းကြီး၏ စကားကိုပြန်ဖြေခြင်းမရှိပါ။ အမှန်တော့ ချိစုန်းကျီနှင့် ဆုံတွေ့ခဲ့ရခြင်းသည် တိုက်ဆိုင်မှု တစ်ခု မဟုတ်ပေ။ ဆန်းလျန်နှင့် ကောင်းမွန်သည့် ဆက်ဆံရေး

တစ်ခု ဖန်တီးချင်သည့်အတွက် ချိစုန်းကျီက အကွက်ချ စီစဉ်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော်... ဆန်းလျန်က ချိစုန်းကျီ၏ ရည်ရွယ်ချက်ကို သိရှိလိုက်လေသည်။ ထို့ကြောင့် ချိစုန်းကျီက ထုတ်ဖော်မပြောခင် မှာပင် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ အမှန်တော့ ဆန်းလျန် အနေဖြင့် ချိစုန်းကျီလိုပုဂ္ဂိုလ်မျိုးဖြင့် မိတ်ဆွေဖွဲ့ထားနိုင်လျှင် များစွာ အကျိုးရှိမည် ဖြစ်လေသည်။

သို့သော်... ဤလောကတွင် မည်သည့်အရာမှ အလကားမရနိုင်ပေ။ သူသည် စိတ်ဆင်းရဲမှုများစွာကို ခံစားခဲ့ပြီးသည့်နောက် အခြားသူများထံမှ ကျေးဇူးပြုမှုများကို အလွယ်တကူ လက်မခံတတ်တော့ပေ။ လက်ခံမိလျှင် ကိုယ့်ဘက်မှလည်း ပြန်လည်ပေးဆပ်ရမည် ဖြစ်လေသည်။

ထို့ပြင် ချိစုန်းကျီက ထူးဆန်းသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေသည်။

ဒဏ္ဍာရီများအရဆိုလျှင် သူသည် ကြီးမားထင်ရှားသည့် ကိစ္စ

ရပ်များတွင်သာ ပါဝင်ပတ်သက်လေ့ရှိသူ ဖြစ်လေသည်။ ဤ

သည်ကို ကြည့်ခြင်းအားဖြင့်သူသည် ရှေ့ဖြစ်များကို ကြိုတင်

သိမြင်သူတစ်ယောက်ဖြစ်သည်ဟု ခန့်မှန်းနိုင်လေ သည်။

ထိုသို့သော ပုဂ္ဂိုလ်များနှင့် ဝေးဝေးနေခြင်းသည်သာ ဆန်းလျန်

အတွက် အကောင်းဆုံး ဖြစ်လေသည်။

ထို့ပြင်... ချိစုန်းကျီက မရှိမှုကျေးရွာသည် ယွမ်စီထျန်းကျွ

င်း၏ တာအိုခန္ဓာဖြစ်သည်ဆိုသည့်အချက်ကို ပြောပြခဲ့လေ

သည်။ ထိုစကားကို ရည်ရွယ်ချက်ရှိရှိဖြင့် ပြောခြင်း ဖြစ်နိုင်

လေသည်။

ထို့ပြင်... ချိစုန်းကျီထံမှ အလောတကြီးဖြင့် ထွက်လာရသည့်

အဓိကအကြောင်းရင်း တစ်ခုရှိလေသည်။ အဘယ်ကြောင့်ဆို

သော် ဆန်းလျန်သည် လောလောဆယ်တွင် အရေးတကြီးကိစ္စ

တစ်ခုနှင့် ရင်ဆိုင်နေရပြီ ဖြစ်လေ သည်။

ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရွှမ်ထျန်းကျွင်း ကျောင်းတော်တွင် ဖိတ်ကြားထားခြင်းမရှိ သည့် ဧည့်သည်တစ်ယောက် သူ့ကိုစောင့်နေသည်ကို အာရုံရလိုက်သောကြောင့် ဖြစ်လေသည်။

ထိုဧည့်သည်၏လက်အောက်တွင် အားလျန်သည် နှိမ်နင်းခံလိုက်ရပြီး ချင်းရွှမ်ထျန်းကျွင်းသည်လည်း ထိုသူကို တိုက်ခိုက်နိုင်ခြင်းမရှိပေ။

ချင်းရွှမ်ထျန်းကျွင်းထံတွင် တာအိုဆရာထိုက်ယီပိုင်ဆိုင်သည့် ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ဝိညာဉ်ကျောက်ပြားကို ရှိလေသည်။ ထိုကျောက်ပြားနှင့်ဆိုလျှင် တာ့လော်အဆင့် နတ်ဘုရားများကိုပင်လျှင် ကြောက်စရာမရှိပေ။

သို့သော်... ယခုတော့ ကျောင်းတော်အတွင်းမှ ချင်းရွှမ်ထျန်းကျွင်းပင်လျှင် မတိုက်ခိုက်နိုင်အောင် တန်ခိုးစွမ်းအား မြင့်မား

သူမှာ နှယ်နှယ်ရရပုဂ္ဂိုလ်တော့ မဖြစ်နိုင်ပေ။ အလွန်

ကြောက်မက်ဖွယ်ကောင်းသူ ဖြစ်ရပေမည်။

ဆန်းလျန်သည် သိပ်ပြီးစဉ်းစားနေခြင်းမရှိပါ။ ထိုသူကို

သွားရောက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် ထိုမျှ တန်ခိုးစွမ်းအား မြင့်မားသူတစ်

ယောက်က သူ့ကိုတွေ့ချင်သည်ဆိုလျှင် သူ့အနေဖြင့် ထွက်ပြေး

လျှင်လည်း လွတ်မြောက်မည် မဟုတ်ပေ။

ထို့ကြောင့် နာမည်အပျက်ခံပြီး ထွက်ပြေးမည့်အစား သွားတွေ့

လိုက်ခြင်းကသာ ပိုကောင်းပေလိမ့်မည်။

ဆန်းလျန်သည် ချင်းရှမ်ထျန်းကျွင်းကျောင်းတော်သို့

ရောက်လာခဲ့လေသည်။

ကျောင်းတော်ထဲတွင် အားလျန်သည် ရေခဲရုပ်တုတစ်ခုအလား

အေးခဲနေပြီ ဖြစ်လေသည်။

သူမ၏ဘေးတွင်တော့ ကျောက်တုံးစားပွဲတစ်ခုနှင့် ကျောက်ထိုင်ခုံများ ရှိနေလေသည်။ ကျောက်ထိုင်ခုံတစ်ခုထက် တွင် လူတစ်ယောက် ထိုင်နေလေ၏။ သူ၏ဦးခေါင်းထက်တွင် စာပေသမားများဆောင်းသည့် ဦးထုပ်တစ်လုံး ဆောင်းထားပြီး အဝါနုရောင် နတ်ဘုရားဝတ်စုံကို ဝတ်ဆင်ထားလေသည်။ ဆန်းလျန်သည် ထိပ်တန်းအဆင့်ချောမောခန့်ညားသည့် လူငယ်တစ်ယောက် ဖြစ်လေသည်။ သို့သော်... ထိုသူသည် ဆန်းလျန်ထက် အနည်းငယ်ပင် ပိုပြီးကြည့်ကောင်းသည်ဟု ဆိုနိုင်လေ၏။

ထိုသူက ကျောက်ထိုင်ခုံထက်တွင်ထိုင်နေပြီး အရက်တစ်ခွက်ကိုငုံ့ကာ သောက်နေလေသည်။ သို့သော်... ဆန်းလျန် ကတော့ ထိုသူ အရက်ငုံ့နေသည်ဟု မမြင်မိပါ။ သမုဒ္ဒရာကြီးတစ်ခုလုံးကို ငုံ့ထည့်နေသည်ဟု မြင်လိုက်မိလေသည်။ သမုဒ္ဒရာမဟုတ်

ပါက ကောင်းကင်မြစ်တစ်စင်းဖြစ်သည့် နဂါးငွေ့တန်းဖြစ်ပေ

လိမ့်မည်။

ထို့ပြင် ထိုသူကို သူ၏မျက်လုံးဖြင့် မျက်ဝါးထင်ထင် တွေ့မြင်

နေရသော်လည်း ထိုသူသည် သူ့ရှေ့တွင်မရှိဟု ခံစားနေရ

ပြန်သည်။ သူတို့ နှစ်ယောက်သည် မတူညီသည့် အချိန်ကာလ

နှစ်ခုတွင် တည်ရှိကြသူများဖြစ်ဟန်ရှိလေ သည်။

ထိုသူသည် အတိတ် သို့မဟုတ် အနာဂတ် အချိန်တစ်ခုခုမှ

ရောက်လာဟန် ရှိလေသည်။

ဆန်းလျန်သည် နွားရိုင်းကြီးကိုခေါ်ဆောင်ပြီး ဒုက္ခအပေါင်းမှ

ကင်တင်သူ ချင်းရွှမ်ထျန်းကျွင်း ကျောင်းတော်အတွင်း သို့ ဝင်

လာသည့်အချိန်မှာပင် ဆန်းလျန်နှင့် ချင်းရွှမ်ထျန်းကျွင်း

တစ်သားတည်း ပေါင်းစပ်သွားခဲ့ပြီ ဖြစ်လေသည်။

သို့သော်... နတ်ဘုရားစွမ်းအားများသာမက သူ၏ မူလဝိညာဉ်ခန္ဓာသည်ပင်လျှင် သူ့ကို ကာကွယ်ပေးနိုင်တော့မည် မဟုတ်ကြောင်း သူ ခံစားနေရလေသည်။

ဆန်းလျန်သည် ထိုသူ၏အရှေ့တွင် ဝင်ထိုင်လိုက်ပြီး ထိုသူ အရက်ငှဲ့နေသည်ကို စိုက်ကြည့်လိုက်လေသည်။

ဆန်းလျန်က...

"မင်းက ကျောက်စိမ်းဝိညာဉ်နန်းတော်က ချင်းယွမ်မြောင်တောက်အရှင် မဟုတ်လား"

ထိုသူက အရက်ငှဲ့နေခြင်းကို ရပ်တန့်လိုက်ပြီး...

"အမှန်ပဲ"

ဟု ပြောလိုက်လေသည်။

အရက်ခွက်ထဲမှ အရက်များသည် အရက်နှင့်မတူပေ။

စကြာဝဠာထဲမှ ကြယ်စင်များ လင်းလက်နေသည်နှင့် တူလေသည်။

ဆန်းလျှန်က မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ခင်ဗျားကိုတွေ့ရတာ ကျုပ်ဘဝမှာ ဒုတိယမြို့ စိတ်

အကြီးအကျယ် ဆင်းရဲမိတာပါပဲဗျာ..."

ချင်းယွမ်မြောင်တောက်အရှင်က...

"ကျုပ် အစစ်ဆေးခံရတာ ပြီးပြီးချင်းပဲ မင်းကို ပထမဆုံး လာ

တွေ့တာ ၊ မင်း ဂုဏ်ယူသင့်တယ်"

ဆန်းလျှန်က...

"ဂုဏ်မယူနိုင်ပါဘူးဗျာ..."

ဆန်းလျှန်သည် ချင်းယွမ်မြောင်တောက်အရှင် မည်မျှတန်ခိုး

စွမ်းစွမ်းအားကြီးမားသည်ကို သိရှိခြင်း မရှိပေ။

ထို့ကြောင့် ယခုကဲ့သို့ ချင်းယွမ်းမြောင်တောက်အရှင်

ရုတ်တရက်ရောက်ရှိလာခြင်းက ဆန်းလျှန်ကို ထိတ်လန့်စေ

လေသည်။

ဆန်းလျှန်၏ဘဝတွင် မရေမတွက်နိုင်သည့် နတ်ဘုရားများ ၊ တန်ခိုးရှင်များဖြင့် ရင်ဆိုင်ခဲ့ရဖူးပါသည်။ သေလုမတတ် အန္တရယ်များနှင့်လည်း ကြုံတွေ့ခဲ့ရဖူးပါသည်။ သို့သော်… စန့်ချင်တာအိုဆရာသခင်နှင့် ရင်ဆိုင်ခဲ့ရသည့်တစ်ချိန်မှလွဲ ပြီး ကျန်သည့်အချိန်များသည် ယခုအချိန်လောက် ဆိုးဝါးခြင်း မရှိခဲ့ပေ။

ထို့ပြင် ချင်းယွမ်မြေင်တောက်အရှင်သည် အမြင်စူးရှပြီး သုံးလောကတစ်ခုလုံးကို သိမြင်နိုင်သူ ဖြစ်လေသည်။ မည်သည့် အရာမှ သူ့ကိုဖုံးကွယ်ထားနိုင်၍ မရနိုင်ပေ။

ထိုသို့သောလူများသည် ပကတိဖန်ဆင်းခြင်းပညာနှင့် အိပ်မက်လိပ်ပြာကျင့်စဉ်ကို ကျင့်ကြံထားသည့် ဆန်းလျှန် ကဲ့သို့သော လူမျိုးကို ကောင်းကောင်းဒုက္ခပေးနိုင်သည့် လူများ ဖြစ်လေသည်။

ဆန်းလျန်သည် ချင်းယွမ်မြောင်တောက်အရှင်၏ရှေ့မှ ဗလာနယ်ကိုဖန်ဆင်းကာ ထွက်ပြေးမည်ဆိုလျှင်တောင်မှ သုံးလောကတစ်ခွင်ကို စူးရှစွာ တွေ့မြင်နေရသည့် ချင်းယွမ်းမြောင်တောက်အရှင်၏ လက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

ချင်းယွမ်မြောင်တောက်အရှင်ကို တွေ့လိုက်ရသည့်အခါ သူသည် လူတစ်ယောက်ကို သတိရသွားမိလေသည်။ လေးသည်တော် တာ့ယိပင် ဖြစ်လေသည်။ သူတို့ (၂)ယောက်စလုံးသည် ထင်ရှားပြီး မည်သူမှ အနိုင်မယူနိုင် လောက်သည့် အရည်အချင်းရှိသူများ ဖြစ်ကြလေသည်။

သို့သော်... လေးသည်တော်တာ့ယိသာ ရောက်ရှိလာပြီး ချင်းယွမ်မြောင်တောက်အရှင်နှင့် တိုက်ခိုက်မည်ဆိုလျှင် တာ့ယိသာလျှင် အနိုင်ရမည်ဟု ဆန်းလျန် မျှော်လင့်မိလေသည်။

သို့ရာတွင်... တကယ်တမ်း သူတို့နှစ်ယောက်သာ တိုက်ခိုက်

မည်ဆိုလျှင် နှစ်ယောက်စလုံး ပျက်စီးသွားလိမ့်မည်ဟု သူ့

နှလုံးသားထဲတွင် နားလည်နေလေသည်။

ချင်းယွမ်မြောင်တောက်အရှက်က ပြုံးလိုက်ပြီး...

"အရက်သောက်ပါဦးလား ၊ သုံးလောကမှာ ကျုပ်နဲ့အရက်

အတူသောက်ခွင့်ရတဲ့သူဆိုလို့ သိပ်ရှိတာမဟုတ်ဘူး"

ဆန်းလျန်က...

"သောက်ပြီးရင် ဘာလုပ်မှာလဲ..."

ချင်းယွမ်မြောင်တောက်အရှင်က...

"မင်းဆီက စန့်ချင်မူလဝိညာဉ်သင်္ကေတကို ထုတ်ယူသွားပြီး

တော့ မိုးနဲ့မြေမှာ မင်းကို တစ်စစီဖြစ်သွားအောင် လုပ်ပစ်မယ်"

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မင်းလိုချင်တာ ရနိုင်မယ်မထင်ဘူး ၊ ပြီးတော့ ကျုပ်က

ဘယ်တော့မှ ရှုံးနိမ့်မယ့်လူတစ်ယောက် မဟုတ်ဘူး"

ချင်းယွမ်မြောင်တောက်အရှင်က...

"ကျုပ်ကလည်း ဘယ်တော့မှ ရှုံးနိမ့်မယ့် လူတစ်ယောက် မဟုတ်ဘူး ၊ မင်းကို ဘယ်သူပဲ လာကယ်ကယ် ကျုပ် ဂရုမစိုက်ဘူး ၊ မင်းဆီက စန့်ချင်မှုလဝိညာဉ်သကော်တကို ကျုပ်က ရအောင်ယူပြီး မင်းကို အမှုန့်ချေပစ်မှာပဲ"

သူ၏ စကားများက ယုံကြည်မှုအပြည့်ဖြင့် ဖြစ်လေသည်။

အမှန်တကယ်လည်း သူ့တွင် ထိုသို့ လုပ်ဆောင်နိုင်စွမ်း ရှိလေသည်။

တာအိုဆရာသခင်ကြီးမှလွဲပြီး ချင်းယွမ်မြောင်တောက် အရှင်၏လက်မှ ဆန်းလျန်ကိုကယ်တင်နိုင်သူ လောကတွင် တစ်ယောက်မှ မရှိပေ။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"အေးပေါ့ဗျာ ၊ သေလူဖြစ်နေပြီဆိုတော့ အရက်တစ်ခွက်တော့ သောက်ဦးမှပါ..."

ချင်းယွမ်မြောင်တောက်အရှင်က...

"ဒါကြောင့် ကျုပ်ကလည်း သောက်ဖို့စီစဉ်ထားတာပေါ့..."

ဆန်းလျန်က ခပ်အေးအေးအမူအရာဖြင့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်လေသည်။

ထို့နောက် သူက အရက်ခွက်ကိုကိုင်ကာ မော့သောက်လိုက်လေတော့သည်။

ဆန်းလျန်၏ဘဝတွင် အရက်ကောင်းများစွာကို သောက်ဖူးသော်လည်း ယခုသောက်ရသည့် အရက်လောက်ထူးခြား ခြင်းမရှိပေ။ အရက်ခွက်ပါ တစ်ခါတည်းအရည်ပျော်ပြီး ဆန်းလျန်၏ ပါးစပ်အတွင်းသို့ ဝင်ရောက်သွားလေသည်။ အရက်သောက်ပြီးသည်နှင့် သူ့ခေါင်းထဲမှ မှတ်ဉာဏ်များမှာ တဖျတ်ဖျတ်လက်နေသလို ခံစားလိုက်ရလေသည်။

ထို့နောက်တွင်တော့ သူ၏အတိတ်မှ မှတ်ဉာဏ်များနှင့် အမှတ်တရများအားလုံးသည် ချက်ချင်းပင် ပျောက်ကွယ်သွားလေတော့သည်။

ချင်းယွမ်မြောင်တောက်အရှင်က...

"ဒီအရက်ထဲမှာ မပြည့်စုံတဲ့ အရသာ (၅)မျိုးပါဝင်တယ်၊ မင်း မသေခင် အရာအားလုံးကို မေ့ပျောက်သွားတော့ နောင်တနဲ့ နာကျင်မှုတွေကို မခံစားရတော့ဘူးပေါ့"

ထိုစကားများကို နားထောင်ပြီးသည်နှင့် ဆန်းလျန်သည် ချက်ချင်းမေ့သွားလေသည်။

ဆန်းလျန်သည် ကျိန်းသေ သေရတော့မည် ဖြစ်လေသည်။

သို့သော်... သူသည် ချင်းယွမ်မြောင်တောက်အရှင်၏ လက်ထဲ တွင်တော့ သေရမည် မဟုတ်ပေ။

ထိုအချိန်တွင်... အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် စစ် စခန်းငယ်တစ်ခု ပေါ်လာလေသည်။ စစ်စခန်းငယ် အလယ် တွင် ကောက်ရိုးများဖြင့်ပြုလုပ်ထားသည့် အရုပ်တစ်ရုပ်ရှိနေ လေသည်။ ထိုအရုပ်သည် ဆန်းလျန်နှင့်အလွန် ဆင်တူလေ သည်။ ထိုကောက်ရိုးအရုပ်၏ ရင်ပတ်ထက်တွင် စာရွက်တစ်

ရွက် ကပ်ထားပြီး ထိုစာရွက်ပေါ်တွင် ရေးသားထား သည့်

အမည်မှာ "ဆန်းလျှန်" ဟူ၍ ဖြစ်လေတော့သည်။

အခန်း (၇၀၆) ပျောက်ဆုံးသွားသောဝိညာဉ်

ယင်းစန်းကိုအနိုင်ယူတိုက်ခိုက်ပြီးကတည်းက အသူရာချောက်

သည် အဆက်မပြတ်ကျယ်ပြန့်လာခဲ့လေသည်။ ထို့ကြောင့်

အခြေအနေများ ဆိုးရွားမလာခင် အစစအရာရာ ကြိုတင်ကာ

ကွယ်မှုများ ပြုလုပ်ထားရတော့မည်ကို ဆန်းလျှန်

သဘောပေါက်ခဲ့လေသည်။

ထိုအချိန်မှာပင် ကျောက်စိမ်းဝိညာဉ်နန်းတော်က သူ့အကြောင်းများကို သိရှိသွားခဲ့ခြင်း ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော် ပေါင်းစည်းသွားလျှင် စကြာဝဠာတစ်ခုလုံးတွင် အကြီးမားဆုံး အခွင့်အာဏာများကို ပိုင်ဆိုင်သွားမည်ဖြစ်ပြီး လင်စန်းတောင်ပင်လျှင် နောက်သို့ ဆုတ်ပေးရနိုင်ဖွယ် ရှိလေသည်။

ဆန်းလျန်သည် သူ့အသက်လုံခြုံရန်အတွက် ခေတ္တခဏမျှ ပုန်းခိုနိုင်မည်ဖြစ်သော်လည်း တကယ်တမ်း နန်းတော် (၂)ခုနှင့် ရင်ဆိုင်တိုက်ခိုက်ရလျှင် သေဖို့က သေချာသလောက်ရှိလေသည်။ မိုးမြေနိယာမတရားများအရ အမြဲတမ်း အသက်ရှင်ရန် လွတ်လမ်းတစ်ခုရှိသည်ဆိုသော်လည်း ဆန်းလျန်အတွက်တော့ ထိုစကားက မှန်နိုင်မည် မဟုတ်ပေ။

သူအသက်ရှင်ရန်အတွက် သူကိုယ်တိုင်သာ ကြိုးစားရမည် ဖြစ်လေသည်။ သူ့ကို မည်သူမှ လာကူနိုင်မည်မဟုတ် ပေ။

သို့သော်… တာအိုဆရာလုယာပေးခဲ့သည့် မြားခုနစ်စင်း ကျမ်းစာ သူ့ထံတွင် ရှိနေလေသည်။ တာအိုဆရာ လုယာ ထို ကျမ်းစာကို အဘယ့်ကြောင့် သူ့ကို လက်ဆောင်ပေးရသည်ကို အစပိုင်းတွင် ဆန်းလျှန် နားမလည်ခဲ့ပေ။ သို့သော်… နတ်ဘုရားညဏ်စဉ်မှ လူပြန်ဝင်စားသည့်တာအိုဆရာ ယွိတင်နှင့် တိုက်ခိုက်ပြီးသည့် အခါတွင်တော့ ထိုအချက်ကို ကောင်းစွာ နားလည်သွားလေတော့သည်။

မြားခုနစ်စင်းကျမ်းစွာတွင်ပါဝင်သည့် အစီအရင်ကိုပြုလုပ်ရန် အတွက် ရက်ပေါင်း (၂၁)ရက် တိတိ ကြာမည် ဖြစ်လေ သည်။ ထိုအစီအရင်သည် တန်ခိုးစွမ်းအား မြင့်မားလွန်းသော်လည်း ထိပ်တန်းအဆင့် အနန္တတန်ခိုးရှင်များကို တိုက်ခိုက်ရန် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော်… အနန္တတန်ခိုးရှင်များသည် မြားခုနစ်စင်းကျမ်းစာဖြင့် သူတို့ကို တိုက်ခိုက်မည်ဆိုလျှင် ကြိုတင်သိမြင်နိုင်ကြမည် ဖြစ်လေသည်။

ထို့ပြင် အစီအရင်အပြုလုပ်နေသည့် (၂၁)ရက်ဆိုသော အချိန်အတွင်းမှာပင် ရန်သူများက ဆန်းလျန်ကို လာရောက်သတ်ဖြတ်သွားနိုင်လေသည်။ ထို့ကြောင့် ရန်သူများကို မြားခုနစ်စင်းကျမ်းစာဖြင့် အနိုင်ယူရန်မှာ မဖြစ်နိုင်ပါချေ။

သို့သော်... မြားခုနစ်စင်းကျမ်းစာကိုအသုံးပြုကာ သူ့ကိုယ်သူသတ်လိုက်မည်ဆိုလျှင်တော့ မည်သည့်ပြဿနာမှ ရှိလာမည်မဟုတ်ပေ။

ထို့ကြောင့် ဆန်းလျန်သည် မြားခုနစ်စင်းကျမ်းစာ အစီအရင်ကို အပြာရောင်ခရီးရှည်နန်းတော်ထဲတွင် ပြုလုပ်ထားခဲ့ လေသည်။ အပြာရောင်ခရီးရှည်နန်းတော်တွင် ဖြစ်ပျက်သမျှ ကိစ္စရပ်တိုင်းကို စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်းမှလွဲပြီး မည်သူမှ သိရှိမည် မဟုတ်ပေ။

ဆန်းလျန်သည် ရွေးခြယ်စရာ မရှိတော့သည့်အဆုံး ထိုသို့ပြုလုပ်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်လေသည်။

သူပြုလုပ်ခဲ့သည့် မြားခုနစ်စင်းအစီအရင်မှာ အချိန်ကို တိုင်းတာခြင်း ဖြစ်လေသည်။ တစ်စုံတစ်ယောက်က သူ့ကို မ သတ်ဖြတ်မီ သူ့ကိုယ်သူအရင်သတ်လိုက်ပြီး အနာဂတ်တစ်ချိန် တွင် ပြန်လည်ရှင်သန်လာအောင် ပြုလုပ်ထားသည့် အစီအရင် တစ်ခု ဖြစ်လေသည်။

သူသာသေဆုံးသွားလျှင် ပြဿနာအားလုံး ဖြေရှင်းပြီးသား ဖြစ်သွားမည် ဖြစ်လေသည်။ သို့သော်... သူ၏ သေဆုံးမှုသည် လည်း စစ်မှန်ရန် လိုအပ်လေသည်။

ထို့ပြင် သူသည် အသူရာချောက်၏အရှင်သခင်ဖြစ် သည့်အတွက် သေခြင်းရှင်ခြင်းစာအုပ်မှ စွမ်းအားများကို အသုံးပြု နိုင်လေသည်။ သေခြင်းရှင်ခြင်းစာအုပ်ကို အသုံးပြု ပြီး သူသည် သံသရာစက်ဝန်းတွင် အကြိမ်ပေါင်းမရေမတွက် နိုင် အောင်လည်ပတ်နိုင်မည် ဖြစ်လေသည်။

ထိုသို့ သံသရာလည်ပတ်နေစဉ်တွင်... မည်သည့်နေရာတွင် လူဖြစ်နေမည်ကို သူကိုယ်တိုင်လည်း သိမည်မဟုတ် သလို အခြားသူများလည်း သိရှိနိုင်မည် မဟုတ်ပေ။

သို့သော်... တာအိုဆရာသခင်ကြီးများကတော့ ခြွင်းချက်ဖြစ်လေသည်။

ထို့ကြောင့် ယွိချင်တာအိုဆရာသခင်နှင့် ထိုက်ချင်တာအိုဆရာသခင် (၂)ပါးက သူကဲ့သို့ ဘာမှမဟုတ်သည့် လူငယ်လေးတစ်ယောက်ကို စိတ်ဝင်စားပြီး သတ်ဖြတ်ချင်နေလျှင်တော့ ဆန်းလျန်၏ ကံသာ ဖြစ်လေသည်။

မြားခုနစ်စင်းကျမ်းစာအစီအရင်ကို ပြုလုပ်ခဲ့ပြီး (၁၄)ရက်မြောက်နေ့တွင် ချင်းယွမ်မြောင်တောက်အရှင်က ဆန်းလျန်ကို လာရှာခြင်း ဖြစ်လေသည်။ အစီအရင်ပြီးဆုံးရန် အချိန် (၇)ရက် လိုနေသေးသည်။ နောက်ထပ် (၇)ရက်ပြည့်မှ သူ့ကိုယ်

သူ သတ်ဖြတ်လိုက်သည့် ဆန်းလျန်၏ အစီအစဉ်အောင်မြင်ပြီးဆုံး မည် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်သည် ချင်းယွမ်မြောင်တောက်အရှင်ကို ရင်ဆိုင်ရန်အတွက် ချင်း ရွှမ်ထျန်းကျွင်း ကျောင်းတော် သို့ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

ကျောင်းတော်သည် ဒုက္ခအပေါင်းကိုကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်း ရွှမ်ထျန်းကျွင်း၏ နတ်ဘုရား နယ်မြေဖြစ် လေသည်။ ထို့ကြောင့် ကျောင်းတော်အတွင်းတွင် သူသည် အချိန်ကို ထိန်းချုပ်နိုင်စွမ်းရှိလေသည်။

"နတ်ပြည် (၁)ရက် ၊ လူ့ပြည် (၁)နှစ်" ဟု အဆိုရှိသည် မဟုတ်ပါလား။ ထိုသို့ဖြစ်ရသည်မှာ မိုးနတ်မင်းသည် အချိန်ကို ပြောင်းလဲဖန်တီးထားခဲ့သောကြောင့် ဖြစ်လေသည်။

ချင်း ရွှမ်ထျန်းကျွင်းကျောင်းတော်ထဲတွင် ဆန်းလျန်သည် ထို ကဲ့သို့သော တန်ခိုးစွမ်းအားများကို အသုံးပြုနိုင်လေ သည်။

ထို့ကြောင့် ချင်းရွှမ်ထျန်းကျွင်းကျောင်းတော်ထဲတွင် ဆန်းလျ
န် အရက်ခွက်ကို မော့သောက်လိုက်သည့် အချိန် တစ်ခဏတာ
လေးသည် ပြင်ပကမ္ဘာတွင်တော့ အချိန် (၇)ရက် ကြာသွားခဲ့
လေသည်။

ဆန်းလျန်သည် မပြည့်စုံသည့် အရသာ (၅)မျိုးပါဝင်သည့်
အရက်ကို သောက်ပြီးသွားသည့်အခါတွင်တော့ သူ၏
မှတ်ဉာဏ်များသည် တဖြည်းဖြည်း မှုံဝါးလာလေသည်။
သူကျင့်ကြံခဲ့သည့် စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်းစာအုပ်
နှင့် ချင်းရွှမ်နတ်တံခါးမှ အကြောင်းအရာများအားလုံးကို ပင်
ရေးရေးမျှသာ မှတ်မိတော့လေသည်။

ဆန်းလျန် အရက်ခွက်ကို မော့သောက်လိုက်သည်ကို ကြည့်
ရင်း ချင်းယွမ်မြောင်တောက်အရှင်က တစ်ချက် ပြုံးလိုက်လေ
သည်။

"ဒီအရက်မှာ နာမည်ရှိတယ်၊ 'ဘဝအိပ်မက်အရက်' တဲ့၊ မင်း သေသွားရင်တောင်မှာ ဘာနာကျင်မှုမှ ခံစားရမှာ မဟုတ်ဘူး၊ မင်းရဲ့ဘဝက အိပ်မက်တစ်ခုလိုပဲ ဖြစ်နေလိမ့်မယ်"

ပြောပြီးသည်နှင့် သူက ဆန်းလျန်ကို သတ်မည့်အစီအစဉ်ကို အကောင်အထည်ဖော်ရန် စတင်လိုက်လေသည်။

သို့သော်... ဆန်းလျန်သည် ထူးဆန်းစွာပင် သူ့မျက်စိရှေ့မှ ပျောက်ကွယ်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင်.... ကျောင်းတော်၏ပလ္လင်ထက်တွင် နတ်ဘုရားတစ်ပါး ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး အလင်းတန်းများဖြင့် တောက်ပသွားလေသည်။ ထိုနတ်ဘုရားတွင်ခံစားချက်မရှိ။ အနတ္တတရားသာ ရှိလေသည်။ ထိုနတ်ဘုရားသည် ရှန်လမ်းစဉ် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ ချင်းယွမ်မြောင်တောက်အရှင်မှာ အနည်းငယ် အံ့အားသင့်သွားလေ၏။

သူသည် ချက်ချင်းပင် သုံးလောကမှ အသက်ဓာတ်စွမ်းအား များကို စစ်ဆေးကြည့်လိုက်လေသည်။ သို့သော်... ဆန်းလျှ န်၏အသက်ဓာတ်စွမ်းအားကို မည်သည့်နေရာတွင်မှ ရှာမတွေ့ တော့ပေ။ ဆန်းလျှန်၏ အသက်ဓာတ်စွမ်းအားနှင့် တည်ရှိ မှုသည် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ပလ္လင်ထက်မှ နတ်ဘုရားသည်ကား ရှန်လမ်းစဥ်နတ်ဘုရား တစ်ပါးဖြစ်သည့် ဒုက္ခအပေါင်းမှကင်တယ်သူ ကောင်းကင်ဘုံ အရှင် ချင်းရွှမ်ထျန်းကျွင်း ဖြစ်လေသည်။ ကံမကောင်းသည့် အချက်မှာ ချင်းရွှမ်ထျန်းကျွင်းသည် ရှန်လမ်းစဥ်နတ်ဘုရား တစ်ပါးဖြစ်လေရကား သူ့ထံတွင် စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်း၏ မူလသင်္ကေတကို တွေ့မြင်ရခြင်း မရှိ ပေ။

ထို့ပြင် ချင်းရွှမ်ထျန်းကျွင်းသည် ခံစာချက်ကင်းမဲ့နေသည့် အနတ္တတရားတစ်ခုဖြစ်ပြီး စိတ်ရင်းစေတနာဖြင့် သတ္တဝါ

အားလုံးကို ကယ်တင်နေသူ ဖြစ်လေသည်။ ထို့ကြောင့် ချင်းရှ
မ်ထျန်းကျွင်းတွင် ကုသိုလ်တရားသာ လျှင်ရှိလေသည်။
ချင်းယွမ်မြောင်တောက်အရှင်သည် ထိုသို့ဖြစ်လာလိမ့်မည်ဟု
လုံး၀ ထင်မထားခဲ့မိပေ။
သူ၏လက်ထဲတွင် အသွား (၂)လက်ပါသည့် သုံးမြောင့်ချွန်ဓား
တစ်လက် ပေါ်လာပြီး ချင်းရှမ်ထျန်းကျွင်းကို ဓားဖြင့် ထိုးစိုက်
ချလိုက်လေသည်။
ထိုအခါ ချင်းရှမ်ထျန်းကျွင်း၏ ခန္ဓာကိုယ်သည်
အစိတ်စိတ်အမွှာမွှာပြိုကွဲသွားလေသည်။ သို့သော် ... အချိန်
ခဏအတွင်းမှာပင် နဂိုမူလအတိုင်း ချင်းရှမ်ထျန်းကျွင်းသည်
ပလ္လင်ထက်တွင် ပြန်ပေါ်လာပြန်လေသည်။
ချင်းရှမ်မြောင်တောက်အရှင်သည် တန်ခိုးစွမ်းအားမြင့်မား
သူများစွာဖြင့် တိုက်ခိုက်ဖူးသည့် အတွေ့အကြုံရှိလေသည်။
ထို့ကြောင့် ချင်းရှမ်ထျန်းကျွင်းဆိုသည်မှာ ဆန်းလျန်မှ ခဲ့ထွက်

သွားသည့် တာအိုပုံစံတစ်ခုဖြစ်သည်ကို သိရှိလိုက် လေသည်။

တာအိုပုံစံဖြစ်နေသည့်အတွက် မည်သို့ပင်ဖျက်စီးဖျက်စီး

ပျက်စီးမည် မဟုတ်ပေ။

ချင်းရှမ်ထျန်းကျွင်းကို ဖျက်စီးပစ်နိုင်ရန်အတွက် နည်းလမ်း

တစ်ခုသာ ရှိလေသည်။

တာအိုဆရာထိုက်ယီပိုင်ဆိုင်သည့် ဒုက္ခအပေါင်းမှကယ်တင်သူ

ကောင်းကင်ဘုံအရှင် ဝိညာဉ်ကျောက်ပြားကို ဖျက်စီး ပစ်လိုက်

မှသာ ချင်းရှမ်ထျန်းကျွင်း ပျက်စီးသွားမည်ဖြစ်လေ သည်။

သို့သော်... ထိုသို့ပြုလုပ်လိုက်ပါက တာအိုဆရာ သခင်ထိုက်

ယီနှင့် ပြဿနရှုတ်ကုန်ပေလိမ့်မည်။

ချင်းယွမ်မြောင်တောက်အရှင်သည် အထက်တန်းကျပြီး

မြင့်မြတ်သူတစ်ယောက် ဖြစ်သလို ရည်မှန်းချက်ကြီးမား သူ

လည်းဖြစ်လေရာ တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သူ တာအို

ဆရာသခင် ထိုက်ယီနှင့်တော့ ပြဿနာဖြစ်လိုစိတ် မရှိပေ။

ချင်းယွမ်မြောင်တောက်အရှင်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး...

"ဟော့... မင်း သေသေ ရှင်ရှင် ကျုပ်က သောက်ဂရုစိုက်မယ်များ ထင်နေလား။ စန့်ချင်တာအိုဆရာသခင်ရဲ့ မူလ သင်္ကေတပြန်ပေါ်လာတာနဲ့ ကျုပ်က သိပြီးသားပဲ။ အဲဒီအချိန်ကျမှလောကတစ်ခုလုံး မြေလှန်ရှာပြီး မင်းကိုလာ ဖမ်းမယ်။ ပြေးလို့လွတ်မယ်မထင်နဲ့"

ထို့နောက် ချင်းယွမ်မြောင်တောက်အရှင်သည် သူ၏ဓားကိုသိမ်းကာ ချင်းရွှမ်ထျန်းကျွင်းကျောင်းတော်ထဲမှ ထွက်ခွာသွားလေတော့သည်။ ကျောင်းတော်ထဲမှ ထွက်ခွာသွားသည်နှင့် သူသည် မရှိမှုကျေးရွာသို့ ချက်ချင်းပင် ရောက်ရှိသွားလေသည်။

သူထွက်ခွာသွားသည်နှင့် ကျောင်းတော်အတွင်းမှ ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင် ချင်းရွှမ်ထျန်း

ကျွင်းသည် အေးခဲနေသည့် အားလျှန်ကို လက်နှစ်ချောင်းဖြင့် ထိုးညွှန်လိုက်လေသည်။ ထိုအခါ အားလျှန်သည် ချက်ချင်းပင် နဂိုအတိုင်းပြန်ဖြစ်သွားလေသည်။

နွားရိုင်းကြီးကတော့ ထွက်ပြေးရန် ကြိုးစားနေလေသည်။ သို့သော်... သူသည် ရှေ့သို့ပြေးလိုက်တိုင်းနောက်သို့သာ ပြန်ရောက်လာလေသည်။ ချင်းရွှမ်ထျန်းကျွင်းက နွားရိုင်းကြီး၏ကျောပေါ်တွင် ထိုင်လိုက်လေသည်။

ထိုအချိန်မှာပင် တာ့ကျိုးပြည်ရှိ အပြာရောင်ခရီးရှည်နန်းတော်သည် လေထဲတွင် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။ စစ်စခန်းငယ်လေးတစ်ခုနှင့် ဆန်းလျှန်ဟု အမည်တပ်ထားသည့် ကောက်ရိုးအရုပ်သာလျှင် ကျန်ရစ်ခဲ့လေတော့ သည်။

ထိုအဖြစ်အပျက်များအားလုံးကို ချင်းယွမ်မြောင်တောက် အရှင် သိရှိခြင်းမရှိတော့ပါ။

သို့သော်… ထိုက်ရှီးဟုခေါ်သည့် မရှိမှုကျေးရွာတွင် နတ်ဘုရား

တစ်ပါးသည် ချင်းယွမ်မြောင်တောက်အရှင်ကို အဆင်သင့်

စောင့်နေလေသည်။

ပုံမှန်အားဖြင့် မရှိမှုကျေးရွာသည် မည်သည့်အရာမှ မရှိသည့်

နေရာတစ်ခု ဖြစ်လေသည်။ ထိုက်ယီထျန်းရှန်းအဆင့် ရှိသည့်

နတ်ဘုရားများ၏ စစ်မှန်သည့် ဝိညာဉ်များသာ ရှိလေသည်။

သို့သော်… တာ့လော်အဆင့် နတ်ဘုရားတစ်ပါး ကတော့ မရှိမှု

ကျေးရွာသို့ ဝင်ရောက်နိုင်စွမ်း ရှိလေသည်။

သူ့ရှေ့တွင် ရောက်ရှိနေသည့် နတ်ဘုရားမှာ တာ့လော်အဆင့်

နတ်ဘုရားတစ်ပါးဖြစ်ပြီး တန်ခိုးစွမ်းအားလည်း အတိုင်းအဆ

မဲ့ မြင့်မားလေသည်။

ချင်းယွမ်မြောင်တောက်အရှင်သည် ထိုနတ်ဘုရား၏အမည်ကို

ဖြည်းဖြည်းချင်း ရေရွတ်လိုက်လေသည်။

"တာအိုဆရာလီချင်းဆွေ…"

တာအိုဆရာလီချင်းဆွေမှာ အသက် (၁၆)နှစ် ၊ (၁၇) နှစ်ခန့်

အရွယ်သာရှိသည့် မိန်းကလေးငယ်လေးတစ်ယောက် ပုံသဏ္ဍာန်

ဖြစ်ပြီး အလွန်လည်း ချောမောလှပလေသည်။ သို့သော်...

အခြားသူများက သူမကို တစ်ချက်ကလေးပင် မော်မကြည့်ဝံ့

အောင် အရှိန်အဝါက မြင့်မားလွန်းလေ၏။

သမိုင်းတစ်လျှောက်နှင့် စကြာဝဠာတစ်ခွင်တွင် အရည်အချင်း

ပြည့်သည့် မိန်းကလေးကျင့်ကြံသူ များစွာရှိလေသည်။

သို့သော်... ကွမ်ယင်မယ်တော်နှင့် တာအိုဆရာလီချင်းဆွေတို့

က အတော်ဆုံးဖြစ်လေသည်။

တာအိုဆရာလီချင်းဆွေသည် မည်မျှတန်ခိုစွမ်းအားမြင့်မား

သည်ကို မည်သူမှ မခန့်မှန်းနိုင်ကြပေ။

သို့သော် သူမနှင့်ပတ်သက်ပြီး ဒဏ္ဍာရီတစ်ခု ရှိခဲ့ဖူးလေသည်။

တစ်ချိန်တုန်းက လင်စန်းတောင်တွင် တန်ခိုးစွမ်းအား အလွန်

မြင့်မားသည့် ကျူးဖူကိုယ်တော်တစ်ပါး ရှိလေသည်။ သူက

လူ့လောကသို့ ဆင်းကြွကာ လူသားများကို ဒုက္ခတရားမှ ကျွတ်လွတ်ရန် တရားဟောပြောခဲ့လေသည်။

ထိုအချိန်မှာပင်... တာအိုဆရာချင်းဆွေကလည်း အစစ်ဆေးခံရမှုတစ်ခုနှင့်ရင်ဆိုင်ရန် လူ့လောကတွင် ရောက်ရှိနေ ခဲ့လေသည်။

ကျုပ်ဖူကိုယ်တော်သည် တာအိုဆရာလီချင်းဆွေနှင့် တာအိုဆရာလီချင်းဆွေ တိုက်ခိုက်ခဲ့ကြလေသည်။ သို့သော်... အဘယ်ကြောင့်တိုက်ခိုက်သည်ကို မည်သူမှ မသိကြပေ။

နောက်ဆုံးတွင် ကျုပ်ဖူကိုယ်တော်၏ ရွှေခန္ဓာသည် တာအိုဆရာလီချင်းဆွေကြောင့် တစ်စစီကွဲသွားရလေသည်။

ကျုပ်ဖူကိုယ်တော်မှာ မကျေမနပ်ဖြစ်သွားပြီး သူ၏မိတ်ဆွေများကို ခေါ်လာကာ တာအိုဆရာလီချင်းဆွေနှင့် ထပ်မံတိုက်ခိုက်ခဲ့လေသည်။ သို့သော်... ကျုပ်ဖူကိုယ်တော်၏ မိတ်ဆွေများအားလုံး ရှုံးနိမ့်ခဲ့ကြရလေသည်။

ထိုသူများ၏ နတ်လက်နက်များမှာ တာအိုဆရာလီချင်းဆွေ၏ သိမ်းယူခြင်းကိုခံလိုက်ကြရပြီး လူ (၃)ယောက်မှာ အမှုံ့ ဖြစ်သွားကြရလေသည်။

သူ၏မိတ်ဆွေများစွာ ရှုံးနိမ့်သွားကြရသည့်အခါတွင်တော့ ကျူူဖူကိုယ်တော်သည် နောင်တကြီးစွာ ရသွားခဲ့လေ သည်။

ထို့ကြောင့် သူသည် လင်စန်းတောင်သို့ အမြန်ပြန်ကာ ဗုဒ္ဓထံတွင် တာအိုဆရာလီချင်းဆွေ၏ ဇာစ်မြစ်ကို မေးမြန်းခဲ့ လေသည်။

ဗုဒ္ဓသည် အတိတ်နှင့်အနာဂတ်ကို အကြွင်းမဲ့သိမြင်သူဖြစ်လေသည်။

"သူ့ရဲ့ဇာစ်မြစ်ကို သိပါတယ် ၊ ဒါပေမယ့် မပြောနိုင်ဘူး ၊ ဘာလို့လဲဆိုတော့ သူ့ရဲ့ဇာစ်မြစ်ကို ပြောပြလိုက်ရင် လီချင်းဆွေဟာ မကျေမနပ်နဲ့ ငါ့ဘုရားဆီအထိလာပြီး အပြစ်တင်လိမ့်မယ်

၊ အဲဒီလိုသာဆိုရင် ပြဿနာတွေ ရှင်းမရ အောင်ရှုတ်ကုန်လိမ့်မယ် ၊ အဲဒီတော့ ပြဿနာကို ရှည်အောင် မလုပ်နဲ့တော့..."

ထိုအချိန်တုန်းက လောကသုံးပါးကို အကြွင်းမဲ့သိမြင်သူ ဗုဒ္ဓသည် လင်စန်းတောင်တွင် သီတင်းသုံးနေဆဲ ဖြစ်လေ သည်။

ဗုဒ္ဓက တာအိုဆရာလီချင်းဆွေသည် လင်စန်းတောင်ထိပ်အထိ လာကာ ပြဿနာရှာလိမ့်မည်ဟုပြောသည့်စကား သည် ထူးဆန်းနေသည်ကတော့ အမှန်ပင်ဖြစ်လေ၏။

ထိုအခါ လီချင်းဆွေနှင့်တိုက်ခိုက်ခဲ့သည့် ကျူဖူကိုယ်တော်က လီချင်းဆွေကြောင့် အသက်ဆုံးခဲ့ရသည့် သူ၏ မိတ်ဆွေ (၃)ယောက်ကို ကယ်တင်ပေးပါရန် ဗုဒ္ဓကို လျှောက်ထားလေ သည်။

ထိုအခါ ဗုဒ္ဓက သူ့ကို တာအိုဆရာသခင် ထိုက်ယီထံသို့သွားရန် လမ်းညွှန်ပေးခဲ့လေသည်။

တာအိုဆရာသခင်ထိုက်ယီသည် ထူးခြားဆန်းကျယ်သည့် တာအိုဆရာသခင်ကြီး (၁)ပါးဖြစ်လေရာ မည်သူမှ သူ့ကို မဆန့်ကျင်ရဲကြပေ။ ထို့ပြင် သူကိုယ်တိုင် ကိုယ်ထင်ပြလိုခြင်းမရှိလျှင် မည်သူမှ သူ့ကိုမတွေ့မြင်နိုင်ကြပေ။

သို့သော် ထိုကျူုဖူကိုယ်တော်ကတော့ ဗုဒ္ဓ၏ လမ်းညွှန်မှုဖြင့် တာအိုဆရာသခင် ထိုက်ယီကိုမြင်တွေ့ခွင့်ရခဲ့လေ သည်။

တာအိုဆရာသခင်ထိုက်ယီက ကျူုဖူကိုယ်တော်ကို တွေ့လိုက်သည်နှင့် ဗုဒ္ဓက စေလွှတ်လိုက်သည့် အကြောင်းရင်း ကို ချက်ချင်း သိလိုက်လေသည်။ ထို့ကြောင့် ကျူုဖူကိုယ်တော် စကားတစ်လုံးမှ မပြောခင်မှာပင် သူ၏ မိတ်ဆွေ (၃)ယောက်ကို ချက်ချင်းပင် ပြန်လည် အသက်သွင်းပေးလိုက်လေသည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီက စကားတစ်ခွန်းပြောခဲ့လေသည်။

"ကိုယ်တော်ရဲ့လူတွေက အစကတည်းက သေရမယ့်ကံပါပြီး သားပဲ၊ ဒါပေမယ့် လီချင်းဆွေရဲ့လက်ထဲမှာတော့ မသေစေရ ပါဘူး၊ ဒီလိုသာဖြစ်ခဲ့ရင် လီချင်းဆွေရဲ့ ကံကြမ္မာမှာ အတားအဆီးဖြစ်လိမ့်မယ်"

ထိုအချိန်ကတည်းကပင်...

တာအိုဆရာသခင်ထိုက်ယီသည် ဘဝနှင့် သေခြင်းတရားကို ပြောင်းလဲပေးနိုင်သူတစ်ယောက်ဖြစ်ကြောင်း ဗုဒ္ဓက သိမြင် ထားခဲ့လေသည်။

အမှန်ဆိုလျှင် တာအိုဆရာသခင်ထိုက်ယီသည် ထိုလူ (၃)ယောက်၏အသက်ကို ကယ်တင်ပေးပြီး ကံတရားကို ပြောင်းလဲလိုသည့်ဆန္ဒ မရှိခဲ့ပါ။ သို့သော်... သူက လီချင်း ဆွေ၏ကံကြမ္မာတွင် ထိုအကုသိုလ်က အတားအဆီးဖြစ် လာ မည်ကို စိတ်ပူသည့်အတွက် ကျူဖူကိုယ်တော်၏ မိတ်ဆွေ (၃)ယောက်ကို ကယ်တင်ပေးခဲ့ခြင်းသာဖြစ်လေသည်။

အခန်း (၇၀၇) လူ့ပြည်

လူအများသည် တာအိုဆရာလီချင်းဆွေနှင့် တာအိုဆရာသခင် ထိုက်ယီတို့ကြားမှ ဆက်နွယ်မှုကို ခန့်မှန်းလေ့ ရှိကြလေသည်။ အများစုကတော့ လီချင်းဆွေသည် တာအိုဆရာသခင်ထိုက် ယီ၏ သမီးဖြစ်သည်ဟု ဆိုကြလေ၏။

ဗုဒ္ဓနှင့် တာအိုဆရာသခင် ထိုက်ယီ ပျောက်ကွယ်သွားပြီး သည့်နောက်ပိုင်း တာအိုဆရာ လီချင်းဆွေသည် လောက တွင် အင်အားအကြီးမားဆုံး နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့လေ သည်။

သူမသည် တာအိုဆရာသခင်ထိုက်ယီနှင့်ပတ်သက်ခြင်းမရှိ လျှင်တောင်မှ သူမကိုမည်သူမှ သွားပြီး ရန်မစရဲကြပေ။ ချင်းယွမ်မြောင်တောက်အရှင်သည်လည်း တာအိုဆရာလီချင်း ဆွေကို သွားပြီး ရန်မစရဲပါချေ။ သို့သော်... လီချင်းဆွေ ကတော့ သူ့ရှေ့သို့ ရောက်လာခဲ့ပြီ ဖြစ်လေသည်။ သူ့အနေဖြင့် လီချင်းဆွေနှင့် မတွေ့ချင်သည့်အတွက် ပုန်းအောင်းနေမည်ဆို လျှင်လည်း ပုန်းစရာ နေရာမရှိပေ။ မည်သည့်နည်းနှင့်မှ သူမ လက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

လီချင်းဆွေက...

"မင်းက ငါ့တပည့်ကို အတင်းကြပ် သေတွင်းပို့နေတာ ၊ အဲဒီ တော့ မျက်လုံးအတွက် မျက်လုံးတစ်လုံးပဲဟော့"

"ကျုပ်တို့နှစ်ယောက်လုံး တာ့လော်အဆင့် ကျင့်ကြံသူတွေပါပဲ ၊ ဒါပေမယ့် ယန်ကျန်းကို ဒီလောက် အပြစ်မယူပါနဲ့..."

ယန်ကျန်းဆိုသည်မှာ ချင်းယွမ်မြောင်တောက်အရှင်၏ အတိတ်ဘဝမှ နာမည် ဖြစ်လေသည်။ သို့သော်… လက်ရှိ ဘဝ တွင်လည်း သူက ထိုနာမည်ကိုသာ ဆက်အသုံးပြုလေသည်။ သူသည် မိုးနတ်မင်း၏ တူတော်စပ်သူ ဖြစ်ပြီး ယွိချင်တာအို ဆရာသခင်၏ မြေးတပည့်ဖြစ်လေသည်။

သူ၏အဆင့်အတန်းသည် တာအိုဆရာလီချင်းဆွေနှင့် ကောင်းကောင်းယှဉ်နိုင်လေသည်။ သူသည် လီချင်းဆွေကို အနည်းငယ် ကြောက်လန့်နေမိသည်မှာ မှန်သော်လည်း မည် သည့်အခါမှ သူမကို ဦးညွှတ်မည် မဟုတ်ပေ။

ယခုတော့ တာအိုဆရာလီချင်းဆွေသည် သူ့ကို လက်စတုံးပစ် ချင်နေသည်မှာ ထင်ရှားနေလေသည်။ ချင်းယွမ်မြောင်တောက် အရှင်သည် အသက် (၇၂)ချောင်း ရရှိအောင် ကျင့်ကြံနိုင်ခဲ့သူ ဖြစ်လေသည်။

အထပ်ထပ်အခါခါ လူပြန်ဝင်စားပြီး အစစ်ဆေးခံရမှုပေါင်း များစွာကို ကျော်ဖြတ်ခဲ့ပြီးမှ ထိုသို့သော အသက်များကို ရရှိခဲ့ခြင်း ဖြစ်လေသည်။

ယခုအချိန်တွင် သူသည် ကျောက်စိမ်းဝိညာဉ်ကျင့်စဉ်တွင် အထွတ်ထိပ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး သံသရာမှ ကင်းလွတ်နိုင်တော့မည် ဖြစ်လေသည်။

သူသည် အသက်တစ်ချောင်းဆုံးရှုံးရုံမျှဖြင့် သူက သေမည့်သူမဟုတ်ပါ။ သို့သော်... အသက် (၇၃)ချောင်းရသည် အထိ ဆက်လက်ကျင့်ကြံရန် နှောင့်နှေးသွားမည် ဖြစ်လေသည်။

အသက် (၁)ချောင်းရအောင် ကျင့်ကြံရန်အတွက် သူသည် အစစ်ဆေးခံရခြင်းများစွာကို ဖြတ်ကျော်ခဲ့ရလေသည်။

ထို့ကြောင့် အသက်တစ်ချောင်းလျော့သွားခြင်းသည် သူ့အတွက် များစွာသော ဆုံးရှုံးမှုတစ်ခု ဖြစ်လေသည်။

လီချင်းဆွေက ခံစားချက်ကင်းမဲ့သည့်လေသံဖြင့်...

"အင်း... ငါကလည်း အပြစ်ယူတယ်လို့ မပြောပါဘူး..."

လေထဲတွင် တန်ခိုးစွမ်းအားများ ရုတ်တရက် မြင့်တက်လာပြီး ယန်ကျန်းသည် သတိတစ်ချက်ပင် မလွတ်ရဲပေ။

ထို့နောက် ယန်ကျန်းသည် သူ၏ တတိယမျက်လုံးကို ဖွင့်လိုက်ကာ ဧရာမခန္ဓာကိုယ်ကြီးတစ်ခုကို ဖန်ဆင်းလိုက် လေသည်။

သူသာ အနည်းငယ် ပေါ့ဆမိလျှင် အသက်တစ်ချောင်း ကျိန်းသေဆုံးရှုံးရမည်မှာ သေချာလေသည်။

နတ်ဘုရားများ တစ်ဦးတစ်ယောက်ချင်းစီး တရားမျှတစွာ ယှဉ်ပြိုင်မှုသည် ဖြစ်သင့်ပါသည်။ သို့သော်... ယန်ကျန်း သာ လီချင်းဆွေကို ရှုံးသွားပါက ပြိုင်ဘက်တစ်ယောက်လျော့ပြီဆို ပြီး ကြိတ်ပျော်နေကြမည့် အခြားသော နတ်ဘုရား များက လည်း ဒုနှင့်ဒေး ဖြစ်လေသည်။ တစ်နည်းဆိုရလျှင် သူ့တွင်

နောက်ကျောစားနှင့်ထိုးမည့်သူများ အများကြီးပင် ရှိလေ

သည်။

သို့သော်… သူ့အနေဖြင့် အသက်တစ်ချောင်းဆုံးရှုံးဦးတော့ လီ

ချင်းဆွကိုလည်း ဒဏ်ရာအပြင်းအထန်ရသွားအောင် သူက

တိုက်ခိုက်နိုင်လေသည်။ လီချင်းဆွေ ဒဏ်ရာရသွားလျှင်တော့

သူ့အတွက် ရန်သူတစ်ယောက်လျော့သွား မည်ဖြစ်လေသည်။

……

ချင်းရွှမ်တည်ရှိရာ လောကသည် အသူရာချောက်နှင့် စတင်

ပေါင်းစပ်နေပြီ ဖြစ်လေသည်။

လောက (၂)ခု စတင်ပေါင်းစပ်သည့်အခါတွင်တော့ အသူရာ

ချောက်တွင် များစွာသော အပြောင်းအလဲများ ထပ်မံ ဖြစ်

ပေါ်လာပြန်လေသည်။

အသူရာချောက်မှနေသည် ချင်းရွှမ်တည်ရှိရာလောကသို့

ရွှေ့ပြောင်းလာလေသည်။

ထိုအခါ... အသူရာချောက်တွင် ယင်စွမ်းအားများ အဆုံးမရှိ မြင့်တက်လာပြီး ချင်းရွှမ်တည်ရှိရာ လောကတွင်တော့ ယန်စွမ်းအားများ အဆမတန် မြင့်တက်လာလေသည်။

လုကျိုးယွမ်သည် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက် သူ၏ ခန္ဓာကိုယ်သည် ပြိုကျသွားပြီး တစ်စစီ ကွဲကျေကာ ပျောက်ကွယ်သွားလေတော့သည်။

လုကျိုးယွမ်သည် ချင်းရွှမ်တည်ရှိရာလောကနှင့် တစ်သားတည်းပေါင်းစည်းနေသူတစ်ယောက် ဖြစ်လေရာ ချင်းရွှမ် တည်ရှိရာလောကကို ကယ်တင်ရန်အတွက် ယန်စွမ်းအားများကို အမြောက်အမြားစုပ်ယူလိုက်လေရာ မိုးမြေနိယာမ များအရ လူပြန်ဝင်စားသွားရပြီ ဖြစ်လေသည်။

အသူရာချောက်နှင့်ပေါင်းစပ်သွားသည့်အခါ ချင်းရွှမ်နတ်တံခါးတည်ရှိရာ လောကမှလည်း လျှင်မြန်သည့် အရှိန်အဟုန်

ဖြင့် ကြီးမားကျယ်ပြန့်လာလေသည်။ ထို့နောက်

အပြောင်းအလဲများစွာ ဖြစ်ပေါ်လာလေတော့သည်။

ယခင်ကအတိုင်း လူ့ပြည်နှင့်ငရဲပြည် ပြန်လည်ပေါင်းစည်းပြီ

ဖြစ်သည့်အတွက် ယခင်တစ်ချိန်က ပျက်စီးသွားခဲ့သည့်

လောကစည်းမျဉ်းများသည် တဖြည်းဖြည်း ပြန်လည်

အသက်ဝင်လာလေသည်။

အသူရာချောက်သည် ချင်းရွှမ်နတ်တံခါးတည်ရှိရာလောက၏

တခြားဘက်ခြမ်းဖြစ်လာပြီး ချင်းရွှမ်တည်ရှိရာ လောကနှင့်

အသူရာချောက်ကို ယင်းစန်းတောင်ကြီးက ပိုင်းခြားပေးထား

လေသည်။ အသူရာချောက်သည် ယခင်ကကဲ့သို့ အစစ်အမှန်

ငရဲပြည် ပြန်ဖြစ်လာခဲ့လေသည်။

အသူရာချောက်တဖြည်းဖြည်းပြောင်းလဲလာပြီး ကံကြမ္မာနှင့်

သံသရာလည်မှုများသည်လည်း စတင်ဖြစ်ပေါ်လာလေ သည်။

အသူရာချောက်တွင် ဒုက္ခခံစားရသည့် ငရဲပေါင်း (၂၈) ခု ပြန်ပေါ်လာလေသည်။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းတည်ရှိရာ စန်းလော်ခန်းမဆောင်သည် ယခင်အချိန်ကအတိုင်း အစစ်အမှန် စန်းလော်ခန်းမ ဆောင် အဖြစ် ပြန်လည်ပြောင်းလဲ သွားခဲ့လေသည်။

ရဲ့လျိုယွင်သည် စန်းလော်ခန်းမဆောင်ထဲတွင် ပေါ်လာလေသည်။

သူသည် ယခင်ကကဲ့သို့ အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားခြင်း မရှိတော့ဘဲ ငရဲမင်းဝတ်စုံကို ဝတ်စုံထားလေသည်။

အသူရာချောက်မှ နတ်ဆိုးစစ်သည်တော်များသည် သူ၏နောက်ဘက်တွင် အစီအစဉ်တကျ ပေါ်လာလေသည်။

ဝိညာဉ်မြစ်ထဲတွင် ငရဲမှတမာန်တော်များဖြစ်သည့် နွားခေါင်းနှင့်မြင်းမျက်နှာနတ်ဆိုးများထွက်ပေါ်လာလေသည်။

အဖြစ်အပျက်များ ပြောင်းလဲသွားသည်ကိုကြည့်ပြီး တစ္ဆေဂိုဏ်းခွဲမှ ထူကျူးအရှင်သည် အလွန်အမင်း ဝမ်းမြောက် ပျော်ရွှင်သွားလေသည်။ အသူရာချောက်သည့် ယခင်အချိန်က အတိုင်း ပြန်ဖြစ်သွားခဲ့ပြီ မဟုတ်ပါလား။

သူက လက်ဖျောက်တစ်ချက်တီးလိုက်သည့်အခါ လေထဲတွင် တရားစီရင်ရေးစုတ်တံ ပေါ်လာပြီး စုတ်တံသည် သူ့လက်ထဲသို့ ကျဆင်းလာလေသည်။

သူက မျက်မှောင်တစ်ချက်ကြုံ့လိုက်ရင်း ရဲ့လျိုယွင်ကို ကြည့်လိုက်ပြီး...

"ဂိုဏ်းချုပ်၊ တစ်ခုလိုနေသေးတယ်၊ သေခြင်းရှင်ခြင်းစာအုပ်လေ..."

သူ၏စကားဆုံးသွားသည်နှင့် လေထဲတွင် စာအုပ်တစ်အုပ်ပေါ်လာလေသည်။ စာအုပ်ပေါ်တွင် တန်ခိုးစွမ်းအား အခိုးအငွေ့များဖြင့် စာတစ်ကြောင်းရေးထားလေသည်။

"သေခြင်းရှင်ခြင်းစာအုပ် ၊ ခေတ္တငှားယမ်းအသုံးပြုလိုက်သည်"

သေခြင်းရှင်ခြင်းစာအုပ်ကို ရဲ့လျိုယွင် ယူလိုက်သည့်အခါတွင်တော့ စာတမ်းများက ပျောက်ကွယ်သွားလေသည်။

ရဲ့လျိုယွင်က သေခြင်းရှင်ခြင်းစာအုပ်ကို သူ၏နတ်ဘုရားစွမ်းအားများဖြင့် ထိုးဖောက်ကြည့်လိုက်လေသည်။ သို့သော်... စာအုပ်က သူ၏ နတ်ဘုရားစွမ်းအားများကို လက်မခံဘဲ ငြင်းဆန်လိုက်လေသည်။

သေခြင်းရှင်ခြင်းစာအုပ်သည် သူ့ကို သခင်အဖြစ်မသတ်မှတ်သည်မှာ ထင်ရှားနေလေ၏။

ထိုသို့ဖြစ်ရသည်မှာ မဆန်းပါ။ သူသည်လည်း အသူရာချောက်၏ အရှင်သခင်မှ မဟုတ်ဘဲလေ။ သူသည် ငရဲမင်းဖြစ်လာသည့်တိုင် အသူရာချောက်၏ တစ်စိတ်တစ်ပိုင်းမျှကိုသာ ထိန်းချုပ်နိုင်စွမ်း ရှိလေသည်။

ရဲ့လျိုယွင်က သူ၏ နတ်ဘုရားစွမ်းအားများကို အသူရာ ချောက်တစ်လျှောက် ဖြန့်ကျက်ကာ ဆန်းလျန်ကို ရှာဖွေ လိုက်လေသည်။ သို့သော်... မည်သည့်နေရာတွင်မှ ဆန်းလျန်ကို မတွေ့ရတော့ပေ။

အသူရာချောက်ဟုခေါ်သည့် ငရဲပြည်၏ ပိုင်ရှင်အစစ်သည် ဆန်းလျန်သာဖြစ်သည်ကို ရဲ့လျိုယွင် ကောင်းစွာ နားလည်ထားပါသည်။ ဆန်းလျန်သာ ပြန်ရောက်လာလျှင် အသူရာ ချောက်ကို ဆန်းလျန်ကသာ အုပ်ချုပ်ခွင့်ရှိမည် ဖြစ်လေသည်။ ထိုသို့ဖြစ်လာရန်အတွက် ကြီးမြတ်သူများက ကံကြမ္မာအတိုင်း ကြိုတင်ပြဋ္ဌာန်းထားခြင်းဖြစ်သော်လည်း ရဲ့လျိုယွင် သည် လက်ခံနိုင်ရန် ခက်ခဲနေသေးသည်။

ချင်းရွှမ်တည်ရှိရာလောကနှင့် အသူရာချောက် ပြန်လည် ပေါင်းစပ်သွားသည့်အတွက် ရှေးခေတ်အချိန်ကကဲ့သို့ လူ့လောကနှင့် ငရဲပြည် ပေါင်းစပ်ကာ ပြန်လည် ဖြစ်တည်လာ

ခဲ့ပြီး ရဲ့လျှိုယွင်သည်လည်း ငရဲမင်းဖြစ်လာခဲ့လေ သည်။

ဝိညာဉ်စွမ်းအားများသည်လည်း ယခင်ကထက် အဆတစ်ရာ

ခန့် မြင့်မားနေခဲ့လေသည်။

......

လင်စန်းတောင်...

မဟာကျားရဲ့ကိုယ်တော်ကြီး၏ လက်ထဲတွင် ပန်းတစ်ပွင့်

ပေါ်လာလေသည်။

ကိုယ်တော်ကြီးက ပြုံးလိုက်ရင်း...

"အားလုံးပဲ ၊ မေတ္တေယျဗုဒ္ဓပွင့်တာကို လူ့လောကမှာ သွား

စောင့်ကြရအောင်..."

"အော်မီတော်ဖော်..."

များပြားလှစွာသည့် ကျူူဖူကိုယ်တော်များ ၊ လော်ဟန်

ကိုယ်တော်များနှင့် ဗောဓိသတ္တများကပြိုင်တူ ရွတ်ဆိုလိုက်

ကြလေသည်။

ရုတ်တရက်ပင်...

ချင်းရွှမ်နတ်တံခါးတည်ရှိရာလောက၏ အနောက်ဘက်ဒေသ

တွင် တောင်တစ်လုံး ထွက်ပေါ်လာလေသည်။ ထိုတောင်မှာ

အနောက်ဘက်ကောင်းကင်ဘုံမှ မြင့်မြတ်သည့် လင်စန်း

တောင်ပင် ဖြစ်လေတော့သည်။

.....

ဘုရင်ရှစ်ပါးနန်းတော်...

ဘုရင်ရှစ်ပါးနန်းတော်တွင်တော့ မီးလင်းဖိုနံဘေးတွင် ငယ်ရွယ်

သည့် တာအိုဆရာတစ်ယောက် ထိုင်နေလေသည်။

သူက လက်ချောင်းများကို ချိုးကာ တွက်ချက်မှုတစ်ခု ပြုလုပ်

လိုက်ပြီး...

"လူ့ပြည်ကိုသွားဖို့ အချိန်တန်ပြီ..."

ထို့နောက်တွင်တော့...

ချင်းရွှမ်နတ်တံခါးတည်ရှိရာလောက၏ အနောက်တောင်ဘက်

တွင် မိုင် (၃၀၀၀၀) ပတ်လည်အတွင်း ခရမ်းရောင် အခိုးအငွေ့

များထွက်ပေါ်လာပြီး တာအိုကျောင်းတော်ကြီးတစ်ခု ပေါ်လာလေသည်။

ကျောင်းတော်အပြင်ဘက်တွင် သိုးတစ်ကောင်ရှိနေပြီး ကျောင်းတော်တွင်တော့ "ချင်းယန်ကျောင်းတော်" ဟု အမည်ဆိုင်းဘုတ်ချိတ်ဆွဲထားလေသည်။

ကျောင်းတော်မှထွက်ပေါ်နေသည့် တာအိုကာရံများသည် နက်ရှိုင်းလှပြီး သက်ရှိများအားလုံးကို အကျိုးဖြစ်ထွန်းစေလေသည်။

....

စုရှိုးချင်သည် အသူရာချောက်မှ ကျန့်ယီဂိုဏ်းတောင်တံခါးသို့ ရုတ်တရက် ပြန်ရောက်လာလေသည်။

ကျန့်ယီဂိုဏ်းတည်ရှိရာ တောင်တစ်ခုလုံးသည် ပုလဲများဖြင့် ထွန်းလင်းနေပြီး နတ်ဘုရားတစ်ပါးထွက်ပေါ်လာကာ သူမကို နူးညံ့သည့်လေသံ ဖြင့်စကားပြောလိုက်လေသည်။

"ကျုပ်က ကျန်းတောက်လင်ပါ..."

ထိုနတ်ဘုရားက စကားပြောပြီးသည်နှင့် သူ၏ အကျီလက်ထဲမှ နတ်ဘုရားအင်းသင်္ကေတတစ်ခုကို ထုတ်ယူပြီး စုရှီးချင်ကို ပေးလိုက်လေသည်။

စုရှီးချင်သည် ကျန်းလင်တောက်ပေးသည့် အင်းသင်္ကေတကို အမှတ်တမဲ့ပင် လက်ခံယူလိုက်မိလေသည်။

ထို့နောက် ပုလဲလုံးများဖြင့် ထွန်းလင်းနေသည့်မြင်ကွင်းများနှင့် အတူ ကျန်းလင်တောက်သည်လည်း ပျောက်ကွယ် သွားလေတော့သည်။

ထိုအချိန်မှစပြီး စုရှီးချင်သည် ကျန်းလင်တောက်ပေးခဲ့သည့် အင်းသင်္ကေတကို အသုံးပြုကာ နတ်ဘုရားများစွာကို လွှမ်းမိုးနိုင်ခဲ့ပြီး ကျန့်ယီဂိုဏ်းသည်လည်း အထွတ်ထိပ် ဂိုဏ်းတစ်ဂိုဏ်း ဖြစ်လာခဲ့လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်း ပျက်စီးသွားခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်လေသည်။

သို့သော်.... ထိုက်စုနတ်ဘုရားဂိုဏ်း၏ နန်းတော်အပျက်များ ကြားတွင် တစ်ကိုယ်လုံး အနက်ရောင်ဖြင့် ဖုံးအုပ်ထား သည့် မိန်းမပျိုတစ်ယောက် ပေါ်လာလေသည်။ သူမက ထိုက်စု နန်းတော်အပျက်များဆီသို့ လက်နှစ်ချောင်းဖြင့် ညွှန်ပြလိုက် လေရာ ထိုက်စုနန်းတော်သည် တာအိုနန်းတော်ကြီးတစ်ခု အဖြစ် ပြန်လည်ဖြစ်တည်လာလေသည်။

နန်းတော်ပတ်ဝန်းကျင်တွင် ဝိညာဉ်စွမ်အားများ ချက်ချင်းပင် စုဝေးလာလေတော့သည်။

နန်းတော်အဝေးတစ်နေရာရှိရေကန်တွင်လည်း ဝိညာဉ်စွမ်းအား များစုဝေးနေပြီး နတ်မြက်ပင်များ လျှင်မြန်စွာ ပေါက်ဖွားကြီး ထွားလာလေတော့သည်။

လူ့လောကတွင် အသီးသီးနေထိုင်နေကြသည့် ထိုက်စုနတ် ဘုရားဂိုဏ်းသူများသည် သူတို့၏ မှတ်ဉာဏ်များ ပြန်လည်ရရှိ

လာပြီး ထိုက်စုနန်းတော်ရှိရာသို့ စုဝေးရောက်ရှိလာကြလေ

တော့သည်။

ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းတွင်တော့ ရုတ်တရက် စုန့်ချင်းယီ

ပြန်ပေါ်လာလေသည်။ သူ၏ ခန္ဓာကိုယ်ပေါ်တွင် ဆရာဖြစ်သူ

လုကျိုးယွမ် ဝတ်ဆင်လေ့ရှိသည့် အဝတ်အစားများကို

သပ်ရပ်စွာဖြင့် ဝတ်ဆင်ထားလေသည်။

ထိုအချိန်မှာပင်... ဝမ်ရှီတောက်က သူ့နံဘေးသို့ရောက်လာလေ

သည်။

"မင်းက ဆရာ့ရဲ့အဝတ်အစားတွေကို ဆက်ခံပြီး ဝတ်ဆင်ထား

တယ်ဆိုတော့ အခုအချိန်ကစပြီး မင်းက ရွှမ်ထျန်း နတ်ဘုရား

ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဖြစ်သွားပြီဆိုတဲ့ အဓိပ္ပါယ်ပဲ..."

နောက်ပိုင်းတွင်တော့ လောကတစ်ခုလုံးတွင် ထူးဆန်းသည့်

အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာပြီး ခေတ်သစ်

တစ်ခု ဖြစ်တည်မွေးဖွားလာလေတော့သည်။

......

ထိုအချိန်တွင်...

မရှိမှုကျေးရွာတွင်တော့ ချင်းယွမ်မြောင်တောက်အရှင်နှင့် လီချင်းဆွေတို့ တိုက်ပွဲက မုန်တိုင်းထန်လျှက်ရှိလေသည်။

ချင်းယွမ်မြောင်တောက်အရှင်ယန်ကျန်း၏ ရောမခန္ဓာကိုယ်ကြီးသည် သဲပုံကြီးပြိုကျသွားသကဲ့သို့ ပြိုကျ ပျက်စီး သွားလေသည်။

သဲပုံထဲမှ တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထားသည့် လူတစ်ယောက်ထွက်ပေါ်လာလေသည်။ ထိုသူ၏ အသက်ရှူသံမှာ အလွန်အားနည်းလျှက်ရှိလေသည်။

လီချင်းဆွေ၏ ပတ်ပတ်လည်တွင် ကြာပန်းအကြွေများ လွင့်မျောနေကြလေသည်။

ချင်းယွမ်မြောင်တောက်အရှင်ယန်ကျန်းက အံ့ကို တင်းတင်းကြိတ်လိုက်ရင်း...

"မင်း အခု ကျေနပ်ပြီလား..."

လီချင်းဆွေက တည်ငြိမ်စွာပင် ရပ်နေလေသည်။

သို့သော် သူမ၏ ဝမ်းဗိုက်အောက်ပိုင်းတွင် ဓားဒဏ်ရာတစ်ချက် ရှိနေလေသည်။ ဒဏ်ရာကို ချက်ချင်းပျောက်ကင်း သွားအောင် ကုသနိုင်ခြင်း မရှိသည်ကို ကြည့်ခြင်းအားဖြင့် သူမ၏ တန်ခိုးစွမ်းအားများစွာ ဆုံးရှုံးသွားဟန် ရှိလေ သည်။

လီချင်းဆွေက...

"နောက်တစ်ခါတော့ ငါ... ဒဏ်ရာမရစေရဘူး"

စကားဆုံးသွားသည်နှင့် တာအိုဆရာလီချင်းဆွေသည် လေထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

ထိုစကားသံကြောင့် ယန်ကျန်းသည် ကျောရိုးတစ်ယောက်အေးစိမ့်သွားရလေသည်။

သူသည် ကျောက်စိမ်းဝိညာဉ် နန်းတော်သို့ မပြန်တော့ဘဲ လူပြန်ဝင်စားခြင်း (၆)ဘုံသို့ ဝင်ရောက်သွားလေသည်။ သူ၏ အသက်တစ်ချောင်း ဆုံးရှုံးခဲ့ရပြီဖြစ်သည့်အတွက် ကျင့်စဉ်

လမ်း အောင်မြင်ရန် ဆက်လက်ကျင့်ကြံရတော့မည် ဖြစ်လေ

သည်။

အခန်း (၇၀၈) ပြန်ဆုံရတာကောင်းလိုက်တာ

အသူရာချောက်နှင့် ချင်းရွှမ်နတ်တံခါးတည်ရှိရာလောကတို့

ပေါင်းစပ်ပြီးသွားသည့်နောက်ပိုင်း ယန်စွမ်းအားဘုံနှင့် ယင်

စွမ်းအားဘုံဆိုသည့် ဘုံ (၂)ခု ဖြစ်လာလေသည်။ လူ့ပြည်

သည် ယန်စွမ်းအားဘုံ ဖြစ်ပြီး ငရဲပြည်သည် ယင်စွမ်းအားဘုံ

ဖြစ်လေသည်။

ချင်းရှမ်နတ်တံခါးတည်ရှိရာလောကသည် သိသိသာသာ ကျယ်ပြန့်လာပြီး နတ်ဘုရားများက လူ့ပြည်ဟု သတ်မှတ် လိုက်ကြလေသည်။ ထို့ပြင် တာ့လော်အဆင့် နတ်ဘုရား များ၏ ဘုံရှိသေးသည်။ သို့သော်... တာ့လော်အဆင့် နတ် ဘုရားများ၏ နတ်ဘုံသည် မည်မျှကျယ်ပြန့်သည်ကို မည်သူမှ မသိရှိနိုင်ပေ။

ချင်းရှမ်နတ်တံခါးတည်ရှိရာလောကတွင် ယွမ်ကျိုးနယ် ၊ ရှမ် ကျိုးနယ် ၊ လင်ကျိုးနယ်နှင့် ထျန်းဟွာနယ်ဆိုသည့် တိုက်ကြီး (၄)ခု ခွဲခြားလိုက်ကြလေသည်။ ယွမ်ကျိုးနယ်နှင့် ထျန်းဟွမ် နယ်မှ အစကတည်းက တည်ရှိသည့် တိုက်ကြီးများဖြစ်ပြီး ရှမ် ကျိုးနယ်နှင့် လင်ကျိုးနယ်ကတော့ အသစ်ဖြစ်တည်လာသည့် တိုက်ကြီးများ ဖြစ်လေသည်။

ထိုတိုက်ကြီးများတွင် မရေမတွက်နိုင်သည့် ကျင့်ကြံသူဂိုဏ်း များထွက်ပေါ်လာကြသလို သက်ရှိသတ္တဝါများလည်း မရေမ

တွက်နိုင်အောင် များပြားလျှက်ရှိကြလေသည်။ လူသားများ

သာမက နတ်ဘုရားများ ၊ နတ်မိစ္ဆာများ စုပေါင်း နေထိုင်ကြ

ကာ ပျော်ရွှင်မှု ၊ ဝမ်းနည်းမှုများဖြင့် ပြည့်နက်နေသည့် လူ့ပြည်

ဖြစ်လေသည်။

အချိန်ကြာလာသည်နှင့်အမျှ အပြောင်းအလဲများကြောင့်

သာမန်လူများရင်ဆိုင်ရသည့် ပြဿနာများကတော့ ဖြေရှင်းနိုင်

သွားမည် ဖြစ်လေသည်။

သာမန်လူသားများသည် အသက်တိုသည့်အတွက်

အပြောင်းအလဲများသည် သမိုင်းစာအုပ်များထဲတွင်သာ

ကျန်ရစ် ခဲ့ကြပေလိမ့်မည်။

……

ယွမ်ကျိုးနယ် မြောက်ပိုင်း ၊ ချင်းရှတောင်…။

ချင်းရှတောင်သည် အခြားတောင်များနှင့်ယှဉ်လျှင် အသက်

ဓာတ်စွမ်းအားများ မြင့်မားသည့် တောင်တစ်တောင် ဖြစ်လေ

သည်။

တောင်ခြေတွင် ပိုင်ကျားမြို့ဟုခေါ်သည် မြို့ငယ်လေးတစ်မြို့ ရှိလေသည်။ ထိုမြို့တွင် နေထိုင်ကြသူများသည် ဘိုးဘွား အစဉ်အဆက် နေထိုင်ခဲ့ကြသူများဖြစ်လေသည်။

ထို့ပြင် ပိုင်ကျားမြို့လေး တည်လိုက်သည့်အချိန်မှစပြီး ချင်း ရှင်တောင်တွင် သဘာဝဘေးအန္တရယ်များ ကြီးကြီးမားမား ကျ ရောက်ခြင်း မရှိတော့ပေ။ အသီးအနှံများပြားစွာ အထွက်မတိုး သော်လည်း သူတို့သည် တစ်ခါမှ ငတ်မွတ်ခေါင်းပါးခြင်းကို မ တွေ့ကြုံရပေ။ ဤသည်မှာ ချင်းရှတောင်နှင့် ပိုင်ကျားမြို့ လေး၏ ထူးခြားချက် ဖြစ်လေ သည်။

ထို့ကြောင့်ပင် မိုင် (၁၀၀)ပတ်လည်အတွင်းမှ မြို့ငယ် ၊ ရွာငယ် များသည် ပိုင်ကျားမြို့လေးမှ အသားငါးများ ၊ ဆန်စပါးများ ပေါများသည်ကို အားကျမနာလိုဖြစ်ကြရလေသည်။

ထို့ပြင်... ချင်းရှတောင်ကို ထည့်မတွက်ပါက ပိုင်ကျားမြို့ အပါအဝင် ပတ်ဝန်းကျင်ဒေသသည် မြေပြန့်ဒေသဖြစ်သည့်

အတွက် ကုန်သည်များလည်း သဘောကျကာ လာရောက်

ကုန်သွယ်လေ့ ရှိကြလေသည်။

ထို့ကြောင့် ပိုင်ကျားမြို့လေး၏ ကုန်သွယ်မှုနှင့် ကြွယ်ဝမှုသည်

အခြားသော မြို့ကြီးများနှင့် ကောင်းကောင်း ယှဉ်နိုင်လေ

သည်။

ပိုင်ကျားမြို့လေးတွင် စားသောက်ဆိုင်တစ်ခုရှိလေသည်။

စားသောက်ဆိုင်၏ အမည်မှာ "သောက်ပြီးရင်မပြန်နဲ့တော့"

ဟူ၍ ဖြစ်လေသည်။ ပြောကြသည်မှာတော့ ထို

စားသောက်ဆိုင်လေးကို နတ်ဘုရားများက ကောင်းချီး ပေးကြ

သည်ဟူ၍ ဖြစ်လေသည်။

ထိုစားသောက်ဆိုင်နာမည်ကိုပင် နတ်ဘုရားတစ်ပါးက

အမည်ပေးခဲ့ခြင်း ဖြစ်လေသည်။ သို့သော်… ထိုစားသောက်

ဆိုင်လေးသည် ရောင်းကောင်းခြင်း မရှိပါ။ လွန်ခဲ့သည့်နှစ်များ

က စားသောက်ဆိုင်ပိုင်ရှင်သခင်ကြီး ဆုံးပါးသွားပြီး

သည့်နောက် အသက် (၁၇)နှစ်အရွယ် သမီးဖြစ်သူက

စီးပွားရေးကို ဆက်လက်ဦးဆောင်ခဲ့လေသည်။

မိန်းကလေး၏ အမည်မှာ ကူးဝေဝ ဖြစ်လေ၏။

ပိုင်ကျားမြို့လေးတွင် "ပိုင်" မျိုးနွယ်များနေထိုင်ကြလေရာ ပိုင်

မျိုးနွယ် မဟုတ်သည့် အခြားမျိုးနွယ်များ နေထိုင်သည်မှာ

ရှားပါးလေသည်။ ကူးဝေဝေသည်လည်း ပိုင်မျိုးနွယ် မဟုတ်

ပေ။ ထို့ကြောင့် သူမ၏ စားသောက် ဆိုင်သည် သိပ်ပြီး အ

ရောင်းမသွက်ခြင်း ဖြစ်ဟန်တူလေသည်။

ကူးဝေဝေသည် အသက် (၁၇)နှစ်ရှိပြီ ဖြစ်သည့်အတွက်

လက်ထပ်ရန် အချိန်တန်ပြီ ဖြစ်လေသည်။ သူမသည်

လက်ထပ်ရန်အတွက် နှစ်ကြိမ်တိုင်တိုင် ကမ်းလှမ်းခံခဲ့ရလေ

သည်။ သို့သော်... လက်မထပ်မီမှာပင် သတို့သားလောင်း

များသည် ထူးဆန်းစွာဖြင့် သေဆုံးသွားခဲ့ရလေသည်။

ထို့ကြောင့် သူမကို မည်သူမှ လက်မထပ်ရဲတော့ပေ။

သူမအကြောင်း သွားပုပ်လေလွင့် ပြောဆိုခံရခြင်းများကြောင့် ဖခင်ဖြစ်သူမှာလည်း စိတ်ဆင်းရဲပြီး ကွယ်လွန်သွားရ ခြင်း ဖြစ်လေသည်။

ကူးဝေဝေ စားသောက်ဆိုင်ကို စတင်ဦးစီးသည့်အချိန်တွင်တော့ ယခင်ကပင် ရောင်းမကောင်းသည့်ဆိုင်သည် လုံးဝကို မရောင်းရတော့သည့်အဆင့်သို့ ရောက်ရှိသွားလေတော့သည်။

ထို့ကြောင့် အလုပ်သမားများကို လုပ်ခ မပေးနိုင်တော့သည့်အတွက် လျော်ကြေးပေးပြီး ပြန်လွှတ်လိုက်ရလေသည်။

ယနေ့တွင်တော့....

နံနက်မိုးလင်းသည်နှင့် သူမသည် ယခင်နေ့များကဲ့သို့ပင် ဆိုင်တံခါးကို ဖွင့်လိုက်လေသည်။

ဆောင်းရာသီဖြစ်သည့်အတွက် နေထွက်နောက်ကျသလို သစ်ပင်များထက်တွင်လည်း နှင်းခဲများတင်လျှက်ရှိလေသည်။

ကူးဝေဝေသည် အေးစိမ့်မှုကြောင့် အနည်းငယ် တုန်ယင်နေလေသည်။

သို့သော်... ဆိုင်ရှေ့တွင် အိပ်ပျော်နေသည့် တာအိုဆရာတစ်ယောက်ကို တွေ့လိုက်ရသည့်အခါတွင်တော့ သူမသည် ထိတ်လန့်သွားမိလေသည်။

တာအိုဆရာ၏ အဝတ်အစားများမှာ စုတ်ပြဲနေပြီး မျက်နှာတစ်ခုလုံးမှာလည်း မုတ်ဆိတ်မွေး ၊ ပါးသိုင်းမွေးများဖြင့် ပြည့်နေသည့်အတွက် ထိုသူ၏အသက်ကို ခန့်မှန်းရန် ခက်ခဲလေသည်။ ကူးဝေဝေမှာ ထိုတာအိုဆရာကို သနားသွားပြီး ကိုယ်ကို အနည်းငယ်ကိုင်းညွတ်ကာ အသက်ရှူနေသေးသည်လားဟု စစ်ဆေးကြည့်လိုက်လေသည်။ အသက်ရှင်နေသေးလျှင် တာအိုဆရာကို ကယ်တင်မည်ဟု ဆုံးဖြတ်လိုက်လေ သည်။ သူမက လက်ချောင်းလေးများကို တာအိုဆရာ၏ နှာသီးဝသို့ ထိကပ်ကြည့်လိုက်လေသည်။ သို့သော်... တာအိုဆရာ သည်

အသက်ရှူနေခြင်း မရှိတော့ပေ။ တာအိုဆရာ သေဆုံးနေပြီ အထင်နှင့် ကူးဝေဝေသည် သက်ပြင်းတစ်ချက်ချ လိုက်မိလေသည်။

သူမသည် တာအိုဆရာကို သနားမိသော်လည်း သူမ၏ စားသောက်ဆိုင်ရှေ့တွင် လာသေနေသည့်အတွက် စိတ်ညစ်သွားရလေသည်။

အစကတည်းက သူမအကြောင်း သွားပုပ်လေလွင့်ပြောဆိုကြမှုများကြောင့် စားသောက်ဆိုင်မှာ ရောင်းမကောင်းရ သည့်ကြားထဲ တာအိုဆရာတစ်ယောက် ဆိုင်ရှေ့တွင်သေနေသည့်သတင်းသာ ပျံ့နှံ့သွားပါက သူမသည် ပိုပြီး မကောင်းပြောခံရ တော့မည် ဖြစ်လေသည်။

ထိုအချိန်မှာပင် တာအိုဆရာက ရုတ်တရက် နှာချေလိုက်လေသည်။

တာအိုဆရာသည် သတိရလာပြီး စိတ်ရှုတ်ထွေးသည် မျက်ဝန်း

များဖြင့် ကူးဝေဝေကို စိုက်ကြည့်နေလေသည်။

ကြည့်နေရင်းမှာပင် သူ၏မျက်ဝန်းများ တလက်လက်

တောက်ပလာပြီး

"ဂိုဏ်းတူအစ်မ..."

ဟု ခေါ်လိုက်လေတော့သည်။

တာအိုဆရာ မသေသေးသည့်အတွက် ကူးဝေဝေမှာ ဝမ်းသာ

သွားမိလေသည်။ ထို့ပြင် တာအိုဆရာသည် သူမကို

တစ်ယောက်ယောက်ဖြင့် လူမှားနေဟန် ရှိလေသည်။

သူမက...

"ရှင် အထဲဝင်ပြီး ရေနွေးလေး ဘာလေး သောက်ပါဦးလား..."

တာအိုဆရာက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်

ပြီး...

"ဂိုဏ်းတူအစ်မ ၊ ဒါက ဘယ်နေရာလဲ..."

ကူးဝေဝေက...

"တာအိုဆရာ... ရှင် လူမှားနေပြီထင်တယ်၊ ကျွန်မက ကူးဝေဝေပါ၊ ရှင့်ရဲ့ ဂိုဏ်းတူအစ်မ မဟုတ်ပါဘူး"

တာအိုဆရာသည် တစ်စုံတစ်ခုကို စဉ်းစားသည့်ဟန်ဖြင့် မျက်ခုံးများကို တွန့်ချိုးလိုက်လေသည်။ ထို့နောက် မျက်ရည်ဝဲနေသည့် မျက်ဝန်းများဖြင့် ကူးဝေဝေကို မော့ကြည့်လိုက်လေသည်။

တာအိုဆရာ၏ မျက်ဝန်းမှ မျက်ရည်များကို မြင်လိုက်သည်နှင့် သူမသည် တာအိုဆရာ၏ ဂိုဏ်းတူအစ်မဆိုသူနှင့် အလွန်ရုပ်ချင်းဆင်သူဖြစ်ရမည်ဟု တွေးလိုက်မိလေသည်။

သူမသည် သတို့သားလောင်း (၂)ယောက်ကို မင်္ဂလာပွဲမတိုင်မီ သေစေခဲ့သည့်အတွက် ပိုင်ကျားမြို့မှ လူအားလုံးက သူမကို မိစ္ဆာမတစ်ယောက်သဖွယ် ကြည့်ရှုခြင်းကို ခံခဲ့ရလေသည်။

သို့သော်... သူမရှေ့မှ တာအိုဆရာ၏ အကြည့်များကတော့ သူမကို နွေးထွေးသွားစေလေသည်။ ထိုသို့သော နွေးထွေးမှုများကို မခံစားရသည်မှာ ကြာခဲ့ပြီဖြစ်လေသည်။ ထို့ကြောင့်... သူမသည် ဝမ်းသာဝမ်းနည်း ခံစားချက်များကို ခံစားလိုက်ရလေသည်။

ကူးဝေဝေသည်လည်း မျက်ရည်မကျမိအောင် ထိန်းထားလိုက်ရင်း...

"တာအိုဆရာ ၊ ကျွန်မက ရှင့်ရဲ့ ဂိုဏ်းတူအစ်မ မဟုတ်ပါဘူး ၊ ရှင့်နာမည် ဘယ်လိုခေါ်လဲ ၊ ရှင် ဘယ်ကနေ ရောက်လာတာလဲ"

တာအိုဆရာက...

"ကျွန်တော့်နာမည်က ဆန်းလျန်ပါ... ကျွန်တော်... ဘယ်နေရာကလာတာလဲဆိုတော့...."

တာအိုဆရာသည် အလွန်တရာ ခက်ခက်ခဲခဲ စဉ်းစားနေရဟန်ရှိလေသည်။

"ကျွန်တော်... ဘယ်ကနေလာတာလဲမသိဘူး ၊ မေ့နေပြီ ၊

ကျွန်တော်မှတ်မိသလောက်တော့ အဲဒီနေရာက တောင်တစ်

တောင်ပဲ ၊ အဲဒီမှာ အစ်မရှိတယ် ၊ ကျွန်တော်ရှိတယ် ၊ ပြီးတော့

အားလုံးရှိတယ်လေ..."

ကူးဝေဝေက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ဤတာအိုဆရာလူငယ်သည်ကား အတိတ်မေ့နေဟန် ရှိ

လေ၏။ သူ့နာမည်ကို မမေ့သေးသည်မှာ ကံကောင်းသည် ဟု

ဆိုနိုင်လေသည်။ သို့သော်... သူမအနေဖြင့် တာအိုဆရာကို

ကူညီနိုင်စွမ်းမရှိပေ။

သူမက...

"တာအိုဆရာဆန်း ၊ အထဲကိုဝင်ပြီး တစ်ခုခုစားပါဦး ၊ အပြင်

မှာ အရမ်းအေးတယ်လေ...."

ဆန်းလျန်က ခေါင်းခါလိုက်ရင်း...

"ကျွန်တော် မစားချင်ဘူး ၊ အရက်ပဲ သောက်ချင်တာ ၊ ကျွန်တော်မှတ်မိတာဆိုလို့ အရက်တစ်ခွက် သောက်မိပြီး အတိတ်မှန်သမျှ အကုန်မေ့သွားတာပဲ ၊ ကျွန်တော့်အတိတ်တွေကို ပြန်သတိရလာရင် အစ်မက ကျွန်တော့်ရဲ့ ဂိုဏ်းတူအစ်မပဲဆိုတာ သက်သေပြမယ်..."

ကူးဝေဝေက...

"ဒါဖြင့်လည်း ကျွန်မအရက်သွားယူလိုက်ဦးမယ် ၊ အရက်သောက်လိုက်တော့ နွေးသွားတာပေါ့..."

ရာသီဥတုက အေးနေသည့်အတွက် တာအိုဆရာဆန်းအနေဖြင့် အရက်သောက်လိုက်လျှင် နွေးသွားမည်ဟု သူမက တွေးလိုက်မိလေသည်။

ဆန်းလျန်က မတ်တပ်ထရပ်လိုက်ပြီး ကူးဝေဝေနောက်သို့ လိုက်သွားလေသည်။

ဆန်းလျန်သည် ကူးဝေဝေထက်ခေါင်းတလုံးကျော်ခန့် အရပ်ပို မြင့်ပြီး မုတ်ဆိတ်မွှေးများ ၊ ပါးသိုင်းမွှေးများသာ မရှိလျှင် ခပ်ချောချောလူတစ်ယောက် ဖြစ်ကြောင်း သိနိုင်လေသည်။

"တစ်ကျပ်ပိုလည်းပိုတာပဲ ၊ တစ်ကျပ်လျော့လည်းလျော့တာပဲ" ဆိုသည့် ဆိုရိုးစကားကို ကူးဝေဝေ သတိရသွားမိ လေသည်။ ထိုစကားပုံက တာအိုဆရာဆန်းနှင့် အလွန်သင့်တော်လေသည်။

ထို့ပြင် သူမသည် ကိစ္စတစ်ခုကိုလည်း သတိထားလိုက်မိလေသည်။ တာအိုဆရာဆန်း၏ မျက်နှာမှ မုတ်ဆိတ်မွှေး ၊ ပါးသိုင်းမွှေးများကို ကြည့်ခြင်းအားဖြင့် သန့်ရှင်းရေးမလုပ်သည်မှာ အတန်ကြာပြီဖြစ်သည်ကို သိရှိနိုင်လေသည်။

ထို့ပြင်... သူ၏ ဆံပင်များမှာလည်း ရှုတ်ထွေးညစ်ပတ်နေလေသည်။ သို့သော်... သူ့ထံမှ ဆိုးဝါးသည့်အနံ့အသက် များထွက်

နေခြင်း မရှိပေ။ သူ့ထံမှ လန်းဆန်းသည့် မြက်ရနံ့လေးကဲ့သို့ သင်းပျံ့သည့် ကိုယ်သင်းနံ့လေးကိုပင် ရနေမိသေးသည်။

သူမသည် စပ်စုချင်နေမိသော်လည်း ပွင့်ပွင့်လင်းလင်း မေးကြည့်ရန်တော့ ရှက်ရွံ့နေမိလေသည်။

ကူးဝေဝေသည် အရက်တစ်အိုးယူလာပြီး အရက်အိုးလေးကို မီးဖိုထက်တွင် ကျွမ်းကျင်စွာပင် အပူပေးလိုက်လေ သည်။

အရက်က မပူသေးသော်လည်း ဆန်းလျန်က အရက်အိုးကိုယူကာ ခွက်ထဲသို့ ငှဲ့ထည့်ရန် ပြင်လိုက်လေသည်။

ကူးဝေဝေက သူ့ကိုတားလိုက်ပြီး...

"တာအိုဆရာဆန်း ၊ အရက်က မပူသေးဘူးလေ...."

ဆန်းလျန်က...

"ပူနေပါပြီ..."

ထိုအချိန်မှာပင် အရက်အိုးလေးဆီမှ ဆူပွက်သည့်အသံများ ထွက်ပေါ်လာပြီး သေရည်ရနံ့လေးလည်း မွှေးကြိုင် သင်းပျံ့လာလေသည်။

ကူးဝေဝေမှာ အံ့သြမှင်တက်သွားရလေသည်။ သူမ အရက်အိုးကို မီးဖိုပေါ်တင်လိုက်သည်မှာ မကြာသေးသည့်တိုင် အရက်များက ချက်ချင်း ဆူပွက်လာသောကြောင့်ဖြစ်လေသည်။ သူမနားမလည်နိုင်ဖြစ်နေချိန်မှာပင် ဆန်းလျန်က အရက်များကို အရက်ခွက် (၂)ခွက်အတွင်းသို့ လောင်းထည့်လိုက်လေသည်။ သူက အရက်တစ်ခွက်ကို ကူးဝေဝေရှေ့တွင် ချပေးလိုက်ပြီး...

"အစ်မလည်းသောက်လေ..."

ကူးဝေဝေက သူမသည် တာအိုဆရာဆန်း၏ ဂိုဏ်းတူအစ်မ မဟုတ်သည်ကို ထပ်မံရှင်းပြရန် ဟန်ပြင်လိုက်စဉ်မှာပင် သူမ၏လက်များသည် အရက်ခွက်လေးကို ကိုင်လျှက်သား

ဖြစ်သွားပြီး နှုတ်ခမ်းများတွင်တော့ကာ သောက်မိလျှက် သား ဖြစ်သွားလေသည်။

ပူနွေးသည့်အရက်များသည် သူမ၏ နှုတ်ခမ်းမှတစ်ဆင့် ကိုယ်တွင်းသို့ ဝင်ရောက်သွားပြီ ဖြစ်လေသည်။

သူမ၏ တစ်ကိုယ်လုံး နွေးထွေးမှုကို ခံစားလိုက်ရလေသည်။

နွေးထွေးမှုကြောင့် သူမ၏ မျက်နှာလေးသည် အစွမ်းကုန် ပွင့်လန်းနေသည့် ပန်းပွင့်လေးတစ်ပွင့်အလား ပန်းရောင်သန်းကာ လှပလျှက် ရှိလေတော့သည်။

သို့သော်... သူမသည် အလျှင်အမြန် သောက်ချလိုက်ရသလို ဖြစ်သွားသည့်အတွက် နှုတ်ခမ်းလေးများမှာ အပူလောင်ပြီး နီရဲသွားရလေသည်။

ထိုအချိန်မှာပင်...

လက်ချောင်းတစ်ချောင်းက သူမ၏ နှုတ်ခမ်းလေးများကို လာရောက်ထိကပ်လိုက်လေသည်။

လက်ချောင်းဆီမှ အေးစက်သည့်အငွေ့အသက်ကို ခံစားလိုက်ရပြီး အပူလောင်ခြင်းများ ချက်ချင်းပင် သက်သာသွား လေသည်။ သူမက ယောင်ယမ်းပြီး နှုတ်ခမ်းလေးများကို လှျာဖြင့် သပ်လိုက်မိလေရာ သူမနှုတ်ခမ်းလေးများကို လက်ဖြင့်ထိထားသည့် ဆန်းလျန်၏ လက်ချောင်းကို လှျာဖြင့်လျှက်မိသွားလေတော့သည်။

အခန်း (၇၀၉) ကျောက်တုံးကိုရွှေဖြစ်အောင်ပြောင်းနိုင်သူ

ကူးဝေဝေမှာ ရှက်သွားပြီး မျက်နှာတစ်ခုလုံး ပန်းရောင်သန်း

သွားလေသည်။

ဆန်းလျန်က သူမ၏ နှုတ်ခမ်းလေးများကို ထိထားသည့်

လက်ချောင်းကို ချက်ချင်းပင် ပြန်ရုတ်လိုက်လေသည်။

ကူးဝေဝေမှာ စိတ်တည်ငြိမ်သွားအောင် အတန်ကြာကြိုးစားနေ

ပြီးမှ ဆန်းလျန်ကို ကြည့်လိုက်လေသည်။ ဆန်းလျန် ကတော့

မည်သို့မှ မထူးဆန်းသည့်နှယ် အရက်အိုးထဲမှ အရက်များကို

ငုံ့သောက်နေလေ၏။ မီးဖိုလေးမှာ မီးများတောက်လောင်နေဆဲ

ဖြစ်ပြီး အရက်အိုးထဲမှ အရက်များကတော့ ကုန်သွားပြီ ဖြစ်

လေသည်။

ကူးဝေဝေက မီးသွေးများအလကားဖြစ်သွားမည်ကို စိုးရိမ်

သည့်အတွက်...

"ကျွန်မ အရက်နောက်တစ်အိုး သွားယူလိုက်ဦးမယ်..."

စောစောကအရက်တစ်အိုး လျှင်လျှင်မြန်မြန် ဆူပွက်သွားရ

သည့်အကြောင်းမှာ သူမအတွက် ပဟေဠိဖြစ်နေဆဲဖြစ်ပြီး

ဆန်းလျန်ကို မေးကြည့်ချင်နေမိလေသည်။

ဆန်းလျန်ကတော့ သူ့ဦးနှောက်ကို အပြင်းအထန်အလုပ်ပေး

နေလေသည်။ ယခု အရက်သောက်ပြီးသွားပြီ ဖြစ်လေသည်။

သို့တိုင်အောင် အတိတ်ကို ပြန်သတိရလာရန်ဝေးစွ ဂိုဏ်းတူ

အစ်မ၏နာမည်အရင်းကိုပင် စဉ်းစား၍ မရသေးပေ။ ထို့ပြင်

သူ… မည်သည့် နေရာကလာခဲ့သည်ကိုလည်း မမှတ်မိသလို

မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုလည်း သိရှိခြင်း မရှိ

ပေ။

သင်းပျံ့သည့်ရနံ့လေးတစ်ခု နှာခေါင်းထဲတိုးဝင်လာတော့မှ

အတွေးလွန်နေသည့်ဆန်းလျန် အသိပြန်ဝင်လာလေ သည်။

ကူးဝေဝေသည် နောက်ထပ်အရက်တစ်အိုးယူလာပြီး မီးဖိုလေး

ပေါ်သို့ တင်လိုက်လေ၏။ သူမက ထူးခြားချက်တစ်ခုခုများ

ဖြစ်လေမလားဟု အရက်အိုးကို စိုက်ကြည့်နေသော်လည်း မည်သည့်ထူးခြားချက်မှ ဖြစ်မလာတော့ပေ။ အချိန်အတန်ကြာမှ အရက်များ ပူနွေးလာလေသည်။

သူမက အင်္ကျီလက်လေးများကို အသာပင့်လိုက်ပြီး အရက်အိုးကိုမကာ ဆန်းလျန်၏အရက်ခွက်ထဲသို့ ငှဲ့ထည့်ပေး လိုက်လေသည်။ ထို့နောက် သူမ၏ ခွက်ထဲသို့လည်း ထည့်လိုက်လေသည်။

ဆန်းလျန်နှင့် ကူးဝေဝေသည် မျက်နှာချင်းဆိုင် ထိုင်နေကြခြင်း ဖြစ်လေရာ မီးဖိုလေးမှထွက်နေသည့် မီးရောင် အောက်တွင် ကူးဝေဝေသည် နူးညံ့စွာဖြင့် လှပနေလေသည်။ သူမက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက် လေရာ သူမကို စိုက်ကြည့်နေသည့် ဆန်းလျန်နှင့် အကြည့်ချင်းဆုံသွားသည့်အတွက် သူမက ရှက်သွေးဖြာသွားပြီး ခေါင်းငုံ့ချလိုက်မိလေသည်။

"ကျွန်မကို ကြည့်မနေနဲ့၊ သောက်စရာရှိတာ သောက်ပါ..."

အခြားသူတစ်ယောက်က သူမကို ထိုသို့ စိုက်ကြည့်နေမည်ဆို လျှင် သူမ အလွန်ဒေါသထွက်မိမည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကိုတော့ လုံးဝ ဒေါသမထွက်မိပေ။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်၏အကြည့်များသည် သူမ မြင်တွေ့ခဲ့ရဖူးသမျှ အကြည့်များထဲတွင် အသန့်ရှင်း ဆုံး အကြည့်များ ဖြစ်နေသောကြောင့်ပင်။ ဆန်းလျန်၏အကြည့် များသည် တောင်ပေါ်စိမ်းချောင်းလေး တစ်ခုထက် ပင် ကြည်လင်သန့်စင်လျှက် ရှိပါလေ၏။

သူမသည် အရက်ခွက်ကို အသာကိုင်မြှောက်ကာ မော့သောက် လိုက်လေသည်။

အရက်များမှာ ပထမတစ်ခွက်လောက် ပူလောင်နေခြင်းမရှိပါ။

သို့သော်... အရက်၏ အရသာသည် ပထမတစ်ခွက် လောက်

ကောင်းမွန်ခြင်း မရှိတော့ပေ။ ထူးဆန်းလှသည်ဟု ကူးဝေဝေ

တွေးနေမိလေသည်။

သူမသည် စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သည့်မိသားစုတွင်

ကြီးပြင်းလာခဲ့သူဖြစ်လေရာ အရက်နှင့်ပတ်သက်ပြီး

ကောင်းကောင်းနားလည်လေသည်။ ထို့ကြောင့်... သူမ

အနေဖြင့် အရက်၏အရသာကို မှားယွင်းဆုံးဖြတ်မိခြင်းမှ

မည်သို့မှ မဖြစ်နိုင်ပေ။

ထို့ကြောင့် သူမက မေးလိုက်လေတော့သည်။

"ခုန အရက်အိုးက ဘာလို့ ချက်ချင်းကြီး ဆူပွက်သွားရတာ

လဲ..."

ဆန်းလျန်က...

"ကျွန်တော်က အရက်တွေ မြန်မြန်ပူစေချင်နေပြီလေ ၊ အဲဒီတော့

ချက်ချင်းဆူပွက်သွားတာပေါ့..."

ကူးဝေဝေမှာ ဆန်းလျန်၏ စကားကြောင့် မျက်လုံးလေးများ ဝိုင်းစက်ပြူးကျယ်သွားရလေသည်။

ဆန်းလျန်၏ စကားများကို မယုံကြည်သည့်တိုင် ဆန်းလျန် သည် တာအိုဆရာတစ်ယောက် ဖြစ်လေသည်။

သူမက...

"ရှင်က နတ်ဘုရားကျင့်စဉ်တွေကို ကျင့်ကြံထားတာလား"

ဆန်းလျန်က...

"နတ်ဘုရားကျင့်စဉ်တွေဆိုတာ ဘာကိုပြောတာလဲ..."

ဆန်းလျန်က ရိုးရိုးသားသား မေးမြန်းနေခြင်းဖြစ်သည်ကို သိ လိုက်သည့်အတွက် သူမက စိတ်ရှည်ရှည်ဖြင့်ပင် ရှင်းပြ လိုက် လေသည်။

"နတ်ဘုရားကျင့်စဉ်တွေဆိုတာ တန်ခိုးစွမ်းအားကျင့်စဉ်တွေကို ပြောတာ ၊ အဲဒီကျင့်စဉ်တွေ ကျင့်ကြံထားရင် ထူးဆန်းတဲ့ အလုပ်တွေ လုပ်နိုင်တာပေါ့ ၊ ဟိုးရှေးရှေးတုန်းကဆိုရင် ချင်းရှ

တောင်မှာ နတ်ဘုရားတစ်ပါးပေါ်လာဖူး တယ်လို့ ကျွန်မကြား

ဖူးတယ်၊ ဒီ ပိုင်ကျားမြို့ကိုတည်ထောင်ခဲ့တဲ့ ဘိုးဘေးက အဲဒီ

နတ်ဘုရားရဲ့ မိတ်ဆွေတဲ့၊ အဲဒီဘိုးဘေးဟာ အသက်ရာကျော်

အထိနေသွားခဲ့ရတယ်ဆိုပဲ..."

ဆန်းလျန်က တစ်စုံတစ်ခုကို တွေးလိုက်မိပြီး...

"ကျုပ်က နတ်ဘုရားတစ်ပါး ဖြစ်မယ်ထင်တယ်..."

ကူးဝေဝေက ရယ်မောလိုက်ရင်း...

"ဒါပေမယ့် ရှင်က နတ်ဘုရားကျင့်စဉ်တွေကို ကျင့်ကြံထားရုံနဲ့

တော့ နတ်ဘုရားတစ်ပါး ဖြစ်မလာနိုင်ဘူးလေ၊ ပြီးတော့ ရှင်

က အရက်ကို ချက်ချင်းပူသွားအောင် လုပ်တာလောက်ပဲ

တတ်နိုင်တာ၊ အဲဒီပညာလောက်နဲ့တော့ ရှင့်ကိုယ်ရှင် နတ်

ဘုရားတစ်ပါးလို့ ဘယ်ပြောလို့ရမှာလဲ"

ဆန်းလျန်က မကျေမနပ်ဖြစ်သွားပြီး...

"ဒါဖြင့် နတ်ဘုရားတစ်ပါးက ဘာတွေလုပ်နိုင်တာလဲ..."

ကူးဝေဝေက...

"ကျွန်မရဲ့စားသောက်ဆိုင်ကိုလာတဲ့ ဆရာတစ်ယောက် ပြောဖူး

တာတော့ နတ်ဘုရားတွေက တိမ်စီးပြီး ပျံသန်းနိုင် တယ်တဲ့ ၊

ပြီးတော့ ကျောက်တုံးကိုထိလိုက်ရင်လည်း ရွှေဖြစ်နိုင်တယ်ဆို

ပဲ ၊ ပြီးတော့ သူတို့တွေက ဘယ်တော့မှ အသက်ကြီးမလာဘဲ

ထာဝရ နုပျိုနေကြတာတဲ့"

ထိုအခါ ဆန်းလျန်က အလွန်မှ ဂုဏ်ယူသည့် မျက်နှာပေး

ဖြင့်...

"ဘာများ ထူးထူးဆန်းဆန်းတွေ ပြောမှာလဲလို့ နားထောင်နေ

တာ ၊ အစ်မ ပြောတာတွေလောက်တော့ ကျွန်တော် လည်းလုပ်

နိုင်သားပဲ..."

ဆန်းလျန်မှာ အလွန်မှ ရယ်စရာကောင်းသည်ဟု ကူးဝေဝေက

တွေးလိုက်မိလေသည်။

"ဒါဖြင့်လည်း ကျောက်တုံးကို ရွှေဖြစ်အောင် ပြောင်းပြစမ်း

ပါ..."

ဆန်းလျန်က...

"ဒါဖြင့် ကျောက်တုံးပေးလေ..."

ကူးဝေဝေက အရက်ခွက်လေးကို ညွှန်ပြလိုက်ရင်း...

"အဲဒီအရက်ခွက်က ကျောက်သားနဲ့လုပ်ထားတာပဲလေ ၊ အဲဒီ

ခွက်ကို ရွှေဖြစ်အောင် ပြောင်းပြပေါ့..."

ဆန်းလျန်က...

"ပြီးရော..."

ထို့နောက်... ဆန်းလျန်က အရက်ခွက်လေးကို ကြည့်လိုက်

ပြီး...

"ရွှေဖြစ်စမ်း..."

ဟု ပြောလိုက်လေသည်။

သို့သော် အရက်ခွက်လေးသည် အရင်အတိုင်းပင် မပြောင်းမလဲ ရှိနေလေသည်။

ဆန်းလျန်က အလွန်ဂုဏ်ယူသည့် မျက်နှာထားဖြင့်...

"တွေ့လား ဂိုဏ်းတူအစ်မ ၊ အခု ရွှေခွက်လေးဖြစ်သွားပြီ..."

ကူးဝေဝေသည် အရက်ခွက်လေးကို သေသေချာချာကိုင်ကာ လှည့်ပတ်ကြည့်လိုက်လေသည်။

သို့သော်... အရက်ခွက်လေးသည် ယခင်အတိုင်းပင် ပြောင်းလဲခြင်းတစ်ခုမှ မရှိခဲ့ပေ။

သူမက ရယ်ချင်စိတ်ကို မြိုသိပ်ထားလိုက်ရင်း...

"ဟုတ်ပ... ရွှေခွက်လေးဖြစ်သွားပြီဟယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကျွန်တော်က နတ်ဘုရားတစ်ပါးဆိုတာ ယုံပြီမဟုတ်လား...."

ဆန်းလျန်၏ ပုံစံက နောက်ပြောင်နေသည့်ဟန်မဟုတ်ဘဲ အတည်ပြောနေဟန် ဖြစ်လေ၏။

ကူးဝေက ဆန်းလျန်သည် ဦးနှောက်မကောင်းသူဖြစ်ရမည်ဟု တွေးလိုက်မိလေသည်။ ဆန်းလျန်သည် တာအိုကျောင်းတော် တစ်ခုခုမှ ဖြစ်ပုံရလေသည်။ ထိုကျောင်းတော်တွင် သူ၏ဂိုဏ်း တူအစ်မဆိုသူက သူ့ကို အတော်ပင် ဂရုစိုက်ခဲ့ဟန် ရှိလေ သည်။ ပြဿနာတစ်ခုခု ဖြစ်ပျက်ခဲ့ပြီး အတိတ်မေ့သွားကာ ယခုကဲ့သို့ စိတ်မမှန် ဖြစ်သွားရခြင်း ဖြစ်ရမည်ဟု တွေးနေမိ လေသည်။

သူမသည် ပြဇာတ်ပေါင်းများစွာ ကြည့်ဖူးလေရာ ဆန်းလျန် အကြောင်းကို စိတ်မကောင်းဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ် အဖြစ် အမျိုးမျိုး စဉ်းစားကာ စိတ်ကူးယဉ်နေလေတော့သည်။

တွေးနေရင်းနှင့်ပင် ဆန်းလျန်ကိုကြည့်နေသည့် သူမ၏ အကြည့်များသည် တဖြည်းဖြည်းနူးညံ့သိမ်မွေ့သွားပြီး...

"အခုကစပြီး ရှင် ကျွန်မဆီမှာ နေလို့ရပါတယ် ၊ အလုပ်တွေ ဘာတွေတော့ ကူလုပ်ပေးပေါ့ ၊ ကျွန်မမငတ်သေး သရွေ့ ရှင့်ကို ထမင်းတစ်နပ် တင်ကျွေးထားနိုင်ပါတယ်"

သို့သော်... ဆန်းလျန်သည် စားပွဲတွင်မှောက်နေပြီဖြစ်ပြီး သူမပြောသည့်စကားကို ကြားဟန် မတူတော့ပေ။

ကူးဝေဝေသည် စားပွဲပေါ်မှောက်ကာ အိပ်ပျော်နေပြီဖြစ်သည့် ဆန်းလျန်ကို ကြည့်ကာ ခေါင်းတစ်ချက်ခါယမ်းရင်း ပြုံးလိုက်မိလေသည်။ ထို့နောက် စောင်တစ်ထည်သွားယူပြီး ဆန်းလျန်ကိုယ်ပေါ်သို့ ခြုံပေးလိုက်လေသည်။

မီးဖိုလေးထက်မှ အရက်အိုးထဲတွင် အရက်များက ကျန်နေသေးသည်။ ထို့ကြောင့် အရက်များကိုနွှေးသည့် အတွက် သူမက မြေပဲအနည်းငယ်စားရင်း ဆက်သောက်နေလိုက်လေသည်။

တစ်ချိန်တည်းမှာပင် သူမက ဆန်းလျန်ကိုလည်း ငေးကြည့်နေမိပြန်လေသည်။

ငေးနေရင်းဖြင့် ဆန်းလျန်သည် ချောမောသူတစ်ယောက်ဖြစ်သည်ကို သတိပြုလိုက်မိလေသည်။ မုတ်ဆိတ်မွှေးများ ကို သာရိတ်လိုက်မည်ဆိုလျှင် အမှန်ပင် ချောမောလွန်းမှ ာဖြစ်လေသည်။

အရက်များကုန်သွားသည်နှင့် သူမက အရက်အိုးနှင့်အရက်ခွက်များကို ဆေးကြောရန် ယူဆောင်သွားပြီး ဆန်းလျန်နွေးနွေးထွေးထွေးအိပ်စက်နိုင်ရန်အတွက် မီးဖိုလေးကိုတော့ ဒီအတိုင်း ထားရစ်ခဲ့လေသည်။

သူမသည် အရက်ခွက်များကို ဆေးကြောနေစဉ်မှာပင် သူမမျက်စိကိုသူမ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရ လေသည်။ အဘယ်ကြောင့်ဆိုသော် အရွက်ခွက်လေးတစ်ခွက်

သည် ရေနှင့်ထိလိုက်မိသည်နှင့် ရွှေရောင်ထွက်ပေါ်လာ

သောကြောင့် ဖြစ်လေသည်။

သူမအမြင်များသည်ထင်ပြီး ခွက်တစ်ခုလုံးကို ဆေးကြော

ကြည့်လိုက်သည့်အခါတွင်တော့ ခွက်တစ်ခုလုံးမှာ ရွှေသား

အတိပြီးသော ရွှေခွက်လေးတစ်ခွက် ဖြစ်နေခဲ့လေသည်။ ခွက်

လေးမှာ ရွှေရောင်တလက်လက် တောက်ပလျှက် ရှိလေ၏။

အရက်ခွက်လေးမှာ ရွှေခွက်အဖြစ်သို့ ပြောင်းလဲသွားပြီး ကူး

ဝေဝေမှာ အိပ်မက်မက်နေသည့်အလား ခံစားနေရလေ သည်။

ဆန်းလျှန်သည် ကျောက်တုံးကိုပင် ရွှေဖြစ်အောင် ပြောင်းနိုင်

သည့် နတ်ဘုရားတစ်ပါး အမှန်တကယ်ပင် ဖြစ်နေလေသည်

လား။ သူမသည် ကျင့်ကြံသူတစ်ယောက်မဟုတ်သလို

ကျင့်ကြံခြင်းအကြောင်းများကိုလည်း နားလည်သူမဟုတ်ပါ။

သို့သော်... ကျောက်တုံးကို ရွှေအဖြစ် အသွင်ပြောင်းခြင်းသည်

အရာဝတ္ထုများထဲတွင်ပါဝင်သည့် ဒြပ်စင်များကို ပြောင်းလဲ

ခြင်းဖြစ်လေရာ ဖန်ဆင်းမှု သဘောတရားများပါဝင်လေသည်။
တော်ရုံတန်ရုံ နတ်ဘုရားများပင် ပြုလုပ်နိုင် မည်မဟုတ်ပေ။
ဆန်းလျှန်သည် ကျောက်တုံးကို ရွှေဖြစ်အောင်ပြုလုပ်နိုင်သည်
ကို အခြားသော ကျင့်ကြံသူများ သိရှိသွားကြမည်ဆို လျှင် ထို
ပညာကို ဆန်းလျှန်ကို သင်ကြားခိုင်းကြပေလိမ့်မည်။ ယွမ်
ကျိုးနယ်တွင် တန်ခိုးစွမ်းအား မြင့်မားသည့် နတ်ဘုရားများစွာ
ရှိသည့်တိုင် ထိုကဲ့သို့ စွမ်းရည်မျိုး ရှိသည့်နတ်ဘုရားဆိုသည်
က ရှားပါးလေသည်။
ကူးဝေဝေသည် အလွန်အမင်း ထိန်လန့်တုန်လှုပ်နေလေသည်။
ဝမ်းသာရမည့်အစား သူမသည် စိုးရိမ်နေမိလေ သည်။
အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်သည် အတိတ်မေ့နေသူတစ်
ယောက် ဖြစ်လေသည်။ အကယ်၍ တစ်စုံတစ်ယောက်ကသာ
ဆန်းလျှန်သည် ကျောက်တုံးကို ရွှေအဖြစ်ပြောင်းလဲနိုင်သူ
ဖြစ်သည်ကို သိရှိသွားခဲ့လျှင် သူ့ကို ဒုက္ခပေးကြပေလိမ့်မည်။

သူမသည် ချက်ချင်းပင် ဆန်းလျန်ရှိရာသို့သွားပြီး ဆန်းလျန်ကို နှိုးလိုက်လေသည်။ ဆန်းလျန်မှာ အိပ်နေသည်ကို လာနှိုးသည့် အတွက် မကျေမနပ်ဖြစ်သွားလေသည်။

သူက အိပ်မှုံစုံမွှားဖြင့်...

"အတိတ်ကအကြောင်းတွေလားမသိဘူး ၊ အိပ်မက်မက်နေတာ ၊ ဂိုဏ်းတူအစ်မ ... ကျွန်တော့်ကို ဘာလို့လာနှိုးရ တာလဲ"

ကူးဝေဝေက ရွှေခွက်လေးကို သူ့ကိုပြလိုက်ရင်း...

"ရှင် အရက်ခွက်ကို ရွှေခွက်ဖြစ်အောင် ပြောင်းလိုက်တာမလား..."

ဆန်းလျန်က...

"အင်းလေ... စောစောကပဲ အစ်မ သိပြီးပြီကို ၊ အစ်မကို ကျွန်တော် လိမ်ပြောတာမှ မဟုတ်တာ..."

ကူးဝေဝေက...

"ကျွန်မက ရှင်နောက်နေတယ်ထင်လို့ ၊ အခုအချိန်ကစပြီး ရှင်က ကျောက်တုံးကို ရွှေဖြစ်အောင် လုပ်နိုင်တယ် ဆိုတာ သူများတွေကို လျှောက်မပြောရဘူးနော်..."

ဆန်းလျန်က...

"ဘာဖြစ်လို့လဲ..."

ကူးဝေဝေက...

"ရှင်က ကျောက်တုံးကို ရွှေဖြစ်အောင်ပြောင်းနိုင်တဲ့အကြောင်း လူတွေသိသွားရင် အဲဒီပညာကို ရှင့်ကို သင်ခိုင်းကြ လိမ့်မယ် ၊ ရှင်က သင်ပေးလိုက်တဲ့လူတွေထဲမှာ စိတ်ထားမကောင်းတဲ့လူတွေပါနေရင် ပြဿနာတွေ ဖြစ်လာလိမ့် မယ် ၊ ဒါပေမယ့် ရှင်က သူတို့ကို သင်မပေးဘူးလို့ ငြင်းပြန်ရင်လည်း သူတို့က ရှင့်ကို သတ်ပစ်ကြလိမ့်မယ် ၊ နားလည်လား..."

သူမသည် ဆန်းလျန်အတွက် အလွန်စိုးရိမ်နေခဲ့လေသည်။

ထို့ပြင် ဆန်းလျန်အတိတ်မေ့နေရသည်မှာ လူအချို့က ဆန်း

လျှန်အကြောင်းသိသွားပြီး ဒုက္ခပေးခဲ့သည့်အတွက်သာ ယခုကဲ့သို့ဖြစ်နေရသည်ဟု သူမက ထင်မှတ်နေမိလေတော့သည်။

အခန်း (၇၁၀) နတ်ဘုရားတွေနဲ့နတ်မိစ္ဆာတွေကိုဝန်ဆောင်မှုပေးပါလား

ကူးဝေဝေ၏ စကားဆုံးသွားသည်နှင့် ဆန်းလျှန်က ကူးဝေဝေ၏ လက်လေးများကို ဆုပ်ကိုင်လိုက်လေသည်။

ကူးဝေဝေမှာ အံ့ဩမှင်တက်သွားရလေသည်။ ဆန်းလျ
န်၏အပြုအမူကြောင့်မဟုတ်ပါ။ ဆန်းလျန်၏ လက်များသည်
ကျောက်စိမ်းသားအလား အေးစက်နူးညံ့နေသောကြောင့် ဖြစ်
လေသည်။

သူမက ဆန်းလျန်ကို အော်ထုတ်ချင်လိုက်မိသော်လည်း ဆန်း
လျန်ကတော့ သူမကို ငေးကြည့်နေလေသည်။ ကူးဝေဝေသည်
မအော်မိတော့ဘဲ သက်ပြင်းတစ်ချက်ချကာ ဆန်းလျန်၏
မျက်ဝန်းများကို ပြန်ငေးကြည့်နေမိလေ သည်။ ဆန်းလျ
န်၏အကြည့်များကို မကြွေသည့် မိန်းကလေး လောကတွင် ရှိ
နိုင်ပါမည်လားဟု ကူးဝေဝေ တွေးလိုက်မိလေသည်။

"ဂိုဏ်းတူအစ်မ ၊ အစ်မပြောတာမှန်တယ်... ၊ အဲဒီပညာတွေကို
တခြားသူတွေသိအောင် သင်မပေးချင်ဘူး ၊ အဲဒါကြောင့်
လည်း အခုလို အတိတ်မေ့သွားရတာဖြစ်ရမယ်..."

ကူးဝေဝေမှာ ဆန်းလျန်၏ ဘဝအကြောင်းများကို စဉ်းစားရင်း

အစကတည်းက စိတ်ရှုတ်ထွေးနေရသူ ဖြစ်လေသည်။

ရုတ်တရက် သူမက သတိလက်လွတ် "အား" ကနဲ တစ်ချက်

အော်လိုက်ရင်း...

"ဆန်းလျန်... နာတယ်ဟ..."

ဟုပြောကာ သူမလက်များကို ရုန်းလိုက်လေသည်။

ဆန်းလျန်က စိတ်ရှုတ်ထွေးသွားဟန်ဖြင့်...

"ကျွန်တော် ဒီလောက်လည်း အားထည့်ပြီး ကိုင်ထားတာ

မဟုတ်ဘဲနဲ့..."

ကူးဝေဝေမှာ ဆန်းလျန်၏ စကားကြောင့် ရှက်သွားလေသည်။

ထို့ကြောင့် သူမက အသံကျယ်ကျယ်ဖြင့်...

"မိန်းကလေးတစ်ယောက်ရဲ့လက်ကို ဒီလိုမျိုး လက်ရဲဇက်ရဲနဲ့

ကိုင်ရဲတာ အရှက်မရှိဘူးလား..."

ကူးဝေဝေ တကယ်ပင်ဒေါသထွက်နေသည်ကို ရိပ်မိတော့မှ ဆန်းလျန်က သူမ၏ လက်များကို လွှတ်ပေးလိုက်ပြီး...

"ဂိုဏ်းတူအစ်မကလည်း... အရင်ကလည်း ဒီလိုပဲလေ ၊ ပြီးတော့ ကျွန်တော်တို့ က ကျင့်ကြံသူတွေပဲ ၊ ခွဲခြားနေစရာ လိုလို့လား..."

ကူးဝေဝေမှာ အကြီးအကျယ်ဒေါသထွက်သွားပြီ ဖြစ်လေသည်။

"ရှင်က ကျင့်ကြံသူဆိုတာနဲ့ပဲ ကလေကချေတစ်ယောက်လို ပြုမူနေတာလား..."

ဆန်းလျန်က တည်ကြည်လေးနက်သည့်လေသံဖြင့်...

"ကျင့်ကြံခြင်းမှာ အရာအားလုံးထက် စိတ်နှလုံးက ပို အရေးကြီးပါတယ် ၊ ကျွန်တော် အစ်မလက်ကို ကိုင်တော့ အစ်မ ဘယ်မှာငြင်းလို့လဲ ၊ ဒါပေမယ့် အခုကျ ဘာလို့ မကြိုက်တဲ့ဟန် ဆောင်နေရတာလဲ ၊ ပြီးတော့ မိန်းကလေး တစ်ယောက်

ရဲ့လက်ကိုကိုင်မိတာနဲ့ ဘာလို့ ကလေကချေ ဖြစ်သွားရမှာ

လဲ..."

ဆန်းလျန် ထိုသို့ပြန်ပြောလိမ့်မည်ဟု ကူးဝေဝေ ထင်မထားခဲ့မိ

ပေ။

သို့သော်... ဆန်းလျန်ပြောသည့် စကားများသည် အမှန်ပင်

ဖြစ်လေသည်။ ဆန်းလျန် သူမလက်ကို ကိုင်ထားသည် ကိုသူမ

မငြင်းဆန်ခဲ့မိပေ။ ထိုအချက်မှာ ထူးဆန်းလေသည်။

အဘယ်ကြောင့်ဆိုသော် သူမသည် ဆန်းလျန်နှင့် တွေ့ဆုံသည်

မှာ မကြာသေးသော်လည်း နှစ်ပေါင်းများစွာ သိကျွမ်းရင်းနှီး

လာသူတစ်ယောက်ပမာ ခံစားနေရလေ သည်။

သူမတွေးနေစဉ်မှာပင် ဆန်းလျန်ကတော့ သူမ၏ လက်များကို

လွှတ်လိုက်ပြီ ဖြစ်လေသည်။

ကူးဝေဝေသည် အနည်းငယ်စိတ်သာသာရာရသွားသည့်တိုင်

စိတ်အနှောက်အယှက်လည်း ဖြစ်နေမိလေသည်။

ထိုသို့ဖြင့် အချိန် (၃)ရက် ကြာသွားခဲ့လေ၏။

ဆန်းလျှန်သည်လည်း ကူးဝေဝေ၏ စားသောက်ဆိုင်တွင် အခြေကျနေခဲ့ပြီ ဖြစ်လေသည်။ သို့သော်... "သောက်ပြီးရင်မ ပြန်နဲ့တော့" စားသောက်ဆိုင်ကတော့ တစ်စက်ကလေးပင် စျေးရောင်းရခြင်း မရှိပေ။

ကူးဝေဝေသည် စိတ်ရှုတ်နေခဲ့သော်လည်း ဆန်းလျှန် ဖန်ဆင်း ပေးလိုက်သည့် ရွှေခွက်လေးသည် သူတို့အတွက် (၆) လခန့် ကောင်းကောင်းစားသောက်နိုင်ရန် လုံလောက်လေသည်။

သို့သော်... ကူးဝေဝေက ဆန်းလျှန်ကို နောက်ထပ်ရွှေဖြစ် အောင် ပြောင်းလဲခိုင်းသည့်အလုပ်မျိုး ထပ်မလုပ်ခိုင်တော့ ပေ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်သည် ဖြူစင်ရိုးသားသူတစ် ယောက်ဖြစ်သည့်အတွက် သူ့ကို ဒုက္ခမရောက်စေချင် သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် တစ်ညလုံးအိပ်နေတတ်လေ့ရှိပြီး အိပ်သည့်အခါတွင်လည်း အသက်ရှူသံ မကြားရပေ။ ထို့ကြောင့် ဆန်းလျန် နိုးမလာသည့်အချိန်များတွင် ကူးဝေဝေက သူ့ကို သေပြီဟု ထင်သွားတတ်လေသည်။

နောက်ပိုင်းတွင်တော့ ဆန်းလျန်က သူသည် အသက်ရှူရန် မလိုအပ်ကြောင်းနှင့် ရာသီဥတု အပူဒဏ်အအေး ဒဏ်များကိုလည်း ခံနိုင်ရည်ရှိကြောင်း ကူးဝေဝေကို ပြောပြလိုက်လေသည်။

ကူးဝေဝေက ဆန်းလျန်မှာ အလွန်ထူးခြားဆန်းကြယ်သူတစ်ယောက်ဖြစ်ကြောင်းကို အသိအမှတ်ပြုလက်ခံလိုက် လေသည်။ သူ၏ဘဝတွင် တစ်စုံတစ်ခု ဆိုးဝါးစွာ ဖြစ်ပျက်ခဲ့သည့်အတွက်သာ သူမ၏ စားသောက်ဆိုင်တံခါးဝသို့ ရောက်ရှိလာပြီး သတိမေ့နေခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

သို့သော်... သူမ စိတ်ပူနေသည့် အချက်တစ်ခု ရှိလေ၏။

ဆန်းလျန်သာ အတိတ်ကို ပြန်သတိရသွားလျှင် သူမကို စွန့်ခွာပြီး ပိုင်ကျားမြို့မှ ထွက်ခွာသွားမည် ဖြစ်လေသည်။

သူမတွင် မိဘများလည်း မရှိတော့သလို မွေးချင်းမောင်နှမများလည်း မရှိပေ။ ထို့ပြင် သူမသည် နာမည်မကောင်း ခဲ့သူဖြစ်သည့်အတွက် သူမကို ပေါင်းသင်းမည့် မိတ်ဆွေ အပေါင်းအသင်းလည်း တစ်ယောက်မှ မရှိပေ။ ဆန်းလျန် သာ ထွက်ခွာသွားမည်ဆိုလျှင် သူမသည် တစ်ယောက်တည်း အထီးကျန်စွာ ကျန်ရစ်ရတော့မည် ဖြစ်လေသည်။

ဆန်းလျန်သည် ထူးဆန်းသူတစ်ယောက်ဖြစ်သော်လည်း ပိုင်ကျားမြို့မှ အခြားသူများကဲ့သို့ သူမကို ဝေဖန်အပုတ်ချ ခြင်းမျိုးတစ်ခါမှ မပြုလုပ်ခဲ့ပေ။

ဆန်းလျန်သည် အမြဲတမ်း အေးအေးဆေးဆေးနေတတ်ပြီး ထမင်းစားချိန်မှသာလျှင် သူမကို အဖော်ပြုပေးတတ် လေ

သည်။ သူတို့ (၂)ယောက်၏ ဘဝသည် ရိုးရှင်းလွန်းသည့်တိုင် ကူးဝေဝေအတွက်တော့ ပြီးပြည့်စုံလျှက်ရှိလေ ၏။ မကောင်းသည့်အချက်တစ်ခုမှာတော့ ဆန်းလျန်သည် သူမကို ဆိုင်အလုပ်များ ကူလုပ်ပေးခြင်း လုံးဝမရှိပေ။ သို့သော်... ကိစ္စ မရှိပါ။ ဆိုင်သည်လည်း စျေးရောင်းရသည်မှ မဟုတ်ဘဲလေ။ ကူးဝေဝေ ဟိုဟိုဒီဒီတွေးနေဆဲမှပင် အပြင်ဘက်မှ အသံတစ်သံကို ကြားလိုက်ရလေသည်။

"တာအိုဆရာ... မင်းကြည့်ရတာ ပျင်းနေသလိုပဲ ၊ ကျုပ်ကို ဗေဒင်တွက်မပေးချင်ဘူးလား"

ထိုသူ၏ အသံက လူဆိုးလူမိုက်တစ်ယောက်နှင့်တူပြီး ထို သူ၏အမည်မှာ ပိုင်ရှောက်ယွီဖြစ်လေသည်။

ဆန်းလျန်က...

"ဘာမေးမလဲ မေးလေ..."

ပိုင်ရှောက်ယွီက ရယ်မောလိုက်ရင်း...

"ကျုပ် ဒီနေ့ ပိုက်ဆံဘယ်လောက်ရမလဲ..."

ဆန်းလျန်က ပိုင်ရှောက်ယွီ့ကို တစ်ချက်ကြည့်လိုက်ပြီး သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူလိုက်လေသည်။

ထို့နောက်... သူက သစ်ရွက်ခြောက်များကို အနည်းငယ်ဖယ် လိုက်ပြီး မြေပြင်ပေါ်တွင် စာတစ်ကြောင်းရေးလိုက်လေ သည်။

"မင်းရဲ့အိတ်ကပ်က မင်းမျက်နှာထက်တောင် ပြောင်နေသေး တယ်..."

ပိုင်ရှောက်ယွီ့မှာ နည်းနည်းပါးပါးစာတတ်သည့်အတွက် ဆန်း လျန်ရေးလိုက်သည့် စာလုံးများကို နားလည်လေသည်။

သို့သော်... သူက ဆန်းလျန်ကို ဒေါသထွက်သွားခြင်းမရှိပေ။

လွန်ခဲ့သည့် (၂)ရက်ခန့်ကပင် သူသည် ထိုတာအိုဆရာ နှင့် စကားပြောခဲ့ပြီး ထိုသူသည် အလွန်စိတ်ဝင်စားစရာကောင်းသူ

တစ်ယောက်ဖြစ်ကြောင်း သိခဲ့ရလေသည်။ ထို့ကြောင့် သူက မေဒင်တွက်ခိုင်းလိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန် မေဒင်တွက်ပေးရန်ပြောလိုက်သည့်တိုင် ပိုင်ရှောက်ယွီက ဆန်းလျန်ဟောသည်ကို သိပ်အယုံအကြည် မရှိပါ။ အပျော်သဘောဖြင့် မေဒင်တွက်ခိုင်း လိုက်ခြင်းသာ ဖြစ်လေသည်။ ထို့ပြင် သူက ရှတ်နောက်နောက် လူတစ်ယောက်ဖြစ်သည့်အတွက် ဆန်းလျန်ကို စ နောက်လိုသည့်အတွက် မေးမြန်းလိုက်ခြင်းလည်း ဖြစ်လေ၏။

သို့သော်... ဆန်းလျန်က "ဒီနေ့ တစ်ပြားမှ ပိုက်ဆံရမည် မဟုတ်" ဟု စာတစ်ကြောင်းရေးပြပြီး မေဒင်ဟောပေးလိုက်လေသည်။ အခြားသူက ထိုသို့ နမိတ်မရှိ နမာမရှိ ဟောမည်ဆိုလျှင်တော့ ပိုင်ရှောက်ယွီက ဆဲဆိုကြိမ်းမောင်းမည် ဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ မတူပေ။

ပိုင်ရှောက်ယွီသည် လူဆိုးလူမိုက်တစ်ယောက်ဖြစ်ပြီး ပိုင်ကျား

မြို့ရှိလူအများစုက သူ့ကို အထင်သေးကြလေသည်။

သို့သော်... ဆန်းလျန်ကတော့ သူ့အပေါ်တွင် အမြဲတမ်း

စိတ်ရှည်လေသည်။ သူ၏ အခိပ္ပါယ်မရှိသည့် လုပ်ရပ်များကို

သည်းခံသူအနည်းငယ်သာရှိလေရာ ထိုသူများထဲတွင် ဆန်းလျ

န်လည်း တစ်ယောက်အပါအဝင် ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်သည် သူများအိမ်တွင် ကပ်နေသူတစ်

ယောက်ဖြစ်သော်လည်း သူ၏အပြုအမူအပြောအဆိုများက

ယဉ်ကျေးသိမ်မွေ့ကာ အထက်တန်းကျလေသည်။

ပိုင်ကျားမြို့တွင် လောင်းကစားဂေဟာကြီးတစ်ခုကို ပိုင်ဆိုင်

သည့် သူဌေးကြီးပိုင်ကို ပိုက်ရှောက်ယွီ ကောင်းကောင်း သိလေ

သည်။ ဆန်းလျန်သည် ထိုသူဌေးကြီးထက်ပင် နေပုံထိုင်ပုံ

အထက်တန်းကျသူတစ်ယောက် ဖြစ်လေသည်။

ညနေစောင်းတော့မည်ဖြစ်သည့်အတွက် ပိုင်ရှောက်ယွီက တစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ်မှာ ကြေးပြား (၉) ပြားရှိတယ်၊ တစ်ခုခုသွားလုပ်လိုက်ဦးမယ်၊ ပြန်လာရင် ခင်ဗျားအတွက် စားစရာတစ်ခုခု ဝယ်ခဲ့မယ်"

သူသည် ဆန်းလျန်ရေးပြသည့်စာကို စိတ်ထဲတွင် မှတ်ထားပြီး ညကျလျှင် ဆန်းလျန်ကို ထပ် စ ဦးမည်ဟုတွေးနေ လေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ကျုပ်ရေးပြထားတဲ့စာကို မင်းမတွေ့ဘူးလား၊ မင်းမှာ ကျုပ်ကို စားစရာဝယ်ကျွေးဖို့ ပိုက်ဆံတစ်ပြားတောင် ကျန်မှာမဟုတ်ဘူး"

ပိုင်ရှောက်ယွီက ရယ်မောလိုက်ရင်း...

"ကျုပ်ကိုသာ စောင့်နေစမ်းပါ တာအိုဆရာရယ်..."

ပြောပြီးသည်နှင့် ပိုင်ရှောက်ယွီ ထွက်ခွာသွားလေ တော့သည်။

ထိုအချိန်မှာပင်... ကူးဝေဝ အပြင်သို့ ထွက်လာလေသည်။

သူမက သဘောမကျသည့်လေသံဖြင့်...

"အဲဒီလူဆိုးကောင်နဲ့ ဘာလို့သွားပတ်သက်နေရတာလဲ ၊ သူ့မှာ

တစ်ပြားမှမရှိတဲ့နေ့ကျ ရှင့်ဆီက ပိုက်ဆံလာချေး လိမ့်မယ်..."

ဆန်းလျန်က...

"သူ မလုပ်ပါဘူး..."

ကူးဝေဝေက...

"ရှင်တော့ ခံရမှ သိမယ်..."

ဆန်းလျန်၏ စိတ်နေစိတ်ထားထူးဆန်းမှုက တစ်ခါတစ်ရံတွင်

သူမကို စိတ်အနှောက်အယှက် ဖြစ်စေလေသည်။

ကူးဝေဝေက ဆက်ပြောလိုက်လေသည်။

"ရှင်သိပ်ပျင်းနေတယ်ဆိုရင်လည်း ကျွန်မရဲ့ စားသောက်ဆိုင်

ရောင်းကောင်းဖို့ ဘာလုပ်သင့်လဲဆိုတာ တစ်ခုခု စဉ်းစားပေး

ပါလား"

ဆန်းလျန် တစ်နေကုန် အားယားနေသည်ကို သူမသည် ကြည့်မရဖြစ်နေမိလေသည်။

ဆန်းလျန်က...

"ဒီမြို့ကလူတွေက အစ်မကို ဂြိုဟ်ဆိုးလို့ ထင်နေကြတာလေ ၊ ဘယ်လောက် အရသာရှိတဲ့ စားသောက်ဖွယ်ရာတွေ ရောင်းရောင်း ဘယ်သူမှ လာစားကြမှာမဟုတ်ဘူး"

ဆန်းလျန်စကားကို ကြားသည်နှင့် ကူးဝေဝေမှာ ငြင်းပယ်ခံရသလို ခံစားလိုက်ရပြီး ဒေါသများ ထွက်လာလေတော့ သည်။

"ဒီအကြောင်းတွေ ရှင် ဘယ်လိုလုပ် သိသွားတာလဲ ၊ ဟို ပိုင်ရှောက်ယွီဆိုတဲ့အကောင် ပြောပြတာမဟုတ်လား"

ဆန်းလျန်က သူ၏နားရွက်ကို လက်ညှိုးထိုးပြလိုက်ရင်း...

"ကျွန်တော် နားရွက်တစ်ချက်လှုပ်လိုက်တာနဲ့ မိုင်တစ်ထောင်ပတ်လည်က အကြောင်းအရာတွေ အကုန်လုံးကို

ရှင်းရှင်းလင်းလင်းကြားနိုင်တယ်၊ ပိုင်ကျားမြို့မှာ အပ်ကျတာ

ကအစ ကျွန်တော် မသိတာ မရှိဘူး...

ကူးဝေဝေက...

"အလုပ်မရှိ အဲဒါတွေ လုပ်နေတာပေါ့လေ..."

ဆန်းလျန်က အပြုံးယွဲ့ယွဲ့လေးတစ်ချက် ပြုံးလိုက်ရင်း...

"ဂိုဏ်းတူအစ်မ... စိတ်မဆိုးပါနဲ့၊ ဒီစားသောက်ဆိုင်လုပ်ငန်း

က အစ်မ ပင်ပန်းရတာနဲ့ မတန်ပါဘူး၊ ပြီးတော့ လုပ်ငန်းမ

အောင်မြင်လို့ စိတ်ညစ်နေမယ်ဆိုရင် အစ်မရဲ့ ကျင့်စဉ်လမ်းမှာ

ထိခိုက်လိမ့်မယ်၊ ဒီတော့ ကျွန်တော့်မှာ အကြံတစ်ခုတော့ရှိ

တယ်..."

ကူးဝေဝေက...

"ဘာအကြံလဲ..."

ဆန်းလျန်က...

"လူတွေက ငတုံးတွေများတယ် ၊ အဲဒီတော့ သူတို့တွေကို ဝန်ဆောင်မှုပေးဖို့အတွက် အချိန် အကုန်မခံနဲ့တော့ ၊ သာမန် စားသောက်ဆိုင်တစ်ခုလောက်ကို ဖွင့်မနေနဲ့တော့..."

ကူးဝေဝေက...

"ဒါဖြင့် ဘာလုပ်ရမလဲ..."

ဆန်းလျန်က...

"အစ်မရဲ့ ဝန်ဆောင်မှုကို နတ်ဘုရားတွေနဲ့ နတ်မိစ္ဆာတွေကိုသာ ပေးလိုက် ၊ သူတို့က လူတွေနဲ့မတူပေမယ့် စားတော့ စားကြမှာ ပဲ ၊ ပြီးတော့ အဲဒီလိုစီးပွားရေးမျိုးသာလုပ်ရင် တခြား အကျိုးအမြတ်တွေလည်း အများကြီးရလာ နိုင်တယ်"

အခန်း (၇၁၁) လှပသည့်ဘဝ

ဆန်းလျန်၏စကားကို ကြားလိုက်ရသည့်အခါတွင်တော့ ကူးဝေဝေက ဆန်းလျန်ကို လူထူးလူဆန်းသဖွယ် ကြည့်နေ လေတော့သည်။

ဆန်းလျန်က...

"ဂိုဏ်းတူအစ်မ... အဲဒီအကြံ မကောင်းဘူးလား"

ကူဝေဝေက...

"ရှင်ပြောတဲ့စကားတွေက ဟုတ်လား မဟုတ်လားဆိုတာ ကျွန်မလည်း မသိတော့ဘူး ၊ ပြီးတော့ ကျွန်မက လူသားလေ ၊ ရှင်တို့လိုမျိုးမှ မဟုတ်တာ..."

ဆန်းလျန်က...

"နတ်ဘုရားတွေဆိုတာလည်း လူတွေပါပဲဗျာ ၊ လူသားတွေ ကျင့်ကြံအားထုတ်လို့ နတ်ဘုရားတွေ ဖြစ်လာကြတာပါ ၊ ဘာမှ သိပ်မထူးကြပါဘူး ၊ ကျွန်တော်လည်း အတူတူပါပဲ"

ကူးဝေဝေသည် ဆန်းလျန်၏ စကားများကို မယုံမကြည်ဖြစ် နေလေသည်။

ကူးဝေဝေက ဆန်းလျန်သည် နတ်ဘုရားကျင့်စဉ်များကို နားလည်ပြီး ကျောက်တုံးကို ရွှေဖြစ်အောင် လုပ်နိုင်သူဖြစ် သည်ဟု သိရှိထားလေသည်။

သို့သော်... ဆန်းလျန်သည် အတိတ်မေ့နေသူတစ်ယောက် ဖြစ် လေသည်။ ထို့ကြောင့် သူလုပ်သည့်အလုပ်များကိုပင် သူ ကိုယ်တိုင် နားလည်ပါရဲ့လား မသေချာပေ။ ထို့ထက်ပိုပြီး အရေးကြီးသည်မှာ သူလုပ်သည့်အလုပ်များသည် သူ့ကို အတိတ်မေ့အောင် ပြုလုပ်ခဲ့သည့် ရန်သူများကို သတိပေး လိုက်သလိုဖြစ်သွားလျှင် အခြေအနေများ ပိုဆိုးသွား လေမည်

လား။ ထိုအချိန်သို့ရောက်လာလျှင် သူမသည်လည်း မည်သို့မှ တတ်နိုင်မည် မဟုတ်ပေ။

ကူးဝေဝေ စိတ်ပူနေသည်ကို ဆန်းလျန်က ရိပ်မိလိုက်လေသည်။

"ဂိုဏ်းတူအစ်မ ၊ မြောက်လေမတိုက်ရင် ဆောင်းမဝင်သေးဘူး ဆိုတာမျိုးကို အစ်မခန့်မှန်းတတ်တယ် မဟုတ်လား ၊ အဲဒီလို မျိုးပဲ အန္တရာယ်ကျရောက်တော့မယ်ဆိုရင် ကျွန်တော်က ကြို ပြီးသိနိုင်စွမ်းရှိတယ်"

ကူးဝေဝေက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ရှင်က ဒီလိုပြောပေမယ့် ဒီ ပိုင်ကျားမြို့မှာက လူတွေပဲ နေတာလေ ၊ နတ်ဘုရားတွေ နတ်မိစ္ဆာတွေနေတာမှ မဟုတ်တာ ၊ အဲဒီတော့ ကျွန်မက နတ်ဘုရားတွေ နတ်မိစ္ဆာတွေအတွက် ဈေးရောင်းပေးမယ်ဆိုရင် သူတို့က ဒီမြို့က လူတွေကို ဒုက္ခပေးရင် ဘယ်လိုလုပ်မလဲ"

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ဂိုဏ်းတူအစ်မ... ဒီမြို့ထဲမှာ နတ်မိစ္ဆာတွေ အများကြီးရှိတာ အစ်မမှမသိတာ၊ ပြီးတော့ လူတွေကို ဒုက္ခပေးနိုင်တဲ့ နတ်မိစ္ဆာတွေကလည်း လူတွေကြားထဲကို အလွယ်တကူ မသွားလာနိုင်ပါဘူး"

ကူးဝေဝေက...

"ကျွန်မ စဉ်းစားပါရစေဦး..."

ဆန်းလျန်က ခေါင်းညိတ်လိုက်လေသည်။

သူက ကူးဝေဝေကို ကူညီလိုခြင်းဖြစ်သော်လည်း အတင်းတော့ မတိုက်တွန်းချင်မိပေ။ လွန်ခဲ့သည့် ရက်အနည်းငယ် ကပင် ဆန်းလျန်သည် ပိုင်ကျားမြို့လေး၏ ကိစ္စကြီးငယ်များအားလုံးကို သိရှိထားလေသည်။ သို့သော်... သူ၏ အတိတ်ကိုကား တစ်ချက်မှပင် စဉ်းစားမရသေးပေ။

သို့သော်... သူသည် နတ်ဘုရားတစ်ပါးဖြစ်သည်ဆိုသည့် အချက်ကတော့ သေချာလေသည်။ ထို့ကြောင့် နတ်ဘုရားများ ၊ နတ်မိစ္ဆာများနှင့် ဆက်သွယ်မိပါက သူ့အတိတ်ကို ပြန်လည်သတိရစေရန်အတွက် သဲလွန်စ တစ်ခုခုရနိုင်မည် ဟု စဉ်းစားထားမိလေသည်။

ထို့ကြောင့် သူက ကူးဝေဝေကို သူ၏အကြံအစည်ကို ပြောပြခဲ့ခြင်း ဖြစ်လေသည်။ သို့သော်... ဂိုဏ်းတူအစ်မ၏ စိတ်ဆန္ဒသာလျှင် အရေးအကြီးဆုံး ဖြစ်လေသည်။ သူသည် ဂိုဏ်းတူအစ်မနှင့်ပတ်သက်သည့် အတိတ်အကြောင်း အရာများကို မေ့လျော့နေခဲ့သော်လည်း ဂိုဏ်းတူအစ်မသည် သူ့ဘဝတွင် အရေးပါသူတစ်ယောက်ဖြစ်သည် ဆိုသည့် အချက်ကိုတော့ မေ့လျော့ခြင်းမရှိခဲ့ပေ။

ထို့ပြင် သူ့နှလုံးသားထဲတွင် သူ့အတွက် အရေးအကြီးဆုံးလူ တစ်ယောက် ရှိနေသေးသည်ကိုလည်း မှတ်မိနေလေ သည်။

သို့သော်... သူမ၏ နာမည်ကိုလည်း မှတ်မိခြင်း မရှိတော့ပေ။ သူ၏အတိတ်သည် မြူဖုံးနေသကဲ့သို့ ရှိလေ သည်။ အမှတ်တရများနှင့် အရေးကြီးသည့်သူများကို မမေ့ချင်သော်လည်း မေ့ပျောက်သွားခဲ့ရလေသည်။

ညနေစောင်းသည့်အခါတွင်တော့ ဆန်းလျန်က ဂိုဏ်းတူအစ်မကို ညနေစာအတွက် တစ်ယောက်စာပို့ချက်ရန် ပြောလိုက်လေသည်။ အမှန်တော့ ဆန်းလျန်အနေဖြင့် ထမင်းစားရန် မလိုအပ်ပေ။ သို့သော်... ဂိုဏ်းတူအစ်မ တစ်ယောက်တည်း ထမင်းစားနေသည်ကို ကြည့်ရသည်မှာ အထီးကျန်ဆန်လွန်းလှသည့်အတွက် အစ်မဖြစ်သူကို အဖော်လုပ်ကာ ထမင်းအတူစားပေးနေခြင်း ဖြစ်လေသည်။

ညနေစာစားသည့်အချိန်တွင်တော့ စားသောက်ဆိုင်တံခါးဝသို့ ပိုင်ရှောက်ယို့ ရောက်ရှိလာလေသည်။ သူသည် စားသောက်ဆိုင်အတွင်းသို့ မဝင်ရဲသေးဘဲ ရှက်ကိုးရှက်ကန်း

ဖြစ်နေလေသည်။ သို့သော်... ဟင်းလျာရနံ့များ ရရှိသည့်အခါ

တွင်တော့ သူ့ဗိုက်ထဲမှ တဂွီဂွီမြည်သံများ ထွက်ပေါ်လာလေ

တော့သည်။

ထိုအချိန်မှာပင် ဆန်းလျန်၏ နူးညံ့သိမ်မွေ့သည့်အသံထွက်

ပေါ်လာလေသည်။

"ဝင်ခဲ့လေကွာ... ဒီမှာ မင်းအတွက်လည်း ထမင်းပို့ချက်ထား

တယ်..."

ပိုင်ရှောက်ယွီက သူ၏ခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး

ရှက်ကိုးရှက်ကန်းအမူအရာဖြင့်...

"ဒါက... အင်း... နေ့လည်က ခင်ဗျားပြောတာမှန်တယ်၊ ခု

တော့ ကျုပ်အိတ်ထဲမှာ တစ်ပြားမှ မရှိတော့ဘူး..."

ဆန်းလျန်က...

"ကျုပ်ပြောတာ မှန်သွားပြီပေါ့၊ ကဲ... ကဲ ထမင်းလာစား

တော့..."

ဆန်းလျန်စကားက ပိုင်ရှောက်ယွီရင်ထဲ ထိရှသွားလေသည်။ သူသည် လူဆိုးလူမိုက်တစ်ယောက်မျှသာ ဖြစ်လေသည်။ သို့သော်... ဆန်းလျန်က သူ့ကို လုံးဝ အထင်မသေးခဲ့ပေ။ ဆန်းလျန်၏အပြုအမူများကြောင့် သူ့ရင်ထဲတွင် နွေးထွေးမှုတစ်ခုကို ခံစားလိုက်ရလေသည်။

ပိုင်ရှောက်ယွီက စားသောက်ဆိုင်လေးအတွင်းသို့ ဝင်လာခဲ့လေသည်။

မီးရောင်အလင်းမှိန်မှိန်အောက်တွင် ဆန်းလျန်ထိုင်နေပြီး ဆန်းလျန်၏ ညာဘက်တွင် ကူးဝေဝေထိုင်နေလေသည်။ မီးရောင်အောက်တွင် သူမသည် အလွန်ချောမောလှပလွန်းလှလေသည်။ ပိုင်ရှောက်ယွီမှာ ယခင်က သူမကို သွားပုပ်လေလွင့်ပြောခဲ့မိသည်များကို သတိရကာ မျက်နှာပူနေမိလေသည်။ ထို့ကြောင့် သူမ၏ မျက်နှာကို တစ်ချက် ခန့်ကြည့်လိုက်ပြီး ထပ်ကြည့်ရဲခြင်း မရှိတော့ပေ။

သူက လက်နှစ်ဖက်ကို ပွတ်သပ်နေရင်း စိတ်ကျဉ်းကြပ်နေသည့်ဟန်ဖြင့်...

"တာအိုဆရာ... ကျုပ် လက်သွားဆေးလိုက်ဦးမယ်..."

ကူးဝေဝေက...

"ရှင် သူ့ကို ထမင်းစားဖိတ်ထားမယ်လို့ ကျွန်မ လုံးဝထင်မထားဘူး"

ဆန်းလျန်က...

"အစ်မရဲ့ စားသောက်ဆိုင်က အကြီးကြီးပဲ ၊ အစ်မကိုယ်တိုင် နေ့တိုင်း သန့်ရှင်းရေးလုပ်နေရတာ ပင်ပန်းတယ်လေ ၊ သူ့ကို သန့်ရှင်းရေး တွေ ဘာတွေလုပ်ဖို့ ငှားလိုက်ရင် မကောင်းဘူးလား"

ကူးဝေဝေက...

"ဟင်... ရှင်ကျတော့ တစ်နေ့တစ်နေ့ အိပ်လိုက် စားလိုက်နဲ့၊ ဘာအလုပ်မှ မလုပ်ဘဲနေနေပြီးတော့များ..."

ဆန်းလျန်က...

"ကျွန်တော်က အစ်မကို ပိုက်ဆံရှာပေးမယ်လေ..."

 ကူးဝေဝေက မကျေမနပ်ဖြင့် ဆန်းလျန်ကိုကြည့်လိုက်ပြီး...

"ရှင် ရှာပေးမယ့် ပိုက်ဆံကို ကျွန်မက ဘာလုပ်ရမှာလဲ..."

ဆန်းလျန်မျက်နှာရှုံ့မဲ့သွားပြီး...

"အင်းပေါ့လေ... အစ်မက ဆိုင်ရှင်သူဌေးဆိုတော့ ပြောအားရှိ

တာပေါ့"

ကူးဝေဝေက မကျေမနပ်ဖြင့် တစ်ချက်ညည်းညူလိုက်ပြီး...

"ကျွန်မက အစကတည်းက ဆိုင်ရှင်သူဌေးပဲလေ..."

ကူးဝေဝေက မကျေမနပ်ဟန်ဖြင့်ပြောနေသည့်တိုင်

သူမ၏စိတ်ထဲတွင် ပီတိဖြာနေမိလေသည်။

ဆန်းလျန်မှာ အတိတ်မေ့နေသူတစ်ယောက် ဖြစ်သည့်တိုင်

စနစ်ကျသူတစ်ယောက်ဖြစ်ပြီး တာဝန်ယူမှုအပြည့်ရှိသူ တစ်

ယောက် ဖြစ်လေသည်။ သူမ၏ဖခင်သာ အသက်ရှင်နေဦးမည်

ဆိုလျှင် ဆန်းလျန်ကို အလွန်ပင်သဘောကျမည် ဖြစ်ပြီး သူမ နှင့်ပင် လက်ဆက်ရန် စီစဉ်မည် ဖြစ်လေသည်။

လက်ထပ်မည့်အကြောင်းကို စဉ်းစားလိုက်မိသည့်အခါတွင် တော့ ကူးဝေဝေမှာ ရှက်သွေးဖြာသွားရလေသည်။ ဤရက် များ တွင် သူမသည် အလွန်မှ စိတ်ကူးယဉ်ဆန်နေခဲ့မိလေ သည်။

မိန်းကလေးငယ်လေးကူးဝေဝေ၏ အတွေးများကို ဆန်းလျန် က ရိပ်မိလိုက်သော်လည်း မသိချင်ယောင်ဆောင်နေ လိုက်ပြီး စကားတစ်ခွန်းမှဆက်မပြောတော့ပေ။ အဘယ်ကြောင့်ဆို သော် လက်ရှိအချိန်တွင် သူ့ဘာဝသည် အလွန်ကောင်းမွန်နေပြီး အလွန်တရာလည်း လှပနေသောကြောင့် ဖြစ်လေ၏။

ထိုအချိန်မှာပင် လက်သွားဆေးသည့် ပိုင်ရှောက်ယွီ ပြန် ရောက်လာလေသည်။ သူက ကူးဝေဝေနှင့် မျက်နှာချင်း ဆိုင်

တွင် ဝင်ထိုင်လိုက်ပြီး သူတို့ (၃)ယောက် အတူတူ ထမင်း

လက်ဆုံစားကြလေတော့သည်။

အမှန်အတိုင်းဝန်ခံရလျှင် ကူးဝေဝေ၏ ဟင်းချက်လက်ရာ

သည် အလွန်ကောင်းလေသည်။ "သောက်ပြီးရင်မပြန်နဲ့ တော့"

စားသောက်ဆိုင် ရောင်းမကောင်းရခြင်းမှာ သူမကို

အထင်အမြင်လွဲကာ သွားပုပ်လေလွင့် ပြောဆိုကြခြင်း များ

ကြောင့်သာဖြစ်လေသည်။

ပိုင်ရှောက်ယွီက ကြိတ်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိလေ

သည်။ ကူးဝေဝေသာ မင်္ဂလာကိစ္စ (၂)ကြိမ်တိတိ မပျက်ခဲ့ဘူး

ဆိုလျှင် သူမကဲ့သို့ မိန်းကလေးမျိုးကို လက်ထပ်ခွင့်ရသူသည်

(၃)ဘဝဆက်တိုက် ကံကောင်းသူ တစ်ယောက် ဖြစ်ပေ

လိမ့်မည်။

သူမကိုလက်ထပ်မည့် သတို့သားလောင်း (၂)ယောက်လုံး

သေဆုံးခဲ့သည်ဆိုတော့လည်း ဟုတ်သည် ဖြစ်စေ မဟုတ်

သည်ဖြစ်စေ မည်သူမှ သူမကို အသေခံပြီး လက်ထပ်ရဲကြမည် မဟုတ်ပေ။

ဆန်းလျှန်နှင့် ကူးဝေဝေသည် ထမင်းစားနေစဉ်တွင် စကားပြောလေ့မရှိကြပေ။ ထို့ကြောင့် ထမင်းစားပွဲသည် တိတ်ဆိတ်လျှက်ရှိလေ၏။ ထို့ကြောင့် ပိုင်ရှောက်ယွီသည် မနေတတ် မထိုင်တတ်ဖြစ်လာပြီး နေ့လည်ကကြုံတွေ့ခဲ့ ရသည့် အဖြစ်အပျက်များကို စပြီး ပြောလေတော့သည်။

နေ့လည်က ပိုင်ရှောက်ယွီတစ်ယောက် ပိုင်ကျားမြို့၏ မြောက်ပိုင်းသို့ သွားခဲ့လေသည်။

ထိုနေရာတွင် ပိုင်တတိယသခင်ကြီး၏ အိမ်ဂေဟာ ရှိလေ၏။ ပိုင်တတိယသခင်ကြီးသည် ပိုင်ကျားမြို့တွင် အချမ်းသာဆုံး လူများထဲမှ တစ်ယောက်လည်း ဖြစ်လေသည်။ သူသည် ကြွေထည်လုပ်ငန်း လုပ်ဆောင်သူဖြစ်ပြီး သူ၏ အိမ်ဂေဟာခြံ

ဝန်းထဲတွင်ပင် ကြွေထည်ပြုလုပ်သည့် မီးဖိုကြီးများ ရှိလေ

သည်။

ထို့ပြင် သူပိုင်ဆိုင်သည့် ကြွေထည်ရောင်းချသည့် ဆိုင်ခွဲများ

လည်း များစွာ ရှိလေသည်။ သူ၏ ကြွေထည်များသည်

ပြည်နယ်မြို့တော်အထိ တင်သွင်းရလေသည်။ ထို့ကြောင့် မြို့

ထဲမှ လူများစွာသည် သူ့ထံတွင် အချိန်ပြည့်နှင့် အချိန်ပိုင်း

အလုပ်များ လာရောက်လုပ်ကိုင်ကြလေသည်။

ပိုင်ရှောက်ယွီကလည်း ပိုင်တတိယသခင်ကြီး၏ဂေဟာသို့

အလုပ်တစ်ခုခုများရလေမလားဟု ရောက်လာခဲ့ခြင်း ဖြစ်လေ

သည်။ သူက ဂေဟာခြံဝန်းအနောက်ဘက်တံခါးမှ ဝင်လာစဉ်

မှာပင် ဂေဟာအတွင်းမှ ထွက်လာသည့် အဘိုးကြီးတစ်

ယောက်ကို တွေ့လိုက်ရလေသည်။ ထိုအဘိုးကြီးမှာ ပိုင်

တတိယသခင်ကြီး၏ အိမ်တော်ထိန်းဖြစ်လေ သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ပိုင်ရှောက်ယွီ၏ ဘေးနားတွင် ထင်း

တစ်စည်းကလည်း အဆင်သင့်ရှိနေလေသည် အိမ်တော်ထိန်း

အဘိုးကြီးက ပိုင်ရှောက်ယွီက ထင်းစည်းသယ်လာသည်ဟု

အထင်မှားပြီး ထင်းဖိုး ကြေးပြား (၁၀၀) ထုတ်ပေးလိုက်လေ

သည်။

ပိုင်ရှောက်ယွီက ဘေးဘီဘယ်ညာ ပတ်ဝန်းကျင်သို့ တစ်ချက်

ကြည့်လိုက်သော်လည်း မည်သူမှမတွေ့ရပေ။ ထို့ကြောင့် ကြေး

ပြား (၁၀၀)ကိုယူပြီး ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

လမ်းတွင် ထင်းခုတ်သမားနှင့် ဆုံလျှင်လည်း ကြေးပြား (၅၀)

ခွဲပေးလိုက်ပြီး ကျန်သည့် ကြေးပြား(၅၀)ကို သူယူလိုက်မည်

ဟု တွေးထားလေသည်။

သို့ရာတွင် ပိုင်တတိယသခင်ကြီး၏ အိမ်တော်မှ သူထွက်လာ

သည်အထိ ထင်းခုတ်သမားကို တွေ့ရခြင်းမရှိပေ။ ထိုသို့ဖြင့်

ပိုင်ရှောက်ယွီသည် ကြေးပြား (၁၀၀)ကို အချောင်ရလိုက်လေ

သည်။ ကြေးပြား (၁၀၀) ဆိုသည်က စားသောက်ဆိုင်ကောင်းကောင်းတစ်ခုတွင် (၁)လခန့် ဇိမ်ကျကျ စားသောက်နေနိုင်သည့် ငွေကြေးဖြစ်လေသည်။ ထိုသို့သော ငွေများကိုအလကားရလာသည့်အတွက် ပိုင်ရှောက်ယွီသည် အပျော်လွန်လျှက်ရှိလေတော့၏။

ထို့နောက်တွင်တော့ ပိုင်ရှောက်ယွီတစ်ယောက် သူဌေးကြီးပိုင်၏ လောင်းကစားဂေဟာသို့ ထွက်လာခဲ့လေသည်။

ကံကောင်းသည့်နေ့တစ်နေ့ ဖြစ်သည့်အတွက် လောင်းကစားပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။ လောင်းကစားဝိုင်းသို့ ဝင်လိုက်သည်နှင့် ပိုင်ရှောက်ယွီသည် မထင်မှတ်စွာပင် ငွေအမြောက်အမြား အနိုင်ရပြန်လေ သည်။ သူ၏အိတ်ကပ်မှာငွေများဖြင့် ဖောင်းကားနေလေတော့သည်။ ပိုင်ရှောက်ယွီမှာလည်း မာန်တက်လျှက်ရှိလေ တော့၏။

သို့သော်… သူ၏ ကံကောင်းခြင်းများသည် တမဟုတ်ချင်း ပျောက်ကွယ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူ အနိုင်ရရှိထားသမျှ ငွေများအားလုံး လောင်းကစားဝိုင်းတွင် အကုန်ပြန်ရှုံးသွားသောကြောင့် ဖြစ်လေ၏။ နောက်ဆုံး သူ့ တွင်ရှိသည့် ကြေးပြား (၁၃၀)လုံး ပြောင်သလင်းခါသွားလေ တော့သည်။ လူဆိုးလူမိုက်တစ်ယောက် ဖြစ်သည့် ပိုင်ရှောက် ယွီကို မည်သူကမှ ပိုက်ဆံမချေးကြပေ။

နောက်ဆုံးတော့ လောင်းကစားဂေဟာမှ အစောင့်များက သူ့ကို ဂေဟာအပြင်သို့ ကန်ထုတ်လိုက်ကြပြီး သူ့မှာ အရှက်အကွဲကြီး ကွဲခဲ့ရလေသည်။

ထိုအခါမှ သူက ဆန်းလျန်ရေးပြသည့် -

"မင်းရဲ့အိတ်ကပ်က မင်းမျက်နှာထက်တောင် ပြောင်နေသေး တယ်…"

ဆိုသည့်စကားကို သွားသတိရမိလေတော့သည်။

ထို့နောက်တွင်တော့ စိတ်ညစ်ညစ်ဖြင့် ပိုင်ရှောက်ယွီတစ်ယောက် အရက်မှုးအောင်သောက်နေခဲ့လေသည်။ ညနေစောင်းတော့မှ ကံကောင်းရန်အတွက် ဆန်းလျန်ကို ဗေဒင်တွက်ခိုင်းမည်ဟု သတိရကာ ဆန်းလျန်ရှိရာသို့ ရောက်လာခဲ့ခြင်း ဖြစ်လေ၏။

ပိုက်ရှောက်လျိုပြောပြသမျှ အကြောင်းများကို ဆန်းလျန်က နားထောင်နေပြီး စကားတစ်ခွန်းမှ ပြန်မပြောခဲ့ပေ။

ပိုင်ရှောက်ယွီက မနေနိုင်တော့ဘဲ ထပ်ပြောလိုက်လေသည်။

"တာအိုဆရာ... ကျုပ်ကို ဗေဒင်တွက်ပေးပြီး ကံကောင်းစေဖို့ ယတြာလေး ဘာလေး ပေးပါလားဗျာ ၊ ကျုပ်ကောင်းစားတဲ့ တစ်နေ့ကျ ခင်ဗျားကိုလည်း မမေ့ပါဘူး ၊ ကျုပ် ခင်ဗျားကို နတ်သမီးဗိမာန်မှာ ကောင်းကောင်း ပြုစုပါ့မယ်"

စကားဆုံးသွားသည်နှင့် ပိုင်ရှောက်ယွီသည် နာကျင်လွန်းသည့် အသံဖြင့် ကျယ်လောင်စွာ ထ အော် လိုက်လေတော့ သည်။

အဘယ်ကြောင့်ဆိုသော်... သူနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်နေသည့် ကူးဝေဝေသည် သူ့ကို ခြေထောက်ဖြင့် စောင့်ကန်လိုက်သောကြောင့် ဖြစ်လေတော့သည်။

အခန်း (၇၁၂) ညဥ့်နက်သန်းခေါင်မှာ ကျင့်ကြံရန်လာခေါ်သူ ကူးဝေဝေ ပိုင်ရှောက်ယွီကို အဘယ်ကြောင့် စောင့်ကန်လိုက်ရပါသနည်း...။

အဘယ်ကြောင့်ဆိုသော် ပိုင်ရှောက်ယွီပြောသည့် နတ်သမီး ဗိမာန်ဆိုသည်မှာ ပိုင်ကျားမြို့တွင် နာမည်အကြီးဆုံး ဆောင်ကြာမြိုင်တစ်ခု ဖြစ်နေသောကြောင့်ပင်။

နတ်သမီးဗိမာန်သို့ရောက်ရှိသွားသည်နှင့် လူတစ်ယောက်သည် နတ်စည်းစိမ် အပြည့်ခံစားရသည်ဟု လူအများက ပြောလေ့ရှိကြလေသည်။ ထို့ကြောင့် ထိုနေရာကို နတ်သမီးဗိမာန်ဟု လူအများက ခေါ်ကြလေသည်။

နောက်ဆုံးတွင်တော့ ဆောင်ကြာမြိုင်ပိုင်ရှင် ဟူတောက်တယ်ကိုယ်တိုင်က သူ၏ဆောင်ကြာမြိုင်ကို နတ်သမီး ဗိမာန်ဟု တရားဝင် အမည်ပြောင်းလိုက်လေသည်။ ထိုဆောင်ကြာမြိုင်သို့သွားကာ တစ်ကြိမ်ပျော်ပါးရုံမျှဖြင့် ငွေစ (၃၀) ပေးရမည်ဖြစ်လေသည်။

ထို့ကြောင့် နတ်သမီးဗိမာန်သို့ လာရောက်ပျော်ပါးကြသူများမှာ ချမ်းသာကြွယ်ဝသည့် စီးပွားရေးသမားများ ၊ ချင်ပြည်နယ်

မြို့တော်မှ အရာရှိကြီးများ ၊ မကောင်းမှုလုပ်ကြသည့် ဒုစရိုက်ဂိုဏ်းခေါင်းဆောင်များသာ ရှိလေသည်။
ပိုင်ကျားမြို့တွင် အနေကြာပြီဖြစ်သည့် ကူးဝေဝေက နတ်သမီးဗိမာန်သည် မည်သို့သော နေရာမျိုးဖြစ်သည်ကို ကောင်းကောင်းသိလေသည်။ ထို့ကြောင့် သူမသည် ပိုင်ရှောင်ယွီကို မကျေမနပ် ဖြစ်နေမိလေသည်။
ဆန်းလျန်က…
"မင်း ဒီနေ့ ကျုပ်ဆီရောက်လာမှတော့ မနက်ဖန် ကံအကြီးအကျယ်ကောင်းတော့မှာပါကွာ …"
ဆန်းလျန်၏ စကားကိုကြားသည့်အခါတွင်တော့ ပိုက်ရှောက်ယွီမှာ ကူးဝေဝေ စောင့်ကန်လိုက်သည့်အတွက် နာကျင်သွားရသည်ကိုပင် အရေးမစိုက်နိုင်တော့ပေ။
သူက ဆန်းလျန်ကို မျက်လုံးပြူးပြီးကြည့်လိုက်ရင်း…
"ဟမ်…တကယ်လား…"

ဆန်းလျန်ကပေါ့ပေါ့ပါးပါးဟန်ဖြင့်...

"မယုံလည်းနေပေါ့..."

ပိုင်ရှောက်ယွီသည် ဆန်းလျန်ကို နည်းနည်းတော့ ယုံချင်မိလေသည်။

ထို့ပြင် လောင်းကစားဝိုင်းတွင် တက်တက်ပြောင်သွားရသည့် သူ၏ပိုက်ဆံများကိုလည်း ပြန်လိုချင်နေမိလေသည်။

ထို့ကြောင့် သူသည် ဆန်းလျန်ကို အရင်ကထက် နည်းနည်းပို ပြီး ယုံကြည်ရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်... ယခုအချိန်တွင် သူ့လက်ထဲတွင် ပိုက်ဆံတစ်ပြားပင် မရှိတော့လေရာ နောက်တစ်နေ့ လောင်းကစားဝိုင်း ကိုမည်သို့ သွားနိုင်ပါမည်နည်း။

ပိုင်ရှောက်ယွီက...

"တာအိုဆရာ... ၊ ခင်ဗျား ကျုပ်ကို ပိုက်ဆံနည်းနည်းလောက်ချေးပါလား ၊ မနက်ဖန် ကျုပ် လောင်းကစားနိုင်ရင် ပြန်ဆပ်မယ်ဗျာ ၊ ဘယ်လိုလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဆို ရှုံးရင်ပြန်မဆပ်ဘူးဆိုတဲ့ သဘောပေါ့..."

ဆန်းလျန်၏ စကားကြောင့် ပိုက်ရှောက်ယွီ၏ မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

"ရှုံးမှတော့ ပြန်ဆပ်စရာပိုက်ဆံ ဘယ်လိုလုပ်ရှိတော့မှာလဲ"

ဆန်းလျန်က...

"ဒါဖြင့် ဒီလိုလုပ် ၊ မင်းမှာလည်း အလုပ်မရှိဘူးမဟုတ်လား ၊ ဒီစားသောက်ဆိုင်မှာ အလုပ်လုပ်မယ်ဆိုရင် နေစရာနဲ့ စားစရာလည်းပေးမယ် ၊ လစာလည်း အသားတင်ပေးမယ်..."

ပိုင်ရှောက်ယွီက ရယ်မောလိုက်ရင်း...

"တာအိုဆရာ... ဒီဆိုင်ပိုင်ရှင်က ခင်ဗျားမှ မဟုတ်တာ ၊ အစ်မကူးဝေဝေလေဗျာ..."

ကူးဝေဝေက မျက်နှာသေဖြင့်...

"သူပြောတဲ့စကားက ငါ့စကားပဲ..."

ပိုင်ရှောက်ယွီက...

"အာ.. အစ်မကူးဝေဝေလို နတ်သမီးလေးက ဒီလိုတာအိုဆရာမျိုးနဲ့မှလိုက်ဖက်တာပေါ့ ၊ ကျုပ်သိပါပြီ... ကျုပ်သိပါပြီ..."

ပိုင်ရှောက်ယွီမှာ ဆိုးသွမ်းနေသူတစ်ယောက်ဖြစ်သော်လည်း မျက်နှာရိပ်မျက်နှာကဲတော့ အကဲခတ်တတ်သူ ဖြစ်လေသည်။ တစ်ချက်ကြည့်လိုက်ရုံဖြင့် ကူးဝေဝေသည် တာအိုဆရာအပေါ်တွင် စိတ်တိမ်းညွှတ်နေပြီကို ပိုင်ရှောက်ယွီ ရိပ်မိ လိုက်လေသည်။ ဆန်းလျန်မှာလည်း ပိုင်ကျားမြို့မှ မြို့ခံလူမဟုတ်သည့်အတွက် ကူးဝေဝေအကြောင်း သွားပုပ် လေလွင့်ပြောစကားများ ကို ဂရုစိုက်ဟန် မရှိပေ။

ပိုင်ရှောက်ယွီအနေဖြင့် ဆန်းလျန်နှင့် ကူးဝေဝေ မေတ္တာရှိနေကြသည်ဆိုလျှင်လည်း ဝေဖန်ကန့်ကွက်စရာ အကြောင်းမရှိပေ။ အနည်းဆုံးတော့ ကူးဝေဝေမှာလည်း အချက်အပြုတ်တော်ပြီး အိမ်ရှင်မကောင်း ပီသသူ တစ်ယောက်ဖြစ်သလို ဆန်းလျန်သည်လည်း အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ် ကူးဝေဝေလိုအပ်သည့် ငွေကြေး အထောက်အပံ့ကို ပေးနိုင်မည့်သူဖြစ်လေသည်။

ကူးဝေဝေမှာ ပိုင်ရှောက်ယွီ၏ စကားများကြောင့် ရင်ထဲတွင် ပီတိဖြာသွားရသော်လည်း မသိသလို ဟန်ဆောင် နေလိုက်လေသည်။

ကူးဝေဝေက...

"လစာက တစ်လကို ကြေးပြား (၃၀)ရမယ်၊ ဘယ်လိုလဲ ... လုပ်မှာလား"

လစာက နည်းလွန်းသည်ဟု ပိုင်ရှောက်ယွီက အထွန့်တက်ချင်မိသော်လည်း တကယ်တမ်းစဉ်းစားကြည့်မည်ဆို လျှင် ကူးဝေဝေ၏ စားသောက်ဆိုင်သည် မရောင်းရသည့် ဆိုင်တစ်ဆိုင်ဖြစ်လေသည်။

ထို့ကြောင့် သူ့ကို လစာ အများကြီးပေးနိုင်မည် မဟုတ်ပေ။

ထို့ပြင် နေစရာနှင့်စားစရာလည်း အလကား ရဦးမည် ဖြစ်လေရာ ပိုင်ရှောက်ယွီအတွက် ထို့ထက်ကောင်းသည့် အခွင့်အရေး ရှိနိုင်တော့မည် မဟုတ်ပေ။

ပိုက်ရှောက်ယွီက...

"ကျုပ် လုပ်ပါ့မယ်..."

ဆန်းလျန်က...

"ဒါဖြင့်လည်း စာချုပ်ချုပ်ရအောင်..."

ဆန်းလျန်က သူ၏အင်္ကျီလက်ထဲမှ စာချုပ်တစ်ခုကို ထုတ်ယူလိုက်လေသည်။

စာချုပ်ပေါ်တွင်ရေးသားထားသည့် လက်ရေးက သပ်ရပ်လှပပြီး မင်ရောင်ကလည်း တောက်ပနေလေသည်။ သို့သော် ပိုင်ရှောက်ယီသည် စာသိပ်တတ်သူတစ်ယောက် မဟုတ်သည့်အတွက် စာချုပ်၏ တန်ဖိုးကို နားမလည်ပေ။

ထိုသို့သော လက်ရေးမျိုးကို ချင်ပြည်နယ်မြို့တော်တွင်သာ တွေ့ရနိုင်လေသည်။ လက်ရေးလှစာလုံးများကို တန်ဖိုးထားဝယ်ယူသူများသာလျှင် ထိုလက်ရေး၏ တန်ဖိုးမြင့်မားမှုကို သိရှိမည် ဖြစ်လေသည်။

ပိုင်ရှောက်ယီက စာချုပ်ကို တစ်ချက်ဖတ်ကြည့်လိုက်ပြီး လက်မှတ်ထိုးပေးလိုက်ကာ လက်မွေပါတစ်ခါတည်းနှိပ်ပေးလိုက်လေသည်။

ထိုအချိန်မှာပင်... သူ့ခေါင်းထဲသို့ အေးစိမ့်မှုတစ်ခုက ထိုးဖောက်ဝင်ရောက်လာသည်ကို ခံစားလိုက်ရလေသည်။

ဆန်းလျှန်က...

"မင်း ဆိုင်အလုပ်တွေ သေချာမလုပ်ဘူးဆိုရင် ခေါင်းကိုက်

လိမ့်မယ်ဆိုတာ မမေ့ပါနဲ့၊ ကဲ ... အခု ပန်းကန်တွေ သွားဆေး

တော့..."

ပိုင်ရှောက်ယွီက...

"တာအိုဆရာ... စိတ်မပူနဲ့ စိတ်မပူနဲ့၊ ကျုပ်က အလုပ်ကြိုးစား

တဲ့သူပါ..."

ဆန်းလျန်က အင်္ကျီလက်ထဲမှ ကြေးပြားလေး (၂)ပြားထုတ်ယူ

လိုက်ပြီး...

"ရော့... ဒီနေ့အတွက်လုပ်ခ၊ မနက်ဖန် မင်း လောင်းကစားဝိုင်း

သွားချင်ရင် အဲဒီပိုက်ဆံနဲ့သွား..."

ပိုင်ရှောက်ယွီက...

"ဒီလောက်နည်းနည်းလေးနဲ့ ဘာလုပ်လို့ရမှာလဲ၊ ကျုပ်ကို

လစာတစ်လစာ ကြိုထုတ်ပေးပါလား၊ ကြေးပြား (၃၀) ဆိုတာ

ဘယ်လောက်မှလည်း များတာမဟုတ်ဘဲနဲ့"

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"နေ့လည်တုန်းက ကျုပ် တီကောင်အစိမ်း (၂)ကောင်တွေ့လိုက်တယ်၊ အဲဒီတီကောင်အစိမ်း (၂)ကောင်ကိုရှာပြီး မင်းရဲ့ကြေးပြား(၂)ပြားကို ဖြန်းမယ်ဆိုရင်တော့ လောင်းကစားဝိုင်းမှာ ပိုက်ဆံတွေ ဝင်လာမဆဲ တသဲသဲ ဖြစ်မှာပဲ"

ပိုင်ရှောက်ယွီမှာ ဆန်းလျန်ပြောသည့် တီကောင်အစိမ်းဆိုသည်မှာ ဘာကိုပြောမှန်း မသိပေ။

အမှန်တော့ ဆန်းလျန်က ပိုင်ရှောက်ယွီကို နောက်ပြောင်လိုက်ခြင်း ဖြစ်လေသည်။

ရှေးခေတ်အယူအဆအရ တီကောင်အစိမ်းဆိုသည်မှာ ထူးဆန်းသည့် ပိုးမွှားတစ်မျိုးဖြစ်လေသည်။ ဒဏ္ဍာရီအရဆိုလျှင် တီကောင်အစိမ်းသည် ကလေးမွေးဖွားနိုင်စွမ်းရှိသည်ဟုဆိုလေသည်။ ကလေးမွေးပြီးသွားသည့်အခါတွင် လည်းကလေးနှင့်မိခင်သည် မခွဲဘဲ အတူတူနေကြလေသည်။ ထိုသို့

တီကောင်အစိမ်းသားအမိကိုယှဉ်တွဲတွေ့ရပါက လာဘ်ကောင်း သည်ဟု အဆိုရှိကြလေသည်။

ထို့ကြောင့် လူများသည် တီကောင်အစိမ်း၏ သွေးကိုအသုံးပြု ကာ ပိုက်ဆံကို ဆေးကြောလေ့ရှိကြလေသည်။ ထိုသို့ ပြုလုပ် သည့်အခါ ငွေများ ဝင်လာမဆဲ တသဲသဲ ဖြစ်ရသည်ဟု အယူရှိ ကြလေသည်။

နောက်ဆုံးတော့ လူသားတို့၏ လက်ချက်ဖြင့် တီကောင်အစိမ်း များမှာ မျိုးသုဥ်းလုနီးပါး ဖြစ်သွားခဲ့ကြရလေသည်။

နေ့လည်ကတော့ ဆန်းလျန်သည် သူ၏ တန်ခိုးစွမ်အား အသုံးပြုကာ ပတ်ဝန်းကျင်ကို လေ့လာကြည့်နေစဉ်တွင် ဆောင်းဦး ရွက်ကြွေများအောက်တွင် ပုန်းနေသည့် တီကောင် အစိမ်း (၂)ကောင်ကို တွေ့မြင်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် အစိပ္ပါယ်မရှိ ထိုတီကောင် (၂)ကောင်ကို လိုက်ဖမ်းစရာ အကြောင်းမရှိပေ။

အမှန်တော့... ပိုင်ရှောက်ယွီကိုပေးလိုက်သည့် ကြေးပြားလေး (၂)ပြားမှာ ပိုင်ကျားမြို့သို့ရောက်ပြီးနောက်ပိုင်း ဆန်းလျန် ပထမဆုံး ပြုလုပ်ထားသည့် ဝိညာဉ်စွမ်းအား ပစ္စည်းလေး (၂)ခု ဖြစ်လေသည်။ ကြေးနီပြားလေးများပင် ဖြစ်လင့်ကစား ထိပ်တန်းအဆင့် တာအိုတရားများပါဝင်လေသည်။ ကျင့်ကြံသူဂိုဏ်းများ ၊ နတ်ဘုရားဂိုဏ်းများ ကသာထိုကြေးပြားလေး (၂)ပြားကို ရရှိသွားပါက အဖိုးမဖြတ်နိုင်သည့် ရတနာအလား သေသေချာချာ သိမ်းဆည်း ထားကြပေလိမ့်မည်။

ပိုင်ရှောက်ယွီက မယုံသင်္ကာမျက်ဝန်းများဖြင့် ဆန်းလျန်ကို ကြည့်လိုက်လေသည်။ ဆန်းလျန်၏ ခပ်တည်တည် မျက်နှာထားကို မြင်လိုက်ရသည့်အခါတွင်တော့ သူ့ကို နောက်ထပ် ပိုက်ဆံထပ်ပေးတော့မည် မဟုတ်သည်ကို ရိပ်မိ လိုက်လေသည်။ ထို့ကြောင့် ထပ်ပြီးပြောမနေတော့ဘဲ ပန်းကန် များကိုသာ ဆေးကြောရန် သိမ်းဆည်းလိုက်လေ တော့သည်။

ကူးဝေဝေက ပန်းကန်းများကို သယ်ဆောင်ကာ ထွက်ခွာသွားသည့် ပိုင်ရှောက်ယွီကို ကြည့်လိုက်ရင်း စိုးရိမ်သည့် လေသံဖြင့်...

"အဲဒီကောင်ကြည့်ရတာ လက်ကြောတင်းမယ့်ပုံလည်း မပေါ်ဘူး..."

ဆန်းလျန်က...

"အစ်မ စိတ်မပူပါနဲ့၊ သူ အပျင်းမထူရဲပါဘူး..."

ထိုအချိန်မှာပင် ဆိုင်အနောက်ဘက်မှ ပိုင်ရှောက်ယွီ၏ အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

ကူးဝေဝေက...

"ဘာတွေဖြစ်နေတာလဲ မသိဘူး..."

ဆန်းလျန်က အေးအေးဆေးဆေးလေသံဖြင့်...

"စာချုပ်ချုပ်တုန်းက ပြောလိုက်တယ်လေ၊ အပျင်းထူရင် ခေါင်းကိုက်လိမ့်မယ်လို့..."

ပိုင်ရှောက်ယွီမှာ ပန်းကန်များကို ပြီးစလွယ်ဆေးကြောနေလေ ရာ ချက်ချင်းပင် ခေါင်းကိုက်လာလေသည်။ ထို့ကြောင့် အော်ဟစ်လိုက်မိခြင်းဖြစ်လေ၏။

သူက ဆန်းလျန်ပြောသည့်စကားများကို ပြန်ကြားယောင်မိ သည့် အခါတွင်တော့ ပန်းကန်များကို သေသေချာချာ ဆေးကြောရန် ဆုံးဖြတ်လိုက်လေသည်။ ထိုအခါမှ ခေါင်း ကိုက် အနည်းငယ် သက်သာသွားရလေသည်။

ပန်းကန်များ ဆေးပြီးသွားသည်နှင့် ဆန်းလျန်က ပိုင်ရှောက်ယွီ ကို စားသောက်ဆိုင် အတွင်းနှင့်အပြင် သန့်ရှင်းရေး လုပ်ခိုင်း ပြန်သည်။ နောက်ဆုံးတော့ ပိုင်ရှောက်ယွီခမျာ ညအိပ်ယာဝင် ချိန်ကျမှသာ အနားယူရရှာလေတော့သည်။

ကူးဝေဝေမှာတော့ ဆန်းလျန်၏ စီမံခန့်ခွဲမှုကောင်းပုံကိုကြည့် ပြီး အံ့အားသင့်နေရလေသည်။ မြို့ထဲမှာ မြေရှင်ယာရှင်များ ၊ သူဌေးကြီးများသာ ဤအကြောင်းကို သိရှိသွားလျှင် သူတို့၏

အိမ်ငှားများ ၊ အလုပ်သမားကို စီမံခန့်ခွဲမှုပြုလုပ်ပေးရန် အတွက် ဆန်းလျန်ဆီများ လာရောက်ငိုယိုတောင်းပန်ကြလေ မည်လား မသိနိုင်ပေ။

သူမသည် ဆန်းလျန်၏အရည်အချင်းများကိုကြည့်ရင်း ဆန်းလျန်၏ အတိတ်အကြောင်းများကို သိချင်လာမိလေ သည်။

သို့သော်... ဆန်းလျန်အတိတ်ကို ပြန်သတိရသွားသည့်တစ်နေ့တွင် သူတို့ (၂)ယောက် ခွဲခွာရမည့်အရေး တွေးမိသည့်အခါ ရင်လေးရပြန်လေ၏။

ထိုညက... ကူးဝေဝေသည် အတွေးလွန်ပြီး တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့ပေ။

အတော်နောက်ကျမှ မှေးကနဲတစ်ချက်အိပ်ပျော်သွားပြီး ထူးဆန်းသည့် အိပ်မက်တစ်ခုကို မြင်မက်လေသည်။ အိပ်မက်ထဲတွင် သူမသည် နတ်သမီးတစ်ပါးဖြစ်နေပြီး လူငယ်လေး

တစ်ယောက်ကို ကျင့်စဉ်များ သင်ကြားပေးနေ လေသည်။ ထို လူငယ်လေးသည် ဆန်းလျန်နှင့် အလွန် ဆင်တူလေသည်။ ရုတ်တရက်... သူမ၏ ပါးပြင်ကို အေးစက်သည့် လက် တစ်ဖက်က လာရောက်ထိကိုင်လိုက်သည့်အတွက် လန့်နိုး သွား ရလေသည်။ ထိုအခါ သူမ အိပ်ယာဘေးတွင် လူတစ်ယောက် ရောက်နေသည်ကို လရောင်အောက်တွင် တွေ့လိုက်ရလေ သည်။

သူမသည် အလွန်အမင်း ထိတ်လန့်သွားပြီး မအော်မိစေရန် အတွက် လက်များဖြင့် ပါးစပ်ကို အုပ်ထားလိုက်မိလေ သည်။ ထို့နောက် လရောင်အောက်တွင် အိပ်ယာဘေးမှလူ၏ မျက်နှာ ကို တွေ့မြင်လာရလေသည်။ အခြားသူမဟုတ်ပါ။ ဆန်းလျန် သာ ဖြစ်လေသည်။

ဆန်းလျန်က နူးညံ့သည့်လေသံဖြင့်...

"အစ်မ... ကျွန်တော်ပါ..."

ထို့နောက် ဆန်းလျန်က သူမ၏ ပါးပြင်ကို ထိကိုင်ထားသည့်
လက်များကို ပြန်လည် ရုတ်သိမ်းလိုက်လေသည်။
ကူးဝေဝေမှ သူမ၏အိပ်မက်လေး ပျက်ပြယ်သွားရ
သည့်အတွက် စိတ်တိုသွားမိလေသည်။
"ညဥ့်နက်သန်းခေါင်ကြီး ကျွန်မအခန်းထဲ ဘာလာလုပ်တာ
လဲ..."
ဆန်းလျန်က နူးညံ့သည့် လေသံဖြင့်...
"ညနက်သန်းခေါင်ကြီးလာရတာက အစ်မကို ကျွန်တော်
ကျင့်စဥ်တွေသင်ပေးမလို့၊ အဲဒါမှ အစ်မ အရင်ကလို ကျင့်စဥ်
လမ်းမှာ ပြန်လျှောက်လှမ်းနိုင်မှာပေါ့..."
"မနက်ကျမှပဲ ပြောကြရအောင်၊ အခု အိပ်ချင်နေပြီ..."
ကူးဝေဝေက နှုတ်ခမ်းစူရင်း ပြောလိုက်လေသည်။
သူမ တကယ်လည်း အိပ်ချင်နေပြီ ဖြစ်လေသည်။
ဆန်းလျန်က ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"အစ်မ အိပ်ချင်နေတဲ့အချိန် ကျင့်ကြံမှ ဖြစ်မှာ ၊ အဲဒီအချိန်မှာပဲ အစ်မရဲ့ စိတ်အခြေအနေနဲ့ စရိုက်က အစစ်အမှန် ပေါ်လွင်တာလေ..."

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ ကူးဝေဝေခြုံထားသောစောင်မှာ အိပ်ယာတစ်ဖက် သို့ကျသွားလေသည်။

ကူးဝေဝေမှာ ဆောင်းလေအေးကြောင့် ချမ်းတုန်လာရလေသည်။ သူမသည် အိပ်ချင်နေသည့်အတွက် ကလေးငယ် တစ်ယောက်လို ဂဂျီဂျောင် လုပ်လိုက်ချင်မိလေသည်။ သို့သော်... သူမကို ကြည့်နေသည့် ဆန်းလျန်၏ နွေးထွေးသည့် အကြည့်များဖြင့် ရင်ဆိုင်လိုက်ရသည့်အခါတွင်တော့ ဆန်းလျန်၏ စကားကို နားထောင်ရန် ဆုံးဖြတ် လိုက်မိလေတော့သည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ကျွန်တော်တို့ သွားကြရအောင်..."

ကူးဝေဝေက...

"ဒီအခန်းထဲမှာ ကျင့်ကြံရမှာ မဟုတ်ဘူးလား"

ဆန်းလျန်က...

"ဒီအခန်းထဲမှာ ကျင့်ကြံမယ်ဆိုရင် တာအိုစုံတွဲတွေ ကျင့်ကြံသလို ဖြစ်ကုန်မှာပေါ့..."

ကူးဝေဝေက...

"တာအိုစုံတွဲတွေ ကျင့်ကြံသလိုကျင့်ကြံတယ်ဆိုတာ ဘာကို ပြောတာလဲ..."

အခန်း (၇၁၃) လပြည့်ညရဲ့မြေခွေးအူသံ

ဆန်းလျန်က တာအိုစုံတွဲများ မည်သို့ကျင့်ကြံကြသည်ဆိုသည့်

အကြောင်းကို ကူးဝေဝေအား စိတ်ရှည်လက်ရှည် ရှင်းပြ လိုက်

လေသည်။

ဆန်းလျန်ရှင်းပြသည်ကိုနားထောင်နေရင်း ကူးဝေဝေသည်

ဆန်းလျန်ကို လှမ်းရိုက်လိုက်လေတော့သည်။

"အတိတ်သာမေ့နေတာ ၊ ဒါမျိုးတွေကျ အသေးစိတ်မှတ်မိနေ

တာလား..."

ဆန်းလျန်က နောက်သို့အသာခုန်ဆုတ်လိုက်ပြီး...

"အစ်မကလည်း အတိတ်မေ့တယ်ဆိုပေမယ့် သိသင့်တာတွေ

တော့ သိတာပေါ့ ..."

ရုတ်တရက်..

ဆန်းလျန်၏ စိတ်အာရုံတွင် မှုံဝါးပြီး မတိကျသည့် အတိတ်ပုံ

ရိပ်များများစွာ ပေါ်လာလေသည်။ ဆန်းလျန်မှာ စိတ်များရှုတ်

ထွေးသွားပြီး နေရာတွင်ပင် မလှုပ်မယှက် မတ်တပ်ရပ်နေမိလေသည်။ ပြင်ပမှ နှင်းမှုံနှင်းခဲများသည် ဆန်းလျန်၏ခန္ဓာကိုယ်တွင် လာရောက်ကပ်ငြိကုန်ကြပြီး ဆန်းလျန်၏ပုံသဏ္ဌာန်မှာ ပြီးပြည့်စုံ သည့် အဖြူရောင်နှင်း ပန်းပုရုပ်တု တစ်ခုအလား ထင်မှတ်ရလေသည်။

ကူးဝေဝေက ဆန်းလျန်ကို ကြည့်ပြီး အနည်းငယ် လန့်သွားလေသည်။

"ဆန်းလျန်... ရှင်ဘာဖြစ်တာလဲ..."

ဆန်းလျန်၏ အတိတ်များသည် မပီဝိုးတဝါး မှုံဝါးလျှက်ရှိလေသည်။

ထိုအချိန်မှာပင် မိစ္ဆာစွမ်းအားများသည် သူ့နှလုံးသားကို ဝင်ရောက်စီးနင်းလာသလို ခံစားလိုက်ရလေသည်။ သူ၏ ကျင့်စဉ်လမ်းအဆင့်မှာ မြင့်မားသည့်တိုင် သူ့ရင်ထဲတွင် အကြောက်တရားများ ဖုံးလွှမ်းလာလေတော့သည်။

သူ… မသေချင်သေးပါ။ သူ သေရမည်ကို ကြောက်ရွံ့ ထိတ်လန့်နေမိလေသည်။

ထိုအချိန်မှာပင်… ကူဝေဝေထံမှ စကားသံ ထွက်ပေါ်လာသည့်အတွက် ဆန်းလျန် သတိပြန်ဝင်လာလေသည်။

ဆန်းလျန်၏ဝိညာဉ် အသိပြန်ဝင်လာသည်နှင့် သူ၏နှလုံးသား အတွင်းသို့ ဝင်ရောက်လာသည့် မိစ္ဆာဆန်သည့် အကြောက် တရားများ ပြန်လည် ဆုတ်ခွာသွားကြလေသည်။ ထိုအခါတွင် တော့ သူ၏ စိတ်ဝိညာဉ်သည် မြူမှုံတစ်စ ပင်စွန်းထင်းခြင်းမရှိ ဘဲ ကြည်လင်လျှက် ရှိနေပြန်လေ၏။

ဆန်းလျန်၏ နှလုံးသားထဲမှ မိစ္ဆာဆန်သည့်အကြောက်တရား များ ပျောက်ကွယ်သွားသည်နှင့် ဆန်းလျန်၏ကိုယ်ပေါ်တွင် ဖုံးလွှမ်းနေသည့် နှင်းခဲများလည်း အရည်ပျော်ကျသွားလေ သည်။

ဆန်းလျန်က…

"မိစ္ဆာစွမ်းအားတွေနှောက်ယှက်တာခံလိုက်ရတာ ၊ တော်သေး

တယ် အစ်မ ခေါ်လိုက်လို့..."

ကူးဝေဝေမှာ ဆန်းလျန်၏ စကားကြားတော့မှ ရင်ထဲတွင်

လေးလံနေသည်များ ပျောက်ကွယ်သွားရပြီး...

"ဘာမှမဖြစ်လို့ တော်သေးတာပေါ့"

ဆန်းလျန်သည် လရောင်အောက်တွင် အလွန်တရာလှပနေ

သည့် ကူးဝေဝေကို အတန်ကြာငေးကြည့်နေမိလေ သည်။ ကူး

ဝေဝေက ဆန်းလျန်၏ အကြည့်များကို သတိထားလိုက်မိပြီး

ချောင်းတစ်ချက် ဟန့်လိုက်လေသည်။

ထိုအခါမှ... ဆန်းလျန်က ရှက်ကိုးရှက်ကန်းဖြင့် တစ်ချက်ပြုံး

လိုက်ရင်း...

"အစ်မ... ကျွန်တော်နဲ့ လိုက်ခဲ့ပါ..."

ဆန်းလျန်က ပြောပြီးသည်နှင့် ကူးဝေဝေ စကားပြန်ပြောသည်

ကို မစောင့်တော့ပါ။

မိန်းမလှလေးကူးဝေဝေကို ပွေ့ချီသွားပြီး အခိုးအငွေ့အလား

ပြတင်းတံခါးဆီမှ ပျံသန်းထွက်ခွာသွားလေတော့သည်။

လရောင်သည် စီးဆင်းနေသည့်စမ်းချောင်းလေးအလား

ကြည်လင်စွာ လင်းလက်တောက်ပနေလေသည်။ ကူးဝေဝေမှာ

ဆန်းလျန်ခေါ်ဆောင်ရာသို့ လေနှင့်အတူ လွင့်မျောကာ လိုက်ပါ

သွားလေသည်။

လရောင်အောက်တွင် ပျံသန်းနေရသည်မှာ အိပ်မက်ဆန်လွန်း

လှလေသည်။ ထို့ပြင် သူမနှင့် ဆန်းလျန် ဆုံတွေ့ခဲ့ရ ခြင်းသည်

လည်း အိပ်မက်ဆန်လွန်းခဲ့လေသည်။ ယခုကဲ့သို့ အခြေအနေ

မျိုးကို ကြုံတွေ့ရမည်ဟု ကူးဝေဝေသည် အိပ်မက်ထဲတွင်ပင်

စိတ်ကူးမယဉ်မိခဲ့ဖူးခဲ့ပေ။

အချိန်ခဏအတွင်းမှာပင် သူတို့ (၂)ယောက် ပိုင်ကျားမြို့

အပြင်ဘက်သို့ ရောက်ရှိလာကြလေသည်။

ချင်းရှတောင်ပေါ်သို့ ရောက်သည့်အခါတွင်တော့ ဆန်းလျန်က မြေပြင်ထက်သို့ ဆင်းသက်လိုက်လေသည်။

တစ်ချိန်တုန်းကတော့ ထိုနေရာတွင် "ချင်းရှကျောင်းတော်" ဆိုသည့် တာအိုကျောင်းတော် (၁)ခု ရှိခဲ့လေသည်။ သို့သော်... နှစ်တွေ လတွေ အလီလီ ကုန်ဆုံးခဲ့ပြီးသည့်နောက် ချင်းရှကျောင်းတော်သည်လည်း ပျက်စီးသွားခဲ့ပြီ ဖြစ်လေသည်။ ထို့ကြောင့် တောင်ပေါ်တွင် မည်သည့်ကျောင်းတော်မှမရှိတော့ဘဲ သစ်ပင်များသာ ပေါက်ရောက် လျှက်ရှိလေ၏။

ဆန်းလျန်သည်လည်း ချင်းရှကျောင်းတော်အကြောင်းကို မမှတ်မိတော့ပေ။ သို့သော်.... ချင်းရှကျောင်းတောင် ကတော့ ဝိညာဉ်စွမ်းအားများ ပြည့်ဝလွန်းသည့် နေရာတစ်ခုဖြစ်သည့်အတွက် ကျင့်ကြံခြင်းပြုလုပ်ရန် အလွန် သင့်တော်သည့် နေရာတစ်ခု ဖြစ်လေသည်။

လရောင်အောက်တွင် ယင်ရှင့်သစ်ပင်များသည် လှပလွန်းစွာ ဖြင့် အဝါရောင်တောက်ပနေကြလေသည်။ ချင်းရှ တောင်ပေါ် မှ ကြည့်လိုက်မည်ဆိုလျှင် မီးရောင်များ လင်းလက်နေသည့် ပိုင်ကျားမြို့ကို အပေါ်စီးမှ လှပစွာ တွေ့မြင်ရ မည်ဖြစ်လေ သည်။

ကူးဝေဝေသည် ပိုင်ကျားမြို့တွင် ကြီးပြင်းခဲ့သူတစ်ယောက် ဖြစ်သည့်တိုင် ထိုမျှ လှပသည့်ရှုခင်းမျိုးကို တစ်ခါမှ တွေ့မြင် ခဲ့ဖူးခြင်း မရှိပေ။ ထို့ကြောင့် သူမသည် လှပသည့်ရှုခင်းကို ငေးကြည့်နေခဲ့လေသည်။ ဆန်းလျန်သည်လည်း သူမ အနား တွင်ရှိနေသည့်အတွက် သူမ၏ဘဝသည် ပြီးပြည့်စုံလျှက် ရှိ လေသည်။

ကူးဝေဝေက...

"ဆန်းလျန်... အရင်တုန်းကလည်း ရှင့်ရဲ့ ဂိုဏ်းတူအစ်မကို အခုလိုမျိုး လှပတဲ့ရှုခင်းတွေကြည့်ဖို့ခေါ်လာဖူး သလား..."

ကူးဝေဝေက ဆန်းလျန်က သူမကို သူ၏ ဂိုဏ်းတူအစ်မအဖြစ် အထင်မှားနေသည်ဟု ယူဆထားသည့်အတွက် ထိုသို့ မေးလိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏ ဂိုဏ်းတူအစ်မအပေါ်တွင်လည်း ထိုသို့ပင် ဂရုတစိုက်ရှိလေသလားဟု သိချင်နေမိလသည်။ ဆန်းလျန်က သူမ၏ မေးခွန်းကို "ခေါ်လာခဲ့ဖူးတယ်..." ဟု ကျိန်းသေပေါက်ဖြေလိမ့်မည်ဟု မျှော်လင့်ထားမိသည့် တိုင်သူမသည် ဆန်းလျန်ကိုယ်တိုင်ဖြေသည့်အဖြေကို ကြားချင်နေမိလေသည်။

သို့သော်... ဆန်းလျန်ဖြေလိုက်သည့်အဖြေမှာ...

"ဟင့်အင်း..."

ဟူ၍ဖြစ်လေ၏။

ဆန်းလျန်၏အဖြေကြောင့် ကူးဝေဝေ၏ မျက်ဝန်းများမှာ ပျော်ရွှင်မှုများဖြင့် တောက်ပသွားလေသည်။

"တကယ်လား..."

ဆန်းလျန်က...

"တကယ်တော့ အစ်မကို ကျွန်တော် ပစ်ထားခဲ့မိသလို ဖြစ်နေခဲ့တာ ၊ လာ... အခု ဒီလိုလှပတဲ့ ရှုခင်းတွေ အတူတူကြည့်ကြမယ်နော်..."

ဆန်းလျန်သည် ဂိုဏ်းတူအစ်မဖြင့် အတူတူဖြတ်သန်းခဲ့သည့် အဖြစ်အပျက်များကို မှတ်မိခြင်း မရှိတော့ပါ။

သို့သော်... သူတို့ အတူတူ ပညာသင်ခဲ့ဖူးသည့်နေရာသည် ယခုနေရာထက် အဆပေါင်းများစွာ ပိုပြီးလှပသည်ကို တော့မှတ်မိနေခဲ့ လေသည်။ ယခုကဲ့သို့ လှပသည့် ညများစွာတွင် ဂိုဏ်းတူအစ်မသည် သူ့ကို ကျင့်စဉ်ပညာများ သင်ပြပေးခဲ့ဖူးလေသည်။

ကူးဝေဝေမှာ ဆန်းလျန်က သူမကို သူ၏ ဂိုဏ်းတူအစ်မဟု ထင်မှတ်နေသေးသည့်အတွက် စိတ်မကောင်း ဖြစ်သွား လေသည်။

"ဆန်းလျန် ၊ ရှင် ကျွန်မကို ကတိပေးပါ ၊ နောက်ဆို ဒီလိုနေရာမှာ ရှုခင်းလာကြည့်ဖို့ တခြားဘယ်မိန်းကလေးကိုမှ ခေါ်မလာပါဘူးဆိုတဲ့ ကတိပေါ့..."

ဆန်းလျန်က...

"အင်းပါ... ခေါ်မလာပါဘူး"

ဆန်းလျန်ထံမှ ကတိစကားကြောင့် ကူးဝေဝေ ပျော်ရွှင်သွားရလေသည်။

ဆန်းလျန်က...

"ဒါဖြင့် ကျွန်တော်တို့ ကျင့်စဉ် စပြီး ကျင့်ကြံရအောင်..."

ကူးဝေဝေ၏ စိတ်များမှာ ကြည်လင်နေလေသည်။

သူမက နူးညံ့သိမ်မွေ့သည့် လေသံဖြင့်....

"ရှင် ကျွန်မကို သင်ပေးလေ ၊ ကျွန်မ အဲဒီအတိုင်းလိုက်လုပ်မယ်..."

ဆန်းလျန်က...

"ကောင်းပြီလေ ၊ အခု အလွယ်ကူဆုံး အသက်ရှူကျင့်စဉ်ကို အစ်မကို စပြီးသင်ပေးမယ်..."

ကူးဝေဝေက အစကတည်းကပင် ဉာဏ်ကောင်းသည့် မိန်းကလေးတစ်ယောက် ဖြစ်သည့်အပြင် စိတ်ရှည်သူ တစ်ယောက်လည်းဖြစ်လေရာ ဆန်းလျန်သင်ပြပေးသည့် အသက်ရှူကျင့်စဉ်ကို ခပ်မြန်မြန်ပင် နားလည်သွားလေ သည်။ အသက်ရှူကျင့်စဉ်သည် ခက်ခဲသည့် ကျင့်စဉ်တစ်ခု မဟုတ်ပါ။ စိတ်ရှည်လက်ရှည်ဖြင့် ကျင့်ကြံနိုင်ရန်သာ လိုအပ်လေသည်။ ထိုကျင့်စဉ်သည် ရေရှည်တွင် အလွန်အကျိုးများသည့် ကျင့်စဉ်တစ်ခု ဖြစ်လေ၏။ သို့သော်... အသက်ရှူကျင့်စဉ်တစ်ခုတည်းကို ကျင့်ကြံရုံမျှဖြင့် နတ်ဘုရားတစ်ပါး ဖြစ်လာမည်

တော့ မဟုတ်ပေ။ သို့ရာတွင်... အသက်ကိုရှည်စေပြီး ကျင့်စဉ် လမ်းကို အထောက်အကူပြုသည့်ကျင့်စဉ်တစ်ခု ဖြစ်လေ သည်။

ကူးဝေဝေသည် ကျင့်စဉ်ကို ကျင့်ကြံလိုက်သည်နှင့် လျှင်မြန် စွာပင် အဆင့်တက်သွားလေသည်။ သို့သော် ... သူမသည် ကျင့်စဉ်ကို နားလည်သဘောပေါက်ရန် အနည်းငယ် လိုအပ်နေ သေးသည်ကိုတော့ ဆန်းလျန်က ရိပ်မိ လိုက်လေသည်။

ကူးဝေဝေသည် ခြောက်သွေ့သည့် မြေပြင်ထက်တွင်ထိုင်ကာ ကျင့်စဉ် ကျင့်ကြံနေခြင်း ဖြစ်လေသည်။

ဆန်းလျန်က သူမကို ကာကွယ်ပေးရန်အတွက် ပတ်ဝန်းကျင် မိုင်တစ်ထောင်ပတ်လည်ကို အန္တရယ် ကင်း မကင်း တစ်ချက် ကြည့်ရှုစစ်ဆေးလိုက်လေသည်။

ရုတ်တရက်... ဆန်းလျန်၏ စိတ်အာရုံအတွင်းသို့ ထူးခြားမှု တစ်ခုဝင်ရောက်လာသည့်အတွက် သူက အနောက်ဆီ သို့တစ် ချက်ကြည့် လိုက်လေသည်။

တောအထပ်ထပ်ကို ဖြတ်ကျော်ပြီး သူ၏ စိတ်အာရုံကို ဖြန့် ကျက်ကြည့်ရှုလိုက်လေရာ ထိုနေရာတွင် မြင့်မားသည့် ကျောက်ဆောင်ကြီးတစ်ခုရှိနေသည်ကို တွေ့လိုက်ရလေ၏။

ကျောက်ဆောင်ကြီးထက်တွင် အနီရောင်အမွှေးရှိသည့် လှပ သည့် မြေခွေးတစ်ကောင်သည် လပြည့်ဝန်းထံသို့ ခေါင်း မော့ကြည့်ကာ အူနေလေသည်။

မြေခွေး၏ ပါးစပ်အတွင်းမှ အဖြူရောင်အခိုးအငွေ့များထွက် ပေါ်လျှက် ရှိလေ၏။

ဆန်းလျန်က ကူးဝေဝေ ကျင့်စဉ်ကျင့်ကြံနေခြင်းကို အနှောက် အယှက်ဖြစ်မှာ စိတ်ပူသည့်အတွက် ခန္ဓာကိုယ်ထဲမှ ကိုယ်ပွား တစ်ခု ထုတ်လွှတ်ကာ တောအထပ်ထပ်ကို ဖြတ်ကျော်ပြီး

ကျောက်ဆောင်ကြီးရှိရာသို့ အခြေအနေကြည့် ရန်ထွက်ခွာသွားလေတော့သည်။ ဆန်းလျန်သည် ကျောက်ဆောင်ကြီးရှိရာသို့ ခဏချင်းပင် ရောက်ရှိသွားလေ သည်။

ဆန်းလျန်က ကိုယ်ယောင်ဖျောက်ထားသည့်အတွက် အနီရောင်မြေခွေးသည် ဆန်းလျန်ကို တွေ့မြင်နိုင်ခြင်း မရှိပေ။

ဆန်းလျန်သည် အတိတ်မေ့နေပြီး သူကိုယ်တိုင်၏ တန်ခိုးစွမ်းအား မည်မျှ မြင့်မားသည်ကိုပင် သိပ်ပြီး မှတ်မိခြင်း မရှိပေ။ တစ်ခါတစ်လေတွင် သူ၏ တန်ခိုးစွမ်းအား မြင့်မားမှုများကို သူကိုယ်တိုင်ပင် အံ့သြနေရလေသည်။

အနီရောင်မြေခွေး၏ ပါးစပ်အတွင်းမှထွက်ပေါ်နေသည့် အဖြူရောင်အခိုးအငွေ့များသည် နှစ်ပေါင်းများစွာကျင့်ကြံ ထားသည့် ကိုယ်တွင်းမှ ပြဒါးတန်ခိုးစွမ်းအားများ ဖြစ်လေသည်။

ထိုပြဒါးငွေ့များသည် လရောင်အောက်တွင် လွင့်မျောနေပြီး လရောင်ခြည်နှင့်ပေါင်းစပ်သွားကြလေသည်။

စွမ်းအားပေါင်းစပ်သံများသည် တဟုန်ထိုးစီးဆင်းနေသည့် မြစ်ရေစီးသံကဲ့သို့ အသံများ ထွက်ပေါ်လျှက်ရှိလေ သည်။ အနီရောင်မြေခွေးမှာ ကျင့်စဉ်ကျင့်ကြံနေသည်မှာ ထင်ရှားလေ သည်။ အနီရောင်မြေခွေး၏ ကိုယ်တွင်းမှ ပြဒါး ငွေ့များသည် လရောင်ကို စုပ်ယူပြီးသည့်နောက် မိုးမြေစွမ်းအားများကို ဆက်လက်စုပ်ယူလေသည်။

နတ်မိစ္ဆာများ၏ ကျင့်စဉ်များသည် အချို့သော ကျင့်ကြံ သူများ၏ ကျင့်စဉ်များထက်ပင် သာလွန်ကောင်းမွန်လေ သည်။ အနီးရောင်မြေခွေး၏ ကိုယ်တွင်းမှ ပြဒါးစွမ်းအားနှင့် မိုးမြေစွမ်းအား ပေါင်းစပ်ကျင့်ကြံနေသည့် ကျင့်စဉ်မှာ ထင်ရှားသည့် နတ်ဘုရားကျောင်းတော်ကြီးများကို မမီသည့် တိုင် အဆင့်နိမ့်သည်ဟု မဆိုသာပေ။

မိုးမြေစွမ်းအားများသည် အနီရောင်မြေခွေး၏ကိုယ်တွင်းမှ ပြဒါးစွမ်းအားများနှင့် ဖြည်းဖြည်းချင်း ပေါင်းစပ်နေလေ

သည်။ အနီရောင်မြေခွေးသည် ကျင့်စဉ်ကျင့်ကြံရာတွင် နားမလည်သည့်အချက်များ ရှိနေသည့်အတွက် ထိုသို့ နှေးကွေးနေရခြင်း ဖြစ်လေသည်။

ဆန်းလျန်မှာ ကြည့်နေရင်းစိတ်မရှည်ဖြစ်လာပြီး အနီရောင်မြေခွေးကို စိတ်ချင်းဆက်သွယ်ကာ အနည်းငယ် သင်ပြပေးလိုက်လေသည်။ အနီရောင်မြေခွေးမှာ ကျင့်ကြံခြင်းကို အာရုံစိုက်နေသည့်အတွက် သူ့အနားတွင် တစ်စုံတစ်ယောက် ရောက်ရှိနေသည်ကို သတိထားခဲ့မိခြင်း မရှိပေ။

ဆန်းလျန်၏ သင်ပြပေးသံကို ကြားလိုက်ရသည့်အခါတွင်တော့ သူ့အတွက် နားလည်ရခက်နေသည့် ကိစ္စအတော်များများကို ရှင်းရှင်းလင်းလင်း နားလည်သွားရလေသည်။

ပတ်ဝန်းကျင်မှ မိုးမြေစွမ်းအားများ ပိုမိုးစုစည်းပေါင်းစပ်လာပြီး ဝိညာဉ်စွမ်းအားများ သိပ်သည်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

သို့သော်... အနီရောင်မြေခွေးသည် ဆန်းလျှန်ကို ကျေးဇူးတင်စကား မပြောနိုင်တော့ပေ။

အဘယ်ကြောင့်ဆိုသော်... သူ့ဆီသို့ ပျံသန်းလာသည့် ကြိုးကြာငှက်ကြီး (၂)ကောင်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ကြိုးကြာငှက်များ၏ အမွေးများမှာ နှင်းပွင့်ကဲ့သို့ ဖြူစင်နေပြီး ဖုံမှုန့်များ ပေကျံနေခြင်း လုံး၀ မရှိပေ။ ကြိုးကြာငှက်ကြီးများ၏ ကျောပေါ်တွင်တော့ အလွန်လှပသည့် မိန်းမပျို (၂)ယောက်ကို စီးနင်းလိုက်ပါလာလေသည်။

မိန်းမပျိုတစ်ယောက်က...

"ဂိုဏ်းတူအစ်မ ၊ ဒီမြေခွေးရဲ့အမွေးတွေက လှလိုက်တာ ၊ ဆရာ့အတွက် အကျႌချုပ်ပေးရင် မကောင်းဘူးလား ၊ ဆရာ အရမ်းသဘောကျမှာ..."

မိန်းမပျို၏အသံလေးမှာ ကြိုးကြာသံလေးအလား သာယာ
လွန်းလှလေသည်။

ထို့ပြင် သူမရှေ့မှ အနီရောင်မြေခွေးကိုမပြောနှင့် နှစ်ပေါင်း
များစွာ ကျင့်ကြံခဲ့သည့် နတ်မိစ္ဆာဘုရင်တစ်ပါးကိုပင် အရေးမ
စိုက်သည့်လေသံမျိုးဖြစ်လေသည်။

ထို့နောက်… ကြိုးကြာငှက်များ မြေပြင်ထက်သို့ ဆင်းသက်
လာကြလေသည်။

အနီရောင်မြေခွေးမှာ ကိုယ်တွင်းမှ ပြဒါးတန်ခိုးစွမ်းအားများကို
ပြင်ပသို့ထုတ်ယူပြီး မိုးမြေစွမ်းအားများဖြင့် ပေါင်းစပ်
ကျင့်ကြံနေခြင်း ဖြစ်လေရာ ယခုအချိန်တွင် မိန်းမပျိုများကို
တိုက်ခိုက်ရန်မဖြစ်နိုင်ပါ။ မဟုတ်ပါက ဒဏ်ရာရသွားနိုင် လေ
သည်။

အဖြူရောင်ကြိုးကြာထက်မှ နောက်ထပ်မိန်းကလေးတစ်
ယောက်က…

"ဂိုဏ်းတူညီမလေး ၊ ဒီမြေခွေးက မိုးမြေစွမ်းအားတွေကို စုပ်ယူပြီး စစ်မှန်တဲ့ကျင့်စဉ်တစ်ခုကို ကျင့်ကြံနေတာပဲ..."
"မဟုတ်နိုင်ပါဘူး ၊ ဒီလိုတောကြိုအုံကြားက နတ်မိစ္ဆာလေးတစ်ကောင်က စစ်မှန်တဲ့ ကျင့်စဉ်လမ်းကို ဘယ်လိုလုပ်နားလည်မှာလဲ..."
မိန်းမပျို (၂)ယောက် စကားပြောနေသည့် အချိန်မှာပင် အနီရောင်မြေခွေးက အခွင့်အရေးကို အသုံးချကာ သူ၏ ကိုယ်တွင်းမှ ပြဒါးတန်ခိုးစွမ်းအားများကို ပြန်ရုတ်သိမ်းလိုက်လေသည်။
ထို့နောက် ခပ်ဩဩအသံဖြင့်...
"နတ်သမီးလေး (၂)ပါး ၊ ဒီမိစ္ဆာလေးက ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ဖူးပါဘူး ၊ ဒီမိစ္ဆာလေးကို အန္တရာယ်မပြုပါနဲ့နော်..."
အနီရောင်မြေခွေးမှာ စိတ်ပူပန်နေသည့်တိုင် မိန်းကလေး (၂)ယောက်ကတော့ ခပ်အေးအေးပင် ဖြစ်လေသည်။

မိန်းကလေး (၂)ယောက်မှာ ထင်ရှားသည့် နတ်ဘုရားဂိုဏ်း

တစ်ခုခုမှ တပည့်များ ဖြစ်ကြဟန်တူလေသည်။ ထို့ကြောင့်

အနီရောင်မြေခွေးသည် သူတို့ (၂)ယောက်ကို ရင်ဆိုင်ရဲခြင်း မ

ရှိပေ။

ထိုအချိန်မှာပင်... ဂိုဏ်းတူညီမလေးဆိုသူက...

"ငါတို့က နင့်အမွေးနဲ့ အကျႌချုပ်မလို့ ၊ အသာတကြည် အဖမ်း

ခံမလား ၊ ဒါမှမဟုတ် နင့်ကို ချက်ချင်းသတ်ပစ်လိုက် ရမ

လား..."

အခန်း (၇၁၄) မြေစောင့်နတ်

မိန်းမပျို၏ စကားကြောင့် အနီရောင်မြေခွေးမှာ တစ်ကိုယ်လုံး

အေးစက်တောင့်တင်းသွားရလေသည်။

ကျင့်ကြံသူအများစုသည် သူတို့ကဲ့သို့သော သာမန်နတ်မိစ္ဆာ

လေးများကို အထင်အမြင်သေးကာ နှိမ့်ချဆက်ဆံ တတ်ကြ

လေသည်။ ထို့ကြောင့် အနီရောင်မြေခွေးသည် တန်ခိုးစွမ်းအား

မြင့်မားခြင်းမရှိသေးသရွေ့ ကျင့်ကြံသူများ ရန်မှရှောင်တိမ်း

ရန်အတွက် ဤအရပ်ဒေသတွင် လာရောက်ပုန်းအောင်းနေခြင်း

ဖြစ်လေသည်။ ထိုအခါမှသာ သူ့အနေဖြင့် အသက် ရှည်ရှည်

နေထိုင်ခွင့်ရမည် ဖြစ်လေသည်။

သို့သော်... ယနေ့တွင်တော့ လွတ်မြောက်ရန် မဖြစ်နိုင်တော့

ပြီ...။

အနီရောင်မြေခွေးက...

"နတ်သမီးလေးတွေက တကယ်ရန်လိုနေတာပဲ ၊ ဒါပေမယ့် ကျုပ်မသေခင် နတ်သမီးလေးတွေရဲ့ နာမည်ကိုများ သိခွင့်ရှိမလား"

အနီရောင်မြေခွေးက ထိုမေးခွန်းကို သူ့အတွက် မေးလိုက်ခြင်း မဟုတ်ပါ။

စောစောက သူကျင့်ကြံနေသည့်အချိန်တွင် သူ့ကို သင်ပြပေးခဲ့သည့် တန်ခိုးရှင် သိရှိစေရန်အတွက် မေးမြန်းလိုက်ခြင်း ဖြစ်လေသည်။ အဆင့်အတန်းမခွဲခြားဘဲ သူ့ကို ကူညီသင်ပြပေးသူသည် နတ်မိစ္ဆာဘုရင်တစ်ပါး ဖြစ်နိုင်လေသည်။

အနီရောင်မြေခွေးသည် စိတ်ထားကောင်းသူတစ်ယောက်ဖြစ်လေရာ ထိုတန်ခိုးရှင်ကို ဒုက္ခမရောက်စေချင်ပေ။

မိန်းမပျို (၂)ယောက်အကြောင်းကို ထိုတန်ခိုးရှင် သိရှိထားခြင်းအားဖြင့် နောင်တစ်ချိန်တွင် ထပ်မံကြုံဆုံသည့်အခါ ကြိုတင်ရှောင်ရှားနိုင်မည် ဖြစ်လေသည်။

ဂိုဏ်းတူညီမလေးဆိုသူက အေးစက်စွာဖြင့် ပြုံးလိုက်ရင်း....

"ငါက ရွှမ်နီ့နန်းတော်က ဟယ်စူးရင်း ၊ သူကတော့ ငါ့ရဲ့ဂိုဏ်းတူအစ်မ ယွမ်ကျိုယီ ၊ ငါတို့ရဲ့ဆရာကတော့ ကျားဝေ့ကျန်းရန်ပဲ ၊ နင့်မှာ အသိဉာဏ်ရှိတယ်ဆိုရင် ခုခံမနေနဲ့တော့..."

အနီရောင်မြေခွေးမှာ သူမ၏စကားများကိုကြားသည်နှင့် ရင်ထဲတွင် နင့်သွားရလေသည်။

ယွမ်ကျိုးနယ် ကျင့်ကြံသူလောကတွင် နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခု ရှိလေသည်။ ရွှမ်နီ့နန်းတော်မှာ နန်းတော် (၃)ခုတွင် အပါအဝင်ဖြစ်လေသည်။ ရွှမ်နီ့နန်းတော်မှာ ရှေးဟောင်းနတ်ဘုရားတစ်ပါး ဖြစ်သည့် ကျိုးထျန်းရွှမ်နီ့နတ်သမီး၏ ကျင့်စဉ်များကို ဆက်ခံကျင့်ကြံသည့် နတ်ဘုရားဂိုဏ်း တစ်ဂိုဏ်းဖြစ်လေသည်။

ကျင့်ကြံသူလောကတွင် ရွှမ်နီ့နန်းတော်၏ ကျော်ကြားမှုသည် ထိုက်စုနတ်ဘုရားဂိုဏ်း၏ ကျော်ကြားမှုအောက် မလျော့ပေ။

ထို့ပြင် ထိုအမျိုးသမီးကျင့်ကြံသူဂိုဏ်း (၂)ဂိုဏ်းကို အခြား

သော နတ်ဘုရားဂိုဏ်းများမှ ယောကျာ်းလေး များပင်

သွားရောက်ရန်စရဲခြင်း မရှိကြပေ။ ထို့ပြင် နန်းတော် (၃)ခုနှင့်

နတ်ဘုရားကျောင်းတော်ကြီး (၄)ခုကို နတ်မိစ္ဆာများ မပြောနှင့်

ကျင့်ကြံသူများပင်လျှင် ရန်မစဝံ့ကြပေ။

သူ့လိုနတ်မိစ္ဆာငယ်တစ်ကောင်မပြောနှင့် နောက်ခံအင်အား

ကောင်းသည့် နတ်မိစ္ဆာဘုရင်များတောင်မှ ရှမ်နွီ နန်းတော်မှ

အမျိုးသမီးကျင့်ကြံသူများက သတ်ပစ်ချင်သည်ဆိုလျှင်

ငရဲမင်းထံမှ သေမိန့်ကျသူပမာ လွတ်လမ်းရှိမည် မဟုတ်ပေ။

အနီရောင်မြေခွေးမှာ တုန်ယင်သည့်လေသံဖြင့်...

"လက်စသတ်တော့ ရှမ်နွီနန်းတော်က နတ်သမီး (၂)ပါးကိုး ၊ ရှ

မ်နွီနန်းတော်အကြောင်းကို ချင်းယန်ကျောင်းတော်က တာအို

ဆရာ ပြောတာကြားဖူးတယ် ၊ ဒါကြောင့် ဒီမြေခွေးလေး

နတ်သမီး (၂)ပါးဆီမှာ လွတ်ပေးဖို့ မတောင်းပန် တော့ပါဘူး ၊

နောက်ဘဝ ပြန်ဝင်စားခွင့်သာပေးပါတော့၊ ကံကောင်းလို့

ငရဲမင်းနဲ့ ဆုံတွေ့ခွင့်ရမယ်ဆိုရင်တောင်မှ နတ်သမီး (၂)ပါး

အကြောင်းကို မကောင်းမပြောရဲပါဘူး..."

ချင်းယန်ကျောင်းတော်ဆိုသည့်အမည်ကိုကြားသည်နှင့် ဟယ်

စူးရင်းမှာ ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"ချင်းယန်ကျောင်းတော်က ပတ်ဝန်းကျင်က တိရိစ္ဆာန်တွေသိ

အောင်တောင် ငါတို့အကြောင်းတွေကို လျှောက်ပြောနေတယ်၊

တော်ပြီ... နင် ငါတို့ကို တောင်းပန်ဖို့ မစဉ်းစားနဲ့၊ နင့်ကို ဒီနေ့

သတ်ရုံတင်မက ဝိညာဉ်ကိုပါ ဖျက်စီးပစ်မယ်..."

ဟယ်စူးရင်း၏စကားများကြောင့် ဂိုဏ်းတူအစ်မယွမ်ကျိုယီက

အနည်းငယ် အလိုမကျဟန်ဖြင့် မျက်မှောင် တစ်ချက် ကြုတ်

လိုက်မိလေသည်။ သို့သော်... သူမသည် ဟန်စူးရင်းအား

တားဆီးခြင်းမပြုပါ။

အပြစ်တင်မည်ဆိုလျှင် စကားပြောမှားသွားသည့် အနီရောင်မြေခွေးကိုသာ အပြစ်တင်ရမည် ဖြစ်လေသည်။

ဟယ်စူးရင်းသည် အလွန်ထူးခြားသော အရည်အချင်းများကို ပိုင်ဆိုင်သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

သို့သော်... သူမသည် မိခင်၏ဝမ်းတွင်းကတည်းက ဒေါသကြီးသူတစ်ယောက် ဖြစ်ခဲ့ဟန် ရှိလေသည်။ သူမသည် အမြဲတမ်း သတ်ချင်ဖြတ်ချင်စိတ်များဖြင့် ပြည့်လျှက်ရှိလေ၏။

ကျားဝေ့ကျန်းရန်သည် ဟယ်စူးရင်းကို အလွန် ချစ်မြတ်နိုးပြီး တန်ဖိုးလည်း ထားလေသည်။ ထို့ကြောင့် ချင်းယန် ကျောင်းတော်မှ မြင့်မြတ်သူတစ်ယောက်နှင့် သူမကို တာအိုလက်တွဲဖော်များအဖြစ် လက်ဆက်ပေးလိုခဲ့လေသည်။ ထိုအခါမှသာ မြင့်မြတ်အေးချမ်းသည့် အမျိုးသားသည် အမျိုးသမီးဖြစ်သူ၏ မိစ္ဆာဆန်ပြီး သတ်လိုဖြတ်လိုသည့် စိတ်ထားများကို ထိန်းသိမ်းပဲ့ပြင်ပေးနိုင်မည်ဟု ယူဆခဲ့လေသည်။

သို့သော်... ချင်းယန်ကျောင်းတော်၏ ဂိုဏ်းချုပ် ယင်ရှန်းကျွ
င်းအရှင်ကတော့ ဟယ်စူးရင်းသည် သတ်ဖြတ်လိုစိတ် ကြီးမား
သည့်အတွက် ချင်းယန်ကျောင်းတော် ဒုက္ခရောက်ရမည်ကို
စိတ်ပူလေသည်။ ထို့ကြောင့် သူ၏ တပည့်များ အားလုံးကို
မည်သူမှ ဟန်စူးရင်းနှင့် လက်ထပ်ခွင့်မပြုခဲ့ပေ။
သတင်းစကားများက မည်သို့ ပျံ့နှံ့သွားသည် မသိပေ။
ထိုအချိန်မှစပြီး မည်သည့်တာအိုကျင့်ကြံသူမှ ဟန်စူးရင်းကို
လက်ထပ်ရန် မကမ်းလှမ်းကြတော့ပေ။
ယင်ရှန်းကျွင်းအရှင်သည် မြင့်မြတ်သည့် ကျင့်ကြံသူတစ်
ယောက် ဖြစ်လေရာ သူက လက်မထပ်ခိုင်းသည့်သူကို အခြား
သူများကလည်း လက်မထပ်ဝံ့ကြပေ။ သူ့စကားကို ကျင့်ကြံသူ
အများစုက လေးစားလက်ခံကြလေသည်။
ဟယ်စူးရင်းသည် ထိုအချိန်မှစပြီး တာအိုလက်တွဲဖော် ရှာမ
တွေ့တော့ပေ။ ဟန်စူးရင်းသည် အလွန်မာနကြီးသူ တစ်

ယောက် ဖြစ်သည့်အတွက် ယောကျ်ားများကိုလည်း အရေး

စိုက်သူ မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ သူမကို အရှက်ခွဲခဲ့သည့်

ချင်းယန်ကျောင်းတော်ကိုတော့ အလွန်မုန်းတီးလေသည်။

ချင်းယန်ကျောင်းတော်သည်ကား လျှို့ဝှက်ဆန်းကြယ်ပြီး

ခန့်မှန်း၍မရနိုင်သည့် ကျောင်းတော်တစ်ခု ဖြစ်လေသည်။

အင်အားမှာလည်း ရှမ်နီွနန်းတော်ထက် မလျော့ပေ။ ထို့ကြောင့်

သူမသည် ချင်းယန်နန်းတော်ကို ပေါ်ပေါ်ထင်ထင် မစော်ကားဝံ့

ပေ။

သို့သော်… အနီရောင်မြေခွေးကတော့ နတ်မိစ္ဆာလေးတစ်

ကောင်မျှသာ ဖြစ်လေသည်။ သူမရှေ့တွင် ချင်းယန် ကျောင်း

တော်ဆိုသည့် အမည်ကိုထုတ်ပြောရဲခြင်းမှာ တော်ရုံသတ္တိနှင့်

တော့ မရနိုင်ပေ။ ထို့ကြောင့် သူမသည် သည်းခံနိုင်စွမ်း မရှိ

တော့ပေ။

ဟယ်စူးရင်းမှာ ဒေါသချောင်းချောင်း ထွက်လျှက်ရှိလေသည်။

သူမက ဦးခေါင်းထက်မှ တိမ်တိုက်ပုံသဏ္ဍာန် ရွှေဆံထိုးလေးကို ဖြုတ်ယူလိုက်လေသည်။ ထို့နောက် ဆံထိုးလေးကို လေထဲသို့ ပစ်လွှတ်လိုက်လေရာ ဆံထိုးလေးသည် လေကိုထိုးခွင်းသွားပြီး ရွှေရောင်အလင်းတန်းများအဖြစ် ပြောင်းလဲသွားလေသည်။

ရွှေရောင်အလင်းတန်းများနှင့် ထိမိသည်နှင့် အနီရောင်မြေခွေး၏ကိုယ်ထဲမှ မိစ္ဆာစွမ်းအားများသည် ပျောက်ကွယ်သွားရလေသည်။ မြေခွေးသည် သူ၏ကိုယ်ထဲမှ နတ်မိစ္ဆာပြဒါးလုံးကို အန်ထုတ်လိုက်ရုံသာမက နှာခေါင်းနှင့် ပါးစပ်မှ သွေးများလည်း ထွက်လာလေသည်။

နတ်မိစ္ဆာပြဒါးလုံးမှ အဖြူရောင်အလင်းတန်းများလည်း ပျောက်ကွယ်သွားလေသည်။ ထိုမိစ္ဆာပြဒါးလုံးထဲတွင် အနီရောင်မြေခွေး ဆယ်နှစ်ကျော်ကျင့်ကြံထားသည့် တန်ခိုးစွမ်းအားများ ပါဝင်လေသည်။

ဟယ်စူးရင်းသည် တန်ခိုးစွမ်းအားမြင့်မားပြီး ခွင့်လွှတ်တတ်သူ တစ်ယောက် မဟုတ်ပေ။ ရွှေရောင်အလင်းတန်းသည် နတ်မိစ္ဆာ ပြဒါးလုံးနှင့် ရိုက်မိပြီး ရွှေရောင်ဆံထိုးလေး ပြန်ပေါ်လာလေ သည်။

သူမက ရွှေရောင်ဆံထိုးလေးကို အမိန့်ပေးစေခိုင်းလိုက်လေရာ ဆံထိုးလေးမှ ရွှေရောင်အလင်းတန်းများ ဖြာထွက် လာပြီး လေထုတစ်ခုလုံး ရွှေရောင်အလင်းတန်းများ ဖုံးလွှမ်းသွားလေ သည်။ ဆံထိုးလေးသည် လေထဲတွင် လှုပစွာ တစ်ချက် လှည့်ပတ်လိုက်ပြီး အနီရောင်မြေခွေးကို ထိုးစိုက်ရန် ဆင်းသက်လာလေသည်။

သို့သော်… ရွှေရောင်အလင်းတန်းများသည် အနီရောင်မြေခွေး ကို ထိုးစိုက်မိမည့်အစား လမ်းကြောင်းပြောင်းသွားပြီး ဟယ်စူး ရင်းကို ထိုးစိုက်ချလိုက်လေတော့သည်။

ဂိုဏ်းတူအစ်မဖြစ်သူ ယွမ်ကျိုယီက အခြေအနေမဟန်သည်ကို ရိပ်မိလိုက်သည်နှင့် အလင်းတန်းတစ်ခုဖန်ဆင်းကာ ဟယ်စူးရင်းကို ကာကွယ်ပေးလိုက်လေသည်။ သို့သော်... ရွှေရောင် အလင်းတန်း (၁၀)ခုသည် ဟယ်စူးရင်း၏ သွေးကြောဆုံချက် (၁၀)နေရာကို ဖျက်စီးပစ်လိုက်ပြီး သူမသည် အပြင်းအထန် ဒဏ်ရာရသွားလေတော့သည်။

ဟယ်စူးရင်း၏ မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်နေပြီး စကားပင် မပြောနိုင်တော့ပေ။ ယွမ်ကျိုယီမှာတော့ များစွာ အံ့သြမင်သက်နေလေသည်။

သူမသည် ဂိုဏ်းတူညီမလေးထက် တန်ခိုးစွမ်းအား သာလွန်သူဖြစ်လေသည်။ သို့သော်... တစ်ဖက်လူက ရွှေဆံထိုးလေးကို ရုတ်တရက်ထိန်းချုပ်လိုက်ပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်သည့်အတွက် သူမအနေဖြင့် ညီမဖြစ်သူကို ကာကွယ်ရန် မဖြစ်နိုင်တော့ပေ။

တစ်ဖက်မှ တိုက်ခိုက်သူသည် သူမတို့ထက် အဆင့်အတန်း အလွန်မြင့်မားသည့် နတ်ဘုရားတစ်ပါး ဖြစ်နိုင်လေ သည်။ ထို သူ၏အဆင့်သည် လောကနတ်ဘုရားတစ်ပါးထက် အဆင့်မြင့် သူတစ်ယောက် ဖြစ်နိုင်လေသည်။

ထို့ပြင် သူတို့ (၂)ယောက်သည် ရှမ်နီနန်းတော်မှ ကျင့်ကြံ သူများဖြစ်သည်ကို သိရှိသည့်တိုင် တိုက်ခိုက်ရဲသည်ကို ကြည့် ခြင်းအားဖြင့် သူမတို့၏ ဇာစ်မြစ်ကိုပင် ကြောက်ရွံ့သူတစ် ယောက် မဟုတ်ပေ။ ထိုသို့သောလူမျိုးနှင့် ပြဿနာ ဖြစ်မိပါက ကြီးမားသည့် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရ မည်ဖြစ်လေသည်။

ကြိုးကြာကြီး (၂)ကောင်သည် ကောင်းကင်ထက်သို့ ပျံသန်း ထွက်ခွာသွားလေသည်။

ကောင်းကင်ထက်မှ ယွမ်ကျိယီ၏ အသံထွက်ပေါ်လာလေ သည်။

"ဆရာကြီးတရားပြတာ ဒီမိန်းကလေး သဘောပေါက်ပါပြီ..."

ကြိုးကြာငှက်ကြီး (၂)ကောင် ပျံသန်းထွက်ခွာသွားတော့မှ အနီ

ရောင်မြေခွေးလေးမှာ ယိုင်တိယိုင်တိုင်ဖြင့် ထလာပြီး သူ၏

နတ်မိစ္ဆာပြဒါးလုံးကို ပြန်မြိုချလိုက်လေသည်။

ထို့နောက် သူက အလွန်လေးစားသည့်လေသံဖြင့်...

"ဆရာကြီး ၊ ဟူတောက်တယ်ကို ဒီနေ့ ကယ်တင်တာ ကျေးဇူးမ

မေ့ပါဘူး ၊ အဆင်ပြေမယ်ဆိုရင် တစ်ချက်လောက်

ကိုယ်ထင်ပြပါလား ၊ ဒီမိစ္ဆာလေး ကျေးဇူးဆပ်ဖို့ မဖြစ်နိုင်

ရင်တောင် မှတ်ထားချင်လို့ပါ..."

ပတ်ဝန်းကျင့်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေပြီး မည်သည့်

တုံ့ပြန်သံမှ မကြားရပေ။

အနီရောင်မြေခွေးမှာ ထိုတန်ခိုးရှင်ကို လေးစားသည်ထက်

လေးစားလာမိလေသည်။ ထိုတန်ခိုးရှင်သည် သူ့ကို စိတ်ရင်း

အမှန်ဖြင့် ကူညီပေးသွားပြီး နာမည်ကိုပင် ပြောမသွားခဲ့ပေ။

သို့သော်... တစ်ခုတော့ ကောင်းလေသည်။ အကယ်၍ ရွှမ်နီ

နန်းတော်မှ တပည့်များရောက်လာပြီး ထိုတန်ခိုးရှင်၏ ဇာစ်မြစ်ကို သူ့ကိုမေးမြန်းမည်ဆိုလျှင် မသိသည့်အတွက် ပြောပြစရာမလိုတော့ပေ။

အနီရောင်မြေခွေးသည် ကျေးဇူးသိတတ်သူတစ်ယောက် ဖြစ်သည့်တိုင် တကယ်တမ်း နှိပ်စက်မေးမြန်းခြင်း ခံရလျှင်တော့ သူ့ကိုကယ်တင်ခဲ့သည့် တန်ခိုးရှင်အကြောင်းကို ထုတ်ပြောကောင်းပြောမိမည်ပဲ ဖြစ်လေသည်။

အနီရောင်မြေခွေးသည် လေးစားစွာဖြင့် ပတ်ဝန်းကျင်ကို ထပ်ပြီး ဦးညွှတ်ကန်တော့လိုက်လေသည်။ ထို့နောက် တောင်ကြောတစ်လျှောက်ပြေးလွှားထွက်ခွာသွားပြီး ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်သည် ကူးဝေဝေဆီသို့ ပြန်လာခဲ့လေသည်။

စောစောတုန်းက ရင်ဆိုင်ခဲ့ရသည့် အခြေအနေများကြောင့် စိတ်လှုပ်ရှားနေမိလေသည်။ ရွှေဆံထိုးလေးကို သူ မည်သို့

ထိန်းချုပ်လိုက်သည်ကိုပင် သူကိုယ်တိုင် သိရှိခဲ့ခြင်း မရှိပေ။ သူ့ကိုယ်သူပင် အနည်းငယ် ထူးဆန်းနေခဲ့ လေသည်။ သူ၏တန်ခိုးစွမ်းအားများ မည်မျှ အဆင့်မြင့်သည်ကို သူ ကိုယ်တိုင်ပင် မသိရှိသေးပေ။ သူသည်လောကရှိ အရာ အားလုံးကို ထိန်းချုပ်နိုင်စွမ်း ရှိဟန်တူလေသည်။ သူ၏ တန်ခိုးစွမ်းအားများသည် နတ်ဘုရားများထက်ပင် မြင့်မားနေ သေးသည်။

ကူးဝေဝေသည် အလွန်အရည်အချင်းရှိသူတစ်ယောက် ဖြစ် လေသည်။ သူမသည် အသက်ရှူကျင့်စဉ်ကို ကျင့်ကြံ နေရင်း နှင့်ပင် ကျင့်စဉ်လမ်းသို့ ဝင်ရောက်သွားလေသည်။ ထို့ပြင် သူမ ကျင့်ကြံရန်အတွက် ဆန်းလျှန်ရွေးခြယ် ပေးလိုက်သည့် နေရာကလည်း မိုးမြေစွမ်းအားများနှင့် ပြည့်ဝပြီး သန့်စင်သည့် နေရာဖြစ်လေသည်။ သူမ သတိ မထားမိခင်မှာပင် သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် မြူခိုးအလွှာပါးလေးတစ်ခု ဝန်းရံနေ

ပြီး သူမအသက် ရှူလိုက်တိုင်း သူမ၏ နှာသီးဝမှ အဖြူရောင် အခိုးအငွေ့များ ထွက်ပေါ်နေလေသည်။

ဆန်းလျန်သည် ဂိုဏ်းတူအစ်မကို တိတ်တဆိတ်ကြည့်နေလေ သည်။

အစ်မဖြစ်သူကို ကြည့်နေရသည်မှာ သူ၏စိတ်ကို အေးချမ်းစေ လေသည်။ သူ့ဘဝ၏ ဒုက္ခများအားလုံး ပျောက်ကွယ် သွား သည့်အလား ထင်မှတ်ရလေ၏။

ရုတ်တရက်... ပေ (၃၀၀) ပတ်လည်တွင် ထူးဆန်းသည့် အငွေ့အသက်တစ်ခု ရလိုက်လေသည်။

ဆန်းလျန်က စိတ်တစ်ချက်ညွှတ်လိုက်သည်နှင့် ထိုနေရာသို့ ချက်ချင်းရောက်ရှိသွားလေသည်။ သူက မြေပြင်ကို လက်ဖြင့် အသာပုတ်ကြည့်လိုက်ရာ အစိမ်းရောင်အခိုးအငွေ့များ ထွက် ပေါ်လာပြီး လူပုလေးတစ်ယောက်ပေါ်လာလေ သည်။ ထိုလူပု

လေးမှာ တောင်ဝှေးတစ်ချောင်းကိုကိုင်ထားပြီး ရှည်လျားသည့် အဖြူရောင် မုတ်ဆိတ်မွှေးများလည်း ရှိလေသည်။

လူပုအဘိုးအိုလေးသည် ဆန်းလျန်ကို တွေ့သည်နှင့် ရိုသေစွာ ဦးညွှတ်ဂါရဝပြုလိုက်ပြီး...

"ဒီအဘိုးအိုလေးက ချင်းရှတောင်က မြေစောင့်နတ်ပါ ၊ နတ်မင်းကြီး ကျွန်တော့်ကိုခေါ်တာ ဘာများ စေခိုင်းစရာရှိလို့ ပါလဲ..."

ဆန်းလျန်က...

"လက်စသတ်တော့ မင်းက မြေစောင့်နတ်ကိုး ၊ ဒါကြောင့် ယင်စွမ်းအားတွေမြင့်တက်လာပေမယ့် မိစ္ဆာစွမ်းအားတွေ သိပ်ပြီးမပြင်းထန်တာကိုး..."

အခန်း (၇၁၅) ညှော်သည်

ဆန်းလျန်၏ စကားကြောင့် မြေစောင့်နတ်မှာ ဘာပြန်ပြောရမှန်းမသိဖြစ်သွားပြီး အူကြောင်ကြောင်ဖြင့် ရယ်ကျဲကျဲ လုပ်နေလိုက်လေသည်။

ဆန်းလျန်က...

"တခြားနေရာတွေမှာရော မြေစောင့်နတ်တွေ ရှိသလား..."

မြေစောင့်နတ်က ရိုသေလေးစားစွာဖြင့်...

"နတ်မင်းကြီး... လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းလောက်က လူ့ပြည်နဲ့ ငရဲပြည် ပြန်လည်ပေါင်းစည်းသွားပြီး လောကနိယာမတရားတွေ ဟိုးရှေးရှေးတုန်းကအတိုင်း ပြန်လည်လည်ပတ်ခွင့်ရလာခဲ့ပါတယ်၊ ငရဲမင်း (၁)ပါးက အသူရာ

ချောက်(၉)ထပ်ကို ပြန်လည် အုပ်ဆိုးခဲ့ပြီး ကုသိုလ်ကောင်းမှု

နည်းနည်းပါးပါးရှိတဲ့ ဝိညာဉ်လေးတွေကို လူ့ပြည်မှာ မြေ

စောင့်နတ်အဖြစ်တာဝန်ထမ်းဆောင်ဖို့ စီရင်ချက်ချခဲ့ပါတယ်၊

အခုခေတ်မှာတော့ ယွမ်ကျိုးနယ်တစ်လွှားမှာ မြေစောင့်နတ်

တွေအတွက် နတ်ကွန်းတွေလည်း အများကြီးရှိလာပါတယ်၊

မြေစောင့်နတ်တွေမှာ ဆိုင်ရာပိုင်ရာ နယ်မြေတွေရှိပါတယ်၊

ကိုယ်ဆိုင်ရာပိုင်ရာနယ်မြေထဲမှ နေထိုင်တဲ့ လူတွေကို တတ်နိုင်

သမျှ စောင့်ရှောက်ကြပါ တယ်"

ဆန်းလျန်က...

"ဒါဆို ငရဲမင်းကို မင်းက တွေ့ခွင့်ရှိတာပေါ့..."

မြေစောင့်နတ်က...

"ကျွန်တော့်လို နတ်ငယ်လေးက ငရဲမင်းကို ဘယ်လိုလုပ် တွေ့

ခွင့်ရနိုင်ပါ့မလဲ၊ ချင်ပြည်နယ်မြို့တော်ရဲ့ မြို့စောင့်နတ်ချန်ဟွ

မ်တောင်မှ ငရဲမင်းရဲ့ ပုံသဏ္ဍာန်အစစ်အမှန်ကို တစ်ခါမှ မမြင်ဖူးဘူးတဲ့..."

"အော်..."

ဟု ပြောကာ ဆန်းလျန်က ခဏစဉ်းစားနေပြီးမှ...

"ကျုပ် ပိုင်ကျားမြို့ကိုရောက်နေတာ နည်းနည်းတောင်ကြာနေပြီ ၊ အရင်နေ့တွေတုန်းက မင်းကို ဘာလို့ အာရုံမခံမိ တာပါလိမ့်..."

မြေစောင့်နတ်က...

"အရင်နေ့တွေတုန်းက ဒီနတ်ငယ်လေးက ချင်ပြည်နယ်မြို့တော်ရဲ့ မြို့စောင့်နတ်ချန်ဟွမ်ဆီကို အလုပ်တာဝန်တွေသွားပြီး အစီရင်ခံ နေတာပါ ၊ အခု ဒီညမှ ပြန်ရောက်လာတာပါ ၊ ပြန်ရောက်ရောက်ချင်းပဲ ချင်းရှတောင်ရဲ့ မိုးမြေစွမ်းအားတွေပြောင်းလဲနေတာနဲ့ ခဏထွက်ကြည့်တာပါ ၊ နတ်မင်းကြီးက လူ

တစ်ယောက်ကို တာအိုကျင့်စဉ် သင်ကြားပေးနေတာလို့ ထင်မ

ထားမိဘူး"

ဆန်းလျန်က မြေစောင့်နတ် လိမ်ပြောနေခြင်း ဟုတ် မဟုတ်

စိတ်ထဲမှ တွက်ချက်ကြည့်လိုက်လေသည်။

မြေစောင့်နတ်သည် အမှန်တကယ် ပြောနေခြင်းဖြစ်ပြီး လိမ်

ပြောခြင်းမရှိကြောင်းကို သိလိုက်ရလေသည်။ မြေစောင့် နတ်

မှာ ကုသိုလ်အကျိုးပေးကြောင့် နတ်ဖြစ်လာသည့် သာမန်နတ်

ငယ်တစ်ပါးသာ ဖြစ်လေသည်။ သို့သော်... ဆန်းလျန် အတွက်

အသုံ၀င်ကောင်း ၀င်ပေလိမ့်မည်။

ဆန်းလျန်က...

"ကျုပ် ခုတလော ပိုင်ကျားမြို့မှာပဲ နေတယ်၊ မင်း ပြဿနာ

တစ်ခုခုရှိရင် ကျုပ်ကိုလာရှာလို့ ရပါတယ်၊ ကျုပ် ကူညီနိုင်

တာရှိရင် ကူညီပါ့မယ်၊ ဒါပေမယ့် ကျုပ်အကြောင်းကိုတော့

ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့နော်..."

မြေစောင့်နတ်က ပျော်ရွှင်စွာဖြင့်...

"ပိုင်ကျားမြို့မှာ နတ်မင်းကြီးရှိနေတော့ ကျွန်တော်လည်း စိတ်အေးရတာပေါ့..."

ဆန်းလျှန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"မင်းသွားလို့ရပြီ ၊ ကျုပ်ရဲ့ ဂိုဏ်းတူအစ်မ ကျင့်စဉ်ကျင့်ကြံတာ ပြီးတော့မယ် ၊ အခက်အခဲတစ်ခုခုရှိရင် ဒါမှမဟုတ် အရက်သောက်ချင်ရင်ပဲဖြစ်ဖြစ်ပေါ့ ပိုင်ကျားမြို့က 'သောက်ပြီးရင်မပြန်နဲ့တော့' စားသောက်ဆိုင်မှာ ကျုပ်ကို လာရှာပါ"

ဆန်းလျှန်စကားဆုံးသွားသည်နှင့် မြေစောင့်နတ်က ဆန်းလျှန်ကို ရိုသေစွာ ဦးညွှတ်ဂါရဝပြုလိုက်ပြီး အစိမ်းရောင် အခိုးအငွေ့များအဖြစ် အသွင်ပြောင်းကာ မြေကြီးအတွင်းသို့ ဝင်သွားလေတော့သည်။

ဆန်းလျှန်က မြေစောင့်နတ်ပျောက်ကွယ်သွားသည်အထိ ကြည့်နေရင်း အတွေးလွန်နေမိလေသည်။ မြေစောင့်နတ် များ ၊

မြို့စောင့်နတ်များတွင် ဆိုင်ရာပိုင်ရာ နယ်မြေများ ရှိကြ

သည်... တဲ့။

ဆန်းလျှန်မှတ်မိသလောက် ယခင်အချိန်များတုန်းက လောက

တွင် မြေစောင့်နတ် ၊ မြို့စောင့်နတ်များအတွက် နတ်ကွန်းများ

မရှိကြပေ။

မြေစောင့်နတ်၏ပြောပုံအရဆိုလျှင် ငရဲမင်းက မြေစောင့်နတ် ၊

မြို့စောင့်နတ်များကိုလူ့ပြည်သို့ စေလွှတ်လိုက်သည် မှာ နှစ်

ပေါင်းတစ်သောင်းခန့်ပင် ရှိပြီ ဖြစ်လေသည်။

မြေစောင့်နတ်သည်လည်း သူ့ကို လိမ်ပြောခဲ့ခြင်း မရှိပေ။ သူ

သည် နှစ်ပေါင်းသောင်းချီကြာအောင် အတိတ်မေ့နေခဲ့ သည့်

နတ်ဘုရားတစ်ပါးလေလား။ ဒါမှမဟုတ် သူသည် မြေစောင့်

နတ် ၊ မြို့စောင့်နတ်များ မရှိရာ လောကတစ်ခုမှ ဤလောကသို့

ရောက်လာခဲ့ခြင်းလေလား။

သို့သော်... သူက အခြားလောကတစ်ခုမှ ရောက်လာသူဆို လျှင် သူ၏ဂိုဏ်းတူအစ်မသည်လည်း အဘယ့်ကြောင့် ဤ လောကသို့ ရောက်ရှိနေရပါသနည်း။

ဂိုဏ်းတူအစ်မနှင့် ပြန်မဆုံခင်က သူ့ဘဝတွင် ဘာတွေများ ဖြစ် ပျက်ကြုံတွေ့ခဲ့ရပါသနည်း။ အတိတ်သည် မြူခိုးများ ဖုံးနေ သကဲ့သို့ စဉ်းစားမရ ရှိချေသည်။ ထို့ပြင် ဆန်းလျန် အတိတ် ကို ပြန်စဉ်းစားကြည့်လိုက်တိုင်း တစ်စုံတစ်ခုကို ကြောက်ရွံ့နေ သည့် ခံစားမှုက မြင့်တက်လာစမြဲ ဖြစ်လေသည်။

"အားလျန်... ဘာတွေစဉ်းစားနေတာလဲ..."

ကူးဝေဝေ၏ နူးညံ့သည့်အသံလေးက ဆန်းလျန်နားထဲသို့ ဝင် ရောက်လာလေသည်။

ဆန်းလျန်က ကူးဝေဝေရှိရာသို့ လျှောက်သွားလိုက်ပြီး ခပ် တိုးတိုးလေသံလေးဖြင့်...

"အစ်မအကြောင်း စဉ်းစားနေတာ..."

ကူးဝေဝေက...

"အမြဲတမ်း ငါ့ကိုနောက်ပြောင်ဖို့ပဲ စဉ်းစားမနေစမ်းနဲ့၊ အရက်တောင်တက်တော့မယ်၊ ငါတို့ ပြန်ကြရအောင်..."

ကူးဝေဝေက မြေပြင်ထက်တွင် ထိုင်နေရာမှ ထလိုက်ပြီး ခါးတစ်ချက် ဆန့်လိုက်လေသည်။

သူမတစ်ကိုယ်လုံး အားအင်များနှင့် ပြည့်ဝနေပြီး အအေးဒဏ်ကိုပင် ခံနိုင်ရည် ရှိနေလေသည်။

ဆန်းလျန်က...

"ဒါဖြင့် ပြန်ကြမယ်လေ..."

ယနေ့ည ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကိုတော့ ဆန်းလျန်က ကူးဝေဝေကို ပြောမပြတော့ရန် ဆုံးဖြတ် လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် ဂိုဏ်းတူအစ်မသည် ယခုမှ ကျင့်စဉ်လမ်းသို့ စတင်ဝင်ရောက်သူဖြစ်လေရာ ကိစ္စအများ ကြီးကိုသိရှိရန် မသင့်တော်သေးပေ။

ကူးဝေဝေက "အင်း" ဟု တစ်ချက်ပြောကာ ဆန်းလျန် ကြည့်လိုက်ရင်း...

"အိမ်ပြန်ရောက်ရင် နင့်ရဲ့ မုတ်ဆိတ်တွေရိတ်ပစ်လိုက်စမ်းပါ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘာလဲ ... ကြည့်လို့မကောင်းလို့လား..."

ကူးဝေဝေက စကားပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်လေသည်။

သူမ အသက်ရှူကျင့်စဉ် ကျင့်ကြံနေချိန်တွင် သူမ၏ စိတ်အာရုံထဲတွင် ဆန်းလျန်ကို ထပ်မံ မြင်တွေ့ခဲ့ရလေသည်။ သူမ၏ စိတ်အာရုံထဲမှ ဆန်းလျန်မှာ မုတ်ဆိတ်မွေး ၊ ပါးသိုင်းမွေးများ မရှိဘဲ အလွန်ချောမောသည့် လူငယ်လေး ဖြစ်လေသည်။ ဆန်းလျန်သာ မုတ်ဆိတ်မွေးများ ၊ နှုတ်ခမ်းမွေးများ ရိတ်လိုက်လျှင် သူမ၏ စိတ်အာရုံထဲတွင် တွေ့မြင်ခဲ့ရသည့် ဆန်း

လျှန်နှင့် အမှန်တကယ်ပင် တူညီမှုရှိမည်လားဟု ကူးဝေဝေ

တွေးနေမိလေသည်။

ဆန်းလျှန်က...

"အင်းပါ... အစ်မပြောစကား နားထောင်ပါ့မယ်..."

ဆန်းလျှန်က ချက်ချင်းပင် မျက်နှာကို လက်ဖြင့်သပ်ချလိုက်

ရာ မုတ်ဆိတ်များ ၊ နှုတ်ခမ်းမွေးများမှာ လက်ထဲသို့ ပါသွား

ပြီး ဆန်းလျှန်၏မျက်နှာမှာ သန့်စင်ရှင်းလင်းသွားလေ

တော့သည်။

ကူးဝေဝေမှာ ဆန်းလျှန်၏ ချောမောလှပသည့်မျက်နှာကို တွေ့

မြင်လိုက်ရသည့်အခါ ရှက်သွေးဖြာသွားလေသည်။

သူမက...

"အားလျှန် ၊ နင် အခုမှ အရမ်းကြည့်ကောင်းသွားတာ..."

ဆန်းလျှန်က သူ၏ မုတ်ဆိတ်များကို လက်ထဲတွင် ကိုင်ထား

ရင်း စိတ်ထဲမှ တွေးလိုက်လေသည်။

"ဟွန်း ဒီမုတ်ဆိတ်တွေကိုများ ပေါ့သေးသေးအောက်မေ့လို့၊

ငါ့သွေးထဲက အနှစ်သာရတွေပါနေတာ၊ ပြန်ရောက် တော့မှ ဒါ

တွေကို ဂိုဏ်းတူအစ်မအခန်းထဲမှာ အန္တရယ်ကင်းအဆောင်ဆို

ပြီး သွားချိတ်ပေးထားမယ်"

ထို့နောက်... သူတို့ (၂)ယောက် လက်ချင်းတွဲလိုက်ပြီး

ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားကြလေတော့ သည်။

ဆန်းလျန်က ကူးဝေဝေကို သူမ၏ အခန်းထဲသို့ လိုက်ပို့

ပေးလိုက်ပြီး သူ့အခန်းသူ ပြန်လာခဲ့လေသည်။

ကူးဝေဝေက အိပ်စက်ရန်ပြင်လိုက်သော်လည်း သူမ၏ စိတ်

များမှာ ကြည်လင်လန်းဆန်းနေပြီး အိပ်မပျော်တော့ပေ။

ခဏကြာသည့်အခါတွင်တော့ ...

ကြက်တွန်သံတစ်ချက် ထွက်ပေါ်လာပြီး အရှေ့ဆီမှ ရောင်နီ

လင်းလက်လာလေတော့သည်။

ပိုင်ရှောက်ယွီမှာ ညက တစ်ညလုံး အလုပ်ပင်ပန်းထားသဖြင့်

ပြတင်းပေါက်မှ နေရောင်ခြည်ဝင်လာတော့မှပင် အိပ်ယာမှ နိုး

လာလေတော့သည်။ အိပ်ယာမှ နိုးနိုးချင်း သူက ဒီနေ့တော့

သူဌေးကြီးပိုင်၏ လောင်းကစားဂေဟာတွင် သွားပြီး

လောင်းကစား ဦးမည်ဟု တွေးလိုက်မိလေသည်။

ဆန်းလျှန် သူ့အတွက်ပေးထားသည့် အခန်းကလည်း

သက်သောင့်သက်သာမရှိလှလေရာ နောက်ဆုံးတော့ ပိုင်ရှော

က်ယွီတစ်ယောက် အိပ်ယာမှ ထလာလေသည်။

သူ အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် ဟင်းရနံ့များကို ရလိုက်

လေသည်။

သူ ထမင်းစားခန်းသို့ရောက်သည့်အခါတွင်တော့ အငွေ့

တထောင်းထောင်းထနေသည့် ပေါက်စီပူပူလေးများနှင့် ဟင်းရံ

(၂)မျိုးချက်ထားသည်ကို တွေ့လိုက်ရလေသည်။

အစားအသောက်များအားလုံးမှ သွားရည်ကျစရာတွေချည်း ဖြစ်နေလေတော့သည်။

ကူးဝေဝေက...

"အမြန်မျက်နှာသွားသစ်၊ ပြီးရင် စားကြရအောင်..."

ပိုင်ရှောက်ယွီက...

"ဟုတ်ကဲ့ပါ အစ်မကူးဝေဝေ၊ ဒါနဲ့ အစ်မ ဒီနေ့ အရမ်းလှနေသလိုပဲ..."

ပိုင်ရှောက်ယွီက လိမ်ပြောခြင်း မဟုတ်ပါ။

သူ အိပ်ယာမှနိုးနိုးချင်း ကူးဝေဝေကို မြင်လိုက်ရသည်မှ တစ်ခုခုထူးခြားပြီး လှပနေသလို ခံစားလိုက်ရလေသည်။

ယခင်ကတော့ သူ့အမြင်တွင် ကူးဝေဝေသည် သာမန်မိန်းကလေးတစ်ယောက်မျှသာ ဖြစ်လေသည်။ သို့သော် ယခုတော့ ကူးဝေဝေသည် တစ်ခုခု ထူးခြားနေသလို ခံစားလိုက်ရလေသည်။

ကူးဝေဝေကတော့ သူမကိုယ်သူမ ပြောင်းလဲသွားသည်ကို ရိပ်မိခြင်း မရှိပါ။ သို့သော်... ပိုင်ရှောက်ယွီသည် အခြားသူများထက်ပိုပြီး လူကဲခတ်တော်သူ ဖြစ်လေသည်။ ထို့ကြောင့် အတိအကျပြောနိုင်ခြင်းမရှိသည့်တိုင် ကူးဝေဝေသည် အရင်ကထက် ပိုကြည့်ကောင်းနေသည်ကတော့ အမှန်ပင် ဖြစ်သည် ဟု မှတ်ချက်ပြုလိုက်မိလေ သည်။

ထိုအချိန်မှာပင်...

ဆန်းလျန် အောက်ထပ်သို့ ဆင်းလာလေသည်။

ဆန်းလျန်က ပိုင်ရှောက်ယွီကို တစ်ချက်ကြည့်လိုက်ရင်း...

"ဒီကလေးက စိတ်ရင်းကောင်းတယ်၊ ဒါပေမယ့် ကံမကောင်းရှာဘူး"

ဟု တွေးလိုက်မိလေသည်။

ဆန်းလျန်သည် ပိုင်ရှောက်ယွီကို တပည့်အဖြစ်လက်ခံရန် အစီအစဉ်မရှိပါ။ ထို့ပြင် တာအိုကျင့်စဉ်များကို လက်ဆင့်

ကမ်းသင်ပြပေးခြင်းမှာ ညက သူတွေ့ခဲ့သည့် အနီရောင်မြေခွေးကို ကူညီသင်ပြပေးခြင်းမျိုးနှင့် မတူပေ။ အကျိုးနှင့်အပြစ်က နက်နက်နဲနဲ ဒွန်တွဲနေလေသည်။

အနီရောင်မြေခွေးသည် သူ၏ကိုယ်ပိုင်ကျင့်စဉ်လမ်းဖြင့်ကျင့်ကြံနေခြင်းဖြစ်ပြီး ဆန်းလျန်က သူ့ကို လမ်းမှန်ရောက်အောင် အနည်းငယ်တည့်မတ် ပေးလိုက်ခြင်းသာ ဖြစ်လေသည်။

သို့သော်... လူတစ်ယောက်ကို တပည့်အဖြစ်လက်ခံကာ တာအိုကျင့်စဉ်များ သေသေချာချာ သင်ကြားပေးတော့ မည်ဆိုလျှင်တော့ ထိုတပည့်၏ ဆိုးမွေ ကောင်းမွေသည် ဆရာဖြစ်သူနှင့်လာရောက်ပတ်သက်မည် ဖြစ်လေသည်။

တပည့်ဖြစ်သူက နောင်တစ်ချိန်တွင် ပြဿနာရှာသူတစ်ယောက်ဖြစ်လာပါက ဆရာပါရောပြီး ဒုက္ခရောက်မည် ဖြစ်လေသည်။

ဆန်းလျန်သည် လောက၏ အကြောင်းအရာအတော်များများ ကို မည်သူကမှ ပြောပြခြင်းမရှိသော်လည်း အလိုလို သိရှိနေခဲ့ လေသည်။

ထို့ကြောင့် ဆန်းလျန်က ပိုင်ရှောက်ယွီကို စားသောက်ဆိုင်တွင် အလုပ်ခန့်ထားပြီး တတ်နိုင်သမျှ ကူညီမည်ဟု ဆုံးဖြတ်ထား သည့်တိုင် မလိုအပ်လျှင်တော့ ပိုင်ရှောက်ယွီကို တာအိုကျင့်စဉ် လမ်းသို့ လမ်းပြပေးမည် မဟုတ်ပေ။

မနက်စာစားပြီးသည့်နောက် ကောင်းကင်တစ်ခုလုံးမှောင်မဲလာ ကာ ဆောင်းတွင်းမိုး ရွာသွန်းလေတော့သည်။

အချိန်အတန်ကြာသည့်အခါတွင်တော့ ပိုင်ရှောက်ယွီသည် လည်း အလုပ်များအားလုံး ပြုလုပ်ပြီးသွားလေသည်။

သူက ဆန်းလျန်နှင့်ကူးဝေဝေရှိရာသို့ရောက်လာပြီး...

"တာအိုဆရာ ၊ အစ်မကူးဝေဝေ ... ကျုပ် လောင်းကစားဝိုင်း ခဏလောက်သွားချင်လို့..."

ကူးဝေဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"နင်က ဒီ သောက်လောင်းကစားကို လုပ်ဦးမလို့လား"

ပိုင်ရှောက်ယွီက...

"ဒီနေ့ ကျုပ်ကို ကံကောင်းမယ်လို့ တာအိုဆရာက ဗေဒင်ဟော

ပေးထားတာလေ ၊ မသွားလိုက်ရရင် နှမြောစရာ ကြီး..."

ကူးဝေဝေက "ကဲ... ဘယ်လိုလုပ်မလဲ" ဆိုသည့်အကြည့်ဖြင့်

ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ဆန်းလျန်က...

"မင်းရဲ့စိတ်က သွားချင်နေမှတော့ တားလို့လည်းရမှာ မဟုတ်

ဘူး ၊ အိမ်အနောက်မှာ မင်းအတွက် အင်္ကျီအသစ် (၁)ထည်ရှိ

တယ် ၊ အဝတ်အစားလဲပြီး အမြန်သွားတော့ ၊ အချိန်မလင့်ခင်

တော့ အိမ်ပြန်လာနော် ၊ မဟုတ်ရင်တော့ ဘယ်တော့မှ ပြန်လာ

ဖို့ မစဉ်းစားနဲ့တော့..."

ပိုင်ရှောက်ယွီက ခေါင်းတွင်တွင်ညိတ်ပြလိုက်ပြီး အကျီကိုအ

မြန်ဝတ်ကာ လောင်းကစားဂေဟာသို့ သုတ်ခြေတင် လေ

တော့သည်။

ထိုမျှလောက် မိုးသည်းကြီးမည်းကြီးရွာနေသည်ကိုပင် မနား

နိုင်ဘဲ လောင်းကစားဝိုင်းသွားသည့် လူငယ်သည်

လောင်းကစားကို မည်မျှစွဲလန်းနေသည်မှာ သိသာလေသည်။

ကူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"သူ့ရဲ့အရည်အချင်းတွေကို မှန်ကန်တဲ့နည်းလမ်းနဲ့သာ

အသုံးချရင် ဘယ်လောက်ကောင်းမလဲ ၊ အခုတော့ အလကား

လူ ဖြစ်နေရတယ်..."

ဆန်းလျန်က...

"စစ်ပွဲမှာ နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ဝမ်ထူမြင်းကြီးရဲ့

စစ်ရေးဗျူဟာတွေက နောက်ဆုံးတော့ အမှုံ့ဖြစ်သွားရ တာပါ

ပဲ ၊ လူ့လောကမှာ အရာအားလုံးက ဒုက္ခပင်လယ်ထဲက ရေ

လှိုင်းတွေလိုပါပဲ ၊ ဒါကြောင့် အစ်မ သူများတွေ အတွက်တွေးပူ

မနေနဲ့..."

ဆန်းလျှန်စကားဆုံးသွားသည်နှင့် ဆိုင်ရှေ့တွင် မြင်းရထား

(၁)စီး ရပ်လာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်က

မြင်းရထားပေါ်မှ ဆင်းလာပြီး ထီးတစ်လက်ကို အဆင်သင့်ဖွင့်

ကာ ကိုင်မိုးပေးထားလိုက်လေသည်။ ထို့နောက် သက်လတ်

ပိုင်းအရွယ် လူရွယ်တစ်ယောက် မြင်းရထားပေါ်မှ ဆင်းလာ

လေသည်။

သက်လတ်ပိုင်းအရွယ် လူရွယ်က လက်ခုပ်တစ်ချက်တီးလိုက်

ရင်း...

"တောလမ်းတစ်လျှောက်... ပဟေဠိအထွေထွေက စာပေ

သမားရဲ့ ရင်ထဲကို ထိရှစေတယ်..."

ဟု ပြောလိုက်လေသည်။

လူရှယ်၏ဘေးနားတွင် ထီးကိုင်မိုးပေးထားသည့် မိန်းကလေး

က...

"ကျွန်မတို့ ဒီစားသောက်ဆိုင်မှာ ခဏနားကြရအောင်..."

အခန်း (၇၁၆) ရေနွေးအဖြူထည်တစ်အိုး

မိုးရေစက်များသည် အနက်ရောင်ထီးပေါ်သို့ ကျဆင်းနေလေ

သည်။

အနက်ရောင်ဝတ်မိန်းကလေးက ထီးကိုစားသောက်ဆိုင်အပြင်ဘက်တွင် ချထားလိုက်ပြီး သက်လတ်ပိုင်းအရွယ် လူရွယ်နှင့်အတူ ဆိုင်အတွင်းသို့ ဝင်လာလေသည်။

ကူးဝေဝေသည် ငယ်စဉ်ကပင် စားသောက်ဆိုင်လုပ်ငန်းဖြင့်ရင်းနှီးခဲ့သူ ဖြစ်လေသည်။ သူမ၏ စားသောက်ဆိုင် သည်ရောင်းကောင်းခြင်းမရှိသည့်တိုင် ပိုင်ကျားမြို့ မြောက်ပိုင်းလမ်းမကြီးပေါ်တွင် တည်ရှိသည့်အတွက် နှစ်တိုင်း ခရီးသွားဧည့်သည်အချို့ကတော့ ရောက်လာတတ်စမြဲ ဖြစ်လေသည်။ ထို့ကြောင့် ကူးဝေဝေသည် စိတ်နေစိတ်ထားအမျိုးမျိုး ၊ ပုံသဏ္ဌာန်အမျိုးမျိုး ၊ ခံယူချက်အမျိုးမျိုးနှင့် လူပေါင်းများစွာ ကိုတွေ့ဆုံဖူးလေသည်။ သို့ဖြစ်လေရာ... သူမသည် လူကဲခတ်ညံ့သူတစ်ယောက် မဟုတ်ပေ။

ယခု ဆိုင်အတွင်းသို့ ဝင်လာသည့် သက်လတ်ပိုင်းအရွယ်လူရွယ်ကို တွေ့လိုက်ရသည့် အခါတွင်တော့ ထိုသူသည်

သာမန်ပုဂ္ဂိုလ်တစ်ယောက် မဟုတ်သည်ကို ကူးဝေဝေက ချက်ချင်း ရိပ်မိလိုက်လေသည်။

ထိုလူရွယ်၏ လက်ချောင်းများမှာ ဖြူဖွေးသန့်စင်နေပြီး ရှည်ရှည်သွယ်သွယ်နှင့် ဖြစ်လေရာ အလုပ်ကြမ်းလုပ်ရသည့် လက်များမဟုတ်သည်မှာ ထင်ရှားနေလေ၏။ ထို့ပြင် ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်သည်ကိုလည်း ခန့်မှန်း လိုက်မိလေသည်။ သို့သော်... ထိုသူ၏ မျက်လုံးတစ်ဝိုက်တွင်တော့ အရေးအကြောင်းများ ထင်နေလေသည်။ သူ၏ အသက်အရွယ်အရဆိုလျှင် ထိုမျှ မအိုစာသင့်သေးပေ။ ထို့ကြောင့် ထိုလူရွယ်တွင် စိတ်ပင်ပန်းစရာ အခက်အခဲများ ရှိနေကြောင်းကို ကြည့်ရုံဖြင့် သိနိုင်လေသည်။

ထိုလူရွယ်၏ ဘဝသည်လည်း ဇာတ်လမ်းအဖုံဖုံ အကြောင်းအရာမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရဟန်ရှိသည်ဟု ကူးဝေဝေ တွေးနေမိလေသည်။ လူတိုင်းတွင် ဇာတ်လမ်းများစွာ ရှိကြလေ

သည်။ ကြွယ်ဝချမ်းသာမှု ၊ ချောမောလှပမှု ၊ မိန်းမ လိုက်စား

ခြင်းများ စသည်ဖြင့် ဖြစ်လေ၏။

သူမသည် လူရွှယ်ကို တိတ်တဆိတ်လေ့လာနေသော်လည်း

စိတ်ဝင်စားခြင်း အလျဉ်းမရှိပါ။ သူမ၏ မျက်ဝန်းထဲတွင် ဆန်း

လျှန်နှင့် ယှဉ်နိုင်သူ တစ်ယောက်မှ မရှိပေ။

ကူးဝေဝေက သက်လတ်ပိုင်းအရွယ်လူရွှယ်ကို တိတ်တဆိတ်

လေ့လာနေချိန်တွင် သက်လတ်ပိုင်းအရွယ် လူရွှယ်က တော့

ဆန်းလျှန်ကို စိတ်ဝင်စားနေဟန် ရှိလေသည်။ ဆန်းလျှန်၏ ပုံစံ

မှာ ရှုံ့နှံ့များအကြားမှ သန့်စင်စွာ ပွင့်လန်းနေ သည့်ကြာပန်း

တစ်ပွင့်အလား ထူးခြားလေသည်။ အထူးခြားဆုံးမှာ ဆန်းလျှ

န်၏ မျက်ဝန်းများပင် ဖြစ်လေ၏။ ထိုမျက်ဝန်းများသည်

အခြားသူများ၏ စိတ်အာရုံကို စွဲဆောင်နိုင်စွမ်း ရှိလေသည်။

လူရွှယ်သည် ငယ်စဉ်အချိန်က အရှေ့တောင်ပိုင်းဒေသရှိ

ထင်ရှားသည့် တောင်တစ်တောင်သို့ ရောက်ခဲ့ဖူးလေ သည်။

ထိုအချိန်ကလည်း လူငယ်တစ်ယောက်နှင့် ဆုံခဲ့ဖူးလေသည်။

ထိုလူငယ်မှာ သူ့ကို စိမ်းလန်းသောပိုးစာခင်း များရှိရာသို့ သူ့ကို လမ်းပြပေးခဲ့သည့် ဒေသခံလူငယ်တစ်ယောက် ဖြစ်လေသည်။

ထို့ပြင် ထိုလူငယ်ပြောပြသည်မှာ ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာက ပိုးစာခင်းများရှိရာနေရာသည် ပင်လယ်ကြီး တစ်ခု ဖြစ်ခဲ့ပြီး အချိန်ကာလ ကြာလွန်းသည့်အတွက် မြေပြင်အနေအထားများ ပြောင်းလဲသွားသည်ဆိုသည့် အချက် ပင် ဖြစ်လသည်။

ယခု သူ့ရှေ့မှ လူငယ်တာအိုဆရာကိုတွေ့မြင်ရသည်မှာ ထိုလူငယ်ကဲ့သို့ပင် ခံစားရစေလေသည်။ သို့သော်... ယခု တာအိုဆရာမျက်ဝန်းများက ပို၍ပင် နက်ရှိုင်းသယောင် ထင်မှတ်ရလေ၏။

သက်လတ်ပိုင်းအရွယ် လူရွယ် လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲ ပြဿနာများ ၊ နှစ်ပေါင်းများစွာ မဖြေရှင်း နိုင်

သည့် ပြဿနာများကို ထိုလူငယ်ကို ဖွင့်ပြောပြချင်နေမိလေ
သည်။

သို့သော် ကူးဝေဝေ၏ စကားသံထွက်ပေါ်လာသည့်အတွက်
သက်လတ်ပိုင်းလူရွယ်၏အတွေးများ ပျောက်ကွယ် သွားရ
လေသည်။

"လူကြီးမင်း ၊ ဘာများသုံးဆောင်လိုပါသလဲရှင် ၊ စားစရာ
သောက်စရာ အကုန်ရပါတယ်..."

သက်လတ်ပိုင်းအရွယ် လူရွယ်မှာ ပညာတတ်တစ်ယောက်ဖြစ်
လေရာ ကူးဝေဝေ၏ မျက်နှာထက်မှ ဈေးရောင်းချင် သည့်
အပြုံးကိုနားလည်လိုက်လေသည်။

"ရေနွေးအဖြူထည်တစ်အိုးပေးပါ..."

ကူးဝေဝေမှာ စိတ်ပျက်သွားရလေသည်။

လူရွယ်သည် ပိုက်ဆံချမ်းသာပုံရသည့်အတွက် မျိုးမျိုးမြတ်
မြတ်ကလေးများ ရောင်းရလေမလားဟု တွေးထင်ထား ခဲ့မိ

သော်လည်း လူရွှယ်မှာကြားလိုက်သည်က ရေနွေးအဖြူထည်

တစ်အိုး ဖြစ်လို့နေခဲ့သည်။ သို့သော် မည်သို့မှ မတတ်နိုင်ပေ။

ကူးဝေဝေက...

"ခဏလောက် ထိုင်ကြပါဦးရှင့် ၊ ကျွန်မ ရေနွေးသွားကျို

လိုက်ပါဦးမယ်..."

ကူးဝေဝေ မီးဖိုချောင်အတွင်းသို့ဝင်လာပြီး ရေနွေးအိုးတည်ရန်

ပြင်ဆင်နေချိန်မှာပင် သူမအနားသို့ ဆန်းလျန် ရောက်လာလေ

သည်။

ကူးဝေဝေက...

"အားလျန်... ဘာလို့လိုက်လာတာလဲ..."

ဧည့်သည်များပြန်သွားကြသည့်အတွက် ဆန်းလျန် သူမ

နောက်သို့ လိုက်လာသည်ဟု ကူးဝေဝေက ထင်လိုက်မိလေ

သည်။

ဆန်းလျန်က...

"ကျွန်တော် ရေနွေးအိုးတည်ပေးမလို့...."

ကူးဝေဝေက...

"ကောင်းပြီ... ဒါနဲ့ အဲဒီညှော်သည်က ကပ်စေးနဲတဲ့ပုံပဲနော်..."

ဆန်းလျှန်က...

"ကပ်စေးနဲတာထက် သတိထားနေတာဖြစ်ရမယ်..."

ကူးဝေဝေသည်လည်း ခပ်တုံးတုံးမဟုတ်သည့်အတွက် ဆန်း လျှန်ပြောသည့် စကားအဓိပ္ပါယ်ကို နားလည်လိုက်လေ သည်။ အိမ်နှင့်ဝေးသည့်နေရာတစ်ခုတွင် ရေနွေးအဖြူထည်ကိုသာ မှာပြီးသောက်ခြင်းမှာ အနည်းငယ် ထူးဆန်းလေသည်။ အဘယ်ကြောင့် ထိုသို့ ပြုလုပ်ရပါသနည်း။

အဘယ်ကြောင့်ဆိုသော် ရေနွေးအဖြူထည်ဆိုသည်က အနံ့၊ အရသာ၊ အရောင်အဆင်း တစ်ခုမှ မရှိပေ။ ထို့ကြောင့် အဆိပ် ခတ်ရန် ခက်ခဲလေသည်။ အဆိပ်ခတ်မည်ဆိုပါကလည်း အနံ့၊

အရသာ ၊ အရောင်အဆင်း ဘာတစ်ခုမှ မရှိသည့် အဆိပ်ကို

သာ ခတ်နိုင်မည် ဖြစ်လေသည်။

သို့သော်... အနံ့၊ အရသာ ၊ အရောင်အဆင်း မရှိသည့် အဆိပ်

မျိုးဆိုသည်က ရှားပါးသလို တန်ဖိုးလည်း ကြီးလွန်းလေသည်။

တော်ရုံလူအသုံးမပြုနိုင်သလို ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်

ထားခြင်းမရှိလျှင် ထိုသို့သော အဆိပ်မျိုးကို မည်သူမှ

အသုံးပြုကြမည် မဟုတ်ပေ။

ရေသောက်ရန်ပင် သတိထားနေရသည့် လူတစ်ယောက်၏

အခြေအနေသည် မည်မျှအထိဆိုးဝါးနေကြောင်းကို သိရှိနိုင်

လေသည်။

ကူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒီစားသောက်ဆိုင်က ဈေးမရောင်းရရင်တော့ ရေရှည်မှာ

ဒုက္ခရောက်တော့မှာပဲ..."

ဆန်းလျှန်က...

"ဘဝတစ်လျှောက်မှာ ဒုက္ခဆိုတာက တစ်ခုမဟုတ် တစ်ခု ကြုံတွေ့နေရမှာပဲ..."

ကူးဝေဝေက ဆန်းလျန်ကို တစ်ချက် စောင်းကြည့်လိုက်လေသည်။

ဆန်းလျန်သည် စကားများများ ပြောတတ်သူတစ်ယောက် မဟုတ်ပေ။ ယခုကဲ့သို့ သူမအနားလာပြီး စကားတွေပြော နေသည်မှာ အကြောင်းရှိရပေမည်။

ကူးဝေဝေက...

"အဲဒီ ဧည့်သည်ကလည်း ကျင့်ကြံသူတစ်ယောက်ပဲလား..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"အစ်မ သိလာမှာပါ..."

ကူးဝေဝေက ဆန်းလျန်ကို ကြည့်လိုက်ရင်း...

"သူသာ ကျင့်ကြံသူတစ်ယောက်ဆိုရင် နင်ပြောတာတွေကို ကြားနိုင်တယ်လေ ၊ ကျင့်ကြံသူတွေရဲ့ အကြားစွမ်းအင် က သာမန်လူတွေလိုမျိုး မဟုတ်ဘူးမလား"

ဆန်းလျန်က...

"တကယ်တော့ အဲဒီလောက်အဆင့်က ဘာဟုတ်လို့လဲ ၊ ကျွန်တော် အစ်မကို သင်ပေးထားတဲ့ အသက်ရှူကျင့်စဉ် ကို ရက်ပေါင်း (၁၀၀)လောက်သာ ကျင့်ကြံလိုက် ၊ အဲဒီလိုအစွမ်းမျိုး ရလာမှာပဲ..."

အကယ်၍ ဆန်းလျန်ပြောသည့်စကားများကို အပြင်မှ သက်လတ်ပိုင်းအရွယ် လူရွယ်သာ ကြားသွားမည်ဆိုလျှင် ဆွေ့ဆွေ့ခုန်သွားမည် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော်... လူရွယ်မှာ ထိုမျှလောက်အဆင့်သို့ ရောက်ရှိရန် အတွက် မရေမတွက်နိုင်သည့် ဝိညာဉ်စွမ်းအား ဆေးဝါးများ ၊

ဝိညာဉ်စွမ်းအား ပစ္စည်းများ အသုံးပြုကာ အနှစ် (၃၀) ခန့်ခက်ခက်ခဲခဲ ကျင့်ကြံခဲ့ရသောကြောင့် ဖြစ်လေ၏။

သို့သော်... ယခု ဆန်းလျန်ကတော့ ရက် (၁၀၀) ခန့်ကျင့်ကြံလျှင် ထိုကဲ့သို့သော အစွမ်းမျိုး ရရှိမည်ဟု ကူးဝေဝေကို ပြောနေခဲ့လေသည်။

ဆန်းလျန်ကလည်း လိမ်ပြောခြင်း မဟုတ်ပါ။ ကူးဝေဝေသည် ဆန်းလျန်သင်ပေးသည့် အသက်ရှူကျင့်စဉ်ကို ကျင့်ကြံနေသရွေ့ ရက်ပေါင်း (၁၀၀) အတွင်းတွင် ကိုယ်တွင်းစွမ်းအားများ သန့်စင်သွားပြီး အသစ်ပြန်လည် မွေးဖွားလာသလို ဖြစ်သွားပေလိမ့်မည်။ ထိုအခါ အကြားအာရုံ ၊ အမြင်အာရုံများ ထက်မြက်လာမည် ဖြစ်လေသည်။

လောကတွင် ကူးဝေဝေကဲ့သို့ ကံကောင်းသူ (၂)ယောက် မရှိနိုင်ပေ။ မည်သည့် နတ်ဘုရားကျောင်းတော်ကမှ ဆန်းလျန်

သင်ပေးသည့် ကျင့်စဉ်ထက် အခြေခံကျသည့် ကျင့်စဉ်မျိုးကို

သင်ပေး နိုင်ကြမည် မဟုတ်ပေ။

ဆန်းလျန်က ကူးဝေဝေကို အသက်ရှူကျင့်စဉ်သာ သင်ပြပေး

ခြင်း မဟုတ်ပါ။ သူမ၏ သွေးကြောဆုံချက်နေရာ များမှ

အပြောင်းအလဲများကိုလည်း စောင့်ကြည့်နေခဲ့လေသည်။

တစ်ခုခု အပြောင်းအလဲ ဖြစ်တော့မည်ဆိုလျှင် ဆန်းလျန် က

ကြိုတင်ခန့်မှန်းမိပြီး သွေးကြောဆုံချက်များကို မသိမသာ

ပြုပြင်ပေးသွားလေ့ရှိလေသည်။

ထို့ကြောင့် မသိလျှင် ဆန်းလျန်သည် ကူးဝေဝေကို လက်ကိုင်

လိုက် ၊ ထိလိုက် ၊ တို့လိုက်နှင့် အသားယူနေသကဲ့သို့ ထင်မှတ်

ရလေသည်။ ကူးဝေဝေကတော့ ဆန်းလျန်က သူမကို

သဘောကျနေသည့်အတွက် ထိုသို့ ပြုလုပ်နေသည် ဟု

ထင်မှတ်နေလေသည်။ အမှန်တော့ ဆန်းလျန်က သူမကို

ကျင့်စဉ်လမ်းတွင် အဆင်ပြေစေရန် ပြုပြင် ပေးနေခြင်း သာ ဖြစ်လေသည်။

သို့သော် ထိုအကြောင်းများကို ဆန်းလျန်က ကူးဝေဝေကို ပြောပြမည်မဟုတ်ပါ။ ကူးဝေဝေသည် စိတ်ထိခိုက်ခံစား လွယ်သူ တစ်ယောက် ဖြစ်လေရာ ဆန်းလျန်သာ အမှန်ကိုပြောပြလိုက်လျှင် စိတ်ထိခိုက်သွားပေလိမ့်မည်။ စိတ်ထိခိုက်သွားလျှင် သူမ၏ အနာဂတ်ကျင့်စဉ်လမ်းတွင် အနှောက်အယှက်ဖြစ် သွားနိုင်လေသည်။

ကူးဝေဝေကတော့ ထိုအချက်ကို နားမလည်ပါ။ သို့သော်... ဆန်းလျန်၏ စကားများကိုကြားရသည့်အခါတွင်တော့ သူမ အလွန်ပျော်ရွှင်သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် သူမ သာ ကျင့်စဉ်များကျင့်ကြံပြီး ထူးခြားသည့် တန်ခိုးစွမ်းအား များ ရရှိလာလျှင် သူမနှင့် ဆန်းလျန် နီးစပ်လာမည်ဖြစ်ပြီး ဝေးကွာတော့မည်မဟုတ်ဟု တွေးမိ သည့်အတွက်ပင်။

ဆန်းလျန်က ထူးခြားသည့် စွမ်းရည်များပိုင်ဆိုင်သည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။ သူမကတော့ လူသား တစ်ယောက်ဖြစ်လေရာ ဆန်းလျန်သည် သူမနှင့် မည်သို့ ထိုက်တန်ပါမည်နည်း။

သို့သော်... သူမသည်လည်း တန်ခိုးစွမ်းအားများ ရရှိလာလျှင် ဆန်းလျန်နှင့်ပိုပြီး နီးစပ်လာနိုင်ပြီး သူတို့ (၂)ယောက် ကြားမှ ကွာဟချက်သည် ပျောက်ကွယ်သွားရပေလိမ့်မည်။

ချင်းယန်ကျောင်းတော်မှ ယင်ရှန်းကျွင်းအရှင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးသာ ကူးဝေဝေ၏ အတွေးများကို သိရှိသွားလျှင် ဟားတိုက်ရယ်မောမည် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ကူးဝေဝေသည် ကျင့်ကြံခြင်းကို အပေါ်ယံမျှ သာသိရှိသော မိန်းကလေးငယ်တစ်ယောက် ဖြစ်နေသောကြောင့်ပင်။

လူသားများနှင့် သာမန်နတ်ဘုရားများကြားမှ ကွာဟချက်သည် သမုဒ္ဒရာအလား ကျယ်ပြန့်လှလေ၏။ သာမန် နတ်ဘုရားများ

နှင့် ဆန်းလျန်ကဲ့သို့သော နတ်ဘုရားတစ်ပါး၏ ကွာဟချက်

သည်ကား သမုဒ္ဒရာထက်ပင် ကျယ်ပြန့်လေသည်။

ထိုကွာဟချက်သည် တန်ခိုးစွမ်းအားတစ်ခုတည်းတွင်သာ ကွာ

ဟခြင်းမဟုတ်ပေ။ လျှို့ဝှက်နက်နဲမှုများ ၊ ဉာဏ်ပညာ များ ၊

များစွာသောအကြောင်းအရာများတွင် ကွာဟခြင်း ဖြစ်လေ

သည်။

ဆန်းလျန်သည်ကား လက်တစ်ချက်ဝှေ့ယမ်းလိုက်ရုံ ၊ ခြေတစ်

လှမ်းကြွလိုက်ရုံမျှဖြင့် အရာအားလုံးသည် သူ့ဆန္ဒအတိုင်း

ဖြစ်လာနိုင်သူ ဖြစ်လေသည်။ သာမန်နတ်ဘုရားတစ်ပါးသည်

စိတ်ဖြင့် ပြစ်မှားရုံဖြင့်ပင် အသက်ပျောက် သွားနိုင်လေသည်။

လောကတစ်ခုလုံးရှိ နတ်ဘုရားကျင့်စဉ်များ ၊ ဗုဒ္ဓဘာသာ

ကျင့်စဉ်များနှင့် နတ်မိစ္ဆာကျင့်စဉ်များအားလုံးသည် ဆန်းလျ

န်၏ စိတ်ထဲတွင်တော့ ရေထဲတွင် အရိပ်ထင်နေသည့်လရောင်

ပမာ ရှင်းလင်းစွာဖြင့် နားလည်လျှက် ရှိလေသည်။ ကျင့်စဉ်

များ၏ သဘောသဘာဝကို ဆန်းလျှန် နားလည်လေလေ တာ့

လော်အဆင့်နှင့် နီးကပ်လာ လေလေဖြစ်လေသည်။

တာ့လော်ကို သရုပ်သကန် အဆင့်ခွဲနိုင်ပြီဆိုလျှင် တာအိုဆရာ

သခင်ကြီးတစ်ပါး ဖြစ်လာမည် ဖြစ်လေသည်။

သို့သော်... တာ့လော်အဆင့် နတ်ဘုရားတိုင်းသည် တာအို

ဆရာသခင်ကြီး ဖြစ်လာနိုင်မည် မဟုတ်ပေ။

အဆုံးမရှိသည့် အချိန်စီးဆင်းမှုတစ်လျှောက် ဂင်္ဂါမြစ်ကမ်းမှ

သဲမှုံများအလား မရေမတွက်နိုင်သည့် သက်ရှိသတ္တဝါ များစွာ

ရှိခဲ့ကြလေသည်။ ထိုသက်ရှိသတ္တဝါများထဲတွင် သံသရာကို

ကျော်လွန်အောင် ကျင့်ကြံနိုင်သူဆို၍ ပုဂ္ဂိုလ် (၂)ဦးသာရှိလေ

သည်။ ပထမတစ်ပါးမှာ ဗုဒ္ဓဖြစ်ပြီး ဒုတိယတစ်ပါးမှာ တာအို

ဆရာသခင်ကြီးထိုက်ယီပင် ဖြစ်လေ တော့သည်

အခန်း (၇၁၇) အလောင်းမိစ္ဆာ

ဆန်းလျန်သည် တာအိုဆရာသခင်ထိုက်ယီလောက်တော့

အခက်အခဲပြဿနာများကို ရင်ဆိုင်ရခြင်း မရှိသေးပေ။

သို့သော်... တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်ချင်သည်ဆို

လျှင်တော့ မရေမတွက်နိုင်သော အခက်အခဲများကို ရင်ဆိုင်ရ

မည် ဖြစ်လေသည်။ သို့ရာတွင် အခက်အခဲများကို ရင်ဆိုင်ရ

တိုင်းလည်း တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာနိုင်မည်

မဟုတ်ပေ။ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာရန်မှာ

မျှော်လင့်ချက် အနည်းငယ်မျှသာရှိလေ သည်။

မည်သို့ပင်ဖြစ်စေ... ဆန်းလျန်အတွက်တော့ လက်ရှိအချိန်က

သာ သူ့အတွက် အရေးအကြီးဆုံး ဖြစ်လေသည်။

ဆန်းလျန်က ရေနွေးအိုးတည်ပေးရန်ဟု အကြောင်းပြကာ ကူးဝေဝေနောက်သို့ လိုက်လာခြင်းမှာ သူမကို ကျင့်စဉ် တစ်ခု သင်ပြပေးလိုခြင်းကြောင့် ဖြစ်လေသည်။

ဆန်းလျန်က ရေနွေးအိုးကို မီးဖိုထက်သို့ တင်လိုက်လေသည်။ သို့သော်... မီးဖိုထဲတွင် မီးမရှိပါ။ ဆန်းလျန်က ကူးချိုင်ဝေ့၏လက်များကို ကိုင်လိုက်ပြီး ရေနွေးအိုးကို တစ်ချက် စိုက်ကြည့်လိုက်လေသည်။ ယခုရက်ပိုင်းတွင် ဆန်းလျန်နှင့် ကူးဝေဝေကြားတွင် လက်ကိုင်ခြင်းဆိုသည်မှာ ထူးဆန်းသည့် ကိစ္စမဟုတ်တော့ပါ။

ရုတ်တရက်ပင်... သူမ၏ မျက်လုံးထဲတွင် ထူးဆန်းသည့် မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော်... သူမမျက်စိရှေ့မှ ရေနွေးအိုးမှာ ပျောက်ကွယ်သွားပြီး ရေနွေးအိုးအတွင်းမှ ကြည်လင် သည့်ရေများကိုသာ တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။ ရေ

ထဲတွင် သေးငယ်သည့် အမှုံငယ်လေးများ များစွာ ပါရှိနေပြီး သာမန်မျက်စိဖြင့်ဆိုလျှင် ထိုအမှုံငယ်လေးများကို တွေ့မြင်နိုင်စရာ အကြောင်းမရှိပေ။ ယခုတော့ သူမသည် ရှင်းလင်းစွာ တွေ့မြင်နေရလေသည်။

သူမသည် အမှုံငယ်လေးများကို ပိုပြီးထင်ရှားစွာ တွေ့မြင်နေရလေသည်။ ထိုအမှုံငယ်များမှာ ရေထဲတွင်ပါဝင်သည့် မော်လီကျူးလေးများ၏ ဖွဲ့စည်းပုံများဖြစ်လေသည်။ တဖြည်းဖြည်း အမှုံငယ်လေးများသည် အချင်းချင်းပွတ်တိုက်ကုန်ကြပြီး မမြင်ရသည့်မီးတောက်ငယ်လေးများပင်ထွက်ပေါ်လာလေသည်။

ထို့နောက် ရေနွေးဆူသည့်အသံများကို ကြားလိုက်ရလေသည်။ မြင်ကွင်းအားလုံးက ပုံမှန် ပြန်ဖြစ်သွားလေသည်။ ရေနွေးအိုးလေး ပြန်ပေါ်လာပြီး ရေနွေးများဆူပွက်နေကာ အငွေ့များ တထောင်းထောင်းထလျှက် ရှိလေသည်။

ကူးဝေဝေက...

"အားလျှန်... အရင်တုန်းက နင်အရက်ကိုပူအောင်လုပ်လိုက်တာ ဒီနည်းနဲ့လုပ်လိုက်တာလား..."

ဆန်းလျှန်က...

"အစ်မလည်း ခုနလိုမြင်ကွင်းမျိုးကို အာရုံထဲမှာ ပုံဖော်ကြည့်လေ ၊ အစ်မရှေ့မှာ ရေတစ်ဇလုံထားပြီး အဲဒီလို တစ်နေ့ကို နာရီဝက်လောက် ကျင့်ကြံကြည့် ၊ ရေဇလုံထဲက ရေအမှုံလေးတွေ လောင်ကျွမ်းသွားတယ်လို့ စိတ်ထဲမှာ ပုံဖော် ကြည့် ၊ တစ်နေ့မှာ တကယ်ပဲ ရေတွေဆူလာလိမ့်မယ် ၊ ဒါပေမယ့် အဲဒီကျင့်စဉ်က အခြေခံအဆင့်ပဲ ရှိသေးတယ်"

ကူးဝေဝေက တစ်ချက်စဉ်းစားလိုက်ရင်း...

"အဲဒါ ခက်လား..."

ဆန်းလျှန်က...

"အနေနဲ့အမြန် ရလာမှာပေါ့၊ အချိန်တော့ နည်းနည်းယူရလိမ့်မယ်၊ ဒါပေမယ့် အစ်မ အဲဒါကို ကျင့်ကြံရတာ ပျင်းတယ်ဆိုရင် စိတ်ဝင်စားစရာ ကောင်းတာတစ်ခု ထပ်သင်ပေးမယ်..."

ကူးဝေဝေက လက်ခါပြလိုက်ပြီး...

"မလိုဘူး မလိုဘူး၊ ငါ ဒီကျင့်စဉ်ပဲ ကျင့်ကြံမယ်..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း စိတ်ထဲမှ တွေးလိုက်လေသည်။

ထိုကျင့်စဉ်မှာ ကူးဝေဝေ၏ စိတ်ဝိညာဉ်ကို ထက်မြက်လာစေမည်ဖြစ်သော်လည်း အစ်မဖြစ်သူကို ပင်ပန်းစေမည် ဖြစ်လေသည်။ ထို့ကြောင့် အစ်မဖြစ်သူအတွက် ဆေးဝါးများရှာဖွေထားရန် လိုအပ်သည်ဟု တွေးလိုက်မိလေသည်။

အမှန်တော့ ကူးဝေဝေလိုအပ်သော ဆေးဝါးများကို ဆန်းလျန်သည်လည်း ဖော်စပ်ပေးနိုင်စွမ်းရှိလေသည်။ သို့သော်...

သဘာဝဆေးဝါးများက ဖော်စပ်သည့်ဆေးထက်ပိုကောင်းလေ

ရာ သူက အစ်မဖြစ်သူအတွက် သဘာဝ အတိုင်း ဆေးပင်လေး များ စိုက်ထားပေးရန် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက်တွင်တော့... ရေနွေးအဖြူထည်ထည့်ထားသည့် ရေနွေးအိုးလေးနှင့် အကြမ်းပန်းကန် (၂)ခွက်သည် သက်လတ် ပိုင်းအရွယ် လူရွယ်နှင့် အစေခံမိန်းကလေးရှေ့သို့ ရောက်ရှိလာ လေသည်။

သက်လတ်ပိုင်းအရွယ်လူရွယ်နှင့် အနက်ရောင်ဝတ် မိန်းကလေးတို့မှာ သာမန်ထက် ထူးခြားသည့် ဂုဏ်သရေရှိသူ များဖြစ်ကြလေရာ ရေနွေးမသောက်မီ အကြမ်းပန်းကန်များကို ရေနွေးအိုးထဲမှ ရေနွေးဖြင့်ဆေးလိမ့်ဦးမည်ဟု ကူးဝေဝေက ထင်ထားမိလေသည်။

သို့သော်... သူမထင်သလို ဖြစ်မလာခဲ့ပေ။ အနက်ရောင်ဝတ် မိန်းကလေးသည် ရေနွေးပူပူကို အကြမ်းပန်းကန်ထဲသို့ ထည့်

လိုက်ပြီး တစ်ကျိုက်တည်းဖြင့် အကုန်သောက်ချလိုက်လေ

သည်။ ပွက်ပွက်ဆူပူလောင်နေသည်ကိုပင် ဂရုမစိုက်ခဲ့ပေ။

အနက်ရောင်ဝတ်မိန်းကလေးက ရေနွေးကိုသောက်ပြီး ခဏ

အချိန်စောင့်ကြည့်လိုက်လေသည်။ အဆိပ်မပါသည်မှာ

သေချာတော့မှ သူမက သက်လတ်ပိုင်းလူရွယ်၏ အကြမ်း

ပန်းကန်ထဲသို့ ရေနွေးတစ်ခွက် ငှဲ့ထည့်ပေးလိုက်လေ သည်။

ထို့နောက် လူရွယ်၏ ဘေးတွင် စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်

သက်နေလေတော့သည်။

သက်လတ်ပိုင်းလူရွယ်သည် ဆန်းလျန်ကို အလွန်စိတ်ဝင်စား

နေလေသည်။ သို့သော်... သူက ဆန်းလျန်ကို စတင် မိတ်ဆက်

စကားပြောခြင်လည်း ပြုလုပ်ခြင်း မရှိပေ။ ဆန်းလျန်ကိုသာ

မကြာခဏ လှမ်းလှမ်းကြည့်နေလေတော့ သည်။ ဆန်းလျန်ကို

ကြည့်သည့် သူ၏မျက်ဝန်း များတွင် အဓိပ္ပါယ်များစွာဖြင့်

ပြည့်နက်နေလေ၏။

အပြင်ဘက်တွင်တော့ မိုးများက ပိုမိုသဲထန်နေပြီး မိုးဆဲမည့် အရိပ်အယောင် စိုးစဉ်းမျှ မတွေ့ရပေ။ ကောင်းကင်ကြီး ပေါက်ပြီး ရေများသွန်းလောင်းနေသည့်အလား ထင်မှတ်ရလေသည်။ ယခုအချိန်သည် ဆောင်းရာသီဖြစ်သည့်အတွက် ဆောင်းတွင်းတွင် မိုးသည်းထန်စွာ ရွာသွန်းနေခြင်းက ရာသီဥတု ဖောက်ပြန်သည် ဟုဆိုနိုင်လေသည်။

ဆောင်းရာသီတွင် မိုးရွာခြင်းဖြစ်သည့်အတွက် ဆောင်းနှင့်မိုးပေါင်းကာ ရာသီဥတုက အေးစိမ့်လှလေသည်။ ထို့ပြင် မိုးများက သည်းထန်လွန်းသည့်အတွက် အပြင်ဘက်မှ မြင်ကွင်းများကိုပင် ပြတ်ပြတ်သားသား တွေ့မြင်ရခြင်း မရှိတော့ပေ။

ထို့ကြောင့် ကူးဝေဝေက သက်လတ်ပိုင်းလူရွယ်နှင့် အနက်ရောင်ဝတ်မိန်းကလေးကို ညွှဲဝတ်ပြုဂုဏ်စွာ လောကွတ် ပြုလိုက်လေသည်။

"ညွှသည်တို့ ... အလျင်စလိုခရီးဆက်စရာ မရှိဘူးဆိုရင် ဆိုင်အနောက်ဘက်မှာ မြင်းရထားကို ခဏသိမ်းထား လို့ရပါတယ်၊ မြင်းတွေလည်း အမိုးအကာအောက်မှာ ခဏနားရတာပေါ့..."

ကူးဝေဝေ၏စကားကိုကြားသည်နှင့် သက်လတ်ပိုင်းအရွယ်လူရွယ်က ပြုံးလိုက်ရင်း....

"အခုတောင်တော်တော်ကြာနေပြီ၊ သွားဖို့အချိန်တန်နေပါပြီ..."

မိုးကသဲကြီးမဲကြီးရွာနေပြီး ယနေ့အဖို့ မိုးဆဲမည့်ပုံမပေါ်ပေ။ ထို့ကြောင့် ညွှသည်များ သူမ၏စားသောက်ဆိုင်တွင် တည်းခိုမည်ဆိုလျှင် တည်းခိုခန်းခပါ ရမည် ဟု ကူးဝေဝေက မျှော်လင့်ထားခဲ့မိလေသည်။ သို့သော်... သက်လတ်ပိုင်းလူရွယ်က ထွက်ခွာရန် ဟန်ပြင်နေသည့်အခါ ကူးဝေဝေမှာ စိတ်ပျက်သွားရလေသည်။

မိုးသည်းလွန်းသည့်အတွက် အပြင်ဘက်မှ လမ်းများမှာ ဗွက်များထနေမည် ဖြစ်လေသည်။ အခန့်မသင့်လျှင် မြင်းများ ခြေချော်နိုင်လေသည်။ သို့သော်... လူရွယ်သည် ထိုအချက်များကို အရေးမထားဘဲ တကယ်ဘဲ ထွက်ခွာ သွားတော့လေမည်လား။ သက်လတ်ပိုင်းလူရွယ်မှာ ဩဇာအာဏာရှိသူတစ်ယောက် ဖြစ်ဟန်ရှိပြီး သူပြောသည့် စကားများက ဆုံးဖြတ်ချက် ခိုင်မာဟန် အပြည့်ရှိလေသည်။ သူက ဆုံးဖြတ်ချက်ချပြီးလျှင် ပြန်ပြင်မည့်ပုံ မပေါ်ပေ။

စကားဆုံးသွားသည်နှင့် သက်လတ်ပိုင်းအရွယ်လူရွယ်က ငွေတုံးတစ်တုံးကို စားပွဲပေါ်သို့ တင်လိုက်ရင်း...

"ဒါက ရေနွေးဖိုးပါ၊ ပြန်မအမ်းနဲ့တော့..."

ကူးဝေဝေမှာ စားသောက်ဆိုင်ဖွင့်လာသည့် သက်တမ်းတစ်လျှောက်တွင် ထိုသို့ ရက်ရက်ရောရော ပေးကမ်းသွားသည့်ဧည့်သည်မျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးပေ။ သူမသည်

စားပွဲပေါ်မှ ငွေတုံးကိုကြည့်ပြီး ပျော်ရွှင်မှုကြောင့် စိတ်လှုပ်ရှား လျှက် ရှိလေသည်။ သို့သော် သူမသည် ဆန်းလျန်သင်ပေး ထားသည့် အသက်ရှူကျင့်စဉ်ကို ကျင့်ကြံပြီး သည့်နောက် စိတ် လှုပ်ရှားမှုများကို ထိန်းသိမ်းနိုင်လာလေသည်။

ကူးဝေဝေ ငွေတုံးလေးကိုယူလိုက်သည့်အချိန်မှာပင် သက်လတ်ပိုင်းအရွယ်လူရွယ်နှင့် အနက်ရောင်ဝတ် မိန်းကလေးတို့သည် ဆိုင်ထဲမှ ထွက်ခွာသွားကြပြီ ဖြစ်လေ သည်။ ထွက်ခွာသွားသည့်အချိန်ထိ သက်လတ်ပိုင်း လူရွယ် သည် ဆန်းလျန်ကို စကားတစ်ခွန်းမှ ပြောမသွားခဲ့ပေ။

တံခါးအပြင်သို့ရောက်သည်နှင့်...

အနက်ရောင်ဝတ်မိန်းကလေးက ထီးကို ယူလိုက်ခြင်း မရှိပါ။

သက်လတ်ပိုင်းလူရွယ်က ဆိုင်ထဲသို့ ပြန်ဝင်လာလေသည်။

သူ၏ မျက်လုံးများက ဂဏာမငြိမ်ဖြစ်နေပြီး စိုးရိမ်ပူပန် မှုများ ဖြင့် ပြည့်နေလေသည်။

ကူးဝေဝေက....

"ဘာများဖြစ်လို့လဲ လူကြီးမင်း...."

သက်လတ်ပိုင်းလူရွယ်က...

"ကျုပ်ဒီနေ့ ခရီးမဆက်တော့ဘူး ၊ မင်းရဲ့ဆိုင်မှာ တစ်ည လောက် တည်းခိုလို့ရနိုင်မလား"

ပြောပြီးသည်နှင့် သူက နောက်ထပ်ငွေတုံးတစ်တုံး ထုတ်ပေး လိုက်လေသည်။

ကူးဝေဝေက လက်ကာပြလိုက်ပြီး...

"လူကြီးမင်း ပိုက်ဆံထပ်ပေးဖို့ မလိုပါဘူး ၊ စောစောက လူကြီး မင်းပေးထားတဲ့ပိုက်ဆံက ဒီမှာ (၁၀)ရက် လောက် တည်းခိုလို့ ရနိုင်ပါတယ်"

သက်လတ်ပိုင်းလူရွယ်က ကူးဝေဝေ၏ စကားကြောင့် အံ့သြ သွားလေသည်။

ဤစားသောက်ဆိုင်လေးသည် စီးပွားရေးကောင်းသည့် ဆိုင်တစ်ဆိုင်မဟုတ်မှန်း ဝင်လာကတည်းက သူရိပ်မိ လေသည်။

ကူးဝေဝေမှာလည်း အဝတ်အစားခပ်နွမ်းနွမ်းကိုသာ ဝတ်ဆင်ထားလေသည်။ သို့သော်... သူမသည် ပိုက်ဆံကို ငမ်းငမ်းတက်လိုချင် မက်မောခြင်း မရှိခဲ့ပေ။

ထပ်ပေးသည့်ငွေကို မယူဘဲ တန်ရာတန်ကြေးကိုသာ ယူခဲ့သည်မှာ အံ့သြစရာ ကောင်းလှလေသည်။ လူရွယ်သည် ဆိုင်ရှင်မိန်းကလေးကို ချက်ချင်းပင် အထင်ကြီးလေးစားသွားမိလေသည်။

သူက ယဉ်ယဉ်ကျေးကျေးဖြင့်ပင်...

"ကျေးဇူးတင်ပါတယ် ဆိုင်ရှင် ..."

ကူးဝေဝေက...

"ဒါဖြင့် ရှင်တို့ရဲ့ မြင်းရထားကို ဆိုင်နောက်မှာ ထားလို့ရပါတယ် ၊ ကျွန်မ နေ့လည်စာအတွက် သွားပြီး ပြင်ဆင်လိုက် ပါဦးမယ်..."

သက်လတ်ပိုင်းလူရွယ်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး မြင်းရထားကို ဆိုင်အနောက်ဘက်တွင်သွားထားရန် အနက်ရောင်ဝတ်မိန်းကလေးကို အမိန့်ပေးလိုက်လေသည်။

အနက်ရောင်ဝတ်မိန်းကလေး ဆိုင်ထဲမှ ထွက်ခွာသွားသည့်အခါတွင်တော့ -

ရုတ်တရက်... သူမ၏ လက်ထဲမှ ဓားရောင်တစ်ချက် လက်ခနဲထွက်ပေါ်လာလေသည်။ သူမလက်ထဲတွင် ဓားတိုတစ်ချောင်းကိုကိုင်ထားပြီး ဓားဆီမှ အေးစိမ့်သည့် အငွေ့အသက်များထွက်ပေါ်နေလေသည်။

အနက်ရောင်ဝတ်မိန်းကလေး၏ရှေ့တွင် ကောက်ရိုးမိုးကာဝတ်ဆင်ထားသူတစ်ယောက်ရှိနေပြီး ထိုသူက မိန်းကလေး၏

လက်ထဲမှ ဓားမြှောင်ကို လက်နှစ်ချောင်းဖြင့် ညှပ်ကာ

ဖမ်းထားလိုက်လေသည်။

"ယိုယို ၊ မြင်းရထားကို ဆိုင်နောက်ဘက်ကို သွားထားလိုက်..."

သက်လတ်ပိုင်းလူရွယ်ထံမှ စကားသံ ထွက်ပေါ်လာလေသည်။

လူရွယ်၏ စကားကိုကြားသည်နှင့် မိန်းကလေးသည် ချက်ချင်း

ပင် ကောက်ရိုးမိုးကာဝတ်ဆင်ထားသူ၏လက်ထဲမှ သူမ၏ဓား

ကို ပြန်ဆွဲယူလိုက်ပြီး မြင်းရထားရှိရာသို့ ထွက်ခွာသွားလေ

တော့သည်။

ကောက်ရိုးမိုးကာဝတ်ဆင်ထားသူက ဆောင်းလာသည့်မိုးကာ

နှင့် ခမောက်ကို ချွတ်လိုက်ပြီး စားသောက်ဆိုင် တံခါးဝတွင်

ရေစစ်ထားလိုက်လေသည်။ ထိုအခါ သူဝတ်ဆင်လာသည့်

အဝတ်အစားများကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ကြရလေ

သည်။ ဖာရာထေးရာအထပ်ထပ်ဖြင့် ဟောင်းနွမ်းသည့်

မီးခိုးရောင်ဝတ်စုံတစ်ထည်ကို ဝတ်ဆင်ထားခြင်း ဖြစ်လေ၏။

သို့သော်… ထိုသူ၏ ခန္ဓာကိုယ်ကတော့ သံမဏိအလား တောင့်တင်းခိုင်မာလွန်းလေသည်။ သူ၏ ကြံ့ခိုင်လွန်းသည့် ခန္ဓာကိုယ်ဖြင့် ယိုယိုဆိုသည့်မိန်းကလေး၏ ဓားတိုကို လက်နှစ်ချောင်းဖြင့် အသာလေး ညှပ်ကာဖမ်းထား နိုင်ခြင်းမှာ မထူးဆန်းတော့ပါ။

ထိုသူကား… သိုင်းလောကတွင် အလွန်နာမည်ကြီးသည့် ကျုန်းတျဲယီဆိုသူ ဖြစ်လေသည်။

သူက သာမန်သိုင်းလောကသားတစ်ယောက် မဟုတ်ပါ။ သူက သဘာဝလွန် တန်ခိုးစွမ်းအားများလည်း ပိုင်ဆိုင်ထား သလို စုန်းမိစ္ဆာအတတ်နှင့် အောက်လမ်းပညာများကိုလည်း တတ်မြောက်ထားသူ ဖြစ်လေသည်။ သိုင်းလောကသား များက သူ့ကို အလောင်းမိစ္ဆာဟု ခေါ်ကြလေသည်။

ကျုန်းတျဲယီမှာ သိုင်းလောကသားတစ်ယောက် ဖြစ်လင့်ကစား ကျင့်ကြံသူလောကမှ အချို့သော ကျင့်ကြံသူများပင် လျှင် သူ့ကို သွားပြီးရန်မစရဲကြပေ။

ကျုန်းတျဲယီက ...

"ကျုပ်လည်း ဒီည ဒီမှာ တည်းခိုမယ်..."

ကျုန်းတျဲယီကို ကြည့်ရသည်မှာ ဒေါသထွက်နေဟန် ရှိလေသည်။

သူ၏ ဒေါသအငွေ့အသက်များကြောင့် စားသောက်ဆိုင်ခေါင်မိုးကြီးပင် လှုပ်နေသယောင် ထင်မှတ်ရလေ၏။

"စကားကို ခပ်တိုးတိုးပဲပြောလို့မရဘူးလား ၊ ဒီမှာ နားကန်းနေတဲ့သူ တစ်ယောက်မှ မရှိဘူး"

ကူးဝေဝေက ပြောလိုက်လေသည်။

ကျုန်းတျဲယီက ကူးဝေဝေရပ်နေသည့် ကောင်တာအနားသို့ ခြေတစ်လှမ်းချင်းလှမ်းလာပြီး သူ၏ လေသံက တဖြည်းဖြည်း နူးညံ့ပျော့ပြောင်းသွားလေသည်။

"ကျုပ်များ တစ်ညလောက် ဒီမှာ တည်းခိုလို့ ရနိုင်မလား..."

သူ၏ပုံစံမှာ ကြောက်မက်ဖွယ်ကောင်းလှလေရာ ကူးဝေဝေမှာ ကြောက်ရွံ့သွားမိလေသည်။

ထိုအချိန်မှာပင် ကူးဝေဝေ၏ဘေးသို့ ဆန်းလျန် ရောက်ရှိလာလေ၏။

ဆန်းလျန်က ခပ်တည်တည်မျက်နှာထားဖြင့်...

"မင်း ဒီမှာ ထမင်းစားလို့ရတယ် ၊ နေဖို့နေရာတော့ တခြားမှာ သွားရှာလိုက်ပါ..."

"ကျုပ်က ပိုက်ဆံပေးမှာပါ..."

ကျုန်းတျဲယီက သူ့ရင်ပတ်ကို တဘုန်းဘုန်းထုလိုက်ရင်း လေသံခပ်မာမာဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်က...

"ပိုက်ဆံကြောင့်မဟုတ်ပါဘူး ၊ မင်းရဲ့ကိုယ်ပေါ်က လူသေ

အလောင်းတွေရဲ့ အငွေ့အသက်ကို သဘောမကျလို့..."

ကျုန်းတျဲယီက နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"မင်းက ကျုပ်ကို သိလို့လား..."

ဆန်းလျန်က...

"မသိပါဘူး..."

အခန်း (၇၁၈) ကိုယ့်ရှေ့မှနတ်ဘုရားကိုမမြင်သူ

ကျုန်းတျဲယီက ဆန်းလျန်ကို အတန်ကြာစိုက်ကြည့်နေလေ
သည်။
သူ၏ မျက်လုံးများက စူးရှတောက်ပနေပြီး သာမန်လူတစ်
ယောက်သာ ထိုသို့သောအကြည့်မျိုးဖြင့် အကြည့်ခံရပါက
ကျိန်းသေပြုစားခံရမည် ဖြစ်လေသည်။
သို့သော်... သူ၏အကြည့်များက ဆန်းလျန်အပေါ်တွင်တော့
မည်သို့မှ သက်ရောက်ခြင်းမရှိပေ။ ဆန်းလျန်က
အေးအေးဆေးဆေးပင် သူ့ကို ပြန်ကြည့်နေလေသည်။ ကျုန်း
တျဲယီသည် အတွေ့အကြုံများသူတစ်ယောက် ဖြစ်လေရာ
ဆန်းလျန် ဟန်ဆောင်နေခြင်းမဟုတ်သည်ကို ချက်ချင်းသိ
လိုက်လေသည်။
ဆန်းလျန်၏ပုံစံသည် သာမန်မျှသာဖြစ်သည့်တိုင် စိတ်အာရုံစူး
စိုက်မှုအလွန်ကောင်းသည်ဟု ကျုန်းတျဲယီက ခန့်မှန်း လိုက်မိ

လေသည်။ ဆန်းလျန်သည် ထူးခြားသူတစ်ယောက်ဖြစ်သည်ကို ကျုန်းတျဲယီမှမဟုတ်၊ မည်သူမဆို ရိပ်မိနိုင် လေသည်။

ကျုန်းတျဲယီက လေသံခပ်လေးလေးဖြင့်...

"ဒါဖြင့် ကျုပ်ကို အကောင်းဆုံးအရက်နဲ့ အကောင်းဆုံး အစားအသောက်တွေ ပေးပါ..."

သက်လတ်ပိုင်းလူရွယ်ကတော့ ကျုန်းတျဲယီနှင့် ဆန်းလျန် စကားပြောနေသည်ကို အကဲခတ်နေလေသည်။

သူက ကျုန်းတျဲယီကိုကောင်းကော်းသိသလို ကျုန်းတျဲယီက လည်း သူ့ကို ကောင်းကောင်း သိလေသည်။ ထို့ပြင် ကျုန်းတျဲ ယီ မည်မျှ ကြောက်စရာကောင်းသည်ကို လူရွယ်က အသိဆုံး ဖြစ်လေသည်။ သို့သော်... ထိုသို့သော လူမျိုးသည်ပင် ဆန်း လျန်ကို အလျှော့ပေးလိုက်ရသည်မှာ အံ့သြစရာ ကောင်းလှ လေသည်။ လူရွယ်သည် ဆန်းလျန် အကြောင်းကို ပိုပြီး စိတ်ဝင်စားနေမိလေတော့သည်။

ဆန်းလျန်က...

"ဒါဖြင့် ပိုက်ဆံကြိုရှင်းပါ..."

ကျုန်းတျဲယီက ရွှေတုံးတစ်တုံးကို ထုတ်ယူလိုက်ပြီး

ကောင်တာပေါ်တင်လိုက်လေသည်။

ထို့နောက် အလွန်မောက်မာသည့်လေသံဖြင့်...

"ပြန်အမ်းစရာမလိုဘူး..."

ဟု ပြောလိုက်လေသည်။

ကူးဝေဝေက စိတ်ထဲမှ ကြိတ်ပြီး ပြုံးလိုက်လေသည်။

ဒီနေ့ ရောက်လာသည့် ဧည့်သည် (၂)ယောက်စလုံးမှာ

အပေးအကမ်း အလွန် ရက်ရောကြလေသည်။ သူမက ရွှေတုံး

လေးကို သိမ်းဆည်းရန် ဟန်ပြင်လိုက်စဉ်မှာပင် ဆန်းလျန်က

ရွှေတုံးလေးကို ကျုန်းတျဲယီ ရှေ့သို့ ပြန်တိုးပေး လိုက်လေ

သည်။

ဆန်းလျန်က...

"အကောင်းဆုံးအရက်နဲ့ အစားအသောက်တွေက အရမ်းဈေးကြီးတယ်၊ ဒီရွှေတုံးနဲ့ မလောက်ဘူး..."

ကူးဝေဝေက ဆန်းလျန်ကို ခြေထောက်ဖြင့် လှမ်းကန်လိုက်လေသည်။

စားသောက်ဆိုင်တစ်ဆိုင်ဆိုသည်က ဧည့်သည်ကို ထိုသို့ စော်ကားမော်ကား ပြော၍မရပေ။ ဆန်းလျန်က သူမကို တစ်ချက် လှမ်းကြည့်လိုက်ပြီး စိတ်ရှည်ရှည်ထားရန် မျက်ရိပ်ပြလိုက်လေသည်။

ဆန်းလျန်၏ မျက်ဝန်းထဲမှ တည်ကြည်မှုများကို မြင်တွေ့လိုက်ရသည့်အခါတွင်တော့ သူမက ဆန်းလျန်၏ ကိစ္စတွင် ဝင်မပါတော့ရန် ဆုံးဖြတ်လိုက်လေသည်။ ဆန်းလျန် ဧည့်သည်ကို မချေမငံ ဆက်ဆံနေခြင်းမှာ သူ့အကြောင်းနှင့်သူ ရှိရပေမည်။

ကျုန်းတျဲယီက အေးစက်သည့်လေသံဖြင့်...

"မင်း သိပ်လောဘမကြီးနဲ့လေကွာ..."

ဆန်းလျန်က...

"မင်းက အကောင်းဆုံး အရက်နဲ့အစားအသောက်တွေမှာမှ တော့ ပိုက်ဆံအနည်းအများကို ဘာလို့ တွက်ကပ်နေ သေးတာ လဲ ၊ ကျုပ်နဲ့တွေ့ခွင့်ရတာနဲ့တင် ပေးရတာ တန်နေပြီ ၊ စားရ တာကတော့ အမြတ်ပဲ..."

ကျုန်းတျဲယီက...

"ကျုပ်ကို ဒေါသထွက်အောင်မလုပ်နဲ့နော် ၊ ကဲ... ပုံမှန် အရက်နဲ့ အစားအသောက်တွေပဲ ပေးတော့ ၊ ဘယ်လောက် ကျမလဲသာ ပြော..."

ဆန်းလျန်က ကောင်တာပေါ်တွင် အသင့်ရှိနေသည့် အစားအသောက်စာရင်းကိုယူပြီး ကျုန်းတျဲယီကို ပေးလိုက် လေသည်။

စာရင်းထဲတွင် ရရှိနိုင်သည့် အစားအသောက်များနှင့် ဈေးနှုန်း များပါဝင်လေသည်။

ကျုန်းတျဲယီက အစားအသောက်စာရင်းများကို တစ်ချက်ကြည့်လိုက်ပြီး ရွှေတုံးကို ပြန်သိမ်းလိုက်ကာ ငွေတုံးတစ်တုံးကိုသာထုတ်ပေးလိုက်လေသည်။ ထို့နောက် ဟင်းလျာ (၆)မျိုးနှင့် အရက် (၁)အိုး မှာလိုက်လေသည်။

သူက မထီမဲ့မြင်အပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ဒီတစ်ခါလည်း ပြန်အမ်းစရာမလိုဘူး..."

ကူးဝေဝေက ဆန်းလျန်ခြေထောက်ကို တစ်ချက် တက်နင်းလိုက်ရင်း နားနားသို့ကပ်ကာ ခပ်တိုးတိုးပြောလိုက်လေ သည်။

"အဲဒါ နင့်ကြောင့်.... "

ဆန်းလျန်မှာ ကျောက်တုံးကိုပင် ရွှေဖြစ်အောင် ပြောင်းလဲနိုင်သူတစ်ယောက် ဖြစ်သည်ကို သူမသည် ရုတ်တရက် မေ့လျော့သွားခဲ့ပြီး ရွှေတုံးတစ်တုံး ဆုံးရှုံးသွားသည့်အတွက် ဆန်းလျန်ကို အပြစ်တင်စကား ဆိုလိုက်မိလေသည်။

ဆန်းလျန်က ကူးဝေဝေကို စိတ်ဆိုးခြင်းမရှိဘဲ ကောင်တာပေါ်မှ ငွေတုံးလေးကို အေးအေးဆေးဆေးပင် ယူလိုက် လေသည်။

ကျုန်းတျဲယီက ဟွန့်ခနဲ နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း....

"လောကကြီးမှာ ရွှေခွက်နဲ့ ကြေးခွက် အလဲခံရတာတောင် ဝမ်းသာနေတဲ့သူက ရှိသေးတယ်၊ သိပ်ကို ရယ်စရာ ကောင်းတာပဲ၊ သိပ်ကို ရယ်စရာကောင်းတာပဲ..."

ရွှေတုံးအစား ငွေတုံးပေးလိုက်ရသည့်အတွက် သူ့ဘက်က အရှုံးမရှိပေ။ ယခုဆိုလျှင် ဆန်းလျန်သည်လည်း ရင်ထဲတွင် နောင်တရနေလောက်ပြီဟု ကျုန်းတျဲယီက တွေးလိုက်လေသည်။

သက်လတ်ပိုင်းလူရွယ်က ပြုံးလိုက်ရင်း...

"တာအိုဆရာ... ကျုပ်လည်း အကောင်းဆုံးအရက်နဲ့ အစားအသောက်တွေ စားသောက်ချင်တယ်ဆိုရင် ဘယ်လောက်ပေးရမလဲ"

ဆန်းလျှန်က...

"ခင်ဗျားရဲ့ကိုယ်ပေါ်မှာချိတ်ထားတဲ့ ကျောက်စိမ်းပြားလေးပေါ့ ဗျာ ၊ ဒါပေမယ့် ခင်ဗျားပေးမှာ မဟုတ်ပါဘူး..."

သက်လတ်ပိုင်းလူရွယ်၏ခါးစည်းကြိုးတွင် ကျောက်စိမ်းပြား လေးတစ်ခု ချိတ်ဆွဲထားလေသည်။

ထိုကျောက်စိမ်းပြားလေးသည် သူ အမြဲတမ်း ကိုယ်နှင့်မကွာ ဆောင်ထားလေ့ရှိသည့် ကျောက်စိမ်းပြားလေးဖြစ်လေ သည်။

လူရွယ်က အနည်းငယ် တုံ့ဆိုင်းနေပြီးမှ ရွှေရောင်လက်မှတ် လေးတစ်စောင်ကို ထုတ်ယူလိုက်ပြီး...

"ဒီကျောက်စိမ်းပြားလေးက ကျုပ်တန်ဖိုးထားရတဲ့ ပစ္စည်း လေးမို့လို့ပါ ၊ ကျုပ် အဲဒီကျောက်စိမ်းပြားကို မပေးနိုင်ပေ မယ့် ဒီရွှေလက်မှတ်လေးပေးချင်ပါတယ် ၊ ဒီရွှေလက်မှတ်လေးပြ လိုက်ရင် ဘယ်ဟော့ထုန်ဘဏ်မှာမဆို ရွှေတုံး (၁၀၀) နဲ့လဲယူလို့ ရပါတယ်..."

လူရွယ်၏ ခါးတွင်ချိတ်ဆွဲထားသည့် ကျောက်စိမ်းသည်

အရည်အသွေးကောင်းမွန်သည့်တိုင် ရွှေတုံး(၁၀၀)တော့ တန်ဖိုး

မရှိပေ။ သို့သော်... ထိုကျောက်စိမ်းပြားလေးသည် သူ၏

ပစ္စည်းမဟုတ်ပါ။ ထိုကျောက်စိမ်းပြားလေးနှင့် ပတ်သက်ပြီး

ဇာတ်လမ်းတစ်ပုဒ်ရှိလေသည်။ ထို့ကြောင့် သူက ဆန်းလျန်ကို

မပေးလိုဘဲ တွန့်ဆုတ်နေခြင်း ဖြစ်လေသည်။

အမှန်တော့ ထိုကျောက်စိမ်းပြားလေးသည် တန်ဖိုးထားသူများ

အတွက်ကား ရွှေစ (၁၀၀၀) မကပင် တန်ဖိုးရှိသည့် ပစ္စည်းတစ်

ခု ဖြစ်လေသည်။

ဆန်းလျန်က ခေါင်းခါယမ်းလိုက်ပြီး...

"မရဘူး..."

ဟု ပြောလိုက်လေသည်။

ထိုအခါတွင်တော့... သက်လတ်ပိုင်းလူရွယ်က တစ်ချက်

စဉ်းစားလိုက်ပြီး သူ၏ခါးတွင် ချည်နှောင်ထားသည့်

ကျောက်စိမ်းပြားလေးကို ဖြုတ်ယူလိုက်လေသည်။

"တာအိုဆရာက မျက်စိကျနေမှတော့ ပေးလိုက်ပါတော့မယ် ၊

စားသောက်စရာတွေကို စိတ်တိုင်းကျသာစီစဉ်ပါ တော့..."

ဆန်းလျန်က ပြုံးလိုက်ရင်း ကျောက်စိမ်းပြားလေးကို လက်ခံ

ယူလိုက်လေသည်။

"တကယ်တော့ ဒီကျောက်စိမ်းက နှစ်တစ်ထောင်ယင်စွမ်းအား

ကျောက်စိမ်းပဲ ၊ ခင်ဗျားဆီမှာ ရက်နည်းနည်းလောက် မရှိ

တော့တာနဲ့ ခင်ဗျား ဒုက္ခရောက်သွားနိုင်တယ် ၊ ဒါပေမယ့် စိတ်

မပူပါနဲ့၊ ကျုပ်ကိုပေးလိုက်ရတာ တန်ပါတယ် ၊ ကျုပ်ရဲ့အထူး

ဟင်းလျာတွေကြောင့် ခင်ဗျား နောင်တ မရစေရပါဘူး..."

သက်လတ်ပိုင်းလူရွယ်က...

"ကိစ္စမရှိပါဘူး ၊ တာအိုဆရာလိုလူတစ်ယောက်နဲ့ မိတ်ဆွေဖွဲ့ခွင့်ရတာနဲ့တင် တန်နေပါပြီ..."

ထိုအချိန်မှာပင် ကျုန်းတျဲယီက...

"ဆရာမေ ... ဒီကောင်လေးက အဓိပ္ပါယ်မရှိတဲ့ စကားတွေပြောနေတာ ၊ မင်းက သူပြောတိုင်းယုံနေရအောင် န လပိန်းတုံးလား ၊ အလိမ်မခံရအောင် သတိထားမှပေါ့..."

ကျုန်းတျဲယီက သက်လတ်ပိုင်းလူရွယ်ကို ဆရာမေ ဟု ခေါ်လိုက်ခြင်း ဖြစ်လေသည်။

ဆရာမေဆိုသူက ပြုံးလိုက်ရင်း...

"ကျုပ်အကြည့်မမှားဘူးလို့ ယုံကြည်တယ်..."

ကျုန်းတျဲယီက...

"ဆရာမေလည်း ပညာတတ်တစ်ယောက်ပဲလေ ၊ ကျုပ် အများကြီးမပြောချင်ဘူး ၊ ဒါပေမယ့် ကျုပ် ခင်ဗျားကို လာတွေ့ရတဲ့

အကြောင်းရင်းကိုတော့ ခင်ဗျားသိတယ်မဟုတ်လား ၊ (၃)ရက် အတွင်း ကျုပ်လိုချင်တဲ့အဖြေကို ပေးနိုင် ဖို့မျှော်လင့်မိတယ်"

အမှန်တော့ကျုန်းတျဲယီ ဤစားသောက်ဆိုင်အတွင်းသို့ ဝင်လာ ရခြင်းမှာ ဆရာမေထံမှ တိကျသည့် အဖြေတစ်ခုကို လိုချင် သောကြောင့် ဖြစ်လေသည်။

ထို့ပြင် ဆရာမေက သူလိုချင်သည့်အဖြေကို ချက်ချင်းမပေး နိုင်မှန်းလည်း သိလေသည်။ ထို့ကြောင့် အချိန် (၃)ရက် ပေးလိုက်ခြင်း ဖြစ်လေ၏။ ထိုရက်အတွင်းတွင် အခြားသူများ ထံမှ ရရှိသည့် သတင်းများနှင့် ပေါင်းစပ်ကာ အခြေအနေများ ကို သုံးသပ်ရန် သူ့အတွက် လုံလောက်လေသည်။

သိပ်မကြာမီပင်... ဆရာမေ၏ အစေခံမလေးယိုယိုသည် မြင်းလှည်းကိုသွားထားရာမှ ပြန်ရောက်လာလေသည်။ သူတို့ (၂)ယောက်သည် အစားအသောက်များကို တိတ်ဆိတ်စွာပင်

စားသောက်လိုက်ကြလေသည်။ ကျုန်းတျဲယီ ကလည်း သူ၏

အစားအသောက်များကို စားသောက်နေလေသည်။

စားပွဲ (၂)ခုထက်မှ ဟင်းလျာများမှာ ခပ်ဆင်ဆင်ပင် ဖြစ်လေ

သည်။ သို့သော်... ဆရာမေက စားသောက်ပြီး သွားသည်နှင့်

ထူးဆန်းသည့်အပြုံးတစ်မျိုးဖြင့် ကျုန်းတျဲယီကို ပြုံးပြလိုက်

လေ၏။ ထို့နောက် ဆန်းလျန်ကို အလွန်လေးစားသည့်အကြည့်

ဖြင့် တစ်ချက်ကြည့်လိုက်ပြီး အစေခံမလေးကိုခေါ်ကာ သူတို့

အတွက် စီစဉ်ပေးထား သည့်အခန်းသို့ ထွက်ခွာသွားလေ

တော့သည်။

ကျုန်းတျဲယီမှာ နားမလည်နိုင် ဖြစ်သွားရလေသည်။

ဆရာမေသည် သူ့စိတ်ကို လှည့်စားရန်အတွက် ထိုသို့ ထူးဆန်း

သည့် အပြုအမူများကို ပြုလုပ်လိုက်ခြင်းလေလား။

ဆန်းလျန်က သူ့ကို စားသောက်ဆိုင်တွင် တည်းခိုခွင့်မပေး

သည့်အတွက် ကျုန်းတျဲယီက စားသောက်ပြီးသည်နှင့် ပြန်ရန်

ပြင်လိုက်လေသည်။ အပြင်ဘက်တွင် မိုးက သဲကြီးမဲကြီး ရွာနေလေသည်။ ကျုန်းတျဲယီသည် သူ၏ ကောက်ရိုးမိုးကာအင်္ကျီကိုဝတ်ပြီး ခမောက်ကိုဆောင်းကာ ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

စုတ်စုတ်ပြတ်ပြတ်နှင့်ဖြစ်သည့်တိုင် သူ၏ဟန်ပန်မှာ လုံးဝ ရှက်ရွံ့နေခြင်းမရှိဘဲ အလွန်မှ မောက်မာဟန် ရှိလေ သည်။

ကူးဝေဝေက ကျုန်းတျဲယီ ဆိုင်အပြင်ရောက်သွားတော့မှ စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်း တစ်ချက်ချ လိုက်ရင်း....

"အဲဒီလူရဲ့ပုံစံက လူဆိုးတစ်ယောက်နဲ့တူပေမယ့် လူဆိုးတော့ မဟုတ်ရှာပါဘူး..."

ဆန်းလျန်က ထိုသည့်သည်ကို တမင်သက်သက် အပြစ်ရှာကာ ရစ်နေသည်ဟု သူမက ထင်လိုက်မိလေသည်။

ထိုညွှန့်သည်မှာ အလွန်ဒေါသထွက်သွားဟန်ရှိသည့်တိုင် သူတို့ကို ဒုက္ခပေးမသွားခဲ့ပေ။

ဆန်းလျန်က...

"ဂိုဏ်းတူအစ်မ ၊ တကယ်တော့ အဲဒီလူကလည်း ကျင့်ကြံသူတစ်ယောက်ပါ ၊ ဒါပေမယ့် သူ့ရဲ့ကျင့်စဉ်က တရား နည်းလမ်းမကျဘူး..."

ကူးဝေဝေက...

"ဒါကြောင့် စောစောက သူ့ကိုတွေ့တော့ နည်းနည်းကြောက်သလို ခံစားလိုက်ရတာကိုး..."

ဆန်းလျန်က ကူးဝေဝေ၏ ပခုံးကို တစ်ချက်ပုတ်လိုက်ရင်း...

"ဒီလူကျင့်ကြံနေတဲ့ကျင့်စဉ်က အလောင်းတွေကို အသက်ပြန်သွင်းပြီး ကျင့်ကြံရတဲ့ အောက်လမ်းမိစ္ဆာကျင့်စဉ် တစ်ခုပဲ ၊ ပြီးတော့ သူက ရွှေခေါင်းလောင်းအရံအတားနဲ့ သံမဏိသံချပ်ကာကျင့်စဉ်တွေကိုလည်း ကျင့်ကြံထား သေးတယ် ၊ စိတ်ဓာတ်က

လည်းမာတယ်၊ မျက်နှာက လေးထောင့်စပ်စပ်နဲ့ မိစ္ဆာဆန်

တယ်၊ ဒါပေမယ့် ဒီပုံစံအတိုင်း သာဆက်ပြီး ကျင့်ကြံသွား

မယ်ဆိုရင် တစ်နေ့မှာ ဒုက္ခရောက်လိမ့်မယ်၊ ကျင့်စဉ်လမ်းမှာ

လမ်းမှားပြီး မကောင်းတဲ့ ရောဂါတွေအများကြီးရလာနိုင်တယ်

၊ အသက် (၆၀)ထိတောင် နေရမယ် မထင်ဘူး၊ စောစောကသာ

သူက ကျွန်တော် တောင်းတဲ့ပိုက်ဆံကို ပေးမယ်ဆိုရင် သူခံစား

ရမယ့်ရောဂါတွေ မခံစားရအောင် ကုသပေးလိုက်မလို့ပဲ၊ ဒါ

ပေမယ့် သူက ကိုယ့်ရှေ့တည့်တည့်ရောက်နေတဲ့နတ်ဘုရားကို

တောင် မမြင်နိုင်ဘူးလေ၊ ဒီတော့ အခွင့်ကောင်းနဲ့ လက်လွှတ်

သွားတာပေါ့..."

....

အခန်းတွင်းသို့ရောက်သည်နှင့် ဆရာမေက သူ၏အကျီကို

ချက်ချင်းချွတ်ကြည့်လိုက်လေသည်။ ထိုအခါ သူ၏ ကိုယ်ပေါ်

မှ မီးလောင်ဒဏ်ရာ အစင်းကြောင်းများမှာ မရှိတော့ဘဲ

ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ယိုယိုက…

"ဂိုဏ်းချုပ်… ဘာဖြစ်တာလဲ…"

ဆရာမေက…

"ကျုပ် အခွင့်အရေးကောင်းတစ်ခုကို လက်မလွှတ်ခဲ့ဘူးပဲ…"

ယိုယိုက…

"ဘာများဖြစ်လို့လဲ…"

ဆရာမေက…

"စောစောက စားလိုက်တဲ့ဟင်းလျာတွေထဲမှာ သိပ်ကိုသန့်စင်တဲ့ အသက်ဓာတ်စွမ်းအားတွေပါနေတယ်၊ ကျုပ်ခန္ဓာ ကိုယ်မှာ ခံစားနေရတဲ့ မီးရောဂါ ယူပစ်သလို ပျောက်ကင်းသွားပြီ၊ အခု ကျုပ် ကျင့်စဉ်ကျင့်ကြံတော့မယ်၊ မင်းလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ ကျင့်ကြံသင့်တယ်"

ဆရာမေသည် ပျော်ရွှင်နေပုံရလေသည်။

သူက ဆန်းလျန်နှင့် မိတ်ဆွေဖွဲ့လိုသည့် ရည်ရွယ်ချက်ဖြင့်

ကျောက်စိမ်းပြားလေးကို ပေးလိုက်ခြင်း ဖြစ်လေသည်။

ယခုကဲ့သို့ ကံကောင်းစွာဖြင့် ရောဂါပျောက်ကင်းသွားလိမ့်မည်

ဟု ထင်မှတ်မထားခဲ့ပေ။

သူငယ်စဉ်က အန္တရယ်တစ်ခုနှင့် ကြုံတွေ့ခဲ့ရပြီး မီးရောဂါ

ခံစားခဲ့ရလေသည်။

နှစ်ပေါင်းများစွာကြာအောင် ဆေးကောင်းဝါးကောင်းများ

သုံးစွဲကာ ကုသသည့်တိုင် ရောဂါ ပျောက်ကင်းခဲ့ခြင်း မရှိပေ။

နောက်ပိုင်း ကျင့်စဉ်ကျင့်ကြံပြီး တန်ခိုးစွမ်းအားများ ရရှိလာ

သည့်အခါတွင်တော့ သူ၏ တန်ခိုးစွမ်းအားများ နှင့် ယင်

စွမ်းအားကျောက်စိမ်းပြားလေးမှ စွမ်းအားများကို ပေါင်းစပ်

ကာ ရောဂါကို ထိန်းထားနိုင်ခဲ့လေသည်။ ထို့ကြောင့် ယခု

အချိန်ထိ တည်တည်ငြိမ်ငြိမ်ဖြင့် အသက်ရှင်သန်နိုင်ခဲ့ခြင်း

ဖြစ်လေသည်။ သို့သော်… ရောဂါသည် လုံးဝ ပျောက်ကင်း သွားခြင်း မရှိခဲ့ပေ။

ယခုတော့ မမျှော်လင့်ဘဲ သူခံစားနေရသည့် နာတာရှည်ရောဂါကြီး ပျောက်ကင်းသွားခဲ့ပြီ ဖြစ်လေသည်။ သူသည် ဆန်းလျန်ကို အလွန်လေးစားနေမိပြီး ဆန်းလျန်အကြောင်းကိုလည်း ပိုပြီး သိချင်နေမိလေတော့သည်။

ယခင်တုန်းက သူ၏ရောဂါကို ကုသပေးရန်အတွက် နတ်ဘုရားကျောင်းတော်ကြီးတစ်ခုမှ ကျင့်ကြံသူတစ်ယောက်ကို အကူအညီတောင်းခဲ့ဖူးလေသည်။ သို့သော်… ထိုကျင့်ကြံသူပင်လျှင် သူ၏ရောဂါ ပျောက်ကင်းရန်အတွက် နည်းလမ်း မရှိဟု ပြောကြားခဲ့ဖူးလေသည်။

အခန်း (၇၁၉) နတ်ဘုရားပမာ တာအိုဆရာ

ဆရာမေသည် ထက်မြက်သူတစ်ယောက်ဖြစ်လေသည်။ သူနှစ်ပေါင်းများစွာခံစားနေရသည့် ရောဂါကြောင့်သာ သူ့မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဖြစ်နေခဲ့ရခြင်းဖြစ်လေ သည်။ ယခုတော့ ထိုနာတာရှည်ရောဂါကြီးသည် ပျောက်ကင်းသွားခဲ့ပြီ ဖြစ်လေသည်။ ထိုရောဂါသာ ပျောက်ကင်း ခြင်းမရှိလျှင် သူ့အနေဖြင့် တစ်ဘဝလုံး အခက်တွေ့နေရမည် ဖြစ်သည်။ သူ၏ကိုယ်ထဲတွင် အမြစ်တွယ်နေပြီး ကုသမရနိုင်သည့် ရောဂါသည် ဆန်းလျှန်တည်ခင်းပေးသည့် အသက်ဓာတ် စွမ်းအားများပြည့်ဝသည့် ဟင်းလျာနှင့် အရက်များကိုစားသုံးပြီးသည့်နောက် ချက်ချင်းပင် သက်သာ ပျောက်ကင်း သွားခဲ့ပြီ ဖြစ်လေသည်။ ထိုအစားအသောက်များ သူ့ကိုယ်တွင်းသို့ ဝင်

ရောက်သွားသည်နှင့် ပျက်စီးနေသော သွေးကြောများမှာလည်း ချက်ချင်းပင် ပြန်လည်ကောင်းမွန်သွားခဲ့လေသည်။

သူ၏ ရောဂါသည် မီးရောဂါဖြစ်သည့်အတွက် သူ့ကိုယ်သူ အမြဲတမ်း ထိန်းချုပ်နေခဲ့ရလေသည်။ မည်သည့်အရာကိုမှ အလျှင်စလိုပြုလုပ်ရဲခြင်း မရှိပေ။ သူဒေါသထွက်လာလျှင် လည်း မီးစွမ်းအားများက ပြင်းထန်လာပြီး ပိုမိုလောင်ကျွမ်း လာလေသည်။ အခန့်မသင့်ပါက ကိုယ်တွင်းအင်္ဂါများ ပျက်စီး သွားပြီး အသက်ဆုံးနိုင်လေသည်။

ယခုတော့ အသန့်စင်ဆုံး အသက်ဓာတ်စွမ်းအားများသည် သူ၏ကိုယ်ထဲတွင် လှည့်ပတ်နေလေသည်။ ထိုအသက် ဓာတ် စွမ်းအားများ တည်ရှိနေသရွေ့ မည်မျှပြင်းထန်သည့် ဒဏ်ရာ ကိုမဆို ကုသနိုင်မည် ဖြစ်လေသည်။ သူ၏ ခန္ဓာကိုယ် အရင်းအမြစ်အထိ နာကျင်စေသည့် မီးရောဂါ ပျောက်ကင်း

သွားသည်နှင့် တန်ခိုးစွမ်းအားများ သန့်စင်စေရန်အတွက် ဆရာမေက ချက်ချင်းပင် စတင်ကျင့်ကြံလိုက်လေသည်။ ထို့သို့ဖြင့်... နေ့လည်ခင်းတစ်ခင်းလုံး ကုန်ဆုံးသွားခဲ့လေသည်။

ယိုယိုမှာ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်မဟုတ်ဘဲ ကျင့်စဉ်လမ်းကို အပေါ်ယံမျှသာ နားလည်သူ တစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် သူမ၏ ကိုယ်ထဲမှ အသက်ဓာတ်စွမ်းအားများကို ကောင်းကောင်း အသုံးချနိုင်ခြင်း မရှိပေ။ ခန္ဓာကိုယ်သွေးလည်ပတ်မှု မှန်ကန်ရုံလောက်သာ ကျင့်ကြံနိုင်လေသည်။

သူမသည် ချောမောလှပသည့် မိန်းမပျိုလေးတစ်ယောက် ဖြစ်သည့်တိုင် ကျင့်စဉ်လမ်းတွင်တော့ အလားအလာ သိပ်မရှိပေ။ သို့သော်... သွေးလည်ပတ်မှုမှန်ကန်လာပြီး အသက်ဓာတ်စွမ်းအားများ ပြည့်ဝလာသည်နှင့်အမျှ သူမ၏ ဖြူဖပ်ဖြူ

လျော်အသားအရည်မှာ သွေးရောင်လွှမ်းပြီး တောက်ပလာလေသည်။

ယိုယိုသည် သူမ၏ခန္ဓာကိုယ်မှ အပြောင်းအလဲများကို ဂရုမစိုက်အားပါ။ သူမက ဆရာမေကို လှမ်းကြည့်လိုက်လေ သည်။ ဆရာမေမှာ အပေါ်ပိုင်းအင်္ကျီဗလာဖြင့် ကျင့်ကြံနေခြင်းဖြစ်ပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ မီးထဲတွင်လောင်ကျွမ်း နေသည့် သံထည်တစ်ခုအလား ရဲရဲနီလျှက် ရှိလေသည်။ ဆရာမေ၏ ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် အပူရှိန်များ ကြောင့် ယိုယိုသည်ပင် စိတ်မသက်မသာ ခံစားလိုက်ရလေသည်။

ယိုယိုသည် ဆရာမေအတွက် စိတ်ပူပန်သွားပြီး ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားကာ အောက်ထပ်မှ တာအိုဆရာ ကို အကူအညီတောင်းရန် ထွက်ခွာလာခဲ့လေတော့သည်။

ဆန်းလျန်သည် ကောင်တာထက်တွင် ဖရုံစေ့များကို အစုလိုက် စုပုံနေလေသည်။

ကူးဝေဝေကတော့ ကောင်တာအနားရှိ စားပွဲတစ်လုံးထက်တွင် ရေဇလုံတစ်ခုကိုတင်ကာ ရေဇလုံကို စူးစိုက်ကြည့် နေလေ၏။ ထိုအချိန်မှာပင် ယိုယိုမိန်းကလေးက သူတို့အနားသို့ ရောက်ရှိလာလေသည်။

တာအိုဆရာလူငယ်နှင့် ဆိုင်ရှင်မိန်းမပျိုမှာ ထူးဆန်းသော သူများဖြစ်သည်ကို ယိုယိုက ရိပ်မိထားလေသည်။

အထူးသဖြင့် တာအိုဆရာသည် အလွန်ထူးဆန်းပြီး သာမန်လူတစ်ယောက်နှင့် လုံးဝမတူပေ။ သူမသည် ဆန်းလျန်ရှိရာ ကောင်တာသို့ အမြန်လျှောက်လာပြီး ဆန်းလျန်ရှေ့တွင် အရုပ်တစ်ရုပ်အလား တောင့်တောင့်ကြီး ရပ်နေမိလေသည်။

ဆန်းလျန်က ယိုယိုကိုတွေ့သည်နှင့် ဒုတိယထပ်ရှိ ဆရာမေ နေထိုင်ရာအခန်းဆီသို့ တစ်ချက်လှမ်းကြည့်ပြီး ပြုံးလိုက် လေသည်။

"ဘာလဲ... ဆရာမေ ဘာဖြစ်နေတာလဲသိချင်လို့ ကျုပ်ကို လာမေးတာလား..."

ယိုယိုက ခေါင်းညိတ်ပြလိုက်ရင်း...

"တာအိုဆရာ ၊ ကျွန်မတို့ဂိုဏ်းချုပ်ရဲ့ ခန္ဓာကိုယ်က အခုအပူပေးထားတဲ့ သံမဏိလိုပဲ နီရဲပြီးပူလောင်နေတာပဲ ၊ သူ တစ်ခုခုဖြစ်မှာ ကျွန်မ စိတ်အရမ်းပူလို့ပါ ၊ တာအိုဆရာ တစ်ချက်လောက် လိုက်ကြည့်ပေးလို့ရမလား ၊ တာအိုဆရာသာ ကူညီမယ်ဆိုရင် ကျွန်မတို့ အရှေ့ပင်လယ်ဂိုဏ်းက ကျေးဇူးမမေ့ပါဘူး..."

ဆန်းလျန်က...

"အရှေ့ပင်လယ်ဂိုဏ်းဆိုတာ ဘာဂိုဏ်းလဲ..."

ဆန်းလျန်၏ အမေးကြောင့် ယိုယို၏ စိတ်ထဲတွင် ထူးဆန်းသွားလေသည်။

အရှိန်အဝါကြီးမားလွန်းသည့် သူမတို့၏အရှေ့ပင်လယ်ဂိုဏ်းကိုမှ မသိရလောက်အောင် ထိုတာအိုဆရာသည် လောကကြီးနှင့် အဆက်ပြတ်နေသည့်လူတစ်ယောက်လား။ ဒါမှမဟုတ် တောထဲတောင်ထဲ တွင်ကျင့်ကြံမှုပြုလုပ်ပြီး ယခုမှ လူ့လောကထဲသို့ ထွက်လာသည့်လူတစ်ယောက်လား...။

သို့သော်... သူမသည် ဆန်းလျှန်ကို မလေးမစား မပြုရဲပါချေ။

သူမက ခပ်တိုးတိုးလေသံဖြင့်...

"ကျွန်မတို့ အရှေ့ပင်လယ်ဂိုဏ်းက ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို အဓိကလုပ်ဆောင်ပါတယ်၊ ရှားပါးတဲ့ ရတနာပစ္စည်းတွေ၊ ကုန်ပစ္စည်းတွေကို ပင်လယ်ရပ်ခြားကို ပို့ဆောင်ချင်တယ်ဆိုရင် ကျွန်မတို့ အရှေ့ပင်လယ်ဂိုဏ်း က တာဝန်ယူပို့ဆောင်ပေးပါတယ်၊ အချို့ကျင့်ကြံသူတွေဆိုရင် ရှားပါးတဲ့ မှော်ဝင်ပစ္စည်းတွေ ရှာဖွေချင်တယ် ဆိုရင်လည်း ကျွန်မတို့ အရှေ့ပင်လယ်ဂိုဏ်းကို ရှာဖွေခိုင်းကြပါတယ်၊ ဒါကြောင့် တာ

အိုဆရာက ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်ကို ကူညီပေးမယ်ဆိုရင်
နောက်ပိုင်း ဆေးဖက်ဝင်အပင်တွေလိုချင်ရင်ပဲ ဖြစ်ဖြစ် ၊
မှော်ဝင်ပစ္စည်းတွေ ရှာဖွေ ချင်ရင်ပဲဖြစ်ဖြစ် ကျွန်မတို့က ကူညီ
ဆောင်ရွက်ပေးပါ့မယ်..."
ယိုယိုပြောသည့်စကားများအရဆိုလျှင် ဆရာမေသည်
လောကတွင် အရှိန်အဝါကြီးမားသူတစ်ယောက် ဖြစ်ရမည်ဟု
ဆန်းလျန်က တွေးလိုက်မိလေသည်။
သို့သော်... ဆရာမေနှင့်ပတ်သက်ပြီး အခွင့်အရေးယူလိုစိတ်
များ ဆန်းလျန်တွင် လုံးဝမရှိခဲ့ပါ။ ဆန်းလျန်သည် စစ်မှန်သည့်
နတ်ဘုရားတစ်ပါးဖြစ်လေရာ လောကတွင် သူဖြစ်ချင်သည့်
အရာမှန်သမျှ ဖြစ်နိုင်လေသည်။ အသေးအဖွဲ့ လောက်ကို
အလေးထားမည် မဟုတ်ပေ။
သို့သော်...

ဆရာမေသည် အရည်အချင်းရှိသူတစ်ယောက် ဖြစ်ပြီး

အခွင့်အရေးကို ဆုပ်ကိုင်နိုင်သူ တစ်ယောက် ဖြစ်လေသည်။

သူသည် ဆန်းလျန်ကုသပေးလိုက်သည့်အတွက် ရောဂါ

ပျောက်ကင်းသွားသည်နှင့် အခွင့်ကောင်းကို လက်လွတ် မခံဘဲ

ချက်ချင်းပင် ပြင်းပြင်းထန်ထန် ကျင့်ကြံနေခဲ့လေသည်။

ထို့ကြောင့် ဆရာမေသည် ရောဂါပျောက်ကင်းသွားရုံ သာမက

ကျင့်စဉ်လမ်းတွင်ပင် အဆင့်တက်သွားခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်က ခေါင်းတစ်ချက် အသာညိတ်လိုက်ရင်း...

"ဟုတ်ပါပြီ... ဆိုင်နောက်ဘက်က အခန်းထဲမှာ သစ်သား

စည်ပိုင်းတစ်ခုရှိတယ်၊ အဲဒီစည်ပိုင်းထဲကို ရေတစ်ဝက်

လောက် ဖြည့် ပြီးတော့ မင်းတို့နေတဲ့အခန်းထဲကို ယူသွားပါ..."

ယိုယိုသည် ချက်ချင်းပင် ဆန်းလျန် ညွှန်ကြားသည့်အတိုင်း

ပြုလုပ်လိုက်လေသည်။

သူမသည် သစ်သားစည်ပိုင်းအတွင်းသို့ ရေတစ်ဝက်ခန့်ထည့်ကာ အခန်းတွင်းသို့ ဝင်လာခဲ့လေသည်။ ဆန်းလျန်ကလည်း သူမနောက်မှ လိုက်ပါလာလေသည်။

ထို့နောက် ဆန်းလျန်က သစ်သားစည်ပိုင်းအတွင်းမှ ရေများကို လက်နှစ်ချောင်းဖြင့် ထိုးညွှန်လိုက်ရာ ရေများသည် ချက်ချင်းပင် ပွက်ပွက်ဆူလာလေသည်။

အမှန်တော့ ဆန်းလျန်သည် ရေစည်ထဲမှ ရေများကို ဆူပွက်စေလိုလျှင် စိတ်တစ်ချက်ညွှတ်လိုက်ရုံမျှဖြင့် ဆူပွက် လာနိုင်လေသည်။ သို့သော်... သူက ရေစည်ထဲမှရေများကို လက်နှစ်ချောင်းဖြင့် ထိုးညွှန်လိုက်ရခြင်းမှာ ဒီအတိုင်း ရေများဆူပွက်လာလျှင် ယိုယို အလွန်အမင်းထိတ်လန့်သွားမည် စိုးရိမ်သောကြောင့် ဖြစ်လေသည်။ သူမ အလွန်အမင်းထိတ်လန့်သည်က အရေးမကြီးပါ။ သူမ နားလည်အောင် ရှင်းမပြချင်

သောကြောင့် ဖြစ်လေသည်။ နားလည်အောင်ရှင်းပြရခြင်း

လောက် ပျင်းစရာကောင်းသည့်အလုပ် လောကတွင် မရှိပေ။

ဆန်းလျန်က...

"မင်းရဲ့ ဂိုဏ်းချုပ်ကို ရေစည်ထဲ ထည့်လိုက်..."

ယိုယိုက...

"ရေက ဒီလောက်ပူနေတာ၊ ထည့်လို့ဖြစ်ပါ့မလား"

ဆန်းလျန်က လက်တစ်ချက်ဝှေ့ယမ်းလိုက်ကာ အခန်းအပြင်

သို့ ထွက်သွားလေသည်။

"မထည့်ချင်လည်း ကိစ္စမရှိဘူး၊ နည်းနည်းလောက် ဒုက္ခခံ

လိုက်ရင် နည်းနည်းလောက်တော့ အကျိုးရှိမှာပေါ့..."

ဆန်းလျန်၏ လေသံက စိတ်ဆိုးဒေါသထွက်ပုံလည်းမရသလို၊

လိမ်ပြောနေဟန်လည်း မရှိပေ။

အခန်းထဲမှ ထွက်သွားသည့် ဆန်းလျန်၏ ကျောပြင်ကို ယိုယို
က တစ်ချက်လှမ်းကြည့်လိုက်လေသည်။ သို့တိုင်အောင်...
သူမ၏ စိတ်များမှာ ရှုတ်ထွေးလျှက် ရှိလေသည်။
သစ်သားစည်ပိုင်းထဲမှ ရေများမှာ အဆက်မပြတ် ပွက်ပွက်ဆူ
နေလေသည်။ စည်ပိုင်းအောက်တွင် မီးဖိုကြီးတစ်ခုဖြင့်
အပူပေးထားသည့်အလား ဖြစ်လေတော့သည်။ သူမက ရေကို
လက်ဖြင့် အသာစမ်းကြည့်လိုက်လေရာ သူမ၏ လက်မှာ
ချက်ချင်းအပူလောင်သွားပြီး အရေကြည်ဖုများပင် ထလာလေ
သည်။

ထို့ကြောင့် သူမသည် ဆရာမေကို ရေစည်အတွင်းသို့ထည့်ရန်
မဝံ့မရဲဖြစ်နေတော့သည်။

ဂိုဏ်းချုပ်ကို ရေစည်ထဲသို့ ထည့်ရမည်လား ၊ မထည့်ရဘူး
လား...။

သူမ ချီတုံချတုံ ဖြစ်နေစဉ်မှာပင် ဆရာမေ၏ မျက်လုံးများ ပွင့်

လာလေသည်။

"ယိုယို .... ငါ့ကို ရေစည်ထဲထည့်ပေး..."

ယိုယိုသည် ဂိုဏ်းချုပ်ကို ဘုရားကဲ့သို့ ကိုးကွယ်သူဖြစ်လေ

သည်။

ထို့ကြောင့် ဂိုဏ်းချုပ်ထံမှ အမိန့်စကားကို ကြားလိုက်ရသည့်

အခါတွင်တော့ ချက်ချင်းပင် အမိန့်ကို နာခံလိုက်လေ

တော့သည်။

ယိုယိုက ဆရာမေကို သစ်သားစည်ပိုင်းအတွင်းသို့ ထည့်

ပေးလိုက်လေသည်။ ဆရာမေသည် ရေစည်အတွင်းသို့ ရောက်

သွားသည်နှင့် သံမဏိကိုမီးကင်ထားသည့်အလား ရဲရဲနီနေ

သည့် အသားအရေများသည် ထူးဆန်းစွာပင် ပုံမှန်အတိုင်း ပြန်

ဖြစ်သွားလေသည်။

ခဏကြာသည့်အခါတွင်တော့ ဆရာမေက ပါးစပ်ဟကာ

အသက်တစ်ချက် ရှူထုတ်လိုက်လေသည်။ ထိုအခါ သူ၏

ပါးစပ်အတွင်းမှ အဖြူရောင်အခိုးအငွေ့များထွက်ပေါ်လာလေ

သည်။ ထိုအခိုးအငွေ့များသည် အဖြူရောင်ပိတ်သားစ အပါး

တစ်ခုအလား အခန်းထဲတွင် အချိန်အတန်ကြာ ရှိနေလေသည်။

ဆရာမေ ထိုသို့ပြုလုပ်လိုက်သည်ကို တွေ့မြင်လိုက်သည်နှင့်

ယိုယိုက ကမန်းကတန်းပင် မေးမြန်းလိုက်လေသည်။

"ဂိုဏ်းချုပ်… ဘာမှ မဖြစ်ပါဘူးနော်…"

ဆရာမေက ပြုံးလိုက်ရင်း…

"ရောဂါပျောက်သွားတော့ ကျုပ်ရဲ့ ခန္ဓာကိုယ်က သိပ်ကိုပေါ့ပါး

သွားတယ်…."

ယိုယိုက ရေစည်ပိုင်းအတွင်းသို့ ကြည့်လိုက်လေသည်။

မူလက ကြည်လင်နေသည့်ရေများသည် အခုတော့ မင်ရောင်

အလား နက်စွေးနေလေတော့သည်။ ထိုရေများထဲမှ ညှီစို့စို့ အနံ့

များလည်း ထွက်ပေါ်လျှက်ရှိလေ၏။ ခန္ဓာကိုယ်တွင်းမှ မ ကောင်းသည့် အဆိပ်အတောက်များ အားလုံးသည် ရေထဲသို့ ရောက်ရှိသွားခြင်း ဖြစ်လေသည်။

စကားဆုံးသွားသည်နှင့် ဆရာမေက ရေစည်အတွင်းမှထကာ အဝတ်အစားများလဲလိုက်လေသည်။

ယိုယိုက...

"အဲဒီတာအိုဆရာက အရမ်းထူးဆန်းတယ် ၊ ချန်စန်းကွမ်းမှာ ပညာသင်နေတဲ့ တတိယသခင်တောင် ဂိုဏ်းချုပ်ရဲ့ ရောဂါကို မကုသနိုင်ခဲ့ဘူး ၊ ဒါပေမယ့် အဲဒီတာအိုဆရာကတော့ ချက်ချင်းပဲ ကုသပေးလိုက်တယ်..."

ဆရာမေက...

"အဲဒီအချိန်တုန်းက ကျုပ် အစ်ကို (၃)ကို သွားတွေ့တော့ သူက ချန်စန်းကွမ်းက သာမန်တပည့်တစ်ယောက် အဆင့်ပဲ ရှိသေးတယ်လေ ၊ အဲဒါကြောင့် ကျုပ်ရဲ့ ရောဂါကို ကုသမပေးနိုင်ခဲ့

ဘူး ၊ အခု (၁၅) နှစ်တောင် ကြာခဲ့ပြီပဲ ၊ အစ်ကို (၃)လည်း ကျင့်စဉ်လမ်းမှာ အောင်မြင်မှုတွေ ရနေလောက်ပါပြီ ၊ ဒါပေမယ့် ဒီတာအိုဆရာလူငယ်ကတော့ အရမ်း အစွမ်းထက်လွန်းတယ် ၊ ကျုပ်ရဲ့ ရောဂါပျောက်ကင်းသွားရုံတင်မကဘူး သွေးကြောတွေပါ အကုန်ပွင့်သွား တယ် ၊ နောက်ရက်နည်းနည်းလောက် ထပ်ပြီးကျင့်ကြံလိုက်ရင် တန်ခိုးစွမ်းအားတွေတောင် ပိုပြီး မြင့်တက်လာ လိမ့်မယ်..."

ယိုယိုက...

"ဂိုဏ်းချုပ်ရဲ့ တန်ခိုးစွမ်းအားတွေသာ မြင့်တက်လာရင် တတိယသခင်ထားခဲ့တဲ့ မှော်ဝင်လက်နက်တွေနဲ့ အင်းသင်္ကေတတွေကို ကောင်းကောင်း အသုံးပြုလို့ရပြီပေါ့ ၊ ပြီးတော့ ဟို ကျုန်းတျဲယီဆိုတဲ့လူလည်း ဂိုဏ်းချုပ်ကို ကျင်းမာထန်နဲ့ ပူးပေါင်းဖို့ အတင်း ဖိအား မပေးနိုင်တော့ဘူးပေါ့..."

ဆရာမေက....

"ဒီကိစ္စက အဲဒီလောက်တော့ မရိုးရှင်းဘူး ၊ ကျင်းမာထန်က ကျုန်းတျဲယီနဲ့ မတူဘူး ၊ သူက တန်ခိုးစွမ်းအား အမျိုးမျိုးကို ရရှိထားတဲ့ လူထူးလူဆန်းတစ်ယောက်ပဲ... ကံကောင်းတာက ပိုင်ကျားမြို့က နတ်သမီးဗိမာန်ပိုင်ရှင် ဟူတောက်တယ်က တန်ခိုးစွမ်းအားလည်းမြင့်မားသလို အဆက်အသွယ်လည်း ကောင်းတယ် ၊ သူ့ကိုသာ စည်းရုံးနိုင်မယ်ဆိုရင် သူက ကျုပ်တို့ကို ကောင်းကောင်း ကူညီပေးနိုင်မှာပဲ..."

ဟူတောက်တယ်၏ ဂုဏ်သတင်းကျော်ကြားမှုများကို ယိုယို လည်း ကောင်းကောင်းသိထားလေသည်။

ဟူတောက်တယ်သည် စီးပွားရေးသမားတစ်ယောက် ဖြစ် သော်လည်း သိုင်းလောကတွင် နာမည်ကျော်ကြားသူ တစ် ယောက် ဖြစ်လေသည်။ သူ့ကို သိုင်းလောကသားများက နတ် ဘုရားဟူ ဟု ခေါ်ကြလေသည်။ အဘယ်ကြောင့် ဆိုသော်... သူ၏ ခြံဝန်းအတွင်းမှ မက်မွန်ပင်သည် အေးစက်သည့်

ဆောင်းရာသီတွင်ပင် နွေဦးရာသီအလား ပန်းများ ပွင့်လန်းနေသောကြောင့် ဖြစ်လေသည်။ ထိုသို့ (၄)ရာသီလုံးလုံး ပန်းများ ပွင့်အောင် ပြုလုပ်ထားနိုင်သည့် တန်ခိုးစွမ်းအားမှာ နတ်ဘုရားတန်ခိုးစွမ်းအားများ ဖြစ်သည့်အတွက် သူ့ကို နတ်ဘုရားဟူ ဟု ခေါ်ဆိုကြခြင်း ဖြစ်လေသည်။

ယိုယိုက...

"ဟူတောက်တယ်က ချင်ပြည်နယ်မှာနာမည်ကြီးတစ်ယောက်ပဲ ၊ ဒါပေမယ့် အောက်ထပ်က တာအိုဆရာက ပိုပြီး ထူးဆန်းတာမဟုတ်ဘူးလား ၊ ဂိုဏ်းချုပ်က သူ့ကိုတော့ ဘာလို့ မစည်းရုံးရတာလဲ..."

ဆရာမေက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ယိုယို ၊ ကျုပ် လူကဲခတ်သိပ်တော်တယ်ဆိုတာ မင်းလည်းသိပြီးသားပဲ ၊ အဲဒီ တာအိုဆရာအပေါ်မှာ ကျုပ် ဘယ်လိုမြင်သလဲ မင်းသိလား..."

ယိုယိုက...

"ဂိုဏ်းချုပ် ကျေးဇူးပြုပြီး ပြောပြပေးပါ..."

ဆရာမေက...

"အဲဒီတာအိုဆရာက ကံကြမ္မာကိုတောင်ပြောင်းလဲပစ်နိုင်တဲ့ နတ်ဘုရားတစ်ပါးပဲ ၊ သူ့ကိုမြင်ရတဲ့အခါ အစ်ကို (၃)ကို ရှင်သန်စေခြင်းကျောင်းတော်ကို ခေါ်သွားတဲ့ နတ်ဘုရားကို ပြန်ပြီး အမှတ်ရမိစေတယ်...."

အခန်း (၇၂၀) လောကကြီးကကျေနပ်ရန်ခက်ခဲ နတ်ဘုရားတွေကတော့ ပျင်းရိနေဆဲ

ဆရာမေက စကားတစ်ခွန်းသာပြောလိုက်ခြင်းဖြစ်သော်လည်း ထိုစကား၏ အဓိပ္ပါယ်က လေးနက်လေသည်။

ထိုအချိန်တုန်းက အစ်ကို (၃)ကို ခေါ်ဆောင်သွားသည့် နတ်ဘုရားသည် သူ့ကိုလည်း ရှင်သန်စေခြင်းကျောင်းတော်သို့ လိုက်ပါရန် ခေါ်ဆောင်ခဲ့လေသည်။ လောကတွင် ကျင့်ကြံသူများစွာ ရှိကြသည့်တိုင် မည်သူမှ ရှင်သန်စေခြင်းကျောင်းတော်ကို ရောက်ဖူးကြခြင်း မရှိကြပေ။ ထို့ပြင် ရှင်သန်စေခြင်းကျောင်းတော်မှ ခေါ်သည်ဆိုလျှင်လည်း နတ်ဘုရားတစ်ပါးဖြစ်လာရန် ကျိန်းသေ အရည်အချင်းရှိ သောကြောင့် ဖြစ်လေသည်။ ထို့ပြင် ရှင်သန်စေခြင်းကျောင်းတော်ကို ဝင်ခွင့်ရရန် အတွက် အခြားသော တင်းကြပ်သည့် စည်းကမ်း များလည်း ရှိနေသေးလေရာ ဝင်ခွင့်ရရန်မှာ အလွန်မှ ခက်ခဲလွန်းလှလေသည်။

သို့သော်… ထိုအချိန်တုန်းက သူသည် ငယ်ရွယ်ပြီး စွမ်းအား ပြည့်ဝနေသည့် အချိန်ဖြစ်လေသည်။ သူကလောကတွင် အောင်မြင်သူတစ်ယောက် ဖြစ်ချင်မိလေသည်။ ဘာမဟုတ် သည့် တောတောင်ထဲတွင် ကျင့်ကြံရင်းဖြင့် သူ၏ အနာဂတ်ကို အဆုံးရှုံးမခံလိုခဲ့ပေ။ ထို့ကြောင့် သူက နတ်ဘုရားတစ်ပါးဖြစ် ရန်အတွက် မရွေးခြယ်ခဲ့မိပေ။ ထို့ပြင် သူ့တွင်လည်း ဝိညာဉ် စွမ်းအားပစ္စည်းများ များစွာရှိလေရာ လွတ်လွတ်လပ်လပ်ဖြင့် သာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင့်ကြံချင်ခဲ့မိလေသည်။

ထိုအချိန်များကို ပြန်စဉ်းစားကြည့်မည်ဆိုလျှင် သူသည် အလွန်မှ မာနကြီးခဲ့လေသည်။ လောကတွင် ကိုယ်ဖြစ်ချင် သည့်အရာများအားလုံး ဖြစ်လာမည်ဟု ထင်ခဲ့မိလေသည်။

သို့သော်… ဤဇာတ်လမ်းတွင် သူသည် အဓိကဇာတ်ကောင် တစ်ကောင် မဟုတ်ခဲ့ပေ။

ယခုတော့ သူ၏စိတ်များသည်လည်း ယခင်ကနှင့်မတူဘဲ

ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

သို့သော်... ယခုမှ ဆုံးဖြတ်ချက်ကို ပြင်၍မရတော့ပေ။

အချိန်လွန်ခဲ့ပြီ ဖြစ်လေသည်။ ထို့ပြင်... အရှေ့ပင်လယ်ဂိုဏ်း

၏တာဝန်များ ၊ ပြဿနာများအားလုံးသည်လည်း သူ့ပခုံးထက်

သို့ ကျရောက်လျှက် ရှိလေ၏။

မည်သို့ပင်ဖြစ်စေ... ယခုလက်ရှိအချိန်တွင် သူ၏စိတ်များ

ကြည်လင်နေလေသည်။

ဆရာမေက...

"ကျုပ်တို့ အခု အဲဒီတာအိုဆရာကို အရင်ဆုံး ကျေးဇူးတင်

စကားသွားပြောကြမယ် ၊ ညကျရင်တော့ သူ့ဌေးကြီးပိုင် ဆီကို

အလည်အပတ်သွားကြတာပေါ့..."

ယိုယိုက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့..."

ဂိုဏ်းချုပ်က သူဌေးကြီးပိုင်ဆီသို့ သွားရသည့် အကြောင်းရင်းကို သူမ ကောင်းကောင်းသိလေသည်။

သူဌေးကြီးပိုင်သည် ပိုင်ကျားမြို့တွင် လောင်းကစားဂေဟာတစ်ခုကို ပိုင်ဆိုင်ထားသည်သာမက ချင်ပြည်နယ် မြေအောက်ဒုစရိုက်လောက၏ ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်လေသည်။

သူဌေးကြီးပိုင်သည် ချင်ပြည်နယ်မြို့တော်ရှိ အာဏာပိုင်များနှင့် ဆက်ဆံရေးကောင်းမွန်သူတစ်ယောက်လည်း ဖြစ်လေသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများစွာကို ပိုင်ဆိုင်ထားသည့် အရှေ့ပင်လယ်ဂိုဏ်းအနေဖြင့် သူဌေးကြီး ပိုင်ကဲ့သို့ ဒေသတွင်းမြွေဟောက်များဖြင့်လည်း ဆက်သွယ်အလုပ်လုပ်ရလေ့ရှိလေသည်။

ဆရာမေက သူဌေးကြီးပိုင်ဆီသို့ အရင်ဦးဆုံး သွားရောက်လည်ပတ်ရခြင်းမှာ သူဌေးကြီးပိုင်၏ အကူအညီဖြင့် ဟူ

တောက်တယ်ကိုဆက်သွယ်ရန် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... ကြားခံမိတ်ဆက်ပေးသူတစ်ယောက် မရှိဘဲ ဟူတောက်တယ်ကဲ့သို့ လူထူးလူဆန်းတစ်ယောက်ကို တိုက်ရိုက်သွားရောက်တွေ့ဆုံရန်မှာ သိပ်ပြီး မသင့်တော်လှပေ။

သူတို့ (၂)ယောက် အောက်ထပ်သို့ ဆင်းလာကြလေသည်။

ထိုအချိန်တွင်... ဆန်းလျန်က ကူးဝေဝေ၏ ဇက်ကြောများကို နှိပ်ပေးနေလေသည်။

ကူးဝေဝေ၏ပုံစံက သက်သောင့်သက်သာ ဖြစ်နေလေသည်။

သို့သော်... အပေါ်ထပ်မှ ဆင်းလာသည့် ညော့သည် (၂)ယောက်ကို တွေ့လိုက်ရသည့်အခါတွင်တော့ သူမက ရှက်သွားပြီး ဆန်းလျန်ကို ရပ်ခိုင်းလိုက်လေသည်။

အမှန်တော့ ကူးဝေဝေမှာ ဆန်းလျန်သင်ပေးသည့် ကျင့်စဉ်အတိုင်း ရေဇလုံကိုကြည့်ကာ ရေများ ဆူပွက်လာစေရန်

အတွက် ကျင့်ကြံနေလေရာ သူမအတွက် အလွန်ပင်ပန်းလှလေသည်။ ထို့ကြောင့် ဆန်းလျန်က သူမကို နှိပ်ပေးရင်း ဝိညာဉ်စွမ်းအားများ ပြန်ဖြည့်ပေးနေခြင်း ဖြစ်လေသည်။

ကူးဝေဝေမှာ ကျင့်စဉ်တစ်ခုကို ကျင့်ကြံနေသူဖြစ်ပြီး ကျင့်ကြံခြင်းအဆင့်မှာ အစပိုင်းမျှသာရှိသေးသည်ကို ဆရာမေကတော့ ရိပ်မိထားလေသည်။ သူမ၏ အဆင့်သည် တာအိုဆရာလူငယ်နှင့်ယှဉ်လျှင် ကမ္ဘာခြားလျက်ရှိလေ ၏။

သို့သော်... ဆန်းလျန်သည် ကူးဝေဝေကို အလွန်ဂရုစိုက်ဟန်ရှိလေသည်။ ထို့ကြောင့် ဆန်းလျန် မည်သူမည်ဝါ ဖြစ်သည်ကို သိချင်လျှင် ကူးဝေဝေဆီမှ စတင်စုံစမ်း၍ရနိုင်လေသည်။

ဆရာမေက ဆန်းလျန်အပေါ်တွင် မည်သည့်အကြံအစည်မှ မရှိပါ။ သူ၏ အကျင့်အတိုင်း သူ မသိသည့်အရာကို သိချင်မိခြင်းသာ ဖြစ်လေသည်။ ထိုသို့သော သိချင်စိတ်ကြောင့်ပင် သူ့ဘဝ

တွင် အကျပ်အတည်းပေါင်းများစွာကို မရေမတွက်နိုင်အောင် ဖြတ်သန်းနိုင်ခဲ့လေသည်။

ဆရာမေက ဆန်းလျန်ရှိရာသို့ လျှောက်လာပြီး ဆန်းလျန်ကို စိုက်ကြည့်လိုက်ရင်း...

"ကြီးမြတ်တဲ့တာအိုဆရာ ၊ ကျုပ်မေနန့်စန်း တာအိုဆရာရဲ့ ကျေးဇူးတွေကို စိတ်ထဲမှာ အမြဲမှတ်ထားပါ့မယ် ၊ တာအိုဆရာ က သာမန်လူတစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ်ရိပ်မိပါ တယ် ၊ ကျုပ်က ကျေးဇူးပြန်ဆပ်ရင်လည်း အသုံးမဝင်ဘူးဆို တာ သိပါတယ် ၊ ဒါပေမယ့် ဒီလူ့လောကအလည်မှာ မလွှဲမ ရှောင်သာ အခက်အခဲများကြုံတွေ့ခဲ့ရင် ဒီရွှေတံဆိပ်ပြားလေး နဲ့ တာ့ကျိုးပြည် (၅၅)ပြည်နယ်မှာ ဘယ် ဟော့ထုန်ဘဏ်မှာမ ဆို ပိုက်ဆံထုတ်ယူလို့ရပါတယ် ၊ ဒါလေးကို လက်ခံပေးဖို့ မျှော်လင့်ပါတယ်..."

ဆန်းလျန်က ခေါင်းတစ်ချက် အသာညိတ်လိုက်ပြီး ရွှေတံဆိပ်ပြားလေးကို လက်ခံလိုက်လေသည်။

သို့သော်... သူက ဘဏ်မှ ငွေမည်မျှ ထုတ်ယူနိုင်မည်ဆိုသည်ကို မေးမြန်းခြင်း မပြုခဲ့ပေ။

ဆန်းလျန်၏ အပြုအမူကြောင့် ဆရာမေမှာ ပိုပြီး အံ့ဩသွားရလေသည်။ သူက ဆန်းလျန်သည် အနည်းငယ်တော့ စိတ်ဝင်စားလိမ့်မည်ဟု ထင်မှတ်ထားခဲ့မိလေသည်။

နောက်ဆုံးတွင်တော့ ဆန်းလျန်သည် လူ့လောကနှင့် လုံးဝ မပတ်သက်လိုသည့် စစ်မှန်သည့်ကျင့်ကြံသူ တစ်ယောက် ဖြစ်ရမည်ဟု ဆုံးဖြတ်ချက်ချလိုက်မိလေသည်။ သို့သော်... ဆန်းလျန်က သူပေးသည့် ရွှေတံဆိပ်ပြား ကို အခြားသူများကဲ့သို့ ဟန်ဆောင်ပန်ဆောင် ငြင်းဆန်မနေဘဲ တန်းပြီး လက်ခံလိုက်သည်မှာလည်း ထူးဆန်းပြန် လေသည်။

ဆန်းလျှန်သည် သူယခင်က တွေ့ဆုံဖူးခဲ့သည့် ကျင့်ကြံသူများ နှင့် အလွန်ကွာခြားသူဖြစ်လေသည်။ အမြဲတမ်း လွတ်လပ် ပေါ့ပါးနေဟန် ရှိလေ၏။

ကူးဝေဝေက...

"ဒီ ရွှေတံဆိပ်ပြားနဲ့ဆိုရင် ဘဏ်ကနေ ပိုက်ဆံဘယ်လောက် ထုတ်လို့ရနိုင်မှာလဲ..."

ဆရာမေက ပြုံးလိုက်ရင်း...

"ဘဏ်မှာရှိသလောက် အကုန်ထုတ်ယူသွားလို့ ရပါတယ်..."

သူ၏စကားများက အာမခံချက်အပြည့်နှင့် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဟွေ့ထုန်ဘဏ်များကို ပိုင်ဆိုင်သူမှာ အရှေ့ပင်လယ်ဂိုဏ်း ဖြစ်နေသောကြောင့်ပင်။

ဆရာမေ၏ အဖြေစကားကြောင့် ကူးဝေဝေမှာ အနည်းငယ် အံ့အားသင့်သွားသော်လည်း မေးခွန်းများ ထပ်မံ မေးမြန်းခြင်း မပြုတော့ပေ။

ဆရာမေမှာ ကူးဝေဝေကိုပါ လေးစားသွားမိလေသည်။ ဆန်းလျန်ကဲ့သို့သောလူမျိုးက ရွှေတံဆိပ်ပြားကို စိတ်မဝင်စားသည်မှာ သဘာဝကျလေသည်။ သို့သော်… ကူးဝေဝေက သာမန်မိန်းကလေးတစ်ယောက် ဖြစ်လေ သည်။ ထို့ပြင် သူမသည် ပိုက်ဆံအနည်းငယ်မက်မောဟန်လည်း ရှိလေ၏။ ယခုတော့ သူမသည် ရွှေတံဆိပ်ပြား လေးကို စိတ်ဝင်စားခြင်း မရှိပေ။ အလွန်မှ ထူးဆန်းလှလေသည်။

ဆန်းလျန်သည် ကျောက်တုံးကိုပင် ရွှေဖြစ်အောင် ပြောင်းနိုင်သူဖြစ်သည့်အတွက် ကူးဝေဝေက ရွှေတံဆိပ်ပြားလေးကို သိပ်ပြီးမက်မောခြင်းမရှိဘဲ ငြိမ်နေသည်ဆိုသည့်အချက်ကိုတော့ ဆရာမေ သိရှိခဲ့ခြင်း မရှိပါ။ ထိုအချက်ကိုသာ သိရှိခဲ့ပါက ဆရာမေ အံ့သြတော့မည် မဟုတ်ပေ။

ဆန်းလျန်က…

"ခင်ဗျားနဲ့ စောစောက အလောင်းမိစ္ဆာက ဘယ်လိုပတ်သက်တာလဲ..."

ဆရာမေက...

"အဲဒီ အလောင်းမိစ္ဆာရဲ့နာမည်က ကျုန်းတျဲယီလို့ ခေါ်ပါတယ်၊ သူက သိုင်းလောကမှာတော့ နာမည်ကြီးပဲ၊ သူနဲ့ ကျုပ်က ပတ်သက်တယ်လို့လဲ မဆိုသာဘူး၊ မပတ်သက်ဘူးလို့လဲပြောလို့ မရပြန်ဘူး..."

ဆန်းလျန်က...

"အော်..."

ဆန်းလျန်က သူတို့ (၂)ယောက်၏ ပတ်သက်မှုများကို သိပ်ပြီး စိတ်ဝင်စားဟန်မရှိသဖြင့် ဆရာမေကလည်း ဆက်ပြီး ပြောပြခြင်း မရှိတော့ပါ။

ဆရာမေအနေဖြင့် သူ၏ ကိစ္စများတွင် ဆန်းလျန်ပါဝင်ပတ်သက်လာစေရန်လည်း ရည်ရွယ်ချက်မရှိပါ။ သူက ဆန်း

လျှန်၏ စိတ်ကိုလည်း ခန့်မှန်းနိုင်ခြင်း မရှိသည့်အတွက် ဆန်းလျှန်နှင့် မည်သည့်အရာကိုမှ ဆန့်ကျင်ဘက် မဖြစ်ချင်မိပေ။

ဆရာမေက အတွေ့အကြုံကြွယ်ဝသူတစ်ယောက် ဖြစ်လေသည်။ ယခုနှစ်များအတွင်းတွင် ခရီးများ ဥဒဟို ထွက်ခွာခဲ့ ရသည့်အတွက် အမြင်လည်း အလွန်ကျယ်လာခဲ့လေသည်။

သို့သော်… ယခုတော့ ကူးဝေဝေဆိုသည့် သာမန် မိန်းမပျိုတစ်ယောက်သည်ပင် သူ့အတွက် စိတ်ဝင်စားစရာ ကောင်းနေခဲ့လေသည်။ ဆန်းလျှန်ကတော့ ပြောနေစရာ ပင်မလိုတော့ပေ။

ဆန်းလျှန်သည် လူ့လောကသို့ ရောက်လာသည့် အစစ်အမှန်နတ်ဘုရားတစ်ပါးပင် ဖြစ်နိုင်လေသည်။ သူ့ကို ကြည့်ရသည်မှာ လူ့လောကအကြောင်း သိပ်ပြီးသိရှိခြင်းမရှိသေးသည့်တိုင် ဆရာမေ တစ်ခွန်းပြောလိုက်သည်နှင့် အကြောင်းအရာများစွာကို နားလည်သွားဟန် ရှိလေ၏။

ဆရာမေက အလွန်အရည်အချင်းရှိသူတစ်ယောက် ဖြစ်လေသည်။ သို့သော်... ဆန်းလျန်နှင့် စကားအနည်းငယ် ပြောပြီးသည်နှင့် သူ့အနေဖြင့် ဆန်းလျန်ကို မည်သည့်နည်းနှင့်မှ စည်းရုံး၍ရမည်မဟုတ်သည်ကို နားလည် လိုက်လေသည်။ တာအိုဆရာ လူငယ်သည် ငယ်ရွယ်နုပျိုနေသည့်တိုင် ငယ်ရွယ်ဟန် ဖန်ဆင်းထားသည့် သက်တမ်းရင့် နတ်ဘုရား တစ်ပါးဖြစ်နိုင်လေသည်။

ထို့ပြင် ဆန်းလျန်က ကူးဝေဝေကို အလွန်ဂရုစိုက်သည်ကို ကြည့်ခြင်းအားဖြင့် ကူးဝေဝေသည် ယခင်ဘဝက ဆန်းလျန်အတွက် အရေးပါသူတစ်ယောက် ဖြစ်နိုင်လေသည်။ ဆန်းလျန်ပိုင်ကျားမြို့သို့ ရောက်လာရသည့် အကြောင်းရင်းမှာ ကူးဝေဝေကို ဤလောကမှ ခေါ်ထုတ်သွားချင်သည့်အတွက် ဖြစ်နိုင်လေသည်။

ဆရာမေက သူတွေးမိသည့်အကြောင်းအရာများကို စိတ်ထဲ

တွင်သာထားလိုက်ပြီး ထုတ်ဖော်ပြောခြင်း မပြုတော့ပါ။

သို့သော်... 'ပညာရှိအတွေး ပြေးကြည့်သလိုမှန်' ဆိုသည့်

စကားပုံအတိုင်းပင် သူ၏ ခန့်မှန်းချက်က အမှန်တရားနှင့်

နီးစပ်နိုင်လေသည်။

ထိုအချိန်မှာပင် ကူးဝေဝေက...

"ညနေကျရင် ဆရာမေနဲ့ ယိုယိုတို့အတွက် ညစာ ပြင်ဆင်ပေး

ထားရဦးမလား..."

ဆရာမေက...

"ဒီညတော့ ညစာမစားတော့ဘူး ၊ ခဏနေရင် လူတစ်ယောက်နဲ့

သွားတွေ့ဖို့ရှိလို့ပါ..."

ကူးဝေဝေက...

"ဆရာမေလို ဂုဏ်သရေရှိတဲ့လူတစ်ယောက်ကတောင် သွား တွေ့ရတယ်ဆိုတဲ့လူမျိုးက ပိုင်ကျားမြို့မှာ နည်းနည်း လောက် ပဲ ရှိနိုင်တယ်၊ ဘယ်သူများလဲ သိခွင့်ရမလားရှင့်..."

ကူးဝေဝေမှာ ဉာဏ်ရည်ထက်မြက်သည့် မိန်းကလေးတစ် ယောက်ဖြစ်သည်ဟု ဆရာမေ စိတ်ထဲမှ ကျိတ်ပြီးချီးကျူး လိုက်မိလေသည်။

ဆရာမေကလည်း ဖုံးကွယ်မနေတော့ဘဲ ပြောပြလိုက်လေ သည်။

"မြို့ထဲက သူဌေးကြီးပိုင်ကို သွားတွေ့မလို့ပါ၊ သူနဲ့ ကျုပ်က မိတ်ဆွေဟောင်းတွေပါ..."

ကူးဝေဝေက...

"ဒါဖြင့်လည်း ကောင်းပါပြီ၊ မိုးဆဲတုန်း အမြန်သွားကြပါ..."

ဆရာမေလည်း ဆန်းလျှန်နှင့် ကူးဝေဝေကို နှုတ်ဆက်ပြီး အစေခံမလေး ယိုယိုကိုခေါ်ကာ စားသောက်ဆိုင် အတွင်းမှ တိတ်ဆိတ်စွာဖြင့် ထွက်ခွာသွားလေတော့သည်။

ကူးဝေဝေက...

"အားလျှန်... ငါလေ ... ဆရာမေလိုမျိုး ဂုဏ်သရေရှိလူတစ်ယောက်နဲ့ ခုလိုမျိုး စကားပြောခွင့်ရမယ်လို့ စိတ်ကူး တောင် ယဉ်မထားမိဘူး ၊ အိပ်မက်လိုပဲနော်...

ဆန်းလျှန်က ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"ဂိုဏ်းတူအစ်မ ၊ အစ်မကလည်း ဂုဏ်သရေရှိ မိန်းကလေးတစ်ယောက်ပါဗျာ..."

ဆန်းလျှန်၏ စကားကြောင့် ကူးဝေဝေက သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။ ဆန်းလျှန်၏ ဂိုဏ်းတူအစ်မ အမှန် တကယ်ဖြစ်ခဲ့လျှင်တော့ သူမသည်လည်း ဂုဏ်သရေရှိ မိန်းကလေးတစ်ယောက်ပေပဲပေါ့။ သို့သော်... သူမသည် ဆန်း

လျှန်၏ ဂိုဏ်းတူအစ်မ အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။ သူမ

သည်သာမန် မိန်းကလေးတစ်ယောက် မျှသာ ဖြစ်လေသည်။

သို့သော်… ဆန်းလျှန်က သူမကို သူ၏ ဂိုဏ်းတူအစ်မဟု

အထင်မှားနေလေသည်။ ဆန်းလျှန်သည် သူမကို ဂိုဏ်းတူ

အစ်မအဖြစ် အမြဲတမ်း ဂရုတစိုက်ဖြင့် ဆက်ဆံလေသည်။

အခြားသူ တစ်ယောက်နှင့်မှားပြီး ဂရုစိုက်ခံရ သည့်အတွက်

အနည်းငယ် ဝမ်းနည်းမိသလိုရှိသော်လည်း ဆန်းလျှန်ထံမှ

ဂရုစိုက်မှုလေးများရနေလျှင် အထင်မှား နေလျှင်လည်း

ရှိပါစေတော့လေ…။

သူမက နူးညံ့သိမ်မွေ့သည့်လေသံဖြင့်…

"အားလျှန် ၊ နင့်ကိုကျေးဇူးတင်ပါတယ် ၊ ငါ အခု အရမ်းပျော်

တာပဲ…"

ဆန်းလျှန်က တံခါးအပြင်ဘက်ကို တစ်ချက်လှမ်းကြည့်လိုက်

ပြီး…

"ပိုင်ရှောက်ယွီဆိုတဲ့ကောင်လေး ခုထိလည်း ပြန်မလာသေးပါလား..."

ကူဝေဝေက...

"အဲဒီကောင်လေးက လောင်းကစားဝိုင်းမှာ ရှုံးမဲမဲနေမှာပေါ့၊ ညစာစားချိန်တော့ ပြန်ရောက်လာကောင်းပါရဲ့..."

....

ပိုင်ရှောက်ယွီမှာ လောင်းကစားဝိုင်းမှ မထနိုင်ဖြစ်နေရလေသည်။

သို့သော်... ရှုံးမဲမဲနေခြင်း မဟုတ်ပါ။ အနိုင်ရနေသည့်အတွက် မထနိုင် ဖြစ်နေရခြင်း ဖြစ်လေသည်။

အခြားသူများ လောင်းကစားအနိုင်ရလျှင် ပျော်ရွှင်ကြမည် ဖြစ်လေသည်။ သို့သော်... ပိုင်ရှောက်ယွီမှာတော့ အနိုင်ရလေ ငိုချင်စိတ်ပေါက်လေ ဖြစ်နေရလေသည်။

အစပိုင်းတုန်းကတော့ သူ အဆင်ပြေနေလေသည်။ သူ့ဘက်မှ အနိုင်ရနေသော်လည်း နိုင်တစ်လှည့် ရှုံးတစ်လှည့်နှင့် ဖြစ်လေ

သည်။ ထိုအချိန်ကသာ ထပြန်ခဲ့လျှင် သူ့အတွက်
အချိန်ကောင်း ဖြစ်လေသည်။

သို့သော်... သူသည် လောင်းကစားနေရင်း အချိန်ကိုမေ့သွားပြီး
ဆန်းလျန်ပြောသည့် 'အချိန်မလွန်ခင် ပြန်လာခဲ့' ဆို သည့်
စကားကိုလည်း မေ့လျော့သွားကာ အချိန်လွန်သွားခဲ့လေ
သည်။ အချိန်လွန်သွားသည်နှင့် ဓနသိဒ္ဓိနတ်ဘုရား ဝင်ပူး
သလား အောက်မေ့ရလောက်အောင် ရှုံးပွဲမရှိတော့ဘဲ
ဆက်တိုက်အနိုင်ရလာလေတော့သည်။

ပိုက်ရှောက်ယွီဆိုသည်က လောင်းကစားဝိုင်းထဲ ဝင်မိသည်နှင့်
ထမင်းမေ့ ဟင်းမေ့ ဖြစ်ရုံသာမက အကုန်မေ့သွား တတ်သူ
ဖြစ်လေသည်။ သူ့ကိုယ်သူပင် မေ့နေလေသည်။

လောင်းကစားဝိုင်းမှ ကစားဖော်များမှာ သူ့ထံတွင် ငွေကြေး
မြောက်မြားစွာ ဆုံးရှုံးသွားကြရလေသည်။

ထိုသို့ဖြင့်... လောင်းကစားဂေဟာမှ အစောင့်များရောက်လာပြီး သူ့ကို လောင်းကစားဂေဟာမှ အဆင့်မြင့် လောင်းကစားဒိုင်များဖြင့် ကစားရန် ခေါ်ဆောင်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ပိုင်ရှောက်ယွီမှာ ရှုံးပွဲမရှိ ဆက်တိုက်အနိုင်ရနေသည့်အတွက် ကလိန်ကကျစ်နည်းလမ်းဖြင့်လိမ်လည် ကစားနေသည်ဟု ထင်မှတ်လိုက်ကြသောကြောင့်ဖြစ်လေသည်။

ယခုတော့ သူသည် လောင်းကစားဂေဟာမှ လောင်းကစားဒိုင်တစ်ယောက်နှင့် ကစားနေရပြီး သူ့ဘေးတွင် ခက်ထန်ကြမ်းကြုတ်ဟန်ရှိသည့် အစောင့် (၂)ယောက်က စောင့်ကြပ်နေလေသည်။ ထို့ကြောင့် ပိုက်ရှောက်ယွီမှာ ကစားဝိုင်းမှ တစ်ချက်ကလေးပင် မထရဲပါချေ။

သူနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်နေသည့် လောင်းကစားဒိုင်ကပြုံးလိုက်ရင်း...

"ညီလေးပိုင် ၊ ဒီတစ်ခေါက်ရော ကြီးမှာလား... သေးမှာ

လား..."

ပိုင်ရှောက်ယွီက အထစ်ထစ် အငေါ့ငေါ့ဖြင့်...

"ကြီး... ကြီးမှာ..."

သဘောတူထားသူက တစ်ချက်စဉ်းစားလိုက်ပြီး...

"ကျုပ်ကတော့ သေးမယ်ထင်တာပဲ ၊ မင်းက ဘယ်လိုလုပ် ကြီး

မယ်လို့ ပြောရတာလဲ..."

ပိုင်ရှောက်ယွီက စပြီး ငိုလေတော့သည်။

"ဒါဆို သေးမှာပေါ့..."

လောင်းကစားဒိုင်က လှည့်ကွက်များပြုလုပ်ကာ အံစာပေါက်

ကို ဂဏန်းအကြီးကျအောင် ပြုလုပ်မည်ကို ပိုင်ရှောက်ယွီ သိ

ပြီးသားဖြစ်သော်လည်း ကြောက်ရွံ့သည့်အတွက် ဂဏန်းသေး

မည်ဟု ဖြေလိုက်ရလေသည်။

လောင်းကစားဒိုင်က...

"မင်း ဘယ်လောက် လောင်းမှာလဲ..."

ပိုင်ရှောက်ယွီက အံတစ်ချက်ကြိတ်လိုက်ပြီး သူ့တွင်ရှိသည့်

ပိုက်ဆံ၏ လေးပုံတစ်ပုံကို လောင်းလိုက်လေသည်။

လောင်းကစားဒိုင်က...

"ညီလေးပိုင်၊ ရှေးလူကြီးတွေပြောကြတာတော့ 'ကြောက်လွဲ၊

ရဲ မင်းဖြစ်' တဲ့နော်၊ ကံတရားဆိုတာ ပြောလို့မရဘူး၊

လောင်းကြေးများများ ထည့်လေကွာ..."

ပိုင်ရှောက်ယွီက...

"အစ်ကိုကြီးပြောတာမှန်ပါတယ်..."

ထို့နောက် သူက သူ့တွင်ရှိသည့် ပိုက်ဆံအတော်များများကို

လောင်းကြေးထပ်ထည့်လိုက်လေသည်။

သို့သော်... လောင်းကစားဒိုင်က မရသေးဘူး ဆိုသည့်သဘော

ဖြင့် ခေါင်းတစ်ချက် ခါယမ်းပြလိုက်လေသည်။

ပိုင်ရှောက်ယွီမှာ ကျိတ်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။ လောင်းကစားရာတွင် အနိုင်အရှုံးဆိုသည်က ကံတရားပင် မဟုတ်ပါလား။ ထို့ကြောင့်သူက ငိုနေရင်းဖြင့်ပင် ပိုက်ဆံများ အားလုံးကို လောင်းကြေးထပ်လိုက်လေ တော့သည်။

လောင်းကစားဒိုင်က တစ်ချက်ပြုံးလိုက်ရင်း...

"ကဲ... အကုန်ပဲဟော့ ၊ ကျုပ်မင်းကို ဒုက္ခရောက်အောင် မလုပ်ပါဘူးကွာ..."

ထို့နောက် လောင်းကစားဒိုင်ကာ အံစာတုံးကို ဖုံးထားသည့် ခွက်ကို ဖြေးဖြေးချင်း လှန်လိုက်လေသည်။

ပိုင်ရှောက်ယွီမှာ အံစားတုံးကို မြင်လိုက်ရသည်နှင့် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူလျော်ဖြစ်သွားပြီး နဖူးထက်မှ ချွေးသီးချွေးပေါက်ကြီးများပင် ကျလာလေတော့သည်။

သူ၏ မျက်နှာကိုတွေ့လိုက်သည်နှင့် ဒိုင်လုပ်သူက ပိုင်ရှောက်ယွီ လောင်းကြေးရှုံးသွားသည့်အတွက် ဝမ်းနည်းသွား သည်ဟု

ထင်မှတ်လိုက်လေသည်။ သို့သော်… အစောင့်လူသန်ကြီး (၂)ယောက်က ပိုင်ရှောက်ယွီကို ချက်ချင်း ဖမ်းချုပ်ထား လိုက်သည်ကိုကြည့်ခြင်းအားဖြင့် သူ မှားသွားပြီ ဖြစ်ကြောင်းကို ဒိုင်လုပ်သူက သိလိုက်လေတော့ သည်။

လောင်းကစားဒိုင်က အံစာတုံးများကို ကြည့်လိုက်လေရာ အံစာတုံးအားလုံးမှာ "တစ်" ဆိုသည့် အဖြေကို တွေ့လိုက် ရလေသည်။

ဒိုင်လုပ်သူမှာ မျက်လုံးများပင် ပြာသွားရလေသည်။ သူ လုံးဝဂဏန်းအကြီးကျအောင် သေသေချာချာ အံစာခေါက် ခဲ့ခြင်းဖြစ်လေသည်။ အဘယ့်ကြောင့် ယခုကဲ့သို့ ဖြစ်သွားရပါသနည်း။

ပိုင်ရှောက်ယွီမှာ အမှန်တကယ်ပင် ကြောက်ရွံ့နေမိလေသည်။ သူအမှန်တကယ်ပင် အနိုင်မရချင်တော့ပါ။ အရှုံးကြီး ရှုံးချင်နေခဲ့ပြီ ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... လောင်းကစားဂေဟာမှ အစောင့်များသည် သူ့ကို အရေခွံနွှာကြတော့မည်ဖြစ်သော ကြောင့်ပင်။

အခန်း (၇၂၁) ကလေးငယ်ကဲ့သို့ဖြူစင်သည့်စိတ်ထား

လောင်းကစားဒိုင်၏ နဖူးထက်တွင်လည်း ချွေးသီးချွေးပေါက်များ ကျနေပြီ ဖြစ်လေသည်။

သူက လောင်းကစားဂေဟာတစ်ခုလုံးတွင် အတော်ဆုံးဒိုင်တစ်ယောက်တော့ မဟုတ်ပေ။ သို့သော်... အတွေ့အကြုံများသူတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူခေါက်လိုက်သည့်

အံစာမှာ ထိုမျှ ကြီးကြီးမားမား လွဲမှားသွားစရာ အကြောင်းမရှိပေ။

သူက မကျေမနပ်လေသံဖြင့်...

"မင်း ဘယ်လိုလုပ်လိုက်တာလဲ..."

လောင်းကစားဒိုင်၏ ပုံစံမှာ လုံးဝအသိစိတ်လွတ်နေပြီး သူ့ကိုယ်သူ ယုံကြည်မှုများလည်း ပျောက်ဆုံးနေဟန်ရှိလေသည်။

ပိုင်ရှောက်ယွီက ငိုယိုရင်းဖြင့်...

"ကျုပ်တကယ်ပဲဘာမှမလုပ်ရပါဘူးဗျာ..."

လောင်းကစားဂေဟာပင်ဖြစ်လင့်ကစား လောင်းကစားနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ ရှိလေသည်။

ပိုင်ရှောက်ယွီမှာ မသမာသည့်နည်းလမ်းဖြင့် လောင်းကစားအနိုင်ရအောင် လုပ်နေသည်ဟု လောင်းကစားဂေဟာမှ လူများက ထင်နေကြလေသည်။ သို့သော်... သက်သေမပြနိုင်ကြပေ။

ထို့ကြောင့် ပိုင်ရှောက်ယွီကို တရားနည်းလမ်း ကျကျဖြင့် အရေးယူရန်မှာ မဖြစ်နိုင်ပေ။

ပိုင်ရှောက်ယွီ အနိုင်ရသွားသည့်ပိုက်ဆံများကို ပေးလိုက်ပြီး ပိုင်ရှောက်ယွီကို လွှတ်ပေးလိုက်လျှင်လည်း ပြဿနာတော့ သိပ်မရှိပေ။ ထိုငွေမျှလောက်ကို သူဌေးကြီးပိုင်ကလည်း အရေးလုပ်မည် မဟုတ်ပေ။ သို့သော်... လူလိမ် တစ်ယောက်ကို မဖမ်းနိုင်သည့်သတင်းသာ ပျံ့နှံ့သွားပါက လောင်းကစားဂေဟာမှဒိုင်များအနေဖြင့် သူဌေးကြီးပိုင်ကို မျက်နှာပြရဲ တော့မည် မဟုတ်ပေ။

အထူးသဖြင့် ယခု ပိုင်ရှောက်ယွီနှင့်အတူ ကစားနေသည့် လောင်းကစားဒိုင်မှာ အလွန်တော်သူဖြစ်လေသည်။ ထို့ကြောင့် သူ့ကို မနာလိုသူများပေါ်များလေရာ ယနေ့ကိစ္စကို တစ်ယောက်ယောက်ကသာ သူဌေးကြီးပိုင်ကို သွားရောက် ချောက်တွန်းလိုက်လျှင် သူ အလုပ်ပြုတ်သွားနိုင်လေသည်။

လောင်းကစားဒိုင်က နဖူးထက်မှချွေးများကို အင်္ကျီလက်ဖြင့်

အသာသုတ်လိုက်ရင်း....

"ပိုင်ရှောက်ယွီ ၊ မင်း နည်းနည်းလောက် ကိုယ်ချင်းစာစမ်းပါ

ကွာ ၊ မင်း ဘာလှည့်ကွက်တွေသုံးနေလဲဆိုတာသာ ပြောပြ

လိုက် ၊ ကျုပ် မင်းကိုဒုက္ခမပေးပါဘူး..."

ပိုင်ရှောက်ယွီက...

"ကျုပ်လည်း တကယ်ပဲမသိတော့ဘူး..."

သူသာ လောင်းကစားဝိုင်းတွင်အသုံးပြုသည့် ကလိန်ကကျစ်

နည်းလမ်းများကို သိမည်ဆိုလျှင် ယခုကဲ့သို့ ပြဿနာ များပင်

ဖြစ်လာမည် မဟုတ်ပေ။

ပိုင်ရှောက်ယွီသည် နောင်တရလျှက်ရှိလေ၏။ သူသာ

စောစောစီးစီးသာ အနိုင်နဲ့ပိုင်းပြီး ပြန်ခဲ့လျှင် ယခုကဲ့သို့

ပြဿနာများ ကြုံရမည်မဟုတ်ပေ။ ယခုလောက်ဆိုလျှင်

ဆိုင်ရှင်သူဌေးချက်သည့် ညနေစာကို ကောင်းကောင်းစား နေရလောက်ပြီ ဖြစ်လေသည်။

....

ကူးဝေဝေက မိုးဆဲသွားပြီဖြစ်သည့် ညကောင်းကင်ကို မော့ကြည့်လိုက်ရင်း ....

"အားလျှန် ၊ နင်က ပိုင်ရှောက်ယွီကို အချိန်မလွန်ခင် ပြန်ခဲ့လို့ မှာလိုက်တာ ၊ အခုတော့ ပြန်ကိုမလာတော့ဘူး ၊ ဘာတွေဖြစ်နေလဲ မသိဘူး..."

ဆန်းလျှန်က...

"ဂိုဏ်းတူအစ်မ ၊ သူ့ကို ကျွန်တော်ပေးလိုက်တဲ့ ကြေးပြားလေး (၂)ပြားကို မှတ်မိတယ်မလား..."

ကူးဝေဝေက...

"အင်း... မှတ်မိတယ်..."

ဆန်းလျှန်က...

"အဲဒီကြေးပြား (၂)ပြားက ကျွန်တော် တန်ခိုးနဲ့သန့်စင်ပေးထားတာ ၊ ဝိညာဉ်စွမ်းအားတွေနဲ့ ပြည့်နေတာ ၊ သူသာ လောင်းကစားဂေဟာမှာ အချိန်အကြာကြီးနေမယ်ဆိုရင် အဲဒီ ကြေးပြား (၂)ပြားက လောင်းကစားဂေဟာတစ်ခုလုံး က ရှိ သမျှပိုက်ဆံတွေကို စုပ်ယူပစ်လိမ့်မယ် ၊ အဲဒါဆိုရင် သူ ရှုံးချင် ရင်တောင် မရှုံးတော့ဘူး..."

ကူးဝေဝေက...

"အဲဒါဆို ဒီကောင်လေးကို လောင်းကစားဂေဟာက ထိန်းသိမ်း ထားလိုက်ပြီပေါ့..."

ဆန်းလျန်က...

"ဟုတ်တယ် ၊ အဲဒီကောင်စုတ်လေး ဉာဏ်မရှိလို့ ဒီလိုဖြစ်ရတာ ၊ သူက ကိုယ့်စိတ်ကိုမထိန်းနိုင်ဘူး ၊ သိပ်ကို သတိ လက်လွတ် လုပ်တတ်တယ် ၊ ပြီးတော့ အခြေနေကိုလည်း မသုံးသပ်တတ် ဘူး ၊ တစ်ချို့တွေကျတော့ အခြေအနေ ကိုသုံးသပ်တတ်တယ်

၊ မေနန့်စန်းကိုပဲကြည့်လေ ၊ ကိုယ့်အတွက် ဘယ်အရာက

အကျိုးရှိမလဲ ဆိုတာကို ကောင်းကောင်းသိတယ် ၊ အကျိုးနဲ့

အပြစ်ကိုတွက်ဆနိုင်တယ် ၊ အလုပ်ကို ထိန်းထိန်းသိမ်းသိမ်း

လုပ်တယ်..."

ကူးဝေဝေက...

"နင့်စိတ်ထဲမှာ ပိုက်ရှောက်ယွီကို အမြင်ကပ်နေတာလား..."

ဆန်းလျန်က...

"ဘယ်ကဟုတ်ရမှာလဲ..."

ကူးဝေဝေကပြုံးလိုက်ရင်း...

"ကြည့်ရတာ နင်ကတော့ ပုံမှန်ပါပဲ ၊ ဘယ်သူ့ကိုမှ ချစ်တယ်

လည်းမရှိဘူး ၊ မုန်းတယ်လည်းမရှိဘူး ၊ ဟုတ်တယ် မလား..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဂိုဏ်းတူအစ်မကလည်း... ကျွန်တော်က အစ်မကိုတော့

ဂရုစိုက်ပါတယ်ဗျာ..."

ကူးဝေဝေက ခပ်တိုးတိုးလေသံဖြင့်…

"ငါက အဲဒီသဘောမျိုးပြောတာ မဟုတ်ပါဘူး…."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း….

"အစ်မပြောတာကို ကျွန်တော်နားလည်ပါတယ်၊ ကျင့်ကြံသူတွေက စိတ်ထားသန့်ရှင်းပြီး လိုချင်တပ်မက်မှုတွေ မရှိကြဘူးလို့ လူတွေက ထင်နေကြတာလေ၊ ဒါကြောင့် ခံစားချက်တွေမရှိဘူးလို့ ထင်စရာရှိတယ်၊ တကယ်တော့ အဲဒီလိုမဟုတ်ပါဘူး၊ ဒါပေမယ့် စစ်မှန်တဲ့ကျင့်ကြံသူတွေကတော့ စိတ်ထားမယိမ်းယိုင်ကြဘူး၊ ကိလေသာမြူတွေ ကိုဖယ်ရှားနိုင်ပြီး သစ္စာတရားကိုသိမြင်ကြတယ်… ဒါကြောင့် စစ်မှန်တဲ့ ကျင့်ကြံသူတစ်ယောက်ဟာ သူနှစ်သက်တဲ့ အရာတွေကိုလည်း ဟန်ဆောင်ဖုံးကွယ်မထားသလို မနှစ်သက်တဲ့အရာတွေရှိရင်လည်း ပွင့်ပွင့်လင်းလင်းပြောမှာပဲ၊ ဟန်ဆောင်နေမှာတော့ မဟုတ်ဘူး"

ကူးဝေဝေက...

"အဲဒါဆို ကလေးတစ်ယောက်နဲ့သွားတူနေမှာပေါ့..."

ဆန်းလျန်က...

"ဂိုဏ်းတူအစ်မပြောတာမှန်တယ်၊ ဒါကြောင့် ထိုက်စန့်လောင်ကျွင်းရေးထားတဲ့ တာအိုတေချင်ကျမ်းထဲမှာ သန့်စင်တဲ့ကလေးငယ်ကဲ့သို့ဆိုတဲ့ စကားလုံးတွေကို မကြာခဏသုံးထားတာ တွေ့ရတာပေါ့၊ 'ကလေးငယ်ကဲ့သို့ သောဖြူစင်သည့်စိတ်ထားဖြင့်သာ လျှို့ဝှက်နက်နဲသည့်ကျင့်စဉ်လမ်းကိုလျှောက်လှမ်းနိုင်လိမ့်မယ်လို့' ရေးထားခဲ့ တယ်၊ အစ်မကိုဒီည တာအိုတေချင်ကျမ်းအကြောင်း သင်ပေးမယ်၊ ပြီးရင်အစ်မ ဆက်ပြီး ကျင့်ကြံပါ..."

ကူးဝေဝေမှာ ဆန်းလျန်နှင့် စကားတွေအများကြီးပြောရသည်ကို သဘောကျနှစ်သက်သူ ဖြစ်လေသည်။ သို့သော်... ပျင်း

စရာကောင်းသည့် ကျမ်းစာများကိုတော့ သူမ နားမထောင်ချင်ပါ။

ထို့ကြောင့် သူမက ဆန်းလျန်၏လက်မောင်းကိုအသာကိုင်လှုပ်လိုက်ရင်း...

"တခြားအကြောင်းတွေပဲ ပြောပြစမ်းပါ၊ ကျမ်းစာတွေတော့ နားမထောင်ချင်ဘူး..."

ဆန်းလျန်က ကျင့်ကြံခြင်းနှင့်ပတ်သက်လျှင် ကူးဝေဝေကို စည်းကမ်းတင်းကြပ်ချင်မိလေသည်။

သို့သော်... ဂိုဏ်းတူအစ်မ၏ ရေကဲ့သို့ကြည်လင်နေသည့် မျက်ဝန်းလေးများကို တွေ့မြင်လိုက်ရသည့် အခါတွင်တော့ သူ့စိတ်များကို တင်းမထားနိုင်တော့ပါချေ။

ဆန်းလျန်က စိတ်ထဲမှတွေးလိုက်မိလေသည်။

"အစ်မသာ ကျင့်စဉ်လမ်း မအောင်မြင်ရင်တော့ ဒုက္ခပါပဲ၊ ဒါပေမယ့် သာမန်လူတစ်ယောက်ကို နတ်ဘုရားတစ်ပါး ဖြစ်လာ

စေမယ့် နတ်ဆေးတစ်မျိုးကိုရှာဖွေပြီး အစ်မရဲ့ရွှေပြဒါး အမြုတေကို အဆင့် (၉)အထိရောက်အောင် သန့်စင် ပေးနိုင်ရင်တော့ ဒီဘဝမှာပဲ အစ်မလည်း နတ်ဘုရားတစ်ပါးဖြစ်လာပြီး ဘယ်တော့မှ သံသရာမှာ လူပြန်ဝင်စားနေရ မှာမဟုတ်တော့ဘူး..."

ထိုသို့တွေးလိုက်မိသည်နှင့် ဆန်းလျန်သည် ကူးဝေဝေကို အတင်းအကြပ် ကျင့်ကြံစေခြင်းများ မပြုတော့ဟု တွေးလိုက်မိလေသည်။

ကူးဝေဝေသည် စိတ်ခံစားလွယ်သူတစ်ယောက် ဖြစ်လေသည်။ ဆန်းလျန်၏ မျက်ဝန်းများ ချက်ချင်းပင် နူးညံ့သိမ်မွေ့သွားသည်ကို တွေ့မြင်လိုက်ရသည်နှင့် သူမ၏ စိတ်ထဲတွင် ကြည်နူးမှုလေးများကို ခံစားလိုက်ရလေသည်။ သူမ၏ ဘဝတွင် ဆန်းလျန်နှင့် ဆုံစည်းခွင့်ရရခဲ့ခြင်းမှာ ကံအကောင်းဆုံး အခွင့်အရေးတစ်ခုဖြစ်သည်ဟု တွေးနေမိလေ တော့သည်။

လောကကြီးက တရားမျှတမှုမရှိပါ။

နတ်ဘုရားဖြစ်လိုလှသည့်အတွက် အပြင်းအထန် ကြိုးစား

ကျင့်ကြံကြသည့်တိုင် နတ်ဘုရားဖြစ်မလာသည့် ကျင့်ကြံသူ

ပေါင်း များစွာ ရှိလေသည်။

ကူးဝေဝေကတော့ ဒုက္ခခံကာ ကျင့်ကြံလိုခြင်း မရှိပေ။

သို့သော်... ဆန်းလျန်က သူမကို နတ်ဘုရားတစ်ပါးဖြစ်လာရန်

အတွက် စဉ်းစားပေးနေခဲ့လေသည်။ ထို့ကြောင့် သူမသည်

အခြားသောကျင့်ကြံသူများထက် နတ်ဘုရားတစ်ပါးဖြစ် လာ

ရန် အခွင့်အရေးပိုများနေလေသည်။

....

လူ့ဘဝဆိုသည်က သုခထက် ဒုက္ခပိုများသည်မှာ ဓမ္မတာပင်

ဖြစ်လေသည်။

သူဌေးကြီးပိုင်သည် အလွန်ကြွယ်ဝချမ်းသာသူတစ်ယောက်

ဖြစ်လေသည်။ ထို့ပြင် ချင်ပြည်နယ် မြေအောက်

ဒုစရိုက်လောက၏ ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်လေသည်။

သို့သော်... သူ မပျော်နိုင်ပါ။

အဘယ်ကြောင့်ဆိုသော်... သူ့ဆီသို့ အလောင်းမိစ္ဆာကျုန်းတျဲယီ ရောက်လာသော ကြောင့်ဖြစ်လေသည်။

ကျုန်းတျဲယီတစ်ယောက်တည်းဆိုလျှင်တော့ သူငွေးကြီးပိုင်က အရေးစိုက်မည် မဟုတ်ပေ။ သို့သော်... ကျုန်းတျဲယီ ကို နောက်ကွယ်မှ ထောက်ပံ့ပေးနေသူမှာ ကျင်းမာထန် ဖြစ်လေသည်။ ကျင်းမာထန် ပါဝင်ပတ်သက်လာလျှင်တော့ အခြေအနေများက ပြောင်းလဲသွားမည် ဖြစ်လေသည်။

တစ်ချိန်တုန်းက... ပိုင်ယွိဆိုသည့် လူတစ်ယောက်သည် ကျင်းမာကျောင်းတော်အတွက် တာဝန်ထမ်းဆောင်ပေး ခဲ့ဖူးလေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ပိုင်ယွိကို ကျင်းမာထန်ဟု ခေါ်ကြခြင်း ဖြစ်လေသည်။ ကျင်းမာထန်၏ ကြွယ်ဝချမ်းသာ

မှုများနှင့် တန်ခိုးစွမ်းအားများမှာ ခန့်မှန်း၍ပင် မရနိုင်ပေ။

ထို့ပြင် ကျင်းမာထန်ကို နောက်ကွယ်မှ ထောက်ပံ့ပေးနေသူမှာ "ဝေ့" မင်းသား ဖြစ်လေသည်။

ကျုန်းတျဲယီက သူဌေးကြီးပိုင်ဆီသို့ရောက်လာပြီး တောင်းဆိုမှုတစ်ခု ပြုလုပ်ခဲ့လေသည်။

ထိုတောင်းဆိုမှုမှာ -

"အရှေ့ပင်လယ်ဂိုဏ်းချုပ်မေနန့်စန်း သူဌေးကြီးပိုင်ဆီသို့ လာရောက်အကူအညီတောင်းခံလျှင် အကူအညီ မပေးရန်"

ဟူ၍ ဖြစ်လေ၏။

မေနန့်စန်းဆိုသည်က အရှေ့ပင်လယ်ဂိုဏ်းကို နှစ်ပေါင်းများစွာ ဦးစီးဦးဆောင်ပြုခဲ့သည့် ဂိုဏ်းချုပ်တစ်ယောက် ဖြစ်လေသည်။

သူဌေးကြီးပိုင်က သူတောင်းသည့်အကူအညီကို ငြင်းဆန်လိုက်သည့်တိုင် မေနန့်စန်းက ဒေါသထွက်သွားခြင်း မရှိခဲ့ ပေ။

ထို့ပြင် သူဌေးကြီးပိုင်၏ လောင်းကစားဂေဟာတွင်ပင် လောင်းကစားပြုလုပ်လိုက်သေးသည်။

သူဌေးကြီးပိုင်၏ လောင်းကစားဂေဟာတွင် သာမန်လူများ အတွက် လောင်းကစားဝိုင်းများရှိသလို ဂုဏ်သရေရှိ ပုဂ္ဂိုလ် များအတွက် သီးသန့်လောင်းကစားဝိုင်းများလည်း ရှိလေ သည်။ သီးသန့်လောင်းကစားဝိုင်းများတွင် ချမ်းသာကြွယ်ဝ သူများသာ လာရောက် လောင်းကစားလေ့ရှိပြီး အဆင့်အတန်း နိမ့်သူတစ်ယောက်မှ လာရောက်နိုင် ခြင်းမရှိပေ။

ယခုတော့...

သီးသန့်လောင်းကစားဝိုင်းတွင် ဆရာမေနှင့် လောင်းကစား ပြုလုပ်နေသူဆို၍ သူဌေးကြီးပိုင်တစ်ယောက်သာ ကျန်လေ တော့သည်။ အခြားသော ဂုဏ်သရေရှိ သူဌေးသူကြွယ်များ တစ်ယောက်မှ မကစားကြတော့ပေ။ သူတို့က သူဌေးကြီးပိုင်

နှင့် ဆရာမေ၏ ကစားပွဲကို ဘေးမှသာ အားပေးကြည့်ရှုနေကြလေသည်။

အဘယ်ကြောင်ဆိုသော် ... ကစားပွဲတိုင်းတွင် မေနန့်စန်းတစ်ယောက်သာ တစ်ပွဲပြီးတစ်ပွဲ အနိုင်ရနေသောကြောင့် ဖြစ်လေသည်။

သူတို့အားလုံးမှာ ချမ်းသာကြွယ်ဝသူများဖြစ်သည့်တိုင် ကစားဝိုင်းတွင် တောက်လျှောက်ရှုံးနေသည့်အတွက် ဆက်ပြီးမကစားကြတော့ခြင်း ဖြစ်လေသည်။ လောင်းကစားဆိုသည်က ရှုံးမဲမဲကာ ဆက်တိုက်ကစားလေ စီးပွားပျက်ရန် နီးစပ်လေမဟုတ်ပါလား။

သူဌေးကြီးပိုင်နှင့် ဆရာမေသည် ဖိုင်ဂေါ်ဆိုသည့်ကစားနည်းတစ်မျိုးကို ကစားနေကြခြင်း ဖြစ်လေသည်။ ကတ်ပြား များပေါ်တွင် အဖြူရောင်အစက်များ ထွင်းထားပြီး အံစာခေါက်ခြင်းနှင့် တွဲဖက်ကစားရသည့် ကစားနည်း ဖြစ်လေ သည်။

ယခု... တစ်ပွဲကစားပြီးသွားပြီ ဖြစ်သည့်အတွက် နောက်တစ်ပွဲ ပြန်စနေခြင်း ဖြစ်လေသည်။

မေနန်စန်းက ကတ်များကို ကုလားဖန်ထိုးလိုက်လေသည်။

ကတ်များကို ကုလားဖန်ထိုးလိုက်သည့်အတွက် ထွက်ပေါ်လာသည့်အသံမှာ ကျောက်စိမ်းသားများ တစ်ခုနှင့်တစ်ခု ရိုက်ခတ်နေသည့်အလား နားထောင်၍ကောင်း လှသည်။

ဆရာမေ၏ ပုံစံကတော့ ခပ်အေးအေးပင် ဖြစ်လေ၏။ ပျော်ရွှင်ဟန်လည်းမရှိသလို စိတ်ဆိုးဒေါသထွက်ဟန် လည်းမရှိပေ။ ရုတ်တရက် ကုလားဖန်ထိုးနေခြင်းကြောင့် ထွက်ပေါ်နေသည့် အသံများ ရပ်တန့်သွားလေသည်။

ဆရာမေက ကတ်လေးများကိုသပ်သပ်ရပ်ရပ်ဖြစ်အောင် စီလိုက်လေသည်။

သူတို့၏ ဘေးနားတွင် မိန်းကလေးများကလည်း တေးဂီတများ ဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေနေကြလေသည်။ သို့သော် သူဌေး ကြီးပိုင်သည် ဂီတာကိုပင် ခံစားနိုင်ခြင်းမရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော်... ယခုတစ်ပွဲလည်း သူရှုံးနိမ့်တော့ မည်ကို ခံစားမိနေသောကြောင့် ဖြစ်ပါလေ၏။ ကစားပွဲ နောက် တစ်ပွဲ မကစားတော့ဘဲ ဆရာမေသည် ကတ်များကိုသာ ကုလားဖန်ထိုးနေလျှင် ကောင်းမည်ဟု သူဌေးကြီးပိုင် တွေး လိုက်မိလေသည်။

သူဌေးကြီးပိုင်၏ မျက်နှာက တည်ကြည်လေးနက်နေလေ သည်။ သူသည် လောင်းကစားဂေဟာအလုပ်ကို လုပ်ကိုင် ခဲ့ သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်လေသည်။ လောင်းကစားနှင့်ပတ်သက်ပြီး သူ၏ ကျွမ်းကျင်မှုက ထိပ်တန်း အဆင့်ဖြစ်လေသည်။

သို့သော်... မေနန့်စန်း ကတ်များကို ကုလားဖန်ထိုးပြီးသွား

သည်နှင့် သူဌေးကြီးပိုင်မှာ အကြားအာရုံကို အသုံးပြုကာ မည်

သည့် နေရာတွင် မည်သည့်ကတ်ရှိသည်ကို ခန့်မှန်း၍ မရတော့

ပေ။

သူက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဆရာမေ ၊ ကျုပ် အဝတ်အစားလေးသွားလဲလိုက်ချင်လို့ ၊

ခဏလောက်စောင့်ပေးပါဦးဗျာ..."

ဆရာမေက...

"ရပါတယ် ၊ လုပ်ပါ..."

သူဌေးကြီးပိုင် အခန်းအတွင်းမှ ထွက်သွားလေသည်။

သို့သော်... တကယ်တမ်းတွင် သူက သန့်စင်ခန်းသို့ သွားခြင်း

မဟုတ်ပါ။ သူက ယုံကြည်စိတ်ချရသည့် အစောင့် တစ်

ယောက်ကို ခေါ်လိုက်ပြီး...

"လောင်းကစားဂေဟာထဲက အရည်အချင်းရှိတဲ့ လောင်းကစား

ဒိုင်တွေ အားလုံးကို ခေါ်လာခဲ့ ၊ ဒါနဲ့ ပိုင်ဟယ်ရော ဘယ်ရောက်

နေလဲ ၊ စောစောက သူ့ကိုခေါ်တာ မရှိဘူး..."

အစောင့်က...

"လောင်းကစားဂေဟာထဲမှာ လူလိမ်တစ်ယောက်ရောက်နေလို့

လောင်းကစားဒိုင်ပိုင်ဟယ်က ပညာပေးဖို့ လုပ်နေပါ တယ်...

သူဌေးကြီး... "

သူဌေးကြီးပိုင်က အေးစက်သည့်လေသံဖြင့်...

"ဆီလျော်မှုမရှိလိုက်တာ ၊ ဒီနေ့ မေနန့်စန်းချည်းပဲ အနိုင်ရနေ

လို့ မဖြစ်တော့ဘူး ၊ ပိုင်ဟယ် ဘာပဲလုပ်နေလုပ်နေ အခု

ချက်ချင်းခေါ်ခဲ့စမ်း..."

အစောင့်က...

"ဟုတ်ကဲ့..."

သူဌေးကြီးပိုင်က အမိန့်ပေးပြီးသည်နှင့် သန့်စင်ခန်းရှိရာသို့ ထွက်လာကာ အဝတ်အစားလဲလိုက်လေသည်။

သူ့အနေဖြင့် အတတ်နိုင်ဆုံး မေနန့်စန်းကို အချိန်ဆွဲထားရမည် ဖြစ်လေသည်။

အခန်း (၇၂၂) ပိုင်ဆံရှိရင်နတ်ဘုရားများကိုပင်ပင့်ဖိတ်နိုင်

သူဌေးကြီးပိုင်အဝတ်အစားသွားလဲသည်နှင့် လောင်းကစားပွဲကို ကြည့်နေကြသည့် အခြားသော သူဌေးသူကြွယ် များက ဆရာမေကို တစ်ယောက်ပြီးတစ်ယောက် လာရောက် နှုတ်ဆက်ကြလေသည်။ အရှေ့ပင်လယ်ဂိုဏ်းဆို သည်က

စီးပွားရေးလုပ်ငန်းများစွာကို ပိုင်ဆိုင်ထားလေရာ ဆရာမေလို လူမျိုးနှင့် ရင်းနှီးထား ခြင်းအားဖြင့် အရှုံးမရှိ နိုင်ပေ။ ဆရာမေက ဖော်ရွေသူတစ်ယောက်ဖြစ်ပြီး လာရောက် နှုတ်ဆက်သူများကို ရင်းရင်းနှီးနှီးပင် စကားပြောဆိုလေ သည်။

သို့သော်… သူ၏ စိတ်ထဲတွင်တော့ ဆန်းလျန်ကိုသာ လေးစား ပြီးရင်း လေးစားနေမိလေတော့သည်။ ဆန်းလျန်သာ သူ့ရောဂါ ကိုကုသပေးပြီး သွေးကြောများပွင့်သွားအောင် ကူညီမပေးခဲ့ပါ က သူ့ကိုယ်တွင်းမှ တန်ခိုးစွမ်းအားများ လည်းမြင့်မားလာမည် မဟုတ်ပေ။

ယခုတော့ သူ၏ အမြင်အာရုံ ၊ အကြားအာရုံများသည် အရင် နေ့များကထက် စူးရှထက်မြက်နေပြီး လောင်းကစားပွဲ တွင် အသာစီးရနေခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် အရှေ့ပင်လယ်ဂိုဏ်းအနေဖြင့် ဆန်းလျန်က မည်သည့်အကူအညီမှ ပြန်လည်တောင်းဆိုခြင်း မရှိသည့် တိုင်ကျေးဇူးတရားကိုတော့ လေးစားသင့်ပေသည်။

အမွေးတိုင်တစ်တိုင်ကုန်ဆုံးသည့်အချိန်ခန့်တွင်တော့ သူဌေးကြီးပိုင် ပြန်ရောက်လာလေသည်။ သန့်ပြန့်သည့် ဝတ်ကောင်းစားလှများ ဝတ်ဆင်လာသော်လည်း သူ၏အသားအရေမှာ ဆရာမေကဲ့သို့ ကြည်လင်ခြင်း မရှိပေ။

သူက လောင်းကစားဝိုင်းတွင်ပြန်ထိုင်လိုက်ပြီး...

"ဆရာမေ စောင့်ရတာ ကြာသွားပြီ..."

"ကိစ္စမရှိပါဘူး ၊ ကဲ... အစ်ကိုပိုင် အံစာပစ်ပေတော့..."

သူဌေးကြီးပိုင်က ခပ်တည်တည်ဖြင့်ပင် ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

ထို့နောက် လောင်းကစားဒိုင်တစ်ယောက်ကို ခေါ်လိုက်ကာ သူ့ကိုယ်စား အံစာပစ်ခိုင်းလိုက်လေသည်။ အံစာခေါက်သည့်ခွက်

လေး အတွင်းမှ တချွင်ချွင်မည်သံလေးများ ထွက်ပေါ်လာလေ

သည်။

ဘေးနားမှ ကြည့်နေသူတစ်ယောက်က...

"ခွန်စန်းတောင်က ကျောက်စိမ်းကွဲကြေ၊ ဇမဏီငှက်

အော်မြည်..."

ဟု ပြောလိုက်လေသည်။

အားလုံးက ဒိုင်လုပ်သူ၏ အံစာခေါက်သည့်ပညာကို စိတ်ဝင်

တစားဖြင့် ကြည့်နေကြလေသည်။

'ခွန်စန်းတောင်က ကျောက်စိမ်းကွဲကြေ၊ ဇမဏီငှက်အော်မြည်'

ဆိုသည်မှာ အံစာခေါက်သည့် နည်းတစ်နည်းကို တင်စား

ပြောဆိုခြင်း ဖြစ်လေ၏။

ကြည့်ရသည်မှာ သူဌေးကြီးပိုင် ခေါ်လိုက်သည့် ဒိုင်မှာ

လောင်းကစားရာတွင် အလွန်ကျွမ်းကျင်သူတစ်ယောက် ဖြစ်

ဟန်တူလေသည်။

အံစာခွက်ကို ဖွင့်လိုက်သည်နှင့် အံစာ (၃)တုံးက (၆) ပေါက်စီ ကျလေသည်။ ထိုဂဏန်းမှာ (၉) ဂဏန်း (၂)ဆ ဖြစ်လေ၏။ (စုစုပေါင်း - ၁၈ ပေါက်ကျသည်ဟု ဆိုလို - ဘာသာပြန်သူ)

ထိုအချိန်မှာပင်... အံစာကိုပစ်လိုက်သည့် လောင်းကစားဒိုင်၏နဖူးထက်တွင် ချွေးသီးချွေးပေါက်များ ကျလာလေတော့သည်။ သူက အံစာကို (၄)ပေါက် ၊ (၅)ပေါက် ၊ (၆)ပေါက် ရအောင် သေသေချာချာ ပစ်လိုက်ခြင်း ဖြစ်လေ သည်။ အဘယ့်ကြောင့် အံစာတုံး (၃)ခုလုံး (၆)ပေါက်ကျလာရပါသနည်း။ သူ လောင်းကစားလောကတွင် ကျင်လည်ခဲ့သည်မှာ အနှစ် (၃၀)ခန့်ရှိပြီ ဖြစ်လေသည်။ သူ့အတွက် အံစာခေါက်ခြင်း ဆိုသည်မှာ ထမင်းစား ၊ ရေသောက် အလုပ်ပမာ လွယ်ကူလွန်းလှလေသည်။ မည်သည့်အခါမှ မှားယွင်းသည်ဟူ၍ မရှိခဲ့ဘူးပေ။

ယခုကဲ့သို့ မှားယွင်းသွားရသည်မှာ ဆရာမေက လှည့်စားနေခြင်းကြောင့်သာ ဖြစ်နိုင်လေသည်။

သို့သော်... သူဌေးကြီးပိုင်က မျက်နှာပျက်သွားခြင်း မရှိပါ။ အံစာတုံးမှ ကျသည့်အပေါက်များအတိုင်း ကတ်များကို ဆွဲယူလိုက်လေသည်။ ထို့နောက် လောင်းကြေးတစ်သိန်းကို စားပွဲပေါ်သို့ တင်လိုက်လေ၏။

လူအများထင်လိုက်ကြသည်မှာ ဒိုင်လုပ်သူ၏ ကျွမ်းကျင်သည့် အံစာခေါက်မှုကြောင့် ဆရာမေ ရှုံးတော့မည် ဖြစ်သည့်အတွက် သူဌေးကြီးပိုင်က လောင်းကြေးအများကြီး ထပ်လိုက်ခြင်း ဖြစ်သည် ဟူ၍ပင်။ ထိုသို့ပြုလုပ်ခြင်းမှာ လောင်းကစားစည်းကမ်းနှင့်မညီပေ။ သို့သော်... ကာယကံရှင်ဖြစ်သည့် ဆရာမေတောင်မှ တစ်ခွန်းမှမပြောလေရာ အပြင်လူဖြစ်သည့် သူတို့ကလည်း ဝင်ရောက်ပြောဆိုခြင်း မပြုကြတော့ပေ။

ကတ်များကိုလှန်လိုက်သည့်အခါတွင်တော့ ဆရာမေသာလျှင် အနိုင်ရသွားပြန်လေသည်။

သူဌေးကြီးပိုင်မှာ နောက်ထပ်ပိုက်ဆံတစ်သိန်း ရှုံးသွားရပြန်လေသည်။

သူဌေးကြီးပိုင်က အံ့သြမနေတော့ပါ။ အဘယ်ကြောင့်ဆိုသော် လောင်းကစားဒိုင်က ဆရာမေက အံစာတုံးများ အပေါ်တွင် လှည့်ကွက်တစ်ခု သုံးထားသည်ဟု ယခုလေးတင် တီးတိုးပြောလိုက်သောကြောင့် ဖြစ်လေသည်။

သို့သော်... ဆရာမေ လှည့်ကွက်သုံးသည်ဆိုသည်မှာ အထင်သာရှိပြီး မည်သူမှ သက်သေမပြနိုင်ကြပေ။

လောင်းကစားဂေဟာမှ အတော်ဆုံး လောင်းကစားဒိုင် (၁၀)ယောက်ကိုခေါ်ကာ ကစားဦးတော့ ယနေ့အဖို့ ဆရာမေ ကို နိုင်စရာအကြောင်းမရှိသည်ကို သူဌေးကြီးပိုင် သဘောပေါက်သွားလေသည်။ သို့ရာတွင်... ရှုံးမှန်းသိသိကြီးနှင့်ပင် တစ်

သိန်း၏နှစ်ဆ လောင်းကြေးတင်လိုက်ပြန်သည်။ သူက ဆရာ မေ၏ လှည့်စားမှုကို ဖော်ထုတ်နိုင်ရန်အတွက် လောင်းကြေး တိုးလိုက်ခြင်းဖြစ်လေသည်။

ဆရာမေက တစ်ချက်ပြုံးလိုက်ပြီး သူအနိုင်ရထားသည့် ငွေစ များကို သူဌေးကြီးပိုင်ရှိရာသို့ အသာတိုးပေးလိုက်ရင်း...

"ဒီနေ့ အများကြီးပျော်ခဲ့ရပါတယ် ၊ ဒီအနိုင်ရတဲ့လောင်းကြေး တွေအကုန်လုံးကို သူဌေးကြီးပိုင်နဲ့ တွေ့ဆုံတဲ့ အထိမ်း အမှတ် အဖြစ် လက်ဆောင်အဖြစ် ပြန်ပေးချင်ပါတယ်..."

သူဌေးကြီးပိုင်၏ မျက်နှာအမူအရာမှာ မသေမချာဖြစ်သွား ပြီး...

"ဆရာမေရဲ့ ရက်ရောမှုကို ကျေးဇူးတင်ပါတယ် ၊ ဒါပေမယ့် ကျုပ်က အရှေ့ပင်လယ်ဂိုဏ်းချုပ်လောက် မချမ်းသာ ပေမယ့် ငွေမရှားပါဘူးဗျာ ၊ ဒီငွေတွေနဲ့ ယိုယိုမိန်းကလေးအတွက် ရတနာပစ္စည်းလေး ဘာလေး ဝယ်ပေးလိုက်ပါ"

သူဌေးကြီးပိုင်က ငွေစများကို ဆရာမေရှိရာသို့ ပြန်တိုး

ပေးလိုက်ပြန်လေသည်။

ဆရာမေက ငွေစများကိုတစ်ချက်ပင် မကြည့်ဘဲ...

"အစ်ကိုပိုင်က ငွေမရှားဘူးဆိုမှတော့ အခု အချိန်လည်း စော

နေသေးတယ် ၊ နောက်ထပ် တစ်ပွဲ နှစ်ပွဲလောက် ထပ်ကစားကြ

ရအောင်လား..."

သူဌေးကြီးပိုင်သည် အရှေ့ပင်လယ်ဂိုဏ်းနှင့် မပူးပေါင်း

သည့်အတွက် သူက ရန်လိုပြီး ဆက်ကစားနေခြင်းလည်း ဖြစ်

နိုင်လေသည်။

သူဌေးကြီးပိုင်မှာ လောင်းကစားဂေဟာပိုင်ရှင် ဖြစ်လေသည်။

ထို့ကြောင့် ဆရာမေနှင့် ဆက်ကစားရန် ငြင်းဆန် လိုက်ပါက

သတ္တိကြောင်ရာ ကျပေလိမ့်မည်။ ထိုအခါ အခြားသော

ကုန်သည်များ ၊ သူဌေးသူကြွယ်များ အလယ်တွင် အရှက်ကွဲရ

မည် ဖြစ်လေသည်။

ထိုအချိန်မှာပင် လောင်းကစားဒိုင်ဖြစ်သူ ပိုင်ဟယ် သူဌေးကြီး ပိုင်အနားသို့ ရောက်လာလေသည်။

သူက သူဌေးကြီး၏ နားနားသို့ကပ်ကာ တီးတိုးပြောလိုက်လေသည်။ သူဌေးကြီးပိုင်က တစ်ချက် စဉ်းစားလိုက်ပြီး ပိုင်ဟယ်၏နောက်တွင် တုန်တုန်ယင်ယင်ဖြင့် ရပ်နေသည့် ပိုင်ရှောက်ယွီကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ထို့နောက် သူက တစ်ချက်ပြုံးလိုက်ပြီး...

"ကျုပ်က အသက်ကြီးလာတော့ အရင်ကလောက် သိပ်မကစားနိုင်တော့ဘူး ၊ သူက ကျုပ်တူလေး ပိုင်...."

ပိုင်ဟယ်က ချက်ချင်းပင် စကားထောက်ပေးလိုက်လေသည်။

"ပိုင်ရှောက်ယွီ..."

သူဌေးကြီးပိုင်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး တောင်းပန်သည့်ဟန်ဖြင့်...

"အသက်ကြီးလာတော့ မှတ်ဉာဏ်တွေတောင် မကောင်းတော့

ဘူး..."

ထို့နောက်သူက ပိုင်ရှောက်ယွီကို လက်ညှိုးထိုးပြလိုက်ပြီး...

"ရှောက်ယွီလေး... ဆရာမေနဲ့ ကစားပွဲ တစ်ပွဲ နှစ်ပွဲလောက်

လာကစားပေးစမ်းကွာ ၊ မင်းအတွက် ပျော်စရာ ကောင်းမှာ

ပါ..."

ပိုင်ရှောက်ယွီက အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"ကျွန်တော်... မလုပ်... မကစား..."

သူဌေးကြီးပိုင်က ပြုံးလိုက်ပြီး...

"ဘာမှမဖြစ်ဘူး... လာကစားစမ်း..."

ပိုင်ရှောက်ယွီသည် အတွေ့အကြုံရှိသူတစ်ယောက်မဟုတ်ပေ။

ယခင်က ယခုကဲ့သို့ သီးသန့်လောင်းကစားဝိုင်းများတွင် တစ်ခါ

မှ မကစားဖူးပေ။ ယခုတော့ မတတ်နိုင်တော့ပါ။ မဟုတ်ပါက

သူသည် လောင်းကစားဂေဟာအတွင်းမှ အသက်ရှင်လျက်

ထွက်သွားနိုင်မည် မဟုတ်ပေ။

ပိုင်ဟယ်မှာ ချွေးစေးများပျံနေသည့် လက်ဖဝါးနှစ်ဖက်ကို

ဆုပ်ထားလေသည်။ သူက ပိုင်ရှောက်ယွီ အနိုင်ရပါစေဟု

ဆုတောင်းနေမိလေသည်။

ဆရာမေက စိတ်ရှုတ်ထွေးပြီး ကြောက်ရွံ့နေဟန်ရှိသည့် ပိုင်

ရှောက်ယွီကို တစ်ချက်ကြည့်လိုက်ပြီး နူးညံ့သည့် လေသံ

ဖြင့်...

"မကြောက်ပါနဲ့၊ ကျုပ်က မင်းကို ကိုက်မစားပါဘူး..."

ပိုင်ရှောက်ယွီက ဆရာမေကို ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်

လေသည်။

လောင်းကစားဂေဟာမှအစောင့်များမှာ သူ့ကို အရိုးပါမကျန်

အောင် စားတော့ဝါးတော့မည့်အလား စောင့်ကြပ်ကြည့်ရှု နေခဲ့

ကြလေသည်။ ယခု သူ့ရှေ့မှလူရွယ်ကတော့ လူကြီးလူကောင်း

တစ်ယောက်ဖြစ်ဟန်တူလေသည်။ သို့သော် ထိုသူကို သူ

အနိုင်ရမှ ဖြစ်ပေမည်။

ဆရာမေက အနည်းငယ်စိတ်သက်သာရာရသွားဟန်ရှိသည့်

ပိုင်ရှောက်ယွီကို တစ်ချက်ကြည့်လိုက်ပြီး...

"ညီငယ်လေး... မင်းပဲ ကတ်တွေကိုကုလားဖန်ထိုးလိုက်ပါ..."

ပိုင်ရှောက်ယွီမှာ အိပ်မက်မှနိုးလာသူတစ်ယောက်ပမာ ယောင်

တောင်တောင်ဖြင့် ကတ်များကို ကုလားဖန် ထိုးလိုက်လေ

သည်။ သူ၏လက်များမှာလည်း တုန်တုန်ယင်ယင် ဖြစ်နေ

လေ၏။ အားလုံးက သူ့ပုံစံကိုကြည့်ကာ ရယ်မောလိုက်ကြလေ

သည်။ သူ့ငွေးကြီးပိုင်က စိတ်ပျော်ရွှင်စေရန်အတွက် တမင်

သက်သက် ဤသူငယ်လေးကို ဆရာမေဖြင့် ကစားခိုင်းနေ

သည်ဟု လူအများက တွေးလိုက်မိကြလေသည်။

ပိုင်ရှောက်ယွီက ကတ်များကို ကုလားဖန်ထိုးပြီးသည်နှင့် ဆရာ

မေက အံစာခေါက်ကာ ကတ်တစ်ကတ်ကို ဆွဲလိုက် လေသည်။

ပွဲကြီးပွဲကောင်းပင်ဖြစ်လေသည်။ နောက်ဆုံး ဆရာမေက မှောက်ထားသည့်ကတ်ကို လှန်လိုက်လေရာ ထူးဆန်းစွာပင် ဆရာမေ ရှုံးသွားလေတော့သည်။

ဆရာမေ၏မျက်နှာအမူအရာက တည်တည်ငြိမ်ငြိမ်ပင် ဖြစ်လေသည်။ သို့သော်... သူ့စိတ်ထဲတွင်တော့ အနည်းငယ် တုန်လှုပ်သွားမိလေသည်။

ဆရာမေက...

"ညီငယ်လေး ... ဆက်ကစားကြရအောင်..."

ပထမတော့ လူငယ်လေးကို ဆရာမေက တမင်သက်သက် အရှုံးပေးလိုက်သည်ဟုပင် လူအများက ထင်လိုက်ကြ လေသည်။ သို့သော်.... ဆရာမေသည် (၁၀)ပွဲတိတိ ရှုံးလေတော့သည်။ ဆရာမေ၏ ငွေပုံကြီးမှာ တဖြည်းဖြည်းလျော့သွားလေတော့သည်။ ပိုင်ရှောက်ယွီရှေ့မှ ငွေပုံကြီးကတော့ တဖြည်းဖြည်းများလာလေ၏။

မည်သူမှ ပိုင်ရှောက်ယွီကို အထင်မသေးရဲကြတော့ပေ။

အားလုံးက ထိုလူငယ်လေးအကြောင်းကို စိတ်ဝင်စားလာကြလေသည်။ ထိုလူငယ်လေးမှာ လောင်းကစားဂေဟာမှ လောင်းကစားဒိုင်တစ်ယောက်မဟုတ်သည်မှာ သေချာလေသည်။

နောက်ဆုံးတွင်တော့ ဆရာမေသည် ပြတ်ပြတ်သားသားပင် ရှုံးနိမ့်သွားခဲ့ရလေသည်။ သို့သော် သူက ရှက်ရမ်းရမ်းခြင်း မရှိပါ။

တည်ငြိမ်စွာဖြင့်ပင် ကတ်များကိုဘေးသို့အသာရွှေ့လိုက်ပြီး တစ်ချက်ပြုံးလိုက်ရင်း...

"အစ်ကိုပိုင်ဆီမှာ တကယ်တော်တဲ့လူတော်တွေရှိတာပဲကိုး ၊ ဒီနေ့ ကျုပ် တကယ့်ကို မျက်စိပွင့် နားပွင့် ဖြစ်သွား တာပဲ..."

သူဌေးကြီးပိုင်က ပိုင်ရှောက်ယွီ၏ ခေါင်းကိုတစ်ချက်ပုတ်လိုက်ရင်း...

"ဒီကလေးက အလိုက်မသိဘူး ၊ ဆရာမေ ချီးကျူးနေတာကို ကျေးဇူးတင်စကား ပြောလိုက်လေ ၊ တကယ်တော့ သူလည်း ကြက်ကန်းဆန်အိုးတိုး နိုင်သွားတာပါ ဆရာမေရာ..."

ပိုင်ရှောက်ယွီက သူ့နဖူးထက်မှ ချွေးများကို သုတ်လိုက်ရင်း...

"ဆရာမေ... တောင်းပန်ပါတယ်..."

ဆရာမေက ပိုင်ရှောက်ယွီကို နက်နက်ရှိုင်းရှိုင်းတစ်ချက်ကြည့် လိုက်ရင်း....

"ညီငယ်လေး ၊ မင်းကတော့ ခနသိဒ္ဓိနတ်ဘုရားလား ထင်ရ တယ်ကွာ..."

ပိုင်ရှောက်ယွီက တအံ့တသြဖြင့်...

"ခင်ဗျာ..."

လူငယ်လေး၏ အမူအရာမှာ ဟန်ဆောင်မှု လုံးဝမရှိသည်ကို ဆရာမေ ရိပ်မိလိုက်လေသည်။

ထို့ကြောင့် သူက တစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ်က လျှောက်ပြောတာပါ ၊ စိတ်ထဲထားမနေနဲ့..."

"ပိုက်ဆံသည် တစ္ဆေများကိုပင် နှင်ထုတ်နိုင်ပြီး နတ်ဘုရားများကိုပင်ပင့်ဖိတ်နိုင်သည်" ဆိုသည့် စကားပုံတစ်ခု ရှိလေသည်။ ထိုစကားပုံဖြစ်လာရသည့် သမိုင်းကြောင်းရှိလေသည်။ တစ်ခါတုန်းက ယွမ်ကျိုးနယ်တွင် နတ်ဘုရားတစ်ပါး ပေါ်ထွက်ခဲ့ဖူးလေသည်။ ထိုနတ်ဘုရားထံတွင် မှော်ဝင်ကြေးပြား ဆိုသည့် မှော်ဝင်ပစ္စည်းတစ်ခု ရှိလေသည်။ ထိုကြေးပြားသည် လောကတစ်ခုလုံးမှာ ကြွယ်ဝ ချမ်းသာမှုများကို စုပ်ယူနိုင်စွမ်းရှိလေသည်။ ထို့ကြောင့် ထိုနတ်ဘုရားကို ဓနသိဒ္ဓိနတ်ဘုရားဟု ခေါ်ကြလေ၏။

နောက်ပိုင်းတွင် ထိုနတ်ဘုရားကို ကိုးကွယ်သူများစွာ ရှိလာကြပြီး ထိုနတ်ဘုရားကလည်းသူ၏ ကျင့်စဉ်ကို ချန်ထားခဲ့လေသည်။

နောက်ပိုင်း အချိန်ကြာလာသည်နှင့်အမျှ ခနသိဒ္ဓိနတ်ဘုရား၏ ကျင့်စဉ်ကို ကျင့်ကြံသူများမှာလည်း လူ့လောကထဲ တွင် များပြားလာပြီး သူတို့ကို ခနသိဒ္ဓိနတ်ဘုရားများဟုပင် ခေါ်ဝေါ် လာကြလေသည်။

ခနသိဒ္ဓိကျင့်စဉ်ကို ကျင့်ကြံသူများသည် အခြားသောကျင့်ကြံ သူများကဲ့သို့ မိုးမြေစွမ်းအားများကို စုပ်ယူကျင့်ကြံရန် မ လိုအပ်ပေ။ ကျင့်စဉ်ကျင့်ကြံရန်အတွက် စည်းစိမ်ချမ်းသာ ကြွယ်ဝခြင်းများကို စုပ်ယူရန်သာ လိုအပ်လေသည်။

ထို့ကြောင့် သူတို့သည် လူ့လောကထဲ လျှောက်သွားနေပြီး ထို ကျင့်စဉ်ကို ကျင့်ကြံနေလျှင် တစ်နေ့မဟုတ်တစ်နေ့ ဒုက္ခရောက်စရာ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော်... အခြားသူများ၏ ငွေကြေး ၊ ရတနာပစ္စည်းများသည် သူတို့ ဆီ သို့ ရောက်လာကြသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဓနသိဒ္ဓိကျင့်စဉ်ကျင့်ကြံသူများသည် သူတို့ကို ကာကွယ်စောင့်ရှောက်ရန်အတွက် အဆင့်မြင့်ကျင့်ကြံသူ များကို ငှားယမ်းထားလေ့ရှိကြလေသည်။

ထို့ကြောင့် သူတို့၏ အားနည်းချက်မှာ ထင်ရှားလေသည်။

ထို့ကြောင့် သိဒ္ဓိဓနကျင့်စဉ် ကျင့်ကြံသူများသည် သူတို့ ကိုကာကွယ်စောင့်ရှောက်ပေးရန်အတွက် အဆင့်မြင့်ကျင့်ကြံသူများ ကို ငှားယမ်းထားလေ့ရှိကြလေသည်။

ထို့ကြောင့် ငွေရှိပါက နတ်ဘုရားများကိုပင် စောင့်ရှောက်ရန် ငှားယမ်းနိုင်သည်ဟု ပြောဆိုကြရင်းမှ "ပိုက်ဆံသည် တစ္ဆေများကိုပင် နှင်ထုတ်နိုင်ပြီး နတ်ဘုရားများကိုပင်ပင့်ဖိတ်နိုင်သည်" ဆိုသည့် စကားပုံ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။

အခန်း (၇၂၃) တောင်ကုန်းထက်က ခြောက်သွေ့နေတဲ့အရိုး

ဆရာမေ ရှုံးနိမ့်သွားရသည့်တိုင် သူဌေးကြီးပိုင်က

လှောင်ပြောင်ရဲခြင်း မရှိပါချေ။

သူက ဆရာမေနှင့် အခြားသော ဧည့်သည်များ အားလုံးကို

လက်နှစ်ဖက်စုပ်ကာ ဂါရဝပြုလိုက်ရင်း...

"အားလုံးပဲ ၊ ကျုပ်မှာ ကျောက်ဆစ်ပန်းပွင်အရက် အိုး (၃၀)ရှိ

တယ် ၊ ဒီည လကလည်းသာတော့ အားရပါးရ သောက်ကြ စား

ကြရအောင်..."

အားလုံးမှာ ချမ်းသာကြွယ်ဝကြသူများ ဖြစ်သော်လည်း

ကျောက်ဆစ်ပန်းပွင့်အရက်ဆိုသည်က ရှားပါးသည့် တော်ဝင်

သေရည်တစ်မျိုးဖြစ်လေရာ တန်ဖိုးလည်း အလွန်ကြီးလေ

သည်။ ထို့ကြောင့် သူဌေးကြီးပိုင်က ညစာစားပွဲ အတွက်
ပြင်ဆင်သည့်အခါ မည်သူကမှ ငြင်းဆန်ခြင်း မရှိကြပေ။
ဆရာမေကလည်း ငြင်းဆန်ခြင်း မရှိပါ။ သူက ထင်ရှားသည့်
ဂိုဏ်းကြီးတစ်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သည့်အတွက် မည်သည့်
နေရာတွင်မဆို ရေလိုက်ငါးလိုက် ပေါင်းသင်းဆက်ဆံတတ်သူ
ဖြစ်လေသည်။ မဟုတ်ပါက သူ့အနေဖြင့် ယခုအချိန်ထိ
ရပ်တည်နိုင်မည်မဟုတ်ဘဲ ကျဆုံးမှုနှင့် ရင်ဆိုင် ရမည်ဖြစ်လေ
သည်။

ထိုညက...

သူဌေးကြီးပိုင်ရော ဧည့်သည်များပါ ပျော်ရွှင်ကြလေသည်။
ပိုင်ရှောက်ယီသည်လည်း ညစာစားပွဲတွင် ရှိနေလေသည်။
ကျောက်ဆစ်ပန်းပွင့်အရက်က ချိုမြပြီး ကျောက်သားကဲ့ သို့
အေးစိမ့်လေသည်။ အရက်သောက်နေစဉ်မှာပင် သူသည်
မြူခိုးတိမ်တိုက်များကြားသို့ ရောက်ရှိသွားသလို ခံစားလိုက်ရ

ပြီး မွေးပျံ့သည့်အခိုးအငွေ့များကို အငမ်းမရ ရှူရှိုက်နေမိလေ

သည်။ ထို့နောက်တွင်တော့ သူ့စိတ်များ ရှုတ်ထွေးနောက်ကျ

သွားပြီး သတိလစ်သွားရလေတော့သည်။

....

ပိုင်ရှောက်ယွီ နိုးလာသည့်အခါတွင်တော့ သူ့တစ်ကိုယ်လုံး

နာကျင်ကိုက်ခဲနေပြီး အားအင်ချည့်နဲ့လျှက် ရှိလေသည်။

ပြတင်းပေါက်မှ ဝင်လာသည့် နေရောင်ကြောင့် သူ့မျက်လုံး

များ ကျိန်းစပ်သွားရလေသည်။ သူက ချင်းချင်းပင် ဆောင်ကို

ဆွဲခွာလိုက်ပြီး အိပ်ယာထက်မှ ထထိုင်လိုက်လေသည်။ သူ၏

ခေါင်းများက မူးနောက်နောက်ဖြစ်နေပြီး ယိုင်တိယိုင်တိုင်ဖြင့်

ထလာကာ အခန်းတံခါးကို ဆွဲဖွင့်လိုက်လေ၏။

ထိုအခါ... ခြံဝန်းထဲရှိ ကုလားထိုင်ထက်တွင် ထိုင်နေသည့်

ဆန်းလျန်ကို တွေ့မြင်လိုက်ရလေသည်။ ဆန်းလျန်က

ခြေထောက်များကို ချိတ်ထိုင်နေပြီး လက်ထဲတွင် စာအုပ်တစ်

အုပ်ကို ကိုင်ထားလေသည်။ သူ့ပုံစံကို ကြည့်ရသည်မှာ အေးအေးသက်သာ ရှိလှလေ၏။

ပိုင်ရှောက်ယွီ ခေါင်းထဲသို့ အတွေးပေါင်းများစွာ ဝင်ရောက်လာလေ၏။

မနေ့ညက သူသည် သူဌေးကြီးပိုင်၏ ညစာစားပွဲတွင် ရှိနေခဲ့လေသည်။ ယခု သူနိုးလာသည့်အခါတွင်တော့ စားသောက်ဆိုင်မှ သူ့အခန်းသို့ အဘယ့်ကြောင့် ပြန်ရောက်နေခဲ့ရပါသနည်း။

မနေ့က သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များသည် အလွန်မှ ထူးဆန်းလွန်းလှလေသည်။ သို့သော်... ယခု ပြန်စဉ်းစားကြည့်သည့်အခါတွင်တော့ အိပ်မက်ဆန်လွန်းနေပြန်လေသည်။

ဆန်းလျန်က စာအုပ်ကို ပိတ်လိုက်ရင်း...

"မီးဖိုထဲမှာ အစားအသောက်တွေကျန်သေးတယ် ၊ စားပြီးရင် ဒီမှာ ထင်းလာခုတ်..."

ပိုင်ရှောက်ယွီမှာ စိတ်ရှုတ်ရှုတ်ဖြင့် မီးဖိုဆောင်ထဲသို့ ဝင်သွားလေသည်။

သူ့အတွက်ချန်ထားသည့် အစားအသောက်များကို တွေ့လိုက်ရသည့်အခါတွင်တော့ ဗိုက်ဆာဆာဖြင့် အငမ်းမရ စားသောက်လိုက်လေတော့သည်။ စားပြီးတော့မှ ရေအေးဖြင့် မျက်နှာသစ်လိုက်ပြီး ခြံအနောက်ဘက်သို့သွားကာ ထင်းများကို ခုတ်လိုက်လေသည်။

ထင်းခုတ်နေစဉ်မှာပင် မနေ့က အဖြစ်အပျက်များကို သူပြန်စဉ်းစားနေမိလေသည်။ သူ၏အင်္ကျီရင်ပတ်အတွင်းသို့ စမ်းကြည့်လိုက်သည့်အခါတွင်တော့ ဆန်းလျန်ပေးသည့် ကြေးပြားလေး (၂)ပြား ရှိနေသေးသည်။ ပိုလည်းမပိုသလို လျော့လည်း မလျော့ပေ။

ပိုင်ရှောက်ယွီမှာ ကံကောင်းသည်ဟု ခံစားလိုက်ရပြီး မနေ့က ခနသိဒ္ဓိနတ်မင်းအကြောင်း ပြန်စဉ်းစားကြည့်လိုက် လေသည်။

သူ့ဌေးကြီးပိုင်ပင်လျှင် သူ့ကိုပြုစုရန် မိန်းကလေး (၂)ယောက် ခေါ်ပေးခဲ့သေးသည်။ သို့သော်... ထိုအချိန် ကတည်းက သူ့စိတ်များသည် ရှုတ်ထွေးနေပြီး သူပျော်ပါးခဲ့မိသည်လားကိုပင် မမှတ်မိတော့ပေ။

သူက သူ၏အဝတ်အစားများကို အသာနမ်းရှုံ့ကြည့်လိုက်လေသည်။ မည်သည့် အမွှေးနံ့သာရနံ့ကိုမှ ရရှိခြင်း မရှိပေ။ ကြည့်ရသည်မှာ မနေ့က အဖြစ်အပျက်များသည် အိပ်မက်တစ်ခု ဖြစ်ဟန်တူလေသည်။

ထင်းခုတ်ပြီးသွားသည့်အခါတွင်တော့ ပိုင်ရှောက်ယွီ၏ စိတ်များ ကြည်လင်လန်းဆန်းလာလေသည်။ ဆန်းလျန်နှင့် ချုပ်ဆိုခဲ့သည့် စာချုပ်အတိုင်း မပျင်းမရိ အလုပ်လုပ်ခဲ့ သောကြောင့် ခေါင်းကိုက်ခြင်းကို မခံစားရခြင်း ဖြစ်လေ သည်။

ပိုင်ရှောက်ယွီလည်း မပျင်းရိရဲတော့ဘဲ စားသောက်ဆိုင်အတွင်းသို့ ဝင်လာကာ စားပွဲများကို အဝတ်ဖြင့် သုတ်နေ လိုက်လေသည်။

ထိုအချိန်မှာပင်...

သူ... အလွန်ထိတ်လန့် တုန်လှုပ်သွားရလေသည်။

အဘယ်ကြောင့်ဆိုသော် ပြတင်းပေါက်ဘေးနား လမ်းမနှင့်ကပ်လျှက် နေရာရှိ စားပွဲတစ်ခုတွင် လူနှစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုသူ (၂)ယောက်အနက် (၁)ယောက်မှာ ခန့်ညားတည်ကြည်သည့် လူရွယ်တစ်ယောက် ဖြစ်လေသည်။ အခြားသူမဟုတ်ပေ။ မနေ့ညက အိပ်မက်ထဲတွင် တွေ့ခဲ့ရသည့် ဆရာမေပင် ဖြစ်လေသည်။

နောက်တစ်ယောက်ကတော့ အသားညိုညို၊ ခပ်နွမ်းနွမ်းအဝတ်အစားများကို ဝတ်ဆင်ထားပြီး ခန္ဓာကိုယ်က သံမဏိ

အလား ကြွခိုင်လေသည်။ ထိုသူ၏ ပုံစံမှာ လောင်းကစား

ဂေဟာမှ အစောင့်များထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်း

သေးသည်။

ပိုင်ရှောက်ယွီက ဆရာမေကို တအံ့တဩဖြင့် ကြည့်နေမိလေ

ရာ ဆရာမေကလည်း ပိုင်ရှောက်ယွီကို ပြန်ကြည့် လိုက်ပြီး

ခေါင်းတစ်ချက်ညိတ်ကာ ပြုံးပြလိုက်လေသည်။

ပိုင်ရှောက်ယွီမှာ သတိလက်လွတ်ဖြင့် ဆရာမေကို ရယ်ပြလိုက်

ပြီး စိတ်များလည်း ရှုတ်ထွေးသွားရလေသည်။

ထိုအချိန်မှာပင် သူ့ခေါင်းကို ဂေါက်ခနဲနေအောင် တစ်ချက်

အခေါက်ခံလိုက်ရပြီး...

"ဒီကောင်လေးကတော့လေ... အိပ်ယာထလည်း နောက်ကျ

သေးတယ် ၊ အလုပ်လည်း ကောင်းကောင်းမလုပ်ဘူး"

သူ့အနားသို့ ရောက်လာသည့် ကူးဝေဝေကို တွေ့လိုက်ရလေ

သည်။

ကူးဝေဝေဘေးတွင် ဆန်းလျန်ရှိနေပါလေ၏။

ပိုင်ရှောက်ယွီက...

"အစ်မကူးဝေဝေ၊ ကျုပ်အခုပဲ အလုပ်တွေပြီးအောင် လုပ်လိုက်ပါ့မယ်..."

ထို့နောက် သူက စားပွဲများကိုတစ်ခုမကျန် ပြောင်အောင် သုတ်လိုက်လေသည်။

ထို့နောက် သူက ဆရာမေထိုင်နေသည့် စားပွဲကိုပါ သန့်ရှင်းရေးလုပ်ပေးရမည်လား စဉ်းစားနေစဉ်မှာပင် ကူးဝေဝေ ထံမှ စကားသံ ထွက်ပေါ်လာလေသည်။

"အားလျန်... ငါ မေးဖို့မေ့နေတာ၊ ညက အဲဒီကောင်လေး ဘယ်အချိန်ပြန်ရောက်လာတာလဲ..."

ဆန်းလျန်က...

"ပိုင်ရှောက်ယွီက ကံကောင်းတယ်လေ ၊ မေနန့်စန်းက သူ့ကို ပြန်ခေါ်လာတာ ၊ ကြည့်ရတာ တော်တော်လေး ကံတက်နေပုံရ တယ် ၊ ဂိုဏ်းတူအစ်မ သူ့ကို ပေါင်းထားသင့်တယ်..."

ကူးဝေဝေက ပိုင်ရှောက်ယွီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"သူ့ကို ဆရာမေ ပြန်ခေါ်လာတာ မဖြစ်နိုင်ပါဘူး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မသိဘူးလေ ၊ ကျွန်တော် ဗေဒင်တွက်ကြည့်တာ အဲဒီအတိုင်း အဖြေထွက်တာပဲ ၊ အသေးစိတ်တော့ ဗေဒင် လိုက်တွက်မနေ ပါဘူး ၊ ပျင်းစရာကောင်းတယ် ၊ ဒါပေမယ့် မနေ့ညကစပြီး တော့ အဲဒီကောင်လေးရဲ့ ကံတရားက ပြောင်းလဲသွားပြီ ၊ နည်း နည်း စိတ်ဝင်စားစရာ ကောင်းလာပြီ..."

ကူးဝေဝေက ထူးဆန်းစွာဖြင့်...

"ဘယ်လိုပြောင်းလဲသွားတာလဲ..."

ဆန်းလျန်က...

"အရင်က သူ့ရဲ့ကံက တီကောင်လောက်ပဲရှိတယ်၊ အခု ငါးရှဉ့်လောက် ဖြစ်လာပြီ..."

ကူးဝေဝေက...

"တီကောင်ကနေ ငါးရှဉ့်ဖြစ်တာများ စကားထဲ ထည့်ပြောနေသေးတယ်၊ နဂါးလောက်ဖြစ်မှ အဆင်ပြေမှာပေါ့..."

ဆန်းလျန်က...

"အဲဒီလိုလူမျိုးတွေလည်း မရှိဘူးမဟုတ်ဘူး၊ ရှိပါတယ်၊ ဒါပေမယ့် တိုင်းပြည်တစ်ပြည်ရဲ့ ဘုရင်လောက်ဖြစ်ဖို့ ကံပါတာကိုမှ နဂါးလောက်ဖြစ်တယ်လို့ ပြောလို့ရတယ်၊ အဲဒီလိုပြောရကြေးဆိုရင် မေနန့်စန်းရဲ့ ကံတရားကလည်း စိတ်ဝင်စားဖို့ကောင်းတယ်..."

ကူးဝေဝေက စိတ်ဝင်စားသွားဟန်ဖြင့်...

"ဘယ်လို စိတ်ဝင်စားဖို့ ကောင်းတာလဲ..."

ဆန်းလျန်က...

"နဂါးတစ်ကောင်ဖြစ်ဖို့ဆိုတာ ရေထဲမှာမှ ဖြစ်နိုင်တာမဟုတ်ဘူး ၊ မုန်တိုင်းထဲမှာလည်း နဂါးတစ်ကောင် ဖြစ်သွား နိုင်တယ် ၊ ဒါပေမယ့် မေနန့်စန်းမှာ နဂါးတစ်ကကောင်ဖြစ်ဖို့ ကံကြမ္မာမပါပေမယ့် တခြားသူတစ်ယောက်ကို နဂါးအဖြစ် ပြောင်းလဲသွားအောင် ကူးညီပေးနိုင်တဲ့ ကံကြမ္မာပါတယ် ၊ တိမ်နဲ့လေသာ ဆုံသွားမယ်ဆိုရင် (၉)ရက် အတွင်း နဂါးထွက်ပေါ်လာလိမ့်မယ်..."

ကူးဝေဝေက အံ့သြသွားဟန်ဖြင့်...

"အဲဒါ သူများကို ကူညီရမယ့် ကံတရားပဲ ၊ ကိုယ့်အတွက် ဘာကောင်းမှာလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘယ်ပြောလို့ရမှာလဲ ၊ တစ်ခါတစ်လေ ရလဒ်ကအစကမဟုတ်ဘူး ၊ အတွေ့အကြုံကမှ တန်ဖိုးရှိတာ..."

ဆန်းလျန်နှင့်ကူးဝေဝေမှာ ခပ်တိုးတိုးပြောနေကြခြင်းဖြစ်သော်လည်း သူတို့ (၂)ယောက်၏ စကားများကို မေနန့်စန်းရော ကျုန်းတျဲယီပါ (၂)ယောက်စလုံး ကောင်းကောင်းကြားလိုက်ကြရလေသည်။

ဆန်းလျန်မည်မျှ အစွမ်းထက်သည်ကို ကျုန်းတျဲယီက ဆရာမလောက် သိရှိခြင်းမရှိပေ။ သို့သော်လည်း... သူက သိုင်းလောကတွင် အတွေ့အကြုံများသူတစ်ယောက်ဖြစ်လေရာ ထိုတာအိုဆရာလူငယ်မှာ ကြောက်မက်ဖွယ်ကောင်း သူတစ်ယောက်ဖြစ်သည်ကို ချက်ချင်းသိရှိလိုက်လေသည်။

ကျုန်းတျဲယီက...

"တာအိုဆရာ... ကျုပ်ရဲ့ကံတရားကရော..."

ဆန်းလျန်က ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ကံတရားကို ပြောဖို့မလိုပါဘူး ၊ ဒါပေမယ့် မင်းကို စကားတစ်ခွန်းပဲ ပြောပြမယ် ၊ ဒါပေမယ့် မင်း ကျုပ်ကို ညဏ်ပူဇော်ခတော့ ပေးရမယ်..."

ကျုန်းတျဲယီက ပြုံးလိုက်ရင်း....

"ကြည့်ရတာ တာအိုဆရာက မနေ့ကကိစ္စအတွက် စိတ်ခုနေသေးတယ်ထင်တယ်..."

သူက ပြောပြီးသည်နှင့် ရွှေစလေးတစ်ခုကို ထုတ်ယူလိုက်ပြီး အနားမှာရှိသည့် ပိုင်ရှောက်ယွီကို လှမ်းပေးလိုက်လေ သည်။

"အစ်ကိုလေး... ဒီရွှေလက်မှတ်လေးကို တာအိုဆရာကို ပေးပေးပါ ၊ ကဲ... ကျုပ်ကို တွက်ချက်ပေးပါတော့..."

ပိုင်ရှောက်ယွီက ရွှေစလေးအား တစ်ချက်ကြည့်လိုက်ပြီး တံတွေးတစ်ချက် မြိုချလိုက်လေသည်။

ထို့နောက် ဆန်းလျန်ထံသို့ သွားပေးလိုက်လေသည်။ တစ်ချိန်တည်းမှာပင် သူသည်လည်း ဆန်းလျန်ပြောမည့် စကားကို သိချင်နေမိလေသည်။

ဆန်းလျန်က ရွှေစလေးကို ယူလိုက်ပြီး ဂိုဏ်းတူအစ်မကို ပေးလိုက်လေသည်။

ဆန်းလျန်၏ အပြုအမူကြောင့် ကူးဝေဝေ ကျေနပ်သွားရလေသည်။ သူမက ပိုက်ဆံရသည့်အတွက် ကျေနပ်သွားခြင်း မဟုတ်ပါ။ ဆန်းလျန်၏ စိတ်ထားကြောင့် ကျေနပ်သွားရခြင်း ဖြစ်လေသည်။ ဆန်းလျန်သည် သူပထမဆုံး ရှာလို့ရသည့် ပိုက်ဆံကို သူမကို ပေးခဲ့သည်မဟုတ်ပါလား။ မည်မျှ ကြည်နူးဖွယ်ရာ ဖြစ်ပါသနည်း။

ဆန်းလျန်က....

"မင်းက နားထောင်ချင်တယ်ဆိုမှာတော့ ပြောပြရတာပေါ့၊

အဲဒီစကားတစ်ခွန်းက 'တောင်ကုန်းထက်က ခြောက်သွေ့နေတဲ့

အရိုး' တဲ့"

ကျုန်းတျဲယီက ဒေါသထွက်သွားပြီး...

"ဒီဟာသက ရယ်စရာ မကောင်းဘူးနော်..."

ဆန်းလျန်က...

"မယုံလည်း မတတ်နိုင်ဘူး..."

ဆရာမေနှင့် ကျုန်းတျဲယီတို့မှာ ရန်သူများဖြစ်သည့်တိုင် ဆရာ

မေသည် ကျုန်းတျဲယီကို လေးစားသူ ဖြစ်လေသည်။

ထို့ကြောင့် ဆရာမေက ကျုန်းတျဲယီကို သတိပေးလိုက်လေ

သည်။

"အစ်ကိုကျုန်း ... တာအိုဆရာရဲ့စကားကတော့ မမှားလောက်

ဘူး၊ သူ့စကားတွေကို မှတ်ထားတာကောင်းလိမ့် မယ်..."

ကျုန်းတျဲယီက ရွံလျှာသည့်ဟန်ဖြင့်....

"ဆရာမေ... မင်း ကျုပ်နဲ့တိုက်ခိုက်တဲ့အခါ အနိုင်ရဖို့အတွက် ဒီတာအိုဆရာကို ဟန်ဆောင်ခိုင်းပြီး ကျုပ်ရဲ့စိတ်တွေ ရှုတ်ထွေးအောင် လုပ်နေတာ မဟုတ်လား ၊ အေးလေ... ကျုပ်ကို စိတ်ရှုတ်အောင် လုပ်ဖို့ မင်းအတွက် (၂)ရက်တောင် အချိန်ရပါသေးတယ် ၊ မင်း သေသေချာချာ စဉ်းစားပေါ့ ၊ ကျုပ်ကတော့ မစောင့်နိုင် တော့ဘူး ၊ ကျင်းမာထန်လည်း စိတ်ရှည်မှာ မဟုတ်တော့ဘူး ၊ ဝေ့မင်းသားလည်း စိတ်မရှည်တော့ဘူး...."

စောင့်ရသည့်အလုပ်သည် အလွန်မှ ပျင်းစရာကောင်းလေသည်။

ကျုန်းတျဲယီသည် ပျင်းစရာကောင်းသည့်အလုပ်မျိုးကို ဆက်မလုပ်ချင်တော့ပေ။ မနေ့ကညကပင် မေနန့်စန်းသည် သူ့ငွေးကြီးပိုင်ကို စည်းရုံး၍ မရခဲ့ပေ။ ထို့ကြောင့် မေနန့်စန်းအနေဖြင့် သဘောထားပျော့ပြောင်းလာသင့်သည်ဟု သူက တွေးနေမိလေသည်။

သို့တိုင်အောင် မေနန်းစန်းသည် ယခုအချိန်ထိ အလျှော့မပေးဘဲ တင်းထားဆဲ ဖြစ်လေသည်။ အရှေ့ပင်လယ်ဂိုဏ်း နှင့်ကျင်းမာ ထန်ပူးပေါင်းလိုက်လျှင် ဝေ့မင်းသားသည်လည်း အင်အား ကြီးမားလာမည် ဖြစ်လေသည်။

နောင်တစ်ချိန်တွင် ဝေ့မင်းသားသည် နဂါးတန်ခိုးစွမ်းအား ပါဝင်သည့် ဧကရာဇ်တံဆိပ်တော် အစစ်အမှန်ကို ကိုင်ဆောင် ကာ နတ်ဘုရားများကိုယ်စား သူ၏ အလောင်းမိစ္ဆာတန်ခိုး စွမ်းအားကို မြှင့်တင်ပေးနိုင်လေသည်။ ထို့ကြောင့် သူသည် ဝေ့ မင်းသားအတွက် အလုပ်လုပ်ပေးရန် ဆန္ဒရှိနေခဲ့ခြင်း ဖြစ်လေ သည်။

သို့သော်... မေနန်းစန်းသာ ကျင်းမာထန်နှင့် ပူးပေါင်းရန် ငြင်းဆန်နေပါက ဝေ့မင်းသား၏ အရေးကြီးကိစ္စကြီးမှာ လည်း ဟိုမရောက် ဒီမရောက်ဖြင့် ကို့လို့ကန့်လန့် ဖြစ်နေရမည် ဖြစ် လေသည်။

ထို့ကြောင့် သူက ဆန်းလျန်၏ စကားများကိုလည်း မကျေမနပ် ဖြစ်နေရခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် သူ၏ ကံကြမ္မာကို မကောင်းစကားပြောသည့်တိုင် မေနန့်စန်း၏ ကံကြမ္မာမှာတော့ ကျေနပ်ဖွယ်ရာ ဖြစ်နေခဲ့သည် မဟုတ်ပါလား။

အခန်း (၇၂၄) နတ်ဘုရားတစ်ပါးဖြစ်နေရင်တောင်မှ ကျုပ်ကိုတော့ ဦးညွှတ်ရမှာပဲ

ထို့နောက် ကျုန်းတျဲယီ ထွက်ခွာသွားလေတော့သည်။

သူက မကျေမနပ်ဖြစ်နေသည့်တိုင် ဆန်းလျန်ပြောလိုက်သည့် စကားများက သူ့စိတ်ထဲတွင် စွဲနေလေသည်။ သူက အရက်ဆိုင်မှာပင် အရက်သွားမသောက်တော့ဘဲ ပိုင်ကျားမြို့ထဲရှိ သူနေထိုင်သည့် နေရာသို့ မနားတမ်းလမ်း လျှောက်ကာ ပြန်လာခဲ့လေသည်။ ထိုနေရာသည် အရက်ဆိုင်နှင့် သိပ်မဝေးသည့် သာမန်အိမ်လေးတစ်လုံးဖြစ်လေ သည်။

အိမ်ခြံဝန်းအတွင်းသို့ ရောက်တော့မှ... ကျုန်းတျဲယီမှာ အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

'အသက်ကြီးလာလေလေ ၊ သတ္တိနည်းလာလေလေပါပဲလား' ဟု သူ တွေးလိုက်မိလေသည်။

ခြေခြေမြစ်မြစ်မရှိသည့် တာအိုဆရာလူငယ်တစ်ယောက်၏ စကားများကပင် သူ့ကို ထိတ်လန့်နေစေခဲ့သည် မဟုတ်ပါလား။

သို့သော်… ထိုအတွေးများသည် သူ့ဘဝတွင် နောက်ဆုံးတွေး

သွားခဲ့သည့် အတွေးများသာ ဖြစ်ခဲ့လေတော့သည်။

…………

နောက်ဆုံးတော့…. ပိုင်ရှောက်ယွီသည် ကိစ္စရပ်တစ်ခုကို

အတည်ပြုနိုင်ခဲ့လေသည်။

မနေ့ညက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်အားလုံးသည်

အိပ်မက်မဟုတ်ဘဲ အမှန်တကယ် ဖြစ်ပျက်ခဲ့သည်ဆိုသည့်

အချက်ပင် ဖြစ်လေသည်။

သူက လက်နှစ်ဖက်ကို ပွတ်သပ်နေရင်း ရှက်ကိုးရှက်ကန်း

ဖြင့်…

"ဆရာမေ… မနေ့က ကိစ္စတစ်ခုလောက် ကျွန်တော်မေးလို့ရမ

လား…"

ဆရာမေက…

"ဘာကိစ္စလဲ…"

ပိုင်ရှောက်ယွီက ရယ်မောလိုက်ရင်း…

"ညက ကျွန်တော် နောက်ဆုံးမှတ်မိတာ မိန်းမလှလေး

(၂)ယောက်က ကျွန်တော့်ကို ပြုစုပေးဖို့ဆိုပြီး ခေါ်သွားကြ တာ

မဟုတ်လား..."

ယခုအချိန်အထိပင် ပြန်စဉ်းစားမိတိုင်း သူ၏နှာခေါင်းထဲတွင်

မိန်းကလေးများထံမှ မွှေးရနံ့လေးများကိုရနေမိသေး သည်။

ဆရာမေက ပြုံးလိုက်ရင်း....

"မဟုတ်ပါဘူး.... မင်းအမှတ်မှားတာနေမှာပါ"

ပိုင်ရှောက်ယွီ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော်ဖြစ်သွားပြီး စိတ်

ထဲတွင်လည်း သူ့ကိုယ်သူ ရှုံလျာသွားမိလေသည်။

သူထပ်ပြီး မေးခွန်းများ မမေးချင်တော့ပေ။

ဆရာမေက...

"ကျုပ် မင်းကိုခေါ်လာတော့ မင်းက အိပ်တောင်ပျော်နေပြီ ၊

မင်းဘာတွေဖြစ်သွားတာလဲဆိုတာတော့ ကျုပ်လည်း သေချာ

မသိဘူး..."

ထိုအချိန်မှာပင် သူတို့အနားသို့ ဆန်းလျန် ရောက်လာလေသည်။

ဆန်းလျန်က သူ၏လက်ထဲတွင် ကိုင်ထားသည့် အင်းစက္ကူများကို ပိုင်ရှောင်ယွီကို ပေးလိုက်ရင်း...

"ဒီအင်းစက္ကူတွေကို စားသောက်ဆိုင်ရဲ့ အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် နေရာစုံမှာ ကပ်ထားလိုက်..."

ပိုင်ရှောက်ယွီမှာ ယခုမှ ဆရာမေကို မျက်နှာပူသက်သာသွားကာ အင်းစက္ကူများကပ်ရန် ထွက်ခွာသွားလေတော့ သည်။

သို့သော်... သူ၏မျက်နှာတွင်ဝမ်းနည်းကြေကွဲဟန်များ ပေါ်လွင်နေပြီး မနေ့က အဖြစ်အပျက်များကို မတွေးတော့ရန် ဆုံးဖြတ်လိုက်လေသည်။ အင်းစက္ကူများကို ကပ်ပြီးသည့်အခါ သူက အခြားအလုပ်များကို အာရုံစိုက်ကာ လုပ်နေ လိုက်လေသည်။

ဆရာမေက...

"တာအိုဆရာရဲ့ အလုပ်သမားလေးက တကယ်ကြိုးစားတာပဲ..."

ဆန်းလျန်က ပိုင်ရှောက်ယွီကို ခေါင်းကိုက်အောင် လုပ်ထားသည့် စာချုပ်အကြောင်းကို ပြောပြလိုက်လေသည်။ ထိုအခါတွင်တော့ ပိုင်ရှောက်ယွီ အလုပ်ကြိုးစားရသည့်အကြောင်းကို ဆရာမေက အံ့သြခြင်း မရှိတော့ပါ။

မေနန့်စန်းက....

"မနေ့က သူလောင်းကစားဂေဟာမှာ တော်တော်ဒုက္ခရောက်ခဲ့တာ ၊ အဲဒါ တာအိုဆရာနဲ့များ တစ်ခုခု ပတ်သက်နေသလား..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ကျုပ် သူ့ကို ကြေးပြား (၂)ခု ပေးလိုက်တာ ၊ မနေ့ကတော့ သူလည်းကံတက်နေတာနဲ့ တိုက်ဆိုင်သွားတော့ တစ်ပွဲမှ မရှုံးဘဲ လောင်းကစားပွဲမှာ နိုင်နေတာပေါ့ ၊ ခင်ဗျားသာ ပြန်ခေါ်မလာ

ရင် ဒီကလေးတော့ လောင်းကစား ဂေဟာမှာ ဒုက္ခရောက်ရ

မှာ..."

ဆရာမေ၏ဘေးနားတွင် ရပ်နေသည့် ယိုယိုက...

"တာအိုဆရာက အဲဒီလိုဖြစ်မယ်ဆိုတာ ကြိုသိထားတယ်ဆိုရင်

လည်း ဘာလို့ သူ့ကို ကြေးပြား (၂)ပြား ပေးလိုက် သေးလဲ ၊

မဟုတ်ရင် သူ ပြန်လာလို့ရမှာတောင် မဟုတ်တော့ဘူး..."

ဆန်းလျန်က မည်သည့်စကားမှပြန်မပြောဘဲ တိတ်ဆိတ်နေ

လေသည်။

မေနန့်စန်းကတော့ ဉာဏ်ပညာနှင့်ပြည့်ဝသူဖြစ်လေရာ တစ်

ချက်မျှ စဉ်းစားကြည့်လိုက်သည်နှင့် ဆန်းလျန်၏

ရည်ရွယ်ချက်ကို နားလည်သွားရလေသည်။

"ပိုင်ရှောက်ယွီဒုက္ခရောက်ခဲ့ရင်လည်း သူ့ကိုယ်သူပဲ အပြစ်တင်

ရမှာပဲ ၊ တာအိုဆရာကို အပြစ်တင်လို့မရဘူး ၊ ကိုယ်ကတော့

အကူအညီပေးလိုက်တာပဲလေ ၊ ဒါပေမယ့် ကူညီလိုက်လို့

ဒုက္ခရောက်သွားတာတော့လည်း မတတ် နိုင်ဘူးပေါ့..."

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ခင်ဗျားက အရမ်းဉာဏ်ကောင်းလွန်းတယ် ၊ ခင်ဗျားသာ

ကျုပ်ဆီမှာ ပညာသင်ခွင့်ရမယ်ဆိုရင် ကျော်ကစိမ်းလိုပဲ

အရည်အချင်းရှိတဲ့ ကျင့်ကြံသူတစ်ယောက် ဖြစ်လာမှာပဲ...ဒါ

ပေမယ့် နှမြောစရာပဲ..."

ယိုယိုက နှုတ်ခမ်းလေးများကို အသာတွန့်ကွေးလိုက်ရင်း....

"ကျွန်မတို့ဂိုဏ်းချုပ်က တကယ့်ကို အစွမ်းထက်တာပါ ၊ ဟိုးအ

ရင်တုန်းကဆိုရင် နတ်ဘုရားတွေက တပည့်အဖြစ် ခေါ်ချင်ကြ

တာ ၊ ဒါပေမယ့် ဂိုဏ်းချုပ်က လက်မခံခဲ့ဘူးလေ..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"နတ်ဘုရားတစ်ပါးဖြစ်နေရင်တောင်မှ ကျုပ်ကိုတော့ ဦးညွှတ်

ရမှာပါပဲ ၊ သာမန်လူတစ်ယောက်ဟာ ကျုပ်ကို တွေ့ခွင့်ရ

ရင်တောင် (၃)ဘဝဆက်တိုက်ကံကောင်းနိုင်တယ် ၊ ကျုပ်ဆီမှာ ပညာသင်ခွင့်ရမယ်ဆိုရင်တော့ မရေမတွက်နိုင်တဲ့ ဘဝပေါင်း များစွာ ကံကောင်းရလိမ့်မယ်..."

ယိုယိုက ...

"ဒါကတော့ တာအိုဆရာက အပြောကြီးတာပဲ..."

မေနန့်စန်းကတော့ ပြုံးရုံသာပြုံးနေပြီး မည်သည့်စကားမှ မ ပြောပေ။

လူတစ်ယောက်သည် ကြွားဝါပြောဆိုနေသည်လား ၊ ကြွားဝါ ပြောဆိုနေခြင်း မဟုတ်ဘူးလားဆိုသည်က ကြည့်ရုံဖြင့် သိသာ နိုင်လေသည်။

ဆန်းလျန်၏စကားလုံးများထဲတွင် ကြွားလုံးထုတ်ခြင်းက မဖြစ်စလောက် ပါဝင်နိုင်လေသည်။ သို့သော်... ကြွားဝါ ပြောဆိုနေသည်ဟု မဆိုသာပေ။ တကယ်တော့ သူ့ရှေ့မှလူ သည် သာမန် ကျင့်ကြံသူတစ်ယောက် မဟုတ်ဘဲ လောကသို့

ဆင်းကြွလာသည့် နတ်ဘုရားတစ်ပါးဖြစ်နေသည် မဟုတ်ပါ

လား။

သူ့အနေဖြင့် သံသယများရှိနေသေးသည့်တိုင် အမှန်တရား

ဆိုသည်က တဖြည်းဖြည်းပေါ်လာမည်ပဲ ဖြစ်လေသည်။

တစ်ချိန်တုန်းက သူသည်လည်း နတ်ဘုရားတစ်ပါးဖြစ်လာရန်

အတွက် ကျင့်ကြံရန် အခွင့်အရေးရခဲ့ဖူးလေသည်။ သို့သော်

ထိုအခွင့်အရေးကို လက်လွှတ်ခဲ့လေသည်။ နောက်ပိုင်းမှသာ

သူ၏ဆုံးဖြတ်ချက်အတွက် နောင်တရနေခဲ့ခြင်း ဖြစ်လေ

သည်။

နတ်ဘုရားများဆိုသည်က နားလည်ရခက်သူများဖြစ်လေ

သည်။ ကိုယ့်ရှေ့ရောက်နေလျှင်တောင်မှ နတ်ဘုရားမှန်း မသိ

နိုင်ပေ။ သို့သော်... ကိုယ့်ရှေ့မှ ထွက်ခွာသွားတော့မှ နတ်

ဘုရားမှန်းသိလိုက်ရလျှင် အဆုံးသတ်တွင် နောင်တရရမည်

သာပင်။

ရုတ်တရက်...

မေနန့်စန်း၏ နှလုံးသားတစ်ခုလုံး တုန်လှုပ်သွားရလေသည်။

သူ အသက်ရှူလိုက်သည်နှင့် အသက်ဓာတ်စွမ်းအားလှိုင်းလုံး

ကြီးတစ်ခုက သူ့ထံသို့ စီးဆင်းဝင်ရောက်လာသော ကြောင့်ဖြစ်

လေသည်။ သူ၏ခန္ဓာကိုယ်မှ သွေးကြောဆုံချက်များအားလုံး

တဒိတ်ဒိတ်ခုန်လာလေသည်။

ထိုအချိန်မှာပင်...

မိုင်တစ်ထောင်ပတ်ဝန်းကျင်မှ ကျင့်ကြံသူများအားလုံးသည်

ပိုင်ကျားမြို့ကို တစ်ပြိုင်တည်း ကြည့်လိုက်မိကြလေ သည်။

သို့သော် .... သာမန်လူများကတော့ ထူးဆန်းသည့် ပြောင်းလဲမှု

ကို သိမြင်နိုင်ခြင်း မရှိကြပေ။

နတ်သမီးဗိမာန်ဆောင်ကြာမြိုင်ပိုင်ရှင် ဟူတောက်တယ်သည်

မြေခွေးနတ်ဘုရားတစ်ပါး ဖြစ်လေသည်။

ရုတ်တရက် ထူးဆန်းမှုဖြစ်ပေါ်လာသည်နှင့် ဟူတောက်

တယ်၏ ဝိညာဉ်သည် ခန္ဓာကိုယ်ထဲမှ ထွက်ခွာသွားပြီး

ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေသည်။

အရှေ့ဘက်ဆီမှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်နေသည်

ကို မြင်တွေ့လိုက်ရပြီး သူ့ဝိညာဉ်သည်ပင် စူးရှမှုကို ခံစားလိုက်

ရလေသည်။ သူက စူးရှသည့်ဒဏ်ကို ခံနိုင်ရန် ခဏတာမျှ

ကြိုးစားလိုက်ပြီးသည့်နောက် ထူးဆန်းသည့် အဖြစ်အပျက်ကို

လေ့လာလိုက်လေသည်။

ထူးဆန်းမှုသည် စားသောက်ဆိုင်တစ်ခု၏ ခေါင်မိုးထက်မှ

ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ကောင်းကင်ထက်တွင် ရွှေရောင်အလင်းတန်းများလင်းလက်

နေပြီး ကဗျာတစ်ပုဒ်ပေါ်လာလေသည်။

"နတ်ဘုရားတွေက ဒီမှာ အရက်လာသောက်ကြလိမ့်မယ်...

ဗောဓိသကျတွေတောင် ပြန်ကြမှာ မဟုတ်တော့ဘူး...

သောက်ပြီးရင် မပြန်နဲ့တော့...."

ထို့နောက်တွင်တော့ ရွှေရောင်အလင်းတန်းများနှင့်အတူ ကဗျာ စာပိုဒ်လေးသည်လည်း ပျောက်ကွယ်သွားခဲ့လေ သည်။

ဟူတောက်တယ်၏ စိတ်ထဲတွင် ထူးဆန်းသည့် ခံစားမှုတစ်ခု ကို နက်နက်ရှိုင်းရှိုင်းခံစားလိုက်ရလေသည်။

မေနန့်စန်းမှာလည်း သူ၏ တန်ခိုးစွမ်းအားများ အဆမတန်မြင့် တက်လာသလိုခံစားလိုက်ရပြီး ကျင့်စဉ်လမ်း ပင်အဆင့်တက် တော့မည့် နိမိတ်လက္ခဏာများ ထင်မြင်လာရလေသည်။

သို့သော်... နှမျောစရာကောင်းသည်မှာ သူ့ဆီသို့ ဝင်ရောက်လာ သည့် အသက်ဓာတ်စွမ်းအားများသည် ချက်ချင်းပင် သဲလွန်စ မကျန် ပြန်လည် ပျောက်ကွယ် သွားခဲ့လေသည်။ သူသည် အလွန်စိတ်ပျက်သွားသလို အံ့လည်း အံ့ဩသွားရလေသည်။

သို့သော်… သောက်ပြီးရင်မပြန်နဲ့တော့ စားသောက်ဆိုင်တွင် ဖြစ်ပေါ်သွားသည့်အပြောင်းအလဲများကိုတော့ မေနန့်စန်း ရိပ်မိလိုက်ခြင်း မရှိခဲ့ပါချေ။

သောက်ပြီးရင်မပြန်နဲ့တော့စားသောက်ဆိုင်သည် ရုတ်တရက်ပင် တာအိုနန်းတော်ကြီးတစ်ခုအလား တန်ခိုးစွမ်းအား များဖြင့် ပြည့်ဝသွားလေသည်။ ကျင့်ကြံသူများနှင့် ကံကြမ္မာရေစက်ပါသူများမဟုတ်ပါက ဝင်ရောက်လာနိုင်ရန် ခက်ခဲမည် ဖြစ်လေသည်။

ထိုသို့ဖြစ်ရခြင်းမှာ ဆန်းလျန်က စားသောက်ဆိုင်ပတ်လည်တွင် အရံအတားပြုလုပ်ထားခြင်းကြောင့် မဟုတ်ပါ။ ကံတရားနှင့်သာ သက်ဆိုင်လေသည်။ စားသောက်ဆိုင်နှင့် ရေစက်မပါရှိပါက ဆိုင်တံခါးရှေ့တည့်တည့်ရောက်လာ လျှင်တောင်မှ ဝင်ချင်စိတ်ပေါက်မည် မဟုတ်ပေ။

ပိုင်ရှောက်ယွီက ဆိုင်ထဲသို့ပြန်ဝင်လာပြီး မျက်လုံးများကို

လက်ဖြင့်ပွတ်ရင်း....

"အစ်ကိုဆန်း... အခုပဲ စားသောက်ဆိုင်ခေါင်မိုးပေါ်က

ရွှေရောင်အလင်းတန်းတွေထွက်လာတာ တွေ့လိုက်တယ်၊ ဘာ

ဖြစ်တာလဲ မသိဘူး..."

ဆန်းလျန်က...

"ဘာမှမဖြစ်ဘူး၊ အပြင်မှာ ညှော်သည်တစ်ယောက်ရောက်နေ

တယ်၊ အမြန်သွားကြိုလိုက်..."

ဆိုင်ထဲသို့ ပြန်ဝင်လာသည့် ပိုင်ရှောက်ယွီမှာ ဆန်းလျန်၏

စကားကြောင့် ဆိုင်တံခါးဝသို့ ပြန်ထွက်သွားလေသည်။

ဆိုင်တံခါးဝသို့ရောက်သည်နှင့် ပိုင်ရှောက်ယွီ၏ မျက်ဝန်းထဲ

တွင် ရုတ်တရက် လင်းလက်သွားသလို ခံစားလိုက်ရ လေ

သည်။

အဘယ်ကြောင့်ဆိုသော်...

မျက်ဝန်းတောက်တောက်လေးများဖြင့် ချောမောလှပလွန်း

သည့် မိန်းကလေးငယ်လေးတစ်ယောက်သည် အဖြူရောင်

သွားလေးများပေါ်သည်အထိ ပြုံးနေရင်း စားသောက်ဆိုင်

အတွင်းသို့ စူးစမ်းသည့်အကြည့်ဖြင့် ကြည့်နေ သည်ကို တွေ့

လိုက်ရ သောကြောင့် ဖြစ်လေသည်။

ပိုင်ရှောက်ယွီကိုတွေ့သည့်အခါတွင်တော့ သူမက ပါးစပ်ကို

လက်ဖြင့်အုပ်ကာ တစ်ချက်ရယ်မောလိုက်ရင်း...

"ကောင်လေး... နင်က ဘာကြောင်ကြည့်နေတာလဲ..."

မိန်းကလေးငယ်ထံမှ စကားသံထွက်ပေါ်လာတော့မှ ပိုင်ရှောက်

ယွီမှာ သတိဝင်လာလေသည်။

ထိုအခါမှ... မိန်းကလေးငယ်၏ နောက်တွင်ရပ်နေသည့်

မျက်နှာထားတင်းတင်းဖြင့် လူရွယ်တစ်ယောက်ကို သတိပြု

လိုက်မိလေသည်။ ထိုသူမှ ဆံပင်အဖြူရောင်များကိုပိုင်ဆိုင်

ထားပြီး မျက်နှာထက်တွင်တော့ မုတ်ဆိတ်မွေး ၊ နှုတ်ခမ်းမ

မွေးများမရှိဘဲ ရှင်းသန့်နေလေသည်။

ထိုသူက မျက်နှာထားတင်းတင်းဖြင့် ပိုက်ရှောက်ယွီကို တစ်

ချက်ကြည့်လိုက်လေရာ ပိုက်ရှောက်ယွီမှာ ကျောရိုးထဲ စိမ့်သွား

သည်အထိ ကြောက်ရွံ့သွားမိလေသည်။

ပိုင်ရှောက်ယွီက အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"ညော့... ညော့သည်... အထဲကိုကြွပါ..."

ဆံပင်အဖြူရောင်နှင့်လူက...

"ဆဌမမိန်းကလေး... ဒီနေရာက တကယ်ထူးဆန်းတာပဲ..."

ဆံပင်အဖြူရောင်နှင့်လူ၏ စကားကြောင့် ပိုင်ရှောက်ယွီမှာ သူ

တို့ စားသောက်ဆိုင်ကိုမှောင်ခို လုပ်ငန်းလုပ်နေသည့် ဆိုင်တစ်

ဆိုင်ဟု ညော့သည့်များက ထင်သွားမည်ကို စိတ်ပူသွားလေ

သည်။

ထို့ကြောင့် ပိုင်ရှောက်ယွီက...

"ကျွန်တော်တို့ဆိုင်က ပုံမှန်စားသောက်ဆိုင်တစ်ခုပါ..."

မိန်းကလေးက ရယ်မောလိုက်ရင်း...

"ဒီစားသောက်ဆိုင်မှာ နင်တစ်ယောက်တည်း ရှိတာလား..."

"မ... မဟုတ်ပါဘူး ၊ ကျွန်တော်က အလုပ်သမားပါ..."

ပိုင်ရှောက်ယွီက စိတ်ရှုတ်ထွေးစွာဖြင့် ပြောလိုက်လေသည်။

မိန်းကလေးက...

"အော်..."

သူမသည် စားသောက်ဆိုင်အတွင်းသို့ ဝင်လိုက်သည်နှင့်

ကောင်တာနောက်တွင်ရှိနေသည့် ဆန်းလျန်ကို တွေ့မြင် လိုက်

ရလေသည်။

မိန်းကလေးက ကောင်တာအနားသို့တိုးကပ်သွားလိုက်ရင်း...

"ဦးလေးကြီး... စားလို့ကောင်းတာ ဘာတွေရလဲ..."

ဆန်းလျန်က သူမကိုမကြည့်ဘဲ...

"မင်းက ဘာစားချင်လို့လဲ..."

"ကျွန်မက.... အများကြီးစားချင်တာ ၊ ဒီဆိုင်မှာ မရမှာပဲ စိတ်ပူတာ..."

လှပသည့်မိန်းမပျိုလေးက ဆန်းလျန်ကို သူမ၏ မျက်ဝန်းတောက်တောက်လေးများဖြင့်ကြည့်ရင်း ပြောလိုက်လေသည်။

ပိုင်ရှောက်ယွီက ထိုမြင်ကွင်းကိုမြင်လိုက်သည်နှင့် မနာလိုဖြစ်သွားပြီး ဆန်းလျန်ဘေးနားတွင် ဝင်ရပ်လိုက်လေ သည်။

စိတ်ထဲမှလည်း...

"အစ်ကိုဆန်းရာ... အစ်ကိုဆန်းမှာ အစ်မကူးဝေဝေရှိနေပြီပဲ ၊ ဒီမိန်းမလှလေးကိုတော့ ညီလေးအတွက် ထားလိုက်ပါ ဗျာ..."

ဟု တွေးလိုက်မိလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်း ပြောကြည့်လေ... မင်းစားချင်တာဘာမဆို ရစေရမယ် ၊ ဒါပေမယ့် ပိုက်ဆံမတတ်နိုင်မှာပဲ စိတ်ပူမိတယ်..."

အခန်း (၇၂၅) ချင်းဟယ်မင်းသားကတော့ နဂါးမင်းတစ်ပါးလို ဘုန်းတန်ခိုးကြီးပါတယ်

"ကျုပ်တို့ကို ပိုက်ဆံမတတ်နိုင်ဘူးများ ထင်နေလို့လား...."

ဆံပင်အဖြူရောင်နှင့်လူက မကျေမနပ်ဖြင့် ဝင်ပြောလိုက်လေသည်။

သူ၏ အသံက ကျယ်လောင်ပြီး စကားပြောလိုက်စဉ်တွင် မျက်ခုံးများကလည်း တွန့်ချိုးသွားလေသည်။ မျက်နှာထား ကလည်း အတော်လေးတည်လေ၏။

မိန်းကလေးက ဆံပင်အဖြူရောင်နှင့်လူကို ကြည့်လိုက်ပြီး...

"ဟုတ်တယ်... အထိန်းတော်ကြီး ၊ ပြောလိုက်စမ်းပါ..."

ပြီးမှ မိန်းကလေးက ဆန်းလျှန်ကို ထပ်ပြောလိုက်လေသည်။

"ဟုတ်ပြီလေ... ဦးလေးကြီး ၊ ကျွန်မစားချင်တာတွေက မျောက်ဝံနှုတ်ခမ်း ၊ ကုလားအုတ်ဘို့ ၊ မျောက်ခေါင်း ၊ ဇီဝဇိုးငှက်သိုက် ၊ ရေဘဲသား ၊ သမင်အကြော ၊ ငါးပူတင်း ခြောက် ၊ နေဦး... ရှိသေးတယ် ၊ ငါးမန်းဆူးတောင် ၊ နှင်းမှို ကျောက်ပွင့် ၊ ကြောင်ကတိုးသား ၊ ကြက်ဆင်အူ ၊ ပင်လယ်ငါး သလောက် ၊ ဖားသား ၊ ငါးပါးစပ် ၊ ကနုကမာ ၊ အော်.. ပြီး တော့...က ကျွန်မကို ပင်လယ်သခွားသီးလည်းပေးဦး ၊ နဂါး နှုတ်ခမ်းမွှေးဟင်းလည်းမှာချင် သေးတယ် ၊ ပြီးတော့.... မှိုပွင့် ကြီး ၊ ချွမ်မျှစ်နုပေါက်တွေနဲ့ ကြေးခွံနီငါး ၊ ပင်လယ်ကမာ ဟင်းချို ၊ ယောက်သွား ၊ ကဘလူးဥ ၊ ဒါပဲ... တော်ပြီ ၊ ဦးလေး ကြီးဆီမှာ အဲဒါတွေအကုန်လုံး ရပါ့မလား..."

ပြောပြီးသည်နှင့် မိန်းကလေးက မျက်လုံးများကို အသာမှေး

စင်းပြီး ဆန်းလျန်ကို ကြည့်လိုက်လေသည်။

ပိုင်ရှောက်ယွီက...

"အမလေး... ဘုရားရေ... ဒီလောက်လှတဲ့ အလှလေးက နေ့

တိုင်းသာဒီလိုစားနေရင် ဘယ်သူက တတ်နိုင်ပါ့လဲ"

ဟု တွေးလိုက်မိလေသည်။

မိန်းကလေးပြောသည့် အစားအသောက်များမှာ ကုန်းသတ္တဝါ

နှင့် ရေသတ္တဝါများထဲတွင် အရသာအရှိဆုံးသတ္တဝါ များဖြစ်

လေသည်။ သို့သော်... သူပြောသည့် စားကောင်းသောက်ဖွယ်

များကို လူအတော်များများက စားဖူးခြင်း မရှိကြပေ။ သာမန်

လူများသည် ထိုသို့သောဟင်းလျာများကို အဘယ်မှာစားနိုင်

ကြပါမည်နည်း။

ဆန်းလျန်က...

"မှာတာတွေအားလုံး ရစေရပါမယ်၊ ဒါပေမယ့် ပိုက်ဆံမပေးပါနဲ့၊ ပိုက်ဆံအစား ပစ္စည်းတစ်ခုပဲ လိုချင်တယ်..."

မိန်းကလေးက...

"ဘာပစ္စည်းလိုချင်တာလဲ..."

ဆန်းလျန်က...

"မီးဖိုချောင်မှာသုံးဖို့ ဓားတစ်လက်..."

မိန်းကလေးက တစ်ချက်မျှ စဉ်းစားလိုက်ပြီး...

"ဓားတစ်လက်တော့ရှိတယ်၊ ဦးလေးကြီး လိုချင်ရင် ကြည့်ကြည့်လေ..."

ပြောပြီးသည်နှင့် သူမက ဓားကျိုးတစ်လက်ကို ထုတ်ယူလိုက်လေသည်။

ဓားသွားပေါ်တွင် သံချေးတများစွာ ထွင်းထုထားပြီး ဓားက အသစ်လည်းမဟုတ်သလို အဟောင်းလည်း မဟုတ်ပေ။

သို့သော်... ဓားသွားမှာ ကျိုးပဲ့ပြီး ထစ်လျှက် ရှိလေသည်။

ပိုင်ရှောက်ယွီက...

"ဒီဓားက တော်တော်ထစ်နေပြီ၊ ဘယ်နှစ်ပြားမှတောင် မတန်တော့ဘူး..."

မိန်းကလေးငယ်က...

"ကျွန်မ ဒီဓားကိုအိမ်ကခိုးလာတာ၊ ကျွန်မအဖေဆို ဒီဓားကို သေသေချာချာ သိမ်းထားတာ၊ သူသိမ်းထားတယ်ဆို ကတည်းက တန်ဖိုးကြီးလို့ပေါ့၊ တကယ်ဆို အများကြီးတန်သင့်တာ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အင်း... တကယ်အဖိုးတန်တဲ့ဓားပဲ၊ မင်း ဒီဓားကို ကျုပ်ကို ပေးမယ်ဆိုရင် နောက်ဆို ကျုပ်ဆိုင်မှာ အချိန်မရွေး အလကား လာစားလို့ရတယ်... ဘယ်လိုလဲ"

ပိုင်ရှောက်ယွီမှာ ရင်ထဲတွင် နင့်သွားလေသည်။

အစ်ကိုဆန်းသည်ကား မိန်းကလေး၏ အလှဖြင့်ပြုစားခံလိုက်ရပြီး ဓားကျိုးကိုပင် တန်ဖိုးကြီးကြီးပေးနေပြီ ဖြစ်လေ သည်။

မိန်းကလေးငယ်က...

"ဒါဖြင့် အဲဒီဓားကို ဦးလေးကြီးယူလိုက်တော့၊ ဒါပေမယ့် ဦးလေးကြီးတို့ဆိုင်က အစားအသောက်တွေက အရသာမရှိရင်တော့ နောက် ဘယ်တော့မှ လာမစားတော့ဘူး..."

အထိန်းတော်ကြီးက ခပ်တိုးတိုးလေသံဖြင့်...

"မိန်းကလေး... ဒီဓားကျိုးက အဖိုးတန်တယ်ဆိုရင် လျှော်ပေးမပစ်နဲ့လေ..."

မိန်းကလေးငယ်က လက်တစ်ဖက်ကာပြလိုက်ရင်း...

"ဦးလေးကြီးကြည့်ရတာ ပစ္စည်းကောင်းတွေအကြောင်းကို နားလည်ပုံရတယ်၊ အဲဒီတော့ ဒီဓားကို ဦးလေးကြီးရသွားတာ အထိန်းတော်ကြီးက မနာလို ဖြစ်မနေပါနဲ့..."

အထိန်းတော်ကြီးမှာ မိန်းကလေးငယ်၏ ထူးဆန်းသည့်

အမူအကျင့်များဖြင့် အသားကျနေပြီ ဖြစ်လေသည်။

အထိန်းတော်ကြီးက ဆန်းလျန်ကို မျက်နှာထားတင်းတင်းဖြင့်

တစ်ချက်ကြည့်လိုက်လေသည်။ သူ့အကြည့်ကြောင့် ဆန်းလျန်

ကြောက်လန့်သွားစေရန် ကြည့်လိုက်ခြင်းဖြစ်သော်လည်း

ဆန်းလျန်က အေးအေးဆေးဆေးပင် ရှိနေလေသည်။ ဆန်းလျ

န်က အဘယ့်ကြောင့် သူ့ကို ကြောက်ရပါမည်နည်း။

သူက မိန်းကလေးငယ်ဆီမှ ဓားကိုယူလိုက်ပြီး...

"မင်းတို့တွေ စားပွဲလွတ်တစ်ခုမှာ ခဏ ထိုင်ပြီးစောင့်ကြပါ၊

ခဏနေရင် မှာထားတဲ့ ဟင်းလျာတွေရပါမယ်..."

မိန်းကလေးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး မေနန့်စန်းနှင့်

ဘေးချင်းကပ်လျှက်စားပွဲတွင် ဝင်ထိုင်လိုက်လေသည်။

ထိုအချိန်မှာပင် ကူးဝေဝေ ရောက်လာလေသည်။ ပိုင်ရှောက်ယီ

က ကူးဝေဝေကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက် လေ၏။

ထိုအခါ... ကူးဝေဝေက စိတ်ဝင်စားသွားပြီး ဆန်းလျန်ဘေး

နားသို့ လျှောက်သွားလိုက်ရင်း...

"ဒီလောက်တန်ဖိုးကြီးတာ ဘယ်လိုဓားမျိုးလဲ ငါ့ကို ပြစမ်းပါ

ဦး..."

ဆန်းလျန်က ဓားကျိုးကို ကူးဝေဝေဆီသို့ လှမ်းပေးလိုက်လေ

သည်။

ဓားကိုကိုင်လိုက်သည်နှင့် ကူးဝေဝေမှာ အေးစိမ့်သည့်

အငွေ့အသက်များကို ခံစားလိုက်ရလေသည်။ ထို့ပြင် ဓားမှာ

သူမတူ အောင်ပေါ့ပါးလွန်းလှလေသည်။

သူမက လှပစွာဖြင့် မျက်ခုံးလေးတစ်ချက်ပင့်လိုက်ရင်း...

"ဓားကောင်းတစ်လက်ပဲ..."

ပြောပြီးသည်နှင့် သူမက မိန်းကလေးငယ်ကို တစ်ချက်လှမ်း

ကြည့်လိုက်လေသည်။

မိန်းကလေးငယ်သည် အသက် (၁၃)နှစ်၊ (၁၄)နှစ်ခန့်သာ ရှိဦးမည် ဖြစ်လေ၏။ ငယ်ရွယ်လွန်းသည့်အတွက် ပစ္စည်းကောင်းများ၏တန်ဖိုးကို သိဟန်မတူပေ။

ကူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒီပစ္စည်းက တန်ဖိုးကြီးတယ်၊ ဒီမိန်းကလေးက တန်ဖိုးကြီးမှန်းမသိလို့ နင့်ကိုပေးတာ ဖြစ်လိမ့်မယ်၊ အားလျှန်... သူတို့ပစ္စည်းပြန်ပေးလိုက်ပါဟာ..."

ဆန်းလျှန်က...

"ဒီဓားကို အစ်မဟောင်းချက်ဖို့ ယူထားတာ၊ သူ့ကိုပြန်ပေးလိုက်ရင် ဘာအသုံးဝင်မှာလဲ၊ အဲဒီလောက် မိန်းကလေးငယ်ငယ်လေးက ဘာဟင်းချက်တတ်မှာလဲ၊ ဒါပေမယ့် ဂိုဏ်းတူအစ်မ စိတ်မပူပါနဲ့၊ သူတို့ မနစ်နာစေရပါဘူး..."

ကူးဝေဝေက...

"နင် ဒီလောက်ဆိုးတဲ့အကြံကို ဘယ်လိုများရလိုက်တာလဲဟင်၊

ပြီးတော့ သူတို့မှာထားတဲ့ ဟင်းတွေအကုန်လုံး နင်ဘယ်လို

ချက်မှာလဲ..."

ဆန်းလျှန်က ကူးဝေဝေ၏ လက်လေးကို ကိုင်လိုက်ရင်း...

"မီးဖိုထဲသာ သွားကြည့်လိုက်စမ်းပါ..."

ကူးဝေဝေမှာ ဆန်းလျှန်အကြောင်း နောကျေအောင် သိနေခဲ့ပြီ

ဖြစ်လေသည်။

ထို့ကြောင့် သူမက အလေးမထားသည့်ဟန်ဖြင့် ဓားကျိုးကို

ကိုင်ကာ ဆန်းလျှန်နောက်မှ လိုက်သွားလေတော့သည်။ ဓား

ကျိုးမှာ အဝတ်စလေးတစ်စထက်ပင် ပေါ့ပါးနေလေသည်။

မည်သည့်သတ္တုပစ္စည်းဖြင့် ပြုလုပ်ထားသည်ကို သိရှိနိုင်ခြင်း

မရှိပေ။

ဆန်းလျှန်နှင့် ကူးဝေဝေတို့ မမောနိုင်မပန်းနိုင်ဘဲ အတူတူ

ချက်ပြုတ်နေကြသည့် အချိန်တွင် ပိုင်ရှောက်ယွီကတော့

စားသောက်ဆိုင်ထဲတွင် ညှော်သည်များကို ညှော်ခံရင်း ကျန်ရစ်ခဲ့လေသည်။

သူက မိန်းကလေးငယ်နှင့် အထိန်းတော်ကြီးအတွက် လက်ဖက်ရည်ကြမ်းများ ငှဲ့ထည့်ပေးနေလေသည်။

အထိန်းတော်ကြီးဆိုသူက သဘောထားသေးဟန်ရှိသော်လည်း ပိုင်ရှောက်ယွီကိုတော့ အရေးမထားဟန်ဖြင့် လက်ဖက်ရည်ကြမ်းကို မော့သောက်လိုက်လေသည်။

အထိန်းတော်ကြီးက...

"ဆဌမမိန်းကလေး ၊ ဒီစားသောက်ဆိုင်လေးက တစ်ခုခုတော့ တစ်ခုခုပဲ ၊ လက်ဖက်ရည်ကြမ်းအရသာကတောင် သန့်စင်ပြီး အရသာရှိနေတယ် ၊ တောင်ပိုင်း ပီစန်းတောင်က ပုလဲစမ်းရေ အတိုင်းပဲ..."

မိန်းကလေးငယ်က သူမ၏ မေးဖျားလေးကို လက်ဖြင့်အသာ ပွတ်လိုက်ရင်း...

"ဟုတ်လား ၊ ဒါကြောင့် ရေက အရသာတစ်မျိုးဖြစ်နေတယ်လို့
ကျွန်မတွေးနေတာ..."
မိန်းကလေးငယ်လေး၏ စကားကြောင့် အထိန်းတော်ကြီးက
အနည်းငယ် ပြုံးလိုက်လေသည်။
ဆဌမမိန်းကလေးသည် အစားအသောက်နှင့်ပတ်သက်ပြီး
အလွန်ဂရုစိုက်သူဖြစ်လေသည်။
သူမသည် စမ်းချောင်းထဲမှရေများသည် ညစ်ပတ်သည်ဟုဆို
ကာ မည်သည့်အခါမှ သောက်လေ့မရှိပေ။ ထို့ကြောင့် သူမ
သည် ပုလဲစမ်းရေကိုလည်း သောက်ဖူးခြင်း မရှိပေ။
ပိုင်ရှောက်ယွီကတော့ အထိန်းတော်ကြီးဆိုသူက တမင်
သက်သက် လျှောက်ပြောနေခြင်းဖြစ်မည်ဟု တွေးလိုက် မိလေ
သည်။ သူသည်လည်း ဤစားသောက်ဆိုင်မှ ရေနွေးကို
သောက်ဖူးသည်ပဲလေ။ မှော်ဆန်ဆန်အရသာမျိုး ရှိနေသည်ဟု
တစ်စက်ကလေးမှ မခံစားခဲ့ရပေ။

အမှန်တော့ ပိုင်ရှောက်ယွီက စားသောက်ဆိုင်လေးမှာ

ပြောင်းလဲသွားပြီဖြစ်သည်ကို သိရှိခြင်း မရှိသေးပေ။ ထို့ပြင်

စားသောက်ဆိုင်သို့ ရောက်ရှိလာကြသူများမှာလည်း သာမန်လူ

များ မဟုတ်ကြတော့ပေ။

ယခုအချိန်တွင်... စားသောက်ဆိုင်တစ်ခုလုံးမှာ ဆန်းလျှန်၏

တာအိုတန်ခိုးစွမ်းအားများဖြင့် ပြည့်ဝလျှက်ရှိနေလ သည်။

စားသောက်ဆိုင် ဆိုင်းဘုတ်သည်ပင် အဖိုးမဖြတ်နိုင်သည့်

မှော်ဝင်ပစ္စည်းတစ်ခု ဖြစ်နေခဲ့ပြီ ဖြစ်လေသည်။

ပိုင်ရှောက်ယွီက မိန်းကလေးငယ်အနားသို့ အကြံဖြင့် ချဉ်းကပ်

သွားလိုက်ပြီး...

"ကျုပ်နာမည်က ပိုင်ရှောက်ယွီပါ၊ မိန်းကလေးနာမည်ကရော

ဘယ်လိုခေါ်လဲဟင်..."

အထိန်းတော်ကြီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ကောင်လေး… မင်း ဘာ မကောင်းတဲ့အကြံတွေထုတ်နေလဲဆို တာ ငါသိတယ်နော် ၊ မကြံသင့်တာတွေ မကြံရဘူး ၊ ဒါမှ ဒုက္ခမ ရောက်မှာ…"

မိန်းကလေးငယ်က…

"အထိန်းတော်ကြီး … သူများတွေကို ကြောက်အောင် မခြောက် ပါနဲ့…"

ထိုအချိန်မှာပင်…

မေနန့်စန်းက စကားဝင်ပြောလိုက်လေသည်။

"မိန်းကလေး… မိန်းကလေးက ဆန်းမျိုးနွယ်မဟုတ်လား…"

မိန်းကလေးငယ်က…

"ရှင်က ဘယ်လိုလုပ်သိတာလဲ…"

မေနန့်စန်းက ပြုံးလိုက်ရင်း…

"ကျုပ်တို့ အရှေ့ပင်လယ်ဂိုဏ်းက ဘာအဆင့်မှ မရှိပါဘူး ၊ ချင်းဟယ်မင်းသားကတော့ နဂါးမင်းတစ်ပါးလို ဘုန်းတန်ခိုး

ကြီးပါတယ် ၊ ဆန်းဆဌမမိန်းကလေး မေ့ဖွားသန့်စင်တုန်းက ကျုပ်က ရွှေပေတံ (၂)ချောင်း လက်ဆောင်အဖြစ် ဆက်သခဲ့ ပါသေးတယ်..."

ချင်းဟယ်မင်းသားဆိုသည်က တာ့ကျောက်တိုင်းပြည်မှ မျိုး နွယ်မတူသည့် မင်းသားတစ်ပါး ဖြစ်လေသည်။

တာ့ကျောက်ပြည်တွင် ကုန်သွယ်မှုများကို ပထမဆုံး စတင် ပြုလုပ်သည့် မင်းသားတစ်ပါးလည်း ဖြစ်လေသည်။

အရှေ့တောင်ပိုင်း ဒေသတွင် ချင်းဟယ်မင်းသားနှင့် ဆွေတော် မျိုးတော်များမှာ နှစ်ပေါင်း ထောင်ချီပြီး အသက်ရှည် သည်ဟု ဆိုကြလေသည်။ ဆွေတော်မျိုးတော်များထဲတွင် နတ်ဘုရား များလည်း ပါဝင်ကြသည်ဟု ကောလဟာလ များလည်း ရှိ လေ၏။

ဘုရင်အဆက်ဆက်ပြောင်းလဲသွားသည့်တိုင် အရှေ့တောင်ပိုင်းမှ ချင်းဟယ်မင်းသား၏ အာဏာရှိမှုကတော့ ထိုက်စန်းတောင်ကြီးအလား ခိုင်မာလျှက်ရှိဆဲ ဖြစ်လေသည်။

မေနန့်စန်း၏ အရှေ့ပင်လယ်ဂိုဏ်းသည် (၁၅)နှစ်အတွင်း အလွန်ကြွယ်ဝချမ်းသာလာပြီး အောင်မြင်လာခဲ့လေသည်။ သို့သော် ချင်းဟယ်မင်းသား၏ ကြွယ်ဝချမ်းသာမှုကို ခြေဖျားပင် မမီနိုင်ပေ။

သို့သော်... ချင်းဟယ်မင်းသားသည် အတက်အကျကို ခန့်မှန်းနိုင်စွမ်းရှိပြီး လုပ်သင့်သည့်အလုပ် ၊ မလုပ်သင့်သည့် အလုပ်ကို ခွဲခြားသိမြင်နိုင်သူ ဖြစ်လေသည်။ ထို့ကြောင့် အချို့စီးပွားရေးလုပ်ငန်းများကိုသာ တစ်ယောက်တည်းလက်ဝါးကြီးအုပ်ခဲ့ပြီး အချို့လုပ်ငန်းများကိုတော့လက်ဝါးကြီးအုပ်ချုပ်ကိုင်ခဲ့ခြင်း မရှိပေ။ မဟုတ်ပါက ချင်း

ဟယ် မင်းသားအနေဖြင့် တာ့ကျောက်ကေရာဇ်၏ အမျက်ရှ

ခြင်းကို ခံရပေလိမ့်မည်။

မေနန့်စန်း၏ စကားများကို ကြားသည့်အခါတွင်တော့

အထိန်းတော်ကြီးက မေနန့်စန်းကို သေသေချာချာ အကဲခတ်

လိုက်လေသည်။

သူက အနည်းငယ် တုံ့ဆိုင်းနေပြီးမှ...

"လက်စသတ်တော့ အရှေ့ပင်လယ်ဂိုဏ်းက မေဂိုဏ်းချုပ်

ကိုး..."

မေနန့်စန်းက ပြုံးပြီး ခေါင်းညိတ်လိုက်လေသည်။

ဆန်းဆဌမမိန်းကလေးက...

"အထိန်းတော်ကြီး... အရှေ့ပင်လယ်ဂိုဏ်းဆိုတာဘာလဲ..."

အထိန်းတော်ကြီးက မေနန့်စန်းကို အားနာသွားသည့်ဟန်ဖြင့်...

"မေဂိုဏ်းချုပ်... မင်းသမီးလေးက သာမန်ကိစ္စတွေ သိပ်စိတ်မ

ဝင်စားတော့ အရှေ့ပင်လယ်ဂိုဏ်းကို မသိဘူး ဖြစ်နေတာ..."

အရှေ့ပင်လယ်ဂိုဏ်းချုပ်မှာ မှော်ဆရာတစ်ပါးအလား တန်ခိုး

စွမ်းအားမြင့်မားသူဖြစ်သည်ဟု သူကြားဖူးထားလေ သည်။

သို့သော်… ရောဂါ တစ်ခုရှိသည့်အတွက် တော်ရုံအပြင်ထွက်

လေ့မရှိဟုလည်း ပြောကြလေသည်။ ယခုတော့ မေနန့်စန်းကို

ကြည့်ရသည်မှာ ငယ်ရွယ်ပြီး တန်ခိုးစွမ်းအားလည်း အလွန်

မြင့်မားဟန် ရှိလေသည်။ ဂုဏ်သတင်းမွှေးပျံ့သည့်အတိုင်း

ညီညွတ်လှပါပေ၏။

အမှန်တော့ ချင်းဟယ်မင်းသား၏ အခွင့်အာဏာနှင့်ဆိုလျှင်

အရှေ့ပင်လယ်ဂိုဏ်းကဲ့သို့သော ပမွှားဂိုဏ်းလေးကို မျက်လုံး

ထဲ ထည့်စရာ အကြောင်းမရှိပေ။

သို့သော် အချက် (၂)ချက်ရှိလေသည်။

ပထမအချက်မှာ - မေနန့်စန်းသည် ခေသူတစ်ယောက် မဟုတ်

ပေ။

ဒုတိယ အချက်မှာ - မေနန့်စန်း၏ အစ်ကိုတစ်ယောက်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ချန်စန်းကွမ်း တွင် ပညာသင်နေသည့် တပည့်တစ်ယောက်ဖြစ်လေသည်။ ထိုသူသည် နှစ်ပေါင်း (၁၀၀)အတွင်းတွင် ရှားပါးသည့် တပည့်တစ်ယောက် ဖြစ်ပြီး နတ်ဘုရားတစ်ပါးဖြစ်လာရန်ပင် အလားအလာရှိသူတစ်ယောက် ဖြစ်သည်ဟုဆိုကြ လေသည်။ ထို့ကြောင့် အထိန်းတော်ကြီးအနေဖြင့် မေနန့်စန်းကို မလေးမစား မပြုရဲပါချေ။ မေနန့်စန်းလိုလူမျိုးနှင့် ရန်သူ ဖြစ်ရသည့်အတွက် မည်သည့်အကျိုးကျေးဇူးမှ ရှိမည် မဟုတ်ပေ။

မေနန့်စန်းက...

"ကျုပ် ဘယ်လိုလုပ် စိတ်ဆိုးနိုင်မှာလဲဗျာ ၊ ကျုပ်လည်း မင်းသမီးလေးကို ချက်ချင်းမမှတ်မိဘူးလေ ၊ မှတ်မိရင် အစားအသောက်တွေအတွက် ကျုပ်ဒကာခံမှာပေါ့..."

ထိုစကားသည် အမှန်မဟုတ်ပါ။

တကယ်တော့ မေနန့်စန်းသည် အစကတည်းကပင် မိန်းကလေးငယ် မည်သူမည်ဝါဖြစ်သည်ကို သိရှိထားပြီး ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကိုကြည့်ရသည်မှာ ဓားကျိုးကို လိုချင်နေဟန်ရှိသည့်အတွက် ပြဿနာမဖြစ်စေရန် လက်ရှောင် လိုက်ခြင်းဖြစ်လေသည်။ ထို့ပြင် ဆန်းလျန်ထံမှ အစားအသောက်များနှင့် အရက်များမှာလည်း ခပ်ပေါပေါ အစားအသောက်များမဟုတ်ပေ။ စျေးနှုန်းမှာလည်း ဆန်းလျန်၏ စိတ်ခံစားချက်အတိုင်း ပြောင်းလဲနေခြင်းဖြစ်လေ သည်။ ထို့ကြောင့် သူသာ မိန်းကလေးငယ်အတွက် ဒဏ်ခံကာ ကျွေးမွေးဧည့်ခံလိုက်မည်ဆိုလျှင် ဆန်းလျန် ရည်ရွယ်ထားသည့်အတိုင်း ဖြစ်လာမည်မဟုတ်တော့ဘဲ ပျက်ပြားသွားရ မည်ဖြစ်လေသည်။

အခန်း (၇၂၆) လျှို့ဝှက်ချက်

အုန်းခွံရောင် ကုလားအုတ်တစ်ကောင်သည် စမ်းချောင်းလေး

တစ်ခုကို အေးဆေးစွာဖြင့် ဖြတ်သန်းလာလေသည်။

ဒီနေ့ မည်သည့်နေရာတွင် မြက်သွားစားလျှင်ကောင်းမည်လဲဟု

စဉ်းစားနေမိလေသည်။

ရုတ်တရက်...

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားသကဲ့သို့ ထင်လိုက်မိ

လေသည်။ သူက ထူးဆန်းသည်ဟု ခံစားလိုက်ရချိန်မှာ ပင်

သူ၏ကျောကုန်းထက်မှ ကုလားအုတ်ဘို့ကြီးမှာ ပျောက်ကွယ်

သွားပြီ ဖြစ်လေသည်။

ဇီဝဖိုးငှက်ငယ်တစ်ကောင်သည် ကမ်းခြေတစ်ခုတွင် နားနေ

လေသည်။

ထို့နောက် သူက အတောင်များကို ဖြန့်ကားပြီး ကျောက်ဆောင်ထက်မှ သူ၏ အသိုက်ရှိရာသို့ ပျံသန်းလာလေသည်။

သို့သော်... ငါးများနှင့် ပုဇွန်များကိုစားပြီးသည့်နောက် အစာချေပြီး ပြန်အန်ထုတ်ကာ ဆောက်လုပ်ထားသည့် သူ၏ ငှက်သိုက်သည် ပျော်ကွယ်သွားပြီ ဖြစ်လေသည်။ ဇီဝဇိုးငှက်ငယ်သည် အသိုက်ပျောက်သွားသဖြင့် ဟိုဟိုဒီဒီ ပျံသန်း နေလေတော့သည်။

တောင်တစ်တောင်ထက်ရှိ တောနက်ကြီးတစ်ခုထဲတွင်တော့ ရောမစပါးကြီးမြွေကြီးတစ်ကောင်သည် မျောက် တစ်ကောင်ကို ရစ်ပတ်ထားလေသည်။ ထိုမျောက်မှာ အသက်ရှူကြပ်နေပြီး နောက်ဆုံးတွင် အသက်ပျောက်သွား လေတော့သည်။ တစ်ချိန်တည်းမှာပင် ထိုမျောက်၏ ခန္ဓာကိုယ်မှ ဦးခေါင်းလည်း ပျောက်ကွယ်သွားလေသည်။

စပါးကြီးမြွေကြီးမှာ ရုတ်တရက် ခေါင်းပျောက်သွားသည့် မျောက်ခန္ဓာကိုယ်ကြီးကို ကြောင်တောင်တောင်ဖြင့် ကြည့်နေပြီးနောက် တောနက်အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။ သူ့ဘဝတွင် ဘယ်တော့မှ မျောက်များ မစားတော့ရန် ဆုံးဖြတ်လိုက်မိလေသည်။

လောကတွင် ထိုသို့သော ထူးခြားဆန်းကြယ် အံ့ဖွယ် အသွယ်သွယ် အဖြစ်အပျက်များ တစ်ချိန်တည်းတွင် ဖြစ်ပျက်ခဲ့သည်ကို မည်သူမှ သတိမထားမိခဲ့ကြပေ။

သောက်ပြီးရင်ပြန်မလာနဲ့တော့ စားသောက်ဆိုင်လေး၏ မီးဖိုချောင်ထဲတွင်တော့ ကူးဝေဝေမှာ အသက်ရှူရပ်မတတ် ပင် အံ့သြနေမိလေသည်။

ကူးဝေဝေက သူမရှေ့တွင် အစုံအလင်ရောက်ရှိနေသည့် ချက်ပြုတ်ဖွယ်ရာများကို လက်ညှိုးထိုးလိုက်ရင်း...

"ဒီ... ဒီပစ္စည်းတွေအကုန်လုံး နင်လုပ်ထားတာလား..."

ဆန်းလျန်က လေသံခပ်တိုးတိုးဖြင့်...

"လေထဲကရောက်လာတာလေ၊ လုပ်ရတာတော့ ပျော်စရာမကောင်းဘူး၊ ဒါပေမယ့် ဒီဓားကျိုးက အရမ်းတန်ဖိုး ရှိတော့ ဟိုကောင်မလေးကို မစောင့်စေချင်တော့ဘူး၊ ဒါကြောင့် ဒီဟင်းချက်ပစ္စည်းတွေအားလုံးကို ကျွန်တော် ရအောင်ရှာရတာပေါ့..."

ကူးဝေဝေမှာ ဆန်းလျန်၏ နတ်ဘုရားတန်ခိုးစွမ်းအားများကို သိရှိနေပြီးဖြစ်လေရာ ဆန်းလျန် လိမ်မပြောသည်ကို သိလေသည်။ သို့သော်... သူမသည် အနည်းငယ် စိတ်ပူနေမိလေသည်။

"ဒီပစ္စည်းတွေမှာ ပိုင်ရှင်ရှိနေရင် ဘယ်လိုလုပ်မလဲ၊ တော်ကြာငါတို့ဆီ ပြန်လာတောင်းနေဦးမယ်..."

ဆန်းလျန်က...

"ဒီပစ္စည်းတွေက မိုးမြေကပိုင်တဲ့ပစ္စည်းတွေပဲ ၊ မိုးမြေတစ်ခွင်က ဘယ်သူမဆို ယူပြီးအသုံးပြုခွင့်ရှိတယ် ၊ ပိုင်ရှင်ဆို တာ ဘယ်လိုလုပ်ရှိမှာလဲ..."

ကူးဝေဝေက ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ရင်း...

"အေးပါ... နင်က အခု ဟင်းချက်ဖို့ ငါ့လက်ထဲ ဓားထည့်ပေးလိုက်တာတော့ ဟုတ်ပါပြီ ၊ ဒါတွေကို ငါမှ မချက်တတ်တာ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါတွေကိုချက်ရင် ဆိုးကျိုးရှိသလို ကောင်းကျိုးလည်းရှိမယ် ၊ ချက်ရင်းနဲ့ အစ်မသိလာမှာပေါ့..."

ကူးဝေဝေက...

"စကားတွေများလိုက်တာဟယ် ၊ ဒါတွေကို ဘယ်လိုချက်ရမှာလဲသာ မြန်မြန်သင်ပေးစမ်းပါ..."

ကူးဝေဝေမှာ သာမန်မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သာမန်ဟင်းလျာများကိုသာ ကောင်းကောင်း ချက်ပြုတ်တတ်လေသည်။ သို့သော် ယခု သူမရှေ့သို့ ရောက်နေသည့် ထူးဆန်းထွေလာပစ္စည်းများကိုတော့ မည်သို့ ချက်ပြုတ်ရမှန်း မသိပေ။ အရင်ကလည်း တစ်ခါမှ မချက်ခဲ့ဖူးပေ။ ထို့ကြောင့် ဆန်းလျှန်အနေဖြင့် သူမကိုသေသေချာချာ သင်ပြပေးရန် လိုအပ်လေသည်။

ဓားကျိုးမှာ ဓားသွားတွင် အထစ်များဖြစ်နေသည့်တိုင် ချက်ပြုတ်ဖွယ်ရာများကို ခုတ်ထစ်သည့်အခါတွင် မည်သည့် အခက်အခဲမှ မရှိပေ။ ဓားမှာ အလေးချိန်မရှိသလောက် ပေါ့ပါးနေပြီး လတ်ဆတ်သည့်အငွေ့အသက်များလည်း ထွက်ပေါ်နေလေသည်။

ကူးဝေဝေသည် ဓားကိုလက်ထဲတွင်ကိုင်ထားလေသည်။ သူမ၏ စိတ်များက ကြည်လင်နေပြီး ပွည်းများ၏ ဖွဲ့စည်းပုံ ကို တစ်ချက်ကြည့်ရုံမျှဖြင့် သဘောပေါက်သွားလေသည်။ ဆန်း

လျှန်ကလည်း ဘေးနားမှ သင်ပြပေးနေလေရာ သူမအတွက် ချက်ရပြုတ်ရသည်မှာ အလွန်လွယ်ကူလျှက်ရှိလေသည်။ သူမအတွက် ဟင်းချက်နေရသည်နှင့်မတူပေ။ စက္ကူဖြူလေး ပေါ်တွင် စာရေးနေရသည့်အလား ဖြစ်လေသည်။ သူမဘဝ တွင် ဟင်းချက်နေရသည်ကို ပထမဆုံးအကြိမ် ပျော်ရွှင်နေမိ လေသည်။

အချိန်အနည်းငယ်ကြာသည့်အခါတွင်တော့… လက်ရာမြောက် စွာ လှလှပပ ပြင်ဆင်ထားသည့် စားသောက်ဖွယ် ရာများသည် စားပွဲတစ်ခုလုံးတွင် ပြည့်နက်သွားလေတော့သည်။ မိန်းကလေးငယ်က သူမရှေ့သို့ ရောက်လာသည့် အလွန် ထူးခြားကောင်းမွန်လှသော စားသောက်ဖွယ်ရာများကို တစ် ချက်ကြည့်လိုက်လေသည်။ သူမဘဝတွင် စားကောင်းသောက်ဖွယ်များစွာကို တွေ့မြင်ဖူးခဲ့သော်လည်း ယခုတစ်ကြိမ်တွင်တော့ အလွန်အံ့သြသွားမိလေသည်။

သူမက စိတ်သဘောထားဖြူစင်သူလေးဖြစ်လေရာ ကူးေဝေ

ဝေကို တစ်ချက်ကြည့်လိုက်ရင်း...

"မမ... မမ ချက်တဲ့ဟင်းတွေက လှလည်းလှ ၊ အရသာလည်း

ရှိမယ့်ပုံပဲ ၊ လာ... လာ ... ဦးလေးကြီး ၊ မေဂိုဏ်းချုပ် ၊ ယိုယို ၊

ပိုင်ရှောက်ယွီ ၊ အထိန်းတော်ကြီး... ကျွန်မတို့အားလုံး အတူတူ

စားကြမယ်လေ..."

တောက်ပသည့်မျက်ဝန်းလေးများကိုပိုင်ဆိုင်သည့် ချစ်ရာ

ကောင်းလွန်းလှသော မိန်းကလေးငယ်လေးကို ကူးဝေဝေ က

တစ်ချက်ကြည့်လိုက်ပြီး...

"ဒါဖြင့် အားမနာတော့ဘူးနော်..."

ပြောပြီးသည်နှင့် သူမက ဆန်းလျှန်ကို စနောက်လိုသည့် ဟန်

ဖြင့် မျက်စလေးတစ်ချက်ပစ်ပြလိုက်ပြီး...

"ဦးလေးကြီးလည်း သုံးဆောင်လေ..."

ဆန်းလျှန်က ရယ်မောလိုက်ရင်း ကူးဝေဝေ၏ ဘေးတွင် ဝင်ထိုင်လိုက်လေသည်။

ဆန်းလျှန်က...

"မိန်းကလေး... မင်းက သူ့ကိုကျတော့ မမလို့ခေါ်ပြီး ကျုပ်ကိုကျတော့ ဘယ်လိုဖြစ်လို့ ဦးလေးကြီးလို့ ခေါ်ရတာ လဲ..."

မိန်းကလေးငယ်လေးက...

"ဒါပေမဲ့ ဦးလေးကြီးက အရမ်းအသက်ကြီးနေပြီပဲကို..."

ကူးဝေဝေက ပြုံးလိုက်ရင်း...

"ညီမလေး ၊ သူ့ကြည့်ရတာ အသက်ကြီးတဲ့ပုံလည်း မပေါ်ပါဘူး ၊ ဘာလို့ အရမ်းအသက်ကြီးနေပြီလို့ ပြောရတာ လဲ..."

မိန်းကလေးငယ်လေးက...

"ဦးလေးကြီးက အချိန်ကာလတွေအများကြီးကို ဖြတ်ကျော်ခဲ့တယ် ၊ ကျွန်မ မြင်နေရတယ်..."

အထိန်းတော်ကြီးက မျက်နှာတစ်ချက်ပျက်သွားပြီး...

"ကဲ...ကဲ... စားကြရအောင်..."

မိန်းကလေးငယ်၏ စကားကြောင့် ဆန်းလျန်၏ ရင်ထဲတွင်

အနည်းငယ် လှုပ်ရှားသွားလေသည်။

မိန်းကလေးငယ်သည် သူ့အကြောင်းကို ခန့်မှန်းကြည့်နိုင်

သည့်အတွက် အနည်းငယ်လည်း ဝမ်းသာသွားမိပြီး

မိန်းကလေးငယ် မည်သူဖြစ်သည်ကို သူက တစ်ချက် အာရုံပြု

ကြည့်လိုက်လေသည်။ မိန်းကလေးသည် တန်ခိုးစွမ်းအား မြင့်

မားသူတစ်ယောက် မဟုတ်လျှင် သူ့ထံမှ မည်သည့်

အကြောင်းအရာကိုမှ ဖုံးကွယ်ထားနိုင်မည် မဟုတ်ပေ။ သူ၏

စိတ်အာရုံထဲတွင် မိန်းကလေး၏ဘဝအကြောင်းများကို

ရှင်းလင်းစွာ တွေ့မြင်နေရလေသည်။

သူမ၏နာမည်က ဆန်းချင်းချင်းဖြစ်လေသည်။ သူမသည်

ချင်းဟယ်မင်းသား၏ ဆဌမမြောက်သမီးတော်လေးဖြစ် သလို

အငယ်ဆုံးသမီးတော်လေးလည်း ဖြစ်လေသည်။ သူမဘဝတွင်

ငယ်စဉ်ကပင် အခက်အခဲများသိပ်မရှိခဲ့ပါ။ သို့သော် သူမမွေး ဖွားလာသည့်အချိန်တွင် သူမ၏အခန်းထဲတွင် တာအိုကျင့်ကြံ သူမိန်းမပျိုတစ်ယောက် ပေါ်လာပြီး သူမကို ကြည့်နေခဲ့လေ သည်။

ထိုကျင့်ကြံသူမိန်းကလေး မည်သူဖြစ်သည်ကို ချင်းဟယ် နန်းတော်တွင် မည်သူမှ သိရှိကြခြင်း မရှိပေ။

ဆန်းလျန်၏ စိတ်အာရုံထဲတွင် ထိုတာအိုကျင့်ကြံသူမိန်းမပျို ကို မြင်တွေ့နေရလေသည်။ သို့သော်... သူမ၏ မျက်နှာကို ရှင်းရှင်းလင်းလင်းတွေ့မြင်ရခြင်း မရှိပေ။ သူမ၏ တန်ခိုး စွမ်းအားများကိုသာ ခန့်မှန်းကြည့်လိုက်နိုင်လေ သည်။

ထိုတာအိုကျင့်ကြံသူ မိန်းမပျိုသည် ထူးဆန်းသူတစ်ယောက် ဖြစ်လေသည်။ သို့သော်... ဆန်းချင်းချင်းတွင် ပိုင်ဆိုင် ထား သည့် အချိန်နှင့်ပတ်သက်ပြီး ခန့်မှန်းနိုင်သည့် ထူးဆန်းသော စွမ်းရည်နှင့်တော့ ပတ်သက်ဆက်နွယ်ခြင်း မရှိပေ။

ဆန်းလျန်က...

"ကျုပ်ကို ဦးလေးကြီးလို့ မခေါ်နဲ့၊ ဆန်းလျန်လို့ ခေါ်လို့ရတယ်..."

မိန်းကလေးငယ်လေးက...

"အာ... ဦးလေးကြီးကလည်း ဆန်းမျိုးနွယ်ပဲလား၊ ကျွန်မလည်း ဆန်းမျိုးနွယ်ပဲ၊ ကျွန်မနာမည်က ဆန်းချင်းချင်းပါ၊ ဒါပေမယ့် ဦးလေးကြီးကိုတော့ ဦးလေးကြီးလို့ ခေါ်မှာပဲ..."

ဆန်းလျန်က ခေါင်းတစ်ချက်ခါယမ်းကာ ရယ်မောလိုက်လေသည်။ ကလေးနှင့်တော့ ပြိုင်ပြီး ငြင်းမနေချင်တော့ပေ။

ဆန်းလျန်က မေးခွန်းတွေထပ်ထုတ်လိမ့်မည်ဟု အထိန်းတော်ကြီးက ထင်နေမိလေသည်။ သို့သော်... အစား အသောက်များ စားသောက်ပြီးစီးသွားသည်အထိ ဆန်းလျန်က ဆန်းချင်းချင်း အကြောင်းကို တစ်လုံးမှ မမေးခဲ့ပေ။ အထူးသဖြင့် အချိန်ကာလနှင့်ပတ်သက်သည့် ဆန်းချင်းချင်း၏ စွမ်းရည်များ

အကြောင်းကို မေးမြန်းခဲ့ခြင်း မရှိပေ။ ထိုအခါမှ အထိန်းတော်ကြီးမှာလည်း စိတ်သက်သာရာ ရသွားလေတော့သည်။

ဆန်းချင်းချင်းသည် မွေးကတည်းက ထူးခြားသူတစ်ယောက်ဖြစ်လေသည်။ သူမသည် အချိန်၏စီးဆင်းမှုကို မြင်တွေ့နိုင်စွမ်း ရှိလေသည်။ ထို့ကြောင့် သူမဘေးမှ လူများ၏ အချိန်ကာလများအကြောင်းကို အချိန်ပြည့် ပြောနေတတ်လေသည်။ ထို့ပြင် သူမ၏ မျက်လုံးထဲတွင် မြင်နေရသည့် အချိန်စီးဆင်းမှုများသည် အစစ်အမှန်ဖြစ်ပြီး သူမသည် ထူးဆန်းရှုတ်ထွေးသည့် အလုပ်များကိုလည်း အမြဲတမ်း လုပ်တတ်လေသည်။ ကံကောင်းစွာဖြင့်ပင် သူမ ကြီးပြင်းလာသည့်အခါတွင်တော့ ထိုစွမ်းရည်များ တဖြည်းဖြည်းလျော့ နည်းလာလေ သည်။ ဆန်းချင်းချင်း အချိန်စီးဆင်းမှုကို မတွေ့မြင်တော့သည်မှာ နှစ်ဝက်ခန့်ပင် ကြာပြီ ဖြစ်လေသည်။ ယနေ့တွင်မှ တိုက်တိုက်ဆိုင်ဆိုင် သူမသည် ဆန်းလျန်ထံတွင် အချိန်စီးဆင်းမှုကို

ပြန်လည်တွေ့မြင်လာမည်ဟု အထိန်းတော် ကြီးထင်မထားခဲ့မိပေ။

အမှန်တော့ ဆန်းချင်းချင်းမှာ ပြောချင်နေသည့်တိုင် ဖွင့်မပြောဘဲ မြိုသိပ်ထားသည့် အကြောင်းတစ်ခု ရှိလေသည်။

သူမ ဆန်းလျန်ထံတွင် တွေ့မြင်နေရသည့် အချိန်ကာလစီးဆင်းမှုများသည် အလွန့်အလွန် အိုမင်းနေပြီ ဖြစ်လေ သည်။ ထို့ပြင် အချိန်စီးဆင်းမှုသည် မှုံဝါးနေပြီး ပုံရိပ်များကိုပင် သေသေချာချာ မတွေ့မြင်ရပေ။ ဆန်းလျန်သည် အလွန်မှ မှောင်မိုင်းသည့် နေရာတစ်ခုတွင် အရင်တုန်းက နေထိုင်ခဲ့ဟန်ရှိလေသည်။

သူမ ဆန်းလျန်ကို တွေ့မြင်လိုက်ရသည့်အခါ ဝတ်ကျောင်းတော်အတွင်းမှ နတ်ဘုရားတစ်ပါးကို တွေ့ရသည့်အလား ခံစားလိုက်ရလေသည်။

သူမငယ်စဉ်အခါက သူမ၏ ဖခင်နှင့်အတူ တာအိုကျောင်း တော်တစ်ခုသို့ သွားခဲ့ဖူးသည်ကို သတိရလိုက်မိလေ သည်။ ထို ကျောင်းတော်ထဲတွင် လင်ပေါင်ထျန်းကျွင်း၏ ရုပ်တုကို ထား ရှိကိုးကွယ် ထားလေသည်။ သူမ၏ ကလေးဘဝမှတ်ဉာဏ် များက သိပ်ပြီး မသဲကွဲတော့သော်လည်း ဆန်းလျန်သည် လင် ပေါင် ထျန်းကျွင်းနှင့် အနည်းငယ်ဆင်သည်ဟု ထင်နေမိလေ သည်။

သို့သော်... သူမက ထိုစကားများကို ထုတ်ဖော်ပြောလိုက်လျှင် လည်း အဓိပ္ပါယ်မရှိသည့်စကားများကို ပြောသည်ဟု ထင်ကြ ပေလိမ့်မည်။ ထို့ကြောင့် ရင်ထဲတွင်ပင်သိမ်းဆည်းထားလိုက် လေသည်။

စားသောက်နေကြစဉ်အတွင်းမှာပင် ဆန်းချင်းချင်းမှာ ချင်း ဟယ်မင်းသား၏သမီးတော်လေးဖြစ်သည်ကို အားလုံးက သိရှိ သွားကြလေသည်။ သူမသည် တော်ဝင် ရွှေမင်းသမီးလေး

တစ်ပါးဖြစ်လေသည်။ အခြားသူများက မည်သို့မှ မခံစားရ

သော်လည်း ပိုင်ရှောက်ယွီကတော့ ရင်ထဲတွင် အကြီးကြီးကြေ

ကွဲလျှက် ရှိပါလေ၏။

သူမသည် မင်းသမီးလေးတစ်ပါးဖြစ်ပြီး သူကတော့ လမ်း

ဘေးမှ တေလေကြမ်းပိုးတစ်ယောက် ဖြစ်လေသည်။ ထို

အတွေးကိုတွေးမိသည့်အခါတွင်တော့ ကမ္ဘာ့အကောင်းဆုံး စား

သောက်ဖွယ်ရာများကို စားသောက်နေရသည့်တိုင် သူ့အတွက်

အရသာတစ်စက်မှ မရှိတော့ပေ။

ကူးဝေဝေက ပိုင်ရှောက်ယွီကို နောက်ပြောင်လိုက်လေသည်။

"ပိုင်ရှောက်ယွီ... ဘာလဲ... နင်က ငါချက်တဲ့ဟင်းတွေက မ

ကောင်းလို့ သိပ်မစားတာလား..."

ပိုင်ရှောက်ယွီက စိတ်ရှုတ်ထွေးစွာဖြင့်...

"ဗိုက်သိပ်မဆာလို့ပါ..."

ဆန်းလျန်က...

"နေ့လည်ကျ အလုပ်များများလုပ်လိုက်၊ အဲဒါဆို ဗိုက်ဆာလာလိမ့်မယ်..."

ဆန်းချင်းချင်းက တခစ်ခစ်ရယ်မောလိုက်ရင်း...

"ဦးလေးကြီး... ဦးလေးကြီးမပြောရင် ပိုင်ရှောက်ယွီက အလုပ်မလုပ်တော့ဘူးလား၊ ဦးလေးကြီးက တော်တော် အပေါက်ဆိုးတာပဲ..."

ဆန်းလျန်က...

"မင်းရဲ့အိမ်က နန်းတော်မဟုတ်လား၊ အဲဒီမှာ ကျုပ်ထက် အပေါက်ဆိုးတဲ့သူတွေ အများကြီးရှိဦးမှာ..."

ဆန်းချင်းချင်းက လျှာလေးတစ်ချက်ထုတ်လိုက်ရင်း...

"ကျွန်မကြားဖူးတာ ဒီအနီးအနားမှာ ချင်းရှတောင်ရှိတယ်ဆို၊ အဲဒီမှာသွားကစားချင်လို့၊ ပိုင်ရှောက်ယွီ... နင် ငါ့ကို လိုက်ပို့ပါလားဟင်..."

ဆန်းလျန်က...

"မဖြစ်ဘူး..."

ဆရာမေက ဝင်ပြောလိုက်လေသည်။

"ကျုပ်လိုက်ပို့ပေးမယ်လေ..."

ဆန်းချင်းချင်းက ချက်ချင်းပင် စိတ်မဝင်စားတော့သည့်ဟန်ဖြင့်...

"ထားလိုက်တော့ ၊ ကျွန်မ မသွားချင်တော့ဘူး..."

မေနန့်စန်းကလည်း ခပ်တုံးတုံးတစ်ယောက် မဟုတ်ပါ။

ဆန်းချင်းချင်း ချင်းရှတောင်သို့ သွားလိုသည့်ရည်ရွယ်ချက်ကို သူက ရိပ်မိလေသည်။ အဘယ်ကြောင့်ဆိုသော် ပိုင်ရှောက်ယွီသည် ပိုင်ကျားမြို့ခံလူငယ်တစ်ယောက်ဖြစ်ပြီး သူမနှင့်လည်း အသက်အရွယ် မတိမ်းမယိမ်း ဖြစ်သောကြောင့် စိတ်ဝင်စားနေခြင်း ဖြစ်လေသည်။

သို့သော် ဆန်းလျန်က အဘယ့်ကြောင့် တားဆီးလိုက်ရသည်ကိုတော့ မေနန့်စန်းက နားမလည်ခဲ့ပါချေ။

အခန်း (၇၂၇) မြေစောင့်နတ်ပြောသည့်ချင်းရှတောင်

သမိုင်းကြောင်း

မေနန့်စန်းသည် အခြားသူများနှင့်ယှဉ်လျှင် အဆတစ်ရာခန့်ပို

ပြီး ဉာဏ်ရည်ထက်မြက်သူ ဖြစ်လေသည်။

သို့သော်… ဆန်းလျန်၏ အတွေးများကိုတော့ ခန့်မှန်းနိုင်ခြင်း

မရှိပေ။ ထို့ကြောင့် သူကလည်း အများကြီး မတွေးတော့ရန်

ဆုံးဖြတ်လိုက်လေသည်။

ဆန်းလျန်က…

"ပိုင်ရှောက်ယွီက တစ်လမှာ (၂)ရက် နားခွင့်ရှိတယ်၊ မနက်ဖန်မှ သူ့ကိုလိုက်ပို့ခိုင်းလေ... ဘယ်လိုလဲ..."

ပိုင်ရှောက်ယွီက တအံ့တဩဖြင့်...

"တစ်လမှာ (၂)ရက်နားခွင့်ရှိတာ ကျွန်တော်တောင် မသိရပါလား..."

ဆန်းလျန်က...

"အခု သိသွားပြီ မဟုတ်လား..."

ဆန်းချင်းချင်းက မျက်ခုံးလေးတစ်ချက်ပင့်ကာ ကူးဝေဝေကို ကြည့်လိုက်ရင်း...

"မမကူးဝေဝေ၊ ဒီစားသောက်ဆိုင်ပိုင်ရှင်က မမ မဟုတ်လား၊ ဘာလို့ ဦးလေးကြီးက သူ့သဘောနဲ့သူ အမိန့်တွေ ပေးနေရတာလဲ..."

ကူးဝေဝေက ပြုံးလိုက်ရင်း...

"ဘာလို့လဲဆိုတော့ မမက သူ့လောက် ညဏ်မကောင်းဘူးလေ ၊

အဲဒီတော့ သူ့စကားနားထောင်ရတာပေါ့..."

ဆန်းချင်းချင်းက မကျေမနပ်ဖြင့်...

"ပျင်းစရာကြီးနော်..."

ထို့နောက်တွင်တော့...

စားပွဲတွင် ထိုင်နေကြသူများထဲတွင် မိန်းကလေး (၃)ယောက် ရှိကြလေရာ မိန်းကလေးတို့၏ ထုံးစံအတိုင်း ရောက်တက်ရာရာများ ပြောဆိုကြလေတော့သည်။

ယောကျ်ားလေးများက တိတ်ဆိတ်နေကြသည့်တိုင် မိန်းကလေးများ၏ တီတီတာတာ စကားများကို နားထောင်ရင်း မပျင်းနိုင်ဘဲ ရှိကြရလေသည်။ ထို့ကြောင့် အချိန်သည်လည်း ကုန်မှန်းမသိ ကုန်သွားရလေသည်။

စကားများနေကြရင်း အစားအသောက်များလည်း ကုန်သွားကြပြီဖြစ်လေရာ ဆန်းလျန်မှလွဲပြီး အခြားသူများမှာ အိပ်ငိုက်လာ

ကြ လေတော့သည်။ ထို့ကြောင့် အသီးသီး အနားယူရန် နေရာ

များရှာဖွေကာ အိပ်စက်အနားယူကြ လေတော့သည်။

ဆန်းလျန်ကလည်း သူ၏ ဂိုဏ်းတူအစ်မကို အခန်းအတွင်းသို့

လိုက်ပို့ပြီး အိပ်ယာထက်တွင် အသာအယာ လှဲစေလိုက်ပြီး

စောင်ခြုံပေးလိုက်လေသည်။

ကူးဝေဝေက ဆန်းလျန်ကို အပြုံးချိုချိုလေးဖြင့် ပြန်ပြုံးပြ

လိုက်လေသည်။ ယနေ့အဖို့ သူမတော့ အိပ်မက်လှလှ မက်

တော့မည် ဖြစ်လေသည်။

ဆန်းလျန်က သူမကို မျက်ခုံးတစ်ချက်ပင့်ပြလိုက်ကာ ပြန်ပြုံး

ပြလိုက်လေသည်။ တစ်ချိန်တည်းမှာပင် ဆန်းလျန်၏ ကိုယ်ထဲ

မှ ဝိညာဉ်ကိုယ်ပွားတစ်ခု ထွက်ခွာသွားပြီး ချင်းရှတောင်ပေါ်သို့

ရောက်ရှိသွားလေတော့သည်။

ချင်းရှတောင်ပေါ်မှ အဝါရောင် ယင်ရှင့်အပင်များသည်

ခြောက်သွေ့နေကြပြီး အဝါရောင် ရော်ရွက်ကြွေများသည်

တောင်တစ်ခွင်လုံးကို အလှဆုံးဖြစ်အောင် လွှမ်းခြုံကာ အလှဆင်ထားလေသည်။ ဖြတ်သွားဖြတ်လာ ခရီးသွားများ သည် တောင်ပေါ်မှ လှပသည့်ရှုမျှော်ခင်းများကို ငေးမောကြည့်ရှုသွားကြလေသည်။

သို့သော်… ဆန်းလျန်ကတော့ အဝါရောင်ရွက်ကြွေများကို အရေးမစိုက်ပါ။ သူက သစ်ရွက်များမရှိတော့ဘဲ သွေ့ခြောက်နေသည့် ယင်ရှင့်အပင်များကိုသာ စိုက်ကြည့်နေလေသည်။ ယင်ရှင့်အပင်များကို မြေအဘိုးသစ်ပင် ဟူ၍ လည်း ခေါ်လေ့ရှိကြလေသည်။ အဘယ်ကြောင့်ဆိုသော် အဘိုးဖြစ်သူက ယင်ရှင့်အပင်ကို စိုက်ပျိုးခဲ့ရာ မြေးဖြစ်သူလက်ထက်ကျမှ အသီးသီးသောကြောင့် ဖြစ်လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ယင်ရှင့်အပင် များသည် မည်မျှအသက်ရှည်သည်ကို သိရှိနိုင်လေသည်။

ဆန်းလျန်သည် ယင်ရှင့်အပင်များမှတစ်ဆင့် အချိန်၏ မတူညီမှုနှင့်ပြောင်းလဲမှုကို ရှာဖွေချင်ခဲ့လေသည်။ သို့သော်... ထိုသစ်ပင်များသည် နေရာမှ ရွှေ့လျားနိုင်ခြင်း မရှိဘဲ နွေရာသီ ၊ နွေဦးရာသီ ၊ ဆောင်းရာသီ ၊ ဆောင်းဦးရာသီများ ကို စဉ်ဆက်မပြတ် ဖြတ်သန်းခဲ့ကြရလေရာ ငြီးငွေ့ဖွယ်ရာပင် ကောင်းလှလေသည်။ စိတ်ပျက်စရာအချက်မှာ ယင်ရှင့်အပင်များမှတစ်ဆင့် ချင်းရှတောင်သမိုင်းတစ်ခုလုံးကို ခရေစေ့တွင်းကျသိမြင်ရန်မှာ သိပ်ပြီ မသေချာလှပေ။

ဆန်းလျန်က မြေပြင်ကို လက်ဖြင့် အသာပုတ်လိုက်ရာ ချင်းရှတောင်၏ မြေစောင့်နတ် ပေါ်လာလေသည်။

"နတ်မင်းကြီး ၊ ဒီအဘိုးအိုလေးကို ဆင့်ခေါ်တာ ဘာများ ခိုင်းစရာ ရှိလို့ပါလဲ..."

ဆန်းလျန်က သွယ်ဝိုက်မနေတော့ပဲ တည့်တည့်ပင် မေးမြန်းလိုက်လေသည်။

"မင်း ချင်းရှတောင်ရဲ့ သမိုင်းကြောင်းကို ဘယ်လောက်သိ

သလဲ..."

ဆန်းလျန်၏ မေးခွန်းကိုကြားသည်နှင့် မြေစောင့်နတ်က လေး

လေးနက်နက်တစ်ချက်တွေးလိုက်ပြီး...

"နတ်မင်းကြီးက ဘယ်လောက်အချိန်ကတည်းက အကြောင်း

တွေကို သိချင်တာလဲ..."

ဆန်းလျန်က...

"တတ်နိုင်သလောက် များများသိချင်တယ်..."

မြေစောင့်နတ်က...

"မိုးနဲ့မြေ ၊ တောင်နဲ့ မြစ်ရေတွေဟာ အချိန်ရဲ့သက်သေတွေပါပဲ

၊ ဒါပေမယ့် ကျွန်တော်ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်

သောင်းလောက်ကအဖြစ်အပျက်တွေကိုပဲ သိနိုင်ပါတယ်..."

ဆန်းလျန်က...

"ဘာကြောင့်လဲ..."

မြေစောင့်နတ်က...

"နတ်မင်းကြီးကို ဖုံးကွယ်မထားတော့ပါဘူး ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်လောက်က ချင်းရှတောင်ပေါ်မှာ နတ်ဘုရားတစ်ပါး ပေါ်လာခဲ့ဖူးပါတယ် ၊ အဲဒီနတ်ဘုရားက နတ်ဘုရားတွေအများကြီးနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ပြီး အဲဒီတိုက်ပွဲကြောင့် ချင်းရှတောင်တစ်ခုလုံး ပျက်စီးသွားခဲ့ရပါတယ် ၊ ဒါပေမယ့် အဲဒီနတ်ဘုရားက ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားတွေကို အသုံးပြုပြီး တောင်ကို အရင်အတိုင်းပြန်လည်ဖြစ်တည်စေခဲ့ပါတယ် ၊ ပြီးတော့ တိုက်ပွဲအတွင်းသေဆုံးခဲ့ကြရတဲ့ သတ္တဝါတွေကိုလည်း ပြန်ပြီးအသက်သွင်းပေးခဲ့ပါတယ် ၊ အဲဒီနှစ်က တိုက်ပွဲက ပြင်းထန်လွန်းလို့ချင်းရှတောင်ရဲ့ သမိုင်းဝင်တိုက်ပွဲတစ်ခုလို့တောင် ပြောလို့ရပါတယ် ၊ တိုက်ပွဲပြီးသွား တဲ့အခါမှာတော့ နတ်ဘုရား အတော်များများဟာ ချင်းရှတောင်ပေါ်ကို သူတို့လူတွေလွှတ်ပြီး

အခြေအနေ စုံစမ်းခိုင်း ခဲ့ကြပါတယ်၊ ဒါပေမယ့် လာရောက်စုံစမ်းကြတဲ့သူတွေအကုန်လုံးက ချင်းရှတောင်မှာ တိုက်ပွဲဖြစ်ပွားခဲ့တဲ့ လက္ခဏာ တစ်ခုတစ်လေတောင်မှ မတွေ့ခဲ့ကြရတော့ပါဘူး၊ ပြီးတော့ နှစ်ပေါင်းတစ်သောင်း အရင်က ချင်းရှတောင်မှာ ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်တွေအားလုံးဟာဖြတ်တောက်ခံ လိုက်ရပါတယ်၊ သဲလွန်စ တစ်ခုမှတောင် မကျန်ရစ် ခဲ့တော့ပါဘူး၊ အခုနောက်ပိုင်း ချင်းရှတောင်ကို ဘယ်သူမှ လာပြီး မစုံစမ်းကြတော့တာ နှစ်ပေါင်းတစ်ထောင်လောက်တောင် ရှိနေပါပြီ..."

ချင်းရှတောင်သည် မည်သည့်ထူးခြားချက်မှ မရှိသည့် တောင်တစ်တောင် ဖြစ်လေသည်။

သို့သော်... ဤနေရာတွင် အဘယ့်ကြောင့် ပြင်းထန်လှသည့်တိုက်ပွဲတစ်ခု ဖြစ်ပေါ်ခဲ့ရပါသနည်း။ ထို့ပြင် ချင်းရှတောင်၏နှစ်ပေါင်းတစ်သောင်းအရင်က သဲလွန်စများအားလုံးသည်

လည်း ဖျောက်ဖျက်ခံခဲ့ရလေသည်။ ချင်းရှုတောင်၏ အတိတ်အကြောင်းအရာများသည် ပျောက်ပျက်သွားခဲ့ပြီ ဖြစ်လေသည်။ ထိုကိစ္စနောက်ကွယ်တွင် လျှို့ဝှက်ချက်တစ်ခုတော့ ကျိန်းသေ ရှိရပေမည်။

သူ ဤနေရာသို့ ရောက်လာရခြင်းမှာ ထိုအဖြစ်အပျက်များနှင့် တစ်ခုခု ပတ်သက်နေရမည်ဟု ဆန်းလျန်က နားလည် လိုက်မိလေသည်။ ထိုအချက်ကို သူက ပင်ကိုယ်သိစိတ်ဖြင့် နားလည်လိုက်ခြင်း ဖြစ်လေ၏။

ကူးဝေဝေသည် သူ၏ ဂိုဏ်းတူအစ်မဖြစ်သည်ဟု သူ့စိတ်ထဲမှ အလိုလိုသိနေသကဲ့သို့ သိရှိလိုက်ခြင်း ဖြစ်လေသည်။

သို့သော်... ကူးဝေဝေသည် သူ၏ ဂိုဏ်းတူအစ်မဖြစ်သည်ကို သူ့တွင် သက်သေပြနိုင်သည့် သဲလွန်စ အားလုံးက ပျောက်ဆုံးလျှက်ရှိလေသည်။

ထို့အတူပင် ချင်းရှုတောင်သည် သူနှင့် တစ်ခုခုပတ်သက်

နေသည်ဆိုသည့် သဲလွန်စသည်လည်း ပျောက်ဆုံး နေခဲ့ လေ

သည်။

ဆန်းလျန်က...

"မင်းက ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိနေတာလဲ..."

မြေစောင့်နတ်က...

"ဒီအဘိုးအိုလေး ချင်းရှုတောင်ရဲ့ မြေစောင့်နတ်ရာထူးကိုရ

တော့မယ်ဆိုတော့ အသူရာချောက်က တရားသူကြီးချွေး က

ပြောပြခဲ့တာပါ ၊ တကယ်တော့ ချင်းရှုတောင်က ရှေးဟောင်း

လျှို့ဝှက်ချက်ပေါင်းများစွာနဲ့ ဆက်စပ်နေတဲ့ တောင်တစ်

တောင်ပါ ၊ ဒါပေမယ့် အသက်ဓာတ်စွမ်းအားတွေတော့ နည်း

နည်းအားနည်းတယ် ၊ ဒါကြောင့် ဘယ်သူမှ ဒီတောင်ရဲ့ မြေ

စောင့်နတ် မဖြစ်ချင်ကြဘူး ၊ ဒုက္ခရောက်မှာကိုစိတ်ပူကြတယ်

လေ ၊ ချင်ပြည်နယ်မြို့တော်ရဲ့ မြို့စောင့်နတ် ချန်ဟွမ်တောင်မှ

မြို့စောင့်နတ်ရာထူးကိုလက်ခံပြီးကတည်းက တစ်ခါမှ ဒီကို

လာမကြည့်ခဲ့ဖူးဘူး ၊ ဒီအဘိုးအိုလေးကတော့ ရွေးခြယ်စရာ မ

ရှိခဲ့ပါဘူး ၊ မဟုတ်ရင် ကျွန်တော်လည်း ဒီမှာ မြေစောင့်နတ်မ

လုပ်ချင်ပါ ဘူး…"

ဆန်းလျန်ကရယ်မောလိုက်ရင်း…

"မင်းတို့နတ်တွေကလည်း အရာရှိအရာခံ မင်းမှုထမ်းတွေ

ကျနေတာပဲ…"

မြေစောင့်နတ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"အဲဒီလိုမဟုတ်ဘူးလို့ ဘယ်သူပြောလို့ရမှာလဲ ၊ တကယ်တော့

မြို့စောင့်နတ်ချန်ဟွမ်မှာ ကောင်းမွန်တဲ့ အနာဂတ် ရှိတယ် ၊

သူက အသူရာချောက်မှာ ကောင်းကောင်းတာဝန်ထမ်းဆောင်

တယ် ၊ လူ့ဘဝတုန်းကလည်း ဘာအပြစ်မှ မလုပ်ခဲ့ဘူး ၊

စည်းကမ်း အရဆိုရင် သူက ဘုရင့်နေပြည်တော်က မြို့စောင့်

နတ်ဖြစ်လာရမှာ ၊ ဒါပေမယ့် ချောက်ချခံလိုက်ရပြီးတော့ ချင်

ပြည်နယ်မြို့တော်ရဲ့ မြို့စောင့်နတ်အဖြစ်ပဲ ရွေးခြယ်ခံလိုက်ရတယ်၊ အထက်က သူ့အတွက် ဘာရာထူးမှ မပေးခဲ့တော့ဘူး"

ဆန်းလျန်က...

"ဒါဖြင့် တစ်ယောက်ယောက်က သူ့ကို ဘုရင့်နေပြည်တော်ရဲ့ မြို့တော်စောင့်နတ် မဖြစ်စေချင်လို့ ချောက်ချခဲ့တာ ပေါ့၊ ဒါကြောင့် ချင်ပြည်နယ် မြို့တော်ရဲ့ မြို့စောင့်နတ်ပဲ ဖြစ်လာရတာပေါ့၊ သူက မတရားခံရ တာကို ဘယ်သူ့ကိုမှ မတိုင်ဘူးလား..."

မြေစောင့်နတ်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း....

"အထက်ကို ဘယ်သူက လွန်ဆန်ဝံ့မှာလဲ၊ သူချောက်ချခံရတယ်ဆိုတာ လူတိုင်းသိကြပေမယ့် ရွေးခြယ်စရာ မရှိခဲ့ဘူး၊ ပြီးတော့ ချင်ပြည်နယ်မြို့တော်ရဲ့ မြို့စောင့်နတ်ဆိုတာ အသူရာချောက်မှာတော့ ဘာအဆင့်မှ မရှိဘူးလေ၊ မြို့စောင့်နတ် ချန်ဟွမ်က တိုင်တန်းပြီး တရားစွဲချင်တယ်ဆိုရင်တောင်မှ

ဘာမှ မတတ်နိုင်ပါဘူး ၊ တရားစွဲလိုက်ရင် အထက်ကလူကြီး တွေရဲ့ ဒေါသကိုတောင် စွပေးလိုက်သလို ဖြစ်သွားဦးမယ်...."

အသူရာချောက်မှ ရာထူးနှင့်ပတ်သက်ပြီး ဖြစ်ပျက်နေကြသည့် အတွင်းရေးများကို မည်သူမှ ပြောရဲဆိုရဲခြင်း ရှိကြဟန် မတူပေ။

ဆန်းလျန်မှာ အသူရာချောက်၏ ဖွဲ့စည်းပုံမှ ကင်းလွတ်သည့် ပြင်ပမှ နတ်ဘုရားတစ်ပါးဖြစ်သည့်အတွက် မြေစောင့် နတ်က ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်လိုက်ခြင်း ဖြစ်လေသည်။ ရင်ဖွင့် လိုက်ရသည့်အတွက် စိတ်ထဲတွင်လည်း ပေါ့သွားရလေသည်။ ဤသည်မှာ နတ်ဘုရားများ၏ မတူညီသည့်လမ်းကြောင်းများ ပင် ဖြစ်လေသည်။

အထူးသဖြင့် မြေစောင့်နတ်ကဲ့သို့သော နတ်ဘုရားငယ် များသည်အသူရာချောက်၏ လက်အောက်ခံ နတ်ငယ်လေး များဖြစ်ကြလေသည်။ သူတို့သည် လောကမှ မလွတ်မြောက်

နိုင်ကြသေးပေ။ သူတို့တွင် တန်ခိုးစွမ်းအား အနည်းငယ် ရှိပြီး အသက်ရှည်ကြလေသည်။ သို့သော်… သူတို့သည် ကျင့်ကြံသူများဖြင့်တော့ မယှဉ်နိုင်ကြပေ။

အသူရာချောက်မှ နတ်ငယ်လေးများအနေဖြင့် လူသားများနှင့် ဆက်သွယ်ပြောဆိုခွင့်လည်း မရှိကြပေ။ သူတို့၏ ကိုယ်ခန္ဓာမှ ယင်စွမ်းအားအငွေ့အသက်များက ပြင်းထန်စွာ ထွက်ပေါ်ေလေရာ ထိုအငွေ့အသက်များကို လူသားများ အနေဖြင့် ခံနိုင်ရည် ရှိကြမည် မဟုတ်ပေ။ ထို့ပြင်… နတ်ငယ်လေးများကြောင့် လူသားများ ထိခိုက်နာကျင်သွားလျှင် လည်း အပြစ်ပေးခံကြရမည် ဖြစ်လေသည်။

မြေစောင့်နတ်မှာ နတ်တစ်ပါးဖြစ်သည့်တိုင် တန်ခိုးစွမ်းအား သိပ်ပြီးမကြီးလှပေ။ ဆန်းလျန်ကိုမပြောနှင့် ကျင့်ကြံသူ ဂိုဏ်းများမှ အဆင့်မြင့်ကျင့်ကြံသူများကိုပင်လျှင် သူ့အနေဖြင့် တိုက်ခိုက်နိုင်စွမ်းမရှိကြပေ။ ချင်ပြည်နယ်မြို့တော်၏ မြို့

စောင့်နတ် ချန်ဟွမ်ပင်လျှင် တန်ခိုးစွမ်းအား သိပ်ပြီး ကြီးမား

လှသည် မဟုတ်ပေ။

ထို့ပြင် မြို့စောင့်နတ်ချန်ဟွမ်သည် ငရဲမင်းနှင့် တိုက်ရိုက်ဆက်

သွယ်နိုင်သည်ဆိုသည့်တိုင် ငရဲမင်းကို ကိုယ်စား ပြုနိုင်သူ

မဟုတ်ပေ။

ထို့ကြောင့် မြို့စောင့်နတ်ကို သွားရောက်စော်ကားပါက

အသူရာချောက်ကို ရန်စသည်ဟု မဆိုသာပေ။

မြေစောင့်နတ် ၊ မြို့စောင့်နတ်များကို သွားရောက်ရန်စသည့်

ကျင့်ကြံသူများအနေဖြင့် သေဆုံးပြီး လူပြန်ဝင်စား မည်ဆို

လျှင် အသူရာချောက်မှ ခပ်ညစ်ညစ် အပြုအမူများကိုတော့

ပြုလုပ်ပြီး ပညာပြနိုင်လေသည်။ ဥပမာ... အသူရာချောက်မှ

သူတို့ကို ရန်စခဲ့သူများကို လူ့ဘုံသို့မပို့တော့ဘဲ တိရိစ္ဆာန်ဘုံသို့

ပို့လိုက်နိုင်လေသည်။ ထိုအခါ ကိုယ့်ကံနှင့်ကိုယ် ခံရုံသာ ရှိလေ

သည်။

သို့ရာတွင် အသူရာချောက်တွင်လည်း သူ့စည်းသူ့ကမ်း သူ့ဥပဒေနှင့်ရှိလေရာ ထိုသို့သောဖြစ်ရပ်များသည် ယေဘူယျအားဖြင့် ဖြစ်လေ့မရှိနိုင်ပေ။ ပြန်လည်ဝင်စားခြင်းအစီအစဉ်ကို အနှောက်အယှက်ပြုမည်ဆိုပါက အပြစ်ဒဏ်လည်း ခံရနိုင်ဖွယ်ရှိလေသည်။

ဆန်းလျန်က...

"မင်းပြောတာတွေကို နားထောင်ရတာတော့ စိတ်ဝင်စားစရာပဲ ၊ နောက်ရက်ကျမှ ချင်ပြည်နယ်မြို့တော်ရဲ့ မြို့စောင့်နတ်ကို သွားတွေ့လိုက်ဦးမယ်..."

မြေစောင့်နတ်က...

"နတ်မင်းကြီးသာ သွားတွေ့မယ်ဆိုရင် မြို့စောင့်နတ်ချန်ဟွမ်လည်း ဝမ်းသာသွားမှာပဲ ၊ ပြီးတော့ ဒီအဘိုးအိုလေး လည်း တောင်းဆိုစရာလေးတစ်ခု ရှိပါတယ်..."

ဆန်းလျန်က...

"ဘာကိစ္စများလဲ..."

မြေစောင့်နတ်က...

"ဒီအဘိုးအိုလေးရဲ့ မိသားစုဝင်တွေက လူ့လောကမှာ ရှိနေပါသေးတယ်၊ ချင်ပြည်နယ်နဲ့ မိုင်တစ်ထောင်အဝေးမှာ နေကြပါတယ်၊ ကျွန်တော်ဆုံးသွားတော့ ခြံအနောက်ဘက်က မက်မွန်ပင်အောက်မှာ ငွေအိုး (၂၀) မြှုပ်ထားတဲ့ အကြောင်း မိသားစုဝင်တွေကိုပြောဖို့ မေ့သွားပါတယ်၊ အဲဒီငွေတွေက သမီးအငယ်ဆုံးလေးအတွက် မင်္ဂလာလက်ဖွဲ့ ငွေအဖြစ် အသုံးပြုဖို့ သိမ်းထားတာပါ၊ နတ်မင်းကြီးများ အဲဒီအကြောင်းကို ကျွန်တော့် မိသားစုဆီကို သွားပြီး အကြောင်းကြားပေးနိုင်မလား မသိဘူး..."

အခန်း (၇၂၈) ကျုပ်ကအမှန်တရားကိုသိတယ်

မြေစောင့်နတ်၏ တောင်းဆိုမှုကို ဆန်းလျန်က ခေါင်းအသာ ညိတ်ပြကာ သဘောတူလိုက်လေသည်။

မြေစောင့်နတ်က ချက်ချင်းပင် သူ၏မိသားစုများအကြောင်းကို ဆန်းလျန်ကို အလျှင်အမြန် ပြောပြလိုက်လေ၏။ ဆန်းလျန်ကို ပြောပြပြီးသွားသည့်အခါတွင်တော့ သူ့ရင်ထဲမှ ပူပန်နေမှုများ လျော့နည်းသွားလေရာ ကိုယ်ရောင် ကိုယ်ဝါများပင် အရင်ကထက်ပိုပြီး တောက်ပလာလေသည်။

၎င်းသည်ကိုကြည့်ခြင်းအားဖြင့် အသူရာချောက်၏ အမိန့်ဖြင့် တာဝန်ထမ်းဆောင်နေရသည့် နတ်ငယ်လေးတစ်ပါးပင် ဖြစ်လင့်ကစား စိတ်ကြည်လင်သန့်စင်လျှင် ကျင့်စဉ်လမ်းကို

လျှောက်လှမ်းရန် အခွင့်အလမ်းရှိသည်ကို တွေ့မြင် နိုင်လေ

သည်။ မျှော်လင့်ချက်ကတော့ နည်းပါးမည် ဖြစ်လေသည်။

မြေစောင့်နတ်၏ တန်ခိုးစွမ်းအားများ မြင့်တက်သွားသည်မှာ

ကောင်းသည့်အချက်ပင် ဖြစ်လေသည်။

သို့သော်... ရုတ်တရက်ပင် လေထဲတွင် ခပ်စောင်းစောင်း

အနေအထားဖြင့် ကြာပွတ်တစ်ချောင်းထွက်ပေါ်လာပြီး မြေ

စောင့်နတ်ကိုရစ်ပတ်ကာ အဝေးသို့ ဆွဲခေါ်သွားလေ

တော့သည်။

မြေစောင့်နတ်မှာ "အား" ဟုသာ တစ်ချက်မျှ အော်လိုက်နိုင်ပြီး

လျှပ်တပြက်အတွင်းမှာပင် တောင်အနောက်ဘက်သို့ ဆွဲခေါ်

ခြင်း ခံလိုက်ရလေတော့သည်။

တောင်အနောက်ဘက်တွင် ယင်ရှင့်သစ်ပင်များ သိပ်မရှိပါ။

စိမ်းလန်းစိုပြေသော နာနတ်ပင်များနှင့် ထင်းရှူးပင်များ သာရှိ

လေသည်။ မြေစောင့်နတ်မှာ နာနတ်ပင်များနှင့် ရိုက်မိသွားပြီး

နာနတ်ဆူးများ စူးကုန်လေတော့သည်။ နာနတ်ပွင့်များမှာလည်း သူ့နှဖူးတွင် ကပ်လျှက်ရှိလေသည်။ ထို့နောက် သူ့နှဖူးတစ်ခုလုံး ဖူးယောင်လာပြီး ဘုသီးကြီး ထွက်လာလေတော့သည်။

မြေစောင့်နတ်မှာ နတ်ငယ်လေးပင်ဖြစ်လင့်ကစား ယင် စွမ်းအား ဝိညာဉ်နတ်ဘုရားတစ်ပါးဖြစ်လေသည်။ သူသည် နာကျင်နိုင်ခြင်း မခံစားရနိုင်ပေ။ သို့သော် နာနတ်ပွင့်များ ကတော့ သူ့ကို နာကျင်စေသည့် တန်ခိုးစွမ်းအားများ ပါရှိနေ လေသည်။

သူက ကောင်းကင်ထက်သို့ မော့ကြည့်လိုက်ပြီး...

"ဘယ်နတ်ဘုရားက ဒီအဘိုးအိုလေးကို ကျီစားနေရတာလဲ..."

"မြေစောင့်နတ်လေး ၊ မင်းကိုမေးစရာတစ်ခုရှိတယ် ၊ ဒီမနက် ပိုင်ကျားမြို့ထဲမှာ ရုတ်တရက် ရွှေရောင်အလင်းတန်း တွေ ထွက်ပေါ်လာတာ ၊ အဲဒါ ဘာဖြစ်တာလဲ..."

ထို့နောက် သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် သစ်ပင်တစ်ပင်ထက်မှ ခုန်ဆင်းလာလေသည်။ ထိုလူငယ်လေးမှာ အသက် (၁၃)နှစ် ၊ (၁၄)နှစ်ခန့်သာရှိဦးမည်ဖြစ်ပြီး ယောကျ်ားပီပီသသဖြင့် ချောမောကြည့် ကောင်းလေသည်။ သို့သော်... သူ၏မျက်ခုံးများကတော့ အနည်းငယ် ချွန်ထက်နေလေသည်။

မြေစောင့်နတ်မှာ ဆန်းလျန် အနားတွင်ရှိနေသည်ကို သိသည့်အတွက် မည်သည့်စကားမှ မပြောရဲဘဲ တိတ်ဆိတ် နေလေသည်။ သူက ဆန်းလျန် မြန်မြန်ရောက်လာပါစေဟု ဆုတောင်းနေမိသည်။ လူငယ်လေး၏ ကြာပွတ်မှာ သူ့ကိုရစ်ပတ်ထားသည့်အတွက် မြေစောင့်နတ်မှာ ထွက်လည်း မပြေးနိုင်သလို သူ့ကိုယ်သူ ကာကွယ် နိုင်စွမ်းလည်း မရှိတော့ပေ။

ဆန်းလျန်ကလည်း ပုန်းကွယ်နေခြင်း မရှိပါ။

သူက ရှေ့သို့ထွက်လာပြီး...

"မနက်က မြို့ထဲမှာ ရွှေရောင်အလင်းတန်းတွေကို ဖန်ဆင်းလိုက်တဲ့သူက ကျုပ်ပဲ ၊ မင်းက မြေစောင့်နတ်ကို ဘာကိစ္စ ဒုက္ခပေးနေရတာလဲ..."

လူငယ်လေးမှာ အနည်းငယ် အံ့အားသင့်သွားလေသည်။ သူ၏ စိတ်အာရုံထဲတွင် ထိုသူ၏ တည်ရှိမှုကို မည်သို့မှ အာရုံခံ၍ မရခဲ့ပေ။ ထိုသူက မည်သည့်နေရာက ထွက်ပေါ်လာရပါသနည်း။

"ကျုပ်က ချင်းယန်ကျောင်းတော်ကတပည့် လီချင်းချန်ပဲ ၊ ဒီက တာအိုရောင်းရင်းက ဘယ်သူများလဲ..."

အမှန်တော့ လီချင်းချန်၏ ဇစ်မြစ်က ပေါ့သေးသေးမဟုတ်ပေ။

သူသည် ယခင်ဘဝက ယွမ်ကျိုးနယ်တွင် နာမည်ကျော်ကြားသည့် နတ်ဘုရား (၃)ပါးတွင် တစ်ပါးအပါအဝင်ဖြစ် သည့် ရှီ

ထျန်းတုနတ်ဘုရားဖြစ်လေသည်။ သို့သော်... သူသည် မတော်တဆ သတ်ဖြတ်ခံလိုက်ရပြီး လူပြန်ဝင်စား ခဲ့လေ သည်။

ရှီထျန်းတုနတ်ဘုရားသည် တန်ခိုးစွမ်းအား အလွန်မြင့်မားသူ တစ်ယောက် ဖြစ်လေသည်။

သူ၏ဘိုးဘေးများချန်ထားခဲ့သည့် ကျင့်စဉ်များကို တာအိုဝါဒ နှင့်ပေါင်းစပ်ကာ ကျင့်ကြံခဲ့သူတစ်ယောက် ဖြစ်လေ၏။

ထို့နောက် သူက နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့လေသည်။

သို့သော်... သူ၏ ကျင့်ကြံမှုများသည် အချိန်ကြာလာသည် နှင့် အမျှ အစွန်းရောက်လာခဲ့ပြီး သူသည်လည်း မူမမှန်သည့် နတ် ဘုရားတစ်ပါး ဖြစ်လာခဲ့လေသည်။ သို့သော်... သူအသတ်ခံ လိုက်ရသည့်ကိစ္စကတော့ သူ၏ ကျင့်စဉ်လမ်းနှင့် ပတ်သက် ခြင်း မရှိခဲ့ပေ။

လီချင်းချန် လှုပြန်ဝင်စားပြီးသည့်နောက် သူ၏ မိတ်ဆွေဖြစ်သူ ယင်ရှန်းကျွင်းအရှင်ကို အကူအညီတောင်ကာ ချင်းယန်ကျောင်းတော်တွင် ပညာသင်ရန် ဝင်ရောက်ခဲ့လေသည်။ ယခုဘဝတွင်လည်း ကျင့်စဉ်လမ်းတွင် အောင်မြင်မှု ရရှိမည်ဟု သူက မျှော်လင့်ခဲ့လေသည်။

ယခုဘဝတွင်တော့ လီချင်းချန်၏ မိဘများမှာလည်း သက်ရှိထင်ရှားရှိနေကြသေးသည်။ ထို့ပြင် သူက မိသားစုတွင် တစ်ဦးတည်းသောသားတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် ယင်ရှန်းကျွင်းက သူ့ကို ချင်းယန်ကျောင်းတော်သို့ ခေါ်ဆောင်သွားခြင်း မရှိဘဲ နေအိမ်တွင်သာ ကျင့်ကြံခြင်းများ ပြုလုပ်စေခဲ့လေသည်။ နောက်ပိုင်း ကျင့်ကြံခြင်း အဆင့်မြင့်မားလာသည့်အခါမှသာ ချင်းယန်ကျောင်းတော်တွင် နက်ရှိုင်းသည့်ကျင့်စဉ်များ ဆက်လက်ကျင့်ကြံရမည် ဖြစ်လေသည်။

ယင်ရှန်းကျွင်းက လီချင်းချန်သူ့ကိုယ်သူကာကွယ်နိုင်ရန်

အတွက် ရှီထျန်းတုဘဝက ကိုင်ဆောင်သည့် ကြာပွတ်ကို ပေး

ထားခဲ့လေသည်။

လီချင်းချန်သည် ကျင့်စဉ်လမ်းတွင် နောက်ခံကောင်းရှိရုံသာ

မက ယခုဘဝတွင်လည်း သူ၏ ဖခင်ဖြစ်သူမှာ ချင်းပြည်နယ်

မြို့တော်မှ စစ်ဗိုလ်ချုပ်ကြီးတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သူက အလွန်မောက်မာလှလေ သည်။

သူ၏ ဖခင်ကတော့ မဆင်မခြင်ပြုလုပ်ခြင်းမပြုရန် အမြဲတမ်း

သင်ပြပေးလေ့ရှိလေသည်။ မဆင်မခြင်ပြုမူနေထိုင်ပါ က

နောင်တစ်ချိန် လူ့လောကထဲသို့ သွားလာသည့်အချိန်တွင်

ပြဿနာဖြစ်ရပေလိမ့်မည်။

သို့သော်... မည်သို့ပင် မောက်မာထောင်လွှားသည်ဆိုစေကာမူ

လီချင်းချန်သည် ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်လေ၏။

သူက အဆင့်မြင့်ကျင့်ကြံသူများနှင့် ရင်ဆိုင်ရသည့်အခါ ချင်းယန်ကျောင်းတော်မှ တပည့်ဖြစ်သည်ကို အရင်ဦးဆုံး ထုတ်ဖော်ပြောတတ်လေသည်။ ကျင့်ကြံသူအများစုက သူ့ကို ချင်းယန်ကျောင်းတော်မှ တပည့်မှန်း သိရှိသွားကြလျှင် တော်ရုံဖြင့် အများမလုပ်ရဲကြတော့ပေ။ ထိုသို့ဖြင့် သူသည် မောက်မာ ချင်တိုင်း မောက်မာနေလေတော့သည်။

ယနေ့တော့ သူက အမဲလိုက်ရန်အတွက် ချင်ပြည်နယ်မြို့တော်မှ ထွက်ခွာလာခဲ့ခြင်း ဖြစ်လေသည်။ ရုတ်တရက်... ပိုင်ကျားမြို့ထဲမှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ရွှေရောင် အလင်းတန်းများမှာ ရင်သပ်ရှုမောဖွယ်ကောင်းလောက်အောင် ခမ်းနားလွန်းလှသည့်အတွက် သူက အဖြစ်အပျက် ကို သိချင်မိခြင်း ဖြစ်လေသည်။

ထို့ကြောင့် သူက ချင်းရှုတောင်သို့ ရောက်သည့်အခါ နတ်ကြာ ပွတ်ကို အသုံးပြု၍ မြေစောင့်နတ်ကိုထိန်းချုပ်ပြီး အဖြစ်အပျက်များကို စုံစမ်းမေးမြန်းလိုက်ခြင်း ဖြစ်လေသည်။ သို့သော် မြေစောင့်နတ်ကို စစ်မေးခြင်းမပြုရသေးမီ ကာယကံရှင်ဖြစ်သည့် နတ်ဘုရားက ထွက်ပေါ်လာခဲ့လေ သည်။

လီချင်းချန်သည် ယခုဘဝတွင် အဆင့်မြင့်ကျင့်ကြံသူတစ် ယောက် မဟုတ်သေးသည့်တိုင် ချင်းယန်ကျောင်းတော်မှ တပည့်တစ်ယောက် ဖြစ်လေသည်။ ယခင်ဘဝကလည်း နတ် ဘုရားတစ်ပါးဖြစ်ခဲ့လေရာ သူ၏ အရည် အချင်းများက နှယ်နှယ်ရရတော့မဟုတ်ပေ။

သူက ဆန်းလျန်ကို တွေ့လိုက်သည်နှင့် ဆန်းလျန်၏ခန္ဓာကိုယ် မှ ထွက်ပေါ်နေသည့် မြင့်မားသည့် တာအိုတန်ခိုး စွမ်းအားများ ကို ခံစားလိုက်မိလေသည်။ ထို့ပြင် ဆန်းလျန်၏ခန္ဓာကိုယ်မှာ

လည်း လင်းလက်တောက်ပနေလေရာ ရုပ်ခန္ဓာတစ်ခုမှ ခွဲထွက်လာသည့် ဝိညာဉ်တစ်ခုဖြစ်ကြောင်း ချက်ချင်း သိလိုက်လေသည်။

ယခုအချိန်မှာ နေ့အချိန်ဖြစ်သည့်တိုင်အောင် ဆန်းလျန်၏ ဝိညာဉ်သည် နေရောင်အောက်တွင် အေးအေးဆေးဆေး ပင် ရပ်တည်နေသည်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်မှာ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက် ဖြစ်ကြောင်း ခန့်မှန်း သိရှိနိုင်လေသည်။

ထို့ကြောင့် လီချင်းချန်က မတိုက်ခိုက်တော့ဘဲ ရှောင်ပြေးရန် ဆုံးဖြတ်လိုက်လေသည်။ ပြီးမှ ချင်းယန်နန်းတော်ကို သတင်းပို့ရမည် ဖြစ်လေသည်။

ဆန်းလျန်က လီချင်းချန်၏ စိတ်ထဲတွင် ကြံစည်နေသည့် အကြံအစည်များကို သိရှိသည့်တိုင် အံ့သြခြင်း မရှိပါ။

ကျင့်ကြံသူများသည် မည်သည့်အချိန်တွင်တိုက်ခိုက်ရမည် ၊

မည်သည့်အချိန်တွင် ထွက်ပြေးရမည်ကို ကောင်းကောင်းသိ

သူများဖြစ်ကြလေသည်။

တာအိုကျင့်ကြံသူများဆိုသည်က ထာဝရအသက်ရှင်သန်ရန်

အတွက် နတ်ဘုရားတစ်ပါး ဖြစ်လိုကြသောကြောင့် ကျင့်စဉ်

လမ်းကို လျှောက်လှမ်းနေကြသူများ ဖြစ်ကြလေသည်။

မည်သူမှ လောကတွင် သူရဲကောင်းဖြစ်လိုစိတ် မရှိကြပေ။

မဟုတ်ပါက ထာဝရ ရှင်သန်ခြင်းနှင့်ဝေးကွာပြီး သေလမ်းမြန်း

ရမည် ဖြစ်လေသည်။

ထို့ကြောင့် ကျင့်ကြံသူများသည် ပြဿနာများနှင့် ထိပ်တိုက်

ရင်ဆိုင်ကြရသည့်အခါ သူရဲကောင်းဆန်ဆန် ပြုမူခြင်း ထက်

အသက်ရှင်သန်ရေးအဓိကထားကာ ရှောင်ထွက်သွားကြစမြဲ

ပင်ဖြစ်လေသည်။

ဆန်းလျန်က...

"မင်းနဲ့ကျုပ်ကြားမှာ ဘာရန်ငြိုးမှမရှိဘူး ၊ ဒါပေမယ့် မင်းက အသက်ငယ်ငယ်နဲ့ မောင်မာရိုင်းပြလွန်းတယ် ၊ ကျုပ်သာ သာမန်ကျင့်ကြံသူတစ်ယောက်ဆိုရင် မြေစောင့်နတ်လိုပဲ မင်းရဲ့ကြာပွတ်စာ မိသွားမှာပဲ ၊ အဲဒီတော့ မင်းကို အပြစ်နည်းနည်းတော့ ပေးရလိမ့်မယ်..."

လီချင်းချန်က...

"ကျုပ်က ချင်းယန်ကျောင်းတော်ကတပည့်ပဲ ၊ ကျုပ်ကို အပြစ်ပေးမယ်ဆိုရင် ကျုပ်ဆရာကပဲ အပြစ်ပေးလိမ့်မယ် ၊ တာအိုရောင်းရင်းက ကျုပ်ထက် ကျင့်စဉ်လမ်းမှာ အဆင့်မြင့်ပုံရပေမယ့် တခြားဂိုဏ်းကတပည့်ကို ဘယ်လိုလုပ် အပြစ်ပေးခွင့်ရှိမှာလဲ ၊ ဒီနေ့ကိစ္စမှာ ကျုပ်နည်းနည်းလွန်သွားတာမှန်ပါတယ် ၊ ဒါကြောင့် ကျုပ် မြေစောင့်နတ်ကို ပြန်တောင်းပန်လိုက်ပါ့မယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းက ဒီလိုစကားမျိုးပြောပုံရတာ သိပ်ပြီး မဆိုးလှပါဘူး ၊ ဒါပေမယ့် ကျုပ်ကလည်း သာမန်နတ်ဘုရားတစ်ပါး မဟုတ်ဘူး ၊ မင်းကို အပြစ်ပေးသင့်တယ်လို့ ကျုပ်စိတ်ကယူဆရင် အပြစ်ပေးမှာပဲ..."

လီချင်းချန်မှာ အနည်းငယ်ရင်ထိတ်သွားလေသည်။

သူသည် ယနေ့မနက် အိမ်မှထွက်လခဲ့စဉ်က ကံကောင်းမကောင်းကို တွက်ချက်ကြည့်ရန် မေ့ခဲ့လေသည်။ ယခုတော့ သူ့ကို အပြစ်ပေးမည့် ထူးဆန်းသည့်လူတစ်ယောက်နှင့် လာတွေ့နေခဲ့ရပြီ။

သူက ချင်းယန်ကျောင်းတော်မှ တပည့်တစ်ယောက် ဖြစ်လေသည်။ အခြားသော နတ်ဘုရားတစ်ပါးက သူ့ကို အပြစ်ပေးမည်ဆိုလျှင် ချင်းယန်ကျောင်းတော်အတွက် မျက်နှာပျက်အရှက်ရစရာ ဖြစ်ရပေလိမ့်မည်။ ထို့ကြောင့် လီချင်းချန်မှာ

မည်သည့်စကားမှ မပြောနိုင်တော့ဘဲ ထိတ်လန့်ကြောက်ရွံ့နေမိလေသည်။

သူ့အတွက် အခြားနတ်ဘုရားတစ်ပါးက အပြစ်ပေးသည်ကို ခံရခြင်းထက် တိုက်ခိုက်ထွက်ပြေးသည်က ပိုပြီး သိက္ခာရှိနိုင်မည် ဖြစ်လေသည်။

လီချင်းချန်က ချက်ချင်းပင် နတ်ကြာပွတ်ကို ဝှေ့ယမ်းကာ နာနတ်ပင်များကို ရိုက်ချလိုက်လေရာ နာနတ်ဆူးများ ကောင်းကင်တစ်ခုလုံးတွင် ပျံ့နှံ့သွားလေသည်။

သူက ဆန်းလျန်ကို နာနတ်ဆူးများဖြင့် ပိတ်ဆို့ထားခဲ့ပြီး ထွက်ပြေးသွားလေတော့သည်။

သို့သော်.... ဆယ်ပေမျှအဝေးရောက်အောင် မပြေးနိုင်ခင်မှာပင် သူ့ရှေ့တွင် ရပ်နေသည့် ဆန်းလျန်ကို တွေ့မြင်လိုက်ရလေသည်။ ဆန်းလျန်က သူ့ကို ပြုံးပြီး ကြည့်နေလေ၏။

ဆန်းလျန်သည် သူ့ထက် တန်ခိုးစွမ်းအားများစွာ မြင့်မား သည့်အတွက် လီချင်းချန်အနေဖြင့် လွတ်လမ်း မရှိတော့ပေ။ သူက အံတင်းတင်းကြိတ်လိုက်ရင်း ကြာပွတ်ကိုဝှေ့ယမ်းလိုက် ပြီး ဆန်းလျန်ကို တိုက်ခိုက်လိုက်လေသည်။

ကြာပွတ်မှ လျှပ်စီးထက်ပင်လျှင်မြန်သည့် အဖြူရောင် အလင်းတန်းများ ထွက်ပေါ်လာပြီး ဆန်းလျန်၏ခန္ဓာကိုယ် ပေါ် သို့ ကျရောက်လာလေသည်။

သို့သော်... ကြာပွတ်သည် ဆန်းလျန်၏ အကျႌစကိုပင် မထိနိုင် ခဲ့ပေ။

ဆန်းလျန်က လီချင်းချန်၏ ကြာပွတ်ကို လက်နှစ်ချောင်းဖြင့် ညှပ်ကာ ဖမ်းထားလိုက်ပြီး အဖြူရောင်အလင်းတန်းမှာ ချက်ချင်းပင် အဖြူရောင်အခိုးအငွေ့များအဖြစ်သို့ ပြောင်းလဲ သွားရလေသည်။

မထင်မှတ်စွာပင် လီချင်းချန်၏လက်ထဲမှ ကြာပွတ်မှာ ဆန်းလျန်၏ လက်ထဲသို့ ရောက်ရှိသွားလေတော့၏။

ဆန်းလျန်က...

"ကျုပ်က ပစ္စည်းတွေကို အာရုံခံနိုင်စွမ်းရှိတယ်၊ မင်းက ဒီကြာပွတ်ကို အသုံးပြုပြီး လူ (၃၅)ယောက်ကို ရိုက်ခဲ့တာပဲ၊ သေလောက်တဲ့အထိမဟုတ်ပေမယ့် အရိုက်ခံရတဲ့သူတွေ နာကျင်ခံစားခဲ့ကြရတယ်၊ ဒီနေ့တော့ သူတို့ကိုယ်စား မင်းကို အပြစ်ပေးရလိမ့်မယ်..."

လီချင်းချန်က...

"ကျုပ်က လူ (၃၄)ယောက်ကိုပဲ ရိုက်ခဲ့တာပါ..."

သို့သော်... စကားပြောပြီးသွားသည်နှင့် စကားမှားသွားပြီဖြစ်ကြောင်း လီချင်းချန် ချက်ချင်းသိလိုက်ရလေသည်။

သူက ဆန်းလျန်ကိုထည့်မတွက်ခဲ့ဘဲ (၃၄)ယောက်ဟု ပြော
လိုက်ခြင်း ဖြစ်လေသည်။ တစ်ဖက်လူ၏ ရှင်းရှင်းလင်းလင်း
သိမြင်နိုင်စွမ်းမှာ ကြောက်မက်ဖွယ်ရာကောင်းလွန်းလှပေစွ။
သို့သော် ဆက်မတွေးနိုင်ခင်မှာပင် လီချင်းချန်ထံမှ စူးရှသည့်
အော်သံတစ်ချက် ထွက်ပေါ်လာလေသည်။
ယခင်တုန်းက သူကသာလျှင် အခြားသူများကို ကြာပွတ်ဖြင့်
ရိုက်ခဲ့သူဖြစ်လေသည်။ ယခုတော့ သူပြန် အရိုက်ခံနေရလေ
ပြီ။
ကြာပွတ်ဖြင့်ရိုက်ချက်တိုင်းသည် သူ၏ခန္ဓာကိုယ်သာမက
စိတ်ဝိညာဉ်အထိပါ ထိုးဖောက်နာကျင်စေလေသည်။ ဤသို့
သော ရိုက်ချက်မျိုးဖြင့် အရိုက်ခံရလျှင် သံမဏိလူသားပင်ဖြစ်
ဦးတော့ နာကျင်စွာ ခံစားရမည် ဖြစ်လေ၏။
အချက်ပေါင်း (၃၅)ချက် အရိုက်ခံပြီးသည့်နောက်တွင်တော့
ကြာပွတ်က ရပ်တန့်သွားလေသည်။ ထိုအခါမှ လီချင်းချန်မှာ

အနည်းငယ်စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်နိုင်လေသည်။ ကြာပွတ်ဒဏ် ကြောင့် သူ၏ သွေးကြောဆုံချက်များထဲမှ ဝိညာဉ်အငွေ့များပင် ထွက်ပေါ်လာရလေသည်။

ထို့ပြင် အခြားသူများကို သူရိုက်ခဲ့စဉ်အခါက ထည့်သွင်းခဲ့သည့် အားအတိုင်း ဆန်လျန်က ရိုက်ချက်တိုင်းတွင် အားထည့်သွင်းထားခဲ့လေသည်။

ကြာပွတ်ဖြင့် အရိုက်ခံလိုက်ရပြီးသည့်နောက်တွင်တော့ လီချင်းချန်မှာ စိတ်များ ရှုတ်ထွေးနေပြီး ခေါင်းများလည်း ချာချာလည်အောင် မူးဝေနေရလေသည်။ အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် မည်သည့်အရပ်မျက်နှာကိုမှ သိမြင်နိုင်ခြင်း မရှိတော့ဘဲ သစ်ပင်တစ်ပင်ကို အသာမှီကာ နားနေရလေသည်။

ဆန်းလျန်က သူ့ကို တစ်ချက်ပင် မကြည့်တော့ပါ။

ဒဏ်ရာရသွားသည့် မြေစောင့်နတ်ကိုသာ လက်နှစ်ချောင်းဖြင့် တစ်ချက်ညွှန်ပြလိုက်ပြီး ဒဏ်ရာကို ကုသပေးလိုက် လေသည်။

ထို့နောက် သူသည် ချင်းရှတောင်ပေါ်မှ ဆင်းသွားလေတော့သည်။

အခန်း (၇၂၉) ဘဝကိုက ကံမကောင်းအကြောင်းမလှ

ထိုနေ့ နေ့လည်ခင်းတွင်တော့ အိပ်ပျော်နေရာမှ အရင်ဦးဆုံး နိုးလာသူမှာ ပိုင်ရှောက်ယွီ ဖြစ်လေသည်။

ထို့ပြင်…နေ့လည်က နေ့လည်စာ စားနေရင်း ဆန်းလျန်ပေး ထားသည့် ကြေးပြားလေး (၂)ပြားမှာလည်း ဘယ်နား ကျသွား သည်မသိလိုက်ရဘဲ ပျောက်ဆုံးသွားခဲ့လေသည်။

ပိုင်ရှောက်ယွီမှာ (၃)ရက်နှင့် (၃)ညတိတိပင် မနားတမ်း လောင်းကစား ပြုလုပ်နိုင်မည့်အလား ခန္ဓာကိုယ်တစ်ခုလုံး အားအင်များဖြင့် ပြည့်ဝလျှက်ရှိလေသည်။ သို့သော်… သူ သည် လောလောဆယ်အချိန်တွင် လောင်းကစားဂေဟာ သို့မ သွားရဲသေးပါ။ မနေ့ကအဖြစ်အပျက်ကို ပြန်စဉ်းစားကြည့် ရင်း ကြောက်ရွံ့နေမိဆဲ ဖြစ်လေသည်။ လောင်းကစားဂေဟာမှ ပြန်ထွက်မလာ နိုင်မည်ကို ကြောက်ရွံ့နေမိလေသည်။

သို့သော်… ပိုင်ရှောက်ယွီနိုးလာသည့်အခါတွင်တော့ ခြံဝန်းထဲရှိ ကုလားထိုင်တွင် ဆန်းလျန် ထိုင်နေသည်ကို တွေ့မြင်လိုက်ရ လေသည်။ သူ၏လက်ထဲတွင် ကြာပွတ်တစ်ချောင်းကို ကိုင် ထားလေသည်။ ဆန်းလျန်က ကြာပွတ်ကို ဖြည်းဖြည်းချင်းလွှဲ

လိုက်သည်နှင့် အပြာရောင်ကျောက်ပြားလမ်းလေးပေါ်တွင် ဂျင်လေးတစ်ခုက မွတ်နေအောင် လည်နေလေသည်။ ကြာပွတ်ဖြင့် ထိမိတိုင်း ဂျင်လေးမှာ အဆက်မပြတ်လည်ပတ်လျှက်ရှိလေ၏။

ပိုင်ရှောက်ယွီမှာလည်း ဂျင်လှည့်တတ်သူတစ်ယောက် ဖြစ်ပါသည်။ သို့သော်... ကြာပွတ်ကို အသုံးပြုကာ ဂျင်လှည့် နေခြင်းကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်း ဖြစ်လေသည်။

အပြာရောင် ကျောက်ပြားလမ်းလေးထက်တွင် ဂျင်လေးက မွတ်နေအောင်လည်နေပြီး လည်ပတ်နေသည့် အရှိန်က လည်း တည်ငြိမ်လေသည်။ လည်ပတ်နေသည့် ဂျင်လေး၏ ထိပ်တွင် စက်ဝိုင်းပုံစံတစ်ခု ဖြစ်ပေါ်လာပြီး ထိုစက်ဝိုင်း မှာ ထိုက်ချိယင်ယန်သင်္ကေတအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ပိုင်ရှောက်ယွီသည် စာပေသိပ်မတတ်သော်လည်း ပါ့ကွ သင်္ကေတဖြစ်သည့် ထိုက်ချိယင်ယန်သင်္ကေတကိုတော့ ကောင်းစွာသိရှိလေသည်။

သူက ကြာပွတ်ဖြင့် ဆန်းလျန် မည်သို့ ဂျင်လှည့်နေသည်ကို အာရုံစိုက်ပြီး ကြည့်လိုက်လေသည်။ အချိန်အကြာကြီး ကြည့်ပြီးသည့်နောက် နားလည်သွားရလေသည်။ သိပ်ပြီးခက်ခဲခြင်း မရှိပါ။ မျက်စိနှင့် လက်ကောက်ဝတ်ကို အနည်းငယ် အာရုံစိုက်လိုက်လျှင်ရပြီဟု သူက တွေးလိုက်လေသည်။

ထိုအချိန်မှာပင် ဆန်းလျန်က မေးလိုက်လေသည်။

"မင်း စမ်းကြည့်ချင်လား..."

ပိုင်ရှောက်ယွီမှာ တေလေကြမ်းပိုးတစ်ယောက် ဖြစ်လေသည်။ သူက ထိုသို့သော ကစားနည်းများကို ကြိုက်နှစ်သက်သူ ဖြစ်လေသည်။ ထို့ကြောင့် သူက အားနာပါးနာနှင့် ငြင်းမနေ တော့ဘဲ ဆန်းလျန်၏ လက်ထဲမှ ကြာပွတ်ကို လှမ်းယူလိုက်လေ၏။

သို့သော်... ကြာပွတ် သူ့လက်ထဲသို့ရောက်သည်နှင့် တစ်ခုခု မှားနေသည်ကို ချက်ချင်း ခံစားလိုက်ရလေသည်။

ပိုင်ရှောက်ယွီက...

"ဒီကြာပွတ်က ပေါ့လိုက်တာ..."

ပိုင်ရှောက်ယွီက ကြာပွတ်ကို အနည်းငယ် ဝှေ့ယမ်းကြည့်လိုက်လေသည်။

ကြာပွတ်မှာ ကြောင်မြီးပန်းလေးအလား ပေါ့ပါးလွန်းလှလေသည်။ ထိုကြာပွတ်ဖြင့်ဆိုလျှင် မည်မျှပင် ကြိုးစားပါစေ ဂျင်ကိုလည်အောင် လှည့်နိုင်မည် မဟုတ်ပေ။ လည်အောင်လှည့်ဖို့ အသာထား ဂျင်ကို ရွေ့လျားအောင်ပင် လုပ်နိုင် မည်မဟုတ်ပေ။

ပိုင်ရှောက်ယွီက (၅)ခါ ၊ (၆)ခါ မျှ ကြိုးစားကြည့်သည့်တိုင် ဂျင်က မလည်ရုံတင်မက လှုပ်ပင် မလှုပ်ပေ။

ပိုင်ရှောက်ယွီက...

"ဒီကြာပွတ်နဲ့ ဘယ်လိုကစားရမှာလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းရဲ့ ဝမ်းဗိုက်အောက်ပိုင်းမှာ အပူလှိုင်းတစ်ခုထွက်လာတယ်လို့ ခံစားကြည့်လိုက်၊ ပြီးရင် အဲဒီအပူလှိုင်းကို မင်းရဲ့လက်ကိုပို့လွှတ်လိုက်၊ ထပ်လုပ်ကြည့်...."

ပိုင်ရှောက်ယွီက ဆန်းလျန်စကားအတိုင်း နားထောင်ပြီး ထပ်လုပ်ကြည့်လိုက်လေသည်။

သူ၏ဝမ်းဗိုက်အောက်ပိုင်းတွင် အပူလှိုင်းတစ်ခုထွက်ပေါ်လာပြီး ထိုအပူလှိုင်းကို လက်ဆီသို့ စိတ်ဖြင့်မှန်းကာ ပို့လွှတ် လိုက်လေသည်။

ထိုအခါ သူ့ခေါင်းများ ချက်ချင်းပင် မူးဝေသွားသလို ခံစားလိုက်ရပြီး အပူလှိုင်းသည် ကြာပွတ်ဆီသို့ စီးဆင်း ဝင်ရောက်သွားလေသည်။ အပူလှိုင်းသည် မြွေတစ်ကောင် တွင်းထဲမှ လျောခနဲထွက်လာသလို ကြာပွတ်အတွင်းသို့ ချက်ချင်းပင် စီး

ဆင်းဝင်ရောက်သွားပြီး ကြာပွတ်မှာ ချက်ချင်းပင် အသက်ဝင်လာလေသည်။

ပိုင်ရှောက်ယွီမှာ အရှိန်ကိုမထိန်းနိုင်ဘဲ ကြာပွတ်ဖြင့် အပြာရောင်ကျောက်သားလမ်းကို ရိုက်မိသွားပြီး မီးပွားများဖြာထွက်လာလေသည်။

ပိုင်ရှောက်ယွီက အလွန်အမင်း အံ့သြသွားပြီး...

"ဒီကြာပွတ်က တကယ် တန်ခိုးစွမ်းအား မြင့်မားတာပဲ ၊ လူကိုရိုက်မိရင်တော့ ဒုက္ခတွေရောက်ကုန်မှာပဲ..."

ဆန်းလျန်က...

"မင်းသဘောကျလား ၊ မင်းကိုပေးမယ်လေ..."

ပိုင်ရှောက်ယွီက တစ်ချက်မျှ စဉ်းစားလိုက်ပြီး ...

"တကယ်လား..."

ဆန်းလျန်က...

"ကျုပ်က လိမ်ပြောစရာလား..."

ပိုင်ရှောက်ယွီက...

"ကျုပ် သဘောကျတယ်..."

သူကပြောပြီးသွားသည်နှင့် ကြာပွတ်ကို ကလေးငယ်တစ်ယောက်အလား သဘောကျစွာဖြင့် ထိကိုင်ကြည့်လိုက် လေသည်။

ထိုကြာပွတ်ကို မည်သည့်အရာဝတ္ထုဖြင့် ပြုလုပ်ထားမှန်း မသိရပေ။ ကြာပွတ်အသွားက နူးညံ့ပြီး ချောမွေ့နေလေ သည်။ ကြာပွတ်လက်ကိုင်တွင်တော့ ရိုးရှင်းသည့် သင်္ကေတပုံစံများကို ထွင်းထုထားလေသည်။ လက်ရာကိုကြည့် သည်နှင့် အလွန်အဖိုးတန်သည့်ပစ္စည်းဖြစ်ကြောင်း သိရှိနိုင်လေသည်။

ပိုင်ရှောက်ယွီက စိတ်ဝင်တစားဖြင့်...

"ခင်ဗျား ဒီကြာပွတ်ကို ဘယ်ကရလာတာလဲ..."

ဆန်းလျန်က...

"လီချင်းချန်ဆိုတဲ့ ကောင်လေးတစ်ယောက်ဆီက..."

ပိုင်ရှောက်ယွီက ခေါင်းတစ်ချက်စောင်းကာ စဉ်းစားနေလိုက်လေသည်။

ပိုင်ကျားမြို့တွင် တန်ခိုးစွမ်းအားမြင့်မားသူ လီမျိုးနွယ် တစ်ယောက်မှ မရှိပေ။ ဖြတ်သွားဖြတ်လာ ခရီးသွား တစ်ယောက်ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သူက အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

သူက ဆန်းလျန်သင်ပြပေးသည့်အတိုင်း ကြာပွတ်ကိုကိုင်ကာ ဂျင်ကို ရိုက်လိုက်လေသည်။ သို့သော်... သူ၏ စွမ်းအားများကို မထိန်းချုပ်နိုင်သေးသည့်အတွက် ကြာပွတ်ဖြင့် ရိုက်မိသည့်အခါ ဂျင်မှာ နှစ်ခြမ်းကွဲသွားကြလေ သည်။

ဆန်းလျန်က ပိုင်ရှောက်ယွီကို တစ်ချက်ကြည့်လိုက်ပြီး...

"ဒီလမ်းပေါ် သန့်ရှင်းရေးလုပ်လိုက် ၊ ပြီးရင် အလုပ်သွားလုပ်တော့..."

ဆန်းလျန်၏ စကားကြောင့် ပိုင်ရှောက်ယွီက စိတ်ဓာတ်ကျ

သွားခြင်း မရှိပါ။

သူက ကြာပွတ်ကို အလွန်သဘောကျနေလေသည်။

ကြာပွတ်ကို အသုံးပြုရသည်မှာ ခက်ခဲလေ စိတ်ဝင်စားစရာ

ကောင်းလေ ဖြစ်လေသည်။ အမှန်တော့ ပိုင်ရှောက်ယွီက

အခြားအရာများကို စိတ်မဝင်စားပါ။ သူက ကြာပွတ်ဖြင့် ဆော့

ကစားလိုခြင်း ဖြစ်လေသည်။

သို့သော်... ဆန်းလျန်နှင့် စာချုပ်ချုပ်ထားသည့်အတွက် ပိုင်

ရှောက်ယွီမှာ အလုပ်လုပ်ရာတွင် အပျင်းမထူရဲပါချေ။

ထို့ကြောင့် ဆက်ကစားချင်နေသေးသည့်တိုင် အလုပ်လုပ်ရန်

ထွက်လာခဲ့လေသည်။ သို့ရာတွင် ကြာပွတ်ကောင်း လေးတစ်ခု

ရထားလေရာ သူက ကြွားချင်မိသေးသည်။ ထို့ကြောင့် အခြား

သူများတွေ့မြင်နိုင်ရန်အတွက် သူက ကြာပွတ်ကို ခါးတွင်

ခါးစည်းကြိုးကဲ့သို့ ချည်နှောင်ထားလိုက်လေသည်။

နေ့လည်စောင်းသည့်အချိန်တွင်တော့ မေနန့်စန်းက လမ်းလျှောက်ရန်အတွက် အပြင်သို့ ထွက်လာလေသည်။ ပိုင်ရှောက်ယွီမှာလည်း အလုပ်များ လက်စသတ်နေပြီ ဖြစ်သည့်အတွက် မေနန့်စန်းကိုတွေ့သည်နှင့် ချက်ချင်းပင် နှုတ်ဆက်လိုက်လေသည်။

မေနန့်စန်းက ပိုင်ရှောက်ယွီ၏ ခါးတွင်ချည်ထားသည့် ကြာပွတ်ကို တစ်ချက်ကြည့်လိုက်ရင်း...

"ညီလေးပိုင်၊ ဒီကြာပွတ်က တကယ်ကောင်းတဲ့ ပစ္စည်းတစ်ခုပဲ၊ ဆူးနတ်ဘုရားမြက်နဲ့ ပြုလုပ်ထားတာ ဖြစ်ရမယ်..."

ပိုင်ရှောက်ယွီက....

"ဆရာမေက တကယ်အမြင်စူးရှတာပဲ၊ ကျွန်တော်တောင် ဒီကြာပွတ်ကို ဘာပစ္စည်းနဲ့လုပ်ထားမှန်း မသိဘူး၊ ဆရာမေက တစ်ချက်ကြည့်လိုက်တာနဲ့တင် ဘာနဲ့လုပ်ထားတာလဲဆိုတာ ချက်ချင်းသိသွားတယ်၊ အရမ်းတော်တာ ပဲဗျာ..."

မေနန္ဒစန်းက ပြုံးလိုက်ရင်း…

"အရင်က ဒီလိုကြာပွတ်မျိုး တစ်ခုမြင်ဖူးတယ်လေ ၊ ဒါ့ကြောင့် သိနေတာပါ…"

ပိုင်ရှောက်ယွီမှာ ရုတ်တရက် တုန်လှုပ်သွားပြီး…

"ဘယ်မှာတွေ့ဖူးတာလဲ…"

မေနန္ဒစန်းက…

"ချင်ပြည်နယ်မြို့တော်က စစ်ဗိုလ်ချုပ်ကြီးလီကျုန်းပင်းရဲ့အိမ်တော်မှာ တွေ့ဖူးတာ ၊ သူတို့အိမ်က သခင်လေးမှာ အဲဒီလို ကြာပွတ်မျိုး တစ်ခုရှိတယ် ၊ ပြောရရင် မင်းရဲ့ကြာပွတ်က လီသခင်လေးရဲ့ကြာပွတ်နဲ့ တော်တော်ဆင်တာပဲ ၊ လူတစ်ယောက်တည်းက ပြုလုပ်ထားတာဖြစ်ရမယ်"

ပိုင်ရှောက်ယွီက…

"လီသခင်လေးရဲ့ နာမည်က ဘယ်လိုခေါ်လဲ…"

မေနန္ဒစန်းက…

"လီချင်းချန်..."

မေနန့်စန်းထံမှ အဖြေကိုကြားသည်နှင့် ပိုင်ရှောက်ယွီသည် ကမန်းကတန်းပြေးထွက်သွားပြီး ဆန်းလျန်ကိုလိုက်ရှာ လေတော့သည်။

"အစ်ကိုဆန်း ၊ အစ်ကိုဆန်း... ကျုပ် ဒီကြာပွတ်ကို မလိုချင်တော့ဘူး..."

ဆန်းလျန်က...

"မင်းလိုချင်လို့ယူသွားတာ ၊ ပြန်ပေးလို့တော့မရဘူးနော်..."

ပိုင်ရှောက်ယွီက...

"ဒါဖြင့် ကျုပ်လွှတ်ပစ်လိုက်လို့ရလား..."

ဆန်းလျန်က...

"ရတယ်... ဒါပေမယ့် လီချင်းချန်လာမေးရင်တော့ ကျုပ်က မင်းလွှတ်ပစ်လိုက်ပြီလို့ ပြောလိုက်မှာ..."

ပိုင်ရှောက်ယွီက...

"ဒါဖြင့် ကျုပ်ကို ခွင့်တစ်ရက်လောက်ပေးပါ၊ သူ့ပစ္စည်းကို ကျုပ်ပြန်သွားပေးလိုက်မယ်၊ ကျုပ်ကြောက်နေတာကို အပြစ်မတင်ပါနဲ့၊ ကျုပ်လိုလူတစ်ယောက်က အာဏာပိုင်တွေနဲ့ ပြဿနာမဖြစ်ရဲပါဘူး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းက ကြာပွတ်ကို လီချင်းချန်ကို သွားပြန်ပေးရင် သူက မင်း ဒီပစ္စည်းကို ဘယ်ကရလာတာလဲလို့မေးရင် ဘယ်လို ဖြေမလဲ၊ အဲဒီကောင်လေးက အခုဆိုရင် ကျုပ်ကိုသေလောက်အောင် မုန်းနေလောက်ပြီ၊ ဒေါသတွေကိုမင်းအပေါ် ပုံချပြီး မင်းကို အချုပ်ထဲထည့်ချင်ထည့်လိုက်မှာ၊ ကျုပ်က မင်းကိုလာကယ် မယ်လို့တော့ မမျှော်လင့်နဲ့နော်..."

ပိုင်ရှောက်ယွီမှာ ကြာပွတ်ကို လိုချင်သည့်စိတ်အား မထိန်းနိုင်ခဲ့သည့်အတွက် သူ့ကိုယ်သူသာ အပြစ်တင် နေမိလေတော့သည်။

ပြီးခဲ့သည့်အခေါက် ဆန်းလျန်ဆီမှ ကြေးပြား (၂)ပြားရတုန်း ကလည်း သူ့မှာ သေမလို ဖြစ်ခဲ့ရလေသည်။ ယခု ကြာပွတ်ရ ပြန်တော့လည်း စစ်ဗိုလ်ချုပ်ကြီးလီကျုန်းပင်း၏ သားဖြစ်သူ လီသခင်လေးနှင့် ပြဿနာတက်ရတော့မည်။

လီအိမ်တော်ကဲ့သို့ အရာရှိအရာခံ ဂုဏ်သရေရှိပုဂ္ဂိုလ်များနှင့် သူ့လို သာမန်လူတစ်ယောက်က မည်သို့ ယှဉ်နိုင်ပါမည် နည်း။

ဆန်းလျန်ကတော့ လုံးဝအကြောက်အလန့်မရှိသည်ကို သူသိ ထားပါသည်။

သို့သော်... ဆန်းလျန်က နတ်ဘုရားတစ်ပါးဖြစ်လေသည်။

နတ်ဘုရားတစ်ပါး မဟုတ်လျှင်တောင်မှ နတ်ဘုရားအဖြစ် အဆင့်တက်ရောက်ခါနီး ကျင့်ကြံသူတစ်ယောက် ဖြစ်ပေ လိမ့်မည်။

သူကတော့ သာမန်လူတစ်ယောက်ဖြစ်လေ၏။ ဆန်းလျန်သာ သူ့ကို အရေးမစိုက်တော့လျှင် ကျိန်းသေ ဒုက္ခရောက် ရမည် ဖြစ်လေသည်။

ပိုင်ရှောက်ယွီသည် ချက်ချင်းဒူးထောက်ပြီး ဆန်းလျန်၏ ခြေသလုံးဖက်ကာ တောင်းပန်ချင်မိလေသည်။ သို့သော်... တကယ်တမ်း ထိုသို့ပြုလုပ်ပါကလည်း အသုံးမဝင်သည်ကို သိလိုက်လေသည်။

ထို့ကြောင့် ပိုင်ရှောက်ယွီက မျက်ရည်မကျကျအောင် ညှစ်ထုတ်ကာ ငိုယိုလိုက်ရင်း...

"အစ်ကိုဆန်း ၊ ကျုပ်မှာ မိန်းမတောင်မယူရသေးဘူး ၊ သားသမီးမျိုးဆက်တွေလည်း မရှိသေးဘူး ၊ မသေချင်သေးပါဘူးဗျာ ၊ အခုတော့ ဘာလုပ်ရမလဲ အကြံလေး ဘာလေး ပေးပါဦး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒါမင်းကိစ္စပဲ ၊ ကျုပ်နဲ့ဘာဆိုင်လို့လဲ..."

ပိုင်ရှောက်ယွီ မျက်ရည်ဆက်မကျတော့ပေ။

ဆန်းလျန်က သူ့ကို မည်သည့်အကြံဉာဏ်မှ ပေးမည်မဟုတ်

သည်ကို သိရှိသွားသောကြောင့် ဖြစ်လေသည်။

နောက်ဆိုလျှင် ဆန်းလျန်ပေးလျှင် မည်သည့်ပစ္စည်းကိုမှ မယူ

တော့ဘူးဟု ပိုင်ရှောက်ယွီ ဆုံးဖြတ်ချက်ချလိုက်လေ သည်။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်ပေးသည့်ပစ္စည်းတိုင်းမှာ သူ့

အတွက် မျက်ရည်နှင့်မျက်ခွက် ဖြစ်ရသည် ချည်းပင်။

ပိုင်ရှောက်ယွီမှာ ကြံရာမရသည့်အဆုံး ဆရာမေဆီသို့သွားကာ

အကြံဉာဏ်တောင်းရန် ဆုံးဖြတ်လိုက်လေသည်။ သို့သော်

ဆရာမေမှာ ရေးကြီးသုတ်ပြာအမူအရာဖြင့် စားသောက်ဆိုင်

အတွင်းမှ ထွက်ခွာသွားသည်ကို တွေ့လိုက်ရ လေသည်။ ကြည့်

ရသည်မှာ အရေးကြီးကိစ္စ တစ်ခု ပေါ်လာဟန် ရှိလေ၏။

ထိုအချိန်မှာပင် ဆန်းချင်းချင်းတစ်ယောက် အောက်ထပ်သို့ ဆင်းလာလေသည်။

သူမက ပျင်းရိစွာဖြင့် ခါးတစ်ချက်ဆန့်လိုက်ရင်း...

"ဦးလေးကြီးရေ ဒီနေ့ အိပ်လို့ကောင်းလိုက်တာဗျို့..."

ဆန်းချင်းချင်းမှာ နေ့လည်က စားလိုက်ရသည့် အစားအသောက်များကို အလွန်သဘောတွေ့နေလေသည်။

ဟင်းလျာများမှာ အရသာရှိရုံသာမက ဝိညာဉ်စွမ်းအားဖြင့်လည်း ပြည့်ဝနေလေရာ သူမ၏ ကိုယ်တွင်းမှ ဝိညာဉ်စွမ်းအားများ အားကောင်းလာခဲ့လေသည်။ သူမ၏ခန္ဓာကိုယ်မှာ စွမ်းအားများကို သိုလှောင် ထားသည့် ရေကန်ကြီးတစ်ကန် အလား ဖြစ်နေလေတော့သည်။

ရုတ်တရက်...

မျက်နှာမသာမယာဖြစ်နေသည့် ပိုင်ရှောက်ယွီကို သူမရှေ့တွင် တွေ့လိုက်ရသည့်အခါတွင်တော့...

"ရှောက်ယွီလေး... နင် ဘာဖြစ်နေတာလဲ..."

သူမ၏ မေးခွန်းကိုကြားလိုက်သည်နှင့် ပိုင်ရှောက်ယွီမှာ စိတ်ထဲတွင် အကြံတစ်ခုပေါ်လာလေသည်။

"မင်းသမီးလေး ၊ ကျွန်တော် မင်းသမီးလေးကို လက်ဆောင်တစ်ခု ပေးချင်လို့...."

အခန်း (၇၃၀) နေရာတိုင်းတွင်အချစ်ဖြင့်ချည်နှောင်

ဆန်းချင်းချင်းက ပိုင်ရှောက်ယွီကို မျက်စောင်းတစ်ချက်ထိုးပြီး ကြည့်လိုက်လေရာ ပိုင်ရှောက်ယွီမှာ ရင်ထဲတွင် တထိတ်ထိတ်ဖြစ်သွားရလေသည်။

ဆန်းချင်းချင်းက...

"နင့်ပုံစံကိုကြည့်ရတာ စိတ်ထဲမှာ မဟုတ်တာ တစ်ခုခု ကြံစည်

နေတာမဟုတ်လား..."

ပိုင်ရှောက်ယွီက အူကြောင်ကြောင်ဖြင့် တစ်ချက်ပြုံးလိုက်လေ

သည်။

ဤစားသောက်ဆိုင်တွင် ငတုံးတစ်ယောက်မှ မရှိကြပေ။ သူ

တစ်ယောက်သာလျှင် တုံးနေဟန် ရှိလေ၏။

ဆန်းချင်းချင်း၏ ကြည်လင်သော မျက်ဝန်းလေးများက

ဆောင်းဦးတွင်စီးဆင်းနေသည့် စမ်းချောင်းလေးတစ်ခုပမာ ၊

တောင်ကုန်းထက်မှ မိုးမခပွင့်လေးများပမာ တစ်ချက် လှုပ်ရှား

သွားလေသည်။

"ပြောကြည့်လေ ၊ နင် ငါ့ကို ဘာမဟုတ်တဲ့အကြံအစည်နဲ့ ဘာ

ပစ္စည်းတွေပေးဖို့ ကြံနေသလဲဆိုတာ သိရတာပေါ့..."

ပိုင်ရှောက်ယွီမှာ ရှက်သွားပြီး မျက်နှာတစ်ခုလုံး နီရဲသွားကာ...

"ကျွန်တော်မှားသွားပါတယ် မင်းသမီးလေး..."

ဆန်းချင်းချင်းက သူမ၏ ဆံပင်လေးများကို တစ်ချက်သပ်လိုက်ရင်း...

"ငါက ပြောဆိုရင် ပြောလေဟာ... ဘာလဲ ငါက နင့်ကိုကိုက်စားမှ ကြောက်လို့လား"

ပိုင်ရှောက်ယွီက စိတ်ထဲမှ ပြောလိုက်မိသည်။

"မင်းသမီးလေးကတော့ ကိုက်မစားပါဘူး ၊ ဒါပေမယ့် မင်းသမီးလေးရဲ့ အထိန်းတော်ကြီးက ကိုက်စားလိမ့်မယ်..."

တကယ်တမ်းတွင် ပိုင်ရှောက်ယွီက မပြောချင်တော့သော်လည်း မင်းသမီးလေးက ပြောစေချင်နေသည့်အတွက် ပြောလိုက်ရုံသာ ရှိလေတော့သည်။ အခြေအနေများကလည်း ဒီထက်ပိုပြီး မဆိုးနိုင်တော့ပြီ မဟုတ်ပါလား။

နောက်ဆုံးတွင်တော့ ပိုင်ရှောက်ယွီက ဆန်းချင်းချင်းကို ကြာပွတ်အကြောင်း ပြောပြလိုက်လေသည်။

ပိုက်ရှောက်ယွီစကားများကို နားထောင်ပြီးသည့်နောက် ဆန်း

ချင်းချင်းက စိတ်ဆိုးဒေါသထွက်ခြင်း မရှိပါ။

သူမက လက်ဖဝါးတစ်ဖက်ကို အသာဖြန့်လိုက်ရာ ပိုင်ရှောက်

ယွီ၏ ခါးတွင်ပတ်ထားသည့် ကြာပွတ်လေးမှာ သူမလက်ထဲသို့

အသာအယာပင် ရောက်သွားလေတော့သည်။

သူမက ပျင်းရိပျင်းတွဲလေသံဖြင့်…

"ငါက ဘာများလဲလို့၊ အင်း… ဒီကြာပွတ်လေးက ပစ္စည်း

ကောင်းတစ်ခုပဲ၊ နင်ငါ့ကိုလက်ဆောင်ပေးမယ်ဆိုရင် ပေးပြီးမှ

နောင်တမရနဲ့နော်…"

ပိုင်ရှောက်ယွီမှာ ဆန်းချင်းချင်း၏ စကားကြောင့်

စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက်ချလိုက်မိလေ

သည်။

"အမလေး… နောင်တမရပါဘူး၊ နောင်တမရပါဘူး…"

ဆန်းချင်းချင်းက ပိုင်ရှောက်ယွီဘေးမှ ပေါ့ပေါ့ပါးပါးဟန်ဖြင့် လမ်းလျှောက်ထွက်ခွာသွားပြီး ဆန်းလျန်ရှိရာ ကောင်တာအနားသို့ ရောက်လာလေသည်။

"ဦးလေးကြီး ၊ ဦးလေးကြီးက ပိုင်ရှောက်ယွီကို ဒုက္ခရောက်အောင် ဘာလို့ လုပ်ရတာလဲ..."

ဆန်းလျန်က...

"ဆန်းချင်းချင်း... မင်းက သူများကိစ္စ တော်တော် စိတ်ဝင်စားနေသလား ၊ သူများက ကံဆိုးမှာစိုးလို့ စိတ်ညစ်နေတာ ၊ မင်းကတော့ အကြောက်အလန့်မရှိ ကြာပွတ်ကိုတောင် ယူလိုက်သေးတယ်..."

ဆန်းချင်းချင်းက...

"မဟုတ်ပါဘူး ၊ ဒီကြာပွတ်က စိတ်ဝင်စားစရာ ကောင်းတယ်ထင်လို့ပါ ၊ ပြီးတော့ လီချင်းချန်က ဘယ်လိုလူစားမျိုးလဲ ၊ ကြားဖူးတာတော့ အဲဒီလူက သူများတွေကို အနိုင်ကျင့်တတ်

တယ်တဲ့ ၊ ဦးလေးကြီး ပြောကြည့်လေ ၊ သူ ကျွန်မကို

အနိုင်ကျင့်ရဲမလားဆိုတာ..."

ဆန်းလျန်က ထိုင်နေရင်းမှ ဆန်းချင်းချင်းကို ခေါင်းမော့ပြီး

ကြည့်လိုက်လေသည်။

ဆန်းလျန်၏ အကြည့်ကြောင့် မိန်းကလေးငယ်သည် တစ်ခဏ

မျှ အံ့သြသွားပြီးသည့်နောက် မျက်နှာလေးနီရဲလာ ကာ ရှက်

သွေးဖြာသွားလေသည်။ ထို့နောက်တွင်တော့ ဆန်းလျန်၏

ဝမ်းဗိုက်ကို လက်သီးဖြင့် တစ်ချက်ထိုးချလိုက် တော့သည်။

သူမ၏ ကလေးဆန်သည့် အပြုအမူကြောင့် ဆန်းလျန်က

ရယ်မောလိုက်လေသည်။

ဆန်းချင်းချင်းက ကိုယ်ကိုအနည်းငယ်ကိုင်းလိုက်ပြီး ဆန်းလျ

န်၏ နားနားသို့ တိုးကပ်ကာ စကားတစ်ခွန်းကို တိုးတိုးလေး

ပြောလိုက်လေသည်။

"ဦးလေးကြီး... ဦးလေးကြီးက အရမ်းချောပြီးခန့်ညားတာပဲ ၊ ကျွန်မ ဦးလေးကြီးကို တအားသဘောကျတယ်..."

ပြောပြီးသွားသည်နှင့် သူမသည် ဆန်းလျန်ဘေးမှ လှစ်ခနဲ ပြေးထွက်သွားလေတော့သည်။

ထိုအချိန်မှာပဲ ဆန်းလျန်အနားသို့ ကူးဝေဝေရောက်လာပြီး လှစ်ခနဲပြေးထွက်သွားသည့် ဆန်းချင်းချင်းကို မနာလိုစွာဖြင့် တစ်ချက်ကြည့်လိုက်လေသည်။

"အားလျန် ၊ အဲဒီမင်းသမီးလေးက အရမ်းလှတာပဲနော်..."

ဆန်းလျန်က...

"အမှန်ပဲ..."

ကူးဝေဝေက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ဒါဖြင့် ငါကရော..."

ဆန်းလျန်က...

"အစ်မက ပိုလှတယ်..."

ဆန်းလျန်စကားကြောင့် ကူးဝေဝေမှာ မကျေမနပ်ဖြစ်နေရာမှ ပျော်ရွှင်ကြည်နူးသွားရလေသည်။

"နင်က လျှာအရိုးမရှိတိုင်း လျှောက်ပြောနေတာ..."

ထို့နောက် ဆန်းလျန်နှင့် ကူးဝေဝေသည် ကောင်တာနားတွင် စကားတွတ်ထိုးနေကြလေတော့သည်။

ကူးဝေဝေက ရောက်တက်ရာရာ အတင်းအဖျင်း သတင်းများကို ဆန်းလျန်ကို ပြောပြနေခြင်း ဖြစ်ပြီး ဆန်းလျန်က တော့ ကူးဝေဝေပြောသမျှကို နားထောင်ရင်း စကားတစ်လုံးနှစ်လုံး လောက်သာ ပြန်ပြောနေလေသည်။

ဆန်းလျန်နှင့် ကူးဝေဝေကို ဆန်းချင်းချင်းက အဝေးတစ်နေရာမှ ငေးကြည့်နေလေသည်။ သူမစိတ်ထဲတွင် အနည်းငယ်တော့ မနာလိုဖြစ်နေမိလေသည်။

သူမ၏ ခမည်းတော်နှင့်မယ်တော်သည် ထိုသို့ ကြင်ကြင်နာနာဖြင့် အတူတူရှိနေကြသည့်အချိန်မျိုးကို သူမဘဝတွင် တစ်ခါမှ

တွေ့မြင်ဖူးခြင်းမရှိပေ။ နောင်တစ်ချိန် သူမအိမ်ထောင်ပြုခဲ့

လျှင်လည်း ဆန်းလျန်နှင့် ကူးဝေဝေကဲ့သို့ သောလိုက်ဖက် ညီ

သည့် စုံတွဲမျိုးကဲ့သို့ ဖြစ်ချင်မှ ဖြစ်နိုင်ပေလိမ့်မည်။

သူမက တကယ်တမ်းတွင် ဆန်းလျန်အပေါ် မေတ္တာသက်ဝင်

ခြင်း မရှိပါ။ သို့သော်... ဆန်းလျန်မှာ ရုပ်ရည်ချောမော ပြီး

စိတ်ဝင်စားစရာကောင်းသူတစ်ယောက်ဖြစ်သည်မှာတော့

ငြင်း၍မရနိုင်ပေ။

သူမက လွတ်လပ်ပေါ့ပါးစွာ တွေးနေစဉ်မှာပင် အောက်ထပ်သို့

ဆင်းလာသည့် ယိုယိုကို တွေ့လိုက်ရလေသည်။ ယိုယိုက မေနန့်

စန်း မည်သည့်နေရာသို့ထွက်သွားသည်ကို ဆန်းလျန်ထံတွင်

မေးမြန်းပြီး စားသောက်ဆိုင် အပြင်သို့ ထွက်ခွာသွားလေ

သည်။

ကူးဝေဝေက...

"အားလျှန် ၊ နင်ပြောကြည့်စမ်း ၊ ဒီနှစ်ရက်အတွင်း အရမ်းကို အိပ်မက်ဆန်လွန်းတယ်လို့ မထင်ဘူးလား ၊ အရင်ဆုံး မေနန့် စန်းရောက်လာတယ် ၊ နောက်တစ်နေ့ကျ မင်းသမီးလေး ရောက်လာတယ် ၊ နောက်ရက်တွေဆို ဘုရင်တွေ ၊ မင်းသား တွေတောင် ရောက်လာမလားပဲ..."

ဆန်းလျှန်က...

"မင်းသားတွေ ဘုရင်တွေဆိုတာ ဘာလုပ်ရမှာလဲ ၊ နောက်ထပ် နှစ်ပေါင်း (၁၀၀)လောက်ဆိုရင် သူတို့က မြေမှုံ့ဖြစ်နေလောက် ပြီ ၊ ပြီးတော့ အစ်မ ဘုရင်မ ဖြစ်ချင်တယ်ဆိုရင်တောင် ကျွန်တော်က လုပ်ပေးလို့ရသေး တယ်..."

ကူးဝေဝေက ဆန်းလျှန်ကို တစ်ချက် စောင်းကြည့်လိုက်ရင်း...

"နင်က အပြောကတော့ကြီးပါ့..."

ပိုင်ရှောက်ယွီက ဆန်းလျှန်အနားသို့ တိုးကပ်လိုက်ပြီး အရှက်မ ရှိပြောလိုက်လေသည်။

"အစ်ကိုဆန်း ၊ အစ်ကိုဆန်းကို ကျုပ်ယုံပါတယ် ၊ အစ်မကူးဝေ

ဝေကို ဘုရင်မ ဖြစ်အောင်လုပ်ပေးရင် ကျုပ်ကိုတော့

စစ်သေနာပတိချုပ်လောက်ဖြစ်အောင် လုပ်ပေးရမယ်နော်..."

ကူးဝေဝေက ပြုံးလိုက်ရင်း...

"ပိုင်ရှောက်ယွီ... နင်က စစ်သေနာပတိချုပ်ဖြစ်ချင်ရအောင်

သိုင်းတောင်တတ်လို့လား ၊ ပြီးတော့ စစ်ရေးဗျူဟာတွေ ရော

သိလို့လား..."

ပိုင်ရှောက်ယွီက...

"အစ်မကူးဝေဝေ ၊ လူကို အထင်မသေးပါနဲ့၊ ဒီတိုင်းပြည်ရဲ့

ဘုရင်ဆိုရင် အရင်တုန်းက သူတောင်းစားတစ်ယောက် ဖြစ်ခဲ့

ဖူးတယ်လေ ၊ ပြီးတော့ စာလည်း သိပ်မတတ်ဘူး ၊ ကျုပ်ကမှ

အိမ်ကြီးကြီးမှာနေရသေးတယ် ၊ ဘာလို့ စစ်သေနာပတိချုပ်

ဖြစ်မလာနိုင်ရမှာလဲ..."

ကူးဝေဝေက ရယ်မောလိုက်ရင်း...

"ဟဲ့... ဒီတိုင်းပြည်ဘုရင်ရဲ့ ဘိုးဘေးတွေက မင်းမျိုးမင်းနွယ်တွေဟ ၊ စစ်မှန်တဲ့နဂါးစွမ်းအားကို ပိုင်ဆိုင်တယ် ၊ အဲဒီတော့ သူဘယ်လောက်ပဲ နိမ့်ကျနိမ့်ကျ နောက်ဆုံးတော့ ဘုရင်ဖြစ်လာရတာပေါ့ ၊ နင်ကတော့ဘာလဲ ၊ လမ်းဘေးကအတေအပေတစ်ယောက်ပဲ ၊ စစ်သေနာပတိချုပ်ဖြစ်လာဖို့ ဝေးစွခြောက်ပါးပဲ"

သူမက ပိုင်ရှောက်ယွီကို ဝေဖန်ပြောဆိုလိုက်သည့် အချိန်မှာ ပင် ဆန်းလျန်ပြောခဲ့ဖူးသည့် ကံတရားအကြောင်းကို ရုတ်တရက် စဉ်းစားလိုက်မိလေသည်။

ပိုင်ရှောက်ယွီကတော့ ကူးဝေဝေ၏ စကားများကြောင့် နင်သွားလေသည်။

သို့သော်... သူက ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ဒါပေမယ့် ကံတရားဆိုတာလည်း ရှိပါသေးတယ်ဗျာ..."

ကူးဝေဝေမှာ စကားမဆင်မချင်ဖြင့် ပိုင်ရှောက်ယွီကို မှိုချိုးမျှစ်ချိုး ပြောလိုက်မိသည့်အတွက် အနည်းငယ် စိတ်မကောင်း ဖြစ်သွားရလေသည်။

"ပိုင်ရှောက်ယွီ... အစ်မ စကားပြောမှားသွားတယ်၊ နင့်စိတ်ထဲ မထားနဲ့နော်..."

ကူးဝေဝေ၏ နူးညံ့သည့် စကားကြောင့် ပိုင်ရှောက်ယွီက စိတ်ထဲမည်သည့်သဘောမှ မထားဟန်ဖြင့်...

"အစ်မကူးဝေဝေ၊ ကျုပ်က စိတ်မဆိုးပါဘူးဗျ..."

ဆန်းလျန်က...

"ဂိုဏ်းတူအစ်မ၊ စကားတွေလည်း ပြောပြီးသွားပြီ၊ ဒီနေ့ ကျင့်ကြံဖို့ လုပ်တော့လေ၊ မဟုတ်ရင် ညနေစာ ချက်ဖို့ အချိန်မရှိဖြစ်နေမယ်"

ကူးဝေဝေကလည်း ကလေးတစ်ယောက်လို ပြုံမူမနေတော့ပါ။

သူမသည်လည်း ကျင့်ကြံရသည်ကို သဘောကျနေပြီ ဖြစ်လေသည်။ ယခုဆိုလျှင် သူမသည် အဝေးမှ အကြောင်းအရာများကို သိမြင်နိုင်ခြင်း မရှိသေးသည့်တိုင် အနီးပတ်ဝန်းကျင်မှ အရာဝတ္ထုများအပေါ်တွင် အမြင် ပြောင်းလဲစပြုလာပြီ ဖြစ်လေသည်။ သာမန်ဆိုလျှင် သတိမပြုမိနိုင်သည့် အကြောင်းအရာများကိုလည်း အသေးစိတ် သတိပြုမိလာပြီ ဖြစ်လေသည်။

လူအများသည် ပြင်ပကမ္ဘာမှ သတင်းအချက်အလက်များကို အချိန်ပြည့် ရယူနေကြရလေသည်။

သို့သော်... သာမန်လူများအတွက်တော့ သတင်းအချက်အလက်များက အကန့်အသတ်ရှိလေသည်။ သာမန်လူများ နှင့်မသက်ဆိုင်သည့် အကြောင်းအရာများကို သဘာဝတရားကြီးက အလိုလို ပိတ်ဆို့ကာကွယ်ပေးထားလေသည်။

သို့သော် ကျင့်ကြံသူများက သာမန်လူများနှင့် မတူပေ။ သူတို့သည် သဘာဝတရားကြီးက အလိုအလျှောက် ဖုံးကွယ်ပိတ်ဆို့ပေးထားသည့် သတင်းအချက်အလက်များကို သိရှိရန်အတွက် အတားအဆီးများကို ဖြည်းဖြည်းချင်း ဖြိုချပစ်ကြလေသည်။

ထို့ကြောင့် မိုးနှင့်မြေမှ အကြောင်းအရာများကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာရလေသည်။ နောက်ဆုံးတော့ ဝိညာဉ်စွမ်းအား လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားကြပြီး စိတ်နှလုံးမှာလည်း သန့်စင်ကြည်လင်လာလေတော့ သည်။

သို့သော်... ဆန်းလျန်ကဲ့သို့သော အဆင့်သို့ရောက်လျှင်တော့ အရာအားလုံးက ကွဲပြားခြားနားသွားပြီ ဖြစ်လေသည်။ ဆန်းလျန်သည်ကား သာမန်လူများ မသိမြင်နိုင်သည့် အကြောင်းအရာများအားလုံးကို သိမြင်နိုင်ရုံသာမက ကံကြမ္မာ

နှင့် အခြေအနေများကိုပါ ပြောင်းလဲနိုင်စွမ်းရှိပြီ ဖြစ်လေ

သည်။

ဥပမာအားဖြင့် ရေကိုလည်း ဆီအဖြစ်ပြောင်းလဲနိုင်သလို

ကျောက်တုံးကိုလည်း ရေအဖြစ် ပြောင်းလဲနိုင်လေသည်။ ဤ

သည်မှာ သူ၏ ကိုယ်ထဲတွင် ခိုင်မာစွာတည်ရှိနေသည့် တာအို

တန်ခိုးစွမ်းအားကြောင့်ပင် ဖြစ်လေသည်။

ဆန်းလျန်သည် မိုးနှင့်မြေမှ အရာအားလုံး၏ ပြောင်းလဲခြင်း

တရားကို သိမြင်ထားသူဖြစ်လေသည်။ ထိုသို့ သိမြင် နိုင်ခြင်း

မှတစ်ဆင့် မဟာတာအိုလမ်းစဉ်သို့ ဦးတည်မည် ဖြစ်လေ

သည်။ ထိုအခါ သံသရာလည်သည့် မူလအရင်းအမြစ်ကို

ရှာဖွေနိုင်ပြီး သံသရာကို ဖြတ်တောက်နိုင်မည် ဖြစ်လေ၏။

ကူးဝေဝေက တရားထိုင်ပြီးကျင့်ကြံနေလေသည်။ ဆန်းလျန်

က သူမဘေးတွင် တာအိုတေချင်ကျမ်းစာကို ဖြည်းဖြည်းချင်း

ရှင်းပြနေလေသည်။

ပိုင်ရှောက်ယွီကတော့ တစ်ယောက်တည်း ပျင်းနေလေသည်။

သို့သော်... လောင်းကစားဂေဟာသို့လည်း သွားရဲခြင်း မရှိ

သေးလေရာ ကြေးပြားလေးများဖြင့်သာ ပျင်းပျင်းရိရိဖြင့်

ဆော့ကစားနေလေတော့သည်။

စားသောက်ဆိုင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေ

သည်။

ဆန်းချင်းချင်း၏ အထိန်းတော်ကြီး သည် ဒုတိယထပ်တွင် ရှိ

နေလေသည်။ သူက အောက်ထပ်သို့ ဆင်းလာခြင်း မရှိပါ။

သို့သော်... ဆန်းလျန်ကို သူကတိတ်တဆိတ်လေ့လာနေလေ

သည်။

သူသည် အတွေ့အကြုံရင့်ကျက်သူတစ်ယောက်ဖြစ်ပြီး အရာ

ရာကို သိမြင်ခန့်မှန်းနိုင်သူတစ်ယောက် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ဆိုသည့် လူငယ်လေးနှင့်ပတ်သက်ပြီး သူ့

အနေဖြင့် အဖြေရှာမရနိုင် ဖြစ်နေရလေသည်။

သို့သော် သေချာသည့်အချက်တစ်ချက်တော့ ရှိလေသည်။ ထို အချက်မှာ ဆန်းလျန်မှာ အလွန်အစွမ်းထက်သည့် လူတစ် ယောက်ဖြစ်သည်ဆိုသည့် အချက်ပင်။ နေ့လည်က ဆန်းလျန် ပြင်ဆင်ပေးသည့် အစားအသောက်များသည် ချင်းဟယ် နန်းတော်မှ တန်ဖိုးရှိလှသည့် အစားအသောက်များထက်ပင် ကောင်းမွန်နေလေသည်။

မင်းသမီးလေးက အားလုံးကို အတူတူစားသောက်ရန် ဖိတ်ခေါ် ခဲ့သည့်အတွက်သာ တော်သေးသည်။ မဟုတ်ပါက များပြားလှ သည့် ဟင်းလျာများကို မင်းသမီးလေးတစ်ယောက်တည်း စား နိုင်မည် မဟုတ်ပေ။

ထို့ပြင်... ပိုင်ကျားမြို့ကဲ့သို့ မထင်မရှားမြို့ငယ်လေးတွင် ဆန်းလျန် ရုတ်တရက် ထွက်ပေါ်လာသည်မှာ ထူးဆန်း လေ သည်။ ဆန်းလျန်သည် ချင်းရှတောင်မှ နတ်ဘုရားများနှင့် တစ်ခုခု ပတ်သက်နေလေသည်လား။ ထိုအချက်မှာတော့

အထိန်းတော်ကြီး၏ ခန့်မှန်းနိုင်စွမ်းထက် ကျော်လွန်နေခဲ့လေသည်။

ချင်းရှုတောင်တွင် နတ်ဘုရားများ ရှိနေသေးသည်လား ၊ မရှိတော့ဘူးလားဆိုသည်ကိုတော့ အထိန်းတော်ကြီးလည်း သေသေချာချာ မသိပါ။

ကူးဝေဝေက ကျင့်ကြံပြီးသွားသည်နှင့် မျက်လုံးများကို အသာအယာဖွင့်လိုက်လေသည်။

သူမနှင့် မနီးမဝေးတစ်နေရာတွင် ရေနွေးကြမ်းပန်းကန်လေး တစ်ခု ရှိနေလေသည်။ ရေနွေးပန်းကန်လေးအတွင်းမှ ရေများက မှန်သားပြင်ကဲ့သို့ တည်ငြိမ်လျှက်ရှိလေသည်။

ရေနွေးပန်းကန်လေးအတွင်းရှိ ရေများထဲတွင် ခေါင်မိုးထုတ်တန်းထက်မှ ပင့်ကူအိမ်သည် အရိပ်ထင်လျှက်ရှိလေ သည်။

ပင့်ကူများ အမြင့်နေရာတွင် အိမ်ဆောက်နေသည်ကို ကြည့်ခြင်းအားဖြင့် မိုးရွာဦးမည့် လက္ခဏာပင် ဖြစ်လေသည်။

ဆောင်းတွင်းကတော့ ထိုသို့ပင် ဖြစ်လေသည်။ နေသာသည်က ခပ်ရှားရှားပင်။ နှင်းကျလေ့ရှိပြီး တစ်ခါတစ်ရံတော့ မိုးရွာချင် ရွာလေသည်။

ကူးဝေဝေက ရုတ်တရက် ပြောလိုက်လေသည်။

"အားလျှန်… ဇာတ်လမ်းလေးတစ်ပုဒ်လောက် ပြောပြပါ လား…"

ဆန်းလျှန်သည် ရေနွေးပန်းကန်ထဲတွင် အရိပ်ထင်နေသည့် ပင့်ကူအိမ်ကို တစ်ချက် ကြည့်လိုက်လေ သည်။

သူက တိုးတိတ်သည့်လေသံဖြင့်…

"ဒါဖြင့် ပင့်ကူတစ်ကောင်အကြောင်း ဇာတ်လမ်းတစ်ပုဒ်ပြော ပြမယ်…."

အခန်း (၇၃၁) လောကမှာတန်ဖိုးအရှိဆုံးအရာ

ကူးဝေဝေက...

"အင်း... နင်ပြောပြရင် ငါ... နားထောင်မယ်..."

ဆန်းလျန်က နူးညံ့ပြီးကြည်လင်သည့်အသံဖြင့် ဇာတ်လမ်း

တစ်ပုဒ်ကို စတင်ပြောပြလိုက်လေသည်။

ဆန်းလျန်ပြောပြသည့် ဇာတ်လမ်းမှာ -

လွန်ခဲ့သည့်အချိန်ပေါင်းများစွာက ဝတ်ကျောင်းတော်ကြီးတစ်

ခုရှိလေသည်။

ထိုဝတ်ကျောင်းတော်ကြီးမှာ ကိုးကွယ်ဆည်းကပ်သူအလွန်

များပြားသည့်အတွက် အမွှေးတိုင်ရနံ့များနှင့် နံ့သာပေါင်းရနံ့

များ သည်ခေါင်မိုးထိပ်အထိသို့ပင် ပျံ့နှံ့လျှက်ရှိလေသည်။

ထိုဝတ်ကျောင်းတော်ကြီး၏ ခေါင်မိုးထုတ်တန်းထက်တွင် ပင့်ကူတစ်ကောင် ရှိလေသည်။ ထိုပင့်ကူ ဝတ်ကျောင်း တော်ကြီးထဲတွင် နေထိုင်သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

အမွှေးတိုင်များ ၊ နံ့သာပေါင်းရနံ့များမှတစ်ဆင့် လူသားတို့၏ ဆုတောင်းခြင်းစွမ်းအားများကို စုပ်ယူကာ ပင့်ကူမှာ တဖြည်းဖြည်း ဝိညာဉ်စွမ်းအားများ မြင့်မားလာခဲ့လေသည်။

တစ်နေ့တွင်တော့...

ဝတ်ကျောင်းတော်အတွင်းမှ နတ်ရုပ်တုကြီးက ပင့်ကူကို ရုတ်တရက် မေးခွန်းတစ်ခု မေးလိုက်လေသည်။

"မင်းနဲ့ငါ ဒီဝတ်ကျောင်းတော်ကြီးထဲမှာ အတူတူ ရှိနေတာဟာ ရေစက်ပါလို့ပဲ ၊ အဲဒီတော့ မင်းကို မေးခွန်းတစ်ခု မေးမယ် ၊ လောကမှာ တန်ဖိုးအရှိဆုံးအရာက ဘာလဲ..."

နတ်ရုပ်တုကြီး၏ မေးခွန်းကို ပင့်ကူက အတန်ကြာစဉ်းစားနေပြီးမှ...

"လောကမှာ တန်ဖိုးအရှိဆုံးအရာက မရရှိနိုင်တဲ့အရာနဲ့ ဆုံးရှုံးသွားတဲ့အရာပဲ..."

နတ်ရုပ်တုကြီးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

နှစ် ၊ လ ၊ ရာသီ အလီလီဖြတ်ကျော်ခဲ့ပြီး နှစ်ပေါင်းများစွာကြာမြင့်သွားခဲ့ပြီ ဖြစ်လေသည်။

နှစ်ပေါင်းများစွာပြီ ဖြစ်သည့်တိုင် နတ်ရုပ်တုကြီးက ပျက်စီးသွားခြင်း မရှိသေးပါ။ ကိုးကွယ်ဆည်းကပ်ကြသူ များ၏ ထိန်းသိမ်းစောင့်ရှောက်ပေးမှုကြောင့် ပို၍ပင် သန့်ရှင်းခန့်ထည်နေသေးသည်။

ပင့်ကူမှာလည်း နှစ်ပေါင်းများစွာ ကျင့်ကြံနေခဲ့ပြီး ဝိညာဉ်စွမ်းအားများမှာ ယခင်ကထက် အဆမတန် မြင့်မားနေခဲ့ပြီ ဖြစ်လေသည်။

ထိုအချိန်မှာပင်...

ရုပ်တုကြီးက ပါးစပ်ကိုဟလိုက်ပြီး ပင့်ကူကို မေးခွန်းမေးလိုက်ပြန်လေသည်။

"အခုဆိုရင် မင်းကျင့်ကြံနေတာလည်း နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ၊ အရင်ကထက် ပိုပြီး အသိဉာဏ်ပညာတွေ ရှိနေလောက်ပြီ ၊ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက မေးခဲ့တဲ့မေးခွန်းတစ်ခုကိုပဲ မင်းကိုပြန်မေးမယ် ၊ လောကမှာ တန်ဖိုးအရှိဆုံးအရာက ဘာလဲ..."

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် ပင့်ကူက အရင်ကလောက် အချိန်ကြာအောင် စဉ်းစားမနေတော့ပါ။

"လောကမှာ တန်ဖိုးအရှိဆုံးအရာက မရရှိနိုင်တဲ့အရာနဲ့ ဆုံးရှုံးသွားတဲ့အရာပဲ..."

နတ်ရုပ်တုကြီးက ပြုံးလိုက်ရင်း...

"နှစ်ပေါင်းထောင်ချီကြာမှ ဒီမေးခွန်းကို ထပ်မေးခဲ့တာ၊ ထူးခြားတဲ့အဖြေတစ်ခုခုများ ရမလားလို့၊ အခုတော့ မင်းက အရင်အတိုင်းပဲ ဖြေနေတာပဲ..."

နွေ မိုး ဆောင်း ရာသီအလီလီပြောင်းခဲ့ပြီးသည့်နောက် နောက်ထပ်နှစ်ထောင်ပေါင်းများစွာ ဖြတ်သန်းခဲ့ပြန်လေ သည်။ ဝတ်ကျောင်းတော်ကြီးတွင် ဝတ်ပြုကိုးကွယ်မည့်သူ သိပ်မရှိတော့သည့်အတွက် နတ်ရုပ်တုကြီးကိုလည်း ပြုပြင် ထိန်းသိမ်းမည့်သူ မရှိတော့ပေ။ ထို့ကြောင့် နတ်ရုပ်တုကြီးမှာ တဖြည်းဖြည်း ယိုယွင်းပျက်စီးလာခဲ့လေသည်။

ပင့်ကူကတော့ နှစ်ပေါင်း (၃၀၀၀) ကြာအောင် ကျင့်ကြံမှုများ ပြုလုပ်ခဲ့လေသည်။ သူက လောက၏ နက်ရှိုင်းသည့် အမှန်

တရားများကို တဖြည်းဖြည်းသိမြင်စပြုနေပြီ ဖြစ်လေသည်။

သူက ကျင့်စဉ်ဆက်လက်ကျင့်ကြံရန်အတွက် လူသားများ၏

ဆုတောင်းခြင်းမှ ထွက်ပေါ်လာသည့် စွမ်းအားများကိုပင် စုပ်

ယူအသုံးပြုရန် မလိုအပ်တော့ပေ။

သို့သော်... နတ်ရုပ်တုကြီးက သူ့ကို မေးခွန်းထပ်မံမေးမြန်းဦး

မည်ကို သိရှိနေသည့်အတွက် ဝတ်ကျောင်းတော် အတွင်းမှ

ထွက်မသွားဘဲ ဆက်လက်နေထိုင်နေခဲ့လေသည်။

တစ်နေ့တွင်တော့...

ဝတ်ကျောင်းတော်အပျက်ကြီးအတွင်းသို့ လိပ်ပြာလေးတစ်

ကောင် ပျံသန်းဝင်ရောက်လာလေသည်။ လိပ်ပြာလေးမှာ

ပင့်ကူအိမ်ကို တည့်တည့်တိုးမိကာ ပင့်ကူအိမ်ထဲမှ ရုန်းမထွက်

နိုင် ဖြစ်နေရလေသည်။

ထိုအချိန်မှာပင်...

လှပလွန်းသည့် လိပ်ပြာလေးကို ကြည့်ရင်း ပင့်ကူ၏ နှလုံးသား

မှာ လှုပ်ရှားသွားရလေသည်။

လိပ်ပြာလေးမှာ နိုင်းရက်စရာမရှိအောင် လှပလွန်းလှပြီး

စွဲဆောင်မှုလည်း အလွန်ရှိလေသည်။

ထိုတစ်ဒင်္ဂအချိန်လေးအတွင်းတွင်... သူ့ဘဝတွင် အလိုချင်ဆုံး

အရာမှာ လိပ်ပြာလေးမှလွဲပြီး အခြား မည်သည့် အရာမှမရှိ

တော့ပြီဟု ပင့်ကူက တွေးလိုက်မိလေသည်။ ထို့နောက်...

လိပ်ပြာကိုပိုင်ဆိုင်လိုသည့်စိတ်များ ထိန်းမနိုင် သိမ်းမရ ဖြစ်

ပေါ်လာလေတော့သည်။

ထိုအချိန်မှာပင်.... နတ်ရုပ်တုကြီးက ပါးစပ်ဟလိုက်ပြီး

အသက်တစ်ချက် ရှူသွင်းလိုက်လေသည်။ ထို့နောက် ရှူသွင်း

လိုက်သည့်လေဖြင့် ပင့်ကူအိမ်ရှိရာသို့ မှုတ်ထုတ်လိုက်လေရာ

နှစ်ပေါင်း (၃၀၀၀) ကျင့်ကြံထားခဲ့သည့် ပင့်ကူ၏ ကျင့်ကြံခြင်း

အုတ်မြစ်ဖြစ်သည့် ပင့်ကူအိမ်သည် လေနှင့်အတူ လွင့်မျော

သွားလေသည်။ ပင့်ကူအိမ်နှင့်အတူ လိပ်ပြာလေးသည်လည်း လေထဲတွင် လွင့်မျော ပျောက်ကွယ်သွားလေတော့သည်။

ပင့်ကူမှ အလွန်အမင်း ကြေကွဲခံစားသွားရလေ၏။

ထို့နောက် သူက နတ်ရုပ်တုကြီး မေးခွန်းမထုတ်မီမှာပင် ကြေကွဲဝမ်းနည်းသည့် လေသံဖြင့် စကားတစ်ခွန်းကို ပြော လိုက်လေသည်။

"လောကမှာ တန်ဖိုးအရှိဆုံးအရာက ဘာလဲလို့ ခင်ဗျား ကျုပ်ကို မေးဦးမလို့မဟုတ်လား ၊ အခုတော့ လောကမှာ တန်ဖိုးအရှိဆုံးအရာဟာ မရရှိနိုင်တဲ့အရာနဲ့ ဆုံးရှုံးသွားတဲ့အရာပဲဆိုတာ ကျုပ်တော့ သံသယမရှိ ယုံကြည်သွားမိပါပြီ..."

နတ်ရုပ်တုကြီးက...

"မင်း ဒီအဖြေကိုပဲ ထပ်ဖြေနေဦးမယ်ဆိုရင် လောကကြီးထဲကို ခဏလောက်သွားကြည့်လိုက်စမ်းကွာ..."

ပြောပြီးသည်နှင့် နတ်ရုပ်တုကြီးက အသက်တစ်ချက် ထပ်မံရှူ
သွင်းလိုက်ပြန်လေသည်။
ပထမတစ်ကြိမ်တုန်းက နတ်ရုပ်တုကြီးက ပင့်ကူနှစ်ပေါင်း
(၃၀၀၀)ကျင့်ကြံထားသည့် ပင့်ကူအိမ်ကို လေဖြင့် မှုတ်ထုတ်ခဲ့
လေသည်။
ယခုတစ်ကြိမ်တွင်တော့ နတ်ရုပ်တုကြီးက နှစ်ပေါင်း (၃၀၀၀)
ကျင့်ကြံထားခဲ့သည့် ပင့်ကူ၏ တာအိုခန္ဓာကို လေဖြင့် မှုတ်
ထုတ်ပစ်လိုက်လေတော့သည်။
ထိုသို့ဖြင့်...
ပင့်ကူမှာ ဝတ်ကျောင်းတော်အပျက်ကြီးအတွင်းမှ လွင့်မျော
ထွက်ခွာသွားကာ လောကအလယ်သို့ ရောက်ရှိ သွားလေ
တော့သည်။
......
ထိုနေရာတွင် ဆန်းလျန်က ဇာတ်လမ်းပြောပြခြင်းကို ခဏနား
လိုက်လေသည်။

ဆန်းလျန်၏ မျက်ဝန်းများသည် နှစ်ပေါင်း (၃၀၀၀) ထက်

ကျော်လွန်ကာ လူ့လောက၏ ကံကြမ္မာအပြောင်းအလဲများ ကို

သိမြင်နားလည်နေသည့်အလား ထင်မှတ်ရလေသည်။

ကူးဝေဝေက...

"နောက်ပိုင်းကျ အဲဒီပင့်ကူ ဘာဖြစ်သွားလဲဟင်..."

ဆန်းလျန်က ကူးဝေဝေ၏ နဖူးထက်တွင်ကျနေသည့် ဆံစ

လေးများကို အသာသပ်တင်ပေးလိုက်ရင်း...

"အဲဒီပင့်ကူက လောကထဲကိုရောက်သွားတော့ လူသားခန္ဓာရရှိ

ခဲ့တယ်၊ လူ့လောကရဲ့ အနိမ့်အမြင့် အတက်အကျ အခက်အခဲ

တွေကြားထဲမှာ အတွေ့အကြုံတွေ အများကြီး ရလာခဲ့တယ်၊

အဲဒီမှာ သူတစ်ချိန်တုန်းက အရမ်းလိုချင် တပ်မက်ခဲ့တဲ့

လိပ်ပြာလေးဟာလည်း လောကအလယ်က ဖြစ်တည်မှုတစ်ခု

သာဖြစ်ပြီး ဘာမှထူးခြားတဲ့အရာ မဟုတ်ဘူးဆိုတာ နားလည်

သဘောပေါက်သွားခဲ့တယ်..."

ဆန်းလျန်က ဇာတ်လမ်းကို ဆက်ပြောပြလေသည်။

......

နှစ်ပေါင်းများစွာ ကြာသည့်အခါတွင်တော့ ပင့်ကူသည် လောကတွင် ထိပ်တန်းအဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်လာခဲ့လေသည်။ သူသည် လောကကြီးအကြောင်းကို သိမြင်နားလည်လာခဲ့ပြီး လောကတွင် သူမသိသည့်အရာ တစ်ခုမှ မရှိတော့ပေ။

သို့သော်.... သူ မပျော်ရွှင်ခဲ့ပါ...။ ပြောမပြနိုင်သည့် ဝမ်းနည်းကြေကွဲမှုများနှင့် အထီးကျန်ခြင်းများကို ရင်ဝယ်ပိုက်ကာ ရှည်လျားသည့် လောကခရီးကို ဖြတ်သန်းခဲ့လေသည်။ ကျင့်စဉ်လမ်းတွင် မထင်မှတ်သည့်အောင်မြင်မှုများကိုလည်း ရရှိခဲ့သည့်တိုင် ပင့်ကူသည် ထင်သလောက်လည်း ပျော်ရွှင်ခဲ့ခြင်း မရှိပါချေ။

လောကခံ၏ အနိမ့်အမြင့် အတက်အကျ အခက်အခဲများကို

ရင်ဆိုင်ဖြတ်သန်းပြီးသည့်နောက် သူသည် ဝတ်ကျောင်းတော်

အပျက်ကြီးဆီသို့ ပြန်ရောက်လာခဲ့လေသည်။

ကျောင်းပျက်ကြီးထဲတွင် နတ်ရုပ်တုကြီးက ရှိနေဆဲပင်...။

ပင့်ကူက နတ်ရုပ်တုကြီးကိုမေးလိုက်သည်။

"လောကမှာ ဘယ်အရာက တန်ဖိုးအရှိဆုံးလဲဆိုတာ ကျုပ်ကို

ပြောစမ်းပါ..."

နတ်ရုပ်တုကြီးက အေးဆေးသည့်လေသံဖြင့်...

"မင်းကို ဘယ်နေရာမှာ မွေးဖွားခဲ့တာလဲဆိုတာ မှတ်မိသေး

လား..."

ပင့်ကူက တစ်ခဏမျှစဉ်းစားနေလေသည်။

လက်ရှိအချိန်တွင် သူသည် အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်

ဖြစ်နေပြီး အကြောင်းအရာတော်တော်များများကို ပြန်လည်

စဉ်းစားနိုင်စွမ်း ရှိလေသည်။ ထို့ကြောင့် သူက သူ့ဘဝ

အကြောင်းကို တစ်ချက်ပြန်စဉ်းစားကြည့်လိုက်သည် နှင့် အကုန်ပြန်မှတ်မိနိုင်လေသည်။

စဉ်းစားနေရင်းဖြင့် သူ၏အကြည့်များသည် ဝတ်ကျောင်းတောင်အပြင်ဘက်မှ မြက်ခင်းပြင်ဆီသို့ ရောက်ရှိသွားလေသည်။

"ဒီဝတ်ကျောင်းတော်အပြင်ဘက်က မြက်ပင်လေးတစ်ပင် အပေါ်မှာ ကျုပ်ကို မွေးခဲ့တာ ၊ အခု အဲဒီ မြက်ပင်လေး မရှိတော့ဘူး..."

နတ်ရုပ်တုကြီးက...

"မင်းသိလား ၊ မင်းက ဒီဝတ်ကျောင်းတော်ထဲမှာ နှစ်ပေါင်း (၃၀၀၀)ကျော်နေခဲ့တယ် ၊ အဲဒီ မြက်ပင်လေးကလည်း ဒီဝတ်ကျောင်းတော်အပြင်ဘက်မှာ နှစ်ပေါင်း (၃၀၀၀) ကျော် အထိ ရှင်သန်ခဲ့တယ် ၊ ဒါပေမယ့် မင်း သူ့ကို တစ်ချက်ကလေးတောင် စောင်းငဲ့မကြည့်ခဲ့ဘူး မဟုတ်လား..."

နတ်ရုပ်တုကြီး၏ စကားကိုကြားသည်နှင့် ပင့်ကူသည် အဝေး

တစ်နေရာသို့ ဆွေးမြေ့စွာဖြင့် ငေးကြည့်လိုက်လေ သည်။

"အခု ကျုပ် အဖြေကို သိပါပြီ..."

ထို့နောက် သူသည် နတ်ရုပ်တုကြီးကိုပင် နှုတ်မဆက်တော့ဘဲ

ဝတ်ကျောင်းတော်တည်ရှိရာ တောင်ပေါ်မှ ဆင်းသွားလေ

တော့သည်။

......

ဆန်းလျန်ပြောပြသည့် ဇာတ်လမ်းလေး အဆုံးသတ်သွား

သည်နှင့် ကူးဝေဝေ၏ ရင်ထဲတွင် နာကျင်မှုကို ခံစားလိုက်ရ

လေသည်။

"နောက်ကျတော့ သူ အဲ့ဒီမြက်ပင်လေးကို ပြန်ရှာတွေ့သွားလား

ဟင်..."

ဆန်းလျန်က အေးအေးဆေးဆေးလေသံဖြင့်...

"ဘယ်သိမှာလဲ..."

ကူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"တကယ်တော့ ဘဝမှာ တန်ဖိုးအရှိဆုံးအရာဆိုတာ မရရှိနိုင်တဲ့ အရာနဲ့ ပျောက်ဆုံးသွားတဲ့အရာ မဟုတ်ပါဘူး ၊ ကိုယ့်မှာ ပိုင်ဆိုင်ထားတဲ့အရာသာ တန်ဖိုးအရှိဆုံး မဟုတ်လား... ကိုယ်ပိုင်ဆိုင်ထားတဲ့အရာကို တန်ဖိုးထားတတ်ဖို့ပဲ လိုတာပါ... ဟုတ်တယ်မလား အားလျန်..."

ဆန်းလျန်က သူမကို ဖြေးညင်းစွာပင် ခေါင်းညိတ်ပြလိုက်လေသည်။ လောကတွင် ကိုယ်ပိုင်ဆိုင်ထားသည့်အရာ သည်သာလျှင် တန်ဖိုးအရှိဆုံး ဖြစ်လေသည်။

ဆန်းလျန်က တိုးလျသည့်လေသံဖြင့်...

"အတိတ်တွေ အနာဂတ်တွေဆိုတာက မရေရာပါဘူး အစ်မ ရယ် ၊ လက်ရှိပစ္စုပ္ပန်အချိန်ကသာ အကောင်းဆုံးပါ ၊ မဖြစ်နိုင် တာတွေကို စိတ်ကူးယဉ်နေတာထက် လက်ရှိအချိန်မှာ အကောင်းဆုံးကြိုးစားတာက အဓိပ္ပါယ်ရှိတယ်လို့ ကျွန်တော် ကတော့ ယူဆတယ် ၊ ဂိုဏ်းတူအစ်မ... အရင်တုန်းက

ကျွန်တော် ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ၊ ဘယ်သူပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ၊ လက်ရှိအချိန်မှာ အစ်မနဲ့အတူတူရှိနေရတာက ကျွန်တော့် အတွက် တန်ဖိုးအရှိဆုံးပါပဲ..."

ကူးဝေဝေက...

"နင်က အရမ်းအိပ်မက်ဆန်လွန်းတယ် အားလျန် ၊ တစ်နေ့ကျ ရင် နှုတ်ဆက်စကားတောင် တစ်ချက်မဆိုဘဲ ငါ့ကို ထားသွား မှာကို ငါ အရမ်းကြောက်ခဲ့တယ် ၊ ဒါပေမယ့် အခုတော့ ငါ မ ကြောက်တော့ပါဘူး..."

ကူးဝေဝေက ဆန်းလျန်အနားသို့ အသာတိုးကပ်သွားပြီး သူမ၏ နှုတ်ခမ်းနှစ်လွှာသည် ဆန်းလျန်၏ နှုတ်ခမ်းများဖြင့် ထိကပ်လုမတတ် ဖြစ်နေခဲ့လေသည်။

"အားလျန်... တကယ်တော့ ငါက နင့်ရဲ့ ဂိုဏ်းတူအစ်မ မဟုတ် ပါဘူး ၊ ငါက ကူးဝေဝေပါ ၊ ဒါပေမယ့် နင် ငါ့ကို သဘောကျ တယ် မဟုတ်လား ၊ ငါ့ဘဝမှာ နင်နဲ့ဆုံတွေ့ခွင့်ရခဲ့တာက ကံ

အကောင်းဆုံးပါပဲ ၊ နင်နဲ့ ဆုံတွေ့ခွင့်ရခဲ့လို့ ငါအရမ်းပျော်တာ

ပဲ..."

ဆန်းလျန်က...

"ဂိုဏ်းတူအစ်မ ၊ နေ့ခင်းက အိပ်ပျော်သွားပြီးတော့ မျက်နှာ

လည်း မသစ်ရသေးဘဲနဲ့၊ ကျွန်တော့်အနားကို အရမ်း မကပ်နဲ့

လေ..."

ဆန်းလျန်က ပြောပြီးသည်နှင့် ကူးဝေဝေ၏ ခေါင်းကို အသာ

လေး တွန်းလိုက်လေသည်။

ဆိုင်ထောင့်တစ်နေရာတွင် သူတို့ (၂)ယောက်ကို ပိုင်ရှောက်ယွီ

က ခိုးကြည့်နေလေသည်။ သူက ဆန်းလျန်နှင့် ကူးဝေဝေ အ

နမ်းခြွေအကြင်နာပေးကြတော့မည်ဟု ထင်မှတ်ပြီး

မျက်တောင်မခတ်ကြည့် နေမိလေသည်။ သို့သော်... ဆန်းလျန်

က ကူးဝေဝေ၏ ခေါင်းကို အသာလေးတွန်းလိုက်တော့မှ

မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်ကာ ဟင်းခနဲနေအောင် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

ထိုအချိန်မှာပင်.... ကူးဝေဝေထံမှ စကားသံထွက်ပေါ်လာလေသည်။

"အားလျှန်... ဟိုမှာ ပိုင်ရှောက်ယွီ ခွေးတစ်ကောင်လိုပဲ ငါတို့ကို ထိုင်ကြည့်နေတယ်..."

ကူးဝေဝေ၏စကားသံကို ကြားလိုက်ရသည်နှင့် ပိုင်ရှောက်ယွီ ချလိုက်မိသည့် သက်ပြင်းသည် လမ်းတစ်ဝက်တွင် ရပ်တန့်သွားပြီး အသက်အောင့်ထားပြီးသား ဖြစ်သွားရလေသည်။ သူ့ရင်ထဲတွင် ချက်ချင်းပင်တင်းကျပ်စွာ ခံစား လိုက်ရပြီး ခွေးလိုထပြီး ဟောင်ရတော့မလိုလိုပင် ဖြစ်သွားလေသည်။

ကူးဝေဝေက မပြုံးချင်ပြုံးချင်ဖြင့် ပြုံးလိုက်ရင်း...

"ပိုင်ရှောက်ယွီရေ...နင် နေ့တိုင်း ခွေးလိုဟောင်ပြမယ်ဆိုရင် ငါ နင့်ကို လစာ နှစ်ဆတိုးပေးမယ်..."

ပိုင်ရှောက်ယွီက...

"လစာ နှစ်ဆဆိုရင် ကြေးပြား (၆၀)ပဲရမှာပေါ့၊ ဒီသခင်လေး က ဒီလောက် စျေးမပေါဘူး..."

ပြောပြီးသည်နှင့် ပိုင်ရှောက်ယွီက မတ်တတ်ထရပ်လိုက်လေ သည်။

ထို့နောက် ကျောတစ်ချက်ဆန့်လိုက်ပြီး ချစ်ခင်ကြင်နာနေကြ သည့် စုံတွဲအနားတွင် ဆက်မနေတော့ရန် ဆုံးဖြတ် လိုက်လေ သည်။

သို့သော်... ပိုင်ရှောက်ယွီ ထွက်မသွားမီ ဆန်းလျန်က ပိုင်ရှော က်ယွီ၏ စိတ်ကို ထိန်းချုပ်လိုက်လေသည်။

ဆန်းလျန်က...

"မင်း ဒီနေ့ အားနေရင် ထင်းနှစ်စည်းလောက် ထပ်ခုတ်ထားပါ လား..."

ပိုင်ရှောက်ယွီက ချက်ချင်းပင်...

"ဟုတ်ကဲ့..."

ဟု ပြောလိုက်မိလေသည်။

ထိုစကားကို သူ့ပါးစပ်မှ အလိုအလျောက်ထွက်သွားခြင်း ဖြစ်လေသည်။ သူ့စိတ်က တစ်ချက်ကလေးပင် စဉ်းစားချိန် မရလိုက်ပေ။

အဘယ့်ကြောင့် အလိုလိုနေရင်း "ဟုတ်ကဲ့" ဟု ပြောမိလိုက်ရပါသနည်းဟု ပိုင်ရှောက်ယွီသည် ဒေါသတကြီးဖြင့် တွေးလိုက်မိလေသည်။ ထို့နောက် သူသည် ခြံအနောက်ဘက်သို့ မကျေမနပ်ဖြင့် ထွက်လာခဲ့လေသည်။ သူသည် အခြားသူများအမြင်တွင် ခပ်ပေါပေါလူတစ်ယောက် ဖြစ်နေခဲ့လေပြီလား။

သူက နောက်သို့ လည်ပြန်တစ်ချက်လှည့်ကြည့်လိုက်ရင်း...

"ဒီလောက်အလုပ်လုပ်နေရတာ လုပ်ခ နှစ်ဆပေးဖို့ အစ်မကူးဝေဝေကို ပြောရမယ်..."

စားသောက်ဆိုင်ထဲတွင်တော့ ကူးဝေဝေ၏ မျက်နှာထက်မှ မပြုံးချင်ပြုံးချင် ပြုံးနေသည့် အပြုံးသည် ပျောက်ကွယ် သွားပြီဖြစ်လေသည်။

သူမက ဆန်းလျန်၏ ရင်ပတ်ကို အသာအယာ ပွတ်သပ်နေရင်း...

"နင် ပိုင်ရှောက်ယွီနဲ့ သူငယ်ချင်းလုပ်ထားတာ မမှားဘူးလို့ ငါတော့ထင်တယ်၊ အခုတလော အဲဒီကလေးက တကယ်စိတ်ဝင်စားဖို့ ကောင်းလာတယ်..."

ထိုသို့ ပေါက်ကရစကားများကို ပြောရင်း ကူးဝေဝေသည် ပျော်ရွှင်နေလေသည်။

သူမသည် ဆန်းလျန်ကို ချစ်ခွင့်ရနေသည့်အတွက် ပျော်ရွှင်နေခြင်းတော့ မဟုတ်ခဲ့ပါ။ ဒီအတိုင်းပင် သူမသည် ပျော်ရွှင်ခြင်းကို ခံစားနေရခြင်း ဖြစ်လေသည်။

....

သို့သော်...

ကူးဝေဝေ ပျော်ရွှင်နေသည့်အချိန်တွင် မေနန့်စန်းမှာတော့

အကြီးအကျယ် စိတ်ဆင်းရဲလျှက် ရှိလေသည်။

အဘယ်ကြောင့်ဆိုသော်...

သူသည် ကျုန်းတျဲယီနှင့် တိုက်ခိုက်နေရသောကြောင့်ဖြစ်

လေ၏။

ကျုန်းတျဲယီသည် ယခင်ကကဲ့သို့ ပုံမှန်အတိုင်းဆိုလျှင် မေနန့်

စန်းအတွက် ပြဿနာမရှိပါ။ သို့သော်... ယခု ကျုန်းတျဲယီ၏

ပုံစံမှာ အလောင်းကောင်တစ်ကောင် အသက်ဝင်နေသည့်

အလား ဖြစ်လေသည်။ သူ့ကို ကြည့်ရသည်မှာ ဖုတ်ကောင်တစ်

ကောင်နှင့်ပင် အလွန်ဆင်တူလေသည်။

အလောင်းမိစ္ဆာဟု သိုင်းလောကတွင် နာမည်ကျော်ကြားခဲ့သူ

ကျုန်းတျဲယီသည် ယခုတော့ တကယ်ပင် အလောင်း မိစ္ဆာတစ်

ကောင်အလား ဖြစ်နေခဲ့လေပြီ။

တိုက်ခိုက်နေစဉ်မှာပင်...

ကျုန်းတျဲယီ၏ စွန်ကုတ်လက်သည်းသဖွယ် လက်ချောင်း (၅)ချောင်းက မေနန့်စန်း၏ ရင်ဝကို ထိုးဖောက်စိုက်ဝင် သွားလေ၏။ မေနန့်စန်းသာ ကမန်းကတန်း ရှောင်တိမ်းလိုက်ခြင်း မရှိလျှင် ထိုလက်ချောင်းများသည် မေနန့်စန်း၏ နှလုံးသားကို ကုတ်ယူဆွဲထုတ်လိုက်မည် ဖြစ်လေသည်။

မေနန့်စန်းသည် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဖြစ်ပြီး ပုံမှန်ဆိုလျှင် ကျုန်းတျဲယီကို ကောင်းကောင်း ယှဉ်ပြိုင်နိုင်သူဖြစ်လေသည်။ သို့သော်... ယခုအချိန်တွင် ကျုန်းတျဲယီမှာ ဖုတ်ကောင်တစ်ကောင်အဖြစ်သို့ ပြောင်းလဲ သွားပြီဖြစ်ပြီး တန်ခိုးစွမ်းအားများကလည်း အဆမတန် မြင့်မားနေလေသည်။

ထို့ပြင် ထိုအလောင်းမိစ္ဆာဖုတ်သရဲကောင်သည် သေရမည်ကို ပင်အမှုမထားဘဲ မေနန့်စန်းကို သဲကြီးမဲကြီး အပြင်းအထန် တိုက်ခိုက်နေလေတော့သည်။

အခန်း (၇၃၂) မိစ္ဆာများ

ကျုန်းတျဲယီသည် မေနန့်စန်းရှေ့တွင် ရပ်နေလေသည်။ သူ့ပုံစံက လူတစ်ယောက်နှင့်မတူပေ။ ဖုတ်သရဲတစ်ကောင် အလား သူ၏မျက်နှာက စက္ကူတစ်စလို ဖြူစုပ်နေပြီး မျက်လုံးများက အစိမ်းရောင်တောက်ပနေလေသည်။ သွားများက အစွယ်များကဲ့သို့ ထက်ရှနေပြီး နှုတ်ခမ်း ထောင့်စွန်းတွင် လည်း သွေးစီးကြောင်းတစ်ခုက စီးကျနေသေးသည်။

ကျုန်းတျဲယီမှာ လူမဟုတ်တော့ဘဲ မိစ္ဆာတစ်ကောင်ဖြစ် နေသည်မှာ သေချာလှလေသည်။

မေနန့်စန်းသည် နံရံကိုမှီကာ အသက်ကို အငမ်းမရရှူနေမိလေသည်။ သူ၏ အင်္ကျီလက်နှစ်ဖက်စလုံး စုတ်ပြဲနေပြီး အတွင်းတွင်စွပ်ထားသည့် ရွှေရောင်လက်အိတ်များကိုပင် တွေ့မြင်နေရလေသည်။

သူက သူ၏ခန္ဓာကိုယ်ထဲမှ တန်ခိုးစွမ်းအားများအားလုံးကို အသုံးပြုကာ သူ့ရှေ့တွင် ရပ်နေသည့် ကျုန်းတျဲယီကို တိုက်ခိုက်လိုက်လေသည်။

ကျုန်းတျဲယီ၏ အစိမ်းရောင်တောက်ပနေသည့် မျက်ဝန်းများထဲတွင် မေနန့်စန်း၏ ပုံရိပ်ကို တွေ့မြင်နေရလေသည်။ လေထုတစ်ခုလုံးမှာ ကြောက်မက်ဖွယ်အငွေ့အသက်များနှင့် ပြည့်နက်နေလေတော့၏။

အသက်ဝင်နေသည့် ဖုတ်သရဲအလားဖြစ်နေသည့် အလောင်းမိစ္ဆာသည် ကျိုးကြောင်းဆင်ခြင်းနိုင်စွမ်း ပျောက်ဆုံး နေပြီဖြစ်လေသည်။

ကျုန်းတျဲယီသည် ရှေ့သို့ ခြေတစ်လှမ်းချင်း လှမ်းလာလေ

သည်။ သူ့ထံမှ တန်ခိုးစွမ်းအားများထွက်ပေါ်နေပြီး ထိုတန်ခိုး

စွမ်းအားများသည် ဖိအားတစ်ခုအလား မေနန့်စန်းကို ဖိနှိပ်

ထားလေသည်။ ဖိအားများသည် တဖြည်းဖြည်း များပြားလာ

သည်ကို မေနန့်စန်း ခံစားနေရလေသည်။

မေနန့်စန်း၏ ရင်ပတ်မှ ဒဏ်ရာမှာ မီးကဲ့သို့ ပူလောင်ပြီး

နာကျင်နေလေသည်။ သို့သော်... မေနန့်စန်းသည် ကျုန်းတျဲယီ

မည်သည့်အချိန်တွင် ဝင်ရောက်တိုက်ခိုက်မည်ကို သတိမလွတ်

ရဲသည့်အတွက် သူ၏ ရင်ပတ်မှ ဒဏ်ရာ ကို ငုံ့ပင်မကြည့်ရဲပါ

ချေ။

သူသာ ဒဏ်ရာကို ငုံ့ကြည့်ခဲ့မည်ဆိုလျှင် သူ၏ ဒဏ်ရာမှာ

အစိမ်းရောင်အကျိအချွဲများဖြင့် လှိုက်စားခံနေရပြီး

လောင်ကျွမ်းနေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

မေနန့်စန်းက ရုတ်တရက်ပင်... အဝါရောင် အင်းစာရွက်တစ်ရွက်ကို ထုတ်ယူလိုက်လေသည်။ ထို့နောက် ဂါထာတစ်ပုဒ်ရွတ်ဖတ်လိုက်လေရာ မီးကျီးခဲကဲ့သို့ ရဲရဲနီကာ မီးများတောက်လောင်နေသည့် မြွေတစ်ကောင် ထွက်ပေါ်လာလေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ထိုမြွေသည် ကျုန်းတျဲယီ၏မျက်နှာဆီသို့ ပျံသန်းသွားကာ တိုက်ခိုက်လိုက်လေသည်။

ကျုန်းတျဲယီက ရှောင်တိမ်းခြင်းမရှိပါ။ ရဲရဲတောက်နေသည့် မီးမြွေကို ပါးစပ်ဟကာ မြိုချပစ်လိုက်လေသည်။ သူ၏ ပါးစပ်အတွင်းမှ မီးနှင့်မီးခိုးများထွက်လာလေသည်။ သို့သော်... သူ၏မျက်နှာမှာ မီးလောင်ကျွမ်းသွားခြင်း မရှိပါပေ။

ကျုန်းတျဲယီက လက်ကိုမြှောက်လိုက်ပြီး မေနန့်စန်းကို ရိုက်ချလိုက်လေသည်။ ရိုက်ချက်မှာလျှင်မြန်လွန်းသည့် အတွက် အရိပ်ပင် မြင်ရခြင်းမရှိပေ။

မေနန့်စန်းမှာ နံရံတွင်ကပ်နေရင်းနှင့်ပင် ကိုယ်ကိုလိုမ့်ကာ ရှောင်တိမ်းလိုက်သည့်အတွက် ရိုက်ချက်မှ သီသီလေး လွတ်သွားလေ၏။ ကျုန်းတျဲယီ၏ ရိုက်ချက်မှာ နံရံကိုသာ ထိမှန်သွားပြီး နံရံမှာ ချက်ချင်းပင် နှစ်ခြမ်းကွဲသွားပြီး အုတ်များ ပြိုကျကုန်လေတော့သည်။

ကျုန်းတျဲယီ၏ မိစ္ဆာစွမ်းအားများမှာ အဆမတန် ပြင်းထန်နေသည်ကို မေနန့်စန်း ကောင်းကောင်း ခန့်မှန်း လိုက်မိလေသည်။

ဇာတိပကတိစွမ်းအားနှင့် မိစ္ဆာစွမ်းအား (၂)ခုပေါင်းစပ်ထားခြင်းဖြစ်လေသည်။

ကျုန်းတျဲယီ၏ လက်ဝါးရိုက်ချက်သည်ကား တန်ပေါင်းသောင်းနှင့်ချီသည်အထိ အင်အားပြင်းထန်လွန်းလှလေသည်။ စစ်မြေပြင်တွင် စစ်ပွဲတိုက်ခိုက်နေသည့် စစ်သူကြီးတစ်ယောက်တွင်သာ ထိုကဲ့သို့သော စွမ်းအားမျိုး ရှိမည် ဆိုပါက

ရန်သူ့ဘက်မှ စစ်သည်တော်ပေါင်းတစ်သောင်းကို

တစ်ချက်တည်းဖြင့်သေစေနိုင်မည်ဖြစ်ပြီး လူသတ်စက်

အလား ထင်မှတ်ရမည် ဖြစ်လေသည်။

ယခင်တုန်းက အလောင်းမိစ္ဆာဟု ကျော်ကြားသည့် ကျုန်းတျဲ

ယီသည် အလွန်မှ အစွမ်းထက်လွန်းသူ တစ်ယောက် ဖြစ်လေ

သည်။ သို့သော်... ယခု သူနှင့်တိုက်ခိုက်နေရသည့် ကျုန်းတျဲ

ယီလောက် အစွမ်းထက်ခြင်း မရှိသေးပေ။

ကျုန်းတျဲယီ၏ ခန္ဓာကိုယ်တွင် မည်သည့်အပြောင်းအလဲများ

ဖြစ်ပေါ်သွားသည့်အတွက် ယခုကဲ့သို့ မိစ္ဆာကောင် ဖြစ်သွားရပါ

သနည်း။

မေနန့်စန်းမှာ အပြေးအလွှားစဉ်းစားနေသော်လည်း အဖြေမ

ပေါ်ခဲ့ပါချေ။

သူ့အနေဖြင့် နည်းလမ်းတစ်ခုသာ ရှိတော့သည်။

ကျုန်းတျဲယီလက်မှ အမြန်လွတ်အောင်ပြေးပြီး ဆန်းလျန်ရှိရာ စားသောက်ဆိုင်သို့ အမြန်ပြန်ရမည်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... ပိုင်ကျားမြို့လေးတွင် ကျုန်းတျဲယီကဲ့သို့သော မိစ္ဆာကို တိုက်ခိုက်နိုင်သူဆို၍ ဆန်းလျန် တစ်ယောက်သာ ရှိသောကြောင့် ဖြစ်လေသည်။

သို့သော်... မေနန့်စန်းအနေဖြင့် ထွက်ပြေးမည်ဆိုလျှင်တောင် လွတ်မြောက်ရန် အခွင့်အရေး အနည်းငယ်သာ ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် ရက်စက်ကြမ်းကြုတ်ပြီး တန်ခိုးစွမ်းအားများ အဆမတန်မြင့်မားနေသည့် ကျုန်းတျဲယီက သူ့ကို ပြေးပေါက်မရှိအောင် ပိတ်ဆို့ထားသောကြောင့် ဖြစ်လေသည်။

ကျုန်းတျဲယီ၏ မုန်တိုင်းထန်နေသည့် တိုက်ခိုက်မှုများအလယ်တွင် မေနန့်စန်းမှာ ပြန်လည် တိုက်ခိုက်ရန်ပင် အခွင့်အရေးအရ

ဘဲ ရှောင်တိမ်းနေရသည့်အတွက် အနည်းငယ်ပင် ရှက်ရွံ့သလို ခံစားလာရလေသည်။

မေနန့်စန်းမှာ စိတ်ထဲတွင် ခံပြင်းလာမိလေသည်။

အသက်ဝင်နေသည့် ဖုတ်သရဲမိစ္ဆာကောင်၏တိုက်ခိုက်မှုမှာ အလွန်လျှင်မြန်လှသလို လှည့်ကွက်များနှင့်လည်း ပြည့်နေလေသည်။

မေနန့်စန်းမှာ မုန်တိုင်းထန်နေသည့် ပင်လယ်ထဲတွင် ရွက်လွှင့်နေသည့် လှေတစ်စင်းအလား အချိန်မရွေး တစ်စစီ ဖြစ်သွားနိုင်သည့်အနေအထားတွင်ရှိလေ၏။

ထို့ပြင်... သူ့ရင်ပတ်မှာ ဒဏ်ရာမှာလည်း တဖြည်းဖြည်းပို၍ ပြင်းထန်လာလေသည်။

တိုက်ပွဲအခြေအနေမှာ လုံးဝပြောင်းလဲလိမ့်မည် မဟုတ်ပေ။

ထို့ပြင် ဖုတ်သရဲမိစ္ဆာကောင်သည် ယနေ့ သူ့ကို အပြတ်ရှင်းပစ်မည့်ဟန် ရှိလေသည်။

မေနန့်စန်း၏ မျက်ဝန်းများက ရုတ်တရက် အေးစက်သွားပြီး

သူ၏ လက်ထဲတွင် ငွေရောင်ဘောလုံး (၅)ခု ထွက်ပေါ်လာလေ

သည်။ သူက ထိုငွေရောင်ဘောလုံးများဖြင့် ကျုန်းတျဲယီကို ပစ်

ပေါက်လိုက်လေသည်။ ငွေရောင်ဘောလုံးများသည်

အရှိန်အဟုန်ပြင်းစွာ ဖြင့်ပေါက်ကွဲသွားလေသည်။

ထိုငွေရောင်ဘောလုံးလေးများမှာ အရှေ့ပင်လယ်ဂိုဏ်းမှ

သုတေသနပြုထုတ်လုပ်ထားသည့် မိုးကြိုးဗုံးလက်နက် ဖြစ်

လေသည်။ ထိုလက်နက်မှာ အလွန်စွမ်းအားမြင့်မားပြီး မြေပြင်

ထက်တွင် ဖောက်ခွဲလိုက်လျှင် (၂)ပေ ၊ (၃)ပေခန့် ကျယ်သည့်

တွင်းကြီးများပင် ဖြစ်သွားနိုင်လေသည်။

ကြီးမားသည့်ပေါက်ကွဲမှုကြီးကြောင့် လေထဲတွင် ကြီးမားသည့်

လှိုင်းလုံးကြီးများ ထွက်ပေါ်လာလေသည်။ မေနန့်စန်း မှာ

အဖိုးတန်လွန်းသည့် မိုးကြိုးဗုံးလက်နက်ကို နှမြောမနေနိုင်

တော့ဘဲ ကျုန်းတျဲယီကို တိုက်ခိုက်ရန်အတွက် အသုံးပြုလိုက်

လေသည်။

ပေါက်ကွဲမှုအရှိန်ကြောင့် မေနန့်စန်းသည်ပင် အနောက်သို့

(၁၀)ပေခန့် လွင့်ထွက်သွားရလေသည်။

သို့သော်... မေနန့်စန်း၏ တိုက်ခိုက်မှုသည် အချည်းအနှီးသာ

ဖြစ်ခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော်... ပေါက်ကွဲမှုများမှထွက်ပေါ်လာ

သည့် မီးခိုးငွေ့များကြားတွင် သူ့ကို တစ်ချက်ပင် အလွတ်မ

ပေးဘဲ စိုက်ကြည့်နေသည့် အစိမ်းရောင် မျက်ဝန်း

တောက်တောက်တစ်စုံကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်

လေသည်။

မိစ္ဆာကောင်သည် မျောက်ဝံတစ်ကောင်ထက်ပင်ပေါ့ပါးစွာဖြင့်

(၁၀)ပေအကွာအဝေးကို ခုန်အုပ်လိုက်ပြီး မေနန့်စန်း၏

ဦးခေါင်းကို လက်သည်းများဖြင့် ထိုးစိုက်ချလိုက်လေသည်။

ထိုအချိန်မှာပင်... ဓားရောက်တစ်ချက် လက်ခနဲထွက်ပေါ်လာ

လေသည်။

လူရိပ်တစ်ရိပ်ထွက်ပေါ်လာပြီး ဓားတိုတစ်လက်ဖြင့် ကျုန်းတျဲ

ယီ၏ လက်မောင်းကို ထိုးစိုက်ချလိုက်ခြင်း ဖြစ်လေ၏။

သို့သော်... ကျုန်းတျဲယီမိစ္ဆာကောင်က တည်ငြိမ်စွာဖြင့်ပင် သူ့

လက်မောင်းတွင် စိုက်ဝင်နေသည့် ဓားတိုကို ဆွဲနှုတ်လိုက်လေ

သည်။

ထို့နောက် ဓားတိုကို လာရာလမ်းအတိုင်း ပစ်ပေါက်လိုက်လေ

တော့သည်။

"အား...."

ဓားတိုပိုင်ရှင်၏ အော်သံတစ်ချက် ထွက်ပေါ်လာပြီး မေနန့်စန်း

မှာလည်း ဝမ်းနည်းကြေကွဲစွာဖြင့် တစ်ချက် အော်ဟစ် လိုက်

လေသည်။

"ယိုယို..."

သူ၏အော်သံမဆုံးခင်မှာပင် ပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာပြီး ယိုယို၏ခန္ဓာကိုယ်မှာ သွေးမှုံသွေးစများ ပန်းထွက်လာပြီး ယိုယို၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တစ်စစီ ပေါက်ကွဲထွက်သွားလေတော့သည်။

ယိုယိုသည် မေနန့်စန်းကို ကယ်တင်ရန် ကြိုးစားရင်း အသက်ပေးသွားခဲ့ရပြီ ဖြစ်လေသည်။

....

ပိုင်ကျားမြို့ရှိ အိမ်ခေါင်မိုးများနှင့် လမ်းမများထက်တွင် မိစ္ဆာဖုတ်သရဲတစ်ကောင် ခုန်ပေါက် ပြေးလွှားနေလေ၏။ ထိုမိစ္ဆာသည် လူရိပ်တစ်ရိပ်နောက်သို့ လိုက်နေခြင်း ဖြစ်လေသည်။

ပိုင်ကျားမြို့သူမြို့သားများမှာ တစ်ခါမှ မကြုံဖူးသည့်အခြေအနေကြောင့် ကြောက်ရွံ့ထိတ်လန့် ကုန်ကြရလေသည်။

မေနန့်စန်းသည် ဆန်းလျန်ရှိရာ "သောက်ပြီးရင်မပြန်နဲ့တော့" စားသောက်ဆိုင်သို့ အပြေးပြန်လာခဲ့လေသည်။ သို့သော်...

အလောင်းမိစ္ဆာကောင်သည် သူသွားရာလမ်းကို ပိတ်ဆို့ထား လိုက်ပြီ ဖြစ်လေသည်။

မိစ္ဆာအလောင်းကောင်မှာ တန်ခိုးစွမ်းအားမြင့်မားလွန်းလှ သည့်အတွက် ပိုင်ကျားမြို့တွင်နေထိုင်သူများမှာ ထိတ်လန့် တခြားဖြစ်ကာ စုစုရုံးရုံးဖြစ်နေကြလေသည်။ လူအများ၏ ကြောက်ရွံ့ထိတ်လန့်မှုများသည် လေထုထဲတွင် ပျံ့နှံ့နေကြ လေသည်။ ထို့ကြောင့် ကြောက်စိတ်များ ပျံ့နှံ့သွား သည့်အတွက် ပိုမိုကြီးမားသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေ လေသည်။

ပိုင်ကျားမြို့တွင်လည်း ကျင့်ကြံသူအချို့နှင့် သိုင်း လောကသားအချို့ ရှိလေရာ သူတို့က အလောင်းကောင်ကို ဝင် ရောက်တိုက်ခိုက်လိုက်ကြလေသည်။ သို့သော်… သူတို့ မ တိုက်ခိုက်နိုင်ခင်မှာပင် မိစ္ဆာအလောင်းကောင်းသည် သူတို့၏

လည်ပင်းများကို အရှင်လတ်လတ်ကိုက်ဖောက်ကာ သွေးများ

ကို စုပ်ယူပစ်လိုက်လေသည်။

ထိုအခါ အလောင်းမိစ္ဆာကို တိုက်ခိုက်ရန် ကြိုးစားကြသည့်

ကျင့်ကြံသူများနှင့် သိုင်းလောကသားများ (၅)ယောက် ၊

(၆)ယောက်ခန့်မှာ ဖုတ်သရဲများအဖြစ်သို့ ပြောင်းလဲသွားကြ

လေ တော့သည်။ သူတို့၏မျက်ဝန်းများမှာ အစိမ်းရောင် များ

တောက်ပလာကြပြီး မီးအိမ်များကဲ့သို့ တောက်ပနေကြလေ

သည်။

ထိုအချိန်မှာပင်... ကောင်းကင်ထက်မှ မိုးကြိုးတစ်ချက်ပစ်ချ

လိုက်ပြီး မိုးကြိုးသွားသည် ဖုတ်သရဲများအားလုံးကို ထိမှန်

သွားလေသည်။ ဖုတ်သရဲများထံမှ စူးရှကျယ်လောင်သည့်

အော်သံကြီးများ ထွက်ပေါ်လာကြလေသည်။

မိုးကြိုးသွားသည် ရာနှင့်ချီသည့် လျှပ်စီးအလင်းတန်းများ

အဖြစ်ပြောင်းလဲသွားပြီး မိစ္ဆာကောင်များကို လျှပ်စီးကွန်ယက်

သဖွယ် ရစ်ပတ်ထားလိုက်လေသည်။

ဆောင်းဦးရာသီနှောင်းပိုင်းကာလတွင် ယခုကဲ့သို့ မိုးကြိုးပစ်ချ

လိုက်ခြင်းမှာ အလွန် ကြောက်မက်ဖွယ်ရာ ဖြစ်လေ၏။

မိုးကြိုးပစ်ချလိုက်သည့်အတွက် မိစ္ဆာကောင်များ ခဏတာမျှ

ရပ်တန့်သွားသည်ကို အခွင့်အကောင်းယူကာ မေနန့်စန်းသည်

ဆန်းလျန်ရှိရာ စားသောက်ဆိုင်သို့ ပြန်ရောက်လာခဲ့လေသည်။

မိုးကတော့ သဲကြီးမဲကြီးရွာသွန်းလျှက် ရှိလေ၏။

ထိုအချိန်တွင်... ကျုန်းတျဲယီအပါအဝင် မိုးကြိုးပစ်ချခံလိုက်

ရသည့် မိစ္ဆာကောင်များအားလုံးမှာ ခန္ဓာကိုယ်မှ

အသွေးအသားများ ၊ အဝတ်အစားများ လောင်ကျွမ်းသွားကြ

ပြီး အဖြူရောင်အရိုးများ အဖြစ်သို့ ပြောင်းလဲသွားလေ သည်။

အဖြူရောင်အရိုးများမှာ စူးချွန်များအလား ထက်ရှနေပြီး ခွက်

ဝင်နေသည့် မျက်လုံးချိုင့်ကြီးများထဲမှ အစိမ်းရောင်

မီးတောက်များက တောက်ပနေလေသည်။

အလောင်းမိစ္ဆာများသည် အရိုးမိစ္ဆာများအဖြစ်ပြောင်းလဲသွား

ကြပြီးယခင်ကထက်ပင် ပိုမိုကြောက်မက်ဖွယ်ရာ ဖြစ်လာခဲ့ကြ

လေသည်။

အရိုးမိစ္ဆာများသည် ဒူးခေါင်းများကို အနည်းငယ်ကွေးညွတ်

ကာ မြို့ထဲတွင် လမ်းလျှောက်နေကြပြီး တွေ့လေ မြင်လေရာ

ရာကို တိုက်ခိုက်ရင်း မိုးထဲလေထဲတွင် ထင်တိုင်းကျဲနေကြလေ

တော့သည်။

မေနန့်စန်း၏ ဒဏ်ရာမှာ ပြင်းထန်လှပြီး သူ၏ခန္ဓာကိုယ်မှာ

အလွန်အားနည်းနေပြီ ဖြစ်လေသည်။

သူ့ဘဝတွင် အန္တရယ်ပေါင်းများစွာကို ရင်ဆိုင်ခဲ့ဖူးသည့်တိုင်

ယနေ့ကဲ့သို့ ခြောက်ခြားထိတ်လန့်စရာ အခြေအနေမျိုးဖြင့်

တစ်ခါမှ ရင်ဆိုင်ခဲ့ရဖူးခြင်း မရှိပေ။ ယခုတော့ သူ့အပေါ်

သစ္စာရှိလှသည့် အစေခံမလေး ယိုယို သည်ပင်လျှင် သူ့

အတွက် အသက်ပေးသွားခဲ့ရရှာပြီ ဖြစ်လေသည်။

မေနန်းစန်း စားသောက်ဆိုင်ထဲသို့ ပြန်ရောက်လာသည်နှင့် ဆန်း

လျန်က သူ့ထံသို့ လျှောက်လာပြီး ကြွေပုလင်းလေး တစ်

ပုလင်းကို ကမ်းပေးလိုက်လေသည်။

"ခင်ဗျားရဲ့ဒဏ်ရာကို လိမ်းလိုက်..."

"ကျေးဇူးတင်ပါတယ်..."

ထို့နောက်... မေနန်းစန်းက ကြွေပုလင်းလေးကိုဖွင့်လိုက်ပြီး

အထဲမှ အဝါရောင်ဆေးမှုန့်များကို အစိမ်းရောင် အကျီအစ္စဲ

များဖြင့် လှိုက်စားခြင်းခံနေရသည့်ဒဏ်ရာထဲသို့ လောင်းထည့်

လိုက်လေသည်။ အနာအတွင်းမှ အေးစက်သည့်အငွေ့အသက်

များထွက်ပေါ်လာပြီး ဒဏ်ရာမှာ ချက်ချင်းသက်သာသွားလေ

သည်။

မေနန်းစန်းက...

"ကျုန်းတျဲယီ ဘာဖြစ်သွားတာလဲ..."

ဆန်းလျန်က...

"အဲဒါက သေခြင်းနဲ့ရှင်ခြင်းကိုပေါင်းစပ်သွားစေတဲ့ အောက်လမ်းပညာတစ်မျိုးပဲ ၊ သေခြင်းနဲ့ရှင်ခြင်းပေါင်းစပ် သွားရင် မိစ္ဆာတစ်ကောင်ပုံစံပေါ်ထွက်လာပြီး မိစ္ဆာနတ်ဘုရား တစ်ပါးက သူ့ရဲ့ခန္ဓာကိုယ်ကို ဝင်ပူးသွားတာပဲ..."

မေနန့်စန်းက...

"ဒါပေမယ့် ခင်ဗျားကတော့ သူ့ကို အနိုင်ယူနိုင်တာပဲလေ ၊ လူတွေဒုက္ခရောက်နေတာ ခင်ဗျားဘာလို့ သူ့ကိုသွားပြီး မနှိမ်နင်းရတာလဲ..."

ထိုမေးခွန်းမှာ မမေးသင့်သည့် မေးခွန်းဖြစ်ကြောင်း မေနန့်စန်း ကောင်းကောင်းသိပါသည်။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်အနေဖြင့် ကျုန်းတျဲယီကို သုတ်သင်ပစ်ရန် တာဝန်မရှိပေ။ သို့သော်... မမေးဘဲ မနေနိုင်

သည့်အတွက်သာ မေနန်းစန်းက မေးမြန်းလိုက်မိခြင်း ဖြစ်လေ

တော့သည်။

အခန်း (၇၃၃) ကျုပ်ဘာလို့ မကယ်လဲဆိုတာ တွေးနေမယ့်

အစား ကိုယ့်ဆုံးဖြတ်နဲ့ကိုယ် လုပ်ပေါ့ဗျာ

မမေးသင့်သည့်မေးခွန်းမျိုးကို မေးလိုက်မိသည့်အတွက် မေနန်း

စန်းမှာ အနည်းငယ်နောင်တရသွားမိလေသည်။

သို့သော်... သူက စိတ်ရှုတ်ထွေးစွာဖြင့် ဆန်းလျန်ထံမှ အဖြေ

စကားကိုလည်း စောင့်မျှော်နေမိလေသည်။

ဆန်းလျန်ကတော့ မေနန့်စန်း၏မေးခွန်းကို မဖြေခဲ့ပါ။ သူက လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ ခပ်အေးအေး အမူအရာဖြင့် စားသောက်ဆိုင်ကောင်တာနောက်သို့ လမ်းပြန်လျှောက်သွားလေသည်။ သူ၏ အမူအရာများက ယခင်ကအတိုင်း အေးဆေးတည်ငြိမ်နေဆဲပင်။

မေနန့်စန်းသည် ချက်ချင်းပင် ဆန်းလျန်၏ စိတ်တစ်ဖက်ခြမ်းကို ခံစားနားလည်လိုက်မိလေသည်။ ဆန်းလျန်သည် နူးညံ့သိမ်မွေ့ပြီး နွေးထွေးသူတစ်ယောက် ဖြစ်လေသည်။ သို့သော် နူးညံ့သိမ်မွေ့ နွေးထွေးမှုများထဲတွင် ဆန့်ကျင်ဘက်ဖြစ်သည့် အေးစက်မာကျောသည့်စိတ်ထားလည်း ယှဉ်တွဲတည်ရှိနေခဲ့လေသည်။

အခန်းထဲတွင် လေထုတစ်ခုလုံး လေးလံသွားသလို ခံစားလိုက်ရလေသည်။

အပြင်ဘက်တွင်တော့ လူပေါင်းများစွာ အသက်ဆုံးရှုံးနေကြပြီ ဖြစ်ပြီး နောက်ထပ်မည်မျှ ထပ်မံသေကြေကြဦးမည် ကို မ ခန့်မှန်းနိုင်ပေ။

သို့သော်... ဆန်းလျန်က အရေးမစိုက်ပါ။ သူသာ ဆန္ဒရှိမည်ဆို လျှင် အရေးမစိုက်သည့်အပြင် ရယ်မော စကားပြောနေရန်ပင် တတ်နိုင်သူဖြစ်လေသည်။ စစ်ရေးမဟာဗျူဟာရေးဆွဲသည့် အချိန်တွင် လူပေါင်းများစွာ အသက်ကို စတေးရမည်ဖြစ် လင့်ကစား အမှုမထားသည့် ဘုရင်တစ်ပါးအလား ဖြစ်လေ သည်။

ထိုအတွေးများသည် မေနန့်စန်း၏ ဆန်းလျန်အပေါ်တွေးထင် နေသည့် အတွေးများသာ ဖြစ်လေသည်။

ထိုအချက်သည် လုံးဝမဆီလျော်လှပါ။ သို့သော်... ထိုအချက် သည်ပင် သူ၏လူသားဆန်မှု ဖြစ်ကောင်းဖြစ်ပေလိမ့် မည်။ မေနန့်စန်း၏ ဒဏ်ရာမှာ သက်သာသွားပြီ ဖြစ်လေသည်။

မေနန့်စန်းသည် လေးလံသည့်ခြေလှမ်းများဖြင့် ဆန်းလျန်

အနားသို့ လျှောက်သွားလိုက်ပြီး...

"ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ခင်ဗျားသိထားပြီး

သား မဟုတ်လား...."

ဆန်းလျန်က...

"ဖြေရှင်းဖို့နည်းလမ်းတွေက တစ်ခုတည်းမဟုတ်ဘူး၊ အများ

ကြီးရှိတယ်၊ ခင်ဗျားက ပုရွက်ဆိတ်လေးတစ်ကောင် လို

အပြတ်အသတ်ရှုံးနိမ့်လာပြီဆိုတော့ ခေါင်းထဲက ဘာမှ

စဉ်းစားလို့မရတော့လို့ ကျုပ်ဆီကို အကြံဉာဏ် လာတောင်း

တာလား၊ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ဘာအကြံမှ

ပေးမှာမဟုတ်ဘူး...."

ထိုသို့သောစကားမျိုးကိုပြောသူမှာ အခြားတစ်ယောက်သာဖြစ်

လျှင် အလွန်မှ မောက်မာသူတစ်ယောက်ဟု မေနန့်စန်းတွေးမိ

မည် ဖြစ်လေသည်။ သို့သော်... ဆန်းလျန်သည်ကား အလွန်း

ထူးဆန်းသူတစ်ယောက် ဖြစ်လေ၏။ ဆန်လျန်အနေဖြင့် အပြောကြီးကြီးဖြင့် လျှောက်ပြောနေခြင်းဖြစ်သည်ဟု မေနန့် စန်း တစ်ချက်ကလေးပင် မထင်ရဲပါချေ။

မေနန့်စန်းက ခါးသက်စွာဖြင့်...

"ဒီကိစ္စမှာ ခင်ဗျား ဝင်မပါတာ တခြားအကြောင်းတစ်ခုခု ရှိလို့ လား..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း....

"ကျုပ်က သိပ်ကိုအေးစက်မာကျောတယ်လို့ ခင်ဗျားထင်ချင် နေနေလိမ့်မယ်၊ ဒါပေမယ့် ကျုပ်အနေနဲ့ မဆိုင်တဲ့လူတွေကို လိုက်ပြီးကယ်တင်နေစရာ အကြောင်းမရှိဘူး၊ တခြားသူတွေ ဘယ်လိုထင်မလဲဆိုတာလည်း ကျုပ်ဂရုမစိုက်ဘူး၊ ပြီးတော့ ကျုပ်ဝင်မပါရတဲ့ အကြောင်းကိုသိတော့လည်း ခင်ဗျားဘာ လုပ်နိုင်မှာ မို့လို့လဲ၊ တကယ်တော့ လောကမှာ ဘယ်သူမှ ကယ်တင်ရှင်လုပ်ဖို့ မွေးဖွားလာတာ မဟုတ်ဘူး၊ ဒါပေမယ့်

ခင်ဗျားက ကယ်တင်ရှင်ဝင်လုပ်ချင်တယ်ဆိုရင်လည်း ကိုယ့်ဟာကိုယ်သွားလုပ်ပေါ့၊ ကျုပ်ဘာလို့ မကယ်လဲဆိုတာ တွေးနေမယ့်အစား ကိုယ့်ဆုံးဖြတ်နဲ့ကိုယ် လုပ်ပေါ့ဗျာ..."

မေနန့်စန်းက ခါးသက်စွာဖြင့် တစ်ချက်ပြုံးလိုက်ရင်း...

"ခင်ဗျား မှန်ပါတယ်..."

ထို့နောက် မေနန့်စန်း၏ မျက်ဝန်းများက စူးရှတောက်ပလာပြီး စကားဆက်ပြောလိုက်လေသည်။

"ကျုပ်ကလည်း ကယ်တင်ရှင်ကြီး ဖြစ်ချင်နေတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်မတတ်နိုင်ဘူးဆိုရင်တောင်မှ တတ်နိုင်သလောက်တော့ လူတွေကို ကယ်ပေးရမှာပဲ..."

မေနန့်စန်းသည် အနည်းငယ် တုန်လှုပ်နေသည့်တိုင် စားသောက်ဆိုင်အပြင်ဘက်သို့ တည်ငြိမ်စွာဖြင့် ထွက်ခွာသွားလေသည်။ သူသည် စားသောက်ဆိုင်အတွင်းသို့ ဝင်လာခဲ့စဉ်က အလွန်ကြောက်ရွံ့နေခဲ့လေသည်။ သို့သော်... ယခု

စားသောက်ဆိုင်အတွင်းမှ ပြန်လည်ထွက်ခွာသွားသည့်အချိန်တွင်တော့ ခိုင်မာသည့်ဆုံးဖြတ်ချက် ဖြင့်ရဲရင့်စွာ ထွက်ခွာသွားခဲ့လေသည်။

သူ၏နောက်ကျောကို ဆန်းလျန်က အသိအမှတ်ပြုသည့်မျက်ဝန်းများဖြင့် ကြည့်နေခဲ့သည်ကိုတော့ မေနန့်စန်း သိရှိခဲ့ခြင်း မရှိတော့ပါ။

ယခုကိစ္စတွင် ဆန်းလျန်မမှားဘူးဆိုသည်မှာ သေချာလေသည်။ သို့သော် မေနန့်စန်းလည်း မမှားပါ။

မတူညီသည့် လူသားများသည် မတူညီသည့် ရွေးခြယ်မှုများကို ပြုလုပ်နိုင်ကြလေသည်။ လူသားများ၏ဘဝတွင် ရွေးခြယ်မှုများမတူညီကြသည့်အတွက် ကံကြမ္မာများလည်း မတူညီကြခြင်းပင်ဖြစ်လေ၏။ ထို့ကြောင့် ကံတရားသည် ဆန်းကျယ်ပြီးခန့်မှန်းရခက်ခြင်း ဖြစ်လေသည်။

ဆန်းလျုန် မေနန့်စန်းကို ချီးကျူးသည့်အချက်မှာ ကိုယ်မှန်သည်ထင်သည့်လုပ်ရပ်ကို သတ္တိရှိရှိနှင့်လုပ်ရဲသည် သာမက ဆုံးဖြတ်ချက်ခိုင်မာပြီး ကိုယ်ပိုင်ခံယူချက်ရှိသည့်အတွက် ဖြစ်လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် မေနန့်စန်းသည် အလွန်အရည်အချင်းရှိသူတစ်ယောက် ဖြစ်ကြောင်း သိရှိနိုင်လေသည်။

အရင်တုန်းကတော့ မေနန့်စန်းသည် အရှေ့ပင်လယ်ဂိုဏ်းချုပ် မေနန့်စန်းဖြစ်ပေလိမ့်မည်။ ယခုတော့ မေနန့်စန်း သည် မေနန့်စန်း ကိုယ်တိုင်သာ ဖြစ်လေသည်။

အတိတ်တစ်ချိန်တုန်းက… ဆန်းလျုန်သည်လည်း မေနန့်စန်း ကဲ့သို့ အဖြစ်မျိုးနှင့် ကြုံခဲ့ရဖူးသည်ဟု စိတ်ထဲတွင် ခံစားနေရလေသည်။

သို့သော်… ကြာခဲ့ပြီ ဖြစ်လေသည်။ အလွန့်အလွန်ကြာခဲ့လေပြီဟု ထင်မှတ်ရလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သူသည်လည်း မေနန့်စန်း

ကဲ့သို့ ခေါင်းမာပြီး မိုက်မဲစွာဖြင့် လူသားများကို ကယ်တင်ခဲ့သူ

တစ်ယောက် ဖြစ်ခဲ့ဖူးဟန် ရှိလေသည်။

ဆန်းလျန်က ကောင်တာထောင့်ရှိ အံဆွဲထဲမှ စုတ်တံတစ်

ချောင်းနှင့် စာရွက်ဖြူတစ်ရွက်ကို ထုတ်ယူလိုက်ပြီး

စာကြောင်း (၂)ကြောင်းကို ရေးသားလိုက်လေသည်။

"ကမ္ဘာမြေကြီးလိုမယိမ်းယိုင်သည့် ငြိမ်းချမ်းမှု...

လျှို့ဝှက်ချက်တစ်ခုကဲ့သို့ နက်ရှိုင်းသည့် တိတ်ဆိတ်မှု..."

ထိုစာ (၂)ကြောင်းသည် လက်ရှိအခြေအနေနှင့် သက်ဆိုင်ခြင်း

မရှိပါ။

ဆန်းလျန်က သူ၏စိတ်များ ပိုပြီး တည်ငြိမ်စေရန်အတွက် ချ

ရေးလိုက်ခြင်းသာ ဖြစ်လေသည်။ သူသည် နတ်ဘုရား တစ်ပါး

ဖြစ်လေသည်။ သို့သော်... သူ့တွင် လူသားဆန်သည့်

နှလုံးသား ရှိပါသေးသည်။ သို့သော်... ယခုအချိန်တွင် မိစ္ဆာ

များကို သတ်လိုက်မည်ဆိုလျှင် ပြဿနာ၏ အရင်းအမြစ်ကို သိရှိနိုင်တော့မည် မဟုတ်ပေ။ ထို့ပြင် နောက်ကွယ်မှ ကြိုးကိုင်နေသူသည် ရှောင်ထွက်သွားမည် ဖြစ်လေသည်။

ထိုအချိန်မှာပင်...

"ဦးလေးကြီး... ဦးလေးကြီး လက်ရေးကအရမ်းလှတာပဲ ၊ အဲဒီ စာရွက်လေး ကျွန်မကို ပေးပါလားဟင်..."

ဆန်းချင်းချင်း မည်သည့်အချိန်က ဆန်းလျန်အနားသို့ရောက် နေသည်မသိပေ။ ဆန်းလျန်ပင် သတိထားလိုက်မိခြင်း မရှိပေ။ သူမသည် အပြင်မှ ပြန်လာခြင်းဖြစ်လေသည်။ အပြင်ဘက် တွင် မိုးများသည်းထန်စွာရွာသွန်းနေသည့်တိုင် သူမ၏ ခန္ဓာကိုယ်ထက်တွင် မိုးရေလေးတစ်စက်ပင် စိုခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် သူမထံတွင် မိုးစက်ပုံသဏ္ဍာန် အဖိုးတန်အဆောင်ပစ္စည်းလေးတစ်ခု ရှိနေသောကြောင့် ဖြစ်

လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ချင်းဟယ်

မင်းသား မည်မျှ ကြွယ်ဝချမ်းသာသည်ကို သိရှိနိုင်လေသည်။

ဆန်းလျန်က...

"မပေးနိုင်ပါဘူး"

ဆန်းချင်းချင်းက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီး...

"ကပ်စေးနဲလိုက်တာ..."

သူမစကားဆုံးသွားသည်နှင့် ဆန်းလျန်၏ ရှည်လျားသွယ်လျ

သည့် လက်ချောင်းလေးများက ဆန်းချင်းချင်း၏ နားရွက်ကို

လာရောက်ထိကိုင်လိုက်လေသည်။

ဆန်းချင်းချင်းမှာ နားရွက်ကို အကိုင်ခံလိုက်ရသည့်အတွက်

အနည်းငယ် စိတ်ကသိကအောက်ဖြစ်သွားရလေသည်။

သို့သော်... သူမ၏ နားရွက်ထဲမှ ဆန်းလျန်ဆွဲထုတ်လိုက်သည့်

အစိမ်းရောင်တီကောင်တစ်ကောင်ကို တွေ့လိုက်ရသည့်အခါ

တွင်တော့ သူမသည် အာခေါင်ခြစ်ကာ အော်ဟစ်လိုက်မိလေ

တော့သည်။ ထိုသတ္တဝါသည် အလွန်ရှုံစကာကောင်းပြီး လောက်ကောင်အကြီးစားနှင့် ဆင်တူလေသည်။

ဆန်းချင်းချင်း၏ အော်ဟစ်သံကြောင့် အထိန်းတော်ကြီးမှာ လည်း အလျှင်အမြန် ရောက်ရှိလာလေသည်။ သူက ဆန်း ချင်းချင်း၏ အော်သံကြောင့် အလွန်အမင်းစိတ်ပူသွားမိ သော်လည်း ဆန်းလျန်လက်ထဲမှ အစိမ်းရောင်တီကောင်ကို တွေ့လိုက်ရသည့်အခါတွင်တော့ အခြေအနေကို သဘောပေါက်သွားလေသည်။ အစိမ်းရောင်တီကောင်သည် ဆန်းလျန်၏ လက်ထဲတွင် တွန့်လိမ်နေလေသည်။

ဆန်းချင်းချင်း၏ ကိုယ်ပေါ်တွင် အဆိပ်များကိုဖယ်ထုတ်နိုင် ပြီး မိစ္ဆာအတတ်များကိုလည်း ကာကွယ်ပေးနိုင်သည့် အဆောင်တစ်ခု ရှိလေသည်။ ထို့ကြောင့် ဆန်းချင်းချင်းကိုယ် ပေါ်သို့ တက်လာမိသည့် အစိမ်းရောင်တီကောင်မှာ တွန့်လိမ်နေ ပြီး နာကျင်ဝေဒနာကို ခံစားနေရဟန်ရှိလေသည်။

ဆန်းလျန်က တီကောင်ကို လက်ညှိုးနှင်လက်မအသုံးပြုကာ ဖိချေလိုက်လေရာ မျက်စိတစ်မှိတ်အတွင်းမှာပင် စိမ်းပြာရောင်အငွေ့များအဖြစ် ပြောင်းလဲသွားပြီး လေထဲတွင် ပျောက်ကွယ်သွားလေသည်။

ဆန်းချင်းချင်းက ထိတ်လန့်စွာဖြင့် သူမ၏ရင်ပတ်ကို အသာဖိထားလိုက်ပြီး...

"အဲဒါ ဘာကောင်ကြီးလဲ..."

ဆန်းလျန်က...

"အလောင်းစားလောက်ကောင်လို့ခေါ်တယ် ၊ ကပ်ပါးကောင်တစ်မျိုးပဲ..."

ဆန်းချင်းချင်းမှာ ကြောက်နေဆဲ ဖြစ်လေသည်။

"ဦးလေးကြီး ၊ ကျေးဇူးပါ..."

ဆန်းလျန်က...

"ဘာလဲ... ခုနကတော့ မင်းရဲ့ နားရွက်ကိုကိုင်လို့ ကျုပ်ကို စိတ်ဆိုးနေပြီးတော့..."

ဆန်းချင်းချင်းက...

"ဦးလေးကြီး ကျွန်မနားရွက်ကိုကိုင်လို့ ကျွန်မက စိတ်မဆိုးပါဘူး ၊ ဦးလေးကြီးက လူကောင်းတစ်ယောက်ပဲဟာ..."

သူမက ချစ်စရာကောင်းသည့် အမူအရာလေးဖြင့် စကားပြောလိုက်လေသည်။

ဆန်းချင်းချင်း၏ ချောမောလှပသော မျက်နှာလေးသည် နေရောင်ခြည်အလား လင်းလက်နေလေသည်။ သူမကို မြင်သူတိုင်းက မချစ်ဘဲ နေနိုင်ကြမည် မဟုတ်ပေ။

သို့သော်... ဆန်းလျန်ဆိုသည်က စိတ်ဓာတ်အလွန်တည်ကြည်ခိုင်မာသူဖြစ်လေရာ သူ့ရှေ့မှ အလှတရားလေးကြောင့် တစ်ချက်ပင် စိတ်ယိမ်းယိုင်ခြင်း မဖြစ်မိပါချေ။

ထိုအချိန်မှာပင်... သူတို့အနားသို့ ကူးဝေဝေ ရောက်ရှိလာခဲ့လေသည်။

ကူးဝေဝေက...

"အပြင်မှာ ဆူညံနေတာပဲ ၊ ဘာတွေဖြစ်နေတာလဲ မသိဘူး..."

ဆန်းချင်းချင်းသည် ယခုမှ အပြင်က ပြန်လာခြင်းဖြစ်လေသည်။

သူမက အပြင်ဘက်တွင် သောင်းကြမ်းနေသည့် မိစ္ဆာများ အကြောင်းနှင့် လူအများ သေကြပျက်စီး ကြသည့် အဖြစ်အပျက်များကို ကူးဝေဝေအား အသေးစိတ်ရှင်းပြလိုက်လေသည်။

ကူးဝေဝေမှာ စိတ်မကောင်းဖြစ်သွားပြီး...

"ဩော်... လူတွေ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ကြုံတွေ့ရတာ စိတ်မကောင်းစရာပဲ..."

ဆန်းချင်းချင်းက...

"သံမဏိလိုမာကျောတဲ့ ဦးလေးကြီးရဲ့ နှလုံးသားကိုပဲ အပြစ်တင်ရတော့မယ်၊ ဦးလေးကြီးလိုမျိုး တန်ခိုးရှင်တွေက မိုင်ပေါင်းများစွာအကွာအဝေးက လှုပ်ရှားမှုတွေကိုတောင် သိမြင်နိုင်စွမ်း ရှိကြတာပဲမဟုတ်လား၊ ဦးလေးကြီးသာ ကူညီရင် ယိုယို သေရမှာ မဟုတ်ဘူး..."

ဆန်းချင်းချင်းက သူမ၏ စကားဆုံးသွားသည်နှင့် ကူးဝေဝေကလည်း ဆန်းလျန်ကို အပြစ်တင်လိမ့်မည်ဟု ထင်မှတ်ထားမိလေသည်။

သို့သော် ကူးဝေဝေ ပြောလိုက်သည့် စကားမှာ...

"မင်းသမီးလေး၊ ဆန်းလျန်က ကယ်နိုင်ရက်သားနဲ့ မကယ်ဘူးဆိုရင်တောင်မှ ဆန်းလျန်ကို အပြစ်တင်လို့ မရပါဘူး၊ ဘာလို့လဲဆိုတော့ ဒီကိစ္စတွေက ဆန်းလျန်နဲ့ ဘာမှမဆိုင်ဘူး၊ တကယ်တမ်း ယိုယိုကိုသတ်လိုက်တာက အဲဒီ မိစ္ဆာကောင်လေ..."

ဆန်းချင်းချင်းမှာ အနည်းငယ်လှုပ်ရှားသွားလေသည်။

ကူးဝေဝေမှာ ကျင့်စဉ်အနည်းငယ်ကို ကျင့်ကြံထားသည့်တိုင် သာမန်မိန်းကလေးတစ်ယောက်မျှသာဖြစ်သည်ဟု သူမက ထင်မှတ်ထားခဲ့လေသည်။ ကူးေဝဝမှော နိမ့်ကျသည့်အတွက် ဆန်းလျန်နှင့်ပင် မတန်ဟု သူမက တွေးထင်ခဲ့ဖူးလေသည်။ သို့သော်.... မမျှော်လင့်စွာပင် ကူးဝေဝေသည် ကိစ္စရပ်များကို အမှားအမှန် မှန်ကန်စွာ ဝေဖန်ပိုင်းခြားနိုင်သူတစ်ယောက် ဖြစ်နေခဲ့လေသည်။

ဆန်းချင်းချင်းက ချက်ချင်းပင် ကူးဝေဝေကို တောင်းပန်လိုက်လေသည်။

"မမဝေဝေ ပြောတာမှန်ပါတယ် ၊ ကျွန်မ စကားပြောမှားသွားပါတယ်..."

ဆန်းချင်းချင်းသည် ပွင့်လင်းသူတစ်ယောက် ဖြစ်လေသည်။

ထို့ပြင် သူမသည် လူကဲခတ်လည်း တော်သူဖြစ်လေသည်။

ချင်းဟာယ်နန်းတော်တွင် ကြီးပြင်းလာသူတစ်ယောက် ဖြစ်

သည့်အတွက် ထက်မြက်သူများ ၊ စီးပွားရေးသမားများ ၊

အစိုးရအာဏာပိုင်များ စသည့် လူပေါင်းများစွာဖြင့် တွေ့ကြုံခဲ့

ရလေရာ သူမသည် အရွယ်နှင့်မလိုက်အောင် အတွေ့အကြုံ

ရင့်ကျက်ပြီး လိမ္မာပါးနပ်သူတစ်ယောက် ဖြစ်လေသည်။

သို့သော်... ထိုသို့ လူရည်လည်ကာ လိမ္မာပါးနပ်ခြင်းမှာ

ကောင်းကျိုးလည်းရှိသလို ဆိုးကျိုးလည်းရှိသည်ဟု ဆန်းလျန်

ကတော့ တွေးထားခဲ့လေသည်။

သာမန်လူတစ်ယောက်အနေဖြင့် ရှင်သန်နေထိုင်သွားမည်ဆို

လျှင်တော့ လိမ္မာပါးနပ်ပြီး အတွေ့အကြုံရင့်ကျက် ခြင်းသည်

ကောင်းသည့်အချက်ဖြစ်လေသည်။

သို့သော်... စစ်မှန်သည့်ကျင့်စဉ်လမ်းကို လျှောက်လှမ်းမည်ဆို

လျှင်တော့ သိပ်ပြီး လိမ္မာပါးနပ်နေစရာ မလိုပေ။ ကျင့်ကြံသူ

တစ်ယောက်သည် အရမ်းကို လိမ္မာပါးနပ်ပြီး လူရည်လည်နေပါက တစ်ချိန်တွင် မိစ္ဆာလမ်းစဉ်သို့ ကျရောက်သွားနိုင်သောကြောင့် ဖြစ်လေသည်။

ကူးဝေဝေက...

"ကိစ္စမရှိပါဘူး မင်းသမီးလေး ၊ မှားတယ် မှန်တယ်ဆိုတာကလည်း ကိုယ့်အမြင်နဲ့ကိုယ်ပဲလေကွယ်..."

အခန်း (၇၃၄) သေစေခြင်းကျောင်းတော်တွင်တော့သေခြင်းရှင်းရှင်းခြင်းသာရှိသည်

ရုတ်တရက်...

မြို့ထဲမှ ဆူညံအော်ဟစ်နေသံများသည် မိုးသံများအောက်တွင် ပျောက်ကွယ်သွားလေသည်။

အရိုးမိစ္ဆာများ၏ တိုက်ခိုက်မှုမှာ ရုတ်တရက် ရပ်တန့်သွားပြီး အရိုးစုများမှာ ချက်ချင်းပင် ပျောက်ကွယ်သွားကြလေ သည်။

သို့သော်.... ပိုင်ကျားမြို့မှလူများကတော့ စိတ်တည်ငြိမ်နိုင်ခြင်း မရှိသေးဘဲ ကြောက်ရွံ့နေကြဆဲ ဖြစ်လေသည်။ လူအများသည် အော်ဟစ်ခြင်းမပြုကြတော့သော်လည်း အိမ်ထဲတွင် တိတ်ဆိတ်စွာဖြင့် ပုန်းအောင်းနေကြလေ သည်။

မေနန့်စန်းသည် ယိုယိုသေဆုံးသွားရာနေရာသို့ ပြန်ရောက်လာလေသည်။ သည်းထန်သည့်မိုးရေစက်များအောက် တွင် ယိုယို၏ သွေးစများမှာ လွင့်စင်ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

မေနန့်စန်းသည် သူ့တစ်ယောက်တည်းစွမ်းအားဖြင့် အရိုးမိစ္ဆာများကို မည်သည့်နည်းနှင့်မှ ရင်ဆိုင်နိုင်စွမ်း မရှိသည်ကို သိထားခဲ့လေသည်။

သို့သော်... ယခုတော့ အရိုးမိစ္ဆာများသည် အလိုလို ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

အရိုးမိစ္ဆာများပျောက်ကွယ်သွားအောင် မည်သူက ကူညီလိုက်ပါသနည်း။ ဆန်းလျန်အပြင် အခြားသော တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် ပိုင်ကျားမြို့တွင် ရှိနေခဲ့လေသည်လား။

ထိုသို့တွေးလိုက်မိသည့်အခါတွင်တော့... မေနန့်စန်းသည် ဟူတောက်တယ်ကို စဉ်းစားလိုက်မိလေသည်။

ထို့ကြောင့် သူသည် နတ်သမီးဗိမာန်ဆောင်ကြာမြိုင်သို့သွားရန် ဆုံးဖြတ်လိုက်လေသည်။ ဟူတောက်တယ်ဆိုသည် က နတ်သမီးဗိမာန်ဆောင်ကြာမြိုင်ပိုင်ရှင်ပင် မဟုတ်ပါလား။

ပိုင်ကျားမြို့တွင် မိုးများ သည်းထန်စွာ ရွာသွန်းလျှက် ရှိလေ

သည်။ ထို့ကြောင့် နတ်သမီးဗိမာန်ဆောင်ကြာမြိုင်တွင် လည်း

မိုးများရွာသွန်းလျှက်ရှိပါလေ၏။

သို့သော်… နတ်သမီးဗိမာန်ဆောင်ကြာမြိုင်သည် အနည်းငယ်

မြင့်သည့် တောင်ကုန်းလေးတစ်ခုထက်တွင် တည်ရှိလေရာ ရေ

များသည် တောင်ကုန်းအောက်ခြေသို့ စီးဆင်းသွား

သည့်အတွက် သိပ်ပြီး ဗွက်ထနေခြင်း မရှိပေ။

နတ်သမီးဗိမာန်ဆောင်ကြာမြိုင်သည် ထိပ်တန်းအဆင့် ဆောင်

ကြာမြိုင်တစ်ခု ဖြစ်လေသည်။ ဆောင်ကြာမြိုင်သို့ လာရောက်

ကြသည့် လူကုန်ထန်များ ၊ အာဏာပိုင်များ ၊ မြေအောက်

စီးပွားရေးလောကသားများကို အကာအကွယ် ယူကာ ဟူ

တောက်တယ်က သူမည်သူမည်ဝါဖြစ်သည်ကို ဖုံးကွယ်ထား

ခြင်း ဖြစ်လေသည်။ သူ၏ဇာစ်မြစ်ကို ဖုံးကွယ်ရန်အတွက်

လည်း ဆောင်ကြာမြိုင်စီးပွားရေးကို ပြုလုပ်ခဲ့ခြင်း ဖြစ်လေ၏။

သို့သော်... ဒီလောက်ဂရုစိုက်နေသည့်ကြားက လွန်ခဲ့သည့် (၂)ရက်ခန့်က ချင်းရှတောင်ပေါ်တွင် ကျင့်ကြံနေစဉ် အန္တရယ်တစ်ခုနှင့် မလွှဲသာ မရှောင်သာ ကြုံတွေ့ခဲ့ရလေသည်။ ထိုနေ့က ကိုယ်ထင်မပြသည့် တန်ခိုးရှင်တစ်ပါးသာ သူ့ကို ကယ်တင်ခဲ့ခြင်း မရှိလျှင် ယခုလောက်ဆိုလျှင် အသက်ပျောက်ကာ မြေခွေးအသေဖြစ်နေလောက်ပေပြီ။

ထိုနေ့က သူ အလွန်ကြောက်ရွံ့သွားခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော်... သူ့ကို သတ်ဖြတ်လိုသူ (၂)ဦးမှာ ရွှမ်နွှီနန်းတော်မှ တပည့်များ ဖြစ်နေကြသောကြောင့်ပင်။

သို့သော်... သူ့အနေဖြင့် ထွက်မပြေးရဲခဲ့ပါချေ။ ပိုင်ကျားမြို့တွင်သာ ဆက်လက်နေထိုင်ခဲ့လေသည်။ သူ့ကို ကယ်တင်ခဲ့သည့် တန်ခိုးရှင်သည်လည်း ပိုင်ကျားမြို့တွင်ပင် ဆက်လက်ရှိ

နေသေးဟန် တူလေသည်။ ထိုတန်ခိုးရှင် ရှိနေသရွေ့ သူလည်း အကာအကွယ်ရနေသေးသည်ဟု ဟူတောက်တယ်က တွေး ထားမိလေသည်။

ထို့ပြင် ရွှမ်နီွနန်းတော်တွင် တန်ခိုးစွမ်းအားမြင့်မားသူ များစွာ ရှိလေရာ သူထွက်ပြေးလျှင်လည်း သူ့ကို ဖမ်းဆီးနိုင်ရန်မှာ လွယ်ကူလွန်းလှလေသည်။ အရာရာသည် ကံကြမ္မာအတိုင်း သာ ဖြစ်လေတော့သည်။

ယခုလည်း ပိုင်ကျားမြို့တွင် အရိုးမိစ္ဆာများသောင်းကြမ်းနေကြ ပြန်လေသည်။

ယခုနှစ်ဆောင်းရာသီကတော့ ပိုင်ကျားမြို့အတွက် ပြဿနာ များ တစ်ခုပြီးတစ်ခု ဝင်ရောက်လာသည့် ရာသီပင် ဖြစ် တော့သည်။

သူ့အနေဖြင့် အရိုးမိစ္ဆာများအကြောင်းကို သိရှိခြင်း မရှိပါ။

သို့သော်... သူ၏ဗီဇဖြစ်သည့် မြေခွေးတစ်ကောင်၏ ဗီဇအရ

အန္တရယ်အငွေ့အသက်များကို ရလိုက်မိလေသည်။ ထိုမိစ္ဆာ

များသည် ယခု ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သော်လည်း အချိန်

မရွေး ပြန်လည် ထွက်ပေါ်လာနိုင်ချေရှိလေသည်။

ဟူတောက်တယ် စိုးရိမ်စွာတွေးတောနေဆဲမှာပင် သူ၏ အခန်း

တံခါးခေါက်သံ ကြားလိုက်ရလေသည်။ တံခါးဖွင့်လိုက်သည့်

အခါတွင်တော့ သူ၏လူတစ်ယောက်ကို တွေ့လိုက်ရပြီး

အဖြစ်အပျက်အလုံးစုံကို ပြောပြလိုက်လေသည်။

အကြောင်းရင်းမှာ နတ်သမီးဗိမာန်ဆောင်ကြာမြိုင်သို့ လူတစ်

ယောက် ရောက်ရှိလာပြီး နတ်သမီးဗိမာန်မှ အစောင့်များ

အားလုံးကို တိုက်ခိုက်နေသည့်အတွက်ကြောင့် ဖြစ်လေသည်။

ဟူတောက်တယ်သည် ချက်ချင်းပင် အောက်ထပ်သို့ ဆင်းလာ

ခဲ့လေသည်။

ဆောင်ကြာမြိုင်အစောင့်များအားလုံးသည် ကြမ်းပြင်ပေါ်တွင်

အတုံးအရုံးလဲကျသေဆုံးနေကြလေသည်။ ဟူတောက်တယ်

က သူ၏လူများကို တိုက်ခိုက်နေသူကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ထိုသူသည် အလွန်ချောမောလှပလွန်းလှလေသည်။

အသားအရေက နှင်းပွင့်ကဲ့သို့ ဖြူစင်ပြီး မျက်ခုံးလေးများက ပန်းချီကားထဲမှမိန်းမပျိုအလား ဇင်ယော်တောင်မျက်ခုံးလေးများနှင့် ဖြစ်လေသည်။ မျက်ဝန်းများမှာ ရွှန်းလဲ့တောက်ပနေပြီး မျက်သားအဖြူရောင် များသည်ပင် စမ်းချောင်းလေးအလား ကြည်လင်လှလေသည်။

လောကတွင် ပြိုင်ဘက်မရှိအောင် လှလွန်းသည့် အလှတရားမျိုး ဖြစ်လေသည်။

နတ်သမီးဗိမာန်သည် ယောကျ်ားသားများကို ဖျော်ဖြေသည့် ဆောင်ကြာမြိုင်တစ်ခုဖြစ်လေသည်။ ထို့ပြင် နတ်သမီးဗိမာန် ဆောင်ကြာမြိုင်တွင် စည်းကမ်းတစ်ခုရှိလေသည်။ ထို

စည်းကမ်းမှာ မိန်းကလေးများကို ဆောင်ကြာမြိုင်သို့ လာခွင့်မ
ပြုခြင်းပင် ဖြစ်လေ၏။

ဆောင်ကြာမြိုင်သို့ မိန်းကလေးများ လာလေ့မရှိကြသည်ကို
လူတိုင်းသိရှိကြလေသည်။ အဘယ်ကြောင့်ဆိုသော်
မိန်းကလေးများ ဆောင်ကြာမြိုင်သို့ လာလျှင်လည်း မည်သည့်
အလုပ်မှ လုပ်စရာမရှိပေ။ မိန်းကလေးများဆိုသည်က ယော
ကျ်ားလေး များကိုသာ စိတ်ဝင်စားသူများဖြစ်ကြသည် မဟုတ်
ပါလား။

ရုတ်တရက် မြင်တွေ့လိုက်ရသည့်လူမှာ ချောမောလှပလွန်း
သည့်အတွက် ဟူတောက်တယ်က မိန်းကလေးဟု ထင်မှတ်
လိုက်မိလေသည်။

ဆောင်ကြာမြိုင်အစောင့်များကလည်း ထိုသူကို မိန်းကလေးဟု
ထင်မှတ်ပြီး ဆောင်ကြာမြိုင်စည်းကမ်းအရ တားမြစ် လိုက်ကြ
ခြင်း ဖြစ်လေသည်။ ထို့ကြောင့် အစောင့်များနှင့် ထိုသူ

တိုက်ခိုက်မှုဖြစ်ပွားပြီး အစောင့်များအားလုံး အတုန်းအရုန်း

သေဆုံးကုန်ကြရခြင်း ဖြစ်လေ၏။

အမှန်တော့... ထိုသူသည် မိန်းကလေးမဟုတ်ပါ။ ယောကျ်ား

လေးစင်စစ် ဖြစ်ပါလေ၏။ ယောကျ်ားလေးတစ်ယောက် ဖြစ်

နေရုံသာမက တန်ခိုးစွမ်းအားကလည်း ကြောက်မက်ဖွယ်

ကောင်းလှလေသည်။

သူ့လက်ထဲတွင် ဓားတစ်လက်ကိုကိုင်ဆောင်ထားပြီး ဆောင်

ကြာမြိုင်မှ အစောင့် (၁၃)ယောက်မှာ သွေးအိုင်ထဲတွင် လဲကျ

နေကြပြီ ဖြစ်လေသည်။ ထိုသူသည် သာမန်သိုင်းလောကသား

တစ်ယောက်မဟုတ်ပါ။ အဆင့်မြင့်ကျင့်ကြံသူ တစ်ယောက်

ဖြစ်ဟန်တူလေသည်။ သူကျင့်ကြံထားသည့် နတ်ဘုရား

ကျင့်စဉ်မှာလည်း အလွန် အစွမ်းထက်ဟန် ရှိလေသည်။

အစောင့်များမှာ ထိုသူကို မိန်းကလေးတစ်ယောက်ဟုထင်ကာ

တားဆီးလိုက်မိခြင်းဖြစ်ပြီး ယခုတော့အသက်ဆုံးရှုံး ကြရပြီ

ဖြစ်လေသည်။ နတ်သမီးဗိမာန်ဆောင်ကြာမြိုင်မှ အစောင့်များ သေဆုံးကုန်ရခြင်းမှာ အလွန်အရုပ်ဆိုး အကျည်းတန်ပြီး ဆောင်ကြာမြိုင်၏ဂုဏ်သိက္ခာလည်း ထိခိုက်နိုင်လေသည်။ ထို့ပြင် ဆောင်ကြာမြိုင်သည် လုံခြုံမှုမရှိဟု ဧည့်သည်များက ထင်မှတ်သွားပါက နာမည်ပျက်ကာ စီးပွားပါ ပျက်နိုင်လေ၏။ ဟူတောက်တယ်အနေဖြင့် ဆောင်ကြာမြိုင်စီးပွားရေးလုပ်ငန်း ကို အခြေခံအုတ်မြစ်ခိုင်ခိုင်မာမာချကာ ပြုလုပ်ခဲ့ခြင်း ဖြစ် သည့်အတွက် လုပ်ငန်းကို စွန့်လွှတ်ရန် ရည်ရွယ်ထားခြင်း မရှိ ပါ။

ထို့ကြောင့် ဟူတောက်တယ်သည် ချောမောလှပလွန်းသည့် လူငယ်ကို အပြုံးချိုချိုဖြင့် နှုတ်ဆက်လိုက်လေသည်။

ဟူတောက်တယ်က...

"ဒီက သခင်လေးက ဘယ်သူများလဲ..."

"ရှီချင်းဟွမ်..."

လူငယ်၏အသံမှာ သာမန်ယောကျ်ားလေးများကဲ့သို့ ခပ်ဩဩ ယောကျ်ားပီသသည့် အသံမျိုး မဟုတ်ပါ။ အနည်းငယ် မိန်းကလေးဆန်နေလေသည်။

ထိုလူငယ်က ဟူတောက်တယ်အနားသို့ တိုးကပ်လာသည့်အခါ တွင်တော့ ဟူတောက်တယ်မှာ ထိတ်လန့် ခြောက်ခြားလာမိ လေသည်။ ထိုလူငယ်ထံမှ သတ်ဖြတ်လိုသည့်အငွေ့အသက် များ ပြင်းထန်စွာထွက်ပေါ်နေပြီး ဟူတောက်တယ်သာ ကျင့်ကြံ ခြင်းအဆင့် နိမ့်ပါးသူတစ်ယောက် (သို့မဟုတ်) ဒဏ်ရာ အပြင်းအထန်ရထားသူ တစ်ယောက် ဖြစ်နေပါက ချက်ချင်း ပင် မူလပုံသဏ္ဍာန်ဖြစ်သည့် အနီရောင်မြေခွေး အဖြစ် ချက်ချင်းပင် ပြောင်းလဲ သွားနိုင်လေသည်။

လူငယ်ထံမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့် အငွေ့အသက်များမှာ ငရဲမှလာသည့်အလား ဖြစ်လေသည်။ ထို မျှ သတ်ဖြတ်လို့သည့်အငွေ့အသက်များပြင်းထန်အောင်

ကျင့်ကြံထားသူတစ်ယောက်သည် လူ (၁)ယောက် (၂)ယောက် လောက်ကိုသာ သတ်ဖူးသူ လုံးဝမဖြစ်နိုင်ပေ။ လူပေါင်းများစွာ ၊ မိစ္ဆာပေါင်းများစွာကို သတ်ဖြတ်ထားသူ ဖြစ်ရပေမည်။

ဟူတောက်တယ်က လူငယ်ဝတ်ဆင်ထားသည့် အဝတ်အစား များကို တစ်ချက် အကဲခတ် လိုက်လေသည်။

လူငယ်သည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားခြင်းဖြစ်ပြီး အင်္ကျီအနားစတွင် ရွှေခြည်ဖြင့် ကနုတ်ပန်းပုံသဏ္ဍာန် ပန်းထိုးပုံ ဖော်ထားလေသည်။ အင်္ကျီလက်ပေါ်တွင်တော့ သွေးနီရောင် ဓားတစ်လက် အမှတ်အသားပါရှိနေလေသည်။

ထိုဝတ်စုံကို ဟူတောက်တယ် ကောင်းကောင်းသိလေသည်။ ထိုဝတ်ရုံပေါ်မှ သွေးနီရောင်ဓားအမှတ်အသားမှာ ကျင့်ကြံခြင်း လောကတွင် အလွန်နာမည်ကျော်ကြားသည့် နတ်ဘုရား ကျောင်းတော်တစ်ခု၏ အမှတ်အသား ဖြစ်နေသောကြောင့် ပင်။

ထိုနတ်ဘုရားကျောင်းတော်၏ အမည်မှာ "သေစေခြင်းကျောင်းတော်" ပင် ဖြစ်လေသည်။

ကျင့်ကြံခြင်းလောကတွင် နာမည်အလွန်ကျော်ကြားသည့် နန်းတော် (၃)ခုနှင့် ဂိုဏ်းကြီး (၄)ဂိုဏ်းရှိလေရာ သေစေခြင်းကျောင်းတော်မှာလည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

သေစေခြင်းကျောင်းတော်မှ တပည့်များကို မည်သူမှ သွားပြီး ရန်မစရဲကြပါချေ။ အဘယ်ကြောင့်ဆိုသော် သေစေခြင်းကျောင်းတော်မှ ကျင့်ကြံသူများသည် နတ်ဘုရားတစ်ပါးဖြစ်လာရန်ထက် ဓားသိုင်းပညာကို အဓိကထား ပြီး ကျင့်ကြံကြသောကြောင့် ဖြစ်လေသည်။

သူတို့သည် လောက၏ ပျော်ရွှင်စရာများကို မြည်းစမ်းမည်ဟုလည်း ကြွေးကျော်လေ့ရှိကြလေသည်။

"လောကတွင် အဆင့်အတန်းအနိမ့်အမြင့်ရှိသလို သေစေခြင်းကျောင်းတော်တွင်တော့ သေခြင်းရှင်းရှင်းခြင်းသာရှိ သည်"

ဆိုသည့်စကားသည် သေစခြင်းကျောင်းတော်မှ ကျင့်ကြံ သူများကို ဖော်ကျူးသည့် စကားတစ်ရပ် ဖြစ်လေ၏။

ရှီချင်းဟွမ်သည် သေစခြင်းကျောင်းတော်မှ ကျင့်ကြံသူတစ် ယောက် ဖြစ်သည်ကို သိရှိလိုက်သည်နှင့် ဟူတောက်တယ်က ချက်ချင်းပင် မျက်နှာချိုသွေးလိုက်လေ၏။

သူက ချက်ချင်းပင် လူငယ်လေးကို ဦးညွှတ်အရိုအသေပြု လိုက်ပြီး...

"ရှီသခင်လေး ဘယ်လိုမိန်းကလေးမျိုးနဲ့များ ပျော်ပါးချင်ပါ သလဲ ၊ ကျွန်တော် ချက်ချင်းစီစဉ်ပေးပါ့မယ်..."

ဟူတောက်တယ်၏ စကားကြောင့် အခြေအနေကိုအကဲခတ်နေ ကြသည့် ဆောင်ကြာမြို့င်မှ အလှမယ်လေးများမှာ များစွာ အံ့အားသင့်သွားကြရလေသည်။

ဟူတောက်တယ်မှာ တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ဖြစ်သည်ကို သူတို့အားလုံး သိထားကြလေသည်။

သူတို့က ဟူတောက်တယ်သည် ရမ်းကားလွန်းသည့်လူငယ်လေးကို ရင်ဆိုင်တိုက်ခိုက်ကာ ဆုံးမလိမ့်မည်ဟု ထင်မှတ်ထားကြလေသည်။ သို့သော်… ယခုတော့ မမျှော်လင့်စွာပင် ဟူတောက်တယ်သည် အလွန်တရာ ချောမောလှပလွန်းလှသည့် ယောကျာ်းပျိုလေးကို ဦးညွှတ်နေခဲ့လေသည်။

ထိုလူငယ်လေး မည်သူမည်ဝါဖြစ်သည်ကို သူတို့အားလုံး စိတ်ဝင်စားနေကြလေတော့သည်။

ရှီချင်းဟွမ်က ပေါ့ပါးသည့်လေသံဖြင့်…

"ကျုပ် မိန်းကလေး (၂)ယောက်လိုချင်တယ်၊ အပျိုစင်စစ်စစ်ဖြစ်ရမယ်၊ တစ်ယောက်က ဗျပ်စောင်းတီးခတ်တတ်ပြီး နောက်တစ်ယောက်ကတော့ ပုလွေမှုတ်တတ်ရမယ်…"

"ဗျပ်စောင်းတီးတတ်ရမယ်၊ ပုလွေမှုတ်တတ်ရမယ်" ဆိုသည့် လူငယ်၏ အပြောကြောင့် ဆောင်ကြာမြိုင်မှ အလှမယ်လေးများမှာ မရယ်ဘဲမနေနိုင် ရယ်မောလိုက်မိကြလေသည်။

ဆောင်ကြာမြိုင်သို့ လာသည့်သူများသည် အနုပညာကို အပေါ်ယံမျှသာ ခံစားလေ့ရှိကြပြီး မိန်းကလေးများနှင့် ပျော်ပါးရန်သာ အဓိကထားကြလေသည်။ သို့သော်... အေးစက်ဟန်ရှိပြီး ချောမောလွန်းသည့် လူငယ်က ထိုသို့သော စကားမျိုးပြောသည်မှာ အတွေ့အကြုံနည်းပါးလွန်းသောကြောင့် ဖြစ်ပေလိမ့်မည်။

ထို့ပြင် ဆောင်ကြာမြိုင်တွင် အပျိုစင်စစ်စစ်မိန်းကလေးကို ရရှိရန်မှာ အဘယ်မှာ လွယ်ကူပါမည်နည်း။

ဆောင်ကြာမြိုင်မှ မိန်းကလေးများသည် ယောကျ်ားလေးပေါင်းများစွာဖြင့် အိပ်စက်ခဲ့ပါစေ အပျိုစင်ဖြစ်သည်ဟု လိမ်ညာပြောစမြဲပင် ဖြစ်လေသည်။ သို့သော်... ယောကျ်ားလေးများကလည်း လာရောက်ပျော်ပါးသူများ ဖြစ်ကြလေရာ အပျိုစစ်ခြင်း မစစ်ခြင်းကို မည်သူမှ အရေးတယူလုပ်ပြီး ပြောဆိုနေခြင်း မရှိပေ။

ဆောင်ကြာမြိုင်သို့ လာသည်ဆိုကတည်းက

ဝတ်ကောင်းစားလှ လှပစွာဝတ်စားထားသည့် ချောမောလှပ

သည့် မိန်းကလေးများ၏ ဖျော်ဖြေမှုကို လိုချင်သောကြောင့်

ဖြစ်လေရာ မည်သူမှ အပြင်းအထန် ဝေဖန်ခြင်းမျိုး မရှိကြပေ။

ယခုတော့ ဟူတောက်တယ်က အပျိုစင်စစ်စစ် မိန်းကလေးကို

တောင်းဆိုနေခဲ့ပြန်လေသည်။

သို့ရာတွင် ... နတ်သမီးဗိမာန်ဆောင်ကြာမြိုင်မှာ ချင်ပြည်နယ်

တွင် နာမည်အကြီးဆုံးဆောင်ကြာမြိုင်များထဲတွင် တစ်ခု

အပါအဝင်ဖြစ်လေရာ ဟူတောက်တယ်အနေဖြင့် အပျိုစင်မိန်း

ကလေးများကို ရှာဖွေထားရန်မှာ မခက်လှပါချေ။

ဟူတောက်တယ်သည် ရှီချင်းဟွမ် စိတ်ကျေနပ်စေရန်အတွက်

ဆောင်ကြာမြိုင်မှ အကောင်းဆုံး အခန်းတစ်ခန်းသို့ ခေါ်ဆောင်

လာခဲ့လေသည်။

ထို့နောက် ရှီချင်းဟွမ်ကို ညှော့်ခံရန်အတွက် မိန်းကလေး

(၂)ယောက်ကိုလည်း ခေါ်ဆောင်လိုက်လေသည်။

မိန်းကလေး (၂)ယောက်မှာ ထိပ်တန်းအဆင့် ချောမောလှပ

သူများ ဖြစ်ကြပြီး တစ်ယောက်မှာ အသက် (၁၃)နှစ် ၊ နောက်

တစ်ယောက်မှာ (၁၄)နှစ်သာ ရှိကြသေးသည်။ အသက်အရွယ်

ကိုအသာထား ၊ အပျိုစင်ဖြစ်ရန်မှာ အရေးကြီးနေသည်

မဟုတ်ပါလား။

သို့သော်… သိပ်မကြာမီမှာပင် ရှီချင်းဟွမ်မှာ ထိုမိန်းကလေး

ငယ် (၂)ယောက်ကို မောင်းထုတ်ပစ်လိုက်လေသည်။

ဟူတောက်တယ်က ပြာပြာသလဲဖြင့်…

"ရှီသခင်လေး ၊ ဘာများ မကျေနပ်တာရှိလို့လဲ…"

ရှီချင်းဟွမ်က အေးစက်သည့်လေသံဖြင့်…

"ကျုပ်က မင်းကို ပြောတာ ဗျပ်စောင်းတီးတတ်တဲ့သူနဲ့ ပုလွေမှုတ်တတ်တဲ့သူလို့ ပြောတာလေ ၊ မင်း ခေါ်လာတဲ့ မိန်းကလေး (၂)ယောက်က ဘာမှ မလုပ်တတ်ဘူး..."

ဟုတောက်တယ်မှာ အနည်းငယ် အူကြောင်ကြောင်ဖြစ်သွားလေသည်။

မိန်းကလေးငယ် (၂)ယောက်သည် အပျိုစင်စစ်စစ်လေးများ ဖြစ်ကြပြီး ဆောင်ကြာမြိုင်မှ မိန်းကလေးများ တတ်အပ်သည့် အဆို ၊ အက ၊ အတီးအမှုတ်အားလုံး တတ်မြောက်ထားသူများ ဖြစ်ပြီး ညှော်သည်များကိုလည်း ကောင်းကောင်း ညှော်ခံနိုင်သူများ ဖြစ်ကြလေသည်။ အတွေ့အကြုံအနည်းငယ်သာ လိုအပ်နေခြင်း ဖြစ်လေသည်။

သို့သော်... ရှီချင်းဟွမ်မှာ အကြီးအကျယ် မကျေမနပ်ဖြစ်နေလေသည်။

အမှန်တော့ ဆောင်ကြာမြိုင် အတော်များများမှ မိန်းကလေး

များသည် ဗျပ်စောင်း ၊ စစ်တုရင် ၊ စာလုံးအလှနှင့် ပန်းချီ

အမျိုးမျိုးတို့ကို ကျွမ်းကျင်စွာ တတ်မြောက်ကြသည်ဟု ဆို

လေ့ ရှိကြလေသည်။ တကယ်တမ်းတွင်တော့ မိန်းကလေး

အများစုသည် အပေါ်ယံသာ တတ်မြောက်ကြခြင်း ဖြစ်လေ

သည်။

အထူးသဖြင့် လှပသည့်မိန်းကလေးများသည် ထိုသို့သော

အတတ်ပညာများကို ပိုပြီးတော့ပင် တတ်မြောက်ကြခြင်း မရှိ

ပေ။ သူတို့၏ အလှအပကို ယောကျ်ားလေးများက တပ်မက်

နေကြပြီ ဖြစ်လေရာ အခြားသော ပညာရပ်များ တတ်ကျွမ်း

စရာပင် မလိုတော့ပေ။

စစ်တုရင် ၊ စာလုံးအလှ ၊ ပန်းချီနှင့် ဗျပ်စောင်းတီးခြင်းများကို

သေသေချာချာ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ကြသည့်

မိန်းကလေးများလည်း ရှိကြလေသည်။ သို့သော် အနည်းငယ်

မျှသာ ဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် ထိုပညာရပ်များ အားလုံးမှာ ခက်ခဲလွန်းသောကြောင့် ဖြစ်လေသည်။

သို့သော်... နတ်သမီးဗိမာန်ဆောင်ကြာမြိုင်ကတော့ ချွင်းချက် ဖြစ်လေသည်။

နတ်သမီးဗိမာန်ဆောင်ကြာမြိုင်တွင် ထိုပညာရပ်များကို ကျွမ်း ကျွမ်းကျင်ကျင် တတ်မြောက်ကြသည့် မိန်းကလေးများလည်း ရှိနေခဲ့လေသည်။ ထို့ကြောင့်ပင် နတ်သမီးဗိမာန်ဆောင်ကြာ မြိုင်သည် နာမည်တစ်လုံးနှင့် ရပ်တည်နေခဲ့ခြင်း မဟုတ်ပါ လား။

"ရုပ်မလှသော်လည်း စိတ်ထားကတော့ မိုးထက်မြင့်သည်" ဆို သည့် စကားပုံဆိုရိုးရှိလေသည်။

ထို့ကြောင့် ပညာတော်ကြသော မိန်းကလေးများသည်ကား သိပ်ပြီး ရုပ်ရည်ချောမောလှပကြခြင်းတော့ ရှိမည် မဟုတ်ပေ။

ဟူတောက်တယ်သည် နောက်ထပ်မိန်းကလေး (၂)ယောက်ကို ခေါ်လာပြန်လေသည်။

ထိုမိန်းကလေး (၂)ယောက်မှာ ပထမမိန်းကလေး (၂)ယောက် လောက် ချောမောလှပခြင်း မရှိသော်လည်း ဖျပ်စောင်း နှင့် ပုလွေကို ကျွမ်းကျွမ်းကျင်ကျင် တီးမှုတ်တတ်ကြလေသည်။ ယခုတစ်ကြိမ်တွင်တော့ ရှီချင်းဟွမ်တစ်ယောက် အကျေနပ် ကြီးကျေနပ်သွားလေတော့သည်။

အခန်း (၇၃၅) တစ်ချိန်ကဂီတတေးသွား

ရှီချင်းဟွမ် ကျေနပ်သွားသည်ကို မြင်တော့မှာ ဟူတောက်တယ်မှာ စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်နိုင်လေသည်။

ထို့နောက် သူက ရှီချင်းဟွမ် ဘာများလိုအပ်သေးသည်လဲဟု မေးမြန်းပြီး မလိုအပ်တော့သည်မှာ သေချာတော့မှ မိန်းကလေး (၂)ယောက်ကို ရှီချင်းဟွမ်ကို ပြုစုရန်အတွက် ထားခဲ့ပြီး ထွက်ခွာလာခဲ့လေတော့သည်။

ရှီချင်းဟွမ် ဘေးနားတွင် သူ ကြာကြာမနေရဲပါချေ။ မဟုတ်ပါက... ရှီချင်းဟွမ်၏ ခန္ဓာကိုယ်မှထွက်ပေါ်နေသည့် ပြင်းထန်လှသော သတ်ဖြတ်လိုသည့်အငွေ့အသက် များကြောင့် အချိန်မရွေး မူလပုံစံဖြစ်သည့် အနီရောင် မြေခွေး ပုံသဏ္ဍာန် ပြောင်းလဲ သွားနိုင်လေသည်။

ဟူတောက်တယ် ထွက်ခွာသွားသည်နှင့် ကျန်ရစ်ခဲ့သည့် မိန်းမပျိုလေး (၂)ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်

ကြည့်လိုက်ကြလေသည်။ သို့သော်... ရှီချင်းဟွမ်ကိုတော့ တစ်ချက်ကလေးပင် မော့ကြည့်ရဲခြင်း မရှိကြပေ။ ရှီချင်းဟွမ်မှာ အလွန်မှ အေးစက်တင်းမာသူဖြစ်လေရာ သူတို့ (၂)ယောက် အလွန်မှ ကြောက်ရွံ့နေကြ လေသည်။

ရှီချင်းဟွမ်က သူတို့ (၂)ယောက်ကို မျက်နှာထားတင်းတင်းဖြင့် အေးစက်စွာ စကားဆိုလိုက်လေသည်။

"ရော့... ဒီဂီတစာအုပ်ကို နည်းနည်းပါးပါးဖတ်ကြည့်ပြီး ကျုပ်အတွက် တီးခတ်ပေးစမ်း..."

အနည်းငယ်အရပ်ပုသည့် မိန်းကလေးက ရှီချင်းဟွမ်လက်ထဲမှ ဂီတစာလိပ်ကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လှမ်းယူလိုက်လေသည်။

စာလိပ်လေးထက်တွင် သီချင်းတေးသွားအမည်ကို ရေးသားထားခြင်း မရှိပေ။ သို့သော်... ဗျပ်စောင်းနှင့် ပုလွေကို တွဲဖက်တီးခတ်ရမည့် ဂီတတေးသွားတစ်ခု ဖြစ်လေသည်။

မိန်းကလေး (၂)ယောက် အတူတူ တွဲဖက်တီးခတ်ရမည့် ဂီတ အမျိုးအစား ဖြစ်လေသည်။

မိန်းကလေးနှစ်ယောက်သည် တေးသွားတီးခတ်ရန်အတွက် ခေါင်းချင်းဆိုင်ကာ တီးတိုးတိုင်ပင် နေကြလေသည်။

သို့သော်... မိန်းမပျိုလေး (၂)ယောက် ဂီတသံစဉ်တီးခတ်ရန် တီးတိုးတိုင်ပင်နေကြချိန်မှာပင် ရှီချင်းဟွမ်က လက်ထဲမှဓား ကို အနီးရှိ စားပွဲပေါ်သို့ တင်လိုက်သည့်အတွက် မိန်းကလေး (၂)ယောက်မှာ ထိတ်လန့်ပြီး နောက်သို့ အသာဆုတ်သွားကြ လေသည်။

ဓားဆီမှ ဓားခြိမ်းသံတစ်ချက်ထွက်ပေါ်လာလေရာ မိန်းကလေး (၂)ယောက်မှာ ကြောက်ရွံ့လွန်းသည့်အတွက် ရပ်ပတ်ကို နှစ် နှစ်ဖက်ဖြင့် ဖိထားမိကြလေ၏။

သို့သော် ရှီချင်းဟွမ်၏ အမူအရာကတော့ ပြောင်းလဲသွားခြင်း မရှိပေ။ သူက ဓားကိုသာ စိုက်ကြည့်နေလေသည်။ မိန်းကလေး

(၂)ယောက်ကို သိပ်ပြီး အာရုံမရှိပေ။ ထို့ကြောင့် သူတို့ (၂)ယောက်မှာ စိတ်သက်သာရာ ရသွားပြီး အမည်မရှိသည့် ဂီတစာအုပ်ကို ဆက်လက်လေ့လာနေကြလေသည်။

ရှီချင်းဟွမ်သည် သူ၏ဓားကို ကြည့်နေလေသည်။ တကယ်တမ်းတွင်တော့ သူက စိတ်စွမ်းအားဖြင့် ဓားအတွင်းမှ မိစ္ဆာကို ဆက်သွယ်စကားပြောနေခြင်း ဖြစ်လေသည်။

"သွေးဓားရဲ့ မိစ္ဆာစွမ်းအားတွေကို ဒီဂီတသံစဉ်က တကယ်ပဲ ဖယ်ရှားပေးနိုင်မှာလား..."

ရှီချင်းဟွမ်က စိတ်စွမ်းအားဖြင့်စကားပြောနေခြင်း ဖြစ်လေရာ အခန်းထဲမှ မိန်းကလေးငယ် (၂)ယောက်ကတော့ ကြားနိုင်ခြင်း မရှိပေ။

ဓားအိမ်က တစ်ချက်လှုပ်ခတ်သွားပြီး မိစ္ဆာဆန်သည့် လူတစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

"ဒီဂီတတေးသွားက လွန်ခဲ့တဲ့နှစ်ထောင်ပေါင်းများစွာတုန်းက ကျင့်ယယ်ကျန်းရန်ရေးသားခဲ့တဲ့ ဂီတတေးသွားပဲ ၊ ဒီတေးသွားကို မိစ္ဆာနတ်ဘုရားတွေတောင် အနိုင်ယူနိုင်ပါ့ မလားမသေချာဘူး ၊ ဒါပေမယ့် ကျုပ်ကတော့ အဲဒီတေးသွားကိုတစ်ခါမှ နားမထောင်ဖူးဘူး ၊ အဲဒီတော့ ဒီတေးသွားက သွေးဓားမှာရှိနေတဲ့ မိစ္ဆာစွမ်းအားတွေကို သန့်စင်ပစ်နိုင်မလားဆိုတာတော့ ကျုပ်လည်း အတည်မပြုနိုင်ဘူး ၊ ဒါပေမယ့် မင်းကိုတော့ ရူးမသွားအောင် လုပ်ပေးနိုင်မှာပေါ့ ၊ သွက်သွက်ခါအောင်ရူးမသွားအောင်တော့ ကာကွယ်ပေးနိုင်မှာပါ..."

"ဟွန့်... မင်းသာ ဒီသွေးဓားကျင့်စဉ်ကို ကျင့်ကြံဖို့ ကျုပ်ကိုသွေးမဆောင်ခဲ့ဘူးဆိုရင် ကျုပ် ဒီလိုပြဿနာကြီးနဲ့ ရင်ဆိုင်ရမှာ မဟုတ်ဘူး ၊ ကျုပ်သာ မိစ္ဆာလမ်းစဉ်ထဲကို ကျရောက်သွားရင် အဲဒီတစ်ယောက်က မင်းကို အလွတ်ပေး မယ်များထင်နေလား"

ရှီချင်းဟွမ်က အေးစက်သည့်လေသံဖြင့် ပြောလိုက်လေသည်။

ရှီချင်းဟွမ်၏စားမှာ သွေးစားဖြစ်လေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းထောင်ချီအချိန်ကပင် ထိုစားထဲတွင် မိစ္ဆာတစ်ကောင် ပုန်းအောင်းနေခဲ့လေသည်။ ရှီချင်းဟွမ်က သွေးစားကို အမှတ်မထင်တွေ့ရှိခဲ့ပြီး မိစ္ဆာကျင့်စဉ်လမ်းသို့ ခြေတစ်ဖက်လှမ်းလိုက်မိသလို ဖြစ်သွားရ လေသည်။ သူ၏ သန့်စင်သည့် တာအိုစိတ်ထားသည် မိစ္ဆာစွမ်းအားများကြောင့် ညစ်ညမ်းကုန်ရလေသည်။

ထို့ကြောင့် သူက သေစေခြင်းကျောင်းတော်မှ တိတ်တဆိတ်ထွက်ခွာလာခဲ့ခြင်း ဖြစ်လေသည်။ သူမိစ္ဆာကျင့်စဉ်လမ်းသို့ ဝင်ရောက်မိသည်ကို သေစေချင်းကျောင်းတော်မှ ဂိုဏ်းချုပ်ပင်လျှင် သိရှိခြင်း မရှိသေးပေ။

ရှီချင်းဟွမ်မှာ ဓားသိုင်းကျင့်ကြံသူတစ်ယောက် ဖြစ်လေရာ စိတ်အာရုံများက အလွန်စူးရှ ထက်မြက်လေသည်။ ထို့ကြောင့် ဓားထဲတွင်ပုန်းအောင်းနေသည့် မိစ္ဆာကောင်ကို သတိထားလိုက်မိခြင်း ဖြစ်လေသည်။

ထိုမိစ္ဆာကောင်၏အမည်မှာ ယွိကျုန်းကျယ်ဖြစ်ပြီး ကွန်ဖြူးရှပ်ဝါဒကို ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အမှောင်မိစ္ဆာသခင်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံခဲ့လေသည်။ ကွန်ဖြူးရှပ်ဝါဒနှင့် မိစ္ဆာကျင့်စဉ် (၂)ခုစလုံး ကျင့်ကြံပြီးသည့် အခါတွင်တော့ သူသည် ထိပ်တန်း အဆင့်ကျင့်ကြံသူတစ်ယောက် ဖြစ်လာခဲ့ပြီး နတ်ဘုရားတစ်ပါးဖြစ်လာရန်ပင် နီးစပ်လာခဲ့လေသည်။

နောက်ပိုင်းတွင်တော့ အမှောင်မိစ္ဆာသခင် ကျဆုံးသွားခဲ့ပြီး အမှောင်မိစ္ဆာဂိုဏ်းလည်း ပြိုကွဲသွားခဲ့လေသည်။ ထိုအခါ သူ

သည်လည်း အခြားသောကျင့်ကြံသူများ၏ လက်ချက်ဖြင့် နှိမ်နင်းခံလိုက်ရပြီး သူ၏ဝိညာဉ်က သွေးဓားထဲတွင် မိစ္ဆာနယ်မြေတစ်ခု ဖန်ဆင်းကာ နေထိုင်ခဲ့လေသည်။

သွေးဓားသည် နှစ်ပေါင်းများစွာ လှည့်ပတ်သွားလာနေခဲ့ပြီး နောက်ဆုံးတွင်တော့ ရှီချင်းဟွမ်လက်ထဲသို့ ရောက်ရှိ လာခဲ့ လေသည်။

ရှီချင်းဟွမ်သည် ထိုမိစ္ဆာပြောသည့် စကားများကို တစ်ဝက်သာ ယုံကြည်လေသည်။

သို့သော်... သူသည် သွေးဓားအတွက် အသက်အသွေးပေါင်းများစွာကို စတေးကာ ယာဇ်ပူဇော်ခဲ့ပြီး မိစ္ဆာကျင့်စဉ်လမ်းသို့ နယ်ကျွံခဲ့ကာ ပြန်မနှုတ်နိုင် ဖြစ်နေရလေသည်။

သေစေခြင်းကျောင်းတော်ကို တည်ထောင်သူဆရာသခင်သည် သူ့ခေတ်သူ့အခါက စစ်မှတ်သည့် နတ်ဘုရား ကျောင်းတော်ကြီးတစ်ခုမှ ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ ထိုနတ်

ဘုရားကျောင်းတော်ကြီးသည် အလွန်မှ စစ်မှန်မြင့်မြတ်သည့်

ကျောင်းတော်ကြီးတစ်ခုဖြစ်ခဲ့လေသည်။

ထိုဆရာသခင်သည် သေစေခြင်းကျောင်းတော်ကိုတည်ထောင်

ခဲ့ပြီး မိစ္ဆာများကိုသတ်ဖြတ်ကာ အပြစ်ကင်းသူများကို

ကယ်တင်ရန် ရည်ရွယ်ခဲ့လေသည်။

နောက်ပိုင်းတွင်တော့ သေစေခြင်းကျောင်းတော်သည်

အတက်အကျ အနိမ့်အမြင့်များစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး

အခြေခံကျင့်စဉ်များ အနည်းငယ် ပြောင်းလဲသွားခဲ့သည့်တိုင်

စစ်မှန်သည့် ကျင့်စဉ်လမ်းမှ သွေဖည်သွားခြင်း မရှိခဲ့ပေ။ ယွမ်

ကျိုးနယ် ကျင့်ကြံသူလောကတွင် အထင်ကရ ကျောင်းတော်

ကြီးတစ်ခု ဖြစ်နေဆဲပင် ဖြစ်လေသည်။

ထို့ကြောင့် ရှီချင်းဟွမ်သာ မိစ္ဆာကျင့်စဉ်ကိုကျင့်ကြံပြီး

လမ်းမှားသို့ ရောက်ရှိသွားပါက သေစေခြင်းကျောင်းတော်၏

ဂိုဏ်းချုပ်သည် သူ့ကို မည်သည့်နည်းနှင့်မှ ခွင့်လွှတ်လိမ့်မည် မဟုတ်ပေ။

ထို့ပြင်... ကျင့်ကြံခြင်းလောကမှ ကျင့်ကြံသူအများစုသည် သေစေခြင်းကျောင်းတော်ကို ကြောက်ရွံ့ကြလေသည်။ ထို့ကြောင့် သေစေခြင်းကျောင်းတော်မှ ကျင့်ကြံသူများကို သူတို့က သတိထားစောင့်ကြည့်နေကြလေသည်။

ရှီချင်းဟွမ်သည် ကျောင်းတော်တွင် အဆင့်မြင့်ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့်သူ့ကို မျက်စိတောက်ထောက်ကြည့်နေကြသူများလည်း ဒုနှင့်ဒေးပင် ဖြစ်လေ၏။

ယခင့်ယခင်က မျိုးဆက်မှ ကျင့်ကြံသူများကို ထည့်မတွက်သေးဘဲ လက်ရှိအချိန်တွင် မရဏာဓား (၁၀)လက်နှင့် ရင်ဆိုင်ရလျှင်ပင် ရှီချင်းဟွမ်သည် ချက်ချင်းအသက်ပျောက်သွားမည့်သူ ဖြစ်လေသည်။ သူ မိစ္ဆာလမ်းသို့ လိုက်နေသည့်အချက်သာ အခြားသူများ သိရှိသွားခဲ့လျှင် မရဏာဓား (၁၀)လက်အနက်

(၁)လက်ကတော့ ကျိန်းသေ ရိပ်မိသွားမည်ဖြစ်လေသည်။

ထိုအခါ သူ့အနေဖြင့် ဝိညာဉ်ပါမကျန်အောင် သုတ်သင်ခံရမည် ဖြစ်လေသည်။

ထိုသို့ အဖက်ဖက်မှ ဖိအားပေးနေသည့် အခြေအနေများ ကြောင့် ရှီချင်းဟွမ်သည် ဓားထဲတွင်နေထိုင်သည့် မိစ္ဆာနှင့် ခဏတာမျှ ပူးပေါင်းပြီး သွေးဓားမှ မိစ္ဆာစွမ်းအားများကို ဖယ်ရှားရန် ကြံစည်နေခြင်း ဖြစ်လေ၏။

ရှီချင်းဟွမ် မကျေမနပ်ဖြစ်နေသည်ကို သိသော်လည်း မိစ္ဆာ ကောင်က သိပ်ပြီး အလေးအနက်မထားပါ။

မိစ္ဆာက စကားဆက်ပြောလိုက်လေသည်။

"ကျုပ် ဒီနေရာကို ဘာလို့လာခဲ့တာလဲ မင်းသိလား ၊ တကယ် တော့ ဗျပ်စောင်းတီးတတ်ပြီး ပုလွေမှုတ်တတ်တဲ့ မိန်းကလေး တွေကိုရှာဖို့ဆိုရင် ဘာခက်မှာလဲ ၊ ဒီနေရာကိုလာခဲ့တာ သူတို့ ကိုရှာဖို့ မဟုတ်ပါဘူး..."

ရှီချင်းဟွမ်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး...

"မင်းမပြောလည်း ကျုပ်က မင်းကိုမေးတော့မလို့ပဲ..."

မိစ္ဆာကောင်က ရယ်မောလိုက်ရင်း...

"ဒီနေရာမှာ အရိုးမိစ္ဆာတစ်ကောင်ရောက်နေတယ်၊ မင်းသာ အဲဒီ အရိုးမိစ္ဆာကို နှိမ်နင်းနိုင်ရင် မင်းရဲ့အရိုးတွေကို အဲဒီ အရိုးမိစ္ဆာရဲ့အရိုးတွေနဲ့ အစားထိုးလိုက်လို့ရတယ်၊ ဒါဆိုရင် ပုရှီး အဆင့်ကိုမရောက်ခင်မှာပဲ တန်းပြီး နတ်ဘုရား ခန္ဓာရရှိလိမ့်မယ်၊ အဲဒါဆိုရင် နတ်ဘုရားခန္ဓာနဲ့ သွေးဓားကို ထိန်းချုပ်ပြီး သေစေခြင်းကျောင်းတော်က ထိပ်တန်းမရဏာဓားသိုင်းနဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် နန်းတော် (၃)ခုနဲ့ နတ်ဘုရား ကျောင်းတော်ကြီး (၄)ခုက ရှေးဟောင်းနတ်ဘုရားတွေ လာတိုက်ခိုက်ရင်တောင် ကြောက်စရာ မလိုတော့ဘူး၊ မင်းကြောက်နေတဲ့ မရဏာဓား (၁၀)လက်ဆိုတာ လှောင်ရယ်ပြီး တော့တောင် သတ်ပစ်လိုက်နိုင်တယ်..."

မိစ္ဆာက ထိုစကားကို လွတ်လပ်စွာပြောဆိုနေခြင်း ဖြစ်ပြီး ရှီ

ချင်းဟာန် အနာဂတ်တောက်ပစေရန် လမ်းပြပေးနေသည် နှင့်

ပင်တူနေသေးသည်။

ရှီချင်းဟွမ်က...

"မင်းရဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေကို ကျုပ်က ယုံမယ်များ

ထင်နေသလား..."

သူက စိတ်ထဲမှ ကျိတ်ပြီး နှာခေါင်းရှုံ့လိုက်မိလေသည်။ သူ၏

ပြဿနာများ ဖြေရှင်းပြီးသွားလျှင် ပထမဆုံးသတ်ပစ် မည့်သူ

မှာ ဓားထဲမှ မိစ္ဆာကောင်ပင် ဖြစ်လေသည်။

ဓားထဲမှ မိစ္ဆာကတော့ ရှီချင်းဟွမ်၏ အတွေးများကို

သတိထားမိဟန်မရှိပေ။ သူက ရှီချင်းဟွမ်ကို အားပေးစကား

ပင် ပြောနေမိသေးသည်။

(၁၅)မိနစ်ခန့် ကြာပြီးသည့်အခါတွင်တော့ ဂီတတေးသွား

စာလိပ်ကို ယူလိုက်သည့် အရပ်ပုပုနှင့် မိန်းကလေးကပင် ရှီချ

င်းဟွမ်ကို ဦးညွှတ်ဂါရဝပြုလိုက်ရင်း...

"သခင်လေး... ကျွန်မတို့ ဂီတစာအုပ်ကို ဖတ်ပြီးပါပြီ ၊ သခင်

လေးအတွက် တီးခတ်ဖျော်ဖြေပေးပါ့မယ်..."

ရှီချင်းဟွမ်က အေးစက်သည့်အမူအရာဖြင့်ပင် ခေါင်းတစ်

ချက်ညိတ်ပြလိုက်လေသည်။

မိန်းမပျိုလေးသည် ရှီချင်းဟွမ်ကို တိတ်တဆိတ်ခိုးကြည့်

လိုက်မိလေသည်။ ထိုမျှချောမောလှပသည့် ယောကျ်ားပျို

အတွက်ဆိုလျှင် ဘဝတစ်ခုလုံးပေးဆပ်လိုက်ရလျှင်ပင်

နာကျင်မည်မဟုတ်ဟု သူမက တွေးလိုက်မိလေသည်။

မိန်းမပျို (၂)ယောက်က ဗျပ်စောင်းတီးခတ် ၊ ပုလွေတီးမှုတ်နေ

သည့်အချိန်တွင် ရှီချင်းဟွမ်သည် မျက်လုံးများကို အသာ

မေးမိုတ်ကာ စားပွဲခုံကို လက်ဖြင့်အသာပုတ်ရင်း နားထောင်နေခဲ့လေသည်။

တေးသွားမှာ ဒဏ္ဍာရီထဲမှ ဂီတနတ်ဘုရား ကျင့်ယယ်ကျန်းရန် ရေးစပ်ခဲ့သည်ဟု ပြောစရာပင်မလိုပေ။ သာမန် မိန်းမပျိုလေး (၂)ယောက်က တီးခတ်နေခြင်းဖြစ်သည့်တိုင် အလွန်မှ စွဲဆောင်မှုရှိကာ နားထောင်၍ ကောင်းလှလေ သည်။

ဂီတသံစဉ်ကို နားထောင်နေရင်း ရှီချင်းဟွမ်သည် မကျေမနပ်ဖြစ်နေသည့်စိတ်များ ပျောက်ကွယ်သွားပြီး ကြည်လင်လန်းဆန်းလာလေသည်။ တောတောင်ရေမြေ သဘာဝတရားအလှများကြားတွင် ပျံ့ဝဲနေသည့် လိပ်ပြာလေး တစ်ကောင်အလား ခံစားလာရလေသည်။

သူ၏ခန္ဓာကိုယ်တွင် ထွက်ပေါ်နေသည့် ပြင်းထန်လွန်းသောသတ်ဖြတ်လိုသည့်အငွေ့အသက်များ အားနည်းသွားပြီး တွန့်

ချိုးနေသည့် သူ၏ မျက်ခုံး (၂)ခုမှာ အနည်းငယ် ပြေလျော့
သွားလေသည်။
ရေခဲများ အရည်ပျော်ကျသွားသည့်အလား ၊ ညချမ်း
အချိန်အခါတွင် တိုက်ခတ်လာသည့် လေပြေအေးအလား ...
စိတ်များကြည်လင်ငြိမ်းချမ်းလာရလေသည်။
သေွးဆားအတွင်းမှ မိစ္ဆာဝိညာဉ်မှာလည်း ဂီတသံကိုခံစားနေပြီး
ဆားသွားမှာ တုန်ခါနေသယောင်ပင် ထင်မှတ်ရလေသည်။
ရုတ်တရက်...
သေွးဆားသည် စားပွဲပေါ်မှ ပျံတက်သွားပြီး ရှီချင်းဟွမ်၏
လက်ထဲသို့ ခုန်ဆင်းသွားလေတော့သည်။ ရှီချင်းဟွမ်၏
ခန္ဓာကိုယ်မှ အားနည်းသွားသည့် သတ်ဖြတ်လိုသည့်
အငွေ့အသက်များသည် ချက်ချင်းပင် ပြန်လည်ထွက်ပေါ်လာ
ပြီး ဒီရေလှိုင်းလုံးကြီးများအလား မြင့်တက်လာလေသည်။ ထို

အငွေ့အသက်များကြောင့် ပြတင်းတံခါးများပင်လျှင် ပေါက်ကွဲထွက်သွားရလေသည်။

ခိုင်မာသည့် သစ်သားပြတင်းပေါက်များသည် ချက်ချင်းပင် အမှုံ့ဖြစ်သွားကြလေသည်။ ဖုံမှုံ့များ လေထဲတွင် ပလူပျံသွားသည်မှလွဲပြီး နောက်ထပ်ထူးခြားမှုများ ဖြစ်မလာတော့ပေ။

ထိုအခါမှ... ရှီချင်းဟွမ် စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

ဂီတသံစဉ်များတီခတ်နေကြသည့် မိန်းမပျို (၂)ယောက်မှာ သတိလစ်ပြီး လဲကျနေကြပြီ ဖြစ်လေသည်။

ရှီချင်းဟွမ်၏အခန်းထဲမှ ပေါက်ကွဲမှုကြီးကြောင့် ဟူတောက်တယ်ပင် ထိတ်လန့်သွားရလေသည်။ အစောင့်တစ်ယောက်က မည်သို့ ဖြစ်သည်လဲဟု တိတ်တဆိတ်လာကြည့်သည့်အခါတွင်တော့ ရှီချင်းဟွမ်က သတိမေ့နေသည့် မိန်းကလေး (၂)ယောက်ကို ခေါ်ထုတ်သွားရန် ပြောလိုက်လေသည်။

အစောင့်က မိန်းကလေး (၂)ယောက်ကို ခေါ်ဆောင်ကာ ထွက်ခွာသွားတော့မှ ရှီချင်းဟွမ်က မကျေမနပ်လေသံဖြင့် စကားပြောလိုက်လေသည်။

"မင်း ဘာတွေလုပ်လိုက်တာလဲ..."

မိစ္ဆာက အသံတိုးတိုးဖြင့်...

"သေွးဆားက သူ့ဟာသူအပြောင်းအလဲဖြစ်ပြီး ထခုန်တာ ၊ ငါ ဘာမှမလုပ်ဘူး..."

အခန်း (၇၃၆) အကာအကွယ်ရှာသည့်အနီရောင်မြေခွေး

ရှီချင်းဟွမ်က...

"ဒါဆို ဒီဓားက ဘာထဖြစ်တာလဲ..."

မိစ္ဆာက...

"ဒီသွေးဓားက အစကတည်းက မြင့်မြတ်တဲ့ ဓားတစ်လက်ပဲ၊ ယာဇ်ပူဇော်ပြီး အသုံးပြုရတဲ့ လူသတ်လက်နက်တစ်ခု လည်း ဖြစ်တယ်၊ ကြည့်ရတာ ဒီအနီးအနားပတ်ဝန်းကျင်မှာ မြင့်မြတ်တဲ့လက်နက်တစ်ခုရှိနေလို့ သွေးဓားကို သတိပေးသလို ဖြစ်သွားတာပဲ..."

ရှီချင်းဟွမ်က...

"မင်းပြောချင်တာ သွေးဓားလိုမျိုး ယာဇ်ပူဇော်ရတဲ့ ထူးဆန်းတဲ့လက်နက်တစ်ခု ဒီပတ်ဝန်းကျင်မှာ ရှိနေတယ်လို့ ပြောချင်တာလား"

မိစ္ဆာက...

"ဟုတ်တယ်..."

ရှီချင်းဟွမ်က တည်ငြိမ်သည့်လေသံဖြင့်...

"ဘယ်နေရာမှာလဲဆိုတာ မင်းခန့်မှန်းကြည့်လို့ရလား…"

မိစ္ဆာက…

"သိပ်မဝေးဘူး ၊ (၅)မိုင် (၆)မိုင်လောက်ပဲ ဝေးလိမ့်မယ်ထင်တယ် ၊ မင်းသွားကြည့်လို့ရတာပဲ…"

ရှီချင်းဟွမ်က ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး အခန်းအပြင်သို့ တစ်ချက် လှမ်းကြည့်လိုက်လေသည်။

မိုးဆဲသွားပြီဖြစ်ပြီး ကောင်းကင်တစ်ခုလုံးက ကြည်လင်နေလေသည်။

ထိုအချိန်တွင်…

နတ်သမီးဗိမာန်ရှိရာသို့ ဖြည်းဖြည်းချင်း လမ်းလျှောက်လာနေသည့် သက်လတ်ပိုင်းအရွယ် လူရွယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရှီချင်းဟွမ်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း…

"ဒီလောက် ခေါင်တဲ့နေရာမှာ ဒီလောက်သန့်စင်တဲ့ တန်ခိုး

စွမ်းအားမျိုးကို ပိုင်ဆိုင်ထားတဲ့ ကျင့်ကြံသူတစ်ယောက် ရှိမယ်

လို့ ထင်မထားမိဘူး..."

ရောက်လာသူမှာ အခြားသူမဟုတ်။ မေနန့်စန်းဖြစ်လေသည်။

သို့သော်... ရှီချင်းဟွမ်က သူ့ကို စိုက်ကြည့်အကဲခတ် နေသည်

ကို မေနန့်စန်းက သိရှိခဲ့ခြင်း မရှိပေ။

မိစ္ဆာက သူ၏စိတ်အာရုံကို ဖြန့်ကျက်လိုက်ပြီး...

"ဒီလူရဲ့ တန်ခိုးစွမ်းအားတွေက ထူးဆန်းတယ်..."

ရှီချင်းဟွမ်က...

"ဘာထူးဆန်းတာလဲ..."

မိစ္ဆာက...

"သူ့ရဲ့တန်ခိုးစွမ်းအားတွေက အရမ်းသန့်စင်နေတယ်၊ သူ့ရဲ့

ကျင့်ကြံခြင်းအဆင့်နဲ့ဆိုရင် အဲဒီလောက် သန့်စင်နေစရာ

အကြောင်းမရှိဘူး..."

ရှီချင်းဟွမ်က မေနန့်စန်းကို နောက်တစ်ကြိမ်ထပ်ကြည့်လိုက်ပြီး ခေါင်းတစ်ချက် ညိတ်လိုက်ရင်း...

"အမှန်ပဲ ၊ အဲဒါ နည်းနည်းတော့ ထူးဆန်းတယ် ၊ ဒါပေမယ့် လောကကြီးဆိုတာက ထူးဆန်းတာတွေနဲ့ ပြည့်နေတာပဲ မဟုတ်လား ၊ အံ့ဩစရာဘာရှိလို့လဲ..."

မိစ္ဆာက...

"ဒါပေမယ့် မင်း သူ့ကိုယ်ပေါ်က ဒဏ်ရာကို သတိထားမိလား..."

ရှီချင်းဟွမ်က...

"အင်း... အဲဒီဒဏ်ရာက ဘာဖြစ်လို့လဲ..."

မိစ္ဆာက...

"သူ့ကိုယ်ပေါ်က ဒဏ်ရာက သေချာပေါက် အရိုးမိစ္ဆာကြောင့် ရခဲ့တဲ့ဒဏ်ရာပဲ ၊ အရိုးမိစ္ဆာဆိုတာ အဆိပ်တွေနဲ့ ပြည့်နေတဲ့ မိစ္ဆာကောင်ပဲ ၊ သိပ်ကိုကြောက်စရာကောင်းတယ် ၊ တကယ်ဆိုရင်

အရိုးမိစ္ဆာရဲ့ အဆိပ်တွေကြောင့် ဒဏ်ရာကချက်ချင်း ပြည်ပုပ်တွေ အကျိအချွဲတွေထွက်လာပြီး အခြေအနေဆိုးနေရမှာ ၊ ဒါပေမယ့် သူ့ဒဏ်ရာက အရိုးမိစ္ဆာရဲ့ အဆိပ်တွေအားလုံးကို ဖယ်ရှားခံထားရတယ်... ၊ အဲဒါ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်နဲ့ ဘယ်လိုမှ မလုပ်နိုင်တဲ့ အလုပ်မျိုးပဲ... ပြီးတော့ သူ အဲဒီဒဏ်ရာရခဲ့တာ (၁)နာရီအတွင်းပဲ ရှိသေးတယ်..."

ရှီချင်းဟွမ်က...

"ဒါဖြင့် အဲဒီလူကို အချိန် (၁)နာရီအတွင်း တစ်ယောက်ယောက်က ဆေးကုပေးလိုက်တယ်လို့ ပြောချင်တာလား ၊ ဒါမှမဟုတ် သူ့မှာ အဲဒီဒဏ်ရာကိုကုသနိုင်တဲ့ အစွမ်းထက်ဆေးဝါး ရှိနေတာလား... ဘယ်လိုထင်လဲ..."

မိစ္ဆာက...

"မင်းမသိပါဘူး... ၊ အရိုးမိစ္ဆာအဆိပ်ကိုဖြေဖို့အတွက် စစ်မှန်တဲ့ အဆိပ်ဖြေဆေးလိုတယ် ၊ ပြီးတော့ ဘယ်သူမှ အဲဒီလို

ဖြေဆေးမျိုးကို ကြိုပြီး ဖော်စပ်ထားလေ့မရှိကြဘူး ၊ ပြီးတော့ သူ့အဆင့်နဲ့ အရိုးမိစ္ဆာအဆိပ်ဖြေဆေး ဖော်စပ်နိုင်ဖို့ဆိုတာ လည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ၊ သူ့ဒဏ်ရာ သက်သာနေ တာကိုကြည့်ရရင် တစ်ယောက်ယောက်က သူ့ကို ကူညီပေးတာ ပဲ ဖြစ်ရမယ်..."

ရှီချင်းဟွမ်က အံ့သြသွားသည့်ဟန်ဖြင့်...

"မင်းပြောချင်တာက နတ်ဘုရားတစ်ပါး ဒီပတ်ဝန်းကျင်မှာရှိနေ တယ်လို့ ပြောချင်တာပေါ့..."

မိစ္ဆာက...

"အဲဒါ အဖြစ်နိုင်ဆုံးပဲ..."

မိစ္ဆာကောင်ပြောချင်သည့်အဓိပ္ပါယ်ကို ရှီချင်းဟွမ် ကောင်းကောင်း သဘောပေါက်လိုက်လေသည်။

မိစ္ဆာကောင်သည် သွေးဓားအတွင်းရှိ မိစ္ဆာနယ်မြေတွင် နေထိုင် သည့်တိုင် သူ၏စိတ်အာရုံကို လက်ရှိလောကတွင် ဖြန့်ကျက်

ထားနိုင်သူ ဖြစ်လေသည်။ မိစ္ဆာ၏စွမ်းအားနှင့် သွေးဆား၏စွမ်းအားပေါင်းစပ်လိုက်လျှင် နတ်ဘုရားတစ်ပါး အလားတန်ခိုးစွမ်းအား မြင့်မားလေသည်။

ထို့ကြောင့် အနီးပတ်ဝန်းကျင်တွင် နတ်ဘုရားတစ်ပါး ရှိနေခဲ့လျှင် မိစ္ဆာ၏ ဖြန့်ကျက်ထားသည့်စိတ်အာရုံတွင် ကျိန်းသေသိမြင်မည် ဖြစ်လေသည်။

သို့သော်... ယခုတော့ အနီးပတ်ဝန်းကျင်တွင် နတ်ဘုရားတစ်ပါး ရှိနေသည့်တိုင် ထိုနတ်ဘုရား၏ တည်ရှိမှုကို မိစ္ဆာသည် အာရုံခံ၍မရခဲ့ပေ။ သို့ရာတွင်... ထို နတ်ဘုရားကတော့ ရှီချင်းဟွမ်နှင့် သွေးဆားထဲမှမိစ္ဆာ၏ တည်ရှိမှုကို အနေးနှင့် အမြန်အာရုံခံမိသွားမည်ဖြစ်လေသည်။

ထို့ကြောင့် ရှီချင်းဟွမ်က...

"ဒါဖြင့် ကျုပ်တို့ သွားကြရအောင်..."

မိစ္ဆာက...

"သွားလို့မဖြစ်ဘူး ၊ မင်း အရိုးမိစ္ဆာရဲ့ ခန္ဓာအစစ်ကို ရအောင်

ယူရဦးမယ်လေ..."

ရှီချင်းဟွမ်က....

"ကျုပ် အဲဒီလောက် မစွန့်စားရဲဘူး..."

မိစ္ဆာက ....

"ဒါဖြင့် မင်းက အမြဲတမ်း ဒီအတိုင်းပဲ မိစ္ဆာကျင့်စဉ်ကျင့်ကြံနေ

တာကို လူမသိအောင် ပုန်းလျှိုးကွယ်လျှိုး လုပ်နေတော့ မှာ

လား..."

ထိုစကားကြောင့် ရှီချင်းဟွမ် အနည်းငယ် တုန်လှုပ်သွားရ

ပြီး...

"အရိုးမိစ္ဆာရဲ့ ခန္ဓာအစစ်ကိုရရင် နတ်ဘုရားခန္ဓာရပြီး

တစ်ခါတည်း နတ်ဘုရားဖြစ်သွားမယ်လို့ မင်းပြောတဲ့ စကား

ကို ကျုပ်က ယုံမယ်များ ထင်နေသလား..."

မိစ္ဆာက...

"ကျုပ်က မင်းယုံအောင်သက်သေပြလည်း မင်းက ယုံချင်မှ ဖြစ်တာပဲလေ ၊ ဒါပေမယ့် မင်းက ရည်မှန်းချက်ကြီးတဲ့ လူတစ်ယောက်ဆိုရင်တော့ ကျုပ်ပေးတဲ့အကြံဉာဏ်ကို ငြင်းမှာ မဟုတ်ပါဘူး..."

ရှီချင်းဟွမ်က အေးစက်သည့် လေသံဖြင့်...

"မင်းက ကျုပ်ကို ကောင်းကောင်းခန့်မှန်းနိုင်တာပဲ...."

မိစ္ဆာက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မင်း ကျုပ်ကို မယုံဘူးဆိုတာ သိပါတယ် ၊ ဒါပေမယ့် မစွန့်စားရဲရင် အောင်မြင်မှုဆိုတာလည်း ရလာမှာ မဟုတ်ဘူး ၊ ဒါတွေအားလုံးက မင်းကိုယ်တိုင်ရွေးခြယ်ရမယ့်အရာတွေပါ..."

ရှီချင်းဟွမ် ခဏတာမျှ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ မိစ္ဆာကတော့ အတွေးထဲတွင် တစ်ချက်ပြုံးလိုက်လေ၏။ ရှီချင်းဟွမ် မည်သည့်ရွေးခြယ်မှုပြုလုပ်မည်ကို သူ ကောင်းကောင်းသိထားလေသည်။ နှစ်ထောင်ပေါင်းများစွာ

ဖြတ်ကျော်လာပြီးသည့်နောက် သူသည် ရှီချင်းဟွမ်ကဲ့သို့ လူများစွာနှင့် တွေ့ဆုံခဲ့ဖူးခဲ့သည် မဟုတ်ပါလား။

.....

မေနန့်စန်းသည် နတ်သမီးဗိမာန်အတွင်းသို့ ဝင်လာလေသည်။

သူ၏ အဝတ်အစားများမှာ စုတ်ပြဲနေသည့်တိုင် ဟူတောက်တယ်ကတော့ ထိုသူမှာ အရှေ့ပင်လယ်ဂိုဏ်းချုပ် မေနန့်စန်းဖြစ်သည်ကို ချက်ချင်းသိလိုက်လေသည်။

မေနန့်စန်းက သူ့ကိုယ်သူ မိတ်မဆက်ရသေးမီမှာပင် ဟူတောက်တယ်က သူ့ကို လှိုက်လှဲသည့်အပြုံးဖြင့် ကြိုဆို လိုက်ရင်း...

"မေဂိုဏ်းချုပ်..."

ဟု နှုတ်ဆက်လိုက်လေတော့သည်။

ဟူတောက်တယ်က သူ့ကို သိရှိနေသည့်အတွက် မေနန့်စန်းက အံ့သြခြင်း မရှိပါ။ သို့သော်... ဟူတောက်တယ်က သူ့ကို

လှိုက်လှိုက်လှဲလှဲ အမူအရာဖြင့် ကြိုဆိုနေသည်ကတော့ အံ့သြ စရာ ကောင်းလှလေသည်။

ဟူတောက်တယ်လိုလူမျိုးက သူ့ကို လှိုက်လှိုက်လှဲလှဲကြိုဆို နေသည်မှာ အကြောင်းရှိမည်ဖြစ်သည်ကို မေနန့်စန်း ချက်ချင်း ခန့်မှန်းလိုက်မိလေသည်။

ဟူတောက်တယ်က မေနန့်စန်း၏ စုတ်ပြဲနေသည့် အဝတ်အစား များ လဲလှယ်ရန်အတွက် ချက်ချင်းပင် အဝတ်အစား အသစ် များ ယူလာခိုင်းလိုက်လေသည်။

ပြီးမှ... တိတ်ဆိတ်သည့် အခန်း (၁)ခန်းတွင် သူတို့ (၂)ယောက် တွေ့ဆုံ ကြလေ၏။

မေနန့်စန်းက လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်ရင်း...

"အစ်ကိုဟူ ၊ ကျုပ်မှာ မေးစရာကိစ္စလေးတစ်ခု ရှိလို့ပါ..."

ဟူတောက်တယ်က...

"ဘာကိစ္စများလဲ..."

မေနန့်စန်းက...

"အစ်ကိုဟူ ၊ စောစောက မြို့ထဲမှာ ဖြစ်သွားတဲ့ကိစ္စကို သိလိုက်တယ် မဟုတ်လား..."

ဟူတောက်တယ်က...

"ဒါက... ပြောရနည်းနည်းခက်တယ်..."

မေနန့်စန်းက ပွင့်ပွင့်လင်းလင်းဖြင့်ပင်...

"ကျုပ်က အစ်ကိုဟူများ ကူညီပေးနိုင်မလားလို့ လာခဲ့တာပါ..."

ဟူတောက်တယ်က ခါးသီးစွာဖြင့် ပြုံးလိုက်ရင်း...

"မေဂိုဏ်းချုပ်... ကျုပ်ကို အထင်ကြီးလွန်းနေပြီ ၊ ကျုပ်က သာမန်စီးပွားရေးသမားလေးတစ်ယောက်ပါ..."

မေနန့်စန်းက...

"အစ်ကိုဟူမှာ ထူးဆန်းတဲ့တန်ခိုးစွမ်းအားတွေ ပိုင်ဆိုင်ထားတယ်ဆိုတာ လူတိုင်းသိကြပါတယ်ဗျာ..."

ဟူတောက်တယ် အနည်းငယ်မျက်နှာပျက်သွားပြီး...

"ဒါတွေက ချဲ့ကားပြောဆိုကြတာပါဗျာ..."

မေနန့်စန်းက...

"အစ်ကိုဟူ မကူညီချင်ရင်လည်း ထားလိုက်ပါလေ၊ ကျုပ်ကြောင့် စိတ်အနှောက်အယှက် အဖြစ်မခံနဲ့တော့..."

ဟူတောက်တယ်က...

"မေဂိုဏ်းချုပ်က ဒီလိုပြောမှတော့ ကျုပ်လည်း ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ တကယ်တော့ ဒီကိစ္စကို ကျုပ်လည်း မထိန်းချုပ်နိုင်ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်..."

မေနန့်စန်းက...

"အစ်ကိုဟူ ကျေးဇူးပြုပြီး ပြောပြပါလား..."

ဟူတောက်တယ်က သိမ်မွေ့သည့်လေသံဖြင့်...

"မေဂိုဏ်းချုပ်၊ ခင်ဗျားရဲ့ အစ်ကို ရှင်ယောင်းက ရှင်သန်စေ ခြင်းကျောင်းတော်မှာ ပညာသင်နေတာ မဟုတ်လား၊ မိစ္ဆာ နှိမ်နင်းဖို့ကိစ္စကို သူ့ကို အကူအညီတောင်းလို့ မရဘူးလား..."

မေနန့်စန်းက...

"အစ်ကို (၃) နဲ့ အဆက်အသွယ်မရတော့တာ နှစ်ပေါင်းများစွာ ကြာနေပါပြီ၊ နတ်ဘုရားကျင့်စဉ်တွေကို ကျင့်ကြံနေတဲ့သူတွေ ဆိုတော့ လောကီရေးရာတွေကို မပတ်သက်ချင်ဘူး ထင်ပါရဲ့ ဗျာ၊ အစ်ကို (၃)က ကျုပ်ကို မေ့တောင်မေ့နေလောက်ပါ ပြီ..."

ဟူတောက်တယ်က...

"မေဂိုဏ်းချုပ် မသိသေးဘူးလား၊ မနေ့ကပဲ ကျင်းမာထန်က အရှေ့ပင်လယ်ဂိုဏ်းနဲ့ ပူးပေါင်းဖို့ အစီအစဉ်ကို နောက်ဆုတ် လိုက်ပြီ၊ ဘာလို့လဲဆိုတော့ ခင်ဗျားရဲ့အစ်ကို ရှင်ယောင်း ကျန်းရန်က ဝေ့မင်းသားဆီကို စာတစ်စောင် ပို့လိုက်လို့ပဲ..."

မေနန့်စန်းက...

"အစ်ကိုဟူဆီ ဒီသတင်းကို ဘယ်ကနေကြားတာလဲ..."

ဟူတောက်တယ်က ပြုံးလိုက်ရင်း...

"ကျုပ်တို့လိုလူတွေဆိုတာက မျက်စိဖွင့် နားစွင့်လုပ်ထားရတာ ဗျ၊ မဟုတ်ရင် စီးပွားရေးလောကမှာ ဘယ်ရပ်တည် နိုင်ပါ တော့မလဲဗျာ..."

မေနန့်စန်းက ပြုံးလိုက်ရင်း...

"အစ်ကိုဟူမှာ မွေးစားသမီးတစ်ယောက်ရှိတယ်လို့ကြားဖူး တယ်၊ အဲဒီမိန်းကလေးက ဝေ့မင်းသားရဲ့ ကိုယ်လုပ်တော် မဟုတ်လား၊ ဒီသတင်းက ကောလဟာလမဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်..."

ဟူတောက်တယ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မေဂိုဏ်းချုပ်ကလည်း တော်တော်ထက်မြက်တဲ့အထဲမှာ ပါ တာပဲကိုး..."

သူက ထိုစကားကို ပါးစပ်မှ လွှတ်ခနဲ ပြောလိုက်မိခြင်း ဖြစ်လေသည်။

မေနန့်စန်းက...

"အစ်ကိုဟူ အကြောင်းမရှိဘဲ ဒီကိစ္စကို ဖွင့်ပြောမှာမဟုတ်ဘူးဆိုတာ ကျုပ်သိတယ်လေ ၊ ကြည့်ရတာ ခင်ဗျားလည်း ပြဿနာတစ်ခုခုနဲ့ ရင်ဆိုင်နေရပုံရတယ်..."

ဟူတောက်တယ်က...

"မေဂိုဏ်းချုပ် ၊ ကျုပ်ဆီမှာ ဧည့်သည်တစ်ယောက်ရောက်နေတယ် ၊ သူက သေစေခြင်းကျောင်းတော်က ကျင့်ကြံသူ တစ်ယောက်ပဲ..."

မေနန့်စန်းက အံ့သြသွားဟန်ဖြင့် ကိုယ်ကိုနောက်သို့ တစ်ချက်ဆုတ်လိုက်ရင်း...

"သေစေခြင်းကျောင်းတော်ကလူက ဒီကို ဘယ်လိုလုပ်ရောက်နေရတာလဲ..."

ဟူတောက်တယ်က...

"ကျုပ်လည်း အဲဒီကိစ္စ သိချင်နေတာ၊ ခုတလော ဒီပိုင်ကျား မြိုးလေးကို တန်ခိုးစွမ်းအားမြင့်မားတဲ့ အဆင့်မြင့် ကျင့်ကြံသူ တွေ ရောက်လာတာကို တွေ့တွေ့နေရတယ်၊ ကျုပ်ဘဝ လုံခြုံရေးကိုတောင် တော်တော် စိတ်ပူနေမိပြီ၊ ဒါနဲ့... မေ ဂိုဏ်းချုပ်ကိုတွေ့မှပဲ အကူအညီတစ်ခုလောက်တောင်းဖို့ သတိရသွားတယ်၊ မေဂိုဏ်းချုပ်... ကျုပ်ကို ခင်ဗျားရဲ့အစ်ကို ရှင်ယောင်းကျန်းရန်နဲ့ မိတ်ဆက်ပေးပါလားဗျာ၊ ကျုပ်မှာရှိတဲ့ စည်းစိမ်ချမ်းသာတွေ အကုန်ပေးဆို လည်းပေးပါ့မယ်၊ ရှင် ယောင်းကျန်းရန်က ကျုပ်ကို နည်းနည်းလောက် ကာကွယ်ပေး နိုင်မလား မျှော်လင့်မိလို့ပါ..."

မေနန့်စန်းကိုသာ မတွေ့ဆုံခဲ့ရလျှင် ဟူတောက်တယ်သည် ထို အတွေးမျိုးကို တွေးမိလိမ့်မည် မဟုတ်ပေ။

ရှင်ယောင်းကျန်းရန်မှာ မေနန့်စန်း၏ အစ်ကိုဖြစ်ပြီး ရှင်သန်

စေခြင်းကျောင်းတော်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်လေ

သည်။ ထို့ပြင် သတင်းများအရဆိုလျှင် ရှင်ယောင်းကျန်းရန်

သည် မကြာသေးခင်အချိန်ကပင် ကျောက်စိမ်းကိုဖုံထိုးကာ

ဓာတ်လုံးအောင်ခဲ့ပြီး ဟိုင်သန်းအဆင့်တက်ရောက်နိုင်ခဲ့ပြီ ဖြစ်

လေသည်။ ထို့ကြောင့် ရှင်ယောင်းကျန်းရန်သည် ရှင်သန်စေ

ခြင်းကျောင်းတော်မှ ဆရာသခင်တစ်ပါး ဖြစ်နေခဲ့ပြီ ဖြစ်လေ

သည်။

ထို့ပြင် ရှင်ယောင်းကျန်းရန်သည် အသက် (၄၀)ပင် မပြည့်

သေးဘဲ ဟိုင်သန်းအဆင့်ကို တက်ရောက်နိုင်ခဲ့သူ ဖြစ်လေ

သည်။

ရှင်ယောင်းကျန်းရန်၏ ကျင့်စဉ်လမ်းအဆင့်တက်ရောက်

မှုသည် လျှင်မြန်သည်ဟု မဆိုနိုင်သော်လည်း ရှားပါးသည်

ကတော့အမှန်ပင် ဖြစ်လေသည်။ အကယ်၍ ဟူတောက်တယ်

သာ ရှင်ယောင်းကျန်းရန်၏ အရိပ်အောက် တွင်ခိုလှုံနိုင်မည်ဆို လျှင် ရွှမ်နီနန်းတော်မှ မိန်းမပျို (၂)ယောက်ကို ကြောက်ရွံ့နေစရာ မလိုတော့ပေ။

အခန်း (၇၃၇) မိုးထဲလေထဲ ချယ်လန်းဝတ်ကျောင်းတော်သို့

နောက်တစ်ကြိမ်

အရိုးမိစ္ဆာများ ရုတ်တရက် ပျောက်ကွယ်သွားရသည့်

အကြောင်းမှာ ဤသို့ ဖြစ်လေ၏။

"သောက်ပြီးရင်မပြန်နဲ့တော့" စားသောက်ဆိုင်တွင် ကူးဝေဝေ နှင့် ဆန်းချင်းချင်း အနည်းငယ် သဘောထား ကွဲလွဲမှု များဖြစ်

ခဲ့ပြီးသည့်နောက် သူတို့ (၂)ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် အနည်းငယ်ရှိန်သွားကြလေသည်။

ထို့ကြောင့် ဆန်းချင်းချင်းက အနေရခက်သည့် အခြေအနေကိုကျော်လွှားရန်အတွက် ကူးဝေဝေ၏ လက်ကိုဆွဲကာ သူမအခန်းထဲသို့ ခေါ်သွားပြီး ရောက်တက်ရာရာများကို စကားတွတ်ထိုးနေခဲ့ကြလေသည်။

အမှန်တော့ သူတို့က အလှအပအကြောင်းများကို ပြောနေကြခြင်း ဖြစ်လေသည်။ ကူးဝေဝေမှာ အလှအပ ပြင်ဆင်လေ့ရှိသူမဟုတ်လေရာ ဆန်းချင်းချင်းက သူမ၏ အလှပြင်ပစ္စည်းများကို ကူးဝေဝေကို ပြသနေခြင်း ဖြစ်လေသည်။ ပါးနီကိုမည်သို့ ခြယ်သရမည် ၊ အဝတ်အစားပေါ်တွင် လှပသည့်အဆင်တန်ဆာများ မည်သို့ ဆင်မြန်းရမည်ကို ဆန်းချင်းချင်းက ကူးဝေဝေကို ပြောပြနေလေသည်။

စကားများ ဟိုဟိုဒီဒီပြောလိုက်သည့်အတွက် သဘောထားမ

တိုက်ဆိုင်မှုများမှာလည်း ပျောက်ကွယ်သွားကြလေ သည်။

မိန်းကလေး (၂)ယောက် အခန်းထဲတွင် စကားတွတ်ထိုးနေကြ

သည့်အချိန်တွင် ဆန်းလျန်ကတော့ သူတို့နောက်သို့ လိုက်ပါ

လာခြင်း မရှိပေ။

မိန်းကလေး (၂)ယောက်သည် စကားပြောနေကြရင်း

အချင်းချင်း စိတ်လွတ်ကိုယ်လွတ် ဆော့ကစားနေကြပြီး

အခန်းထဲမှ အတောမသတ်နိုင်သည့် တစ်ခစ်ခစ်ရယ်မော

သံလေးများ ထွက်ပေါ်လျှက် ရှိလေသည်။

ထိုအချိန်မှာပင်...

ကျောက်ဖြူသားကဲ့သို့ ဆွတ်ဆွတ်ဖြူနေသည့် အရိုးမိစ္ဆာတစ်

ကောင်သည် သူမတို့၏ အခန်းထဲတွင် ရုတ်တရက် ထွက်

ပေါ်လာလေသည်။

အရိုးမိစ္ဆာကို ပထမဆုံး တွေ့မြင်လိုက်သူမှာ ဆန်းချင်းချင်းဖြစ်ပြီး သူမသည် ကြောက်ရွံ့လွန်းသည့်အတွက် အသံပင်မထွက်နိုင်ပဲ ဆွံ့အသွားရလေသည်။

ကူးဝေဝေကတော့ အာခေါင်ကိုခြစ်ကာ အော်ဟစ်လိုက်မိလေသည်။

သို့သော်... သူမက သတိလွတ်မသွားဘဲ မေနန့်စန်းထံမှ ဆန်းလျှန်ယူထားသည့် ယင်စွမ်းအားကျောက်စိမ်းပြားလေး ကိုထုတ်ယူလိုက်လေသည်။ ယင်စွမ်းအားများကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားပြီး အရိုးမိစ္ဆာမှာ ရုတ်တရက် အေးခဲသွားလေသည်။

အအေးဓာတ်များသည် ကူးဝေဝေ၏ မျက်ခုံး (၂)ခုကြားတွင် လာရောက်စုစည်းပြီး သူမ၏ မျက်ဝန်းများသည် စူးရှတောက်ပလာကာ နတ်ဘုရားတစ်ပါး၏ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

ထို့နောက်... အရိုးမိစ္ဆာ လှုပ်ရှားမှု မပြုနိုင်သေးခင်မှာပင် ကူး

ဝေဝေသည် သူမ၏အင်္ကျီလက်ထဲမှ ဟင်းချက်ရာတွင်

အသုံးပြုသည့် ဓားကျိုးကို ထုတ်ယူကာ အရိုးမိစ္ဆာကို ခုတ်ပိုင်း

ချလိုက်လေတော့သည်။

အရိုးမိစ္ဆာသည် မျက်ခုံးအလယ်တည့်တည့်မှ နှစ်ပိုင်းကွဲသွား

ပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များနှင့်အတူ လေထဲတွင်

ပျောက်ကွယ်သွားလေတော့သည်။

ထိုအချိန်မှာပင်...

ပိုင်ကျားမြို့တစ်မြို့လုံးကို ဒုက္ခပေးနေကြသည့် အရိုးမိစ္ဆာများ

အားလုံးမှာ တစ်ပြိုင်တည်း ပျောက်ကွယ်သွားကြခြင်း ဖြစ်

လေတော့သည်။

ကူးဝေဝေအသုံးပြုလိုက်သည့် ဓားကျိုးမှာ သူမ ဆန်းလျန်ကို

ပေးလိုက်သည့် ဓားဖြစ်သည်ကို ဆန်းချင်းချင်းက မှတ်မိ

လိုက်လေသည်။ ထိုဓားကျိုးသည် ထိုမျှ တန်ခိုးစွမ်းအားမြင့်မားလိမ့်မည်ဟု သူမ ထင်မထားခဲ့မိပေ။

ကူးဝေဝေမှာလည်း သူမ ဟင်းချက်ရာတွင် အသုံးပြုနေသည့် ဓားကျိုးသည် ထိုမျှ အစွမ်းထက်လိမ့်မည်ဟု ထင်မထားခဲ့မိပေ။

ကူးဝေဝေက အနည်းငယ် အားတုံ့အားနာဖြစ်သွားဟန်ဖြင့်...

"မင်းသမီးလေး ၊ ဒီဓားက တကယ်တန်ဖိုးရှိတဲ့ ဓားကောင်းတစ်လက်ပဲ ၊ မင်းသမီးလေးကို ပြန်ပေးလိုက်မယ် ၊ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ အသုံးပြုနိုင်တာပေါ့..."

ကူးဝေဝေ၏ စကားကြောင့် ဆန်းချင်းချင်းမှာ တစ်ချက် စိတ်လှုပ်ရှားသွားလေသည်။ တကယ်တမ်း သူမ ဓားကျိုးကို ပြန်လိုချင်မိလေသည်။

သို့သော်... သူမက အတွေးများကို ချက်ချင်းပင် ဖျောက်ဖျက်ပစ်လိုက်ပြီး ကူးဝေဝေကို ပြုံးပြလိုက်ရင်း...

"မမ ၊ ဒီဓားက မမတို့ကိုပေးလိုက်ပြီပဲ ၊ ကျွန်မ ပြန်မယူတော့ပါဘူး ၊ ပြီးတော့ ဒီဓားက ကျွန်မလက်ထဲမှာဆိုရင် ဒီလောက်လည်း အစွမ်းမထက်လှပါဘူး..."

ကူးဝေဝေက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"မဖြစ်ဘူး ၊ ဒီဓားကအရမ်းတန်ဖိုးရှိတယ်လို့ အားလျန်က ပြောဖူးတယ် ၊ ဒါပေမယ့် ဒီလောက်အစွမ်းထက်မယ်လို့ ထင်မထားမိဘူး ၊ မမကို ကာကွယ်ပေးမယ့် အားလျန်ရှိပါတယ် ၊ ဒါပေမယ့် မင်းသမီးလေးက နန်းတော်ရဲ့ အဝေးကိုထွက်လာတာ ၊ ကိုယ့်ကိုကိုယ်ကာကွယ်ဖို့ ပိုပြီး လိုအပ်ပါတယ်..."

ဆန်းချင်းချင်းက...

"ကျွန်မကို အထိန်းတော်ကြီးက ကာကွယ်ပေးမှာပေါ့ ၊ မမ အထိန်းတော်ကြီးကို လျှော့မတွက်နဲ့နော်..."

ဆန်းချင်းချင်းက အတင်းငြင်းနေသည့်အတွက် ကူးဝေဝေလည်း မတတ်နိုင်တော့ပေ။

ကူးဝေဝေက ယဉ်ကျေးမှုရှိသူတစ်ယောက် ဖြစ်လေသည်။ ဆန်းချင်းချင်းက ငြင်းဆန်နေသည်ကို အတင်းပြန်ပေးနေပြန်လျှင်လည်း ရိုင်းရာကျလေသည်။ ထို့ကြောင့် နောင်တစ်ချိန် အခွင့်အရေးရမှသာ ဓားကျိုးကို ပြန်ပေးတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်မိလေသည်။

ထိုအချိန်မှာပင်...

အခန်းတံခါးပွင့်သွားပြီး အထိန်းတော်ကြီးဝင်လာလေသည်။ အထိန်းတော်ကြီးနောက်တွင် ပိုင်ရှောက်ယွီ လိုက်ပါလာ လေသည်။ သို့သော် ဆန်းလျန်ကိုတော့ မတွေ့ရပေ။

ကူးဝေဝေက...

"အားလျန်ရော..."

ပိုင်ရှောက်ယွီက ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်ပြီး...

"အစ်ကိုဆန်းကို မတွေ့တော့ဘူး..."

ကူးဝေဝေမှာ အနည်းငယ် စိတ်ရှုတ်ထွေးသွားရလေသည်။

ဆန်းလျန်မှာ တန်ခိုးစွမ်းအား မြင့်မားသူဖြစ်သည့်အတွက်

စိုးရိမ်ပူပန်ခြင်းတော့ မဖြစ်မိပေ။ သို့သော်... အဘယ့်ကြောင့်

ဆန်းလျန် ပျောက်ကွယ်သွားရသည်ကို သူမ သိချင်နေမိလေ

သည်။ သို့သော် သူမအတွက် အဖြေရှာမရနိုင် ရှိရလေသည်။

....

ပိုင်ကျားမြို့နှင့် မိုင် (၃၀၀) အဝေးတွင် တောင်တစ်တောင်ရှိ

လေသည်။

ထိုတောင်သည် ချင်းရှတောင်ထက် များစွာ မြင့်မားလေသည်။

တောင်တက်လမ်းတစ်ခုလုံးမှာ မိုးရေများဖြင့် စိုရွှဲကာ ဗွက်ထ

နေလေ၏။ မိုးများက သဲထန်စွာ ရွာသွန်းနေပြီး မြူခိုး

တိမ်တိုက်များကြောင့် အရှေ့ဆီသို့ မှုံဝါးဝါးသာ မြင်နိုင်လေ

သည်။

ဆန်းလျန်သည် မိုးရေထဲတွင် ခပ်ဖြည်းဖြည်း လမ်းလျှောက်နေ

လေသည်။ တောင်မြင့်ကြီး၏ ရှုခင်းများသည် သူနှင့် ရင်းနှီး

နေသလို ခံစားနေရလေသည်။

သို့သော်...ချယ်လန်းတောင်သည်ကား သူ၏မွေးမိခင် ဆန်း အိမ်တော်မှ သခင်မလေးကို မြှုပ်နှံခဲ့ရာ နေရာ...၊ သူ၏ ဘဝ အစပိုင်းကာလများတွင် အစိမ်းရောင်ဝတ်လူနှင့် တာအိုဆရာ လင်ချုန်းရှောင်တို့ တိုက်ခိုက်ခဲ့ကြလေရာ နေရာတစ်ခု ဖြစ်သည်ကို ဆန်းလျန်သည် မေ့လျော့နေခဲ့ပြီ ဖြစ်လေသည်။ ထို့ပြင်... မြေခွေးသားအဖဖြစ်သည့် ရှင်းချိပင်းကျိုရှောင်အန်း နှင့် ရှင်းစစ်စစ်နျန်တို့နှင့် ဆုံတွေ့ခဲ့ပြီး ချင်းရွှမ်နတ်တံခါး အကြောင်း စတင်သိကျွမ်းခဲ့ရသည့် နေရာတစ်ခုဖြစ်သည်ကို လည်း ဆန်းလျန် မသိရှိတော့ပေ။

ဆန်းလျန်က အလျှင်လိုခြင်းမရှိဘဲ အရှေ့ဆီသို့ ဖြည်းဖြည်း ချင်း သွားနေလေသည်။ လမ်းတစ်လျှောက်တွင် လေနှင့်မိုး များက တိုက်ခတ်နေပြီး နဂါးတစ်ကောင် ခရီးသွားနေသည့် အလား ဆန်းလျန်၏စိတ်ထားက သန့်စင်နေ လေသည်။

တောင်ပေါ်ရှိ မြင်ပင်များ ၊ သစ်ပင်များ ၊ ပန်းပွင့်များ ၊ သစ်ရွက်များ ... အားလုံးသည် မိုးထဲလေထဲတွင် နတ်ဘုရား တစ်ပါးကို ဝပ်တွားကိုးကွယ်သည့်အလား ဆန်းလျန်ကို ဦးညွှတ်နေကြလေသည်။

ဆန်းလျန်ကလည်း ထိုသို့ ဦးညွှတ်ခြင်းကို ခံထိုက်သူတစ်ယောက်ဖြစ်လေသည်။

သစ်ပင်ပန်းမာလ်များ၏ သဘာဝတရားသည် အလွန်သန့်စင်လေသည်။ ထို့ကြောင့် ဆန်းလျန်၏ ကြီးမြတ်ခြင်းနှင့် ထူးခြားသည့်တန်ခိုးစွမ်းအားများကို ခံစားနိုင်စွမ်း ရှိကြလေသည်။

ခဏကြာသည့်အခါတွင်တော့...

ပြိုကျပျက်စီးနေသည့် တံတိုင်းကြီးတစ်ခုကို ဆန်းလျန် တွေ့မြင်လိုက်ရလေသည်။

ထိုတံတိုင်းအပျက်ကြီးဆီမှ ပျက်စီးခဲ့ရသည့် ဘဝပေါင်းများစွာ၏ အငွေ့အသက်များသည် မယုံကြည်နိုင်စရာ ကောင်း

လောက်အောင် ထွက်ပေါ်လျှက် ရှိလေသည်။ ထိုတံတိုင်း

အပျက်ကြီးနောက်တွင်တော့ နက်ရှိုင်းလှသည့်

ချောက်ကမ်းပါးကြီးတစ်ခုကို တွေ့မြင်နိုင်လေသည်။

ပုံမှန် ချောက်ကမ်းပါးဆိုလျှင် ကျောက်သားကျောက်ဆိုင်များ

အနည်းနှင့်အများ ရှိရမည် ဖြစ်လေသည်။ သို့သော်... ယခု

ချောက်ကမ်းပါးကြီးကတော့ မှန်သားကဲ့သို့ ချောမွေ့နေလေ

သည်။ သွေးစရာမလိုသည့် သဘာဝ ကျောက်စိမ်း အလား ဖြစ်

လေသည်။

ချောက်ကမ်းပါးကြီးထက်မှ ရေတံခွန်ငယ်တစ်ခုက

ချောက်ကမ်းပါးအောက်သို့ စီးဆင်းကျနေလေသည်။

ဆန်းလျန်က...

"ဒီနေရာက ဓမ္မစွမ်းအားတွေက မင်းရဲ့ မိစ္ဆာစွမ်းအားတွေကို

ဖုံးကွယ်ပေးထားတာပဲ ၊ ဒါပေမယ့် ကျုပ်ဆီကတော့ ဖုံးကွယ်

လို့ရမယ်မထင်နဲ့၊ မင်းအရှက်ကွဲအောင် ကျုပ်ဆွဲထုတ်ရမလား ၊ ကိုယ့်ဟာကိုယ် ထွက်လာပြီး ကျုပ်ရှေ့မှာ အညံ့ခံမလား..."

ဆန်းလျန်သည် ထိုစကားကို မည်သည့်နေရာသို့မှ ကြည့်နေပြီး ပြောခြင်း မဟုတ်ပါ။

သူ့ကိုယ်သူပြောနေသကဲ့သို့ အေးအေးဆေးဆေးပင် ပြောနေခြင်း ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အပ်ကျသံပင် မကြားလောက်အောင် တိတ်ဆိတ်သွားလေသည်။

သို့သော်... သိပ်မကြာမီမှာပင် ချောမွေ့ကြည်လင်နေသည့် ချောက်ကမ်းပါးကြီးဆီမှ လူတစ်ယောက် ထွက်ပေါ်လာ လေသည်။

ထိုသူမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးတစ်ပါး ဖြစ်လေသည်။ မျက်ခုံးမွေးများက ခပ်ကွေးကွေး နှင့်ဖြစ်ပြီး ပျံသန်းတော့မည့် ဇင်ယောင်တောင်များအလား

ထင်မှတ်ရလေသည်။ မျက်လုံး ၊ နှာခေါင်း ၊ နားရွက်များနှင့် မျက်နှာဖွဲ့စည်းပုံက ထူးခြားလေသည်။ သို့သော်... ခြုံပြီး ကြည့်မည်ဆိုလျှင်တော့ အလွန်မှ ပြည့်စုံလွန်းသည့် မျက်နှာကို တွေ့မြင်ရမည် ဖြစ်လေသည်။

သူက ဆန်းလျန်ကို ကြောက်ရွံ့နေဟန် မရှိပါ။ အေးဆေး တည်ငြိမ်စွာဖြင့်ပင် ချောက်ကမ်းပါးကြီးထက်တွင် မတ်တတ်ရပ်နေလေသည်။

"နတ်ဘုရား ၊ ကျုပ်က မင်းကို ဒုက္ခပေးဖို့ ရည်ရွယ်ချက် မရှိပါ ဘူး..."

ဆန်းလျန်က...

"မင်းက ထူးဆန်းတာပဲ ၊ ကျုပ်က မင်းကို မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံနေတဲ့ မိစ္ဆာနတ်ဘုရားတစ်ပါးလို့ ထင်ထားတာ ၊ ဒါပေ မယ့် အခု မင်းကိုတွေ့လိုက်ရတော့ မင်းကျင့်ကြံထားတဲ့တန်ခိုး

စွမ်းအားက တကယ်နက်ရှိုင်းတာပဲ ၊ မင်းရဲ့ ဇာစ်မြစ်ကဘာ

လဲဆိုတာ ကျုပ်သိချင်မိတယ်..."

အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးက

ဆန်းလျှန်ကို ရိုသေစွာဖြင့် တစ်ချက် ဦးညွှတ်လိုက်ရင်း...

"ကျုပ်က ကံကောင်းခဲ့တာပါ ၊ တကယ်တော့ ကျုပ်ရဲ့ဇာစ်မြစ်

က ဒီချယ်လန်းတောင်ပေါ်က ခူယားကောင် တစ်ကောင်မျှသာ

ပါပဲ ၊ ချယ်လန်းဝတ်ကျောင်းတော်နားက ပိုးစာပင်ပေါ်မှာ

ကျုပ်နေထိုင်ခဲ့ပါတယ် ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀၀၀)လောက်

က ရှတ်တရက် 'အတ္တ' ဆိုတဲ့ သဘောတရားကို နားလည်ခဲ့ပါ

တယ် ၊ အဲဒီအချိန်ကစပြီး အရမ်းကို ဆာလောင်မွတ်သိပ်မှုကို

ခံစားခဲ့ရပါတယ် ၊ အဲဒါကြောင့်ကျုပ်နေထိုင်တဲ့ ပိုးစာပင်ကို

(၂)ရက်တည်းနဲ့ အကုန်စားပစ်ခဲ့ပါတယ်"

"အဲဒီနောက်မှာတော့ ဘုန်းတော်ကြီး (၁)ပါးရောက်လာပြီး

ကျုပ်ကို အချိန်အကြာကြီး ကြည့်နေခဲ့ပါတယ် ၊ အဲဒီအချိန်

တုန်းက ကျုပ်အရမ်းကိုကြောက်လန့်နေခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ကျုပ်ကို လက်နဲ့ဖျစ်ပြီး တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်နိုင်တယ်လေ၊ ဒါပေမယ့် နောက်ဆုံးမှာတော့ သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ကျုပ်ကို စကားပြောခဲ့တယ်၊ 'မင်းဒီအတိုင်းသာ စားနေမယ်ဆိုရင် ပိုးစာပင်တစ်ပင်လုံး သေသွားလိမ့်မယ်၊ ဒါပေမယ့် မင်းက ဒီပိုးစာပင်ပေါ်မှာ အသိတရားရခဲ့တယ်၊ မိုးမြေစွမ်းအားတွေဟာ ပိုးစာပင်နဲ့ ဆက်သွယ်နေတယ်၊ ဒါကြောင့် မင်းအနေနဲ့ ဒီပိုးစာပင်ကနေ ထွက်ခွာသွားလို့လည်း မဖြစ်နိုင်ဘူး၊ ပြီးတော့ မင်းအသိတရား ရလာတာက လည်း ကံတရားအတိုင်းရလာခဲ့တာ၊ မင်းရဲ့ ကံကောင်းခြင်းတွေက အလကားဖြစ်ကုန်တော့မှာပဲ ' တဲ့"

"အဲဒီအချိန်တုန်းက သူပြောနေတဲ့စကားတွေကို ကျုပ်နားမလည်ခဲ့ဘူး၊ ဒါပေမဲ့ အဲဒီဘုန်းတော်ကြီးက ကျုပ်ကို ဒုက္ခပေးမယ့်သူမဟုတ်ဘူးဆိုတာ ကျုပ်သိလိုက်တယ်၊ တစ်ချိန်တည်း

မှာပဲ ပိုးစာပင်ကိုလည်း ဆက်ပြီးမစားချင် တော့ဘူး... ၊

ဒါပေမဲ့ ကျုပ် အရမ်းဆာလောင်နေတုန်းပဲ ၊ အဲဒီတော့ စားမှပဲ

ဖြစ်မှာပေါ့"

အဲဒီနောက်မှာတော့ ဘုန်းတော်ကြီးက သူ့လက်ညိုးကိုကိုက်

လိုက်ပြီး ထွက်လာတဲ့သွေးတွေနဲ့ ကျုပ်ရဲ့ ခန္ဓာကိုယ်ကို သုတ်

လိုက်တယ် ၊ ကျုပ်က အရမ်းဆာလောင်နေလို့ ဘုန်းတော်ကြီး

ရဲ့လက်ကထွက်လာတဲ့သွေးတွေကို အငမ်းမရ စုပ်ယူလိုက်

တယ် ၊ သူ့ရဲ့သွေးတွေက အရမ်းပဲ အရသာရှိလွန်းတယ် ၊

ပိုးစာပင်က သစ်ရွက်တွေထက် အရသာ ရှိတယ် ၊ အရသာက

လည်း ချိုမြမြနဲ့ပေါ့"

"သူက နေ့တိုင်းကျုပ်ကို သွေးတွေတိုက်တယ် ၊ အဲဒါကြောင့်

ကျုပ်ပိုးစာပင်ကို မစားတော့ဘူး ၊ ဒါပေမယ့် နောက်ပိုင်းကျ

တော့ သူရောက်မလာတော့ဘူး ၊ ကျုပ် အရမ်းဝမ်းနည်းသွား

တယ် ၊ ပိုးစာပင်ကိုလည်း စားချင်စိတ်မရှိ တော့ဘူး ၊ ကျုပ်

သစ်ပင်ပေါ်မှာပဲ ဒီအတိုင်းနေရင်း သူရောက်လာမယ့်အချိန်ကို စောင့်နေခဲ့တယ်"

"ပထမတော့ ကျုပ်ထင်တာက ပိုးစာပင်ကိုသာ မစားရရင် အဆာလွန်ပြီး သေသွားလိမ့်မယ်ပေါ့။ ဒါပေမယ့် ရက်ပေါင်း များစွာ ကြာတဲ့တိုင်အောင် ကျုပ် မဆာလောင်တော့ဘူး။ ဒါပေမဲ့ ကျုပ်ရဲ့ခန္ဓာကိုယ်က တဖြည်းဖြည်း ကြီးလာတယ်။ သာမန် ခူယားကောင်လေးတစ်ကောင် မဟုတ်တော့ဘူး"

"တစ်နေ့ကျတော့... ကျုပ် အရမ်းနေရထိုင်ရခက်လာပြီး အန် လည်းအန်ချင်လာတယ်။ ပြီးတော့ အန်ချလိုက်တော့ ကျုပ်ရဲ့ ပါးစပ်ထဲက ပိုးချည်မျှင်တွေ ထွက်လာတယ်။ အဲဒီအချိန်မှာ ကျုပ်အရမ်းကြောက်သွားတယ်။ ကျုပ်ခေါင်းတွေက ချာချာ လည်မူးနေပြီး ကျုပ်သေရတော့မယ်လို့ ထင်လိုက်မိတယ်..."

"ကျုပ်မသေချင်သေးဘူး။ သေရမှာကို အရမ်းကြောက်တယ်။ ဒါပေမယ့် ကျုပ်ဆီကိုလာလေ့ရှိတဲ့ဆရာတော်ကို နောက်ထပ်

တွေ့ခွင့်မရတော့မှာ ပိုပြီးကြောက်မိတယ်၊ အဲဒီနောက်မှာတော့ နေ့တိုင်းပဲ ပိုးချည်မျှင်တွေကို အန်ထုတ် တယ်၊ ပိုးချည်မျှင်တွေက ကျုပ်ရဲ့ခန္ဓာကိုယ်ကို တင်းတင်းကျပ်ကျပ်ရစ်ပတ်ထားခဲ့တယ်၊ နောက်ဆုံး ဘုန်းတော်ကြီးကို ပြန်တွေ့ခွင့်ရတဲ့အထိ ကျုပ်ဟာ ပိုးချည်တွေနဲ့ ကျုပ်ကိုယ်ကျုပ် ရစ်ပတ်ထားခဲ့တယ်"

အခန်း (၇၃၈) အတိုင်းအဆမဲ့သည့်ဗုဒ္ဓတံတိုင်း

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက ထိုအကြောင်းများကို ပြော ပြနေသည့်အချိန်တွင် ခေါင်းကို အသာမော့လိုက်ပြီး ဆန်းလျန် နှင့် အကြည့်ချင်းဆုံလိုက်လေသည်။

ထို့နောက် သူက ခဏရပ်နားလိုက်ပြီးမှ ဆက်ပြောေလေ သည်။

သို့သော်… ဆန်းလျန်က သူ၏အတွေးများကို ထိုးဖောက်မြင် နေရသည်ကိုတော့ သိရှိခဲ့ခြင်း မရှိပေ။ ဆန်းလျန်သည် ထို ဘုန်းတော်ကြီး၏ အတိတ်ကို စိတ်အာရုံဖြင့် သိမြင်နေခဲ့လေ သည်။

စစ်မှန်သည့် တန်ခိုးစွမ်းအားသည် တစ်ချက်ကြည့်ရုံမျှဖြင့် လူ တစ်ယောက်၏ နှစ်ထောင်ပေါင်းများစွာ ကြဉ်လည် ဖြတ်သန်း ခဲ့သည့် အဖြစ်အပျက်အတွေ့အကြုံများကို သိမြင်နိုင်လေ သည်။ လက်ဖဝါးထက်တွင် စာအုပ်တစ်အုပ်ကို တင်ကာဖတ်

နေသကဲ့သို့ ကွက်ကွက်ကွင်းကွင်း မျက်ဝန်းထဲတွင် ထင်မြင်လာစေလေသည်။

ဆန်းလျန်သည် ကျင့်စဉ်လမ်း၏ အထွတ်ထိပ်အဆင့်သို့ ရောက်ရှိခြင်း မရှိသေးသည့်တိုင် အလှမ်းမဝေးတော့သည့် လူတစ်ယောက် ဖြစ်လေသည်။

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက သူ့အကြောင်းများကို ဆက်ပြောပြလေသည်။ သို့သော် ဆန်းလျန်က သူ၏ အတွေးများကို စစ်ဆေးပြီးပြီဖြစ်သည့်အတွက် သူ၏စကားများသည် အမှန်တရား ဟုတ် ၊ မဟုတ်ကို သိရှိနေခဲ့လေသည်။

……

ခူယားလေးသည် ဘုန်းတော်ကြီးနှင့် ပြန်လည်ဆုံတွေ့ရသည့် အခါတွင်တော့ ဘုန်းတော်ကြီးကို မှတ်မိရန် အတော်ကြိုးစားလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော်… ယခင်က ဘုန်းတော်ကြီးသည် ပြည့်ပြည့်ဖြိုးဖြိုးနှင့် ကျန်းမာကြံ့ခိုင်ပြီး အသားအရေကလည်း

ဖြူစင်ကြည်လင်လေသည်။ သို့သော်... ယခုတစ်ကြိမ် ပြန်တွေ့သည့်အခါတွင်တော့ ဘုန်းတော်ကြီးသည် အရင်ကနှင့်မတူတော့စွာ ပိန်ချုံးချိနဲ့လျှက် ရှိလေသည်။

ဘုန်းတော်ကြီးသည် ပိုးစာပင်အောက်သို့ ရောက်လာသည့်အခါတွင်တော့ အလွန်မောပန်းလျှက် ရှိလေသည်။ သူသည် ပိုးစာပင်ကို အသာမှီကာ ထိုင်လိုက်ပြီး အသက်ကို ဖြည်းဖြည်းချင်း ရှူနေရလေသည်။

ဘုန်းတော်ကြီးသည် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ ပူခြင်း အေးခြင်း ရာသီဥတုဒဏ်ကို ခံစားရခြင်း မရှိသလို ခန္ဓာကိုယ်မှာလည်း နဂါးတစ်ကောင်အလား ကြံ့ခိုင်သန်မာသူဖြစ်လေသည်။

ထိုအချိန်တုန်းက ခူယားကောင်လေးကတော့ နားလည်ခဲ့ခြင်း မရှိပါ။

ထိုအချိန်က ဘုန်းတော်ကြီးသည် အဘယ်မျှ ပင်ပန်းနေပြီး အဘယ်မျှ နာကျင်ကြေကွဲနေရသည်ကို နောက်ပိုင်းကျမှ ခူယားလေး နားလည်သဘောပေါက်ခဲ့ရလေသည်။

ခူယားကောင်လေးသည် ဘုန်းတော်ကြီး မည်သည့်အဖြစ်အပျက်များနှင့်ရင်ဆိုင်ခဲ့ရသည်ကို သိရှိခဲ့ခြင်း မရှိပေ။ သို့သော် ဘုန်းတော်ကြီးသည် လူကောင်းတစ်ယောက်ဖြစ်သည်ကိုတော့ သိရှိထားလေသည်။

ထို့ကြောင့် သစ်ရွက်လေးတစ်ရွက်ထက်တွင် နှင်းရည်လေးများကို စုစည်းပြီး တရွေ့ရွေ့ဖြင့် သစ်ရွက်လေးကို ဘုန်းတော်ကြီး၏နှုတ်ခမ်းနားသို့ အသာတွေ့ပေးလိုက်လေသည်။

ဘုန်းတော်ကြီးသည် အနည်းငယ်အံ့သြသွားပြီး နောက်သို့ တစ်ချက်ဆုတ်လိုက်ပြီးမှ သစ်ရွက်ပေါ်မှ နှင်းရည်လေးများကို စုပ်ယူကာ သောက်လိုက်လေသည်။

ပြီးမှ ကြင်နာသည့်မျက်ဝန်းများဖြင့် ခူယားကောင်လေးကို

ကြည့်လိုက်ရင်း...

"လိမ္မာတဲ့ ခူယားငယ်လေး ၊ အခု မင်းသောက်ဖို့ သွေးမပေးနိုင်

တော့တာ စိတ်မကောင်းစရာပဲ..."

ခူယားလေးက သူ၏ ခန္ဓာကိုယ်ကို လေထဲတွင် ခါယမ်းပြလေ

သည်။ အစိပ္ပါယ်မှာ သွေးကိုသောက်စရာ မလိုတော့ဘူးဆို

သည့် သဘောပင်။

ခူယားကောင်လေးဆိုလိုသည့်အဓိပ္ပါယ်ကို ဘုန်းတော်ကြီးက

နားလည်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်လေ သည်။

"ခူယားလေးတစ်ကောင်ကမှ ကျေးဇူးသိတတ်သေးတယ် ၊

လောကကြီးမှာရှိတဲ့ လူတွေ ၊ ကျင့်ကြံသူတွေကတော့ ကျုပ်ကို

ဘာလို့မယုံကြည်ကြရတာလဲ ၊ ကျုပ် မိစ္ဆာလမ်းကို မလျှောက်

ခဲ့ဘူးဆိုတာ ဘာလို့ မယုံကြည်ကြရတာလဲ..."

ကြောက်ခွဲစွာဖြင့် စကားဆိုပြီးသည့်နောက် သူက နာကျင်စွာဖြင့်
ရယ်မောလိုက်ရင်း...
"ကျုပ်က အကျိုးမမျှော်ကိုးဘဲ သတ္တဝါတွေကို ကူညီခဲ့တယ်၊
အခုတော့ မတရားခံရလို့ ဒေါသတွေ ဖြစ်နေရပြီ၊ သြော်...
ဒေါသဆိုတာ ဘုန်းတော်ကြီးနဲ့မှ မသင့်တော်တဲ့အလုပ်ပဲ..."
ဘုန်းတော်ကြီး မည်သည့်ကိစ္စများဖြစ်ပျက်လာသည်ကို ခူယား
လေးက မသိရှိသည့်တိုင် ထိုနေ့မှစပြီး နေ့တိုင်း နှင်းစက်လေး
များကို စုစည်းပြီး ဘုန်းတော်ကြီးကို တိုက်လေ့ရှိလေသည်။
ဘုန်းတော်ကြီးသည် တဖြည်းဖြည်း နေကောင်းကျန်းမာလာပြီး
အသားအရေများပြန်လည် ဖြူစင်ကြည်လာလေသည်။
တစ်နေ့တွင်တော့...
ဘုန်းတော်ကြီးရှိရာသို့ လူပေါင်းများစွာ ရောက်ရှိလာကြလေ
သည်။

အချို့သူများမှာ ဓားများကိုစီးပြီး ပျံသန်းလာကြပြီး အချို့သူများကတော့ နဂါးများကို စီးလာကြလေသည်။ အချို့ကတော့ ပျံသန်းနေသည့် လှေများကို စီးနင်းလာကြလေသည်။ နောင်ပိုင်းတွင်မှ ထိုသူများသည် ကျင့်ကြံသူများဖြစ်သည်ကို ခူယားလေး နားလည်ခဲ့ရလေသည်။ ထိုကျင့်ကြံသူ များထဲမှ အများစုမှာ တစ်ချိန်တုန်းက ဘုန်းတော်ကြီးက ကျေးဇူးပြုခဲ့ဖူးသူ ၊ ကူညီခဲ့ဖူးသူများ ဖြစ်ကြလေသည်။

ထိုနေ့ကတော့…

ထိုသူများအားလုံးမှာ ဘုန်းတော်ကြီးကို သတ်ဖြတ်ပစ်လိုဟန်ရှိနေကြလေသည်။

အမှန်တော့ ထိုဘုန်းတော်ကြီးမှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ ဘုန်းတော်ကြီးတစ်ပါး ဖြစ်လေသည်။ သူက ဗုဒ္ဓဘာသာကျင့်စဉ်များကို ကျင့်ကြံခဲ့ပြီး တန်ခိုးစွမ်းအားလည်း မြင့်မားသူ ဖြစ်လေသည်။ ကျင့်ကြံခြင်းလောကတွင် လည်း လူသိများ

သူ ဖြစ်ပြီး အခြားသူများအပေါ် ဂရုဏာတရားထားတတ်သူ ဖြစ်လေသည်။

ထို့ကြောင့် သူ့ကို လူအများက "သီလနှင်ပြည့်စုံသူ သူတော်စင်" ဟု ခေါ်ကြလေသည်။

နောက်ပိုင်းတွင် ဘုန်းတော်ကြီးသည် မိုးကောင်းကင်နတ်မိစ္ဆာ ကျင့်စဉ်ကို ကျင့်ကြံသည်ဟု သတင်းထွက်လာပြီး ကျင့်ကြံသူများ ၊ ဘုန်းတော်ကြီးများနှင့် လူပေါင်းများစွာသည် မိုးကောင်းကင် နတ်မိစ္ဆာကျင့်စဉ်ကြောင့် တိုက်တိုက် ဆိုင်ဆိုင် သေဆုံးခဲ့ကြရလေသည်။

နောက်ဆုံးတွင်တော့... ကျင့်ကြံသူများက ဘုန်းတော်ကြီးကို လိုက်လံ သတ်ဖြတ်ခဲ့ကြလေသည်။ ဘုန်းတော်ကြီး သည် အသက်ဘေးမှလွတ်ရန် ပြေးလွှားနေခဲ့ရပြီး လူအများ၏ ပြစ်တင်ရှုံ့ချခြင်းကို ခံခဲ့ရလေသည်။

အမှန်တော့ ဘုန်းတော်ကြီးကို လိုက်လံသတ်ဖြတ်နေကြသူ အများစုမှာ ဘုန်းတော်ကြီးက မိုးကောင်းကင်နတ်မိစ္ဆာ ကျင့်စဉ် ကို ကျင့်ကြံပြီး လူအများကို သတ်ဖြတ်သည်ဟု သံသယဝင် သောကြောင့် မဟုတ်ကြပေ။ ဘုန်းတော်ကြီး၏ လက်ထဲတွင်ရှိ နေသည့် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို လိုချင်ကြ သောကြောင့် ဖြစ်လေသည်။

မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်၏ မူလဇာစ်မြစ်ကို မည်သူမှ မသိရှိကြပေ။ သို့သော်... မည်သို့မည်ပုံ ဖြစ်သည်မသိ ထို ကျမ်းစာသည် ကျင်းကွမ်း ဝတ်ကျောင်းတော်သို့ ရောက်ရှိနေခဲ့ လေသည်။

ထိုကျင့်စဉ်ကို ကျင့်ကြံခဲ့သူ လောကတွင် (၂)ယောက်သာ ရှိ လေသည်။

တစ်ယောက်မှာ ကျင်းကွမ်းဝတ်ကျောင်းတော်မှ တန်ခိုး စွမ်းအား မြင့်မားလွန်းလှသည့် ဖားဟိုင်ဆရာတော် ဖြစ်ပြီး

နောက်တစ်ယောက်မှာတော့ အမည်မထင်ရှားသည့် ဆရာတော်တစ်ပါး ဖြစ်လေသည်။ ဘုန်းတော်ကြီးသည် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ဆရာတော်ကြီးများ၏ ဓာတ်တော်များထားရာ အခန်းထဲတွင် ရှေးဟောင်းပစ္စည်း များနှင့်အတူ တွေ့ရှိခဲ့ရ ခြင်းဖြစ်လေသည်။

ဘုန်းတော်ကြီးသည် မိုးကောင်းကင် နတ်မိစ္ဆာကျင့်စဉ်ကို သတိလက်လွတ်ဖြင့် လောဘတကြီး ကျင့်ကြံခဲ့ခြင်း မဟုတ်ပါ။ သူက ကျမ်းစာမှ ကျင့်ကြံခြင်းအချက်အလက်များကို အရင်လေ့လာခဲ့လေသည်။ သို့သော်... မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်တွင် ထူးခြားချက်တစ်ခု ရှိလေသည်။

ထိုထူးခြားချက်မှာ ထိုကျမ်းစာကို တစ်ခါဖတ်လိုက်သည်နှင့် မေ့သွားခြင်းမရှိတော့ဘဲ တရားထိုင်လိုက်သည်နှင့် ထိုကျင့်စဉ်ကို အလိုလို ကျင့်ကြံမိလျှက်သား ဖြစ်သွားခြင်း ဖြစ်လေသည်။

မိုးကောင်းကင် နတ်မိစ္ဆာကျင့်စဉ်သည် အလွန် ထူးဆန်း နက်ရှိုင်းလေသည်။ မိစ္ဆာကျင့်စဉ်တစ်ခု ဖြစ်သော်ငြား စစ်မှန် သည့် ကျင့်စဉ်လမ်းနှင့်လည်း ဆက်စပ် ပတ်သက်နေလေ သည်။

ဘုန်းတော်ကြီး၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံ မှုသည် တဖြည်းဖြည်း နက်ရှိုင်းလာလေသည်။ သို့သော်… ဘုန်းတော်ကြီးသည် စစ်မှန်သည့် ဗုဒ္ဓဘာသာ ကျင့်ကြံသူတစ် ယောက် ဖြစ်သည့်အတွက် မည်သည့်အခါမှ မိစ္ဆာစွမ်းအားများ အတွင်းသို့ ကျရောက်သွားခြင်းမရှိဘဲ ထိန်းချုပ်နိုင်ခဲ့လေ သည်။

ဘုန်းတော်ကြီးက သူ့ကို အထင်လွဲနေသူများကို နည်းလမ်းများ စွာဖြင့် အကျိုးသင့် အကြောင်းသင့် ရှင်းပြခဲ့လေသည်။ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်သည် မိစ္ဆာကျင့်စဉ်တစ်ခုဖြစ် လင့်ကစား အခြေခံကျသည့် ကျင်စဉ် တစ်ခုလည်းဖြစ်လေ

သည်။ ထို့ကြောင့် ထိုကျင့်စဉ်ကို ကျင့်ကြံပြီး မိစ္ဆာစွမ်းအား များကို သန့်စင်ပစ်နိုင်လျှင် သန့်စင်သည့် မိုးကောင်းကင် မိစ္ဆာနတ်ဘုရားခန္ဓာကို ရရှိမည်ဖြစ်ပြီး အခြားသော ကျင့်စဉ် ကျင့်ကြံသည့် နတ်ဘုရားကဲ့သို့ပင် နတ်ဘုရားတစ်ပါး ဖြစ်လာ မည် ဖြစ်လေသည်။

သို့သော်… ဘုန်းတော်ကြီးက မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ် ကို ကျင့်ကြံနေသည်ဆိုသည့်သတင်းသည် ကျင့်ကြံသူ လောကတစ်ခုလုံးကို တုန်လှုပ်စေခဲ့လေသည်။

သီလနှင့်ပြည့်စုံသူ သူတော်စင် ဘုန်းတော်ကြီးသည် အချိန် ခဏအတွင်းမှာပင် မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံနေသည့် မိစ္ဆာ တစ်ပါးအဖြစ် အစွပ်စွဲခံလိုက်ရလေသည်။

နောက်ဆုံး ကျင့်ကြံသူများ အုပ်စုဖွဲ့ကာ ဘုန်းတော်ကြီးကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြလေသည်။

ဘုန်းတော်ကြီးမှာ တန်ခိုးစွမ်းအား မည်မျှမြင့်မားပါစေ အများ နှင့် တစ်ယောက် တိုက်ခိုက်ရသည့်အခါ ကြံ့ကြံ့ခံ ရင်ဆိုင်နိုင် ခြင်း မရှိတော့ပေ။

နောက်ဆုံးတော့ သူသည် လွတ်လမ်းမရှိတော့ဘဲ ချယ်လန်း ဝတ်ကျောင်းတော်သို့ ရောက်ရှိလာခဲ့ရလေသည်။

ချယ်လန်းဝတ်ကျောင်းတော်ဆိုသည်မှာ မိုးကောင်းကင် နတ်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံခဲ့သည့် မထင်မရှား ဘုန်းတော် ကြီးတစ်ပါးက ပြောပြခဲ့သည့် နေရာတစ်ခု ဖြစ်လေသည်။ ထို နေရာတွင် မတိုင်းတာနိုင်အောင် ရှည်လျားသည့် နတ်မိစ္ဆာများ ကို နှိမ်နင်းနိုင်သည့် ဗုဒ္ဓတံတိုင်းကြီးတစ်ခုရှိသည်ဟု ထိုဘုန်း တော်ကြီးကပြောခဲ့လေ သည်။

ဘုန်းတော်ကြီးသည် ချယ်လန်းဝတ်ကျောင်းတော်သို့ အကြိမ် ပေါင်းများစွာ လာရောက်ပြီး ဗုဒ္ဓတံတိုင်းတော်ကြီးကို ရှာဖွေ သော်လည်း မတွေ့ရှိခဲ့ပါချေ။

ထိုနေ့တွင်တော့...

အဆင့်မြင့်ကျင့်ကြံသူများနှင့် ဘုန်းတော်ကြီးသည် (၇)ရက် (၇)ည တိတိကြာအောင် တိုက်ခိုက်ခဲ့ကြလေသည်။ တိုက်ပွဲအစပိုင်းတွင် ဘုန်းတော်ကြီးက သီလစောင့်ထိန်းသည့်အတွက် လူသတ်ခဲ့ခြင်း မရှိပေ။ သို့သော်... တိုက်ပွဲက တစ်နေ့ တခြားပြင်းထန်လာလေသည်။ ဘုန်းတော်ကြီးမှာလည်း မတတ်သာတော့ဘဲ ရန်သူများကို သတ်ဖြတ်ရလေတော့သည်။ နောက်ဆုံးတွင် ပြင်းထန်လှသည့် တိုက်ပွဲကြောင့် ချယ်လန်းဝတ်ကျောင်းတော်ကြီး ပြိုကျပျက်စီးသွားခဲ့လေသည်။

တိုက်ပွဲနောက်ဆုံးနေ့တွင်တော့....

ဘုန်းတော်ကြီးက အနိုင်ရခဲ့လေသည်။

ဘုန်းတော်ကြီးသည် တည်ငြိမ်နေသည့်တိုင် အချို့သောကျင့်ကြံသူများမှာ သေဆုံးသွားကြရပြီး အချို့သော ကျင့်ကြံ

သူများမှာ ရှုးသွပ်သွားကြရလေသည်။ ထိုအခါတွင်တော့…

ဘုန်းတော်ကြီးမှာ အလွန်နောင်တရသွားခဲ့ရ လေသည်။

အတိတ်က ကောင်းသည့်အလုပ်များ မည်မျှပင် လုပ်ခဲ့ပါစေ

ယခုတော့ သူသည် တကယ့် မိစ္ဆာတစ်ပါးအလား ဖြစ်ရလေပြီ။

သူ့ကြောင့် ကျင့်ကြံသူပေါင်းများစွာ အသက်ဆုံးရှုံးရလေပြီ။

နောက်ပိုင်းတွင်တော့…

ချယ်လန်းဝတ်ကျောင်းတော်အပျက်ကြီးနားတွင် မကျွတ်လွတ်

သည့် ဝိညာဉ်များ ခြောက်လှန့်လေ့ ရှိကြလေသည်။ ဘုန်းတော်

ကြီးက ဝိညာဉ်များကို ကြောက်ရွံ့ခြင်းမရှိပါ။ သို့သော်… ထို

ဝိညာဉ်များ၏ မကျွတ်လွတ်နိုင်ခြင်းမှာ သူ့အပြစ်မကင်းသလို

ခံစားခဲ့ရလေသည်။

နောက်ဆုံးတွင်တော့ ဘုန်းတော်ကြီး၏ သန့်စင်သည့်

ဗုဒ္ဓဘာသာနှလုံးသားမှာ အပြစ်တရား၏ ဖိစီးခြင်းကို ခံစားရ

ပြီး မည်သည့်အခါမှ ပြန်လည် ပြုပြင်၍ မရတော့ပေ။

ဘုန်းတော်ကြီးမှာ စိတ်ဖိစီးမှုများကြောင့် လုံးပါးပါးလာရလေ

သည်။

သူ၏ နောက်ဆုံးနေ့ရက်များတွင်...

ဘုန်းတော်ကြီးသည် သူကျင့်ကြံခဲ့သည့် ဗုဒ္ဓဘာသာကျင့်စဉ်

များနှင့် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ် အားလုံးကို ခူယား

ကောင်လေးကို ပြောပြသွားခဲ့လေသည်။ ထိုအချိန်မှစပြီး ခူ

ယားကောင်လေးသည် ကျင့်ကြံသူတစ်ယောက် ဖြစ်လာပြီး ဗုဒ္ဓ

ကျင့်စဉ်များနှင့် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ် (၂)ခုစလုံးကို

ကျင့်ကြံသူဖြစ်လာခဲ့လေသည်။

နှစ်ပေါင်း (၅၀၀၀) ကြာသည့်အခါတွင်တော့ ခူယားကောင်

လေးသည် တာအိုခန္ဓာကိုရရှိကာ လူသားအဖြစ် အသွင်ပြောင်း

နိုင်ခဲ့လေသည်။ သို့သော်... သူသည် သူ့ကို ပညာသင်ပေးခဲ့

သည့် ဘုန်းတော်ကြီးကို တစ်ရက်မှ မမေ့နိုင်ခဲ့ပါ။ ထို့ကြောင့်

လူသားခန္ဓာရရှိသည့်အခါ ဘုန်းတော်ကြီး၏အသွင်ကို ယူခဲ့လေသည်။

သို့သော်... သူသည် မိတ်ဆွေအပေါင်းအသင်းမရှိဘဲ ချယ်လန်းတောင်ပေါ်တွင် တစ်ယောက်တည်း နေထိုင်ခဲ့ လေသည်။

တစ်နေ့တွင်တော့ ...

ချယ်လန်းတောင်ပေါ်သို့ တာအိုဆရာတစ်ယောက်နှင့် နတ်သူငယ်လေးတစ်ယောက် ရောက်လာခဲ့လေသည်။ သူတို့ (၂)ယောက်သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြပြီး တာအိုဆရာသည် ချောက်ကမ်းပါးကြီးကို မိုးကြိုးဖြင့် ပစ်ချပြီး နတ်သူငယ်လေး ထွက်ခွာသွားအောင် တိုက်ခိုက်ခဲ့လေသည်။ ထို့နောက် တာအိုဆရာသည်လည်း ထွက်ခွာသွားပြီး နောက်ပိုင်းတွင် သူတို့ (၂)ယောက်ကိုလည်း ထပ်မံတွေ့ဆုံရခြင်းမရှိတော့ပေ။

သို့သော်... တာအိုဆရာပစ်ချလိုက်သည့် မိုးကြိုးတန်ခိုး စွမ်းအားကြောင့် ချောက်ကမ်းပါးကြီး ကွဲအက်သွားရပြီး ချောက်ကမ်းပါးကြီးအနောက်တွင် ကျောက်စိမ်းတံတိုင်းကြီး တစ်ခု ထွက်ပေါ်လာလေသည်။ ထိုကျောက်စိမ်း တံတိုင်းကြီး မှာ ဘုန်းတော်ကြီးရှာဖွေနေသည့် အတိုင်းအဆမဲ့ဗုဒ္ဓတံတိုင်း ပင် ဖြစ်လေတော့သည်။

ဗုဒ္ဓတံတိုင်းကြီးပေါ်လာသည့်နေ့မှစပြီး ခူယားကောင်မှ အသွင် ပြောင်းထားသည့် ဘုန်းတော်ကြီးသည် ထိုနေရာတွင် နေထိုင်ခဲ့ လေသည်။ ဗုဒ္ဓတံတိုင်းမှ တန်ခိုးစွမ်းအားများက သူ၏ခန္ဓာကိုယ်အတွင်းမှ မိစ္ဆာစွမ်းအားများကို ဖိနှိပ်ထား နိုင်ခဲ့ လေသည်။ သို့သော်... အမြစ်ပြတ်ဖယ်ရှားပစ်နိုင်ခြင်းတော့မ ရှိပေ။ အဘယ်ကြောင့်ဆိုသော်... သူ၏ ကျင့်စဉ်လမ်းမှာ ဗုဒ္ဓဘာသာကျင့်စဉ်နှင့် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ် (၂)ခု

ကို တစ်ပြိုင်တည်း ကျင့်ကြံခဲ့ပြီး စတင်ခဲ့သည့်အတွက်

ကျင့်စဉ်စွမ်းအား (၂)ခုကို ခွဲခြားရန် ခက်နေခဲ့လေသည်။

နောင်ပိုင်းတွင်... သူ၏ ကျင့်ကြံခြင်းအဆင့် မြင့်မားလာ

သည်နှင့်အမျှ သူ၏ မိစ္ဆာစွမ်းအားများမှာလည်း ပိုမိုများပြား

လာခဲ့လေသည်။ တန်ခိုးစွမ်းအားများ မြင့်မားလာ

သည့်အတွက် သူသည် စိတ်အာရုံဖြန့်ကျက်ကာ လောကကို

ကြည့်မြင်နိုင်စွမ်း ရလာခဲ့လေသည်။

သူက သူ၏ စိတ်အာရုံများကို ဖြန့်ကျက်လိုက်သည့်အချိန်တွင်

အမှတ်မထင် ကျုန်းတျဲယီကို တွေ့ရှိသွားခဲ့လေသည်။

ထို့နောက် သူသည် မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားကို

အသုံးပြုကာ ထိုသူ၏ နှလုံးသားကို ထိန်းချုပ်ခဲ့လေ သည်။

ထို့နောက် ထိုသူ၏ အသွေးအသားများအား ယာဇ်ပူဇော်ကာ

သူ၏ မိစ္ဆာစွမ်းအားများကို ပေါင်းစည်းပြီး စစ်မှန်သည့် အရိုး

မိစ္ဆာခန္ဓာကို ဖြစ်တည်စေခဲ့လေသည်။ ထိုအရိုးမိစ္ဆာအတွင်းသို့

သူ၏ မိစ္ဆာစွမ်းအားများ ကိုထည့်သွင်းပြီး မိစ္ဆာစွမ်းအားများကို အမြစ်ပြတ်ဖျက်စီးပစ်ရန် ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။

အရိုးမိစ္ဆာက ကူးဝေဝေနှင့် ဆန်းချင်းချင်းကို တိုက်ခိုက်ခဲ့ရသည့်အကြောင်းရင်းမှာ ဆန်းချင်းချင်း၏ နက်ရှိုင်းသည့် ဝိညာဉ်အတွင်းပိုင်းမှ ထွက်ပေါ်နေသည့် သန့်စင်သည့် တာအိုတန်ခိုးစွမ်းအားက အရိုးမိစ္ဆာကို ဆွဲဆောင်နေသည့် အတွက်ကြောင့် ဖြစ်လေသည်။

အဖြစ်အပျက်တစ်ခုလုံးကို နားလည်သွားသည့်အခါတွင်တော့ အရိုးမိစ္ဆာ၏နောက်ကွယ်မှ ကြိုးကိုင်နေသည့် နတ်မိစ္ဆာကို ချက်ချင်း မခန့်မှန်းနိုင်သည့် အကြောင်းရင်းကို ဆန်းလျန် သိရှိလိုက်ရလေသည်။ အဘယ်ကြောင့်ဆိုသော်… ဗုဒ္ဓတံတိုင်းက ကာကွယ်ပေးထားသောကြောင့် ဖြစ်လေ၏။

အနက်ရောင်ဝတ်ဘုန်းတော်ကြီး၏ ခန္ဓာအစစ်အမှန်သည် ဗုဒ္ဓတံတိုင်းနောက်တွင် ပုန်းအောင်းနေခြင်း ဖြစ်သည့်အတွက်

ဆန်းလျန်ထက် တန်ခိုးစွမ်းအား မြင့်မားသူများပင်လျှင် သိရှိ

နိုင်ရန် ခက်ခဲမည် ဖြစ်လေသည်။

အခန်း (၇၃၉) ရည်ရွယ်ချက်မရှိဘဲဓမ္မကိုသိမြင်ရန်မဖြစ်နိုင်

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက စကားဆုံးသွားသည့်အခါ

တွင်တော့ ဆန်းလျန်ကို ဂရုတစိုက်ဖြင့် လေ့လာနေလေ သည်။

သူသည် ကျင့်စဉ်လမ်းတွင် များစွာအဆင့်မြင့်နေခဲ့ပြီဖြစ်သည့်

တိုင် ဆန်းလျန်၏ရှေ့တွင်တော့ အကူအညီမဲ့နေသည့် ကလေး

ငယ်တစ်ယောက်ပမာ ခံစားနေရလေသည်။

ဆန်းလျန်သည် ထိုနှစ်များတုန်းက ချောက်ကမ်းပါးပြိုကျကာ ဗုဒ္ဓတံတိုင်းထွက်ပေါ်လာသည်အထိ တိုက်ခိုက်ခဲ့ ကြသည့် တာအိုဆရာနှင့် နတ်သူငယ်ထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းနေလေသည်။

ဆန်းလျန်က...

"မင်း ကျုပ်နောက်လိုက်မယ်ဆိုရင် နောင်တစ်ချိန်မှာ ကျုပ်ရဲ့ မီးထိုးသမားအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပေးမယ်..."

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက ဆန်းလျန်သည် သူလုပ်ခဲ့သည့်အပြစ်များအတွက် အပြစ်ပေးမည်ဟု ထင်မှတ်နေခဲ့လေသည်။

သို့သော်... ဆန်းလျန်သည် သူ၏ ရှည်လျားသည့် ဇာတ်လမ်းကို နားထောင်ပြီးသည့်နောက် သူ့ကိုအပြစ်မပေးသည့်အပြင် သူ့ထံတွင် တာဝန်ထမ်းဆောင်ရန်ပင် တောင်းဆိုနေခဲ့လေသည်။

ဆန်းလျန်၏ စကားများမှာ အနည်းငယ် အမိန့်ဆန်သော်လည်း အနက်ရောင်ဘုန်းတော်ကြီးက ကျေကျေနပ်နပ်ပင် လက်ခံလိုက်လေသည်။ သူသည် နတ်မိစ္ဆာတစ်ကောင်မျှသာဖြစ်ပြီး တန်ခိုးစွမ်းအားမြင့်မားသူများကို အမြဲတမ်းပင် နာခံတတ်သူဖြစ်လေသည်။

သူက ဆန်းလျန်ရှေ့တွင် ချက်ချင်းပင် ဒူးထောက်လိုက်ပြီး...

"သခင်လေးကို ဂါရဝပြုပါတယ်..."

ပြောပြီးသည်နှင့် သူ၏နှလုံးသားသင်္ကေတအမှတ်အသားသည် ဆန်းလျန်ရှိရာသို့ လွင့်မျောလာလေသည်။

သူ၏ နှလုံးသားသင်္ကေတတွင် စိတ်အာရုံစူးစိုက်မှုများ ပါဝင်လေသည်။ ဆန်းလျန်သည် သူ၏ လှုပ်ရှားမှုတိုင်းကို ထိန်းချုပ်နိုင်မည် ဖြစ်ပြီး သူ့ဘဝ၏ သေခြင်းရှင်ခြင်းကိုပင် စီရင်ဆုံးဖြတ်နိုင်သူတစ်ယောက်ဖြစ်လာမည်ဖြစ်လေ သည်။

ဆန်းလျန်က ဟန်ဆောင်မနေတော့ဘဲ အနက်ရောင်ဘုန်းတော်ကြီး နှင်းအပ်သည့် နှလုံးသားသင်္ကေတကို လက်ခံလိုက်လေသည်။

ဆန်းလျန်က...

"မင်းမှာ နာမည်ရှိသလား"

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက...

"ကျွန်တော့်မှာ နာမည် မရှိပါဘူး..."

ဆန်းလျန်က လေးနက်သည့်လေသံဖြင့်...

"ဒါဖြင့် မင်းကို နာမည်တစ်ခုပေးမယ်..."

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက...

"ဟုတ်ကဲ့... သခင်လေး နာမည်တစ်ခု ပေးပေးပါ..."

ဆန်းလျန်က...

"ဗုဒ္ဓကတရားဟောတဲ့အခါ နတ်ဘုရားတွေက

လေးလေးစားစားနဲ့ နားထောင်ကြရတယ်၊ မင်းက ဗုဒ္ဓဘာသာ

ကျင့်စဉ်ရော မိစ္ဆာကျင့်စဉ်ကိုပါ ကျင့်ကြံခဲ့တဲ့သူဖြစ်လို့ မင်းကို ကျွယ်ရှင်းလို့ နာမည်ပေးလိုက်မယ်..."

အနက်ရောင်ဝတ်ဘုန်းတော်ကြီးက ဆန်းလျန်ပေးသည့် နာမည်ကို ငြင်းပယ်ခြင်းမရှိဘဲ လက်ခံလိုက်လေသည်။

ဆန်းလျန်က ကျွယ်ရှင်းကို သူ၏ လက်အောက်တွင် အလုပ်လုပ်သူအဖြစ် သတ်မှတ်လိုက်ပြီး တည်ကြည်သည့် အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်လေသည်။

ကျွယ်ရှင်းက ဆန်းလျန် သူ့ကို သဘောမကျမည်ကို ကြောက်ရွံ့နေမိလေသည်။

"မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်က ဘယ်ကိုရောက်သွားလဲဆိုတာ ကျွန်တော် မသိပါဘူး ၊ ပြီးတော့ အဲဒီ ကျင့်စဉ်ကို သင်ယူခဲ့တုန်းကလည်း ငယ်ပါသေးတယ် ၊ ဒါပေမယ့် ကျင့်စဉ်ထဲက အကြောင်းအရာ တော်တော်များများကို မှတ်မိပါတယ် ၊ သခင်လေးကို ကျွန်တော် ပြောပြပါ့မယ်..."

ဆန်းလျှန်က ခေါင်းခါယမ်းလိုက်ရင်း...

"မင်း ပြောပြစရာမလိုဘူး ၊ ကျုပ်ရဲ့ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်က မင်းထက်တောင် သာသေးတယ်..."

ထို့နောက် ဆန်းလျှန်က လက်ဖဝါးကိုဖြန့်လိုက်ပြီး ခူယားကောင်လေးတစ်ကောင် ဖန်ဆင်းလိုက်လေသည်။

ခူယားကောင်လေးသည် တဖြည်းဖြည်းကြီးထွားလာပြီး နောက်ဆုံး ပိုးအိမ်မှထွက်လာကာ လိပ်ပြာလေးတစ်ကောင် အဖြစ်ပြောင်းလဲသွားလေသည်။ လိပ်ပြာလေးသည် ဆန်းလျှန်၏ လက်ဖဝါးထက်မှ ကျွယ်ရှင်းရှိရာသို့ ပျံသန်း ထွက်ခွာသွားလေသည်။

ကျွယ်ရှင်းက လိပ်ပြာလေးကို ဖမ်းရန်အတွက် လက်ဖဝါးကို အသာဖြန့်လိုက်လေသည်။ သို့သော်... လိပ်ပြာလေးကို မဖမ်းမိခင်မှာပင် လိပ်ပြာလေးသည် လေထဲတွင် သဲမှုံများပမာ လွင့်ပြယ်သွားလေတော့သည်။

ကျွယ်ရှင်းမှာ လိပ်ပြာလေးသည် ပုံရိပ်ယောင်တစ်ခုဖြစ်သည့်

တိုင် ကျွယ်ရှင်းကို လှည့်စားနိုင်ခဲ့လေသည်။

ကျွယ်ရှင်းက ဆန်းလျန်၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်

သည် သူ့ထက် များစွာအဆင့်မြင့်သည်ကို လက်ခံ ယုံကြည်

လိုက်လေတော့သည်။

သူက သူ၏ ခေါင်းကို လက်ဖြင့်တစ်ချက်အသာပွတ်လိုက်

ရင်း...

"ကျွန်တော့်အဆင့်လောက်နဲ့ သခင်လေးအတွက် ရယ်စရာ ဖြစ်

ရပြီ..."

ဆန်းလျန်က...

"ကျုပ် လောကထဲကို ထွက်လာတာ အလုပ်တွေလုပ်စရာရှိလို့ပဲ

၊ မင်းလည်း ကျုပ်နဲ့အတူ လိုက်ခဲ့ပါ..."

ကျွယ်ရှင်းက ခေါင်းညိတ်လိုက်လေသည်။

သို့သော် သူက ဗုဒ္ဓတံတိုင်းအကြောင်းကို စဉ်းစားလိုက်မိသည့်

အခါတွင်တော့...

"သခင်လေး ၊ ဒီ ဗုဒ္ဓတံတိုင်းကြီးက ထူးခြားတယ် ၊ ယူမသွား

ဘူးလား..."

ဆန်းလျန်က...

"ဒီတံတိုင်းကြီးက အစကတည်းက ဒီမှာရှိနေတာ ကျုပ်က

ယူသွားစရာ အကြောင်းမရှိပါဘူး"

ထိုစကားကိုကြားလိုက်ရသည့်အခါတွင်တော့ ကျွယ်ရှင်း၏

စိတ်ထဲတွင် မယုံကြည်နိုင်ဖြစ်သွားရလေသည်။ အစွမ်းထက်

လှသည့် ဗုဒ္ဓတံတိုင်းကြီးကို မည်သူမဆို လိုချင်ကြမည်ပဲ ဖြစ်

လေသည်။ သို့သော်... ဆန်းလျန်ကတော့ ငြင်းပယ်ခဲ့လေ

သည်။

သို့သော်... ဆန်းလျန်ပြောသည်မှာလည်း ဟုတ်သည်လေ...။

ဗုဒ္ဓတံတိုင်းကြီးကို သယ်ဆောင်သွားမည်ဆိုပါက နောက်ထပ် နေရာတစ်ခုတွင် နေရာချကာ ထပ်မံသိမ်းဆည်းထားရဦးမည် ဖြစ်လေသည်။ ထို့ပြင်... ဗုဒ္ဓတံတိုင်းကြီးသည် ချယ်လန်း တောင်ပေါ်တွင် တည်ရှိနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့် နေခဲ့ပြီ ဖြစ်လေသည်။ သူ၏ရှိရင်းစွဲနေရာတွင်ပင် ထားခဲ့ခြင်း ကသာ အကောင်းဆုံး ဖြစ်လေသည်။

ကျွယ်ရှင်းသည် ချယ်လန်းတောင်ပေါ်တွင် ကြီးပြင်းလာသူ ဖြစ်လေသည်။ သူ့အနေဖြင့်လည်း ချယ်လန်းတောင်ပေါ်တွင် သာ အမြဲတမ်းနေသင့်လေသည်။ သို့သော်... သူက တစ်ယောက်တည်း အထီးကျန် မနေချင်တော့သလို လောက ကြီးကိုလည်း လှည့်လည်သွားလာချင်မိလေသည်။ ထို့ကြောင့် ဆန်းလျန်နှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။ ထို့ပြင် ယနေ့ ဆန်းလျန်နှင့် စကားပြောလိုက်ရသည့်အတွက် အတိတ်မှ အကြောင်းအရာများကိုလည်း သတိရသွားမိသလို

ထူးဆန်းသည့် စိတ်ခံစားချက်များကိုလည်း ခံစားနေရလေသည်။

ကျွယ်ရှင်းသည် ဆန်းလျန်ကိုလည်း အထင်ကြီးလေးစားနေပြီဖြစ်လေသည်။

ရည်ရွယ်ချက်မရှိဘဲနှင့် ဓမ္မကို သိရှိရန်မှာ မဖြစ်နိုင်ပေ။ ဆန်းလျန်နှင့်အတူ လိုက်သွားခြင်းအားဖြင့် သူ့အနေဖြင့် ကျင့်စဉ်လမ်းတွင်လည်း ပိုမိုသိရှိနားလည်လာရန် အထောက်အကူရရှိမည် ဖြစ်လေသည်။

ဆန်းလျန်ကတော့ ဗုဒ္ဓတံတိုင်းကြီးမှာ အလွန်အဖိုးတန်သည့် ရတနာပစ္စည်းတစ်ခုဖြစ်သည်ကို သိရှိထားလေသည်။

သို့သော်... သူက ယူဆောင်သွားမည် မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော်... မိမိအတွက် အသုံးဝင်မည်၊ မဝင်ဘူး မစဉ်းစားဘဲ ရတနာပစ္စည်းတွေ့သည်နှင့် ငမ်းငမ်းတက်

ယူဆောင်ချင်သူသည် နောင်တစ်ချိန်တွင် မိမိကိုယ်တိုင်ရော
အခြားသူများကိုပါ နာကျင်စေမည် ဖြစ်လေသည်။

ဆန်းလျှန်သည် ခံစားချက်ပေါင်းများစွာဖြင့် ချယ်လန်းတောင်
ပေါ်မှ ဆင်းသွားခဲ့လေသည်။ သူသည် "သောက်ပြီးရင်မပြန်နဲ့
တော့" စားသောက်ဆိုင်သို့ ပြန်မသွားတော့ပေ။

သူသည် တန်ခိုးစွမ်းအားအသုံးပြုကာ လောကတစ်ခွင် သွားလို
သည့်နေရာကို ချက်ချင်းရောင်သွားအောင် သွားလာနိုင်သည့်
တိုင် ယခုတော့ ချယ်လန်းတောင်ပေါ်မှ လမ်းလျှောက်ဆင်း
သွားရန် ဆုံးဖြတ်ခဲ့လေသည်။

ချယ်လန်းတောင်သည် သူနှင့်တစ်ခုခု ပတ်သက်ခဲ့သည့်နေရာ
တစ်ခုဖြစ်သည်ကို ခံစားသိရှိနေမိလေသည်။

သို့သော်... ကူးဝေဝေ၏ "သောက်ပြီးရင် မပြန်နဲ့တော့"
စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာခဲ့ပြီးသည့်အချိန်မှစပြီး
သူသည် အတိတ်မှအကြောင်းအရာများကို တစ်ခုမှ

စဉ်းစား၍မရတော့ပေ။ သူ့ဘဝသည် ဘဝသစ်တစ်ခု ပြန်လည်စတင်သည့်အလား ဖြစ်နေလေသည်။ ထို့ကြောင့် ... သူသည်အတိတ်ကို သိပ်မစဉ်းစားတော့ဘဲ စိတ်လက်ပေါ့ပါးစွာဖြင့်လျှောက်သွားချင်နေမိလေသည်။

နတ်ဘုရားများသည် လောကထဲတွင် လျှောက်မသွားဘဲလောကကြီးအကြောင်းကို သိနိုင်လေသည်။ သို့သော်...တကယ်တမ်းတွင် လောကတစ်ခွင်လှည့်လည်သွားလာရင်းအရာရာကို လက်တွေ့ကျကျသိမြင်အောင် ကြိုးစားခြင်းကစိတ်အာရုံဖြင့် သိမြင်ရခြင်းထက်ပိုပြီး ကောင်းမွန်လေသည်။

ဆန်းလျန်သည် ယခုအချိန်တွင် သာမန်လူတစ်ယောက်ကဲ့သို့ခရီးဆန့်ချင် နေခဲ့မိလေသည်။

ကူးဝေဝေထံမှ အစပြုခဲ့သည့် သူ၏ဘဝအသစ်သည် ယခုတော့ လောကတစ်ခွင်လှည့်လည်ခြေဆန့်ခရီးနှင်ရန်အချိန်တန်ပြီ ဖြစ်လေသည်။

နတ်ဘုရားတစ်ပါးအနေဖြင့် သာမန်လူတစ်ယောက်ကဲ့သို့ နေထိုင်ကြည့်ရသည်မှာ မလွယ်ကူလှပါ။ ဆန်းလျန်သည် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သူ့အနေဖြင့် သာမန်လူတစ်ယောက်ကဲ့သို့ ပြုမူနေထိုင်ရန် ဆုံးဖြတ်လိုက်သည့် တိုင် သာမန်လူသားတစ်ယောက်နှင့် မတူတော့သည်ကတော့ အမှန်ပင် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ... သူကတော့ သာမန်လူတစ်ယောက်လို သွားလာနေထိုင်ရန် တမင်သက်သက် ရွေးချယ်လိုက်ခြင်း ဖြစ်လေသည်။

ထိုသို့ပြုလုပ်သည်မှာ သရုပ်ဆောင်ခြင်းနှင့် ဆင်တူလေသည်။ သရုပ်ဆောင်ခြင်းသည် ဟန်ဆောင်ခြင်း တစ်မျိုးဖြစ်လေသည်။ သို့သော်... ဇာတ်လမ်းထဲမှ ဇာတ်ကောင်များ၏ သဏ္ဌာန်ကို မတူတူအောင် သရုပ်ဆောင်ရ ခြင်းဖြစ်သည့်အတွက်

ဟန်ဆောင်ခြင်းဖြစ်သည့်တိုင် စစ်မှန်သည့် ဟန်ဆောင်ခြင်း

ဖြစ်လေ၏။

ဆန်းလျှန်နှင့် ကျွယ်ရှင်းသည် ခပ်ဖြည်းဖြည်းပင်

လမ်းလျှောက်ခရီးနှင်လာကြပြီး အချိန်(၂)ရက်ခန့်ကြာသည့်

အခါတွင်တော့ သူတို့ရှေ့တွင် ကာဆီးနေသည့် မြစ်ကြီးတစ်

စင်းကို တွေ့မြင်လိုက်ကြရလေသည်။

မြစ်ကမ်းတွင် ကျောက်တိုင်တစ်ခုစိုက်ထူထားပြီး ကျောက်တိုင်

ပေါ်တွင် စာများရေးသားထားလေသည်။

"မိုင်ပေါင်း (၃၀၀၀) ရှည်လျားသည့်မြစ်တစ်စင်းဖြစ်ပြီး မည်

သည့်နေရာကိုမဆို ဆက်သွယ်သွားလာနိုင်သည်"

ထိုစာလုံးများအောက်တွင် ခပ်သေးသေးစာလုံးများဖြင့်

ရေးသားထားသည်များလည်း ရှိနေသေးသည်။

"ဤမြစ်သည် ကြမ်းတမ်းသည့်မြစ်တစ်စင်းဖြစ်သည်။ မည်

သည့်သင်္ဘောဖြစ်ဖြစ် ၊ လှေဖြစ်ဖြစ် ဤမြစ်ထဲတွင် နစ်မြုပ်

ဖျက်စီးခံရပြီး လူပါသေဆုံးသွားနိုင်သည်။ ဤမြစ်ကိုဖြတ်ကူးသူ မည်သူမဆို အသူရာချောက်မှ ဝိညာဉ်မြစ်ရေ ထဲသို့ တစ်ခဏအတွင်းရောက်ရှိသွားနိုင်သည်။"

စာများကို ဖတ်ပြီးသွားသည်နှင့် ဆန်းလျန်က မြစ်ကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။ မြစ်ရေပြင်သည် ကျယ်ပြန့်စွာတည်ရှိနေသည့်တိုင် မြစ်ကိုဖြတ်ကူးရန်အတွက် လှေ ၊ သဘောင်္စသည်တို့ကို တစ်ခုတစ်လေမျှပင် မတွေ့ရချေ။

ကျောက်တိုင်တွင်ရေးသားထားသည့် စာများသည် မြစ်တစ်ခုလုံးအတွက်အကျုံးဝင်သည်လား ၊ မြစ်၏ ဤနေရာဒေသရှိ အပိုင်းလေးတွင် ဖြစ်ပျက်နေသည်လားဆိုသည်ကိုတော့ သေသေချာချာ မသိနိုင်ပေ။

ကျွယ်ရှင်းက...

"သခင်လေး ၊ ဒီမြစ်ကထူးဆန်းတယ် ၊ ဖြတ်ကူးမလို့လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်း ဝါးဖောင်တစ်ခု သွားလုပ်လိုက်ပါ ၊ ဒီမြစ်က ဘာတွေ ထူးဆန်းသလဲဆိုတာ ကြည့်ကြတာပေါ့..."

ဆန်းလျန်မှာ ထူးဆန်းသူတစ်ယောက်ဖြစ်သည်ကို သိရှိထားသည့်အတွက် ကျွယ်ရှင်းက ဆန်းလျန်၏ စကားကို အထွန့်တက်မနေတော့ပေ။

ပြီးတော့ ဝါးဖောင်တစ်ခုပြုလုပ်ရန်မှာလည်း ခက်ခဲသည့် အလုပ်မှ မဟုတ်ပေပဲ။

ခဏအကြာတွင်တော့ ကျွယ်ရှင်းက ဝါးလုံးများကိုထမ်းကာ ပြန်ရောက်လာလေသည်။ သူက ဓားတစ်လက်ဖြင့် ဝါးရွက်များခုတ်လိုက်ပြီး ဝါးဖောင်တစ်ခု အောင်မြင်စွာ ပြုလုပ်လိုက်လေသည်။ သူက ဝါးဖောင်ကို မြစ်ရေထဲသို့ မျှောလိုက်ပြီး မြစ်ကိုဖြတ်ကူးရန် အဆင်သင့် ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

"လူလေးတို့ ၊ မြစ်ကိုဖြတ်မကူးကြနဲ့..."

တောင်ဝှေးတစ်ချောင်းကိုကိုင်ထားသည့် အဘိုးအိုတစ်ယောက်သည် အဝေးဆီမှ လှမ်းအော်ပြောလိုက်ခြင်း ဖြစ်လေ၏။

ကျွယ်ရှင်းက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။ ဆန်းလျန်က ခေါင်းတစ်ချက် ညိတ်ပြလိုက်သည့်အခါ ကျွယ်ရှင်းက ဝါးဖောင်ကို မြစ်ရေထဲ မမျှောသေးဘဲ ခဏရပ်ထားလိုက်လေသည်။

အဘိုးအိုသည် နှေးကွေးသည့် ခြေလှမ်းများဖြင့် သူတို့ရှိရာသို့ ချဉ်းကပ်လာလေသည်။

အဘိုးအိုက...

"မင်းတို့ မမြင်ကြဘူးလား ဟိုမှာ ကျောက်တိုင်စိုက်ထားတာ ၊ ဒီမြစ်ကို ဖြတ်ကူးလို့မရဘူး..."

ကျွယ်ရှင်းကပြုံးလိုက်ရင်း...

"ကျောက်တိုင်စိုက်ထားတာတွေ့ပါတယ် ၊ ဒါပေမယ့် ကျုပ်တို့က ကူးမှာပဲ..."

အဘိုးအိုက တောင်ဝှေးကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ

ထောက်ထားလိုက်ရင်း...

"မင်းတို့လိုမျိုး လူငယ်တွေအများကြီးတွေ့ဖူးပါတယ်၊ နည်း

နည်းလောက် အစွမ်းရှိတာနဲ့ မိုးကိုဒူးနဲ့တိုက်ချင်ကြတယ်၊ လွန်

ခဲ့တဲ့နှစ်တွေက ဒီမြစ်ထဲမှာ လူတွေ ဘယ်လောက်သေခဲ့ကြပြီ

လဲဆိုတာ မင်းတို့သိလို့လား"

ဆန်းလျန်က...

"အတိအကျပြောရရင် မနှစ်က ဒီမြစ်ထဲမှာ သေတဲ့လူပေါင်း

(၃၆၀)တိတိ ရှိခဲ့တယ်..."

ဆန်းလျန်၏ စကားကိုကြားလိုက်ရသည့်အခါတွင်တော့ သူ

သည် တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသည့်အလား

ကြောက်ရွံ့တုန်လှုပ်သည့် အကြည့်များဖြင့် ဆန်းလျန်ကို

ကြည့်လိုက်လေတော့သည်။

အခန်း (၇၄၀) အကျိုးမမျှော်လင့်ဘဲကူညီပါ

ခဏကြာမှ အဘိုးအိုက...

"လူပေါင်း (၃၆၀)တိတိ သေခဲ့တယ်ဆိုတာ မင်းက ဘယ်လို

လုပ်သိတာလဲ..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဘာလဲ... လူဘယ်နှစ်ယောက် သေခဲ့လဲဆိုတာ အဘိုးကရော

သိလို့လား..."

လူတစ်ယောက် ဖြစ်ထဲသို့ နစ်မြုပ်သွားပြီဆိုလျှင် အလောင်း

ကို ပြန်ရှာတွေ့နိုင်ရန်မှာ ခဲယဉ်းလေသည်။ ထို့ကြောင့် မြစ်ထဲ

တွင် သေဆုံးသူ အရေအတွက်ကို မည်သူမှ တိတိကျကျ မ

ပြောနိုင်ကြပေ။

အဘိုးအိုသည် ဤဒေသ၏ အကြီးအကဲတစ်ယောက် ဖြစ်သည့်တိုင် ရေနစ်မြုပ်သေဆုံးပြီး ကမ်းခြေတွင်လာရောက် သောင်တင်နေကြသည့် အလောင်းများကိုသာ စာရင်းပြုစုထားနိုင်ခဲ့လေသည်။ ထို့ကြောင့် သေဆုံးသူအရေအတွက် ကို အတိအကျသိရှိခြင်း မရှိခဲ့ပါချေ။

ထို့ကြောင့် သူသည် ဆန်းလျန်ကဲ့သို့ အတိအကျ မပြောနိုင်ခဲ့ပေ။

ဆန်းလျန်သည် ထူးဆန်းသူတစ်ယောက်ဖြစ်သည်ကို အဘိုးအိုက ရိပ်မိလိုက်လေသည်။ သို့သော်... ထိုလူငယ်သည် မည်မျှပင် ထူးဆန်းသူဖြစ်ပါစေ မြစ်ကိုဖြတ်ကူးလျှင်တော့ သေမည်ပဲ ဖြစ်လေသည်။

ကျွယ်ရှင်းမှာ ဘုန်းတော်ကြီးတစ်ပါးဖြစ်သော်လည်း သူက ဆရာဖြစ်သူကို အတုယူကာ ဘုန်းတော်ကြီးပုံသဏ္ဍာန်

အသွင်ယူထားခြင်းသာ ဖြစ်လေသည်။ သိပ်ပြီး စိတ်ရှည်သူ တစ်ယောက် မဟုတ်ပေ။

ကျွယ်ရှင်းက...

"ကျုပ်တို့ ကာယကံရှင်တွေကတောင် မကြောက်တာ ၊ အဘိုးက ဘာကိုစ္စ စိတ်ပူနေတာလဲ..."

အဘိုးအိုက...

"မင်းက အကောင်းအဆိုးနားမလည်ပါလား ၊ အေးလေ... မင်းတို့ဟာမင်းတို့ ကူးချင်တယ်ဆိုရင်လည်း ကူးပေါ့..."

ဆန်းလျန်က...

"ကျွယ်ရှင်း... အသက်ကြီးသူတွေအပေါ်မှာ မရိုင်းရဘူး..."

ဆန်းလျန်က ဟန့်လိုက်သည့်အတွက် ကျွယ်ရှင်းက အဘိုးအိုနှင့် ဆက်လက်ငြင်းခုံခြင်း မပြုတော့ပေ။

ဆန်းလျန်က...

"ကျုပ်တပည့်က တောင်ပေါ်မှာ ကြီးပြင်းလာရတော့ ယဉ်ကျေးမှုတွေကို သိပ်နားမလည်ဘူး ၊ ဒါကြောင့် အဘိုးကို မလေးမစား လုပ်မိတာရှိရင် ဗွေမယူပါနဲ့ ၊ အခု အချိန်လည်း နောက်ကျနေပြီ ၊ ကျုပ်တို့ ဆရာတပည့်နှစ်ယောက် ဒီည အဘိုးအိမ်မှာပဲ လိုက်ပြီးတည်းခိုလို့ ရနိုင်မလား..."

အဘိုးအိုက ဆန်းလျန်၏ ယဉ်ကျေးသိမ်မွေ့သည့် စကားများကို ကြားလိုက်ရသည့်အတွက် ကျွယ်ရှင်းအပေါ်တွင် မကျေမနပ်ဖြစ်နေသည်များ ပျောက်ဆုံးသွားရလေသည်။ ထို့ပြင် ဆန်းလျန်က သူ၏အိမ်တွင် တည်းခိုမည်ဆိုသော အခါ အားနာပြီး ငြင်းရခက်သွားလေသည်။

"ရပါတယ်... ကျုပ်အိမ်ကို လိုက်ခဲ့ကြပါ..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ကာ ပြုံးလိုက်ရင်း...

"ဒါဖြင့်လည်း အဘိုးကိုပဲ ဒုက္ခပေးရတော့မယ်..."

ကျွယ်ရှင်းမှာ ဆန်းလျန်ကို နားမလည်နိုင်ဖြစ်နေရလေသည်။

ဆန်းလျန်သည် နတ်ဘုရားတစ်ပါးဖြစ်သည့်တိုင် လူသားများ အပေါ်တွင် အဘယ့်ကြောင့် ကြင်ကြင်နာနာ ဆက်ဆံ နေရပါ သနည်း။ ဆန်းလျန်၏ နူးညံ့သိမ်မွေ့ပုံမျိုးနှင့်ဆိုလျှင် မြစ်ထဲ တွင်ပုန်းအောင်းနေသည့် နတ်မိစ္ဆာရှိနေလျှင် တောင်မှ နှိမ်နင်း နိုင်ရန် လမ်းမမြင်ပေ။

သို့သော်… ဆန်းလျန်က ဆုံးဖြတ်ထားသည့်အတွက် သူ့ အနေဖြင့်လည်း မငြင်းနိုင်တော့ပေ။

သူတို့ (၂)ယောက်သည် အဘိုးအိုနောက်သို့ လိုက်ပါသွားကြပြီး ရွာလေးတစ်ရွာသို့ ရောက်ရှိသွားကြလေသည်။ ရွာလမ်းပေါ်ရှိ လူများက အဘိုးအိုကို အသီးသီးနှုတ်ဆက်သွားကြလေသည်။ သေးငယ်သည့်ရွာလေးဖြစ်သည့်အတွက် မည်သည့်အရာကိုမှ ဖုံးကွယ်ထား၍မရပေ။ မကြာမီ အဘိုးအို၏အိမ်သို့ ဧည့်သည် (၂)ယောက်ရောက်ရှိနေသည့် သတင်းသည် တစ်ရွာလုံးသို့ ပျံ့နှံ့သွားလေတော့သည်။

ဆန်းလျှန်၏အမူအရာမှာ ယဉ်ကျေးသိမ်မွေ့သည့်အတွက်

ရွာသားများက ဆန်းလျှန်မှာ သာမန်ခရီးသွား စာပေသမားတစ်

ယောက်ဖြစ်သည်ဟု ထင်မှတ်သွားကြလေသည်။

စာပေသမားများသည် ဂုဏ်သရေရှိသူများ ဖြစ်ကြလေရာ

ရွာသားများသည် ဆန်းလျှန်အနားသို့လာပြီး မေးခွန်းများ

မေးမြန်းရန် မဝံ့ရဲကြပါချေ။ ထို့ကြောင့် အဝေးမှသာ ညွှတ်သည်

များကို ဝိုင်းဝန်းကြည့်ရှုနေကြလေသည်။

နောက်ဆုံးတော့ အပြာရောင်ကျောက်တုံးများဖြင့် တံတိုင်းခတ်

ထားသည့် ခြံဝန်းလေးတစ်ခုရှေ့သို့ ရောက်ရှိလာကြ လေ

သည်။

အဘိုးအိုက ခြံဝန်းရှေ့တွင် မတ်တတ်ရပ်လိုက်ပြီး...

"သမီးရေ ၊ တံခါးလာဖွင့်ပေးပါဦး..."

ရွာလမ်းတစ်လျှောက်တွင် အိမ်တိုင်းမှာ သာမန် သက်ကယ်မိုး

ထရံကာ အိမ်ငယ်လေးများသာ ဖြစ်ကြလေသည်။

အဘိုးအို၏ အိမ်တစ်အိမ်သာ ကျောက်တုံးများဖြင့်တံတိုင်းကာ

ထားခြင်းဖြစ်သည်ကို ကျွယ်ရှင်းသတိထားလိုက်မိလေ သည်။

ကျွယ်ရှင်းက...

"အဘိုးအိမ်က တော်တော်ကောင်းတာပဲ ၊ ကြည့်ရတာ အဘိုး

က သူဌေးကြီးတစ်ယောက်ဖြစ်ရမယ်..."

အဘိုးအိုက...

"ဟွန်း ဆန်းသခင်လေးမျက်နှာသာမထောက်ရင် မင်းကို အိမ်

ခေါ်လာမယ်မထင်နဲ့..."

ကျွယ်ရှင်းက ပြုံးလိုက်ပြီး...

"ကျုပ်ကိုမတွေ့ချင်ရင် အဘိုး ဒီညအိမ်မှာမနေနဲ့ပေါ့ ၊ အဘိုး

အိမ်မှာမရှိတော့ ကျုပ် အဘိုးရဲ့အိပ်ယာမှာ

သက်သောင့်သက်သာနဲ့ အိပ်ရတာပေါ့..."

အဘိုးအိုက ကျွယ်ရှင်းကို တစ်ချက်ကြည့်လိုက်လေသည်။

ကျွယ်ရှင်းသည် အပေါက်ဆိုးသယောင်ထင်ရသော်လည်း ပွင့်ပွင့်လင်းလင်းနှင့် စိတ်ရင်းကောင်းသူတစ်ယောက်ဖြစ် သည်ကို ရိပ်မိလိုက်လေသည်။ ထို့ကြောင့် အဘိုးအိုသည် ကျွယ်ရှင်းနှင့် ပြိုင်ပြီး ငြင်းခုန်မနေတော့ရန် ဆုံးဖြတ်လိုက် လေသည်။

ခဏအကြာတွင်တော့ ခြံဝန်းတံခါးပွင့်လာပြီး မိန်းကလေးတစ်ယောက် ထွက်လာလေသည်။ မိန်းကလေးမှာ ငယ်ရွယ်ချောမောသူလေးဖြစ်ပြီး ရုတ်တရက် ညှို့သည်ယောကျ်ားပျိုများကို တွေ့မြင်လိုက်ရသည့်အခါ ရှက်သွေးဖြာ သွားရလေသည်။

အဘိုးအိုက...

"သမီးရေ၊ ဒါက ဆန်းသခင်လေးပဲ၊ နောက်ကတော့ သူ့တပည့် ကျွယ်ရှင်း၊ ဒီည ဆန်းသခင်လေးတို့ ဆရာတပည့် အိမ်မှာတည်းခိုကြလိမ့်မယ်၊ ညနေစာလေးဘာလေး ချက်ပါလား၊ ဆန်းသခင်လေးတို့ကို ညှို့ခံရအောင်..."

ချောမောလှပသည့် မိန်းမပျိုလေးက ဆန်းလျန်နှင့် ကျွယ်ရှင်းကို တစ်ချက်ကြည့်လိုက်ပြီး...

"အဖေ .... ညစာချက်ဖို့ အိမ်မှာ မီးသွေးမရှိတော့လို့ ပန်းပဲသမားကျန်းဆီမှာ မီးသွေးသွားဝယ်လိုက်ဦးမယ်နော်..."

အဘိုးအိုက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ဒါဖြင့်လည်း သွားလေ..."

ထို့နောက် ချောမောလှပသည့်မိန်းကလေးက ထွက်ခွာသွားလေတော့သည်။

အဘိုးအိုက ဆန်းလျန်ကို ခြံဝန်းအတွင်းသို့ ဖိတ်ခေါ်လိုက်လေသည်။

ထို့နောက် အိမ်ဘေးမှ စပါးကျီကို တစ်ချက်ညွှန်ပြလိုက်ရင်း...

"ဆန်းသခင်လေး ၊ တကယ်တော့ ကျုပ်က ဒီရွာရဲ့ ရွာသူကြီးပါ ၊ ကျုပ်အိမ်ကို ကောင်းကောင်း မွန်မွန်ဆောက်လုပ် ထားရတာက ငွေကြေးချမ်းသာလို့ မဟုတ်ရပါဘူး ၊ ကျုပ်ဆီမှာ နှစ်စဉ်

နှစ်တိုင်း ကောက်ပဲသီးနှံတွေသိုလှောင်ဖို့ စပါးကျီထားဖို့ လိုလို့ပါ၊ တစ်ရွာလုံးအတွက် ကောက်ပဲသီးနှံ ရိက္ခာတွေကို ကျုပ်က သိမ်းဆည်းထားပေးရတယ်၊ အပြင်မှာထားမယ်ဆိုရင် ကျွဲနွားတွေ ဖျက်စီးမှာလည်းစိတ်ပူရ၊ သူခိုးဓားပြရန်လည်း ကြောက်ရတယ်လေ..."

ကျွယ်ရှင်းက ခေါင်းကို တစ်ချက်ပွတ်လိုက်ရင်း...

"သြော်... ဒါကြောင့်ကိုး၊ ကျုပ် အဘိုးကို အထင်မှားသွားမိတယ်..."

အဘိုးအိုက...

"ကျုပ်က ဆန်းသခင်လေးကို ရှင်းပြနေတာ၊ မင်းကို ဂရုစိုက်မနေဘူး..."

ကျွယ်ရှင်းက ဘာမှမပြောတော့ဘဲ ရယ်မောနေလိုက်လေသည်။

သူတို့ (၃)ယောက် အိမ်ထဲသို့ မဝင်ခင်မှာပင် အိမ်ထဲမှ ကလေး ငယ်တစ်ယောက် ထွက်လာလေသည်။ ကလေးငယ်၏ လက် ထဲတွင် စာအုပ်တစ်အုပ်ကိုင်ထားလေသည်။ သို့သော်...

စာအုပ်မှာ အတည့်မဟုတ်ဘဲ ဇောက်ထိုးဖြစ်နေလေ၏။

အဘိုးအိုက ထိုကလေးငယ်၏ ခေါင်းကို လက်ဖြင့်အသာ ပွတ် သပ်လိုက်ရင်း...

"အော့ကိုးကျီ ၊ ဒီနေ့ စာတွေဖတ်ရတာ ပင်ပန်းသွားပြီလား ၊ အနားယူတော့လေ..."

အဘိုးအို၏ စကားဆုံးသွားသည်နှင့် ကျွှယ်ရှင်းက ပြုံးလိုက် လေသည်။

ကျွှယ်ရှင်း၏ အပြုံးကိုမြင်တော့မှ ကလေးငယ်မှာ ရှက်ကိုးရှက်ကန်းဖြင့် သူယူလာသည့် စာအုပ်ကိုကြည့်လိုက် လေ ရာ စာအုပ်မှာ ဇောက်ထိုးဖြစ်နေသည်ကို တွေ့လိုက်ရလေ သည်။ ကလေးငယ်က သူမှားနေမှန်းသိသွားပြီး အဘိုးဖြစ်သူမ

ရိပ်မိခင်မှာပင် စာအုပ်ကို ကမန်းကတန်း စာအုပ်ကို

နောက်ကျောတွင် ဖွက်ထားလိုက်လေသည်။

အမှန်တော့ ကလေးငယ်သည် တစ်နေ့လုံး ဆော့ကစားနေခဲ့

ခြင်းဖြစ်ပြီး အဘိုးဖြစ်သူ ပြန်လာမှ စာအုပ်ကို ကောက်ကိုင်

ကာ စာဖတ်နေဟန်ဖြင့် ထွက်လာခြင်း ဖြစ်လေသည်။

သို့သော်... စာအုပ်ပြောင်းပြန်ကိုင်လာမိလျက် သားဖြစ်နေခဲ့

လေသည်။

ကလေးငယ်က...

"ကျွန်တော် သိပ်လည်းမကြိုးစားပါဘူး ဘိုးဘိုး..."

အဘိုးအိုက ကြင်နာသည့်မျက်နှာထားဖြင့်...

"ဒါက ဆန်းသခင်လေးတဲ့၊ သိပ်ကို ပညာရှိတဲ့လူတစ်ယောက်

ပဲ၊ မင်းစာဖတ်ပြီး နားမလည်တာတွေရှိရင် ဆန်းသခင်လေးကို

မေးလို့ရတယ်..."

အော့ကိုးကျီဆိုသည့် ကလေးငယ်သည်ချက်ချင်းပင် ဆန်းလျ

န်ကို ဦးညွှတ်နှုတ်ဆက်လိုက်လေသည်။

ထို့နောက် ကျွယ်ရှင်းကိုလည်း ဦးညွှန်နှုတ်ဆက်လိုက်လေ

သည်။ မဟုတ်ပါက သူစာအုပ်ပြောင်းပြန်ကိုင်လာသည်ကို အ

ဘိုးဖြစ်သူကို တိုင်ပြောမည်စိုးသောကြောင့် ဖြစ်လေ၏။

အဘိုးအိုက...

"ကောင်လေးကျွယ်ရှင်း ၊ တွေ့လား... ကျုပ်မြေးလေး

ကတောင် မင်းထက်ပိုပြီး ယဉ်ကျေးသေးတယ်..."

ကျွယ်ရှင်းက ပြုံးလိုက်ရင်း...

"ဒါပေါ့ ဒါပေါ့ ၊ ကျုပ်က တောင်ပေါ်မှာ ကြီးလာတာ ၊

ယဉ်ကျေးမှုတွေနားမလည်ဘူး ၊ အဘိုး စိတ်ထဲမထားပါနဲ့..."

အဘိုးအိုက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး အော့ကိုးကျီကို

လက်ဖက်ရည်အိုး ယူလာခိုင်းလိုက်ကာ ဧည့်ခန်းထဲတွင် ဆန်း

လျှန်တို့ကို လက်ဖက်ရည်နှင့်ဧည့်ခံပြီး စကားစမြည်ပြောဆိုနေလေသည်။

ခဏအကြာတွင်တော့ မီးသွေးသွားဝယ်သည့် မိန်းကလေးပြန်ရောက်လာပြီး မီးဖိုချောင်အတွင်းသို့ ဝင်သွားလေ သည်။

သို့သော်... သူမသည် ချက်ချင်းပင် ပြန်ထွက်လာပြီး...

"အဖေ... မီးသွေးတွေက မီးမွှေးလို့လည်း မရဘူး..."

ဆန်းလျှန်က...

"ကျွယ်ရှင်း ၊ မင်းသွားပြီး မိန်းကလေးကို ကူညီပေးလိုက်ပါ..."

ကျွယ်ရှင်းက မိန်းကလေးနှင့်အတူ မီးဖိုချောင်အတွင်းသို့ လိုက်ပါသွားလေသည်။

မီးဖိုချောင်အတွင်းရောက်သည့်အခါ မိန်းကလေးက ကျွယ်ရှင်းကို မီးခတ်ကျောက်နှစ်တုံး ပေးလိုက်လေသည်။ သို့သော် ကျွယ်ရှင်းက မီးခတ်ကျောက်ကိုမယူဘဲ မီးသွေးများကို လက်ဖြင့်

တစ်ချက်ပွတ်လိုက်လေရာ ချက်ချင်းပင် မီးများစတင်

လောင်ကျွမ်းလေတော့သည်။

"အစ်ကိုကြီး ၊ အစ်ကိုကြီးက အရမ်းတန်ခိုးစွမ်းအားမြင့်မား

တာပဲ ၊ မီးတွေ အလိုလိုတောက်လာအောင် ဘယ်လိုလုပ် လိုက်

တာလဲဟင်..."

ကျွယ်ရှင်းက...

"တောင်ပေါ်မှာဆိုရင် မီးသွေးတောင်ရှိတာမဟုတ်ဘူး ၊ ဒီလိုပဲ

ကိုယ့်အားကိုယ်ကိုးပြီး မီးမွှေးကြရတာ"

မိန်းကလေးသည် သိပ်ပြီးမေးမြန်းမနေတော့ပေ။

သူမသည် ပွင့်လင်းသူလေးတစ်ယောက်လည်းဖြစ်လေရာ

စကားကို တည့်တည့်ပင် ပြောလိုက်လေသည်။

"အစ်ကိုကြီး ၊ ကျွန်မတို့အိမ်က ဆင်းရဲတယ် ၊ ဘာမှသိပ်မရှိ

ဘူး ၊ အစ်ကိုကြီးနဲ့ ဆန်းသခင်လေးအတွက် ညနေစာကို

ဆန်ပြုတ်နဲ့ပဲ ဧည့်ခံရမှာပဲ..."

ကျွယ်ရှင်းကလည်း အားမနာတတ်သူတစ်ယောက် ဖြစ်လေ

ရာ...

"ဒါဖြင့် စားဖို့စောင့်နေမယ်နော်"

ထို့နောက် ကျွယ်ရှင်းက မီးဖိုချောင်မှ ထွက်လာခဲ့လေသည်။

ဧည့်ခန်းထဲတွင်တော့ အဘိုးအိုနှင့် ဆန်းလျန်မှာ

စကားလက်ဆုံကျနေကြလေသည်။

အဘိုးအို၏အမည်မှာ ကျန်းဟယ်ဖြစ်ပြီး ဤရွာလေးမှ နယ်ခံ

တစ်ယောက်ဖြစ်လေသည်။ သူ့တွင် သား (၂)ယောက် နှင့်သမီး

(၁)ယောက်ရှိလေသည်။ သား (၂)ယောက်မှာ မြို့တွင် အလုပ်

လုပ်နေကြပြီး အော့ကိုးကျီလေးမှာ အကြီးဆုံးသား၏သား

ငယ်လေးဖြစ်လေသည်။ ယခု မြေးငယ်က အဘိုးဆီသို့ ခဏ

တာ အလည်အပတ်ရောက်ရှိ နေခြင်းဖြစ်လေသည်။

သမီးဖြစ်သူမှာတော့ မုဆိုးမလေးဖြစ်လေသည်။ လွန်ခဲ့သည့်

တစ်နှစ်က ခင်ပွန်းသည် ဆုံးပါးသွားခဲ့လေသည်။ သူမတွင်

သားသမီးလည်းမထွန်းကားခဲ့သည့်အတွက် အဘိုးအိုက အိမ်တွင်ပြန်လာနေရန် ခေါ်ထားခြင်း ဖြစ်လေ၏။

ညစာစားသောက် ၊ စကားပြောကြပြီးသည့်နောက် အဘိုးအိုက ဆန်းလျန်နှင့် ကျွယ်ရှင်း အိပ်စက်နားနေရန်အတွက် နေရာထိုင်ခင်းများ ပြင်ဆင်ပေးလေသည်။

ညသန်းခေါင်အချိန်တွင်တော့...

အပြင်ဘက်မှ လှုပ်ရှားသံများကို ကြားလိုက်ရလေသည်။ တဒုန်းဒုန်းထုရိုက်သံများ ထွက်ပေါ်လာပြီး ခြံဝန်းတံခါးပွင့်ထွက်သွားလေသည်။ မီးတုတ်များကိုကိုင်ထားသည့် အားကောင်းသန်မာသည့် ယောကျ်ားကြီး (၇)ယောက်သည် ခြံထဲသို့ ပြေးဝင်လာကြသည့်အတွက် အဘိုးအို ကျန်းဟာယ်တို့ မိသားစုလည်း အိပ်ယာမှ နိုးလာကြရလေသည်။

အဘိုးအို၏အိမ် ဓားပြအတိုက်ခံရခြင်း ဖြစ်လေသည်။

ဓားပြများသည် အဘိုးအိုတို့မိသားစုကို ဧည့်ခန်းထဲတွင်
ချက်ချင်းပင် ကြိုးတုပ်ကာ ဖမ်းဆီးထားလိုက်ကြလေသည်။
ကျွယ်ရှင်းမှာ အိပ်ယာမှ နိုးလာပြီး အခြေအနေကို
သဘောပေါက်သွားလေသည်။
သူက အဘိုးအိုမိသားစုကို ကူညီရန် ဆန်းလျန်ထံခွင့်တောင်း
ရန်အတွက် ဆန်းလျန်ကို လှမ်းကြည့်လိုက်လေရာ ဆန်းလျန်
သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျှက်ရှိလေသည်။
အဘိုးအိုမိသားစု မနေ့က ကျွေးမွေးခဲ့သည့် ဆန်ပြုတ်မှာ
အရသာရှိလှပြီး အဘိုးအိုတို့ မိသားစုမှာ စိတ်ကောင်းရှိသူများ
ဖြစ်သည်ကို ကျွယ်ရှင်းသိထားလေသည်။ ထို့ကြောင့် ဆန်းလျ
န်ထံမှ ခွင့်ပြုချက်ကို စောင့်မနေတော့ဘဲ အဘိုးအိုတို့ မိသားစု
ကို ကူညီရန် ဆုံးဖြတ်လိုက်လေသည်။
သူက တံခါးဖွင့်ပြီး အခန်းအပြင်သို့ထွက်လိုက်သည့်အခါတွင်
တော့ အဘိုးအိုကျန်းဟယ်၏ သမီးငယ်ကို ဓားပြတစ်ယောက်

က အစမှပြုကျင့်ရန် ကြံစည်နေသည်ကို တွေ့လိုက်ရလေ

သည်။

ကျွယ်ရှင်းသည် ချက်ချင်းပင် ခုန်ဝင်လိုက်ပြီး ဓားပြဖြစ်သူ၏

ဦးခေါင်းကို ဖရဲသီးတစ်လုံးကိုခွဲသလို လက်ဝါးဓောင်းဖြင့် ရိုက်

ခွဲလိုက်လေတော့သည်။

ထို့နောက် သူက အခြားသော ဓားပြများ၏ ခေါင်းများကို ရိုက်

ခွဲပစ်လိုက်လေသည်။

အဘိုးအိုမိသားစုက ကျေးဇူးတင်စကားမပြောနိုင်သေးခင်မှာ

ပင် ဆန်းလျန်၏ စကားသံထွက်ပေါ်လာလေသည်။

"ကျွယ်ရှင်း... ငါတို့ သွားကြရအောင်..."

ထို့နောက် ဆန်းလျန်သည် အဘိုးအိုကို တစ်ချက်ပြုံးပြ

နှုတ်ဆက်လိုက်ပြီး ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာ သွား

လေတော့သည်။

ယခုတော့ အဘိုးအိုကျန်းဟယ်၏ အိမ်တွင် ဆန်းလျန် တစ်ညတာ တည်းခိုလိုသည့်အကြောင်းကို ကျွယ်ရှင်း နားလည်သွားခဲ့ပြီဖြစ်လေသည်။

အဘိုးအိုကျန်းဟယ်သည် စိတ်ကောင်းစေတနာဖြင့် မြစ်ကိုဖြတ်ကူးခြင်းမပြုရန် ခရီးသွားများကို တားမြစ်နေခဲ့သူ ဖြစ်လေသည်။ ယနေ့တွင်လည်း ဆန်းလျန်နှင့် ကျွယ်ရှင်းကို စိတ်ကောင်းစေတနာဖြင့် တားဆီးခဲ့လေသည်။ ထိုစိတ်ကောင်းစေတနာကြောင့်ပင် အဘိုးအိုသည် ဆန်းလျန်နှင့် တွေ့ဆုံရမည့် ကံတရားကို ဖြစ်ပေါ်စေခဲ့လေသည်။ ထို့ကြောင့် ဆန်းလျန်က ယနေ့ည သူခိုးဓားပြများရန်မှ အဘိုးအိုတို့မိသားစု ကင်းလွတ်စေရန်အတွက် ပြန်လည် ကယ်တင်ပေးခဲ့ခြင်းဖြစ်လေတော့သည်။

အခန်း (၇၄၁) ကျိုးစစ်ကျွင်းနှင့်ငါးရောင်းနေသည့်ကျွယ်ရှင်း ဆန်းလျန်၏ စကားကိုကြားသည်နှင့် ကျွယ်ရှင်းသည်လည်း လေထဲသို့ ခုန်တက်ကာ ဆန်းလျန်နောက်သို့ လိုက်ပါ သွားလေ သည်။

သူတို့သည် မြေပြင်နှင့် ပေ (၂၀၀၀) အမြင့်သို့ ရောက်ရှိသွားပြီး သူတို့၏ ပတ်ဝန်းကျင်တွင် တိမ်တိုက်မြူခိုးများက ဝန်းရံနေ လေသည်။ လရောင်က တိမ်တိုက်မြူခိုးများဆီသို့ ဖြာကျနေ ပြီး မြင်ကွင်းမှာ အလွန်မှ ခမ်းနားလှပနေလေ သည်။

သို့သော်... ကျွယ်ရှင်းသည် ချယ်လန်းတောင်ပေါ်တွင် ကြီးပြင်းခဲ့သူဖြစ်လေရာ ထိုသို့သောမြင်ကွင်းမျိုးကို အသားကျနေပြီ ဖြစ်လေသည်။ သူ့အတွက် မထူးဆန်းလှပေ။ သူနှင့် မနီးမဝေး တစ်နေရာတွင် ဆန်းလျန် ရပ်နေလေသည်။

ဆန်းလျန်သည် လေထဲတွင် လက်နှစ်ဖက်နောက်ပစ်ကာ ရပ်တန့်နေပြီး မျက်လုံးများက တစ်စုံတစ်ခုကို ရှာဖွေနေဟန် ရှိလေသည်။ သူ၏ စိတ်အာရုံဆီသို့ ချဉ်းကပ်လာသည့် တစ်စုံတစ်ရာကို အာရုံစူးစိုက်နေဟန် ရှိလေသည်။

ကျွယ်ရှင်းက...

"ကျွန်တော် အရင်ကလည်း လူတွေသတ်ဖူးပါတယ် ၊ ဒါပေမယ့် ဒီနေ့ ဒီလူယုတ်မာတွေကို သတ်လိုက်ရတာက ပျော်စရာ အကောင်းဆုံးပဲ..."

ဆန်းလျန်က သူ့ကို စကားပြန်ပြောခြင်း မရှိပါ။

ဆန်းလျန်က ရုတ်တရက် မျက်မှောင်တစ်ချက်ကြုံ့လိုက်ပြီး လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ကာ လေထဲမှာ တိမ်တစ်စကို ဖမ်းယူလိုက်လေသည်။ ထို့နောက် သူက တိမ်စကို ပြန်ပြီး လွှတ်ပေးလိုက်လေသည်။ ထိုတိမ်တိုက်မှာ အသက်ရှိနေဟန် တူလေသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင်

ကောင်းကင်၏အဝေးတစ်နေရာသို့ ချက်ချင်း ပျံသန်းထွက်ခွာ သွားလေသည်။

ဆန်းလျန်က လက်နှစ်ဖက်ကို အသာနောက်ပစ်လိုက်ရင်း...

"ကျုပ်တို့တွေ အခု မြစ်ကိုဖြတ်ကူးကြရအောင်..."

ကျွယ်ရှင်းက ဆန်းလျန် သူ့ကို စကားပြန်မပြောသည့်အတွက် ဆန်းလျန်လုပ်သလို တိမ်တစ်စကို ဖမ်းယူလိုက်ပြီး စစ်ဆေး ကြည့်လိုက် လေသည်။

ပြီးမှ သူက သံသယရှိသည့် လေသံဖြင့်...

"ဒီလေထဲက တိမ်တိုက်မှာ ထူးခြားတာတစ်ခုခုများ တွေ့လို့ လား..."

ဆန်းလျန်က...

"လူတစ်ယောက်က တိမ်တိုက်ရဲ့ တန်ခိုးစွမ်းအားကို အသုံးပြု ပြီး သတင်းပို့တဲ့အလုပ်ကို လုပ်နေတာ ၊ ဒါကြောင့် ကျုပ်က တစ်ချက်လောက် ကြည့်လိုက်တာပါ..."

ကျွယ်ရှင်းက...

"ဟုန်ယန်ကျမ်းစာနဲ့ ဖေးကျန့်ကျမ်းစာတွေထဲမှာ အဲဒီ

အကြောင်းကို ကြားဖူးတယ်၊ ဒါပေမယ့် အခုလိုမျိုး တစ်ခါမှ

မတွေ့ကြုံဖူးဘူး..."

ဆန်းလျန်က...

"အဲဒါ သိပ်တော့မခက်ပါဘူး၊ မင်းရဲ့စိတ်က လောကကြီးကို

ဖြန့်ကျက်နိုင်တယ်ဆိုရင် လောကမှာ ရှိသမျှအရာ အားလုံးက

မင်းရဲ့ မျက်စိတွေ နားတွေ ဖြစ်လာနိုင်ပါတယ်"

တစ်စုံတစ်ယောက်ကသာ ဆန်းလျန်၏ စကားကို ကြားမည်ဆို

လျှင် ဆန်းလျန်ကို အပြောကြီးသည်ဟု ထင်ကြမည် ဖြစ်လေ

သည်။

သို့သော် ဆန်းလျန်ပြောသည်က အမှန်တရားပင်ဖြစ်လေ

သည်။ သူက တိမ်တိုက်ကို စစ်ဆေး ကြည့်လိုက်သည့်တိုင်

တိမ်တိုက်ထဲတွင် ပါရှိနေသည့် သတင်းအချက်အလက်များကို

တော့ အာရုံခံလိုက်ခြင်း မရှိပေ။ သူက လူကြီးလူကောင်းဆန်သူ တစ်ယောက်ဖြစ်ပြီး မဆိုင်သည့်ကိစ္စများကို စိတ်ဝင်စားတတ်သူ မဟုတ်ပေ။

ကျွယ်ရှင်းက...

"ဒါဖြင့်လည်း မြစ်ကို ဖြတ်ကူးကြတာပေါ့...."

မြစ်ကမ်းနံဘေးတွင် ဝါးဖောင်လေးက ရှိနေဆဲ ဖြစ်လေသည်။ ရေလှိုင်းလေးများက ကမ်းခြေသို့ ဖြည်းဖြည်းချင်း ရိုက်ခတ်နေလေသည်။ လရောင်သည် ရေလှိုင်းများဆီသို့ ဖြာကျနေပြီး ရေလှိုင်းများနှင့်အတူ တိတ်ဆိတ်စွာ ရွေ့လျားနေလေသည်။

ကျွယ်ရှင်းက ဝါးဖောင်ကို ခြေထောက်ဖြင့် တစ်ချက်ကန်လိုက်ပြီး ရေထဲသို့ တွန်းချလိုက်လေသည်။ ဝါးဖောင်မှာ ရေထဲတွင် ဟိုမှဒီမှ လူးလွန့်နေလေ၏။ ဆန်းလျန်နှင့် ကျွယ်ရှင်းသည် ဝါးဖောင်ပေါ်သို့ တက်လိုက်လေသည်။ ဝါးဖောင်သည် လှိုင်း

များအကြားလူးလွန့်ရင်း မြစ်ပြင်ကျယ်ဆီသို့ မျောပါသွားလေ
တော့သည်။
ကျွယ်ရှင်းက ဝါးလုံးတစ်လုံးကိုယူကာ ဝါးဖောင်ကို လှော်ခတ်
လိုက်လေသည်။ ဝါးဖောင်သည် မြစ်ကိုဖြတ်ကာ ကမ်း
တစ်ဖက်သို့ ဖြည်းငြင်းစွာ ထွက်ခွာသွားလေတော့သည်။
သို့သော် ... မြစ်လယ်သို့ရောက်သည်နှင့် မြစ်ရေပြင်တွင် ရေဝဲ
ကန်တော့တစ်ခု ရုတ်တရက် ပေါ်လာပြီး ဝါးဖောင်ကို စုပ်ယူ
လိုက်လေသည်။
ကျွယ်ရှင်းက ကျယ်လောင်သည့်အသံဖြင့်...
"မိစ္ဆာစုတ်... သေချင်လို့လား..."
ကျွယ်ရှင်းက ကြိမ်းဝါးသံတစ်ချက် ပြုလုပ်လိုက်ပြီး ရေပြင်ကို
ဝါးလုံးရှည်ဖြင့် ရိုက်ချလိုက်လေသည်။
သူ၏ ဝါးလုံးမှာ မျောက်မင်း စွန်းဝူခုံးကိုင်သည့် တင့်ဟိုင်စန်း
ကျန်းရွှေတုတ်အလားပင် ဖြစ်လေသည်။ ဝါးလုံးဖြင့် အရိုက်ခံ

လိုက်ရသည်နှင့် မြစ်ရေပြင်တစ်ခုလုံး လှိုင်းများပြင်းထန်လာပြီး ကြီးမားလွန်းသည့် မိစ္ဆာစွမ်းအား လှိုင်းလုံး ကြီးများ မြင့်တက်လာလေသည်။

ထို့နောက် မြစ်အတွင်းမှ အနက်ရောင် ငါးကြီးတစ်ကောင် ခုန်ထွက်လာလေသည်။ ငါးကြီးမှာ ခပ်သေးသေးလူတစ်ယောက် နီးပါး ကြီးမားလေသည်။ မြစ်ကို ကူးဖြတ်နေကြသူများ သေဆုံးကြရသည့် အကြောင်းရင်းမှာ ထိုငါးမိစ္ဆာကြီးကြောင့်ပင် ဖြစ်လေ၏။

ကျွယ်ရှင်းက ဒေါသတကြီးဖြင့် ငါးကြီး၏ ဝမ်းဗိုက်ကို ဝါးလုံးဖြင့် ထိုးစိုက်ချလိုက်လေသည်။

ပြင်းထန်လှသည် အားတစ်ခု ထွက်ပေါ်လာပြီး ဝါးဖောင်သည် မြားတစ်စင်းကဲ့သို့ တစ်ပတ်လည်ထွက်သွားပြီး လျှင်မြန်လွန်းသည့် အရှိန်ဖြင့် တစ်ဖက်ကမ်းသို့ ရောက်ရှိသွားလေသည်။

မြစ်ကြောင်းတစ်လျှောက်တွင်တော့ ငါးကြီး၏ ဝမ်းဗိုက်မှာ

ထွက်လာသည့် သွေးများဖြင့် ရဲရဲနီလျှက် ရှိလေသည်။

ကမ်းခြေသို့ရောက်သည်နှင့် ဝါးလုံးဖြင့်ထိုးယူခံလာရသည့်

အနက်ရောင်ငါးကြီးက...

"ကျုပ်ကို မသတ်ပါနဲ့၊ ကျုပ်က လင်ကန်မင်းကြီးဘေးမဲ့ပေး

ထားတဲ့ ငါးကြီးပါ..."

ကျွယ်ရှင်းက ရယ်မောလိုက်ရင်း...

"ဘာလဲ... လင်ကန်မင်းကြီးက မင်းကို လူတွေကိုသတ်ဖို့ရော

သင်ပေးထားတာလား..."

အနက်ရောင်ငါးကြီးက...

"လင်ကန်မင်းကြီးရဲ့မွေးနေ့ကျရင် ဝိညာဉ်ပုတီးတစ်ခု လုပ်ပေး

ချင်လို့ပါ၊ အဲဒါကြောင့် လူတွေကို သတ်သလို ဖြစ်သွားရတာ

ပါ..."

ကျွယ်ရှင်းက...

"မင်းက လူပေါင်း (၃၆၀) တိတိကိုတောင် သတ်ပြီးပြီ ၊ ဒီည

လည်း ကျုပ်တို့ကို သတ်မလို့ မဟုတ်လား..."

အနက်ရောင်ငါးကြီးက...

"အရင်က လူနည်းနည်းလောက်သတ်ခဲ့မိတာပါ ၊ သခင်လေးတို့

ကိုလည်း မသိလို့ သတ်ဖို့ ကြံစည်မိတာပါ..."

ကျွယ်ရှင်းက...

"သခင်လေး ၊ ဒီအနက်ရောင်ငါးစုတ်ကို ဘယ်လိုစီရင်မှာလဲ..."

သူက မေးပြီးသည်နှင့် ဆန်းလျန်၏ အဖြေစကားကိုစောင့်နေ

လေသည်။

ဆန်းလျန်က မျက်မှောင်အနည်းငယ်ကြုတ်လိုက်ပြီး အနက်

ရောင်ငါးကြီးကို လက်နှစ်ချောင်းဖြင့် ထိုးညွှန်လိုက်လေ သည်။

ထိုအခါ လေထဲတွင် ရေပူဖောင်းငယ်များ ထွက်ပေါ်လာလေ

သည်။

ထို့နောက်… ငါးကြီး၏ဦးခေါင်းထက်မှ ပိုးစုန်းကြူးနှင့်

တူသော အလင်းရောင် အစက်အပြောက်များစွာထွက်ပေါ်လာ

လေသည်။

ထို့နောက် ဆန်းလျှန်သည် လေထဲတွင် တွင်းနက်ကြီးတစ်ခုကို

ဖန်ဆင်းလိုက်လေသည်။ အလင်းရောင် အစက်အပြောက်

များသည် တွင်းနက်ကြီးအတွင်းသို့ ဝင်သွားပြီး တွင်းနက်ကြီး

ပြန်လည်ပျောက်ကွယ်သွားလေ သည်။

အလင်းရောင် အစက်အပြောက်များမှာ ငါးမိစ္ဆာကြီးသတ်ဖြတ်

ခဲ့သည့် လူသားများ၏ ဝိညာဉ်များဖြစ်ကြလေသည်။

အနက်ရောင်ငါးကြီးက အလွန်အမင်း အံ့သြသွားဟန်ဖြင့်…

"ခင်ဗျားက အသူရာချောက်က လာတဲ့လူလား…"

ဆန်းလျှန်က ခေါင်းခါပြလိုက်လေသည်။

အနက်ရောင်ငါးကြီးက…

"ဒါဖြင့် လူပြန်ဝင်စားခြင်း (၆)ဘုံကို ခင်ဗျားက ဘယ်လိုလုပ်ဖွင့်လှစ်နိုင်ရတာလဲ ၊ ငရဲမင်းက မင်းကို ဒုက္ခပေးမှာ မကြောက်ဘူးလား..."

ဆန်းလျန်က အနက်ရောင်ငါးကြီးကို တစ်ချက်ကြည့်လိုက်ပြီး စကားပြန်ပြောခြင်း မရှိပေ။ ထို့နောက် အင်္ကျီလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်လေရာ အနက်ရောင်ငါးကြီးမှာ ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်က ငါးကြီးကို သိမ်းဆည်းလိုက်ခြင်း ဖြစ်လေ၏။

ကျွဲယ်ရှင်းက....

"သခင်လေးရဲ့ တန်ခိုးစွမ်းအားတွေက သေသူတွေကိုလည်း လူပြန်ဝင်စားအောင် လုပ်ပေးနိုင်တာလား..."

ဆန်းလျန်က...

"မင်းရဲ့ ကျင့်ကြံခြင်းအဆင့်မြင့်လာရင်လည်း ဒီလိုပဲ လုပ်နိုင်မှာပေါ့၊ ကဲ... အရှေ့မြို့က ဈေးကိုရောက်ရှင် ဒီငါးကို ရောင်းလိုက်..."

....

ဆန်းလျန်တို့နှင့် မိုင်ထောင်ပေါင်းများစွာ အဝေးတစ်နေရာတွင် တောင်တစ်တောင် ရှိလေသည်။ ထိုတောင်၏အမည် မှာ "ဝူတင့်" တောင် ဖြစ်လေသည်။

အဘယ့်ကြောင့် ဝူတင့်တောင်ဟုခေါ်သည်ကို မည်သူမှ မသိကြပေ။ တောင်ပေါ်ရှိ မရေရာလှသည့် ရှုမျှော်ခင်းများကြောင့် ထိုသို့ နာမည်ပေးခဲ့ဟန် တူလေသည်။ ဝူတင့်တောင်ပေါ်မှ ရှုမျှော်ခင်းများမှာ လေးရာသီလုံးတွင် ပြောင်းလဲလျှက် ရှိလေသည်။

(၁)မိုင်ခန့်အဝေးမှ ကြည့်လျှင် တစ်တောင်လုံး ပန်းများ ပွင့်လန်းနေသည်ဟု ထင်ရနိုင်ဖွယ် ရှိလေသည်။

နောက် (၁)မိုင်ခန့် အဝေးမှ ထပ်ကြည့်မည်ဆိုလျှင် တောင်ပေါ်တွင် ဆောင်းဦးသစ်ရွက်များ ပျံသန်းနေသည့်အလား မြင်တွေ့ရမည် ဖြစ်လေသည်။ သို့မဟုတ်... လူသားမျက်နှာကဲ့သို့ ခေါင်ရမ်းပန်းများနှင့် မိုးမခပင်အကိုင်းများ လေတွင် လွင့်မျောနေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ဝူတင့်တောင်၏ ရှုမျှော်ခင်းများသည် ထိုသို့ အံ့သြစရာကောင်းလှလေသည်။

အဘယ်ကြောင့်ဆိုသော်... ဝူတင့်တောင်သည် ထုန်ထျန်းနတ်မြစ်ဟုခေါ်သည့် နတ်ဘုရားနယ်မြေတစ်ခုနှင့် ဆက်စပ် နေသောကြောင့် ဖြစ်လေသည်။ သာမန်လူများအနေဖြင့် ထုန်ထျန်းနတ်မြစ်ကို တွေ့မြင်နိုင်ကြလေသည်။ သို့သော်... ထိုနေရာသို့ မည်သူမှ ရောက်ရှိနိုင်ခြင်းမရှိကြပေ။ လိုက်လေဝေးလေ တံလျှပ်တစ်ခုအလားပင် ဖြစ်လေသည်။

လူ့ပြည်မှ ထုန်ထျန်းနတ်မြစ်သို့ သွားနိုင်သည့် တစ်ခုတည်း သောလမ်းမှာ ဝူတင့်တောင် ဖြစ်လေသည်။ ထို့ပြင် ကမ္ဘာ မြေကြီးလှုပ်ရှားပြောင်းလဲသွားသည့်တိုင် ဝူတင့်တောင် ကတော့ မပြောင်းမလဲ ထာဝရတည်ရှိနေခဲ့လေသည်။

ဝူတင့်တောင်ပေါ်တွင် ကျောက်ဂူတစ်ခု ရှိလေသည်။ ထို ကျောက်ဂူထဲတွင် ကျီးစစ်ကျွင်းဆိုသည့် ကျင့်ကြံသူတစ် ယောက် နေထိုင်လေသည်။

သူက လိုဏ်ဂူထဲတွင် တရားထိုင်နေရင်းမှ မျက်လုံးများကို ရုတ်တရက် ဖွင့်ကြည့်လိုက်လေသည်။ ထို့နောက် တာအို လူငယ်လေးကို ခေါ်လိုက်ပြီး ဂူတံခါးကို ဖွင့်ခိုင်းလိုက်လေ သည်။ ဂူအပြင်ဘက်တွင် တိမ်တိုက်မြူခိုးများ လွင့်မျောနေပြီး လှပသည့်မြင်ကွင်းသည် သူ၏မျက်လုံးအတွင်းသို့ ဝင် ရောက်လာလေသည်။

ကျီးစစ်ကျွင်းသည် တိမ်တိုက်တစ်ခုကို လက်ဖြင့်ဖမ်းယူလိုက်ပြီး တိမ်တိုက်အတွင်းမှ သတင်းအချက်အလက်များကို အာရုံခံလိုက်လေသည်။

ကျီစစ်ကျွင်းက...

"ဟေးပိုင်လန်ကျွင်းက လင်ကန်မင်းကြီးရဲ့မွေးနေ့ပွဲတက်ဖို့ ကျုပ်ကို ဖိတ်လိုက်တယ်၊ ဒါကြောင့် ကျုပ် (၁)လလောက် ခရီးထွက်ရလိမ့်မယ်၊ ကျုပ်မရှိတုန်း လိုဏ်ဂူကို သေချာစောင့်ရှောက်ထားနော်..."

တာအိုလူငယ်လေးက ခေါင်းညိတ်ပြလိုက်လေသည်။

စကားပြောပြီးသွားသည်နှင့် ကျီးစစ်ကျွင်းသည် လိုဏ်ဂူအတွင်းမှ ပျောက်ကွယ်သွားလေသည်။ ထို့နောက် အဝေးတစ်နေရာရှိ ကောင်းကင်ထက်တွင် ပြန်ပေါ်လာလေသည်။

သူသည် မြောက်ဘက်စူးစူးရှိ ကျန်ရှင့်တောင်ရှိရာအရပ်သို့ ပျံသန်းနေခြင်း ဖြစ်လေသည်။ ကျန်ရှင့်တောင်သည် ဟေးပိုင် လန်ကျွင်းနေထိုင်ရာ နေရာဖြစ်လေသည်။

ထိုအချိန်မှာပင်... သူက ကောင်းကင်ထက်မှ အောက်သို့ ငုံ့ကြည့်လိုက်လေရာ မှိန်ပျပျအလင်းရောင်တစ်ချက် ရုတ်တရက် လင်းလက်လာသည်ကို တွေ့လိုက်ရလေသည်။ သို့သော်... အလင်းရောင်သည် ချက်ချင်းပင် ပျောက်ကွယ် သွားလေ၏။

ကျီးစစ်ကျွင်းစိတ်လှုပ်ရှားသွားပြီး စီးနှင်လာသည့်တိမ်တိုက်ကို အောက်သို့ အသာနှိမ့်လိုက်ကာ မြေပြင်ထက်သို့ ဆင်းသက် လိုက်လေသည်။

ထိုနေရာသည် ဈေးတစ်ခုဖြစ်ပြီး လူအများဖြင့် စည်ကားသိုက် မြိုက်လျှက် ရှိလေသည်။

ထိုဈေးထဲတွင် မိန်းမပျိုလေးတစ်ယောက် ရှိနေလေသည်။

သူမသည် ဖခင်ဖြစ်သူကို သင်္ဂြိုလ်ရန်အတွက် မိမိကိုယ်ကို ရောင်းချနေခြင်းဖြစ်လေသည်။

မိန်းကလေးမှာ ချောမောလှပသူဖြစ်သည့်အတွက် လူများက သူမကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြလေ၏။

ထိုအချိန်မှာပင်...

စူးရှသည့်ငါးညှီနံ့များပြင်းပြင်းထန်ထန် ထွက်ပေါ်လာလေသည်။

အဘယ်ကြောင့်ဆိုသော် ကြီးမားသည့် ငါးကြီးတစ်ကောင်ကို အပိုင်း (၆)ပိုင်းပိုင်းကာ သယ်ဆောင်လာသည့် ဘုန်းတော်ကြီးတစ်ပါး ဈေးအတွင်းသို့ ဝင်ရောက်လာသောကြောင့် ဖြစ်လေသည်။

ဘုန်းတော်ကြီးက...

"ဒီဘုန်းကြီးက ချယ်လန်းတောင်ကနေ မြစ်ကိုဖြတ်ပြီး လာခဲ့တဲ့ သူပါ၊ မြစ်ထဲမှာ သောင်းကြမ်းနေတဲ့ ငါးမိစ္ဆာကို နှိမ်နင်းခဲ့ပြီး ငါးမိစ္ဆာအသားကို မင်းတို့ကို ရောင်းချင်လို့ပါ..."

လူများက အတန်ကြာတိတ်ဆိတ်သွားပြီး ဘုန်းတော်ကြီးရှိရာ သို့ တစ်ချက်ကြည့်လိုက်လေသည်။

သို့သော်... ငါးကြီးမှ ညှီနံ့များက ထောင်းထောင်းထနေလေ ရာ...

"သွားစမ်း ... သွားစမ်း ၊ မင်းရဲ့ အနံ့ဆိုးတဲ့ငါးကြီးကို မလိုချင် ပါဘူး..."

ဘုန်းတော်ကြီးက ပြုံးလိုက်ရင်း..

"ဒီငါးက အရမ်းတန်ဖိုးကြီးတာပါ၊ မဝယ်ဘူးဆိုရင် နောက်ကျ ရင် နောင်တရလိမ့်မယ်နော်..."

ကျီးစစ်ကျွင်းသည် ကောင်းကင်ထက်မှ ဆင်းသက်လိုက်ပြီး စာပေသမားလူရွယ်တစ်ယောက်အသွင် ဖန်ဆင်းလိုက် လေ

သည်။ ထို့နောက်... သူက ငါးညှီနံ့ကို အနံ့ခံကြည့်လိုက်လေ
သည်။

ငါးကြီးမှာ အနံ့ဆိုးရှားသည့်တိုင် ဝိညာဉ်စွမ်းအားများဖြင့် ပြည့်
ဝလျှက်ရှိသည်ကို ချက်ချင်းသိရှိလိုက်လေသည်။

သူသည် ကျောက်စိမ်းကိုဖိုထိုးကာ ကျင့်ကြံနေသူတစ်ယောက်
ဖြစ်သည့်အတွက် နတ်ဘုရားခန္ဓာ တစ်ဝက်ရနေပြီ ဖြစ်လေ
သည်။ ထို့ကြောင့် ငါးကြီးနှင့်ပတ်သက်ပြီး အမြင်မှားယွင်း
ခြင်း မရှိနိုင်ပေ။

"ဒီငါးက တကယ့်ရတနာတစ်ပါးပဲ..."

ကျီးစစ်ကျွင်းက စိတ်ထဲမှ တွေးလိုက်လေ၏။

ငါးကြီးကို ရောင်းချနေသည့် ဘုန်းတော်ကြီးမှာလည်း အဆင့်
မြင့်ကျင့်ကြံသူတစ်ယောက်ဖြစ်သည်ကို သူက ချက်ချင်းသိရှိ
လိုက်လေသည်။

"ဒီဘုန်းကြီးက ဒီလောက်တန်ဖိုးရှိတဲ့ငါးကြီးကို ဘာလို့ လူတွေကိုလာပြီး ရောင်းနေရတာလဲ..."

ကျီးစစ်ကျွင်းက စိတ်ထဲမှ တွေးလိုက်ပြန်လေသည်။

ကျီးစစ်ကျွင်းကျင့်ကြံနေသည့် ကျင့်စဉ်သည် အမှားကိုပယ်သတ်သည့် ကျင့်စဉ်ဖြစ်လေသည်။ သူက ဗုဒ္ဓဘာသာ ကျင့်ကြံသူတစ်ယောက် မဟုတ်ပေ။ ထို့ကြောင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ စိတ်ထားကို သူနားလည်နိုင်မည် မဟုတ်ဟု တွေးလိုက်မိလေသည်။

ဘုန်းတော်ကြီးက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်လေသည်။ မည်သူမှ သူ၏ငါးကြီးကို စိတ်ဝင်စားဟန် မရှိကြပေ။ ထို့ကြောင့် သူက အနားတွင် ပါးစပ်နှင့်နှာခေါင်းများကိုလက်ဖြင့်အုပ်ထားသည့် မိန်းမပျိုကို တစ်ချက်လှမ်းကြည့်လိုက် လေသည်။

ဘုန်းတော်ကြီးက...

"မိန်းကလေး... ငါးဝယ်ပါလား..."

အခန်း (၇၄၂) မရည်ရွယ်ပါဘဲ

ဖခင်ဖြစ်သူကို သဂြိုလ်ရန်အတွက် သူမကိုယ်သူမရောင်းချနေသည့် မိန်းကလေးမှာ ဘုန်းတော်ကြီး၏ စကားကြောင့် တွန့်ကနဲဖြစ်သွားလေသည်။

ဆိုးဆိုးဝါးဝါး ညှီနံ့များထွက်နေသည့် ငါးကြီးကို ဘုန်းတော်ကြီးက သူမကို ဝယ်ခိုင်းလိမ့်မည်ဟု ထင်မထားမိပေ။ ယခုတော့ မမျှော်လင့်စွာပင် ဘုန်းတော်ကြီးက ဝယ်ခိုင်းနေပြီ ဖြစ်လေသည်။

မိန်းမပျိုက...

"ဆရာတော်... ကျွန်မလို ဆင်းရဲတဲ့မိသားစုကမိန်းကလေးတစ်ယောက်က ဘယ်လိုလုပ်ဝယ်နိုင်မှာလဲ..."

ဘုန်းတော်ကြီးက...

"မင်းဝယ်နိုင်တယ်ဆိုတာသိလို့ ကျုပ်ဘုန်းကြီးက ရောင်းနေတာပေါ့..."

ချောမောလှပသည့် မိန်းမပျိုလေးက...

"ဆရာတော်၊ ကျွန်မ တကယ်ပဲ ပိုက်ဆံမတတ်နိုင်တာပါ၊ မဟုတ်ရင် အဖေ့ကိုသင်္ဂြိုလ်ဖို့အတွက် ကျွန်မကိုယ် ကျွန်မ တောင် ရောင်းမနေပါဘူး..."

ဘုန်းတော်ကြီးက ဒေါသတကြီးဖြင့်...

"မင်းက မင်းအဖေကို သင်္ဂြိုလ်ဖို့အတွက် မင်းကိုယ်မင်း ရောင်းနေတာ တကယ်ရော ဟုတ်လို့လား..."

မိန်းမပျိုလေးမှာ ဘုန်းတော်ကြီးကို ကြည့်ရင်း ကြောက်ရွံ့သွားပြီး...

"တကယ်ပါ၊ ကျွန်မမှာ တခြားနည်းလမ်း မရှိတော့လို့ပါ..."

ဘုန်းတော်ကြီးက...

"မင်းက လွန်အားကြီးတယ်..."

ဘုန်းတော်ကြီးက ဒေါသတကြီး စကားပြောနေသည်မှာ သူမသည် အပြစ်လုပ်ထားသည့် အပြစ်သားတစ်ယောက် အလားပင် ဖြစ်လေသည်။

သူမက အားနည်းသည့်လေသံလေးဖြင့်...

"ဆရာတော်... ကျွန်မက..."

သူမ စကားမဆုံးခင်မှာပင် ဘုန်းတော်ကြီးက စကားဖြတ်ပြောလိုက်လေသည်။

"မင်းက သိပ်လောဘကြီးတာပဲ၊ မင်းက ဖခင်ကိုသဂြိုဟ်ဖို့ ကိုယ့်ကိုကိုယ်ရောင်းနေတယ်ဆိုပေမယ့် မင်းကို ဝယ်လိုက်တဲ့

သူက မင်းအဖေကိုသဂြိုလ်ပေးရရုံတင်မကဘူး မင်းနေဖို့ စားဖို့အတွက်လည်း တာဝန်ယူပေးရဦးမယ်၊ မင်းကို အငတ်ထား လို့လည်း မဖြစ်နိုင်ဘူးလေ"

မိန်းမပျိုမှာ စတင်ငိုကြွေးလေတော့သည်။

"ဆရာတော်... ကျွန်မ အဲဒီလို မတွေးခဲ့ရိုးအမှန်ပါ..."

ဘုန်းတော်ကြီးက...

"မင်းက မတွေးခဲ့ဘူးဆိုပေမယ့် မင်းက ဒီလိုလုပ်ဖို့ ရည်ရွယ်နေတာပဲလေ၊ ပြီးတော့ မင်းကိုယ်မင်းကြည့်စမ်းပါဦး၊ ဒီလောက် ပိန်ပိန်သေးသေးလေး၊ အားလည်းရှိမယ့်ပုံမပေါ်ဘူး၊ ဘာ အလုပ်မှ လုပ်နိုင်မှာမဟုတ်ဘူး၊ မင်းကိုဝယ်ရင် ဝယ်တဲ့သူပဲ ဒုက္ခရောက်ရမယ်၊ ကြည့်ရတာ... မင်း အလုပ်မလုပ်နိုင်လို့ မင်းအဖေလည်း မင်းကို ကျွေးမွေးဖို့ အလုပ်တွေအများကြီး လုပ်ရလို့ စောစောသေရတာ ဖြစ်ရမယ်..."

ဘုန်းတော်ကြီး၏ စကားကြောင့် မိန်းကလေးမှာ တရှုံ့ရှုံ့

ငိုကြွေးလေတော့သည်။

သူမသည် အားနည်းသော မိန်းကလေးတစ်ယောက်ဖြစ်

သော်လည်း ဘုန်းတော်ကြီးကတော့ သူမကို ပြစ်တင် ရှုံ့ချလျှ

က်ရှိလေသည်။

ဈေးထဲမှလူများမှာလည်း ဘုန်းတော်ကြီး၏စကားကိုကြားမှ

မိန်းကလေးမှာ ချောမောလှပသော်လည်း အလုပ်များစွာ လုပ်

နိုင်မည်မဟုတ်သည်ကို သတိပြုလိုက်မိလေသည်။

မိန်းကလေးကို သနားသောကြောင့် ဝယ်ယူလိုက်မည် ဆိုလျှင်

တောင်မှ သိပ်ပြီး အားကိုးရနိုင်ဖွယ်မရှိပေ။ ဝယ်သည့်သူ

သာလျှင် သနားစရာ ကောင်းသွားပေလိမ့်မည်။

မိန်းကလေးများသည် သဘာဝအားဖြင့် စိတ်ခံစားလွယ်တတ်

ကြလေသည်။ သူမသည် ငိုနေရင်းမှပင် ဈေးထဲမှ လူများသည်

သူမကို စိတ်မဝင်စားကြတော့သည်ကို သတိပြုလိုက်မိလေသည်။

ထို့ကြောင့် သူမက ငိုယိုရင်းဖြင့်...

"ဆရာတော်... ဆရာတော်ရဲ့ငါးကို ကျွန်မက မဝယ်တာနဲ့ဘဲ ကျွန်မကို အဲဒီလောက်အထိ မှိုချိုးမျှစ်ချိုး ပြောစရာ မလိုပါဘူး ၊ အခု ကျွန်မမှာ ကြေးပြား (၃)ပြားတော့ရှိတယ် ၊ ဆရာတော် လိုချင်ရင်ယူသွားပါ ၊ ဆရာတော်ရဲ့ ငါးကိုတော့ ကျွန်မ မလိုချင်ပါဘူး..."

ထို့နောက်... သူမသည် ကြေးပြား (၃)ပြားကို ထုတ်ယူကာ ဘုန်းတော်ကြီးရှေ့သို့ ပစ်ချလိုက်လေသည်။

ဘုန်းတော်ကြီးက...

"အခုနေ ငါးကို မင်းကိုရောင်းလိုက်ရင် လူတွေက ကျုပ်က ငါးကို အတင်းအဓမ္မဝယ်ခိုင်းတယ်လို့ ထင်ကုန်လိမ့်မယ် ၊ ဒါပေ

မယ့် ကျုပ်ဘုန်းကြီးကတော့ ပွင့်ပွင့်လင်းလင်းပဲဟော့... ၊ မင်း

ဝယ်မယ်ဆိုရင် ရောင်းမယ်ဟော့..."

စကားဆုံးသွားသည်နှင့် ဘုန်းတော်ကြီးသည် မိန်းမပျို ပစ်

ပေးလိုက်သည့် ကြေးပြားများကို ကောက်ယူလိုက်လေ သည်။

"ဆရာတော်... ခဏနေပါဦး ၊ ကျုပ်က ဆရာတော်ရဲ့ ငါးကို

ဝယ်ချင်လို့ပါ..."

စာပေသမားလူရွယ်ပုံစံဖန်ဆင်းထားသည့် ကျီးစစ်ကျွင်းက

စျေးထဲသို့ဝင်လာပြီး ပြောလိုက်ခြင်း ဖြစ်လေသည်။

ဘုန်းတော်ကြီး ကြေးပြားသုံးပြားကို ကောက်ယူလိုက်ပြီး တစ်

ချက်ပြုံးလိုက်ရင်း...

"ငါးက အခုဆိုရင် ဒီမိန်းကလေး အပိုင်ဖြစ်သွားပါပြီ..."

ကျီးစစ်ကျွင်းက ရွှေတုံး (၃)တုံးကို ထုတ်ယူလိုက်ပြီး ...

"မိန်းကလေး... ငါးကို ကျုပ်ကိုရောင်းပါ ၊ ဒီရွှေတုံး (၃)တုံး

မင်းကိုပေးပါ့မယ်..."

ထိုအခါမှ ဈေးထဲမှလူများမှာ ငါးကြီးကို စိတ်ဝင်စားသွားကြလေသည်။ ငါးကြီးမှာ ရွှေတုံး (၃)တုံး ပေးရလောက် အောင် တန်ဖိုးကြီးနေသည် မဟုတ်ပါလား။

မိန်းမပျိုသည် ယခုတော့ ရွှေတုံး (၃)တုံး ရရှိတော့မည် ဖြစ်လေသည်။ ရွှေတုံး (၃)တုံးဆိုသည့် ငွေပမာဏသည် မိန်းမပျို၏ ဖခင်ကို သဂြိုလ်ပြီးလျှင်တောင်မှ အမြောက်အမြားပိုနေဦးမည့် ငွေကြေးပမာဏဖြစ်လေသည်။

မိန်းမပျိုလေးသည် အနည်းငယ် စိတ်လှုပ်ရှားသွားလေသည်။ သို့သော်... သူမက ဘုန်းတော်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး...

"ဆရာတော်... ကျွန်မ ဒီငါးကို မလိုချင်ပါဘူး..."

ဘုန်းတော်ကြီးက...

"မင်း တကယ်မလိုချင်ဘူးဆိုရင်လည်း ကျုပ်က မင်းပိုက်ဆံကို ပြန်ပေးမှာ မဟုတ်ဘူးနော်..."

မိန်းကလေးက တစ်ချက်တုံ့ဆိုင်းနေပြီးမှ...

"ဒီငါးက ဈေးကြီးလွန်းတယ်၊ ကျွန်မ မယူရဲဘူး..."

ဆရာတော်က ရယ်မောလိုက်ရင်း...

"မင်း သိပ်ပြီး ရိုးသားပြနေစရာ မလိုဘူး၊ ကျုပ်ဘုန်းကြီးက မင်းကို ရောင်းခဲ့ပြီးပြီပဲ၊ မင်းရဲ့ပစ္စည်းဖြစ်သွားပါပြီ၊ မင်းရဲ့ ကြေးပြား (၃)ပြားကိုတော့ ကျုပ် ယူသွားပြီ..."

ပြောပြီးသည်နှင့် ဘုန်းတော်ကြီးက ထွက်ခွာသွားလေတော့သည်။

ဘုန်းတော်ကြီးက ငါးကြီးကိုထားခဲ့ပြီး ထွက်ခွာသွားလေသည်။ ထိုအခါ ကျီးစစ်ကျွင်းက ငါးကြီးအနားသို့ တိုးကပ်သွားကာ သေချာကြည့်လိုက်လေသည်။ ငါးကြီးမှာ အလွန်ဆူဖြိုးပြီး အရသာရှိမည့်ပုံပေါက်လေသည်။ ငါးညှီနံ့များအဆုတ်ထဲသို့ ဝင်ရောက်သွားပြီး ခဏအတွင်းမှာပင် သူ၏ ဝိညာဉ်စွမ်းအားများ ပြည့်ဝလာသည်ကို ခံစားလိုက်ရလေသည်။

သူက မိန်းမပျိုကို တစ်ချက်ကြည့်လိုက်ရင်း...

"မိန်းကလေး... မင်းသာ ဒီငါးကို ကျုပ်ကိုရောင်းမယ်ဆိုရင်

မင်းလိုချင်တာ ဘာမဆိုပေးပါ့မယ်..."

မိန်းမပျိုသည် ထွက်ခွာသွားသည့် ဘုန်းတော်ကြီးကို မျက်စိ

တစ်စုံးငေးကြည့်နေမိလေသည်။

ဘုန်းတော်ကြီးက ဆိုးဝါးသည့် စကားလုံးများဖြင့် သူမကို ပြစ်

တင်ပြောဆိုခဲ့သည့်အတွက် သူမ အနည်းငယ် စိတ်ဆိုး နာ

ကျည်းခဲ့လေသည်။ သို့သော်... ဘုန်းတော်ကြီးသည် ကြေးပြား

(၃)ပြားတည်းဖြင့် တန်ဖိုးကြီးသည့် ငါးကြီးကို သူမကို ပေးခဲ့

လေသည်။ ယခုတော့ သူမသည် ဘုန်းတော်ကြီးကို ကျေးဇူးမ

တင်ဘဲ မနေနိုင်တော့ချေ။

သူမအနေဖြင့် လောဘကြီးစရာမလိုပါ။

"အစ်ကိုကြီး ၊ ကျွန်မရဲ့ဖခင်ကိုသာ သင်္ဂြိုလ်ပေးပါ ၊ ဒီငါးကို

ယူသွားလို့ရပါပြီ..."

ကျီးစစ်ကျွင်းက ပြုံးလိုက်ပြီး...

"ဒီကိစ္စလောက်ကတော့ ရပါတယ်ဗျာ..."

ပြောပြီးသည်နှင့် ကျီးစစ်ကျွင်းက ငါးကြီးကို ယူလိုက်တော့

မည် ဟန်ပြင်လိုက်ချိန်တွင် လေထဲမှအော်ဟစ်သံ တစ်ချက်

ထွက်ပေါ်လာလေသည်။

"ဘယ်သူက ငါတို့ ရွှမ်နွီနန်းတော်က ကျင့်ကြံသူတစ်ယောက်

ဆီက အမြတ်ထုတ်ချင်နေရတာလဲ..."

....

ဘုန်းတော်ကြီးမှာ စျေးထဲမှ လျှင်မြန်စွာပင် ထွက်ခွာလာခဲ့လေ

သည်။ ထိုဘုန်းတော်ကြီးမှာ ကျွယ်ရှင်းပင် ဖြစ်လေ၏။

မိုးမခပင်တစ်ပင်အောက်တွင် ဆန်းလျန်သည် သူ့ကိုစောင့်နေ

လေသည်။

ကျွယ်ရှင်းက...

"ငါးကိုရောင်းလိုက်ပါပြီ ၊ ကျင့်ကြံသူတစ်ယောက်က အဲဒီငါး

ကို ဝယ်ချင်နေတာ ၊ ဒါပေမယ့် ကျွန်တော်က ခြေတစ်လှမ်း

စောပြီးတော့ သခင်လေးပြောတဲ့ မိန်းကလေးဆီကို ရောင်း

လိုက်ပါတယ်..."

ဆန်းလျန်က...

"ကျုပ်သိပါတယ်..."

ကျွယ်ရှင်းက...

"ဒါနဲ့ သခင်လေးက ဘာဖြစ်လို့ ကျွန်တော့်ကို ငါးသွားရောင်း

ခိုင်းရတာလဲ..."

ဆန်းလျန်က...

"လွန်ခဲ့တဲ့ ရက်နည်းနည်းလောက်က ရွှမ်နှီနန်းတော်က

မိန်းကလေးတပည့်တစ်ယောက် ကျုပ်ကြောင့်ဒဏ်ရာရ သွားခဲ့

တယ်၊ ရွှမ်နှီနန်းတော်ဆိုတာ သိပ်ကို ကြောက်စရာကောင်းတဲ့

မိန်းကလေးကျင့်ကြံသူဂိုဏ်းတစ်ဂိုဏ်းပဲ၊ ကျိုးထျန်း ရွှမ်နှီရဲ့

ကျင့်စဉ်တွေကို ဆက်ခံထားတဲ့ ကျင့်ကြံသူဂိုဏ်းတစ်ဂိုဏ်း

လည်း ဖြစ်တယ်၊ အခု ငါးကို ဝယ်လိုက်တဲ့မိန်းကလေးရဲ့

ဆရာက ရွှမ်နွှီနန်းတော်ကပဲ ၊ မကြာခင် သူ့ဆရာက သူ့ကို လာခေါ်လိမ့်မယ် ၊ အဲဒီငါးကို ကျုပ်က မိုးမြေစွမ်းအားတွေနဲ့ ပြည့်နေအောင် လုပ်ထားတာ ၊ ကျုပ်ရဲ့ တာအိုစွမ်းအားတွေလည်း ငါးထဲမှာ ထည့်ထားတယ် ၊ သူတို့သာ ငါးကိုယူသွားမယ် ၊ ဒါမှမဟုတ် ငါးကို စားပစ်မယ်ဆိုရင် ရွှမ်နွှီနန်းတော်အကြောင်းကို ကျုပ်ကောင်းကောင်းသိနိုင်လိမ့်မယ်..."

ကျွယ်ရှင်းက...

"အော်... ဒါကြောင့် သခင်လေးက သူ့ကို ငါးရောင်းဖြစ်အောင် ရောင်းဖို့ မှာလိုက်တာကိုး ၊ အစကတည်းက အဲဒီလိုပြောလိုက်လည်း ရရဲ့သားနဲ့..."

ဆန်းလျန်က...

"မင်းကိုပြောပြလိုက်ရင် ရွှမ်နွှီနန်းတော်ကဆရာသခင်တွေ တစ်နည်းမဟုတ်တစ်နည်း ရိပ်မိသွားမှာပေါ့ ၊ မင်းသာ မတော်တဆ အမှားလုပ်မိရင် ဟိုက ချက်ချင်းရိပ်မိသွားမှာ ၊

အကြောင်းရင်းကိုမပြောဘဲ မင်းကိုလုပ်ခိုင်းလိုက်တော့မှ

တခြားကျင့်ကြံသူတွေလည်း ငါးကိုစိတ်ဝင်စားလာကြတော့

ဘယ်သူမှ မရိပ်မိတော့ဘူးပေါ့"

ကျွယ်ရှင်းက...

"ဒါပေမယ့် သခင်လေးက ရည်ရွယ်ချက်ရှိရှိလုပ်ခဲ့တာပဲ

လေ..."

ဆန်းလျန်က...

"မင်းကသာ ရည်ရွယ်ချက်ရှိတယ်ဆိုတာ သိတာလေ၊ ကျုပ်က

ရည်ရွယ်ချက်မရှိသလို ပုံစံမျိုးနဲ့ ဖြစ်စေချင်ခဲ့တာ၊ မင်း အခု

ထိ နားမလည်သေးဘူးလား..."

ကျွယ်ရှင်းမှာ ဆန်းလျန်၏ စကားများကြောင့် စိတ်များ ရှုတ်

ထွေးသွားလေသည်။

ဆန်းလျန်ကလည်း ထပ်ရှင်းပြမနေတော့ဘဲ သူတို့ (၂)ယောက်

ဆက်လက်ခရီးထွက်ခဲ့ကြလေသည်။

.....

ကျီးစစ်ကျွင်းမှာ မထင်မှတ်စွာပင် ရွှမ်နွီနန်းတော်မှ မိန်းမပျိုနှင့် သွားရောက်ပတ်သက်ခဲ့မိပြီ ဖြစ်လေသည်။

ကျင့်ကြံခြင်းလောကတွင် ရွှမ်နွီနန်းတော်နှင့် သွားရောက် ပတ်သက်မိခြင်းမှာ ကြမ္မာဆိုးကြုံရခြင်းပင် ဖြစ်လေသည်။

ထို့ပြင် ရွှမ်နွီနန်းတော်မှ ကျင့်ကြံသူများသည် အမြဲတမ်း မာန်မာနကြီးကာ ဒေါသကြီးနေကြသူများ ဖြစ်ကြလေသည်။

ကျီးစစ်ကျွင်းမှာ ဘုန်းတော်ကြီးထံမှ ငါးကြီးကိုသာ လိုချင်စိတ် မရှိခဲ့လျှင် ရွှမ်နွီနန်းတော်နှင့် ထိပ်တိုက်ရင်ဆိုင်ရမည် မဟုတ် ဟုတွေးမိကာ နောင်တရလျှက် ရှိလေသည်။

ကောင်းကင်ထက်တွင် မိန်းမပျိုတစ်ယောက် ထွက်ပေါ်လာပြီး သာမန်လူများ သူတို့ကို မမြင်တွေ့စေရန်အတွက် ငွေရောင် အလင်းတန်းများထုတ်လွှတ်ကာ ကာကွယ်ထားလိုက်လေ သည်။ ကျီးစစ်ကျွင်းမှာလည်း အလင်းတန်းများ နှင့်ဖုံးအုပ် ခြင်း ခံလိုက်ရလေသည်။

ကျီးစစ်ကျွင်းက မိန်းမပျိုကို စိုက်ကြည့်နေလေသည်။ မိန်းမပျိုမှာ ပြောမပြနိုင်လောက်အောင် အလွန်တရာ ချောမောလှပသူ ဖြစ်လေသည်။ သူမ၏ မျက်ဝန်းများက အေးစက်နေပြီး သူမသည် ကောင်းကင်ထက်တွင် တည်ငြိမ်စွာ ရပ်တန့်နေလေသည်။ လေထဲတွင် မည်သည့် မော်ဝင်ပစ္စည်း ၊ ဝိညာဉ်စွမ်းအားပစ္စည်းကိုမှ အသုံးမပြုဘဲ ရပ်တန့်နေခြင်းဖြစ်သည့်အတွက် ထိုမိန်းမပျို၏ ကျင့်ကြံခြင်း အဆင့်သည် အနည်းဆုံး ပုရှီးအဆင့် ရောက်ရှိနေပြီဟု ဆိုနိုင်လေသည်။ ကျီးစစ်ကျွင်းသည် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဖြစ်ပြီး လောကနတ်ဘုရားတစ်ပါးထံမှပင် လွတ်မြောက်အောင် ထွက်ပြေးနိုင်သည့် လျှို့ဝှက်တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်သူ ဖြစ်လေသည်။ သို့သော်... ယခု သူရင်ဆိုင်နေရသည့် မိန်းမပျိုမှာ ကျင့်ကြံခြင်းအဆင့် မြင့်မားရုံသာမက ရွှမ်နီနန်းတော်မှ ဆရာသခင်တစ်ပါးလည်း ဖြစ်နေခဲ့လေသည်။

ထို့ကြောင့် သူက ပြေပြေလည်လည် ပြောဆိုရန် ဆုံးဖြတ်လိုက်လေသည်။

ကျီးစစ်ကျွင်းက...

"ရှွမ်နှီနန်းတော်က နတ်သမီး၊ ဒီကိစ္စကို ကျုပ်က မသိလို့ပါဝင်ပတ်သက်မိခဲ့တာပါ၊ ခွင့်လွှတ်ပေးနိုင်မလား..."

"ကျွန်မသာ အချိန်မီရောက်မလာရင် ကျွန်မရဲ့ ဂိုဏ်းတူအစ်မက ရှင့်ကြောင့် ဒုက္ခရောက်တော့မှာလေ၊ ရှင့်ကို ဘယ်အလွတ်ပေးလို့ ဖြစ်မလဲ..."

အခန်း (၇၄၃) နတ်ဒေဝါမြေခွေးဒဏ္ဍာရီ

ရှမ်နီနန်းတော်မှ မိန်းမပျို၏ စကားကိုကြားသည့်အခါတွင်

တော့ ကျီးစစ်ကျွင်းမှာ အလွန်မှ ရှုံလျှာသွားမိလေသည်။

လောကထိပ်တန်း ကျင့်ကြံသူဂိုဏ်းတစ်ခုမှ ဆရာသခင်

တစ်ပါးဖြစ်သည့်တိုင် ကျိုးကြောင်းဆီလျော်ခြင်း မရှိလှပေ။

အခြားသောကျင့်ကြံသူများကို အနိုင်ကျင့်လိုသည့်စိတ်ထား

ဖြင့် ပြည့်လျှက် ရှိလေသည်။

ကျီးစစ်ကျွင်း၏ စိတ်ထဲတွင် မကျေမနပ်ဖြစ်သွားမိလေသည်။

"မင်းက ဒီလောက်တောင် ရန်လိုနေမှတော့ ပြောစရာ စကားမရှိ

တော့ပါဘူး..."

ကျီးစစ်ကျွင်းသည် အခြေအနေများကို ကောင်းကောင်း

သုံးသပ်နိုင်သူဖြစ်လေသည်။

သူ့အနေဖြင့် ရှေ့လည်းမတိုးသာ နောက်လည်း မဆုတ်သာသည့်

အခြေအနေမျိုးကို ရင်ဆိုင်နေရပြီ ဖြစ်လေသည်။ တစ်ဖက်လူ

ကို ညှိနှိုင်း၍မရလျှင်တော့ တိုက်ခိုက်ရန်သာ ရွေးခြယ်ရမည် ဖြစ်လေသည်။

သူက အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ သူ၏ လက်ထဲတွင် သံတုတ်တစ်ချောင်း ပေါ်လာလေသည်။ သူက သံတုတ်ကို ဝှေ့ယမ်းပြီး မိန်းမပျိုကိုစတင်တိုက်ခိုက်လိုက်လေ သည်။

ရုတ်တရက် တိုက်ခိုက်လိုက်မှုကြောင့် ရွှမ်နီ့နန်းတော်မှ မိန်းမ ပျိုမှာ အံ့အားသင့်သွားရလေသည်။ ဤနေရာသည် ဈေးတစ်ခု ဖြစ်ပြီး သာမန်လူများနေထိုင်ကြရာ နေရာတစ်ခု ဖြစ် သည့်အတွက် သူတို့သာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြမည် ဆိုလျှင် သာမန်လူသားများ ထိခိုက်သွားနိုင်လေသည်။ ထိုအခါ ပြဿနာများစွာ ရင်ဆိုင်ရပေလိမ့် မည်။

သူမသည် အကျိုးနှင့်အပြစ်ကို ချိန်ကြည့်လိုက်ပြီး လွန်းပျံတစ် ခုကို စီးနင်ကာ ပျံသန်းထွက်ခွာသွားလေတော့သည်။ ကျီးစစ်

ကျွင်းကလည်း သူမ၏နောက်မှလိုက်ပါသွားပြီး သူတို့သည် တောနက်တစ်ခုအတွင်းသို့ ရောက်ရှိလာကြလေ သည်။ လွန်းပျံသည် သူမကိုယ်တိုင်သန့်စင်ထားသည့် မှော်ဝင်ပစ္စည်း တစ်ခု မဟုတ်ပါ။ စကြာဝဠာထဲတွင် ပျံသန်းရန် အတွက် ရွှမ်နီ့ နန်းတော်မှ နတ်ဘုရားတစ်ပါး တီထွင်ထားခဲ့သည့် ပစ္စည်းတစ် ခု ဖြစ်လေသည်။ လွန်းပျံသည် စကြာဝဠာထဲသို့ပင် ပျံသန်းနိုင် စွမ်းရှိလေသည်။

သူမက လေထဲသို့ ပျံသန်းထွက်ခွာသွားသည့်အတွက် ကျီစစ် ကျွင်း၏ တိုက်ခိုက်မှုမှလည်း ရှောင်တိမ်းပြီးသား ဖြစ်သွားလေ သည်။

ထို့နောက်... သူမက ပါးစပ်ကိုဟကာ မီးများမှုတ်ထုတ်ပြီး ကျီ စစ်ကျွင်းကို ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ကျီးစစ်ကျွင်းက တစ်ဖက်ရန်သူမှ အစစ်အမှန်မီးတောက်ဖြင့် တိုက်ခိုက်လိုက်သည်ကို တွေ့ရှိရသည့်အခါ ထိတ်ထိတ် ပြာပြာ ဖြစ်သွားရလေသည်။

လောကတွင် အစစ်အမှန်မီးတောက် (၃)မျိုးရှိလေသည်။

သို့သော်... ရွှမ်နွီနန်းတော်၏ တည်ထောင်သူဆရာသခင် ကျိုးထျန်းရွှမ်နွီ၏ ကျိုးထျန်းမီးတောက်ကတော့ ထိပ်တန်းအဆင့် မီးစွမ်းအားဖြစ်လေသည်။ မှော်ဝင်ပစ္စည်းများ ၊ ဝိညာဉ်စွမ်းအားပစ္စည်းများကိုပင် တစ်ခဏအတွင်း အရည်ဖျော်ပစ်နိုင်လေသည်။

မီးတောက်မှာ ပြင်းထန်လှသည်ကို သိရှိလိုက်သည့်အတွက် ကျီးစစ်ကျွင်းသည် သူ၏သံတုတ်ဖြင့် ပေါ့ပေါ့တန်တန် မတိုက်ခိုက်ဝံ့တော့ပေ။

ကျီးစစ်ကျွင်းသည် ဆက်လက်မတိုက်ခိုက်တော့ဘဲ ချက်ချင်းပင် လေအသွင်ဖန်ဆင်းကာ ထွက်ခွာသွားလေတော့ သည်။

ရွှမ်နှီနန်းတော်မှာ တန်ခိုးစွမ်းအားမြင့်မားသည့်အတွက် သူ တစ်ယောက်တည်းအနေဖြင့် မည်သို့မှ ရင်ဆိုင်နိုင်မည် မဟုတ် ပေ။ မိတ်ဆွေများနှင့်တိုင်ပင်ပြီးမှ ဤပြဿနာကိုမည်သို့ဖြေ ရှင်းရမည်ကို ဆုံးဖြတ်သင့်လေသည်။

ရွှမ်နှီနန်းတော်မှ မိန်းမပျိုမှာ ကျီးစစ်ကျွင်းပြေးပြီဆိုသည်ကို သိလိုက်သည်နှင့် ကျီးစစ်ကျွင်းနောက်သို့ လိုက်လံ တိုက်ခိုက် ခြင်းမရှိတော့ပါ။

အနီးအနားမှ သူမ၏လူများကို တွေ့မြင်စေရန် အချက်ပြမီး တစ်ခုကို ကောင်းကင်ထက်သို့ လွှတ်တင်လိုက်ပြီး သူမ ကတော့ ဈေးထဲတွင် ဖခင်ကိုသဂြိုလ်ရန်အတွက် မိမိကိုယ်ကို ရောင်းချနေသည့် မိန်းကလေးကို ပြန်လည်ရှာဖွေ ရန်ထွက်လာ ခဲ့လေသည်။

သူမထံတွင် သူမ၏ ဂိုဏ်းတူအစ်မ ယခင်ဘဝက ချန်ထားခဲ့ သည့် ဘဝသုံးခုကျောက်တုံး ရှိလေသည်။ ထိုကျောက်တုံးထဲ

တွင် ဂိုဏ်းတူအစ်မဖြစ်သူ၏ အတိတ်မှတ်ဉာဏ်များအားလုံးကို သိမ်းဆည်းထားလေသည်။

သူမသည် ဈေးထဲတွင် ဂိုဏ်းတူအစ်မကို ပြန်လည်တွေ့ရှိလိုက်ရသည့်အခါတွင်တော့ ဝမ်းသာအားရဖြင့် ပွေ့ဖက်နှုတ်ဆက်လိုက်လေသည်။

သူမတို့ (၂)ယောက်သည် နာမည်ချင်းလည်း ဆင်တူကြလေသည်။

သူမ၏ ဂိုဏ်းတူအစ်မ၏အမည်မှာ ကျီးယင်းဖြစ်ပြီး သူမ၏အမည်ကတော့ ကျီးယင် ဖြစ်လေသည်။ သူတို့ (၂)ယောက်လုံးသည် ရှမ်နီနန်းတော်၏လွန်ခဲ့သည့်မျိုးဆက်တွင် ထူးချွန်ထက်မြက်ကြသည့် ကျင့်ကြံသူများဖြစ်ကြ လေသည်။ သူတို့သည် ငယ်စဉ်ကပင် တာအိုကျင့်စဉ်များကို အတူတကွကျင့်ကြံခဲ့သူများဖြစ်ကြပြီး အလွန်ခင်မင်ကြ သည့်ဂိုဏ်းတူညီအစ်မများ ဖြစ်လေသည်။

ကျီးယင်းက ဖခင်ဖြစ်သူကို ကောင်းမွန်စွာ သင်္ဂြိုလ်လိုက်ပြီး သူမ၏ လူသားခန္ဓာကိုယ်ကို ဖျက်စီးာ ကျင့်ကြံခြင်း အဆင့်ကို နှစ်ဆမြင့်မားစေပြီး တာအိုခန္ဓာကို ဖန်ဆင်းလိုက်လေသည်။

ထို့ပြင် ဘဝသုံးပါကျောက်တုံးကြောင့် အတိတ်ဘဝကိုလည်း ပြန်လည်မှတ်မိသွားပြီဖြစ်ပြီး ဝိညာဉ်စွမ်းအားများလည်း မြင့်မားလာခဲ့လေသည်။ နောင်အနှစ် (၂၀)အတွင်းတွင် ဟိုင်သန်းအဆင့်ကို ပြန်လည်တက်ရောက်နိုင်တော့မည် ဖြစ်လေသည်။

ကျီးယင်းသည် ယခုဘဝတွင် ဖခင်တော်စပ်ခဲ့သူ၏ အုတ်ဂူကို ရှိသေစွာ ကန်တော့လိုက်ပြီး ကျီးယင်နှင့်အတူ အနီးအနားမှ တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိလာခဲ့လေသည်။

နေဝင်တော့မည်ဖြစ်ပြီး အရှေ့ဆီမှ လပြည့်ဝန်းပင် ထွက်ပေါ်လာပြီ ဖြစ်လေသည်။

ထိုအချိန်မှာပင် ...

နေဝင်ဆည်းဆာရောင်ခြည်အောက်တွင် ကြိုးကြာငှက်ကြီး တစ်ကောင်ပျံသန်းလာပြီး ကြိုးကြာငှက်ပေါ်တွင် မိန်းကလေး (၂)ယောက် လိုက်ပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ထိုမိန်းကလေးနှစ်ယောက်မှာ ဆန်းလျန်ကြောင့် ဒဏ်ရာရခဲ့ သည့် ဟယ်စူးရင်းနှင့် သူမ၏ဂိုဏ်းတူအစ်မ ယွမ်ကျိယီတို့ပင် ဖြစ်လေ၏။ ဟယ်စူးရင်းမှာ ဒဏ်ရာပြင်းထန်သည့်အတွက် ရွှ မ်နွီနန်းတော်သို့ မပြန်နိုင်တော့ဘဲ အနီးအနားတွင်ရှိသည့် သူမ၏အိမ်သို့ပြန်ကာ ဒဏ်ရာကို ကုသနေခဲ့ခြင်း ဖြစ်လေ သည်။

ယခု ကျီးယင်၏ အချက်ပြမီးကို မြင်လိုက်ရသည့်အတွက် သူ တို့ (၂)ယောက်ချက်ချင်းရောက်လာကြခြင်း ဖြစ်လေသည်။ သူတို့ (၂)ယောက် ကြိုးကြငှက်ကြီးပေါ်မှ ဆင်းလိုက်ကြပြီး ကျီးယင်ကို ဂါရဝပြုလိုက်ကြလေသည်။

"ဆရာဒေါ်လေး ၊ ဆရာဒေါ်လေးရဲ့ ဂိုဏ်းတူအစ်မကို ပြန်ရှာတွေ့ပြီလား..."

ကျီးယင်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"သူက မင်းတို့ရဲ့ဆရာဒေါ်လေးကျီးယင်းပဲ ၊ သူ အခု အတိတ်ဘဝကို ပြန်မှတ်မိနေပြီ..."

သူတို့ (၂)ယောက်က ဆရာဒေါ်လေးကျီးယင်းကိုလည်း ချက်ချင်းဂါရဝ ပြုလိုက်ကြလေသည်။

သူမတို့ (၂)ယောက်သည် ရှမ်နီနန်းတော်သို့ နောက်ပိုင်းကျမှ ဝင်ရောက်လာသူများ ဖြစ်သည့်အတွက် ဆရာဒေါ်လေးကျီးယင်းနှင့် တွေ့ဆုံခဲ့ဖူးခြင်း မရှိကြပေ။ သို့သော်... ကျီးယင်းအကြောင်းကို သူမတို့ များစွာ ကြားဖူးကြလေသည်။ ကျီးယင်းသည် ရှမ်နီနန်းတော်တွင် အတော်ဆုံးတပည့်တစ်ယောက်ဖြစ်ပြီး နတ်ဘုရားတစ်ပါး ဖြစ်လာရန် အနီးစပ်ဆုံးကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။

သို့သော်... မထင်မှတ်သည့်အခြေအနေများကြောင့် သူမသည် နတ်ဘုရားမဖြစ်ခင်မှာပင် လူပြန်ဝင်စားခဲ့ရလေ သည်။

ဟယ်စူးရင်းနှင့် ယွမ်ကျိုယီတို့မှာ ကျီးယင်းကိုကြည့်လိုက်ပြီး မည်သည့်ထူးခြားချက်မှ မတွေ့ရှိရဘဲ သာမန်မိန်းကလေးတစ်ယောက်ကဲ့သို့ ဖြစ်နေသည့်အတွက် စိတ်ပျက်သွားကြလေ သည်။

ကျီးယင်းသည် နောက်ပိုင်းမျိုးဆက်တပည့်ငယ်လေးများ၏ သူမအပေါ်ထားသည့် သဘောထားကို သိရှိလိုက်သော်လည်း စကားများစွာမပြောတော့ဘဲ ခေါင်းတစ်ချက်ညိတ်ကာ အသိအမှတ်ပြုလိုက်လေသည်။

ကျီးယင်က...

"ဟယ်စူးရင်း... မင်းဒဏ်ရာရလာတာလား..."

ကျီးယင်က မေးသည့်အခါတွင်တော့ ဟယ်စူးရင်းက ဖြစ်သမျှ အကြောင်းများကို အကုန်ပြောပြလိုက်လေသည်။

ဟယ်စုးရင်းက...

"ဆရာဒေါ်လေး... အဲဒီ ချင်းရှတောင်က အနီရောင်မြေခွေးရဲ့

ဇာစ်မြစ်ကို သိသလား..."

ကျီးယင်က တစ်ချက်မျှစဉ်းစားလိုက်ပြီး...

"နည်းနည်းတော့သိတယ်၊ အဲဒီမြေခွေးက ချင်းယန်ကျောင်း

တော်က တာအိုဆရားတွေကိုနာယူပြီး ကျင့်ကြံသူ တစ်ယောက်

ဖြစ်လာခဲ့တာ၊ ချင်းယန်ကျောင်းတော်ဟာ သန့်စင်တဲ့တာအို

နယ်မြေတစ်ခုပဲ၊ ယင်ရှန်းကျွင်းဟာလည်း မာနကြီးတဲ့သူတစ်

ယောက်ဖြစ်လို့ နတ်မိစ္ဆာတွေနဲ့ ပတ်သက်လေ့မရှိဘူး၊ ဒါ

ကြောင့် အဲဒီမြေခွေး ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်တဲ့

အခါ တောင်ပေါ်က နှင်ချလိုက်ပြီး ကိုယ့်လမ်းကိုယ်လျှောက်

ခိုင်းလိုက်တယ်၊ ချင်းယန် ကျောင်းတော်ပတ်ဝန်းကျင်မှာ တိရိ

စ္ဆာန်တွေ အများကြီးရှိတာပဲ၊ တာအိုတရားနာကြားရရုံနဲ့

ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်သွားတယ်ဆိုတာ ခပ်ရှား

ရှားပဲ ၊ အဲဒီမြေခွေးသာ နတ်ဒေဝါမြေခွေးစာတမ်းရှည်ကိုရခဲ့ရင် ဒုတိယ ရှင်းစစ်စစ်နျန်ဖြစ်လာနိုင်တယ်..."

ဟယ်စူးရင်းနှင့် ယွမ်ကျိုယီတို့မှာ ရှင်းစစ်စစ်နျန်ဆိုသူမှာ မည်သူဖြစ်သည်ကို သိရှိခြင်းမရှိကြပေ။ သို့သော်... ကျိီးယင်းကတော့ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက နတ်မိစ္ဆာဘုရင်တစ်ပါးအဖြစ် ကျော်ကြားခဲ့သည့် ရှင်းစစ်စစ်နျန်ကို ကောင်းကောင်းသိရှိလေသည်။

ရှင်းစစ်စစ်နျန်သည် နောက်ဆုံးတွင် နတ်ဒေဝါမြေခွေးတစ်ပါးဖြစ်သည်အထိ ကျင့်ကြံနိုင်ခဲ့လေသည်။

သို့သော်... သူမသည် အသူရာချောက်သို့သွားကာ ငရဲမင်း၏နန်းတော်ကို မွှေနှောက်ခဲ့သူတစ်ယောက်လည်း ဖြစ်လေသည်။ ငရဲမင်းက သူမကို နှိမ်နင်းနိုင်ခဲ့သည့်တိုင် ဒဏ်ရာအပြင်းအထန်ရခဲ့ပြီး နှစ်ပေါင်း(၁၀၀)နီးပါး ပြန်လည်ကျင့်ကြံပြီး ဒဏ်ရာကို ကုသခဲ့ရလေသည်။

ငရဲမင်း ဒဏ်ရာရနေသည်ကို အခွင့်ကောင်းယူကာ အသူရာ

ချောက်တွင် ပုန်ကန်မှုများ ဖြစ်ခဲ့သေးသည်။ ဗုဒ္ဓဘာသာ

ကျင့်ကြံသူများနှင့် တာအိုကျင့်ကြံသူများက အသူရာချောက်

ကို သိမ်းပိုက်ရန် စီစဉ်ခဲ့ကြလေသည်။

ရှင်းစစ်စစ်နျန် နတ်ဒေဝါမြေခွေးဖြစ်လာရခြင်းမှာ နတ်ဒေဝါ

မြေခွေးစာတမ်းရှည်ကြောင့် ဖြစ်လေသည်။ သို့သော်... သူမ

သည် အသူရာချောက်ကို တိုက်ခိုက်ခြင်းမပြုမီ နတ်ဒေဝါ

မြေခွေးစာတမ်းရှည်ကို ရှင်သန်စေခြင်း ကျောင်းတော်သို့

ပေးအပ်ခဲ့လေသည်။ သူမရင်ဆိုင်ရမည့်အန္တရယ်ကို ကြိုတင်

သိမြင်ခဲ့သည့်အတွက် ထိုသို့ ပြုလုပ်ခဲ့ခြင်း ဖြစ်ဟန်တူလေ၏။

နတ်ဒေဝါမြေခွေးစာတမ်းရှည်ဆိုသည်က မြေခွေးနတ်ဘုရား

များ၏ အစဉ်အလာကို မချိုးဖောက်သည့် လက်စွဲစာအုပ်တစ်

အုပ် ဖြစ်လေသည်။

သို့သော်... နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့်တိုင် ရှင်သန်စေ ခြင်းကျောင်းတော်သည် နတ်ဒေဝါမြေခွေးစာတမ်းရှည် ကို မည်သူ့ကိုမှ သင်ကြားပြသပေးခဲ့ခြင်း မရှိပေ။

ထိုသို့ နက်နဲသည့် အတိတ်ဖြစ်ရပ်များကို ကျီးယင်းနှင့် ကျီး ယင်တို့သာ သိနိုင်လေသည်။ တပည့်အငယ်များဖြစ်သည့် ဟယ်စူးရင်းနှင့် ယွမ်ကျိယီတို့က သိရှိနိုင်ခြင်း မရှိတော့ပေ။

ဟယ်စူးရင်းက...

"ဒါပေမယ့် အဲဒီမြေခွေးက ဒီလောက်လည်း တန်ခိုးစွမ်းအား မ မြင့်မားလှပါဘူး ၊ တကယ်တော့ အဲဒီချင်းရှတောင်မှာ အမြီး ရော ခေါင်းရော မပြရဲဘဲ ပုန်းနေတဲ့လူကြောင့် ကျွန်မဒဏ်ရာရ သွားတာ ၊ ကျွန်မက ရှမ်နီနန်းတော်ရဲ့နာမည်ကို ထုတ်ပြောတာ တောင် အဲဒီလူက တိုက်ခိုက်ရဲတယ်..."

ဟယ်စူးရင်း၏စကားကြောင့် ကျီးယင်းသည် မျက်မှောက်တစ် ချက်ကြုံ့လိုက်မိလေသည်။

ဟယ်စူးရင်းသည် အနည်းငယ်ရိုင်းစိုင်းသည့်အတွက် သူမက သိပ်ပြီး သဘောမကျမိပေ။ သို့သော်... သူမသည် ယခုမှ လူပြန်ဝင်စားကာ ရွှမ်နီနန်းတော်သို့ ပြန်လည်ဝင်ရောက်ရမည့်သူဖြစ်သည့်အတွက် ထိုမိန်းကလေးကို ဆုံးမစကားပြောရန်မှာလည်း မဖြစ်နိုင်ပေ။

သို့သော်... ကျိုးယင်ကတော့ အစကတည်းက အေးစက်သည့် စိတ်ထားရှိသူဖြစ်သည့်အတွက် ဟယ်စူးရင်း၏ စကားများထဲတွင် အမှားပါသည်ဟု မထင်မိပေ။

ကျိုးယင်က...

"မင်းတို့ရဲ့ကိစ္စတွေ ခဏထားလိုက်ဦး၊ ငါ့ရဲ့ဂိုဏ်းတူအစ်မကို ဒုက္ခပေးဖို့ ကြံစည်တဲ့ ဟိုကျင့်ကြံသူကို ကောင်းကောင်း ပညာပေးဖို့ အရင်စဉ်းစားရမယ်၊ သူက ဟိုဈေးထဲမှာပေါ်လာတာဆိုတော့ ဒီအနီးတစ်ဝိုက်က ကျင့်ကြံသူပဲ ဖြစ်ရမယ်၊ ဟယ်စူး

ရင်း ... မင်းရဲ့အိမ်က ဒီအနားတစ်ဝိုက်မှာရှိတာ မဟုတ်လား ၊ အဲဒီ ကျင့်ကြံသူအကြောင်း စုံစမ်းပေးလို့ မရဘူးလား..."

ကျီးယင်က ပြောပြီးသည်နှင့် ချက်ချင်းပင် စာရွက်ဖြူတစ်ရွက်ကို ဖန်ဆင်းလိုက်ပြီး စာရွက်ပေါ်တွင် ကျီးစစ်ကျွင်း၏ ပုံတူပန်းချီကို ဆွဲလိုက်လေသည်။

ကျီးစစ်ကျွင်းကို ပညာမပေးဘူးဆိုလျှင်တောင်မှ သူမသည် ကျီးစစ်ကျွင်း၏ ဇာစ်မြစ်ကို သိချင်မိလေသည်။

ဆရာဖြစ်သူ၏ စကားကြောင့် ဟယ်စူးရင်းမှာ ကျေနပ်သွားလေသည်။ သူမတို့မိသားစုသည် တာ့ကျောက်တိုင်းပြည်မှ နာမည်ကြီး ကျင့်ကြံသူမိသားစုတစ်ခုဖြစ်သည့် ဟယ်အိမ်တော်ဖြစ်လေသည်။

သို့သော်... ဟယ်အိမ်တော်သည် မည်မျှပင် နာမည်ကြီးပါစေ ရွှမ်နွီနန်းတော်ကိုတော့ မမီနိုင်ပေ။ ယခုတော့ ဆရာဖြစ်သူထံမှ

ဟယ်အိမ်တော်ကို အားကိုးသည့်စကားများ ကြားလိုက်ရ
သည့်အတွက် ပီတိဖြာသွားရခြင်း ဖြစ်လေသည်။
ဆရာဒေါ်လေးများနှင့် ဟယ်အိမ်တော်ကို မိတ်ဖွဲ့ပေးခြင်း
အားဖြင့် ဟယ်အိမ်တော်အတွက်လည်း အကျိုးမယုတ်နိုင် ပေ။
ထို့ကြောင့် သူမသည် ကျီးယင်ဆွဲပေးသည့် ပန်းချီကားကို
လက်ခံလိုက်ပြီး ဆရာဒေါ်လေး (၂)ယောက်ကို လည်းအိမ်သို့
အလည်အပတ်သွားရန် နွေးထွေးစွာဖြင့် ဖိတ်ခေါ်လိုက်လေ
တော့သည်။

ဟယ်အိမ်တော်သည် ကျိုးယီတောင်ပေါ်တွင် တည်ရှိလေ
သည်။

ဖြစ်ချင်တော့… ထိုနေရာတွင် ဆန်းလျန်လည်း ရောက်ရှိနေခဲ့
လေသည်။

အခန်း (၇၄၄) ကျိုးယီတောင်ခြေကမိန်းကလေးငယ်

ကျိုးယီတောင်သည် ထူးဆန်းသည့် တောင်တစ်တောင်တော့ မဟုတ်ပါ။

သို့သော်... ကျိုးယီတောင်ဖြစ်တည်လာသည့် ဇာစ်မြစ်ကတော့ ထူးဆန်းလေသည်။

ကျိုးယီတောင်သည် မိုးနှင့်မြေတွင် တစ်ညအတွင်း ရုတ်တရက်ဖြစ်ပေါ်လာသည့် တောင်တစ်တောင် ဖြစ်လေသည်။ ကျိုးယီတောင်တွင် အဓိကတောင်ထွတ် (၉)ခု ရှိလေသည်။ အခြားသော တောင်ထွတ်ငယ်များလည်း မရေမတွက်နိုင်အောင် ရှိကြလေသည်။

ထို့ကြောင့် ကျိုးယီတောင်ဟု ခေါ်ကြခြင်း ဖြစ်လေ၏။

"တောင်ထွတ်ကိုးခုဝယ် ခရီးလှည့်လည်...

စမ်းချောင်းများနှင့် ထူးဆန်းအံ့သြဖွယ်...

ခရီးသွားမှာ မျက်စိလည်..."

ဆိုသည့်ကဗျာမှာ ကျိုးယီတောင်အကြောင်း ရေးစပ်ထားသည့်

ကဗျာဖြစ်လေသည်။

ကျိုးယီတောင်ရှိ ထောင်ထွတ်များမှာ ဆင်တူလွန်းပြီး ခွဲခြားရန်

ခက်ခဲလေသည်။ ထို့ကြောင့် ထိုကဗျာကို ရေးသားခဲ့ခြင်း ဖြစ်

ဟန်တူလေသည်။

ထို့ပြင် ကျိုးယီတောင်သည် ခမ်းနားထည်ဝါပြီး ရှုခင်းများ

လည်း လှပလေသည်။ လိုဏ်ဂူများကိုလည်း နေရာအနှံ့တွင်

တွေ့မြင်နိုင်ပြီး စမ်းချောင်းလေးများကလည်း နေရာတိုင်းတွင်

စီးဆင်းလျှက်ရှိလေသည်။ ဝိညာဉ်စွမ်းအားများလည်း မြင့်မား

လွန်းလှပြီး ကျင့်ကြံသူများအတွက် သင့်တော်သည့် နေရာတစ်

ခု ဖြစ်လေသည်။

ကျိုးယီတောင်၏ တောင်ထွတ် (၉)ခုလုံးကို ဟယ်အိမ်တော်က ပိုင်ဆိုင်လေသည်။ ကျိုးယီတောင်၏ အခြားသော ဒေသများ မှာတော့ ဟယ်အိမ်တော်နှင့် ဆွေးမျိုးနီးစပ်သူများ ၊ ဟယ်အိမ် တော်နှင့် လက်ဆက်ထားသည့် မိသားစုများ ကပိုင်ဆိုင်ကြလေ သည်။

ကျိုးယီတောင်နှင့်ဟယ်အိမ်တော်သည် တာ့ကျိုးပြည်၏ လက်အောက်တွင် တည်ရှိလေသည်။

သို့သော်... တာ့ကျောက်ဧကရာဇ်၏ အာဏာစက်ဝန်းနှင့် ဝေးလံလွန်းလှသည့်အတွက် ဟယ်အိမ်တော်သည် သီးသန့် တည်ရှိသည့်နေရာတစ်ခုအလား တစ်ထီးတစ်နန်း ဖြစ်နေလေ သည်။

ထို့ပြင် ဟယ်အိမ်တော်သည် ဝိညာဉ်စွမ်းအားမြင့်မားသည့် နေရာတွင်တည်ရှိပြီး ကျင့်ကြံသူများစွာလည်း နေထိုင်ကြသည့် နေရာတစ်ခု ဖြစ်လေသည်။ ဟယ်မျိုးနွယ်များမှ ကျင့်ကြံ

သူများဖြစ်မလာဘဲ သာမန်ဘဝတွင် နေထိုင်မည် ဆိုလျှင်

တောင် လောကနိယာမတရားများနှင့် အခြေခံကျင့်စဉ်များကို

တော့ တတ်ကျွမ်းကြလေသည်။

ထူးချွန်သည့်လူငယ်ကျင့်ကြံသူများဆိုလျှင်တော့ ဟယ်အိမ်

တော်မှတစ်ဆင့် နန်းတော် (၃)ခုနှင့် နတ်ဘုရား ကျောင်းတော်

ကြီး(၄)ခုရှိရာတွင် ပညာသင်ယူနိုင်မည် ဖြစ်လေသည်။

ထို့ကြောင့် ဟယ်အိမ်တော်သည် နှစ်ထောင် ပေါင်းများစွာကြာ

အောင် ရပ်တည်နေခဲ့သည့် ကျင့်ကြံသူမျိုးနွယ်များ ဖြစ်ကြ

လေသည်။

လောကတွင် အနိမ့်အမြင့်အတက်အကျ များစွာရှိလေရာ

သာမန် လက်လုပ်လက်စား ဟယ်မျိုးနွယ်များလည်း ရှိကြ

သည်ပဲ ဖြစ်လေသည်။

ကျင့်ကြံသူဖြစ်မလာဘဲ သာမန်လူတန်းစားများအနေဖြင့်

အသက်မွေးဝမ်းကျောင်းပြုနေရသည့် ဟယ်မျိုးနွယ်

လယ်သမားများ ၊ အရောင်းအဝယ်သမားများလည်း ရှိလ

သည်။ သို့သော်... သူတို့သည် ဟယ်အိမ်တော်နှင့် ပတ်သက်

သည့် ဟယ်မျိုးနွယ်များဖြစ်ကြသည့်အတွက် သူတို့၏ဘဝ

များသည် အခြားသောသူများထက်သာလွန် သည့်အခွင့်အရေး

များကို ရရှိကြလေသည်။

အလွန်ဆင်းရဲပြီး မြေငှားခမပေးနိုင်သည့် ဟယ်မျိုးနွယ်များရှိ

ခဲ့လျှင်တောင်မှ လယ်ရှင် ၊ အိမ်ရှင်များက ဟယ်မျိုးနွယ်ဖြစ်

နေသည့်အတွက် သက်သာ လျှော့ပေါ့ပေးကြလေ့ရှိလေသည်။

ကျိုးယီတောင်တွင် ဟယ်မျိုးနွယ်များစွာနေထိုင်ကြလေသည်။

ကျိုးယီတောင်အနောက်ဘက်တောင်ခြေတွင် ယွင်မုမြစ်စီး

ဆင်းနေလေသည်။ ကျိုးယီတောင်ပေါ်မှ ကြည့်မည်ဆိုလျှင် ယွ

င်မုမြစ်စီးဆင်းနေသည့် ရှုမျှော်ခင်းမှာ အလွန်မှ လှပလေ

သည်။

ထိုယွင်မုမြစ်ကမ်းဒေသတွင် ဟယ်မျိုးနွယ် မိသားစုလေး တစ်စု နေထိုင်လေသည်။

မိသားစုမှ ဖခင်ဖြစ်သူ ဆုံးပါးသွားပြီးသည့်နောက် ဟယ်အိမ်တော်တွင် မိခင်ဖြစ်သူ မုဆိုးမကြီးနှင့် ကလေးများသာ ကျန်ရစ်ခဲ့လေသည်။ ဖခင်ဖြစ်သူကို သဂြိုလ်ပြီးသည့်နောက်ပိုင်း ကလေးများမှာလည်း အခြားနေရာသို့ ရောက်ရှိသူက ရောက်ရှိပြီး ပျောက်ဆုံးသူများလည်း ပျောက်ဆုံးသွားကြလေရာ မိသားစုလေး၏ ဘဝသည် အခြေအနေပိုမိုဆိုးဝါးလာလေတော့သည်။

ခင်ပွန်းသည် ဆုံးပါးသွားပြီးသည့်နောက် မိခင်ဖြစ်သူက ညစဉ်ညတိုင်းငိုကြွေးခဲ့လေရာ နောက်ဆုံး မျက်လုံးများ ကွယ်ခဲ့ရလေသည်။ ထိုအခါ မိသားစုတာဝန်များသည် တစ်ဦးတည်း ကျန်ရစ်ခဲ့သူ သမီးငယ်ဟယ်ရှန်း၏ ပခုံးပေါ်သို့ ကျရောက်ခဲ့ရလေသည်။

ယခုနှစ်တွင်တော့ ဟယ်ရှန်းသည် အသက် (၁၃)နှစ် ပြည့်ပြီ

ဖြစ်လေသည်။ မိခင်ဖြစ်သူ မျက်မမြင်ကြီးကို စောင့်ရှောက်

ရင်း ဆင်းရဲလှစွာ နေထိုင်ရသည့် သူမ၏ဘဝကြောင့်သူမကို

မည်သူမှ လက်ထပ်ရန် ကမ်းလှမ်းခြင်း မရှိခဲ့ကြပေ။

ထို့ကြောင့်ဟယ်ရှန်းသည် တောင်ပေါ်တွင် ဆေးမြစ် ဆေးပင်

များ ရှာဖွေပြီး အသက်မွေးဝမ်းကျောင်းပြုရလေသည်။

အားလပ်ချိန်များတွင်တော့ အပိုဝင်ငွေရရန်အတွက် ပန်းထိုး

သည့် အလုပ်ကို ပြုလုပ်လေသည်။

ထို့ကြောင့် အသက်ငယ်ငယ်နှင့်ပင် သူမ၏လက်များမှာ

အသားမာများတက်နေပြီး ကောက်ရိုးဖိနပ်ကိုစီးကာ တောင်

ပေါ်သို့ တက်ရသည့်အတွက် ခြေဖဝါးများတွင်လည်း

အသားမာများ တက်လျှက်ရှိလေသည်။ ခန္ဓာကိုယ်မှာလည်း

အလွန် ပိန်လှီပြီး အသက် (၁၃)နှစ်ရှိပြီ ဖြစ်သည့်တိုင် အသက်

(၁၀)နှစ်အရွယ် ဟုသာ ထင်မှတ် ရလေသည်။

ယနေ့လည်း သူမသည် ခါတိုင်းနေ့များကဲ့သို့ ဆေးပင် ဆေး
မြစ်များ ရှာဖွေရန် တောင်ပေါ်သို့ တက်လာခဲ့လေသည်။
တောင်ပေါ်သို့တက်လာရင်း ချောက်ကမ်းပါးယံကြီးကို တစ်
ချက်မော့ကြည့်လိုက်ရာ ချောက်ကမ်းပါးယံအမြင့်ကြီး ထက်
တွင် ပေါက်ရောက်နေသည့် သစ်ခွပန်းတစ်မျိုးကို တွေ့လိုက်ရ
လေသည်။ ထိုသစ်ခွပန်းမှာ အလွန်ဆေးဘက်ဝင်ပြီး အဖိုးတန်
သည့် ပန်းတစ်မျိုး ဖြစ်လေသည်။ ထိုသစ်ခွပင်ကိုသာ ရမည်
ဆိုလျှင် သူမအနေဖြင့် ပိုက်ဆံများစွာ ရရှိမည် ဖြစ်လေသည်။
အခြားသူများမဦးသွားခင်မှာပင် သူမသည် ကျောက်နံရံထက်
သို့ ကုတ်တက်ကာ သစ်ခွပန်းကို ခူးယူရန် ပြင်ဆင်လိုက်လေ
သည်။

သူမသည် တောင်ပေါ်တွင် ဆေးပင် ဆေးမြစ်များ စုဆောင်း
သည့်အလုပ်ကို လုပ်နေသည်မှာ နှစ်အတန်ငယ်ကြာပြီ ဖြစ်
သည့်အတွက် ချောက်ကမ်းပါးများကို တွယ်တက်နေကျဖြစ်

လေသည်။ ချောက်ကမ်းပါးယံများသည် အေးစက်စိုစွတ်ပြီး ချောမွတ်နေသည့်တိုင် သူမကတော့ မရ ရအောင် ကုတ်တက်နိုင်လေသည်။

ယခုလည်း သူမသည် ချောက်ကမ်းပါးယံကြီးပေါ်သို့ ကုတ်တက်သွားလေသည်။ သစ်ခွပန်းပင်ကို အနီးကပ်တွေ့မြင်လိုက်ရသည့်အခါ အလွန်စိတ်လှုပ်ရှားသွားပြီး သစ်ခွပန်းပင်ကို နှုတ်ယူလိုက်လေသည်။

သို့သော်...

သူမသည် ရုတ်တရက် ခြေချော်ပြီး ချောက်ကမ်းပါးရုံကြီးထက်မှ ပြုတ်ကျသွားလေတော့သည်။ သူမဘဝတွင် မည်သည့်အခါမှ ထိုသို့ ပြုတ်ကျဖူးခြင်း မရှိပေ။ ယခုတော့ သူမသည် ခြေလွတ်လက်လွတ် ပြုတ်ကျသွားခဲ့ပြီဖြစ်ပြီး အောက်ရောက်လျှင် အရိုးတခြား အသားတခြား ဖြစ်ရပေတော့မည်။

သို့သော်... မထင်မှတ်စွာပင် အလွန်နူးညံ့သည့် တန်ခိုးစွမ်းအား လှိုင်းလုံးတစ်ခုထွက်ပေါ်လာပြီး သူမကို အသာအယာ ထောက်ပံ့ပေးထားလိုက်လေသည်။ ထို့ကြောင့် သူမ မြေပြင်ထက်သို့ သက်သက်သာသာဖြင့် အန္တရာယ်ကင်းစွာ ကျရောက်သွားခဲ့လေသည်။

အဖြစ်အပျက်များမှာ ထူးဆန်းလွန်းသည့်အတွက် သူမက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်လေ သည်။ သို့သော်... မည်သည့်ထူးခြားချက်မှ မတွေ့ရသည့်အတွက် သူမသည် သစ်ခွပန်းပင်ကို ယူကာ ထွက်ခွာလာခဲ့လေတော့သည်။

သို့တိုင်အောင် သူမသည် တစ်ခုခုထူးခြားမှုများ ဖြစ်လေမည်လားဟု သူမ ပြုတ်ကျခဲ့သည့် ချောက်ထဲသို့ လည်ပြန်လှည့်ကာ ကြည့်နေခဲ့သေးသည်။

ဟယ်ရှန်းအိမ်ပြန်ရောက်လောက်သည့်အချိန်ရောက်မှ ဟယ်ရှန်းပြုတ်ကျခဲ့သည့် ချောက်ထဲတွင် လူ (၂)ယောက်၏ ပုံသဏ္ဍာန် ပေါ်လာလေသည်။ တစ်ယောက်မှာ အနက်ရောင်ဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး နောက်တစ်ယောက်မှ အပြာနုရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ဖြစ်လေသည်။

ကျွယ်ရှင်းနှင့် ဆန်းလျန်ပင် ဖြစ်လေ၏။

ကျွယ်ရှင်းက...

"အင်း... ဒီကလေးမလေးကတော့... ကံကောင်းလို့..."

ဟယ်ရှန်း၏အသက်ကိုကယ်လိုက်သူမှာ ကျွယ်ရှင်းဖြစ်လေသည်။

ဆန်းလျန်က...

"အခုတလေ မင်းရဲ့ မိစ္ဆာစွမ်းအားတွေကို အတော်လေး

ထိန်းချုပ်နိုင်နေတာပဲ ၊ အဲဒါ မင်းရဲ့စိတ်ထဲမှာ အပြောင်းအလဲ

တွေဖြစ်လာလို့ပဲ..."

ကျွှယ်ရှင်းက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ် ၊ ဒါနဲ့ အဲဒီကောင်မလေးဘ၀ ဒီလောက်ခက်ခဲနေ

တာ ၊ ငွေတွေဘယ်မှာ မြှုပ်ထားတယ်ဆိုတာ သခင်လေး ပြော

မပြသေးဘူးလား..."

ဆန်းလျန်က...

"အဲဒီကိစ္စက အလျင်လိုစရာမလိုပါဘူး ၊ ဒါနဲ့ အဲဒီ

ကောင်မလေးက ဝိညာဉ်စွမ်းအား တော်တော် ကောင်းတာပဲ..."

ကျွှယ်ရှင်းက...

"ဒီနေရာက တောတောင်ရေမြေတွေကအရမ်းသာယာပြီး

ဝိညာဉ်စွမ်းအားတွေနဲ့ ပြည့်ဝနေတာ အဲဒီကောင်မလေး ဝိညာဉ်

စွမ်းအားကောင်းတာ အံ့သြစရာမရှိပါဘူး...."

ဆန်းလျန်က...

"သူ့ရဲ့ဝိညာဉ်စွမ်းအားတွေက ပုံမှန်မဟုတ်ဘူး ၊ ထူးခြားတယ် ၊ ကျုပ်ဘဝမှာ ကလေးတွေအများကြီးတွေ့ဖူးတယ် ၊ ဒီကလေးမလေးက ကျုပ်ရဲ့တူမနဲ့တောင် ကောင်းကောင်းယှဉ်နိုင်တယ်..."

ကျွယ်ရှင်းက အံ့ဩသွားသည့်လေသံဖြင့်...

"သခင်လေးမှာ တူမရှိသေးတာလား..."

ဆန်းလျန်သည် "ကျုပ်ရဲ့တူမ" ဆိုသည့်စကားကို အလိုအလျောက် မသိစိတ်မှ ပြောထွက်သွားခြင်း ဖြစ်လေသည်။

သို့သော်... သူ၏တူမလေးအကြောင်းကို ပြန်လည်စဉ်းစားကြည့်သည့်အခါတွင်တော့ အခိုးအငွေ့များ နောက်ကွယ်တွင် ဝေဝါးစွာဖြင့် ခန့်မှန်းမရဖြစ်နေရလေသည်။

သို့ရာတွင်... အတိတ်ကိုစဉ်းစားကြည့်လိုက်တိုင်း ထိုသို့ပင်ဖြစ်နေကျဖြစ်သည့်အတွက် ထူးဆန်းလှသည်တော့ မဟုတ်ပေ။

ဆန်းလျန်က...

"အင်း... နောင်အနာဂတ်မှာတော့ သူနဲ့ ပြန်တွေ့ခွင့်ရချင်ရမှာပေါ့၊ ကျုပ်ဆိုလိုတာက ဒီမိန်းကလေးက ပေါ့သေးသေးမဟုတ်ဘူးလို့ ပြောချင်တာ၊ သူသာ ကျင့်ကြံခြင်းလမ်းကိုလျှောက်လှမ်းမယ်ဆိုရင် ခဏလေးနဲ့ စစ်မှန်တဲ့ ကျင့်စဉ်လမ်းကို ဝင်ရောက်နိုင်လိမ့်မယ်..."

ဆန်းလျန်ပြောသည့် "စစ်မှန်တဲ့ကျင့်စဉ်လမ်းကိုဝင်ရောက်နိုင်လိမ့်မယ်" ဆိုသည့် စကားအဓိပ္ပါယ်ကို ကျွယ်ရှင်းကောင်းကောင်း နားလည်လေသည်။

ထိုစကားမှာ ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်ခြင်းကို ပြောခြင်း ဖြစ်လေသည်။ ဟိုင်သန်းအဆင့်သို့ တက်ရောက်နိုင်ပြီဆိုလျှင် ကျင့်စဉ်လမ်းတစ်ဝက်ကျိုးပြီဟု မှတ်ယူနိုင်လေ၏။ အမှန်တော့ လောကတွင် နတ်ဘုရားတစ်ပါးအဖြစ်အဆင့်တက်ရောက်နိုင်ရန်မှာ လွယ်ကူလှခြင်း မရှိပေ။ ။

အဘယ်ကြောင့်ဆိုသော် ဟိုင်သန်းအဆင့်မှ ရှေ့မဆက်နိုင်ကြသည့်အတွက် ဖြစ်လေသည်။ သို့သော်... ဟိုင်သန်း အဆင့်တွင် ရပ်တန့်နေသူများထက် ဟိုင်သန်းအဆင့်သို့ပင် ရောက်ရှိနိုင်ခြင်း မရှိသူများက ပိုမိုများပြားလေသည်။

ထို့ကြောင့် ဟိုင်သန်းအဆင့်တက်ရောက်နိုင်ခြင်းမှာ လူ့လောကမှ စာပေသမားများ ဘုရင့်စာမေးပွဲ ဖြေဆိုအောင်မြင်ခြင်းနှင့်ဆင်တူလေသည်။ စာပေသမားများ ဘုရင့်စာမေးပွဲ အောင်မြင်သည်နှင့် ရာထူးရာကန်များ ၊ ငွေကြေးများ ၊ ဘွဲ့ထူးဂုဏ်ထူးများ ရရှိကာ ချက်ချင်းဘဝပြောင်းသွားသကဲ့သို့ ကျင့်ကြံခြင်း

လောကတွင် ဟိုင်သန်း အဆင့်တက်ရောက်နိုင်ပါကလည်း ချက်ချင်းဘဝပြောင်းသွားမည် ဖြစ်လေသည်။

ဆန်းလျန်သည် မမှန်မကန်စကားကို ပြောဆိုမည် မဟုတ်သည် ကို ကျွယ်ရှင်း ကောင်းကောင်းသိလေသည်။ ဟယ်မိန်းကလေး ငယ်မှာ အမှန်ပင် အရည်အချင်းရှိသူတစ်ယောက် ဖြစ်ရပေမည်။

သို့သော်... ကျင့်ကြံခြင်းပါရမီပါသူတိုင်း ၊ အရည်အချင်းရှိသူတိုင်းလည်း ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်ကြသည် မဟုတ်ပါ။ အရာရာသည် ကံတရားအတိုင်းသာ ဖြစ်လေ၏။

ကျွယ်ရှင်းက...

"သခင်လေးက သူ့ကို ကျင့်စဉ်လမ်းကို လျှောက်လှမ်းစေချင်လို့လား..."

ဆန်းလျန်က နူးညံ့စွာပင် ရယ်မောလိုက်ရင်း...

"ဆရာဆိုတာက တံခါးကို ဖွင့်ပေးရုံပဲ တတ်နိုင်တယ်၊ ကျန်တာ ကတော့ကိုယ့်ဟာကိုယ်ပဲ ဆက်လျှောက်ရမှာပဲ၊ ကျုပ်က သူ့ကို ပညာသင်ပေးချင်တယ်၊ ဒါပေမယ့် သူ ကျုပ်ရဲ့တပည့် ဖြစ်လာမလား၊ ဖြစ်မလာဘူးလားဆိုတာတော့ ကံတရား အပေါ်မူတည်တယ်..."

ဆန်းလျန်သည် လောကကြီးတစ်ခုလုံးအကြောင်းကို ခြုံငုံ သိမြင်နိုင်သည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

အရည်အချင်းရှိသူများ၊ အလှတရားများ နှင့် မိုးနှင့်မြေမှ ဖြစ်တည်မှုမှန်သမျှသည် သူ့အတွက် စိတ်လှုပ်ရှားစရာ သိပ်မရှိလှပေ။ သို့သော်... အရည်အချင်းရှိသူများကိုတွေ့သည့်အခါ သူ့ အနေဖြင့် ကူညီပေးလိုစိတ် ဖြစ်မိခြင်းသာ ဖြစ်လေသည်။

အခန်း (၇၄၅) သာမန်လူသားတစ်ယောက်ဖြစ်ရသောကြောင့်

ဆန်းလျန်နှင့် ကျွယ်ရှင်း ဟယ်ရှန်းအကြောင်းပြောနေကြစဉ်မှာ

ပင် ရှမ်နီနန်းတော်မှ မိန်းမပျို (၄)ယောက်သည်လည်း ကျိုးယီ

တောင်သို့ ရောက်ရှိလာကြလေသည်။

သူတို့က တောင်၏ အခြားဘက်ခြမ်းမှ မြစ်ကြောင်းအတိုင်း

လှေတစ်စင်းဖြင့် ရောက်လာကြခြင်းဖြစ်သည်။

ဟယ်စူးရင်းက...

"ဆရာဒေါ်လေး... စွမ့်ယွမ်တောင်ထွတ်က ဟို အရှေ့မှာပါ၊

ကျွန်မတို့ ဟယ်အိမ်တော်က အဲဒီမှာရှိတယ်...."

ကျီးယင်က အရှေ့သို့ ကြည့်လိုက်လေရာ... ကြည်လင်သည့်

စမ်းချောင်းလေးနှင့် လှပသည့် တောတောင်များကို တွေ့လိုက်

ရလေသည်။ တောင်ထွတ်ပေါ်တွင် တိမ်ခိုးများဝေနေပြီး

ဝိညာဉ်စွမ်းအားများနှင့် ပြည့်ဝလျှက် ရှိလေသည်။

ဟယ်အိမ်တော်သည် နှစ်ပေါင်းများစွာကြာအောင် ရပ်တည်နိုင်

ခဲ့သည်မှာ အံ့သြစရာ မရှိပေ။ အဘယ်ကြောင့် ဆိုသော် ဤ

နေရာသည် ဝိညာဉ်စွမ်းအားများကောင်းမွန်ပြီး မိုးမြေစွမ်းအား

များ နှင့်ပြည့်ဝနေသောကြောင့်ဖြစ်လေ သည်။

စွမ့်ယွမ်တောင်ထွတ်နှင့် နီးကပ်လာသည့်အခါတွင်တော့ ကျီး

ယင်က စီးလာသည့်လှေနံဘေးကို ခြေထောက်ဖြင့် တစ်ချက်

အသာကန်လိုက်လေသည်။ ရုတ်တရက် တန်ခိုးစွမ်းအား လှိုင်း

လုံးများ မြင့်တက်လာပြီး လှေက ကောင်းကင်ထက်သို့ ပျံသန်း

ထွက်ခွာသွားလေတော့သည်။

နေဝင်ချိန်ဖြစ်သည့်အတွက် ဆည်းဆာရောင်ခြည်က

တောက်ပနေပြီး ကြိုးကြာများက လှေကြီးနံဘေးတွင်ပျံသန်း

လိုက်ပါလာကြလေရာ တွေ့မြင်ရသည့် ရှုမျှော်ခင်းမှာ အလွန်မှ

ရင်သပ်ရှုမောဖွယ်ရာပင်။

ရုတ်တရက်ပင် ... တောင်ထိပ်မှ အလင်းရောင်များထွက်

ပေါ်လာပြီး သူတို့ (၄)ယောက်ကို ကြိုဆိုသည့် ဧည့်ကြိုများ

ရောက်ရှိလာကြလေသည်။

စွမ့်ယွမ်တောင်ထွတ်မှာ တိမ်ခိုးများနှင့် ဖုံးလွှမ်းလျှက် ရှိလေ

သည်။ သို့သော်... တိမ်ခိုးများအတွင်းသို့ ဝင်ရောက် လိုက်

သည်နှင့် အတိုင်းထက်အလွန်လှပသည့် ရှုမျှော်ခင်းများကို

မြင်တွေ့လိုက်ရလေသည်။

စွမ့်ယွမ်တောင်ထွတ်ထိပ်တွင် ခမ်းနားလွန်းသည့် အိမ်တော်

ကြီးတစ်ခု ရှိနေလေသည်။ တောင်ပေါ်သို့ တက်သည့် လမ်းမှာ

လည်း အလွန်မှ လှပလေသည်။

ကျီးယင်နှင့် မိန်းမပျိုများသည် မြေပြင်ထက်သို့ ဆင်းသက်

လိုက်ကြပြီး ဟယ်အိမ်တော်မှ လာရောက်ကြိုဆိုကြသည့်

ဧည့်ကြိုများနောက်သို့ လိုက်ပါသွားကြလေသည်။ သူတို့

တောင်ပေါ်သို့ တက်လာသည့်အချိန်မှာပင် နတ်ဘုရား တေး

သွားများ ထွက်ပေါ်လာလေသည်။ ထိုတေးသွားမှာ ဟယ်အိမ်

တော်မှ ဂုဏ်သရေရှိဧည့်သည်တော်များကို ကြိုဆိုသည့် ဂီတ

တေးသွားဖြစ်လေသည်။

တောင်တက်လမ်းတစ်လျှောက်တွင် ငယ်ရွယ်သည့် ကျင့်ကြံသူ

လူငယ်လေးများကို နေရာအနှံ့တွင် တွေ့မြင်ရလေ သည်။

အချို့မှာ တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်နေ

ကြပြီး အချို့မှာ စကားစမြည် ပြောဆိုနေကြ လေသည်။

သို့သော်... ကျီးယင်နှင့် အခြားဧည့်သည်များ လမ်းလျှောက်

လာသည်ကို မြင်တွေ့ကြသည့်အခါတွင်တော့ သူတို့သည် ဘေး

သို့ ရှောင်ပေးကြပြီး ယဉ်ကျေးသည့် အမူအရာဖြင့် ဂါရဝ ပြု

ကြလေသည်။

ဟယ်စူးရင်းသည် လက်ရှိ ဟယ်အိမ်တော်သခင်ကြီး၏ သမီး ဖြစ်လေသည်။

သူမသည် ထက်မြက်သူတစ်ယောက်ဖြစ်ပြီး ကျင့်ကြံသူတစ်ယောက်လည်းဖြစ်လေရာ အားလုံးက သူမကို မျက်နှာသာပေးကာ ဂရုတစိုက်ဖြင့် ချစ်ခင်ကြလေသည်။ ကျိုးယီတောင်တွင် သူမကို မသိသည့် ကျင့်ကြံသူဆို၍ မရှိသလောက် ရှားလေသည်။

ယခုလည်း သူမနှင့်အတူပါလာသူများမှာ ရွှမ်နှီနန်းတော်မှ မိန်းကလေးကျင့်ကြံသူများ ဖြစ်ကြလေရာ သူမသည် ပိုပြီး မျက်နှာပွင့်လျှက်ရှိလေသည်။

ဟယ်အိမ်တော်သည် ကြီးကျယ်ခမ်းနားသည့် အိမ်တော်တစ်ခု ဖြစ်သော်လည်း ကျင့်ကြံခြင်းလောကမှ နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော် (၄)ခုကို မည်သည့်နည်းနှင့်မှ မယှဉ်နိုင်ပေ။

ခမ်းနားလွန်းသည့် ဟယ်အိမ်တော်ကြီးရှေ့တွင် သက်လတ်ပိုင်း လူရွယ်တစ်ယောက်က အခြေအရံများ ခြံရံကာ ညှော်သည်များ ကို ကြိုဆိုနေလေသည်။ သက်လတ်ပိုင်းလူရွယ်မှာ ဟယ်စူး ရင်း၏ ဖခင်၊ ဟယ်အိမ်တော်နှင့် ဟယ်မျိုးနွယ်များ အားလုံး၏ခေါင်းဆောင် ဟယ်ရှင်းယင် ဖြစ်လေ၏။

ထိုအချိန်မှာပင်...

အတိတ်ကိုသတိပြန်ရသည်မှာ မကြာသေးသော လူပြန်ဝင်စား သည့်မိန်းမပျို ကျီးယင်းက ဟယ်ရှင်းယင်ကို စတင်နှုတ်ဆက် လိုက်လေသည်။

"အစ်ကိုရှယ့်ွမ်၊ မတွေ့တာကြာပြီနော်..."

ဟယ်စူးရင်းမှာ အံ့သြသွားရလေသည်။

အဘယ်ကြောင့်ဆိုသော်... ယခုမှ ပြန်တွေ့ရသည့် ဆရာ ဒေါ်လေးသည် သူမဖခင်နှင့် မိတ်ဆွေများ ဖြစ်နေသော ကြောင့်ပင်။

ဟယ်စူးရင်းမှာ ရွှမ်နွီနန်းတော်မှ တပည့်တစ်ယောက် ဖြစ်လာပြီးသည့်နောက်ပိုင်း လောကကြီးအကြောင်း အတော်များများကို သိရှိလာခဲ့လေသည်။ သူမတို့ ဟယ်အိမ်တော်မှာ ဂုဏ်သတင်းကျော်ကြားသည့်တိုင် ရွှမ်နွီနန်းတော်နှင့်ယှဉ်လျှင် အသေးအဖွဲ့မျှသာဖြစ်လေသည်။

ယခုတော့... ဆရာဒေါ်လေးကျီးယင်းက ဖခင်ဖြစ်သူကို စတင်နှုတ်ဆက်လိုက်သလို ဆရာဒေါ်လေးကျီးယင် ကလည်း ဖခင်ဖြစ်သူကို လေးစားသည့်အကြည့်ဖြင့် ကြည့်နေသည်ကို တွေ့လိုက်ရသည့်အခါ သူမသည် ဖခင်ဖြစ်သူ အတွက်ဂုဏ်မယူဘဲ မနေနိုင်ခဲ့ပေ။

ကျီးယင်း၏ နှုတ်ဆက်စကားကို ကြားလိုက်ရသော်လည်း ဟယ်ရှင်းယင်သည် သူမကို မမှတ်မိပေ။ မည်သူဖြစ်သည်ကို အလျှင်အမြန်စဉ်းစားလိုက်သည့်တိုင် နောက်ဆုံးတွင်တော့ စဉ်းစားမရတော့ဘဲ မေးမြန်းလိုက်ရ လေသည်။

"ဒီက နတ်သမီးကဘယ်သူများလဲ...."

"မမှတ်မိတော့ဘူးလား အစ်ကိုရှုယွမ် ၊ အရင်တုန်းက အစ်ကို ထိုက်ဟယ်တောင်က ဘုန်းတော်ကြီးပုရှယ်ဆီမှာ တရားနာပြီး သိချင်တာတွေကို မေးမြန်းခဲ့တယ် ၊ အပြန်လမ်း တောင်ပေါ် စမ်းချောင်းလေးနံဘေးမှာ လမ်းလျှောက် လာရင်း ကျွန်မတီး ခတ်တဲ့ ဗျပ်စောင်းသံကို နားထောင်ခဲ့ဖူးတယ်လေ ၊ အဲဒီတုန်း က ကျွန်မက အရေးကြီးကိစ္စ ပေါ်လာတာနဲ့ သိပ်အကြာကြီးမ နေခဲ့ရဘူး ၊ ဗျပ်စောင်းသံနဲ့ မိတ်ဆွေဖွဲ့ခွင့်ရခဲ့တာ... အခုဆိုရင် အနှစ် (၃၀)တောင် ကြာခဲ့ပြီပဲ ၊ အင်းလေ... ကျွန်မက အရင်နဲ့ မတူဘဲ ပြောင်းလဲသွားခဲ့တာကိုး..."

လူပြန်ဝင်စားခဲ့သူ ကျီးယင်းက ရှင်းပြလိုက်လေသည်။ ဟယ်ရှင်းယင်သည် ကျီးယင်းမည်သူဖြစ်သည်ကို ချက်ချင်း သိရှိသွားလေသည်။ ထိုအကြောင်းအရာများကို သူ မည်သို့ မေ့ ပျောက်နိုင်ပါမည်နည်း။

ထိုအချိန်တုန်းက အသူ့အသက်မှာ (၃၀)ပင် မပြည့်သေးပေ။

လောကတစ်ခွင်လှည့်လည်သွားလာရင်း တာအိုတရား ကျင့်ကြံနေခဲ့ချိန်ဖြစ်လေသည်။

သူက ထိုက်ဟယ်တောင်ပေါ်မှ ဇင်ဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ပါးနှင့်တွေ့ဆုံကာ တရားစကာနာယူခဲ့ပြီး မရှင်းလင်းသည့်မေးခွန်းများကိုလည်း မေးမြန်းခဲ့လေသည်။

ထိုနေ့က...

သူတောင်ပေါ်မှ ပြန်ဆင်းလာသည့်အချိန်တွင် ညခင်းအချိန်သို့ပင်ရောက်ရှိနေခဲ့ပြီ။

ကောင်းကင်ထက်တွင် လရောင်က ထိန်ထိန်သာနေပြီး အေးချမ်းသည့် တောင်ဆင်းလမ်းလေးထက်တွင် လမ်းလျှောက်လာစဉ် သာယာသည့် ဗျပ်စောင်းတီးခတ်သံတစ်သံကို ကြားခဲ့ရခြင်း ဖြစ်လေသည်။

ဗျပ်စောင်းသံကို ကြားလိုက်ရသည်နှင့် သူ၏စိတ်အစဉ်သည် တိမ်ကင်းစင်သည့်လရောင်ပမာ ချက်ချင်း ကြည်လင် သွားရပြီး တရားအလင်းပွင့်ကာ ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားခဲ့လေသည်။

ထိုအချိန်မှစပြီး... သူ၏ ကျင့်ကြံခြင်းအဆင့်များ အဆက်မပြတ်မြင့်တက်လာခဲ့လေသည်။

ယခုအချိန်ထိ... ထိုညက ကြားခဲ့ရသည့် ဗျပ်စောင်းသံကို ပြန်စဉ်းစားမိတိုင်း ကြည်နူးခြင်းကို ခံစားရလေသည်။ သို့သော်... နှစ်ပေါင်းများစွာ ရှာဖွေခဲ့သည့်တိုင် ဗျပ်စောင်းတီးခတ်ကာ သူ့ကို ကျင့်ကြံခြင်း အဆင့်တက်စေခဲ့သည့် ကျေးဇူးရှင်ကို ပြန်လည်တွေ့ရှိရခြင်း မရှိတော့ပေ။

ယခုတော့ မထင်မှတ်စွာပင်... သမီးဖြစ်သူနှင့်အတူပါလာသည့် ကျင့်ကြံသူမိန်းမပျိုသည် တစ်ချိန်က ရှာဖွေနေခဲ့သည့် ကျေးဇူးရှင် ဖြစ်လို့နေခဲ့လေသည်။

ဟယ်ရှင်းယင်သည် ဟယ်အိမ်တော်၏ သခင်ကြီးဖြစ်လေ

သည်။

သူ့ကို ကျေးဇူးပြုခဲ့ဖူးသူမိန်းမပျိုသည် အကြောင်းမရှိဘဲ တစ်

ချိန်က ပတ်သက်ခဲ့ဖူးသည်ကို ထုတ်ဖော်ပြောလိမ့်မည် မဟုတ်

ပေ။ ထို့ကြောင့် သူက မိန်းမပျိုကို သေသေချာချာ အကဲခတ်

ကြည့်လိုက်လေသည်။ ထိုအခါ မိန်းမပျို၏ ကျင့်ကြံခြင်း

အဆင့်သည် ယခင်တစ်ချိန်ကလောက် မြင့်မားခြင်း မရှိ

တော့သည်ကို သတိပြုလိုက်မိလေသည်။

ယခင်တုန်းက ပြုခဲ့ဖူးသည့် ကျေးဇူးတရားကို ပြန်ဆပ်ရန်

အချိန်တန်ပြီဟု ဟယ်ရှင်းယင် တွေးလိုက်လေသည်။

ဟယ်ရှင်းယင်က ပြုံးလိုက်ရင်း...

"ကံတရားက သိပ်ဆန်းကျယ်တာပဲ ၊ အခုလို ပြန်ဆုံတွေ့ရမှ

တော့ ကျုပ်က ညှော့ဝတ်ကျေစေရပါမယ်ဗျာ ၊ ကဲ ကဲ...

နတ်သမီး (၃)ပါးနဲ့ အားရင်းတို့ အိမ်ထဲအရင်ဝင်ကြပါ၊ ပြီးမှ

စကားပြောကြတာပေါ့..."

ဟယ်ရှင်းယင်က ညွှန်သည်များကို လိုလေသေးမရှိ ပြင်ဆင်

ညွှန်ခံလေသည်။ အထူးသဖြင့် ကျီးယင်းကို အထူးဂရုစိုက်လေ

သည်။

ဟယ်စူးရင်းက ဖခင်ဖြစ်သူမှာ ဆရာဒေါ်လေးကျီးယင်းကို

အထူးဂရုစိုက်နေသည်ကို ရိပ်မိလိုက်လေသည်။ ဖခင်ဖြစ်သူက

ဆရာဒေါ်လေးကျီးယင်းကို မေတ္တာများ ရှိနေလေသလားဟုပင်

သူမတွေးလိုက်မိလေသည်။

အမှန်တော့ ဟယ်စူးရင်းသည် မိတဆိုးသမီးလေးဖြစ်လေ

သည်။

သူမကိုမွေးပြီးသည့်နောက်ပိုင်း မိခင်ဖြစ်သူမှာ ပြင်းထန်သည့်

အဖျားရောဂါကိုခံစားရပြီး ဆုံးပါးသွားခဲ့လေသည်။ ဖခင်ဖြစ်

သူက ဟယ်အိမ်တော်မှ အစွမ်းထက်ဆေးဝါးများဖြင့်

အစွမ်းကုန်ကုသပေးခဲ့သော်လည်း အရာမထင်ခဲ့ပေ။

ဇနီးဖြစ်သူဆုံးပါးသွားပြီးသည့်နောက်ပိုင်း ဟယ်ရှင်းယင်သည်

နောက်အိမ်ထောင်မပြုတော့ပေ။ ကျင့်စဉ်လမ်းကိုသာ

စိတ်ထက်သန်စွာဖြင့် လျှောက်လှမ်းခဲ့လေသည်။

ယခုတော့ ဟယ်ရှင်းယင်သည် တစ်ချိန်က စိတ်တွင်စွဲလန်းခဲ့ရ

သူ ဗျပ်စောင်းသံပိုင်ရှင်မိန်းမပျိုကို ပြန်လည်တွေ့ဆုံရ သည့်

အခါ သမီးဖြစ်သူကိုပင် အရေးမစိုက်နိုင်ဘဲ လျစ်လျူရှုထားမိ

လေတော့သည်။

ဟယ်စူးရင်းသည် ငယ်စဉ်ကပင် အလိုလိုက်ခံထားရသည့်

မိတဆိုးသမီးလေးဖြစ်သည့်အတွက် အနည်းငယ် ဆိုးသွမ်း

သလို စိတ်ဓာတ်အတက်အကျလည်း မြန်သူ ဖြစ်လေသည်။

သို့သော်… ဟယ်ရှင်းယင်သည်ပင် သမီးဖြစ်သူ၏စိတ်ကို

ခန့်မှန်းနိုင်ခြင်း မရှိခဲ့ပေ။

ကျီးယင်က သူမတို့ရောက်လာရသည့် ရည်ရွယ်ချက်ကို ဟယ်ရှင်းယင်ကို ဖွင့်ပြောလိုက်လေသည်။ ထိုအခါ ဟယ်ရှင်းယင်က တစ်ချက်ပင်မဆိုင်းငံ့ဘဲ ကျီးစစ်ကျွင်းအကြောင်းစုံစမ်းရန် သူ၏လူများကို စေခိုင်းလိုက်လေသည်။

မကြာမီအချိန်အတွင်းမှာပင် ကျီးစစ်ကျွင်းအကြောင်း စုံစမ်းသိရှိလာရသည်။

ကျီးယင်သည် စိတ်ကြီးသူတစ်ယောက်ဖြစ်လေရာ ချက်ချင်းပင် ကျင့်ကြံသူအချို့ကိုခေါ်ကာ ကျီးစစ်ကျွင်းကို ဂလဲ့စားချေရန် ထွက်ခွာသွားလေသည်။

ယခုမှ အတိတ်ကို ပြန်လည်သတိရကာစဖြစ်သည့် ကျီးယင်းကတော့ များစွာ အကူအညီမပေးနိုင်သေးပေ။ ထို့ကြောင့် ... ကျိုးယီတောင်တွင်ပင် လှပသည့်ရှုမျှော်ခင်းများကိုကြည့်ရင်း နေရစ်ခဲ့လေသည်။

ကျီးယင် ထွက်ခွာမသွားခင် ဟယ်စူးရင်းနှင့် ယွမ်ကျိယီတို့ကို ဆရာဒေါ်လေးဖြစ်သူ ကျီးယင်းကို သေသေချာချာ ဂရုစိုက်ရန် မှာထားခဲ့လေသည်။

ဟယ်စူးရင်းကလည်း ကျီးယင်းကို ဂရုစိုက်လေသည်။

ကျီးယင်းမှာ အတိတ်မှ အကြောင်းအရာများကို ပြန်လည် မှတ်မိနေပြီး တန်ခိုးစွမ်းအားများလည်း ပြန်လည်ရရှိနေပြီ ဖြစ် သော်လည်း ကျင့်ကြံခြင်းအဆင့်ကတော့ ယခင်ကလောက် မြင့်မားခြင်း မရှိသေးပေ။

ဟယ်စူးရင်းနှင့် ကျီးယင်းသည် သဘာဝလွန်ပညာရပ်များအ ကြောင် းပြောဆိုဆွေးနွေးနေကြလေသည်။

ထိုအချိန်မှာပင်...

ဟယ်စူးရင်း၏ဖခင် ဟယ်ရှင်းယင်ရောက်လာပြီး ကျီးယင်းနှင့် နှစ်ယောက်တည်းစကားပြောရန် ခွင့်တောင်းလိုက် လေသည်။

ဟယ်စူးရင်းသည် စိုးရိမ်ပူပန်သည့်မျက်ဝန်းများဖြင့် သူတို့ (၂)ယောက်ကို ကြည့်နေခဲ့လေသည်။ ထို့နောက်တွင် တော့ ဖခင်ဖြစ်သူက ကျီးယင်းကို ဂရုတစိုက်ရှိနေသည့်အတွက် စိတ်ညစ်သွားပြီး တစ်ယောက်တည်း အခန်းအောင်း နေလေ တော့သည်။

ကျိုးယီတောင်သည် ကြမ်းတမ်းပြီး ကျယ်ပြန့်လေသည်။ သို့သော်... တောင်တစ်ခွင်တွင် သူမကို မသိသူဆို၍ အနည်းငယ်သာ ရှိလေသည်။ ဟယ်စူးရင်းသည် အခန်း အောင်း နေရာမှ စိတ်ပြေလက်ပျောက် အပြင်သို့ ပြန်ထွက်လာ ခဲ့လေသည်။

သို့သော် သူမကို သိနေကြသည့် လူများအလယ်တွင် နေချင် စိတ်မရှိပေ။ ထို့ကြောင့် လူသူကင်းဝေးရာ ကျိုးယီ တောင်ခြေ သို့ တစ်ယောက်တည်း ထွက်လာခဲ့လေသည်။

သူမသည် လျှောက်သွားရင်း ယွင်မုမြင်ကမ်းနံဘေးသို့

ရောက်လာလေသည်။

ယွင်မုမြစ်ရေများမှာ ကြည်လင်လေရာ သူမက မြစ်ရေများဖြင့်

စတင် ဆော့ကစားလိုက်လေသည်။ မြစ်ရေသည် ကျောက်

တောင်ကို တိုက်စားသွားပြီး ကမ်းခြေတွင် ကျောက်တုံးများစွာ

ရှိနေလေသည်။ ကျောက်တုံးများထက်တွင် ရေညှိများကပ်ညိ

နေပြီး ခြုံပုတ်များလည်း ပေါက်ရောက်လျှက် ရှိလေသည်။

သူမသည် မြစ်ရေထဲတွင် ဆော့ကစားရင်း ပျော်ရွှင်လာမိလေ

သည်။ ထို့နောက် သူမက မြစ်အတွင်းသို့ ခုန်ဆင်း လိုက်ပြီး

စိတ်လွတ်ကိုယ်လွတ် ရေကူးနေလေတော့သည်။ ပတ်ဝန်းကျင်

ကိုပင် မေ့လျော့သွားရသည်။

သို့သော်…

သူမစိတ်ထဲမှ ငြိမ်းချမ်းနေမှုလေး ပျက်စီးသွားရလေသည်။

အဘယ်ကြောင့်ဆိုသော်... မြစ်ရေထဲသို့ လူတစ်ယောက် ဆင်းလာသောကြောင့် ဖြစ်လေသည်။ ဆင်းလာသူမှာ မိန်းကလေးငယ်တစ်ယောက် ဖြစ်လေ၏။

ဟယ်စူးရင်းဆိုသည့် သူမသည် ဂုဏ်သရေရှိသခင်မလေးတစ်ပါးဖြစ်သလို ကျင့်ကြံသူတစ်ယောက်လည်း ဖြစ်လေသည်။ ထိုမိန်းကလေးငယ်ကတော့ သာမန်မိန်းကလေးငယ်တစ်ယောက်မျှသာဖြစ်သည်။

ထိုမိန်းကလေးငယ်နှင့်သူမမှာ အဆင့်အတန်းများစွာ ကွာခြားလေသည်။ ထို့ကြောင့် အဆင့်အတန်းနိမ့်သည့် ဆင်းရဲသားမိန်းကလေးတစ်ယောက် ရေထဲသို့ ဆင်းလာသည့်အခါ မြစ်ရေများညစ်ပတ်သွားသလိုခံစားလိုက်ရပြီး ရွံလျှာသွားမိလေသည်။

အစပိုင်းတွင်တော့ သူမ၏မျက်နှာသည် စိတ်အလိုမကျမှုများ ကြောင့် သုန်မှုန်သွားပြီး နောက်ပိုင်းတွင်တော့ စိတ်မထိန်းနိုင် တော့ဘဲ မိန်းကလေးကို ဖမ်းချုပ်လိုက်လေသည်။

ထိုမိန်းကလေးငယ်မှာ ဟယ်ရှန်း ဖြစ်လေ၏။

သူမသည် လူရှင်းသည့်အချိန်တွင် မြစ်ရေထဲတွင် အမြဲတမ်း ရေချိုးလေ့ရှိလေသည်။ ယနေ့လည်း မြစ်ရေထဲတွင် အခြားသူ တစ်ယောက်ရှိနေသည်ကို မသိလိုက်သည့်အတွက် ရေချိုးရန် ဆင်းလာခြင်း ဖြစ်လေသည်။

ဟယ်စူးရင်းက သူမကို ဖမ်းချုပ်လိုက်သည့်အခါတွင်တော့ ဟယ်ရှန်း အလွန်ထိတ်လန့်သွားမိလေသည်။

သို့သော်... သူမကို ဖမ်းချုပ်လိုက်သူမှာ မိန်းကလေးတစ် ယောက် ဖြစ်သည်ကို သိရှိလိုက်ရသည့်အခါ အနည်းငယ် စိတ်သက်သာရာရသွားလေသည်။

သို့ရာတွင်... သူမကို ဖမ်းချုပ်လိုက်သူမိန်းမပျို၏ တင်းမာ

ခက်ထန်နေသည့် မျက်နှာထားကို မြင်လိုက်ရသည့်အခါ တွင်

တော့ ထိတ်လန့် တုန်လှုပ်သွားရပြန်လေသည်။

"ကောင်မစုတ်လေး ၊ ဘာကိစ္စရေထဲဆင်းလာတာလဲ ၊

ကျက်သရေမရှိလိုက်တာ..."

ပြောပြီးသည်နှင့် ဟယ်စူးရင်းသည် ဟယ်ရှန်းကို ကြယ်လေး

တစ်ကောင်အလား ကိုင်ပေါက်လိုက်လေရာ ဟယ်ရှန်း မှာ

မြစ်ကမ်းနံဘေးရှိ ခြုံပုတ်တစ်ခုပေါ်သို့ကျသွားပြီး ခြုံပုတ်

အတွင်းမှ ကျောက်တုံးများနှင့် ရိုက်မိပြီး တစ်ကိုယ်လုံး ဒဏ်ရာ

များရကာ သွေးချင်းချင်းနီရဲကုန်တော့သည်။

ဟယ်ရှန်း အရှက်တကွဲဖြင့် နာကျင်ခံစားသွားရသည်ကို တွေ့ရ

တော့မှ ဟယ်စူးရင်းမှာ အနည်းငယ် ဒေါသပြေသွား လေ

သည်။

ဟယ်ရှန်းကြောင့် မြစ်ရေများလည်း ညစ်ပတ်သွားပြီဟု ခံစားလိုက်မိသည့်အတွက် သူမသည် ရေထဲတွင် ဆက်ပြီး ဆော့ကစားမနေတော့ပဲ အဝေးဆီသို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

ကံဆိုးသူလေး ဟယ်ရှန်းမှာတော့ လေထဲသို့ ပျံသန်းထွက်ခွာသွားသည့် မိန်းမပျိုလေးကို ငေးကြည့်ရုံသာ တတ်နိုင်ခဲ့ လေသည်။

မိန်းမပျိုသည် ကျိုးယီတောင်မှ နတ်သမီးတစ်ပါးဖြစ်ပေလိမ့်မည်။ သို့သော်... သူမ ဘာအပြစ်မှ မကျူးလွန်ရပါပဲ အဘယ့်ကြောင့် သူမကို အနိုင်ကျင့်နှိပ်စက်ခဲ့ရပါသနည်း။

ဟယ်ရှန်းသည် တစ်ကိုယ်လုံး နာကျင်နေပြီး လက်ချောင်းလေးတစ်ချောင်းပင် လှုပ်နိုင်စွမ်း မရှိတော့ပေ။ မည်သူမှ လာမကူညီလျှင် သူမသည် မြစ်ကမ်းနံဘေးတွင် အသက်ဆုံးရပေတော့မည်။

သူမ သေသွားလျှင်လည်း ကိစ္စမရှိပါ။ သို့သော်... မျက်မမြင်မိခင်ကြီးကို မည်သူက ပြုစုလုပ်ကျွေးပါမည်နည်း။

ဟယ်ရှန်းသည် ကလေးဘဝကတည်းက စိတ်ဓာတ်ခိုင်မာသူ တစ်ယောက်ဖြစ်ပြီး တော်ရုံဖြင့် မျက်ရည်ကျလေ့ မရှိပေ။

သို့သော်.. ယခုတော့ နာကျင်စွာဖြင့် ငိုကြွေးလိုက်မိလေသည်။

"ငိုနေတာက ပြဿနာကို ဖြေရှင်းနိုင်မယ် ထင်လို့လား..."

ထူးဆန်းသည့်အသံတစ်သံက ဟယ်ရှန်း နားထဲသို့ ဝင်ရောက်လာလေသည်။

ထို့နောက် ... ကမ်းခြေတွင် ချွတ်ထားခဲ့သည့် သူမ၏ အဝတ်အစားများသည် သူမကိုယ်ပေါ်သို့ လာရောက်ဖုံးလွှမ်းသွားပြီး သူမအရှက်ကို ကာကွယ်ပေးလိုက်လေသည်။

အခန်း (၇၄၆) ကျောက်စိမ်းရေကန်ဥယျာဉ်ကမက်မွန်သီး

သူမကိုယ်ထဲသို့ အေးစိမ့်သည့် အငွေ့အသက်တစ်ခု ဝင်

ရောက်လာသည်ကို ခံစားလိုက်ရပြီး သူမကိုယ်ပေါ်မှ ဒဏ်ရာ

များမှာ လျှင်မြန်လွန်းသည့်အရှိန်ဖြင့် ချက်ချင်း သက်သာ

ပျောက်ကင်းသွားလေသည်။

ဟယ်ရှန်း အံ့သြမှင်တက်သွားပြီး အဝတ်များကို ပြန်လည်

ဝတ်ဆင်လိုက်လေသည်။ သူမခန္ဓာကိုယ်က ရေများစိုရွှဲနေ

သည့်အတွက် အဝတ်အစားများပါရေစိုကုန်ပြီး နေရထိုင်ရခက်

နေသည့်တိုင် သူမက အရေးမစိုက်နိုင် အားပေ။

သူမ ခြုံပုတ်အတွင်းမှ ထွက်လာသည့်အခါ ကျောက်ဆောင်

အမြင့်ကြီးတစ်ခုကိုမှီကာ လက်ပိုက်ပြီးရပ်နေသည့် လူငယ်

တစ်ယောက်ကို တွေ့လိုက်ရလေသည်။ လူငယ်က သူမကို စိုက်

ကြည့်နေလေသည်။ လူငယ်၏ဘေးတွင်တော့

ထောင်ထောင်မောင်းမောင်းနှင့် အနက်ရောင်ဝတ်ဆင် ထား

သည့် ဘုန်းတော်ကြီးတစ်ပါး ကို တွေ့ရလေသည်။

ဟယ်ရှန်းက ချက်ချင်းပင် သူတို့ (၂)ယောက်ကို လက်နှစ်ဖက်

ဆုပ်ကာ ဂါရဝပြုလိုက်ပြီး လေးလေးစားစားဖြင့် မေးလိုက်

သည်။

"ကျွန်မကို ကူညီလိုက်တာ ဦးလေးလား..."

သူမ၏ ပါးပြင်ထက်တွင် မျက်ရည်စများရှိနေသေး

သော်လည်း သူမသည် အနည်းငယ် တည်တည်ငြိမ်ငြိမ် ဖြစ်နေ

လေပြီ။

ဟယ်ရှန်း၏ တည်ငြိမ်မှုကြောင့် ဆန်းလျန်က သူမကို ထပ်ပြီး

အမှတ်ပေးလိုက်မိသည်။

ဆန်းလျန်က...

"ခုန မင်းကို အနိုင်ကျင့်သွားတဲ့ မိန်းကလေးကို မင်း ဂလဲ့စားမ

ချေချင်ဘူးလား..."

ဟယ်ရှန်းက တစ်ချက်တုံ့ဆိုင်းနေပြီးမှ...

"ဂလဲ့စားချေချင်တာပေါ့၊ ဒါပေမယ့် ကျွန်မကို အနိုင်ကျင့်ခဲ့တဲ့

အတွက် ဂလဲ့စားချေချင်တာမဟုတ်ဘူး၊ သူ နောက်ထပ်

အခြားသူတွေကို အနိုင်မကျင့်အောင် ပညာပေးချင်တာ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မထင်ရဘူး၊ မင်းက အသက်ငယ်ငယ်လေးနဲ့ သူရဲကောင်း

စိတ်ဓာတ်ရှိတယ်၊ ဒါပေမယ့် မင်းရဲ့အတွေးတွေက အလကား

ပဲ၊ ဘာလို့လဲဆိုတော့ သူက ကျင့်ကြံသူတစ်ယောက် ဖြစ်နေလို့

ပဲ၊ မင်းက သိပ်ပြီး အရည်အချင်းရှိလို့ အခုအချိန်က စပြီး

တစ်ဆင့်ပြီးတစ်ဆင့် ကျင့်ကြံသွားမယ်ဆိုရင်တောင်မှ သူ့ကိုမီ

ဖို့ အနှစ် (၂၀)၊ (၃၀) လောက်ကြာဦးမှာ၊ အဲဒီအချိန်မှာ သူ

လည်း လူပေါင်းဘယ်လောက်ကို အနိုင်ကျင့်ပြီးနေပြီလဲ မပြော နိုင်ဘူး"

ဟယ်ရှန်းရင်ထဲတွင် ပြောချင်မိသည့်စကားမှာ...

"ကျွန်မကိုယ်စား ဦးလေးက အပြစ်ပေးလို့ရနိုင်တာပဲ..."

သို့သော်... ဟယ်ရှန်းတစ်ယောက် ထိုစကားကို မပြောခဲ့ပေ။

အမှန်တော့ သူမရှေ့မှလူငယ်က ထိုကျင့်ကြံသူမိန်းကလေးကို တကယ်တမ်း အပြစ်ပေးချင်သည်ဆိုပါလျှင် သူမကပင် အကြံပေးနေစရာ မလိုပေ။ သူ့ဟာသူ လုပ်ဆောင်မည် ဖြစ်လေ သည်။

သူမသည် ခပ်တုံးတုံးမိန်းကလေးတစ်ယောက်မဟုတ်ပါ။ မတုံး သည့်အပြင် အလွန်ပင် ဉာဏ်ထက်လေသည်။

ဆန်းလျန်ပြောသည့်လေသံကို ကြားလိုက်ရုံနှင့် သူမကို တိုက်ခိုက်ခဲ့သည့် မိန်းမပျိုထက် ဆန်းလျန်က အဆပေါင်းများ စွာ တန်ခိုးစွမ်းအားမြင့်မားသည်ကို ခန့်မှန်းလိုက်နိုင်လေသည်။

သူမသည် ငယ်စဉ်ကတည်းကပင် ဒုက္ခသုက္ခပေါင်းများစွာကို ခံစားရသည့်အတွက် လူ့အရိပ်အကဲ အထူအပါး နားလည်သူ ဖြစ်လေသည်။

ဟယ်ရှန်းက...

"တစ်ဆင့်ပြီးတစ်ဆင့်ကျင့်ကြံရမယ်လို့ ဦးလေးက ပြောတယ် နော် ၊ ဦးလေးသာ ကျွန်မကိုသင်ပေးမယ်ဆိုရင် ကျွန်မ သင်ယူ ချင်ပါတယ်..."

ဆန်းလျန် စကားပြန်မပြောခင်မှာပင် မျက်နှာထားတည်တည် ကြီးဖြင့် သူမကိုကြည့်နေသည့် ကျွယ်ရှင်းက တဖြည်းဖြည်း ပြုံးလာလေသည်။

"သခင်လေး ၊ ဒီကောင်မလေး ဒီလောက်ဉာဏ်ကောင်းတာ ၊ သူ့ ကို သခင်လေးက ပညာသင်မပေးဘူးဆိုရင် ကျွန်တော်ပဲ သင်ပေးလိုက်တော့မယ်..."

ကျွယ်ရှင်း၏ခံစားချက်များက ဆန်းလျန်နှင့် မတူပေ။

တစ်ချိန်တုန်းက သူ့ကိုပညာသင်ပေးသည့် ဘုန်းတော်ကြီးနှင့်
သာ တွေ့ဆုံခွင့်မရခဲ့လျှင် သူ့ဘဝသည် အားနည်းသည့် ခူယား
ကောင်လေးတစ်ကောင်အဖြစ် အဆုံးသတ်ရပေမည်။
ခူယားဘဝဖြင့်အဆုံးမသတ်လျှင်လည်း အမြင့်ဆုံး လိပ်ပြာ
တစ်ကောင် ဖြင့်ခွင့်ရပြီး အခြေအနေကတော့ ထူးခြားမည်
မဟုတ်ပေ။ လောကတစ်နေရာတွင် သေဆုံးခြင်းဖြင့်သာ
အဆုံးသတ်ရပေလိမ့်မည်။
ဟယ်ရှန်းကိုတွေ့မြင်ရသည်မှာ အတိတ်တစ်ချိန်တုန်းက သူ့
ဘဝကဲ့သို့ပင် အားနည်းပြီး ကူရာကယ်ရာမဲ့နေသည်ဟု ခံစားခဲ့
ရလေသည်။ ထို့ကြောင့် ကျွယ်ရှင်းက ဟယ်ရှန်းကို ကိုယ်ချင်း
စာကာ အလွန်ကူညီချင်နေမိလေသည်။
ဆန်းလျန်က ခေါင်းခါယမ်းလိုက်ရင်း...

"ကျုပ်က သူ့ကိုသင်မပေးဘူးလို့ ပြောနေလို့လား ၊ သူ့ကို ပညာသင်ပေးရုံတင်မကဘူး ၊ ဟိုမိန်းကလေးကိုပါ တစ်ခါတည်း အနိုင်ယူနိုင်အောင် လုပ်ပေးလိုက်မယ်"

ဆန်းလျန်၏စကားကြောင့် ကျွယ်ရှင်းက တအံ့တသြဖြင့်...

"သခင်လေး... သခင်လေးက နတ်ဘုရားတစ်ပါးဖြစ်ပေမယ့် သာမန်လူတစ်ယောက်ကို အချိန်တိုတိုနဲ့ ကျင့်ကြံခြင်း အဆင့်တွေတက်သွားအောင် ဘယ်လိုလုပ် လုပ်ပေးလို့ရမှာလဲ ၊ သူ့ကို ပြဒါးဆေးကျွေးမယ်ဆိုရင်တောင်မှ သူ့ရဲ့ခန္ဓာကိုယ်က ချက်ချင်းတိုးတက်လာမှာ မဟုတ်ဘူး ၊ ပြီးတော့ အဲဒီလို ဖြတ်လမ်းနည်းနဲ့သွားတာက သူ့ရဲ့ ကျင့်စဉ်လမ်းမှာ အများအ ယွင်းတွေ အများကြီး ဖြစ်ကုန်လိမ့်မယ်..."

ဆန်းလျန်က...

"ပြဒါးဆေးက သိပ်ပြီး အထောက်အကူမဖြစ်ပါဘူး ၊ ဒါပေ မယ့် လောကမှာ လူတွေမသိသေးတဲ့ နတ်ဆေးတွေလည်း ရှိပါ

သေးတယ်၊ အဲဒီလိုမျိုး နတ်ဆေးတွေကိုသာမာန်လူသားတွေ

သာ စားလိုက်မယ်ဆိုရင် (၁၀)နှစ် ဒါမှမဟုတ် နှစ် (၁၀၀)

ကျင့်ကြံမှ ရလာမယ့် အစွမ်းတွေကို ရလာနိုင်တယ်...."

ကျွယ်ရှင်းက...

"အဲဒီလို နတ်ဆေးမျိုးက တကယ်ရှိတာလား၊ တစ်ခါမှ မကြား

ဖူးဘူး၊ ဘာဆေးတွေလဲ ပြောပြပါလား သခင်လေး..."

ဆန်းလျန်က...

"ကျုပ်သိတာတော့ (၂)မျိုးလောက်ပဲ ရှိတယ်၊ တစ်ခုကတော့

မိုးမြေသူယောင်ပင်ရဲ့အမြစ်၊ နောက်တစ်ခုကတော့ မယ်တော်

ဝမ်မူရဲ့ ကျောက်စိမ်းရေကန်ဥယျာဉ်ထဲက မက်မွန်သီးပဲ..."

ကျွယ်ရှင်းက...

"တစ်ခါမှ မကြားဖူးဘူး၊ ဒါပေမယ့် မယ်တော်ဝမ်မူရဲ့

ကျောက်စိမ်းရေကန်ဥယျာဉ်ကတော့ မြင့်မြတ်တဲ့ နတ်ဘုရား

နယ်မြေတစ်ခုဆိုတာ ကြားဖူးတယ်၊ ဒါပေမယ့် အဲဒီမှာ

စောင့်ကြပ်နေတဲ့ နတ်ဘုရားတွေအများကြီးရှိတယ် ၊

မက်မွန်သီးကို သွားယူဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..."

ဆန်းလျန်က...

"မယ်တော်ဝမ်မူရဲ့ ကျောက်စိမ်းရေကန်ပန်းဥယျာဉ်က တကယ့်

ကို ထူးဆန်းတဲ့ နတ်ဘုရားနယ်မြေပါပဲ ၊ ဒါပေမယ့် ကျုပ်သွား

ချင်တယ်ဆိုရင် ဘယ်သူမှတားလို့ မရဘူး ၊ ကျုပ် တစ်လုံး နှစ်

လုံးလောက်သွားခူးလိုက်ဦးမယ် ၊ သုံးရက် အတွင်းပြန်လာခဲ့

မယ်..."

ပြောပြီးသည်နှင့် ဆန်းလျန် ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်ပျောက်ကွယ်သွားသည်နှင့် ဟယ်ရှန်းက ကျွယ်ရှင်းကို

လှမ်းကြည့်လိုက်ပြီး...

"ကျွန်မ ချောက်ထဲပြုတ်ကျတုန်းက ကယ်ခဲ့တဲ့သူက

ဆရာတော် မဟုတ်လား ၊ ကျွန်မကို ဘာလို့ ကယ်ရတာလဲ..."

ကျွယ်ရှင်းက ပြုံးလိုက်ရင်း...

"ကယ်ချင်လို့ကယ်တာပေါ့..."

ထိုစကားက အဖြေမမည်သော အဖြေသာ ဖြစ်လေသည်။

သို့သော်... ဟယ်ရှန်းသည် စိတ်ထဲမထားတော့ပေ။

ဦးလေးနှင့်ဆရာတော်သာ မကယ်လျှင် ယခုအချိန်တွင် သူမ

အသက်ပျောက်နေလောက်ပေပြီ။ သူမအနေဖြင့် ထိုသူ

(၂)ယောက်ကို သံသယရှိနေလျှင်တောင်မှ သူတို့သည် သူမ

အပေါ်တွင် မကောင်းသည့် အကြံအစည်ရှိနေဟန် မတူပေ။

....

"သောက်ပြီးရင်ပြန်မလာနဲ့တော့" စားသောက်ဆိုင်မှ ဆန်းလျန်

ထွက်ခွာသွားသည်မှာ ရက်ပေါင်းများစွာ ကြာမြင့်ခဲ့ လေပြီ။

ကူးဝေဝေသည် ဆန်းလျန်ကို အလွန်ပင် လွမ်းဆွတ်သတိရနေ

ခဲ့သည်။ သို့သော်... ဆန်းလျန်ပြန်မလာတော့ မည်ကို

စိတ်ပူပန်ခြင်း မဖြစ်မိပေ။

ကူးဝေဝေသည် ညစဉ်ညတိုင်း ခေါင်မိုးထက်တွင်ထိုင်ကာ

လရောင်အောက်တွင် ဆန်းလျန်သင်ပေးထားသည့် အသက်ရှူ

ကျင့်စဉ်ကို ကျင့်ကြံလေသည်။ ဟင်းချက်ရာတွင်အသုံးပြုရန် ဆန်းလျန် သူမကိုပေးသွားသည့် ဓားကျိုး သည်ယခုတော့ ကူးဝေဝေနှင့် ခွဲမရအောင် တစ်သားတည်းကျနေပြီ ဖြစ်လေသည်။ မနေ့ညကတော့ သူမသည် ဓားကျိုးကို လေထဲတွင် လိုသလို ထိန်းချုပ်နိုင်သည်အထိ ကျင့်ကြံနိုင်ခဲ့သည်။

ကူးဝေဝေ၏ ကျင့်ကြံခြင်း အဆင့်တက်ခြင်းမှာ လျှင်မြန်လွန်းလေရာ အခြားသောကျင့်ကြံသူများသာ သိရှိပါက ယုံနိုင်ကြမည်ပင် မဟုတ်ပေ။

သူမ ယခုကဲ့သို့ ကျင့်ကြံခြင်းအဆင့်တက်ခြင်း လျှင်မြန်ရခြင်းမှာ ဆန်းလျန်၏ သင်ပြပေးမှုကြောင့်သာမက ဓားကျိုး၏ ဝိညာဉ်စွမ်းအားများကြောင့်လည်း ဖြစ်လေသည်။ ကူးဝေဝေ ကိုယ်တိုင်၏ ကြိုးစားအားထုတ်မှုကိုလည်း ထည့်မတွက်၍ မရနိုင်ပေ။

လောကတွင် လူပြန်ဝင်စားပြီး ကျင့်စဉ်လမ်းကို ပြန်လည်လျှောက်လှမ်းခဲ့ကြသူများမှာ ဒုနှင့်ဒေး ဖြစ်လေသည်။ ထိုသူများအတွက် နတ်ဘုရားတစ်ပါးဖြစ်မလာသေးခင်အချိန်တွင် ကျော်ဖြတ်ရန် အခက်ခဲဆုံး အဆင့် (၂)ဆင့် ရှိလေ၏။ ထိုအဆင့်များမှာ ဟိုင်သန်းအဆင့်နှင့် ဖော့ဝမ့်အဆင့် ဖြစ်လေသည်။

ကူးဝေဝေသည် စစ်မှန်သည့် တန်ခိုးစွမ်းအားများကို ရရှိသေးခြင်းမရှိသော်လည်း နတ်ဘုရားတန်ခိုးစွမ်းအားများကို ဖော်ထုတ်အသုံးပြုနေနိုင်ပြီ ဖြစ်လေသည်။

ယနေ့ညတွင်တော့...

ကူးဝေဝေသည် ခါတိုင်းညများကဲ့သို့ပင် စားသောက်ဆိုင်ခေါင်မိုးထက်တွင် ကျင့်စဉ်ကျင့်ကြံနေလေသည်။

ထိုအချိန်တွင်... အလွန်တရာ မွှေးပျံ့သည့်ရနံ့တစ်ခုကို သူမရရှိလိုက်လေသည်။

မျက်လုံးဖွင့်ကြည့်လိုက်သည့် အခါတွင်တော့ လက်ထဲတွင် မက်မွန်သီးတစ်လုံးကိုင်ထားသည့် ဆန်းလျန်ကို တွေ့လိုက်ရသည်။

ဆန်းလျန်၏ခန္ဓာကိုယ်ကို ခရမ်းရောင်မြူခိုးတိမ်တိုက်များက မြွေတစ်ကောင်အလား ရစ်ပတ်ထားပြီး လရောင်အောက်တွင် နတ်ဘုရားတစ်ပါးအလား အလွန်မှ ခမ်းနားလှလေသည်။

ဆန်းလျန်ကိုတွေ့သည်နှင့် ကူးဝေဝေက လှပစွာ တစ်ချက်ပြုံးလိုက်ရင်း...

"အားလျန်... နင် သေချာပေါက် ပြန်လာမယ်ဆိုတာ ငါသိသားပဲ..."

ဆန်းလျန်က...

"ပြန်လာရမှာပေါ့... ၊ ရော့... အစ်မ ဒီမက်မွန်သီးကို စားလိုက်ပါ..."

ကူးဝေဝေက ခေါင်းညိတ်လိုက်လေသည်။

သို့သော်... သူမက မက်မွန်သီးကို ချက်ချင်း မစားသေးပေ။

သူမ၏လက်လေးများကို အသာဆန့်လိုက်ပြီး ဆန်းလျန်၏

နားရွက်နောက်မှာ ဆံပင်များကို အသာသပ်တင်လိုက်လေ

သည်။ ထိုအခါ သွေးစများကို တွေ့လိုက်ရ လေသည်။

ကူးဝေဝေက...

"နင် ဒဏ်ရာရထားတာလား..."

ဒဏ်ရာမှာ အပေါ်ယံမျှသာဖြစ်သော်လည်း ကူးဝေဝေကတော့

မစိုးရိမ်ဘဲ မနေနိုင်ပါချေ။

သူမ၏အားလျန်သည် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ အ

ဘယ့်ကြောင့် ဒဏ်ရာရလာပါသနည်း။

ဆန်းလျန်က...

"မယ်တော်ဝမ်မူရဲ့ ကျောက်စိမ်းရေကန်ပန်းဥယျာဉ်မှာ

မက်မွန်သီးလေးနှစ်လုံးလောက်သွားခိုးတာ ၊ ပြန်လာခါနီး ကျမှ

မယ်တော်ဝမ်မူမိသွားလို့ အမြန်ထွက်ပြေးလာခဲ့ရတယ် ၊ နည်း

နည်းပါးပါး တိုက်ခိုက်ကြရင်း မယ်တော်ဝမ်မူရဲ့ ရွှေဆံထိုးနဲ့ထိ မိပြီး ဒီဒဏ်ရာရလာတာ ၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ နောက် တစ် ရက် နှစ်ရက်လောက်နေရင် ပျောက်သွားမှာပါ...."

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင် ကူးဝေဝေကို ရှင်းပြ နေလေသည်။

သို့သော်... မယ်တော်ဝမ်မူ၏ ကျောက်စိမ်းရေကန်ဥယျာဉ်မှ မက်မွန်သီးသွားခိုးသည့်အတွက် ဒဏ်ရာ အနည်းငယ်ရခဲ့သည့် သတင်းသာ လောကတွင် ပျံ့နှံ့သွားမည်ဆိုလျှင် ဆန်းလျန် အနေဖြင့် နေ့ချင်းညချင်း နာမည်ကြီးသွားပေလိမ့်မည်။

လောကမှ နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခုမှာ နတ်ဘုရားများ ၊ ဆရာသခင်များ၏ အကြီးအကျယ် ဝေဖန်ခြင်းကို ခံရပေလိမ့်မည်။

မယ်တော်ဝမ်မူဆိုသည်က ကျောက်စိမ်းရေကန်ဥယျာဉ်ကို ခေတ်အဆက်ဆက် ဆက်ခံခဲ့ကြသူများ၏ မျိုးဆက် ဖြစ်လေ

သည်။ လွန်ခဲ့သည့် နှစ်ပေါင်း တစ်သောင်းကျော်ခန့်က သူမ၏ ထိုက်ယီထျန်းရှန်း နတ်ဘုရားစွမ်းအားများကို အသုံးပြုကာ ကျောက်စိမ်းရေကန်ဥယျာဉ်တွင် မက်မွန်ပင် အပင် (၃၀၀) စိုက်ပျိုးခဲ့လေသည်။

ထို့ပြင် သူမသည် တာ့လော်အဆင့်သို့ ရောက်ရှိရန်လည်း အလွန်နီးစပ်နေပြီ ဖြစ်လေသည်။ အချို့သူများကတော့ သူမ ကို အနောက်ဘက်မယ်တော်ဟု ခေါ်ဆိုကြလေ၏။

နှစ်ပေါင်းထောင်နှင့်သောင်းနှင့်ချီကာ အသက်ရှည်ခဲ့သည့် ချင်းယန်ကျောင်းတော်မှ ယင်ရှန်းကျွင်းသည်ပင်လျှင် မယ်တော်ဝမ်မူကို မလေးမစား မလုပ်ရဲပါချေ။

ထိုသို့ အရှိန်အဝါမြင့်မားသည့် မယ်တော်ဝမ်မူ၏ ကျောက်စိမ်း ရေကန်ဥယျာဉ်ကို ဆန်းလျန်ကတော့ ဝင်ချင်းတိုင်းဝင် ထွက် ချင်တိုင်းထွက် သွားလာနေခဲ့သည်တဲ့လား...။

အမှန်တော့ မိုးနှင့်မြေတွင် ဆန်းလျန်မသွားနိုင်သည့်နေရာ တစ်ခုမှ မရှိပေ။

လောကတစ်ခုလုံး တုန်လှုပ်သွားစေမည့် အပြုအမူကို ပြုလုပ်ခဲ့သည့်တိုင် ဆန်းလျန်ကတော့ ဘာမှ မဖြစ်သလို ခပ်အေးအေးပင်။

ကူးဝေဝေကတော့ ဆန်းလျန်ပြုလုပ်ခဲ့သည့် အပြုအမူသည် မည်မျှအန္တရယ်များသည်ကို မသိရှာပေ။

သို့သော်...

ဆန်းလျန် ပြန်သွားပြီးသည့်နောက်...

မယ်တော်ဝမ်မူ၏ ကျောက်စမ်းရေကန်ဥယျာဉ်တွင်တော့ အရေးကြီးကိစ္စတစ်ခုရှိသည့်အလား နတ်သမီးများ ပျားပန်းခတ် ပျံသန်းသွားလာလျှက် ရှိကြလေတော့သည်။

အခန်း (၇၄၇) အထီးကျန်မှုကိုမည်သူနားလည်နိုင်မည်နည်း

ကျောက်စိမ်းရေကန်ဥယျာဉ်သည် လောကနှင့် သီးခြား ရပ်တည်နေသည့် နတ်ဘုရားနယ်မြေတစ်ခု ဖြစ်လေသည်။ ထို့ပြင် မယ်တော်ဝမ်မူကျင့်ကြံခဲ့သည့် တာအိုတရား အသီး အပွင့်များ တည်ရှိရာနေရာလည်း ဖြစ်လေသည်။ ထို့ကြောင့် ကျောက်စိမ်းရေကန်ဥယျာဉ်သည် တာအိုတရားဓမ္မများနှင့် ပြည့်နေသည့် နတ်ဘုရားနယ်မြေ တစ်ခု ဖြစ်လေ၏။ ထိုနေရာတွင်နေထိုင်သည့် နတ်သမီးများနှင့် ကျင့်ကြံသူများ အနေဖြင့် အခြားနေရာမှ ကျင့်ကြံသူများကဲ့သို့ စည်းကမ်းတင်း ကြပ်လွန်းခြင်း မရှိကြသည့်တိုင် သူတို့၏ ကျင့်စဉ်လမ်း အဆင့်တက်လှမ်းနိုင်မှုများတွင်တော့ အကန့်အသတ်ရှိကြလေ သည်။

မယ်တော်ဝမ်မှုသည် စကြာဝဠာဖွဲ့သည်းပုံမှုဝါဒကို နားလည်သည့်အတွက် သူမ၏ကိုယ်ပိုင်လောကသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော်... သူမဖွင့်လှစ်ခဲ့သည့် ကိုယ်ပိုင်လောကသည် မက်မွန်ပင် အပင် (၃၀၀)၏ အမြစ်များကို အခြေခံထားလေသည်။

ကျောက်စိမ်းရေကန်ဥယျာဉ်နှင့် ခပ်ဆင်ဆင်တူသည့်နေရာတစ်ခုရှိသေးသည်။ ထိုနေရာမှာ ဝမ့်ရှို့တောင်မှ ဂူကျွမ်းကျောင်းတော် ဖြစ်လေသည်။

မက်မွန်ပင် အပင် (၃၀၀)၏ အမြစ်များသည် ကျောက်စိမ်းရေကန်ဥယျာဉ်၏ အုတ်မြစ်ဖြစ်သလို မယ်တော်ဝမ်မှု တရားအလင်းရခဲ့သည့် သော့ချက်လည်း ဖြစ်လေသည်။ ထို့ကြောင့် မက်မွန်ပင်မှ မက်မွန်သီးများကို သာမန်လူသား များစားသုံးရန်ဆိုသည်မှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပေ။

နှစ်ပေါင်း (၃၀၀၀)တွင်တစ်ခါ မက်မွန်သီးပွဲတော် ကျင်းပလေ့ရှိလေသည်။

ထိုအချိန်မှသာ... မယ်တော်ဝမ်မူက မက်မွန်သီးများကို ခူးဆွတ်ပြီး ကျော်ကြားသည့် ဗောဓိသကျများ ၊ နတ်ဘုရားများကိုပင့်ဖိတ်ကာ ညှော်ခံလေ့ရှိလေသည်။

ယခုတော့ ...

မက်မွန်သီးပွဲတော်မတိုင်မီမှာပင် နတ်ဘုရားတစ်ပါးရောက်လာပြီး မက်မွန်သီး (၃)လုံး လာခိုးသွားခဲ့လေသည်။

ဤသည်မှာ နှစ်ထောင်ပေါင်းများစွာအတွင်း တစ်ခါမှ မဖြစ်စဖူး အဖြစ်ထူးသည့် ဖြစ်ရပ်တစ်ခုပင်။ ထို့ပြင် ကျောက်စိမ်းရေကန်ဥယျာဉ်အတွက် အရှက်ရစရာကိစ္စလည်း ဖြစ်လေသည်။

အမှန်တော့ ကျောက်စိမ်းရေကန်ဥယျာဉ်မှ နတ်သမီးများ

အားလုံးသည် မက်မွန်သီးလာခိုးသူမှာ မည်မျှ တန်ခိုးစွမ်းအား

မြင့်မားသည်ကို သိရှိထားပြီ ဖြစ်လေသည်။

သူက မယ်တော်ဝမ်မူထံတွင် မက်မွန်သီးကို အရင်တောင်းခံခဲ့

ခြင်း ဖြစ်လေသည်။ သို့သော်... မယ်တော်ဝမ်မူက မပေး

သည့်အတွက် မပြောဘဲ ယူသွားခဲ့ခြင်း ဖြစ်လေသည်။

သို့ရာတွင် ထိုအဖြစ်အပျက်သည် မယ်တော်ဝမ်မူအတွက်

မျက်နှာပျက် အရှက်ရစရာ ကိစ္စဖြစ်သည့်အတွက် ထိုသူကို

အပြစ်ပေးရမည် ဖြစ်လေသည်။

နန်းတော်ခန်းမဆောင်အတွင်းသို့ နတ်သမီးများအားလုံး စုရုံး

ရောက်ရှိလာကြလေသည်။

မယ်တော်ဝမ်မူသည် တိမ်တိုက်တစ်ခုထက်တွင် ထိုင်နေလေ

သည်။ နတ်သမီးများကတော့ သူမရှေ့တွင်အစီအစဉ် တကျ

တန်းစီပြီး မတ်တပ်ရပ်နေကြလေသည်။

နတ်သမီးများနောက်တွင်တော့ နတ်ဘုရားမဖြစ်သေးသည့်

ကျင့်ကြံသူမိန်းမပျိုများ ရပ်နေကြလေ၏။

စုစုပေါင်း နတ်သမီး အပါး (၃၀)နှင့် နတ်ဘုရားမဖြစ်သေးသည့်

ကျင့်ကြံသူမိန်းမပျို အယောက်(၂၇၀) ရှိလေသည်။

သူတို့အားလုံးသည် နှစ်ထောင်ပေါင်းများစွာ ကျောက်စိမ်း

ရေကန်ဥယျာဉ်နန်းတော်တွင် နေထိုင်ခဲ့ကြသူများ ဖြစ်ပြီး

တန်ခိုးစွမ်းအားလည်း မြင့်မားကြလေသည်။ နန်းတော် (၃)ခု

နှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခု ပေါင်းလိုက်လျှင်

တောင်မှ ယခု နတ်သမီးများနှင့် ကျင့်ကြံသူမိန်းမပျိုများကို

အနိုင်ရအောင် တိုက်ခိုက်နိုင်မည် မဟုတ်ပေ။

မယ်တော်ဝမ်မူသည် အသက် (၃၀)ဝန်းကျင်ခန့် မိန်းမပျိုတစ်

ယောက်အသွင်ဖြစ်လေသည်။ သူမသည် ဆံပင်ကို တိမ်တိုက်ပုံ

သဏ္ဌာန်ထုံးဖွဲ့ဆင်ယင်ထားပြီး ရွှေဆံထိုးတစ်ချောင်းဖြင့် ထိုး

စိုက်ထားလေသည်။ သူမ၏ မျက်နှာက နူးညံ့ပြီး ချောမော

လှပလေသည်။

မယ်တော်ဝမ်မူက...

"ကျောက်စိမ်းရေကန်ဥယျာဉ်ကို လာရဲတဲ့သူဆိုတာ လောကမှာ

သိပ်မရှိလှဘူး ၊ လို့ဝေ့... မင်း အဲဒီနတ်ဘုရားရဲ့ ဇာစ်မြစ်ကို

သိသလား..."

လို့ဝေ့ဆိုသည်မှာ မယ်တော်ဝမ်မူ၏ ဘယ်ဘက်တွင်ရပ်နေ

သည့် နတ်သမီးဖြစ်လေသည်။

မယ်တော်ဝမ်မူက သူမကို မက်မွန်သီးတစ်လုံးဖြင့် နတ်ဘုရား

ခန္ဓာရအောင် ဖန်စဉ်းပေးခဲ့ပြီး ကျင့်စဉ်လမ်းတွင် နတ်ဘုရား

တစ်ပါးအဖြစ် အဆင့်တက်ရောက်စေခဲ့လေသည်။

နှစ်ပေါင်းများစွာအတွင်း ကျောက်စိမ်းရေကန်ဥယျာဉ်သည်

အတက်အကျ ၊ အခက်အခဲများစွာကို ဖြတ်သန်းခဲ့ရလေ

သည်။ ထိုအဖြစ်အပျက်များအားလုံးကို လို့ဝေ့က သိရှိသူ

ဖြစ်ပြီး မယ်တော်ဝမ်မူ၏ အယုံကြည်ရ ဆုံးလက်ရုံးလည်း ဖြစ်လေသည်။ ထို့ပြင် သူမသည် ကျောက်စိမ်းရေကန်ဥယျာဉ်တွင် ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်လေသည်။

သူမက မယ်တော်ဝမ်မူ၏ စကားများကို တစ်ချက်နားထောင်လိုက်ပြီးသည်နှင့် စကားစပြောလိုက်လေသည်။

"လူ့လောကနဲ့ ကောင်းကင် (၉)ခုမှာ သူ့လိုတန်ခိုးစွမ်းအားမြင့်မားသူက လက်တစ်ဆုပ်စာတောင် မရှိပါဘူး ၊ ကျွန်မ သေသေချာချာ ရေတွက်ကြည့်ပြီးပါပြီ ၊ ဒါပေမယ့် အဲဒီလူ ဘယ်သူလဲဆိုတာ ခန့်မှန်းရခက်နေတယ်..."

မယ်တော်ဝမ်မူက...

"ဒီတော့ ဒီနတ်ဘုရားက မရှိမှုကျေးရွာမှာ ပုန်းနေတဲ့ နတ်ဘုရားတစ်ပါးများလား..."

လို့လော်က...

"အဲဒီလိုလည်း မဖြစ်နိုင်ပြန်ဘူး ၊ လောကကြီးက ကျယ်ပြော တယ် ၊ ကြည့်ရတာ... အဆုံးမရှိတဲ့ အချိန်နဲ့ အာကာသကို ဖြတ်သန်းလာတဲ့ ရှေးဟောင်းနတ်ဘုရားတစ်ပါးလည်း ဖြစ်နိုင် ပါတယ် ၊ အဲဒီလိုနတ်ဘုရားတွေက ခန့်မှန်းနိုင်ဖို့ ခက်တယ်..."

မယ်တော်ဝမ်မူက တည်ငြိမ်သည့်လေသံဖြင့်...

"အဲဒီနတ်ဘုရားက ငါ့ရဲ့ ထိုက်ယင်းရွှေဆံထိုးနဲ့ ထိမိသွားတာ တောင်မှ ဘာမှဖြစ်မသွားဘူး ၊ ခေတ်အဆက်ဆက်မှာ ဗောဓိ သကျတွေ ၊ နတ်ဘုရားတွေ အများကြီးရှိခဲ့တာ ၊ ငါ မသိနိုင်တဲ့ နတ်ဘုရားဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ၊ တကယ်ဆိုရင် သူ့လိုနတ်ဘုရားမျိုးက မိတ်ဆွေဖွဲ့ ထားသင့်တာ ၊ ဒါပေမယ့် ကျောက်စိမ်းရေကန်ဥယျာဉ်ထဲကို ခွင့်ပြုချက်မရဘဲ ဝင်လာ တယ် ၊ မက်မွန်သီးလည်းခိုးသေးတယ် ၊ ဒီတော့ ငါတို့ဘက် ကတော့ ခွင့်မလွှတ်နိုင်ဘူး ၊ အဲဒီနတ်ဘုရား လူ့ပြည်မှာရှိတယ် ဆိုတာ ငါသိမြင်နေတယ် ၊ ဒီတော့ ငါနဲ့ လိုွလော် လူ့ပြည်ကို

ခဏသွားမယ်၊ ယွိအယ်ကတော့ လောလောဆယ်

ကျောက်စိမ်းရေကန်ဥယျာဉ်ကို ခဏစောင့်ရှောက်ပြီးနေခဲ့ပါ၊

ငါတို့ ခရီးထွက်သွားတုန်းမှာ ကြိုးကြိုးစားစား ကျင့်ကြံကြ

ပါ..."

နတ်သမီးများက မယ်တော်ဝမ်မူကို ဦးညွှတ်ဂါရဝပြုလိုက်ကြ

လေသည်။

ထို့နောက် မယ်တော်ဝမ်မူနှင့် လွိုလော်တို့ ချင်လွမ်နတ်ငှက်ကို

စီးကာ လူ့ပြည်သို့ ဆင်းသွားသည်ကို ကြည့်ရင်း ကျန်ရစ်ခဲ့ကြ

လေသည်။

လူ့လောကတွင် လေထန်လျှက်ရှိလေသည်။ သို့သော်...

မယ်တော်ဝမ်မူကိုတော့ ထိခိုက်နိုင်ခြင်း မရှိပေ။

မယ်တော်ဝမ်မူက...

"မင်း သူ့ကိုတွေ့လား..."

လွိုလော်က ခေါင်းခါယမ်းလိုက်ရင်း...

"မတွေ့သေးဘူး..."

မယ်တော်ဝမ်မူက...

"မင်း ငါ့ဆီမှာ နေလာတာ နှစ်ပေါင်းတစ်သောင်းမကတော့ဘူး ၊ ဒါပေမယ့် ငါ မင်းကို အခုထိ နားမလည်နိုင်သေးဘူး ၊ မင်းမဖြေချင်ဘူးဆိုရင်လည်း ငါ ဆက်ပြီး မမေးတော့ပါဘူး...."

လွိုလော်က စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျေးဇူးတင်ပါတယ် မယ်တော်..."

မယ်တော်ဝမ်မူက...

"တကယ်တော့ ငါ လူ့လောကကို လာရတာ သူ့ဆီက တောင်းပန်တာကို လိုချင်လို့ပဲ ၊ တကယ်တော့ အဲဒီနတ်ဘုရားဘယ်သူဆိုတာ မင်းသိနေတယ်မဟုတ်လား ၊ မင်းအသိဆိုရင်လည်း မင်းမျက်နှာကိုထောက်ပြီး ဆယ်လုံးလောက် ပေးလိုက်

ရလည်း ဘာအရေးလဲ ၊ ဒါပေမဲ့ ငါ့အနေနဲ့ သူ့ကို မျက်နှာချင်းမဆိုင်ချင်တာတော့ အမှန်ပဲ..."

မယ်တော်ဝမ်မူ၏စကားကြောင့် လှိုလော်မှာ အသက်ရှူကြပ်သလို ခံစားလိုက်ရလေသည်။

သို့သော်... သူမသည် သက်ပြင်းတစ်ချက်သာချလိုက်ပြီးမည်သည့်စကားမှ ပြန်မပြောခဲ့ပေ။ မယ်တော်ဝမ်မူ၏ ကျေးဇူးများသူမအပေါ်တွင် များစွာ ရှိလေသည်။ သို့ရာတွင် သူမသည်ယခုတော့ မယ်တော်ဝမ်မူအပေါ်တွင် ကိစ္စတစ်ခုကို ဖုံးကွယ်ထားခဲ့မိပြီ ဖြစ်လေသည်။ နောက်ပိုင်းတွင် မယ်တော်ဝမ်မူသည် သူမကို မျက်နှာသာပေးတော့ မည်ပင် မဟုတ်ပေ။

သူတို့နှစ်ယောက်သည် ချင်းလွမ်နတ်ငှက်ကို စီးနှင်လာပြီးတောအထပ်ထပ် တောင်အသွယ်သွယ်ကိုကျော်ဖြတ် လာခဲ့ကြလေသည်။

အတန်ကြာသည့်အခါ... သူတို့ရှေ့တွင် တိမ်တိုက်များကို ထိုးဖောက်ပြီး မိုးထိအောင်မြင့်မားသည့် တောင်မြင့်ကြီး တစ်ခုကို တွေ့လိုက်ရလေသည်။

မယ်တော်ဝမ်မူက...

"အရှေ့ကတောင်က ကျီမော့တောင်ပဲ ၊ ငါ လူတစ်ယောက်နဲ့ တွေ့စရာရှိတယ် ၊ မင်း ဒီမှာ ခဏစောင့်ပြီးနေခဲ့..."

လို့လော်က ခေါင်းညိတ်ပြလိုက်လေသည်။

ချင်လွမ်နတ်ငှက်ကြီးသည် လေထဲတွင် ရပ်တန့်နေလေသည်။

မယ်တော်ဝမ်မူက ရွှေရောင်အလင်းတန်း အသွင်ပြောင်းပြီး ကျီမော့တောင်သို့ ထွက်ခွာသွားလေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်းကျော်ခန့်က လောကတွင် အမှားအယွင်းများစွာ ဖြစ်ခဲ့လေသည်။

ယခု မယ်တော်ဝမ်မူ၏ ကျောက်စိမ်းရေကန်ဥယျာဉ်သို့

ရောက်လာသူမှာ ထိုနတ်ဘုရား ဟုတ်သည်လား မဟုတ်သည်

လား လို့လော်လည်း သိပ်ပြီး မသေချာလှပေ။

လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းကျော်ခန့်က...

ထိုနတ်ဘုရားသည် များစွာသော နတ်ဘုရားများနှင့်တိုက်ခိုက်ခဲ့

ပြီး အတိတ်ကို ဖြတ်တောက်ပစ်ခဲ့လေသည်။

ထိုနတ်ဘုရားသည် မိုးနတ်မင်းပြီးလျှင် တန်ခိုးစွမ်းအား အမြင့်

မားဆုံး နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ ယခုတစ်ကြိမ်

ပြန်လည်ဆုံတွေ့ရသည့်အခါတွင်တော့ ထိုနတ်ဘုရားသည်

ပထမအကြိမ် တိုက်ပွဲတုန်းကထက်ပင် တန်ခိုးစွမ်းအားများ

မြင့်မားနေခဲ့ပြီ ဖြစ်လေသည်။

မယ်တော်ဝမ်မူ၏ ထိုက်ယင်းရွှေဆံထိုးကပင် ထိုနတ်ဘုရားကို

တစ်ချက်ကလေး ထိခိုက်အောင် ဒုက္ခပေးနိုင်စွမ်း မရှိခဲ့ပေ။

ကံကောင်းသည်မှာ ယခင်အချိန်များတုန်းက မယ်တော်ဝမ်မူသည် ထိုနတ်ဘုရားကို တွေ့မြင်ခဲ့ဖူးခြင်း မရှိပေ။ အကယ်၍ မယ်တော်ဝမ်မူသာ ထိုနတ်ဘုရား မည်သူမည်ဝါဖြစ်သည်ကို သိရှိသွားပါက ထိုနတ်ဘုရား၏ ရန်သူများကို သတိပေးသလို ဖြစ်သွားပေမည်။

လွိုလော်သည် ထိုနတ်ဘုရားအန္တရယ်ကျရောက်မည်ကို စိုးရိမ်နေမိလေသည်။

ထိုအကြောင်းအရာများကို စဉ်းစားလိုက်မိသည့်အခါတွင်တော့ လွိုလောသည် ရက်ဆက်လွန်းသည့် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်လေတော့သည်။ သူမ၏ နတ်ဘုရားစိတ်ထားသည် ဓားတစ်လက်အလား ထက်မြက်လာလေ သည်။

ထို့နောက်... ထက်မြက်လှသည့်ဓားဖြင့် သူမ၏ ဝိညာဉ်စီးကြောင်းမှ ထိုနတ်ဘုရားနှင့်ပတ်သက်သည့် အတိတ်အမှတ်တရများအားလုံးကို ဖြတ်တောက်ပစ်လိုက်လေ

တော့သည်။ ထိုသို့ပြုလုပ်လိုက်မှသာ နောင်တစ်ချိန်တွင် တစ်စုံတစ်ယောက်က ထိုနတ်ဘုရားအကြောင်း သူမထံတွင် လာရောက်စုံစမ်းလျှင် လုံး၀ ပေါက်ကြားတော့မည် မဟုတ်ပေ။ ဆန်းလျန်၏ ရန်သူများအားလုံးသည် မိုးမြေကိုတုန်လှုပ်စေသည်အထိ တန်ခိုးစွမ်းအား မြင့်မားသူများ ဖြစ်ကြလေသည်။ ကျယ်ပြန့်သည့်လောကကြီးတွင် သူတို့သည် တစ်နေ့မဟုတ် တစ်နေ့ ဆန်းလျန်ကို ရှာတွေ့သွားကြမည် ဖြစ်လေသည်။

သို့သော်... သူမဆီကတစ်ဆင့် ဆန်းလျန်အကြောင်း သတင်းပေါက်ကြားသွားခြင်းမှာတော့ မည်သည့်အခါမှ မဖြစ်စေရ။ သူမ... ဆန်းလျန်အတွက် လုပ်ပေးနိုင်သည့် အရာအားလုံးကို လုပ်ပေးခဲ့ပြီ ဖြစ်လေသည်။

သခင်လေး... ဆရာစူး၏အိမ်မှ ရေငန်းသီးပင်လေးကို မှတ်မိပါဦးမည်လား...။ သခင်လေးကိုယ်တိုင် "လွိုလော်" ဟု

အမည်ပေးခဲ့သည့် ယွီစွေမြစ်ကမ်းနံဘေးက နတ်မိမယ်လေးကို မှတ်မိပါဦးမည်လား…။

ထိုအတွေးသည် သူမ၏ အတိတ်မှတ်ဉာဏ်များအားလုံးကို ဖြတ်တောက်မပစ်ခင် လွှိလော် နောက်ဆုံးတွေးလိုက် သည့် အတွေးများသာ ဖြစ်လေသည်။

မှတ်ဉာဏ်များကို ဖြတ်တောက်ပစ်လိုက်သည့်အချိန်တွင် သူမ၏ပါးပြင်ထက်မှ မျက်ရည်တစ်စက် တိတ်တဆိတ် ကျဆင်းသွားကာ လူ့လောကမြေပြင်တစ်ခုလုံး ရှဲရှဲစိုသွားလေတော့သည်။

………….

ဆန်းလျန်ကတော့ ထိုအဖြစ်အပျက်များကို သိရှိခဲ့ခြင်း မရှိပေ။ သူ၏ မှတ်ဉာဏ်များထဲတွင် အတိတ်တစ်ခုလုံးသည် မှုံဝါးလျှက်ရှိလေသည်။ အတိတ်နှင့်ပတ်သက်ပြီး မည်သည့် သဲလွန်စမှ မကျန်ရှိပေ။

ကူးဝေဝေသည် မက်မွန်သီးကို စားလိုက်လေသည်။

ဆန်းလျန်က ထိပ်တန်းအဆင့် နတ်ဘုရားတန်ခိုးစွမ်းအား များကို အသုံးပြုပြီး ကူးဝေဝေ၏ အသွေးအသားနှင့် အရိုးများကို ပြုပြင်ဖန်ဆင်းပေးလိုက်လေသည်။ ဆန်းလျန် ပြုပြင်ပြောင်းလဲပေးလိုက်သည့် ခန္ဓာကိုယ်သည် ကျွယ်ရှင်းက သူ၏မိစ္ဆာစွမ်းအားများကို ဖြတ်တောက်ရန်အတွက် ကျုန်းတျဲယီ၏ ခန္ဓာကိုယ်ကို အရိုးမိစ္ဆာအဖြစ် ပြောင်းလဲပေးလိုက်သည်ထက် များစွာ သာလွန်လေသည်။

ဤသည်မှာ ထိုက်ယီထျန်းရှန်းအဆင့်၏ ဖန်ဆင်းမှုတန်ခိုးစွမ်းအားပင် ဖြစ်လေသည်။ ဤသည်မှာ ကျောက်စိမ်း ရေကန်ဥယျာဉ်မှ မက်မွန်သီး၏ အလှတရားလည်း ဖြစ်လေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်သည်ကျိုးယီတောင်သို့ ပြန်သွားခဲ့လေသည်။

သူက ခရမ်းရောင်တိမ်တိုက်မြူခိုးများဖြင့် ရစ်နှောင်နေသည့် သူ၏ နတ်ဘုရားအသွင်ဖြင့် ရောက်လာခြင်း ဖြစ်လေသည်။

ဆန်းလျှန်သည် လူ့လောကတွင် လူသားအသွင်ဖန်ဆင်းပြီး နေ လေ့ရှိသူ ဖြစ်လေသည်။ သို့သော်... သူ လူသား ပုံသဏ္ဍာန် ဖန်ဆင်းလိုက်တိုင်း ထူးဆန်းမှုတစ်ခုကို တွေ့ရှိရလေသည်။ လူသားပုံသဏ္ဍာန်ဖန်ဆင်းလိုက်ရင် သူ၏ စိတ်ထဲတွင် ပိုပြီး လွတ်လပ်သွားသလို ခံစားလိုက်ရပြီး လူတစ်ယောက် အသစ် မွေးဖွားလာသလိုလည်း ခံစားရလေ သည်။

ထိုသို့ ခံစားရသည်မှာ ကောင်းသည်လား ၊ ဆိုးသည်လည်း သူ လည်း သေသေချာချာ မသိပေ။

ထို့ပြင်... သူသည် လူ့လောကတွင် မိုင်ပေါင်းထောင်နှင့်ချီ အောင် ဝေးကွာသည့်နေရာမှ အကြောင်းအရာများ အားလုံးကို လည်း အာရုံခံနိုင်စွမ်းရှိလေသည်။

သူက ကျိုးယီတောင်သို့ မလာခင် ကူးဝေဝေထံတွင် သူ၏ မူလ ဝိညာဉ်သကေ်တကို ထားရှိခဲ့လေသည်။ ထို့ကြောင့်... သူ

ထွက်ခွာလာသည့်တိုင် စားသောက်ဆိုင်ထဲတွင် သူရှိနေသည်နှင့်မခြားတော့ပေ။

ဆန်းလျန်သည် ပြောသည့်စကားအတိုင်း တည်ခဲ့လေသည်။

(၃)ရက်မြောက်သည့်နေ့တွင် သူသည် ဟယ်ရှန်း ရှေ့တွင် ပြန်ပေါ်လာလေသည်။

လရောင်က ဖြာလင်းနေသည့် ညအချိန်တွင်...

ဆန်းလျန်သည် သူ၏ နတ်ဘုရားအသွင်သဏ္ဍာန်ဖြင့် ဟယ်ရှန်းနှင့် ကျွယ်ရှင်းရှေ့တွင် ရုတ်တရက်ပေါ်လာလေ သည်။

ဟယ်ရှန်းမှာ ရုတ်တရက် ထိတ်လန့်သွားသော်လည်း မအော်လိုက်မိအောင်တော့ ထိန်းထားလိုက်နိုင်လေသည်။

ဆန်းလျန်က မက်မွန်သီးကို ထုတ်လိုက်ပြီး ဟယ်ရှန်းဆီသို့ ပစ်ပေးလိုက်သည်။

"စားလိုက်..."

ဟယ်ရှန်းက မက်မွန်သီးကို ဖမ်းလိုက်ပြီး စိတ်ဝင်တစားဖြင့် လေ့လာနေလေသည်။

မက်မွန်သီးမှ မွှေးပျံ့သည့်ရနံ့များထွက်ပေါ်နေသည့်အတွက် သူမ တံတွေးတစ်ချက် မျိုချလိုက်မိသည်။ မက်မွန်သီးမှ နတ်ဘုရားစွမ်းအားများက သူမကို စွဲဆောင်လျှက်ရှိလေသည်။

မက်မွန်သီးမှာ မည်မျှ အဖိုးတန်သည်ကို သိရှိနိုင်လေသည်။

တစ်ချိန်တည်းမှာပင်...

ကျွယ်ရှင်းမှာလည်း သူ၏ သခင်လေးမှာ တန်ခိုးစွမ်းအား မည်မျှမြင့်မားသူဖြစ်သည်ကို နားလည်လိုက်ရလေသည်။ ထိုသို့သော နတ်ဘုရားတစ်ပါး၏လက်အောက်တွင် တာဝန်ထမ်းတောင်ခွင့်ရသည်မှာ ကံကောင်းလှသည်ဟု တွေးလိုက်မိလေတော့သည်။

အခန်း (၇၄၈) သူမကပါရမီရှင်

ထိုညက ဆန်းလျန်ပေးသည့် မက်မွန်သီးကို စားပြီး သည့်နောက် ဟယ်ရှန်းသည် ရက်အတန်ကြာသည်အထိ ဆာလောင်ခြင်း မရှိခဲ့ပေ။

သူမ၏ ခန္ဓာကိုယ်မှာလည်း ယခင်ကထက် ပေါ့ပါးလာသည်ဟု ခံစားလာရလေသည်။ ထို့ပြင် သူမသည် စွမ်းအားများ ပြည့် ဝလာပြီး နဂိုက ပိန်ပိန်ပါးပါး ခန္ဓာကိုယ်လေးသည် တဖြည်းဖြည်း ပြည့်ပြည့်ဖြိုးဖြိုးနှင့် သွေးရောင်လွှမ်း လာလေ သည်။

သူမ၏ မိခင်သာ မျက်စိမြင်ရမည်ဆိုလျှင် ပြောင်းလဲသွား သည့် သူမ၏ ပုံစံကြောင့် အံ့ဩသွားလောက်လေသည်။

ထို့နောက် သူမသည် ဆန်းလျန်နောက်သို့ လိုက်ကာ တောင်ပေါ်မှ ဆေးပင်များအကြောင်း သင်ယူခဲ့လေသည်။ တောင်ပေါ်သို့ သာမက ဆန်းလျန်သည် သူမကို အခြားနေရာများသို့လည်း ခေါ်သွားသေးသည်။ မည်သည့်နေရာများ ဖြစ်သည်ကိုတော့ သူမလည်း ရှင်းရှင်းလင်းလင်း မသိခဲ့ပါ။

ဆန်းလျန် သူမကို ခေါ်ဆောင်သွားသည့်နေရာများမှာ ကျိုးယီတောင်နှင့် မိုင်ထောင်ပေါင်းများစွာ ဝေးကွာသည့် နေရာများ ဖြစ်လေသည်။ အခြားသော နတ်ဘုရားကျောင်းတော်များ၏ နေရာများ ဖြစ်ကြလေသည်။ သို့သော်... ဆန်းလျန်၏ တန်ခိုးစွမ်းအားမြင့်မားမှုကြောင့် နတ်ဘုရားကျောင်းတော်မှ လူများက သိရှိကြခြင်း မရှိပေ။

ညဘက်တွင်တော့ ကျွယ်ရှင်းက သူမကို တရားထိုင်နည်းနှင့် ကျမ်းစာများကို သင်ကြားပေးလေသည်။ ကျွယ်ရှင်း သင်ပြ

ပေးသည့် ကျမ်းစာမှာ ဟွမ်ထင်ကျမ်းစာဖြစ်သည်ဟု ကျွယ်ရှင်းက သူမကို ပြောပြလေသည်။

ရက်အနည်းငယ်ကြာသည့်အခါ…

ဟယ်ရှန်းက သူမ၏ ခန္ဓာကိုယ်သည် သစ်ရွက်လေးတစ်ရွက် အလားပေါ့ပါးနေသည်ဟု သတိထားလိုက်မိလေသည်။

ထို့နောက်သူမသည် ကျောက်ဆောင်ထက်မှ ပေ (၁၀၀) အကွာရှိ ချိုင့်ဝှမ်းထဲမှ သစ်ပင်တစ်ပင်ဆီသို့ ပျံသန်း ထွက်ခွာသွားလေသည်။ သူမသည် သစ်ပင်ထိပ်ဖျားတွင် ခြေဖျားထောက်ကာ ရပ်နေပြီး အောက်သို့ပြုတ်ကျသွား ခြင်းမရှိပေ။

ဟယ်ရှန်း အလွန်ပျော်ရွှင်သွားလေသည်။

သူမက ထိုအကြောင်းကို ဆန်းလျန်နှင့်ကျွယ်ရှင်းကို ပြောပြချင်မိလေသည်။ သို့သော်… သူမ တောင်ပေါ်မှ ဆင်းလာသည့်အခါ ကျွယ်ရှင်းနှင့်ဆန်းလျန်ကို မည်သည့်နေရာတွင်မှ မတွေ့ရတော့ပေ။

သူတို့နှစ်ယောက်သည် အိပ်မက်ပမာ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

သို့သော်... သူမရရှိထားသည့် တန်ခိုးစွမ်းအားများကတော့ ပျောက်ကွယ်သွားခြင်း မရှိခဲ့ပေ။ ထို့ပြင် ဆန်းလျန် သင်ကြား ပေးသွားသည့် ဆေးပညာများမှာလည်းသူမ၏စိတ်ထဲတွင် စွဲ ထင်နေခဲ့လေသည်။

အမှန်တော့... သူမကို ဟယ်စူးရင်းအနိုင်ကျင့်ခဲ့သည့်နေ့မှ စတင်ရေတွက်လျှင် အချိန်မှာ လဝက်ခန့်သာ ရှိသေး သည်။

သို့သော်... သူမ၏ တန်ခိုးစွမ်းအားများသည် သာမန်ဟိုင်သန်း အဆင့် ကျင့်ကြံသူတစ်ယောက်ထက် မြင့်မား နေခဲ့ပြီ ဖြစ်လေ သည်။ ဤသည်မှာ မက်မွန်သီး၏ အစွမ်းပင် ဖြစ်လေ၏။

ဟယ်ရှန်းက သာမန်လူသားတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် နတ်မက်မွန်သီးကို စားလိုက်သည့်အခါ မက်မွန်သီး ထဲမှ နတ်ဘုရားစွမ်းအားများကို သူမ၏ လူသားခန္ဓာက

ချက်ချင်းစုပ်ယူနိုင်ခဲ့ခြင်း မရှိပေ။ တဖြည်းဖြည်းချင်းသာ စုပ်ယူနိုင်ခဲ့လေသည်။

ထို့ပြင် သူမသည် မွေးရာပါ ဝိညာဉ်စွမ်းအားကောင်းသူတစ်ယောက်ဖြစ်ပြီး ဆန်းလျန်၏ ပြိုင်ဘက်မရှိသည့် နတ်မျိုးနွယ်ကျင့်စဉ်နှင့်ပေါင်းစပ်လိုက်သည့်အခါ လဝက်အတွင်းမှာပင် (၁၀)နှစ်ကျင့်ကြံမှ ရရှိမည့် တန်ခိုးစွမ်းအား များကို ရရှိသွားခဲ့လေသည်။

ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုလျှင် ဟယ်ရှန်းသည် ရေသိုလှောင်ကန်တစ်ခုနှင့်တူပြီး ဆန်းလျန်က ရေသိုလှောင်ကန်ထဲသို့ ရေများထည့်သွင်းပေးခဲ့ခြင်း ဖြစ်လေသည်။ ထို့နောက်အဆင့်ပေါင်းများစွာကို ကျော်ဖြတ် စေခဲ့ပြီး မြစ်တစ်စင်းအလား စီးဆင်းစေခဲ့လေသည်။

သို့သော်… သူမသည် တန်ခိုးစွမ်းအားပြည့်ဝေနေသည့်တိုင် ဟိုင်သန်းအဆင့်ကိုတော့ တက်ရောက်နိုင်ခြင်း မရှိသေး ပေ။

အဘယ်ကြောင့်ဆိုသော် ဟိုင်သန်းအဆင့်ဆိုသည်က အလွန်ခက်ခဲသည့် အဆင့်တစ်ခုဖြစ်ပြီး အဆင့်တက်ရောက်နိုင်ရန်မှာ တာအိုစိတ်ထားအပေါ်တွင်လည်း မူတည်လေသည်။

နတ်ဘုရားကျောင်းတော်ကြီးတစ်ခုမှ ကျင့်ကြံသူတစ်ယောက်သာ ဟယ်ရှန်းကဲ့သို့သော အခွင့်အရေးကိုရလျှင် အချိန်တို အတွင်းမှာပင် ဟိုင်သန်းအဆင့်တက်ရောက်နိုင်အောင် အပြင်းအထန် ကျင့်ကြံမည် ဖြစ်လေသည်။ သို့သော်… ဟယ်ရှန်းကတော့ ကျင့်ကြံခြင်းအဆင့်များအကြောင်းကို ထဲထဲဝင်ဝင် သိမြင်သူတစ်ယောက် မဟုတ်ပေ။

သူမသည် အဖြူရောင်စက္ကူစလေးတစ်စအလား ဖြစ်လေသည်။ ဆန်းလျန်က သူမကို မင်နှင့် စုတ်တံပေးလိုက်ပြီ ဖြစ်လေသည်။ နောက်ပိုင်းကိစ္စများကို သူမကိုယ်တိုင် ဆက်လက်ရေးသားရမည် ဖြစ်လေသည်။

ဟယ်ရှန်းက ဆန်းလျန်နှင့် ကျွယ်ရှင်းကို လိုက်ရှာသော်လည်း မတွေ့တော့သည့်အဆုံး အိမ်သို့ ပြန်လာခဲ့လေသည်။

အချိန်စောနေသေးသည့်အတွက် သူမက လမ်းတွင်တွေ့သည့် သစ်သီးများကို မိခင်ဖြစ်သူကို ကျွေးရန်အတွက် ခူးသွားခဲ့လေသည်။

အိမ်သို့ရောက်သည်နှင့် ဧည့်ခန်းတွင်ထိုင်ကာ ရွာထဲမှ အဒေါ်ကြီးတစ်ယောက်နှင့် စကားပြောနေသည့် မိခင်ဖြစ်သူကို တွေ့လိုက်ရလေသည်။

အဒေါ်ကြီးမှာ ဟယ်ရှန်းကို မြင်မြင်ချင်း လုံးဝမမှတ်မိပေ။

နောက်မှ မှတ်မိသွားပြီး...

"အားရှန်းရယ်... လှလာလိုက်တာဟယ်... မှတ်တောင်မမှတ်မိဘူး..."

ဟယ်ရှန်း၏မိခင်ဖြစ်သူက...

"ဆုံးသွားတဲ့အဘိုးကြီးက ဒီသမီးကို သိပ်ချစ်တာ ၊ ဒါနဲ့...

အစ်မကြီးဝူမှာ ကောင်းတဲ့မိသားစုက သားယောကျာ်းလေး

တွေရှိရင် သမီးနဲ့ ကြောင်းလမ်းပေးပါဦးရှင်..."

အဒေါ်ကြီးဝူက ခေါင်းညိတ်လိုက်လေသည်။

ဟယ်မိသားစုလေး၏ အခြေအနေကို သူမ ကောင်းကောင်းသိ

လေသည်။ ဒီတော့ သူမကလည်း အကောင်းဆုံး ကြိုးစားပေး

ရပေမပေါ့။

စကားစမြည်အနည်းငယ်ပြောပြီးသည့်နောက် အဒေါ်ကြီးဝူက

နှုတ်ဆက်ပြီး ပြန်သွားလေသည်။

ဟယ်ရှန်း၏ မိခင်က...

"သမီး... ဒီနေ့ ပြန်လာတာ စောသားပဲ..."

ဟယ်ရှန်းမှာ အတွေးလွန်နေသည့်အတွက် မိခင်ဖြစ်သူ၏

စကားကို ချက်ချင်းပြန်မဖြေလိုက်နိုင်ပေ။

မိခင်ဖြစ်သူက (၃)ခါလောက်မေးတော့မှ ဟယ်ရှန်း သတိပြန်ဝင်လာလေသည်။ သူမ ဆန်းလျန်ထံမှ သင်ယူထားသည့် ဆေးပညာက မိခင်ဖြစ်သူကို မျက်စိအလင်းပြန်ရလာအောင် ကုသပေးနိုင်ပါမည်လားဟု သူမက စဉ်းစားနေခြင်း ဖြစ်လေသည်။ ထို့ကြောင့် မိခင်ဖြစ်သူ မေးမြန်းသည်ကို သတိလက်လွတ်ဖြင့် မကြားခဲ့ခြင်းပင်။

ဟယ်ရှန်းက...

"အမေ... ဒီနေ့ သစ်သီးနည်းနည်းခူးလာခဲ့တယ် ၊ အရသာရှိမယ့်ပုံပဲ ၊ အမေစားဖို့ သမီးရေသွားဆေးလိုက်ဦးမယ်..."

မိခင်ဖြစ်သူက...

"သမီးရော စားပြီးပြီလားကွယ်..."

ဟယ်ရှန်းက သူမနှုတ်ခမ်းများကို ကိုက်ထားမိလေသည်။ ဆန်းလျန်နှင့် ကျွယ်ရှင်းအကြောင်းကို မိခင်ဖြစ်သူကို ပြောပြလျှင် ကောင်းမည်လားဟု သူမ စဉ်းစားနေမိသည်။ နောက်ဆုံး

တော့ သူမက မိခင်ဖြစ်သူကို ဖုံးကွယ်မထားတော့ဘဲ အမှန် အတိုင်း ပြောပြလိုက်လေတော့သည်။

ဟယ်ရှန်းပြောပြသည့်စကားများကို နားထောင်ပြီးသည့်အခါ တွင်တော့ မိခင်ဖြစ်သူက တန်ကြာတိတ်ဆိတ်သွားလေ သည်။ ပြီးမှ...

"သမီးက နတ်ဘုရားကျင့်စဉ်တွေကို ကျင့်ကြံနေမှတော့ သမီး ကို ဘယ်သူက လက်ထပ်ရဲတော့မှာလဲကွယ်..."

ဟယ်ရှန်းက....

"လက်မထပ်ရဘူးဆိုတော့လည်း အမေ့ကို တစ်သက်လုံးပြုစု လုပ်ကျွေးလို့ ရတာပေါ့..."

မိခင်ဖြစ်သူက...

"ဒီလိုဆိုရင် ဆုံးသွားတဲ့ သမီးရဲ့အဖေအပေါ်မှာ အမေက တာဝန်မကျေသလို ဖြစ်မှာပေါ့ကွယ်၊ ရှန်းအယ်...သမီး အမေ့ ကို တကယ်ချစ်တယ်ဆိုရင် နတ်ဘုရားကျင်စဉ်တွေကို ဆက်

ပြီးမကျင့်ကြံပါနဲ့ကွယ်၊ သမီးရဲ့ တန်ခိုးစွမ်းအား တွေကိုလည်း လူရှေ့သူရှေ့မှာ ထုတ်မပြပါနဲ့၊ အဲဒါမှ သမီးဘဝတစ်လျှောက်လုံး အေးအေးချမ်းချမ်း နေခွင့်ရမှာ..."

မိခင်ဖြစ်သူ၏ စကားများကြောင့် ဟယ်ရှန်းမှာ အနည်းငယ် စိတ်မကောင်းဖြစ်သွားလေသည်။

သူမက သူမ၏ကိုယ်ကျိုးအတွက် ကျင့်ကြံခဲ့ခြင်း မဟုတ်ပေ။ သူမသာ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက် ဖြစ်လာခဲ့ လျှင် မိခင်ဖြစ်သူနှင့် အခြားသောသူများကို ကူညီနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင့်စဉ်များ ကျင့်ကြံခဲ့ခြင်း ဖြစ်လေသည်။ သူမဘက်က မှားယွင်းသည်ဟု မယူဆမိပေ။

သို့သော်... မိခင်ဖြစ်သူနှင့် ငြင်းခုန်ရန် မသင့်တော်သဖြင့် သူမက မည်သည့်စကားမှ မဆိုတော့ဘဲ ခပ်မဆိတ်သာ နေလိုက်လေသည်။

ဟယ်ရှန်း စကားပြန်မပြောသည့်အတွက် မိခင်ဖြစ်သူက ဒေါသထွက်သွားလေသည်။

"သမီး သေသေချာချာ စဉ်းစားပါ..."

မိခင်ဖြစ်သူဒေါသထွက်သွားသည်ကို တွေ့သည်နှင့် ဟယ်ရှန်းက ကမန်းကတန်း တောင်းပန်လိုက်လေသည်။

"သမီး ဆက်ပြီး မကျင့်ကြံတော့ပါဘူး ၊ အမေ စိတ်မဆိုးပါနဲ့နော်..."

ထိုအချိန်တွင်...

ဆန်းလျန်နှင့် ကျွှယ်ရှင်းတို့မှာ ယွင်မုမြစ်ကမ်းနံဘေးတွင် ရှိနေကြလေသည်။ သို့သော်... အခြားသူများက သူတို့ကို မြင်တွေ့ခြင်း မရှိအောင် ကိုယ်ယောင် ဖျောက်ထားကြလေသည်။

ကျွှယ်ရှင်းက...

"ဟယ်ရှန်းရဲ့အမေက တကယ်စိတ်ပျက်စရာပဲ ၊ သမီးလုပ်တဲ့သူက နတ်ဘုရားကျင့်စဉ်တွေ ကျင့်ကြံနေတာကို သူက ယော

ကျားကောင်းကောင်းနဲ့ လက်ထပ်နိုင်ဖို့လောက်ပဲ စိတ်ဝင်စား

နေတယ်..."

ဆန်းလျန်က...

"ကြည့်ရတာ သူ့အမေက ကျင့်ကြံခြင်းအကြောင်းတွေကို နားမ

လည်လောက်ဘူးထင်တယ်။ သာမန်လူ တစ်ယောက်ကတော့

သာမန်လိုပဲ တွေးမှာပေါ့။ မိန်းကလေးဆိုတာ အားနည်းတယ်။

ယောကျ်ားကောင်း တစ်ယောက်နဲ့အိမ်ထောင်ပြုပြီး တစ်ဘဝ

လုံးကောင်းကောင်းမွန်မွန်မှီခိုနေထိုင်သွားရမယ်။ သူကတော့

အဲဒီလို တွေးမှာပေါ့လေ..."

ကျွယ်ရှင်းက...

"ဟယ်ရှန်းကကျင့်ကြံခြင်းမှာ ပါရမီပါတဲ့မိန်းကလေးတစ်

ယောက်ပဲ။ အခုအချိန်က သူ့အတွက် အရေးကြီးဆုံး အချိန်ပဲ။

အခုအချိန်မှာသာ ကျင့်ကြံခြင်းကို နောက်ဆုတ်လိုက်ရင်း နှ

မျှော်စရာပဲ ၊ သခင်လေး… ကျွန်တော် သူ့ကိုသွားပြီး သတိပေး လိုက်ရမလား…"

ဆန်းလျန်က လက်ကာပြလိုက်ပြီး…

"သွားပြောစရာမလိုဘူး ၊ သူက ကျုပ်ရဲ့တပည့်ဖြစ်လာမှတော့ သူကိုယ်တိုင် ရှင်းရှင်းလင်းလင်း စဉ်းစားနိုင်ပါလိမ့် မယ်…"

ထို့နောက် ဆန်းလျန်က သူ၏ဘယ်ဘက်မှ လေထုထဲသို့ တစ် ချက်ကြည့်ကာ ပြုံးလိုက်ရင်း…

"ကျုပ်တို့စကားပြောနေတာကို ခိုးပြီးနားထောင်ရတာ တော်တော်မှ စိတ်လှုပ်ရှားစရာကောင်းရဲ့လား…"

ကျွယ်ရှင်းမှာ အနည်းငယ် အံ့အားသင့်သွားလေသည်။

ပတ်ဝန်းကျင်တွင် တစ်စုံတစ်ယောက်ရှိနေသည်ကို သူလုံးဝ သတိထားခဲ့မိခြင်း မရှိပေ။

ဆန်းလျန်စကားဆုံးသွားသည်နှင့် သူတို့နှင့် မနီးမဝေးတွင် လူ (၂)ယောက်ပေါ်လာလေသည်။

တစ်ယောက်မှာ သံချိုင်းထောက်ကြီးအသုံးပြုကာ ရပ်နေရသည့် အဘိုးအိုတစ်ယောက်ဖြစ်လေသည်။ သူ၏ကျောထက်တွင် အရက်ထည့်ထားသည့် ဘူးသီးချောက်တစ်လုံး လွယ်ထားလေ၏။ အဝတ်အစားများကလည်း စုတ်ပြဲနေပြီး သူတောင်းစားတစ်ယောက်နှင့် ဆင်တူလေ၏။

နောက်တစ်ယောက်ကတော့ အပြာရောင်ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားလေသည်။ သူ၏လက်ထဲတွင် ဆေးပင်တူးသည့် ဂေါ်ပြားတစ်လက်ကို ကိုင်ထားပြီး ကျောထက်မှာတော့ ဆေးပင်ထည့်သည့် ပလိုင်းတစ်လုံး လွယ်ထားလေသည်။ ရုပ်ရည်မှာလည်း ချောမောကြည့်ကောင်းလေ၏။

ချိုင်းထောက်နှင့် အဘိုးအိုက...

"လန်တောက်ရှင်... ငါ မပြောဘူးလား ၊ ခိုးကြောင်ခိုးဝှက်မလုပ်ပါနဲ့လို့ ၊ အခုတော့ နှစ်ယောက်လုံး အရှက်ကွဲရပြီ..."

လန်တောက်ရှင်ဆိုသူက ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး…

"ကျုပ်က ချင်ယန်တာအိုနန်းတော်ကပါ၊ အဲဒီ ဟယ်မိသားစုက မိန်းကလေးက ကျုပ်တို့ ချင်ယန်တာအိုနန်းတော်နဲ့ ပတ်သက်နေတဲ့သူပါ၊ ဒါကြောင့် သူ့ကို မနှောက်ယှက်ပါနဲ့…"

ကျွယ်ရှင်းက…

"အမယ်လေး… သောက်ကြီးသောက်ကျယ်နဲ့၊ နှောက်ယှက်တော့ မင်းက ဘာလုပ်ချင်လဲ…"

လန်တောက်ရှင်က…

"ဒါဆိုရင်တော့ ပွဲပြီးပြီပေါ့၊ တိုက်ခိုက်ရုံပဲရှိတယ်…"

ကျွယ်ရှင်းက ပြုံးလိုက်ရင်း…

"သူတောင်းစားကြီး၊ ခင်ဗျားကရော ခင်ဗျားရဲ့မိတ်ဆွေက တစ်သဘောတည်းပဲလား…"

ချိုင်းထောက်ကို အားပြုပြီးရပ်နေရသည့်အဘိုးအိုက တစ်

ချက်ပြုံးလိုက်ရင်း…

"ကျုပ်ကအိုနေပါပြီ ၊ ကိုယ့်အရိုးကိုယ်တောင် မသယ်နိုင်တော့

ပါဘူး ၊ ဆရာတော်က လန်တောက်ရှင်ကို အနိုင်ယူနိုင်မယ်ဆို

ရင် ကျုပ်အဘိုးကြီးက အသာတကြည် ထွက်သွားရုံပါပဲ…"

ကျွယ်ရှင်းက ရယ်မောလိုက်ရင်း…

"အဘိုးကြီး ၊ ခင်ဗျားက အိုပေမယ့် ဉာဏ်များလွန်းတယ်… "

သူတောင်းစားအဘိုးအိုက ပြုံးလိုက်ရင်း…

"ဆရာတော်ကလည်း ဉာဏ်ကောင်းတဲ့သူပါပဲ ၊ ဒီလိုလုပ်…

ဆရာတော်ရဲ့ သခင်လေးနဲ့ ကျုပ်နဲ့ တိုက်ခိုက်မယ် ၊ ဆရာတော်

က လန်တောက်ရှင်နဲ့ တိုက်ခိုက်ပါ ၊ ပြီးရင် နိုင်တဲ့သူ

(၂)ယောက် ထပ်ပြီး တိုက်ခိုက်မယ် ၊ ဒါဆို အဆုံးအဖြတ်ပေါ်

ပြီ … ဘယ်လိုလဲ…"

အခန်း (၇၄၉) မက်မွန်သီးပင်နှင့်သစ်ခွပင်အဖြစ်ပြောင်းလဲ

သွားသည့်နတ်ဘုရားများ

သူတောင်းစားအဘိုးအိုဧ၏ စကားကိုကြားသည်နှင့် ကျွယ်ရှင်း

က အဘိုးအိုကို လျှော့မတွက်ရဲတော့ချေ။

မည်သို့ပင်ဖြစ်စေ… တိုက်ပွဲသည် ဆန်းလျန်အပေါ်တွင်သာ

မူတည်သည်ဟု ကျွယ်ရှင်းက တွေးလိုက်မိလေသည်။ တန်ခိုး

စွမ်းအားမြင့်မားသူများရှေ့တွင် အခြေအနေများကို ဆုံးဖြတ်

ပြောဆိုနေခြင်းသည် ရယ်စရာဟာသပင် ဖြစ်ရ ပေလိမ့်မည်။

ဆန်းလျန်က…

"မင်းတို့ (၂)ယောက်က ဘာအရည်အချင်းတွေရှိလို့ ကျုပ်နဲ့ ပြိုင်ချင်ရတာလဲ ၊ မင်းတို့ အခု ထွက်သွားရင် မီသေးတယ်နော် ၊ နောက်မှ ကျုပ်အဆိုးမဆိုနဲ့…"

ဆန်းလျန်စကားကြောင့် လန်တောက်ရှင်က ဒေါသထွက်သွားပြီး…

"ဒါဖြင့် မင်းမှာ ဘယ်လောက်အစွမ်းရှိလဲ ကြည့်ကြတာပေါ့…"

သူတောင်းစားအဘိုးအိုက ဆန်းလျန်ကို နက်ရှိုင်းသည့်အကြည့် တစ်ချက်ဖြင့် ကြည့်လိုက်ရင်း…

"ဒီလိုစကားမျိုးကို ဆရာကြီးတွေပဲပြောတာ ၊ မင်းက အပြော ကတော့ကြီးတယ် ၊ ဒါပေမယ့် ကျုပ်တို့ (၂)ယောက်ကို တိုက် နိုင်မလား ကြည့်ကြတာပေါ့ ၊ တိုက်နိုင်ရင် ကျုပ်တို့ (၂)ယောက် မင်းဆီမှာတောင် တပည့်ခံလိုက်ဦးမယ်…"

ဆန်းလျန်က တစ်ချက်ပြုံးလိုက်လေသည်။ အပြုံးက ထက်ရှ လျှက်ရှိလေ၏။

ထို့နောက် လက်နှစ်ဖက်ကိုနောက်သို့ပစ်ကာ လေထဲတွင် တည်ငြိမ်စွာ ရပ်နေလေသည်။

ဆန်းလျန်၏ အမူအရာကို တွေ့လိုက်သည်နှင့် ထိုသူ (၂)ယောက်မှာ ဆန်းလျန်မှာ မာနခေါင်ခိုက်နေသူ ဖြစ်ကြောင်း သိရှိလိုက်လေသည်။ ဆန်းလျန်၏ပုံစံက သူတို့ကို စတင် တိုက်ခိုက်မည့်ပုံမရှိပေ။ သူတို့ဘက်က စတင် တိုက်ခိုက်သည်ကို စောင့်နေပုံ ရှိလေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများက တောင်နှင့်မြစ်ရေများကို ပင် ရွှေ့ပြောင်းနိုင်လောက်အောင် မြင့်မားလေသည်။ ယခု... သူ တို့တိုက်ခိုက်ရသည့်အကြောင်းမှာ ဟယ်ရှန်းကြောင့် ဖြစ်လေ သည်။

လန်တောက်ရှင်၏လက်နက်မှာ သူ့လက်ထဲတွင်ကိုင်ထားသည့် ဆေးမြစ်တူးသည့် ဂေါ်ပြားဖြစ်လေသည်။ ဂေါ်ပြားမှာ လရောင်အလား တလက်လက်တောက်ပလျှက်ရှိလေသည်။

ကျွယ်ရှင်းမှာ ထိုဆေးမြစ်တူးသည့် ဂေါ်ပြားကို တွေ့မြင်လိုက်သည်နှင့် စန်းလော်ခန်းမမှ ငရဲမင်း၏ စုတ်တံကို ပြေးပြီး သတိရလိုက်မိလေသည်။ သူ၏ ဝိညာဉ်ပင် တစ်ချက်တုန်ခါသွားသလို ခံစားလိုက်ရလေသည်။ သာမန်ဝိညာဉ်တစ်ခုသာဆိုလျှင် ချက်ချင်းပင် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားနိုင်ပေ၏။

သူသာ လန်သောက်ရှင်နှင့် တစ်ယောက်ချင်း တိုက်ခိုက်မည်ဆိုလျှင် လန်တောက်ရှင်၏ ဂေါ်ပြားကို (၈)ကြိမ် ၊ (၉)ကြိမ်ခန့်သာ ခုခံနိုင်မည် ဖြစ်လေသည်။ ထိုသူ၏ မှော်ဝင်လက်နက်မှာ အမှန်တကယ်ပင်ကြောက်မက်ဖွယ် ကောင်းလေရာ အလွန်အပြောကြီးနေသည်မှာ အံ့သြစရာ မဟုတ်တော့ပေ။

လန်တောက်ရှင်သည် ပွဲတိုင်းနိုင်ခဲ့သည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။ ယခုတိုက်ပွဲကိုလည်း အမြန်အဆုံးသတ်ကာ အနိုင်ယူလိုက်မည်ဟု တွေးထားလေသည်။

သို့သော်... အခြေအနေများက သူ မျှော်လင့်သလို ဖြစ်မလာခဲ့ပေ။

လန်တောက်ရှင်၏ ဆေးပင်တူးသည့် ဂေါ်ပြားက ဆန်းလျန်ထံသို့ ရုတ်တရက်ပျံသန်းဝင်ရောက်လာလေသည်။ ဆန်းလျန်၏ ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ လွင့်ပျံနေသည့် အကျီလက်သည် အခိုးအငွေ့များအလား ဆေးမြစ်တူးသည့် ဂေါ်ပြားကို ရစ်ပတ်ကာ ဆွဲယူသွားလေသည်။

စူးရှထက်မြက်လွန်းသည့် ဂေါ်ပြားသည် ချက်ချင်းပင် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားတော့သည်။

လန်တောက်ရှင်မှာ သွေးများအန်ထုတ်လိုက်ပြီး မျက်နှာမှာလည်း ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

သူတောင်းစားအဘိုးအိုက ချက်ချင်းပင် အင်းစာရွက်တစ်ရွက်ကို ထုတ်ယူကာ လန်တောက်ရှင်၏ ကိုယ်ပေါ်တွင် ကပ်လိုက်

ပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။ ထိုအခါ လန်တောက်ရှင်မှာ နေရာမှာ ပျောက်ကွယ်သွားလေ တော့သည်။
သူတောင်းစားအဘိုးကြီးသည် ဆန်းလျန်ကို မနိုင်မှန်းသိလိုက်ရသည့်အခါတွင်တော့ ထွက်ပြေးရန် ကြိုးစားလေ တော့သည်။ သူက လန်တောက်ရှင်ကို လွတ်မြောက်သွားအောင် လုပ်ပေးပြီးသည့်နောက် သူကိုယ်တိုင် ထွက်ပြေး ရန်အတွက် နောက်ထပ် အင်းစာရွက်တစ်ရွက်ကို ထုတ်ယူလိုက်လေသည်။
သို့သော်... အဘိုးအို ဂါထာမရွတ်နိုင်ခင်မှာပင် ဆန်းလျန်ထံမှ ရယ်မောသံ တစ်ချက် ထွက်ပေါ်လာလေသည်။ ထို့နောက် ဆန်းလျန်က အဘိုးအိုကို လက်နှစ်ချောင်းဖြင့် ထိုးချိန်လိုက်လေသည်။
ဆန်းလျန် ထိုးညွှန်လိုက်သည့် လက်ချောင်းများသည် အလင်းရောင်များလင်းလက်ပြီး တန်ခိုးစွမ်းအားများ ထွက်ပေါ်လာခြင်း မရှိပေ။

သို့သော်... သူတောင်းစားအဘိုးကြီး၏ ခန္ဓာကိုယ် တစ်ချက် တောင့်တင်းသွားလေသည်။ ထို့နောက် အဘိုးအို၏ အဝတ်များသည် သစ်ခေါက်များအဖြစ်သို့ ပြောင်းလဲသွားပြီး အဘိုးအို၏ ဆံပင်များသည့် သစ်ကိုင်းသစ်ခက်များ အဖြစ်သို့ ပြောင်းလဲသွားလေတော့သည်။

အဘိုးအိုသည် ယွင်မု မြစ်ကမ်းနံဘေးတွင် မက်မွန်သီးပင်တစ်ပင်အဖြစ် ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

အဘိုးအိုမှာ အလွန်ထိတ်လန့်သွားလေသည်။ သူသည် တွေးတောနိုင်သော်လည်း စကားမပြောနိုင်တော့ပေ။ သူ၏ တန်ခိုးစွမ်းအားများမှာလည်း သစ်ပင်ထဲတွင် ချိတ်ပိတ်ခံလိုက်ရပြီ ဖြစ်လေသည်။

ကျွယ်ရှင်းက...

"သခင်လေး... ဟို တစ်ယောက်တော့ လွတ်သွားပြီ..."

ဆန်းလျန်က အေးစက်စွာ ပြုံးလိုက်ရင်း...

"ဘယ် ပြေးလို့လွတ်မှာလဲ..."

ထို့နောက် ဆန်းလျန်သည် လက်တစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်လေသည်။

လေထုထဲတွင် ရွှံ့အိုင်ကဲ့သို့ အိုင်ကြီးတစ်အိုင်ပေါ်လာပြီး ဆန်းလျန်ကသူ၏လက်ကို ထိုရွှံ့အိုင်အတွင်းသို့ ထိုးသွင်း လိုက်လေသည်။ ဆန်းလျန်၏ လက်သည် တစ်စုံတစ်ခုကို လိုက်ဖမ်းနေဟန် ရှိလေသည်။ သိပ်မကြာမီတွင် ဆန်းလျန်က သူ၏လက်ကို လေထဲရှိ ရွှံ့အိုင်ထဲမှ ပြန်ဆွဲထုတ်လိုက်လေသည်။

ထိုအခါ သူ့လက်ထဲတွင် လူသေးသေးလေးတစ်ယောက် ပါလာလေသည်။ ထိုလူသေးသေးလေး၏ ပုံစံမှာ လန်တောက်ရှင်နှင့် တစ်ပုံစံတည်း ဖြစ်လေ၏။

ဆန်းလျန်က...

"မင်းက သိပ်ပြီး အပြောကြီးလွန်းတယ် ၊ မင်းသိလား...

တကယ်အစွမ်းထက်တဲ့လူတွေဆိုတာ သစ်ခွပန်းတွေလိုပဲ ၊

အမြင့်ကြီးမှာပေါက်ရောက်ပေမယ့် တိတ်ဆိတ်ပြီး တန်ဖိုးကြီး လွန်းတယ်၊ အဲဒီတော့ မင်းကိုယ်မင်း စဉ်းစား ဆင်ခြင်နိုင် အောင် သစ်ခွပင်ခဏလုပ်ပေးလိုက်မယ်..."

စကားဆုံးသွားသည်နှင့် ဆန်းလျန်က လူသေးသေးလေးဖြစ်နေ သည့် လန်တောက်ရှင်ကို လေထဲသို့ ပစ်လွှတ်လိုက် လေသည်။

လန်တောက်ရှင်မှာ တောင်ပေါ်ရှိ ချောက်ကမ်းပါးတစ်ခုဆီသို့ ရောက်ရှိသွားပြီး သစ်ခွပင်လေးတစ်ပင် အဖြစ်အထီးကျန်စွာ ရှင်သန်နေရလေတော့သည်။

ဆန်းလျန်သည် လက်လေးတစ်ချက်ဝှေ့ယမ်းလိုက်ရုံဖြင့် နတ် ဘုရား (၂)ပါးကို နှိမ်နင်းလိုက်ပြီ ဖြစ်လေသည်။

လန်တောက်ရှင်နှင့် သူတောင်းစားအဘိုးအိုမှာ နတ်ဘုရားများ အဖြစ် အဆင့်တက်ရောက်နိုင်ခဲ့ကြပြီး လောကတွင် အခြား သူများထက် သာလွန်သည်ဟု ဘဝင်မြင့်နေခဲ့ကြလေသည်။

လောကတွင် သူတို့ထက်သာသူ အနည်းငယ် ရှိနိုင်သော်လည်း တန်ခိုးစွမ်းအားအရာတွင် သိပ်ပြီးကွာခြားခြင်း မရှိကြပေ။ သို့သော်... ယခုတော့ သူတို့ထက်အဆမတန်သာလွန်သူတစ်ယောက်နှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရပြီ ဖြစ်လေသည်။ သူတို့သည်ကား ရေတွင်းထဲမှ ဖားများသာ ဖြစ်ကြလေ၏။

ယခုတော့ ရေတွင်းထဲမှ ဖားမဟုတ်တော့ဘဲ မြစ်ထဲမှ ငါးများဖြစ်သွားကြပေပြီ။ မြစ်ထဲတွင် သူတို့ထက်သာလွန် သည့် အခြားသောအရာများလည်း ရှိနေကြသေးသည်ကို လက်တွေ့ကျကျ နားလည်သဘော ပေါက်သွားကြပေပြီ။

သူတို့အပေါ်တွင် သနားကြင်နာပါရန် တောင်းပန်လိုသော်လည်း အပြစ်ကို ခွင့်လွှတ်ခြင်း ၊ ခွင့်မလွှတ်ခြင်းကတော့ ဆန်းလျန် အပေါ်တွင်သာ မူတည်လေသည်။

မက်မွန်သီးပင်အဖြစ်ပြောင်းလဲသွားသည် သူတောင်းစားအဘိုးအိုတွင် ဆန်းလျန်ကိုပြောစရာ စကားများစွာ ရှိနေလေသည်။

ဆန်းလျန်က ရိပ်မိလိုက်သည့်အတွက် ပင့်သက်တစ်ချက်ရှိုက်လိုက်ကာ မက်မွန်သီးပင်ကို တစ်ချက် ကြည့်လိုက်လေသည်။

ထိုအခါ မက်မွန်သီးပင်၏အခေါက်များအလယ်တွင် ပါးစပ်တစ်ခု ပေါ်လာလေသည်။

မက်မွန်သီးပင်က...

"ကျုပ်တို့ဟာ ရေတွင်းထဲကဖားတွေလိုမျိုး လောကကြီးကို ကြည့်မြင်နေခဲ့လို့ တန်ခိုးရှင်အပေါ်မှာ လျှော့တွက်ခဲ့မိပါတယ်၊ အခုတော့ ဘေးဒုက္ခကြုံရပါပြီ၊ ကိုယ့်အပြစ်နဲ့ကိုယ်ဖြစ်လို့ အထွန့်မတက်ရဲပါဘူး၊ ကျုပ်တို့ (၂)ယောက်လို တန်ခိုးစွမ်းအားမြင့်မားတဲ့သူတွေကို တန်ခိုးရှင်က ထိန်းချုပ်လိုက်နိုင်တာ သိပ်ကို အံ့သြစရာ ကောင်းပါတယ်၊ ဒါပေမယ့် ဝဋ်ဆိုတာ

လည်တတ်ပါတယ်၊ တစ်ချိန်မှာ တန်ခိုးရှင်ကိုလည်း အခုလို မျိုး ထိန်းချုပ်တဲ့ လူတစ်ယောက်နဲ့ မတွေ့နိုင်ဘူးလို့ မပြောနိုင် ပါဘူး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းပြောချင်တာ ဒါပဲလား..."

မက်မွန်သီးပင်က...

"ကျုပ်တို့ ချွင်ယန်တာအိုနန်းတော်က တုန်းဟွာတောက်ကျွင်းရဲ့ ကျင့်စဉ်တွေကို ဆက်ခံထားပါတယ်၊ ပြီးတော့ အဲဒီ မိန်းကလေးငယ်က ကျုပ်တို့ ချွင်ယန်တာအိုနန်းတော်နဲ့ ရေစက်ပါပြီးသားပါ၊ တန်ခိုးရှင်က အခု ကျုပ်တို့ကို ချုပ် နှောင်ထားလိုက်နိုင်လည်း ချွင်ယန်တာအိုနန်းတော်က နောက်ထပ်လူတွေ ရောက်လာကြဦးမှာပါပဲ၊ တန်ခိုးရှင်က သူ တို့ကိုလည်း ထပ်ပြီး ထိန်းချုပ်မယ်ဆိုရင် အကြောင်းအကျိုး

သက်ရောက်မှုတွေ ဆိုးသည်ထက် ဆိုးလာပါတော့မယ်၊ ဒါ ကြောင့် ဘာလို့ ဒီလိုအလုပ်တွေကို လုပ်နေဦးမှာလဲ..."

ဆန်းလျန်က...

"အင်း... တုန်းဟွာတောက်ကျွင်းကတော့ အံ့သြစရာပါပဲ..."

မက်မွန်သီးပင်က...

"အခုဆိုရင် တုန်းဟွာတောက်ကျွင်းဟာ ကျင်းရှန်းရွှေနတ် ဘုရားခန္ဓာရရှိတဲ့အထိ ကျင့်ကြံနိုင်ခဲ့ပါပြီ..."

ဆန်းလျန်က...

"ဒါဖြင့် သူက တန်ခိုးစွမ်းအား တော်တော် မြင့်မားနေပြီပေါ့၊ ကျင်းရှန်းရွှေနတ်ဘုရားခန္ဓာရရှိထားတဲ့ နတ်ဘုရားတစ်ပါး အနေနဲ့ လူ့လောကဆိုတာ သူဆင်းလာဖို့အတွက် သိပ်ကိုနိမ့်ကျ တဲ့နေရာတစ်ခုပါ၊ ဒါပေမဲ့ သူလာချင်လည်း လာပေါ့၊ ကျုပ် က ဘာကိုအရေးစိုက်ရမှာလဲ၊ ဘာလဲ... မင်းက သူ့နည်းမည်ကို အသုံးပြုပြီး ကျုပ်ကို ခြိမ်းခြောက်ချင်တာလား..."

မက်မွန်သီးပင်က…

"ကျုပ်က အကျိုးနဲ့အပြစ်ကို ပြောပြတာပါ…"

ဆန်းလျန်က…

"သြော်… မင်းကတော့ အကျိုးနဲ့အပြစ်ကို သိတယ်ပေါ့၊

အေး… ကျုပ်ကတော့ အကျိုးနဲ့အပြစ်ဆိုတာတွေ နားမလည်

ဘူး…၊ အဲဒါကြောင့် အဲဒီမှာပဲ သစ်ပင်လုပ်နေလိုက်တော့…"

မက်မွန်သီးပင်က စကားထပ်ပြောရန် ဟန်ပြင်လိုက်

သော်လည်း ပြော၍ မရတော့ပေ။

အဘယ်ကြောင့်ဆိုသော်… ဆန်းလျန်က သူ့ကို ပြန်လည်

ထိန်းချုပ်လိုက်သောကြောင့် ဖြစ်လေသည်။ သူ့ဘဝ

သည်ကား… အဆုံးမရှိသည့် မက်မွန်သီးပင်တစ်ပင်အဖြစ်

ရှင်သန်ရပေတော့မည်။

ကျွယ်ရှင်းက…

"ကြည့်ရတာ... သူတို့ကနောက်ခံအင်အားကောင်းပုံရတယ်၊ သခင်လေးက တစ်ခါတည်း ရှင်းပစ်လိုက် ပြီးရော..."

ဆန်းလျန်က ခေါင်းခါယမ်းလိုက်ရင်း...

"သေတယ်ဆိုတာက အဆုံးသတ်မဟုတ်ဘူး၊ သူတို့ကို သတ်ပြီးဘာလုပ်မှာလဲ၊ ပြီးတော့ သူတို့က နတ်ဘုရားတွေပဲ၊ သတ်လိုက်ရင် လူပြန်ဝင်စားလာမှာပဲ၊ ပြီးတော့ သူတို့ကို သတ်လိုက်ရင် သူတို့နဲ့သက်ဆိုင်သူတွေအားလုံးလည်း သိသွားကြလိမ့်မယ်..."

ကျွဲယ်ရှင်းက...

"နတ်ဘုရားတွေဆိုတာလည်း သေပြီး လူပြန်ဝင်စားလို့ရတယ်တဲ့လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တကယ်တော့ အံ့သြစရာမရှိပါဘူး၊ ကျုပ်ကတော့ ဖြစ်တည်မှုအားလုံးကို သိရှိနိုင်တဲ့ မှန်ကန်တဲ့ကျင့်စဉ်ကို ကျင့်ကြံနိုင်ခဲ့

တယ် ၊ လူ့လောကရဲ့ သေခြင်းရှင်ခြင်းနဲ့ လူပြန်ဝင်စားခြင်းတွေကို နားလည်နိုင်တယ် ၊ တကယ်တော့ နတ်ဘုရားတစ်ပါးဟာ လူပြန်ဝင်စားခြင်းအဆုံးသတ်တဲ့အထိ မကျင့်ကြံနိုင်သေးသရွေ့ မိုးကောင်းကင်အစစ်ဆေး ခံရခြင်းကို ရှောင်ရှားနိုင်ဖို့ ခက်တယ်လေ...၊ ဒီတော့ မိုးကောင်းကင်အစစ်ဆေးခံတာကို မကျော်လွှားနိုင်သရွေ့ လူပြန်ဝင်စားပြီး ကျင့်ကြံကြရတာပဲ..."

ကျွယ်ရှင်းက...

"ဒီလိုသာဆိုရင် လူပြန်ဝင်စားရတာက အန္တရယ်သိပ်မရှိဘူးပေါ့ ၊ သေပြီး လူပြန်ဝင်စားကျင့်ကြံနိုင်မယ်ဆိုလည်း ကောင်းတာပဲမဟုတ်လား..."

ဆန်းလျန်က...

"ကောင်းတယ်လို့လည်း မဆိုသာဘူး ၊ ဘာလို့လည်းဆိုတော့ လူပြန်ဝင်စားရာကနေ အခန့်မသင့်ရင် ကျင့်စဉ်လမ်းကို မလျှောက်မိတော့ဘဲ လူသားဘဝနဲ့ပဲ နေထိုင်သွားကြသူတွေ

လည်း ရှိပြန်တယ်၊ ဒါမှမဟုတ်ရင်လည်း လူပြန်ဝင်စားတဲ့ နတ်ဘုရားတွေဟာ ကျင့်စဉ်လမ်းမှာ အရင်ဘဝကလောက် အောင်မြင်မှု ရချင်မှ ရကြတော့မယ်၊ အဲဒီလိုသာဖြစ်ရင် နောက်ဆုံးတော့ သူတို့ဘဝတွေဟာ သာမန်ပဲ ဖြစ်သွားကြလိမ့်မယ်..."

ထိုစကားများကို ပြောနေသည့်အချိန်တွင် ဆန်းလျန်၏ စိတ်ထဲတွင် တစ်စုံတစ်ခုကို ခံစားနေရလေသည်။

သူ့စိတ်ထဲတွင် လူပြန်ဝင်စားခြင်းနှင့်ပတ်သက်ပြီး သီးခြားခွဲထွက်မှုကို ငြင်းပယ်နေလေသည်။ အကြောင်းတစ်ခုခုများ ရှိလေသည်လား....။ အမှန်တော့ ဆန်းလျန်ကိုယ်တိုင်သည် လူပြန်ဝင်စားခြင်းမှ ကင်းလွတ်သည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သို့သော်... သူသည် လူပြန်ဝင်စား၍လည်း ရလေသည်။ လူပြန်ဝင်စားပြီးလျှင်လည်း သူသည် နတ်ဘုရားတစ်ပါးပင် ဖြစ်နေဆဲ ဖြစ်လေ၏။

သူ့ဘဝတွင် ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး အဓိကအချက်တစ်ချက်ကို သိမြင်ရန် လိုအပ်နေသည်ဟု ဆန်းလျန်သည် တည်တည်ငြိမ်ငြိမ်ဖြင့်ပင် ခံစားလိုက်ရလေသည်။

သို့သော်... သူသည် အတိတ်ကို လုံးဝ စဉ်းစား၍ မရခဲ့ပေ။

သူ၏အတိတ်သည် သေချာပေါက် လျှို့ဝှက်ချက်တစ်ခု ဖြစ်ရပေမည်။

အခန်း (၇၅၀) အစစ်အမှန်အိပ်မက်

ဆန်းလျန်၏ စိတ်ခံစားချက်များကိုတော့ ကျွယ်ရှင်းက သိရှိခြင်း မရှိပေ။

ယခုအချိန်တွင် သူသည် သခင်လေးကို အပြည့်အဝ ယုံကြည်နေပြီ ဖြစ်သည်။ နောင်အနာဂတ်တွင် သူသည် သခင်လေး၏ အရှိန်အဝါကို ခိုလှုံကာ ကျင့်ကြံမှုများ အေးအေးဆေးဆေး ပြုလုပ်နိုင်မည်ဟု တွေးနေမိလေသည်။

ထိုသို့စဉ်းစားမိသည့်အခါ ကျွယ်ရှင်းမှာ အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရသည်။ ချယ်လန်းတောင်တွင် သခင်လေးနှင့်တိုက်ခိုက်ရန် မရွေးခြယ်ခဲ့မိသည်ကိုပင် ကျေးဇူးတင်မိလေသည်။ မဟုတ်ပါက သူ့ဘဝသည်လည်း စောစောက နတ်ဘုရား (၂)ပါးကဲ့သို့ အဆုံးသတ်သွားရပေမည်။

ကျွယ်ရှင်းက...

"သခင်လေး သူတို့ (၂)ယောက်ကို နှိမ်နင်းလိုက်တယ်ဆိုပေမယ့် ချွင်ယန်တာအိုနန်းတော်က လူတွေ ထပ်ရောက်လာကြဦးမှာပဲ မဟုတ်လား ၊ သူတို့က တုန်းဟွာတောက်ကျွင်းရဲ့ ကျင့်စဉ်

တွေကို ဆက်ခံထားကြတဲ့ သူတွေပဲ ၊ သူတို့ကို တစ်ယောက်ပြီး

တစ်ယောက် ဒီအတိုင်းနှိမ်နင်းနေရမှာလား..."

ဆန်းလျန်က...

"တာအိုကျင့်ကြံသူတွေမှာ အချိန်ကာလဆိုတာမရှိဘူး ၊ နှစ် လ

အချိန်တွေကို မှတ်သားမထားကြဘူး ၊ ဒီ နတ်ဘုရား (၂)ပါး

ပျောက်နေတယ်ဆိုတာ (၁၀)နှစ် ၊ အနှစ် (၂၀)နေမှ သူတို့တွေ

ရိပ်မိကြမှာ ၊ ပြီးတော့ အခုကိစ္စတွေကို တုန်းဟွာတောက်ကျွင်း

ကိုယ်တိုင်တောင် ရိပ်မိချင်မှ ရိပ်မိမှာ..."

ကျွယ်ရှင်းက...

"ဒါပေမယ့် နတ်ဘုရားတွေက သူတို့နဲ့ပတ်သက်တဲ့လူတွေ

တစ်ခုခုဖြစ်ရင် အာရုံခံနိုင်တယ် မဟုတ်လား..."

ဆန်းလျန်က...

"သူတို့ (၂)ယောက်ကို ကျုပ်တိုက်ခိုက်လိုက်တုန်းက မိုးနဲ့မြေမှာ ဘာသဲလွန်စမှ မချန်ခဲ့ဘူး၊ ဒါကြောင့် ဘယ်သူမှ အာရုံခံနိုင်မှာ မဟုတ်ဘူး..."

ထိုသို့ သဲလွန်စမကျန် တိုက်ခိုက်နိုင်ခြင်းမှာ ဆန်းလျန်၏ တန်ခိုးစွမ်းအားများထဲမှ တစ်ခုဖြစ်လေသည်။

သူသည် မိုးနှင့်မြေ လောကတစ်ခုလုံးရှိ သဘာဝတရားများ အားလုံးကို ခြောက်သွေ့သွားအောင်လည်း ပြုလုပ်နိုင် သလို ပြန်လည်လန်းဆန်းလာအောင်လည်း လုပ်ဆောင်နိုင်လေ သည်။ သို့သော်... သဲလွန်စ မကျန်သည့် အတွက် အခြား သူများ၏ အမြင်တွင် သဘာဝတရား၏ ပြောင်းလဲမှုဟုသာ ထင်မှတ်မိကြမည် ဖြစ်လေသည်။

ဆန်းလျန်၏ စကားများကို ကျွယ်ရှင်းကတော့ နားလည်သလို လို၊ နားမလည်သလိုလို ဖြစ်နေလေသည်။ သို့သော်... သူ၏

ကျင့်ကြံခြင်းအဆင့်ဖြင့် နားမလည်လျှင်လည်း ပြဿနာ မရှိ

ပေ။

....

ည...

ကောင်းကင်ထက်တွင် လမင်းက ထိန်ထိန်သာနေသလို ကြယ်

စင်များကလည် လင်းလက်တောက်ပနေလေ၏။

ဟယ်ရှန်း၏ အိမ်လေးထဲတွင် မီးရောင်လင်းလက်လျှက်ရှိနေ

ပြီး ဟယ်ရှန်းသည် အိမ်တံခါးဝတွင်ထိုင်ကာ ကျိုးယွမ်တောင်

ကြီးကို ငေးကြည့်နေလေသည်။ သူမက မိခင်ဖြစ်သူ ပြောခဲ့

သည့်စကားများကို ပြန်လည် စဉ်းစားနေခြင်းဖြစ်လေ၏။

သာမန်မိန်းကလေးတစ်ယောက်အဖြစ် ဘဝကိုရှင်သန်မည်ဆို

ပါက အိမ်ထောင်ပြုပြီး သားသမီးများကို ထိန်းကျောင်းကာ

နေထိုင်ရမည် ဖြစ်လေသည်။ တကယ်တမ်းတွင် ထိုသို့သော

ဘဝမျိုးကို သူမ သဘောမကျမိပေ။

သို့သော်... မိခင်ဖြစ်သူ စိတ်ဆင်းရဲမည်ကိုလည်း သူမ စိတ်ပူမိလေသည်။

သူမသည် မိဘစကားကို နားထောင်သည့် သမီးအလိမ္မာတစ်ယောက် ဖြစ်လေသည်။ သို့သော်... သူမခံစားရသည့် နာကျင်မှုများ ၊ စိတ်ခံစားချက်များ ၊ ရုန်းကန်နေရမှုများကို နားလည်ပေးနိုင်မည့်သူ တစ်လောကလုံးတွင် တစ်ယောက်မှ မရှိပေ။

လမွန်းမတည့်မီအချိန်မှာပင် ဟယ်ရှုန်းသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်နိုင်လေသည်။

ဆုံးဖြတ်ချက် ကျသွားသည့်အခါတွင်တော့ သူမက ဖယောင်းတိုင်မီးကို မှုတ်လိုက်ပြီး အိမ်ထဲသို့ဝင်လာခဲ့လေသည်။ အိမ်ထဲသို့ရောက်သည့်အခါ သူမသည် အိမ်ခေါင်မိုးကို တစ်ချက်မော့ကြည့်လိုက်မိလေသည်။

ထိုခဏအတွင်းမှာပင်....

ကမ္ဘာမြေကြီး ၊ တောင်တန်းများ ၊ မြစ်ရေများအားလုံးသည် သူမ၏ ဖဝါးအောက်တွင် ရှိနေပြီး တိမ်တိုက်များသည် သူမ၏ အမြင်အာရုံ ၊ အကြားအာရုံများအဖြစ် ပြောင်းလဲသွားလေသည်။ ကျိုးယွမ်တောင်ကြီးသည် လက်ဖဝါးတစ်ခုစာမျှ သေးငယ်သွားကာ သူမတို့နေထိုင်သည့် ရွာလေးသည် မိုးကုတ်စက်ဝန်းမျဉ်းကြောင်းလေး တစ်ခုအလား မှုံဝါးသွားလေသည်။ မိုးနှင့်မြေ မည်မျှပင်ကြီးမား ကျယ်ပြန့်ပါစေ ဆုံးဖြတ်ချက်သာ ခိုင်မာမည်ဆိုလျှင် လောကတစ်ခုလုံးကို အပိုင်သိမ်းနိုင်မည် ဖြစ်လေ၏။

ဟယ်ရှန်းသည် သူမ၏ စိတ်ထဲမှ ထိန်းချုပ်ထားမှုများအားလုံးကို လွှတ်ချလိုက်လေသည်။ ထိုအခါ သူမ၏ တာအိုနှလုံးသားသည် လှုပ်ရှားလာပြီး အဆုံးမရှိ လွတ်လပ်မှုကို ခံစားလိုက်ရလေသည်။ တောင်နှင့်မြစ်ရေများ ထဲတွင်ပုန်းအောင်းနေသည့်

အဆုံးမရှိသည့် လျှို့ဝှက်ဆန်းကျယ်မှုများကို ခံစားလိုက်ရလေ

သည်။

ထို့နောက်တွင်တော့...

သူမ၏ရင်ထဲမှ အမုန်းတရားနှင့် နာကျည်းမှုများ ပေါက်ကွဲ

ထွက်လာလေသည်။

ထိုအခါ သူမရှေ့မှ လေထု ပေါက်ကွဲထွက်သွားပြီး တိမ်တိုက်

ကဲ့သို့ ဖြူလွှသည် ဝတ်စုံကိုဝတ်ဆင်ထားသည့် မိန်းမပျိုတစ်

ယောက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမ၏ အင်္ကျီလက်များက လေထဲတွင်လွင့်ပျံနေလေသည်။

သူမ၏ မျက်ခုံးများက ဓားသွားအလား ထက်ရှနေကာ

မျက်ဝန်းများက ရေစင်အလား ကြည်လင်လျှက် ရှိလေ၏။

အသားအရေမှာလည်း နှင်းပွင့်အလား ဖြူစင်လှလေသည်။

ထိုမိန်းမပျိုသည်ကား အရင်နေ့တစ်နေ့တုန်းက သူမကို

အနိုင်ကျင့်ခဲ့သူ မိန်းမပျိုပင် ဖြစ်လေသည်။

မိန်းမပျိုက ဟယ်ရှန်းကိုတွေ့သည်နှင့် အေးစက်သည့်လေသံဖြင့်...

"လက်စသတ်တော့ မင်းကလည်း ကျင့်ကြံသူတစ်ယောက်ကိုး ၊ အဲဒီနေ့က မင်းဟန်ဆောင်ခဲ့တာပေါ့လေ ၊ မင်း ဘာရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာလဲ ၊ ဒီနေ့တော့ မင်းကို အလွတ်ပေးမယ်မထင်နဲ့...."

ဟယ်ရှန်းက သူမရင်ထဲမှ အမုန်းတရားများကို ထိန်းချုပ်ထားလိုက်ပြီး...

"မမ... အဲဒီနေ့ကတော့ ကျွန်မက သာမန်လူတစ်ယောက်ပါပဲ ၊ ဒါပေမယ့် အခုတော့ မဟုတ်တော့ပါဘူး..."

ဟယ်စူးရင်းက...

"ရယ်စရာပဲ... လဝက်အတွင်းမှာ ဒီလောက်တန်ခိုးစွမ်းအားမြင့်မားသွားတဲ့ ကျင့်ကြံသူ လောကမှ ဘယ်လိုလုပ် ရှိနိုင်မှာလဲ..."

ဟယ်ရှန်းက...

"ကျွန်မ လိမ်ပြောနေတာမဟုတ်ဘူး ၊ မယုံလည်း မတတ်နိုင်ဘူး..."

"မယုံနိုင်ပါဘူး ၊ ပြီးတော့ ညဥ့်နက်သန်းကောင် ကျိုးယီတောင်ကို ကြည့်နေတာ ဘာတွေလေ့လာနေတာလဲ ၊ မင်း မဟုတ်တာ တစ်ခုခုလုပ်မလို့ ကြံစည်နေတာ မဟုတ်လား ၊ မင်းကို အပြစ်ပေးမှ ဖြစ်မယ်..."

ဟယ်စူးရင်းက ပြင်းပြင်းထန်ထန်ပင် ပြောလိုက်လေသည်။

ဟယ်ရှန်းက...

"မမ... မင်းက သိပ်ရက်စက်လွန်းတယ် ၊ ဒီနေ့တော့ လူတွေကို ထပ်ပြီး အနိုင်မကျင့်နိုင်အောင် ကျွန်မက ပညာပေးရတော့မယ်..."

ပြောပြီးသည်နှင့် ဟယ်ရှန်းက ဟယ်စူးရင်းကို တည်ငြိမ်သည့် အကြည့်ဖြင့် ကြည့်လိုက်လေသည်။ ပတ်ဝန်းကျင်မှ လေထုသည် တိတ်ဆိတ်ငြိမ်သက်လျှက်ရှိလေ၏။

ဟယ်စူးရင်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း လက်တစ်ဖက်ကို ဘေးသို့ အသာဆန့်ထုတ်လိုက်လေသည်။ ထိုအခါ လေထဲတွင် ဓားတစ်လက်ပေါ်လာလေသည်။

ဓားမှာ အလွန်တင့်တယ်လှပပြီး စီးဆင်းနေသည့်မြစ်တစ်စင်းအလား လေထဲတွင် လှုပ်ရှားလျှက် ရှိလေသည်။

ဟယ်စူးရင်းက ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ကာ ဟယ်ရှန်းကို တိုက်ခိုက်လိုက်လေသည်။

ဟယ်ရှန်းမှာ ရုတ်တရက် ထိတ်လန့်သွားပြီး သတိလက်လွတ်ဖြင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိလေသည်။ ဓားရောင်တစ်ချက်လက်သွားပြီး ဟယ်ရှန်း၏ အင်္ကျီစွန်းကို ခုတ်ဖြတ်မိသွားကာ အင်္ကျီမှာ စုတ်ပြဲသွားရလေသည်။

ထိုအင်္ကျီလေးမှာ မိခင်ဖြစ်သူ မျက်စိမကွယ်ခင်က ချုပ်ပေးထားသည့် တစ်ထည်တည်းသော အင်္ကျီလေးဖြစ်လေ သည်။

ယခုတော့ မိခင်ဖြစ်သူမှာ အမြင်အာရုံဆုံးရှုံးခဲ့ပြီဖြစ်

သောကြောင့် သူမအတွက် အင်္ကျီအသစ် ချုပ်မပေးနိုင် တော့ပေ။ ယခုနောက်ပိုင်း အင်္ကျီများကို သူမကိုယ်တိုင်သာ ချုပ်ခဲ့ရလေသည်။

ထို့ကြောင့် အင်္ကျီလေးပြဲစုတ်သွားသည့်အခါ ဟယ်ရှန်းမှာ များစွာစိတ်မကောင်း ဖြစ်သွားရလေသည်။

စိတ်မကောင်းဖြစ်ခြင်းများသည် ဒေါသအဖြစ်ကူးပြောင်းသွားသည့်အခါတွင်တော့ သူမ၏ နှလုံးသားသည် ဆူပွက်နေသည့် ဆီအိုးတစ်ခုပမာဖြစ်လာပြီး ဒေါသမီးတောက်က ဆီအိုးအတွင်းသို့ ကျသွားသည့်အခါ ပြင်းထန်သည့် မီးတောက်များ တောက်လောင်လာလေတော့သည်။

ထိုအခါ သူမ၏ တန်ခိုးစွမ်းအားများမှာ တစ်ရှိန်ထိုး မြင့်မားလာလေတော့၏။

ထို့နောက်တွင်တော့...

ဟယ်ရှန်းက ဟယ်စူးရင်း၏ ဓားကို လက်သီးဖြင့် ထိုးချလိုက်လေသည်။

လက်သီးချက်သည် လေထဲတွင် ကြည်လင်သည့် တန်ခိုးစွမ်းအားလှိုင်းလုံးတစ်ခုအဖြစ် ပြောင်းလဲသွားပြီး ဟယ်စူးရင်း၏ ဓားသွားကို ခုခံတိုက်ခိုက်လိုက်လေသည်။

လရောင်က မြစ်ရေပြင်ထက်သို့ ဖြာကျနေလေသည်။

ဟယ်စူးရှင်း၏ ဓားမှ ဓားခြိမ်းသံကြီးတစ်ချက် ထွက်ပေါ်လာပြီး ချက်ချင်း ရပ်တန့်သွားလေတော့သည်။

ဟယ်စူးရင်း၏ မျက်နှာထက်တွင် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သည့်အမူအရာတစ်ချက် ဖြတ်ပြေးသွားပြီးနောက် ချက်ချင်းပင် သူမ၏ မျက်နှာမှာ တင်းမာခက်ထန်သွားလေသည်။

ဟယ်စူးရင်းက သူမ၏လျှာဖျားကို သွားဖြင့်တစ်ချက်ကိုက်လိုက်ပြီး သူမ၏နှုတ်ခမ်းထက်မှ သွေးစက်များက ဓားသွား

ထက်သို့ ကျသွားလေသည်။ ထိုအခါ... ဓားနှင့်လူ

တစ်သားတည်း ကျသွားလေတော့သည်။

ဟယ်စူးရင်း၏ ဓားမှာ ချက်ချင်းပင် သွေးနီရောင် တောက်ပ

လာလေသည်။

ထို့နောက်... မျက်စိတစ်မှိတ်အတွင်းမှာပင် ဓားသွားသည်

ဟယ်ရှင်း၏ ရင်ဝသို့ ထိုးစိုက်ချလိုက်လေတော့သည်။

ဟယ်ရှန်းသည် မည်သို့မှ ခုခံကာကွယ်နိုင်ခြင်း မရှိဘဲ

သူမ၏ခန္ဓာကိုယ် ထုတ်ချင်းပေါက်သွားသည်ကို ခံစားလိုက်ရ

လေသည်။

သူမသည် ယခုမှ ကျင့်စဉ်လမ်းတွင် အောင်မြင်ကာစ ရှိသေး

သည် သေဆုံးရတော့မည်လား...။

ထိုသို့သာဆိုလျှင် ထိုနေ့က မြစ်ကမ်းနံဘေးတွင် သေဆုံးခဲ့

သည်နှင့် သူမ၏ဘဝက ဘာများ ခြားနားပါဦးမည်နည်း။

မတူညီသည့်နေရာတွင် တူညီသည့်လူတစ်ယောက်၏

သတ်ဖြတ်ခြင်းကို ခံရပြီး သူမသည် တန်ခိုးစွမ်းအား ကင်းမဲ့နေ

ဆဲ ဖြစ်လေသည်။

....

ထိုအချိန်မှာပင်...

စွမ်ယွမ်တောင်ထွတ် ၊ ဟယ်အိမ်တော်ရှိ သူမ၏ အခန်းထဲတွင်

အိပ်ပျော်နေသည့် ဟယ်စူးရင်းသည် စူးရှစွာ တစ်ချက်

အော်ဟစ်လိုက်ရင်း အိပ်ယာမှ လန့်နိုးလာလေသည်။

သူမ၏အော်သံကြောင့် ဟယ်အိမ်တော်တစ်ခုလုံးမှ လူများ

လည်း နိုးလာကြလေသည်။

ဖခင်ဖြစ်သူ ဟယ်ရှင်းယင်က သမီးဖြစ်သူ၏ အခန်းထဲသို့

ချက်ချင်းရောက်ရှိလာကာ ဟယ်စူးရင်းဘေးတွင် ထိုင်လိုက်

လေသည်။

ဟယ်စူးရင်းက ဖခင်ဖြစ်သူကို တွေ့သည်နှင့် ဖက်ကာ ငိုလိုက်

ပြီး....

"အဖေ... ကျွန်မတို့ ကျိုးယီတောင်ကို တစ်ယောက်ယောက်က

မကောင်းကြံနေတယ်လို့ အိပ်မက်မက်တယ်..."

ဟယ်ရှင်းယင်က ပြုံးလိုက်ရင်း...

"သမီးအိပ်မက်ဆိုးမက်နေတာပါကွယ်၊ ဘာမှ မဖြစ်ပါဘူး..."

ဟယ်စူးရင်းက...

"ဒါပေမယ့် အဲဒီလူကို သမီးအပြင်မှာတွေ့ဖူးတယ်..."

ဟယ်ရှင်းယင်က...

"ဒါဖြင့် ဘယ်သူများလဲ..."

ဟယ်စူးရင်းက ဖြစ်ခဲ့သည့်အကြောင်းများနှင့် အိပ်မက်

အကြောင်းများကို ဖခင်ဖြစ်သူကို ပြောပြလိုက်လေသည်။

ထိုအခါ ဟယ်ရှင်းယင်က ရယ်မောလိုက်ရင်း...

"လွန်ခဲ့တဲ့လဝက်လောက်က သမီးနဲ့ တွေ့ခဲ့ဖူးတဲ့ သာမန်

မိန်းကလေးတစ်ယောက်ကို အခု သမီးနဲ့ အဆင့်အတန်း တူတဲ့

ကျင့်ကြံသူမိန်းကလေးဖြစ်နေတယ်လို့ အိပ်မက်မက်တာပဲ

သမီးရယ် ၊ အပြင်မှာ ဒီကိစ္စက ဘယ်လိုလုပ ်ဖြစ်နိုင်မှာလဲ ၊

မနက်ဖန်ကျရင် စိတ်တည်ငြိမ်သွားအောင် တရားထိုင်လိုက် ၊

ဘာမှ မဖြစ်တော့ဘူး..."

ဟယ်စူးရင်းက...

"ဒါပေမယ့် သမီးထင်တာတော့ အဲဒါ တကယ်ဖြစ်နေသလိုပဲ ၊

သူ့ကိုမြင်တာနဲ့ သမီးသတ်ပစ်ချင်တာ ၊ ပထမဆုံးအကြိမ်တွေ့

တုန်းကလည်း အဲဒီလိုပဲ ခံစားရတယ် ၊ အဖေ... ယွင်မု

မြစ်ကမ်းဘေးကို သွားကြည့်ရအောင်နော်..."

ဟယ်ရှင်းယင်က...

"အခု နောက်ကျနေပြီ ၊ သွားချင်ရင် နောက်နေ့မှသွားတော့ ၊

သမီးက မဟုတ်တာကို အာရုံစိုက်နေတယ် ၊ ပြီးတော့ သမီး

ပြောပုံအရဆိုရင် အဲဒီကလေးမလေးက သမီးကို ရန်စတာလဲ

မဟုတ်ဘူး ၊ ဘာလို့ ဇာချဲ့နေရတာလဲ ၊ အဖေတို့ ဟယ်အိမ်

တော်ဆိုတာ မျိုးရိုးအစဉ်အဆက် ဂုဏ်သတင်းမြင့်မြင့်မားမား

နဲ့ နေလာတာ ၊ ဘာလို့ သမီးက ပြဿနာရှာချင်နေရတာလဲ ၊ ပြီးတော့ အဖေတို့တွေ ဘယ်တုန်းကမှ အပြစ်မရှိတဲ့ သာမန်လူသားတွေကို သတ်ဖြတ်ခဲ့တာမျိုး မလုပ်ခဲ့ဖူးဘူး ၊ နောက်သမီး ဒီလိုလုပ်ရပ်မျိုးလုပ်ရင် အဖေကိုယ်တိုင် အပြစ်ပေးရလိမ့်မယ်..."

သာမန်မိန်းကလေးတစ်ယောက်ကို ဒုက္ခပေးသည့်အတွက် ဟယ်စူးရင်းကို သူက ချက်ချင်းပင် အပြစ်ပေးချင်နေမိလေသည်။

သို့သော်... ဟယ်စူးရင်းမှာ အစကတည်းက မာနကြီးသူတစ်ယောက်ဖြစ်လေရာ ယခုချက်ချင်းအပြစ်ပေးလိုက်လျှင် သူမ၏အပြစ်ကိုနားမလည်ဘဲ စိတ်ဆိုးဒေါသထွက်သွားမည် ဖြစ်လေသည်။

ထို့ပြင် ရွှမ်နှီနန်းတော်မှ ကျင့်ကြံသူမိန်းမပျို (၃)ယောက်လည်း ဟယ်အိမ်တော်တွင် ရောက်ရှိနေကြလေရာ သမီးဖြစ်သူလုပ်

သည့်လုပ်ရပ်ကို သိရှိသွားပါက အထင်အမြင်သေးသွားနိုင်လေသည်။

အထူးသဖြင့် ကျီးယင်းက သမီးဖြစ်သူကို အထင်သေးသွားမည်ကို ဟယ်ရှင်းယင် မလိုလားပေ။

ဖခင်ဖြစ်သူက ဆူလိုက်သည့်အတွက် ဟယ်စူးရင်း နှုတ်ခမ်းစူထားမိလေသည်။

သို့သော်... ထိုကိစ္စကိုတော့ သူမ မရ ရအောင် စုံစမ်းမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

ထို့နောက် ဟယ်စူးရင်း စိတ်များတည်ငြိမ်သွားသည်အထိ ဟယ်ရှင်းယင်က နှစ်သိမ့်လိုက်လေသည်။ ဟယ်စူးရင်း တည်ငြိမ်သွားတော့မှ ဟယ်ရှင်းယင်လည်း သမီးဖြစ်သူ၏ အခန်းထဲမှ ထွက်လာခဲ့လေသည်။

ဟယ်စူးရင်း၏အော်သံကြောင့် အပြင်ဘက်တွင် စုရုံးရောက်ရှိနေကြသူများမှာ အရေးကြီးကိစ္စမဟုတ်သည့်အတွက် ပြန်လည် ထွက်ခွာသွားကြပြီဖြစ်လေသည်။

အပြင်ဘက်တွင်ကျီးယင်းတစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။

ကျီးယင်းက...

"ဒီနေ့ ကျားဖြူကြယ်စင်က လှုပ်ရှားနေတယ် ၊ တပည့်လေးစူးရင်းရဲ့ မျက်ခုံးနှစ်ခုကြားမှာ မိစ္ဆာစွမ်းအားတွေနဲ့ ပြည့်နေတယ် ၊ ကြည့်ရတာ... စူးရင်းဟာ သတ်ဖြတ်လိုတဲ့အငွေ့အသက်တွေနဲ့ ပြည့်နေပြီး မိစ္ဆာတစ်ယောက် ဖြစ်သွားနိုင်တယ်... ၊ အစ်ကိုရှူယွမ်... ဒီကိစ္စကို သေသေချာချာ ဂရုစိုက်မှ ရမယ်နော်..."

ကျီးယင်း၏ စကားကြောင့် ဟယ်ရှင်းယင်မှာ အံ့သြသွားရလေသည်။

"စူးရင်းရဲ့ဆရာကလည်း စူးရင်းမှာ သတ်ဖြတ်လိုတဲ့ အငွေ့အသက်တွေ အရမ်းများနေတယ်လို့ ပြောဖူးတယ်၊ ဒါပေမယ့် မိစ္ဆာတစ်ယောက်ဖြစ်လာမယ်လို့တော့ မျှော်လင့်မထားမိဘူး၊ ကျီးယင်းနတ်သမီးမှာ အဲဒီ ကိစ္စကို ဖြေရှင်းနိုင်မယ့် နည်းလမ်းများ ရှိမလား..."

ကျီးယင်းက...

"စိတ်ကိုသာ မပြုပြင်နိုင်ဘူးဆိုရင် စူးရင်း သေရလိမ့်မယ်..."

အခန်း (၇၅၁) လရောင်အောက်မှမက်မွန်သီးပင်နားမှာ

ပညာသင်

ဟယ်ရှင်းယင်က...

"စူးရင်းက ဘယ်လိုဖြစ်လို့ သူ့စိတ်ကိုသူ မထိန်းနိုင်ဖြစ်ရတာ

လဲ"

သမီးဖြစ်သူ ထိုသို့ဖြစ်ရသည့်အကြောင်းရင်းကို သိရပါက

အဖြေကို ရှာဖွေနိုင်မည်ဖြစ်လေသည်။

ဟယ်ရှင်းယင်သည် သမီးဖြစ်သူအတွက် စိတ်ပူနေမိလေ

သည်။

"သူ့စိတ်ကိုသာမပြုပြင်နိုင်ရန် သေရမယ်ဆိုတော့ ဒီအခက်အခဲ

ကို ကျော်လွှန်နိုင်မယ့် တခြားနည်းလမ်း မရှိတော့ဘူး လား"

ကျီးယင်းက ပြုံးလိုက်ရင်း...

"အဲဒီနည်းလမ်းကိုသာ သိခဲ့မယ်ဆိုရင် ကျွန်မကိုယ်တိုင်တောင်

လူပြန်ဝင်စားခဲ့ရမှာ မဟုတ်ဘူး ၊ သူ့အတွက် ကျင့်စဉ်လမ်းမှာ

ဟိုင်သန်းအဆင့်ကို တက်ရောက်နိုင်ဖို့ဆိုတာ အသာထား ၊

ဘယ်လိုအန္တရယ်ကင်းကင်းနဲ့ အသက်ရှင်နေထိုင်သွားနိုင်မ

လဲဆိုတာကိုသာ အစ်ကိုရှုယွမ် အရင်ဆုံး စဉ်းစားရမယ်...."

ဟယ်ရှင်းယင်က....

"ကျုပ် အရမ်းစိတ်ပူနေတယ် ၊ ကျီးယင်းနတ်သမီးကတော့

အဖေနဲ့ သမီးကြားက မေတ္တာတရားကို ဘယ်နားလည် နိုင်မှာ

လဲ..."

ကျီးယင်းက ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင်...

"အမှန်ပဲ ၊ ကျွန်မ နားမလည်နိုင်ပါဘူး ၊ ဒါနဲ့... အစ်ကိုရှုယွမ်

မနေ့က ကျွန်မရှာခိုင်းထားတဲ့ တိမ်တိုက်ရယ် ၊ ရေရယ် ၊

မြေကြီးရယ် ရလာလို့ရှိရင် အစ်ကို့ရဲ့ ဖိုထိုးတဲ့အခန်းကို ကျွန်မ

ကို ခဏပေးသုံးပါနော် ၊ ပြီးတော့ (၇)ရက်လောက် ဘယ်သူမှ

ကျွန်မကို မနှောက်ယှက်ရအောင်လည်း အစ်ကိုရှုယွမ် ကာ

ကွယ်ပေးစေ ချင်ပါတယ်..."

ဟယ်ရှင်းယင်က...

"ဖိုထိုးတဲ့အခန်းကို ကျီးယင်းနတ်သမီးအချိန်မရွေးယူသုံးလို့ရပါတယ်၊ ဒါပေမယ့် စူးရင်း အခုလို မိစ္ဆာစွမ်းအားတွေ မြင့်တက်နေတဲ့အချိန်မှာ သမီးလေးကိုပဲ ဂရုစိုက်ရမှာဖြစ်လို့ ကျီးယင်းနတ်သမီးကို ကာကွယ်ပေးဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူး၊ ကျုပ်ကို ခွင့်လွှတ်ပေးပါ..."

ကျီးယင်းက...

"ဒါဖြင့်လည်း ရှင့်သဘောပါပဲ..."

ပြောပြီးသည်နှင့် သူမက ထွက်ခွာသွားလေသည်။

ဟယ်ရှင်းယင်သည် ကျီးယင်း၏ ကျောပြင်ကို ငေးကြည့်ရင်းကျန်ရစ်ခဲ့လေသည်။ အနည်းငယ်လည်း စိတ်ပျက် လက်ပျက်ဖြစ်သွားရသည်။

ထိုနှစ်များဆီက... သူသည် ပုရှယ်ဆရာတော်ထံတွင် မေးခွန်းများကို မေးမြန်းခဲ့လေသည်။

"ဆရာတော်... ကျင့်ကြံခြင်းဆိုတာ ဘာလဲ..."

ပုရှယ်ဆရာတော်က...

"ကျင့်ကြံခြင်းဆိုတာ စွန့်လွှတ်ခြင်းပါပဲ..."

ဟယ်ရှင်းယင်က...

"ဆရာတော် ဘာလို့ကျင့်ကြံခဲ့တာလဲ..."

ပုရှယ်ဆရာတော်က...

"ကိလေသာတွေက ရွံလျှာစရာကောင်းလို့ပေါ့..."

ဟယ်ရှင်းယင်က...

"မစွန့်လွှတ်နိုင်ဘူးဆိုရင်ရော ဆရာတော် ဘာလုပ်မလဲ..."

ပုရှယ်ဆရာတော်က...

"ဘာမှလုပ်စရာမရှိဘူး..."

ဟယ်ရှင်းယင်က...

"ဒါဆို ကျင့်ကြံခြင်းက ဘယ်တော့မှ မသွေဖည်သွားတော့ဘူးလား..."

ပုရှယ်ဆရာတော်က...

"ကျင့်ကြံနေသမျှ သေွဖည်သွားမှာ မဟုတ်ဘူး..."

ထို့နောက်တွင်တော့ ...

သူ ကျိုးယီတောင်သို့ ပြန်လာခဲ့လေသည်။

ကျိုးယီတောင်ပေါ်တွင် ခဏတာမျှ တံခါးပိတ်ကျင့်ကြံမှုကို

ပြုလုပ်ခဲ့ပြီး သူပြန်ထွက်လာသည့်အချိန်တွင် ဖခင်ဖြစ်သူ

ဆုံးပါးသွားခဲ့လေသည်။

ဖခင်ဆုံးပါးသွားသည့်နောက် သူက ဟယ်အိမ်တော်၏ သခင်

ကြီးနေရာကို ဆက်ခံခဲ့ပြီး နှစ်အနည်းငယ်ကြာသည့် အခါ

မိန်းမပျို တစ်ယောက်နှင့် လက်ထပ်ခဲ့လေသည်။

သို့သော်... ဇနီးဖြစ်သူသည် အသက်တိုခဲ့လေသည်။ သမီးငယ်

ကိုမွေးဖွားပြီး သိပ်မကြာမီပင် ဆုံးပါးသွားခဲ့လေသည်။

သူသည် ကျင့်ကြံသူတစ်ယောက် ဖြစ်ခဲ့သော်လည်း ဖခင်ဖြစ်

သူ ဆုံးပါးသွားခြင်းကို မည်သို့မှ ပြောင်းလဲ မပေးနိုင်ခဲ့ပေ။

ဟယ်အိမ်တော်၏သခင်ကြီးဖြစ်ခဲ့သော်လည်း ဇနီးဖြစ်သူ ဆုံးပါးသွားခြင်းကိုလည်း မည်သို့မှ မတတ်နိုင်ခဲ့ပေ။

ယခုတော့ သူ့ဘဝတွင် သမီးဖြစ်သူ ဟယ်စူးရင်းသာ ကျန်တော့သည်။ သမီးဖြစ်သူကို တတ်နိုင်သမျှ စောင့်ရှောက်ပေးရပေလိမ့်မည်။

သူ့ပတ်ဝန်းကျင်မှ ချစ်ခင်သူများအားလုံးကို အမြဲတမ်း စွန့်လွှတ်လိုက်ရသည်မှာ အဘယ့်ကြောင့်များပါလဲ...။ သူ့နှလုံးသားသည် ပဟေဠိများဖြင့် ပြည့်နေလေတော့သည်။

သူ့ကို မည်သူမှ အဖြေမပေးနိုင်ခဲ့ကြပေ။

ပုရှယ်ဆရာတော် ပြောလိုက်သည့်စကားများက မှားသည်လား ၊ မှန်သည်လား အဖြေရှာ၍ မရသေးပေ။

ကျီးယင်းကတော့ ရှင်းရှင်းလင်းလင်း သိချင်သိပေလိမ့်မည်။

သို့သော်... သူ ဖွင့်ပြီး မမေးရဲပါချေ။ အဘယ်ကြောင့်ဆို သော်

အဖြေမှန်ကို သိရရသည့်အချိန်တွင် သူကိုယ်တိုင်က လက်မခံနိုင်မည်ကို စိုးရိမ်သောကြောင့် ဖြစ်လေ၏။

ဟယ်စူးရင်းကတော့ ဖခင်ဖြစ်သူ၏ စိတ်ရှုတ်ထွေးပူပန်နေမှုများကို မသိရှိခဲ့ပေ။ သူမက ရှမ်နီနန်းတော်မှ ကျင့်စဉ်များကို အဖန်ဖန် အထပ်ထပ် ကျင့်ကြံကာ စိတ်တည်ငြိမ်အောင် ကြိုးစားနေလေတော့သည်။

....

တစ်ချိန်တည်းမှာပင်...

ဟယ်ရှန်းမှာလည်း အိပ်ယာမှ လန့်နိုးလာခဲ့လေသည်။ ဟယ်ရှန်း လန့်နိုးလာသည့်အတွက် တစ်ဖက်ခန်းတွင် အိပ်နေသည့် မိခင်ဖြစ်သူလည်း နိုးလာလေသည်။

မိခင်ဖြစ်သူက...

"ရှန်းအယ်... ဘာဖြစ်လို့လဲ..."

ဟယ်ရှန်းက...

"ဘာမှ မဖြစ်ပါဘူး အမေ ၊ သမီးအိပ်မက်ဆိုးမက်တာပါ..."

"ဩော်..."

ထို့နောက် ဟယ်ရှန်း၏ အခန်းထဲတွင် ပြန်လည်တိတ်ဆိတ်သွားသည့်အတွက် မိခင်ဖြစ်သူမှာလည်း ပြန်လည် အိပ်ပျော်သွားလေတော့သည်။

မိခင်ဖြစ်သူ အိပ်ပျော်သွားတော့မှ ဟယ်ရှန်း အခန်းအပြင်ဘက်သို့ တိတ်တဆိတ်ထွက်လာခဲ့လေသည်။

သူမ၏ အိမ်ရှေ့တွင် ယွင်မုဖြစ်သည် တိတ်ဆိတ်စွာ စီးဆင်းနေပြီး ညက တိတ်ဆိတ်လျှက် ရှိလေသည်။ နှင်းမှုံများက ကျဆင်းနေပြီး လရောင်အောက်တွင် နှင်းမှုံများက တောက်ပလျှက် ရှိလေသည်။

ဆောင်းရာသီနှောင်းပိုင်းကာလဖြစ်သည့်အတွက် ရာသီဥတုက အလွန်အေးလှသည်။ ဟယ်ရှန်းက အင်္ကျီပါးပါးလေး သာဝတ်ဆင်ထားသည့်တိုင် အေးစိမ့်မှုကို မခံစားရပေ။

သူမက မြင်မက်ခဲ့သည့် အိပ်မက်အကြောင်းကို စဉ်းစားနေလေ
သည်။

သူမ၏နှလုံးသားသည် လှုပ်ရှားနေပြီး သူမ၏ ခြေဖဝါးလေး
များကို မြစ်ရေထဲသို့ အသာချလိုက်သည်။

သို့သော် သူမသည် ရေထဲတွင် နစ်မြုပ်သွားခြင်းမရှိပေ။ သူမ
သည် နဂါးတစ်ကောင်အလား ရေပေါ်တွင် ပျံသန်းလျှက်ရှိလေ
သည်။ သူမ၏ ကျင့်ကြံခြင်းအဆင့်မှာ တစ်နေ့တခြားတိုးတက်
လာသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

ထိုအချိန်…

အရှေ့ဆီတွင် မက်မွန်သီးပင်တစ်ပင်ကို တွေ့လိုက်ရလေသည်။

လေအဝှေ့တွင် မက်မွန်သီးပင်၏ သစ်ကိုင်းများက လှုပ်ရှားနေ
ပြီး ဆူညံသံများ ထွက်ပေါ်လျှက် ရှိလေ၏။

ဟယ်ရှန်းက မက်မွန်သီးပင်ကို သေချာကြည့်လိုက်လေသည်။

သူမ မှတ်မိသလောက် ယခင်က ထိုနေရာတွင် မည်သည့်

မက်မွန်သီးပင်မှ မရှိပေ။ သူမစိတ်ထဲတွင် ထူးဆန်းစွာ ခံစား

လိုက်ရပြီး မက်မွန်ပင်ရှိရာသို့ လမ်းလျှောက် လာလိုက်လေ

သည်။

ထိုအခါ... မက်မွန်ပင်အောက်မှ မြင်ကွင်းကြောင့် ဟယ်ရှန်း

အလွန်အမင်း အံ့သြသွားရလေသည်။

အဘယ်ကြောင့်ဆိုသော်... မက်မွန်သီးပင်အောက်တွင် ဆန်း

လျန်နှင့် ကျွယ်ရှင်း ထိုင်နေသည်ကို တွေ့လိုက်ရသော ကြောင့်

ပင်။

ဟယ်ရှန်းက...

"ဆရာတို့ကိုး... ဆရာတို့ ထွက်သွားကြပြီထင်နေတာ ၊ အခုလို

ပြန်တွေ့ရတာ အရမ်းဝမ်းသာတာပဲ..."

ကျွယ်ရှင်းက...

"မင်းကို ကျင့်စဉ်သင်ပေးနေတာ အဆုံးမသတ်သေးဘဲ ဘယ်

ထွက်သွားလို့ဖြစ်မှာလဲ ၊ ကျုပ်တို့က လမ်းတစ်ဝက်မှာ ထားခဲ့

မယ့်သူတွေ မဟုတ်ပါဘူး ၊ ဒီနေ့ မင်းကို သင်ပေးစရာတွေ ရှိသေးတယ်..."

ဟယ်ရှန်းက...

"ဒီနေ့ ဘာတွေသင်ပေးမှာလဲ..."

ဆန်းလျန်က...

"အခုဆိုရင် ဟိုတစ်နေ့က မင်းကိုအနိုင်ကျင့်တဲ့မိန်းကလေးနဲ့ မင်းနဲ့ တန်ခိုးစွမ်းအားအရာမှာ တူညီနေပြီ ၊ ဒါပေမဲ့ မင်း သူ့ကို ဘာလို့ နိုင်အောင် မတိုက်ခိုက်နိုင်သေးတာလဲလို့ ကျုပ်စဉ်းစားနေတာ..."

ဟယ်ရှန်း ကြက်သေသေသွားပြီး...

"ဆရာဆန်းလျန်က ကျွန်မရဲ့ အိပ်မက်ကို သိနေတာလား..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"အဲဒါ အိပ်မက်မဟုတ်ဘူး ၊ တကယ်ဖြစ်ခဲ့တာပဲ..."

ဟယ်ရှန်းသည် ထူးဆန်းမှုကို ခံစားလိုက်ရလေသည်။

ဆက်စပ်စဉ်းစားကြည့်လိုက်သည့်အခါတွင်တော့ သူမမြင်မက်သည့်အိပ်မက်သည် အကြောင်းမရှိဘဲ မြင်မက်သည့် အိပ်မက်တစ်ခု မဟုတ်တန်သည်ကို သိရှိလိုက်လေသည်။

သူမ အိပ်မက်ထဲတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ရလဒ်အပေါ်တွင် ဆရာဖြစ်သူဆန်းလျန်၏ သုံးသပ်ချက်မှာ မမှားယွင်း နိုင်ပေ။

ဟယ်ရှန်းက...

"သူသုံးတဲ့ဓားက အရမ်းမြန်ပြီး အစွမ်းထက်လွန်းတယ်၊ ကျွန်မ ရှောင်ချိန်တောင် မရလိုက်ဘူး..."

ဆန်းလျန်က...

"မင်းပြောတာ မမှားဘူး၊ သူ ဘယ်လောက်ပဲ လျှင်မြန်ပါစေ မင်းဘက်က ရှောင်နိုင်တယ်ဆိုရင် လုံးဝရှုံးမှာ မဟုတ်ဘူး၊ မရှုံးသရွေ့တော့ အနိုင်ရဖို့ နည်းလမ်းရှာနိုင်မှာပဲ၊ ကျင့်ကြံသူတစ်ယောက်ဟာ အရင်ဆုံး တစ်ဖက်ရန်သူက မလွှမ်းမိုးနိုင်

အောင် အရင်လုပ်ရတယ်၊ ပြီးမှ အနိုင်ယူရတယ်၊ ပြီးတော့ မင်း အကြိမ်ပေါင်း တစ်ထောင်အနိုင်ရခဲ့ပြီး တစ်ကြိမ်ရှုံးနိမ့် သွားတာနဲ့ ပွဲက ပြီးသွားမှာပဲ၊ ဒါပေမဲ့ အမြဲတမ်း အဲဒီလိုလည်း တရားသေ တွက်ထားလို့တော့မရဘူးပေါ့၊ မင်းအနေနဲ့ အခြေအနေတွေကိုသုံးသပ်ပြီး နားလည်အောင် အရင်ဆုံး ကြိုးစားရမယ်..."

ဟယ်ရှန်းက...

"ဆရာပြောတာ ကျွန်မနည်းနည်းပဲ နားလည်တယ်...၊ ဒါပေမဲ့ ဆရာက သူ့ကို အနိုင်ယူနိုင်ဖို့ အခု ကျွန်မကို သင်ပေး မှာ လား..."

ဆန်းလျန်က...

"အရည်အချင်းဆိုတာက သင်ပေးလို့ရတဲ့အရာမဟုတ်ဘူး၊ လေ့ကျင့်ယူရတယ်..."

ဟယ်ရှင်းက ကျွယ်ရှင်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ဒါဖြင့် ဆရာတော်က သင်ပေးမှာလား..."

ကျွယ်ရှင်းက ရယ်မောလိုက်ရင်း...

"မင်း နားလည်လာမှာပါ..."

ပြောပြီးသည်နှင့် ကျွယ်ရှင်းက မက်မွန်သီးပင်မှ သစ်ကိုင်းတစ်ကိုင်းကို ချိုးယူလိုက်လေသည်။

သစ်ကိုင်းသည် ကျွယ်ရှင်း၏လက်ထဲတွင် တုန်လှုပ်လျှက်ရှိလေသည်။ မက်မွန်သီးပင်၏ အကိုင်းသည် လောကရှိ အခြားသောမျော်ဝင်ပစ္စည်းများစွာထက် သာလွန်လေသည်။

မက်မွန်သီးသစ်ကိုင်းမှ သစ်ရွက်များသည် ကြွေကျ သွားပြီး ချက်ချင်းပင် အမှုံ့ဖြစ်ကာ ပျောက်ကွယ်သွားလေသည်။

မြင်ကွင်းကိုကြည့်ပြီး ဟယ်ရှန်းသည် ထိတ်လန့်ကြောက်ရွံ့သွားလေသည်။ သူမဘဝတွင် တစ်ခါမှ မျှော်လင့် မထားသည့် အဖြစ်အပျက်များကို မြင်တွေ့နေခဲ့ရသည် မဟုတ်ပါလား။

ကျွယ်ရှင်းက လက်ထဲမှ မက်မွန်သီးသစ်ကိုင်းကို လေထဲသို့ တစ်ချက်ဝှေ့ယမ်းလိုက်လေရာ မက်မွန်သီးကိုင်းသည် မြွေတစ်ကောင်အလား ဟယ်ရှန်းဆီသို့ တိုးဝင်လာလေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် ဟယ်ရှန်း၏ မျက်ဝန်းထဲတွင် သစ်ကိုင်းထိပ်ဖျားပေါင်းများစွာ ပေါ်လာပြီး မည်သည့် သစ်ကိုင်းက အစစ်အမှန်ဖြစ်သည်ကို မခွဲခြားနိုင်တော့ပေ။

ထို့ကြောင့် သူမသည် နောက်သို့ တဖြည်းဖြည်း ဆုတ်သွားမိလေသည်။

ကျွယ်ရှင်းက ဟယ်ရှန်းကို စွမ်းအားအပြည့်နှင့် တိုက်ခိုက်နေခြင်း ဖြစ်ပြီး သူ၏လက်ထဲမှ သစ်ကိုင်းမှာ ဓားတစ်လက် ထက်ပင် အံ့သြဖွယ်ရာ ဖြစ်လေသည်။

သစ်ကိုင်းမှာ အဆုံးမရှိသည့်အပြောင်းအလဲများနှင့်အတူ အတက် ၊ အဆုတ် ၊ အထိုး ၊ အခုတ် တိုက်ကွက်များအား လုံး

မှာ အံ့သြစရာ ကောင်းလှပေသည်။ သစ်ကိုင်း၏အရိပ်

သည်ပင် လေထဲတွင် သဲလွန်စ မကျန် လျှင်မြန်လှလေသည်။

ကျွယ်ရှင်း၏သစ်ကိုင်းမှာ ဟယ်ရှန်း၏ အိပ်မက်ထဲမှ ဟယ်စူး

ရင်း၏ဓားလောက် လျှင်မြန်ခြင်း မရှိပေ။ သို့သော်... တိုက်

ကွက်များက လျှို့ဝှက်ဆန်းကျယ်လွန်းလှသည်။

အချိန် (၅)စက္ကန့်၊ (၆)စက္ကန့်မျှ အကြာတွင်တော့ ဟယ်ရှန်းမှာ

သစ်ကိုင်းဖြင့် ဆယ်ချက်ခန့် အရိုက်ခံလိုက်ရပြီး ကိုယ်လက်

များ နာကျင်လာလေတော့သည်။

သို့သော်... ဟယ်ရှန်းက နာကျင်မှုကို အရေးမစိုက်နိုင်ပါ။ သူမ

က ကျွယ်ရှင်းလက်ထဲမှ သစ်ကိုင်းကိုသာ သေသေချာချာ

အာရုံစူးစိုက် ထားလေသည်။

နောက်ပိုင်းတွင်တော့ ကျွယ်ရှင်း၏ တိုက်ခိုက်မှုကို တစ်ချက်

နှစ်ချက်ခန့် ရှောင်တိမ်းလာနိုင်လေသည်။

ဟယ်ရှန်းသည် ကျောက်စိမ်းရေကန်ဥယျာဉ်မှ နတ်မက်မွန်သီးကို စားထားသူဖြစ်လေရာ သူမ၏ ခန္ဓာကိုယ်ထဲတွင် နတ်ဘုရားတန်ခိုးစွမ်းအားများ စတင်ဖြစ်တည်နေပြီ ဖြစ်လေသည်။

သူမသည် ကျွယ်ရှင်းလက်ထဲမှ သစ်ကိုင်းခြောက်၏ လှုပ်ရှားမှုကို မြင်သာထင်သာဖြစ်လာပြီး တန်ခိုးစွမ်းအားများ လည်းတဖြည်းဖြည်း မြင့်တက်လာလေသည်။

သူမက ခြေလှမ်းများကို ပေါ့ပါးရိုးရှင်းစွာဖြင့် ရွေ့လျားနေလေသည်။ သူမ၏ ခြေလှမ်းများမှ အလွန်လျှင်မြန်ပြီး ကျွယ်ရှင်း၏ သစ်ကိုင်းခြောက်ကို ရှောင်တိမ်းနေခဲ့လေသည်။

အစပိုင်းနှင့်ယှဉ်လျှင် အတော်လေးတိုးတက်လာပြီဟု ဆိုနိုင်လေသည်။

အခန်း (၇၅၂) အရည်အချင်းရှိသူများကိုသင်ပြပေးရသည်က

ကျေနပ်စရာကောင်းသည်

အချိန်တိုအတွင်း ဟယ်ရှန်း၏ တိုးတက်မှုများက မြင်သာ ထင်

သာ ရှိလှလေသည်။

သူမ၏ တိုးတက်သူများကိုသာ အခြားသောကျင့်ကြံသူများ

သိရှိသွားကြလျှင် ကြောက်လန့်၍ပင် သွားနိုင်သည်။

ဆန်းလျန်သည်ပင် ဟယ်ရှန်း၏ လျှင်မြန်လွန်းသည့်

တိုးတက်မှုကို အသိအမှတ်ပြုလိုက်မိလေသည်။

သို့သော်... ဆန်းလျန်က သူမကို တစ်ချက်လေးပင် ထောက်ပြ

ပေးခြင်းမျိုး မပြုလုပ်ခဲ့ပေ။ သူမအနေဖြင့် ဟယ်ရှန်းကို ဓား

သိုင်းသင်ပေးချင်လျှင် အလွန်မှ လွယ်ကူလေသည်။

သူသင်ပေးသည့် ဓားသိုင်းကိုသာ ဟယ်ရှန်း လေ့ကျင့်မည်ဆို လျှင် သူ့မကို ယှဉ်ပြိုင်နိုင်မည့် ကျင့်ကြံသူ လောကတွင် သိပ် ပြီးရှိတော့မည် မဟုတ်ပေ။ လောကနတ်ဘုရားများပင်လျှင် သူ့မကို ထိခိုက်အောင် တိုက်ခိုက်နိုင်မည် မဟုတ်ပေ။ သို့သော်... ဆန်းလျန်က သင်ပြမပေးရန် ဆုံးဖြတ်ထားလေ သည်။ သူက သင်မပေးလိုသောကြောင့် မဟုတ်ပေ။ ဟယ်ရှန်းသည် ပါရမီရှင်တစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်က သူ့မကို အခြေခံမှစပြီး သင်ယူစေချင် လေသည်။ အဆင့်ခုန်တက်ပြီး ကျင့်ကြံမည်ဆိုလျှင် မွေးရာပါ ပါရမီသည် အလဟဿ ဖြစ်သွားရပေလိမ့်မည်။ အခက်အခဲ ကြားထဲမှ သင်ယူမှသာ အခြေခံအုတ်မြစ် ခိုင်ခံ့ပေလိမ့်မည်။ ကျောက်သားထက်တွင်ပေါက်ရောက်သည့် သစ်ပင်သည် မြေပြင်ထက်တွင်ပေါက်ရောက်သည့် သစ်ပင်ထက်ပိုပြီး ကြံ့ခိုင်သန်မာလေသည်။ တောင်တောင်များထဲတွင် သစ်ပင်

များစွာရှိသော်လည်း ကျောက်သားထက်တွင် အမြစ်တွယ်ကာ

ပေါက်ရောက်နေကြသည့် ရှေးဟောင်းနာနတ်ပင်အိုများ

လောက်တော့ ကြံ့ခိုင်သန်စွမ်းခြင်း မရှိကြ ပေ။

သက်ရှိသတ္တဝါများအားလုံး သာတူညီမျှ အခွင့်အရေးရှိကြ

သော်လည်း လူတစ်ယောက်သည် ကျင့်စဉ်လမ်းကို စတင်

လျှောက်လှမ်းတော့မည် ဆိုလျှင်တော့ အခြားသောသက်ရှိများ

နှင့်မတူညီတော့ဘဲ ကွဲပြားသွားမည် ဖြစ်လေသည်။ ထိုအချက်

မှာ ငြင်း၍မရသည့် အမှန်တရား ဖြစ်လေ၏။

ကျွယ်ရှင်းသည် တည်ငြိမ်သည့်တိုက်ကွက်များဖြင့် ဟယရှန်း

ကို တိုက်ခိုက်နေဆဲ ဖြစ်လေသည်။ သူမ၏လက်ထဲမှ

သစ်ကိုင်းသည်လည်း တည်ငြိမ်နေလေ၏။

သို့သော်... ဟယ်ရှန်းကတော့ ကျွယ်ရှင်း၏ တိုက်ကွက်များ

အားလုံးကို ရှောင်တိမ်းနိုင်သွားပြီ ဖြစ်လေသည်။ သူမ၏

ကိုယ်နေဟန် လှုပ်ရှားမှုမှာလည်း များစွာ ပြောင်းလဲ သွားပြီဖြစ်လေသည်။

ဟယ်ရှန်းသည် လေထဲတွင်လွင့်ပျံ ယိမ်းနွဲ့နေသည့် ကြာပန်းလေးအလား ထင်မှတ်ရလေသည်။ မိုးနှင့်လေများ မည်မျှပင်တိုက်ခိုက်ပါစေ ကျိုးပဲ့ပျက်စီးသွားမည် မဟုတ်ဘဲ ပို၍ပို၍လှပလန်းဆန်းလျှက် ရှိလေသည်။

အရဏ်တက်တော့မည် ဖြစ်လေ၏။

ကျွယ်ရှင်းက သစ်ကိုင်းကိုပြန်သိမ်းလိုက်ပြီး ဟယ်ရှန်းကလည်း ရှောင်တိမ်းနေခြင်းကို ရပ်နားလိုက်လေသည်။

သူမက ချက်ချင်းပင် သင်ပြပေးကြသည့်ဆရာများဖြစ်သည့် ဆန်းလျန်နှင့်ကျွယ်ရှင်းကို လေးလေးစားစားဖြင့် ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

ကျွယ်ရှင်းနှင့်ဆန်းလျန်ကလည်း ဂါရဝခြင်းကို တည်ငြိမ်စွာပဲခံယူလိုက်ကြသည်။

ကျွယ်ရှင်းက ပြုံးလိုက်ရင်း...

"သခင်လေး... လောကမှာ ဆရာသခင်တွေက အရည်အချင်းရှိတဲ့လူတွေကို ဘာလို့ ပညာသင်ပေးချင်သလဲဆိုတာ ကျွန်တော် ကောင်းကောင်းသဘောပေါက်သွားပြီ၊ တပည့်တွေ ပညာတော်တော့ သင်ပေးတဲ့သူ အားရကျေနပ်ရ တာပေါ့..."

ဆန်းလျန်က ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ပြီး...

"ဟယ်ရှန်း... မင်း နေ့ဘက်တွေဆို ခါတိုင်းလိုပဲ တောင်ပေါ်မှာ ဆေးသွားရှာပေါ့၊ ညဘက်ကျရင် ဒီနေရာမှာပဲ ပညာလာသင်..."

ဟယ်ရှန်းက ခေါင်းညိတ်ပြလိုက်ပြီး ဆရာနှစ်ယောက်ကို နှုတ်ဆက်ကာ မိခင်ဖြစ်သူအတွက် မနက်စာ ချက်ပြုတ်ရန် အိမ်သို့ ပြန်သွားလေသည်။

ကျွယ်ရှင်းက...

"သခင်လေး သူ့ကို ညဘက်မှ သင်ပေးမယ်ဆိုတော့ နေ့ဘက်မှာ လုပ်စရာ တစ်ခုခုများ ရှိလို့လား..."

ဆန်းလျန်က...

"မင်းကို ဒီနေ့ စားသောက်ဆိုင်ကို ခေါ်သွားမယ်..."

ကျွယ်ရှင်းက ဆန်းလျန်ပြောသည့်စကားကို အူကြောင်ကြောင်ဖြင့် သံယောင်လိုက်လိုက်လေသည်။

"စားသောက်ဆိုင်ကိုလား..."

....

ပိုင်ရှောက်ယွီသည် မနက်စောစောထပြီး ထင်းများခုတ်နေလေ၏။

ထိုအချိန် မီးဖိုချောင်းထဲတွင် လူသံကြားသည့်အတွက် သူက မီးဖိုချောင်ထဲသို့ သွားကြည့်လိုက်သည်။ ထိုအခါ ဘုန်းတော်ကြီးတစ်ပါး မီးမွှေးနေသည်ကို တွေ့လိုက်ရလေသည်။

ဘုန်းတော်ကြီးမှာ မီးတောက်လောင်လာစေရန် မီးဖိုကို တဖူးဖူးမှုတ်နေလေသည်။ ဘုန်းတော်ကြီးမှာ အဆုတ်အား

တော်တော်ကောင်းသည်ပဲဟု ပိုင်ရှောက်ယွီ တွေးလိုက်မိသည်။

မီးဖိုအတွင်းသို့ လေဖြင့်မှုတ်နေသည်မှာ ဖားဖိုနှင့်ထိုးသည်

ထက်ပင် အားကောင်းနေသေးသည်။

ပိုင်ရှောက်ယွီက အပြစ်တင်သည့်လေသံဖြင့်...

"ဆရာတော်... အထဲကို ဘယ်လိုလုပ်ဝင်လာတာလဲ..."

ဘုန်းတော်ကြီးမှာ အခြားသူမဟုတ်။ ကျွယ်ရှင်းဖြစ်လေ၏။

ကျွယ်ရှင်းက...

"မင်းက ပိုင်ရှောက်ယွီဖြစ်ရမယ် ၊ ကျုပ်က မီးထိုးသမားအသစ်

၊ နာမည်က ကျွယ်ရှင်းလို့ခေါ်တယ်..."

ပိုင်ရှောက်ယွီက...

"မီးထိုးသမားအသစ်ရောက်နေတာ ကျုပ်က ဘာလို့ မသိရတာ

လဲ ၊ ဒါနဲ့ နေပါဦး... ခင်ဗျားကို ဘယ်သူက ဒီကိုခေါ်လာတာ

လဲ..."

ဘုန်းတော်ကြီးက...

"ဘယ်သူရှိရမလဲ ၊ သခင်လေးဆန်းလျှန်ပေါ့..."

ပိုင်ရှောက်ယွီက ပြုံးလိုက်ရင်း...

"ဒါဆို အစ်ကိုဆန်း ပြန်လာပြီပေါ့..."

ဘုန်းတော်ကြီးက ခေါင်းညိတ်ပြလိုက်လေသည်။

ပိုင်ရှောက်ယွီသည် ချက်ချင်းပင် အပြင်သို့ ပြေးထွက်သွားလေသည်။

ပိုင်ရှောက်ယွီ စားသောက်ဆိုင်အတွင်းသို့ အပြေးအလွှား ရောက်လာလေသည်။ သူမျှော်လင့်ထားသည့်အတိုင်းပင် စားသောက်ဆိုင်ကောင်တာနားတွင် ဆန်းလျှန်ကို တွေ့လိုက်ရလေသည်။

အမှန်တော့ ဆန်းလျှန်ကို မတွေ့ရသည်မှာ လဝက်ခန့်ပင် ရှိပြီဖြစ်လေရာ ပိုင်ရှောက်ယွီမှာ ဆန်းလျှန်နှင့် အချိန်အကြာကြီး ခွဲခွာနေရသလို ခံစားနေရလေသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်က ဆန်းချင်းချင်းတစ်ယောက် ပြန်သွားခဲ့ပြီဖြစ်လေသည်။ ဆရာမေသည်လည်း ပြန်ရန် ပြင်ဆင်နေခဲ့လေပြီ။

ယခုအတောအတွင်း စားသောက်ဆိုင်တွင် ဧည့်သည်လည်း သိပ် မရှိလှပေ။

ကူးဝေဝေကလည်း သူ့ကို သိပ်ပြီး အရေးမစိုက်လေရာ ပိုင်ရှောက်ယွီမှာ တစ်နေ့တစ်နေ့ တစ်ယောက်တည်း ပျင်းရိလျှက်သာ ရှိလေသည်။ ဆန်းလျန်သာရှိလျှင် သူပျင်းရတော့မည် မဟုတ်ပေ။

သူက စိတ်လှုပ်ရှားပျော်ရွှင်စွာဖြင့် ဆန်းလျန်ကို ပြေးဖက်လိုက်လေသည်။

သို့သော်... ဆန်းလျန်ကို မဖက်မိဘဲ လေကိုသာဖက်မိသွားပြီး ပိုင်ရှောက်ယွီမှာ အရှေ့သို့ ဟပ်ထိုးကျကာ အရှက်ကွဲလေတော့၏။

ဆန်းလျန်က...

"မင်း ကျုပ်ကိုလွှမ်းနေတာသိပါတယ်၊ ဒါပေမယ့် လာတော့မ

ဖက်နဲ့လေကွာ၊ ငါက ယောကျ်ားလေးချင်းဆို ခပ်ပါးပါးပဲ..."

ပိုင်ရှောက်ယွီမှာ လဲကျရာမှ ထလိုက်ပြီး ကြမ်းပြင်နှင့်စောင့်မိ

သည့် နဖူးကို အသာပွတ်နေလေသည်။

"အစ်ကိုဆန်း... ခုတလော ဘယ်တွေသွားနေတာလဲ..."

ဆန်းလျန်က...

"ကျိုးယီတောင်..."

ကျိုးယီတောင် မည်သည့်နေရာတွင် တည်ရှိသည်ကို ပိုင်ရှော

က်ယွီ မသိပေ။

အစကတည်းက သူက ဗဟုသုတရှိသူမှ မဟုတ်ပေပဲ။ သို့သော်

သိချင်စိတ်ကို ထိန်းမထားနိုင်သည့်အတွက် ဆန်းလျန်ကြုံတွေ့

ခဲ့ရသည့် အဖြစ်အပျက်များကို မေးမြန်းကြည့်လိုက်လေ

သည်။

ဆန်းလျန်ကလည်း ဖုံးကွယ်ထားခြင်းမရှိဘဲ ဖြစ်သမျှ

အကြောင်းများကို ပြောပြလိုက်လေ၏။

ဆန်းလျန်၏ စကားများကို နားထောင်ပြီးသည့်အခါတွင်တော့

ပိုင်ရှောက်ယွီက မနာလိုစွာဖြင့်...

"အစ်ကိုဆန်း... ကျုပ်ကိုကျတော့ နတ်မက်မွန်သီး မကျွေး

ဘူး..."

ဆန်းလျန်က ခေါင်းခါယမ်းလိုက်ရင်း...

"မင်းက သူ့လောက်မှ ကံမကောင်းတာ..."

ထို့နောက် ပိုင်ရှောက်ယွီကို မျက်နှာထားတင်းတင်းနှင့် တစ်

ချက်ကြည့်လိုက်ပြီး...

"သွား... အလုပ်သွားလုပ်တော့..."

ပိုင်ရှောက်ယွီမှာ စိတ်မကောင်းဖြစ်သွားလေသည်။

ကြိတ်မနိုင်ခဲမရ ခံစားနေရပြီး အလုပ်လည်း လုပ်ချင်စိတ်မရှိ

တော့ပေ။ သို့သော်... ချက်ချင်းပင် ခေါင်းကိုက်ခြင်းကို ခံစား

လိုက်ရလေသည်။

ပိုင်ရှောက်ယွီက ဆန်းလျန်ကို ဒီထက်ပိုပြီး ပိန်ညှောင်ညှောင်

ဖြစ်သွားပါစေဟု ကျိန်ဆဲလိုက်ချင်သော်လည်း မကျိန်ဆဲတော့

ဘဲ အလုပ်ကိုသာ ရိုးရိုးသားသားလုပ်ရန် ဆုံးဖြတ်လိုက်

မိသည်။

ပိုင်ရှောက်ယွီသည် စားသောက်ဆိုင်တစ်ခုလုံး သန့်ရှင်းရေး

လုပ်ပြီးသွားသည့် အချိန်တွင် ကူးဝေဝေသည် ဖြေးညင်းသည့်

ခြေလှမ်းများဖြင့် အောက်ထပ်သို့ ဆင်းလာလေသည်။

ဆန်းလျန်ပြန်ရောက်နေပြီးကို သူမ သိရှိထားပြီးသား ဖြစ်လေ

သည်။

သို့သော်... သိသိချင်း အပြေးအလွှားရောက်လာပါလျှင် အိန္ဒြေ

သိက္ခာ မရှိရာ ကျမည်စိုးသည့်အတွက် အေးအေးဆေးဆေး

အဝတ်အစားလဲပြီးမှ အောက်သို့ ဆင်းလာခဲ့ခြင်း ဖြစ်လေ

သည်။

အောက်ထပ်တွင် ဆန်းလျန်ကို တွေ့မြင်လိုက်ရသည့်အခါတွင်

တော့ ကူးဝေဝေသည် ပျော်ရွှင်မှုများကို အောင့်ထား၍ မရ

တော့ပေ။ သူမသည် ဆန်းလျန်ရှေ့သို့ အလျှင်အမြန်ပင်

ရောက်လာခဲ့လေသည်။

သန့်ရှင်းရေးလုပ်ပြီး ဆိုင်ထောင့်တစ်နေရာတွင် ထိုင်နေသည့်

ပိုင်ရှောက်ယွီသည် ကူးဝေဝေလည်း သူကဲ့သို့ ဆန်းလျန်ကို

ပြေးဖက်လေမည်လားဟု မျက်စိဒေါက်ထောက်ကြည့်နေလေ

သည်။

ကူးဝေဝေသည် အရိပ်လေးတစ်ခုအလား ဆန်းလျန်ရှိရာသို့

ချက်ချင်းရောက်ရှိလာလေသည်။

ကူးဝေဝေကိုကြည့်ရင်း ဤစားသောက်ဆိုင်တွင် သူတစ်

ယောက်သာ တန်ခိုးစွမ်းအား မရှိသူတစ်ယောက် ဖြစ်သည်ဟု

တွေးလိုက်မိသည့်အခါ ပိုင်ရှောက်ယွီ သက်ပြင်းတစ်ချက် ချ လိုက်မိလေသည်။ ဖြစ်နိုင်မည်ဆိုလျှင် သူသည်လည်း အစ်ကို ဆန်းထံမှ နတ်ဘုရားကျင့်စဉ်များကို သင်ယူချင်မိသည်။ စဉ်းစားရင်း အားငယ်စိတ်များဝင်လာသည့်အခါ ပိုင်ရှောက်ယွီ သည် တစ်ကိုယ်လုံး အားပြတ်သွားသလို ခံစားလိုက်ရသည်။ ထို့နောက် သူက စားပွဲများကိုသာ သုတ်နေလေတော့သည်။ ဆန်းလျန်က ပိုင်ရှောက်ယွီ၏ အမူအရာများကို ရိပ်မိလိုက် သော်လည်း မသိချင်ယောင်ဆောင်လိုက်ကာ ကူးဝေဝေကို နှုတ်ဆက်လိုက်လေသည်။

"ဂိုဏ်းတူအစ်မ ၊ အခု ကျင့်စဉ်ကျင့်ကြံတဲ့အခါ အစ်မရဲ့ကိုယ် ထဲမှာ တန်ခိုးစွမ်းအားတွေ မြစ်တစ်စင်းလို စီးဆင်းနေတယ်ဆို တာ ခံစားမိတယ်မဟုတ်လား ၊ နောက်ကျရင် အစ်မကို ပိုပြီး တန်ခိုးစွမ်းအားမြင့်မားတဲ့ ကျင့်စဉ် တွေသင်ပြပေးဦးမယ်..."

ကူးဝေဝေက...

"နင်ပေးတဲ့ မက်မွန်သီးကိုစားပြီးတော့ ငါ့ခန္ဓာကိုယ်က နေ့တိုင်း ပြောင်းလဲနေတယ်လို့ ခံစားရတယ် ၊ အားလျှန်… သိပ်မကြာ ခင် ငါလည်း နတ်ဘုရားတစ်ပါး ဖြစ်လာတော့မလား မသိ ဘူး…"

ဆန်းလျှန်က ပြုံးလိုက်ရင်း…

"အစ်မက ဖြစ်ချင်တယ်ဆိုရင် ဖြစ်လာရမှာပေါ့…"

အခြားသူများသာ ဆန်းလျှန်၏စကားကိုကြားမည်ဆိုလျှင် အကြွားပိုသည်ဟု ထင်မှတ်ကြပေလိမ့်မည်။

သို့သော်… ဆန်းလျှန်ကတော့ မဖြစ်နိုင်ဟု မယူဆခဲ့ပေ။

ကျင့်ကြံသူတစ်ယောက် နတ်ဘုရားတစ်ပါး ဖြစ်လာရန် အတွက် အခက်ခဲဆုံးအချက် (၃)ချက် ရှိလေသည်။

ပထမအချက်မှာ ကျင့်စဉ်ဖြစ်လေသည်။

ဒုတိယအချက်မှာ တန်ခိုးစွမ်းအားပေါင်းစပ်ခြင်းဖြစ်လေ သည်။

တတိယအချက်မှာ လမ်းမှားမရောက်အောင် ထိန်းသိမ်းခြင်း ဖြစ်လေသည်။

ဆန်းလျှန်က ကူးဝေဝေကို ပထမအချက်နှင့် ဒုတိယအချက်ကို ကျော်လွှန်စေခဲ့ပြီ ဖြစ်လေသည်။ ကူးဝေဝေအနေဖြင့် တတိယ အချက်ကိုသာ ကျော်လွှားနိုင်ရန် လိုအပ်လေသည်။

တတိယအချက်မှာ ကျော်လွှားရန် အမှန်တကယ်ပင်ခက်ခဲလေ သည်။ သို့သော်... မဖြစ်နိုင်လောက်အောင် ခက်ခဲသည့် အဆင့် တစ်ခုတော့ မဟုတ်ပေ။ လေ့လာချက်များအရ လွယ်မည်ဆို လျှင်လည်း ပြတင်းတံခါးမှ စက္ကူလေးကို လက်ဖြင့်ထိုးဖောက် လိုက်သလို လွယ်မည်ဖြစ်ပြီး ခက်မည်ဆိုလျှင်လည်း ကောင်းကင်ပေါ်တက်ရ သည်လောက် ခက်ခဲနိုင်လေသည်။

အဓိကသော့ချက်ကို နားလည်သွားသူကတော့ အခက်အခဲကို ကျော်လွှန်နိုင်ပြီး သွေးကြောဆုံချက်များအားလုံး ပွင့်ထွက် သွားအောင် ကျင့်ကြံနိုင်မည် ဖြစ်လေသည်။ နောက်ဆုံးတွင်

တော့ နတ်ဘုရားတစ်ပါးအဖြစ် ကျိန်းသေ အဆင့်တက်ရောက်

နိုင်ပေလိမ့်မည်။

ကူးဝေဝေ နတ်ဘုရားတစ်ပါး ဖြစ်လာမည်လား ၊ မဖြစ်လာဘူး

လားဆိုသည်ကိုတော့ ဆန်းလျန်လည်း တပ်အပ် မပြောနိုင်ပါ။

ဆန်းလျန်အနေဖြင့် အနီးစပ်ဆုံး ခန့်မှန်းပြီးသာ သိနိုင်လေ

သည်။

ထို့ပြင်... ဟယ်ရှန်းကို သူ၏ဆက်ခံသူတပည့်အရင်းအဖြစ်

သတ်မှတ်ခဲ့လေသည်။

ဟယ်ရှန်းသည် မွေးရာပါ ဝိညာဉ်စွမ်းအားကောင်းသူတစ်

ယောက်ဖြစ်ပြီး အစ်မဖြစ်သူ ကူးဝေဝေထက်သာလေသည်။

သူတို့ (၂)ယောက်လုံးကို ဆန်းလျန်က ပညာသင်ပေးနေသူဖြစ်

လေရာ ဟယ်ရှန်းသာ အောင်မြင်မှုရခဲ့လျှင် ကူးဝေဝေကိုလည်း

ဆက်လက်လမ်းပြပေးနိုင်မည် ဖြစ်လေသည်။

သို့သော်... ထိုအကြောင်းကြောင့်တော့ဖြင့် ဆန်းလျန်က ဟယ်ရှန်းကို အသုံးချခဲ့ခြင်း မဟုတ်ပေ။ ဆန်းလျန်က ဟယ်ရှန်းကို တပည့်အဖြစ် ရွေးခြယ်ခဲ့ရခြင်းမှာ သူမသည် အလွန်အရည်အချင်းရှိသူတစ်ယောက် ဖြစ်သောကြောင့်ပင်။

ခဏအကြာတွင်တော့ ကျွယ်ရှင်းက ချက်ပြုတ်ပြီးစီးသွားလေသည်။

သူတို့အားလုံး မနက်စာစားရန်အတွက် ထမင်းစားခန်းသို့ ရောက်လာခဲ့ကြသည်။ ကျွယ်ရှင်းက ဆန်ပြုတ် ၊ ပေါက်စီများနှင့် ဟင်းရံအနည်းငယ်ကို ချက်ပြုတ်ထားလေသည်။

ကျွယ်ရှင်းသည် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံထားသူဖြစ်သည့်အတွက် စိတ်အာရုံကို ဖြန့်ကျက်ကာ အကြောင်းအရာအတော်များများကို လျှင်လျှင်မြန်မြန်ဖြင့် သင်ယူနိုင်လေသည်။ ထို့ကြောင့် ဟင်းလျာများ ချက်ပြုတ်သည့်အလုပ်မှာ သူ့အတွက် မခက်ခဲလှပေ။

ကူးဝေဝေက ဟင်းရံများကို အနည်းငယ်မြည်းကြည့်လိုက်ပြီး ပေါက်စီကို တစ်ကိုက်ကိုက်လိုက်လေသည်။

"ဆရာတော်က ကျွန်မထက်တောင် ဟင်းချက်လက်ရာကောင်းနေပါလား၊ အရင်ကတည်းက အခုလို ချက်ပြုတ်ဖူးလို့လား..."

ကျွယ်ရှင်းက ရှက်ကိုးရှက်ကန်းဖြင့်...

"မဟုတ်ပါဘူး၊ ကျုပ်က လျှောက်လုပ်တာပါ..."

ပိုင်ရှောက်ယွီက ကမန်းကတန်း ဝင်ပြောလိုက်လေသည်။

"အစ်မကူးဝေဝေသာ ဆရာတော်က ချက်ပြုတ်ပေးတာ အားနာစရာကြီး၊ နောက်ဆို မနက်စောစော ကျုပ်ထချက်ပေးပါ့မယ်..."

အခန်း (၇၅၃) ဆန်းချင်းရှုကိုကြောက်တဲ့မိစ္ဆာ

ကူးဝေဝေက...

"နင်က ချက်တတ်လို့လား..."

ပိုင်ရှောက်ယွီက သူ့ဗိုက်ကို လက်ဖြင့်ပွတ်နေရင်းမှ...

"အင်း... ချက်တတ်တာပေါ့..."

ကူးဝေဝေ သံသယဖြစ်နေစဉ်မှာပင် ဆန်းလျန်က...

"ဒါဖြင့်လည်း သူ့ကို ချက်ခိုင်းလိုက်..."

ကူးဝေဝေက ဆန်းလျန်၏စကားကို ဆန့်ကျင်လေ့မရှိသူဖြစ်

လေရာ သဘောတူသည့်အနေဖြင့် ခေါင်းတစ်ချက် ညိတ်ပြ

လိုက်လေသည်။

မနက်စာစားပြီးသည့်အခါတွင်တော့ စားသောက်ဆိုင်သို့

ညွှေ့သည် (၂)ယောက် ရောက်လာကြလေသည်။

တစ်ယောက်မှာ မိန်းကလေးကဲ့သို့ ချောမောလှပလွန်းသည့် ယောကျ်ားပျိုတစ်ယောက်ဖြစ်ပြီး နောက်တစ်ယောက် မှာတော့ သက်လတ်ပိုင်းအရွယ် လူရွယ်တစ်ယောက် ဖြစ်လေသည်။

လူရွယ်ကို ဆန်းလျန် ကောင်းကောင်းသိလေသည်။

အခြားသူမဟုတ်ပေ။ ရွှမ်နီနန်းတော်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်သည့် ဟယ်စူးရင်းလက်မှ ဆန်းလျန် ကယ်တင်လိုက်သည့် အနီရောင်မြေခွေး ဟူတောက်တယ်ဆိုသူ ဖြစ်လေသည်။

သို့သော်... ချောမောလွန်းသည့် လူငယ်ကိုတော့ တစ်ခါမှ တွေ့မြင်ဖူးခြင်း မရှိပေ။ သို့သော်... တစ်ချက်ကြည့်လိုက်ရုံဖြင့်ပင် ထိုလူငယ် မည်သူဖြစ်သည်ကို ဆန်းလျန် ချက်ချင်းသိလိုက်လေသည်။

လူငယ်မှာ သေစေခြင်းကျောင်းတောင်မှ ရှီချင်းဟွမ်ဖြစ်လေသည်။ ရှီချင်းဟွမ်က သူ၏ လျှို့ဝှက်ချက်များကို သေစေခြင်း

ကျောင်းတော်မှ ဆရာသခင်များမသိအောင် ဖုံးကွယ်ထားနိုင်သည့်တိုင် ဆန်းလျန်ကိုတော့ ဖုံးကွယ်ထား နိုင်ခြင်း မရှိပေ။

ရှီချင်းဟွမ်က ဟူတောက်တယ်ကို ပြောလိုက်လေသည်။

"ဒီဆိုင်က စီးပွားရေး မကောင်းဘူးထင်တယ် ၊ ခြောက်ကပ်နေတာပဲ ၊ ဘာလို့ ဒီမှာ ထမင်းစားဖို့ ခေါ်လာရတာလဲ..."

ဟူတောက်တယ်က...

"သခင်လေး စိတ်မပူနဲ့ ၊ ဒီစားသောက်ဆိုင်က ဒီမြို့မှာ အကောင်းဆုံး စားသောက်ဆိုင် တစ်ခုပဲ..."

"ဩော်..."

ရှီချင်းဖုန်းက ပတ်ဝန်းကျင်ကို မသိမသာ တစ်ချက်လေ့လာလိုက်လေသည်။

ဟူတောက်တယ်ကတော့ စားသောက်ဆိုင်လေး၏ လျှို့ဝှက်ချက်ကို ယခင်ကတည်းက သိရှိထားသူဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိဖြင့် ရောက်လာခဲ့သူ ဖြစ်လေသည်။

ဟူတောက်တယ်က ကောင်တာသို့ လျှောက်သွားလိုက်ပြီး ဆန်းလျန်ကို ရိုရိုသေသေပင် စကားပြောလိုက်လေသည်။

"ဆန်းသခင်လေး... ကျုပ်တို့ နေ့လည်စာစားဖို့ ရောက်လာတာပါ..."

ဆန်းလျန်က...

"ဘာများ သုံးဆောင်ချင်ပါသလဲ..."

ဟူတောက်တယ်က...

"ဘာပဲဖြစ်ဖြစ် ရပါတယ်..."

ဆန်းလျန်မှာ သူ့ကိုကယ်တင်ခဲ့သည့် တန်ခိုးရှင်ဖြစ်ကြောင်းကို ဟူတောက်တယ်က သိရှိခြင်း မရှိပေ။

သို့သော်... မေနန့်စန်း၏ပြောပြချက်အရ ဆန်းလျန်မှာ အလွန်တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ဖြစ်ကြောင်း သိရှိထားလေသည်။ ထို့ကြောင့် သူက ဆန်းလျန်ကို တလေးတစားဖြင့် ဆက်ဆံလိုက်ခြင်း ဖြစ်လေ၏။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဖြင့် မြေခွေးသားဆိုရင်ရော..."

ဟူတောက်တယ်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

သူက ဆန်းလျန်ကို ကြည့်ကာ မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"မနောက်ပါနဲ့ ဆန်းသခင်လေးရယ်၊ ဟို ညှော့သည်က ပိုင်ကျားမြို့ရဲ့ အကောင်းဆုံးစားသောက်ဆိုင်မှာ စားချင်တယ်ဆိုလို့ ကျုပ်က လိုက်ပို့တာပါ၊ မဟုတ်ရင် ကျုပ် သခင်လေးကို လာမနှောက်ယှက်ရဲပါဘူး၊ ကျုပ်ကို ယုံပါ၊ ကျုပ်မှာ တခြားမကောင်းတဲ့အကြံအစည် မရှိရပါဘူး..."

ဆန်းလျန်က...

"ကျုပ်က နောက်တာပါဗျာ၊ ဒါနဲ့ သေရည်နဲ့ပေါင်းထားတဲ့ ကြက်သားပေါင်းဆိုရင်ရော..."

ဟူတောက်တယ်က...

"ကောင်းပါပြီ ၊ ဟင်းလျာအတွက် ဆန်းသခင်လေး ဘယ်လို ရတနာပစ္စည်းများ လိုချင်ပါသလဲ..."

စားသောက်ဆိုင်၏ စည်းကမ်းများကို မေနန့်စန်းထံမှတစ်ဆင့် လည်း သိရှိထားပြီးပြီ ဖြစ်လေသည်။

ဤဆိုင်မှ စားကောင်းသောက်ဖွယ်များကို စားသောက်ချင်ပါက ရွှေ ၊ ငွေ ၊ ကြေးပြားများ ပေးစရာမလိုပေ။ ရတနာပစ္စည်း တစ်ခုပေးရန်သာ လိုအပ်လေသည်။ ထို့ပြင် ဆန်းသခင်လေး ကမ်းလှမ်းသည့် ရတနာပစ္စည်းမှလွဲပြီး အခြားရတနာပစ္စည်း များကို လက်ခံမည် မဟုတ်ပေ။

လောကတစ်ခုလုံးတွင် တော်တော်မှ သောက်ကြီးသောက် ကျယ်အနိုင်ဆုံး စားသောက်ဆိုင်ဖြစ်လေသည်။

ဆန်းလျန်က...

"စကားပုံရှိတယ်လေ ၊ 'ဆရာ့စကားတစ်ခွန်းနားထောင်တာက (၁၀)နှစ်စာဖတ်တာထက် ပိုကောင်းတယ်' တဲ့ ၊ ကျုပ်ဆိုင်က

အစားအသောက်တွေကိုစားရရင် (၁၀)နှစ်ကျင့်ကြံတာထက် ပိုကောင်းတယ်"

ဟူတောက်တယ်မှာ အနည်းငယ် အံ့သြသွားပြီး...

"ကျင့်ကြံခြင်းအဆင့် ဒီလိုတိုးတက်လာတယ်ဆိုတာ ဟုတ်ပါ့မလား..."

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"အဲဒီတော့ ခင်ဗျား (၁၀)နှစ်ကျင့်ကြံထားတဲ့ တန်ခိုးစွမ်းအားတွေ ကျုပ်ကို ပေးရမယ်၊ ဘယ်လိုလဲ ခင်ဗျား သဘောတူရဲ့လား..."

ဟူတောက်တယ်က ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ရင်း...

"ကျုပ်သဘောတူပါတယ်..."

ဟူတောက်တယ်၏ စကားဆုံးသွားသည်နှင့် သူ၏ကိုယ်ထဲမှ

တန်ခိုးစွမ်းအားအချို့သည် ရုတ်တရက် ပျောက်ဆုံးသွားသည်

ကို အံ့သြဖွယ်ရာ တွေ့ရှိလိုက်ရလေသည်။

ထို့နောက် ကောင်တာပေါ်တွင် အပြာရောင် ပုတီးစေ့တစ်စေ့

ရောက်ရှိနေပြီး ထိုပုတီးစေ့သည် သူနှင့် သွေးခြင်း ဆက်နေ

သည့်အလား ဟူတောက်တယ် ခံစားလိုက်ရလေသည်။

ထိုပုတီးစေ့မှာ သူ (၁၀)နှစ်တာ ခက်ခက်ခဲခဲ ကျင့်ကြံထားခဲ့

သည့် ကျင့်စဉ်အမြုတေ ဖြစ်လေ၏။

သူက ဆန်းလျန်၏ တောင်းဆိုမှုကို ပေါ့ပေါ့ပါးပါးဖြင့်

သဘောတူခဲ့သည့်တိုင် ယခုလို တကယ်တမ်း ရင်ဆိုင် ကြုံတွေ့

လိုက်ရသည့်အခါတွင်တော့ ထိတ်လန့်သွားမိလေသည်။

ဆန်းလျန်က...

"ခဏစောင့်ကြပါ..."

ဟူတောက်တယ် နေရာသို့ပြန်လာကာ ထိုင်လိုက်လေသည်။ ထို

အချိန်တွင် ရှီချင်းဟွမ်က တရားထိုင်နေလေသည်။

သူ၏မျက်လုံးများက ပွင့်နေသော်လည်း မည်သည့်အရာကိုမှ

တွေ့မြင်ဟန် မတူပေ။

ရှီချင်းဟွမ်က သွေးဓားထဲမှ မိစ္ဆာနှင့် ဆက်သွယ် စကားပြော

နေခြင်း ဖြစ်လေသည်။

စားသောက်ဆိုင်ထဲသို့ ရှီချင်းဟွမ် ဝင်လာကတည်းက သွေး

ဓားထဲမှ မိစ္ဆာမှာ ကြောက်လွန်းသောကြောင့် တုန်နေလေသည်။

ရှီချင်းဟွမ်က အနည်းငယ် ထူးဆန်းသွားပြီး...

"ဘာဖြစ်နေတာလဲ..."

သွေးဓားထဲမှ မိစ္ဆာက...

"သူပဲ... သူပဲ..."

သွေးစားထဲမှ မိစ္ဆာမှာ အမှန်တကယ် ကြောက်ရွံ့နေခြင်း ဖြစ်ပြီး ထိုမိစ္ဆာထိုသို့ အကြောက်လွန်နေခြင်းကို ရှီချင်းဟွမ် ဘဝတွင် ပထမဆုံးတွေ့မြင်ဖူးခြင်း ဖြစ်လေသည်။

ရှီချင်းဟွမ်က...

"မင်းဘာမြင်လို့လဲ..."

မိစ္ဆာက...

"မေးမနေနဲ့ ၊ မေးမနေနဲ့..."

ရှီချင်းဟွမ်မှာ ဤစားသောက်ဆိုင်ထဲတွင် မည်သည့်ကြောက်မက်ဖွယ်ရာရှိနေသည်ကို ပိုပြီး သိချင်လာမိလေသည်။

သူက ဆိုင်ထဲမှ လူများကို သေသေချာချာဂရုတစိုက်ဖြင့် အာရုံခံကြည့်လိုက်လေသည်။ သို့သော် စားသောက်ဆိုင်ထဲတွင် ကြောက်မက်ဖွယ်ရာ တစ်စုံတစ်ရာ လုံးဝမတွေ့ရပေ။

စားသောက်ဆိုင်ပိုင်ရှင်မိန်းမပျိုကတော့ အဆင့်မြင့်ကျင့်ကြံသူ တစ်ယောက် ဖြစ်ဟန်တူလေသည်။ ဘုန်းတော်ကြီးကတော့ နက်ရှိုင်းသည့် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားသည်မှာ ထင်ရှားလေသည်။ သို့သော်... ထိုသူများအားလုံးသည် သွေးဆားထဲမှ နတ်မိစ္ဆာ ဖိန့်ဖိန့်တုန်အောင် ကြောက်ရလောက်သူများ မဟုတ်ပေ။

ဒါဆိုလျှင် ကောင်တာမှ လူငယ်လေလား...။

ရှီချင်းဟွမ်က ကောင်တာတွင်ထိုင်နေသည့်လူငယ်၏ အသက်ရှူသံကို ခံစားကြည့် လိုက်လေသည်။ ကောင်တာမှ လူငယ်သည်လည်း မည်သည့်ထူးခြားချက်မှ မရှိဘဲ ပုံမှန်သာ ဖြစ်လေသည်။ သို့သော်... ကောင်တာမှ လူငယ်ထံမှ ခန့်မှန်းရခက်သည့် တန်ခိုးစွမ်းအား အငွေ့အသက်များကို ရရှိနေသလို ခံစားလိုက်ရလေသည်။

ထို့ကြောင့် သူက ကောင်တာမှ လူငယ်ကို တစ်ချက်လှမ်းပြီး အကဲခတ်လိုက်သည်။ သွေးခားထဲမှ မိစ္ဆာကြောက်ရွံ့နေသူမှာ ထိုသူဖြစ်နိုင်လေသည်။

ရှီချင်းဟွမ်က ဆက်မေးလိုက်သည်။

"သူလား..."

သို့သော် သွေးခားထဲမှ မိစ္ဆာသည် တိတ်ဆိတ်ငြိမ်သက်နေပြီး စကားတစ်ခွန်းပင် ပြန်မပြောတော့ပေ။ သွေးခားမှာ အသက်ရှူသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သွေးခားထံမှ အဖြေပြန်မရတော့သည့်အခါ ရှီချင်းဟွမ်သည် ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက် ပြန်လေသည်။ ချောမောလှပသည့် သာမန် လူငယ်တစ်ယောက်မျှသာ ဖြစ်ဟန်တူလေသည်။ ထိုသူကို မိစ္ဆာက အဘယ့်ကြောင့် ကြောက်ရွံ့ထိတ်လန့်ေနေရပါသနည်း။

ထိုအချိန်မှာပင် ဟူတောက်တယ်ကလည်း ကောင်တာမှ ပြန်ရောက်လာသည့်အတွက် ရှီချင်းဟွမ်က ပုံမှန်လေသံဖြင့်ပင် မေးခွန်းထုတ်လိုက်လေသည်။

"သူဌေးဟူ... ခုန ကောင်တာကလူငယ်နဲ့ ဘာတွေပြောနေတာလဲ..."

ဟူတောက်တယ်က ထက်မြက်ပြီး ပါးနပ်သူတစ်ယောက် ဖြစ်လေရာ ရှီချင်းဟွမ် မေးခွန်းထုတ်လိုက်သည်မှာ ဆန်းလျှန်အကြောင်း စုံစမ်းချင်သောကြောင့် ဖြစ်သည်ကို သိလိုက်သည်။

သူ့အနေဖြင့် ရှီချင်းဟွမ်ကို ဖုံးကွယ်ထားစရာ အကြောင်း မရှိပေ။ ထို့ကြောင့် သူသိသမျှ ဆန်းလျှန်အကြောင်းများနှင့် စားသောက်ဆိုင်အကြောင်းများကို ပြောပြလိုက်လေသည်။ နေ့လည်စာဖိုးအဖြစ် သူ (၁၀)နှစ် ကျင့်ကြံထားသည့် ကျင့်ကြံခြင်း

အမြုတေကို ပေးလိုက်ရသည့်အကြောင်းကိုပါ ထည့်ပြောပြလိုက်သည်။

ဟူတောက်တယ်၏ စကားများကို နားထောင်ပြီးသည့်အခါတွင်တော့ ရှီချင်းဟွမ်မှာ အံ့သြထိတ်လန့်သွားရသည်။ လူတစ်ယောက် ကျင့်ကြံထားသည့် တန်ခိုးစွမ်းအားများ နှုတ်ယူခံရခြင်းကို ပထမဆုံးအကြိမ် ကြားဖူးခြင်း မဟုတ်ပေ။

သို့သော်... ထိုသို့ပြုလုပ်နိုင်သူများမှာ ဒဏ္ဍာရီထဲမှ နတ်ဘုရားများသာလျှင် ရှိလေသည်။

ယခုတော့ ဤစားသောက်ဆိုင်သေးသေးလေးမှ လူငယ်တစ်ယောက်က ထိုသို့သော တန်ခိုးစွမ်းအားမျိုး ရှိနေသည်တဲ့လား။

ထိုလူငယ်ကိုယ်တိုင်က တန်ခိုးစွမ်းအားမြင့်မားနေခြင်းလား ၊ သို့မဟုတ် မှော်ဝင်ပစ္စည်း ၊ ဝိညာဉ်စွမ်းအားများကို အသုံးပြုကာ ပြုလုပ်နေခြင်းလား မပြောတတ်ပေ။

မည်သို့ပင်ဖြစ်စေ ထိုလူငယ်မှာ ကြောက်စရာကောင်းသည် ကတော့ အသေအချာပင် ဖြစ်လေ၏။

ယခုတော့ သူ့ကို အမြဲတမ်း ဆရာလုပ်နေတတ်သည့် သေွးဓား ထဲမှ မိစ္ဆာသည် တုတ်တုတ်မှ မလှုပ်တော့ပေ။ မိစ္ဆာသည် စကားမပြောရဲလောက်အောင်ပင် တုန်လှုပ်နေပြီ ဖြစ်လေ သည်။

ရှီချင်းဟွမ်မှာလည်း ကြောက်ရွံ့လာသည့်အတွက် ဤနေရာမှ ချက်ချင်းထွက်ခွာသွားရန် ဆုံးဖြတ်လိုက်မိလေသည်။

သို့သော်... သူသာ ရုတ်တရက်ထွက်သွားလျှင် တစ်ဖက်လူကို သတိပေးလိုက်သလို ဖြစ်သွားနိုင်သည်။ ထို့ပြင်... သူက သေ စေခြင်းကျောင်းတော်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်လေရာ လောကတွင် သူ့ကို ဒုက္ခပေးရဲသူမှာ အနည်းငယ်သာ ရှိလေ သည်။ ထို့ကြောင့် စားသောက်ဆိုင်မှ လူငယ်သည် အကြောင်း မရှိဘဲ သူ့ကို ဒုက္ခပေးမည် မဟုတ်ပေ။

ထို့ပြင် ဤနေရာကို ဟူတောက်တယ်က ခေါ်လာခြင်းဖြစ်လေ

သည်။ ဟူတောက်တယ်ကတော့ သူ့ကို အန္တရယ်တွင်းထဲသို့ ဆွဲ

မခေါ်သည်မှာ သေချာသလောက်ရှိလေသည်။

နောက်ဆုံးတွင်တော့ ရှီချင်းဟွမ်က စားသောက်ပြီးသည်အထိ

စားသောက်ဆိုင်ထဲတွင် တည်တည်ငြိမ်ငြိမ်နေရန် ဆုံးဖြတ်

လိုက်လေတော့သည်။

မည်သို့ပင်ဖြစ်စေ အမြဲတစေ ညဏ်များနေတတ်သည့် သေွး

ဓားထဲမှ မိစ္ဆာသည် ယခုတော့ အလွန်ကြောက်ရွံ့နေခဲ့ လေပြီ။

ထိုသို့တွေးမိသည့်အခါတွင်တော့ ရှီချင်းဟွမ်မှာ စိတ်ပူနေ

သည့်ကြားမှပင် အကျေနပ်ကြီးကျေနပ်နေမိလေ တော့သည်။

မိစ္ဆာကောင်သည် ပြီးပြည့်စုံသူတစ်ယောက်မဟုတ်ဘဲ ဒေါသ ၊

အကြောက်တရား ၊ ပျော်ရွှင်မှု ၊ ဝမ်းနည်းမှု စသည့် စိတ်ခံစား

ချက်များရှိနေသည်ကို သိလိုက်ရခြင်းက သူ့အတွက် အကျိုးရှိ

လေသည်။ မိစ္ဆာ၏ အားနည်းချက်ကို သိရှိထားပြီဖြစ်

သည့်အတွက် နောင်တစ်ချိန်တွင် မိစ္ဆာ၏ ထိန်းချုပ်မှုမှ

လွတ်မြောက်ရန် နည်းလမ်းရှာဖွေနိုင်မည် ဖြစ်လေသည်။

ထိုအကြောင်းကို စဉ်းစားမိသည့်အခါတွင်တော့ ရှီချင်းဟွမ်

သည် အတော်အတန် တည်ငြိမ်သွားလေသည်။

ထိုအချိန်မှာပင်...

မည်သူမှ သတိမထားမိဘဲ ဆန်းလျန်သည် ကောင်တာနားမှ

ပျောက်ကွယ်သွားလေသည်။

အမှန်တော့ ဆန်းလျန်က ကောင်တာနားတွင် ရပ်နေဆဲ ဖြစ်လေ

သည်။ သို့သော်... အခြားသူများက သူ့ကို မြင်တွေ့နိုင်ခြင်း မ

ရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် သူသည် သီးခြားနေရာ

တစ်ခုသို့ ရောက်ရှိသွားသောကြောင့် ဖြစ်လေ၏။

ဆန်းလျန်၏ရှေ့တွင် အလင်းရောင်များထွက်ပေါ်လာပြီး

အလင်းရောင်များအတွင်းမှ မျက်နှာတစ်ခု ပေါ်လာလေသည်။

ထိုသူမှာ သွေးဓားထဲမှ မိစ္ဆာပင် ဖြစ်လေ၏။

ရှီချင်းဟွမ် အတွေးများနေစဉ်မှာပင် ဆန်းလျန်က သွေးဓားထဲမှ မိစ္ဆာကို ခေါ်ထုတ်လိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်က...

"မင်းက ကျုပ်ကို သိနေတာလား..."

မိစ္ဆာက ကြောက်ကြောက်လန့်လန့်ဖြင့် ပြုံးလိုက်ရင်း...

"ချင်းရှကျန်းရန်နတ်ဘုရားက ကျုပ်လိုသေးငယ်တဲ့မိစ္ဆာလေးကို ဘယ်မှတ်မိတော့မှာလဲ..."

ဆန်းလျန်က...

"ကျုပ် အတိတ်မေ့နေတာ ၊ ဒါကြောင်း မင်းများ ကျုပ်ကိုသိနေသလားလို့ မေးကြည့်တာ..."

မိစ္ဆာက...

"ချင်းရှကျန်းရန်နတ်ဘုရားလို ပုဂ္ဂိုလ်မျိုးက အတိတ်မေ့နေတယ်တဲ့လား...."

အခန်း (၇၅၄) အတိတ်မှတ်ဉာဏ်များသည်စီးဆင်းသွားသည့်

ရေပမာ

မိစ္ဆာထံမှ စကားကိုကြားလိုက်ရသည့်အခါ ဆန်းလျ

န်၏မျက်ဝန်းများ လက်ခနဲ တစ်ချက်တောက်ပသွားလေသည်။

ဆန်းလျန်၏ မျက်ဝန်းများမှာ ကြယ်စင်အလားတောက်ပလာ

ပြီး မိစ္ဆာ၏ အတွင်းစိတ်ကို ထိုးဖောက်သိမြင်နေသည့် အလား

ပင်။

မိစ္ဆာ အံ့သြမှင်တက်နေသည့်အခိုက်အတန့်မှာပင် ဆန်းလျန်၏

မျက်လုံးများက ပြန်လည် မှေးမှိန်သွားလေသည်။

ဆန်းလျန်က…

"ကျုပ်သိချင်တာတွေ သိပြီးသွားပါပြီ ၊ မင်းက တကယ်ပဲ ကျုပ်ကို သိနေတာပဲကိုး ၊ လောကကြီးက အံ့သြစရာ ကောင်းလိုက်တာ ၊ မင်းနဲ့ ကျုပ်က ပတ်သက်ခဲ့ဖူးတယ် ၊ ဒါပေမယ့် ဒီလောက် နှစ်ပေါင်း သောင်းနဲ့ချီကြာမှ ပြန်တွေ့ကြရတယ်နော် ၊ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းသောင်းချီကြာတဲ့အချိန်တုန်းက မင်းသိခဲ့တဲ့ ကျုပ်နဲ့ အခု ကျုပ်က တော့ တူပါတော့မလားဆိုတာ ပြောရခက်တယ်..."

မိစ္ဆာက...

"ချင်းရှကျန်းရန်နတ်ဘုရားက ကျုပ်ရဲ့မှတ်ဉာဏ်တွေကို ထွင်းဖောက်ကြည့်လိုက်တာလား..."

ဆန်းလျန်က...

"အမှန်ပဲ ၊ ဒါပေမယ့် စိတ်မပူပါနဲ့ ၊ ကျုပ်နဲ့ ပတ်သက်တဲ့အပိုင်းကိုပဲ ရွေးပြီးကြည့်လိုက်တာပါ ၊ လက်စသတ်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းသောင်းနဲ့ချီတဲ့အချိန်တုန်းက ကျုပ်က ချင်းရှမ်နတ်

တံခါးဆိုတဲ့ နတ်ဘုရားကျောင်းတော်ရဲ့ ဂိုဏ်းချုပ်တစ်ယောက်ပဲ ၊ ချင်းရွှမ်နတ်တံခါးရဲ့ အနွယ်တော် ဂိုဏ်းခွဲတွေက သေစေခြင်းကျောင်းတော်နဲ့ ရှင်သန်စေခြင်းကျောင်းတော်ပဲ ၊ ဒါပေမယ့်… နှစ်တွေအများကြီးကြာခဲ့ပြီးတဲ့နောက်… အခုအချိန်ကျတော့ သေစေခြင်းကျောင်းတော်နဲ့ ရှင်သန်စေခြင်းကျောင်းတော်က ကျင့်ကြံခြင်းလောကမှ ရှိနေပြီး ချင်းရွှမ်နတ်တံခါးဆိုတာက ပျောက်ကွယ်သွားပါလား ၊ ပြီးတော့ မင်းရဲ့မှတ်ဉာဏ်တွေထဲမှာလည်း ယန်ရှီးနဲ့ ကျုပ် တိုက်ခိုက်ပြီးတဲ့နောက် ကျုပ်ရော ယန်ရှီးရော ပျောက်ကွယ်သွားခဲ့တယ်ဆိုတဲ့ အထိပဲ သိရတယ် ၊ ပြီးတော့ အဲဒီအချိန်တုန်းက ကျုပ်က မိုးကောင်းကင် နတ်ဘုရားတစ်ပါးတောင် မဖြစ်သေးဘူး ၊ အခုထက် အများကြီးအဆင့်နိမ့်နေတယ် ၊ နှစ်ပေါင်း သောင်းနဲ့ချီတဲ့ အချိန်အတောအတွင်း ကျုပ်ဘာတွေများ ဖြစ်ပျက်ခဲ့သေးတာ

လဲ မသိဘူး ၊ ဘာကြောင့် ကျုပ်ရဲ့ တန်ခိုးစွမ်းအားတွေလည်း အရမ်းမြင့်တက်လာခဲ့တာလဲ မသိဘူး..."

မိစ္ဆာသည်ကား အမှောင်မိစ္ဆာသခင် ယန်ရှီး၏ နောက်လိုက်တစ်ယောက် ဖြစ်လေရာ သူ့အနေဖြင့် ဆန်းလျန်ကို သိရှိနေသည်မှာ မဆန်းပါပေ။

သို့သော်... ထူးဆန်းသည့်အချက်တစ်ခု ချက်ချင်း ဖြစ်ပေါ်လာခဲ့လေသည်။

မိစ္ဆာထံမှ သိရှိလိုက်ရသည့် အတိတ်အဖြစ်အပျက်များသည် ထူးဆန်းလှစွာပင် ဆန်းလျန်၏ ခေါင်းထဲမှ အလျှင်အမြန် ပြန်လည်ပျောက်ကွယ် နေခြင်းပင်ဖြစ်လေသည်။

ဆန်းလျန်သည် တန်ခိုးစွမ်းအားအလွန်မြင့်မားသူတစ်ယောက် ဖြစ်သော်လည်း ထိုသို့ အတိတ်ဖြစ်ရပ်များ ပြန်လည် ပျောက်ကွယ်နေသည်ကို တားဆီး၍မရနိုင်ခဲ့ပေ။ မည်သို့သော ထူးခြားဆန်းကျယ်မှုများ သူ့တွင် ဖြစ်ပျက်နေခဲ့ပါ သနည်း။

သို့သော်... သူ၏ မှတ်ဉာဏ်များ ချက်ချင်းပြန်လည်မေ့ပျောက်သွားသည်ဆိုသော်ငြား မိစ္ဆာထံမှ မှတ်ဉာဏ်များကို သူယခုပဲ ထွင်းဖောက်ကြည့်ခဲ့သည် ဆိုသည့်အချက်ကိုတော့ မေ့ပျောက်သွားခြင်း မရှိပေ။

ဆန်းလျန်၏ မှတ်ဉာဏ်များ ပြန်လည်ပျောက်ကွယ်သွားရခြင်းသည် ဆန်းလျန်နားမလည်နိုင်သည့် နိယာမတစ်ခုနှင့် ဆင်တူနေလေသည်။

စီးဆင်းနေသည့် ရေထဲတွင် တစ်စုံတစ်ယောက်က စုတ်တံဖြင့် စာရေးနေသကဲ့သို့ ဖြစ်လေသည်။ စာလုံးများကို ရေးသားနေသည့်တိုင် ရေကအဆက်မပြတ်စီးဆင်းသွားသည့်အတွက် သဲလွန်စမကျန် ပြန်လည် ပျောက်ကွယ်သွား ရသကဲ့သို့ ဖြစ်လေသည်။

မိစ္ဆာမှာလည်း စိတ်ရှုတ်ထွေးနေဟန် ရှိလေသည်။

ဆန်းလျန်က သူ၏ တန်ခိုးစွမ်းအားများကို အသုံးပြုကာ မိစ္ဆာ၏ မှတ်ဉာဏ်များကို ထပ်မံထွင်းဖောက်ကြည့်ရှုလိုက် ပြန်လေသည်။

သို့သော်... သူသိချင်သည့်အကြောင်းအရာများကို ထပ်မံ သိမြင်ရခြင်း မရှိတော့ပေ။

ဆန်းလျန် နားလည်လိုက်သည့်အချက်မှာ မိစ္ဆာသည် သူနှင့် ပတ်သက်သည့် အတိတ်များကို သိရှိသူ ဖြစ်လေသည်။

သို့သော်... သူက မိစ္ဆာ၏ မှတ်ဉာဏ်များကို ထွင်းဖောက် ကြည့်ရှုလိုက်သည့်အချိန်တွင် သူ၏အတိတ်များကို ခဏသာ မှတ်မိလိုက်ပြီး ပြန်လည် ပျောက်ကွယ်သွားခဲ့လေသည်။

ထို့အတူ... သူ၏အတိတ်များသည် မိစ္ဆာ၏ မှတ်ဉာဏ်အတွင်း မှလည်း ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ပြဿနာ၏အရင်းအမြစ်သည် ဆန်းလျန်ကိုယ်တိုင်နှင့်သက်ဆိုင်နေခဲ့လေသည်။

အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသည်ကို ဆန်းလျန် မသိပေ။ သို့သော်...လောကတွင် သူ့ကိုမှတ်မိသိရှိနေသည့် မိစ္ဆာတစ်ကောင်ကို တွေ့လိုက်ရခြင်းမှာ သူ့အကြောင်း သဲလွန်စ တစ်ခု ကျန်ရှိနေသေးသည်ဆိုသည့် အဓိပ္ပါယ်ပင်။ သူ့အကြောင်း သဲလွန်စများအားလုံး ပျောက်ကွယ်သွား ခဲ့ပြီဟု မဆိုသာပေ။ နတ်ဆိုးကဲ့သို့ အတိတ်ကို သိရှိနေမည့် နောက်တစ်ယောက် ရှိနေနိုင်သေး သည်။

သို့သော်... သူ့တွင် ဖြေရှင်းရမည့် ပြဿနာတစ်ခု ရှိလေသည်။ အတိတ်ကို ပြန်လည်သိရှိရသည့်တိုင် အဘယ့်ကြောင့် ပြန်လည်မေ့ပျောက်သွားရသနည်းဆိုသည့် အချက်ပင် ဖြစ်လေသည်။ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို သိရှိရန် လိုအပ်လေသည်။

အကြောင်းတစ်ခုတော့ ရှိရပေမည်။ ပြဿနာ၏ အရင်းအမြစ်ကို သိလျှင် ဖြေရှင်းရန်နည်းလမ်းကို ရှာဖွေနိုင်မည် ဖြစ်လေ၏။

ဆန်းလျန် မျက်မှောင်များကို ကြုံ့ထားမိလေသည်။ မိုးနှင့်မြေတွင် သူကဲ့သို့ တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ၏ အတိတ်ကို ဖျောက်ဖျက်ထားရန် မည်သို့သော နည်းလမ်းများကို အသုံးပြုထားပါသနည်း။

ထိုကဲ့သို့သော နည်းလမ်းသည် များများစားစားတော့ မရှိနိုင်ပေ။ ထို့ကြောင့် သူ့အနေဖြင့် သေချာပေါက် သိရှိအောင် စုံစမ်းရပေမည်။ အတိတ်ကိုပြန်လည်သိရှိရခြင်းကြောင့် အဆုံးသတ်တွင် မည်သို့သော အဖြစ်အပျက်များနှင့် ရင်ဆိုင်ရမည်ကိုတော့ ဆန်းလျန် ခန့်မှန်းတွက်ချက်နိုင်ခြင်း မရှိပေ။

ကောင်းချင်လည်းကောင်းမည် ၊ ဆိုးချင်လည်းဆိုးမည် ။

သို့သော်... သူ့ကိုယ်သူ ဘာမှန်းညာမှန်းမသိ အရာရာကို မေ့

ပျောက်နေကာ မရေမရာ အသက်ရှင်သန်နေရန်မှာတော့ လုံးဝ လက်မခံနိုင်သည့် ကိစ္စတစ်ခုပင် ဖြစ်လေ၏။

မိစ္ဆာသည် စောစောကကဲ့သို့ အူကြောင်ကြောင် ပုံစံဖြစ်မနေ တော့ဘဲ ဆန်းလျှန်ကို ကြောက်ရွံ့စွာဖြင့် ကြည့်နေလေ သည်။

မိစ္ဆာသည်လည်း တစ်စုံတစ်ခုကို တန်ပြန်ခံစားနေရသည်ကို ဆန်းလျှန်ရိပ်မိလေသည်။ သို့သော်... သူ၏မှတ်ဉာဏ် ထဲမှ ဆန်းလျှန်၏အကြောင်းများကတော့ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။ ထို့ကြောင့် သူတို့ (၂)ယောက် ဆက်ပြောစရာ စကားမရှိတော့ပေ။

ဆန်းလျှန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေရာ မိစ္ဆာသည် သွေးဓားအတွင်းသို့ ပြန်ရောက်သွားလေသည်။

ရှီချင်းဟွမ်မှာ မိစ္ဆာထံမှ စကားပြောလာမည်လား စောင့်နေ သည့်အချိန်မှာပင် မိစ္ဆာထံ မှ စကားသံ ထွက်ပေါ်လာလေ သည်။

"ကျုပ်ကို အခုပဲ အဲဒီလူ ခေါ်ထုတ်သွားတာ..."

မိစ္ဆာ၏စကားကြောင့် ရှီချင်းဟွမ် ရင်ထဲတွင် မုန်တိုင်းများ တစ်ပတ်မွှေသွားသကဲ့သို့ ခံစားလိုက်ရလေသည်။

"မင်း ဘာတွေဖြစ်လာသေးလဲ..."

"ကျုပ် သူ့ကို ကောင်းကောင်းသိတယ်၊ သူဘယ်လောက် ကြောက်စရာကောင်းလဲဆိုတာ မင်းကိုပြောပြလို့တောင် မရနိုင်ဘူး၊ စားပြီးရင် အမြန်သာပြန်တော့၊ နောက်ဘယ်တော့မှ ဒီဆိုင်ကို မလာနဲ့..."

ရှီချင်းဟွမ်က...

"သူက ဘယ်သူလဲ..."

"ခုနတုန်းကအထိသိသေးတယ်၊ အခု ဘာမှ မသိတော့ဘူး၊ မင်းမေးတော့ ဘာဖြေရမှန်းတောင် မသိတော့ဘူး"

စားသောက်ဆိုင်မှ ပြင်ဆင်ပေးသည့် သေရည်ဖြင့်ပေါင်းထားသည့် ကြက်ပေါင်းသည် အလွန်မှ အရသာရှိလေသည်။

သို့သော်… ရှီချင်းဟွမ်မှာတော့ ဘယ်သို့ ဘယ်ပုံ စားလိုက်မိမှန်းပင် မသိခဲ့ပေ။

စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသည့်အခါတွင်တော့ ရှီချင်းဟွမ်က ဆန်းလျန်ကို မျှော်လင့်ချက်များနှင့် ကြောက်ရွံ့မှုများရောပြွန်းနေသည့် အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်မိလေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ထိုပုဂ္ဂိုလ်ကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားလွန်းသူတစ်ယောက် ဖြစ်လာရန် ကြိုးစားမည်ဟုလည်း စိတ်ထဲတွင် သန္နိဋ္ဌာန်ချလိုက်သည်။

ဆန်းလျန်ကတော့ ရှီချင်းဟွမ်၏ အတွေးများကို အရေးမစိုက်ပေ။ မှတ်ဉာဏ်များပျောက်ကွယ်သွားသည့်ကိစ္စကို မည်သို့ပြုလုပ်ရမည်ကို အသည်းအသန် စဉ်းစားနေလေသည်။

နောက်ထပ်ဖြစ်နိုင်ချေတစ်ခုလည်း ရှိလေသည်။

ထိုအချက်မှာ သူ၏အတိတ်များမေ့ပျောက်သွားအောင် အခြား

သူတစ်ယောက်ယောက်က ပြုလုပ်ခြင်း မဟုတ်ဘဲ သူ

ကိုယ်တိုင်ပြုလုပ်လိုက်ခြင်းလည်း ဖြစ်နိုင်လေသည်။

သို့သော်... ထိုအချက်ကတော့ ဖြစ်နိုင်ချေ နည်းလေသည်။

သို့သော်... မဖြစ်နိုင်ဘူးလို့လည်း ပြော၍မရပြန်ပေ။

ထိုအချိန်မျာပင်... ကူးဝေဝေက ဆန်းလျန်ထံသို့ လျှောက်လာ

လေသည်။

သူမထံမှ မွှေးပျံ့သည့် ကိုယ်သင်းရနံ့လေးက ပျံ့လွင့်နေပြီး

သူမက ဆန်းလျန်၏ နားနားသို့ကပ်ကာ တိုးတိုးလေး မေးမြန်း

လိုက်လေသည်။

"ဟို ညော့သည် (၂)ယောက် ပြန်သွားပြီးတဲ့နောက် နင့်ကြည့်ရ

တာ စိတ်မသက်မသာဖြစ်နေပုံရတယ်၊ ဘာများဖြစ်လို့လဲ..."

ဆန်းလျန်က...

"ကျွန်တော့်အတိတ်နဲ့ပတ်သက်ပြီး သဲလွန်စနည်းနည်းသိလိုက်ရပြီ..."

ကူးဝေဝေက ပထမတော့ အံ့သြသွားပြီး နောက်တော့ သူမ၏မျက်နှာလေးတွင် ဝမ်းနည်းရိပ်များယှက်သန်းသွားလေသည်။

"တကယ်လား၊ ဘာတွေများသိခဲ့ရလို့လဲ..."

ဆန်းလျန်က မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"အတိတ်နဲ့ပတ်သက်လို့တော့ ဘာမှ မသိလိုက်ရပါဘူး..."

ကူးဝေဝေက...

"နင်ပြောတော့ သဲလွန်စရပြီဆို..."

ဆန်းလျန်က...

"အင်းလေ... ကျွန်တော် အစ်မကို လိမ်မပြောပါဘူး၊ ဒါပေမဲ့ အဲဒီသဲလွန်စက သိမ်မွေ့သလို အန္တရယ်လည်းများ တယ်..."

ဆန်းလျန်၏စကားကြောင့် ကူးဝေဝေက စိတ်ပူသွားပြီး...

"ငါ ဘာများကူညီပေးနိုင်မလဲဟင်..."

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"ကျွန်တော်လည်း မသိသေးဘူး အစ်မရယ်၊ အကူအညီလိုရင်

အစ်မကို ပြောပါ့မယ်..."

ကူးဝေဝေက လှပချိုမြစွာ ပြုံးလိုက်ရင်း...

"အားလျန်၊ နင့်စိတ်ထဲမှာ ငါက နင့်ကို ဘာမှ ကူညီနိုင်မှာ

မဟုတ်ဘူးလို့ ထင်ကောင်းထင်လိမ့်မယ်၊ ဒါပေမယ့်

တကယ်တမ်းမှာ ငါ ကူညီနိုင်မှာပါဟာ..."

ဆန်းလျန်က ခပ်တည်တည်ဖြင့်...

"အစ်မ ကျွန်တော့်ကို မကူညီနိုင်ဘူးလို့ မထင်ပါဘူးဗျာ၊

လောကမှာ အိမ်သာသုံးစက္ကူတောင် သူ့နေရာနဲ့သူ အသုံးဝင်

တာပဲဟာ..."

ဆန်းလျန်၏ စကားကြောင့် ကူးဝေဝေ စိတ်ဆိုးမာန်ဆိုး

နှုတ်ခမ်းစူလိုက်ပြီး...

"ရှံလိုက်တာဟယ်... ပေါက်ကရတွေ..."

ပြောပြီးသည်နှင့် သူမသည် ဆန်းလျန်ကို လက်သီးဖြင့် ထိုး

လိုက်လေသည်။

သို့သော်... ဆန်းလျန်က သူမ၏ လက်သီးချက်ကို အခိုးအငွေ့

ပမာ ပေါ့ပါးစွာ ရှောင်တိမ်းလိုက်ပါလေ၏။

ယနေ့တွင်တော့ ... စားသောက်ဆိုင်သို့ ဟူတောက်တယ်နှင့် ရှီ

ချင်းဟွမ်တို့ (၂)ယောက်သာ လာခဲ့လေသည်။

ညအချိန် စားသောက်ဆိုင်မှ လူအားလုံး အိပ်စက်အနားယူကြ

သည့် အချိန်ရောက်တော့မှ ဆန်းလျန်နှင့် ကျွယ်ရှင်းတို့က ယွင်

မုမြစ်ကမ်းသို့ ထွက်ခွာလာကြလေသည်။

သူတို့ (၂)ယောက် ယွင်မုမြစ်ကမ်းနံဘေးသို့ ရောက်သည့်အခါ

တွင်တော့ မြစ်ကမ်းဘေးမှ မက်မွန်သီးပင်သည် ပျောက်ချင်း

မလှ ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရလေသည်။

ကျွယ်ရှင်းက...

"ဟို သူတောင်းစားအဘိုးကြီး ထွက်ပြေးသွားပြီထင်တယ်...."

ဆန်းလျန်ကတော့ ယခင်က မက်မွန်သီးပင် တည်ရှိခဲ့ရာ နေရာကို စိုက်ကြည့်နေလေသည်။

ထိုနေရာတွင် တွင်းကြီးတစ်တွင်းဖြစ်နေပြီး တိုက်ခိုက်ထားသည့်လက္ခဏာလည်းမတွေ့ရပေ။

ဆန်းလျန်က...

"ဟယ်ရှန်းလည်း ဘာမှမဖြစ်ဘူး ၊ သစ်ခွပင်လည်း ဒီအတိုင်းရှိနေသေးတယ်..."

ဟယ်ရှန်းလည်းဘာမှမဖြစ်ဘဲ သစ်ခွပင်လည်း ထိုအတိုင်းရှိနေသေးသည်ကို ကျွယ်ရှင်းလည်း သတိပြုမိလေသည်။

ထိုသို့ဆိုလျှင် မက်မွန်သီးပင်က သူ့ဟာသူ လွတ်မြောက်သွားအောင် ကြံတောင် ထွက်ပြေးသွားလေသလား။ မက်မွန်သီးပင် လွတ်မြောက်သွားသည်ဆိုလျှင်တောင်မှ သူ့တစ်ယောက်တည်းစွမ်းအားနှင့်တော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပေ။

ကျွယ်ရှင်းက...

"ဘာတွေဖြစ်သွားတာလဲ မသိဘူး..."

ဆန်းလျန်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး...

"ကျိုးယီတောင်က ဖြစ်တည်လာတဲ့ ရာဇဝင်က ထူးဆန်းတယ်၊ ဒီနေရာမှာ လျှို့ဝှက်ချက် တစ်ခုခုတော့ ရှိရမယ်..."

ဆန်းလျန်က ခဏရပ်လိုက်ပြီးမှ စကားဆက်ပြောလိုက်လေသည်။

"ဟယ်ရှန်းရောက်လာပြီ၊ ဒီကိစ္စနောက်မှ ဆက်ပြောကြမယ်...."

အခန်း (၇၅၅) ကျိုးယီတောင်၏ဇာစ်မြစ်

ကျိုးယီတောင်တွင် လျှို့ဝှက်ချက်တစ်ခု ရှိလေသည်။

ဆန်းလျန် တောင်ပေါ်သို့ရောက်ကတည်းက ထိုလျှို့ဝှက်ချက်ကို သတိထားမိလေသည်။ လောကတစ်ခုလုံးတွင် တောင်များသည် မြေ ၊ ရေ ၊ လေ ၊ မီး ဓာတ်ကြီး (၄)ပါးဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်လေသည်။ သို့သော်... ကျိုးယီတောင်ကတော့ မတူကွဲပြားလေသည်။

ကျိုးယီတောင်၏ တောင်ထွတ် (၉)ခုစလုံးတွင် စမ်းချောင်းတစ်စင်းစီ စီးဆင်းလျှက်ရှိလေသည်။

အမှန်တော့ ထိုစမ်းချောင်းများသည် ဖွဲ့စည်းမှုတစ်ခု၏ ဝိညာဉ်စွမ်းအား သွေးကြောများဖြစ်လေသည်။ ဝိညာဉ်စွမ်းအားသွေးကြောများသည် ကျိုးယီတောင်ပေါ်တွင် စမ်းချောင်းအသွင်ဖြင့် ထပ်ဟပ်ပြထားခြင်း ဖြစ်လေသည်။

ကျိုးယီတောင်မှ အခြားသော တောင်ထွတ်ငယ် (၈၀)မှာ

အဓိကတောင်ထွတ်ကြီး (၉)ခုနှင့် တွဲဆက်နေကြလေ သည်။

ဥပမာအားဖြင့် - ယွင်မုမြစ်ကမ်းနံဘေးမှ တောင်ထွတ်ငယ်

သည် စွမ့်ယွမ်တောင်ထွတ်ကြီး၏ ဝိညာဉ်စွမ်းအား သွေးကြော

ဖြင့် ဆက်စပ်နေလေသည်။ ထိုတောင်ထွတ်ငယ်သည် ကျိုးယီ

တောင်မှ တောင်စွယ်တစ်ခုဟုဆို၍ ရသော်လည်း အဓိက ဖြစ်

တည်မှုတစ်ခုဟု သတ်မှတ်၍ မရပေ။

ကျိုးယီတောင်၏ ရေ မြေ ၊ ကျောက်တုံး ၊ သစ်ပင်များ

အားလုံး၏ ဖွဲ့စည်းမှုသည် အခြားသောတောင်များနှင့် ခြားနား

မှုသိပ်မရှိသော်လည်း ကျိုးယီတောင်သည်အခြားတောင်များ

ကဲ့သို့ သဘာဝအတိုင်း ဖြစ်တည်နေသည့် တောင်တစ်ခု

မဟုတ်ပေ။

ကျိုးယီတောင်သည် ဖွဲ့စည်းမှုတစ်ခုဖြစ်ပြီး တောင်တစ်

တောင်၏ပုံသဏ္ဍာန် အဘယ့်ကြောင့် ထင်ရှားဖြစ်တည်နေရ

သနည်းဆိုပါသော် ကျင့်ကြံသူများ၏ ရုပ်ဝတ္ထုများကို ထိန်းချုပ်ပြုပြင်သည့် နည်းလမ်းများဖြင့် ဖန်ဆင်းထားသော ကြောင့် ဖြစ်လေသည်။

ဥပမာအားဖြင့် - ဆန်းလျှန်သည် မိုးနှင့်မြေမှ အသက်ဓာတ် စွမ်းအားများကို စုစည်းက ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ် ထည့်သွင်း ပေးလိုက်လျှင် ငှက် ၊ ပိုးမွှား ၊ ငါး ၊ သစ်ပင် ၊ မြက်ပင် ၊ ဝါးပင် ၊ ကျောက်တုံး စသည်ဖြင့် ဖန်ဆင်းနိုင်မည် ဖြစ်လေသည်။

ထိုအရာများသည် အစစ်အမှန်နှင့် လုံးဝ ကွဲပြားခြားနားခြင်း မ ရှိပေ။

ယခုလည်း ဆန်းလျှန်နှင့် အခြားသူများ တွေ့မြင်နေကြရသည့် ကျိုးယွီတောင်ကြီးသည် ထိုသို့ ဖြစ်တည်လာခြင်း ဖြစ်လေ သည်။

ထို့ပြင်... ကျိုးယီတောင်၏ တည်ရှိမှုသည် ကျန်ရှိသည့် လောကတစ်ခုနှင့် လုံးဝခွဲခြားမရဘဲ တွဲဆက်နေလေသည်။

လက်မှုပညာရှင်တစ်ယောက်က သဘာဝတရားများကို တုပ

ပြုလုပ်ထားခြင်းနှင့်ဆင်တူလေသည်။ တန်ခိုးစွမ်းအား နှင့်

ဖန်ဆင်းခြင်းများကို အသာထား အနုပညာလက်ရာဖြစ်သည်

ဟု ခေါ်ဆိုနိုင်လေ၏။

ကျိုးယီတောင်၏ ဖြစ်တည်မှုကို တွေးလိုက်မိသည့်အခါ

မက်မွန်သီးပင် ပျောက်ဆုံးသွားရခြင်းအကြောင်းကို

အနည်းငယ် ခန့်မှန်းကြည့်နိုင်လေသည်။

ကျိုးယီတောင်ထွတ်၏ တောင်ထွတ် (၉)ခုနှင့် ဆက်စပ်နေ

သည့် ဖွဲ့စည်းမှုများနှင့် ဝိညာဉ်စွမ်းအားသွေးကြောများ သည်

ကျန်ရှိသည့် လောကတစ်ခုလုံးနှင့် ချိတ်ဆက်နေပြီး မိုးမြေ

စွမ်းအားများကို အဆက်မပြတ် စုပ်ယူနေလေ သည်။

ထို့ကြောင့် ကျိုးယီတောင်အောက်တွင် အမာခံ ဖိနှိပ်ထားသည့်

တစ်စုံတစ်ရာ တည်ရှိနေနိုင်လေသည်။

ထို့ပြင်… ဝိညာဉ်စွမ်းအားသွေးကြော (၉)ခုသည် ချိန်းကြိုး တစ်ခုအလား ချိတ်ဆက်နေပြီး တောင်ကြီးတစ်ခုလုံးကို တုတ်နှောင်ထားလေသည်။ ကျိုးယီတောင်ကို ဖျက်စီးပစ်မည်ဆိုလျှင် စွမ်းအားအပြည့်ဖြင့် ချိတ်ဆက်မှု ပျက်စီးသွား အောင် ရိုက်ချလိုက်ရန်သာ လိုလေသည်။

သို့သော်… အချိန်ကာလ ကြာလာသည်နှင့်အမျှ ကျိုးယီတောင် ပေါ်တွင် သက်ရှိသတ္တဝါပေါင်း သန်းနှင့်ချီ၍နေထိုင် ကြလေသည်။ ထို့ကြောင့် ကျိုးယီတောင်ကို ဖျက်စီးပစ်မည်ဆိုလျှင် မိစ္ဆာတစ်ပါးဖြစ်သွားမည်ဖြစ်ပြီး ကံကြမ္မာရဟတ် တစ်ပတ်လည်သည့်အချိန်တွင် တန်ပြန်ပေးဆပ်ရမည် ဖြစ်လေသည်။

ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် အနေဖြင့် တန်ပြန်ပေးဆပ်ရမည်ကို ခုခံနိုင်စွမ်းရှိလေသည်။

သို့သော်… သူနှင့်ပတ်သက်နေသူများပါ တန်ပြန်ပေးဆပ်ရ

မည့်အချိန်တွင် ခံစားကြရမည် ဖြစ်လေရာ အကြောင်းအကျိုး နှင့်ယှဉ်လျှင် ပေးဆပ်ရမည့်တန်ဖိုးက မြင့်မားလွန်းလေသည်။ ထို့ကြောင့် ဆန်းလျန်က ကျိုးယီတောင်ကို ဖျက်စီးပစ်ရန် လုံးဝ ဆန္ဒမရှိပေ။ ဤတောင်ကို တွေ့မြင်ခဲ့ကြသည့် အခြားသော တန်ခိုးရှင်များသည်လည်း ထိုကဲ့သို့ပင် တွေးတောခဲ့ကြဟန် ရှိ လေသည်။

လောကတွင် သံယောဇဉ်ကို ဖြတ်တောက်နိုင်သူဆိုသည်က အနည်းငယ်သာ ရှိလေသည်။ ထို့ကြောင့် ဆန်းလျန်သည် လည်း ကျိုးယီတောင်၏ ဖွဲ့စည်းတည်ဆောက်ထားမှုကြီးကို ဖျက်စီးပစ်ရန် စိတ်မဝင်စားခဲ့ပေ။ ဖျက်စီးပစ်ခဲ့ပါက သူနှင့် ပတ်သက်သည့် သံယောဇဉ်ရှိရသူများအားလုံး တန်ပြန် ပေးဆပ်ရသည့်အခါ နာကျင်ခံစားရမည်ကို မဖြစ်စေချင်မိပေ။ ထို့ကြောင့် ကျိုးယီတောင်၏ ဖြစ်တည်မှုသည် အလွန်မှ စေ့စပ် လှကြောင်း သိရှိနိုင်လေသည်။

လောကတွင် အရာအားလုံးကို ခန့်မှန်းတွက်ချက်နိုင်သည့်တိုင် ခန့်မှန်းထားသည်နှင့်အညီ ဖြစ်မလာနိုင်သည့် ပြောင်းလဲမှုများ လည်း ရှိလေသည်။

ယခု မက်မွန်သီးပင် ပျောက်ကွယ်သွားသည့် ကိစ္စမျိုးပင် ဖြစ်လေ၏။

မက်မွန်သီးပင်သည် သူ့ဟာသူ ထွက်ပြေးသွားခြင်းဆိုလျှင်တော့ ဆန်းလျန်အနေဖြင့် သဲလွန်စကို သိရှိနိုင်မည် ဖြစ်လေသည်။ သို့သော်... ကျိုးယီတောင်အောက်တွင် နှစ်ပေါင်းများစွာ ဖိနှိပ်ထားသည့် အရာတစ်ခုကြောင့်ဆိုလျှင် တော့ထိုအချက်ကို သိအောင်ရှာဖွေရမည် ဖြစ်လေသည်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီးသည့်နောက် ကျိုးယီတောင်အောက်တွင် ဖိနှိပ်ထားသည့်အရာသည် ကျိုးယီတောင်နှင့် တစ်သားတည်းကျသွားဟန်ရှိလေသည်။ ထိုအရာသည် ထောင်ထဲတွင် ကြာရှည်စွာ နေထိုင်သည့် ထောင်အာဏာပိုင်

အလား သူ၏အခွင့်အာဏာကို ဆန့်ကျင်သူများကို နှိပ်ကွပ်မည် ဖြစ်လေသည်။

ပြီးတော့ အဲဒီ ထောင်အာဏာပိုင်က ဆန်းလျန်ကို လျှို့ဝှက်ပြီး ကြည့်နေသည်လား ၊ ကြည့်မနေဘူးလား ဆိုသည်ကို ဆန်းလျန်လည်း သိရှိခြင်း မရှိပေ။

သို့သော်... ထိုအရာက ဆန်းလျန်ကို ကြည့်နေသည်ဆိုလျှင်လည်း ဆန်းလျန်က ကြိုဆိုပါသည်။ ထိုသူက ဆန်းလျန်ကို ကြည့်နေမှသာလျှင် ထိုသူ၏အကြောင်းကို ဆန်းလျန်ကလည်း ရှာဖွေနိုင်မည် ဖြစ်လေသည်။

လူသားများပြောလေ့ရှိသည့် စကားပုံတစ်ခုရှိလေသည်။

"မင်း ကိုယ့်ကိုပြန်မကြည့်လျှင် ကိုယ်ကြည့်နေတာကို မင်း ဘယ်လိုလုပ်သိနိုင်မှာလဲ" ဟူ၍...။

ဆန်းလျန်က အတွေးများကိုတစ်ချက်လှည့်ပတ်လိုက်သည်နှင့်

ကျိုးယီတောင်နှင့် မက်မွန်သီးပင်အကြောင်းကို ခန့်မှန်းပြီးသား

ဖြစ်သွားလေသည်။

ထိုအချိန်မှာပင် ...

ဟယ်ရှန်းတစ်ယောက် သူတို့ရှိရာသို့ လမ်းလျှောက်လာ

နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမ၏ လမ်းလျှောက်ဟန်သည် မနေ့ကထက်ပင် ကျက်သရေ

ရှိစွာဖြင့် လှပနေလေသည်။ ခြေလှမ်းများက ကျက်သရေရှိ

သည့်တိုင် ရိုးရှင်းပြီး သွက်လက်လေ၏။

သူမသည် တစ်ညတည်း သင်ပြပေးရုံမျှဖြင့် အလွန်တိုးတက်

လာခဲ့လေသည်။

အခြားသူများဆိုလျှင်တော့ ထိုသို့တိုးတက်လာနိုင်ရန် ခဲယဉ်း

မည်ဖြစ်သော်လည်း ဟယ်ရှန်းကတော့ သူမတူသည့်

အရည်အချင်းများကိုပိုင်ဆိုင်သည့် ပါရမီရှင်လေး ဖြစ်လေ

သည်။ ဆန်းလျန်၏သင်ပြပေးမှုနှင့် သူမ၏ ပင်ကိုယ်ပါရမီ ပေါင်းစပ်လိုက်သည့်အခါ ပြိုင်ဘက်မရှိသူတစ်ယောက် ဖြစ်သွားခဲ့လေသည်။

ဆန်းလျန်သာ အစွမ်းကုန်သင်ပြပေးမည်ဆိုလျှင် သူမသည် နှစ်ထောင်ပေါင်းများစွာအတွင်း နတ်ဘုရားတစ်ပါးအဖြစ် အလျှင်မြန်ဆုံး အဆင့်တက်ရောက်နိုင်သူတစ်ယောက် ဖြစ်လာပေလိမ့်မည်။ သို့သော်... တကယ်တမ်းတွင် ထိုသို့ ဖြစ်လာရန် မလိုအပ်ပေ။ ထိုသို့ ဖြစ်လာခြင်းက သူမအတွက်လည်း ကောင်းနိုင်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော်... နတ်ဘုရားတစ်ပါးဖြစ်သွားပြီးသည်နှင့် အရာအားလုံး အဆုံးသတ်သွားမည် မဟုတ်သေးပေ။ နတ်ဘုရားတစ်ပါးဖြစ်ပြီးသည့်နောက်ပိုင်း စိန်ခေါ်မှုအသစ်များကို စတင်ကြုံတွေ့ရမည် ဖြစ်လေသည်။

ဟယ်ရှန်းက ရောက်လာသည်နှင့် ဆန်းလျန်နှင့် ကျွယ်ရှင်းကို အရင်ဆုံး ဂါရဝပြုလိုက်လေသည်။

"ဆရာတို့ ... ဒီနားက မက်မွန်သီးပင် ဘယ်ကိုရောက်သွားတာလဲ..."

ကျွယ်ရှင်းက...

"ကျုပ်တို့ရောက်ကတည်းက ဒီတိုင်းဖြစ်နေတာပဲ..."

ဟယ်ရှန်းက...

"တကယ်တော့ နေ့ခင်းကပဲ အဲဒီမက်မွန်သီးပင်က ကျွန်မကို စကားပြောသေးတယ်၊ ဒါပေမယ့် ကျွန်မက အရေးမစိုက်လိုက်မိဘူး၊ ညကျရင်တွေ့ရမှာပဲလို့ ကျွန်မက ထင်နေတာလေ..."

ကျွယ်ရှင်းက...

"သူက မင်းကိုဘာတွေပြောတာလဲ..."

ဟယ်ရှန်းက နှုတ်ခမ်းကိုစေ့ထားကာပြုံးလိုက်ရင်း...

"သူပြောတာ ဆရာတို့ (၂)ယောက်က လူကောင်းတွေမဟုတ်ဘူးတဲ့..."

ကျွယ်ရှင်းက ရယ်မောလိုက်ရင်း...

"သူပြောတာမမှားဘူး၊ ကျုပ်ဘုန်းကြီးကတော့ လူကောင်းမဟုတ်ဘူးဟေ့...၊ လူကောင်းလို့မပြောပါနဲ့လေ... လူတောင်မဟုတ်ဘူးရယ်..."

ဟယ်ရှန်းက...

"ဆရာတော်က လူမဟုတ်ဘူးဆိုတာ ဟယ်ရှန်းလည်းသိပါတယ်၊ ဒါပေမယ့် ဆရာတော်က ကျွန်မအပေါ်တော့ကောင်းကောင်းဆက်ဆံတာပဲလေ၊ ဆရာဆန်းလျန်လည်းအတူတူပါပဲ..."

ကျွယ်ရှင်းက...

"မင်းက ဒီလိုပြောမှတော့ ကျုပ်က မင်းကို ပညာကောင်းကောင်းသင်ပေးရတော့မှာပေါ့..."

ပြောပြီးသည်နှင့် ကျွယ်ရှင်း၏လက်ထဲတွင် ကြာပွတ်တစ်ခု ပေါ်လာကာ ပြင်းထန်စွာဖြင့် ဟယ်ရှင်းကို တိုက်ခိုက်လိုက်လေသည်။

ကြာပွတ်သည် မက်မွန်သီးပင်မှ သစ်ကိုင်းမဟုတ်ပေ။

သို့သော်... မိုးကောင်းကင်နတ်မိစ္ဆာပညာဖြင့် ဖန်ဆင်းထားခြင်း ဖြစ်လေရာ ထိုကြာပွတ်ဖြင့်သာ အရိုက်ခံရပါက ဓားပေါင်းတစ်ထောင်ဖြင့် ထိုးစိုက်ခံရသည်ထက်ပင် ခံရခက်မည် ဖြစ်လေသည်။

ဟယ်ရှန်းမှာ ထင်မှတ်မထားဘဲ ရုတ်တရက်တိုက်ခိုက်ခံလိုက်ရသည့်အတွက် မည်သည့် ကြိုတင်ပြင်ဆင်မှုမှ မပြုလုပ်နိုင်ခဲ့ပေ။

ကျွယ်ရှင်းကနှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"တကယ့်ရန်သူနဲ့တိုက်ခိုက်တဲ့အခါ ဘယ်သူကမှ မင်းကို တိုက်ခိုက်ပြီဆိုတာကို သတိပေးနေမှာ မဟုတ်ဘူး ၊ ဒါက မင်း အတွက် ဒီနေ့ ပထမဆုံးရသွားတဲ့ သင်ခန်းစာပဲ..."

ဟယ်ရှန်းက စကားပြန်မပြောနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ကျွယ်ရှင်းက စကားသာပြောနေသည် တိုက်ခိုက်မှုက ရပ်တန့်မသွားသောကြောင့် ဖြစ်လေ သည်။

ယနေ့ ကြာပွတ်ရိုက်ချက်များက မနေ့က ဓားကွက်များလောက် ရှုတ်ထွေးခြင်း မရှိပေ။ သို့သော်... မနေ့ကထက် နှစ်ဆ မြန်ဆန်လွန်းလေသည်။

ဟယ်ရှန်းမှာ နှစ်စက္ကန့်ခန့်သာ တောင့်ခံလိုက်နိုင်လေသည်။

ဟယ်ရှန်းက ရှက်သွားပြီး ရှောင်တိမ်းရန် ကြိုးစားကြည့်လိုက် သော်လည်း ကြာပွတ်ကို လှည့်ပတ်ရှောင်တိမ်း ရန်အတွက် သူမ၏ခန္ဓာကိုယ်က လိုက်မလုပ်နိုင်ခဲ့ပေ။

ရုတ်တရက် ဆန်းလျန်က ဝင်ပြောလိုက်လေသည်။

"မင်းက ကြာပွတ်ကိုရှောင်နေတာမဟုတ်ဘူး ၊ ကြာပွတ်က

လွတ်အောင် ထွက်ပြေးနေတာပဲ..."

ဟယ်ရှန်းမှာ ဆရာဆန်းလျန်၏ စကားကြောင့် စိတ်ပျံ့လွင့်

သွားပြီး ကြာပွတ်ကို ရှောင်တိမ်းနိုင်ခြင်းမရှိတော့ပေ။ ကြာ

ပွတ်ရိုက်ချက်ကို ခံလိုက်ရသည့်အခါ နာကျင်လွန်း

သည့်အတွက် သူမ၏နဖူးထက်မှ ချွေးသီးချွေးပေါက်များပင်

ကျလာလေသည်။

"ရှောင်ဖို့မလွယ်လို့ လွတ်အောင်ပြေးနေရတာပေါ့..."

ထိုစကားကို ဟယ်ရှန်းစိတ်ထဲမှ ပြောလိုက်ခြင်းသာ ဖြစ်လေ

သည်။

သူမအတွေးများကို ဆန်းလျန်က အရေးမလုပ်ဘဲ ဆန်းလျန်က

စကားဆက်ပြောလိုက်လေသည်။

"လျှပ်စီးအလင်းရောင်ဟာလောကမှာ အလျှင်မြန်ဆုံးအရာပဲ ၊

ဒါပေမယ့် ကျင့်ကြံသူတွေက အဲဒီလျှပ်စီး အလင်းရောင်ကို

တောင် ရှောင်ရှားနိုင်စွမ်းရှိကြတယ်၊ ဘာလို့လဲဆိုတော့ နက္ခတ်ဗေဒအပြောင်းအလဲတွေကို လေ့လာထားကြလို့ပဲ၊ ဘယ်နားက လျှပ်စီးလက်တာလဲလို့ သိလိုက်တဲ့အချိန်မှာ အလင်းရောင်က ဘယ်ကို သွားမလဲ ဆိုတာတန်းပြီး ခန့်မှန်းနိုင်တယ်၊ ကြာပွတ်က သတိပေးချက်မရှိဘဲ ရောက်လာတယ်လို့ မင်းခံစားရသလား၊ ဒါပေမဲ့ ကြာပွတ်ကိုအသုံးပြုသူရဲ့ ဝိညာဉ်စွမ်းအားပြောင်းလဲမှုကိုခံစားပြီး ဘယ်လိုရှောင်မလဲဆိုတာ ခန့်မှန်းလို့ရတယ်..."

ဟယ်ရှန်းသည် ဆန်းလျန်ပြောသည့်စကားများကို သေသေချာချာနားထောင်ပြီး စကားလုံး (၄)လုံးဖြင့် အနှစ်ချုပ်ပစ်လိုက်လေသည်။

"ရန်သူကို အရင် နားလည်အောင်လုပ်...."

ထို့ကြောင့် သူမသည် ကျွယ်ရှင်း၏ ကြာပွတ်ကို ရှောင်တိမ်းနေစဉ်မှာပင် သူမသည် စိတ်အာရုံကိုဖြန့်ကျက်ကာ ကျွယ်ရှင်း၏

ကြာပွတ်လှုပ်ရှားမှုကို နားလည်အောင် ကြိုးစားလိုက်လေ

သည်။

အပြင်းအထန် ကြိုးစားပြီးသည့်နောက်တွင်တော့ ဟယ်ရှန်း

သည် ကျွယ်ရှင်း၏ ကြာပွတ်လှုပ်ရှားမှုကို နားလည် သွား

တော့သည်။ ကြာပွတ်၏ အရှိန်အဟုန်နှင့် ပြောင်းလဲမှုများကို

လည်း သိရှိသွားလေသည်။ သူမသည် ပြောင်းလဲမှု များကြားမှ

မပြောင်းလဲသည့် နိယာမတစ်ခုကို ရှာတွေ့သွားလေသည်။

ထိုသို့သိအောင်ကြိုးစားခြင်းအတွက် သူမ ကြာပွတ် (၃)ချက်

အရိုက်ခံလိုက်ရလေသည်။ သို့သော်... တန်ပါသည်။

ကြာပွတ်က သူမကိုယ်ပေါ်သို့ ရိုက်ချလာသည်ကို တွေ့လိုက်

သည့်အခါ သူမက ရှောင်တိမ်းခြင်းမပြုသည့်အပြင် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်လေသည်။ ထို့နောက် ကိုယ်ကို ကိုင်း

ညွတ်ချလိုက်ကာ ကြာပွတ်ကို ရှောင်တိမ်းလိုက် လေသည်။

သူမသည် လှပစွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ကြာပွတ်ကို ရှောင်တိမ်းပြီး ကျွယ်ရှင်းအနားသို့ တိုးကပ်လာလေသည်။ ဆန်းလျန်သည် ဟယ်ရှန်းကို မချီးကျူးဘဲ မနေနိုင်တော့ပေ။ ဤကလေးသည် အမှန်တကယ်ပင် အရည်အချင်း ရှိလွန်းလှသည်။ သူသင်ပြပေးသည့်အချက်များထဲမှ အဓိကအချက်ကို ချက်ချင်းပင် နားလည်နိုင်စွမ်း ရှိလေသည်။

အခန်း (၇၅၆) တန်ခိုးစွမ်းအားစောင့်ကြည့်ခြင်းကျင့်စဉ်ကိုခိုးနားထောင်သည့်မျောက်

ဟယ်ရှန်းသူ့အနားသို့ ချဉ်းကပ်လာသည်ကို တွေ့သည့်အခါ ကျွယ်ရှန်းက တစ်ချက်ရယ်မောလိုက်ပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်လေသည်။

ကျွယ်ရှင်း၏ ကျင့်ကြံခြင်းအဆင့်က မြင့်မားလေသည်။ နတ်ဘုရားတစ်ပါးမဟုတ်ဘဲ သူ့ကို နောက်ဆုတ်သွားနိုင် အောင် လုပ်နိုင်သူမှာ လောကတွင် ခပ်ရှားရှားပင် ဖြစ်လေသည်။

ယခုတော့ ဟယ်ရှန်းက ကျင့်စဉ်လမ်းကိုလျှောက်လှမ်းသည်မှာ (၁)လပင် မပြည့်သေးဘဲ သူ့ကို ခြေတစ်လှမ်း နောက်ဆုတ် အောင် ပြုလုပ်ခဲ့ပေပြီ။

ထို့နောက်... သူမသည် မြေပြင်ထက်တွင် ခြေတစ်ချက်စောင့်လိုက်ပြီး ကောင်းကင်ထက်သို့ ခုန်တက်သွားလေ သည်။ ကျွယ်ရှင်းကလည်း လေထဲသို့ လိုက်ပြီး ခုန်တက်လိုက်လေသည်။ သူတို့ (၂)ယောက် လေထဲတွင် ဆက်လက် တိုက်ခိုက်ကြလေသည်။

ကောင်းကင်ထက်တွင် လရောင်က တောက်ပနေပြီး လေပြေက
လည်း တိုက်ခတ်လျှက် ရှိလေသည်။ အလွန်မှ ကဗျာဆန်လှ
သည့် ရှုမျှော်ခင်းပင်။
သို့သော်... ဟယ်ရှန်းမှ လှပသည့်ရှုမျှော်ခင်းကို ခံစားနေရန်
အချိန်မရပေ။ လေထဲတွင် ကြာပွတ်သည် ဘက်ပေါင်း စုံမှ ဝင်
ရောက်လာလေသည်။ ထို့ကြောင့် ရှောင်တိမ်းရန်မှာ ခက်ခဲ
လွန်းလေသည်။
သူမသည် ကြာပွတ်ကို အာရုံမခံနိုင်တော့သည်သာမက
ကောင်းကင်ထက်တွင် လှုပ်ရှားမှုပြုလုပ်ရသည်ကလည်း
ခက်ခဲလေသည်။
လူးလွန့်နေသည့် ကြာပွတ်က လာလိုက်သွားလိုက်ဖြင့် ဟယ်ရှ
န်းမှာ မျက်စိတစ်မှိတ်အတွင်းမှာပင် ကြာပွတ်ဖြင့် (၆)ချက် အ
ရိုက်ခံလိုက်ရလေသည်။ နာကျင်လွန်းသည့်အတွက် သူမ
မျက်ရည်များပင် ကျလာမိသည်။

ဤစမ်းသပ်မှုက သူမခံနိုင်ရည်ရှိသည်ထက် ကျော်လွန်နေလေ
သည်။ သူမသည် ကျွယ်ရှင်းထံမှ မိစ္ဆာစွမ်းအားများကို ခံစား
လိုက်မိလေသည်။ ကျွယ်ရှင်း၏ ရိုက်ချက်များက ညှာတာမှုမ
ရှိဘဲ ပြင်းထန်လွန်းလှလေသည်။ ထို့ကြောင့် သူမ ခံနိုင်ရည် မ
ရှိတော့ပေ။

အမှန်တော့ ကျွယ်ရှင်းက ထိုသို့ မညှာတာတတ်သည့်အတွက်
ဆန်းလျန်က ဟယ်ရှန်းကို သင်ပြပေးရန် ပုဂ္ဂိုလ်ရေးအရ
အကူအညီတောင်းခဲ့ခြင်း ဖြစ်လေသည်။ အနည်းဆုံးတော့
ကျင့်ကြံသူများ တိုက်ခိုက်ကြသည့်အခါ ရန်သူဘက်ကတော့
သက်ညှာမည် မဟုတ်ပေ။

ရန်သူက တိုက်ခိုက်သည့်အခါတွင် ကိုယ်က ခံနိုင်သည်ဖြစ်စေ
မခံနိုင်သည်ဖြစ်စေ သက်ညှာမည် မဟုတ်ပေ။

ယခုတော့ ဟယ်ရှန်းသည် မည်သို့ ရှောင်တိမ်းရမည်ကို လုံးဝမ
သိတော့ပေ။

ဆန်းလျန်က ဒီအတိုင်းထိုင်ကြည့်မနေပါ။ သူက ထိုင်နေရင်း ကျမ်းစာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။ ထိုကျမ်းစာရွတ်သံသည် တိမ်နှင့်လေမှုတစ်ဆင့် ဟယ်ရှန်း၏ နားထဲသို့ ဝင်ရောက်လာလေသည်။

ထိုကျမ်းစာမှာ ဆန်းလျန် ဟယ်ရှန်းကို ပထမဆုံးသင်ကြားပေးသည့် တန်ခိုးစွမ်းအား ကျင့်စဉ် ဖြစ်လေသည်။

အမှန်တော့ ဆန်းလျန်အနေဖြင့် ဟယ်ရှန်းကို သင်ပြပေးရန် လောလောဆယ်ရည်ရွယ်ချက် မရှိသေးပေ။ သို့သော် ယခု သင်ပြပေးလိုက်သည်က ဆန်းလျန် စိတ်ပြောင်းသွားသောကြောင့် မဟုတ်ပါ။ သူက ဟယ်ရှန်းလက်တွေ့အသုံး ချနိုင်ရန် ရည်ရွယ်ပြီး သင်ပြပေးလိုက်ခြင်း ဖြစ်လေသည်။

တန်ခိုးစွမ်းအားများအကြောင်းပြောမည်ဆိုလျှင် ဆန်လျန်းကဲ့သို့ လေ့လာအားကောင်းသူ ခပ်များများ မရှိပေ။ အခြား

သူများ ချန်ထားခဲ့သည့် ကျင့်စဉ်များကို ကျင့်ကြံကြသည့်

သူများက အများစု ဖြစ်လေသည်။

ဆန်းလျန်သည် တန်ခိုးစွမ်းအားကို လေ့လာသည့်နေရာတွင်

နတ်မျက်စိအရှင် ချင်းယွမ်မြောင်တောက်နှင့်ပင်

ကောင်းကောင်း ယှဉ်နိုင်လေသည်။

ဆန်းလျန်က ဟယ်ရှန်းကို တန်ခိုးစွမ်းအားစောင့်ကြည့်ခြင်း

ကျင့်စဉ်ကို သင်ပြပေးနေခြင်း ဖြစ်ပြီး ထိုကျင့်စဉ်က လောက

မှ တန်ခိုးစွမ်းအားများကို (၈)ပိုင်း ခွဲခြားသိမြင်နိုင်လေသည်။

ထို (၈)ပိုင်းမှာ ဒြပ်စင်စွမ်းအား (၈)မျိုးဖြစ်သည့် ကောင်းကင် ၊

မြေကြီး ၊ တောင် ၊ ရေ ၊ မီး ၊ လေ ၊ မိုးကြိုး နှင့် ရွှံ့နွံတို့ ဖြစ်

လေသည်။ ထိုဒြပ်စင်စွမ်းအားများက လောကရှိ ဖြစ်တည်မှု

တိုင်း၏ အခြေခံဖြစ်သလို ကျင့်ကြံခြင်း၏ အခြေခံလည်း ဖြစ်

လေသည်။

ဒြပ်စင်စွမ်းအား (၈)မျိုး ပြောင်းလဲဖြစ်တည်မှုကြောင့် လောက ရှိအရာအားလုံး ဖြစ်တည်လာရခြင်း ဖြစ်လေသည်။
ထို့ကြောင့် ဟယ်ရှန်းကို ဆန်းလျန် သင်ပြပေးနေသည့် တန်ခိုး စွမ်းအားကျင့်စဉ်သည် သာမန်ကျင့်စဉ်တစ်ခု မဟုတ်ဘဲ တစ် ဘဝလုံး အသုံးပြုသွားနိုင်သည့် ကျင့်စဉ်တစ်ခု ဖြစ်လေသည်။
သို့သော်... ဆန်းလျန်ကတော့ တပည့်မလေးကို ထိုမျှ ရှည် ရှည်ဝေးဝေး ရှင်းမပြခဲ့ပေ။
ဆန်းလျန်သည် ကျမ်းစာကို ရွတ်ဖတ်ပြီးသွားသည်နှင့် ဟယ်ရှ န်းက ချက်ချင်း သဘောပေါက်နားလည်ခြင်း မရှိသေးပေ။
သို့သော်... သူမ၏ပတ်ဝန်းကျင်မှ အရာဝတ္ထုများကို ရှုမြင် သည့်အမြင်တော့ ပြောင်းလဲသွားလေသည်။ သူမ၏စိတ်ထဲ တွင် ကျမ်းစာကို အသေးစိတ်သိမြင်နားလည်ခြင်း မရှိသေး သော်လည်း အသစ်သော နားလည်မှု တစ်ခုကို သိရှိလိုက်ရလေ သည်။

ဆန်းလျန် ကျမ်းစာရွတ်ပြီးသွားသည်နှင့် ကျွယ်ရှင်းနှင့်ဟယ်ရှ

န်းကို အရေးမစိုက်တော့ပေ။

သူသည် နေရာမှ ပျောက်ကွယ်သွားပြီး မိုင်ပေါင်းထောင်နှင့်ချီ

သည့် နေရာတစ်ခုတွင် ရုတ်တရက်ပြန်ပေါ်လာလေ သည်။

ဆန်းလျန်သည် တောင်တစ်တောင်ထက်မှ တောအုပ် (၁)ခုရှေ့

တွင် ရောက်နေလေသည်။ တောအုပ်လေးက စိမ်းလန်းစိုပြေလှ

လေသည်။

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"ဒီလောက်မိုင်ထောင်ချီဝေးတဲ့နေရာကနေ ကျုပ်ရဲ့သင်ပြပေး

နေမှုကို ခိုးပြီးနားထောင်နေမယ်လို့ ထင်မထားမိဘူး ၊ ထွက်လာ

စမ်း... မင်းဘယ်သူလဲဆိုတာနဲ့ ဘယ်လောက်တန်ခိုးစွမ်းအား

မြင့်မားသလဲဆိုတာ ကြည့်ရအောင်..."

ဆန်းလျန်စကားဆုံးသွားသော်လည်း တောအုပ်အတွင်းမှ မည်

သည့်တုံ့ပြန်မှုမှ မရှိခဲ့ပေ။

ဆန်းလျန်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး တောအုပ်အတွင်း

သို့ ဝင်ရောက်သွားလေသည်။

တောအုပ်အတွင်းသို့ ဝင်သွားသည်နှင့် မြင့်မားသောသစ်ပင်

ကြီးများ ၊ အဆိပ်ပြင်းသည့်မြွေများ ၊ သားရဲများနှင့် သစ်ကိုင်း

သစ်ခက်များသည် ဆန်းလျန်ကို ထိခိုက်နိုင်ခြင်း မရှိပေ။

တောအုပ်ထဲတွင် မည်သည့်အရိပ်အယောင်မှ မတွေ့ရပေ။

သစ်ပင်အိုကြီးတစ်ပင်အောက်သို့ ဆန်းလျန် ရောက်ရှိလာလေ

သည်။ သူက ရေကဲ့သို့ ကြည်လင်သည့် လက်သီးချက်တစ်

ချက်ဖြင့် သစ်ပင်အိုကြီးကို ထိုးချလိုက်လေသည်။

ထိုအခါ သစ်ပင်ထက်မှ မျောက်အော်သံတစ်ချက် ထွက်

ပေါ်လာပြီး မျောက်တစ်ကောင် ခုန်ထွက်လာလေသည်။

မျောက်က ဆန်းလျန်၏ တိုက်ခိုက်မှုကို ရှောင်တိမ်းကာ အခြား

သစ်ပင်တစ်ပင်သို့ ခုန်ကူးသွားလေသည်။

ဆန်းလျန်မှာ အနည်းငယ် အံ့အားသင့်သွားလေသည်။ သူ၏ တိုက်ခိုက်မှုကို ထိုမျောက်က ရှောင်တိမ်းနိုင်လိမ့်မည် ဟု ထင်မထားခဲ့မိပေ။

ဆန်းလျန်က...

"ကြည့်ရတာ မင်းက မိုးနဲ့မြေမှာ တခြားသတ္တဝါတွေနဲ့ မတူတဲ့ သတ္တဝါတစ်ကောင် ဖြစ်ပုံရတယ်၊ ကျုပ် မျှော်လင့် မထားမိဘူး၊ ဒါပေမယ့် မင်းဘာလို့ ထွက်ပြေးနေရတာလဲ၊ ကျုပ်ရောက်လာပြီဆိုမှတော့ မင်း ဘယ်လိုလုပ် ပြေးလို့ လွတ်မှာတဲ့လဲ..."

ဆန်းလျန်က အကျီလက်တစ်ဖက်ကိုဝှေ့ယမ်းလိုက်လေရာ ရေကဲ့သို့ ကြည်လင်သည့် အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ ထိုအလင်းတန်းက သစ်ပင်နောက်မှ မျောက်ကို ထိမှန်သွားလေရာ မျောက်အော်သံ တစ်ချက် ထွက်ပေါ်လာပြန်လေသည်။

ချက်ချင်းပင်...

မျောက်တစ်ကိုယ်လုံး ရေများစိုစွတ်သွားပြီး အမွေးများမှာ လည်း မီးလောင်ကျွမ်းသွားရလေသည်။ အသားများမှာ လည်း မီးလောင်သည့်အနံ့များ ထွက်ပေါ်လာလေသည်။

ဆန်းလျန်တိုက်ခိုက်လိုက်သည့်တန်ခိုးစွမ်းအားမှာ အပြင်ပန်း ကြည့်လျှင် ရေဟုထင်ရသော်လည်း အတွင်းထဲတွင် မီးတန်ခိုး စွမ်းအား ပါရှိလေသည်။

ရေသည် ဟန်ပြသာဖြစ်ပြီး မီးကတော့ သစ်ပင်နောက်မှ မျောက်ကို တိုက်ခိုက်ရန် အဓိက ရည်ရွယ်ရင်းဖြစ်လေ သည်။

နောက်ဆုံးတော့ မျောက်သည် သစ်ပင်နောက်မှ ထွက်လာလေ သည်။ မျောက်သည် မွေးရာပါ သစ်သား တန်ခိုးစွမ်းအားရှိဟန် တူလေသည်။ ထို့ကြောင့် ဆန်းလျန်၏ မီးတန်ခိုးစွမ်းအားနှင့် ထိတွေ့သည့်အခါ လျှင်မြန်စွာ လောင်ကျွမ်းသွားရခြင်း ဖြစ် လေ၏။

ထို့ပြင်... ဆန်းလျန်၏ ရေမီးပေါင်းစပ်ထားသည့် တန်ခိုးစွမ်းအားက အလွန်မှ ပြင်းထန်လေရာ မျောက်မှာ ဆန်းလျန်ကို ဆက်ပြီးမဆန့်ကျင်ဝံ့တော့ပေ။

မျောက်သည် မြေပြင်ထက်သို့ ခုန်ချလာပြီး သစ်ရွက်ကြွေများ ၊ သစ်ကိုင်းခြောက်များဖြင့် ဖုံးလွှမ်းနေသည့် မြေပြင်ထက်တွင် လူးလိမ့်အော်ဟစ်နေလေသည်။ အတန်ကြာမှ အော်ဟစ်ခြင်း ရပ်တန့်သွားလေသည်။

"အစကတည်းက ကျုပ်စကားနားထောင်ရင် ခုလိုဖြစ်မှာ မဟုတ်ဘူး..."

မျောက်က တစ်ချက်ညည်းညူလိုက်ပြီး မျက်ရည်များဝိုင်းနေသည့် မျက်ဝန်းဖြင့် ဆန်းလျန်ကို မော့ကြည့်လိုက်သည်။ သူ့ကို ထပ်ပြီးအပြစ်မပေးပါရန် ဆန်းလျန်ကို တောင်းပန်နေသည့် အလားပင်။

ဆန်းလျန်က မျောက်ကို ထပ်ပြီး စကားမပြောတော့ပါ။ သူက မျောက်ကို သေသေချာချာ ဂရုစိုက်ပြီး လေ့လာလိုက် လေသည်။

မျောက်မှာ တစ်ကိုယ်လုံး မီးခိုးရောင်အမွေးများနှင့်ဖြစ်ပြီး တောအုပ်ထဲတွင် မြင်သာထင်သာ သိပ်မရှိနိုင်ပေ။ ထင်ရှား သည့်အရာမှာ မျောက်၏မျက်လုံးများ ဖြစ်လေသည်။

မျက်လုံးတစ်ဝိုက်တွင် ရွှေရောင်အမွေးများဖြင့် ဝန်းရံထားလေ သည်။ မျက်လုံးများက ပြူးကျယ်ခြင်းမရှိသော်လည်း နက်ရှိုင်းမှုများဖြင့် ပြည့်နေလေ၏။

သူ၏ပုံစံမှာ အပြစ်လုပ်ထားပြီး လူမိသွားသည့် ကလေးငယ် တစ်ယောက်နှင့်ပင် ဆင်တူလေသည်။

သို့သော် ထိုမျောက်၏ ဇာစ်မြစ်ကို ဆန်းလျန် သိမြင်ရခြင်း မရှိ ပေ။ ထိုမျောက်သည် သူ၏သင်ပြပေးမှုကို မိုင်ထောင်ပေါင်း များစွာအဝေးမှ လှမ်းနားထောင်နေသည်ကို ဆန်းလျန်သည်ပင်

ချက်ချင်း မရိပ်မိခဲ့ပေ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ထို မျောက်သည် အလွန်မှ ထူးခြားဆန်းကျယ်သည်ကို ပြသနေ လေသည်။

မိုးမြေမှ ကောင်းချီးပေးခံရသည့် ဤသို့သော သတ္တဝါလေး များသည် မွေးရာပါတန်ခိုးစွမ်းအားများ ပါရှိသည့်တိုင် ကျင့်စဉ်လမ်းတွင်တော့ အောင်မြင်မှုရနိုင်ရန် ခဲယဉ်းလေ သည်။ စစ်မှန်သည့် ကျင့်စဉ်ကိုသာမကျင့်ကြံနိုင်ပါက သူတို့ တွင်ပါရှိသည့် မွေးရာပါတန်ခိုးစွမ်းအားများပင် အလကားဖြစ် သွားရပေလိမ့်မည်။

ထို့ကြောင့် ကျင့်ကြံရသည်မှာ ခက်ခဲသည့်အတွက် အရဲစွန့်ကာ ဆန်းလျန်၏ သင်ပြပေးမှုကို ခိုးပြီးနားထောင်မိခြင်း ဖြစ်လေ သည်။

မျောက်၏အတွေးများကို သိလိုက်ရသည့်အခါတွင်တော့ ဆန်း လျန် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

"မင်းတို့လို သတ္တဝါမျိုးတွေက တာအိုကျင့်ကြံသူဖြစ်လာဖို့ လွယ်ကူမှာ မဟုတ်ဘူး ၊ ပြီးတော့ ကျုပ်သင်ပေးနေတာကို မင်း ခိုးပြီးနားထောင်နေတယ်ဆိုတာ သိလိုက်ရချင်းချင်းမှာပဲ ကျုပ်က သင်ပေးတာကို ရပ်လိုက်ပေမယ့် မင်းက နားထောင်ပြီးသွားပြီ ၊ ဒီတော့ မင်းနဲ့ကျုပ်ဟာ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်မိသွားကြပြီ ၊ ဒီတော့ နောက်ဆိုရင် ကျုပ်သင်ပြပေးတဲ့အချိန်တွေမှာ မင်းနားထောင်ချင်တယ်ဆိုရင် နားထောင်ခွင့်ပြုတယ်..."

သို့သော်... ထိုမျောက်သည် အနာဂတ်တွင် ပြဿနာဖြစ်လာနိုင်သည်ဟုလည်း ဆန်းလျန်က ခန့်မှန်းလိုက်မိလေသည်။

သူက ပြဿနာကို ကြောက်သူမဟုတ်သော်လည်း ပြဿနာဖြစ်ချင်သူတစ်ယောက် မဟုတ်ပေ။

ထို့ကြောင့် ဆန်းလျန်က ဆက်ပြောလိုက်သည်။

"အဲဒီလိုဆိုရင် နောင်တစ်ချိန်မှာ မင်းအနေနဲ့ ကျင့်ကြံခြင်း အဆင့်တစ်ခုအထိတော့ အောင်မြင်မှုရလာမှာပဲ ၊ အဲဒီလို အောင်မြင်လာတဲ့အခါကျရင် မင်းဘာပဲလုပ်လုပ် မင်းက ကျုပ်တပည့်ဆိုတဲ့အကြောင်းကို ထုတ်မပြောပါနဲ့ ၊ ပြောခဲ့လို့ရှိ ရင် ကျုပ်လည်း သိသွားမှာပဲ ၊ အဲဒီအချိန်ကျ မင်းဘယ်နေရာမှ ပဲရှိနေပါစေ မင်းရဲ့ကျင့်ကြံခြင်းတွေ အားလုံးကို ဖျက်စီးပစ် မယ် ၊ မင်းရဲ့ဝိညာဉ်ကိုလည်း နှုတ်ယူပြီး အသူရာချောက်ကိုး ထပ်ကို ပို့ပစ်မယ်..."

ထိုသို့ပြောပြီးသည်နှင့် ဆန်းလျန်က ရယ်မောလိုက်မိလေ သည်။

အဘယ်ကြောင့်ဆိုသော် ဤသို့သောအဖြစ်အပျက်တစ်ခုကို ရင်းနှီးနေသောကြောင့် ဖြစ်လေသည်။ သို့သော်...

သေသေချာချာ စဉ်းစားကြည့်လိုက်သည့်အခါတွင်လည်း မည်

သည့်အရာကိုမှ မမှတ်မိပြန်ပေ။ ကြည့်ရသည်မှာ အတိတ်က အဖြစ်အပျက်တစ်ခုခုနှင့် ပတ်သက်နေဟန် ရှိလေသည်။ ယခုအချိန်တွင်တော့ သူမှတ်မိဦးမည်မဟုတ်ပေ။ သူ ယခုပြောနေသည့် စကားများသည် တာအိုဆရာတစ်ယောက်က မျောက်တစ်ကောင်ကို ပြောနေသည့် စကားများနှင့် ခပ်ဆင်ဆင်ဖြစ်နေလေသည်။ ကြည့်ရသည်မှာ ထိုတာအိုဆရာကလည်း ဖြစ်လာမည့် အကျိုးဆက်ကို ခန့်မှန်းနိုင်သည့်အတွက် တားဆီးခဲ့ခြင်း ဖြစ်ဟန်တူလေသည်။

အခန်း (၇၅၇) ကျီမော့တောင်ကဖန်ဆင်းရှင်

ဆန်းလျန်၏ စကားများကို ကြားသည့်အခါတွင်တော့ မျောက်
က ဝမ်းသာအားရဖြင့် မြေကြီးနှင့်ခေါင်းနှင့် အကြိမ်ကြိမ် ထိ
ကာ ဆန်းလျန်ကို ဦးချကန်တော့လေတော့သည်။

ဆန်းလျန်က ထိုမျောက်ကို သူ၏တပည့်ရင်းအဖြစ် မ
သတ်မှတ်သော်လည်း သူသင်ပေးသည့် ကျင့်စဉ်ကို ခိုးပြီးနား
ထောင်သည့်အတွက် အပြစ်မပေးသည့်အပြင် နောင်အချိန်
များတွင်လည်း နားထောင်ခွင့်ပြုခဲ့လေသည်။ ဤအချက်မှာ
သူမျှော်လင့်ထားသည်ထက်ပင် ကျော်လွန်နေခဲ့လေပြီ။

မျောက်သည် မွေးကတည်းက အခြားသော တောတောင်ရေ
မြေများဆီသို့ လျှောက်သွားဖူးခြင်း မရှိပေ။ လောကနတ်
ဘုရားများပြောကြားသည့် စကားများကိုသာ ဟိုနည်းနည်း ဒီ
နည်းနည်း ခိုးပြီးနားထောင်ခဲ့ဖူးလေသည်။

သို့သော်… သူ့လိုသတ္တဝါကို မည်သူမှ တပည့်အဖြစ် လက်မခံ
လိုကြပေ။ သူ့တွင် မွေးရာပါ တန်ခိုးစွမ်းအား ပါရှိသော်လည်း

မည်သူမှ အသိအမှတ်မပြုကြပေ။ သို့ရာတွင် မွေးရာပါတန်ခိုး စွမ်းအား ပါရှိမှုကြောင့်ပင် အမှန်တရား အတော်များများကို နားလည်နိုင်သည့်အတွက် ဘေးအန္တရယ်များစွာကို ရှောင်တိမ်း နိုင်ပြီး ယနေ့အထိ အသက်ရှင်သန်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ သူသည် အတွေ့အကြုံအရ ဆန်းလျန်သည် မည်မျှ တန်ခိုး စွမ်းအား မြင့်မားသည်ကို ခံစားမိလေသည်။ သူက ဆန်းလျန် သူ့ကို လျစ်လျူရှုထားမည်ကို စိတ်ပူသည့်အတွက် ဆန်းလျန် ကို လေးလေးစားစား ဦးချကန်တော့နေရခြင်း ဖြစ်လေသည်။ မျောက်၏အမူအရာကြောင့် ဆန်းလျန် မပြုံးဘဲ မနေနိုင်တော့ ပေ။

"မျောက်စုတ်... အဲဒီလောက်ပျော်နေဖို့ လိုလို့လား..."

ဆန်းလျန်၏ စကားကိုကြားသည့်အခါ မျောက်က ဆန်းလျန် အနားသို့ တိုးကပ်လာပြီး ဆန်းလျန်၏ အင်္ကျီစကိုဆွဲကာ တခိခိ ဖြင့် ရယ်မောလိုက်လေသည်။

မျောက်ကို ကြည့်ရသည်မှာ အလွန်အမင်း ပျော်ရွှင်နေဟန် ရှိလေသည်။ သို့သော် ဆန်းလျန်ကတော့ အရေးမစိုက် ခပ်တည်တည်အမူအရာဖြင့် မသိချင်ယောင် ဆောင်နေလိုက်လေသည်။ သို့သော်... ထူးဆန်းသည့်မျောက်တစ်ကောင်၏ စိတ်ထားရိုးရှင်းပြီး ဖြူစင်မှုက ဆန်းလျန်ကို အနည်းငယ် စိတ်လှုပ်ရှားသွားစေလေသည်။

ထို့ကြောင့် ဆန်းလျန်က သူ၏ဆံပင် (၃)ချောင်းကို နှုတ်ယူလိုက်ပြီး မျောက်၏ခေါင်းအနောက်ဘက်တွင် စိုက်ပေးလိုက်ကာ မျောက်မွေးအဖြစ်သို့ ပြောင်းလဲပေးလိုက်လေသည်။

ဆန်းလျန်က နူးညံ့သည့်လေသံဖြင့်...

"ဒီ အမွေး (၃)ချောင်းက မင်းအသက်ကို (၃)ကြိမ်တိတိ ကယ်ပေးလိမ့်မယ်..."

မျောက်ကတော့ အပျော်လွန်လျှက်ရှိလေသည်။

မည်သည့်နေရာမှ သင်ခဲ့မှန်းမသိသည့်လူတို့၏ အမူအကျင့်
အတိုင်း ဆန်းလျန်ကို (၉)ကြိမ် (၉)ခါ (၃)ကြိမ်တိတိ ဦးချ
ကန်တော့လိုက်လေသည်။ သူ၏နဖူးထက်တွင် ဖုံမှုန့်နှင့် သစ်
ရွက်ခြောက်များ ကပ်နေလေတော့သည်။

ဆန်းလျန်က မျောက်၏ဂါရဝပြုမှုကို ခေါင်းတစ်ချက်ညိတ်
အသိအမှတ်ပြုလိုက်ပြီး ပျောက်ကွယ်သွားလေတော့ သည်။

ထိုအချိန်မှာပင်....

ဟယ်ရှန်းနှင့် ကျွယ်ရှင်း၏ တိုက်ပွဲကတော့ ပြီးဆုံးသွားပြီ ဖြစ်
လေသည်။

သူတို့က ဆန်းလျန်ပျောက်သွားသည့်အတွက် ရှာဖွေနေကြလေ
ရာ ဆန်းလျန်ပြန်လာသည်ကို တွေ့လိုက်သည်နှင့် ပျော်ရွှင်သွား
ကြလေသည်။

ဆန်းလျန်က မျောက်အကြောင်းကို သူတို့ကို ပြောမပြခဲ့ပေ။

သူက ကျောက်ဆောင်တစ်ခုထက်တွင်ထိုင်လိုက်ကာ မဟာတာ

အိုလမ်းစဉ်အထိ ဦးတည်နိုင်သည့် ကျမ်းစာကို ဆက်ပြီး

ရွတ်ဆိုပြနေလေသည်။

လောကတွင် "တာအိုတေချင်" ကျမ်းထက်ကောင်းမွန်သည့်

တာအိုကျမ်းစာမရှိပေ။ တာအိုတေချင်သည် ဖြစ်တည်မှုများ

ကို မရှောင်လွှဲဘဲ ဖော်ပြထားသည့် ကျမ်းစာတစ်ခု ဖြစ်လေ

သည်။

မိုးနှင့်မြေ ၊ တောင်နှင့်မြစ်ရေ ၊ ကျေးငှက်များနှင့်သားရဲ ၊

အင်းဆက်ပိုးမွှားများနှင့် ငါးများ အရာအားလုံးတွင် ထူးဆန်းမှု

များကိုယ်စီ ရှိကြလေသည်။ ထိုအရာများထံမှ စစ်မှန်သည့်

ကျင့်စဉ်များကို သိမြင်နိုင်လေသည်။

ဆန်းလျန် ကျမ်းစာရွတ်ဖတ်နေစဉ်တွင် ....

မိုင်ပေါင်းများစွာအဝေးရှိ ကျီမော့တောင်ထိပ်တွင်တော့ အခြား

သော ဖြစ်ရပ်တစ်ခု ဖြစ်ပျက်နေခဲ့လေသည်။

မယ်တော်ဝမ်မူ ကျိုးမော့တောင်ဆီသို့ ထွက်ခွာသွားသည်မှာ (၁၈)ရက်တိတိပင် ကြာခဲ့ပြီ ဖြစ်လေသည်။

လွိုလော်သည် မယ်တော်ဝမ်မူကို (၁၈)ရက်တိတိ တိမ်တိုက်ပင်လယ်ထက် ၊ လေဒဏ်မိုးဒဏ်များအောက်တွင် စောင့်နေခဲ့လေသည်။

မည်မျှစောင့်ရပါစေ သူမ ပင်ပန်းသည်ဟု မခံစားရပေ။

သို့သော်… သူမက မယ်တော်ဝမ်မူကို စိတ်ပူနေခဲ့လေသည်။

သို့သော်… မယ်တော်ဝမ်မူ၏ ခွင့်ပြုချက်မရဘဲ ကျိုးမော့တောင်သို့ လိုက်သွားရဲခြင်းလည်း မရှိပါပေ။

ကျိုးမော့တောင်ထိပ်တွင် မယ်တော်ဝမ်မူ မည်သူနှင့်သွားရောက်တွေ့ဆုံသည်ကို လွိုလော် သိရှိခြင်း မရှိပေ။ သူမသိရှိသည်မှာ ကျိုးမော့တောင်သည် လော်ဝါဒတည်ထောင်သူ ဆရာသခင်၏ ဇာတိမြေဖြစ်ပြီး လော်ဝါဒဂိုဏ်းကြီး တည်ထောင်ခဲ့ရာ နေရာတစ်ခု ဖြစ်လေသည်။

ထို့ကြောင့် ရိုးရှင်းသည့်တောင်တစ်တောင်တော့မဖြစ်နိုင်ပေ။ တောင်ပေါ်တွင် အန္တရာယ်တစ်စုံတစ်ခုရှိနေမည်ကတော့ သေချာလေသည်။

မယ်တော်ဝမ်မူသည် ကျီမော့တောင်မှ ယွီဟွာခန်းမဆောင်သို့ ရောက်ရှိနေလေသည်။ သူမက ယွီဟွာခန်းမထဲရှိ နေရာတစ်နေရာတွင် တင်ပျဉ်ခွေကာ ထိုင်လိုက်လေသည်။ ထိုအချိန်မှာပင် သူမ၏စိတ်သည် ဝိရောဓိ အခြေအနေသို့ ရောက်ရှိသွားလေတော့သည်။

သူသည် ယခင်ဘဝမှအရာအားလုံးနှင့် ယခုဘဝအရာအားလုံးကို တွေ့မြင်နေရလေသည်။ အချစ် ၊ အမုန်း ၊ ဝမ်းနည်းကြေကွဲမှု ၊ ခံစားချက်များအားလုံး (၁၈)ရက်အတွင်း အကုန်လုံးခံစားလိုက်ရလေသည်။

ချစ်ရသူများ၏သစ္စာဖောက်ခံရခြင်း ၊ ဝမ်းနည်းကြေကွဲရခြင်း ၊ အထီးကျန်ရခြင်း ၊ မထင်မှတ်စွာ နာကျင်ခံစားရခြင်း အရာ

အားလုံး သူ့သွေးကြောအတွင်းသို့ ဝင်ရောက်လာလေသည်။

ကြောက်မက်ဖွယ်ရာအကောင်းဆုံးမှာ ထိုအဖြစ်အပျက်များ

အားလုံးသည် သူမရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်

များ ဖြစ်လေသည်။

"အချိန်က ဒဏ်ရာကို ကုစားပေးသည်"

ဆိုသည့် စကားပုံ ရှိလေသည်။ ထိုစကားပုံသည် မမှားသော

စကားပုံတစ်ခုဖြစ်လေ၏။

သို့သော်... အချိန်တိုလေးအတွင်းမှာပင် နာကျင်ခံစားရမှုအား

လုံးကို စုပြုံခံစားလိုက်ရမည် ဆိုလျှင်တော့ လူတစ်ယောက်

သည် ရူးသွပ်သွားနိုင်လေသည်။

မယ်တော်ဝမ်မူသည်လည်း ထိုသို့သောအတွေ့အကြုံများ

ကြုံတွေ့ခဲ့ဖူးလေသည်။

သူမ၏ ကျင့်ကြံခြင်းအစပိုင်းကာလများတွင် သူမသည်

လောက၏ ဒုက္ခပင်လယ်ထဲတွင် ကောင်းကောင်း ကူးခတ်ခဲ့ရ

ဖူးလေသည်။ သို့သော်… သူမ၏ အားသာချက်က တစ်စိတ်တည်းထားခြင်း ဖြစ်လေသည်။ ထို့ကြောင့် မည်သည့်အရာကမှ သူမကို တုန်လှုပ်အောင် မလုပ်ဆောင်နိုင်ပေ။

ထို့ကြောင့်လည်း သူမသည် မယ်တော်ဝမ်မူဆိုပြီး အောင်မြင်မှုများ ရနိုင်ခဲ့သည်ပေါ့။

သူမသည် လောကတွင် ထောင်နှင့်ချီသည့် အစစ်ဆေးခံရမှုများနှင့် ရင်ဆိုင်ခဲ့ရဖူးလေသည်။ ကျောက်စိမ်းရေကန်ဥယျာဉ်ကို အစဉ်အဆက်ဆက်ခံခဲ့ကြသူများထဲတွင် သူမသည် ခံနိုင်ရည်အရှိဆုံးဖြစ်လေသည်။

ထို့ကြောင့်ပင် မယ်တော်ဝမ်မူသည် မာနကြီးသူတစ်ယောက်မဟုတ်ခဲ့ပေ။

မယ်တော်ဝမ်မူသည် ကျီမော့တောင်ထိပ်တွင် လမ်းကြောင်း (၂)ခုကို တွေ့မြင်နေရလေသည်။

တစ်ခုမှာ လော်ဝါဒတည်ထောင်သူဆရာသခင် နတ်ဘုရား
အဖြစ် အဆင့်တက်ရောက်နိုင်ခဲ့သည့် လမ်းကြောင်း ဖြစ်လေ
သည်။ နောက်ထပ်လမ်းကြောင်းတစ်ခုမှာတော့ အခြားသော
နတ်ဘုရားတစ်ပါး၏ နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်
ရောက်နိုင်ခဲ့သည့် လမ်းကြောင်းတစ်ခု ဖြစ်လေသည်။
လော်ဝါဒတည်ထောင်သူ နတ်ဘုရားအဖြင့် အဆင့်တက်
ရောက်နိုင်ခဲ့ခြင်းက ပုံမှန်ပင် ဖြစ်လေသည်။ သို့သော်... အခြား
နတ်ဘုရားတစ်ပါး နတ်ဘုရားအဖြစ် အဆင့်တက်ရောက်နိုင်
ခြင်းကတော့ သူမကို အလွန်မှ အံ့သြစေလေ သည်။
ထိုလမ်းကြောင်းမှတစ်ဆင့် သူမသည် ထိပ်တန်းဓမ္မ
ရည်ညွှန်းချက်ကို သိမြင်ခဲ့ရလေသည်။ သူမကဲ့သို့ ထိပ်တန်း
အဆင့် နတ်ဘုရားတစ်ပါးအနေဖြင့် အခြားသူများ၏ အဆင့်
တက်ရောက်နိုင်ခြင်းများတွင် ဓမ္မကို သိမြင်ခြင်းမှာ မဖြစ်သင့်
ပေ။ သို့သော်... ယခုတော့ ဖြစ်ပျက်ခဲ့ပေပြီ။

ထို့ပြင် ထိပ်တန်းစမ္မရည်ညွှန်းချက်အဆင့်သည် သူမကို

ကျင့်စဉ်လမ်းအဆင့်တက်ရောက်နိုင်ရန်အတွက် လမ်းပြနေ

သည့်အလား ခံစားရလေသည်။

ကျင့်စဉ်လမ်းသည် အဆုံးမရှိဟု အချို့လူများကပြောကြလေ

သည်။

သို့သော်… ထိပ်တန်းအဆင့်သို့ရောက်ရှိပြီး ဗုဒ္ဓ (သို့မဟုတ်)

တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သွားလျှင်တော့ ကျင့်စဉ်

လမ်းအဆုံး သတ်သွားပြီဟု ဆိုနိုင်လေသည်။

တာ့လော်အဆင့်သို့ရောက်ရှိနိုင်မည်ဆိုလျှင်တောင်မှ

အောင်မြင်မှုအဆုံးစွန်အထိရောက်ပြီဟု ဆိုနိုင်လေသည်။

အဘယ်ကြောင့်ဆိုသော် ပြန်လည်ကျင့်ကြံရန် မလိုအပ်တော့

သောကြောင့် ဖြစ်လေသည်။

တာ့လော်အဆင့်အောက် နတ်ဘုရားများထဲတွင် မယ်တော်ဝမ်

မူသည် တန်ခိုးစွမ်းအားအမြင့်မားဆုံးထဲတွင် တစ်ယောက်

အပါအဝင်ဖြစ်လေသည်။ သူမသည် တာ့လော်အဆင့်သို့

ရောက်ရန်အတွက် အနည်းငယ်သာ ထပ်မံကျင့်ကြံရန်လိုအပ်

တော့သည်။ တာ့လော်အဆင့်သို့တက်ရောက်နိုင်လျှင်တော့

သူမဘာဝ မည်သို့ ရင်ဆိုင်ရဦး မည်ကို မသိနိုင်သေးပေ။

အဘယ်ကြောင့်ဆိုသော်... အဆင့်မြင့်သွားလေ ကိုယ့်ပုံစံ

ဘယ်လိုပုံစံဖြစ်သွားမည်ကို မသိနိုင်လေ ဖြစ်သော ကြောင့်

ပင်။

ထို့ပြင် အောင်မြင်မှုသည် ကြယ်စင်အလား ဖြစ်လေသည်။

အလင်းလက်ဆုံးတောက်ပသွားပြီးလျှင် တဖြည်းဖြည်း

ပြန်လည်မှေးမှိန်လာရမည် ဖြစ်လေသည်။ အချိန်ကာလ

ကြာမြင့်သည့်အခါ ပျက်စီးသွားရမည်ပဲ ဖြစ်လေသည်။

(၁၈)ရက်တိတိ အစစ်ဆေးခံရမှု ပြီးဆုံးသွားသည့်အခါတွင်

တော့ မယ်တော်ဝမ်မှုသည် သူမ၏ရှေ့တွင် ရှေးဟောင်း ဖြစ်

တည်မှုတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

သူမ၏ရှေ့တွင်ထိုင်နေသူမှာ အဖြူရောင်မုတ်ဆိတ်များရှိနေပြီး အဖြူရောင်ဆံပင်များကိုပိုင်ဆိုင်သည့် အဘိုးအိုတစ်ယောက် ဖြစ်လေသည်။ ပညာဖြင့်ကြွယ်ဝသည့်မျက်ဝန်းများက အရာရာကို ထိုးထွင်းသိမြင်နေသည့် အလားပင်။ မရေမတွက်နိုင်အောင်များပြားသည့် သက်ရှိသတ္တဝါများအကြောင်းကို နားလည်သဘောပေါက်နေဟန် ရှိလေသည်။ ထို့ပြင် ထိုသူ၏အပြစ်ပြောစရာမရှိအောင် လှပသည့်လက်များက လောကမှ သတ္တဝါများအားလုံးကို ကယ်တင်မည့်အလား ခံစားရလေသည်။

မယ်တော်ဝမ်မူက...

"ဖန်ဆင်းရှင်... ဖန်ဆင်းရှင်က မိုးမြေလောကအသစ်တစ်ခုကို ခုနစ်ရက်အတွင်း ဖန်းဆင်းနိုင်တယ်လို့ အဆိုရှိတယ် ၊ အခုတော့ ကျွန်မကို ဘာလို့ (၁၈)ရက်တောင် စောင့်ခိုင်းရတာလဲ..."

အဘိုးအို၏အမည်မှာ "အားလော်ဟယ်" ဖြစ်လေသည်။

သူ့ကို ယုံကြည်ကိုးကွယ်ကြသူများက သူ့ကို ဖန်ဆင်းရှင်ဟု အသိအမှတ်ပြုကြလေသည်။ ထို့အတူ သူ့ကိုယုံကြည်သူများ အားလုံးကိုလည်း သူက ဆုတောင်းပြည့်စေလေသည်။

တာအိုဆရာသခင်ကြီးပြီးလျှင် အားလော်ဟယ်သည် တန်ခိုး စွမ်းအား အကြီးမားဆုံးသူဟု ဆိုနိုင်လေသည်။ ထို့ကြောင့် သူ၏အဆင့်အတန်းကို လျှော့တွက်၍ မရသလို သူ၏ကျော်ကြားခြင်းမှာလည်း အလကားကျော်ကြားခြင်း ဟု မဆိုနိုင်ပေ။

ကိုယ်ပိုင်တရားအလင်းသိမြင်ခြင်းတွင် အားလော်ဟန်နှင့် လော်ဝါဒတည်ထောင်သူ ဆရာသခင်သည် အတူတူပင် ဖြစ် လေသည်။

နတ်သမီးတစ်ပါးဖြစ်သည့် မယ်တော်ဝမ်မူသည်ပင်လျှင် (၁၈)ရက်တိတိ အစစ်ဆေးခံပြီးမှသာ အားလော်ဟယ်ကို တွေ့ ခွင့်ရခဲ့ လေသည်။

အားလော်ဟယ်က သူ၏ညာဘက်လက်မှ လက်ညှိုးကို တစ်ချက လှုပ်ရှားလိုက်လေသည်။

ကျီးမော့တောင်ထိပ်မှ နတ်ဘုရားလမ်းကြောင်း (၂)ခုသည် သူ၏လက်ချောင်းထက်တွင် တိမ်တိုက်အလား လှည့်ပတ်နေလေသည်။

သူက နူးညံ့သည့်လေသံဖြင့်...

"မင်း ကျုပ်ကို ကိစ္စတစ်ခုကူညီမယ်ဆိုရင် မင်းရဲ့ဆန္ဒကို ဖြည့်ပေးမယ်..."

မိုးနှင်မြေတွင် မယ်တော်ဝမ်မူကို "မင်းရဲ့ဆန္ဒကိုဖြည့်ပေးမယ်" ဟုပြောနိုင်သည့်သူ သိပ်ပြီး မရှိလှပေ။

အခန်း (၇၅၈) ကောင်းကင်တိုင်းပြည်အထိရောက်လာတဲ့မြား
ချက်

မယ်တော်ဝမ်မူသည် အားလော်ဟယ်၏ စကားများကို
သံသယမရှိယုံကြည်လေသည်။

အကယ်၍ လောကတွင် သူမဖြစ်ချင်သည့်ဆန္ဒများကို
ဖြည့်ဆည်းပေးနိုင်သူ ရှိမည်ဆိုလျှင် ထိုသူများထဲတွင် အား
လော်ဟယ်လည်း တစ်ယောက် အပါအဝင်ဖြစ်လေသည်။

ထို့ကြောင့် သူမက ပြုံးလိုက်ရင်း...

"ကျွန်မ ဒီကိုရောက်လာရတာက ကျွန်မဖြစ်ချင်တဲ့ဆန္ဒတွေကို
တောင်းဆိုဖို့ မဟုတ်ပါဘူး..."

အားလော်ဟယ်က အနည်းငယ် အံ့အားသင့်သွားဟန်ဖြင့်...

"ဒါဖြင့် မင်းဘာလို့ ကျုပ်ကိုလာတွေ့တာလဲ..."

မယ်တော်ဝမ်မူက တစ်ချက်ပြုံးလိုက်ရင်း...

"လောကမှာ ဖန်ဆင်းရှင်မသိတဲ့အရာများ ရှိသေးလို့လား..."

အားလော်ဟယ်ကို ယုံကြည်ကိုးကွယ်ကြသူများက အားလော်ဟယ်သည် အရာအားလုံးကို ဖန်ဆင်းသူဖြစ်ပြီး အရာအားလုံးကိုလည်းသိရှိသည်ဟု လက်ခံယုံကြည်ကြလေသည်။ ထိုသို့ဖြစ်လျှင် အားလော်ဟယ်သည် မယ်တော်ဝမ်မူလာရသည့်အကြောင်းရင်းကို အဘယ့်ကြောင့် မသိရှိရပါသနည်း။

အားလော်ဟယ်က 'ဘာလို့လာတွေ့တာလဲ' ဟု မေးသည်ကို ကြည့်ခြင်းအားဖြင့် မသိသည်မှာ ထင်ရှားနေလေသည်။ မယ်တော်ဝမ်မူ၏အမေးစကားသည် အားလော်ဟယ်ကို လှောင်ပြောင်လိုက်သည်နှင့်တူနေလေသည်။

သို့သော်... အားလော်ဟယ်က ပြုံးရုံသာပြုံးနေပြီး မည်သည့်စကားမှ ပြန်မပြောပေ။

ထိုသို့ဖြစ်ရသည်မှာ အားလော်ဟယ်သည် မယ်တော်ဝမ်မူ၏အမေးကို မဖြေနိုင်သောကြောင့်များလား။ အခြားသူများ

ကတော့ ထိုသို့ ထင်ကြဖွယ်ရှိလေသည်။ သို့သော်... ထိုသို့ မဟုတ်သည်ကို မယ်တော်ဝမ်မူကိုယ်တိုင် သာသိလေသည်။ တကယ်တမ်းတွင် အားလော်ဟယ်သည် အရာအားလုံးကို အတိုင်းအဆမရှိ သိမြင်သူတစ်ယောက် မဟုတ်သည့်တိုင် မယ်တော်ဝမ်မူရောက်လာရသည့်ရည်ရွယ်ချက်ကို မသိဘူး ဆိုသည်မှာတော့ လုံးဝ မဖြစ်နိုင်ပေ။ သို့သော်... သူက ထုတ်ဖော်ပြောခြင်း မပြုသည်မှာ မယ်တော်ဝမ်မူကို လေးစားသမှုရှိသောကြောင့် ဖြစ်လေ၏။

သူက စကားတစ်ခွန်းမှ မပြောဘဲ ပြိုးနေခဲ့လေသည်။ ဤသည်မှာ မယ်တော်ဝမ်မူကို တုံ့ပြန်ရန်အတွက် အကောင်းဆုံး နည်းလမ်းပင် ဖြစ်လေသည်။

မယ်တော်ဝမ်မူကလည်း ပြုံးလိုက်ရင်း..

"ကျွန်မကြားဖူးတာတော့ အရင်တုန်းက ရှင်က အယူမှားတဲ့သူတွေကို ခွင့်လွှတ်လေ့မရှိဘူးတဲ့ ၊ ဒါပေမယ့် ရှင် ကိစ္စတစ်ခု

ပြုလုပ်ပြီးတဲ့နောက် အားလုံးက ခွင့်လွှတ်ခြင်းကို ခံစားခဲ့ကြရတယ်တဲ့ ၊ အခုတော့ ရှင့်ကိုကြည့်ရတာ အရင်ကနဲ့ မတူတော့ဘူးပဲ..."

အားလော်ဟယ်က...

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက လော်ဝါဒတည်ထောင်သူ ဆရာသခင်ဟာ ဒီနေရာမှာ တရားအလင်း ရခဲ့တယ် ၊ ကျုပ်ရဲ့ အခွင့်အာဏာကို ခြိမ်းခြောက်တယ်လို့ ခံစားခဲ့ရတယ် ၊ သူ့ရဲ့ တာအိုတရားက ပြည့်စုံလွန်းလို့ ကျုပ်ရဲ့ တာအိုတရားကို တောင် ဖုံးကွယ်သွားခဲ့တယ် ၊ ဒါကြောင့် ကျုပ်သည်းမခံနိုင်ဘဲ သူ့ကို ရှင်းပစ်လိုက်တယ် ၊ သူနဲ့ သူ့လူတွေ အကုန်လုံးကို ကျုပ် ရှင်းပစ်လိုက်နိုင်ပေမယ့် သူ့ရဲ့တာအိုတရားကတော့ မပျောက်မပျက် ကျန်ရှိနေဆဲပဲ ၊ အဲဒီမှာ ကျုပ်သိလိုက်တာက သူ့ရဲ့တာအိုတရား တည်ရှိနေသရွေ့ ဒီအတိုင်းပဲ ဖြစ်နေဦးမှာပဲလို့ပေါ့ ၊ ဒါပေမယ့် ဘယ်အရာက ကျုပ်စိတ်ကို ပြောင်းလဲသွားစေတာ

လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းသောင်းနဲ့ချီတဲ့အချိန်တုန်းက လောကကြီး ပထမဆုံးအကြိမ် ပြန်လည်ဖြစ်တည်လာခဲ့တယ်၊ အဲဒီအချိန်မှာ ဖန်ဆင်းရှင်ကို ကိုးကွယ်ယုံကြည်ဖို့ လူသားတွေအတွက် အကောင်းဆုံးအချိန်ဆိုတာ ကျုပ်သိလိုက်တယ်၊ ဒါကြောင့် ကျုပ် ကောင်းကင်တိုင်းပြည်ကနေ လူ့ပြည်ကို ဆင်းလာဖို့ ဆုံးဖြတ်လိုက်တယ်၊ လောကတစ်ခုလုံးကို သိမ်းပိုက်မယ်ပေါ့၊ ဒါပေမယ့် အဲဒီအချိန်မှာပဲ ကျုပ်ရဲ့ ကောင်းကင်တိုင်းပြည်ကို မြားတစ်စင်းရောက်လာပြီး ပလ္လင်ထက်မှာထိုင်နေတဲ့ကျုပ်ဆီကို တည့်တည့် ဝင်ရောက်လာခဲ့တယ်၊ ကျုပ် ပလ္လင်ပေါ်က ပြုတ်ကျသွားခဲ့တယ်၊ အဲဒီမှာ ကျုပ်နားလည်သွားတာက လောကမှာ ကျုပ်အဆုံးသတ်စေချင်တဲ့ ကိစ္စတွေဟာလည်း အဆုံးမသတ်နိုင်သေးဘူးဆိုတာပဲ..."

ထိုအကြောင်းများကို မယ်တော်ဝမ်မူသည်ယခုမှ ကြားဖူးခြင်းဖြစ်လေသည်။

"ဒီကိစ္စတွေကို ဖန်ဆင်းရှင်သာ ပြောမပြရင် ကျွန်မ သိမှာ တောင် မဟုတ်ပါဘူး..."

အားလော်ဟယ်က...

"ကျုပ်ပြောချင်တဲ့စကားကို မင်း နားမလည်သေးဘူး ၊ တကယ် တော့ကျုပ်လည်း ကောင်းကင်တိုင်းပြည်က ဆင်းလာတုန်းက နားမလည်ခဲ့ပါဘူး ၊ အဲဒီမြားကို တခြားသူတွေ မမြင်နိုင်ဘူး ၊ ဘယ်သူမှလည်း မမြင်နိုင်ဘူး ၊ ပြီးတော့ ကျုပ်နေတဲ့ ကောင်းကင်တိုင်းပြည်ကလည်း မြားပစ်လိုက်တဲ့လူထက် တန်ခိုးစွမ်းအား လျော့နည်းနေတဲ့ နေရာမဟုတ်ပါဘူး ၊ ဒါပေ မယ့် အဲဒီလူက အရမ်း တန်ခိုးစွမ်းအား မြင့်မားလွန်းတယ် ၊ အခု ကျုပ် အဲဒီလူကိုရှာနေ တာနှစ်ပေါင်းတစ်သောင်းကျော်နေ ပြီ ၊ ဒါပေမယ့် သူ အဲဒီမြားကို ပစ်လိုက်ပြီးနောက်ပိုင်း သဲလွန်စ တစ်ခုတောင် မကျန်ဘဲ ပျောက်ကွယ်သွားခဲ့တယ်..."

ထိုသူကို အားလော်ဟယ်အဘယ့်ကြောင့် ရှာဖွေနေသည်ကို မယ်တော်ဝမ်မူ ကောင်းကောင်း သိလေသည်။ အဘယ်ကြောင့် ဆိုသော် ထိုမြားချက်သည် ကောင်းကင်တိုင်းပြည်ကို ထိုး ဖောက်ဝင်ရောက်လာရုံသာမက သူ့ကိုလည်း ပလ္လင်ထက်မှ ပြုတ်ကျစေခဲ့လေသည်။ ထို့ပြင် ပိုပြီး အရေးကြီးသည့် အချက်မှာ အားလော်ဟယ်သည် ထိုမြားချက်ထိမှန်ပြီး သည့်နောက် အရင်က အားလော်ဟယ် မဟုတ်တော့ပေ။ သူက ထိုပုဂ္ဂိုလ်ကိုရှာဖွေပြီး သူ့အတွက် နောက်ထပ်မြားတစ် စင်း ပစ်လွှတ်ပေးစေလိုခြင်း ဖြစ်လေသည်။ ယခုအချိန်တွင် တော့ သူသည် ထိုမြားကို သေချာပေါက် ခံနိုင်ရည်ရှိမည် ဖြစ် လေသည်။

မယ်တော်ဝမ်မူက…

"ရှင် အဲဒီလူကိုရှာနေတာ နှစ်ပေါင်းတစ်သောင်းကျော်တော် ကြာနေပြီ ၊ အခုရော ရှာလို့ တွေ့ပြီလား…"

အားလော်ဟယ်က...

"သူ ပြန်ပေါ်လာပါပြီ..."

မယ်တော်ဝမ်မူက...

"ဘယ်နေရာမှာလဲ..."

အားလော်ဟန်က...

"မသိဘူး..."

မယ်တော်ဝမ်မူက...

"ဒါဖြင့် သူပြန်ပေါ်လာပြီဆိုတာ ဖန်ဆင်းရှင်က ဘယ်လိုလုပ်သိတာလဲ..."

အားလော်ဟယ်က...

"ခံစားမိတာ..."

မယ်တော်ဝမ်မူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။ သူတို့ကဲ့သို့သော အဆင့်မြင့်ကျင့်ကြံသူများအတွက် ခံစားချက်ကို ယုံကြည်စိတ်ချနိုင်လေသည်။

မယ်တော်ဝမ်မူက...

"ဒီတော့ ကျွန်မ အဲဒီလူကို ရှာတွေ့နိုင်မယ်လို့ ရှင်က ထင်နေတယ်ပေါ့၊ ဒါပေမယ့် ဘာလို့ ကျွန်မက ရှာတွေ့နိုင်မယ် လို့ထင်နေရတာလဲ..."

အားလော်ဟယ်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အဲဒါလည်း ခံစားမိတာပါပဲ..."

မယ်တော်ဝမ်မူက ပြုံးလိုက်ရင်း...

"ကျွန်မ ရှင့်ကို ကတိပေးပါတယ်၊ ဒါပေမယ့် ကျွန်မဖြစ်ချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့တော့ ရှင့်ကို အကူအညီ မတောင်းပါဘူး၊ ပြီးတော့ အဲဒါက ဆန္ဒတစ်ခုလည်း မဟုတ်တော့ပါဘူးလေ၊ ဒါပေမယ့် ကျွန်မ ရှင့်ဆီကိုလာတာ ကိစ္စတစ်ခု ရှိလို့ပါ..."

ဖန်ဆင်းရှင်က...

"ကျေးဇူးပြုပြီး ပြောပါ..."

မယ်တော်ဝမ်မူက...

"ကျွန်မရဲ့ အစေခံမိန်းကလေးက တကယ်တော့ နတ်ဘုရားတစ်ပါးပါပဲ ၊ ကျွန်မက သူ့ကို ကျင့်စဉ်လမ်းမှာ လျှောက်လှမ်းစေခဲ့တယ် ၊ ဒါပေမယ့် သူက သံယောဇဉ်မပြတ်နိုင်ဘူး ၊ အဲဒီတော့ အောင်မြင်မှုလည်း သိပ်မရဘူး ၊ အဲဒါက သူ့ကိုနာကျင်စေတယ် ၊ ပြီးတော့ ရှင်က ကြီးမြတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဆိုတာ ကျွန်မသိတယ် ၊ အဲဒါ သူ့ကို နတ်ဘုရားကျင့်စဉ်လမ်းမှာ အောင်မြင်ဖို့ ဘာလုပ်ပေးရမလဲ ၊ ရှင့်မှာ နည်းလမ်းတစ်ခုခုများရှိမလားလို့ ကျွန်မ မျှော်လင့်မိတယ်..."

အားလော်ဟယ်က...

"မင်းက ကျုပ်ကိုကူညီမယ်ဆိုတော့လည်း ကျုပ်ကလည်း မင်းကိုပြန်ပြီး ကူညီရတာပေါ့ ၊ ဒါပေမယ့် မင်းရဲ့အစေခံမလေးအတွက် ကျုပ်က ကူညီပေးစေချင်တာ သေချာရဲ့လား..."

မယ်တော်ဝမ်မူက...

"ကျွန်မ ဆုံးဖြတ်ချက် ချပြီးပါပြီ ၊ သူ့ကိစ္စက ကျွန်မကိစ္စပါပဲ ၊ သူက ရှင့်အတွက် တန်ဖိုးမရှိရင်တောင် ကျွန်မအတွက်တော့ တန်ဖိုးရှိပါတယ်..."

အားလော်ဟယ်က...

"ဒါကြောင့်လည်း မင်းတို့ ကျင့်ကြံသူတွေကို ကျုပ်နားမလည်နိုင်တာ ၊ ဘာလို့ မင်းတို့တွေက စိတ်ခံစားချက်တွေရှိ နေရသေးတာလဲ ၊ ဒီလိုသာဆိုရင် လောကရဲ့ ဝမ်းနည်းစရာတွေထဲကနေ လွတ်မြောက်နိုင်မှာမဟုတ်ဘူး..."

မယ်တော်ဝမ်မူက တည်ငြိမ်သည့်လေသံဖြင့်...

"ဘဝဆိုတာရှိနေသရွေ့ ဒုက္ခရှိနေဦးမှာပါပဲရှင်..."

ထိုစကားကို ပြောပြီးသွားသည်နှင့် ယွီဟွာခန်းမဆောင်မှ မယ်တော်ဝမ်မူပျောက်ကွယ်သွားလေတော့သည်။

သူမကို ရက်ပေါင်းများစွာ ကြာအောင်စောင့်မျှော်နေခဲ့သူ လို လော်ကတော့ မယ်တော်ဝမ်မူ ပြန်ရောက်လာသည်ကို တွေ့ လိုက်ရသည့်အခါ အလွန်ပျော်ရွှင်ဝမ်းမြောက်သွားလေသည်။

ထိုအချိန်မှာပင်....

ကောင်းကင်ထက်တွင် အနက်ရောင်တိမ်တိုက်များ စုစည်းလာ ပြီး လေများလည်း ထန်လာလေသည်။ မိုးရွာတော့မည့်အလား ပင်ဖြစ်လေသည်။

သို့သော်... ကျီမော့တောင်မှ အားလော်ဟယ်ကတော့ ရုပ်တု ကြီးတစ်ခုအလား မလှုပ်မယှက်ထိုင်နေခဲ့လေသည်။

....

ပိုင်ကျားမြို့ ၊ သောက်ပြီးရင်ပြန်မလာနဲ့တော့

စားသောက်ဆိုင်...

ပိုင်ရှောက်ယွီက အပြင်မှပြန်လာပြီး ဆန်းလျန်ရှိရာသို့ တန်း ရောက်လာလေသည်။

"အစ်ကိုဆန်း ၊ မြို့ထဲမှာ ထူးဆန်းတာတွေ ဖြစ်နေတယ်..."

ကောင်တာတွင်ထိုင်နေသည့် ဆန်းလျန်က သူ့ကို တစ်ချက်ပင်

မော့မကြည့်ဘဲ...

"ဘာတွေဖြစ်နေလို့လဲ..."

ဟု ပြန်မေးလိုက်လေသည်။

ထိုအချိန်မှာပဲ ကျွယ်ရှင်းကလည်း ထင်းတစ်စည်းကိုထမ်းကာ

စားသောက်ဆိုင်အတွင်းသို့ ဝင်လာလေသည်။

ကျွယ်ရှင်းကပြုံးလိုက်ရင်း...

"ညီလေးပိုင်ပြောမယ့်အကြောင်းက မြို့ထဲကို အခုမှအသစ်

ရောက်လာတဲ့ မိန်းကလေးရဲ့အကြောင်းမဟုတ်လား ၊ အဲဒီ

မိန်းကလေးက ချင်းရှတောင်မှာ တာအိုကျောင်းတော်တစ်ခု

ဆောက်လုပ်မလို့တဲ့ ၊ တာအို ကျောင်းတော် ဆောက်လုပ်ဖို့ဆို

တာက ပိုက်ဆံတွေ အများကြီးကုန်မှာလေ ၊ အဲဒါကြောင့် အဲဒီ

မိန်းကလေးက သူ့ကို ပိုက်ဆံနဲ့ ထိအောင်ပစ်နိုင်တဲ့သူရှိရင်

လက်ထပ်မယ်တဲ့ ၊ ပိုက်ဆံနဲ့ ထိအောင်မပြစ်နိုင်ဘူးဆိုရင်တော့

သူဆီကို ပစ်တဲ့ ပိုက်ဆံတွေကို ကျင့်ကြံတဲ့နေရာမှာ အသုံးပြု

မယ်တဲ့ လေ..."

ပိုင်ရှောက်ယွီက...

"တော်လိုက်တဲ့ဘုန်းကြီး၊ ဘုန်းကြီးဖြစ်ပြီး စိတ်တွေက မ

သန့်စင်လိုက်တာ၊ အဲဒီမိန်းကလေးကို ဘုန်းတော်ကြီး သွား

ကြည့်ပြီးသွားပြီ မဟုတ်လား..."

ထိုစကားကိုပြောလိုက်သည့်အချိန်တွင် ပိုင်ရှောက်ယွီက

မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး ပြုံးနေလေသည်။

ကျွယ်ရှင်းက...

"မိန်းကလေးကို သွားကြည့်တာမဟုတ်ပါဘူး၊ တာအိုကျင့်ကြံ

သူမိန်းမပျိုတစ်ယောက်ကို သွားလေ့လာတာပါ..."

ပိုင်ရှောက်ယွီက မျက်လုံးကို အပေါ်သို့ လှန်လိုက်ပြီး...

"ဘာထူးလို့လဲ... အတူတူပဲလေ..."

ကျွယ်ရှင်းက...

"ကျုပ်ရဲ့ ဖြူစင်မှုကို ညီလေးပိုင်က အရောင်တွေဆိုးတယ် ၊ ကျုပ်ဘုန်းကြီးဖြူစင်တာ ကျုပ်ဘုန်းကြီးပဲ သိတယ်..."

ပိုင်ရှောက်ယွီက...

"အရောင်တွေမြင်နေလည်း ဘုန်းကြီးကတော့ ဖြူစင်တယ်ပဲ ပြောနေမှာပေါ့..."

ကျွယ်ရှင်းက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဘယ်ကဟုတ်ရမှာလဲကွာ..."

ပိုင်ရှောက်ယွီမှာ ဆက်ငြင်းစရာ စကားမရှိတော့ပေ။ ဘုန်းကြီးဖြစ်ပြီး အရှက်မရှိဟု စိတ်ထဲမှ တွေးလိုက်မိလေသည်။

သူက ကျွယ်ရှင်းနှင့် ဆက်ငြင်းမနေတော့ဘဲ ဆန်းလျန်ဘက်သို့ လှည့်ကာ စကားပြောလိုက်လေသည်။

"အစ်ကိုဆန်း ၊ အဲဒီမိန်းကလေးကို သွားကြည့်မလား ၊ ကျုပ်လိုက်ပို့ပေးမယ်လေ..."

ထိုအချိန်မှာပင် ကူးဝေဝေထွက်လာပြီး...

"ပိုင်ရှောက်ယွီ ၊ နင်က ဆန်းလျန်ကို အဲဒီမိန်းကလေးဆီ ခေါ်သွားမလို့ပေါ့လေ... ဟုတ်လား..."

ပိုင်ရှောက်ယွီမှာ ကမန်းကတန်းပင် ငြင်းလိုက်လေသည်။

"မဟုတ်ပါဘူး ၊ မဟုတ်ပါဘူး ၊ မဟုတ်ပါဘူး ၊ ကျွန်တော်က စနောက် နေတာပါ..."

ကူးဝေဝေက ပိုင်ရှောက်ယွီကို တစ်ချက်ကြည့်လိုက်ပြီး...

"ဒီလောက် ရှူ နေတာ ၊ နင့်ကို လစာ တစ်ရက်စာဖြတ်မယ်..."

ပိုင်ရှောက်ယွီမှာ အလွန်မှ မခံမရပ်နိုင်ဖြစ်သွားသည့် မျက်နှာထားဖြင့်...

"တစ်လမှ ကြေးပြားလေး (၃၀)ရတာ ၊ ဖြတ်ချင်လည်း ဖြတ်ပေါ့ဗျာ..."

သို့သော်... သူက ထိုစကားကိုစိတ်ထဲမှသာ ပြောလိုက်ခြင်းဖြစ်ပြီး တကယ်တမ်း ထုတ်ပြောရဲခြင်း မရှိပါပေ။

အနည်းဆုံးတော့ ကြေးပြား (၃၀)ဆိုသည်မှာလည်း ပိုက်ဆံပင်

ဖြစ်လေသည်။ ထို့ပြင် သူ၏ အတွေ့အကြုံများအရ

သူရဲကောင်းဆိုသည်မှာ ပိုက်ဆံတစ်ပြားရရန်ပင် ခက်ခဲသည်

ဆိုသည့်အချက်ကို လက်ခံထားပြီး ဖြစ်လေသည်။

ပိုင်ရှောက်ယွီမျက်နှာထက်မှာ ကြောက်ရွံ့ထိတ်လန့်သွားမှုကို

တွေ့လိုက်ရသည့်အခါ ကူးဝေဝေက အောင်ပွဲခံသည့် အပြုံး

မျိုးပြုံးလိုက်လေသည်။

ပြီးမှ သူမက ဆန်းလျန်ကိုကြည့်လိုက်ပြီး...

"အားလျန် ၊ အဲဒီမန်းကလေးက အရမ်းလှတယ်ဆိုပဲ ၊ နင်

တကယ်ပဲ သွားမကြည့်ဘူးလား..."

ဆန်းလျန်က..

"အစ်မက မြင်ဖူးလို့လား..."

ကူးဝေဝေက...

"မြင်ဖူးတာပေါ့ဟ... ၊ အဲဒီမိန်းကလေးက အရမ်းချောတာ ၊ ငါ

သာ ယောကျ်ားလေးဆိုရင် သူ့ကို လက်ထပ်မှာ..."

အခန်း (၇၅၉) အသိအကျွမ်းတစ်ယောက်နှင့်ဆင်တူလှသူ

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဒါဖြင့် ကျွန်တော်လည်း သွားကြည့်ဦးမှပါ..."

ကူးဝေဝေသည် ထိုမိန်းမပျိုမည်မျှချောမောသည်ကို သတိရ

လိုက်သည့်အခါ ဆန်းလျန်ကို သွားပြီး မကြည့်စေချင် တော့

ပေ။

ဘာမပာတ်သည့် ကိစ္စလေးမှာ ဆန်းလျန်ကို သူမ သဝန်တိုနေမိပြီလား။ သူမ ဆန်းလျန်ကို ထိုမျှ သဝန်မတိုသင့်ပေ။

ကူးဝေဝေက…

"ကောင်းပြီလေ ၊ နင်သွားရင် ငါလည်း လိုက်ခဲ့မယ်…"

ဆန်းလျန်က …

"ကောင်းပြီ…"

ကူးဝေဝေနှင့် ဆန်းလျန်ထွက်ခွာသွားပြီးသည့်နောက် ကျွယ်ရှင်းနှင့် ပိုင်ရှောက်ယွီက ဆိုင်စောင့်အဖြစ် ကျန်ရစ်ခဲ့ကြလေသည်။

ချောမောလှပသည့် မိန်းမပျိုက ပိုင်ကျားမြို့၏ ဈေးအပြင်ဘက်တွင် ရှိနေလေသည်။ ကူးဝေဝေနှင့်ဆန်းလျန် ထိုနေရာသို့ ရောက်ရှိလာကြလေ၏။

ဈေးအပြင်ဘက်မှာ လူသွားလူလာနည်းပါးသည့် နေရာတစ်ခုဖြစ်သော်လည်း ယနေ့တွင်တော့ လူပေါင်းများစွာဖြင့် စည်

ကားလျှက်ရှိလေသည်။ လူများ တိုးကြိတ်နေပြီး အနောက်မှလူ

များက လည်ပင်းရှည်ကာ အရှေ့သို့ ကြည့်နေကြ သည်။

အရှေ့သို့ မမြင်ရသည့်အခါ ရှေ့မှနေရာယူထားကြသူများကို

ဆဲဆိုနေကြတော့သည်။

ထို့ပြင် အနောက်မှလူများက အရှေ့မှာလူများကို တွန်းထိုး

အော်ဟစ်ကြလေရာ အရှေ့မှလူများမှာ အလဲလဲအပြိုပြိုဖြစ်

ကုန်ကြပြီး အော်ဟစ်သံများဖြင့် ဆူညံလျှက်ရှိတော့သည်။

ကူးဝေဝေက မျက်မှောင်အနည်းငယ် ကြုံ့လိုက်ရင်း....

"စောစောက လူတွေ ဒီလောက် မများပါဘူး..."

ဆန်းလျန်က...

"ကြည့်ရတာ မိန်းကလေးက တော်တော်လှတယ် ထင်တယ်..."

ကူးဝေဝေက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီး...

"ငါတို့ လူအုပ်ထဲတိုးကြမလား..."

ဆန်းလျန်က...

"လုပ်လေ..."

ကူးဝေဝေက အရှေ့မှ ဦးဆောင်ကာ လူအုပ်ကြားထဲသို့ တိုးဝင်သွားလေသည်။

ထူးဆန်းသည်မှာ ကြိတ်ကြိတ်တိုးနေသည့်လူအုပ်ကြီးသည် ကူးဝေဝေနှင့်ဆန်းလျန် တိုးဝင်လာသည်နှင့် အလိုလို ဘေးသို့ ရှဲပေးလိုက်ကြခြင်း ဖြစ်လေသည်။ ထို့ကြောင့် သူတို့ (၂)ယောက်မှာ သိပ်ပြီး အားမစိုက်လိုက်ရဘဲ အတွင်းပိုင်းသို့ ရောက်ရှိသွားကြလေသည်။

အတွင်းပိုင်းတွင်တော့...

(၂)ပေပတ်လည်ကျယ်သည့် မြေကွက်လပ်တစ်ခုအတွင်းတွင် မိန်းမပျိုတစ်ယောက် ရပ်နေလေသည်။ မိန်းမပျိုမှာ မိုးနတ်သူဇာအလား အလွန်တရာ ချောမောလှပလွန်းလှသည်။

နတ်သမီးကို မမြင်ဖူးကြသူများမှာ ထိုမိန်းကလေးကို တွေ့လိုက်သည်နှင့် နတ်သမီးဆိုသည်မှာ ဤမိန်းကလေးကဲ့သို့ လှပ

သူကို ပြောခြင်းဖြစ်မည်ဟု နားလည်သွားရလောက်အောင် ချောမောလှပသူလေး ဖြစ်လေသည်။

ဆံစမှ ခြေဖျားအဆုံး အပြစ်ဆိုစရာ တစ်စက်မရှိလေအောင် လှရက်လွန်းသည့် မိန်းမပျိုတစ်ယောက် ဖြစ်လေသည်။

သူမ၏အလှတရားကို အသိအမှတ်မပြုဝံ့သူ မည်သူမှ မရှိနိုင်ပေ။ ထို့ပြင် သူမကိုတွေ့မြင်ရသူတိုင်းသည် သူမ၏ အလှတရားတွင် ယာဇ်မူးသွားစေလောက်အောင် စွဲဆောင်ခံရမည် ဖြစ်လေသည်။

သူမ၏ခြေရင်းတွင် ရွှေစများ ၊ ငွေစများနှင့် ကြေးပြားများ စုပုံနေလေသည်။

မိန်းကလေးနှင့် အနီးဆုံးနေရာတွင် ရောက်ရှိနေကြသူများမှာ ပိုင်ကျားမြို့မှ သူဌေးသူကြွယ်များ ဖြစ်ကြလေသည်။ လူကြီး ၊ လူငယ် အရွယ်မရွေး စုံလင်လှသည်။

သူတို့က မိန်းကလေး၏အနီးသို့ကပ်ပြီး ငွေစများနှင့် ပစ်ပေါက်နေကြသည့်တိုင် လှပလွန်းသည့် မိန်းမပျိုကို တစ်ချက်လေးပင် ထိအောင် ပစ်ခတ်နိုင်ခြင်း မရှိကြပေ။

ထိုအချိန်မှာပင်...

မိန်းမပျိုက လှပလွန်းသည့် နှုတ်ခမ်းနှစ်လွှာကို တွန့်ကွေးကာ ပြုံးလိုက်လေသည်။

မပြုံးလျှင်တောင် လှနေသည့် မိန်းမပျိုဖြစ်လေရာ ပြုံးလိုက်သည့်အခါတွင်တော့ လူအားလုံးမှာ သူမ၏အလှတရားတွင် တဖြုတ်ဖြုတ်ကြွေကျကြလေတော့သည်။

သူမထံသို့ ပိုက်ဆံများ ပျံသန်းရောက်ရှိလာကြပြန်လေသည်။

သို့သော်... ပိုက်ဆံများသည် သူမ၏ခြေရင်းသို့သာ ကျသွားပြီး သူမကို ထိမှန်သွားခြင်း မရှိပေ။

အချိန်ကြာလာသည့်အခါတွင်တော့...

မိန်းမပျိုကိုကြည့်နေကြသူများမှာ ပစ်စရာပိုက်ဆံလည်း နည်းပါးလာကြပြီး ပစ်ခတ်လိုက်တိုင်းလည်း မိန်းမပျိုကို မထိဘဲ လွဲချည်းနေလေရာ စိတ်ဓာတ်ကျလာကြလေသည်။

ထို့ကြောင့် အချို့သူများမှာ ပြန်သွားကြလေတော့သည်။

ထို့နောက်တွင်တော့ သူမကို ပိုက်ဆံပစ်ပေးမည့်သူ သိပ်ပြီး မရှိကြတော့ပေ။

ထိုအချိန်မှာပင် မိန်းမပျိုက မျက်မှောင်လေးတစ်ချက်ကြုံ့လိုက်ပြီး ဆန်းလျန်နှင့် ကူးဝေဝေရှိရာသို့ လှမ်းကြည့်လိုက်လေသည်။

"ဒီက သခင်လေးက ကျွန်မကို မနာလိုဖြစ်နေတာလား..."

မိန်းကလေးက ဒေါသတကြီးမေးလိုက်ခြင်းမဟုတ်ပေ။

ပြုံးပြုံးလေးနှင့်မေးလိုက်သည့်အတွက် သူမ၏ဟန်ပန်လေးက အလွန်မှ ချစ်စရာ ကောင်းလှလေသည်။

သူမသည် နေ့ဦးရာသီတွင် စမ်းချောင်းလေးကို ဖြတ်သန်း

တိုက်ခတ်သွားသည့် လေပြေလေးအလား ဖြစ်သည်။ သစ်ပင်

များပေါင်းများစွာသည် လေပြေလေးကြောင့် ယိမ်းထိုးလှုပ်ရှား

သွားသည့်နှယ်... သူမ၏အလှတရားသည် နှလုံးသားတိုင်းကို

ယိမ်းယိုင်သွားစေနိုင်လေသည်။

ဆန်းလျန်က သူမကို စိုက်ကြည့်နေလေသည်။

ထိုမိန်းမပျို မည်သူဖြစ်သည်ကို ဆန်းလျန်မသိပါ။ သို့သော်...

သူမကို ရင်းနှီးနေသည့်လား ဆန်းလျန် ခံစားနေရလေ သည်။

သို့သော်... သူမကို ရင်းနှီးသလို ခံစားနေရသည့်တိုင် သူမ

မည်သူမည်ဝါဖြစ်သည် ၊ မည်သည့်အရပ်မှလာသည်ကို ဆန်း

လျန် မှတ်မိခြင်းမရှိပေ။

မိန်းမပျိုကလည်း ဆန်းလျန်ကို မှတ်မိဟန် မပေါ်ပေ။

ဆန်းလျန်က အတွေးလွန်နေရာမှ သတိဝင်လာပြီး စကားတစ်

ခွန်းပြောလိုက်သည်။

"မဖြစ်ပါဘူး..."

ဆန်းလျန်၏ စကားကိုကြားသည့်အခါ မိန်းမပျိုက

သူမ၏ပန်းနုရောင်သွေး နှုတ်ခမ်းလေးကို တစ်ချက်ကိုက်

လိုက် လေသည်။ နှုတ်ခမ်းလေးများ၏ အလှတရားသည်ကား

ရေးခေတ်ကဗျာများထဲမှ ချယ်ရီပန်းပွင့်လေးများနှင့်ပင်

တင်စားထိုက်ပေ၏။

မိန်းမပျိုက...

"အားလုံးက ပိုက်ဆံတွေနဲ့ပစ်ကျတယ် ၊ ရှင်ကတော့ တစ်ပြား

တောင် မပစ်ပါလား..."

မိန်းမပျို၏ စကားကြောင့် လူအုပ်ကြီးဆီမှ မိန်းမပျိုကို

ထောက်ခံသည့်အသံများ ဆူဆူညံညံ ထွက်ပေါ်လာတော့

သည်။

လူတစ်ယောက်က...

"ပိုက်ဆံမရှိဘဲနဲ့များ ဒီမှာလာပြီး ပျော်စရာရှာနေသေးတယ်..."

ထိုစကားကို အခြားသူများကလည်း ဝိုင်းဝန်းထောက်ခံလိုက်ကြလေသည်။

အမှန်တော့ ... လူအုပ်ကြီးက ဆန်းလျန်ကို မနာလိုဖြစ်နေကြခြင်း ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော်... မိန်းမပျိုသည် ပိုက်ဆံဖြင့်ပစ်ခတ်ရန် စတင်ကမ်းလှမ်းကတည်းက မည်သူတစ်ဦးတစ်ယောက်ကိုမှ စကားပြောဆိုခဲ့ခြင်းမရှိခဲ့ပေ။ ယခု ဆန်းလျန်တစ်ယောက်ကိုသာ အရေးအရာလုပ်ကာ စကားပြောနေခြင်း ဖြစ်လေသည်။

လူဆိုသည်က ကိုယ်မရနိုင်သည့်အရာကို အခြားသူများကိုလည်း ရရှိစေလိုခြင်းမရှိကြပေ။ ထို့ကြောင့် သူတို့က ကံထူးသူ ဆန်းလျန်ကို မနာလိုဖြစ်နေကြခြင်းပင်။

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ဟုတ်တယ် ၊ ကျုပ်အပြင် ထွက်လာတော့ ပိုက်ဆံယူမလာမိဘူး..."

မိန်းမပျိုက...

"ပိုက်ဆံမပါလဲ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုခုနဲ့ ကျွန်မကိုပစ်လိုက်ပါ၊ ထိအောင်ပစ်နိုင်ရင် ကျွန်မက ရှင့်အတွက်ပါပဲ..."

မိန်းမပျိုက ဆန်းလျန်ကို စိတ်ဝင်စားနေသည်ဟု လူအုပ်ကြီးက ယူလိုက်ကြလေသည်။ ထို့ကြောင့်လူအများစုမှာ စိတ်ပျက်လက်ပျက်ဖြစ်သွားကြတော့သည်။

ဆန်းလျန်က...

"ကျုပ်မှာ တန်ဖိုးရှိတဲ့ပစ္စည်းဆိုလို့ တစ်ခုမှမရှိဘူး..."

မိန်းမပျိုကမျက်မှောင်လေးတစ်ချက်ကြုံ့လိုက်ရင်း ကူးဝေဝေကို လက်ညှိုးညွှန်ပြလိုက်ပြီး...

"ဒီမမဆီမှာတော့ ပစ္စည်းတစ်ခုခုပါမှာပေါ့၊ အဲဒါကို ယူသုံးလိုက်လေ..."

ကူးဝေဝေက သူမ၏အင်္ကျီလက်ထဲမှ ဓားကျိုးကိုထုတ်လိုက်ပြီး မျက်နှာထားတင်းတင်းဖြင့် ...

"ငါ့ဆီမှာ ဟင်းချက်ရင်သုံးတဲ့ ဒီဓားကျိုးပဲ ရှိတယ် ၊ နင်ပြော ချင်တဲ့ ပစ္စည်းတစ်ခုခုဆိုတာ ဒီဓားကို ပြောတာလား..."

ကူးဝေဝေ၏ လေသံနှင့် မျက်နှာထားမှာ တင်းမာနေပြီး မသိ လျှင် မိန်းမပျိုကို ဓားဖြင့်ထခုတ်တော့မည့်အလား ထင်မှတ်ရ သည်။

လူများက ကူးဝေဝေကို ဝိုင်းဝန်းအပြစ်တင်ရန် ဟန်ပြင်လိုက် ကြသော်လည်း ကူးဝေဝေမှာ ချောမောလှပသည့် မိန်းကလေး တစ်ယောက်ဖြစ်နေပြန်လေရာ အပြစ်မတင်ရက်တော့ဘဲ စကားလုံးများကို ပြန်မြိုချလိုက်ကြလေသည်။

ထို့နောက်... သူတို့က မိန်းမပျို (၂)ယောက် ပွဲကြီးပွဲကောင်း တိုက်ခိုက်ကြတော့မည်ဟု တွေးလိုက်မိကာ စိတ်ဝင်တစားဖြင့် ကြည့်နေကြလေသည်။ မိန်းမပျို (၂)ယောက် ရန်ဖြစ်ပြီး အင်္ကျီ များကပိုကရိုဖြစ်ကုန်ကြကာ အတွင်းသားများကို တွေ့မြင် လိုက်ရလျှင်လည်း တန်သည်ဟု သူတို့က တွေးနေကြလေ၏။

မိန်းမပျိုက ကူးဝေဝေလက်ထဲမှ ဓားကျိုးကိုကြည့်လိုက်ပြီး

တစ်ချက်ပြုံးလိုက်ရင်း...

"ဒီဓားကျိုးက တကယ့်ကိုတန်ဖိုးရှိတဲ့ ဓားတစ်လက်ပါပဲ ၊ ဒါပေ

မယ့် ကျွန်မပြောတာက မမလည်ပင်းမှာဆွဲထားတဲ့

ကျောက်စိမ်းပြားလေးကို ပြောတာပါ..."

ကူးဝေဝေက...

"နင်က တကယ်အမြင်အာရုံစူးရှတာပဲ ၊ ဒီကျောက်စိမ်းပြားက

အရမ်းတန်ဖိုးရှိတာ ၊ ဒီကျောက်စိမ်းနဲ့ဆိုရင် နင့်ကိုမပြောနဲ့

တခြားမိန်းကလေးတွေအများကြီးကိုတောင် ဝယ်လို့ရတယ် ၊

ဘာလို့ ဒီကျောက်စိမ်းနဲ့ နင့်ကို ပစ်ရမှာလဲ ၊ ပစ်လို့လွဲသွားရင်

ငါတို့ဘက်က နစ်နာမှာပေါ့..."

ကူးဝေဝေက ပါးစပ်ကသာ ထိုသို့ပြောနေသည့်တိုင်

တကယ်တမ်း အားလျှန်သာ သူမဆီမှ ကျောက်စိမ်းပြားကို ယူ

လိုက်ပြီး မိန်းမပျိုကို ပစ်ခတ်လိုက်ပါက တစ်ချက်တည်းနှင့်ထိ မှန်သွားမည်ကို သူမက စိတ်ပူနေမိလေသည်။

ကူးဝေဝေ၏ဘဝတွင် လှပသည့်မိန်းမပျိုပေါင်းများစွာကို တွေ့မြင်ဖူးပါ၏။

သူမကိုယ်တိုင်နှင့် ဆန်းချင်းချင်းတို့သည်လည်း အလွန်တရာချောမောလှပကြသည့်မိန်းမပျိုများ ဖြစ်ကြလေသည်။

သို့သော်... ယခု သူမရှေ့မှ မိန်းမပျိုနှင့်ယှဉ်လိုက်သည့်အခါ သူမရော ဆန်းချင်းချင်းပါ ပန်းသီးစိမ်းများအလား ဖြစ်သွားရလေသည်။ သူမရှေ့မှ မိန်းမပျိုကတော့ ချိုမြသည့် အနီရောင်ပန်းသီးလေးအလား ဖြစ်လေသည်။ သူတို့အနေဖြင့် မိန်းမပျို၏အလှတရားကို လုံးဝ ယှဉ်ပြိုင်နိုင်ခြင်း မရှိပေ။

သို့ပေမဲ့... ကူးဝေဝေအနေဖြင့် မိန်းမပျိုကို မနာလိုဖြစ်မိခြင်း အလျဉ်းမရှိပေ။ သူမက ထိုမိန်းမပျို၏အလှတရားကို အားကျ၍ပင်နေမိသေးသည်။

မိန်းမပျိုက ကူးဝေဝေကိုစကားဆက်မပြောတော့ဘဲ ဆန်းလျန်ဘက်သို့ လှည့်ကြည့်လိုက်ပြီး...

"သခင်လေးကရော... နစ်နာတယ်လို့ ယူဆသလား..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"မင်းက ကျင့်ကြံဖို့အတွက် ပိုက်ဆံလိုချင်တာ မဟုတ်လား..."

မိန်းမပျိုက...

"အင်း..."

ဆန်းလျန်က ကူးဝေဝေကိုတစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ဂိုဏ်းတူအစ်မ ၊ အဲဒီကျောက်စိမ်းပြား သူ့ကိုပေးလိုက်ပါ..."

ဆန်းလျန်ဆိုလိုသည့်အဓိပ္ပါယ်ကို ကူးဝေဝေက ချက်ချင်းသဘောပေါက်လိုက်လေသည်။

ဆန်းလျန်က ကျောက်စိမ်းပြားဖြင့် မိန်းမပျိုကို ပစ်ခတ်လိုခြင်းမရှိသလို မိန်းမပျိုကိုလည်း လက်ထပ်လိုခြင်း မရှိပေ။ သူက

ရိုးရှင်းစွာပင် ကျောက်စိမ်းပြားအား မိန်းမပျိုကို ပေးခိုင်းလိုက်ခြင်း ဖြစ်လေသည်။

ထိုကျောက်စိမ်းပြားကိုအသုံးပြုကာ မိန်းမပျို ဆောက်လုပ်ချင်သည့် တာအိုကျောင်းတော်တစ်ခု ချင်းရှတောင်ပေါ်တွင် ဆောက်လုပ်နိုင်မည် ဖြစ်လေသည်။

ကူးဝေဝေမှာ ကျောက်စိမ်းပြားကိုပေးရန် အနည်းငယ် တွန့်ဆုတ်နေမိလေသည်။ သို့သော်... သူမက ဆန်းလျန် အကြောင်းကို ကောင်းကောင်းသိလေသည်။ ဆန်းလျန်သည် အကြောင်းမရှိဘဲ အခြားသူများအပေါ်တွင် စိတ်ကောင်း စေတနာ ထားတတ်သူတစ်ယောက် မဟုတ်ပေ။ ဆန်းလျန်တွင် အကြံအစည်တစ်ခုခု ရှိဟန်ပေါ်လေသည်။

ကူးဝေဝေမှာ အနည်းငယ် စိတ်တိုလွယ်သော်လည်း အခြေအနေကို နားလည်သူဖြစ်လေရာ ဆန်းလျန်၏စကားကို ခေါင်းညိတ်သဘောတူလိုက်သည်။

သို့သော်… မိန်းမပျိုကတော့ သဘောတူခြင်း မရှိပေ။

မိန်းမပျိုက အနည်းငယ် စိတ်ဆိုးဒေါသထွက်သွားဟန်ဖြင့်…

"ကျွန်မက သခင်လေးပေးတာကို လိုချင်တာမဟုတ်ဘူး…"

ကူးဝေဝေက…

"ဒါဖြင့်လည်း မင်းရဲ့စည်းကမ်းအတိုင်းပဲလုပ်ပေါ့…"

ပြောပြီးသည်နှင့် သူမက လည်ပင်းတွင်ဆွဲထားသည့်

ကျောက်စိမ်းပြားကို အသာချွတ်လိုက်ကာ မိန်းမပျိုရှေ့သို့

အသာအယာ ပစ်ချပေးလိုက်လေသည်။

ထိုအချိန်မှာပင်… ထူးဆန်းလွန်းသည့်အဖြစ်အပျက်တစ်ခု ဖြစ်

ပျက်သွားလေတော့သည်။

အခြားသူများပစ်ပေးနေကြသည့် ရွှေစေ ၊ ငွေစများသည်

မိန်းမပျို၏ အကျီစကိုပင် တစ်ချက်ထိခတ်မိခြင်း မရှိပေ။

သို့သော်… ကူးဝေဝေပစ်လိုက်သည့် ကျောက်စိမ်းပြားလေး

ကတော့ မိန်းမပျိုကို မထင်မှတ်စွာပင် သွားရောက်ထိမှန် လေတော့သည်။

မိန်းမပျိုမှာ တစ်ချက်တုန်လှုပ်သွားပြီး ကျောက်စိမ်းပြားလေးကို ကမန်းကတန်းပင် ဖမ်းယူလိုက်လေသည်။

ကူးဝေဝေက ကျောက်စိမ်းပြားကို မိန်းမပျိုရှေ့သို့ ပစ်ချပြီးသည်နှင့် ဆန်းလျန်နှင့်အတူ ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။ သို့သော်... သူမ ပစ်လိုက်သည့် ကျောက်စိမ်းပြားလေးသည် မိန်းမပျိုကို ထိမှန်သွားလိမ့်မည်ဟု လုံးဝမျှော်လင့်မထားမိလေရာ ကူးဝေဝေမှာလည်း အံ့သြမှင်တက်သွားရသည်။

မိန်းမပျိုက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မိုးကောင်းကင်ရဲ့ ဆန္ဒပဲ ဖြစ်မယ်ထင်ပါရဲ့ ၊ အခုအချိန်ကစပြီး ကျွန်မကို မမက ပိုင်သွားပါပြီ..."

ကူးဝေဝေက ကမန်းကတန်းပင် လက်ကာပြလိုက်ပြီး...

"မဟုတ်ဘူး ၊ မဟုတ်ဘူး ၊ မဟုတ်ဘူး ၊ ငါက တမင်ရည်ရွယ်ပြီး လုပ်တာမဟုတ်ပါဘူး..."

မိန်းမပျို၏မျက်နှာထက်တွင် ဝမ်းနည်းသည့်အရိပ်အယောင်များ ချက်ချင်းထင်ဟပ်သွားလေသည်။

သို့သော်... သူမက ချက်ချင်းပင် ပြုံးလိုက်ပြီး...

"မမ တမင်ထိအောင်ပစ်လိုက်တာ သေချာပါတယ် ၊ မမက မိန်းကလေးချင်း သဘောကျတဲ့သူ မဟုတ်လား..."

မိန်းမပျို၏ စကားကြောင့် ကူးဝေဝေမှာ ရှက်သွားလေသည်။

ကူးဝေဝေက...

"နင့်ကိုငါက ဘာကိစ္စသဘောကျရမှာလဲ ၊ အဲဒီတော့ နင့်အလုပ်နင်ဆက်လုပ်ပါ ၊ အားလျှန်... ငါတို့သွားကြရ အောင်..."

သူမက အဘယ့်ကြောင့် မိန်းကလေးအချင်းချင်း သဘောကျရပါမည်နည်း။ သူမ၏ စိတ်ကို မိုးကောင်းကင်က အသိဆုံးဖြစ်

လေသည်။ သူမ တကယ်တမ်းချစ်မိသူမှာ လောကတွင်
သူမ၏အားလျှန်တစ်ယောက်သာရှိလေသည်။
ထိုမိန်းကလေးကိုသာ လက်ထပ်ရမည်ဆိုပါလျှင် သူမ အချစ်
ကြီးချစ်ရပါသော အားလျှန်နှင့် အဝေးကြီးဝေးရပေလိမ့် မည်။
ထိုကိစ္စသည် အဘယ်သို့ ဖြစ်နိုင်ပါမည်နည်း။

အခန်း (၇၆၀) အတိတ်ကိုသတိမရသေးသောကြောင့်
ကူးဝေဝေက မိန်းမပျိုကို အရေးမစိုက်တော့ဘဲ ဆန်းလျှ
န်၏လက်ကိုဆွဲကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော်... မိန်းမပျိုကို လည်ပြန်လှည့်ကြည့်မိသည့်အခါတွင် တော့ ကူးဝေဝေ အနည်းငယ် တုန်လှုပ်သွားမိလေ သည်။ အဘယ်ကြောင့်ဆိုသော် မိန်းမပျို၏မျက်ဝန်းများသည် သာမန် လူသားတစ်ယောက်နှင့် မတူညီစွာ လင်းလက်တောက်ပနေပြီး ထိုသို့သော မျက်ဝန်းမျိုးကို သူမ၏ဘဝတွင် တစ်ခါမှ မမြင်ဖူး ခဲ့ပေ။

မိန်းမပျို၏ မျက်ဝန်းများထဲတွင် ပျော်ရွှင်မှု ၊ ဒေါသထွက်မှု ၊ ဝမ်းနည်းမှုနှင့် ကြောက်ရွံ့မှုများဖြင့် ပြည့်နက်နေလေ သည်။ ထို့ပြင်... နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာတွင်ခံစားနေရ သည့် စိတ်ရှုတ်ထွေးမှုများကိုလည်း မျက်ဝန်းများထဲတွင် တွေ့ မြင်နေရလေသည်။

ပတ်ဝန်းကျင်တွင် လူအများ၏ ဆူညံသံများထွက်ပေါ်နေလေ သည်။

သို့သော်… ဆူညံသံများသည် မပြောင်းလဲဘဲ

တစ်သမတ်တည်း ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

ကူးဝေဝေမှာလည်း ဆူညံနေသည့် ပတ်ဝန်းကျင်ကို သတိပြု

လိုက်မိလေသည်။ သို့သော်… ဆူညံသံများသည် မပြောင်းမလဲ

တစ်သမတ်တည်း ရှိနေသည်ကို သူမ ခံစားလိုက်မိလေသည်။

ထိုခံစားချက်က မည်သို့သော ခံစားချက်မျိုးကြီးလဲ။

အချိန်သည် ရုတ်တရက် ရပ်တန့်သွားလေသည်။ ယခု ခဏ

တာမျှသည့် အချိန်ကလေးသာ မပြောင်းလဲဘဲတည်ရှိ နေလေ

သည်။

ကူးဝေဝေမှာ အသိစိတ်ရှိနေသေးသော်လည်း သူမ၏

ခန္ဓာကိုယ်ကတော့ လုံးဝ လှုပ်ရှား၍ မရတော့ပေ။ တစ်ချိန်

တည်းမှာပင် သူမသည် လက်ရှိလောကမဟုတ်သည့် အခြား

သော လောကတစ်ခုတွင် ရောက်ရှိနေသည့် အလား ခံစားလိုက်

ရပြီး ထိုခံစားချက်က အလွန်မှ စိတ်မသက်မသာ ဖြစ်စေလေသည်။

သို့သော်... ဆန်းလျန်နှင့် မိန်းမပျိုကတော့ ထူးဆန်းသည့် အခြေအနေ၏ သက်ရောက်ခြင်းကို ခံရဟန် မရှိပေ။ သူမတို့ (၂)ယောက်ကတော့ လွတ်လပ်စွာ လှုပ်ရှားပြောဆို နိုင်ကြလေသည်။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်တို့ တစ်ယောက်နဲ့တစ်ယောက် သိနေကြတာလား..."

ဆန်းလျန်နှင့် တစ်ချိန်တည်းမှာပင် မိန်းမပျိုကလည်း မေးလိုက်လေသည်။

"ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် သိနေကြတာလား..."

ဆန်းလျန်က...

"မင်းရဲ့နာမည်ကဘာယ်လိုခေါ်လဲ..."

တစ်ပြိုင်နက်ထဲမှာပင် မိန်းမပျိုကလည်း...

"ရှင့်ရဲ့နာမည်ကဘယ်လိုခေါ်လဲ..."

ပြောပြီးသည်နှင့် သူတို့ (၂)ယောက်လုံး ရယ်မောလိုက်မိကြလေသည်။

သို့သော်... မိန်းမပျိုသည် ရယ်မောနေရင်းဖြင့်ပင် မျက်ရည်များကျလာကာ ငိုကြွေးလျှက်လည်း ရှိလေ၏။ သူမ၏ မျက်ဝန်းဆီမှ မျက်ရည်များသည် မရပ်မနားပင် ကျဆင်းလျှက်ရှိလေသည်။

မိန်းမပျိုက...

"ကျွန်မ ဒီလောကကိုရောက်လာရတဲ့အကြောင်းက ချင်းရှတောင်ပေါ်မှာ တာအိုကျောင်းတော်တစ်ခု ဆောက်လုပ်ဖို့ ရယ် ၊ ပြီးတော့ လူတစ်ယောက်ကိုရှာဖို့ရယ်ပဲ... ၊ ရှင်ကရော..."

ဆန်းလျန်က...

"ကျုပ်ကတော့ ဒီလောကကို ဘာလို့ရောက်လာမှန်းတောင် မသိပါဘူး ၊ ဘာဖြစ်ချင်မှန်းလည်း နားမလည်ဘူး..."

မိန်းမပျိုက...

"ဒါဖြင့် ရှင် ကျွန်မနဲ့ အတူနေပါလားဟင်၊ ကြည့်ရတာ ကျွန်မ ရှာဖွေနေတဲ့သူက ရှင်ဖြစ်ဖို့များတယ်..."

ထိုစကားကို ပြောလိုက်သည့်အချိန်တွင် သူမ၏ မျက်ဝန်းများ ထဲတွင် မျှော်လင့်ချက်များဖြင့် ပြည့်နေလေသည်။

ထို့ပြင် သူမ၏မျက်နှာထွက်တွင် စိတ်သက်သာရာရခြင်းနှင့် စိတ်ရှုတ်ထွေးခြင်းများလည်း ရောထွေးလျှက်ရှိ လေသည်။

သူမရှာဖွေနေသူကို တွေ့ရှိရပြီဟု ထင်မှတ်နေသည့်တိုင် အနည်းငယ်နောင်တရနေဟန်ရှိပြီး အနည်းငယ်လည်း ပျောက်ဆုံးနေဟန် ရှိလေသည်။

ဆန်းလျန်ကတစ်ချက်စဉ်းစားလိုက်ပြီး...

"မဖြစ်ဘူး..."

ဆန်းလျန်၏ စကားကြောင့် မိန်းမပျိုက စိတ်ပျက်သွားဟန် ဖြင့်...

"ရှင်လည်းသိပါတယ်၊ ကျွန်မတို့က သာမန်လူတွေမဟုတ်ဘူး၊ နတ်ဘုရားတွေလေ၊ ဘာလို့ ကျွန်မတို့ အတူတူနေလို့ မဖြစ်ရမှာလဲ..."

ဆန်းလျန်က...

"မင်းမှားနေပြီ... ကျုပ်တို့က မတူပါဘူး..."

မိန်းမပျိုက ခေါင်းကိုအနည်းငယ်မော့လိုက်ပြီး နူးညံ့တိုးတိတ်သည့်လေသံဖြင့်...

"ကျွန်မတို့က ဘာတွေများ မတူလို့လဲ..."

ဆန်းလျန်က မိန်းမပျိုကို တစ်ချက်စိုက်ကြည့်လိုက်လေသည်။ သူ၏မျက်ဝန်းထဲတွင် အဆုံးမရှိသည့်အကြင်နာတရားများနှင့် ဝမ်းနည်းကြေကွဲခြင်းများ ဖြတ်သန်းသွားလေသည်။

ဆန်းလျန်က...

"ဘာလို့ မင်းနဲ့ကျုပ်နဲ့ မတူဘူးလို့ ပြောရသလဲဆိုတော့ မင်း ဒီလောကကိုရောက်လာတာ လုပ်စရာ အလုပ် (၂)ခုပဲ ရှိတယ်၊

တစ်ခုက ချင်းရှတောင်မှာ တာအိုကျောင်းတော်ဆောက်လုပ်ဖို့ ၊ နောက်တစ်ခုက လူတစ်ယောက်ကို ရှာဖို့ ၊ အဲဒီ ကိစ္စ (၂)ခုသာ ပြီးသွားရင် မင်း ဒီလောကမှာ ဆက်နေဦးမှာလား..."

မိန်းမပျိုက...

"အဲဒီကိစ္စတွေပြီးသွားရင်တော့ ဆက်နေမလား ၊ မနေဘူးလား မသေချာသေးဘူး..."

ဆန်းလျန်က...

"ဒါဆိုမင်းက တာဝန်တစ်ခုကြောင့် ဒီလောကကို ရောက်လာတာပဲ ၊ အစစ်အမှန်မဟုတ်ဘူး..."

မိန်းမပျိုက...

"ရှင်ပြောနေတာတွေ ကျွန်မနားမလည်ဘူး ၊ ကျွန်မက တာဝန်တစ်ခုကြောင့် ဒီလောကကို ရောက်လာတာ မဟုတ်ပါဘူး ၊ ကျွန်မက လွတ်လပ်တဲ့ နတ်ဘုရားတစ်ပါးပါ ၊ ကျွန်မ မသိတဲ့ အရာ လောကမှာ ဘာမှ မရှိဘူး..."

ဆန်းလျန်က...

"ဒါဖြင့် မင်းဗုဒ္ဓကျမ်းစာတွေကိုရော နားလည်သလား..."

မိန်းမပျိုက...

"ကျွန်မ မသိတဲ့ ဗုဒ္ဓစာပေဆိုလို့ တစ်ခုနှစ်ခုလောက်ပဲ ရှိတယ်..."

"မသိတာတစ်ခုနှစ်ခုလောက်ပဲရှိတယ်" ဆိုလေတော့ အတော်များများကို သိရှိနေဟန်ရှိလေ၏။

ဗုဒ္ဓကျမ်းစာများဆိုသည်က နက်ရှိုင်းလေရာ မိန်းမပျိုသည် ဗုဒ္ဓစာပေများကိုပင် ဖတ်ရှုမှတ်သားဖူးသည်ဆိုလျှင်တော့ သူမ၏ အသိပညာ မည်မျှနက်ရှိုင်းသည်ကို ပြသနေလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်ကတော့ ဗုဒ္ဓကျမ်းစာတွေကို ငယ်ငယ်ကတည်းက ဖတ်ခဲ့တာ..."

မိန်းကလေးက ရယ်မောလိုက်ရင်း...

"တိုက်ဆိုင်လိုက်တာ ၊ ကျွန်မလည်း ဗုဒ္ဓကျမ်းစာတွေကို ငယ်ငယ်ကတည်းက ဖတ်ခဲ့တာပဲ..."

ဆန်းလျန်က မိန်းမပျိုကို ကြည့်ရင်း တစ်ချက်ပြုံးလိုက်လေသည်။

ဆန်းလျန်၏ အပြုံးသည် လောကတစ်ခုလုံးကိုပင် ပြောင်းပြန်လန်သွားစေသည့်အလား မိန်းမပျို၏ နှလုံးသားထဲတွင် လှိုင်းထန်သွားရလေသည်။ သို့သော်... သူမက ချက်ချင်းပင် ပြန်လည်တည်ငြိမ်အောင်ကြိုးစား လိုက်နိုင်သည်။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"ကျုပ်တို့(၂)ယောက် တူတာတွေများလိုက်တာလို့ မင်းတွေးကောင်းတွေးလိမ့်မယ် ၊ ဒါပေမဲ့ တကယ်တမ်းမှာ မတူပါဘူး ၊ ကျုပ် ထပ်ပြောပြမယ် ၊ မင်းက ဒီလောကကို တာဝန်တစ်ခုကြောင့်ရောက်လာတာသာ မကဘူး ၊ မင်းက ဖန်ဆင်းခံထားရတဲ့ ပုံရိပ်ယောင်တစ်ခုပဲ..."

ဆန်းလျန်စကားကြောင့် မိန်းမပျိုမှာ ကြက်သေသေသွားရလေသည်။

ဖန်ဆင်းခံပုံရိပ်ယောင်ဆိုသည့်အဓိပ္ပါယ်ကို မိန်းမပျို ကောင်းကောင်းသိလေသည်။ ပုံရိပ်ယောင်ကိုယ်ပွားများသည် အလိုအလျှောက်တုံ့ပြန်နိုင်စွမ်း ရှိကြလေသည်။

ဥပမာပြောရမည်ဆိုလျှင် - ကွမ်ရင်မယ်တော် ကိုယ်ခွဲပေါင်း (၃၃)ခု ဖန်ဆင်းခြင်းမျိုးကဲ့သို့ ဖြစ်လေသည်။ ထိုကိုယ်ခွဲများမှာ ဘုရင်များ ၊ စစ်ဗိုလ်ချုပ်များ ၊ မိန်းမပျိုများ၏ အသွင်သဏ္ဍာန်များဖြစ်လေသည်။ ဘုရင်နှင့်မှ တရားရမည့်သူကို ဘုရင်ပုံစံဖြင့် ၊ စစ်ဗိုလ်ချုပ်နှင့်မှ တရားရမည့်သူကို စစ်ဗိုလ်ချုပ်ပုံစံဖြင့် ၊ မိန်းမပျိုနှင့်မှ တရားရမည့်သူကို မိန်းမပျို ပုံစံဖြင့် ပေါ်လာပြီး တရားပြလေ့ရှိလေသည်။

သင်သည် မည်သို့သောလူမျိုးဖြစ်ပါစေ သင်ကဲ့သို့သောပုံစံမျိုး ဖြင့် သင့်ရှေ့တွင်ပေါ်လာပြီး သင့်ကို စကားပြောမည် ဖြစ်လေ သည်။

ထို့ကြောင့် ဖန်ဆင်းခံထားရသည့်ပုံရိပ်ယောင်များသည် ရုပ် ခန္ဓာပုံပန်းသဏ္ဍာန်ကိုကြည့်မည်ဆိုလျှင် သက်ရှိ တစ်ယောက် နှင့် ခွဲခြားမရအောင်တူညီပြီး ပြောဆိုမှုတိုင်းကိုလည်း တုံ့ပြန် နိုင်စွမ်း ရှိလေသည်။ အခြေအနေအလိုက် လည်းအသွင်သဏ္ဍာ န်ပြောင်းလဲနေနိုင်သလို လောကနှင့်လိုက်လျောညီထွေလည်း နေထိုင်နိုင်လေသည်။

ယခု ဆန်းလျန်ရှေ့မှ မိန်းမပျိုကတော့ ကွမ်ယင်မယ်တော် ကဲ့သို့ များပြားလှစွာသည့် အသွင်သဏ္ဍာန်များဖြင့် ကိုယ်ခွဲများ ဖန်ဆင်းထားခြင်းတော့ မဟုတ်ပေ။ သူမသည် နတ်ဘုရား တစ်ပါးမှ ရောင်ပြန်ဟပ်ထားသည့် ပုံရိပ်ယောင်ကိုယ်ပွားတစ်ခု ဖြစ်လေသည်။

သူမက လူတစ်ယောက်ကို ရှာဖွေရန် ဤလောကသို့ ရောက်ရှိလာသည်ဟု ဆိုလေသည်။ ထိုသူမှာလည်း ဆန်းလျန် ဖြစ်နိုင်ချေရှိလေသည်။

ဆန်းလျန်သာ သူမပြောသည့်စကားအတိုင်းလက်ခံပြီး ချင်းရှုတောင်တွင် တာအိုကျောင်းတော်ဆောက်လုပ်ကာ သူမနှင့်အတူတကွ နေထိုင်မည်ဆိုပါက သူမ၏ တာဝန်သည် ပြီးဆုံးပြီဖြစ်လေသည်။ သူမ၏တာဝန်ပြီးဆုံးသွားပါက အဖြစ်အပျက်အားလုံးက အဆုံးသတ်သွားမည် ဖြစ်လေသည်။

သို့သော်... မိန်းမပျိုကိုဖန်ဆင်းထားသူ နတ်ဘုရားအစစ်အမှန်ကတော့ ဆန်းလျန်နှင့်ပတ်သက်မည် မဟုတ်ပေ။ သူတို့(၂)ယောက်ကတော့ ကိုယ့်လမ်းကိုယ် လျှောက်ကြမည်သာ ဖြစ်လေသည်။

ထိုသို့ပြုလုပ်ရာတွင် မည်သို့သော အကျိုးအမြတ်ရှိမည်ကို ဆန်းလျန်က သိရှိထားပြီးသား ဖြစ်လေသည်။

ပုံရိပ်ယောင်ကိုယ်ပွားက ထမ်းဆောင်ရမည့်တာဝန်များပြီးဆုံး

သွားသည်နှင့် မိန်းမပျိုကို ဖန်ဆင်းသည့် နတ်ဘုရား

အစစ်အမှန် ရင်ဆိုင်နေရသည့် အခက်အခဲများလည်း ဖယ်ရှား

ပြီးသား ဖြစ်သွားပေလိမ့်မည်။

ဆန်းလျန်ဘက်မှ ကြည့်မည်ဆိုလျှင်လည်း အရှုံးမရှိနိုင်ပေ။

ပထမဆုံးအနေဖြင့် မိန်းမလှလေးတစ်ယောက်နှင့် အတူနေရ

မည် ဖြစ်လေသည်။

ဒုတိယအနေဖြင့် တာဝန်ပြီးဆုံးသွားသည့်အခါ မိန်းမပျိုသည်

ဤလောကမှ ပျောက်ကွယ်သွားပေလိမ့်မည်။ မည်သည့်နည်း

နှင့်မှ ဆက်လက်တည်ရှိနိုင်မည် မဟုတ်တော့ပေ။ ထိုအခါ

ဆန်းလျန်သည်လည်း သူ၏ ဂိုဏ်းတူအစ်မနှင့် ပြန်လည်

နေထိုင်နိုင်မည်ဖြစ်ပြီး မိန်းမပျိုကို ဖန်ဆင်းသူ နတ်ဘုရားသည်

လည်း သူနှင့် အရှုပ်အရှင်း ဖြစ်လာစရာ အကြောင်းမရှိပေ။

မိန်းမပျို၏ သဘောအတိုင်းသာ ဖြည့်ဆည်းပေးလိုက်လျှင် ဆန်းလျန်အနေဖြင့် ကျင့်ကြံခြင်းအဆင့်များပင် အနည်းငယ် မြင့်တက်သွားနိုင်ပြီး အတိတ်မေ့နေသည့် ပြဿနာကိုပင် ဖြေရှင်းကောင်း ဖြေရှင်းနိုင်မည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်က သူမကို ငြင်းခဲ့လေသည်။

သူ့အတွက် ငြင်းရသည့်အကြောင်းရင်း (၂)ခု ရှိလေ၏။

ပထမအချက်မှာ သူက မိန်းမပျို၏ဆန္ဒအတိုင်းသဘောတူလိုက်လျှင် ကူးဝေဝေ စိတ်ထိခိုက်သွားပေလိမ့်မည်။

နောက်ပိုင်းတွင် အေးအေးဆေးဆေးရှင်းပြလျှင် ကူးဝေဝေက နားလည်လက်ခံမည်ဖြစ်သော်လည်း အစ်မဖြစ်သူကို စိတ်ထိခိုက်အောင် ဆန်းလျန် မပြုလုပ်ချင်ပေ။

ဒုတိယအချက်မှာ ဆန်းလျန်ကိုယ်တိုင်က အသုံးချခံတစ်ယောက် မဖြစ်ချင်သောကြောင့်ပင်။ အထူးဖြင့် သူ၏ အတိတ်

ကို ပြန်လည် သတိမရသေးသည့်အချိန်တွင် ရှုတ်ရှုတ်ယှက်ယှက် ပတ်သက်မှုများကို ပြုလုပ်လိုခြင်း မရှိပေ။

ရလဒ်သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အတိတ်ကို ရှင်းရှင်းလင်းလင်း ပြန်လည်သိရှိအောင် အရင်ကြိုးစားရဦးမည်။ သို့မှသာ သူ့အနေဖြင့် နောင်တမရှိဘဲ ရှင်သန်နိုင်မည်ဖြစ်လေသည်။

မိန်းမပျိုက အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"ရှင်မှန်တယ်ဆိုရင်လည်း ဘာဖြစ်သလဲ၊ ကျွန်မကတော့ လုပ်သင့်တဲ့အလုပ်ကို ဖြစ်အောင်လုပ်ရမှာပဲ..."

သူမ ဤလောကသို့ ရောက်လာရသည်မှာ အလုပ်(၂)ခုပြုလုပ်ရန်သာ ဖြစ်လေသည်။ ထိုအလုပ် (၂)ခုထက် မည်သည့်အရာမှ အရေးမကြီးပေ။ အခြားသောကိစ္စများကို သူမ စိတ်ပူမည်မဟုတ်ပေ။

ဆန်းလျန်က...

"မင်းဘက်ကကြည့်ရင်လည်း မှန်သလို ကျုပ်ဘက်က ကြည့်ရင်လည်း မမှားပါဘူး..."

မိန်းမပျိုက...

"ရှင် ကျွန်မရဲ့ ဆန္ဒကို ဘာလို့သဘောမတူရတာလဲဆိုတာ ကျွန်မသိပါတယ်၊ ဒီမမက ကျွန်မကို ကျောက်စိမ်းပြားနဲ့ပစ်ပြီး ပဋိညာဉ်ချိုးဖျက်ခဲ့တယ်၊ ပြီးတော့ ကျွန်မကို ခေါ်မသွားချင်ဘူး၊ ရှင်ကလည်း ကျွန်မ ဆန္ဒကို မလိုက်လျောနိုင်ဘူး၊ ပဋိညာဉ်ကျိုးပျက်သွားပြီး သဘောတူညီမှုသာ ကျဆုံးခဲ့ရင် ကျွန်မက သဘာဝတရားရဲ့ အပြစ်ပေးတာကို ခံရလိမ့်မယ်၊ ကျွန်မရဲ့ ဖြစ်တည်မှု ပျက်စီးရလိမ့်မယ်၊ အားလုံးက ဒီမမကြောင့် ဖြစ်ရတာ၊ အဲဒီတော့ သူဖြေရှင်းမှပဲ ရလိမ့်မယ်..."

စကားဆုံးသွားသည်နှင့် မိန်းမပျိုက ကူးဝေဝေရှိရာသို့ လမ်းလျှောက်လာလေသည်။ ခြေလှမ်းတိုင်းက ကြာပွင့်လေးများအလား လှပလွန်းလှပါပေသည်။

ဖန်ဆင်းခံပုံရိပ်ယောင်တစ်ခုသည်ပင် ထိုမျှလှုပနေလျှင် နတ်ဘုရားအစစ်သည် မည်မျှ လှပလိုက်ပါမည်နည်း။

ထို့နောက် သူမ၏ ဦးခေါင်းနောက်မှ ရောင်စဉ် (၉)ခု ဖြာထွက်လာလေသည်။ ထိုအလင်းတန်းများသည် လူသားများအားလုံးကို ကြောက်ရွံ့ထိတ်လန့်သွားစေရန် လုံလောက်လေသည်။

အခန်း (၇၆၁) အချစ်နှင့်နှောင်ကြိုးများကပင်ပန်းလွန်းလေသည်

မိန်းမပျို သူမထံသို့ တစ်လှမ်းချင်းလှမ်းလာနေသည်ကို ကူးဝေဝေက စိုက်ကြည့်နေလေသည်။

ဆန်းလျန်ရှိနေသည့်အတွက် သူမ ကြောက်ရွံ့ခြင်းတော့ မဖြစ်

မိပေ။ ဆန်းလျန်က သူမကို ကာကွယ်ပေးမည်ပဲ ဖြစ်လေ

သည်။

ဆန်းလျန်က အခြေအနေကို အေးအေးဆေးဆေးပင် ကြည့်နေ

လေသည်။ သူ့အဆင့်ဖြင့်ဆိုလျှင် ကူးဝေဝေကို ကာကွယ်ပေး

ရန် မခက်ပေ။ သို့သော်... မိန်းမပျိုကို ကူးဝေဝေ၏ ကိုယ်ပိုင်

စွမ်းအားနှင့် နှိမ်နင်းနိုင်သည်ကို ဆန်းလျန်က သိရှိထားလေ

သည်။

မိန်းမပျိုသည် ကူးဝေဝေနှင့် ခြေတစ်လှမ်းအကွာသို့ ရောက်ရှိ

လာပြီ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်က မိန်းမပျိုကို တိုက်ခိုက်ခြင်း

အလျဉ်းမရှိသေးပေ။ သူက လက်နှစ်ဖက်ကို နောက်ပစ်ကာ

အခြေအနေကို အေးအေးဆေးဆေးပင် ကြည့်နေလေသည်။

ရုတ်တရက်...

မိန်းမပျိုက ခြေလှမ်းများ ရပ်တန့်လိုက်လေသည်။

သူမ၏ဦးခေါင်းနောက်မှ ရောင်စဉ် (၉)ခု ပေါင်းစည်းသွားပြီး

လှပသည့် ရောင်စုံကြာပန်းတစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေ

သည်။

မိန်းမပျို၏ မျက်ဝန်းများက ကူးဝေဝေ၏ ဘယ်ဘက်ခါးနား

ဆီသို့ စူးစိုက်ကြည့်နေလေသည်။ ထိုနေရာတွင် သားရေအိတ်

တစ်အိတ် ချိတ်ဆွဲထားလေသည်။

မိန်းမပျိုက ထိုသားရေအိတ်ကို လက်ညိုးညွှန်ပြလိုက်ရင်း...

"အဲဒီ အိတ်ထဲမှာ ဘာရှိလဲ..."

မိန်းမပျိုမေးလိုက်သည်နှင့် ကူးဝေဝေက ချက်ချင်းပင်

စကားပြော၍ရလာလေသည်။

သူမက မိန်းမပျိုကို အနည်းငယ် ကြောက်ရွံ့နေသည့်တိုင်

အားတင်းပြီး ပြန်ဖြေလိုက်လေသည်။

"ငါ ဟင်းချက်ရင်သုံးတဲ့ ဓားကျိုး ထည့်ထားတာ..."

မိန်းမပျိုက သားရေအိတ်ငယ်ကို စိုက်ကြည့်နေဆဲ ဖြစ်လေ

သည်။

သူမသည် အနည်းငယ်ပျောက်ဆုံးနေပုံရပြီး သူမ၏

လက်ချောင်းလေးများဖြင့် ထိုအိတ်ကို အသာထိကိုင်ကြည့်

လိုက် လေသည်။

ရုတ်တရက်...

သားရေအိတ်ထဲမှ အဖြူရောင်အလင်းတန်းတစ်ခုထွက်

ပေါ်လာပြီး ကျောက်စိမ်းသားအလား ကြည်လင်လွန်းလှ သည့်

မိန်းမပျို၏ လက်ချောင်းလေးဆီမှ သွေးစက်များ စီးကျလာ

လေသည်။

ကူးဝေဝေသည် မိန်းမပျိုကို သိပ်ပြီးမနှစ်သက်လှသည့်တိုင်

သူမ၏ လှပလွန်းသည့်လက်ချောင်းလေး ဓားဒဏ်ရာ ကြောင့်

ပြတ်ရှသွားသည်ကို တွေ့လိုက်ရသည့်အခါ စိတ်ပူသွားမိလေ

သည်။

ကူးဝေဝေက...

"နင်ဘာမှမဖြစ်ပါဘူးနော်..."

မေးလိုက်ပြီးသည်နှင့် သူမသည် ယခင်ကအတိုင်း လုံးဝ

လှုပ်ရှား၍ မရတော့ပြန်သည်ကို ချက်ချင်းသဘောပေါက် သွား

ရလေသည်။

မိန်းမပျိုက သွေးထွက်နေသည့် သူမ၏ လက်ချောင်းလေးကို

ပါးစပ်ဖြင့် စုပ်လိုက်လေသည်။

သူမ၏ ဖူးငုံနေသည့် ပန်းနုရောင် နှုတ်ခမ်းအစုံဖြင့်

လက်ချောင်းလေးကို အငမ်းမရစုပ်နေသည်ကိုကြည့်ပြီး

မိန်းကလေးဖြစ်သည့် ကူးဝေဝေပင်လျှင် ရှက်လာမိလေသည်။

ကူးဝေဝေက ဆန်းလျန်မည်သို့အခြေအနေရှိသည်ကို တစ်

ချက်ခိုးကြည့်လိုက်တော့ ဆန်းလျန်က ပုံမှန်အတိုင်း အေးဆေး

တည်ငြိမ်နေဆဲပင်။ ဆန်းလျန်အတွေးထဲတွင် မည်သို့ရှိမည်ကို

တော့ ကူးဝေဝေ မခန့်မှန်းနိုင်ပေ။

ခဏအကြာတွင်တော့ မိန်းမပျိုက လက်ချောင်းကို စုပ်နေခြင်း ကို ရပ်တန့်လိုက်လေသည်။

သူမက ကူးဝေဝေ၏ အမေးကို မဖြေဘဲ ဆန်းလျန်ကို လှမ်း ကြည့်လိုက်လေသည်။ သူမသည် ဆန်းလျန်နှင့် အလွန်နီးကပ် နေပြီး သူမ၏ မျက်ဝန်းများက တစ်လက်လက် တောက်ပနေ လေ၏။

ဆန်းလျန်က…

"အခုတော့ကျုပ်ရဲ့ ဂိုဏ်းတူအစ်မကို ဒုက္ခပေးလို့ မရဘူးဆိုတာ သိသွားပြီ မဟုတ်လား…"

မိန်းမပျိုက…

"ဒီမမက အဲဒီဓားကျိုးရဲ့ သခင်လား…"

သူမက ဗုဒ္ဓစာပေအတော်များများကိုပင် နားလည်တတ်ကျွမ်း သူဖြစ်လေရာ အမြင်အာရုံလည်း စူးရှထက်မြက်သူ ဖြစ်လေ သည်။

သူမက တစ်ချက်ကြည့်လိုက်ရုံဖြင့် ကူးဝေဝေက ဓားကျိုး၏ သခင်အစစ်အမှန်ဖြစ်သည်ကို ရိပ်မိထားလေသည်။ သို့သော် သူမက တမင်သက်သက် ဆန်းလျန်ကို မေးမြန်းလိုက်ခြင်း ဖြစ်ပါလေ၏။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ဟုတ်တယ်၊ အဲဒီဓားက ဓားကောင်းတစ်လက်ပဲ၊ ဒါကြောင့် မင်းနဲ့ကျုပ်နဲ့ဖြစ်တဲ့ ပြဿနာထဲမှာ ကျုပ်ရဲ့ ဂိုဏ်းတူအစ်မကို ဆွဲမထည့်ပါနဲ့..."

မိန်းမပျိုက ပြုံးလိုက်ရင်း....

"ကျွန်မက အစစ်အမှန်မဟုတ်တဲ့ ဖန်ဆင်းခံပုံရိပ်ယောင်တစ်ခု လို့ ရှင်က ပြောခဲ့တယ်နော်၊ ဒီတော့ ကျွန်မကလည်း ကျွန်မ ကိစ္စအောင်မြင်ဖို့အတွက် နောက်မဆုတ်နိုင်ဘူး၊ အစစ်အမှန် မဟုတ်တဲ့ ဖန်ဆင်းခံပုံရိပ်ယောင်တစ်ခုလိုပဲ ကျွန်မကလည်း လုပ်ရတော့မှာပေါ့..."

ထို့နောက် သူမက ဆန်းလျန်၏ အဖြေစကားကိုမစောင့်ဘဲ စကားဆက်ပြောလိုက်သည်။
"ကျွန်မရဲ့ သတ်ဖြတ်လိုတဲ့စိတ်က တစ်ချက်လှုပ်ရှားပြီးသွားပြီ ၊ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး ၊ ဒါကြောင့် နောက်တစ်ခါတော့ အလျှင်စလိုလုပ်မှာမဟုတ်တော့ဘူး ၊ ပြီးတော့ ဒီမမှာ အဲဒီ ဓားရှိနေသရွေ့ ကျွန်မ သူ့ကို နာကျင်အောင် လုပ်နိုင်မှာ မဟုတ်ဘူး ၊ ရှင်က ဘာတွေ စိတ်ပူနေတာလဲ..."
ဆန်းလျန်က....
"လောကမှာ မဖြစ်နိုင်တာ ဘာမှမရှိဘူး ၊ အဲဒီဓားက ဝိညာဉ်စွမ်းအားကောင်းလွန်းတဲ့ ဓားတစ်လက်ပဲ ၊ ဒါပေမဲ့ သက်မဲ့ ပစ္စည်းတစ်ခုလည်းဖြစ်တယ် ၊ ဒါကြောင့် အဲဒီဓားကို အနိုင်ယူနိုင်မယ့် နည်းလမ်း မင်းရှာတွေ့မသွားဘူးလို့ မပြောနိုင်ဘူးလေ ၊ ဒါကြောင့် ကျုပ်က စိတ်ပူနေရတာ..."
မိန်းမပျိုက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ရှင်က ကျွန်မရှာနေတဲ့လူ ဟုတ်ရောဟုတ်ရဲ့လား မသိပါဘူး ၊ ဘာလို့လဲဆိုတော့ ကျွန်မရှာနေတဲ့သူက ကျွန်မကို စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ဘူး ၊ အမြဲတမ်း စိတ်ချမ်းသာအောင်ထားတယ်...."

ထို့နောက် မိန်းမပျိုက ကူဝေဝေကို တစ်ချက်ကြည့်လိုက်ရင်း...

"နင် သူ့ကို တကယ်ချစ်တယ်ဆိုရင် သူ့ကို စွန့်လွှတ်လိုက်သင့်တယ် ၊ လူသားတွေရဲ့ သံယောဇဉ်နှောင်ကြိုးတွေနဲ့ သူ့ကို ရစ်ပတ်ချည်နှောင်ပြီး ဆွဲခေါ်မထားသင့်ဘူး..."

စကားဆုံးသွားသည်နှင့် သူမထံသို့ ပစ်ခတ်ထားကြသည့် ငွေကြေးများနှင့်အတူ မိန်းမပျိုသည် ပျောက်ကွယ်သွား လေတော့သည်။

ပတ်ဝန်းကျင်မှ လူအားလုံးမှာ နေ့ခင်းကြောင်တောင် မိန်းမပျို ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ကြရသည့်အခါ အံ့သြ ဆွံ့အသွားကြလေသည်။

လူအများစုက တောင်ပေါ်တစ္ဆေအခြောက်ခံရသည်ဟု ပြောဆို နေကြပြီး အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေကြစဉ်မှာပင် ဆန်း လျန်က ကူးဝေဝေကိုခေါ်ကာ လူအုပ်ကြားမှ တိတ်တဆိတ် ထွက်ခွာလာခဲ့ကြလေတော့သည်။

အိမ်အပြန်လမ်းတွင် ကူးဝေဝေက ဆန်းလျန်ကို ရုတ်တရက် မေးလိုက်လေသည်။

"အားလျန်… ငါက နင့်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေ သလားဟင်…"

ဆန်းလျန်က…

"အဲဒီမိန်းကလေးပြောတာတွေကို အစ်မစိတ်ထဲ ထားမနေနဲ့…"

ကူးဝေဝေက…

"တကယ်တော့ သူပြောတာလည်း မှန်ပါတယ်၊ တကယ်တမ်း တန်ခိုးစွမ်းအားမြင့်မားတဲ့သူတစ်ယောက်သာ ရောက်လာရင် ငါ့ကို အသုံးချပြီး နင့်ကို ခြိမ်းခြောက်တာမျိုးတွေ လုပ်လာနိုင်တယ်၊ အဲဒါဆိုရင် နင်ဟာ ငါ့ကြောင့် ဒုက္ခရောက်ရလိမ့်မယ် အားလျန်၊ နင့်ကို ဒုက္ခပေးမိတဲ့သူက ငါကိုယ်တိုင် ဖြစ်နေလိမ့်မယ်..."

ဆန်းလျန်က...

"အဲဒီတော့ အစ်မက အဲဒီမိန်းကလေးစကားတွေကို နားထောင်ပြီး ကျွန်တော့်ကို ထားသွားတော့မလို့ပေါ့လေ..."

ကူးဝေဝေက ခေါင်းတစ်ချက်ခါယမ်းလိုက်လေသည်။

သူမက တည်ကြည်သည့်မျက်နှာထားဖြင့်...

"အားလျန်... ငါကြိုးစားပြီး ကျင့်ကြံပါ့မယ်၊ ဒါမှ နောင်ကျရင် ငါလည်းနင့်လိုပဲ နတ်ဘုရားတစ်ပါးဖြစ်လာပြီး နင့်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်တော့မှာ..."

ကျင့်စဉ်လမ်းကိုလျှောက်လှမ်းသည့်အခါ ခိုင်မာသည့်စိတ်ထား ရှိရန်လိုအပ်လေသည်။

ခိုင်မာသည့်စိတ်ထားရှိမှသာ ကျင့်စဉ်လမ်းက မည်မျှပင် ရှည်လျားပါစေ နောက်ဆုံးတွင် ကျော်လွှားဖြတ်သန်းနိုင်မည် ဖြစ်လေသည်။

အမှန်တော့ ကူးဝေဝေနှင့် ဆန်းလျန်သည် အခြေခံအဆင့်တွင် သိပ်ပြီး ကွာခြားသူများ မဟုတ်ကြပေ။ သို့သော်... ကူးဝေဝေ ကျင့်စဉ်လမ်းတွင် ထင်သလောက် မအောင်မြင်ရသည့် အကြောင်းရင်းမှာ သူမတွင် ယုံကြည်ချက် ပျောက်ဆုံးနေခြင်း ကြောင့် ဖြစ်လေသည်။

သို့သော်... ယနေ့ အဖြစ်အပျက်နှင့် ကြုံတွေ့ပြီးသည့်နောက် ကူးဝေဝေက ခိုင်မာသည့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်ပြီ ဖြစ်လေသည်။ ဆုံးဖြတ်ချက်ချပြီးသည်နှင့် သူမသည် မဆုတ်မနစ် ကြိုးစားတော့မည် ဖြစ်လေသည်။

ကူးဝေဝေ၏ တည်ကြည်သည့်မျက်နှာထားကို လှမ်းကြည့်လိုက်ပြီး ဆန်းလျန်က ပြုံးလိုက်လေသည်။

"အဲဒီလိုနေ့မျိုးရောက်လာမှာပါ အစ်မရယ်...."

အစ်မဖြစ်သူကို နှစ်သိမ့်ရန်အတွက် ထိုသို့သောစကားမျိုးပြောလိုက်ရသည့်တိုင် ဆန်းလျန်ကတော့ ရင်ထဲတွင် ကျိတ်ပြီးသက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော်... စောစောက ရင်ဆိုင်ခဲ့ရသည့်မိန်းမပျိုမှာ သူနှင့် အလွန်ရင်းနှီးနေသလို ခံစားနေရသောကြောင့်ဖြစ်လေသည်။

တကယ်တမ်းတွင် ....

နတ်ဘုရားများဆိုသည်ကလည်း အချစ်နှင့်ကင်းနိုင်ကြသူများမဟုတ်ပေ။ ဆန်းလျန်ကိုယ်တိုင်သည်လည်း အချစ်နှင့် မကင်းသူတစ်ယောက် ဖြစ်လေသည်။

ထိုမိန်းကလေးသည် သူ၏ ချစ်ရသူတစ်ယောက်များလား....။

ဆန်းလျန်သည် ချစ်ခြင်းတရားနှင့်နှောင်ကြိုးများသည်

ပင်ပန်းလွန်းသည့်အလား ခံစားနေရလေတော့သည်။

"အချစ်ဟာ တရားရဖို့အနှောက်အယှက်တစ်ခုအလား

အတိတ်တစ်ချိန်က တွေးထင်ခဲ့ဖူးတယ်...

တောင်တွေဆီကိုရောက်တဲ့အခါ... လဲကျမှာကို ကြောက်ရွံ့စွာ

နဲ့...

တရားဓမ္မအောက်မှာပဲ

အန္တရယ်ကင်းကင်းနဲ့ ငြိမ်းချမ်းစွာ လောကကြီးကို ရှိစေချင်မိ

တယ်..."

ဆန်းလျန်၏ စိတ်ထဲတွင် ထိုကဗျာလေးကို သတိရလိုက်မိလေ

သည်။

လက်ရှိသူ့အခြေအနေသည် ထိုကဗျာလေးအလားပင်ဖြစ်လေ

သည်။

သူသည် လုံးလုံးလျားလျား အချစ်နွံတွင်နစ်ခဲ့ဖူးဟန် တူလေ

သည်။ သို့သော်… သူ့ကိုယ်သူ အချစ်နွံတွင်နစ်နေမှန်း မသိခဲ့ဘဲ

ချစ်ရသူကိုလည်း တန်ဖိုးထားခဲ့ပုံ မပေါ်ပေ။

တစ်ချိန်တည်းမှာပင်… သူသည် ကျင့်စဉ်လမ်းကိုသာ

အာရုံစိုက်နေမိခဲ့လေသည်။

ကျင့်စဉ်လမ်းဆိုသည်က အဆင့်မြင့်လာလေလေ ပျော်ရွှင်ခြင်း

ကင်းမဲ့ရလေလေ ဖြစ်လေသည်။ သူ့ရှေ့မှ သူတော်စင်များက

လည်း ထိုအချက်ကို အတည်ပြုထားခဲ့ကြလေသည်။ သူ့

အလှည့်တွင် အခြားသူများထက် အခြေအနေပိုမဆိုးစေရန်သာ

ကြိုးစားရမည် ဖြစ်လေသည်။

ထို့ပြင်… ထိုသို့သော အခြေအနေမျိုးတွင် အချစ်နှင့် ခံစား

ချက်များကိုပါ မေ့ပျောက်နေခဲ့ပါက သူသည် ဝိညာဉ်ရေးရာ

ပိုင်းတွင် တိုးတက်လာတော့မည် မဟုတ်ပေ။

သို့မဟုတ်… သူ မည်သည့်အရာကိုမှ လုပ်နိုင်စွမ်းမရှိတော့ဘဲ

လက်လျှော့ကောင်း လက်လျှော့ရပေမည်။

……….

ကျိုးယီတောင် ၊ ယွင်မုမြစ်ကမ်း….

လဝန်းက ကောင်းကင်ထက်တွင် ထိန်ထိန်သာနေလေသည်။

လမင်းထိန်ထိန်သာနေသည့်အတွက် ကြယ်စင်များက မှေးမှိန်

နေသယောင် ထင်ရလေသည်။ သို့သော်… ကောင်းကင်ထက်

တွင် ရွှေ့လျားနေသည့် ကြယ်တစ်စင်းကတော့ တောက်ပလင်း

လက်နေလေ၏။

"ဆရာ… အဲဒီကြယ်စင်က ဘာကြယ်စင်လဲ…"

ဟယ်ရှန်းက ဆန်းလျန်ကို မေးလိုက်လေသည်။

ဆန်းလျန်က နှင်းများဖုံးလွှမ်းနေသည့် ကျောက်ဆောင်တစ်ခု

ထက်တွင် ထိုင်နေလေသည်။ သူက ကောင်းကင်ထက်သို့ တစ်

ချက်မော့ကြည့်လိုက်ပြီး အတန်ကြာမှ ဟယ်ရှန်း၏ အမေးကို

အဖြေပြန်ပေးလိုက်လေ သည်။

"အဲဒီကြယ်စင်ကို ချန်ကန်းကြယ်စင်လို့ခေါ်တယ်..."

ဟယ်ရှန်းက...

"ဘာလို့ အဲဒီကြယ်စင်က အရမ်းတောက်ပနေရတာလဲ..."

ဆန်းလျန်က ချန်ကန်းကြယ်စင်ကို ထပ်မံမော့ကြည့်လိုက်လေသည်။

ထိုအခါ ... ကြယ်စင်ထက်မှ မိန်းမပျိုတစ်ယောက် ဆင်းသက်လာသည်ကို တွေ့လိုက်ရပြီး မျက်စိတစ်မှိတ်အတွင်း မှာပင် မိန်းမပျိုသည် ပြန်လည် ပျောက်ကွယ်သွားလေသည်။

"ချန်ကန်းကြယ်စင်ဆိုတာ တကယ်တော့ စစ်မှန်တဲ့ ကျင့်စဉ်လမ်းကို လျှောက်လှမ်းခဲ့တဲ့ နတ်ဘုရားတစ်ပါးက ဖန်ဆင်းထားတဲ့ နတ်ဘုရားနယ်မြေတစ်ခုပဲ၊ ဒါပေမဲ့ အဲဒီကြယ်စင်ကို အလှနတ်သမီးကြယ်စင်လို့လည်း ခေါ်တယ်၊ ဘာလို့လည်းဆိုတော့ အဲဒီကြယ်စင်ထဲမှာ အလှနတ်သမီး နေထိုင်လို့ပဲ..."

....

ထိုအချိန်မှာပင်...

စီးဆင်းနေသည့် မြစ်တစ်စင်းအလယ်တွင် လှေငယ်တစ်စင်း ရှိနေလေသည်။

လှေထဲတွင်တော့ မယ်တော်ဝမ်မူနှင့် လွိုလော် ထိုင်နေကြလေ၏။

မယ်တော်ဝမ်မူက...

"အလှနတ်သမီးဆိုတာ အားလော်ဟယ်ဖန်ဆင်းထားတဲ့ နတ်သမီးတစ်ပါးပဲ ၊ လနတ်သမီးဟန်အယ်ရဲ့ပုံစံကိုယူပြီး ဖန်ဆင်းထားတာ ၊ တစ်လောကလုံးမှာ အလှဆုံး မိန်းမပျိုလို့ ဆိုနိုင်တယ် ၊ အခု အားလော်ဟယ်က လုပ်စရာ အလုပ်တစ်ခုရှိလို့ အလှနတ်သမီးကို လူ့လောကကို ဆင်းလာဖို့ အမိန့်ပေးလိုက်တာ ၊ ဒါကြောင့် ချန်ကန်းကြယ်စင်က ဒီည အရမ်းတောက်ပနေတာ..."

လွိုလော်က....

"ဒါဖြင့် ကျွန်မတို့က အလှနတ်သမီးနဲ့ သွားတွေ့ရမှာလား..."

မယ်တော်ဝမ်မူက....

"တကယ်တော့ အားလော်ဟယ်က ရက်စက်တဲ့ နတ်ဘုရား တစ်ပါးပါပဲ ၊ ဒီတစ်ခေါက် ငါနဲ့ ပူးပေါင်းဖို့ ဆုံးဖြတ်လိုက် တာ ကလည်း သိပ်ပြီး စေတနာကောင်းနေလို့ မဟုတ်ဘူး ၊ ငါ့ အကူအညီလိုနေလို့ပဲ ၊ ဒါကြောင့် သူ့စိတ်ထဲ ဘာတွေ တွေးနေ လဲဆိုတာ အရေးစိုက်စရာ မလိုဘူး ၊ ပြီးတော့ အလှနတ်သမီး ကလည်း အားလော်ဟယ် အမိန့်မရဘဲ သူ့သဘောနဲ့သူ ဘာမှ လုပ်ရဲမှာ မဟုတ်ဘူး ၊ ပြီးတော့ သူသာ လူ့လောကကို ဆင်း လာရင် တစ်လောကလုံးမှာ အလှဆုံး မိန်းမပျိုတစ်ယောက် ဖြစ်လာလိမ့်မယ် ၊ ဒီလောကမှာ သူ့ရဲ့အလှတရားကြောင့် စိတ် မလှုပ်ရှားသူဆိုလို့ နန်းတော် (၃)ခုနဲ့ နတ်ဘုရားကျောင်းတော် (၄)ခုက ရှေးဟောင်းနတ်ဘုရား အနည်းငယ်လောက်ပဲ ရှိလိမ့် မယ် ၊ တခြားသူတွေကတော့ သူ့အလှတရားမှာ ကျရှုံးကုန်ကြ မှာပဲ..."

အလုနတ်သမီးသည် ပြီးပြည့်စုံအောင် လုပလွှန်းသူဖြစ်သည်

သာမက သူမကို ဖန်ဆင်းစဉ်အခါက အားလော်ဟယ်က

အချစ်နှင့် စိတ်ဆန္ဒများကိုပါ ထည့်သွင်းဖန်ဆင်းထားခဲ့လေ

သည်။ သူမကို ဖန်ဆင်းရသည့် အဓိကရည်ရွယ်ချက်မှာ

ကျင့်ကြံသူများကို သွေးဆောင်ဖြားယောင်း အနှောက်အယှက်

ပြုရန် ဖြစ်လေသည်။

သူမ၏ အလှတရားသည် ရှေးဟောင်းနတ်ဒေဝါမြေခွေး

တစ်ပါး၏ အလှတရားကိုပင် ကောင်းကောင်း ယှဉ်နိုင်လေ

သည်။

ထို့ကြောင့် အလှနတ်သမီးသာ လူ့လောကသို့ ရောက်ရှိလာပါ

က ပြဿနာများစွာ ရှုတ်ကုန်နိုင်လေသည်။ သို့သော်... မ

လိုအပ်သည့်ပြဿနာများဖြစ်မလာရန်အတွက် မယ်တော်ဝမ်မူ

ကတော့ အလှနတ်သမီးနှင့် တမင်သက်သက် သွားရောက်

ပတ်သက်မည် မဟုတ်ပေ။

အခန်း (၇၆၂) တိမ်တိုက်ပမာ ဆရာဆန်းလျှန်ထွက်ခွာသွားပြီ

လို့လော်သည် ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်လေသည်။

သူမက မယ်တော်ဝမ်မူပြောသည့် စကားများကို မှတ်သားထား

ပြီး တစ်သွေမတိမ်းလိုက်နာဆောင်ရွက်သူ ဖြစ်လေသည်။

ထို့ပြင် မယ်တော်ဝမ်မူနှင့်သူမ ပြောဆိုခဲ့သည့် စကားလုံးတိုင်း

ကိုလည်း မှတ်မိသူ ဖြစ်လေသည်။

မယ်တော်ဝမ်မူက အတန်ကြာတိတ်ဆိတ်နေပြီးမှ

မေးခွန်းထုတ်လိုက်သည်။

"လွိုလော်... ငါတို့တွေ သိခဲ့ကြတာ ဘယ်လောက်တောင်ကြာခဲ့ပြီလဲ..."

လွိုလော်ကပြုံးလိုက်ရင်း...

"နှစ်ပေါင်း ကိုးထောင်ရှစ်ရာခုနစ်ဆယ့်ငါးနှစ်ရှိပါပြီ..."

မယ်တော်ဝမ်မူက...

"အချိန်တွေ အကုန်မြန်လိုက်တာ ၊ ဘာမှမဟုတ်သလိုနဲ့ နှစ်ပေါင်းတစ်သောင်းကုန်ဆုံးသွားရပြီ ၊ နှစ်ပေါင်းတစ်သောင်းအတွင်း ငါလည်း ဘာမှ သိပ်ပြီး တိုးတက်မလာခဲ့ဘူး ၊ တန်ခိုးစွမ်းအားနည်းနည်းလောက် နက်ရှိုင်းလာတာပဲ ရှိတယ် ၊ ပြီးတော့ တန်ခိုးစွမ်းအားကျဉ့်စဉ် (၃)မျိုးလောက်ပဲ ထပ်ပြီးကျင့်ကြံနိုင်ခဲ့တယ်..."

လွိုလော်က...

"ကြည့်ရတာ မယ်တော်က ကျင့်စဉ်လမ်းအဆုံးသတ်ကိုရောက်ဖို့ နီးစပ်နေပြီထင်တယ်၊ ဒါကြောင့် တိုးတက်မှု သိပ်မရှိတော့တာ နေမှာပါ..."

မယ်တော်ဝမ်မူက...

"မင်းက ငါ့ကို နှစ်သိမ့်နေတာပဲ၊ တကယ်တော့ နှစ်ပေါင်း တစ်သောင်းအတွင်း ငါ့ရဲ့ တိုးတက်မှုတွေ ဘာလို့ နှေးကွေးသွားရတာလဲဆိုတော့ ငါ့ရင်ထဲက ဖြစ်ချင်တဲ့ဆန္ဒတစ်ခု မပြည့်ဝဘူးဖြစ်နေလို့ပဲ၊ အဲဒီဆန္ဒသာ မပြည့်ဘူး ဆိုရင် ကျင့်စဉ်လမ်းမှာအဆင့်တက်ဖို့ ခက်ခဲနေရလိမ့်မယ်..."

လွိုလော်က...

"ဘာဆန္ဒများလဲ မယ်တော်၊ ကျွန်မ ကူညီနိုင်မယ်ဆိုရင်တတ်နိုင်သလောက် ကူညီပါ့မယ်..."

မယ်တော်ဝမ်မူက...

"ငါ ထိုက်ယီထျန်းရှန်းအဆင့်ကို မတက်ရောက်ခင်မှာပဲ နတ်မက်မွန်သီးသစ်ပင်တွေကို ရခဲ့တယ်ဆိုတာ တစ်လောကလုံးသိကြတယ်၊ ဒါပေမဲ့ တကယ်တမ်း ငါ ထိုက်ယီထျန်းရှန်းအဆင့်တက်ရောက်နိုင်ခဲ့တာဟာ မက်မွန်သီးပင်တွေ တစ်ခုတည်းကြောင့်တော့ မဟုတ်ခဲ့ဘူး၊ ငါ့ရဲ့ ပင်ကိုယ်ပါရမီကိုက နတ်ဘုရားတစ်ပါး ဖြစ်လာမယ့်သူ ဖြစ်နေလို့ပဲ၊ ပြီးတော့ အဲဒီလိုဖြစ်ရတာကလည်း ငါ့ရဲ့ အတိတ်ဘဝနဲ့ ပတ်သက်နေတယ်..."

လို့လော်က...

"မယ်တော်ရဲ့ အတိတ်ဘဝက ဘာများလဲ၊ သိခွင့်ရှိမလား..."

မယ်တော်ဝမ်မူက...

"တကယ်တော့ အတိတ်ဘဝတုန်းကလည်း ငါက နတ်ဘုရားတစ်ပါးပါပဲ၊ ပြီးတော့ မင်းနဲ့ စပြီး တွေ့ဆုံတဲ့ အချိန်ကထက်တောင် တန်ခိုးစွမ်းအားက မြင့်မားသေးတယ်၊ ဒါပေမဲ့

အတိတ်ဘဝမှာ ငါ့ရဲ့ ကျင့်စဉ်လမ်းဟာ ရပ်တန့်နေတဲ့ အတွက် လူပြန်ဝင်စားခဲ့တယ်၊ အဲဒီအချိန်တုန်းက အခုလိုမျိုး အသူရာချောက် (၉)ထပ်နဲ့ လူ့လောက ပြန်လည် ပေါင်းစည်းခြင်း မရှိသေးဘူး...၊ အသူရာချောက်ဟာ သီးခြားတည်ရှိတဲ့ လောကတစ်ခုအဖြစ် ခွဲထွက်နေခဲ့တယ်၊ ဒါကြောင့် လူပြန်ဝင်စားရတာ သိပ်ကို ခက်ခဲတဲ့ကိစ္စတစ်ခုပဲ၊ အခုလောက် မလွယ်ကူခဲ့ဘူး၊ ဒါကြောင့် ငါ လူပြန်ဝင်စားတဲ့အချိန်မှာ ငါ့ရဲ့ မူလဝိညာဉ်စွမ်းအားတွေ နည်းနည်း ပြောင်းလဲသွားခဲ့တယ်၊ ပြီးတော့ ဝိညာဉ် အပိုင်းတစ်ခုဟာ ငါ့ဆီကနေခွဲထွက်ပြီး ပျောက်ဆုံးသွားခဲ့တယ်၊ ဒါကြောင့် မက်မွန်သီးပင်တွေရဲ့ အကူအညီနဲ့ ပေါင်းစပ်မှ ထိုက်ယီထျန်းရှန်းအဆင့်ကို တက်ရောက်နိုင်ခဲ့တာပဲ၊ မဟုတ်ရင် မက်မွန်သီးပင်တွေ့ရဲ့ အကူအညီကိုတောင် ယူစရာမလိုဘူး...."

လို့ဆိုလော်က...

"မယ်တော်က ပျောက်ဆုံးသွားတဲ့ ဝိညာဉ်အပိုင်းကို ပြန်ရှာချင်လို့လား...."

မယ်တော်ဝမ်မူက...

"လွန်ခဲ့တဲ့ နှစ်ဝက်လောက်တုန်းက အဲဒီဝိညာဉ်အပိုင်းကို ငါပြန်ရှာတွေ့ခဲ့တယ်၊ အဲဒီ ဝိညာဉ်အပိုင်းက နောက်ထပ် ငါတစ်ယောက်အဖြစ်နဲ့ ကျင့်စဉ်လမ်းမှာတောင် အောင်မြင်မှုတွေ တော်တော်ရနေပြီ၊ ဒါပေမဲ့ ငါ့လောက်တော့ တန်ခိုးစွမ်းအားမမြင့်မားဘူး၊ သူက အရာအားလုံးကို စွန့်လွှတ်ပြီး ငါနဲ့ ပြန်လည်ပေါင်းစည်းဖို့ သဘောတူခဲ့တယ်၊ ဒါပေမဲ့ ငါ့မှာ မပြည့်နိုင်တဲ့ ဆန္ဒတစ်ခု ရှိနေခဲ့တယ်..."

လို့လော်က...

"ဘာဆန္ဒများလဲ..."

မယ်တော်ဝမ်မူက ခံစားချက်ကင်းမဲ့သည့် မျက်နှာထားဖြင့်...

"လောကတစ်ခုလုံးကိုအုပ်စိုးဖို့အတွက် ထာဝရကုသိုလ်ကံကို တည်ဆောက်ဖို့ပဲ..."

ထိုဆန္ဒသည် သာမန်ဆန္ဒတစ်ခု မဟုတ်ပေ။ ထိုဆန္ဒသည် မိုးကောင်းကင်၏ဆန္ဒနှင့်ကိုက်ညီသည့် ကြီးမြတ်သည့် ဆန္ဒ တစ်ခု ဖြစ်လေသည်။

လောကကြီးသည် အပိုင်းပိုင်းကွဲပြားနေသည်မှာ ကြာခဲ့ပြီ ဖြစ်လေသည်။ ညီညွတ်ခြင်းလည်း မရှိခဲ့ပေ။ အမှန်တော့ လူ့လောကနှင့် အသူရာချောက် ပြန်လည်ပေါင်းစပ်သွားပြီး လောကအသစ်တစ်ခု စတင်ဖွင့်လှစ်စဉ်ကတည်းကပင် ညီညွတ်ခြင်း မရှိခဲ့ပေ။

ယခု နှစ်ပေါင်း တစ်သောင်းကျော်ကြာခဲ့ပြီ ဖြစ်လေသည်။ မယ်တော်ဝမ်မူသည်လည်း အခွင့်အရေးတစ်ခုကို ရရှိခဲ့လေ သည်။ မယ်တော်ဝမ်မူ၏ ပျောက်ဆုံးနေသည့် ဝိညာဉ် အစိတ်အပိုင်းသည် ထိုက်ယီထျန်းရှန်းအဆင့်မဟုတ်သေး

သည့်တိုင် စစ်မှန်သည့် နဂါးစွမ်းအားများဖြင့် မွေးဖွားလာ ခဲ့သူ ဖြစ်လေသည်။ ထို့ပြင် သူမသည် မိန်းကလေးခန္ဓာကိုယ်ဖြင့်ပင် ရှိနေခဲ့သည့်အတွက် ကံကောင်းသည်ဟုဆိုနိုင် လေသည်။ ထို့ကြောင့်ပင် မယ်တော်ဝမ်မူသည် သူမနှင့် ကျိုးကြောင်း ညီညွတ်စွာ ပြန်လည်ပေါင်းစည်းနိုင်ခဲ့လေသည်။ သူမ၏ ဆန္ဒ သာ ပြီးမြောက်အောင် လုပ်ဆောင်နိုင်လျှင် သူမသည် တာ့ လော်အဆင့်သို့ တက်ရောက်နိုင်ပြီး သံသရာမှ လွတ်မြောက် မည် ဖြစ်လေသည်။

အားလော်ဟယ်သည် ထိုအကြောင်းများအားလုံးကို ထွင်း ဖောက်သိမြင်နေခဲ့လေသည်။ ထို့ကြောင့်ပင် မယ်တော်ဝမ်မူကို သူ့အတွက် လူရှာခိုင်းခြင်း ဖြစ်လေသည်။

နောင်တစ်ချိန်တွင် မယ်တော်ဝမ်မူသည် လောကကိုအုပ်စိုးပြီး လောကကြီးညီညွတ်အောင် ဆောင်ရွက်ပေးနိုင်သည့် ဘုရင်မ

တစ်ပါးဖြစ်လာခဲ့လျှင် အားလော်ဟယ်အတွက် လူရှာပေးရန်မှာ ခက်ခဲသည့်အလုပ်တစ်ခုဟု မဆိုသာ တော့ပေ။

ထို့ပြင် အားလော်ဟယ်သည် မယ်တော်ဝမ်မူနှင့်ပူးပေါင်းပြီး လောကကြီးကို အုပ်စိုးရန်လည်း ဆန္ဒရှိနေခဲ့လေသည်။ ထိုသို့သာ ပူးပေါင်းနိုင်ပါက အားလော်ဟယ်၏ အာဏာသည် ကောင်းကင်တိုင်းပြည်တွင်သာမက လူ့လောကတွင် လည်း လွှမ်းမိုးနိုင်မည် ဖြစ်လေသည်။

လို့လော်က အနည်းငယ် အံ့အားသင့်သွားလေသည်။

သူမက စိုးရိမ်ပူပန်သည့်လေသံဖြင့်...

"မယ်တော်... မယ်တော်က ကျောက်စိမ်းရေကန်ဥယျာဉ်မှာ လွတ်လွတ်လပ်လပ်နဲ့နေတဲ့သူပဲ၊ လူ့လောက ရှုံ့နှံ့ထဲကို ဆင်းတော့မလို့လား၊ ဒါဆို ကျွန်မတို့ ကိုယ့်ကိုကိုယ် မကာကွယ်နိုင်မှာ စိတ်ပူမိတယ်..."

အန္တရယ်များသည့်အလုပ်ကို မလုပ်ရန် သူမက မယ်တော်ဝမ်မူကို ဖျောင်းဖြချင်မိသည်။

လူ့လောကတွင် လူအများသည် အချိန်တိုင်းသေဆုံးနေကြလေသည်။ သို့သော်… နတ်ဘုရားဖြစ်လာကြသူများ လည်းများစွာရှိလေသည်။ ထို့ပြင်… လူ့လောကအလယ်တွင် လူယောင်ဖန်ဆင်းပြီး နေထိုင်နေကြသည့် ရှေးဟောင်း နတ်ဘုရားများလည်း ရှိနေသေးသည်။

မယ်တော်ဝမ်မူသာ လူ့လောကရှုံ့နှံ့အတွင်း ဆင်းသက်ပြီး လောကကိုစိုးမိုးအုပ်ချုပ်မည်ဆိုပါက အခြားသော နတ်ဘုရားများသည်လည်း ရိပ်မိသွားကြပေမည်။ ထိုအခါ သေချာပေါက် မယ်တော်ဝမ်မူကို တားဆီးကြပေလိမ့်မည်။

ကံကောင်းစွာဖြင့် မယ်တော်ဝမ်မူ အောင်မြင်မည် ဆိုလျှင်တောင်မှ အဆုံးထိ အာဏာကို ထိန်းထားနိုင်ရန်မှာ ခက်ခဲမည်ဖြစ်လေသည်။ ထို့ပြင် သန့်စင်သည့်နတ်ဘုရားတစ်ပါးသည်

လူ့လောကရှုံ့နှံ့ထဲတွင် ရေရှည်နေထိုင်ပါက ကံ

တရား၏အစွန်းအထင်းများကို ခံရမည်ဖြစ်ပြီး ကြီးမားသည့်

ဘေးအန္တရယ်ဆိုးကြီးနှင့် ကြုံတွေ့နိုင်လေသည်။

မယ်တော်ဝမ်မူသည် နှစ်ပေါင်းများစွာ အသက်ရှည်နေထိုင်ခဲ့

သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ သူမသည်

အခြားသူများထက်လည်း အောင်မြင်ခဲ့သူ ဖြစ်လေသည်။ အ

ဘယ့်ကြောင့် လူ့လောက၏ မညီညွတ်ခြင်း များကို အရေးစိုက်

နေရပါသနည်း။

မယ်တော်ဝမ်မူက...

"လွှဲလော်... မင်းစိတ်ပူနေတာ ငါသိပါတယ်၊ ဒါပေမဲ့ ဒါက

ကြီးမားတဲ့ စိန်ခေါ်မှု တစ်ခုပဲ၊ ငါလုပ်ကိုလုပ်ရမယ်၊

အောင်မြင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ... ဒီအလုပ်ကို ငါ

လုပ်မှ ဖြစ်မယ်..."

မယ်တော်ဝမ်မူ၏ပုံစံက အေးဆေးပေါ့ပါးလျှက် ရှိလေသည်။

သူမက လက်နှစ်ဖက်ကို နောက်ပစ်ကာ မြစ်ရေပြင်ထက်မှ လှိုင်းများကို စိတ်အေးလက်အေးပင် ငေးမောကြည့်နေ လေသည်။

ဖြည်းညင်းစွာတိုက်ခတ်နေသည့် လေပြေကြောင့် သူမ၏ အင်္ကျီလက်များသည် လေထဲတွင် လွင့်ပျံလျှင်ရှိလေသည်။

သူမ၏ ပုံစံသည် လွန်ခဲ့သည့်နှစ်ပေါင်း သောင်းနှင့်ချီကြာမြင့်ခဲ့သည့်အချိန်က အသူရာချောက်ကို အုပ်စိုးရန် ဆုံးဖြတ်ချက်ချခဲ့သည့် ဆန်းလျန်၏ ပုံစံနှင့် အလွန်ဆင်တူနေသည်ကို သူမကိုယ်တိုင်သိရှိခဲ့ခြင်း မရှိပါပေ။

....

ဆန်းလျန်ကတော့ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အကြောင်းအရာများကို မေ့ပျောက်နေခဲ့ပြီ။

ယခုလက်ရှိဘဝသည် ဆန်းလျန်အတွက် ပိုပြီးလူသားဆန်လျှက်ရှိလေသည်။ ထိုသို့ဖြစ်ရသည်မှာ ကောင်းသည်လား ဆိုးသည်လား ဆန်းလျန်ကိုယ်တိုင်လည်း သိရှိခြင်း မရှိပေ။

အတိတ်ကို မေ့ပျောက်ခဲ့သည်မှာ အချိန်ကြာမြင့်ခဲ့ပြီ ဖြစ်သည့်အတွက် သူ့အနေဖြင့် ရှင်းရှင်းလင်းလင်း ခန့်မှန်းကြည့်နိုင်ရန်မှာ ခက်ခဲနေခဲ့လေသည်။

ဟယ်ရှန်း၏ တိုးတက်လာမှုကတော့ မြင်သာထင်သာ ရှိလှလေသည်။ ဆန်းလျန်သည်ပင် သူမကို သိပ်ပြီး သင်ပြပေး နေစရာမလိုခဲ့ပေ။ ဤသည်မှာ ဆန်းလျန်တွင် သင်ပေးစရာ မရှိတော့သောကြောင့် မဟုတ်ပေ။ ဟယ်ရှန်းသည် နုပျိုသည့်ပျိုးပင်လေးတစ်ပင်အလားဖြစ်ပြီး အနည်းငယ်ရေလောင်းပေါင်းသင်ပေးလိုက်သည်နှင့် အကိုင်းအခက် အရွက်အလက်များ စုံလင်လာပြီဖြစ်လေရာ ထပ်မံပြီး ရေလောင်းပေးစရာ မလိုအပ်တော့ခြင်း ဖြစ်လေသည်။

ထို့ပြင် သစ်ပင်သည် ကြီးပြင်းလာပြီဖြစ်သည့်အတွက် လေဒဏ်မိုးဒဏ်ကိုလည်း ကောင်းကောင်းခံနိုင်ရည်ရှိပြီ ဖြစ်လေသည်။

ချန်ကန်းကြယ်စင်သည် အနောက်ဆီမှ အရှေ့ဆီသို့ ရွေ့လျား နေလေသည်။ ထိုကြယ်စင် အရှေ့ဘက်ဆီတွင် လင်းထိန် တောက်ပလာသည့်အခါ အရဏ်တက်တော့မည်ဖြစ်ကြောင်း သိရှိနိုင်လေသည်။

ဆန်းလျန်က အနည်းငယ် မတည်မငြိမ်ဖြစ်နေသည့် သူ့စိတ် များကို ထိန်းချုပ်လိုက်ပြီး ဟယ်ရှန်းကို စကားပြောလိုက် လေ သည်။

"ကျုပ်တို့တွေ မင်းကို ပညာကုန် သင်ပေးပြီးသွားပြီ ၊ နောက်ဆို ညဘက်တွေ မင်းကို လာပြီးသင်ပြပေးမှာ မဟုတ်တော့ဘူး..."

တစ်နေ့တွင် ယခုလိုနေ့ရက်မျိုးရောက်ရှိလာမည်ဟု ဟယ်ရှန်း မျှော်လင့်ထားပြီးသားဖြစ်သော်လည်း ယခုကဲ့သို့ မြန်မြန်ဆန် ဆန် ခွဲခွာရလိမ့်မည်ဟု ထင်မထားမိပေ။

ဟယ်ရှန်းက...

"ကျွန်မ ဆရာတို့ (၂)ယောက်ကို ထပ်တွေ့ခွင့်ရှိဦးမှာလား..."

ကျွယ်ရှင်းက အနည်းငယ် စိတ်မကောင်း ဖြစ်သွားဟန်ဖြင့်...

"ကံမကုန်ရင်တော့ ပြန်ဆုံကြဦးမှာပေါ့၊ ကျုပ်တို့ရေစက် ဒီမှာ ပဲ အဆုံးသတ်မယ်လို့တော့ မထင်မိပါဘူး..."

ဟယ်ရှန်းသည် မျက်ဝန်းထောင့်ဆီမှ ကျလုကျခင်မျက်ရည် များကို မကျအောင်ထိန်းထားလိုက်လေသည်။

တကယ်တော့ သူမသည် အသက် (၁၄)နှစ်ပင် မပြည့်သေး သည့် မိန်းကလေးငယ်လေးတစ်ယောက်သာ ဖြစ်လေသည်။

ထို့ကြောင့် သူမသည် ဆရာများနှင့် ခွဲခွာရမည်ဆိုသည့်အခါ ဝမ်းနည်းကြေကွဲခြင်းကို ပြင်းထန်စွာ ခံစားရလေသည်။

ဟယ်ရှန်းက...

"ကျွန်မ အမေအပေါ်မှာ သားသမီးဝတ္တရားကျေပွန်ပြီးတဲ့ တစ်နေ့ကျ ဆရာတို့ကို ကျွန်မ လာရှာပါ့မယ်..."

ဆန်းလျန်က...

"မင်းရဲ့အိမ်အနောက်ဘက်က မက်မွန်ပင်အောက်မှာ ငွေအိုး တွေမြှုပ်ထားတယ်၊ အဲဒါတွေက မင်းရဲ့အဖေက မင်းအတွက် စုဆောင်းပေးထားတဲ့ ပိုက်ဆံတွေပဲ၊ မင်းတို့သားအမိ အဲဒီငွေ တွေကိုတူးပြီး စားဝတ်နေရေးအတွက် အသုံးပြုကြပေါ့၊ ပြီး တော့ မင်းကိုသင်ကြားပေးထားတဲ့ နတ်ဘုရားတန်ခိုးစွမ်းအား တွေကို ပိုက်ဆံရဖို့အတွက် ပြသအသုံးပြုတာမျိုးမလုပ်မိပါစေ နဲ့၊ အဲဒီလိုလုပ်ရင် မင်းဘဝ အန္တရယ်ကျရောက်လိမ့်မယ်..."

ဟယ်ရှန်းကို ငွေအိုးများအကြောင်း ပြောပြီးပြီဖြစ် သည့်အတွက် ချင်းရှတောင်မှ တောင်စောင့်နတ်ကို ဆန်းလျန် ပေးခဲ့သည့်ကတိလည်း တည်ခဲ့ပြီ ဖြစ်လေသည်။ ဟယ်ရှန်းမှာ တောင်စောင့်နတ်၏ လူ့ဘဝတုန်းက အငယ်ဆုံး သမီးလေးဖြစ် လေ၏။

ဆန်းလျန်က စကားဆုံးသွားသည်နှင့် နှင်းများဖြင့်ဖုံးလွှမ်းနေ သည့် ကျောက်ဆောင်ထက်မှ ဆင်းလိုက်ပြီး ယွင်မုမြစ်ကမ်း

နံဘေးရှိ ကျောက်တောင်တစ်ခုရှိရာသို့ လမ်းလျှောက်သွားကာ ပျောက်ကွယ်သွားလေတော့သည်။

ကျွယ်ရှင်းမှာလည်း ဆန်းလျန်နောက်သို့ လိုက်ပါသွားပြီး သူ သည်လည်း ပျောက်ကွယ်သွားလေသည်။

ဟယ်ရှန်းသည် ဆရာများကို မခွဲခွာနိုင်သည့်အလား နောက်မှ လိုက်သွားသော်လည်း အလင်းတန်းတစ်ခုက သူမကို တားဆီး ထားလိုက်လေရာ ဆရာ (၂)ယောက် သူမ၏ မျက်စိရှေ့မှ ပျောက်ကွယ်သွားကြသည်ကို ငေးမော၍သာ ကြည့်နေရလေ တော့သည်။

ဆရာ (၂)ယောက်ပျောက်ကွယ်သွားသည်နှင့် လရောင်အောက် တွင် အဖြူရောင်တိမ်တိုက်တစ်ခုပေါ်လာပြီး လေထဲသို့ လွင့် မျောသွားလေသည်။ ထိုတိမ်တိုက်သည် ဆရာ (၂)ယောက်များ လားဆိုသည်ကိုတော့ ဟယ်ရှန်း သိပ်ပြီး မသေချာလှပေ။

နံနက်အရုဏ်တက် လင်းကြက်တွန်သံကြားရတော့မှ သူမ အိမ်သို့ပြန်ခဲ့လေသည်။ သူမ၏ ခေါင်းထဲတွင် ဆန်းလျန် ပြောသည့် စကားများကို စဉ်းစားနေမိလေသည်။

သူမက ဆန်းလျန်ပြောသည့်အတိုင်း မက်မွန်ပင်အောက်ကို တူးကြည့်လိုက်လေရာ ငွေသားများထည့်ထားသည့် ငွေအိုးများကို တွေ့လိုက်ရလေသည်။

သူမသည် ငွေများကိုသေသေချာချာ စစ်ဆေးကြည့်လိုက်သည့်အခါ တရားဝင်ထုတ်ထားသည့် ငွေတုံးများ ဖြစ်သည်ကို သိရှိလိုက်ရလေသည်။

ဆရာဆန်းလျန်ပြောသည်ကတော့ ထိုငွေများမှာ သူမ၏ဖခင် ချန်ထားခဲ့သည့် ငွေများဖြစ်သည်တဲ့…။

ဟယ်ရှန်းသည် စိတ်မထိန်းနိုင်တော့ဘဲ ပါးပြင်ထက်သို့ မျက်ရည်များကျဆင်းလာတော့သည်။

ထိုအချိန်... အိမ်တံခါးဖွင့်သံတစ်ချက် ထွက်ပေါ်လာပြီး ဟယ်ရှန်း၏မိခင် အိမ်ထဲမှ ထွက်လာလေသည်။ သူမက ဝါးလုံးတောင်ဝှေးလေးကို စမ်းတဝါးဝါးထောက်ရင်း အိမ်ပေါ်မှ ဆင်းလာလေသည်။

"အားရှန်း... သမီးလေး... ဘာလို့ ငိုနေတာလဲကွယ် ၊ သမီးလက်မထပ်ချင်ရင် အမေက အတင်းလက်မထပ်ခိုင်းပါ ဘူးကွယ်..."

နံနက်ခင်း၏ ပထမဆုံးနေရောင်ခြည်သည် ဟယ်ရှန်း၏မိခင်ဖြစ်သူ မျက်နှာထက်သို့ ဖြာကျလာပြီး မိခင်ဖြစ်သူ၏မျက်ဝန်းများတွင် မေတ္တာတရားများဖြင့် ပြည့်နေလေသည်။

ဟယ်ရှန်းသည် မိခင်ဖြစ်သူ၏ရင်ခွင်ထဲသို့ ပြေးဝင်လိုက်ပြီး နောက်ထပ် ဘယ်တော့မှ မငိုတော့ရန် ဆုံးဖြတ်ချက်ချ လိုက်လေတော့သည်။

အခန်း (၇၆၃)စမ်းရေကဲ့သို့တိတ်ဆိတ်

အချိန်တွေက အကုန်မြန်လွန်းလှလေသည်။

"သောက်ပြီးရင်မပြန်နဲ့တော့" စားသောက်ဆိုင်သို့ ဆန်းလျန်

ရောက်လာခဲ့သည်မှာ ဘာလိုလိုနှင့် (၁)နှစ်ပင်ပြည့်ခဲ့ လေပြီ။

(၁)နှစ်အတွင်း စားသောက်ဆိုင်သို့ ညှော်သည် စုစုပေါင်း

(၁၈)ယောက်လာခဲ့ပြီး ပျမ်းမျှ (၁)လလျှင် (၂)ယောက်နှုန်း ဖြစ်

လေ၏။

အချိန် (၁)နှစ်အတွင်းတွင် မြို့ထဲမှ လူအချို့မှာလည်း

စားသောက်ဆိုင်သို့ စားသောက်ရန်လာရောက်ကြသော်လည်း

စားသောက်ဆိုင်နားသို့ရောက်သည်နှင့် အမှောင်ထုထဲသို့ ကျ

ရောက်သွားပြီး ရှေ့သို့ ခြေလှမ်းဆက်လှမ်းနိုင်ခြင်း မရှိကြ

တော့ပေ။

ထို့ကြောင့် နောက်ဆုံးတွင်တော့ သူတို့သည် "သောက်ပြီးရင်မ

ပြန်နဲ့တော့" စားသောက်ဆိုင်သို့ လာရောက်ရန် မကြိုးစားကြ

တော့ပေ။

သူတို့သည် စားသောက်ဆိုင်မှာ မိစ္ဆာရောက်နေသည်ဟုယူဆ

ပြီး မိစ္ဆာနှိမ်နင်းသည့် တာအိုဆရာများ ၊ ဘုန်းတော်ကြီးများကို

လည်း သွားရောက်ပင့်ဆောင်ရဲခြင်း မရှိကြပေ။

နောက်ဆုံးတွင်တော့... ပိုင်ကျားမြို့မှလူများသည်

စားသောက်ဆိုင်တည်ရှိရာလမ်းကိုပင် တဖြည်းဖြည်းမေ့

ပျောက် သွားကြပြီး "သောက်ပြီးရင်မပြန်နဲ့တော့"

စားသောက်ဆိုင်အကြောင်းကိုလည်း သတိမမူမိကြတော့ပေ။

လွန်ခဲ့သည့် (၁)လခန့်ကတော့ လမ်းသွားလမ်းလာများသည်

ညအချိန်တွင် စားသောက်ဆိုင်တစ်ခုလုံး ရုတ်တရက် ပျောက်

ကွယ်သွားပြီး စားသောက်ဆိုင်နေရာတွင် မြေကွက်လပ်ကြီး တစ်ခုသာ ကျန်ရစ်ခဲ့သည်ကို တွေ့မြင်ကြရလေ သည်။

ထိုအဖြစ်အပျက်မှာ ပိုက်ကျားမြို့တွင် ဖြစ်ပေါ်လာသည့် ထူးဆန်းသည့် အဖြစ်အပျက် တစ်ခု ဖြစ်လေသည်။

လွန်ခဲ့သည့် (၂)လခန့်က ချင်းရှတောင်ပေါ်တွင် တာအိုကျောင်း တော်ကြီးတစ်ခု ရုတ်တရက် ဘွားခနဲ ပေါ်လာသည့် အဖြစ်အပျက်ကဲ့သို့ပင် ဖြစ်လေသည်။

ထိုအဖြစ်အပျက် (၂)ခုလုံးသည် ထူးဆန်းသည့် အဖြစ်အပျက် များဖြစ်ကြပြီး မြို့ထဲမှ ပုံပြောဆရာများသည်ပင် ထူးဆန်း သည့်နတ်ဘုရားပုံပြင်များအဖြစ် လူအများကို ပြောပြလေ့ရှိ ကြလေသည်။

ထိုပုံပြင်များသည် ချင်ပြည်နယ်မြို့တော်မှ စစ်ဗိုလ်ချုပ်ကြီးလီ ကျုန်းပင်း၏သား လီချင်းချန်နားထဲသို့ ရောက်ရှိသွား လေ သည်။

လီချင်းချန်မှာ ဆန်းလျန်အပြစ်ပေးသည်ကို ခံခဲ့ရပြီးနောက် ဒဏ်ရာပျောက်ကင်းရန် နှစ်ဝက်ခန့် ကုသခဲ့ရလေသည်။ ဆန်းလျန်မှာ အလွန်တန်ခိုးစွမ်းအားမြင့်မားသူဖြစ်ပြီး သူ၏ ပြိုင်ဘက်မဟုတ်သည်ကို သိရှိသွားပြီးသည့်နောက် လီချင်းချန်သည် ချင်းရှုတောင်ပေါ်သို့ ထပ်မသွားတော့ပေ။ သူသည် အဖြစ်အပျက်များကိုပင် မေ့မေ့ပျောက်ပျောက် ရှိနေခဲ့ချေပြီ။ သို့သော်... ယခု ချင်းရှုတောင်မှ ထူးဆန်းထွေလာများကို တိုက်တိုက်ဆိုင်ဆိုင်ကြားသိလိုက်ရသည့်အခါတွင်တော့ တစ်ချိန်က ခံစားခဲ့ရသည့် အရှုံးတရားကို ပြန်လည် အမှတ်ရလာမိလေသည်။ ထိုအခါ... ဒဏ်ရာဟောင်းကို စွပေးသလို ဒေါသမထွက်ဘဲ မနေနိုင်တော့ပေ။

ထိုအချိန်မှာပင်... ချင်းယန်ကျောင်းတော်မှ ပို့လိုက်သည့် စာတစ်စောင်ကို သူလက်ခံရရှိလိုက်လေသည်။

ယင်ရှန်းကျွင်း၏ အကြီးဆုံးတပည့်ဖြစ်သူ သူ၏ဂိုဏ်းတူ အစ်ကို ကုချန်စန်းသည် တောင်အောက်သို့ ဆင်းလာမည်ဆို သည့်အကြောင်းကြားစာပင် ဖြစ်လေသည်။

ကုချန်စန်းက ချင်ပြည်နယ်မြို့တော်မှ လီအိမ်တော်သို့ အရင် လာမည်ဖြစ်ကြောင်း စာထဲတွင် ဖော်ပြထားလေသည်။ ဤ သည်ကိုကြည့်ခြင်းအားဖြင့် အစ်ကိုဖြစ်သူက လီချင်းချန်ကို အင်မတန်ဂရုစိုက်သည်မှာ ထင်ရှားနေလေသည်။ ဂိုဏ်းတူ အစ်ကိုသာ သူ့အတွက် လက်စားချေပေးနိုင်လျှင် အဘယ်မျှ ကောင်းလိုက်ပါမည်နည်း။

လီချင်းချန်က ကုချန်စန်းကို တကူးတက တိုင်ပြောနေစရာပင် မလိုပေ။ သူ့ကြာပွတ်ပျောက်ဆုံးသွားသည်ကို ရိပ်မိလိုက် သည်နှင့် အစ်ကိုဖြစ်သည်က ချက်ချင်း မေးမြန်းလာမည်ပဲ ဖြစ်လေသည်။ ထိုအခါ သူက အလိုက်သင့် လေးပင် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရုံသာ ရှိလေသည်။

လီချင်းချန်က သူ့အတွေးနှင့်သူ ကျေနပ်လျှက်ရှိချိန်တွင် ပိုင်ကျားမြို့သို့ မိန်းကလေးငယ်တစ်ယောက် ရောက်ရှိလာလေသည်။

ထိုမိန်းကလေးငယ်မှာ အခြားသူမဟုတ်ပေ။ ဆန်းချင်းချင်းပင် ဖြစ်လေတော့သည်။

ဆန်းချင်းချင်းသည် "သောက်ပြီးရင်ပြန်မလာနဲ့တော့" စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာလေသည်။

စားသောက်ဆိုင်မှာ ပျောက်ကွယ်နေပြီဖြစ်သည့်တိုင် သူမက မြေကွက်လပ်အတွင်းသို့ လှမ်းဝင်လိုက်လေသည်။

လမ်မပေါ်တွင် အိပ်ပျော်နေသည့် သူတောင်းစားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရသည့် အတွက် အံ့သြသွားလေသည်။

သူက မနေနိုင်ဘဲ မိန်းကလေးနောက်သို့ လိုက်ကြည့်လေရာ မိန်းကလေးသည် "သောက်ပြီးရင်မပြန်နဲ့တော့"

စားသောက်ဆိုင်ရှိရာ မြေကွက်လပ်အတွင်းသို့ ဝင်သွားပြီး ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရလေသည်။

ထို့နောက်တွင်တော့ … လေထဲတွင် မိန်းကလေးတစ်ယောက်၏ ဦးခေါင်းပေါ်လာလေသည်။

ထိုဦးခေါင်းက သူတောင်းစားကို မေးလိုက်လေသည်။

"နင် ငါ့နောက် ဘာကိစ္စလိုက်လာရတာလဲ…"

မိန်းကလေးမှာ ခေါင်းသာမြင်ရပြီး ခန္ဓာကိုယ်ကို မမြင်ရလေရာ သူတောင်းစားမှာ အံ့ဩထိတ်လန့်သွားလေသည်။

ထို့နောက်တွင်တော့ သူတောင်းစားက စူးရှစွာအော်ဟစ်လိုက်ပြီး ထွက်ပြေးလေရာ အစကတည်းက စုတ်နေသည့် ဘောင်းဘီမှာ နှစ်ခြမ်းကွဲကာ ပြဲသွားလေတော့သည်။

ဆန်းချင်းချင်းက ခွက်ထိုးခွက်လန်အော်ဟစ်ရယ်မောလိုက်ပြီးသည့်နောက် ဝုန်းဆိုသည့် တံခါးပိတ်သံတစ်ချက် ထွက်

ပေါ်လာကာ သူမ၏ဦးခေါင်းသည်လည်း ပျောက်ကွယ်သွားလေသည်။

ဆန်းချင်းချင်းက "သောက်ပြီးရင်မပြန်နဲ့တော့" စားသောက်ဆိုင်အတွင်းသို့ ဝင်လာလေသည်။ သူမကို အပြင်မှ အခြားသူများက တွေ့မြင်ရခြင်း မရှိပေ။ လမ်းမထက်မှ ဖြတ်လျှောက်သွားသူများအနေဖြင့်လည်း စားသောက်ဆိုင်ကို တွေ့မြင်ရမည် မဟုတ်ပေ။

သူမ သူတောင်းစားကို ခြောက်လှန့်လိုက်ရသည့်အတွက် ပီတိဖြာလျှက်ရှိလေသည်။

သူမက တံခါးကိုပိတ်လိုက်ပြီး နောက်သို့ပြန်လှည့်လိုက်ရာ သူမအနောက်တွင်ရပ်နေသည့် မိန်းကလေးတစ်ယောက် ကို တွေ့လိုက်ရသည့်အတွက် ထိတ်လန့်သွားရလေသည်။

ဆန်းချင်းချင်းက ရင်ပတ်ကို လက်ဖြင့် အသာဖိထားလိုက်ရင်း...

"မမဝေဝေ၊ ခြေသံလည်းမကြားရဘူး၊ အနားကို ဘယ်လို

ရောက်လာတာလဲ..."

ကူးဝေဝေက သူမကို တစ်ချက်ကြည့်လိုက်ပြီး...

"အားလျှန်သင်ပေးထားတဲ့ လမ်းလျှောက်နည်းလေ...၊

တိမ်တိုက်ခြေလှမ်းလို့ ခေါ်တယ်၊ အဲဒီကျင့်စဉ်ကျင့်ကြံပြီး

တော့ဘယ်သူမှ ငါ့ခြေသံမကြားတော့ဘဲ အရိပ်တစ်ခုရွေ့လျား

နေသလိုမျိုး လမ်းလျှောက်နိုင်တယ်..."

ဆန်းချင်းချင်းက...

"တိမ်တိုက်ခြေလှမ်း... လရောင်စီးဆင်း စမ်းရေကဲ့သို့

တိတ်ဆိတ် ဆိုတဲ့ ကဗျာထဲကအတိုင်း ဦးလေးကြီးက နာမည်

ပေးထားတာ ဖြစ်ရမယ်..."

ထိုအချိန်မှာပင်... ဆန်းလျှန်၏အသံထွက်ပေါ်လာလေသည်။

"မင်းက အဲဒီကဗျာကို ဘယ်ကကြားဖူးတာလဲ..."

ဆန်းချင်းချင်းက...

"ကျွန်မက စာတွေပေတွေလည်း ဖတ်တတ်ပါတယ်နော်၊ ဒီကဗျာက ကျောက်ဖုန်းရေးထားတဲ့ ကဗျာပဲ၊ ကျွန်မရဲ့ အဖေက သူ့ကိုသိပ်လေးစားတာ..."

စကားပြောနေရင်းဖြင့် ဆန်းလျန်က ဆိုင်အောက်ထပ်သို့ ဆင်းလာလေသည်။

ဆန်းလျန်က ...

"ကျောက်ဖုန်းဆိုတာ ဘယ်သူလဲ..."

သူ့စိတ်ထဲတွင် ထူးဆန်းနေလေသည်။

ထိုကဗျာကို မည်သူရေးသားထားသည်ကို မမှတ်မိတော့သော်လည်း ကျောက်ဖုန်းရေးသားထားခြင်း မဟုတ်သည်ကတော့ သေချာနေလေသည်။

ဆန်းချင်းချင်းက...

"ဦးလေးကြီးက ကျောက်ဖုန်းကို မသိဘူးလား၊ သူက သမိုင်းထဲမှာ အရမ်းတော်တဲ့ လူတစ်ယောက်ပဲ၊ သူရေးခဲ့တဲ့ကဗျာ

တွေ သီချင်းတွေလည်း အများကြီးပဲ ၊ သူက ကဗျာပေါင်း

(၃၀၀)ကျော်ရေးစပ်ခဲ့တာ ၊ သူက တော်ဝင်စာပေပညာရှင်တစ်

ယောက် မဟုတ်ပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)လောက်က

သူ့ကို စာပေယဉ်ကျေး မှုရဲ့ခေါင်းဆောင်တစ်ယောက်လို့

သတ်မှတ်ခဲ့တယ် ၊ ဘုရင့်နန်းတော်က သူ့ကို ဝန်ကြွေဆိုတဲ့ဘွဲ့

ကို ချီးမြှင့်ခဲ့တယ် ၊ ဒါပေမဲ့ ဒီနှစ်ပိုင်းတွေမှာတော့ သူက

အနုပညာလက်ရာတွေ သိပ်ပြီး မဖန်တီးတော့ဘူး..."

ဆန်းချင်းချင်း၏စကားဆုံးသွားသည်နှင့် ဆန်းလျန်က

ကျောက်ဖုန်းအကြောင်းကို အာရုံခံကြည့်လိုက်လေသည်။ ထို

ပုဂ္ဂိုလ်သည် အမှန်တကယ်ပင် ဝန်ကြွေဘွဲ့ကိုရရှိခဲ့သည့် စာပေ

ပညာရှင် ဖြစ်လေသည်။

သို့သော်... ကျောက်ဖုန်းသည် ဝန်ကြွေဘွဲ့ကိုရရှိခဲ့သည့်တိုင်

အခြားသူကိုသာ လိမ်ညာ၍ရလျှင်ရမည် ဆန်းလျန်ကို တော့

မည်သည့်ကိစ္စကိုမှ ဖုံးကွယ်ထား၍ မရနိုင်ခဲ့ပေ။

တကယ်တမ်းတော့ ကျောက်ဖုန်း၏အဆင့်သည် တောအရပ်မှ သာမန်ကျောင်းဆရာတစ်ယောက်၏ အဆင့်သာ ရှိလေသည်။ သူသည် အခြားသူများ၏ အရေးအသားများကို ကူးယူပြီး ကံကောင်းထောက်မစွာ ဝန်ကြွေဘွဲ့ကိုရရှိခဲ့ ခြင်း ဖြစ်လေ သည်။

သို့သော်... ကျောက်ဖုန်းသည် မည်သို့သောသူဖြစ်ပါစေ ဆန်း လျန်က စိတ်မဝင်စားပေ။ သူ၏ အချိန်များကို ထိုသူ အကြောင်းတွေးတောရင်း အကုန်မခံနိုင်ပေ။

ဆန်းလျန်က...

"မင်းလက်မထပ်ချင်လို့ ထွက်ပြေးလာတာမဟုတ်လား ၊ ဒီမှာ ဘယ်လောက်ကြာကြာနေမယ်လို့ စိတ်ကူးထားလဲ..."

ဆန်းချင်းချင်းက တအံ့တသြဖြင့်...

"ဦးလေးကြီးက ဘယ်လိုလုပ် သိတာလဲ..."

ကူးဝေဝေက...

"အားလျှန် ၊ နင်အမြဲတမ်း အဲဒီလိုလုပ်နေတာ မကောင်းဘူးနော် ၊ သူများတွေရဲ့ ပြဿနာတွေကို နင်က ကြိုသိနေပြီး လျှောက်ပြောနေတော့ ပျင်းစရာကောင်းကုန်ရော..."

ဆန်းလျှန်က...

"အင်းပါ... နောက်တစ်ခါ ကျွန်တော် သတိထားပါ့မယ်..."

ဆန်းချင်းချင်း၏ ဖခင်ဖြစ်သူ ချင်းဟယ်မင်းသားက ဆန်းချင်းချင်းကို ဝေ့မင်းသားနှင့် လက်ဆက်စေချင်လေသည်။

သို့သော်... ဆန်းချင်းချင်းက ငြင်းဆန်လိုက်သည့်အတွက် ဖခင်ဖြစ်သူနှင့် စကားများကြပြီး ဆန်းချင်းချင်း အိမ်မှထွက်ပြေးလာခြင်း ဖြစ်လေသည်။

အိမ်မှထွက်ပြေးလာသည်နှင့် သူမ ပထမဆုံး သတိရမိသည့်နေရာမှာ "သောက်ပြီးရင်မပြန်နဲ့တော့" စားသောက်ဆိုင် ဖြစ်လေသည်။ ဤစားသောက်ဆိုင်တွင်ဆိုလျှင် သူမ၏ဖခင်

လှွတ်လိုက်သည့်လူများ မည်သည့်နည်းနှင့်မျှ ရှာတွေ့နိုင်မည်

မဟုတ်ပေ။

သူမက "သောက်ပြီးရင်မပြန်နဲ့တော့" စားသောက်ဆိုင်ဖြင့်

ရေစက်ပါသူတစ်ယောက်ဖြစ်သည့်အတွက် စားသောက်ဆိုင်

ကို မြင်တွေ့ရခြင်း ဖြစ်လေသည်။

သူမက ကူးဝေဝေ၏လက်လေးများကို အသာဖမ်းကိုင်လိုက်

ပြီး...

"မမဝေဝေ ၊ မမ ကျွန်မကို နေခွင့်ပေးမယ်မလား..."

ကူးဝေဝေက...

"သိပ်ပြီးသနားစရာကောင်းအောင် လုပ်မနေပါနဲ့ဟယ် ၊

မင်းသမီးလေးကို နေခွင့်ပေးပါတယ်..."

ဆန်းချင်းချင်းက ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး...

"ဦးလေးကြီးကရော..."

ကူးဝေဝေက...

"မမရဲ့ဆုံးဖြတ်ချက်ကအတည်ပဲ ၊ သူ့ကို အရေးစိုက်မနေနဲ့...."

ဆန်းချင်းချင်းက ကူးဝေဝေ၏ ပါးလေးကို ရွှတ်ခနဲ တစ်ချက် နမ်းလိုက်ပြီး...

"မမဝေဝေ ၊ မမက အကောင်းဆုံးပဲ..."

ထို့နောက် သူမက ကူးဝေဝေနောက်တွင် ရပ်နေသည့် ပိုင်ရှောက်ယွီ၏ လက်ကို ဖမ်းဆွဲလိုက်ရင်း...

"ရှောက်ယွီလေး ၊ နင် ငါ့ကို ပြန်တွေ့ရတာ ဝမ်းမသာဘူးလား ၊ အခု ငါ့အတွက် အခန်းလေးဘာလေး သန့်ရှင်းရေး လုပ်ပေးဦး လေဟာ..."

ပိုင်ရှောက်ယွီက...

"မင်းသမီးလေး အနားယူပါ ၊ ကျုပ် သန့်ရှင်းရေး အခုပဲ သွား လုပ်လိုက်ပါ့မယ်..."

ထိုအချိန်မှာပဲ ... စားသောက်ဆိုင်တံခါးပွင့်သွားပြီး ထင်းစည်း တစ်စည်းကို သယ်ဆောင်လာသည့် ကျွယ်ရှင်း ဝင်လာလေ သည်။

ကျွယ်ရှင်း၏မျက်နှာမှာ စုတ်ပြဲဖူးယောင်နေပြီး နဖူးမှာလည်း ဘုသီးကြီးနှစ်ခုထွက်လျှက် ရှိလေသည်။ မျက်လုံး တစ်ဖက်မှာ လည်း ဖူးယောင်ကာပိတ်နေလေသည်။ သူ့ကိုကြည့်ရသည်မှာ တစ်ယောက်ယောက်နှင့် ရန်ဖြစ် သတ်ပုတ်လာဟန် ရှိလေ၏။

ကူးဝေဝေက...

"ဆရာတော်... ဘယ်လိုဖြစ်ရတာလဲ..."

ကျွယ်ရှင်းက...

"ဘာမှမဖြစ်ပါဘူး... ချော်လဲလာတာ..."

ကူးဝေဝေက မယုံကြည်ခြင်းများစွာဖြင့် ပြည့်နေသည့် မျက်နှာ ဖြင့် ကျွယ်ရှင်းကို ကြည့်လိုက်လေသည်။

ကျွယ်ရှင်းမှာ သူမထက်ပင် ကျင့်ကြံခြင်းအဆင့်မြင့်မားသူဖြစ်လေရာ ချော်လဲသည်ဆိုသည်မှာ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပေ။

အခန်း (၇၆၄) ဝါးတောလေးက စမ်းချောင်းလေးစီးဆင်းနေတာကို တားဆီးနိုင်မှာတဲ့လား

ဆန်းချင်းချင်းက ရယ်မောလိုက်ရင်း...

"ဘုန်းတော်ကြီး... ချော်လဲတာမဖြစ်နိုင်ဘူး၊ အရိုက်ခံလာရတာပဲ ဖြစ်ရမယ်..."

ကူးဝေဝေက ဆန်းချင်းချင်းကို ဒေါသတကြီးဖြင့် တစ်ချက် လှမ်းကြည့်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော်... ဆန်းချင်းချင်းမှာ ကျွယ်ရှင်း၏ပုံစံ ကိုကြည့်ပြီး ထိန်းမနိုင်သိမ်းမရ ခွက်ထိုးခွက်လန် အော်ဟစ် ရယ်မောနေသောကြောင့်ပင်။

ဆန်းချင်းချင်းရယ်မောနေသည့်အတွက် ကျွယ်ရှင်းကတော့ ဒေါသထွက်ခြင်း မရှိပေ။

သို့ပေမဲ့... ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကို တစ်ချက်ပွတ်လိုက် ပြီး ထင်းစည်းကြီးကိုထမ်းကာ အနောက်ဘက် မီးဖိုးဆောင်ရှိ ရာသို့ ဝင်သွားလေတော့သည်။

ကူးဝေဝေက ဆန်းလျန်ဘက်သို့လှည့်ကြည့်လိုက်ပြီး...

"အားလျန်... အဲဒီဆရာတော်ဘာဖြစ်လာတာလဲ ငါ့ကိုပြောပြ စမ်းပါ..."

ဆန်းလျန်က...

"ကျွန်တော်က ဘယ်လိုလုပ်သိမှာလဲ..."

ကူးဝေဝေက...

"နင်မသိဘူးဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..."

ဆန်းလျှန်က...

"အစ်မရယ်... အစ်မပဲ ခုန ကျွန်တော့်ကို အဲဒီလိုလျှောက်မ

ပြောရဘူးလို့ ပြောထားပြီးတော့..."

ကူးဝေဝေက မျက်လုံးလေးကလယ်ကလယ်ဖြင့်...

"ငါဘာပြောလိုက်တာလဲဟင်... မေ့သွားပြီ..."

ဆန်းလျှန်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး မီးဖိုဆောင်ရှိရာသို့

ထွက်ခွာသွားလေသည်။

"ကျွန်တော်ကတော့ မမေ့ဘူး..."

ကူးဝေဝေက ဟွန့်ခနဲ နှာခေါင်းတစ်ချက် ရှုံ့လိုက်လေသည်။

အဲဒီ အားလျှန်ဟာ ပိုပြီးတော့တောင် ကပ်တီးကပ်ဖွဲ့နဲ့ ဖြစ်လာ

သည်ပဲ။

မီးဖိုဆောင်ထဲတွင်တော့...

ကျွယ်ရှင်းက ထင်းစည်းကြီးကို ကြမ်းပြင်ထက်ပစ်ချလိုက်

လေသည်။

ဆန်းလျန်က သူ့နောက်မှလိုက်လာပြီး ကြွေပုလင်းလေး (၁)လုံး

ကို လေထဲတွင် ဖန်ဆင်းလိုက်ပြီး....

"အနီရောင်ဆေးက အတွင်းဒဏ်ရာအတွက် ၊ အဖြူရောင်ဆေး

က ပြင်ပဒဏ်ရာတွေအတွက်... သောက်လိုက် ၊ ချက်ချင်း

သက်သာသွားလိမ့်မယ်..."

ကျွယ်ရှင်းက ကြွေပုလင်းလေးကို လှမ်းယူလိုက်ပြီး လက်ထဲ

သို့ ဆေးလုံး (၂)လုံးကို လောင်းချလိုက်လေသည်။

ထို့နောက် ဆန်းလျန်ပြောသည့်အတိုင်း ဆေးလုံးများကို

သောက်လိုက်ရာ ဒဏ်ရာများ ချက်ချင်း ပျောက်ကင်း သွား

လေ၏။

အမှန်တော့ ကျွယ်ရှင်းက သူ၏ဒဏ်ရာများကို မိုးကောင်ကင်နတ်မိစ္ဆာပညာကိုအသုံးပြုကာ ဖုံးကွယ်ထား၍ရလေ သည်။ သို့သော်... ဆန်းလျန်က သူ့ကိုဆေးကုပေးမည်ကို သိရှိသည့်အတွက် မည်သည့်ဟန်ဆောင်မှုမှ မပြုလုပ်ဘဲ ပြန်လာခြင်း ဖြစ်လေ၏။

ကျွယ်ရှင်းက တစ်ချက်ပြုံးလိုက်ရင်း....

"ကျွန်တော် ချင်းရှတောင်မှာ ထင်းသွားခုတ်တာ ၊ မျက်နှာအနက်ရောင်နဲ့လူတစ်ယောက်ကို တွေ့ခဲ့တယ် ၊ ကျွန်တော်က တန်ခိုးစွမ်းအားမသုံးနိုင်ခင်မှာပဲ သူတိုက်ခိုက်တာ ခံလိုက်ရတယ်..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"မင်းက မိုးကောင်းကင်မိစ္ဆာပညာကို ကျင့်ကြံထားတဲ့သူပဲ ၊ အဲဒီလို အန္တရယ်ရှိတဲ့သူမျိုးနဲ့ရင်ဆိုင်ရရင် ကျုပ်ကို စိတ်စွမ်းအားနဲ့ ချက်ချင်းအကြောင်းကြားလိုက်တာ မဟုတ်ဘူး..."

ကျွယ်ရှင်းက....

"သူက ဘာတန်ခိုးစွမ်းအားမှ မသုံးဘူး ၊ သိုင်းပညာနဲ့ပဲ တိုက်ခိုက်တာ ၊ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်က သာမန်လူတွေထက် ပိုပြီးကြံ့ခိုင်လွန်းတယ် ၊ ပြီးတော့ ထူးလည်းထူးဆန်းတယ်... ၊ ကျွန်တော် တန်ခိုးစွမ်းအား အသုံးပြုပြီးတိုက်ခိုက်ရင်တောင် သူ့ကိုနိုင်ချေမရှိဘူး..."

ဆန်းလျန်က...

"ကြည့်ရတာ သူက ရုပ်ခန္ဓာကျင့်စဉ်ရော ၊ တာအိုကျင့်စဉ်ရော (၂)ခုလုံးကျင့်ကြံထားပုံရတယ် ၊ ဒီလိုလေ့ကျင့်တာက ရုပ်ခန္ဓာ ကြံ့ခိုင်မှုကို မြင့်မားစေလိမ့်မယ် ၊ ဒါပေမဲ့ အဆုံးသတ်မှာတော့ စိတ်အာရုံပျံ့လွင့်ပြီး အောင်မြင်မှုရဖို့ ခဲယဉ်းလိမ့်မယ် ၊ နေပါဦး... အဲဒီလူက မင်းကိုလာရှာတာလား... ၊ မင်းနဲ့ ရန်ငြိုးရှိခဲ့ဖူးတဲ့သူလား..."

ကျွယ်ရှင်းက...

"သခင်လေး... မေးခွန်းတွေကလည်း များလိုက်တာ..."

ဆန်းလျန်က...

"မေးရမှာပေါ့... သူက တကယ်တမ်း မင်းရဲ့ရန်သူသာဆိုရင် မင်းကသူ့ကိုခန့်မှန်းနေသလို သူကလည်း သူကလည်း မင်းကို ခန့်မှန်းနေမှာပဲ ၊ ပြီးတော့ ရန်သူက ညာဏ်ကောင်းတဲ့လူတစ်ယောက်သာဆိုရင် မင်းခန့်မှန်းထားတာတွေ အပေါ်နင်းပြီး မင်းကို တန်ပြန်တိုက်ခိုက်သွားလိမ့်မယ် ၊ အဲဒီတော့ ဘယ်သူက ညာဏ်ပိုကောင်းလဲဆိုတာ နောက်ဆုံးမှာပေါ်သွားမှာပဲ..."

ကျွဲယ်ရှင်းက...

"သခင်လေးရာ... ဟိုမိန်းမပျိုကလည်း အခု ချင်းရှတောင်မှာ ကျောင်းတော်ဆောက်ပြီးနေနေတာလေး ၊ တန်ခိုးစွမ်းအားကလည်း အရမ်းမြင့်မားတယ် ၊ ဒီလိုသာ တွက်ချက်နေရကြေးဆိုရင် ဘယ်လိုလုပ် ဆုံးနိုင်တော့မှာလဲ..."

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မင်းအဲဒီလို တွက်ချက်ခန့်မှန်းတာမျိုးတွေမလုပ်ဘူးဆိုရင်

ဘယ်လိုလုပ် ဗုဒ္ဓဘာသာကျင့်စဉ်တွေနဲ့ တရားအလင်း ရနိုင်

တော့မလဲ..."

ကျွယ်ရှင်းက ပြုံးလိုက်ရင်း...

"ဗုဒ္ဓဘာသာကျင့်စဉ်တွေနဲ့ တရားအလင်းမရတော့လည်း

နတ်မိစ္ဆာလုပ်ရုံပေါ့ဗျာ ၊ မထူးပါဘူး..."

ဆန်းလျန်၏မျက်လုံးများက နက်ရှိုင်းသွားပြီး...

"မင်း အခုတလော တော်တော်လေး တိုးတက်လာတာပဲ..."

ကျွယ်ရှင်းက...

"ဒါကပုံမှန်ပါပဲ ၊ ဗုဒ္ဓဘာသာကျင့်စဉ်တွေရော မိစ္ဆာကျင့်စဉ်ကို

ပါ ကျင့်ကြံပြီး ကျွန်တော် အချိန်အကြာကြီး အသက်ရှင်

နေထိုင်ခဲ့တာ ၊ အရင်တုန်းက မိုးကောင်းကင်နတ်မိစ္ဆာပညာကို

အသုံးပြုပြီး လောကကြီးကို စိတ်အာရုံလွှင့်ပြီး လျှောက်ကြည့်

ခဲ့တယ် ၊ သခင်လေးနဲ့တွေ့ခွင့်ရတယ် ၊ အခု လူ့လောကရှုံ့နွံထဲ

မှာ သခင်လေးနဲ့အတူ နေထိုင်ရပေမယ့် ကျွန်တော် တကယ် ပျော်ပါတယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းနားလည်ထားတာတွေက အမှန်တရားနဲ့ နီးစပ်တယ်၊ ဒါနဲ့ နေပါဦး.... မင်းအခုပဲ ခံလာရတာမဟုတ်ဘူးလား၊ တကယ်ဆို ပျော်မနေဘဲ ဒေါသထွက်နေရမှာလေ...."

ကျွယ်ရှင်းက ခေါင်းငုံ့လိုက်ရင်း...

"ဒါ့ကြောင့် အဲဒီလူကို ဘယ်လိုပြန်ပြီးတိုက်ခိုက်ရမလဲဆိုတာ သခင်လေး ကျွန်တော့်ကို သင်ပေးပါလား..."

ဆန်းလျန်က...

"ကျုပ်က သင်ပေးလို့ရပါတယ်၊ ဒါပေမဲ့ မင်းကြိုးစားနိုင်မယ် ဆိုတာ သေချာလို့လား..."

ကျွယ်ရှင်းက...

"ကျွန်တော် ကြိုးစားကြည့်တာပေါ့..."

ဆန်းလျန်က ကျွယ်ရှင်းကို ချက်ချင်းပင် လက်သီးသိုင်း

ပညာသင်ပေးလေသည်။

ဆန်းလျန်သင်ပေးသည့် သိုင်းပညာမှာ အလွတ်လက်သီးထိုး

နည်းဖြစ်လေသည်။ ထိုလက်သီးသိုင်းကို ဆန်းလျန်ကိုယ်တိုင်

တီထွက်ထားခြင်းဖြစ်လေသည်။ ထို့ပြင်... ထိုလက်သီးသိုင်း

သည် ကျွယ်ရှင်းနှင့် အသင့်တော်ဆုံး လက်သီးသိုင်းလည်း ဖြစ်

လေ၏။

လက်သီးတစ်ချက်ဖြင့် ကျောက်ဆောင်ကျောက်သားများကို

ပင် ထိုးခွဲနိုင်စွမ်း ရှိလေသည်။ ထိုလက်သီးသိုင်းဖြင့်သာ ဆို

လျှင် အနက်ရောင်မျက်နှာနှင့်လူကို ကောင်းကောင်း ရင်ဆိုင်

နိုင်မည် ဖြစ်လေသည်။

ကျွယ်ရှင်းသည် ဆန်းလျန်သင်ပေးသည့် လက်သီးသိုင်းကို

ချက်ချင်းပင် သင်ယူတတ်မြောက်သွားလေသည်။

....

ချင်းရှတောင်ပေါ်သို့ တက်ရာလမ်းသည် ကျောက်တုံး

လှေကားထစ်တောင်တက်လမ်းလေးတစ်ခု ဖြစ်လေသည်။

ကျောက်တုံးလှေကားထစ်တောင်တက်လမ်းလေးအဆုံးတွင်

အေးစက်တိတ်ဆိတ်သည့် ဝါးရုံတောလေးရှိလေသည်။ ဝါးရုံ

တောနှင့်မနီးမဝေးတွင်တော့ တာအိုကျောင်းတော်တစ်ခု

တည်ရှိလေ၏။

တာအိုကျောင်းတော်ရှေ့တွင် သစ်သားဆိုင်းဘုတ်တစ်ခု

ရေးထိုးထားလေသည်။

"ချင်းရှကျောင်းတော်..."

ပြီးတော့ ကျောင်းတော်တံခါးချပ် (၂)ချပ်တွင် ကဗျာ

(၂)ကြောင်း ရေးသားထားလေသည်။

"ဝါးတောလေးက စမ်းချောင်းလေးစီးဆင်းနေတာကို တားဆီး

နိုင်မှာတဲ့လား...

တောင်မြင့်ကြီးကရော ပျံသန်းနေတဲ့တိမ်တိုက်တွေကို တားဆီးနိုင်မှာတဲ့လား..."

ကဗျာကိုရေးသားထားသည့် လက်ရေးစုတ်ချက်တွင် သဘာဝတရား၏ ရှင်လန်းမှုများဖြင့် ပြည့်နက်နေပြီး ကဗျာကိုဖတ်လိုက်မိသည်နှင့် စိတ်ဆင်းရဲစရာများအားလုံးကို မေ့ပျောက်သွားနိုင်လေသည်။

ချင်းရှကျောင်းတော်မှ ချင်းရှတောင်ပေါ်တွင် ရုတ်တရက်ပေါ်လာသည့် ကျောင်းတော်တစ်ခု ဖြစ်လေသည်။ သို့သော်... လောကနိယာမတရားများကို ဆန့်ကျင်ပြီး ဖန်ဆင်းထားသည့် ကျောင်းတော်တစ်ခုတော့ မဟုတ်ပေ။

တစ်ညအတွင်းမှာပင် မြောက်အရပ်မှ ဗိသုကာပညာရှင်တစ်ယောက်နှင့် တောင်အရပ်မှ ဗိသုကာပညာရှင် တစ်ယောက်ရုတ်တရက်ရောက်လာပြီး ချင်းရှကျောင်းတော်ကို ညတွင်းချင်းအပြီး တည်ဆောက်သွားကြခြင်း ဖြစ်လေသည်။

သူတို့က ချင်းရှကျောင်းတော်ကိုတည်ဆောက်မည့် မိန်းမပျို၏ ညွှန်ကြားချက်အတိုင်း ဆောက်လုပ်သွားကြခြင်း ဖြစ်လေ၏။ ကျောင်းတော်ဆောက်လုပ်ပြီးသွားသည်နှင့် ဗိသုကာပညာရှင်များလည်း ညတွင်းချင်းပင် ပြန်သွားကြလေသည်။ မိန်းမပျိုက ထိုဗိသုကာ (၂)ယောက် နစ်နာခြင်းမရှိလေအောင် မမျှော်မှန်းနိုင်သည့် ငွေကြေးအဖိုးအခများကို ပေးကမ်းခဲ့လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် မိန်းမပျိုသည် မည်မျှ တန်ခိုးစွမ်းအား မြင့်မားသည်ကို သိရှိနိုင်လေသည်။

ထို့ကြောင့် လူအများသည် ချင်းရှတောင်ပေါ်တွင် ရုတ်တရက်ပေါ်ပေါက်လာသည့် တာအိုကျောင်းတော် အနားသို့ပင် ရစ်သီရစ်သီ သွားရောက်ရဲခြင်း မရှိကြပေ။

သို့သော်... မည်သည့်အရာမဆို ခြွင်းချက် ရှိစမြဲပင်။

ယနေ့တွင်တော့ တာအိုကျောင်းတော်သို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုသူသည် အခြားသူများထက်ပိုပြီး အသားအရေနက်မှောင်လေသည်။ ထို့ပြင် သာမန်လူများထက်လည်း သိသိသာသာ အရပ်ရှည်လေသည်။ စိတ်ဓာတ်ကလည်းပြင်းထန်ပုံရပြီး ထိုသူသည် ချင်းရှကျောင်းတော်အပြင်ဘက် တွင်ရပ်နေလေ၏။

ထို့နောက်... ထိုလူက ချင်းရှကျောင်းတော်တံခါးမှ သံကွင်းတစ်ခုကိုကိုင်လိုက်ကာ သတိထားပြီး တံခါးခေါက်လိုက် လေသည်။ တံခါးခေါက်သံ (၃)ချက်ထွက်ပေါ်လာပြီးသည့်နောက် အစေခံမိန်းကလေးတစ်ယောက်က တံခါးလာဖွင့် ပေးလေသည်။

အစေခံမိန်းကလေးက ထိုသူကို ကျောင်းတော်အတွင်းသို့ ဖိတ်ခေါ်သွားလေသည်။

ကျောင်းတော်ခန်းမဆောင်အတွင်းသို့ ရောက်သည့်အခါတွင်

တော့ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်ကို တွေ့ရလေ

သည်။

ထိုပန်းချီကားမှာ "ထျန်း" ဆိုသည့် စာလုံးတစ်လုံးတည်းကိုသာ

ရေးသားထားသည့် ပန်းချီကားတစ်ခုဖြစ်လေသည်။ ထိုစာလုံး

အပြင် အခြားမည်သည့်အရာကိုမှ ခန်းမထဲတွင် ချိတ်ဆွဲထား

ခြင်း မရှိပေ။

(ထျန်း ဆိုသည်မှာ မိုးကောင်းကင်ဟုအဓိပ္ပါယ်ရပါသည် -

ဘာသာပြန်သူ)

ထို့နောက်တွင်တော့... ကျောင်းတော်အတွင်းခန်းမှ မိန်းမပျို

တစ်ယောက် ထွက်လာလေသည်။

ထိုမိန်းမပျိုမှာ အခြားသူမဟုတ်ပေ။ တာအိုကျောင်းတော်

ဆောက်လုပ်ရန်အတွက် ပိုင်ကျားမြို့တွင် ငွေစ ၊ ရွှေစ များ

ဖြင့်ပစ်ပေါက်ခံကာ အလှူခံခဲ့သည့် မိန်းမပျိုပင် ဖြစ်လေသည်။

မိန်းမပျိုက...

"မင်းက ရဲ့မော်ထျန်းလား..."

အနက်ရောင်မျက်နှာနှင့်လူက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး

မိန်းမပျိုကို လက်နှစ်ဖက်စုပ်ကာ ဂါရဝပြုလိုက်လေ သည်။

မိန်းမပျိုက...

"ဘာကိစ္စနဲ့လာတာလဲ..."

ရဲ့မော်ထျန်းက...

"မိစ္ဆာသခင်က နတ်သမီးဆီက ပစ္စည်း ငှားယမ်းခိုင်းလိုက်လို့

ပါ..."

မိန်းမပျိုက...

"မငှားနိုင်ဘူး..."

မိန်းမပျိုက ပွင့်ပွင့်လင်းလင်းပင် ငြင်းဆန်လိုက်လေသည်။

သူမက ရဲ့မော်ထျန်းကို လုံးဝ ကြောက်ရွံ့ဟန်မရှိပေ။

ရဲ့မော်ထျန်းက...

"မိစ္ဆာသခင်က ကွမ်ယင်မယ်တော်ရဲ့ ကြွေပန်းအိုးနဲ့ မိုးမခခက် ကို တစ်ကြိမ်လောက်ငှားယမ်းဖို့ ပြောလိုက်ပါတယ်..."

မိန်းမပျိုက ငြင်းလိုက်သည့်တိုင် ရဲ့မော်ထျန်းက လက်မလျှော့ဘဲ ဆက်ပြီး စကားပြောနေသေးသည်။

မိန်းမပျိုက ပြုံးလိုက်ရင်း...

"သူက ကျိကျိုက်ထျန်းကောင်းကင်ဘုံမှာနေတာမဟုတ်လား၊ ငါ့ဆီမှာ အဲဒီပစ္စည်းတွေရှိတာ ဘယ်လိုလုပ်သိတာ လဲ..."

ရဲ့မော်ထျန်းက...

"မိစ္ဆာသခင်မသိတာ ဘာမှမရှိဘူး၊ သူသာ မသိဘူးဆိုရင် ကျုပ်ကို နတ်သမီးဆီ ဘယ်လွှတ်မှာလဲ၊ အဲဒီတော့ နတ်သမီး ဘယ်လိုသဘောရပါသလဲ..."

မိန်းမပျိုက...

"သူက အနိုင်ရခဲ့တဲ့သူပါ၊ ငါက သူနဲ့ဘယ်လိုလုပ်ပူးပေါင်းနိုင်မှာလဲ၊ မင်း ပြန်ပါတော့..."

ရဲ့မော်ထျန်းက...

"နတ်သမီး ထပ်ပြီး စဉ်းစားမပေးတော့ဘူးလား..."

မိန်းမပျိုက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း....

"ငါပြောင်းနေတာတောင် မင်းက ဆက်ပြီးအထွန့်တက်ရဲနေသေးတာလား ၊ ပွင့်ပွင့်လင်းလင်းပြောရရင် သူက ကျိုကျိုက်ထျန်းကောင်းကင်ဘုံကိုရောက်သွားပြီ ၊ သူ့ကို ငါရင်မဆိုင်ချင်ပေမယ့် မင်းကတော့ ဘာကောင်မှ မဟုတ်ဘူး... ရဲ့မော်ထျန်း ၊ မင်းက နတ်ဘီလူးကျင့်စဉ်နဲ့ ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာကိုကျင့်ကြံထားလို့ နတ်ဘုရား ခန္ဓာရနေပြီဆိုတာနဲ့ အတင့်ရဲနေတာလား ၊ မင်းက .... သိပ်သတ္တိရှိနေတယ်ပေါ့လေ..."

မိန်းမပျို၏ စကားသံဆုံးသွားသည်နှင့် ခန်းမတစ်ခုလုံးတွင်ကြာပန်းများဖြင့်ပြည့်နက်သွားလေသည်။ ကြာပန်းများကမြင့်မြတ်လွန်းပြီး အလင်းရောင်များလည်း တောက်ပနေလေသည်။

မိန်းမပျိုသည် ကောင်းကင်ယံအလား အတိုင်းအဆမဲ့သည့်

မြင့်မြတ်ခြင်းများနှင့် ပြည့်စုံလျှက် ရှိလေသည်။

အခန်း (၇၆၅) ပန်းပွင့်ကလည်းအရွက်ကိုမတွေ့နိုင် အရွက်က

လည်းပန်းပွင့်နဲ့မဆုံနိုင်

ဤနတ်မိမယ်သည် အဘယ့်ကြောင့် "ထျန်း" ဆိုသည့်စာလုံးကို

ကျောင်းတော်ခန်းမဆောင်ထဲတွင် ကိုးကွယ်ထားရ သည်ကို ရဲ့

မော်ထျန်း ကောင်းကောင်း နားလည်သွားခဲ့ပြီ ဖြစ်လေသည်။

"တိ" ဆိုသည့် မြေကြီးကို ကိုးကွယ်ရန်မထိုက်တန်သောကြောင့် "ထျန်း" ဆိုသည့် မိုးကောင်းကင်ကို ကိုးကွယ်ရခြင်း မဟုတ်ပေ။

မိန်းမပျိုကျင့်ကြံသည့်ကျင့်စဉ်သည် ကောင်းကင်နှင့်သက်ဆိုင်ပြီး ကောင်းကင်ကို ကိုယ်စားပြုသည့် နိယာမတရား များကို ကျင့်သုံးရသည့်ကျင့်စဉ်ဖြစ်သည့်အတွက် "ထျန်း" ဆိုသည့် စာလုံးကို အလေးအမြတ်ထားရ ခြင်း ဖြစ်လေ၏။

ရဲ့မော်ထျန်းသည် မိန်းမပျိုကို တန်ခိုးစွမ်းအားအရာတွင် အဘယ်မှာ ယှဉ်ပြိုင်နိုင်ပါမည်နည်း။ သူ့အဆင့်က နတ်ဘုရားတစ်ပါးဖြစ်ရန် များစွာလိုအပ်နေသေးသည်။ ထို့ပြင်... သူက မိန်းမပျိုကို အစကတည်းက လေးစားသူ တစ်ယောက်ဖြစ်လေသည်။

ယခုတော့ သူ၏လေးစားမှုများသည် ကြောက်ရွံ့မှုအဖြစ်သို့ ကူးပြောင်းသွားပြီ ဖြစ်လေသည်။ မိန်းမပျိုကို မြင်တွေ့ရ

သည်မှာ မိုးကောင်းကင်ကြီးကို မြင်တွေ့ရသည့်အလား ခံစား

လိုက်ရလေသည်။

သို့သော်... သူက မိန်းမပျိုထံမှ ပစ္စည်းများကို ရအောင်ယူခဲ့

မည်ဟု မိစ္ဆာသခင်အား ကတိပေးထားခဲ့ပြီး ဖြစ်လေရာ သူ့

အနေဖြင့် လက်ဗလာဖြင့် ပြန်ရန်မှာ မည်သို့မှ မဖြစ်နိုင်ပါချေ။

မဟုတ်ပါက သူ့ဘဝအဆုံးသတ်သည် ထူးမခြားနားပင် ဖြစ်ရ

ပေမည်။

ကြာပန်းများ၏ အလင်းရောင်များအောက်တွင် ရဲ့မော်ထျန်းမှာ

ကြယ်လေးတစ်စင်းကြွေသွားသည့်အလား ကျောင်းတော်

အပြင်ဘက်သို့ လွင့်စင်ထွက်သွားကာ ချင်းရှုတောင်ခြေသို့

တန်းရောက်သွားလေသည်။

ရဲ့မော်ထျန်းက ချင်းရှုတောင်ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်

ရင်း...

"နတ်သမီးက ပစ္စည်းမငှားဘူးဆိုရင် ကျုပ်ကလည်း ဒီနေရာက တစ်ဖဝါးမှ မခွာနိုင်ဘူး ၊ ကျုပ်ရဲ့ဖွဲ့ကောင်း သစ္စာရှိမှု ကိုကြည့်ပြီး နတ်သမီးက သနားလာကောင်းပါရဲ့..."

ပြောပြီးသည်နှင့် ရဲ့မော်ထျန်းသည် ချင်းရှတောင်ခြေတွင် တင်ပျဉ်ခွေကာ ထိုင်နေလေတော့သည်။ လှုပ်ရှားမှု တစ်စက်ကလေးမှမပြဘဲ တောင်ကိုစောင့်နေသည့် ကျောက်ရုပ်တစ်ရုပ်အလား ထိုင်နေခြင်း ဖြစ်လေသည်။

မိန်းမပျိုကတော့ ရဲ့မော်ထျန်းကို မောင်းထုတ်လိုက်ပြီးသည်နှင့် တစ်ချက်ပင် အရေးမစိုက်တော့ပေ။ သူမက ရဲ့မော်ထျန်းထက် များစွာသာလွန်သူဖြစ်လေရာ ရဲ့မော်ထျန်းကို သတ်ပစ်လိုက်၍ရလေသည်။ သို့သော်... ရဲ့မော်ထျန်း၏ နောက်ကွယ်မှလူကို ထောက်ထားသည့်အတွက် ရဲ့မော်ထျန်းကို လွှတ်ပေးလိုက်ခြင်း ဖြစ်လေ၏။

ရဲ့မော်ထျန်း၏ နောက်ကွယ်မှလူသည်။ ကျိကျိုက်ထျန်း

ကောင်းကင်ဘုံတွင် ရှိနေသည် မဟုတ်ပါလား။

ထိုသူသည် စစ်မှန်သည် မိစ္ဆာသခင်တစ်ပါးဖြစ်သွားပြီး

သည့်နောက်ပိုင် ကျိကျိုက်ထျန်းသို့ ရောက်ရှိသွားခဲ့လေသည်။

သူတစ်ယောက်တည်းသာမဟုတ် သူနေထိုင်သည့် နေရာနှင့်

သူ၏နောက်လိုက်များအားလုံး ရောက်ရှိသွားကြခြင်း ဖြစ်လေ

သည်။

ထို့ကြောင့် ထိုသူကို ဖျက်စီးပစ်ချင်ပါက တစ်ယောက်တည်းကို

သုတ်သင်ပစ်၍မရပေ။ သူနှင့်ပတ်သက်သည့် နေရာတစ်ခုလုံး

ကို ဖျက်စီးပစ်ရမည် ဖြစ်လေသည်။ သို့သော်... ထိုသူကို ဖျက်

စီးသုတ်သင်ပစ်ရန်မှာ အလွန်မျ ခက်ခဲလေသည်။

ထိုသူ၏လူများအားလုံးသည် သူတို့၏ ခံစားချက်များကို မေ့

ပျောက်သွားပြီး ထိုသူနှင့် ပေါင်းစည်းသွားကြမည် ဖြစ်လေ

သည်။

ကြားရသည်မှာ ကြောက်မက်ဖွယ်ရာဖြစ်သော်လည်း တကယ်တမ်းတွင် သိပ်ပြီး ကြောက်မက်ဖွယ်ရာ မရှိပါချေ။ ထိုသူက ကျိကျိုက်ထျန်းတွင် နေထိုင်သည့်အချိန်တွင် သူသည် လူသားများနှင့် အလိုရှိတိုင်း ဆက်သွယ်၍ မရနိုင်တော့ပေ။ ကျိကျိုက်ထျန်းတွင် သူ့အတွက် ကိုယ်ပိုင်ကန့်သတ်ချက်များ ရှိနေလေသည်။

ထိုသူက အဘယ့်ကြောင့် သူမဆီမှ ပစ္စည်းများငှားချင်ရသည်ကို မိန်းမပျို ကောင်းကောင်းသိလေသည်။ ထိုပစ္စည်းများသာ ရရှိသွားပါက ထိုသူသည် ဤလောကသို့ ပြန်လာရန် အခွင့်အရေး ရသွားပေလိမ့်မည်။ ထိုအခါ... ဤလောကမှ ဝိညာဉ်များကို ထိန်းချုပ်ပြီး ဘေးအန္တရယ် ကျရောက်စေမည် ဖြစ်လေသည်။

သို့သော်... ထိုသူက သူမလက်ထဲတွင် ပစ္စည်းများရှိသည်ကို သိသွားပြီဖြစ်သည့်အတွက် ထိုပစ္စည်းများကို ရရှိရင် မည်

သည့်အလုပ်ကိုမဆို ပြုလုပ်မည်ဖြစ်လေသည်။ ထိုအချက်ကတော့ တားဆီးနိုင်မည် မဟုတ်ပေ။

ယခု ပထမဆုံးအနေဖြင့် ရဲ့မော်ထျန်း သူမထံသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။ အမှန်တော့... ရဲ့မော်ထျန်းမှာ ရှေ့ပြေးစစ်သည်တော်တစ်ယောက်မျှသာ ဖြစ်လေ၏။

မိန်းမပျိုသည် တွေးတောနေရင်း တောင်ခြေတွင် တိတ်ဆိတ်ငြိမ်သက်စွာရှိနေသည့် ပိုင်ကျားမြို့လေးဆီသို့တစ်ချက် လှမ်းကြည့်လိုက်မိလေသည်။

ယခုတော့ ဆန်းလျန်သည် သူမရှာဖွေနေသည့်လူဟုတ်မဟုတ် မသေချာတော့ပေ။ သို့သော်... ထိုသူသာ ဆန်းလျန်ကို ထိန်းချုပ်သွားနိုင်ခဲ့လျှင် ကြီးမားသည့် ပြဿနာကြီးတစ်ခု ဖြစ်လာနိုင်လေသည်။

သူမသည် ဆန်းလျန်ကို အလွန်ကူညီချင်မိလေသည်။ သို့သော်... ထိုအတွေးများသည် သူမ ဉာဏ်လောကသို့

ရောက်လာရသည့် တာဝန်များနှင့် သိပ်ပြီး သက်ဆိုင်လှခြင်း မရှိပေ။

ထိုအချိန်မှာပင်....

သူမ၏ နှလုံးသားသည် ရုတ်တရက်လှုပ်ရှားသွားပြီး သူမရှေ့တွင် တွန့်လိမ်နေသည့် စာလိပ်လေးတစ်လိပ်ပေါ်လာ လေသည်။ စာလိပ်ထဲတွင် စိတ်အာရုံစုစည်းမှုတစ်ခုပါဝင်နေပြီး သူမက စာလိပ်လေးကို ကိုင်လိုက်သည်နှင့် သူမ၏ လက်ထဲတွင် ရေကဲ့သို့ ကြည်လင်သည့် အလင်းရောင်များ ထွက်ပေါ်လာလေသည်။

စာလိပ်လေးထဲတွင် မီးတောက်ကဲ့သို့ ရဲရဲနီနေသည့် အနီရောင်ပန်းတစ်ပွင့်ရှိနေပြီး ထိုပန်းသည် အနီရောင်ပင့်ကူ ငရဲပန်းပင်ဖြစ်လေ၏။

တစ်ချိန်တည်းမှာပင်… ရေကဲ့သို့ ကြည်လင်သည့် အလင်းရောင်များအတွင်းမှ သီးချင်းသံတစ်ပုဒ် ထွက်ပေါ်လာလေ သည်။

ထိုသီချင်းသံသည် အဆုံးမရှိသည့်အချိန်နှင့် နေရာဒေသများကို ဖြတ်သန်းလာဟန် ရှိလေသည်။ နှစ်ပေါင်းများစွာကို ဖြတ်ကျော်လာခဲ့ပုံရသည့် သီချင်းသံသည် ချင်းရှကျောင်းတော်တစ်ခုလုံးတွင် ပျံ့နှံ့သွားလေတော့သည်။

ထိုသီချင်းသံကို လူ (၂)ယောက်သာ ကြားနိုင်လေသည်။

တစ်ယောက်မှာ မိန်းမပျိုဖြစ်ပြီး နောက်တစ်ယောက်ကတော့ "သောက်ပြီးရင်မပြန်နဲ့တော့" စားသောက်ဆိုင်ထဲတွင် ရှိနေသည့် ဆန်းလျန် ဖြစ်လေ၏။

ဆန်းလျန်က ကျွဲယ်ရှင်းကို လက်သီးသိုင်းသင်ပေးပြီးသည့် အချိန်မှာပင် သီချင်းသံက ထွက်ပေါ်လာခြင်းဖြစ်လေ သည်။

ဆန်းလျှန်သည် ချက်ချင်းပင် စားသောက်ဆိုင်ခေါင်မိုးထက်သို့ ခုန်တက်လိုက်ပြီး ခေါင်းကိုမော့ကာ သီချင်းသံကို နားစွင့်လိုက်လေသည်။

သူ့နားထဲတွင်ကြားနေရသည့်သီချင်းသံသည် ဖော်မပြနိုင်လောင်အောင် သဘာဝဆန်လေသည်။

ဆန်းလျှန်၏ မျက်ဝန်းများသည် အဆုံးမရှိသည့် အချိန်နှင့် နေရာဒေသများကို ထိုးဖောက်ကြည့်လိုက်ပြီး သီချင်းသံ ထွက်ပေါ်လာရာ ဇာစ်မြစ်ကို ရှာဖွေလိုက်လေသည်။

မည်သည့်အချိန်မှန်းမသိ... ၊ မည်သည့်နေရာမှန်းမသိ...။

စင်မြင့်ထက်တွင် သီချင်းတစ်ပုဒ်ကို သီဆိုဖျော်ဖြေနေသည့် မိန်းမပျိုတစ်ယောက်ကို တွေ့ရလေသည်။

သူမ၏ လှပသည့် မျက်ဝန်းများက ဆန်းလျှန်ကို ကြည့်နေသယောင် ထင်မှတ်ရလေသည်။ သူမက နူးညံ့စွာသီချင်းဆိုနေပြီး

သူမ၏မျက်နှာသည် ပိုင်ကျားမြို့တွင် သူနှင့်ဆုံတွေ့ခဲ့သည့်

ချောမောလှပသည့် မိန်းမပျိုနှင့် ခပ်ဆင်ဆင်တူလေသည်။

သီချင်းဆိုနေသည့်မိန်းမပျိုသည် ဆန်းလျန်နှင့်ပိုင်ကျားမြို့

တွင်ဆုံတွေ့ခဲ့သည့် မိန်းမပျို၏ အစစ်အမှန်နတ်ဘုရား ခန္ဓာ

များလေလား....။ ဆန်းလျန်၏ စိတ်ထဲတွင် ထိုမိန်းမပျိုကို ရင်

နှီးသလိုလို ၊ မရင်းနှီးသလိုလို ခံစားနေရလေ သည်။

ဆန်းလျန်သည် သီချင်းဆိုနေသည့် မိန်းမပျိုကို ငေးကြည့်နေမိ

လေသည်။

သူမ၏ မျက်ဝန်းများက ရေစင်အလား ကြည်လင်နေပြီး သူမ

သီဆိုနေသည့် သီချင်းသံက နူးညံ့စွာ ထွက်ပေါ်နေလေ သည်။

"သူနဲ့သိခဲ့ရတဲ့အချိန်တွေပြီးဆုံးသွားခဲ့ပေမယ့်...

အမှတ်တရပေါင်းများစွာ ဒီရင်မှာ ထင်ကျန်ရစ်ခဲ့...

ပင်လယ်ကမ်းခြေမှာရပ်ရင်း...

ပင်လယ်လှိုင်းပုတ်ခတ်သံကိုနားထောင်ရင်း...

ပန်းတွေပြန်လည်ပွင့်လန်းလာမယ့်အချိန်ကိုစောင့်မျှော်နေမိ

တယ်...

နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ပေမယ့်....

ဒီပင်လယ်ရဲ့အခြားဘက်ခြမ်းမှာ မီးပြတိုက်တစ်ခုတောင်

ထွန်းလင်းမနေခဲ့...

ငါ... ငေးလို့ကြည့်နေဆဲ...

ကောင်းကင်ကြီးကမှောင်မိုက်လို့ ဆံပင်တွေတောင်ဖြူလာခဲ့

ပြီ...

ငါ့ရဲ့မီးအလင်းရောင်ကို သူမှ မြင်ရရဲ့လား....

သူမကြားနိုင်လည်း ငါကတော့ သီချင်းတွေသီဆိုနေမိတယ်....

ငါ... ရှက်ရွံ့မနေချင်တော့ပါ...

သူ့ကိုငါ အရမ်းချစ်ခဲ့တယ်ဆိုတာ... သိစေချင်လိုက်တာ...."

ထိုသီချင်းသံသည် ဆန်းလျှန်နေထိုင်သည့်လောကတွင် ကြားရ

လေ့ရှိသည့်သီချင်းသံများနှင့် လုံးဝ တူညီခြင်း မရှိပေ။

ထိုသီချင်းက ဂီတသံသွက်သွက်နှင့် သီချင်းစာသားများက

လည်း ပွင့်ပွင့်လင်းလင်းရှိလေသည်။ သို့သော်… ဆန်းလျ

န်၏ရင်ကို ထိရှစေခဲ့သည်ကတော့ အမှန်ပင်။

ဆန်းလျန်သည် သီချင်းသံထွက်ပေါ်လာရာနောက်သို့ လိုက်ပါ

သွားရင်း ချင်းရှကျောင်းတော်သို့ ရောက်ရှိသွားလေ သည်။

သူက မိန်းမပျိုကိုတွေ့လိုက်သည်နှင့်…

"မင်းနာမည်ဘယ်သူများလဲ သိပါရစေ ၊ ဟိုနေ့ကတည်းက

ကျုပ်မေးဖို့ မေ့နေမိတာ…"

မိန်းမပျိုက…

"ရှင် ကျွန်မကို ကြာပန်းဖြူလို့ ခေါ်နိုင်ပါတယ်…"

သီချင်းသံမှာ ရပ်တန့်သွားပြီ ဖြစ်လေသည်။

တန်ခိုးစွမ်းအားမြင့်မားလွန်းသူဆန်းလျန်သည်ပင်လျှင် ထို

မိန်းမပျို မည်သည့်နေရာ ၊ မည်သည့်အချိန်တွင် သီချင်းဆို

နေသည်ကို ခန့်မှန်းနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ထိုနေရာက မည်သည့်နေရာများလဲ...။

ထိုနေရာသည် လောက၏ တစ်ဖက်ကမ်းလည်း ဖြစ်နိုင်လေသည်။ ဒါမှမဟုတ် လူ့လောကဒုက္ခပင်လယ်များထဲမှ အခြားသော နေရာတစ်ခုလည်း ဖြစ်နိုင်လေသည်။

ဆန်းလျန်က...

"နာမည်ကလည်း မလှလိုက်တာ..."

မိန်းမပျိုက....

"ဘာဖြစ်လို့ မလှရမှာလဲ..."

ဆန်းလျန်က...

"မင်းကို မနာလိုဖြစ်လို့ ပြောတာလေ..."

ကြာပန်းဖြူကပြုံးလိုက်ရင်း...

"အဲဒါက ရှင့်ရဲ့ကိစ္စပဲလေ ၊ ကျွန်မနဲ့ ဘာဆိုင်လို့လဲ..."

ဆန်းလျန်က...

"လောကမှာ လူတွေက ဒီလိုအကြောင်းတရားတွေနဲ့ ဆက်စပ်နေထိုင်ကြရတာပဲ မဟုတ်လား၊ ဘယ်လိုလုပ် ရှောင်လွှဲလို့ရနိုင်မှာလဲ..."

ကြာပန်းဖြူက...

"ဒါပေမဲ့ ကျွန်မကတော့ အဲဒါတွေနဲ့ ဝေးဝေးနေချင်တယ်..."

ဆန်းလျန်က....

"တကယ်တော့ ကျုပ် မင်းကို တောင်းပန်ချင်လို့ လာခဲ့တာပါ..."

ကြာပန်းဖြူက...

"ဘာဖြစ်လို့တောင်းပန်မှာလဲ..."

ဆန်းလျန်က...

"ကျုပ် မင်းကို စစတွေ့တွေ့ချင်းတုန်းက မင်းကို အစစ်အမှန် မဟုတ်ဘူးလို့ ထင်ခဲ့မိတယ်၊ ဖန်ဆင်းခံပုံရိပ်ယောင် တစ်ခုလို့

ယူဆပြီး မင်းကို မလေးမစားဆက်ဆံခဲ့မိတယ်၊ အခု ကျုပ်

မှားသွားတဲ့အတွက် တောင်းပန်ချင်လို့ပါ..."

ကြာပန်းဖြူက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"ရှင်မမှားပါဘူး၊ ရှင့်ရဲ့သုံးသပ်ချက်တွေအားလုံးက မှန်ပါ

တယ်၊ ကျွန်မက ဖန်ဆင်းခံထားရတဲ့ ပုံရိပ်ယောင် သက်သက်

ပါပဲ..."

ဆန်းလျန်က....

"ဒါပေမဲ့ မတူဘူး၊ သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းက အနီ

ရောင်ပင့်ကူငရဲပန်းအကြောင်းကို မင်းသိတယ် မဟုတ်လား၊

အဲဒီပန်းက အပွင့်ရှိရင် အရွက်မရှိဘူး၊ အရွက်ရှိရင်လည်း

အပွင့်မပွင့်ဘူး၊ အဲဒီပန်းရဲ့ သဘာဝအရ အရွက်နဲ့အပွင့်ဟာ

ဘယ်တော့မှ ဆုံစည်းခွင့်မရှိကြဘူး၊ အဲဒါ မင်းနဲ့ မင်းကို

ဖန်ဆင်းခဲ့တဲ့ နတ်ဘုရားရဲ့ ဆက်ဆံ ရေးပဲ၊ မင်းရှိနေတဲ့

လောကမှာ သူမရှိနိုင်ဘူး၊ သူရှိနေတဲ့ လောကမှာလည်း မင်းရှိ

မှာ မဟုတ်ဘူး ၊ ဒါပေမဲ့ ကြည့်ရတာ အခု သူက မင်းကို အကူအညီတစ်ခု တောင်းတော့မယ်ထင်တယ် ၊ သူလည်း မင်းရဲ့ တည်ရှိမှုကို ခံစားနေမိတယ် ထင်တယ် ၊ ဒါပေမဲ့ မင်းကို သူက ဝင်ရောက်စွက်ဖက်နိုင်စွမ်းမရှိဘူး ၊ ဒါကြောင့် သူက ဒီသီချင်းကို မင်းနဲ့ငါကြားနိုင်အောင် အချိန်နဲ့ နေရာဒေသတွေကို ဖြတ်သန်းပြီး ပို့ဆောင်ပေးလိုက်တာပဲ..."

ကြာပန်းဖြူက....

"ဒါပေမဲ့ ကျွန်မရဲ့ဖြစ်တည်မှု အဆုံးသတ်သွားပြီဆိုတာနဲ့ အဲဒါက ဘာအဓိပ္ပါယ်ရှိမှာလဲ..."

ဆန်းလျန်က...

"မင်းရဲ့ဆန္ဒတွေပြည့်သွားတဲ့တစ်နေ့ကျ အဲဒီပန်းပွင့်ကို ကျေးဇူးတင်သင့်တယ်..."

ကြာပန်းဖြူက..

"တကယ်တော့ ကျွန်မပျောက်ကွယ်သွားမှာကို ကျွန်မ မကြောက်ပါဘူး ၊ ဒါပေမဲ့ ရုတ်တရက် ကျွန်မနဲ့ မဆိုင်တဲ့ အလုပ်တွေ လုပ်ချင်လာမိတယ်..."

ဆန်းလျန်က...

"မင်းက ဘာလုပ်ချင်လာလို့လဲ..."

ကြာပန်းဖြူက...

"ရှင့်ကို ပြောပြဖို့ အဆင်သင့်မဖြစ်သေးဘူး..."

ဆန်းလျန်က...

"မင်း အဆင်သင့်ဖြစ်ပြီဆိုရင် ကျုပ်ကို ပြောပြနိုင်ပါတယ် ၊ ကျုပ်ကူညီနိုင်ရင် ကူညီပါ့မယ်..."

ကြာပန်းဖြူက...

"ကျေးဇူးတင်ပါတယ် ၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို ထပ်ပြီးသတိပေးချင်တာက ရှင်က လူသားတစ်ယောက်မဟုတ်ဘူး ၊ နတ်ဘုရားတစ်ပါးဆိုတာကို မမေ့ပါနဲ့..."

ဆန်းလျန်က…

"ကျုပ်နားလည်ပါတယ်၊ မင်းရဲ့စိတ်ထဲမှာ ပုံမှန်အတိုင်းပဲ တွေး နေတယ်ဆိုတာ…"

ကြာပန်းဖြူက…

"လူ့လောကရှုံ့နှံ့ထဲမှာ နတ်ဘုရားတစ်ပါး နေတာကြာလာပြီဆို ရင် ဘေးဆိုးအန္တရယ်တွေနဲ့ ရင်ဆိုင်ရတတ်တယ်၊ ကြည့်ရ တာ… ရှင်လည်း ဘေးအန္တရယ်ကျရောက်တော့မယ်၊ သိပ်မ ကြာတော့ဘူး…"

ကြာပန်းဖြူ၏စကားကြောင့် ဆန်းလျန်၏နှလုံးသားမှာ အနည်းငယ် လှုပ်ရှားသွားလေသည်။

သူက အကောင်းအဆိုးကိုဝေဖန်ပိုင်းခြားနိုင်သူတစ်ယောက် ဖြစ်လေရာ သိပ်ပြီးဂရုမစိုက်ဟန်ဖြင့်ပင် စကားပြန်ပြော လိုက် သည်။

"လူတွေဘယ်လိုပဲတားဆီးတားဆီး ရေလွှမ်းမိုးမှုဆိုတာက ဖြစ်ချင်ရင် ဖြစ်လာမှာပါပဲ ၊ ကျုပ်က ဘာပဲ ဖြစ်လာဖြစ်လာ ကောင်းဖို့ဖြစ်လာတာလို့ပဲ ယူဆထားပါတယ်..."

ကြာပန်းဖြူက...

"ရှင်လည်း ကိုယ်ပိုင်အတွေးအခေါ်ကောင်းတဲ့သူတစ်ယောက်ပဲလေ ၊ ကျွန်မ ရှင့်ကို အကြံတွေအများကြီး ပေးနေစရာမလိုပါဘူး ၊ ဒါပေမဲ့ ကျွန်မရှင့်ကို ဖျောင်းဖျချင်တာက ရှင့်စိတ်ထဲမှာ အခု ကြားနေ သိနေ မြင်နေ တာတွေ ကအရာအားလုံး မဟုတ်သေးဘူးဆိုတာပဲ ၊ ကျွန်မ ဒီတောင်ပေါ်မှာ အမြဲရှိနေမယ် ၊၊ ရှင်အကူအညီလိုတာရှိရင် ကျွန်မ အသင့်ရှိနေပါတယ်..."

ဆန်းလျန်က...

"ကျုပ်က မင်းကို ဘာမှ ဖုံးကွယ်ထားမှာ မဟုတ်ပါဘူး..."

ကြာပန်းဖြူက...

"ဒါဖြင့်လည်း ကောင်းပြီလေ ၊ ရှင် ကျွန်မဆီရောက်လာတယ်ဆိုတာ ကြုံတောင့်ကြုံခဲ့ကိစ္စပဲ ၊ ရှင့်ကို ဘာမှတောင် ဧည့်မခံလိုက်ရဘူး ၊ ဒီတော့ ဒီပန်းချီကားလေးပဲ ရှင့်ကို လက်ဆောင်ပေးလိုက်ပါရစေ ၊ မကြိုက်ဘူးလို့တော့မပြောနဲ့ နော်..."

အခန်း (၇၆၆) ကုချန်စန်း

ဆန်းလျန်က "ထျန်း" ဆိုသည့် စာလုံးလေးကို တစ်ချက်ဖတ်ကြည့်လိုက်လေသည်။

သူက ရုတ်တရက် တစ်ချက်ပြုံးလိုက်ရင်း...

"ဒီစာလုံးကို ကျုပ်သဘောကျပါတယ် ၊ ကျေးဇူးပဲနော်.."

ကြာပန်းဖြူက...

"ရပါတယ်..."

ယခုအကြိမ်သည် သူတို့ (၂)ယောက် ဒုတိယအကြိမ် တွေ့ဆုံ

ကြခြင်း ဖြစ်လေသည်။

သို့သော်... သူတို့ (၂)ယောက်သည် နှစ်ပေါင်းများစွာ သိကျွမ်း

ခဲ့ကြသည့် မိတ်ဆွေဟောင်းများလို ရင်းနှီးနေမိကြလေ သည်။

သူတို့ (၂)ယောက်သည် ချစ်သူများလည်း မဟုတ်ကြပေ။

သို့သော်... သူတို့ (၂)ယောက်ကြားတွင် ဖြစ်ပေါ်လာသည့်

ခံစားချက်က ထူးခြားလေသည်။ မိတ်ဆွေ ၊ သူငယ်ချင်း ၊

မိသားစုဝင်အချင်းချင်း ငြိတွယ်ကြသည့် သံယောဇဉ် အလား

ဖြစ်လေ၏။

ဆန်းလျန်က ပန်းချီကားကိုယူဆောင်ကာ ချင်းရှတောင်ပေါ်မှ

ပြန်ဆင်းလာခဲ့လေသည်။

ဆန်းလျန်က ကျောက်တုံးလှေကားထစ်များအတိုင်း တစ်ထစ်ချင်းဆင်းသွားလေသည်။ ကြာပန်းဖြူက ကျောက်တုံးလှေကားထစ်များထိပ်မှ ဆန်းလျန်၏ကျောပြင်ကို တိတ်ဆိတ်စွာငေးကြည့်နေလေသည်။ သူမသည် ဆန်းလျန်မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ဆန်းလျန်ကို ငေးမောကြည့်နေမိလေသည်။

အစေခံမလေးက ...

"နတ်သမီး ၊ နတ်သမီးကိုကြည့်ရတာ အဲဒီလူကိုများ မေတ္တာရှိနေတာလား..."

သူမသည် ကြာပန်းဖြူ၏ အစေခံမိန်းကလေးတစ်ယောက်ဖြစ်သော်လည်း သူမသည် လူသားတစ်ယောက်မဟုတ်ပါ။ သူမသည် ချင်းရှတောင်မှ မြွေတစ်ကောင်ဖြစ်လေသည်။

ကြာပန်းဖြူက...

"အချစ်အကြောင်း မင်းသိချင်တယ်ဆိုရင် လောကကြီးထဲကို သွားကြည့်ပေါ့ကွယ်..."

အစေခံမိန်းကလေးကလည်း လူ့လောကအလယ်သို့ သွားလိုစိတ်ဖြစ်မိလေသည်။

သို့သော် သူမက...

"မသွားတော့ပါဘူး ၊ ဒီမှာပဲ နတ်သမီးကို ပြုစုစောင့်ရှောက်ပါ့မယ်..."

ကြာပန်းဖြူက တိတ်ဆိတ်စွာပဲ ပြုံးလိုက်မိလေသည်။

ထို့နောက် တောင်ပေါ်တွင် မြူခိုးများ ရုတ်တရက် ထူထပ်လာပြီး ကြာပန်းဖြူနှင့်အစေခံမလေး၏ ပုံရိပ်ကို ဝိုးတဝါးသာ တွေ့မြင်ရလေတော့သည်။

ဆန်းလျန်က ချင်းရှတောင်သို့ ရောက်လာသည်ကို ဖုံးကွယ်ထားခြင်း မရှိသည့်အတွက် ရဲ့မော်ထျန်းက ဆန်းလျန်ကို တွေ့ရှိသွားလေသည်။

ရဲ့မော်ထျန်းက...

"မင်းက ဘယ်သူလဲ..."

ရဲ့မော်ထျန်း၏ အမေးကြောင့် ဆန်းလျန်က ခြေလှမ်းများကို ရပ်တန့်လိုက်သည်။

ထို့နောက် သူက လက်နှစ်ဖက်နောက်ပစ်ကာ အနက်ရောင် မျက်နှာပိုင်ရှင်ကို ကြည့်လိုက်သည်။ ထိုသူ၏ ခန္ဓာကိုယ်က ပြောစရာမလိုအောင် ကြွံခိုင်ပြည့်စုံလွန်းလှလေသည်။ ကျုန်းတျဲယီသည်ပင် သူနှင့်ယှဉ်လျှင် ဆင်နှင့် ဆိတ်အလား ကွာခြားသွားမည် ဖြစ်လေသည်။

ထိုမျှ ကြွံခိုင်လှသည့်ခန္ဓာကိုယ်ပိုင်ရှင်သည် လောတွင် အရာအတော်များများကို ဖျက်စီးပစ်နိုင်စွမ်းရှိမည်မှာ အသေအချာပင် ဖြစ်လေသည်။ ထိုသို့သောလူတစ်ယောက်၏မေးမြန်းခြင်းနှင့်ရင်ဆိုင်ရပါက ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်ပင် လျှင် စိတ်လှုပ်ရှားကြောက်ရွံ့သွားနိုင်လေ၏။

သို့သော်... ဆန်းလျန်ကတော့ လေတိုက်ခတ်သည့်တိုင် လှိုင်းထန်လာခြင်းမရှိလေသော တည်ငြိမ်အေးဆေးသည့် မျက်ဝန်းများဖြင့် ရဲ့မော်ထျန်းကို ကြည့်လိုက်လေသည်။

ရဲ့မော်ထျန်း၏ ဘဝတွင် ထိုကဲ့သို့သောအကြည့်ကိုပိုင်ဆိုင်သူ တစ်ယောက်နှင့် ဆုံခဲ့ဖူးလေသည်။ ထိုသူမှာ ကျိကျိုက်ထျန်း ကောင်းကင်ဘုံမှ လူပင် ဖြစ်လေ၏။

ယခု သူ့ရှေ့မှ သာမန်လူငယ်တစ်ယောက်၏အကြည့်သည် အဘယ့်ကြောင့် ကျိကျိုက်ထျန်းမှသူနှင့် အကြည့်ချင်း ဆင်တူနေရပါသနည်း။ သူ့ရှေ့မှလူသည် သာမန်လူတစ်ယောက် မဟုတ်သည်မှာ သေချာနေပြီ ဖြစ်သည်။

ရဲ့မော်ထျန်းက အံ့ဩသွားသော်လည်း ကြောက်ရွံ့ခြင်း မဖြစ်မိပေ။ လောကတွင် သူ၏အကြောက်တရားဖြင့် တန်သည့်သူ သိပ်မရှိလှပေ။ ထို့ပြင် သူတို့သည် ခရီးသွားဟန်လွှဲတွေ့ဆုံကြခြင်းသာ ဖြစ်လေသည်။

သို့သော်... သူ့အမေးစကားကို ဆန်းလျန်ပြန်ဖြေလိုက်သည့် အဖြေကို ကြားလိုက်ရသည့်အခါတွင်တော့ သူသည် အံ့ဩ ခြင်းမက အံ့ဩသွားရလေတော့သည်။

"ကျုပ်က မင်းမဆန့်ကျင်နိုင်တဲ့ လူတွေထဲက တစ်ယောက် ပဲ..."

သူက ဆန်းလျန်၏ အေးဆေးတည်ငြိမ်သည့်မျက်ဝန်းများထဲ တွင် မထီမဲ့မြင်မှုများနှင့် အရေးမစိုက်ခြင်းများကို တွေ့မြင် လိုက်ရလေသည်။

ရဲ့မော်ထျန်း၏ဘဝတွင် တစ်ခါမှ ထိုသို့ နှိမ့်ချအထင်သေး ဆက်ဆံခံရခြင်းမျိုးကို မခံခဲ့ရဖူးပေ။ ထို့ကြောင့် ဒေါသ ချောင်းချောင်းထွက်သွားလေသည်။

ရဲ့မော်ထျန်းက စကားပြန်မပြောတော့ဘဲ ဆန်းလျန်ကို လက်သီးတစ်ချက်ဖြင့် ထိုးသွင်းလိုက်လေသည်။

ရိုးရှင်းသည့်လက်သီးချက်တစ်ချက်သည်ပင် အလွန်ကြောက်မက်ဖွယ်ရာစွမ်းအားများ ထွက်ပေါ်လာပြီး ပေါက်ကွဲထွက်သွားလေသည်။ လက်သီးချက်က ဆန်းလျှန်ထံသို့ တည့်တည့်မတ်မတ် ဝင်ရောက်သွားလေ၏။

လက်သီးချက်သည် လျှင်မြန်သည်သာမက စွမ်းအားလည်းပြင်းထန်လှသည့်အတွက် ရှောင်တိမ်းရန် မည်သို့မှ မဖြစ်နိုင်ပေ။

သို့ရာတွင် ရဲ့မော်ထျန်း၏ စွမ်းအားပြင်းထန်လှသည့် ထိုက်ယွဲ့လက်သီးချက်ကို ဆန်းလျှန်က လက်နှစ်ချောင်းဖြင့် ပေါ့ပေါ့ပါးပါးလေးပင် တားဆီးထားလိုက်လေသည်။

တန်ခိုးစွမ်းအားမြင့်မားသည့် နတ်ဘုရားတစ်ပါးအတွက် လက်ချောင်းကိုအသုံးပြုခြင်းနှင့် လက်သီးကိုအသုံးပြု ခြင်းကခြားနားချက် မရှိပေ။ လောကကိုတုန်လှုပ်စေသည့် တန်ခိုး

စွမ်းအားဆိုသည်က မည်သည့်အခြေအနေမှာပဲ ဖြစ်ဖြစ်

အတူတူပင် ဖြစ်လေသည်။

ရဲ့မော်ထျန်းရင်ဆိုင်လိုက်ရသူမှာ သူနှင့်တန်ခိုးစွမ်းအား ညီမျှ

သူတစ်ယောက်မှ မဟုတ်ပေပဲ။

ရဲ့မော်ထျန်း၏ လက်သီးချက်ကို တားဆီးထားသည့်

ကျောက်စိမ်းသားပမာ ဝင်းပလွန်းသည့် လက်ချောင်းလေးများ

သည် မမြင်ရသည့်တွင်းနက်ကြီးတစ်ခုအလား ရဲ့မော်ထျန်း၏

တန်ခိုးစွမ်းအားများအားလုံးကို စုပ်ယူသွားလေသည်။ ရဲ့မော်

ထျန်းမှာ စွမ်းအားများအားလုံး ပျောက်ဆုံးသွားပြီး အရုပ်ကျိုး

ပြတ်လဲကျသွားလေတော့သည်။

သူကျင့်ကြံခဲ့သည့် နတ်ဘီလူးကျင့်စဥ်နှင့် ထိုက်ယှဥ့်သဏ္ဌာန်မှန်

ပညာအားလုံးမှာ တစ်ခဏအတွင်းမှာပင် ပျက်စီးသွားခဲ့ ရပြီ

ဖြစ်လေသည်။

ထိုမျှ တန်ခိုးစွမ်းအားမြင့်မားသူမျိုးကို ဤလောကတွင် ရဲ့မော်

ထျန်း တစ်ခါမှ မကြုံတွေ့ဖူးခဲ့ပေ။

ရဲ့မော်ထျန်းသည် မြေပြင်ထက်တွင် ဒူးထောက်လျှက်သားရှိ

နေလေသည်။ သူ၏ ခန္ဓာကိုယ်ကြီးဖြင့် ရိုက်ခတ်မိ

သည့်အတွက် မြေပြင်ထက်တွင် အက်ကွဲကြောင်းတစ်ခု

ပေါ်လာပြီး မြေအောက်ရေများ ထွက်ပေါ်လာလေ သည်။

နောင်လာမည့်နှစ်များတွင် ချင်းရှတောင်ကတော့ ပိုပြီး

စိမ်းလန်းစိုပြေကာ သက်ဝင်လာတော့မည် ဖြစ်လေသည်။

ရဲ့မော်ထျန်း မြေပြင်ထက်မှ ပြန်ထ လာနိုင်ရန် အချိန်

အတန်ကြာ ကြိုးစားခဲ့ရလေသည်။ သို့သော်… သူ ပြန်ထလာ

နိုင်သည့်အချိန်တွင် ဆန်းလျန်သည် သူ့အရှေ့တွင် ရှိမနေတော့

ပေ။

သူ၏စိတ်ထဲတွင် အကြောက်တရားက ကြီးစိုးသွားပြီ ဖြစ်လေသည်။ နောင်တစ်ချိန်တွင် ထိုသူကို ထပ်မံတွေ့ဆုံခွင့်ရမည်ဆိုလျှင် လုံးဝ တိုက်ခိုက်ရဲတော့မည် မဟုတ်ပေ။

သူ့ဘဝတွင် အရှုံးတရားကို ပီပီပြင်ပြင် သိရှိနားလည်လိုက်ရလေသည်။ နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာမှ အရှုံးတရားကို သိရှိနားလည်ခဲ့ပြီ ဖြစ်လေသည်။ ဆန်းကျယ်လှသည့် ကျိုကျိုက်ထျန်းမှ ထိုသူပင်လျှင် သူ့ကို ထိုမျှ စိတ်ဓာတ်ကျအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ရုတ်တရက်...

ရဲ့မော်ထျန်း၏ ခေါင်းထဲသို့ အတွေးတစ်စခု ဝင်ရောက်လာလေသည်။ ထိုကဲ့သို့သော လူတစ်ယောက်သာ လူ့လောကတွင် ရှိနေပါက ထိုသူကို ဆရာတင်ရန် အလွန်မှ သင့်တော်လှသည်ဆိုသည့် အချက်ပင် ဖြစ်လေသည်။

....

မျက်စိတစ်မှိတ်အတွင်းမှာပင်...

မီးပုံးပွဲတော်ကျင်းပမည့် (၁)လပိုင်း (၁၅)ရက်နေ့သို့ ရောက်ရှိ

လာခဲ့လေပြီ။

ကူးဝေဝေနှင့်အခြားသူများအားလုံးက မီးပုံးပွဲတော်ဆင်နွှဲရန်

အတွက် ချင်ပြည်နယ်မြို့တော်သို့ ထွက်ခွာသွားကြလေ သည်။

ကျွယ်ရှင်းသည်ပင် သူတို့နှင့်လိုက်ပါသွားလေရာ

စားသောက်ဆိုင်တွင် ဆန်းလျန်တစ်ယောက်သာလျှင် ကျန်ရစ်

ခဲ့လေသည်။

ဆန်းလျန် မီးပုံးပွဲတော်ကို လိုက်မသွားရခြင်းမှာ အကြောင်း

(၂)ခုရှိလေသည်။

ပထမအကြောင်းမှာ သူကိုယ်တိုင်က ပွဲတော်ကို စိတ်မဝင်စား

သောကြောင့် ဖြစ်လေသည်။ ဒုတိယအကြောင်းက တော့

စားသောက်ဆိုင်သို့ ဧည့်သည်တစ်ယောက်ရောက်လာမည်ကို

သိရှိနေသောကြောင့် ဖြစ်လေသည်။

လူသူကင်းရှင်းပြီး တိတ်ဆိတ်နေသည့် စားသောက်ဆိုင်ထဲတွင် မီးအိမ်လေးတစ်လုံးသာ ထွန်းညှိထားလေသည်။

အလင်းရောင်မှိန်မှိန်အောက်တွင် ဆန်းလျန်သည် တစ်ယောက်တည်း လက်ဖက်ရည်ကြမ်းသောက်နေလေ၏။

သူသည် မီးပုံးပွဲတော်ကျင်းပရာညကို တစ်ယောက်တည်း ကျေကျေနပ်နပ် ဖြတ်သန်းလျှက်ရှိလေသည်။

ရုတ်တရက်... စားသောက်ဆိုင်တံခါးပွင့်သွားပြီး လေများ တိုက်ခတ်လာလေသည်။

ဆန်းလျန်၏ ရတောင့်ရခဲ ငြိမ်းချမ်းမှုလေး ပျက်စီးသွားရပြီ ဖြစ်လေသည်။ စားသောက်ဆိုင်တံခါးဝတွင် ညွှံ့သည်တစ်ယောက်ရောက်ရှိနေပြီး တစ်ချိန်တည်းမှာပင် အပြင်ဘက်တွင်လည်း လေများတိုက်ခတ်ကာ မိုးဖွဲလေး များကျဆင်းလာလေသည်။

ရောက်ရှိလာသည့် ညည့်သည်က အသက် (၃၀)အရွယ်ခန့် လူ
တစ်ယောက် ဖြစ်လေသည်။ အစိမ်းနုရောင်ချည်သား ပုဝါတစ်
ခုဖြင့် ဆံပင်များကို စည်းနှောင်ထားပြီး မျက်ဝန်းများကတော့
မင်ရောင်အလား နက်မှောင်လွန်းလှလေသည်။
လူအုပ်ထဲတွင်ပင် ထိုသူ၏ပုံစံက မြင်သာထင်သာရှိနိုင်ပြီး
တစ်ခါကြည့်ရုံဖြင့် မှတ်မိနေနိုင်သည့်ပုံစံမျိုး ဖြစ်လေ သည်။
အဘယ်ကြောင့်ဆိုသော်... ထိုသူသည် ချောမောလှပရုံသာ
မက ထူးဆန်းသည့် စိတ်နေစိတ်ထားလည်းရှိသော ကြောင့်
ဖြစ်လေသည်။
ပြောရမည်ဆိုလျှင် သူသည် အလုံးစုံကို နားလည်
သဘောပေါက်နေဟန်ရှိပြီး အကြောက်တရားလုံးဝမရှိသည့်
ကိုယ်ရည်ကိုယ်သွေးကို ပိုင်ဆိုင်သည့် ပုံမျိုး ဖြစ်လေသည်။
ဘာမဟုတ်သည့်လူများနှင့်ရင်ဆိုင်ရခြင်းထက် ထိုသို့သောလူ
များနှင့်ရင်ဆိုင်ရသည်ကို ဆန်းလျန်က သဘောကျ လေသည်။

"ကျုပ်နာမည်က ကုချန်စန်းလို့ခေါ်ပါတယ်၊ ခင်ဗျားက ဒီဆိုင်က ဆန်းလျန်ဆိုတဲ့သူမဟုတ်လား..."

ရောက်လာသည့် ညှော်သည်က ပြောလိုက်သည်။

ဆန်းလျန်က...

"မင်း ဒီကိုလာတာ အစားအသောက်သုံးဆောင်ဖို့ ရောက်လာတာ မဟုတ်ဘူးဆိုတာ ကျုပ်သိပြီးသားပါ၊ ဒါပေမဲ့ စားသောက်ဆိုင်ကိုရောက်လာပြီဆိုမှတော့ နည်းနည်းပါးပါး လောက်တော့ သောက်ပါဦးလား..."

စကားဆုံးသွားသည်နှင့် ဆန်းလျန်ထိုင်နေသည့် စားပွဲရှေ့တွင် မီးဖိုလေးတစ်လုံးပေါ်လာပြီး မီးဖိုထက်တွင် အနွေးဓာတ်ပေးထားသည့် အရက်အိုးတစ်လုံးကိုပါ တွေ့မြင်လိုက်ရလေသည်။

ကုချန်စန်းက မျက်မှောင်တစ်ချက်ကြုံ့လိုက်ရင်း...

"ကျုပ်အရက်မသောက်တတ်ဘူး..."

ပြီးတော့ သူက ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ရင်း...

"ကျင့်ကြံသူတွေက အရက်မသောက်သင့်ဘူး..."

ဆန်းလျန်က...

"ကျင့်ကြံသူတွေ အရက်မသောက်ရဘူးလို့ တားမြစ်ထားတဲ့ စည်းကမ်း ရှိလို့လား..."

ကုချန်စန်းက ခေါင်းညိတ်လိုက်ပြီး...

"ရှိတယ်..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ကျုပ်စပြီးကျင့်ကြံတုန်းက ဒီလိုစည်းကမ်းမျိုး မကြားဖူးပါဘူး ၊ ပြီးတော့ ဒီလိုစည်းကမ်းမျိုးရှိတယ်ဆိုလည်း ကျုပ်က ဖျက်စီးပစ်လိုက်မယ် ၊ မင်းရောက်လာပြီဆိုမှတော့ အရက်နည်းနည်းလောက်သောက်တာ ဘာဖြစ်မှာမို့လို့လဲ ၊ ပိုက်ဆံရှင်းရမှာနဲ့မျောနေရင်လည်း စိတ်ထဲမထားပါနဲ့ ၊ ကျုပ်တိုက်မှာပါ..."

ကုချန်စန်း၏ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ဖိတ်ခေါ်မှုကို မငြင်းဆန်နိုင်သည့်အလား ခံစားလိုက်ရလေသည်။

ဆန်းလျန်၏ စကားများကြောင့် အားနာပြီး မငြင်းဆန်နိုင်ဖြစ်ရခြင်း မဟုတ်ပေ။

သူ၏စိတ်နှင့်ခန္ဓာကို တစ်စုံတစ်ယောက်က ထိန်းချုပ်ထားသည့်အလား ခံစားလိုက်ရပြီး ဆန်းလျန်၏ ဆန္ဒအတိုင်း အလိုအလျောက်လိုက်လုပ်နေမိခြင်းသား ဖြစ်လေသည်။

ချင်းယန်ကျောင်းတော်မှ သူ၏ဆရာဖြစ်သူ ယင်ရှန်းကျွင်းသည်ပင် လူတစ်ယောက်ကို ထိုသို့ ထိန်းချုပ်နိုင်စွမ်း မရှိပေ။

အခန်း (၇၆၇)မရှိမှုကျေးရွာတွင်ဖွင့်လှစ်ခဲ့သည့်ကောင်းကင်ဘုံ

ကုချန်စန်း၏ ခန့်မှန်းမှုမှာ မှန်ကန်လေသည်။

ဆန်းလျန်သည် သူဖြစ်ချင်သည့်ဆန္ဒအတိုင်း ဖြစ်လာစေရန်

ထိန်းချုပ်နိုင်စွမ်းရှိသူတစ်ယောက် ဖြစ်လေသည်။ သို့သော်...

အရာအားလုံးကိုတော့ ထိန်းချုပ်နိုင်စွမ်း မရှိသေးပေ။

အားလော်ဟယ်ကဲ့သို့ အတိုင်းအဆမရှိ တန်ခိုးစွမ်းအားမြင့်မား

သူများပင်လျှင် ကန့်သတ်ချက်များ ရှိနေသေးလေရာ ဆန်းလျ

န်တွင်လည်း ကန့်သတ်ချက်များကတော့ ရှိနေဆဲ ဖြစ်လေ၏။

သို့ရာတွင် ကုချန်စန်းကတော့ ဆန်းလျန်ကို လုံး၀ လျှော့မတွက်

ရဲတော့ပေ။

ဆန်းလျန်သည် နှစ်ပေါင်းထောင်နှင့်ချီပြီး အသက်ရှင်နေထိုင်

နိုင်သည့် ရှေးဟောင်းနတ်ဘုရားတစ်ပါး ဖြစ်ဟန် ရှိလေသည်။

ထိုသို့သော နတ်ဘုရားတစ်ပါးကို မည်သည့်နည်းနှင့်မှ

လျှော့တွက်၍ မရနိုင်ပေ။

နတ်ဘုရားများသည် မသေနိုင်ဘဲ ထာဝရအသက်ရှင်သန်နိုင်ကြသူများ ဖြစ်လေသည်။ သို့သော်... လျှို့ဝှက် ဆန်းကြယ်မှုများဖြင့်ပြည့်နေသည့် လောကကြီးအလယ်တွင် အစစ်ဆေးခံရမှုပေါင်းများစွာဖြင့်လည်း ရင်ဆိုင် ကြုံတွေ့ကြရစမြဲ ဖြစ်လေသည်။ ထို့ကြောင့် အစစ်ဆေးခံရမှုများကို မကျော်လွှားနိုင်ဘဲ လူပြန်ဝင်စားကြရ သည့်နတ်ဘုရားများသည်လည်း ဒုနှင့်ဒေးပင်ရှိလေ၏။

ထို့ကြောင့် နတ်ဘုရားများအနေဖြင့် လူ့လောကရှုံ့နှံ့ထဲတွင် ကြာရှည်စွာနေထိုင်ရန် မသင့်တော်လှပေ။ ထို့ကြောင့် နတ်ဘုရားများသည် လောကကိုကျော်လွန်ကာ ထွက်ခွာသွားကြရခြင်းပင် ဖြစ်လေသည်။

ကုချန်စန်းမှာ ဆန်းလျန်ကိုတွေ့သည့်အခါတွင်တော့ ညီငယ်ဖြစ်သူ လီချင်းချန် ကြာပွတ်ဖြင့် အရိုက်ခံလိုက်ရသည်မှာ နည်းပင်နည်းသေးသည်ဟု တွေးလိုက်မိလေသည်။

ကံကောင်းသည်မှာ ... သူက လီချင်းချန်၏ တစ်ဖက်သတ် စကားများကို ယုံကြည်ပြီး သူ့ရှေ့မှ တန်ခိုးရှင်ကို သွားရောက် စိန်ခေါ်မိပါက ဒုက္ခလှလှရောက်ရမည် ဖြစ်လေသည်။

ချင်းယန်ကျောင်းတော်မှ တပည့်တစ်ယောက်အနေဖြင့် လူ တကာကို ပြဿနာလိုက်ရှာကာ ရမ်းကားနေခြင်း မရှိ လင့်ကစား သူ့အနေငြဖ့် လောကတွင် ကြောက်ရမည့်သူ သိပ်မ ရှိလှပေ။ ယခုတော့ သူသည် ဆန်းလျန်ကို ကြောက်ရွံ့နေမိပြီ ဖြစ်လေသည်။

ကုချန်စန်းက ဆန်းလျန်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင် လိုက်ရင်း...

"စည်းကမ်းရယ်လို့ရှိလာရင် လူတွေက လိုက်နာကြရမှာပေါ့၊ စည်းကမ်းဖောက်ဖျက်တယ်ဆိုတာ ကျင့်ကြံခြင်းကို ဆန့်ကျင် တာပါပဲ၊ အဲဒီလိုသာဆို စည်းကမ်းထားနေလည်း အလကား ဖြစ်သွားမှာပေါ့..."

ဆန်းလျန်က...

"မင်းပြောတာလည်း မှန်ပါတယ် ၊ မင်းမသောက်ချင်ရင်လည်း ကျုပ်က အတင်းမတိုက်ပါဘူးလေ..."

ဆန်းလျန်စကားဆုံးသွားသည်နှင့် ကုချန်စန်းက အရက်ခွက်ထဲသို့ အရည်များလောင်းထည့်လိုက်ကာ တစ်ရှိန်ထိုး မော့ချလိုက်လေသည်။

သူ ယခင်က တစ်ခါမှ အရက်မသောက်ခဲ့ဖူးပေ။ သို့ရာတွင် ယခုအကြိမ်သည် ပထမဆုံးအကြိမ် အရက်သောက် ခြင်းဖြစ်လင့်ကစား သူ့မျက်နှာက သွေးရောင်လွှမ်းလာခြင်းမျိုး မရှိဘဲ ပုံမှန်အတိုင်းပင် ဖြစ်လေသည်။

ဆန်းလျန်က...

"မသောက်လည်း ရတယ်နော်..."

ကုချန်စန်းက...

"ကျုပ်သောက်မယ် ၊ ကျုပ် စည်းကမ်းဖောက်ဖျက်တော့ရော ဘာဖြစ်လဲ ၊ ဒီနေ့သောက်ရတာက လီချင်းချန်အတွက်ပဲ ၊ ဒါနဲ့... ခင်ဗျား လီချင်းချန်နဲ့ဖြစ်တဲ့ကိစ္စ ကျုပ်ကို ပြောပြနိုင်မလား..."

ဆန်းလျန်က...

"တကယ်တော့ မင်းသာအရက်မသောက်ခဲ့ဘူးဆိုရင် ၊ ဒါမှမဟုတ် ကျုပ်ကိုတိုက်ခိုက်ခဲ့မယ်ဆိုရင် မင်းဘဝမှာ ဘယ်တော့မှ နတ်ဘုရားတစ်ပါး ဖြစ်လာနိုင်မှာ မဟုတ်တော့ဘူး ၊ ထားပါတော့... ဒါက မင်းကိစ္စပါလေ ၊ ပြီးတော့ မင်းအနေနဲ့ လီချင်းချန်ကိုယ်စား ဒီကိစ္စကို ဝင်ပြီး ဖြေရှင်းစရာ မလိုပါဘူး ၊ သူဘာအပြစ်ပဲ လုပ်ခဲ့လုပ်ခဲ့ သူ့ဟာသူပဲ ထားလိုက်ပါ..."

ကုချန်စန်းက....

"ကျုပ်ရဲ့ ဂိုဏ်းတူညီလေးကို လျစ်လျူရှုထားမယ်ဆိုရင် ကျုပ်အတွက် အပြစ်ပြုတာနဲ့ မခြားပါဘူး ၊ ပြီးတော့ အခု ခင်ဗျား

ကို ကျုပ်တွေ့လိုက်ရတော့ ခင်ဗျားအနေနဲ့ လီချင်းချန်ကို အရှက်ကွဲအောင်လုပ်လည်း ဘာမှ မထူးဆန်းဘူး ဆိုတာ သိလိုက်ရပါပြီ ၊ သူက အရင်စပြီး မှားတာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ် ၊ ဒါပေမဲ့ သူက အမြင်မရှိဘူး ၊ ခင်ဗျား ဘယ်လောက်တန်ခိုးစွမ်းအားမြင့်မားလဲဆိုတာကို မကြည့်တတ်ဘူး ၊ ပြီးတော့ အခု ခင်ဗျားကို သူ့အတွက် လက်စားချေပေးဖို့ ကျုပ်ကိုလွှတ်လိုက်တာကလည်း သူ့ရဲ့ ဒုတိယအမှားပါပဲ...."

ကုချန်စန်းက ပြောပြီးသည်နှင့် ခဏနားလိုက်လေသည်။ ပြီးမှ ဆက်ပြောလိုက်သည်။

"အခု သူ့ရဲ့အမှားတွေအတွက် ကျုပ် စည်းကမ်းဖောက်ပြီး အရက်သောက်ခဲ့တယ်... ခင်ဗျား ကျေနပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်..."

ကုချန်စန်းက ဆန်းလျန်ကို ပွင့်ပွင့်လင်းလင်းပင် တောင်းပန်သည့် ဟန်ဖြင့် ပြောလိုက်လေသည်။

ဆန်းလျှန်သည် ဟယ်ရှန်းကဲ့သို့သော ပါရမီရှင်များကို တန်ဖိုး

ထားသူ ဖြစ်လေသည်။ သို့သော်… လက်ရှိကျင့်ကြံခြင်း

လောကမှလူများကိုတော့ မျက်စိထဲ သိပ်မထားပေ။

ယခု သူ့ရှေ့မှ ကုချန်စန်းကိုတော့ အနည်းငယ် လေးစားသွားမိ

လေသည်။

ဆန်းလျှန်အနေဖြင့် ဟယ်ရှန်း၏ အနာဂတ်တွင် ရရှိမည့်

အောင်မြင်မှုများကို ကောင်းကောင်း ခန့်မှန်းနိုင်စွမ်း ရှိလေ

သည်။ သို့သော်… ကုချန်စန်းကိုတော့ ခန့်မှန်းကြည့်နိုင်စွမ်း မရှိ

ပေ။

ထိုသို့ မခန့်မှန်းနိုင်ရခြင်းမှာ ကုချန်စန်းသည် တော်လွန်း

သောကြောင့် မဟုတ်ပေ။ ကုချန်စန်းသည် လမ်းရိုးအတိုင်း

လိုက်သူတစ်ယောက်မဟုတ်ဘဲ ကိုယ်ပိုင်အတွေးအခေါ်နှင့်

ဝေဖန်သုံးသပ်နိုင်စွမ်းရှိသူတစ်ယောက် ဖြစ်နေသော ကြောင့်

ပင်။

ထိုသို့သောလူမျိုးက လောကတွင် ရှားပါးလေသည်။ ဆန်းလျှ
န်ကိုယ်တိုင်သည်လည်း ထိုကဲ့သို့သော လူတစ်ယောက် ဖြစ်
လေ၏။

ဆန်းလျှန်က...

"တကယ်ဆို မင်းတောင်းပန်တာကို ကျုပ်လက်မခံလိုပါဘူး ၊
တကယ်တော့ ကျုပ်က လီချင်းချန်ကို အပြစ်ပေးလိုက်တာပါ ၊
နတ်ကြာပွတ်ကတော့ တခြားတစ်ယောက်ကို ပေးပစ်လိုက်ပြီ ၊
အဲဒီတော့ မင်းကို ပြန်ပေးလို့ မရတော့ဘူး..."

ကုချန်စန်းက အနည်းငယ် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး...

"ဘယ်သူ့ကိုများပေးလိုက်တာလဲ ကျုပ်ကို ပြောပြနိုင်မလား ၊
နတ်ကြာပွတ်က တကယ်တော့ သိပ်ပြီး တန်ဖိုးမရှိလှပါ ဘူး ၊
ဒါပေမဲ့ ကျုပ်ဆရာက လူပြန်ဝင်စားတဲ့ သူ့ရဲ့ နတ်ဘုရား
မိတ်ဆွေအတွက် သီးသန့်ပြုလုပ်ပေးထားတဲ့ လက်နက်တစ်ခု
ဖြစ်နေလို့ အစိပ္ပါယ်ကတော့ နက်ရှိုင်းပါတယ်..."

ဆန်းလျန်က...

"ကျုပ်ဆိုင်က အလုပ်သမားလေး ပိုင်ရှောက်ယွီကို ပေးလိုက်တာ ၊ သူက ချင်းဟယ်မင်းသားရဲ့သမီးတော်လေး ဆန်းချင်းချင်းကို ပြန်ပြီး လက်ဆောင်ပေးလိုက်တယ်..."

ဆန်းလျန်၏စကားကြောင့် ကုချန်စန်းမှာ အံ့အားသင့်သွားရလေသည်။

ဆန်းလျန်က အပြုံးပါးပါးလေးတစ်ချက်ပြုံးလိုက်ရင်း...

"ဘာလဲ... မင်းက ဆန်းချင်းချင်းကို သိလို့လား..."

ကုချန်စန်းက အနည်းငယ်တုံ့ဆိုင်းသွားပြီး ...

"ဆန်းသခင်လေးက တကယ့်ကို ထူးခြားတဲ့တန်ခိုးရှင်တစ်ယောက်ပဲ ၊ ကျုပ် ဖုံးကွယ်မထားတော့ပါဘူး ၊ ကျုပ်ရဲ့ ဆရာက ဆန်းချင်းချင်းရဲ့ ဇာစ်မြစ်ကို ကျုပ်ကိုပြောပြဖူးတယ်..."

ဆန်းလျန် ရုတ်တရက် စိတ်ဝင်စားမိသွားလေသည်။

ဆန်းချင်းချင်းသည် အလွန် ထူးခြားသူဖြစ်လေသည်။ ဆန်းလျန်သည်ပင် သူမ၏ ဇာစ်မြစ်အစစ်အမှန်ကို သိရှိနိုင်ခဲ့ ခြင်းမရှိပေ။

ယခုတော့ ကုချန်စန်းက မထင်မှတ်စွာပင် ဆန်းချင်းချင်း၏ ဇာစ်မြစ်ကို သိရှိနေခဲ့သည်။

ဆန်းလျန်က...

"ကျေးဇူးပြုပြီး ပြောပြပါဦး..."

ကုချန်စန်းက...

"ဆန်းသခင်လေး တာအိုဆရာလီချင်းဆွေကို ကြားဖူးသလားမသိဘူး..."

ထိုအမည်ကို ဆန်းလျန် အင်မတန်မှ ရင်းနှီးနေလေသည်။ သူက ချက်ချင်းပင် တာအိုဆရာလီချင်းဆွေဆိုသူမှာ သူနှင့် တစ်စုံတစ်ခု ပတ်သက်ဖူးသူတစ်ယောက်ဖြစ်သည်ကို ချက်ချင်းသိလိုက်လေသည်။

ဆန်းလျန်က...

"တာအိုဆရာလီချင်းဆွေက ဘာဖြစ်လို့လဲ..."

ဆန်းလျန်က တာအိုဆရာလီချင်းဆွေကို သိသည်လည်းမပြော ၊ မသိဘူးလည်းမပြောဘဲ တန်ပြန်မေးခွန်းထုတ်ကာ ကုချန်စန်း၏ စကားကို တုံ့ပြန်လိုက်လေ၏။

ကုချန်စန်းက...

"ဆန်းသခင်လေးကြည့်ရတာ တာအိုဆရာလီချင်းဆွေ အကြောင်းကို သိပ်ပြီးသိပုံမပေါ်ဘူး ၊ ကျုပ်ပြောပြပါ့မယ် ၊ ကျင့်ကြံခြင်းလောကမှာ တာအိုဆရာလီချင်းဆွေဆိုတာ ထိပ်တန်းအဆင့်နတ်ဘုရားတစ်ပါးပါပဲ ၊ သူက မရှိမှု ကျေးရွာမှာတောင် သူ့ရဲ့ကိုယ်ပိုင်လောကသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့တဲ့ အထိ တော်လွန်းတယ် ၊ အဲဒီလောကသစ် ကိုချင်းဆွေထျန်း ကောင်းကင်ဘုံလို့ အမည်ပေးခဲ့တယ် ၊ အဲဒီ လောကသစ်ဟာ နတ်ကမ္ဘာငယ်တစ်ခုလည်းဖြစ် တယ်..."

"ရှင်သန်စေခြင်းကျောင်းတော်က ကျင့်ကြံသူတွေ မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်ရင် ချင်းဆွေ ကောင်းကင်ဘုံ ကိုဝင်ရောက်ခွင့်ရပြီး တာအိုဆရာလီချင်းဆွေ ရဲ့ လက်အောက်မှာ ခိုလှုံခွင့်ရရှိနိုင်တယ်၊ အဲဒီနေရာမှာ ဘာ ဘေးအန္တရယ်မှလည်း မရှိသလို အစစ်ဆေးခံရခြင်းတွေက လည်း ကင်းလွတ်တယ်၊ ဒါပေမဲ့ ချင်းဆွေထျန်း ကောင်းကင်ဘုံက မရှိမှုကျေးရွာထဲမှာတည်ရှိတာဖြစ်လို့ တာ အိုဆရာလီချင်းဆွေနဲ့ ဆက်စပ်ပတ်သက်မှုမရှိတဲ့ ကျင့်ကြံသူ တွေကတော့ လိုက်ရှာမယ်ဆိုရင်တောင် ချင်းဆွေထျန်း ကောင်းကင်ဘုံကို ရှာတွေ့နိုင်မှာမဟုတ်ဘူး၊ ကျုပ်တို့ ချင်းယန် ကျောင်းတော်က ကျင့်ကြံသူတွေ မိုးကောင်းကင်နတ်ဘုရား ဖြစ်သွားကြတဲ့အခါ ထိုက်ချင်းထျန်း ကောင်းကင်ဘုံကို ဝင်ခွင့် ရကြသလိုမျိုးပေါ့ဗျာ..."

"တကယ်တော့ ... ခေတ်အဆက်ဆက်ကြာခဲ့ပြီးတဲ့နောက် အဲဒီလို အောင်မြင်မှုရခဲ့ကြတဲ့ နတ်ဘုရားတွေလည်း အများအပြားပါပဲ ၊ ဥပမာဆိုရင်... အနောက်ဘက်ကောင်းကင်ဘုံတို့ ၊ ထျန်းထင်နတ်ဘုံတို့လို နေရာမျိုးတွေပေါ့ ၊ ဒါပေမဲ့ တာအိုဆရာလီချင်းဆွေရဲ့ ချင်းဆွေထျန်းကောင်းကင်ဘုံကတော့ မိုးနတ်မင်းတည်ထောင်ခဲ့တဲ့ ကောင်းကင်ဘုံနန်းတော်လောက်နီးနီးနက်ရှိုင်းကျယ်ပြန့်လွန်းတယ်..."

"ဒါပေမဲ့ တာအိုဆရာလီချင်းဆွေလိုအဆင့်ရောက်ဖို့ဆိုတာကတော့ အတိတ်မှာလည်းမဖြစ်ခဲ့သလို အနာဂတ်မှာ လည်းရှိလာနိုင်မှာမဟုတ်ဘူး ၊ နတ်ဘုရားပဲဖြစ်ဖြစ် ၊ နတ်မိစ္ဆာပဲဖြစ်ဖြစ် ၊ ဒီလိုတန်ခိုးစွမ်းအားမျိုး ရတဲ့အထိ ကျင့်ကြံ နိုင်တယ်ဆိုတာတော့ တကယ့်ကို အံ့သြထိတ်လန့်စရာပါပဲ ၊ ဆန်းချင်းချင်းက ဒီလောကမှာ လူပြန်ဝင်စားတဲ့အခါ တာအိုဆရာလီချင်းဆွေရဲ့ စောင့်ရှောက်မှုအောက်မှာ လူပြန်ဝင်စားခဲ့တာပါ

၊ တာအိုဆရာ လီချင်းဆွေကိုယ်တိုင် ဆန်းချင်းချင်းမေွးဖွားတဲ့ အချိန်မှာ ကိုယ်ထင်ပြခဲ့တယ်၊ အဲဒီလို ကိုယ်ထင်ပြရတာက သူနဲ့ ဆန်းချင်းချင်းကြားက နက်ရှိုင်းတဲ့ပတ်သက်မှုကို သွယ်ဝိုက်ပြီး ပြသခဲ့တာပဲ၊ ဆန်းချင်းချင်းကို တခြားသူတွေ ဒုက္ခမပေးရဲအောင် တမင်သက်သက်လုပ်ဆောင်ပေးခဲ့တာ ပဲ..."

ရှည်လျားလှသည့် အကြောင်းအရာကြီးကို ရှင်းပြပြီး သည့်နောက်တွင်တော့ ကုချန်စန်းက သက်ပြင်းတစ်ချက်ချ လိုက် လေသည်။

"နတ်ကြာပွတ်က ဆန်းချင်းချင်းလက်ထဲသာ ရောက်သွားရင် တော့ ပြန်တောင်းဖို့လည်း ခက်ရပြီပေါ့..."

ဆန်းချင်းချင်းအကြောင်း ဆန်းချန်ကြည့်မြင်ခဲ့စဉ်က ဆန်း ချင်းချင်းမွေးဖွားသည့်အချိန်တွင် တွေ့မြင်ရသည့် တာအို

ကျင့်ကြံသူမိန်းမပျိုမှာ တာအိုဆရာလီချင်းဆွေဖြစ်သည်ကို ဆန်းလျန် သဘောပေါက်သွားပြီ ဖြစ်လေသည်။

သို့သော်... ဆန်းချင်းချင်းအကြောင်းကို ကြည့်မြင်ခဲ့စဉ်က သူ့တွင် ယခုကဲ့သို့ ရင်းနှီးသည့် ခံစားချက်မျိုး တာအိုဆရာ လီချင်းဆွေအပေါ်တွင် မခံစားခဲ့ရပေ။ ကြည့်ရသည်မှာ သူနှင့် တာအိုဆရာလီချင်းဆွေကြားမှ ကွာဟမှုသည် အတော်လေး ကြီးမားပုံရလေသည်။

သို့သော်... ဆန်းလျန်က စိတ်ဓာတ်ကျသွားခြင်း မရှိပေ။ ကျင့်စဉ်လမ်းဆိုသည်က တောင်တက်သလိုပဲ ဖြစ်လေ သည်။ တောင်ထိပ်တစ်ခုသို့ ရောက်သည်နှင့် နောက်ထပ်မြင့်သည့် တောင်ထိပ်များကို တွေ့မြင်ရမည်ပဲဖြစ်လေ သည်။

ဆန်းလျန်က ....

"ဒါဖြင့် တာအိုဆရာချင်းဆွေကို တွေ့ချင်တယ်ဆိုရင် ဘယ်လို လုပ်ရမလဲ..."

ကုချန်စန်းက ပြုံးလိုက်ရင်း...

"ဆန်းသခင်လေးက ဆန်းချင်းချင်းနဲ့ သိတာပဲ ၊ သူကနေ

တစ်ဆင့် စုံစမ်းကြည့်ပေါ့..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး လေးနက်သည့်

လေသံဖြင့်...

"တာအိုမိတ်ဆွေကုချန်စန်းဟာ နောင်အနာဂတ်မှာ ကြီးမားတဲ့

အောင်မြင်မှုတွေ ရမယ့်သူတစ်ယောက်ပါ..."

ဆန်းလျန်စကားကြောင့် ကုချန်စန်းမျက်နှာ အနည်းငယ်သွေး

ရောင်လွှမ်းသွားပြီး...

"သေးငယ်တဲ့ကိစ္စလေးတွေတောင်မှ ခင်ဗျားရှေ့မှာ ဖုံးကွယ်

ထားလို့ မရပါလားဗျာ..."

အခန်း (၇၆၈)ရေနွေးပန်းကန်ထဲကနှစ်ပေါင်းတစ်ထောင်

ဆန်းလျန်က ကုချန်စန်းကို စိတ်ရင်းနှင့်ပြောလိုက်ခြင်းဖြစ်ပါလေ၏။ ထို့ပြင် သူပြောလိုက်သည့်စကားမှာလည်း အမှန်တရားဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... ကုချန်စန်းသာ တာအိုဆရာလီချင်းဆွေအကြောင်း ပြောမပြဘူးဆိုလျှင် ဆန်းလျန်သည် လည်း စိတ်ဝင်တစားဖြင့် တာအိုဆရာလီချင်းဆွေကိုရှာဖွေရန် စိတ်ကူးပေါ်လာမည် မဟုတ်ပေ။

ဆန်းလျန် တာအိုဆရာလီချင်းဆွေကို ရှာဖွေချင်သည့် အကြောင်းရင်းရှိလေသည်။ အဘယ်ကြောင့်ဆိုသော်... တာအိုဆရာလီချင်းဆွေသည် သူနှင့်တစ်စုံတစ်ခု ပတ်သက်နေသည်ဟု ခံစားမိသောကြောင့် ဖြစ်လေသည်။

ကုချန်စန်း၏ အတွေးကတော့ တစ်မျိုးဖြစ်လေသည်။

တာအိုဆရာလီချင်းဆွေသည် စိတ်ထားနူးညံ့သူတစ်ယောက်

မဟုတ်ပေ။ ဆန်းလျန်သာ သူ့ကို သွားပြီးရှာပါက ကျိန်းသေ

ဒုက္ခတွေ့ကာ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရမည် ဖြစ်လေသည်။

သူက ဆန်းလျန်ကို ဒုက္ခရောက်စေချင်သည့် အတွေးဖြင့် တာ

အိုဆရာလီချင်းဆွေကို သွားရှာလျှင် ရင်ဆိုင်ရမည့်

အခက်အခဲများကို ပြောမပြခဲ့ပေ။

သို့သော်... ဆန်းလျန်ကလည်း ကုချန်စန်း၏စိတ်ကို ကြည့်နေ

ခဲ့သူဖြစ်လေရာ ထိုအတွေးတစ်ချက် ရိုက်ခတ်သွား သည်ကို

ချက်ချင်းသိလိုက်လေသည်။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"လက်စသတ်တော့ မင်းက ကျုပ်ကို လှည့်စားမလို့လား..."

သူ့အတွေးများကို ဆန်းလျန် သိရှိသွားသည့်အတွက် ကုချန်

စန်း တစ်ချက် စိတ်လှုပ်ရှားသွားလေသည်။

ကုချင်စန်းကို ဆန်းလျန် ချီးကျူးပြောဆိုခဲ့သည့်စကားများမှာ စိတ်ရင်းနှင့်ဖြစ်သည့်တိုင် သူ့ကိုလှည့်စားခဲ့သည့် အတွက် ချက်ချင်းပင် အပြစ်ပေးချင်သွားမိလေသည်။ အပြစ်ပေးချင် သည်ဆိုသည်မှာ ဆန်းလျန်က သဘောထား သေးသောကြောင့် မဟုတ်ပေ။ သူ၏အကျင့်အတိုင်းသာ ပြုလုပ်ခြင်း ဖြစ် လေ၏။

ခွင့်လွှတ်ခြင်းဆိုသည်မှာ မိုးကောင်းကင်နိယာမတရား မဟုတ် ပေ။ သို့သော် … လောကတွင် အချို့သော သူများက တော့ ခွင့်လွှတ်ရန် ရွေးခြယ်လေ့ရှိကြလေသည်။

သို့သော်… ဆန်းလျန်ကတော့ ခွင့်လွှတ်တတ်သူတစ်ယောက် မဟုတ်ပေ။

ကုချန်စန်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"နောက်ဆုံးတော့… ခင်ဗျားရဲ့တန်ခိုးစွမ်းအားတွေကို တွေ့ခွင့်ရ ပြီပေါ့…"

ကုချန်စန်းသည် ချက်ချင်းပင် ဆန်းလျန်၏ တန်ခိုးစွမ်းအား များကို မြင်တွေ့လိုက်ရလေတော့သည်။

မျက်စိတစ်မှိတ်အတွင်းမှာပင်... စားသောက်ဆိုင်အခန်းသည် ပျောက်ကွယ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးတွင် ကြယ်စင် ရောင်များ တောက်ပလာလေသည်။

ကုချန်စန်းနှင့် ဆန်းလျန်သည် အလွန်နီးနီးကပ်ကပ် မတ်တတ်ရပ်နေကြလေသည်။ သို့သော်... သူတို့သည် စကြာဝဠာထဲသို့ ရောက်ရှိနေကြခြင်း ဖြစ်လေသည်။

ကုချန်စန်းက မြင်တွေ့နေရသမျှသည် အမှန်မဟုတ်ဟု တွေး လိုက်လေသည်။ သူသည် ဆန်းလျန်၏ ပုံရိပ်ယောင် ကမ္ဘာထဲ တွင် ပိတ်မိနေခြင်း ဖြစ်နိုင်လေသည်။

ပုံရိပ်ယောင်ကမ္ဘာကိုဖောက်ထွက်ရမည်ဟု တွေးလိုက်မိသည့် အခါ ကုချန်စန်း၏ လက်ထဲတွင် တာအိုဆရာများ ကိုင်လေ့ရှိ သည့် ဖူချန်တစ်ခု ပေါ်လာလေသည်။

(ဖူချန်ဆိုသည်မှာ တာအိုဆရာများကိုင်လေ့ရှိသည့် မြင်းမြီး
ကဲ့သို့နှင်တံကို ပြောခြင်းပါ - ဘာသာပြန်သူ)

ဖူချန်၏ လက်ကိုင်တွင် အဖြူရောင်နှင့်အနက်ရောင် ထိုက်ချိ
ယင်ယန်သင်္ကေတ ရေးထွင်းထားပြီး အဆုံးမရှိသည့် တာအို
တရားများဖြင့် လှည့်ပတ်နေလေသည်။

ကုချန်စန်းက ဖူချန်ကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး...

"ကျုပ်စပြီး တိုက်ခိုက်ပါ့မယ်..."

ဆန်းလျန်၏ မျက်နှာအမူအရာကတော့ နဂိုအတိုင်းတည်ငြိမ်
နေဆဲ ဖြစ်လေသည်။

ဆန်းလျန်သည် လေထဲတွင်တင်ပျဉ်ခွေထိုင်နေပြီး သူ့အနောက်
ဘက်ဆီမှ ကြယ်စင်ရောင်များက တောက်ပစွာ လင်းလက်နေ
လေသည်။ ရှေးကျသည့် ထာဝရတာအိုကာရံကို ဖော်ကျူးနေ
သည့်အလားပင် ဖြစ်လေသည်။

ကုချန်စန်း၏ မျက်နှာက တည်ကြည်လေးနက်နေလေသည်။

သူက တန်ခိုးစွမ်းအားကို ဖော်ထုတ်လိုက်ပြီး စကြာဝဠာ၏ အမှောင်ထုကို ဖယ်ရှားတိုက်ခိုက်နေလေသည်။

သူတိုက်ခိုက်လိုက်သည်နှင့် ဆန်းလျန်၏ ခန္ဓာကိုယ်က နှင်းပွင့်များအလား ပျံ့ကျဲပြိုကွဲသွားလေသည်။ သို့သော်... အခြားတစ်နေရာတွင် ရေကဲ့သို့ ကြည်လင်သည့်အလင်းတန်းများဖြင့် ဆန်းလျန် ပြန်ပေါ်လာလေသည်။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ်ဖန်ဆင်းထားတဲ့ စကြာဝဠာက အိပ်မက်ထဲက နှင်းရည်စက်လေးတွေလိုပါပဲ ၊ မင်းရအောင် ဖောက်ထွက်နိုင် မလားကြည့်ကြတာပေါ့..."

ဆန်းလျန်၏ စကားဆုံးသွားသည်နှင့် ကုချန်စန်းက ဖူချန်ဖြင့်တိုက်ခိုက်လိုက်လေရာ ဆန်းလျန်၏ တစ်ကိုယ်လုံး အေးခဲသွား

ပြီး ရေခဲမှုံများအဖြစ် အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားပြန်လေသည်။

ကုချန်စန်းက တိုက်ခိုက်လိုက်တိုင်း ဆန်းလျန်သည် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားပြီး နောက်တစ်နေရာတွင် ကြည်လင်သည့်အလင်းတန်းများထွက်ပေါ်လာကာ နောက်ထပ် ဆန်းလျန်တစ်ယောက် ပေါ်ထွက်လာစမြဲ ဖြစ်လေသည်။

သူ၏ တိုက်ခိုက်မှုသည် ဆန်းလျန်ကို ထိခိုက်နိုင်ခြင်း လုံး၀ မရှိပေ။

သူနှင့်တိုက်ခိုက်နေသည့် ဆန်းလျန်သည် အစစ်အမှန်လား ၊ အတုအယောင်လားဆိုသည်ကို ကုချန်စန်း ခွဲခြား နိုင်ခြင်း မရှိတော့ပေ။ သို့သော် အတုပဲဖြစ်ဖြစ် အစစ်ပဲဖြစ်ဖြစ် ဆန်းလျန်ကို ထိခိုက်အောင် မတိုက်ခိုက်နိုင်သည်က တော့ သေချာလေသည်။

....

ဆန်းလျန်သည စားသောက်ဆိုင်ထဲတွင်ထိုင်နေဆဲ ဖြစ်လေ

သည်။ သို့သော် သူ့ရှေ့မှ ကုချန်စန်းကတော့ပျောက်ခြင်း မလှ

ပျောက်သွားပြီ ဖြစ်လေသည်။

အမှန်တော့ ကုချန်စန်းရောက်နေသည့်နေရာသည် အစစ်အမှန်

စကြာဝဠာတစ်ခုဖြစ်ပြီး ဆန်းလျန်က ကုချန်စန်းကို ပညာပေး

ရန် ချက်ချင်းဖန်ဆင်းလိုက်ခြင် ဖြစ်လေသည်။

တစ်စုံတစ်ယောက်ကသာ ဆန်းလျန်ထိုင်နေသည့် စားပွဲပေါ်မှ

ရေနွေးပန်းကို ကြည့်လိုက်မည်ဆိုပါက ရေနွေးကြမ်း ပန်းကန်

ထဲတွင် အဆုံးမရှိသည့် ကြယ်စင်ကောင်းကင်ကြီးကို တွေ့မြင်

ရမည် ဖြစ်လေသည်။

ဆန်းလျန်သည် ရေနွေးကြမ်းပန်းကန်ထဲတွင် စကြာဝဠာတစ်ခု

ကို ဖနဆင်းထားခြင်း ဖြစ်လေသည်။ ကုချန်စန်းသည်

ရေနွေးကြမ်းပန်းကန်ထဲမှ စကြာဝဠာထဲတွင် ပိတ်မိနေခြင်ဖြစ်

ပြီး ပြန်ထွက်လာနိုင်ခြင်း မရှိသေးပေ။

ကုချန်စန်းအနေဖြင့် သူ့နည်းသူ့ဟန်ဖြင့် လုံးဝ ပြန်ထွက်လာနိုင်ခြင်း ရှိမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်...

ရေနွေးကြမ်းပန်းကန်ထဲမှ လောကသည် အချိန်နှင့်နေရာ အတိအကျရှိသည့် လောကတစ်ခု ဖြစ်နေသောကြောင့် ဖြစ်လေသည်။

ထို့နောက် ဆန်းလျန်က စားသောက်ဆိုင်အပြင်ဘက်မှာ ကောင်းကင်ထက်ကို တစ်ချက်လှမ်းကြည့်လိုက်ရင်း ပြုံးလိုက်လေသည်။

သူက အချိန်ကို တွက်ချက်လိုက်ပြီး ရေနွေးကြမ်းခွက်လေး အတွင်းမှ ရေများကို ကြမ်းပြင်ထက်သို့ လောင်းချလိုက်လေသည်။ ထိုအခါ ကြယ်များ လေထဲတွင် ပျံ့ကျဲပျောက်ပျက်သွားပြီး ကြယ်စင်များထဲမှ လူသေးသေးလေးတစ်ယောက် ထွက်ပေါ်လာလေသည်။ ထိုသူမှာ ကုချန်စန်းပင် ဖြစ်လေ၏။

ကုချန်စန်းမှာ တဖြည်းဖြည်းပုံမှန်အရွယ်အစားအတိုင်း ပြန်လည်ကြီးမားလာလေသည်။ သူ့မျက်လုံးများရုတ်တရက် စူးရှမှုကိုခံစားလိုက်ရပြီး မျက်လုံးများကို ပိတ်ထားလိုက်မိလေသည်။ ပြောင်းလဲမှုနှင့်အသားကျသွားအောင် သူ အတော်လေး ကြိုးစားလိုက်ရလေသည်။

ဆန်းလျန်သည် စားသောက်ဆိုင်ထဲတွင် ထိုင်နေဆဲဖြစ်ပြီး စားပွဲထက်ရှိ မီးဖိုလေးပေါ်မှ အရက်များသည်လည်း နွေးနေဆဲ ဖြစ်လေသည်။

သို့သော်.... ကုချန်စန်း၏ ဆံပင်များကတော့ အဖြူရောင် လုံးလုံး ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။ သူ၏မျက်နှာမှာလည်း အလွန်အိုမင်းနေသည့် အဘိုးအိုတစ်ယောက်အသွင် ဖြစ်နေလေပြီ။

ဆန်းလျန်က...

"မင်းသွားလို့ရပြီ..."

ကုချန်စန်းသည် ချက်ချင်းပင် စားသောက်ဆိုင် အပြင်သို့ ထွက်ခွာသွားလေသည်။

ပြောင်းလဲသွားသည့် သူ့ပုံစံကို လုံး၀ လက်မခံနိုင် ဖြစ်နေရလေသည်။ ထို့နောက်... သူသည် စားသောက်ဆိုင် တံခါးအပြင်ဘက်တွင် လဲကျသွားလေတော့သည်။

တကယ်တော့ သူသည် လက်ဖက်ရည်ကြမ်းပန်းကန်အတွင်းသို့ ထည့်သွင်းခံလိုက်ရပြီး ပြန်ထုတ်ခံလိုက်ရခြင်းသာ ဖြစ်လေသည်။

လက်ဖက်ရည်ကြမ်းပန်ကန်လေးတစ်ခုမျှသာ ဖြစ်လေသည်။

သို့သော်... လက်ဖက်ရည်ကြမ်းပန်းကန်အတွင်းမှ စကြာဝဠာထဲတွင် အချိန်စီးဆင်းမှု ထည့်သွင်းထားသည့်အတွက် ပြန်ထွက်လာသည့်အချိန်တွင်နှစ်ပေါင်း (၆၀၀) ၊ (၇၀၀)ခန့် ကြာမြင့်သွားသကဲ့သို့ ဖြစ်သွားရခြင်းပင်။

ထို့ကြောင့် အပြင်သို့ ပြန်ရောက်လာသည့်အခါ သူသည် အဘိုး အိုတစ်ယောက်ပုံစံ လုံးလုံးလျားလျား ပြောင်းလဲသွား ရခြင်း ဖြစ်တော့၏။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများသည် နတ်ဘုရားဆန်သလို မိစ္ဆာလည်း ဆန်လေသည်။ ဆန်းလျန်၏ ထူးခြားဆန်းကျယ်မှု များကို ကုချန်စန်း နားလည်နိုင်စွမ်း ပျောက်ဆုံးသွားခဲ့ပြီ ဖြစ် လေသည်။ ဆန်းလျန်သည် သူခန့်မှန်းနိုင်သည်ထက် ကျော် လွန်နေသည့် နတ်ဘုရားတစ်ပါး ဖြစ်လေ၏။

ဆန်းလျန်ကတော့ ကုချန်စန်းကို အပြစ်ပေးလိုက်ပြီးပြီ ဖြစ်၍အရေးမစိုက်တော့ပေ။ ကုချန်စန်းဘက်မှ လက်စားချေ မည်ကိုလည်း သူက စိုးရိမ်ခြင်းမရှိပေ။ ထိုအကြောင်းအရာ များသည် သူစိတ်ပူရလောက်သည့် အကြောင်းများ မဟုတ် ပေ။

ကလေးငယ်တစ်ယောက်က ပုရွက်ဆိတ်လေးတစ်ကောင်ကို ဆော့ကစားခြင်းကဲ့သို့ပင် ဖြစ်လေသည်။ ပုရွက်ဆိတ်လေး လက်စားပြန်ချေမည်လားဆိုသည်ကို ကလေးငယ်အနေဖြင့် စိတ်ပူစရာအကြောင်းမရှိပေ။

ပုရွက်ဆိတ်ဆိုသည်က လူသားတစ်ယောက်ကို အဘယ်သို့ လက်စားပြန်ချေနိုင်ရှာပါမည်နည်း။ ထိုအရာသည် အမှန် တရားသား ဖြစ်လေသည်။

သူသည် အတိတ်မေ့နေသည့်တိုင် အခြားသူများနှင့်မတူဘဲ ကွဲပြားသည့်လူတစ်ယောက်ဖြစ်သည်ကို သူကိုယ်တိုင် ခံစားမိ လေသည်။

သူကဲ့သို့သော်လူမျိုးသည် အတိတ်ကိုမေ့နေသည့်တိုင်အောင် မည်သည့်ဖိအားမျိုးကိုမဆို ကိုယ်တိုင်ရင်ဆိုင်မည့် သူမျိုး ဖြစ် လေသည်။

အမုန်တရားသည်သူ၏မျှော်လင့်ချက်များထက်ကျော်လွန်နိုင်မည်ဟုသူမျှော်လင့်နေမိလေသည်။

....

လမင်းက မိုးမခပင်မြင့်ထက်မှာ ထိန်ထိန်သာနေပြီး...

မိုးမလင်းခင် လူတွေပြန်လည်ဆုံတွေ့ကြလိမ့်မည်...။

ချင်ပြည်နယ်မြို့တော်၏ညစျေးပွဲတော်သည် စည်ကားသိုက်မြိုက်လျက်ရှိလေသည်။ ကြိတ်ကြိတ်တိုးနေသည့်အတွက် ကိုယ့်ရှေ့မှလူများကိုပင် ယောကျာ်းလား၊ မိန်းမလား မသိနိုင်သည်အထိပင်။

ချင်ပြည်နယ်မြို့တော်မှ စစ်ဗိုလ်ချုပ်ကြီးလီကျုန်းပင်း၏သားလီချင်းချန်သည် ထူးထူးခြားခြားပင် ချောမောသူ တစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် မိန်းကလေးငယ်အများစုက ဝိုင်းဝန်းသဘောကျခြင်းကို ခံရလေသည်။

သို့သော်... ယနေ့တွင်တော့ သူက မိန်းကလေးငယ်တစ်

ယောက်နှင့် ချစ်ကြိုးသွယ်ခဲ့ပြီဖြစ်သည့်အတွက် တိမ်ပေါ်

လမ်းလျှောက်နေရသလို အပျော်လွန်ကာ ထိန်းမနိုင်သိမ်းမရ

ဖြစ်နေလေသည်။

သို့သော်...

အသစ်စက်စက်ချစ်ရသူလေး၏ နွေးထွေးသည့်ခန္ဓာကိုယ်

လေးကို မပွေ့ဖက်လိုက်နိုင်ခင်မှာပင် သူ့လည်ပင်းထက် တွင်

အေးစက်မှုတစ်ခုကို ခံစားလိုက်ရလေသည်။ သူ့နားထဲတွင်

လည်း လေချွန်သံတစ်ချက်ကို ကြားလိုက်ရလေ သည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် မျက်လုံးများ ပြာထွက်သွားပြီး

ကြယ်တွေ လတွေ မြင်လိုက်ရလေသည်။

လီချင်းယန်က အပြာရောင်ကျောက်ခင်းလမ်းပေါ်တွင် ခြေတစ်

ချက်စောင့်လိုက်ပြီး မကျေမနပ်ဖြင့်....

"အစ်ကိုကြီး ၊ နောက်မှ ကျွန်တော့်ကို လာတွေ့လို့ မရဘူး

လား..."

သူက ကုချန်စန်း၏ အရိပ်ကိုတွေ့လိုက်ရသည်နှင့် ညည်းတွား

ပြောဆိုလိုက်လေသည်။

သို့သော်... ကုချန်စန်း၏ မျက်နှာကို ရှင်းရှင်းလင်းလင်း တွေ့

မြင်လိုက်ရသည့်အခါတွင်တော့ အံ့သြထိတ်လန့်သွားမိ လေ

သည်။

တစ်ညအတွင်းမှာပင် ကုချန်စန်းသည် လူငယ်ဘဝမှ အဘိုးအို

ကြီးတစ်ယောက်အဖြစ်သို့ ကူးပြောင်းသွားပြီ မဟုတ်ပါလား။

လီချင်းချန်သည် ကုချန်စန်းကို မှတ်ပင် မမှတ်မိပေ။

လီချင်းချန်က အံ့သြစွာဖြင့်...

"ခင်ဗျားက အစ်ကိုကြီးလား..."

ကုချန်စန်းက အက်ရှသည့်လေသံဖြင့်...

"အေး... ငါပဲ..."

လီချင်းချန်က…

"ဘယ်လိုဖြစ်တာလဲ…"

ကုချန်စန်းမှာ ဒေါသချောင်းချောင်းထွက်နေလေသည်။

သို့သော်… နောက်ဆုံးမှာတော့ သူက ဒေါသကို ထိန်းလိုက်ပြီး

တည်ငြိမ်သည့်လေသံဖြင့်…

"မင်းရဲ့ကြာပွတ်ကိုယူသွားတဲ့နတ်ဘုရားရဲ့ ထောင်ချောက်ထဲ

ကျသွားတာလေ ၊ သူက အချိန်ပြောင်းလဲမှုကို အသုံးပြုလိုက်

တာ ငါ အချိန်တိုအတွင်း သေတောင်သေတော့မလို့ပဲ ၊ အခုလို

ပုံဖြစ်လာတာသာ ကြည့်လိုက် တော့…."

လီချင်းချန်က သူ့ပါးသူ ပြန်ရိုက်လိုက်ရင်း…

"အစ်ကိုကြီး… ဒါတွေအားလုံးကျွန်တော့်အမှားတွေပါ ၊ ကျွန်

တော့်ကြောင့် အစ်ကိုကြီး ဒုက္ခရောက်ရပြီ…"

ကုချန်စန်းက …

"မင်းကြောင့်ချည်းပဲလည်း မဟုတ်ပါဘူး ၊ ငါ့ဟာငါလည်း ပြဿနာတက်လာတာ ၊ ငါသာ ချင်းယန်ကျောင်းတော်က ထွက်မလာခဲ့ဘူးဆိုရင် ကောင်းကင်ဘယ်လောက်မြင့်သလဲ ၊ မြေကြီးဘယ်လောက်နက်သလဲ သိရမှာမဟုတ်ဘူး ၊ အခုတော့ ငါ့ရဲ့သက်တမ်းက ရက် (၁၀၀)ပဲ ကျန်တော့တယ်..."

လီချင်းချန်က...

"အစ်ကိုကြီး ၊ အစ်ကိုကြီး ဘာများလိုအပ်တာတွေရှိသေးလဲ ၊ ကျွန်တော် ကူညီပါ့မယ်..."

ကုချန်စန်းက...

"နတ်ဘုရားရှို့ထျန်းတုမှာ အရင်တုန်းက ခရမ်းရောင်အသက်ရှည်ဆေးရှိတယ် ၊ မင်း အဲဒီဆေးကို ငါ့အတွက်သွားယူ ပေးရမယ်..."

လီချင်းချန်က ရင်ပတ်ကို လက်ဖြင့် တစ်ချက်ပွတ်လိုက်ရင်း...

"အစ်ကိုကြီးကိစ္စ ကျွန်တော့်မှာ တာဝန်ရှိပါတယ် ၊ အခု ချက်ချင်းပဲ ကျွန်တော် သွားယူပေးပါ့မယ်..."

ကုချန်စန်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အေးပါ ၊ ဒါပေမဲ့ ဒါက ငါရင်ဆိုင်ရယ့် အစစ်ဆေးခံရခြင်းပါပဲ ၊ ပြီးတော့ မင်း ဆေးသွားယူမယ်ဆိုရင် လုံးဝ နောက်ကို ပြန်လှည့်မကြည့်ပါနဲ့ ၊ မဟုတ်ရင် အသူရာချောက် (၉)ထပ်မှာ လွတ်လမ်းမရှိဘဲ ချိုးကပ်တဲ့အထိ ခံရ လိမ့်မယ်..."

အခန်း (၇၆၉)ယန်စွမ်းအားမီးတောက်

ကုချန်စန်းက တည်ကြည်လေးနက်သည့်လေသံဖြင့် ပြောနေသည့်အတွက် လီချင်းချန် အလေးအနက်မထားဘဲ မနေဝံ့ပေ။

သူက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အစ်ကိုကြီး... အခု အစ်ကိုကြီး ဒီလိုပုံစံဖြစ်နေပေမယ့် ဘာမှတော့ အန္တရာယ်မရှိဘူး မဟုတ်လား..."

ကုချန်စန်းက...

"သေတော့မသေနိုင်သေးဘူး၊ တန်ခိုးစွမ်းအားတွေလည်း ကျန်နေသေးတယ်၊ မင်း ငါ့အတွက် စိတ်ပူစရာ မလိုဘူး၊ အမြန်သွား..."

ပြောပြီးသည်နှင့် ကုချန်စန်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ရေနွေးကြမ်းပန်းကန်ထဲတွင် နှစ်ပေါင်း (၆၀၀)လောက် ပြင်းပြင်းထန်ထန် ရုန်းကန်ခဲ့ရသည့်အတွက် သူ၏ တန်ခိုး

စွမ်းအားများမှာ လျော့နည်းကုန်ပြီ ဖြစ်လေသည်။ ထို့ကြောင့် သူ၏ လက်ကျန်ဘဝကို ဖြုန်းတီးပစ်ရန် မသင့်ပေ။ ဆန်းလျန်သည် သူ့ကို အပြစ်ပေးခဲ့ခြင်းဖြစ်ပြီး ကံကောင်းခြင်းများ ပေးခဲ့သည်မဟုတ်ပေ။

လက်ရှိအချိန်တွင် ကုချန်စန်း၏အခြေအနေမှာ ဆန်းလျန်ကို လက်စားချေရန် လုံးဝ မဖြစ်နိုင်ပေ။ သူတို့ (၂)ယောက် ၏ အဆင့်အတန်းက ကွာခြားလွန်းနေသည် မဟုတ်ပါလား။

သို့သော်... သူ့တွင် နည်းလမ်းရှိလေသည်။ ခရမ်းရောင် အသက်ရှည်ဆေးရရှိပါက နတ်ဘုရားတစ်ပါးအဖြစ် အဆင့် တက်နိုင်ရန် မရမနေ ကြိုးစားရမည် ဖြစ်လေသည်။ ထို့နောက် တွင်တော့ ဆန်းလျန်ကို ရင်ဆိုင်ကောင်း ရင်ဆိုင်နိုင်ပေ လိမ့်မည်။

သူသည် နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် လက်တစ်ကမ်း အကွာတွင်ရှိနေပြီ ဖြစ်လေသည်။ သို့သော်... ယခုတော့

သူ၏အသက်ဓာတ်စွမ်းအားများက ကျဆင်းနေပြီး သေဖို့ပင် နီးစပ်နေခဲ့ပြီး ခရမ်းရောင်အသက်ရှည်ဆေး သာမရလျှင် သူ့အနေဖြင့် သေခြင်းတရားကို ရင်ဆိုင်ရဖွယ် ရှိလေ၏။

သူ ချင်းယန်ကျောင်းတော်သို့လည်း ပြန်လိုစိတ်မရှိပေ။ သူ့ဟာသူ ကျိတ်ပြီးလုပ်ဆောင်သည်က အကောင်းဆုံး ဖြစ်လေသည်။ ဤပြဿနာကိုစခဲ့သူမှာ လီချင်းချန်ဖြစ်လေ၏။ ထို့ကြောင့် လီချင်းချန်က အဆုံးသတ်ပေးရမည် ဖြစ်လေသည်။

ရှီထျန်းတုနတ်ဘုရားသည် လူပြန်ဝင်စားခဲ့ရသော်လည်း မိုးကောင်းကင်နတ်ဘုရားတစ်ပါးဖြစ်ရန်အတွက် ခြေတစ်လှမ်းသာလိုတော့သူတစ်ယောက် ဖြစ်လေသည်။ ရှီထျန်းတုနတ်ဘုရားဘဝက ဖော်စပ်ခဲ့သည့် အသက်ရှည် ဆေးကို လီချင်းချန် ရှာတွေ့နိုင်ပါစေဟုသာ ဆုတောင်းရပေမည်။

ခရမ်းရောင်အသက်ရှည်ဆေးကိုရှာဖွေခြင်းက ချင်းယန်

ကျောင်းတော်သို့ ပြန်ခြင်းထက် ပိုကောင်းလေသည်။

လောကတွင် နတ်ဘုရားများစွာမရှိပေ။ သူတို့က နတ်ဘုရား

ဖြစ်သွားကြသည်နှင့် လောကကိုကျော်လွန်ကာ မိုးကောင်းကင်

သို့ တက်သွားကြသည်က များလေသည်။

တကယ်တော့ လူ့လောကတွင် နေထိုင်နေကြသည့်

မိုးကောင်းကင်နတ်ဘုရားများလည်း ရှိကြလေသည်။ ယခု ကု

ချန်စန်းတွေ့ဖူးပြီးဖြစ်သည့် ဆန်းလျန်ကဲ့သို့သော နတ်ဘုရား

များ ဖြစ်လေသည်။

သို့ပေမဲ့... ပိုင်ကျားမြို့ကဲ့သို့ မြို့ငယ်လေးတွင် ဆန်းလျန်ကဲ့သို့

တန်ခိုးရှင်တစ်ပါး ရှိနေသည်မှာ ယုံနိုင်စရာပင် မရှိပေ။

ဆန်းလျန်၏ သက်တမ်းမှာ နှစ်ပေါင်းတစ်ရာခန့် ရှိနိုင်လေ

သည်။ သို့ရာတွင်...နှစ်ပေါင်း တစ်ထောင်လည်းဖြစ်နိုင် သလို

နှစ်ပေါင်းတစ်သောင်းလည်း ဖြစ်နိုင်လေ သည်။ ဆန်းလျန်သည် ရှေးဟောင်း နတ်ဘုရားတစ်ပါးလည်းဖြစ်နိုင် လေသည်။ ကုချန်စန်း၏ ခန့်မှန်းမှု မမှားပေ။ ဆန်းလျန်သည် သေချာပေါက် ရှေးဟောင်း နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်၏ လျှို့ဝှက်နက်နဲမှုများကို ကုချန်စန်းနားမလည်နိုင်ရခြင်းဖြစ်လေ၏။

....

လီချင်းချန်သည် ကုချန်စန်းကိုထားခဲ့ပြီး အနောက်ဘက်သို့ ပျံသန်းထွက်ခွာသွားလေသည်။ ကုချန်စန်းမှာလိုက်သည့် စကားအတိုင်း နောက်သို့ တစ်ချက်လေးပင် လှည့်မကြည့်ရဲပေ။

နေ့လည်ခင်းအချိန်လောက်ရောက်လာသည့်အခါတွင်တော့ လီချင်းချန်၏ ရှေ့တွင် ထောင်ထွတ် (၃)ခု ပေါ်လာ သည်ကို တွေ့လိုက်ရလေသည်။

ထိုတောင်ကို အနောက်ဘက်မှ ဂူလုန်တောင်ဟု ခေါ်လေသည်။
တောင်ထွတ် (၃)ခုတွင် အလယ်တောင်ထက် အနည်းငယ်နိမ့်
သည့် ဘေးဘက်မှတောင်သည် ရှီထျန်းတုနတ်ဘုရားနေထိုင်ခဲ့
သည့် နေရာပင် ဖြစ်လေသည်။ ထိုတောင်ထက်တွင် ကျောက်ဂူ
တစ်ခုရှိပြီး ထိုကျောက်ဂူထဲတွင် ရှီထျန်းတုနတ်ဘုရား၏ နတ်
ဘုရားကျင့်စဉ်များ သိမ်းဆည်းထားလေသည်။
ကျောက်ဂူက ပေ (၂၀၀၀)ကျော်ရှည်လျားပြီး မှောင်မိုက်လျှက်
ရှိလေရာ ထိုဂူကို လေနက်ဂူဟု ခေါ်လေသည်။
လီချင်းချန်သည် လေနက်ဂူကိုတွေ့သည်နှင့် ချက်ချင်းပင်
ကျေနပ်ဝမ်းသာ ဖြစ်သွားရလေသည်။
"တယ်တော်တဲ့ ငါပါလား..."
လီချင်းချန်က သူ့ဟာသူ ရေရွတ်လိုက်သည်။

ဝူလုန်တောင်သည် အမှန်ဆိုလျှင် တစ်နေ့နှင့်တစ်ညတိတိ ခရီးနှင်မှ ရောက်ရှိမည့် နေရာဖြစ်လေသည်။ ယခုတော့ လီချင်းချန်သည် လျှင်လျှင်မြန်မြန်ဖြင့်ပင် ရောက်ရှိလာခဲ့လေသည်။ လီချင်းချန်သည် အနည်းငယ် မာန်တက်သွားမိပြီး တိမ်တိုက်ကိုနှိမ့်ကာ တောင်ပေါ်သို့ ဆင်းသက်လိုက်လေသည်။ ဝူလုန်တောင်သည် နက်ရှိုင်းရှုတ်ထွေးသည့် တောင်တစ်တောင် ဖြစ်လေသည်။

လီချင်းချန်က...

"ကိစ္စတွေပြီးသွားရင် ဒီနေရာမှာ နှစ်ဝက်လောက်လာပြီး ကျင့်ကြံဦးမှပဲ..."

သူသည် ယခင်ဘဝနှင့်ယခုဘဝ ခြားနားခြင်းခံထားရသည့်အတွက် တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိပေ။ သို့သော်... ရှီထျန်းတုနတ်ဘုရား၏ ရာဇဝင်က အရှည်ကြီးဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် မြူခိုးများ ဖုံးလွှမ်းနေပြီး မှောင်မိုက် အုံ့ဆိုင်းလျှက် ရှိလေသည်။ လီချင်းချန်က တောင်စောင်းအတိုင်းလမ်းလျှောက်လာပြီး အရှေ့ဘက် (၃)မိုင်ခန့်အဝေးတွင် လေနက်ဂူရှိသည်ကို မှတ်မိနေလေ သည်။ လေနက်ဂူကို မြန်မြန်ရောက်ရှိရန်အတွက် သူက လမ်းလျှောက်သည့်အရှိန်ကို တင်လိုက်ချိန်မှာပင် စကားသံ တစ်သံ ထွက်ပေါ်လာလေသည်။

"ချင်းချန်...မင်းဘယ်လေတိုက်လို့ ရောက်လာတာလဲ..."

လီချင်းချန်သည် ထိုအသံကို ရင်းနှီးနေသလို ခံစားလိုက်ရလေသည်။

သူက ချက်ချင်းပင် ကုချန်စန်း၏ စကားများကို မေ့လျော့သွားပြီး အနောက်သို့ လှည့်ကြည့်လိုက်မိလေသည်။

သူ့နောက်တွင် ရပ်နေသူမှာ မျက်ခုံး (၂)ခုကြားတွင်ထူဆန်း

သည့် ယင်ယန်သင်္ကေတရှိသည့် လူတစ်ယောက် ဖြစ်လေ

သည်။

ထိုသူက သူ့ကို ပြုံးပြနေလေသည်။

လီချင်းချန်က ထိုသူကိုကြည့်ကာ အံ့သြသွားပြီး...

"မင်းက ဘယ်သူလဲ..."

ထူးဆန်းသည့်လူက ထူးဆန်းသည့်အပြုံးတစ်ချက် ပြုံးလိုက်

ရင်း...

"ကျုပ်က ဟေးပိုင်လန်ကျွင်းပဲ..."

သူ့စကားဆုံးသွားသည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးမှ မြူခိုး

များ ပျောက်ကွယ်သွားလေသည်။

လီချင်းချန်က ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ဝူလုန်တောင်

မဟုတ်တော့ဘဲ သာမန်တောင်တစ်တောင်မျှသာ ဖြစ်သည်ကို

သိရှိလိုက်ရလေသည်။ တောင်ပေါ်တွင် ပြောင်ချောနေသည့်

ကျောက်တုံးများဖြင့် ပြည့်နက်နေ လေသည်။

လှည့်စားခံလိုက်ရပြီကို လီချင်းချန် ချက်ချင်းသိလိုက်လေ

သည်။

လီချင်းချန်က...

"ဟေးပိုင်လန်ကျွင်း ၊ ကျုပ်က ချင်းယန်ကျောင်းတော်က ယင်

ရှန်းကျွင်းရဲ့ တပည့်နော် ၊ ကျုပ်ကို နှောက်ယှက်ဖို့ မစဉ်းစား

နဲ့..."

ဟေးပိုင်လန်ကျွင်းက...

"ယင်ရှန်းကျွင်းတဲ့လား... အမလေး ကြောက်လိုက်တာကွာ..."

ယင်ရှန်းကျွင်းဆိုသည့် အမည်ကိုကြားသည့်တိုင် လှောင်ပြောင်

နေသည့် ဟေးပိုင်လန်ကျွင်းကို လီချင်းချန်က တအံ့တသြဖြင့်

ကြည့်လိုက်လေသည်။ ကြောက်ရွံ့ခြင်း မဖြစ်မိသည့်တိုင်

အနည်းငယ်တော့ ရင်ထိတ်သွားလေ၏။

လီချင်းချန်က...

"မင်းက ဘာဖြစ်ချင်တာလဲ..."

ဟေးပိုင်လန်ကျွင်းက...

"ကျုပ်ရဲ့ညီ ကျီစစ်ကျွင်းက ရှမ်နီနန်းတော်က ကောင်မတွေ ကြောင့် ဒဏ်ရာရထားတယ်၊ အဲဒါ မင်းဆီက ခရမ်းရောင် အသက်ရှည်ဆေးလာတောင်းတာ..."

လီချင်းချန်မှာ အနည်းငယ် စိတ်သက်သာရာရသွားသည့်ဟန် ဖြင့်...

"ဟုတ်ပါပြီ၊ ခင်ဗျားသာ ကျုပ်ကို ဒုက္ခမပေးဘူးဆိုရင် ခရမ်းရောင်အသက်ရှည်ဆေး ပေးပါ့မယ်..."

ဟေးပိုင်လန်ကျွင်းက...

"ဒါပေမဲ့ မင်းပေးတဲ့ဆေးက အစစ်လားအတုလား ဘယ်လိုလုပ် သိနိုင်မှာလဲ... ဒီတော့...."

လီချင်းချန်က ကြိုးစားပြိုးလိုက်ရင်းမှာ သိချင်စိတ်ကို မထိန်းနိုင်တော့ဘဲ မေးလိုက်လေသည်။

"ဒီတော့ ဘာဖြစ်သလဲ..."

ဟေးပိုင်လန်ကျွင်းက အော်သံတစ်ချက်ပြုလိုက်ပြီး ခေါင်းတစ်ချက်ခါယမ်းလိုက်လေရာ လီချင်းချန်မှာ တုံ့ပြန်ချိန်ပင် မရလိုက်ပေ။ လည်ပင်းတစ်လျှောက် အေးစိမ့်မှုကို ခံစားလိုက်ရပြီး တစ်ကိုယ်လုံးအေးခဲသွားကာ မျက်လုံးများ ချက်ချင်းလေးလံလာလေတော့သည်။

သူက အားနည်းသည့်လေသံဖြင့်...

"မင်း ကျုပ်ကို ဘာလုပ်လိုက်တာလဲ..."

ဟေးပိုင်လန်ကျွင်းက ပြိုးလိုက်ရင်း...

"မင်းရဲ့ ယန်စွမ်းအားတွေကို ထုတ်ယူပစ်လိုက်တာ၊ ဒါမှ ဆေးရရင် အစစ်ဟုတ်မဟုတ် မင်းကို အရင်ဆုံး စမ်းကြည့် ရမယ်..."

ထို့နောက် ဟေးပိုင်လန်ကျွင်းသည် လီချင်းချန်ကိုဆွဲခေါ်ကာ

လေထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

လီချင်းချန်သာ ကုချန်စန်း၏စကားကိုနားထောင်ပြီး နောက်သို့

လှည့်မကြည့်ခဲ့မိလျှင် ယခုကဲ့သို့ ဖမ်းဆီးခံရမည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော်... လီချင်းချန်၏ ပခုံး (၂)ဖက်တွင်

ယန်စွမ်းအား မီးတောက် (၂)ခု ထည့်သွင်းထားလေ သည်။ ထို

ယန်စွမ်းအားမီးတောက်များသည် မကောင်းမိစ္ဆာများကို

ဖယ်ရှားပစ်နိုင်လေသည်။

ထို့ပြင် ကုချန်စန်းကလည်း စစ်မှန်သည့်သမာဓိမီးတောက်ကို

ထိုယင်စွမ်းအားမီးတောက်များအထဲတွင် ထည့်သွင်း ပေးထား

လေသည်။

ဟေးပိုင်လန်ကျွင်းသည် တန်ခိုးစွမ်းအား မြင့်မားသည့်တိုင် လီ

ချင်းချန်ကို ကာကွယ်ပေးထားသည့် ယန်စွမ်းအား မီးတောက်

ကို ဖျက်စီးပစ်ရန်မှာ မလွယ်ကူလှပေ။ အထူးသဖြင့် စစ်မှန်

သည့်သမာဓိ မီးတောက်နှင့်ပေါင်းစပ်ထား သည့် ယန်စွမ်းအား မီးတောက်ကို ဖျက်စီးပစ်ရန်မှာ ပို၍ပင် မလွယ်ကူပေ။

သို့သော်... ကုချန်စန်းက လီချင်းချန်ကို ပွင့်ပွင့်လင်းလင်း ပြောပြထားခြင်း မရှိသည့်အတွက် လီချင်းချန်က သိရှိခဲ့ခြင်း မရှိပေ။

လီချင်းချန် ဂူလုန်တောင်သို့သွားသည့်ခရီးလမ်းသည် ဖြောင့်ဖြူးမည်မဟုတ်သည်ကို ကုချန်စန်းက ရိပ်မိထားလေသည်။ ထို့ကြောင့် နောက်သို့ လှည့်မကြည့်ရန် မှာလိုက်ခြင်း ဖြစ်လေသည်။

ယခု နောက်သို့ လှည့်ကြည့်လိုက်မိသည့်အခါ ... ဟေးပိုင်လန်ကျွင်း၏ လက်ချက်ဖြင့် လီချင်းချန်၏ ယန်စွမ်းအား မီးတောက်များမှာ သိမ်းယူခံလိုက်ရပြီး ယန်စွမ်းအား မီးတောက်ထဲမှ သမာဓိမီးတောက်မှာလည်း အချည်းနှီး ပျက်ပြယ်သွားရလေသည်။

လီချင်းချန်၏ အသုံးမကျမှုဟုသာ မှတ်ယူရပေတော့မည်။

....

တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေတွင်တော့...

ရှုတ်ယှက်ခတ်နေသည့် အဆောက်အဦးအမြင့်ကြီးများထက်

တွင် ပိုစတာဆိုင်းဘုတ်ကြီးများ ချိတ်ဆွဲထားလေသည်။

"ကျောက်ရှောင်ယွီ၏ဂီတခရီး နှစ် (၃၀)ပြည့် ဂီတဖျော်ဖြေ

ပွဲ..."

ရာစုနှစ်တစ်စုအတွင်းတွင် ကျောက်ရှောင်ယွီသည် တရုတ်

ပြည်၏ လွှမ်းမိုးမှုအမြင့်မားဆုံး အနုပညာရှင် တစ်ယောက်

ဖြစ်လာခဲ့လေသည်။ တိုင်းမ်မဂ္ဂဇင်းတွင်ပင် သူမအကြောင်းကို

အကြိမ်ပေါင်းများစွာ ဖော်ပြခံခဲ့ရလေ သည်။

ထူးဆန်းသည်မှာ နှစ်ပေါင်း (၃၀) ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင်

သူမသည် လုံး၀ အိုမင်းသွားခြင်း မရှိခဲ့ပေ။ ထို့ကြောင့် သူမ၏

ရုပ်ရည်သွင်ပြင်နှင့်ပတ်သက်သည့်အကြောင်းအရာမှာ ယခုနှစ်

များအတွင်းတွင် လူပြောများ ရေပန်းစားသည့်
အကြောင်းအရာတစ်ခု ဖြစ်လာခဲ့လေသည်။
ယနေ့ည ဂီတဖျော်ဖြေပွဲအတွက် VIP လက်မှတ်မှာ အမြင့်ဆုံး
စျေးနှုန်းဖြစ်သည့် ယွမ်တစ်သန်း ဖြစ်နေသည့်တိုင် ချက်ချင်း
ပင် ရောင်းကုန်သွားခဲ့လေသည်။

အခန်း (၇၇၀) ဂီတဖျော်ဖြေပွဲမှလုပ်ကြံသူ

ယနေ့ခေတ် မြင့်မားလာသည့်နည်းပညာများကြောင့် ရိုးရိုး
လက်မှတ်များကို အသုံးမပြုတော့ဘဲ smart ticket များကို
အသုံးပြုလာကြလေသည်။ ထို့ကြောင့် ဂီတဖျော်ဖြေပွဲသို့ လာ

ရောက်ကြသည့် ပရိတ်သတ်များသည် များပြား လွန်းလှသည့်

တိုင် အစီအစဉ်တကျ တန်းစီပြီး ဖျော်ဖြေပွဲရှိရာသို့ ဝင်ရောက်

နိုင်ကြလေသည်။

ဂီတဖျော်ဖြေပွဲလာကြည့်သူများထဲတွင် တက္ကသိုလ်

ကျောင်းသား လူငယ်တစ်ယောက်လည်းပါဝင်လေသည်။

လူငယ်က ဂီတဖျော်ဖြေပွဲတွင် သူထိုင်ရမည့်နေရာကို လိုက်

ကြည့်နေပြီး ရှာလို့မတွေ့ ဖြစ်နေလေသည်။

ဝန်ဆောင်မှုပေးသည့် ဝန်ထမ်းမိန်းကလေးက လူငယ်အခက်

တွေ့နေသည်ကို ချက်ချင်းသတိထားမိသွားပြီး လူငယ်အနားသို့

ချက်ချင်းရောက်လာလေသည်။

ဝန်ထမ်းမိန်းကလေးက ပြုံးလိုက်ရင်း....

"လူကြီးမင်း ဘာများကူညီရမလဲရှင်..."

တက္ကသိုလ်ကျောင်းသားလေးက သူ့ရှေ့သို့ရောက်လာသည့် ချောမောလှပသည့် ဝန်ထမ်းမိန်းကလေးကို တွေ့သည့် အခါ အနည်းငယ် ရှက်သွားလေသည်။

သူက လူအများနှင့်သိပ်ပြီးပြောဆိုဆက်ဆံလေ့ရှိသူမဟုတ်လေရာ အသံတိုးတိုးဖြင့်ပင်...

"ကျွန်တော့်နေရာ ရှာလို့မတွေ့လို့ပါ..."

ဝန်ထမ်းမိန်းကလေးက လူငယ်ထံမှ လက်မှတ်တောင်းကြည့်လိုက်လေသည်။

လက်မှတ်ကိုတွေ့သည့်အခါ သူမက တအံ့တသြဖြင့်...

"ဒါ လူကြီးမင်းရဲ့ လက်မှတ်ဆိုတာ သေချာရဲ့လားရှင့်..."

တက္ကသိုလ်ကျောင်းသားလူငယ်က...

"သေချာပါတယ်၊ ဒီမှာ... လက်မှတ်ပေါ်မှာ ကျွန်တော့်နာမည်ပါတယ်လေ..."

ဝန်ထမ်းမိန်းကလေးက လက်မှတ်ပေါ်မှ နာမည်ကို ကြည့်လိုက်လေသည်။

လက်မှတ်ပေါ်တွင်ရေးထားသည့်နာမည်မှာ…

"လီအော့နျို…"

ဟူ၍ ဖြစ်လေသည်။

လူငယ်ယူဆောင်လာသည့်လက်မှတ်မှာ VIP လက်မှတ်ဖြစ်နေလေသည်။ ထို့ကြောင့် နာမည်ပါ ရေးထိုးထားခြင်း ဖြစ်လေ၏။

သူမက တက္ကသိုလ်ကျောင်းသားလေး၏ ကျောင်းသားကတ်ကို တောင်းယူကာ လက်မှတ်ပေါ်မှ အမည်နှင့် တိုက်ဆိုင်စစ်ဆေးလိုက်လေသည်။ "လီအော့နျို" နာမည်က အတူတူပင် ဖြစ်လေ၏။ လွဲမှားခြင်း မရှိပေ။

ဝန်ထမ်းမိန်းကလေးက စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

"ဒီလိုခေတ်ကြီးမှာ ဒီလောက်တုံးတဲ့ နာမည်မျိုးက ရှိသေး

သလား ၊ ပြီးတော့ လက်မှတ်ကြီးကလည်း တကယ်ပဲ VIP

လက်မှတ်ကြီး ...၊ ထင်တောင် ထင်မထားမိဘူး..."

သို့သော် မည်သို့မှ မတတ်နိုင်ပါ။

လူငယ်မှာ အမည်လည်းတူညီနေပြီး လက်မှတ်လည်း ရှိနေပြီ

ဖြစ်လေရာ သူမအနေဖြင့် မည်သို့မှ သံသယရှိနေ၍ မရတော့

ပေ။

ဝန်းထမ်းမိန်းကလေးက နူးညံ့သည့်လေသံဖြင့်...

"လူကြီးမင်းရဲ့လက်မှတ်က မှန်ပါတယ် ၊ လူကြီးမင်းရဲ့နေရာကို

ကျွန်မ လိုက်ပို့ပေးပါ့မယ်..."

လီအော့ချိုက ဝန်ထမ်းမိန်းကလေးနောက်သို့ လိုက်ပါသွားလေ

သည်။

ယခုမှ သူရရှိခဲ့သည့် ဂီတဖျော်ဖြေပွဲလက်မှတ်မှာ အလွန်

တန်ဖိုးကြီးသည့် VIP လက်မှတ်ဖြစ်နေသည်ကို ယခုမှ သိ

လိုက်ရခြင်း ဖြစ်လေသည်။ သူ့အနေဖြင့် သီးသန့် Box ထဲတွင် စိတ်လွတ်ကိုယ်လွတ်ဖြင့် ဂီတဖျော်ဖြေပွဲကို ကြည့်ရမည် ဖြစ်လေသည်။

ဝန်ထမ်းမိန်းကလေးက လူငယ်ကို နေရာချထားပေးပြီးသွားသည်နှင့် ပြုံးပြလိုက်ရင်း...

"ကျွန်မ အပြင်မှာ ရှိနေပါမယ် လူကြီးမင်း ၊ တစ်ခုခုလိုအပ်ရင် အချိန်မရွေး ခေါ်နိုင်ပါတယ်..."

သူမက ပရော်ဖက်ရှင်နယ်တစ်ယောက်ဖြစ်လေရာ အချိန်မရွေး အပြုံးကို ဆင်မြန်းထားနိုင်သူ ဖြစ်လေသည်။

သို့သော်... မိန်းကလေး၏ အပြုံးကြောင့် လီအော့နျိုမှာ နေရထိုင်ရခက်နေပြီး အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

မိန်းမပျိုကတော့ လီအော့နျိုကို တုံးလိုက်တာဟု စိတ်ထဲမှ မှတ်ချက်ပြုလိုက်မိလေ၏။

ဇာတ်ရုံတံခါးပိတ်သွားသည့်အခါတွင်တော့ လီအော့နျိုက ပတ်ဝန်းကျင်ကို တစ်ချက်လှေ့လာလိုက်လေသည်။ သူ့နေရာမှ ကြည့်လျှင် စင်မြင့်ထက်ကို ရှင်းရှင်းလင်းလင်း ထင်ထင်ရှား ရှားတွေ့မြင်ရလေသည်။ ထို့ပြင် ထိုင်ရသည့် ဆိုဖာခုံကလည်း လှပပြီး သင်သောင့်သက်သာ ရှိလှသည်။

ယခုကဲ့သို့ အခြေအနေမျိုးဖြင့် ကျောက်ရှောင်ယွီ၏ ဂီတ ဖျော်ဖြေပွဲကို ကြည့်ရလိမ့်မည်ဟု လီအော့နျိုတစ်ယောက် အိပ်မက်ပင် မမက်ခဲ့ဖူးပေ။

သို့သော်... သူသိချင်နေသည့်အချက်မှာ တန်ဖိုးကြီးလှသည့် VIP လက်မှတ်ကို သူ့ကို မည်သူက ပေးသည်လဲ ဆိုသည့် အချက်ပင်ဖြစ်လေသည်။

ထို့ကြောင့် သူက အထူးစက္ကူပေါ်တွင် ရိုက်နှိပ်ထားသည့် ဂီတ ဖျော်ဖြေပွဲလက်မှတ်ကို သေသေချာချာ ထပ်မံလေ့လာ ကြည့် လိုက်လေသည်။

ထိုအခါ... လက်မှတ်ပေါ်မှ စာလုံးများ ထူးဆန်းစွာ ပျောက်ကွယ်သွားသည်ကို တွေ့ရှိလိုက်ရလေသည်။

ပျောက်ကွယ်သွားသည့် စာလုံးများနေရာတွင် အခြားစာကြောင်းတစ်ကြောင်းပေါ်လာလေသည်။

"ဆိုဖာခုံအောက်က အထုပ်ကို ယူလိုက်ပါ..."

ပေါ်လာသည့် စာကြောင်းများအတိုင်း လီအော့န်ျုလိုက်လုပ်လိုက်လေသည်။ သူက သူထိုင်နေသည့် ဆိုဖာခုံ အောက်မှ အထုပ်ကို ထုတ်ယူလိုက်လေသည်။

အထုပ်ကိုဖွင့်လိုက်သည့်အခါတွင်တော့ ကလေးစကားစရာ သေးငယ်သည့် လေးမြားလေးတစ်ခုကို တွေ့ရပြီး အိတ်အကြည်ရောင်လေးနှင့်ထည့်ထားသည့် ဆေးလုံးများကို တွေ့လိုက်ရလေသည်။

ထို့နောက် သူက လက်မှတ်ကို တစ်ချက် ကြည့်လိုက်ပြန်လေသည်။

လက်မှတ်ပေါ်တွင် နောက်ထပ်စာကြောင်းတစ်ကြောင်းပေါ်နေပြန်လေ၏။

"ဆေးလုံးတစ်လုံးကို သောက်လိုက်ပါ" ဟူ၍...။

လီအော့န်ျိုက တစ်ချက်တုံ့ဆိုင်းနေမိလေသည်။

သူက ငတုံးတစ်ယောက်မဟုတ်ပါ။ ဘာမှန်းညာမှန်းမသိသည့်ဆေးများကို အဘယ့်ကြောင့် သောက်ရပါမည်နည်း။

သို့သော်... မကြာခင်မှာပင် သူ့အတွက် ရွေးခြယ်စရာမရှိသည်ကို သဘောပေါက်သွားရလေသည်။ အဘယ်ကြောင့် ဆိုသော်သူ၏ ညာဘက်လက်သည် သူ၏ထိန်းချုပ်မှုမှ လွတ်သွားပြီးအိတ်အကြည်လေးကိုဖွင့်ကာ ဆေးလုံး တစ်လုံးကို ပါးစပ်ထဲပစ်ထည့်လိုက်သောကြောင့် ဖြစ်လေသည်။

ဆေးလုံးသည် ပါးစပ်ထဲတွင် အရည်ပျော်သွားပြီး အသံများမြည်လာလေသည်။

ထို့နောက် လီအော့နျို၏အတွေးများမှာ အဆပေါင်းထောင်နှင့် ချီပြီး ကြည်လင်ရှင်းလင်းလာလေသည်။ သူ၏ နှလုံးခုန်သံကို ပင် ကျယ်လောင်စွာဖြင့် ကြားနေရလေသည်။ သူ့ကိုယ်ထဲမှ သွေးများစီးဆင်းနေသံကိုလည်း မြစ်တစ်စင်းစီးဆင်းနေသည့် အလား ဆူညံစွာဖြင့် ကြားနေရလေ သည်။

လောကကြီးတစ်ခုလုံးက အရောင်စုံစွာဖြင့် လှပနေလေသည်။ တစ်ခါမှ စိတ်ကူးမထားလောက်အောင် လှပနေခြင်း ဖြစ်လေ သည်။ လေထဲမှ ဖုံမှုံ့ငယ်လေးများကိုပင် သူမြင်တွေ့နေရပြီး ဖုံ မှုံ့လေးများသည်ပင် အသက်ဝင်နေသည့် အလား ထင်မှတ်ရ လေသည်။

သူ့အမြင်အာရုံများသည် ကပွဲရုံကိုကျော်လွန်ပြီး ကောင်းကင် ကိုကျော်ဖြတ်ကာ အာကာသထဲရှိ ကြယ်စင်များကိုပင် တွေ့ မြင်နေရလေသည်။

ထို့နောက် … သူသည် ပေကျင်းမြို့တော်မှ လူအများ၏ နာကျင်ခံစားရမှုများ ၊ နာမကျန်းဖြစ်နေမှုများ ၊ ပျော်ရွှင်မှုများ ၊ စိတ်ခံစားချက်များအားလုံးကို တစ်ယောက်ချင်းစီ တွေ့မြင်နေရ ပြန်လေသည်။

ထို့နောက် ပတ်ဝန်းကျင်မှ လူအများ၏ လုပ်ရပ်များကိုလည်း မျက်စိဖြင့်မကြည့်ဘဲ အလိုလို သိမြင်နေရလေသည်။

လှပသည့်ဝန်ထမ်းမိန်းကလေးသည် မျက်နှာထားကို ပြုံးထားသည့်တိုင် သူမတွင်ဝမ်းနည်းစရာ ကိစ္စများရှိနေလေ သည်။

သူနှင့်မနီးမဝေးရှိ VIP လက်မှတ်ပိုင်ရှင် စုံတွဲတစ်တွဲသည် လည်း Box ထဲတွင် နှုတ်ခမ်းချင်းနမ်းနေကြလေသည်။

လီအော့ချိုသည် စက်ရုပ်တစ်ရုပ်၏မှတ်ဉာဏ်များအလား သူ၏ခေါင်းထဲတွင် အချက်အလက်များစွာကို သိရှိနေလေ သည်။

သို့သော်... အတွေ့အကြုံအသစ်များကြားတွင် လီအော့နျို ကြာကြာနစ်မြုပ်မနေနိုင်ခဲ့ပေ။

VIP လက်မှတ် ထက်တွင် စာကြောင်းတစ်ကြောင်းပေါ်လာပြန်လေသည်။

"အဲဒီလေးမြားနဲ့ ကျောက်ရှောင်ယွီ့ကို ပစ်လိုက်ပါ..."

ထိုစာလုံးများသည် သွေးရောင်တောက်နေပြီး သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်ပေါ်နေလေသည်။

သူသတိမထားမိခင်မှာပင် သူ့စိတ်ထဲသို့ သတ်ဖြတ်လိုသည့် အငွေ့အသက်များ ဝင်ရောက်လာပြီး တားဆီးနိုင်ခြင်း မရှိတော့ပေ။

လီအော့နျိုသည် ချက်ချင်းပင် လေးမြားသေးသေးလေးကို လက်ထဲတွင် ဆုပ်ကိုင်ထားလိုက်လေသည်။ သူ့ကိုယ်ထဲ မှ သွေးများဆူပွက်လာသည့်အလား ခံစားလိုက်ရလေသည်။

လေးမြားအရုပ်ကလေးသည် နှစ်ပေါင်းများစွာ သူနှင့်အတူရှိ နေသည့် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုအလား ခံစား လိုက်ရ လေသည်။

သူ့အတွေးများသည် သူ့ဘဝတစ်ခုလုံးတွင် ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို ဖြန်လည်တွေးတော ကြည့်ရန်လုံလောက်နေ လေသည်။ အတိတ်တစ်ချိန်က သမ်ကာရှန်ကာဖတ်ခဲ့သည့် စာအုပ်များပင်လျှင် အမှား တစ်ချက်မရှိဘဲ တစ်အုပ်လုံးကို ပြန်လည် မှတ်မိနေလေသည်။

အရေးအကြီးဆုံးအချက်မှာ လီအော့နျိုသည် အခက်အခဲများ ကို ရင်ဆိုင်ရန် ကိုယ့်ကိုကိုယ်ယုံကြည်မှု အပြည့်ရှိသူ တစ် ယောက် ဖြစ်လာခဲ့လေသည်။

သူ့အတွေးများသည် ကျောက်ရှောင်ယွီကို မည်သို့ တိုက်ခိုက်ရ မည်ဆိုသည့် ပန်းတိုင်ဆီသို့သာ ဦးတည်ရွေ့လျား နေကြ လေ၏။

မတူညီသည့်လူသားများတွင် မတူညီသည့် အတွေးအခေါ်များ နှင့် မတူညီသည့် ဘဝများ ရှိကြလေသည်။

မတူညီသည့် အတွေးများအားလုံးသည် တူညီသည့် ကောင်းကင်အောက်တွင် တူညီသည့် တုန်ခါမှုကို ထုတ်လွှတ် ပေးလေသည်။

ဂီတဘုရင်မကတော့ အလွန်ပင်တည်ငြိမ်စွာဖြင့် သီဆိုဖျော်ဖြေ နေလေသည်။

သူမ၏မျက်နှာသည် မည်သည့်အခါမှ မညိုးနွမ်းမည့် ကြာဖြူ ပန်းလေးအလား ဖြစ်လေသည်။ လှပသည့် နှုတ်ခမ်းလေးများ ထက်မှ နူးညံ့သည့်တေးသွားလှလှလေးများ ထွက်ပေါ်လျှက် ရှိ လေသည်။

သူမသည် တရုတ်ပြည်၏ အကျော်ကြားဆုံး ဂီတဘုရင် ကျောက်ရှောင်ယွီပင် ဖြစ်လေသည်။

လီအော့နျိုမှာ ဂီတဖျော်ဖြေပွဲကို ကြည့်နေသည့်တိုင် တစ်စက်ကလေးမှ ပျော်ရွှင်မှုကို မခံစားရပေ။ သူ၏နားထဲတွင် ဆူညံသံများ ရောထွေးနေလေသည်။

ထို့နောက် သူ့ကိုတစ်စုံတစ်ယောက်က ထိန်းချုပ်နေသကဲ့သို့ ခံစားလိုက်ရလေသည်။ သူ၏ခန္ဓာကိုယ်အတွင်းမှ စွမ်းအားများထွက်ပေါ်လာပြီး ထိုစွမ်းအားများသည် ကစားစရာ လေးမြားလေးအတွင်းသို့ ဝင်ရောက်သွားလေသည်။

ထို့နောက် လီအော့နျိုသည် လေးမြားလေးကို ကျောက်ရှောင်ယွီထံသို့ ပစ်လွှတ်လိုက်လေတော့သည်။

ထို့နောက် လေးမြားလေးသည် တဖြည်းဖြည်း ကြီးထွားလာပြီး လေထဲတွင်ပင် လေးညှို့တင်ပြီးသားဖြစ်သွားကာ လေးညှို့ထက်တွင် ရေကဲ့သို့ကြည်လင်သည့် မြားတစ်စင်း ပေါ်လာလေတော့သည်။

အခန်း (၇၇၁)ခရမ်းရောင်ကိုးဆင့်ရွှေဆေးလုံး

ထိုအချိန်မှာပင် ကျောက်ရှောင်ယွီက သီချင်းတစ်ပုဒ်

အဆုံးသတ်သွားပြီး ပရိတ်သတ်များကို တစ်ချက်ဝေ့ကြည့်ကာ

ပြုံးလိုက်လေသည်။

"နောက်တစ်ပုဒ် သီဆိုဖျော်ဖြေမှာကတော့ ကျွန်မရဲ့ အကြိုက်

ဆုံးသီချင်းတစ်ပုဒ်ဖြစ်တဲ့ 'အတိတ်ဆီသို့' ဆိုတဲ့ သီချင်းဖြစ်ပါ

တယ် ၊ အားလုံးအတွက် သီဆိုပေးပါ့မယ်..."

သူမ မည်သည့်သီချင်းကိုပင်သီဆိုပါစေ ပရိတ်သတ်က

သဘောကျနှစ်သက်ကြသည်ပဲ ဖြစ်လေသည်။ အဘယ့်

ကြောင့် "အတိတ်ဆီသို့" ဆိုသည့် သီချင်းကိုမှ သီဆိုချင်

ပါသည်ဟု ပရိတ်သတ်ကို အသိပေးရပါသနည်း။

လီအော့နျို အနည်းငယ် ပဟေဠိဖြစ်သွားလေသည်။ ထိုသီချင်း

သည် ထင်သလောက်ရိုးရှင်းခြင်း မရှိကြောင်း သူ ချက်ချင်း

ရိပ်မိလိုက်လေသည်။

ထိုအချိန်မှာပင်... သူ၏တစ်ကိုယ်လုံးမှ စွမ်းအားများအားလုံး

ကို လေးနှင့်မြားတံမှ စုပ်ယူသွားသည်ကို ခံစားလိုက် ရပြီး

ကြည်လင်သည့် မြားတံသည် ကျောက်ရှောင်ယွီရှိရာသို့ ပစ်

လွှတ်ပြီးသား ဖြစ်သွားလေတော့သည်။

ကျောက်ရှောင်ယွီသည် "အတိတ်ဆီသို့" သီချင်းကို သီဆို

ဖျော်ဖြေနေလေသည်။

ထိုသီချင်းကို ဆန်းလျန်သာ ကြားရမည်ဆိုလျှင် သူနှင့် ချင်းရှ

တောင်မှမိန်းမပျို (၂)ယောက်သာ ကြားနိုင်သည့် သီချင်းသံ

ဖြစ်သည်ကို ချက်ချင်းသိရှိမည် ဖြစ်လေသည်။

ရုတ်တရက်... ကျောက်ရှောင်ယွီကို ပစ်ခတ်လိုက်သည့် မြားတံသည် သီချင်းတေးသံကို ထိုးဖောက်နိုင်ခြင်း မရှိဘဲ လေထဲတွင် ရပ်တန့်နေလေသည်။

ကျောက်ရှောင်ယွီကတော့ ဘာကိုမှ မသိသည့်အလား သီချင်းကို ဆက်လက်သီဆိုနေလေသည်။

လူတိုင်းတွင် သူတို့ ပြန်သွားချင်သည့်အတိတ်ဆိုသည့်အချိန်တစ်ချိန် အမြဲတမ်း ရှိလေသည်။ထိုအတိတ်တွင် သူတို့အတွက် လုပ်စရာများလည်းရှိမည်ဖြစ်သလို နောင်တရခဲ့သည့်ကိစ္စများလည်း ရှိနိုင်လေသည်။

"အတိတ်ဆီသို့" ဆိုသည့်သီချင်းသည် ရိုးရှင်းသည့် သီချင်းတစ်ပုဒ်တော့ မဟုတ်ပေ။ ဖော်ပြနိုင်ခြင်းငှာ မစွမ်းနိုင်သည့် လမ်းတစ်လမ်းလည်း ဖြစ်လေသည်။

VIP လက်မှတ်လေးသည် လေထဲတွင် လောင်ကျွမ်းပျက်စီး

သွားလေသည်။ ထို့နောက် လေထဲတွင် စာကြောင်း တစ်

ကြောင်းပေါ်လာလေသည်။

"အစီအစဉ်မအောင်မြင်ဘူး ၊ ပြန်ဆုတ်ပါ..."

လီအော့နျိုသည် ထိုစာကြောင်းကို တွေ့မြင်လိုက်သည့် အချိန်

မှာပင် ကပွဲရုံတံခါးပွင့်သွားပြီး ဝန်ထမ်းမိန်းကလေးက ပရိတ်

သတ်များ၏ အခြေအနေကို တစ်ချက်လာကြည့်သည့်အချိန်

နှင့် တိုက်ဆိုင်သွားလေသည်။

ထိုအချိန်မှာပင် လီအော့နျိုမှာ ဟန်ချက်ညီမှုများ ပျက်စီးသွား

ပြီး ချက်ချင်းပင် ပင်ပန်းနွမ်းနယ်လာသလို ခံစားလိုက်ရ ကာ

သတိလစ်မေ့မြောသွားလေတော့သည်။

သူ၏ မျက်လုံး ၊ နားနှင့် နှာခေါင်းများမှ သွေးများထွက်နေလေ

သည်။

အခြေအနေကို လာကြည့်သည့်ဝန်ထမ်းမိန်းမပျိုလေးမှာ လီ
အော့နျိုကိုတွေ့လိုက်ရသည်နှင့် ထိတ်လန့်စွာ အော်ဟစ် လိုက်
မိလေတော့သည်။

ထိုအချိန်မှာပင်... ကျောက်ရှောင်ယွီကို ပစ်ခတ်လိုက်သည့်
လေထဲမှ လေးနှင့်မြားသည့် တွင်းနက်ကြီးတစ်ခုအတွင်း သို့
ဝင်ရောက်သွားကာ အစအနပင်မကျန် ပျောက်ကွယ်သွားလေ
တော့သည်။

ထိုလေးနှင့်မြားကိုမည်သူမှ သတိမထားလိုက်မိကြပေ။

....

နည်းပညာထွန်းကားသည့်ခေတ်ဖြစ်လေရာ ဂီတဘုရင်မ၏
ဂီတဖျော်ဖြေပွဲတွင် လူငယ်တစ်ယောက် သွေးထွက်သံယို
ဖြစ်ပွားမှုသည် ချက်ချင်းပင် အင်တာနက်ပေါ်သို့ ရောက်ရှိသွား
လေသည်။

ယခုတော့ လီအော့နျိုသည် အထူးကုဆေးရုံကြီးတစ်ခု၏
အထူးခန်းတွင် ရောက်ရှိနေလေသည်။ ကြယ်ငါးပွင့် ဟိုတယ်

ကြီးများထက်ပင် ဝန်ဆောင်မှုကောင်းသည့် အထူးကုဆေးရုံ
ကြီး ဖြစ်လေ၏။

လီအော့နျိုက မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်
လိုက်လေရာ သူ့ကိုကြည့်နေသည့် ဂီတဘုရင်မ ကျောက်ရှောင်
ယွီကို တွေ့လိုက်ရလေသည်။ နာမည်ကျော်ဂီတဘုရင်မသည်
သူနှင့် တစ်မီတာပင် မဝေးသည့် နေရာတွင် ရှိနေလေသည်။
လီအော့နျိုမှာ အံ့သြမှင်တက်ပြီး ကျောက်ရှောင်ယွီကို
မျက်လုံးအပြူးသားဖြင့် ကြည့်နေလေတော့သည်။

"ကျွန်မလှတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမဲ့ ရှင်တစ်ချိန်
လုံး ကျွန်မကိုပဲ ကြည့်နေလို့ မဖြစ်ဘူးလေ..."

ကျောက်ရှောင်ယွီ၏ သာယာသည့်အသံလေးက လီအော့နျို၏
နားထဲသို့ ဝင်ရောက်လာလေသည်။

ထိုအသံကို ကြားလိုက်ရသည်နှင့် သူ၏ခန္ဓာကိုယ်မှာ အနည်းငယ် သက်သောင့်သက်သာ ရှိသွားသလို ခံစားလိုက်ရလေသည်။

လီအော့ချိုသည် ပုံမှန်လူသားတစ်ယောက်အနေအထား ပြန်ရောက်နေပြီ ဖြစ်လေသည်။ သို့သော်... သိပ်တော့ တည်တည်ငြိမ်ငြိမ်မရှိသေးပေ။

သူက အနည်းငယ်ရှက်သွားဟန်ဖြင့်...

"ခင်ဗျားက တကယ်နုပျိုလွန်းတာပဲ ၊ လုံးဝ အသက်ကြီးတယ်လို့ မထင်ရဘူး..."

ပုံမှန်ဆိုလျှင် ထိုသို့သော စကားမျိုးကို လီအော့ချို ပြောထွက်ရဲမည် မဟုတ်ပေ။

သို့သော်... မနေ့ညက ထူးဆန်းသည့်အဖြစ်အပျက်များနှင့် ရင်ဆိုင်ရပြီးသည့်နောက် သူပြောင်းလဲ သွားပြီဖြစ်လေ သည်။

ကျောက်ရှောင်ယွီက တစ်ချက်ပြုံးလိုက်ရင်း...

"ကောင်းလေး ၊ မင်းက စိတ်ဝင်စားစရာပဲ..."

လီအော့နျိုမှာ ကျောက်ရှောင်ယွီကိုတွေ့ရသည့်အတွက် ရှက်နေမိပြီး တစ်ချိန်တည်းမှာပင် ဂီတဘုရင်မသည် သူ့ကို အဘယ့်ကြောင့် လာရောက်တွေ့ဆုံရသည်ကို စဉ်းစားနေမိလေသည်။

မနေ့ညက သူ သတိလစ်မေ့မျောသွားပြီးသည့်နောက် မည်သည့်အရာများဖြစ်ပျက်ခဲ့ပါသနည်း။

ဆေးရုံခန်းသည် အတန်ကြာတိတ်ဆိတ်သွားလေသည်။

အတန်ကြာတော့မှ ကျောက်ရှောင်ယွီက စကားပြောလိုက်သည်။

"ဒီပစ္စည်းက မင်းရဲ့ပစ္စည်းလား...."

လီအော့နျိုမှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

ကျောက်ရှောင်ယွီ၏ လက်ထဲတွင်ကိုင်ထားသည်မှာ ဆေးလုံးထုပ်လေးဖြစ်လေသည်။

သူကခေါင်းခါယမ်းလိုက်ရင်း...

"မဟုတ်ဘူး..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"မင်းရဲ့ပစ္စည်းဆိုတာ ငါသိပါတယ်၊ ကြည့်ရတာ မင်းလည်း ဒီ

ပစ္စည်း ဘာလဲဆိုတာ သိပုံမပေါ်ဘူး..."

လီအော့နျို့သည် ကျောက်ရှောင်ယွီ၏ ကြည်လင်သည့်

မျက်ဝန်းများကို ငေးကြည့်နေမိလေသည်။ သူမကို မည်သည့်

အရာမှ ဖုံးကွယ်မထားနိုင်သည်ကို သိလိုက်သည့်အတွက် ဝန်ခံ

ရန် ဆုံးဖြတ်လိုက်တော့သည်။

လီအော့နျို့က...

"အဲဒီပစ္စည်း ဘယ်ကနေဘယ်လို ကျွန်တော့်ဆီ ရောက်လာမှန်း

တောင် မသိပါဘူးဗျာ..."

ကျောက်ရှောင်ယွီက တည်ငြိမ်သည့်မျက်နှာထားဖြင့်....

"ဒီဆေးက ထိုက်ချင်တာအိုဆရာသခင်ဆီက ဆင်းသက်လာတဲ့

ခရမ်းရောင်ကိုးဆင့်ရွှေဆေးလုံးပဲ၊ ဒါပေမဲ့ မင်းသောက်လိုက်

တဲ့ဆေးက မပြည့်စုံဘူး ချို့ယွင်းနေတယ်၊ ဒါကြောင့် မူလ ဆေးလိုမျိုး အစွမ်းထက်မှာတော့ မဟုတ်ဘူး၊ ပြီးတော့ ဒီဆေး ကိုဖော်စပ်နိုင်သူ လောကမှာ ထိုက်ချင်တာအိုဆရာသခင် တစ် ယောက်ပဲ ရှိတယ်..."

ကျောက်ရှောင်ယွီပြောသည့်စကားများမှာ ရှန်းရှဝတ္ထုများထဲမှ စကားများနှင့် ဆင်တူနေသည့်အတွက် လီအော့နျို စိတ်ရှုတ် ထွေးသွားရလေသည်။

"အဲဒီဆေးက တန်ဖိုးကြီးတာလား..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း....

"တန်ဖိုးတော့ရှိတယ်၊ ဒါပေမဲ့ အကြောင်းသိတဲ့သူတွေက ဒီ ဆေးကို မသောက်ရဲကြဘူး၊ ဘာဖြစ်လို့လဲ သိလား..."

လီအော့နျို၏မျက်နှာတွင် စိုးရိမ်ပူပန်မှုများ ဖုံးလွှမ်းသွားပြီး...

"ခင်ဗျားပြောတာ ဒီဆေးက မပြည့်စုံဘူ ချို့ယွင်းနေတယ်ဆို

တော့ သောက်လိုက်မိရင် ကြီးမားတဲ့ ဘေးထွက်ဆိုးကျိုး တွေ

များရှိနိုင်လို့လား...."

ကျောက်ရှောင်ယွီက လီအော့နျိုကို တစ်ချက်ကြည့်လိုက်ပြီး

နူးညံ့သည့်လေသံဖြင့်...

"မင်းပြောတာ မမှားဘူး ၊ မင်းအဲဒီဆေးကိုသောက်လိုက်တာနဲ့

လူသားတစ်ယောက်ရဲ့ဖြစ်တည်ခြင်းတွေ အားလုံး ဖြတ်

တောက်ခံလိုက်ရလိမ့်မယ် ၊ တန်ခိုးစွမ်းအားမရှိတဲ့ ဒီလောက

ကနေ လွတ်မြောက်သွားလိမ့်မယ် ၊ ဒါပေမဲ့ အဲဒါ အချိန်ခဏ

လေးပဲ ၊ ဆေးစွမ်းကုန်သွားတာနဲ့ မင်း လောကထဲကနေ

ပျောက်ဆုံးသွားရလိမ့်မယ်..."

ကျောက်ရှောင်ယွီက ဆေးလုံးများထည့်ထားသည့် အိတ်

အကြည်လေးကို မြှောက်ပြလိုက်ရင်း...

"မင်း ဒီဆေးလုံးကို သောက်ပြီးပြီဆိုရင်တော့ မကြာခင် ဒီလောထဲက ပျောက်ကွယ်သွားရတော့မယ်၊ တာအိုဆရာသခင်ကြီးကိုယ်တိုင်လာကယ်မယ်ဆိုရင်တောင် မလွတ်မြောက်နိုင်တော့ဘူး...."

ကျောက်ရှောင်ယွီ၏စကားများမှာ ထူးဆန်းနေလေသည်။

လီအော့နျိုက သူမ၏စကားများကို အနည်းငယ်သံသယဝင်မိသော်လည်း ယုံကြည်နေမိလေသည်။ အဘယ်ကြောင့် ဆိုသော်သူ့ရှေ့မှ ဂီတဘုရင်မသည် လျှို့ဝှက်ဆန်းကျယ်လွန်းသူဖြစ်ပြီးယုံကြည်ထိုက်သူတစ်ယောက်ဟု စိတ်ထဲမှ ခံစားနေရသောကြောင့် ဖြစ်လေသည်။

လီအော့နျိုက...

"ကျွန်တော် ခင်ဗျားတွက် ဘာလုပ်ပေးရမလဲ..."

ကျောက်ရှောင်ယွီက...

"မင်းက သိပ်တော့မတုံးဘူးပဲ ၊ မင်းက အသုံးဝင်နေသေးတော့ ငါမင်းကို ခေါ်ထားချင်တယ် ၊ ဒါပေမဲ့ ပြင်ဆင်မှုလေး နည်း နည်းလောက်တော့ လုပ်ရဦးမယ်..."

လီအော့နျိုက...

"ကျွန်တော်က ခင်ဗျားအတွက် ဘာတွေလုပ်ပေးရမှာလဲ..."

ကျောက်ရှောင်ယွီက...

"မင်းကို ခွန်လွန်တောင်ကိုခေါ်သွားမယ် ၊ မင်းလုပ်ရမယ့် အလုပ်တွေကတော့ မင်းနဲ့ သိပ်ပြီးရင်းနှီးမယ့် အလုပ်မျိုး တွေ မဟုတ်ဘူး ၊ ဒါနဲ့ မနေ့က ငါ့ကိုမြားနဲ့ပစ်တာ မင်းပဲ မဟုတ် လား..."

လီအော့နျိုက...

"ခင်ဗျားက အကုန်လုံးသိနေတာပဲ..."

ကျောက်ရှောင်ယွီက အထင်အမြင်သေးဟန်ဖြင့် မဲ့ပြုံးတစ် ချက်ကို ပြုံးလိုက်ရင်း...

"ခိုးကြောင်ခိုးဝှက်လုပ်ကြံတဲ့ကောင်တွေက ငါ့ကို လျှော့တွက်လွန်းတယ်၊ ငါကလည်း သူတို့လျှော့တွက်နိုင်အောင် တမင်နေခဲ့တာလေ၊ အဲဒီကောင်တွေ သူတို့လုပ်ရပ်အတွက် နောင်တရစေရမယ်..."

ကျောက်ရှောင်ယွီ၏ စကားများကို ကြားသည့်အခါတွင်တော့ လီအော့နျိုမှာ ကြီးမားသည့် ပြဿနာတစ်ခုထဲတွင် ပါဝင်ပတ်သက်မိပြီဖြစ်ကြောင်း သဘောပေါက်သွားလေသည်။

သို့သော်... အဘယ့်ကြောင့် "သူ" ဖြစ်နေရပါ သနည်း။

သူက မနေ့ညက အဖြစ်အပျက်များကို ပြန်စဉ်းစားလိုက်ရင်း...

"ကျွန်တော်တစ်ယောက်ပဲ လေးကိုပစ်နိုင်တဲ့သူ ရှိတာလား..."

ကျောက်ရှောင်ယွီက...

"သေချာပေါက်ပဲပေါ့၊ ဒါကြောင့်ငါလည်း မင်းကို ခေါ်ထားဖို့ ဆုံးဖြတ်လိုက်တာ..."

လီအော့နျို စိတ်လျှော့လိုက်ပြီ ဖြစ်လေသည်။

လောလောဆယ်တော့ သူ့အန္တရယ်ကင်းနေဆဲ ဖြစ်လေသည်။

ဂီတဘုရင်မသည် မည်သို့သောလူမျိုးဖြစ်သည်ကို လည်း သူမ မေးချင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် မလိုအပ် သောကြောင့် ဖြစ်လေသည်။

အချို့အရာများက များများသိလေ သေဖို့နီးစပ်လေ မဟုတ်ပါလား။ ထိုအချက်မှာ သူဖတ်ခဲ့သည့် ဝတ္ထုများနှင့် ကြည့်ခဲ့ဖူး သည့် ရုပ်ရှင်များထဲမှ အတွေ့အကြုံများအရ သိရှိထားခြင်း ဖြစ်လေသည်။

ထို့နောက်တွင်တော့.... ကျောက်ရှောင်ယွီက သူနှင့် စကားစမြည်အနည်းငယ်ပြောဆိုပြီး ပြန်သွားလေသည်။

ဂီတဘုရင်မသည် စိတ်စေတနာကောင်းသူတစ်ယောက်ဖြစ်ပြီး မတော်တဆဖြစ်ခဲ့သည့် ဂီတဖျော်ဖြေပွဲမှ ပရိတ်သတ်ကို

ကိုယ်တိုင်သွားရောက်တွေ့ဆုံသည်ဆိုသည့် သတင်းများ အင်တာနက်ပေါ်တွင် ပလူပျံလျှက်ရှိနေ လေတော့သည်။

....

ကျောက်ရှောင်ယွီ သူနေထိုင်ရာ နေအိမ်သို့ ပြန်လာခဲ့လေသည်။

သူမသာ ဆန္ဒရှိလျှင် တစ်လောကလုံးကိုပင် ဝယ်ယူနိုင်သည့် နာမည်ကျော်အဆိုတော်တစ်ယောက် ဖြစ်လေသည်။

သို့သော်... သူမက မူလနေထိုင်ခဲ့ရာ ဒေါက်တာလီဖုန်း၏ နေအိမ်လေးတွင်ပင် ဆက်လက်နေထိုင်ခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော်... ထိုနေအိမ်လေးတွင် ဆန်းလျန်၏အငွေ့အသက်များကို ခံစားရသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်သိသည်ဖြစ်စေ ၊ မသိသည်ဖြစ်စေ ဤအိမ်လေးတွင် နေထိုင်ရခြင်းက သူမအတွက် အလွမ်းပြေစေလေသည်။

သူမအခန်းထဲရှိ အဝတ်ဗီဒိုနောက်တွင် အံဝှက်လေးတစ်ခု ရှိလေသည်။ ထိုအံဝက်လေးထဲမှ ကျောက်ပြားလေး တစ်ချပ်ကို

ကျောက်ရှောင်ယို့ ထုတ်ယူလိုက်လေသည်။ ကျောက်ပြားလေး ထက်တွင် ရှေးဟောင်းသင်္ကေတများ ရေးထွင်းထားလေသည်။ ရှေးဟောင်းသုတေသနပညာရှင်များသာ ထိုကျောက်ပြားလေး ထက်မှ စာတမ်းကို နားလည်ကြမည် ဖြစ်လေသည်။

ရေးသားထားသည့်စာတမ်းမှာ....

"အလင်းပျောက်ဆုံးပြီ... အမှောင်စတင်ပြီ..."

ဟူ၍ ဖြစ်လေ၏။

ထိုကျောက်ပြားလေးသည် ခွန်လွန်တောင်မှ ကျောက်ပြားလေး ဖြစ်လေသည်။

ခွန်လွန်တောင်သည် ဒဏ္ဍာရီပေါင်းများစွာ မြစ်ဖျားခံရာ တောင် တစ်တောင် ဖြစ်လေသည်။

ယွမ်စီထျန်းကျွင်းနှင့် မယ်တော်ဝမ်မူတို့၏ ထူးဆန်းသည့် ဇာတ်လမ်းများ ရှိခဲ့ရုံသာမက ခွန်လွန်တောင်တွင် ထူးဆန်း

သည့် သတ္တဝါများ ၊ ထူးဆန်းသည့်လူသားများရှိခဲ့သည်ဟု မှတ်တမ်းမှတ်ရာများတွင် ဖော်ပြထားလေသည်။

ကျောက်ရှောင်ယွီသည် ခွန်လွန်တောင်ကို တစ်ကြိမ်ထက် မနည်း ရောက်ဖူးလေသည်။ ထိုနေရာသည် အလွန် ထူးခြား ဆန်းပြားသည့် နေရာတစ်ခု ဖြစ်လေသည်။

နှစ်ပေါင်း (၃၀)အတွင်း… သူမသည် လျှို့ဝှက်ချက်များကို ထိန်းထားခဲ့ပြီး ယခုတော့ နက်နဲသောအရာတစ်ခုကို ဖော်ထုတ်ရန် အချိန်ကျရောက်လာပြီ ဖြစ်လေသည်။

အခန်း (၇၇၂)ပြင်ပလောကနှင့်ဆက်ဖြတ်ထားသည့်စူစန်း

တောင်ဂိုဏ်း

ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် တောင်နှင့်မြစ်များ မရေမတွက်နိုင်အောင် ရှိလေသည်။

သို့သော်... ကျောက်ရှောင်ယွီ ယခင်က နေထိုင်ခဲ့သည့် ချင်းရွှမ်နတ်တံခါးတည်ရှိရာလောကနှင့်နှိုင်းယှဉ်ပါက လက်ရှိလောကသည် အံ့သြလောက်စရာ သိပ်မရှိပေ။

သို့သော်... မြင့်မြတ်သည့် တောင်များဖြစ်သည့် ခွန်လွန်တောင်၊ ဝူယွဲ့တောင်၊ ဟွမ်စန်းတောင်နှင့် ထိုက်ဟန်တောင်များကတော့ ကျောက်ရှောင်ယွီကို များစွာ အံ့အားသင့်စေခဲ့သည့် နေရာများ ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် သူမရောက်ရှိနေသည့်ကမ္ဘာသည် တန်ခိုးစွမ်းအားကင်းလွတ်ရာ နယ်မြေတစ်ခု ဖြစ်လေသည်။

သို့တိုင်အောင်... မြင့်မြတ်သည့်တောင်များတွင် နတ်ဘုရား

များ၏ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အကြွင်းအကျန်တန်ခိုး စွမ်းအားများ ကျန်ရှိနေသေးပြီး မည်မျှကြောက်မက်ဖွယ်ရာ ကောင်းသည်ကို သိနိုင်လေသည်။

ထို့ကြောင့် ကျောက်ရှောင်ယွီသည် တန်ခိုးစွမ်းအားကင်းလွတ် ရာ မြေကမ္ဘာ၏ လျှို့ဝှက်နက်နဲမှုများကို စိတ်ဝင်စားနေ ခဲ့လေ သည်။

လော်ဝါဒ၏တည်ထောင်သူဆရာသခင်က သူမကို ဤနေရာသို့ လာရောက်ရန် ညွှန်ကြားချက်များထားခဲ့သည်မှာ အလကား မဟုတ်ပေ။

လော်ဝါဒကျင့်ကြံသူများကို လိုက်လံသတ်ဖြတ်သည့် နတ် ဘုရား၏ဘေးရန်မှာ လွတ်မြောက်စေရုံသာမက ထိုရန်သူကို သတ်ဖြတ်ပစ်ရန် အခွင့်အရေးတစ်ခုကိုလည်း ကမ္ဘာမြေတွင် ရှာဖွေတွေ့ရှိနိုင်လေသည်။

သို့သော်… ကျောက်ရှောင်ယွီသည် မြင့်မြတ်သည့်တောင်များရှိရာသို့ အကြိမ်ပေါင်းများစွာ သွားရောက်လည်ပတ်ခဲ့ သည့်တိုင် သူမလိုချင်သည့်အချက်အလက်များကို တွေ့ရှိရခြင်း မရှိသေးပေ။

အရင်က သူမ စူစန်းတောင်သို့လည်း သွားခဲ့ဖူးလေသည်။ စူစန်းတောင်သည် စူတိဒေသတွင်တည်ရှိလေသည်။ စူတိဒေသသည် သမိုင်းထဲမှ ဓားသမားများစွာနှင့် နတ်ဘုရားများစွာ မွေးဖွားပေးခဲ့သည့် အော်မေ့တောင်တည်ရှိရာ ချင်းချန်ဒေသကဲ့သို့ပင် ဖြစ်လေသည်။

ယခုခေတ်တွင်တော့ စာရေးဆရာများက စူစန်းတောင်၏ ခမ်းနားမှုကို အခြေတည်ကာ ရှန်းရှဝတ္ထုများကို ဖန်တီးရေးသားလေ့ရှိကြလေသည်။

ကျောက်ရှောင်ယွီသည် ရှန်းရှဝတ္ထုများကို ဖတ်လေ့ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် သူမသည်လည်း ကျင့်ကြံသူ

တစ်ယောက်ဖြစ်လေရာ ရှန်းရှဝတ္ထုများထဲမှ သူမ မသိနိုင်

သည့် အချက်အလက်များကို သိရှိရမည်လား ဆိုသည့်

မျှော်လင့်ချက်ဖြင့် ဖတ်ကြည့်ခြင်း ဖြစ်လေ၏။

သို့သော်... သူမအတွက် သိပ်ပြီး အသုံးဝင်သည့်

အကြောင်းအရာများကို မတွေ့ရှိခဲ့ရပေ။ ရှန်းရှဝတ္ထုရေးသူများ

သည် သာမန်လူများသာ ဖြစ်ကြဟန်တူလေ၏။

ဆန်းလျန်ဖြစ်ခဲ့သူဟု ယူဆရသည့် ဒေါက်တာလီဖုန်း ကျန်ရစ်

ခဲ့သည့် ပစ္စည်းများကိုလည်း သူမ လေ့လာကြည့်ခဲ့သလို မကြာ

သေးမီက ဆုံးပါးသွားပြီဖြစ်သည့် ဒေါက်တာလီဖုန်း၏ဖခင်

ကျန်ရစ်ခဲ့သည့် ပစ္စည်းများ ကိုလည်း သူမ လေ့လာခဲ့လေ

သည်။

နောက်ဆုံးတော့ ဒေါက်တာလီဖုန်း၏ ဖခင်ဖြစ်သူချန်ရစ်ခဲ့

သည့် ရှေးဟောင်းပစ္စည်းများထဲမှ ထူးဆန်းသည့် ကျောက်ပြား

လေးကို တွေ့ရှိခဲ့ရခြင်း ဖြစ်လေသည်။

ထိုကျောက်ပြားလေးသည် ရှေးဟောင်းမျိုးနွယ်များထံမှ ဆင်းသက်လာခြင်းဖြစ်ပြီး နှစ်ပေါင်းမည်မျှ ကြာရှည်ခဲ့ပြီ လဲမသိနိုင်ပေ။

ကမ္ဘာဦးကာလ နတ်ဘုရားများကို ကိုးကွယ်ခြင်းအစကို ဖော်ပြနေသည့် ကျောက်ပြားလေးတစ်ခုဖြစ်ပြီး မိုးဒဏ် လေဒဏ်များကြောင့် ပျက်စီးခဲ့ခြင်းလည်းမရှိပေ။ ထိုကျောက်ပြားလေသည် ခွန်လွန်တောင်၏ အနက်ရှိုင်းဆုံး နေရာမှ ရရှိခဲ့သည့် ပစ္စည်းလေးတစ်ခုလည်း ဖြစ်လေသည်။

ထို့ကြောင့် ဒဏ္ဍာရီများထဲမှ နတ်ဘုရားနေထိုင်ရာ နေရာများအကြောင်းကိုလည်း မီးမောင်းထိုးပြလျှက်ရှိလေသည်။ ဥပမာဆိုရသော်... မယ်တော်ဝမ်မူ၏ ကျောက်စိမ်းရေကန်ဥယျာဉ်ကဲ့သို့သော နေရာမျိုး ဖြစ်လေသည်။

ထိုလျှို့ဝှက်နေရာကို ဝင်ရောက်ရန်အတွက် နေဝင်ချိန်လေးမြားနှင့် ထိုက်ချင်အင်းသင်္ကေတတို့ လိုအပ်လေသည်။ ထိုက်

ချင်အင်းသင်္ကေတမှာ စူစန်းတောင်ဓားဂိုဏ်းမှ ရတနာပစ္စည်း

ဖြစ်လေသည်။

ထိုက်ချင်အင်းသင်္ကေတသည် အစဉ်အဆက် လက်ဆင့်ကမ်း

လာခဲ့သည့် တာအိုဆရာထိုက်ချင်၏ ပစ္စည်းတစ်ခု ဖြစ်လေ

သည်။

ခေတ်အဆက်ဆက်ပြောင်းခဲ့သည့်တိုင် ထိုအင်သင်္ကေတ

ကတော့ မပြောင်းမလဲ ရှိနေဆဲဖြစ်လေသည်။ သို့သော်...

လျှို့ဝှက်နေထိုင်သည့် စူစန်းတောင်ဂိုဏ်းမှလူများက ပိုင်ဆိုင်

ထားသည့်အတွက် ထိုပစ္စည်းကို အပြင်လူများ သိရှိ နိုင်ရန်

ခက်ခဲလှလေသည်။

ယခုတော့ ကျောက်ရှောင်ယွီသည် လွန်ခဲ့သည့် နှစ်ပေါင်း

(၃၀၀)ခန့်ကပင် ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည့် စူစန်းတောင်

ဓားဂိုဏ်းကိုရှာဖွေရန် စူစန်းတောင်သို့ ရောက်ရှိလာခဲ့လေ

သည်။

စူစန်းတောင်တွင် အဆုံးမရှိသည့် တောင်ထွတ်များကို မြင်တွေ့ရမည် ဖြစ်လေသည်။ တောင်ထွတ်များသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပြီး လှပစွာ ဖွဲ့စည်းထားလေသည်။

တန်ခိုးစွမ်းအားကင်းလွတ်ရာနယ်မြေဖြစ်သည့် ကမ္ဘာမြေတွင်ပင်လျှင် စူစန်းတောင်သည် မြေကြီးနှင့်နေမှ စွမ်းအား များကို စုပ်ယူကာ မယိုယွင်းဘဲ လှပနေဆဲ ဖြစ်လေ၏။

သို့သော်… လွန်ခဲ့သည့် နှစ်အနည်းငယ်က လျှင်လှုပ်ခတ်ခဲ့သည့်အတွဲ ကျောက်သားမြေမျက်နှာပြင်ထက်တွင် အက်ကွဲကြောင်းများ ဖြစ်နေသည်ကိုတော့ မြင်တွေ့ရမည် ဖြစ်လေသည်။

ထိုလျှင်ကြောင့်ပင် စူစန်းတောင်ဓားဂိုဏ်း၏ အက်ကွဲကြောင်းမှာလည်း ကြီးမားလာရလေသည်။ သို့သော် စူစန်းတောင်ဓားဂိုဏ်းမှ လက်ကျန်ဂိုဏ်းသားများက ညီညွတ်ကြ

လေသည်။ သူတို့က ဓားအရံအတားတစ်ခု ပြုလုပ်ကာ ဂိုဏ်းကို အက်ကွဲကြောင်းကို ပိတ်ဆို့ထားကြလေသည်။

ထို့ကြောင့် ဤနှစ်များအတွင်းတွင် စူစန်းဓားဂိုဏ်းအတွင်းသို့ လေ့လာရန် ဝင်ရောက်သွားကြသူများသည် ထူးဆန်းစွာ ပျောက်ဆုံးသွားလေ့ ရှိကြလေသည်။

နှစ်ပေါင်း (၃၀) ကြာခဲ့ပြီးသည့်နောက်....

ကျောက်ရှောင်ယွီသည် တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေမှ သူမကို အားပေးကြသည့် ယုံကြည်မှုတန်ခိုးစွမ်းအားများကို စုပ်ယူကာ ကျင့်ကြံနိုင်ခဲ့လေသည်။

ထို့ကြောင့် သူမသည် စိတ်စွမ်းအား အလွန်ကောင်းလေသည်။ သူမ၏ဦးနှောက်သည် ကွန်ပျူတာ အေအိုင်ထက်ပင် သာလွန်လေသည်။

သူမသည် ဘဝကိုအထီးကျန်ဆန်စွာ ဖြတ်သန်းခဲ့ပြီး မည်သူမှ သူမကို အနိုင်ယူနိုင်ခြင်း မရှိသည့်တိုင် သူမ၏ နှလုံးသားထဲ

တွင်တော့ မည်သည့်အခါမှ ပျောက်ကွယ်သွားမည်မဟုတ်လေ
သော ဆန်းလျှန်၏ပုံရိပ်ကို သတိရ လျှက်ရှိလေသည်။
ယနေ့တွင်တော့ ကျောက်ရှောင်ယွီသည် စူစန်းတောင်သို့
ရောက်ရှိလာခဲ့ပြီ။
စူစန်းတောင်ဓားဂိုဏ်း၏ ပြိုင်ဘက်ကင်း ဓားအရံအတားကို
ကျောက်ရှောင်ယွီကတော့ အခက်အခဲမရှိကျော်ဖြတ် ခဲ့လေ
သည်။
လေထုက အနည်းငယ်တုန်ခါသွားပြီး အစီအရင်ပြုလုပ်ထား
သည့် နတ်ဓားများအာလးုံးသည် အခိုးအငွေ့အဖြစ်သို့
ပြောင်းလဲသွားလေသည်။
ထိုအချိန်မှာပင် ဓားရောင် (၁၂)ချက် လင်းလက်လာလေသည်။
ထိုဓားသမားများမှာ စူစန်းတောင်ဓားဂိုဏ်းတွင် နောက်ဆုံး
ကျန်ရစ်ခဲ့သည့် ဓားသိုင်းကျင့်ကြံသူများ ဖြစ်ကြလေသည်။

သူတို့က စူစန်းတောင်ဓားဂိုဏ်းတွင်သာနေထိုင်ကြပြီး ပြင်ပလောကသို့ ထွက်ခွာခြင်း မရှိကြပေ။ သူတို့၏ ကျင့်ကြံခြင်းများ ဆုံးရှုံးသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်လေသည်။

ကျောက်ရှောင်ယွီက တစ်ချက်ပြုံးလိုက်ပြီး စိတ်အာရုံများကို ဖြန့်ကျက်လိုက်လေသည်။ ထိုအခါ ဓားဝိညာဉ်များ အားလုံး ပျောက်ကွယ်သွားလေသည်။

ထိုအခါ... ဓားသိုင်းကျင့်ကြံသူ ယောကျာ်းလေး ၊ မိန်းကလေး အုပ်စုတစ်စုကို တွေ့မြင်လိုက်ရလေသည်။ သူတို့ဝတ်ဆင်ထားသည့် အဝတ်အစားများက မယုံနိုင်စရာပင်။

သူတို့သည် တန်ခိုးစွမ်းအားများကင်းစင်ရာ ကမ္ဘာမြေတွင်တော့ တန်ခိုးအကြီးဆုံး လူများ ဖြစ်ကြလေသည်။ သို့သော်... သူတို့သည် နတ်ဘုရားအဖြစ် အဆင့်တက်ရောက်နိုင်မည့်သူများတော့ မဟုတ်ကြပေ။

သူတို့အုပ်စုတွင် အသက်ကြီးဆုံး ဖြစ်ဟန်တူသူက...

"မိန်းကလေး... ဘာလို့ အကြောင်းမရှိဘဲ ကျုပ်တို့ စူစန်း

တောင်ဓားဂိုဏ်းကို တိုက်ခိုက်ရတာလဲ..."

ကျောက်ရှောင်ယွီက ထိုသူကို တစ်ချက်ကြည့်လိုက်လေ

သည်။

ထိုသူသည် တာအိုဆရာများလို ဆံပင်အရှည်နှင့်မဟုတ်ပေ။

သို့သော် တစ်ခေါင်းလုံးအပြောင်ရှင်းထားပြီး ကြွက်မြီးကဲ့သို့

ကျစ်ဆံမြီးတစ်ချောင်းကျစ်ထားလေသည်။

"ရှင်တို့က ဘာဖြစ်လို့ ကြွက်မြီးလို ကျစ်ဆံမြီးတွေ ကျစ်ထားရ

တာလဲ..."

တာအိုဆရာက ကျောက်ရှောင်ယွီ၏ ဝတ်စားဆင်ယင်ထားမှု

ကို တစ်ချက်အကဲခတ်လိုက်လေသည်။

လက်မောင်းသားများဖော်ထားသည့်အကျႌကိုဝတ်ဆင်ထားပြီး

စကတ်အတိုကိုလည်းဝတ်ထားလေရာ ကျောက်စိမ်း ရတနာ

ပမာ ဖြူစင်လွန်းသည့် ခြေထောက်များကိုလည်း မြင်တွေ့နေရလေသည်။

"သူကျတော့ဖြင့် အဝတ်အစားကလည်း ကလက်တက်တက်နဲ့၊ အပြင်လောကက ကဝေမများလားမသိဘူး…"

ဟု တာအိုဆရာက တွေးလိုက်လေသည်။

သို့သော်… စိတ်ထဲမှသာ တွေးလိုက်ခြင်းဖြစ်ပြီး တကယ်တမ်းတွင် ထုတ်ဖော်ပြောဆိုရဲခြင်း မရှိပါချေ။

"ဒါက ကျုပ်တို့ တာ့ချင်ရိုးရာအတိုင်းပြုလုပ်ထားတာပါ…"

ဟုသာ ပြောလိုက်လေသည်။

အဖြေကိုကြားရတော့မှာ ကျောက်ရှောင်ယွီက နားလည်သွားသည့်ဟန်ရှိလေသည်။

ကြည့်ရသည်မှာ စူစန်းတောင်ဓားဂိုဏ်းမှလူများသည် အပြင်လောကသို့ မသွားကြသည်မှာ နှစ်ပေါင်း ရာနှစ်ချီပြီး ကြာလောက်ပေပြီ။

သူမက တစ်ချက်ပြုံးလိုက်ရင်း...

"တာ့ချင်မင်းဆက်က မရှိတော့ဘူး..."

တာအိုဆရာက တအံ့တသြဖြစ်သွားဟန်ဖြင့်...

"တာ့ချင်မင်းဆက် မရှိတော့ဘူး... ဟုတ်လား..."

ကျောက်ရှောင်ယွီက...

"ကျွန်မက ဘာကိစ္စလိမ်ပြောရမှာလဲ ၊ ရှင်တို့ မယုံဘူးဆိုရင် အပြင်လောကကို သွားကြည့်ပေါ့...."

တာအိုဆရာက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ်တို့က အပြင်ကိုမထွက်ဘူး..."

ပြီးမှ သူက ဆက်ပြီး မေးခွန်းထုတ်လိုက်သည်။

"ဒါဖြင့် မိန်းကလေးကို မေးပါရစေ ၊ အခု ဘယ်သူအုပ်ချုပ်နေတဲ့ခေတ်ရောကနေပြီလဲ..."

သမိုင်းကြောင်းတစ်ခုလုံး ပြန်ပြီးရှင်းပြနေရန်အတွက် ကျောက်ရှောင်ယွီ သိပ်ပြီး စိတ်မရှည်လှပေ။

သို့သော် သူမက အခွင့်အရေးကို အသုံးချရန် ကြိုးစားလိုက်သည်။

"ကျွန်မက ပြောပြရင် ထိုက်ချင်အင်းသကော်တ ကျွန်မကို ပေးမှာလား..."

တာအိုဆရာမှာ တွန့်ခနဲ ဖြစ်သွားလေသည်။

မိန်းမပျိုသည် ထိုက်ချင်အင်းသကော်တကို တောင်းယူလိမ့်မည်ဟု ထင်မထားခဲ့မိပေ။ ထိုအင်းသကော်တသည် စူစန်းတောင်ဓားဂိုဏ်းတည်ရှိမှုအတွက် အဓိကထောက်ပံ့ပေးထားသည့် အရာဖြစ်လေသည်။

သူတစ်ပါးကို ပေးပစ်ရန်မှာ မည်သို့ ဖြစ်နိုင်ပါမည်နည်း။

တာအိုဆရာက...

"အဲဒီပစ္စည်းက ကျုပ်တို့စူစန်းတောင်ဓားဂိုဏ်းရဲ့ အသက်သွေးကြောပါ၊ မိန်းကလေးကို ပေးလို့ မဖြစ်နိုင်ပါဘူး..."

ကျောက်ရှောင်ယွီက ဆုံးဖြတ်ချက်ခိုင်မာသည့် လေသံဖြင့်...

"ဒါဖြင့်လည်း ကိုယ့်ဟာကိုယ်ပဲ ရအောင်ယူရမှာပေါ့..."

သူမက မည်သည့်တိုက်ခိုက်မှုမှ မပြုလုပ်ဘဲ တာအိုဆရာ၏

မျက်ဝန်းများကို စေ့စေ့ကြည့်လိုက်လေသည်။

သူမက တာအိုဆရာ၏ ဝိညာဉ်ထဲအထိ ထွင်းဖောက်ကြည့်နေ

သည့်အလား ဖြစ်လေသည်။

"အဲဒီပစ္စည်းက အဲဒီနေရာမှာကိုး..."

စူစန်းတောင်ဓားဂိုဏ်းမှ လူများက ဓားဝိညာဉ်များကို ထုတ်

လွှတ်လိုက်ပြီး ကျောက်ရှောင်ယွီကို တိုခိုက်လိုက်ကြလေ

သည်။

ပတ်ဝန်းကျင်တွင် ဓားရောင်များဖြာလင်းသွားလေသည်။

သို့သော်... ချက်ချင်းပင် အခိုးအငွေ့များအဖြစ် ပျောက်ကွယ်

သွားလေသည်။

စူစန်းတောင်မှ မော်ဓားများအားလုံးသည် ပျက်စီးသွားပြီး သူတို့အားလုံး၏ ကျင့်ကြံခြင်းများသည်လည်း ပျက်စီးကုန်ကြရပြီ ဖြစ်လေသည်။ ယခုတော့ တစ်ဘဝလုံး ကျင့်ကြံခဲ့သမျှ အလကား ဖြစ်ခဲ့ကြရပြီ။

ကျောက်ရှောင်ယွီက သူတို့အားလုံးကို အရေးမစိုက်ဘဲ စူစန်းတောင်ဓားဂိုဏ်း၏ ဘိုးဘေးများခန်းမဆောင်အတွင်းသို့ ဝင်သွားလေသည်။

ခန်းမထဲတွင် ရှည်လျားသည့် မုတ်ဆိတ်မွေးများကိုပိုင်ဆိုင်သည့် တာအိုဆရာတစ်ပါး၏ ရုပ်တု ရှိနေလေသည်။ ထိုတာအိုဆရာ၏ နောက်တွင် ခရမ်းရောင်နှင့် အစိမ်းရောင် ဓား (၂)လက်ကို ချိတ်ဆွဲထားလေ၏။

ကျောက်ရှောင်ယွီသည် ဆန်းလျန်ကို သတိရမိပြန်လေသည်။ ဆန်းလျန်သာရှိနေလျှင် သူမနှင့်အတူ ဆိုးတူကောင်းဖက် တိုက်ခိုက်ပေးမည် ဖြစ်လေသည်။

ကျောက်ရှောင်ယွီက အနားမှ အမွှေးတိုင်တစ်ချောင်းကို ယူ

လိုက်ပြီး မီးထွန်းညှိလိုက်ကာ တာအိုဆရာရုပ်တုကို ပူဇော်

လိုက်လေသည်။

"ဒီနေ့ ရှင်က အင်းသင်္ကေတငှားမယ်ဆိုရင် နောင်တစ်ချိန်မှာ

အကျိုးပြန်ပြီး ခံစားရစေပါ့မယ် ၊ ကျွန်မကို မတားပါနဲ့..."

ရုပ်တုဆီမှ သက်ပြင်းချသံသဲ့သဲ့ ကြားလိုက်ရသလို ရှိလေ

သည်။

ထို့နောက်... ကျောက်ရှောင်ယွီက ရုပ်တုအနားသို့ ချဉ်းကပ်

သွားပြီး ထိုက်ချိယင်ယန်သင်္ကေတကို ထုတ်ယူလိုက် လေ

သည်။ ထိုထိုက်ချိယင်ယန်သင်္ကေတမှာ တာအိုဆရာခသင်ထို

က်ယီ၏ အင်းသင်္ကေတပင် ဖြစ်လေသည်။

ထိုအင်းသင်္ကေတကိုသာရလျှင် သူမ ခွန်လွန်တောင်ကို နောက်

တစ်ကြိမ်သွားရောက်ရန် အဆင်သင့်ဖြစ်ပြီ ဖြစ်လေသည်။

အခန်း (၇၇၃) နတ်မင်းတစ်ထောင်နန်းတော်

ခွန်လွန်တောင်ဆိုသည်က တရုတ်ပြည်တစ်ပြည်လုံး၏ နဂါးသွေးကြောပင် ဖြစ်လေသည်။

ခွန်လွန်တောင်သည် တရုတ်ပြည်တစ်ပြည်လုံးရှိ တောတောင်ရေမြေအားလုံး၏ မြစ်ဖျားခံရအရပ်ဖြစ်သည်ဟုလည်း အဆိုရှိကြလေသည်။

ဓားနတ်သမီးချင်းလျန်က ကဗျာတစ်ပုဒ် ရေးခဲ့ဖူးလေသည်။

"ကျောက်စိမ်းရောင်တောင်တန်းတွေထက်မှာဆိုပေမယ့်...

နတ်ဘုံနတ်နန်းမှာ လရောင်နဲ့ထိတွေ့နေရသလိုပါပဲ..."

ထိုကဗျာသည် ခွန်လွန်တောင်ကို ချီးကျူးဖွဲ့ဆိုထားသည့် ကဗျာတစ်ပုဒ် ဖြစ်လေ၏။

ခွန်လွန်တောင်ဆိုသည်က ကမ္ဘာကျော် နတ်ဘုရားဒဏ္ဍာရီများ ၊ ဂမ္ဘီရကျောက်တုံး ကျောက်ခဲများဖြင့် ပြည့်နက်နေရာ နေရာ တစ်ခု ဖြစ်လေသည်။

ဇာမဏိငှက်တို့ စံပျော်ရာ... ၊ ယွင်စီထျန်းကျွင်း တရားဟော ပြောခဲ့ရာ... ၊ မယ်တော်ဝမ်မူ၏ ကျောက်စိမ်းရေကန် ဥယျာဉ် တည်ရှိရာ... ၊ လနတ်သမီးဟန်အယ် လမင်းဆီသို့ ပျံသန်း ထွက်ခွာသွားလေရာ... ။

အထက်ပါ အဖြစ်အပျက်များအားလုံးသည် ခွန်လွန်တောင်နှင့် ဆက်စပ်နေသည့် အဖြစ်အပျက်များပင် ဖြစ်လေသည်။ ခွန် လွန်တောင်သည် နတ်ဘုရားတို့၏ ဒဏ္ဍာရီများစွာဖြင့် ဆက် နွှယ်လျှက်ရှိသည့် မြင့်မြတ်သည့် တောင်တစ်တောင်ပင် ဖြစ် လေသည်။

ကျောက်ရှောင်ယွီ ခွန်လွန်တောင်သို့ သွားရောက်လည်ပတ်သည့်အခါတိုင်း မရှိမှုကျေးရွာကိုလည်း တွေ့ရှိရခြင်း မရှိသလို ကျောက်စိမ်းဝိညာဉ်နန်းတော်ကိုလည်း တွေ့ရှိရခြင်း မရှိပေ။ သူမရောက်ရှိခဲ့သည့် ခွန်လွန်တောင်သည်ကား မည်သည့်နတ်ဘုရားနယ်မြေမှမရှိသည့် တောင်တန်းကြီးတစ်ခုမျှ သာဖြစ်လေသည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀)ခန့်က ရှမ်ယန်တာအိုဂိုဏ်းမှ ဟူကျန်းရန်နှင့် ကျန်းကျန်းရန်ဆိုသည့် ကျင့်ကြံသူ (၂)ယောက်သည် ခွန်လွန်တောင်မှ နတ်ဘုရားနယ်မြေကို ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု မှတ်တမ်းများတွင်ပါရှိလေ သည်။

ထိုနေရာသည် တောင်များဖြင့်ကာရံထားပြီး ကြာပန်းတစ်ပွင့်အလား ထင်မှတ်ရသည့် ထူးဆန်းသည့် နေရာတစ်ခု ဖြစ်လေသည်။

နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ ရှာဖွေခဲ့ကြပြီးသည့်နောက် ထို ကျင့်ကြံသူ (၂)ယောက်သည် ခွန်လွန်တောင်၏ နတ်ဘုရား နယ်မြေသို့သွားသည့် လျှို့ဝှက်လမ်းကြောင်းကို ရှာဖွေတွေ့ရှိခဲ့ ကြလေသည်။

သို့သော်... သူတို့ (၂)ယောက်သည် နေမီးတောက်ထိမှန်ခံရကာ ဒဏ်ရာအပြင်းအထန်ရခဲ့ကြပြီး ကျောက်ပြားလေး တစ်ပြားကိုသာ ရယူလာနိုင်ခဲ့ကြလေသည်။

နောက်ပိုင်းတွင် ထိုကျောက်ပြားလေးသည် ဒေါက်တာလီ ဖုန်း၏ ဖခင်ဖြစ်သူ ၊ ပေကျင်းတက္ကသိုလ်မှ ပါမောက္ခလီ လက်ထဲသို့ ရောက်ရှိလာခဲ့လေသည်။

ဇနီးဖြစ်သူနှင့် သားဖြစ်သူ ဆုံးပါးသွားပြီးသည့်နောက်ပိုင်း ပါမောက္ခလီသည် ခွန်လွန်တောင်အကြောင်း သုတေသန ပြုလုပ်ခြင်းတွင် စိတ်အာရုံနှစ်ထားခဲ့လေသည်။

အချိန်ကြာမြင့်စွာ ရှာဖွေခဲ့ပြီးမှာ ပါမောက္ခလီသည် ထို ကျောက်ပြားလေးကို ရရှိခဲ့ခြင်း ဖြစ်လေသည်။ ကျောက်ပြား လေးမှာ ထူးဆန်းသည်ကတော့ အမှန်ပင်။

ပါမောက္ခလီဆုံးပါးသွားသည့်နောက်ပိုင်း ကျောက်ပြားလေး သည် ကျောက်ရှောင်ယွီ၏ လက်ထဲသို့ ရောက်ရှိလာခဲ့ လေ သည်။

အဘယ်ကြောင့်ဆိုသော်... ကျောက်ရှောင်ယွီသည် ပါမောက္ခ လီနှင့် ရင်းနှီးသည့် ဆက်ဆံရေးရှိသူဖြစ်ပြီး ပါမောက္ခလီ၏ ဘဝနောက်ဆုံးအချိန် (၃)နှစ်တွင် ကျောက်ရှောင်ယွီက သူ့ကို အဖော်ပြုပေးခဲ့လေသည်။

ယခုတော့ ...

နတ်ဘုရားနယ်မြေသို့သွားရာ လျှို့ဝှက်လမ်းဆီသို့ ကျောက် ရှောင်ယွီ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။ သူနှင့်အတူ လူငယ်

လေးတစ်ယောက်လည်း ပါလာလေသည်။ ထိုလူငယ်လေးမှာ လီအော့နျိုပင် ဖြစ်လေ၏။

ကျောက်ရှောင်ယွီ၏ အကူအညီဖြင့် လီအော့နျိုသည် ခရမ်းရောင်ကိုးဆင့်ရွှေဆေးကို ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်လေသည်။

သူသည် ယခုအခါ လောကအလယ်တွင် လမ်းလျှောက်နေသည့် နတ်ဘုရားတစ်ပါးအလား ဖြစ်နေလေသည်။ ထို့ပြင် သူက အတိတ်မှပါလာခဲ့သည့် ကြီးမားသောစွမ်းအားများကို ပြန်လည်ရယူပြီး အတိတ်ကို အဆက်မပြတ် ဆက်သွယ်နေလေသည်။

လောလောဆယ်အချိန်တွင် လီအော့နျိုသည် တန်ခိုးစွမ်းအားများ မြင့်တက်နေသော်လည်း ကျောက်ရှောင်ယွီနှင့် ယှဉ်လျှင်တော့ ဖုံမှုန့်တစ်မှုံမျှသောက်သာ ဖြစ်လေ၏။

ထို့ပြင်... ကျောက်ရှောင်ယွီလက်ထဲတွင်ရှိနေသည့် ထိုက်ချင်အင်းသင်္ကေတသည် ကန္တာရမြေကိုပင် သမိုင်းမတိုင်မီ ကမ္ဘာဦးမြေအလား မြေဆီသြစာများ ကြွယ်ဝလာအောင် ပြုလုပ်နိုင်သည့် တန်ခိုးစွမ်းအားရှိလေသည်။ နေဝင်ချိန် လေးညို့၏အစွမ်းထက်မှုများမှာတော့ ပြောနေစရာပင် မလိုတော့ပေ။

ယခု သူတို့ရောက်ရှိနေသည့် နေရာသည် ခွန်လွန်တောင်၏အအေးဆုံး နေရာတစ်ခု ဖြစ်လေသည်။

သို့သော်... ကျီးကန်းအော်သံကဲ့သို့ ငှက်အော်သံတစ်ချက်ထွက်ပေါ်လာပြီး အပူချိန်များ ရုတ်တရက် မြင့်တက်လာ သည်ကို ခံစားလိုက်ရလေသည်။

ကျောက်ရှောင်ယွီက တည်ငြိမ်သည့်လေသံဖြင့်...

"မှတ်တမ်းတွေအရဆိုရင်တော့ ဒီနေရာက နတ်မင်းတစ်ထောင်နန်းတော်ပဲ ၊ ဒီနေရာကို နေစကြာနတ်ငှက် တစ်ကောင်ကစောင့်ရှောက်နေတယ် ၊ အဲဒီနတ်ငှက်ကို မှော်ပညာနဲ့ အသွင်

ပြောင်းထားပေးတယ်လို့ ပြောကြတယ်၊ ဟူကျန်းရန်နဲ့ ကျန်း

ကျန်းရန်က အဲဒီနေစကြာနတ်ငှက် မီးနဲ့မှုတ်တာခံရလို့ ဒဏ်ရာ

အပြင်းအထန်ရသွားကြတာ၊ သူတို့ မူလဝိညာဉ်တွေတောင်

လောင်ကျွမ်းသွားတာဖြစ်လို့ လူပြန်ဝင်စားဖို့ တောင်မဖြစ်နိုင်

တော့ဘူး၊ အဲဒီနတ်ငှက်ကို နေဝင်ချိန်လေးညို့နဲ့ မင်းက

ပစ်ခတ်ပေးဖို့ ကူညီပေးရမယ်..."

လီအော့ချို့က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ဒါနဲ့ အဖြစ်အပျက်တွေက တိုက်ဆိုင်နေတယ်လို့ မထင်ဘူး

လား၊ ကျွန်တော်က ဘာလို့ ခင်ဗျားရှေ့မှာ ရုတ်တရက်

ပေါ်လာရတာလဲ... တစ်ခုခုမှားနေတယ်လို့ ခင်ဗျား မခံစားရ

ဘူးလား..."

ကျောက်ရှောင်ယွီက...

"မင်းတွေးတာကို ငါမတွေးခဲ့မိတာ အမှန်ပဲ၊ ဒါပေမဲ့ ဒီနေရာက

တန်ခိုးစွမ်းအားတွေလုံးဝသုံးလို့မရတဲ့ ကမ္ဘာမြေပဲ၊ ငါတို့ကို

တားဆီးမယ့် အဓိကရန်သူက ဘယ်သူလဲဆိုတာ ငါသိထားပြီး

ပြီ ၊ မင်းကတော့ ငါပြောတဲ့အတိုင်းလိုက်လုပ် ပေးရင်ရပြီ..."

အမှန်တော့ ထိုက်ချင်တာအိုဆရာသခင်၏ ခရမ်းရောင်ကိုး

ဆင့်ရွှေဆေးလုံး ဖော်စပ်နည်းကို မည်သူမှ တိတိကျကျ မသိ

ကြပေ။

သို့သော်... သူက လော်ဝါဒ၏တည်ထောင်သူဆရာသခင်က

အကြောင်းအရာတော်တော်များများ သူမကို ပြောပြထားခဲ့

သည့်အတွက် ကျောက်ရှောင်ယွီကတော့ လျှို့ဝှက်ချက်

အတော်များများကို သိရှိထားလေသည်။

အမှန်တော့ ခရမ်းရောင်ကိုးဆင့်ရွှေဆေးလုံး ဖော်စပ်နည်းကို

သိရှိထားသူ လောကတွင် (၂)ယောက်ရှိလေသည်။ တစ်

ယောက်မှာ ထိုက်ချင်တာအိုဆရာသခင်၏ မျိုးနွယ်များဖြစ်

သည့် ဘုရင်ရှစ်ပါးနန်းတော်၏ အရှင်သခင် ရှမ်တုတောက်ကျွ

င်းဖြစ်ပြီး နောက်တစ်ယောက်မှာတော့ အရှေ့နန်းတော်မှ

တန်ခိုးစွမ်းအားအမြင့်မားဆုံး နတ်ဘုရားတစ်ပါး ဖြစ်သည့် တုန်းဟွာတောက်ကျွင်း ဖြစ်လေ၏။

သူမကို လုပ်ကြံရန်အတွက် လီအော့ချိုကို ထိန်းချုပ်စေခိုင်းကြသူများမှာ အရှေ့နန်းတော်မှ လူများဖြစ်လေသည်။ ရန်သူသည် တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေတွင်ပင် မရရအောင် တန်ခိုးစွမ်းအား ထုတ်ဖော်အသုံးပြုနိုင် သည်ကို ကြည့်ခြင်းအားဖြင့် မည်မျှ အံ့သြဖွယ်ရာဖြစ်ကြောင်း သိရှိနိုင်လေသည်။

သူတို့ (၂)ယောက် နတ်ဘုရားနယ်မြေသို့သွားရာ လျှို့ဝှက်လမ်းအတိုင်း ဝင်လာကြလေသည်။

သိပ်မကြာမီပင်... အရှေ့ဆီမှ ကျောက်နံ့ရံထက်တွင် ပျံသန်းနေသည့် နေစကြာနတ်ငှက်တစ်ကောင်ကို တွေ့လိုက်ရ လေသည်။

နေစကြာနတ်ငှက်၏မျက်လုံးများက တည်ငြိမ်နေပြီး ခံစား

ချက်ကင်းမဲ့နေလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့ကို

မှော်ပညာနဲ့ အသွင်ပြောင်းထားပေးသောကြောင့် ဖြစ်လေ

သည်။ နေစကြာနတ်ငှက်တစ်ကောင်ကိုပင် အသွင်ပြောင်း ပေး

ထားနိုင်သည့် မှော်ပညာမှာ မည်မျှမြင့်မားကြောင်း သိသာနိုင်

လေသည်။

ထို့ပြင် နေစကြာနတ်ငှက် ဤနေရာတွင်ရောကနေသည်မှာ နှစ်

ပေါင်းမရေမတွက်နိုင်အောင် ကြာမြင့်ခဲ့ပြီ ဖြစ်သည့်အတွက်

ကမ္ဘာမြေကြီး၏ စွမ်းအားများကို စုပ်ယူထားကာ ကြီးမားသည့်

ငှက်ကြီးတစ်ကောင် ဖြစ်နေပြီ ဖြစ်လေသည်။

နတ်ဘုရားနယ်မြေသို့သွားရာ လျှို့ဝှက်လမ်းထဲသို့ ဝင်

ရောက်လာသည့် ကျောက်ရှောင်ယွီနှင့် လီအော့နျိုကို တွေ့မြင်

လိုက်ရသည်နှင့် နေစကြာနတ်ငှက်က သူတို့ထံသို့ ချက်ချင်း

ပင်ပျံသန်းရောက်ရှိလာလေသည်။

သို့သော်... ကျောက်ရှောင်ယွီက အလွန်လျှင်မြန်လေသည်။ လေထဲတွင် အခိုးအငွေ့များအလား ပိုက်ကွန်တစ်ခု လက်ခန် ထွက်ပေါ်လာပြီး နေစကြာနတ်ငှက်ကို အုပ်ဖမ်းထား လိုက်လေ တော့သည်။

ထိုပိုက်ကွန်မှာ ကျောက်ရှောင်ယွီ ဆယ်စုနှစ်ပေါင်းများစွာ သန့်စင်ထားသည့် မှော်ဝင်ပစ္စည်းတစ်ခု ဖြစ်လေသည်။ ထို ပိုက်ကွန်သည် ရှေးဟောင်း နတ်ပိုက်ကွန်များဖြင့် ကောင်းကောင်း ယှဉ်နိုင်ပြီး တောင်များကိုပင်အမှုန့်ဖြစ်စေနိုင် လောက်အောင် စွမ်းအား မြင့်မားလွန်းလှသည်။

ထို့ကြောင့် နေစကြာနတ်ငှက်ကို ယာယီခဏတော့ ထိန်းချုပ် ထားနိုင်လေသည်။ ပိုက်ကွန်ထဲမှ နေစကြာနတ်ငှက်မှာ အတောင်များကို တဖျတ်ဖျတ်ခတ်နေလေရာ မီးတောက်များ မှာ မြေပြင်ထက်သို့ တဖွားဖွားပြုတ်ကျနေလေတော့ သည်။

ထိုမီးဖွားမီးတောက်များအရှိန်ကြောင့် မြေပြင်ထက်မှ ကျောက်

တုံးများသည်ပင် ချော်ရည်အဖြစ်သို့ ပြောင်းလဲ ကုန်ကြရလေ

သည်။

ကျောက်ရှောင်ယွီက အေးစက်သည့် လေသံဖြင့်...

"လီအော့နျို၊ နင် ဘာလို့ ခုထိ မပစ်သေးတာလဲ..."

လီအော့နျိုမှာ ကျောက်ရှောင်ယွီ ဟောက်သည်ကို ခံလိုက်ရ

တော့မှ နေဝင်ချိန်လေးမြှားကို ထုတ်လိုက်ပြီး လေးညှို့တွင်

မြှားကိုတင်လိုက်လေသည်။

ထိုအချိန်မှာပင်...

လီအော့နျိုနားထဲတွင် ထူးဆန်းသည့် အသံတစ်ခုကို

ကြားလိုက်ရပြီး ထိုအသံက မြှားဖြင့် ကျောက်ရှောင်ယွီကို

ပစ်ခတ်ရန် အမိန့်ပေးနေသကဲ့သို့ ရှိလေသည်။

သို့သော်... သူ၏ကိုယ်တွင်းမှ ပင်ကိုယ်သိစိတ်ကတော့

ကျောက်ရှောင်ယွီပြောသည့်အတိုင်း နာခံရန် ပြောနေခဲ့လေ

သည်။

သူ့စိတ်ထဲတွင် မည်သို့ပြုလုပ်ရမည် ချီတုံချတုံဖြင့် အတွေး များ လွတ်ဆွဲနေခဲ့လေသည်။

နောက်ဆုံးတွင်တော့ လီအော့ချိုက ကျောက်ရှောင်ယွီ၏ အမိန့်ကိုနာခံရ ဆုံးဖြတ်လိုက်နိုင်လေသည်။

သူက နေဝင်ချိန်လေးညှို့ကိုတင်ကာ မြားကို ပိုက်ကွန်ထဲမှ နေစကြာနတ်ငှက်ဆီသို့ ချိန်ရွယ်လိုက်လေသည်။

ထို့နောက်... နတ်မြားက လေးညှို့မှထွက်ခွာသွားပြီး နေစကြာနတ်ငှက်၏ ခန္ဓာကိုယ်ကို ဖောက်ထွင်းဝင်ရောက် သွားလေ၏။

နေစကြာနတ်ငှက်ထံမှ စူးရှသည့်အော်မြည်သံတစ်ချက် ထွက်ပေါ်လာပြီး မီးတောက်လောင်နေသည့် ငှက်မွေးများ ကျွတ်ထွက်ကုန်ကာ မြေပြင်ထက်သို့ ပြုတ်ကျလာကြလေသည်။

ထို့နောက် နေစကြာနတ်ငှက်သည်လည်း မြေပြင်ထက်သို့ ပြုတ်ကျလာလေရာ မီတာ (၁၀၀) ပတ်လည်တွင် ချော်ရည်များအဖြစ် ပြောင်းလဲသွားလေသည်။

ကျောက်ရှောင်ယွီက အဖြူရောင်ပုဝါစတစ်စဖြင့် လီအော့ချို

ကို ရစ်ပတ်လိုက်ကာ ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာ

သွားပြီး ချော်ရည်ပူများကို ရှောင်တိမ်းပြီး နတ်မင်းတစ်ထောင်

နန်းတော်ရှိရာသို့ ထွက်ခွာသွားလေ သည်။

နတ်မင်းတစ်ထောင်နန်းတော်...

ထိုနန်းတော်မှာ မယ်တော်ဝမ်မူပျောက်ကွယ်သွားပြီး

သည့်နောက်ပိုင်း ဆောက်လုပ်ထားခဲ့သည့် နန်းတော်တစ်ခု ဖြစ်

လေသည်။

လီအော့ချိုမှာ ထိတ်လန့်နေဆဲ ဖြစ်လေသည်။

ကျောက်ရှောင်ယွီက လီအော့ချိုကို တစ်ချက်ကြည့်လိုက်ပြီး...

"မင်း ဒီနေ့ပစ်လိုက်တဲ့မြားချက်က အရမ်းကောင်းတယ် ၊ မင်း

ကို ကျေးဇူးတင်ပါတယ်..."

သူမ၏ စကားကိုကြားရတော့မှ လီအော့ချို စိတ်သက်သာရာရ

သွားပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။ ဤရက်ပိုင်း

တွင် ကျောက်ရှောင်ယွီက သူ့အပေါ်ကောင်းကောင်းဆက်ဆံလေသည်။

နတ်မင်းတစ်ထောင်နန်းတော်သည် ရှေးကျပြီး ထူးခြားဆန်းကျယ်သည့် နန်းတော်တစ်ခုဖြစ်လေသည်။

နန်းတောင်အတွင်းမှ ခရမ်းရောင်အခိုးအငွေ့များထွက်ပေါ်နေပြီး အခိုးအငွေ့များက နဂါးပုံစံ ၊ ဇာမဏီငှက်ပုံစံများပြောင်းလဲသွားကြသည်သာမက လီအော့ချိုဘဝတွင် တစ်ခါမှ မမြင်တွေ့ဖူးသည့် နတ်သားရဲပုံစံများအဖြစ်လည်း ပြောင်းလဲနေကြလေသည်။ ထိုသားရဲပုံစံများမှာ အစစ်အမှန်အလားအသက်ဝင်လှပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ကျောင်ရှောင်ယွီက နတ်မင်းတစ်ထောင်နန်းတော်အတွင်းသို့ အလျင်စလို ဝင်ရောက်သွားခြင်း မရှိပေ။ သူမက နတ်မင်းတစ်ထောင်နန်းတော်ကို စိုက်ကြည့်နေလေသည်။

ထို့နောက် သူမ၏ မျက်ခုံးနှစ်ခုကြားမှ ကြာပန်းပုံလျှော်တစ်ခု ထွက်ပေါ်လာလေသည်။

ထိုကြာပန်းပုံသလျှော်သည် ကြာပန်းကိုးပွင့်တန်ခိုးစွမ်းအား၏ အမြင့်ဆုံးအဆင့်ကို ဖော်ထုတ်ပြသခြင်း ဖြစ်လေသည်။

သူမ၏ မျက်ဝန်းများက တာအိုဆရာသခင်ကြီးတစ်ပါး၏ မျက်ဝန်းများအလား အသိဉာဏ်ပညာတို့ဖြင့် ပြည့်ဝလျှက် ရှိလေ၏။

ကျောက်ရှောင်ယွီက နန်းတော်အပြင်ဘက်တွင် ထွက်ပေါ်နေသည့် ထူးခြားဆန်းကျယ်မှုများကို လေ့လာရင်း နန်းတော်အတွင်းမှ ရှူတ်ထွေးလှသည့် တန်ခိုးစွမ်းအားများကို စီစစ်နေလေသည်။

တစ်ချိန်တုန်းက ဆန်းလျန်နှင့်အတူ တာအိုစုံတွဲကျင့်ကြံမှုပြုလုပ်ခဲ့ကြခြင်းက ယခုအချိန်တွင် အလွန်အသုံးဝင်သွား ခဲ့လေသည်။

ကျောက်ရှောင်ယွီက နှုတ်ခမ်းလေးများတွန့်ကွေးကာ တစ်ချက်ပြုံးလိုက်လေသည်။

နတ်မင်းတစ်ထောင်နန်းတော်တွင် မည်သည့်ပြောင်းလဲမှုမှ ဖြစ်ပေါ်မလာသည့်တိုင် နန်းတော်အတွင်းမှ စစ်မှန်သည့်လမ်းကြောင်းကို သူမရှာဖွေတွေ့ရှိသွားခဲ့ပြီ ဖြစ်လေသည်။

တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေမှ သူမ ထွက်ခွာသွားရတော့မည် ဖြစ်လေသည်။

သူမက တည်ကြည်သည့်မျက်နှာထားဖြင့်...

"လီအော့နျို ၊ မင်း ငါ ခြေလှမ်းလှမ်းတဲ့အတိုင်း သေချာသတိထားပြီးလိုက်ခဲ့ ၊ မဟုတ်လို့ကတော့ မင်း တစ်ခါတည်းသေသွားလိမ့်မယ်..."

အခန်း (၇၇၄) နှီဝါးနတ်သမီးရောင်စဉ်ငါးမျိုးကျောက်တုံးများ ပြုလုပ်ခဲ့ရာနေရာ

ကျောက်ရှောင်ယွီနှင့် လီအော့ချို နတ်မင်းတစ်ထောင်နန်းတော် အတွင်းသို့ ဝင်လာခဲ့ကြလေသည်။

နန်းတော်အတွင်းရှိ ကြမ်းပြင်က ပြောင်လက်တောက်ပ နေသည်။

လီအော့ချိုမှာ ကြမ်းပြင်ထက်တွင် သူ့အရိပ်ကိုပင် သူပြန်မြင် နေရသည်။ သို့သော်... သိပ်ပြီး ပီပီပြင်ပြင်တော့မဟုတ်ပေ။

သူက ကျောက်ရှောင်ယွီမှာကြားထားသည့်အတိုင်း ခြေလှမ်းမ မှားအောင် သတိထားရင်း ကျောက်ရှောင်ယွီနောက်မှလိုက်ပါ လာခဲ့သည်။

ကျောက်ရှောင်ယွီက ခြေလှမ်းကို ဟိုမှ သည်မှ မညီမညာလှမ်း နေပြီး ခြေလှမ်းအစိတ်အကျဲက မတူညီသလို ခြေလှမ်းလှမ်း သည့်အရှိန်လည်း တူညီခြင်းမရှိပေ။ ခရမ်းရောင်ကိုးဆင့်ရွေ ဆေးလုံးကိုစားထားသည့်အတွက် နတ်ဘုရားတစ်ပါးကဲ့သို့ အစွမ်းထက်နေသည့် လီအော့နျိုပင်လျှင် ကျောက်ရှောင်ယွီ၏ ခြေလှမ်းများကို နားလည် နိုင်ခြင်း မရှိပေ။

ခြေလှမ်းပေါင်း ကိုးဆယ့်ကိုးလှမ်းတိတိ လှမ်းပြီသည့်နောက် ကျောက်ရှောင်ယွီက ရပ်တန့်လိုက်လေသည်။ လီအော့နျိုက လည်း သူမနောက်တွင် ချက်ချင်း ရပ်တန့်လိုက်သည်။

ရုတ်တရက်... တန်ခိုးစွမ်းအားဖိအားတစ်ခု ထွက်ပေါ်လာပြီး လီအော့နျိုမှာ ထိုဖိအားကို ခံနိုင်ရည် မရှိဘဲ သွေးများအန် ထုတ်လိုက်လေသည်။ သူ၏ခန္ဓာကိုယ်သည် တန်ခိုးစွမ်းအား ဖိအားဒဏ်ကို ခံနိုင်ရည် မရှိခဲ့ပေ။

ကျောက်ရှောင်ယွီကတော့ မတ်တတ်ရပ်နေဆဲ ဖြစ်လေသည်။ သူမက မျက်မှောင်များကို အနည်းငယ် ကြုံ့ပြီး တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိလေသည်။

သူမက တန်ခိုးစွမ်းအားဖိအားကို ခံနိုင်ရည်ရှိသော်လည်း လီအော့နျို့ကတော့ သွေးများအဆက်မပြတ်အန်ထုတ်လျှက်ရှိလေသည်။

သူမသည် နတ်မင်းတစ်ထောင်နန်းတော်၏ တန်ခိုးစွမ်းအားဗဟိုချက်နေရာတွင် ရောက်ရှိနေခြင်းဖြစ်သည်ကို ကျောက်ရှောင်ယွီ သိရှိလိုက်လေသည်။ ထို့ပြင်... သူမလှမ်းခဲ့သည့်ခြေလှမ်းများသည်လည်း တစ်လှမ်းမှ မမှားခဲ့ပေ။

အမှန်ဆိုလျှင်... သူမရပ်နေသည့်နေရာတွင် ဝင်ပေါက်တစ်ခု ရှိရမည် ဖြစ်သည်။ သို့သော်... ယခုတိုင်အောင် ဝင်ပေါက်ကို တွေ့ရှိရခြင်း မရှိသေးပေ။

ကျောက်ရှောင်ယွီက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

သူမ၏ မျက်ဝန်းများက ဗလာဖြစ်နေပြီး နန်းတော်ကြီးတစ်ခုလုံး၏ ဖွဲ့စည်းပုံမှာ ချက်ချင်းပင် လေးထောင့်ကွက်များ အဖြစ်ပြောင်းလဲသွားလေသည်။ နေရာတစ်ခုလုံးမှာ ခင်းထားသည့်ကြမ်းပြင်နှင့် မကွဲပြားတော့ဘဲ ပြောင်လက်တောက်ပလာကြလေသည်။

ကျောက်ရှောင်ယွီက တစ်ခဏမျှစဉ်းစားလိုက်ပြီးသည့်နောက်ကြမ်းပြင်ထက်သို့ ငုံ့ကြည့်လိုက်လေသည်။ ထို့အခါ...

ကြမ်းပြင်ထက်တွင် ပါးလွှာသည့်လေထုအလွှာပါးလေးတစ်ခုရှိနေသည်ကို တွေ့လိုက်ရသည်။ ထိုအလွှာပါးလေး ကိုသာမန်မျက်စိဖြင့်ဆိုလျှင် တွေ့မြင်နိုင်မည် မဟုတ်ပေ။

ကျောက်ရှောင်ယွီက စိတ်အာရုံများကို စုစည်းလိုက်လေသည်။ သူမ၏ စိတ်အာရုံစုစည်းမှုသည် မမြင်ရသည့် စူးသွားချွန်တစ်

ခုအဖြစ်သို့ ကူးပြောင်းသွားကာ လေထုအလွှာပါးလေးကို ထိုးဖောက်လိုက်လေသည်။ ထိုစူးသွားချွန်ထဲတွင် သူမ၏ တန်ခိုးစွမ်းအား တစ်ဝက်ခန့် ထည့်သွင်းထားခဲ့ရသည်။

နောက်ဆုံးတော့ စူးသွားချွန်၏ထိုးဖောက်မှုကြောင့် လေထုအလွှာပါးလေး ပျက်စီးသွားလေသည်။

ရုတ်တရက်ပင်...

သူတို့ရပ်နေသည့်နေရာသည် ကျွံကျသွားပြီး အခြားသောနေရာတစ်ခုသို့ ဆွဲယူစုပ်မြို့ခြင်းကို ခံလိုက်ရလေသည်။ ထိုနေရာတွင် လေဖိအားက ကြောက်မက်ဖွယ်ရာကောင်းလွန်းလှသည်။

ကျောက်ရောင်ယှဉ်နှင့် လီအော့နျိုသည် ရှည်လျားသည့် ဥမင်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာခြင်း ဖြစ်လေ၏။

ဥမင်ထဲတွင် ရောင်စုံအလင်းတန်းများ လင်းထိန်တောက်ပနေလေ၏။

ကျောက်ရှောင်ယွီ နွေးထွေးမှုကို ခံစားလိုက်ရပြီး သူမ၏တစ်ကိုယ်လုံး အားအင်များပြည့်လာကာ ပြန်လည်လန်းဆန်းသွားသည်ကို ခံစားလိုက်ရသည်။

သူတို့ရောက်ရှိလာသည့်နေရာသည် ထူးဆန်းသည့် နေရာတစ်ခုဖြစ်ပြီး ထူးခြားသည့်မွှေးရနံ့များက သူတို့၏ နှာခေါင်းနှင့်ပါးစပ်များအတွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်လာလေသည်။

လီအော့ချိုက အံ့သြထိတ်လန့်သွားပြီး...

"ရောင်စဉ်ငါးမျိုးနတ်ကမ္ဘာ..."

ဟု ရေရွတ်လိုက်သည်။

ရှေးဟောင်းစာပေများထဲတွင် မှတ်တမ်းတစ်ခုရှိခဲ့ဖူးလေသည်။

ကုန်းကုန်နှင့် ကျွမ်းရှီးသည် မိုးနတ်မင်းကို ပုန်ကန်မှု မအောင်မြင်ခဲ့သည့်အတွက် ဒေါသထွက်ပြီး တောင်တစ်တောင်

ကိုဖျက်စီးပစ်ခဲ့လေသည်။ ထို့ကြောင့်မထင်မှတ်စွာ မိုးကောင်းကင်ပျက်စီးသွားခဲ့လေသည်။

နီဝါးနတ်သမီးက ရောင်စဉ်ငါးမျိုးကျောက်တုံးကို အသုံးပြု ကာ မိုးကောင်းကင်ကို ပြန်လည်ပြုပြင်ပေးခဲ့သည်ဟု အဆိုရှိ လေသည်။

ရောင်စဉ်ငါးမျိုးကျောက်တုံး၏အစွမ်းဖြင့် နီဝါးနတ်သမီးက စကြာဝဠာထောက်တိုင်ကြီးများကိုဖန်ဆင်းခဲ့ကာ မိုးကောင်းကင်ကိုထောက်ကန်ထားပေးခဲ့သည်။

ယနေ့ခေတ်အချိန်အခါတွင်တော့ ထိုအကြောင်းအရာများကို သိပ္ပံပညာက အသိအမှတ်မပြုပေ။

သို့သော်... လီအော့နျိုသည် ယခုအချိန်တွင် အမြင်ကျယ်လာ ပြီ ဖြစ်လေသည်။ ဒဏ္ဍာရီများနှင့် ကောလဟာလများက အခြေအမြစ်မရှိသော်ငြား လောကတွင် သိပ္ပံပညာဖြင့် လိုက်မ မီနိုင်သည့် ကိစ္စရပ်များလည်း များစွာရှိနိုင်လေ၏။

လောကကြီးသည် လူသားများ၏ဉာဏ်ဖြင့်တွေးတောနိုင်သည် ထက်ပိုပြီး ရှုတ်ထွေးနက်နဲလေသည်။ ထို့ကြောင့် နှီဝါး နတ်သမီးက ရောင်စဉ်ငါးမျိုးကျောက်တုံးကို အသုံးပြုကာ စကြာဝဠာထောက်တိုင်ကို ပြုလုပ်ခဲ့သည်ဆိုသည့် အချက်မှာ အမှန်မဟုတ်ဟု တစ်ထစ်ချယူဆ၍ မရနိုင်ပေ။

ရောင်စဉ်ငါးမျိုးနတ်ကမ္ဘာသည် နှီဝါးနတ်သမီး ရောင်စဉ်ငါး မျိုးကျောက်တုံးကို ပြုလုပ်ခဲ့ရာ နေရာဖြစ်လေသည်။

လီအော့ချို့မှာ အလွန်စိတ်လှုပ်ရှားနေခဲ့လေသည်။

ရှေးခေတ်အချိန်အခါတုန်းက နှီဝါးနတ်သမီးသည် စကြာဝဠာ ထောက်တိုင်ကို ပြုလုပ်ရန်အတွက် ရောင်စဉ်ငါးမျိုးကျောက် တုံးကို မည်သို့ ပြုလုပ်ခဲ့သည်ကို သိရှိခြင်းမရှိနိုင်သည့်တိုင် နှီ ဝါးနတ်သမီး နှင့်ဆက်စပ်နေသည့်နေရာတစ်ခုသို့ ရောက်ရှိလာ ရခြင်းက စိတ်လှုပ်ရှားစရာကောင်းသည်တော့ အမှန်ပင်။

လီအော့နျို၏ နှာခေါင်းနှင့်ပါးစပ်များထဲတွင် မွှေးရနံ့များဖြင့်ပြည့်နေလေသည်။ ထိုမွှေးရနံ့များက သူ၏ သရွက်ရက်နှင့်အစာအိမ်ထဲအထိ ဝင်ရောက်သွားပြီး စောစောက သူရရှိခဲ့သည့် ဒဏ်ရာများ ချက်ချင်းသက်သာပျောက်ကင်း သွားလေသည်။မွှေးရနံ့များတွင် တန်ခိုးစွမ်းအားတစ်စုံတစ်ရာ ပါရှိဟန်တူလေ၏။

ကျောက်ရှောင်ယွီ၏ မျက်ခုံးနှစ်ခုကြားမှ ကြာပန်းပုံသဏ္ဍာန်သင်္ကေတကတော့ တွင်းနက်ကြီးတစ်ခုအလား မွှေးရနံ့များကိုအဆက်မပြတ်စုပ်ယူနေလေသည်။ သူမ၏ ကျင့်ကြံခြင်းအဆင့်မှာလည်း တဖြည်းဖြည်း မြင့်မားလာလေသည်။

ရောင်စဉ်ငါးမျိုးနတ်ကမ္ဘာငယ်ထဲတွင် ချက်ချင်း ဝိညာဉ်စွမ်းအားများမြင့်တက်လာပြီး လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာလေသည်။ ကျောက်ရှောင်ယွီထံမှ အလင်းတန်းများထွက်ပေါ်လာပြီး များပြားလှသည့်ကြာပန်းများ လေထုထဲတွင် ထွက်

ပေါ်လာလေသည်။ ကြာပန်းများသည် စမ်းချောင်းလေးထဲတွင်

မျောပါနေသည့်အလား စီးမျောလှုပ်ရှားနေကြလေသည်။

ဤခရီးကိုထွက်လာမိသည်မှာ အရှုံးမရှိဟု ကျောက်ရှောင်ယွီ

တွေးလိုက်မိသည်။

ထိုသို့ ကျောက်ရှောင်ယွီ တန်ခိုးစွမ်းအားများ မြင့်တက်လာချိန်

တွင် လီအော့နျိုကတော့ သူ့ခြေထောက်အောက်တွင်

တစ်စုံတစ်ခု ရှိနေသည်ကို ခံစားလိုက်ရသည့်အတွက် မြေကြီး

ကို ခြေထောက်ဖြင့်အသာဖယ်ရှားကြည့်လိုက်လေ သည်။

ထိုအခါ သူ့ခြေထောက်နားတွင် ရောင်စဉ်ငါးမျိုး ကျောက်တုံး

အပိုင်းအစလေးတစ်ခုကို တွေ့လိုက်ရလေသည်။

သူက ကျောက်တုံးလေးကို ကောက်ယူလိုက်ပြီး ဖုံမှုန့်များကို

လက်ဖြင့်ပွတ်သပ်ဖယ်ရှားလိုက်သည်။

ရုတ်တရက်ပင်....

အဆုံးမရှိသည့် ကောင်းကင်နှင့် နဂါးငွေ့တန်းကို လီအော့နျို တွေ့မြင်လိုက်ရလေသည်။ မြင်လိုက်ရသည့်မြင်ကွင်းက ပြော မပြနိုင်လောက်အောင် လှပလွန်း၏။

အဆုံးမရှိသည့် ကြယ်စင်များအလယ်တွင် သူသည် အလွန် သေးငယ်သွားသလို ခံစားလိုက်ရသည်။ သူသည် နဂါးငွေ့တန်း နှင့်ပေါင်းစပ်သွားသည့်အလား ခံစားရလေသည်။

သူကြည့်နေစဉ်မှာပင် မျိုးစေ့တစ်စေ့မှ ကြီးမားသောသစ်ပင် ကြီးတစ်ပင် မွေးဖွားလာပြီး ကောင်းကင်ထိအောင် ထိုးဖောက် သွားလေသည်။ သစ်ပင်ကြီး၏ အကိုင်းအခက်နှင့်အရွက် များသည် ကြယ်စင်များကို သယ်ဆောင်ထား လေသည်။

ထိုသစ်ပင်ကြီးထက်တွင် ကြယ်စင်များထက်ပင်ခမ်းနားသည့် ဇာမဏီနတ်ငှက်တစ်ကောင်ကိုလည်း တွေ့ရလေသည်။ ထိုဇာမ ဏီနတ်ငှက်၏ တွန်ကျူးသံသည် မည်သည့်ဂီတသံနှင့်မှ မ နှိုင်းယှဉ်နိုင်အောင် သာယာလှသည်။

ထို့နောက်... မြင်ကွင်းများက ပြောင်းလဲသွားပြန်သည်။

မြင်ကွင်းထဲတွင်ထောင်ထောင်မောင်းမောင်းနှင့် ခွန်အားဗလ

ပြည့်စုံသည့် လူတစ်ယောက် ပေါ်လာလေသည်။

ထိုသူ၏မျက်နှာက ခန့်ညားပြီး နဖူးပြင်က ကျယ်ပြန့်သည်။

မျက်ဝန်းများကတော့ နဂါးမျက်ဝန်းများလားတောက်ပ နေပြီး

ထိုမျက်ဝန်းများကို တွေ့မြင်ရသူတိုင်း တုန်လှုပ်သွားမည် ဖြစ်

လေသည်။

ထိုသူ၏ခါးတွင် ပုဆိန်ကြီးတစ်လက်ကို ချိတ်ဆွဲထားပြီး

နောက်ကျောတွင်တော့ လေးနှင့်မြားကို လွယ်ထားလေ သည်။

ထိုသူ၏မျက်ခုံးနှစ်ခုကြားတွင် တောက်ပနေသည့် မီးတောက်

သင်္ကေတကို တွေ့မြင်ရလေသည်။

ထိုသူသည် မိုးထိအောင်မြင့်မားသည့် ရောမ သစ်ပင်ကြီး

အောက်သို့ ရောက်ရှိလာလေသည်။

သစ်ပင်ကြီးနှင့်ယှဉ်လျှင် ထိုသူသည် အလွန်သေးငယ်သွားလေသည်။ သို့သော် ထိုသူ၏ ဆုံးဖြတ်ချက်ခိုင်မာသည့် စိတ်ထားကိုတော့ တော့သစ်ပင်ကြီးက ဖုံးလွှမ်းနိုင်ခြင်း မရှိခဲ့ပေ။

ထိုလူက ဧရာမသစ်ပင်ကြီးကို တစ်ချက်မော့ကြည့်လိုက်သည်။ ထို့နောက်ပုဆိန်ကိုကိုင်ကာ ဧရာမ သစ်ပင်ကြီးကို စတင်ခုတ်ဖြတ်လေတော့သည်။

သစ်ပင်ကြီးထက်တွင်နေထိုင်သည့် ဇာမနီနတ်ငှက်က သူ၏အတောင်ကိုဖြန့်ကားလိုက်လေရာ နေ ၊ လ နှင့်ကြယ်တာရာများအားလုံးကို ဖုံးအုပ်သွားတော့သည်။

ဇာမဏီငှက်က သစ်ပင်ကို ခုတ်နေသူအား တားဆီးရန်ကြိုးစားလိုက်လေသည်။

သစ်ပင်ခုတ်နေသည့်လူသည် ချက်ချင်းပင် သစ်ပင်ကြီး၏ထက်ဝက်ခန့်အထိ ကြီးမားသည့် လူကြီးတစ်ယောက်အဖြစ်အသွင်ပြောင်းသွားပြီး သူ့ကိုတိုက်ခိုက်ရန် ဝင်

ရောက်လာသည့် ဇာမဏီငှက်ကို လက်သီးဖြင့်ထိုးချလိုက်လေ

သည်။

ထိုအခါ ဇာမဏီနတ်ငှက်မှာ အမွေးများကျွတ်ထွက်ကုန်ပြီး

အပြင်းအထန်ဒဏ်ရာရကာ ထွက်ပြေးသွားလေတော့သည်။

ထို့နောက် ထိုသူသည် သစ်ပင်ကြီးကို အားအပြည့်ဖြင့် ခုတ်

ပိုင်းလိုက်လေရာ နောက်ဆုံး သစ်ပင်ကြီး လဲကျသွားလေ

တော့သည်။

ထိုမြင်ကွင်းများအားလုံးကို တွေ့မြင်ပြီးသည်နှင့် လီအော့

နျို၏လက်ထဲမှ ရောင်စဉ်ငါးမျိုး ကျောက်တုံး အပိုင်းအစလေး

သည် အမှုန့်ဖြစ်သွားလေသည်။

အဘယ့်ကြောင့် ထိုသို့သောအမြင်အာရုံများ တွေ့မြင်ရသည်

ကို လီအော့နျို နားမလည်ပေ။ သို့သော်... သူတွေ့မြင်ခဲ့ရသည့်

လူကြီး၏ တန်ခိုးစွမ်းအားများကိုတော့ အလွန်အားကျအံ့သြ

လျှက် ရှိလေသည်။

ထိုအချိန်မှာပင် ကျောက်ရှောင်ယွီ၏ စကားသံထွက်ပေါ်လာသည့်အတွက်လီအော့နျို အတွေးလွန်နေရာမှ သတိပြန်ဝင်လာလေသည်။

"နှီဝါးနတ်သမီးက တကယ်အံ့သြစရာ ကောင်းတယ်၊ သူက ငါတို့ရောက်လာမယ်ဆိုတာ ကြိုသိနေပုံပဲ၊ ဒါပေမဲ့ ဒီနေရာမှာ ဘာလျှို့ဝှက်ချက်တွေ ရှိနေတာလဲ..."

ကျောက်ရှောင်ယွီက သူ့ဟာသူ မေးခွန်းထုတ်နေခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင်...

ရယ်မောသံတစ်ချက်ထွက်ပေါ်လာပြီး လူတစ်ယောက် ပေါ်လာလေသည်။

ထိုသူ၏ဦးခေါင်းထက်တွင် သုံးမြှောင့်ပုံသဏ္ဍာန်သရဖူတစ်ခုကို ဆောင်းထားပြီး အရောင် (၉)မျိုး တိမ်တိုက်ပုံသဏ္ဍာန် ဝတ်ရုံကို ဝတ်ဆင်ထားလေသည်။

ထိုသူက…

"အမှန်ပဲ ၊ ကျုပ်တို့ရောက်လာမယ်ဆိုတာကို နွဲ့ဝါးနတ်သမီးက သိပုံရတယ် ၊ ကျောက်ရှောင်ယွီကရော ကျုပ်နဲ့ ပူးပေါင်းဖို့ ဆန္ဒရှိသလား…"

ကျောက်ရှောင်ယွီက အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်ပြီး…

"ဆရာမုကုန်းက ဘာများဖြစ်စေချင်လို့လဲ…"

ဆရာမုကုန်းဆိုသည်မှာ အရှေ့နန်းတော်မှ တုန်းဟွာတောက်ကျွင်း၏ အမည်ပင် ဖြစ်လေသည်။

တုန်းဟွာတောက်ကျွင်းသည် ရှေးဟောင်းနတ်ဘုရားတစ်ပါးဖြစ်ပြီး မယ်တော်ဝမ်မူနှင့် အလွန်တရာ ရင်းနှီးခင်မင်သူဖြစ်သည်။ တုန်းဟွာတောက်ကျွင်းနှင့် မယ်တော်ဝမ်မူစုံတွဲကို "မုကုန်းကျင်းမူ" ဟု ခေါ်ဆိုကြလေ၏။

အချို့သူများက သူတို့ (၂)ယောက်ကို တာအိုလက်တွဲဖော်များ ဖြစ်သည်ဟု ကောလဟာလများပြောဆိုခဲ့ကြသော် လည်း တကယ်တမ်းတွင် သက်သေမပြနိုင်ခဲ့ကြပေ။

တုန်းဟွာတောက်ကျွင်းသည် တန်ခိုးစွမ်းအားမြင့်မားသူတစ် ယောက် ဖြစ်သည့်တိုင် ကျောက်ရှောင်ယွီကတော့ လုံးဝ ကြောက်ရွံ့ခြင်း မရှိပေ။ ထို့ပြင် သူမရှေ့မှ တုန်းဟွာတောက် ကျွင်းသည် အစစ်အမှန်တုန်းဟွာတောက်ကျွင်းမဟုတ်ပေ။ ကိုယ်ပွားတစ်ခုသာ ဖြစ်လေသည်။ ထို့ကြောင့် တန်ခိုးစွမ်းအား ကန့်သတ်ချက်ရှိလေရာ မူလ တုန်းဟွာ တောက်ကျွင်းလောက် တန်ခိုးစွမ်းအားမြင့်မားခြင်း မရှိနိုင်ပေ။

တုန်းဟွာတောက်ကျွင်းက လီအော့နျိုကို တစ်ချက်ကြည့်လိုက် ပြီး...

"အစကတည်းက မင်းကျုပ်စကားကိုသာ နားထောင်ခဲ့မယ်ဆို

ရင်ခုလိုဒုက္ခရောက်မှာမဟုတ်ဘူး၊ အခုတော့ ဟန်အယ်

အတွက်လည်း စိတ်မကောင်းပါဘူး..."

ပြောပြီးသည်နှင့် တုန်းဟွာတောက်ကျွင်းက သက်ပြင်းတစ်

ချက်ချလိုက်လေသည်။

လီအော့နျိုက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဘယ်သူ့စကားမှ နားထောင်စရာမလိုဘူး၊ ကျွန်တော်က ကိုယ့်

ကိုကိုယ်ပဲ ယုံကြည်တယ်..."

တုန်ဟွာတောက်ကျွင်းက တစ်ချက်ပြုံးလိုက်ရင်း ကျောက်ရှော

င်ယွီဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဒီက မိတ်ဆွေလေးကရော ... ဒီနေရာရဲ့အကြောင်းကို သိ

သလား..."

ကျောက်ရှောင်ယွီက ရိုးရှင်းစွာပင် ပြန်ဖြေလိုက်သည်။

"မသိဘူး..."

တုန်းဟွာတောက်ကျွင်းက...

"စကြာဝဠာကြီး စတင်ဖြစ်တည်လာတော့ မိုးကောင်းကင် နိယာမက မပြည့်စုံဘူး ၊ ဒါကြောင့် ကမ္ဘာဦးသတ္တဝါကြီး တွေဟာ သိပ်ကို တန်ခိုးစွမ်းအားမြင့်မားကြတယ် ၊ ဒါပေမဲ့ သူတို့တွေဟာ ကြောက်စရာကောင်းတဲ့ ဘေးအန္တရာယ်ဆိုးကြီးကိုရင်ဆိုင်ခဲ့ကြရတယ် ၊ ဒါကြောင့် နွီဝါးနတ်သမီးဟာ သတ္တဝါတွေကို သနားကရုဏာဖြစ်လို့ မိုးကောင်းကင်နိယာမကို ပြည့်စုံအောင် ဖွင့်လှစ်ခဲ့တယ် ၊ အဲဒီလိုမိုးကောင်းကင်နိယာမကို ဖွင့်လှစ်နိုင်ဖို့အတွက် ရောင်စဉ်ငါးမျိုး ကျောက်တုံးတွေကို နွီဝါးနတ်သမီး ပြုလုပ်ခဲ့တယ် ၊ ဒီနေရာက မိုးကောင်းကင်နိယာမကို ဖွင့်လှစ်ဖို့ ရောင်စဉ်ငါးမျိုးကျောက်တုံးတွေကို နွီဝါးနတ်သမီး ပြုလုပ်ခဲ့တဲ့ နေရာပဲ..."

အခန်း (၇၇၅) ဆန်းလျှန်ကသက်သေပြခဲ့သည်

တုန်းဟွာတောက်ကျွင်းက ခဏနားလိုက်ပြီးမှ စကားဆက်ပြော လိုက်သည်။

"နီဝါးနတ်သမီးက စကြာဝဠာထောက်တိုင်တွေကို ပြုလုပ်တဲ့ အချိန်မှာလည်း အဲဒီတိုင်တွေထဲမှာ ရောင်စဉ်ငါးမျိုး ကျောက် တုံးကို ထည့်သွင်းထားခဲ့တယ်၊ တကယ်တော့ ရောင်စဉ်ငါးမျိုး ကျောက်တုံးက မိုးမြေနိယာမတွေကို ပြည့်စုံစေတဲ့ တန်ခိုး စွမ်းအားမြင့်မားတဲ့ ပစ္စည်းတစ်ခုပဲ၊ စကြာဝဠာထောက်တိုင် တွေ ပြုလုပ်ပြီးတဲ့ နောက်ပိုင်းတော့ နီဝါးနတ်သမီး ဒီနေရာက ထွက်ခွာသွားခဲ့တယ်၊ နောက်ပိုင်း ဒီနေရာကို ထိုက်စန့်လောင် ကျွင်း ရောက်လာခဲ့တယ်၊ ထိုက်စန့်လောင်ကျွင်းဟာ စကြာဝဠာထောက်တိုင်တွေရဲ့ တန်ခိုးစွမ်းအားနဲ့ စကြာဝဠာသုံး

မြှောင့်ဆေးအိုးကို ဖန်တီးပြီး ဒီနေရာမှာ ဖုံထိုးခဲ့တယ်၊ အဲဒီ စကြာဝဠာဆေးအိုးဟာ ထိုက်စန့်လောင်ကျွင်းနဲ့ နီဝါးနတ်သမီး ကြားက အကြောင်းအကျိုး ပတ်သက်မှုတစ်ခုဖြစ်လာခဲ့ တယ်..."

ထိုစကားများကိုကြားလိုက်ရသည့်အခါ ကျောက်ရှောင်ယွီမှာ ကျိတ်ပြီး အံ့သြထိတ်လန့်သွားရလေသည်။

ကျောက်ရှောင်ယွီက...

"ဒီအကြောင်းတွေ ပြောပြနေတာ... ဆရာမှုကုန်းက ဘာဖြစ် ချင်တာလဲ..."

တုန်းဟွာတောက်ကျွင်းက တစ်ချက်ပြုံးလိုက်ရင်း....

"ထိုက်စန့်လောင်ကျွင်းက စကြာဝဝဠာဆေးအိုးကို စည်းချပြီး ချိတ်ပိတ်ထားခဲ့တဲ့အတွက် အဲဒါကိုဖွင့်နိုင်တာဆိုလို့ ထိုက်ချင် အင်းသကေ်တပဲရှိတယ်၊ ဒါကြောင့် မိတ်ဆွေလေးရှောင်ယွီက များ ကူညီပေးနိုင်မလားလို့ပါ..."

ကျောက်ရှောင်ယွီက...

"ထိုက်ချင်အင်းသင်္ကေတက စကြာဝဠာဆေးအိုးကို ပိတ်ထား

တဲ့စည်းကို ဖွင့်နိုင်တယ်ဆိုတာ ဆရာမုကုန်းသိနေတယ်ဆိုရင်

ဘာလို့ကိုယ့်ဟာကို အဲဒါကို သွားမယူဘဲ ကျွန်မကို အကူအညီ

တောင်းနေရတာ လဲ..."

တုန်းဟွာတောက်ကျွင်းက...

"အဲဒီပစ္စည်းကို ကျုပ်ကိုယ်တိုင်သွားမယူချင်လို့ပေါ့..."

ကျောက်ရှောင်ယွီကလေးနက်သည့်အကြည့်တစ်ချက်ဖြင့် တု

န်းဟွာတောက်ကျွင်းကို ကြည့်လိုက်ရင်း...

"ဆရာမုကုန်းကို ဒီတစ်ခါတော့ ကူညီပေးမယ်၊ ဒါပေမဲ့

စကြာဝဠာဆေးအိုးကိုမဖွင့်ခင် ကျွန်မ တစ်နေရာကို သွားစရာ ရှိ

တယ်၊ ဆရာမုကုန်း ကျွန်မကို ဒီမှာပဲ စောင့်နေမလား၊ ဒါမှ

မဟုတ် အတူတူလိုက်ခဲ့မလား..."

တုန်းဟွာတောက်ကျွင်းက...

“လိုက်ခဲ့ရမှာပေါ့ ၊ ဒီနေရာက အရမ်းထူးဆန်းတဲ့ နေရာတစ်ခုပဲ ၊ မိတ်ဆွေလေးကို ဒုက္ခမရောက်စေချင်ဘူး…”

ကျောက်ရှောင်ယွီက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး လီအော့နျို ကို တစ်ချက်ကြည့်လိုက်သည်။

"မင်းကရော…"

လီအော့နျိုက…

"ကျွန်တော်လည်း အစ်မရှောင်ယွီနဲ့ လိုက်ခဲ့မယ်…"

ကျောက်ရှောင်ယွီက…

"ဒါဖြင့် ငါတို့သွားကြစို့…"

တုန်းဟွာတောက်ကျွင်းမှာ သိပ်ပြီး ရိုးသားခြင်းမရှိသည်ကို ကျောက်ရှောင်ယွီ ရိပ်မိလေသည်။

သို့သော်… ကျောက်ရှောင်ယွီကလည်း သူ့အကြံအစည်နှင့်သူ ဖြစ်သည်။ သူမအတွက် လိုအပ်သော အဓိကပစ္စည်းများမှာ လည်း ခွန်လွန်တောင်မှ ကျောက်ပြားလေးနှင့် ထိုက်ချင်အင်း

သင်္ကေတပင်ဖြစ်လေသည်။ ထို့ကြောင့် သူမက တုန်းဟွာတော ကျ်ကျွင်းကို မကူညီခင် သူမကိုစ္စကို အရင်လုပ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် သူတို့ (၃)ယောက် မိုင်ပေါင်းများစွာ ခရီးဆက်ခဲ့ကြလေသည်။

ရုတ်တရက်...

သူတို့ရှေ့မှ လေအေးများတိုက်ခတ်လာလေသည်။ သူတို့အားလုံးသာ သာမန်လူသားများဖြစ်ပါက တစ်ခါတည်း အေးခဲကာ အသက်ပျောက်သွားနိုင်သည်။

လီအော့နျို၏နှာခေါင်းထဲတွင် အနံ့တစ်ခုရလိုက်ပြီး ချက်ချင်းပင်အသက်ဓာတ်စွမ်းအားများဖြင့် ပြည့်ဝလာသလို ခံစားလိုက်ရလေသည်။

ကျောက်ရှောင်ယွီက....

"ရှေ့မှာ ဥယျာဉ်တစ်ခုရှိမယ်ထင်တယ်..."

တုန်းဟွာတောက်ကျွင်းက ပြုံးလိုက်ရင်း...

"ဒါ မယ်တော်ဝမ်မူရဲ့ နတ်မက်မွန်သီးဥယျာဉ်ပဲ ၊ အရင်တုန်းက ကျုပ် ဒီကို ခဏခဏ ရောက်ဖူးတယ်...."

ကျောက်ရှောင်ယွီက...

"ဒါဖြင့်လည်း ဆရာမုကုန်းက လမ်းပြပေးပါ..."

တုန်းဟွာတောက်ကျွင်းက အပြုံးပါးပါးလေးတစ်ချက်ပြုံး လိုက်ရင်း သူတို့ရှေ့မှ ထွက်ခွာသွားလေသည်။

ထို့နောက် လေထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ကျောက်ရှောင်ယွီနှင့် လီအော့နျိုကလည်း သူ့နောက်မှ လိုက်ပါ သွားကြလေသည်။

ရုတ်တရက်... သူတို့အားလုံး အခြားလောကတစ်ခုသို့ ရောက် ရှိသွားသည့်အလား ခံစားလိုက်ကြရလေသည်။ ကောင်းကင် တစ်ခုလုံးက ဝိညာဉ်စွမ်းအားများနှင့်ပြည့်နေပြီး သူတို့ကို အစွဲ

ဆောင်နိုင်ဆုံးအရာမှာ မက်မွန်သီးပင် (၃၀၀)ကျော်ပင် ဖြစ်လေ

သည်။

တုန်းဟွာတောက်ကျွင်းက မက်မွန်ပင်အိုကြီးတစ်ပင်၏ အမြစ်

ထက်တွင် မတ်တတ်ရပ်ရင်း ကဗျာတစ်ပုဒ်ကို ရွတ်လိုက်လေ

သည်။

“လောကကြီးကအဆုံးမဲ့လည်း....

အထီးကျန်လှစွာ... လမ်းလျှောက်ရင်လည်း

တစ်ယောက်တည်း ၊ ထိုင်နေရင်လည်းတစ်ယောက်တည်း...”

နတ်မက်မွန်သီးဥယျာဉ်ရှိ သစ်ပင်အိုကြီးများ၏ အမြစ်များက

တုန်းဟွာတောက်ကျွင်းကို ကောင်းကောင်း သိရှိကြ လေသည်။

တုန်းဟွာတောက်ကျွင်းကို တုံ့ပြန်သည့်အနေဖြင့် မက်မွန်သီး

ပင်ကြီး၏အမြစ်က အနည်းငယ် တုန်လှုပ်သွားလေ သည်။

တုန်းဟွာတောက်ကျွင်းက သစ်ပင်အမြစ်ကို လက်ဖြင့်တစ်

ချက်ပုတ်လိုက်ရင်းတီးတိုးပြောလိုက်သည်။

"နှစ်တွေအများကြီး ကြာခဲ့ပြီနော်..."

မက်မွန်ပင်ကြီး၏အမြစ်နှင့် တုန်းဟွာတောက်ကျွင်းမှာ ရင်းနှီးမှုရှိသည်ကို ကျောက်ရှောင်ယွီ သတိပြုလိုက်မိလေ သည်။

ထိုအချိန်မှာပင်....

ကျောက်ရှောင်ယွီက အဝေးတစ်နေရာသို့ လှမ်းကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်လေသည်။

ထိုနေရာတွင် မိုးထိုအောင်မြင့်မားသည့် ကျောက်နံရံကြီးတစ်ခု ရှိလေသည်။ ထိုကျောက်နံရံကြီးအလယ်တွင် အပေါက်တစ်ခုရှိနေပြီး ထိုအပေါက်မှာ ကျောက်ရှောင်ယွီလက်ထဲမှ ကျောက်ပြားလေးနှင့် တစ်ထပ်တည်း ကွက်တိ တူညီနေလေ သည်။

ကျောက်ရှောင်ယွီက ချက်ချင်းပင် ကျောက်နံရံကြီး၏အလယ်မှ အပေါက်လေးရှိရာသို့ ပျံသန်းထွက်ခွာသွား

ပြီး သူမက လက်ထဲမှကျောက်ပြားလေးကို ကျောက်နံရံ

အပေါက်ထဲသို့ ထည့်လိုက်သည်။

ထိုအခါ.... ကလစ်ဆိုသည့် မည်သံတစ်ခုထွက်ပေါ်လာပြီး

ကျောက်နံရံမျက်နှာပြင်မှ ကျောက်သားများေ ရွှေ့လျားသွား

ပြီး ဂူပေါက်တစ်ခု ပေါ်လာလေသည်။

တုန်းဟွာတောက်ကျွင်းက...

"မိတ်ဆွေလေးက ဂူထဲကို သွားချင်လို့လား..."

ကျောက်ရှောင်ယွီက...

"ဟုတ်တယ်..."

ပြောပြီးသည်နှင့် ကျောက်ရှောင်ယွီက ကျောက်ဂူအတွင်းသို့

လှမ်းဝင်လိုက်လေသည်။

ကျောက်ဂူထဲတွင် အလင်းရောင်မရှိပေ။ မည်သည့်အရာများရှိ

မည်ကိုလည်း ခန့်မှန်း၍ မရနိုင်ပေ။ လောကတစ်ခုလုံး တွင်

အလင်းရောင်တစ်စက်မှမရှိဘဲ အမှောင်မိုက်ဆုံးနေရာကိုပြော

ပြဆိုလျှင် ဤကျောက်ဂူကိုသာ ပြောရပေလိမ့် မည်။

တုန်းဟွာတောက်ကျွင်းက တန်ခိုးစွမ်းအားကိုအသုံးပြုကာ

မီးတောက်တစ်ခု ဖန်ဆင်းလိုက်လေသည်။ သို့သော်...

ချက်ချင်းပင်မီးတောက်က ငြိမ်းသွားလေသည်။

ကျောက်ရှောင်ယွီယူဆောင်လာသော ကျောက်ပြားလေးထက်

တွင်ရေးသားထားသည့်....

"အလင်းပျောက်ဆုံးပြီ... အမှောင်စတင်ပြီ..."

ဆိုသည့် ရှေးဟောင်းစာကြောင်းလေးအတိုင်းပင် ဖြစ်လေ

သည်။

ကျောက်ရှောင်ယွီက တစ်ချက်ပင် တုံ့ဆိုင်းခြင်း မရှိဘဲ

ကျောက်ဂူအတွင်းသို့ ဝင်သွားလေသည်။ တုန်းဟွာတောက်ကျွ

င်းက အနည်းငယ်တုံ့ဆိုင်းနေပြီးမှ နောက်မှ လိုက်ဝင်သွား

သည်။

ကျောက်ဂူထဲတွင် အသံမရှိ၊ အလင်းမရှိ။ ရှည်လျားသည့် ဥမင်ကြီးတစ်ခု ဖြစ်လေသည်။

ရုတ်တရက်ပင်...

တုန်းဟွာတောက်ကျွင်းက သူ့ကို လာရောက်ဖိနှိပ်လိုက်သည့် ရှေးဟောင်းတန်ခိုးစွမ်းအားတစ်ခုကို ခံစားလိုက်ရ သည်။ ထို ရှေးဟောင်းတန်ခိုးစွမ်းအားကို အနည်းငယ်ရင်းနှီးနေသယောင် သူခံစားလိုက်ရလေသည်။

"လျန်ယိမြူခိုးဥမင်..."

တုန်းဟွာတောက်ကျွင်းက ရေရွတ်လိုက်သည်။

သူက ထိုက်စန့်လောင်ကျွင်း၏ တာအိုတရားများကို ကြားနာဖူး သူဖြစ်လေရာ လျန်ယိမြူခိုးဥမင်အကြောင်းကို ကောင်းကောင်းသိလေသည်။

ထို့ကြောင့် သူက ရှေးဟောင်းတန်ခိုးစွမ်းအားကို ခုခံကာကွယ်ထားလိုက်ပြီး တန်ခိုးစွမ်းအားထွက်ပေါ်လာရာ မူလနေရာကို ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူက ကျောက်ရှောင်ယွီတို့နောက်သို့ လိုက်ပါခြင်းမရှိတော့ဘဲ ရှေးဟောင်းတန်ခိုးစွမ်းအားများထွက်ပေါ်လာရာ မူလနေရာကို ရှာဖွေရန် ထွက်ခွာသွားလေသည်။

လီအော့ချိုကတော့ ကံမကောင်းခဲ့ပေ။ ရှေးဟောင်းတန်ခိုးစွမ်းအားကြောင့် သူ့မှာ ကိုယ်နှစ်ခြမ်းကွဲတော့မတတ် နာကျင်ခံစားလိုက်ရသည်။ သို့သော်.... ပါးလွှာသည့် အလင်းရောင်တံတိုင်းတစ်ခုပေါ်လာပြီး သူ့ကို ကာကွယ်ပေး ထားလိုက်လေသည်။

ထိုအလင်းတန်းမှာ ကျောက်ရှောင်ယွီထုတ်လွှတ်လိုက်သည့် အလင်းတန်းဖြစ်ပြီး ထိုက်ချင်အင်းသင်္ကေတမှ ထွက်ပေါ်လာခြင်း ဖြစ်လေ၏။

ထိုက်ချင်အင်းသကော်တ၏အကူအညီဖြင့် ကျောက်ရှောင်ယွီက လီအော့နျိုကို ကာကွယ်ပေးထားလိုက်လေသည်။

သို့သော်... ရှေးဟောင်းတန်ခိုးစွမ်းအားများက အဆမတန်ပြင်းထန်လွန်းလေရာ သတ်ဖြတ်လိုသည့် အငွေ့အသက် များဖြင့်ပြည့်နေလေ၏။ ထို့ကြောင့် ထိုက်ချင်အင်းသကော်တက ကာကွယ်ပေးထားသည့်တိုင် လီအော့နျို၏ နှလုံးသားထဲတွင် အေးစိမ့်မှုဒဏ်ကို ခံစားနေရလေသည်။

ဒီနေရာက ဘယ်လိုနေရာကြီးလဲ...။ ဘာလို့ ကျောက်ရှောင်ယွီက ဒီနေရာကို လာချင်ရတာလဲ။

ထိုအကြောင်းအရာများကို လီအော့နျို နားမလည်နိုင်ပါချေ။ သို့သော်... သိပ်မကြာမီပင် ကျောက်ရှောင်ယွီက ရှင်းပြလေသည်။

“ငါ အမှောင်ထဲကနေ ရင်းနှီးတဲ့ခေါ်သံတစ်ခုကြားနေသလို ခံစားရတယ် ၊ ဒါကြောင့် ဒီနေရာကိုလာဖို့ ဆုံးဖြတ်လိုက်တာပဲ....”

ထိုစကားကိုပြောနေသည့်အချိန်တွင် ကျောက်ရှောင်ယွီမှာ အလွန်စိတ်လှုပ်ရှားနေပုံ ရလေသည်။

သူမ၏စိတ်ကိုဆွဲဆောင်နေသည့်ခေါ်သံသည် သူမနှင့်ရင်းနှီးလွန်းနေပြီး စွမ်းအားလည်း အလွန်မြင့်မားလှလေသည်။ ခေါ်သံသည် ပြီးပြည့်စုံသည့် ယင်နှင့်ယန် ပြောင်းလဲမှုတစ်ခု အလား ထင်မှတ်ရလေသည်။ ထိုက်စန့်လောင်ကျွင်း ကိုယ်တိုင်၏ တန်ခိုးစွမ်းအားများအလား ထင်မှတ်ရလေသည်။

လျန်ယိမြူခိုးဥမင်မှ ရှေးဟောင်းတန်ခိုးစွမ်းအားသည် သူမကို ခေါ်ဆောင်နေသည့်နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

အချိန်မည်မျှကြာသည်မသိပေ။ ကျောက်ရှောင်ယွီနှင့် လီအော့နျိုတို့သည် သတ်ဖြတ်ခြင်းအငွေ့အသက်များဖြင့် ပြည့်နေသည့်နေရာကို ဥမင်လမ်းကို ဖြတ်ကျော်နိုင်ခဲ့ကြလေသည်။

ထိုက်ချင်အင်းသင်္ကေတကြောင့်သာမဟုတ်လျှင် ကျောက်ရှောင်ယွီကိုယ်တိုင်ပင် ဤခရီးတွင် ရှင်သန်နိုင်မည် မဟုတ်ပေ။ ထိုက်ချင်အင်းသင်္ကေတက အလွန်ပင် အသုံးဝင်ခဲ့လေ၏။

သူတို့ရောက်ရှိနေသည့်နေရာသည် ခွန်လွန်တောင်ခြေအတွင်းပိုင်းတစ်နေရာ ဖြစ်နိုင်လေသည်။

သူတို့ရှေ့တွင် ချော်ရည်ပူများစုနေသည့် ချော်ရည်အိုင်တစ်ခုကို တွေ့မြင်လိုက်ကြရသည်။ ကမ္ဘာမြေကြီးတစ်ခုလုံး၏ မီးစွမ်းအားများစုစည်းနေသည့်အလား ချော်ရည်အိုင်မှ ပူလောင်သည့်အငွေ့အသက်များကို ကျောက်ရှောင်ယွီ ခံစားလိုက်ရလေသည်။

ပူလောင်သည့်အငွေ့အသက်များနှင့် ထိတွေ့လိုက်မိသည်နှင့်

နှစ်ပေါင်းများစွာ မသန့်စင်နိုင်ဖြစ်နေသည့် သူမ၏ တန်ခိုး

စွမ်းအားများထဲမှ မသန့်စင်မှုများသည် ချက်ချင်းပင် သန့်စင်

သွားလေသည်။

သူမ၏စိတ်ထဲတွင် မသက်မသာခံစားလိုက်ရသည့်တိုင် အသစ်

ပြန်လည်မွေးဖွားလာသည့်အလား ခံစားလိုက်ရ သည်။

သို့သော်… လီအော့ချိုကတော့ ကျောက်ရှောင်ယွီကဲ့သို့ မဟုတ်

ပေ။ သူကတော့ သေလုမျောပါး ခံစားနေရလေ သည်။

သို့ရာတွင် ကျောက်ရှောင်ယွီက သူ့ကို ဤနေရာတွင် မသေစေ

ချင်ပေ။ ထို့ကြောင့် သူမက လီအော့ချိုကို ထိုက်ချင် အင်း

သင်္ကေတဖြင့် ကာကွယ်ပေးထားသည့် အလင်းတန်းများကြား

မှ ဆွဲထုတ်လိုက်ကာ ချော်ရည်ပူအိုင်ထဲသို့ တွန်းချလိုက်သည်။

အချိန်အတန်ကြာသည့်အခါတွင်တော့ လီအော့ချို၏

ခန္ဓာကိုယ်မှ အခိုးအငွေ့များထွက်ပေါ်လာပြီး ခန္ဓာကိုယ်တစ်ခု

လုံး အားအင်အသစ်များဖြင့် ပြည့်ဝလာသလို ခံစားလိုက်ရသည်။

ထို့နောက် ကျောက်ရှောင်ယွီနှင့် လီအော့ချိုတို့ ချော်ရည်ကန်ထဲမှ ပြန်တက်ခဲ့ကြပြီး ရှေ့သို့ ခရီးဆက်ခဲ့ကြသည်။

ရှေ့သို့ အနည်းငယ် ဆက်သွားပြီးသည့်အခါတွင်တော့ အလွန်အေးစက်နေပြီး မည်သည့်အရာမှမရှိသည့် ခန်းမကြီးတစ်ခုကို တွေ့လိုက်ကြရ သည်။

အခန်းထဲမှ အလင်းတန်းတစ်ခုထွက်ပေါ်လာလေသည်။ ထိုအလင်းတန်း၏ တန်ခိုးစွမ်အားအရှိန်အဟုန်ကို မခံနိုင်ဘဲ လီအော့ချိုမှာ မြေပြင်ထက်သို့ လဲကျသွားရသည်။ သူ့မှာအသက်ကိုပင် မနည်းရှူနေရလေသည်။ သူ့စိတ်များလည်း ဝေဝါးနေပြီး မည်သည့်နေရာသို့ ရောက်နေသည်ကိုပင် မှတ်မိနိုင်ခြင်း မရှိတော့ပေ။

ကျောက်ရှောင်ယှီက လီအော့နျိုကို ထူရန်ပြင်လိုက်ပြီးမှ မထူ

ဖြစ်တော့ပေ။

အဘယ်ကြောင့်ဆိုသော်... ခန်းမအလယ်တွင် တင်ပျဉ်ခွေထိုင်

နေသည့် တာအိုဆရာတစ်ယောက်ကို တွေ့လိုက်ရ

သောကြောင့် ဖြစ်လေသည်။

ထိုတာအိုဆရာမှာ အသက် (၂၀)ပင်မပြည့်တတ်သေးသည့်

လူငယ်တစ်ယောက်အလား နုပျိုချောမောလွန်းလှ သည်။

သူ၏နှုတ်ခမ်းများက ပြုံးနေပြီး သူ၏မျက်နှာက တည်ငြိမ်

အေးဆေးလွန်းသည်။ ပခုံးများကို အေးအေး သက်သာပင်

လျှော့ချထားပြီး အသားအရေက ပြစ်ချက်အနာအစာ တစ်

စက်ကလေးမှမရှိ ကြည်လင်ဖြူစင်လှလေ၏။

သူ၏ဘယ်ဘက်လက်အောက်ရှိ အကျႌလက်ပေါ်တွင် စာတစ်

ကြောင်းရေးသားထားလေသည်။

"အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရယ်များအားလုံးသည် ဤနေရာတွင် အဆုံးသတ်ခဲ့ကြောင်း ဆန်းလျန်က သက်သေပြခဲ့သည်။"

အခန်း (၇၇၆) မျှောလွင့်နေတဲ့ဘဝဆိုတာ အိပ်မက်လိုပါပဲ

"အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရယ်များအားလုံးသည် ဤနေရာတွင် အဆုံးသတ်ခဲ့ကြောင်း ဆန်းလျန်က သက်သေပြခဲ့သည်"

သူမသည် ခွန်လွန်တောင်တွင် ချစ်ခင်မြတ်နိုးရလေသူ ဆန်းလျန်ကို မြင်တွေ့ရလိမ့်မည်ဟု လုံးဝထင်မှတ်မထားခဲ့မိ ပေ။

ကျောက်ရှောင်ယို့မှာ ဆန်းလျန်ကိုမြင်တွေ့လိုက်ရ

သည့်အတွက် အံ့သြခြင်းနှင့်အတူ ပျော်ရွှင်ခြင်းကိုလည်း ခံစား

လိုက်ရလေသည်။

ဆန်းလျန်... ဤနေရာတွင် ရှိနေခဲ့သည်။

အပြစ်တစ်စက်ကလေးမှ ဆိုစရာမရှိဘဲ တာအိုတရားနှင့်အတူ

တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

မေးမှိတ်နေသည့် ဆန်းလျန်၏ မျက်ဝန်းထောင့်စွန်းများတွင်

ငွေရောင်နှင်းမှုံလေးများ အနည်းငယ် စွန်းထင်း နေသည်ကို

ကြည့်ခြင်းအားဖြင့် ဆန်းလျန်ရှိနေခဲ့သည်မှာ အလွန်အချိန်

ကြာမြင့်ပြီဖြစ်ကြောင်း သိရှိနိုင်သည်။

သို့သော်... ဆန်းလျန်၏အသွင်သဏ္ဌာန်သည် တစ်စက်ကလေး

ပင် ယိုယွင်းပျက်စီးနေခြင်း မရှိပေ။

"ကျွမ်းကျီက စည်ကိုတီးခတ်ပြီး လောင်ဇူက အစိမ်းရောင်နွား

ရိုင်းကြီးကိုစီးနှင်ကာ အနောက်ဘက်သို့သွားသည်။ ဗုဒ္ဓ

ကတော့ မောဓိပင်အောက်တွင် တိတ်ဆိတ်စွာ ထိုင်နေဆဲ ဖြစ်

လေသည်။"

ဆိုသည့် စကားကို သူမ သတိရလိုက်မိသည်။

ဆန်းလျှန်၏ တည်ငြိမ်အေးချမ်းမှုနှင့် ထာဝရတည်ရှိနေမှုကို

ဖော်ပြရန် စကားလုံးပင် ရှာမတွေ့နိုင်ပေ။ သူက အတိတ် ၊

ပစ္စုပ္ပန် ၊ အနာဂတ် အချိန်ကာလများ၏ ရွေ့လျားနေခြင်းနှင့်

ဟန်ချက်ညီခြင်းများကို ပုံဖော်ပြနေသည့် အလားထင်မှတ်ရ

သည်။

လီအော့နျိုလည်း မတ်တတ်ထရပ်လာပြီး အံ့သြစရာ မြင်ကွင်း

ကို ငေးကြည့်နေခဲ့လေသည်။

ဒဏ္ဍာရီများအရဆိုလျှင် အချို့သော ကျင့်ကြံသူများ၏ ရုပ်

ခန္ဓာများသည် သေဆုံးပြီးသည့်တိုင် နှစ်ပေါင်းများစွာ မ

ပျက်စီးဘဲ ကျွင်းကျန်ရစ်သည်ဟု အဆိုရှိလေသည်။

သူ့ရှေ့မှ လူငယ်တာအိုဆရာသည် အသက်ဝိညာဉ်ကင်းမဲ့နေပြီ ဖြစ်သည့်တိုင် ကိုးကွယ်ဆည်းကပ်ထိုက်သူ တစ်ယောက် ဖြစ်သည်ဟု လီအော့နျို ခံစားနေရသည်။ ဆန်းလျန်ကို ငေးကြည့်ရင်း သူ့နှလုံးသားမှာ တုန်လှုပ်နေ လေသည်။

ခွန်လွန်တောင်၏ အနက်ရှိုင်းဆုံးနေရာတွင် ဤမျှချောမော လွန်းသည့် တာအိုဆရာလူငယ်လေးတစ်ယောက် အဘယ့်ကြောင့် အထီးကျန်စွာ တည်ရှိနေရပါသနည်း။

"အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရယ်များအားလုံးသည် ဤနေရာတွင် အဆုံးသတ်ခဲ့ကြောင်း ဆန်းလျန်က သက်သေပြခဲ့သည်"

ဆိုသည့်စာကြောင်းကို တွေ့လိုက်ရသည့်အခါတွင်တော့ ထိုလူငယ်မှာ အန္တရယ်များအားလုံးကို ဖြတ်ကျော်နိုင်ခဲ့သူ နတ်ဘုရားတစ်ပါးဖြစ်ရမည်ဟု ထင်မှတ်လိုက်မိသည်။

ထိုသူသည် ခေတ်တစ်ခေတ်တွင် တန်ခိုးစွမ်းအားအမြင့်မားဆုံး

လူတစ်ယောက် ဖြစ်ခဲ့ဟန်ရှိလေသည်။ ရှေးကျပြီး မြင့်မြတ်မှု

များနှင့် ပြည့်ဝနေသည့် လောကတစ်ခု၏ ဘုရင်တစ်ပါးဖြစ်ခဲ့

ပေလိမ့်မည်။

ထိုသူသည် မည်သူဖြစ်ပါသနည်း။

နူးညံ့ချောမောသည့်မျက်နှာ၏နောက်ကွယ်တွင် မည်သို့သော

ဒဏ္ဍာရီများ ရှိခဲ့ပါသနည်း။ လီအော့နျိုသည် စိတ်အား

ထက်သန်စွာဖြင့် သိချင်နေမိလေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်အနားသို့ ခြေလှမ်းတစ်လှမ်း

ချင်းလှမ်းသွားပြီး ဖြည်းဖြည်းချင်းတိုးကပ်သွားလေ သည်။

အမြဲတမ်း ပေါ့ပါးနေခဲ့သည့် သူမ၏ခန္ဓာကိုယ်သည် ယခုတော့

အလွန်အမင်း လေးလံနေသယောင် ထင်မှတ်ရသည်။

သူမက မျက်လုံးများကို တစ်ချက်ပွတ်လိုက်ပြီး ဆန်းလျန်ကို

အတန်ကြာငေးစိုက်ကြည့်နေလေသည်။ ဆန်းလျန်ကို တွေ့မြင်

ရသည်မှာ လောကကြီးတစ်ခုလုံးကို တွေ့မြင်ရသည့်အလား ခံစားရသည်။ ဆန်းလျန်ကို တွေ့မြင်ရလေတိုင်း ထိုကဲ့သို့ ခံစား ခဲ့ရသည်ချည်းပင်။

သူမ ဆန်းလျန်နှင့်စတင် တွေ့ဆုံသည့် အချိန်ကို သတိရလိုက် မိသည်။ ထိုအချိန်က... ဆန်းလျန်၏ အပြုံးတစ်ချက်သည်ပင် လျှင် သူမ၏ရင်ထဲမှ စိုးရိမ်ပူပန်မှုများအားလုံးကို ပြေပျောက် သွားစေခဲ့လေသည်။

ထိုဆန်းလျန်သည် ယခုသူမရှေ့တွင် တွေ့မြင်နေရသည့် ဆန်း လျန်ပင် ဖြစ်လေသည်။ သို့သော်... ယခု သူမရှေ့မှ ဆန်းလျန် သည် ဖန်ဆင်းခံပုံရိပ်ယောင်တစ်ခုမျှသာ ဖြစ်လေသည်။

ထိုအချိန်မှာပင်...

"ဝုန်း ဝုန်း ဝုန်း..."

ကျယ်လောင်သည့်ပေါက်ကွဲသံကြီးတစ်သံ ထွက်ပေါ်လာပြီး ခန်းမကြီးတစ်ခုလုံး တုန်ခါသွားလေသည်။

ခန်းမဆောင်ဘေးဘက်ရှိ နံရံတစ်ခု ပေါက်ထွက်သွားပြီး တုန်းဟွာတောက်ကျွင်း ဝင်ရောက်လာလေသည်။

တုန်းဟွာတောက်ကျွင်းက ဝင်လာသည်နှင့် ခန်းမထဲတွင် တင်ပျဉ်ခွေထိုင်နေသည့် ဆန်းလျန်ကို ချက်ချင်းသတိပြု လိုက်မိသည်။

ထို့နောက် သူက အင်္ကျီလက်ပေါ်တွင်ရေးသားထားသည့် စာတမ်းကို ဖတ်ကြည့်လိုက်သည်။

"အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရယ်များအားလုံးသည် ဤနေရာတွင် အဆုံးသတ်ခဲ့ကြောင်း ဆန်းလျန်က သက်သေပြခဲ့သည်"

စကားလုံးတိုင်းက ခမ်းနားလှလေ၏။

စကားလုံးတိုင်းက သူ၏တာအိုနှလုံးသားကိုသန့်စင်ပေးလေသည်။ နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သည့် အတွေ့အကြုံ များ

အရ သူ၏နှလုံးသားသည် စကားလုံးများထဲမှ တာအိုတရားကို ခံစားသိရှိနိုင်လေသည်။

ကျောက်ရှောင်ယွီကတော့ ဆန်းလျန်အနားသို့ တစ်လှမ်းချင်း သွားနေပြီး သူမကိုယ်ပေါ်မှ ထိုက်ချင်အင်းသင်္ကေတက ရုတ်တရက် ပျံ့သန်းထွက်ခွာသွားလေသည်။

ထို့နောက် ဗုဒ္ဓ၏ကျောင်းတော်ရာမှ နံနက်ခင်းအချိန်တွင် ထွက်ပေါ်လာသည့် ခေါင်းလောင်းထိုးသံအလား မိုးကောင်းကင်တေး သွားတစ်ပုဒ်ထွက်ပေါ်လာပြီး ထူးဆန်းလှစွာပင် ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားတွင် ထိုက်ချိသင်္ကေတစ်ခု ပေါ်လာလေ သည်။

ထိုထိုက်ချိသင်္ကေတကို တွေ့မြင်လိုက်ရသည်နှင့် ငြိမ်းချမ်း ခြင်းနှင့် လွတ်လပ်ခြင်းကို ပြိုင်တူခံစားလိုက်ကြရသည်။

ထိုထိုက်ချိသင်္ကေတသည် "ထိုက်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတ" ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးတစ်ပါး၏ မူလဝိညာဉ်သကော်တဖြစ်

သည့်အတွက် လောကတစ်ခုလုံးတွင် တန်ဖိုးရှိလှပါသည် ဆို

သည့် ရတနာများအားလုံးထက် အဖိုးတန်လေသည်။

ထို့ပြင် ဆန်းလျန်ဆီတွင် ထိုက်ချင်တာအိုဆရာသခင်၏ မူလ

ဝိညာဉ်သကော်တကို တွေ့မြင်ရသည်မှာ ဘုရင်ရှစ်ပါးနန်းတော်

မှ ရှမ်တုတောင်ကျွင်းသည် ထိုက်ချင်တာအိုဆရာသခင်၏

မူလဝိညာဉ်သကော်တကို ဆုံးရှုံးသွားခဲ့ပြီဆိုသည့် အဓိပ္ပါယ်

လေများလား။

ယခု ကျောက်ရှောင်ယွီသည် ဆန်းလျန်နှင့် လက်တစ်ကမ်း

အကွာသို့ ရောက်ရှိနေပြီ ဖြစ်သည်။

တုန်းဟွာတောက်ကျွင်းက ကျောက်ရှောင်ယွီထက်ပိုပြီး အမြင်

စူးရှလေသည်။

သူက ဆန်းလျန်၏ ထူခြားချက်ကို ချက်ချင်းသတိပြုလိုက်

မိသည်။ ဆန်းလျန်သည် အသက်ရှင်နေသည့် နတ်ဘုရား

တစ်ပါးမဟုတ်ဘဲ ဝိညာဉ်မရှိသည် ရုပ်တုတစ်ခုနှင့်ပုံပြီး ဆင်တူနေလေသည်။

ထို့ပြင် ထိုနတ်ဘုရားသည် တာ့လော်ဒုတိယအဆင့်ရောက်သည်အထိ ကျင့်ကြံထားခဲ့ဟန် ရှိလေသည်။ ထို့ကြောင့် ထိုနတ်ဘုရားသည် "အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရယ်များအားလုံးသည် ဤနေရာတွင် အဆုံးသတ်ခဲ့ကြောင်း" သက်သေပြခဲ့ပြီးတော့မှ ရုပ်ခန္ဓာကို စွန့်ခွာခဲ့ခြင်း ဖြစ်ဟန်တူလေသည်။

ကျန်ရစ်ခဲ့သည့်ရုပ်ခန္ဓာတွင် တာအိုတရားဓမ္မများကျန်ရစ်ခဲ့ပြီး ထိုနတ်ဘုရား၏ မူလအစစ်အမှန်နတ်ဘုရားကတော့ ထွက်ခွာသွားခဲ့ပြီ ဖြစ်လေသည်။

တုန်းဟွာတောက်ကျွင်းသည် ထိုနတ်ဘုရားကို အနည်းငယ် မနာလိုဖြစ်သွားမိသလို စိတ်ဓာတ်လည်း ကျသွားမိ သည်။

သူက မိုးနတ်မင်းခေတ်ကတည်းက ကျင့်ကြံသူတစ်ယောက်
ဖြစ်လေသည်။ သို့တိုင်အောင် သူသည် တာ့လော် ပထမအဆင့်
မှ ရှေ့မဆက်နိုင်ဘဲ တဝဲလည်လည် ဖြစ်နေခဲ့ရသည်။
ထိုဆန်းလျန်ဆိုသည့်နတ်ဘုရားကတော့ တာ့လော်ဒုတိယ
အဆင့်သို့ တက်ရောက်နိုင်ခဲ့သူဖြစ်လေရာ သူ့ထက် ခြေတစ်
လှမ်းသာနေသည်ဟု ဆိုနိုင်လေသည်။
တန်ခိုးစွမ်းအားများကင်းလွတ်ရာကမ္ဘာမြေသို့ သူ ရောက်ရှိနေ
ခဲ့သည်မှာ ကြာပြီဖြစ်သည့်အတွက် ထိုနတ်ဘုရား မည်သူ
မည်ဝါဖြစ်သည်ကို မသိရှိခဲ့ခြင်း ဖြစ်လေသည်။ မဟုတ်ပါက
ထိုဆန်းလျန်ဆိုသူကို သေချာပေါက် သိရှိမည် ဖြစ်သည်။
ထို့ပြင် ထိုသူ၏ မျက်ခုံးနှစ်ခုကြားတွင် လင်းလက်နေသည့်
ထိုက်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတ သည်
အလွန်မှ ခမ်းနားလေသည်။

သူသည် ချက်ချင်းပင် ထိုမူလဝိညာဉ်သကော်တကို လိုချင်

တပ်မက်သည့်စိတ်များ ဖြစ်လာလေသည်။ ထို့ကြောင့်

ချက်ချင်းပင် ဆန်းလျန် တင်ပျဉ်ခွေထိုင်နေသည့်နေရာသို့

လမ်းလျှောက်သွားလိုက်သည်။

သို့သော်… ခြေလှမ်း (၅)လှမ်း လှမ်းပြီးသည့်အခါတွင်တော့

ရှေ့ဆက်သွား၍ မရတော့ဘဲ ဆန်းလျန်ဆီသို့ သွားရာလမ်းမှာ

ပျောက်ကွယ်သွားလေသည်။ သူသည် ဆန်းလျန်ကိုတွေ့မြင်

နေရသည့်တိုင် ဆန်းလျန်ရှိရာသို့ မသွားရောက်နိုင်တော့ပေ။

တုန်းဟွာတောက်ကျွင်းက ဟွန့် ခနဲ နှာခေါင်းတစ်ချက်ရှုံ့လိုက်

လေသည်။ သို့သော်… သူ့ကိုတားဆီးထားသည်မှာ ဗုဒ္ဓ

လက်ဖဝါးတန်ခိုးစွမ်းအားဖြစ်နေသည့်အတွက် ထိုတန်ခိုး

စွမ်းအားကို ချိုးဖျက်ရန်မှာ သိပ်ပြီး မလွယ်ကူလှပေ။

တုန်းဟွာတောက်ကျွင်းက အင်္ဂါလက်တစ်ဖက်ကို ဝှေ့ယမ်း

လိုက်ရာ ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

ထို့နောက် ... သူ့ရှေ့မှ ပျောက်ကွယ်သွားသည့်လမ်း ပြန်ပေါ်လာလေ၏။

သူက လမ်းအတိုင်းအမြန်လျှောက်သွားလိုက်ရာ ချက်ချင်းပင် ဆန်းလျန်နှင့်ခြေလှမ်းသုံးလှမ်း အကွာအဝေးသို့ ရောက်ရှိလာလေသည်။

သူက ထိုက်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတကို မက်မောစွာဖြင့် လက်လှမ်းလိုက်လေသည်။

ထိုအချိန်မှာပင်.... မှေးမှိတ်ထားသည့် ဆန်းလျန်၏ မျက်ဝန်းများ ဖြည်းဖြည်းချင်း ပွင့်လာလေသည်။ ထိုမျက်ဝန်းများထဲတွင် အထီးကျန်ဆန်မှုနှင့် တိတ်ဆိတ်ငြိမ်သက်ခြင်းများကို အထင်းသားတွေ့မြင်ရလေသည်။

ထို့နောက်... သက်ပြင်းချသံသဲ့သဲ့ ခန်းမထဲတွင် ထွက်ပေါ်လာသည်။

အောက်သို့ ချထားသည့် ဆန်းလျန်၏ လက်ချောင်းများသည် လေထဲသို့ ငြင်ငြင်သာသာပင် မြင့်တက်လာပြီး အနည်းငယ် ဝှေ့ယမ်းလိုက်လေသည်။

ဆန်းလျန်၏ လက်ချောင်းလေးများ၏ လှုပမှုကို ဖော်ပြရန်မှာ စကားလုံးပင်ရှာမတွေ့နိုင်ပေ။

ဆန်းလျန်၏ သက်ပြင်းချသံတစ်ချက်သည် ထာဝရတည်ရှိသည့် တာအို တရားဓမ္မသည် အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ကို ဖြတ်သန်းကျော်လွှားသွားလေသည်။

ဆန်းလျန်၏ သိပ်သည်းသည့် တန်ခိုးစွမ်းအားသည် မိုးမြေကို ထိုးဖောက်ကာ ကြယ်စင်များကိုပင် ပြိုကျပျက်စီး နိုင်စွမ်း ရှိလေသည်။

တုန်းဟွာတောက်ကျွင်းဆိုသည်ကား ပြောစရာပင်မလိုတော့ပေ။

အဆုံးမရှိ....။

အဆုံးမရှိသလို အစလည်းမရှိ…။

မည်သည့်အရာမှမရှိ…။ အတ္တလည်းမရှိ…။

တုန်းဟွာတောက်ကျွင်းသည် အော်သံတစ်ချက်ပင် မပြုနိုင်ဘဲ ဆန်းလျန်ရှေ့မှ ပျောက်ကွယ်သွားလေတော့သည်။

ကျောက်ရှောင်ယွီသည် ဆန်းလျန်၏ မျက်ဝန်းများကို နက်နက်ရှိုင်းရှိုင်းစိုက်ကြည့်နေပြီး တိတ်ဆိတ်ငြိမ်သက်နေလေ သည်။

"ရှောင်ယွီ… ကျုပ်ထွက်သွားတာ ကြာခဲ့ပြီ၊ မင်းရောက်လာတာ နောက်ကျတယ်…"

ကျောက်ရှောင်ယွီက…

"ဘာတွေများဖြစ်ခဲ့လို့လဲ…"

"ဒီလောကမှာ ကျုပ်ဆိုတာ ရှိနေသေးလို့လား…"

ဆန်းလျန်က မေးလိုက်သည်။

ဆန်းလျန်၏ ပုံရိပ်ယောင်ကိုယ်ခွဲကို ကြည့်လိုက်ပြီး ကျောက်ရှောင်ယွီက တစ်ချက်ပင် တုံ့ဆိုင်းခြင်း မရှိဘဲ အဖြေပေးလိုက်သည်။

"ရှိနေသေးတယ်..."

ဆန်းလျန်က အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်ရင်း...

"ဒါဖြင့် ကျုပ်ကျဆုံးမသွားသေးဘူးပေါ့..."

စကားပြောပြီးသွားသည်နှင့် ဆန်းလျန်၏ မျက်ဝန်းများက ပြန်လည် မှေးမှိတ်သွားလေသည်။

ကျောက်ရှောင်ယွီသည် မခံစားနိုင်စွာဖြင့်ပင် သူမ၏လက်ချောင်းလေးများဖြင့် ဆန်းလျန်၏မျက်နှာကိုထိ ကိုင်လိုက် လေသည်။

ထိုအခါ ဆန်းလျန်၏ခန္ဓာကိုယ်သည် နှင်းမှုံလေးများအဖြစ် တစ်စစီပြိုကွဲသွားပြီး အိပ်မက်ဆန်စွာ ပျောက်ကွယ်သွား လေတော့သည်။

သို့သော်...ထိုက်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်

သင်္ကေတကတော့ ကျန်ရစ်ခဲ့ကာ ကျောက်ရှောင်ယွီ ယူဆောင်

လာသည့် ထိုက်ချင်အင်းသင်္ကေတနှင့် ပေါင်းစပ်သွားပြီး

အစိမ်းရောင် အလင်းတန်းများ ထွက်ပေါ်လာ လေသည်။

ထို့နောက် ကျောက်ရှောင်ယွီ၏ လက်ဖဝါးထက်သို့ ဆင်းသက်

လာလေသည်။

ထို့နောက် သူမ၏နားထဲတွင် တီးတိုးရေရွတ်သံတစ်သံကို

ကြားလိုက်ရသည်။

"မျောလွင့်နေတဲ့ဘဝဆိုတာ အိပ်မက်လိုပါပဲ...

ဘယ်သူသိနိုင်မှာတဲ့လဲ....

အချိန်ကလူကို ရူးသွပ်သွားစေနိုင်တယ်..."

ကျောက်ရှောင်ယွီ၏ ရင်ထဲတွင် ပဟေဠိပေါင်းများစွာဖြင့်

ပြည့်နက်နေတော့သည်။

ဆန်းလျှန်ကတော့ အစအနပင်မကျန်အောင် ပျောက်ကွယ်သွား

ခဲ့ပြီ။ သူမ ချစ်ရသူကို မည်သို့ နားလည်နိုင်ပါမည် နည်း။

သူမသည် လက်ထဲမှ ထိုက်ချင်အင်းသကော်တလေးကို တစ်

ချက်ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်ရင်း....

“တန်ခိုးစွမ်းအားတွေအားလုံး ၊ တာအိုတရားတွေအားလုံး...

ဘယ်အရာကမှ ရှင်နဲ့နှိုင်းယှဉ်လို့ မရပါဘူး.... ၊ လောကကြီး

မှာ ရှင်သာ မရှိတော့ဘူးဆိုရင် ဒီပစ္စည်းကရော ဘာများ

အသုံးဝင်ဦးမှာတဲ့လဲ..."

ကြည်လင်တောက်ပနေသည့် ထိုက်ချင်အင်းသကော်တကို

ကျောက်ရှောင်ယွီက အကျႌလက်ထဲတွင် သိမ်းဆည်း လိုက်

သည်။

ပြီးမှ သူမက လီအော့နျိုဘက်သို့ လှည့်ကြည့်လိုက်ရင်း...

"စကြာဝဠာဆေးအိုးကို သွားရှာကြစို့..."

ခွန်လွန်တောင်တစ်နေရာတွင် ဆန်းလျန်ကို တွေ့မြင်ရပြီး သည့်နောက် သူမအနေဖြင့် စကြာဝဠာဆေးအိုးကို လက်လွှတ် မခံသင့်ပေ။ စကြာဝဠာဆေးအိုးတွင် သဲလွန်စတစ်ခုခု ရှိရမည် ဟု သူမ ခန့်မှန်းထားလေသည်။

အရေးကြီးဆုံးအချက်မှာ...

"ဒါဖြင့် ကျုပ်ကျဆုံးမသွားသေးဘူးပေါ့..."

ဟု ပြောလိုက်သည့် ဆန်းလျန်၏ စကားဖြစ်လေသည်။

ထိုစကားထဲမှ "ကျဆုံးခြင်း" အငွေ့အသက်များကို ခံစားနေရ ပြီး ဆန်းလျန် ထုတ်မပြောသည့်တိုင် ဆန်းလျန် ဒုက္ခရောက်နေ ပြီကို သူမ ရိပ်မိလိုက်သည်။

ဆန်းလျန်ဒုက္ခရောက်နေပြီဆိုသည့်အတွေးသည် သူမကို များ စွာ စိတ်သောကရောက်စေပြီး ထိတ်လန့်စေလေ သည်။ သူမ ကိုယ်တိုင် အောင်မြင်မှုရခဲ့လျှင်တောင်မှ ဆန်းလျန်သာ ကျဆုံး သွားမည်ဆိုလျှင် သူမ ပျော်ရွှင်နိုင်တော့ မည်မဟုတ်ပေ။

ဆန်းလျန် မည်သို့သောဒုက္ခများ ရင်ဆိုင်နေရသည်လဲ သူမ မသိနိုင်ပေ။ သို့သော်... သူမ ဆန်းလျန်ကို အတတ်နိုင်ဆုံး ကူညီချင်မိသည်။

"တကယ်ဆိုရင် ရှင်ကချည်းပဲ ကျွန်မကို အမြဲတမ်းကူညီခဲ့တာပါ ၊ ဒီတစ်ခါတော့ ကျွန်မရှင့်ကို ကူညီနိုင်အောင် ကြိုးစားပါ့မယ်..."

ထိုစကားများသည် ကျောက်ရှောင်ယွီ၏ ရင်ထဲမှ ပြောလိုက်သည့် စကားများသာ ဖြစ်လေသည်။

*(ထိုက်ချင်တာအိုဆရာသခင်နဲ့ ထိုက်စန့်လောင်ကျွင်းက တစ်ယောက်တည်းပါပဲ ၊ နာမည်တွေက အရမ်းများနေတော့ ရှုတ်ထွေးကုန်မှာစိုးလို့ပါ - ဘာသာပြန်သူ)

အခန်း (၇၇၇) ကြေးနီတိုင်လုံးကြီးများနောက်ကွယ်ကသိုးလှို
န်းတော်

ယခုတော့ ထိုက်ချင်အင်းသကော်တနှင့် ထိုက်ချင်တာအိုဆရာ
သခင်၏ မူလဝိညာဉ်သကော်တမှာ ပေါင်းစပ်သွားခဲ့ပြီ
ဖြစ်သည်။

ထို ရတနာပစ္စည်း မည်မျှ တန်ခိုးစွမ်းအားမြင့်မားသည်ကို
ကျောက်ရှောင်ယွီပင် မခန့်မှန်းနိုင်ပေ။ ထိုရတနာပစ္စည်းကို သာ
ကောင်းကောင်း အသုံးမချနိုင်ဘူးဆိုလျှင် ကျောက်ရှောင်ယွီ
အနေဖြင့် အခွင့်ကောင်းကို ဆုံးရှုံးရသလိုခံစားရ ပေမည်။

ခွန်လွန်တောင်ပေါ်တွင် နတ်ဘုရားများစွာ၏ သဲလွန်စများ ရှိ
နေသလို လျို့ဝှက်ဆန်းကျယ်သည့် ဖြစ်ရပ်ပေါင်း များစွာ
လည်း ရှိလေသည်။ နှစ်ပေါင်းများစွာကြာခဲ့ပြီးသည့်နောက်

တိုးတက်လာသည့် သိပ္ပံခေတ်သို့ ရောက်ရှိလာခဲ့ သည့်တိုင် ခွန်လွန်တောင်ကတော့ လျှို့ဝှက်ဆန်းပြားမှုများဖြင့် ရှိနေဆဲ ဖြစ်လေသည်။

ကျောက်ရှောင်ယွီက လီအော့နျိုကို ခေါ်ဆောင်ကာ တောတောင်ရေမြေများကို ဖြတ်ကျော်ပျံသန်းလာခဲ့လေသည်။

ဆန်းလျန်သည် ခွန်လွန်တောင်ပေါ်သို့ ရောက်ရှိလာပြီး အစစ်ဆေးခံရမှုများနှင့် ဘေးအန္တရယ်များ ကင်းလွတ်သည်ကို သက်သေပြနိုင်ခဲ့သည်မှာ အဘယ်မျှ ဂုဏ်ယူစရာ ကောင်းလိုက်ပါသနည်း။

ဆန်းလျန်သည် မိုးနှင့်မြေကြားတွင် တည်ရှိနေသလို အတိတ်နှင့်အနာဂတ်ကြားတွင်လည်း တည်ရှိနေသည်။ ယနေ့ သူမ ဆန်းလျန်နှင့် စကားပြောခွင့်ရလိုက်သည်မှာ မည်မျှ ကံကောင်းလိုက်ပါသနည်း။

တုန်းဟွာတောက်ကျောင်း၏ ကိုယ်ခွဲခန္ဓာကို ဆန်းလျန် ဖျက်စီးပစ်လိုက်သည်ကို တွေ့မြင်ရပြီးသည့်နောက် လီအော့ချိုု သည် ကျောက်ရှောင်ယွီ၏ဘက်တော်သား လုံးလုံး ဖြစ်သွားခဲ့လေသည်။ သူက ကျောက်ရှောင်ယွီ၏ စကားကိုသာ အမြဲတမ်းနားထောင်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုသို့ ဆုံးဖြတ်ချက်ချလိုက်ပြီးသည်နှင့် လီအော့ချိုမှာ စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။ သူ့အနေဖြင့် တုန်းဟွာ တောက်ကျောင်းကို နာခံရမလိုလို ၊ ကျောက်ရှောင်ယွီဘက်ပဲ ရပ်တည်ရမလိုလို ၊ ဟိုလိုလို သည်လိုလို အခြေအနေ ကြီးမှ ကင်းလွတ်သွားပြီ ဖြစ်လေသည်။

ယခုတော့ သူတို့သည် ခွန်လွန်တောင်တန်းကြီးမှ အမည်မသိ တောင်ထွတ်တစ်ခုထက်သို့ ရောက်ရှိနေလေသည်။

ထိုနေရာတွင် နှစ်ပေါင်းများစွာကြာအောင် အေးခဲနေသည့် သက်တမ်းရင့် နှင်းထုကြီးက ဖုံးလွှမ်းနေလေသည်။ သူတို့သည် တောင်ထွတ်ပေါ်တွင် လမ်းလျှောက်လာကြရင်း ရှေးနှစ်ပေါင်းများစွာက အေးခဲကာ သေဆုံးနေကြသည့် ရှေးလူများ၏ အလောင်းများကို တွေ့မြင်ကြရလေသည်။

သေဆုံးနေသူတစ်ယောက်မှာ ချင်မင်းဆက်ခေတ် ၊ ဟန့်လူမျိုးတစ်ယောက် ဖြစ်လေသည်။ နောက်တစ်ယောက်မှာ တော့ချင်မင်းဆက်မတိုင်မီခေတ်က ဖိုထိုးသည့်အဂ္ဂိရတ်သမားတစ်ဦးဖြစ်ဟန်တူသည်။ နောက်ဆုံးတစ်ယောက်မှာ တော့ ကျင့်မင်းဆက်ခေတ်က ကျင့်ကြံသူတစ်ယောက် ဖြစ်နိုင်လေသည်။ အေးခဲလွန်းသည့် ရာသီဥတုကြောင့် သူတို့ (၃)ယောက်၏ ခန္ဓာကိုယ်များမှာ ပုပ်သိုးဆွေးမြေ့သွားခြင်း မရှိသေးဘဲ ရုပ်တုကြီးများအလား မာကျောတောင့်တင်းလျက် ရှိလေသည်။

သူတို့ရောက်ရှိနေသည့်တောင်တွင် ထူးဆန်းသည့် ရေခဲတန်ခိုးစွမ်းအားရှိလေသည်။ ထို့ကြောင့် တောင်ပေါ်သို့ ရောက်လာသည်နှင့် ချက်ချင်းပင် အေးခဲသေဆုံးသွားရမည် ဖြစ်လေသည်။ ထို့ကြောင့် ထိုသူများသည်လည်း သေဆုံးခဲ့ကြဟန်တူလေ၏။

သူ့ကိုလည်း ကျောက်ရှောင်ယွီသာ ကူညီပေးထားခြင်းမရှိလျှင် ထို ရှေးလူများကဲ့သို့ပင် ချက်ချင်း အေးခဲသွားရမည် ဖြစ်လေသည်။

သူတို့ ခြေထောက်အောက်မှ နှင်းထုသည် (၁၀)ပေခန့် ထူထပ်လေသည်။

ထို့ပြင် တောင်သည် မြင့်မားလွန်းသည့်အတွက် ပျံသန်းနိုင်ခြင်းမရှိပါက ဤတောင်ပေါ်သို့ တက်ရန်မှာ မည်သည့် နည်းနှင့်မှ မဖြစ်နိုင်ပေ။

တောင်တစ်ခွင်လုံးမှာလည်း သံလိုက်စက်ကွင်းများ

အားကောင်းလွန်းလေရာ လေယဉ်၊ ရဟန်ယဉ်များဖြင့် ပျံသန်း

လာမည်ဆိုလျှင်လည်း သေချာပေါက် ပျက်ကျမည် ဖြစ်လေ

သည်။

လီအော့နျိုမှာ သူ၏ခန္ဓာကိုယ်ပေါက်ကွဲထွက်သွားမည်ကို

စိတ်ပူသည့်အတွက် တန်ခိုးစွမ်းအားများကိုပင် ထုတ်ဖော်

အသုံးပြုရဲခြင်း မရှိပေ။

သို့သော်... ကျောက်ရှောင်ယွီ၏ ထိုက်ချင်အင်းသင်္ကေတ

ကတော့ ခွန်လွန်တောင်တန်းတစ်လျှောက် မည်သည့် နေရာကို

မဆို အတားအဆီးမရှိ ဖြတ်သန်းသွားလာနိုင်ပြီး သဘာဝဘေး

အန္တရယ်များအားလုံးကိုလည်း ကာကွယ်ပေး ထားနိုင်လေ

သည်။

မည်သည့်အရာကမှ ထိုက်ချင်အင်းသင်္ကေတကို တားဆီးနိုင်

ခြင်း မရှိပေ။

ရေခဲများဖြင့် ချောမွေ့နေသည့် တောင်နံရံများကို ဖြတ်ကျော်ကာ သူတို့ (၂)ယောက် တောင်အလယ်ပိုင်းသို့ လျှင်မြန်စွာပင် ရောက်ရှိလာလေသည်။

ကျောက်ရှောင်ယွီက တောင်အလယ် တစ်နေရာတွင် စည်းတစ်ခုချလိုက်ပြီး လီအော့နျိုကို စည်းအတွင်းသို့ ဝင်စေလိုက်သည်။

"ဒီစည်းထဲမှာနေခဲ့ ၊ လျှောက်မသွားနဲ့..."

ပြောပြီးသည်နှင့် ကျောက်ရှောင်ယွီသည် အလင်းတန်းတစ်ခု အဖြစ်သို့ ပြောင်းလဲကာ လီအော့နျိုရှေ့မှ ပျောက်ကွယ် သွားလေတော့သည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် ကျောက်ရှောင်ယွီသည် တောင်တစ်ဖက်ခြမ်းဆီသို့ ရောက်ရှိသွားလေသည်။

တောင်တစ်ဖက်ခြမ်းတွင် အလွန်ထူးဆန်းသည့် မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။ ဘူမိဗေဒပညာရှင်များ သာ

ဤမြင်ကွင်းကို မြင်တွေ့လိုက်ရပါက အလွန်ပင် တုန်လှုပ်ခြောက်ခြားသွားနိုင်ပေ၏။

အဘယ်ကြောင့်ဆိုသော်... တောင်တစ်ဖက်ခြမ်းတွင် အနည်းငယ်ကွေ့ကောက်နေသည့် ကျောက်သား စြက်န်လမ်း တစ်ခုရှိနေပြီး စြက်န်လမ်းအဆုံးတွင်တော့ မိုးကောင်းကင်ကို ထောက်ထားသည့် ကြေးနီတိုင်လုံးကြီးများ ကိုတွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုတိုင်လုံးကြီးများသည် နီဝါးနတ်သမီးပြုလုပ်ခဲ့သည့် စကြာဝဠာထောက်တိုင်များဖြစ်ပြီး သဘာဝအလျောက် ဖြစ်တည်နေသည့် ကြေးနီတိုင်လုံးကြီးများ လုံးဝမဟုတ်ပေ။

ကျောက်ရှောင်ယွီက တည်ငြိမ်သည့် မျက်နှာထားဖြင့် ကြေးနီတိုင်လုံးကြီး တစ်ခုဆီသို့ ပျံသန်းထွက်ခွာသွားလေ သည်။

ကြေးနီတိုင်လုံးကြီးကို ပြုလုပ်ထားသည့် သတ္တုမှာ သူမအထင်

မမှားဘူးဆိုလျှင် တွင်းထွက်ကြေးနီတစ်မျိုး ဖြစ်သည့် စန်းထုန်ကြေးနီဖြစ်နိုင်လေသည်။

ကောလဟာလများအရဆိုလျှင် စန်းထုန်ကြေးနီသည် အလွန်ပင်စွမ်းအားကြီးမားလေ၏။

ဒဏ္ဍာရီများအရဆိုလျှင်တော့ တရုတ်ပြည်ကိုတည်ထောင်သူဘိုးဘေးတစ်ယောက်ဖြစ်သည့် "ဟွမ်တိ" တွင် စန်းထုန့်ကြေးနီနှင့် ပြုလုပ်ထားသည့် ဓားတစ်လက်ရှိသည်ဟု ဆိုကြလေသည်။ ထိုဓားကို "ဧကရာဇ်ဓား" ဟု ခေါ်သည်ဟု ဆိုကြသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ကျောက်ရှောင်ယွီ၏မျက်စိရှေ့မှ ကြေးနီတိုင်လုံးကြီးများသည် မည်မျှတန်ဖိုးကြီး သည်ကိုခန့်မှန်း၍ပင် မရနိုင်ပေ။

တာအိုကျင့်ကြံသူကျောင်းတော်တစ်ခုခုမှသာ ဤကြေးနီတိုင်လုံးကြီးများကိုတွေ့ရှိရပါက ချက်ချင်းပင် သူတို့ဂိုဏ်း၏

အခြေခံအုတ်မြစ်အဖြစ်သတ်မှတ်ကာ တပည့်များကို အဆင့်ဆင့်လက်ဆင့်ကမ်းပေးသွား မည်ဖြစ်လေသည်။

တစ်ချိန်တုန်းက ချင်းရွှမ်နတ်တံခါးကဲ့သို့သော နတ်ဘုရား ဂိုဏ်းကြီးမျိုးကသာ ဤကြေးနီတိုင်ကြီးများကို တွေ့ရှိသွားပါ က အဖိုးဖြတ်နိုင်မည် မဟုတ်တော့ပေ။

တိုင်လုံးကြီးများမှာ စုစုပေါင်း (၉၉)တိုင်ဖြစ်ပြီး တိုင်လုံး တစ်ခုစီတိုင်းတွင် နဂါးကြီးတစ်ကောင်စီ ရစ်ပတ်ထားလေ သည်။ နဂါးရုပ်ကြီးများမှာ အလွန်ပင် အသက်ဝင်လွန်းလှ သည်။

နဂါးကြီးများသည် ခေါင်းကိုအောက်သို့ ငုံ့ကာ သူတို့၏အမြီး ကို သူတို့ ပြန်ကြည့်နေကြလေသည်။ သို့သော်... ထူးဆန်း သည်မှာ နဂါးရုပ်တုကြီးများတွင် မျက်လုံးများ ပျောက်ကွယ် နေကြလေသည်။

နဂါးကြီးများတွင် မျက်လုံးများ အဘယ့်ကြောင့် ပျောက်ကွယ်နေရပါသနည်းဟု ကျောက်ရှောင်ယွီ စဉ်းစားနေမိလေ သည်။ အကယ်၍ ထိုနဂါးကြီးများကို မျက်လုံးတပ်ပေးလိုက်ပါက အသက်ဝင်လာလေမည်လား။

ထိုသို့တွေးလိုက်မိသည်နှင့် ကျောက်ရှောင်ယွီက သူမရှေ့မှ နဂါးရုပ်တုကြီးတွင် မျက်လုံးပုံစံ ရေးဆွဲပေးလိုက်လေ သည်။ သူမမျှော်လင့်ထားသည့်အတိုင်းပင်...

လျှပ်စီးများလက်ကာ မိုးများခြိမ်းလာပြီး နဂါးကြီးမှာ ချက်ချင်းပင် နိုးထအသက်ဝင်လာလေသည်။

နဂါးကြီးထံမှ ကြီးမားသည့်တန်ခိုးစွမ်းအားလှိုင်းလုံးများထွက်ပေါ်လာပြီး ကျောက်ရှောင်ယွီကို လှည့်ပတ်ဝန်းရံ ထားလေ သည်။ နဂါးတန်ခိုးစွမ်းအားများမှာ ထိုက်ယွီထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးကဲ့သို့ မြင့်မားလှသည်ဟု ကျောက်ရှောင်ယွီ ခန့်မှန်းလိုက်မိသည်။

သူမက ချက်ချင်းပင် အပ်တစ်ချောင်းဖန်ဆင်းကာ နတ်နဂါး

ကြီး၏ မျက်လုံးများကို ထိုးဖောက်ပစ်လိုက်လေသည်။

ထိုအခါ နဂါးကြီးထံမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများ

ချက်ချင်းပင် ပျောက်ကွယ်သွားပြီး နဂါးကြီးမှာ ရုပ်တုကြီး

အဖြစ် ပြန်လည်ငြိမ်သက်သွားလေသည်။

သူမ လျှင်မြန်ရှသော တော်တော့သည်။ မဟုတ်ပါက ထိုက်ယီ

ထျန်းရှန်းအဆင့် နဂါးတစ်ကောင်ဖြင့် တစ်ပွဲတစ်လမ်း

တိုက်ခိုက်ရပေဦးမည်။

တစ်ချိန်တည်းမှာပင် သူမတွေးလိုက်မိသည်မှာ တစ်ချိန်တုန်း

က နဂါးကြီးများအားလုံးတွင် မျက်လုံးများ ရှိနိုင်လေသည်။

အဘယ်ကြောင့်ဆိုသော် ... နဂါးမျက်လုံးများသည် နဂါး

များ၏ တန်ခိုးစွမ်းအားတည်ရှိရာ နေရာဖြစ်သည်မှာ ထင်ရှား

နေသောကြောင့်ပင်။

လွန်ခဲ့သည့် တစ်ချိန်တုန်းက တစ်စုံတစ်ယောက်သည် ဤ နေရာသို့ ရောက်ရှိလာပြီး နဂါးများနှင့် ရင်ဆိုင်ခဲ့ဟန် ရှိလေသည်။ ထို့နောက် နဂါးများအားလုံးကို အနိုင်ယူကာ မျက်လုံးများကို ဖျောက်ဖျက်ပစ်ခဲ့ခြင်း ဖြစ်နိုင်လေသည်။

ထိုက်ယီထျန်းရှန်းအဆင့် နဂါးကြီး (၉၉)ကောင်ကို အနိုင်ယူခဲ့သူမှာ မည်သူဖြစ်ပါသနည်း။ ထိုသူသည် ကြောက်မက်ဖွယ်ရာကောင်းပေစွ။

သို့သော်... ခဏကြာသည့်အခါတွင်တော့ ထိုသူမည်သူဖြစ်သည်ကို ကျောက်ရှောင်ယွီသိလိုက်ရပြီး သူမ၏ စိတ်ထဲတွင် မအံ့သြမိတော့ပေ။

စကြာဝဠာထောက်တိုင်များ၏ အလယ်ဗဟိုတွင် မြေကွက်လပ်တစ်ခု ရှိလေသည်။ ထိုမြေကွက်လပ်မှမြေကြီးသည် ရွှေသားထက်ပင်မာကျောလေ၏။ ထိုမြေကွက်လပ်ပေါ်တွင် နာမည်တစ်ခု ရေးသားထားလေသည်။

"မိုးနှင်မြေကို ဘယ်လောက်များများ အကျိုးပြုနိုင်ခဲ့လို့လဲ... ဘဝဆိုသည်က နှိမ့်ချနေထိုင်ရန်သာလိုအပ်လေသည်...။ ထို စကားသည်အမှန်ပါပဲ...။

ပုံ /

ဆန်းလျန်"

ထိုစာကိုတွေ့လိုက်သည်နှင့် ကျောက်ရှောင်ယွီ မပြုံးဘဲ မနေနိုင် မိပေ။

ဒီလူကတော့လေ... တကယ်ပဲ ဒီနေရာအထိအောင် ရောက် အောင်လာနိုင်ခဲ့သည်ပဲ။

ထိုနှစ်များအတွင်း ဆန်းလျန်တစ်ယောက် ခွန်လွန်တောင်တွင် မည်သည့်အလုပ်များလုပ်ခဲ့သည် ၊ မည်သည့်ကျင့်စဉ်များ ကျင့်ကြံခဲ့သည်ကို သူမ သိချင်နေမိလေသည်။

ဆန်းလျန်ဆိုလျှင်တော့ ထိုက်ယီထျန်းရှန်းအဆင့် နတ်နဂါးကြီး (၉၉)ကောင်ကို လက်ဖျောက်တစ်ချက်တီးလိုက် ရုံမျှဖြင့်

အနိုင်ယူနိုင်မည်မှာ တွေးကြည့်စရာပင်မလိုဘဲ သိနိုင်လေသည်။

ထို့ပြင်... (၉၉)ခုသော စကြာဝဠာထောက်တိုင် ကြေးနီတိုင်လုံးကြီးများသည် တစ်စုံတစ်ခုကို ကာကွယ်ပေးထား သည်မှာ သေချာလှသည်။

ဆန်းလျန် လက်မှတ်ရေးထိုးထားခဲ့သည့်နေရာသို့ ကျောက်ရှောင်ယွီ လမ်းလျှောက်သွားလိုက်လေသည်။ ထိုအခါ... ရေးသားထားသည့် စာလုံးတစ်လုံးသည် အနည်းငယ် ပျက်နေသည်ကို သူမတွေ့လိုက်ရလေသည်။

ထိုပျက်နေသည့်စာလုံးကိုတွေ့လိုက်သည်နှင့် ကျောက်ရှောင်ယွီ၏နားထဲတွင် အသံတစ်သံကြားလိုက်ရသလို ခံစားလိုက်ရသည်။

သူမက ပျက်နေသည့်စာလုံးအပေါ်တွင် စာလုံးပေါ်လာစေရန်အတွက် ထပ်မံရေးသားလိုက်လေသည်။ သို့သော်... မည်သည့်

ထူးခြားချက်မှ ဖြစ်ပေါ်မလာပေ။ သို့သော်... သူမက ဇွဲမလျှော့

ဘဲ အကြိမ်ပေါင်းတစ်သောင်းတိတိ ရေးသားခဲ့လေသည်။

အကြိမ်ပေါင်းတစ်သောင်းပြည့်သည့်အခါတွင်တော့

ရုတ်တရက် နတ်ဘုရားစွမ်းအားများ ထွက်ပေါ်လာပြီး သူမ၏

လက်ချောင်းထိပ်တွင် လာရောက်စုစည်းလေသည်။

သူမ၏ လက်ချောင်းလေးသည် စက္ကူလွှာကို ထိုးဖောက်လိုက်

မိသည့်အလား ပျက်နေသည့် စာလုံးနေရာကို ထိုးဖောက် မိ

သွားလေသည်။

ရုတ်တရက်...

ပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းလဲသွားပြီး ကျောက်ရှောင်ယွီ

အခြားသောလောကတစ်ခုသို့ ရောက်ရှိသွားလေသည်။

သူမရှေ့တွင် တာအိုနန်းတော်ကြီးတစ်ခုကို တွေ့ရလေသည်။

တာအိုနန်းတော်၏ တံခါးတစ်ဖက်တစ်ချက်တွင် ကဗျာ

(၂)ကြောင်းရေးသားထားသည်ကို တွေ့ရသည်။

"ခေါင်းဆောင်တစ်ယောက်လို မိုးနဲ့မြေကိုဖွင့်လှစ်

သန့်စင်သည့်စကြာဝဠာအသစ်ကို ဖြစ်တည်စေ..."

ထို့နောက် တာအိုနန်းတော်၏ သစ်သားဆိုင်းဘုတ်ထက်တွင်...

"သိုးလွှဲနန်းတော်..."

ဟု ရေးသားထားလေသည်။

နန်းတော်တံခါးသည် အခြားနန်းတော်များကဲ့သို့ လေးထောင့်ပုံ

သဏ္ဌာန်မဟုတ်ပေ။

အဖြူရောင်နှင့်အနက်ရောင် ထိုက်ချိယင်ယန်သင်္ကေတရေးထိုး

ထားပြီး စက်ဝိုင်းပုံသဏ္ဌာန်ဖြစ်လေသည်။ နန်းတော်တံခါးကို

တင်းတင်းပိတ်ထားပြီး နှစ်ပေါင်းသန်းနှင့်ချီသည့်တိုင် မည်သူ

တစ်ဦးတစ်ယောက်မှ ဤနေရာသို့ လာရောက်ခဲ့ဟန် မတူပေ။

ဒဏ္ဍာရီများအရဆိုလျှင်တော့...

မိုးကောင်းကင် (၃၃)ထပ်ရှိလေသည်။ အပေါ်ဆုံး (၃၃)ထပ်

မြောက်မိုးကောင်းကင်ကို လီဟာန့်ထျန်း (အမှန်းတရား

ကောင်းကင်ဘုံ)ဟု ခေါ်လေ၏။ အဘယ်ကြောင့် လီဟန့်ထျန်းဟု ခေါ်ရသည်ဆိုသော် ခံစားချက်ပေါင်း (၄၄၀)တွင် ချစ်ခြင်းမေတ္တာသည် အခါးသီးဆုံးဖြစ်သည့်အတွက် ထိုကောင်းကင်ဘုံတွင် အချစ်မရှိ အမုန်းတရားဖြင့်သာ ပြည့်နက်လေသည်။

"သိုးလွှိနန်းတော်" သည် လီဟန့်ထျန်းဟုခေါ်သည့် အမုန်းတရားကောင်းကင်ဘုံတွင် တည်ရှိသည့် "ထိုက်စန့်လောင်ကျွင်း" ၏ နန်းတော် ဖြစ်လေသည်။

သို့သော်... ဤနေရာတွင် ထိုက်စန့်လောင်ကျွင်း ရှိနေသည်လား ၊ ရှိမနေဘူးလားဆိုသည်ကတော့ မသေချာလှပေ။

သိုးလွှိနန်းတော်နှင့် မျက်နှာချင်းဆိုင်နေရာတွင် တောင် (၇)လုံးရှိနေပြီး ထို တောင် (၇)လုံး၏ တည်ရှိဟန်သည် ခုနစ်စဉ်ကြယ်၏ တည်ရှိမှုနှင့် ဆင်တူလေသည်။

တိမ်တိုက်များက လွင့်မျောနေပြီး လေပြေလေးက သာယာစွာ တိုက်ခတ်နေသည်။ တကယ့်ပင် နတ်ဘုံနတ်နန်းတစ်ခုအလား သာယာလွန်းလှသည်။

သို့သော်... မိုးမြေစွမ်းအားများကတော့ အံ့သြစရာကောင်းလောက်အောင် နည်းပါးလွန်းလှသည့်အတွက် ကျင့်ကြံခြင်း ပြုလုပ်ရန် သိပ်ပြီး မသင့်တော်လှပေ။

ကျောက်ရှောင်ယွီသည် ထိုက်ချိယင်ယန်သင်္ကေတဖြင့်ပုံဖော်ထားသည့် စက်ဝိုင်းပုံသဏ္ဍာန် နန်းတော်တံခါးရှေ့သို့ ရောက်ရှိလာလေသည်။ ထိုတံခါးကို မည်သို့ ဖွင့်ရပါမည်နည်း။

သူမ၏ တန်ခိုးစွမ်းအားဖြင့်ဆိုလျှင် နန်းတော်တံခါးကို မည်သည့်နည်းနှင့်မှ ဖွင့်နိုင်စွမ်းရှိမည်မဟုတ်ပေ။

ထို့ကြောင့် သူမသည် နန်းတော်တံခါးကို ဖွင့်လှစ်ရန်အတွက် ထိုက်ချင်အင်းသင်္ကေတကို အသုံးပြုရန် ဆုံးဖြတ်လိုက် လေတော့သည်။

အခန်း (၇၇၈) ထိုက်ချင်တာအိုကျမ်း

ကျောက်ရှောင်ယွီက ထိုက်ချင်အင်းသင်္ကေတကကို ထုတ်ယူလိုက်လေသည်။

သို့သော်… သူမ မည်မျှပင် ကြိုးစားပါစေ ထိုက်ချင်အင်းသင်္ကေတသည် သိုးလှိုနန်းတော်တံခါးကို ဖွင့်ရန် မတတ်နိုင်ခဲ့ပေ။

ကျောက်ရှောင်ယွီမှာ စိတ်များ ရှုတ်ထွေးသွားပြီး သူမ၏ တန်ခိုးစွမ်းအားကို အသုံးပြုကာ သိုးလှိုနန်းတော်တန်ခါးကို ဖွင့်ရန် ကြိုးစားလိုက်လေသည်။

သို့သော်... သူမထုတ်လွှတ်လိုက်သည့် တန်ခိုးစွမ်အား များသည် နန်းတော်တံခါးကို ထိမိသည်နှင့် သူမရှိရာသို့ တန်ပြန်ရိုက်ခတ်လာပြီး ကျောက်ရှောင်ယွီမှာ ဒဏ်ရာပင် ရသွားလေသည်။ သူမက တံခါးကိုဖွင့်ရန်ကြိုးစားလေ တံခါးကလည်း လုံးဝမပွင့်ဘဲ တင်းခံနေလေ ဖြစ်လေသည်။

ထို့ကြောင့်သူမသည် အရမ်းကာရောမလုပ်တော့ဘဲ တံခါးကို ဖွင့်နိုင်မည့် အဓိက သော့ချက်ကိုသာ စိတ်အေးအေး ထားကာ သေသေချာချာ စဉ်းစားလေတော့သည်။

ကျောက်ရှောင်ယွီက သဲလွန်စများကိုပြန်စဉ်းစားနေလေသည်။

ပထမတစ်ချက်...

"အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရာယ်များအားလုံးသည် ဤနေရာတွင် အဆုံးသတ်ခဲ့ကြောင်း ဆန်းလျန်က သက်သေပြခဲ့သည်"

ဒုတိယတစ်ချက်...

"မိုးနှင်မြေကို ဘယ်လောက်များများ အကျိုးပြုနိုင်ခဲ့လို့လဲ... ဘဝဆိုသည်က နှိမ့်ချနေထိုင်ရန်သာလိုအပ်လေသည်...။ ထို စကားသည်အမှန်ပါပဲ...။"

ဆိုသည့်စာကြောင်းများ ဖြစ်လေသည်။

ပထမအချက်က နားလည်ရန်လွယ်လေသည်။

ဆန်းလျန်က ဤနေရာတွင် မည်သည့်ဘေးဒုက္ခမှ ခံစားရမည် မဟုတ်ဟု ဆိုလိုခြင်း ဖြစ်လေသည်။ သို့သော်... ဘေးဒုက္ခများ မှ ကင်းလွတ်မည်ဆိုသည်က အလိုလိုနေရင်းတော့ မ ကင်းလွတ်နိုင်ပေ။ လျှို့ဝှက်ချက် တစ်စုံတစ်ခု ရှိရမည်ဖြစ် လေသည်။

အနောက်သို့ ခရီးသွားမှတ်တမ်းစာအုပ်ထဲတွင် -

စကြာဝဠာအရှင်ကြီးစွန်းဝူခုံးသည် ရွှေမျက်စံမီးမျက်စိ ၊ ကြေး ခေါင်းနှင့် သံမဏိခန္ဓာကိုယ် ရရှိခဲ့ရာနေရာသည် ထိုက်စန့်လော င်ကျွင်းဘိုးဘိုး၏ သိုးလှိုနန်းတော်ထဲတွင် ဖြစ်လေသည်။

သို့သော်… သိုးလွိုနန်းတော်သို့ မရောက်ခင်က စကြာဝဠာ အရှင်ကြီးစန်းဝူခုံးသည် နတ်အရက်ကိုလည်း သောက်ခဲ့သလို နတ်မက်မွန်သီးများကိုလည်း မရေမတွက်နိုင်အောင် စားပစ်ခဲ့လေသည်။ ထို့ပြင် ထိုက်စန့်လောင်ကျွင်းဘိုးဘိုး၏ ဆေးတောင့်လုံး များကိုလည်း ဝါးစားပစ်ခဲ့သေးသည်။

ထိုအပြစ်ကြောင့်သူသည် ထိုက်စန့်လောင်ကျွင်းဘိုးဘိုး၏ ဖိုထဲတွင် ထည့်အထိုးခံရရန် အပြစ်ပေးခံခဲ့ရလေသည်။

သို့ရာတွင်… ထိုသို့ ဖိုထဲသို့ ထည့်ထိုးခံလိုက်ရသည့်အတွက် ထိပ်တန်းအဆင့် အောင်မြင်မှုများဖြစ်သည့် ရွှေမျက်စံမီး မျက်စိ ၊ ကြေးခေါင်းနှင့် သံမဏိခန္ဓာများကို ရရှိခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် လောကတွင် အန္တရယ်များအားလုံးကို စွန်းဝူခုံးသည် ကျော်ဖြတ်နိုင်ခဲ့လေသည်။

ဤသို့ဆိုလျှင် ဆန်းလျန်သည်လည်း မည်သို့သော ကျင့်ကြံမှု များကို ပြုလုပ်ခဲ့သည့်အတွက် အန္တရယ်များကင်းလွတ် သည် ကို သက်သေပြနိုင်ခဲ့ပါသနည်း။

ထိုလျှို့ဝှက်ချက်သည် သိုးလှိုနန်းတော်ထဲတွင် ရှိရမည်ဟု ကျောက်ရှောင်ယွီ ခန့်မှန်းကြည့်လိုက်မိသည်။ သို့သော်...

နန်းတော်ထဲမှ ပြန်ထွက်လာသည့်အခါ ဆန်းလျန်သည် မည် သည့်နေရာသို့ ရောက်ရှိသွားခဲ့ပါသနည်း။ ထိုအချက် ကတော့ ပဟေဠိတစ်ခုဖြစ်လေ၏။

နောက်တစ်ခု သူမသုံးသပ်ရန်မှာ...

"မိုးနှင်မြေကို ဘယ်လောက်များများ အကျိုးပြုနိုင်ခဲ့လို့လဲ... ဘဝဆိုသည်က နှိမ့်ချနေထိုင်ရန်သာလိုအပ်လေသည်...။ ထို စကားသည်အမှန်ပါပဲ...။"

ဟူသည့် စာကြောင်းဖြစ်လေသည်။

အစပိုင်းတွင်တော့ ကျောက်ရှောင်ယွီက ထိုစာလုံးများမှာ စိတ်အာရုံစူးစိုက်မှုတစ်ခုထည့်သွင်းထားသည့် သာမန် စာကြောင်းများဟု ထင်ခဲ့မိလေသည်။

ပျက်နေသည့် နောက်ဆုံးစာလုံးလေးသည် သိုးလွှဲနန်းတော်သို့ လာရာလမ်းဖြစ်လေသည်။

သို့သော်... သေသေချာချာ ပြန်စဉ်းစားကြည့်မည်ဆိုလျှင် စာကြောင်းတစ်ကြောင်းအတွင်းမှ ပျက်နေသည့် စာလုံးတစ်လုံးကို ပြန်လည်ရေးသားခြင်းသည် ပျောက်ဆုံးနေသည့် အဓိပ္ပါယ်ကို ပြည့်ဝစေလေသည်။

ထိုသို့ဆိုလျှင်... ထိုစာကြောင်းတစ်ကြောင်းလုံး၏ အနက်အဓိပ္ပါယ်သည် မည်သို့ ရှိမည်နည်း။ အထပ်ထပ်အခါခါ စဉ်းစားကြည့်ပြီးသည့်နောက် သူမ တဖြည်းဖြည်း သဘောပေါက်လာလေသည်။

သူမသည် စာကြောင်း၏ အစမှ စတင်ရန် မသင့်ပေ။

စာကြောင်း၏အစပိုင်းတွင်ရေးသားထားသည့် "မိုးနှင့်မြေကို ဘယ်လောက်များ အကျိုးပြုနိုင်ခဲ့လို့လဲ" ဆိုသည့် စာကြောင်းနှင့် "နိမ့်ချနေထိုင်ရန်လိုအပ်လေသည်" ဆိုသည့် စာကြောင်းကို (၂)ပိုင်းပိုင်းလိုက်သည့်အခါ "နတ်ဘုရားများကတော့ မိုးနှင့်မြေကို မည်သည့်အကျိုးမှ မပြုနိုင်၊ လူသားများကတော့ လောကရှုံ့နှံ့တောထဲတွင် နစ်မျောနေဆဲ" ဟု အဓိပ္ပါယ် ထွက်လာလေသည်။

ထိုသို့ စာကြောင်းကို အလယ်ခေါင်မှဖောက်ပြီး စာလုံးများကို ပြန်စီကြည့်လိုက်သည့်အခါ ထိုစာကြောင်းသည် ထိုက်စန့်လောင်ကျွင်းရေးသားခဲ့သည့် တာအိုတေချင်ကျမ်းမှ စာကြောင်းတစ်ကြောင်း ဖြစ်နေလေသည်။

*(တရုတ်စာလုံးတွေကို ဟိုရွှေ့ဒီရွှေ့ပြုလုပ်ခြင်းဖြစ်သည့်အတွက် ဘာသာပြန်သူလည်း နားလည်သလောက် ပြန်

ရေးပေးလိုက်ရပါသည်၊ အဓိပ္ပါယ်အတိအကျတော့ မထွက်နိုင်ပါ - ဘာသာပြန်သူ)

ချင်းရှမ်နတ်တံခါးတည်ရှိရာလောကတွင်တော့ ထိုစာကြောင်း၏အဓိပ္ပါယ်ကို အတိအကျ ဘာသာပြန်ထားသည်မှာ...

"မိုးနှင့်မြေသည် ဘက်လိုက်မှုမရှိ၊ မိုးနှင့်မြေသည် အတ္တမရှိ၊ သတ္တဝါအားလုံးကို တန်းတူညီမျှဆက်ဆံသည်။ ပညာရှိသည်လည်း ဘက်လိုက်မှုမရှိ၊ အတ္တမရှိ၊ အရာအားလုံးကို သူ့သဘောသူဆောင်စေသည်။ မိုးနှင့်မြေတွင် လွင့်မျောနေသမျှသည် နောက်ဆုံးတော့ ဘာမှမဟုတ်၊ အရာအားလုံးက အနတ္တပါ။ မိုးကသည်းပြီး၊ လေကထန်၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများ၏အမိန့်များက ရှုတ်ထွေးလှပြီး လက်တွေ့မကျ၊ တိတ်ဆိတ်နေသည်ကသာ ပညာရှိရာကျသည်။"

ဟူ၍ ဖြစ်လေသည်။

ထိုအကြောင်းများကို တွေးလိုက်မိသည်နှင့် ကျောက်ရှောင်ယွီ

မှာ မပြုံးဘဲ မနေနိုင်တော့ပေ။ ယခုတော့ သူမသည် အဓိပ္ပါယ်

ကို နားလည်သွားပြီ ဖြစ်လေသည်။ ဘာလုပ်ရမည်ကိုလည်း

သိရှိသွားခဲ့ပြီ။

ဤနေရာသည် ထိုက်စန့်လောင်ကျွင်း၏ သိုးလှိုနန်းတော်ဖြစ်

လေသည်။ ထို့ကြောင့် ထိုက်စန့်လောင်ကျွင်း၏ စကားအတိုင်း

လိုက်နာမှသာလျှင် နန်းတော်တံခါးကို ဖွင့်နိုင်ပေလိမ့်မည်။

ယခင်က သူမ၏အတွေးများက ရှုတ်ထွေးနေသည့်အတွက်

အမှန်ကို မမြင်နိုင်ဘဲ လွဲမှားခဲ့ရခြင်း ဖြစ်လေသည်။

သူမသည် သိုးလှိုနန်းတော်တံခါးအရှေ့တွင် ငြိမ်သက်စွာဖြင့်

တင်ပျဉ်ခွေ ထိုင်ချလိုက်လေသည်။

တိမ်များက မျောလွင့်နေဆဲ ၊ လေပြေသည်လည်း တိုက်ခတ်

နေဆဲ။ သို့သော်... သူမကတော့ အတွေးတစ်ချက်ပင် မရှိဘဲ

ငြိမ်သက်နေခဲ့လေသည်။

အတွေးမရှိ။ အချိန်၏စီးဆင်းမှု မရှိ။

လောကကြီး၏ပြောင်းလဲမှုများအားလုံး သူမ မသိတော့။

ထိုအချိန်...

အလင်းရောင်သဲ့သဲ့လေးတစ်ခုထွက်ပေါ်လာပြီး သိုးလှို

နန်းတော်တံခါးရှိရာသို့ စီးဆင်းဝင်ရောက်သွားလေသည်။

ထိုက်ချင်အင်းသင်္ကေတမှ အလင်းတန်းတစ်ခု ထွက်ပေါ်လာ

ပြီး ထိုအလင်းရောင် သဲ့သဲ့လေးဖြင့် ပေါင်းစပ်သွားလေ သည်။

ထိုအခါ ... သူမ၏ စိတ်အာရုံထဲတွင် အလင်းရောင်များ လင်း

လက်တောက်ပလာလေသည်။

သူမမျက်လုံးဖွင့်ကြည့်လိုက်သည့်အခါတွင်တော့ ဖိုထိုးသည့်

အခန်းတစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရ

တော့သည်။

သူမသည် သိုးလှိုနန်းတော်အတွင်းသို့ ရောက်ရှိနေပြီ ဖြစ်လေ

သည်။

အခန်းထဲတွင် ခရမ်းရောင်နှင့် အပြာရောင် ဘူးသီးခြောက်ဘူး များ စီစီရီရီ ရှိနေလေသည်။ အခန်းအလယ် တည့်တည့်တွင် တော့ ထိုက်ချိသင်္ကေတများ ရေးထိုးထားသည့် ဖိုတစ်လုံးရှိနေ လေသည်။ ထိုဖိုသည် သာမန် ပါးကွဖိုတစ်ခုလား ၊ စကြာဝဠာ ဆေးအိုးလာ ဆိုသည်ကိုတော့ သူမ သိရှိနိုင်ခြင်း မရှိပေ။ ဖိုခန်းသည် အလွန်မှ သန့်ရှင်းနေလေသည်။ ဖုံနှင့် အညစ်အကြေးတစ်စွန်းတစ်စပင် ညစ်ပေနေခြင်း မရှိပေ။

ကျောက်ရှောင်ယွီက ဘူးသီးခြောက်တစ်ခုကို ဖွင့်ကြည့်လိုက် လေသည်။ သို့သော်... မည်သည့်ဓာတ်လုံးမှ မရှိပေ။ ထို့ကြောင့် ဤနေရာတွင် ထိုက်စန့်လောင်ကျွင်း မရှိတော့သည် ကို သူမနားလည်လိုက်သည်။

ထို့နောက် သူမက အခန်းအလယ်မှ ဖိုကို ဖွင့်ကြည့်လိုက်လေ သည်။ ဖိုထဲတွင် လေးထောင့်ပုံသဏ္ဍာန် အနက်ရောင် ဆေး ကျောက်တုံးတစ်တုံးကို တွေ့ရလေ၏။

သူမသည် သူမ၏မျက်လုံးနှင့်နားများကိုပင် မယုံနိုင်ဖြစ်သွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ဆေးကျောက် တုံးဆီမှ နှလုံးခုံသံကြားနေရသောကြောင့် ဖြစ်လေသည်။

ထိုကြောင့် သူမက ဆေးကျောက်တုံးကို သေသေချာချာ သတိထားပြီး ကြည့်လိုက်သည်။ ထိုအခါ... ဆေးကျောက်တုံး ထက်တွင် မမြင်နိုင်သည့် အပေါက် (၉)ပေါက် ရှိနေပြီး ထို အပေါက်များမှ အသက်ရှူနေခြင်း ဖြစ်သည်ကို သိရှိလိုက်ရလေသည်။

ကျောက်ရှောင်ယို့ ရင်ထဲတွင် တစ်ချက် လှုပ်ရှားသွားလေသည်။ အဘယ်ကြောင့်ဆိုသော်... ဆေးကျောက်တုံးမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများက ကြည်လင်လွန်းပြီး တာအိုတရားများဖြင့် ပြည့်နက်နေသောကြောင့် ဖြစ်လေသည်။

ကျောက်ဆေးတုံး၏ အပေါ်က (၉)ခုမှ စီးဆင်းထွက်ပေါ်နေသည့် တာအိုတရားများသည် အလွန်မှ ထူးဆန်းနက်နဲလှပေ၏။

ကျောက်ရှောင်ယွီက ဆေးကျောက်တုံးကို အတန်ကြာ စိုက်ကြည့်နေလေသည်။ ထိုအခါ ဆေးကျောက်တုံးအတွင်းမှ တာအိုတရားများသည် သူမ၏ စိတ်ထဲသို့ စီးဆင်းဝင်ရောက်လာလေသည်။

ထိုသို့ဖြင့်....

(၉)ရက်နှင့် (၉)ညတိတိကြာမြင့်သွားခဲ့သည်။

ကျောက်ရှောင်ယွီ၏စိတ်ထဲသို့ စီးဆင်းဝင်ရောက်သွားသည့် တာအိုတရားများသည် ကျမ်းစာတစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ထိုကျမ်းစာ၏အမည်မှာ "ထိုက်ချင်တာအိုကျမ်း" ဟူ၍ ဖြစ်လေ၏။

သူမက ကျမ်းစာ၏ သဘောတရားကို ပိုင်းခြားနားလည်သွား

သည့်အခါတွင်တော့ ထိုကျမ်းစာသည် ကြောက်မက်ဖွယ်ရာ

ကောင်းလောက်အောင် တန်ခိုးစွမ်းအားမြင့်မားကြောင်း

နားလည်သွားလေသည်။

မိုးနှင့်မြေတွင် ကျင့်စဉ်လမ်းကို အဆင့် (၄)ဆင့် ခွဲခြား

သတ်မှတ်ထားလေသည်။

တန်ခိုးစွမ်းအားသန့်စင်သည့်အဆင့် (ဟိုင်သန်းအဆင့်) ၊ နတ်

ဘုရားဖြစ်သည့်အဆင့် ၊ မရှိမှုအဆင့် (ထိုက်ယီထျန်းရှန်း) ၊

တာအိုနှင့်တစ်သားတည်းကျခြင်းအဆင့် ဟူ၍ ဖြစ်လေသည်။

ထိုအဆင့်များသည် တစ်ဆင့်ခြင်းသွားရမည့် အဆင့်များ ဖြစ်

လေသည်။

သို့သော် "ထိုက်ချင်တာအိုကျမ်း" ကတော့ ပထမအဆင့် (၃)ဆင့်

ကို ကျော်လိုက်ပြီး တာအိုနှင့်တစ်သားတည်းကျခြင်း အဆင့်

ကို ရေးသားထားခြင်း ဖြစ်လေသည်။

မိုးကောင်းကင်ကသန့်စင်သလို မြေပြင်ကလည်း သန့်စင်သည်။

ထိုက်ချင်တာအိုကျမ်းစာ၏အစပိုင်းတွင် စကြာဝဠာအတွင်းမှ ကြည်လင်သည့်တန်ခိုးစွမ်းအား (၂)ခုဖြစ်သည့် မိုးမြေ တန်ခိုးစွမ်းအားကို မည်သို့ ရရှိအောင် ကြိုးစားရမည်ကို သင်ပြပေးထားလေသည်။

မိုးမြေတန်ခိုးစွမ်းအား (၂)ခုသည် သန့်စင်သည့် သဘာဝတရားနှင့် ပေါင်းစပ်သွားသည့်အခါ လောကရှိ "လူပြန်ဝင်စားခြင်းလမ်းစဉ်" ဖြစ်တည်လာလေသည်။

ထိုကျင့်စဉ်ကို ကျင့်ကြံလိုက်သည်နှင့် မိုးကောင်းကင်နိယာမမှ လူပြန်ဝင်စားခြင်း တန်ခိုးစွမ်းအားကို ရယူသုံးစွဲနိုင် မည်ဖြစ်လေသည်။

ထိုက်ချင်တာအိုကျမ်းသည် နက်နဲလွန်းသည့်အပြင် မိုးကောင်းကင်နိယာမ၏ ကြီးမြတ်သည့် လူပြန်ဝင်စားခြင်း တန်ခိုးစွမ်းအားကို အလေးအနက် ဖော်ပြထားလေသည်။ လူပြန်ဝင်စားခြင်းတန်ခိုးစွမ်းအားကိုသာ ရရှိလျှင် ဝိညာဉ် သည် စကြာဝဠာဗလာနယ်ထဲသို့ ရောက်ရှိသွားပြီး မည်သည့် ဘေးဒုက္ခအန္တရယ်ကိုမဆို ခံစားရတော့မည် မဟုတ်ပေ။ ထို တန်ခိုးစွမ်းအားသည် ဟွင့်ယွမ်ဝူကျိကဲ့သို့ လောကကို ထိန်းချုပ်နိုင်ပြီး နိယာမများအားလုံးမှ လွတ်မြောက်စေလေ သည်။

ကျောက်ရှောင်ယီက တစ်ချက်စဉ်းစားလိုက်သည်။

သူမသာ ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံမည်ဆိုပါက တန်ခိုး စွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေမှ ထွက်ခွာသွား နိုင်မည် ဖြစ်လေသည်။

ထို့ပြင်… ထိုက်ချင်တာအိုကျမ်းမှ ကျင့်စဉ်အတိုင်း စကြာဝဠာ

ဗလာနယ်ထဲသို့ဝင်ရောက်ကာ တာအိုနှင့် ကာရံညီသွားအောင်

ပြုလုပ်နိုင်ပါက လော်ဝါဒတည်ထောင်သူဆရာသခင်၏

ရန်သူ၏ရန်မှလည်း ကင်းလွတ်နိုင်မည် ဖြစ်လေသည်။

ထိုအချက်များက အငြင်းပွားနိုင်ဖွယ်ရာမရှိပေ။

သို့သော်… ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံရန်အတွက်

ထိုက်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတ လိုအပ်

လေသည်။ ထိုက်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်

သင်္ကေတရှိပါက မည်မျှပင် တန်ခိုးစွမ်းအား မြင့်မားပါစေ

ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံနိုင်မည် မဟုတ်ပေ။

ယခု သူမဆီတွင် ထိုက်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်

သင်္ကေတရှိပြီးသားဖြစ်လေသည်။ ထို့ကြောင့် သူမအနေဖြင့်

ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံမည်ဆိုပါက ရေကန်အသင့်

ကြာအသင့်ပင် ဖြစ်တော့၏။

အခြားသောအချိန်သာဆိုလျှင် ကျောက်ရှောင်ယွီသည် ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံရန် အနည်းငယ် တွန့်ဆုတ်နေမိမည် ဖြစ်လေသည်။ သို့သော်... ယခုတော့ သူမသည် ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံရန် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သည်။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်ကို ကူညီချင်သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်ကို ကူညီရန်အတွက် သူမသည် တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေမှ ထွက်ခွာရမည် ဖြစ်သလို ပြိုင်ဘက်ကင်း တန်ခိုးစွမ်းအားများလည်း ပိုင်ဆိုင်ထားရန် လိုအပ်လေသည်။

ထို့ပြင် သူမစဉ်းစားမိသည့် နောက်ထပ်ကိစ္စတစ်ခုလည်း ရှိသေးသည်။ ထိုအချက်မှာ ဆန်းလျန်သည်လည်း ထိုက်ချင်တာ

အိုကျမ်းကို ကျင့်ကြံခဲ့သည်လား ၊ မကျင့်ကြံခဲ့ဘူးလားဆို

သည့် အချက်ပင် ဖြစ်လေ၏။

ကြည့်ရသည်မှာ ဆန်းလျှန်လည်း ကျင့်ကြံခဲ့ဟန် ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် သူသည်လည်း ဤနေရာသို့ ရောက်ရှိ

လာခဲ့သည်ပဲ မဟုတ်ပါလား။

သို့မဟုတ်... သူမ မသိရှိသည့် အခြားသောအကြောင်းအရာ

များ ရှိနေနိုင်သေးသည်။

ထို့နောက်တွင်တော့ ကျောက်ရှောင်ယွီက တောင်ပေါ်တွင်စောင့်

ခိုင်းထားသည့် လီအော့နျိုကို သိုးယွိနန်းတော်သို့ ခေါ်ဆောင်

လာပြီး နန်းတော်အပြင်ဘက်တွင် သူမကို ကာကွယ်ပေးရန်

စောင့်ခိုင်ထားလိုက်လေသည်။ သူမက လီအော့နျိုကို ကျင့်စဉ်

နည်းနည်းပါးပါးလည်း သင်ပြပေးလိုက်သည်။

လီအော့နျိုသည် ထူးခြားသူဖြစ်ပြီး သူ၏ဇာစ်မြစ်မှာ ပေါ့သေး

သေးမဟုတ်သည်ကို ကျောက်ရှောင်ယွီ သိရှိထားလေ သည်။

လီအော့နျိုသာ အတိတ်ဘဝတုန်းကကဲ့သို့ တန်ခိုးစွမ်းအားများ ပြန်ရလည်ရှိလာလျှင် အနာဂတ်တွင် သူမအတွက် ကောင်းကောင်းအထောက်အကူပြုနိုင်သည့် လူတစ်ယောက် ဖြစ်လာနိုင်လေသည်။

အတိတ်မှ တန်ခိုးစွမ်းအားများ ပြန်မရသေးလျှင်တောင်မှ လီအော့နျို၏လက်ထဲတွင် လေဝင်ချိန်လေးညှို့ရှိနေခဲ့လျှင် လောကတွင် သူ့ကိုရင်ဆိုင်နိုင်မည့်သူ သိပ်ပြီးရှိမည် မဟုတ်ပေ။

အခန်း (၇၇၉) လူတွေကြားထဲကနတ်ဘုရား

မီးပုံးပွဲတော်မှ ပြန်လာပြီးသည့်နောက် ဆန်းလျှန်သည် စိတ်နှင့်
လူနှင့်မကပ်သည်ကို ကူးဝေဝေ ရိပ်မိလိုက်သည်။
နောက်ဆုံးတော့ သူမအောင့်မထားနိုင်တော့ဘဲ ဆန်းလျှန်ကို
မေးလိုက်လေတော့သည်။
"အားလျှန်... အခုတလော ဘာတွေတွေးနေတာလဲဟင်..."
ကူးဝေဝေ၏ ကြည်လင်သည့်မျက်ဝန်းလေးများထဲတွင် ဆန်း
လျှန်အတွက် ပူပန်သည့်အရိပ်အငွေ့များ အထင်းသား ပေါ်လွင်
နေလေသည်။
ဆန်းလျှန်က...
"အခုတလေ နေ့တိုင်းနီးပါး အိပ်မက်တွေမက်နေတယ်..."
ဆန်းလျှန်၏ အဖြေကြောင့် ကူးဝေဝေမှာ ပိုပြီး စိတ်ပူသွားရ
သည်။
ယခုဆိုလျှင် သူမသည်လည်း သာမန်လူတစ်ယောက်မဟုတ်
တော့ဘဲ ကျင့်ကြံသူတစ်ယောက် ဖြစ်နေလေရာ ဆန်းလျှန်

ကဲ့သို့သော အဆင့်မြင့်နတ်ဘုရားများသည် အိပ်မက်မက်လေ့မရှိသည်ကို သူမ ကောင်းကောင်း သိလေ သည်။

ကူးဝေဝေက...

"ဘာအိပ်မက်တွေမက်နေတာလဲ..."

ဆန်းလျန်က...

"ကျွန်တော်သေသွားတယ်လို့ အိပ်မက်မက်နေတာ..."

ကူးဝေဝေက ထူးဆန်းသည့်အပြုံးတစ်ချက် ပြုံးလိုက်ရင်း....

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ နင် အခုလည်း အကောင်းကြီးရှိနေသေးတာကို..."

ဆန်းလျန်က...

"ကျွန်တော် အခုတော့ အကောင်းကြီးပေါ့ ၊ ဒါပေမဲ့ အဲဒီအိပ်မက်က တကယ့်အစစ်အမှန်လိုပဲ..."

ကူးဝေဝေက...

"ဘယ်လိုမျိုးခံစားရလို့လဲ..."

ဆန်းလျန်က...

"အရင်တုန်းက ဖြစ်ပျက်ခဲ့တာကို ပြန်မြင်နေရသလိုမျိုးပဲ၊ ဒါပေမဲ့ ဖြစ်မလာသေးတာတစ်ခု ဖြစ်လာတော့မှာကို မြင်နေရတာမျိုးနဲ့လည်း တူတယ်၊ အဲဒီအိပ်မက်က တကယ်အံ့ဩစရာကောင်းတယ်..."

ကူးဝေဝေက စိတ်ရှုတ်သွားဟန်ဖြင့်...

"အိပ်မက်ထဲမှာ ဘယ်လိုအကြောင်းအရာတွေကို တွေ့ရတာလဲ..."

ဆန်းလျန်က...

"အိပ်မက်ထဲမှာ ကျွန်တော့်ကိုသတ်ဖို့ တန်ခိုးစွမ်းအား အရမ်းမြင့်မားတဲ့ နတ်ဘုရား (၈)ယောက် ရောက်လာတယ်၊ သူတို့ထဲကတစ်ယောက်က ကျွန်တော့်ကို သတ်နိုင်လောက်အောင် တန်ခိုးစွမ်းအားမြင့်မားတယ်၊ သူတို့ (၈)ယောက် ပေါင်းလိုက်တော့ ကျွန်တော်ဘယ်လိုမှ မခုခံနိုင်တော့ဘူး..."

ကူးဝေဝေက တည်ကြည်သည့် မျက်နှာထားဖြင့်...

"အဲဒီနတ်ဘုရားတွေက နင့်ရဲ့ရန်သူတွေဖြစ်မယ်ထင်တယ်၊ နင် အတိတ်မေ့နေတာလည်း သူတို့တွေနဲ့ ပတ်သက် နေနိုင် တယ်..."

ဆန်းလျန်က...

"အဲဒီလောက် မရိုးရှင်းဘူး၊ အဲဒီတုန်းက သူတို့ကို ကျွန်တော် မခုခံနိုင်ခဲ့ဘူးဆိုတာ တော်တော်လေး ထူးဆန်းနေတယ်၊ ပြီး တော့ ကျွန်တော့မှာ အဲဒီတုန်းက ဓား (၄)လက်ရှိတယ်၊ အဲဒါ ကြောင့် သူတို့ကို ခဏတော့ တောင့်ခံထားနိုင်ခဲ့တယ်..."

ကူးဝေဝေက...

"ဒါပေမဲ့ နောက်ဆုံးတော့ နင် သေတာပဲမဟုတ်လား..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အင်းလေ… သေတာပဲပေါ့၊ ဒါပေမဲ့ အဲဒီဓား (၄)လက်ကို

ကျွန်တော် သေသေချာချာ မှတ်မိနေတယ်၊ သူတို့ရဲ့ ဓါး

သံတွေကိုတောင် ခံစားမိနေသေးတယ်…"

ကူးဝေဝေက…

"အဲဒီတော့ နင်က အဲဒီဓားတွေကို ရှာချင်လို့လား…"

ဆန်းလျန်က ခေါင်းခါယမ်းလိုက်ရင်း…

"အဲဒီဓားတွေ ရှိတယ်ဆိုတာပဲ ကျွန်တော် သိတာပါ၊ ဘယ်

နေရာမှာလဲဆိုတာ မသိဘူးလေ…"

တကယ်လည်း ထိုဓားများ မည်သည့်နေရာတွင် ရှိသည်ကို

ဆန်းလျန် မသိပေ။

ထို့ပြင် ယခုအချိန်တွင် ထိုဓားများသည် ရှိရောရှိသေးသည်

လား မသိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဆန်းလျန်၏

ကျင့်ကြံခြင်းအဆင့်သည် အချိန်နှင့်နေရာဒေသကိုဖြတ်ကျော်

နိုင်စွမ်းရှိလေရာ ထိုဓားများ၏ ဓါးသံထွက်ပေါ်လာ သည့်

အချိန်ကို ခံစားမိလေသည်။ တိကျသည့် အချိန်ကာလတစ်ခုမှ ခေါ်သံများအလား ဖြစ်လေသည်။

တိကျသည့်ထိုအချိန်ကာလကို ကျော်လွန်သွားလျှင် ထိုဓားများကို မတွေ့ရှိနိုင်တော့ပေ။

ထို့ပြင်... ထိုဓားများခေါ်နေသည့် တိကျသည့်အချိန်ကာလသည် အတိတ်လား၊ အနာဂတ်လား ဆန်းလျန် မသိရှိပေ။

ကူးဝေဝေက...

"နင်မသိဘူးဆိုရင်လည်း စိတ်လျှော့ထားလိုက်ပါ၊ အများကြီးလျှောက်မစဉ်းစားနဲ့..."

သူမက ဆန်းလျန်ကို နှစ်သိမ့်လိုက်ခြင်းသာ ဖြစ်လေသည်။

သို့သော်... ထိုကိစ္စသည် ခပ်လွယ်လွယ်ကိစ္စမဟုတ်ကြောင်း သူမ၏စိတ်ထဲတွင် သိနေလေသည်။ ထို့ပြင် ဆန်းလျန် ထိုမျှအလေးအနက်ထားပြီး စိတ်ပူနေဟန်ကိုလည်း သူမဘဝတွင် တစ်ခါမှ မတွေ့မြင်ခဲ့ဖူးပေ။

ဆန်းလျှန်သည်လည်း အိပ်မက်နှင့်ပတ်သက်ပြီး စိတ်ပူနေလေသည်။ သူ၏ကျင့်ကြံမှုလည်း မရပ်တန့်သလို သူ၏ စိတ်သည်လည်း အတားအဆီးမရှိ လွတ်လပ်နေသေးသည်။ သို့သော်... လက်ရှိအခြေအနေမှာ သူ့တွင် ဖြစ်လေ့မရှိ သည့်အခြေအနေဖြစ်လေသည်။ ရေရှည်ဖြစ်လာပါက သူ့အတွက် ကောင်းကျိုးမရှိနိုင်ပေ။

ကြာပန်းဖြူပြောသည်မှာ မှန်လေသည်။

သူ့စိတ်ထဲတွင် ပြဿနာတစ်ခုခု ရှိနေလေသည်။ သူ၏ကျင့်ကြံမှုသည် ရပ်တန့်မနေသည့်တိုင် အဆက်မပြတ်ဆုတ်ယုတ်လာခဲ့လေသည်။

တန်ခိုးစွမ်းအားများ ၊ ကျင့်ကြံခြင်းများနှင့် မဆိုင်လှပေ။

ပြဿနာသည် သူကိုယ်တိုင်သာ ဖြစ်လေ၏။

အမှန်တရားကို မရှောင်လွှဲလိုခြင်းသည် သူ့အတွက် အမှားတစ်ခု ဖြစ်နေခဲ့သည်လား။ ထိုအချက်မှာ ဆန်းလျန် စိတ်ပူနေသည့် အချက် ဖြစ်လေသည်။

ကူးဝေဝေ၏ နှစ်သိမ့်စကားက သူ့ကို သိပ်ပြီး စိတ်သက်သာရာ မရစေခဲ့ပေ။ သို့သော်... ဆန်းလျန်က သူမ၏စကား ကို နားထောင်ခဲ့လေသည်။ သူ တကယ်ပဲ ထိုကိစ္စများကို ဆက်ပြီး မစဉ်းစားချင်တော့ပေ။

မစဉ်းစားတော့ဘူးဟု ဆုံးဖြတ်လိုက်မှ သူ့ပုံစံသည် အရင်က အတိုင်း ပြန်ဖြစ်လာလေသည်။ ကူးဝေဝေသည်လည်း ထိုအခါမှပင် စိတ်သက်သာရာ ရနိုင်တော့သည်။

ထိုအဖြစ်အပျက်များအားလုံးသည် ဆန်းလျန် လုံးဝ မပျောက်ကွယ်သွားခင် နှစ်ဝက်အလိုခန့်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များသာ ဖြစ်လေတော့သည်။

ဆန်းလျန်ထွက်ခွာသွားသည့်အခါတွင်တော့ ...

ကူးဝေဝေသည် ဆန်းလျန်ချန်ထားခဲ့သည့် စာလေးတစ်ကြောင်းကိုသာ တွေ့ရှိခဲ့ရလေသည်။

"ဘယ်နေရာကပဲလာလာ ၊ ဘယ်နေရာကိုပဲသွားသွား ၊ မိုးမခပန်းတွေပွင့်တဲ့အချိန်ကျရင် ပြန်လာခဲ့မယ်... မျှော်မနေပါနဲ့..."

....

ဆန်းလျန်သည် အဝေးကြီးသို့ ထွက်ခွာခဲ့ခြင်း မဟုတ်ပေ။ သူသည့်တာ့ကျောက်ပြည်၏ ဘုရင့်နေပြည်တော်သို့ ရောက်နေခဲ့လေသည်။ သို့သော်... ဆန်းလျန် တကယ်တမ်းသွားချင်သည့် နေရာသည် တာ့ကျောက်ပြည်၏ ဘုရင့်နေပြည်တော် မဟုတ်ပေ။

သူက ချင်းဆွေထျန်းကောင်းကင်ဘုံသို့ သွားချင်နေခြင်း ဖြစ်လေသည်။ သူက တာအိုဆရာလီချင်းဆွေကို တွေ့ချင်နေမိသည်။ သူ့စိတ်ထဲတွင် မရှင်းမလင်းဖြစ်နေရသည့်အရာများအားလုံးအတွက် တာအိုဆရာလီချင်းဆွေထံ တွင်အဖြေရှိနေမည်ဟု ယုံကြည်နေမိလေသည်။

တာအိုဆရာလီချင်းဆွေကို တွေ့ချင်သည်ဆိုပါလျှင် ဆန်းလျန်သည် အဘယ့်ကြောင့် တာ့ကျောက်ပြည်၏ ဘုရင့်နေပြည်တော်သို့ ထွက်ခွာလာခဲ့ရပါသနည်း။

အဘယ်ကြောင့်ဆိုသော်... သူ ရှင်သန်စေခြင်းကျောင်းတော်သို့ သွားခဲ့ပြီးပြီ ဖြစ်လေသည်။ သို့သော်.... ချင်းဆွေထျန်းကောင်းကင်ဘုံနှင့်ပတ်သက်သည့် မည်သည့်သဲလွန်စကိုမှ မရခဲ့ပေ။ ထို့ကြောင့် သူက တခြားနည်းလမ်း စဉ်းစားရခြင်း ဖြစ်လေသည်။

ရှင်သန်စေခြင်းကျောင်းတော်မှ ကျင့်ကြံသူများ မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဆင့်သို့ရောက်ခဲ့လျှင် ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ရောက်ရှိကြလေသည်။

ဆန်းလျန်၏ ပစ်မှတ်က မေနန့်စန်း၏ အစ်ကိုဖြစ်သူ ရှင်ယောင်းကျန်းရန် ဖြစ်လာခဲ့လေသည်။

ဆန်းလျှန် သူ့နောက်လိုက်လာသည်ကိုတော့ ရှင်ယောင်းက သိရှိခြင်း မရှိပေ။

ရှင်ယောင်းက ဟိုင်သန်းအဆင့် တက်ရောက်ပြီးသည့်နောက် လောကအလယ် လှည့်လည်သွားလာရင် နတ်ဘုရားတစ်ပါး ဖြစ်လာရန်အတွက် ကျင့်ကြံနေခဲ့လေသည်။

ရှင်သန်စေခြင်းကျောင်းတော်မှ ဟိုင်သန်းအဆင့်ကျင့်ကြံသူ အများစုက ထိုသို့ ပြုလုပ်လေ့ရှိကြလေသည်။ လူ့လောကသို့ ထွက်ခွာလာကြသည့် အကြောင်းရင်းများမတူကြသည့်တိုင် အများစုက ဟိုင်သန်းအဆင့် အောင်မြင်ပြီးလျှင် လူ့လောကသို့ လာရောက်ကြစမြဲပင် ဖြစ်လေသည်။

ရှင်ယောင်းသည် တောတောင်များအလယ် နှစ်ပေါင်းများစွာ လှည့်လည်သွားလာပြီးသည့်နောက် ညီဖြစ်သူ မေနန့်စန်းရှိရာ သို့ လာရောက်လည်ပတ်ခဲ့လေသည်။

အရှေ့ပင်လယ်ဂိုဏ်းသည် ရှင်ယောင်းကျန်းရန်ကြောင့် တာ့ကျောက်ပြည်တွင် ချက်ချင်းပင် နာမည်ကြီးလာခဲ့လေ သည်။ ရှင်ယောင်းကျန်းရန်ကြောင့်သာမဟုတ်ဘဲ ရှင်သန်စေခြင်းကျောင်းတော်၏ နာမည်ဂုဏ်သတင်းကြောင့် လည်းဖြစ်လေသည်။

ကျင့်ကြံသူလောကမှ နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော် (၄)ခုတို့သည် လောကီရေးရာများကို ဝင်ရောက်စွက်ဖက်လေ့မရှိသော်လည်း ယွမ်ကျိုးနယ်တွင် ဩဇာအာဏာကြီးမားလွန်းလေသည်။ သူတို့က တိုင်းရေးပြည်ရာများတွင် ပါဝင်ပတ်သက်ခြင်း မရှိကြသည့်တိုင် ဒဏ္ဍာရီဆန်သည့် ကြီးမြတ်မှုများ ရှိကြလေ၏။

မေနန့်စန်းသည်လည်း သူ့အကြောင်းနှင့်သူ တာ့ကျောက်ပြည်ဘုရင့်နေပြည်တော်သို့ ရောက်ရှိနေလေသည်။ သူနှင့်အတူ ရှင်

ယောင်းကျန်းရန်ကလည်း လိုက်ပါလာပြီး ဘုရင့်နေပြည်တော်တွင် အိမ်တစ်လုံး ငှားယမ်းနေထိုင် ကြလေသည်။

သူတို့နေထိုင်သည့် အိမ်သည် အရင်တုန်းက စာပေသမားတစ်ယောက်နေထိုင်ခဲ့သည့် နေအိမ်တစ်အိမ် ဖြစ်လေသည်။ ထိုစာပေသမားသည် စာပေသမားတစ်ယောက်ဖြစ်သော်လည်း နတ်ဘုရားများ ၊ နတ်မိစ္ဆာများ ၊ ဝိညာဉ်များကို အလွန်စိတ်ဝင်စားလေသည်။

နတ်ဘုရားများ ၊ နတ်မိစ္ဆာများ ၊ ကျင့်ကြံသူများနှင့်လည်း ပတ်သက်ဖူးလေသည်။ ထို့ကြောင့် သူက နတ်ဘုရားများ ၊ နတ်မိစ္ဆာများ ၊ ကျင့်ကြံသူများအကြောင်းကို စာအုပ်တစ်အုပ် ရေးသားခဲ့ဖူးလေသည်။ ထိုစာအုပ်က အလွန်မှ နာမည်ကြီးပြီး အရောင်းရဆုံးစာအုပ်တစ်အုပ် ဖြစ်ခဲ့လေသည်။

ဆန်းလျန်က မေနန့်စန်းတို့ ငှားယမ်းနေထိုင်သည့် အိမ်ရှေ့သို့ ရောက်ရှိနေလေသည်။ သူက ဆန်းလျန်ပုံစံမဟုတ်ဘဲ

မုတ်ဆိတ်ရှည်ကြီးများဖြင့် အဘိုးအိုတစ်ယောက် ပုံစံဖန်ဆင်း ထားပြီး ပုံပြောဆရာတစ်ယောက်ဟန်ဖြင့် လူအများကို ဇာတ်လမ်းများ ပြောပြနေလေသည်။

သူပြောပြနေသည့် ဇာတ်လမ်းမှာ မျောက်တစ်ကောင်၏ ပုံပြင် ဖြစ်လေသည်။

တာ့ကျောက်ပြည် ဘုရင့်နေပြည်တော်မှ လူများသည် လူ များသည် အလွန်ဗဟုသုတကြွယ်ဝသူများဖြစ်သည့်တိုင် ဆန်း လျန်ပြောပြသည့် ဇာတ်လမ်းမျိုးကို တစ်ခါမှ မကြားဖူးကြပေ။ အဘယ်ကြောင့်ဆိုသော် ပုံပြောဆရာအများစုပြောဆိုကြသည့် ဇာတ်လမ်းများမှာ ပါရမီရှင်များအကြောင်း ၊ ချောမောလှပ သည့် မိန်းမပျိုလေးများအကြောင်း ၊ ဓားသမားများ အကြောင်း ၊ ဘုရင်များအကြောင်း ၊ စစ်သူရဲကောင်း များ အကြောင်းများသာ ဖြစ်ကြလေသည်။

ထို့ကြောင့် ဆန်းလျန် ဇာတ်လမ်းစတင်ပြောလိုက်သည်နှင့်

လူအများ၏ စိတ်ဝင်စားမှုက မြင့်တက်လာခဲ့သည်။

မနေ့စန်းကတော့ ဇာတ်လမ်းနားထောင်ရန်အချိန်မရှိအောင်

အလုပ်များနေခဲ့သည်။ သို့သော်... ရှင်ယောင်း ကျန်းရန်

ကတော့ အနည်းငယ်အားလပ်နေလေသည်။ သူက ဆန်းလျန်

ဇာတ်လမ်းပြောပြနေသည့် လက်ဖက်ရည် ဆိုင်လေးသို့လာ

ရောက်လေ့ရှိပြီး ဆန်းလျန်ပြောပြသည့် ဇာတ်လမ်းကို

နားထောင်လေ့ ရှိလေသည်။

ယနေ့တွင်တော့ ဆန်းလျန်က မျောက်မင်းက ကောင်းကင်ဘုံသို့

ရောက်ရှိပြီး မြင်းထိန်းရာထူးရယူသည့်အကြောင်းကို ပြောပြ

နေခဲ့လေသည်။

ဆန်းလျန်ပြောနေသည့် ဇာတ်လမ်းမှာ စိတ်ဝင်စားစရာကောင်း

သည်ဟု ရှင်ယောင်းကျန်းရန် တွေးလိုက်မိသည်။

ထိုမျောက်မင်းသည် နတ်ဘုရားကျင့်စဉ်များကို ကျင့်ကြံထား
သည့်မျောက်ဖြစ်ပြီး (၇၂)မျိုးပြောင်းလဲနိုင်သည့် တန်ခိုး
စွမ်းအားကိုလည်း ပိုင်ဆိုင်လေသည်။ သို့သော်... ထိုမျောက်
သည် အမှန်တရားကိုသာသိခဲ့ပြီး ရလာဒ်ကို နားမလည်ခဲ့ပေ။
ဆန်းလျှန်ကတော့ ရှင်ယောင်းကျန်းရန်တွေးတောနေသည်များ
ကို အရေးမစိုက်ဘဲ ဇာတ်လမ်းကိုသာဆက်ပြောနေ လေသည်။
မျောက်မင်းက ကောင်းကင်ဘုံသို့ရောက်သွားပြီးမြင်းထိန်း
အဖြစ် တာဝန်ထမ်းဆောင်ခဲ့လေသည်။ သူက နတ်မြင်းများကို
ထိန်းသိမ်းရင်း အားလပ်သည့်အချိန်များတွင် ဟိုသွား ဒီသွား
လျှောက်သွားကာ နတ်မင်းများနှင့် မိတ်ဆွေဖွဲ့လေသည်။
မျောက်မင်းကသာ နတ်မင်းများကို မိတ်ဆွေဖွဲ့နေသည့်တိုင်
မည်သူကမှ သူ့ကို မိတ်ဆွေအဖြစ် မသတ်မှတ်ခဲ့ကြပေ။

တစ်နေ့တွင်တော့ နတ်ငယ်တစ်ပါးက မြင်းထိန်းရာထူးမှာ ကောင်းကင်ဘုံတွင် အဆင့်အနိမ့်ဆုံး ရာထူးဖြစ်ကြောင်း မျောက်မင်းကို ပြောပြလိုက်လေသည်။

ဆန်းလျန်ပြောနေသည့် ပုံပြင်၏ ဇာတ်လိုက်မှာ မျောက်မင်း ဖြစ်နေသည့်အတွက် ဇာတ်လိုက်ကျော်မျောက်မင်း အလှည့် စားခံ လိုက်ရသည်ကို နားထောင်ကြရသည့်အခါ နားထောင် သူများသည် မျောက်မင်းကိုယ်စား ဒေါသများ ထွက်နေကြ လေသည်။

အမှန်ကိုသိရှိသွားသည့်အခါတွင်တော့ မျောက်မင်းက ကောင်းကင်ဘုံကို စိန်ခေါ်ခဲ့လေသည်။ ထိုအခါ နားထောင်နေ ကြသူများမှာ ပျော်ရွှင်သွားကြပြန်သည်။ သို့သော် ဇာတ်လိုက် ကျော်မျောက်မင်း အန္တရယ်တစ်ခုခု ကြုံတွေ့ရမည်ကို နားထောင်ရင်း စိတ်ပူနေကြပြန်လေသည်။

ရှင်ယောင်းကတော့ ဇာတ်လမ်းကိုနားထောင်ရင်း စဉ်းစားနေလေ၏။

ကျင့်ကြံသူများသည် ကျော်ကြားမှုနောက်သို့ လိုက်လေ့မရှိကြပေ။ ဤမျှောက်သည် တကယ်တမ်းတွင် ဖြောင့်မတ် သူတစ်ယောက် ဖြစ်ရပေမည်။ အဘယ်ကြောင့်ဆိုသော်... ဒေါသထွက်သည့်အခါ ဒေါသထွက်သည်ကို ပွင့်ပွင့်လင်းလင်း ပြသသူတစ်ယောက် ဖြစ်နေသောကြောင့်ပင်။

အခန်း (၇၈၀) မမြင်ရသည့်တိုက်ပွဲ

မျောက်မင်း ကောင်းကင်ဘုံသို့ စိန်ခေါ်သည့်နေရာအရောက်

တွင်တော့ ဆန်းလျန်က ဇာတ်လမ်းပြောနေခြင်းကို ရပ်လိုက်

လေသည်။

ထိုအခါ အချို့နားထောင်သူများက ထွက်ခွာသွားကြပြီး အချို့

ကတော့ ဆန်းလျန်ထံသို့ ကြေးပြားများပစ်ပေးရင်း ...

"ဆရာကြီး ... ဒီနေ့ နားတာစောတယ် ၊ နည်းနည်းထပ်ပြောပြ

ပါဦး..."

ဟု ပြောဆိုကြလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒီနေ့တော့နားပြီ ၊ နောက်နေ့မှ ပြန်လာခဲ့ကြပါ..."

ဇာတ်လမ်းနားထောင်သူများက မည်သို့ပင် တောင်းပန်ပါစေ

ဆန်းလျန်က ဆက်မပြောပြတော့ပေ။

အတန်ကြာဆူဆူညံညံလုပ်နေကြပြီးနောက် ဇာတ်လမ်း

နားထောင်သူများမှာ မကျေမနပ်ဖြင့် ပြန်သွားကြလေသည်။

ရှင်ယောင်းကျန်းရန်သည် ပုံပြောဆရာကို စကားပြောချင်နေမိလေသည်။ သို့သော်... သူက စကားပြောရန် ဟန်ပြင်လိုက်စဉ်မှာပဲ ပုံပြောဆရာသည် မည်သည့်နေရာသို့ ရောက်သွားမှန်းမသိတော့ပေ။

ရှင်ယောင်းကျန်းရန်သည် ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ ဟိုင်သန်းအဆင့် ဆိုသည်က ကျင့်ကြံခြင်းလောကတွင် ဆရာသခင်တစ်ပါးဟု သတ်မှတ်ခံရသည့် အဆင့် ဖြစ်လေသည်။

သို့သော်...ဆန်းလျန်က သူကဲ့သို့သော ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်၏ မျက်စိရှေ့တွင်ပင် ပျောက်ကွယ်သွား လေရာ ရုတ်တရက် အံ့သြသွားရလေသည်။ ပုံပြောဆရာသည် တန်ခိုးရှင်တစ်ပါးပါးများလေလား။

သူစဉ်းစားနေစဉ်မှာပင် မေနန့်စန်းရောက်လာလေ၏။

"အစ်ကို (၃) ၊ ဘာတွေစဉ်းစားနေတာလဲ..."

ထိုအခါမှ ရှင်ယောင်း သတိပြန်ဝင်လာပြီး သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို မေနန့်စန်းကို ပြောပြလိုက် သည်။

မေနန့်စန်းက တစ်ခဏမျှ စဉ်းစားနေပြီးမှ...

"အစ်ကို (၃)၊ အဲဒီအကြောင်းသိပ်စဉ်းစားမနေနဲ့၊ ထားထား လိုက်၊ အချိန်တန်တော့ အဖြေပေါ်လာလိမ့်မယ်..."

ရှင်ယောင်းက...

"အေးလေ၊ အဲဒီလိုပဲ လုပ်ရမှာပေါ့ ..."

မေနန့်စန်းက မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ဒီရက်တွေ ကျွန်တော်မအားတာ နာတာပဲ..."

မေနန့်စန်းကို ကြည့်ရသည်မှာ ပြဿနာတစ်ခုခု ရှိနေပုံရလေ သည်။

သူတို့ညီအစ်ကို (၂)ယောက်သည် ငယ်စဉ်ကတည်းက အတူတူ ကြီးပြင်းလာခဲ့ကြသူများ ဖြစ်လေသည်။ ညီအစ်ကိုအရင်းများ

မဟုတ်ကြသည့်တိုင် ညီအစ်ကိုအရင်းထက်ပင် သံယောဇဉ်ရှိကြသေးသည်။

ထို့ကြောင့် ရှင်ယောင်းက မေးလိုက်လေသည်။

"မင်း ဘာတွေအလုပ်ရှုတ်နေတာလဲ ၊ ငါ ကူညီနိုင်တာရှိရင် လည်း ပြောနော်..."

မေနန့်စန်းက...

"အစ်ကို (၃) ကဒီလိုပြောတော့ ကျွန်တော် ဖုံးကွယ်မထားတော့ပါဘူး ၊ အစ်ကို (၃) သေစေခြင်းကျောင်းတော်ကို သိတယ်မဟုတ်လား..."

ရှင်ယောင်းက...

"သိတာပေါ့..."

မေနန့်စန်းက...

"သေစေခြင်းကျောင်းတော် ဖျက်စီးခံလိုက်ရတယ်..."

ရှင်ယောင်းမှာ အံ့သြထိတ်လန့်လွန်းသဖြင့် အသံပင် မထွက်နိုင်တော့ပေ။

"ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..."

သူက တိုးလျစွာဖြင့် ရေရွတ်လိုက်လေသည်။

မေနန့်စန်းက...

"အဲဒါ ကျင့်ကြံခြင်းလောကမှာ တကယ့်ဂယက်ထမယ့် ကိစ္စကြီးပဲ၊ ဒါပေမဲ့ သတင်းက သိပ်မပြန့်သေးဘူး၊ ကျွန်တော်တောင် ဘုရင်မကြီးဆီက အခုမှ သိလာရတာ..."

မေနန့်စန်းမှာ ထိုစကားကိုပြောနေသည့်အချိန်မှာပင် အနည်းငယ် ကြောက်ရွံ့နေဟန် ရှိလေသည်။

ဘုရင်မကြီးသည် အပြင်းအထန် နာမကျန်ဖြစ်ပြီးသည့်နောက်ပိုင်း ပြောင်းလဲသွားလေသည်။ ဘုရင့်နေပြည်တော် ဆိုသည်ကလည်း လျှို့ဝှက်ချက်များဖြင့် ပြည့်နေသည့် နေရာတစ်ခုဖြစ်

နေလေရာ ဘုရင်မကြီး အဘယ့်ကြောင့် ပြောင်းလဲသွားသည်ကို မည်သူမှ မသိနိုင်ပေ။

ဘုရင်မကြီးဆိုသည့် အမည်ကိုကြားသည့်အခါ ရှင်ယောင်းမျက်နှာတစ်ချက် ပျက်သွားလေသည်။ သူသည် ကျင့်ကြံခြင်းအဆင့် နက်ရှိုင်းသူတစ်ယောက်ဖြစ်သည့်အတွက် ဘုရင်မကြီးမည်မျှ ကြောက်မက်ဖွယ်ရာကောင်း သည်ကိုသိရှိထားလေသည်။

သူ ဘုရင့်နေပြည်တော်သို့ ရောက်လာကတည်းက သူသည်သာမန်လူတစ်ယောက်ကဲ့သို့ပင် နေထိုင်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော်... သူ့ကို ဘုရင်မကြီး ရိပ်မိသိရှိသွားမည်ကို စိတ်ပူသောကြောင့် ဖြစ်လေသည်။

ထို့ပြင် ရှင်သန်စေခြင်းကျောင်းတော်သည် အစဉ်အဆက်တန်ခိုးစွမ်းအားမြင့်မားခဲ့သည့် ကျင့်ကြံသူဂိုဏ်းတစ်ခု ဖြစ်လေ

သည်။ ထို့ကြောင့် ရှင်ယောင်းအနေဖြင့် ဘုရင်မကြီးကို ဝေဖန်

အကဲခတ်ရန်မှာ သူ့ကိစ္စမဟုတ်သည်ကတော့ အမှန်ပင်။

သတင်းက ဘုရင်မကြီးဆီမှလာသည်ဆိုတော့ သေစေခြင်း

ကျောင်းတော်ဖျက်စီးခံလိုက်ရပြီဆိုသည့်သတင်းမှာ အမှန်ပင်

ဖြစ်နိုင်လေသည်။

ရှင်ယောင်းက...

"သေစေခြင်းကျောင်းတော် ဘာဖြစ်သွားတာလဲဆိုတာ မင်းသိ

လား..."

မေနန့်စန်းက...

"သေစေခြင်းကျောင်းတော်ကို ဖျက်စီးလိုက်တဲ့သူက သေစေ

ခြင်းကျောင်းတော်က တပည့်တစ်ယောက်ပဲတဲ့၊ နာမည်က ရှီ

ချင်းဟွမ်လို့ခေါ်တယ်၊ သူတစ်ယောက်တည်း အကုန်လုံးကို

သတ်ပစ်လိုက်တာ၊ သူ့လက်ထဲမှာ နှစ်ပေါင်းများစွာ

ပျောက်ဆုံးနေတဲ့ သွေးဓားကို ကိုင်ထားပြီးတော့ သေစေခြင်း

ကျောင်းတော်က လူတွေအကုန်လုံးကို ကြက်လေးငှက်လေး သတ်သလို သတ်ပစ်လိုက်တာ...."

ရှင်ယောင်းက...

"သူက အသိစိတ်ရှိနေရက်နဲ့ ဒီအလုပ်တွေကိုလုပ်ခဲ့တာဆိုရင်တော့ နှစ်ပေါင်းတစ်သန်းအတွင်း အကြီးမားဆုံး မိစ္ဆာကြီးတစ်ယောက် ဖြစ်လာမှာ စိတ်ပူရတယ်..."

သွေးအေးအေးဖြင့် ရက်စက်တတ်သူများသည် ကျင့်စဉ်လမ်းတွင် မအောင်မြင်လျှင် မိစ္ဆာဖြစ်လာမည်မှာ အသေအချာပင် ဖြစ်လေသည်။

ရှီချင်းဟွမ်သည် သူ့ကို ပညာသင်ကြားပေးသည့် ဆရာဖြစ်သူကိုတောင်မှ သူက သတ်ဖြတ်ပစ်ခဲ့လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သူသည် အလွန်ရက်စက်သည့် မိစ္ဆာလမ်းစဉ်သို့ လိုက်မိပြီမှာ ထင်ရှားနေလေသည်။

ထိုသို့သောသူမျိုးသည် သေခြင်းမရှိဘဲ နေ့စဥ် မိုင်

ထောင်ပေါင်းများစွာ ခရီးရောက်အောင် ကျင့်ကြံနိုင်လေသည်။

မေနန့်စန်းက....

"သူက တော်တော်သွေးအေးတာပဲ...."

"ဘုရင်မကြီးရဲ့လူတွေက သူ့ကိုဖမ်းလိုက်ပြီ ၊ အခု

လောလောဆယ်တော့ သူ့ကို အကျဉ်းထောင်ထဲမှာ ဖမ်းထား

တယ် ၊ ဒါပေမဲ့ ပြောကြတာတော့ သူ့ရဲ့ အပြုအမူတွေက

သာမန်လူတစ်ယောက်လိုပါပဲ ၊ ကြည့်ရတာ သူ့ကို မိစ္ဆာဝင်ပူး

ပြီး လုပ်မိတာလား မသိဘူး..."

ရှင်ယောင်းက...

"ဒါနဲ့ အဲဒီကိစ္စက မင်းနဲ့ ဘာပတ်သက်နေလို့လဲ..."

မေနန့်စန်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အစ်ကို (၃) ၊ တကယ်တော့ ကျွန်တော်က ရှီချင်းဟွမ်ကို

စိတ်ဝင်စားနေတာ..."

ရှင်ယောင်းက...

“မင်းက သူ့ကို သွားကယ်ချင်လို့လား...”

မေနန့်စန်းကခေါင်းခါယမ်းလိုက်ရင်း...

“ကျွန်တော်က သူ့ဆီက သွေးဓားအကြောင်းကို သိချင်တာ

ပါ..."

ရှင်ယောင်းက...

“မဖြစ်ဘူး ၊ သွေးဓားက ဘယ်လောက်ကြောက်စရာကောင်း

လဲဆိုတာ မင်းမသိနိုင်ဘူး..."

မေနန့်စန်းက တည်ကြည်သည့်မျက်နှာထားဖြင့်...

“အစ်ကို (၃) ၊ ဒီတစ်ခါတော့ ကျွန်တော့်ကို ကူညီပေးပါ....”

ရှင်ယောင်းက...

“မင်းက သွေးဓားကို ပေါ့သေးသေးထင်နေတာလား ၊ မင်းက

ငါဒုက္ခရောက်မှာကျ နည်းနည်းလေးတောင် ထည့်မတွက်ဘူး

လား ၊ ငါ့ကို မင်းအသုံးချစရာ အရုပ်တစ်ရုပ်လို့များ ထင်နေ

သလား…”

မေနန့်စန်းက…

“အစ်ကို (၃)မသွားဘူးဆိုရင် ၊ ကျွန်တော်သွားမယ်…”

ရှင်ယောင်းမှာ မည်သို့လုပ်ရမည်မသိဖြစ်သွားလေသည်။

မေနန့်စန်း အဘယ့်ကြောင့် ဤမျှခေါင်းမာနေရပါသနည်း။

“ထားလိုက်တော့ ၊ အဲဒီကိစ္စကမင်းအတွက်အရေးကြီးတယ်ဆို

ရင်လဲ ငါကူညီပါ့မယ်…”

မေနန့်စန်းက မည်သည့်စကားမှ မပြောတော့ပေ။

သူတို့ (၂)ယောက်ကြားတွင် အပိုစကားများ သိပ်ပြောစရာ မ

လိုအပ်ပေ။

ရှင်ယောင်းက မကူညီဘူးဆိုလျှင်လည်း မေနန့်စန်းက

အပြစ်တင်မည် မဟုတ်ပေ။ သို့သော်… သူက အကူအညီ

တောင်းလိုက်ပြီဆိုကတည်းက ရှင်ယောင်းအနေဖြင့် ငြင်း

လိမ့်မည်မဟုတ်သည်ကို သူက သိထားပြီးသားဖြစ်လေ သည်။

ထို့ပြင် ရှင်ယောင်းသည် ရှင်သန်စေခြင်းကျောင်းတော်မှ ဟိုင်

သန်းအဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ မေနန့်

စန်းကတော့ လောကအလယ်တွင် ရပ်တည်နေသည့် သာမန်

ကျင့်ကြံသူတစ်ယောက်မျှသာ ဖြစ်သည်။ ဆန်းလျန်သာ

ဆေးကုသမပေးခဲ့လျှင် သူ ယခုကဲ့သို့ လှုပ်ရှားမှုများ ပြုလုပ်

နိုင်မည်ပင် မဟုတ်ပေ။

သို့သော်... သူက ကျင့်စဉ်လမ်းတွင် မည်သို့ ရှေ့ဆက်ရမည်မ

သိဘဲ လမ်းပျောက်နေခဲ့လေသည်။

ယခု သေစေခြင်းကျောင်းတော် ပျက်စီးသွားပြီ ဖြစ်လေသည်။

သူသာ ရှီချင်းဟွမ်ထံမှ သွေးဓားကျင့်စဉ်ကို လေ့လာနိုင်လျှင်

နတ်ဘုရားတစ်ပါးဖြစ်လာနိုင်မည်လားဟု မျှော်လင့်ထားခဲ့

မိသည်။

ထို့ပြင် ဘုရင်မကြီးက သတင်းဖြန့်လိုက်သည်မှာ ထူးခြားလေ
သည်။ သူက ရှီချင်းဟွမ်ကို ငါးစာအဖြစ်အသုံးပြုပြီး အခြား
သူများကို မျှားခေါ် ခြင်းများလား။ ဘုရင်မကြီးသည် မည်သူ့
ကို မျှားခေါ်လိုခြင် ဖြစ်ပါသနည်း။
သူက ရှင်ယောင်းကို ဤအကြောင်းများ ပြောမပြဘူးဆိုလျှင်
တောင်မှ ရှင်သန်စေခြင်းကျောင်းတော်မှလူများက မကြာခင်
ရောက်လာကြမည်ဖြစ်လေသည်။
ထို့ပြင် သူစိတ်ပူသည့် နောက်ထပ်ကိစ္စတစ်ခုမှာ ယခုဖြစ်ပျက်
နေသည့် အဖြစ်အပျက်များသည် ဘုရင်မကြီးနှင့် အခြားသော
နတ်ဘုရားများ၏ ကစားပွဲတစ်ခုလည်း ဖြစ်နိုင်လေသည်။
မေနန့်စန်းသည် သာမန်လူတစ်ယောက်ဖြစ်သည့်တိုင် အလွန်
ညဏ်ကောင်းလေသည်။ သူက တွက်ချက်ခန့်မှန်း သည့်နေရာ
တွင် အလွန်တော်လေသည်။ သူ့အထင်မမှားဘူးဆိုလျှင်

ဘုရင်မကြီးသည် အဆင့်မြင့်နတ်ဘုရားများနှင့် ကစားပွဲတစ်ခု ဆင်နွှဲနေပြီ ဖြစ်လေသည်။

သို့သော်... မည်ကဲ့သို့ ကစားပွဲမျိုး ဖြစ်သည်ကိုတော့ သူလည်း မခန့်မှန်းနိုင်ပေ။

ကစားပွဲကို တကယ်တမ်းသိမြင်နိုင်သူက ခပ်ရှားရှားပင်။

သို့သော်... ထိုရှားရှားပါးပါးလူများထဲတွင် ဆန်းလျန်က တော့ တစ်ယောက်အပါအဝင်ဖြစ်လေသည်။

သူသည် ဘုရင့်နေပြည်တော်၏ ကျောက်သားလမ်းများထက်မှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ပျင်းရိစွာ ထိုင်နေလေသည်။

သူက ကောင်းကင်ထက်မှ ရွှေသားကျောက်စိမ်းအခိုးအငွေ့ များနှင့် လင်းလက်နေသည့်အလင်းတန်းများကို စိုက်ကြည့်နေ လေသည်။

ထိုအလင်းတန်းများနှင့်အခိုးအငွေ့များမှာ နတ်ဘုရားများ တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။ သို့သော်... သူတို့၏

တိုက်ပွဲကို သာမန်လူများက မြင်လည်းမမြင်ရသလို ခံစားနိုင်ခြင်းလည်း မရှိကြပေ။

ထိုနတ်ဘုရားများ အသုံးပြုနေသည့် မှော်ဝင်လက်နက်များ ၊ နတ်လက်နက်များထဲမှ အချို့သော လက်နက်များသည် အလွန်အံ့သြစရာ ကောင်းလှလေသည်။

ထို့ကြောင့် ဆန်းလျန်က သေသေချာချာ ကြည့်နေမိခြင်း ဖြစ်လေသည်။

လက်နက်များထဲတွင် အလွန်အစွမ်းထက်သည့် မှော်ဝင်လက်နက် (၃)မျိုးပါဝင်လေသည်။ ကြေးမုံမှန်တစ်ချပ် ၊ ခရမ်းရောင်လျှပ်စီးတူတစ်လက်နှင့်ပန်းခြင်းတောင်းလေးတစ်ခု ဖြစ်လေသည်။

အခြားသောနတ်လက်နက်များကတော့ သာမန်မျှသာ ဖြစ်လေသည်။

ဆန်းလျန်ကြည့်နေစဉ်မှာပင် ကြေးမုံမှန်သည် အလင်းတန်း တစ်ခုအဖြစ်ပြောင်းလဲသွားပြီး တိုက်ပွဲအတွင်းမှ ထွက်လာကာ ဆန်းလျန်ဘေးနားသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလေတော့သည်။

အခန်း (၇၈၁) မည်သူမှမသန့်စင်

ကြေးမုံမှန်အလင်းတန်းကို အခြားသူများက တွေ့မြင်နိုင်ခြင်းမရှိပေ။

ကြေးမုံမှန်အလင်းတန်းသည် ဆန်းလျန်ဘေးနားသို့ရောက်ရှိလာပြီး အလွန်ချစ်စရာကောင်းသည့် အသက် (၇)နှစ် ၊ (၈)နှစ်

အရွယ် ကလေးငယ် (၁)ယောက်အဖြစ် ပြောင်းလဲသွားလေသည်။

ကလေးငယ်က...

"အစ်ကိုကြီး... အစ်ကိုကြီးက ဘယ်ကလာတဲ့သူလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က ချင်းရှတောင်က လာတာပါ..."

ကလေးငယ်က...

"ချင်းရှတောင်... ဟုတ်လား ၊ အဲဒီနာမည်က ရင်းနှီးနေသလိုပဲ ၊ ကျွန်တော့်နာမည်က ထျန်းတိကျန်းပါ ၊ အစ်ကိုကြီးနာမည်က ရော..."

"ဆန်းလျန်..."

ထျန်းတိကျန်းဆိုသည့် ကလေးငယ်က ခေါင်းငုံ့လိုက်ရင်း...

"အစ်ကိုကြီးနာမည်က အရမ်းလှတယ် ၊ အစ်ကိုကြီးက အခု မယ်တော်ဝမ်မူကို ကူညီဖို့ရောက်လာတာလား..."

ဆန်းလျန်က ခပ်ပါးပါးလေးပြုံးလိုက်ရင်း...

"မဟုတ်ပါဘူး ၊ ကျုပ်က ပွဲကြည့်ရုံသက်သက်ပါ..."

ထျန်းတိကျန်းက...

"ကျွန်တော်လည်း မတိုက်ခိုက်ချင်ပါဘူး ၊ ဒါပေမဲ့ မယ်တော်

ဝမ်မူက သက်သက် ကျွန်တော်တို့နဲ့ ကစားချင်နေတာ..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်းက ဘယ်လိုလုပ်သိတာလဲ..."

ထျန်းတိကျန်းက...

"အစ်ကိုကြီး ၊ ကျွန်တော့်ကို ငယ်တယ်ဆိုပြီး အထင်မသေးပါနဲ့

၊ ကျွန်တော်က လောကကြီးရဲ့ ကိစ္စအတော်များများကို သိမြင်

နိုင်စွမ်းရှိပါတယ် ၊ အဲဒီ အစိမ်းရောင်နဲ့ ခရမ်းရောင်အခိုးအငွေ့

တွေက မယ်တော်ဝမ်မူရဲ့ ဖန်ဆင်းခံကိုယ်ခွဲပဲ ၊ မယ်တော်ဝမ်မူ

ကိုယ်တိုင်မဟုတ်ဘူး ၊ အဲဒီ ကိုယ်ခွဲခန္ဓာက မယ်တော်ဝမ်မူ

အစစ်ရဲ့ တန်ခိုးစွမ်းအား ဆယ်ပုံတစ်ပုံလောက်တောင် မရှိဘူး

၊ အဲဒါ ကျွန်တော်တို့ကို သက်သက် ကစားချင်လို့ လုပ်နေတာ မဟုတ်ဘူးလား ၊ အဲဒါကြောင့် ကျွန်တော်လည်း သိပ် ပြင်းပြင်းထန်ထန် မတိုက်ခိုက်ဘဲ ဟန်ပြတိုက်ခိုက် နေတာ...."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"မင်းလိုမျိုး စိတ်ဝင်စားစရာကောင်းတဲ့ မှော်ဝင်လက်နက်မျိုး ကို ကျုပ်ဘဝမှာ ပထမဆုံးအကြိမ် တွေ့ဖူးတာပဲ..."

ထျန်းတိကျန်းက ခေါင်းကို တစ်ချက်ပွတ်လိုက်ရင်း...

"အစ်ကိုကြီးက တိုက်ပွဲကိုကြည့်နေတာမဟုတ်လား ၊ ဆက် ကြည့်လေ... ကျွန်တော်မနှောက်ယှက်တော့ပါဘူး..."

ဆန်းလျန်က...

"အင်း..."

မယ်တော်ဝမ်မူ၏ ကိုယ်ခွဲဖြစ်သည့် ရွှေရောင်ကျောက်စိမ်း အခိုးအငွေ့များကလည်းဆန်းလျန်ကိုသတိထားလိုက်မိ ဟန်တူ လေသည်။

သူမက ဆန်းလျန်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး နှာခေါင်းတစ်ချက်ရှုံ့လိုက်လေသည်။ ထို့နောက် အလင်းတန်း တစ်ခု ဆန်းလျန်ရှိရာသို့ ပျံသန်းလာပြီး ဆန်းလျန်ကို ဖိနှိပ်ထားရန် ကြိုးစားလိုက်လေသည်။

ထျန်းတိကျန်းက မျက်နှာတစ်ချက် ပျက်သွားပြီး ဆန်းလျန်ဆီသို့ ရောက်လာသည့် အလင်းတန်းများကို ကြေးမုံမှန် မျက်နှာပြင်အဖြစ် အသွင်ပြောင်းကာ ကာကွယ်ပေးလိုက်လေသည်။

တန်ခိုးစွမ်းအားအလင်းတန်းနှင့်ထျန်းတိကျန်း၏ ကြေးမုံ မျက်နှာပြင် ထိခိုက်မိသွားပြီး ထျန်းတိကျန်း အနည်းငယ် တုန်ခါသွားလေသည်။

ထို့နောက်... မယ်တော်ဝမ်မူ၏အသံထွက်ပေါ်လာလေသည်။

"ထျန်းတိကျန်း ၊ ငါကမင်းကို တစ်စစီဖြစ်အောင်လုပ်ပစ်မှာ မကြောက်ဘူးလား..."

ထျန်းတိကျန်းက...

"ကျွန်တော်က မယ်တော်ကို နိုင်အောင် မတိုက်ခိုက်နိုင်ပါဘူး၊ ဒါပေမဲ့ မယ်တော့်လက်က လွတ်အောင် ထွက်ပြေးနိုင်စွမ်းတော့ရှိပါတယ် ဟဲဟဲ..."

မယ်တော်ဝမ်မူက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ဒီနေ့တော့ မင်းကို အရေးမစိုက်နိုင်သေးဘူး၊ ဒါပေမဲ့ မင်းဘေးနားက နတ်ဘုရားကို ကာကွယ်ပေးနေတာ မင်းအတွက် ကောင်းကျိုးမရှိနိုင်ဘူး၊ အဲဒီလူက ငါ့ရဲ့ နတ်မက်မွန်သီး ဥယျာဉ်က မက်မွန်သီး (၃)လုံး ခိုးသွားတာ၊ ငါ သူ့ကို သေချာပေါက် အပြစ်ပေးရလိမ့်မယ်..."

မယ်တော်ဝမ်မူနှင့် တိုက်ခိုက်နေကြသည့် နတ်ဘုရားများမှာ မယ်တော်ဝမ်မူ၏ စကားကြောင့် ဆက်ပြီးတိုက်ခိုက်ခြင်း မရှိတော့ဘဲ ရပ်သွားကြလေသည်။

သူတို့က မယ်တော်ဝမ်မူ၏စကားကြောင့် မအံ့သြဘဲ မနေနိုင်ကြပေ။ ထိုသူသည် ကျောက်စိမ်းရေကန်ဥယျာဉ်မှ မက်မွန်သီးကို ခိုးယူနိုင်သည်မှာ အလွန်မှ အံ့သြစရာ ကောင်းလှလေသည်။

ထျန်းတိကျန်းက တအံ့တသြဖြင့် ဆန်းလျန်ကိုကြည့်လိုက်ရင်း...

"အစ်ကိုကြီး... အစ်ကိုကြီးက တော်လိုက်တာ..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ညီငယ်လေး ၊ မင်းကာကွယ်ပေးတာ ကျေးဇူးတင်ပါတယ် ၊ ဒါပေမဲ့ ဒီကိစ္စက ကျုပ်နဲ့ မယ်တော်ဝမ်မူ ဖြေရှင်းရမယ့် ကိစ္စပါ ၊ ဒါကြောင့် ဝင်မပါနဲ့တော့..."

ထျန်းတိကျန်းက...

"ကောင်းပြီ အစ်ကိုကြီး..."

ထျန်းတိကျန်းက ထက်မြက်သူတစ်ယောက်ဖြစ်လေသည်။

ဆန်းလျန်သည် မယ်တော်ဝမ်မူထံမှ မက်မွန်သီးများကိုပင် ခိုးယူနိုင်ခဲ့လျှင် မယ်တော်ဝမ်မူကိုလည်း ကောင်းကောင်း ရင်ဆိုင်နိုင်မည့်သူတစ်ယောက်ဖြစ်သည်ကို သိရှိလိုက်လေသည်။

မယ်တော်ဝမ်မူက...

"ပြောစမ်းပါဦး ၊ မင်း ငါ့ဆီက မက်မွန်သီးတွေ ဘာကိစ္စ ခိုးသွားရတာလဲ..."

မယ်တော်ဝမ်မူ၏ အမေးစကားကို ကြားလိုက်ရသည်နှင့် မယ်တော်ဝမ်မူက သူနှင့်တိုက်ခိုက်လိုခြင်း မရှိသည်ကို ဆန်းလျန် ချက်ချင်း ရိပ်မိလိုက်သည်။ မယ်တော်ဝမ်မူ၏ ကျင့်ကြံခြင်းအဆင့်က အလွန်မြင့်မားလေရာ ပုံမှန်ဆိုလျှင် သူ့ကိုထိုသို့ပင် စကားပြောမေးမြန်းနေမည်မဟုတ်ဘဲ တစ်ချက်တည်းဖြင့် တိုက်ခိုက်လိုက်မည် ဖြစ်လေသည်။

ကြည့်ရသည်မှာ သူမတွင် အခြားသောပြဿနာများလည်း ရှိနေသည့်အတွက် ဆန်းလျန်နှင့် ရန်ဘက်ပြုလိုခြင်း ရှိဟန်မတူ

ပေ။ သို့သော်... သူမက သိက္ခာလည်း မကျချင်သည့်အတွက် ဆန်းလျန်ကို အပြစ်ပေးရန် ဟိတ်ဟန် ထုတ်နေခြင်း ဖြစ်လေ၏။

ဆန်းလျန်က...

"ခင်ဗျားက ကျုပ်ကို ဘယ်လိုအပြစ်မျိုး ပေးချင်တာလဲ..."

မယ်တော်ဝမ်မူက...

"မြို့တော်အနောက်ဘက်မှာ ငါ နန်းတော်တစ်ခုဆောက်မလို့၊ ဒါပေမဲ့ အဲဒီနေရာမှာ ရေကန်ကြီးတစ်ခုရှိနေတယ်၊ မင်း အဲဒီ ရေကန်ကို ငါ့အတွက် မြေဖို့ပေးရမယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ဒါဖြင့် အဲဒီရေကန်ထဲက သတ္တဝါတွေသေကုန်ရင် ဘယ်သူ အပြစ်ဖြစ်မှာလဲ..."

မယ်တော်ဝမ်မူက...

"ဘယ်သူအပြစ်ဖြစ်ဖြစ်ပေါ့..."

ဆန်းလျန်က တစ်ချက်စဉ်းစားလိုက်ရင်း...

"ကောင်းပြီ... ကျုပ်လုပ်ပေးမယ်လို့ ကတိပေးတယ်..."

မယ်တော်ဝမ်မူက နောက်သို့ခြေတစ်လှမ်းပြန်ဆုတ်လိုက်လေသည်။

သူက ဆန်းလျန်ကို အရှက်ခွဲရန်အတွက် ရေကန်ကို မြေဖို့ပေးရန် ပြောလိုက်ခြင် ဖြစ်သော်လည်း ဆန်းလျန်က အေးအေးဆေးဆေးသဘောတူလိုက်မည်ဟု ထင်မထားမိပေ။

ထိုနတ်ဘုရားသည် စိတ်ထားရှင်းလင်းပြီး ခန့်မှန်းရလည်း ခက်လှသည်။ ထိုနတ်ဘုရား၏ စိတ်ထဲတွင် မည်သည့် အကြံအစည်များရှိနေမည်ကို မည်သူမှ သိရှိနိုင်မည် မဟုတ်ပေ။

ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် ရယ်မောလိုက်ရင်း...

"ဒီလောက်အလုပ်လေးက သိပ်လည်း အပန်းမကြီးပါဘူး..."

မယ်တော်ဝမ်မူနှင့် တိုက်ခိုက်နေကြသည့် နတ်ဘုရားများမှာ မယ်တော်ဝမ်မူနှင့် ဆန်းလျန် အကြီးအကျယ် တိုက်ခိုက်ကြတော့မည်ဟု ထင်မှတ်နေကြလေရာ နတ်ဘုရား (၂)ပါးက လွယ်လွယ်နှင့် အပေးအယူမျှပြီး ကျေအေး သွားကြလိမ့်မည်ဟု ထင်မှတ်မထားကြပေ။

သူတို့မှာ ဆက်ပြီး တိုက်ခိုက်ရတော့မလိုလို ၊ ရပ်တန့်ရတော့မလိုလိုဖြင့် အူကြောင်ကြောင်ပုံစံမျာ ဖြစ်သွားကြရလေ သည်။

မယ်တော်ဝမ်မူက အေးစက်သည့်လေသံဖြင့်...

"ဘာလဲ ၊ နန်းတော် (၃)ခုနဲ့ နတ်ဘုရားကျောင်းတော် (၄)ခုကလူတွေက ဆက်ပြီး တိုက်ခိုက်ကြဦးမလို့လား..."

နတ်ဘုရားများထဲမှ တစ်ယောက်က...

"မယ်တော်ဝမ်မူ ၊ မယ်တော်က ကျောက်စိမ်းရေကန်ဥယျာဉ်မှာ အဆုံးမရှိ ကောင်းမြတ်ခြင်းတွေကို ခံစားနေရတဲ့သူ ပါ ၊ ဘာလို့ ရုတ်တရက် လူ့လောကို ဆင်းလာရတာလဲ..."

မယ်တော်ဝမ်မူက...

"ငါလုပ်စရာကိစ္စရှိလို့ပေါ့၊ မင်းကို ဘာကိစ္စရှင်းပြနေစရာလို

သလဲ၊ တုန်းဟွာတောက်ကျွင်းတောင်မှ ငါလုပ်မယ့် အလုပ်ကို

တားဆီးလို့မရတာ၊ မင်းတို့က ဘာကိစ္စ တားဆီးချင်နေရတာ

လဲ..."

ထိုတာအိုဆရာမှာ ချွင်ယန်နန်းတော်မှ နန်စန်းကျီဖြစ်လေ

သည်။

သူက ချွင်ယန်နန်းတော်မှ အကြီးအကဲတစ်ယောက်ဖြစ်ပြီး

မယ်တော်ဝမ်မူ၏ ကိုယ်ခွဲကိုပင် အနိုင်မယူနိုင်သည့် အတွက်မ

ကျေမနပ်ဖြစ်နေလေသည်။

သပ်သပ်ရပ်ရပ် ဆံထုံးထုံးထားသည့် တာအိုဆရာတစ်ယောက်

က...

"မယ်တော်ဝမ်မူ... မယ်တော် လောကကိုဆင်းလာတာ ကျုပ်တို့

က မတားဆီးရဲပါဘူး....၊ ဒါပေမယ့် အခု မယ်တော်က ဘုရင်မ

ကြီးနေရာကိုယူထားတော့ လူ့လောကအရေးကို ဝင်စွက်သလို

ဖြစ်မနေဘူးလား... ၊ ကျုပ်တို့က မတားဘူးဆိုရင်တောင်မှ

တခြားနတ်ဘုရားတွေအနေနဲ့ နားလည်ရခက်ကုန်ပါလိမ့်

မယ်..."

"ယင်ကျင့်ဖိန်... မင်းပြောတဲ့ နားလည်ရခက်နေတဲ့ နတ်ဘုရား

တွေကို ငါ့ဆီကိုလွှတ်လိုက်စမ်းပါ..."

မယ်တော်ဝမ်မူက အေးအေးဆေးဆေးပင် ပြောလိုက်လေ

သည်။

ထျန်းတိကျန်းက ပြုံးလိုက်ပြီး ဆန်းလျန်ကို တီးတိုးပြောလိုက်

သည်။

"အဲဒီတာအိုဆရာက ချင်းယန်ကျောင်းတော်က ဂိုဏ်းချုပ် ယင်

ကျင့်ဖိန်လေ ၊ တကယ်စိတ်ပျက်စရာကောင်းတယ် ၊ အရင်

ဘဝတုန်းက သူက ထိုက်ချင်ထျန်းကောင်းကင်ဘုံက ဖိုစောင့်

တဲ့နတ်ငယ်လေးလေ ၊ ကြည့်ရတာ ကျွန်တော် တို့စုနီကမှ

အားလုံးထဲမှာ ထိပ်တန်းအဆင့် ဖြစ်နိုင်ဦးမယ် ၊ အခုတော့ စုနီ
က အားနည်းနေသေးတာ ပေါ့..."

ထျန်းတိကျန်း၏စကားကြောင့် ဆန်းလျန်မှာ ဆွံ့အသွားရ
သည်။

နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခုမှ နတ်
ဘုရားများက မယ်တော်ဝမ်မူ၏ ကိုယ်ခွဲကို ဝန်းရံထားကြလေ
သည်။

သို့ရာတွင်... မယ်တော်ဝမ်မူကို ဝိုင်းဝန်းတိုက်ခိုက်နေကြသည့်
တိုင် သူတို့အချင်းချင်းမှာ သိပ်ပြီး သင့်မြတ်လှခြင် မရှိပေ။

ဆန်းလျန်ဆွံ့အသွားရသည့် အကြောင်းရင်းမှာ ယင်ကျင့်ဖိန်
ဆိုသည်မှာ ယင်ရှန်းကျွင်းဖြစ်နေသည်ကို သိလိုက်ရ
သောကြောင့်ပင်။

သူက ယင်ရှန်းကျွင်းကို နောက်တစ်ကြိမ်ထပ်ကြည့်လိုက်လေသည်။ ချင်းယန်ကျောင်းတော်ဆိုသည်က သူနှင့် တစ်ကြိမ်ထက်မနည်း ပတ်သက်ဖူးလေသည်။

ယခုအချိန် ကုချန်စန်းသည်ပင်လျှင် အသက်ရှိသေးရဲ့လားမသိဟု ဆန်းလျန် တွေးလိုက်မိသည်။

တွေးလိုက်မိသည်နှင့် ဆန်းလျန်က စိတ်အာရုံတစ်ချက်ညွှတ်လိုက်သည့်အခါ ကုချန်စန်း အသက်ရှင်နေသေးသည် ကိုခံစားမိလိုက်လေသည်။

ကုချန်စန်းကို သူ ပညာပေးလိုက်သည့်ကိစ္စ ယင်ရှန်းကျွင်း သိလား ၊ မသိဘူးလား ဆန်းလျန်လည်း မသိပေ။ သိခဲ့လျှင် သူက မည်သို့ သဘောထားမည်နည်း။

မယ်တော်ဝမ်မူ၏စကားကြောင့် ယင်ရှန်းကျွင်း နင်သွားလေ၏။

ထို့ကြောင့် သူက အပြုံးပါးပါးလေးသာပြုံးနေလိုက်ပြီး အဘွား ကြီးဝမ်မူနှင့် စကားနိုင်မလုတော့ရန် ဆုံးဖြတ်လိုက် လေသည်။ ပြီးတော့ သူ ဤနေရာသို့ ရောက်လာသည်မှာ တိုက်ခိုက်ရန် ထက် ညှိနှိုင်းရန် ရောက်ရှိလာခြင်း ဖြစ်လေသည်။

ယင်ရှန်းကျွင်း ပါးစပ်ပိတ်ထားလိုက်လေသည်။ အခြားသူများ ကလည်း စကားဆက်မပြောတော့ပေ။ နန်းတော် (၃)ခုနှင့် ကျောင်းတော် (၄)ခု အပြင်ပန်းတွင် အလွန်ညီညွတ်ကြသည်ဟု ထင်မှတ်ရသော်လည်း တကယ်တမ်းတွင် တည့်ကြသည်များ မဟုတ်ပေ။

ထိုက်စုနန်းတော်နှင့် ရှင်သန်စေခြင်းကျောင်းတော်ဆိုလျှင် နှစ် ပေါင်းများစွာ မကျေနိုင်သည့် ရန်ငြိုးများနှင့်ဖြစ်လေ သည်။ ရှင်သန်စေခြင်းကျောင်းတော်ကိုသာ တာအိုဆရာလီချင်းဆွေ က ကာကွယ်ပေးထားခြင်း မရှိလျှင် သူတို့ ဂိုဏ်းနှစ်ဂိုဏ်းသည် အသေအကြေတိုက်ခိုက်ကြမည် ဖြစ်လေသည်။

ထို့ကြောင့် အားလုံးက တိတ်ဆိတ်သွားကြပြီး အခြေအနေက
လည်း ကြောင်တောင်တောင် အခြေအနေဖြစ်သွားလေ သည်။
တိုက်ပွဲက စိတ်လှုပ်ရှားစရာ မကောင်းတော့သောအခါ ဆန်း
လျန်ကတော့ ခပ်အေးအေးပင် လှည့်ထွက်ခဲ့တော့ သည်။
ဆန်းလျန်သည် အစအနပင်မကျန်အောင် အားလုံးရှေ့မှ
ပျောက်ကွယ်သွားလေသည်။ မယ်တော်ဝမ်မှုသည်ပင် ဆန်းလျ
န်၏ တန်ခိုးစွမ်းအား မြင့်မားမှုကြောင့် ရင်ထဲတွင် ကျိတ်ပြီး အံ့
ဩထိတ်လန့်သွားမိလေသည်။

ထိုနတ်ဘုရားသည်ကား သေချာပေါက် ပြိုင်ဘက်ကင်းတစ်
ယောက် ဖြစ်လေသည်။

အခန်း (၇၈၂) စုနီ

ညခင်းအချိန်....

ကောင်းကင်ထက်တွင် လရောင်က တောက်ပလင်းလက်လာ

လေသည်။

ကန်ရေပြင်က ကြည်လင်နေပြီး ဆန်းလျန်သည် ရေကန်နံဘေး

တွင် မတ်တတ်ရပ်နေလေသည်။ လေပြေက တိုက်ခတ်သည့်

အခါ ဆန်းလျန်၏ အဝတ်အစားများသည် လေထဲတွင် လွင့်ပျံ

လျှက် ရှိလေ၏။

ဆန်းလျန်က အနောက်သို့ တစ်ချက်လှည့်မကြည့်ဘဲ

မေးခွန်းထုတ်လိုက်သည်။

"ထျန်းတိကျန်း ၊ မင်းကရော ဘာကိစ္စ ဒီနေရာကို ရောက်လာရ

တာလဲ..."

ဆန်းလျန်၏နောက်ဘက် (၃)ပေအကွာတွင် ကြေးမုံမှန်တစ်ချပ်

ပေါ်လာလေသည်။

ထို့နောက် ကြေးမုံမှန်က မြေပြင်ထက်သို့ ဆင်းသက်လိုက်ပြီး

ချစ်စရာကောင်းသည့် ကလေးငယ်အသွင်သို့ ကူးပြောင်းသွား

လေ၏။

သူက ပြုံးလိုက်ရင်း...

"ဆန်းအစ်ကိုကြီး ၊ ကျွန်တော်ရောက်နေတာ ဘယ်လိုလုပ်သိ

တာလဲ..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"မင်းလိုက်ချောင်းနေလဲ မယ်တော်ဝမ်မူက ကျုပ်ကို အလွတ်

ပေးမှာ မဟုတ်ဘူး..."

ထျန်းတိကျန်းက ရယ်မောလိုက်ရင်း...

"ဟဲဟဲ… ဘုရင့်နေပြည်တော်က အရမ်းပျင်းစရာကောင်းတယ် ၊ ကျွန်တော်လည်း လျှောက်ကစားချင်တာပေါ့ ၊ ပြီးတော့ အစ်ကိုကြီးက တကယ်ပဲ ဒီရေကန်ကြီးကို မြေဖို့မလို့လား…"

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်…

"အေးလေ… မလုပ်လို့မှမရတာ ၊ ကတိပေးပြီးသွားပြီပဲ…"

ထျန်းတိကျန်းက ကိုယ်ကိုတစ်ပတ်လှည့်လိုက်ရာ ချက်ချင်းပင် ရေကန်စပ်နားသို့ ထိုင်လျှက်သားရောက်ရှိသွားပြီး သူ၏ ခြေထောက်လေးများကို ရေကန်ထဲသို့ ချထားရင်း ဆော့ကစားနေလိုက်လေသည်။

ထျန်းတိကျန်းက လှိုင်းများထနေသည့်ရေကန်ကို ကြည့်နေရင်းမှ…

"ဒီရေကန်ကို ရှမ်ဂူရေကန်လို့ခေါ်တယ် ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းကျော်လောက်က မြင့်မြတ်တဲ့နတ်ဘုရား တစ်ပါး ဖြစ်တဲ့ မြောက်ပိုင်းဒေသက ကျန်းဝူနတ်ဘုရားဟာ ဒီနေရာမှာ

တရားဟောပြောခဲ့တယ်၊ ဟို အရှေ့က တောင်ထိပ် (၃)ခုကို တွေ့တယ်မလား၊ ကျန်းဝူနတ်ဘုရားက ယွမ်ကျိုးနယ်မှာ အကြီးဆုံး နဂါးစွမ်းအားသွေးကြော ဖြစ်တဲ့ အလယ်ကတောင် မြင့်ကြီးမှာ ခရမ်းရောင်တိမ်တိုက်နန်းတော်ကို တည်ဆောက်ခဲ့ တယ်၊ ဆန်းအစ်ကိုကြီးသာ ဒီရေကန်ကို မြေဖို့လိုက်ရင် ကျန်း ဝူနတ်ဘုရားချန်ထားခဲ့တဲ့ မြေမျက်နှာသွင်ပြင်တွေ ပျက်စီး သွားလိမ့်မယ်၊ အဲဒါဆို အစ်ကိုကြီး ဒုက္ခရောက်မှာ ကျွန်တော် စိတ်ပူမိတယ်၊ မယ်တော်ဝမ်မူရဲ့ နတ်မက်မွန်သီးတွေက အရမ်းတန်ဖိုးရှိတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ အခုလို အန္တ ရယ်ရှိတဲ့အလုပ်မျိုးကိုတော့ မလုပ်စေချင်ဘူး...."

ထျန်းတိကျန်းသည် လောကကြီးအကြောင်း အတော်များများ ကို သိရှိထားသူ ဖြစ်လေသည်။

သူက ဆန်းလျှန်အပေါ်တွင် ထူးထူးခြားခြား တွယ်တာနေမိပြီး ဆန်းလျှန် ဒုက္ခရောက်မည် စိုးသောကြောင့်ယခုကဲ့သို့ တကူးတက လာရောက် သတိပေးရခြင်းဖြစ်လေသည်။

ဆန်းလျှန်က တောင်ထိပ် (၃)ခုအနက် အလယ်တည့်တည့်မှ တောင်ကို ငေးစိုက်ကြည့်နေလိုက်လေသည်။

စိမ်းလန်းစိုပြေသည့်တောအုပ်များကိုဖြတ်သန်းပြီး လင်းလက်နေသည့် ကြယ်စင်များအောက်တွင် ထာဝရတည် ရှိနေသည့် ခရမ်းရောင်တိမ်တိုက်နန်းတော်ကို စိတ်အာရုံထဲတွင် တွေ့မြင်ရလေသည်။ ထိုနန်းတော်ကိုတည်ဆောက် ခဲ့သူ ကျန်းဝူနတ်ဘုရားသည် တန်ခိုးစွမ်းအား အလွန်နက်ရှိုင်းဟန်ရှိလေ၏။ ထိုနေရာသည် နဂါးစွမ်းအားသွေးကြောတစ်ခုလုံး၏ နဂါးပါးစပ်တည်ရှိရာ နေရာဖြစ်လေသည်။

လုံးဝပြောင်းလဲနိုင်ခြင်းမရှိသည့် ယွမ်ကျိုးနယ်တစ်ခုလုံး၏ ဘိုးဘေးအစဉ်အဆက် အသက်သွေးကြောအရင်းအမြစ် ဖြစ်

လေသည်။ ထို့ကြောင့် မယ်တော်ဝမ်မူကိုယ်တိုင်ပင်လျှင်

ရေကန်ကို မြေဖို့လိုခြင်း မရှိပေ။ သူမသည်လည်း ကျန်းဝူနတ်

ဘုရားဖြင့် ရန်သူမဖြစ်ချင်သောကြောင့် ဖြစ်လေသည်။

မယ်တော်ဝမ်မူသာ ထျန်းတိကျန်းက ဆန်းလျန်ကို ဤ

အကြောင်းများ လာပြောပြသည်ကို သိရှိသွားပါက ထိုကြေးမုံ

မှန်ကို အမှုံ့ချေပစ်ချင်မည် ဖြစ်လေသည်။

သို့သော်... ထျန်းတိကျန်းက အရေးမစိုက်ပါ။ သူနှင့်ဆန်းလျန်

သိကြသည်မှာ တစ်ရက်ပင် မပြည့်သေးသည့်တိုင် သူက ဆန်း

လျန်အပေါ်တွင် နက်ရှိုင်းစွာ ခင်တွယ်မိလေသည်။

ဆန်းလျန်ကလည်း သူ၏ခင်မင်မှုကို အလေးထားခဲ့ပါသည်။

ထျန်းတိကျန်းသတိပေးမှုသည် အသုံးဝင်သည်ဖြစ်စေ မဝင်

သည်ဖြစ်စေ သူက လျစ်လျူမရှုခဲ့ပေ။

ဆန်းလျန်က ကောင်းကင်ထက်မှ လမင်းကို တစ်ချက်

မော့ကြည့်လိုက်ရင်း...

"ကောင်းကင်ပေါ်တက်ပြီး လမင်းကို အပိုင်းပိုင်း ခွဲရမယ်ဆို

ရင်တောင် ပျော်ပျော်ကြီး လုပ်ကြတာပေါ့..."

ထျန်းတိကျန်းက ဆန်းလျန်ကို တစ်ချက်စိုက်ကြည့်လိုက်

ရင်း...

"ဆန်းအစ်ကိုကြီး၊ အစ်ကိုကြီးက တကယ့်ကို ဘာကိုမှ

အလေးမထားဘူးပဲ..."

ဆန်းလျန်ကပြုံးလိုက်ရင်း နူးညံ့သည့်လေသံဖြင့်...

"နောက်တာပါကွာ၊ မယ်တော်ဝမ်မူကို ကတိပေးပြီးမှတော့

ကတိတည်ရတော့မှာပေါ့၊ ဒါပေမဲ့ ဘယ်အချိန်ကျမှ မြေဖို့ပေး

မှာလဲဆိုတာတော့ ကျုပ် သူ့ကို မပြောထားဘူးလေ၊ ကျန်းဝူ

နတ်ဘုရားကိုယ်တိုင် ရေကန်ကို မြေဖို့ပေးဖို့ ကျုပ်ကို တစ်နေ့

ကျရင် ပြောချင်လည်း ပြောလာမှာပေါ့..."

ဆန်းလျန်၏ စကားများကို ကြားလိုက်ရသည့်အခါ ထျန်းတိ

ကျန်း အံ့သြသွားလေသည်။

ဆန်းလျန်၏ စကားများက အဓိပ္ပါယ်နက်ရှိုင်းလေသည်။

လောက၏ နိယာမများအားလုံးမှ ကျော်လွန်ပြီး မဖြစ်နိုင်သည့်

အရာများလည်း ဖြစ်လာနိုင်တော့မည့်အလား စကားလုံးတိုင်း

က အဓိပ္ပါယ် ပြည့်ဝလေသည်။

ဆန်းလျန်ကတော့ ထျန်းတိကျန်းကို ရှင်းပြမနေတော့ပေ။

အရာအားလုံးက သူ့အကြောင်းနှင့်သူ ရှိသည်ပဲလေ။

ရှမ်ဝူရေကန်သည် ယွမ်ကျိုးနယ်၏ နဂါးစွမ်းအား

အသက်သွေးကြောဖြစ်လေသည်။ ထို့ပြင် ကျန်းဝူနတ်

ဘုရား၏ စစ်တုရင်ကစားကွက် တစ်ခုလည်း ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်က ကျိုးယီတောင် အကြောင်းကိုလည်း သိရှိ

ထားလေသည်။

မယ်တော်ဝမ်မူကလည်း ထိုအကြောင်းများကို သိရှိထားဟန်ရှိ

သည်။ ထို့ကြောင့် မက်မွန်သီးခိုးယူခြင်းကို အကြောင်းပြကာ

သူ့ကို ဤကိစ္စထဲ ဆွဲထည့်ခဲ့ခြင်း ဖြစ်လေသည်။

ဤသည်မှာ လောကပရိယာယ်များပင်ဖြစ်ပြီး သူ့အနေဖြင့် ညီငယ်လေး ထျန်းတိကျန်းနားလည်အောင် ရှင်းပြနိုင်ရန် မလွယ်လှပေ။

ဆန်းလျန်နှင့် ထျန်းတိကျန်းသည် ရွှမ်ဝူရေကန်မှ ရေလှိုင်းလေးများကို အတူတူကြည့်ရင်း လောကကြီးအကြောင်း စိတ်ဝင်စားစရာ အကြောင်းအရာများကို ပြောနေကြလေသည်။

ထျန်းတိကျန်း၏ စကားများထဲမှ ဆန်းလျန် အကြောင်းတစ်ခုကို သိခဲ့ရသည်။

ထျန်းတိကျန်း လူအသွင်ဖန်ဆင်းနိုင်ခြင်းမှာ ကံကောင်းစွာဖြင့် ဂျင်ဆင်းမြစ် (၃)ခုကို ရရှိခဲ့သောကြောင့် ဖြစ်လေသည်။

ဂျင်ဆင်းမြစ်ကို ဟိုင်သန်းမြက်ပင်ဟူ၍လည်း လူသိများလေသည်။ မိုးနှင့်မြေ၏ ဝိညာဉ်စွမ်းအား အမြစ်များ ဖြစ်လေသည်။ ထိုဂျင်ဆင်းမြစ်အပင်သည် စကြာဝဠာစတင်ဖြစ်တည်

စဉ်ကတည်းက ဝမ်ရှို့တောင်ရှိ ဝူကျွမ်း ကျောင်းတော်တွင် အမြစ်တွယ်နေခဲ့လေသည်။

မည်သူမှ ထိုအကြောင်းကို မကြားခဲ့ဖူးပေ။ သာမန်လူတစ်ယောက်က ကံကောင်းသောကြောင့် ဂျင်ဆင်းမြစ်ကို ရရှိခဲ့ပါက ထိုသူသည်စိတ်ထားကောင်းမည်ဆိုလျှင် တာအိုတန်ခိုးစွမ်းအားများ ကြီးထွားလာမည် ဖြစ်လေသည်။ ထိုအခါ ဘေးအန္တရာယ်များအားလုံးကို ကျော်လွှားနိုင်မည် ဖြစ်လေ၏။

ဝမ့်ရှို့တောင် ၊ ဝူကျွမ်းကျောင်းတော်မှ တပည့်များဆိုလျှင် ဂျင်ဆင်းမြစ်၏ အံ့သြဖွယ်ရာ ကောင်းကျိုးများကို ခံစားကြရပြီး မသေနိုင်သည့် နတ်ဘုရားခန္ဓာများကိုထိန်းသိမ်းထားကြလေသည်။

ဝမ်ရှို့တောင်မှ နတ်ဘုရားတို့၏ဘိုးဘေးဖြစ်သည့် ကျန့်ယွမ်ကျီနတ်မင်းကြီးသည် ထာဝရရှင်သန်ခြင်းနှင့် မိုးမြေတုန်လှုပ်

စေသည့် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားသူ ဖြစ်လေ

သည်။

သူသည် လောကသုံးပါးသခင်ထက်ပင် တန်ခိုးစွမ်းအားမြင့်မား

သူဖြစ်ပြီး မိုးနတ်မင်းပြီးလျှင် အခြားသော နတ်ဘုရား များ

အားလုံးကိုအောင်နိုင်သူဖြစ်လေသည်။

ကျန့်ယွမ်ကျီနတ်မင်းကြီးက ထျန်းတိကျန်းကို ဂျင်ဆင်းမြစ်

(၃)ခုတောင် ပေးခဲ့လေသည်။

အခြားသူများ ထင်ကြသည်မှာ တာအိုဆရာလီချင်းဆွေ၏

မျက်နှာကြောင့် ကျန့်ယွမ်ကျီနတ်မင်းကြီးက ထျန်းတိကျန်းကို

ဂျင်ဆင်းမြစ်ပေးသည်ဟု ထင်မှတ်ကြလေသည်။ သို့သော်...

ထိုသို့မဟုတ်သည်ကို ထျန်းတိကျန်း တစ်ယောက်သာ သိလေ

သည်။

ထိုသို့ဆိုလျှင် အကြောင်းရင်းက ဘာများလဲ။ သူက ကျန့်ယွမ်

ကျီနတ်မင်းကြီးကို မေးကြည့်ခဲ့သော်လည်း နတ်မင်းကြီးက

ဖြေကြားခြင်း မရှိခဲ့ပေ။ သူက အကြောင်းရင်းမသိရဘဲ ဂျင်ဆင်းဆေးမြစ်(၃)ခုရခဲ့သည့်အတွက် အနည်းငယ်ပင် အားနာမိလေသည်။

ထိုလျှို့ဝှက်ချက်ကို ထျန်းတိကျန်းက မည်သူ့ကိုမှ ပြောပြခဲ့ခြင်း မရှိပေ။ သို့သော်... ဆန်းလျန်က အစဆွဲထုတ်လိုက်သည်နှင့် ထျန်းတိကျန်းက ဆန်းလျန်ကို အကုန်အစင်ပြောပြလေသည်။

ရှမ်ဝူရေကန်နံဘေးတွင် လူတစ်ယောက်နှင့် မှန်တစ်ချပ်စကားပြောနေကြလေသည်။

ရုတ်တရက်...

ပလွေသံတစ်သံထွက်ပေါ်လာလေသည်။

ထျန်းတိကျန်းက...

"စိတ်ရှုတ်စရာကောင်းလိုက်တာ...ကျွန်တော့်ကို ခေါ်နေပြန်ပြီ..."

ဟု ရေရွတ်လိုက်လေသည်။

ထို့နောက် သူက ဆန်းလျန်ဘက်သို့ လှည့်လိုက်ပြီး...

"ဆန်းအစ်ကိုကြီး ၊ ကျွန်တော်သွားရတော့မယ် ၊ အစ်ကိုကြီး အားရင် ကျွန်တော့်ဆီလာလည်ဦးနော် ၊ အချိန်မရွေး အစ်ကိုကြီးကို ကြိုဆိုနေမှာ..."

ပြောပြီးသည်နှင့် ထျန်းတိကျန်းသည် အလင်းတန်းတစ်ခု အဖြစ်သို့ ပြောင်းလဲသွားကာ ထွက်ခွာသွားလေတော့သည်။

....

ထျန်းတိကျန်းသည် ချက်ချင်းပင် မေနန့်စန်းနှင့် ရှင်ယောင်းတို့ နေထိုင်သည့် နေအိမ်သို့ ရောက်ရှိလာလေသည်။

အိမ်ထဲတွင် ကျောက်စိမ်းပုလွေတစ်လက်ကိုကိုင်ထားသည့် တာအိုကျင့်ကြံသူမိန်းမပျိုတစ်ယောက် ရှိနေလေသည်။

သူမက...

"မှန်လေး ၊ ဘယ်တွေလျှောက်သွားနေတာလဲ..."

မှန်လေးဟု အခေါ်ခံလိုက်ရသည့်အတွက် ထျန်းတိကျန်း မ

ကျေမနပ်ဖြစ်သွားလေသည်။

"စုနီ ၊ ကျွန်တော့်ကို အဲဒီလို မခေါ်ဖို့ ပြောထားတယ်လေ ၊

ခင်ဗျား ယုံချင်ယုံ မယုံချင်နေပေါ့ ၊ ကျွန်တော် တောင်ပေါ်ကို

ပြန်သွားတာ..."

တာအိုကျင့်ကြံသူမိန်းမပျိုက တစ်ချက်ပြုံးလိုက်ရင်း...

"အေးပါ... ငါက ဘာပြောနေလို့လဲ..."

ထျန်းတိကျန်းက စုနီဆိုသည့် တာအိုကျင့်ကြံသူမိန်းမပျိုနှင့်

စကားဆက်မပြောတော့ပေ။

ထို့နောက် ထျန်းတိကျန်းက မနီးမဝေးတစ်နေရာတွင် ထိုင်နေ

သည့် ရှင်ယောင်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"မင်းကရော ဘယ်လိုဖြစ်လို့ ဘုရင့်နေပြည်တော်ကို ရောက်နေ

ရတာလဲ..."

ရှင်သန်စေခြင်းကျောင်းတော်တွင် ထျန်းတိကျန်း၏ အဆင့်အတန်းက အလွန်မြင့်မားလေသည်။ စုနီပင်လျှင် သူ့ကို မလေးမစား မဆက်ဆံရဲပေ။ ရှင်သန်စေခြင်းကျောင်းတော်မှ တပည့်များမှာ ထျန်းတိကျန်း၏ ရိုက်နှက်ခြင်းကို ခံရလျှင် တောင်မှ မည်သို့မှ အပြစ်မတင်ရဲကြပေ။

ရှင်ယောင်းက...

"ကျုပ်ရဲ့ညီက ဒီမှာရောက်နေတာနဲ့ တောင်ပေါ်ကဆင်းလာတော့ ကြုံတုန်း ကျုပ်ရဲ့ညီဆီ ခဏဝင်လည်တာပါ..."

ထျန်းတိကျန်းက...

"ဪ... ဒါကြောင့်ကိုး ..."

စုနီက...

"ဂိုဏ်းတူတူလေး ရှင်ယောင်း ဒီကိုရောက်နေတာအတော်ပဲ ၊ သူ့ကို သေစေခြင်းကျောင်းတော်က ကိစ္စတွေ စုံစမ်းခိုင်း မလို့ ၊ ပြီးတော့ ဒီတစ်ကြိမ်တော့ နန်းတော် (၃)ခု ၊ နတ်ဘုရားကျောင်း

တော်ကြီး (၄)ခုနဲ့အတူ မယ်တော်ဝမ်မူကိစ္စ လည်းဆွေးနွေးစရာ ရှိတယ်၊ တကယ်တော့ ငါတို့ ရှင်သန်စေခြင်းကျောင်းတော်က လောကီအရေးတွေ မှာပါဝင်ပတ်သက်ခြင်းမရှိပါဘူး၊ ဒါပေမဲ့ အားလုံးက ဝင်ပြီးပတ်သက်နေတော့လည်း လုပ်ရတာပေါ့..."

ထျန်းတိကျန်းက...

"အင်း... လုပ်ကြတာပေါ့၊ သူတို့တွေအကုန်လုံးကို ကန် ထုတ်ပစ်မယ်..."

ပြောပြီးသည်နှင့် ထျန်းတိကျန်းက စုနီကို စူးစူးရဲရဲတစ်ချက် ကြည့်ပစ်လိုက်လေသည်။

အခန်း (၇၈၃) မင်းကို နတ်ဘုရားတစ်ပါးဖြစ်သွားတဲ့အထိ

ကျင့်စဉ်လမ်းအကြောင်း သင်ပြပေး မလို့ပဲ

စုနီက မျက်မှောင်တစ်ချက်ကြုံ့လိုက်ရင်း...

"ဒါပေမဲ့ အခု ဘုရင့်နေပြည်တော်မှာ အခြေအနေတွေ အရမ်း

ရှုတ်ထွေးနေတယ်၊ ငါတို့ သတိမထားဘဲတော့ နေလို့ မရ

ဘူး..."

ရှင်ယောင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး စိတ်သက်သာရာ

ရသွားဟန်ဖြင့်သက်ပြင်းတစ်ချက်ချလိုက်လေသည်။

သူ့အနေဖြင့် ပြဿနာ သိပ်မရှိနိုင်ပေ။ မေနန့်စန်းနှင့် လုပ်စရာရှိ

သည်ကို ဆက်လုပ်ရမည် ဖြစ်လေသည်။

နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခု စတင်

တည်ထောင်ခဲ့ကတည်းက ယခုကဲ့သို့ ကျောင်းတော် တစ်ခု

ဖျက်စီးခံရသည်ဆိုသည့် အဖြစ်အပျက်မျိုးမှာ ပထမဆုံး

အကြိမ် ကြားဖူးခြင်း ဖြစ်လေသည်။

ထို့ပြင် ဤသည်မှာ သေစေခြင်းကျောင်းတော်၏ ပြုမူနေထိုင်ပုံနှင့်လည်း ဆက်စပ်နေလေ၏။ သေစေခြင်း ကျောင်းတော်သည် နတ်ဘုရားကျောင်းတော်တစ်ခုဖြစ်သော်လည်း အလွန်အကျွံသတ်ဖြတ်မှုများကို ပြုလုပ်လေ့ ရှိလေသည်။ ကျောင်းတော်မှ ဆရာသခင်များ ၊ ဘိုးဘေးများပင်လျှင် ကိုယ့်လမ်းကိုယ်လျှောက်ကြပြီး တပည့်များအပေါ် သိပ်ပြီး ဂရုတစိုက် မရှိကြပေ။

ထို့ကြောင့် သေစေခြင်းကျောင်းတော်အကြောင်းကို ကောင်းကောင်းသိသည့် ရှင်သန်စေခြင်းကျောင်းတော်မှလွဲပြီး အခြားသူများကတော့ သူတို့ကို ကြောက်ရွံ့ကြလေသည်။

ထို့ကြောင့် အခြားသောဂိုဏ်းများသည် သေစေခြင်း ကျောင်းတော်နှင့် နီးစပ်ခြင်း မရှိခဲ့ကြပေ။

သေစေခြင်းကျောင်းတော်သာ အခြားသော ကျောင်းတော်များ ၊ ကျင့်ကြံသူဂိုဏ်းများနှင့် နီးနီးစပ်စပ် ရှိခဲ့ပါက သေစေခြင်း

ကျောင်းတော် ကြမ္မာဆိုးကျရောက်မည့်အချိန်တွင် တစ်ယောက်မဟုတ်တစ်ယောက်က သတိထားမိပြီး သတိပေးကြမည်ပဲ ဖြစ်လေသည်။

ထိုအခါ ယခုကဲ့သို့ ဂိုဏ်းလုံးကျွတ် သတ်ဖြတ်ခံရမှု ဖြစ်လာနိုင်မည် မဟုတ်ပေ။

သေစေခြင်းကျောင်းတော်တစ်ခုလုံးကို အမြစ်ဖြုတ်ပစ်ခဲ့သည့် ရှီချင်းဟွမ်ဆိုသူမှာ ကျင့်ကြံသူလောကမှ အတော်များများက မနာလို ဖြစ်ကြရလောက်အောင် တော်သူတစ်ယောက် ဖြစ်လေသည်။

ယခုတော့ ထိုတပည့်ကြောင့်ပင် တစ်ဂိုဏ်းလုံး ဖျက်ဆီးခံခဲ့ရပြီဖြစ်သည်။

ရှီချင်းဟွမ်လိုလူမျိုးက တန်ခိုးစွမ်းအားများအားလုံးကို ဖျက်ဆီးလိုက်လျှင်ပင် အလွယ်တကူ ပျက်စီးသွားမည့် သူမျိုး မဟုတ်ပေ။

ထိုကဲ့သို့သော် လူမျိုးသည် လောကို ဒုက္ခကောင်းကောင်းပေး

မည့်သူမျိုးဖြစ်လေရာ အစကတည်းကပင် ဖျောက်ဖျက်

သုတ်သင်ပစ်ရန် လိုအပ်လေသည်။

နတ်ဘုရားများ၏ အပြုအမူများသည် ယနေ့ခေတ် ကျင့်ကြံ

သူများနှင့်လည်း ဆက်စပ်နေလေသည်။ လူ့လောကက ကျယ်

ပြောလေသည်။ နတ်ဘုရားများနှင့် လူသားများကြားတွင် ကွာ

ဟမှု များရှိသော်လည်း အဆက်အသွယ်တော့ ပြတ်တောက်

ခြင်း မရှိကြပေ။

ထို့ကြောင့် ကျင့်စဉ်လမ်းကို လျှောက်လှမ်းကြရာတွင်

လူ့လောကရှိ အကောင်းအဆိုးများနှင့် ပတ်သက်နေဆဲဖြစ်

လေသည်။

လူသားဆန်မှုထက် မိုးမြေနိယာမများအပေါ်တွင် ပိုပြီး

အလေးထားသည့် ရှေးခေတ်အချိန်ကာလနှင့် မတူညီတော့ပေ။

လူသားဖြစ်စေ နတ်ဘုရားဖြစ်စေ...

"တံခါးရှေ့မှ ဆီးနှင်းများကို မည်သူမဆိုလှည်းကျင်းပေးပြီး

တစ်ပါးသူ၏အကျိုးကိုဆောင်ရွက်သည်"

ဆိုသည့်စကားနှင့်အညီ နေထိုင်ကြလေ့ရှိလေသည်။

နောက်တစ်နေ့နံနက်တွင်တော့...

စုနီနှင့် ထျန်းတိကျန်းတို့သည် မေနန့်စန်းအိမ်မှ ထွက်ခွာသွား

ကြလေသည်။

စုနီမှာ နတ်ဘုရားတစ်ပါး မဖြစ်သေးသည့်တိုင် နတ်ဘုရား

တစ်ပါးနီးပါး တန်ခိုးစွမ်းအားမြင့်မားသူဖြစ်ပြီး ထျန်းတိကျန်း

ကတော့ မော်ဝင်ကြေးမုံမှန်တစ်ချပ် ဖြစ်လေသည်။

ထို့ကြောင့် သူတို့က လိုလိုလားလား ကိုယ်ထင်မပြလျှင် သာမန်

လူများမပြောနှင့် ရှင်ယောင်းပင်လျှင် သူတို့ကို တွေ့မြင်နိုင်

ခြင်း မရှိပေ။

ရှင်ယောင်းသည် လက်ဖက်ရည်ဆိုင်ထဲမှ ပုံပြောဆရာကို

စိတ်ဝင်စားနေမိဆဲ ဖြစ်လေသည်။

ထို့ကြောင့် နံနက်စောစော လက်ရည်ဆိုင်သို့ ရောက်နေခဲ့လေသည်။ သို့သော်... ယနေ့တွင် ပုံပြောဆရာသည် နေ့ခင်းအချိန်ရောက်သည်အထိ ရောက်မလာခဲ့ပေ။

ထို့ကြောင့် ရှင်ယောင်းက ယနေ့အတွက် ပုံပြောဆရာ ရောက်မလာတော့ဟု ထင်မှတ်လိုက်မိလေသည်။

ဇာတ်လမ်းနားထောင်ရန် လာစောင့်နေကြသည့် အခြားသူများမှာလည်း စိတ်ပျက်လက်ပျက်ဖြင့် ပြန်သွားကြပြီ ဖြစ်လေသည်။

နောက်ဆုံးတော့ လက်ဖက်ရည်ဆိုင်ထဲတွင် လူ (၂)ယောက် ၊ (၃)ယောက်ခန့်သာ ကျန်ရစ်တော့သည်။

သူတို့က အလုပ်မရှိအကိုင်မရှိများဖြစ်ပြီး ပုံပြောဆရာပြောပြသည့် ပြီးခဲ့သည့် ဇာတ်လမ်းကို ပြန်လည်ဆွေးနွေး နေကြလေသည်။ သူတို့က မမောနိုင်မပန်းနိုင်ပြောနေကြခြင်း ဖြစ်လေ၏။

ထိုသူများ စကားပြောနေသည်ကို နားထောင်ရင်း ရှင်ယောင်း
လည်း တိတ်ဆိတ်စွာ ထိုင်နေခဲ့လေသည်။

ထိုအချိန်မှာပင်... ရုတ်တရက် လေများထန်လာပြီး မိုးများအုံ့
လာကာ မိုးဖွဲများကျလာတော့သည်။ ထို့ကြောင့် လမ်းပေါ်တွင်
လူသွားလူလာ သိပ်မရှိတော့ပေ။

မိုးသဲကြီးမဲကြီးရွာသွန်းသည့်အတွက် လမ်းများမှာ စိုစွတ်နေ
လေသည်။

ထိုအချိန်မှာပင် ပုံပြောဆရာသည် လက်ဖက်ရည်ဆိုင်အတွင်း
သို့ ဝင်လာလေသည်။ သူက ဆောင်းလာသည့် ဆီစိမ်စက္ကူထီး
လေးကို လက်ဖက်ရည်ဆိုင်အပြင်ဘက်တွင် ထားလိုက်ကာ
လက်ဖက်ရည်ဆိုင်အတွင်းသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

ရှင်ယောင်းက...

"ဆရာကြီး... ဒီနေ့ ဇာတ်လမ်းပြောပြဦးမှာလား..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"မပြောတော့ဘူး..."

ရှင်ယောင်းက...

"ဒါဖြင့် ဆရာကြီး ဒီနေ့ဘာလို့ လက်ဖက်ရည်ဆိုင်ကိုလာနေသေးတာလဲ၊ ဧည့်သည်တွေတောင် ပြန်ကုန်ကြပြီ..."

ဆန်းလျန်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဒီနေ့ ကျုပ်ရောက်လာရတာက မင်းကို နတ်ဘုရားတစ်ပါးဖြစ်သွားတဲ့အထိ ကျင့်စဉ်လမ်းအကြောင်း သင်ပြပေး မလို့ပဲ..."

ရှင်ယောင်းမှာ ပုံပြောဆရာသည် လျှို့ဝှက်နက်နဲသူတစ်ယောက်ဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

သို့သော်... သူ့ကို နတ်ဘုရားတစ်ပါးဖြစ်သည်အထိ သင်ပြပေးမည်ဟု ပြောလိမ့်မည်ဟု ထင်မှတ်မထားခဲ့မိပေ။ ရှင်သန်စေခြင်းကျောင်းတော်မှ ဘိုးဘေးနတ်ဘုရားများပင်လဆင် ထိုသို့သော စကားမျိုးကို မပြောကြပေ။

ရှင်ယောင်းက...

"ဆရာကြီး ၊ ကျုပ်ကို နောက်နေတာလား..."

ဆန်းလျန်က...

"ဘာလို့လဲ ၊ မင်းက ပုံပြင်ထဲကမျောက်မင်းလောက် မတော်လို့လား..."

ရှင်ယောင်းမှာ ကြက်သေသေသွားပြီး "ငါက မျောက်တစ်ကောင်လောက်တောင် မတော်ဘူးလား" ဟု တွေးလိုက်မိသည်။

ဆန်းလျန်က...

"ဒါဖြင့် မင်းက မအို မနာ မသေဘဲ အသက်မရှည်မချင်ဘူးလား..."

ရှင်ယောင်းမှာ အူကြောင်ကြောင်ဖြစ်နေပြီး ပြောစရာစကားပင် ပျောက်ဆုံးသွားရလေသည်။

ထိုစကားမှာ ဆန်းလျန်ပြောပြသည့် ဇာတ်လမ်းထဲမှ မျောက်မင်းကို ပညာသင်ပေးသည့်ဗောဓိဘိုးဘိုးက မေးမြန်းသည့် မေးခွန်းပင်ဖြစ်လေသည်။

ဗောဓိဘိုးဘိုးသည် ဆန်းကျယ်သည့် တာအိုကျင့်စဉ်များစွာကို သိရှိသူဖြစ်ပြီး မျောက်မင်းကို ရွေးခြယ်ခွင့်ပေးခဲ့ လေသည်။ သို့သော်... မျောက်မင်းက မေးခွန်းတစ်ခုကိုသာ မေးခဲ့လေသည်။

"မအို မနာ မသေဘဲ အသက်ရှည်မှာလား..."

ဆိုသည့် မေးခွန်းပင်။

အဘယ်ကြောင့်ဆိုသော် မျောက်မင်းသည် ဆုံးဖြတ်ချက်ခိုင်မာ လွန်းပြီးနတ်ဘုရားတစ်ပါး ဖြစ်ရန်အတွက် စိတ်ထား တစ်ချက်ပင် မယိမ်းယိုင်ခဲ့ပေ။ ထို့ကြောင့် နောက်ဆုံးတွင် ဗောဓိဘိုးဘိုးထံမှ မသေနိုင်သည့် ကျင့်စဉ်ကို သင်ယူခွင့် ရခဲ့လေသည်။

ရှင်ယောင်းမှာ ကျင့်ကြံသူတစ်ယောက်ဖြစ်သော်လည်း မျောက်မင်းလောက်ပင် ဆုံးဖြတ်ချက်ခိုင်မာခြင်း မရှိခဲ့ပေ။ ထို့ပြင် သူ့အနေဖြင့် ဆန်းလျန်ကို "နောက်နေတာလား" ဟု မမေးခဲ့သင့်ပေ။

သူ့ကို နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် ဆန်းလျန်က မည်သည့်ကျင့်စဉ်များ သင်ပေးမည်လဲဆိုသည်ကို မေးမြန်းလိုက်သင့်လေသည်။

ရှင်ယောင်းက ချက်ချင်းပင် လေးစားသည့်အမူအရာဖြင့်...

"ဒါဖြင့်လည်း ဆရာကြီး သင်ပြပေးပါ..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ် မင်းကိုအရူးလုပ်မှာ မစိုးရိမ်ဘူးလား..."

ရှင်ယောင်းက...

"ဆရာကြီးက ထူးဆန်းတဲ့လူတစ်ယောက်ပါ၊ ရှင်ယောင်း အဝေးကြီးကို မစဉ်းစားဘဲ ယုံကြည်မှုရှိပါတယ်..."

ဆန်းလျန်က...

"မင်းက အမြင်ရှိတဲ့သူတစ်ယောက်ပဲ၊ ကျုပ်နဲ့ တွေ့ခွင့်ရတာ ကံကောင်းတယ်၊ ကျုပ် မင်းကို မဟာတာအိုလမ်းစဉ် အကြောင်းသင်ပြပေးမယ်၊ ဒါပေမဲ့ ကျုပ်သင်ပြပေးလိုက်လို့

မိုးကောင်းကင်နတ်ဘုရားတစ်ပါး ဖြစ်သွားပြီး ချင်းစွေထျန်း

ကောင်းကင်ဘုံကို ဝင်ခွင့်ရခဲ့ရင် ကျုပ်ကို မမေ့ပါနဲ့၊ ဟုတ်ပြီ

လား..."

ရှင်ယောင်းက...

"ဆရာကြီးက ဘာလို့ ဒီလိုလုပ်ရတာလဲ..."

ဆန်းလျန်က...

"ကျုပ် တာအိုဆရာလီချင်းဆွေနဲ့တွေ့ပြီး မေးစရာကိစ္စလေး

နည်းနည်း ရှိလို့ပါ..."

ရှင်ယောင်းက တစ်ချက်ပင်တုံ့ဆိုင်းမနေတော့ဘဲ...

"ကျုပ် ကတိပေးပါတယ်...."

ဟု ပြောလိုက်လေတော့သည်။

ဆန်းလျန်လိမ်ပြောမည်ကို သူ မစိုးရိမ်ဘူးလား...။ ဟုတ်ပါ

တယ်... သူမစိုးရိမ်ပါဘူး။

အဘယ်ကြောင့်ဆိုသော် တာအိုဆရာလီချင်းဆွေဆိုသည်က

မိုးနှင့်မြေတွင် တန်ခိုးစွမ်းအား အမြင့်မားဆုံး နတ်ဘုရား

တစ်ပါး ဖြစ်နေသောကြောင့်ဖြစ်လေသည်။

ပုံပြောဆရာတွင် မကောင်းသည့် အကြံအစည်ရှိနေလျှင်

တောင်မှ တာအိုဆရာလီချင်းဆွေကို ပြဿနာရှာရဲသည် အထိ

မိုက်မဲသူတစ်ယောက် မဖြစ်နိုင်ပေ။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ကောင်းပြီလေ..."

ထို့နောက်တွင်တော့ ဆန်းလျန်က ရှင်ယောင်းကို

လက်ဖက်ရည်ဆိုင်လေးအတွင်းမှာပင် မဟာတာအိုလမ်းစဉ်ကို

သင်ပြပေးခဲ့လေသည်။ ဆန်းလျန်၏ သင်ပြပေးမှုက အလွန်

ကောင်းမွန်ပြီး နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး

(၄)ခုထက်ပင် သာလွန်လေသည်။

လှျို့ဝှက်ဆန်းကျယ်သည့် လမ်းစဉ်နှင့် မိုး ၊ မြေ ၊ ကြီးမြတ်သော စကြာဝဠာ ၊ နေ ၊ လ ဖြစ်တည်မှုများနှင့် ပတ်သက် သည့်အကြောင်းအရာများစွာ ပါဝင်လေသည်။

ဆန်းလျန်က မဟာတာအိုလမ်းစဉ်အကြောင်း အနှစ်ချုပ်ကာ အချက် (၂)ချက်ကို ပြောပြခဲ့လေသည်။ အန္တိမအဆင့်နှင့် အခြေခံအဆင့် အချက် (၂)ချက် ဖြစ်လေသည်။

ဆန်းလျန်က ကျင့်စဉ်ကိုသင်ပြပေးခြင်းထက် သဘောတရားနှင့် အယူအဆကို သင်ပြပေးလေသည်။ ထိုအချက်က ပိုပြီး သဘောပေါက်မှုကို မြန်ဆန်စေမည် ဖြစ်လေသည်။

ထို့ကြောင့် ရှေးခေတ်သင်ပြပေးမှုလမ်းစဉ်သည် ယနေ့ခေတ် သင်ပြပေးမှုများထက် ပိုကောင်းသည်ဟု ပြောဆိုကြ ခြင်းဖြစ်ဟန် တူလေသည်။

ဆန်းလျန်က တန်ခိုးစွမ်းအား ဖြစ်တည်လာပုံ၊ မြင့်မားလာပုံနှင့် တန်ခိုးစွမ်းအားကို ထိန်းသိမ်းပုံများကို သင်ပြပေးလေသည်။

ထို့ပြင် အကျိုးနှင့်အပြစ်များကိုလည်း ယှဉ်တွဲပြောပြလေသည်။

ဆန်းလျန်၏ သင်ပြပေးမှုသည် ရှင်ယောင်းကို များစွာ အမြင်ပွင့်သွားစေလေသည်။ ကိုယ်ပိုင်အတွေးအခေါ် အယူအဆများကို ရှင်ယောင်း တွေးတောလာနိုင်လေသည်။

ထိုအချိန်...

ဆန်းလျန်သင်ပြပေးသည်ကို လေထဲမိုးထဲတွင် နားထောင်နေသည့် စုနီက ခေါင်းတစ်ချက် ညိတ်လိုက်မိလေသည်။

အခန်း (၇၈၄) ဝိညာဉ်မြစ်မှာပိတ်မိသူ

စုနီစဉ်းစားနေဆဲမှာပဲ သူမ၏ခန္ဓာကိုယ်တစ်ခုလုံး ရုတ်တရက် အေးစက်သွားသည်ကို ခံစားလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော်... သူမသည် ကိုယ်ယောင်ဖျောက်ထားသည့်တိုင် ဆန်းလျန်က သူမကို လှမ်းကြည့်လိုက်သောကြောင့် ဖြစ်လေ၏။ သူမသည် ဆန်းလျန်၏ မျက်ဝန်းများဆီမှ ဖုံးကွယ်ထားရန် မတတ်နိုင်ခဲ့ ပေ။

သူမက ရှင်သန်စေခြင်းကျောင်းတော်မှ ထိပ်တန်းအဆင့် ကိုယ်ပျောက်အတတ်ပညာကို ကိုယ်ပျောက်မှော်ဓား ပညာဖြင့် ပေါင်းစပ် အသုံးပြုထားခြင်းဖြစ်လေသည်။ သို့သော်... ဆန်းလျန်ရှေ့တွင်တော့ ဖုံးကွယ်ထားခြင်းဟာ လုံးဝမတတ်နိုင်ဘဲ ကလေးစကားသကဲ့သို့ ဖြစ်ခဲ့ရပြီ။

ဆန်းလျန်က သူမကို တစ်ချက်ကြည့်လိုက်သည်နှင့် သူမ၏စိတ်ထဲတွင် ရှက်ရွံ့ခြင်း၊ ကြောက်လန့်ခြင်းနှင့် ဒေါသထွက်ခြင်းများ ကြီးစိုးသွားလေသည်။

သူမက ချက်ချင်းပင် ထွက်ခွာသွားရန် ဟန်ပြင်လိုက်သော်လည်း ဆန်းလျန်၏ နှုတ်ခမ်းလေးများ ပြုံးသွားသည်ကို သူမ တွေ့မြင်လိုက်ရလေသည်။

ချက်ချင်းပင် စုနီသည် အခြားသောလောကတစ်ခုသို့ ရောက်ရှိသွားလေသည်။

သူမသည် မိုးများရွာသွန်းနေသည့် လမ်းမထက်တွင် ရပ်နေခြင်း မဟုတ်တော့ပေ။

သူမရှေ့တွင် သွေးနီရောင် မြစ်တစ်စင်းရှိနေလေသည်။ သူမ၏ ခြေလှမ်းများသည် မြစ်ရေအတွင်းသို့ ဖြည်းဖြည်းခြင်း ဆင်းနေလေသည်။ သူမက ခြေလှမ်းများကို ရပ်တန့်လိုသော်လည်း သူမ၏ ခြေလှမ်းများကို သူမကိုယ်တိုင် ထိန်းချုပ် နိုင်ခြင်း မရှိတော့ပေ။

သူမသည် အလွန်ကြောက်ရွံ့ထိတ်လန့်နေလေသည်။

သူမကို ယခုကဲ့သို့ ဖြစ်အောင် ပြုလုပ်နေသူမှာ ဆန်းလျန်
ဖြစ်သည်ကို သိရှိလိုက်သည်နှင့် သူမက အော်ဟစ် တောင်းပန်
လိုက်လေသည်။

"ဆရာကြီး ၊ ကျွန်မ မှားမှန်းသိပါပြီ ၊ အပြစ်က ခွင့်လွှတ်ပေး
ပါ..."

စုနီသည် အနီရောင်မြစ်ရေထဲတွင် ရုန်းကန်နေပြီး သူမ၏အသံ
ကို မည်သူမှ ကြားနိုင်ခြင်း မရှိပေ။ သူမ၏ အော်သံသည် သူမ
နားထဲတွင်သာ ပဲ့တင်သံထပ်နေလေ၏။

သူမသည် ယခုတော့ မြစ်ရေထဲတွင် နစ်မြုပ်လုနီးပါးဖြစ်နေပြီး
မြစ်ရေကိုသာ ဖြတ်ကူးခြင်းမရှိပါက လွတ်လမ်း ရှိတော့မည်
မဟုတ်ပေ။

သို့သော်... သူမ မြစ်ရေကို ဖြတ်မကူးနိုင်ရန် တန်ခိုးစွမ်းအား
တစ်ခုက တားဆီးထားလေသည်။ ထိုတန်ခိုးစွမ်းအား သည်

သဘာဝ တန်ခိုးစွမ်းအား တစ်ခုဖြစ်ပြီး သူမကို ကမ်းပေါ်သို့ မ

တက်နိုင်ရန် တားဆီးထားလေသည်။

သူမသည် အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး မိစ္ဆာ

ပေါင်းများစွာဖြင့်လည်း တိုက်ခိုက်ခဲ့ဖူးလေသည်။ သို့သော်...

ယခုတော့ အလွန်မှ ကြောက်ရွံ့နေမိပြီး ကြောက်စိတ်ကိုလည်း

ထိန်းချုပ်နိုင်စွမ်း မရှိတော့ပေ။

မြစ်ရေထဲတွင် ဝိညာဉ်ပေါင်းများစွာ၏ အော်ဟစ်သံများထွက်

ပေါ်နေပြီး ဝိညာဉ်များသည် အပြန်အလှန်ဆက်စပ် နေကြလေ

သည်။

သူမသည် ရှင်သန်စေခြင်းကျောင်းတော်မှ စစ်မှန်သော

ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး ခိုင်မာသည့် တာအိုစိတ်ထား ရှိ

သည့်အတွက်သာ အကြောက်လွန်ပြီး သွေးပျက်မသွားရခြင်း

ဖြစ်လေသည်။ မဟုတ်ပါက သူမ တစ်ဘဝလုံး ကျင့်ကြံခဲ့သည်

များပင် ပျက်စီးသွားနိုင်လေ၏။

ရုတ်တရက်...

ရှင်ယောင်းသည် မိုးရေထဲတွင် စိတ်များရှုတ်ထွေးနေသည့် အမူအရာဖြင့် မတ်တတ်ရပ်နေသည့် ဆရာဒေါ်လေး စုနီကို တွေ့လိုက်ရသည့်အခါ ရုတ်တရက် အံ့သြထိတ်လန့်သွားလေသည်။ သူမ၏ပါးစပ်မှ စကားများပြောဆို နေသော်လည်း ဗလုံးပထွေးဖြစ်နေပြီး သေသေချာချာ ကြားရခြင်း မရှိပေ။ သူမ၏ ပုံစံသည် အရူးတစ်ယောက်အလား ဖြစ်နေလေသည်။

ရှင်ယောင်းက ဆန်းလျန်ကို ကြည့်လိုက်ရင်း....

"ဆရာကြီး ၊ ကျုပ်ရဲ့ ဆရာဒေါ်လေးက အပြစ်မရှိပါဘူး ၊ သူ့ကို ဒုက္ခမပေးပါနဲ့..."

ဆန်းလျန်က ခပ်ပါးပါးအပြုံးတစ်ချက် ပြုံးလိုက်ရင်း....

"ကျုပ်သင်ပေးတာတွေကို ခိုးနားထောင်မှတော့ အပြစ်ပေးခံရမှာပေါ့... ၊ ဒါပေမဲ့ ကျုပ်သူ့ကို ဝိညာဉ်မြစ်ထဲကို တကယ်ပို့လိုက်တာ မဟုတ်ပါဘူး ..."

ရှင်ယောင်းက ထိတ်လန့်တခြားဖြင့်…

"ဆရာကြီး ၊ အဲဒါ ဘာတန်ခိုးစွမ်းအားများလဲ …"

ဆန်းလျန်က…

"ဘယ်လောက်ပဲခက်ခက် သူ့ကိုယ်သူကယ်တင်ချင်တယ်ဆိုရင် လွတ်မြောက်လာမှာပါ…"

ရှင်ယောင်းမှာ ဆန်းလျန်၏စကာကို စဉ်းစားမရဘဲ ပဟေဠိ ဖြစ်သွားလေသည်။

ထိုအချိန်မှာပင် ကောင်လေးတစ်ယောက်၏ စကားသံထွက် ပေါ်လာလေသည်။

"ဝိညာဉ်မြစ်ဆိုတာ နိုင့်ဟယ်မြစ်ကိုပြောတာပဲ ၊ ကြည့်ရတာ ဆန်းအစ်ကိုကြီးက အသူရာချောက်နဲ့ ဆက်စပ် ပတ်သက်နေ တယ်ထင်တယ်…"

မိုးရေထဲတွင် အလင်းတန်းတစ်ချက်လှည့်ပတ်သွားပြီး မှန်တစ် ချပ်ပေါ်လာလေသည်။ ကြေးမုံမှန်သည် ဆန်းလျန်နှင့် မနီးမ

ဝေးတစ်နေရာတွင် ရုပ်တန့်သွားပြီး ကလေးငယ်လေးအသွင် ပြောင်းသွားလေ၏။

ဆန်းလျန်မှာ အဘိုးအိုတစ်ယောက်ပုံစံ ရုပ်ဖျက်ထားသော်လည်း ထျန်းတိကျန်းက သူ့ကိုမှတ်မိနေသည့် အတွက် မူလပုံစံအတိုင်း ပြန်ပြောင်းလိုက်လေသည်။

ဆန်းလျန်က...

"ထျန်းတိကျန်း ၊ မင်းက အများကြီးသိထားတာပဲ ၊ ပြောပါဦး ၊ အဲဒီမိန်းကလေး ဝိညာဉ်မြစ်က လွတ်မြောက်လာ အောင် ဘယ်လိုလုပ်နိုင်မှာလဲ..."

ထျန်းတိကျန်းက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"အဆင့်မြင့်နတ်ဘုရားတစ်ပါးဆိုရင်တောင်မှ ကိုယ့်အတွက်ပဲ ကိုယ် ရုန်းထွက်နိုင်လိမ့်မယ် ၊ အခြားသူတွေကို ကယ်တင်နိုင်မှာ မဟုတ်ဘူး... ဒါကြောင့်မို့လို့ သူ့ကိုယ်သူပဲ လွတ်မြောက်အောင် လုပ်နိုင်လိမ့်မယ် ၊ ဘယ်သူမှ မကယ်နိုင်ဘူး..."

ဆန်းလျန်က ထျန်းတိကျန်းကို အသိအမှတ်ပြုလိုက်လေသည်။

"ညီငယ်လေး ၊ မင်းက သိပ်တော်တာပဲ ၊ လာ ... ကျုပ်နဲ့အတူ လက်ဖက်ရည် လာသောက်ပါ..."

အဘယ့်ကြောင့် ဆန်းလျန်က ထျန်းတိကျန်းကို ချီးကျူးရပါသနည်း။ ဆန်းလျန် ချီးကျူးသည်မှာ အလကား မဟုတ်ပေ။

ဗုဒ္ဓသာလျှင် သံသရာမှကင်းလွတ်ကာ သတ္တဝါများ၏ ဆင်းရဲဒုက္ခကို သိမြင်နိုင်သူဖြစ်လေသည်။ သို့သော်... အခြားသူများအတွက်တော့ ဒုက္ခတောထဲမှ ရုန်းထွက်ရန် ခက်ခဲလှလေသည်။

ထို့ကြောင့် ကွမ်ရင်မယ်တော်က -

"လူသားအားလုံးသည် ဒုက္ခန္ဓထဲတွင် နစ်နေကြပြီး ဗုဒ္ဓသာလျှင် ထိုဒုက္ခကို သိမြင်နားလည်နိုင်သည်"

ဟု ပြောခဲ့ခြင်း ဖြစ်လေ၏။

တိကျန်ဗောဓိသကျကလည်း -

"ငရဲမှာ လူများမကုန်သရွေ့ သူသည်လည်း ပါရမီဖြည့်နေရဦး
မည်"
ဟု ဆိုခဲ့ဖူးလေသည်။
ထိုမျှ မြင့်မြတ်သည့် ဗောဓိသကျ (၂)ပါးသည်ပင် ထိုသို့သော
စကားမျိုးကိုပြောခဲ့သည်မှာ သံသရာမှ မထွက်ခွာ နိုင်သေး
သောကြောင့် ဖြစ်လေသည်။
သို့သော်… မရေရာသည် လူပြန်ဝင်စားရခြင်းမှ ရုန်းထွက်ပြီး
လူပြန်ဝင်စားခြင်း တန်ခိုးစွမ်းအားကို အသုံးပြု နိုင်ပါက
ကြီးမားသည့်အောင်မြင်မှုတစ်ခုဟု ဆိုနိုင်မည် ဖြစ်လေသည်။
နတ်ဘုရားများနှင့် ဗောဓိသကျများသည် လူပြန်ဝင်စားခြင်း
တန်ခိုးစွမ်းအားကို အသုံးမပြုနိုင်သေးကြာလျှင်ပင် မိမိကိုယ်
ကို လွတ်မြောက်ရာလမ်းကို ရွေးခြယ်နေကြသူများဖြစ်
သည့်အတွက် သာမန်လူများအနေဖြင့် ကိုးကွယ်မည် ဆိုလျှင်
ကိုးကွယ်ထိုက်လေသည်။

ဆန်းလျန်က အဘယ့်ကြောင့် စုနီကို နိုင့်ဟယ်မြစ်တွင် ပိတ်ထားခဲ့ပါသနည်း။ ထိုသို့ ပြုလုပ်ရသည်မှာ ရှင်းလင်းလေသည်။ သူ၏ ဟောပြောသင်ပြပေးမှုများကို စုနီသည် ခိုးပြီး နားထောင်ခဲ့လေသည်။ သူမက ခိုးပြီး နားထောင်ခဲ့သည့်အတွက် အကျိုးရှိခဲ့လေသည်။ သို့ရာတွင် ဆန်းလျန်က သူမကို အပြစ်ပေးရမည်ဖြစ်လေသည်။

အပြစ်ပေးရမည်ဖြစ်သလို သူ သင်ပြပေးလိုက်သည်များကို မည်သို့ ပြန်လည် အသုံးပြုနိုင်သည်ကိုလည်း ကြည့်ရမည် ဖြစ်လေသည်။

ဆန်းလျန်အနေဖြင့် အပြစ်မပေးလျှင်လည်း ရသော်လည်း လူတိုင်းသည် ကိုယ်လုပ်သည့် အကောင်းအဆိုး အကျိုး အပြစ်ကိုတော့ ခံယူရမည်ပဲ ဖြစ်လေသည်။

ထျန်းတိကျန်းကတော့အဘယ့်ကြောင့် အပြစ်ပေးမခံရပါသနည်း။ အဘယ်ကြောင့်ဆိုသော်... ထျန်းတိကျန်းက လည်

သည့်အတွက် ဆန်းလျန်၏သင်ပြမှုများကို နားမထောင်ဘဲ ပုန်းအောင်းနေခဲ့သောကြောင့် ဖြစ်လေသည်။

သူက စုနီကို သတိပေးရန် ကြိုးစားသော်လည်း အချိန်မမီတော့ပေ။

ထို့ပြင် သူက စုနီကိုလည်း အနည်းငယ် ပညာပေးချင်နေသူဖြစ်လေရာ ယခုကဲ့သို့ အပြစ်ပေးခံရသည်မှာ နည်းတောင်နည်းသေးသည်ဟု တွေးနေမိလေသည်။

ထျန်းတိကျန်းဆိုသည်မှာ လူသားအသွင်ပြောင်းလဲနိုင်သည့် ချစ်စရာ ကလေးငယ်လေးတစ်ယောက်ဟု မထင်လိုက်ပါနှင့်။

သူသည်ကား အလွန်မှ လည်လွန်း ပတ်လွန်း၊ အကုန်သိ၊ အကုန်တတ်လေး ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်က ထျန်းတိကျန်းကို လက်ဖက်ရည်ကြမ်းသောက်ရန် ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်လေသည်။ ဆန်းလျန်မှာ သူမ

သိသည့် အကြောင်းအရာများကို ထျန်းတိကျန်းထံမှ စုံစမ်းရန် အကြံအစည်း ရှိလေသည်။

ထို့ပြင် ထျန်းတိကျန်းဆိုသည်က မယ်တော်ဝမ်မူလောက် အဆင့်ရှိသူများကိုသာ မျက်လုံးထဲ ထည့်သူ ဖြစ်လေသည်။

ယခု ထျန်းတိကျန်းက ဆန်းလျန်နောက်သို့ လိုက်နေသည်မှာ ဆန်းလျန်သည် သာမာန်နတ်ဘုရား တစ်ပါး လုံးဝ မဟုတ် သောကြောင့် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... လောကကြီးတွင် စကားလုံးများက အရေးမပါပေ။ လက်တွေ့ကသာ အရေးပါလေသည်။

စုနီ ဝိညာဉ်မြစ်ထဲတွင် ပိတ်မိနေသည်ကို မြင်တွေ့နေကြသရသည့် နတ်ဘုရား (၂)ပါးလည်း ရှိသေးသည်။

အခြားသူများမဟုတ်ပါ။ ယင်ရှန်းကျွင်းနှင့် နန်စန်းကျီတို့ (၂)ယောက် ဖြစ်လေသည်။

သို့သော်... သူတို့က ဆန်းလျှန်အနား နီးနီးကပ်ကပ်သို့ မလာဝံ့ကြသည့်အတွက် အဝေးတစ်နေရာရှိ အဆောက်အဦး အမြင့်တစ်ခုထက်မှ ကြည့်နေကြခြင်း ဖြစ်လေသည်။

ထိုအဆောက်အဦးကို ကြယ်စင်ခူးဆွဲစင်မြင့်ဟု ခေါ်ကြလေသည်။ ဘုရင့်နေပြည်တော်တွင် အမြင့်ဆုံး အဆောက်အဦးတစ်ခု ဖြစ်သည့်တိုင် ယင်ရှန်းကျွင်းနှင့် နန်စန်းကျီတို့ကဲ့သို့ နတ်ဘုရားများ လာချင်သည်ဆိုလျှင် မည်သူမျှ တားဆီးနိုင်မည် မဟုတ်ပေ။

မယ်တော်ဝမ်မူကတော့ သူတို့ကို တစ်ချက်လေးပင် အရေးမစိုက်တော့ပေ။

နန်စန်းကျီက...

"ဒီနတ်ဘုရားက ဘယ်ကများလဲ..."

ယင်ရှန်းကျွင်းက...

"ကျုပ်လည်း မသိဘူး ၊ ဒါနဲ့ ခင်ဗျားမှာ မိတ်ဆွေတွေများတာပဲ ၊ သဲလွန်စလေးဘာလေးများ မသိရဘူးလား..."

နန်စန်းကျီက...

"ကြည့်ရတာ... တစ်ယောက်နဲ့တော့ တော်တော်တူတယ်..."

ယင်ရှန်းကျွင်းက...

"ဘယ်သူများလဲ..."

နန်စန်းကျီက...

"ခင်ဗျားက ကိုယ့်လူရင်းဆိုတော့ ကျုပ်သိသလောက် ပြောပြပါ့မယ်..."

ချွင်ယန်နန်းတော်သည် တုန်းဟွာတောက်ကျွင်း၏ ကျင့်စဉ်များကို ဆက်ခံကျင့်ကြံသည့် တာအိုနန်းတော်တစ်ခု ဖြစ်လေသည်။ တုန်းဟွာတောက်ကျွင်းသည်၏ ကျင့်စဉ်များကို ကျင့်ကြံပြီး ချွင်ယန်တာအိုနန်းတော်မှ နတ်ဘုရား (၈)ပါး ပေါ်ထွက်လာခဲ့လေသည်။ ထိုနတ်ဘုရား (၈)ပါးမှာ ထိုက်ယီထျန်းရှန်းအဆင့်

နတ်ဘုရားများ ဖြစ်ကြပြီး သူတို့ကို စန့်တုန့်နတ်ဘုရား (၈)ပါး

ဟု ခေါ်ဆိုကြလေသည်။

စန့်တုန့်နတ်ဘုရား (၈)ပါးသည် အလွန်ထူးခြားသူများ ဖြစ်ကြ

လေသည်။ သူတို့ အတူတူ ပူးပေါင်းတိုက်ခိုက်ကြလျှင်

လောကတွင် မည်သူမှ သူတို့ကို ခုခံကာကွယ်နိုင်မည် မဟုတ်

ပေ။

သို့သော်… လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သူတို့သည်

ကြီးမားသည့် ပြိုင်ဘက်တစ်ယောက်နှင့် ရင်ဆိုင်ခဲ့ကြရလေ

သည်။

ထိုသူမှာ ဆရာဘိုးဘိုး ယွမ်ချင်းပင် ဖြစ်လေတော့၏။

အခန်း (၇၈၅) နိုင်ငံ့ဟယ်တံတား

ထိုစကားများကို ကြားသည့်အခါတွင်တော့ ယင်ရှန်းကျွင်း တစ်ချက်စိတ်လှုပ်ရှားသွားလေသည်။

"ဆရာဘိုးဘိုး ယွမ်ချင်း ဟုတ်လား ၊ ဆရာဘိုးဘိုးယွမ်ချင်းဆိုတာ ယွမ်တုဓားက လူပြန်ဝင်စားတဲ့ နတ်ဘုရားမဟုတ်လား..."

နန်စန်းကျိုက...

"ဟုတ်တယ် ၊ သူက တစ်ချိန်တုန်းက အသူရာချောက်မှာလည်း ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့ဖူးတယ် ၊ နတ်ဘုရား အတော်များများကိုလည်း သတ်ဖြတ်ခဲ့တယ် ၊ နောက်ပိုင်း သူက တာအိုဆရာသခင်ထိုက်ယီရဲ့ တပည့် ဖြစ်လာပြီး ကျင့်စဉ်လမ်းကို လိုက်ခဲ့တယ် ၊ အတိတ်နဲ့ အနာဂတ်ကို သိမြင်နိုင်တယ် ၊ သူရရှိခဲ့တဲ့ အောင်မြင်မှုက တကယ့်ပြိုင်ဘက်ကင်းပဲ ၊ တစ်ခုပဲ

အပြစ်တင်စရာရှိတယ်၊ ကျုပ်တို့ဘိုးဘေးတွေဖြစ်တဲ့ စန့်တုန့် နတ်ဘုရား(၈)ပါး ကိုဒုက္ခကောင်းကောင်းပေးခဲ့တာ တစ်ခုပဲ..."

ယင်ရှန်းကျွင်းက...

"ဒီလိုအဆင့်ရောက်အောင်တောင် ကျင့်ကြံပြီးမှ ဆရာဘိုးဘိုး ယွမ်ချင်းနဲ့ စန့်တုန့်နတ်ဘုရား (၈)ပါးက ဘာဖြစ်လို့ သေ လောက်အောင် တိုက်ခိုက်ကြရတာလဲ..."

နန်စန်းကျီက...

"အဲဒါတော့ မသိဘူး၊ ကျမ်းစာတွေထဲလည်း အတိအကျ မ ရေးထားဘူး၊ ဒါပေမဲ့ ဆရာဘိုးဘိုးယွမ်ချင်းက စန့်တုန့် နတ် ဘုရား (၈)ပါးရဲ့ မူလဝိညာဉ်ခန္ဓာတွေကိုတောင် အပိုင်းပိုင်း ဖြတ်ပစ်လိုက်တာ၊ ဆရာဘိုးဘိုး (၈)ယောက်သာ ထိုက်ယီထျ န်းရှန်းအဆင့်မဟုတ်ဘူးဆိုရင် လူတောင်ပြန်ဝင်စားနိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီအချိန်ကတည်းက စန့်တုန့်နတ်ဘုရား

(၈)ပါးဟာ လောကကနေ လုံးဝ ပျောက်ကွယ်သွားတော့တာ

ပဲ..."

နောက်ပိုင်းတွင်တော့ စန့်တုန့်နတ်ဘုရား (၈)ပါး၏ အပိုင်းပိုင်း ဖြစ်နေသည့် ဝိညာဉ်များကို ပြန်လည်စုစည်းပြီး လူပြန်ဝင်စား နိုင်ကြသည့်တိုင် ဆရာဘိုးဘိုးယွမ်ချင်း၏ သတ်ဖြတ်လိုသည့် အငွေ့အသက်များကို မသန့်စင်နိုင်ခဲ့ ကြသည့်အတွက် ကျင့်စဉ် လမ်းကို ပြန်လည် လျှောက်လှမ်းနိုင်ခြင်း မရှိကြတော့ပေ။

သို့သော်... အကြိမ်ပေါင်းများစွာ လူပြန်ဝင်စားပြီးသည့်နောက် သတ်ဖြတ်လိုသည့် အငွေ့အသက်များ တဖြည်းဖြည်းပြန်လည် သန့်စင်လာခဲ့ကြကာ ကျင့်စဉ်လမ်းကို လျှောက်လှမ်းနိုင်သည့် အဆင့်သို့ ပြန်လည် ရောက်ရှိ လာခဲ့ကြလေသည်။

နန်စန်းကျီက ဆက်ပြောလိုက်သည်။

"အခုဆိုရင် ကျုပ်တို့ ချွင်ယန်တာအိုနန်းတော်မှာ ဘိုးဘေး (၂)ယောက် ပြန်ရောက်လာကြပြီ ၊ ပြီးတော့ လွန်ခဲ့တဲ့ (၂)နှစ်က

လည်း တတိယဘိုးဘေး ဘယ်နေရာမှာ ရှိတယ်ဆိုတာကို သိ လိုက်ရလို့ ပြန်ခေါ်ဖို့ အဲဒီ ဘိုးဘေး (၂)ယောက် ထွက်သွားကြ တယ်၊ ဒါပေမဲ့ ဘာလို့လဲမသိဘူး အဲဒီဘိုးဘေးတွေ အခုထိ ပြန် မလာကြသေးဘူး..."

"ပြီးတော့ သိပ်တောင်မကြာသေးဘူး၊ တတိယဘိုးဘေးက ကျင့်စဉ်လမ်းကို ပြန်လည်လျှောက်လှမ်းနိုင်ပြီး ကျိုးယီတောင် က ဟယ်အိမ်တော်နဲ့တောင် ပြဿနာဖြစ်ခဲ့သေးတယ်၊ ဟယ် အိမ်တော်က ဟယ်စူးရင်းက ရှမ်နီနန်းတော်က တပည့်လေ၊ သူ့ကို ကျုပ်တို့ ဘိုးဘေးလူပြန်ဝင်စားတဲ့ မိန်းကလေးက သုတ်သင်ပစ်လိုက်တာ..."

"ရှမ်နီနန်းတော်က ထျန်းချင်းယွမ်က အရမ်းတန်ခိုးစွမ်းအား မြင့်မားတာလေ၊ သူက ဟယ်စူးရင်းကို သတ်လိုက်တဲ့သူ က ကျုပ်တို့ဘိုးဘေး လူပြန်ဝင်စားတဲ့လူမှန်းလည်းသိရော ကျုပ်

တို့ ချင်ယန် နန်းတော်ကို တာဝန်ယူဖြေရှင်းပေးဖို့ အကြောင်းကြားတယ်လေ..."

"ကျုပ်လည်း ကျိုးယီတောင်ကိုသွားပြီး မသိမသာ အခြေအနေ စုံစမ်းကြည့်တော့ အဖြစ်အပျက် အကုန်လုံးသိခဲ့ရ တယ်၊ အခု ဘဝမှာ လူပြန်ဝင်စားတဲ့ကျုပ်တို့ဘိုးဘေးက ဟယ်မျိုးနွယ်ပဲ၊ သူ့နာမည်က ဟယ်ရှန်းလို့ ခေါ်တယ်၊ သူက အရမ်းအရည် အချင်းရှိလို့ အခု ကျုပ်တို့ရှေ့က အဲဒီကြောက်စရာ နတ်ဘုရား တစ်ပါးက ... အမလေး ရက်ရက်ရောရောနဲ့ နတ်မက်မွန်သီးကို တောင် ကျွေးပြီး ကျင့်စဉ်တွေ သင်ပြပေးခဲ့တာ၊ အခုဆိုရင် နတ်ဘုရားတစ်ပါးတောင် ဖြစ်ခါနီးနေပြီ၊ အရင်ဘိုးဘေး (၂)ယောက် ပျောက်သွားတာလည်း အဲဒီနတ်ဘုရားနဲ့ ပတ်သက် နေလားတောင် မသိပါဘူး၊ ဒါပေမဲ့ ဘာသက်သေ အထောက်အထားမှတော့ မပြနိုင်သေးဘူး..."

ယင်ရှန်းကျွင်းက...

"အင်း… သတိတော့ထားရမှာပဲ ၊ ဟိုနေ့က မယ်တော်ဝမ်မူ

တောင် သူနဲ့ တိုက်ခိုက်ချင်တဲ့ပုံမရှိကတည်းက ဒီနတ်ဘုရားက

မိုးမြေကို တုန်လှုပ်စေလောက်တဲ့လူတစ်ယောက်ဆိုတာ ကျုပ်

ရိပ်မိပါတယ် ၊ သူ့ကြောင့် လောကကြီး တစ်ခုလုံး ကျွမ်းထိုး

မှောက်ခုံ ဖြစ်သွားနိုင်တယ်…"

နန်စန်းကျီက သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"ဟင်း… ကျုပ်တို့ ချွင်ယန်တာအိုနန်းတော်မှာ ဒီလောက်နှစ်

ပေါင်းထောင်ချီပြီး ဆုံးရှုံးမှုကြီး ခံစားခဲ့ရတော့ ပြောစရာ

စကားတောင် မရှိတော့ပါဘူး…"

ယင်ရှန်းကျွင်းက…

"ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ချင်းရှ

တောင်မှာ အတိတ်ကိုဖြတ်တောက်သွားတဲ့ နတ်ဘုရားတစ်ပါး

လည်း ရှိသေးတယ်မဟုတ်လား ၊ သူ့ကိစ္စတွေသာ မပြီးသေး

ဘူးဆိုရင် သူလည်း အခုနေ ဒီလောကကို ရောက်ချင်ရောက်နေ

မှာ..."

နန်စန်းကျီက ရင်ထိတ်သွားသည့်လေသံဖြင့်....

"စကားကို သတိထားပြောစမ်းပါဗျာ..."

ယင်ရှန်းကျွင်းက...

"ကျုပ်စကားမှားသွားတာပါ၊ ကျုပ်တို့တွေလည်း ကြောက်ရ

တဲ့သူတွေ တော်တော်များနေပါပြီ..."

ထို့နောက် သူတို့က ထိုအကြောင်းများကို ဆက်ပြီး မပြောကြ

တော့ဘဲ အခြားသော ရောက်တက်ရာရာများကို ပြောဆိုနေကြ

လေတော့သည်။

ထို့နောက် သူတို့ (၂)ယောက် သက်ပြင်းချလိုက်ကြပြီး လေနှင့်

မိုးများကြားတွင် ပျောက်ကွယ်သွားကြလေတော့ သည်။

နန်စန်းကျီက လျှို့ဝှက်ချက်များကို ယင်ရှန်းကျွင်းကို ပြော

ပြသည်မှာ အကြောင်းရှိလေသည်။

ယခု ရှင်သန်စေခြင်းကျောင်းတော်သည် ထိုနတ်ဘုရား၏

ထောက်ပံ့မှုကို ရရှိသည်ကို တွေ့လိုက်ရသည့်အတွက် အရေး

အကြောင်းရှိလာလျှင် ချွင်ယန်နန်းတော်ဘက်မှ ချင်းယန်

ကျောင်းတော်က ရပ်တည်ပေးရန် ရည်ရွယ်ချက် ဖြင့် ပြောပြ

လိုက်ခြင်း ဖြစ်လေသည်။

အရေးအကြောင်း တကယ်တမ်းကြုံတွေ့လာလျှင် ချွင်ယန်တာ

အိုနန်းတော်အနေဖြင့် ချင်းယန်ကျောင်းတော်နှင့် မဟာမိတ်ပြု

ထားခြင်းက အရှုံးမရှိနိုင်ပေ။

နတ်ဘုရား (၂)ပါးသည် အကျိုးအမြတ်တွက်ချက်ကာ

စကားပြောနေကြခြင်းသာ ဖြစ်ကြလေသည်။

သူတို့ (၂)ယောက် ပြောနေသည့် စကားများကို ဆန်းလျန်သာ

မကာ ထျန်းတိကျန်းပါ ကောင်းကောင်း ကြားနေရလေသည်။

သို့သော်... သူတို့ပြောသည့် စကားများထဲတွင် ဆန်းလျန်ကို

လေးစားကြောက်ရွံ့မှုများကိုသာ တွေ့ရသည့်အတွက် လာ

ရောက်ပြသနာရှာမည့် အရိပ်အယောင်တော့ မရှိပေ။

ထျန်းတိကျန်းက လက်ဖက်ရည်တစ်ခွက်ကို မော့သောက်လိုက်

သည်။

ရှင်ယောင်းကတော့ ဆန်းလျန်နှင့် ထျန်းတိကျန်အတွက်

လက်ဖက်ရည်ငှဲ့ထည့်ပေးနေပြီး စုနီကို လွတ်ပေးရန်အတွက်

ဆန်းလျန်ကို မည်သို့ တောင်းပန်ရမည်ကို စဉ်းစားနေလေ

သည်။

ထျန်းတိကျန်းက...

"သောက်စကားတွေများနေတဲ့ ဟိုတာအိုဆရာနှစ်ယောက်တော့

ထွက်သွားကြပြီ၊ ခုမှ လောကကြီး သန့်သွားတော့တယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ဒါပေမဲ့ သူတို့ပြောနေတာတွေက စိတ်ဝင်စားဖို့ ကောင်းပါတယ်..."

ထျန်းတိကျန်းက အနည်းငယ်တုံ့ဆိုင်းနေပြီးမှ...

"ဆန်းအစ်ကိုကြီး ၊ အစ်ကိုကြီးမှာ တပည့်တစ်ယောက်ရှိမယ်လို့ ထင်မထားမိဘူး ၊ ကျွန်တော် သူ့ကိုသွားတွေ့ပြီး စမ်းသပ်ကြည့်ချင်လိုက်တာ ၊ လောကကြီးမှာ လျှို့ဝှက်ချက်တွေများလွန်းတယ် ၊ ပြီးတော့ ကျွန်တော်သိတာ တွေလည်း သိပ်များတယ်..."

ဆန်းလျန်က...

"မင်းကြိုက်တာလုပ်နော် ၊ ဒါပေမဲ့ ကျုပ်တပည့်ကိုတော့ ဆွဲမထည့်နဲ့..."

ထျန်းတိကျန်းက...

"ကျွန်တော်က အစ်ကိုကြီးတပည့်ကို သွားကြည့်ချင်ရုံလေးပါ ၊

ကျွန်တော်သာ သူ့ကိုသဘောကျရင် ကံကောင်းခြင်းတွေ

တောင် လက်ဆောင်ပေးလိုက်ဦးမယ်..."

ဆန်းလျန်က စကားမပြောတော့ဘဲ ပြုံးနေလိုက်သည်။

ထျန်းတိကျန်းမှာ ဆန်းလျန်က စကားပြန်မပြောသည့်အတွက်

အနည်းငယ် စိတ်ဓာတ်ကျသွားလေသည်။

"ဆန်းအစ်ကိုကြီး ၊ တကယ်ပဲ အစ်ကိုကြီးတပည့်ကို သွားမတွေ့

ရဘူးလား ၊ ဒါဆို ကျွန်တော် အစ်ကိုကြီးတိုက်တဲ့

လက်ဖက်ရည်ကြမ်းကို အလကားမသောက်ချင်တော့ဘူး..."

ဆန်းလျန်က...

"ဒါဖြင့် တစ်ခုမေးမယ် ၊ ဆရာဘိုးဘိုးယွမ်ချင်း ဘယ်မှာရှိ

လဲဆိုတာ မင်းသိလား..."

ထျန်းတိကျန်းက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"ကျွန်တော် မသိဘူး..."

ထျန်းတိကျန်းက ခေါင်းကို အဆက်မပြတ်ခါယမ်းနေလေသည်။

ထျန်းတိကျန်းက ဆရာဘိုးဘိုးယွမ်ချင်း မည်သည့်နေရာတွင်ရှိနေသည်လဲဆိုသည်ကို သိရှိလျှင်တောင်မှ သူ့ကို ပြောပြမည်မဟုတ်သည်ကို ဆန်းလျန်သိလိုက်လေသည်။

ဆန်းလျန်က...

"မမေးခဲ့ဘူးလို့ပဲ ထားလိုက်တော့၊ ကျုပ်တပည့်က တကယ်တော်တဲ့ တပည့်တစ်ယောက်ပါ၊ ဒါပေမဲ့ ကံမကောင်းတာက ကျုပ်သူ့ကို သေသေချာချာ မသင်ပြပေးခဲ့ရဘူး၊ မင်း သူ့ကိုသွားပြီး ဒုက္ခပေးမယ်ဆိုရင်တော့ ကျုပ်တကယ်ပဲ လက်ခံနိုင်မှာမဟုတ်ဘူး၊ ပြီးတော့ သူ့ကိုသွားတွေ့လို့လဲ မင်းအတွက်အကျိုးမရှိနိုင်ပါဘူးလေ..."

ထျန်းတိကျန်းက...

"ဘယ်လိုလုပ်ပြောနိုင်မှာလဲ..."

ဆန်းလျှန်က...

"မပြောနိုင်ပါဘူး..."

ထျန်းတိကျန်းက မျက်လုံးကို လှန်လိုက်ရင်း...

"မုန်းစရာကောင်းလိုက်တာ..."

သူတို့ (၂)ယောက် စကားပြောနေကြစဉ်တွင် ရှင်ယောင်းက သူတို့အတွက် လက်ဖက်ရည်ကြမ်းများကို အဆက်မပြတ် ငှဲ့ထည့်ပေးနေလေသည်။

ထျန်းတိကျန်းက ရှင်ယောင်း၏ လှပသည့်လက်များကို တစ်ချက်ကြည့်လိုက်ရင်း...

"ဒီ ရှင်ယောင်းက တကယ်ပဲ စိတ်ထားနူးညံ့တယ်၊ ဒါနဲ့ ဆန်းအစ်ကိုကြီးက စုနီ ဝိညာဉ်မြစ်ထဲပိတ်မိနေတာ ဘယ်အခြေအနေရောက်နေပြီလဲဆိုတာ ကျွန်တော်တို့ မြင်ရအောင် မပြတော့ဘူးလား..."

ထျန်းတိကျန်း၏ စကားကိုနားထောင်ပြီးသည်နှင့် ရှင်ယောင်း ကလည်း စိတ်အားထက်သန်စွာဖြင့် ဆန်းလျန်ကို လှမ်းကြည့် လိုက်လေသည်။

ဆန်းလျန်က....

"ကောင်းပြီလေ ၊ မင်းတို့ကို သူ့အခြေအနေကို ကြည့်ခွင့် ပေးလိုက်မယ် ၊ ဒါပေမဲ့ သူ ဝိညာဉ်မြစ်ထဲက ထွက်လာနိုင်မ လား ၊ မလာနိုင်ဘူးလားဆိုတာကတော့ သူ့ကံအတိုင်းပဲနော်..."

ရှင်ယောင်းက အပျော်လွန်သွားသည့်လေသံဖြင့်...

"ကျေးဇူးအများကြီးတင်ပါတယ် ဆရာကြီး..."

ဆန်းလျန်က ...

"ဒါက အခွင့်အရေးတစ်ခုပါပဲ ၊ မင်းလည်းလေ့လာပါ..."

ထျန်းတိကျန်းမှာလည်း အလွန်မှ သိချင်နေဟန်ရှိလေသည်။ ဆန်းလျန်က ပြောပြီးသည်နှင့် လက်ဖက်ရည်ကြမ်းပန်းကန် အတွင်းမှ ရေများကို စားပွဲပေါ်သို့ လောင်းလိုက်လေ သည်။

ထိုအခါ ရေများသည် ဖန်သားပြင်အလား ကြည်လင်သွားပြီး စုနီ၏ ပုံရိပ်ကို တွေ့မြင်လိုက်ရလေသည်။

စုနီသည် ဝိညာဉ်မြစ်ရေထဲတွင် ရုန်းကန်နေဆဲဖြစ်လေသည်။

ထိုအချိန်မှာပင် ရုတ်တရက်... စုနီရှေ့တွင် တံတားတစ်စင်း ပေါ်လာလေ၏။

တံတားက ချောမွေ့ပြီး ကျဉ်းမြောင်းလေ၏။ တစ်ချိန်တည်းမှာပင် နတ်ဘုရားအလင်းတန်းများလည်းတောက်ပလျှက် ရှိလေ၏။

တံတားထက်တွင် နတ်ဘုရားတစ်ပါး ပေါ်လာပြီး သူမကို ကြောက်စရာ ကောင်းလောက်အောင် စိုက်ကြည့်နေလေသည်။

တံတားအောက်တွင်စီးဆင်းသောမြစ်ရေထဲတွင် အဆိပ်ရှိ ပိုးမွှားအင်းဆက်များ မြွေများဖြင့် ပြည့်နက်နေပြီး သွေးညှီနံ့များလည်း ထောင်းထောင်းထနေလေသည်။

မြင်ကွင်းမှာ အလွန်မှ ရှုံ့လျှာစက်ဆုပ်ဖွယ်ရာကောင်းလှလေ

သည်။ ထိုမြစ်ရေအတွင်းသို့ ခြေတစ်လှမ်းကျွံသွားသည်နှင့်

အရာအားလုံး ဆုံးရှုံးလိုက်ရမည် ဖြစ်လေသည်။

သို့သော်... ထိုတံတားသည် စုနီအတွက်တော့ လွတ်မြောက်ရာ

လမ်းတစ်ခု ဖြစ်လေသည်။

သူမက တံတားထက်သို့ မော့ကြည့်လိုက်ရင်း ...

"နတ်ဘုရားက ဘယ်သူများလဲ..."

နတ်ဘုရားက တည်ကြည်သည့်လေသံဖြင့်...

"ကျုပ်က နိုင့်ဟယ်တံတားကိုစောင့်တဲ့ နတ်ဘုရားပဲ..."

အခန်း (၇၈၆) ကြာပန်းနှလုံးသား

စုနီမှာ အံ့သြထိတ်လန့်သွားလေသည်။

ဤသည်မှာ ဒဏ္ဍာရီထဲမှ နိုင့်ဟယ်တံတားလေလား။

သို့သော်... ရှင်သန်စေခြင်းကျောင်းတော်မှ တပည့်တစ်ယောက် အနေဖြင့် သူမသည် အသူရာချောက်မှ အကြောင်းအရာများနှင့် သိပ်ပြီး မရင်းနှီးပေ။

ထို့ပြင် နိုင့်ဟယ်တံတား ပျောက်ဆုံးနေခဲ့သည်မှာ ကြာပြီ ဖြစ်လေသည်။ အဘယ့်ကြောင့် ယခု နိုင့်ဟယ်တံတားက သူမရှေ့တွင် ထွက်ပေါ်လာရပါသနည်း။

သူမကြုံတွေ့နေရသည့် အဖြစ်အပျက်သည် ပုံရိပ်ယောင် ဖြစ်သည်ကို သိရှိသော်လည်း သူမအနေဖြင့် ပုံရိပ်ယောင်လောကထဲမှ ရုန်းထွက်နိုင်ခြင်း မရှိပေ။

စုနီက တွေးလိုက်သည်။

"နိုင့်ဟယ်တံတားကိုတွေ့ရမှတော့ လွတ်လမ်းရှိရမှာပဲ ၊ ဘာဖြစ်လို့ ထိုးဖောက်မထွက်နိုင်သေးတာပါလိမ့်..."

သူမအတွေးဆုံးသွားသည်နှင့်သူမသည် နိုင့်ဟယ်တံတားပေါ်သို့ ရောက်ရှိသွားလေသည်။

သူမသည် ချက်ချင်းပင် နိုင့်ဟယ်တံတားကို ဖြတ်သန်းကာ ပြေးထွက်သွားလေသည်။

သို့သော်... နိုင့်ဟယ်တံတားစောင့်နတ်ဘုရားက သူမကို တားဆီးမည်လားဟု တွေးလိုက်မိသည်။ သို့သော် တံတားစောင့်နတ်ဘုရားက အေးစက်သည့်အပြုံးတစ်ချက်သာ ပြုံးလိုက်ပြီး သူမကို တားဆီးခြင်း မရှိပေ။

တံတားက ကျဉ်းမြောင်းပြီး ချောမွေ့နေလေသည်။ သို့သော်... စုနီအတွင်တော့ အရှိန်အဟုန်ပြင်းစွာဖြင့် တံတားပေါ်တွင် ပြေးလွှားနေလေသည်။

သို့သော်… အချိန်အတန်ကြာသည်အထိ သူမပြေးလွှားနေ
သည့်တိုင် တံတား၏ အဆုံးကို တွေ့မြင်ရခြင်း မရှိသေးပေ။
သူမသည် ထိတ်လန့်တုန်လှုပ်လာပြီး ရုတ်တရက် ပြေးလွှားနေ
ခြင်းကို ရပ်တန့်လိုက်လေသည်။
စုနီခြေလှမ်းများ ရပ်တန့်လိုက်သည်နှင့် တံတားအောက်ရှိမြစ်
ရေမှ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး သူမ၏
ခြေထောက်များကို စုပ်ယူချုပ်နှောင်လိုက်ကာ သူမကို မြစ်ရေ
ထဲသို့ ဆွဲချရန် ကြိုးစားလေတော့သည်။
သူမသည် တဖြည်းဖြည်းအောက်သို့နစ်မြုပ်သွားပြီး
သူမ၏နှာခေါင်းထဲတွင် သွေးညှီနံ့များကိုရလိုက်လေသည်။
အဆိပ်ရှိသည့်ပိုးမွှားသတ္တဝါများသည် ပါးစပ်များကိုဖွဲပြီး
သူမကို အရသာရှိသည့်အစားအသောက်တစ်ခုအလား ကြည့်
နေကြလေသည်။

စုနီမှာ နတ်ဘုရားတစ်ပါးကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားသူ တစ်ယောက်ဖြစ်သော်လည်း မိန်းကလေးတစ်ယောက် မျှသာ ဖြစ်လေရာ ကြောက်မက်ဖွယ်ရှား မြွေများ ၊ ပိုးမွှားများကို တွေ့မြင်လိုက်ရသည့်အခါ သူမသည် အလွန်ကြောက်ရွံ့သွားမိလေသည်။

သူမ၏ နားထဲတွင် စူးရှသည့် မိစ္ဆာသံများကို ကြားနေရပြီး သူမ၏ခြေထောက်ကို ထောင်ပေါင်းများစွာသော စူးချွန်များဖြင့် ဝိုင်းဝန်းထိုးနှက်နေသည်ကို ခံစားလိုက်ရလေသည်။

စုနီသည် အလွန်နာကျင်ခံစားနေရသည့်တိုင် သူမ လုံးဝအရှုံးပေး၍ မဖြစ်သည်ကို သိရှိလိုက်သည်။

သူမက အံတင်းတင်းကြိတ်လိုက်ကာ တန်ခိုးစွမ်းအားများကို စုစည်းလိုက်ပြီး မြစ်ရေထဲမှ ရုန်းထွက်လိုက်လေသည်။

သို့သော်... သူမ၏ ခြေထောက်မှ မီးလောင်ကျွမ်းသည့် အနံ့

များထွက်ပေါ်လာပြီး အဆိပ်ပိုးမွှားများသည် သူမကို အလွတ်မပေးဘဲ ကုတ်တွယ်နေကြဆဲ ဖြစ်လေသည်။

သူမ၏ အရေပြားများသည် အနက်ရောင်ပြောင်းလဲသွားပြီး သွေးများထွက်လာလေသည်။

စုနီက သက်ပြင်းတစ်ချက်ချလိုက်ပြီး သူမ၏လက်ထဲတွင် ဓားရောင်တစ်ချက်လက်သွားလေသည်။ သူမ၏ ခြေထောက်မှ ဒဏ်ရာကို ဓားဖြင့် ခုတ်ဖြတ်ချလိုက်ခြင်း ဖြစ်လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် သူမ၏ တာအိုကျင့်ကြံသူ နှလုံးသားကို တွေ့မြင်ရလေသည်။

သူမသည် ယာယီအားဖြင့် တံတားအောက်ရှိ ပိုးမွှားများ အန္တရယ်မှ လွတ်မြောက်သွားသော်လည်း ဓားဖြင့် ခုတ်လိုက်မိသည့်ဒဏ်ရာမှ ပြင်းထန်စွာ နာကျင်ခြင်းကို ခံစားလိုက်ရလေသည်။

နာကျင်မှုကို ဝိညာဉ်အတွင်းထဲအထိ ခံစားနေရလေသည်။

နာကျင်ခံစားနေရသည့်အချိန်မှာပင် သူမဘဝတွင် နောင်တရရ

သည့် မြင်ကွင်းများကို ပြန်လည်မြင်ယောင်လာမိလေ သည်။

မည်သို့သော နောင်တများလဲဆိုလျှင်...

သူမစားချင်သည့်အစားအသောက်တစ်ခုကို မစားလိုက်ဖြစ်

သည့်အတွက် နောင်တရခြင်းမျိုး။

ဆွေမျိုးသားချင်း ၊ မိတ်ဆွေသူငယ်ချင်းများကို မရည်ရွယ်ဘဲ

နာကျင်စေခဲ့မိပြီး သူတို့ကို တောင်းပန်ခွင့်မရလိုက် သည့်

နောင်တရခြင်းမျိုး။

သို့သော်... ထိုစိတ်ခံစားမှုများကို သူမ၏ တာအိုစိတ်ထားဖြင့်

ဖိနှိပ်ထားလိုက်နိုင်လေသည်။

လူတစ်ယောက်သည် မွေးဖွားသည့်အချိန်မှစပြီး ညစ်နွမ်းလျှ

က်ရှိလေသည်။ နှစ်ပေါင်းများစွာကြာလာသည်နှင့်အမျှ အချစ်

၊ အမုန်း ၊ သံယောဇဉ်များကြားတွင် ပို၍ပို၍ ညစ်နွမ်းလာပြီး

ဒုက္ခပင်လယ်ထဲမှ ရုန်းထွက်နိုင်ခြင်း ရှိမည် မဟုတ်တော့ပေ။

ကျင့်ကြံခြင်းဖြင့်သာလျှင် စိတ်ထားကို အနည်းငယ် သန့်စင်နိုင်လေသည်။

ထို့ကြောင့် နတ်ဆိုး ၊ မိစ္ဆာဆိုသည်က အခြားနေရာတွင် ရှိသည်မဟုတ်။ လူတစ်ယောက်၏ နှလုံးသားထဲ၌ပင် ရှိခြင်းဖြစ်လေ၏။

စုနီသည် အားတင်းကာ တံတားထက်တွင် အဆက်မပြတ်ပြေးလွှားလာသော်လည်း သူမ၏ မျက်ဝန်းများတွင် မြူများဆိုင်းလာပြီး ပတ်ဝန်းကျင်ကို မြင်တွေ့ရခြင်း မရှိတော့ပေ။

စုနီရင်ဆိုင်ကြုံတွေ့နေရသည်များကို ကြည့်နေရင်း ရှင်ယောင်းက စိတ်ရှုတ်ထွေးသွားလေသည်။

"ဆရာကြီး ၊ ကျုပ်ရဲ့ ဆရာဒေါ်လေး ဘာဖြစ်သွားတာလဲ..."

ဆန်းလျန်က...

"ကျင့်စဉ်လမ်းကို လျှောက်လှမ်းချင်တယ်ဆိုရင် ၊ စိတ်ထားကို အရင်ပြုပြင်ရတယ် ၊ ဒီမိန်းကလေးက ဝိညာဉ်စွမ်းအား အရမ်း

ကောင်းတယ်၊ သူ့မှာ တန်ခိုးစွမ်းအားရှိတယ်ဆိုရင်တောင်မှ အခြားသူတွေကို မနာကျင်စေဘဲ သူကိုယ်တိုင်ပဲ အနာခံလိုက်မယ့် စိတ်ထားမျိုးရှိတယ်..."

ဆန်းလျန်ပြောသည့် စကားကို ရှင်ယောင်းက နားလည်ခြင်းမရှိပေ။

ထျန်းတိကျန်းက...

"စုနီရဲ့ ဝိညာဉ်စွမ်းအားတွေက ကျင့်ကြံထားတာမဟုတ်ဘူး၊ သူက နတ်ဘုရားတစ်ပါးလို တန်ခိုးစွမ်းအား မြင့်မားပေမယ့် နတ်ဘုရာတစ်ပါးအဖြစ် အဆင့်မတက်နိုင်သေးဘူး၊ ဒါကြောင့် အတားအဆီးတွေကို ကျော်ဖြတ် နိုင်ခဲ့ရင် နတ်ဘုရားတစ်ပါး အနေးနဲ့အမြန် ဖြစ်လာတော့မယ်..."

ရှင်ယောင်းက...

"ဒါဖြင့် အတားအဆီးတွေကို မကျော်ဖြတ်နိုင်ခဲ့ရင်ရော..."

ထျန်းတိကျန်းက တိုးတိတ်သည့်လေသံဖြင့်...

"အဲဒါဆိုရင်တော့ ဘာမှမဟုတ်တော့ဘူး ၊ ပြီးဆုံးသွားမှာ

ပေါ့..."

ရှင်ယောင်းက အံ့ဩထိတ်လန့်သွားပြီး...

"ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ..."

ထျန်းတိကျန်းက...

"အဲဒါမင်းနဲ့လည်းဆိုင်တယ်လေ ၊ မင်းကို ဆန်းအစ်ကိုကြီး

သင်ပေးနေတာကို စုနီခိုးနားထောင်မိလို့ ဒီလိုဖြစ်ရတာ... ၊

ဒါပေမဲ့ သူ အဲဒီမှာ ထာဝရတော့ ပိတ်မိမနေနိုင်ပါဘူး ၊

အခွင့်အရေးကို စောင့်နေဖို့ပဲ လိုတယ်..."

ရှင်ယောင်းက မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"မင်းဟာက ငါနဲ့ ဘာဆိုင်လို့တုန်း..."

ထျန်းတိကျန်းက...

"အေးပါ ၊ ဟုတ်ပါတယ် ၊ ကျင့်ကြံသူတွေဆိုတာ နှစ်ပေါင်းတစ်

သောင်းလောက်ကျင့်ကြံနေလည်း အောင်မြင် ချင်မှ

အောင်မြင်တာ ၊ အဲဒါကြောင့် အခက်အခဲတွေကို ရင်ဆိုင်ရတဲ့ အခါ ရင်ဆိုင်ဖို့ထက် အချိန်ကို စောင့်တတ်ဖို့လည်းလိုအပ် တယ်..."

ရှင်ယောင်းက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်လေ သည်။

ထိုအခါ ဆန်းလျန်က ထျန်းတိကျန်း၏ စကားကို ထောက်ခံ သည့်အနေဖြင့် သူ့ကို တစ်ချက်ပြုံးပြလိုက်ပြီး ခေါင်းညိတ်ပြ လိုက်လေသည်။

စုနီကတော့ အပြင်ဘက်တွင် ဆန်းလျန် ၊ ရှင်ယောင်းနှင့် ထျန်း တိကျန်းတို့ သူမကို ကြည့်ရှုနေကြသည်ကို သိရှိခဲ့ခြင်း မရှိပေ။ သူမသည် အရှိန်အဟုန်ဖြင့် မရပ်မနားပြေးလွှားနေပြီး သူမ၏ တာအိုနှလုံးသားသည် နောင်တတရားများကြားတွင် လှိုင်းထန် လျှက်ရှိလေသည်။ နောက်ဆုံး သူမ၏ တာအိုစိတ်ထားသည် နောင်တတရားများကို မထိန်းချုပ်နိုင်တော့ဘဲ မျက်ရည်များ

သွင်သွင်ကျလာကာ အဆုံးမဲ့ နောင်တတရားထဲတွင် နစ်မြုပ်

သွားလေတော့သည်။

ထိုအခါ သူမသည် တံတားအောက်သို့ ပြုတ်ကျသွားပြီး

အဆိပ်ပြင်းထန်သည့် ပိုးမွှားများ ၊ မြွေများကို သူမကို ဝိုင်းဝန်း

ကိုက်ဖြတ်ကြလေတော့သည်။

သူမတစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေခဲ့လေသည်။

ထိုအချိန်တွင် သူမ၏ နှလုံးသား ထွက်ပေါ်လာခဲ့လေသည်။

သူမ၏ နှလုံးသားသည် သာမန်လူတစ်ယောက်၏ နှလုံးသား

မဟုတ်ဘဲ အဆက်မပြတ်ခုန်နေသည့် ကြာပန်းပုံစံ နှလုံးသား

ဖြစ်နေခဲ့လေသည်။ ထိုနှလုံးသားကြောင့်ပင် သူမသည် နတ်

ဘုရားတစ်ပါးကဲ့သို့ တန်ခိုးစွမ်းအား မြင့်မား နေခဲ့ခြင်း ဖြစ်

လေသည်။

ဆန်းလျန်မှာ သူမကိုကြည့်ပြီး အနည်းငယ် အံ့သြသွားလေ

သည်။ သူ့ဘဝတွင် ထိုသို့ ကြာပန်းပုံသဏ္ဍာန်နှလုံးသား မျိုးကို

တစ်ခါမှ ခံစားမိဖူးခြင်း မရှိပေ။

ဆန်းလျန်က ထျန်းတိကျန်းကိုမေးလိုက်သည်။

"အဲဒါ ဘယ်လိုဖြစ်တာလဲ..."

ထျန်းတိကျန်းက...

"သိဘူးလေ..."

ထျန်းတိကျန်းသည်လည်း ကြာပန်းနှလုံးသား အကြောင်းကို

သိရှိခြင်း မရှိပေ။

အမှန်တော့ ကြာပန်းနှလုံးသားသည် ရှင်သန်စေခြင်းကျောင်း

တော်မှ ကျမ်းစာများထားရှိသည့်ခန်းမဆောင်နှင့် ဆက်စပ်နေ

လေသည်။

တစ်ချိန်တုန်းက ထိုနေရာတွင် မိုးကောင်းကင်နတ်မိစ္ဆာတစ်ပါး

နေထိုင်ခဲ့လေသည်။ နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့ပြီး

သည့်နောက် မိစ္ဆာစွမ်းအားများကို တာအိုစွမ်းအားများအဖြစ် သန့်စင်နိုင်ခဲ့သည်။ ထိုအခါ နတ်ဘုရား ခန္ဓာသည် သန့်စင်သွားခဲ့လေသည်။ မိစ္ဆာစွမ်းအားများသည်လည်း လုံး၀ ပျောက်ဆုံးသွားခဲ့လေသည်။

တာအိုနှလုံးသားကိုပိုင်ဆိုင်သည့် မိုးကောင်းကင်နတ်မိစ္ဆာသည် ရှင်သန်စေခြင်းကျောင်းတော်တွင် နှစ်ပေါင်းများစွာ ကြာအောင် နေထိုင်ခဲ့လေသည်။

သို့သော်... မည်သည့်ထူးခြားဆန်းကျယ်မှုမှ ဖြစ်မလာခဲ့ပေ။

နောက်ဆုံး ထိုမိုးကောင်းကင်နတ်မိစ္ဆာသည် စုနီကို တွေ့ဆုံခဲ့ပြီး စုနီ၏ နှလုံးသားအဖြစ် အသွင်ပြောင်းသွားခဲ့လေ သည်။

ထို့ကြောင့် စုနီသည် နတ်ဘုရားတစ်ပါး မဟုတ်သည့်တိုင် နတ်ဘုရားတစ်ပါးကဲ့သို့ တန်ခိုးစွမ်းအား မြင့်မားနေရခြင်း ဖြစ်လေ၏။

ရှင်သန်စေခြင်းကျောင်းတော်၏ ဂိုဏ်းချုပ်တစ်ယောက်

သာလျှင် ထိုအဖြစ်အပျက်များကို သိရှိခဲ့လေသည်။ သူက စုနီ

မှာ နတ်ဘုရားတစ်ပါး၏ ကျန်ရစ်သည့်တန်ခိုးစွမ်းအားများကို

ရရှိခဲ့သည့်အတွက် တန်ခိုးစွမ်းအား မြင့်မားနေရခြင်းဖြစ်သည်

ဟု အခြားသောတပည့်များကို ပြောထားခဲ့လေသည်။

ဆန်းလျန်၏ မျက်နှာက တည်ကြည်လေးနက်နေလေသည်။

အဘယ်ကြောင့်ဆိုသော် ကြာပန်းနှလုံးသားသည် ခပ်လွယ်

လွယ်အရာတစ်ခု မဟုတ်သောကြောင့် ဖြစ်လေသည်။

သူက စုနီကို အနည်းငယ် အပြစ်ပေးခဲ့ခြင်းသာဖြစ်ပြီး

ယခုကဲ့သို့ စိတ်ဝင်စားစရာ ကိစ္စမျိုးကို သိရှိလိုက်ရမည်ဟု မ

ထင်ခဲ့မိပေ။

ယခုတော့ ထိုကြာပန်းနှလုံးသားသည် သူနှင့်လည်းပတ်သက်ခဲ့

ပြီ ဖြစ်လေသည်။

ကြာပန်းနှလုံးသားသည် တဖျတ်ဖျတ်ခုန်နေပြီး အဆိပ်ပိုးမွှား

များနှင့် မြွေများအားလုံးကို မြိုချပစ်နေလေသည်။

ထိုအချိန်မှာပင်....

နိုင့်ဟယ်တံတားစောင့်နတ်ဘုရားသည် ဆန်းလျန်အဖြစ်အသွင်

ပြောင်းသွားပြီး နိုင့်ဟယ်တံတားကိုဖြတ်ကာ ကြာပန်း

နှလုံးသားရှိရာသို့ ရောက်ရှိသွားလေတော့သည်။

အခန်း (၇၈၇) ကံကြမ္မာလမ်း

နိုင့်ဟယ်တံတားစောင့်နတ်ဘုရားဆိုသည်မှာ အမှန်တော့ ဆန်း

လျန်၏ ကိုယ်ခွဲတစ်ခုသာ ဖြစ်လေသည်။

စုနီထံမှာ ကြာပန်းနှလုံးသား ပေါ်ထွက်လာသည့်အခါ ဆန်းလျ

န်က စိတ်ဝင်စားသွားပြီး နိုင့်ဟယ်တံတားဆီသို့ စိတ်အာရုံစူး

စိုက်လိုက်လေရာ နိုင့်ဟယ်တံတားစောင့်နတ်မှာ ဆန်းလျန်

အဖြစ်သို့ ပြောင်းလဲသွားရခြင်း ဖြစ်လေ၏။

နိုင့်ဟယ်တံတားဆိုသည်က အံ့သြစရာကောင်းသည့် တံတား

တစ်ခုဖြစ်သည်။

အမှန်တော့ ထိုတံတားသည် တကယ့်တံတားအစစ်မဟုတ်ဘဲ

မိုးနှင့်မြေကို ဆက်စပ်ပေးထားသည့် လမ်းမကြီးတစ်ခု လည်း

ဖြစ်လေသည်။ ထို့ကြောင့် နိုင့်ဟယ်တံတားပေါ်သို့ ရောက်သွား

သည်နှင့် အရှေ့သို့သွားသည့်လမ်းနှင့် အနောက်သို့ သွားသည့်

လမ်းမှလွဲပြီး မည်သည့်အရာကိုမှ တွေ့မြင်ရတော့မည် မဟုတ်

ပေ။

ထို့ကြောင့် တံတားပေါ်သို့ရောက်သည်နှင့် မရပ်မနားသွားနေမှ
သာ ဝိညာဉ်မြစ်အတွင်းသို့ ပြန်လည်ကျရောက် သွားခြင်းမရှိ
ဘဲ နောက်ဆုံးတွင် လွတ်မြောက်နိုင်မည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကတော့ ထိုသို့မဟုတ်ပေ။ သူသည် နိုင့်
ဟယ်တံတားထက်တွင် ပုံမှန်အတိုင်းပင် သွားလာပြုမူ
နိုင်သည်။

သူ့အနေဖြင့် လမ်းလျှောက်ချင်လျှောက်မည်၊ ထိုင်ချင်ထိုင်
မည်၊ အိပ်ချင်အိပ်မည်၊ အခြားနေရာများနှင့် ခြားနားမှု မရှိ
ပေ။ သူ့အနေဖြင့် မည်သည့်အပူအပင်မှ မရှိဘဲ နိုင့်ဟယ်
တံတားထက်တွင် နေထိုင်နိုင်သည်။

ဆန်းလျန်၏ ကိုယ်ခွဲတစ်ခုဖြစ်သည့် နိုင့်ဟယ်တံတားစောင့်
နတ်ဘုရားသည် ယန်စွမ်းအား နတ်ဘုရားတစ်ပါး ဖြစ်လေ
သည်။ ယန်စွမ်းအားကို အသုံးပြုကာ အရာအားလုံးကို

လောင်ကျွမ်းပစ်နိုင်စွမ်းရှိသည်။ ထိုနတ်ဘုရားသည် အမှောင်တရား ၊ ယင်စွမ်းအားနှင့် ဆန့်ကျင်ဘက် ဖြစ်လေ၏။

ဆန်းလျန်က အကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ မီးတောက်များထွက်ပေါ်လာပြီး ကြာပန်းနှလုံးသားဆီသို့ ရောက်ရှိသွားကာ ကြာပန်းနှလုံးသားကို လောင်ကျွမ်းပစ်လိုက်သည်။

ရုတ်တရက်...

ကြာပန်းနှလုံးသားအတွင်းမှ အနက်ရောင်အခိုးအငွေ့တစ်ခု ထွက်ပေါ်လာပြီး ယန်စွမ်းအား မီးတောက်များကို ငြိမ်းသတ်ပစ်လိုက်လေသည်။ ကြာပန်းနှလုံးသားမှာလည်း ရေစင်အလား ကြည်လင်သွားလေ၏။

တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ဆန်းလျန် အနည်းငယ် အံ့အားသင့်သွားရသည်။

ထို့နောက်... ဆန်းလျန်က နိုင့်ဟယ်တံတားထက်တွင်ရပ်နေပြီး သွေးနီရောင်မြစ်အတွင်းသို့ တစ်ချက် စူးစိုက်ကြည့် လိုက်သည်။

ထိုအခါ မြစ်ရေပြင် နှစ်ခြမ်းကွဲသွားပြီး နတ်ဘုရာတစ်ပါးထွက်ပေါ်လာလေသည်။

ထိုနတ်ဘုရားသည်လည်း ဆန်းလျန်ပင် ဖြစ်လေ၏။

သို့သော်... ထိုနတ်ဘုရား၏ ပုံပန်းသဏ္ဌာန်က ဆန်းလျန်လောက် ယောကျ်ားပီသခန့်ညားခြင်းမရှိဘဲ အနည်းငယ်မိန်းကလေးဆန်စွာ ချောမောလှပနေလေသည်။

ထိုနတ်ဘုရားမှာ နိုင့်ဟယ်တံတားစောင့်နတ်ဘုရား၏ ယင်စွမ်းအားဘက်ခြမ်းဖြစ်လေသည်။ ထိုနတ်ဘုရားက နိုင့်ဟယ်တံတားကို ညဘက်တွင် စောင့်လေ့ရှိသည်။ နေ့ဘက်တွင် နိုင့်ဟယ်တံတားကိုစောင့်သည့်နတ်ဘုရားက ယန်စွမ်းအားကို

ထိန်းချုပ်နိုင်ပြီး ညဘက်တွင် နိုင့်ဟယ်တံတားကိုစောင့်သည့် နတ်ဘုရားက ယင်စွမ်းအားကို ထိန်းချုပ်နိုင်သည်။

နိုင့်ဟယ်တံတား၏ ညစောင့်နတ်ဘုရား လက်ထဲတွင် ခက်ရင်းခွချွန်လက်နက်ကို ကိုင်ဆောင်ထားပြီး အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

သူက ယင်စွမ်းအားများနှင့်ပြည့်ဝနေသည့် ခက်ရင်းခွချွန် လက်နက်ကို လေထဲတွင် တစ်ချက်ဝှေ့ယမ်းလိုက်သည်။

ထို့နောက်... သူက သုံးခွချွန်လက်နက်ဖြင့် ကြာပန်းနှလုံးသား ကို ထိုးစိုက်ချလိုက်သည်။

မိုးမြေတုန်လှုပ်စေသည့် တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးဖြစ် ပေါ်လာပြီး ဝိညာဉ်မြစ်တစ်လျှောက်နှင့် နိုင့်ဟယ်တံတား ကို တန်ခိုးစွမ်းအားလှိုင်းလုံးများ လွင့်စင်ရိုက်ခတ်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ပြိုကျတော့မည့်အလား ထင်မှတ်ရ လေ၏။

သို့သော်... ကြာပန်းနှလုံးသားကတော့ မည်သည့်ထိခိုက်မှုမှ မ
ရှိဘဲ မြစ်ရေထဲတွင် ငြိမ်သက်စွာ စီးမျောနေလေ သည်။

နိုင့်ှဟယ်တံတားထက်မှ မြူခိုးများ တဖြည်းဖြည်း လွင့်ပြယ်
သွားပြီး အဝေးတစ်နေရာတွင် လမ်းမကြီးတစ်ခု ပေါ်လာသည်
ကို တွေ့လိုက်ရသည်။

ထိုအချိန်မှာပင် ကြာပန်းနှလုံးသားမှ အလင်းတန်းများ ဖြာ
လင်းတောက်ပလာလေသည်။

နိုင့်ှဟယ်တံတား၏ နေ့စောင့်နတ်ဘုရားနှင့် ညစောင့်နတ်ဘုရား
တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေ
သည်။ ထို့နောက်... သူတို့ (၂)ယောက် နတ်ဘုရားတစ်ပါး
တည်း အဖြစ်ပေါင်းစပ်သွားလေသည်။

ထိုနတ်ဘုရားသည် ဆန်းလျန် ဖြစ်လေ၏။

သို့သော်... ညာဘက်မျက်လုံးက နေရောင်ကဲ့သို့ ထွန်းလင်းနေပြီး ဘယ်ဘက်မျက်လုံးကတော့ လရောင်အလား တောက်ပနေလေသည်။

သူ့လက်ထဲမှ ခက်ရင်းခွချွန်လက်နက်သည် လေးညှို့တစ်ခုအဖြစ်ပြောင်းလဲသွားပြီး ဆန်းလျန်က လေးညှို့ကိုတင်လိုက်သည်နှင့် လေးကြိုးထက်တွက် မြားတစ်စင်း ထွက်ပေါ်လာသည်။

မြားက ချွန်ထက်နေပြီး ယင်စွမ်းအားနှင့်ယင်စွမ်းအားပေါင်းစပ်ထားသည့် မြားတစ်စင်းဖြစ်လေရာ စွမ်းအားကနက်နဲလွန်းသည်။

ဆန်းလျန်က မြားကိုပစ်လွှတ်လိုက်သည့်အခါ ချွန်ထက်သည့်မြားတံက ကြာပန်းနှလုံသားအတွင်းသို့ စိုက်ဝင်သွား သည်။

ထိုအခါ ကြာပန်းနှလုံးသားက ကြာပန်းတစ်ပွင့်အလား ပွင့်အာလာပြီး ပန်းပွင့်ထဲတွင် လှပသည့် မိန်းမပျိုတစ်

ယောက်၏မျက်နှာ ထွက်ပေါ်လာသည်။ သူမက ဆန်းလျှန်ကို

သနားစဖွယ်တောင်းပန်သည့် အကြည့်များဖြင့်ကြည့်နေပြီး

မျက်ဝန်းထက်မှ မျက်ရည်များ စီးကျနေလေသည်။

ထိုသို့သောမြင်ကွင်းမျိုးကိုတွေ့မြင်ရသူ မည်သူမဆို သနား

စိတ်ဝင်မိမည်မှာ အသေအချာပင်။

သို့သော်... ဆန်းလျှန်ကတော့ တစ်စက်ကလေးမှ သနားစိတ်မ

ဖြစ်မိဘဲ နောက်ထပ်မြားချက်တစ်ချက်ဖြင့် မိန်းမပျို၏

မျက်နှာကို ပစ်ချလိုက်လေသည်။ မြားချက်က မိန်းမပျို၏

မျက်နှာတည့်တည့်ကိုထိမှန်သွားပြီး စူးရှသည့်အော်သံ တစ်

ချက် ထွက်ပေါ်လာသည်။

ထို့နောက်... ကြာပန်းနှလုံးသားအတွင်းမှ နက်ပြာရောင်

အခိုးအငွေ့များထွက်ပေါ်လာပြီး လေထဲတွင် ပျံ့နှံ့ပျောက်ကွယ်

သွားသည်။

ထိုအချန်မှာပင်… လေထဲတွင် သတိလစ်မေ့မျောနေသည့် စုနီ

ပေါ်လာပြီး နိုင့်ဟယ်တံတားထက်သို့ ပြုတ်ကျလာလေ သည်။

ဆန်းလျန်က သူမကိုပွေ့ချီလိုက်ပြီး ခြေတစ်ချက်စောင့်ကာ

ကောင်းကင်ထက်သို့ ပျံတက်သွားပြီး အဝေးဆီမှ လမ်းမကြီး

ဆီသို့ ရောက်ရှိသွားလေသည်။

ထိုလမ်းမကြီးသည် မည်သည့်နေရာသို့ ဦးတည်နေသည်ကို မ

သိနိုင်ပေ။

ဆန်းလျန်က စိတ်အာရုံတစ်ချက်စူးစိုက်လိုက်ပြီး လမ်းမကြီး

အကြောင်းသိရှိနိုင်ရန် ကြိုးစားလိုက်စဉ်မှာပင်…

ရုတ်တရက်… ဆန်းလျန်မျက်ဝန်းများ ဗလာကျင်းသွားပြီး

တစ်ကိုယ်လုံးအေးခဲတောင့်တင်းသွားလေသည်။

ထို့နောက်… သူ့ရှေ့တွင် မရေမတွက်နိုင်သည့် စက်သွားဘီး

များပေါ်လာပြီး အဆက်မပြတ်လည်ပတ်နေလေသည်။

စက်သွားဘီးများကြားတွင် ဆန်းလျန်ကို ကျောပေးထားသည့် မိန်းကလေးတစ်ယောက်ပေါ်လာလေသည်။ အနောက်မှကြည့် ရသည့်တိုင် မိန်းမပျို၏ ကျောပြင်လေးက လှပလွန်းလှသည်။ သူမက မျက်နှာလေးကို အနည်းငယ်စောင်းကာ ဆန်းလျန်ရှိရာ အနောက်ဘက်သို့ စောင်းငဲ့ကြည့်လာလေသည်။ ထို့ကြောင့် သူမ၏ မျက်နှာကို ဘေးတစောင်းအနေအထား မပီမပြင် တွေ့ မြင်ရသည်။

သူမက အလွန်သာယာသည့်လေသံလေးဖြင့်...

"အခုရောက်ရှိနေတာ စက်သွားဘီးပြည်နယ်ပါ ၊ သိပ်မကြာခင် မှာပဲ ကျွန်မတို့ တွေ့ဆုံကြဖို့ စောင့်နေပါ့မယ်..."

သူမစကားဆုံးသွားသည်နှင့် ဆန်းလျန်၏ မျက်စိရှေ့မှ စက်သွားဘီးများအားလုံး ပြိုကျကုန်ပြီး စက်သွားပြည်နယ် တစ်ခုလုံး ပျောက်ကွယ်သွားလေသည်။

ထို့နောက်… လမ်းမကြီးထက် မိုးများ သည်းထန်စွာ ရွာသွန်းလာတော့သည်။

……..

ဘုရင့်နေပြည်တော်ရှိ လက်ဖက်ရည်ဆိုင်လေးထဲတွင်တော့ လက်ဖက်ရည်အိုးထဲမှ လက်ဖက်ရည်များပင် ခပ်နွေးနွေး ရှိနေသေးသည်။

ရုတ်တရက်….

မိုးများရွာနေသည့်လမ်းမထက်တွင် မတ်တတ်ရပ်နေသည့် စုနီ လဲကျသွားလေသည်။ ရှင်ယောင်းက လဲကျသွားသည့် စုနီကို ပြေးပွေ့ကာ လက်ဖက်ရည်ဆိုင်ထဲသို့ ခေါ်လာပြီး အသာပွေ့ထားလိုက်သည်။

ထိုအချိန်မှာပင်… မှေးမှိတ်ထားသည့် ဆန်းလျန်၏မျက်ဝန်းများ တဖြည်းဖြည်းပွင့်လာသည်။ ဆန်းလျန်က သူ့စိတ်ကို ထိန်းချုပ်နိုင်ရန် အချိန်ခဏလောက် ကြိုးစားလိုက်ရသည်။

ထျန်းတိကျန်းက…

"ဆန်းအစ်ကိုကြီး... ဘာတွေဖြစ်သွားတာလဲ..."

ဆန်းလျန်က ဖုံးကွယ်မထားဘဲ တွေ့ကြုံခဲ့ရသမျှကို ပြောပြလိုက်သည်။

ထျန်းတိကျန်းက ဗဟုသုတများစွာကြွယ်ဝသူဖြစ်လေရာ သူ့ထံတွင် ထူးခြားသည့် ထင်မြင်ချက်များ ရှိနိုင်လေသည်။

ထျန်းတိကျန်းက အတန်ကြာစဉ်းစားနေပြီးမှ မရေမရာလေသံဖြင့်...

"ကျွန်တော်ထင်တာမမှားဘူးဆိုရင် ဆန်းအစ်ကိုကြီးတွေ့ခဲ့တဲ့သူက စက်သွားဘီးနတ်မိမယ်များလား မသိဘူး၊ ဒါဆို အဲဒီလမ်းမကြီးက ကံကြမ္မာလမ်းဖြစ်မယ်ထင်တယ်..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ကျုပ်လည်း အဲဒီလိုခံစားမိတယ်၊ စက်သွားဘီးလည်ပတ်ပြီဆိုရင် ဘယ်လိုတန်ခိုးစွမ်းအားမျိုးကမှ တားဆီးနိုင်မှာ မဟုတ်ဘူး..."

ထျန်းတိကျန်းက...

"ဟိုးအရင်တုန်းကတော့ ကံကြမ္မာလမ်းစဉ်ကို ကျင့်ကြံကြတဲ့ ကျင့်ကြံသူတွေ ရှိခဲ့ကြတာပဲ ၊ အဆင့်မြင့်နတ်ဘုရား တွေ တောင် ဖြစ်ခဲ့ကြတာပဲလေ ၊ ကံကြမ္မာလမ်းစဉ်ကျင့်ကြံသူတွေ က ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ထိန်းချုပ်နိုင်ကြ တယ် ၊ မိုးနတ် မင်းလို စွမ်းအားမျိုးကို ပိုင်ဆိုင်ကြတယ် ၊ သူတို့တွေက ဘေး အန္တရာယ်ဆိုးတွေနဲ့ အစစ်ဆေးခံရခြင်း တွေကိုလည်း ရှောင်ရှား နိုင်ကြတယ် ၊ သူတို့တွေက ထူးဆန်းတာတော့အမှန်ပဲ ၊ ကျွန်တော်သိသလောက် အားလော်ဟာယ် လျှောက်လှမ်းခဲ့တဲ့ လမ်းစဉ်ကလည်း ကံကြမ္မာလမ်းစဉ်ပဲ..."

ဆန်းလျန်က...

"အားလော်ဟာယ် ဟုတ်လား... အဲဒါ ဖန်ဆင်းရှင်ကို ပြောတာ မဟုတ်လား..."

ထျန်းတိကျန်းက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ကျွန်တော် ကျန့်ယွမ်ကျီနတ်မင်းကြီးနဲ့ တွေ့ခွင့်ရတုန်းက သူက အားလော်ဟယ်အကြောင်း ပြောပြဖူးတယ်၊ သူပြောတာ တန်ခိုးစွမ်းအားခြင်း ယှဉ်မယ်ဆိုရင် သူက အားလော်ဟယ် ထက် သာတယ်တဲ့၊ ဒါပေမဲ့ အားလော်ဟယ်က ကံကြမ္မာ လမ်းစဉ်ကို ရွေးခြယ်ခဲ့တဲ့သူဖြစ်လို့ သူ့ထက်ပိုပြီး လျှို့ဝှက် နက်နဲသူတစ်ယောက် ဖြစ်တယ်တဲ့..."

ဆန်းလျန်က...

"ကျုပ်တွေ့လိုက်တဲ့ မိန်းကလေးကတော့ အားလော်ဟယ်မဖြစ် နိုင်ဘူး၊ ပြီးတော့ သူ့ဆီမှာ မိုးကောင်းကင် နတ်မိစ္ဆာ တစ်ပါးရဲ့ အငွေ့အသက်တွေရနေတယ်၊ ဒါပေမဲ့ စစ်မှန်တဲ့ ကျင့်စဉ်လမ်း ရဲ့ ဇာစ်မြစ်ကိုလည်း တွေ့မြင်ရတယ်..."

ထျန်းတိကျန်းက...

"အဲဒါ နည်းနည်းထူးဆန်းတယ်၊ ဒါပေမဲ့ ပြဿနာအရင်းအမြစ် ကတော့ စုနီပဲ၊ ဂိုဏ်းချုပ်ကတော့ ဒီကိစ္စတွေကို သိမယ်ထင်

တယ် ၊ ဆန်းအစ်ကိုကြီးအတွက် ကျွန်တော်ဂိုဏ်းချုပ်ကို သွား

မေးပေးမယ်လေ..."

ထျန်းတိကျန်းသည် ဆန်းလျန်ကို ကူညီရမည်ဆိုလျှင်

အမြဲတမ်း တက်တက်ကြွကြွ ရှိနေတတ်သည်။

သူက စကားဆုံးသွားသည်နှင့် ချက်ချင်းပင်ကောင်းကင်ထက်

သို့ ပျံသန်းထွက်ခွာသွားပြီး အရှေ့ပင်လယ်မှ ရှင်သန်စေခြင်း

ကျောင်းတော်သို့ ရောက်ရှိသွားလေတော့သည်။

ရှင်သန်စေခြင်းကျောင်းတော်သည် အရှေ့ပင်လယ်ထဲမှ ကျွန်း

တစ်ကျွန်းပေါ်ရှိ တောင်တစ်တောင်ထက်တွင် တည်ရှိလေ

သည်။ ထိုတောင်တွင် အဓိက တောင်ထွတ်ကြီး (၅)ခုရှိပြီး

အမြင့်ဆုံးတောင်ထွတ်အောက်တွင် မြစ်တစ်စင်း စီးဆင်းနေ

လေသည်။ သို့သော်... မြစ်ရေက မှောင်မိုင်းညစ်နွမ်းလျှက် ရှိ

လေ၏။

ထျန်းတိကျန်းက အမြင့်ဆုံး တောင်ထွတ်သို့ ရောက်ရှိလာလေသည်။

ထိုနေရာတွင် … လှပသည့် ပန်းမန်များ ပွင့်လန်းနေပြီး ရှုမျှော်ခင်းက သာယာလွန်းသည်။

တာအိုဆရာတစ်ယောက်က စီတန်းပေါက်ရောက်နေသည့် မိုးမခပင်များကို ရေကရားတစ်လုံးဖြင့် ရေလောင်း နေလေသည်။

ထျန်းတိကျန်းရောက်ရှိလာသည်နှင့် ထိုတာအိုဆရာက အနောက်သို့လှည့်ကာ ထျန်းတိကျန်းကို ကြည့်လိုက်သည်။

တာအိုဆရာမှာ အသက် (၁၆)နှစ်ခန့်သာ ရှိသေးပြီး မျက်ခုံးနှစ်ခုကြားတွင် အနီရောင်ပြဒါးသင်္ကေတက လင်းလက်နေလေသည်။ မျက်ဝန်းများက ဆောင်းတွင်းချိန်ခါ ကန်ရေပြင်အလား ကြည်လင်ငြိမ်သက်လျှက်ရှိသည်။

တာအိုဆရာလူငယ်က…

"ကြေးမုံမှန်ဘိုးဘိုး ၊ ဘယ်လိုဖြစ်လို့ တောင်ပေါ်ကို ပြန်လာတာလဲ..."

ထျန်းတိကျန်းက...

"ဂိုဏ်းချုပ်ကို မေးစရာကိစ္စလေးတစ်ခု ရှိလို့ပါ..."

တာအိုဆရာလူငယ်က...

"မေးပါ..."

ထျန်းတိကျန်းက...

"စုနီပေါ့... သူရထားတဲ့ တန်ခိုးစွမ်းအားတွေရဲ့ ဇာစ်မြစ်က ဘာလဲ..."

ထိုအမေးစကားကိုကြားသည်နှင့် လူငယ်တာအိုဆရာက ခဏမျှ ငြိမ်သက်သွားသည်။

"ကြေးမုံမှန်ဘိုးဘိုး ဒီလိုမေးရတာ... စုနီ ဘာများဖြစ်လို့လဲ..."

ထျန်းတိကျန်းက အဖြစ်အပျက်များအားလုံးကို တာအိုဆရာလူငယ်ကို ပြောပြလိုက်သည်။

တာအိုဆရာလူငယ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒါဖြင့် အဲဒီနတ်ဘုရားက တကယ်တန်ခိုးစွမ်းအားမြင့်မားတာပဲ ၊ စုနီရဲ့ကိစ္စကို ကျုပ်ရဲ့ဆရာတောင် မဖြေရှင်းနိုင်လို့ ဒီအတိုင်းထားလိုက်ရတာ ၊ သူကတော့ လွယ်လွယ်နဲ့ ဖြေရှင်းပေးလိုက်နိုင်တယ်..."

ထိုစကားကိုပြောပြီးသည်နှင့် တာအိုဆရာလူငယ်၏မျက်နှာက တည်ကြည်လေးနက်သွားလေသည်။

ထို့နောက် သူက မျက်မှောင်တစ်ချက်ကြုံ့လိုက်ပြီး ခဏကြာသည့်အခါ မျက်မှောင်ကြုံ့ထားသည်က ပြန်လည် ပြေလျော့သွားပြန်လေသည်။

အခန်း (၇၈၈)

ကောင်းကင်ဘုံမှာပိုင်ယွိကျင်း လူ့လောကမှာဆန်းချင်းရှ

ထျန်းတိကျန်းက တာအိုဆရာလူငယ်၏ မျက်နှာအမူအရာ

အပြောင်းအလဲများဖြစ်သွားသည်ကို တစ်ချက် အကဲခတ်

လိုက်ရင်း မေးခွန်းထုတ်လိုက်သည်။

"ဘာများဖြစ်လို့လဲ...ဂိုဏ်းချုပ်..."

ထျန်းတိကျန်း၏ အမေးကိုကြားသည့်အခါ တာအိုဆရာ

လူငယ်က တစ်ချက်ပြုံးလိုက်လေသည်။

ထို့နောက် ရှေးဟောင်း မိုးမခပင်အိုကြီးတစ်ပင်၏ ပင်စည်

အလယ်ကို လက်နှစ်ချောင်းဖြင့် အသာထိုးညွှန်လိုက်ရာ ပင်စည်

အလယ်တွင် တံခါးတစ်ခုပွင့်လာလေသည်။

တာအိုဆရာလူငယ်က ထျန်းတိကျန်းကိုခေါ်ကာ တံခါးအတွင်း

သို့ ဝင်လိုက်သည်။

မိုးမခပင်စည်အိုကြီးအတွင်းတွင် မှောင်မိုက်နေခြင်းမရှိပေ။ မှောင်မိုက်ခြင်းမရှိသည့်အပြင် လင်းထိန်တောက်ပ နေလေသည်။ သို့သော်... အလင်းရောင်က မည်သည့်နေရာမှ ထွက်ပေါ်နေခြင်း မသိရပေ။

မိုမခပင်စည်အတွင်းတွင် တာအိုတန်ခိုးစွမ်းအားများနှင့် ပြည့်ဝနေသည်။ ထို့ကြောင့် အထဲသို့ ဝင်လိုက်သည်နှင့် ထျန်းတိကျန်းမှာ သက်သောင့်သက်သာခံစားလိုက်ရပြီး စိတ်များလည်း ကြည်ကြည်လင်လင်ဖြစ်လာလေသည်။

ရှင်သန်စေခြင်းကျောင်းတော်တွင် ဤကဲ့သို့ လျှို့ဝှက်ဆန်းကျယ်သည့် နေရာတစ်ခု ရှိနေသည့်အတွက် ထျန်းတိကျန်း အလွန်အံ့အားသင့်သွားခဲ့ရသည်။ ထို့ပြင် မိုးမခပင်အတွင်းမှ တာအိုတန်ခိုးစွမ်းအားများသည် ဂျင်ဆင်းဆေးမြစ်စားရခြင်းလောက် မကောင်းသည့်တိုင် အလွန်အဖိုးတန်သည့် တန်ခိုးစွမ်းအားများ ဖြစ်သည်ကို ထျန်းတိကျန်း ခန့်မှန်းမိလေသည်။

တာအိုဆရာလူငယ်နှင့် ထျန်းတိကျန်းတို့သည် အပေါ်၊

အောက် ၊ ဘယ် ၊ ညာ အချိုးအကွေ့များစွာ လမ်းလျှောက်လာ

ကြလေသည်။ တစ်နေရာအရောက်တွင်တော့ သူတို့သည် မိုး

နှင့်မြေမှ ကင်းလွတ်သွားသည့် နေရာတစ်ခုကို ရောက်ရှိသွား

သည့်အလား ခံစားလိုက်ကြရသည်။

သူတို့ရှေ့ရှိ ဗလာနယ်ထဲတွင် ကျောက်စာတစ်ချပ် ပျံသန်းနေ

ပြီး ကျောက်စာ ဘေးတွင် ဆပ်ပြာပူဖောင်းများကဲ့သို့

ကြည်လင်သည့် ပူပေါင်းလေးများ များစွာ ပျံသန်းနေကြ

သည်။

ကျောက်စာချပ်က အထီးကျန်စွာ လွတ်လပ်စွာ ပျံသန်းနေပြီး

ထိုကျောက်စာပေါ်တွင် စာကြောင်း (၂)ကြောင်း ရေးသားထား

လေသည်။ စာကြောင်း (၂)ကြောင်းကို ရှေးဟောင်းလက်ရေး

များဖြင့် ရေးသားထားခြင်း ဖြစ်ပြီး ပျံသန်းနေသည့် နဂါး

(၂)ကောင်အလား ထင်မှတ်ရသည်။

ထျန်းတိကျန်းက ဗဟုသုတပြည့်ဝသူတစ်ယောက် ဖြစ်လေရာ ထိုစာကြောင်းများထဲတွင် မဟာတာအိုလမ်းစဉ်၏ အငွေ့အသက်များ ပါဝင်နေသည်ကို ချက်ချင်း သတိပြုလိုက်မိလေသည်။

ကျောက်ပြားထက်တွင်ရေးသားထားသည့် စာကြောင်း (၂)ကြောင်းမှာ...

"ကောင်းကင်ဘုံမှာ ပိုင်ယွီကျင်း ၊ လူ့လောကမှာ ဆန်းချင်းရှိ..."

ဟူ၍ ဖြစ်လေ၏။

စကားလုံးများက ကာရံညီသည့်တိုင် ထိုစာကြောင်းကို တွေ့မြင်လိုက်သည်နှင့် ဝမ်းနည်းသလို ခံစားလိုက်ကြရလေ သည်။

တာအိုဆရာလူငယ်က ပြုံးလိုက်ရင်း...

"ကြေးမုံမှန်ဘိုးဘိုး ၊ ဒီနေရာက ဘယ်နေရာလဲ သိလား..."

ထျန်းတိကျန်းကအတန်ကြာတိတ်ဆိတ်နေပြီးမှ...

"မသိဘူး..."

တာအိုဆရာလူငယ်က တိုးတိတ်သည့်လေသံဖြင့်...

"အဲဒီနေရာက ကျွန်တော်တို့ ရှင်သန်စေခြင်းကျောင်းတော်ရဲ့

ကျမ်းစာတွေထားတဲ့ ခန်းမဆောင်ပဲ..."

ထျန်းတိကျန်းက အံ့သြသွားပြီး...

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ ကျမ်းစာတွေထားတဲ့ ခန်းမဆောင်

ကို ကျုပ်လည်း ရောက်ဖူးတာပဲ ၊ ဒီနေရာကို တစ်ခါမှ မတွေ့ဖူး

ဘူး ၊ လျို့ဝှက်တံခါးတွေ ဘာတွေလည်း မရှိပါဘူး..."

တာအိုဆရာလူငယ်က နူးညံ့စွာပြုံးလိုက်ရင်း...

"ဒီနေရာက တကယ်ပဲ ကျမ်းစာတွေထားတဲ့ ခန်းမဆောင်ပါပဲ ၊

ဒါပေမဲ့ ကျွန်တော်တို့ ဂိုဏ်းက ကျမ်းစာတွေ ထားတဲ့ခန်းမ

ဆောင်နဲ့ အချိန်လည်းမတူသလို နေရာလည်း မတူဘူး ၊ အခု

ကျွန်တော်တို့ တွေ့မြင်နေရတာက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ

တုန်းက ရှင်သန်စေခြင်းကျောင်းတော်ရဲ့ အဆင့်အမြင့်ဆုံး ကျမ်းစာတွေထားတဲ့ ခန်းမဆောင်ပါပဲ..."

ထျန်းတိကျန်းက...

"အဲဒါ ဘာအဓိပ္ပါယ်လဲ..."

တာအိုဆရာလူငယ်က...

"တိတိကျကျပြောရရင် ဒီ ကျမ်းစာတွေထားတဲ့ ခန်းမဆောင်ဟာ အချိန်စီးဆင်းမှုထဲက ဖယ်ထုတ်ဖြတ်တောက်ခံ လိုက်ရတာ ကြာပါပြီ၊ မထင်မှတ်ဘဲ ကျွန်တော့်ရဲ့ ဆရာက ဒီနေရာကို ရှာတွေ့သွားခဲ့တယ်၊ ဟိုမှာ ပူဖောင်းလေးတွေကို တွေ့ရတယ်မဟုတ်လား၊ အဲဒီ ပူပေါင်းလေးတွေက အချိန်စီးဆင်းမှုထဲက ဖြတ်တောက်ခံလိုက်ရတဲ့ ကျမ်းစာခန်းမဆောင်ထဲက ကျမ်းစာတိုင်းကိုကိုယ်စားပြုတယ်၊ စုစုပေါင်း အဓိကကျင့်စဉ် (၁၀၈)မျိုးနဲ့ အခြား တန်ခိုးစွမ်းအားကျင့်စဉ်တွေ အများကြီးရှိတယ်၊ သိပ်ကို ထင်ရှားပြီး နာမည်ကျော်တဲ့ ကျမ်းစာတွေပါပဲ၊

ကျွန်တော်တို့ ရှင်သန်စေခြင်းကျောင်းတော်က အဲဒီကျမ်းစာတွေကို အမွေဆက်ခံထားခဲ့တာ ပေါ့..."

ထျန်းတိကျန်းက...

"ကျုပ်နားလည်ပါပြီ၊ တကယ်တော့ ရှင်သန်စေခြင်းကျောင်းတော်ဆိုတာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်း ကျော်က နတ်ဘုရားကျောင်းတော်ကြီးတစ်ခုရဲ့ တာအိုကျင့်စဉ်တွေကို အမွေဆက်ခံထားခဲ့တယ်ဆိုတာ ကျုပ်လည်း သိပါတယ်၊ ကျုပ်ကိုယ်တိုင်ကလည်း အဲဒီနတ်ဘုရားကျောင်းတော်ကြီးက ကျန်ရစ်ခဲ့တဲ့ မှော်ဝင်ရတနာတစ်ပါးပဲ မဟုတ်လား၊ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းကျော်က လောကကြီးတစ်ခုလုံး ကြီးမားတဲ့ အဖြစ်အပျက်ကြီးတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ ဒါပေမဲ့ အဲဒီအကြောင်းတွေက ကျုပ်ရဲ့ ကြေးမုံပြင်မှာတောင် ပုံရိပ်တစ်ခုတစ်လေ ထင်ကျန် မနေခဲ့ဘူး၊ ဒါပေမဲ့ ချင်းယန်ကျောင်းတော်မှာတော့ မှတ်တမ်းတွေ ကျန်ဦးမယ်ထင်တယ်၊

အင်း... ဒီနေရာကတော့ ကျုပ်တို့ရဲ့ တာအိုအမွေအနှစ်တွေ ဘယ်လောက် ကြွယ်ဝခဲ့သလဲဆိုတာ ဖော်ပြနိုင်တဲ့ နေရာ တစ်ခု ပါပဲ..."

တာအိုဆရာလူငယ်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အမှန်ပဲ... ၊ အဲဒီကျမ်းစာတွေက ကျွန်တော်တို့ ရှင်သန်စေခြင်း ကျောင်းတော်ရဲ့ အရင်းအမြစ်ပါပဲ... ၊ ဆရာက အချိန်အကြာ ကြီးနေမှ ဒီနေရာကို ရှာတွေ့ခဲ့တာ ၊ ကြည့်ရတာ အရင်က ဒီ နေရာမှာ လူတစ်ယောက် နေထိုင်ခဲ့ပုံရတယ် ၊ အဲဒီကျောက်စာ ပေါ်မှာ ရေးထိုးထားတဲ့စာက အဲဒီလူ ရေးသွားခဲ့တာ ဖြစ်နိုင် တယ်..."

ထျန်းတိကျန်းက....

"ကောင်းကင်ဘုံမှာ ပိုင်ယွိကျင်း ၊ လူ့လောကမှာဆန်းချင်းရှ... အဲဒါ ဘာအဓိပ္ပါယ်လဲ..."

လူငယ်တာအိုဆရာက သက်ပြင်းချလိုက်ရင်း...

"ကောင်းကင်ဘုံမှာ ပိုင်ယွိကျင်းဆိုတဲ့ စာသားက တကယ်တော့ ရှေးဟောင်း ကဗျာတစ်ပုဒ်က စာသားပါ၊ ပိုင်ယွိကျင်းဆိုတာ ကောင်းကင်ဘုံက နေရာတစ်ခုပဲ၊ အဲဒီနေရာမှာ ရှိနေတဲ့ တာအိုကျင့်စဉ်တွေ၊ တန်ခိုးစွမ်းအားကျင့်စဉ်တွေက သာမန်လူတွေကိုတောင် နတ်ဘုရားတစ်ပါးဖြစ်လာဖို့ လမ်းညွှန်ပေးနိုင်တယ်လို့ အဆိုရှိတယ်လေ၊ လူ့လောကမှာ ဆန်းချင်းရှဆိုတဲ့ အစိပ္ပါယ်ကတော့ ဆန်းချင်းရှဟာ ပိုင်ယွိကျင်းနဲ့ အဆင့်အတန်း တူညီတယ်လို့ ပြသလိုက်တာပဲ၊ ကြည့်ရတာ ဆန်းချင်းရှက နတ်ဘုရားတစ်ပါး ဖြစ်ပုံရတယ်၊ ဒီကျောက်စာကို ရေးခဲ့တဲ့သူအပေါ်မှာလည်း အတော်လေးလျှမ်းမိုးမှုရှိပုံရတယ်၊ ဒါမှမဟုတ် ကျွန်တော်တို့ မသိနိုင်တဲ့ တခြားအကြောင်းတွေလည်း ရှိနိုင်သေးတာပဲလေ..."

ထျန်းတိကျန်းက....

"ဒါဖြင့်.... အဲဒီကျောက်စာက စုနီနဲ့ ဘယ်လိုပတ်သက်တာလဲ..."

လူငယ်တာအိုဆရာက....

"ဆရာက ဒီနေရာကို ရှာတွေ့ခဲ့တဲ့အချိန်မှာ အဲဒီကျောက်စာနဲ့အတူ ကြာပန်းနှလုံးသားတစ်ခုကိုလည်း ရှာတွေ့ခဲ့တယ် ၊ ကြေးမုံမှန်ဘိုးဘိုးလည်း သိမှာပါ၊ ဒဏ္ဍာရီထဲက ပွင့်ချပ်ကိုးခုပါတဲ့ ကြာပန်းအကြောင်းလေ ၊ အဲဒီကြာပန်းက နတ်ဘုရားတွေအတွက်တော့ ရတနာတစ်ပါးပဲ ၊ ကျွန်တော့်အထင် ပြောရရင် ဆရာက ကြာပန်းနှလုံးသားကို အဲဒီလို ရတနာပစ္စည်းထင်လို့ ယူလာခဲ့တာ ၊ ဒါပေမဲ့ အဲဒီကြာပန်းနှလုံးသားက မှော်ဝင်ရတနာပစ္စည်းတစ်ခုထက် မကဘူး စွမ်းအားကြီးမားလွန်းတယ် ၊ ပြီးတော့ ဘယ်နေရာမှာမှလည်း အမြစ်မတွယ်ခဲ့ဘူး..."

"နောက်တော့ ကျောင်းတော်ကို စုနီရောက်လာခဲ့တယ် ၊ စုနီက ကျင့်စဉ်လမ်းကို စပြီး လျှောက်လှမ်းကတည်းက ကြာပန်း

နှလုံးသားနဲ့ ရင်းနှီးတယ်လို့ ခံစားရတယ် ၊ နောက်ဆုံးကြာပန်း နှလုံးသားက သူနဲ့တစ်သားတည်း ပေါင်းစပ် သွားပြီး သူ့ကို နတ်ဘုရားတစ်ပါးလို တန်ခိုးစွမ်းအားတွေ ရရှိစေတယ် ၊ ဒါပေမဲ့ ကြာပန်းနှလုံးသားက သူ့ဆီမှာ အမြစ်တွယ်သွားခဲ့ တယ် ၊ သူက နတ်ဘုရားတစ်ပါးလို ခြေတစ်လှမ်းလှမ်းရုံနဲ့ မိုး ပေါ်ပျံတက်သွားနိုင်ပေမယ့် တကယ်တမ်းမှာ အဲဒါက သူ့ရဲ့ တန်ခိုးစွမ်းအားမဟုတ်ဘူး ၊ ကြာပန်းနှလုံးသားရဲ့ တန်ခိုး စွမ်းအားတွေကြောင့် အဲဒီလို ဖြစ်နေရတာ ၊ ကြေးမုံမှန်ဘိုးဘိုး လည်း သိတာပဲလေ ၊ သူ ဒီလောက် နှစ်တွေအကြာကြီး ကျင့်ကြံခဲ့တာတောင် သူ့မှာ ဘာတန်ခိုးစွမ်းအားမှ မရှိဘူး ၊ သူ့ ရဲ့ကျင့်ကြံခြင်းအဆင့်က သာမန်အဆင့်ပဲရှိတယ် ၊ အဲဒီလိုဖြစ် ရတာ သူ မကြိုးစားလို့မဟုတ်ဘူး ၊ ကြာပန်းနှလုံးစားက သူ့ရဲ့ ကျင့်စဉ်လမ်းကို တားဆီးထားတာ..."

"ဆရာက သူ့ကိုယ်ထဲက ကြာပန်းနှလုံးသားကို ဖယ်ထုတ်ပြီး သူ့ရဲ့ မူလ တန်ခိုးစွမ်းအားတွေကို ပေါ်လွင်စေချင်းပေမယ့် ဘယ်လိုပဲ ကြိုးစားကြိုစား မအောင်မြင်ခဲ့ဘူး ၊ ကျွန်တော် လည်း ဂိုဏ်းချုပ်ဖြစ်လာတော့ သူ့ အခြေအနေကို စောင့်ကြည့် နေတာ ၊ တောင်အောက်ကို ရောက်ရင် သူ့အတွက် အခွင့်အလမ်းတစ်ခုတစ်လေများ ရမလားလို့ ကျွန်တော်က ကြေးမုံမှန်ဘိုးဘိုးနဲ့အတူ တောင်အောက်ကို သွားခွင့်ပြုလိုက် တာ ၊ အခုလို အခွင့်အရေးမျိုးကြုံရမယ်လို့ မထင်မိဘူး...."

ထျန်းတိကျန်းက...

"အင်း... ဒါလည်း သူ့ရဲ့ကံတရားပဲပေါ့... ၊ ဂိုဏ်းချုပ်ပြောမှ တစ်ခုသတိရသွားတယ် ၊ အဲဒီဆရာကြီးနာမည်က ဆန်းလျန် တဲ့ ၊ သူက ဆန်းမျိုးနွယ်ပဲ ၊ ဒီကျောက်စာထဲက ဆန်းချင်းရှုနဲ့ များ တစ်ခုခု ပတ်သက်နေမလားပဲ ၊ ဒါမှမဟုတ် ဆန်းအစ်ကို ကြီးနဲ့ ဆန်းချင်းရှုဟာ တစ်ယောက်တည်းများလား..."

ထျန်းတိကျန်းစကားဆုံးသည်နှင့် တာအိုဆရာလူငယ်၏

ခန္ဓာကိုယ်မှာ တစ်ချက်တောင့်တင်းသွားလေသည်။

ထို့နောက် ချောင်းများဆိုးလာကာ သွေးများအန်ချလိုက်ပြီး

မျက်နှာမှာလည်း ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

သူက ချက်ချင်းပင် အနီရောင်ဆေးလုံတစ်လုံးကို ထုတ်ယူကာ

မျိုချလိုက်သည်။ အတန်ကြာသည့်အခါတွင်တော့ အနည်းငယ်

သက်သာသွားဟန် ရှိလေသည်။

"တယ်တော်တဲ့ငါပါလား..."

တာအိုဆရာလူငယ်က တစ်ချက်ရေရွတ်လိုက်ပြီး တန်ခိုး

စွမ်းအားများကို ခန္ဓာကိုယ်တွင် တစ်ချက်လှည့်ပတ်ကြည့်

လိုက်လေသည်။

ဒဏ်ရာမပြင်းထန်သည်မှာ သေချာတော့မှ တာအိုဆရာလူငယ်

က စကားပြောလိုက်သည်။

"ခရမ်းရောင်အဏုမြူပညာကို အသုံးပြုပြီး တွက်ချက်ကြည့်လိုက်တာ ၊ အဲဒီသူက တကယ်အစွမ်းထက်တဲ့သူပဲ ၊ ကျွန်တော်နှစ်ပေါင်းတစ်ရာ ကျင့်ကြံထားတဲ့ တန်ခိုးစွမ်းအားတွေ ပျက်စီးသွားရပြီ ၊ ဒါပေမဲ့ သဲလွန်စ တစ်ခုကိုတော့ သိလိုက်ရတယ် ၊ အင်း... ကြေးမုံမှန်ဘိုးဘိုးပြောတဲ့ ဆန်းလျန်ဆိုတဲ့သူက ဆန်းချင်းရှ မဖြစ်နိုင်ဘူး... ၊ ဒါပေမဲ့...."

ထျန်းတိကျန်းက...

"ဒါပေမဲ့ ဘာဖြစ်လဲ..."

တာအိုဆရာလူငယ်က...

"ဘာမှ မဖြစ်ပါဘူး ၊ ကျွန်တော့် တွက်ချက်မှုက မှန်ချင်မှလည်းမှန်မှာပါ ၊ ကဲပါလေ... ကြေးမုံမှန်ဘိုးဘိုး ပြောစရာ ကိစ္စမရှိတော့ဘူးဆိုရင် ဘုရင့်နေပြည်တော်ကို ပြန်ပြီး သေစေခြင်းကျောင်းတော်နဲ့ ပတ်သက်တဲ့ ကိစ္စတွေကို လုပ်ဆောင်ပေးပါဦး

၊ ကျွန်တော်တို့ တိုက်ခိုက်သင့်ရင်လည်း တိုက်ခိုက်ကြတာ

ပေါ့...."

ထျန်းတိကျန်းက ဒဏ်ရာအနည်းငယ်ရပြီး ဖြူဖပ်ဖြူလျော်ဖြစ်

နေသည့် တာအိုဆရာလူငယ်ကို တစ်ချက်ကြည့်လိုက်သည်။

သူက စိတ်ပူပန်စွာဖြင့်....

"ဂိုဏ်းချုပ် ဒဏ်ရာရထားတာပဲ ၊ ကျုပ် ဂိုဏ်းချုပ်ကိုကာကွယ်

ဖို့ တောင်ပေါ်မှာပဲ နေလိုက်မယ်လေ ၊ ဂိုဏ်းချုပ် ဒဏ်ရာ

သက်သာမှပဲ ပြန်သွားတော့မယ်..."

တာအိုဆရာလူငယ်က...

"ရပါတယ် ၊ ကျွန်တော်က တောင်ပေါ်မှာနေတာပဲ ၊ ဘာအန္တ

ရယ်မှ မရှိနိုင်ပါဘူး..."

တာအိုဆရာလူငယ်က တွင်တွင်ငြင်းဆန်နေသည့်အတွက် ထျ

န်းတိကျန်းလည်း မည်သို့မှ မတတ်သာတော့ဘဲ ဘုရင့်

နေပြည်တော်သို့ ပြန်လာခဲ့ရလေသည်။

ထျန်းတိကျန်းထွက်ခွာသွားတော့မှ တာအိုဆရာလူငယ်က ကြမ်းပြင်ထက်တွင် တင်ပျဉ်ခွေထိုင်ချလိုက်ပြီး ဒဏ်ရာကို ကုသလိုက်သည်။

ထျန်းတိကျန်းကို ပြောရန်ဟန်ပြင်ပြီးမှ မပြောလိုက်ရသည့် စကားမှာ ခရမ်းရောင်အဏုမြူပညာဖြင့်ကြည့်လိုက်သည့်အခါ သူ၏အမြင်အာရုံထဲတွင်တွေ့မြင်လိုက်ရသည့်မြင်ကွင်းဖြစ်လေသည်။ သူ၏အမြင်အာရုံထဲတွင် ဆန်းလျန်ဆို သူက ရှင်သန်စေခြင်းကျောင်းတော်တစ်ခုလုံးကို မိုးနှင့်မြေမှ ပျောက်ကွယ်သွားအောင် ဖျက်စီးပစ်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

သူမြင်လိုက်ရသည့်မြင်ကွင်းသည် ခဏလေးမျှသာဖြစ်ပြီး မျက်စိတစ်မှိတ်အတွင်းမှာပင် ပျောက်ကွယ်သွားလေ သည်။ ထို့ကြောင့် သူတွေ့မြင်လိုက်ရသည့်သူမှာ ထျန်းတိကျန်းပြောသည့် ဆန်းလျန်ဆိုသူ ဟုတ်မဟုတ် သိပ်ပြီး မသေချာလှပေ။

သို့မဟုတ် သူတွက်ချက်ကြည့်လိုက်သည့် ခရမ်းရောင်

အဏုမြူပညာ မှားယွင်းသွားခြင်းလည်း ဖြစ်နိုင်လေသည်။

အမှန်တော့... ခရမ်းရောင်အဏုမြူပညာဖြင့် သူတွက်ချက်

ကြည့်လေတိုင်း မှန်သည်ကများလေသည်။ မှားယွင်းသည်

ဆိုသည်က မရှိသလောက်ပင်။

သို့သော်... ထျန်းတိကျန်း၏ပြောပုံအရဆိုလျှင် ဆန်းလျန်ဆို

သူ၏အဆင့်သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါး ထက်ပင်

ကျော်လွန်နေပြီ ဖြစ်လေသည်။ ထိုက်ယီထျန်းရှန်းအဆင့် နတ်

ဘုရားတစ်ပါးပင် ဖြစ်နိုင်လေ၏။

ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားများကို ခရမ်းရောင်

အဏုမြူပညာဖြင့် ခန့်မှန်းတွက်ချက်ကြည့်ခြင်းက မှားနိုင်ခြေ

ရာခိုင်နှုန်း ပိုများလေသည်။ ထိုသို့သော နတ်ဘုရားများမှာ

ခန့်မှန်းရခက်လှပြီး ခန့်မှန်းကြည့်လိုက်မိသည့် သူကိုယ်တိုင်ပင်

လျှင် ဒဏ်ရာရသွားခဲ့သည် မဟုတ်ပါလား။

အခန်း (၇၈၉) အပူတပြင်းတိုက်ပွဲ

ထျန်းတိကျန်းက ဘုရင့်နေပြည့်တော်သို့ပြန်သွားပြီး ရှင်သန်စေခြင်းကျောင်းတော်၏ ဂိုဏ်းချုပ်ပြောပြသမျှ အကြောင်းများကို ဆန်းလျန်ကို ပြန်ပြောပြလိုက်သည်။

အမှန်တော့ သူပြန်ပြောမပြလည်း ဆန်းလျန်က သူ၏စိတ်ကို ဖတ်ပြီးထားပြီဖြစ်သည့်အတွက် သိပြီးသား ဖြစ်လေသည်။

သို့သော်... ထျန်းတိကျန်းက သူ့အပေါ် ကွယ်ဝှက်ထားခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်း ပြောပြသည့် အတွက်ကျေနပ်သွားမိသည်။

ကြာပန်းနုလုံးသား မရှိတော့သည့်အတွက် စုနီမှာတော့ နတ်ဘုရားတစ်ပါးကဲ့သို့ တန်ခိုးစွမ်းအားများ မရှိတော့ပေ။ သို့သော်... သူမ၏ ပင်ကိုယ်အစွမ်းအစများ ပြန်လည်ပေါ်ထွက်လာခဲ့လေသည်။ သူမ၏ ပင်ကိုယ်အစွမ်းအစ များမှာလည်း နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ရန် ပါရမီအပြည့်ရှိနေသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။ ထိုသို့ ဖြစ်လိမ့်မည်ဟု သူမကိုယ်တိုင်ပင် ထင်မထားမိပေ။ ထို့ကြောင့် ဆန်းလျန်ကို ကျေးဇူးတင်ရမည်လား ၊ ဒေါသထွက်ရမည်လား မဝေခွဲတတ် ဖြစ်နေတော့သည်။ ဆန်းလျန်က သူမအပေါ် ကောင်းခဲ့သည်လား ၊ ဆိုးခဲ့သည်လား မသေချာပေ။ သို့သော်... သူမအပေါ်တွင် သိပ်တော့စေတနာထားသူတစ်ယောက်မဟုတ်ဟု သူမက တွေးထားလေသည်။

စုနီမည်သို့တွေးပါစေ ဆန်းလျန်က အရေးမစိုက်ပေ။ ဆန်းလျန်သည် အခြားသူများ သူ့အပေါ်မည်သို့ ထင်မြင်သည်ကို အစကတည်းက အရေးစိုက်တတ်သူမှ မဟုတ်ပေပဲ။

သေစေခြင်းကျောင်းတော်မှ ကျန်ရှိခဲ့သည့် ကျင့်စဉ်များ ရှာဖွေခြင်းနှင့် ရှီချင်းဟွမ်နောက်သို့လိုက်သည့် ကိစ္စများကို ရှင်ယောင်းက လုပ်ဆောင်ရမည်ဖြစ်လေသည်။ ဆန်းလျန်ကလည်း သူ့ကို တတ်နိုင်သမျှ ထောက်ပံ့ကူညီပေးလေ သည်။

ရှင်ယောင်း ထိုအလုပ်များ မလုပ်ခင် ဆန်းလျန်က သူ့တွင်ကျန်ရှိသည့် နောက်ဆုံး နတ်မက်မွန်သီးကို ရှင်ယောင်းအတွက်အသုံးပြုလိုက်သည်။ ဆန်းလျန်က နတ်မက်မွန်သီးကိုအရက်ဖြင့်ရောကာ ရှင်ယောင်းကိုတိုက်လိုက်လေ သည်။

ရှင်ယောင်းမှာ ဟိုင်သန်းအဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။

သူ့အနေဖြင့် ပုရှီးအဆင့်နှင့် ဖော့ဝမ်းအဆင့်ကိုရောက်ရှိရန်
အရိုးကျေကျေ အရည်ခမ်းခမ်း ကြိုးစားရဦးမည် ဖြစ်သည်။
သို့သော်... ဆန်းလျန်တိုက်သည့် နတ်မက်မွန်သီးအရက်ကို
သောက်လိုက်ပြီးသည်နှင့် ရှင်ယောင်းမှာ ညတွင်းချင်းပင် ဖော့
ဝမ့်အဆင့်သို့ ရောက်ရှိသွားလေသည်။

ထို့ပြင် ဖော့ဝမ့်အဆင့်ကိုကျော်ဖြတ်ကာ နတ်ဘုရားတစ်ပါး
အဖြစ် အဆင့်တက်ရောက်နိုင်ရန်မှာလည်း ခြေတစ်လှမ်းသာ
လိုတော့သည်။

ထိုမျှ မြန်ဆန်လှစွာ ကျင့်စဉ်လမ်းအဆင့်တက်သွားခြင်းမှာ မိုး
မြေကို တုန်လှုပ်စေမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်...
ဆန်းလျန် ကူညီပေးခဲ့သည့်အတွက် ရှင်ယောင်းမှာ အခက်အခဲ
များကို သိပ်ပြီး မခံစားလိုက်ရပေ။

ထို့ပြင် သူ၏ကိုယ်ထဲမှ တန်ခိုးစွမ်းအားများမှာလည်း သန့်စင်သွားပြီး ပျက်စီးယိုယွင်းနေမှုများပင်လျှင် ပြန်လည်ကောင်းမွန်လာခဲ့လေသည်။

ယခုတော့ ဆန်းလျန်သည်လည်း မေနန့်စန်း၏ အိမ်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်က ပုံပြောဆရာအဘိုးအိုအဖြစ် ပုံစံပြန်ပြောင်းထားပြီဖြစ်သည့်အတွက် မေနန့်စန်းက သူ့ကို မှတ်မိခြင်း မရှိပေ။ ပုံပြောဆရာအဘိုးအိုမှာ ပိုင်ကျားမြို့မှ ဆန်းလျန်ဖြစ်သည်ကိုသာ မေနန့်စန်းသိရှိသွားပါက သေချာပေါက်အံ့သြသွားမည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ပြင် မေနန့်စန်းက ပုံပြောစရာအဘိုးအိုကို နတ်ဘုရားတစ်ပါးဟုလည်း သိရှိထားခြင်း မရှိပေ။ သို့သော်... ပုံပြောဆရာသည်အင်မတန်မှ တန်ခိုးစွမ်းအားမြင့်မားသည်ကိုတော့ သူ ရိပ်မိ

ထားလေသည်။ ထို့ကြောင့် သူက ပုံပြောဆရာကို အလွန်ပင်

လေးလေးစားစား ဆက်ဆံလေ၏။

အချိန် (၅)ရက် ကြာပြီးသည့်နောက်တွင်တော့...

တန်ခိုးစွမ်းအားများ အလျှင်အမြန်တိုးတက်လာသည့် ရှင်

ယောင်းမှာ အနည်းငယ် တည်ငြိမ်စပြုလာပြီ ဖြစ်လေသည်။

ဆန်းလျန်၏ အကူအညီမပါဘဲ ကျင့်ကြံမည်ဆိုလျှင်

ယခုကဲ့သို့ တန်ခိုးစွမ်းအားများကို နှစ်ပေါင်း(၅၀)ကျင့်ကြံ

လျှင်ပင် ရရှိရန် ခဲယဉ်းမည်ဖြစ်သည်။ သို့သော်... ယခုတော့

ဆန်းလျန်က (၅)ရက်အတွင်း ရရှိအောင် ကူညီပေးခဲ့လေ

သည်။

အရာအားလုံးမှာ သူတော်လွန်းသောကြောင့် မဟုတ်ဘဲ ဆန်း

လျန်၏ ကျေးဇူးကြောင့်သာ ဖြစ်လေသည်။

စုနီကလည်း ဆန်းလျန်ကို ပြဿနာရှာခဲ့ခြင်း မရှိပေ။ သူမ

အမှန်ကို ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ မဟုတ်ပါက သူမ

သည်လည်း ကုချန်စန်းကဲ့သို့ သေချာပေါက် အပြစ်ပေးခံရမည် ဖြစ်လေသည်။ ကြာပန်းနှလုံးသားကို သူမဆီမှ ခွဲထုတ်ပေးခဲ့သည့်အတွက် သူမအနေဖြင့် ဆန်းလျန်ကိုပင် ကျေးဇူးတင်သင့်သေးသည် မဟုတ်လား။

....

ယနေ့တွင်တော့...

ရှီချင်းဟွမ်ကို အကျဉ်းထောင်မှ ထုတ်လာမည့်နေ့ဖြစ်လေသည်။

သူ့ကို မြို့တော်အနောက်တံခါးမှ ထုတ်ပြီး ခေါင်းဖြတ်ကွက်မြက်ရန် ဘုရင်မကြီးက အမိန့်ချမှတ်ထားလေသည်။

သို့သော်... ရှီချင်းဟွမ်ကတော့ ကွက်မျက်ခံရတော့မည်ကို မသိသေးပေ။

ဘုရင်မကြီးကလည်း အမိန့်ကို လျှို့ဝှက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပြီး သူမ၏ အမိန့်ကို နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခုမှ လူများသာလျှင် သိရှိကြလေသည်။

ဘုရင်မကြီး၏ အကြံအစည်က ရှင်းလေသည်။ သူမက ရှီချင်းဟွမ်ကို ငါးစာအဖြစ် အသုံးချလိုခြင်း ဖြစ်သည်။ ငါးစာကို ဝိုင်းလုကြသည့် ငါးများ အချင်းချင်း သတ်ဖြတ်ကြသည်ကို သူမက ပျော်ပျော်ကြီး ထိုင်ကြည့်မည် ဖြစ်လေသည်။

ရှီချင်းဟွမ်ဆိုသည့် ငါးစာရှိနေသရွေ့ သေစေခြင်းကျောင်းတော်မှ ကျင့်စဉ်များကို လိုချင်သူများက သူ့ထံသို့ ရောက်လာကြမည် ဖြစ်လေသည်။

မေနန့်စန်းကတော့ ဘုရင်မကြီး၏ အကြံအစည်များကို အများကြီး ရိပ်မိခြင်း မရှိပေ။ သို့သော်... သူကလည်း သေစေခြင်းကျောင်းတော်မှ ကျင့်စဉ်များကို ရယူနိုင်ရန် အခွင့်အရေးကို စောင့်နေသူဖြစ်လေရာ ယခု သူစောင့်နေသည့် အခွင့်အရေးရရှိလာပြီ ဖြစ်သည့်အတွက် လက်လွှတ်မခံချင်ဘဲ စိတ်အားထက်သန်နေမိသည်။

ရှင်ယောင်းကလည်း သူ့ကို ကူညီပေးရန် သဘောတူထားသည်
မဟုတ်ပါလား။

ရှီချင်းဟွမ် မြင်းလှည်းတစ်စီးထက်တွင် ရှိနေလေသည်။
မြင်းလှည်းမှာ အလွန်မှ သက်သောင့်သက်သာရှိပြီး ဇိမ်ကျလှ
သည်။

နန်းတွင်းသူလေး (၂)ယောက်ကလည်း သူ့ဘေး
တစ်ဖက်တစ်ချက်တွင်ထိုင်ကာ သူ့ကို ပြုစုနေလေသည်။
နန်းတွင်းသူလေးများက ချောမောလှပသူလေးများဖြစ်ကြလေ
သည်။ သို့သော်... ရှီချင်းဟွမ်မှာ မိန်းကလေးဆန်စွာ
အလွန်တရာချောမောလှပသူ ဖြစ်လေရာ မိန်းကလေး အတော်
များများမှာ သူနှင့်ယှဉ်လိုက်လျှင် မှေးမှိန်သွားကြရသည်ပဲ ဖြစ်
လေသည်။

ထို့ကြောင့် နန်းတွင်းသူလေး (၂)ယောက်မှာ လုပကြသည်ဆို

စေကာမူ ရှီချင်းဟွမ်၏ အလှတရားအောက်တွင် မှေးမှိန်သွား

ကြရလေသည်။

ရှီချင်းဟွမ်၏ မျက်ဝန်းလေးများမှာ ရေကဲ့သို့ စိမ်းလဲ့ကြည်လ

င်လျှက်ရှိလေသည်။ မျက်ခုံးလေးများကလည်း မိုးမခ

အကိုင်းအခက်လေးများပမာ လှပလွန်းလှသည်။ ရေကဲ့သို့

ကြည်လင်သည့်မျက်ဝန်းလေးများနှင့် မိုးမခကိုင်းပမာ မျက်ခုံး

လေးများ ပေါင်းစပ်လိုက်သည့်အခါ လောကတွင် ပြိုင်ဘက်မ

ရှိသည့် အလှတရားတစ်ခု ဖြစ်တည်လာတော့ သည်။

သူ့ဘေးနားမှ နန်းတွင်းသူလေးများမှာ သူ့ကိုငေးမကြည့်ဘဲ မ

နေကြပေ။

နန်းတွင်းသူလေးတစ်ယောက်က ရှီချင်းဟွမ်၏ ပခုံးကို အသာ

ဖက်လိုက်ပြီး နမ်းတော့မည့်အလား ရှီချင်းဟွမ်၏ နှုတ်ခမ်း

များအနားသို့ တိုးကပ်လာလေသည်။

သူမက အချစ်များဖြင့်ပြည့်နေသည့် မျက်ဝန်းဖြင့် ရှီချင်းဟွမ်ကို ကြည့်လိုက်လေသည်။

ရှီချင်းဟွမ်ကတော့ ထိုနန်းတွင်းသူကို စိတ်မဝင်စားပေ။ သူ့နှလုံးသားက ဆောင်းရာသီတွင်နှင်းပွင့်များထက်ပင် အေးစက်လွန်းလေရာ ထိုသို့သော သာမန်နန်းတွင်းသူတစ်ယောက်ကို အဘယ်မှာ စိတ်ဝင်စားပါမည်နည်း။

သို့သော်... ရှီချင်းဟွမ်က တစ်ချက်ပြုံးလိုက်ရင်း မေးခွန်းထုတ်လိုက်လေသည်။

"ဘုရင်မကြီးကိုတွေ့ရဖို့ ဘယ်လောက်ကြာကြာသွားရဦးမှာလဲ..."

အခြားနန်းတွင်းသူလေးတစ်ယောက်က ရှီချင်းဟွမ်၏ လက်များကို အသာဆုပ်ကိုင်လိုက်ရင်း...

"အကြာကြီးသွားရဦးမှာ ၊ ရှင် ကျွန်မတို့ကို တစ်ခုခု မလုပ်တော့ဘူးလား..."

ရှီချင်းဟွမ်က မပြုံးချင်ပြုံးချင်ဖြင့် တစ်ချက်ပြုံးလိုက်ရင်း...

"တကယ်ဆို ကျုပ်က အပြစ်သားတစ်ယောက်ပါ၊ ဒါပေမဲ့

ကျုပ်ကို ခေါ်ထုတ်လာတော့ အာဏာသားတွေက နူးညံ့ပြီး

မွှေးပျံ့တဲ့ ကျောက်စိမ်းနဲ့သာကို ပေးလိုက်တယ်၊ အဲဒီလောက်

သဘောကောင်းကြမယ်လို့တောင် မထင်ထားဘူး...၊ မဟုတ်မှ

လွဲ...."

နန်းတွင်းသူလေးတစ်ယောက်က...

"မဟုတ်မှလွဲ ဘာဖြစ်လဲဟင်...."

ထိုအချိန်မှာပင် အပြင်ဘက်ဆီမှ ရေစီးဆင်းသံများကြားလိုက်

ရလေသည်။

ဖြည်းဖြည်းမှန်မှန်သွားနေသည့် မြင်းလှည်းက စမ်းချောင်းတစ်

ခုကို ဖြတ်သန်းဆောက်လုပ်ထားသည့် ကျောက်ဖြူတံတား

တစ်စင်းပေါ်သို့ ဖြတ်သန်းသွားသောကြောင့် ဖြစ်လေသည်။

ရှီချင်းဟွမ်က နန်းတွင်းသူလေး၏ အမေးကို ပြန်ဖြေလိုက်လေသည်။ သူ၏ အသံက ကျောက်ဖြူတံတားအောက်မှ စီးဆင်းနေသည့် စမ်းချောင်းသံထက်ပင် ပို၍သာယာသေးသည်။

"မဟုတ်မှလွဲရော ကျုပ်ကို သေမိန့်ချတော့မလို့ထင်တယ်၊ ဘုရင့်နေပြည်တော်မှာ သေမိန့်ကျခံရတဲ့ အပြစ်သား တွေကို အာဏာပိုင်တွေက နောက်ဆုံးအကြိမ်အဖြစ် ကောင်းကောင်းဆက်ဆံတယ်မဟုတ်လား..."

နန်းတွင်းသူလေးတစ်ယောက်က...

"ရှင်က တကယ်ဉာဏ်ကောင်းတာပဲ၊ ကျွန်မတို့အားလုံး ဘယ်သူမှ မင်းမိန့်ကို မလွန်ဆန်နိုင်ကြပါဘူး၊ ဒါပေမဲ့ ရှင့်လိုလူတစ်ယောက်ကိုသာ ပိုင်ဆိုင်ရမယ်ဆိုရင် မင်းမိန့်ကိုဆန့်ကျင်ရလည်း တန်ပါတယ်လေ..."

သူမပြောသည်မှာ အမှန်တရားဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် နန်းတွင်းသူများဆိုသည်က နန်းတော်ထဲတွင် တာဝန်ထမ်းဆောင်ရင်း မိန်းကလေး ၊ ယောကျ်ားလေးများနှင့် ပတ်သက်ရခြင်းမရှိဘဲ ပျော်ရွှင်မှု ပျောက်ဆုံးနေကြရသူများ ဖြစ်သည်။

ထို့ပြင် ရှီချင်းဟွမ်ကဲ့သို့ အလွန်တရာချောမောလှပလွန်းလေသူ ယောကျ်ားပျိုတစ်ယောက်နှင့် တွေ့ဆုံရန်မှာလည်း မဖြစ်နိုင်လောက်အောင် ခက်ခဲသည့်ကိစ္စဖြစ်လေ၏။

ရှီချင်းဟွမ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကံဆိုးတာက မင်းတို့တွေ နောက်ဘဝမှပဲ ကျုပ်နဲ့ ဆုံနိုင်ကြတော့မယ်..."

စကားဆုံးသွားသည်နှင့် ရှီချင်းဟွမ်၏ ခန္ဓာကိုယ်က မယုံကြည်နိုင်စရာကောင်းလောက်သည့်အရှိန်ဖြင့် တစ်ပတ်လည်သွားလေသည်။

ထိုအချိန်မှာပင်...

ရွှေရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ရှီချင်းဟွမ်

စီးနင်းလာသည့် မြင်းလှည်းကို တိုက်ခိုက်လိုက်လေရာ

မြင်းလှည်းမှာ အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားလေ၏။

မြင်းများမှာ မြေပြင်ထက်တွင် လဲကျကုန်ကြပြီး သွေးများ

အိုင်ထွန်းနေလေသည်။

မြင်းလှည်းအတွင်းတွင်တော့ သွေးများစွန်းထင်းနေသည့်

နန်းတွင်းသူ မိန်းကလေး (၂)ယောက်၏ အလယ်တွင် ရှီချင်း

ဟွမ် ရှိနေလေသည်။

ရှီချင်းဟွမ် ဒဏ်ရာအနည်းငယ်ရထားသည့်တိုင် သာမန် ပွန်းရုံ

ပဲ့ရုံ ဒဏ်ရာမျှသာဖြစ်ပြီး သိပ်ပြီး မပြင်းထန်လှပေ။

ထိုအချိန်မှာပင်...

ရှီချင်းဟွမ်၏ဘေးမှ နန်းတွင်းသူလေး (၂)ယောက်၏ နွေး

ထွေးသော ခန္ဓာကိုယ်လေးများမှာ တစ်ချက်တုန်ခါသွားလေ

သည်။ ရှီချင်းဟွမ်က စိတ်သက်သာရာရသွားသည့်အနေဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

သူက နန်းတွင်းသူ မိန်းကလေး (၂)ယောက်ထံမှ အသက်ဓာတ် စွမ်းအားများကို စုပ်ယူလိုက်ခြင်း ဖြစ်လေသည်။

အကျဉ်းထောင်ထဲတွင်ရှိစဉ်က သူ့ကို တန်ခိုးစွမ်းအားများ ဖျက်စီးထားကြသဖြင့် သူ့တွင် တန်ခိုးစွမ်းအားများ သိပ်မရှိ တော့ပေ။

ယခုတော့ တန်ခိုးစွမ်းအားများ အတန်အသင့်ပြန်လည်ရရှိလာ သည့်အတွက် နန်းတွင်းသူလေး (၂)ယောက်ကို ကျေးဇူးတင်ရ မည် ဖြစ်သည်။

နန်းတွင်းသူလေး (၂)ယောက်ကတော့ သူတို့ဘဝ ထိုသို့ အဆုံးသတ်ကြရလိမ့်မည်ဟု တွေးထင်ထားခဲ့ကြမည် မဟုတ် ပေ။

ရှီချင်းဟွမ်မှာတော့ ကြာကြာစဉ်းစားနေရ အချိန်မရှိပေ။

စဉ်းစားရန်ကို မပြောပါနှင့်။ သက်ပြင်းချရန်ပင် အချိန်မရှိပေ။

သူက အချိန်တိုအတွင်းမှာပင် အမှန်ကန်ဆုံးအလုပ်တစ်ခုကို

လုပ်လိုက်ခြင်းသာ ဖြစ်လေသည်။

ထိုအချိန်မှာပင်...

ရွှေရောင်အလင်းတန်းများက တစ်ခုပြီးတစ်ခု သူ့ကို ဝင်ရောက်

တိုက်ခိုက်ကြလေရာ ရှီချင်းဟွမ်မှာ မြေပြင်ထက်တွင် ကိုယ်ကို

လှိမ့်ပြီး အသဲအသန် ရှောင်တိမ်းနေရတော့သည်။

နောက်ဆုံးတွင်တော့ ရှီချင်းဟွမ်က စမ်းချောင်းလေးနံဘေးမှ

ကျောက်တုံးတစ်တုံးနောက်တွင် အသာမှီပြီး ထိုင်လိုက်ရင်း သူ့

ရှေ့တွင် စီးဆင်းနေသည့် စမ်းရေများကိုကြည့်ကာ တစ်ချက်

ပြုံးလိုက်လေသည်။

"ရွှမ်နွဲ့နန်းတော်က ရွှေဆံထိုးအလင်းတန်း တန်ခိုးစွမ်းအားက တကယ်ကြောက်စရာ ကောင်းတာပဲ ၊ အခု ကျုပ်ကို တိုက်ခိုက်တာ ဘယ်သူများလဲ သိပါရစေ..."

သူ၏ အမေးစကားဆုံးသွားသည်နှင့် စမ်းချောင်းအတွင်းမှ စမ်းရေများ ဝုန်းကနဲ ပေါက်ကွဲထွက်သွားပြီး မိန်းကလေးတစ်ယောက် ထွက်ပေါ်လာလေသည်။

"ကျီးယင်..."

ဟယ်စူးရင်း၏ ဆရာဒေါ်လေးဖြစ်ပြီး သူမ၏ ဂိုဏ်းတူအစ်မအတွက် ကျီးစစ်ကျွင်းကို ကောင်းကောင်း ပညာပေးခဲ့လေသူ ရွှမ်နွဲ့နန်းတော်မှ အဆင့်မြင့် ကျင့်ကြံသူ "ကျီးယင်" ပင် ဖြစ်လေသည်။

ရှီချင်းဟွမ်က...

"ဘယ်သူများလဲလို့ ၊ ရွှမ်နွဲ့နန်းတော်က ကျီးယင်မိန်းကလေးကိုး ၊ နာမည် ကြားဖူးနေတာတော့ကြာပါပြီ ၊ ရွှမ်နွဲ့နန်းတော်မှာ

တန်ခိုးစွမ်းအား မြင့်မားတဲ့ကျင့်ကြံသူမိန်းမပျိုတွေ အများကြီး

ထဲမှာ ကျီးယင်မိန်းကလေးက ထိပ်တန်းအဆင့်လို့ ပြောကြ

တယ်၊ ဒါပေမဲ့ ကျီးယင်မိန်းကလေးရဲ့ ဂိုဏ်းတူအစ်မကလည်း

တော်တော် တော်တယ်လို့ ပြောတယ်နော်၊ အခု သူရော ပါမ

လာဘူးလား..."

ကျီးယင်က...

"မင်းတစ်ယောက်လောက်ကတော့ ငါတစ်ယောက်တည်းနဲ့

လုံလောက်တယ်၊ ငါ့ရဲ့ဂိုဏ်းတူအစ်မကို ခေါ်လာဖို့ မလိုဘူး..."

ရှီချင်းဟွမ်က အေးဆေးသည့်လေသံဖြင့်...

"ကျီးယင်မိန်းကလေးက ကိုယ့်ကိုကိုယ် သိပ်အထင်ကြီးလွန်း

နေပြီ..."

ရုတ်တရက်... ကျီးယင်၏ တစ်ကိုယ်လုံး ထုံကြဉ်သွားသလို

ခံစားလိုက်ရသည်။

မြေပြင်ထက်တွင်သေဆုံးနေကြသည့် မြင်းများ၏ သွေးများ စုစည်းသွားပြီး သွေးလက်ကြီးတစ်ခု ဖြစ်တည်လာကာ ကျီးယင်၏ ခြေထောက်များကို ဖမ်းဆွဲချုပ်ထားလိုက်သောကြောင့် ဖြစ်လေသည်။

ကျီးယင်က အေးစက်သည့်လေသံဖြင့်...

"မိစ္ဆာပညာလေး ဒီလောက်တတ်တာနဲ့ ငါ့ကို လာခြိမ်းခြောက်နေသေးတယ်..."

ထို့နောက် ကျီးယင်၏ ခြေထောက်များမှ မီးတောက်များထွက်ပေါ်လာပြီး ထူးဆန်းသည့် သွေးလက်ကြီးမှာ အရည်ပျော်ကာ လွင့်စင်ပျောက်ကွယ်သွားရလေသည်။

ကျီးယင်အသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားမှာ နဝမမျော် မီးတောက်တန်ခိုးစွမ်းအား ဖြစ်လေသည်။ ရွှမ်နွီနန်းတော်တွင် နဝမမျော်မီးတောက်တန်ခိုးစွမ်းအားကို ကျင့်ကြံအောင်မြင်သူ (၅)ယောက်သာရှိလေသည်။

သို့သော်… ကျင့်ကြံအောင်မြင်ခဲ့သူ (၄)ယောက်မှာ နတ်ဘုရားများအဖြစ် အဆင့်တက်ရောက်ပြီးမှ ထိုကျင့်စဉ်ကို အောင်မြင်ခဲ့ကြသူများ ဖြစ်သော်လည်း ကျီးယင်ကတော့ နတ်ဘုရားတစ်ပါးမဖြစ်ခင်အချိန်တွင် နဝမမျော်မီးတောက်ကို ကျင့်ကြံအောင်မြင်ခဲ့ သည့်တစ်ဦးတည်းသော ကျင့်ကြံသူ ဖြစ်လေသည်။

ထို့ကြောင့် သူမကို အလွန်ထူးခြားသည်ဟု ဆိုနိုင်လေ၏။

သို့သော်… ရှီချင်းဟွမ်ကတော့ သူမကို ကြောက်ရွံ့ခြင်း လုံးဝမရှိပေ။

သေစေခြင်းကျောင်းတော်တစ်ခုလုံးကို သတ်ဖြတ်ခဲ့ပြီးသည့်နောက် သူက ခံစားချက်ကင်းမဲ့သည့်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည့်အတွက် သူ့တွင် အကြောက်တရား လုံးဝ မရှိတော့ပေ။

သူက ကျီးယင်၏ မီးတောက်များထဲမှ ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခုကို ခံစားလိုက်ရလေသည်။

ထိုစွမ်းအားမှာ အလွန်မှ အံ့သြဖွယ်ရာ ဖြစ်လေ၏။

သူက သေစေခြင်းကျောင်းတော်မှ လူများကိုတစ်ယောက်မကျန် အကုန်သတ်ဖြတ်ပစ်ခဲ့စဉ်ကကဲ့သို့ ကျီးယင်ကို လည်း သတ်ဖြတ်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်နေလေသည်။

သေစေခြင်းကျောင်းတော်တစ်ခုလုံးကိုသတ်ဖြတ်ခဲ့စဉ်က သေစေခြင်းကျောင်းတော်မှ ဆရာသခင်များမှာ ကျီးယင်ထက် တန်ခိုးစွမ်းအားမြင့်မားသူများ ဖြစ်ကြလေသည်။

သို့သော်… သေစေခြင်းကျောင်းတော်ကို တိုက်ခိုက်စဉ်က သူ၏တန်ခိုးစွမ်းအားများက ယခုထက်ပိုပြီး မြင့်မားလေသည်။ ယခု သူက တန်ခိုးစွမ်းအားများ ဖျက်စီးခံထားရသည့်အတွက် တန်ခိုးစွမ်းအားများ လျော့နည်း နေချိန်ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ... အားနည်းချက်နှင့် အားသာချက်များ ကတော့ ရှိစမြဲပင် ဖြစ်သည်။

လက်ရှိအချိန်တွင် ရှီချင်းဟွမ်၏တန်ခိုးစွမ်းအားများ နည်းပါးနေသော်လည်း သူ၏ဝိညာဉ်စွမ်းအားများက ရေစင်ကဲ့သို့ ကြည်လင်နေပြီး ကျီးယင်၏ တိုက်ခိုက်မှုတိုင်းကို ရောင်ပြန်ဟပ်ကာ မြင်တွေ့နေရလေသည်။

ကျီးယင်က သူ့ကို မည်မျှမြင့်မားသည့် တန်ခိုးစွမ်းအားများနှင့် တိုက်ခိုက်နေပါစေ မည်သို့ ပြန်လည်ခုခံရမည်ကို ရှီချင်းဟွမ် ရှင်းရှင်းလင်းလင်း သိမြင်နေလေသည်။

အများတစ်စုံတရာမရှိသည့် စစ်မှန်တိကျသည့် ကျင့်ကြံသူတစ်ယောက်အလား သူ့နှလုံးသားက ကြည်လင်လျှက် ရှိလေသည်။

လောလောဆယ်အချိန်တွင် ဆန်းလျန်သည် ဘုရင့်နေပြည်တော်တွင် ရှိမနေပေ။

သို့သော်... ရှီချင်းဟွမ်နှင့် ကျီးယင်တို့၏ တိုက်ပွဲကို သူ၏

မျက်ဝန်းများထဲတွင် တွေ့မြင်နေရလေသည်။

သူက ရှီချင်းဟွမ်ကို အနည်းငယ် စိတ်ဝင်စားနေမိသည်။

ဆန်းလျန်၏ "သောက်ပြီးရင်ပြန်မလာနဲ့တော့"

စားသောက်ဆိုင်သို့ ရှီချင်းဟွမ် တစ်ခေါက် ရောက်လာခဲ့ ဖူး

လေသည်။ ထိုစဉ်က သူ၏ တန်ခိုးစွမ်းအားများက ယခု

လောက်မြင့်မားခြင်း မရှိသေးပေ။

ယခု အဘယ့်ကြောင့် တန်ခိုးစွမ်းအားများ ရုတ်တရက် မြင့်

တက်သွားရပါသနည်း။

ထို့ကြောင့် ဆန်းလျန်သည် ရှီချင်းဟွမ်ကို အာရုံစိုက်နေမိခြင်း

ဖြစ်လေသည်။

အခန်း (၇၉၀) ပင်းကျယ်

ရှီချင်းဟွမ်မှာ အရင်ကနှင့်လုံးဝမတူတော့ဘဲ ဝိညာဉ်စွမ်းအား များ မြင့်မားလာသည့်တိုင် ဆန်းလျန်က သူ့ကို တိတ်တဆိတ် ကြည့်နေသည်ကိုတော့ သိရှိနိုင်ခြင်း မရှိပေ။

ရှီချင်းဟွမ်၏ ကျင့်ကြံခြင်းအဆင့်များ အဆက်မပြတ် တိုးတက်လာပြီး မိစ္ဆာနတ်ဘုရားတစ်ပါးဖြစ်လာပါစေ ဆန်းလျန်ကိုမီနိုင်ရန်မှာတော့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်သေးပေ။

လက်ရှိအချိန်တွင် ရှီချင်းဟွမ်အတွက် အရေးအကြီးဆုံး အလုပ်မှာ ကျီးယင်ကို သတ်ဖြတ်ပစ်ပြီး သူ၏ တန်ခိုးစွမ်းအား များ ပြန်လည်ရရှိရန်အတွက် သွေးဖြင့် ယာဇ်ပူဇော်ရန် ဖြစ် လေသည်။

ယခုတော့ ကျီးယင်က ရှီချင်းဟွမ်အသုံးပြုလိုက်သည့် သွေးမိစ္ဆာတန်ခိုးစွမ်းအားကို ဖျက်စီးပစ်လိုက်ပြီး နဝမမျော်မီးတောက်ဖြင့် သူမတစ်ကိုယ်လုံးကို ဒိုင်းတစ်ခုအလား ကာရံထားလေသည်။

နဝမမျော်မီးတောက်ကို အသုံးပြုခြင်းက သူမ၏ တန်ခိုးစွမ်းအားများကို လျော့နည်းစေလေသည်။

သို့သော်... တကယ်တမ်းအန္တရယ်နှင့်ရင်ဆိုင်ရသည့်အခါ သူမ၏နှလုံးသားက မီးတောက်ကို အစဉ်မပြတ်လောင်ကျွမ်းနေစေရန် ဖိအားများထွက်ပေါ်လာလေသည်။

ကျီးယင်က နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်သည်။

ရှီချင်းဟွမ်ကို လိုချင်သူမှာ သူမတို့ ရှမ်နီနန်းတော်တစ်ခုတည်းမှ မဟုတ်ပေ။ မကြာမီတွင် အခြားသူများ ရောက်ရှိလာနိုင်လေသည်။ ထို့ကြောင့် သူမက တိုက်ပွဲကို အမြန်အဆုံးသတ်ရန် ဆုံးဖြတ်လိုက်သည်။

သူမက ကျောက်တုံးကိုမှီကာထိုင်နေသည့် ရှီချင်းဟွမ်ရှိရာသို့ အရှိန်ဖြင့်ဝင်ရောက်ကာ ရှီချင်းဟွမ်ကို ဖမ်းစီးလိုက်လေသည်။

ရှီချင်းဟွမ်ကလည်း တန်ခိုးစွမ်းအားများ လျော့နည်းနေသည့်တိုင် ခေသူတစ်ယောက်မဟုတ်ပေ။

သူက ညဏ်များသူတစ်ယောက်ဖြစ်လေရာ ကျီးယင်တိုက်ခိုက်လာသည်နှင့် ချက်ချင်းပင် ရှောင်တိမ်းလိုက်သည်။

ကျီးယင်က လက်ဖျောက်တစ်ချက်တီးလိုက်လေရာ စီးဆင်းနေသည့် စမ်းရေများ ချက်ချင်းမြင့်တက်လာပြီး လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာသည်။

ကျီးယင်က လေဆင်နှာမောင်းထိပ်တွင် မတ်တတ်ရပ်နေပြီး ရှောင်တိမ်းထွက်ပြေးသွားသည့် ရှီချင်းဟွမ်နောက်သို့ လေဆင်နှာမောင်းက အဆက်မပြတ်တိုက်ခတ်လိုက်ပါသွားလေသည်။

သူမ၏ခန္ဓာကိုယ်မှထွက်ပေါ်နေသည့် နဝမမျော်မီးတောက်များသည် လေဆင်နှာမောင်းတစ်ခုလုံးတွင် ပျံ့နှံ့သွားလေသည်။ ထိုအခါ လေဆင်နှာမောင်းကြီးတစ်ခုလုံးမှာ မီးနဂါးကြီးတစ်ကောင်အလား ထင်မှတ်ရသည်။

ရေကမီးကို မငြိမ်းသတ်သည့်အပြင် ရေက မီးကို ထောက်ပံ့ပေးထားလေသည်။ ထိုသို့ဖြစ်ခြင်းမှာ ဒြပ်စင်ငါးပါး၏ ပုံမှန်သဘောတရားများကို ဆန့်ကျင်နေလေသည်။

ရှီချင်းဟွမ်ကတော့ သဘာဝကိုဆန့်ကျင်နေသည့် ရေနှင့်မီးပေါင်းစပ်ထားသည့် နဂါးကြီးကို စိုက်ကြည့်နေလေသည်။

သူက အံ့သြစရာကောင်းလောက်အောင် မြင့်မားနေသည့် ဝိညာဉ်စွမ်းအားများဖြင့် ရေနှင့်မီးတောက် ပေါင်းစပ်နေခြင်းကို လေ့လာတွက်ချက်ကြည့်လိုက်သည်။ သူက ရေနှင့်မီးကို ရှင်းရှင်းလင်းလင်း ခွဲခြမ်းစိတ်ဖြာ ကြည့်လိုက်သည်။

ရေက မီးကို မငြိမ်းသတ်ဘဲ အဘယ့်ကြောင့် ထောက်ပံ့ပေးနေ

ရပါသနည်း။

အဘယ်ကြောင့်ဆိုသော် နဝမမျော်မီးတောက်နှင့်ထိတွေ့သည့်

အခါ ရေသည် ဓာတ်ငွေ့ (၂)မျိုးအဖြစ် ပြိုကွဲသွားပြီး ထို

ဓာတ်ငွေ့များက မီးတောက်ပိုမိုလောင်ကျွမ်းလာစေရန်

ထောက်ပံ့ပေးနေခြင်း ဖြစ်လေသည်။

မကြာမီပင် မီးတောက်များ အလွန်ပြင်းထန်လာပြီး အပြာ

ရောင်မီးတောက်များအဖြစ် ပြောင်းလဲသွားလေသည်။ အပြာ

ရောင်မီးတောက်နဂါးကြီးမှာ အစွန်းရောက်လောင်ကျွမ်းနေ

လေ၏။

ကျီးယင်၏ ချောမောလှပသည့်မျက်နှာသည် အပြာရောင်

မီးတောက်အောက်တွင် ပုံမှန်မဟုတ်စွာဖြင့် ပြာလဲ့ တောက်ပ

နေလေသည်။

အပြာရောင်မီးနဂါးကြီးက ပါးစပ်ကိုဖွင့်ဟလိုက်သည့်အချိန်တွင် ကျီးယင်၏ဓားသွားအလား ထက်မြက်နေသည့်လက်ချောင်းများက ရှီချင်းဟွမ်၏ ဦးခေါင်းကို ထိုးကုတ်ဆွဲလိုက်လေသည်။

ရှီချင်းဟွမ်၏ ဝိညာဉ်စွမ်းအားများက အဆက်မပြတ်မြင့်တက်လာလေသည်။ ချက်ချင်းပင် သူမည်သူဖြစ်သည်ကိုမေ့လျော့သွားပြီး ခံစားချက်များအားလုံးလည်း ပြတ်တောက်သွားလေသည်။

သူ့ထံသို့ဝင်ရောက်လာသည့် နဂါးပါးစပ်ကြီးကို သူ၏စိတ်အာရုံထဲတွင် အနွေးပြကွက်အလား နွေးကွေးစွာ တွေ့မြင် နေရလေသည်။

သူ၏တန်ခိုးစွမ်းအားမြင့်တက်လာမှုကို သူကိုယ်တိုင်ပင် နားမလည်နိုင်တော့ပေ။ အချိန်ကိုပင် နွေးကွေးပစ်နိုင်စွမ်း ရှိနေပြီဖြစ်လေသည်။

အပြာရောင်မီးတောက်များကြောင့် ရှီချင်းဟွမ်တစ်ကိုယ်လုံး

အပူလောင်သည့်ဒဏ်ရာများ ရရှိနေပြီ ဖြစ်လေသည်။

သို့တိုင်အောင် သူက တစ်ချက်လေးပင် မတုန်လှုပ်ဘဲ နဂါးကြီး

ကို မည်သို့ထိုးစစ်ဆင်ရမည်ကို တွက်ချက်နေလေ သည်။

ကျီးယင်၏ ဓားသွားအလားထက်မြက်သည့် စွန်ကုပ်

လက်သည်းများဖြင့် တိုက်ခိုက်မှုကို ရှီချင်းဟွမ်က ခန္ဓာကိုယ်

ကို နောက်သို့ လှန်ချလိုက်ပြီး ရှောင်တိမ်းပေးလိုက်သည်။

သူ့စိတ်အာရုံထဲတွင် မြင်ကွင်းများက ပိုပြီး နှေးကွေးလာသည်။

သို့သော်... သူ၏ လှုပ်ရှားမှုကတော့ လွန်မြန်လွန်း

သည့်အတွက် သာမန်မျက်စိဖြင့်ပင် တွေ့မြင်နိုင်မည် မဟုတ်

ပေ။

နဂါးကြီး၏ လှုပ်ရှားမှုကလည်း အလွန်ပြင်းထန်မြန်ဆန်လွန်း

သည်။ နဂါးဦးခေါင်းထက်တွင် ရပ်နေသည့် ကျီးယင်က စွန်

ကုန်လက်သည်းဖြင့် ရှီချင်းဟွမ်ကို ထပ်မံတိုက်ခိုက်လိုက်သည့်

အခါ ရှီချင်းဟွမ် ရှီချင်းဟွမ် ရှောင်တိမ်းနိုင်ခြင်း မရှိတော့ဘဲ မျက်လုံးတစ်ဖက် ပေါက်ထွက်သွားလေသည်။

ကျီးယင်၏ အနက်ရောင်ဆံပင်များမှာ အနီရောင်သို့ ကူးပြောင်းသွားပြီး သူမ၏ မျက်ဝန်းများကလည်း မီးဝင်းဝင်း တောက်နေလေသည်။

သူမ၏ တန်ခိုးစွမ်းအားများကလည်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေပြီး သာမန်လောကနတ်ဘုရားတစ်ပါးပင်လျှင် သူမကို ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ပေ။

ရှီချင်းဟွမ်ကို အနိုင်ယူတိုက်ခိုက်ပြီး သေစေခြင်းကျောင်းတော်မှ ကျင့်စဉ်များကို ယူဆောင်လာရန်အတွက် ရွှမ်နီနန်းတော်က သူမကို စေခိုင်းလိုက်ခြင်း ဖြစ်လေသည်။ သူမအနေဖြင့် စေခိုင်းလိုက်သည့်တာဝန်ကို သေချာပေါက် ကျေပွန်အောင် ဆောင်ရွက်ရပေမည်။

ဆန်းလျှန်ကတော့ ကျီးယင်ကိုလည်း တိတ်တဆိတ်လေ့လာနေ

လေသည်။

ကျီးယင်သည် နတ်ဘုရားတစ်ပါး မဟုတ်သေးပေ။ သို့

တိုင်အောင် အဘယ့်ကြောင့် ထိုမျှ တန်ခိုးစွမ်းအားမြင့်မား နေရ

ပါသနည်း။

အဘယ်ကြောင့်ဆိုသော်... သူမ၏ခန္ဓာကိုယ်ထဲတွင် မွေးရာပါ

မီးဝိညာဉ်ပါရှိသောကြောင့် ဖြစ်လေသည်။

ထိုမီးဝိညာဉ်သည် မီးတန်ခိုးစွမ်းအားကိုကျင့်ကြံထားသည့်

နတ်ဘုရားတစ်ပါး သို့မဟုတ် နတ်မိစ္ဆာတစ်ပါး၏ အမြုတေ

တစ်ခု ဖြစ်နိုင်လေသည်။

မီးဝိညာဉ်က ကျီးယင်၏ တာအိုတန်ခိုးစွမ်းအားများကို

အဆမတန်မြင့်တက်အောင် ထောက်ပံ့ပေးနေခြင်းဖြစ်ပြီး ထို

မီးဝိညာဉ်၏ တန်ခိုးစွမ်းအား မည်မျှမြင့်မားသည်ကို မည်သူမှ

မသိနိုင်ပေ။

ထို့ကြောင့်ပင် ရှီချင်းဟွမ်မှာ ကျီးယင်ကို မည်သို့မှ မယှဉ်နိုင် ဖြစ်နေရသည်။

ရှီချင်းဟွမ်၏ မျက်လုံးတစ်လုံးမှာ ပေါက်ထွက်နေပြီး တစ်ကိုယ်လုံးတွင်လည်း မီးလောင်ဒဏ်ရာများဖြင့် ပြည့်နေလေသည်။ သို့တိုင်အောင်... သူ၏ စိတ်ကတော့ တည်ငြိမ်နေဆဲဖြစ်သည်။

မီးလောင်ဒဏ်ရာများက မည်မျှင် နာကျင်နေပါစေ ရှီချင်းဟွမ်၏ ကြည်လင်နေသည့် ဝိညာဉ်စွမ်းအားများ အပေါ်တွင်တော့ သက်ရောက်နိုင်ခြင်း မရှိပေ။ သူက အထက်အောက် ယိမ်းနွဲ့လှုပ်ရှားကာ လောင်ကျွမ်းနေသည့် မီးတောက်များကို ကြည့်နေလေသည်။

သူ ကြည့်နေစဉ်မှာပင် နဂါးပါးစပ်ကြီး ပွင့်ဟလာပြီး ရှီချင်းဟွမ်အနားသို့ တဖြည်းဖြည်း တိုးကပ်လာလေသည်။

ပေါက်ထွက်နေပြီဖြစ်သည့် ရှီချင်းဟွမ်၏မျက်လုံးဒဏ်ရာနှင့်

ဆံပင်များအားလုံးကို မီးများလောင်ကျွမ်းသွား လေသည်။

သို့တိုင်အောင် သူက တစ်ချက်လေးပင် မတွန့်ဆုတ်ဘဲ နဂါး

ပါးစပ်ကြီးရှိရာသို့ ခုန်ဝင်လိုက်လေသည်။ ရှီချင်းဟွမ်မှာ နဂါး

ဦးခေါင်းထက်တွင်ရပ်နေသည့် ကျီးယင်အနားသို့ ရောက်ရှိရန်

ခြေလှမ်း (၅)လှမ်းခန့်သာ လိုတော့သည်။

ရုတ်တရက်...

ရှီချင်းဟွမ်က ကျီးယင်ကို ရယ်ပြလိုက်သည်။

အပြာရောင်မီးတောက်အောက်တွင် ရှီချင်းဟွမ်၏ သွားစွယ်

ဖွေးဖွေးများပေါ်လာပြီး သူ၏ ပုံစံက ထိတ်လန့် ခြောက်ခြား

စရာကောင်းလှသည်။

နဂိုက ချောမောလှလွန်းသူဖြစ်သည့်တိုင် မျက်စိတစ်ဖက်

ပေါက်ထွက်နေပြီး ၊ တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာများဖြင့်

ပြည့်နေလေကာ ဆံပင်များလုံးဝမရှိတော့သည့် လူတစ်

ယောက်က ရယ်ပြသည်ဆိုသည်မှာ ကျက်သရေရှိလှသည့် မြင်ကွင်းတော့ မဟုတ်ပေ။

အဘယ့်ကြောင့် ရှီချင်းဟွမ်က သူမကို လာရယ်ပြနေရသနည်းဆိုသည်ကို ကျိုးယင် နားမလည်ပေ။ သူမက မီးနဂါးကြီး၏ ဦးခေါင်းထက်တွင် မတ်တတ်ရပ်နေရင်း ထက်ရှသည့် စွန်ကုပ်လက်သည်းများဖြင့် ရှီချင်းဟွမ်ကို တိုက်ခိုက်လိုက်သည်။

သို့သော်... သူမ ခေါင်းထဲတွင် မိုက်ခနဲ တစ်ချက် ဖြစ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်... ရှီချင်းဟွမ်၏ လက်တစ်ဖက်က သူမ၏ လည်ပင်းကို လာရောက် ဖြစ်ညှစ်ထားလိုက်သောကြောင့် ဖြစ်လေ၏။

ရှီချင်းဟွမ်၏ လက်က သူမ၏လည်ပင်းကို ညှစ်ထားလိုက် သည်နှင့် သူမတစ်ကိုယ်လုံးမှ တန်ခိုးစွမ်းအားများသည် တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

ရှီချင်းဟွမ်က သူမ၏ တန်ခိုးစွမ်းအားများကို စုပ်ယူစားသုံး ပစ်လိုက်ခြင်းပင် ဖြစ်တော့၏။

ကျီးယင်၏ တန်ခိုးစွမ်းအားများကို စုပ်ယူလိုက်သည်နှင့် ဒဏ်ရာပရပွနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် ရှီချင်းဟွ မ်၏ခန္ဓာကိုယ်မှာ ချက်ချင်းပင် အကောင်းပကတိအတိုင်း ဖြစ် သွားလေသည်။

မီးကျွမ်းနေသည့် အမဲရောင်အနာဖေးများ ကွာကျသွားပြီး ဖြူ ဖွေးနူးညံ့သည့် အသားအရေများ ချက်ချင်းပြန်ပေါ်လာလေ သည်။

ပေါက်ထွက်နေသည့်မျက်လုံးမှာလည်း အကောင်းပကတိ

အတိုင်းပြန်ဖြစ်သွားပြီး အနက်ရောင်ဆံနွယ်များလည်း

ဦးခေါင်းထက်မှ ပြန်လည် ထွက်ပေါ်လာလေသည်။

ကျီးယင်မှာတော့ တန်ခိုးစွမ်းအားများအားလုံး စုပ်ယူခံလိုက်ရ

သည့်အတွက် သူမဖန်ဆင်းထားသည့် မီးနဂါးကြီးမှာ ပျောက်

ကွယ်သွားပြီ ဖြစ်သည်။

သူမသည် တိုက်ပွဲတွင် အရှုံးကြီးရှုံးခဲ့လေပြီ။

ရှီချင်းဟွမ်၏ လက်တစ်ဖက်က ကျီးယင်၏ လည်ပင်းကို ညှစ်

ထားပြီး နောက်လက်တစ်ဖက်က ကျီးယင်၏ နှလုံးသား

တည်ရှိရာ ညာဘက်ရင်အုံကို ထိုးစိုက်လိုက်သည်။

ရှီချင်းဟွမ် လက်ကိုပြန်ဆွဲထုတ်လိုက်သည့်အခါ ကျီးယင်၏

နှလုံးသားက ရှီချင်းဟွမ်လက်ထဲတွင် ပါလာလေသည်။

သူမ၏နှလုံးသားမှာ မီးဝိညာဉ်နှင့်ပေါင်းစပ်ထားသည့်အတွက်

သွေးနီရောင်တောက်ပနေပြီး ရှီချင်းဟွမ်၏ လက်ထဲတွင် တဒိတ်ဒိတ်ခုန်နေလေ၏။

"လက်စသတ်တော့ ဒီမီးဝိညာဉ်ကြောင့် မင်းက သိပ် အစွမ်းထက်နေတာကိုး..."

ပြောပြီးသည်နှင့် ရှီချင်းဟွမ်က ကျီးယင်၏ နှလုံးသားကို မျိုချပစ်လိုက်လေသည်။

ရှီချင်းဟွမ်၏ သွေးကြောဆုံချက် (၇)နေရာမှ အခိုးအငွေ့များ ချက်ချင်းထွက်လာပြီး သူ့တစ်ကိုယ်လုံး သတ်ဖြတ်လိုသည့် အငွေ့အသက်များဖြင့် ဖုံးလွှမ်းသွားတော့သည်။

ရှီချင်းဟွမ်က ကျီးယင် သေလား ရှင်လား တစ်ချက်ပင် အရေးမစိုက်တော့ဘဲ ကျီးယင်၏ ခန္ဓာကိုယ်ကို မြေပြင်ထက် သို့ ပစ်ချလိုက်လေသည်။

ထို့နောက်... စမ်းချောင်းလေးအထက်ပိုင်းဆီသို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

ရှိချင်းဟွမ်ထွက်ခွာသွားပြီး သိပ်မကြာမီပင် ထိုနေရာသို့ ရှင်ယောင်းနှင့် မေနန့်စန်းတို့ ရောက်ရှိလာကြလေသည်။

နှလုံးသားတစ်ခုလုံး ဖောက်ထုတ်ခံလိုက်ရပြီး မြေပြင်ထက်တွင်လဲကျနေသည့် ကျီးယင်ကို တွေ့လိုက်ရသည့်အခါ ရှင်ယောင်းမှာ အလွန်အမင်း အံ့သြထိတ်လန့်သွားတော့သည်။

မေနန့်စန်းက ကျီးယင်အနားသို့ လျှောက်သွားကာ စမ်းသပ်ကြည့်လိုက်သည်။

"အစ်ကို (၃) ၊ သူ မသေသေးဘူး..."

ရှင်ယောင်းက ချက်ချင်းပင် ဆေးလုံးတစ်လုံး ထုတ်ယူလိုက်ပြီး ကျီးယင်ပါးစပ်နားတွင် တေ့ပေးလိုက်သည်။

ရှင်ယောင်းက ခပ်တိုးတိုးလေသံဖြင့်...

"ဒီဆေးက မင်းကို အသက်ဆက်ပေးနိုင်လိမ့်မယ် ၊ ဒါပေမဲ့ ဒီလိုပုံစံနဲ့ မင်းအသက်ဆက်ရှင်ချင်ပါတော့မလားတောင် မသိဘူး..."

ကျီးယင်က တစ်ချက်တုံ့ဆိုင်းနေပြီးမှ ခေါင်းတစ်ချက်ခါယမ်း

လိုက်ရင်း...

"ရှင်သန်စေခြင်းကျောင်းတော်က ဂိုဏ်းတူမောင်လေး ၊ ကျွန်မ

ကို ပင်းကျယ်နည်းလမ်းနဲ့ အဆုံးသတ်ပေးလိုက်ပါတော့..."

တာအိုကျင့်ကြံသူများ သေလုမျောပါး ဖြစ်သည့်အချိန်တွင်

ပင်းကျယ်နည်းလမ်းဖြင့် ဘဝကူးပြောင်းပေးလေ့ ရှိကြလေ

သည်။

ရေဖြင့် ဘဝကူးပြောင်းပေးပါက စွေကျယ် ၊ မီးဖြင့်ဘဝ

ကူးပြောင်းပေးပါက ဟော်ကျယ် ၊ တုတ်ဖြင့်ဘဝကူးပြောင်း

ပေးပါက ကျန့်ကျယ် ၊ ဓားဖြင့် ဘဝကူးပြောင်းပေးပါက ပင်း

ကျယ် ဟူ၍ ခေါ်ဆိုကြသည်။

ကျင့်ကြံသူများ အန္တရာယ်များကို မရှောင်လွှဲနိုင်၍ဖြစ်စေ ၊

အစစ်ဆေးခံရမှုများကို မကျော်လွှားနိုင်တော့လျှင်ဖြစ်စေ

လက်ရှိဘဝကို ဇီဝိန်ချုပ်လိုက်ကြပြီး ဝိညာဉ်က နောင်ဘဝတွင်

လူပြန်ဝင်စားနိုင်ရန် ပြုလုပ်ပေးသည့် နည်းလမ်း ပင်ဖြစ်လေသည်။

ဝိညာဉ်က နောင်ဘဝ မည်သည့်ဘဝသွားမည်ကို မရွေးခြယ်နိုင်ခင် ပျောက်ကွယ်မသွားစေရန် အတွက် မှော်ဝင် လက်နက်တစ်ခု စီရင်ရလေသည်။

တန်ခိုးစွမ်းအားမြင့်မားသည့် အဆင့်မြင့်ကျင့်ကြံသူများက ကိုယ်သေရတော့မည့်အချိန်ကို ကြိုတင်သိမြင်ကြလေ သည်။ ထိုအခါ ပင်းကျယ်ပြုလုပ်နိုင်ရန်အတွက် မှော်ဝင်ဓားများကို သီးသန့် သန့်စင်ပြုလုပ်ထားလေ့ရှိကြလေသည်။

ကျီးယင်၏ မီးဝိညာဉ်ကို ရှီချင်းဟွမ်က မြိုချလိုက်ပြီ ဖြစ်သည့်အတွက် ကျီးယင်တစ်ဘဝလုံး ကျင့်ကြံခဲ့သမျှ ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

ရှင်ယောင်းတိုက်သည့်ဆေးဖြင့် သူမ အသက်ဆက်နိုင်ခဲ့လျှင်တောင် သူမသည် ဒုက္ခိတဘဝဖြင့် တစ်သက်လုံး အသုံးမကျ

သူတစ်ယောက်အဖြစ် အသက်ရှင်ရတော့မည်ဖြစ်သည်။ သူမ အနေဖြင့် ကျင့်စဉ်လမ်းကို ဆက်ပြီး လျှောက်လှမ်းနိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် သူမက နောက်ဘဝသို့ ကူးပြောင်းလိုခြင်း ဖြစ်လေသည်။

ရှင်ယောင်းက...

"ဒါဆိုရင်လည်း ကျုပ်ကူညီပါ့မယ်..."

ရှင်ယောင်းက ဓားမြှောင်တစ်လက်ကိုထုတ်ယူလိုက်ပြီး ဓားမြှောင်ပေါ်တွင် လျှို့ဝှက်နက်နဲသည့် အင်းသင်္ကေတ တစ်ခုကို ရေးသားလိုက်သည်။

ထို့နောက် ဓားမြှောင်ဖြင့် ကျီးယင်၏လည်ပင်းမှ သွေးကြောကို ဖြတ်တောက်လိုက်လေသည်။ ကျီးယင်က တစ်ချက်ရယ်မောလိုက်ပြီး သူမ၏ မျက်ခုံးနှစ်ခုကြားမှ အလင်းရောင်တစ်ခု

လက်ခနဲထွက်ပေါ်လာကာလေသည်။ ထိုအလင်းတန်းမှာ ကျီးယင်၏ ဝိညာဉ်ဖြစ်လေသည်။

ကျီးယင်၏ ဝိညာဉ်အလင်းတန်းက ရှင်ယောင်း၏ ခန္ဓာကိုယ်ကို အသိအမှတ်ပြုကျေးဇူးတင်သည့်အနေဖြင့် (၃)ပတ် ပတ်လိုက်ပြီးနောက် ဘုရင့်နေပြည်တော်မှ ထွက်ခွာသွားလေတော့သည်။

ရှင်ယောင်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်တို့လို ကျင့်ကြံသူတွေ ဘာဖြစ်လို့များ လူ့လောကမှာ ဒုက္ခခံနေကြရသေးတာလဲ ၊ ပေးဆပ်ရတာ မတန်လိုက်တာ..."

မေနန့်စန်းက တည်ကြည်လေးနက်သည့် မျက်နှာထားဖြင့်...

"တောင်ပေါ်မှာနေလည်း ဘာမှ မထူးပါဘူး..."

ရှင်ယောင်းက တစ်ချက်ပြုံးလိုက်ရင်း...

"တောင်ပေါ်မှာကတော့ မတူဘူးပေါ့ကွာ..."

ထို့နောက် သူတို့ (၂)ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ရယ်မောလိုက်ကြလေသည်။

မေနန့်စန်းက...

"သွားကြရအောင်၊ ရှီချင်းဟွမ်က တဖြည်းဖြည်းပိုပြီး ရက်စက်လာသလိုပဲ၊ ဘုရင့်နေပြည်တော်မှာတောင် ဒီလို အလုပ်မျိုး လုပ်ရဲတယ်..."

ရှင်ယောင်းက...

"ငါလည်းမသိဘူး၊ မင်းသူနဲ့တွေ့ရင်တော့ သိသွားမှာပေါ့..."

....

သူက မုဆိုးလား သားကောင်လား...။

ရှီချင်းဟွမ် အခြေအနေများကို နောက်ဆုံးတော့ သဘောပေါက်သွားပြီဖြစ်သည်။

ဘုရင်မကြီးက သူ့ကို သေမိန့်ချလိုက်ခြင်းမှာ တကယ်တမ်း တော့ ရယ်စရာဟာသတစ်ခုသာ ဖြစ်လေသည်။ ဘုရင်မကြီး က သူ့ကို ယခုအချိန်ထိ အသက်ရှင်ခွင့်ပေးထားသည်မှာ

အခြားသူများအတွက် ငါးစာသက်သက် ပြုလုပ်ထားခြင်း ဖြစ်လေသည်။

ကျင့်ကြံသူလောကမှ အခြားသူများ သူ့ကို လိုက်လံဖမ်းဆီးစေရန် တမင်သက်သက် အကွက်ဆင်ထားခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် သူကလည်း ဘုရင်မကြီးနှင့် သေချာပေါက်ပူးပေါင်းဆောင်ရွက်ပေမည်ပေါ့ဟု ရှီချင်းဟွမ် တွေးလိုက်ရင်းမဲ့ပြုံးတစ်ချက် ပြုံးလိုက်လေတော့သည်။

အခန်း (၇၉၁) အားကြီးသူကကျရှုံး အားနွဲ့သူကအနိုင်ယူ

တိုင်းပြည်ဘုရင်မကြီးနေရာကိုယူထားသည့် မယ်တော်ဝမ်မူ

သည် ဘုရင့်နန်းတော် စာကြည့်ဆောင်ထဲတွင် ထိုင်နေလေ

သည်။

ယခု သူမသည် တာ့ကျောက်ပြည်၏ ဘုရင်မကြီးဖြစ်နေပြီး

သူမကို ဆန့်ကျင်သူမှန်သမျှ သေလမ်းသို့ မြန်းရမည်

ဖြစ်သည်။

လောကတွင် အာဏာကိုရယူနိုင်သူများမှာ အလွန်မှ ချီးကျူး

ဖွယ်ရာကောင်းလှသည်။ သို့သော်... သူမကတော့ အရေးမ

စိုက်ပေ။ သူမက ကစားပွဲတစ်ခုကို ကစားနေခြင်းသာဖြစ်ပြီး

ကစားပွဲကို စိတ်ဝင်စားစရာကောင်းအောင် မည်သို့လုပ်ရမည်

ကို စဉ်းစားနေလေသည်။ ထို့ပြင် သူမကစားနေသည့် ကစားပွဲ

ကို ပြီးဆုံးအောင် ကစားရန်လည်း လိုအပ်သည်။

ထိုအချိန်မှာပင်...

ဘုရင်မကြီး၏ဘေးနားသို့ လွိုလော်ရောက်လာလေသည်။

ယခုတော့ လှိုင်လော်မှာ နန်းတော်တစ်ခုလုံးတွင် အာဏာအရှိဆုံး နန်းတွင်းအရာရှိတစ်ယောက်ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ဘုရင်မကြီးနှင့်လှိုင်လော်သည် အခြားသူများနှင့်မတူ ရင်းနှီးသော ဆက်ဆံရေးရှိလေသည်။ ထို့ပြင် မိန်းကလေးတစ်ယောက် ဖြစ်သည့်တိုင် လှိုင်လော်သည် ဘုရင့်နန်းတော်ထဲတွင် အရာရှိအဖြစ် ရာထူးခန့်အပ် ခံထားရလေသည်။ ထို့ကြောင့် နန်းတွင်းမှလူများနှင့် အချို့သောပြည်သူများက လှိုင်လော်ကို ဘုရင်မကြီး၏ အချစ်တော်မိန်းကလေးဟု တိတ်တဆိတ် သမုတ်ကြလေသည်။

သို့သော်... ဘယ်သူတွေ ဘယ်လိုပဲပြောကြပါစေ ဘုရင်မကြီး နှင့် လှိုင်လော်က အရေးမစိုက်ပေ။ အရေးကြီးသည့်အချက်မှာ ဘုရင်မကြီးနှင့် လှိုင်လော်ကြားတွင် စိတ်ရှင်းလျှင် ရပြီ ဖြစ်လေသည်။

လို့လော်က လက်ဖက်ရည်ကြမ်းပန်းကန်လေးကို ဘုရင်မကြီး

ဘေးနားသို့ အသာချထားပေးလိုက်သည်။

ထိုလက်ဖက်ရည်သည် သာမန်မဟုတ်ပေ။ ကျောက်စိမ်း

ရေကန်ဥယျာဉ်မှ ယူဆောင်လာသည့် နတ်လက်ဖက်ရည် ဖြစ်

ပြီး နတ်ရေစင်ဖြင့် ကျိုချက်ထားခြင်း ဖြစ်လေသည်။

ဘုရင်မကြီးက လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်ရင်း...

"ဒီကောင်စုတ်လေး ရှီချင်းဟွမ်က သိပ်တော့မတုံးဘူးပဲ..."

လို့လော်က...

"မယ်တော် ၊ မယ်တော်က သူ့ကို ဘယ်လိုဖြစ်စေချင်တာလဲ..."

မယ်တော်ဝမ်မူက ပြုံးလိုက်ရင်း...

"ငါက ယွမ်ကျိုးနယ်ကြီးတစ်ခုလုံးကို ညီညွတ်စေချင်တာ ၊

ယွမ်ကျိုးနယ်မညီညွတ်ရတဲ့အဓိကအကြောင်းက အခြား

မဟုတ်ဘူး ၊ နန်းတော် (၃)ခုနဲ့ နတ်ဘုရားကျောင်းတော် (၄)ခု

ကြောင့်ပဲ ၊ ပြီးတော့ ငါက တန်ခိုးစွမ်းအားအရမ်းမြင့်မားတယ်

ဆိုပေမယ့် နန်းတော် (၃)ခုနဲ့ နတ်ဘုရားကျောင်းတော် (၄)ခုကို ရင်ဆိုင်ဖို့ ဆိုတာတော့ မဖြစ်နိုင်ဘူး ၊ သူတို့က ဇာစ်မြစ် လည်းကောင်းကြသလို သူတို့နောက်ကွယ်မှာလည်း ရှေးဟောင်း နတ်ဘုရားတွေ ရှိနေကြတယ် ၊ ပြီးတော့ သူတို့က လည်း ငါ့ကို အကောင်းမြင်တယ်များထင်နေသလား ၊ အခွင့်အရေးရတာနဲ့ ငါ့ကို ပညာပေးဖို့ စောင့်နေကြတာ..."

"ဒါပေမဲ့ ငါက သူတို့ပညာပေးတာတော့ ခံမယ့်သူမျိုး မဟုတ်ဘူး ၊ အဲဒီတော့ ရှီချင်းဟွမ်ကို အကြောင်းပြပြီး သူတို့ အချင်းချင်း သတ်ကြဖြတ်ကြအောင် အကွက်ဆင်လိုက်တာပဲ ၊ နန်းတော် (၃)ခုနဲ့ နတ်ဘုရားကျောင်းတော်ကြီး (၄)ခုက လူတွေ ဘယ်လောက်ပဲ အင်အားကြီးပါစေ ၊ ရှီချင်းဟွမ်နောက်ကို လိုက်ကြရင်းနဲ့ အချင်းချင်းတိုက်ခိုက်ကြပြီး အရည်အချင်းရှိတဲ့သူတွေ အတော်များများ ဆုံးရှုံးသွားကြလိမ့်မယ် ၊ ဒါဆို ငါ့ကိုပဲ သူတို့က ပညာပေးနိုင်မလား ၊ ငါကပဲ သူတို့ကို ပညာပေး

နိုင်မလားဆိုတာ ကြည့်ကြတာပေါ့၊ ဒါပေမဲ့ ငါ သူတို့နဲ့ သဘောတူထားတဲ့ အချက်တစ်ခုရှိတယ်၊ အဲဒါကြောင့် ငါတို့ ကစားပွဲမှာ အဆင့်မြင့်နတ်ဘုရားတွေကတော့ ပါဝင်လာကြမယ် မထင်ဘူး၊ မဟုတ်ရင်လည်း သူတို့တွေ နောင်တရကြလိမ့်မယ်..."

ရှီချင်းဟွမ်ကို ငါးစာအဖြစ်အသုံးပြုကာ ဘုရင်မကြီးက ပထမဆုံး အကွက်ရွှေ့လိုက်ခြင်း ဖြစ်လေသည်။ ဘုရင်မကြီး၏ ကစားကွက်ကို လွဲသော် ကောင်းကောင်း နားလည်လိုက်သည်။ အမှန်တော့ ယနေ့သည် ရှီချင်းဟွမ်ကို သေဒဏ်ချမှတ်ခဲ့သည့် နေ့ ဖြစ်လေ၏။

ရှီချင်းဟွမ်သည် ဘုရင်မကြီးအတွက်တော့ မည်သည့် အဓိပ္ပါယ်မှ မရှိပေ။ သို့သော် နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခု အတွက်တော့ အဓိပ္ပါယ်ရှိလေသည်။

သူတို့ဘက်မှ အစွမ်းရှိလျှင် ရှိသလို ရှီချင်းဟွမ်ကို လွယ်လွယ်နှင့် မိအောင် ဖမ်းနိုင်ကြပေလိမ့်မည်။

ဘုရင်မကြီးက ရှီချင်းဟွမ်၏ တန်ခိုးစွမ်းအားများကို ဖျက်စီးထားပြီး ဖြစ်လေသည်။ သို့သော်... ရှီချင်းဟွမ်လိုလူမျိုးက လျှော့တွက်၍မရပေ။ တန်ခိုးစွမ်းအားများ ဖျက်စီးခံထားရလျှင်လည်း သူ့ကိုရင်ဆိုင်ရန်မှာ လွယ်ကူမည်တော့ မဟုတ်ပေ။ ထို့ပြင် ရှီချင်းဟွမ်က တန်ခိုးစွမ်းအားများ ဖျက်စီးခံလိုက်ရပြီးမှ တန်ခိုးစွမ်းအားများ ပြန်လည်ရရှိအောင် ကြိုးစားနိုင်ပါက ပြန်လည်မွေးဖွားလာသူတစ်ယောက်ပမာ အစွမ်းအစများ ပိုပြီးကြီးမားလာမည် ဖြစ်လေသည်။

ယနေ့ပွဲဦးထွက်မှာပင်လျှင် ရှီချင်းဟွမ်က ရှမ်နီနန်းတော်မှ အဆင့်မြင့်ကျင့်ကြံသူတစ်ယောက်ဖြစ်သည့် ကျီးယင်ကို ရက်ရက်စက်စက်အနိုင်ယူလိုက်ပြီ ဖြစ်သည်။ ထိုသို့ အနိုင်ယူ

လိုက်ခြင်းက နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခုကို ထိတ်လန့်တုန်လှုပ်သွားစေသည်။

ရှီချင်းဟွမ်သည် ငါးစာဖြစ်လေသည်။ ထို့ကြောင့် သူ့ကို သားကောင်ဟု သတ်မှတ်နိုင်လေသည်။ သို့သော်... ကျီးယင်ကို အနိုင်ယူလိုက်ပြီးသည့်နောက် ရှီချင်းဟွမ်သည် သားကောင်မှ မုဆိုးအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။ နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခုမှ လူများမှာ သူ့ကို ပေါ့ပေါ့တန်တန် သဘောမထားရဲကြတော့ပေ။ ကျီးယင်သေဆုံးသွားရမှုသည် သူတို့အားလုံးကို သတိပေးသလို ဖြစ်သွားခဲ့လေသည်။ ထို့ပြင် သူတို့အားလုံးသည် ရှီချင်းဟွမ်ကို မည်သည့်နည်းနှင့်မှ အလွတ်ပေးကြတော့မည် မဟုတ်ပေ။

လွှဲလော်က...

"ဒါပေမဲ့ ကျွန်မနားမလည်တာက ရှီချင်းဟွမ်က ရှီချင်းဟွမ်က ရွှမ်နီနန်းတော်က ကျီးယင်မိန်းကလေးကို ဘယ်လိုတန်ခိုးစွမ်းအားမျိုးနဲ့ အနိုင်ယူလိုက်တာလဲ..."

မယ်တော်ဝမ်မူက ...

"ရှီချင်းဟွမ်က သေစေခြင်းကျောင်းတော်က ထိပ်တန်းအဆင့် ဓားသိုင်းပညာတစ်ခုဖြစ်တဲ့ 'နတ်ဘုရားသုတ်သင်ခြင်း' ဓားကို ကျင့်ကြံထားတာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်လောက်က သေစေခြင်းကျောင်းတော်က ဘိုးဘေးတစ်ယောက်က အဲဒီဓားသိုင်းပညာနဲ့ နတ်မိစ္ဆာအဓိပတိနန်းတော်က လူတစ်ယောက်ကို တိုက်ခိုက်ဖူးတယ်၊ ဒါပေမဲ့ အဲဒီဘိုးဘေးကို နတ်မိစ္ဆာအဓိပတိကြီးကိုတိုင် နှိမ်နင်းပစ်လိုက်တယ်၊ နောက်ပိုင်းမှာ အဲဒီဓားသိုင်း ပျောက်ကွယ်သွားတော့တာပဲ၊ ငါထင်တာက အဲဒီဓားသိုင်းပညာကို နတ်မိစ္ဆာအဓိပတိကြီးပဲ သိရှိနိုင်တော့မယ်ပေါ့၊

ဒါပေမဲ့ ရှီချင်းဟွမ်က ဘယ်လိုလုပ် ဒီဓားသိုင်းကို ကျင့်ကြံခဲ့

သလဲဆိုတာတော့ ငါလည်း မသိဘူး..."

မယ်တော်ဝမ်မူက ခဏနားပြီးမှ စကားဆက်ပြောလိုက်သည်။

"ကြည့်ရတာ နတ်မိစ္ဆာအဓိပတိနန်းတော်က လူတွေလည်း

လူ့လောကထဲကို ထွက်လာကြပြန်ပြီထင်တယ်..."

နတ်မိစ္ဆာအဓိပတိနန်းတော်ဟု ကြားလိုက်သည်နှင့် လို

လော်၏မျက်ဝန်းများတွင် ကြောက်ရွံ့ထိတ်လန့်မှုများဖြင့်

ပြည့်သွားလေသည်။

မိုးနတ်မင်း၏ ကောင်းကင်ဘုံနန်းတော် ပျက်စီးသွားပြီး

သည့်နောက် ဝူကျွမ်းကျောင်းတော်နှင့် နတ်မိစ္ဆာအဓိပတိ

နန်းတော်မှာ တန်ခိုးစွမ်းအားအမြင့်မားဆုံးနေရာများ ဖြစ်ကြ

လေသည်။

လောကတစ်ခုလုံးတွင် ပြောင်းလဲမှုများ ၊ ဘေးအန္တရယ်များ

များစွာရင်ဆိုင်ခဲ့ကြရပြီးသည့်နောက် အားလော်ဟာယ် ကဲ့သို့

သော လူမျိုးပင်လျှင် နတ်မိစ္ဆာအဓိပတိကြီးနှင့် ဝူကျွမ်း

ကျောင်းတော်တို့ကို မလေးမစားမလုပ်ရဲပေ။

မယ်တော်ဝမ်မူ၏ ကျောက်စိမ်းရေကန်ဥယျာဉ်သည်

ရှေးဟောင်းကျောက်စိမ်းရေကန်ဥယျာဉ်ကို ဆက်ခံထားခြင်း

ဖြစ်လေသည်။ ကျောက်စိမ်းရေကန်ဥယျာဉ်ကို ဆက်ခံခဲ့ကြ

သည့် မယ်တော်အဆက်ဆက်သည် ကျင်းမူမယ်တော် အဆင့်

သို့ရောက်ရှိအောင် ကျင့်ကြံလေ့ရှိကြလေသည်။

သို့သော်... လက်ရှိအချိန်တွင် မယ်တော်ဝမ်မူသည် ကျင့်မူ

မယ်တော်အဆင့်ကို တက်ရောက်နိုင်ခြင်း မရှိသေးပေ။

ထို့ကြောင့် သူမအနေဖြင့် နတ်မိစ္ဆာအဓိပတိနန်းတော်ကို မည်

သည့်နည်းနှင့်မှ ယှဉ်နိုင်မည် မဟုတ်ပေ။

လို့လော်က...

"နတ်မိစ္ဆာအဓိပတိနန်းတော်ဆိုတာ နတ်မိစ္ဆာအဓိပတိကြီးကို ကိုယ်စားပြုတယ်၊ မယ်တော်... ကိစ္စတွေက သူတို့နဲ့သာ ပတ်သက်နေတယ်ဆိုရင် အားလုံး ရှုတ်ကုန်တော့မှာပဲ..."

မယ်တော်ဝမ်မူက...

"လှိုင်လော်... တစ်နေ့ကျရင် မင်းလည်း ငါ့လောက် ကျင့်ကြံခြင်း အဆင့်ကို ရောက်ရှိလာမှာပဲ၊ အဲဒီအချိန်ကျရင် တာအိုမဟာ လမ်းစဉ်ကို နားလည်လာလိမ့်မယ်၊ အဲဒီအခါကျရင် ကျင့်စဉ် လမ်းကို လျှောက်လှမ်းတာဟာ နောက်ဆုတ်လို့မရဘူးဆိုတာ မင်းသိလာလိမ့်မယ်၊ ဒါကြောင့် အခုအချိန်မှာ စိတ်ချမ်း ချမ်းသာသာ နေလို့ရတုန်း နေထားဦးကွယ်..."

မယ်တော်ဝမ်မူ၏ စကားကိုကြားသည့်အခါ လှိုင်လော်မှ ပြော စရာစကားများပင် ပျောက်ဆုံးသွားရသည်။

....

ရှီချင်းဟွမ်သည် ဘုရင့်နေပြည်တော်ထဲတွင် လမ်းသလားနေ လေသည်။

သို့သော်... ရဲမက်များက သူ့ကို မြင်တွေ့နိုင်ခြင်း မရှိပေ။ သူ ကိုယ်တိုင်ကလည်း ရဲမက်များ သူ့ကိုမြင်တွေ့ခြင်း မရှိအောင် မည်သည့်တန်ခိုးစွမ်းအားမှ အသုံးပြုထားခြင်း မရှိပေ။ ရဲမက် များက သူ့ကို အလိုလိုနေရင်း မတွေ့မြင်နိုင် ဖြစ်နေကြဟန် တူ လေ၏။ အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို မည်သူမှ မသိ နိုင်ပေ။

သို့သော်... ရဲမက်များကသာ ရှီချင်းဟွမ်ကို မတွေ့မြင်နိုင်ကြ သည့်တိုင် ကျင့်ကြံသူများအားလုံးကတော့ ရှီချင်းဟွမ်ကို တွေ့ မြင်နေကြရလေသည်။ အဘယ်ကြောင့်ဆိုသော် ရှီချင်းဟွမ်ဆီ မှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့် အငွေ့အသက် များသည် ကောင်းကင်တွင် နေမင်းကြီးထွန်းလင်းနေသည့် အလား မြင်သာထင်သာ ဖြစ်နေသောကြောင့်ပင် ဖြစ်လေ၏။ မျက်လုံးများကို မှိတ်ထားလျှင်တောင်မှ အငွေ့အသက်များ၏ ပူလောင်မှုကို ခံစားနေရမည် ဖြစ်လေသည်။

ဘုရင့်နေပြည်တော်တွင်ရောက်ရှိနေသည့် ကျင့်ကြံသူများ

အားလုံးမှာ ရှီချင်းဟွမ်၏ တည်ရှိမှုကို ခံစားသိရှိနေကြ

သော်လည်း တကယ်တမ်းတွင် သူ့အနားသို့ မည်သူမှ ချဉ်းကပ်

ဝံ့ခြင်း မရှိကြပေ။

ထို့ကြောင့် ရှီချင်းဟွမ်မှာ မာန်တက်နေလေတော့သည်။

သူက အစကတည်းက အမှောင်ထဲတွင် ပုန်းကွယ်နေရသည့်

မြားတစ်စင်းအလား အေးစက်တိတ်ဆိတ်စွာဖြင့် အသက်မရှင်

လိုပေ။ ထို့ကြောင့် လက်ရှိအခြေအနေကို သဘောအကျကြီး

ကျလျှက်ရှိနေလေတော့သည်။

သူက အသစ်ပြန်လည်မွေးဖွားလာသည့်အလား ခံစားနေရလေ

သည်။ လက်ရှိ သူ့အခြေအနေသည် အလွန်အန္တရယ်များသည့်

တိုင် သူက ဘုရင့်နေပြည်တော်ရှိ လမ်းမထက်တွင် အေးဆေး

သက်သာစွာ လမ်းလျှောက်နေခဲ့လေသည်။

ဘုရင့်နေပြည်တော်ကို ကာရံထားသည့် အနီရောင် တံတိုင်းကြီး

များနောက်တွင် အနောက်တံခါး တည်ရှိလေသည်။ အနောက်

တံခါးသို့ သွားရာ စြက်န်လမ်းထက်တွင် ရှီချင်းဟွမ်

လမ်းလျှောက်နေလေ၏။

ထိုအချိန်...

ရှီချင်းဟွမ်၏ ရှေ့တည့်တည့်ရှိစြက်န်လမ်းထက်တွင် အနီ

ရောင်ဝတ်ဆင်ထားသည့် လူတစ်ယောက် စိတ်အေးလက်အေး

ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုသူက အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာတွင်

လည်း မိန်းကလေးများလိမ်းခြယ်လေ့ရှိသည့် မျက်နှာချေများ

ကို ထူထဲစွာ လိမ်းခြယ်ထားလေ သည်။ သို့သော်... ထိုသူက

မိန်းကလေးတစ်ယောက်မဟုတ်ဘဲ ယောကျ်ားလေးတစ်

ယောက် ဖြစ်လေ၏။ သူ့ပုံစံက နူးညံ့သိမ်မွေ့ဟန်ရှိသည့်တိုင်

သူ့လက်ထဲတွင် ဓားတစ်လက်ကို ကိုင်ဆောင်ထားလေသည်။

ထိုလူငယ်က မြင်သူတကာ ငေးရလောက်အောင် ချောမောလှပသူတစ်ယောက် မဟုတ်သော်လည်း သူ့ပုံစံက မိန်းကလေး တစ်ယောက်ထက်ပင် နူးညံ့သိမ်မွေ့နေလေရာ လမ်းသွားလမ်းလာများက သူ့ကို သတိထားမိကြလေ သည်။

ရှီချင်းဟွမ်က ထိုသူကို တစ်ချက်ကြည့်လိုက်ပြီး မျက်လုံးများကို အသာမှေးစင်းလိုက်ရင်း...

"မင်းက ဘယ်သူလဲ..."

မျက်နှာချေများ ထူထပ်စွာလိမ်းချယ်ထားသည့် လူငယ်က...

"ကုချန်စန်း..."

ရှီချင်းဟွမ်က...

"ချင်းယန်ကျောင်းတော်က ကုချန်စန်းလား၊ မင်းကဘယ်လိုဖြစ်လို့ သရဲရုပ်ထွက်နေရတာလဲ..."

ကုချန်စန်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ယင်နဲ့ယန် ဘက်ညီနေတာကို မင်းနားမလည်နိုင်ပါဘူး ၊

ဒါပေမဲ့ အခု ကျုပ်ရဲ့ဘဝကို ကျုပ် ကျေနပ်ပါတယ်..."

ရှီချင်းဟွမ်က စိတ်မဝင်စားသည့်ဟန်ဖြင့်...

"နေပါဦး... မင်းဟာမင်း ကျေနပ်နပ် မနပ်နပ် အရေးမစိုက်ပါဘူး ၊ ကျုပ် ရှမ်နီနန်းတော်က မိန်းကလေးကို ဘယ်လို သတ်ပစ်လိုက်လဲ မင်းသိပါတယ်နော် ၊ မင်းလည်း နတ်ဘုရားမဖြစ်ခင် ကျုပ်လက်ထဲမှာ သေချင်လို့လား..."

ကုချန်စန်းက...

"မင်းစကားတွေကြားရတာ ကြောက်လိုက်တာကွာ..."

ကုချန်စန်း၏ ပုံစံက တကယ်ပင် ကြောက်ရွံ့နေဟန် ရှိလေသည်။

ကြောက်လွန်းသောကြောင့် ယုန်လေးတစ်ကောင်အလားပင် တုန်ယင်နေလေသည်။ သူ့လက်များကတော့ ဓားကို တင်းကျပ်စွာစုပ်ကိုင်ထားလေသည်။

သို့သော်... ရှီချင်းဟွမ်က သူ့ကို ကိုက်စားတော့မည့်အလား ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကြည့်နေလေသည်။

ရှီချင်းဟွမ်က...

"လူတစ်ယောက်ဟာ သေသွားရင် အလကားပဲ ၊ အသက်ရှင်နေသေးရင်တော့ ရှေ့ဆက်ပြီး ကြိုးစားလို့ရသေးတယ် ၊ ဒါပေမဲ့ ပန်းဆိုတာက နူးညံ့ပေမယ့် ပွင့်ပြီးရန်ကြွေကျညှိုးနွမ်းသွားမှာပဲ ၊ သန်မာတဲ့စစ်သည်တော်တွေကျတော့ လည်း သိပ်ပြီး စွမ်းအားကြီးလာရင် အသတ်ခံကြရမှာပဲ ၊ ဘယ်အရာမှ ထာဝရ မတည်ရှိနိုင်ပါဘူးလေ... ၊ မင်းတို့ ချင်းယန်ကျောင်း တော်က ထိပ်တန်းအဆင့် နတ်ဘုရားဂိုဏ်းကြီးတစ်ဂိုဏ်းပဲ ၊ ပြီးတော့ မင်းကလည်း ချင်းယန်ကျောင်းတော်က ကျင့်ကြံသူ တစ်ယောက်ဆိုတော့ ပျော့ပြောင်းနူးညံ့ခြင်းနဲ့ သန်မာခွန်အား ကြီးခြင်းဆိုတဲ့ အချက်တွေကို ကောင်းကောင်းသိမှာပါ ၊ ဒါပေမဲ့ မင်း ကျုပ်ကိုလာပြီး စိန်ခေါ်မှတော့ ကံဆိုးသွားပြီလို့

သာ မှတ်လိုက်တော့ ၊ ကျုပ်က မြင့်မြတ်တဲ့မျိုးရိုးက ဆင်းသက်လာတဲ့သူတစ်ယောက် မဟုတ်ပေမယ့် ကျုပ်လိုက်ခဲ့ တဲ့ လမ်းစဉ်က ဘယ်လောက်ရက်စက်တဲ့လမ်းစဉ်လဲဆိုတာ အားလုံးကို သက်သေပြခဲ့ပြီးပြီပဲလေ... ဒီတော့ ဒီနေ့ မင်း လည်း သေရတော့မှာပဲ..."

ရှီချင်းဟွမ်က သူ၏ ရက်စက်မှုကိုပေါ်လွင်စေရန်အတွက် တာ အိုတေချင်ကျမ်းမှ စာသားများကိုပင် ကိုးကားပြီး ပြောဆိုနေ လေသည်။

ထို့ပြင် ရှီချင်းဟွမ်၏ ခန္ဓာကိုယ်မှ သတ်ဖြတ်လိုသည့် အငွေ့အသက်များက ပြင်းပြင်းထန်ထန်ထွက်ပေါ်နေပြီး ကုချန် စန်းကို လေပွေအလား လှည့်ပတ်လျှက်ရှိလေသည်။

ကုချန်စန်းမှာ မုန်တိုင်းကြားမှ မြက်ပင်လေးတစ်ပင်အလား ကူ ရာကယ်ရာမဲ့နေပြီး မကြာမီပင် အမြစ်မှ ပြုတ်ထွက်တော့မည့် အလား ဖြစ်နေရလေတော့သည်။

အခန်း (၇၉၂) တံငါသည်မိန်းမပျို

ဘုရင့်နေပြည်တော်၏ တိမ်တိုက်များထက်တွင်တော့ နန်စန်း
ကျီနှင့် ယင်ရှန်းကျွင်းတို့ ရပ်နေကြလေသည်။

သူတို့၏အဝတ်အစားများက လေထဲတွင် လွင့်ပျံနေပြီး သူတို့
က အောက်သို့ငုံ့ကာကြည့်နေကြသည်။ သူတို့က ရှီချင်းဟွမ်
နှင့် ကုချန်စန်းတို့၏ အခြေအနေကို လေ့လာနေကြခြင်း ဖြစ်
လေသည်။

နန်စန်းကျီနှင့် ယင်ရှန်းကျွင်းတို့မှာ စစ်မှန်သည့် တာအိုလမ်းစဉ်
ကို လိုက်ခဲ့ကြသည့် နတ်ဘုရားများ ဖြစ်ကြလေရာ အမြင်

အာရုံအလွန်မှ စူးရှထက်မြက်ကြလေသည်။ ထို့ကြောင့် ရှီချင်းဟွမ်၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် ပြင်းထန်လွန်းသည့် သက်ဖြတ်လိုသည့်အငွေ့အသက်များကို မျက်ဝန်းထင်ထင် တွေ့မြင်နေကြရသည်။

ရှီချင်းဟွမ်ကဲ့သို့သော လူငယ်လေးမျိုးသည် နှစ်ပေါင်းတစ်သောင်းတွင် တစ်ယောက်ထွက်ပေါ်လာရန်ပင် ခဲယဉ်းသည့် ပါရမီရှင်တစ်ယောက် ဖြစ်လေသည်။

သို့သော်... မည်မျှပင် ပါရမီထူးသူဖြစ်ပါစေ ရှီချင်းဟွမ်သည် လမ်းမှားကိုလျှောက်ခဲ့ပြီ ဖြစ်သည့်အတွက် မိစ္ဆာတစ်ယောက် ဖြစ်လာတော့မည့်ဟန် ရှိလေသည်။

နန်စန်းကျီက...

"ခင်ဗျားရဲ့တပည့် ကုချန်စန်းက ကျင့်စဉ်လမ်းအဆင့်တက်သွားပေမယ့် နတ်ဘုရားတစ်ပါးတော့ မဟုတ်သေးဘူး ၊ သူ

လည်း ရွှမ်နှီနန်းတော်က မိန်းကလေးနောက်လိုက်သွားမှာ စိတ်ပူမိတယ်..."

ယင်ရှန်းကျွင်းက အေးဆေးသည့်လေသံဖြင့်...

"သေခြင်းရှင်ခြင်းဆိုတာ ကံတရားအတိုင်းပါပဲ ၊ နတ်ဘုရားတစ်ပါးဖြစ်လာဖို့ဆိုတာလည်း ကံတရားနဲ့ပဲဆိုင်တယ် ၊ ကုချန်စန်းက ကံကောင်းတဲ့သူတစ်ယောက်ပါ ၊ သူက အဲဒီ မိစ္ဆာကောင်ကိုနှိမ်နင်းပြီး သေစေခြင်းကျောင်းတော်က ကျင့်စဉ်တွေကို ဆောင်ယူလာပေးမယ်လို့ ကျုပ်တော့မျှော်လင့်မိတယ်..."

နန်စန်းကျီက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ခင်ဗျားတို့ ချင်းယန်ကျောင်းတော်က ဒီတစ်ခါတော့ သေစေခြင်းကျောင်းတော်နဲ့ ပတ်သက်မိတော့မယ် ထင်တယ်..."

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းခန့်က သေစေခြင်းကျောင်းတော်တွင် ဓားနတ်သမီးဖန်းယန်ယင်းဆိုသည့် ဘိုးဘေးဆရာ

တစ်ယောက်ရှိခဲ့ဖူးလေသည်။ ဓားနတ်သမီးဖန်းယန်ယင်းက ထိုက်စန့်လောင်ကျွင်း၏ ထိုက်စန့်စကွဲတန်ခိုးကျင့်စဉ်ကို လေ့လာခဲ့ပြီး ထိုက်စန့်ဓားသိုင်းကို တီထွင်ခဲ့လေသည်။ ထိုက်စန့်ဓားသိုင်းသည် သေစေခြင်းကျောင်းတော်၏ အခြေခံ ကျင့်စဉ်တစ်ခု ဖြစ်လာခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ခန့်က ဘေးအန္တရယ် ဆိုးကြီးတစ်ခု ကျရောက်ခဲ့ပြီး တာအိုကျမ်းစာများစွာ လည်း ပျောက်ပျက်ခဲ့ရလေသည်။ သို့သော်... ထိုက်စန့်ဓားသိုင်းက တော့ ကံကောင်းစွာဖြင့်ပင် သေစေခြင်းကျောင်းတော်တွင် ကျန်ရစ်နေခဲ့လေသည်။

ချင်းယန်ကျောင်းတော်သည် ဘုရင်ရှစ်ပါးနန်းတော်မှ ဆင်းသက်လာသည့် တာအိုကျောင်းတော်တစ်ခု ဖြစ်လေ သည်။

ဘုရင်ရှစ်ပါးနန်းတော်ဆိုသည်မှာ ထိုက်ချင်တာအိုဆရာသခင်၏ အနွယ်တော်များနေထိုင်သည့် နန်းတော် ဖြစ်လေသည်။ ဘုရင်ရှစ်ပါးနန်းတော်မှ ရှမ်တုတောက်ကျွင်း၏ ကျင့်စဉ်အမွေကိုဆက်ခံသည့် ချင်းယန်ကျောင်းတော်သည်ပင်လျှင် ထိုက်စန့်စကျွဲတန်ခိုးကျင့်စဉ်ကို ဆက်ခံနိုင်ခဲ့ခြင်း မရှိပေ။

ထိုက်စန့်စကျွဲတန်ခိုးကျင့်စဉ်မှာ ထိုက်ချင်တာအိုဆရာသခင်၏ အခြေခံကျမ်းစာတစ်ခုဖြစ်သည့်တိုင် ချင်းယန်ကျောင်းတော်တွင်ပျောက်ဆုံးနေခဲ့လေသည်။ ထိုကျမ်းစာမရှိသည့်အတွက် ချင်းယန်ကျောင်းတော်မှ ကျမ်းစာများမှာ ပြည့်စုံခြင်းမရှိဖြစ်ခဲ့ရသည်။

ထို့ကြောင့် ယခုတော့ ချင်းယန်ကျောင်းတော်အနေဖြင့် သေစေခြင်းကျောင်းတော်မှ ထိုက်စန့်ဓားသိုင်းကို ရယူလိုခဲ့လေသည်။

ထို့ကြောင့် ကုချန်စန်းက ရှီချင်းဟွမ်နှင့်တိုက်ခိုက်နေရခြင်း

ဖြစ်လေ၏။

ကံသာမကောင်းပါက ကုချန်စန်းအနေဖြင့် အသက်ပေးသွားရ

နိုင်ဖွယ်ရှိသည်။

သို့သော်... ဆိုရိုးစကားတစ်ခု ရှိလေသည်။

"ယနေ့ ငါ မင်းကို ကူညီလျှင် နောက်တစ်နေ့ မင်းငါ့ကို ပြန်

ကူညီရမည်"

ဟူ၍ ဖြစ်လေ၏။

ထို့ကြောင့် လောကတွင် တစ်ယောက်ကိုတစ်ယောက်

အကူအညီကို ရှာဖွေကြလေ့ ရှိလေသည်။ ကျင့်ကြံသူလောက

တွင်လည်း ထိုသို့ တစ်ယောက်ကိုတစ်ယောက် ကူညီခြင်းက

ကံကောင်းခြင်းကို ဦးတည်စေ နိုင်လေ၏။

"လောကကြီးက သာတူညီမျှဖြစ်ပြီး သူရဲကောင်းဖြစ်

လင့်ကစား မည်သည့်အခါမှ လွတ်လပ်မည် မဟုတ်ပေ"

ဟူသည့် ရှေးဟောင်းအဆိုအမိန့်လည်း ရှိလေ၏။

ထို့ကြောင့် ကျင့်ကြံသူများအနေဖြင့် အစစ်ဆေးခံရခြင်းများ

ကို ရင်ဆိုင်ကြရမည်ပဲ ဖြစ်လေသည်။

သို့ရာတွင် ကံကောင်းပါက အစစ်ဆေးခံရမှုများကို ကျော်လွှား

နိုင်မည် ဖြစ်လေသည်။ ကံကောင်းခြင်းကိုသာ ပိုင်ဆိုင်ထားပါ

က အစစ်ဆေးခံရမှုတွင် ကျဆုံးခဲ့သည့်တိုင် နောင်ဘဝအတွက်

အခွင့်အရေးရှိမည် ဖြစ်လေသည်။

ကျင့်ကြံသူတစ်ယောက် သေဆုံးသွားပြီး လူပြန်ဝင်စားပြီး

သည့်နောက် ယခင်ဘဝက သူကျင့်ကြံခဲ့သည့် ကျင့်ကြံသူ

ဂိုဏ်းတွင်ပင် တပည့်အဖြစ် ပြန်လည်ဝင်ရောက်နိုင်လေသည်။

ထို့နောက် နတ်ဘုရားတစ်ပါးဖြစ်သည်အထိ ဆက်လက်

ကျင့်ကြံနိုင်မည် ဖြစ်သည်။

ကျီးယင်က သူမဘဝကို ပင်းကျယ်နည်းလမ်းဖြင့် အဆုံးသတ်

ပေးရန်အတွက် ရှင်ယောင်းကို အကူအညီတောင်းခဲ့ သည်။

နောင်ဘဝတွင်လည်း သူမအနေဖြင့် ရှမ်နီနန်းတော်တွင်ပင် ပြန်လည် ပညာသင်ကြားရန် အခွင့်အရေး ရကောင်းရမည် ဖြစ်လေသည်။ သို့သော်... နောင်ဘဝတွင် သူမက သာမန်လူတစ်ယောက်အဖြစ်သာ ဘဝကို လျှောက်လှမ်းမည်ဆိုလျှင်တော့ သူမ၏ ကျင့်ကြံခြင်းအထုံပါရမီက ပျောက်ဆုံးသွားမည် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ အရင်ဘဝက ကျင့်ကြံခဲ့သည့် ဂိုဏ်းတွင်ပင် ကျင့်ကြံရန်အခွင့်အရေးရပါက ကျင့်စဉ်များမှာ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သည့်အတွက် အောင်မြင်ရန် နီးစပ်လေသည်။

သေစေခြင်းကျောင်းတော်က ဖျက်စီးခံလိုက်ရပြီ ဖြစ်လေသည်။ သို့သော်... သေစေခြင်းကျောင်းတော် နှစ်ပေါင်းများစွာ စုဆောင်းခဲ့သည့် တာအိုကျမ်းစာများကို ရရှိရန်အတွက် ရှီချင်းဟွမ်က ပစ်မှတ်ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ရှီချင်းဟွမ်သည် အားလုံးက ဝိုင်းပြီးမျက်စိကျနေသည့် အနေအထားကို ရောက်ရှိနေပြီး ကျင့်ကြံခြင်းလောက၏ လိုချင်တပ်မက်သည့်စိတ်များကို နှိုးစွပေးနေသလို ဖြစ်နေရလေသည်။

သို့သော်... ချင်းယန်နန်းတော်ကတော့ ထိုက်စန့်စက္ကူတန်ခိုးကျမ်းစာကိုလေ့လာနိုင်ရန်အတွက် ထိုက်စန့်ဓားသိုင်းကို ရရှိရန် အပြင်းအထန် လိုအပ်နေလေသည်။ ထို့ကြောင့် ကုချန်စန်းအနေဖြင့် ရှီချင်းဟွမ်ကို အနိုင်ရရန် လိုအပ်လေသည်။

ကုချန်စန်းမှာ ဆရာဖြစ်သူပေးအပ်သည့် တာဝန်ကို ပခုံးပေါ်တွင် ထမ်းထားရလေသည်။

ထို့ကြောင့် သူက တစ်ချက်တုံ့ဆိုင်းခြင်းမရှိဘဲ ရှီချင်းဟွမ်ကို ရင်ဆိုင်လိုက်သည်။

သူသာ ရှီချင်းဟွမ်ကို အနိုင်ရခဲ့လျှင် ချင်းယန်ကျောင်းတော်မှ ဂုဏ်ပြုခြင်းကို ခံရမည်ဖြစ်သည်။ ထို့ပြင် အစစ်ဆေးခံရခြင်း

ကို ကျော်လွှားနိုင်ပြီး နတ်ဘုရားတစ်ပါးအဖြစ် တက်လှမ်းနိုင်ရန်လည်း အခွင့်အရေးရမည် ဖြစ်လေသည်။

ရှီချင်းဟွမ်၏ သတ်ဖြတ်လိုသည့်အငွေ့အသက်များက ကုချန်စန်းကို ဖိနှိပ်ထားလေသည်။

ကုချန်စန်းက ထိုင်နေရာမှ ထလိုက်ပြီး သူ၏ ခန္ဓာကိုယ်က မုန်တိုင်းထဲမှ မိန်းမပျိုလေး တစ်ယောက်အလား ယိမ်းယိုင်နေလေသည်။ သူက ရှီချင်းဟွမ်၏ သတ်ဖြတ်လိုသည့် အငွေ့အသက်များကြားတွင် အလိုက်သင့်စီးမျောနေ လေသည်။

ကုချန်စန်းမှာ လှိုင်းလေထန်သည့်မြစ်ထဲတွင် ကူးခတ်နေသည့် ငါးတစ်ကောင်အလား ဖြစ်လေသည်။ ငါးတစ်ကောင်ဖြစ်သည့်အတွက် ရေထဲတွင် ရှင်သန်နိုင်မည်ဖြစ်သော်လည်း လွယ်ကူမည်တော့ မဟုတ်ပေ။ သတိမထားလျှင် ရေစီးထဲတွင် မျောပါသွားမည် ဖြစ်လေသည်။

နောက်ဆုံးတွင်တော့ ကုချန်စန်းသည် ရှီချင်းဟွမ်၏ သတ်ဖြတ်လိုသည့် အငွေ့အသက်များကို တင်းခံထားနိုင်ခြင်း မရှိတော့ဘဲ သူ့လက်ထဲမှ ဓားကို ဆွဲထုတ်လိုက်လေသည်။

ဓားရောက်တစ်ချက်လက်ခနဲဖြစ်သွားပြီး ရှီချင်းဟွမ်၏ သတ်ဖြတ်လိုသည့်အငွေ့အသက်များမှာ ချက်ချင်းပင် ကစဉ့်ကလျားဖြစ်ကုန်ကြလေသည်။

ကုချန်စန်း၏ ဓားသိုင်းမှာ အလွန်အဆင့်မြင့်ပြီး ဓားကွက်များကလည်း လျှို့ဝှက်နက်ရှိုင်းလေသည်။

ကုချန်စန်းက သူ၏ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်လေရာ... တောင်တစ်တောင်၏ ပုံရိပ်ထွက်ပေါ်လာလေသည်။ တောင်ပေါ်တွင် စမ်းချောင်းလေးများ လှည့်ပတ်စီးဆင်းနေပြီး ရေတံခွန်များကလည်း အလွန်လှပစွာ ဖြာဆင်းနေလေသည်။ တောင်ပေါ်တစ်လျှောက်တွင် သာယာသည့် နတ်တေးဂီတများလည်း ပျံ့လွင့်လျှက် ရှိလေ၏။

ကောင်းကင်တိမ်တိုက်များထက်မှ အောက်သို့ ငုံ့ကြည့်နေသည့်

နန်စန်းကျိုက...

"လော်ဖူ..."

ဟုရေရွတ်လိုက်လေသည်။

ကုချန်စန်းအသုံးပြုလိုက်သည့် ဓားသိုင်းမှာ "လော်ဖူ" ကို

ဖန်ဆင်းပြလိုက်ခြင်း ဖြစ်လေသည်။

လော်ဖူဆိုသည်မှာ တောင်တစ်တောင်၏ အမည်ဖြစ်လေ

သည်။ ခွန်လွန်တောင်နှင့် လင်စန်းတောင်ပြီးလျှင် အလွန်

ထင်ရှားကျော်ကြားသည့် နတ်ဘုရားတောင်တစ်တောင် ဖြစ်

လေသည်။

သို့သော်... ထိုနေရာတွင် တာအိုကျင့်ကြံသူများ နေထိုင်ကြ

ခြင်း မရှိပေ။

နတ်ဘုရားများသာ အေးဆေးစွာ နေထိုင်ကြသည့် နေရာတစ်ခု

ဖြစ်သည်။ ထိုနေရာတွင် နေထိုင်သည့် နတ်ဘုရားများက ပြဒါး

ကိုသန့်စင်ရန်ဖိုထိုးသည့်အလုပ်၊ နတ်ဆေးပင်များ ရှာဖွေ

စုဆောင်းသည့်အလုပ်၊ တာအိုတရားနှင့် တန်ခိုးစွမ်းအား

ကျင့်စဉ်များအကြောင်းကို ဆွေးနွေးသည့်အလုပ်များကို

ပြုလုပ်ရင်း အေးချမ်းစွာ နေထိုင်ကြလေသည်။

နှစ်ပေါင်းများစွာကြာလာသည့်အခါ လော်ဖူတောင်ပေါ်တွင်

နေထိုင်သည့်နတ်ဘုရားများ၏ တန်ခိုးစွမ်းအားများကြောင့်

တောင်တစ်ခုလုံးတွင် မြူခိုးများ အုံ့ဆိုင်းလာလေသည်။

ထို့နောက် လော်ဖူတောင်သည် စကြာဝဠာအတွင်းသို့ လွင့်မျော

သွားသည့် ထူးဆန်းသည့် တောင်တစ်တောင် ဖြစ်လာလေ

တော့သည်။

ကျင့်ကြံသူတစ်ယောက်သာ လော်ဖူတောင်ကို ရောက်ရှိသွား

မည်ဆိုပါက မရေမတွက်နိုင်အောင်များပြားသည့် နတ်ဘုရား

ဆေးဝါးများ၊ များပြားလှစွာသည့် မှော်ဝင်စွမ်းအားများနှင့်

ထင်ရှားသည့် နတ်ဘုရားကျင့်စဉ်ပေါင်းများစွာကို တွေ့ရှိရမည်ဖြစ်သည်။

ယခုတော့ ကုချန်စန်းသည် ဓားသိုင်းတစ်ကွက်တည်းဖြင့် လော်ဖူတောင်ကို ဖန်ဆင်းပြခဲ့ပြီ ဖြစ်လေသည်။ ၎င်းသည်ကို ကြည့်ခြင်းအားဖြင့် သူ၏တာအိုတန်ခိုးစွမ်းအားများ မည်မျှ နက်ရှိုင်းသည်ကို သိရှိနိုင်လေသည်။

ကုချန်စန်း၏ ဓားသိုင်းမှာ မိုးကောင်းကင်နတ်ဘုရားတစ်ပါးကိုပင် ကောင်းကောင်း ရင်ဆိုင်နိုင်မည် ဖြစ်သည်။ သို့သော်... ရှီချင်းဟွမ်ဆိုသည်ကလည်း သွေးအေးအေးဖြင့် ရက်စက်တတ်လွန်းသူတစ်ယောက် ဖြစ်လေရာ ကုချန်စန်းအနေဖြင့် ရှီချင်းဟွမ်ကို အနိုင်ယူရန်မှာ ထင်သလောက် မလွယ်ကူလှပေ။

ဆန်းလျန်က ကုချန်စန်းနှင့် ရှီချင်းဟွမ်၏ တိုက်ပွဲကို စိတ်ဝင်တစားဖြင့် တိတ်တဆိတ်စောင့်ကြည့်နေလေသည်။

ရုတ်တရက်...

ဆန်းလျန်၏ နတ်ဘုရားစိတ်အာရုံတစ်ချက်လှုပ်ရှားသွားလေသည်။

"အာ..."

ဆန်းလျန်က တစ်ချက်ရေရွတ်လိုက်ကာ ကုချန်စန်းနှင့် ရှီချင်းဟွမ်တို့၏တိုက်ပွဲကို အာရုံမစိုက်တော့ဘဲ ရှမ်ဝူရေကန်သို့ ထွက်ခွာလာခဲ့လေတော့သည်။

ရှမ်ဝူရေကန်မှာ အလွန်ကြီးမားသည့် ရေကန်ကြီးတစ်ကန်ဖြစ်လေသည်။

ရေကန်ကြီးမှာ အလွန်ကြီးမားသည့်အတွက် ရေသတ္တဝါများ ၊ ငါးသတ္တဝါများ ပေါများလွန်းလေသည်။ ထို့ကြောင့် ရှမ်ဝူရေကန်တွင် ငါးဖမ်းသမားတံငါသည်များဖြင့် အစဉ်အမြဲ စည်ကားလျှက်ရှိလေသည်။

ယနေ့တွင်လည်း...

ခါတိုင်းနေ့များကဲ့သို့ပင် ရွှမ်ဝူရေကန်တွင် တံငါသည်များ ငါးဖမ်းလျှက်ရှိကြလေသည်။

သို့သော်... ထူးဆန်းသည့်အချက်မှာ တံငါသည်များအလယ်တွင် ချောမောလှပသည့် တံငါသည်မိန်းမပျိုတစ်ယောက်ရောက်ရှိနေခြင်းပင်ဖြစ်သည်။

သူမသည် အသက် (၂၃)နှစ် ၊ (၂၄)နှစ်ခန့်ရှိပြီး တံငါသည်မိန်းကလေးတစ်ယောက်ဟု မထင်ရလောက်အောင် အလွန်တရာ ချောမောလှပလေသည်။

သူမ၏လက်ထဲတွင် ငါးခြင်းတောင်းတစ်လုံးကို ကိုင်ဆောင်ထားပြီး ငါးခြင်းတောင်းထဲတွင် ရွှေငါးကြီးတစ်ကောင် ရှိနေလေသည်။

တံငါသည်မိန်းကလေးမှာ အလွန်တရာချောမောလှပသည့်အတွက် အခြားသောတံငါသည်များက

မျက်နှာလိုမျက်နှာရဖြင့် သူမ၏ ခြင်းတောင်းထဲမှ ရွှေငါးကို ဝိုင်းပြီး ဝယ်ယူနေကြလေသည်။

သို့သော်... တံငါသည်မိန်းမပျိုက...

"ဒီငါးက ရောင်းဖို့ မဟုတ်ပါဘူး ၊ ပြီးတော့... ဒီငါးက စားလို့လည်းမရဘူး ၊ အဖိုးတန်ရတနာငါးတစ်ကောင်ပဲ..."

မိန်းမပျိုက ရွှေငါးကြီးကို မရောင်းသည့်အတွက် တံငါသည်များကလည်း ဆက်လက်ဝယ်ယူခြင်း မပြုလုပ်ကြတော့ပေ။

သို့သော်... မိန်းကလေးမှာ လှပလွန်းလေရာ ရွှေငါးကြီးကို မဝယ်ယူကြသည့်တိုင် မိန်းကလေးအနားမှ မခွာနိုင်ဘဲ ရှိနေကြလေသည်။

ထိုအချိန်မှာပင် တံငါသည်တစ်ယောက်က မေးလိုက်လေသည်။

"မိန်းကလေး... မင်းမှာ အိမ်ထောင်ရှိသလား..."

တံငါသည်မိန်းကလေးက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး

ချစ်စရာကောင်းလှစွာ တစ်ချက်ပြုံးလိုက်ရင်း...

"ကျွန်မ လက်မထပ်ရသေးပါဘူး..."

မိန်းကလေး၏အဖြေက တံငါသည် ယောကျ်ားပျိုများကို

မျှော်လင့်ချက်ပေးသလို ဖြစ်သွားလေသည်။

နောက်ထပ် ယောကျ်ားပျိုတစ်ယောက်က...

"ဒါဖြင့် ကျုပ်ကို လက်ထပ်ပါလားဗျ..."

ထိုသူ၏စကားကြောင့် အခြားသူများက ဝိုင်းဝန်း ရယ်မောလိုက်ကြလေသည်။

ထိုသူမှာ မိန်းကလေးတစ်ယောက်ကို မပြောသင့်သည့်စကား

ပြောလိုက်ခြင်း ဖြစ်သော်လည်း အမှန်တကယ်ပင် မိန်းမပျိုကို

လက်ထပ်လိုခြင်း ဖြစ်လေသည်။ သူက အခြားသူများထက်ပို

ပြီး ရဲရင့်စွာဖြင့် မိန်းမပျိုကို လက်ထပ်ခွင့် တောင်းလိုက်ခြင်း

ဖြစ်လေသည်။

ထို့နောက်တွင်တော့...

တံငါသည်များက တစ်ယောက်ပြီးတစ်ယောက် မိန်းကလေးကို ချစ်ခွင့်ပန်ကာ လက်ထပ်ခွင့်တောင်းကြလေတော့သည်။

သူတို့ စုဆောင်းထားကြသည့် အဖိုးတန်ပစ္စည်းလေးများကိုပင် မိန်းကလေးကို ချစ်သက်လက်ဆောင်အဖြစ် ပေးအပ်ကြလေသည်။

မိန်းကလေးကလည်း ပေးသည့်လက်ဆောင်များကို မငြင်းပယ်ဘဲ လက်ခံယူကာ ငါးခြင်းတောင်းထဲသို့ ထည့်လိုက်လေသည်။

သို့သော်... များပြားလှစွာသည့် လက်ဆောင်ပစ္စည်းများကို ထည့်လိုက်သည့်တိုင် ငါးခြင်းတောင်းမှာ ပြည့်လျှံသွားခြင်းမျိုး မရှိပေ။ ထို့ပြင် ငါးခြင်းတောင်းထဲမှ ရွှေရောင်ငါးကြီး၏ အကြေးခွံများဆီမှ ရွှေရောင်များ တလက်လက်တောက်ပလာလေသည်။

သို့ရာတွင်... မိန်းမပျို၏ အလှတရားတွင် နစ်မျောနေသည့် တံငါသည်များမှာတော့ ထိုသို့သော ထူးဆန်းသည့် အဖြစ်အပျက်များဖြစ်ပျက်နေခြင်းကို သတိထားမိခြင်း မရှိခဲ့ကြပေ။

အခန်း (၇၉၃) ဟွမ်ထင်ကျမ်းစာရွတ်ပြရာဝယ်

ဆန်းလျန်က ထိုအဖြစ်အပျက်များကိုကြည့်နေရင်း ခပ်ပါးပါး လေးတစ်ချက် ပြုံးလိုက်လေသည်။

ထို့နောက် ဆန်းလျန်က သူ့ကိုယ်သူ သစ်ခုတ်သမားတစ်ယောက်အဖြစ် ဖန်ဆင်းလိုက်ပြီး ထင်းစည်းတစ်စည်းကို ထမ်းကာလမ်းအတိုင်းလျှောက်လာခဲ့သည်။

လမ်းလျှောက်လာရင်း ဆန်းလျန်က သီချင်းတစ်ပုဒ်ကို သီဆိုလိုက်လေသည်။ ထိုအခါ... ဆန်းလျန်၏ သီချင်းသံသည် ဆူညံနေသည့်လူအုပ်ကြီး၏အသံကို ဖုံးလွှမ်းသွားလေသည်။

"နတ်ဘုရားများရဲ့ စစ်တုရင်ကစားပွဲကိုကြည့်ရင်း အေးချမ်းစွာထင်းခွေ... တိမ်ကိုစီးကာ ခရီးနှင်ရင်း ... ရတဲ့ပိုက်ဆံနဲ့အရက်သောက်ရင်း ပျော်ရွှင်စွာရယ်မောလို့... တာအိုလမ်းစဉ်က မြင့်မားလွန်းတယ်... နံနက်အရုဏ်တက်တဲ့အခါ လရောင်ကအနောက်ဆီမှာ ပျောက်ကွယ်... လောကမှာ အရာအားလုံးကခြားနားမှုမရှိဘဲ တူညီနေ... နတ်ဘုရားများကတော့ 'ဟွမ်ထင်'ကျမ်းစာအကြောင်းဆွေးနွေးနေ..."

ထိုသီချင်း၏အမည်မှာ "ထင်ဖန်" ဟူ၍ ဖြစ်လာသည်။

ဆန်းလျန်၏ သီချင်းသံကို ကြားလိုက်ရသည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းတိတ်ဆိတ်သွားသလို ခံစားလိုက်ကြရလေသည်။

သူက ရုတ်တရက်ပင် ထင်းစည်းကို တံငါသည်များနံဘေးတွင် ပစ်ချလိုက်သည်။

ထို့ကြောင့် မိန်းမပျိုကိုအာရုံစိုက်နေကြသည့် တံငါသည်များမှာ ဆန်းလျန်ကို အာရုံစိုက်လာကြလေသည်။

တံငါသည်မိန်းမပျိုက မိုးနတ်သူဇာအလား လှပလွန်းသည်ဆိုလျှင် ဆန်းလျန်ကတော့ ခွန်စန်းတောင်မှ ကျောက်စိမ်းရတနာအလား ခန့်ညားလွန်းလှလေသည်။

သို့သော်... တံငါသည်မိန်းကလေးက ဆန်းလျန်ကို လှမ်းကြည့်ခြင်းမရှိသလို ဆန်းလျန်ကလည်း တံငါသည်မိန်းကလေးကို တစ်ချက်ပင် လှမ်းမကြည့်ပေ။

တံငါသည်တစ်ယောက်က...

"သစ်ခုတ်သမား... ထင်းစည်းကို ဘာလို့ ဒီနေရာမှာ လာပစ်ချရတာလဲ..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ဒီနေရာက အများပိုင်နေရာပဲ၊ ထင်းစည်းပစ်မချရဘူးလို့ ဘယ်သူက အမိန့်ထုတ်ထားလို့လဲ..."

နောက်ထပ်တစ်ယောက်က လေသံခပ်မာမာဖြင့်...

"အဲဒီ ထင်းစည်းဘယ်လောက်လဲ၊ ကျုပ်ဝယ်မယ်..."

ဆန်းလျန်က တံငါသည်မိန်းကလေး၏ ငါးခြင်းတောင်း အတွင်းမှ ရွှေငါးကြီးကို တစ်ချက်လှမ်းကြည့်လိုက်ရင်း...

"ကျုပ်ရဲ့ထင်းစည်းက ရောင်းဖို့ မဟုတ်ဘူး၊ မင်းတို့သာ ဒီ ထင်းစည်းကို 'မ' နိုင်မယ်ဆိုရင် ယူသွားလို့ရတယ်၊ ပိုက်ဆံပေးစရာ မလိုဘူး..."

ပြောပြီးသည်နှင့် ဆန်းလျန်က လက်နှစ်ဖက်ကိုနောက်ပစ်ကာ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

သူ၏မျက်ဝန်းများက နူးညံ့သိမ်မွေ့သည့်တိုင် လူအားလုံးကို အသိတရားရအောင် လှုပ်နှိုးလိုက်သကဲ့သို့ ရှိလေသည်။ တံငါသည်များမှာ ကာယလုပ်သားများဖြစ်ကြလေရာ အများစု မှာသန်စွမ်းကြံ့ခိုင်သူများ ဖြစ်ကြလေသည်။ ထို့ကြောင့် ဆန်း လျှန်ယူဆောင်လာသည့် ထင်းစည်းကို မ 'မ' နိုင်ဘူးဆိုသည်မှာ မည်သို့ ဖြစ်နိုင်ပါမည်နည်း။

ပခုံးကျယ်ကျယ် ၊ ရင်အုပ်ကားကားနှင့်တံငါသည်လူငယ်တစ် ယောက်က ရှေ့သို့ထွက်လာပြီး အသံကျယ်ကျယ်ဖြင့် ဆန်းလျှ န်ကို မေးလိုက်သည်။

"မင်း တကယ်ပြောတာလား..."

ဆန်းလျှန်ကဲ့သို့ ပိန်ပိန်ပါးပါးနှင့် တင့်တယ်ချောမောသော လူငယ်လေးပင်လျှင် ထင်းစည်းကို သယ်လာနိုင်သေးလျှင် သူ ကရော အဘယ့်ကြောင့် ထင်းစည်းကို မသယ်နိုင်ရှိရပါမည် နည်း။

ထိုသူက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့် ဖြစ်လေသည်။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"တကယ်ပေါ့၊ ကျုပ်က ဘာဖြစ်လို့ ညာပြောရမှာလဲ...."

"ကောင်းပြီ..."

စကားဆုံးသွားသည်နှင့် ထိုသူက ထင်းစည်းကို ကောက် 'မ' လိုက်သည်။

သို့သော်... ထင်းစည်းကို 'မ' မရသည့်အပြင် ထိုသူမှာ မြေပြင် ထက်သို့ ဖင်ထိုင်ရက် လဲကျသွားလေသည်။ ထင်းစည်းလေး တစ်စည်းက ထိုမျှလေးလံနေလိမ့်မည်ဟု ထင်မထားခဲ့မိပေ။

ထိုသူက မကျေမနပ်ဖြင့် ထပ်ပြီး 'မ' ကြည့်ပြန်သည်။

သို့သော်... ထင်းစည်းက နေရာမှ တစ်ချက်ပင် မရွေ့ပေ။

နောက်ဆုံး ထိုသူ၏လက်တွင် သွေးများပင်ထွက်လာလေ သည်။

ထိုသူက ရှက်ကိုးရှက်ကန်းဖြင့်...

"မင်းရဲ့ ထင်းစည်းက ဘယ်လိုဖြစ်လို့ ဒီလောက်လေးနေရတာ

လဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"လေးရင်လည်း တောင်တစ်တောင်လောက်လေးလိမ့်မယ် ၊

ပေါ့ရင်လည်း ငှက်မွှေးလေးလိုပဲ ပေါ့ပါးလိမ့်မယ်..."

ထိုသူက....

"မင်းပြောချင်တာ ဘာအဓိပ္ပါယ်လဲ..."

ဆန်းလျန်က...

"နတ်ဘုရားတစ်ပါးက 'မ' ရင် ဒီထင်းစည်းက ငှက်မွှေးလေးလို

ပဲ ပေါ့ပါးနေလိမ့်မယ် ၊ သာမန်လူတစ်ယောက်က 'မ' မယ်ဆို

ရင်တော့ ဒီထင်းစည်းက တောင်တစ်တောင်လိုပဲ လေးလံနေ

လိမ့်မယ်... ၊ ကျုပ်ပြောတာ ရှင်းပြီလား..."

ထိုသူက ဆန်းလျန်၏စကားကို လက်မခံဘဲ အခြေအတင်

ငြင်းခုန်ရန် ဟန်ပြင်လိုက်သည်။

သို့သော်... သူ့ကိုစိုက်ကြည့်နေသည့် ဆန်းလျန်၏ နွေးထွေးလှသောမျက်ဝန်းများကို တွေ့မြင်လိုက်ရသည့်အခါ အနည်းငယ်ကြောက်ရွံ့သွားမိလေသည်။ ထို့ကြောင့် ဆန်းလျန်နှင့် ငြင်းခုန်ခြင်းမပြုတော့ရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက်တွင်တော့ အခြားသူများကလည်း ထင်းစည်းကို 'မ' ကြည့်ကြလေသည်။ သို့သော်... မည်သူမှ ထင်းစည်းကို 'မ' နိုင်ခြင်း မရှိကြပေ။

ထိုအခါမှ ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"ကြည့်ရတာ မင်းတို့အားလုံးက သာမန်လူတွေပဲထင်တယ် ၊ ဘယ်လိုလုပ် လောကရဲ့ အလှနတ်သမီးလေးနဲ့ ထိုက်တန်မှာတဲ့လဲ..."

ဆန်းလျန်က စကားတစ်ခွန်းတည်းဖြင့် တံငါသည်အုပ်စုကို သရော်လိုက်လေသည်။

တံငါသည်များမှာ ဆန်းလျန်၏ စကားကြောင့် ဒေါသထွက်သွားကြသော်လည်း ဆန်းလျန်မှာ လူထူးလူဆန်းတစ်ယောက်ဖြစ်သည်ကို ရိပ်မိသည့်အတွက် ဒေါသကို မြိုချလိုက်ကြလေသည်။ သူတို့က ဆန်းလျန်ကို ကြောက်ရွံ့နေကြသည့်အတွက် မည်သူမှ စကားပြန်ပြောဆိုရဲခြင်း မရှိကြပေ။

ထိုအချိန်မှာပင်... တံငါသည်မိန်းမပျိုက...

"လောကမှ လူသားအားလုံးက အတူတူပါပဲ ၊ ဘာလို့ နတ်ဘုရား သာမန်လူဆိုတာတွေကို ခွဲခြားနေမှာလဲ ၊ ဒီကအစ်ကို ပြောတဲ့စကားက တရားမျှတမှု မရှိဘူး..."

သူမ၏အသံလေးက နူးညံ့သိမ်မွေ့ပြီး ဂီတသံထက်ပင် သာယာလွန်းလှလေသည်။

ထို့ပြင် သူမပြောသည့်စကားမှာလည်း ကျိုးကြောင်းစီလျော်သည့်အတွက် တံငါသည်များက ခေါင်းညိတ်ထောက်ခံ လိုက်ကြသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"သူတို့လိုသာမန်လူတွေက မင်းကို ဝိုင်းပြီး လက်ထပ်ခွင့် တောင်းနေကြတာ မင်း စိတ်မညစ်ဘူးလား..."

ဆန်းလျန်၏ အမေးစကားကြောင့် တံငါသည်မိန်းမပျို၏ မျက်ဝန်းများထဲတွင် မကျေနပ်သည့်အရိပ်အယောင်များ ဖြတ်ပြေးသွားလေသည်။

"မညစ်ပါဘူး... ပြီးတော့ ကျွန်မကို လက်ထပ်ခွင့်တောင်းတဲ့သူတွေများလွန်းလို့ ကျွန်မက ဘယ်သူ့ကိုရွေးရမှန်းမသိ ဖြစ်နေတာ..."

မိန်းမပျို၏ စကားသံကိုကြားသည်နှင့် အရှက်မရှိလှသော ယောကျ်ားပျိုများက တစ်ယောက်တစ်ပေါက် ထပြီး အော်ဟစ်ကြလေသည်။

"ကျုပ်ကိုရွေးပါ..."

"ငါ့ကို ရွေး..."

"ကျွန်တော့ကို ရွေးပါ... ကျွန်တော့်ကို..."

ယောကျ်ားလေးများ ဝိုင်းဝန်းအော်ဟစ်ကြသည့်အတွက်

တံငါသည်မိန်းကလေးက ရှက်သွေးဖြာသွားခြင်းမျိုး မရှိပေ။

သူမက...

"ကျွန်မ ရှင်တို့နားထောင်ဖို့ ကျမ်းစာတစ်ပုဒ်ရွတ်ပြမယ် ၊

ကျွန်မ ရွတ်ပြတာကို တစ်ခါတည်းနဲ့ အလွတ်မှတ်မိသွားတဲ့ သူ

ရှိရင် အဲဒီသူကို ကျွန်မ လက်ထပ်မယ်..."

လူတစ်ယောက်က ဆန်းလျှန်ကို မေးငေါ့ပြလိုက်ရင်း...

"ဟို သစ်ခုတ်သမား မှတ်မိနေရင် ဘယ်လိုလုပ်မလဲ ၊ ပြီးတော့

လူအများကြီးက ကျမ်းစာကို မှတ်မိနေရင်ရော ဘယ်လိုလုပ်မ

လဲ..."

တံငါသည်မိန်းမပျိုက...

"အဲဒီလိုဆိုရင် ကျမ်းစာကို ပထမဆုံး အလွတ်ရွတ်ပြနိုင်တဲ့သူ

ကို ကျွန်မ လက်ထပ်မယ်...."

ထို့နောက်တွင်တော့ တံငါသည်မိန်းမပျိုက ကျမ်းစာကို စတင် ရွတ်ဆိုလေသည်။

သူမရွတ်ဖတ်သည့်ကျမ်းစာမှာ တာအိုကျမ်းစာလည်းမဟုတ် သလို ဗုဒ္ဓဘာသာ ကျမ်းစာလည်း မဟုတ်ပေ။

ထိုကျမ်းစာမှာ လောကကြီးတစ်ခုလုံးကို ဖန်ဆင်းခဲ့သည့် ဖန်ဆင်းရှင်ဟုဆိုကြသည့် အားလော်ဟယ်အကြောင်း ကျမ်းစာဖြစ်လေသည်။

ဖန်ဆင်းရှင်အကြောင်း ရေးသားထားသည့် ကျမ်းစာမှာ တာအို ကျမ်းစာ ၊ ဗုဒ္ဓဘာသာကျမ်းစာများနှင့် မတူကွဲပြား သော်လည်း သာမန်လူတို့ဖြင့် ပိုပြီး နီးစပ်မှု ရှိလေသည်။

မိန်းမပျို ရွတ်ပြသည့် ကျမ်းစာက အလွန်ရှည်လေ၏။

မိန်မပျိုက ကျမ်းစာကို (၃)ကြိမ်တိတိ ရွတ်ပြပြီးသည့်အခါတွင် တော့ ညနေစောင်းပြီ ဖြစ်လေသည်။ အနောက်ဆီမှာပင် နေဝင်

တော့မည်။ သို့သော်… မည်သူမှ ကျမ်းစာကို မှတ်မိကြခြင်း မရှိပေ။

တံငါသည်မိန်းမပျိုက…

"စိတ်မပူကြပါနဲ့၊ မနက်ဖန်ကျရင်လည်း ကျွန်မ နောက်ထပ် (၃)ကြိမ် ရွတ်ပြပါဦးမယ်…"

နေညိုချိန်ရောက်ပြီ ဖြစ်သဖြင့် တံငါသည်များ အိမ်သို့ အသီးသီးပြန်သွားကြလေသည်။

သူတို့က မိန်းမပျိုကို လက်ထပ်ယူလိုသည့်အတွက် မိန်းမပျို ရွတ်ပြသည့် ကျမ်းစာကို မှတ်မိသလောက် ရွတ်ဖတ်ရင်း အိမ်သို့ ပြန်သွားကြလေသည်။

ဆန်းလျန်ရှိသေးသည်ဆိုသည်ကိုပင် မေ့လျော့သွားကြပြီ ဖြစ်သည်။ ဆန်းလျန်ကတော့ တံငါသည်များထွက်ခွာသွားသည်ကို တိတ်ဆိတ်စွာဖြင့် ကြည့်နေခဲ့လေသည်။

တံငါသည်များ ထွက်ခွာသွားကြသည့်နောက် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားလေသည်။ လေအဝှေ့တွင် ကန်ရေပြင်တွင် လှိုင်းနုလေးများ ထလသော်လည်း လေငြိမ်သွားသည့်အချိန်တွင် ကန်ရေပြင် ငြိမ်သက်သွားသည့် အလားပင်ဖြစ်လေ၏။

တံငါသည်များအားလုံးထွက်ခွာသွားကြတော့မှ ဆန်းလျန်က မိန်းကလေးကို ပြောလိုက်သည်။

"မင်းရွှတ်ပြတဲ့ကျမ်းစာကို ကျုပ်က မမှတ်မိဘူးလို့ မပြောရသေးဘူးနော်..."

တံငါသည်မိန်းမပျိုက ပြုံးလိုက်ရင်း...

"ဒါဖြင့် ကျွန်မကို အလွတ်ရွှတ်ပြပါ၊ ကျွန်မရှင့်ကို အခုချက်ချင်း လက်ထပ်ပါ့မယ်၊ ဒါပေမဲ့ ရှင်က ကျွန်မကို လက်ထပ်ရဲမှာ မဟုတ်ပါဘူး..."

ဆန်းလျန်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ကျုပ်က မိန်းကလေးအစစ်မဟုတ်တဲ့သူတွေကို စိတ်မဝင်စား

ဘူး..."

တံငါသည်မိန်းမပျိုက...

"ကျွန်မက ဘာလို့ မိန်းကလေးအစစ်မဟုတ်ရမှာလဲ..."

ဆန်းလျန်က....

"မင်းက မိန်းကလေးလည်းမဟုတ်၊ ယောကျ်ားလေးလည်း

မဟုတ်ပဲလေ..."

တံငါသည်မိန်းမပျိုက ပြုံးလိုက်ရင်း...

"ရှင်က နတ်ဘုရားတစ်ပါးမဟုတ်လား၊ ဒါဆိုရင် ရှင်လည်း

မိန်းကလေးမဟုတ်၊ ယောကျ်ားလေးမဟုတ်ပဲပေါ့..."

ဆန်းလျန်က သူမကို နက်ရှိုင်းသည့်အကြည့်တစ်ချက်ဖြင့်

ကြည့်လိုက်ရင်း...

"လောကမှာ ဘာမှမဟုတ်ရင် ဘာအများမှ မရှိတော့ဘူးပေါ့၊

မင်းက တခြားသူတွေနဲ့ မတူပေမယ့် အာရုံခံစားမှုတော့ ရှိတယ်

မဟုတ်လား၊ မင်းက ကျုပ်ကို ယောကျ်ားမဟုတ် မိန်းမမဟုတ် လို့ ဘယ်လိုလုပ်ပြောနိုင်ရတာလဲ..."

ဆန်းလျန်၏ စကားကြောင့် မိန်းကလေး တစ်ချက် လှုပ်ရှားသွားပြီး...

"ရှင် ဘယ်သူလဲ..."

ဆန်းလျန်က...

"ကျုပ်ဘယ်သူလဲ ဟုတ်လား၊ မင်းမေးတိုင်း ကျုပ်က ဘာလို့ ဖြေရမှာလဲ၊ ပြီးတော့ မင်းရွတ်ပြတဲ့ ကျမ်းစာတွေကို ကျုပ် အလွတ်ရွတ်ပြမယ်၊ ဒါပေမဲ့ မင်းက ကျုပ်ကို လက်ထပ်စရာမ လိုပါဘူး၊ ဒါပေမဲ့ အပြန်အလှန်အနေနဲ့ ကျုပ်ရွတ်ပြမယ့် ကျမ်းစာတစ်ပုဒ်ကိုလည်း မင်းနားထောင်ပေးရမယ်..."

တံငါသည်မိန်းမပျိုက...

"ရှင်က ဘာကျမ်းစာကို ရွတ်ပြမှာလဲ..."

ဆန်းလျန်က တည်ငြိမ်သည့်လေသံဖြင့်...

"ဟွမ်ထင်ကျမ်းစာ..."

တံငါသည်မိန်းမပျိုက...

"ကျွန်မက နတ်ဘုရားတစ်ပါးမဟုတ်သလို တာအိုကျင့်ကြံသူလည်း မဟုတ်ဘူး..."

ဆန်းလျန်က...

"ဒီလိုစကားမျိုးပြောတဲ့သူက မင်းတစ်ယောက်တည်း မဟုတ်ပါဘူး..."

ပြောပြီးသည်နှင့် ဆန်းလျန်က မိန်းကလေးရွတ်ပြခဲ့သည့် ကျမ်းစာများကို တစ်လုံးမကျန် အကုန်အလွတ်ရွတ်ပြ လိုက်လေသည်။

ကျမ်းစာများကို ရွတ်ပြီးသွားသည့်အခါ ဆန်းလျန်က ဟွမ်ထင်ကျမ်းစာကို ဆက်ပြီး ရွတ်ပြလေသည်။

ဟွမ်ထင်ကျမ်းစာဆိုသည်က အခြေခံကျသည့် တာအိုကျမ်းစာ တစ်ခု ဖြစ်လေသည်။ ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအားမြင့်မား

သူတစ်ယောက်က ဟွမ်ထင်ကျမ်းစာကို ရွတ်ဖတ်လိုက်သည့် အခါတွင်တော့ ထိုကျမ်းစာသည် စစ်မှန်သည့် မဟာတာအို လမ်းစဉ်အထိ အဓိပ္ပါယ်သက်ရောက်သွားလေသည်။ ကျင့်ကြံခြင်းအဆင့် နက်ရှိုင်းလေ ၊ ကျမ်းစာကိုရွတ်ဖတ်ရ ခြင်း၏ အကျိုးသက်ရောက်မှုက ပိုမိုများပြားလေ ဖြစ်လေ သည်။

ဟွမ်ထင်ကျမ်းစာကို ကြားလိုက်ရသည်နှင့် တံငါသည်မိန်းမ ပျို၏ နှလုံးသားထဲတွင် မရေမတွက်နိုင်အောင် များပြားသည့် အလင်းတန်းများ လင်းလက်သွားသလို ခံစားလိုက်ရသည်။ ထို အလင်းတန်းများမှာ ပြောမပြနိုင်လောက်အောင် လျှို့ဝှက် နက်နဲလွန်းသည့် တာအိုအလင်းတရားများပင ်ဖြစ်သည်။

ထိုအချိန်မှာပင်... သူမ၏ စိတ်ထဲတွင် သတိပေးခေါင်းလောင်း သံတစ်ချက် ထွက်ပေါ်လာလေသည်။ သူမက နေရာမှ ချက်ချင်း ထွက်ခွာသွားရန် ပြင်ဆင်လိုက်သည်။

သို့သော်... သူမ ထွက်ပြေးရန် ကြိုးစားလိုက်သည်နှင့် ဆန်းလျှ
န်ယူဆောင်လာသည့် ထင်းစည်းက သူမရှေ့တွင် တောင်ကြီး
တစ်လုံးအလား ကာဆီးနေလေသည်။ ထို့ကြောင့် သူမ ရှေ့သို့
ဆက်မသွားနိုင်ဖြစ်နေရသည်။

တံငါသည်မိန်းကလေးက သူမ၏ ငါးခြင်းတောင်းထဲမှ
ရွှေရောင်ငါးကြီးကို တစ်ချက်ကြည့်လိုက်ပြီး...

"ငါးနတ်မင်းကြီး... ကျွန်မကို ဒီနေရာက ခေါ်ထုတ်သွားပေး
ပါ...."

ငါးခြင်းတောင်းထဲမှ ရွှေငါးကြီးမှာ မိန်းကလေး၏ စကားသံကို
ကြားသည်နှင့် ခြင်းတောင်းအပြင်ဘက်သို့ ခုန်ထွက်လိုက်ပြီး
မိန်းကလေးကို သူ၏ကျောပေါ်တွင် တင်ဆောင်ကာ ရွှမ်ဝူ
ရေကန်ထဲသို့ ခုန်ဝင်လိုက်လေသည်။

မိန်းကလေးကလည်း ငါးခြင်းတောင်းကို ကိုင်ဆောင်ကာ ရွှေ
ငါးကြီး၏ ကျောပေါ်တွင် လိုက်ပါသွားလေတော့သည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကျုပ် ဟွမ်ထင်ကျမ်းစာ ရှတ်ပြနေတာ မပြီးသေးဘူးလေ ၊ မိန်းကလေးက ဘာလို့ အလျှင်လိုနေရတာလဲ..."

တံငါသည်မိန်းကလေးက....

"ကျွန်မ ဘယ်သူလဲဆိုတာ ရှင်သိရဲ့လား ၊ ရှင်သာ ကျွန်မအနား မှာ ရှိနေရင် ကျွန်မ စိတ်သက်သာရာ မရနိုင်ဘူး..."

ဆန်းလျန်က...

"ဒီလောကကြီးမှာ စိတ်သက်သာရာ ရနိုင်တဲ့နေရာ ဘယ်မှာများ ရှိလို့လဲ ၊ မရဘူး... ကျုပ် ကျမ်းစာရွတ်တာ မပြီးမချင်း မင်းကို သွားခွင့်မပြုနိုင်ဘူး..."

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေ ရာ ထင်းစည်းသည် ငှက်မွေးလေးကဲ့သို့ လေထဲသို့ ပျံတက် သွားပြီး တံငါသည်မိန်းကလေး၏ သွားရာလမ်းကို တားဆီး ထားလိုက်လေတော့သည်။

အခန်း (၇၉၄) ကွမ်ရင်မယ်တော်

ထင်းစည်းက သူမရှေ့တွင် ကာဆီးထားသည့်အခါ တံငါသည်

မိန်းကလေးသည် ဆက်ပြီး မသွားရဲတော့ပေ။

သူမ၏ ခြေထောက်အောက်မှ ရွှေရောင်ငါးကြီးမှာလည်း ဆက်

မသွားဘဲ ငြိမ်သက်နေလေသည်။

ဆန်းလျန်ကလည်း ဟွမ်ထင်ကျမ်းစာကို အဆက်မပြတ်

ဆက်လက်ရွတ်ဖတ်နေလေသည်။

ဟွမ်ထင်ကျမ်းစာသည် လူသားတို့အား ကျင့်စဉ်လမ်းကို

လျှောက်လှမ်းနိုင်ရန်အတွက် ကူညီပေးနိုင်သည့် လျှို့ဝှက်ချက်

များ ပါဝင်လေသည်။ သို့သော်... တံငါသည်မိန်းကလေး

အတွက်တော့ ညှင်းပန်းနှိပ်စက်သည့်အလား ခံစားရလေ

သည်။

ဟွမ်ထင်ကျမ်းစာကို ကြားနေရသည့်အခါ သူမ၏ မျက်နှာမှာ

ခရမ်းရောင်နှင့် အနီရောင်တစ်လှည့်စီပြောင်းသွား လေသည်။

သို့သော်... သူမ စီးနင်းထားသည့် ရွှေငါးကြီးကတော့ ဘာမှ

ခံစားရသည့်ဟန် မရှိပေ။

နောက်ဆုံးတော့ မိန်းကလေးမှာ သည်းမခံနိုင်တော့ဘဲ ငါး

ခြင်းတောင်းဖြင့် ဆန်းလျန်ကို ပစ်ပေါက်လိုက်လေသည်။

ငါးခြင်းတောင်းသည် လေထဲသို့ လွင့်မျောသွားပြီး သူမရှေ့မှ

အရာအားလုံးကို စုပ်ယူပစ်လိုက်လေသည်။ သူမကို တားဆီး

ထားသည့် ထင်းစည်းကိုပါ စုပ်ယူပစ်လိုက်လေသည်။

ထို့နောက်... သူမသည် မဟန်နိုင်တော့ဘဲ သွေးများ အန်ချ

လိုက်လေသည်။ သူမ၏ သွေးများနှင့် ထိတွေ့သည့်မြေပြင်မှာ

အနီရောင်ကျောက်တစ်ခုအလား ပြောင်လက်ကြည်လင်သွား လေသည်။

ထို့နောက် သူမသည် ထိုနေရာတွင် ဆက်မနေရဲတော့ဘဲ ထွက်ပြေးသွားလေတော့သည်။

ဆန်းလျန်က သူမကို တားဆီးခြင်းမပြုတော့ဘဲ ဟွမ်ထင် ကျမ်းစာကိုသာ ဆက်ပြီး ရွတ်ဖတ်နေလေသည်။

တံငါသည်မိန်းကလေးသည် အလျှင်မြန်ဆုံးခြေလှမ်းများဖြင့် ထွက်ပြေးလာခဲ့လေသည်။ သို့သော်... ဆန်းလျန်၏ ဟွမ်ထင် ကျမ်းစာရွတ်ဖတ်သံက သူမနောက်သို့ ထပ်ကြပ်မကွာ လိုက်ပါ လာလေသည်။ ကျမ်းစာရွတ်သံကို ကြားရလေလေ သူမစိတ် များ ပျံ့လွင့်လာလေလေ ဖြစ်လေ၏။

နောက်ဆုံးတွင်တော့ သူမ အသိစိတ်လုံးလုံးကင်းလွတ်ကာ မြေပြင်ထက်တွင် လဲကျသတိလစ်သွားလေတော့သည်။

သူမထွက်ပြေးခဲ့သည်မှာ အတော်ပင် ခရီးရောက်နေပြီ ဖြစ်လေသည်။ သူမလဲကျသွားသည့်နေရာသည် ချင်ပြည်နယ်မြို့တော်နှင့်အလွန်နီးနေပြီ ဖြစ်သည့် ပိုင်ကျားမြို့လေးတွင်ဖြစ်လေသည်။

"ဆရာတော်... ဆိုင်ရှေ့မှာ လူတစ်ယောက်လဲကျသွားတယ်ထင်တယ်..."

ထိုစကားကိုပြောလိုက်သူမှာ 'သောက်ပြီးရင်ပြန်မလာနဲ့တော့' စားသောက်ဆိုင်ထဲမှ ပိုင်ရှောက်ယွီ ဖြစ်လေသည်။

ပိုင်ရှောင်ယွီက ဆိုင်အပြင်သို့ထွက်လိုက်ရင်း...

"ဒီနေ့ နေလည်းသိပ်မပြင်းပါဘူး ၊ ဘယ်သူက လာပြီး မူးလဲနေရတာလဲ..."

ပိုင်ရှောက်ယွီက လဲကျနေသူအနားသို့ တိုးကပ်ပြီး ကြည့်လိုက်သည့်အခါ လဲကျနေသူမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်ကို သိလိုက်ရလေသည်။

မိန်းကလေးမှာ ပြောစမရှိအောင် အလွန်တရာချောမောလှပသူ တစ်ယောက်ဖြစ်လေသည်။ မျက်လုံးလေးများ မှေးမှိတ်ကာ သတိလစ်လဲကျနေဟန်မှာပင် အလွန်မှ သနားစရာပုံလေးဖြစ်နေလေသည်။

ကျွယ်ရှင်းကလည်း ဆိုင်ထဲမှ ထွက်လာပြီး...

"ဘာလုပ်မှာလဲ ၊ သူ့ကို အရေးစိုက်မနေနဲ့..."

ပိုင်ရှောက်ယွီက...

"ဆရာတော်က တော်တော်အကြင်နာတရားမရှိတာပဲ ၊ ဒီမိန်းကလေးကို ကြည့်ပါဦး ဘယ်လောက် သနားစရာကောင်းလဲ ၊ ကျုပ်တို့သာ သူ့ကို မကယ်ရင် လူဆိုးတွေနဲ့ တွေ့သွားရင် ဘယ်လိုလုပ်မလဲ..."

ကျွယ်ရှင်းက ရယ်မောလိုက်ရင်း...

"ကျုပ်ဘုန်းကြီးကတော့ စိတ်မဝင်စားဘူး..."

ပိုင်ရှောက်ယွီက...

"ဆရာတော် မကယ်လည်းနေပေါ့၊ ကျုပ်ကယ်လိုက်မယ်..."

ကျွယ်ရှင်းက...

"မင်းကတော့ တကယ်ပဲ မှိုင်းမိနေပြီ၊ မင်း သူ့ဘေးနားက ငါး

ခြင်းတောင်းကို မတွေ့ဘူးလား..."

ပုင်ရှောက်ယွီက...

"ဘာဖြစ်လို့လဲ..."

ကျွယ်ရှင်းက...

"အဲဒီခြင်းတောင်းထဲက ရွှေငါးကိုကြည့်လိုက်၊ အခုမှ ရေထဲက

ဖမ်းလာသလိုမျိုး လတ်ဆတ်နေတာပဲ၊ ဒါပေမဲ့ အဲဒီငါး အဲဒီ

ခြင်းတောင်းထဲမှာ ရှိနေတာ ဘယ်လောက်ကြာပြီလဲဆိုတာ

ဘယ်သူမှ မသိနိုင်ဘူး၊ ရေထဲကနေ ထွက်လာတာ

ဘယ်လောက်ကြာပြီဆိုတာလဲ မသိနိုင်ဘူး...."

ပိုင်ရှောက်ယွီက ကျွယ်ရှင်း၏စကားကြောင့် ခြင်းတောင်းထဲမှ

ရွှေငါးကြီးကို သေသေချာချာကြည့်လိုက်လေသည်။

ရှေ့ငါးကြီးကလည်း သူ့ကိုပြန်စိုက်ကြည့်နေလေသည်။ လူသား တစ်ယောက်က သူ့ကိုကြည့်နေသည့်အလား ကြည့်နေခြင်း ဖြစ်လေသည်။ ကျွယ်ရှင်းပြောသည်မှာ မှန်လေသည်။ ထိုရှေ့ငါးကြီးက အလွန်မှ ထူးခြားလေသည်။

ပိုင်ရှောက်ယွီမှာ ယခင်ကကဲ့သို့ ခပ်တုံးတုံးကောင်လေးတစ်ယောက်မဟုတ်တော့ပါ။ နတ်မိစ္ဆာများနှင့် နတ်ဘုရား များအကြောင်းကို ကောင်းကောင်း နားလည်သိရှိနေပြီ ဖြစ်လေသည်။

ပိုင်ရှောက်ယွီက ...

"ဒါဖြင့် ဆရာတော်ပြောချင်တာ ဒီမိန်းကလေးက လူမဟုတ်ဘူးပေါ့..."

ကျွယ်ရှင်းက...

"သေချာပေါက် လူမဟုတ်ဘူး..."

ပိုင်ရှောက်ယွီက...

"လူမဟုတ်လည်း ကယ်တော့ကယ်ရမှာပဲ..."

ကျွယ်ရှင်းက ပိုင်ရှောက်ယွီခေါင်းကို ဂေါက်ခနဲနေအောင် တစ်ချက်ခေါက်လိုက်ရင်း...

"မင်းဟာလေ... တကယ် သောက်သုံးမကျတဲ့ငတုံးကောင်၊ သခင်လေးက မင်းကို ဘာလို့ ကျင့်စဉ်တွေ သင်မပေးလဲဆိုတာ မအံ့သြတော့ပါဘူး၊ ဒီမိန်းကလေးက လူမဟုတ်ဘူး၊ အဲဒီတော့ ပြဿနာအကြီးအကျယ် တက်လာနိုင်တယ်၊ သူ ငါး ခြင်းတောင်းထဲမှာ ရွှေငါးကြီးထည့်ပြီး ဘာဖြစ်လို့ ဒီလို လျှောက်သွားနေလဲ မသိနိုင်ဘူး၊ အကြောင်းတစ်ခုခုတော့ရှိမှာပဲ..."

ပိုင်ရှောင်ယွီက...

"ကြည့်ရတာ တံငါသည်မိန်းကလေးတစ်ယောက်များလား..."

ကျွယ်ရှင်းက...

"ဒီပိုင်ကျားမြို့နဲ့ မိုင်တစ်ရာပတ်လည်အတွင်းမှာ ငါးဖမ်းရ
လောက်တဲ့ မြစ်ချောင်းအင်းအိုင် ဘယ်မှာ ရှိလို့လဲ ၊ ပြီးတော့
ခြင်းတောင်းထဲက ရွှေငါးကလည်း ထူးခြားတယ် ၊ ဒါကြောင့် ဒီ
မိန်းကလေးက ပြဿနာရှိနိုင်တယ်..."
ပိုင်ရှောက်ယွီ၏ စိတ်ထဲတွင်လည်း ကျွယ်ရှင်းပြောသည်က
အကျိုးအကြောင်းညီညွတ်သည်ဟု ထင်လိုက်မိသည်။
သို့သော်... မိန်းကလေး၏ လှပသည့်မျက်နှာလေးကို ကြည့်မိ
ပြန်တော့လည်း လူဆိုးတစ်ယောက်မဖြစ်နိုင်ဟု ထင်မိပြန်လေ
သည်။
ပိုင်ရှောက်ယွီက...
"သူက လူမဟုတ်ဘူးဆိုရင်တောင်မှ လူဆိုးတစ်ယောက်တော့
မဟုတ်လောက်ပါဘူး..."
ကျွယ်ရှင်းက...

"အေး... ဟုတ်ချင်လည်းဟုတ်မှာပေါ့၊ ကယ်ချင်လည်း မင်း ဟာမင်းသာ ကယ်ပေတော့၊ ကျုပ်ဘုန်းကြီးတော့ မင်းကို မ ကူညီနိုင်ဘူး..."

ကျွယ်ရှင်း၏စကားကြောင့် ပိုင်ရှောက်ယွီ အနည်းငယ် တုံ့ဆိုင်း သွားလေသည်။

သို့သော်... သတိလစ်လဲကျနေသည့် တံငါသည်မိန်းကလေးကို ကြည့်လိုက်မိပြန်တော့ သနားစိတ်များ တဖွားဖွား ဖြစ်ပေါ်လာ ပြန်လေသည်။

နောက်ဆုံးတွင်တော့...

"သူ့ကို ကျုပ် ကယ်မယ်..."

ဟု ပြောလိုက်လေတော့သည်။

ကျွယ်ရှင်းက ပိုင်ရှောက်ယွီကို ကြည့်ပြီး တစ်ချက်ပြုံးလိုက် ရင်း ခေါင်းခါယမ်းလိုက်လေသည်။ ထို့နောက်... လဲကျနေ

သည့် မိန်းကလေးကို ပိုင်ရှောက်ယွီထူနေသည်ကို ကျွယ်ရှင်းက ကြည့်နေလိုက်သည်။

ထိုအချိန်မှာပင်...

သူ့နားထဲတွင် ဆန်းလျန်၏ အသံကို ကြားလိုက်ရသည်။

"အဲဒီမိန်းကလေးကို ချင်းရှကျောင်းတော်ကို ပို့ပေးလိုက်..."

ဆန်းလျန်၏ အသံကိုကြားသည်နှင့် ကျွယ်ရှင်းက တည်ငြိမ်စွာပင် ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

ဆန်းလျန်က ပိုင်ရှောက်ယွီကို စကားမပြောခဲ့ဘဲ အမှန်တရားကို နီးစပ်အောင် ခန့်မှန်းနိုင်သည့် ကျွယ်ရှင်းကိုသာ သူ၏ရည်ရွယ်ချက်ကို ပြောပြခဲ့သည်။

ကျွယ်ရှင်းက သတိမေ့နေသည့်မိန်းမပျိုသည် ဆန်းလျန်နှင့် မည်သို့ ပတ်သက်သည်ကို သိချင်နေမိလေသည်။

ပိုင်ရှောက်ယွီက မိန်းကလေးကို ပွေ့ထူလိုက်လေသည်။

မိန်းကလေး၏ခန္ဓာကိုယ်မှာ သွယ်လျပေါ့ပါးပြီး လှပလွန်းလှ

သည်။ သူမ၏ခန္ဓာကိုယ်မှာ ငါးညှီနံ့ရနေသည့်တိုင် ထိုရနံ့က ချိုမြနေသလို ခံစားရသည်။

ပိုင်ရှောက်ယွီက ဘာလုပ်ရမှန်းမသိဘဲ ကျွယ်ရှင်းကို လှမ်းမေးလိုက်လေသည်။

"ဆရာတော်... ကျုပ်သူ့ကို ဘယ်ခေါ်သွားရမလဲ..."

မေးပြီးမှ ပိုင်ရှောက်ယွီ အနည်းငယ်နောင်တရသွားလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွယ်ရှင်းက ကူညီချင်သူမှ မဟုတ်ပေပဲ။

သို့သော်... ကျွယ်ရှင်း၏ တုံ့ပြန်လာသည့်စကားသံကြောင့် ပိုင်ရှောက်ယွီ အံ့သြသွားရလေသည်။

"ချင်းရှကျောင်းတော်ကိုခေါ်သွားလိုက်..."

ပိုင်ရှောက်ယွီက ခေါင်းကိုတစ်ချက်ပွတ်လိုက်ရင်း...

"ကောင်းပြီ... ချင်းရှကျောင်းတော်ကိုပဲ သွားလိုက်မယ်..."

ချင်းရွှမ်ကျောင်းတော်မှ မိန်းမပျိုသည် ပိုင်ကျားမြို့တွင် နတ်ဘုရားတ်စပါးအဖြစ် လူသိများသူ ဖြစ်လေသည်။

ပိုင်ရှောက်ယွီသိသလောက် ဆန်းလျန်ပင်လျှင် ထိုမိန်းကလေးကို လေးလေးစားစားဆက်ဆံလေသည်။

သတိလစ်မေ့မျောနေသည့် တံငါသည်မိန်းကလေးမှာလည်း ထူးခြားသူတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူမကို သာမန်လူများက ဆေးကုသပေးနိုင်မည် မဟုတ်ပေ။ ချင်းရွှမ်ကျောင်းတော်မှ မိန်းကလေးကသာ ဆေးကုသ ပေးနိုင်မည် ဖြစ်လေသည်။

ဆန်းလျန်သာ ရှိနေလျှင် အကောင်းဆုံးဖြစ်မည်ဟု ပိုင်ရှောက်ယွီ တွေးလိုက်မိသည်။

ပိုင်ရှောက်ယွီမှာ မည်သည့်ကျင့်စဉ်ကိုမှ မကျင့်ကြံသည့်တိုင် စားသောက်ဆိုင်တွင်နေထိုင်သည့်နှစ်များအတွင်း သိသိသာသာ ကျန်းမာသန်စွမ်းလာလေသည်။ ထို့ကြောင့် တံငါသည်

မိန်းကလေးကို ပွေ့ချီရခြင်းသည် သူ့အတွက် အခက်အခဲမရှိ

ပေ။

သူက အနည်းငယ် ချီတုံချတုံဖြစ်နေပြီးမှ တံငါသည်

မိန်းကလေးကိုပွေ့ချီကာ ကျွယ်ရှင်းနှင့်အတူ ချင်းရှတောင်သို့

ထွက်ခွာလာခဲ့လေတော့သည်။

ချင်းရှကျောင်းတော်သို့တက်သည့် ကျောက်တုံးလှေကားထစ်

များရှိရာသို့ သူတို့ရောက်လာသည့်အခါ လူတစ်ယောက်က သူ

တို့ရှေ့သို့ရောက်လာလေသည်။ ထိုသူက ကျွယ်ရှင်းနှင့် ပိုင်

ရှောက်ယွီ ချင်းရှကျောင်းတော်သို့ သွားမည့်လမ်းကို တားဆီး

လိုခြင်း ဖြစ်သည်။

ထိုသူက အခြားသူမဟုတ်။ ဆန်းလျန် ကောင်းကောင်း ပညာ

ပေးထားသည့် ရဲ့မော်ထျန်းပင် ဖြစ်လေသည်။

သို့သော်... ကျွယ်ရှင်းနှင့် ပိုင်ရှောက်ယွီထံမှ အငွေ့အသက်တစ်

ခုကို ခံစားမိသည့်အခါ ရဲ့မော်ထျန်း ချက်ချင်းထိတ်လန့်သွား

ပြီး နောက်သို့ ဆုတ်သွားလေသည်။ ကျွယ်ရှင်းနှင့် ပိုင်ရှောက်ယွီထံမှ အငွေ့အသက်များက ဆန်းလျန်ထံမှ အငွေ့အသက်များနှင့် ဆင်တူလွန်းသောကြောင့် ဖြစ်လေသည်။

ရဲ့မော်ထျန်းကဲ့သို့သော လူသန်ကြီးတစ်ယောက်က သူတို့ကို အလိုလိုကြောက်လန့်ကာ နောက်ဆုတ်သွားသည့်အတွက် ပိုင်ရှောက်ယွီ အနည်းငယ် ထူးဆန်းသလိုဖြစ်သွားသည်။

သို့သော်... သူ့ကို ရဲ့မော်ထျန်းက ကြောက်လန့်ဟန်ပြနေသည့်အတွက် အတော်လေးလည်း ကျေနပ်သွားလေသည်။

သူက ရဲ့မော်ထျန်းကို အရေးမစိုက်သည့်ဟန်ဖြင့် ကျောက်တုံးလှေကားထစ်များအတိုင်း တောင်ပေါ်သို့ တက်သွားလိုက်သည်။

ရဲ့မော်ထျန်း သူတို့ကို ဒုက္ခမပေးနိုင်သည်မှာ ဆန်းလျန်၏ အရှိန်အဝါကြောင့် ဖြစ်သည်ကို ပိုင်ရှောက်ယွီ သိလိုက်သည်။

သို့သော်... သူကိုယ်တိုင်သာ နတ်ဘုရားကျင့်စဉ်များကို ကျင့်ကြံနိုင်မည် အခြားသူများ၏ လေးစားကြောက်ရွံ့ခြင်း ခံရလျှင် မည်မျှ ကောင်းမည်နည်းဟု ပိုင်ရှောက်ယွီ မျှော်လင့်လိုက်မိလေသည်။

ပိုင်ရှောက်ယွီနှင့်ကျွယ်ရှင်းတို့ ကျောက်သားလှေကားထစ်များ အတိုင်းတက်လာကြပြီး လှေကားထစ်များ အဆုံးတွင်တော့ ဝါးရုံတောလေးတစ်ခု ရှိနေလေသည်။

ဝါးရုံတောလေးကိုဖြတ်ကျော်ပြီးသည့်အခါ သူတို့ရှေ့တွင် ချင်းရှကျောင်းတော်ကို တွေ့မြင်လိုက်ရသည်။

ပြီးတော့ ကျောင်းတော်တံခါးချပ် (၂)ချပ်တွင် ကဗျာ (၂)ကြောင်း ရေးသားထားလေသည်။

"ဝါးတောလေးက စမ်းချောင်းလေးစီးဆင်းနေတာကို တားဆီးနိုင်မှာတဲ့လား...

တောင်မြင့်ကြီးကရော ပျံသန်းနေတဲ့တိမ်တိုက်တွေကို တားဆီး နိုင်မှာတဲ့လား..."

ကျွယ်ရှင်းမှာ ချင်းရှကျောင်းတော်သို့ ပထမဆုံးအကြိမ်ရောက် ဖူးခြင်းဖြစ်ပြီး သူ၏ခြေထောက်အောက်တွင် ကြီးမားသည့် ဝိညာဉ်စွမ်းအား သွေးကြောကြီး စီးဆင်းနေသည့်အလား ခံစား လိုက်ရလေသည်။ သူ၏ ရုပ်ခန္ဓာရော စိတ်ဝိညာဉ်ပါ အားအင် များ ပြည့်ဝလာသလို ခံစားလိုက်ရသည်။

ချင်းရှကျောင်းတော်တံခါးပွင့်သွားပြီး မိန်းကလေးတစ် ယောက်ထွက်လာသည်။

"ပိုက်ရှောက်ယွီ ၊ ကျွယ်ရှင်း... ရှင်တို့နှစ်ယောက်လုံး အထဲဝင် ခဲ့ပါ..."

ပိုင်ရှောက်ယွီက...

"မင်းက ဘယ်လိုလုပ် ကျုပ်တို့ကို သိနေတာလဲ..."

မိန်းကလေးက ဂုဏ်ယူသည့်လေသံဖြင့်...

"ရှင်တို့နှစ်ယောက် ရောက်လာမယ်ဆိုတာ ကျွန်မတို့ သခင်မလေးက ကြိုသိပြီးသားပါ..."

ကျွယ်ရှင်းက ခပ်တိုးတိုးလေသံဖြင့် ပိုက်ရှောက်ယွီကို ပြောလိုက်သည်။

"ဒီ ချင်းရှကျောင်းတော်က မိန်းကလေးက တကယ်ထူးဆန်းတာပဲ..."

ကျွယ်ရှင်းက မိုးနှင့်မြေတွင် သဲလွန်စမကျန်အောင် သွားလာနိုင်သည့် မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံထားသူဖြစ်လေရာ သူရောက်လာမည်ကို ခန့်မှန်းနိုင်သူမှာ တော်ရုံလူတစ်ယောက်တော့ မဖြစ်နိုင်ပေ။

ပိုင်ရှောက်ယွီနှင့် ကျွယ်ရှင်းတို့ ချင်းရှကျောင်းတော်ခန်းမဆောင်အတွင်းသို့ လှမ်းဝင်လိုက်ကြသည်။

ချင်းရှကျောင်းတော်ခန်းမဆောင်ထဲတွင် ကြာပန်းဖြူထိုင်နေလေသည်။

သူမ၏ စိတ်အာရုံထဲတွင် ဆန်းလျန်ကို တွေ့မြင်လိုက်ရပြီး

ဆန်းလျန်သည် သူမကို အခွင့်အရေးတစ်ခု ပေးလိုဟန် ရှိလေ

သည်။

....

ဆန်းလျန်သည် ရှမ်ပူရေကန်နံဘေးတွင် ရှိနေဆဲ ဖြစ်လေ

သည်။

သူက ကန်ရေပြင်ကို တိတ်ဆိတ်စွာ ငေးကြည့်နေသည်။

တံငါသည်မိန်းကလေးသည် အားလော်ဟယ်အကြောင်း

ရေးသားထားသည့်ကျမ်းစာကို အဘယ့်ကြောင့် တံငါသည်များ

ကို ရွတ်ဖတ်ပြရပါသနည်း။

ဆန်းလျန်၏အမြင်အရဆိုလျှင်...

တံငါသည်မိန်းကလေးသည် ဖန်ဆင်းခံကိုယ်ခွဲတစ်ခုဖြစ်လေ

သည်။ သူမ၏လက်ထဲမှ ငါးခြင်းတောင်းနှင့် ရွှေရောင်ငါးကြီး

ကို ကြည့်ခြင်းအားဖြင့် သူမသည် တာအိုဆရာချီဟန်ဆိုသည့်

ကွမ်ယင်မယ်တော်နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေဟန် ရှိလေသည်။

ဒဏ္ဍာရီထဲမှ ကြီးမြတ်လှသော ကွမ်ရင်မယ်တော်နှင့် ထိုမိန်းကလေးမှာ မည်သို့ ပတ်သက်နေသည်ကို ဆန်းလျန်လည်း သိရှိခြင်း မရှိပေ။

သို့သော်... ဆန်းလျန်က အဘယ့်ကြောင့် ထိုမိန်းကလေးကို ကြာပန်းဖြူထံသို့ ပို့ပေးခဲ့ပါသနည်း။ အဘယ်ကြောင့်ဆိုသော်... ယခု သူတို့ရင်ဆိုင်ရမည့်တိုက်ပွဲသည် ကြာပန်းဖြူအတွက် အခွင့်အရေးတစ်ခုဖြစ်လာနိုင်သောကြောင့် ဖြစ်လေသည်

အခန်း (၇၉၅) သူ

ဆန်းလျန် ရွှမ်ဝူရေကန်နံဘေးတွင် ရှိနေချိန်တွင် ဘုရင့်နေပြည်တော်မှ ရှီချင်းဟွမ်နှင့် ကုချန်စန်းတို့၏ တိုက်ပွဲမှာလည်း အဆုံးသတ်ခါနီးပြီ ဖြစ်လေသည်။

သူတို့ (၂)ယောက်၏ တိုက်ပွဲမှာ လောကတစ်ခုလုံးကို တုန်လှုပ်စေသည့်တိုက်ပွဲတစ်ခု မဟုတ်သည့်တိုင် စိတ်ဝင်စားစရာကောင်းသည့် တိုက်ပွဲတစ်ခု ဖြစ်လေသည်။ သူတို့ (၂)ယောက်၏ တိုက်ပွဲကို ဆန်းလျန်သည်ပင်လျှင် အနည်းငယ်စိတ်ဝင်စားနေခဲ့သည် မဟုတ်ပါလား။

ကုချန်စန်း၏ ဓားသိုင်းပညာမှာ အလွန်ပင် ထက်မြက်လေသည်။ လောကနတ်ဘုရားတစ်ပါးထက်ပင် သာလွန်သည်ဟု ဆိုနိုင်သည်။

သို့သော်... ရှီချင်းဟွမ်၏ ဓားသိုင်းက ပိုပြီး စွမ်းအားမြင့်မား လေသည်။ တိုက်ပွဲအချိန်ကြာလာသည်နှင့်အမျှ ရှီချင်းဟွမ်က ကုချန်စန်း၏ ဓားသိုင်းမှ ဟာကွက်များကို တွေ့မြင်လာပြီး မိုးကြိုးတံခိုးစွမ်းအားကို အသုံးပြုကာ ကုချန်စန်းကို တိုက်ခိုက် လိုက်သည်။

မိုးကြိုးဖြင့် ပစ်ခတ်ခံလိုက်ရသည့်အတွက် ကုချန်စန်း၏ဓား မှာ (၂)ပိုင်းကျိုးသွားသည်။သို့သော်... ကုချန်စန်းက စိတ်ပျက် သွားခြင်းမရှိပေ။ သူက ထိုက်ပေတန်ခိုးစွမ်းအားကို ထုတ်ဖော် ကာ ပြိုင်ဘက်ကင်း ဓားသိုင်းတစ်ခုကို ထပ်မံထုတ်ဖော် အသုံးပြုလိုက်လေသည်။

ကုချန်စန်းအသုံးပြုလိုက်သည့်ဓားသိုင်းမှာ ရှေးဟောင်းဓား သိုင်းတစ်မျိုးဖြစ်သည့် ပျံသန်းဓားဝိညာဉ်ပညာဖြစ်သည်။ ယခု ကုချန်စန်းအသုံးပြုလိုက်သည့် ပျံသန်းဓားဝိညာဉ်မှာ ရှေးဟောင်းဓားသိုင်းပညာများကို ကောင်းကောင်းယှဉ်နိုင်

သည့် မော်ဝင်စွမ်းအားများဖြင့် ပြည့်ဝနေလေသည်။ ထို့ပြင်
ဓားသိုင်းအဆင့်အတန်းကလည်း မခန့်မှန်းနိုင်အောင် မြင့်မား
လွန်းသည်။

ကုချန်စန်းမှာ ဓားသိုင်းပညာတွင် အဆင့်မြင့်အောင်မြင်မှုတစ်
ခုကို ရရှိထားသူတစ်ယောက်အဖြစ် ချီးကျူးထိုက်ဖွယ်
ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

အခြားသူများဆိုလျှင် ကုချန်စန်း၏ ဓားသိုင်းကို တွေ့မြင်
လိုက်သည်နှင့် ထိတ်လန့်တုန်လှုပ်သွားနိုင်လေသည်။

သို့သော်... ရှီချင်းဟွမ်ကတော့ တစ်စက်ကလေးပင် ထိတ်လန့်
သွားခြင်း မရှိပေ။ သူ၏ နှလုံးသားမှာ သံမဏိအလား
မာကျောအေးစက်လျှက် ရှိသည်။

ရှီချင်းဟွမ်၏ ဓားဝိညာဉ်က ကုချန်စန်း၏ ပျံသန်းဓားဝိညာဉ်
ကို ထိုးခွင်းဖျက်စီးပစ်လိုက်ပြီး ကုချန်စန်းအနားသို့
ဖြည်းဖြည်းချင်း တိုးကပ်သွားလေသည်။ နောက်ဆုံးတွင် ကု

ချန်စန်းထံမှ ထွက်ပေါ်နေသည့် ထိုက်ပေတန်ခိုးစွမ်းအားများ ပျောက်ကွယ်သွားလေသည်။
တိုက်ပွဲကိုကြည့်နေကြသူအားလုံးမှာ ကုချန်စန်း ရှုံးနိမ့်တော့မည်ဟု ထင်လိုက်ကြသည်။
သို့သော်... ကုချန်စန်းက အားလုံး အံ့အားသင့်သွားစေမည့် လှည့်ကွက်တစ်ခုကို ပြုလုပ်လိုက်လေသည်။
ကုချန်စန်းက လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေရာ သူ၏ အင်္ကျီလက်အတွင်းမှ များပြားလှစွာသော အင်းသင်္ကေတများ ထွက်ပေါ်လာသည်။
ထိုအင်းသင်္ကေတများအားလုံးမှာ ကုချန်စန်းရေးဆွဲထားသည့် အင်းသင်္ကေတများဖြစ်ပြီး ကုချန်စန်း၏ ခန္ဓာကိုယ်နှင့် တစ်သားတည်းကျနေကာ လိုသလို အသုံးပြု၍ရလေသည်။
တိုက်ပွဲကိုကြည့်နေကြသူများမှာ တစ်ချက်လေးပင် မျက်တောင်မခတ်ဘဲ စိတ်ဝင်တစားကြည့်နေကြလေသည်။

ကုချန်စန်းမှာ မည်သို့သော လူစားမျိုး ဖြစ်ပါသနည်း။ ဓား

သိုင်းပညာလည်းတော်လွန်းသလို အင်းပညာတွင်လည်း တော်

လွန်းလှသည်။

မည်သို့ပင်ဖြစ်စေ... ရှီချင်းဟွမ်က သူ့ထက်သာလေသည်။ ရှီ

ချင်းဟွမ်၏ ဆန္ဒကင်းမဲ့ပြီး သွေးအေးရက်စက်တတ်သည့်

နှလုံးသားကို ကုချန်စန်း မည်သည့်နည်းနှင့်မှ မယှဉ်နိုင်ပေ။ ရှီ

ချင်းဟွမ်သည် တစ်ချက်ပင် သွေဖည်ခြင်းမရှိဘဲ အမှန်ကန်

ဆုံး ရွေးချယ်မှုကို ပြုလုပ်နိုင်သူ ဖြစ်လေသည်။

ရှီချင်းဟွမ်မည်မျှရက်စက်သည်ကို အားလုံးလည်း သိရှိထား

ပြီးသားပင် ဖြစ်သည်။

နောက်ဆုံးတွင်တော့ ကုချန်စန်း၏ နောက်ဆုံးကျန်ရှိသည့်

တန်ခိုးစွမ်းအားဖြင့် ဖန်ဆင်းထားသည့် အင်းသင်္ကေတများကို

ရှီချင်းဟွမ်က ချိုးဖျက်ပစ်လိုက်သည်။

ကုချန်စန်း မပဟန်နိုင်စွာ ဖြက်နိလမ်းဘေးရှိ စင်မြင့်တစ်ခုကို မှီး ပြီး ရပ်နေလေသည်။ သူ၏နဖူးထက်မှ ချွေးသီးချွေးပေါက် များ ကျလျှက်ရှိသည်။

ကုချန်စန်းက မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ်အနိုင်ရဖို့ နည်းနည်းလေးလိုသွားတယ်... ဟုတ်တယ်မ လား..."

ရှီချင်းဟွမ်က ခိုင်မာသည့်ခြေလှမ်းများဖြင့် ကုချန်စန်းရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

သူက ကုချန်စန်းအနားသို့ တဖြည်းဖြည်းတိုးကပ်လာပြီး ကိုယ် ကိုအသာကိုင်းညွတ်လိုက်ရင်း...

"အမှန်ပဲ ၊ မင်း နည်းနည်းလေးပဲ ကပ်ပြီး ရှုံးသွားတာပါ..."

ပြောပြီးသည်နှင့် ရှီချင်းဟွမ်၏ လက်တစ်ဖက်က ကုချန် စန်း၏ နှလုံးသားနေရာကို ထိုးဖောက်လိုက်သည်။

ကုချန်စန်း၏ ခန္ဓာကိုယ်ထဲမှ သွေးစက်များ ဖြာထွက်လာပြီး ရှီ

ချင်းဟွမ်၏ လက်တစ်ခုလုံး ရွှဲရွှဲစိုသွားလေသည်။

ကုချန်စန်းက...

"ကျုပ်မှာ နောက်ဆုံးတိုက်ကွက်တစ်ခု ရှိပါသေးတယ်..."

ပြောပြီးသည်နှင့် ကုချန်စန်းက ဂါထာတစ်ပုဒ်ရွတ်လိုက်သည်။

ထိုဂါထာမှာ အလွန်ရှေးကျသည့် မှော်ဂါထာတစ်ပုဒ် ဖြစ်သည်။

ထို့နောက် ကုချန်စန်း၏ ခန္ဓာကိုယ်တစ်ခုလုံးမှ အခိုးအငွေ့များ

ထွက်ပေါ်လာပြီး သူ၏ ဝိညာဉ်မှာလည်း စတင် အငွေ့ပျံနေပြီ

ဖြစ်သည်။

သူ၏ဆံပင်များမှာ ချက်ချင်းပင်ဖြူဖွေးသွားပြီး မျက်လုံး

ထောင့်တွင် အရေးအကြောင်းနှင့် မှဲ့ချောက်များ ဖြစ်ပေါ်လာ

သည်။ သူ့ပုံစံမှာ နှစ်ပေါင်းများစွာ အသက်ကြီးရင့်သွားသည့်

အလား ထင်မှတ်ရသည်။

လေထဲတွင် အလင်းရောင်တစ်ချက် လက်ခနဲ ဖြစ်သွားပြီး ယင်ရှန်းကျွင်း၏ အသံထွက်ပေါ်လာလေသည်။

"ချန်စန်း.... မင်း ဘာလို့ ဒီလိုလုပ်ရတာလဲ..."

ကုချန်စန်းက ကြာမြင့်စွာပျောက်ဆုံးနေပြီဖြစ်သည့် စုန်းကျိန်စာဂါထာကို အသုံးပြုပြီး သူ၏သွေးနှင့်ဝိညာဉ်ကို စတေးခံကာ သူ့ကို တိုက်ခိုက်လိမ့်မည်ဟု ရှီချင်းဟွမ် ထင်မထားခဲ့ပေ။

စုန်းကျိန်စာဂါထာကို အသုံးပြုလိုက်သည့်အတွက် ကုချန်စန်း၏ နတ်ဘုရားတစ်ပါး ဖြစ်လုနီးပါး ကျင့်ကြံခြင်းအားလုံး ကုန်ဆုံးသွားရပြီ ဖြစ်သည်။ နှမျောစရာ ကောင်းလွန်းလှသည်။ ကုချန်စန်း၏ ဝိညာဉ်သာ သာမန်ထက်ပိုပြီး သိပ်သည်းခြင်းမရှိလျှင် သူသည် ချက်ချင်းပင် ပျောက်ကွယ်မည် ဖြစ်လေသည်။ သို့သော်... ယခု သူ၏ ဝိညာဉ်စွမ်းအားမြင့်မားလွန်းသည့်အတွက် ကြာရှည်စွာ တွေ့မြင်နေရခြင်း ဖြစ်လေသည်။

စကြာဝဠာတစ်ခုလုံးတွင် ထိုက်ချင်တာအိုဆရာသခင်သည် အကြွင်နာတရား အကင်းမဲ့ဆုံး တာအိုဆရာသခင်ကြီး တစ်ပါး ဖြစ်လေသည်။ လမ်းစဉ်သည် ယနေ့ထိတိုင်အောင် ထိပ်တန်း လမ်းစဉ်တစ်ခုအဖြစ် ရပ်တည်နေခဲ့ခြင်း ဖြစ်သည်။ ထိုက်ချင်တာအိုဆရာသခင်၏ အကြွင်နာကင်းမဲ့မှုများကို ဓား နတ်သမီးဖန်းယန်ယင်း၏ ထိုက်စန့်ဓားသိုင်းတွင် တွေ့မြင်နိုင် လေသည်။

ရှီချင်းဟွမ်က သေစေခြင်းကျောင်းတော်မှ တပည့်တစ် ယောက်ဖြစ်ပြီး အကြွင်နာကင်းမဲ့သည့် ထိုက်စန့်ဓားသိုင်းကို ကျင့်ကြံထားသူ ဖြစ်လေသည်။ ထို့ကြောင့် ထိုက်စန့်ဓားကို အနိုင်ယူရန် တစ်နည်းသာရှိသည်။

စုန်းကျိန်စာဂါထာကိုအသုံးပြု၍ ရှီချင်းဟွမ်၏ ဝိညာဉ်ကို ကျိန်စာတိုက်လိုက်သည့် နည်းလမ်းပင် ဖြစ်သည်။

မည်သည့်ရွေးချယ်မှုကိုပင် ပြုလုပ်ပါစေ ပေးဆပ်ရမည့် တန်ဖိုးကတော့ ရှိပြီးသားပင်။ ယခုတော့ သူတို့ (၂)ယောက်လုံး အတွက် အချိန်သိပ်မရှိတော့ပေ။

ကုချန်စန်း၏ ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ်သည် တဖြည်းဖြည်း အငွေ့ပျံပျောက်ကွယ်နေပြီဖြစ်သည်။

ကျိန်စာမိသွားသည်ကို သိရှိလိုက်သည်နှင့် ရှီချင်းဟွမ်က စြ် ကန်လမ်းထက်တွင် ချက်ချင်းပင် တင်ပျဉ်ခွေထိုင်ချ လိုက် သည်။

သူ့ကို ချောင်းမြောင်းတိုက်ခိုက်ရန် ကြံစည်နေကြသည့် ရန်သူ များကို ရှီချင်းဟွမ် ကြောက်ရွံ့ခြင်းမရှိသလို အရေးလည်း မ စိုက်ပေ။ သူက အဆုံးမရှိသည့် အချိန်ကို ရေတွက်နေလေ သည်။ ယခုတော့ သူ၏ အဆုံးသတ်မှာ မလှမပဖြစ်ရတော့ မည် ဖြစ်သည်။

ရှီချင်းဟွမ်သည် စြက်န်လမ်းထက်တွင်ထိုင်ကာ မျက်လုံးများကို မှိတ်ထားလေသည်။ စုန်းကျိန်စာဂါထာသည် သူမဖြေရှင်းနိုင်သည့် ကျိန်စာတစ်ခုဖြစ်သည်။ သူသည် ထိုင်နေရင်းနှင့်ပင် တစ်ကိုယ်လုံးလှုပ်ရှားလို့မရသည့် အခြေအနေသို့ ရောက်ရှိသွားလေသည်။

သူ့၏ခန္ဓာကိုယ်မှ သတ်ဖြတ်လိုသည့်အငွေ့အသက်များက နဂါးတစ်ကောင်အလား ထွက်ပေါ်နေပြီး သူ့တစ်ကိုယ်လုံးကို ဝန်းရံထားသည်။

မေနန့်စန်းက အခြေအနေကို တိတ်တဆိတ်ကြည့်နေပြီး သူ့ဘေးနားမှ ရှင်ယောင်းကို ပြောလိုက်သည်။

"အစ်ကို (၃) ၊ ဘာမှမလုပ်နဲ့ဦး ၊ ကျွန်တော်တို့ စောင့်ကြည့်ရအောင်..."

ရှင်ယောင်းက...

"ဘာဖြစ်လို့လဲ..."

မေနန့်စန်းက...

"သူ အခု မလှုပ်နိုင်တော့ဘူး ၊ ဒါပေမဲ့ သူ့ခန္ဓာကိုယ်မှာ ပြောင်းလဲမှုတွေဖြစ်နေတယ် ၊ ကျွန်တော်တို့ စိတ်ရှည်ရှည် စောင့်ကြည့်ဖို့လိုတယ် ၊ မလှုပ်နိုင်တဲ့အနေအထားကနေ သေ ချင်လည်းသေသွားနိုင်တယ် ၊ စိတ်ရှည်ရှည်နဲ့စောင့်လိုက်ရင် ကျွန်တော်တို့အတွက် အခွင့်အရေးရချင် ရလာမှာပါ..."

....

ရှင်ယောင်းနှင့် မေနန့်စန်း စောင့်နေလေသည်။

ဆန်းလျန်သည်လည်း စောင့်နေလေ၏။

အနောက်ဆီသို့ နေဝင်သွားပြီ...။ လရောင်က ကောင်းကင် ထက်တွင် ထွန်းလင်းလာလေသည်။

ရွှမ်ဝူရေကန်မှရေများ ရုတ်တရက်လှိုင်းထန်လာပြီး နောက်ဆုံး တွင်တော့ ဆန်းလျန်စောင့်မျှော်နေသူ ရောက်ရှိလာလေသည်။

သူမက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ညစ်ပေခြင်း အလျဉ်းမရှိ သန့်ရှင်းဖြူစင်လွန်းလှသည်။

သူမသည်ကား ကြာပန်းဖြူပင်ဖြစ်လေ၏။

ဆန်းလျန်က သူမကိုကြည့်လိုက်ရင်း...

"မင်း ပြောင်းလဲသွားတယ်..."

ကြာပန်းဖြူက...

"လောကမှာ အရာအားလုံးက ပြောင်းလဲနေတာပဲ ၊ ကျွန်မ နည်း

နည်းလောက်ပြောင်းလဲသွားတာ ဘာများ ထူးဆန်းလို့လဲ..."

ဆန်းလျန်က ...

"မင်းဆီက အငွေ့အသက်တွေက ဘုရင့်နေပြည်တော်က ဟို

ကောင်လေးနဲ့ သွားတူနေပါလား..."

ကြာပန်းဖြူက မျက်နှာကိုတစ်ချက် မော့လိုက်ရင်း...

"ဟုတ်လား..."

ဆန်းလျန်က ပြုံးရုံသာပြုံးနေလိုက်ပြီး စကားလမ်းကြောင်း

ပြောင်းလိုက်လေသည်။

"ကွမ်ယင်မယ်တော်ရဲ့ မိန်းကလေး ဘယ်ရောက်သွားပြီလဲ..."

ကြာပန်းဖြူက ပြိုးလိုက်ရင်း...

"အဲဒီမိန်းကလေးက ကျွန်မနဲ့ ပေါင်းစပ်သွားပြီ ၊ အခု ရှင့်

မျက်စိရှေ့မှာပဲလေ..."

ဆန်းလျန်က...

"ငါးခြင်းတောင်းကရော..."

ပိုင်လျန်ဟွားက ခေါင်းတစ်ချက်ငုံ့လိုက်ပြီး ကန်ရေပြင်တွင်

အရိပ်ထင်နေသည့် လမင်းကို ငုံ့ကြည့်လိုက်သည်။ လရောင်

တောက်ပနေသည့် ကန်ရေပြင်ထဲမှ ငါးခြင်းတောင်းထွက်

ပေါ်လာလေသည်။ ထိုငါးခြင်းတောင်းသည် တံငါသည်

မိန်းကလေးကိုင်ဆောင်ထားသည့် ငါးခြင်းတောင်းနှင့်

တစ်ပုံစံတည်း ဖြစ်သည်။

ဆန်းလျန်က...

"မနက်ဖန်တိုက်ပွဲက အရေးကြီးတယ် ၊ မင်းရှုံးသွားရင် ဒီလောကကနေ ပျောက်ကွယ်သွားရလိမ့်မယ်... ၊ မင်း နားလည်တယ်မဟုတ်လား..."

ကြာပန်းဖြူက...

"အစကတည်းက ကျွန်မဆိုတာ လောကမှာ မရှိသင့်တဲ့ လူတစ်ယောက်ပဲ ၊ ကျွန်မ ပျောက်ကွယ်သွားတော့ရော ဘာဖြစ်သေးလဲ..."

ဆန်းလျန်က...

"ဒါပေမဲ့ ကျုပ်ကတော့ မင်းကို ဆက်ပြီး ရှိစေချင်မိတယ်..."

ကြာပန်းဖြူက...

"ဘာဖြစ်လို့လဲ..."

ဆန်းလျန်က သူမ၏အမေးစကားကို မဖြေဘဲ ပြုံးရုံသာပြုံးနေလိုက်သည်။

ကြာပန်းဖြူက တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူမနှင့်ဆန်းလျှန် တိုက်ပွဲတစ်ခုကို အတူတူ ရင်ဆိုင်ကြရမည်။ တံငါသည်မိန်းကလေးနှင့်ပတ်သက်သည့် ကိစ္စများကလည်း ရှင်းလင်းသွားပြီ ဖြစ်သည်။ တံငါသည်မိန်းကလေးသည် ကွမ်ယင်မယ်တော်၏ ငါးခြင်းတောင်းမှ အသွင်ပြောင်းထားသည့် ကွမ်ယင်မယ်တော်၏ ကိုယ်ခွဲတစ်ခု ဖြစ်လေသည်။သူမသည် ကွမ်ယင်မယ်တော်၏ ဖန်ဆင်းခြင်း (၃၂)မျိုးတွင် တစ်မျိုး အပါအဝင် ဖြစ်သည်။

ယခုတော့ တံငါသည်မိန်းကလေး၏ ခန္ဓာကိုယ်ထဲတွင် ကွမ်ယင်မယ်တော်ထည့်သွင်းပေးထားသည့် အမြုတေကို ကြာပန်းဖြူက ထုတ်ယူခဲ့ပြီး သူမ၏ခန္ဓာကိုယ်ထဲသို့ ပေါင်းစပ်လိုက်လေသည်။

ထိုသို့ပြုလုပ်လိုက်သည့်အတွက် ကွမ်ယင်မယ်တော်၏ ငါးခြင်းတောင်းနှင့် ကြာပန်းဖြူသည် ကံတရားအကြောင်းအကျိုးအရ ပတ်သက်ဆက်နွယ်သွားပြီ ဖြစ်သည်။

တံငါသည်မိန်းကလေးက အားလော်ဟယ်အကြောင်း ကျမ်းစာကို တံငါသည်များကို ပြောပြခဲ့သည်။ သူမကို ကွမ်ယင်မယ်တော်ဖန်ဆင်းခဲ့သည်မှာ ထိုအလုပ် ပြုလုပ်ရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်...

တံငါသည်မိန်းကလေး၏တာဝန်မှာ အားလော်ဟယ်ကို တရားပြရန်ဖြစ်သည်။ ထို့ကြောင့် သူမက အားလော်ဟယ်၏အာရုံစိုက်မှုကို ရရှိရန်အတွက် အရင်ဦးဆုံး အားလော်ဟယ်အကြောင်းကို အခြားသူများကို ပြောပြရခြင်း ဖြစ်သည်။ ကွမ်ယင်မယ်တော်၏ မြင့်မားလွန်းသည့် ဗုဒ္ဓဘာသာတန်ခိုးစွမ်းအားများဖြင့် အားလော်ဟယ်ကို အနိုင်ယူနိုင်ရန် အစပြုလုပ်ဆောင်ခြင်းဖြစ်သည်။ သို့သော်.... တံငါသည်မိန်းကလေးအနေဖြင့် အဆင့်အတန်းမြင့်မားလွန်းသည့် အားလော်ဟယ်ကိုအနိုင်ယူရန်မှာ အဆုံးမရှိခက်ခဲလေသည်။

သို့သော်... တံငါသည်မိန်းကလေး၏ကိုယ်ထဲမှ ကွမ်ယင်

မယ်တော်၏ အမြုတေသည် ကြာပန်းဖြူနှင့် ပေါင်းစပ်သွား

သည့်အခါ အားလော်ဟယ်ကို အနိုင်ယူရန် အခွင့်အရေး ရသွား

မည်ဖြစ်သည်။

ဤအချက်များမှာ ကြာပန်းဖြူ စဉ်းစားနိုင်သမျှသော

အချက်အလက်များသာ ဖြစ်သည်။ သို့သော်... ဆန်းလျန်၏

စိတ်ထဲတွင်တော့ မည်သို့ နားလည်မည်ကို သူမ မသိရှိပေ။

သို့သော်... ဆန်းလျန်ကတော့ ထိုအကြောင်းများကို သိပ်ပြီး မ

သိရှိပေ။ သူက ကံကြမ္မာပြဋ္ဌာန်းသည့်အတိုင်း လုပ်ဆောင်နေ

ခြင်းသာ ဖြစ်သည်။

တကယ်တမ်းတွင် ဤတိုက်ပွဲကိုရင်ဆိုင်ရန်အတွက် သူ့တွင်

ရွေးခြယ်စရာမရှိပေ။ ဤတိုက်ပွဲသည် သူ၏ကံတရား ၊ သူ

ရင်ဆိုင်ရမည့် အစစ်ဆေးခံရမှုပင် ဖြစ်သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

ဆန်းလျန်က အနောက်ဆီသို့ လက်ညှိုးတစ်ချက် ညွှန်ပြလိုက်ရင်း...

"မနက်ဖန် အရုဏ်တက်တာနဲ့ 'သူ' ရောက်လာလိမ့်မယ်၊ အဲဒီအချိန်ကျရင် ဒီ ရှမ်ဝူရေကန်လည်း ပျောက်ကွယ်သွားရလိမ့်မယ်..."

အခန်း (၇၉၆) ဉာဏ်အထက်ဆုံးသူတွေ

ဆန်းလျန်သုံးလိုသည့် "သူ" ဆိုသည့်အသုံးအနှုန်းသည် နတ်ဘုရားများကို အလေးထားသည့် အနေဖြင့် သုံးနှုန်းသည့် အသုံးအနှုန်းတစ်ခုဖြစ်လေသည်။

အားလော်ဟယ်ဆိုသည့်ဖန်ဆင်းရှင်ကို ဆန်းလျန်က လေးစားသည့်အနေဖြင့် ထိုနမ်စားကို အသုံးပြုလိုက်ခြင်း ဖြစ်သည်။

ရှမ်ဝူရေကန်နံဘေးတွင် ကြာပန်းဖြူနှင့် ဆန်းလျန်တို့ ဘေးချင်းယှဉ်ရပ်နေကြလေသည်။ သူတို့ (၂)ယောက်၏ ဝိညာဉ်များက တစ်သားတည်း ပေါင်းစပ်သွားလေသည်။

နတ်ဘုရားများ၏ ဝိညာဉ်များ အပြည့်အဝပေါင်းစပ်သွားပါက မိုးနှင့်မြေတွင် စွမ်းအားအမြင့်မားဆုံးအနေအထားသို့ ရောက်ရှိသွားမည် ဖြစ်သည်။

သူတို့ (၂)ယောက် သိရှိကြခြင်းမှာ သိပ်မကြာသေးသည့်တိုင် သူတို့ (၂)ယောက်၏ အပြန်အလှန်နားလည်မှုကတော့ တာအိုလက်တွဲဖော်များထက်ပင် သာလွန်သေးသည်။ ထိုအချက်က အနည်းငယ်အံ့သြစရာကောင်းနေသည့်တိုင် သဘာဝကျသည်ကတော့ အမှန်ပင် ဖြစ်သည်။

သူတို့ (၂)ယောက်၏ ဝိညာဉ်များပေါင်းစပ်သွားသည့်အတွက် ပြောင်းလဲသွားသည့် တန်ခိုးစွမ်းအားများက အံ့သြစရာ ကောင်းလောက်အောင် မြင့်မားလျှက်ရှိသည်။

သူတို့ကို မယ်တော်ဝမ်မူနှင့် နန်းတော် (၃)ခု ၊ နတ်ဘုရား ကျောင်းတော်ကြီး (၄)ခုတို့မှ နတ်ဘုရားများသာ အနည်းငယ် ရိပ်မိလိုက်ကြသည်။

သို့သော်… သူတို့က ဆန်းလျန်နှင့်ကြာပန်းဖြူအနားသို့ မသွား ဘဲ အဝေးမှသာ တိတ်တဆိတ်လေ့လာနေခဲ့ ကြလေသည်။

အဘယ်ကြောင့်ဆိုသော်… ဆန်းလျန်နှင့် ကြာပန်းဖြူဆီမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများသည် ခန့်မှန်းနိုင်ခြင်း မ ရှိလောက်အောင် မြင့်မားပြီး အန္တရယ်များလွန်းသောကြောင့် ဖြစ်သည်။

ကောင်းကင်တွင် ကြယ်စင်များက မှိတ်တုပ်မှတ်တုပ်လင်း လက်နေပြီး လမင်းကတော့ အနောက်ဆီသို့ ဝင်သွားခဲ့လေပြီ။

အလှနတ်သမီးကြယ်စင် လင်းလက်စွာတောက်ပလာပြီး အရှေ့ဆီမှ ရောင်နီထွန်းလင်းလာပြီ ဖြစ်လေသည်။

ဆန်းလျန်နှင့် ကြာပန်းဖြူသည် တစ်ညလုံး ရေကန်နံဘေးတွင် ရပ်နေခဲ့ကြလေသည်။ သို့တိုင်အောင်... သူတို့၏ အကျႌစများတွင် နှင်းစများ ဆွတ်စိုနေခြင်း အလျဉ်းမရှိပေ။

နံနက်ခင်း၏ ပထမဆုံးနေရောင်ခြည်က သူတို့ရှိရာသို့ စတင်ဖြန်းပက်လာသည့်အချိန်တွင် သူတို့ (၂)ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။ သူတို့၏ တန်ခိုးစွမ်းအားများက အဆက်မပြတ် ပျံ့နှံ့နေပြီး အနောက်ဆီသို့ ချက်ချင်း လွင့်မျောသွားလေသည်။

အနောက်ဆီတွင် မည်သည့်အရာများ ရှိပါသနည်း။

အနောက်ဆီတွင် ကောင်းချီးမင်္ဂလာများနှင့်ပြည့်ဝလျှက်ရှိသည့် ကောင်းကင်တိုင်းပြည် တည်ရှိလေသည်။

ဆန်းလျန်နှင့် ကြာပန်းဖြူတို့သည် ကောင်းကင်တိုင်းပြည်သို့ တစ်ခါမှ မရောက်ဖူးကြပေ။ သို့သော်... ထိုနေရာတွင် ကောင်းကင်တိုင်းပြည်တည်ရှိသည်ကိုတော့ သူတို့ (၂)ယောက်လုံး ချွင်းချက်မရှိ သိရှိထားလေသည်။

ကောင်းကင်တိုင်းပြည်ဆိုသည်က မြင့်မြတ်ပြီး တောက်ပနေသည့် နေရာတစ်ခုဖြစ်သည်။ လူ့လောကရှိ မည်သည့် နေရာနှင့်မှ နှိုင်းဆမရနိုင်အောင် ခမ်းနားလှပလွန်းသည်။

ထိုနေရာတွင် အဆိုးမရှိ။ ကောင်းမြတ်ခြင်းများသာလျှင် ရှိသည်။ အားလော်ဟယ်ကို ယုံကြည်ကိုးကွယ်ကြသူများသာ ထိုနေရာတွင် ထာဝရနေထိုင်နိုင်ကြလေသည်။

သို့သော်... ကောင်းကင်တိုင်းပြည်တွင် အားလော်ဟယ်နှင့်အတူ ထာဝရနေထိုင်အသက်ရှင်သွားကြသည့် လူသားများသည် ဆန်းလျန်၏ မျက်လုံးထဲတွင်တော့ အဓိပ္ပါယ်ကင်းမဲ့လျှက်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည်

သူတို့၏ ဘဝတစ်ခုလုံးကို အားလော်ဟယ်ကို ပေးဆပ်ထားကြ
သူများ ဖြစ်သောကြောင့်ပင်။
သူတို့သည် ကောင်းကင်တိုင်းပြည်တွင် အားလော်ဟယ်နှင့်
အတူ နေထိုင်ကြသည်။ အားလော်ဟယ်ကို ကိုးကွယ်ကြသည်။
သို့သော်... သူတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ကတော့ ပျောက်
ဆုံးလျှက်ရှိကြသည်။
ဆန်းလျန် သက်ပြင်းတစ်ချက်ချလိုက်မိသည်။
လူအများဆိုသည်က ကိုယ်ယုံကြည်ရာဖြင့် ပျော်ရွှင်နေကြ
သူများဖြစ်လေရာ ထိုသူများအနေဖြင့်လည်း သူတို့ဘဝကို သူ
တို့ ကျေနပ်ကြမည် ထင်ပါသည်။
သို့သော်... ဆန်းလျန်ကတော့ ထာဝရအသက်ရှင်သန်ရန်
အတွက် ဖြတ်လမ်းနည်းလိုက်ခြင်းမှာ ကြေကွဲစရာ ကောင်း
လွန်းသည်ဟု ထင်မြင်မိသည်။

ဆန်းလျန်နှင့် ကြာပန်းဖြူ ကောင်းကင်တိုင်းပြည်ရှိရာသို့ ပျံသန်းထွက်ခွာသွားကြလေသည်။ စိမ်းလန်းသည့် တောတောင်များ ၊ မြက်ခင်းပြင်များနှင့် စပျစ်ဥယျာဉ်များက သူတို့ (၂)ယောက်ကို ဆွဲဆောင်လျှက်ရှိကြသည်။

ရုတ်တရက်...

စပျက်နွယ်ပင်များ ဘေးသို့ အသာရွှေ့လျားသွားပြီး စပျစ်ဥယျာဉ်အတွင်းသို့ ဝင်နိုင်ရန် တံခါးတစ်ခုအလား လှစ်ဟပေးလိုက်လေသည်။

သို့သော်... ဆန်းလျန်နှင့်ကြာပန်းဖြူတို့က စပျစ်နွယ်ပင်များ လှစ်ဟပေးသည့် တံခါးမှ ဥယျာဉ်အတွင်းသို့ မဝင်ဘဲ စပျစ်နွယ်ပင်များထက်မှ ပျံသန်းကာ ဥယျာဉ်အတွင်းသို့ ဝင်လိုက်ကြသည်။

နေရောင်ခြည်သည် ကျောက်တုံးများထက်သို့ ဖြာကျနေပြီး တောက်ပလင်းလက်နေလေသည်။

ကျောက်တုံးပလ္လင်တစ်ခုထက်တွင် ကျိုင်းတံတစ်ခုကိုကိုင်ဆောင်ထားပြီး ရာဇဏ္ဍနွေအြပြည့်အဝရှိသည့် အဘိုးအိုတစ်ယောက် ထိုင်နေလေ၏။ သူ့ရှေ့တွင် စပျစ်ဝိုင်ထည့်ထားသည့် ဖန်ခွက်တစ်ခု ချထားသည်။

ထိုသူကို တွေ့မြင်ရသည့်အခါ ကြာပန်းဖြူ၏ရင်ထဲတွင် တစ်ချက် တုန်လှုပ်သွားလေသည်။ သူမ၏ရင်ထဲတွင် ကြောက်စိတ်များ ရုတ်တရက် ဖုံးလွှမ်းလာပြီး ထိုသူကို တိုက်ခိုက်လိုစိတ်များ ချက်ချင်းပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှာပင်... ဆန်းလျန်၏လက်များက သူမ၏လက်များကို ဆုပ်ကိုင်လာလေရာ တုန်လှုပ်နေသည့် သူမ၏ စိတ်နှလုံးမှာ ပြန်လည်တည်ငြိမ်သွားရသည်။ စစ်မှန်သည့် တာအိုစိတ်ထားကို သူမ ပြန်လည်ရရှိသွားလေသည်။

အဘိုးအို၏မျက်နှာထက်တွင် မုတ်ဆိတ်မွေးများရှိနေလေသည်။ ဆံပင်ကတော့ အနည်းငယ်တိုပြီး အခွေအလိပ်များနှင့်

လှူင်းတွန့်ပုံသဏ္ဍာန်ဖြစ်လေသည်။ ဆံပင်နှင့်မုတ်ဆိတ်များက

အနက်ရောင်မဟုတ်ဘဲ ရွှေရောင် တောက်ပနေလေသည်။

စိတ်ဝင်စားစရာ အကောင်းဆုံးမှာ ထိုသူ၏ မျက်ဝန်းများဖြစ်

လေသည်။ ထိုမျက်ဝန်းများသည် အကြင်နာတရားများဖြင့်

ပြည့်ဝနေပြီး လူသားများ၏နှလုံးသားမှ အပြစ်တရားမှန်သမျှ

ကို စင်ကြယ်အောင် သန့်စင်ပေးနိုင်စွမ်း ရှိဟန်တူလေသည်။

သူ၏ကျက်သရေရှိမှုကို ချီးကျူးရန် မည်သည့်စကားလုံးနှင့်မှ

နှိုင်းယှဉ်၍မရနိုင်ပေ။ လူ့လောကရှိ အတော်ဆုံးကဗျာဆရာ

တစ်ယောက်ပင်လျှင် သူ၏ ခမ်းနားမှုကို ဖော်ကျူးနိုင်ရန်

အစွမ်းရှိမည် မဟုတ်ပေ။

ထိုသူ့ထံတွင် တဖြည်းဖြည်းပျော်ဝင်ကြီးထွားနေသည့် ဖြစ်

တည်မှုကို ဆန်းလျှန် တွေ့မြင်ရလေသည်။

ထိုသူမှာ "အားလော်ဟယ်" ပင် ဖြစ်လေသည်။

ထိုက်စန့်တာအိုဆရာသခင် ပြောဖူးသည်မှာ ...

"တာအိုက တစ်ခုကို မွေးဖွားပေးသည်၊ တစ်ခုက နှစ်ခုကို မွေးဖွား၊ နှစ်ခုက သုံးခုကိုမွေးဖွား၊ သုံးခုမှ အရာအားလုံးဖြစ်တည်လာသည်..."

ဟူ၍ဖြစ်သည်။

ထိုစကားသည် အားလော်ဟယ်အတွက် ပြီးပြည့်စုံသည့် စကားတစ်ခု ဖြစ်လေသည်။

အချိန်ကာလစီးဆင်းမှုတစ်လျှောက်တွင် မိုးနှင့်မြေထက်သာ၍ကြီးမြတ်သူများ ရှိနိုင်ပါသေးသလား။

ရှိပါ၏...။

သို့သော်... ထိုသူများကို မြင်တွေ့နိုင်ခြင်း မရှိကြတော့ပေ။

ထို့ကြောင့် မြင်တွေ့နိုင်ကြသူများထဲတွင် အားလော်ဟယ်က အကြီးမြတ်ဆုံး ဖြစ်လေသည်။ အားလော်ဟယ်ကို မြင်တွေ့ကြသူတိုင်းက ကြီးမြတ်ခြင်း၊ ခမ်းနားခြင်း၊ ကျက်သရေရှိခြင်းများကို ခံစားကြရမည် ဖြစ်သည်။

ဥယျာဉ်ထဲတွင် သာယာသည့် တေးသံသာများ ထွက်ပေါ်နေ

လေသည်။

တေးသံသာကိုတီးခတ်နေသူမှာ အတောင်ပံများကိုပိုင်ဆိုင်

ထားသည့် မိန်းမပျိုတစ်ယောက် ဖြစ်လေသည်။

အားလော်ဟယ်က...

"သူတီးခတ်နေတဲ့ တူရိယာကို စန္ဒရားလို့ခေါ်တယ်၊ ဒါနဲ့ စန္ဒရား

ရဲ့ မူလအစကို မင်းတို့ သိကြသလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဖန်ဆင်းရှင် ပြောပြပေးပါ..."

အားလော်ဟယ်၏ နက်ရှိုင်းသည့်အကြည့်က ဆန်းလျန်ကို

တစ်ချက်ပင် မတုန်လှုပ်စေခဲ့ပေ။ သို့သော်... ထိုအကြည့်များ

ထဲတွင် ကြင်နာမှု၊ လွမ်းဆွတ်မှုနှင့် မရှိမှုတရားများကို တွေ့

မြင်ရလေသည်။

အားလော်ဟယ်က...

"ကျုပ်မြင်ဖူးတဲ့ ရှေးအကျဆုံး ဗျပ်စောင်းက တာ့စန့်ယီယင်းပဲ ၊ အဲဒါက ကြာခဲ့ပါပြီလေ... ၊ အဲဒီဗျပ်စောင်းကို ပိုင်ဆိုင်တဲ့သူက ဖူရှီးဆိုတာတောင် ကျုပ်မှတ်မိနေသေးတယ် ၊ ကျုပ်တို့ ဂီတပညာအကြောင်း အတူတူ ဆွေးနွေးခဲ့ကြသေးတယ် ၊ သူပြောတာတော့ တာ့စန့်ယီယင်းက လောကမှာ အပြည့်စုံဆုံး တူရိယာပဲတဲ့ ၊ အဲဒါကို ယှဉ်နိုင်တဲ့ တူရိယာ လောကမှာ မရှိဘူးတဲ့..."

"ကျုပ်ကလည်း သူ့ကိုပြိုင်မငြင်းပေမယ့် သူ့စကားကို မယုံကြည်ပါဘူး ၊ နောက်တော့ စန္ဒရားကို ကျုပ်သေသေချာချာ အားစိုက်ပြီး တီထွင်ခဲ့တယ် ၊ စန္ဒရားက လောကတစ်ခုလုံးက အသံပေါင်းများစွာကို ဖော်ထုတ်နိုင်တယ်ဆိုတာ မင်းတို့သိရဲ့လား ၊ စန္ဒရားကို ဖန်ဆင်းနိုင်ခဲ့တာ ကျုပ်သိပ်ပြီး ဂုဏ်ယူခဲ့တယ် ၊ ပြီးတော့ ဒီလောက်ပြီးပြည့်စုံတဲ့ တူရိယာဖြစ်တဲ့ စန္ဒရား

ကို ဖူရှီကို သွားပြချင်လို့ လိုက်ရှာခဲ့သေးတယ်၊ ဒါပေမဲ့ အဲဒီ

အချိန်မှာ သူမရှိတော့ဘူးလေ..."

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အင်း... စိတ်မကောင်းစရာပါပဲ..."

အားလော်ဟယ်က...

"ဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျုပ်က စန္ဒရားတီးရတာ မကြိုက်

ဘူး၊ ဒါပေမဲ့ တစ်ခါတလေ နားထောင်ရတာ သဘောကျတယ်

၊ ဒါကြောင့်လည်း အယ်လီနာကို ဖန်ဆင်းခဲ့တာပေါ့..."

ကြာပန်းဖြူက...

"အဲဒီ အယ်လီနာက လူသားမဟုတ်ဘူး၊ သူ့ရဲ့တည်ရှိမှုက

လည်း ထူးဆန်းတယ်၊ သူက ဘယ်လိုအရာမျိုးလဲ..."

အားလော်ဟယ်က....

"မင်းက တော်တော် အမြင်စူးရှတာပဲ၊ တစ်ချက်ကြည့်လိုက်ရုံနဲ့

အယ်လီနာရဲ့ ထူးခြားချက်ကို တန်းပြီးသတိတယ်၊ အယ်လီနာ

က ကျုပ်ဖန်ဆင်းထားတဲ့ အနုပညာတစ်ခုပဲ ၊ သူ့လိုမျိုး ကျုပ်ဖန်ဆင်းထားတဲ့သူတွေ အများကြီး ရှိတယ် ၊ ကျုပ်ကို ယုံကြည်ကိုးကွယ်ကြတဲ့သူတွေက သူတို့ကို အိန်ဂျယ်တွေလို့ ခေါ်ကြတယ် ၊ အိန်ဂျယ်တွေအားလုံးက ပြီးပြည့်စုံကြတယ် ၊ ဒါပေမဲ့ သူတို့က လူသားတွေလို စိတ်တွေ မရှုတ်ထွေးကြဘူး ၊ ပြီးတော့ မင်းတို့ ကျင့်ကြံသူတွေရဲ့ လောကနတ်ဘုရားတစ်ပါးနဲ့ညီတဲ့ တန်ခိုးစွမ်းအားမျိုးတွေကို ပိုင်ဆိုင်ထားကြတယ်..."

ခဏနားပြီးမှ အားလော်ဟယ်က ဆက်ပြောလေသည်။

"ကျုပ် သိပ်ကိုပြီးပြည့်စုံလွန်းတဲ့ အိန်ဂျယ်တစ်ပါးကို ဖန်ဆင်းခဲ့သေးတယ် ၊ သူ့ကိုလူစီဖာလို့ ခေါ်တယ် ၊ ကျုပ်က ကောင်းမြတ်ခြင်းတွေအကုန်လုံး သူ့ကိုပေးခဲ့တယ် ၊ ဒါပေမဲ့ နောက်ဆုံးတော့ ကျုပ်ကို သစ္စာဖောက်သွားတယ်လေ ၊ ကျုပ် ဒေါသထွက်လွန်းလို့ သူ့ကို နေ့ရော ညရော တိုက်ခိုက်ခဲ့တယ် ၊ နောက်ဆုံးတော့ သူက အသူရာချောက်ကို ထွက်ပြေး

လွတ်မြောက်သွားခဲ့တယ်... ၊ တကယ်တော့ ကျုပ်က သူ့ကို

ဒေါသထွက်ရုံပဲရှိတာပါ ၊ ဖျက်စီးမပစ်ချင်ပါဘူး ၊ ပြီးတော့ သူ

လည်း ကျုပ်လက်က မလွတ်နိုင်ပါဘူးလေ..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ခင်ဗျားပြောတာတွေအားလုံးကို ကျုပ်သဘောတူပါတယ် ၊

ဒါပေမဲ့ နောက်ဆုံးတစ်ချက်တော့ သဘောမတူနိုင်ဘူး..."

အားလော်ဟယ်က...

"ဘာဖြစ်လို့လဲ..."

ဆန်းလျန်က...

"ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်းကင်တိုင်းပြည်က လူတွေ

နေထိုင်ဖို့ မသင့်တော်ဘူးလေ..."

အားလော်ဟယ်က...

"ကျုပ်က အလင်းဖြစ်စေဆိုရင် အလင်းဖြစ်လာရမှာပဲ၊ ကျုပ်က လမ်းဖြစ်စေဆိုရင် လမ်းဖြစ်လာရမှာပဲ၊ ကျုပ်က ဘာမှမရှိနဲ့ဆိုရင် ဘာမှ ရှိလာမှာ မဟုတ်ဘူး..."

ဆန်းလျန်က...

"ကျုပ်ကတော့ မယုံပါဘူး..."

အားလောဟယ်က...

"တစ်ချိန်ကျရင် မင်းယုံကြည်လာမှာပါ၊ ဒါပေမဲ့ အဲဒီအချိန်ကျရင် မင်းအတွက် အချိန်သိပ်နောက်မကျနေဖို့ပဲ မျှော်လင့်ပါတယ်..."

အားလော်ဟယ်မှာ ထူးခြားဆန်းကျယ်သူတစ်ယောက်ဖြစ်သည့်တိုင် ဆန်းလျန်က တော့ ကြောက်ရွံ့ခြင်း မရှိပေ။ အတိတ်မေ့နေသည့်တိုင် သူ့ဘဝတွင် အားလော်ဟယ်ထက် ကြောက်မက်ဖွယ်ရာကောင်းသူများနှင့် ရင်ဆိုင်ခဲ့ရဖူးဟန် ရှိလေသည်။ သူသည် ဆယ်ကြိမ်မက သေဆုံးခဲ့ရုံသာမက ဘဝ

တစ်ခုလုံး ပျောက်ဆုံးခဲ့ရသည့် အခြေအနေများကိုပင် ရင်ဆိုင်ခဲ့ရဟန် ရှိသည်။

ထို့ကြောင့် လောကတွင် ကြောက်မက်ဖွယ်ရာကောင်းသူ မည်သူမဆို ဆန်းလျန်ကိုတော့ ကြောက်ရွံ့အောင် လုပ်နိုင်ကြမည် မဟုတ်ပေ။

ထို့ပြင်... မည်မျှကြောက်မက်ဖွယ်ကောင်းသူများနှင့် ရင်ဆိုင်ခဲ့ရပါစေ သူကတော့ ယခုအချိန်ထိ အသက်ရှင်နေဆဲ ဖြစ်လေသည်။ ထို့ကြောင့် လောကတွင် မည်မျှ တန်ခိုးစွမ်းအားမြင့်မားပါစေ သူ့ကိုတော့ ဖျက်စီးနိုင်စွမ်းမရှိကြသည် မှာအသေအချာပင် ဖြစ်လေသည်။

ဆန်းလျန်က သူ့ဘေးနားတွင်ရပ်နေသည့် ကြာပန်းဖြူကို တစ်ချက်စောင်းငဲ့ကြည့်လိုက်ရင်း...

"ကျုပ်တို့ အနိုင်မယူနိုင်ဘူးလို့ ထင်တဲ့အရာတွေကို အနိုင်ယူလိုက်နိုင်ရင် ကျုပ်တို့ပိုပြီး အားကောင်းလာမှာပဲ မဟုတ်လား ၊ မင်းရော ဘယ်လိုထင်လဲ..."

ကြာပန်းဖြူက ဆန်းလျန်၏ စကားကို နူးညံ့စွာပင် ခေါင်းတစ်ချက်ညိတ်သဘောတူလိုက်လေသည်။ ထို့နောက် သူမက ဆန်းလျန်ကို လှပစွာ ပြုံးပြလိုက်လေသည်။

ဆန်းလျန်၏ စကားကြောင့် အားလော်ဟယ်က ဒေါသထွက်သွားခြင်း မရှိပေ။

အားလော်ဟယ်က...

"လောကမှာ ကျုပ်ကို လက်မခံတဲ့သူတွေ အများကြီးပါပဲလေ ... ဒါပေမဲ့ မင်းတို့ကတော့ အတုံးဆုံးပဲ..."

ဆန်းလျန်က...

"မဟုတ်ရပါဘူးဗျာ ၊ ကျုပ်တို့က ဉာဏ်အထက်ဆုံးသူတွေပါ..."

ဆန်းလျှန်စကားဆုံးသွားသည်နှင့် စတင်တိုက်ခိုက်လိုက်သူက ကြာပန်းဖြူဖြစ်လေသည်။

ကြာပန်းဖြူက သူမ၏ လက်နှစ်ဖက်ကို အသာအယာပင် ဝှေ့ယမ်းလိုက်လေရာ သူမရှေ့ရှိ စပျစ်ဥယျာဉ်မြေပြင်ထက်တွင် အက်ကြောင်းများ ထင်လာလေတော့သည်။

အခန်း (၇၉၇) ကျင့်ကြံခြင်း

အားလော်ဟယ်က လေးစားသည့်အကြည့်တစ်ချက်ဖြင့် ကြာပန်းဖြူကို ကြည့်လိုက်လေသည်။

"အင်း… ကျုပ်နောက်ဆုံးအကြိမ် ဝူရှန်သိုင်းကွက်ကို ရင်ဆိုင်ခဲ့ရတုန်းက စကြာဝဠာကြီးတောင် ဖြစ်တည်မလာသေးဘူး…"

ကြာပန်းဖြူအသုံးပြုလိုက်သည့် ဝူရှန်သိုင်းကွက်တွင် တန်ခိုးစွမ်းအား အပြည့်အဝ အသုံးပြုထားခြင်း မရှိပေ။ သို့တိုင်အောင် ကောင်းကင်တိုင်းပြည်၏မြေပြင်တွင် အက်ကြောင်းများ ထင်သွားစေလေသည်။

ကြာပန်းဖြူသည် အားလော်ဟယ်နှင့်ယှဉ်လျှင် တန်ခိုးစွမ်းအားအရာတွင် လုံးဝ ယှဉ်နိုင်ခြင်း မရှိသေးပေ။ သို့သော်… အားလော်ဟယ်၏ နှိမ်နင်းခြင်းကို ခံရလောက်အောင် ကြာပန်းဖြူ၏ အစွမ်းကလည်း နိမ့်ကျနေခြင်း မရှိပေ။ ထိုအချက်ကတစ်လောကလုံးကို တုန်လှုပ်သွားစေသည့် အချက်ဖြစ်လေသည်။

ကြာပန်းဖြူသာ လူ့လောကတွင် တရားဟောမည်ဆိုပါက

သေချာပေါက် အောင်မြင်သည့် ခေါင်းဆောင်တစ်ယောက်

ဖြစ်လာမည်မှာအမှန်ပင် ဖြစ်သည်။

ထိုအချိန်မှာ... ဆန်းလျန်က ရှေ့သို့ ခြေတစ်လှမ်းလှမ်းလိုက်

လေသည်။ ထိုအခါ ကောင်းကင်တိုင်းပြည်တစ်ခုလုံး ကျွံကျ

သွားသည့်အလား ခံစားလိုက်ရသည်။

စပျစ်ဥယျာဉ်အတွင်းမှ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအား

များ ထွက်ပေါ်လာလေသည်။ စန္ဒရားသံကလည်း ပိုပြီး

ကြည်လင်စွာ ထွက်ပေါ်လာလေသည်။

အားလော်ဟယ်က ကျောက်သားပလ္လင်ထက်တွင် ထိုင်နေရာမှ

ဖြည်းဖြည်းချင်း မတ်တတ်ရပ်လိုက်သည်။ သူ၏

မတ်တတ်ရပ်လိုက်ဟန်သည် စကြာဝဠာကြီးတစ်ခုလုံး၏

ဟန်ချက်ညီမှုကို ထိန်းသိမ်းထားသည့်အလားပင် ဖြစ်သည်။

ကြာပန်းဖြူ၏ တိုက်ခိုက်မှုသည် အားလော်ဟယ်ကို တစ်ချက်လေးပင် တုန်လှုပ်အောင် မလုပ်နိုင်ခဲ့ပေ။

ဆန်းလျန်နှင့် ကြာပန်းဖြူသည် အချက်တစ်ချက်ကို နက်နက်နဲနဲ သဘောပေါက်ခဲ့လေသည်။

ထိုအချက်မှာ... သူတို့ (၂)ယောက်လုံးသည် အားလော်ဟယ်ကို မယှဉ်နိုင်ဆိုသည့် အချက်ပင် ဖြစ်လေသည်။ သို့သော်... သူတို့ အားလော်ဟယ်ကို အနိုင်ယူရန် လျှို့ဝှက်ချက်တစ်ခုရှိသည်။

ထိုလျှို့ဝှက်ချက်မှာ သူတို့၏ နှလုံးသားထဲမှ "အကြောက်တရားကင်းမဲ့ခြင်း" ပင်ဖြစ်လေသည်။

အားလော်ဟယ်က သူ့လက်ထဲမှ တောင်ဝှေးကို ကိုင်မြှောက်လိုက်လေရာ ပြင်းထန်လွန်းသည့်တန်ခိုးစွမ်းအား လှိုင်းလုံးများက ဆန်းလျန်နှင့် ကြာပန်းဖြူထံသို့ စီးဆင်း ဝင်ရောက်လာလေသည်။

ကြာပန်းဖြူ၏ ဝူရှန်သိုင်းကွက်သည် အားလော်ဟယ်၏ တန်ခိုးစွမ်းအားများကို လုံး၀ ခုခံနိုင်စွမ်း မရှိခဲ့ပေ။ ဆန်းလျန်မှာလည်း မြေပြင်ထက်သို့ လဲကျလုမတတ်ဖြစ်သွားရလေသည်။

သို့သော်... ဆန်းလျန်က ထိတ်လန့်တုန်လှုပ်သွားခြင်းလည်း မရှိသလို နောက်သို့ ဆုတ်သွားခြင်းလည်း မရှိပေ။ သူက ရှေ့သို့ ခြေတစ်လှမ်းထပ်တိုးလိုက်သည်။

ဆန်းလျန်ခြေလှမ်းလိုက်သည်နှင့် သူ့ခြေလှမ်းအောက်တွင် နဂါးငွေ့တန်းဖြစ်ပေါ်လာပြီး အဆုံးမရှိသည့် ကြယ်စင်များ စီးဆင်းနေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ထို့နောက် နဂါးငွေ့တန်းနှင့်အတူ ပြင်းထန်သည့် မုန်တိုင်းတစ်ခု တိုက်ခတ်လာပြီး ဥယျာဉ်ထဲမှ စပျစ်နွယ်ပင်များအားလုံးကို ဖျက်စီးပစ်လိုက်လေသည်။

ထိုအချိန်မှာပင်...

အိန်ဂျယ် 'အယ်လီနာ' က သီချင်းတစ်ပုဒ်ကို စတင်သီဆိုလိုက်လေသည်။

ထိုအခါ အတောင်ပံများကိုဖြန့်ကာ ပျံသန်းလာသည့် အိန်ဂျယ်များစွာကို တွေ့မြင်လိုက်ရလေသည်။

ထိုအိန်ဂျယ်များထဲတွင် ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားမြင့်မားသည့် အိန်ဂျယ် (၃)ပါး ပါဝင်လေသည်။ ထို အိန်ဂျယ် (၃)ပါး၏ တန်ခိုးစွမ်းအားမှ ဆန်းလျန်ထက် မနိမ့်ပေ။

ထို့ပြင်... ထိုအိန်ဂျယ် (၃)ပါးကို ကြည့်ခြင်းအားဖြင့် အားလော်ဟယ်သည် ဖန်ဆင်းခြင်းတွင် မည်မျှ အောင်မြင်ခဲ့သည်ကို သက်သေပြလျှက်ရှိလေသည်။

ထိုအိန်ဂျယ်များသာ ကျင့်ကြံသူများဖြစ်ပါက အဆုံးမရှိ တန်ခိုးစွမ်းအားများ မြင့်မားလာကြမည် ဖြစ်ပြီး အားလော်ဟယ်ကိုပင် ယှဉ်ပြိုင်နိုင်ကြမည် ဖြစ်လေသည်။

သို့သော်... အပြောလွယ်သလောက် အလုပ်ခက်သည့် ကိစ္စပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ... ယခုတော့ အားလော်ဟယ်က သူတို့(၂)ယောက်ကကို သူကိုယ်တိုင် မတိုက်ခိုက်ဘဲ အိန်ဂျယ်များဖြင့်တိုက်ခိုက်ခိုင်းနေပြီ ဖြစ်သည်။

အားလော်ဟယ်ကို လှမ်းကြည့်လိုက်သည့်အခါ လေထဲတွင်အေးဆေးစွာ ရပ်နေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

အားလော်ဟယ်သည် ဆန်းလျန်နှင့် ကြာပန်းဖြူကိုအထင်သေးသည့်အတွက် ထိုသို့ ပြုလုပ်ခြင်းလေလား...။

မဟုတ်ပါ...။

သူသည် ယခုမှ ဆန်းလျန်နှင့် ရင်ဆိုင်ဖူးသူမဟုတ်ခဲ့ပေ။ သူသည် အတိတ်တစ်ချိန်ကလည်း ဆန်းလျန်နှင့် ရင်ဆိုင်ခဲ့ဖူးလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ခန့်က ကောင်းကင်တိုင်းပြည်သို့ မြားတစ်စင်း ဝင်ရောက်လာဖူးလေသည်။ ထိုမြားချက်ကြောင့် သူသည် ကောင်းကင်တိုင်းပြည်၏ ပလ္လင်ထက်မှ ပင် ပြုတ်ကျခဲ့ဖူးလေသည်။

မြားဖြင့်ပစ်ခတ်သူကို ရှာဖွေနိုင်ရန်အတွက် မယ်တော်ဝမ်မူနှင့်ပင် အပေးအယူလုပ်ခဲ့သေးသည် မဟုတ်ပါလား။

ယခုတော့ ...

ထိုမြားကို ပစ်ခဲ့သူမှာ ဆန်းလျန်ဖြစ်သည်ကို အားလော်ဟယ် ရှင်းရှင်းလင်းလင်း သိရှိသွားပြီ ဖြစ်လေသည်။

သို့သော် ဆန်းလျန်ကတော့ သူ့အမှားကိုဝန်ခံမည်မဟုတ်ဟု အားလော်ဟယ် တွေးထင်ထားလေသည်။

အတိတ်ဆိုသည်က မပြောင်းလဲနိုင်သည့် အရာတစ်ခုဖြစ်သေလည်။ သို့သော်... စကြာဝဠာတစ်ခုလုံးတွင် အချိန်နှင့် နေရာ

ဒေသအားလုံးကို ကျော်လွှန်နိုင်သူတစ်ယောက်ဖြစ်ပါက

အတိတ်ဆီသို့ ပြန်သွားနိုင်စွမ်း ရှိမည် ဖြစ်လေသည်။

လောကတွင် ထိုဆင့်ထိရောက်အောင် ကျင့်ကြံနိုင်သူ

(၈)ယောက် ရှိခဲ့လေသည်။ ထို (၈)ယောက်မှာ တာအိုဆရာ

သခင်ကြီး (၈)ပါးဖြစ်ပြီး ထိုသူများထဲတွင် သူ့ရှေ့မှ ကောင်

လေး ပါဝင်ခြင်း မရှိသေးပေ။

……………

ထိုအချိန်တွင်…

လီအောင့်ချို့သည် ထူးဆန်းသည့် အိပ်မက်တစ်ခုကို မြင်မက်နေ

လေသည်။

အိပ်မက်ထဲတွင် သူက ခမ်းနားသည့် နန်းတော်ကြီးတစ်ခုရှေ့သို့

ရောက်ရှိနေလေသည်။

နန်းတော်ရှေ့ရှိဆိုင်းဘုတ်တွင် "အပြာရောင်ခရီးရှည်နန်းတော်"

ဟု ရေးသားထားလေသည်။

ထိုစကားလုံးများကို သူမ မသိရှိခဲ့ပေ။ သို့သော်... ထို
စကားလုံးများကို မြင့်လိုက်ရသည့်အခါ အစိပ္ပါယ်ကို
ချက်ချင်း နားလည်လိုက်လေသည်။

အိပ်မက်ထဲတွင် သူက အပြာရောင်ခရီးရှည်နန်းတော်တွင် နွား
ရိုင်းကြီးတစ်ကောင်ကို လာရှာခြင်း ဖြစ်လေသည်။

သူ နန်းတော်ရှေ့တွင် ရပ်နေစဉ်မှာပင် ရင်းနှီးနေသည့် နွား
အော်သံကြီးတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။
ထို့နောက်တွင်တော့ နန်းတော်တံခါး ပွင့်သွားပြီး သူ နန်းတော်
အတွင်းသို့ ဝင်သွားလေသည်။

နန်းတော်အတွင်းပိုင်းတွင် ထူထပ်သည့် ကုလားကာများ ကာ
ထားလေသည်။ နန်းတော်ခန်းမဆောင် အတွင်းပိုင်းသို့ ရောက်
ရှိလာသည့်အခါ နွားရိုင်းကြီးတစ်ကောင်နှင့် နွားရိုင်းကြီးထက်
တွင်ထိုင်နေသည့် ငယ်ရွယ်သည့် တာအိုဆရာတစ်ယောက်ကို
တွေ့လိုက်ရသည်။

လူငယ်၏ကျောထက်တွင် ဓားရှည်တစ်လက်ကို လွယ်ထား

လေသည်။

လူငယ်၏ အနောက်ဘက်နံရံထက်တွင် ကဗျာတစ်ပုဒ်ရေးထား

လေသည်။

"မတိုင်းတာနိုင်သည့်ဘေးအန္တရယ်များကို ခံနိုင်ရည်ရှိရန်

ကျင့်စဉ်ကိုကျင့်ကြံ...

အပြာရောင်ခရီးရှည်နန်းတော်မှ နတ်ဘုရား (၃)ဦးပေါ်ထွက်

လာ..."

ကဗျာလေး (၂)ကြောင်းသာဖြစ်သည့်တိုင် အဓိပ္ပါယ်က နက်နဲ

လေသည်။ ကြည့်ရသည်မှာ ကံကောင်းခြင်းနှင့် သေရာမှ

ပြန်လည်ရှင်သန်ခြင်းကို ရေးသားထားသည့် ကဗျာတစ်ပုဒ် ဖြစ်

ဟန်တူလေသည်။

ထို့ပြင်... နွားရိုင်းကြီး၏ ကျောထက်မှ လူငယ်တာအို

ဆရာ၏ပုံစံက ပိုပြီး ထိတ်လန့်အံ့ဩစရာ ကောင်းလေသည်။

မည်သည့်အခါမှ အရှုံးကိုမပိုင်ဆိုင်ရသည့် တာအိုကျင့်ကြံသူ တစ်ယောက်ကို တွေ့မြင်ရသည့်အလား ခံစားရလေသည်။

လီအော့ချိုက...

"အစ်ကိုနွှားရိုင်းကြီး ၊ ကျုပ် ခင်ဗျားကို လာတွေ့တာပါ..."

နွှားရိုင်းကြီးက တိတ်ဆိတ်စွာပဲ ခေါင်းညိတ်ပြလိုက်လေသည်။

နွှားရိုင်းကြီး၏ကျောပေါ်မှ လူငယ်တာအိုဆရာက...

"မင်းရောက်လာတာ ကောင်းတယ် ၊ သိပ်ကို အံ့သြစရာကောင်း တယ် ၊ စောလည်းမစောဘူး ၊ နောက်လည်းမကျဘူး ၊ အချိန်ကိုက်ပဲ ၊ မင်း ဒီနေ့ ကျုပ်ကိုကူညီဖို့ ရောက်လာတာပဲ ၊ အနာဂတ်မှာလည်း ကျုပ် မင်းနဲ့တွေ့စရာရှိသေးတယ် ၊ အံ့သြ စရာပဲ ၊ အံ့သြစရာပဲ ၊ အံ့သြစရာပဲ..."

လီအော့ချိုက ထိုလူငယ်ပြောနေသည့် စကားများကို နားမ လည်နိုင်စွာ မျက်နှာသေလေးဖြင့် မေးခွန်းပြန်ထုတ်လိုက်လေ သည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ..."

လူငယ်တာအိုဆရာက တစ်ချက်ပြုံးလိုက်ရင်း...

"လေးသည်တော် ရောက်လာပြီ..."

လူငယ်တာအိုဆရာ၏ စကားကြောင့် လီအော့နျိုက

ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထိုအခါ လေးညှို့တစ်ခုကို မြင်လိုက်ရလေသည်။ ထိုလေးညှို့

ကိုမြင်သည်နှင့် သူ့တစ်ကိုယ်လုံး ရုတ်တရက် ပူလောင်လာ

သည်ကို ခံစားလိုက်ရလေသည်။

သူ့ကျောရိုးတစ်ခုလုံး ပျော့ပြောင်းသွားသလိုခံစားလိုက်ရပြီး

သူ၏ကျောရိုးသည် လေးတစ်လက်အလား ကွေးညွတ်သွား

သလို ခံစားလိုက်ရလေသည်။

သူ၏ လေးသည်တော်တန်ခိုးစွမ်းအားများ အားလုံးကို လူငယ်

တာအိုဆရာက စုပ်ယူလိုက်ခြင်း ဖြစ်လေသည်။

ထို့နောက် လူငယ်တာအိုဆရာက ဘေးနားမှ လေးညို့ကို ငြင်ငြ
င်သာသာ ထိကိုက်လိုက်ပြီး နူးညံ့သည့်လေသံဖြင့် ပြောလိုက်
သည်။

"မင်းက မြင့်မြတ်တဲ့ လေးတစ်လက်ပဲ ၊ ဒီနေ့တော့ အားလော်
ဟယ်ရဲ့ ကောင်းကင်တိုင်းပြည်ကို ပစ်ခတ်ရမယ် ၊ မင်းပြော
ကြည့်လေ ၊ ပျော်စရာ မကောင်းဘူးလား..."

လူငယ်တာအိုဆရာ၏စကားကို တုံ့ပြန်သည့်အနေဖြင့်
လေးညို့က တစ်ချက် တုန်လှုပ်သွားလေသည်။

ထို့နောက် လူငယ်က နွားရိုင်းကြီးကို အမိန့်ပေးလိုက်သည်။

"နွားရိုင်းကြီး ၊ နန်းတော်ထဲက ထွက်တော့..."

နွားရိုင်းကြီးက တစ်ချက် အော်မြည်လိုက်ပြီး ခွာတစ်ချက်
ပေါက်ကာ နန်းတော်အပြင်ဘက် တိမ်တိုက်များရှိရာ
ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

အပြာရောင်ခရီးရှည်နန်းတော်ာအပြင်ဘက်တွင် မည်သည့်

အရာမှ မရှိပေ။ အထီးကျန်မှု ၊ ခြောက်သွေ့မှုများဖြင့်သာ ပြည့်

နက်နေသည့် မြေပြင်ကို တွေ့ရမည် ဖြစ်သည်။

လူငယ်တာအိုဆရာက လေးညို့ကို တင်းတင်းကိုင်ကာ

လေးကြိုးကို တင်လိုက်လေသည်။ ထိုခါ လေးညို့သည်

လခြမ်းကွေးသဏ္ဍာန်ကွေးညွတ်သွားလေတော့သည်။ တစ်ချိန်

တည်းမှာပင် လေးညို့မှ နတ်ဘုရားတန်ခိုးစွမ်းအားများ ထွက်

ပေါ်လာလေသည်။

ထို့နောက်... လူငယ်က လေးကြိုးကိုလွှတ်လိုက်ပြီး အရှေ့ဆီ

သို့ မြားတစ်စင်း ပစ်လွှတ်လိုက်လေသည်။ ထိုမြား မည်သည့်

နေရာသို့ ရောက်ရှိသွားမည်ကို မည်သူမှ မသိနိုင်ပေ။

တာအိုဆရာလူငယ်က ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး...

"အရင်တုန်းက တာ့ယိက မြားကိုးစင်းနဲ့ နေစကြာနတ်ငှက်ကိုး

ကောင်ကို ပစ်ခတ်ခဲ့တာတစ်ချက်ကလေးမှ မပင်ပန်းခဲ့ဘူး ၊

ကျုပ်က လေးပစ်သိပ်မတော်ပေမယ့် ဆိုးတော့မဆိုးပါဘူး ၊ ဒါပေမဲ့ တာ့ယိလောက်တော့ မတော်တာ အမှန်ပဲ..."

တာအိုဆရာလူငယ်၏ စကားကိုနားထောင်ပြီး နွားရိုင်းကြီးက စကားပြန်ပြောခြင်း မရှိပေ။

လူငယ်တာအိုဆရာကလည်း နွားရိုင်းကြီး စကားပြန်ပြော လိမ့်မည်ဟု မျှော်လင့် မထားပေ။ သူက သူ့ကိုယ်သူ ပြောနေ ခြင်းသာ ဖြစ်လေသည်။

"တကယ်တော့ ကျုပ်လည်း လီအော့နျိုရဲ့ ခန္ဓာကိုယ်ကို အသုံး မချချင်ပါဘူး ၊ ဒါပေမဲ့ ဒီလိုမလုပ်လို့လည်း မရဘူးလေ..."

လူငယ်တာအိုဆရာက အပြာရောင်ခရီးရှည်နန်းတော်သို့ ပြန် ရောက်လာသည်နှင့် လေးညှို့ကို လက်ဖြင့် တစ်ချက် သပ် လိုက်ရင်း...

"ကျုပ်သိပ်ပြီး အတ္တကြီးသွားမိလို့ မင်း လူပြန်ဝင်စားတဲ့အခါ အခက်အခဲ ဖြစ်ရလိမ့်မယ် ၊ ဒါပေမဲ ကျုပ် တန်ခိုးစွမ်းအား

ကင်းလွတ်ရာ ကမ္ဘာမြေမှာ မင်းကို စောင့်နေမယ် ၊ အချိန်ကျတဲ့ အခါ မင်း ဒီလေးညို့ကို ပြန်ယူနိုင်ပါလိမ့်မယ်..."

ထို့နောက်... လူငယ်တာအိုဆရာ၏ အင်္ကျီလက်ဆီမှ အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး သူ့ရှေ့မှ လီအော့နျို၏ ဝိညာဉ်မှာ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

ထိုမြင်ကွင်းများကို မြင်တွေ့ရပြီးသည့်နောက် လီအော့နျိုသည် လူငယ်တာအိုဆရာနှင့်အတူ ခွန်လွန်တောင်ထိပ်ရှိ လျှို့ဝှက်နေရာတစ်ခုသို့ ရောက်ရှိသွားလေသည်။

ထိုနေရာတွင် ကိုးရက်နှင့်ကိုးညတိတိနေထိုင် ပြီးသည့်နောက် ရုတ်တရက် လူငယ်တာအိုဆရာက ရယ်မောလိုက်လေသည်။

သူက ခွန်လွန်တောင်ထိပ်ရှိ လျှို့ဝှက်နေရာတွင် တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး အင်္ကျီလက်ပေါ်တွင် စာကြောင်းတစ်ခု ရေးသားလိုက်သည်။

"အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရယ်များအားလုံးသည် ဤနေရာတွင် အဆုံးသတ်ခဲ့ကြောင်း ဆန်းလျန်က သက်သေပြခဲ့သည်"

ထို့နောက် လူငယ်တာအိုဆရာသည် မျက်လုံးများ မှေးမှိတ်သွားကာ ထိုနေရာတွင် ငြိမ်သက်စွာ ထိုင်နေလေတော့သည်။

ထိုအချိန်မှာပင်...

လီအောန်ျို အိပ်မက်မှ နိုးလာလေသည်။

ထိုအခါ သူ့ရှေ့တွင် ကျောက်ရှောင်ယွီကို တွေ့လိုက်ရသည်။

ကျောက်ရှောင်ယွီသည် မျက်ခုံးများကို တွန့်ချိုးထားပြီး တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေသည့်ဟန် ရှိလေသည်။

လီအော့န်ျိုက...

"အစ်မရှောင်ယွီ ၊ ဘာဖြစ်လို့လဲ..."

ကျောက်ရှောင်ယွီက...

"ငါ့ရင်ထဲက ချစ်ခြင်းမေတ္တာတွေကို အမြုတေလုပ်ပြီး ကိုယ်ခွဲ တစ်ခု ဖန်ဆင်းထားခဲ့ဖူးတယ်၊ အခု အဲဒီ ကိုယ်ခွဲ ပျောက်သွားပြီ..."

လီအော့နျိုက...

"အဲဒါက ဖန်ဆင်းထားတဲ့ ကိုယ်ခွဲတစ်ခုပဲမဟုတ်လား၊ အစ်မကို သိပ်မထိခိုက် နိုင်ပါဘူး..."

ကျောက်ရှောင်ယွီက...

"မင်း နားမလည်ပါဘူး၊ ထိုက်ချင်တာအိုကျမ်းစာကို ငါ အချိန်တိုတိုနဲ့ အောင်မြင်အောင် ကျင့်ကြံနိုင်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ငါ အရမ်းအလျှင်လိုနေတယ်၊ ငါလုပ်နိုင်တာ တစ်လမ်းပဲ ရှိတော့တယ်..."

လီအော့နျိုက ...

"အဲဒါဆို အစ်မ ဘာလုပ်မလို့လဲ..."

ကျောက်ရှောင်ယွီက...

"ထိုက်ချင်တာအိုကျမ်းက အကြွင်နာတရားကင်းမဲ့တယ် ၊ ဒါကြောင့် ယာဇ်ပူဇော်မှု ပြုလုပ်ပြီး အဲဒီ ငါ့ရဲ့ ကိုယ်ခွဲခန္ဓာရှိတဲ့ နေရာကို ရောက်အောင်သွားနိုင်မှ အဆင်ပြေလိမ့်မယ်..."

အခန်း (၇၉၈) အကြောင်းကြောင့်အကျိုးဖြစ်

ကောင်းကင်တိုင်းပြည်မှ ထွက်ပေါ်နေသည့် အလင်းတန်းများသည် ရှမ်ဂူရေကန်ထက်တွင် ခမ်းနားလွန်းစွာ လင်းလက်နေလေသည်။

အားလော်ဟယ်သည် ထောင်နှင့်ချီအောင် လမ်းစဉ်တစ်ခုကို ဦးဆောင်ခဲ့သူ တစ်ယောက် ဖြစ်လေသည်။

ရှမ်ဝူရေကန်မှ အခိုးအငွေ့များထွက်ပေါ်လာပြီး ဆန်းလျန်နှင့်ကြာပန်းဖြူကို ဝန်းရံထားသည့် အိန်ဂျယ်များ၏အရိပ်ထင်ဟပ်နေလေသည်။

အခြားသောကျင့်ကြံသူများမှာ သူတို့နှင့်ပါဝင်ပတ်သက်ရဲခြင်းမရှိကြပေ။ အဝေးမှသာ အခြေအနေကို လေ့လာနေကြလေသည်။

အိန်ဂျယ်များနှင့် ဆန်းလျန်တို့ (၂)ယောက်၏ တိုက်ပွဲနှင့်ယှဉ်လျှင် ဘုရင့်နေပြည်တော်မှ တိုက်ပွဲငယ်များကို သူတို့အာရုံစိုက်မိခြင်း မရှိကြတော့ပေ။

မယ်တော်ဝမ်မူနှင့် လိုလော်တို့ ရှမ်ဝူရေကန်သို့ ရောက်ရှိလာကြသည်။

ထိုအချိန်မှာပင်...

ရေကန်နှင့် မျက်နှာချင်းဆိုင်ရှိ တောင်ထွတ် (၃)ခုအလယ်တွင် ခရမ်းရောင်တိမ်တိုက်နန်းတော် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ကြရလေသည်။

ခရမ်းရောင် တိမ်တိုက်နန်းတော်၏ ခေါင်မိုးထက်တွင် တာအိုဆရာ အဘိုးအိုတစ်ယောက် မတ်တတ်ရပ်နေလေသည်။ ထိုတာအိုဆရာအဘိုးအိုမှာ ဆံပင်များနှင့် မျက်ခုံးမွေးများ ဖြူဖွေးနေပြီး မျက်ဝန်းများက တည်ငြိမ်စူးရှလျှက်ရှိလေသည်။

မယ်တော်ဝမ်မူက သူမ၏ဘေးနားမှ လို့ငေါ်ကို ပြောလိုက်သည်။

"ဒီတိုက်ပွဲက ကျန်းဝူနတ်ဘုရားကိုတောင် ထွက်ပေါ်လာစေတယ်..."

လို့ငေါ်က...

"ကျန်းဝူနတ်ဘုရား ရောက်လာပြီလား ၊ သူ ဘယ်မှာလဲ..."

မယ်တော်ဝမ်မူက...

"မင်းသူ့ကို မြင်နိုင်မှာ မဟုတ်ဘူး..."

ပြောပြီးသည်နှင့် မယ်တော်ဝမ်မူက သူမ၏ စိတ်အာရုံစူးစိုက်မှု တစ်ခုကို ခရမ်းရောင်တိမ်တိုက်နန်းတော်ရှိရာသို့ စေလွှတ်လိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှ တိမ်တိုက်များအေးခဲသွားသည့်တိုင် အခြားသူများကတော့ ရိပ်မိကြခြင်း မရှိပေ။

မယ်တော်ဝမ်မူက ကျန်းပူနတ်ဘုရားဘေးနားတွင် အသာအယာဆင်းသက်လိုက်ပြီး...

"ကျန်းပူနတ်ဘုရား ဘာလို့ ဒီနေရာကို ရောက်လာရတာလဲ..."

တာအိုဆရာအဘိုးအိုက...

"ကျုပ်က ကျန်းပူနတ်ဘုရားအစစ်မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက ကျန်းပူနတ်ဘုရား ချန်ထားခဲ့တဲ့ စိတ်အာရုံပုံရိပ်တစ်ခုမျှသာဖြစ်ပါတယ်၊ ဒါကြောင့် ကျုပ်ကို ကျန်းပူနတ်ဘုရားလို့ ခေါ်တာကို မခံယူဝံ့ပါဘူး..."

မယ်တော်ဝမ်မူက တစ်ချက်ပြုံးလိုက်ပြီး သူနှင့်အငြင်းပွားမနေတော့ဘဲ စကားဆက်ပြောလိုက်သည်။

"ထားပါတော့၊ ဒါနဲ့... တာအိုမိတ်ဆွေ ဒီတိုက်ပွဲကို ဘယ်လိုမြင်လဲ၊ အားလော်ဟယ် သူတို့ (၂)ယောက်ကို နှိမ်နင်းဖို့ အချိန်ဘယ်လောက်ကြာမယ် ထင်သလဲ..."

မယ်တော်ဝမ်မူ၏ အမေးကြောင့် တာအိုဆရာအဘိုးအိုအတန်ကြာငြိမ်သက်သွားလေသည်။

ပြီးမှ...

"အားလော်ဟယ် သူတို့ကို နိုင်မှာ မဟုတ်ဘူး..."

မယ်တော်ဝမ်မူက...

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ သူတို့ (၂)ယောက်က ထိုက်ယီထျန်းရှန်းအဆင့် ပဲရှိကြသေးတာ၊ အားလော်ဟယ်လို ဖန်ဆင်းရှင်ကို ဘယ်လိုလုပ်အနိုင်ယူနိုင်မှာလဲ..."

တာအိုဆရာအဘိုးအိုက တစ်ချက်ပြုံးလိုက်ရင်း...

"အဲဒီလူငယ်လေးကို လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်

ကတည်းက ကျုပ်တွေ့ခဲ့ဖူးတယ်၊ သူကို ဘယ်သူမှ ဖျက်စီးပစ်

နိုင်မှာ မဟုတ်ဘူး..."

မယ်တော်ဝမ်မူက ပြုံးလိုက်ရင်း...

"တာအိုမိတ်ဆွေက နောက်နေပြန်ပါပြီ၊ ခေတ်အဆက်ဆက်

ကြာလာပြီးတဲ့နောက် သူ့လို တန်ခိုးစွမ်းအားမြင့်မားသူမျိုးဆို

တာက လက်ဆယ်ချောင်းတောင် ပြည့်တာမဟုတ်ဘူး၊ သူသာ

ရှေးဟောင်းနတ်ဘုရားတစ်ပါးဆိုရင် ကျွန်မ ကောင်းကောင်း

သိရမှာပေါ့..."

တာအိုဆရာအဘိုးအိုက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"အဲဒီတုန်းက သူက အတိတ်ကို ဖြတ်တောက်ပစ်ဖို့ ကြိုးစားခဲ့

တယ်၊ ဒါကြောင့် မင်း သူ့ကို မသိတော့တာပါ၊ သူအဲဒီလိုလုပ်

ခဲ့တဲ့အတွက် လောကမှာ အတိတ်က အကြောင်းအရာတွေ

တော်တော်များများ ကွယ်ပျောက်သွားခဲ့ရတယ်၊ ဒါကြောင့်

မင်း သူ့ကို မသိတာဟာ မဆန်းပါဘူး ၊ ကျုပ်မှာသာ စစ်မှန်တဲ့ ကိုယ်ခံဝိညာဉ် မရှိခဲ့ဘူးဆိုရင် ကျုပ်လည်း အတိတ်က အဖြစ်အပျက်တွေကို မှတ်မိမှာ မဟုတ်တော့ဘူး..."

မယ်တော်ဝမ်မူက အံ့သြထိတ်လန့်သွားသည့်အမူအရာဖြင့်...

"လောကမှာ အတိတ်ကို ဖြတ်တောက်နိုင်တဲ့ပညာ တကယ်ပဲ ရှိတာလား..."

တာအိုဆရာအဘိုးအိုက...

"ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီတို့လည်း အဲဒီပညာကို အသုံးပြုနိုင်ကြတယ် ၊ မသုံးခဲ့ကြတာပဲ ရှိတာပါ..."

အတိတ်ကိုဖြတ်တောက်သည့်ပညာဆိုသည်မှာ အချို့သူများ ဆိုလျှင် ကြားဖူးကြခြင်း ပင်မရှိပေ။

အတိတ်ကိုဖြတ်တောက်ပစ်နိုင်သည့် ကျင့်ကြံသူဆိုသည်က အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ခရီးများကို လိုသလို သွားလာနိုင် သူတစ်ယောက်ဖြစ်မှသာ ပြုလုပ်နိုင်မည် ဖြစ်လေသည်။

ထိုအခါမှ အတိတ်အချိန်မှ အဖြစ်အပျက်များကို ပြောင်းလဲ ပစ်လိုက်သည့်အခါ အနာဂတ်သည်လည်း ပြောင်းလဲသွားမည် ဖြစ်လေသည်။

သို့သော်... အတိတ်ကို ဖြတ်တောက်ခဲ့ခြင်းအတွက် ပေးဆပ်ရ မည့်တန်ဖိုးကတော့ ကြောက်မက်ဖွယ်ရာပင် ဖြစ်လေသည်။

ထိုပညာကို မည်သူမှ အသုံးမပြုရဲကြပေ။

မယ်တော်ဝမ်မှုက...

"ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီတို့ကတော့ အတိတ်ကို ဖြတ်တောက်ပစ်နိုင်စွမ်းရှိတယ်ဆိုတာ ကျွန်မကြားဖူးပါတယ်၊ ဒါပေမဲ့ ဒီပညာက တော်တော်တော့ ထူးဆန်းတာပဲ..."

တာအိုဆရာအဘိုးအိုက အေးဆေးသည့်လေသံဖြင့်...

"ဒါဖြင့် မင်းကိုမေးမယ်၊ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီဆိုတာ ဘယ်လိုလူတွေလဲ မင်းသိလား..."

မယ်တော်ဝမ်မှုက...

"ကျွန်မ နည်းနည်းပါးပါးတော့သိပါတယ်၊ တာအိုဆရာသခင်ထိုက်ယီက ဘဝပေါင်းများစွာတည်ရှိနိုင်ပြီး လူ့လောကမှာ အကြိမ်ကြိမ်အခါခါ လူပြန်ဝင်စားနိုင်တယ်၊ ဗုဒ္ဓကတော့ အခြေခံကျတဲ့ သဘောတရားတွေကို ပိုင်ဆိုင်တဲ့ လောကနိယာမတွေအားလုံးကို နားလည်သူဖြစ်တယ်..."

တာအိုဆရာအဘိုးအိုက...

"မင်းပြောတာလည်း မမှားပါဘူး၊ ဒါပေမဲ့ တကယ်တော့ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီတို့ဆိုတာက အတိတ်ကို ဖြတ်တောက်လိုက်သည့်တိုင် သူတို့ရဲ့ အနာဂတ်ရလဒ်တွေက ပြောင်းလဲနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် သူတို့ ဘယ်လောက်ဘေးဆိုးဒုက္ခတွေ ရင်ဆိုင်ခဲ့ရပါစေ အတိတ်ကို မဖြတ်တောက်ခဲ့ကြဘူး၊ အတိတ်ဆိုတာက မြစ်တစ်စင်းကနေခွဲထွက်လာတဲ့ မြစ်လက်တက်များစွာလိုပါပဲ၊ အတိတ်ကိုဖြတ်တောက်လိုက်လို့ အနာဂတ်ရလဒ်တွေ အများကြီးပြောင်းလဲသွားနိုင်တယ်၊

ဒါပေမဲ့ ဗုဒ္ဓနဲ့ တာအိုဆရာသခင် ထိုက်ယီကတော့ မပြောင်းလဲ

နိုင်ဘူး..."

မယ်တော်ဝမ်မူက...

"ကျွန်မ နားမလည်ဘူး..."

တာအိုဆရာအဘိုးအိုက...

"အားလော်ဟာယ် လက်ကိုင်ထားတဲ့ လမ်းစဉ်က ကံကြမ္မာ

လမ်းစဉ်ပဲ ၊ သူက အချိန်စီးကြောင်းကနေ လူသားတွေရဲ့

ကံကြမ္မာကို လိုသလိုပြောင်းလဲပေးနိုင်စွမ်းရှိတယ် ၊ ဒါပေမဲ့ သူ

တောင်မှ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီရဲ့ ကံကြမ္မာကို

ပြောင်းလဲမပစ်နိုင်ဘူး ၊ အတိတ်မှာဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ဗုဒ္ဓ

ကလည်း အချိန်တန်တာနဲ့ ဗုဒ္ဓဖြစ်လာမှာ ဖြစ်သလို ၊ တာအို

ဆရာသခင်ထိုက်ယီကလည်း တာအိုဆရာသခင်ထိုက်ယီ

ဖြစ်လာမှာပဲ ၊ ကံကြမ္မာက ပြဋ္ဌာန်းပြီးသားဖြစ်လို့ သူတို့ကို

ဘယ်အရာကမှ မတားဆီးနိုင်ဘူး..."

မယ်တော်ဝမ်မှုက...

"တာအိုမိတ်ဆွေ ဆိုလိုတာ ဘာအဓိပ္ပါယ်လဲ ၊ ကျွန်မတို့ အတိတ်ကို ဘယ်လိုပဲ ပြောင်းလဲအောင် ကြိုးစားကြိုးစား အနာဂတ်မှာ ဖြစ်လာမယ့် ကံတရားကတော့ မပြောင်းလဲဘူးလို့ ဆိုလိုတာလား ၊ ဒါဖြင့် အတိတ်ကိုဖြတ်တောက်တဲ့ ပညာက ဘာများ အသုံးဝင်တော့မှာလဲ..."

တာအိုဆရာအဘိုးအိုက ရယ်မောလိုက်ရင်း...

"မင်းကြည့်ရတာ နားလည်ပုံမပေါ်သေးဘူး ၊ ဒီလိုလေ အတိတ်ဆိုတဲ့ အကြောင်းရင်းမရှိခင်ကတည်းက သူတို့က သူတို့က ဗုဒ္ဓနဲ့ တာအိုဆရာသခင်ကြီး ဖြစ်ပြီးနေပြီလေ ၊ ပြီးတော့ သူတို့မှာလည်း သူတို့ကံတရားနဲ့သူတို့ ရှိပြီးသားဖြစ်လို့ အနာဂတ်က မပြောင်းလဲနိုင်တာပေါ့ ၊ တခြားသူတွေနဲ့တော့ ဘယ်တူမှာလဲ ၊ တခြားသူတွေအနေနဲ့ဆိုရင်တော့ အတိတ်ကို ပြောင်းလဲလိုက်ရင် အနာဂတ်လည်း ပြောင်းလဲသွားမှာပေါ့ ၊ ထားလိုက်ပါ...

ကျုပ်ပြောတာလည်း မှတ်ချင်မှ မှန်မှာပါ ၊ ကျုပ်က ကျန်းဝူ

နတ်ဘုရားနားလည်သလောက်ပဲ မင်းကို ပြောပြနိုင်တာပါ..."

မယ်တော်ဝမ်မူက...

"အဲဒီကောင်လေးက အတိတ်ကို ဖြတ်တောက်ပစ်ခဲ့တယ်လို့

ရှင်ပြောခဲ့တယ်နော် ၊ သူလုပ်ခဲ့တာ အောင်မြင်ခဲ့သလား

ဟင်..."

တာအိုဆရာအဘိုးအိုက...

"ဘယ်လိုလုပ် အောင်မြင်မှာလဲ ၊ အတိတ်ကိုဖြတ်တောက်တယ်

ဆိုတာ တော်ရုံလူလုပ်နိုင်တာမှ မဟုတ်တာ ၊ မိုးနတ်မင်းတောင်

မှ လုပ်နိုင်တာမျိုး မဟုတ်ဘူး ၊ မအောင်မြင်ခဲ့လို့လည်း လွန်ခဲ့

တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ဘေးအန္တရယ်ဆိုးကြီးကျ

ရောက်ခဲ့ရပြီး ဘယ်သူမှ မလွတ်မြောက်နိုင်ခဲ့ဘူး..."

မယ်တော်ဝမ်မူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"တာအိုမိတ်ဆွေပြောတဲ့အတိုင်းသာ မှန်တယ်ဆိုရင် အတိတ်ကို ဖြတ်တောက်ဖို့ ကြိုးစားခဲ့တဲ့ အဲဒီကောင်လေး ဆန်းလျန်ကိုယ်တိုင်က ဘာဖြစ်လို့ ဘေးအန္တရယ်ဆိုးထဲမှာ အသက်ပျောက်မသွားရတာလဲ..."

တာအိုဆရာအဘိုးအိုက တစ်ချက်ပြုံးလိုက်ရင်း....

"ကျုပ်လည်း အဲဒီကိစ္စ သိပ်ပြီး မရှင်းလင်းဘူး ဖြစ်နေတာ ၊ ပြီးတော့ သူ့ရဲ့ တန်ခိုးစွမ်းအားတွေကလည်း အရင်အတိုင်းပဲ ၊ ဒီတော့ လူပြန်ဝင်စားပြီး ကျင့်ကြံတယ်ဆိုတာလည်း မဖြစ်နိုင်ပြန်ဘူး..."

မယ်တော်ဝမ်မူက...

"ဒါမှမဟုတ် သူက အတိတ်ကိုဖြတ်တောက်ခဲ့စဉ်တုန်းက သေမသွားဘဲ ဒဏ်ရာလောက်ပဲ ရသွားတာ ဆိုရင်ရော ၊ အခု ဒဏ်ရာသက်သာသွားလို့ ပြန်ပေါ်လာတာမျိုးရော မဖြစ်နိုင်ဘူးလား..."

မယ်တော်ဝမ်မူ၏ စကားကိုကြားသည်နှင့် တာအိုဆရာအဘိုး

အိုမှာ သက်ပြင်းတစ်ချက်ပင် မချနိုင်တော့ပေ။

ကျယ်ပြောလှသည့်လောကထဲတွင် အမှန်တရားကို ရှာဖွေရန်

မှာ အခက်ခဲဆုံးဖြစ်လေသည်။ အထူးသဖြင့် အဆင့်မြင့်

ကျင့်ကြံသူများ ရင်ဆိုင်ကြရသည့် အခက်အခဲများ ၊ ဒုက္ခ

ဆင်းရဲများ ၊ နာကျင်မှုများကို နားလည်နိုင်ရန်မှာ အခက်ခဲဆုံး

ပင် ဖြစ်လေသည်။

....

အိန်ဂျယ်များက လက်နက်များကို ကိုင်ဆောင်ကာ ဆန်းလျန်

နှင့် ကြာပန်းဖြူကို တိုက်ခိုက်နေကြလေသည်။

သူတို့သည် အလွန်စွမ်းအားကြီးမားသူများဖြစ်ကြလေသည်။

တရားစီရင်နိုင်စွမ်းလည်း ရှိကြသလို ကံကြမ္မာနှင့်လည်း

ဆက်စပ်နေကြသည်။ သို့သော်... လုံးဝဥဿုံအမှန်တရားတော့

မဟုတ်သေးပေ။

ဆန်းလျှန်က တည်တည်ငြိမ်ငြိမ်ဖြင့် အိန်ဂျယ်များ၏

တိုက်ခိုက်မှုကို ခုခံနေသော်လည်း ကြာပန်းဖြူကတော့ ခုခံနိုင်

ခြင်း မရှိတော့ပေ။

သူမသည် အဆက်မပြတ်သွေးများအန်ထုတ်လိုက်ပြီး

ဆက်လက်တိုက်ခိုက်နိုင်ခြင်း မရှိတော့ပေ။

အခန်း (၇၉၉) ကြာပန်းဖြူကြွေလွင့်လေသောအခါ

အားလော်ဟာယ်သည် အခြားသောနတ်ဘုရားများနှင့်ယှဉ်လျှင်

ထိပ်တန်းအဆင့်တွင်ရှိသူတစ်ယောက် ဖြစ်သည်မှာ သံသယ

ဖြစ်ဖွယ်မရှိပေ။

သူဖန်ဆင်းထားသည့် အိန်ဂျယ်များကိုပင်လျှင် ကြာပန်းဖြူ ခုခံတိုက်ခိုက်နိုင်ခြင်းမရှိသည်က သက်သေပြနေလေသည်။

ဆန်းလျန်ကတော့ ဆက်လက်တိုက်ခိုက်နေဆဲ ဖြစ်လေသည်။ ဆန်းလျန်၏ တိုက်ခိုက်မှုအောက်တွင် အိန်ဂျယ်များ၏ တန်ခိုးစွမ်းအားများ အပိုင်းပိုင်းကွဲကြေကာ ပျက်စီးကုန်ကြလေသည်။

သို့သော်... အိန်ဂျယ်များကလည်း အသက်သေမည်ကို ကြောက်ရွံ့ခြင်း လုံးဝမရှိဘဲ ရှပ်ရှပ်ချွန်ချွန် တိုက်ခိုက်နေကြလေသည်။

ဤအတိုင်းသာဆက်သွားနေပါက တိုက်ပွဲက အဆုံးသတ်နိုင်မည် မဟုတ်ပေ။

အိန်ဂျယ်များကလည်း အလျှော့မပေးဘဲ သူတို့၏ လက်နက်များဖြင့် အစွမ်းကုန်တိုက်ခိုက်နေကြသလို ဆန်းလျန်ကလည်း

အလျှော့ပေးနောက်ဆုတ်မည့်ဟန် တစ်စက်ကလေးပင် မရှိပေ။

အားလော်ဟယ်ကတော့ တိုက်ပွဲအတွင်းသို့ ယခုအချိန်ထိ ဝင်ရောက်ခြင်း မရှိသေးပေ။

သူက ပွဲကြည့်ပရိတ်သတ်တစ်ယောက်သာ ဖြစ်လေသည်။

ကြာပန်းဖြူက သွေးများအန်နေသည်မှာ ရပ်တန့်သွားပြီ ဖြစ်သော်လည်း ချောင်းများဆိုးနေသေးသည်။

ကြာပန်းဖြူက...

"ရှင် စိတ်မပူနဲ့၊ ကျွန်မ အခု လာကူညီမယ်..."

ဆန်းလျန်က တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်...

"မလိုဘူး..."

ဟု ပြောလိုက်လေသည်။

ကြာပန်းဖြူက တစ်ချက်ပြုံးလိုက်ရင်း...

"သူသေကိုယ်သေမတိုက်သရွေ့ ဒီတိုက်ပွဲက အဆုံးသတ်မှာ မဟုတ်ဘူး..."

ဆန်းလျန်က သူမ၏ မျက်ဝန်းများကို စိုက်ကြည့်လိုက်လေသည်။

သူမ၏ မျက်ဝန်းများထဲတွင် ဆုံးဖြတ်ချက်ခိုင်မာမှု ၊ ဇွဲရှိမှု ၊ နူးညံ့မှု ၊ လွတ်လပ်မှုများဖြင့် ပြည့်နက်နေလေသည်။

ထိုမျက်ဝန်းများသည် သူနှင့်အလွန်ရင်းနှီးနေသည့်အလား ဆန်းလျန် ခံစားလိုက်ရလေသည်။ သူမသည် အလွန်မှ လျှို့ဝှက်ဆန်းကျယ်သူတစ်ယောက် ဖြစ်လေသည်။

သူမ၏အကြည့်များထဲတွင် နစ်မျောပြီး ဆန်းလျန်သည် မည်သည့်စကားမှ ပြောဆိုနိုင်ခြင်း မရှိတော့ပေ။

သူသေကိုယ်သေတိုက်ခိုက်ကြရမည်...။

အဘယ်ကြောင့်ဆိုသော်... သေခြင်းတရားသည် အဆုံးသတ် မဟုတ်သောကြောင့် ဖြစ်လေသည်။

သေခြင်းတရားသည် အဆုံးသတ်မဟုတ်ပေ။ သေခြင်းတရားသည် အသစ်တစ်ခု အစပြုရာ ဖြစ်လေသည်။

ကြာပန်းဖြူ၏ ခန္ဓာကိုယ်မှ အဖြူရောင် နတ်မီးတောက်များ ထွက်ပေါ်လာပြီး အိန်ဂျယ်များ၏ တိုက်ခိုက်မှုကို ကာကွယ်ထားလိုက်လေသည်။

သူမက လေထဲသို့ ပျံသန်းထွက်ခွာသွားပြီး မီးတောက်များက ပိုမိုတောက်လောင်လာလေသည်။

သူမက တစ်ချက်ပြုံးလိုက်ရင်း....

"ကျွန်မ လူ့လောကကို ရောက်လာတာက ရှင့်ကို ရှာဖွေဖို့နဲ့ ချင်းရှကျောင်းတော်ကိုတည်ဆောက်ဖို့ တာဝန် (၂)ခုနဲ့ ရောက်လာတာပါ ၊ ကျွန်မအတွက် ဘာမှ နောင်တာရစရာ မရှိပါဘူး ၊ ဒါပေမဲ့ ရှင်က အဲဒီနေ့က ကျွန်မကို ပြောခဲ့တယ် ၊ ကျွန်မက ဖန်ဆင်းခံကိုယ်ခွဲတစ်ခုသက်သက်ပဲတဲ့ ၊ အဲဒီစကားကို မခံချင်ဖြစ်မိလို့ ကျွန်မ ဒီလောကထဲက ထွက်ခွာမသွားသေးတာပါ ၊

ဒါပေမဲ့ ကျွန်မကို ကတိတစ်ခုပေးပါ၊ ကျွန်မ မရှိတော့ရင် ချင်းရှကျောင်းတော်မှာ နေပါနော်... ကျွန်မကို သတိရတဲ့အနေနဲ့ အဲဒါတစ်ခုတော့ လုပ်ပေးစေချင်တယ်..."

စကားဆုံးသွားသည်နှင့် ကြာပန်းဖြူသည် မီးတောက်များကြားထဲတွင် ပျောက်ကွယ်သွားပြီး ကောင်းကင်တိုင်းပြည် မြေပြင်ထက်တွင် ကြာပန်းတစ်ပွင့် ပွင့်လန်းလာလေသည်။

ထိုကြာပန်းပွင့်မှ သန်းနှင့်ချီသည့် ကြာပန်းဖြူပွင့်များကောင်းကင်တိုင်းပြည်တစ်ခုလုံးတွင် ပြည့်နက်သွားကာ တစ်ပွင့်ချင်းစီသည် ဆန်းလျန်ကို တိုက်ခိုက်နေသည့် အိန်ဂျယ်တစ်ယောက်ချင်းစီကို ရစ်ပတ်သွားလေသည်။ ကြာပန်းများကဆန်းလျန်သွားမည့်လမ်းကို ရှင်းလင်းပေးလိုက်လေသည်။

ဆန်းလျန်သည် ပြန့်ကျဲနေသည့် ကြာပန်းပွင့်ကြွေများကိုကြည့်ရင်း ပူဆွေးခြင်းမရှိသည့်တိုင် အနည်းငယ် ဝမ်းနည်းသွားမိသည်ကတော့ အမှန်ပင်ဖြစ်သည်။

သူ့အတွက် ရှေ့ဆက်ရမည့်လမ်းသည် အထီးကျန်နေဆဲ ဖြစ်လေသည်။

သူနှင့်အတူ လျှောက်လှမ်းခဲ့ကြသူများသည် တဖြည်းဖြည်းနှင့် သူ့ကို စွန့်ခွာသွားခဲ့ကြသည်ချည်းပင် ဖြစ်သည်။

ထိုသို့ဖြစ်ရခြင်းသည် သူတစ်ယောက်တည်း ကြုံတွေ့ရသည့် အဖြစ်အပျက်တော့ မဟုတ်ပေ။ ကျင့်စဉ်လမ်းကို လျှောက်လှမ်းသူ မည်သူမဆို ကြုံတွေ့ရမည့် အဖြစ်အပျက်သာ ဖြစ်လေသည်။

အဆုံးသတ်တွင် သူ့အတွက် လက်တွဲဖော်တစ်ယောက် ရှိလာနိုင်မည်လား မသေချာသည့်တိုင် ယခုအချိန်တွင်တော့ အထီးကျန်ဆန်လွန်းလှလေသည်။

လောလောဆယ်တွင် ရှေ့ဆက်ရမည့် တာအိုခရီးလမ်းသည် မည်သို့ ဖြစ်မည်ကို ဆန်းလျှန်လည်း မသိရှိနိုင်ပေ။

ကြာပန်းဖြူပွင့်များ ကောင်းကင်တိုင်းပြည်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည့်အခါ အားလော်ဟယ်၏ မျက်နှာတစ်ခုလုံး ရွှေရောင်သန်းသွားလေသည်။

အဘယ်ကြောင့်ဆိုသော်... ကြာပန်းဖြူက သူ့ကို နာကျင် စေသောကြောင့် မဟုတ်ပေ။ အတိတ်တစ်ချိန်က ဆန်းလျန် သူ့ ကို နာကျင်စေခဲ့သည့် မြားချက်အကြောင်းကို စဉ်းစားလိုက်မိ သောကြောင့် ဖြစ်လေသည်။

ထိုမြားချက်သည် များစွာ အန္တရာယ်မရှိလှသော်လည်း သူ့ အတွက်ကတော့ ရင်နာရသည့် ဒဏ်ရာတစ်ခု ဖြစ်နေဆဲ ဖြစ် လေသည်။

အားလော်ဟယ်သည် သူ နားမလည်သည့်အရာကိုသိအောင် ကြိုးစားနေခြင်း ဖြစ်လေသည်။ ယခု သူ၏ ကြိုးစားမှုသည် အဆုံးသတ်ခါနီးပြီဖြစ်ပြီး အဖြေကို သိရှိရတော့မည် ဖြစ်လေ သည်။

ဆန်းလျန်သည် အားလော်ဟယ်ကို ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ပေ။

သူက ကောင်းကင်တိုင်းပြည်အပြင်ဘက်သို့ ပြန်ထွက်လာပြီး ရွှမ်ဝူရေကန်နံဘေးသို့ ရောက်ရှိလာလေသည်။ ကြည်လင်သည့် ရေကန်မျက်နှာပြင်တွင် သူ၏အရိပ်ကို သူပြန်မြင်နေရလေသည်။

သူက တိုက်ပွဲကို ကိုယ်ရောင်ဖျောက်ကာ ကြည့်နေကြသည့် နတ်ဘုရားများကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်။ ထိုနတ်ဘုရားများကို အခြားသူများ မမြင်နိုင်သော်လည်း ဆန်းလျန်ကတော့ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်လေသည်။

ဆန်းလျန်က တစ်ချက်ရယ်မောလိုက်ရင်း...

"ကျုပ် အားလော်ဟယ်ကို တိုက်ခိုက်နေတာကို မင်းတို့ ကူညီကြမလား..."

ဆန်းလျန်၏ စကားကိုကြားသည့်အခါ နတ်ဘုရားများက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့အားလုံးက အားလော်ဟယ်ကို ရန်သူအဖြစ် မသတ်မှတ်လိုကြပေ။ သို့သော် ယင်ရှန်းကျွင်းနှင့် နန်စန်းကျီအပါအဝင် အခြားသောနတ်ဘုရားများက စိတ်ထဲတွင်တော့ ဆန်းလျန်ကို ကူညီလိုစိတ် ဖြစ်မိကြလေသည်။

အဘယ်ကြောင့်ဆိုသော် အားလော်ဟယ်က "ငါမှလွဲပြီး တခြားလမ်းမရှိ" ဟု ပြောခဲ့ဖူးလေသည်။ ထိုစကားက အခြားသောနတ်ဘုရားများကို တုန်လှုပ်စေသလို မကျေမနပ်လည်း ဖြစ်စေလေသည်။

ထို့ပြင် အားလော်ဟယ်၏ ကျမ်းစာများကလည်း သာမန်လူသားများအပေါ်တွင် အလွန်လွှမ်းမိုး ချုပ်ကိုင်နိုင်စွမ်း ရှိလေသည်။

သို့ရာတွင်... နတ်ဘုရားများသည် ဆန်းလျန်နှင့်အတူ အား

လော်ဟယ်ကို တိုက်ခိုက်ရဲခြင်းမရှိကြပေ။ သူတို့က

တိတ်ဆိတ်နေကြဆဲ ဖြစ်လေသည်။

ထိုအချိန်မှာပင် ခရမ်းရောင်တိမ်တိုက်နန်းတော် ခေါင်မိုးထက်

မှ တာအိုဆရာအဘိုးအိုက...

"မင်းကို ဘယ်သူမှ မကူညီချင်ဘူးထင်တယ်... ကောင်လေး၊

ဒါပေမဲ့ ကျုပ်ကူညီမယ်..."

ဆန်းလျန်က အသံလာရာသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ တာအိုဆရာအဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရ

ပြီး အဘိုးအိုထံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်

ပေါ်နေလေသည်။

ထို့ပြင်... အဘိုးအို၏ ဘေးနားပတ်ဝန်းကျင်တွင် မြွေများ၊

အဆိပ်ပိုးမွှားကောင်းများ များစွာ ကို တွေ့ရှိလိုက်ရလေ သည်။

ထိုအဆိပ်ပိုးမွှားများ ၊ မြွေများမှာ ပေါင်းစည်းသွားကြပြီး ရောမဓားကြီးတစ်လက်အဖြစ် ပြောင်းလဲသွားကာ ကောင်းကင်ကို ထိုးခွင်းလိုက်လေသည်။

တာအိုဆရာအဘိုးအိုသည်လည်း ပျောက်ကွယ်သွားပြီး သူ၏ သတ်ဖြတ်လိုသည့် အငွေ့အသက်များသည် ရောမဓားကြီးဖြင့် တစ်သားတည်း ပေါင်းစပ်သွားလေသည်။

အားလော်ဟယ်သည် ကောင်းကင်ထက်တွင် မတ်တတ်ရပ်နေလေသည်။ ထို့နောက် ရှမ်ဝူရေကန်ရှိရာသို့ အသံလွှင့်ကာ စကားပြောလိုက်သည်။

"အဘိုးကြီး... ကျုပ် မင်းကို သတ်ပစ်မှာ မကြောက်ဘူး လား..."

ထိုအခါ ရောမဓားကြီးဆီမှာ စကားသံထွက်ပေါ်လာလေသည်။

"မင်းဟာ သုံးလောကမှာ တန်ခိုးအကြီးမားဆုံး မဟုတ်ဘူးဆို တာ ကျုပ်က သက်သေပြရမှာပေါ့..."

အားလော်ဟယ်က...

"လောကကြီးကို ကျုပ်အစွမ်းနဲ့သာ ထိန်းချုပ်မထားဘူးဆိုရင်

ပျက်စီးတာ ကြာလှပြီပေါ့..."

မယ်တော်ဝမ်မူကတော့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အားလော်ဟယ်ပြောသည်မှာလည်း သဘာဝကျလေသည်။

လက်ရှိလောကကြီးက အစိတ်စိတ်အမွှာမွှာ ပျက်စီးလျှက်ရှိ

လေသည်။ အားလော်ဟယ်ကသာ လူသားများကို စုစည်းပေး

ထားခြင်းမရှိလျှင် ယခုထက်ပင်ပိုပြီး ပျက်စီးနေဖွယ်ရာ ရှိ

လေ၏။

လူသားများ၏ ယုံကြည်ကိုးကွယ်မှုကြောင့်ပင် အခြားသော

နတ်ဘုရားများက အားလော်ဟယ်ကို ဆန့်ကျင်လိုကြသည့်

တိုင် မအောင်မြင်ကြခြင်း ဖြစ်လေသည်။

သို့သော်... မယ်တော်ဝမ်မူ မသိသေးသည့်အချက်တစ်ခုရှိလေ

သည်။ အတိတ်တစ်ချိန်က မြားချက် ထိမှတ်ပြီးကတည်းက

အားလော်ဟယ်၏ တန်ခိုးစွမ်းအားများက ပျက်စီးနေခဲ့ပြီ ဖြစ်လေသည်။

ယခု သူကိုယ်တိုင် လူ့လောကသို့ ရောက်ရှိလာသည့်တိုင် သူ၏တန်ခိုးစွမ်းအားများကို အရင်လို အသုံးချနိုင်ခြင်း မရှိတော့ပေ။

....

ဘုရင့်နေပြည်တော်တွင်တော့ ရှီချင်ဟွမ်မှာ အစွန်းရောက် အကြင်နာကင်းမဲ့သည့်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။ သူ့ကို တိုက်ခိုက်မည့်သူများကလည်း အခြေအနေကို စောင့်ကြည့်နေကြဆဲ ဖြစ်လေသည်။

ရှီချင်းဟွမ်အနေဖြင့် ထိုသူများနှင့် တိုက်ခိုက်ရန် မဖြစ်နိုင်တော့ပေ။ ဆက်လက်တိုက်ခိုက်ပါက သူ ကျိန်းသေ အသက်ပျောက်ရပေတော့မည်။ ထို့ကြောင့် ကစားပွဲအတွင်းမှ ရုန်းထွက်ရန် နည်းလမ်းရှိနေမိလေသည်။

ထိုအချိန်မှာပင်...

သူ့စိတ်ထဲတွင် ရုတ်တရက် တုန်လှုပ်သွားပြီး "အကြောက်တရားတစ်ခု" ထွက်ပေါ်လာလေသည်။

ရှီချင်းဟွမ်မှာ စိတ်ခံစားချက်ကင်းမဲ့သူတစ်ယောက်ဖြစ်လေသည်။ ယခု အဘယ့်ကြောင့် အကြောက်တရား ပေါ်လာရပါသနည်း။

ထိုအချိန်မှာပင်...

မေနန့်စန်းက ရှီချင်းဟွမ်ကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

ရှင်ယောင်းက အနည်းငယ်တုံ့ဆိုင်းနေပြီးမှ မေနန့်စန်းနှင့်အတူ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ဓားအလင်းရောက်တစ်ချက် လင်းလက်လာပြီး ဓားဝိညာဉ်တစ်ခုက ရှီချင်းဟွမ်ရှိရာသို့ ဝင်ရောက်သွားလေသည်။ သို့သော်...

ဓားချက်က ရှီချင်းဟွမ်ကို မထိမိခင်မှာပင် ရှီချင်းဟွမ်၏

ခန္ဓာကိုယ်သည် ထူးဆန်းစွာ ပျောက်ကွယ်သွားလေ

တော့သည်။

ရုတ်တရက်ပင်...

နတ်ဘုရားတေးသွားဂီတသံများထွက်ပေါ်လာပြီး ရှီချင်းဟွမ်

ပျောက်ကွယ်သွားသည့်နေရာတွင် အလွန်တရာ ချောမောလှပ

လွန်းသည့် နတ်မိမယ်လေးတစ်ပါး ထွက်ပေါ်လာလေသည်။

ရှီချင်းဟွမ်ကို တိုက်ခိုက်ရန် စောင့်နေကြသည့် နန်းတော် (၃)ခု

နှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခုမှ တပည့်များမှာ

ရုတ်တရက် မြင်လိုက်ရသည့်မြင်ကွင်းကြောင့် မည်သို့လုပ်ရ

မည်မသိဘဲ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြလေတော့သည်။

အခန်း (၈၀၀) ဆန်းကျွင်းအရှင်နဲ့ ခုလိုပြန်ဆုံရတာ

ထိုနတ်မိမယ်လေးမှာ အခြားသူမဟုတ်ပေ။

ကျောက်ရှောင်ယွီပင် ဖြစ်လေသည်။

သူမသည် တစ်ချိန်တုန်းက သူမနေထိုင်ခဲ့ရာလောကသို့

ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။ တစ်ချိန်တုန်းက

ရင်းနှီးခဲ့သည့် မိုးမြေစွမ်းအားများကို ပြန်လည် ရှူရှိုက်ခွင့်ရ

သည်မှာ မွေးရပ်မြေကို ပြန်ရောက်သည့်အလား အလွန်မှ

ကြည်နူးစရာ ကောင်းလှသည်။

သူမသည် တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေတွင် နှစ်

ပေါင်း (၃၀)ခန့် နေထိုင်ခဲ့သည့်တိုင် ဤလောကကို ခွဲခွာသွားခဲ့

ရသည်မှာ အလွန်အချိန်ကြာမြင့်ပြီဟု ခံစားနေရလေသည်။

ကျောက်ရှောင်ယွီက သူမကို ဝိုင်းပြီးကြည့်နေကြသည့်

နန်းတော် (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခုမှ လူများ

ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထို့နောက် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

သူမ ပျံသန်းထွက်ခွာသွားသည်နှင့် ကောင်းကင်ထက်တွင် မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်လာပြီး လျှပ်စီးများ လက်လာလေသည်။

လျှပ်စီးကြောင်းများသည် မြွေများအလား သူမကို ရစ်ပတ်ထားကြလေသည်။ ထို့နောက် လျှပ်စီးများထဲမှ အဆုံးမရှိ တန်ခိုးစွမ်းအားများသည် ကျောက်ရှောင်ယွီ၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာကြလေသည်။

မိုးကြိုးမုန်တိုင်းနှင့်အတူ ရောက်ရှိလာသည့် ကျောက်ရှောင်ယွီကို တွေ့လိုက်ရသည့်အခါ အားလော်ဟာယ် တစ်ချက် လှုပ်ရှားသွားလေသည်။

ကောင်းကင်တိုင်းပြည်တွင် များပြားလှစွာသောအိန်ဂျယ်များ ထွက်ပေါ်လာပြီး တေးသီချင်းများကို သီဆိုနေကြသည်။

တာအိုဆရာအဘိုးအိုမှ ပြောင်းလဲသွားသည့် ဧရာမဓားကြီးရှိ ရာသို့ ဆန်းလျန်က ပျံသန်းထွက်ခွာသွားပြီး ဓားကြီး၏ ထိပ်ဖျားတွင် ရပ်တန့်လိုက်လေသည်။

ထိုအခါ ဧရာမဓားကြီးသည် ပုံမှန်အရွယ်အစားအဖြစ် ပြောင်းလဲသွားပြီး ဆန်းလျန်၏ လက်တွင်းသို့ ကျရောက်သွား သည်။

နက်ရှိုင်းသည့်ဓားဝိညာဉ်ဖြာလင်းသွားပြီး ဓားဝိညာဉ် အလင်းတန်းများမှ မရေမတွက်နိုင်အောင်များပြားသည့် ပန်း များ ပွင့်လန်းလာလေသည်။ ထို့နောက်... လေပြေလေး တိုက်ခတ်လာပြီး ပန်းများက လေထဲတွင် ပျံဝဲယိမ်းနွဲ့လျှက် ရှိ လေသည်။

ထို့နောက်... ဆန်းလျန်က ဓားကိုတစ်ချက်ဝှေ့ယမ်းလိုက်လေ ရာ ဓားရောင်တစ်ချက်လင်းလက်သွားပြီး ကောင်းကင် တိုင်းပြည်ကို ထိုးခွင်းလိုက်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများနှင့် ဆန်းလျန်၏လက်ထဲမှ ဓားရဲ၏ တန်ခိုးစွမ်းအားများ ပေါင်းစပ်သွားကာ တန်ခိုးစွမ်းအားများက အဆမတန် မြင့်မားလာလေသည်။

ဆန်းလျန် ဓားကိုကိုင်ပြီး ကောင်းကင်တိုင်းပြည်ကို တိုက်ခိုက်နေစဉ်မှာပင် မိုးကြိုးမုန်တိုင်းများနှင့်အတူ ကျောက်ရှောင်ယွီ ရောက်ရှိလာလေသည်။

ဆန်းလျန်၏ဘေးနားသို့ ရောက်သည်နှင့် ကျောက်ရှောင်ယွီ ထံမှ ထွက်ပေါ်နေသည့် မိုးကြိုးမုန်တိုင်းများ ပျောက်ကွယ်သွားလေသည်။ သူမက အားလော်ဟယ်ကို တည်ငြိမ်စွာပင် ရင်ဆိုင်လိုက်သည်။

သူမ၏ပုံစံမှာ အလွန်တည်ငြိမ်နေပြီး ကျင့်ကြံခြင်းအဆင့် ထိပ်ဆုံးရောက်နေသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

ထို့နောက် ကျောက်ရှောင်ယွီက လက်ဟန်တစ်ခု ပြုလုပ်လိုက်လေရာ စကြာတစ်ခုပေါ်လာလေသည်။

ဂါထာရွတ်ဖတ်သံများ သာယာစွာ ထွက်ပေါ်လာပြီး ရွှေရောင်

ဝတ်ရုံများဝတ်ဆင်ထားသည့် နတ်ဘုရားများစွာသည် စကြာ

အတွင်းမှ ထွက်ပေါ်လာပြီး ကျောက်ရှောင်ယွီကို ဦးညွှတ်လိုက်

ကြလေသည်။

နန်စန်းကျိုးမှာ အံ့ဩလွန်းသည့်အတွက် ပါးစပ်အဟောင်းသား

ဖြစ်နေလေသည်။

"ဒီမိန်းကလေးက ဘယ်သူလဲဟ..."

ယင်ရှန်းကျွင်းက...

"ဒီမိန်းကလေး ဘာတွေလုပ်နေတာလဲ..."

နတ်ဘုရားနယ်မြေတစ်ခုကို ဖွင့်လှစ်နိုင်ခြင်းမှာ ထိပ်တန်း

အဆင့် ကျင့်ကြံသူများသာ ပြုလုပ်နိုင်သည့်အလုပ် ဖြစ်လေ

သည်။

ကျောက်ရှောင်ယွီက နတ်ဘုရားနယ်မြေတစ်ခုကို ဖွင့်လှစ်နေ

ခြင်း ဖြစ်လေသည်။

အားလော်ဟယ်သည် ကိုယ်ပိုင်တန်ခိုးစွမ်းအားဖြင့် ကောင်းကင်တိုင်းပြည်ကို ဖန်ဆင်းနိုင်ခဲ့သည်။ ထိုသို့သောဖန်ဆင်းမှုမျိုးကို လော်ဝါဒကလည်း ပြုလုပ်နိုင်စွမ်းရှိလေသည်။ ထို့ကြောင့်ပင် လော်ဝါဒဆရာသခင်နှင့် အားလော်ဟယ်တို့ ရန်သူများဖြစ်ခဲ့ကြရခြင်းပင် ဖြစ်လေသည်။

ဥပမာပေးရမည်ဆိုလျှင် ရှေးခေတ်လော်ဝါဒကျင့်ကြံသူများ ဖန်ဆင်းခဲ့သည့် ကောင်းကင် (၂၄)ထပ် ဖြစ်လေသည်။ ထို ကောင်းကင် (၂၄)ထပ်သည် သူ့ခေတ်သူ့အခါကတော့ ကြောက်မက်ဖွယ်ရာကောင်းလှသည့် နတ်ဘုရားနယ်မြေ ဖြစ်လေသည်။

တစ်ချိန်တုန်းက လော်ဝါဒကျင့်ကြံသူများသာလျှင် ထို ကောင်းကင် (၂၄)ထပ်သို့ ဝင်ခွင့်ရကြလေသည်။

သို့သော်… လော်ဝါဒ၏ ရွှေရောင်နေ့ရက်များ ပျက်စီးသွားပြီး သည့်နောက် ကောင်းကင် (၂၄)ထပ်သည်လည်း ပျက်စီးသွားခဲ့ ရလေသည်။

နန်စန်းကျီက…

"ဒီမိန်းကလေးက အခု နတ်ဘုရားနယ်မြေတစ်ခုကို ဖွင့်လှစ်နေ တာပဲ ၊ သူ ဖွင့်လှစ်နေတဲ့ နတ်ဘုရားနယ်မြေက ကောင်းကင် တိုင်းပြည်ကို ယှဉ်နိုင်မယ်တော့ မထင်ဘူး ၊ ဒါပေမဲ့ ဒီ မိန်းကလေးက တော်တော်ထူးဆန်းတာပဲ"

ယင်ရှန်းကျွင်း၏ မျက်ဝန်းများက တစ်လက်လက်တောက်ပ နေလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းမပျိုထံမှ ထွက် ပေါ်နေသည့် တန်ခိုးစွမ်းအားများသည် ထိုက်ချင်တာအိုဆရာ သခင်နှင့်ဆက်စပ်နေသည်ကို ခံစားမိသောကြောင့် ဖြစ်လေ သည်။ ထို့ပြင်… ထိုမိန်းကလေးသည် သူ့ထက် ကျင့်ကြံခြင်း အဆင့် မြင့်မားလေသည်။

ယင်ရှန်းကျွင်းသည့် ထိုက်စန့်စကျွတန်ခိုးကျင့်စဉ်ကို မကျင့်ကြံရသည့်အတွက် ကျင့်စဉ်လမ်းတွင် အနည်းငယ် အခက်တွေ့နေရလေသည်။ ယခု ကျောက်ရှောင်ယွီထွက်ပေါ်လာခြင်းသည် သူ့အတွက် အခွင့်အရေးတစ်ခုပင် ဖြစ်လေသည်။

မိုးကောင်းကင်နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်လှမ်းနိုင်ရန်အတွက် ကျောက်ရှောင်ယွီထံမှ အခွင့်အရေးတစ်ခု ရယူနိုင်ရန် ကြိုးစားရပေမည်။

သို့သော်... သူက ကျောက်ရှောင်ယွီကို ကြောက်ရွံ့ခြင်း မရှိပေ။

သေစေခြင်းကျောင်းတော်မှ ထိုက်စန့်ဓားသိုင်းကို ရရှိရန် ရှီချင်းဟွမ်ကို တိုက်ခိုက်ခြင်းထက် ကျောက်ရှောင်ယွီကို အသုံးချခြင်းက ပိုပြီး လွယ်ကူနိုင်လေသည်။

ထို့ပြင်... သေစေခြင်းကျောင်းတော်မှာ ပျက်စီးခဲ့ပြီ ဖြစ်လေရာ သေစေခြင်းကျောင်းတော်မှ ကျင့်စဉ်ကျမ်းစာများမှာလည်း

စုံလင်ချင်မှ စုံလင်တော့မည် ဖြစ်လေသည်။ ရေရှည်တွင် သူ့အတွက် အကျိုးမရှိနိုင်ပေ။

ယင်ရှန်းကျွင်းက လှျာကိုတစ်ချက်ကိုက်လိုက်ပြီး လက်ထဲသို့ တံတွေးတစ်ချက် ထွေးချလိုက်သည်။ ထိုအခါ သူ၏လက်ထဲတွင် လက်သည်းခွံအရွယ်အစားရှိသည့် ယပ်တောင်လေးတစ်ခု ကျလာလေသည်။ သူက နန်စန်းကျီ မရိပ်မိအောင် တိတ်တဆိတ်ပြုလုပ်လိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ဓားတစ်လက်ကိုကိုင်ပြီး ကောင်းကင်တိုင်းပြည်ကို တစ်ကိုယ်တည်း တိုက်ခိုက်နေလေသည်။ သူ၏ ပုံစံက အလွန်တရာခမ်းနားလွန်းပြီး တန်ခိုးစွမ်းအားများကလည်း အခြားသူများ မျှော်လင့်သည်ထက် သာလွန်နေလေသည်။

ကျန်းဝူမရဏာစားသည် ဆန်းလျန်၏လက်ထဲတွင် အသားတ

ကျရှိနေပြီး အားလော်ဟယ်သည် ဆန်းလျန်၏ ဓားချက်များ

ကို တန်ခိုးစွမ်းအားအသုံးပြုကာ ကာကွယ်ထားလေသည်။

ဆန်းလျန်သည် သူ့ကိုယ်သူ အထင်လည်းမသေးသလို

အထင်ကြီးခြင်းလည်း မရှိပေ။ သူက အားလော်ဟယ်အနီးသို့

တဖြည်းဖြည်းတိုးကပ်လာသည့်တိုင် စိတ်လိုက်မာန်ပါ

တိုက်ခိုက်ခြင်းမျိုးကို မပြုလုပ်ခဲ့ပေ။ မဟုတ်ပါက ပေးဆပ်ရ

မည့်တန်ဖိုးက များပြားမည် ဖြစ်လေသည်။

ယခုအချိန်က သူ့အတွက် အလွန်အရေးကြီးလေသည်။

နတ်ဘုရားနယ်မြေသစ်ကို ဖွင့်လှစ်လိုက်သူ ကျောက်ရှောင်ယွီ

ထံမှ ထွက်ပေါ်နေသည့် အငွေ့အသက်များက ကြာပန်းဖြူနှင့်

အလွန်ဆင်တူသည်ကို ဆန်းလျန် ခံစားလိုက်မိသည်။

သို့သော်... သူမက ကြာပန်းဖြူထက် အဆပေါင်းများစွာ

တန်ခိုးစွမ်းအားမြင့်မားလေသည်။ သူမသည် ကြာပန်းဖြူကို

ဖန်ဆင်းခဲ့သည့် မူလနတ်ဘုရားဖြစ်သည်ကို ဆန်းလျန်

ချက်ချင်းရိပ်မိလိုက်သည်။

ထိုအချိန်မှာပင်...

ထိတ်လန့်အံ့သြဖွယ်ရာကောင်းလှစွာ ဆန်းလျန်၏ ဝိညာဉ်

သည် သူမ၏ ဝိညာဉ်နှင့် ဆက်နွယ်သွားလေသည်။ ထို့ပြင်

အားလော်ဟယ်ကလည်း ထိုမိန်းကလေးကို ဆန်းလျန်ထက်ပို

ပြီး စိတ်ဝင်စားနေဟန်ရှိလေသည်။ ထူးဆန်းစွာပင် အားလော်

ဟယ်ထံမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များ ရုတ်ချည်း

ထွက်ပေါ်လာကာ ထိုမိန်းကလေးကို ပစ်မှတ်ထား တိုက်ခိုက်

လေတော့သည်။

ထို့ပြင် အားလော်ဟယ်သည် ထိုမိန်းကလေးကို အနည်းငယ်

ကြောက်ရွံ့နေဟန်လည်း ရှိလေသည်။ ထို့ကြောင့် အားလော်

ဟယ်က ကျောက်ရှောင်ယွီကို ရုတ်တရက် တိုက်ခိုက်လိုက်

သည့်တိုင် နာကျင်အောင် မတိုက်ခိုက်နိုင်ခဲ့ ပေ။

ကျောက်ရှောင်ယွီကို တွေ့လိုက်ရသည့်အတွက် အားလော်ဟယ်

သည် ရုတ်တရက် စိတ်များ ရှုတ်ထွေးသွားခဲ့လေ သည်။

ယခုတော့ ကံကြမ္မာက အားလော်ဟယ်နှင့် ကျောက်ရှောင်ယွီ

ကို ရင်ဆိုင်စေခဲ့ပြီ ဖြစ်လေသည်။

အားလော်ဟယ် နားလည်သည်ဖြစ်စေ နားမလည်သည်ဖြစ်စေ

ကံကြမ္မာရဟတ်က အမြဲတမ်း လည်ပတ်နေမည်ပဲ ဖြစ်လေ

သည်။

ကျောက်ရှောင်ယွီသည် ကောင်းကင်တိုင်းပြည်ကို

သေချာပေါက် အဆုံးသတ်ပေးတော့မည်ကို အားလော်ဟယ်

သိရှိနေခဲ့လေသည်။

သူက တားဆီးချင်လျှင်တောင်မှ တားဆီးနိုင်တော့မည် မဟုတ်

ပေ။

တစ်ချိန်တုန်းက လော်ဝါဒဆရာသခင်နှင့် လော်ဝါဒကျင့်ကြံ

သူများသည် သူ၏လက်ထဲတွင် ကျဆုံးခဲ့သကဲ့သို့ သူသည်

လည်း လော်ဝါဒကျင့်ကြံသူတစ်ယောက်၏ လက်ထဲတွင် ကျ

ဆုံးရတော့မည် ဖြစ်သည်။

ထိုကံတရားကို အပြင်းအထန် ငြင်းဆန်ပါက ပိုပြီး ဒုက္ခရောက်

ဖွယ်ရာ ဖြစ်လေသည်။

ကံကြမ္မာလမ်းစဉ်ကို လျှောက်လှမ်းခဲ့သည့် အားလော်ဟယ်

အတွက် ယနေ့ အချိန်လောက် ကြောက်မက်ဖွယ်ကောင်းသည့်

အခြေအနေမရှိတော့ပေ။

သူ၏အခွင့်အာဏာတည်မြဲရန်အတွက် လော်ဝါဒဆရာသခင်

ကို သတ်ဖြတ်ပစ်ခဲ့လေသည်။ လော်ဝါဒဆရာသခင်၏ တည်ရှိ

မှုကို သူ ငြင်းဆန်ခဲ့လေသည်။ ယခုတော့ သူ၏ တည်ရှိမှုကို

ခြိမ်းခြောက်နေပြီဖြစ်သည့် လော်ဝါဒ ကျင့်ကြံသူတစ်ယောက်

ကို ရင်ဆိုင်နေရပြီ ဖြစ်သည်။

ကျောက်ရှောင်ယွီက အားလော်ဟယ်ကို တိုက်ခိုက်ရန်အတွက်

နတ်ဘုရားနယ်မြေကို ဖွင့်လှစ်လိုက်လေသည်။

သူမက ဆန်းလျန်ကို ကူညီပြီး အားလော်ဟယ်ကို တိုက်ခိုက်ရန်အတွက် နတ်ဘုရားနယ်မြေကို ဖွင့်လှစ်လိုက်ခြင်း ဖြစ်လေသည်။

သို့သော်… ထိုအချိန်မှာပင်…

အားလော်ဟယ်ဆိုသူသည် လော်ဝါဒဆရာသခင်၏ ရန်သူဖြစ်သည်ကို ချက်ချင်း သိရှိလိုက်လေတော့သည်။

သို့သော်… ထိုအရာများအားလုံးက သူမအတွက် အရေးမကြီးလှပေ။

အရေးကြီးသည်မှာ သူမ၏ ချစ်ရသူ 'ဆန်းလျန်' သာလျှင်ဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် ကျန်းဝူမရဏာဓားကို ကိုင်ဆောင်ထားသည့် ဆန်းလျန်ကို စူးစိုက်ကြည့်နေလေသည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် ချစ်ရသူကို ပြန်လည်တွေ့ဆုံရသည်မှာ စိတ်လှုပ်ရှားစရာကောင်းလှသည်။

သူမက ဆန်းလျန်ကို ဦးညွှတ်လိုက်ပြီး နူးညံ့စွာတစ်ချက်ပြုံး

လိုက်ရင်း....

"ဆန်းကျွင်းအရှင်နဲ့ ခုလိုပြန်ဆုံရတာ နေမင်းကြီးထွန်းလင်းလာ

တာကိုတွေ့ရသလို ကြည်နူးစရာကောင်းလိုက်တာ ၊ ကံတရား

အတိုင်းပဲ ထင်ပါရဲ့နော်...."

သူမ၏စကားဆုံးသွားသည်နှင့် အားလော်ဟယ်၏

ကောင်းကင်တိုင်းပြည်တစ်ခုလုံးမှာ ကျောက်ရှောင်ယွီဖန်ဆင်း

ထားသည့် နတ်ဘုရားနယ်မြေအောက်တွင် အဆုံးသတ်သွား

လေတော့သည်။ ဤသည်မှာ ကံတရားပင် ဖြစ်လေသည်။

ထို့အတူ...

ကျောက်ရှောင်ယွီ ဆန်းလျန်နှင့် ပြန်လည် ဆုံတွေ့ရခြင်းသည်

လည်း ကံတရားပင် ဖြစ်လေသည်။

အခန်း (၈၀၁) တစ်သောင်းသုံးထောင်ခြောက်ရာနှစ်ဆယ့်သုံး

ရက်

ကျောက်ရှောင်ယွီထံမှ နတ်ဘုရားအလင်းတန်းများ ဖြာထွက်

လာပြီး ကောင်းကင်တိုင်းပြည်နှင့် ဆန်းလျန်အကြားတွင် ကာ

ကွယ်ပေးထားလိုက်လေသည်။

အလင်းတန်းများက ပါးလျားသည့်တိုင် အိန်ဂျယ်များ၏

တေးသီချင်းသီဆိုနေသံများကို မကြားရအောင် တားဆီးပေး

ထားလေသည်။

ကျောက်ရှောင်ယွီ၏ နတ်ဘုရားအလင်းတန်းများနှင့် ထိတွေ့

မိသည်နှင့် အိန်ဂျယ်များမှာ မျက်လုံးများ မှေးမှိတ်သွားပြီး

လှုပ်ရှားမှုများလည်း နှေးကွေးသွားကြသည်။

အားလော်ဟယ်ဆိုသည်က အိန်ဂျယ်များကို ဖန်ဆင်းခဲ့သူတစ်ယောက် ဖြစ်လေသည်။ ထို့ပြင် သူက တာအိုကျင့်ကြံခြင်း အကြောင်းကိုလည်း နားလည်သူဖြစ်လေရာ ကျောက်ရှောင်ယွီ၏ နတ်ဘုရားအလင်းတန်းများက အိန်ဂျယ်များကို ထိခိုက်စေသည်ကို ချက်ချင်းနားလည်လိုက်သည်။ ကျောက်ရှောင်ယွီထံမှ ဖြာထွက်လာသည့်အလင်းတန်းများမှာ ထိုက်ချင်အလင်းတန်းများဖြစ်ပြီး ထိုအလင်းတန်းများက အိန်ဂျယ်များသီဆိုနေသည့် တေးသီချင်းသံက ဆန်းလျန်ကို မထိခိုက်စေရန် ကာကွယ်ပေးထားလေသည်။

အားလော်ဟယ်က ချက်ချင်းပင် ဆန်းလျန်အပေါ်တွင် အာရုံမစိုက်တော့ဘဲ ကျောက်ရှောင်ယွီကို အာရုံစိုက်လိုက်သည်။ ဆန်းလျန်တစ်ယောက်တည်းဆိုလျှင် ရင်ဆိုင်ရန်မခက်ခဲသည့်တိုင် ကျောက်ရှောင်ယွီသာပါလာလျှင်တော့ အားလော်ဟယ်

အတွက် ရင်ဆိုင်ရန် ခက်ခဲသွားနိုင်လေသည်။ ကြီးမားသည့်

ပြဿနာတစ်ခုပင် ဖြစ်လာနိုင်သည်။

ကျောက်ရှောင်ယို၏ ခန္ဓာကိုယ်မှ ထိုက်ချင်တန်ခိုးစွမ်းအား

အလင်းတန်းများဖြာထွက်နေပြီး ရွှေရောင်ဝတ်ရုံ ဝတ်ဆင်ထား

သည့်နတ်ဘုရားများက သူမကို ဝန်းရံထားကြသည်။

ဆန်းလျန်က သူမကို လှမ်းကြည့်လိုက်လေသည်။

သူမသည် ကြည်လင်သည့်ကန်ရေပြင်တွင် ပွင့်လန်းနေသည့်

ကြာပန်းလေးအလား သန့်စင်လွန်းလှသည်။ သူမ၏ အလှ

တရားသည် လောကတွင် ပြိုင်ဘက်မရှိနိုင်ပေ။

ကျောက်ရှောင်ယိုက ပြုံးလိုက်ရင်း...

"ကျွန်မ ရှင့်ကို အမြဲတမ်းစောင့်နေခဲ့တာ ၊ ကျွန်မ ဘယ်နေရာ

ဘဲ ရောက်နေရောက်နေ ရှင့်ကို အမြဲတမ်း တွေ့ရဖို့ စောင့်နေခဲ့

တာ..."

ဆန်းလျှန်ရင်ထဲတွင် အနည်းငယ် တင်းကျပ်သလိုခံစားလိုက်ရ

ပြီး...

"မင်း အကြာကြီး စောင့်နေခဲ့ရတာလား..."

ကျောက်ရှောင်ယွီက...

"သိပ်တော့ မကြာလှပါဘူး၊ ရက်ပေါင်း တစ်သောင်းသုံး

ထောင်ခြောက်ရာနှစ်ဆယ့်သုံးရက်ထဲရယ်ပါ..."

နတ်ဘုရားများအတွက် ထိုမျှလောက်အချိန်ကာလကို ကြာ

သည်ဟု မဆိုသာပေ။

တစ်ကိုယ်တည်း တံခါးပိတ်ကျင့်ကြံလျှင်ပင် ထိုအချိန်ထက်ပို

ပြီး ကြာမြင့်နိုင်သေးသည်။

သို့သော်... နေ့ရက်တိုင်း ချစ်ရသူကို လွမ်းဆွတ်နေရသည်ဆို

လျှင်တော့ နေ့ရက် တစ်ရက်သည်လည်း တစ်ကမ္ဘာကြာသည့်

အလား ခက်ခဲမည် ဖြစ်လေသည်။

ကျောက်ရှောင်ယွီ သူ့ကို လွမ်းဆွတ်တမ်းတစွာ စောင့်မျှော်နေခဲ့ခြင်းအတွက် ဆန်းလျန် စိတ်မကောင်းဖြစ်မိခြင်း မရှိပေ။ စိတ်မကောင်းဖြစ်ရသည်မှာ ကြာပန်းလေးတစ်ပွင့်အလား လှပသန့်စင်လွန်းသူ ထိုမိန်းမပျိုကို သူ... လုံးဝ မမှတ်မိတော့သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က...

"ကျုပ် မပြောချင်ပေမယ့် ပြောရတော့မှာပဲ ၊ တကယ်တော့ ကျုပ်မင်းကို မမှတ်မိဘူး..."

ကျောက်ရှောင်ယွီက ဆန်းလျန်စကားကြောင့် စိတ်ဆိုးဒေါသထွက်သွားခြင်း မရှိပေ။

သူမက...

"အင်း... ရှင်သိလား ၊ ကျွန်မတို့ ပထမဆုံးအကြိမ်ဆုံတွေ့ခဲ့ကြတုန်းက ရန်သူတွေလိုပဲ ၊ အခု အသစ်က ပြန်စကြတာပေါ့ ၊ ကျွန်မနာမည်က ကျောက်ရှောင်ယွီပါ ၊ ကျောက်ဆိုတာက

ကျောက်ယန်ရဲ့ ကျောက်မျိုးနွယ်၊ ရှောင်ယွီဆိုတဲ့နာမည်

ကတော့ မိုးရေစက်လေးတွေလို့ အဓိပ္ပါယ်ရတယ်၊ ကဲ...

ကျွန်မကိုယ်ကျွန်မ မိတ်ဆက်ပေးပြီးသွားပြီ၊ ဒါပေမဲ့ ရှင်

ကတော့ ထပ်မိတ်ဆက်ဖို့မလိုဘူးနော်၊ ရှင် အမှုံ့ဖြစ်သွား

ရင်တောင်မှ ရှင်က ဆန်းလျန်ဆိုတာ ကျွန်မ ဘယ်တော့မှ မေ့

သွားမှာမဟုတ်ဘူး၊ အမြဲတမ်း မှတ်မိနေမှာ..."

တွေ့ဆုံခဲ့ဖူးသမျှ မိန်းကလေးများထဲတွင် ကျောက်ရှောင်ယွီက

အထူးခြားဆုံးမိန်းကလေးတစ်ယောက်ဖြစ်သည်ဟု ဆန်းလျန်

တွေးလိုက်မိသည်။

ထို့ပြင် ထိုမိန်းကလေး သူ့အပေါ်တွင် မည်မျှ မေတ္တာရှိနေသည်

ကို တစ်ချက်ကြည့်ရုံမျှဖြင့် ဆန်းလျန် သိလိုက်လေသည်။

သို့သော်... ထိုမိန်းကလေးသည် သူ့ကို မည်မျှမေတ္တာရှိပါစေ

တွယ်တာတတ်သူတစ်ယောက်တော့ မဟုတ်ပေ။ သူ့ကို ချစ်လျှ

က်နှင့် စွန့်လွှတ်ခဲ့ဟန် ရှိလေသည်။

ယခု သူနှင့် ပြန်လည်ဆုံတွေ့ခွင့်ရပြန်တော့လည်း သူမသည် အလွန်ပျော်ရွှင်နေဟန် ရှိလေသည်။

အတိတ်တစ်ချိန်က သူနှင့်ကျောက်ရှောင်ယွီ မည်သို့ ပတ်သက်ခဲ့ကြသည်ကို ဆန်းလျန် မမှတ်မိတော့ပေ။ သို့သော်... သေချာသည့်အချက်တစ်ခုမှာ ရေမြေဆုံးစေဦးတော့ ဆန်းလျန်သည်လည်း ထိုမိန်းကလေးကို မည်သည့်နည်းနှင့်မှ မုန်းရက်မည်မထင်ပေ။

ဆန်းလျန်တွေးနေစဉ်မှာပင်...

ကျောက်ရှောင်ယွီ၏ ရယ်သံလွင်လွင်လေး ထွက်ပေါ်လာလေသည်။

ဆန်းလျန်က...

"မင်း ဘာရယ်တာလဲ..."

ကျောက်ရှောင်ယွီက...

"ကျွန်မ ရှင့် မျက်နှာလေးကိုများ ထိကိုင်ကြည့်လို့ရနိုင်မလား..."

ဆန်းလျန်က...

"မရဘူး..."

ကျောက်ရှောင်ယွီက ဆန်းလျန်၏ စကားကို အလေးမထားဘဲ ဆန်းလျန်၏ ပါးပြင်ကို အသာထိကိုင်ရန် ကြိုးစားလိုက်သည်။

ဆန်းလျန်က အလင်းတန်းတစ်ခုဖန်ဆင်းကာ ကျောက်ရှောင်ယွီ သူ့ကို ထိကိုင်၍မရအောင် တားဆီးထားလိုက်သည်။

ဆန်းလျန်မျက်နှာကိုထိ၍မရတော့သည့်အခါ ကျောက်ရှောင်ယွီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ထူးဆန်းလိုက်တာ၊ ရှင်ပြောတော့ အစစ်ဆေးခံရမှုတွေနဲ့ ဘေးအန္တရာယ်တွေအားလုံးကို အဆုံးသတ်ခဲ့တာကို သက်သေပြခဲ့သလေး ဘာလေးနဲ့၊ အခုတော့ အရင်ကပုံစံနဲ့ ဘာမှလည်းမထူးပါလားနော်..."

ဆန်းလျန်က စိတ်ရှုတ်ထွေးသွားဟန်ဖြင့်...

"မင်း ဘာတွေပြောနေတာလဲ..."

ကျောက်ရှောင်ယွီက...

"ဟို ဖန်ဆင်းရှင်အဘိုးကြီးလိုတော့ ရှင် အူကြောင်ကြောင် မလုပ်နဲ့နော်..."

ဆန်းလျန်က...

"မင်း ဘာတွေပြောနေမှန်း ကျုပ် တကယ်မသိတာပါ၊ ကျုပ်အတိတ်မေ့နေတာ..."

ကျောက်ရှောင်ယွီက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ကျွန်မဖန်ဆင်းထားတဲ့ ကိုယ်ခွဲတစ်ခုကနေတစ်ဆင့် ရှင်တစ်ခုခုဖြစ်နေတယ်ဆိုတာ ကျွန်မ သိခဲ့ပါတယ်၊ ဟို အဘိုးကြီးကို မောင်းထုတ်ပြီးသွားရင် ရှင့်ကို ကျွန်မ ကူညီပေးပါ့မယ်..."

သူမ၏ ဖန်ဆင်းခံကိုယ်ခွဲတစ်ခုဖြစ်သည့် ကြာပန်းဖြူထံမှ ဆန်းလျန် တစ်စုံတစ်ခု ဖြစ်နေသည်ကို ကြိုတင် သိရှိခဲ့ပြီး ဖြစ်လေသည်။ ယခု ဆန်းလျန်က အတိတ်မေ့နေသည်ဟု ဆိုလေသောအခါ သူမ အံ့သြခြင်း မရှိတော့ပေ။

ထို့ပြင်... တန်ခိုးစွမ်းအားများ ကင်းလွတ်ရာ ကမ္ဘာမြေသည် ဆန်းလျန်နှင့် တစ်ခုခု ပတ်သက်မှုရှိရမည်ဟု ကျောက်ရှောင်ယွီ တွေးလိုက်မိသည်။

ဖြေရှင်းစရာကိစ္စများ ဖြေရှင်းပြီးလျှင် ဆန်းလျန်ကို ထိုနေရာသို့ ခေါ်သွားမည်ဟု ကျောက်ရှောင်ယွီ ဆုံးဖြတ်လိုက်သည်။

ခွန်လွန်တောင်ပေါ်သို့ ဆန်းလျန်ကို ခေါ်သွားနိုင်လျှင် ဆန်းလျန်ကို ရှုတ်ထွေးစေသည့် အကြောင်းအရာအတော်များများကို ဖြေရှင်းနိုင်လိမ့်မည်ဟု သူမက တွေးထင်မိသည်။

ဆန်းလျန်က...

"အားလော်ဟာယ်ကိုကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊

တကယ်တော့ ကျုပ်သူ့ကို တစ်ချက်တောင် မတိုက်ခိုက်ရသေး

ဘူး..."

ကောင်းကင်၏အနောက်ဘက်တွင် အဖြူရောင်ဝတ်ရုံရှည်ကြီး

ကိုဝတ်ဆင်ထားသည့် အားလော်ဟာယ် မတ်တတ်ရပ် နေလေ

သည်။

သူ၏ ဦးခေါင်းနောက်မှ အဖြူရောင်အလင်းတန်းများ ဖြာ

လင်းနေပြီး ထိုအလင်းတန်းများသည် နေရောင်ခြည်နှင့်

ပေါင်းစပ်သွားသည့်အခါ သက်တံ့ရောင်တောက်ပနေလေ၏။

ကျောက်ရှောင်ယွီက အားလော်ဟာယ်ကို တစ်ချက် လှမ်းကြည့်

လိုက်ပြီး...

"သူ ဘာဖြစ်တာလဲဆိုတာ ကျွန်မသိတယ်..."

ပြောပြီးသည်နှင့် ကျောက်ရှောင်ယွီက ထိုက်ချင်အလင်းတန်းများကိုထိုးဖောက်ကာ အားလော်ဟယ်ကို စကားလှမ်းပြောလိုက်သည်။

"ရှင့်ရဲ့မြားမှန်တဲ့ဒဏ်ရာ မပျောက်သေးဘူးမဟုတ်လား..."

အားလော်ဟယ် မြားဒဏ်ရာရခဲ့သည့်အကြောင်းကို ကျောက်ရှောင်ယွီ သိထားလေသည်။

အဘယ်ကြောင့်ဆိုသော်... လီအော့နျိုက သူ့အိပ်မက်ထဲတွင် မြင်တွေ့ခဲ့သမျှကို ကျောက်ရှောင်ယွီကို ပြောပြခဲ့သည်။

ထိုအခါ ကျောက်ရှောင်ယွီက လီအော့နျို၏လေးညို့ကို အာရုံခံကြည့်လိုက်ရာ ထိုလေးကို အသုံးပြုပြီး ဆန်းလျန်က အားလော်ဟယ်ကို မြားဖြင့်ပစ်ခတ်ခဲ့ဖူးသည်ကို သိရှိလိုက်ရလေသည်။

အားလော်ဟယ်က သူ... မြားဒဏ်ရာ ရရှိထားသည့်အကြောင်းကို ကျောက်ရှောင်ယွီ သိနေလိမ့်မည်ဟု မျှော်လင့်မထားမိပေ။

အားလော်ဟယ်က တအံ့တသြဖြင့် ဆန်းလျန်ကို လှမ်းကြည့်လိုက်လေသည်။ ဆန်းလျန် ဘယ်တုန်းက ကျောက်ရှောင်ယွီကို ပြောပြထားခဲ့ပါသနည်း။

ထိုအချိန်မှာပင်...

ကျောက်ရှောင်ယွီက လက်တစ်ဖက်ကို ဆန့်တန်းလိုက်ရာ သူမ၏ လက်ပေါ်တွင် လေးတစ်လက် ပေါ်လာလေသည်။ သူမက ထိုလေးညှို့ကို ဆန်းလျန်ဆီသို့ ကမ်းပေးလိုက်သည်။

ထိုလေးညှို့ကိုတွေ့လိုက်ရသည်နှင့် အားလော်ဟယ်မှာ ကျောရိုးတစ်လျှောက်အေးစိမ့်သွားသည်အထိ ကြောက်ရွံ့သွားမိလေသည်။

အတိတ်တစ်ချိန်မှ အကြောင်းအရာများကို ပြန်စဉ်းစားကြည့်လိုက်မိလျှင်...

ထိုအချိန်တုန်းက... နက်မှောင်ထက်ရှသည့် မြားတစ်စင်းသည် ကောင်းကင်တိုင်းပြည်အထိ ရောက်ရှိလာခဲ့ပြီး သူ့ကို ပလ္လင်ထက်မှ ပြုတ်ကျအောင် ပစ်ခတ်နိုင်ခဲ့လေသည်။

ထို့ကြောင့်ပင်... သူ၏ ထာဝရတည်ရှိခြင်းပျက်စီးသွားပြီး လူ့လောကသို့ ဆင်းသက်လာခဲ့ရခြင်း ဖြစ်သည်။

ကျောက်ရှောင်ယွီ၏လက်ထဲမှ နတ်ဘုရားအလင်းတန်းများ တောက်ပနေသည့် လေးညှို့ကို ဆန်းလျန် လှမ်းယူလိုက်သည်။ ထိုလေးညှို့ဆီမှ ထူးဆန်းသည့်အငွေ့အသက်များထွက်ပေါ်နေပြီး ဆန်းလျန်မှာ ထိုလေးညှို့နှင့် အနည်းငယ်ရင်းနှီးနေသလို ခံစားလိုက်ရသည်။ လေးညှို့မှ လေးကြိုးသည် ဆန်းလျန်ကို နှုတ်ဆက်သည့်အလား တစ်ချက်တုန်ခါသွားလေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်ကိုလှည့်ကြည့်လိုက်ရင်း...

"ဒီလေးညို့က လေးသည်တော်တော့ယိရဲ့ နေမင်းဖြိုခွင်း

လေးညို့ပဲ ၊ ရှင် အဲဒီလေးညို့နဲ့ အားလော်ဟယ်ကို ပစ်ခဲ့တာ

လေ ၊ မှတ်မိသေးလား..."

ဆန်းလျန်က ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"မမှတ်မိတော့ဘူး..."

ကျောက်ရှောင်ယွီက...

"အခု လေးကို တင်ကြည့်ပါဦး ၊ ပစ်နိုင်ဦးမလားလို့..."

သို့သော်... ဆန်းလျန်က မပြုလုပ်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် သူ၏တန်ခိုးစွမ်းအားများက လေးညို့

ကိုဆွဲနိုင်မည်မဟုတ်ကြောင်း သိရှိနေသည့်အတွက် ဖြစ်လေ

သည်။ ပြီးတော့ သူက လေးသည်တော်တစ်ယောက်မှ မဟုတ်

ပေပဲ။

ယခင်က သူသာ တကယ်တမ်း ဤလေးညို့ကို ပစ်ခတ်ခဲ့

ဖူးသည်ဆိုလျှင် သူသည် အဘယ်မျှ ကြံ့ခိုင်ပြီး တန်ခိုးစွမ်းအား

မြင့်မားလွန်းခဲ့ပါသနည်း။ ဆန်းလျှန် သံသယများစွာဖြင့်

စဉ်းစားနေမိလေသည်။

သူသည် ယခုအချိန်တွင် ထိပ်တန်းအဆင့် နတ်ဘုရားတစ်ပါး

ဖြစ်လေသည်။ သို့သော်... အတိတ်တစ်ချိန်က သူသည် ယခု

အချိန်ထက်ပိုပြီး များစွာသာလွန်သည်မှာ ထင်ရှားနေသည်။

ကျင့်ကြံသူတစ်ယောက်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးရန် တွန့်

ဆုန်နေခြင်းသည် ရှုံးနိမ့်ခြင်းပင် ဖြစ်လေသည်။ ယခု လေးညို့

ကိုတင်ရန် တွန့်ဆုတ်နေမိသည်ကို ကြည့်ခြင်းအားဖြင့် သူသည်

လည်း အရှုံးဘက်သို့ ဦးတည်နေပြီ ဖြစ်လေသည်။

အမှန်တော့....

လက်ရှိအချိန်တွင် သူ၏ ကျင့်ကြံခြင်းများမှာလည်း

တဖြည်းဖြည်းဆုတ်ယုတ်လာသည်ကို သူကိုယ်တိုင် သတိပြုခဲ့

မိလေသည်။

သို့သော်... လူတစ်ယောက်သည် မိမိကိုယ်ကို တိုးတက်လာသည်၊ ဆုတ်ယုတ်လာသည်ကို သိရှိနားလည်နေသရွေ့ အခြေအနေများကို ပြုပြင်ပြောင်းလဲနိုင်မည် ဖြစ်လေသည်။ ဆန်းလျန်အနေဖြင့် အချိန်လွန်သွားခြင်း မရှိသေးပေ။ ထို့ပြင်... ဆန်းလျန်၏ ကျင့်ကြံခြင်းများ ဆုတ်ယုတ်လာသည် ဆိုဦးတော့ သိသိသာသာကြီး ဆုတ်ယုတ်နေခြင်း မဟုတ်ပေ။ မသိမသာဖြင့် ဖြည်းဖြည်းချင်း ကျဆင်းနေခြင်းမျှသာ ဖြစ်လေသည်။

တစ်ချိန်က အားလော်ဟယ်ကို လေးနှင့်ခွင်းခဲ့သူမှာ 'ဆန်းလျန်' ဆိုသည့် သူကိုယ်တိုင် အမှန်ဖြစ်ခဲ့လျှင် ယခုတော့ အဘယ့်ကြောင့် အားလော်ဟယ်ကို လေးနှင့်မခွင်းနိုင်ရပါတော့သနည်း။

ကျောက်ရှောင်ယွီပြောသည့်စကားနှင့် လက်ရှိသူ့အခြေအနေသည် ဆန့်ကျင်လျှက် ရှိပေပြီ။

သို့ရာတွင်… ကျောက်ရှောင်ယွီ၏ စကားကြောင့်သာ အမိက
သော့ချက်တစ်ခုကို သူ့ခေါင်းထဲတွင် တွေးလိုက်မိခြင်း
ဖြစ်သည်။

အားလော်ဟယ်ကတော့ အားလော်ဟယ်ပီသလွန်းသည်။
အစပိုင်းတွင် ကြောက်ရွံ့သွားမိသော်လည်း ယခုတော့
ကြောက်ရွံ့ခြင်း မရှိတော့ပေ။ အကြောက်တရားကို ကျော်လွန်
နိုင်ခဲ့ပြီဖြစ်သည်။

အားလော်ဟယ်ထံမှ တန်ခိုးစွမ်းအားများထွက်ပေါ်လာပြီး
ကောင်းကင်တစ်ခုလုံး လွှမ်းခြုံသွားလေသည်။

အားလော်ဟယ်၏ တန်ခိုးစွမ်းအားများကြောင့် ကျောက်ရှောင်
ယွီဖန်ဆင်းထားသည့် ရွှေရောင်ဝတ်ရုံနှင့်နတ်ဘုရားများ
အားလုံး မြူမှုံတစ်စပင်မကျန်အောင် ပျက်စီးပျောက်ကွယ်
သွားသည်။

အားလော်ဟယ်၏ ပြိုင်ဘက်ကင်းသည် တန်ခိုးစွမ်းအား များသည် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကို ဘက်ပေါင်းစုံမှ ဖိနှိပ်ထားလေသည်။ သူတို့အတွက် လွတ်မြောက်ရန်လမ်းစ မ ရှိတော့ပေ။

အားလော်ဟယ်က သူတို့ (၂)ယောက်ကို စကားဆက်မပြော တော့ဘဲ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ဆန်းလျန်နှင့်ကျောက်ရှောင်ယွီကို တိုက်ခိုက်ခြင်းအားဖြင့် အား လော်ဟယ်တွင် ဆုံးရှုံးမှုအနည်းငယ်ရှိနိုင်သော်လည်း အရေးမ စိုက်တော့သလို တုံ့ဆိုင်းနေခြင်းလည်း မရှိတော့ပေ။

ဆန်းလျန်မှာ အားလော်ဟယ်၏ တန်ခိုးစွမ်းအားအစစ်အမှန်ကို ရင်ဆိုင်လိုက်ရသည်နှင့် ကြီးမားသည့် ဖိအားကြီးတစ်ခု သူ့ ထံသို့ ဝင်ရောက်လာသည်ကို ခံစားလိုက်ရသည်။

ဆန်းလျန်၏လက်ထဲမှ ကျန်းဝူမရဏဓားက တုန်လှုပ်နေလေ

သည်။ ကျန်းဝူမရဏဓားမှာ တိုက်ခိုက်ရန်ဆန္ဒပြင်းပြနေသလို

အနည်းငယ်လည်း မကျေမနပ်ဖြစ်နေဟန်ရှိသည်။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားများသည် အစွန်းဆုံအထိကြည့်

လင်နေပြီး တာအိုတန်ခိုးစွမ်းအားများက ထင်ရှားပြတ်သားနေ

လေသည်။ သူ၏ ပတ်ဝန်းကျင်တစ်ခုလုံးမှ မိုးမြေစွမ်းအား

များမြင့်တက်လာပြီး အားလော်ဟယ်၏ တန်ခိုးစွမ်းအားများ

ကို ခုခံတားဆီးထားလိုက်သည်။

သူ၏တစ်ကိုယ်လုံးသည် တောင်တစ်တောင်အလား ခိုင်ခံ့ပြီး

ပင်လယ်တစ်ခုအလား နက်ရှိုင်းလွန်းသည်။ သူသည် မည်

သည့်နည်းနှင့်မှ ပြိုလဲသွားမည့် နတ်ဘုရားတစ်ပါး မဟုတ်ပေ။

သူသည် အတိတ်တစ်ချိန်က မည်မျှ တန်ခိုးစွမ်းအားကြီးမားခဲ့

ပါစေ လက်ရှိအချိန်တွင် ကြောက်မက်ဖွယ်ရာကောင်းနေဆဲ

'ဆန်းလျန်' သာ ဖြစ်လေသည်။

ကျောက်ရှောင်ယွီကလည်း အားလော်ဟယ်ကို ကြောက်ရွံ့ခြင်း မရှိပေ။ သူမက အားလော်ဟယ်ကိုပင် ရှာဖွေချင်နေမိသူ ဖြစ်လေသည်။ ယခုတော့ သူမ၏ ထိုက်ချင်တန်ခိုးစွမ်းအားများကို အသုံးပြု၍ အားလော်ဟယ်ကို သူမအကြောင်း ပြသခွင့်ရပေတော့မည်။

အားလော်ဟယ်ဆိုသည်က လော်ဝါဒ၏ ရန်သူတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။ သူမ တန်ခိုးစွမ်းအားများ ကင်းလွတ်ရာ ကမ္ဘာမြေတွင် သွားရောက်ပုန်းအောင်းနေရသည့် အကြောင်းရင်းမှာ အားလော်ဟယ်ကို ကြောက်ရွံ့ခဲ့ရသောကြောင့် ဖြစ်လေသည်။

ယခုတော့ အခြေအနေများက ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

အခန်း (၈၀၂) ဓားသိုင်းက အမြစ်ပြတ်သုတ်သင်ပစ်လိမ့်မယ်

ကျောက်ရှောင်ယွီက ကျက်သရေရှိလှသည့် ခြေလှမ်းများဖြင့် အားလော်ဟယ်ရှိရာသို့ လျှောက်လှမ်းသွားလေသည်။

သူမသည် မိန်းကလေးတစ်ယောက်ဖြစ်သည့်တိုင် အားနည်းသူ တစ်ယောက် မဟုတ်ပေ။

ကောင်းကင်ထက်တွင် အားလော်ဟယ်နှင့် ကျောက်ရှောင်ယွီ မျက်နှာချင်းဆိုင် ရပ်နေကြသည်။ ဆန်းလျန်ကတော့ ကျောက်ရှောင်ယွီ၏ နောက်နားတွင် ရပ်နေကာ အခြေအနေကို အကဲခတ်နေလေသည်။

အားလော်ဟယ်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း ပေါ့ပါး သည့်လေသံဖြင့်...

"လော်ဝါဒရဲ့ဆရာသခင်ကို ကျုပ်သတ်လိုက်တုန်းက ဒီနေ့မှာ ဒီလိုကံတရားမျိုးနဲ့ရင်ဆိုင်ရမယ်ဆိုတာ ကြိုမသိခဲ့ဘူး ၊ သိခဲ့ရင် အစောကြီးကတည်းက မင်းကို ကြိုပြီးရှင်းပစ်ခဲ့မှာပဲ..."

အားလော်ဟယ်ပြောသည့်စကားမှာ အမှန်ပင် ဖြစ်သည်။

ကျောက်ရှောင်ယွီက တစ်ချက်ပြုံးလိုက်ရင်း...

"ဒီနေ့ ကျွန်မရဲ့အောင်မြင်မှုတွေကို အားလော်ဟယ်ရှေ့မှာ ပြသခွင့်ရတာ ထူးခြားတဲ့ အခွင့်အရေးတစ်ခုပါပဲ ၊ ကံကြမ္မာက ကျွန်မကို မျက်နှာသာပေးတယ်ထင်ပါရဲ့ရှင်..."

အားလော်ဟယ်က...

"မင်းကို ကံကြမ္မာက မျက်နှာသာပေးတယ်ဆိုရင်တောင် ဒီနေ့ အဆုံးသတ်သွားပါပြီလေ ၊ မင်း ကျုပ်ကို နိုင်မှာ မဟုတ်ပါဘူး..."

"ရှင့် ဒဏ်ရာမှ မပျောက်သေးတာ ၊ ပြီးတော့ သူကလည်း အံ့သြစရာတွေ လုပ်ပြမှာပေါ့..."

ကျောက်ရှောင်ယွီက သူမ၏ ကျောက်စိမ်းရတနာအလား လှပ လွှန်းသည့် လက်ချောင်းလေးများဖြင့် ဆန်းလျန်ကို ညွှန်ပြရင်း ပြောလိုက်သည်။

အားလော်ဟယ်က ပြုံးလိုက်ရင်း...

"သူက ထူးခြားတာတော့ အမှန်ပါပဲ ၊ ဒါပေမဲ့ ခုန ကျုပ်မြင် လိုက်ရသလောက်တော့ သူက လေးညို့ကိုတောင် မတင်နိုင် တော့ဘူး ၊ ပြီးတော့ သူ့လက်ထဲမှာ အဲဒီလေးစုတ်နဲ့ ဓားစုတ်ရှိ နေလည်း ဘာမှ ထူးလာမှာ မဟုတ်ဘူး..."

ကျောက်ရှောင်ယွီက ပြုံးရုံသာပြုံးနေပြီး မည်သည့်စကားမှ ဆက်မပြောတော့ပေ။

လူအများက ဆန်းလျန်ကို သူမထက်ပိုတော်သည်ဟု အမြဲတမ်း ပြောဆိုကြလေသည်။ ထိုသို့ ထင်မှတ်နေကြလျှင် လည်း ဘာဖြစ်သေးလဲ...။

ယနေ့တော့ အားလော်ဟယ်ကို တစ်ယောက်တည်းရင်ဆိုင်ပြ

ကာ သူမ ဘယ်လောက်တော်ကြောင်း သက်သေပြလိုက်မည်။

ကျောက်ရှောင်ယွီက ဆန်းလျန်ကို ကြည့်လိုက်ရင်း...

"အရင်တုန်းက ရှင် ကျွန်မကို အများကြီး ကူညီခဲ့ဖူးတယ် ၊

ဒါပေမဲ့ ဒီနေ့တော့ ကျွန်မကို အားလော်ဟယ်နဲ့ ရင်ဆိုင်ခွင့်ပေး

ပါ ၊ ဟုတ်ပြီလား..."

ကျောက်ရှောင်ယွီက လှပလွန်းသည့်မျက်ဝန်းလေးများဖြင့်

ဆန်းလျန်ကို ရွှန်းရွှန်းစားစားကြည့်နေလေသည်။ ရင်ကိုထိရှ

စေသည့်အကြည့်များဖြင့် သူ့ထံမှ ခွင့်ပြုချက်တောင်းဆိုနေသူ

လေးကို ဆန်းလျန် အဘယ်သို့ ငြင်းပယ်နိုင်ပါမည်နည်း။

ထို့ပြင် ကျောက်ရှောင်ယွီ၏ တောင်းဆိုမှုမှာလည်း သူ့အတွက်

အကျိုးယုတ်စရာ တစ်ချက်မှ မပါလေရာ လက်မခံနိုင်စရာ

အကြောင်းမရှိပေ။

နတ်ဘုရားတစ်ပါး ထိပ်တန်းအဆင့်ရောက်လာလေလေ ကန့်သတ်ချက်များမှ ကျော်လွန်သွားနိုင်လေလေ ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်အနေဖြင့် ကျောက်ရှောင်ယွီမှာ ခေသူတစ်ယောက် မဟုတ်မှန်း သိထားလေသည်။

ဆန်းလျန်၏ ကြည်လင်နေသည့်တာအိုစိတ်အာရုံထဲတွင် ကျောက်ရှောင်ယွီသည် အားလော်ဟယ်ကို ကောင်းကောင်း ရင်ဆိုင်နိုင်မည်ဟု ယုံကြည်နေလေသည်။

စောစောက သူမ ဖွင့်လှစ်ခဲ့သည့် နတ်ဘုရားနယ်မြေသည် ထူးခြားဆန်းကျယ်လွန်းသည်ကိုလည်း ဆန်းလျန် တွေ့မြင်ခဲ့လေသည်။ ထိုနတ်ဘုရားနယ်မြေမှ ထူးခြားသည့်တန်ခိုးစွမ်းအားများကို ဆန်းလျန်ခံစားလိုက်ရပြီး ကျောက်ရှောင်ယွီသည် ကောင်းကင်အသစ်ကိုဖွင့်လှစ်နိုင်မည့် နတ်ဘုရားတစ်ပါးဖြစ်သည်မှာ သံသယဝင်စရာ မရှိပေ။

ကျောက်ရှောင်ယွီမှာ ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံထားသူ ဖြစ်လေရာ တာ့လော်အဆင့် မရောက်သေးသည့်တိုင် တာ့လော်အဆင့်နတ်ဘုရားတစ်ပါးအလား တန်ခိုးစွမ်းအားများ မြင့်မားနေလေသည်။

ထို့ပြင် ကျောက်ရှောင်ယွီဖြစ်နေသည့်အတွက်သာ ထိုက်ချင်တာအိုကျမ်းကို ယခုကဲ့သို့ လျှင်လျှင်မြန်မြန် ကျင့်ကြံနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ထို့ပြင် သူမ ဤလောကသို့ ရောက်ရောက်ချင်းမှာပင် ရက်စက်ကြမ်းကြုတ်ပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များ ဖြင့်ပြည့်ဝနေသည့် ရှီချင်းဟွမ်ကို သတ်ဖြတ်ကာ ယာဇ်ပူဇော်လိုက်လေသည်။ ထို့ကြောင့်လည်း သူမ၏ ကျင့်ကြံခြင်းအဆင့်မှာ နေ့ချင်းညချင်း မြင့်တက်သွားရခြင်းဖြစ်သည်။

ထိုသို့ပြုလုပ်လိုက်သည့်အတွက် သူမဘက်မှ ပေးဆပ်ရမှုများလည်း ရှိခဲ့ပါသည်။ သို့သော်လည်း ဤလောကတွင် ဆန်းလျန်

နှင့် ပြန်လည်ဆုံတွေ့ရသည့်အတွက် မည်သည့်အရာများ

ပေးဆပ်ရပါစေ တန်သည်ဟု သူမက ယူဆထားလေသည်။

အားလော်ဟယ်နှင့် ကျောက်ရှောင်ယွီ တစ်ယောက်ကိုတစ်

ယောက် စိုက်ကြည့်နေကြလေသည်။

အားလော်ဟယ်၏ မျက်ဝန်းများဆီမှ ခမ်းနားသည့်

အငွေ့အသက်များ ထွက်ပေါ်လျှက်ရှိလေသည်။ မိုးနှင့်မြေတွင်

သူသည် တစ်ပါးတည်းသော ဖန်ဆင်းရှင် ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ မျက်ဝန်းများထဲတွင်တော့ တာအိုမဟာ

လမ်းစဉ်ကို တွေ့မြင်နေရလေသည်။ သူမ၏မျက်ဝန်း

များသည် နားမလည်နိုင်လောက်အောင်နက်ရှိုင်းသည့် အဆုံးမဲ့

အမှောင်ထုအလား ဖြစ်လေသည်။

အားလော်ဟယ်၏ မျက်ဝန်းများသည် သူမ၏ မျက်ဝန်းများကို

လွှမ်းမိုးနိုင်စွမ်း မရှိခဲ့ပေ။

ကျောက်ရှောင်ယွီ၏ အကြည့်များထဲတွင် အားနည်းချက်တစ်ခုတစ်လေကိုပင် မတွေ့မြင်ရပေ။

တိုက်ပွဲကိုကြည့်နေကြသည့် နတ်ဘုရားများမှာလည်း အနည်းငယ် တုန်လှုပ်သွားကြလေသည်။

အားလော်ဟယ်ဆိုသည်က ထိပ်တန်းအဆင့် တန်ခိုးရှင်တစ်ယောက် ဖြစ်လေသည်။ လက်ရှိအချိန်တွင် လူ့လောကသို့ရောက်ရှိနေသည့်တိုင် တန်ခိုးစွမ်းအားများကတော့ မြင့်မားနေဆဲ ဖြစ်သည်။ ထို့ကြောင့် သူတို့၏စိတ်ထဲတွင် ကျောက်ရှောင်ယွီသည် အားလော်ဟယ်ကို အနိုင်ယူနိုင်မည်မဟုတ်ဟု တွေးထင်ထားခဲ့ကြလေသည်။

သို့သော်... ယခု ကျောက်ရှောင်ယွီ၏ မျက်ဝန်းများကို တွေ့မြင်လိုက်ရသည့်အခါ သူတို့ အထင်နှင့်အမြင်မှားပြီးကို သိလိုက်ကြရသည်။

ထို့ပြင် သူမ၏နံဘေးတွင်လည်း ခန့်မှန်းရခက်လှသည့် ဆန်း လျှန်ကဲ့သို့သော နတ်ဘုရားတစ်ပါး ရှိနေလေသည်။ ဆန်းလျှန် နှင့် သူမသာ ပူးပေါင်းလိုက်လျှင် အားလော်ဟယ်ကို အနိုင် တိုက်ခိုက်နိုင်ခြင်း မရှိလျှင်တောင်မှ တိုက်ပွဲအတွင်းမှ ဒဏ်ရာ အနာတရမရှိ လှလှပပ ဆုတ်ခွာသွားနိုင်မည် ဖြစ်လေသည်။

နတ်ဘုရားများသည် အတွေးပေါင်းများစွာဖြင့် အခြေအနေကို စိတ်ဝင်တစား စောင့်ကြည့်အကဲခတ်နေကြလေတော့သည်။

အားလော်ဟယ်၏ တည်ငြိမ်သည့်လေသံက ပတ်ဝန်းကျင်တစ် ခုလုံးကို ဖုံးလွှမ်းသွားလေသည်။ ကောင်းကင်တိုင်းပြည်တစ်ခု လုံး၏ ဘုန်းတန်ခိုးသည် အားလော်ဟယ်နှင့် တစ်သားတည်း ပေါင်းစပ်သွားသည်။

သူသည် တစ်ယောက်တည်းဖြစ်သလို သူတစ်ယောက်တည်း ကပဲ အယောက်ပေါင်းတစ်သောင်းလည်း ဖြစ်တည်နိုင်သည်။

ကျောက်ရှောင်ယွီ၏ မျက်ဝန်းထဲတွင်ပင် သူသည်
အတိုင်းအဆမရှိ စွမ်းအားကြီးမားလွန်းသူ ဖြစ်လေသည်။
"မင်းနဲ့ကျုပ် တိုက်ခိုက်ကြတာပေါ့ ၊ မင်းက တောင်ကိုဖြိုပြီး
ပင်လယ်ကိုခမ်းခြောက်စေနိုင်တဲ့အစွမ်းတွေ ရှိပါလိမ့်မယ် ၊
လောကကြီးတစ်ခုလုံးကိုလည်း ဖျက်ဆီးနိုင်စွမ်း ရှိချင်ရှိလိမ့်
မယ် ၊ ဒီတိုက်ပွဲမှာ မင်းနိုင်ချင်လည်းနိုင်မယ် ၊ ရှုံးချင်လည်းရှုံး
မယ် ၊ ဒါပေမဲ့ မင်းကိုကျုပ် အခွင့်အရေးတစ်ခုပေးမယ် ၊
တိုက်ခိုက်မယ့်နေရာနဲ့ အချိန်ကို မင်းဘက်က ရွေးခြယ်ပါ..."
ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...
"ဒီနေရာမှာ အခုပဲတိုက်ခိုက်မယ်...."
သူမ၏ စကားပြောဟန်မှာ ကောင်းကင်အလားကျယ်ပြန့်လှပြီး
ဆုံးဖြတ်ချက်ခိုင်မာသည့်ဟန် အပြည့်နှင့် ဖြစ်လေသည်။

အားလော်ဟယ်က အတိုင်းအဆမရှိ တန်ခိုးစွမ်းအားမြင့်မား

သည့်တိုင် ကျောက်ရှောင်ယွီကလည်း လျှော့တွက်ရမည့်လူ

တစ်ယောက်တော့ မဟုတ်ပေ။

တောင်နှင့်မြစ်ရေ ၊ လောကကြီးတစ်ခုလုံး ပျက်စီးဦးတော့ တာ

အိုမဟာလမ်းစဉ်ကတော့ မည်သည့်အခါမှ ပျက်ဆီးမည်

မဟုတ်ပေ။

ကျောက်ရှောင်ယွီသည် ထိုက်ချင်တာအိုကျမ်းကို အမှန်

တကယ်နားလည်ထားသူ ဖြစ်သည်။

မိုးနှင့်မြေ ၊ စကြာဝဠာတစ်ခုလုံးတွင် မရေမတွက်နိုင်အောင်

များပြားလှသည့် နိယာမတရားများရှိလေသည်။ ကျင့်ကြံသူ

တစ်ယောက် တစ်ဘဝလုံး လေ့လာမည်ဆိုလျှင်တောင် သိရှိရန်

ခဲယဉ်းသည့် နိယာမတရားများ ဖြစ်လေသည်။

သို့သော်... ထိုက်ချင်တာအိုကျမ်းကတော့ ထိုနိယာမတရား

များအားလုံး၏ အဖြေကို ရှင်းလင်းစွာ သိမြင်စေလေသည်။

ထို့ကြောင့်… ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံခဲ့သူ ကျောက်ရှောင်ယွီအနေဖြင့် မိုးမြေနိယာမတရားများအားလုံးကို တန်ခိုးစွမ်းအားအဖြစ် ပြောင်းလဲ အသုံးပြုနိုင်လေသည်။

သို့သော်… ထိုသို့အသုံးပြုနိုင်စွမ်းမှာ အကန့်အသတ်ရှိနေဆဲဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာ သူမ၏ ကျင့်ကြံမှု မှားယွင်းသောကြောင့် မဟုတ်ပေ။ သူမ၏ တန်ခိုးစွမ်းအားက အကန့်အသတ်ရှိနေသေးသောကြောင့် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ… ဤလောကမှ နတ်ဘုရားများကို သွေးပျက်သွားစေရန် သူမ၏တန်ခိုးစွမ်းအားများက လုံလောက်လေသည်။

သို့ရာတွင်… ထိုသို့ ကျင့်ကြံနိုင်ခဲ့သည့်အတွက် သူမ ပျော်ရွှင်ခြင်း မဖြစ်မိပေ။

အဘယ်ကြောင့်ဆိုသော် ဆန်းလျန်ကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် သူရင်မဆိုင်နိုင်သည့် ဘေးအန္တရယ်ဆိုးကြီး

တစ်ခုကို ကြုံတွေ့ခဲ့ရဟန် ရှိလေသည်။ ထို့ကြောင့် အတိတ်မေ့

နေခြင်း ဖြစ်ဟန်တူလေသည်။ သူမသည် ဆန်းလျန်အတွက်

ပူပန်နေမိလေသည်။

ထိုအချိန်မှာပင်...

အားလော်ဟယ်က စတင်တိုက်ခိုက်လိုက်သည်။

စပြီးပဲတိုက်တိုက် နောက်မှပဲတိုက်တိုက် တိုက်ပွဲကတော့

တိုက်ပွဲပင် ဖြစ်သည်။ ထို့ပြင် အားလော်ဟယ်ဆိုသည် စိတ်

ခံစားချက်မရှိသည့် တည့်ထိုးသမားတစ်ယောက် ဖြစ်လေ

သည်။

အားလော်ဟယ်၏ လက်ချောင်းများက အလွန်သွယ်လျလှပ

လေသည်။ ဓားကိုင်လျှင်ဖြစ်စေ ၊ စန္ဒရားတီးလျှင်ဖြစ်စေ

အလွန်သင့်တော်မည့် လက်မျိုးပင်။ သို့ပေမဲ့... ယခု စတင်

တိုက်ခိုက်လိုက်သည့်အချိန်တွင် သူ့လက်ထဲတွင် မည်သည့်

လက်နက်ကိုမှ ကိုင်ဆောင်ထားခြင်း မရှိပေ။

သူက လက်တစ်ဖက်ကို အသာအယာ ဝှေ့ယမ်းလိုက်ခြင်းမျှ သာ ဖြစ်သည်။

သို့သော်... မိုးကောင်းကင်တစ်ခုလုံး ပြိုကျသွားသည့်အလား ခံစားလိုက်ရသည်။

လောကတစ်ခုလုံးသည် အားလော်ဟာယ်၏လက်ထဲတွင် မှုန်ညင်းစေလောက်လည်း သေးငယ်နိုင်သလို ရှီးမီစန်းတောင် လောက်လည်း ကြီးမားလာနိုင်လေသည်။

အားလော်ဟာယ်သည် ကျောက်ရှောင်ယွီကို လက်ဝါးရိုက်ချက် ဖြင့် အကြိမ်ပေါင်းများစွာ တိုက်ခိုက်နေသည့်တိုင် ကျောက် ရှောင်ယွီကတော့ မပြေင်းမလဲ ကြံ့ကြံ့ခံ ရပ်တည်နေဆဲ ဖြစ် လေသည်။

သူမသည် လှောင်အိမ်ထဲတွင် ပိတ်မိနေပြီး အားလော်ဟာယ်၏ တိုက်ခိုက်မှုများမှ မလွတ်မြောက်နိုင်တော့မည့်အလား ထင်မှတ်ရသည်။

သို့သော်... ကျောက်ရှောင်ယွီက ကြောက်ရွံ့ဟန် တစ်စက်ကလေးမှ မပြခဲ့ပေ။

သူမ၏နောက်ဘက်တွင် သူမဖန်ဆင်းထားသည့် နတ်ဘုရားနယ်မြေထွက်ပေါ်လာပြီး တုန်လှုပ်ဖွယ်ရာ စွမ်းအားအပြည့်ဖြင့် ပေါက်ကွဲထွက်သွားလေသည်။ ထို့နောက် စကြာဝဠာထဲမှ နဂါးငွေ့တန်းထွက်ပေါ်လာလေသည်။ နဂါးငွေ့တန်းသည် ကြီးမားကျယ်ပြန့်လွန်းလှလေသည်။ တစ်ချိန်တည်းမှာပင် အလွန်လည်း သေးငယ်သွားပြန်သည်။

နဂါးငွေ့တန်းသည် တောက်ပလင်းလက်နေပြီး အလင်းရောင်က အဆုံးမရှိပေ။

မပြောင်းလဲနိုင်သည့် ထာဝရနိယာမတရားတစ်ခု နဂါးငွေ့တန်းဆီမှ ထွက်ပေါ်လာလေသည်။

ထိုအရာသည် အလွန်မှ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာဖြစ်ပြီး စကားလုံးများနှင့်ပင် ဖော်ပြနိုင်ခြင်း မရှိပေ။

ဆန်းလျန်က လက်ထဲတွင် ကျန်းဝူဓားကိုကိုင်ထားပြီး တိုက်ပွဲကို တိတ်တဆိတ်ကြည့်နေလေသည်။

ကြီးမားလွန်းသည့် ပေါက်ကွဲမှုကြီးကြောင့် သူ့ခန္ဓာကိုယ်ပင် တစ်စစီဖြစ်သည်အထိ လောင်ကျွမ်းသွားနိုင်လေသည်။

သို့သော်… သူ့ နှလုံးသားထဲမှ ဓားပေါင်းများစွာ ထွက်ပေါ်လာပြီး သူ့ကို ကာကွယ်ပေးထားလိုက်လေသည်။ သူသည် ဓားသိုင်းကျင့်ကြံသူတစ်ယောက် မဟုတ်ပေ။

သို့သော်… သူ့နှလုံးသားထဲမှ ရုတ်တရက် စီးဆင်းထွက်ပေါ်လာသည့် ဓားတန်ခိုးစွမ်းအားများသည် ဓားနတ်ဘုရားတစ်ပါးဖြစ်လာရန်ပင် လုံလောက်နေလေသည်။

ကျန်းဝူမရဏဓားသည်ပင်လျှင် တစ်ချက်တုန်ခါသွားသည်ကို ခံစားလိုက်ရသည်။

ဆန်းလျန်ကတော့ သူ့ထံတွင် ဓားတန်ခိုးစွမ်းအားများ အဘယ့်ကြောင့် ရှိနေရသည်ကို စဉ်းစားမနေတော့ပေ။ အဘယ်ကြောင့်

ဆိုသော်... သူက အတိတ်မေ့နေသူတစ်ယောက် မဟုတ်ပါ

လား။

သူ၏တာအိုစိတ်အာရုံထဲတွင်...

အတွေးမရှိ ၊ ဆန္ဒမရှိ ၊ လှုပ်ရှားမှုမရှိ ၊ တည်ရှိမှု မရှိ...။

သူ့အတွက် မည်သည့်အရာကမှ ထူးဆန်းခြင်းမရှိ...။

ထိုအချိန်မှာပင်...

သူ၏စိတ်အာရုံထဲတွင် ဓားနတ်ဘုရားတစ်ပါး ပေါ်လာလေ

သည်။

ထိုဓားနတ်ဘုရား၏ မျက်ခုံးများက ဓားသွားသဏ္ဌာန်ထက်ရှနေ

ပြီး မျက်ဝန်းများက ကြယ်စင်အလား လင်းလက်နေလေ

သည်။

"ဂိုဏ်းတူညီလေး ၊ မင်းရင်ထဲမှာ မကျေနပ်ရင် အရက်သောက်

လိုက်ရင် သက်သာသွားမယ် ၊ ဒါပေမဲ့ လောကကြီးရဲ့ တရားမ

မျှတမှုတွေကိုတော့ ဓားသိုင်းက အမြစ်ပြတ်သုတ်သင်ပစ်လိမ့်မယ်..."

ဓားနတ်ဘုရားသည် ထိုစကားပြောပြီးသွားသည်နှင့် ချက်ချင်းပြန်လည် ပျောက်ကွယ်သွားလေသည်။

ထိုသူ မည်သူလဲ...။ ဆန်းလျန်မမှတ်မိတော့ပေ။

သူ့စိတ်အာရုံထဲတွင်ပေါ်လာသူသည် တစ်ချိန်က သူ၏ဂိုဏ်းတူအစ်ကိုချန်ကျန့်မေဖြစ်သည်ကို ဆန်းလျန် သိရှိခြင်း မရှိတော့ပေ။

ဆန်းလျန် ချက်ချင်းပင် အစစ်အမှန်လောကသို့ ပြန်လည်ရောက်ရှိလာပြီး အားလော်ဟယ်နှင့် ကျောက်ရှောင်ယွီ တိုက်ခိုက်နေသည်ကို ပြန်လည်အာရုံစိုက်လိုက်သည်။

အားလော်ဟယ်နှင့် ကျောက်ရှောင်ယွီ၏ လက်ဖဝါးများ ရိုက်ခတ်မိသွားကြသည်။ ထိတ်လန့်ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများက အဆုံးမရှိ ထွက်ပေါ်လာလေသည်။

သို့သော်… သူတို့ (၂)ယောက်စလုံးက ထွက်ပေါ်လာသည့်

တန်ခိုးစွမ်းအားများကို ပြန်လည်ထိန်းသိမ်းလိုက်နိုင်ကြ

သည့်အတွက် ပတ်ဝန်းကျင်ကို ထိခိုက်ခြင်း မရှိခဲ့ပေ။

မဟုတ်ပါက ဘုရင့်နေပြည်တော်တစ်ခုလုံး ပြာကျသွားလောက်

ပေ၏။

အခန်း (၈၀၃) ခြိမ်းခြောက်မှု

ဆန်းလျန်က စိတ်အာရုံထဲတွင် ရုတ်တရက်ပေါ်လာသည့်

ဓားသွားပုံသဏ္ဍာန်မျက်ခုံးများကိုပိုင်ဆိုင်သော ဓားနတ်

ဘုရား၏ စကားများကို စဉ်းစားနေမိသည်။

"ရင်ထဲမှာ မကျေနပ်ရင် အရက်သောက်လိုက်ရင် သက်သာသွားမယ်၊ ဒါပေမဲ့ လောကကြီးရဲ့ တရားမမျှတမှုတွေကိုတော့ ဓားသိုင်းက အမြစ်ပြတ်သုတ်သင်ပစ်လိမ့်မယ်..."

အမှန်ပင် ရင်ကိုထိရှစေသည့်စကားဖြစ်သလို ဓားသိုင်း၏ အနှစ်သာရများနှင့် ပြည့်နေသည့် စကားတစ်ခွန်းလည်း ဖြစ်လေသည်။

အားလော်ဟယ်၏ မျက်နှာက တည်ကြည်လေးနက်နေသည်။ သူ၏လက်ချောင်းများသည် ကံကြမ္မာကကြိုးကို ဆွဲကိုင်ဆော့ကစားနေသည့်အလား အနည်းငယ် ကွေးနေလေ၏။ ထိုလက်ချောင်းများကို ရှောင်တိမ်းရန် ကျောက်ရှောင်ယွီ မည်သို့မှ မတတ်နိုင်ပေ။

ကျောက်ရှောင်ယွီ အသုံးပြုထားသည့် မိုးမြေနိယာမတရားများသည် တဖြည်းဖြည်း ပြိုကွဲစ ပြုနေပြီ ဖြစ်လေသည်။ သူမ ဖန်ဆင်းထားသည့် နတ်ဘုရားနယ်မြေသည် စကြာဝဠာတစ်ခု

လုံးမှ တန်ခိုးစွမ်းအားများကို စုပ်ယူနေသည့်တိုင်

တဖြည်းဖြည်း ပြိုလဲကျနေပြီ ဖြစ်လေသည်။

သူမဆီမှ မိုးကြိုးစွမ်းအားများထွက်ပေါ်နေပြီး အားလော်ဟယ်

ကို ခုခံတိုက်ခိုက်နေလေသည်။

ကျောက်ရှောင်ယွီ မျက်မှောင်တစ်ချက် ကြုတ်လိုက်မိသည်။

အားလော်ဟယ်၏ တန်ခိုးစွမ်းအားများက အဆုံးမရှိပေ။

သို့သော်... သူမကတော့ တန်ခိုးစွမ်းအားများ အားလုံးနီးပါးကို

အသုံးပြုထားရပြီ ဖြစ်သည်။ ယခုတော့ အားလော်ဟယ်သည်

သူမရင်ဆိုင်နိုင်မည့်လူမျိုးမဟုတ်ကြောင်း သဘောပေါက်စပြု

လာခဲ့ပြီ။

သူမက ထိုက်ချင်တန်ခိုးစွမ်းအားများကို အဆုံးစွန်ထိ မြှင့်တင်

လိုက်သည်။ သို့တိုင်အောင်... အားလော်ဟယ်၏ အနည်းငယ်

ကွေးထားသည့် လက်ချောင်းများအတွင်းမှ ရုန်းထွက်နိုင်ခြင်း

မရှိသေးပေ။

ကျောက်ရှောင်ယွီ သက်ပြင်းတစ်ချက်ချလိုက်မိသည်။ သူမ
သာ တာ့လော်အဆင့် နတ်ဘုရားတစ်ပါးဆိုလျှင်တော့
အခြေအနေက တစ်မျိုးဖြစ်ချင်ဖြစ်ပေလိမ့်မည်။ သို့သော်...
သူမသည် တာ့လော်အဆင့်သို့ တက်ရောက်နိုင်ခြင်း မရှိသေး
ပေ။

ကျောက်ရှောင်ယွီ ခံစစ်ဘက်သို့ကျသွားသည့်အချိန်မှာပင်...
ဆန်းလျန်က ကျန်းဝူမရဏာဓားကို အသာဆွဲထုတ်လိုက်သည်။
ရုတ်တရက်...
အချိန်စီးဆင်းမှုက ပြောင်းလဲသွားသည့်အလားခံစားလိုက်ရ
ပြီး ဓားရောင်သည် နွေဦးလေပြေအလား ဖြည်းဖြည်းချင်း
လင်းလက်ထွက်ပေါ်လာလေသည်။ ဓားရောင်သည် ညအ
မှောင်တွင်ထွန်းလင်းသည် ကြယ်စင်နှင့်လရောင်များထက်ပင်
တောက်ပနေသည်။

အလွန်မှ လှုပပြီး တန်ခိုးစွမ်းအားမြင့်မားသည့် ဆန်းလျန်၏ ဓားဝိညာဉ်ကို အားလော်ဟယ်က တစ်ချက်လှမ်းကြည့်လိုက်သည်။

တည်ငြိမ်ပြီး ယိမ်းယိုင်ခြင်းမရှိသည့် အာလော်ဟယ်၏ စိတ်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။ သူသည် ဆန်းလျန်၏ ဓားဝိညာဉ်ကို မချီးကျူး ၊ မအံ့ဩဘဲ မနေနိုင်ပေ။

နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံများအရ သူ့ဘဝတွင် ဓားနတ်ဘုရားပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။ သို့သော်… ဆန်းလျန်၏ နွေဦးလေပြေအလား ဖြည်းဖြည်းချင်းလင်းလက်နေသည့် ဓားဝိညာဉ်နှင့် ယှဉ်ပြိုင်နိုင်သူ အနည်းငယ်သာ ရှိလေသည်။

ထို့ပြင် ဆန်းလျန်၏ ဓားဝိညာဉ်သည် လောကကိုအဆုံးသတ်စေနိုင်လောက်သည့် သတ်ဖြတ်လိုသည့်အငွေ့အသက်များ ထွက်ပေါ်နေခြင်းမရှိဘဲ ငြိမ်ချမ်းတည်ငြိမ်ခြင်းကို ကိုယ်စား

ပြုသည်။ တာအိုတရားနှင့် တစ်သားတည်းပေါင်းစည်းနေ

သည့်အလား ထင်မှတ်ရသည်။

တိုက်ပွဲကိုကြည့်နေကြသည့် နတ်ဘုရားများမှာ ဆန်းလျ

န်၏ဓားကိုတွေ့သည်နှင့် ခေါင်းများကိုခါယမ်းလိုက်ကြပြီး မချိ

ပြုံးများ ပြုံးလိုက်မိကြသည်။

ဆန်းလျန်ဆိုသူသည် မတတ်သည့်ပညာရော ရှိပါသေးရဲ့လား။

သူ၏တန်ခိုးစွမ်းအားများသည် အဆုံးရော ရှိပါရဲ့လား။

သူ၏ဓားသွားသည် ရှေးဟောင်းနတ်ဘုရားတစ်ပါးကိုပင်

ထိတ်လန့်စေရန်လုံလောက်သည် မဟုတ်ပါလား။

ဆန်းလျန်၏ ဓားသည် စကြာဝဠာတစ်ခုလုံးမှ တန်ခိုးစွမ်းအား

များ ပါဝင်နေခြင်းမရှိသလို မိုး ၊ မြေ ၊ တောင် ၊ ရေ ၊ မီး ၊ လေ

နှင့် မိုးကြိုးများကဲ့သို့ တန်ခိုးစွမ်းအားများလည်း ရှိမနေပေ။

ထိုဓားသည် ဓားတစ်လက်သာဖြစ်လေသည်။

တာအိုနှင့်ဘက်ညီနေသည့် ဓားတစ်လက်သာ ဖြစ်လေသည်။

မရဏဓားတစ်လက်သည် ထိပ်တန်းအဆင့်သို့ ရောက်ရှိသွား

သည့်အခါ သတ်ဖြတ်ခြင်းအငွေ့အသက်များမရှိတော့ဘဲ

ဓား၏အနှစ်သာရသာ ကျန်ရှိတော့သည်။

ဓားကိုင်ကိုင်ထားသည့်အချိန်မှာပင်... ဆန်းလျန်ကိုယ်တိုင်၌

အတွေးမရှိ၊ ဆန္ဒမရှိ၊ လှုပ်ရှားမှုမရှိ...။

မည်သည့်အရာမှ မရှိ။ သူကိုယ်တိုင်လည်းမရှိ...။ အရာ

အားလုံးသည် အနတ္တသာဖြစ်လေသည်။

ဆန်းလျန်၏လက်ထဲတွင်ကိုင်ထားသည်မှာ ကျန်းဝူမရဏ

ဓားမဟုတ်ဘဲ မိုးမခသစ်ကိုင်းတ်စခု၊ မြက်ရိုင်းပင်တစ်ခု ဖြစ်

နေလျှင်တောင်မှ ဆန်းလျန်ပိုင်ဆိုင်သည့် ဓားသိုင်းအနှစ်သာရ

နှင့် တန်ခိုးစွမ်းအားက ပြောင်းလဲသွားမည် မဟုတ်ပေ။

ဆန်းလျန်၏ ဓားကိုတွေ့လိုက်သည်နှင့် အားလော်ဟယ်က

ကျောက်ရှောင်ယွီကို တိုက်ခိုက်နေခြင်းကို ရပ်တန့်လိုက်သည်။

သူ၏လက်ချောင်း (၁၀)ချောင်းသည် စန္ဒရားတီးနေသည့်

အလား အနည်းငယ်ကွေးနေပြီး လောကတစ်ခုလုံး၏ အစနှင့် အဆုံး ဖြစ်တည်မှုတရားများကို တီးခတ်နေသည့်အလား ဖြစ်လေသည်။ လေကကြီး မမွေးဖွားမီ လောကကြီးကို တည်ဆောက်နေသည့်အချိန်... အတွေးတစ်ခုမှသည် ထာဝရ ဖြစ်တည်မှုဆီသို့ ဦးတည်နေသည့်အလား ဖြစ်လေသည်။ နေ့ဦးလေပြေအလား တဖြည်းဖြည်းတောက်ပလသည့် ဆန်း လျန်၏လက်ထဲမှ ဓားရောင်က ဆက်လက်တောက်ပလာခြင်း မရှိတော့ပေ။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မမြင်ရသည့် ဝဲ ဂယက်များ လှိုင်းထလာသည်။

တစ်ချိန်တည်းမှာပင်... ဓားအလင်းရောင်က တဖြည်းဖြည်း မှေးမှိန်သွားပြီး ဓားသွားသည်လည်း ကွယ်ပျောက်သွားတော့ မည့်အလား ထင်မှတ်ရသည်။

ဆန်းလျှန်၏ စိတ်ထဲတွင် ဝမ်းနည်းမှုကိုမခံစားရသလို ဝမ်းသာမှုကိုလည်း မခံစားရပေ။ သူ၏စိတ်သည် တာအိုု၏ လုံးဝဥ္စသုံ လွတ်လပ်ပြည့်စုံခြင်းအဆင့်သို့ ရောက်ရှိနေလေသည်။

သူ၏ဓားသိုင်းသည် လက်ရှိအချိန်တွင် ထိုက်ယီထျန်းရှန်းအဆင့်လည်းမဟုတ်သလို တာ့လော်အဆင့်လည်း မဟုတ်ပေ။ တာအိုဆရာသခင်ကြီးတစ်ပါး၏ အဆင့်လည်း မဟုတ်ပေ။

သို့သော်... စကြာဝဠာတစ်နေရာတွင် ကဗျည်းတင်ထားသည့် ထင်ရှားသည့်အမှတ်အသားတစ်ခုအလား ဖြစ်လေသည်။ မည်သည့်အခါမှ ပျောက်ပျက်နိုင်မည် မဟုတ်ပေ။

မည်သည့် ဓားနတ်ဘုရားမှ ထိုဓားကို ယှဉ်နိုင်မည် မဟုတ်ပေ။

လောကတစ်ခုလုံး ပျက်စီးသွားစေဦးတော့ ၊ မရှိမှုတရားများ ကြီးဆိုးသွားစေဦးတော့... ထိုဓားကတော့ ကျွင်းကျန်ရစ်မည် ဖြစ်လေသည်။

ဓားရောင်ပျောက်ကွယ်လုနီးပါးအချိန်တွင် ဆန်းလျန်က ဓားကို တစ်ချက် ဝှေ့ယမ်းလိုက်သည်။

စီးဆင်းနေသည့်ရေပြင်အလား... ဓားရောင်လက်ခနဲတစ်ချက် ထွက်ပေါ်လာလေသည်။

ထို့နောက်... ဓားဝိညာဉ်သည် အားလော်ဟယ်၏ လည်ပင်းဆီသို့ ထိုးဖောက်ဝင်ရောက်သွားသည်။

အားလော်ဟယ်သည် တန်ခိုးစွမ်းအားမြင့်မားလွန်းသူဖြစ်ပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံးကို တန်ခိုးစွမ်းအားများဖြင့် ကာကွယ်ထားလိုက်သည်။ သို့သော်... ဓားဝိညာဉ်က တန်ခိုးစွမ်းအားများအားလုံးကို ထိုးဖောက်ဝင်ရောက်သွားပြီး အားလော်ဟယ်၏ လည်ပင်းထက်တွင် ဓားဒဏ်ရာတစ်ချက် ပေါ်လာလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းခန့်က မြားချက်ပြီးလျှင်

ယခု ဒုတိယအကြိမ် အားလော်ဟယ်ကို ဒဏ်ရာရအောင်

ပြုလုပ်နိုင်သည့် ဓားချက်ပင် ဖြစ်လေသည်။

ဓားသိုင်းကို အသုံးပြုပြီးသည်နှင့် ထိုမျှ အံ့သြစရာကောင်း

သည့်ဓားသိုင်းကို သူ့ဘဝတွင် နောက်တစ်ကြိမ် အသုံးပြုနိုင်ပါ

ဦးမည်လားဟူ၍ ဆန်းလျန်ကိုယ်တိုင်ပင် သူ့ကိုယ်သူ သံသယ

ဝင်သွားမိသည်။

သူအသုံးပြုလိုက်သည့် ဓားသိုင်းသည် သာမန်ဓားသိုင်းမျှသာ

ဖြစ်သည်။ သို့သော်... အချိန်မှန် နေရာမှန် ထုတ်ဖော်အသုံးပြု

လိုက်နိုင်သည်က အားသာချက်ဖြစ်ခဲ့သည်။

သို့သော်... စိတ်မကောင်းစရာအချက်မှာ အားလော်ဟယ်ကို

လုံးဝ အပြတ်ရှင်းနိုင်ခဲ့ခြင်း မရှိပေ။

အားလော်ဟယ်သည် ရပ်နေရာမှ ချက်ချင်းပျောက်ကွယ်သွား

လေသည်။ သူ မည်သည့်နေရာသို့ ထွက်ခွာသွားသည်လဲ

မည်သူမှ မသိနိုင်ပေ။ သဲလွန်စမကျန် ထွက်ခွာသွားပြီ ဖြစ်လေသည်။

ဓားရောင်သည် ရန်သူကို ရှာဖွေနေသည့်အလား လေထုထဲတွင်လင်းလက်လျှက်ရှိနေသေးသည်။

အားလော်ဟယ် မည်သည့်နေရာသို့ ထွက်ခွာသွားသည်ကို သဲလွန်စမရတော့သည့်အတွက် ဆန်းလျန် စိတ်ပျက်သွားရသည်။

သူ့အကောင်းဆုံး ကြိုးစားပါသော်လည်း ပြိုင်ဘက်ကလွတ်မြောက်သွားသည့်အခါ မည်သူမဆို စိတ်ပျက်လက်ပျက်ဖြစ်မည်ကတော့ အမှန်ပင်ဖြစ်သည်။

ကျောက်ရှောင်ယွီကတော့ ထိုသို့ဖြစ်လာမည်ဟု ကြိုတင်ခန့်မှန်းထားမိခဲ့ဟန်တူသည်။

သူမ၏လက်ထဲတွင် ချက်ချင်းပင် ကြာပန်း (၃)ပွင့်ထွက်ပေါ်လာပြီး တန်ခိုးစွမ်းအားများက ကြာပန်း (၃)ပွင့်အတွင်းသို့

စီးဝင်သွားလေသည်။ ထို့နောက် ကြာပန်းများအတွင်းမှ ထိုက်ချင်အင်းသကော်တ ထွက်ပေါ်လာလေသည်။

ထိုက်ချင်အင်းသကော်တသည် အဖြူရောင်နှင့်အနက်ရောင် ထိုက်ချိယင်ယန်သကော်တအဖြစ်ပြောင်းလဲသွားပြီး ကျောက်ရှောင်ယွီ၏ လက်ထဲတွင် လှည့်ပတ်နေလေသည်။

မိုးနှင့်မြေ၏ မူလစွမ်းအားများဖြစ်သည့် ယင် နှင့် ယန်...။

ယင်စွမ်းအားက နူးညံ့သိမ်မွေ့ပြီး ယန်စွမ်းအားကတော့ မာကျောခက်ထန်သည်။

ချက်ချင်းပင် ထိုက်ချိယန်ယန်သကော်တသည် လေထုတစ်ခုလုံးကို ဆွဲညှစ်လိုက်ပြီး ရှည်လျားသည့် လမ်းမကြီးတစ်ခု ထွက်ပေါ်လာလေသည်။ ထိုလမ်းမကြီးမှာ အားလော်ဟယ်၏ ကံကြမ္မာလမ်းပင် ဖြစ်လေသည်။

အားလော်ဟယ်ကဲ့သို့ တန်ခိုးစွမ်းအား ထိပ်တန်းအဆင့်ရှိသူ

တစ်ယောက်ပင်လျှင် ထိုက်ချင်အင်းသကော်တမှ တန်ခိုး

စွမ်းအားများကို တွန်းလှန်နိုင်ခြင်း မရှိပေ။

လောကတွင် ထိုက်ချင်တာအိုဆရာသခင်ထက် တန်ခိုး

စွမ်းအားမြင့်မားသူ မည်သူမှ မရှိပေ။ နောင်လည်း ရှိလာနိုင်

မည် မဟုတ်ပေ။

ကျောက်ရှောင်ယွီ၏ အကူအညီဖြင့် ဆန်းလျန်သည် အားလော်

ဟယ်၏ တည်နေရာကို သိရှိလိုက်ရလေသည်။ သို့သော်… သူ့

အနေဖြင့် စောစောကအသုံးပြုခဲ့သည့် ဓားသိုင်းမျိုးကို ထပ်မံ

အသုံးပြုရန်မှာ မဖြစ်နိုင်တော့ပြီ။

ထို့ကြောင့် … သူသည် ကျောက်ရှောင်ယွီဘေးသို့ လျှောက်လာ

ကာ ကျောက်ရှောင်ယွီနှင့် ဘေးချင်းယှဉ်ပြီး ရပ်နေလိုက်သည်။

သို့သော်… ဓားကိုတော့ အသုံးမပြုတော့ပေ။

ဆန်းလျန်၏ စားသည်ငြိမ်သက်နေပြီး လူကလည်း အေးဆေး တည်ငြိမ်နေလေသည်။ မျက်ဝန်းများက နူးညံ့နွေးထွေးနေပြီး စူးရှထက်မြက်ခြင်း အလျဉ်းမရှိတော့ပေ။

သူသည် ဝက်သစ်ချပင်တစ်ပင်အလား မြင့်မားခိုင်မာပြီး သူ၏ဘေးမှ ကျောက်ရှောင်ယွီကတော့ လဲမ္ဘိုပင်တစ်ပင်အလား သွယ်လျသန့်စင်လွန်းသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ၏ တန်ခိုးစွမ်းအား (၂)ခု ပေါင်းစပ်မှုကို မည်သည့်အရာကမှ တွန်းလှန်နိုင်မည် မဟုတ် ပေ။

အားလော်ဟယ်သည် ကံကြမ္မာလမ်းထက်တွင် လက်နှစ်ဖက် နောက်ပစ်ကာ မတ်တတ်ရပ်နေလေသည်။ ရှည်လျားသည့် ကံကြမ္မာလမ်းက မြစ်တစ်စင်းအလား စီးဆင်းနေလေ၏။ မိုး နှင့်မြေရှိ သက်ရှိများအားလုံး၏ ကံကြမ္မာ အနိမ့် အမြင့်

အတက်အကျများအားလုံးကို လက်ခံရယူထားသည့်အလား ပင် ဖြစ်သည်။

အားလော်ဟယ်က...

"မင်းကို ခုချိန်ထိ မယုံနိုင်သေးပါလားကွာ ၊ ဒါပေမဲ့ ကံဆိုး တာက ကျုပ်က သိပ်ပြီး စိတ်မရှည်တတ်ဘူး ၊ ဒီတော့ မင်းတို့နဲ့ ဆက်ပြီး တိုက်ခိုက်ကြတာပေါ့..."

ကျောက်ရှောင်ယွီက ရယ်မောလိုက်ရင်း...

"ဟိုက တာအိုမိတ်ဆွေက ထိုက်ချင်တာအိုဆရာသခင်ရဲ့ အမွေ ဆက်ခံသူပဲ ၊ မင်း ငါ့ကို မကူညီဘူးဆိုရင် ထိုက်ချင်တာအို ကျမ်းကို အားလော်ဟယ်ကို ပေးပစ်လိုက်မယ်..."

ကျောက်ရှောင်ယွီ၏ စကားကိုကြားသည်နှင့် ယင်ရှန်းကျွင်း၏ မျက်နှာမှာ ဖုံးဖိမရလောက်အောင် ရှုံ့မဲ့သွားလေသည်။ သူ့ဘဝ တွင် ထိုသို့ ပြောင်ပြောင်တင်းတင်း ခြိမ်းခြောက်ခံရခြင်းမျိုးကို တစ်ခါမှ မခံခဲ့ရဖူးပေ။

သူက စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားကာ စဉ်းစားကြည့်လိုက်သည်။

ထိုမိန်းကလေးသည် တကယ်ပင် ထိုက်ချင်တာအိုကျမ်းကို အားလော်ဟယ်ကို ပေးလိုက်နိုင်လေသည်။ထိုအခါ သူ့အနေဖြင့် မျှော်လင့်ချက် လုံးဝရှိတော့မည် မဟုတ်ပေ။

သို့သော်... အားလော်ဟယ်ကို တိုက်ခိုက်ရန်မှာတော့ ဘုရင်ရှစ်ပါးနန်းတော်မှ ရွှမ်တုတောက်ကျွင်းကိုယ်တိုင် ရောက်လာလျှင်ပင် မဖြစ်နိုင်သည့်ကိစ္စ ဖြစ်လေသည်။

သို့သော်... ထိုက်ချင်တာအိုကျမ်းသာ အားလော်ဟယ်လက်ထဲ ရောက်ရှိသွားပါက သူ့အနေဖြင့် မည်သည့်အခါမှ ထိုကျမ်းစာကို ရယူနိုင်တော့မည် မဟုတ်ပေ။

သို့သော်... ဤမိန်းကလေးနှင့် ပူးပေါင်းရန်မှာလည်း ကြားမြီးပြေးဆွဲသလို ဖြစ်ပေမည်။

ယင်ရှန်းကျွင်း ချီတုံချတုံဖြစ်နေစဉ်မှာပင် ကျောက်ရှောင်ယွီက တစ်ချက်ပြုံးလိုက်ရင်း...

"မင်းဆီမှာ ထိုက်ချင်တာအိုဆရာသခင်ရဲ့ ရတနာပစ္စည်းတစ်ခု ရှိနေတာ ငါသိတယ်နော်၊ သူများတွေကို ဖုံးကွယ်ထားချင် ထားလို့ရမယ်၊ ငါ့ကိုတော့ ဖုံးကွယ်ထားလို့ရမှာမဟုတ်ဘူး၊ မင်း ငါ့ကို မကူညီဘူးဆိုရင် ထိုက်ချင်တာအိုကျမ်းကို အားလော်ဟယ်ကို တကယ်ပေးပစ်လိုက်တော့မှာနော်၊ အားလော် ဟယ်သာ ထိုက်ချင်တာအိုကျမ်းကို ရသွားလို့ကတော့ ဘုရင် ရှစ်ပါးနန်းတော်က ထိုက်ချိယင်ယန်ပန်းချီကား ပိုင်ရှင်ပြောင်း သွားလိမ့်မယ်..."

အခန်း (၈၀၄) အနိုင်မခံအရှုံးမပေး

"ထိုက်ချင်တာအိုကျမ်း" ဆိုသည့်အမည်ကိုကြားလိုက်ရသည်နှင့် အားလော်ဟယ်ကဲ့သို့ ပုဂ္ဂိုလ်မျိုးသည်ပင်လျှင် တစ်ချက် စိတ်လှုပ်ရှားသွားလေသည်။

သူသည် လောကတစ်ခုလုံး၏သခင်ဖြစ်သည့်တိုင် မရေမတွက်နိုင်သည့် ဘေးအန္တရာယ်ဆိုးကြီးများကျရောက်ခြင်းနှင့် ဟွင့်ယွမ်ဝူကျီအကြောင်း သဲလွန်စကို သိရှိနိုင်ခြင်း မရှိသေးပေ။

ဟွင့်ယွမ်ဆိုသည်က တာအိုသစ်သီးဖြစ်ပြီး ကျင့်ကြံသူတစ်ယောက်၏ နောက်ဆုံးအဆင့်တွင်မှ ရရှိနိုင်ခြင်း ဖြစ်လေသည်။ ဝူကျီဆိုသည်ကတော့ တာအို၏ အခြေခံအကျဆုံးအကြောင်းအရာကို ဆိုလိုခြင်းဖြစ်သည်။

ထိုက်ချင်တာအိုကျမ်းထဲတွင် ထိုက်ချင်တာအိုဆရာသခင်၏ "ဝူကျီ" ကို အစိပ်ပိုင်းဖွင့်ဆိုမှု အတိအကျ ပါဝင်လေသည်။ ထို

အချက်ကို သူသိခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ သို့သော်...

ထိုက်ချင်တာအိုဆရာသခင်၏ တာအိုတရားများကို သူ

ကိုယ်တိုင်ပင်လျှင်တောင်မှ ရရှိရန် ခက်ခဲလေသည်။

ယခုတော့ ကျောက်ရှောင်ယွီက သူ့ကို ရဲရဲဝံ့ဝံ့တိုက်ခိုက်ရဲသည့်

အချက်ကို အားလော်ဟယ် ကောင်းကောင်း နားလည်သွားခဲ့

ပြီ။ အဘယ်ကြောင့်ဆိုသော်... သူမသည် ထိုက်ချင်တာအို

ကျမ်းကို ကျင့်ကြံအောင်မြင်ခဲ့ဟန် တူလေသည်။

အားလော်ဟယ်သာ ထိုက်ချင်တာအိုကျမ်းကို ရရှိမည်ဆိုပါက

သူရရှိထားသည့် ဒဏ်ရာများလည်း ပျောက်ကွင်းသွားမည်ဖြစ်

သလို ဟွင့်ယွမ်ဝူကျီအကြောင်းကိုလည်း ကောင်းကောင်း

နားလည်သွားမည် ဖြစ်သည်။ ဟွင့်ယွမ်ဝူကျီအကြောင်းကိုသာ

နားလည်သွားလျှင် စကြာဝဠာတစ်ခုလုံး အဆုံးသတ်သွားဦး

တော့ သူကတော့ ထာဝရရပ်တည်နိုင်မည် ဖြစ်လေသည်။

အားလော်ဟယ်က...

"မင်းသာ ကျုပ်ကို ထိုက်ချင်တာအိုကျမ်းပေးမယ်ဆိုရင် မင်းကို ထာဝရ မနှောက်ယှက်တော့ပါဘူးလို့ ကတိပေးတယ်..."

အားလော်ဟယ်၏ စကားကိုကြားသည်နှင့် ယင်ရှန်းကျွင်းမှာ အားလော်ဟယ်နှင့် ကျောက်ရှောင်ယွီ အပေးအယူတည့်သွားမည်ကို သေမလောက် ထိတ်လန့်သွားလေသည်။

ထိုက်ချင်တာအိုကျမ်းသာ အားလော်ဟယ်လက်ထဲသို့ရောက်ရှိသွားပါက သူ့အတွက် ဇာတ်လမ်းပြတ်ပြီ ဖြစ်သည်။

ထို့ကြောင့် ယင်ရှန်းကျွင်းက စိုးရိမ်တကြီးလေသံဖြင့်...

"နတ်သမီး... ဒီတစ်ကြိမ်တော့ ကျုပ် မင်းကို ကူညီပါ့မယ်..."

ကျောက်ရှောင်ယွီက တစ်ချက် ပြုံးလိုက်ရင်း...

"အင်း... ဒါဆိုရင်တော့ အားလော်ဟယ်နဲ့ ပူးပေါင်းလို့ မရတော့ဘူးထင်တယ်..."

အားလော်ဟယ်က အေးစက်သည့်အကြည့်ဖြင့် ယင်ရှန်းကျွင်းကို စိုက်ကြည့်လိုက်သည်။

သူ့ကို မည်သည့်အခါမှ နလန်မထူနိုင်အောင် ဝိုင်းဝန်းနှိပ်ကွပ်ကြတော့မည်ကို အားလော်ဟယ် သိလိုက်လေသည်။

ယင်ရှန်းကျွင်းမှာ အားလော်ဟယ်နှင့် အတန်ငယ်အလှမ်းဝေးသည့် နေရာတွင် ရှိနေလေသည်။

ထို့နောက်... သူ့လက်ထဲတွင် ငှက်ပျော်ယပ်တောင်တစ်ချောင်းပေါ်လာလေသည်။ ယင်ရှန်းကျွင်းက ငှက်ပျောရွက်ယပ်တောင်ကို တစ်ချက်ခတ်လိုက်ရာ သိမ်မွေ့သည့် လေလှိုင်းများဖြစ်ပေါ်လာပြီး အားလော်ဟယ်နှင့် ကောင်းကင်တိုင်းပြည်ကြီးမှာ ချက်ချင်းပင် လေနှင့်အတူ လွင့်မျောပျောက်ကွယ်သွားလေတော့သည်။

ငှက်ပျောရွက်ယပ်တောင်သည် ထိုက်ချင်တာအိုဆရာသခင်၏ အဖိုးတန်ဆုံးသော ရတနာပစ္စည်းတစ်ခု ဖြစ်သည်။ မည်မျှတန်ခိုးစွမ်းအားမြင့်မားသူဖြစ်ပါစေ ငှက်ပျော်ရွက်ယပ်တောင်

ဖြင့် အခတ်ခံလိုက်ရပါက အဝေးဆုံးတစ်နေရာသို့ လွင့်စင်ထွက်သွားရစမြဲပင်ဖြစ်သည်။

အခြေအနေအပေါ်မူတည်ပြီး ဝေးနိုင်သမျှဝေးဝေးသို့ လွင့်ထွက်သွားမည် ဖြစ်လေသည်။ အနည်းဆုံးတော့ ယူဇနာပေါင်း (၅၄၀၀၀) လွင့်စင်သွားမည် ဖြစ်သည်။

သို့သော်... ယင်ရှန်းကျွင်းမှာ အားလော်ဟယ်ပြန်လာပြီး သူ့ကိုဒုက္ခပေးမည်ကို ကြောက်ရွံ့သည့်အတွက် ရှိသမျှ တန်ခိုးစွမ်းအားအကုန်သုံးဆွဲကာ ငှက်ပျောရွက်ယပ်တောင်ကို ခတ်လိုက်ခြင်း ဖြစ်သည့်အတွက် အားလော်ဟယ်သည် လောကအပြင်ဘက် လွင့်ထွက်သွားလေသည်။ ထို့ကြောင့် ချက်ချင်းပြန်လည်ရောက်ရှိလာရန်မှာ လောလောဆယ်တွင် မည်သို့မှ မဖြစ်နိုင်ပေ။

သို့သော်... ငှက်ပျောရွက်ယပ်တောင်ကိုခတ်လိုက်ရ

သည့်အတွက် သူ၏တန်ခိုးစွမ်းအားများ များစွာ ပျက်စီးသွားရ

သည်။

ဘေးကြပ်နံကြပ်အခြေအနေသာ မကြုံတွေ့ရလျှင် သူသည် ထို

ငှက်ပျောရွက်ယပ်တောင်ကို ဘယ်တော့မှ ထုတ်သုံးလိမ့်မည်

မဟုတ်ပေ။

ကျောက်ရှောင်ယွီမှာလည်း အတော်လေး အံ့အားသင့်သွားရ

လေသည်။ ထိုက်ချင်တာအိုဆရာသခင်၏ ရတနာပစ္စည်းများ

တန်ခိုးစွမ်းအားမြင့်မားသည်ကို သူမ သိရှိထားသည့်တိုင်

ငှက်ပျောရွက်ယပ်တောင် တစ်ချက်ခတ်လိုက်ရုံဖြင့် အားလော်

ဟယ် လွင့်ထွက်သွားလိမ့်မည်ဟု ထင်မထားခဲ့မိပေ။

အားလော်ဟယ်သည် ထိပ်တန်းအဆင့် တန်ခိုးရှင်ဖြစ်လေ

သည်။ လောကရှိ တန်ခိုးစွမ်းအားအတော်များများသည် သူ့ကို

ထိခိုက်အောင် လုပ်နိုင်စွမ်း မရှိပေ။ မျောက်မင်းစွန်းဝူခုံးကို

မည်သည့်လက်နက်ကမှ ထိခိုက်အောင် မလုပ်နိုင်သကဲ့သို့ပင် ဖြစ်လေသည်။

ထို့ကြောင့် ကျောက်ရှောင်ယွီမှာ အားလော်ဟယ်လွင့်ထွက်သွားသည်ကိုကြည့်ရင်း သူ့မျက်လုံးကိုပင် သူမ မယုံကြည်နိုင်ဖြစ်နေရလေသည်။

ကျောက်ရှောင်ယွီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အင်း... ကျင်းကန်းရွှေကွင်းမရှိတာ နာတာပဲ ၊ မဟုတ်ရင် အဘိုးကြီးအားလော်ဟယ်ကို ကောင်းကောင်း ပညာပေးလိုက်နိုင်မှာ..."

ယင်ရှန်းကျွင်းက စိတ်ထဲမှ ရေရွတ်လိုက်သည်။

"ကျုပ်မှာသာ ကျင်းကန်းရွှေကွင်းရှိကြည့်ပါလား ၊ မင်းကိုအရင်ဆုံး ပညာပေးပစ်မှာ..."

ကျင်းကန်းရှေ့ကွင်း ၊ ငှက်ပျောယပ်တောင်နှင့် ထိုက်ချိယင်ယန်

ပန်းချီကားများမှာ ထိုက်ချင်တာအိုဆရာသခင်၏ အစွမ်း

အထက်ဆုံး ရတနာ ပစ္စည်းများဖြစ်လေသည်။

ထိုရတနာပစ္စည်းများထဲမှ (၂)ခုကိုသာ ရရှိလျှင် လောကနတ်

ဘုရားတစ်ပါးပင် ရရှိသွားစေဦးတော့ စကြာဝဠာတစ်ခုလုံး

တံခါးမရှိ ဓားမရှိသွားလာနိုင်ပြီး မည်သူမှ သူ့ကို တားဆီးနိုင်

တော့မည် မဟုတ်ပေ။

သို့သော်... လောကကြီးက တရားမျှတမှုရှိလေသည်။

ထိုက်ချင်တာအိုဆရာသခင် စကြာဝဠာကိုကျော်လွန်ထွက်ခွာ

သွားပြီးသည့်နောက် မည်သူမှ ငှက်ပျောရွက်ယပ်တောင်နှင့်

ကျင်းကန်းရှေ့ကွင်းကို အတူတကွ ပိုင်ဆိုင်ထားခြင်း မရှိကြ

ပေ။

ထိုက်ချိယင်ယန်ပန်းချီကားကတော့ ဘုရင်ရှစ်ပါးနန်းတော်တွင် သိမ်းဆည်းထားပြီး မည်သည့်အခါမှ ထုတ်ဖော် ပြသခြင်းမရှိပေ။

ထိုက်ချင်တာအိုဆရာသခင်ရှိစဉ်အခါက ထိုက်ချိယင်ယန် ပန်းချီကားကို တစ်ကြိမ် အသုံးပြုခဲ့ဖူးသည်ဟု ပြောစမှတ်ရှိခဲ့ဖူးလေသည်။

ယင်ရှန်းကျွင်းက...

"နတ်သမီး ၊ မင်းကိုကူညီပြီး အားလော်ဟယ်ကို မောင်း ထုတ်ပေးလိုက်ပြီ ၊ ထိုက်ချင်တာအိုကျမ်းကို ကျုပ်တို့ ချင်း ယန်ကျောင်းတော်ကို ပြန်ပေးနိုင်မလား..."

ကျောက်ရှောင်ယွီက...

"မင်းငါ့ကို မကူညီရင် ထိုက်ချင်တာအိုကျမ်းကို အားလော် ဟယ်ကို ပေးပစ်မယ်လို့ပဲ ပြောခဲ့တာလေ ၊ မင်း ငါ့ကို ကူညီရင် ထိုက်ချင်တာအိုကျမ်းကို မင်းကိုပေးမယ်လို့ ပြောမိလို့လား..."

ကျောက်ရှောင်ယွီ၏စကားကြောင့် ယင်ရှန်းကျွင်း စွေ့စွေ့ခုန်သွားလေသည်။

"ဒါပေမဲ့ ထိုက်ချင်တာအိုကျမ်းက နတ်သမီးပိုင်ဆိုင်ရမယ့် ပစ္စည်းမဟုတ်ပါဘူး၊ ကျုပ်ကို ပေးပါ..."

သူက အားလော်ဟယ်ကို နှင်ထုတ်ရန်အတွက် ငှက်ပျောရွက်ယပ်တောင်ကို အသုံးပြုထားသည့်အတွက် တန်ခိုးစွမ်းအားများ လျော့နည်းနေပြီဖြစ်လေသည်။

သူ့အနေဖြင့် စိတ်လိုက်မာန်ပါပြောလိုက်သည့်တိုင် ကျောက်ရှောင်ယွီကို မည်သည့်နည်းနှင့်မှ ရင်ဆိုင်နိုင်တော့မည် မဟုတ်ပေ။

ယင်ရှန်းကျွင်း နေမထိထိုင်မသာဖြစ်နေပုံကိုကြည့်ပြီး ကျောက်ရှောင်ယွီက ရယ်မောလိုက်လေသည်။

"တာအိုမိတ်ဆွေက တကယ်တော့ မိုးကောင်းကင်နတ်ဘုရား တစ်ပါးတောင် မဖြစ်သေးဘဲနဲ့ ဒီကျမ်းစာကို လိုချင်တယ်ဆိုရင်လည်း ပေးလိုက်ပါ့မယ်..."

သူမက လက်နှစ်ချောင်းဖြင့် ကောင်းကင်ထက်သို့ ထိုးညွှန်လိုက်လေရာ ကောင်းကင်ထက်တွင် ရွှေရောင်စာလုံးသင်္ကေများ ထွက်ပေါ်လာလေသည်။

တိုက်ပွဲကိုကြည့်နေကြသည့် နတ်ဘုရားများစွာ ရှိသည့်တိုင် ထိုစာလုံးသင်္ကေတများ၏ အဓိပ္ပါယ်ကို မည်သူမှ နားမလည်ကြပေ။ သို့သော်... စာလုံးများကို နားမလည်သည့်တိုင် မှတ်ထားချင်သည်ဆိုလျှင်တော့ မှတ်ထား၍ရနိုင်လေသည်။

ထို့ကြောင့် ကျောက်ရှောင်ယွီ၏ ကောင်းမှုဖြင့် ဘုရင့်နေပြည်တော်၏ ကောင်းကင်ထက်တွင် ထိုက်ချင်တာအိုကျမ်း ထွက်ပေါ်လာသည်ကို ကျင့်ကြံသူတိုင်း မြင်တွေ့ခဲ့ကြရလေသည်။

ယင်ရှန်းကျွင်းမှာ ကျောက်ရှောင်ယွီကို သေလောက်အောင်

မုန်းတီးနေသည့်တိုင် မည်သည့်စကားမှ မပြောရဲပေ။ သူက

ချက်ချင်းပင် ကောင်းကင်ထက်တွင်ပေါ်နေသည့် စာလုံးများကို

တစ်လုံးမကျန် အလွတ်ကျက်ကာ မှတ်သားလိုက်သည်။

ကျောက်ရှောင်ယွီက ထိုက်ချင်တာအိုကျမ်းအစစ်အမှန်ကို

ပြသခဲ့ခြင်း ဖြစ်သော်လည်း ထိုက်ချင်တာအိုဆရာသခင်၏

မူလဝိညာဉ်သင်္ကေတရှိမှသာ ထိုက်ချင်တာအိုကျမ်းကို

ကျင့်ကြံနိုင်မည်ဆိုသည့် သော့ချက်ကိုတော့ မည်သူ့ကိုမှ မ

ပြောဘဲ ဖုံးကွယ်ထားခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော်... သော့ချက်ကိုသာသိရှိသွားပါက

မယ်တော်ဝမ်မူကဲ့သို့သော နတ်ဘုရားတစ်ပါးသည် ထိုက်ချင်

တာအိုကျမ်းကို အခက်အခဲမရှိ ကျင့်ကြံနိုင်သွားမည် ဖြစ်လေ

သည်။

ထိုက်ချင်တာအိုကျမ်းကို ပြသပြီးသည်နှင့် ကျောက်ရှောင်ယွီ က ဆန်းလျန်၏ လက်များကို ဆုပ်ကိုင်လိုက်လေသည်။

ထို့နောက် နတ်ဘုရား (၂)ပါးသည် ကောင်းကင်ထက်မှ ပျောက်ကွယ်သွားလေတော့သည်။

သူတို့ (၂)ယောက် ပျောက်ကွယ်သွားသည်နှင့် ရွှမ်ဝူရေကန် အရှေ့ဆီမှ တောင်ထွတ် (၃)ခု ရုတ်တရက် ပြိုကျသွားပြီး ရွှမ်ဝူရေကန်ကြီးတစ်ခုလုံးကို မြေဖို့ပြီးသား ဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော်... တောင်ထွတ် (၃)ခုကို ထိန်းသိမ်းထားသည့် ကျန်းဝူမရဏာစားမရှိတော့သည့်အတွက် မြေကြောပြတ်တောက်ကာ တောင်ထိပ် (၃)ခု အလိုလို ပြိုကျသွားရခြင်းသာ ဖြစ်လေသည်။ ဆန်းလျန် မယ်တော်ဝမ်မူကို ပေးခဲ့သည့် ကတိအတိုင်း ရွှမ်ဝူရေကန်သည်လည်း တစ်ခါတည်း မြေဖို့ပြီးသား ဖြစ်သွားသလို ဆန်းလျန်နှင့် ကျန်းဝူနတ်ဘုရားသည်လည်း ပြဿနာတက်နိုင်စရာ အကြောင်း မရှိတော့ပေ။

တစ်ရက်အတွင်းမှာပင် ထိုနေရာတွင် ရှမ်ဝူရေကန်တည်ရှိခဲ့သည်ဆိုသည့် သဲလွန်စပင်မကျန်အောင် ပျောက်ကွယ်သွားခဲ့ပြီဖြစ်လေသည်။

....

ကျောက်ရှောင်ယွီနှင့် ဆန်းလျန်တို့သည် ယွမ်ကျိုးနယ်အလယ်ပိုင်းသို့ ရောက်ရှိလာကြလေသည်။

ထိုနေရာတွင်... မြက်ပင်များနှင့် မြေပဲပင်များပေါက်ရောက်နေပြီး နတ်ဘုံနတ်နန်းအလား မလှပသည့်တိုင် အလွန်သာယာသည့် နေရာတစ်ခု ဖြစ်လေသည်။

ဆန်းလျန်နှင့်ကျောက်ရှောင်ယွီသည် မြက်ခင်းပြင်ထက်တွင် အေးအေးလူလူ ထိုင်နေကြလေသည်။

ဆန်းလျန်က အပြောင်းအလဲများကြောင့် အံ့သြခဲ့ခြင်း မရှိပေ။ သို့သော်... ကျင့်ကြံမရနိုင်သည့် ထိုက်ချင်တာအိုကျမ်းကြီးကို နတ်ဘုရားများအားလုံးကို ပြသခဲ့သည့် ကျောက်ရှောင်ယွီ၏လုပ်ရပ်ကြောင့် အလွန်ရယ်ချင်နေမိလေသည်။

သူမက နတ်ဘုရားများကို တမင်တကာ စနောက်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော်... ထိုသို့ ခပ်ညစ်ညစ်လုပ်ရပ်အတွက် ဆန်းလျန် သူမကို လေးစားမိသည်ကတော့ အမှန်ပင် ဖြစ်သည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်းဟာလေ... နတ်သမီးတစ်ပါးနဲ့မတူဘူး ၊ စုန်းမနဲ့တူတယ်..."

ကျောက်ရှောင်ယွီက ရယ်မောလိုက်ရင်း...

"ဘာလဲ... ကျွန်မကို ကြောက်နေပြီလား ၊ စုန်းမဆိုရင် ရှင့်ကို ပြုစားလိုက်ရမလား..."

ဆန်းလျန်က....

"မလုပ်လိုက်ပါနဲ့၊ ကျုပ် တကယ်ပဲ မင်းကို ကြောက်ပါတယ် ၊ ဒါပေမဲ့ မင်းပြောပြမယ့် အတိတ်ကအကြောင်းတွေ သိချင်မိလို့ မင်းနဲ့ လိုက်လာတာ..."

ကျောက်ရှောင်ယွီက မည်သည့်စကားမှ မဆိုတော့ပေ။

သူမက ဆန်းလျန်၏ မျက်နှာကို ရွှန်းရွှန်းစားစားငေးကြည့်နေလေသည်။ ဆန်းလျန်ကို ငေးကြည့်နေရခြင်းသည် မည်သည့်အခါမှ ငြီးငွေ့နိုင်စရာမရှိပေ။

ဆန်းလျန်ကလည်း သူမကို စကားပြောလာရန် အတင်းမတိုက်တွန်းတော့ပါ။ သူမ သူ့ကို ငေးကြည့်နေလိုလျှင် ငေးကြည့်နေပါစေတော့လေ။

သို့သော်... သူ့အနေဖြင့် အတိတ်ကို ပြန်လည်သိရှိရန်တော့ လိုအပ်လေသည်။ အတိတ်ကို သိရှိခြင်း မရှိပါက အနာဂတ်သည်လည်း ဝေဝါးနေမည်မှာ အမှန်ပင်။

နောက်ဆုံးတော့ ကျောက်ရှောင်ယွီက စကားစပြောလာလေသည်။

"ရှင့်ရဲ့အတိတ်က အံ့သြစရာကောင်းလွန်းတယ်၊ ရှင်ကိုယ်တိုင်တောင် နားလည်နိုင်မယ် မထင်ဘူး၊ ပြောရရင်လည်း အရှည်

ကြီးပဲ ၊ လောကကြီးမှာ တန်ခိုးစွမ်းအားကင်းလွတ်ရာ ကမ္ဘာ မြေဆိုတာ ရှိတယ် ၊ အဲဒီနေရာမှာ ရှင့်ကို မွေးဖွားခဲ့တယ် ၊ ရှင့် နာမည်က ဒေါက်တာလီဖုန်းတဲ့...."

အခန်း (၈၀၅) အတိတ်မရှိလျှင်အနာဂတ်လည်းမရှိ

သို့သော်... ကျောက်ရှောင်ယွီသိသမျှမှာ ဆန်းလျန်၏ အတိတ် အကြောင်း အားလုံးမဟုတ်သေးပေ။

သူမက သူမသိသမျှကိုသာ ဆန်းလျန်ကို ပြောပြခြင်း ဖြစ်လေ သည်။

သူမက စကားပြောကောင်းသူတစ်ယောက်ဖြစ်သည့်အပြင် ဘက်မလိုက်ဘဲ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ပြောပြနိုင်သည့်အတွက် ဆန်းလျန်က သူ၏အတိတ် အကြောင်းများကို ယေဘူယျအားဖြင့် နားလည်သွားရသည်။ အတိတ်ဆိုသည်ကလည်း သူ၏ရွေးခြယ်မှုပင် ဖြစ်ခဲ့လေ သည်။

သူ့အကြောင်းကို နားထောင်နေရသည့်တိုင် ဆန်းလျန် စိတ် လှုပ်ရှားခြင်း မဖြစ်မိပေ။

အတိတ်ဆိုသည်က အခိုးအငွေ့များပမာ ၊ ဖုံမှုန့်များပမာ ၊ မြူခိုး များပမာ ဖြစ်လေသည်။ ထို့ပြင် လက်ရှိဘဝနှင့် အတိတ်အချိန် များသည် အလွှာပါးလေးတစ်ခု ကာရံထားသည့်အလား ခြား နားနေခဲ့ပြီ ဖြစ်လေသည်။

ထို့ပြင် ကျောက်ရှောင်ယွီကလည်း သူ့ဘဝအတိတ် အကြောင်းအရာများအားလုံးကို ပြောပြနိုင်ခဲ့ခြင်း မရှိပေ။

ကျောက်ရှောင်ယွီ၏ စကားများကို နားထောင်ပြီးသည်နှင့်

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကျုပ်က အံ့ဩစရာတော့ ကောင်းသားပဲ ၊ ဒါပေမဲ့ မင်းပြောတဲ့

အတိုင်းသာဆိုရင် ကျုပ်က တန်ခိုးစွမ်းအားကင်းလွတ်ရာကမ္ဘာ

မြေက လာခဲ့တဲ့ လူတစ်ယောက်ပဲ ၊ အဲဒီကို တစ်ခေါက်လောက်

ပြန်သွားရင် မကောင်းဘူးလား..."

ကျောက်ရှောင်ယွီက...

"အင်း... ကောင်းတယ် ၊ ဒါနဲ့ စကားမစပ် ရှင့်ကို ကျွန်မ

ပေးလိုက်တဲ့ လေးညှို့ရော... ဘယ်ရောက်သွားပြီလဲ..."

ဆန်းလျန် စိတ်များ ရှုတ်ထွေးသွားရလေသည်။

ကျောက်ရှောင်ယွီ သူ့ကိုပေးလိုက်သည့် လေးညှို့သည် သူ့ထံ

တွင် ရှိရမည် ဖြစ်လေသည်။ သို့သော်... ယခုတော့ ပျောက်

ခြင်းမလှ ပျောက်သွားခဲ့ပြီ။

သူက ပတ်ဝန်းကျင်တွင် အနည်းငယ် ရှာဖွေကြည့်သော်လည်း လေးညို့ကို မတွေ့ရတော့ပေ။

ဆန်းလျန်က...

"မတွေ့တော့ဘူး ၊ ထူးဆန်းလိုက်တာ..."

ကျောက်ရှောင်ယွီက...

"မတွေ့လည်း ဘာမှ မဖြစ်ပါဘူး ၊ အဲဒီလေးညို့က လီအော့ချို ရဲ့လေးညို့ပဲ..."

သူမ၏ စကားများမှတစ်ဆင့် သူမ၏ ရက်စက်မှုများကို တွေ့ မြင်နိုင်လေသည်။

ကျောက်ရှောင်ယွီဆိုသည်က သူမနှင့် ဆန်းလျန်မှလွဲပြီး ကျန် သည့်သူများကို အရေးပါသည်ဟု မည်သည့်အခါမှ သဘောမ ထားခဲ့ပေ။

ဆန်းလျန်က...

"ကျုပ်ကို တန်ခိုးစွမ်အားကင်းလွတ်ရာ ကမ္ဘာမြေကို ခေါ်သွား
ပေးလို့ရမလား..."
ကျောက်ရှောင်ယွီက...
"ရတာပေါ့..."
ပြောပြီးသည်နှင့် သူမက အချိန်နှင့်အာကာသကို ဖြိုခွင်းကာ
ဆန်းလျန်ကို ကမ္ဘာမြေသို့ ခေါ်ဆောင်လာလေသည်။
သို့သော်... ကမ္ဘာမြေတွင် အရာအားလုံးက ပြောင်းလဲသွားပြီ
ဖြစ်လေသည်။
ပေကျင်းမြို့တော်ရှိ ဒေါက်တာလီဖုန်းနေထိုင်ရာအိမ်တွင်
အခြားသူများ နေထိုင်နေကြလေသည်။ ထိုသူများ နေထိုင်နေ
ကြသည်မှာ အလွန်ကြာမြင့်နေပြီဖြစ်ပြီး သူတို့သည် ဒေါက်တာ
လီဖုန်းဆိုသည်မှာ မည်သူဖြစ်သည်ကို သိရှိကြခြင်း
အလျဉ်းမရှိပေ။

ထို့ပြင်... အောင်မြင်ကျော်ကြားသည့် ဂီတဘုရင်မ ကျောက်ရှောင်ယွီကိုလည်း မည်သူမှ မသိရှိကြတော့ပေ။ အရာအားလုံးသည် လေထဲတွင် လွင့်ပျံသွားသည့်အလား ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

နောက်ဆုံး ကျောက်ရှောင်ယွီက ဆန်းလျန်ကို ခွန်လွန်တောင်သို့ ခေါ်ဆောင်လာခဲ့လေသည်။

ခွန်လွန်တောင်ကတော့ ယခင်ကအတိုင်း လျှို့ဝှက်နက်နဲသည့် နေရာတစ်ခု ဖြစ်နေဆဲ ဖြစ်သည်။

မယ်တော်ဝမ်မူ၏ မက်မွန်သီးဥယျာဉ်ဟောင်းသည်လည်း တည်ရှိနေဆဲ ဖြစ်လေသည်။ သူတို့သည် လိုဏ်ဂူကို ဖြတ်သန်းကာ ဆန်းလျန်၏ ကိုယ်ခွဲခန္ဓာရှိခဲ့သည့် လျှို့ဝှက်နေရာသို့ ရောက်ရှိလာကြလေသည်။

သို့သော်... ထိုနေရာတွင် ဆန်းလျန်၏ ကိုယ်ခွဲလည်းမရှိတော့ သလို ဆန်းလျန်၏ အင်္ကျီလက်တွင် ရေးသားထားသည့်

"အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရယ်များအားလုံးသည် ဤ နေရာတွင် အဆုံးသတ်ခဲ့ကြောင်း ဆန်းလျန်က သက်သေပြခဲ့ သည်" ဆိုသည့် စာကြောင်းလည်း ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

ကျောက်ရှောင်ယို့ စိတ်များပင် အနည်းငယ်ရှုတ်ထွေးလာပြီး စကားတစ်လုံးမှ မပြောတော့ပေ။ သူမက ဆန်းလျန်ကို ကြေးနီ တိုင်လုံးကြီးများတည်ရှိရာ နေရာသို့ ခေါ်ဆောင်လာခဲ့လေ သည်။

ထို့နောက် သူတို့ သိုးလှိုနန်းတော်ရှိရာသို့ ရောက်ရှိလာခဲ့လေ သည်။

သိုးလှိုနန်းတော်အတွင်းမှ ပရိဘောဂများ ၊ ပစ္စည်းများအားလုံး က သူမထွက်ခွာလာစဉ်ကအတိုင်း မပြောင်းမလဲ တည်ရှိနေ သော်လည်း သိုးလှိုနန်းတော်တွင် သူမ စောင့်ခိုင်းထားခဲ့သည့်

လီအော့နျိုမှာတော့ ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်က မီးငြိမ်းနေပြီဖြစ်သည့် ပါးကွဖိုကို လက်ဖြင့်အသာဖိကြည့်လိုက်သည်။ သူ၏ တန်ခိုးစွမ်းအားဖြင့်ပင်လျှင် ပါးကွဖိုသည် တစ်စက်ကလေး လှုပ်ရှားပြောင်းလဲသွားခြင်း မရှိပေ။ ထို့ပြင်... သူ၏ တန်ခိုးစွမ်းအားသက်ေတများလည်း ဖိုပေါ်တွင် ချန်ထားခဲ့နိုင်ခြင်း မရှိပေ။

သို့သော်... ပါးကွဖိုတွင် သမာဓိမီးတောက်၏ အရှိန်ကျန်ရစ်နေသည်ကို ဆန်းလျန် ခံစားလိုက်မိသည်။

ကောင်းကင်ကိုထိုးခွင်းပြီး မိုးမြေအသစ်ကိုဖွင့်လှစ်ခဲ့လေသူထိုက်စန့်လောင်ကျွင်းသည် ဤပါးကွဖိုဖြင့် ဖိုထိုးခဲ့သူ ဖြစ်လေသည်။ ဤပါးကွဖိုသည် ဤနေရာတွင် ရှိနေလိမ့်မည်ဟု မည်သူမှ ထင်မှတ်ကြမည် မဟုတ်ပေ။

ဆန်းလျန်က ကျောက်ရှောင်ယွီကို လှမ်းကြည့်လိုက်ရင်း...

"မင်း ရှင်းပြစရာမလိုပါဘူး ၊ မင်း ပြောသမျှ ကျုပ်ယုံပါတယ် ၊ ဒါပေမဲ့ အခုတော့ အဖြစ်အပျက်တစ်ခုလုံးက မင်းပြောတာတွေနဲ့ မတူဘူးဖြစ်နေတယ် ၊ တစ်ခုခု ထူးခြားနေတာတော့ အမှန်ပဲ..."

ထိုအခါမှ ကျောက်ရှောင်ယွီက စိတ်သက်သာရာ ရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

သူမဘဝတွင် အကြောက်ဆုံးအရာမှာ ဆန်းလျန် သူမကို မယုံကြည်တော့မည်ကို ဖြစ်လေသည်။

ဆန်းလျန်က အတိတ်မေ့နေသူမဟုတ်ဘဲ ယခင်ကအတိုင်းဆိုလျှင်တော့ သူမကို သေချာပေါက်ယုံကြည်မည်ကို သိရှိသည့်တိုင် ယခု အခြေအနေက ကွဲပြားနေခဲ့ပြီ မဟုတ်လား။

သို့သော်... ဆန်းလျန်က သူမကို ယုံကြည်နေဆဲ ဖြစ်သည့်အတွက် စိတ်သက်သာရာ ရသွားခဲ့လေသည်။ သူမ

လောကတွင် မည်သူ့ကိုမှ အလေးမထားပေ။ ဆန်းလျန် တစ်ယောက်တည်းကိုသာ အလေးထားခြင်း ဖြစ်လေသည်။

ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံအောင်မြင်ခဲ့သည့်တိုင် သူမ သည် ဆန်းလျန်ကို သံယောဇဉ်ရှိစွာ ချစ်ခင်မြတ်နိုးနေမိဆဲ ဖြစ်လေသည်။ သူမ၏တစ်ဘဝလုံး ကျင့်စဉ်လမ်းကို လျှောက် လှမ်းရန် ပုံအပ်ထားခဲ့ပြီး ဆန်းလျန်ကို စွန့်လွှတ်ရန် အကြိမ်ကြိမ် ကြိုးစားကြည့်ခဲ့ဖူးလေသည်။

သို့သော်... သူမ မတတ်နိုင်ခဲ့ပေ။ သူသည် ဆန်းလျန်ကို အမြဲ ထာဝရ ချစ်နေမြဲပင်...။

သူမ၏ ချစ်ခြင်းများကို ဆန်းလျန်ကရော နားလည်ပါရဲ့လား။

အမှန်တော့ ဆန်းလျန်သည် သူမထက် ဉာဏ်ရည်ထက်မြက်သူ ဖြစ်လေသည်။ ဆန်းလျန်သည် လောကကြီးအကြောင်းကို သူမထက်ပိုပြီး ရှင်းရှင်းလင်းလင်းသိမြင်သူ ဖြစ်လေသည်။

ကျောက်ရှောင်ယွီက...

"ရှင် ကျွန်မကို ယုံလို့ တော်သေးတာပေါ့၊ ကြည့်ရတာ ရှင့် အတိတ်က လုံးဝ ပျောက်ကွယ်သွားပြီထင်တယ်၊ ဒီ တန်ခိုး စွမ်းအားကင်းလွတ်ရာ ကမ္ဘာမြေမှာတောင် ရှင့်ရဲ့ အတိတ် တစ်ခုမှ မကျန်ခဲ့တော့ဘူး..."

ဆန်းလျန်က တည်ငြိမ်သည့်လေသံဖြင့်...

"ဒီလိုဖြစ်တာ တော်တော်ဆိုးတာပဲ၊ အတိတ်မရှိတဲ့လူတစ်ယောက်ဟာ အနာဂတ်လည်း ပျောက်ဆုံးနေမှာပဲ..."

သူ၏ ကျင့်ကြံခြင်းအဆင့်ဖြင့်ဆိုလျှင် အတိတ်ကိုဖြတ်တောက်ခြင်းကို ကောင်းကောင်းနားလည်လေသည်။ ယခုတော့ ကမ္ဘာမြေမှ သူ၏ အတိတ်သည်ပင်လျှင် ပျောက်ဆုံးသွားခဲ့ရပြီ ဖြစ်လေသည်။ ထိုကိစ္စသည် ရိုးရှင်းခြင်း မရှိသည်ကတော့ အမှန်ပင်ဖြစ်သည်။

ကျောက်ရှောင်ယွီက...

"ဒါပေမဲ့ ဘယ်အချိန်ပဲဖြစ်ဖြစ် ဘယ်နေရာပဲ ဖြစ်ဖြစ် ရှင့်အတွက် ကျွန်မ ရှိနေမှာပါ..."

ဆန်းလျန်က...

"တကယ်တော့ မင်း ဒီလိုလုပ်စရာ မလိုပါဘူး ၊ ကျင့်ကြံသူတစ်ယောက်ဆိုတာ လွတ်လပ်ရတယ် ၊ မင်း ကျုပ်ကို သံယောဇဉ်တွယ်နေမယ်ဆိုရင် ကျင့်စဉ်လမ်းမှာ ဘယ်တော့မှ ရှေ့ဆက်နိုင်မှာ မဟုတ်ဘူး..."

ကျောက်ရှောင်ယီက ပြုံးရုံသာပြုံးနေပြီး စကားဆက်မပြောတော့ပေ။

ရုတ်တရက်...

ဆန်းလျန်၏ စိတ်ထဲတွင် ဝမ်းနည်းကြေကွဲမှုတစ်ခုကို ခံစားလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော်... အနာဂတ်တစ်ချိန်၌ သူ့ဘေးနား တွင် ကျောက်ရှောင်ယွီ မရှိတော့သည်ကို ရုတ်တရက် ကြိုတင် သိမြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

သို့သော် ထိုအကြောင်းကို ဆန်းလျန်က ကျောက်ရှောင်ယွီကို ပြောပြမနေတော့ပေ။

"ကျုပ်တို့ သွားကြရအောင်..."

သူတို့ သိုးလှိုနန်းတော်မှ ထွက်ခွာလာကြလေသည်။

သိုးလှိုနန်းတော်တွင် ပါးကွဖိုမှတစ်ပါး အခြားသောအရာများ မှာ သိပ်ပြီး တန်ဖိုးမရှိလှပေ။ သို့သော်... ဆန်းလျန်က ပါးကွဖို ကြီးကို ယူဆောင်လာရန် ဆန္ဒမရှိပေ။ အဘယ်ကြောင့်ဆို သော်... သူက ပါးကွဖိုကြီးကို ယူဆောင်သွားလျှင် ဘုရင်ရှစ် ပါးနန်းတော်မှ ရွှမ်တုတောက်ကျွင်းကို သတိပေးလိုက်သလို ဖြစ်သွားပေလိမ့်မည်။

ကျောက်ရှောင်ယွီက နတ်ဘုရားများအားလုံးကို ထိုက်ချင်တာ အိုကျမ်းကို ပြသခဲ့သည့်တိုင် ထိုက်ချင်မူလဝိညာဉ်သကေ်တရှိ မှသာလျှင် ထိုကျမ်းကို ကျင့်ကြံ၍ရနိုင်မည်ကို မည်သူမှ မသိရှိခဲ့ကြပေ။

သို့သော်... စိတ်ပူစရာရှိသည်မှာ ထိုအချက်ကိုသာ ဘုရင်ရှစ်ပါးနန်းတော်၏အရှင်သခင် ရွှမ်တုတောက်ကျွင်း သိရှိသွားခဲ့လျှင် သူမကို မည်သည့်နည်းနှင့်မှ အလွတ်ပေးမည် မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ... ကျောက်ရှောင်ယွီဆိုသည်က အားလော်ဟယ်နှင့်ပင် ဖက်ပြိုင်အံ့တုရဲသူတစ်ယောက် ဖြစ်လေရာ ရွှမ်တုတောက်ကျွင်းကို သိပ်ပြီး ကြောက်ရွံ့မည် မဟုတ်ပေ။

ထို့ပြင်... ယင်ရှန်းကျွင်းက ငှက်ပျောရွက်ယပ်တောင်ကို အသုံးပြုကာ အားလော်ဟယ်ကို မောင်းထုတ်နိုင်ခဲ့သည်မှာ

ယာယီသာဖြစ်သည်။ အားလော်ဟယ်သည် အနေးနှင့်အမြန်
ကျောက်ရှောင်ယို့ကို ပြန်လာရှာဦးမည်ပဲ ဖြစ်လေသည်။
အားလော်ဟယ်နှင့် နောက်တစ်ကြိမ်ရင်ဆိုင်ရလျှင်တော့ သိပ်
ပြီး လွယ်ကူမည် မဟုတ်ပေ။
ခွန်လွန်တောင်တစ်ခုလုံး ဆီးနှင်းများ ဖုံးလွှမ်းနေပြီး ဆန်းလျှန်
သည် မည်သည့်တန်ခိုးစွမ်းအားမှ အသုံးမပြုဘဲ ဆီးနှင်းများ
ထက်တွင် လမ်းလျှောက်နေလေသည်။
တန်ခိုးစွမ်းအားကင်းလွတ်ရာကမ္ဘာမြေတွင် နတ်ဘုရားများ၏
တန်ခိုးစွမ်းအားများ သိပ်ပြီး အသုံးပြုနိုင်ခြင်း မရှိပေ။ ဤ
နေရာသို့ နတ်ဘုရားတစ်ပါးရောက်ရှိလာလျှင်လည်း သာမန်
ထက် အနည်းငယ် ထူးခြားသည်မှလွဲပြီး တန်ခိုးစွမ်းအားများ
ကို အပြည့်အဝ ထုတ်ဖော်အသုံးပြုနိုင်မည် မဟုတ်ပေ။
ဆီးနှင်းဖုံးလွှမ်းနေသောတောင်တန်းများက အဆုံးမရှိပေ။

ဤနေရာတွင် နတ်ဘုရားများနေထိုင်သည့် လျှို့ဝှက်နေရာတစ်ခု ရှိကောင်းရှိနိုင်လေသည်လား မသေချာပေ။

သို့သော်... ဆန်းလျန်က ခွန်လွန်တောင်တွင် ဆက်ပြီး လေ့လာစူးစမ်းလိုစိတ် မရှိတော့ပေ။

"မင်း နောက်ထပ် ဘာလုပ်ဖို့ အစီအစဉ်ရှိလဲ..."

ကျောက်ရှောင်ယွီက...

"တကယ်တော့ ကျွန်မ ဒီနေရာကိုလာခဲ့တာ အားလော်ဟယ်ရန်က လွတ်မြောက်ဖို့ပါ၊ သူ ကျွန်မကိုသတ်ချင်လို့ ဒီနေရာထိလိုက်လာတယ်ဆိုရင်တောင်မှ ဒီနေရာမှ သူထင်သလောက်တန်ခိုးစွမ်းအားတွေ အသုံးပြုနိုင်မှာ မဟုတ်ဘူးလေ၊ ဒါပေမဲ့ ဒီနေရာမှာ ထာဝရနေလို့လည်း မဖြစ်နိုင်ဘူးဆိုတာ ကျွန်မသိပါတယ်..."

ဆန်းလျန်က...

"ဒီမှာနေမယ်ဆိုရင်လည်း သိပ်တော့ မကောင်းလှပါဘူး..."

ဆန်းလျန်က ရည်ရွယ်ချက်မရှိဘဲ ထိုစကားကို ပြောမည်

မဟုတ်သည်ကို ကျောက်ရှောင်ယွီ သိလိုက်သည်။

ထို့ကြောင့် သူမက ...

"ဘာဖြစ်လို့လဲ..."

ဟု သိချင်စိတ်ဖြင့် မေးလိုက်သည်။

ဆန်းလျန်က...

"ကျုပ် ဒီနေရာကို ရောက်လာတာ မကြာသေးပေမယ့် အရာ

အားလုံးရဲ့ ဖြစ်တည်ပြောင်းလဲမှုတွေကို သိမြင်နိုင်တယ် ၊

တကယ်တော့ ဒီနေရာက တန်ခိုးစွမ်းအားကင်းလွတ်တဲ့ နေရာ

တစ်ခုဖြစ်ရုံတင်မကဘူး ရုပ်ဝတ္ထုဖြစ်တည်မှုတစ်ခုနဲ့ ဆင်တူ

နေတယ်..."

ဆန်းလျန် လေ့လာခဲ့သည့် ယိလမ်းစဉ်သည် အရားအလုံးကို

ပြောင်းလဲနိုင်ခြင်း မရှိပေ။

သို့သော်... ယိုလမ်းစဉ်ကို အသုံးပြုကာ တွက်ချက်မှုများ ပြုလုပ်ရာတွင် ဆန်းလျန်ကိုမီသည့် ကျင့်ကြံသူ တစ်ယောက်မှ မရှိပေ။ ထို့ကြောင့် သူက ကမ္ဘာမြေအကြောင်းကို ကျော်ရှောင်ယှဉ်ထက်ပိုပြီး နက်နက်ရှိုင်းရှိုင်း သိမြင်နိုင်လေသည်။ တန်ခိုးစွမ်းအားကင်းလွတ်ရာ ကမ္ဘာမြေတစ်ခုလုံးသည် ဝိညာဉ်စွမ်းအား ပစ္စည်းတစ်ခုအလားဖြစ်ပြီး ခွန်လွန်တောင်ကတော့ ကမ္ဘာမြေတည်ရှိမှုအတွက် အဓိက ထောက်တိုင်ကြီး ဖြစ်လေသည်။

ကြည့်ရသည်မှာ ဤနေရာတွင် နတ်ဘုရားများစွာ၏ အကျွင်းအကျန်များလည်း ရှိနေနိုင်လေသည်။

အခန်း (၈၀၆) လျှန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအား

အတန်ကြာသည့်အခါ ဆန်းလျှန်က ခပ်တိုးတိုးရေရွတ်လိုက်သည်။

"ကျုပ်ရဲ့ အသက်ဓာတ်စွမ်းအားတွေ ကျနေပြီ..."

ဆန်းလျှန်က အင်္ကျီလက်ကိုအသာပင့်ကာ သူ့လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်လေသည်။

ထိုအခါ သူ၏ အသားအရေများမှာ တဖြည်းဖြည်း သွေ့ခြောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ကျောက်ရှောင်ယွီကတော့ ရှန်လမ်းစဉ်နတ်ဘုရားတစ်ပါးဖြစ်သည့်အတွက် ဆန်းလျှန် ကဲ့သို့ သွေ့ခြောက်သွားခြင်းမျိုး မရှိပေ။ သူမ၏ အသားအရေများကတော့ ကြာပန်းလေးတစ်ပွင့် အလား နူးညံ့နေဆဲ ဖြစ်လေသည်။

ကျောက်ရှောင်ယွီက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"ဒါဆို ဒီနေရာက ဝိညာဥ်စွမ်းအားရုပ်ဝတ္ထုဖြစ်တည်မှုဆိုရင် သူ့ရဲ့တည်ရှိမှုက ဘယ်လို အခန်းကဏ္ဍမှာ ပါဝင်နေတာလဲ..."

ဆန်းလျန်က သူ၏ ခြေထောက်အောက်ကို တစ်ချက်ငုံ့ကြည့်လိုက်လေသည်။

ထိုအခါ နှင်းထုကိုထိုးဖောက်ပြီး မြေကြီးထဲတွင် နတ်ဘုရားများနှင့် ဗောဓိသကျများ၏ အရိုးများကို တွေ့မြင်လိုက်ရလေသည်။

သူက ပေါ့ပါးသည့်လေသံဖြင့်...

"ဒီနေရာမှာ ဘာတန်ခိုးစွမ်းအားမှ အသုံးပြုလို့မရမှတော့ နတ်ဘုရားတွေ ၊ ဗောဓိသကျတွေလည်း ပျောက်ကွယ်ကုန်တာပေါ့ ၊ မင်းပြောသလိုသာဆိုရင် ဒီနေရာမှ (၁)ရက်ကြာရင် တခြားလောကတွေမှာ (၁)နှစ်ကြာတယ် မဟုတ်လား ၊ နတ်ပြည် (၁)ရက် လူ့ပြည် (၁)နှစ် ၊ ဒီနေရာက ကောင်းကင်ဘုံနန်းတော်တည်ရှိခဲ့တဲ့နေရာလား မဆိုနိုင်ဘူး..."

ကျောက်ရှောင်ယွီက တအံ့တသြဖြင့်...

"ဒီနေရာက ကောင်းကင်ဘုံနန်းတော် တည်ရှိခဲ့တဲ့နေရာ...

ဟုတ်လား..."

ဆန်းလျန်က...

"သိပ်တော့ မသေချာဘူး၊ ဒါပေမဲ့ ကောင်းကင်ဘုံနန်းတော်လို့

ခေါ်တဲ့ မိုးကောင်းကင်ခုံရုံး ပျက်စီးသွားပြီးတဲ့နောက်

မိုးကောင်းကင်ခုံရုံးအပျက်အစီးတွေကို တခြားလောကတွေမှာ

လည်း တွေ့မြင်ရတာပဲလေ၊ ဒီနေရာက အဲဒီလိုနေရာ ဟုတ်

မဟုတ် အဖြေရှာကြည့်ရမှာပေါ့..."

ဆန်းလျန်ပြောသည့်စကားများက သူ၏ ထင်မြင်ချက်များဖြစ်

သော်လည်း အမှန်တရားနှင့် နီးစပ်လေသည်။

သို့သော်... ဤနေရာသည် တန်ခိုးစွမ်းအားကင်းလွတ်ရာနေရာ

ဖြစ်သည့်အတွက် ဆန်းလျန်၏ တန်ခိုးစွမ်းအားများ

တဖြည်းဖြည်းလျော့ကျနေပြီ ဖြစ်လေရာ ဤနေရာတွင်နေထိုင်

ပြီး အမှန်တရားကို ရှာဖွေရန်မှာ လွယ်ကူသည့် ကိစ္စတော့ မဟုတ်ပေ။

ခွန်လွန်တောင်သည် ထူးဆန်းသည့် နေရာဖြစ်လေသည်။ သို့သော်... တာ့လော်အဆင့်ရှိသည့် တုန်းဟွာတောက်ကျွင်း၏ ကိုယ်ခွဲက ဤနေရာသို့ ရောက်လာနိုင်သည်ကို ကြည့်ခြင်း အားဖြင့် တာ့လော်အဆင့် ကျင့်ကြံသူများကတော့ ချွင်းချက်ရှိ မည်လား မဆိုနိုင်ပေ။

ထို့ကြောင့် တာ့လော်အဆင့်ရောက်အောင် ကျင့်ကြံပြီးမှ ဤ နေရာသို့ ထပ်မံလာရောက်ရန် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ တို့ ဆုံးဖြတ်လိုက်ကြသည်။

သူတို့ (၂)ယောက် တန်ခိုးစွမ်းအားကင်းလွတ်ရာကမ္ဘာမြေမှ ပြန်လည်ထွက်ခွာလာခဲ့ကြလေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် ယွမ်ကျိုးနယ် မြောက် ပိုင်းသို့ ရောက်ရှိလာကြလေသည်။ မြောက်ပိုင်းဒေသတွင်

မိုးသောက်ပန်းများ နေရာတိုင်းတွင် ပွင့်လန်းနေကြသည်။ ထို့ပြင် သံလိုက်စွမ်းအားများလည်း အလွန်ပြင်းထန်နေလေသည်။

ကျောက်ရှောင်ယွီ၏ ထိုက်ချင်အင်းသင်္ကေတကတော့ သံလိုက်သတ္တုစွမ်းအားများကို အလိုအလျောက် စုပ်ယူနိုင်လေသည်။

ကျောက်ရှောင်ယွီက လျန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားကို ကျင့်ကြံရန်အတွက် ဤနေရာသို့ ရောက်လာခြင်း ဖြစ်လေသည်။

လျန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားမှာ ထိုက်ချင်တာအို ကျမ်းထဲတွင် ရေးသားထားသည့် တန်ခိုးစွမ်းအား ဖြစ်လေသည်။ ထိုတန်ခိုးစွမ်းအားက အလွန်မြင့်မားပြီး ရှေးကျသည့် ရောင်စဉ်ငါးမျိုး တန်ခိုးစွမ်းအားနှင့်ပင် ကောင်းကောင်း ယှဉ်နိုင်လေသည်။

ယွမ်ကျိုးနယ်မြောက်ပိုင်းသို့ သွားသည့် ခရီးစဉ်တစ်လျှောက် ဆန်းလျန်ကလည်း ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံခဲ့လေသည်။

သူ့တွင် ထိုက်ချင်မူလဝိညာဉ်သင်္ကေတမရှိသည့်တိုင် ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံသည့်အခါ မည်သည့်အတားအဆီးမှ မရှိခဲ့ပေ။ သို့သော်... ထိုက်ချင်မူလသင်္ကေတကို ချုံ့ရမည့် နောက်ဆုံးအဆင့်သို့ ရောက်သည့်အခါတွင်တော့ ဆန်းလျန် အောင်မြင်ခဲ့ခြင်း မရှိတော့ပေ။

ကျောက်ရှောင်ယွီက မိုးသောက်ပန်းများကြည့်ရင်း မျက်ဝန်းများက တစ်လက်လက်တောက်ပလာလေသည်။

"မိုးသောက်ပန်းတွေက လှလိုက်တာ..."

ဆန်းလျန်ကလည်း မိုးသောက်ပန်းများကို လိုက်ကြည့်လိုက်သည်။

ပန်းများသည် လေထဲတွင် ယိမ်းနွဲ့နေပြီး အမှန်တကယ်ပင်

လှပလွန်းလေသည်။ သဘာဝတရား၏ လှပမှုသည်

အတုအယောင်များထက် များစွာ သာလွန်လေသည်။

ကောင်းကင်ထက်သို့ မော့ကြည့်လိုက်သည့်အခါတွင်တော့

ကြယ်တာရာအစုံ လင်းလက်နေသည်ကို တွေ့မြင်လိုက်ရလေ

သည်။ စကြာဝဠာကြီးကလည်း ကျယ်ပြန့်လွန်းလှလေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီကို လှည့်ကြည့်လိုက်ပြီး...

"ကျုပ်မှာသာ အတိတ်မေ့နေတဲ့ ပြဿနာမရှိဘူးဆိုရင် ကြယ်

တွေစုံတဲ့ အဆုံးမရှိစကြာဝဠာထဲကို ထွက်ခွာသွားမိမှာပဲ ၊ ဒီ

လူ့လောကထဲမှာ မနေတော့ဘူး..."

ကျောက်ရှောင်ယွီက တစ်ချက်ပြုံးလိုက်ရင်း...

"ရှုခင်းက ဘယ်လလောက်ပဲလှလှ အချိန်တန်တော့လည်း

ငြီးငွေ့သွားမှာပါပဲ ၊ ကျွန်မသာ ရှင့်နေရာမှာဆိုရင် အဲဒီလို

စကြာဝဠာထဲ လျှောက်သွားမှာမဟုတ်ဘူး ၊ လူ့လောကထဲမှာ

နေတာကမှ ပိုပြီး စိတ်လှုပ်ရှားစရာ ကောင်းဦးမှာ..."

ဆန်းလျန်က...

"လူ့လောကထဲမှာ နေရာတလည်း မကောင်းဘူးလို့ ကျုပ်မ

ပြောပါဘူးဗျာ ၊ ဒါပေမဲ့ တစ်ခါတစ်လေကျ လူ့လောကရဲ့

အကြောင်းအရာတွေက ရွံလျှာစိတ်ပျက်ဖို့ကောင်းတယ် ၊ ပွင့်

ပွင့်လင်းလင်းပြောရရင် လွန်ခဲ့တဲ့ (၂)နှစ်က လူ့လောကမှာ

ကျုပ်တော်တော်လေးပျော်ခဲ့တာ ၊ 'သောက်ပြီးရင်ပြန်မလာနဲ့

တော့' စားသောက်ဆိုင်လေးမှာပေါ့ ၊ အဲဒီနေရာမှာ အရမ်းကို

ပျော်နေခဲ့တာ..."

ကျောက်ရှောင်ယွီက မချိုမချဉ်ပြုံးလိုက်ရင်း...

"ဟွန်း... ကြည့်ရတာ အဲဒီမှာ ချစ်သူတွေ့နေလို့ နေမှာပေါ့..."

ဆန်းလျန်ကလည်း သူမစကားကို ငြင်းပယ်ခြင်းမရှိပေ။

"အင်း အဲဒီလိုမျိုးလည်း ဟုတ်ချင်ဟုတ်မှာပေါ့..."

ကျောက်ရှောင်ယွီက မကျေမနပ်ဖြစ်ဟန်နှင့် နှုတ်ခမ်းလေး တစ်ချက်စူလိုက်ရင်း...

"ဟွန်း... တကယ်ဆို ရှင် ကျွန်မကို ချော့နေရမှာ မဟုတ်ဘူး လား၊ အခုလက်ရှိအချိန်မှာ ရှင့်ကို ကူညီနေတဲ့သူက ကျွန်မပေါ် နော်၊ ကျွန်မ စိတ်မချမ်းသာအောင် ရှင် နည်းနည်းလေးတောင် မလုပ်သင့်ဘူး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းကူညီချင်တယ်ဆိုရင် ကျုပ်ဘာပဲလုပ်လုပ် ကူညီမှာပဲ၊ မင်း မကူညီချင်ဘူးဆိုရင် ကျုပ်မင်းကို ဒူးထောက်တောင်းပန် လည်း ကူညီမှာမှ မဟုတ်တာ၊ အဲဒီအချက်ကတော့ မင်းနဲ့ ကျုပ် တော်တော်တူတာနော်..."

ကျောက်ရှောင်ယွီက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ရှင်ပြောသလို မဟုတ်ပါဘူးနော်၊ ကျွန်မက ရှင်ဖြစ်နေလို့ ကူညီတာပါ၊ လောကမှာ ဆန်းလျန်နဲ့ ကျောက်ရှောင်ယွီဆိုတဲ့

လူ (၂)ယောက် ရှိနေသရွေ့ သူတို့ (၂)ယောက်ဟာ အမြဲတမ်း ဆုံစည်းကြရမယ့် ရေစက်ရှိနေမှာပါပဲ..."

ဆန်းလျန်က...

"အဲဒီ ဆုံစည်းမှုလေး ထာဝရရှိနေစေဖို့ ကျုပ်မျှော်လင့်မိပါတယ်..."

ထိုစကားကို ပြောလိုက်သည့်အချိန်တွင် ဆန်းလျန်က ကျောက်ရှောင်ယွီ၏ မျက်ဝန်းများကို မသိမသာ ရှောင်ရှားလိုက်လေသည်။

ထိုသို့ ခံစားချက်များကို ဖုံးကွယ်ရန် ကြိုးစားလိုက်ခြင်းသည် ဆန်းလျန်၏စရိုက်နှင့် မကိုက်ညီပေ။ သို့သော်...ကျောက်ရှောင်ယွီကတော့ ရင်ခုန်သွားရလေသည်။

"ရှင်ဒီလိုပြောတာနဲ့တင် ကျွန်မ သေပျော်ပါပြီ..."

ဆန်းလျန်က ချက်ချင်းပင် စကားလမ်းကြောင်းလွှဲလိုက်လေသည်။

"မိုးသောက်ပန်းပင်တွေကျော်သွားရင် သတ္တုသံလိုက်စက်ဝန်း ထွက်ပေါ်လာလိမ့်မယ်၊ အဲဒါဆို မင်းလည်း ကျင့်ကြံလို့ရပြီ ထင်တယ်..."

ပြောပြီးသည်နှင့် ဆန်းလျန်က ရှေ့ဆက်မသွားတော့ဘဲ လက်နှစ်ဖက်နောက်ပစ်ကာ မတ်တတ်ရပ်နေလိုက်လေသည်။

ကျောက်ရှောင်ယွီက ရှေ့သို့ ဆက်သွားလိုက်သည်။

သူမသည် ရေခဲတောင်စွယ်များအကြားသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။ မကြာမီပင် ကြီးမားလွန်းသည့် သံလိုက်စက်ကွင်းမုန်တိုင်းကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။ သံလိုက်စက်ကွင်းမုန်တိုင်းကြီးက ဆန်းလျန်၏ နတ်ဘုရားခန္ဓာကိုပင် သက်ရောက်မှုရှိလေသည်။ သံလိုက်စက်ကွင်းအရှိန်ပြင်းထန်မှုကြောင့် ဆန်းလျန်၏ ဆံပင်များသည်ပင် လေထဲတွင် လွင့်ပျံနေလေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီ ကျင့်ကြံမှုပြုလုပ်နိုင်ရန် အတွက် စောင့်ရှောက်ပေးနေခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ မူလဝိညာဉ်ခန္ဓာသည် လုံး၀ ပွင့်ထွက် သွားပြီး ယင်နှင့်ယန် ဘက်ညီစွာ လှည့်ပတ်နေလေသည်။

ကြီးမားသည့် သတ္တုသံလိုက်စွမ်းအားများသည် ဝေလငါးကြီး တစ်ကောင် ရေကို အငမ်းမရ စုပ်ယူနေသည့်အလား ပတ်ဝန်းကျင်တွင် ဂူပေါက်ကြီးသဖွယ်ပင် ဖြစ်ပေါ်လာရလေ သည်။

ထိုဂူပေါက်ကြီးထဲတွင် အလင်းတန်းသဲ့သဲ့လေးတစ်ခု ထွက် ပေါ်လာလေသည်။

ကျောက်ရှောင်ယွီ၏ ကျင့်ကြံမှုသည် (၉)ရက်နှင့် (၉)ညတိတိ ကြာမြင့်လေသည်။

ဂူပေါက်ကြီးမှာ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှ ရေခဲတောင်စွယ်များပင် တဝုန်းဝုန်းဖြင့် ပြိုကျကုန်ကြလေသည်။

လှပလွန်းသည့် မိုးသောက်ပန်းများပင်လျှင် တဖြုတ်ဖြုတ် ကြွေကျကုန်ကြရသည်။

သို့သော်… ကျောက်ရှောင်ယွီ၏ ကျင့်ကြံမှုကြောင့် တန်ခိုးစွမ်းအားအပြောင်းအလဲများ ပြင်းထန်စွာ ဖြစ်ပေါ်နေခြင်းကို မည်သူမှ မရိပ်မိကြပေ။

အဘယ်ကြောင့်ဆိုသော်… ဆန်းလျန်က သူ၏ တန်ခိုးစွမ်းအားများ အသုံးပြုကာ ကာကွယ်ပေးထားသောကြောင့် ဖြစ်လေသည်။

အခန်း (၈၀၇) ချင်းဆွေထျန်းကောင်းကင်ဘုံ

သတ္တုသံလိုက်စွမ်းအားများသည် ထိုက်ယီထျန်းရှန်းအဆင့်

နတ်ဘုရားတစ်ပါးကိုပင် တစ်စစီဖြစ်သွားနိုင်လောက်အောင်

ပြင်းထန်လွန်းလှလေသည်။

ကျောက်ရှောင်ယွီသာ ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံထား

ခြင်းမရှိလျှင် သူမ၏ မူလဝိညာဉ်ခန္ဓာသည် သံလိုက်စွမ်းအား

များအောက်တွင် သေချာပေါက် တစ်စစီဖြစ်သွားပေလိမ့်မည်။

(၉)ရက် (၉)ည တိတိ ကျင့်ကြံပြီးသည့်နောက် ကျောက်ရှောင်

ယွီ၏ လျှန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားမှာ တဖြည်းဖြည်း

ပုံပေါ်လာလေသည်။

ယင်နှင့်ယန်ပေါင်းစပ်ထားသည့် သံလိုက်စက်ကွင်းဂူပေါက်

ကြီးမှာလည်း တဖြည်းဖြည်းပျောက်ကွယ်စပြုနေပြီ ဖြစ်လေ

သည်။ တဖြည်းဖြည်း ဂူပေါက်ဝသည် တစ်ပေပတ်လည်မျှသာ ကျယ်တော့သည်။ ဂူဝတွင် အဖြူရောင်နှင့်အနက်ရောင်ထိုက် ချိုယင်ယန်သင်္ကေတက စက်ဝိုင်းပုံသဏ္ဍာန် လှည့်ပတ်နေလေ သည်။

စက်ဝိုင်းပုံစံ ထိုက်ချိုယင်ယန်သင်္ကေတ ပျောက်ကွယ်သွား သည်နှင့် ထိုနေရာတွင် ကျောက်ရှောင်ယွီ ထွက်ပေါ်လာလေ သည်။

သူမ၏ တာအိုကျင့်စဉ်လမ်းက အဆင့်တက်သွားခြင်းမရှိသည့် တိုင် သူမ၏ စိတ်နေစိတ်ထားနှင့် တန်ခိုးစွမ်းအားများက ထူးဆန်းစွာပင် ပြောင်းလဲသွားပြီ ဖြစ်လေသည်။

ဆေးပညာနှင့်ပတ်သက်သည့် ကျူုဖူဗုဒ္ဓတစ်ပါးဖြစ်သည့် လျို လီကွမ်းဝမ်ဖူကဲ့သို့ သူမ၏ ပုံစံက တည်ငြိမ်လျှက် ရှိလေ သည်။

ပြင်းထန်လှသည့် သတ္တုသံလိုက်စွမ်းအားများက သူမကို လုံးဝ ထိခိုက်စေနိုင်ခြင်း မရှိတော့ပေ။ သူမနှင့် ဘက်ညီလျှက်ပင် ရှိလေသည်။ အချင်းချင်း တွန်းကန်တိုက်ခိုက်နေခြင်း အလျဉ်းမရှိတော့ပေ။

တာအိုကာရံညီသည့်နတ်ဘုရားတစ်ပါးအလား ကျောက်ရှောင်ယွီသည် လေထဲတွင် ရပ်တန့်နေလေသည်။ သတ္တုသံလိုက်စွမ်းအားများက သူမကို ဝန်းရံနေပြီး စကြာဝဠာကြီးက သူမ၏ အောင်မြင်မှုကို အသိအမှတ်ပြုနေသည့်အလား ထင်မှတ်ရလေသည်။

ကျောက်ရှောင်ယွီက ကျက်သရေရှိလှသည့် ခြေလှမ်းများဖြင့် ဆန်းလျန်ရှိရာသို့ လျှောက်လှမ်းလာလေသည်။

မျက်ခုံးလေးများက လခြမ်းကွေးအလားလှပလွန်းပြီး မျက်ဝန်းလေးများကလည်း ကြည်လင်လျှက်ရှိလေသည်။

ဆန်းလျန်က သူမကို ငေးကြည့်နေရင်းမှ တိုးတိတ်စွာ ပြော

လိုက်သည်။

"မင်းရဲ့ လျန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားကို စမ်းကြည့်

ရအောင်..."

ကျောက်ရှောင်ယွီက အနည်းငယ် တွန့်ဆုတ်သွားပြီး...

"ဒီတန်ခိုးစွမ်းအားကို ရှင်ခံနိုင်မှာ မဟုတ်ဘူး..."

ဆန်းလျန်က...

"မခံနိုင်လည်း ဒဏ်ရာလေးနည်းနည်းပါးပါး ရရုံလောက်ပဲ ရှိမှာ

ပါ..."

အမှန်တော့ ကျောက်ရှောင်ယွီကလည်း လျန်ယိမြူခိုးသံလိုက်

တန်ခိုးစွမ်းအားကို စမ်းသပ်ကြည့်ချင်နေမိလေသည်။ သူမ

အတွက် အသင့်တော်ဆုံးပြိုင်ဘက်သည် ဆန်းလျန်မှလွဲပြီး

အခြားသူ မရှိပေ။

သူမက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ လက်ချောင်းများထိပ်မှ လျှန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

ဆန်းလျန်က သူမ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းခြင်း မရှိပေ။ လျှန်ယိမြူခိုးအလင်းတန်းက ဆန်းလျန်၏လက်မောင်းကို ထိမှန်သွားပြီး အင်္ကျီလက်တစ်ခုလုံး လောင်ကျွမ်းပျက်စီးသွားလေသည်။ ဆန်းလျန်၏ လက်မောင်းတစ်လျှောက်တွင် ခပ်ပါးပါးပြတ်ရှဒဏ်ရာတစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

ဆန်းလျန်က သူ၏ဒဏ်ရာကို တစ်ချက်ကြည့်လိုက်ရင်း...

"မင်းရဲ့ လျှန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားက ကြောက်စရာပဲ ၊ ကျုပ်ရဲ့ ကျင့်ကြံခြင်းတန်ခိုးစွမ်းအား နည်းနည်းတောင် ပျက်စီးသွားရတယ် ၊ တကယ်တမ်းတိုက်ခိုက်ကြလို့ ကျုပ်တစ်

ကိုယ်လုံးသာ အဲဒီသံလိုက်တန်ခိုးစွမ်းအားနဲ့ ထိမှန်ခံရရင်

ဒဏ်ရာကောင်းကောင်းရသွားနိုင်တယ်..."

ကျောက်ရှောင်ယွီ၏ လျန်ယိမြူခိုးသံလိုက်တံခိုးစွမ်းအား ထိမိ

သွားသည်နှင့် ဆန်းလျန်၏ နတ်ဘုရားခန္ဓာ အစိတ်အပိုင်း

အနည်းငယ် ပျက်စီးသွားသည်ဟု ခံစားလိုက်ရလေသည်။

သူ၏ မူလဝိညာဉ်ခန္ဓာမှာလည်း အနည်းငယ် တုန်လှုပ်သွားလေ

သည်။

သို့သော်... သူ၏ မူလဝိညာဉ်ခန္ဓာ မည်မျှ ထူးခြားသည်ကို

ဆန်းလျန်က ကောင်းကောင်းသိရှိလိုက်ရသည်။

လျန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားမှာ အလွန်ပင် ထိတ်လန့်

ဖွယ်ရာဖြစ်လေသည်။ သို့သော်... သူ၏ မူလဝိညာဉ်ခန္ဓာ

အနည်းငယ်တုန်ခါသွားသည်မှအပ အနည်းငယ်ပင် ထိခိုက်

ဒဏ်ရာ မရရှိခဲ့ပေ။

သူ၏ မူလဝိညာဉ်ခန္ဓာကို မည်သည့်အရာကမှ ထိခိုက်အောင်
မလုပ်နိုင်သည့် လက္ခဏာပင် ဖြစ်လေသည်။
ယနေ့တွင် လျှန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားဖြင့်သာ
တိုက်ခိုက်မခံရလျှင် သူကိုယ်တိုင်ပင် ထိုအချက်ကို သိရှိမည်
မဟုတ်ပေ။
အားလော်ဟယ်နှင့် သူသေကိုယ်သေတိုက်ခိုက်ကြ၍ သူ့ဘက်
မှ ရှုံးနိမ့်သွားမည်ဆိုလျှင်တောင်မှ သူ၏ မူလဝိညာဉ် ခန္ဓာ
ကတော့ ပျက်စီးနိုင်မည် မဟုတ်ပေ။ သူ၏ မူလဝိညာဉ်ခန္ဓာ
သည် တာ့လော်အဆင့် နတ်ဘုရားများနှင့် ဆင်တူနေလေ
သည်။
လျှန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားနှင့် ထိခိုက်မိခြင်းအပေါ်
တွင် သုံးသပ်နိုင်မှုသည် အမှန်ဖြစ်နိုင်လေသည်။
ထို့ပြင်... သူ၏ မူလဝိညာဉ်ခန္ဓာသည် တာ့လော် ဒုတိယအဆင့်
သို့ပင် ရောက်ရှိနေဟန် ရှိလေသည်။ ဆန်းလျှန်လည်း ထိုသို့

ဖြစ်ရသည်ကို နားမလည်ပေ။ ကြည့်ရသည်မှာ အခြားသော

အကြောင်းများလည်း ရှိနိုင်လေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်အတွေးလွန်နေသည်ကို

တွေ့သည်နှင့် ...

"ရှင် ဘာတွေတွေးနေတာလဲ..."

ဆန်းလျန်က သူတွေးနေသည့် အကြောင်းများကို ကျောက်ရှော

င်ယွီကို ပြောပြလိုက်သည်။

ကျောက်ရှောင်ယွီက...

"အဲဒါဆိုရင် အစစ်ဆေးခံရခြင်းတွေကို ကျော်လွှားနိုင်မှာပဲ..."

ဆန်းလျန်က...

"ဘာဖြစ်လို့လဲ..."

ကျောက်ရှောင်ယွီက...

"ဒီပုံစံအတိုင်းသာဆိုရင် ရှင့်ရဲ့ မူလဝိညာဉ်ခန္ဓာက ထူးခြား

တယ် ၊ မပျက်စီးနိုင်တဲ့ စိန်သားလိုပဲ ၊ လောကမှာ စိန်သား

ထက်မာကျောတဲ့အရာ ဘာမှ မရှိဘူး ၊ ကျွန်မအထင်ပြောရရင် ရှင့်ရဲ့ မူလဝိညာဉ်ခန္ဓာက အရမ်းကို သိပ်သည်းကျစ်လျစ်နေပြီး တန်ခိုးစွမ်းအားအနှစ်သာရတွေအားလုံးကို စုပ်ယူထားတဲ့ပုံပဲ...အရမ်းကို ခိုင်ခံ့နေတယ်..."

....

မရှိမှုကျေးရွာတွင် ချင်းဆွေထျန်းကောင်းကင်ဘုံ တည်ရှိလေသည်။

ထိုနေရာသည် အလွန်မှ အထီးကျန်ဆန်သည့်နေရာတစ်ခုဖြစ်လေသည်။ မရှိမှုကျေးရွာသို့ နတ်ဘုရားတစ်ပါး ရောက်ရှိလာမည်ဆိုလျှင် ချင်းဆွေထျန်းကောင်းကင်ဘုံတည်ရှိရာနေရာကို ကန်ရေပြင်တစ်ခုအလားမြင်တွေ့ရမည် ဖြစ်ပြီး အခြား မည်သည့်အရာကိုမှ မြင်တွေ့ရမည် မဟုတ်ပေ။

မည်သည့်အရာမှ မရှိသည့် မရှိမှုကျေးရွာတွင် ကောင်းကင်ဘုံတစ်ခုကို ဖွင့်လှစ်နိုင်ခြင်းသည် ရှည်လျားသည့် အချိန်စီးဆင်း

မှုတစ်လျှောက်တွင် ကြီးမားသည့် မှတ်ကျောက်တစ်ခုကို တင်နိုင်ခဲ့သူများသာ ဖြစ်လေသည်။

သူတို့၏အမည်သည် ဒဏ္ဍာရီအလား တွင်ကျန်ရစ်ခဲ့ပြီး ကမ္ဘာအဆက်ဆက် တည်ရှိနေမည် ဖြစ်လေသည်။

ထိုသူများထဲတွင် တာအိုဆရာလီချင်းဆွေသည် အထူးဆန်းဆုံးနှင့် ခန့်မှန်းရအခက်ဆုံးဖြစ်သလို အလျှို့ဝှက်ဆုံး နတ်ဘုရားတစ်ပါးဖြစ်လေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက...

ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ချင်းယွမ်မြောက်တောက်အရှင်သည် တာအိုဆရာလီချင်းဆွေကို ရှုံးနိမ့်ခဲ့ပြီးသည့်နောက်ပိုင်း သူမကို မည်သူမှ သွားပြီး ရန်မစရဲကြတော့ပေ။

သူမ၏ အဆင့်အတန်းကို နတ်မိစ္ဆာအဓိပတိကြီး ၊ ကျန့်ယွမ်ကျီနတ်မင်းကြီး ၊ အားလော်ဟယ်တို့နှင့် တစ်တန်းတည်း သတ်မှတ်ထားကြလေသည်။

ယခု...

မရှိမှုကျေးရွာရှိ ကြည်လင်သည့်ကန်ရေပြင်ထက်တွင်

ရောင်စဉ်ငါးမျိုးအလင်းတန်းများ ရောင်ပြန်ဟပ် ထွက်ပေါ်လာ

လေသည်။

ထို့နောက် ကန်ရေပြင်နှစ်ခြမ်းကွဲသွားပြီး ဝင်ပေါက်တစ်ခု ဖြစ်

ပေါ်လာလေသည်။

ရောင်စဉ်ငါးမျိုးအလင်းတန်းများသည် နှစ်ခြမ်းကွဲသွားသည့်

ကန်ရေပြင်ဝင်ပေါက်အတွင်းသို့ တိုးဝင်သွားလေသည်။

ရေကန်အတွင်းတစ်ဖက်ခြမ်းသို့ရောက်သွားသည်နှင့် ရောင်စဉ်

ငါးမျိုးအလင်းတန်းများသည် အစိမ်းရောင်ဝတ်ဆင်ထားသည့်

မိန်းကလေးတစ်ယောက်အဖြစ် ပြောင်းလဲသွားလေသည်။

မိန်းကလေး၏ ဦးခေါင်းထက်တွင် သရဖူတစ်ခုဆောင်းထား

ပြီး သူမ၏ ခြေဖဝါးအောက်တွင် တိမ်တိုက်များကို စီးနင်းထား

လေသည်။ ထိုတိမ်တိုက်များမှာ ဒေါင်းစိမ်းအမွေးအတောင်များနှင့် ဆင်တူလေသည်။

ကန်ရေပြင်တစ်ဖက်သို့ ရောက်ရှိသွားသည်နှင့် သူမကို စောင့်ကြိုနေသည့် နတ်သားလေးတစ်ပါးကို တွေ့လိုက်ရလေသည်။

နတ်သားလေးက...

"တာအိုဆရာလီချင်းဆွေက နန်းတော်သခင်ကို ကြိုဆိုဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ..."

နတ်သူငယ်လေးမှာ နတ်ဘုရားတစ်ပါးဖြစ်လေသည်။

သို့သော်... သူသည် အစိမ်းရောင်ဝတ်ဆင်ထားသည့် မိန်းကလေးကို မော့ပင်မကြည့်ရဲပေ။

အဘယ်ကြောင့်ဆိုသော် ထိုမိန်းကလေးသည် ဇာမဏီနတ်ဘုရားနန်းတော်၏ အရှင်သခင်ဖြစ်နေသောကြောင့်ပင်။

ဒဏ္ဍာရီအရဆိုလျှင် ဘိုးဘေးဇာမဏီငှက်များသည် အလွန်မှ

တန်ခိုးစွမ်းအားမြင့်မားကြလေသည်။ သူတို့၏ အဆင့်အတန်းသည် မြင့်မားကြလေသည်။

ထို့ကြောင့် အစိမ်းရောင်မိန်းကလေး၏ ဂုဏ်သရေ မြင့်မြတ်မှုကို နှိုင်းယှဉ်နိုင်သူ မည်သူမှ မရှိပေ။

ထို့ပြင်... တာအိုဆရာလီချင်းဆွေနှင့် ဇာမဏီနတ်ဘုရားနန်းတော်သခင်မှာ အလွန်ပင် ဆက်ဆံရေး ကောင်းမွန်လေသည်။ ထို့ကြောင့် ချင်းဆွေထျန်းကောင်းကင်ဘုံတွင် အားလုံးက ဇာမဏီနတ်ဘုရားနန်းတော်သခင်ကို လေးလေးစားစားဆက်ဆံကြသည်။

နတ်သားလေးက အစိမ်းရောင်ဝတ်မိန်းကလေးကို ကောင်းကင်ဘုံလမ်းတစ်လျှောက် ခေါ်ဆောင်သွားလေသည်။ လမ်းတစ်လျှောက်တွင် တာအိုတရားအကြောင်းဆွေးနွေးနေကြသည့် နတ်ဘုရားများ ၊ ဗျပ်စောင်းတီးခတ်နေကြသည့် နတ်

ဘုရားများ ၊ လက်ဖက်ရည်သောက်နေကြသည့် နတ်ဘုရားများကို တွေ့မြင်ကြရလေသည်။

ချင်းဆွေထျန်းကောင်းကင်ဘုံသည် နတ်ဘုရားများအတွက် အမှန်ပင် ကောင်းမွန်သည့် နေထိုင်ရာနေရာတစ်ခု ဖြစ်လေသည်။

ထိုနတ်ဘုရားများက အစိမ်းရောင်ဝတ်မိန်းကလေးကို တွေ့သည့်အခါ လုပ်လက်စအလုပ်များကို ရပ်တန့်လိုက်ကြပြီး မိန်းကလေးကို နှုတ်ဆက်စကားဆိုကြလေသည်။

နောက်ဆုံး သူတို့သည် ရေကန်တစ်ကန်ရှိရာသို့ ရောက်ရှိလာလေသည်။ ရေကန်အလယ်တွင် မြူခိုးတိမ်တိုက်များ ဝန်းရံနေသည့် ကျောက်သားဂေဟာကြီးတစ်ခု တည်ရှိလေသည်။ မြင်ရသည့်ရှုခင်းက အလွန်မှ လှပလွန်းသည်။

သူတို့သည် ဝါးတံတားလေးကို ဖြတ်ကျော်ပြီး ကျောက်သားဂေဟာကြီးရှိရာသို့ ရောက်ရှိလာကြလေသည်။ ရေကန်အတွင်း

မှ လုပသည့် နတ်ဘုရားသံစဉ်များထွက်ပေါ်နေလေသည်။

လောကတစ်ခုလုံးတွင် အသာယာဆုံးသော နတ်ဘုရားသံစဉ်

ဟုပင် ထင်မှတ်ရသည်။

ဝါးတံတားလေးဆုံးသွားသည်နှင့် စြက်နှလမ်းအချိုးအကွေ့

(၈)ခု (၉)ခုခန့် ဖြတ်သန်းရလေသည်။ စြက်နှလမ်းများက

ရှည်လျားပြီး အပြင်အဆင်က ခမ်းနားလေသည်။

သို့သော် မြစ်ဝါကိုးကွေ့အရံအတားကို ပုံဖော်ထား

သည့်အတွက် သွားနေကျဖြစ်သည့် နတ်သားလေးပင်လျှင်

ပေါ့ပေါ့တန်တန်မသွားရဲပေ။ ခြေတစ်လှမ်းမှားသွားသည်နှင့်

သေချာပေါက် ဒုက္ခရောက်မည် ဖြစ်လေသည်။

"ချင်းဆွေထျန်းကောင်းကင်ဘုံသို့ မည်သူက လာရောက် အန္တ

ရယ်ပြုဝံ့ပါမည်နည်း။ အဘယ့်ကြောင့် မလိုအပ်ဘဲ မြစ်ဝါကိုး

ကွေ့အရံအတားကို ပြုလုပ်ထားရပါသနည်း" ဟု နတ်သားလေး

က စိတ်ထဲတွင် အမြဲတမ်း အပြစ်တင်လေ့ ရှိလေသည်။

သို့သော်... သူက တွေးရုံသာတွေးရဲပြီး တစ်စက်ကလေးမှ ဖွင့်မပြောရဲပေ။

ထူးဆန်းသည့် ခြေလှမ်းများအတိုင်း လမ်းလျှောက်လာပြီးသည့်နောက် စကြ်ာန်လမ်းအဆုံးသတ်သွားလေသည်။

စကြ်ာန်လမ်းဆုံးသည်နှင့် ရေကန်ငယ်တစ်ခုကို တွေ့မြင်ရပြီး ရေကန်ထဲတွင် အဖြူရောင်တိမ်တိုက်အလား ရောင်ပြန်ဟပ်နေသည့် အရိပ်တစ်ခုကို တွေ့မြင်ရလေသည်။

ရေကန်နံဘေးတွင်တော့ ...

ပခုံးထိရှည်လျားသည့် ဆံနွယ်များကိုပိုင်ဆိုင်ပြီး အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက် ထိုင်နေလေသည်။

အလွန်မှ ချောမောလှပသည့် မိန်းမပျိုတစ်ယောက် ဖြစ်လေသည်။

ထိုမိန်းမပျိုသည်ကား ကျော်ကြားလွန်းသည့် တာအိုဆရာလီချင်းဆွေပင် ဖြစ်လေသည်။

သူမသည် တိမ်တိုက်ကဲ့သို့ ဖြူစင်သည့် အဖြူရောင်ဝတ်စုံကို သာ ဝတ်ဆင်လေ့ရှိလေသည်။ သူမ အဖြူရောင်ဝတ်ဆင်သည် ကိုသာ သိရှိရလျှင် လောကတွင် မည်သူမှ အဖြူရောင်ဝတ်စုံ ကို ဝတ်ဆင်ရဲတော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သူမ၏ ခမ်းနားမှုကို မည်သူမှ တုနှိုင်းမရနိုင်သောကြောင့် ဖြစ် လေသည်။

သို့သော်… စွဲဆောင်မှုအရှိဆုံးမှာ သူမ၏နှုတ်ခမ်းများပင် ဖြစ် လေသည်။ သူမ၏ နှုတ်ခမ်းများသည် ပြုံးနေသယောင်ထင်ရ သော်လည်း တကယ်တမ်းတွင် ပြုံးနေခြင်း မရှိပေ။

အရာအားလုံးကို အနိုင်ယူချိုးဖျက်ပစ်တော့မည့် အငွေ့အသက် များ သူမထံမှ ထွက်ပေါ်နေသည်ကို ခံစားလိုက်ကြရလေ သည်။

အခန်း (၈၀၈) အတိတ်ကိုသွားပြီးအနာဂတ်ကိုပြင်ဆင်

အစိမ်းရောင်ဝတ်မိန်းကလေးသည်ပင် တာအိုဆရာလီချင်းဆွေ နှင့် တွေ့ဆုံခွင့်ရရန် မလွယ်ကူခဲ့ပေ။

တာအိုဆရာလီချင်းဆွေသည် အစိမ်းရောင်ဝတ်မိန်းကလေးနှင့် ခင်မင်ရင်းနှီးသည့်တိုင် မျက်နှာထားကတော့ ခပ်တည်တည်ပဲ ဖြစ်လေသည်။

အစိမ်းရောင်ဝတ်မိန်းကလေးက အရှေ့သို့ ခပ်ဖြည်းဖြည်း လျှောက်သွားလိုက်ပြီး...

"တာအိုဆရာချင်းဆွေကို ဂါရဝပြုပါတယ်..."

ထူးဆန်းသည်မှာ ရေကန်ထဲတွင် တာအိုဆရာလီချင်းဆွေ၏ အဖြူရောင်ပုံရိပ်ရောင်ပြန်ဟပ်နေသော်လည်း အစိမ်းရောင် မိန်းကလေး၏ ပုံရိပ်ကတော့ ရောင်ပြန်ဟပ်နေခြင်း မရှိပေ။

ရေကန်ထဲတွင် တာအိုဆရာလီချင်းဆွေ၏ ပုံရိပ်တစ်ခုတည်း

သာ ပေါ်နေခြင်း ဖြစ်လေသည်။

တာအိုဆရာလီချင်းဆွေက...

"ကွေလိ... ဘာကိစ္စရောက်လာတာလဲ..."

သူမ၏ လေသံက ချိုမြခြင်းမရှိ ခပ်မာမာပင် ဖြစ်လေသည်။

သို့သော်... ကြားရသူတိုင်း၏ နားထဲတွင်

သက်သောင့်သက်သာရှိပြီး တည်ငြိမ်သည့်နေရောင်ခြည်

အလား၊ တိတ်ဆိတ်သည့်လရောင်ခြည်အလား ခံစားရစေလေ

သည်။

ကွေလိက...

"ဆန်းလျန် ပြန်ပေါ်လာပြီ..."

တာအိုဆရာလီချင်းဆွေက ခပ်တည်တည်မျက်နှာထားဖြင့်...

"အဲဒီတော့ ဘာဖြစ်လဲ..."

ကွေလိက...

"အဲဒါ တာအိုဆရာချင်းဆွေဆီက ဒုတိယယွမ်တုဓားကို လာ

တောင်းတာပါ ၊ အဲဒီဓားကို ဆန်းလျန်ကို ပေးခွင့်ပြုပါနော်..."

တာအိုဆရာလီချင်းဆွေက တည်ကြည်သည့်အပြုံးတစ်ချက်

ပြုံးလိုက်ရင်း...

"သူ ဓားသိုင်းကို စွန့်လွှတ်လိုက်ပြီ မဟုတ်ဘူးလား ၊ အဲဒီဓားကို

ဘယ်လိုလုပ် ပြန်ကိုင်နိုင်မှာတဲ့လဲ..."

ကွေလိက...

"ဒါပေမဲ့ အဲဒီဓားသာမရှိရင် သူ ချင်းယွမ်မြောင်တောက်အရှင်

ကို ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ..."

တာအိုဆရာလီချင်းဆွေက ဖြည်းညင်းသည့်လေသံဖြင့်...

"ကျင့်ကြံသူတစ်ယောက်ရဲ့ အနိုင်အရှုံးကို အမြင်နဲ့ ဆုံးဖြတ်လို့

မရဘူး ၊ အနိုင်အရှုံးဆိုတာ တန်ခိုးစွမ်းအားနဲ့ မဆိုင်ဘူး ၊ အခု

နှစ်ပေါင်းတစ်သောင်းကြာခဲ့ပြီ ၊ သူ အမှန်တရားကို အခုထိ နား

မလည်သေးဘူးဆိုရင် ရှုံးနိမ့်ရဦးမှာပဲ ၊ အရင်တစ်ခေါက် သူ

ရှုံးနိမ့်ခဲ့တုန်းက ချင်းရှမ်နတ်တံခါးတစ်ခုလုံး လောကကနေ ပျောက်ကွယ်ပေးရတဲ့အထိ စတေးခဲ့ရတယ်၊ အခု တစ်ကြိမ် သူထပ်ပြီးရှုံးနိမ့်ဦးမယ်ဆိုရင် မင်းတောင် အသေဆိုးနဲ့သေမလား မပြောနိုင်ဘူး၊ ဒီအကြောင်းတွေ မင်းသိပါတယ် ကွေလိရယ်..."

ကွေလိက...

"တာအိုဆရာချင်းဆွေကြောင့်သာ မဟုတ်ရင် သူက သုံးဆင့်ဘဝပြောင်းပညာကို ကျင့်ကြံခဲ့မှာ မဟုတ်ဘူး၊ အဲဒါဆိုရင် အချိန်တိုအတွင်း အောင်မြင်မှုရပြီးတော့ လမ်းမှားကိုလိုက်မိမှာ မဟုတ်ဘူးလေ..."

နှစ်ပေါင်းများစွာ မပြောရဲသည့်အတွက် အောင့်ထားရသည့် စကားတစ်ခွန်းကို ကွေလိသည် တာအိုဆရာလီချင်းဆွေကို ပြောလိုက်မိပြီ ဖြစ်လေသည်။

သုံးဆင့်ဘဝပြောင်းပညာဆိုသည်မှာ အမြင့်ဆုံးအဆင့်
မှော်ပညာတစ်ခုဖြစ်ပြီး အတိတ်ကိုနောက်ပြန်လှည့်ပြီး
အနာဂတ်ကို ပြုပြင်နိုင်သည့် ကျင့်စဉ် ဖြစ်လေသည်။
ကျောက်တုံး ၊ မီး ၊ လျှပ်စီး နှင့် အလင်းတို့တွင် ဘဝ (၃)ခု
ဖြတ်သန်းသွားနိုင်သည့် ထိပ်တန်းအဆင့် လူပြန်ဝင်စားခြင်း
ကျင့်စဉ်တစ်ခု ဖြစ်လေသည်။
သေဆုံးသွားခဲ့လျှင်လည်း ချက်ချင်းပင် လူပြန်ဝင်စားနိုင်သည့်
ထိပ်တန်းအဆင့် ကျင့်စဉ် ဖြစ်လေသည်။
ထိုကျင့်စဉ်ကိုသာ မကျင့်ကြံခဲ့လျှင် ဆန်းလျန်သည် အချိန်တို
အတွင်းတွင် အောင်မြင်မှုရရှိခဲ့မည် မဟုတ်ပေ။
ထို့ပြင် ထိုကျင့်စဉ်ကို ဆန်းလျန်ကို သင်ပြပေးလိုက်သူမှာ တာ
အိုဆရာလီချင်းဆွေကိုယ်တိုင်ပင် ဖြစ်လေသည်။ ထိုအရင်
အချိန်များတုန်းက ထိုကျင့်စဉ်ကို သိရှိသူမှာ လောကတစ်ခုလုံး
တွင် တာအိုဆရာလီချင်းဆွေတစ်ယောက်သာ ရှိလေသည်။

တာအိုဆရာလီချင်းဆွေက...

"ငါက သင်ပေးရုံပဲ သင်ပေးလိုက်တာလေ၊ သူကျင့်ကြံလိုက်တာက သူ့ကိစ္စပဲ၊ ဘာလဲ အဲဒီကိစ္စကို မကျေနပ်လို့ မင်းက ငါ့ကိုအပြစ်တင်ဖို့ အခု ရောက်လာတာလား..."

ကွေ့လိက တိုးတိတ်သည့်လေသံဖြင့်...

"တာအိုဆရာချင်းဆွေကို ကွေ့လိ အပြစ်မတင်ရဲပါဘူး၊ ဒါပေမဲ့ တာအိုဆရာချင်းဆွေမှာ သူ့အတွက် အကောင်းဆုံးနည်းလမ်းတစ်ခုခုတော့ ရှိတယ် မဟုတ်လား..."

တာအိုဆရာလီချင်းဆွေက...

"ကဲ... မင်းပြန်တော့...၊ သူအနေးနဲ့အမြန် ငါ့ဆီကို ရောက်လာမှာပဲ၊ သူ့မှာအရည်အချင်းရှိတယ်ဆိုရင် ဒုတိယယွမ်တုဓားကို သူ့ကို ပြန်ပေးလိုက်မယ်၊ မဟုတ်ရင်တော့ မသေမချင်း ကျင့်ကြံပေတော့ပဲ..."

ကွေလိက စကားဆက်ပြောရန် ဟန်ပြင်လိုက်သော်လည်း ရေကန်အတွင်းမှ အဖြူရောင် တိမ်တိုက်တစ်စ ထွက်ပေါ်လာကာ ကွေလိကို ရစ်ပတ်လိုက်လေသည်။

ကွေလိသည် ချက်ချင်းပင် ချင်းဆွေထျန်းကောင်းကင်ဘုံ အပြင်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

ချင်းဆွေထျန်းကောင်းကင်ဘုံသည် တာအိုဆရာလီချင်းဆွေ ဖန်ဆင်းထားသည့် ကောင်းကင်ဘုံတစ်ခုဖြစ်လေသည်။ ထိုနေရာသည် သူမ၏ ပိုင်နက်ဖြစ်ပြီး သူမ စိတ်တစ်ချက်ညွှတ်လိုက်ရုံဖြင့် သူမဖြစ်ချင်သည့် ဆန္ဒအတိုင်း ဖြစ်လာနိုင်စွမ်း ရှိလေသည်။

ကွေလိသည် ချင်းဆွေထျန်းကောင်းကင်ဘုံအပြင်ဘက် မရှိမှုကျေးရွာသို့ ရောက်ရှိသွားလေသည်။

သို့သော်… ကြည်လင်သည့်ကန်ရေပြင်ကို တွေ့မြင်ရခြင်း မရှိတော့ပေ။ ထို့ကြောင့် သူမအနေဖြင့် ချင်းဆွေထျန်း

ကောင်းကင်ဘုံအတွင်းသို့ ထပ်မံဝင်ရောက်နိုင်ခြင်း မရှိတော့ပေ။

သူမကဲ့သို့ ဇာမဏီနတ်ဘုရားနန်းတော်၏ အရှင်သခင်ကို ထိုကဲ့သို့ နှင်ထုတ်ရဲသူ လောကတွင် သိပ်မရှိပေ။ သို့သော်... တာအိုဆရာ လီချင်းဆွေကတော့ ချွင်းချက်ဖြစ်လေ၏။

ကွေလိ မချိပြုံးတစ်ချက် ပြုံးလိုက်မိသည်။

သူမ ဘာလုပ်သင့်ပါသနည်း။

အားလော်ဟယ်နှင့် ဆန်းလျန်၏ တိုက်ခိုက်မှုကို ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်တို့ကလည်း အနေးနှင့်အမြန်သိရှိသွားကြပေလိမ့်မည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ခန့်က ချင်းယွမ်မြောင်တောက်အရှင်သည်လည်း အစစ်ဆေးခံရခြင်းကို အောင်မြင်ခဲ့ပြီး ကျောက်စိမ်းဝိညာဉ်နန်းတော်သို့ ပြန်လည် ရောက်ရှိနေပြီဖြစ်သည်။

ချင်းယွမ်မြောင်တောက်အရှင်၏ တန်ခိုးစွမ်းအား မည်မျှ မြင့်မားနေသည်ကို မည်သူမှ မသိနိုင်ပေ။

ထို့ပြင် ဆန်းလျန်က ကျူးရှန်းပန်းချီကားကို ရယူရန်အတွက် လင်စန်းတောင်ကိုလည်း တစ်ယောက်တည်းသွားကာ စိန်ခေါ်ခဲ့သေးသည်။

ဆန်းလျန်ကြောင့် မဟာကျားရဲ့ကိုယ်တော်ကြီး အသက်ဆုံးခဲ့ရပြီး လင်စန်းတောင်မှ ဗောဓိသကျ (၄)ပါးနှင့် မျောက်မင်းစွန်းဝူခုံးဖြစ်သည့် သိုးကျန့်စန့်ဖူကိုယ်တော်သည်လည်း ဒဏ်ရာအပြင်းအထန် ရခဲ့ကြလေသည်။

ထို့ကြောင့် ဆန်းလျန်သာ ပြန်ပေါ်လာလျှင် လင်စန်းတောင်သည်လည်း သူ့ကို အလွတ်ပေးလိမ့်မည် မဟုတ်ပေ။

ဆန်းလျန် ပြုလုပ်ခဲ့သည့် အတိတ်မှ ရမ်းကားခဲ့မှုများသည် ယခု သူပြန်ပေါ်လာသည့်အချိန်တွင် ပြန်လည် ပေးဆပ်ရတော့မည် ဖြစ်လေသည်။

အရင်အချိန်များတုန်းက ဆန်းလျန်သည် မိုးနတ်မင်းနှင့်ပင်

ဖက်ပြိုင်နိုင်လောက်အောင် တန်ခိုးစွမ်းအား မြင့်မားသူတစ်

ယောက် ဖြစ်ခဲ့လေသည်။

သို့သော်... ယခုအချိန်တွင် ဆန်းလျန်သည် ယခင်ကလောက်

တန်ခိုးစွမ်းအားမြင့်မားခြင်း မရှိတော့ပေ။

ထို့ကြောင့် ဒုတိယယွမ်တုစားသာမရှိလျှင် သူ့ဘဝသည်

မရှုမလှအဆုံးသတ်ရပေလိမ့်မည်။

သူမသည် ဇာမဏီနတ်ဘုရားနန်းတော်၏ နန်းတော်သခင်ဖြစ်

သည့်တိုင် ဆန်းလျန်ကို ကာကွယ်ပေးရန် မည်သို့မှ မတတ်နိုင်

ပေ။

သို့သော် ... တာအိုဆရာလီချင်းဆွေကတော့ ဆန်းလျန်သည်

ချင်းဆွေထျန်းကောင်းကင်ဘုံသို့ အနေးနှင့်အမြန် ရောက်လာ

မည်ဟုဆိုခဲ့လေသည်။ ထိုအချက်က ကွေ့လိကို အနည်းငယ်

စိတ်သက်သာရာရစေသည်။

တာအိုဆရာလီချင်းဆွေကတော့ ဆန်းလျန် ချင်းဆွေထျန်း ကောင်းကင်ဘုံကို ရောက်လာမည်ကို ငြင်းပယ်မည့်ဟန် မရှိပေ။

ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ရောက်ရှိနိုင်ခဲ့လျှင် ဒုတိယ ယွမ်တုစား ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ချင်းဆွေထျန်း ကောင်းကင်ဘုံ၏ ကာကွယ်မှုအောက်သို့ ရောက်ရှိသွားမည် ဖြစ်လေသည်။

ထိုအခါ ဆန်းလျန်တွင် မည်မျှပင် ရန်သူများစေဦးတော့ ချင်းဆွေထျန်းကောင်းကင်ဘုံကိုတော့ မည်သူမှ ပြဿနာရှာရဲကြမည် မဟုတ်ပေ။

ချင်းဆွေထျန်းကောင်းကင်ဘုံဆိုသည်က မရှိမှုကျေးရွာတွင် တည်ရှိသည့် ကောင်းကင်ဘုံတစ်ခုဖြစ်ပြီး အလွန် ကြွခိုင်လုံခြုံသည့် နေရာတစ်ခု ဖြစ်လေသည်။ ထို့ပြင် တာအိုဆရာလီချင်းဆွေ၏ မူလဇစ်မြစ်ဖြစ်တည်လာရာ ချင်းရှမ်နတ်တံခါးနှင့်

ရှင်သန်စေခြင်းကျောင်းတော်မှ နတ်ဘုရားများလည်း အများ အပြားနေထိုင်ကြသည့် နေရာ ဖြစ်သည်။

ထို့ကြောင့် ဆန်းလျန်သာ ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ဝင်ရောက်ခွင့်ရလျှင် မည်သူမှ သူ့ကို အန္တရယ် ပြုရဲတော့မည် မဟုတ်ပေ။

တာအိုဆရာလီချင်းဆွေ၏ ကြီးမြတ်သည့် ဂုဏ်သိက္ခာကြောင့် ဆန်းလျန်ကိုထုတ်ပေးရန်အတွက် မည်သူကမှလည်း ဖိအား ပေးရဲကြမည် မဟုတ်ပေ။

သို့သော်... ယခုအချိန်ထိ သူမ၏ စိတ်ထဲတွင် သံသယတစ်ခု ရှိနေသေးသည်။

ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်သည် အဘယ့်ကြောင့် လူ့လောကသို့ ရုတ်တရက် ပြန်လည် ရောက်ရှိ လာရပါသနည်း။

ထိုအချက်က မယုံကြည်နိုင်စရာ ဖြစ်လေသည်။

တာအိုဆရာလီချင်းဆွေကတော့ ထိုအကြောင်းများအားလုံးကို သိရှိမည်ဖြစ်သည်။ သို့သော် သူမက ကွေလိကို ပြောပြခဲ့ခြင်း မရှိပေ။

အတန်ကြာစဉ်းစားပြီးသည့်နောက် ကွေလိက လူ့လောကသို့ သွားကာ ဆန်းလျန်နှင့်တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက်... လူ့လောကတစ်နေရာတွင် ရောင်စဉ်ငါးမျိုး အလင်းတန်းများ ဖြာလင်းလာပြီး အစိမ်းရောင်ဝတ်ဆင်ထား သည့် မိန်းကလေးတစ်ယောက် ထွက်ပေါ်လာလေသည်။

ထိုမိန်းကလေးမှာ ကွေလိပင် ဖြစ်လေသည်။

လူ့လောကရှိ လေပြေအေးက သူမ၏ မျက်နှာကို ဖြတ်သန်း တိုက်ခတ်လာသည့်အခါ အနည်းငယ် မသက်မသာ ခံစားလိုက် ရလေသည်။

သူမအနေဖြင့် ဤလူ့လောကနှင့် ကင်းကွာနေခဲ့သည်မှာ ကြာခဲ့ ပြီ မဟုတ်ပါလား။

သူမက လက်ချောင်းလေးများကို အသာကွေးညွှတ်လိုက်ပြီး ဆန်းလျန် မည်သည့်နေရာတွင်ရှိမည်ကို တွက်ချက်ကြည့်လိုက်လေသည်။ သို့သော်... ဆန်းလျန် မည်သည့်နေရာတွင်ရှိသည်ကို ခန့်မှန်း၍ မရနိုင်ဖြစ်နေလေသည်။

သူမ စိတ်ပျက်လက်ပျက်ဖြစ်သွားလေသည်။

သူမနှင့်ဆန်းလျန်သည် သဘာဝတရားအရ ခွဲခြားမရနိုင်သည့် ဆက်သွယ်မှုတစ်ခုရှိလေသည်။ ထို့ကြောင့် သူမအနေဖြင့် ဆန်းလျန်ကို ရှာဖွေရန်မှာ အခြားသူများထက်ပိုပြီး လွယ်ကူလေသည်။

အတိတ်တစ်ချိန်က ဆန်းလျန်ကျင့်ကြံခဲ့သည့် ကျင့်စဉ်သည် ယင်နှင့်ယန် ၊ ဒြပ်စင်စွမ်းအားငါးမျိုးနှင့် ဆက်စပ်နေသည့် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ဖြစ်လေရာ ကွေလိနှင့် အလွန်ပင် နီးနီးကပ်ကပ် ဆက်နွယ်မှု ရှိခဲ့လေသည်။

ထို့ကြောင့် သူမကဲ့သို့သောလူမျိုးပင် ဆန်းလျန် မည်သည့်
နေရာတွင် ရောက်ရှိနေသည်ကို မခန့်မှန်းနိုင်လျှင် အခြား
သူများဆိုလျှင်တော့ ဝေလာဝေးပင် ဖြစ်လေသည်။
....
ကွေလိ လူ့လောကသို့ ရောက်ရှိလာသည်နှင့် ဆန်းလျန်၏ ရင်
ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။
ကွေလိနှင့်ဆန်းလျန်မှာ ကျင့်စဉ်လမ်းအရ နီးနီးကပ်ကပ်
ဆက်နွယ်ကြသူများဖြစ်သည့်အတွက် ကွေလိ လူ့လောကသို့
ရောက်ရှိလာသည့်အခါ ဆန်းလျန်၏ ဝိညာဉ်ထဲတွင် လှုပ်ရှားမှု
ကို ခံစားလိုက်ရခြင်း ဖြစ်လေသည်။
သို့သော်... အတိတ်ကိုမမှတ်မိနိုင်သည့်အခြေအနေတွင် သူ့ရင်
ထဲတွင် လှုပ်ရှားသွားရသည့် အကြောင်းရင်းကိုလည်း အဖြေ
ရှာ၍ မရနိုင်ခဲ့ပေ။
ကျောက်ရှောင်ယွီက...
"အခု ရှင် ဘာဆက်လုပ်ဖို့ အစီအစဉ်ရှိလဲ..."

ဆန်းလျန်က...

"ကျုပ် တာအိုဆရာလီချင်းဆွေကို သွားတွေ့ရမယ်..."

ကျောက်ရှောင်ယွီက...

"တာအိုဆရာလီချင်းဆွေဆိုတာ ရှင့်ရဲ့ ဆရာဘွားဘွားပဲ မဟုတ်လား။ ဒါပေမဲ့ သူ့ကို သွားတွေ့ပြီး ဘာလုပ်မလို့လဲ..."

ဆန်းလျန်က...

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က မင်း ကျုပ်အနားမှာ မရှိခဲ့ဘူးလေ။ ကျုပ်ဘာတွေဖြစ်ခဲ့သလဲဆိုတာ ကျုပ်လည်းမသိသလို မင်းလည်း မသိနိုင်ဘူး။ ဒါပေမဲ့ တာအိုဆရာလီချင်းဆွေကတော့ အရာအားလုံးကို သိနေမယ်လို့ ကျုပ်စိတ်ထဲမှာ ထင်နေတယ်။ သူနဲ့သာ တွေ့ခွင့်ရခဲ့ရင် အတိတ်က ဘာတွေဖြစ်ခဲ့လဲဆိုတာကို သိခွင့်ရမယ်ထင်တယ်..."

ကျောက်ရှောင်ယွီက...

"တာအိုဆရာချင်းဆွေက မရှိမှုကျေးရွာမှာ ကောင်းကင်ဘုံတစ်ခုကို ဖွင့်လှစ်ခဲ့တယ်လို့ ကြားတယ်၊ ရှင် သူ့ကို အဲဒီမှာ သွားတွေ့လိုက်ပေါ့၊ ဘာတွေကို စောင့်နေတာလဲ..."

ဆန်းလျန်က...

"ရှင်သန်စေခြင်းကျောင်းတော်က ကျင့်ကြံသူတွေ မိုးကောင်းကင်နတ်ဘုရားဖြစ်သွားရင် ချင်းဆွေထျန်း ကောင်းကင်ဘုံကို ဝင်ခွင့်ရတယ်လို့ ကျုပ်သိရတယ်၊ အဲဒါကြောင့် ရှင်သန်စေခြင်းကျောင်းတော်က တပည့်တစ်ယောက် မိုးကောင်းကင်နတ်ဘုရားဖြစ်သွားခဲ့ရင် ကျုပ်ကို ချင်းဆွေထျန်းကောင်းကင်ဘုံကို ခေါ်သွားပေးဖို့ စောင့်နေတာ..."

ကျောက်ရှောင်ယွီသည် သူမ မြင်တွေ့သမျှကို မေ့သွားတတ်သူတစ်ယောက် မဟုတ်ပေ။

သူမသည် ထိုနေ့က ဘုရင့်နေပြည်တော်မှ တိုက်ပွဲအကြောင်းကို ရုတ်တရက် ပြန်စဉ်းစားလိုက်မိလေသည်။

ရှီချင်းဟွမ်နေရာတွင် ထွက်ပေါ်လာသည့် သူမကို တအံ့တသြဖြင့် ကြည့်နေကြသည့် မေနန့်စန်းနှင့် ရှင်ယောင်းကို သူမ တစ်ချက်မှတ်မိသွားလေသည်။

သူမက တစ်ချက်ပြုံးလိုက်ရင်း...

"အဲဒီကောင်လေးတော့ ရှင်နဲ့တွေ့ခွင့်ရတာ တော်တော်ကံကောင်းတာပဲ..."

အခန်း (၈၀၉) ခုန်းတုန့်ဂိုဏ်း

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"လူတွေကို ဖြတ်လမ်းနည်းနဲ့ နတ်ဘုရားဖြစ်အောင် လုပ်ပေးရတာ ပျော်စရာကောင်းတဲ့ အတွေ့အကြုံပဲလေ..."

ပြောပြီးသည်နှင့် ဆန်းလျန်သည် တစ်စုံတစ်ခုကို ခံစားလိုက်မိသည့်အလား အရှေ့ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ကျောက်ရှောင်ယွီက...

"အဲဒီမှာ တိုက်ပွဲတစ်ခု တိုက်နေကြတယ် ထင်တယ်..."

ဆန်းလျန်က...

"တိုက်ဆိုင်လိုက်တာ ၊ အဲဒီမှာ တိုက်ခိုက်နေတဲ့သူက ကျုပ်တပည့်မလေးပဲ..."

ကျောက်ရှောင်ယွီက...

"ဒါဖြင့် သွားကြည့်ကြရအောင်..."

ဆန်းလျှန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး သူတို့

(၂)ယောက် ဘေးချင်းယှဉ်လမ်းလျှောက်ကာ တိုက်ပွဲရှိရာသို့

ထွက်ခွာသွားကြလေသည်။

ခြေတစ်လှမ်းအတွင်းမှာပင် မိုင်ထောင်ပေါင်းများစွာသို့ရောက်

ရှိသွားကြသည်။

တောနက်ထဲရှိ နှင်းပင်လယ်ကြီးထက်တွင် ကျင့်ကြံသူ

(၂)ယောက် အပြင်းအထန် တိုက်ခိုက်နေကြခြင်း ဖြစ်လေ

သည်။

ကျင့်ကြံသူလူငယ်က အရပ်မြင့်မြင့်နှင့် ရုပ်ရည်ချောမောသူ

တစ်ယောက်ဖြစ်လေသည်။ သူ့လက်ထဲတွင် ကျောက်စိမ်း

ခေါင်းလောင်းလေးတစ်ခုကို ကိုင်ဆောင်ထားလေသည်။

လူငယ်က ကျောက်စိမ်းခေါင်းလောင်းကို တစ်ချက်လှုပ်ရမ်း

လိုက်သည်နှင့် အသံလှိုင်းများထွက်ပေါ်လာပြီး သူမကို

တိုက်ခိုက်နေသည့်မိန်းကလေးမှာ ခုခံနိုင်စွမ်း မရှိဖြစ်သွားရ

လေသည်။

ကျောက်ရှောင်ယွီက...

"ရှင့်တပည့်မ ချောချောလေးတော့ ခံနေရပြီ..."

ကျောက်ရှောင်ယွီက 'တပည့်မချောချောလေး' ဆိုသည့်စကား

ကို တမင်တကာအသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

ပြီးတော့ သူမက ဆန်းလျန်ကို မချိုမချဉ် အပြုံးလေးဖြင့် တစ်

ချက် လှမ်းကြည့်လိုက်လေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီ စ နောက် နေသည်ကို သိ

သည့်အတွက် တည်ကြည်သည့် မျက်နှာထားဖြင့်...

"လောကမှာ မင်းထက်လှတဲ့ မိန်းကလေး ဘယ်ရှိနိုင်မှာလဲ ၊

ဘာလို့ ကျုပ်ကို လာပြီး စ နောက် နေရတာလဲဗျာ..."

ကျောက်ရှောင်ယွီက ရယ်မောလိုက်ရင်း...

"ရှင်က အပြောကောင်းတော့လည်း တူမလေးကို ကျွန်မက ကူညီရတော့မှာပေါ့လေ..."

ဆန်းလျန်က ကျောက်ရှောင်ယွီကို တားဆီးခြင်း မပြုပါ။ တကယ်တော့ တိုက်ခိုက်နေကြသူ (၂)ယောက်တွင် ဟယ်ရှန်းက တန်ခိုးစွမ်းအား သာလွန်လေသည်။ သို့သော်... လူငယ်က မှော်ဝင်ပစ္စည်းတစ်ခုဖြစ်သည့် ကျောက်စိမ်းခေါင်းလောင်းကို အသုံးပြုနေသည့်အတွက် ဟယ်ရှန်း ခံနေရခြင်း ဖြစ်လေသည်။

ကျင့်ကြံသူလူငယ်က လက်ထဲမှ ခေါင်းလောင်းလေးကို ထပ်မံလှုပ်ခါရန် ဟန်ပြင်လိုက်စဉ်မှာပင် လေထဲတွင် အဖြူရောင်နှင့် အနက်ရောင် ထိုက်ချီယင်ယန်သင်္ကေတတစ်ခု ထွက်ပေါ်လာပြီး ကျောက်စိမ်းခေါင်းလောင်းလေးမှ အသံလှိုင်းများကို တားဆီးထားလိုက်လေသည်။

ထို့ပြင်... လူငယ် သူ့ကိုယ်သူကာကွယ်ထားသည့် အလင်းတန်း များမှာလည်း ပျက်စီးသွားလေသည်။

လူငယ်မှာ ချက်ချင်းပင် မြေပြင်ထက်သို့ လဲကျသွားပြီး သွေး များ အန်ချလိုက်သည်။

ထို့နောက်... သူ့ရှေ့တွင် အလွန်တရာ ချောမောလှပလွန်းသည့် နတ်သမီးတစ်ပါးပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောက်ရှောင်ယွီက ကျောက်စိမ်းခေါင်းလောင်းလေးကို လက် ထဲတွင် လှည့်ပတ်ဆော့ကစားနေရင်း ကျင့်ကြံသူလူငယ်ကို မေးလိုက်သည်။

"ဒီကျောက်စိမ်းခေါင်းလောင်းလေးက သန့်စင်တဲ့ ကျောက်စိမ်း အငွေ့အသက်တွေ ထွက်ပေါ်နေတာပဲ ၊ ပြောစမ်း... မင်းက ဘယ်သူ့တပည့်လဲ..."

ကျင့်ကြံသူလူငယ်က ကျောက်ရှောင်ယွီကို တွေ့လိုက်သည်နှင့် တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက်ဖြစ်သည်ကို ချက်ချင်း သိလိုက်လေသည်။

"ကျွန်တော်က ခုန်းတုန့်ဂိုဏ်းက လီတုန်းယွမ်ပါ..."

ကျောက်ရှောင်ယွီက...

"ခုန်းတုန့်ဂိုဏ်း ဟုတ်လား ၊ ကွမ်းချန်ကျီနဲ့ ဘယ်လိုပတ်သက် နေသလဲ..."

လီတုန်းယွမ်က...

"ကွမ်းချန်ကျီက ကျွန်တော်တို့ဂိုဏ်းရဲ့ တည်တောင်သူဆရာ ဘိုးဘိုးပါ..."

ကျောက်ရှောင်ယွီက ...

"ကွမ်းချန်ကျီက ခုန်းတုန့်ဂိုဏ်းကို ဘယ်တုန်းက တည်ထောင်ခဲ့ တာလဲ..."

ထိုကိစ္စက လျှို့ဝှက်ကိစ္စတစ်ခု မဟုတ်လေရာ လီတုန်းယွမ်က ကျောက်ရှောင်ယွီကို အမှန်အတိုင်း ပြောပြလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်လောက်က ဆရာဘိုးဘိုးကွမ်းချန်ကျီက ထျန်းဟွာနယ်က ခုန်းတုန့်တောင်ကို ရောက်ရှိလာပြီး တရားဟောပြောခဲ့ပါတယ်၊ အဲဒီနောက်တော့ ခုန်းတုန့်ဂိုဏ်းကို တည်ထောင်လိုက်တာပါ..."

ကျောက်ရှောင်ယွီက...

"ဩော်... အဲဒီလိုကိုး၊ ဒါဖြင့် အခု ကွမ်းချန်ကျီ ဘယ်မှာလဲ..."

လီတုန်းယွမ်က...

"ဆရာဘိုးဘိုးက လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်ကတည်းက လောကကို ကျော်လွန်သွားခဲ့ပါပြီ၊ အခု သူ ဘယ်ရောက်နေလဲဆိုတာ ကျွန်တော်လည်း မသိပါဘူး..."

ကျောက်ရှောင်ယွီက...

"ကြည့်ရတာ မင်းက စစ်မှန်တဲ့ ကျင့်ကြံသူတစ်ယောက်ပဲ ၊ ဂိုဏ်းကြီးတစ်ဂိုဏ်းက ဂိုဏ်းသားတစ်ယောက်လည်း ဖြစ်ရဲ့ သားနဲ့ ဘယ်လိုဖြစ်လို့ ငါ့တူမလေးကို တိုက်ခိုက်နေရတာလဲ..."

လီတုန်းယွမ်က...

"လွန်ခဲ့တဲ့ နှစ် (၂၀)လောက်က ဒီနားမှာ ရေခဲတောင်ကြာပန်းကို တွေ့ခဲ့တယ် ၊ အခုလောက်ဆိုရင် တော်တော်ထွားနေလောက်ပြီ ၊ အခု အဲဒီရေခဲတောင်ကြာပန်းကို ကျွန်တော်က လာခူးတာပါ၊ ဒါပေမဲ့ အဲဒီ မိန်းကလေးက ရေခဲတောင်ကြာပန်းကို အရင်ဦးအောင် ခူးလိုက်တယ်လေ ၊ ကျွန်တော်က အကျိုးသင့် အကြောင်းသင့် ရှင်းပြတာတောင်မှ သူက ရေခဲတောင်ကြာပန်းကို ပြန်မပေးဘူး..."

ကျောက်ရှောင်ယွီက ဟယ်ရှန်းကို လှမ်းကြည့်လိုက်ပြီး...

"တူမလေး ၊ သူပြောတာ အမှန်ပဲလား..."

ဟယ်ရှန်းက ခေါင်းညိတ်ပြလိုက်လေသည်။

သူမက...

"ဘာလို့ နတ်သမီးက ကျွန်မကို တူမလေးလို့ ခေါ်တာလဲ ၊ နတ်သမီးက ဆရာဆန်းလျန်တို့ ဆရာကျွယ်ရှင်းတို့နဲ့ သိလို့လား..."

ကျောက်ရှောင်ယွီက ရယ်မောလိုက်ရင်း...

"ဆန်းလျန်ရေ... လူတွေက မေးကုန်ကြပြီ ၊ ကျွန်မနဲ့ရှင်နဲ့ သိလို့လားတဲ့..."

ထိုအခါမှ ဆန်းလျန်လည်း ရယ်မောရင်း ထွက်လာလေသည်။

သူက ဟယ်ရှန်းကို လှမ်းကြည့်လိုက်ပြီး...

"သူ့နာမည်က ကျောက်ရှောင်ယွီလို့ ခေါ်တယ် ၊ မင်းရဲ့ ဆရာဒေါ်လေးပေါ့..."

မထင်မှတ်ဘဲ ဆန်းလျန်ကို တွေ့လိုက်ရသည့်အခါ ဟယ်ရှန်း အလွန်ပျော်ရွှင်သွားလေသည်။

သို့သော်... သူမက ချက်ချင်းပင် ဆန်းလျန်ကို ဦးညွှတ်လိုက်ပြီး...

"ဆရာ... တပည့်မကောင်းလို့ ဆရာ့ကို အရှက်ရစေမိပြီ... ၊ တောင်းပန်ပါတယ်..."

ဆန်းလျန်က...

"မတောင်းပန်နဲ့ဦး ၊ မင်းက လိမ္မာတဲ့တပည့်တစ်ယောက်ပဲ ၊ ဒီရေခဲတောင်ကြောပန်းအတွက်နဲ့ ဘာလို့ ဒီကောင်လေးနဲ့ တိုက်ခိုက်နေရတာလဲ ၊ အခြားအကြောင်းများ ရှိလို့လား..."

ဟယ်ရှန်းက...

"ရွာမှာ အသဲအသန်နေမကောင်းဖြစ်နေတဲ့ အဘွားတစ်ယောက်ရှိတယ် ၊ ကျွန်မသာ ဆေးကုမပေးနိုင်ရင် အသက်သိပ်ရှည်တော့မယ် မထင်ဘူး ၊ ကျွန်မက အဲဒီအဘွားအသက်ကို ကယ်ချင်လို့ပါ ၊ ဆရာက ကျွန်မကို ဆေးပညာတွေ သင်ပေးခဲ့တယ်လေ ၊ ဒီနှစ်တွေအတွင်း ကျွန်မလည်း ဆက်ပြီးလေ့လာလို့

အတွေ့အကြုံတွေ အတော်များများ ရလာတယ်၊ အခု ဆေးပင်ရှာရင်းနဲ့ ဒီရေခဲတောင်ကြာပန်းကို တွေ့တာပါ၊ ဒီရေခဲတောင်ကြာပန်းနဲ့ ဆေးဖော်လိုက်ရင် အဲဒီအဘွားကို သေချာပေါက်ကယ်တင်နိုင်မှာ..."

လီတုန်းယွမ်က ဟယ်ရှန်းပြောသည့်စကားများကို နားထောင်ပြီးသည့်နောက်....

"မိန်းကလေးက ရေခဲတောင်ကြာပန်းနဲ့ လူတွေကို ဆေးကုပေးမလို့ကိုး၊ သိမှမသိတာ၊ စောစောကသာပြောပြရင် အခုလောက် တိုက်ခိုက်ရမှာတောင် မဟုတ်ဘူး..."

ဟယ်ရှန်းက...

"ဒီကအစ်ကိုက တကယ်စိတ်ထားကောင်းတယ်၊ ရှင်သာကျွန်မကို ဒဏ်ရာရအောင် တိုက်ခိုက်ချင်ရင် အစကတည်းက ကျွန်မ ဒဏ်ရာရနေလောက်ပါပြီ၊ အခုတော့ ရှင် ဒဏ်ရာရသွားရပြီ၊ ကျွန်မ ပြန်ပြီးဆေးကုသပေးပါ့မယ်..."

လီတုန်းယွမ်က...

"ကျုပ်လည်း ဆေးပညာတတ်ပါတယ်ဗျာ၊ ဒါကြောင့်

မိန်းကလေးက ဆေးကုပေးစရာ မလိုပါဘူး၊ တိုက်ခိုက်ခဲ့တာ

အတွက် မိန်းကလေး စိတ်ထဲမထားပါနဲ့..."

လီတုန်းယွမ်က ကျောက်ရှောင်ယွီကို တစ်ချက်လှမ်းကြည့်

လိုက်ပြီး...

"နတ်သမီး၊ ဒီကျောက်စိမ်းခေါင်းလောင်းလေးက ကျွန်တော့်

ဆရာပေးခဲ့တဲ့ ပစ္စည်းလေးပါ၊ နတ်သမီးအတွက် တန်ဖိုးမရှိ

နိုင်ပါဘူး၊ ကျွန်တော့်ကို ပြန်ပေးပါလား..."

ကျောက်ရှောင်ယွီက....

"ကောင်းပြီ..."

ပြောပြီးသည်နှင့် သူမက ကျောက်စိမ်းခေါင်းလောင်းလေးကို

လီတုန်းယွမ်ဆီသို့ ပစ်ပေးလိုက်လေသည်။

လီတုန်းယွမ်က ကျောက်စိမ်းခေါင်းလောင်းလေးကို ဖမ်းမိ

လိုက်သည်နှင့် ကျောက်ရှောင်ယွီကို တစ်ချက်ဂါရဝပြုကာ

ထွက်ခွာသွားလေတော့သည်။

ကျောက်ရှောင်ယွီက...

"ခုန်းတုန့်ဂိုဏ်းက တပည့်က မဆိုးဘူးပဲ... ယဉ်ကျေးမှုရှိ

တယ်..."

ဆန်းလျန်က...

"အမှန်ပဲ... ၊ မောက်မာခြင်းမရှိသလို ကြောက်ရွံ့နေခြင်းလည်း

မရှိဘူး ၊ ကွမ်းချန်ကျီရဲ့ ဂိုဏ်းသိက္ခာကို ပေါ်လွင်စေတယ်... ခု

န်းတုန့်ဂိုဏ်းရဲ့ တပည့်ပီသတယ်..."

ကျောက်ရှောင်ယွီက...

"အရင်တုန်းက ရှင်တို့ ချင်းရွှမ်နတ်တံခါးက တပည့်တွေလည်း

အဲဒီလိုပါပဲ..."

ဆန်းလျန်က...

"ကျုပ်မမှတ်မိနိုင်တော့တာ စိတ်တောင်မကောင်းဘူးဗျာ..."

သူတို့ (၂)ယောက် အတန်ကြာတိတ်ဆိတ်သွားကြလေသည်။

ထိုအခါမှ ဟယ်ရှန်းက...

"ဆရာ... ဒီကို ဘာကိစ္စရှိလို့ ရောက်လာတာလဲ..."

ဆန်းလျန်က...

"မင်းရဲ့ဒေါ်လေးနဲ့ကိစ္စတစ်ခုရှိလို့ ရောက်လာတာ ၊ အခုပဲ ကိစ္စ ပြီးရုံရှိသေးတယ် ဒီနားမှာ မင်းကို တွေ့တာနဲ့ လာကြည့်ကြတာ..."

ဆန်းလျန်ပြောသည် 'ဒီနားမှာမင်းကိုတွေ့တာနဲ့' ဆိုသည့်စကားမှာ မိုင်ထောင်ပေါင်းများစွာ ဝေးကွာသည့် 'ဒီနား' ကို ဆိုလိုခြင်းဖြစ်လေသည်။

ဆန်းလျန်အတွက် လောကတွင် ဝေးသည်ဆိုသည့်နေရာ မည်သည့်နေရာမှ မရှိပေ။

ဟယ်ရှန်းက အလွန်ပျော်ရွှင်နေဟန်ဖြင့်...

"ဆရာ့ကို ထပ်တွေ့ရမယ်လို့ ထင်မထားဘူး ၊ ဒါနဲ့ ဆရာကျွယ်ရှင်းရော နေကောင်းရဲ့လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"သူလည်း နေကောင်းပါတယ် ၊ ဒါနဲ့ မင်း အရမ်းတိုးတက်လာတယ် ၊ လီတုန်းယွမ်ကသာ မှော်ဝင်ပစ္စည်းအသုံးပြုပြီး မတိုက်ခိုက်ဘူးဆိုရင် မင်း ရှုံးမှာ မဟုတ်ဘူး..."

ဟယ်ရှန်းက...

"တပည့်ကျင့်ကြံတာ မလုံလောက်သေးလို့ပါ ၊ မဟုတ်ရင် မှော်ဝင်ပစ္စည်းအသုံးပြုလည်း တပည့် နိုင်အောင် တိုက်ခိုက်နိုင်ရမှာပေါ့...."

ဆန်းလျန်က...

"မှော်ဝင်ပစ္စည်းတွေ ၊ ဝိညာဉ်စွမ်းအားပစ္စည်းတွေဆိုတာ လိုအပ်မှ သုံးသင့်တယ် ၊ ဒါပေမဲ့ မင်းမှာလည်း မှော်ဝင်ပစ္စည်း

တစ်ခု ရှိသင့်တယ်၊ အခု မင်းနဲ့ ပြန်ဆုံရတော့ ဆရာ မင်း

အတွက် တစ်ခု လုပ်ပေးမယ်..."

ဟယ်ရှန်းက ခေါင်းညိတ်ပြလိုက်လေသည်။

ဆန်းလျန်သည် ပွင့်လင်းသူတစ်ယောက်ဖြစ်ပြီး အခြားသူများ

နှင့်မတူသည်ကို သူမ အသိဆုံး ဖြစ်လေသည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"မင်းက ဘယ်လို မှော်ဝင်ပစ္စည်းမျိုးကို သဘောကျလဲ..."

ဟယ်ရှန်းက ခေါင်းငုံ့ကာ တစ်ချက်စဉ်းစားလိုက်ရင်း...

"အင်း... ကျွန်မကို ကာကွယ်ပေးနိုင်မယ့် ပစ္စည်းမျိုးပေါ့..."

ကျောက်ရှောင်ယွီက...

"မင်းက တော်တော်ရိုးသားတာပဲ..."

ဆန်းလျန်က...

"မင်းပြောတာလည်း မဆိုးပါဘူး၊ မင်းက သိပ်ပြီး သတ်ချင်

ဖြတ်ချင်စိတ်မရှိဘူး၊ အဲဒီတော့လည်း အန္တရာယ်ကင်းတာပေါ့၊

မင်းသာ သတ်ချင်ဖြတ်ချင်တဲ့စိတ်ရှိရင် ဒီနေ့ လီတုန်းယွမ်ဆို

တဲ့ကောင်လေး သေနေလောက်ပြီ..."

ကျောက်ရှောင်ယွီက ဟယ်ရှန်းကို တစ်ချက်လှမ်းကြည့်လိုက်

ရင်း...

"ဒီလိုစကားမျိုး တခြားသူတွေပြောတယ်ဆိုရင် ကြားလို့

ကောင်းသေးတယ်၊ အခုက မင်းရဲ့ဆရာဆန်းလျန်က ဒီလို

စကားမျိုးပြောတယ်ကွာ... မဆီလျော်လိုက်တာ..."

အခန်း (၈၁၀) သုံးပင်လယ်သခင်

ဆန်းလျန်က ရယ်ရုံသာရယ်နေပြီး ကျောက်ရှောင်ယွီနှင့် ပြိုင်မ ငြင်းတော့ပေ။

ဟယ်ရှန်းက ကျောက်ရှောင်ယွီကို တိတ်တဆိတ် လေ့လာနေ လေသည်။ ဆရာဒေါ်လေးက ဆရာဖြစ်သူကို တစ်ချက်ပင် မ ကြောက်ရွံ့ဘဲ စ နောက် နေသည့်အတွက် သူမစိတ်ထဲတွင် အံ့ သြနေမိသည်။

ဆန်းလျန်ဆိုသည်က အလိုက်အထိုက်နေထိုင်တတ်သူတစ် ယောက်ဖြစ်သည့်တိုင် မြင့်မြတ်ပြီး တည်ကြည်သူတစ်ယောက် ဖြစ်ရကား မည်သူမှ မလေးမစား မလုပ်ရဲကြပေ။

ထို့ကြောင့် ဆန်းလျန်ကို ကျောက်ရှောင်ယွီကဲ့သို့ စ နောက် ရဲ သည့် လူမျိုးကို ဟယ်ရှန်းဘဝတွင် တစ်ခါမှ မတွေ့မြင်ခဲ့ဖူး ပေ။

ကျောက်ရှောင်ယွီသည် မြင့်မြတ်သည့် နတ်သမီးတစ်ပါးဖြစ် လေသည်။ သူမက ချစ်စရာကောင်းသလို ချောမောလှပသူ

လည်း ဖြစ်လေသည်။ ထို့ပြင် သူမ၏ ပညာရှိမှုသည်လည်း ရှေးဟောင်းနတ်ဘုရားများနှင့် ပခုံးချင်းယှဉ်ရပ်တည်နိုင်စွမ်း ရှိလေသည်။

သူမသည်သာ ဆရာဖြစ်သူ၏ ဘဝလက်တွဲဖော်ဆိုလျှင်တော့ လိုက်ဖက်လွန်းလှသည်ဟု ဟယ်ရှန်း တွေးနေမိလေသည်။

အဝေးတစ်နေရာဆီတွင်...

အနီရောင်နှင့် ခရမ်းရောင် မိုးသောက်ပန်းများ လှပစွာ ပွင့်လန်း နေလေသည်။

ပန်းပွင့်များ၏ အနောက်ဘက်တွင် အပြာရောင်တောင်တန်း ကြီးရှိနေပြီး မြစ်တစ်စင်းက ရစ်ခွေစီးဆင်းနေလေသည်။

ဆန်းလျန်၏ မျက်ဝန်းများက မိုးသောက်ပန်းများကို ငေးကြည့် နေလေသည်။ သူ၏မျက်ဝန်းများတွင် ရေလှိုင်းများအလား ဂယက်တစ်ချက် ထသွားလေသည်။

ရုတ်တရက်....

လေထဲတွင် သက်တံ့တံတားတစ်စင်းပေါ်လာပြီး အဝေးဆီမှ မိုးသောက်ပန်းများ ပွင့်လန်းနေရာနေရာနှင့် ဆက်သွယ်သွားလေသည်။

သက်တံ့တံတားထက်တွင် မိုးသောက်ပန်းများ အနည်းငယ်လှုပ်ရှားသွားပြီး အနီရောင်နှင့် ခရမ်းရောင်များ ပိုမိုလင်းလက်တောက်ပလာလေသည်။

ကျောက်ရှောင်ယွီနှင့် ဟယ်ရှန်းတို့ (၂)ယောက်လုံး တိတ်ဆိတ်နေကြလေသည်။

ဆန်းလျန်က အဝေးဆီမှ မိုးသောက်ပန်းများ၏ တန်ခိုးစွမ်းအား အနှစ်သာရကို ထုတ်ယူနေခြင်း ဖြစ်လေသည်။

မိုးသောက်ပန်းများကို အသုံးပြုပြီး သူက ဟယ်ရှန်းအတွက် မှော်ဝင်ပစ္စည်းတစ်ခု ပြုလုပ်ပေးလိုခြင်း ဖြစ်သည်။

အလင်းရောင်က ပိုမိုတောက်ပလာပြီး ဝိညာဉ်စွမ်းအားများက မြင့်တက်လာလေသည်။

ဟယ်ရှန်းသည် မြင်ကွင်းကို စိတ်ဝင်တစားကြည့်နေလေသည်။

ခရမ်းရောင်နှင့်အနီရောင်များက ရောယှက်သွားလေသည်။

ထို့နောက် မရေမတွက်နိုင်သည့် လှပသည့် ရှုမျှော်ခင်းများ

အဖြစ် ခဏချင်းတွင် ပြောင်းလဲသွားကြသည်။

ထိုပြောင်းလဲမှုများထဲတွင်....

လူတစ်ယောက် မွေးဖွားခြင်း ၊ သေဆုံးခြင်း ၊ အိုခြင်း ၊ နာခြင်း

၊ အချစ် ၊ ခွဲခွာရခြင်း ၊ အမျက်ဒေါသဖြစ်ခြင်းများ အားလုံး

ပါဝင်လေသည်။

ဆန်းလျန်ပြုလုပ်နေသည့် မော်ဝင်ပစ္စည်းထဲတွင် လူတစ်

ယောက် မွေးဖွားခြင်း ၊ သေဆုံးခြင်းနှင့် ဘဝအစိပ်ပိုင်းများ

ပါဝင်နေလေသည်။

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေ

ရာ ကောင်းကင်ထက်သို့ အဖြူရောင်အငွေ့များ လွင့်ပျံသွား

လေသည်။

အဖြူရောင်အငွေ့များသည် ကောင်းကင်ထက်တွင် စစ်မှန်

သည့် သမာဓိမီးတောက်အဖြစ်သို့ ပြောင်းလဲသွားလေသည်။

သမာဓိမီးတောက်ဆိုသည်က ပြဒါးသန့်စင်ခြင်းတွင်အသုံးပြု

သည့် ထိပ်တန်းအဆင့် တာအိုမီးတောက်ဖြစ်လေသည်။ ဆန်း

လျန်၏ သမာဓိမီးတောက်သည် သိုးလှိုနန်းတော်အတွင်းရှိ ပါး

ကွဖိုတွင် အငွေ့အသက်ကျန်ရစ်ခဲ့သည့် သမာဓိမီးတောက်နှင့်

ကောင်းကောင်း ယှဉ်နိုင်လေသည်။

မည်သူမှ ယုံနိုင်မည် မဟုတ်ပေ။

သို့သော်... ကျောက်ရှောင်ယွီကတော့ ယုံကြည်လေသည်။

သူမမြင်တွေ့ရသည့်မြင်ကွင်းကို သူမ ယုံကြည်လေသည်။

ဆန်းလျန်သည် သမာဓိမီးတောက်ကို ပြုလုပ်ရန်အတွက်

သူမ၏ မူလဝိညာဉ်ခန္ဓာမှ တန်ခိုးစွမ်းအားများကို အသုံးပြုခဲ့

ခြင်း ဖြစ်လေသည်။ ထို့ကြောင့် မီးတောက်တွင် တာအို

အနှစ်သာရများနှင့် ပြည့်ဝလျှက်ရှိလေသည်။

ကျောက်ရှောင်ယို့ ပျော်ရွှင်နေမိလေသည်။

လက်ရှိအချိန်တွင် အားလော်ဟယ်နှင့် ရင်ဆိုင်ရမည်ဆိုလျှင်

တောင်မှ သူမတို့ (၂)ယောက်ပေါင်းလျှင် အားလော်ဟယ်ကို

ကောင်းကောင်း ရင်ဆိုင်နိုင်မည် ဖြစ်လေသည်။ ဆန်းလျန်သာ

ရှိနေပါက သူမ အသက်မပျောက်ရန် အာမခံချက်အပြည့်ရှိ

လေသည်။

ဆန်းလျန်ကတော့ အတိတ်မေ့နေခဲ့လေသည်။ သူမှတ်မိသည်

မှာ အိပ်မက်ထဲတွင် ကြုံတွေ့ခဲ့ရသည့် ဘေးအန္တရယ်ဆိုးကြီး

ဖြစ်လေသည်။

ဆန်းလျန်က သမာဓိမီးတောက်ကို ဖန်ဆင်းသည့်အချိန်တွင်

အိပ်မက်ထဲမှ ဘေးအန္တရယ်ဆိုးကြီးအကြောင်းကို စဉ်းစားနေမိ

လေသည်။ သူသည် ထိုဘေးအန္တရယ်ဆိုးကြီးတွင် အဓိက

ပါဝင်ပတ်သက်နေသည့် နတ်ဘုရားတစ်ပါး ဖြစ်ဟန်တူလေ

သည်။

သို့သော်… ထိုအိပ်မက်ကို စဉ်းစားမိတိုင်း သူ့ရင်ထဲတွင်

အကြောက်တရား ကိန်းအောင်းလာစမြဲပင် ဖြစ်သည်။

အကြောက်အတရားကို ထိန်းချုပ်မရနိုင်ပေ။

ကျင့်ကြံနေရင်းနှင့်ပင် အကြောက်တရားကို ခံစားရလေသည်။

ဘေးအန္တရယ်ဆိုးကြီး၏ ထိတ်လန့်ဖွယ်ရာကောင်းမှုမှာ မ

ယုံကြည်နိုင်စရာ ဖြစ်လေသည်။

ဆန်းလျှန်၏အတွေးများ ပျံ့လွင့်နေသည့်တိုင် စစ်မှန်သည့်

သမာဓိမီးတောက်ကိုတော့ တည်ငြိမ်စွာ ထိန်းချုပ်ထားနိုင်လေ

သည်။

ထို့နောက်… သမာဓိမီးတောက်ထဲတွင် ကြာပန်းတစ်ပွင့် ဖြစ်

တည်လာလေသည်။

လေထဲတွင် လျှပ်စီးများလင်းလက်လာပြီး ကြာပန်းကို

တိုက်ခိုက်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် မှော်ဝင်

ပစ္စည်း၏ တန်ခိုးစွမ်းအားမြင့်မားမှုကြောင့် မိုးကြိုးပစ် အစစ် ဆေးခံရခြင်း ဖြစ်လေသည်။

ဆန်းလျန်က လျှပ်စီးများကို ကြာပန်းအတွင်းသို့ စီးဝင် စေလိုက်သည်။ ထိုအခါ... လေထုတစ်ခုလုံး တုန်လှုပ်သွားပြီး ကြီးမားလှသည့်တန်ခိုးစွမ်းအားများက ပတ်ဝန်းကျင်တွင် နိမ့် လိုက်မြင့်လိုက်ဖြင့် စီးဆင်းနေကြလေသည်။

ကြာပန်းသည် မဝေးလှသည့် နေရာတွင် ရှိနေသည့်တိုင် လောက (၂)ခု ခြားနားနေသည့်အလား ထင်မှတ်ရသည်။

ထိုမြင်ကွင်းကိုကြည့်နေသည့် နတ်မိစ္ဆာတစ်ကောင်က သိလို စိတ်ဖြင့် ကြာပန်းအနားသို့ ချဉ်းကပ်လာလေသည်။

ရုတ်တရက်....

ကြာပန်းဆီမှ ပြင်းထန်သည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာ ပြီး နတ်မိစ္ဆာ၏ခန္ဓာကိုယ်မှာ အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွား လေသည်။

ပတ်ဝန်းကျင်တွင်လျှပ်စီးများ လင်းလက်နေလေသည်။

ဆန်းလျန်က ကြာပန်းကို သိမ်မွေ့စွာဖြင့် ထိန်းချုပ်ထားလေသည်။

နတ်မိစ္ဆာများနှင့် သတ္တဝါများက စိတ်ဝင်တစားဖြင့် ကြာပန်းအနားသို့ ချဉ်းကပ်လာကြလေသည်။ ထိုသတ္တဝါများ သေဆုံးမည်ကို စိတ်ပူသည့်အတွက် ဟယ်ရှန်းက မောင်းထုတ်နေလေသည်။ သို့သော်... သတ္တဝါများက အနားသို့သာ တိုးကပ်ချင်နေကြသည်။

လှပသည့်ကြာပန်းထံမှ မွှေးရနံ့များ ထွက်ပေါ်နေပြီး ပွင့်ချပ်များ အနီရောင် ဖြစ်လေသည်။

ကြာပန်းက တစ်ပတ်လည်သွားပြီး ဟယ်ရှန်း၏ လက်ထဲသို့ ဆင်းသက်လာလေသည်။

ဟယ်ရှန်းက ကြာပန်းရိုးတံလေးကို ဆုပ်ကိုင်လိုက်သည်။

သူမ၏ ခန္ဓာကိုယ်အတွင်းသို့ အေးစိမ်းသည့် တန်ခိုးစွမ်းအား

များ စိမ့်ဝင်သွားသလို ခံစားလိုက်ရလေသည်။ ဝိညာဉ်

စွမ်းအားများ မြင့်တက်လာပြီး သူမ၏စိတ်က ကြည်လင်သည်

ထက် ကြည်လင်လာလေသည်။

ဟယ်ရှန်းက သူမ၏ခန္ဓာကိုယ်ကို ကာကွယ်ရန်အတွက် နတ်

ဘုရားအလင်းတန်းတစ်ခုကို ထုတ်လွှတ်လိုက်လေသည်။

ချက်ချင်းပင် ပတ်ဝန်းကျင်မှ မိုးမြေစွမ်းအားများမြင့်တက်လာ

ပြီး အလင်းတန်းတစ်ခု ထွက်ပေါ်လာကာ သူမကို ကာကွယ်

ပေးထားလိုက်လေသည်။

ယခုအချိန်တွင်သာ လီတုန်းယွမ်၏ ကျောက်စိမ်း

ခေါင်းလောင်းလေးဖြင့် တိုက်ခိုက်ခံရမည်ဆိုလျှင် သူမ

ကောင်းကောင်းကာကွယ်နိုင်ပြီဟု ဟယ်ရှန်းသိရှိလိုက်လေ

သည်။

ဆန်းလျန်က သူဖန်ဆင်းခဲ့သည့် ကြာပန်းလေးကို စိတ်ကျေနပ်

မှုအပြည့်ဖြင့် ကြည့်ရှုနေခဲ့လေသည်။

ဆန်းလျန်က...

"ရှန်းအယ်... မင်း အဲဒီမျော်ဝင်ပစ္စည်းကို နေ့နေ့ညည

အမြဲတမ်း သန့်စင်ပေးလို့ရတယ်၊ အနာဂတ်တစ်ချိန်ကျရင်

မင်းရဲ့ ကိုယ်ခွဲတစ်ခုဖြစ်လာနိုင်တယ်၊ မင်းရဲ့ နတ်ဘုရားခန္ဓာ

တစ်ခုအနေနဲ့လည်း အသုံးပြုလို့ ရနိုင်တယ်..."

ဟယ်ရှန်းက ဆန်းလျန်၏ စကားများကို စိတ်ထဲတွင် မှတ်သား

ထားလိုက်လေသည်။

ဆန်းလျန်သည် သူမအပေါ်တွင် အလွန်ကောင်းလေသည်။

သို့သော်... သူမကတော့ ဆန်းလျန်အတွက် မည်သည့်အရာမှ

ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိပေ။

ယခုအချိန်တွင် ကျေးဇူးတင်စကားပြောပါကလည်း အပိုလုပ်

ရာကျပေမည်။ ထို့ကြောင့် သူမသည် ဆန်းလျန်၏ စေတနာနှင့်

ကျေးဇူးတရားများကို စိတ်ထဲတွင်သာ မှတ်သားထားလိုက်လေ

တော့သည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဒဏ္ဍာရီထဲမှာတော့ သုံးပင်လယ်သခင်နီကျား လူ့ဇာတိအသွင်ပြောင်းတာက ကြာပန်းကြာစွယ်နဲ့လို့ ကြားဖူးတယ်၊ ရှင့်ရဲ့ကြာပန်းက နီကျားနဲ့ယှဉ်ရင် ဘယ်သူသာမလဲ မသိဘူးနော်..."

ဆန်းလျန်က ခေါင်းခါယမ်းလိုက်ရင်း...

"ကျုပ်ရဲ့ကြာပန်းက ပြိုင်ဘက်မရှိဘူး..."

ကျောက်ရှောင်ယွီက...

"ဒါပေမဲ့ ရှင်က ထိုက်ယီကျန်းရန်လောက်မှ တန်ခိုးစွမ်းအား မမြင့်မားသေးတာ၊ ဘယ်လိုလုပ် ဒီလိုပြောနိုင်ရတာလဲ..."

ထိုက်ယီကျန်းရန်က သုံးပင်လယ်သခင်နီကျား၏ ရုပ်ခန္ဓာကို ပြန်လည်ဖန်ဆင်းရန်အတွက် ကြာပန်းကို အသုံးပြုခဲ့လေသည်။

ထိုက်ယီကျန်းရန်သည် ကျင်းရှန်းနတ်ဘုရား (၁၂)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်လေသည်။ ထိုက်ယီကျန်းရန်ကို တာအို

ဆရာသခင် ထိုက်ယီ၏ ကိုယ်ခွဲဖြစ်သည်ဟု လူအများက ပြော ကြသော်လည်း သက်သေမရှိပေ။

တာအိုဆရာသခင်ထိုက်ယီ ထွက်ခွာသွားပြီးသည့်နောက် ထို ကိစ္စက သိပ်ပြီး အရေးမကြီးတော့ပေ။

ဆန်းလျန်က...

"နတ်ဘုရားခန္ဓာဆိုတာ ပြုလုပ်ရတာလွယ်တယ်၊ ဒါပေမဲ့ ကြာ ပန်းဆိုတာကတော့ ရှားပါးပစ္စည်းပဲ၊ ပြီးတော့ ဒီကြာပန်းက မိုးသောက်ပန်းတွေရဲ့ အနှစ်သာရနဲ့ ပြုလုပ်ထားတာ၊ မိုးသောက်ပန်းတွေကလည်း ရှားပါးတယ်လေ၊ ဒါကြောင့် သုံး ပင်လယ်သခင်ရဲ့ နတ်ဘုရားခန္ဓာအဖြစ်ဖန်ဆင်းထားတဲ့ ကြာ ပန်းနဲ့ မတူဘူး..."

ကျောက်ရှောင်ယွီက...

"အဲဒီကြာပန်းက နောက်ခံအကြောင်းတစ်ခုခု ရှိတယ် မဟုတ် လား..."

ရုတ်တရက် ...

ဆန်းလျန်၏ စိတ်ထဲတွင် လှုံ့ဆော်မှုတစ်ခု ဖြစ်သွားပြီး...

"ကျုပ်မှတ်မိတာ တစ်ခုရှိတယ်၊ အဲဒါ တော်တော် စိတ်ဝင်စားဖို့ကောင်းတယ်..."

ဆန်းလျန်၏ မျက်ဝန်းများက တစ်လက်လက်တောက်ပနေလေသည်။

ဆန်းလျန်၏အတွေးများမှာ ပုံမှန်မဟုတ်သည်ကို ကျောက်ရှောင်ယွီ ရိပ်မိလိုက်သည်။

ကျောက်ရှောင်ယွီက...

"ရှင် ဘာတွေးမိလို့လဲ..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"သုံးပင်လယ်သခင်ရဲ့ ဇာစ်မြစ်လေ၊ သူ့အကြောင်းက မှတ်တမ်း (၂)ခုမှာ (၂)မျိုးဖြစ်နေတယ်၊ ဒါပေမဲ့ အဖြစ်အပျက်ကတော့ အတူတူပဲ...."

အခန်း (၈၁၁) အတိတ်ကိုပြောင်းလဲခြင်း

ဆန်းလျှန်က...

"ပထမမှတ်တမ်းအရဆိုရင် သုံးပင်လယ်သခင်နီကျားက ရှန်မင်းဆက်ခေတ်၊ ချန်ထန်းကွမ်းက စစ်သူကြီးလီကျင့်ရဲ့ တတိယသားတော်ပဲ၊ သူ့ကို မွေးကတည်းက ထိုက်ယီကျန်းရန်က တပည့်အဖြစ် လက်ခံခဲ့တယ်၊ အဲဒီနောက် နီကျားက ရှဟိုင်ပင်လယ်ကိုသွားပြီး နဂါးတစ်ကောင်ကို ဖမ်းဆီးဖို့အတွက် ဖန်သားနန်းတော်ကို တိုက်ခိုက်ခဲ့တယ်၊ နဂါးမင်းက မကျေနပ်လို့ လီကျင့်ကိုတိုင်တဲ့အခါ လီကျင့်က နီကျားကို စစ်ဆေးမေးမြန်း

ခဲ့တယ်၊ နီကျားက ဒေါသထွက်ပြီး ဓားကိုဆွဲထုတ်လိုက်တယ်၊ ပြီးတော့ အသားကိုလှီးပြီး မိခင်ကိုပြန်ပေးတယ်၊ အရိုးကို ထုတ်ပြီး ဖခင်ကို ပြန်ပေးတယ်၊ အသွေးကိုတော့ မိခင်ကိုရော ဖခင်ကိုရော ပြန်ပေးလိုက်တယ်၊ အဲဒီအချိန်မှာ လွင့်မျောနေတဲ့ သူ့ဝိညာဉ်ကို ထိုက်ယီကျန်းရန်က ကယ်တင်ခဲ့တာပဲ၊ သူ့ရဲ့ ဝိညာဉ်အတွက် ကြာပန်းနဲ့နတ်ဘုရားခန္ဓာပြုလုပ်ပေးခဲ့ တယ်..."

"ဒါပေမဲ့ ဒုတိယမှတ်တမ်းမှာကျတော့ ထိုက်ယီကျန်းရန်က ကြာပန်းနတ်ဘုရားခန္ဓာပြုလုပ်ပေးတာ မဟုတ်တော့ဘူး၊ နီ ကျားရဲ့ဝိညာဉ်က အနောက်ဘက် လင်စန်းတောင်ကို ရောက် သွားခဲ့တယ်၊ ဗုဒ္ဓက အစိမ်းရောင်ကြာရိုးကြာစွယ်တွေနဲ့ အရိုး အသားကိုဖန်ဆင်း၊ ကြာရွက်နဲ့အင်္ကျီအဝတ်အစားတွေကိုဖြစ် တည်စေပြီး အသက်သွင်းဂါထာကိုရွတ်ဖတ်ကာ နီကျားကို ဘဝအသစ်ပေးအပ်ခဲ့တယ်..."

ကျောက်ရှောင်ယွီက...

"ရှင်ပြောတဲ့ ဒုတိယမှတ်တမ်းကို ကျွန်မ သိတယ်၊ တန်ခိုး

စွမ်းအားကင်းလွတ်ရာ ကမ္ဘာမြေက အနောက်သို့

ခရီးသွားမှတ်တမ်းဆိုတဲ့စာအုပ်ထဲမှာ ကျွန်မ ဖတ်ခဲ့ရဖူး

တယ်..."

ထို့နောက် ကျောက်ရှောင်ယွီက စိတ်ပျက်လက်ပျက်ဖြင့် ဆက်

ပြောလိုက်သည်။

"အဲဒီမှတ်တမ်း (၂)ခုမှာ ဘယ် (၁)ခုက အမှန်လဲ၊ ဒါမှမဟုတ်

(၂)ခုလုံးက မှားနေတာလား..."

ဆန်းလျန်က...

"ကျုပ်အထင်တော့ (၂)ခုလုံး မှန်တယ်ထင်တာပဲ..."

ကျောက်ရှောင်ယွီက တအံ့တသြဖြင့်...

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ နီကျားကို ထိုက်ယီကျန်းရန်နဲ့ ဗုဒ္ဓ

က တစ်ချိန်တည်းမှာ ဘယ်လိုလုပ် ကယ်တင်နိုင်မှာလဲ..."

ဆန်းလျန်က ဖြည်းဖြည်းမှန်မှန်လေသံဖြင့်...

"ကျုပ်လည်း အဲဒီအကြောင်းတွေကို အခုပဲ စဉ်းစားနေမိတာ ၊

မှတ်တမ်း (၂)ခုလုံးက မှန်ခဲ့မယ်ဆိုရင် အစပိုင်းမှာ နီကျားကို

ကယ်ခဲ့တဲ့သူက သူ့ရဲ့ဆရာ ထိုက်ယီကျန်းရန်ဖြစ်လိမ့်မယ် ၊

ဒါပေမဲ့ အတိတ်မှာ တစ်စုံတစ်ခု ပြောင်းလဲသွားခဲ့လိမ့်မယ် ၊

အတိတ်ကပြောင်းလဲသွားတဲ့အကြောင်းအရာထဲမှာ ထိုက်ယီ

ကျန်းရန်က နီကျားကို တပည့်အဖြစ်လက်မခံတော့တဲ့

အကြောင်းတစ်ခု ပါဝင်သွားလိမ့်မယ် ၊ ဒါကြောင့် ဒုတိယ

မှတ်တမ်းအရဆိုရင် နီကျားဟာ ထိုက်ယီကျန်းရန်ရဲ့ တပည့်

မဟုတ်တော့ဘူး ၊ အတိတ်ကဖြစ်ရပ် ပြောင်းလဲသွားတဲ့

အတွက် အနာဂတ်မှာ နီကျားကို ကယ်တင်တဲ့သူက ဗုဒ္ဓအဖြစ်

ပြောင်းလဲ သွားခဲ့ရတာပဲ..."

ကျောက်ရှောင်ယွီက...

"အတိတ်ကိုပြောင်းလဲလိုက်လို့ အနာဂတ်အဖြစ်အပျက် ပြောင်းလဲသွားတဲ့ ကိစ္စမျိုးပဲ ၊ ရှင်က ဘာကို ပြောချင်တာ လဲ..."

ဆန်းလျန်က...

"တကယ်တော့ အဲဒီမှတ်တမ်း (၂)ခုမှာ (၁)ခုက 'နတ်ဘုရားတို့ ရဲ့ကမ္ဘာ' ဆိုတဲ့ စာအုပ်ပဲ ၊ နောက် (၁)ခုကတော့ အနောက်သို့ ခရီးသွားမှတ်တမ်းဆိုတဲ့ စာအုပ်လေ ၊ ပြန်တွေးကြည့်မယ်ဆို ရင် စဉ်းစားစရာ နောက်တစ်ချက် ပေါ်လာတယ် ၊ 'နတ်ဘုရား တို့ရဲ့ကမ္ဘာ' စာအုပ်ကို ကြည့်လိုက်မယ်ဆိုရင် ထိုက်ယီကျန်းရန် ပါဝင်တာကိုတွေ့ရပြီး ဗုဒ္ဓပါဝင်တာကို မတွေ့ရဘူး ၊ ဒါပေမဲ့ အနောက်သို့ခရီးသွားမှတ်တမ်းကို ကြည့်လိုက်မယ်ဆိုရင်တော့ ဗုဒ္ဓပါဝင်တာကို တွေ့ရပြီး ထိုက်ယီကျန်းရန် ပါဝင်တာကို မ တွေ့ရဘူး..."

ကျောက်ရှောင်ယွီက...

"မှတ်တမ်း (၂)ခုလုံးက မှန်နေတယ်ဆိုရင် အတိတ်မှာ ထိုက်ယီ ကျန်းရန်နဲ့ ဗုဒ္ဓက အတူတူရှိမနေဘူးဆိုတဲ့ အဓိပ္ပါယ် ဖြစ်နေတာပေါ့..."

သူမ နောက်ထပ်တစ်ခု စဉ်းစားလိုက်မိသည်မှာ...

'ထိုက်ယီကျန်းရန်' ဆိုသည်မှာ 'တာအိုဆရာသခင်ထိုက်ယီ' ပင် ဖြစ်နိုင်လေသည်။

ထိုသို့ဆိုလျှင် တာအိုဆရာသခင်ထိုက်ယီနှင့် ဗုဒ္ဓ၏ကြားတွင် မမြင်နိုင်သည့် အဖြစ်အပျက်များစွာ ရှိနေနိုင်သည်။

တူညီသည့်အတိတ်...။

သို့သော် ... တာအိုဆရာသခင်ထိုက်ယီသာ ရှိပြီး ဗုဒ္ဓမရှိခဲ့သည့်အတိတ်... ၊ ဗုဒ္ဓသာရှိခဲ့ပြီး တာအိုဆရာသခင် ထိုက်ယီမရှိခဲ့သည့်အတိတ်။

ထိုအချက်ကတော့ ရှင်းလင်းသည့် သက်သေပင် ဖြစ်သည်။

တာအိုဆရာသခင်ထိုက်ယီ၏အတိတ်ကို ဗုဒ္ဓက ဝင်ရောက်စွက်ဖက်ခဲ့ခြင်း မရှိသလို ၊ ဗုဒ္ဓပါဝင်သည့် အတိတ်အဖြစ်အပျက်များကိုလည်း တာအိုဆရာသခင် ထိုက်ယီက ဝင်ရောက်စွက်ဖက်ခဲ့ဟန် မရှိပေ။

ကျောက်ရှောင်ယို့ တန်ခိုးစွမ်းအားကင်းလွတ်ရာကမ္ဘာမြေမှ အကြောင်းများကို ပြန်စဉ်းစားလိုက်မိသည်။

ခွန်လွန်တောင်သို့ သူမရောက်ရှိသည့်အချိန်တွင် ဆန်းလျန်က ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။ ဆန်းလျန်က ကိုယ်ခွဲတစ်ခုချန်ထားခဲ့ပြီး...

"အစစ်ဆေးခံရမှုများနှင့်ဘေးအန္တရာယ်များအားလုံးသည် ဤနေရာတွင် အဆုံးသတ်ခဲ့ကြောင်း ဆန်းလျန်က သက်သေပြခဲ့သည်"

ဆိုသည့်စာကြောင်းကို ရေးသားထားခဲ့သည်။

ဆန်းလျန်သည် ခွန်လွန်တောင်သို့ ရောက်ခဲ့သည်ဆိုသည့်

အချက်မှာ သေချာလှသည်။

ထိုသို့ဆိုလျှင် ဆန်းလျန်သည်လည်း အတိတ်ကို ပြောင်းလဲခဲ့

သည့် အဖြစ်အပျက်မျိုးနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်နိုင်လေ

သည်။

သို့မဟုတ်...

ဗုဒ္ဓ (သို့မဟုတ်) တာအိုဆရာသခင်ကြီးတစ်ပါးပါးက ဆန်းလျ

န်၏ အတိတ်ကို ခြယ်လှယ်ခဲ့ပြီး ပြောင်းလဲ ပစ်ခဲ့သည်လားလဲ

မဆိုနိုင်ပေ။

ထိုသို့ ရှင်းရှင်းလင်းလင်းစဉ်းစားခဲ့ပြီးသည့်နောက် ကျောက်

ရှောင်ယွီက ကြည်လင်သည့် မျက်ဝန်းများဖြင့် ဆန်းလျန်ကို

ကြည့်လိုက်သည်။

ဆန်းလျန်ကလည်း သူမကို ပြန်ကြည့်လိုက်သည့်အချိန်တွင်

(၂)ယောက်စလုံး ပြိုင်တူ ပြုံးလိုက်မိကြလေသည်။

ကြည့်ရသည်မှာ... သူတို့ (၂)ယောက်စလုံး သူတို့သိချင်သည့်

အဖြေများကို နားလည်သွားကြဟန်တူလေသည်။

ကျောက်ရှောင်ယွီက...

"ရှင် အတိတ်မေ့သွားပေမဲ့ ဒီလို မှတ်တမ်းတွေထဲက

အကြောင်းအရာတွေကိုကျတော့ မှတ်မိနေတုန်းပဲနော် ၊ ကျွန်မ

တို့ ဒီအကြောင်းကို အစကတည်းက စဉ်းစားမိသင့်တာ ၊ ရှင်က

အတိတ်မေ့နေတာ မဟုတ်ဘူး ၊ အတိတ်ကို ဖြတ်တောက်ခံခဲ့ရ

တာ..."

ဆန်းလျန် ခေါင်းညိတ်ပြလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့ရင်ထဲတွင် အတွေးတစ်ခု ဝင်

ရောက်လာလေသည်။ အရာအားလုံးက ဖြစ်နိုင်ချေရှိသည်။

အတိတ်သည် မတည်ငြိမ်ဘူးဆိုသည့်တိုင် အနာဂတ်သည်

လည်း အဆုံးမရှိပေ။

ဘဝဆိုသည်က လက်ရှိအချိန်လေးတွင်ပင် ကန့်သတ်ထားခြင်း မဟုတ်ပေ။ ထို့အတူ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်တို့၌လည်း ဘဝကို ကန့်သတ်ထားနိုင်ခြင်း မရှိပေ။

ဘဝဆိုသည်က အချိန်တစ်လျှောက်လုံး အကန့်အသတ်မရှိ လျှောက်လှမ်းရမည့် 'လမ်း' တစ်ခု ဖြစ်သည်။

သို့သော်... အတိတ်နှင့်အနာဂတ် အချိန်ကာလနှင့် ကင်းလွတ်ရာတစ်နေရာတွင် သူ့ကို တိတ်တဆိတ် စောင့်ကြည့်နေသည့် အခြားသူတစ်ယောက် ရှိနိုင်လေသည်။

တစ်ယောက်တည်း ဟုတ်ချင်မှ ဟုတ်မည်။ များစွာသောလူများလည်း ဖြစ်နိုင်သည်။ သူ့ဘဝကို များပြားလှစွာသည့် အတိတ်များ ၊ အနာဂတ်များ အဖြစ် ပြောင်းလဲပစ်နိုင်ကြသည်။

ထိုသို့စဉ်းစားလိုက်မိသည့်အခါ ဆန်းလျှန်သည် ကြောက်ရွံ့ခြင်းလည်း မရှိတော့သလို စိတ်ရှုတ်ထွေးခြင်းများလည်း မရှိတော့ပေ။

မွေးဖွားခြင်းမှ သေဆုံခြင်းအထိ လျှောက်လှမ်းရမည့်ဘဝလမ်းကို တရားအလင်းဖြင့် ရှင်းလင်းစွာသိမြင်သွားခဲ့ပြီး သူ၏စိတ်အစဉ်သည် ဖန်သားပြင်အလား ကြည်လင်လာသည်။

ပြတင်းပေါက်မှ စက္ကူပါးလေးကို ထိုးဖောက်ကြည့်ရှုရန် သူ့အနေဖြင့် စောင့်နေရုံသာ ရှိသည်။

ပြတင်းပေါက်မှ စက္ကူပါးလေးကို ထိုးဖောက်ကြည့်နိုင်သည့်အချိန်သို့ ရောက်ခဲ့လျှင်... သူသည် အခြားလောက်တစ်ခုကို တွေ့မြင်ရပေမည်။

တစ်ခဏအတွင်းမှာပင်... ဆန်းလျှန် ရုတ်တရက်ပြောင်းလဲသွားသည်ကို တွေ့မြင်လိုက်ရပြီး ကျောက်ရှောင်ယွီမှာ ဆန်းလျှန်အတွက် အလွန်ပင် ကျေနပ်ပီတိဖြစ်သွားမိသည်။

တစ်ချိန်တည်းမှာပင်... သူမသည်လည်း အကြောင်းအရာ အချို့ကို သိမြင်ခဲ့သည်။

ဘဝဆိုသည့် လမ်းမကြီးက အဆုံးမရှိပေ။ ကံကြမ္မာနှင့် အချိန်ကာလဆိုသည်က ဘဝဆိုသည့်လမ်းမကြီးတွင် အရေးပါသည့် လမ်းသွယ်များဖြစ်လေသည်။ အခြားသောလမ်းသွယ်များက တန်ဆာဆင်ထားရုံမျှဖြစ်ပြီး သိပ်ပြီးအရေးမကြီးလှပေ။

....

ယွမ်ကျိုးနယ်မြောက်ဖျားတွင် ထုန်ထျန်းမြစ်ဟုခေါ်သည့် မြစ်တစ်စင်းရှိလေသည်။

ထိုမြစ်သည် မည်သည့်နေရာက မြစ်ဖျားခံလာသည်ကို မည်သူမျှ မသိကြပေ။ ထိုမြစ်သည် မိုးကောင်းကင်အထိရောက်သည်ဟု ပြောသည့်သူများကလည်း ပြောကြသည်။

ကွေ့လိသည် ထုန်ထျန်းမြစ်ကမ်းနံဘေးတွင် လမ်းလျှောက်နေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် အသက်ဓာတ်စွမ်းအားများ မြင့်တက်နေပြီး ကျင့်ကြံသူများအတွက် အလွန်မှ သင့်တော်သည့်နေရာတစ်ခု ဖြစ်သည်။

မြစ်ကမ်းတစ်လျှောက် မိုးမခပင်များ အစီအရီပေါက်ရောက်နေပြီး လေတိုက်ခတ်သည့်အခါ ယိမ်းနွဲ့နေသည့် မိုးမခနွယ်များသည် နတ်သမီးလေးများ ကခုန်နေသည့်အလား လှပလွန်းသည်။

အရှေ့ဆီမှ တောက်ပသည့်လဝန်းထွက်ပေါ်လာပြီး လရောင်သည် မြစ်ရေထဲသို့ဖြာကျကာ လှိုင်းများနှင့်အတူ စီးဆင်းနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေပြီး အေးချမ်းခြင်းကို ခံစားရစေသည်။

ကျွေလိက ရုတ်တရက် လမ်းလျှောက်နေခြင်းကို ရပ်တန့်လိုက်ပြီး ခပ်တိုးတိုးရေရွတ်လိုက်သည်။

"ရောက်လာပြီ..."

မြစ်ရေထဲတွင် သစ်ရွက်လှေလေးတစ်စင်းထွက်ပေါ်လာပြီး လှေပေါ်တွင် အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက်ရှိနေလေသည်။

ကွေ့လိမှာ တာအိုဆရာလီချင်းဆွေကို အဖြူရောင်ဝတ်စုံနှင့် မည်မျှခမ်းနားသည်ကို တွေ့မြင်ခဲ့ဖူးလေသည်။ ယခု သစ်ရွက်လှေထက်တွင် မတ်တတ်ရပ်နေသည့် အဖြူရောင်ဝတ်စုံနှင့်မိန်းကလေးကတော့ အလွန်မှ လှို့ဝှက်ဆန်းကျယ်လွန်းသည်။

အဖြူရောင်ဝတ်မိန်းမပျိုထံမှ ထွက်ပေါ်နေသည့် လှို့ဝှက်နက်နဲပြီး ခန့်မှန်းရခက်သည့် တန်ခိုးစွမ်းအားများသည် ထုန်ထျန်းမြစ်တစ်ခုလုံး ပြည့်နက်သွားလေသည်။

အမှားအမှန်အယူအဆများစွာဖြင့် ပြည့်နက်နေသည့် လူ့လောကတစ်ခုလုံးမှ ပြဿနာများအားလုံးသည် ထို

မိန်းကလေးထံတွင် အဖြေတစ်ခုရှိနေသည့်အလား ထင်မှတ်ရလေသည်။

ကွေလိက မြစ်ကမ်းနံဘေးတွင် ရပ်နေလေသည်။

သူမ၏ မျက်နှာကတည်ငြိမ်နေပြီး တဖြည်းဖြည်းနီးကပ်လာသည့် သစ်ရွက်လှေလေးကို တည်ငြိမ်စွာဖြင့် ကြည့်နေသည်။

သစ်ရွက်လှေလေးသည် ကွေလိနှင့် မနီးမဝေးတစ်နေရာတွင် ရပ်တန့်သွားသည်။

ကြယ်စင်ရောင်များအောက်တွင် အဖြူရောင်ဝတ်မိန်းမပျို၏ လှပ်ရှားမှုတိုင်းက လျို့ဝှက်ဆန်းကျယ်လျှက်ရှိသည်။

ကွေလိက အဖြူရောင်ဝတ်မိန်းကလေးကို အတန်ကြာစိုက်ကြည့်နေပြီးမှ…

"မင်းက ဆန်းရှော့ရှီလား…"

ဟု မေးခွန်းထုတ်လိုက်သည်။

'ဆန်းရော့ရှီ' ဆိုသည့်အမည်ကိုကြားသည်နှင့် အဖြူရောင်ဝတ် မိန်းကလေး၏ မျက်ခုံးလေးများ အနည်းငယ် မြင့်တက်သွားလေသည်။

ပြီးမှ သူမက တည်ငြိမ်သည့်လေသံဖြင့်...

"ဒီနာမည်ကို ခေါ်တဲ့သူမရှိခဲ့တာ အတော်ကြာခဲ့ပြီပဲ..."

ကွေလိက...

"ငါ မင်းကို အစောကြီးကတည်းက ရှာနေတာ ၊ ဒါပေမဲ့ မင်း ဘယ်ရောက်နေမှန်း မသိခဲ့ရဘူး ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က မင်း ဘယ်မှာရောက်နေခဲ့သလဲ..."

ဆန်းရော့ရှီသည် ယခင်က ကွေလိ သိခဲ့သည့် မိန်းကလေးငယ်လေးတစ်ယောက်မဟုတ်တော့ဘဲ ရင့်ကျက်တည်ငြိမ်သည့်ဟန်အပြည့်ရှိနေခဲ့ပြီ။

သူမ၏ မျက်ခုံးနှင့် မျက်လုံးများက ဆန်းလျန်နှင့်အလွန်ဆင်တူပြီး အမူအရာဟန်ပန်တို့ကလည်း ဆန်းလျန်ကဲ့သို့ပင် နူးညံ့သိမ်မွေ့လွန်းသည်။

ဆန်းရှော့ရှီက...

"မင်း ငါ့ကို ဘယ်ရှာတွေ့နိုင်မှာလဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်သောင်းကျော်ကတည်းက ငါ ဒီနေရာက ထွက်ခွာသွားခဲ့တာ၊ ကြာလှပြီပေါ့..."

ကွေလိက...

"မင်းရဲ့ စကားက ဘာအဓိပ္ပါယ်လဲ..."

ဆန်းရှော့ရှီက...

"ဘာတွေဖြစ်ခဲ့လဲဆိုတာ အချိန်တိုအတွင်း ပြောပြလို့ရမှာမဟုတ်ဘူး၊ ပြီးတော့ မလိုအပ်တာတွေက မသိတာပဲ ကောင်းပါတယ်၊ ဒီနေ့ ငါ မင်းကို လာတွေ့ရတာက အကူအညီတစ်ခုလောက် တောင်းစရာရှိလို့ပါ..."

ကွေလိက...

"မင်းရဲ့ဦးလေးမျက်နှာကိုထောက်ပြီး ငါ တတ်နိုင်သလောက်

ကူညီပါ့မယ်၊ ဘာအကူအညီတောင်းမှာလဲ ပြောပါ..."

ကွေလိ အံ့အားသင့်နေခဲ့လေသည်။

ဆန်းရှော့ရှီကို မတွေ့ရသည်မှာ ကြာခဲ့ပြီ။ တွေ့မည့်တွေ့တော့

လည်း ထိုမိန်းကလေးက သူမကို ပွင့်ပွင့်လင်းလင်းပင်

အကူအညီတောင်းခံခဲ့သည်။

သို့သော်... ဆန်းရှော့ရှီသည် ဆန်းလျန်၏ တူမလေးဖြစ်

သည့်အတွက် မည်မျှပင်ခက်ခဲသည့်ကိစ္စဖြစ်ပါစေ ကွေလိက

တတ်နိုင်သမျှ ကူညီမည်ဟု ဆုံးဖြတ်လိုက်သည်။

ဆန်းရှော့ရှီက...

"ငါ ဘယ်သူလဲဆိုတာ မင်းလည်းသိပြီးသားပါ၊ ငါ့ဦးလေးသာ

ငါ့ကိုမကယ်ခဲ့ရင် အခု မင်းရှေ့မှာရောက်နေတဲ့သူက ဆန်းရှော့

ရှီမဟုတ်ဘဲ ယွမ်ကျွင်းဧကရီဖြစ်နေလောက်ပါပြီ၊ ဒါပေမဲ့ ငါ့

ဘဝတစ်လျှောက်လုံး ယွမ်ကျွင်းကေရီရဲ့ လွှမ်းမိုးမှုကနေ မလွတ်မြောက်နိုင်ခဲ့ဘူး ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ငါ ဒီလောကကနေ ဘာလို့ ပျောက်ကွယ်သွားရတာလဲဆိုတော့ ငါ အတိတ်ကို ပြန်သွားနေခဲ့တာ ၊ ယွမ်ကျွင်းကေရီ နတ်ဘုရားတစ်ပါး မဖြစ်ခင်အချိန်ကို ငါ ပြန်သွားနေခဲ့တာ..."

ဆန်းရော့ရှီက ထိုစကားများကို နူးညံ့သိမ်မွေ့သည့်အသံနှင့် ပြောနေခြင်းဖြစ်သော်လည်း ကြားရသည့်အကြောင်းအရာများက ကွေ့လိ၏ နှလုံးသားကို တုန်လှုပ်သွားစေလေသည်။

အခန်း (၈၁၂) ထိုက်စန့်တာအိုဆရာသခင်လို မပြောင်းလဲသည့် ထုန်ထျန်းမြစ်

ကွေ့လိက တိုးတိတ်သည့်လေသံဖြင့်...

"ယွမ်ကျွင်းကောရီနတ်ဘုရားမဖြစ်ခင်အချိန်ကာလဆိုတော့ မိုးနတ်မင်းခေတ်ပေါ့၊ ဒါဆို ငါ ဘာလို့ မင်းအကြောင်းကို မသိခဲ့ရတာလဲ..."

ဆန်းရော့ရှိက...

"အဲဒီအတိတ်မှာ လူတွေက ငါ့ကို ကျိုးထျန်းရွှမ်နွီလို့ သိကြတယ်..."

ကွေ့လိက အလွန်အမင်း အံ့အားသင့်သွားဟန်ဖြင့်...

"လက်စသတ်တော့ ကျိုးထျန်းရွှမ်နွီဆိုတာ မင်းကိုး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းကျော်က ထိုက်စုနတ်ဘုရားဂိုဏ်း တည်ရှိခဲ့တဲ့နေရာမှာ ရွှမ်နွီနန်းတော်ကို တည်ထောင်ခဲ့တဲ့ ကျိုးထျန်းရွှမ်နွီဆိုတာ တကယ်တော့ မင်းကိုး..."

ဆန်းရော့ရှီက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"အမှန်ပဲ ၊ အဲဒီအချိန်တုန်းက ငါက ကျိုးထျန်းရွှမ်နီ့ ဖြစ်လာခဲ့တယ် ၊ ပြီးတော့ အတိတ်ကိုပြန်သွားပြီး ယွမ်ကျွင်းဇကေရီနဲ့တိုက်ခိုက်ခဲ့တယ် ၊ ငါတို့တိုက်ပွဲဘယ်လောက်ပြင်းထန်လဲဆိုရင် မိုးနတ်မင်းရဲ့ ကောင်းကင်ဘုံနန်းတော်တစ်ခုလုံး ပြိုကျပျက်စီးသွားတဲ့အထိပဲ ၊ တကယ်ဆိုရင် အတိတ်မှာ ငါ ကျဆုံးသွားခဲ့သင့်တာ ၊ ဒါပေမဲ့ ငါ့ဦးလေးရောက်လာပြီး ငါ့ကိုကယ်တင်ခဲ့တယ်..."

ကွေလိက...

"ဘာရယ်... မင်း အတိတ်ကို ထွက်သွားတဲ့အချိန် ဆန်းလျန်ကလည်း အတိတ်မှာ ရှိနေတာလား..."

ဆန်းရော့ရှီက...

"အမှန်ပဲ ၊ အဲဒီခေတ်ကာလ ဘေးဒုက္ခတွေအကြီးအကျယ်ရောက်နေကြတဲ့အချိန်မှာ ငါ့ဦးလေးက ငါ့ကို ကယ်တင်ပြီး

အခု လက်ရှိပစ္စုပ္ပန်ကို ပို့ပေးခဲ့တယ်၊ အဲဒီအချိန်တုန်းက သူ အရမ်းအားနည်းနေတာ ငါသတိထားမိတယ်..."

ကွေလိက...

"ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်ကတည်းက မင်းက ကျိုးထျန်းရှမ်နီဖြစ်နေပြီပဲ၊ မင်း ဘယ်လိုနည်းနဲ့ အတိတ်ကို ထွက်ခွာသွားတာလဲ..."

ဆန်းရှော့ရှီက...

"အရင်တုန်းက မိုးနတ်မင်းကိုယ်တိုင်လည်း အတိတ်နဲ့အနာဂတ်ကို ထိုးဖောက်သွားလာခဲ့ဖူးတယ်၊ မိုးနတ်မင်းက အချိန်နဲ့ ပတ်သက်တဲ့ လျှို့ဝှက်ရတနာတစ်ခုကို ချန်ထားခဲ့တယ်၊ အဲဒီ ရတနာကို ငါ ရခဲ့လို့ အတိတ်ကို ပြန်သွားနိုင်ခဲ့တာ၊ ပြီးတော့ ငါက ဘာလို့ ကျိုးထျန်းရှမ်နီဖြစ်လာခဲ့သလဲဆိုတော့ ထိုက်ချင်တာအိုဆရာသခင်ရဲ့ ခရမ်းရောင်ကိုးဆင့်ရွှေဆေးလုံးကို စားခဲ့လို့ပဲ..."

ကွေလိက...

"ခရမ်းရောင်ကိုးဆင့်ရွှေဆေးလုံးကို မင်း ဘယ်လိုရခဲ့တာ

လဲ..."

ဆန်းရှော့ရှီက...

"လောလောဆယ်တော့ ဒီအကြောင်းတွေ ပြောမပြနိုင်သေးဘူး

၊ ဒါပေမဲ့ မင်းသိသင့်တယ်လို့ ထင်တဲ့အရာတွေ မင်းကို ပြောပြ

ပြီးပြီ ၊ ဒီတော့ မင်း ငါ့ကို ကူညီဖို့ပဲလိုတယ်..."

ကွေလိက...

"ဒါဖြင့်ပြောပါ..."

ဆန်းရှော့ရှီက...

"မင်းတို့ ဇာမဏီနတ်ဘုရားနန်းတော်ဟာ ဘယ်တော့မှ မငြိမ်း

တဲ့ မီးတောင်တစ်ခုထက်မှာတည်ရှိတာ မဟုတ်လား ၊ အခု ငါ့

ကို အဲဒီမီးတောင်ရဲ့ ဗဟိုချက်ကို ပို့ပေးနိုင်မလား..."

ကွေလိက မျက်လုံးများကို တစ်ချက်မှေးစင်းလိုက်ရင်း...

"မင်း အဲဒီမှာ ဘာသွားလုပ်မလို့လဲ..."

ဆန်းရှော့ရှီက အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"အဲဒီနေရာမှာ ဘိုးဘေးဇာမဏီနတ်ဘုရား ချန်ထားခဲ့တဲ့ နိဗ္ဗာန မီးတောက်ရှိတယ်..."

ကွေ့လိက...

"မင်းက အဲဒီမီးတောက်နဲ့ ဘာလုပ်မလို့လဲ..."

ဆန်းရှော့ရှီက...

"ဒါတော့ ပြောပြလို့ မဖြစ်ဘူး..."

ကွေ့လိက ဆန်းရှော့ရှီကို နက်ရှိုင်းသည့်အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး...

"မင်းပြောနေတဲ့စကားတွေက မှန်လား မှားလား ငါ မဝေခွဲတတ်တော့ဘူး..."

ဆန်းရှော့ရှီက...

"ငါလည်း လက်ရှိအချိန်မှာ ဘာကိုမှ ရှင်းပြလို့ မဖြစ်သေး

ဘူး..."

ကွေလိသည် အချိန်ကြာမြင့်စွာ စဉ်းစားနေခဲ့လေသည်။

နောက်ဆုံးတွင်တော့...

"ကောင်းပြီလေ... ငါ ကူညီပါ့မယ်..."

ဆန်းရှော့ရှီက...

"ကျေးဇူးပါပဲ..."

ကွေလိသည် ချင်းရွှမ်နတ်တံခါးတွင် နှစ်ပေါင်းရာနှင့်ချီပြီး

နေထိုင်ခဲ့သူတစ်ယောက် ဖြစ်လေသည်။

ထိုအချိန်များကတည်းက ဆန်းရှော့ရှီသည် အခြားသူများကို

ကျေးဇူးတင်စကား ပြောခဲ့လှသည်။

ယခု ဆန်းရှော့ရှီထံမှ ကျေးဇူးတင်စကားကြားရလေရာ သူမ

ပြုလုပ်မည့်ကိစ္စမှာ အလွန်အမင်းအရေးကြီးနေကြောင်း

ထင်ရှားလေသည်။

ကွေလိအတွက်ကတော့ ဆန်းရော့ရှီ၏ ကိုယ်ရေးကိုယ်တာကိစ္စများကို ဆန်းလျန်လောက် စိတ်မဝင်စားပေ။ သူမ ဆန်းရော့ရှီကို ကူညီရသည့်အဓိကအကြောင်းရင်းမှာ ဆန်းလျန်ကြောင့်သာ ဖြစ်လေသည်။

ဆန်းရော့ရှီက လျှို့ဝှက်ချက်များကို မပြောပြသလို ကွေလိကလည်း မေးမြန်းခြင်းမပြုတော့ပေ။

ကွေလိက ရုတ်တရက် ပြောလိုက်သည်။

"ဒီမြစ်က ထုန်ထျန်းမြစ်လို့ခေါ်တယ်မဟုတ်လား..."

ဆန်းရော့ရှီက ခေါင်းညိတ်ပြလိုက်သည်။

ကွေလိက သက်ပြင်းချလိုက်ရင်း...

"ထုန်ထျန်းအရှင်သခင်ရဲ့ ထုန်ထျန်းလား..."

ဆန်းရော့ရှီက...

"ဟုတ်တယ်..."

ကွေ့လိက ကြည်လင်သည့်မျက်ဝန်းများဖြင့် အဆုံးမရှိသည့် ထုန်ထျန်းမြစ်ကို မျှော်ကြည့်လိုက်လေသည်။

သူမ၏ မျက်ဝန်းထဲတွင် ရေများစီးဆင်းနေခြင်းကို မတွေ့မြင်ရတော့ဘဲ အဆုံးမရှိသည့် ဓားဝိညာဉ်များ စီးဆင်းနေသည်ကို တွေ့မြင်လိုက်ရသည်။

အဆုံးမရှိသည့် ထုန်ထျန်းမြစ်တစ်ခုလုံးသည် ဓားဝိညာဉ်များ စီးဆင်းရာ မြစ်ကြီးတစ်ခုသာ ဖြစ်လေတော့သည်။

ဓားဝိညာဉ်များ ပေါင်းစပ်သွားသည့်အခါ မြစ်ရေပြင်ကြီး ဖြစ်သွားရခြင်းဖြစ်သည်။ ထိုသို့သော မြစ်ထဲတွင်ပင် နေထိုင်သည့် သတ္တဝါများ ရှိနေကြဆဲပင်။

ဓားဝိညာဉ်ဆိုသည်က သတ်ဖြတ်လိုသည့် အငွေ့အသက်များရှိသော်လည်း ဓားဝိညာဉ်မြစ်ကြီး စီးဆင်းသွားသည့်အခါတွင်တော့ အသက်ဓာတ်စွမ်းအားများ ဖြစ်တည်လာလေသည်။

သေခြင်းမှ ရှင်သန်ခြင်းဆီသို့ ကူးပြောင်းသွားသည့် လျှို့ဝှက်ချက်တစ်ခုကို ထုန်ထျန်းမြစ်တွင် တွေ့မြင်နိုင်လေသည်။ ဆန်းလျန်သာ တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာလျှင် မည်မျှကောင်းပါမည်နည်းဟု ကွေလိသည် မဆီမဆိုင် တွေးလိုက်မိလေသည်။

ကွေလိက တိုးတိတ်သည့်လေသံဖြင့်...

"ထုန်ထျန်းမြစ်ရဲ့ ဇာစ်မြစ်ကို မင်းသိလား..."

ဆန်းရှော့ရှီက...

"အင်း... သိတယ်၊ တာအိုဆရာချီဟာန် ဗုဒ္ဓဘာသာထဲကိုဝင်ခဲ့ပြီးတဲ့နောက် ဗုဒ္ဓဘာသာရဲ့ ကြီးမြတ်တဲ့ ဗောဓိသတ္တ (၄)ပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ ကွမ်ယင်မယ်တော် ဖြစ်လာခဲ့တယ်၊ အဲဒီနောက် ဒီထုန်ထျန်းမြစ်ကမ်းနံဘေးမှာ ကွမ်ယင်မယ်တော်နဲ့ ထုန်ထျန်းအရှင်သခင်တို့ တိုက်ခိုက်ခဲ့ကြတယ်..."

"ထုန်ထျန်းအရှင်သခင်ဟာ ထိုက်စန့်တာအိုဆရာသခင်ရဲ့ ကိုယ်ခွဲတစ်ခုပဲ ၊ သူက အရမ်းကို လျှို့ဝှက်ဆန်းကျယ်လွန်းတယ် ၊ ဓားတစ်လက်လိုလည်း ထက်ရှလွန်းတယ် ၊ သူတို့ (၂)ယောက် တိုက်ပွဲမှာ ထုန်ထျန်းအရှင်သခင်က ကွမ်ယင်မယ်တော်ကို တစ်ခါတည်း သံသယာလည်ခြင်းစက်ဝန်းဆီ ပို့ပေးလိုက်တယ် ၊ အဲဒီနောက် ဒီမြစ်ထဲမှာ ထုန်ထျန်းအရှင်သခင်ရဲ့ ဓားဝိညာဉ်စွမ်းအားတွေ ကျန်ရစ်ခဲ့တယ်... ၊ နှစ်ပေါင်းများစွာ ကြာခဲ့ပေမယ့် ဒီမြစ်ကတော့ မပြောင်းမလဲ စီးဆင်းနေခဲ့တယ်..."

ကွေ့လိက...

"နှစ်ပေါင်းများစွာကြာခဲ့လည်း ဒီမြစ်ကတော့ ထိုက်စန့်တာအိုဆရာသခင်လို မပြောင်းမလဲ ကျန်ရှိနေခဲ့တာပေါ့..."

ဆန်းရှော့ရှီက...

"အင်း... ဟုတ်တယ် ၊ ထိုက်စန့်တာအိုဆရာသခင်လိုပဲပေါ့..."

ထိုက်စန့်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်းဆိုသည်က မမြင်နိုင်မတွေ့နိုင်သည့်တိုင် နေရာတိုင်းတွင် ရှိနေနိုင်လေသည်။

ကွေလိက...

"ဆန်းလျန်လည်း အပြာရောင်ခရီးရှည်နန်းတော်ကို အုပ်ဆိုးခဲ့သေးတယ်လေ ၊ ငါတွေးနေခဲ့တာ ဆန်းလျန်သာ စန့်ချင်တာအိုဆရာသခင်လို တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သွားရင် ကွမ်ရင်မယ်တော်နဲ့ ရင်ဆိုင်ရဦးမလား မသိဘူးနော်..."

ဆန်းရှော့ရှီက...

"အင်း... ဟုတ်တယ်..."

ကွေလိသည် အခြားအကြောင်းအရာများကို ပြောနေခဲ့သော်လည်း ဆန်းလျန် ဤလောကတွင် ပြန်လည်ရောက်ရှိနေခဲ့ပြီဆိုသည့်အချက်ကို ဆန်းရှော့ရှီကို ပြောပြခဲ့ခြင်း မရှိပေ။

ထို့နောက် သူတို့ (၂)ယောက်သည် အလင်းတန်းများအဖြစ် ပြောင်းလဲကာ ထုန်ထျန်းမြစ်ကမ်းနံဘေးမှ ပျောက်ကွယ်သွားကြလေတော့သည်။

....

ဟယ်ရှန်းက...

"ဆရာ... ဟိုမှာကြည့်ပါဦး ၊ ကောင်းကင်ပေါ်မှာ အလင်းတန်း (၂)ခု လင်းလာတာ ၊ နတ်ဘုရားတွေလား မသိဘူး..."

ကျောက်ရှောင်ယွီက ထိုအလင်းတန်း (၂)ခုကို တွေ့လိုက်သည်နှင့် ကွေလိနှင့် ဆန်းရော့ရှီဖြစ်ကြောင်း ချက်ချင်း သိရှိလိုက်သည်။

သို့သော်... သူမက ဆန်းလျန်ကို ပြောပြခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော်... လက်ရှိအခြေအနေတွင် ဆန်းလျန်သည် လူပေါင်းများစွာနှင့် တွေ့ဆုံရန် မသင့်တော်သေးဟု သူမက ယူဆထားသည်။

ဆန်းလျန်က အလင်းတန်း (၂)ခု ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေပြီးမှ...

"သူတို့ (၂)ယောက်ကို ကျုပ်သိနေသလိုပဲ..."

ကျောက်ရှောင်ယွီက ခေါင်းညိတ်ပြလိုက်သည်။

ဆန်းလျန်က...

"အတိတ်ကအကြောင်းတွေကို ကျုပ်ပြန်သိနိုင်မှာပါ..."

ကျောက်ရှောင်ယွီက...

"အတိတ်က ဖြတ်တောက်ခြင်းခံခဲ့ရပြီမဟုတ်လား ၊ ဘာလို့ စိတ်ရှုတ်ခံပြီး ပြန်သိအောင် ကြိုးစားနေဦးမှာလဲ..."

ဆန်းလျန်က...

"ကျုပ်ဘယ်လိုလူစားလဲဆိုတာ မင်းအသိဆုံးပါ ၊ တကယ်တမ်း အတိတ်ကို ဖြတ်တောက်ခံခဲ့ရတယ်ဆို ရင်တောင်မှ ကျုပ်ကတော့ လက်လျှော့မှာ မဟုတ်ဘူး ..."

ကျောက်ရှောင်ယွီက...

"ရှင်က အမြဲတမ်း ဆန်းလျန်ပါပဲ ၊ ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး..."

ဆန်းလျန်က ကျောက်ရှောင်ယွီကို စကားပြန်မပြောတော့ဘဲ အရှေ့ဆီမှ တောအုပ်ကြီးကိုသာ စိတ်ဝင်တစားနှင့် ငေးစိုက်ကြည့်နေလေသည်။

မှောင်မှိုင်းနေသည့် အလင်းရောင်ပျပျအောက်တွင် ငှက်များ ရုတ်တရက် ပျံသန်းထွက်ခွာသွားကြလေသည်။

ကောင်းကင်ထက်ရှိ နဂါးငွေ့တန်းက ယခင်ကထက်ပိုပြီး တောက်ပလာသည်။ တောအုပ်ကြီးအတွင်းမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များက တက်လိုက်ကျလိုက်ဖြင့် ထွက်ပေါ်လာလေသည်။

သတ်ဖြတ်လိုသည့်အငွေ့အသက်များမှာ အလွန်မှကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ကျောက်ရှောင်ယွီက...

"ကောင်းကင်မှာ သတ်ဖြတ်လိုတဲ့ အငွေ့အသက်တွေမြင့်တက်နေရာ ကြယ်စင်တွေ တိုက်ခိုက်နေကြလို့ပဲ ၊ လူ့လောကမှာ သတ်ဖြတ်လိုတဲ့အငွေ့အသက်တွေမြင့်တက်နေရင်တော့ နဂါးနဲ့မြွေရဲ့ တိုက်ပွဲ စတင်တော့မယ် ၊ လူတစ်ယောက်မှာ သတ်ဖြတ်လိုတဲ့အငွေ့အသက်တွေမြင့်တက်လာရင်တော့ မိုးမြေတစ်ခုလုံး ပြောင်းပြန်လှန်ပစ်တော့မယ် ၊ မေးပါရစေ... အဲဒီက တာအိုမိတ်ဆွေက ဘယ်သူများလဲ..."

ကျောက်ရှောင်ယွီ၏ အမေးစကားဆုံးသွားသည်နှင့် တောအုပ်အတွင်းမှ လူတစ်ယောက် ထွက်လာလေသည်။

ထိုသူမှာ အရပ်မြင့်မြင့် ၊ ပခုံးများကကျယ်ပြန့်ပြီး ၊ ကျောပြင်က ပြည့်ဖြိုးလေသည်။

လရောင်အောက်တွင် ထိုသူ၏မျက်နှာကိုတွေ့မြင်လိုက်ရသည်။

လူတစ်ယောက်၏ မျက်နှာမဟုတ်ဘဲ အနက်ရောင်ဝက်ဝံခေါင်း

ကြီးတစ်ခု ဖြစ်နေလေသည်။

ထိုသူက သွားများကိုဖြဲကာ ပြုံးပြလိုက်လေသည်။

သူ၏မျက်ဝန်းများတွင် ဒေါသတရားများကို မတွေ့ရပေ။

သို့သော် သူ၏မျက်ဝန်းများက အဆုံးမရှိသည့် တွင်းနက်ကြီး

အလား နက်ရှိုင်းလွန်းလှသည်။

ထိုသူသည် လူတစ်ယောက်မဟုတ်ပေ။ လူတစ်ယောက်ကဲ့သို့

လမ်းလျှောက်နေသည့် ဝက်ဝံကြီးတစ်ကောင်သာ ဖြစ်လေ

သည်။

နတ်မိစ္ဆာများသည် မိုးကြိုးပစ်အစစ်ဆေးခံပြီးသည့်အခါ

လူသားအသွင်ပြောင်းလဲနိုင်ကြလေသည်။ သို့သော်...

မိုးကြိုးပစ်အစစ်ဆေးခံပြီးသည့်တိုင် လူသားအသွင်မ

ပြောင်းလဲနိုင်သည့် နတ်မိစ္ဆာများလည်း ဒုနှင့်ဒေးပင် ရှိကြ

သည်။

သူတို့ရှေ့မှ ဝက်ဝံကြီးသည်လည်း မိုးကြိုးပစ်အစစ်ဆေးခံပြီး သည့်တိုင် လူသားအသွင် ပြောင်းလဲနိုင်ခြင်းမရှိသည့် နတ်မိစ္ဆာ တစ်ပါး ဖြစ်ဟန်တူလေသည်။

သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုက်သည့် အငွေ့အသက်များကြောင့် လမင်းနှင့် ကြယ်စင်များပင် တုန်လှုပ်နေသည့်အလား ထင်မှတ်ရလေသည်။

ဝက်ဝံကြီးကိုကြည့်ပြီး ကျောက်ရှောင်ယွီကဲ့သို့ အဆင့်မြင့်နတ် ဘုရားတစ်ပါးသည်ပင်လျှင် အနည်းငယ် ကြောက်ရွံ့သလို ဖြစ်လာမိသည်။

ကျောက်ရှောင်ယွီနှင့် ဆန်းလျန် တစ်ယောက်မျက်နှာတစ် ယောက် ကြည့်လိုက်ကြသည်။ ထိုဝက်ဝံကြီး မည်သူဖြစ်သည် ကို ချက်ချင်းသိရှိလိုက်ကြလေသည်။

ဝက်ဝံကြီးက သူတို့ရှေ့ ပေ (၁၀၀)အကွာတွင် ခြေလှမ်းများ ရပ်တန့်လိုက်သည်။

သူ၏မျက်ဝန်းများက ဟယ်ရှန်းနှင့် ကျောက်ရှောင်ယွီကို မ

ကြည့်ဘဲ ဆန်းလျန်ကိုသာ တည့်တည့်စိုက်ကြည့်နေသည်။

ဝက်ဝံကြီးက...

"ကွမ်ယင်မယ်တော်ရဲ့အမိန့်နဲ့ ဆန်းလျန်ထျန်းကျွင်းကို ချောင်

ယင်းဂူကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်..."

ဆန်းလျန်က...

"လက်စသတ်တော့ မင်းက ဖူထော်တောင်က ဝက်ဝံသခင်

ကိုး..."

(ဖူထော်တောင်ဆိုသည်မှာ ကွမ်ယင်မယ်တော်နေထိုင်သည့်

တောင်ဖြစ်ပါသည် - ဘာသာပြန်သူ)

အခန်း (၈၁၃) ထျန်းပော်ထုန်ရန်

အနက်ရောင်ဝက်ဝံကြီးက အော်ဟစ်ရယ်မောလိုက်ရင်း...

"သေချာတာပေါ့..."

ဟု ပြန်ပြောလိုက်သည်။

သူရယ်လိုက်သည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ရွှေရောင်လေလှိုင်းများဖြာထွက်လာပြီး ကောင်းကင်ထက်မှ တိမ်တိုက်များပင် လွင့်စင်ထွက်သွားကြသည်။

အဝေးတစ်နေရာမှ မိုးသောက်ပန်းများသာမက လမင်းနှင့်ကြယ်စင်များပင် မှေးမှိန်သွားသည့်အလား ထင်မှတ်ရသည်။

ဟယ်ရှန်းမှာ ကြောက်ရွံ့လွန်းသည့်အတွက် တစ်ကိုယ်လုံးတုန်လှုပ်နေပြီး သေတော့မည့်အလား ခံစားနေရလေသည်။

သို့သော်... သူမလက်ထဲတွင်ကိုင်ထားသည့် ကြာပန်းမှ ဝိညာဉ်

စွမ်းအားများထွက်ပေါ်လာကာ သူမကို ကာကွယ်ပေးထား

လိုက်လေသည်။

ဆန်းလျန်က ဝက်ဝံကြီးကို စိုက်ကြည့်ရင်း တစ်ချက်ရယ်မောလိုက်လေသည်။

ဆန်းလျန်၏ ရယ်သံက ဝက်ဝံကြီး၏ ရယ်သံကို ဖုံးလွှမ်း

ဖျက်ဆီးပစ်လိုက်လေသည်။

ဆန်းလျန်၏ ရယ်သံသည် နွေဦးလေပြေအလားဖြစ်

သော်လည်း လောကတစ်ခုလုံးကို သုတ်သင်ပစ်တော့မည့်

သတ်ဖြတ်လိုသည့်အငွေ့အသက်များ ထွက်ပေါ်နေသည်။

ဆန်းလျန်က...

"ဗုဒ္ဓဘာသာမှာ စကားလုံး(၆)လုံးပါတဲ့ ဂါထာတစ်ခုရှိတယ်၊

အဲဒီဂါထာကိုအသုံးပြုပြီး ရယ်မောလိုက်မယ်ဆိုရင် သာမန်

ရယ်သံနဲ့ဆင်တူပေမယ့် ဘယ်ကျင့်ကြံသူမှ ခုခံနိုင်မယ်မထင်

ဘူး၊ တကယ့်ကို တန်ခိုးစွမ်းအားမြင့်မားတာပါပဲ..."

ဝက်ဝံသခင်က…

"ဒီလောက်ပညာလေးကို ချီးကျူးမနေပါနဲ့၊ ဆန်းလျန်ထျန်း ကျွင်းလိုလူတစ်ယောက်နဲ့ယှဉ်လိုက်ရင် ကျုပ်က ဘာကောင်မှ မဟုတ်ပါဘူး…"

ဝက်ဝံသခင်က ဆန်းလျန်ကို သူ့ထက်ပိုတော်သည်ဟု ပြောနေသည့်တိုင် ဆန်းလျန်ကို တစ်စက်ကလေးမှ ကြောက်ရွံ့ဟန်မပြပေ။

ဝက်ဝံသခင်၏ ဝိညာဉ်နှင့် တန်ခိုးစွမ်းအားများက တစ်သားတည်းပေါင်းစပ်နေပြီး ရုပ်ခန္ဓာက နတ်ဘုရားခန္ဓာဖြစ်သလို ဝိညာဉ်ကလည်း နတ်ဘုရားဝိညာဉ်ဖြစ်လေသည်။ သူ့တွင် ရုပ်ခန္ဓာ၊ စိတ်ဝိညာဉ်၊ တန်ခိုးစွမ်းအား (၃)ခုသည် တစ်သားတည်းကျနေလေသည်။

ထိုကျင့်စဉ်သည် အစွန်းရောက်ကျင့်စဉ်တစ်ခုဖြစ်ပြီး အသက်ဓာတ်စွမ်းအား (၅)မျိုးကို တစ်မျိုးတည်းဖြစ်အောင် ပေါင်းစပ်ကျင့်ကြံရသည့် ကျင့်စဉ်ဖြစ်လေသည်။

ဆန်းလျန်သည် လေထဲသို့ ခုန်ဝင်သွားပြီး ဝက်ဝံသခင်ကို ရင်ဆိုင်လိုက်လေသည်။

သူတို့၏ တိုက်ပွဲသည် နတ်ဘုရားများကိုပင် ထိတ်လန့်စေသည့် တိုက်ပွဲ ဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။

ကျောက်ရှောင်ယွီက ဟယ်ရှန်းကိုခေါ်ကာ ဘေးလွတ်ရာ အဝေးတစ်နေရာသို့ ဆုတ်ခွာသွားလေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်ထံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်ပေါ်လာပြီး ဝက်ဝံသခင်ကို ထိန်းချုပ်ရန် ကြိုးစားလိုက်သည်။

သို့သော်... ဝက်ဝံသခင်က အရေးစိုက်ခြင်းမရှိဘဲ အသာလေးပင် ရှောင်တိမ်းလိုက်သည်။

ဝက်ဝံသခင်ဆိုသည်က နတ်မိစ္ဆာတစ်ပါးဖြစ်လင့်ကစား ကွယ်ယင်မယ်တော်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်လေရာ ခေသူတစ်ယောက်တော့ မဟုတ်ပေ။

အတိတ်နှင့်အနာဂတ်ကို သိမြင်နိုင်သူတစ်ယောက် ဖြစ်သည့် အပြင် တန်ခိုးစွမ်းအားအရာတွင်လည်း ထိပ်တန်းအဆင့် ဖြစ်လေသည်။

ဆန်းလျန်က...

"ဝက်ဝံသခင် ၊ အခုနေ နောက်ပြန်ဆုတ်မယ်ဆိုရင် မင်းကို ကျုပ် အလွတ်ပေးလိုက်မယ်..."

ဝက်ဝံသခင်က ရယ်မောလိုက်ရင်း...

"ဆန်းလျန်ထျန်းကျွင်းလည်း ကျုပ်နဲ့ အသာတကြည်လိုက်ခဲ့မယ်ဆိုရင် အချိန်မီသေးတယ်နော် ၊ မဟုတ်ရင် ကျုပ် တိုက်ခိုက်ပြီးမှ ဖမ်းခေါ်သွားရရင် မျက်နှာပူစရာတွေ ဖြစ်ကုန်မယ်..."

ဝက်ဝံသခင်ပြောသည့်စကားလည်း မမှားပေ။

သူတို့ (၂)ယောက်လုံး နောက်ဆုတ်ကြမည့် သူများမဟုတ်ပေ။

တိုက်ခိုက်ကြမည့်သူများ ဖြစ်လေသည်။

ဝက်ဝံသခင်ရော ဆန်းလျန်ပါ စကားဆက်ပြောခြင်း မရှိတော့

ပေ။

ကောင်းကင်တစ်ခုလုံးတွင် ဝက်ဝံလက်သည်းရာများဖြင့် ပြည့်

နက်သွားသည်။ ဆန်းလျန်သည် ဝက်ဝံလက်သည်းများကို

ရှောင်တိမ်းရင်း ဝက်ဝံသခင်၏ အဆုံးမရှိသည့် တန်ခိုး

စွမ်းအားပင်လယ်ထဲတွင် နစ်မြုပ်လျှက်ရှိသည်။

ဝက်ဝံလက်သည်းများသည် ဆန်းလျန်ကို အရှေ့ ၊ အနောက် ၊

တောင် ၊ မြောက် ၊ အထက် ၊ အောက် ပိတ်ဆို့ထားလေသည်။

ဆန်းလျန်၏ခန္ဓာကိုယ်မှ ကြည်လင်သည့်နတ်ဘုရား

အလင်းတန်းများ လင်းလက်နေလေသည်။ ထိုအလင်းတန်း

များသည် ဆန်းလျန်၏ သွေးကြောက်ဆုံချက်နေရာတိုင်းမှ

ထွက်ပေါ်နေခြင်းဖြစ်ပြီး နတ်ဘုရားအလင်းတန်းတစ်ခုစီတိုင်းတွင် ထူးဆန်းသည့် တန်ခိုးစွမ်းအား တစ်ခုစီ ပါရှိလေသည်။ ဝက်ဝံသခင်၏ သတ်ဖြတ်လိုသည့် အငွေ့အသက်များကြားတွင် ဆန်းလျန်သည် မည်သည့်အခါမှ ပျောက်ကွယ်မသွားတော့မည့် ပန်းတစ်ပွင့်အလား ၊ မည်သည့်အခါမှ ပြိုကျမည်မဟုတ်သည့် တောင်တစ်တောင်အလား ဖြစ်လေသည်။ ဝက်ဝံသခင်၏ လက်ဝါးရိုက်ချက်များ ၊ လက်သည်းကုတ်ချက်များက ဆန်းလျန်ဆီသို့ မရေမတွက်နိုင်အောင် ဝင်ရောက်လာလေသည်။ သို့သော်... သူ၏ တန်ခိုးစွမ်းအားများသည် ဆန်းလျန်အတွက်တော့ အကန့်အသတ်ရှိလေသည်။ ဆန်းလျန်က ဝက်ဝံသခင်၏ တိုက်ခိုက်မှုအားလုံးကိုရှောင်တိမ်းခြင်းမရှိဘဲ လက်ခံလိုက်လေသည်။ ဝက်ဝံသခင်၏ လက်ဝါးရိုက်ချက်သည် ဆန်းလျန်ကို ထိမှန်သွားသည်။ ထိုအခါ ဆန်းလျန်ဆီမှ ကြီးမားသည့်တန်ခိုး

စွမ်းအား တုံ့ပြန်မှုကြီးတစ်ခု ထွက်ပေါ်လာပြီး ဝက်ဝံသခင်

နောက်ပြန်လန် လဲကျလုမတတ် ဖြစ်သွားရသည်။

ဝက်ဝံသခင်က ချက်ချင်းပင် အော်ဟစ်ရယ်မောလိုက်သည်။

သူ၏ရယ်သံထွက်ပေါ်လာသည်နှင့် မိုးမြေတစ်ခုလုံး တုန်လှုပ်

သွားသည့်အလား ခံစားလိုက်ရသည်။ ဝက်ဝံသခင်၏

ခန္ဓာကိုယ်မှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး

ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာသည်။

ရွှေရောင်အလင်းတန်းများသည် ကောင်းကင်တစ်ခုလုံးကို

လွှမ်းခြုံသွားလေသည်။

....

ဖူထော်တောင် ၊ ချောင်ယင်းဂူ...။

ကွမ်ယင်မယ်တော်သည် တံငါသည်မိန်းမပျိုပုံစံမျိုး ဝတ်ဆင်

ထားပြီး အေးအေးဆေးဆေး လက်ဖက်ရည်ကြမ်း သောက်နေ

လေသည်။

ကွမ်ယင်မယ်တော်နှင့် မျက်နှာချင်းဆိုင်တွင် အမွေးထူထူဖြင့် ရွှေရောင်ဝတ်ရုံကိုခြုံထားသည့် မျောက်တစ်ကောင် ထိုင်နေလေသည်။ ထိုမျောက်၏ ရွှေမျက်စံမီးမျက်စိများက လျှပ်စီးအလား တဖျတ်ဖျတ်လက်နေလေသည်။

မျောက်က...

"မယ်တော်... လောင်စွန်းက တကူးတက မယ်တော်ဆီကိုလာလည်တာ ၊ ဒီလောက် အရသာဆိုးတဲ့ လက်ဖက်ရည်ကြမ်းနဲ့ ဧည့်ခံရသလား..."

မိမိကိုယ်ကို လောင်စွန်းဟု သုံးနှုန်းသည့် ထိုမျောက်ကား အခြားသူမဟုတ်ပေ။ စွန်းဝူခုံးပင် ဖြစ်တော့သည်။

ကွမ်ယင်မယ်တော်က...

"ဒီလက်ဖက်ရည်ကြမ်းက ဘယ်လောက်ကောင်းလဲဆိုတာ မင်းမသိဘူး..."

ဝူခုံးက ကွမ်ယင်မယ်တော်၏စကားကို လက်မခံလိုသည့်ဟန်ဖြင့် ဟိုကြည့်ဒီကြည့်လုပ်နေလေသည်။

ဝူခုံး၏ ရွှေမျက်စံမီးမျက်စိများက တစ်လက်လက်တောက်ပနေပြီး အရာအားလုံးကို ထိုးဖောက်သိမြင်နိုင်စွမ်း ရှိလေသည်။ သို့သော်... ကွမ်ယင်မယ်တော်နေထိုင်သည့် ချောင်ယင်းဂူတွင်တော့ မည်သည့်နေရာကိုမှ ထိုးဖောက်ကြည့်မြင်နိုင်ခြင်း မရှိပေ။

ဝူခုံးက စိတ်ပျက်သွားဟန်ဖြင့်...

"ဒီလောက်နှစ်တွေကြာတာတောင် မယ်တော်ရဲ့ နေရာမှာ စားကောင်းမယ့် အစားအသောက်လေးဘာလေး နည်းနည်းမှ မရှိဘူးလား..."

ကွမ်ယင်မယ်တော်က...

"ဘာမှမရှိတော့ ဘာမှ မဆုံးရှုံးရတော့ဘူးပေါ့..."

ဝူခုံးက ရယ်မောလိုက်ရင်း...

"တော်ပြီ... မယ်တော်နဲ့ ပြိုင်ငြင်းမနေတော့ဘူး ၊ လောင်စွန်း

မေးချင်တာက အားလော်ဟယ်ကို စွဲဆောင်ဖို့အတွက်

မယ်တော်ရဲ့ကိုယ်ခွဲ တံငါသည်မိန်းကလေးကို ဘာလို့ စေလွှတ်

လိုက်ရတာလဲ..."

ကွမ်ယင်မယ်တော်က...

"အားလော်ဟယ်ကို စွဲဆောင်ဖို့ မဟုတ်ပါဘူး ၊ အားလော်ဟယ်

ဆီမှာ မေးခွန်းတစ်ခု မေးဖို့ သူ့ကိုလွှတ်လိုက်တာ..."

ဝူခုံးက...

"ဘာမေးခွန်းမေးဖို့လဲ..."

ကွမ်ယင်မယ်တော်က...

"ဝူခုံး သေပြီလားဆိုတဲ့ မေးခွန်း..."

ဝူခုံးက...

"အဲဒီတော့ အားလော်ဟယ်က ဘာပြန်ဖြေလိုက်သလဲ..."

ကွမ်ယင်မယ်တော်က...

"ဂူခုံးဖြစ်မှတော့ ဘယ်လိုလုပ်သေမလဲကွာ...တဲ့"

ကွမ်ယင်မယ်တော်၏ စကားကိုကြားသည်နှင့် ဂူခုံးက လက်ခုပ်လက်ဝါးတီးကာ ခုန်စွခုန်စွဖြင့် ရယ်မောလေတော့သည်။

"ဟဲဟဲဟဲ... တော်လိုက်တဲ့ အားလော်ဟယ်..."

ကွမ်ယင်မယ်တော်က...

"ဂူခုံး ဂူခုံး... ၊ လောကမှာ အရာအားလုံးက အနတ္တပါပဲ ၊ ဒါပေမဲ့ လောကမှာ ဆန်းလျှန်ကို တာအိုဆရာသခင်ကြီး တစ်ပါးဖြစ်မလာအောင် တားဆီးနိုင်မယ့်သူ တစ်ယောက်ရှိမယ်ဆိုရင် အဲဒီလူက မင်းပါပဲ..."

ဂူခုံးက...

"လောင်စွန်းလုပ်မှ ဖြစ်မှာလား..."

ဂူခုံး ရယ်မောခြင်းမရှိတော့ပေ။

ချက်ချင်းပင် သူ့မျက်နှာက မှိုင်တွေသွားလေသည်။

ကွမ်ယင်မယ်တော်က...

"အခု ဆန်းလျန်ကို ဒီကိုခေါ်ခဲ့ဖို့ ဝက်ဝံသခင်ကို လွှတ်လိုက်တယ်။ လောကမှာ ဝက်ဝံသခင်ကို ယှဉ်နိုင်တဲ့သူ သိပ်မရှိဘူး။ ဆန်းလျန်ထျန်းကျွင်း ရောက်လာမလားဆိုတာ ကြည့်ကြတာပေါ့..."

ဝူခုံးက...

"ဒါဖြင့်လည်း စောင့်ကြည့်ကြတာပေါ့..."

ဝူခုံးနှင့် ကွမ်ယင်မယ်တော်တို့က တန်ခိုးစွမ်းအားများကို အသုံးပြုကာ ဝက်ဝံသခင်နှင့် ဆန်းလျန်၏ တိုက်ပွဲကို ကြည့်ရှုနေလိုက်ကြသည်။

ဆန်းလျန်သည် ကွမ်ယင်မယ်တော်နှင့် တစ်ခါမှ ဆုံတွေ့ခဲ့ဖူးခြင်း မရှိသော်လည်း သူမ မည်မျှ တန်ခိုးစွမ်းအား မြင့်မားသည်ကို သိရှိပြီးသား ဖြစ်လေသည်။

ထို့ပြင် သူရှိသည့်နေရာကို ခန့်မှန်းနိုင်သူမှာ ကွမ်ယင်မယ်တော် တစ်ပါးတည်းသာ ရှိသေးသည်ကို ကြည့်ခြင်းအားဖြင့် ကွမ်ယင်မယ်တော် မည်မျှ ကြောက်မက်ဖွယ်ရာဖြစ်သည်ကို သိနိုင်လေသည်။

ထို့ကြောင့် ဝက်ဝံသခင်နှင့် မတိုက်ခိုက်လိုသည့်တိုင် ဆန်းလျန် တိုက်ခိုက်နေရခြင်း ဖြစ်သည်။

ဝက်ဝံသခင်၏ အစွမ်းမှာလည်း ဆန်းလျန်အနေဖြင့် လျှော့တွက်နိုင်သည့် အနေအထားမျိုး မဟုတ်ပေ။

ဝက်ဝံသခင်က သူ၏ခန္ဓာကိုယ်ကြီးကို တစ်ချက်လှုပ်ခါလိုက်လေရာ နဂါးငွေပတန်းက သူ၏ ခန္ဓာကိုယ်ကို လှည့်ပတ်သွားလေသည်။

လူများအားလုံး နဂါးငွေ့တန်းအလွန်တောက်ပနေသည်ကို ယနေ့ညတွင် တွေ့မြင်ကြရမည်ဖြစ်ပြီး ကောင်းကင်တစ်ခုလုံး

မှ ကြယ်စင်တန်ခိုးစွမ်းအားများသည် ယွမ်ကျိုးနယ် မြောက်ပိုင်းဒေသသို့ ဆင်းသက်လာကြလေသည်။

ဆန်းလျန်၏ မျက်ဝန်းများ တစ်ချက်လင်းလက်သွားလေသည်။

ထိုမျက်ဝန်းများထဲတွင် လှည့်ပတ်နေသည့် ဒြပ်စင်စွမ်းအား (၈)မျိုးကို မြင်တွေ့ရမည် ဖြစ်လေသည်။

ဆန်းလျန်က ဝက်ဝံသခင်သည် သူ့ခန့်မှန်းထားသည်ထက်ပိုပြီး ကြောက်မက်ဖွယ်ရာဖြစ်သည်ကို သိရှိလိုက်ပြီး ရန်သူ၏တန်ခိုးစွမ်းအားများကို တိတ်တဆိတ်လေ့လာနေလေသည်။

ထို့နောက် ဆန်းလျန်က ယိလမ်းစဉ်ကို ထုတ်ဖော်အသုံးပြုလိုက်သည်နှင့် အရာအားလုံးက ပြောင်းလဲသွားလေသည်။

လေထုတစ်ခုလုံး ရုတ်တရက် အေးခဲသွားပြီး ဆန်းလျန်ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်၏နေရာတွင် နောက်ထပ် ဝက်ဝံသခင်တစ်ပါး ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ကြရလေတော့သည်။

ဆန်းလျန်အသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားမှာ "ထျန်းဟော်ထုန်ရန်" တန်ခိုးစွမ်းအားဖြစ်ပြီး ပြိုင်ဘက်ကို တန်ပြန်တိုက်ခိုက်ရန်အတွက် အသင့်တော်ဆုံး နည်းလမ်းဖြစ်လေ၏။

အခန်း (၈၁၄) တထာဂတသဿစည်းတံဆိပ်

ညဏ်ရည်ထက်မြက်ပြီး မြင့်မြတ်သည့် ဗောဓိသတ္တ (သို့မဟုတ်) နတ်ဘုရားတစ်ပါးပင်လျှင် မည်သူက ဝက်ဝံသခင်အစစ်၊ မည်သူက ဆန်းလျန်ဖြစ်သည်ကို ခွဲခြားနိုင်မည်

မဟုတ်ပေ။ စိတ်စွမ်းအားနှင့် ကြည့်လျှင်တော့ သိရှိနိုင်မည်ဖြစ်သည်။

ဆန်းလျန်အသုံးပြုလိုက်သည့် ယိလမ်းစဉ်မှာ ကြောက်မက်ဖွယ်ရာအတိဖြစ်ပြီး တန်ခိုးစွမ်းအားအနှစ်သာရများကိုပင် ပြောင်းလဲပစ်နိုင်စွမ်း ရှိလေသည်။

ဆန်းလျန်သည် ယခုတော့ဝက်ဝံသခင်နှင့် ခွဲမရအောင် တူညီသည့် ပုံစံမျိုး ဖန်ဆင်းထားလေသည်။

ဆန်းလျန်၏ "ထျန်းဟော်ထုန်ရန်" တန်ခိုးစွမ်းအားသည် ထျန်းကန်းပုံပြောင်းပညာနှင့်ယှဉ်လျှင်တောင်မှ အလှည့်အပြောင်းပိုမိုများပြားပြီး စေ့စပ်သေချာကာ အနှစ်သာရပြည့်ဝလေသည်။

သို့သော်... ဆန်းလျန်၏ တန်ခိုးစွမ်းအားအလှည့်အပြောင်းများ မည်မျှပင်မြင့်မားပါစေ ဝက်ဝံလူသားကလည်း သူ၏

တန်ခိုးစွမ်းအားများကို သိပ်သည်းသည်ထက်သိပ်သည်း
အောင် လုပ်ဆောင်နိုင်စွမ်းရှိလေသည်။

ဝက်ဝံလူသားသည် ရုပ်ခန္ဓာ ၊ စိတ်ဝိညာဉ် ၊ တန်ခိုးစွမ်းအား
များကို တစ်သားတည်းပေါင်းစပ်သည့်ကျင့်စဉ်ကို ကျင့်ကြံ
ထားသူ ဖြစ်လေရာ စကြာဝဠာတစ်ခုလုံးတွင် သူ့ကိုယ်သူသာ
ဗဟိုပြုသည့် ထူးဆန်းသည့် နတ်မိစ္ဆာတစ်ပါး ဖြစ်လေသည်။
ကောင်းကင်ထက်မှ ကြယ်စင်များ၏ တန်ခိုးစွမ်းအားသည်
အကန့်အသတ်မရှိပေ။ ထိုကြယ်စင်များအားလုံးသည်ပင်
ဝက်ဝံလူသားကို ဗဟိုပြုခဲ့ကြရသည်ကို မျက်ဝါးထင်ထင် တွေ့
မြင်ခဲ့ကြရပြီ မဟုတ်ပါလား။

ဝက်ဝံနတ်ဘုရားသည် အကန့်အသတ်မဲ့ပြီး လွှမ်းမိုးချုပ်ကိုင်
နိုင်စွမ်းများ မြင့်တက်လာလေသည်။ လောကတစ်ခုလုံးမှာ
လည်း တုန်လှုပ်လျှက်ရှိလေ၏။

ဝက်ဝံသခင်သည် မြေပြင်ထက်တွင် မြင့်မြင့်မားမား မတ်တတ်ရပ်နေပြီး လေထဲသို့ လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။

လေထုထဲတွင် လက်သီးရိပ်များ အဆက်မပြတ်ဖုံးလွှမ်းသွားလေသည်။

အဝေးတစ်နေရာတွင် ကျောက်ရှောင်ယွီ၏ ကာကွယ်ပေးမှုအောက်တွင် တိုက်ပွဲကို ကြည့်နေသည့် ဟယ်ရှန်းသည်ပင် ဝက်ဝံသခင်၏ ကျယ်လောင်သည့် နှလုံးခုန်သံကြီးကို ကြားလိုက်ရပြီး သူမ၏ကိုယ်ထဲမှ သွေးများ ပေါက်ကွဲထွက်တော့မည့်အလား ခံစားလိုက်ရသည်။

ဟယ်ရှန်းသည် အားနည်းသူတစ်ယောက်မဟုတ်ပေ။ ထို့ပြင် ကျောက်ရှောင်ယွီကလည်း သူမကို ကာကွယ်ပေးထားလေသည်။ သို့တိုင်အောင် ဝက်ဝံသခင်၏ လက်သီးချက် မည်မျှပြင်းထန်သည်ကို သူမခံစားလိုက်ရသည်။

ထိုလက်သီးချက်ကို ရင်ဆိုင်ရမည့် ဆန်းလျှန်အတွက် မည်မျှ အန္တရယ်များသည်ကို သူမ ရိပ်မိလိုက်သည်။

တိုက်ပွဲကို ကြည့်နေရင်းမှာပင် ကျောက်ရှောင်ယွီသည် ဝက်ဝံ သခင်၏ ဇာစ်မြစ်ကို သိရှိသွားလေသည်။

ဝက်ဝံသခင်ကျင့်ကြံထားသည့် ကျင့်စဉ်သည် အစောပိုင်း အချိန်ကာလများဆီက မိုးနတ်မင်းကဲ့သို့ တန်ခိုးစွမ်အား မြင့် မားသည့် မိုးနတ်ဧကရီ၏ နတ်ဘုရားခန္ဓာကျင့်စဉ်ကို ကျင့်ကြံ ထားခဲ့ခြင်း ဖြစ်လေသည်။

မိုးနတ်ဧကရီ၏ ကျင့်စဉ်ပညာများသည် ပျောက်ကွယ်သွားပြီ ဖြစ်လေရာ ဝက်ဝံသခင်သည် အဘယ့်ကြောင့် ထိုပညာကို ကျင့်ကြံနိုင်ခဲ့ပါသနည်း။

မိုးနတ်ဧကရီသည် မိုးနတ်မင်းနှင့် ကောင်းကောင်းယှဉ်ပြိုင်နိုင် သူတစ်ယောက် ဖြစ်လေသည်။

မိုးနတ်မင်းသည် တန်ခိုးစွမ်းအား အလွန်မြင့်မားသလို ရန်သူ
လည်း အလွန်များလေသည်။ သို့သော်... မိုးနတ်မင်းကို
အရှက်ကွဲအောင် အနိုင်ယူတိုက်ခိုက်နိုင်သူဆို၍ လောကတွင်
အနည်းငယ်သာ ရှိလေသည်။ ထိုသူများထဲတွင် မိုးနတ်ဧကရီ
လည်း အပါအဝင်ဖြစ်သည်။

ထို့ပြင် မိုးနတ်မင်းကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်သူ နောက်ထပ်
တစ်ယောက် ရှိသေးသည်။

လူ့လောကတွင် ထိုသူကို "ရှင်ထျန်း" ဟု ခေါ်ဆိုကြလေသည်။
သို့သော်... နောက်ဆုံးတော့ ရှင်ထျန်းသည်လည်း မိုးနတ်
မင်း၏ သုတ်သင်နှိမ်နင်းခြင်းကို ခံခဲ့ရလေသည်။

မိုးနတ်ဧကရီသည် မိုးနတ်မင်း၏ နဂါးစွမ်းအားကို အသုံးပြု
ကာ ထူးဆန်းသည့်နတ်ဘုရားခန္ဓာကျင့်စဉ်ကို ကျင့်ကြံခဲ့ခြင်း
ဖြစ်သည်။

ယခုတော့ မိုးနတ်ကေရီ၏ ထူးဆန်းသည့် ကျင့်စဉ်ကို ကျောက်ရှောင်ယွီသည် မျက်စိရှေ့တွင် တွေ့မြင်နေရပြီ ဖြစ်သည်။

ထိုကျင့်စဉ် ကျင့်ကြံအောင်မြင်သွားလျှင် ရုပ်ခန္ဓာ ၊ စိတ်ဝိညာဉ် ၊ တန်ခိုးစွမ်းအား (၃)ခုသည် ခွဲမရအောင် တစ်သားတည်းပေါင်းစပ်သွားမည်ဖြစ်သည်။

မည်သူ့ကိုမှာ မကြောက်ရွံ့သည့် တစ်ပါးတည်းသော နတ်ဘုရားဖြစ်လာပြီး မည်သည့်အစစ်ဆေးခံခြင်းကို မဆို ရင်ဆိုင်နိုင်မည် ဖြစ်သည်။

သို့သော်... ထိုကျင့်စဉ်ကို ကျင့်ကြံရန်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ အောင်မြင်မှုရရှိရန်လည်း ခက်ခဲလေသည်။ ဝက်ဝံသခင်သည် ဖူထော်တောင်မှ အကူအညီကိုမရလျှင် ထိုကျင့်စဉ်ကို ကျင့်ကြံနိုင်မည် မထင်ပေ။

ဝက်ဝံသခင်၏ ပြင်းထန်လွန်းသည့် လက်သီးချက်ကို ရင်ဆိုင်လိုက်ရသည့်အခါ ဆန်းလျန်က ခေါင်းကိုအသာငုံ့ချလိုက်ပြီး လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။

ဆန်းလျန်သည် လက်ရှိအချိန်တွင် ဝက်ဝံသခင်ပုံစံဖန်ဆင်းထားပြီး တန်ခိုးစွမ်းအားအရာတွင်လည်း ဝက်ဝံသခင်ထက်သာလွန်လေသည်။

သူ၏တန်ခိုးစွမ်းအားများမှာ ကြောက်မက်ဖွယ်ရာဖြစ်ပြီး လေထုတစ်ခုလုံး ရုတ်တရက် အေးခဲသွားလေသည်။ ထို့နောက် လေထုသည် ပင့်ကူအိမ်ပုံသဏ္ဍာန် အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားတော့သည်။

ကျောက်ရှောင်ယွီမှာ ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို တွေ့မြင်လိုက်ရသည့်အခါ အံတစ်ချက် ကြိတ်ထားလိုက်မိသည်။

ဆန်းလျန်၏ တန်ပြန်တိုက်ခိုက်မှုကို ကြည့်ခြင်းအားဖြင့် သူ

သည်လည်း နတ်ဘုရားခန္ဓာကျင့်စဉ်အကြောင်းကို

ကောင်းကောင်းနားလည်ထားဟန် ရှိသည်။

မှော်ဝင်ပစ္စည်းများကို အသုံးပြုခြင်းမရှိဘဲ သူ၏ ကိုယ်ပိုင်

တန်ခိုးစွမ်းအားသည်ပင် လောကတစ်ခုလုံးကို တုန်လှုပ်

စေသည်။ နေ ၊ လ ၊ ကြယ်စင်များအားလုံးကို မှေးမှိန်သွား

စေသည်။ မိုးကောင်းကင်ကို ကြောက်ရွံ့ထိတ်လန့်စေသည်။

မိုးနတ်မင်း၏ ကောင်းကင်ဘုံနန်းတော်ကို တစ်ယောက်တည်း

ရင်ဆိုင်ခဲ့သည့် "ရှင်ထျန်း" ကဲ့သို့ ပင် ဖြစ်လေသည်။

ဆန်းလျန်၏ စိတ်များက ကြည်လင်နေသည်။

ဆန်းလျန်သည် အတိတ်နှင့်အနာဂတ်တွင် ရှင်ထျန်းချန်ထားခဲ့

သည့် သဲလွန်စများကို မြင်တွေ့နေရသည်။ သူ၏ အနိုင်မခံ

အရှုံးမပေးစိတ်ဓာတ်သည် မည်သည့်အခါမှ ပျက်စီးသွားမည်

မဟုတ်ပေ။

လောကတွင် မည်သည့်အခါမှ ပျက်စီးမသွားသည့်အရာမှာ ခိုင်မာသည့် စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်သည် ရှင်ထျန်း အတွက်သာမဟုတ် ၊ လောကတစ်ခုလုံးရှိ သက်ရှိသတ္တဝါများ အားလုံးအတွက် ဖြစ်လေသည်။

"ငါ့အသက်ကို ကောင်းကင်ဘုံကယူဆောင်ဦးတော့ ၊ ငါ့ စိတ်ဓာတ်ကိုတော့ငါပိုင်သည်"

ဆိုသကဲ့သို့ပင် ဖြစ်သည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများနှင့် ထိခိုက်မိသည့်အခါ ဝက်ဝံသခင်၏ လက်သီးချက် ပျက်ပြယ်သွားလေသည်။

သူတို့ (၂)ယောက်သည် တစ်ပုံစံတည်း အတူတူပင် ဖြစ်လေသည်။ သူတို့ (၂)ယောက် ရပ်တန့်နေပြီး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသည်။

"ဝက်ဝံသခင် ၊ မင်းက ရုပ်ခန္ဓာ ၊ စိတ်ဝိညာဉ် ၊ တန်ခိုးစွမ်းအား တစ်သားတည်းကျအောင် ကျင့်တဲ့ကျင့်စဉ်ကို ဘယ်ဟာက

အစစ်အမှန် ၊ ဘယ်ဟာကအတုအယောင်ဆိုတာ မခွဲခြားနိုင်သေးဘူးပဲ..."

ဝက်ဝံသခင်က ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်ရင်း...

"ကျုပ်ကျင့်ကြံတဲ့ကျင့်စဉ်က အတုအယောင်ဆိုရင်တောင်မှ ကျုပ်ကိုယ်တိုင်ပဲ ပြန်လည်ပြုပြင်မယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဖြင့် ဘယ်နေရာကလာပြီး ဘယ်နေရာကို သွားမှာလဲ..."

ဝက်ဝံသခင်က...

"ဘယ်ကနေပဲလာလာ ဘယ်ကိုပဲသွားသွား မင်းကိုတော့ အနိုင်ယူရမယ်..."

ပြောပြီးသည်နှင့် ဝက်ဝံသခင်သည် ပြင်းထန်လှသည့် နောက်ထပ်လက်သီးချက်တစ်ချက်ဖြင့် ဆန်းလျန်ကို ထိုးနှက်လိုက်ပြန်သည်။

လက်သီးချက်မှာ လျှင်မြန်လွန်းသည့်အတွက် မည်သည့်နတ်ဘုရားမှ ရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ပေ။

ဆန်းလျန်သည်လည်း ထိုလက်သီးချက်ကို ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပေ။

ဆန်းလျန်က လက်နှစ်ဖက်ကို သူ၏ရင်ပတ်ထက်တွင် ကန့်လတ်ဖြတ်အနေအထား ပြုလုပ်လိုက်သည်။ ထိုအခါ သူ၏လက်များမှ မိုးကြိုးတန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး ဝက်ဝံသခင်၏ လက်သီးချက်ကို ခုခံထားလိုက်သည်။

ဆန်းလျန်သည် ပင်လယ်ပြင်ထက်မှ ကျောက်တောင်ကြီးတစ်ခုအလား မားမားမတ်မတ်ရပ်တည်လေသည်။ တစ်ချက်ကလေးပင် ရွှေ့လျားသွားခြင်း မရှိပေ။

လူသားများ မြေပြင်ထက်တွင် ရပ်တည်နိုင်မှုသည် မြေဆွဲအားကြောင့် ဖြစ်သော်ငြား ဆန်းလျန်၏ ရပ်တည်မှုကတော့ ကိုယ်ပိုင်စွမ်းအားနှင့် ဖြစ်လေသည်။

ဆန်းလျန်၏ ပတ်ဝန်းကျင်မှ နှင်းပွင့်များ တစ်စစီလွင့်ပျံသွား ပြီး လေထုက လတ်ဆတ်ကြည်လင်သွားသည်။

ဝက်ဝံသခင်၏ လက်သီးချက်သည် ဆန်းလျန်၏ မိုးကြိုး တန်ခိုးစွမ်းအားများနှင့် ရင်ဆိုင်လိုက်ရသည်နှင့် ဝက်ဝံသခင် သည် အနောက်သို့ လွင့်စင်ထွက်သွားလေသည်။

ဝက်ဝံသခင်က...

"ဆန်းလျန်ထျန်းကျွင်းက တော်လွန်းတယ် ၊ နောက်ဆုံးတစ် ကြိမ် ကျုပ်ရဲ့တိုက်ခိုက်မှုကို ခံနိုင်မည်ဆိုရင် ဆန်းလျန်ထျန်း ကျွင်းကို ကျုပ်ခေါ်မသွားတော့ပါဘူး ၊ ဒီအတိုင်း ပြန်ပါတော့ မယ်..."

ဆန်းလျန်သည် ဝက်ဝံသခင်ကို စိုက်ကြည့်နေလေသည်။ သူက ဝက်ဝံသခင်၏ နှလုံးခုန်သံကို တွက်ချက်ကြည့်နေခြင်း ဖြစ်သည်။ သို့သော်... တွက်ချက်မရနိုင် ဖြစ်နေလေသည်။

ထို့ကြောင့် ဝက်ဝံသခင် မည်သည့်တိုက်ကွက်ကို အသုံးပြုမည်

လည်း မခန့်မှန်းနိုင် ဖြစ်နေရလေသည်။

ထိုအချိန်မှာပင်...

ဝက်ဝံသခင်က လက်ဖဝါးများကို ယှက်လိုက်လေရာ သူ၏

လက်ဖဝါးများထက်တွင် စည်းတံဆိပ်တစ်ခု ပေါ်လာလေ

သည်။

ဆန်းလျန်က...

"တထာဂတသာ..."

ဟု ရေရွတ်လိုက်သည်။

တထာဂတသာဆိုသည်မှာ ဗုဒ္ဓ၏ဂုဏ်တော်ကို ချီးကျူးခြင်း

ဖြစ်သည်သာမက အမှန်တရားကိုလည်း ကိုယ်စားပြုလေ

သည်။ မှားယွင်းခြင်းများ ကင်းစင်ရာ သစ္စာတရားဖြစ်သည်။

ဝက်ဝံသခင်၏လက်ထဲမှ စည်းတံဆိပ်သည် ဗုဒ္ဓနှင့် ပတ်သက်

နေပြီး အမှန်တရားနှင့်လည်းဆက်စပ်နေလေသည်။

စည်းတံဆိပ်သည် ချက်ချင်းပင် ကောင်းကင်ထက်သို့ ပျံတက်သွားပြီး စကြာဝဠာတစ်ခုလုံးကို ဖိနှိပ်ထားတော့မည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာကာ ဆန်းလျန်ကို တိုက်ခိုက်လိုက်လေသည်။

ဆန်းလျန်က ဖြူစင်သန့်ရှင်းသည့် သူ၏လက်ဖဝါးများကို လေထဲတွင် အသာဖြန့်လိုက်သည်။

ဆန်းလျန်၏ လက်ဖဝါးဆီမှ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး စည်းတံဆိပ်ကို ရိုက်ချလိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် အလင်းတန်းများဖြာလင်းလာပြီး တရားစာရွတ်ဖတ်သံများထွက်ပေါ်လာလေသည်။ ပန်းပွင့်များသည်လည်း မိုးရွာသည့်အလား နေရာအနှံ့တွင် ပျံ့ကျဲကျလာတော့သည်။

လောကတွင် မည်သူကများ တထာဂတသာ စည်းတံဆိပ်ကို အံတုရဲပါသနည်းဟု ဝက်ဝံသခင် တွေးလိုက်မိသည်။ တထာဂ

တသသစည်းတံဆိပ်ကို အံတုရဲသူဆို၍ လောကတွင် တာအို

ဆရာသခင်ကြီးများသာလျှင် ရှိလေသည်။

ဆန်းလျန်၏ လက်ဖဝါးထက်မှ တန်ခိုးစွမ်းအားများ

အဆက်မပြတ်ထွက်ပေါ်နေပြီး တထာဂတသသစည်းတံဆိပ်

သည် ဆန်းလျန်ရှိရာသို့ တဖြည်းဖြည်း နီးကပ်လာလေသည်။

အခန်း (၈၁၅) မီလဲ့ကိုယ်တော်

တထာဂတသသစည်းတံဆိပ်သည် ဆန်းလျန်ရှိရာသို့

ဖြည်းဖြည်းချင်း ရောက်ရှိလာလေသည်။

ဆန်းလျန်၏ လက်ဖဝါးမှ ထွက်ပေါ်နေသည့်အလင်းတန်း

များသည် စည်းတံဆိပ်ကို တားဆီးနိုင်ခြင်း မရှိပေ။

သို့သော်... တထာဂတသစည်းတံဆိပ်ကို ထိန်းချုပ်နိုင်ခြင်းမ

ရှိသည့်အတွက် ဆန်းလျန်က စိတ်ပူပန်ခြင်း မရှိသည့်အပြင်

ပျော်ရွှင်နေဟန်ပင် ရှိလေသည်။

တထာဂတသစည်းတံဆိပ်ကို ထိန်းချုပ်ရန် ကြိုးစားနေသည့်

ဆန်းလျန်၏ပုံစံက အလွန်မှ ကျက်သရေရှိလှသည်။

မိုးကောင်းကင်ထက်မှ ဆင်းသက်လာသည့် ကြိုးကြာငှက်တစ်

ကောင်အလား ဖြစ်သည်။

နတ်ဘုရားတစ်ပါး၏ လှပမှုနှင့်ခမ်းနားမှုကို ဆန်းလျန်ထံတွင်

တွေ့မြင်ရလေသည်။

ကျောက်ရှောင်ယွီက မကျေမနပ်ဖြင့်....

"ငါ့မှာတော့ ကြိုးကြာငှက်လိုမျိုး ကိုယ်ဟန်အနေအထား

ရအောင် မနည်းကြိုးစားလိုက်ရတာ ၊ အခုတော့ သူက လေထဲ

မှာ ကောင်းကင်ဆီမျှော်ကြည့်ပြီး ပျံသန်းနေတဲ့ ကြိုးကြာတစ်ကောင်ကျနေတာပဲ...."

ထိုအချိန်မျာပင် ချောင်ယင်းဂူတွင်ရှိနေသည့် ကွမ်ယင်မယ်တော်နှင့် ဝူခုံးတို့က တစ်ပြိုင်တည်း တုန်လှုပ်သွားမိကြသည်။

သူတို့က အဆင့်မြင့်သည့် ကျင့်ကြံသူများဖြစ်သည့်အတွက် ဆန်းလျန်၏ ပြောင်းလဲသွားမှုကို ချက်ချင်းပင် သတိပြုမိကြလေသည်။

ဆန်းလျန်က ကြိုးကြာငှက်တစ်ကောင်အလား လှပသည့်ကိုယ်ဟန်အမူအရာဖြင့် ကောင်းကင်ထက်သို့ ပျံတက်ကာ တထာဂတသဿစည်းတံဆိပ်ကို ဖမ်းယူလိုက်ခြင်းသည် နတ်ဘုရားတစ်ပါး၏ အသရေကို ဖော်ထုတ်ပြသလိုက်ခြင်း ဖြစ်သည်သာမက ဗုဒ္ဓဘာသာတန်ခိုးစွမ်းအားများအားလုံးကို ယှဉ်ပြိုင်နိုင်သည့်ဆိုသည့်သဘောလည်း သက်ရောက်လေသည်။

အမှန်ဆိုလျှင် ဆန်းလျန်ကိုယ်တိုင်သည်က တာအိုဝါဒရော ဗုဒ္ဓဘာသာကျင့်စဉ်များပါ (၂)မျိုးစလုံး ကျင့်ကြံထားခဲ့သူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

ဆန်းလျန်၏ နှုတ်ခမ်းထောင့်စွန်းများ တွန့်ကွေးပြီး ပြုံးနေလေသည်။ ဆန်းလျန်မှာ အမှန်တကယ်ပင် ပျော်ရွှင်နေဟန်ရှိပြီး ကလေးတစ်ယောက်အလား အပြစ်ကင်းစင်လွန်းနေလေသည်။

တထာဂတသစည်းတံဆိပ်သည် ဆန်းလျန်၏ လက်ဖဝါးထက်သို့ ဖြည်းဖြည်းချင်း ကျရောက်လာလေသည်။

သို့သော်… ဆန်းလျန်က စည်းတံဆိပ်ကို ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်လေသည်။ ထို့ကြောင့် စည်းတံဆိပ်မှ တန်ခိုးစွမ်းအားများက ဆန်းလျန်ကို ထိခိုက်အောင် လုပ်နိုင်စွမ်းမရှိတော့ပေ။

သံစဉ်တေးသွားက သာယာလွန်းသလို ကြိုးကြာငှက်ကလည်း သန့်စင်လွန်းသည်။

အမှန်တော့ တထာဂတသသစည်းတံဆိပ်ကိုထိန်းချုပ်နိုင်ရန်

အတွက် ဆန်းလျန်က သူ၏နတ်ဘုရားစိတ်စွမ်းအားကို

အသုံးပြုခဲ့ခြင်းဖြစ်သည်။ နတ်ဘုရားစိတ်စွမ်းအားကို

အသုံးပြုပြီး တိုက်ခိုက်ခြင်းမှာ စစ်မှန်သည့် တိုက်ခိုက်ရေး

နည်းစနစ်တစ်ခုဖြစ်သည့်တိုင် ကြောက်မက်ဖွယ်ရာအကောင်း

ဆုံး ပညာတစ်ခုလည်း ဖြစ်သည်။

ထိုပညာကိုအသုံးပြုရန်အတွက် ဆန်းလျန်၏ စိတ်ဝိညာဉ်

အတွင်း ရုန်းကန်လှုပ်ရှားခဲ့ရမှုများကို ပြင်ပမှ အခြားသူများက

သိမြင်နိုင်မည် မဟုတ်ပေ။

သတိတစ်ချက်လွတ်ကာ မှားယွင်းသွားပါက ဆန်းလျန်၏

ဝိညာဉ်မှာ တထာဂတသသစည်းတံဆိပ်ထဲတွင် ထာဝရ ပိတ်

လှောင်ခံရမည် ဖြစ်လေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန် တထာဂတသသစည်းတံဆိပ်ကို အဆုံးထိ ထိန်းချုပ်နိုင်မည်လား မထိန်းချုပ်နိုင်မည်လားကို မစောင့်တော့ပေ။

သူမက လျန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားကိုအသုံးပြုကာ ဝက်ဝံသခင်ကို တိုက်ခိုက်လိုက်လေသည်။

ဝက်ဝံသခင်က ကျောက်ရှောင်ယွီက သူ့ကို တိုက်ခိုက်တော့မည်ကို သိလိုက်သည်နှင့် လျှပ်တပြက်ပင် ရှောင်တိမ်းလိုက်သည်။

သို့သော်... ကျောက်ရှောင်ယွီက ဝက်ဝံသခင်ကို အလွတ်မပေးဘဲ ထိုက်ချင်အလင်းတန်းများဖြင့် လေးဘက်လေးတန်မှ ပိတ်ဆို့ထားလိုက်သည်။

သို့သော်... ဝက်ဝံသခင်က ကိုယ်ကိုတစ်ပတ်လှည့်လိုက်ပြီး သဲလွန်စမကျန် ထွက်ပြေးပျောက်ကွယ်သွားလေတော့သည်။

ကျောက်ရှောင်ယွီလည်း မည်သို့မှ မတတ်နိုင်တော့ဘဲ သက်ပြင်းတစ်ချက်သာ ချလိုက်နိုင်လေသည်။

ဝက်ဝံသခင်ဆိုသူသည် ပြိုင်ဘက်ကင်း သဘာဝလွန်စွမ်းအားများကိုပိုင်ဆိုင်ထားပြီး မည်သည့်အချိန်တွင် တိုက်ခိုက်ရမည် ၊ မည်သည့်အချိန်တွင် ပြန်လည်ဆုတ်ခွာရမည်ကို ရှင်းရှင်းလင်းလင်းသိသူဖြစ်သည်။ အင်မတန်မှ အန္တရာယ်များသည့် ရန်သူတစ်ယောက်ပင်။

ထို့နောက်... ဆန်းလျန်နှင့် ဝက်ဝံသခင် အပြင်းအထန်တိုက်ခိုက်ခဲ့ကြရာ နှင်းလွင်ပြင်ကြီးသည် တိုက်ပွဲဖြစ်ခဲ့သည့် အစအနပင် တစ်ချက်မကျန်အောင် နဂိုအတိုင်း ပြန်ဖြစ်သွားလေသည်။

ဆန်းလျန်၏ လက်ဖဝါးထက်မှ တထာဂတသစည်းတံဆိပ်က တဖျတ်ဖျတ်တုန်လှုပ်နေသည်။

ဆန်းလျန်က သူ၏ မြင့်မားသောတန်ခိုးစွမ်းအားများအသုံးပြု

ကာ "ဝမ့်" စကြာသင်္ကေတပုံသဏ္ဍာန် တထာဂတသဿစည်း

တံဆိပ်ကို ငြိမ်သက်သွားအောင် ဖိနှိပ်ထားလိုက်လေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်အနားသို့ရောက်လာပြီး ဆန်း

လျန်ကို ကြည့်ကာ တစ်ချက်ပြုံးပြလိုက်ရင်း...

"တထာဂတသဿစည်းတံဆိပ်ကတောင် ရှင့်ရဲ့မူလဝိညာဉ်ခန္ဓာ

ကို ထိခိုက်အောင် မလုပ်နိုင်ပါလား..."

ဆန်းလျန်က ဝက်ဝံသခင်ပျောက်ကွယ်သွားသည့်နေရာသို့

တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"မင်း တစ်ခု မှတ်ထားပါ၊ နောက်ပိုင်း ဝက်ဝံနဲ့ရင်ဆိုင်ရရင်

တစ်ယောက်တည်း ရင်မဆိုင်ပါနဲ့၊ တတ်နိုင်သမျှ လွတ်အောင်

ပြေး၊ ဒါမှမဟုတ် ကျုပ်ကိုလာရှာပါ..."

ကျောက်ရှောင်ယွီက...

"သူ ဘယ်လောက်ပဲ အစွမ်းထက်ထက် ရှင်နဲ့ ကျွန်မတို့ကိုတော့ မနိုင်လောက်ပါဘူး..."

ဆန်းလျန်က...

"ဒါပေမဲ့ အဲဒီကောင်က ဒီနေ့တိုက်ပွဲမှာ သူ့ရဲ့တန်ခိုးစွမ်းအား အကုန်လုံးကို သုံးသွားတာ မဟုတ်သေးဘူး ၊ သူ့ရဲ့ ထိပ်တန်း တန်ခိုးစွမ်းအားတွေထဲက နည်းနည်းလောက်ကိုပဲ အသုံးပြု သွားတာ ၊ သူ့ရဲ့တန်ခိုးစွမ်းအားတွေက အရမ်းနက်ရှိုင်းလွန်း တယ်..."

ဆန်းလျန်ခန့်မှန်းလျှင် မမှားနိုင်ကြောင်း ကျောက်ရှောင်ယွီက ကောင်းကောင်းသိလေသည်။

ထို့ကြောင့် သူမက ဆန်းလျန်၏ စကားများကို မှတ်သားထား လိုက်သည်။ တကယ်ဆိုလျှင် သူမအနေဖြင့် ဝက်ဝံသခင်ဆိုသူ ကို လုံး၀ နားလည်နိုင်ခြင်း မရှိပေ။ ထို့ပြင် ဝက်ဝံသခင် မည်သူဖြစ်သည်ကိုလည်း သူမ တိတိကျကျ သိရှိခြင်း မရှိပေ။

ဆန်းလျန်က ဝက်ဝံသခင်နှင့်တိုက်ခိုက်ခဲ့သည့် နှင်းလွင်ပြင်တွင် ကြာကြာမနေသင့်ကြောင်း တွေးလိုက်မိသည်။

သူက ကျောက်ရှောင်ယွီနှင့် ဟယ်ရှန်းတို့၏ လက်ကိုကိုင်ကာ ကောင်းကင်ထက်သို့ ခုန်တက်လိုက်လေသည်။ ကောင်းကင်ထက်တွင် လူ (၃)ယောက်၏ပုံရိပ်သည် ပျောက်ကွယ်သွားပြီး သူတို့ မည်သည့်နေရာသို့ ထွက်ခွာသွားသည်ကို မည်သူမှ မသိနိုင်ပေ။

....

မရှိမှုကျေးရွာ ၊ အနောက်ဘက်ကောင်းကင်ဘုံ...။

ထိုနေရာတွင် လင်စန်းတောင် တည်ရှိလေသည်။

လောကတွင် လင်စန်းတောင်ကို မသိသူ မရှိပေ။ သို့သော်... ရောက်အောင်လာနိုင်ရန်ကား ခဲယဉ်းလေ၏။

ထို့ပြင် လင်စန်းတောင်သည် အတိတ်နှင့်အနာဂတ်ဆိုသော အချိန်အပိုင်းအခြားတစ်ခုလုံးတွင် ထူးဆန်းပြီး နက်ရှိုင်းသည့်

နေရာတစ်ခုဖြစ်သည်။ ထို့ကြောင့်လည်း လင်စန်းတောင်

(ဝိညာဉ်တောင်) ဟု ခေါ်ဆိုခြင်း ဖြစ်လေသည်။

တစ်ချိန်ကတော့...

လင်စန်းတောင်တွင် ဗုဒ္ဓကိုယ်တော်တိုင် သီတင်းသုံးခဲ့လေ

သည်။

ထို့ပြင်... ဗောဓိသတ္တများ ၊ ကျူဖူကိုယ်တော်များ ၊ လော်ဟန်

ကိုယ်တော်များ များစွာ နေထိုင်ကြသည်။

လင်စန်းတောင်ထက်ရှိ ဗုဒ္ဓသီတင်းသုံးခဲ့ရာ ကျောင်းတော်ကြီး

မှာ တာ့လေယင်းကျောင်းတော်ကြီး ဖြစ်သည်။

သို့သော်....

ယခုတော့ တာလေယင်းကျောင်းတော်ကြီးတွင်ပင့်ကူအိမ်များ

ဖြင့် ပြည့်နေပြီး လော်ဟန်ကိုယ်တော်အပါး (၅၀၀) လည်း မရှိ

တော့သလို ကျူဖူကိုယ်တော် အပါး (၃၀၀၀)သည်လည်း

ပျောက်ကွယ်သွားကြပြီ ဖြစ်သ်ည။

တာ့လေယင်းကျောင်းတော်၏ တရားဟောရာခန်းမဆောင်မှာလည်း ရှင်းလင်းလျှက်ရှိသည်။

ထိုအချိန်မှာပင်...

အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက် တာ့လေယင်းကျောင်းတော်သို့ ရောက်ရှိလာလေသည်။

သူမသည် လူသူမရှိ တိတ်ဆိတ်ခြောက်ကပ်နေသည့် တာ့လေယင်းကျောင်းတော်ကြီးကို တွေ့မြင်လိုက်ရသည့်အခါ ဒေါသထွက်သွားဟန်ဖြင့် မျက်နှာထားက ချက်ချင်း တင်းမာခက်ထန်သွားသည်။

ထိုမိန်းမပျိုသည်ကား .... တာအိုဆရာလီချင်းဆွေပင် ဖြစ်လေသည်။

တာအိုဆရာလီချင်းဆွေသည် ခန်းမကြီးအတွင်းသို့ ခြေတစ်လှမ်းချင်းလှမ်းကာ ဝင်ရောက်လာလေသည်။ ခန်းမထဲတွင် အလင်းရောင်အနည်း လင်းနေသည်။

ထိုအချိန်... ခန်းမကြီး၏ ဝင်ပေါက်တံခါးဝတွင် ခပ်ဝဝ ဘုန်းတော်ကြီးတစ်ပါးပေါ်လာလေသည်။

ဘုန်းတော်ကြီး၏မျက်နှာကပြုံးနေပြီး မျက်ဝန်းများက ကရုဏာတရားများဖြင့် ပြည့်နက်နေလေသည်။ သူ၏ ဝမ်းဗိုက်ကြီးကတော့ ပြောင်တင်းပြီးပူနေလေသည်။ သင်္ကန်းဖြင့်ပင် ဖုံးထား၍မရနိုင်ပေ။

ဗိုက်ပူဘုန်းတော်ကြီးကိုတွေ့ရသည့်အတွက် လီချင်းဆွေက အံ့ဩသွားခြင်း မရှိပေ။

"မီလဲ့ကိုယ်တော် ၊ မင်းတစ်ယောက်တည်းနဲ့ ငါ့ကိုတားဆီးနိုင်မယ်ထင်လို့လား..."

မီလဲ့ကိုယ်တော်ကို အချို့သူများက ဘုရားလောင်းဟု သတ်မှတ်ထားကြသည်။ သူ၏အဆင့်က လင်စန်းတောင်မှ ထိပ်တန်းဗောဓိသကျ (၄)ပါး၏ အထက်တွင်ရှိသည်။

မီလဲ့ကိုယ်တော်က ပြုံးလိုက်ရင်း...

"လင်စန်းတောင်မှာ ဘာမှ မရှိတော့ပါဘူး ၊ တာအိုဆရာချင်းဆွေ ဘာလာလုပ်တာလဲ..."

လီချင်းဆွေက...

"ဟုတ်တယ်... ၊ လင်စန်းတောင်မှာ ဘာမှ မရှိပါဘူး ၊ ဒါပေမဲ့ နှလုံးသားမီးအိမ်တော့ ရှိနေတယ် မဟုတ်လား ၊ နှလုံးသားမီးအိမ်ကို ငါ့ကိုပေးမယ်ဆိုရင် ငါ... ချက်ချင်းထွက်သွားမယ်..."

မီလဲ့ကိုယ်တော်က...

"တာအိုဆရာသခင်ထိုက်ယီကိုယ်တိုင်လာတောင်းမယ်ဆိုရင်တောင် နှလုံးသားမီးအိမ်ကို မပေးနိုင်ပါဘူး ၊ ဒါကြောင့် မင်း... ပြန်ပါတော့..."

လီချင်းဆွေက...

"တကယ်လား ၊ တာအိုဆရာသခင်ထိုက်ယီကိုယ်တိုင်လာရင်တောင် မင်းက နှလုံးသားမီးအိမ်ကို ထုတ်မပေးဘူးလား..."

မီလဲ့ကိုယ်တော်က ပြုံးလိုက်ရင်း...

"ဘာပဲဖြစ်ဖြစ် မင်းကတော့ တာအိုဆရာသခင်ထိုက်ယီမှာ

မဟုတ်တာ..."

လီချင်းဆွေက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး...

"သူလုပ်နိုင်တဲ့အရာမှန်သမျှ ငါလည်းလုပ်နိုင်တယ်..."

မီလဲ့ကိုယ်တော်က နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"တာအိုဆရာချင်းဆွေ... ပြန်ပါတော့..."

မီလဲ့ကိုယ်တော် စကားတစ်ခွန်းကို (၂)ခါပြောနေခြင်းမှာ

ရောက်လာသူသည် တာအိုဆရာလီချင်းဆွေ ဖြစ်နေ

သောကြောင့် ဖြစ်လေသည်။

အခြားသူဆိုလျှင် သူက ထိုမျှ ရှည်ရှည်ဝေးဝေးပြောနေမည်

မဟုတ်ဘဲ တိုက်ခိုက်မောင်းထုတ်လိုက်မည် ဖြစ်သည်။

"မိုးနှင့်မြေ ၊ အတိတ်နှင့်အနာဂတ် ၊ လောကတစ်ခုလုံးရှိ လူသားများအားလုံးအလယ်တွင် 'ချင်းဆွေ' ဆိုသည်က တစ်ယောက်တည်းရှိသည်..."

ဆိုသည့်စကားသည် တာအိုဆရာသခင်ထိုက်ယီပြောခဲ့သည့် စကားဖြစ်သည်။

ထိုစကားကို မည်သူမှ အလေးအနက်မထားဘဲ မနေရဲချေ။ ထို စကားကြောင့်ပင် အားလုံးက လီချင်းဆွေကို လေးလေးစားစား ဆက်ဆံကြခြင်း ဖြစ်လေသည်။

လီချင်းဆွေက...

"နှလုံးသားမီးအိမ်ကို ထုတ်ပေးပါ..."

မီလဲ့ကိုယ်တော်က ခေါင်းကို ခါယမ်းလိုက်သည်။

လောကတွင် 'ချင်းဆွေ' ဆိုသည်က တစ်ယောက်တည်းရှိသူဆို လျှင် နှလုံးသားမီးအိမ်ကလည်း တစ်ခုတည်းရှိသည့်အရာ ဖြစ် လေသည်။

မီလဲ့ကိုယ်တော်က လက်အုပ်ချီလိုက်လေရာ သူ၏နောက်ကျောဘက်ဆီမှ လက် (၇)ဖက် ထွက်ပေါ်လာသည်။ မူလ လက် (၂)ဖက်နှင့်ပေါင်းလိုက်သည့်အခါ စုစုပေါင်း လက်(၉)ဖက် ဖြစ်သွားလေသည်။

လက် (၉)ဖက်သည် အရပ် (၄)မျက်နှာကို ထိန်းချုပ်ထားလိုက်ပြီး တာအိုဆရာလီချင်းဆွေကို ပြေးပေါက်မရှိအောင် ပိတ်ဆို့ထားလိုက်သည်။

မီလဲ့ကိုယ်တော်အသုံးပြုလိုက်သည့်တန်ခိုးစွမ်းအားမှာ 'အနုတ္တမုဒြာ' ဆိုသည့် တန်ခိုးစွမ်းအားဖြစ်သည်။ ထိုတန်ခိုးစွမ်းအားထဲတွင် မီလဲ့ကိုယ်တော်ကျင့်ကြံထားသည့် အသိဉာဏ်ပညာများအားလုံး ပါဝင်လေသည်။

အနုတ္တမုဒြာ၏ နောက်ထပ်အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုမှာ တထာဂတသဿပင် ဖြစ်လေသည်။ ထို့ကြောင့် အနုတ္တမုဒြာတန်ခိုး

စွမ်းအားတွင် ဗုဒ္ဓဘာသာ၏ အသိပညာများကို တွေ့မြင်နိုင်သည်။

ထိုသို့သော အသိဉာဏ်ပညာမြင့်မားမှုနှင့် တန်ခိုးစွမ်းအား ထက်မြက်မှုများကြောင့် မီလဲ့ကိုယ်တော်သည် ဗောဓိသကျ (၄)ပါးကို ကျော်လွန်ကာ ဗုဒ္ဓ၏အမွေကိုဆက်ခံသူဖြစ်လာခဲ့ခြင်း ဖြစ်လေသည်။

....

ကျောက်ရှောင်ယွီက...

"ဆန်းလျန် ၊ ဝိညာဉ်စွမ်းအားကျင့်စဉ်နဲ့ပတ်သက်ပြီး ရှင့်ကို တစ်ခုလောက် မေးချင်လို့..."

ဆန်းလျန်က...

"မေးလေ..."

ကျောက်ရှောင်ယွီက...

"ကျွန်မ ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံခဲ့တယ် ၊ အဲဒီကျမ်းထဲမှာ 'မရှိမှု' ဆိုတဲ့အကြောင်းကို ခဏခဏ ဖော်ပြထားတာ

တွေ့ရတယ်၊ ဥပမာပြောရရင် ဆန်းလျန်ရာ... အမည်မရှိ၊ အစမရှိ၊ အဆုံးမရှိ၊ အကန့်အသတ်မရှိဆိုတဲ့ အရာမျိုးတွေပေါ့၊ အဲဒါတွေက ကျွန်မ အရင်တုန်းက လေ့ကျင့်ခဲ့ဖူးတဲ့ ဝူရှန်သိုင်းကွက်မှာ ဖော်ပြထားတဲ့ 'အနတ္တတရား' ဆိုတာနဲ့ သွားတူနေသလိုပဲ၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်ပြန်တော့လည်း မတူနေပြန်ဘူး၊ ရှင်များ ကျွန်မကို အဲဒီအကြောင်း ရှင်းပြနိုင်မလားလို့..."

ဆန်းလျန်က အချိန်အတော်ကြာအောင် စဉ်းစားနေပြီးမှ...

"မင်းကျင့်ကြံခဲ့တဲ့ ဝူရှန်သိုင်းကွက်က ဗုဒ္ဓဘာသာကျင့်စဉ်လေ၊ ထိုက်ချင်တာအိုကျမ်းကတော့ တာအိုကျင့်စဉ်၊ ဗုဒ္ဓဘာသာရဲ့ အနတ္တတရားနဲ့ တာအိုဝါဒရဲ့ မရှိမှုတရားဆိုတာက တကယ်တမ်းမှာ မတူညီဘူး၊ အနတ္တတရားဆိုတာ လော်ဝါဒကိုတည်ထောင်သူဆရာသခင်ပြောခဲ့တဲ့ အနတ္တတရားနဲ့ အတူတူပါပဲ၊ ဒါပေမဲ့ လော်ဝါဒကိုတည်ထောင်သူဆရာသခင်

ထက် အရင်စောပြီး အနတ္တတရားကို သိမြင်ခဲ့တဲ့သူက မီလဲ့ကိုယ်တော်ပါပဲ ၊ ကျုပ် အခု ကျင့်စဉ်လမ်းအဆင့်မြင့်လာလေလေ မီလဲ့ကိုယ်တော်ရဲ့ ရည်ရွယ်ချက်ကို သဘောပေါက်လာလေပဲ ၊ သူက အနတ္တတရားကိုအသုံးပြုပြီး အနတ္တမုဒြာတန်ခိုးစွမ်းအားကိုတောင် တီထွင်နိုင်ခဲ့တယ် ၊ သူ့အဆင့်က ဟွင့်ယွမ်ဝူကျီအဆင့်ကိုရောက်နေပြီ ၊ တကယ့်ကို ဗုဒ္ဓရဲ့ခြေရာကို နင်းနိုင်တဲ့ တပည့်တော်တစ်ယောက်ပါပဲ..."

အခန်း (၈၁၆) တစ်လောကလုံးကိုဖုံးလွှမ်း စကြာဝဠာ

အလင်းတန်း

ကျောက်ရှောင်ယွီက သံသယရှိနေဆဲဖြစ်ပြီး ထပ်မံ

မေးခွန်းထုတ်လိုက်သည်။

"ဒါဖြင့် အခု ကျွန်မ ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံနေတာ

က အနတ္တတရားလမ်းစဉ်ကို သွားတာထက် ပိုကောင်းသလား ၊

'ဝူကျိ' ဆိုတဲ့အချက်ကိုနားလည်သွားရင် အနတ္တလမ်းစဉ်ကို

ဆက်ပြီးကျင့်ကြံဖို့ မလိုတော့ဘူး မဟုတ်လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အနတ္တတရားဆိုတာ အံ့သြစရာကောင်းတယ် ၊ ဒါပေမဲ့ မင်း

ဘယ်လမ်းစဉ်ကိုပဲ ကျင့်ကြံပါစေ နောက်ဆုံးမှာတော့ ဟွင့်ယွမ်

ဝူကျိအဆင့်ကို ရောက်မှာပါပဲ..."

ကျောက်ရှောင်ယွီက...

"ဒါဖြင့် ကျွန်မ အခု ထိုက်ချင်တာအိုကျမ်းကို ဆက်ပြီး

ကျင့်ကြံသင့်သလား ၊ လော်ဝါဒကျင့်စဉ်ဖြစ်တဲ့ အနတ္တ

လမ်းစဉ်ကိုပဲ ဆက်ပြီး ကျင့်ကြံသင့်သလား..."

သူမသည် အစကတည်းကပင် ကျင့်စဉ်လမ်းတွင် ဆန်းလျှန်လောက် မတော်ခဲ့သည်ကို ယခုတော့ လက်ခံနိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် သူမက ဆန်းလျှန်ထံမှ အကြံဉာဏ် ရယူရန် ရှက်ရွံ့နေခြင်း မရှိတော့ပေ။

ကျင့်စဉ်လမ်းတွင် ဆန်းလျှန်က သူမထက်ပိုပြီး ပါရမီရှိသည်မှာ ဝန်ခံရပေမည်။

ဆန်းလျှန်က...

"လောကကြီးကို ရှုမြင်ပါ၊ သက်ရှိသတ္တဝါတွေကို ရှုမြင်ပါ၊ ပြီးတော့ မင်းကိုယ်မင်း ရှုမြင်သုံးသပ်ပါ၊ ဘယ်ကျင့်စဉ်ကို ကျင့်ကြံမလဲဆိုတာ မင်းကိုယ်တိုင် ဆုံးဖြတ်ပါ..."

ကျောက်ရှောင်ယွီက အလွန်ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်သည်။

မည်သည့်ကျင့်စဉ်ကို ကျင့်ကြံမည်ဆိုသည်ထက် သူမ၏စိတ်ကို ပြောင်းလဲလိုက်ရန်သာ လိုအပ်သည်ကို ချက်ချင်း

သဘောပေါက်လိုက်သည်။ ဆန်းလျန်က သူမကို ပညာချက်များကို လျစ်လျူရှုစေနိုင်ရန် ညွှန်ပြပေးလိုက်ခြင်း ဖြစ်သည်။ ပညတ်ချက်များကိုသာ လစ်လျူရှုလိုက်လျှင် ထိုက်ချင်တာအိုကျမ်း ၊ လော်ဝါဒကျင့်စဉ်လမ်းဟူ၍ သတ်မှတ်ချက်များ မရှိတော့ပေ။ ကျင့်စဉ်ကို ကျင့်ကြံခြင်းနှင့် ကျင့်စဉ်ကို မေ့ဖျောက်ပစ်လိုက်ခြင်းတွင်လည်း ခြားနားမှု မရှိတော့ပေ။ ထိုအခါ မည်သည့်ကျင့်စဉ်ကို ကျင့်ကြံသည်ဖြစ်စေ ဦးတည်ရာကတော့ တစ်ခုတည်းဖြစ်သည်ကို သိမြင်နိုင်မည် ဖြစ်သည်။ သို့သော်... အပြောလွယ်သလောက် အလုပ်ခက်လှသည်။

....

အနောက်ဘက်ကောင်းကင်ဘုံ ၊ လင်စန်းတောင်...။

တာအိုဆရာလီချင်းဆွေက အလျင်စလို တိုက်ခိုက်ခြင်းမပြုသေးဘဲ မီလဲ့ကိုယ်တော်၏ အနတ္တမုဒြာ လက်များကို စိုက်ကြည့်နေလေသည်။

သူမထံ၌ တာအိုကျင့်ကြံသူတစ်ယောက်၏ တိတ်ဆိတ်မှုနှင့်မ ရှိမှုတရားကို တွေ့မြင်ရသည်။

သူမက မီလဲ့ကိုယ်တော်ကို စတင်တိုက်ခိုက်ခြင်း မပြုလုပ်ခဲ့ ပေ။

လင်စန်းတောင်စတင်တည်ထောင်စဉ် ကာလများကတည်းက မီလဲ့ကိုယ်တော် တိုက်ခိုက်သည်ဆိုသည်မှာ ရှားပါးလှသည်။

အဘယ်ကြောင့်ဆိုသော်... တစ်ချိန်ကတော့ လင်စန်းတောင် တွင် ဗုဒ္ဓကိုယ်တော်တိုင်သာမက အော်မီတော်ဖူဘုရားလည်းရှိ လေရာ လင်စန်းတောင်အရေးကိစ္စများကို အော်မီတော်ဖူဘုရား က ဖြေရှင်းလေ့ရှိလေသည်။

ကြီးမားသည့်ပြဿနာကြီးများကို အော်မီတော်ဖူဘုရားက ဖြေ ရှင်းလေ့ရှိပြီး သိပ်ပြီးမကြီးမားသည့် ပြဿနာများကိုတော့ ထိပ်တန်းဗောဓိသကျ (၄)ပါးက ဖြေရှင်းလေ့ရှိကြလေသည်။

နောက်ပိုင်း လင်စန်းတောင်သို့ သိုကျန့်စန့်ဖူကိုယ်တော်လည်း ရောက်လာလေရာ မီလဲ့ကိုယ်တော် လုံးဝ တိုက်ခိုက်စရာ မလို တော့ဘဲ အေးအေးဆေးဆေး နေထိုင်နိုင်ခဲ့လေသည်။

သို့သော်... မည်သူမှ မီလဲ့ကိုယ်တော်ကို လျှော့မတွက်ရဲကြ ချေ။ သူသည်ကား မြင့်မြတ်သည့် ဗောဓိသကျတစ်ပါးဖြစ်ပြီး တန်ခိုးစွမ်းအားအရာတွင် သူမတူအောင် ထူးချွန်သူ ဖြစ်လေ သည်။ သူ၏ ထက်မြက်လှသည့် တန်ခိုးစွမ်းအားကို ခုခံကာ ကွယ်နိုင်သူဆို၍ လောကတွင် သိပ်မရှိပေ။

ယခုတော့ မီလဲ့ကိုယ်တော် တိုက်ခိုက်ရတော့မည် ဖြစ်သည်။ မီ လဲ့ကိုယ်တော် တိုက်ခိုက်ခြင်းသည် ကံဆိုးခြင်းလည်း ဖြစ်နိုင် သလို ကံကောင်းခြင်းလည်း ဖြစ်နိုင်လေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ခန့်က လင်စန်းတောင် သို့ ဆန်းလျန်ရောက်ရှိလာခဲ့ပြီး တိုက်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့ လေသည်။ ထိုတိုက်ပွဲကြီးသည် သမိုင်းဝင်တိုက်ပွဲကြီးတစ်ခု

ဖြစ်လေသည်။ လင်စန်းတောင်အတွက် ကြေကွဲစရာ တိုက်ပွဲကြီးတစ်ခုပင် ဖြစ်သည်။

ထိုတိုက်ပွဲကြီးတွင် မီလဲ့ကိုယ်တော် တိုက်ခိုက်ခဲ့ရလေသည်။

သို့သော်... လင်စန်းတောင်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြီး အကြောင်းကို သိရှိကြသူ လောကတွင် အနည်းငယ်သာ ရှိသည်။ ထိုလူအနည်းငယ်ထဲတွင် တာအိုဆရာလီချင်းဆွေလည်း အပါအဝင် ဖြစ်သည်။

လင်စန်းတောင်သည် ဗုဒ္ဓဘုရား ဒေသနာတရား ဟောကြားခဲ့ရာနေရာတစ်ခုဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓကိုယ်တော်တိုင် သီတင်းသုံးနေထိုင်ခြင်း မရှိတော့သည့်တိုင် မြင့်မြတ်သည့် နေရာတစ်ခုအဖြစ် အားလုံးက အလေးအမြတ်ထားကြသည်။

အပြာရောင်ခရီးရှည်နန်းတော် ၊ ကျောက်စိမ်းဝိညာဉ်နန်းတော် ၊ ဘုရင်ရှစ်ပါးနန်းတော်နှင့် လင်ထိုင်ဖန်းကျွမ်းတောင်များကဲ့သို့

လင်စန်းတောင်သည်လည်း အစဉ်အလာကောင်းနှင့် ရပ်တည်နေသည့် နေရာတစ်ခု ဖြစ်လေသည်။

မီလဲ့ကိုယ်တော် စတင်တိုက်ခိုက်လိုက်သည်နှင့် တာအိုဆရာလီချင်းဆွေက ပါးစပ်ကိုဖွင့်ကာ စာလုံးတစ်လုံးကို ရွတ်လိုက်လေသည်။

သူမရွတ်ဆိုလိုက်သည့်စာလုံးမှာ "ကျား" ဆိုသည့် အသံထွက်ရှိသည့် စာလုံးဖြစ်သည်။

"ကျား" ဆိုသည့်စာလုံးသည် စကြာဝဠာစတင်ဖွင့်လှစ်ချိန်တွင် ပထမဆုံး ဖြစ်ပေါ်လာသည့် အသံစာလုံး ဖြစ်လေသည်။ ထိုစာလုံးထဲတွင် အရာအားလုံးကို သုတ်သင်ရှင်းလင်းပစ်နိုင်သည့် ထိပ်တန်းတန်ခိုးစွမ်းအားများ ပါဝင်သည်။

ထို "ကျား" ဆိုသည် အသံတန်ခိုးစွမ်းအားမှာ တစ်ချိန်တုန်းက တာအိုဆရာသခင်ထိုက်ယီ အသုံးပြုခဲ့သည့် ထိပ်တန်းတန်ခိုး

စွမ်းအားတစ်ခုဖြစ်ပြီး "လူသတ်အသံလှိုင်းတန်ခိုးစွမ်းအား" ဟု လူသိများသည်။
ယခု တာအိုဆရာလီချင်းဆွေအသုံးပြုလိုက်သည့် "ကျား" ဆိုသည့်အသံတန်ခိုးစွမ်းအားသည် ဆန်းလျန်နှင့် ဝက်ဝံသခင် တိုက်ခိုက်သည့်အချိန်တွင် ဝက်ဝံသခင်အသုံးပြုသည့် စာလုံး (၆)လုံးပါသည့် ဂါထာကိုအသုံးပြုထားသော ရယ်သံထက် များစွာ သာလွန်လေသည်။
တာအိုဆရာ လီချင်းဆွေထံမှ "ကျား" ဆိုသည့်အသံထွက်ပေါ်လာသည်နှင့် လင်စန်းတောင်တစ်ခုလုံးတွင် လှည့်လည်သွားလာနေကြသည့် မြင်အပ်၊ မမြင်အပ် ပရလောကသားများအားလုံး ချက်ချင်းပင် ပျက်စီးပျောက်ကွယ်သွားကြရလေသည်။
အနတ္တမုဒြာတန်ခိုးစွမ်းအားဖြင့် မီလဲ့ကိုယ်တော်ဖန်ဆင်းထားသည့် လက် (၇)နက်ဖက်သည်ပင်လျှင် "ကျား" ဆိုသည့် အသံ

အောက်တွင် ထိန်းချုပ်နိုင်ခြင်း ကင်းမဲ့စွာ ပျောက်ကွယ်သွားရလေတော့သည်။

မီလဲ့ကိုယ်တော်၏ အနုတ္တမုဒြာ တန်ခိုးစွမ်းအားသည် လီချင်းဆွေ၏ လူသတ်အသံလှိုင်းတန်ခိုးစွမ်းအားကို မယှဉ်နိုင်ဘဲ ရှုံးနိမ့်သွားရပြီ ဖြစ်သည်။

မီလဲ့ကိုယ်တော် တုန်လှုပ်သွားလေသည်။

သူရင်ဆိုင်နေရသူမှာ တာအိုဆရာလီချင်းဆွေမဟုတ်ဘဲ တာအိုဆရာသခင်ထိုက်ယီများလားဟု ထင်မြင်လာမိသည်။

"တာအိုဆရာသခင်ထိုက်ယီ လုပ်နိုင်တဲ့အရာမှန်သမျှ ငါလည်းလုပ်နိုင်တယ်..."

ဆိုသည့်စကားကို လီချင်းဆွေပြောခဲ့ခြင်းမှာ တမင်တကာကြွားဝါပြောဆိုခြင်းမဟုတ်သည်ကို မီလဲ့ကိုယ်တော် သိရှိခဲ့ရပြီ။

သို့သော်… ဤမျှလောက်ဖြင့် မီလဲ့ကိုယ်တော်က နောက်ဆုတ်သွားမည် မဟုတ်ပေ။

ကျင့်စဉ်လမ်းတွင် မီလဲ့ကိုယ်တော်သည် ပြိုင်ဘက်ကင်းတစ်ယောက်ဖြစ်ပြီး သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသူလည်း ဖြစ်သည်။ သူသည် ကြီးမြတ်သည့် ကံတရားကို ပိုင်ဆိုင်ထားသည့် စကြာဝဠာတွင် တစ်ယောက်တည်းရှိသည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

ကျင့်စဉ်လမ်းအဆုံးသတ်သွားသည့်တစ်နေ့တွင်လည်း သူသည် အခြားသူများထက် သာလွန်သူဖြစ်သည်ကို လူတိုင်းသိရှိကြရမည်ပင် ဖြစ်သည်။

အနတ္တမှုဒြာတန်ခိုးစွမ်းအားပျောက်ကွယ်သွားသော်လည်း မီလဲ့ကိုယ်တော်က လီချင်းဆွေကို တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်ခြင်း မရှိပေ။

သူတို့ (၂)ယောက်တိုက်ခိုက်ခြင်းကြောင့် လင်စန်းတောင်

ပျက်စီးသွားမည်ကို စိတ်ပူစရာမရှိပေ။

စကြာဝဠာတစ်ခုလုံးရှိ ကြယ်စင်များပျက်စီးသွားစေဦးတော့

လင်စန်းတောင်ကတော့ ပျက်စီးသွားမည် မဟုတ်ပေ။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်က လင်စန်းတောင်ကို

လာရောက်စိန်ခေါ်ခဲ့သည့် ဆန်းလျှန်ထျန်းကျွင်းသည်ပင်လျှင်

လင်စန်းတောင်ကို ဖျက်စီးပစ်နိုင်ခဲ့ခြင်း မရှိပေ။

လီချင်းဆွေကတော့ မီလဲ့ကိုယ်တော်၏ တန်ပြန်တိုက်ခိုက်မှုကို

ရှင်းလင်းစွာ သိမြင်နေသည်။

မီလဲ့ကိုယ်တော်၏ အနတ္တမုဒြာသည် မီလဲ့ကိုယ်တော် တီထွင်

ထားသည့် တန်ခိုးစွမ်းအား ဖြစ်လေသည်။

ထိုတန်ခိုးစွမ်းအားသည် အစလည်းမရှိ ၊ အဆုံးလည်းမရှိသလို

သန့်စင်မြင့်မြတ်လေသည်။ တစ်ချိန်တည်းမှာပင် အနတ္တမုဒြာ

တန်ခိုးစွမ်းအားသည် ထောင်ပေါင်းများစွာသော လက်သီးချက်

များအဖြစ် ပြောင်းလဲသွားပြီး လီချင်းဆွေကို ထိုးနှက်

တိုက်ခိုက်လိုက်သည်။

လီချင်းဆွေက သူမ၏ ခန္ဓာကိုယ်ကို အသာအယာလှုပ်ရမ်း

လိုက်ရာ ချက်ချင်းပင် ကြည်လင်သည့်ရေများအဖြစ်သို့

ပြောင်းလဲစီးဆင်းသွားလေသည်။

မီလဲ့ကိုယ်တော်၏ ထောင်ပေါင်းများစွာသော လက်သီးချက်

များသည် ရေထဲတွင် ပျော်ဝင်ပျောက်ကွယ်သွားလေ

တော့သည်။

ရေသည် ကောင်းမြတ်သန့်စင်သည့် သဘောသဘာဝရှိပြီး

အရာအားလုံးကို လက်ခံနိုင်သည့် သတ္တိရှိလေသည်။

မီလဲ့ကိုယ်တော်က လီချင်းဆွေကို မလေးစားဘဲ မနေနိုင်တော့

ပေ။

အကယ်၍ သူတို့ (၂)ယောက်သာ ယခုကဲ့သို့ တိုက်ခိုက်ကြရန်

ကြုံမှာဖန်မလာဘဲ အခြားနေရာတစ်ခုတွင်သာ

အေးအေးဆေးဆေး ဆုံတွေ့ခွင့်ရခဲ့မည်ဆိုလျှင် ကျင့်စဉ်လမ်းအကြောင်း ဆွေးနွေးရင်း မိတ်ဆွေများ ဖြစ်ခွင့်ရမည်မှာ အသေအချာပင်။

သို့ပေမဲ့... 'အကယ်၍' ဆိုသည်မှာ မရှိပေ။

မီလဲ့ကိုယ်တော်က လက်မလျှော့ဘဲ ဆက်လက်တိုက်ခိုက်လိုက်သည်။

လက်ဖဝါးကြီးတစ်ဖက် ပေါ်လာပြီး ရှတ်တရက် လင်စန်းတောင်တစ်ခုလုံး ကပြောင်းကပြန်ဖြစ်သွားလေသည်။

အပေါ်၊ အောက် ၊ ဘယ် ၊ ညာ အရာအားလုံး လှည့်ပတ်သွားပြီး ပြောင်းလဲမှုပေါင်းများစွာ ဖြစ်ပေါ်သွားလေသည်။

ရေအဖြစ် ပြောင်းလဲဖန်ဆင်းထားသည့် လီချင်းဆွေမှာလည်း ပြောင်းလဲမှုများနှင့်အတူ လှည့်ပတ်သွားပြီး ဘောင်ဘင်ခတ်သွားရသည်။ ရေလှိုင်းများထန်လာပြီး ရေများကပြောင်းကပြန်စီးဆင်းကုန်တော့သည်။

လီချင်းဆွေက အလိုက်သင့်ရွေ့လျားမှုကို ထိန်းသိမ်းထား လိုက်ပြီး မကျေမနပ်ဖြင့် အနည်းငယ် ရေရှုတ်လိုက်သည်။ ထို့နောက် ရေထဲမှ အလင်းတန်းများဖြာထွက်လာပြီး လေထဲတွင် သန်းနှင့်ချီသည့် လီချင်းဆွေ၏ ကိုယ်ခွဲများ ထွက်ပေါ်လာကာ မီလဲ့ကိုယ်တော်ကို ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

မီလဲ့ကိုယ်တော်၏ စိတ်ထဲတွင် တစ်ချက်လှုပ်ခတ်သွားရပြန်သည်။

လီချင်းဆွေ အသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားမှာ "ကိုယ်ခွဲကုဋေကုဋာ" တန်ခိုးစွမ်းအားဖြစ်လေသည်။

ကိုယ်ခွဲကုဋေကုဋာတန်ခိုးစွမ်းအားသည် ရှေးခေတ်အချိန်ကာလများကတည်းက ရှိခဲ့သည့် တန်ခိုးစွမ်းအား တစ်ခုဖြစ်သည်။ ထျန်းကန်းပုံပြောင်းပညာနှင့် တိရှပုံပြောင်းပညာများနှင့် ဆင်တူလေသည်။

ထိုသို့သော တန်ခိုးစွမ်းအားမျိုးက ဗုဒ္ဓနှင့် တာအိုဆရာသခင်ကြီးများကိုတော့ ထိခိုက်စေနိုင်မည် မဟုတ်ပေ။ သို့သော်... မိုးနတ်မင်းသာ ရှိနေလျှင် မိုးနတ်မင်းကိုပင် လှုပ်ခါပစ်နိုင်စွမ်း ရှိမည် ဖြစ်လေသည်။

ထို့ပြင်... ကိုယ်ခွဲကုဋေကုဋာတန်ခိုးစွမ်းအားကို လီချင်းဆွေ အသုံးပြုလိုက်ခြင်းက အခြားသူများနှင့်မတူ တစ်မူ ထူးခြားလေသည်။ အခြားသူများအသုံးပြုသည်ထက်ပိုပြီး ကြောက်မက်ဖွယ်ရာ ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... ကိုယ်ခွဲတစ်ခုချင်းစီတိုင်းတွင် လီချင်းဆွေ၏ စိတ်အာရုံစူးစိုက်မှုတစ်ခုစီ ပါဝင်နေသောကြောင့် ဖြစ်လေသည်။

ပြောကြသည်မှာ ထိုသို့သော တန်ခိုးစွမ်းအားမျိုးရရှိရန် အတွက် မရေမတွက်နိုင်အောင် လူပြန်ဝင်စားပြီး ကျင့်ကြံရမည် ဖြစ်လေသည်။ မရေမတွက်နိုင်သည့် ဘဝများတွင် မရေမ

တွက်နိုင်သည့် အသက်များကို ပိုင်ဆိုင်နိုင်အောင် ကျင့်ကြံနိုင်မှသာ ကိုယ်ခွဲတိုင်းတွင် စိတ်အာရုံစူးစိုက်မှုတစ်ခုစီကို ထည့်သွင်းနိုင်မည် ဖြစ်လေသည်။

ထိုသို့သောအဆင့်သို့ရောက်ရှိလျှင်တော့ အလွန်မြင့်မားသည့် တိုက်ခိုက်မှု တန်ခိုးစွမ်းအားကို ရရှိမည် ဖြစ်သည်။

သို့သော်… လူပြန်ဝင်စားပြီး ကျင့်ကြံသည့်တိုင်အောင် ကိုယ်ခွဲကုဋေကုဋာတန်ခိုးစွမ်းအားကို အောင်မြင်အောင် ကျင့်ကြံနိုင်သူမှာ ရှာမှရှားဖြစ်လေ၏။

ထို့ပြင် ထိုကျင့်စဉ်သည် တန်ခိုးစွမ်းအားကျင့်စဉ်တစ်ခုသာဖြစ်ပြီး ကျင့်စဉ်လမ်းအတွက် များစွာ အထောက်အကူမပြုလှသောကြောင့် ဒုက္ခခံပြီး ကျင့်ကြံသူ သိပ်မရှိလှပေ။

သို့ရာတွင်… မီလဲ့ကိုယ်တော်ကတော့ သူ့ကို ဝိုင်းဝန်းတိုက်ခိုက်နေကြသည့် လီချင်းဆွေ၏ ကိုယ်ခွဲများထံမှ ချက်ချင်းပင် လွတ်မြောက်အောင် ရှောင်တိမ်းသွားနိုင်လေသည်။

မီလှဲ့ကိုယ်တော် အသုံးပြုလိုက်သည့်တန်ခိုးစွမ်းအားမှာ "နှလုံ
သားလွတ်မြောက်ခြင်း" တန်ခိုးစွမ်းအား ဖြစ်လေသည်။
"နှလုံးသားလွတ်မြောက်ခြင်း" တန်ခိုးစွမ်းအားမှာ မိမိသွားလို
သည့်နေရာကို စိတ်အာရုံပြုလိုက်သည်နှင့် ချက်ချင်းရောက်ရှိ
သွားသည့် တန်ခိုးစွမ်းအားဖြစ်သည်။
သို့သော်... မီလှဲ့ကိုယ်တော်ကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားသူ
တစ်ယောက်မဟုတ်ပါက ထိုပညာကို အသုံးပြုလျှင်လည်း
အချည်းအနှီးပင် ဖြစ်ပေလိမ့်မည်။
သို့သော်... မီလှဲ့ကိုယ်တော်သည်လည်း လီချင်းဆွေ၏ ကိုယ်ခွဲ
များရန်မှ ရှောင်တိမ်းနိုင်ရန် လွယ်ကူမနေခဲ့ပေ။
ချက်ချင်းပင် မီလှဲ့ကိုယ်တော်သည် နဂါးငွေ့တန်းနံဘေးသို့
ရောက်ရှိလာလေသည်။ သို့သော်... သန်းနှင့်ချီသည့် လီချင်း
ဆွေ၏ ကိုယ်ခွဲများက သူ့နောက်မှ လိုက်ပါလာလေသည်။

တောက်ပနေသည့် ကြယ်စင်များအကြားရှိ မှောင်မှိုင်းနေသည့်

စကြာဝဠာအလယ်တွင် ပြင်းထန်သည့် ပေါက်ကွဲမှုကြီးတစ်ခု

ဖြစ်ပေါ်သွားလေသည်။ တစ်ကြိမ်တည်းပေါက်ကွဲရုံမျှဖြင့်ပင်

အာကာသထဲမှ ဥက္ကာပျံပေါင်းများစွာ အမှုန့်ဖြစ်သွားကြရသည်။

စကြာဝဠာထဲတွင်မဟုတ်ဘဲ လူ့လောကအလယ်တွင်သာ

ပေါက်ကွဲလိုက်ပါက မရေမတွက်နိုင်သည့် သက်ရှိသတ္တဝါများ

စွာ အသက်ဆုံးရှုံးကြရမည်မှာ ဧကန်ပင်။

မီလဲ့ကိုယ်တော်နှင့် လီချင်းဆွေ၏ ပြင်းထန်လှသည့်တိုက်ပွဲကို

စကြာဝဠာကြီးပင် သည်းခံနိုင်ခြင်း မရှိတော့ပေ။

စကြာဝဠာမဟာတွင်းနက်ကြီးတစ်ခု ရုတ်တရက်ပေါ်လာပြီး

တန်ခိုးစွမ်းအားများအားလုံးကို စုပ်ယူပစ်လိုက်လေ

တော့သည်။

မီလဲ့ကိုယ်တော်၏မျက်နှာမှာ မဲမှောင်နေပြီး စကြာဝဠာထဲမှ ချက်ချင်းပျောက်ကွယ်သွားကာ လင်စန်းတောင်တွင် ပြန်ပေါ်လာလေသည်။

သူက နှလုံးသားလွတ်မြောက်ခြင်းတန်ခိုးစွမ်းအားကိုပင် အသုံးပြုကာ လင်စန်းတောင်သို့ ပြန်လာခြင်းဖြစ်ပြီး မဆိုသလောက်သာ နောက်ကျသွားပါက သူသည်လည်း မဟာတွင်းနက်ကြီး၏ စုပ်ယူခြင်းကို ခံရကာ ထာဝရပျောက်ကွယ်သွားရမည် ဖြစ်သည်။

သို့သော်... လီချင်းဆွေက တာ့လေယင်းကျောင်းတော်ခန်းမဆောင်ကြီးအတွင်းသို့ မီလဲ့ကိုယ်တော်ထက်အရင် ပြန်လည်ရောက်ရှိနေခဲ့လေသည်။

မီလဲ့ကိုယ်တော်က လီချင်းဆွေထက် ခြေတစ်လှမ်းနောက်ကျနေခဲ့သည်။

မီလဲ့ကိုယ်တော်က သူရရှိထားသည့် ဒဏ်ရာကိုပင် အရေးမ စိုက်နိုင်ဘဲ မိုးကြိုးတန်ခိုးစွမ်းအားကိုအသုံးပြုကာ လီချင်းဆွေကို တားဆီးလိုက်သည်။

လီချင်းဆွေက ခြေလှမ်းများ ရပ်တန့်လိုက်ပြီး အနောက်သို့ လှည့်ကြည့်ကာ လက်သီးချက်တစ်ချက်ဖြင့် မီလဲ့ကိုယ်တော်ကို ထိုးနှက်လိုက်သည်။

မရေမတွက်နိုင်သည့် လက်သီးချက်များသည် မိုးရေစက်များအလား ထွက်ပေါ်လာပြီး မီလဲ့ကိုယ်တော်ကို ဝိုင်းဝန်းထိုးနှက်ကြလေတော့သည်။

မီလဲ့ကိုယ်တော်ကလည်း လီချင်းဆွေ၏ တိုက်ခိုက်မှုကို ချက်ချင်းပင် ခုခံကာကွယ်လိုက်လေသည်။

နောက်ဆုံးတွင်တော့ မီလဲ့ကိုယ်တော်နှင့် လီချင်းဆွေတို့ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် တိုက်ခိုက်ခဲ့ကြလေသည်။

သူတို့ (၂)ယောက်၏ တိုက်ပွဲကို နတ်ဘုရားများပင် ခန့်မှန်းနိုင်ခြင်း မရှိကြတော့ပေ။ အချိန်ကာလကိုပင် ကျော်လွန်သွားသည့် တိုက်ပွဲတစ်ခု ဖြစ်လာခဲ့လေသည်။

ရုတ်တရက်ပင်...

တာ့လေယင်းကျောင်းတော်ခန်းမဆောင်ကြီးအတွင်းမှ ဗုဒ္ဓအလင်းတန်းများထွက်ပေါ်လာလေသည်။

ပြင်းထန်လှသည့်တိုက်ပွဲကြောင့် ခန်းမဆောင်ကြီး ပျက်စီးမသွားစေရန် အလင်းတန်းများက ကာကွယ်ထားလိုက်ကြလေသည်။

သို့သော်... ပြင်းထန်လှသည့်တိုက်ခိုက်မှုကြောင့် ခန်းမကြီးမှာ သိမ့်ခနဲ လှုပ်ခါသွားရသည်။

မီလဲ့ကိုယ်တော်မှာ အသက်ပင် မရှူနိုင်တော့ပေ။

သိမ့်ခနဲလှုပ်ခတ်သွားမှုကြောင့် ခန်းမဆောင်ကြီး၏ ထောင့်စွန်းတစ်နေရာမှ တဖြည်းဖြည်း စတင် ပြိုကျလာလေသည်။

ကျူးဖူကိုယ်တော်များ ၊ ဗောဓိသကျများ ၊ လော်ဟန်ကိုယ်တော်များ၏ တန်ခိုးစွမ်းအားများ ကိန်းအောင်းရာ ခန်းမကြီးသည်ပင်လျှင် တိုက်ပွဲဒဏ်ကို ခံနိုင်ရည် မရှိတော့ပေ။

မီလဲ့ကိုယ်တော်နှင့် လီချင်းဆွေ၏တိုက်ပွဲက ပို၍ပင် ပြင်းထန်လာလေသည်။

ထိုအချိန်မှာပင်...

ခန်းမဆောင်ကြီး၏တစ်နေရာမှ မှေးမှိန်သည့် အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။ ထိုအလင်းတန်းသည် လင်စန်းတောင်သို့ လီချင်းဆွေ ရောက်ရှိလာရခြင်း အကြောင်းရင်းပင်ဖြစ်တော့သည်။

ထိုအလင်းတန်းထွက်ပေါ်လာရာနေရာတွင် "နှလုံးသားမီးအိမ်" ရှိနေလေသည်။

ထိုမီးအိမ်သည် ဗုဒ္ဓကိုယ်တော်တိုင် ပိုင်ဆိုင်သည့် မီးအိမ်မဟုတ်ပေ။

ထိုမီးအိမ်၏ ပိုင်ရှင်မှာ ရှေးဟောင်းကိုယ်တော်တစ်ပါးဖြစ်သည့် မီးအိမ်ကိုယ်တော်ပိုင်ဆိုင်သည့် မီးအိမ်ဖြစ်လေသည်။

"နှလုံးသားမီးအိမ်" သည် လောကရှိ အဆန်းကျယ်ဆုံးမီးအိမ် (၃)ခုတွင် တစ်ခုအပါအဝင်ဖြစ်လေသည်။

မီးအိမ်ကိုယ်တော်ဆိုသည်က ရှေးခေတ်အချိန်အခါမှ ယခုအချိန်ထိ ဗုဒ္ဓဘာသာနှင့် တာအိုဝါဒတွင် ထင်ရှားသည့် ကိုယ်တော်တစ်ပါး ဖြစ်လေသည်။

မီးအိမ်ကိုယ်တော်သည် မိုးနတ်မင်းခေတ်ကတည်းက လောကတွင် ရှိနေခဲ့သည့် ရှေးဟောင်းကိုယ်တော်တစ်ပါး ဖြစ်လေသည်။

မီးအိမ်ကိုယ်တော်၏တန်ခိုးစွမ်းအားများမှာ ကျန့်ယွမ်ကျီနတ်မင်းကြီးထက် အနည်းငယ်သာ လျော့နည်းသည်ဟု ဆိုကြသည်။

သို့သော်... စိတ်မကောင်းစရာအချက်မှာ လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ခန့်က ဆန်းလျန် လင်စန်းတောင်သို့ လာရောက်တိုက်ခိုက်သည့်အချိန်တွင် မီးအိမ်ကိုယ်တော် အသက်ဆုံးခဲ့ရလေသည်။

နှလုံးသားမီးအိမ်ကို တွေ့ရှိလိုက်ရသည့်အတွက် လီချင်းဆွေက စိတ်လှုပ်ရှားသွားခြင်း မရှိပေ။ သူမသည် စိတ်ပူပန်ခြင်းလည်း မရှိသလို အနိုင်အရှုံးများကိုလည်း အလေးထားခြင်း မရှိပေ။ မီလဲ့ကိုယ်တော်၏မျက်နှာသည် မီးတောက်တစ်တောက် အလား နီရဲတောက်ပနေလေသည်။ ဒေါသထွက်နေခြင်း ကြောင့် ထိုသို့ ဖြစ်နေခြင်း မဟုတ်ပေ။

သို့သော်... သူ၏အသွင်သဏ္ဍာန်သည် လောကတစ်ခုလုံးကို ဖျက်ဆီးပစ်တော့မည့် ဧကရာဇ်တစ်ပါးအလား ဖြစ်လေသည်။

ချက်ချင်းပင်... မီလဲ့ကိုယ်တော်ထံမှ အဆင့်လွန်တန်ခိုး စွမ်းအားများ ထွက်ပေါ်လာလေသည်။

တာအိုဆရာလီချင်းဆွေ၏ မျက်နှာကလည်း အေးစက်ခက်ထန်နေလေသည်။

စကြာဝဠာကဲ့သို့ ကျယ်ပြန့်သည့် သူမ၏ တာအိုစိတ်ထားထဲတွင် ခုနစ်စဉ်ကြယ်မွေးဖွား ဖြစ်တည်လာပြီး အကန့်အသတ်မရှိသည့် စကြာဝဠာအလင်းတန်းများ ဖြာလင်းတောက်ပလာလေသည်။

အလင်းတန်းများတွင် အရာအားလုံးကို လောင်ကျွမ်းပစ်နိုင်သည့် တန်ခိုးစွမ်းအားများ ပါဝင်လေသည်။

မီလဲ့ကိုယ်တော်သည် လီချင်းဆွေအသုံးပြုလိုက်သည့် ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားအကြောင်းကို ချက်ချင်းပင် သိရှိလိုက်သည်။ ထိုတန်ခိုးစွမ်းအားမှာ တာအိုဆရာသခင်ထိုက်ယီ၏ တန်ခိုးစွမ်းအားတစ်ခုပင်ဖြစ်ပြီး "ပေသိုကြယ်စင်" တန်ခိုးစွမ်းအားပင် ဖြစ်လေသည်။

ထိုတန်ခိုးစွမ်းအားကို တစ်ချိန်က မိုးနတ်ဧကရီလည်း အသုံးပြု

ခဲ့ဖူးလေသည်။

သို့သော်... မိုးနတ်ဧကရီနှင့် လီချင်းဆွေ မည်သူသာသည်ကို

တော့ ခန့်မှန်းကြည့်ရန် ခက်လှသည်။

အဆုံးမရှိသည့် စကြာဝဠာအလင်းတန်းများအောက်တွင် မီလဲ့

ကိုယ်တော်သည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူ၏မျက်ဝန်းများထဲတွင် ကရုဏာတရားများ ပြန်လည်

ပြည့်လျှမ်းလာလေသည်။

ရုတ်တရက်... မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိသည့်

ကန့်လန့်ဖြတ်လက်သီးချက်တစ်ချက် လီချင်းဆွေထံသို့

ပြင်းထန်လွန်းသည့် အရှိန်ဖြင့် ဝင်ရောက်လာလေသည်။

လက်သီးချက်သည် တိတ်ဆိတ်လွန်းပြီး မထင်မှတ်သည့်

ရှုထောင့်မှ ဝင်ရောက်လာခြင်း ဖြစ်သည်။

လက်သီးချက်ထွက်ပေါ်လာသည်နှင့် စကြာဝဠာတစ်ခုလုံးတွင် အလင်းတန်းများ ဖြာလင်းသွားသည့်အလား ထင်မှတ်လိုက်ရလေသည်။

ထိုလက်သီးချက်မှာ "နေစကြာတထာဂတသ၏ အလင်းတန်းလက်သီး" ပင် ဖြစ်လေတော့သည်။

အခန်း (၈၁၇) ကြာရွက်များကြား ငါးလေးတွေကဆော့ကစား

ထို့နောက် မီလဲ့ကိုယ်တော်က ခြေတစ်လှမ်းလှမ်းလိုက်လေရာ အချိန်ကာလနှစ်ခု ဆုံတွေ့သည့် အချိန်အပိုင်းအခြားတစ်ခုထက်သို့ ရောက်ရှိသွားလေသည်။

အတိတ်တစ်ချိန်မှ လင်စန်းတောင်ရှိ ဗောဓိသကျများ ၊ ကျူဖူ
ကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များ၏ တရားစာ
ရွတ်ဖတ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရသည်။
တရားစာရွတ်ဖတ်သံများတွင် တန်ခိုးစွမ်းအားများလည်း
ပါဝင်လာလေသည်။

လင်စန်းတောင်၏ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန် အချိန်
အပိုင်းအခြားများကို လှည့်ပြောင်းသုံးစွဲနိုင်သည့် တန်ခိုး
စွမ်းအားကို မီလဲ့ကိုယ်တော်က ပြသလိုက်ခြင်းဖြစ်သည်။

သူက အတိတ်ဆီမှ တန်ခိုးစွမ်းအားများကို ရယူကာ တာအို
ဆရာလီချင်းဆွေကို တိုက်ခိုက်လိုက်လေသည်။

လီချင်းဆွေ၏ ပေသိုကြယ်စင်တန်ခိုးစွမ်းအားနှင့် အတိတ်ဆီ
မှတရားဓမ္မတန်ခိုးစွမ်းအားများသည် တာ့လေယင်းကျောင်း
တော်ကြီး၏ ခန်းမဆောင်အလည်တွင် ပြင်းထန်စွာ ရိုက်ခတ်မိ
သွားကြသည်။

ချက်ချင်းပင် တိုက်ပွဲအခြေအနေက မတိုးသာ မဆုတ်သာ

အနေအထားသို့ ရောက်ရှိသွားသည်။

ထိုအချိန်မှာပင်... ဘယ်ဆီက ထွက်ပေါ်လာမှန်းမသိသည့် နေ

စကြာတထာဂတသ၏ အလင်းတန်းလက်သီးက လီချင်းဆွေ

ထံသို့ ဝင်ရောက်လာကာ လီချင်းဆွေ၏ နတ်ဘုရားခန္ဓာမှာ

အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေတော့သည်။

သို့သော်... ချက်ချင်းပင် အလင်းတန်းများဖြာလင်းလာပြီး ထို

နေရာတွင်ပင် တာအိုဆရာလီချင်းဆွေ၏ နောက်ထပ် နတ်

ဘုရားခန္ဓာတစ်ခု ထွက်ပေါ်လာလေသည်။

အလင်းတန်းများမှာ လီချင်းဆွေ၏ သွေးကြောဆုံချက်များမှ

ထွက်ပေါ်လာခြင်း ဖြစ်သည်။

သူမ၏ မျက်နှာက မပြောင်းမလဲ တည်ငြိမ်နေပြီး သူမ၏

အသွင်အပြင်ကလည်း ကျက်သရေရှိလှလေသည်။ သူမ၏

ခန္ဓာကိုယ်မှ အလင်းတန်းများက မီလဲ့ကိုယ်တော်၏

အလင်းတန်းလက်သီးကို ဖိနှိပ်ထားလိုက်သည်။

အချိန်က ရပ်တန့်နေသည့်အလား ပတ်ဝန်းကျင်တစ်ခုလုံးရှိ

အဖြစ်အပျက်များ ရုတ်တရက် ရပ်တန့်သွားသည်။

ထိုအချိန်မှာပင်...

လီချင်းဆွေက လက်လှမ်းလိုက်လေရာ နှလုံးသားမီးအိမ်သည်

လီချင်းဆွေ၏ လက်ထဲသို့ ပျံသန်းရောက်ရှိလာလေသည်။

ထို့နောက်... ခန်းမဆောင်တစ်ခုလုံးတွင် စူးရှသည့်

အလင်းတန်းများ တောက်ပသွားပြီး တရားစာရွတ်ဖတ်သံများ

လည်း ပျောက်ကွယ်သွားလေသည်။

ထို့နောက်...

ခန်းမဆောင်ထဲရှိ အရာအားလုံး ပျောက်ကွယ်သွားပြီး မီလဲ့

ကိုယ်တော်တစ်ပါးတည်းသာ မတ်တတ်ရပ်လျှက် ကျန်ရစ်ခဲ့

လေသည်။

လီချင်းဆွေ ပျောက်ကွယ်သွားပြီဖြစ်လေသည်။

ထိုအချိန်မှာပင်...

လေထဲတွင် ကိုယ်တော်တစ်ပါးပေါ်လာလေသည်။

ထိုကိုယ်တော်သည် အသိဉာဏ်ပညာငါးပါးကိုကိုယ်စားပြု သော အဖြူရောင်သရဖူကို ဆောင်းထားပြီး ကြာပလ္လင်ထက် တွင် တည်ငြိမ်စွာထိုင်နေလေသည်။ သူ၏လက်တွင် ကြီးမြတ် သည့်ဉာဏ်ပညာမုဒြာကို ပြုလုပ်ထားသည်။

ထိုကိုယ်တော်သည်ကား နေစကြာတထာဂတဿဟု လူသိများ ကြသည့် တာအိုဆရာလုယာပင် ဖြစ်လေတော့သည်။

တာအိုဆရာလုယာသည် တာအိုကျင့်စဉ် ၊ ဗုဒ္ဓဘာသာကျင့်စဉ် နှင့် နတ်မိစ္ဆာကျင့်စဉ်များကို ကျင့်ကြံခဲ့သူဖြစ်ပြီး ဗုဒ္ဓခန္ဓာကို ကျင့်ကြံအောင်မြင်ခဲ့သလိုအထွတ်ထိပ်မိစ္ဆာခန္ဓာကိုလည်း ကျင့်ကြံအောင်မြင်ခဲ့သူ ဖြစ်လေသည်။

ထို့ကြောင့် သူ့ကို တာအိုဆရာတစ်ယောက်အသွင်လည်း မြင်တွေ့နိုင်သလို ဗုဒ္ဓဘာသာ ကိုယ်တော်တစ်ပါးအသွင်ဖြင့်လည်း မြင်တွေ့နိုင်လေသည်။

မီလဲ့ကိုယ်တော်က တည်ကြည်လေးနက်သည့်လေသံဖြင့်...

"လီချင်းဆွေ နှလုံးသားမီးအိမ်ကို ယူသွားပြီ..."

နေစကြာတထာဂတသဿက...

"ကျုပ်ရဲ့ အလင်းတန်းလက်သီးကတောင် သူ့ကို မတားဆီးနိုင်ခဲ့ဘူး..."

လီချင်းဆွေကို မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိသည့် အလင်းတန်းလက်သီးနှင့် တိုက်ခိုက်လိုက်သူမှာ နေစကြာတထာဂတသဿပင် ဖြစ်လေသည်။

မီလဲ့ကိုယ်တော်က...

"သူ တရားအလင်းရတာ နောက်ကျတာပဲ တော်သေးတယ်လို့ ပြောရမယ်၊ မဟုတ်ရင် အခုလောက်ဆို ဟွင့်ယွမ်ဝူကျီအဆင့်ကို ရောက်နေလောက်ပြီ… ကျုပ်ရင်ထဲ စိတ်ပူမိတယ်…"

နေစကြာတထာဂတသက…

"ဒါပေမဲ့ သူကျုပ်ရဲ့ အလင်းတန်းလက်သီးထိသွားတယ်၊ ဟွင့်ယွမ်ဝူကျီအဆင့် ကျင့်ကြံသူမဟုတ်ဘူးဆိုရင် ကျုပ်ရဲ့ အလင်းတန်းလက်သီးကို ဘယ်သူမှ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး…"

မီလဲ့ကိုယ်တော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

နေစကြာတထာဂတသ၏ အလင်းတန်းလက်သီးချက်ကြောင့် လီချင်းဆွေ ဒဏ်ရာရသွားလျှင်လည်း ကောင်းတာပဲဟု သူက တွေးလိုက်သည်။

ထို့ပြင်… လီချင်းဆွေသာ လင်စန်းတောင်ကို ကျူးကျော်လာခြင်း မရှိလျှင် နေစကြာတထာဂတသအနေဖြင့်လည်း လီချင်း

ဆွေ၏ တန်ခိုးစွမ်းအား မည်မျှအဆင့်မြင့်သည်ကို လေ့လာခွင့် ရမည် မဟုတ်ပေ။

အမှန်တော့ နေစကြာတထာဂတသသည် မီလဲ့ကိုယ်တော်နှင့် လီချင်းဆွေတို့၏ တိုက်ပွဲကို တိတ်တဆိတ်လေ့လာနေခဲ့ခြင်း ဖြစ်လေသည်။ ထိုအချက်ကို မီလဲ့ကိုယ်တော်ပင်လျှင် သိရှိခဲ့ ခြင်း မရှိပေ။

ထိုအချက်ကြောင့် မီလဲ့ကိုယ်တော်က နေစကြာတထာဂတသ ကို အနည်းငယ်မကျေမနပ် ဖြစ်နေမိသည်။

သို့သော်... သူတို့ (၂)ယောက်သည် တစ်ခရီးတည်းသွားသူများ ဖြစ်လေရကား မခံမရပ်နိုင်အနေအထားမျိုး မဟုတ်သရွေ့ တစ်ယောက်နှင့်တစ်ယောက် မျက်နှာပျက်အောင်လုပ်ကြမည် မဟုတ်ပေ။ ထို့ကြောင့် မီလဲ့ကိုယ်တော်က မကျေနပ်ချက်ကို ထုတ်ဖော်ပြနေခြင်းမျိုး မပြုလုပ်တော့ပေ။

နေစကြာတထာဂတသကလည်း ထိုကိစ္စကို မီလှဲ့ကိုယ်တော်ကို တကူးတက ရှင်းပြမနေတော့ပေ။

နေစကြာတထာဂတသက...

"ဒဏ်ရာရသွားတာတောင် နှလုံးသားမီးအိမ်ကို ရအောင်ယူသွားပုံထောက်ရင် လီချင်းဆွေက မီးအိမ် (၃)ခုလုံးကို ရှာဖွေနေတာ ဖြစ်ရမယ်..."

မီလှဲ့ကိုယ်တော်က ပြုံးလိုက်ရင်း...

"အဲဒါကတော့ ကျောက်စိမ်းဝိညာဉ်နန်းတော်နဲ့ ဘုရင်ရှစ်ပါးနန်းတော်ရဲ့ ကိစ္စဖြစ်သွားပြီ၊ ကျုပ်တို့က ပွဲကြီးပွဲကောင်းစောင့်ကြည့်ရုံပဲ..."

မိုးနှင့်မြေတွင် လျှို့ဝှက်ဆန်းကျယ်သည့် မီးအိမ် (၃)ခု ရှိလေသည်။

ပထမမီးအိမ်က ကျောက်စိမ်းဝိညာဉ်နန်းတော်တွင်ရှိပြီး ဒုတိယမီးအိမ်က ဘုရင်ရှစ်ပါးနန်းတော်တွင် ရှိလေသည်။

တတိယမီးအိမ်ကတော့ လင်စန်းတောင်တွင်ရှိလေရာ ယခု

တော့ လီချင်းဆွေက ယူသွားခဲ့ပြီ ဖြစ်သည်။

သို့သော်... လင်စန်းတောင်မှ နှလုံးသားမီးအိမ်သည် မီးအိမ်

ကိုယ်တော် အသက်ဆုံးခဲ့ပြီးသည့်နောက်ပိုင်း အလင်းရောင်

လည်း မှေးမှိန်သွားခဲ့လေသည်။

မည်သူမှ မီးအိမ်ကို လင်းလက်လာအောင် ထပ်မံ မီးထွန်းညှိနိုင်

ခြင်း မရှိခဲ့ပေ။

ထို့ကြောင့် နှလုံးသားမီးအိမ်သည် အလွန်တန်ဖိုးရှိလင့်ကစား

မီးရောင်လင်းလက်ခြင်းမရှိတော့သည့်နောက်ပိုင်း မီလဲ့

ကိုယ်တော်အတွက် သိပ်ပြီး အသုံးမဝင်လှပေ။

သို့သော်... နောက်ထပ်မီးအိမ် (၂)လုံးကိုသာ ရရှိမည်ဆိုလျှင် မ

ယုံကြည်နိုင်စရာ ကိစ္စများ ဖြစ်လာနိုင်လေသည်။

မည်သို့ပင်ဖြစ်စေ ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်ကို စိန်ခေါ်ပြီး မီးအိမ် (၂)လုံးကို ရယူရန်မှာတော့ လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။

နေစကြာတထာဂတသက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ဒီတော့ နှလုံးသားမီးအိမ်ကို လီချင်းဆွေယူသွားတဲ့ကိစ္စ ဖုံးကွယ်ထားစရာမလိုဘူး ၊ သတင်းလွှင့်လိုက်ကြရုံပေါ့..."

မီလဲ့ကိုယ်တော်က ပြုံးရုံသာပြုံးနေပြီး မည်သည့်စကားမှ ပြန်လည်ပြောကြားခြင်း မရှိခဲ့ပေ။

....

လအနည်းငယ်ကြာပြီးသည့်နောက်....

ဆန်းလျန် ဘုရင့်နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာလေသည်။

ကြာပန်းဖြူပဲဖြစ်ဖြစ် ကျောက်ရှောင်ယွီပဲဖြစ်ဖြစ် သူ့ဘဝထဲသို့ မထင်မှတ်စွာ ဝင်ရောက်လာခဲ့ကြပြီး မထင်မှတ်စွာပင် ပြန်လည်ထွက်ခွာသွားကြသူများ ဖြစ်လေသည်။

ကြာပန်းဖြူပျောက်ကွယ်မသွားခင် "ချင်းရှကျောင်းတော်" တွင် သူ့ကိုမှာကြားသွားသည့် စကားများကို ဆန်းလျန် သတိရ မိသည့်တိုင် လောလောဆယ်တွင် ချင်းရှကျောင်းတော်သို့ သွားချင်စိတ်မရှိသေးပေ။

ကျောက်ရှောင်ယွီသည် သူ့ကို အဖော်ပြုပေးနေရင်းမှပင် ရုတ်တရက် ထွက်ခွာသွားခဲ့လေသည်။

သို့သော်... ကျောက်ရှောင်ယွီသည် အခြားသောမိန်းကလေးများနှင့် မတူဘဲ ဆန်းလျန်ကို အဘယ်မျှချစ်မြတ်နိုးကြောင်း ပွင့်ပွင့်လင်းလင်းပင် ဝန်ခံခဲ့သူဖြစ်လေသည်။

သူမသည် လွတ်လပ်ပြီး သတ္တိရှိသူ မိန်းမပျိုတစ်ယောက်ဖြစ်သည်။

သူတို့အတူတူရှိခဲ့ကြသည့် အချိန်တိုလေးအတွင်းမှာပင် ဆန်းလျန်သည် သူမကို နက်နက်ရှိုင်းရှိုင်းမြတ်နိုးမိခဲ့လေသည်။

သို့သော်… ဆန်းလျန်၏အချစ်များ အထွတ်ထိပ်မရောက်ခင်မှာပင် သူမသည် ဆန်းလျန်ကို ထားသွားခဲ့ပြန်လေသည်။ ထိုမိန်းမပျိုသည် ဆန်းလျန်ကို မမေ့နိုင်သည့်အမှတ်တရများပေးကာ တစ်ယောက်တည်း ချန်ထားရစ်ခဲ့ပြန်လေပြီ။

ကျောက်ရှောင်ယွီက သူ့ကိုထားသွားသည့်အတွက် ဆန်းလျန်မှာ မထင်မှတ်စွာပင် ဝမ်းနည်းကြေကွဲခြင်းကို ခံစားနေရလေသည်။

ထိုနေ့က…

ဟယ်ရှန်းကို ကျိုးယီတောင်သို့ ပြန်ပို့ပေးသည့်အချိန်မှာပင် အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ ကျောက်ရှောင်ယွီ အထင်မှတ်စွာ သူ့နံဘေးမှ ထွက်ခွာသွားခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်၏ သင်ပြပေးမှုအောက်တွင် ရှင်ယောင်းသည် အလျှင်အမြန်ပင် တိုးတက်လာခဲ့သည်။ လောကနတ်ဘုရား

တစ်ပါးဖြစ်လာရန်အတွက် စက္ကူအလွှာပါးလေးတစ်လွှာမျှသာ

လိုတော့သည်။

သို့သော်... လောကနတ်ဘုရားတစ်ပါး ဖြစ်လာရန်အတွက် ရှင်

ယောင်းအနေဖြင့် သူ့ကိုယ်တိုင် ကြိုးစားမှ ရပေလိမ့်မည်။

ဆန်းလျန်က လမ်းပြပေးရုံသာ တတ်နိုင်လေသည်။

ဆန်းလျန်က အလျှင်လိုခြင်းမရှိပါ။ သူက စိတ်အေးလက်အေး

ဖြင့်ပင် နေ့ရက်များကို ရေတွက်ရင်း စောင့်ဆိုင်းနေခဲ့လေ

သည်။

နန်းတော် (၃)ခုနှင့် ကျောင်းတော်ကြီး (၄)ခုမှ လူများကလည်း

ဆန်းလျန်ကို တိတ်တဆိတ်စောင့်ကြည့်နေကြလေသည်။

သို့သော်... ဆန်းလျန်က အရေးမစိုက်ပေ။

အချိန်ကြာလာသည်နှင့်အမျှ စောင့်ကြည့်နေကြသူများ

လျော့နည်းသွားပြီး သူတို့က ဆန်းလျန်ကို သိပ်ပြီး စိတ်ဝင်စား

ကြခြင်း မရှိတော့ပေ။

ဆန်းလျန်၏ အပြုအမူများက အားလုံးကို ပဟေဠိဖြစ်စေလေ

သည်။ အမှန်ဆိုလျှင် အားလော်ဟာယ်နှင့် တိုက်ပွဲအပြီးတွင်

ဆန်းလျန်အနေဖြင့် တစ်နေရာတွင် လျှို့ဝှက်နေထိုင်သင့်လေ

သည်။ သို့သော်... ဆန်းလျန်ကတော့ လမ်းမများထက် ထင်

ထင်ပေါ်ပေါ်ပင် သွားလာလျှက် ရှိလေတော့သည်။

ကျင့်ကြံခြင်းလောကရှိလူအများ ဆန်းလျန်ကို အာရုံစိုက်နေ

ကြချိန်တွင် မယ်တော်ဝမ်မူကတော့ လူ့လောကအရေးများတွင်

ပျော်ပျော်ရွှင်ရွှင် ပါဝင်ပတ်သက်ကာ အကျေနပ်ကြီး ကျေနပ်

လျှက် ရှိနေလေတော့သည်။

မယ်တော်ဝမ်မူ၏ ဩဇာအာဏာမှာ ကြီးမားလာပြီး အချိန်

(၁)လအတွင်းမှာပင် သူမကို ဆန့်ကျင်ရဲသူ တစ်ယောက်မှ မရှိ

တော့ပေ။

နန်းတော် (၃)ခုနှင့် ကျောင်းတော်ကြီး (၄)ခုမှ လူများကလည်း

သူမကို နောက်ယှက်ကြခြင်း မရှိတော့ပေ။

ယနေ့တွင်တော့....

လမင်းကလည်းသာနေသလို လေပြေလေးကလည်း တိုက်ခတ်နေလေသည်။

ဆန်းလျှန်သည် ဘုရင့်နန်းတော်အနီးအပါးရှိ ရေကန်တစ်ခုနံဘေးသို့ ရောက်ရှိနေလေသည်။

လေပြေအဝှေ့တွင် ရေကန်ထဲလွင့်မျောသွားသည့် ကြာပန်းလေးများ ၊ ကောင်းကင်ထက်တွင် လွင့်မျောသွားသည့် တိမ်တိုက်များဖြင့် ညခင်းက အလွန်ပင် သာယာလျှက်ရှိသည်။

"ကျန်းနန်ကမြစ်တစ်စင်း...

လယ်ကွင်းတွေကို ဖြတ်သန်းစီးဆင်း...

မြစ်ရေထဲမှာ ကြာပန်းပွင့်တွေစီးမျောသွား...

ကြာရွက်များကြား ငါးလေးတွေက ဆော့ကစား ...

အရှေ့ဘက်က ကြာရွက်များကြား ငါးလေးတွေက ဆော့ကစား ...

အနောက်ဘက်က ကြာရွက်များကြား ငါးလေးတွေက ဆော့

ကစား ...

တောင်ဘက်က ကြာရွက်များကြား ငါးလေးတွေက ဆော့

ကစား ...

မြောက်ဘက်က ကြာရွက်များကြား ငါးလေးတွေက ဆော့

ကစား ... "

ဆန်းလျန်က ရေကန်နံဘေးတွင် ရှေးဟောင်းကဗျာတစ်ပုဒ်ကို

သက်သောင့်သက်သာ ရွတ်ဆိုနေလေသည်။

"ဒီကဗျာက တကယ်ကောင်းတာပဲ..."

နူးညံ့သိမ်မွေ့သည့် မိန်းကလေးသံတစ်သံ ရုတ်တရက် ထွက်

ပေါ်လာလေသည်။

ဆန်းလျန်က လှမ်းကြည့်လိုက်သည့်အခါတွင်တော့ နတ်သမီး

တစ်ပါးကဲ့သို့ ချောမောလှပပြီး ဗောဓိသကျတစ်ပါးကဲ့သို့

တည်ကြည်သည့် မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဆန်းလျန်က သူ့ရှေ့မှ မိန်းမပျိုကို အတန်ကြာစိုက်ကြည့်နေလေသည်။

နောက်ဆုံးမှ တစ်ချက်ပြုံးလိုက်ရင်း...

"မယ်တော်... ဘာကိစ္စရှိလို့ ရောက်လာရတာလဲ..."

ထိုမိန်းမပျိုသည်ကား ကွမ်ယင်မယ်တော်ပင် ဖြစ်လေ၏။

ဆန်းလျန်မှာ ကွမ်ယင်မယ်တော်ကို တွေ့လိုက်ရသည့်အတွက် အံ့သြသွားမိသည်။ ကွမ်ယင်မယ်တော်သည် ထူးခြားဆန်းကျယ်သူတစ်ယောက် ဖြစ်ရုံသာမက သူမထံတွင် တာအိုဝါဒနှင့် ဗုဒ္ဓဘာသာ (၂)မျိုးစလုံး ကာရံညီလျှက် ရှိသည်ကို တွေ့ရလေသည်။

လောကတွင် တာအိုဝါဒနှင့် ဗုဒ္ဓဘာသာ (၂)မျိုးလုံးကို ကျင့်ကြံနိုင်သူဆို၍ အနည်းငယ်သာရှိပြီး ဆန်းလျန်ပင်လျှင် (၂)ယောက်ခန့်သာ တွေ့မြင်ခဲ့ဖူးလေသည်။

တစ်ယောက်မှာ ဆန်းလျန်ကိုယ်တိုင်ဖြစ်ပြီး နောက်တစ်ယောက်မှာ ယခု သူ့ရှေ့တွင်ရောက်ရှိနေသည့် ကွမ်ယင်မယ်တော်ပင် ဖြစ်သည်။

သို့သော်... မတူညီသည့်အချက်မှာ ဆန်းလျန်က ဗုဒ္ဓဘာသာကျင့်စဉ်များကို ကျင့်ကြံရင်း တာအိုလမ်းစဉ်ကို လျှောက်လှမ်းခဲ့သူဖြစ်ပြီး ကွမ်ယင်မယ်တော်ကတော့ တာအိုကျင့်စဉ်များကို ကျင့်ကြံရင်း ဗုဒ္ဓဘာသာလမ်းစဉ်ကို လျှောက်လှမ်းခဲ့သူ ဖြစ်လေသည်။

ကွမ်ယင်မယ်တော်က ကြည်လင်သည့်မျက်ဝန်းများဖြင့် ဆန်းလျန်ကို ကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်သည်။

"ဝက်ဝံသခင်ကိုလွှတ်ပြီး မင်းကို ဖိတ်ကြားခိုင်းလိုက်တာ ၊ မင်းက မလာတော့ ငါကိုယ်တိုင်ပဲ မင်းကိုလာတွေ့ရတော့တာပေါ့..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မယ်တော်ကလာမတွေ့လည်း ကျုပ်က လာတွေ့တော့မလို့ပါပဲ..."

ထို့နောက် ဆန်းလျန်က လက်ဝှေ့ယမ်းလိုက်လေရာ ကြည်လင်သည့်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး သူတို့ (၂)ယောက်လုံး တိမ်တိုက်နန်းတော်တစ်ခုအတွင်းသို့ ရောက်ရှိသွားကြလေသည်။

တိမ်တိုက်နန်းတော်နံဘေးရှိ ရေကန်ထဲတွင် ကြာပန်းများပွင့်လန်းနေပြီး အေးမြသည့် လရောင်က ကန်ရေပြင်ထက်သို့ ဖြာကျနေလေသည်။

တိမ်တိုက်နန်းတော်ထဲတွင် ကျောက်သားစားပွဲတစ်ခုနှင့်

ကျောက်သားထိုင်ခုံများ ရှိနေလေသည်။

ဆန်းလျန်နှင့် ကွမ်ယင်မယ်တော်တို့ မျက်နှာချင်းဆိုင် ထိုက်

လိုက်ကြလေသည်။

စားပွဲထက်တွင် ရေနွေးကြမ်းအိုးတစ်အိုးရှိနေလေသည်။

တိမ်ခိုးများကလွင့်မျောနေပြီး လရောင်ကတောက်ပနေသည်။

အပြင်မှ လှမ်းကြည့်မည်ဆိုလျှင် နတ်ဘုရားကမ္ဘာမှ မိန်းမပျို

တစ်ယောက်နှင့် ယောကျာ်းပျိုတစ်ယောက်

လက်ဖက်ရည်ကြမ်းသောက်နေကြသည်ကို တွေ့မြင်ရမည်

ဖြစ်လေသည်။

ကွမ်ယင်မယ်တော်က လက်ဖက်ရည်ကြမ်းကို တစ်ငုံသောက်

လိုက်ပြီး...

"ကောင်းလိုက်တဲ့လက်ဖက်ရည်ကြမ်း..."

ဆန်းလျန်က...

"တိုက်ဆိုင်သွားတာပါ..."

ကွမ်ယင်မယ်တော်က...

"တိုက်ဆိုင်တယ်ဆိုတာမျိုးကို ငါ လက်မခံဘူး..."

ဆန်းလျန်က ကွမ်ယင်မယ်တော်ကို လက်နှစ်ဖက်စုပ်ကာ

အရိုအသေပေးလိုက်သည်။

ကွမ်ယင်မယ်တော် သူ့ဆီရောက်လာသည်မှာ ကောင်းသည့်

ရည်ရွယ်ချက်ဖြင့် မဟုတ်သည်ကို သိရှိသည့်တိုင် သူကတော့

ကွမ်ယင်မယ်တော်ကို မလေးစားဘဲ မနေနိုင်ပါချေ။

အမှန်တော့ လက်ဖက်ရည်ကြမ်းမှာ ဆန်းလျန်ဖန်ဆင်းထား

သည့် လက်ဖက်ရည်ကြမ်း ဖြစ်လေသည်။

လက်ဖက်ရည်ကြမ်းအရသာရှိသည့်တိုင် လက်ဖက်ခြောက်၏

အနှစ်သာရ ပါဝင်ခြင်း မရှိပေ။ ဖန်ဆင်းထားခြင်း ဖြစ်

သည့်အတွက် အရင်းအမြစ်မရှိပေ။

ထို့ကြောင့် ကွမ်ယင်မယ်တော်က "တိုက်ဆိုင်တယ်ဆိုတာကို

လက်မခံဘူး" ဟု ပြောခဲ့ခြင်း ဖြစ်လေသည်။

ကွမ်ယင်မယ်တော်က...

"ငါတို့အရှေ့မှာ ရှုခင်းတစ်ခုရှိနေတယ်၊ ဒါပေမဲ့ ငါမလုပ်နိုင်တဲ့

အရာတစ်ခုရှိတယ်၊ ဆန်းလျန်ထျန်းကျွင်း လုပ်ပေးနိုင်မ

လား..."

အရှေ့တွင် မြင်နေသည့် ရှုခင်း...၊

ကွမ်ယင်မယ်တော် မလုပ်နိုင်သည့်အရာ...၊

ဆန်းလျန်လုပ်ပေးနိုင်သည့်အရာ...။

ကွမ်ယင်မယ်တော်၏ စကားက မည်သို့ အဓိပ္ပါယ်ရှိပါသနည်း။

သို့သော်... ကွမ်ယင်မယ်တော်ဆိုလိုသည့်အဓိပ္ပါယ်ကို ဆန်းလျ

န်ကတော့ နားလည်လိုက်သည်။

ဆန်းလျန်က တိုးလျသည့်လေသံဖြင့်...

"ကောန္တ..."

ကွမ်ယင်မယ်တော်က...

"ကျေးဇူးပြုပြီး ဆန်းလျန်ထျန်းကျွင်း ပွင့်ပွင့်လင်းလင်း ပြော

လို့ရပါတယ်..."

ဆန်းလျန်က...

"ပန်းချီကားကို ရေးဆွဲတာ..."

ကွမ်ယင်မယ်တော်က နူးညံ့သည့်လေသံဖြင့်...

"ဟုတ်တယ်...."

ဟု ပြောလိုက်လေသည်။

ထို့နောက် ကွမ်ယင်မယ်တော်၏လက်ဖဝါးထက်တွင် စာရွက်

ဖြူတစ်ရွက်နှင့် စုတ်တံတစ်ချောင်းပေါ်လာလေသည်။ သာမန်

စက္ကူနှင့် သာမန်စုတ်တံတစ်ချောင်းမျှသာ ဖြစ်သော်လည်း

ဖန်ဆင်းခြင်းကို ကိုယ်စားပြုလလေသည်။

ဆန်းလျန်က ကွမ်ယင်မယ်တော်၏လက်ထဲမှ စက္ကူနှင့် စုတ်တံကိုယူလိုက်ပြီး အချိန်တစ်ခဏမျှ စဉ်းစားနေလိုက်ပြီးမှ ပန်းချီကားကို စတင် ရေးဆွဲလိုက်သည်။

သူက စုတ်ချက်တစ်ချက်ချင်းစီ အကြမ်းဖျင်းရေးဆွဲလိုက်သည်။

သို့သော်… စုတ်တံနှင့် ရေးခြစ်လိုက်လေတိုင်း မမြင်ရသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာလေသည်။

အနီးကပ်ကြည့်မည်ဆိုလျှင် ထိုပြောင်းလဲမှုများသည် ပြင်ပရှုခင်းများနှင့် တစ်ပြိုင်တည်း အချိန်ကိုက်ပြောင်းလဲနေသည်ကို တွေ့ရှိရမည် ဖြစ်သည်။

ဆန်းလျန်ရေးဆွဲနေသည့် ပန်းချီကားက ရုပ်သေပန်းချီကားချပ်တစ်ခု မဟုတ်ပေ။ အသက်ဝင်ရှင်သန်နေသည့် ပန်းချီကားတစ်ချပ် ဖြစ်လေသည်။

အချိန်တိုအတွင်းမှာပင် ပန်းချီကား ရေးဆွဲပြီးသွားလေသည်။

ပန်းချီကားက အသက်ဝင်နေပြီး မင်ရောင်ကို ဖယ်ရှားလိုက်

မည်ဆိုလျှင် ပြင်ပမှ ရှုခင်းပုံနှင့် တစ်ထေရာတည်းတူသည်ကို

တွေ့မြင်နိုင်သည်။

ပြင်ပမှ ရှုခင်းများပြောင်းလဲသွားသည်နှင့် ပန်းချီကားကလည်း

လိုက်လံ ပြောင်းလဲသွားမည် ဖြစ်သည်။

အပြင်ဘက်ရှိ ရှုခင်းထဲတွင် ကြာရွက်ပေါ်သို့ ပုဇဉ်းတစ်ကောင်

လာနားလေသည်။ ထိုအခါ ပန်းချီကားထဲတွင်လည်း ပုဇဉ်း

တစ်ကောင်ပေါ်လာကာ ကြာရွက်ပေါ်တွင် လာနားလေသည်။

ကွမ်ယင်မယ်တော်သည် ပန်းချီကားကို ကြည့်ပြီး တိတ်ဆိတ်

ငြိမ်သက်နေလေသည်။

ဆန်းလျန်၏ ပြောင်းလဲခြင်းကိုအခြေခံသည့် တာအိုတန်ခိုး

စွမ်းအားများသည် ပန်းချီးကားထဲတွင် ထင်ဟပ်နေလေသည်။

ဆန်းလျန်သည် ပန်းချီကားကို ရေးဆွဲသည့်အချိန်တွင်

အနာဂတ်အချိန်တွင် ရှုခင်း၏ ပြောင်းလဲလာနိုင်ချေများကို

ခန့်မှန်းတွက်ချက်ကာ ထည့်သွင်းထားခဲ့လေသည်။ ထို့ကြောင့် ပန်းချီကားသည် ပြင်ပရှုခင်းနှင့်အညီ လိုက်လံပြောင်းလဲနေခြင်းပင် ဖြစ်တော့သည်။

အနာဂတ်ကို ဖမ်းယူဆုပ်ကိုင်ထားသည့် ပန်းချီကားသည် ကွမ်ယင်မယ်တော်ကို စကားပင်မပြောနိုင်လောက်အောင် အံ့သြစေလေသည်။

ကွမ်ယင်မယ်တော်သည် နတ်ဘုရားများ၏ အဆုံးသတ်နိဂုံးခေတ်တစ်ခေတ်ကို တွေ့မြင်လိုက်ရလေသည်။

ကွမ်ယင်မယ်တော်က...

"ဆန်းလျန်ထျန်းကျွင်းလည်း သိပါတယ်လေ ၊ အခုဆိုရင် ထျန်းကျွင်းရင်ဆိုင်ရမယ့် ရန်သူတွေ အများကြီး ရှိနေတယ် ဆိုတာ ၊ အားလော်ဟယ်ကိုအသာထား... ကျောက်စိမ်းဝိညာဉ်နန်းတော် ၊ ဘုရင်ရှစ်ပါးနန်းတော် ၊ နတ်မိစ္ဆာအဓိပတိနန်းတော်အပြင် ရှေးဟောင်းနတ်ဘုရားပေါင်းများစွာက ထျန်းကျွင်းကို

သတ်ပစ်ချင်လောက်အောင် မုန်းတီးနေကြတာ ၊ ဒါပေမဲ့ ထျန်းကျွင်းအနားမှာနေပြီး ရပ်တည်ပေးမယ့်သူကတော့ ကျောက်ရှောင်ယွီ တစ်ယောက်ပဲ ရှိတယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မယ်တော်ဆိုရင်ရော အဲဒီလို နတ်ဘုရားတွေအများကြီးနဲ့ ရန်သူဖြစ်ချင်ပါ့မလား..."

ကွမ်ယင်မယ်တော်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဖြစ်သင့်ရင် ဖြစ်ရမှာပေါ့..."

နတ်ဘုရားများသည် ထိုကဲ့သို့ပင် ဖြစ်လေသည်။

မျှော်လင့်ချက်အနည်းငယ်မျှသာ ရှိသည့်တိုင် အခွင့်အရေး တစ်ခုကို လက်လွှတ်မခံနိုင်ခဲ့ကြပေ။

ထိုအချက်ကြောင့်ပင် ကွမ်ယင်မယ်တော်သည် ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ထွက်ခွာလာခဲ့ပြီး ယွမ်စီထျန်းကျွင်း၏ တပည့်တစ်ယောက်ဖြစ်သည့် "တာအိုဆရာချီဟာန်" ဆိုသည့်

ဂုဏ်ပုဒ်ကို စွန့်လွှတ်ကာ ဗုဒ္ဓ၏အရိပ်ကို ခိုလှုံခဲ့ခြင်း ဖြစ်လေသည်။

သို့သော်…ထိုသို့ဆုံးဖြတ်ခဲ့ခြင်းအတွက် သူမ မည်သည့်အခါမှ နောင်တရမည် မဟုတ်ပေ။

ဆန်းလျန်က…

"အမှန်တော့ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာသည်ဖြစ်စေ ဖြစ်မလာသည်ဖြစ်စေ ကိုယ့်ကိုကိုယ်တော့ ကောင်းအောင်အတတ်နိုင်ဆုံးကြိုးစားကြရမှာပဲ ၊ ကျုပ်က တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်ချင်တဲ့အတွက် ကြုံတွေ့ရမယ့် အခက်အခဲတွေအားလုံးကို ရင်ဆိုင်မှာပဲ ၊ ဒါပေမဲ့ အဲဒါက ကျုပ်ရဲ့ ဦးတည်ရာမဟုတ်ပါဘူး… ၊ ကြာရွက်များကြား ငါးလေးတွေက ဆော့ကစား … ၊ အရှေ့ဘက်က ကြာရွက်များကြား ငါးလေးတွေက ဆော့ကစား … ၊ အနောက်ဘက်က ကြာရွက်များကြား ငါးလေးတွေက ဆော့ကစား … ၊ တောင်ဘက်က ကြာရွက်များ

ကြား ငါးလေးတွေက ဆော့ကစား ... ၊ မြောက်ဘက်က ကြာ

ရွက်များကြား ငါးလေးတွေက ဆော့ကစား ..."

ဆန်းလျန်က ထိုင်ရာမှထလိုက်ပြီး ကွမ်ယင်မယ်တော်ကို လှည့်

မကြည့်တော့ဘဲ တိမ်တိုက်နန်းတော်ထဲမှ ထွက်ခွာသွားလေ

သည်။

သူရွတ်ဆိုခဲ့သည့် ရှေးဟောင်းကဗျာလေးက အတူတူပင်ဖြစ်

သော်လည်း အမြင်များကတော့ ပြောင်းလဲသွားပြီ ဖြစ်လေ

သည်။

ကွမ်ယင်မယ်တော်၏ စိတ်ထဲတွင်လည်း အမြင်များ ပြောင်းလဲ

သွားလေသည်။

ဆန်းလျန်ဆိုသည်က....

အစမှသည် အဆုံးထိတိုင် မည်သည့်အခါမှ မပြောင်းလဲသည့်

စိတ်ဓာတ်ခိုင်မာသူတစ်ယောက် ဖြစ်လေသည်။

ငါးလေးများဆိုသည်က ရည်ရွယ်ချက်မရှိသည့်တိုင် ရေထဲ
တွင် အမြဲတမ်းဆော့ကစားနေကြမည် ဖြစ်လေသည်။
ကြာရွက်များကြား ဆော့ကစားနေရခြင်းသည်ပင်လျှင် ငါး
လေးများအတွက် အံ့သြစရာ ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့်
အခြားသောအကြောင်းအရာများကြောင့် အဘယ်မှာ စိတ်အ
နှောက်အယှက် ဖြစ်နေစရာ လိုပါသနည်း။
ဆန်းလျန်သည်လည်း ကျင့်စဉ်လမ်းကိုလျှောက်လှမ်းရန် ရွေး
ခြယ်ခဲ့သူတစ်ယောက် ဖြစ်လေသည်။ သူက ငါးလေးများ ကြာ
ရွက်များကြားတွင် ပျော်ရွှင်စွာ ဆော့ကစားနေသကဲ့သို့
ကျင့်စဉ်လမ်းတွင် ပျော်ရွှင်စွာ လျှောက်လှမ်းနေမည် ဖြစ်ပြီး
ရန်သူများကြောင့်တော့ဖြင့် စိတ်အနှောက်အယှက် ဖြစ်နေစရာ
အဘယ်မှာ ရှိပါမည်နည်း။
ဆန်းလျန် ထွက်ခွာသွားသည်နှင့်…
တိမ်တိုက်နန်းတော်သည်လည်း ပျောက်ကွယ်သွားလေသည်။

ထိုအချိန် ဝူခုံးက ကွမ်ယင်မယ်တော်၏ရှေ့တွင် ပေါ်လာလေသည်။

ကွမ်ယင်မယ်တော်က ဝူခုံးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ရုတ်တရက် စကားတစ်ခွန်းကို ဆိုလိုက်သည်။

"နှစ်ပေါင်းတစ်သောင်းကျော်တောင် ကြာခဲ့ပြီးပြီ ၊ သူက ဘာလို့ ဆန်းလျှန်ထျန်းကျွင်းအဖြစ် အခုချိန်ထိ တည်ရှိနေရသေးသလဲဆိုတာကို ငါ နားလည်သွားပြီ..."

အခန်း (၈၁၈) ခရမ်းရောင်အခိုးအငွေ့များကြားဝယ်

ဆန်းလျန် ရေကန်ဘက်ဆီ လမ်းလျှောက်ထွက်ပြီး ပြန်လာသည့်အချိန်တွင် ရှင်ယောင်းက အိမ်အပြင်ဘက်တွင် ဆန်းလျန်ကို စောင့်မျှော်နေလေသည်။

ထိုအချိန်မှာပင်...

အရှေ့ဘက်ကောင်းကင်ရှိ ကြယ်စင်များဆီတွင် ခရမ်းရောင်အခိုးအငွေ့များ ထွက်ပေါ်လာသည်ကို ဆန်းလျန် တွေ့မြင်လိုက်ရသည်။ ထိုခရမ်းရောင်အခိုးအငွေ့များသည် မိုင်ပေါင်းတစ်သောင်းမကက ရှည်လျားလေသည်။

ဆန်းလျန်က မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး ရှင်ယောင်းကို လက် (၂)ချောင်းဖြင့် ထိုးညွှန်လိုက်သည်။ ဆန်းလျန်၏ လက်ချောင်းထိပ်များမှ ထူးဆန်းသည့် လူပြန်ဝင်စားခြင်းတန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး ရှင်ယောင်းမှာ မြေပြင်ထက်သို့ လဲကျသွားကာ အိပ်ပျော်သွားလေတော့သည်။

ရှင်ယောင်း၏ဝိညာဉ်သည် အိပ်မက်လှလှမက်နေပေလိမ့်မည်။

ဆန်းလျန်အသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားမှာ လူပြန်ဝင်စားခြင်းအနှစ်သာရကို ဆန်းလျန် သိမြင်ခဲ့သည့်အချိန်တွင် ရရှိခဲ့သည့် တန်ခိုးစွမ်းအားများ ဖြစ်လေသည်။

ထို့ကြောင့် ရှင်ယောင်းသာ အမှားများကို ဖယ်ခွာကာ အိပ်မက်ထဲတွင် ကျင့်ကြံနိုင်ခဲ့မည်ဆိုလျှင် အိပ်ယာမှ နိုးလာသည့်အချိန်တွင် လောကနတ်ဘုရားတစ်ပါး သေချာပေါက် ဖြစ်နေပေလိမ့်မည်။

ဆန်းလျန်က ရှင်ယောင်းကို သစ်ပင်ကြီးတစ်ပင်နောက်သို့ အသာရွှေ့ထားလိုက်သည်။

ထို့နောက်... ဆန်းလျန်သည် ဘုရင့်နေပြည်တော်အပြင်ဘက်ဆီသို့ ထွက်ခွာလာခဲ့လေတော့သည်။

အရှေ့ဘက်ကောင်းကင်ဆီမှ ခရမ်းရောင်အခိုးအငွေ့များက ပိုမိုအားကောင်းလာပြီး အရှေ့ဘက်ကောင်းကင်တစ်ခုလုံး ခရမ်းရောင်တောက်ပလျှက် ရှိတော့သည်။

ဆန်းလျှန်က ဖုန်းဆိုးမြေအလယ်ရှိ တောင်ကုန်းလေးတစ်ခု

ဘေးသို့ ရောက်လာလေသည်။

ထိုနေရာတွင်...

ခရမ်းရောင်အခိုးအငွေ့များအနည်းငယ်ပြယ်လွင့်သွားပြီး

သန့်စင်သည့် ခရမ်းရောင်လှေကားတစ်ခု ပေါ်လာလေသည်။

လူတစ်ယောက်သည် ခရမ်းရောင်လှေကားထစ်များအတိုင်း

တစ်လှမ်းချင်း လမ်းလျှောက်ပြီး ကောင်းကင်ထက်မှ ဆင်းလာ

လေသည်။

ထိုသူ၏မျက်နှာက ထူးဆန်းပြီး ဦးခေါင်းထက်တွင် ဆံထုံး

(၂)ခု ထုံးထားလေသည်။ ခရမ်းရောင် တာအိုဝတ်စုံကို

ဝတ်ဆင်ထားပြီး သူ၏ လှုပ်ရှားမှုက ရေပြင်ကို ဖြတ်သန်း

တိုက်ခတ်သွားသည့် လေပြေအလား ပေါ့ပါးလျှင်မြန်လှသည်။

"ဒီလို ကြယ်တွေ လတွေ ဆုံတဲ့ညဟာ ဆန်းလျှန်ကိုသတ်ပစ်ဖို့

အကောင်းဆုံးအချိန်ပဲ..."

ခရမ်းရောင်လှေကားထက်မှ ဆင်းသက်လာသည့် တာအိုဆရာသည် တောင်ကုန်းထိပ်တွင် ရပ်တန့်ရပ်လိုက်ပြီး ဆန်းလျန်ကို စိုက်ကြည့်ရင်း ပြောလိုက်လေသည်။

ထိုသူ၏အကြည့်မျိုးကို ဆန်းလျန်၏ဘဝတွင်တစ်ခါမှ မတွေ့မြင်ခဲ့ဖူးပေ။ ထိုအကြည့်များထဲတွင် ခံစားချက် ကင်းမဲ့လို့နေသည်။ ထို့ပြင် အနတ္တတရားနှင့် မရှိမှုတရားကို တစ်ပြိုင်တည်းတွေ့မြင်နေရပြန်လေသည်။

ဆန်းလျန်က...

"မင်းက ရွှမ်တုတောက်ကျွင်းပဲ..."

ဆန်းလျန်သည် ရွှမ်တုတောက်ကျွင်းကို တစ်ခါမှ တွေ့မြင်ဖူးခြင်း မရှိပေ။

သို့သော်... ယခု သူ့ရှေ့တွင် ရပ်နေသူမှာ ရွှမ်တုတောက်ကျွင်းဖြစ်သည်ကို သူ ကောင်းကောင်း ခန့်မှန်းမိလေသည်။

ကြီးမြတ်သည့် ရွှမ်တုတောက်ကျွင်း ၊ တာအိုဝါဒ၏ ပထမဆုံး

နတ်ဘုရား ရွှမ်တုတောက်ကျွင်း ၊ အမြဲတမ်း လူ့လောကနှင့်

ပတ်သက်ခြင်းမရှိဘဲ မာနကြီးလွန်းသည့် ရွှမ်တုတောက်ကျွင်း

သည် ယခုတော့ မမျှော်လင့်စွာပင် လူ့လောကသို့ ဆင်းသက်

လာပြီ ဖြစ်လေသည်။

ရွှမ်တုတောက်ကျွင်းသည် တောင်ကုန်းထက်တွင်

မတ်တတ်ရပ်နေလေသည်။

သူ၏အနောက်ဘက်တွင် အဆုံးမရှိသည့် ခရမ်းရောင်

အခိုးအငွေ့များ ထွက်ပေါ်နေပြီး ကြယ်စင်များပင် သူ့ကို ခစား

နေသည့်အလား ထင်မှတ်ရသည်။

ထိုသို့သော ခမ်းနားမှုမျိုးကို ဆန်းလျန်တစ်ခါမှ မတွေ့ဖူးခဲ့ပေ။

သူသည် အားလော်ဟယ်၏ ဩဇာအာဏာပိုင်ဆိုးမှုများကို

တွေ့မြင်ခဲ့ဖူးပြီ။

ကွမ်ယင်မယ်တော်၏ လျှို့ဝှက်ဆန်းကျယ်မှုများနှင့် မခန့်မှန်း

နိုင်မှုများကို တွေ့မြင်ခဲ့ဖူးပြီ။

ဝက်ဝံသခင်၏ မာနကြီးပြီးမောက်မာမှုများကို တွေ့မြင်ခဲ့ဖူးပြီ။

သို့သော်... သူတို့အားလုံးသည် ရှမ်တုတောက်ကျွင်းနှင့်ယှဉ်

လျှင် မှေးမှိန်သွားကြရလေသည်။

ထိုသို့ဖြစ်ရသည်မှာ အားလော်ဟာယ်နှင့် ကွမ်ယင်မယ်တော်

သည် ရှမ်တုတောက်ကျွင်းလောက် မတော်သောကြောင့်

မဟုတ်ပေ။

ရှမ်တုတောက်ကျွင်း ကျင့်ကြံထားသည့် အခြားသူများ နားမ

လည်နိုင်သည့်အဆင့်ကို ရောက်ရှိသွားပြီး ကန့်သတ်ချက်များ

ကို ကျော်လွန်သွားသောကြောင့် ထိုသို့ဖြစ်ရခြင်း ဖြစ်လေ

သည်။

ရေကန်နံဘေးတွင် ကွမ်ယင်မယ်တော်နှင့် ဝူခုံး ရှိနေဆဲ

ဖြစ်သည်။

ဝူခုံး၏ ခန္ဓာကိုယ်မှ ရွှေရောင်အမွှေးများ ထောင်နေလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဘုရင့်နေပြည်တော်တွင်

ထူးဆန်းသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပျက်နေသည်ကို

သတိပေးနေသည့်အလားပင် ဖြစ်သည်။

ကွမ်ယင်မယ်တော်က...

"ငါ ကျောက်စိမ်းဝိညာဉ်နန်းတော်မှာ တပည့်တစ်ယောက်ဖြစ်ခဲ့

တုန်းက ရွှမ်တုတောက်ကျွင်းကို လုံးဝ မယှဉ်နိုင်ခဲ့ဘူး ၊ အခု ငါ

ဗုဒ္ဓဘာသာကျင့်စဉ်တွေကိုကျင့်ကြံခဲ့တဲ့အခါ သူနဲ့ ငါနဲ့ သိပ်မ

ကွာတော့ဘူးလို့ ခံစားရတယ် ၊ ဒါပေမဲ့ သူက ငါ့ထက်သာနေ

သေးတာတော့ အမှန်ပဲ..."

ဝူခုံးက...

"'ဒါပေမဲ့ တာအိုဆရာသခင်ထိုက်ယီ တာအိုဆရာသခင်ကြီး

တစ်ပါး မဖြစ်ခင်က သူ့ထက်အများကြီးသာတယ်မဟုတ်

လား...."

ကွမ်ယင်မယ်တော်က တည်ငြိမ်သည့်လေသံဖြင့်...

"တာအိုဆရာသခင်ထိုက်ယီကိုတော့ ဘယ်သူက ယှဉ်နိုင်မှာတဲ့လဲ..."

ဝူခုံးငြိမ်သက်သွားလေသည်။

ဝူခုံး၏ ရွှေမျက်စံမီးမျက်စိများက တစ်လက်လက်တောက်ပနေပြီး တစ်စုံတစ်ခုကို စဉ်းစားတွက်ချက်ကြည့်နေဟန် ရှိသည်။

ဝူခုံး၏စိတ်ထဲတွင် မည်သည့်အတွေးများတွေးနေသည်ကို ကွမ်ယင်မယ်တော် သိရှိလေသည်။

ဆန်းလျန်သည် ရန်သူတစ်ယောက် ဖြစ်ချင်ဖြစ်မည်။

သို့သော်... ရှမ်တုတောက်ကျွင်းကဲ့သို့ လူမျိုးကတော့ မည်သည့်နည်းနှင့်မှ ရန်သူမဖြစ်ထိုက်သည့်လူတစ်ယောက် ဖြစ်လေသည်။

ရှည်လျားသည့် ကျင့်စဉ်လမ်းသည် အထီးကျန်လွန်းလှသည်။ ထို့ပြင် အထီးမကျန်သည့် ကျင့်ကြံသူများကတော့ သေဆုံးသွားကြရမည်ဖြစ်လေသည်။ အရိုးဆွေးသွားကြသည့် ကျင့်ကြံသူများက ဒုနှင့်ဒေးပင်ဖြစ်သည်။

အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန် အချိန်အပိုင်းအခြားနှင့် ဤလောကတစ်ခွင်တွင် တာအိုဆရာသခင်ကြီး တစ်ပါးသာ ပွင့်ရန်ကျန်ရှိတော့သည်။

တာအိုဆရာသခင်ကြီးဖြစ်ရန်အတွက် ဆန်းလျန်က အရှိန်အဟုန်ပြင်းစွာဖြင့် ရှေ့တန်းရောက်နေသူတစ်ယောက်ဖြစ်လေသည်။ သို့သော်... ရွှမ်တုတောက်ကျွင်းကတော့ ဆန်းလျန်နောက်မှ ကပ်လိုက်နေသည်ဟုပြောလျှင် မမှားနိုင်ပေ။

ထိုအချိန်ခဏအတွင်းမှာပင်...

ဝူခုံးက ကျွမ်းတစ်ပတ်ထိုးလိုက်ကာ နဂါးငွေတန်းကို ဖြတ်သန်းထွက်ခွာသွားလေသည်။ သူသည် ချက်ချင်းပင် နတ်ဘုရား

တောင်တစ်တောင်ထက်မှ တာအိုကျောင်းတော်ကြီးတစ်ခုဆီ

သို့ ရောက်ရှိသွားလေတော့သည်။

ထိုတာအိုကျောင်းတော်ကြီးမှာ ကျန့်ယွမ်ကျီနတ်မင်းကြီး

နေထိုင်ရာ ဝူကျွမ်းကျောင်းတော်ကြီးပင် ဖြစ်လေသည်။ ဝူခုံး

က ကွမ်ယင်မယ်တော်၏ အမိန့်ဖြင့် ကျန့်ယွမ်ကျီနတ်မင်းကြီး

ကို လာရောက် ခေါ်ဆောင်ခြင်းပင် ဖြစ်သည်။

ဆန်းလျန်က ရွှမ်တုတောက်ကျွင်းကို အချိန်ကြာမြင့်စွာ စိုက်

ကြည့်နေခဲ့သည်။

သူ၏အကြည့်များက ကြည်လင်ပြီး ရှင်းလင်းလေသည်။

ရွှမ်တုတောက်ကျွင်း၏ မျက်နှာက အခြားသောလူသားများနှင့်

မတူဘဲ အနည်းငယ် ထူးခြားသည်။ သူ့မျက်နှာပုံစံက မျောက်ဝံ

တစ်ကောင်နှင့် အနည်းငယ် ဆင်တူလေသည်။ ထို့ကြောင့်

ထူးဆန်းပြီး ရှေးကျသည်ဟု ဆိုနိုင်သည်။

ရွှမ်တုတောက်ကျွင်းက ဆန်းလျန်ကို ကြည့်နေရင်း ရုတ်တရက် ရယ်မောလိုက်သည်။

သူ၏မျက်ဝန်းများက ခံစားချက်ကင်းမဲ့သည့်တိုင် ရယ်မောလိုက်သည့်အခါတွင်တော့ ခံစားချက်များနှင့်ပြည့်ဝနေသည့် နွေဦးပန်းပွင့်လေးအလား ၊ ဆောင်းဦးတွင်သာသည့် လစန္ဒာအလား ဖြစ်လေသည်။ ချက်ချင်းပင် လူသားတစ်ယောက် ပီသသွားသလို ခံစားရစေသည်။

ရွှမ်တုတောက်ကျွင်းက...

"ဆန်းလျန် ၊ မင်း ကျုပ်ကို မှတ်မိတယ်ဆိုမှတော့ မေးစရာတစ်ခုရှိတယ် ၊ စိတ်ခံစားချက်ရှိတာကောင်းသလား ၊ အကြင်နာတရားကင်းမဲ့တာ ကောင်းသလား..."

ဆန်းလျန်က တစ်ချက်ရေရွတ်လိုက်ပြီးမှ အဖြေစကားပြောလိုက်သည်။

"မေ့ပစ်လိုက်တာက အကောင်းဆုံးပဲ ၊ သည်းမခံနိုင်တာ ကတော့ အဆိုးဆုံးပဲ..."

ရှမ်တုတောက်ကျွင်းက တစ်ချက်ပြုံးလိုက်ရင်း ခေါင်းညိတ်ပြ လိုက်သည်။

"အင်း... မှန်တယ် ၊ သည်းမခံနိုင်တာကတော့ အဆိုးဆုံးပဲ ၊ ဒါပေမဲ့ မင်း ကျုပ်မေးတာကို ဘာလို့ တည့်တည့် မဖြေဘဲ ရှောင်နေရတာလဲ ၊ ကျုပ်က မင်းဆီက အဖြေကိုသိချင်နေ တာ..."

အကြင်နာကင်းမဲ့ခြင်းဆိုသည်မှာ ခံစားချက်များစွာကို ရင်ဆိုင် ကြုံတွေ့ပြီးမှ စတင်ဖြစ်တည်လာခြင်း ဖြစ်လေသည်။ ထို့ကြောင့် ခွင့်မလွှတ်နိုင်သေးဘူးဆိုလျှင် ခံစားချက်ရှိနေသေး သည်ဟု ယူဆနိုင်ပြီး မေ့ပျောက်ပစ်လိုက်ခြင်းကတော့ အကြင်နာကင်းမဲ့ခြင်း ဖြစ်လေသည်။ ထိုအချက်ကို ဥပေက္ခာပြုခြင်းဟုလည်း ခေါ်ဆိုနိုင်လေ၏။

သို့သော်... ဆန်းလျန်ကတော့ ရွှမ်တုတောက်ကျွင်း၏ မေးခွန်းများကို တိတိကျကျဖြေဆိုရင် ရှောင်ရှားလိုက်မိသည်။ ဤသည်မှာ သူတို့ (၂)ယောက်ကြားမှ ပြိုင်ဆိုင်မှုကို ရှောင်ရှားလိုက်ခြင်းသာ ဖြစ်သည်။

လူ (၂)ယောက်တွင် မည်သူက ကျင့်ကြံခြင်းအဆင့်မြင့်မားသည်ကို ကြည့်ရုံနှင့်သိနိုင်လေသည်။

သို့သော်... သူသေကိုယ်သေတိုက်ခိုက်ကြသည့်တိုက်ပွဲများတွင် ကျင့်ကြံခြင်းအဆင့်က သိပ်ပြီး အရေးမပါတော့ပေ။

ဆန်းလျန်၏ စိတ်ထဲတွင်တော့ ရွှမ်တုတောက်ကျွင်းနှင့် သူသည်သိပ်ပြီး ကွဲပြားမှုမရှိပေ။ ရွှမ်တုတောက်ကျွင်းက သူ့ထက် တန်ခိုးစွမ်းအားအရာတွင် သာလွန်စေဦးတော့ ဆန်းလျန်တွင်လည်း တိုက်ခိုက်နိုင်စွမ်းရှိနေသေးသည် မဟုတ်ပါလား။

ရွှမ်တုတောက်ကျွင်း၏ ခြေထောက်အောက်မှ တောင်ကုန်းမှာ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

ညဏ်ရည်ထက်မြက်သည့် ဆန်းလျန်ပင်လျှင် ရွှမ်တုတောက် ကျွင်း မည်သည့်တန်ခိုးစွမ်းအားကို အသုံးပြုကာ တောင်ကုန်းကို ဖျောက်ပစ်လိုက်သည်ကို မခန့်မှန်းနိုင်ခဲ့ပေ။

ယခုတော့ သူတို့ (၂)ယောက် မြေပြင်ထက်တွင် မျက်နှာချင်းဆိုင် ရပ်နေကြလေသည်။

သူတို့ (၂)ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေ ကြပြီး အကြည့်တစ်ချက်ဖြင့်ပင် အကြောင်းအရာများစွာကို သူတို့ သိမြင်လိုက်ကြရသည်။

သို့သော် ပွင့်ပွင့်လင်းလင်းဝန်ခံရလျှင် ရွှမ်တုတောက်ကျွင်း အကြောင်း အသေးစိတ်ကို ဆန်းလျန် သိမြင်နိုင်ခြင်း မရှိပေ။

ထိုသူသည် ကြောက်မက်ဖွယ်ရာကောင်းသူတစ်ယောက် ဖြစ်သည်ကိုတော့ ဆန်းလျန် လက်ခံလိုက်မိသည်။

ဆန်းလျန်သည်လည်း မပျက်စီးနိုင်သည့် မူလဝိညာဉ်ခန္ဓာကို ပိုင်ဆိုင်ထားလင့်ကစား လက်ရှိအချိန်တွင် သူ၏ တန်ခိုး

စွမ်းအားများက လျော့နည်းလာနေသည်ဖြစ်လေရာ ရွှမ်တု

တောက်ကျွင်းနှင့်တိုက်ခိုက်ရမည်ဆိုလျှင် သေချာပေါက်

အခြေအနေဆိုးရွားသွားမည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်က အရေးမစိုက်ပေ။

ကွမ်ယင်မယ်တော်ကို သူပြောခဲ့သလိုပင် ဖြစ်လေသည်။

သူ့အတွက်တော့ "ကြာရွက်များကြား ငါးလေးတွေက ဆော့

ကစား..." နေသလိုသာ ခံစားရသည်။

"တာအိုရောင်းရင်း ရွှမ်တု ၊ မင်း ကျုပ်ကိုသတ်ဖို့ရောက်လာတာ

မဟုတ်လား ၊ ဒါပေမဲ့ မင်း ပြန်ပေးဆပ်ရမယ့် တန်ဖိုးကို မ

ကြောက်ဘူးလား..."

ဆန်းလျန်က အေးဆေးစွာပင် မေးခွန်းထုတ်လိုက်သည်။

ရွှမ်တုတောက်ကျွင်းက ပြုံးလိုက်ရင်း...

"အားလော်ဟယ်က အရိုးဆွေးနေပြီ ၊ ကျန့်ယွမ်ကျီနတ်

မင်းကြီးက ကောက်ရိုးပုံစောင့်ခွေးပဲ ၊ ထိပ်တန်းဗောဓိသကျ

(၄)ပါးနဲ့ မီလဲ့ကိုယ်တော်တို့ကမှ နည်းနည်းပါးပါး သတ္တိရှိကြ
သေးတယ်၊ ဒါပေမဲ့ စကြာဝဠာတစ်ခုလုံးကို ကြည့်လိုက်မယ်
ဆိုရင် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာဖို့ အဆင့်မီတဲ့သူ
ဆိုလို့ မင်းနဲ့ ကျုပ် (၂)ယောက်ပဲ ရှိတယ်၊ တခြားသူတွေ
အကုန်လုံးက ဝါးတားတားတွေချည်းပဲ၊ ဗုဒ္ဓနဲ့ တာအိုဆရာ
သခင်ထိုက်ယီကတော့ ခွင်းချက်ပေါ့လေ..."

အားလော်ဟာယ်၊ ကျန့်ယွမ်ကျီနတ်မင်းကြီး၊ မီလဲ့ကိုယ်တော်
နှင့် ထိပ်တန်းဗောဓိသကျ (၄)ပါးတို့ကို ထိုသို့သောမှတ်ချက်
စကားပြောဝံ့သူမှာ ရွှမ်တုတောက်ကျွင်းသာ ရှိပေလိမ့်မည်။
သို့သော်... ရွှမ်တုတောက်ကျွင်းသည် သူ စော်စော်ကားကား
ပြောဆိုနေသည့်လူများထက် များစွာသာလွန်နေခြင်း မရှိပေ။
ကိုယ့်ကိုကိုယ် ယုံကြည်မှုလွန်ကဲနေခြင်းက စိတ်ပျက်စရာတော့
ကောင်းလှသည်။

မည်သို့ပင်ဖြစ်စေ... ရွှမ်တုသည် ဆန်းလျန်၏ အဓိက

ပြိုင်ဘက်ဖြစ်သည်ကတော့ သေချာလေသည်။ ထို့ကြောင့်

လေးစားမိသည်ကိုတော့ မငြင်းနိုင်ပေ။

ဆန်းလျန်က...

"ကြည့်ရတာ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီရဲ့ကြားမှာ ပြိုင်ပွဲ

တစ်ခုကတော့ သေချာပေါက် ရှိခဲ့တယ်ထင်တယ် ၊ သူတို့

(၂)ယောက် ပတ်သက်နေကြတာတော့ အသေအချာပဲ ၊ တာအို

ရောင်းရင်းရွှမ်တု မင်း ဒီလောက်သေချာနေတယ်ဆိုရင်လည်း

ဘာလို့ ကျုပ်ကို သတ်ဖို့ ကြိုးစားနေသေးလဲ ၊ ကျင့်စဉ်လမ်းဆို

တာ လျှောက်လှမ်းရတာ အထီးကျန်လွန်းတယ် ၊ ကျုပ် မင်းကို

အဖော်ပြုပေးမယ်လေ...မကောင်းဘူးလား..."

ရွှမ်တုက...

"ဗုဒ္ဓက တာအိုဆရာသခင်ထိုက်ယီနဲ့ မပတ်သက်ပါဘူး ၊ ၊

ဒါပေမဲ့ တာအိုဆရာသခင်ထိုက်ယီက လိုက်ပတ်သက်နေတာ ၊

ဒါပေမဲ့ ကျုပ်ကတော့ မင်းကို အလွတ်မပေးနိုင်ဘူး ဆန်းလျန် ၊ မင်း ဒီနေ့ ကျုပ်လက်က လွတ်မယ်ဆိုရင် ကံကောင်းလို့သာ မှတ်ပေတော့..."

ရှမ်တု၏ စကားလုံးများထဲတွင် သတ်ဖြတ်လိုသည့် အငွေ့အသက်များ ပြည့်နက်နေပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ဆန်းလျန်၏ စိတ်ကိုပင် လှုပ်ခါထန်သွားစေလေသည်။ ယနေ့ည ရှမ်တုတောက်ကျွင်းက သူ့ကို သေချာပေါက် သတ်ပေလိမ့်မည်။ မည်သည့်အရာကမှ တားဆီးနိုင်လိမ့်မည် မဟုတ်ပေ။

အားလော်ဟယ်နှင့် ဆန်းလျန် တိုက်ခိုက်ခဲ့စဉ်က အားလော်ဟယ်က မြားဒဏ်ရာ ပျောက်ကင်းခြင်း မရှိသေးပေ။

သို့သော်... ယနေ့ သူ့ရှေ့တွင် ရောက်ရှိနေသည့် ရှမ်တုတောက်ကျွင်းကတော့ မည်သည့်ဒဏ်ရာမှရရှိထားခြင်းမရှိဘဲ တန်ခိုးစွမ်းအားမြင့်မားလွန်းသည့် လူတစ်ယောက် ဖြစ်လေသည်။

ကျောက်ရှောင်ယွီ သူ့အနားတွင် မရှိသည်မှာ တော်သေးသည်ဟု ဆန်းလျန်တွေးလိုက်မိသည်။

မဟုတ်လျှင် သူ့အတွက်နှင့် ကျောက်ရှောင်ယွီပါ နာကျင်ရမည်ဖြစ်လေသည်။

ထို့ပြင် ကျောက်ရှောင်ယွီသည် ထိုက်ချင်တာအိုကျမ်းကိုကျင့်ကြံထားသူဖြစ်လေရာ ထိုက်ချင်တာအိုဆရာသခင်၏အနွယ်တော်တစ်ယောက်ဖြစ်သည့် ရှမ်တုတောက်ကျွင်းသည်သူမကိုလည်း မည်သည့်နည်းနှင့်မှ အလွတ်ပေးမည် မဟုတ်ပေ။

ထိုအချက်ကို ဆန်းလျန်က စိတ်ပူနေမိခြင်း ဖြစ်သည်။

ဆန်းလျန်က တည်ကြည်လေးနက်သည့်လေသံဖြင့်...

"ရွှမ်တု... ကျုပ်ကြားဖူးတာတော့ မင်းတို့ ဘုရင်ရှစ်ပါး

နန်းတော်မှာ ထိုက်ချိယင်ယန်ပန်းချီကားရှိတယ်ဆို ၊ ကျုပ်

ဆန်းလျန် မျက်စိပွင့် နားပွင့်ဖြစ်သွားအောင် ထုတ်မပြချင်ဘူး

လား..."

ရွှမ်တုက ပြုံးလိုက်ရင်း...

"ထိုက်ချိယင်ယန်ပန်းချီကားဆိုတာ ကျုပ်ပဲလေ ၊ ကျုပ်နဲ့

ထိုက်ချိယင်ယန်ပန်းချီကားဆိုတာ ခွဲခြားလို့ မရနိုင်ဘူး ၊

တကယ်တော့ ထိုက်ချိယင်ယန်ပန်းချီကားထဲက ထိုက်ချင်တာ

အိုဆရာသခင်ရဲ့ မူလဝိညာဉ်သင်္ကေတကို မင်းဆိုတဲ့ ဆန်းလျန်

ကသာ တစ်ချိန်တုန်းက ယူမသွားခဲ့ဘူးဆိုရင် ဒီနေ့ ကျုပ်ဆို

တာ ဒီလိုအဆင့်မျိုး ရောက်လာမှာ မဟုတ်ဘူး..."

ရွှမ်တုတောက်ကျွင်း၏ စကားကိုကြားလိုက်ရသည်နှင့် အဘ

ယ့်ကြောင့် ရွှမ်တုတောက်ကျွင်း တန်ခိုးစွမ်းအားများ

အဆမတန် မြင့်မားနေရသည်ကို ကွမ်ယင်မယ်တော် ချက်ချင်း သဘောပေါက်လိုက်သည်။

ရွှမ်တုတောက်ကျွင်းသည် ထိုက်ချိယင်ယန်ပန်းချီကားကို အသုံးပြုကာ ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်လှမ်းခဲ့ခြင်း ဖြစ်ဟန်တူလေသည်။

သူကိုယ်တိုင်က ဟွင့်ယွမ်ဝူကျီအဆင့် မရောက်ရှိသေးသော်လည်း ထိပ်တန်းအဆင့် ရတနာပစ္စည်းတစ်ခုဖြစ်သည့် ထိုက်ချိယင်ယန်ပန်းချီကားကြောင့် ဟွင့်ယွမ်ဝူကျီအဆင့်နှင့်မခြား တန်ခိုးစွမ်းအား မြင့်မားနေရခြင်း ဖြစ်သည်။

ထို့ကြောင့် အစောပိုင်းကာလများတုန်းက ဆန်းလျန်သည် ထိုက်ချင်မူလဝိညာဉ်သင်္ကေတကို အလွယ်တကူ ရယူနိုင်လိုက်ခြင်းမှာ အံ့သြစရာ မရှိတော့ပေ။

ကွမ်ယင်မယ်တော်၏ စိတ်ထဲတွင်ပင် အံ့သြမှုများဖြင့် ပြည့်နက်သွားရလေသည်။

ဤသူသည်ကား... ပြိုင်ဘက်ကင်းပြီး ခန့်မှန်းရခက်သူတစ်ယောက်ဖြစ်သည့်အပြင် ကြောက်မက်ဖွယ်ရာလည်း အလွန်ကောင်းသူ ဖြစ်လေသည်။

ဝူခုံး၏တွေးထင်မှုမှာ အမှန်တရားနှင့် နီးစပ်လေသည်။

ယနေ့ ရွှမ်တုတောက်ကျွင်းကို နောက်ဆုတ်သွားစေရန် မည်သူကမှ ပြုလုပ်နိုင်မည် မဟုတ်ပေ။

ကွမ်ယင်မယ်တော်က ကောင်းကင်ထက်သို့ တစ်ချက်မော့ကြည့်လိုက်ရင်း....

"ကျန့်ယွမ်ကျီနတ်မင်းကြီး... ၊ ရှင်သာ ဒီနေ့ ရောက်မလာဘူးဆိုရင် နောက်ထပ် နောင်တရစရာတွေ ဖြစ်ကုန်တော့မှာ ကျွန်မစိတ်ပူမိပါတယ်..."

ကွမ်ယင်မယ်တော်အနေဖြင့် ဝန်ခံချင်သည်ဖြစ်စေ ၊ ဝန်မခံချင်သည်ဖြစ်စေ ရွှမ်တုတောက်ကျွင်းသည် လောကတွင် ပထမ

ဆုံး နတ်ဘုရားအဖြစ် အဆင့်တက်ရောက်နိုင်ခဲ့သူ လူသားဖြစ်

လေသည်။

ထိုက်ချိယင်ယန်ပန်းချီကားကို သန့်စင်ပြီး သူ၏ခန္ဓာကိုယ်နှင့်

ပေါင်းစပ်လိုက်သည်ကို အသာထား၊ သူကိုယ်တိုင်ကလည်း

ကနဦးကတည်းကပင် တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက်

ဖြစ်သည်။

ဗုဒ္ဓနှင့်တာအိုဆရာသခင်ကြီးများကို ခဏဖယ်ထားပြီး မိုးနတ်

မင်းလည်း ပြန်ပေါ်မလာဘူးဆိုလျှင် ခေတ်သစ် ကျင့်ကြံခြင်း

လောကတွင် ရှမ်တုတောက်ကျွင်းထက် တန်ခိုးစွမ်းအားမြင့်

မားသူ တစ်ဦးတစ်ယောက်မှ မရှိပေ။

ဆန်းလျန်က...

"ရှမ်တု... မင်းက ကျုပ်ကို စဉ့်တုံးပေါ်က အသားလို့ ထင်နေ

တာလား၊ မင်းခုတ်ထစ်ဖို့ ကျုပ်က လည်စင်းခံမယ်များ ထင်

နေသလား ၊ အင်းလေ... မင်း ဒီနေ့ ကျုပ်ကို မသတ်နိုင်ဘူးဆို

ရင်တော့ အပြောကြီးတာလို့ပဲ ယူဆလိုက်မယ်..."

ပြောပြီးသည်နှင့် ဆန်းလျန်၏လက်ထဲတွင် ဓားတစ်လက်

ပေါ်လာလေသည်။

မပျက်စီးနိုင်သည့် မူလဝိညာဉ်ခန္ဓာကို ပိုင်ဆိုင်ထားခြင်းက

ဆန်းလျန်၏ အားသာချက် ဖြစ်လေသည်။ ယနေ့ညတိုက်ပွဲ

တွင် သူအသက်ရှင်မည်လား ၊ သေမည်လားဆိုသည်ကတော့

သူ၏ မူလဝိညာဉ်ခန္ဓာ မည်မျှ ကြံ့ခိုင်သည်ဆိုသည့်အချက်

အပေါ်တွင်သာ မူတည်ပေလိမ့်မည်။

သတ်ဖြတ်လိုသည့်အငွေ့အသက်များ ပြင်းထန်စွာထွက်ပေါ်နေ

သည့် ကျန်းပူမရဏဓားကို တွေ့မြင်လိုက်ရသည့်တိုင် ရွှမ်တု

တောက်ကျွင်းက တစ်ချက်ပင် ဖြုံသွားခြင်း မရှိပေ။

ရွှမ်တု၏ ခန္ဓာကိုယ်ပတ်ပတ်လည်တွင် မရေမတွက်နိုင်သည့်

ထိုက်ချိယင်ယန်သင်္ကေတများ ထွက်ပေါ်လာလေသည်။ ထို

သင်္ကေတများသည် နဂါးငွေ့တန်းအလား စွမ်းအားမြင့်မားလှ ပြီး ဆန်းလျန်၏ မရဏဓားမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လို သည့် အငွေ့အသက်များကို ဖျက်စီးပစ်လိုက်လေသည်။

အားလော်ဟယ်ကိုပင် ကြောက်ရွံ့တုန်လှုပ်စေခဲ့သည့် ကျန်းဝူ မရဏဓားသည် ရှမ်တုတောက်ကျွင်းအတွက်တော့ ယားတုတ် တစ်ချောင်းလောက်ပင် အသုံးမဝင်ခဲ့ပေ။

ရှမ်တုတောက်ကျွင်း မည်မျှ ကြောက်မက်ဖွယ်ကောင်းသည်ကို ဆန်းလျန် သိလိုက်ရသည်။

ရှမ်တုပြောသည်မှာ အမှန်ပင် ဖြစ်လေသည်။ ထိုက်ချိယင်ယန် ပန်းချီကားသည် ရှမ်တုနှင့် တစ်သားတည်းပေါင်းစပ်နေခဲ့ပြီ ဖြစ်သည်။

အစကတည်းက တန်ခိုးစွမ်းအားမြင့်မားသူ ရှမ်တုတောက်ကျွ င်းသည် ထိုက်ချိယင်ယန်ပန်းချီကားနှင့် ပေါင်းစပ်လိုက်သည့်

အခါ မည်သူကမှ အနိုင်မယူနိုင်တော့သည့် နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့လေသည်။

သူ လူ့လောကသို့ ဆင်းသက်လာသည်မှာ အံ့သြစရာ မရှိတော့ပေ။

မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ဆန်းလျန်ကို အပြတ်ရှင်းပစ်ချင် သည်မှာလည်း အံ့သြစရာ မရှိတော့ပေ။

ဆန်းလျန်မှာ သနားစရာပင် ကောင်းနေတော့သည်။

ကြံရာမရသည့်အဆုံး ဆန်းလျန်က ဗုဒ္ဓဘာသာမှ စာလုံး (၆)လုံး ဂါထာကို ရွတ်ဆိုလိုက်လေသည်။

သို့သော်... စာလုံး (၆)လုံးဂါထာသည် ရွှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားများကို အနိုင်ယူနိုင်ခြင်း မရှိပေ။

သို့ရာတွင် စာလုံး (၆)လုံးဂါထာမှ တန်ခိုးစွမ်းအားများသည် ထောင်နှင့်သောင်းနှင့်ချီသည့် ရွှေကြိုးများအဖြစ်ပြောင်းလဲ သွားပြီး ကြီးမားသည့် ပိုက်ကွန်ကြီးတစ်ခု ဖြစ်ပေါ်လာကာ ရွှမ်

တုတောက်ကျွင်း၏ ပတ်ပတ်လည်ကို ကာဆီးထားလိုက်လေ

တော့သည်။

ဆန်းလျန်သည် တန်ခိုးစွမ်းအားများကို တစ်ချက်သိမြင်ရုံဖြင့်

ထိုတန်ခိုးစွမ်းအား၏ အနှစ်သာရကို သိမြင်နိုင်သည့် စွမ်းရည်

ရှိလေသည်။

စာလုံး (၆)လုံးဂါထာသည် ဗုဒ္ဓဘာသာ တန်ခိုးစွမ်းအားဖြစ်ပြီး

မပျက်စီးနိုင်သည့် အစွမ်းရှိသလို အခြားသောတန်ခိုးစွမ်းအား

များကိုလည်း ဖိနှိပ်ထားနိုင်စွမ်းရှိလေ၏။

ဆန်းလျန်က စာလုံး (၆)လုံး တန်ခိုးစွမ်းအားကို ဝက်ဝံသခင်နှင့်

တိုက်ခိုက်ရင်း လေ့လာထားခဲ့ခြင်း ဖြစ်သည်။

စာလုံး (၆)လုံး ရွှေရောင်ပိုက်ကွန်ကြီးသည် ရွှမ်တုတောက်ကျွ

င်းကို ပိတ်ဆို့တားဆီးထားလိုက်လေသည်။

ထိုအခဏအတွင်းမှာပင် ဆန်းလျန်က ထွက်ပြေးရန် ပြင်ဆင်

လိုက်သည်။

ဆန်းလျန်က အခြေအနေကို နားမလည်သည့် ငတုံးတစ်ယောက်မဟုတ်ပေ။
ယခုအချိန်တွင် သူ၏တန်ခိုးစွမ်းအား (၁၀)ဆခန့် မြင့်တက်လာဦးတော့ ရွှမ်တုတောက်ကျွင်း၏ ဆံချည်တစ်မျှင်ကိုပင် ထိအောင် တိုက်ခိုက်နိုင်မည် မဟုတ်ပေ။
ထို့ကြောင့် သူ့အနေဖြင့် ထွက်ပြေးသည်က အကောင်းဆုံးရွေးချယ်မှုဖြစ်ပေလိမ့်မည်။
အချိန်များစွာ ရှိသေးသည်ဖြစ်လေရာ နောင်အခါမှသာ ရွှမ်တုတောက်ကျွင်းကို ရင်ဆိုင်ရန် နည်းလမ်း ရှာဖွေမည်ဟု ဆန်းလျန် ဆုံးဖြတ်လိုက်လေ၏။

အခန်း (၈၁၉) မရဏာဓား(၄)လက်

ရွှမ်တုက သူ့နေရာတွင် ရပ်တန့်နေဆဲ ဖြစ်သည်။

သူ၏ဝတ်ရုံက လေထဲတွင် အနည်းငယ် ပျံ့လွင့်နေပြီး

သူ၏မျက်နှာအမူအရာကတော့ ပြောင်းလဲသွားခြင်း မရှိပေ။

သို့သော်... ဆန်းလျန်၏ စာလုံး (၆)လုံး ဂါထာဖြင့် ဖန်ဆင်း

ထားသည့် ရွှေရောင်ပိုက်ကွန်သည် ရွှမ်တုတောက်ကျွင်းအနား

သို့ရောက်သည်နှင့် ချက်ချင်းပင် ပျောက်ကွယ်သွားလေ

သည်။

လေထုထဲတွင် တန်ခိုးစွမ်းအားလှိုင်းလုံးတစ်ခု မြင့်တက်လာပြီး

အတိတ်နှင့်အနာဂတ်ကိုပင် ပျံ့နှံ့ဖုံးလွှမ်းသွားသည့်အလား

ထင်မှတ်ရသည်။

ကြီးမားသည့် တန်ခိုးစွမ်းအားလှိုင်းလုံးကြီးကို ခံစားလိုက်ရသည့်အခါ ဆန်းလျန်၏ ဝိညာဉ်သည်ပင် အေးစက်သွားရသည်။

ယခုတော့ ထွက်ပြေးရန်ကြံစည်ထားသည့် အစီအစဉ်ကို လက်လျှော့လိုက်ရလေပြီ။

သို့သော်… ဆန်းလျန်က တည်ငြိမ်နေဆဲ ဖြစ်သည်။

ရှမ်တုတောက်ကျွင်းသည် တန်ခိုးစွမ်းအားမြင့်မားကောင်းမြင့်မားပေလိမ့်မည်။ သို့ရာတွင် ဟာကွက်တစ်ခုတော့ ရှိရပေမည်။

ရှမ်တုတောက်ကျွင်းရရှိထားသည့် ဟွင့်ယွမ်ဝူကျီအဆင့်သည် သူကိုယ်တိုင် ကျင့်ကြံပြီး အဆင့်တက်ရောက်နိုင်ခြင်းမျိုး မဟုတ်ဘဲ သူနှင့်ပေါင်းစပ်ထားသည့် ထိုက်ချိယင်ယန်ပန်းချီကားကြောင့်သာ အဆင့်တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် အားနည်းချက်များ ရှိနိုင်သည်။

ဆန်းလျန်က ပါးစပ်ကိုဖွင့်ကာ မီးတောက်တစ်ခု မှုတ်ထုတ်

လိုက်လေသည်။ ထိုမီးတောက်မှာ စစ်မှန်သည့် မိုးကောင်းကင်

မီးတောက် ဖြစ်သည်။ မီးတောက်က ကြောက်မက်ဖွယ်ရာ

ကောင်းလှပြီး လေထုတစ်ခုလုံး အရည်ပျော်သွားစေသည့်

အလား များပြားလှစွာသည့် မြင်နိုင်သည့်အရာ ၊ မမြင်နိုင်သည့်

အရာ များစွာကို တစ်ခုပြီးတစ်ခု လောင်ကျွမ်းပစ်လိုက်လေ

သည်။

ဆန်းလျန်၏ မိုးကောင်းကင်မီးတောက်က ရှမ်တုတောက်ကျွ

င်း၏ တန်ခိုးစွမ်းအားလှိုင်းလုံးကြီးများကို လောင်ကျွမ်း

ပစ်လိုက်သည်။

ထိုအချိန်မှာပင်....

အနက်ရောင်တောင်ကြီးတစ်ခု လေထဲတွင်လွင့်မျောလာပြီး ရှ

မ်တုတောက်ကျွင်းကို အရှိန်ပြင်းစွာဖြင့် ရိုက်ချလိုက်လေ

တော့သည်။

ထိုတောင်ကြီးမှာ လော်ဝါဒတည်ထောင်သူဆရာသခင် တရားဒေသနာဟောပြောခဲ့လေရာ "ကျီမော့" တောင်ကြီးပင်ဖြစ်သည်။

ကျီမော့တောင်ထက်တွင် ဆန်းလျန် လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခဲ့သည့် သဲလွန်စလမ်းကြောင်းတစ်ခုပင် မပျောက်ပျက်ဘဲ ကျန်ရှိနေသေးသည်။

ကျောက်ရှောင်ယွီသည် ကျီမော့တောင်ထိပ်တွင် ရပ်နေလေသည်။ သူမထံမှ ထိုက်ချင်အလင်းတန်းများဖြာထွက်လာကာ ဆန်းလျန်ကို ကျီမော့တောင်ထိပ်သို့ ဆွဲခေါ်လိုက်သည်။

ဆန်းလျန်မှာ ကျောက်ရှောင်ယွီကို ကြည့်ရုံသာကြည့်နေမိပြီး စကားတစ်လုံးမှပင် မပြောနိုင်ခဲ့ပေ။

သူဒုက္ခရောက်နေသည့်အချိန်တွင် သူမက မကြောက်မရွံ့ရောက်လာပြီး ကယ်တင်ခဲ့သည် မဟုတ်ပါလား။

ရွှမ်တုတောက်ကျွင်း၏ မျက်ဝန်းများဆီမှာ တောက်ပသည့် အလင်းတန်းများထွက်ပေါ်လာပြီး ကျီမော့တောင်ကြီးကို ပစ်ခတ်လိုက်သည်။

ရွှမ်တု၏ တန်ခိုးစွမ်းအားများက ပြိုင်ဘက်ကင်းလွန်းလှလေရာ ကျောက်ရှောင်ယွီပင် မျက်လုံးများကို မှိတ်လိုက်မိလေသည်။ ရွှမ်တုပစ်ခတ်လိုက်သည့် အလင်းတန်းများက သူမ၏ အမြင်အာရုံများကို မှုံဝါးသွားစေသည်။

ဆန်းလျန်က သူမ၏ခါးလေးကို အသာလှမ်းဖက်လိုက်ပြီး သူ၏ မူလဝိညာဉ်ခန္ဓာမှ တန်ခိုးစွမ်းအားများကို ကျောက်ရှောင်ယွီ၏ ခန္ဓာကိုယ်ထဲသို့ ထည့်သွင်းပေးလိုက်သည်။ ထိုအခါမှ ကျောက်ရှောင်ယွီ၏ အမြင်အာရုံများ ပြန်လည် ကြည်လင်လာလေသည်။

လျှပ်တပြက်အတွင်းမှာပင်....

ကျီမော့တောင်ကြီးသည် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားကာ စကြာဝဠာထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

သို့သော်... ရှမ်တုကလည်း သူတို့ (၂)ယောက်ကို အလွတ်မပေးပါ။

များပြားလှစွာသော ရှမ်တု၏ ကိုယ်ခွဲများထွက်ပေါ်လာပြီး ကျီမော့တောင်ကြီးကို ဝန်းရံထားလိုက်ကြလေသည်။

ဆန်းလျန်က ကျီမော့တောင်ကြီးကို လှည့်ပတ်နေသည့် ရှမ်တု၏ ကိုယ်ခွဲများကို စူးစိုက်ကြည့်နေလေသည်။ ကိုယ်ခွဲများထဲတွင် မည်သူက ရှမ်တုအစစ်ဖြစ်သည်ကို ခန့်မှန်းနိုင်ရန် ခက်ခဲလွန်းလှသည်။

ကိုယ်ခွဲများက တစ်ခုနှင့်တစ်ခု တူညီနေကြပြီး ကွဲပြားမှုမရှိပေ။

ကိုယ်ခွဲများအားလုံးက ကျီမော့တောင်ကြီးကို လှည့်ပတ်နေကြ

လေသည်။ တန်ခိုးစွမ်းအားများကလည်း ကြောက်မက်ဖွယ်ရာ

ကောင်းလှသည်။

ဆန်းလျန်က ခပ်တိုးတိုးလေသံဖြင့်...

"ရှောင်ယွီ... မင်းရောက်မလာသင့်ဘူး..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ကျွန်မသေရမယ်ဆိုရင်တောင် ရှင်နဲ့အတူတူသေမယ်..."

သူမ၏ စကားကြောင့် ဆန်းလျန် ရင်ခုန်သွားရပြီး...

"ကျုပ် မသေနိုင်သေးပါဘူးဗျာ..."

ချက်ချင်းပင် ဆန်းလျန်၏ မျက်ဝန်းများထဲတွင် လျှပ်စီး

အလင်းရောင်များ လင်းလက်သွားသည်။

သူက ယိလမ်းစဉ်ကို အသုံးပြုကာ ရွှမ်တုတောက်ကျွင်း၏

အားနည်းချက်ကို အလျှင်အမြန် ရှာဖွေနေခြင်း ဖြစ်လေသည်။

ရွှမ်တုတောက်ကျွင်းသည် ထိုက်ချိယင်ယန်ပန်းချီကားဖြစ်သည့် ပြင်ပရတနာပစ္စည်းတစ်ခု၏ အကူအညီကို ရယူကာ ဟွင့်ယွမ်ဝူကျီအဆင့်သို့ ရောက်ရှိခဲ့သူဖြစ်သည့်တိုင် သူ့ထံတွင် အားနည်းချက်ကို ရှာတွေ့ရန် ခက်ခဲလှသည်။

ရုတ်တရက်...

ရွှမ်တုတောက်ကျွင်း၏ သန်းနှင့်ချီသည့် ကိုယ်ခွဲများထဲမှ အလင်းရောင်မှိန်ပျပျပလေးတောက်ပနေသည့် ကိုယ်ခွဲတစ်ခုကို ဆန်းလျန် တွေ့လိုက်ရသည်။

ထိုကိုယ်ခွဲမှာ ရွှမ်တုတောက်ကျွင်းအစစ်၏ တာအိုခန္ဓာဖြစ်လေသည်။

ကျောက်ရှောင်ယွီက...

"သူက ကျင့်စဉ်လမ်းကိုလျှောက်လှမ်းပြီး ပထမဆုံး နတ်ဘုရားဖြစ်လာခဲ့တဲ့သူပဲ ၊ ဒါကြောင့် ဒီလောက် ကိုယ့်ကိုကိုယ် ယုံကြည်မှု ရှိနေတာ..."

ဆန်းလျန်က ရွှမ်တုတောက်ကျွင်းအစစ်ကို ရှာတွေ့လိုက်

သည်နှင့် ရွှမ်တုကလည်း အမြင့်ဆုံးသော သဘာဝလွန်

စွမ်းအားများနှင့် နတ်ဘုရားစွမ်းအားများကို ထုတ်ဖော်ကာ

ဆန်းလျန်ကို တိုက်ခိုက်လိုက်လေသည်။

ကျောက်ရှောင်ယွီပင် ရင်ထဲတွင် အောင့်သွားရသည်။

ရွှမ်တု ထိုမျှ တန်ခိုးစွမ်းအား မြင့်မားနေသည့်အတွက် သူ့ကိုယ်

သူ ယုံကြည်မှု လွန်ကဲနေခြင်း ဖြစ်ဟန်တူသည်။ ထို့ကြောင့်ပင်

တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်ချင်နေဟန်ရှိသည်။

ကျောက်ရှောင်ယွီက အံတစ်ချက်ကြိတ်လိုက်ပြီး သူမ၏ လက်

များကို ဝှေ့ယမ်းလိုက်သည်။

ထိုအခါ လျန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားများ ထွက်

ပေါ်လာပြီး ရွှမ်တုတောက်ကျွင်း၏ တာအိုခန္ဓာကို တိုက်ခိုက်

လိုက်လေသည်။

သို့သော်... လောကတွင် ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအား

များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် လျန်ယိမြူခိုးသံလိုက်

တန်ခိုးစွမ်းအားသည် ရွှမ်တုတောက်ကျွင်း၏ ဝတ်ရုံကိုပင်

ထိခိုက်အောင် တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ပေ။

ကျောက်ရှောင်ယွီ၏တန်ခိုးစွမ်းအားများသည် အာကာသအ

မှောင်ထုထဲသို့ တိုးဝင်ကာ ပျောက်ကွယ်သွားလေသည်။

ကျောက်ရှောင်ယွီက...

"ဆန်းလျန်... လျန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားတောင် သူ့

ကို မထိခိုက်နိုင်ဘူးဟ..."

အားလော်ဟယ်နှင့် ရင်ဆိုင်ရတုန်းကပင်လျှင် ကျောက်ရှောင်

ယွီသည် ထိုမျှ ပြာယာခတ်မနေခဲ့ပေ။

ယခု ရွှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားများကတော့

အရာအားလုံးထက် သာလွန်နေလေသည်။

ရွှမ်တုတောက်ကျွင်းသည် နှစ်ပေါင်းများစွာ လျှို့ဝှက်နေခဲ့ပြီး သူ၏ဂုဏ်သတင်းသည် အားလော်ဟယ် ၊ ကျန့်ယွမ်ကျီနတ်မင်းကြီးနှင့် နတ်မိစ္ဆာအဓိပတိကြီးတို့၏နောက်တွင် ဖုံးကွယ်နေခဲ့လေသည်။

ယခုတော့… ရွှမ်တုတောက်ကျွင်းသည် စကြာဝဠာတစ်ခုလုံးတွင် စွမ်းအားအကြီးမားဆုံးနတ်ဘုရားတစ်ပါးအဖြစ် ထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။

သူသည် အလွန်မှ ကြီးကျယ်ခမ်းနားပြီး လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသူတစ်ယောက် ဖြစ်လေသည်။

ကျောက်ရှောင်ယွီသာ တအံ့တသြဖြစ်နေသည်မဟုတ်ပါ။ ကွမ်ယင်မယ်တော်နှင့် အခြားသူများမှာလည်း တအံ့တကြဖြစ်နေကြရလေသည်။

သို့သော်… ဆန်းလျန်က စကားတစ်ခွန်းမှ မဆိုဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက....

ဆန်းလျှန်သည် ကျီမော့တောင်ထိပ်တွင် လောကနတ်ဘုရား

တစ်ပါးအဖြစ် အဆင့်တက်ရောက်ခဲ့သူ ဖြစ်သည်။

ယခု...

သူသည် ယွိဟွားစင်မြင့်ထက်တွင် သူချန်ထားခဲ့သည့် တာအို

သင်္ကေတကို စိုက်ကြည့်နေခဲ့လေသည်။ ထိုတာအိုသင်္ကေတ

သည် ပျံသန်းထွက်ခွာရန် အားယူနေလေသည်။

ချက်ချင်းပင် သူ၏စိတ်အစဉ်သည် အချိန်စီးကြောင်းကို

ဖြတ်သန်းသွားပြီး အတိတ်မှ အဖြစ်အပျက်အချို့ကို ပြန်လည်

မြင်ယောင်လာလေသည်။

သူချန်ထားခဲ့သည့် တာအိုသင်္ကေတမှတစ်ဆင့် ကျီမော့

တောင်ထိပ်တွင် လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်

တက်ရောက်ခဲ့သည့် မြင်ကွင်းများမှာ သူ့စိတ်အာရုံတွင်

ထင်ရှားပေါ်လွင်လာလေသည်။

အဖြစ်အပျက်များက ခမ်းနားလွန်းပြီး သံသယဝင်စရာ တစ်ချက် မရှိပေ။ သူ၏နှလုံးသွေးကြောများပင် တုန်လှုပ်သွားရလေသည်။

အားလော်ဟယ်နှင့်တိုက်ပွဲတွင် သူ၏ စိတ်အာရုံတွင် မြင်ယောင်မိသည့် ဓားနတ်ဘုရားသည်လည်း အတိတ်တစ်ချိန်က သူနှင့်အတူ ရှိနေခဲ့လေသည်။ ထိုဓားနတ်ဘုရား၏မျက်ခုံးများက ဓားသွားသဏ္ဌာန်ဖြစ်ပြီး သူ့ကို 'ဂိုဏ်းတူညီလေး' ဟု ခေါ်ခဲ့သူဖြစ်သည်။

ထိုသူမှာ သူ၏ ဂိုဏ်းတူအစ်ကို ချန်ကျန့်မေဖြစ်သည်ကို ဆန်းလျှန် မှတ်မိသွားခဲ့ပြီ။ လောကနတ်ဘုရားတစ်ပါးအဖြစ် သူအဆင့်တက်ရောက်သည့်အချိန်တွင် ချန်ကျန့်မေသည် သူ့ကိုကာကွယ်ပေးရန် အတူရှိနေခဲ့သည်။

ကျီမော့တောင်ထိပ်တွင် လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်စဉ်က သူချန်ထားခဲ့သည့် တာအိုသင်္ကေတ

သည် အတိတ်နှင့်ပစ္စုပ္ပန်ကို ချိတ်ဆက်ပေးနိုင်စွမ်း ရှိဟန်တူ

လေသည်။

သူ၏အတိတ်က ဖြတ်တောက်ခြင်းခံထားရသည့်တိုင် ကျီမော့

တောင်ထိပ်မှ တာအိုသင်္ကေတထဲမှ အတိတ်အပိုင်းအစများ

ကတော့ ထင်ကျန်နေဆဲ ဖြစ်လေသည်။

ထို့နောက်...

တာအိုသင်္ကေတသည် ဓားတစ်လက်အဖြစ်သို့ ပြောင်းလဲသွား

လေသည်။

ထိုဓားမှာ ဆန်းလျန် လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်

တက်ရောက်ခဲ့ခြင်းကို သက်သေပြုရာ "ဇီဝဓား" ဖြစ်လေ

သည်။ သတ်ဖြတ်လိုသည့်အငွေ့အသက် တစ်စက်ကလေးမှ ရှိ

မနေခဲ့ပေ။

ဆန်းလျန်ချန်ထားခဲ့သည့် ကျီမော့တောင်ထိပ်ရှိ နတ်ဘုရား

လမ်းကြောင်း၏ နိဒါန်း ဖြစ်လေသည်။

ထိုဓားကို ပြုလုပ်ခဲ့သူမှာ "ဆန်းလျန်" ကိုယ်တိုင်ပင် ဖြစ်ခဲ့သည်။

ရုတ်တရက်...

ဆန်းလျန်သည် တစ်စုံတစ်ခုကို နားလည်သဘောပေါက်သွားလေသည်။

သူ့နှလုံးသားထဲမှ သွေးများဆူပွက်လာပြီး ထိုဓားသည် သူနှင့်ရင်းနှီးကျွမ်းဝင်နေသလို ခံစားလိုက်ရသည်။ များပြားလှစွာသည့် တန်ခိုးစွမ်းအားများသည် သူ၏ဝိညာဉ်အတွင်းပိုင်းမှ အလျှံအပယ် ထွက်ပေါ်လာလေသည်။

ဆန်းလျန်၏ ပုံသဏ္ဍာန်မှာ အလွန်မြင့်မြတ်သည့် နတ်ဘုရားတစ်ပါးအလား ကျက်သရေအပေါင်းနှင့် ပြည့်ဝလျှက် ရှိလေ၏။

ဆန်းလျန်၏ ပြောင်းလဲသွားမှုက ရှမ်တုကိုပင် တုန်လှုပ်သွားစေလေသည်။

အတန်ကြာမှ ရွှမ်တုတောက်ကျွင်းက...

"မင်းထွက်ခွာသွားတာကြာခဲ့ပြီ ၊ ဒါတောင်မှ မင်းဟာ ဒီနေ့အထိ မပြောင်းမလဲ တည်ရှိနေတုန်းပဲ ၊ အံ့သြစရာပဲကွာ..."

ယနေ့ ဆန်းလျန်ကို သေချာပေါက် အနိုင်ယူမည်ဟု တွေးထင်ထားခဲ့လေသူ ရွှမ်တုသည် ယခုတော့ မသေမချာ ဖြစ်သွားခဲ့ရပြီ ဖြစ်သည်။

"ဇီဝဓား" သည် ဆန်းလျန်ကို များစွာ အကူအညီပေးခဲ့လေသည်။

ဆန်းလျန်သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်က ဘုရင်ရှစ်ပါးနန်းတော်တွင် ထိုက်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သကော်တကို လာရောက်ယူငင်ခဲ့စဉ်ကအတိုင်း တန်ခိုးစွမ်းအားများ မြင့်မားကာ ခမ်းနားလျှက်ရှိသည်။

ရွှမ်တုတောက်ကျွင်းက ဆန်းလျန်ကို စိုက်ကြည့်နေရင်းမှ....

ကြောက်မက်ဖွယ် အတွေးတစ်ခုကို သူတွေးလိုက်မိသည့်အခါ သူ၏ မျက်ဝန်းများက အနည်းငယ် ကျဉ်းမြောင်းသွားလေသည်။

"ဆန်းလျန် မင်း ဒီနေ့ သေရမယ်..."

ယနေ့ ထိုစကားကို ရွှမ်တု ပြောခဲ့သည်မှာ ဒုတိယအကြိမ်ဖြစ်ပြီး အရင်တစ်ချိန်ကထက် ဆုံးဖြတ်ချက် ခိုင်မာနေဟန် ရှိသည်။

ရွှမ်တု၏လက်ထဲတွင် ကြီးမားသည့် တင်းပုတ်ကြီးတစ်ခု ပေါ်လာသည်။

ထိုတင်းပုတ်ကြီးမှာ အတိတ်တစ်ချိန်တုန်းက နတ်ဘီလူးကိုင်ဆောင်ခဲ့သည့် တင်းပုတ်ကြီး ဖြစ်သည်။ သို့သော်... ယခု ရွှမ်တု၏လက်ထဲတွင် ကိုင်ထားသည့်အခါတွင်တော့ နတ်ဘီလူးထက်ပင် အဆ (၁၀၀)ခန့်ပိုပြီး တန်ခိုးစွမ်းအား မြင့်မားနေဟန် ရှိသည်။

တင်းပုတ်ကြီးက လေထုကိုထိုးခွင်းကာ ပျံသန်းလာလေသည်။ ယင်နှင့်ယန် ရှုတ်ထွေးကုန်ပြီး ဒြပ်စင်စွမ်းအား (၅)မျိုးသည်လည်း ကပြောင်းကပြန်ဖြစ်ကုန်ကြသည်။

ကြောက်မက်ဖွယ်ရာ ရောမတင်းပုတ်ကြီးကို ရင်ဆိုင်လိုက်ရသည့်အတွက် ဆန်းလျန်က တစ်စက်ကလေးမှ ကြောက်ရွံ့သွားခြင်း မရှိပေ။

သူက ဇီဝဓားကို လေထဲတွင် တစ်ချက် ဝှေ့ယမ်းလိုက်သည်။ ဓားသည် စက်ဝိုင်းခြမ်းပမာ လှည့်ပတ်သွားပြီး နဂါးငွေ့တန်းကို ပင် အက်ကွဲသွားစေလောက်သည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

ဆန်းလျန်က ဇီဝါဓားဖြင့် ရောမတင်းပုတ်ကြီးကို ခုခံထားလိုက်သည်။

ကြီးမားသည့် တန်ခိုးစွမ်းအား (၂)ခု ရိုက်ခတ်မိပြီး ကျီမော့

တောင်သည် တန်ခိုးစွမ်းအားများအောက်တွင် နစ်မြုပ်သွား

လေသည်။

ဆူနာမီလှိုင်းများအလား တန်ခိုးစွမ်းအားလှိုင်းလုံးကြီးများ

ထွက်ပေါ်လာပြီး တောင်တစ်ခုလုံးရှိ တုန်လှုပ်သွားကာ သစ်

ရွက်များ လွင့်ပျံကုန်ကြသည်။

ကျောက်ရှောင်ယွီက လျန်ယိမြူခိုးတန်ခိုးစွမ်းအားကို

အသုံးပြုကာ ကျီမော့တောင်ကြီး ယိမ်းယိုင်မသွားအောင် ထိမ်း

ချုပ်ထားလေသည်။

ဆန်းလျန်က လျှပ်စီးလက်လိုက်သည့်အလား အာကာသ

အလွှာများကို ဖြတ်ကျော်ပျံသန်းသွားသည်။ သူ့လက်ထဲမှ ဇီဝ

ဓားဖြင့် ရွှမ်တုကို ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ဆန်းလျန် လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်ခဲ့ခြင်း၏ လှုပခမ်းနားမှုနှင့် ရည်မှန်းချက်များက ဇီဝဓားကို ရစ်ပတ်ထားလေသည်။

ထို့ကြောင့်ပင် ဆန်းလျန်၏ ဇီဝဓားက ရွှမ်တု၏ နတ်ဘီလူးတင်းပုတ်ကြီးကို ဖိနှိပ်ထားနိုင်ခဲ့ခြင်း ဖြစ်လေ၏။

ရွှမ်တုက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး သူ၏လက်နှစ်ဖက်ကို တစ်ချက်လှုပ်ရှားလိုက်ကာ ထိုက်ချိစည်းတံဆိပ်တစ်ခုကို ဖန်ဆင်းလိုက်သည်။

ထိုခဏအတွင်းမှာပင်...

စကြာဝဠာကြီးသည် ပထမအဆင့် ပြိုကွဲသွားပြီး ယင်နှင့်ယန်နှစ်ပိုင်းကွဲပြားသွားလေသည်။

အခြေအနေက စကြာဝဠာမဖြစ်ပေါ်မီအခြေအနေဖြစ်ပြီး မွေးဖွားခြင်းလည်းမရှိသလို သေးဆုံးခြင်းလည်း မရှိပေ။

ဆန်းလျှန် နတ်ဘုရားတစ်ပါးအဖြစ်အဆင့်တက်ရောက်ခဲ့စဉ်က ဖြစ်ပေါ်ခဲ့သည့် ရည်မှန်းချက်များသည် မရှိမှုတရားအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ရွှမ်တုက ထိုက်ချိစည်းတံဆိပ်ဖြင့်တိုက်ခိုက်လိုက်သည့်အခါ ဇီဝဓားက အနည်းငယ်တုန်ခါသွားလေသည်။ သို့သော်... ဇီဝဓား၏ သဘောသဘာဝက အံ့သြစရာကောင်းလေသည်။ တစ်ချက်ကလေးပင် ပြောင်းလဲသွားခြင်း မရှိပေ။

ထိုဓားသည် ဆန်းလျှန် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်သည့်အချိန်က ချန်ရစ်ခဲ့သည့် တာအိုသင်္ကေတဖြစ်ပြီး သာမန်လူများအနေဖြင့် မည်သို့မှ နားမလည်နိုင်အောင် ထူးဆန်းမှုများပါဝင်နေလေ၏။

ဆန်းလျှန်သည် ဤတိုက်ပွဲကို သေချာပေါက် ရင်ဆိုင်နိုင်တော့မည်ဟု ယုံကြည်ချက်များနှင့် ပြည့်နေလေသည်။

အဘယ်ကြောင့်ဆိုသော်... ဇီဝဓားသည် အချိန်စီးဆင်းမှု

လမ်းကြောင်းတစ်လျှောက်တွင် "သူ" ကိုယ်တိုင် ပြုလုပ်ထားခဲ့

သည့် ဓားတစ်လက် ဖြစ်နေသောကြောင့်ပင်။

ဆန်းလျန်၏ စိတ်ဓာတ်ခိုင်မာမှုက ရွှမ်တု၏ ယုံကြည်ချက်

များကို ဖျက်စီးပစ်လိုက်သည်။

ရွှမ်တု ဆန်းလျန်ကို သတ်ဖြတ်ချင်နေသေးသည့်တိုင်

အနည်းငယ်လည်း စိတ်လှုပ်ရှားနေလေသည်။

သူနှင့် ဆန်းလျန်၏ လက်ရှိအခြေအနေသည် ဗုဒ္ဓနှင့် တာအို

ဆရာသခင်ထိုက်ယီ ဥပမာနှင့် ဆင်တူလေသည်။

တာအိုဆရာသခင်ထိုက်ယီက ဆန်းလျန်ဆိုလျှင် သူကတော့

ဗုဒ္ဓအလား ဖြစ်သည်။ သူ့အနေဖြင့် ဆန်းလျန်ကို သတ်လိုက်

နိုင်လျှင် ဗုဒ္ဓက တာအိုဆရာသခင်ထိုက်ယီကို နှိမ်နင်းလိုက်နိုင်

သည့်အလား ခံစားရမည် ဖြစ်သည်။

ဆန်းလျှန်သည် ဇီဝဓားကို အသုံးပြုကာ မယုံကြည်နိုင်စရာ

ကောင်းလောက်အောင် ထက်မြက်သည့်ဓားသိုင်းဖြင့် ရှမ်တု၏

ထိုက်ချိစည်းတံဆိပ်ကို တားဆီးထားလိုက်သည်။

ရှမ်တုက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"လောကမှာ မင်းတစ်ယောက်တည်း ဓားသိုင်းတတ်တယ်များ

ထင်နေသလား..."

စကားသံဆုံးသွားသည်နှင့် ရှမ်တု၏ အနောက်ဘက်တွင် ဓား

(၄)လက် ထွက်ပေါ်လာလေသည်။

ထိုဓားများမှ သွေးနီရောင်အလင်းတန်းများ တောက်ပနေပြီး

ကြယ်စင်များပင် သွေးနီရောင်လွှမ်းသွားသကဲ့သို့ ထင်မှတ်

လိုက်ရသည်။

မရဏဓား (၄)လက်မှ သတ်ဖြတ်လိုသည့် အငွေ့အသက်

(၄)မျိုး ထွက်ပေါ်နေလေသည်။

ရှမ်တုက...

"ဒါ မူလ မရဏာဓား (၄)လက်ပဲ ၊ နတ်ဘုရားဒဏ်ခတ်ဓား ၊ နတ်ဘုရားထောင်ချောက်ဓား ၊ နတ်ဘုရားတန်ခိုးဖျက်ဓား ၊ နတ်ဘုရားသုတ်သင်ဓားတွေပဲ ဖြစ်တယ် ၊ ကျုပ်ရဲ့ ဟွင့်ယွမ်ဝူကျီတန်ခိုးစွမ်းအားတွေနဲ့ ဒီမရဏာဓား (၄)လက်ကို ဘယ်လိုအသုံးပြုတိုက်ခိုက်မလဲဆိုတာ ကြည့်လိုက်စမ်း ၊ တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာမယ်လို့ ကိုယ့်ကိုကိုယ်ထင်နေတဲ့အကောင်... သေဖို့သာ ပြင်ပေတော့..."

ထို့နောက်... မရဏာဓား (၄)လက်မှ ဓားဝိညာဉ်များ ပျံသန်းထွက်ခွာလာလေသည်။

ဓားဝိညာဉ်များသည် နဂါးများအလား လူးလွန့်နေပြီး သူတို့၏ဦးတည်ရာက ခန့်မှန်း၍မရနိုင်ပေ။

ဆန်းလျန်၏ နှလုံးသားထဲတွင် အကြောက်တရားများဖြင့်ပြည့်သွားလေသည်။ မရဏာဓား (၄)လက်မှ သတ်ဖြတ်လိုသည့်

အငွေ့အသက်များသည် သူ၏ တာအိုနှလုံးသားကို ဒီရေများ အလားတိုက်စားကာ ဖျက်ဆီးပစ်နေခဲ့သည်။

မရဏဓား (၄)လက်ကို ထိန်းချုပ်ထားသူမှာ ရှမ်တုတောက်ကျွင်းဖြစ်ပြီး ဆန်းလျန်အနေဖြင့် မည်သည့်နည်းနှင့်မှ လွတ်လမ်းမရှိတော့သလို ခံစားလိုက်ရသည်။

သို့သော်... ဆန်းလျန်လက်ထဲတွင် ကိုင်ထားသည့် ဇီဝဓားမှာ ထူးခြားဆန်းကျယ်သည့် ဓားတစ်လက်ဖြစ်သည့်တိုင် မူလ မရဏဓား (၄)လက်ကိုတော့ မည်သည့်နည်းနှင့်မှ မယှဉ်နိုင်ပေ။

သူ့ထံသို့ ပထမဆုံးဝင်ရောက်လာသည့် မရဏဓားဝိညာဉ်မှာ သူနှင့် အလွန်ရင်းနှီးနေသည့်အလားဆန်းလျန် ခံစားလိုက်ရသည်။

ကျောက်ရှောင်ယွီပြောပြသည့် သူ၏အတိတ်အကြောင်းအရာများထဲတွင် တစ်ခါတုန်းက သူသည် ချန်ပေသိုဆိုသည့် နတ်ဘုရားတစ်ပါးဖြင့် တိုက်ခိုက်ခဲ့ဖူးသည်ဟု ဆိုလေသည်။

ထိုနတ်ဘုရားသည် နတ်ဘုရားထောင်ချောက်ဓားဟုခေါ်သည့် မရဏဓားကို ကိုင်ဆောင်သူ ဖြစ်လေသည်။

ယခု သူ့ထံသို့ ပထမဆုံး ဝင်ရောက်လာသည့် ဓားဝိညာဉ်သည် နတ်ဘုရားထောင်ချောက် ဓားဝိညာဉ်များလေလေလား...။

ဆန်းလျန်၏ အတွေးများမဆုံးခင်မှာပင် အခြားသော မရဏ ဓားဝိညာဉ် (၃)ခုကလည်း ဆန်းလျန်ထံသို့ ဝင်ရောက်လာသည်။

မရဏဓားဝိညာဉ်များသည် ဆန်းလျန်၏ ဇီဝဓားကို ချိုးဖျက်ကာ သူ၏ မူလဝိညာဉ်ခန္ဓာကို တန်းတန်းမတ်မတ် စိုက်ဝင်သွားကြလေတော့သည်။

ဆန်းလျန်၏ မပျက်ဆီးနိုင်သည့် မူလဝိညာဉ်ခန္ဓာတွင် ချက်ချင်းပင်အက်ကွဲကြောင်းတစ်ခု ဖြစ်ပေါ်သွားလေသည်။

လျှန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားဖြင့် ကာကွယ်ထားသည့်တိုင် ကျောက်ရှောင်ယွီ၏ မူလဝိညာဉ်ခန္ဓာတွင်လည်း ဒဏ်ရာရသွားသည်မှာ ထင်ရှားသည်။

မူလမရဏာဓားများ မည်မျှ တန်ခိုးစွမ်းအားမြင့်မားသည်ကို ဆန်းလျန် သဘောပေါက်သွားပြီ ဖြစ်သည်။ သို့သော်... သူနာကျင်ခံစားရသလို ကျောက်ရှောင်ယွီကို မခံစားစေချင်မိပေ။

စကြာဝဠာကြီး စတင်ဖြစ်တည်သည့်အချိန်တွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြီးအလား ဆန်းလျန်၏ခန္ဓာကိုယ်တစ်ခုလုံး ပေါက်ကွဲထွက်သွားလေသည်။ ထို့နောက်...ဆန်းလျန်၏ နတ်ဘုရားခန္ဓာထွက်ပေါ်လာလေသည်။

ဆန်းလျန်၏ နတ်ဘုရားခန္ဓာရှိ သွေးကြောဆုံချက်တိုင်းသည် စကြာဝဠာတွင်းနက်ကြီးများအလား ဖြစ်နေပြီး အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်း တန်ခိုးစွမ်းအားများ ထွက်ပေါ်လျှက်ရှိသည်။

မူလဝိညာဉ်ခန္ဓာအက်ကွဲသွားသောကြောင့် ဆန်းလျန်ခံစားနေရသည့် နာကျင်မှုသည် ခန္ဓာကိုယ်တွင်ရရှိသည့် အပြင်ပန်းဒဏ်ရာများထက် အဆပေါင်းသန်းနှင့်ချီပြီး နာကျင်ခံခက်လေသည်။

ဆန်းလျန် မည်မျှ နာကျင်ခံစားနေရသည်ကို မည်သူမှ မသိနိုင်ပေ။ သို့သော်... ဆန်းလျန်၏ပုံစံကတော့ အေးဆေးတည်ငြိမ်နေပြီး ကြောက်မက်ဖွယ်ရာ ကောင်းနေဆဲ ဖြစ်လေသည်။

အခန်း (၈၂၀) ဟွင့်ယွမ်ဝူကျီ

ကျောက်ရှောင်ယွီက ဆန်းလျန် အကြောင်း အစုံအစေ့အနှံ့ပြည့်မ

ကျန် သိသူဖြစ်သည်။

သူမက ဆန်းလျန်၏မျက်နှာကိုကြည့်လိုက်သည်နှင့် ဆန်းလျန်

ဒဏ်ရာအပြင်းအထန်ရသွားပြီဖြစ်ကြောင်း ချက်ချင်းသတိပြု

လိုက်မိသည်။

ထို့နောက်... ကျောက်ရှောင်ယွီက သူမတွင်ရှိသမျှသော တန်ခိုး

စွမ်းအားများကို အသုံးပြုကာ လျန်ယိမြူခိုးသံလိုက်တန်ခိုး

စွမ်းအားကို ထုတ်ဖော်လိုက်လေသည်။

ထိုအခါ.... ကျီမော့တောင်ထိပ်တွင် အဖြူရောင်နှင့်အနက်

ရောင်အလင်းတန်းများ ထွက်ပေါ်လာလေသည်။

အဖြူရောင်နှင့်အနက်ရောင်အလင်းတန်းများကြားတွင် ယင်

နှင့်ယန် သံလိုက်တွင်းကြီးတစ်တွင်း ဖြစ်ပေါ်လာသည်။

ယင်နှင့်ယန် သံလိုက်တွင်းကြီးသည် အရာအားလုံးကို

တိုက်စားသွားပြီး ရွှမ်တုရှိရာသို့ အရှိန်အဟုန်ပြင်းထန်စွာဖြင့်

ဝင်ရောက်သွားလေသည်။ ယင်နှင့်ယန် သံလိုက်တွင်းကြီး ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်နှင့် ရွှမ်တုက ကြည်လင်တောက်ပနေသည့် ပုလင်းတစ်လုံးကို ဖန်ဆင်းလိုက်သည်။ ထိုပုလင်းက ယင်နှင့်ယန် သံလိုက်တွင်းကြီးကို စုပ်ယူဝါးမြိုပစ်လိုက်လေတော့သည်။

အလင်းတန်းများဖြာထွက်သွားပြီး ကြောက်မက်ဖွယ်ရာ ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပွားသွားလေသည်။ ကျီမော့တောင်ကြီးတစ်ခုလုံး အစိတ်စိတ်အမွှာမွှာ ကြေမွပျက်စီးသွားလေတော့သည်။

ကျောက်ရှောင်ယွီက ဆန်းလျန်ကို အသာပွေ့ဖက်လိုက်ပြီး ပေါက်ကွဲမှုကြီးကို ရှောင်တိမ်းလိုက်ကာ စကြာဝဠာထဲသို့ ထွက်ပြေးပုန်းရှောင်ရန် ဟန်ပြင်လိုက်သည်။

သို့သော်... ရွှမ်တုတောက်ကျွင်းက အေးစက်စွာပြုံးလိုက်ရင်း...

"မင်းတို့က ထွက်ပြေးချင်တယ်ပေါ့လေ...."

ပြောပြီးသည်နှင့် ရှမ်တုက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်လေရာ လောကတစ်ခုလုံးကို အဆုံးသတ်သွားစေနိုင်သည့် ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကို ချက်ချင်းပင် တားဆီးထားလိုက်သည်။

သိပ်မဝေးသည် ကောင်းကင်အစွန်းတစ်နေရာတွင် ကြီးမားသည့် ကြယ်စင်တစ်စင်း လင်းလက်နေလေသည်။ သို့သော်... အလင်းရောင်က ခပ်မှိန်မှိန်ဖြစ်လေ၏။

သို့သော်... ထိုကြယ်စင်ကြီးက ရှမ်တု၏ တာအိုခန္ဓာနှင့်ယှဉ်လျှင် အဆပေါင်းများစွာ ကြီးမားလေသည်။

ရှမ်တုက လက်ဖျောက်တစ်ချက်တီးလိုက်လေရာ ကြယ်စင်ကြီးက တဖြည်းဖြည်း စတင်လည်ပတ်လာလေသည်။

လည်ပတ်နေရင်းဖြင့် တဖြည်းဖြည်းသေးငယ်လာပြီး

နောက်ဆုံး ဆေးလုံးတစ်လုံးစာ အရွယ်အစားခန့်အထိ သေး

ငယ်သွားသည်။

ထို့နောက် ရှမ်တုက ဆေးလုံးအရွယ်အစားကြွယ်စင်ကို

လက်ချောင်းလေးများဖြင့် အသာယူလိုက်ပြီး ဆန်းလျန်၏

မျက်ခုံး (၂)ခုကြားသို့ ထိုးစိုက်ချလိုက်လေတော့သည်။

ရှမ်တု၏ တိုက်ကွက်က ဆန်းလျန်ကို ဇာတ်သိမ်းပေးလိုက်နိုင်

သည့် နောက်ဆုံး တိုက်ကွက် ဖြစ်လေသည်။

ဆန်းလျန်၏ မျက်ခုံးနှစ်ခုကြားတွင် အပေါက်တစ်ပေါက်ဖြစ်

ပေါ်လာပြီး ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် ထိုအပေါက်မှ

တစ်ဆင့် ရေကဲ့သို့ အဆက်မပြတ်စီးဆင်းထွက်လာလေသည်။

ဆန်းလျန်မှာ အလွန်အားနည်းနေပြီး ယနေ့ သူ့အတွက် လွတ်

လမ်းမရှိတော့သည်ကို သိလိုက်သည်။ သူရရှိထားသည့်

ဒဏ်ရာသည် ပြန်လည်ပျောက်ကင်းရန်ပင် ခက်ခဲလွန်းသည့်

ဒဏ်ရာတစ်ခု ဖြစ်နေလေပြီ။

ရွှမ်တု၏ တန်ခိုးစွမ်းအားများသည် သူမျှော်လင့်ထားသည်

ထက်ပင် မြင့်မားလွန်းနေသည်။ ထိုက်ချိယင်ယန်ပန်းချီကား

အကူအညီဖြင့် ဟွင့်ယွင်ဝူကျီအဆင့်သို့ တက်ရောက်ထားသူ

တစ်ယောက်သည်ပင်လျှင် အလွန်မှ မယုံကြည်နိုင်စရာ တန်ခိုး

စွမ်းအား မြင့်မားလွန်းလှလေသည်။

အပြင်းအထန် ဒဏ်ရာရထားသည့်တိုင် ဆန်းလျန်က

စိတ်ဓာတ်ကျသွားခြင်း မရှိပေ။

ဆန်းလျန်က စိတ်စွမ်းအားအသုံးပြုကာ ကျောက်ရှောင်ယွီကို

စကားတစ်ခွန်းပြောလိုက်သည်။

"ရှောင်ယွီ... ပြေးတော့..."

ထိုအချိန်မှာပင်...

စကြာဝဠာကိုထိုးဖောက်ကာ ဝူခုံး၏ သံတုတ်ထွက်ပေါ်လာလေ

သည်။

ဝူခုံး၏သံတုတ်က ဆန်းလျန်၏ ရင်ဝတည့်တည့်ကို ရိုက်ချ

လိုက်ပြီး ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည်

အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေတော့သည်။

တစ်ချိန်တည်းမှာပင်...

နဂါးငွေ့တန်းကိုပင် စုပ်ယူနိုင်သည့် အကျီလက်ကြီးတစ်ဖက်

ထွက်ပေါ်လာပြီး ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာအပိုင်းအဆ

များကို စုပ်ယူပစ်လိုက်လေသည်။ ထို့နောက် အကျီလက်ကြီး

မှာ တစ်ချက်တုန်ခါသွားပြီး အခိုးအငွေ့များကြားတွင်

ပြန်လည် ပျောက်ကွယ်သွားလေသည်။

ထိုအကျီလက်ကြီးမှာ ကျန့်ယွမ်ကျီနတ်မင်းကြီး၏ ဝိဇ္ဇာအကျီ

လက်ကြီးပင် ဖြစ်လေသည်။

ထို့နောက်...

ကလေးငယ်များနှင့်အလားသဏ္ဍာန်တူသည့် ဝိညာဉ်သစ်သီး

အလုံး (၃၀)သီးနေသည့် သစ်ပင်တစ်ပင် ရုတ်တရက် ပေါ်လာ

ပြီး ရွှမ်တုတောက်ကျွင်း၏ ဦးခေါင်းထက်တွင် ဖိနှိပ်ထားလိုက်လေသည်။

ဝူကျွမ်းကျောင်းတော်မှ လူသားပုံသဏ္ဌာန် ဂျင်ဆင်းဆေးမြစ်အပင်သည် ထိုက်ယီထျန်းရှန်းအဆင့် ရှိလေသည်။

တစ်ချိန်တည်းမှာပင်...

လက်ထဲတွင် ကြွေပန်းအိုးကိုင်ထားသည့် ကွမ်ယင်မယ်တော် ပေါ်လာပြီး ကြွေပန်းအိုးထဲမှ ရေများကို သွန်းလောင်းချလိုက်လေသည်။

ရွှမ်တု၏ ဦးခေါင်းထက်တွင် ထိုက်ချိသင်္ကေတတိမ်တိုက်တစ်ခု ထွက်ပေါ်လာပြီး ဂျင်ဆင်းဆေးမြစ်အပင်ကို တားဆီးထားလိုက်သည်။

ထို့နောက်....

သူ၏လက်ကြီးတစ်ဖက် ရှည်ထွက်လာပြီး ဝူခုံး၏ သံတုတ်ကို ဖမ်းဆုပ်ထားလိုက်သည်။

တစ်ချိန်တည်းမှာပင်...

သူ၏ခြေထောက်အောက်တွင် အစိမ်းရောင်ကြာရွက်တစ်ရွက် ပေါ်လာပြီး ကွမ်ယင်မယ်တော်၏ ကြွေပန်းအိုးထဲမှ နတ်ရေစင်သည် သူ့ကို နှစ်မြုပ်ပစ်ခြင်းငှာ မစွမ်းသာတော့ပေ။

"လက်စသတ်တော့ တာအိုမိတ်ဆွေ (၃)ယောက်က အပေးအယူမျှမျှနဲ့ ရောက်လာကြတာကိုး... "

ရှမ်တုက ပေါ့ပါးသည့်လေသံဖြင့် ပြောလိုက်သည်။

ထို့နောက် သူ့ကို ဝိုင်းရံထားသည့် တာ့လော်အဆင့် ကျင့်ကြံသူ (၃)ယောက်ကို အကြောက်အရွံ့လုံးဝမရှိဘဲ တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

....

ကျန့်ယွမ်ကျီနတ်မင်းကြီး၏ ဝိဇ္ဇာအကျံ့ဂီလက်ကြီးက ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာ အပိုင်းအစများအားလုံးကို စုပ်ယူသွားနိုင်ခြင်း မရှိခဲ့ပေ။

မူလဝိညာဉ်ခန္ဓာအပိုင်းအစလေး (၁)ခုသည် ပိုက်ကွန်ထဲမှ ငါး

လေးတစ်ကောင်လွတ်ထွက်သွားသည့်အလား စကြာဝဠာ

အတွင်းသို့ လွင့်မျောသွားခဲ့လေသည်။

ကျောက်ရှောင်ယွီပင်လျှင် သတိထားလိုက်မိခြင်း မရှိပေ။

ကျောက်ရှောင်ယွီသည် နဂါးငွေ့တန်းတစ်နေရာတွင်

ပုန်းအောင်းနေပြီး သူမ၏ မျက်ဝန်းဆီမှ မျက်ရည်စများ စီး

ကျနေလေသည်။ သူမ ဆန်းလျန်ကို ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာတွင်...

တာအိုမဟာလမ်းစဉ် (၅၀) ၊ မိုးကောင်းကင်လမ်းစဉ် (၄၉) ခု ရှိ

လေရာ (၁)ခု လွတ်မြောက်သွားခဲ့ခြင်း ဖြစ်လေသည်။

လွတ်မြောက်သွားသည့် မူလဝိညာဉ်ခန္ဓာအပိုင်းအဆလေး

သည် ယိလမ်းစဉ်ကို ပိုင်ဆိုင်ထားသည့် ဝိညာဉ်အပိုင်းအစ

လေး ဖြစ်လေသည်။ ထိုအပိုင်းအစလေးထဲတွင် ပြန်လည်မွေး

ဖွားခြင်း တန်ခိုးစွမ်းအားများ ပါဝင်လေသည်။

ယိလမ်းစဉ်ပါဝင်သည့် မူလဝိညာဉ်အပိုင်းအစလေးသာ မဟုတ်ဘဲ တခြားသော ဝိညာဉ်အပိုင်းအစ လွတ်မြောက်သွားခြင်းဖြစ်ပါက မည်မျှပင် လျှို့ဝှက်ဆန်းကျယ်သည့် တန်ခိုးစွမ်းအားပါဝင်နေပါစေ ပြန်လည်မွေးဖွားနိုင်ခွင့်ကို ရရှိချင်မှ ရရှိပေလိမ့်မည်။

ထိုသို့သာဆိုလျှင် သူ၏ ကျင့်ကြံခြင်းများအားလုံး ပျက်ဆီးသွားမည်ဖြစ်ပြီး ပေးဆပ်ရသည့်တန်ဖိုးက အလွန်ကြီးမားမည် ဖြစ်လေသည်။

ရှမ်တုနှင့် ကွမ်ယင်မယ်တော်တို့၏ တိုက်ပွဲပြီးဆုံးသွားသည့် အခါတွင်တော့ ဆန်းလျန် လွတ်မြောက်သွားသည်ကို သိရှိကြပေလိမ့်မည်။

ဆန်းလျန်၏ မူလဝိညာဉ်အပိုင်းအစလေးသည် မရေမတွက်နိုင်သည့် အာကာသအလွှာများကို ဖြတ်သန်းပြီး ရှင်ယောင်းအိပ်ပျော်နေရာ သစ်ပင်နံဘေးသို့ ရောက်ရှိလာခဲ့လေသည်။

ဆန်းလျန်သာ အသက်ရှင်ရန် ကုသိုလ်ကံရှိပါက သူရောက်လာသည့်အချိန်တွင် ရှင်ယောင်း ပြန်လည် နိုးထလာပေလိမ့်မည်။

လက်ရှိအချိန်တွင် ဆန်းလျန်သည် မည်သည့်အရာကိုမှ ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိတော့ဘဲ ကံကိုသာ အားကိုးနေရလေတော့သည်။

သို့သော်... ဆန်းလျန်သည် အမြဲတမ်း ကံကောင်းတတ်သူ ဖြစ်လေသည်။

ထိုခဏလေးအတွင်းမှာပင်.... ရှင်ယောင်းအိပ်ယာမှနိုးလာပြီး မူလဝိညာဉ်ခန္ဓာ စတင်ဖြစ်ပေါ်လာကာ လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်သွားလေသည်။

ဆန်းလျန်၏ မူလဝိညာဉ်အပိုင်းအစလေးသည် နောက်ဆုံးကျန်ရှိသည့် တန်ခိုးစွမ်းအားကို အသုံးပြုကာ ရှင်ယောင်း၏ မူလဝိညာဉ်ခန္ဓာအတွင်းသို့ ဝင်ရောက်သွားလေသည်။

ထို့နောက် ရှင်ယောင်း၏ မူလဝိညာဉ်ခန္ဓာနှင့်ပေါင်းစပ်သွားပြီး

ရှင်ယောင်းကို မိုးကောင်းကင်နတ်ဘုရားတစ်ပါး ချက်ချင်းဖြစ်သွားအောင် ပို့ဆောင်ပေးလိုက်သည်။

ရှင်ယောင်းသည် ချက်ချင်းပင် ကောင်းကင်ထက်သို့ ပျံတက်သွားလေသည်။

သူ၏ခန္ဓာကိုယ် တစ်ခုလုံးမှာ ပေါ့ပါးနေပြီး နူးညံ့သည့်စွမ်းအားတစ်ခုက သူ့ခန္ဓာကိုယ်ကို ထောက်ပံ့ပေးထားသည်။

ထို့နောက် သူ့ရှေ့တွင် ကြည်လင်သည့် ရေလိုက်ကာတစ်ခုကို တွေ့မြင်လိုက်ရပြီး ထိုရေလိုက်ကာကြီးအတွင်းသို့ ရှင်ယောင်းဝင်ရောက်လိုက်သည်။

ထိုအခါ...

သူ့ရှေ့တွင် သာယာလှပလွန်းပြီး အံ့သြစရာအတိဖြစ်သည့် နတ်ဘုရားနယ်မြေတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

များပြားလှစွာသည့်နတ်ဘုရားများက သူ့ကို ကြိုဆိုသည့်အနေဖြင့် ပြုံးပြီး ကြည့်နေကြလေသည်။

ထိုနတ်ဘုရားများမှာ သူနှင့် ရင်းနှီးနေသလို ရှင်ယောင်းခံစား လိုက်ရသည်။

နောက်မှ ထိုနတ်ဘုရားများမှာ ရှင်သန်စေခြင်းကျောင်းတော်မှ ဘိုးဘေး နတ်ဘုရားဖြစ်ကြသည်ကို ရှင်ယောင်း မှတ်မိလိုက် သည်။

တစ်ခဏမျှ စဉ်းစားပြီးသည့်နောက် ရှင်ယောင်းမှာ ချင်းဆွေ ထျန်းကောင်းကင်ဘုံသို့ ရောက်ရှိနေခြင်းဖြစ်သည်ကို သဘောပေါက်လိုက်တော့သည်။

ရှင်ယောင်းက ဘိုးဘေးများကို ဝမ်းသာအားရဖြင့် ဂါရဝပြုနေ စဉ်မှာပင် သူ၏ ခန္ဓာကိုယ်မှ ကြည်လင်သည့် လိပ်ပြာလေး တစ်ကောင် ပျံသန်းထွက်ခွာသွားလေသည်။

လိပ်ပြာလေးက လှပစွာ ပျံသန်းထွက်ခွာသွားပြီး လီချင်းဆွေ နေထိုင်ရာ ကျောက်သားဂေဟာကြီး တည်ရှိသည့် ရေကန်ဆီ သို့ ရောက်ရှိလာလေသည်။

လိပ်ပြာလေးက စြက်ာ်လမ်းတစ်လျှောက်ပျံသန်းဝင်ရောက်လာပြီး ကျောက်သားဂေဟာကြီးအတွင်းရှိ ရေကန်ငယ် နံဘေးသို့ ရောက်ရှိလာသည်။

ထိုအချိန်မှာပင်...

မည်သည့်နေရာကမှန်းမသိ ငါးမြားကြိုးတစ်ချောင်းထွက်ပေါ်လာပြီး လိပ်ပြာလေးကို ရစ်ပတ်ဖမ်းဆီးလိုက်ကာ ရေကန်ထဲသို့ နှစ်မြုပ်ပစ်လိုက်လေသည်။

ရေကန်ထဲသို့ရောက်သည်နှင့် လိပ်ပြာလေးသည် ဆန်းလျန်အဖြစ်သို့ ပြန်လည် ပြောင်းလဲသွားလေသည်။

ဆန်းလျန်၏ ပုံစံမှ သနားစရာကောင်းလောက်အောင် အားနည်းဖျော့တော့လျှက်ရှိသည်။ အချိန်မရွေး ပြန်လည် ပျက်ဆီးသွားတော့မည့်အလား ထင်မှတ်ရသည်။

ခန္ဓာကိုယ်တစ်ခုလုံးကလည်း ဝိညာဉ်တစ်ခုအလား အကြည်ရောင်ဖြစ်နေပြီး ဆန်းလျန်ခန္ဓာကိုယ်ကိုထိုးဖောက်ကာ အနောက်ဘက်ဆီသို့ ဖောက်ထွင်းမြင်နေရသည်။

ဆန်းလျန်က အသက်ပင် မရှူနိုင်ဘဲ ငါးမျှားကြိုးဖြင့် သူ့ကို ပစ်ခတ်ဖမ်းဆီးလိုက်သူကို လှမ်းကြည့်လိုက်သည်။

ထိုအခါ နှင်းပွင့်ကဲ့သို့ ဖြူစင်သည့် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ချောမောလှပသည့် မိန်းမပျိုတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

သူမ၏ လက်ထဲတွင် ငါးမျှားတံတစ်ချောင်းကို ကိုင်ထားလေသည်။

မေးစရာပင်မလိုပေ။ ထိုမိန်းမပျိုမှာ တာအိုဆရာလီချင်းဆွေဖြစ်သည်ကို ဆန်းလျန် ချက်ချင်းသိလိုက်သည်။

သို့သော်… လီချင်းဆွေက သူ့ကို စကားမပြောချင်သည့်ဟန်၊
အရေးမစိုက်လိုသည့်ဟန်ဖြင့် မျက်လုံးများကို အသာမှိတ်ထား
လိုက်လေသည်။
ဆန်းလျန်ကလည်း လီချင်းဆွေကို လေးစားသည့်အနေဖြင့်
အနားသို့ အတင်းတိုးကပ်သွားခြင်းမျိုး မပြုလုပ်ခဲ့ပေ။
လီချင်းဆွေက စကားမပြောသည့်အတွက် သူကလည်း
စကားမပြောတော့ဘဲ ရေကန်အစွန်းသို့ ပြန်တက်လာကာ
ရေကန်ဘောင်ပေါ်တွင်ထိုင်လိုက်ပြီး ရေကန်အတွင်းသို့သာ
ငေးကြည့်နေလိုက်တော့သည်။
ရေကန်ထဲရှိရေများက ကြည်လင်နေပြီး ရေကန်အောက်ခြေကို
ပင် ထိုးဖောက်တွေ့မြင်နေရလေသည်။
သို့သော်… ရေကန်ထဲတွင် ငါးများကူးခတ်နေခြင်း မရှိပေ။
ရေကန်ထဲတွင် ကြယ်စင်များစုံလင်နေသည့် စကြာဝဠာထဲတွင်
တိုက်ခိုက်နေကြသည့် တိုက်ပွဲတစ်ခုကို တွေ့မြင်လိုက်ရသည်။

ရေကန်ထဲတွင် မြင်တွေ့နေရသည့် တိုက်ပွဲမှာ ရွှမ်တုကို ကွမ်ယင်မယ်တော် ၊ ကျန့်ယွမ်ကျီနတ်မင်းကြီးနှင့် ဝူခုံးတို့ ဝိုင်းဝန်းတိုက်ခိုက်နေကြသည့် တိုက်ပွဲပင် ဖြစ်တော့သည်။

အပြင်လူတစ်ယောက်အနေဖြင့် တိုက်ပွဲကို ကြည့်နေရင်း ရွှမ်တု မည်မျှ ကြောက်မက်ဖွယ်ကောင်းသည်ကို ဆန်းလျန် သိလိုက်ရသည်။

ခေတ်အဆက်ဆက်နာမည်ကျော်ကြားခဲ့ကြသည့် ရှေးဟောင်းနတ်ဘုရား (၃)ပါးက ဝိုင်းဝန်းတိုက်ခိုက်နေကြသည့်တိုင် ရွှမ်တုက တိုက်ပွဲတွင် အသာစီးရနေဆဲ ဖြစ်လေသည်။

(၃)ယောက်ပေါင်းပြီး (၁)ယောက်တည်းကို အနိုင်ကျင့်နေသည်နှင့်မတူဘဲ (၁)ယောက်တည်းက (၃)ယောက်ကို အနိုင်ကျင့်နေသည့်အလား ဖြစ်လေသည်။

ဝူခုံးက သံတုတ်ဖြင့် ရွှမ်တု၏ ပခုံးကို ရိုက်ချလိုက်သည်။

ရှမ်တုဧ၏ ခန္ဓာကိုယ်မှ အလင်းတန်းများ ထွက်ပေါ်လာပြီး ဝူခုံး၏ သံတုတ်က ပြန်ကန်ထွက်သွားလေသည်။

အလွန်မှ ကြောက်စရာကောင်းလွန်းသည့် တာအိုခန္ဓာဖြစ်လေသည်။ ဝူခုံး၏ မပျက်ဆီးနိုင်သည့် ရွှေခန္ဓာထက်ပင် သာလွန်နေသေးသည်။

သို့သော်... ဝူခုံး၏ မပျက်ဆီးနိုင်သည့် ရွှေခန္ဓာသည် ထိုက်စန့်လောင်ကျွင်းဘိုးဘိုး၏ ပါးကွဖုံထဲတွင် ထည့်ကာ ဖုံထိုးခံခဲ့ရသောကြောင့် ရရှိခဲ့သည့် ခန္ဓာဖြစ်လေသည်။

ရှမ်တုကဲ့သို့သောလူမျိုးသည် သာမန်ကျင့်ကြံရုံမျှဖြင့် ထိုသို့သော မပျက်ဆီးနိုင်သည့် ခန္ဓာရရှိရန်မှာ မည်သို့မှ မဖြစ်နိုင်ပေ။

သို့သော်... ယခု ရှမ်တုဧ၏ မပျက်ဆီးနိုင်သည့် တာအိုခန္ဓာကို တွေ့မြင်လိုက်ရသည့်အခါ ဝူခုံး အလွန်အမင်းတုန်လှုပ်သွားရသည်။

ထိုသို့သော မပျက်ဆီးနိုင်သည့် ခန္ဓာကိုပိုင်ဆိုင်ထားသူမျိုး ဝူ ခုံး၏ဘဝတွင် တစ်ခါမှ တွေ့မြင်ခဲ့ဖူးခြင်း မရှိပေ။

လူသားပုံသဏ္ဍာန်ဝိညာဉ်သစ်သီးပင်ပေါ်တွင်တော့ ရှည်လျားသည့်မုတ်ဆိတ်မွေးများကိုပိုင်ဆိုင်သည့် ခန့်ညားသော နတ်မင်းကြီးတစ်ပါး ထိုင်နေလေသည်။ ထိုနတ်မင်းကြီးမှာ ကျန့်ယွမ်ကျီနတ်မင်းကြီးဖြစ်ပြီး သူ၏ မျက်နှာက တည်ကြည်လေးနက်နေလေသည်။

ကွမ်ယင်မယ်တော်ကတော့ အနည်းငယ် အံ့အားသင့်သွားဟန်ရှိသည်။

အမှန်တော့ ရွှမ်တုတောက်ကျွင်းသည် ထိုမျှ တန်ခိုးစွမ်းအားမြင့်မားနေစရာ အကြောင်းမရှိပေ။ မျောက်မင်းစွန်းဝူခုံး၏ သံတုတ်ရိုက်ချက်ကို ခံနိုင်ရည်ရှိသူမှာ လောကတွင် အလွန်ရှားပါးလေ၏။

ထို့ပြင် မျောက်မင်းမှလွဲပြီး မပျက်ဆီးနိုင်သည့် ရုပ်ခန္ဓာ မည်သူ့ထံတွင်မှ မရှိပေ။ ရုပ်ခန္ဓာကျင့်စဉ်များကို မည်မျှပင် ကျင့်ကြံထားပါစေ ထိုမျှ သန်မာနေစရာ အကြောင်းမရှိပေ။

ရေကန်နံဘေးတွင် မျက်လုံးများမှိတ်ကာထိုင်နေသည့် လီချင်းဆွေက မျက်လုံးများကို ပြန်ဖွင့်လိုက်လေသည်။

"ရှမ်တု ဘယ်လောက်ပဲ တန်ခိုးစွမ်းအားမြင့်မားပါစေ ၊ ဗုဒ္ဓကိုတော့ မမီနိုင်ဘူး ၊ သူက အခု ယွမ်စီထျန်းကျွင်းရဲ့ ဖန်းထျန်းစည်းတံဆိပ်ကို အသုံးပြုထားတာ ၊ ဒါကြောင့် မျောက်မင်းရဲ့ ရိုက်ချက်ကို ခံနိုင်နေတာပဲ... ၊ ဒါပေမဲ့ ဗုဒ္ဓရဲ့ ရွှေခန္ဓာ (၆)ဆင့် တန်ခိုးစွမ်းအားကို ဘယ်မီပါ့မလဲ..."

ဆန်းလျန်က...

"အခုခေတ်မှာတောင် ဗုဒ္ဓရဲ့ ရွှေခန္ဓာ (၆)ဆင့် ကျင့်စဉ်ကို ကျင့်ကြံနိုင်တဲ့သူ ရှိသေးလို့လား..."

တာအိုဆရာလီချင်းဆွေက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး တည်ကြည်သည့်မျက်နှာထားဖြင့်...

"ရှိတယ်..."

ဆန်းလျန်က...

"ဘယ်သူများလဲ..."

လီချင်းဆွေက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"မင်းသာ ရှေ့ဆက်အသက်ရှင်နိုင်အောင် ကြိုးစားစမ်းပါ၊ နောက်ကျရင် အလိုလို သိလာလိမ့်မယ်..."

လီချင်းဆွေ၏ အေးစက်သည့်အမူအရာများကြောင့် ဆန်းလျန်က ကြောက်ရွံ့သွားခြင်း မရှိပေ။

"ကျွန်တော့်ကို ကယ်တင်နိုင်မယ့်နည်းလမ်းများ မရှိတော့ဘူးလား တာအိုဆရာချင်းဆွေ..."

လီချင်းဆွေက ခပ်အေးအေးလေသံဖြင့်...

"ငါကတော့ မင်းကိုကယ်နိုင်မှာ မဟုတ်ဘူး..."

သူမက ခဏနားပြီးမှ စကားဆက်ပြောလိုက်သည်။

"တကယ်တော့ မင်းကို မကယ်ချင်လို့ မဟုတ်ပါဘူး ၊ ငါ

ကိုယ်တိုင်လည်း ဒဏ်ရာရထားလို့ပါ..."

ဆန်းလျန်က လီချင်းဆွေကို တစ်ချက်ကြည့်လိုက်သည်။

သို့သော်... လက်ရှိ သူ့အနေအထားဖြင့် လီချင်းဆွေ ဒဏ်ရာ

မည်မျှပြင်းထန်သည်ကို သိမြင်နိုင်ခြင်း မရှိတော့ပေ။

သူက လီချင်းဆွေ အဘယ့်ကြောင့် ဒဏ်ရာရခဲ့ရသည့်

အကြောင်းရင်းကို သိချင်နေမိသည်။

လီချင်းဆွေက ဆန်းလျန်သိချင်နေသည်ကို ရိပ်မိလိုက်

သောကြောင့် အဖြစ်အပျက်များကို ပြောပြလိုက်သည်။

"နေစကြာတထာဂတသခရဲ့ အလင်းတန်းလက်သီးနဲ့ ထိမိသွား

တာ ၊ အလင်းတန်းလက်သီးဆိုတာ အော်မီတော်ဖူဘုရားဆီက

ဆင်းသက်လာတဲ့ ပညာတစ်ခုပဲ ၊ တန်ခိုးစွမ်းအားလည်း မြင့်

မားလွန်းတယ် ၊ အော်မူတော်ဖူဘုရားက နေစကြာတထာဂ

တသသကို ပညာကုန်သင်ပေးထားခဲ့တာ... ၊ ဟွန်း... ဟွင့်ယွမ်ဝူ ကျီအဆင့်ကို မတက်နိုင်သေးသရွေ့ ငါလီချင်းဆွေ နတ်ဘုရား တွေအလယ်မှာ ရယ်စရာဖြစ်နေဦးမှာပဲ..."

ဆန်းလျန်ရင်ထဲတွင် ကျိတ်ပြီး ပြုံးလိုက်မိလေသည်။

တာအိုဆရာလီချင်းဆွေက သူများတွေပြောကြသလောက် လည်း အေးစက်မာကျောသူတစ်ယောက် မဟုတ်ပေပဲ။

သူ့ကို ထိုမျှ စကားကောင်းကောင်းပြောလိမ့်မည်ဟု ဆန်းလျန် မျှော်လင့်မထားမိပေ။

ဆန်းလျန်က...

"ဟွင့်ယွမ်ဝူကျီအဆင့်ရောက်အောင် ဘယ်လိုကျင့်ကြံရမ လဲ..."

ဆန်းလျန်သည် လူ့လောကနှင့် နတ်ဘုရားများ ဆက်စပ်တည်ရှိ မှုကို နားလည်ထားသလို ဟွင့်ယွမ်ဝူကျီအကြောင်းကိုလည်း ကြားဖူးလေသည်။

သို့သော်...

သူ့စိတ်ထဲတွင် သိပ်ပြီး ရှင်းလင်းခြင်း မရှိသေးပေ။

ထိုက်ချိယင်ယန်ပန်းချီကားကို အသုံးပြုပြီး ဟွင့်ယွမ်ဝူကျီ

အဆင့်ကို မှားယွင်းသောနည်းလမ်းဖြင့် တက်ရောက်ခဲ့သူ ရှမ်

တုတောက်ကျွင်းကို တွေ့မြင်ခဲ့ရသည့်တိုင် သူ့စိတ်ထဲတွင်

ဘဝင်မကျမှုများ အနည်းငယ် ရှိနေသေးသည်။

ပြောကြသည်မှာတော့ ဟွင့်ယွမ်ဝူကျီဆိုသည်မှာ ကျင့်စဉ်

လမ်းတွင် မဖြစ်မနေကြုံတွေ့ရင်ဆိုင်ရမည့် အကြီးမားဆုံး

အဆင့်တစ်ခု ဖြစ်လေသည်။

တာအိုဆရာလီချင်းဆွေက....

"ရှမ်တုက ထိုက်ချိယင်ယန်ပန်းချီကားကို အသုံးပြုပြီး ဟွင့်

ယွမ်ဝူကျီအဆင့်ကို တက်ရောက်နိုင်ခဲ့တယ် ၊ မင်းစိတ်ထဲမှာ

သူ့ကို အထင်သေးနေတယ် မဟုတ်လား..."

ဆန်းလျန်က ဖွင့်ဟဝန်ခံလိုခြင်း မရှိသည့်တိုင် ရှမ်တုကို အထင်မကြီးခဲ့သည်မှာလည်း အမှန်ပင် ဖြစ်သည်။

ကိုယ်တိုင်ကျင့်ကြံခြင်းမဟုတ်ဘဲ ပြင်ပရတနာပစ္စည်းများ အကူအညီဖြင့် ကျင့်စဉ်လမ်းအဆင့်တက်ရောက်ခြင်းကို ဆန်း လျန်က လုံးဝအားပေးသူတစ်ယောက် မဟုတ်ပေ။

နောက်ဆုံးတော့ လီချင်းဆွေ၏အမေးကို ဆန်းလျန်က ခေါင်းညိတ်သဘောတူလိုက်လေသည်။

ထိုအခါမှ တာအိုဆရာလီချင်းဆွေက...

"ဒီနေ့ ဒီလိုအခြေအနေမျိုးရောက်တဲ့အထိ ကျင့်ကြံနိုင်ခဲ့တဲ့ ရှမ် တုလိုလူမျိုးကို စစ်မှန်တဲ့ကျင့်ကြံသူလို့ မသတ်မှတ်နိုင်ရင် ဘယ်သူ့ကိုမှ ကျင့်ကြံသူလို့ သတ်မှတ်နိုင်မှာ မဟုတ်တော့ဘူး ၊ ဟွင့်ယွမ်ဝူကျီအဆင့်ကိုတက်ရောက်ဖို့ ထိုက်ချိယင်ယန်ပန်းချီ ကားကို သူဘာလို့ အသုံးပြုခဲ့ရသလဲ ၊ အဲဒီလိုလုပ်တာ

မှားယွင်းတယ်ဆိုတာ သူလည်း မသိဘူးမဟုတ်ဘူး ၊ သိမှာပါ ပဲ..."

ဆန်းလျန်က...

"ဒါဖြင့် ပြင်ပရတနာပစ္စည်းအကူအညီမပါရင် ဘယ်သူမှ ဟွင့် ယွမ်ဝူကျီအဆင့်ကို မတက်ရောက်နိုင်တော့ဘူးလား..."

လီချင်းဆွေက...

"အဲဒီလိုလည်း မဟုတ်သေးဘူး ၊ ဗုဒ္ဓကိုတော့ ထည့်မပြောနဲ့ပေါ့ ၊ အခု ဟွင့်ယွမ်ဝူကျီအဆင့်ကို ဘယ် ရတနာပစ္စည်း အကူအညီ မှမယူဘဲ တက်ရောက်သွားနိုင်တဲ့သူ တစ်ယောက်ရှိတယ် ၊ အခု သူပြန်ရောက်လာပြီ..."

ဆန်းလျန်က...

"အဲဒီလူက ဘယ်သူလဲ..."

အခန်း (၈၂၁) ဒဏ္ဍာရီထဲကတာအိုဆရာသခင်ထိုက်ယီ

ရှမ်တု ၊ ကွမ်ယင်မယ်တော် ၊ ကျန့်ယွမ်ကျီနတ်မင်းကြီးနှင့် ဝူ ခုံးတို့၏ တိုက်ပွဲတွင် အဓိက တိုက်ခိုက်နေသူမှာ ဝူခုံးတစ်ယောက်သာ ဖြစ်လေသည်။

ကွမ်ယင်မယ်တော်၏ မိုးမခပန်းအိုးထဲမှ စန်းကွမ်းနတ်ရေစင်က ရှမ်တုကို စိတ်အာရုံပျံ့လွင့်အောင် လုပ်နေခြင်းသာဖြစ်ပြီး တိတိပပ တိုက်ခိုက်ခြင်းမျိုး မရှိပေ။

ကျန့်ယွမ်ကျီနတ်မင်းကြီး၏ လူသားပုံသဏ္ဍာန်ဂျင်ဆင်းဆေးပင်ကတော့ တိုက်ခိုက်လိုက် ခုခံကာကွယ်လိုက် ပြုလုပ်နေလေသည်။

တကယ်တမ်း ရှမ်တုတောက်ကျွင်းနှင့် သူသေကိုယ်သေ

တိုက်ခိုက်နေသူကတော့ မျောက်ဘုရင်စွန်းဝူခုံးသာလျှင် ဖြစ်

လေ၏။

ဝူခုံးက ကွမ်ယင်မယ်တော်နှင့် ကျန့်ယွမ်ကျီနတ်မင်းကြီးတို့

ထက် တန်ခိုးစွမ်းအား မြင့်မားသူ မဟုတ်ပေ။ သို့သော်...

တိုက်ခိုက်သည့်နေရာတွင်တော့ အတော်ဆုံး ဖြစ်လေသည်။

ထို့ပြင် မျောက်မင်း၏ သံတုတ်အစွမ်းကိုလည်း

လျှော့တွက်၍မရပေ။

မျောက်မင်း၏ သံတုတ်သည် နဂါးဧကရာဇ်တာ့ယွီပြုလုပ်ထား

သည့် တင့်ဟိုင်စန်းကျန်းနတ်တုတ်ဟုခေါ်ဆိုသော ပင်လယ်

ထောက်တိုင် ဖြစ်လေသည်။ သို့သော်... ဝူခုံးက လက်နက်

အဖြစ်အသုံးပြုလိုက်သည့်အခါ ထိပ်တန်းအဆင့် မရဏ

လက်နက်တစ်ခုဖြစ်လာခဲ့သည်။

သို့သော်... ယခု ဂူခုံးရင်ဆိုင်နေရသည့် ရွှမ်တုတောက်ကျွင်း သည် တင့်ဟိုင်စန်းကျန်းနတ်တုတ်ကို တီထွင်ခဲ့သူ နဂါးဧကရာဇ်တာ့ယွီထက် မသာလျှင်တောင် မလျော့ပေ။

ဂူခုံးနှင့် ရွှမ်တု (၁)ယောက်ချင်းသာ တိုက်ခိုက်ရလျှင် ရွှမ်တုက အနည်းငယ် သာနိုင်ပေသည်။

သို့ရာတွင်... ကွမ်ယင်မယ်တော်နှင့် ကျန့်ယွမ်ကျီနတ်မင်းကြီး က ဂူခုံးကိုကူညီပေးနေသည့်အတွက် ရွှမ်တုအနေဖြင့် တိုက်ခိုက်ရသည်မှာ ထင်သလောက်မလွယ်ကူဘဲ ဖြစ်နေရ သည်။

ရွှမ်တု၏ ဝတ်ရုံစများက လေထဲတွင် လွင့်ပျံနေလေသည်။ ကြယ်စင်များကြားတွင် ပုန်းအောင်းနေသည့် ကျောက်ရှောင်ယွီ က ကြောက်မက်ဖွယ်ရာတိုက်ပွဲကို ကြည့်ရှုနေဆဲ ဖြစ်လေ သည်။

ရွှမ်တုတောက်ကျွင်းအသုံးပြုနေသည့် တန်ခိုးစွမ်းအား

များသည် သူမကျင့်ကြံထားသည့် ထိုက်ချင်တာအိုကျမ်းမှ

တန်ခိုးစွမ်းအားများနှင့် ဆင်တူသည့်တိုင် ရွှမ်တုက သူမထက်

အဆပေါင်းများစွာသာလွန်သည်ကို ကျောက်ရှောင်ယွီ

နားလည်သဘောပေါက်လိုက်သည်။

ရွှမ်တုက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ....

အဆုံးမရှိသည့် ကြယ်စင်များကြားတွင် မိုးကြိုးတိမ်တိုက်များ

ဖြစ်တည်လာလေသည်။ မိုးကြိုးတိမ်တိုက်များထဲတွင် သန့်စင်

သည့်ခရမ်းရောင်အခိုးအငွေ့များထွက်ပေါ်နေသည်ကို မြင်တွေ့

လိုက်ကြရသည်။

ထိုတန်ခိုးစွမ်းအားမှာ ထိပ်တန်းအဆင့် ခရမ်းရောင်ကိုးဆင့်

တန်ခိုးစွမ်းအားဖြစ်လေသည်။

ရွှမ်တုက လက်တစ်ဖက်ကို ထပ်မံဝှေ့ယမ်းလိုက်သည်နှင့်

ခရမ်းရောင်လျှပ်စီးများ လင်းလက်လာပြီး ကွမ်ယင်

မယ်တော်၏ စန်းကွမ်းနတ်ရေစင်များမှာ ခရမ်းရောင်မိုးကြိုး
ပင်လယ်ကြီးအဖြစ် ကူးပြောင်းသွားလေသည်။
တစ်ချိန်တည်းမှာပင်...
ဝူခုံးမှာ ခရမ်းရောင်မိုးကြိုးပင်လယ်ထဲသို့ နစ်မြုပ်သွားလေ
တော့သည်။
ခရမ်းရောင်ကိုးဆင့်တန်ခိုးစွမ်းအားကို အသုံးပြုပြီးသည်နှင့် ရွှ
မ်တု၏မျက်နှာ ဖြူဖပ်ဖြူလျော်ဖြစ်သွားလေသည်။ ထိုတန်ခိုး
စွမ်းအားကို အသုံးပြုရသည်မှာ သူ့အတွက် မလွယ်ကူလှ
ကြောင်း သိသာလှသည်။
ဝူခုံးမှာ ခရမ်းရောင်မိုးကြိုးပင်လယ်ထဲတွင် နစ်မြုပ်နေပြီး
လက်ကိုမြှောက်ကာ သံတုတ်ကို ဝှေ့ယမ်းနေလေသည်။ သူ၏
ရွှေရောင်အမွေးများမှာ ထောင်နေပြီး စူးရှစွာ တစ်ချက်
အော်ဟစ်လိုက်သည်။

ဝူခုံးတာကယ်တမ်း ဒုက္ခရောက်ရပြီဆိုတော့ ကွမ်ယင်မယ်တော်က လျစ်လျူမရှုနိုင်ပေ။

သူမ၏ ခြေဖဝါးအောက်တွင် ကြာပလ္လင်ထွက်ပေါ်လာပြီး သူမက ကြာပလ္လင်ထက်တွင် ထိုင်လိုက်သည်။ ထို့နောက် လက် (၄)ဖက် ထွက်ပေါ်လာလေသည်။

သူမသည် ကျောက်စိမ်းရတနာတစ်ပါးအလား အပြစ်ကင်းစင်ကာ ကျက်သရေရှိလှသည်။

သူမ၏ ရှေ့ဘက်မှ လက် (၂) ဖက် ယှက်နွယ်ထားပြီး လက်များထဲတွင် ဆန္ဒပုလဲကို ကိုင်ဆောင်ထားလေသည်။ အနောက်ဘက်ရှိ လက် (၂)ဖက်ထက်တွင်တော့ ကြည်လင်သောပုတီးတစ်ကုံးနှင့် အဖြူရောင်ကြာပန်းတစ်ပွင့်ကို ကိုင်ဆောင်ထားလေသည်။

သူမ၏ လက်ဟန်များသည် တာအိုဝါဒမှ ခေါင်း (၃)လုံး လက် (၆)ဖက် တန်ခိုးစွမ်းအားထက် များစွာသာလွန်သည်။ ကံတရား

အတိုင်း အပြစ်ရှိသူကို အပြစ်ပေးတော့မည် လက်ဟန်များ ဖြစ်လေသည်။

ထို့ပြင် အပြစ်မရှိသူများအတွက် အနာရောဂါများကို ဖယ်ရှား ပေးပြီး သန့်စင်ခြင်းနှင့်သက်သာစေခြင်းကို ရည်ညွှန်းလေ သည်။

ကံတရားဆိုသည်က တရားမျှတသည့်နတ်ဘုရားတစ်ပါးနှင့် ဆင်တူပြီး ရက်စက်တတ်သလို အခက်အခဲများကိုလည်း ကူညီဖယ်ရှားပေးနိုင်လေသည်။

ထို့ကြောင့် ကွမ်ယင်မယ်တော်၏ လက် (၄)ဖက်မှ အလင်းတန်း များ ထွက်ပေါ်လာသည့်အခါ ခရမ်းရောင်မိုးကြိုးပင်လယ်ထဲ တွင် နစ်မြုပ်နေသည့် ဝူခုံးမှာ အနည်းငယ် သက်သာရာ ရသွား လေသည်။

ဝူခုံး၏ ဒဏ်ရာများ သက်သာပျောက်ကင်းသွားပြီး ကံတရား က ဖရိုဖရဲအခြေအနေကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့လေသည်။

ကွမ်ယင်မယ်တော်၏ပုံသဏ္ဍာန်သည် ကံတရားကိုပိုင်ဆိုးသူ

တစ်ယောက်အဖြစ် ပြောင်းလဲသွားပြီး သူမထံမှ ကံကြမ္မာ

အပြစ်ဒဏ်အလင်းတန်းများ ဖြာလင်းထွက်ပေါ်လာကာ ရှမ်တု

တောက်ကျွင်းရှိရာသို့ ဝင်ရောက်သွားလေသည်။

ကွမ်ယင်မယ်တော်၏ တိုက်ခိုက်မှုများ မည်သူမှ ထင်မှတ်မ

ထားသည့် တိုက်ခိုက်မှု ဖြစ်လေသည်။ နှစ်ပေါင်းများစွာ

အတွင်း သူမသည် ထိပ်တန်းအဆင့် ဗောဓိသကျတစ်ပါး

အဖြစ် ရပ်တည်ခဲ့သည်မှာ အလကားမဟုတ်ပေ။

ရှမ်တုသည် ကွမ်ယင်မယ်တော်ထံမှ ထွက်ပေါ်လာသည့် ကံကြ

မ္မအပြစ်ဒဏ်အလင်းတန်းများကို ပေါ့ပေါ့တန်တန် သဘောမ

ထားရဲပေ။

ထိုအချိန်မှာပင်...

ရှမ်တု၏ တာအိုခန္ဓာမှ ကိုယ်ခွဲတစ်ခု ခွဲထွက်သွားလေသည်။

ထိုကိုယ်ခွဲသည် ရှမ်တုနှင့် ခွဲမရအောင်ဆင်တူသော်လည်း သူ၏လက်ထဲတွင် ကျောက်စိမ်းကျိုင်းတံတစ်ချောင်းကို ကိုင်ဆောင်ထားသည်။

ကျောက်စိမ်းကျိုင်းတံမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များ ထွက်ပေါ်နေပြီး စကြာဝဠာတစ်ခုလုံးကို ထိုးဖောက်တော့မည့်အလား ထင်မှတ်ရသည်။

ကျောက်စိမ်းကျိုင်းတံက ကွမ်ယင်မယ်တော်၏ ကံကြမ္မာအပြစ်ဒဏ်အလင်းတန်းများကို ပိတ်ဆို့တားဆီးထားလိုက်လေသည်။

ကွမ်ယင်မယ်တော် မည်သို့မှ မတတ်နိုင်တော့ဘဲ ကျန့်ယွမ်ကျီနတ်မင်းကြီးကို လှမ်းပြောလိုက်သည်။

"ကျန့်ယွမ်ကျီနတ်မင်းကြီး ၊ မတိုက်ခိုက်ဘဲ မနေပါနဲ့တော့ ၊ သူက ပြိုင်ဘက်ကင်း ယိချီစန်းချင်ကျင့်စဉ်ကို ကျင့်ကြံထားတာ..."

ယိချီစန်းချင်ကျင့်စဉ်မှာ ထိုက်စန့်လောင်ကျွင်းတီထွင်ထားခဲ့သည့် အမြင့်ဆုံးသော ကျင့်စဉ် (၁)ခု ဖြစ်လေသည်။ ထိုကျင့်စဉ်ကို ကျင့်ကြံလိုက်သည်နှင့် ကိုယ်ခွဲ(၃)ခု ရရှိမည် ဖြစ်လေသည်။ ကိုယ်ခွဲ (၃)ခုသည် မတူညီသည့် စွမ်းအား (၃)မျိုးကို ပိုင်ဆိုင်မည် ဖြစ်သည်။

ယိချီဆိုသည်မှာ ဝိညာဉ်တစ်ခုဆိုသည့်အဓိပ္ပါယ်ဖြစ်ပြီး စန်းချင်ဆိုသည်မှာ စန်းချင်တာအိုဆရာသခင်ကြီး (၃)ပါးဖြစ်သည့် ထိုက်ချင် ၊ စန့်ချင် ၊ ယွီချင် တို့ကို ရည်ညွှန်းလေသည်။

ထို့ကြောင့် ယိချီစန်းချင်ပညာကို ကျင့်ကြံအောင်မြင်သွားလျှင် ထိုက်ချင် ၊ စန့်ချင် ၊ ယွီချင် ဆိုသည့် တာအိုဆရာသခင်ကြီး (၃)ပါး၏ တန်ခိုးစွမ်းအား (၃)ခုကို ပိုင်ဆိုင်သည့် ကိုယ်ခွဲ (၃)ခု ထွက်ပေါ်လာမည် ဖြစ်လေသည်။

လောလောဆယ်တွင် ရှမ်တုသည် ယိချီစန်းချင်းတန်ခိုးစွမ်းအားကို အောင်မြင်အောင် ကျင့်ကြံနိုင်ခြင်း မရှိသေးပေ။

သို့သော်... ကျင့်ကြံအောင်မြင်သွားပါက လောကတွင် သူ့ကို နှိမ်နင်းနိုင်သူ တစ်ယောက်မှ ရှိတော့မည် မဟုတ်ပေ။ ယိချီစန်းချင်းကျင့်စဉ်ကဲ့သို့ ကြောက်မက်ဖွယ်ရာကျင့်စဉ်မျိုးကို တာအိုဆရာသခင်ကြီးများသာလျှင် တီထွင်နိုင်မည် ဖြစ်လေသည်။

ကျောက်စိမ်းကျိုင်းတံကိုကိုင်ဆောင်ထားသည့် ရှမ်တု၏ ကိုယ်ခွဲမှာ စန့်ချင်တာအိုဆရာသခင်ကို ကိုယ်စားပြုသည့် စန့်ချင်ကိုယ်ခွဲ ဖြစ်လေသည်။ စန့်ချင်ကိုယ်ခွဲကိုင်ဆောင်ထားသည့် ကျောက်စိမ်းကျိုင်းတံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များ ပြင်းထန်စွာထွက်ပေါ်လာပြီး ကွမ်ယင်မယ်တော်၏ မျက်နှာသည်ပင် ဖြူဖပ်ဖြူလျော် ဖြစ်သွားရသည်။

ကွမ်ယင်မယ်တော်က မိုးမခပန်းအိုးထဲမှ မိုးမခခက်ကို အသုံးပြုကာ စန့်ချင်ကိုယ်ခွဲကို တိုက်ခိုက်လိုက်သော်လည်း အရာရောက်ခြင်း မရှိပေ။

လူသားပုံသဏ္ဍာန်ဂျင်ဆင်းသစ်ပင်ပေါ်တွင်ထိုင်နေသည့် ကျန့်ယွမ်ကျီနတ်မင်းကြီးက သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်လေသည်။

ထို့နောက် သူ၏ အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ ဝိဇ္ဇာအင်္ကျီလက်တန်ခိုးစွမ်းအား ထွက်ပေါ်လာပြီး ရွှမ်တု၏ ခရမ်းရောင်မိုးကြိုးလျှပ်စီးတန်ခိုးစွမ်အားများအားလုံးကို စုပ်ယပစ်လိုက်သည်။

ဝိဇ္ဇာအင်္ကျီလက်အတွင်းမှ မိုးခြိမ်းသံများထွက်ပေါ်လာလေသည်။ သို့သော်... အင်္ကျီလက်က ပျက်စီးသွားခြင်း မရှိပေ။

ရွှမ်တုက ကျန့်ယွမ်ကျီနတ်မင်းကြီးကို လှမ်းကြည့်လိုက်သည်။

"နတ်ကြီး... နတ်ကြီးရဲ့ တန်ခိုးစွမ်းအားတွေက တော်တော် နက်ရှိုင်းတာပဲ ၊ စကြာဝဠာတစ်ခွင် နာမည်ကျော်ကြားနေတာ မ အံ့သြတော့ပါဘူး..."

ဝူခုံးက ခရမ်းရောင်မိုးကြိုးပင်လယ်မှ လွတ်မြောက်သွားသည်နှင့် လူသားပုံသဏ္ဍာန်ဂျင်ဆင်းသစ်ပင်ပေါ်သို့ ခုန်တက်လိုက်ကာ သွေးရောင်လွှမ်းသည့် မျက်ဝန်းများဖြင့် ရှမ်တုတောက်ကျွင်းကို စိုက်ကြည့်နေလေသည်။

ကျန့်ယွမ်ကျီနတ်မင်းကြီးဆိုသည်က ဝမ်ရှို့တောင် ၊ ဝူကျွမ်းကျောင်းတော်၏ အရှင်သခင်ဖြစ်ပြီး လောကနတ်ဘုရားများ၏ ဘိုးဘေးဟု ကျော်ကြားသူဖြစ်သည်။ လောကနတ်ဘုရားများ၏ ကေရာဇ်ဟုလည်း သူ့ကို ခေါ်ဆိုလေ့ရှိကြသည်။ သူ၏သက်တမ်းသည် စန့်ချင်တာအိုဆရာသခင်နှင့် အတူတူပင်ဖြစ်ပြီး မိုးနတ်မင်းရှိစဉ်ကပင် သူ့ကို မလေးမစားမလုပ်ရဲပေ။

ကျန့်ယွမ်ကျီနတ်မင်းကြီးက...

"ရှမ်တု... တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်မလာဘူးဆိုရင် မင်းဟာ ဘာကောင်မှ မဟုတ်ပါဘူးကွာ ၊ မင်း ဘယ်လောက်ပဲ တန်ခိုးစွမ်းအား မြင့်မားပါစေ နောက်ဆုံးမှာ မီးခိုးလုံးလို လွင့်ပြယ်ပျောက်ကွယ်သွားရမှာပဲ ၊ ကျုပ် ကျန့်ယွမ်ကျီ အချိန် အကြာကြီး အသက်ရှင်နေထိုင်ခဲ့ပြီးပြီ ၊ ခုချိန်ထိ တာ့လော် အဆင့်မှာ တဝဲလည်လည်ဖြစ်နေတာ စိတ်မကောင်း စရာပါ ပဲ..."

ရှမ်တုက အော်ဟစ်ရယ်မောလိုက်ရင်း...

"အလကားစကားတွေ လာပြောမနေနဲ့..."

ထို့နောက် သူ၏ ခန္ဓာကိုယ်မှာ နောက်ထပ်ကိုယ်ခွဲတစ်ခု ထွက်ပေါ်လာပြန်လေသည်။

ထိုကိုယ်ခွဲကတော့ ပုတီးတစ်ကုံးကို ကိုင်ဆောင်ထားပြီး မျက်နှာက တည်ကြည်လေးနက်နေလေသည်။ ထိုကိုယ်ခွဲမှာ ယွိချင်တာအိုဆရာသခင်ကို ကိုယ်စားပြုလေသည်။

ယွိချင်ကိုယ်ခွဲခန္ဓာက လူသားပုံသဏ္ဌာန်ဂျင်ဆင်းသစ်ပင်အနားသို့ ချဉ်းကပ်လာသည့်အခါ သစ်ပင်ထက်မှ လူသားပုံသဏ္ဌာန် သစ်သီးများ တဖြုတ်ဖြုတ်ကျွေကျကုန်ပြီး စကြာဝဠာထဲတွင် ပျောက်ကွယ်သွားကြလေသည်။

ယွိချင်ကိုယ်ခွဲက နှစ်တစ်သောင်းဂျင်ဆင်းပင်ကိုပင် ပျက်ဆီးစေခဲ့သည်။

ကျန့်ယွမ်ကျီက ပြန်လည်တိုက်ခိုက်ခြင်းမရှိသည့်အတွက် ရှမ်တု အနည်းငယ် မကျေမနပ်ဖြစ်သွားမိသည်။ သူက အစကတည်းက ကျန့်ယွမ်ကျီနတ်မင်းကြီးကို မနာလိုဖြစ်နေခဲ့သူ မဟုတ်ပါလား။

သူက ထိုက်ချိယင်ယန်ပန်းချီကားကို အသုံးပြုကာ ဟွင့်ယွမ်ဝူ
ကျီအဆင့်သို့ တက်လှမ်းခဲ့ခြင်း ဖြစ်သည့်အတွက်
အားနည်းချက် အနည်းငယ်ရှိလေသည်။ ထို့ကြောင့် ယိချီစန်း
ချင်ကျင့်စဉ်ကို အောင်မြင်အောင် ကျင့်ကြံနိုင်ခဲ့ခြင်း မရှိပေ။
ထို့ကြောင့်... စန့်ချင်ကိုယ်ခွဲနှင့် ယွိချင်ကိုယ်ခွဲကို ဖန်ဆင်းနိုင်ခဲ့
သည့်တိုင် နောက်ဆုံးကိုယ်ခွဲဖြစ်သည့် ထိုက်ချင်ကိုယ်ခွဲကို
ဖန်ဆင်းနိုင်ခဲ့ခြင်း မရှိပေ။

ဝူခုံးသည် အားပြန်ပြည့်လာသည်အထိ ဂျင်ဆင်းသစ်ပင်ထက်
တွင် နားနေလေသည်။ သူက ရှမ်တုကို အနိုင်ယူနိုင်ခြင်းမရှိ
သည့်တိုင် ကောင်းကောင်း တိုက်ခိုက်နိုင်သေးသည်။

ဝူခုန်းက သံတုတ်ကို စကြာပုံသဏ္ဍာန်ဝှေ့ယမ်းလိုက်ပြီး ဂျင်
ဆင်းသစ်ပင်ထက်မှ ခုန်ထွက်လိုက်ကာ ရှမ်တုကို ထပ်မံ
တိုက်ခိုက်လိုက်လေသည်။

ရွှမ်တုက ရွှေတံတားတစ်ခုကို ဖန်ဆင်းလိုက်ပြီး ဝူခုံး၏ သံ

တုတ်ကို တားဆီးထားလိုက်သည်။

မီး ၊ ရေ ၊ လေ များ ရုတ်တရက် ပြင်းထန်စွာ တိုက်ခတ်လာပြီး

ချက်ချင်းပင် ပြန်လည် ငြိမ်သက်သွားလေသည်။

ရွှမ်တုက မျက်မှောင်တစ်ချက်ကြုတ်လိုက်သည်။ မှောက်

မင်း၏ တန်ခိုးစွမ်အားများသည် ယခင်ကထက်ပင် ပိုပြီး မြင့်

မားလာသည်ဟု ထင်မှတ်ရသည်။

သူ ယခင်က မှောက်မင်းနှင့် လုံး၀ တိုက်ခိုက်ခဲ့ဖူးခြင်း မရှိပေ။

ယခု တိုက်ခိုက်ရသည့်အခါတွင်တော့ မှောက်မင်းသည်

တိုက်ခိုက်သည့်နေရာတွင် ပါရမီရှင်တစ်ယောက်ဖြစ်သည်ကို

သိလိုက်ရသည်။ ရန်သူက မည်သည့်တန်ခိုးစွမ်းအားကို

အသုံးပြုပါစေ တန်ပြန်တိုက်ခိုက်မှုကို အမြဲတမ်း ပြုလုပ်နိုင်သူ

ဖြစ်လေသည်။

ထို့ပြင် မျောက်မင်းသည် သတ္တိရှိသူတစ်ယောက်ဖြစ်လေသည်။

သတ္တိရှိသောကြောင့်လည်း အတိတ်တစ်ချိန်က မိုးနတ်မင်း၏ ကောင်းကင်ဘုံနန်းတော်ကိုပင် ပြဿနာရှာခဲ့သည်ပဲ မဟုတ်ပါလား။

ထိုအချိန်က မျောက်မင်းသည် ထိုက်ယီထျန်းရှန်းအဆင့်သာ ရှိသေးသည်။ ယခုတော့ မျောက်မင်းသည် ကျင့်စဉ်လမ်းတွင် အဆက်မပြတ် တိုးတက်လာခဲ့ကာ တာ့လော်အဆင့်သို့ပင် တက်ရောက်နိုင်ခဲ့ပြီး စကြာဝဠာအရှင်ကြီးဆိုသည့် ဂုဏ်ပုဒ်ကို ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်လေသည်။

မျောက်မင်းကို ဗုဒ္ဓက ထိန်းသိမ်းခဲ့ပြီးသည့်နောက် မိုးနတ်မင်း၏ ကောင်းကင်ဘုံနန်းတော်ကို ပြဿနာရှာရဲသူ တစ်ယောက်မှ ထွက်ပေါ်လာခဲ့ခြင်း မရှိခဲ့ပေ။

ရွှမ်တုဖန်ဆင်းလိုက်သည့် ရွှေတံတားမှာ ထိုက်ချိတံတားဖြစ်ပြီး ထိုတံတားကို ဝူခုံးရိုက်နှက်လိုက်တိုင်း သူ့ကိုယ်သူ ပြန်ရိုက်နှက်နေသကဲ့သို့ တန်ခိုးစွမ်းအား တန်ပြန်သက်ရောက်မှုကို ခံစားရမည် ဖြစ်သည်။

ဝူခုံး၏ ခန္ဓာကိုယ်မှာ မီးဖွားများပင် လွင့်စင်လာပြီး ဝူခုံး၏ နှုတ်ခမ်းထောင့်မှ သွေးစများပင် စီးကျနေလေသည်။

သို့သော်... မျောက်မင်းက အရေးမစိုက်ဘဲ ပိုမိုကြောက်မက်ဖွယ်ရာ ခွန်အားကိုအသုံးပြုကာ တံတားကို ရိုက်နှက်နေဆဲ ဖြစ်လေသည်။

ရွှမ်တု၏ စိတ်ထဲတွင် အနည်းငယ် ထိတ်လန့်လာလေသည်။

ယနေ့ သူ မည်မျှပင် တိုက်ခိုက်ပါစေ စွန်းဝူခုံးဆိုသည့် မျောက်မင်းကတော့ သေမည့်ပုံမပေါ်ပေ။

ယနေ့ ဆန်းလျှန်ကို အပြတ်ရှင်းလိုက်နိုင်ခြင်းက သူ့အတွက်

အမြတ်ထွက်သည့် ကိစ္စပင် ဖြစ်သည်။ ထိုသူ (၃)ယောက်နှင့်

တိုက်ခိုက်နေ၍ သူ့အတွက် သိပ်ပြီး အကျိုးမရှိလှပေ။

ထိုသို့တွေးလိုက်မိသည်နှင့်...

ကွမ်ယင်မယ်တော်ကိုတားဆီးထားသည့် စန့်ချင်ကိုယ်ခွဲနှင့် ကျ

န့်ယွမ်ကျီနတ်မင်းကြီးကိုတားဆီးထားသည့် ယွိချင်ကိုယ်ခွဲကို

သူက ပြန်လည် ရုတ်သိမ်းလိုက်သည်။

ရွှေတံတားသည်လည်း ပျောက်ကွယ်သွားပြီး ဝူခုံးမှာ ဗလာနယ်

ကိုသာ သံတုတ်ဖြင့် ရိုက်မိသွားလေသည်။

တစ်ချိန်တည်းမှာပင် ရွှမ်တုတောက်ကျွင်းသည်လည်း

စကြာဝဠာထဲမှ သဲလွန်စမကျန် ပျောက်ကွယ်သွားလေ

တော့သည်။

ဝူခုံး၏ ပါးစပ်နှင့်နှာခေါင်းမှ မီးတောက်များထွက်လာပြီး ဗလာနယ်ထဲသို့ ကြည့်ကာ ဒေါသတကြီးဖြင့် အော်ဟစ်လိုက်လေသည်။

ကွမ်ယင်မယ်တော်က "မည်သို့မှမတတ်နိုင်" ဆိုသည့်အကြည့်မျိုးဖြင့် ကျန့်ယွမ်ကျီနတ်မင်းကြီးကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ကွမ်ယင်မယ်တော်ရော ကျန့်ယွမ်ကျီနတ်မင်းကြီးပါ စကြာဝဠာထဲမှ ပျောက်ကွယ်သွားကြလေသည်။

ယနေ့… သူတို့ (၃)ယောက် ပူးပေါင်းကာ ရွှမ်တုတောက်ကျွင်းကို တိုက်ခိုက်ရန် စီစဉ်ခဲ့ကြသည်။ သို့သော်… အခြေအနေများက မျှော်လင့်သလို ဖြစ်မလာခဲ့ပေ။

မည်သို့ပင်ဖြစ်စေ… ယခုတော့ ရွှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအား မည်မျှ မြင့်မားသည်ကို တစ်လောကလုံးရှိ နတ်ဘုရားများ သိရှိသွားကြပြီ ဖြစ်သည်။ ထို့ကြောင့် သူတို့အနေဖြင့် သတိထားနေထိုင်နိုင်လေသည်။

ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်သည် အစဉ်အဆက် အစေးကပ်ခဲ့ကြသည် မဟုတ်ပေ။

ယခု ရွှမ်တုတောက်ကျွင်း၏ မြင့်မားသည့် တန်ခိုးစွမ်းအားကို တွေ့မြင်သွားပါက ကျောက်စိမ်းဝိညာဉ်နန်းတော်သည်လည်း ဒီအတိုင်း ငြိမ်နေတော့မည် မဟုတ်ပေ။

ယနေ့... ရွှမ်တုတောက်ကျွင်းအနေဖြင့် အားလုံး၏ ဘုံရန်သူ "ဆန်းလျန်" ကို သုတ်သင်နှိမ်နင်းနိုင်ခဲ့သည်မှလွဲပြီး အခြားမည်သည့်အကျိုးအမြတ်မှ ရရှိခဲ့ခြင်း မရှိပေ။

ကွမ်ယင်မယ်တော်သည် 'ဆန်းလျန်' ဟု စဉ်းစားလိုက်မိသည်နှင့် သူမ၏စိတ်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။ ဆန်းလျန်မသေသေးကြောင်း သူမ ချက်ချင်းသိရှိလိုက်သည်။

ကွမ်ယင်မယ်တော်တစ်ယောက်တည်းမဟုတ်ပေ။ ကျန့်ယွမ်ကျီနတ်မင်းကြီးနှင့် ရွှမ်တုတောက်ကျွင်းတို့သည်လည်း ဆန်းလျန်မသေသေးသည်ကို ခံစားလိုက်မိကြလေသည်။

ထိုသို့ခံစားလိုက်မိသည့်အခါ ကျန့်ယွမ်ကျီနတ်မင်းကြီးက တဟားဟားဖြင့် အော်ဟစ်ရယ်မောလိုက်လေတော့သည်။

"ရှမ်တု... ရှမ်တု... တော်တော်ရယ်စရာကောင်းတဲ့ကောင်ပဲ ၊ ဒီနေ့ ဆန်းလျန်မသေသေးဘူးဆိုတာသာ သိသွားရင် ဒင်းတော့ ဘယ်တော့မှ တာအိုဆရာသခင်ကြီး ဖြစ်မလာနိုင်တော့ဘူးဆိုတာ သဘောပေါက်သွားမှာပဲ ၊ ဒါဆိုရင် ထိုက်ချိယင်ယန်ပန်းချီကားကို အသုံးပြုပြီး ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်လှမ်းမိလို့ ဖြစ်ပေါ်နေတဲ့ အားနည်းချက်တွေ ဘယ်တော့မှ ပြုပြင်နိုင်မှာ မဟုတ်တော့ဘူး..."

....

တိုက်ပွဲအပြီးထိကြည့်ပြီးသွားတော့မှ လီချင်းဆွေက ဆန်းလျန်၏အမေးကို ဖြေလိုက်သည်။

"အဲဒီလူက ဝေးမယ်ဆိုရင်လည်း မိုးကောင်းကင်အပြင်ဘက် ရောက်နေလိမ့်မယ် ၊ နီးတယ်ဆိုရင်လည်း မင်းနဲ့ လက်တစ်ကမ်းအလိုမှာပါပဲ..."

ဆန်းလျန်က ခေါင်းတစ်ချက်ကုတ်လိုက်ရင်း...

"ကျွန်တော်တော်တော်ပဲတုံးသလား ၊ တာအိုဆရာချင်းဆွေ ပြောတာကို နားမလည်ဘူး..."

လီချင်းဆွေက...

"အေး ဟုတ်တယ်...."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"တုံးတယ်ဆိုရင် နတ်ဘုရားတစ်ပါးဖြစ်လာပါဦးမလား..."

လီချင်းဆွေက...

"သူတို့အကုန်လုံး ဉာဏ်ကောင်းကြတယ် ၊ မင်း တစ်ယောက်ပဲ ကွက်ပြီး တုံးနေတာ..."

လီချင်းဆွေ၏ စကားကြောင့် ဆန်းလျန်က ဒေါသထွက်သွားခြင်း မရှိပေ။

"ဒါလည်းကောင်းတာပဲ ၊ ကျွန်တော်က ထူးခြားတာပေါ့..."

လီချင်းဆွေက...

"မင်းက ထူးတယ်ဆိုလည်း တာအိုဆရာသခင်ထိုက်ယီထက်တော့ ပိုမထူးနိုင်ပါဘူး..."

ဆန်းလျန်က အနည်းငယ် စိတ်ရှုတ်ထွေးသွားဟန်ဖြင့်...

"တာအိုဆရာသခင်ထိုက်ယီအကြောင်းကို ကျွန်တော် ခဏခဏကြားဖူးတယ်၊ သူက ဘယ်လိုလူမျိုးလဲ..."

လီချင်းဆွေက...

"တာအိုဆရာသခင်ထိုက်ယီက တော်တော်ဆိုးတဲ့လူ၊ မင်းထက်တောင်ဆိုးသေးတယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကျွန်တော်က လူကောင်းတစ်ယောက်မဟုတ်တာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဒီလောက်လည်း ဆိုးတဲ့သူ မဟုတ်ပါဘူး..."

လီချင်းဆွေက...

"မင်းက တော်တော့်ကို ဆိုးတဲ့အထဲမှာပါတယ်၊ မယုံမရှိနဲ့...၊ ဒါပေမဲ့ တာအိုဆရာသခင်ထိုက်ယီက မင်းထက် အများကြီး သာတယ်..."

ဆန်းလျန်က...

"ဘာဖြစ်လို့လဲ..."

လီချင်းဆွေက...

"ဘာဖြစ်လို့လဲဆိုတော့ သူက လုံး၀ အကြင်နာတရားမရှိဘူး၊ မင်းကမှ နည်းနည်းပါးပါး သနားတတ်သေးတယ်၊ ဒါပေမဲ့ မင်းလည်း သိပ်တော့ မထူးပါဘူးလေ..."

ဆန်းလျန်က...

"ဘာဖြစ်လို့လဲ...၊ တာအိုဆရာသခင်ထိုက်ယီက အကြင်နာမဲ့ တာအိုကျင့်စဉ်ကို ကျင့်ကြံခဲ့လို့လား..."

လီချင်းဆွေက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"ဘယ်ကလာ အကြင်နာမဲ့တာအိုကျင့်စဉ်ကို ကျင့်ကြံရမှာလဲ ၊ ပေါက်ကရတွေ ပြောပြန်ပြီ ၊ သူက မွေးလာကတည်းက အကြင်နာတရားမရှိတာ ၊ မင်း သူ့အကြောင်းကို သိချင်တယ်ဆိုရင် ငါပြောပြမယ်..."

အခန်း (၈၂၂)နှောင်ကြိုးများနဲ့ပျော်

ဆန်းလျန်က လီချင်းဆွေပြောသည့်စကားကို နားထောင်ရန်အတွက် အနည်းငယ် ရှိရှိသေသေလေးလေးစားစားဖြစ်အောင် အနည်းငယ်ပုံစံပြောင်းကာ ထိုင်လိုက်လေသည်။

တာအိုဆရာလီချင်းဆွေက ဆန်းလျှန်ကို အဓိပ္ပါယ်ပါပါ တစ်ချက်ကြည့်လိုက်ပြီး စကားစတင် ပြောဆိုလေသည်။

"တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေမှာ ဗုဒ္ဓအကြောင်း ၊ စန်းချင်တာအိုဆရာသခင်ကြီး (၃)ပါး အကြောင်းရေးထားတဲ့ စာအုပ်တွေရှိတယ် ၊ တစ်အုပ်က 'အနောက်သို့ ခရီးသွားမှတ်တမ်း' စာအုပ် ၊ နောက်တစ်အုပ်ကတော့ 'နတ်ဘုရားတို့ရဲ့ကမ္ဘာ' စာအုပ်ပဲ... ၊ အဲဒီစာအုပ် (၂)အုပ်လုံးမှာ ရေးသားထားတာတွေက အကုန်အမှန်တွေချည်းပဲ ၊ ဒါပေမဲ့ ကွဲလွဲချက်တွေ နည်းနည်းရှိတယ် ၊ "

"အဲဒီစာအုပ် (၂)အုပ်မှာ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီရဲ့ ယှဉ်ပြိုင်မှုကို တွေ့မြင်နိုင်တယ် ၊ ဗုဒ္ဓရော တာအိုဆရာသခင်ထိုက်ယီရော သံသရာကို မကျော်လွန်ကြခင်တုန်းက သူတို့ (၂)ယောက်မှာ အကြောင်းအကျိုး ပတ်သက်ဆက်နွယ်မှုတွေ ရှိခဲ့ကြတယ် ၊ ဒါပေမဲ့ သူတို့ (၂)ယောက် ဘယ်လိုယှဉ်ပြိုင်ခဲ့ကြ

သလဲဆိုတာ ဘယ်သူမှ မသိခဲ့ကြဘူး... ၊ ကြည့်ရတာ ယှဉ်ပြိုင်မှုမှာ ဘယ်သူမှ အနိုင်မရခဲ့ကြဘူး ထင်ပါတယ်လေ... ၊ ဒါပေမဲ့ သူတို့ သံသရာကို ကျော်လွန်သွားကြတဲ့အခါ သူတို့ရဲ့ ယှဉ်ပြိုင်မှုအကြောင်းကို လူတစ်ယောက်ကို သိခွင့်ပြုခဲ့ကြတယ် ၊ ပြီးတော့ သူတို့ နောက်ဆုံး ယှဉ်ပြိုင်ခဲ့ပြီးတဲ့နောက်မှာ တာအိုဆရာသခင်ထိုက်ယီဟာ တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေမှာ စာအုပ်တစ်အုပ်ထားခဲ့တယ် ၊ သူတရားအလင်းမရခင် သူ့ဘဝအကြောင်းကို ရေးသားထားတဲ့ စာအုပ်ပေါ့ ၊ အခု အဲဒီစာအုပ်က ပျောက်ကွယ်သွားခဲ့ပြီ ၊ ဒါပေမဲ့ မင်း အရင်ကတော့ ဖတ်ဖူးမယ် ထင်ပါတယ်..."

ဆန်းလျန်က...

"ကျွန်တော်က တန်ခိုးစွမ်းအားများကင်းလွတ်ရာကမ္ဘာမြေမှာ မွေးဖွားခဲ့တဲ့ လူတစ်ယောက်ပါ ၊ ဒါပေမဲ့ ကျွန်တော့်အတိတ်က ဖြတ်တောက်ခံထားရတယ် ၊ အဲဒီစာအုပ်ကို ကျွန်တော် ဖတ်ဖူး

သလား၊ မဖတ်ဖူးဘူးလား မမှတ်မိတော့ဘူး၊ အဲဒီမှာ ကျွန်တော်နေထိုင်ခဲ့တယ်ဆိုတဲ့ သဲလွန်စတောင် အခု ပျောက်ဆုံးသွားခဲ့ပြီ..."

လီချင်းဆွေက...

"အဲဒီအကြောင်းတွေ ငါသိပါတယ်၊ အဲဒါတွေက ဟွင့်ယွမ်ဝူ ကျီအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီးတဲ့နောက်မှာ မင်းကိုယ်တိုင် လုပ်ခဲ့တဲ့အလုပ်တွေပဲ၊ ဒါကြောင့်လည်း မင်းက သူတို့ရဲ့ အမြင်မှာ မျက်စိစပါးမွေးဆူးစရာ ဖြစ်လာတာပေါ့၊ ဘာလို့ လဲဆိုတော့ မင်းက အတိတ်ကို ပြုပြင်ပြောင်းလဲပစ်နိုင်တဲ့ တန်ခိုးစွမ်းအားတွေကို ပိုင်ဆိုင်ထားတယ်၊ အဲဒါက တာအို ဆရာသခင်ကြီးတစ်ပါးဖြစ်လာမယ့် လက္ခဏာတွေပဲ၊ ပွင့် ပွင့်လင်းလင်းပြောရရင် မင်းက အားလုံးထက် ရှေ့တန်းကို ရောက်နေတယ်လေ၊ ဒါပေမဲ့ ကံဆိုးတာက မင်းမွေးလာတာ နည်းနည်းနောက်ကျသွားတယ်၊ မဟုတ်ရင် လွန်ခဲ့တဲ့ နှစ်

ပေါင်းတစ်သောင်းကျော်ကတည်းက မင်းက တာအိုဆရာ

သခင်ကြီးတစ်ပါး ဖြစ်နေလောက်ပြီ၊ အဲဒီလိုသာဆိုရင် မင်း

ဟာ 'အတိတ်ကနေ အခု အနာဂတ် လက်ရှိလောကကို'

ရောက်လာစရာအကြောင်းတောင် မရှိဘူး..."

တာအိုဆရာလီချင်းဆွေ၏ စကားများကြောင့် ဆန်းလျန် စိတ်

ရှုပ်သွားသည်။ သူက အတိတ်ကနေ လက်ရှိလောကဖြစ်သည့်

အနာဂတ်ကို ရောက်ရှိလာခဲ့သူလား...။

ဆန်းလျန်က...

"ကျွန်တော် နားမလည်ဘူး..."

လီချင်းဆွေက အေးစက်စွာ တစ်ချက်ပြုံးလိုက်ရင်း...

"ရှမ်တုနဲ့ ငါက အရည်အချင်းရှိတဲ့သူတွေပဲ၊ တန်ခိုးစွမ်းအား

အရာမှာလည်း သူမသာ ကိုယ်မသာပါပဲ၊ ဒါပေမဲ့ ငါတို့

(၂)ယောက်လုံးမှာ တာအိုဆရာသခင်ကြီးဖြစ်လာဖို့ ပါရမီ ပါမ

လာဘူး၊ ဒါနဲ့... ဟွင့်ယွမ်ဝူကျီအဆင့်ဟာ တာအိုဆရာသခင်

ကြီးတစ်ပါး ဖြစ်လာဖို့အတွက် တံခါးတစ်ခုဖြစ်တယ်လို့ မင်း

ထင်သလား..."

ဆန်းလျန်သည် လီချင်းဆွေ၏ စကားများကို နားထောင်ရင်း

လျှို့ဝှက်ချက်ကြီးတစ်ခုကို အလေးအနက် စဉ်းစားနေဟန် ရှိ

လေသည်။

ဆန်းလျန်က...

"ဘယ်လိုတံခါးလဲ..."

လီချင်းဆွေက ခပ်ပါးပါးတစ်ချက်ပြုံးလိုက်ရင်း...

"မင်းကို လောလောဆယ်တော့ ပြောမပြနိုင်သေးဘူး..."

လီချင်းဆွေ၏ စကားကြောင့် ဆန်းလျန် စိတ်ဓာတ်ကျသွား

လေသည်။ သို့သော်... လီချင်းဆွေက လုံးဝပြောမပြ

သည့်အတွက် သူလည်း မည်သို့မှ မတတ်နိုင်ခဲ့ပေ။

လီချင်းဆွေက စကားဆက်ပြောလေသည်။

"အဲဒီစာအုပ်ကို မင်း ဖတ်ခဲ့တာပဲဖြစ်ဖြစ် ၊ မဖတ်ခဲ့ဘူးပဲ ဖြစ်ဖြစ် အရေးမကြီးပါဘူး ၊ အဲဒီစာအုပ်ထဲမှာ တာအိုဆရာ သခင်ထိုက်ယီ အကြောင်းတွေ ရေးထားတာကလွဲရင် ဘာမှ ထူးခြားတာမရှိဘူး ၊ ဒါပေမဲ့ အဲဒီစာအုပ်ကို ဖတ်ခဲ့ဖူးရင် တာအို ဆရာသခင်ထိုက်ယီဆိုတာ ဘယ်လောက်အကြွင်နာကင်းမဲ့ သလဲဆိုတာ မင်းသိရလိမ့်မယ် ၊ လောကမှာ သူ့ကို တားဆီးနိုင် တဲ့သူ ဘယ်သူမှ မရှိဘူး ၊ မင်းလည်း သူနဲ့သိပ်တူတယ် ၊ ဒါပေမဲ့ မတူတာလေးတွေလည်း ရှိတာပေါ့လေ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျွန်တော်က တာအိုဆရာသခင်ထိုက်ယီနဲ့ တူလို့ တာအိုဆရာ ချင်းဆွေက ကျွန်တော့်ကို လက်ခံတွေ့ဆုံခဲ့တာ မဟုတ်လား..."

လီချင်းဆွေက...

"အမှန်ပဲ ၊ ငါမင်းကို သဘောမကျပေမယ့် မုန်းနေတာမျိုးတော့ မရှိပါဘူး ၊ ပြီးတော့ ကျိုလင်နတ်သမီးက ငါ့အချစ်ဆုံး တပည့်

လေ ၊ မင်းကို ဘယ်တော့မှ အခက်တွေ့အောင်မလုပ်ဘူးလို့ ငါ

သူ့ကို ကတိပေးခဲ့တယ်..."

"ကျိုလင်နတ်သမီး" ဆိုသည့်အမည်ကို ဆန်းလျန် ကျောက်ရှော

င်ယွီထံမှလည်း ကြားခဲ့ဖူးလေသည်။

သို့သော်... ယခု တာအိုဆရာလီချင်းဆွေထံမှ "ကျိုလင်

နတ်သမီး" ဆိုသည့်အမည်ကို ထပ်မံကြားသိလိုက်ရသည့်အခါ

ဆန်းလျန်၏ စိတ်ထဲတွင် ထူးဆန်းသည့်ခံစားချက်တစ်မျိုးကို

ခံစားလိုက်ရသည်။

"ကျိုလင်နတ်သမီး" ဆိုသည့်အမည်က သူ့ကို စိတ်လှုပ်ရှားစေရုံ

သာမက ဝမ်းနည်းနာကျင်ခြင်းများကိုလည်း ခံစားရစေလေ

သည်။

ပြန်လည်သိမြင်နိုင်ခြင်း မရှိသည့်တိုင်... သူ၏ ဖြတ်တောက်

ခံထားရသည့်အတိတ်သည် နာကျင်ဝမ်းနည်းစရာများဖြင့် ပြည့်

နက်နေခဲ့သည့် အတိတ်လေလားဟု ဆန်းလျန် တွေးလိုက်မိသည်။

ဆန်းလျန်၏ မျက်နှာအမူအရာပြောင်းလဲသွားသည်ကို ကြည့်လိုက်ရင်း လီချင်းဆွေက အေးဆေးသည့် လေသံဖြင့် စကားဆက်ပြောလိုက်သည်။

"မင်း ဝမ်းနည်းကြေကွဲနေတယ် မဟုတ်လား ၊ ဟုတ်တယ် ၊ မင်း ဝမ်းနည်းကြေကွဲရမှာပေါ့ ၊ မင်းကြောင့်သာမဟုတ်ရင်... ယင်နဲ့ယန် ဘေးအန္တရယ်ဆိုးကြီးကျရောက်နဲ့အချိန်မှာ ကျိုလင်နတ်သမီး သေဆုံးခဲ့ရမှာ မဟုတ်ဘူး ၊ သူသာ အသက်ရှင်နေသေးရင် ခုချိန်ဆို ငါ့ရဲ့ ချင်းဆွေထျန်း ကောင်းကင်ဘုံကို ဆက်ခံမယ့် နတ်သမီးတစ်ပါး ဖြစ်နေလောက်ပြီ..."

ဆန်းလျန်က...

"ကျိုလင်နတ်သမီးက ကျွန်တော့်ရဲ့ ဆရာဘွားဘွားဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ တာအိုဆရာချင်းဆွေပြောနေတာတွေကို ကျွန်တော် နားမလည်ဘူး..."

လီချင်းဆွေက...

"မင်း သိတော့ရော ဘာအကျိုးရှိမှာလဲ၊ မင်းသာ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်မလာတော့ဘူးဆိုရင် မင်းကြောင့် အသက်စွန့်ခဲ့ရသူတွေ ဘယ်တော့မှ အသက်ပြန်ရှင်လာကြမှာ မဟုတ်တော့ဘူး..."

ဆန်းလျန်က...

"တာအိုဆရာချင်းဆွေက ကျွန်တော့်ကို တာအိုဆရာသခင်ကြီး တစ်ပါးဖြစ်လာမယ်လို့ ထင်နေတာလား..."

လီချင်းဆွေက...

"ဘယ်သိနိုင်မလဲ ၊ ဒီလောကမှာ တာအိုဆရာသခင်ကြီးတစ်ပါး ပဲ ထပ်ပွင့်ဖို့ ရှိတော့တယ် ၊ အဲဒီလူက မင်းဟုတ်ချင်လည်း ဟုတ်မယ် ၊ မဟုတ်ချင်လည်း မဟုတ်ဘူး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မျှော်လင့်ချက်ဆိုတာ အမြဲရှိပါတယ် ၊ မျှော်လင့်ချက်ရှိနေ သရွေ့ ကျွန်တော် ကြိုးစားနိုင်ပါတယ်..."

လီချင်းဆွေက...

"ဒါဖြင့် ငါ မင်းကို ကိစ္စတစ်ခုမေးမယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တာအိုဆရာလီချင်းဆွေမေးမယ့်မေးခွန်းကို ကျွန်တော်သိပါ တယ် ၊ တကယ်လို့ တာအိုဆရာချင်းဆွေက ကျွန်တော်သွား မယ့်လမ်းမှာ အတားအဆီးဖြစ်လာခဲ့ရင် ကျွန်တော်က တာအို ဆရာချင်းဆွေကို သတ်ပစ်မှာလား ၊ မသတ်ပစ်ဘူးလားဆိုတဲ့ မေးခွန်း မဟုတ်လား..."

ဆန်းလျန်၏စကားဆုံးသည်နှင့် လီချင်းဆွေက ခေါင်းညိတ်ပြ လိုက်သည်။

ဆန်းလျန်သည် ပထမဆုံးအကြိမ်ဖြစ် လီချင်းဆွေ၏ စိတ်ကို နားလည်သွားမိလေသည်။

သူ့ရှေ့မှ လီချင်းဆွေဆိုသူကို အဆင့်မြင့်တာအိုဆရာသခင် တစ်ပါးဟု မမြင်မိတော့ဘဲ ခင်မင်ရသည့် မိတ်ဆွေတစ် ယောက်ဟု ထင်မြင်လာမိလေသည်။

ထို့ပြင်... ကျောက်ရှောင်ယွီပြောပြသည့် အတိတ်အကြောင်း များအရဆိုလျှင် တာအိုဆရာလီချင်းဆွေဆိုသည်မှာ သူ၏ ဘိုးဘေးဆရာသခင်တစ်ယောက်လည်း ဖြစ်သည်မဟုတ်ပါ လား။

ဆန်းလျန်က...

"ကျွန်တော် တာအိုဆရာချင်းဆွေကို မသတ်ပါဘူး..."

လီချင်းဆွေက...

"ဘာဖြစ်လို့လဲ..."

ဆန်းလျန်က...

"ဘာဖြစ်လို့လဲဆိုတော့ ဟိုအစကနေ အဆုံးထိ အချိန်တစ်လျှောက်လုံး တာအိုဆရာချင်းဆွေက ကျွန်တော့်ကို သတ်ပစ်ဖို့ တစ်ခါမှ မစဉ်းစားခဲ့ဘူး မဟုတ်လား ၊ အဲဒီတော့ ကျွန်တော်ကလည်း တာအိုဆရာချင်းဆွေကို ဘာလို့ သတ်ရမှာလဲ ၊ ပြီးတော့ အတိတ်ကိုမမှတ်မိတော့ပေမယ့် တာအိုဆရာချင်းဆွေက ကျွန်တော့်ရဲ့ ဘိုးဘေးဆရာသခင်တစ်ယောက်ပဲ မဟုတ်ဘူးလား..."

လီချင်းဆွေက သန့်စင်ကြည်လင်သည့် မျက်ဝန်းများဖြင့် ဆန်းလျန်ကို ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"မင်းဟာ ယောကျ်ားလေးတစ်ယောက်ဖြစ်နေပြီး ငါတီထွင်ခဲ့တဲ့ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံခဲ့တဲ့အတွက် ငါ

အမြဲတမ်း ဒေါသထွက်နေခဲ့တယ်၊ မင်းကိုလည်း ကြည့်မရခဲ့ဘူး၊ အခု မင်းဆီက ဒီလိုစကားကြားရတော့ ငါ မင်းကို ဒေါသမထွက်တော့ပါဘူး၊ ငါ စိတ်ဖြေလိုက်နိုင်ပါပြီ၊ ဒါပေမဲ့... နှစ်ပေါင်း တစ်သောင်းကျော်တောင် နောက်ကျသွားခဲ့ပြီကွာ..."

သူတို့ စကားပြောနေကြသည့်အချိန်မှာပင်...

လီချင်းဆွေ၏ဘေးတွင် ဓား (၂)လက် ပေါ်လာလေသည်။

ဓားတစ်လက်က အဖြူရောင်ဖြစ်ပြီး နောက်ဓားတစ်လက်က သွေးနီရောင်ဖြစ်လေသည်။ ဓားပုံစံများက ရိုးရှင်းပြီး ဓားရိုးတွင် မီးခိုးရောင်ကြိုးတစ်ချောင်းစီ ချည်နှောင်ထားလေသည်။

ထို ဓား (၂)လက်ကို တွေ့မြင်လိုက်ရသည်နှင့် ဆန်းလျန်၏စိတ်ထဲတွင် ဖော်မပြနိုင်သည့် ခံစားချက်များကို ခံစားလိုက်ရလေသည်။

သူနားထဲတွင် ရေစီးဆင်းသံများ ကြားယောင်လာပြီး သူ့မျက်ဝန်းထဲတွင် လှိုင်းများထန်နေသည့် သွေးနီရောင်ပင်လယ်ကို တွေ့မြင်လိုက်ရလေသည်။

ထိုဓား (၂)လက်မှ အဖြူဓားဝိညာဉ်တစ်ခုနှင့် သွေးနီရောင်ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး ဓားများက ဆန်းလျန်၏နောက်ကျောဘက်သို့ ပျံသန်းထွက်ခွာသွားကာ ဆန်းလျန်၏နောက်ကျောဘက်တွင် ကြက်ခြေခတ်ပုံသဏ္ဌာန် တည်ရှိနေကြလေသည်။

မီးခိုးရောင်ကြိုးစများက လေထဲတွင် လွင့်ပျံလျှက်ရှိသည်။ ဆန်းလျန်သည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အားနည်းနေသည့် သူ၏နတ်ဘုရားခန္ဓာဆီမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်ပေါ်လာလေသည်။

လီချင်းဆွေက...

"အဖြူရောင်ဓားက ယွမ်တုဓားလို့ခေါ်တယ် ၊ သွေးနီရောင်ဓား

ကတော့ ငရဲလမ်းဓားပဲ ၊ ဒီဓားတွေကို ပိုင်ဆိုင်ခဲ့တဲ့ အရင်

ပိုင်ရှင်ကတော့ အသူရာချောက်ရဲ့အရှင်သခင်ပဲ..."

ဆန်းလျန်က...

"ကျေးဇူးတင်ပါတယ် တာအိုဆရာချင်းဆွေ ၊ ဒီဓားတွေကို

ကျွန်တော် တန်ဖိုးထားပါ့မယ်..."

ယွမ်တုဓားနှင့် ငရဲလမ်းဓား...။

ထိုဓား (၂)လက်စလုံးမှာ မရဏဓားများဖြစ်ကြလေသည်။

သူရင်ဆိုင်ခဲ့ရသည့် မရဏဓား (၄)လက်ထက် တန်ခိုးစွမ်းအား

လျော့နည်းခြင်း မရှိပေ။ ထို့ပြင် ဆန်းလျန်နှင့်လည်း

လိုက်လျောညီထွေရှိလှလေသည်။

အစောကတည်းကသာ ဤဓား (၂)လက်သာ ပိုင်ဆိုင်ထားလျှင်

ရွှမ်တုတောက်ကျွင်းကို ထိုမျှ ရုပ်ပျက်ဆင်းပျက်ဖြင့် ရှုံးနိမ့်

လာစရာ အကြောင်းမရှိပေ။

သို့သော်... ရှမ်တုတောက်ကျောင်းတွင် ထိုက်စန့်လောင်ကျောင်း၏ ကျောင်းကန်းရွေကွင်းရှိနေလျှင်တော့ သူ့အခြေအနေက ထူးမခြားနားပင် ဖြစ်ပေလိမ့်မည်။

လီချင်းဆွေက...

"ငါ့ကို ကျေးဇူးမတင်နဲ့၊ ဒီဓားတွေကကို အစကတည်းက မင်းနောက်ကို လိုက်ချင်နေကြတာပါ၊ ဒါပေမဲ့ ဒီဓား (၂)လက်ရှိရုံနဲ့ ရှမ်တုလိုလူမျိုးကို ရင်ဆိုင်နိုင်မှာ မဟုတ်သေးဘူး၊ မင်းအနေနဲ့ တာအိုဆရာသခင်ထိုက်ယီချန်ထားခဲ့တဲ့ ထိုက်ယီနတ်ဓားကို ရဖို့လိုသေးတယ်၊ ဒါမှသာ ရှမ်တုတောက်ကျောင်းပဲဖြစ်ဖြစ်၊ ရှမ်တုတောက်ကျောင်းလို တန်ခိုးစွမ်းအားမြင့်မားတဲ့ တခြားရန်သူတွကိုပဲဖြစ်ဖြစ် မင်း ရင်ဆိုင်နိုင်လိမ့်မယ်..."

ဆန်းလျန်က...

"ထိုက်ယီအလင်းဓားကို ကျွန်တော် ကြားဖူးတယ်၊ အဲဒီဓားက ထိုက်ယီနတ်ဓားနဲ့ ဆက်စပ်နေတာလား..."

လီချင်းဆွေက...

"ထိုက်ယီအလင်းဓားဆိုတာက ထိုက်ယီနတ်ဓားရဲ့ မူလအခြေခံ ပဲ ၊ ထိုက်ယီနတ်ဓားရဲ့ လေးနက်တဲ့အချက်ကတော့ 'နတ်' ဆို တဲ့ စာလုံးပဲ ၊ ဟိုးရှေးအချိန်တုန်းက တာအိုကျင့်ကြံခြင်းကနေ နတ်ဘုရားဖြစ်လာတဲ့သူတွေနဲ့ မူလနတ်ဘုရားတွေ အတူတကွ ယှဉ်တွဲနေထိုင်ကြတဲ့ ခေတ်တစ်ခေတ် ရှိခဲ့ဖူးတယ် ၊ ထိုက်ယီ နတ်ဓားမှာ မူလနတ်ဘုရားတွေရဲ့တန်ခိုးစွမ်းအားတွေရော တာ အိုတန်ခိုးစွမ်းအားတွေရော ကိန်းအောင်းနေတယ် ၊ ဒါကြောင့် တန်ခိုးစွမ်းအား မြင့်မားလွန်းတယ် ၊ မရဏဓား (၄)လက်ကို ရော ၊ လျန်ယိမြူခိုးတန်ခိုးစွမ်းအားကိုရော ကောင်းကောင်း ယှဉ်ပြိုင်နိုင်တယ် ၊ အတိအကျတော့ ငါ မပြောနိုင်ဘူး ၊

ဒါပေမဲ့ မင်း ကောင်းကောင်း လေ့ကျင့်မယ်ဆိုရင်

တစ်ချက်တည်းနဲ့ လျန်ယိမြူခိုးအရံအတားကို ထိုးဖောက် ထွက်နိုင်လိမ့်မယ် ၊ အဲဒီလိုသာဆိုရင် တာအိုဆရာသခင်ထိုက်

ယီလည်း အတော်လေး စိတ်ကျေနပ်လိမ့်မယ် ထင်တာပဲ ၊ ထို

က်ယီနတ်ဓားကို သူ ပြုလုပ်ခဲ့တဲ့ အဓိက ရည်ရွယ်ချက်က

မရဏဓား (၄)လက်နဲ့ လျန်ယိမြူခိုးတန်ခိုးစွမ်းအားကို

ယှဉ်ပြိုင်နိုင်ဖို့ပဲ..."

လီချင်းဆွေ၏ စကားများကို နားထောင်ပြီး ဆန်းလျန် ငြိုး

လိုက်မိသည်။

ထိုက်ယီနတ်ဓားသာရလျှင် ကျောက်ရှောင်ယွီ၏ လျန်ယိမြူခိုး

သံလိုက်တန်ခိုးစွမ်းအားကို ချိုးဖျက်ရန် အရင်ဆုံး စမ်းသပ်

ကြည့်ရမည်ဟု တွေးမိလိုက်သောကြောင့် ဖြစ်လေသည်။

တာအိုဆရာလီချင်းဆွေက စကားအရသာ တာအိုဆရာသခင်

ထိုက်ယီကို မနှစ်သက်သလို ပြောဆိုနေသည့်တိုင်

တကယ်တမ်းတွင် သူမသည် တာအိုဆရာသခင်ထိုက်ယီကို

ကြောက်ရွံ့ရိုသေသလို သံယောဇဉ်လည်း ရှိပုံရလေသည်။

ထို့ကြောင့်... သူတို့ (၂)ယောက် မည်သို့ပတ်သက်သည်ကို ဆန်းလျန် သိချင်လာမိလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တာအိုဆရာသခင်ထိုက်ယီနဲ့ တာအိုဆရာချင်းဆွေရဲ့ ဆက်ဆံရေးကဘယ်လိုမျိုးလဲ ၊ ကျွန်တော့်ကို ပြောပြပါဦး..."

ဆန်းလျန် ပွင့်ပွင့်လင်းလင်းမေးလိုက်သည့် မေးခွန်းကြောင့် တာအိုဆရာချင်းဆွေက ဒေါသထွက်သွားခြင်း မရှိပေ။

သူမက နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"တာအိုက (၁)ခုကို မွေးဖွားတယ်လို့ အဆိုရှိတယ် ၊ တာအိုဆရာသခင် ထိုက်ယီက တာအိုဆိုရင် တာအိုကမွေးဖွားတဲ့ (၁)ခုဆိုတာဟာ ချင်းဆွေပါပဲ ၊ သူပြောခဲ့ဖူးတယ် ၊ 'မိုးနှင့်မြေ ၊ အတိတ်နှင့်အနာဂတ် ၊ လောကတစ်ခုလုံးက လူသားတွေအားလုံးအလယ်မှာ 'ချင်းဆွေ' ဆိုတာ တစ်ယောက်တည်းရှိတယ်' တဲ့ ၊ ဒါပေမဲ့ တာအိုက (၁)ခုကို မွေးဖွားနိုင်ပေမယ့် (၁)ခု

ဆိုတဲ့အရာကတော့ တာအိုကို ပြန်ပြီး မွေးဖွားပေးနိုင်မှာမဟုတ်ဘူး ၊ ဒါကြောင့် လောကမှာ ချင်းဆွေမရှိလည်းဘာမှမဖြစ်ပါဘူး ၊ တာအိုဆရာသခင်ထိုက်ယီကတော့ အမြဲတမ်း တည်ရှိနေလိမ့်မယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဖြင့် တာအိုဆရာသခင်ထိုက်ယီနဲ့ တာအိုဆရာချင်းဆွေက သားအဖတွေလို့ ပြောနေကြတဲ့ ကောလဟာလတွေက တကယ်အမှန်တွေပဲပေါ့..."

လီချင်းဆွေက...

"တာအိုက တစ်ခုကို မွေးဖွားတယ် ၊ တစ်ခုကနေနှစ်ခု ၊ နှစ်ခုကနေသုံးခု.... မွေးဖွားဖြစ်တည်လာတယ် ၊ တကယ်တော့ အရာအားလုံးက တာအိုဆရာသခင်ထိုက်ယီနဲ့ ဆက်စပ်နေတာပါပဲ ၊ ဒါပေမဲ့ တာအိုဆရာသခင်ထိုက်ယီနဲ့ မတွေ့ရမချင်းတော့ မင်းသူ့အကြောင်းကို ကောင်းကောင်းသိမှာမဟုတ်ဘူး ၊ သူက

လုံး၀ လွတ်လပ်တဲ့ လူတစ်ယောက်ပဲ၊ ဘယ်အရာကမှ သူ့ကို ထိန်းချုပ်မထားနိုင်ဘူး၊ မင်းတို့ ငါတို့တွေကတော့ ရစ်ပတ်ထားတဲ့ နှောင်ကြိုးတွေအထပ်ထပ်နဲ့ပဲ မဟုတ်ဘူးလား..."

ဆန်းလျန်က ခပ်ဖြည်းဖြည်းပြောလိုက်သည်။

"နှောင်ကြိုးတွေနဲ့ပဲ ပျော်နေကြတာ မဟုတ်ဘူးလားဗျာ..."

လီချင်းဆွေက ခေါင်းကို တစ်ချက်မော့လိုက်ပြီး...

"မှန်တယ်... နှောင်ကြိုးတွေနဲ့ပဲ ပျော်နေကြတာ..."

ဆန်းလျန်က...

"တာအိုဆရာချင်းဆွေလည်း ဒဏ်ရာရနေတယ်ဆိုတော့ ကျွန်တော် ကူညီပေးနိုင်တာ ဘာများရှိမလဲ..."

လီချင်းဆွေက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဟွန်း... နေစကြာတထာဂတသဃက ငါ့ကို အငိုက်ဖမ်းပြီး တိုက်ခိုက်တာ၊ ဒါပေမဲ့ သူ့လက်သီးချက်က အော်မီတော်ဖူဘုရားရဲ့ လက်သီးချက်အတိုင်းပဲ၊ ပြင်းထန်လွန်းတယ်၊ တာ

အိုဆရာသခင်ကြီးတွေထားခဲ့တဲ့ ကျင့်စဉ်တွေကို ကျင့်ကြံမှပဲ

ပျောက်ကင်းနိုင်မယ်၊ မင်း မကူညီနိုင်ပါဘူး..."

ဆန်းလျန်က စိတ်မကောင်းသည့်လေသံဖြင့်...

"ဒါဖြင့် ကျွန်တော် ကူညီနိုင်တာရှိရင်သာ ပြောပါ..."

လီချင်းဆွေက...

"မင်း အသက်ရှင်ဦးမယ်ဆိုရင် ဘုရင်ရှစ်ပါးနန်းတော်က

မီးအိမ်ကို သွားယူပေးပါ၊ အဲဒါ ငါ့အတွက် အကောင်းဆုံးပဲ..."

ခဏစဉ်းစားနေပြီးမှ ဆန်းလျန်က ခေါင်းညိတ်သဘောတူ

လိုက်သည်။

ထိုအလုပ်က အပြောလွယ်သလောက် အလုပ်ခက်လေသည်။

များပြားလှစွာသည့် အခက်အခဲများကို ရင်ဆိုင်ရမည်

ဖြစ်သည်။ ထို့ပြင်... ဘုရင်ရှစ်ပါးနန်းတော်တွင် ရှမ်တုတော

က်ကျွင်းရှိနေခြင်းက အကြီးမားဆုံး အတားအဆီးပင် ဖြစ်ပေ

တော့သည်။

ရှမ်တုတောက်ကျွင်း မည်မျှ တန်ခိုးစွမ်းအားမြင့်မားသည်ကို ဆန်းလျန် လက်တွေ့ကြုံခဲ့ပြီးပြီ ဖြစ်သည်။

ထို့ကြောင့် လီချင်းဆွေတောင်းသည့် အကူအညီမှာ အမှန်တကယ်ပင် ခက်ခဲလွန်းသည်။

သို့သော်... သူက လီချင်းဆွေကို ကူညီရန် သဘောတူလိုက်ရသည့် အကြောင်းမှာ လီချင်းဆွေသည် ဆန်းလျန်တွေးထင်ထားသလောက် အေးစက်တင်းမာသူတစ်ယောက် မဟုတ်ဘဲ စိတ်သဘောထားကောင်းမွန်သူတစ်ယောက်ဖြစ်သည်ကို သိရှိလိုက်ရသောကြောင့်ပင်။

....

ဇာမဏီနတ်ဘုရားနန်းတော်သည် စကြာဝဠာတွင် ပထမဆုံးဖြစ်တည်လာသည့် နန်းတော်တစ်ခုဟု အဆိုရှိလေသည်။

နန်းတော်ပတ်ဝန်းကျင်တစ်ခုလုံးတွင် အရံအတားများဖြင့်ပြည့်နက်နေသည်။

ကွေလိသာ ဆန်းရှော့ရှိကို လမ်းပြခေါ်ဆောင်မလာပါက နန်းတော်အဝင် ပထမတံတိုင်းတွင်ပင် ဆန်းရှော့ရှိသည် လမ်းပျောက်ကာ မျက်စိလည်နေမည် ဖြစ်သည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် အတိတ်တစ်ချိန်က ဘိုးဘေး ဇာမဏီငှက်သည် မည်မျှ တန်ခိုးစွမ်းအား မြင့်မားခဲ့ကြောင်း သိရှိနိုင်လေသည်။

ကွေလိက ဆန်းရှော့ရှိကို ဇာမဏီနတ်ဘုရားနန်းတော်တည်ရှိရာ မီးတောင်၏ ဗဟိုချက်ကို ခေါ်ဆောင်သွားမည်ဟု ကတိပေးခဲ့လေသည်။

ထို့ကြောင့် သူမကတိအတိုင်း ဆန်းရှော့ရှိကို ဇာမဏီ နတ်ဘုရားနန်းတော်သို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

ဇာမဏီနတ်ဘုရားနန်းတော်၏ အုတ်မြစ်သည် ဇာမဏီနတ်ဘုရားနန်းတော်တည်ရှိရာ မီးတောင်၏ ဗဟိုချက်မှ မီးတောက်များပင် ဖြစ်လေသည်။

မီးတောင်ဗဟိုချက်တွင် မီးတောက်ကန်များ များစွာရှိပြီး ယင်စွမ်းအားမီးတောက်နှင့် ယန်စွမ်းအားမီးတောက်ဟူ၍ ခွဲခြားထားလေသည်။

ယင်စွမ်းအားမီးတောက်မှာ အရာအားလုံးကို အေးခဲသွားစေနိုင်ပြီး ယန်စွမ်းအားမီးတောက်ကတော့ အရာအားလုံးကို လောင်ကျွမ်းပြာကျသွားစေနိုင်လေသည်။

ယင်စွမ်းအားမီးတောက်နှင့် ယန်စွမ်းအားမီးတောက်များကို တစ်ဝက်စီပိုင်းခြားထားလေသည်။

ယင်စွမ်းအားမီးတောက်နှင့် ယန်စွမ်းအားမီးတောက်များ၏ ဆုံချက်နေရာတွင် ကြီးမားသည့် စွမ်းအားထုကြီးတစ်ခု ထွက်ပေါ်လျှက်ရှိသည်။ ထိုစွမ်းအားထုကြီးက ဇာမဏီနတ်ဘုရားနန်းတော်တစ်ခုလုံး၏ တန်ခိုးစွမ်းအား အရင်းအမြစ်ပင် ဖြစ်လေသည်။

ထို့ပြင် ဇာမဏီနတ်ဘုရားနန်းတော်တည်ရှိရာ မီးတောင်သည် တစ်နေရာတည်းတွင် တည်ရှိခြင်းမဟုတ်ဘဲ နဂါးငွေ့တန်း တစ်လျှောက်လှည့်လည်ကာ စကြာဝဠာအနှံ့ရွှေ့ပြောင်း သွားလာနေသည့် မီးတောင်တစ်တောင် ဖြစ်လေသည်။

နေရာ အပြောင်းအလဲမြန်ဆန်လွန်းသည့်အတွက် ဇာမဏီနတ်ဘုရားနန်းတော်ကို ရှာဖွေတွေ့ရှိရန်မှာ တော်ရုံ မလွယ်ကူလှပေ။

ဇာမဏီနတ်ဘုရားနန်းတော်တွင် ဇာမဏီမျိုးနွယ် ငှက်ပေါင်း (၃၀၀)ကျော်နေထိုင်ကြပြီး သူတို့ထဲတွင် ဆန်းရှော့ရှီကို ယှဉ်နိုင်သည့်သူမှာ (၁၀)ယောက်ခန့် ရှိလေသည်။

သို့သော်... ဇာမဏီနတ်ဘုရားနန်းတော်သည် အင်အား နည်းပါးသည့် နန်းတော်တစ်ခုမဟုတ်သည်ကို သိရှိနိုင်လေသည်။

အခန်း (၈၂၃) အာလာယဝိညာဏ

ကွေလိက ဇာမဏီနီနတ်ဘုရားနန်းတော်တည်ရှိရာ မီးတောင်

ဗဟိုချက်သို့ ဆန်းရော့ရှီကို ခေါ်ဆောင်လာခဲ့လေသည်။

ထိုနေရာတွင်... ယင်စွမ်းအားမီးတောက်ကန်များနှင့် ယန်

စွမ်းအားမီးတောက်ကန်များ ပြည့်နေလေသည်။

ကွေလိက...

"အခု မင်းတွေ့ပြီ မဟုတ်လား ၊ ဒီနေရာမှာ ယင်စွမ်းအား

မီးတောက်နဲ့ ယန်စွမ်းအားမီးတောက်တွေရှိပေမယ့် မင်းလိုချင်

တဲ့ နိဗ္ဗာနမီးတောက်မရှိဘူး...."

ဆန်းရော့ရှီက အချိန်အတန်ကြာအောင် တိတ်ဆိတ်ငြိမ်

သက်နေပြီးမှ...

"ရှိတယ်..."

ဟု ပြောလိုက်လေသည်။

ဆန်းရှော့ရှီ၏စကားကြောင့် ကွေ့လိ စိတ်လှုပ်ရှားသွားပြီး သံသယများစွာဖြင့် မေးခွန်းထုတ်လိုက်သည်။

"ဘယ်နေရာမှာလဲ....."

ဆန်းရှော့ရှီက ခေါင်းကိုမော့လိုက်ပြီး ကွေ့လိကို စူးစိုက်ကြည့်နေလိုက်သည်။

"ငါ အတိတ်မှာတုန်းက ဘိုးဘေးဇာမဏီငှက်နဲ့ ဆုံခဲ့ဖူးတယ်... သူက မင်းနဲ့ သိပ်တူတာပဲ...."

ကွေ့လိကပြုံးလိုက်ရင်း....

"လူအတော်များများက အဲဒီလိုပြောကြတယ်...၊ ပြီးတော့ သူတို့က ငါ့ကို ဘိုးဘေးဇာမဏီငှက် ပြန်ဝင်စားတယ်လို့ ထင်နေကြတာ...."

ဆန်းရှော့ရှီက....

"မင်းက ဘိုးဘေးဇာမဏိငှက်နဲ့ ရုပ်ချင်းတူရုံတင်မဟုတ်ဘူး... ၊ တန်ခိုးစွမ်းအားတွေပါတူနေတာ..."

ကွေလိက....

"ဒါဆိုရင် ငါက တကယ်ပဲ ဘိုးဘေးဇာမဏိငှက် ပြန်ဝင်စားတာများလား.... ၊ နေပါဦး... မင်း ဒီအကြောင်းတွေ ဘာလို့ပြောနေရတာလဲ...."

ဆန်းရော့ရှီက...

"နိဗ္ဗာနမီးတောက်ဆိုတာ စစ်မှန်တဲ့ မီးတောက်ပဲ ၊ ဘိုးဘေးဇာမဏိငှက်က မီးကန်ထဲကို ခုန်ချလိုက်မှ နိဗ္ဗာနမီးတောက်က ထွက်ပေါ်လာမှာ...."

ကွေလိ၏မျက်ဝန်းများ ဒေါသကြောင့် တစ်လက်လက်တောက်ပသွားရသည်။

"မင်းက ငါ့ကို သေစေချင်နေတာလား..."

ဆန်းရော့ရှီက ခပ်တိုးတိုးလေသံဖြင့်...

"ဘိုးဘေးဇာမဏီငှက်ဆိုရင် မသေနိုင်ဘူးလေ...."

ကွေလိက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဘိုးဘေးဇာမဏီငှက်က မသေပေမယ့် ငါကျတော့ သေမှာလေ

ဟာ...."

ဆန်းရော့ရှီက ကွေလိကိုသေသေချာချာစိုက်ကြည့်လိုက်ပြီး

လေးနက်သည့်လေသံဖြင့်...

"နိဗ္ဗာနမီးတောက်ကပဲ ငါ့ဦးလေးရဲ့အသက်ကို ကယ်တင်နိုင်

မှာ..."

ကွေလိက...

"ဆန်းလျှန်သာဆိုရင်... သူ့အတွက်နဲ့ ငါ့ဘဝကိုစတေးခိုင်းမှာ

မဟုတ်ဘူး... မင်း ပြန်ပါတော့..."

ကျောက်စိမ်းရတနာအလား နူးညံ့လှပသော ဆန်းရော့ရှီ၏

မျက်နှာက တည်ကြည်လေးနက်နေပြီး ကွေလိကိုသာ

မျက်တောင်မခတ်စိုက်ကြည့်နေလေသည်။ သူမပုံစံက ထွက်ခွာသွားမည့်ဟန် လုံးဝ မရှိပေ။

ကွေလိက တည်ငြိမ်သည့်လေသံဖြင့်...

"ဇာမဏီနတ်ဘုရားနန်းတော်က ငါ့ပိုင်နက်နော် ၊ ဒီနေရာမှာ မင်းက ငါ့ကို အတင်းဖိအားပေးလို့ရမယ်များ ထင်နေသလား..."

ဆန်းရော့ရှီက....

"မင်းကို ဖိအားပေးလို့ရပါတယ်..."

ကွေလိက....

"မင်း ငါ့ကိုဖိအားပေးလို့ရတယ်ဆိုရင်တောင်မှ မင်း ဒီနေရာက အသက်ရှင်လျက်ထွက်သွားလို့ရမယ် မထင်နဲ့၊ ပြီးတော့ ဆန်းလျန် ဘယ်လိုလူစားမျိုးလဲဆိုတာ မင်းအသိဆုံးပါ၊ ငါသေမှ သူအသက်ရှင်သန်ရမယ်ဆိုရင် သူက အဲဒီလိုအလုပ်မျိုး ဘယ်တော့မှလုပ်မှာမဟုတ်ဘူး၊ သူက အဲဒီလို လူစားမျိုး မဟုတ်ဘူး...."

ဆန်းရော့ရှီက....

"မင်းသေသွားမှတော့ ဒီအကြောင်းတွေကို ငါ့ဦးလေးသိစရာ မလိုတော့ပါဘူး..."

ကွေ့လိကရယ်မောလိုက်ရင်း...

"သိပ်အပြောကောင်းတယ်...၊ မင်း မမှားပါဘူး....၊ ဒါပေမဲ့ ငါလည်း မမှားဘူး၊ အချိန် ဆယ်စက္ကန့်အတွင်း မင်းငါ့ကို မီးကန်ထဲ ပစ်ချနိုင်မယ်ဆိုရင် လုပ်လိုက်လေ၊ ငါ့လူတွေရောက်လာရင် မင်းဘာမှ တတ်နိုင်မှာ မဟုတ်တော့ဘူး...."

ဆန်းရော့ရှီ စကားမပြောတော့ပေ။

အချိန်ကအဖိုးတန်လေသည်။ သူမအတွက် အချိန်မရှိတော့ပေ။

ရှတ်တရက်ပင်....

ဆန်းရော့ရှီ၏ ခန္ဓာကိုယ်မှ စူးရှတောက်ပသည့် အလင်းတန်းများ ဖြာလင်းလာလေသည်။

ထိုအလင်းတန်းများသည် ကြယ်စင်နှင့်

လမင်း၏အလင်းရောင်များကိုပင် ဖိနှိပ်ထားနိုင်ပြီး စကြာဝဠာ

တစ်ခုလုံးတွင် အတောက်ပဆုံးအလင်းတန်းများ ဖြစ်လေ

သည်။

ကျွေလိပင်လျှင် အံ့သြထိတ်လန့်သွားရသည်။ သူမ၏စိတ်ထဲ

တွင် "ထျန်းယွမ်" ဆိုသည့် စာလုံး (၂)လုံးကို သတိရလိုက်

မိသည်။

ထျန်းယွမ်ဆိုသည်မှာ မြောက်ပိုင်းမှ ကြယ်စင်တစ်စင်းကို

ကိုယ်စားပြုသည့် အခေါ်အဝေါ်ဖြစ်သည်။ထိုကြယ်စင်က

ထူးဆန်းပြီး အရာအားလုံး၏ မူလဇာစ်မြစ်ကို သိမြင်နိုင်စွမ်းရှိ

သည်။

ဆန်းရှော့ရှီ၏ တိုက်ခိုက်မှုသည် ထျန်းယွမ်လမ်းစဉ်တန်ခိုး

စွမ်းအားကိုအခြေခံသည့် တိုက်ကွက်တစ်ခုဖြစ်သည်။

သူမ၏တန်ခိုးစွမ်းအားများအားလုံးကို စုစည်းပြီး ဆန်းရော့ရှိ
က တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ကွေလိ စဉ်းစားနေမိဆဲ အချိန်ခဏလေးမှာပင်....

ဆန်းရော့ရှိ၏ ခန္ဓာကိုယ်မှ ဖြာလင်းနေသည့်အလင်းတန်းများ
က သိပ်သည်းသွားပြီး အလင်းဆုံချက်တစ်ခုအဖြစ် ပေါင်းစုံ
သွားလေသည်။

ထိုအလင်းဆုံချက်ကို တွေ့မြင်လိုက်ရသည်နှင့် ကွေ
လိ၏နှလုံးသားထဲတွင် ကြီးမားသည့် ကြောက်ရွံ့ခြင်းကို ခံစား
လိုက်ရလေသည်။

ချက်ချင်းပင် ကွေလိက အလွှာ (၁၈) လွှာပါသည့် မီးလိုက်ကာ
တစ်ခုကိုဖန်ဆင်းကာ အလင်းဆုံချက်ကို ကာကွယ်ထားလိုက်
လေသည်။

မီးလိုက်ကာထဲတွင် ယင်စွမ်းအားနှင့် ယန်စွမ်းအားများစီးဆင်း
နေပြီး တန်ခိုးစွမ်းအားက အံ့မခန်းဖြစ်လေသည်။

သို့သော် ဆန်းရော့ရှီ၏ အလင်းဆုံချက်သည် အလွှာ (၁၈) လွှာ မီးလိုက်ကာကို လွယ်လွယ်ကူကူပင် ထိုးဖောက်ကာ ကွေ့လိ၏ မျက်ခုံး (၂)ခုကြား တည့်တည့်သို့ ဝင်ရောက်လာလေ တော့သည်။

ကွေ့လိအတွက် ရှောင်တိမ်းရန်ပင် အချိန်မရှိတော့ပေ။ သူမ သည် မယုံနိုင်လောက်အောင် လျှင်မြန်လွန်းသည့်အရှိန်ဖြင့် အလင်းဆုံချက်က မီးလိုက်ကာကို ထိုးဖောက်ဖြတ်သန်းလာ သည်ကို ကြည့်နေမိလေသည်။

နောက်ဆုံး အလင်းဆုံချက်သည် သူမ၏ မျက်ခုံး (၂)ခုကြားသို့ ဝင်ရောက်လာလေသည်။

ထိုအချိန်မှာပင်...

ရောင်စဉ် (၅)မျိုး အလင်းတန်းများ ဖြာလင်းလာပြီး ကွေ့လိ ထံသို့ ဝင်ရောက်လာသည့် ဆန်းရော့ရှီ၏ အလင်းဆုံချက်ကို ဝါးမြိုပစ်လိုက်လေသည်။

ထို့နောက် ကွေလိ၏ နံဘေးတွင် အလွန်တရာ မာနကြီးဟန်ရှိသည့် ချောမောလှပသည့် လူငယ်တစ်ယောက် ပေါ်လာလေသည်။

ထိုလူငယ်မှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ကျောက်စိမ်းဝိညာဉ်နန်းတော်ကို တစ်ယောက်တည်း သွားရောက်တိုက်ခိုက်ကာ အဖမ်းခံခဲ့ရသည့် ဒေါင်းစိမ်းမင်းကြီးမဟာမာရူယိဟု လူသိများသည့် ခုံရွှမ်းပင် ဖြစ်လေတော့သည်။

ခုံရွှမ်းက ဆန်းရော့ရှီကို အေးစက်သည့်အကြည့်များဖြင့် စိုက်ကြည့်နေလေ၏။

ထို့နောက် ကြိုးတစ်ချောင်းကို ထုတ်ယူကာ ပစ်လွှတ်လိုက်ပြီး ဆန်းရော့ရှီကို တုတ်နှောင်ထားလိုက်လေတော့သည်။

ချောမောသည့်လူငယ်က အေးစက်သည့်လေသံဖြင့်....

"ကွေလိ... သူ့ကိုအပြစ်ပေးဖို့ မင်းလက်ပဲ အပ်လိုက်မယ်..."

ကွေလိက အလွန်အံ့အားသင့်သွားဟန်ဖြင့်...

"မင်းဘယ်တုန်းက ကျောက်စိမ်းဝိညာဉ်နန်းတော်က လွတ်လာတာလဲ..."

ခုံရွှမ်းက ခေါင်းတစ်ချက် ခါယမ်းလိုက်လေသည်။

ထို့နောက်... လေထဲတွင် အစအနပင် မကျန်အောင် ပျောက်ကွယ်သွားလေတော့သည်။ ထိုလူငယ်မှာ ခုံရွှမ်း၏ ကိုယ်ခွဲတစ်ခုမျှသာ ဖြစ်လေသည်။

ကျွေလိမှာ အံ့သြမင်သက်နေမိလေသည်။

ခုံရွှမ်းသည် ယနေ့အချိန်တွင် သူမကို ကာကွယ်ပေးရန်အတွက် ကိုယ်ခွဲတစ်ခု ဖန်ဆင်းထားခဲ့လိမ့်မည်ဟု ကျွေလိ တွေးထင်မထားခဲ့ပေ။

သူသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ကျွေလိရင်ဆိုင်ရမည့် အခက်အခဲများကို ကြိုတင်တွက်ဆကာ ကျွေလိကို စောင့်ရှောက်ရန် ကိုယ်ခွဲတစ်ခု ဖန်ဆင်းထားခဲ့ခြင်း ဖြစ်ဟန်တူသည်။

ခုံရှမ်းအကြောင်းစဉ်းစားလိုက်မိပြီး ကွေလိ စိတ်မကောင်းဖြစ်သွားမိသည်။

ခုံရှမ်းသည် နှစ်ပေါင်းသောင်းနှင့်ချီပြီး ကြာအောင် ကျောက်စိမ်းဝိညာဉ်နန်းတော်တွင် အချုပ်အနှောင်ခံနေရလေသည်။ သူ မည်မျှ နာကျင်ခံစားနေရာသည်လဲ ကွေလိ မသိနိုင်ပေ။

သို့သော်... သူမသည် ခုံရှမ်းကို ကယ်တင်ရန် တစ်ခါမှ မစဉ်းစားခဲ့ဖူးပေ။

ယခု... ခုံရှမ်းကတော့ သူမကို ကယ်တင်ရန်အတွက် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ကပင် ကြိုတင်စီစဉ်ထားခဲ့လေသည်။

တွေးရင်းဖြင့် ကွေလိ နောင်တရသလို ခံစားလာရလေသည်။ သူမ ဘာလုပ်သင့်ပါသနည်း။

ဆန်းရော့ရှိက အနည်းငယ် နောင်တရသွားဟန်ဖြင့်...

"မင်း ငါ့ကို သတ်လိုက်ပါ၊ ဒါပေမဲ့ ရှမ်နီနန်းတော်မှာ မိုးကောင်းကင်ကျမ်းစာဆိုတဲ့ စာအုပ်တစ်အုပ်ရှိတယ်၊ အဲဒီ ကျမ်းစာထဲမှာ မိုးနတ်မင်းကျင့်ကြံခဲ့တဲ့ ကျင့်စဉ်တွေကို အကြမ်းဖျင်းဖော်ပြထားတယ်၊ အဲဒါက မင်းကို ကူညီနိုင်ပါလိမ့်မယ်..."

မိုးကောင်းကင်ကျမ်းစာမှာ မူလက ဗုဒ္ဓပိုင်ဆိုင်သည့် စာအုပ်ဖြစ်လေသည်။

ဗုဒ္ဓ၏လက်ထဲတွင်ရှိစဉ်ကတော့ ထိုကျမ်းစာကို အနန္တကျမ်းစာဟု ခေါ်လေ၏။ နောက်ပိုင်းတွင် စွမ်းအားကြီးမားသည့် နတ်ဘုရားများက ထိုကျမ်းစာကို ရရှိရန် တစ်ယောက်နှင့်တစ်ယောက် သတ်ဖြတ်ပြီး အလုအယက် ယူငင်ကြလေရာ ကျမ်းစာအချို့ ပျက်စီးသွားခဲ့လေသည်။

အကောင်းအတိုင်းကျန်ရစ်နေသည့် ကျမ်းစာများကိုသာ စုစည်းထားပြီး မိုးကောင်းကင်ကျမ်းစာဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထိုကျမ်းစာကို လေ့လာခွင့်ရလျှင် အတိတ်တစ်ချိန်က မိုးနတ်မင်း၏ ကောင်းကင်ဘုံနန်းတော်သည် အဘယ့်ကြောင့် ကျင့်ကြံခြင်းလောကတွင် အခိုင်မာဆုံး ကောင်းကင်ဘုံနန်းတော်တစ်ခု ဖြစ်ခဲ့ရသည်ကို သိရှိကြရမည် ဖြစ်လေသည်။

ကွေလိက...

"မင်းကို ခွင့်မလွှတ်နိုင်ပေမယ့် သတ်ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး ၊ အခု မင်း မီးကန်ထဲမှာ နည်းနည်းလောက် ဒုက္ခခံလိုက်ပေတော့..."

ကွေလိစကားဆုံးသွားသည်နှင့် ဆန်းရော့ရှီသည် ယင်စွမ်းအားမီးကန်နှင့် ယန်စွမ်းအားမီးကန်များ ရှိရာသို့ လွင့်စင်ကျသွားလေတော့သည်။

ဆန်းရော့ရှီမှာ ကျင့်ကြံခြင်းအဆင့် မြင့်မားသူတစ်ယောက်ဖြစ်သည့်တိုင် ယင်စွမ်းအားနှင့် ယန်စွမ်းအားမီးတောက်များ ဒဏ်ကိုမခံနိုင်ဘဲ နာကျင်စွာဖြင့် ညည်းညူလိုက်မိလေသည်။

မီးတောက်များမှာ ပြင်းထန်လွန်းလှပြီး ထိုက်ယီထျန်းရှန်း အဆင့်ရှိသည့် ဆန်းရော့ရှီသည်ပင်လျှင် မခံမရပ်နိုင် ဖြစ်နေရလေသည်။

ဆန်းရော့ရှီက ဆန်းလျန်ကို ကယ်တင်ချင်သည့်အတွက် သူမကို ဖိအားပေးခဲ့သည်ကို ကွေလိနားလည်ပါသည်။ သို့သော်... သူမ ရှုံးနိမ့်ခဲ့သည့်အတွက် အပြစ်ဒဏ်ကိုတော့ ခံရမည်ဖြစ်သည်။

ထို့ပြင်... ဆန်းရော့ရှီနာကျင်ခံစားရခြင်းများသည် ဆန်းလျန်အတွက်သာ ဖြစ်လေသည်။

ဆန်းလျန်ကို ကယ်တင်ရန်အတွက် သူမက ကွေလိကို စတေးခံစေခဲ့သည်။ သို့သော်... ယခုတော့ သူမကိုယ်တိုင် စတေးခံရပေလိမ့်မည်။ သူမသာလျှင် ဆန်းလျန်အတွက် စတေးခံရန်လိုအပ်သည်။

....

ဆန်းလျန်သည် ချင်းဆွေထျန်းကောင်းကင်ဘုံတွင် ရှိနေလေသည်။

ဇာမဏီနတ်ဘုရားနန်းတော်တွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်များကို ဆန်းလျန် သိမြင်နိုင်ခြင်း မရှိပေ။

တာအိုဆရာလီချင်းဆွေက ဆန်းလျန်၏ဒဏ်ရာကို ကုသပေးရန် မတတ်နိုင်သည့်တိုင် ဆန်းလျန်ကို ချင်းဆွေထျန်းကောင်းကင်ဘုံမှ နှင်မထုတ်ခဲ့ပေ။

ဆန်းလျန်က ရေကန်ထဲမှ ရေများကို ငေးကြည့်နေရင်း...

"ရေကန်ထဲမှာ ငါးမွေးထားမှ ပျော်စရာကောင်းမှာပေါ့..."

လီချင်းဆွေက...

"ငါမှ ငါးတွေကိုသဘောမကျတာ..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ငါးတွေကို သဘောမကျလည်း စမ်းပြီး မွေးကြည့်ပေါ့၊ ငါးတွေမွေးထားတော့ စားချင်ရင်လည်း ဖမ်းပြီးစားလို့ရတယ်၊

ပြီးတော့ ကျွန်တော့်ရဲ့ ဟင်းချက်လက်ရာကလည်း မဆိုးလှပါဘူး ၊ အနည်းဆုံးတော့ ငါးကင်စားလို့ရတာပေါ့..."

ပြောပြီးသည်နှင့် ဆန်းလျန်က လက်နှစ်ချောင်းဖြင့် ရေကန်ရှိရာသို့ ထိုးညွှန်လိုက်သည်။

မှိန်ဖျော့ဖျော့အလင်းတန်းတစ်ခု ရေကန်အတွင်းသို့ ကျရောက်သွားပြီး ရေကန်ထဲတွင် ငါးကောင်ရေ (၁၂)ကောင်ခန့် ကူးခတ်လှည့်လည်နေကြလေတော့သည်။

လောကတွင် တာအိုဆရာလီချင်းဆွေကို ငါးကင်စားရန် ပြောဝံ့သူဆို၍ ဆန်းလျန်တစ်ယောက်သာ ရှိပေလိမ့်မည်။

လီချင်းဆွေက မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း...

"သောက်ရှူးကောင်ရယ်... ရူးများနေပြီလားဟင်... ၊ မူလဝိညာဉ်ခန္ဓာမှာ စွမ်းအားအပိုင်းအစလေး နည်းနည်းလေးပဲကျန်တော့တာတောင် ငါ့ရေကန်ထဲလာပြီး ငါးဖန်ဆင်းပြနေသေးတယ်..."

ဆန်းလျန်က…

"မူလဝိညာဉ်ခန္ဓာအပိုင်းအစလေး နည်းနည်းပဲကျန်နေသေးလို့ တော်သေးတာပေါ့၊ နည်းနည်းလေးရှိတာက မရှိတာထက်ဆာရင် တော်ပါသေးတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ် လောကမှာ ပျော်ရွှင်ရဖို့က အဓိကပဲ…"

လီချင်းဆွေက ဆန်းလျန်ကို တစ်ချက်စိုက်ကြည့်လိုက်ရင်း မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြန်သည်။

"အေး… မင်းက စိတ်ဝင်စားစရာတော့ ကောင်းသားပဲ၊ မင်း တကယ်ပဲ သေမှာ မကြောက်ဘူးလားဟင်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် သေမှာမကြောက်တဲ့ နတ်ဘုရား နည်းနည်းလောက်ပဲ ငါတွေ့ဖူးသေးတယ်၊ ဒါပေမဲ့ အဲဒီ သေမှာမကြောက်တဲ့ နတ်ဘုရားတွေ ဘာဖြစ်သွားကြလဲ သိလား…၊ သေသွားကြတယ်လေ…"

ဆန်းလျန်က…

"ဒါပေမဲ့ ကျွန်တော်က မသေသေးဘူးလေ..."

လီချင်းဆွေက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"အခုမသေသေးပေမယ့် နောက်ကျသေမှာ စိုးရိမ်မိပါရဲ့..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"တာအိုဆရာချင်းဆွေရဲ့ ငါးမျှားတံလေး ခဏလောက်ငှားပါ လားဗျာ..."

လီချင်းဆွေက ခဏမျှ စဉ်းစားနေပြီး ငါးမျှားတံကို ဆန်းလျန် ကို ပေးလိုက်လေသည်။

ငါးမျှားတံက အလွန်ကောင်းသည့် ပစ္စည်းတစ်ခုဖြစ်လေသည်။ လေးလံခြင်းလုံးဝမရှိဘဲ ငှက်မွေးလေးအလား ပေါ့ပါးလျှက်ရှိ သည်။

ဆန်းလျန်က...

"ဒီငါးမျှားတံကို ဘာသားနဲ့လုပ်ထားတာလဲ..."

လီချင်းဆွေက...

"မရှိမှုဝါးနဲ့ လုပ်ထားတာ..."

ဆန်းလျှန်က...

"မရှိမှုဝါး ဟုတ်လား ၊ အဲဒီဝါးပင်က မရှိမှုကျေးရွာမှာ ပေါက်တာလား ၊ မရှိမှုကျေးရွာဆိုမှတော့ ဘာမှမရှိဘူး မဟုတ်ဘူးလား ၊ ဝါးပင်က ဘယ်လိုလုပ်ပေါက်လာရတာလဲ..."

လီချင်းဆွေက...

"မရှိမှုကျေးရွာမှာ နတ်ဘုရားနယ်မြေတွေ ရှိတယ်လေ ၊ ငါတို့ ချင်းဆွေထျန်းကောင်းကင်ဘုံလိုမျိုးပေါ့ ၊ ဒါပေမဲ့ အဲဒီနတ်ဘုရားနယ်မြေတွေ ပိုင်ရှင်မရှိတော့လို့ ပျက်စီးသွားကြရတဲ့အခါ မရှိမှုကျေးရွာမှာ မြေကြီးတွေ ဖြစ်ပေါ်လာတယ် ၊ အဲဒီမြေပြင်တွေပေါ်မှာ သစ်ပင်ဝါးပင်တွေ ပေါက်လေ့ရှိတယ် ၊ မင်း မသေသေးရင်တော့ အဲဒါမျိုးလေးတွေ လေ့လာသွားဦးပေါ့ကွာ..."

ဆန်းလျှန် သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

သူက လီချင်းဆွေကို ထပ်ပြီး မေးခွန်းမထုတ်တော့ဘဲ ငါးမျှားတံကို ရေထဲသို့ ချလိုက်သည်။

ဆန်းလျန်သည် တိတ်ဆိတ်စွာထိုင်ကာ ငါးမျှားနေရင်း သူ၏ စိတ်က လွတ်လပ်ပေါ့ပါးလျှက် ရှိလေသည်။ ထိုအခါ... ပါးလျားဖျော့တော့နေသည့် သူ၏နတ်ဘုရားခန္ဓာသည် အနည်းငယ် ကျစ်လျစ်သိပ်သည်းကာ ရုပ်လုံးပေါ်လာလေ သည်။

လီချင်းဆွေပင်လျှင် အနည်းငယ် အံ့သြသွားလေသည်။ ဆန်းလျန်၏ ဒဏ်ရာသည် ကုသမရနိုင်သည့် ဒဏ်ရာဖြစ်လေ သည်။ သို့သော်... ကုသနိုင်မည့်နည်းလမ်း အနည်းငယ်တော့ရှိ လေသည်။

ပထမတစ်ခုမှာ ထိုက်စန့်လောင်ကျွင်း၏ စကြာဝဠာသုံးမြှောင့် ဆေးအိုး ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော်... ထိုပစ္စည်း

သည် အလွန်ရှေးကျသည့် စကြာဝဠာမော်ဝင်ပစ္စည်းတစ်ခု ဖြစ်သောကြောင့်ပင်။

စကြာဝဠာသုံးမြှောင့်ဆေးအိုး၏ ကောင်းမြတ်ခြင်းများသည် ပျက်စီးသွားသည့် မိုးမြေကိုပင် ပြုပြင်ပေးနိုင်လေရာ မူလဝိညာဉ်ခန္ဓာတစ်ခုကိုတော့ ပြောစရာပင်မလိုတော့ပေ။

ဒုတိယတစ်ခုမှာ ဘိုးဘေးဇာမဏီငှက် ချန်ထားခဲ့သည့် နိဗ္ဗာန မီးတောက် ဖြစ်လေသည်။ ထိုမီးတောက်က အရာအားလုံးကို အသစ်တစ်ဖန် ပြန်လည်ဖြစ်တည်စေနိုင်လေသည်။ သေခြင်းရှင်ခြင်း၏ လျှို့ဝှက်ဆန်းကျယ်မှုများနှင့် ပြည့်နက်နေသည့်အတွက် ဆန်းလျန်ကို ကောင်းကောင်း ကူသပေးနိုင်မည်ဖြစ်လေသည်။

စကြာဝဠာသုံးမြှောင့်ဆေးအိုးကတော့ မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မသိရတော့ပေ။

သို့သော်... နိဗ္ဗာနမီးတောက်ကတော့ ရှာဖွေတွေ့နိုင်ဦးမည် ဖြစ်လေသည်။

သို့ပေမဲ့... နိဗ္ဗာနမီးတောက်ကိုဆော့ ဆန်းလျန်အသုံးပြုမည်မဟုတ်သည်ကို လီချင်းဆွေသိနေလေသည်။ ဆန်းလျန်သာထိုမီးတောက်ကို အသုံးပြုမည်ဆိုလျှင် လူမဆန်ရာကျပေလိမ့်မည်။

ထို့ကြောင့် လီချင်းဆွေက အနေးနှင့်အမြန် ဆန်းလျန်သေရတော့မည်ဟု ထင်နေခြင်း ဖြစ်လေသည်။

သို့သော်... ယခုတော့ ဆန်းလျန်က သူ၏ မူလဝိညာဉ်ခန္ဓာပျက်စီးနေခြင်းကို ရပ်တန့်လိုက်နိုင်လေသည်။ ထိုအချက်မှာလီချင်းဆွေမျှော်လင့်ထားသည်ထက် များစွာ ကျော်လွန်နေသည်။

ဆန်းလျန်၏ ဒဏ်ရာသည် လုံးဝ ပျောက်ကင်းသွားခြင်းမရှိသေးသည့်တိုင် သေတော့ မသေနိုင်တော့ပေ။

ဆန်းလျန် သူ့ဒဏ်ရာကို မည်သို့ ကုသနေသည်ကို တာအိုဆရာ

လီချင်းဆွေ အရမ်းသိချင်နေမိသည်။

ဆန်းလျန်တွင် တန်ခိုးစွမ်းအားများစွာရှိသည်ကို သူမသိထား

လေသည်။ သို့သော်... မည်သည့်နည်းလမ်းဖြင့် ဒဏ်ရာကို ကု

သနေသည်ကို သူမ စဉ်းစား၍ မရနိုင်ပေ။

ဆန်းလျန်ကိုယ်တိုင်သာလျှင် အသိဆုံးဖြစ်ပေလိမ့်မည်။

ဝူခုံး၏သံတုတ်နှင့် ကျန့်ယွမ်ကျီ၏ ဝိဇ္ဇာအကျီလက်ကြီးက

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာကို အမှန်တကယ်ပင် ပျက်စီးစေ

ခဲ့ပါသည်။ သို့သော်... ယခုတော့ သူက စိတ်အေးလက်အေး ရှိ

နေလေသည်။ အဘယ်ကြောင့်ဆိုသော်... လျှို့ဝှက်ဆန်းကျယ်

မှုတစ်ခုကို ဆန်းလျန် သဘောပေါက်လိုက်သောကြောင့် ဖြစ်

လေသည်။

သူ၏ မပျက်စီးနိုင်သည့်မူလဝိညာဉ်ခန္ဓာ ပျက်စီးသွားသည့်

အချိန်တွင် သူမည်သူဖြစ်သည်ကို ပိုပြီး သိရှိခွင့်ရလိုက်သည်။

တိတိကျကျပြောရလျှင် သူ့ဘဝ၏ အရင်းအမြစ်ကို သူနားလည်လိုက်ခြင်း ဖြစ်လေသည်။

ဗုဒ္ဓဘာသာအဆိုအရဆိုလျှင်... ထိုအချက်ကို 'အာလာယဝိညာဏ' ဟု ခေါ်ဆိုလေသည်။

ဗုဒ္ဓကျမ်းစာတစ်ခုဖြစ်သည့် ကျန်ယွင်ကျမ်းစာထဲတွင်... "သတ္တဝါတိုင်းတွင် အာလာယဝိညာဏ ရှိကြသည်။ ပြည့်ဝစုံလင်ပြီး စင်ကြယ်လေသည်" ဟု ပါရှိလေသည်။

ကျမ်းစာအရဆိုလျှင် အာလာယဝိညာဏတရားသည် ပြည့်ဝစုံလင်ပြီး စင်ကြယ်လေသည်။ ကိလေသာအညစ်အကြေးများမှ ကင်းစင်နေသည်ဟု ယူဆနိုင်သည်။

ထို့ကြောင့်... အာလာယဝိညာဏအကြောင်းကိုသာ ပြည့်ပြည့်ဝဝနားလည်နိုင်လျှင် နိဗ္ဗာန်ကိုပင် မြင်နိုင်မည်ဟု ယူဆနိုင်လေသည်။

ထို့ပြင် အာလာယဝိညာဏသည် မပျက်စီးနိုင်သည့် သွင်ပြင်လက္ခဏာရှိသည့်အတွက် အရာအားလုံး၏ အခြေခံလည်း ဖြစ်လေသည်။

အာလာယဝိညာဏသည် စစ်မှန်သည့် သဘာဝတရားနှင့်ဆင်တူသလို ဝိညာဏအားလုံး၏ အရင်းအမြစ်လည်း ဖြစ်လေသည်။ အစစ်အမှန်လည်းဖြစ်သလို ယုံမှားခြင်းလည်း ဖြစ်နိုင်လေသည်။ အမှန်တရားလည်းဖြစ်သလို မှားယွင်းမှုလည်း ဖြစ်နိုင်သည်။

အမှားနှင့်အမှန် တစ်သားတည်းကျနေသည်လည်း ဖြစ်နိုင်လေသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသာ ပျက်စီးခဲ့ခြင်းမရှိလျှင် 'အာလာယဝိညာဏ' ၏ နက်နဲသည့် အစိပ္ပါယ်ကို ဆန်းလျန်နားလည်မည်ပင် မဟုတ်ပေ။

ထို့ပြင် ချင်းဆွေထျန်းကောင်းကင်ဘုံကဲ့သို့ အန္တရယ်ကင်း သည့် နေရာတစ်ခုတွင် နေခွင့်မရပါကလည်း ထိုသို့ တရား အလင်းပွင့်သွားလိမ့်မည် မဟုတ်ပေ။

အရာအားလုံး ကျိုးကြောင်းညီညွတ်သွားသောကြောင့်သာ ဆန်းလျန်အတွက် ယခုကဲ့သို့ အကျိုးကျေးဇူးရရှိခြင်း ဖြစ်လေ သည်။

ဆန်းလျန်ယခုကဲ့သို့ ကျင့်စဉ်လမ်းအဆင့်တက်သွားခြင်းမှာ သူ၏ ကံကောင်းခြင်းနှင့်လည်း သက်ဆိုင်လေသည်။ သူသည် ငါးမျှားနေရင်းမှာပင် အာလာယဝိညာဏကို နားလည် သဘောပေါက်ကာ အရာရာကို ရှင်းရှင်းလင်းလင်း သိမြင်လာ ခဲ့ခြင်း ဖြစ်လေတော့သည်။

အခန်း (၈၂၄) ချင်းဆွေထျန်းကောင်းကင်ဘုံမှာပျံ့လွင့်လာသည့်ငါးကင်ရနံ့

ဆန်းလျန်သည် နေ့မနားညမနား အာလာယဝိညာဏ

အကြောင်းကို အပြန်ပြန်အလှန်လှန် လေ့လာသုံးသပ်နေခဲ့လေသည်။

ငါးမျှားကြိုးသည် ရေကန်ထဲတွင် လွင့်မျောနေသည်။

ငါးမျှားတံတွင် ငါးမျှားကြိုးသာရှိပြီး ငါးမျှားချိတ်မရှိပေ။

ထို့အတူ ရေကန်ထဲတွင်လည်း ဆန်းလျန်ဖန်ဆင်းထားသည့်ငါးများ မရှိတော့ဘဲ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

လီချင်းဆွေက ရေကန်နံဘေးတွင် ထိုင်နေလေသည်။

ရေကန်ထဲတွင် လီချင်းဆွေ၏ အရိပ်က ထင်ဟပ်နေလေသည်။ သို့သော်... ယခုတော့ ဆန်းလျန်၏ မိုန်ဖျော့သည့်

အရိပ်သည်လည်း ရေကန်ထဲတွင် ထင်ဟပ်လာပြီ ဖြစ်လေသည်။ သို့ရာတွင်... ဆန်းလျန်၏အရိပ်က လီချင်းဆွေ၏ အရိပ်လောက် ကြည်လင်ပြတ်သားခြင်း မရှိပေ။

သို့သော်... ထိုအချက်ကို ကြည့်ပြီး ဆန်းလျန်၏ တာအို စွမ်းအား မည်မျှနက်ရှိုင်းသည်ကို လီချင်းဆွေ သိလိုက်လေသည်။ သိပ်မကြာမီတွင် သူမကို မီလာတော့မည် ဖြစ်လေသည်။

ဆန်းလျန်၏ ဒဏ်ရာသည် လုံးလုံးလျားလျား ပျောက်ကင်းသွားခြင်း မရှိသေးပေ။ သူ၏ နတ်ဘုရားခန္ဓာသည်လည်း ဖြူဖျော့ပါးလျားလျှက် ရှိနေသေးသည်။

သို့သော်... ဆန်းလျန်ကတော့ လက်ရှိအချိန်တွင် သူ၏ ဒဏ်ရာကို အာရုံမစိုက်ပေ။ သူက အာလာယဝိညာဏကိုသာ အာရုံစိုက်လေ့လာနေလေသည်။

အာလာယဝိညာဏထဲတွင် ဓမ္မအားလုံး၏ မျိုးစေ့များကို သိုဝှက်ထားပြီး အရင်က မသိရှိခဲ့သည့်အတွက်ပင် နောင်တရ နေမိသည်။

လောကတစ်ခုလုံးတွင် ဆန်းလျန်ထက်ဓမ္မကိုနားလည်နိုင်သူ ဆို၍ အနည်းငယ်သာ ရှိပေလိမ့်မည်။ ဆန်းလျန်သည် ဓမ္မကို အလုံးစုံနီးပါး နားလည်ရုံသာမက ကျင့်ကြံခြင်းအဆင့်လည်း နက်ရှိုင်းလှလေသည်။

ယခု… အာလာယဝိညာဏကို နားလည်လိုက်သည့်အခါတွင် တော့ သူသိထားသည့် ဓမ္မသည် ပြီးပြည့်စုံခြင်း မရှိသေးသည် ကို နားလည်သဘောပေါက်သွားလေသည်။ လိုအပ်ချက်များရှိ နေဆဲ ဖြစ်လေသည်။

ဆန်းလျန်က အာလာယဝိညာဏကို ပိုပြီးနားလည်လာလေလေ သူ၏ မူလဝိညာဉ်သည် ပိုပြီး အေးချမ်းလာလေလေ ဖြစ်လေ သည်။ သူ၏စိတ်များကလည်း တည်ငြိမ်သည်ထက် တည်ငြိမ်

လာပြီး အရာအားလုံး၏ အနှစ်သာရများကို ပို၍ပို၍ ရှင်းလင်းစွာ သိမြင်လာသည်။

သူ၏စိတ်အစဉ်သည် ပြီးပြည့်စုံပြီး စင်ကြယ်နေလေသည်။

ဆန်းလျှန်သည် ဗုဒ္ဓနှင့် တာအိုဆရာသခင်ကြီးများ ပိုင်ဆိုင်သည့် စိတ်အခြေအနေကို တဖြည်းဖြည်း သဘောပေါက်လာလေသည်။

သူသည် လောကီမှ ကင်းလွတ်နေလေသည်။ သူ့တွင် အတွေးမရှိ ၊ ထင်ယောင်ထင်မှားမရှိ ၊ လှုပ်ရှားမှုမရှိ ၊ အမည်နာမမရှိ ....။

သူ၏ လောကကို ရှုမြင်သုံးသပ်ပုံမှာ ပိုပြီး အံ့သြစရာကောင်းလာလေသည်။

တဖြည်းဖြည်း သူ၏ အသက်ရှူသံများ ပြောင်းလဲသွားလေသည်။ သူ၏ အသက်ရှူသံသည် တာအိုကာရံညီလျှက်ရှိပြီး ကျင့်စဉ်စွမ်းအားများ အားလုံး ပါဝင်လျှက်ရှိလေသည်။

ဆန်းလျန်၏ အသက်ရှူသံသည် တာအိုကာရံညီနေရုံသာမက ကောင်းကင် ၊ မြေကြီး ၊ တောင် ၊ ရေ ၊ မီး ၊ လေ ၊ ရွှံ့နွံနှင့် မိုးကြိုးဆိုသည့် ဒြပ်စင်စွမ်းအား (၈)မျိုးကိုပါ ဖော်ကျူးပြနေသကဲ့သို့ ရှိလေသည်။

ထိုသို့ဖြစ်နေရခြင်းမှာ ဆန်းလျန်၏ တန်ခိုးစွမ်းအား မြင့်မားမှုကြောင့်မဟုတ်ဘဲ အာလာယဝိညာဏ၏ နက်နဲမှုကြောင့်သာ ဖြစ်လေသည်။

ချင်းဆွေထျန်းကောင်းကင်ဘုံမှ နတ်ဘုရားများသည် နက်နဲသည့် ကျင့်စဉ်စွမ်းအားများကို ခံစားလိုက်မိကြလေသည်။ သူတို့သည် မည်သည့်ကျင့်စဉ်က ထိုမျှနက်ရှိုင်းသည်ကို နားမလည်ကြသည့်တိုင် ကျင့်စဉ်၏ စင်ကြယ်မှုကို ခံစားလိုက်မိကြလေသည်။

ထို့ကြောင့် သူတို့အားလုံးသည် ကျောက်သားဂေဟာတည်ရှိရာ ရေကန်နံဘေးသို့ စုရုံးရောက်ရှိလာကြလေတော့သည်။

နက်ရှိုင်းသည့် ကျင့်စဉ်၏ စင်ကြယ်မှုသည် သူတို့ကို

ချည်နှောင်ထားသည့် နှောင်ကြိုးများကိုပင် ဖြတ်တောက်

ပစ်လိုက်သည့်အလား ခံစားလိုက်ရပြီး သူတို့အားလုံး၏ စိတ်

အစဉ်သည် လွတ်လပ်ကြည်လင်လျှက် ရှိလေသည်။

အချို့နတ်ဘုရားများဆိုလျှင် ကျင့်ကြံခြင်းအဆင့်များပင်

တက်ရောက်နိုင်သွားကြလေသည်။

မည်သူမှ လက်လွှတ်မခံသင့်သည့် အခွင့်အရေးတစ်ခုပင် ဖြစ်

လေသည်။

အရေးကြီးဆုံးအချက်မှာ...

ဆန်းလျန်မှ ပြသထားသည့် ကောင်းကင်၊ မြေကြီး၊ တောင်၊

ရေ၊ မီး၊ လေ၊ ရွှံ့နွံနှင့် မိုးကြိုးဆိုသည့် ဒြပ်စင်စွမ်းအား

(၈)မျိုးဖြစ်လေသည်။

ထိုအချက်က သူတို့ကို ထိုက်ယီထျန်းရှန်းအဆင့်သို့ တက်

ရောက်နိုင်ရန် များစွာ အထောက်အကူပြုလျှက် ရှိလေသည်။

လောကတွင် နတ်ဘုရားများစွာရှိသည့်တိုင် ထိုက်ယီထျန်းရှန်း

အဆင့်သို့ တက်ရောက်နိုင်သည့် နတ်ဘုရားကတော့ တစ်သိန်း

မှာတစ်ယောက်ပင် မရှိပေ။ ရှာမှ ရှားလှလေသည်။

ယခုတော့...

စကြာဝဠာစတင်ဖွင့်လှစ်သည့်အချိန်မှစတင်ပြီး ယခုကဲ့သို့ ထို

က်ယီထျန်းရှန်းအဆင့်သို့ နတ်ဘုရားများ အစုလိုက်

အပြုံလိုက်အဆင့်တက်ရောက်သွားခြင်းမျိုး တစ်ခါမှ မရှိခဲ့ဖူး

ပေ။

ခမ္မကိုသိမြင်နားလည်မှု ၊ အခွင့်အရေး ၊ အချိန်အခါအလိုက်

အောင်မြင်မှု ရရှိသွားကြခြင်းသာ ဖြစ်လေသည်။

ဆန်းလျန်သည် မထင်မှတ်စွာပင် ချင်းဆွေထျန်း

ကောင်းကင်ဘုံတစ်ခုလုံးမှ နတ်ဘုရားများကို တရားအလင်း

ရရှိရန် သင်ကြားပေးလိုက်သကဲ့သို့ ရှိလေတော့သည်။

နတ်ဘုရားများ၏ ရင်ထဲမှ ပဟေဠိများ ၊ ကံတရားနှင့် ပတ်သက်သည့်အခက်အခဲများအားလုံးကို ဖြေရှင်းပေးလိုက်နိုင်လေသည်။

လွယ်ကူသည်ဟု ထင်ရသည့်တိုင် အာလာယဝိညာဏကို နားလည်သဘောပေါက်နိုင်သူ လောကတွင် အလွန်မှ နည်းပါးလွန်းသည်။

ရှမ်တုတောက်ကျွင်းနှင့် တာအိုဆရာလီချင်းဆွေပင် သိမြင်နိုင်ရန် မဖြစ်နိုင်ပေ။ သူတို့သည် ဆန်းလျန်နှင့်မတူကြပေ။ အနည်းငယ်အဆီငေ့နေကြပြီး အလင်းပျောက်ဆုံးနေခဲ့ကြလေသည်။

လီချင်းဆွေသည် ဆန်းလျန်ကို ကြည့်ပြီး စကားတစ်ခွန်း ပြောလိုက်မိသည်။

"ပင်လယ်ရေခမ်းတော့ ပုလဲပေါ်လာတယ်၊ တိမ်ကင်းစင်တော့ လမင်းထွန်းလင်းလာတယ်၊ နောက်ဆုံးတော့ မင်းအတွက် အခွင့်အရေးရသွားခဲ့ပြီပေါ့...."

အခွင့်အရေးတစ်ခုရဖို့ဆိုသည်က ရှားပါးကိစ္စဖြစ်လေသည်။ ထို့ကြောင့် လီချင်းဆွေက အခြားသူများ ဆန်းလျှန်ကို အနှောက်အယှက်ဖြစ်စေမည်ကို စိတ်ပူသွားမိသည်။

ထို့ကြောင့် သူမက ကျောက်သားဂေဟာအပြင်ဘက်ရှိ ရေကန်နံဘေးတွင် စုရုံးနေကြသည့် နတ်ဘုရားများရှိရာသို့ ထွက်ခွာလာခဲ့လေသည်။

နတ်ဘုရားများသည် ဆူညံစွာဖြင့် အော်ဟစ်စကားပြောနေကြလေ၏။

လီချင်းဆွေက စြက်ာလမ်းအနီးအနားမှ နတ်ဘုရားတစ်ပါးကို ခပ်တိုးတိုးလှမ်းပြောလိုက်သည်။

"တိတ်တိတ်နေကြ၊ သိပ်မအော်ကြနဲ့..."

ဆန်းလျှန် အနှောက်အယှက်ဖြစ်မည်ကို စိတ်ပူသည့်အတွက် လီချင်းဆွေက နတ်ဘုရားများကို တားဆီးလိုက်ခြင်း ဖြစ်သော်လည်း အာလာယဝိညာဏအဆင့်ဖြင့် စျာန်ဝင်စားနေသူ တစ်ယောက်ကို မည်သည့်ဆူညံသံကမှ နှောက်ယှက်နိုင်ခြင်းမရှိသည်ကို လီချင်းဆွေ သိရှိခဲ့ခြင်း မရှိပေ။

ဆန်းလျှန်၏ နတ်ဘုရားခန္ဓာသည် ယခင်ကအတိုင်း လူသားတစ်ယောက်အသွင် ပြန်လည် ရုပ်လုံးပေါ်လာခဲ့ပြီ ဖြစ်လေသည်။ အရာအားလုံးသည် ဆန်းလျှန်အဖြစ် ပြန်လည်ဖြစ်တည်လာခဲ့လေသည်။

....

အချိန်ခဏလေးအတွင်းမှာပင်...

(၁) လ ဆိုသည့်အချိန်က ကုန်ဆုံးသွားခဲ့ပြီ ဖြစ်သည်။

ဆန်းလျှန်၏ အဝတ်အစားများသည် အစွန်းအထင်းတစ်စက်ကလေးပင် မရှိဘဲ သန့်ရှင်းလျှက်ရှိသည်။ ဆန်းလျှန်၏ ခန္ဓာကိုယ်မှ နတ်ဘုရားအလင်းတန်းများဖြာလင်းနေပြီး

စကြာဝဠာကိုပင်ထိုးဖောက်ကာ သံသရာတစ်ဖက်ကမ်းသို့

ကျော်လွန်သွားတော့မည့်အလား ထင်မှတ်ရသည်။

ဆန်းလျန်က မျက်လုံးများကို ဖြည်းဖြည်းချင်းဖွင့်လိုက်လေ

သည်။

ဆန်းလျန်၏ ညာဘက်မျက်လုံးတွင် မှောင်မိုက်သည့်

စကြာဝဠာကြီးကို တွေ့မြင်နိုင်ပြီး ဘယ်ဘက်မျက်လုံးတွင်

တော့ သက်ရှိများစတင်ဖြစ်တည်လာသည်ကို တွေ့မြင်ရမည်

ဖြစ်လေသည်။

ထို့နောက်တွင်တော့... စကြာဝဠာကြီးရော သက်ရှိများပါ

ပျောက်ကွယ်သွားပြီး ဆန်းလျန်၏မျက်ဝန်းများက ရေစင်

အလား ကြည်လင်ရှင်းသန့်သွားလေသည်။

ဆန်းလျန်၏ နတ်ဘုရားခန္ဓာမှာ အတော်လေး ကျစ်လျစ်

သိပ်သည်းနေပြီဖြစ်သော်လည်း တန်ခိုးစွမ်းအားများကတော့

အားနည်းနေဆဲ ဖြစ်လေသည်။

အပြည့်အဝ ဒဏ်ရာသက်သာသွားခြင်းတော့ မဟုတ်သေးပေ။ ဆန်းလျန်သည် မွေးကင်းစကလေးငယ်တစ်ယောက်နှင့်တူနေလေသည်။ ကျန်းမာသော်လည်း စွမ်းအားများ သိပ်မရှိသေးပေ။

သို့သော်... ပြန်လည်မွေးဖွားလာခြင်းမဟုတ်သည်ကို ဆန်းလျန်ကိုယ်တိုင်သာ သိရှိလေသည်။ သူသည် ဒဏ်ရာအနည်းငယ်သက်သာလာရုံမျှသာ ရှိသေးသည်။

ဆန်းလျန်သည် တာ့လော်အဆင့်သို့ တက်ရောက်သွားပြီလားဆိုသည်ကို သူကိုယ်တိုင်မခန့်မှန်းနိုင်သော်လည်း အလွန်နေလို့ထိုင်လို့ ကောင်းနေသည်ကိုတော့ ခံစားမိလေသည်။ သို့သော်... တန်ခိုးစွမ်းအားများကိုတော့ သိပ်ပြီး အသုံးပြုနိုင်ခြင်း မရှိသေးပေ။

ဆန်းလျန်က ကျောကိုဆန့်ကာ ခပ်မတ်မတ်ထိုင်လိုက်ပြီး လီချင်းဆွေကို လှမ်းကြည့်လိုက်သည်။

"ကျေးဇူးတင်ပါတယ် တာအိုဆရာချင်းဆွေ...."

လီချင်းဆွေက...

"မင်း ငါ့ကို ချင်းဆွေလို့ပဲ ခေါ်လို့ရပါတယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း....

"မဟုတ်တာ... တာအိုဆရာချင်းဆွေက ကျွန်တော့်ရဲ့ ဘိုးဘေး

ဆရာသခင်ပဲ မဟုတ်ဘူးလား ၊ ဆန်းလျန် မလေးမစား မလုပ်

ဝံ့ပါဘူး..."

လီချင်းဆွေက...

"အဲဒါတွေကို မေ့ထားလိုက်တော့ ..."

ဆန်းလျန်က...

"ဒါဖြင့်လည်း ကျေးဇူးတင်ပါတယ်ဗျာ ... ချင်းဆွေ..."

လီချင်းဆွေသည် ဆန်းလျန်ကို မိတ်ဆွေတစ်ယောက်အဖြစ်

အသိအမှတ်ပြုလိုက်သည့်အတွက် သူမ၏ နာမည်ကို ခေါ်ခွင့်

ပြုလိုက်ခြင်း ဖြစ်လေသည်။

သူမ၏မျက်လုံးထဲတွင် ဆန်းလျန်ကို မြေးတပည့်တစ်ယောက်

အဖြစ် သတ်မှတ်ထားဆဲ ဖြစ်သည့်တိုင် ဘာမဟုတ်သည့်

အခေါ်အဝေါ်များကို အရေးစိုက်မနေချင်တော့ပေ။

ဆန်းလျန်က...

"ချင်းဆွေကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ချင်းဆွေထျန်း

ကောင်းကင်ဘုံလို အန္တရယ်ကင်းတဲ့ နေရာမှာသာ နေခွင့်မရခဲ့

ရင် ကျွန်တော် အခုလို ကျင့်ကြံနိုင်ခဲ့မှာ မဟုတ်ဘူး...၊ အဲဒါဆို

ရင် ဒဏ်ရာလည်း သက်သာလာမှာ မဟုတ်ဘူးလေ..."

လီချင်းဆွေက...

"ငါကလည်းမင်းကို ကျေးဇူးတင်ပါတယ်၊ မင်းဆီက သိလိုက်

ရတဲ့ တရားအလင်းတွေကြောင့် ငါ့ဒဏ်ရာ ပျောက်ကင်းမသွား

ပေမယ့် ဒဏ်ရာ ပိုပြီးဆိုးမလာအောင် တားဆီးထားလိုက်နိုင်

ပြီ..."

လီချင်းဆွေ၏ ခန္ဓာကိုယ်မှ အလင်းတန်းများဖြာလင်းလာလေ

သည်။

ထို့နောက် သူမ၏ မျက်ဝန်းအိမ်များမှာ နှင်းပွင့်ကဲ့သို့ ဖြူစင်

သည့် အဖြူရောင်အဖြစ် ပြောင်းလဲသွားလေသည်။

ဆန်းလျန်က...

"အော်မီတော်ဖူဘုရားရဲ့ အလင်းတန်းလက်သီးက မယုံနိုင်စရာ

ပဲ ၊ တာအိုဆရာချင်းဆွေရဲ့ ကျင့်ကြံခြင်းအဆင့်နဲ့တောင်

ဒဏ်ရာကို ပျောက်အောင် မကုသနိုင်ဘူး..."

လွန်ခဲ့သည့် (၁)လကထက်ဆာလျှင် ဆန်းလျန်၏ တန်ခိုး

စွမ်းအားများ အနည်းငယ် အားကောင်းလာပြီ ဖြစ်

သည့်အတွက် လီချင်းဆွေ၏ တန်ခိုးစွမ်းအားနက်ရှိုင်းမှုနှင့်

ဒဏ်ရာအခြေအနေကို ဆန်းလျန် ခန့်မှန်းနိုင်လိုက်ပြီ ဖြစ်လေ

သည်။

လီချင်းဆွေက...

"ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီ သံသရာကို ကျော်လွန်မသွား ခင်အချိန်တုန်းက တာအိုဆရာသခင်ကြီး(၆)ပါး လောကမှာ ရှိ ခဲ့သေးတယ်၊ အဲဒီအထဲမှာ ထိုက်စန့်လောင်ကျွင်းနဲ့ အော်မီ တော်ဖူဘုရားက စွမ်းအား အမြင့်မားဆုံးပဲ၊ ကျန်တဲ့သူတွေ ကတော့ ဒီလောက်မဟုတ်ပါဘူး၊ ပြင်ပရတနာပစ္စည်းတွေ အကူအညီနဲ့ တာအိုဆရာသခင်ကြီးတွေ ဖြစ်ခဲ့ကြတာ၊ အော်မီ တော်ဖူဘုရားနဲ့ ထိုက်စန့်လောင်ကျွင်းကတော့ လုံး၀ လွတ်လပ် ကြတဲ့ သူတွေပဲ..."

လီချင်းဆွေက ပြုံးလိုက်ပြီး စကားဆက်ပြောလိုက်သည်။

"ဒါပေမဲ့ သံသရာကို ကျော်လွန်ပြီဆိုမှတော့ အဆင့် အနိမ့် အမြင့်တွေက ဘာမှ အရေးမပါတော့ပါဘူး...၊ မင်းလည်း တာ အိုဆရာသခင်ကြီးတစ်ပါးဖြစ်သွားရင် သံသရာကို ကျော် လွန်သွားနိုင်မှာပါ..."

ဆန်းလျန်က...

"ဟုတ်ပါတယ်၊ မြစ်ကိုဖြတ်ကူးတဲ့အခါ လှေနဲ့ပဲကူးကူး၊ တံတားနဲ့ပဲ ကူးကူး၊ ရေပဲကူးသွားသွား၊ သံသရာတစ်ဖက်ကမ်းကို ရောက်သွားတာတော့ အတူတူပါပဲ၊ မတူတာကတော့ သံသရာတစ်ဖက်ကမ်းကို မကျော်လွှန်နိုင်သေးဘဲ သံသရာလည်နေဆဲ လူတွေပါပဲ..."

လီချင်းဆွေက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ထိုက်စန့်လောင်ကျွင်းကတော့ တံတားဆောက်ခဲ့တဲ့သူပဲ၊ သူက တာအိုတေချင်ကျမ်းကို ထားခဲ့တယ်လေ၊ အခုအချိန်ထိ ဘယ်သူမဆို အဲဒီကျမ်းစာကိုအသုံးပြုပြီး သံသရာတစ်ဖက်ကမ်းကို ကူးနိုင်နေဆဲပဲ၊ အော်မီတော်ဖူဘုရားကတော့ လှေနဲ့ သွားခဲ့တဲ့ သဘောမျိုးပဲ၊ ဒါကြောင့် မဟာယာနဗုဒ္ဓဘာသာဆိုတာ ပေါ်ထွက်လာခဲ့တာပေါ့၊ မင်းလည်း ဒီနေ့ ဒီလိုမျိုး ကျင့်ကြံနိုင်တာဟာ သူတို့ လက်ဆင့်ကမ်း အမွေထားခဲ့တဲ့ ကျမ်းစာတွေကြောင့်ပဲ မဟုတ်လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တာအိုဆရာချင်းဆွေကရော... တံတားဆောက်ပြီး မြစ်ကိုကူးမှာလား ၊ ရေကူးပြီး မြစ်ကိုဖြတ်ကူးမှာလား..."

လီချင်းဆွေက နောက်ပြောင်လိုသည့်ဟန်ဖြင့် ပြုံးရယ်လိုက်ရင်း...

"မင်း မြစ်ကိုဖြတ်ကူးရင်သာ ငါ့ကို ကုန်းပိုးပြီး ခေါ်သွားလေ..."

ဆန်းလျန်က ရယ်မောနေလိုက်ပြီး မည်သည့်စကားမှ မပြောတော့ပေ။

ဆန်းလျန်က ငါးမျှားကြိုးကို ရေထဲမှ ဆွဲတင်လိုက်သည့်အခါ ထူးဆန်းစွာပင် ငါးတစ်ကောင်ပါလာသည်ကို တွေ့လိုက်ရလေသည်။

ဆန်းလျန်က ငါးကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ကိုင်တွယ်လိုက်ပြီး ကန်ဘောင်ပေါ်တွင် မီးဖိုတစ်ခုဖန်ဆင်းကာ ငါးကင်လိုက်လေသည်။

အပြင်ဘက်တွင်ရှိနေသည့် နတ်ဘုရားများမှာ မီးခိုးနံ့ထွက်ပေါ်လာသည်နှင့် ချက်ချင်းသိလိုက်ကြလေသည်။

"တာအိုဆရာချင်းဆွေရဲ့ ကျောက်သားဂေဟာထဲမှာ မီးလောင်တဲ့အနံ့ရတယ်..."

"အေး... ဘာဖြစ်လို့လဲ မသိဘူး..."

နောက်ထပ်နတ်ဘုရားတစ်ပါးက...

"အဲဒါ ငါးကင်နံ့မဟုတ်ဘူးလား..."

နတ်ဘုရားများသည် အစားအသောက်စားရန် မလိုအပ်ကြသော်လည်း တစ်ခါတစ်ရံတွင်တော့ အရသာခံသည့်အနေဖြင့် အစားအသောက်လည်းစားကြသလို သေရည်လည်းသောက်လေ့ရှိကြလေသည်။

ယခု တာအိုဆရာလီချင်းဆွေ၏ ကျောက်သားဂေဟာအတွင်းမှာ ငါးကင်ရနံ့များ လှိုင်လှိုင်ထွက်နေသည့်အတွက် စားချင်

စိတ်များ ဖြစ်လာကြသည့်တိုင် မည်သူမှ တာအိုဆရာလီချင်း

ဆွေ၏ ကျောက်သားဂေဟာအတွင်းသို့ မဝင်ရဲကြပေ။

အပြင်ဘက်မှ ဆူဆူညံညံအသံများကြောင့် လီချင်းဆွေက

အပြင်သို့ တစ်ချက်လှမ်းကြည့်လိုက်လေသည်။

"ဒီနေရာမှာ မီးမွှေးတာ ငါ သဘောမကျဘူးနော် ၊ ဒီတစ်ကြိမ်

တော့ရှိပါစေ ၊ နောက်တော့ ဘယ်တော့မှ မလုပ်နဲ့..."

လီချင်းဆွေက ဆန်းလျန်ကိုပြောလိုက်သည်။

ပြောသာပြောလိုက်ရသည် ဆန်းလျန်ကင်နေသည့် ငါးကင်ကို

သူမ အနည်းငယ် စိတ်ဝင်စားနေမိလေသည်။

ကျင့်စဉ်လမ်းတစ်လျှောက် သူမ အစားအသောက်မစားခဲ့

သည်မှာ ကြာပြီဖြစ်သလို သူမအတွက် တကူးတက

အစားအသောက် ပြုလုပ်ပေးသူဆို၍ မည်သူမှ မရှိခဲ့ပေ။

ဆန်းလျန်က ငါးကင်ကို ဖွယ်ဖွယ်ရာရာပြင်ဆင်ပြီး လီချင်း

ဆွေရှေ့သို့ ချပေးလိုက်သည်။

ထို့နောက် သူကိုယ်တိုင်က ငါးကင်မစားဘဲ လီချင်းဆွေ

ငါးကင်စားသည်ကိုသာ ကြည့်နေခဲ့လေသည်။

ကျင့်စဉ်လမ်းကိုလျှောက်လှမ်းခဲ့သည့်အတွက်သာ ခံစားချက်

များကို ဖြတ်တောက်ခဲ့သော်လည်း တကယ်တမ်းတွင် လီချင်း

ဆွေ၏ နှလုံးသားသည် အေးစက်မာကျောခြင်း မရှိခဲ့ပေ။

ဆန်းလျန်ကင်ပေးသည့် ငါးကင်ကို စားပြီးသည့်နောက် လီ

ချင်းဆွေမှာ ယခင်ကထက်ပိုပြီး နူးညံ့လာလေသည်။

ဆောင်းရာသီကဲ့သို့ အေးစက်သည့် သူမ၏နှလုံးသားသည်

နွေဦးရာသီအလား နွေးထွေးလာလေသည်။

သူမက ငါးကင်ကို ကုန်အောင် စားလိုက်ပြီးသည်နှင့်...

"ဆန်းလျန်... မင်း ငါး နောက်တစ်ကောင် ကင်ချင်တယ်ဆို

လည်း ဒီနေ့တော့ ထပ်ကင်လိုက်လေ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တာအိုဆရာချင်းဆွေက ထပ်ပြီးတော့ ငါးကင် စားချင်သေး

လို့လား..."

လီချင်းဆွေက...

"ဟွန်း... မင်းရဲ့ ငါးကင်က သိပ်လည်း အရသာမရှိပါဘူး ၊ ပြီး

တော့ နောက်ဆိုရင် ဒီနေရာမှာ ဘယ်တော့မှ ငါးလာမကင်နဲ့၊

အခုက မင်းစားဖို့ တစ်ကောင်လောက် ထပ်ကင်ခိုင်းတာ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မကင်တော့ပါဘူး..."

လီချင်းဆွေက..

"ဘာဖြစ်လို့လဲ..."

ဆန်းလျန်က...

"ကျွန်တော်က ငါးစားရတာမှ မကြိုက်တာ ၊ တကယ်ပြော

တာ..."

လီချင်းဆွေက မနေနိုင်တော့ဘဲ ရယ်မောလိုက်လေ

တော့သည်။

"မင်းက တကယ်ရယ်ရတာပဲ..."

ဆန်းလျန်က...

"တာအိုဆရာချင်းဆွေက ထင်သလောက်လည်း အေးစက်တဲ့

လူတစ်ယောက် မဟုတ်ပါဘူး..."

လီချင်းဆွေက....

"ငါအခု သဘောပေါက်သွားပြီ၊ အကြောင်းနာကင်းမဲ့တဲ့ တာအို

ဆရာသခင် ထိုက်ယီတောင် ဘာလို့ မိတ်ဆွေအပေါင်းအသင်း

တွေထားသလဲဆိုတဲ့ အချက်ကိုပေါ့..."

အခန်း (၈၂၅) ဇာတ်လမ်းအဆုံးတွင် ဆန်းလျန်သာလျှင် အတော်ဆုံး

လီချင်းဆွေက စိတ်ဝင်စားစရာကောင်းသည်ဟု ဆန်းလျန် တွေးလိုက်မိသည်။

သူမက တာအိုဆရာသခင်ထိုက်ယီကို မထီမဲ့မြင်ပြုနေသော်လည်း ရင်ထဲကတော့ လေးစားချစ်ခင်နေခဲ့လေသည်။

လီချင်းဆွေ အဘယ့်ကြောင့် ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်ရောက်နိုင်ခြင်းမရှိသည်ကို ဆန်းလျန် သဘောပေါက်သွားရသည်။

အဘယ်ကြောင့်ဆိုသော်... သူမ၏ရင်ထဲတွင် အနှောင်အဖွဲ့တစ်ခုက ရစ်နွယ်နေသေးသောကြောင့် ဖြစ်လေသည်။ ထိုအနှောင်အဖွဲ့သည် တာအိုဆရာသခင် ထိုက်ယီနှင့် ပတ်သက်နေသည်။

ထိုအနှောင်အဖွဲ့ကို လီချင်းဆွေနှင့် တာအိုဆရာသခင်ထိုက်ယီ ကိုယ်တိုင်သာလျှင် ဖယ်ရှားနိုင်ပေလိမ့်မည်။ မည်သူမှ ပါဝင်ပတ်သက်ခွင့်ရှိမည် မဟုတ်ပေ။

ဆန်းလျန်က တိုးလျသည့်လေသံဖြင့်...

"ဘယ်သူမဆို မိတ်ဆွေအပေါင်းအသင်း ရှိသင့်တာပေါ့၊ မဟုတ်ရင် ပျင်းစရာကောင်းနေမှာ..."

လီချင်းဆွေက...

"အခု မင်းနဲ့ငါ မိတ်ဆွေတွေ ဖြစ်သွားပြီလေ..."

လီချင်းဆွေက "ငါ့မှာ မိတ်ဆွေသူငယ်ချင်းမရှိဘူး" ဟု ပြောလိမ့်မည်ဟု ဆန်းလျန်က တွေးထင်ထားခဲ့လေရာ အထင်နှင့် အမြင် မှားသွားခဲ့လေသည်။

ယခုတော့ သူမက ပွင့်လင်းရိုးသားစွာပင် ဆန်းလျန်က သူ၏မိတ်ဆွေဖြစ်သည်ကို ဝန်ခံလိုက်ပြီ။

ထိုသို့ စိတ်ရင်းမှန်သည့်အတွက် သူမသည် ကျင့်စဉ်လမ်းတွင် အောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်က ထိုအကြောင်းဆက်မပြောတော့ဘဲ စကား လမ်းကြောင်းပြောင်းလိုက်သည်။

"ကျွန်တော် ချင်းဆွေအတွက် ဘုရင်ရှစ်ပါးနန်းတော်က မီးအိမ် ကို သွားယူပေးပါ့မယ်၊ ဒါပေမဲ့ မီးအိမ်ကို သွားမယူခင် ဗောဓိ ပင်ကို အရှင်ရှာရဦးမယ်၊ ဗောဓိပင်ကို ဘယ်လိုရှာရမလဲဆို တာ ချင်းဆွေများ သိနိုင်မလား..."

အဘယ့်ကြောင့် ဗောဓိပင်ကို ဆန်းလျန် ရှာဖွေချင်ရသည်ကို လီချင်းဆွေ သိလိုက်သည်။

ဆန်းလျန်သည် အာလာယဝိညာဏကို အပြည့်အဝ နားလည် သဘောပေါက်ခြင်း မရှိသေးပေ။ ထို့ကြောင့် ဗုဒ္ဓကိုယ်တော် တိုင် တရားအလင်းရခဲ့လေသည့် ဗောဓိပင်ကို ရှာဖွေကာ အာ

လာယဝိညာဏကို အပြည့်အဝနားလည်ရန် ကြိုးစားချင်သောကြောင့် ဖြစ်လေသည်။

ရှမ်တုတောက်ကျွင်းသည် အလွန်တရာတန်ခိုးစွမ်းအားမြင့်မားနေသည်မှာ ဆန်းလျန် ကိုယ်တွေ့ပင် ဖြစ်သည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအားများအားလုံးပြန်လည်ပြည့်ဝနေပြီး လီချင်းဆွေသည်လည်း ဒဏ်ရာရနေခြင်း မရှိသည့်အချိန်တွင် သူတို့ (၂)ယောက်ပူးပေါင်းကာ ရှမ်တုတောက်ကျွင်းကို သွားရောက်တိုက်ခိုက်မည်ဆိုလျှင်တောင် ရှမ်တုကို အနိုင်ရရန် ရာနှုန်းအလွန်နည်းသည်။

ဟွင့်ယွမ်ဝူကျီအဆင့်သည့် အံ့သြစရာဖြစ်လေသည်။ ရှမ်တုတောက်ကျွင်းသည် လက်ရှိအချိန်တွင် အတော်ဆုံးဟု ဆိုနိုင်လေသည်။

အားလော်ဟာယ် ဒဏ်ရာရထားခြင်း မရှိလျှင်တော့ အခြေအနေများက တစ်မျိုးပြောင်းသွားနိုင်လေ၏။

နောက်တစ်ချက်မှာ.... ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်တို့က အစကတည်းက မတည့်ကြပေ။ ကျောက်စိမ်းဝိညာဉ်နန်းတော်တွင် အတိတ်နှင့်အနာဂတ်ကိုပင် စိုးမိုးခြယ်လှယ်နိုင်သည့် ဖန်ကူအလံရှိလေသည်။ ရှမ်တုတောက်ကျွင်း၏လက်ထဲသို့သာ ဖန်ကူအလံရောက်ရှိသွားပါက ကျားကို အတောင်ပံတပ်ပေးလိုက်သလို ထိန်း၍ရတော့မည်မဟုတ်ပေ။

လတ်တလောဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် ရှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားများကို နတ်ဘုရားများအားလုံးက မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပြီ ဖြစ်သည်။ ထို့ကြောင့်... နတ်မိစ္ဆာအဓိပတိနန်းတော် ၊ အားလော်ဟာယ်နှင့် အခြားသူများသည် ရှမ်တုကို တိတ်တဆိတ် စောင့်ကြည့်အကဲခတ်နေကြတော့မည်မှာ အသေအချာပင်။

လီချင်းဆွေက...

"ဗောဓိသစ်ပင် ဘယ်မှာရှိလည်း ငါ မသိပါဘူး ၊ သဲမြေတွေထဲမှာလည်း ဖုံးကွယ်ထားနိုင်တယ် ၊ မြက်ခင်းပြင်တစ်ခုထက်မှာလည်း ဖုံးကွယ်ထားနိုင်တယ် ၊ ဒါမှမဟုတ် အော်မီတော်ဖူဘုရားရဲ့ သုခဘုံမှာလည်း ရှိကောင်းရှိနေနိုင်တယ်..."

ဆန်းလျန်က...

"ဒါကြောင့်လည်း ကြာပန်းတစ်ပွင့်က ဘုရားတစ်ဆူ ၊ ကြာရွက်တစ်ရွက်က ဗောဓိပင်တစ်ပင်လို့ အဆိုရှိခဲ့ကြတာမဟုတ်လား..."

လီချင်းဆွေက ခေါင်းညိတ်လိုက်ပြီး...

"ဗုဒ္ဓဘာသာ ရှုထောင့်ကကြည့်ရင်တော့ ဟုတ်ပါလိမ့်မယ်..."

ဆန်းလျန်က...

"ဗောဓိပင်က ဘာဖြစ်လို့ လင်ထိုင်ဖန်းကျွမ်းတောင်မှာ မရှိဘဲ အော်မီတော်ဖူဘုရားရဲ့ သုခဘုံမှာ ရှိရတာလဲ..."

လီချင်းဆွေက...

"လင်ထိုင်ဖန်းကျွမ်းတောင်ဆိုတာက တာအိုဆရာသခင်ကြီး

တစ်ပါးဖြစ်တဲ့ ပိယွမ်ဟူဘိုးဘိုးလို့ခေါ်တဲ့ ဗောဓိဘိုးဘိုး

ဖန်ဆင်းထားခဲ့တဲ့နေရာတစ်ခုပဲ ၊ ဒါပေမဲ့ လင်စန်းတောင်နဲ့

အော်မီတော်ဖူဘုရားရဲ့ သုခဘုံလောက် မြင့်မြတ်ခြင်းမရှိဘူး ၊

ဒါကြောင့် အဲဒီနေရာမှာ ဗောဓိပင် ရှိနေမှာ မဟုတ်ဘူး..."

ဆန်းလျန်က...

"ကျွန်တော် အော်မီတော်ဖူဘုရားရဲ့ သုခဘုံကို သွားမယ်ဆိုရင်

ချင်းဆွေ ဘယ်လိုသဘောရသလဲ..."

လီချင်းဆွေက ပြုံးလိုက်ရင်း...

"သွားသင့်တာပေါ့ ၊ အော်မီတော်ဖူဘုရားရဲ့ သုခဘုံကိုသွားရင်

ဗောဓိပင်ကို မတွေ့ရင်တောင် တခြားအခွင့်အရေးတွေရလာနိုင်

တယ်..."

ဆန်းလျန်က...

"ဘာအခွင့်အရေးတွေလဲ..."

လီချင်းဆွေက...

"မင်းကိုမေးမယ် ၊ လောကမှာ ဖြတ်တောက်ဖို့ အခက်အခဲဆုံး

အရာက ဘာလဲ..."

ဆန်းလျန်က အနည်းငယ်စဉ်းစားလိုက်ပြီး...

"အကြောင်းနဲ့အကျိုး..."

ဟု ဖြေလိုက်လေသည်။

တာအိုဝါဒက "ပြဌာန်းထားပြီးသားကံကြမ္မာ" ကို ယုံကြည်

လက်ခံကြသည်။ ဗုဒ္ဓဘာသာကတော့ "အကြောင်းနှင့်အကျိုး"

ကို ပြဆိုသည်။

သို့သော်... တာအိုဝါဒ၏ "ပြဌာန်းထားပြီးသားကံကြမ္မာ"

ဆိုသည်မှာ ဗုဒ္ဓဘာသာ၏ "အကြောင်းနှင့်အကျိုး" တရားထဲ

တွင် အကျုံးဝင်လေသည်။

အကြောင်းအကျိုးကြောင့်သာ ကံကံ၏အကျိုး ဖြစ်လာရခြင်း ဖြစ်သည်။ သံသရာစက်ဝန်းလည်ပတ်နေသရွေ့ မည်သူမှ ကံကံ၏အကျိုးမှ လွတ်အောင်ထွက်ပြေးနိုင်ကြမည် မဟုတ်ပေ။

လီချင်းဆွေက...

"အော်မီတော်ဖူဘုရား သံသရာကိုကျော်လွန်သွားပြီးတဲ့ နောက်... သူက ကံတရားနဲ့ အကြောင်းအကျိုး ပတ်သက်ဆက်နွယ်မှုတွေကို လမ်းပြသွန်သင်သွားခဲ့တယ်၊ သူ့ရဲ့ သင်ပြမှုအရဆိုရင် လောကမှာ အကြောင်းနဲ့အကျိုးက ကင်းလွတ်တဲ့ အရာ ဘယ်အရာမှ မရှိဘူး၊ ငါ တန်ခိုးစွမ်းအားများကင်းလွတ်ရာ ကမ္ဘာမြေကို သွားခဲ့တုန်းက အဲဒီမှာ ထူးဆန်းတဲ့ စာကြောင်းတစ်ခု ဖတ်ခဲ့ရတယ်၊ 'လူ (၂)ယောက်ရဲ့အကွာအဝေးဟာ လူ (၆)ယောက်ကို မကျော်လွန်နိုင်ဘူးတဲ့'၊ အဲဒါ အကြောင်းအကျိုးဆက်စပ်မှုကို ဖော်ပြထားတဲ့ စာကြောင်းပဲ..."

"ပြီးတော့ သုခဘုံမှာ အကြောင်းအကျိုးနဲ့ ပတ်သက်တဲ့ ကျင့်စဉ်တွေ အများကြီးရှိတယ်၊ မင်းသာ အဲဒီကျင့်စဉ်တွေကို ကျင့်ကြံနိုင်မယ်ဆိုရင် အတိတ်နဲ့အနာဂတ်ကို ထိုးဖောက်နိုင်လိမ့်မယ်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အချိန်စီးကြောင်းကိုလည်း ပြန်လည်ပေါင်းစပ်နိုင်ကောင်းလိမ့်မယ်..."

ဆန်းလျန်က...

"အံ့သြစရာပဲ၊ ဒါဖြင့် ကျွန်တော် သုခဘုံကို ဘယ်လိုဝင်ရမလဲ၊ ပြီးတော့ ဘယ်လိုပြန်လာရမလဲ..."

လီချင်းဆွေက....

"မသိဘူးလေ၊ ဒါပေမဲ့ ဆန္ဒရှိရင် နည်းလမ်းဆိုတာ ရှိလာမှာပါ..."

ဆန်းလျန်က...

"ချင်းဆွေကလည်း ... ကျွန်တော်စိတ်ဝင်စားအောင် ပြောပြပြီးမှ တန်းလန်းကြီးထားခဲ့တယ်..."

လီချင်းဆွေက ပြုံးရုံသာပြုံးနေပြီး မည်သည့်စကားမှ မပြော

တော့ပေ။

ဆန်းလျန်သည် ဆုံးဖြတ်ချက်ခိုင်မာသူတစ်ယောက်ဖြစ်လေ

သည်။ သူလုပ်မည်ဟု ဆုံးဖြတ်ထားသည့်အလုပ်တစ်ခုသည်

မည်မျှခက်ခဲပါစေ ရအောင်လုပ်တတ်လေသည်။

ထို့နောက်တွင်တော့ ...

ဆန်းလျန်သည် အော်မီတော်ဖူဘုရား၏ သုခဘုံကို ရှာဖွေရန်

အတွက် ချင်းဆွေထျန်းကောင်းကင်ဘုံမှ ထွက်ခွာလာခဲ့လေ

တော့သည်။

"အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်အချိန်စီးကြောင်းကိုလည်း

ပြန်လည်ပေါင်းစပ်နိုင်ကောင်းလိမ့်မယ်..."

ဆိုသည့် လီချင်းဆွေ၏စကားက သုခဘုံကိုရှာဖွေရန်အတွက်

ဆန်းလျန်ကို တွန်းအားပေးလျှက် ရှိလေတော့သည်။

....

ဘုရင်ရှစ်ပါးနန်းတော်သည် ထိုက်ချင်တာအိုဆရာသခင်၏

အနွယ်တော်များနေထိုင်ရာ နန်းတော်တစ်ခု ဖြစ်လေသည်။

သို့သော်... ယခုတော့ ဘုရင်ရှစ်ပါးနန်းတော်ကို ပိုင်စိုးသူမှာ ရွှ

မ်တုတောက်ကျွင်း ဖြစ်လေ၏။

ရွှမ်တုတောက်ကျွင်းသည် ဘုရင်ရှစ်ပါးနန်းတော်၏

တိတ်ဆိတ်သည့်ခန်းမတစ်ခုထဲရှိ ကျောက်သလွန်ထက်တွင်

ထိုင်နေလေသည်။

သူ၏ ဦးခေါင်းထက်တွင် တိမ်တိုက်တစ်ခုရှိနေပြီး ထို

တိမ်တိုက်မှာ ဟွင့်ယွမ်ဝူကျီအဆင့် ထိုက်ချီတိမ်တိုက်ဖြစ်လေ

သည်။ ထိုတိမ်တိုက်ထဲတွင် ထိုက်ချင်တာအိုဆရာသခင်၏

တန်ခိုးစွမ်းအားများ ပါဝင်နေသည်။

ထိုအချိန်ခဏအတွင်းမှာပင်...

သူ၏မျက်ဝန်းများသည့် တိတ်ဆိတ်နေသည့် ခန်းမနံရံကို ကျော်လွန်ပြီး အချိန်အတားအဆီးကိုကျော်လွှားကာ မြင်ကွင်း အချို့ကို ကြည့်မြင်နေခဲ့လေသည်။

ထိုက်ချိသကော်တတစ်ခု သူ့ရှေ့တွင်ပေါ်လာပြီး ရှည်လျားသည့် ရွှေတံတားကြီးတစ်စင်းအဖြစ်ပြောင်းလဲသွားလေသည်။

ထို့နောက်... သူ့ရှေ့တွင် မြစ်တစ်စင်းအလား စီးဆင်းနေသည့် အချိန်စီးကြောင်းကို တွေ့မြင်လိုက်ရလေသည်။

စကြာဝဠာတစ်ခုလုံးကို လွှမ်းမိုးထားသည့် အချိန်စီးကြောင်း တွင် ရွှမ်တုသည် သူ့ကိုယ်သူ ပြန်လည် တွေ့မြင်နေရလေ သည်။

သူသည် အချိန်စီးကြောင်းထဲဝယ် မြူပ်ချည်ပေါ်ချည်ဖြင့် စီး မျောနေလေသည်။

ထိုအချိန်စီးကြောင်းအတွင်းမှ ရုန်းထွက်နိုင်သည့်တစ်နေ့သည် သံသရာကို ကျော်လွန်နိုင်မည့် တစ်နေ့ ဖြစ်လေသည်။

မြင်ကွင်းကို ကြည့်နေစဉ်မှာပင် ဓားရောင်တစ်ချက် လင်းလက်လာပြီး ထိုဓားရောင်က ရှမ်တုကို အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်သွားစေလေသည်။

ထိုဓားသည် တာအိုနှင့်တစ်သားတည်းကျနေပြီး စကြာဝဠာနှင့်လည်းတစ်သားတည်း ပေါင်းစပ်လျှက်ရှိသည်။ အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ဟန်ရှိသည့် အံ့သြဖွယ်ရာဓားသည် အချိန်စီးကြောင်းထဲတွင် ကူးခတ်နေသည့် ရှမ်တု၏ဦးခေါင်းရှိရာသို့ ထိုးစိုက်ချကာ တိုက်ခိုက်လိုက်လေသည်။

ထိုဓားမှထွက်ပေါ်နေသည့် အလင်းတန်းကို ရှမ်တု ချက်ချင်းသတိပြုလိုက်မိသည်။ ထိုအလင်းတန်းမှာ အာလာယဝိညာဏအလင်းတန်း ဖြစ်လေသည်။ ထိုဓားထဲတွင် တိုက်ခိုက်မှုတန်ခိုးစွမ်းအားများသာမက အချိန်စီးကြောင်းကို ကျော်လွန်နိုင်သည့်တန်ခိုးစွမ်းအားများလည်း ပါဝင်နေလေသည်။

ဓားရောင်လင်းလက်လာသည်ကိုသာ တွေ့မြင်ရပြီး

ဓား၏ပိုင်ရှင်ကို တွေ့မြင်ရခြင်းမရှိပေ။

ထို့ကြောင့် ရွှမ်တုသည် ထူထပ်သည့် ထိုက်ချိအလင်းတန်း

တန်ခိုးစွမ်းအားများကို ဒိုင်းသဖွယ်ဖန်ဆင်းကာ သူ့ကိုယ်သူ

ကာကွယ်ထားလိုက်လေသည်။

ဓားရောင်က ထိုက်ချိအလင်းတန်းများပေါ်သို့ ထိုးစိုက်ကျလာ

ပြီး ရွှမ်တု၏ ထိုက်ချိအလင်းတန်းဒိုင်းကြီးမှာ အက်ကွဲသွားရ

လေသည်။

သူ၏ ထိုက်ချိအလင်းတန်းများကို မျောက်မင်းဝူခုံးနှင့် ကျန်

ယွမ်ကျီနတ်မင်းကြီးပင် ထိုးဖောက်နိုင်ခြင်း မရှိခဲ့ပေ။

သို့သော်... ဓားအလင်းတန်းကတော့ သူ၏ ဟွင့်ယွမ်ဝူကျီ

အဆင့် ထိုက်ချိအလင်းတန်းများကို တစ်စစီပြိုကွဲသွားအောင်

ဖျက်စီးပစ်လိုက်နိုင်သည်။

ရွှမ်တုသည် အချိန်စီးကြောင်းမှ လွင့်စင်ထက်သွားပြီး မလာနယ်ထဲသို့ ရောက်ရှိသွားလေသည်။

အဖြစ်အပျက်များက ကြောက်မက်ဖွယ်ရာကောင်းလှလေသည်။

ကျန့်ယွမ်ကျီ ၊ ကွမ်ယင်မယ်တော်နှင့် စွန်းဝူခုံးတို့ ဝိုင်းဝန်းတိုက်ခိုက်မှုမှ လွတ်မြောက်နိုင်ခဲ့သော်လည်း ထိုနေ့ ထိုအချိန်တွင် အာလာယဝိညာဏစားး၏ တိုက်ခိုက်မှုကို ခံရပါက လွတ်အောင် ပြေးနိုင်ပါမည်လား မသေချာပေ။

ရွှမ်တု ဗလာနယ်ထဲ ကျရောက်သွားသော်လည်း ဓားရောင်က သူ့နောက်မှ လိုက်ပါလာဆဲ ဖြစ်လေသည်။

အချိန်စီးကြောင်းပြင်ပရှိ ဗလာနယ်....။

အတိတ် ၊ အနာဂတ် ၊ အချိန်ကာလအပိုင်းအခြားမသိနိုင်သည့် နေရာတစ်ခု...။

ထိုနေရာတွင် ဓားအလင်းတန်းက သူ၏ ထိုက်ချိအလင်းတန်း

များကို တစ်စစီဖြစ်အောင် ဖျက်စီးပစ်နေခဲ့လေ၏။

ထို့နောက် ဓားအလင်းတန်းမှ များပြားလှစွာသော ဓားများ

ထွက်ပေါ်လာပြီး ရွှမ်တုကို လွတ်လမ်းမရှိအောင် ပိတ်ဆို့

တိုက်ခိုက်လေတော့သည်။

ဓားပေါင်းများစွာ၏တိုက်ခိုက်မှုက အလွန်လျှင်မြန်လှလေရာ

ရွှမ်တုသည်ပျက်စီးသွားသည့် ထိုက်ချိအလင်းတန်းများကို

ပြန်လည်ပြုပြင်ရန်ပင် အချိန်မရခဲ့တော့ပေ။

ရွှမ်တုမှာအလွန်အမင်းထိတ်လန့်တုန်လှုပ်နေလေသည်။

ရွှမ်တုသည် တိတ်ဆိတ်သည့်ခန်းမအတွင်းရှိ ကျောက်သလွန်

ထက်တွင်ထိုင်နေပြီး နဖူးထက်တွင် ချွေးစေးများပျံနေလေ

သည်။

လောကတွင် ဆန်းလျှန် အသက်ရှင်နေသေးသရွေ့ သူ့
အနေဖြင့် ဆက်လက်ကျင့်ကြံရန် မဖြစ်နိုင်ပေ။ ဆန်းလျှန်သည်
သူ့ကို အိပ်မက်ဆိုးတစ်ခုအလား ခြောက်လှန့်နေလေသည်။
အာလာယဝိညာဏအားအလင်းတန်းမှာ ဆန်းလျှန်၏ ဓား
အလင်းတန်းဖြစ်ကြောင်း သံသယဝင်စရာ မရှိပေ။
ထို့ပြင်... ကျင့်ကြံသူတစ်ယောက်သည် မည်မျှ တန်ခိုး
စွမ်းအားမြင့်မားပါစေ အချိန်စီးကြောင်းကို ကျော်လွန်ရန်မှာ မ
ဖြစ်နိုင်ပေ။

ရွှမ်တုသည် အချိန်စီးကြောင်းကို ကျော်လွန်နိုင်ရန် ကျင့်ကြံနေ
သူဖြစ်သည်။ သို့သော်... သူ အချိန်စီးကြောင်းကို ကျော်လွန်
ရန် ကြိုးစားလိုက်သည်နှင့် သူ့ကို သတ်ဖြတ်ပစ်မည့် ဆန်းလျှ
န်၏ ဓားအလင်းတန်းက အသင့်စောင့်ကြိုနေလေသည်။
သူက အချိန်စီးကြောင်းကို ကျော်လွန်အောင် ကျင့်ကြံနိုင်သွား
သည့်အချိန်တွင် ဆန်းလျှန်သည်လည်း အချိန်စီးကြောင်းကို

ကျော်လွန်နိုင်သူတစ်ယောက်ဖြစ်နေပြီဆိုသည့် နိမိတ်လက္ခဏာ ပင် ဖြစ်သည်။

ဇာတ်လမ်းအဆုံးတွင် ... ဆန်းလျန်သာလျှင်အတော်ဆုံးဆို သည့် သဘောပင် ဖြစ်သည်။

သို့သော်... ဆန်းလျန် တာအိုဆရာသခင်ကြီးတစ်ပါး မဖြစ် သေးသရွေ့ ဆန်းလျန်ကို အပြတ်ရှင်းရန် အခွင့်အရေးရှိနေပေ ဦးမည်။

ရွှမ်တု စိတ်ဓာတ်ကျသွားခြင်း မရှိပေ။

သူ၏ ဦးခေါင်းထက်မှ ထိုက်ချိတိမ်တိုက်မှာ သိပ်သည်းသည် ထက် သိပ်သည်းလာလေသည်။

အာလာယဝိညာဏ်ဓားကို မည်သို့ရင်ဆိုင်ရမည်ကို ရွှမ်တု အပြင်းအထန် နည်းလမ်းရှာနေမိသည်။ အာလာယဝိညာဏ်ဓား တွင် "အလုံးစုံသောတရားဓမ္မများ" ပါဝင်နေပြီး အရာအားလုံး ကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိလေသည်။

သို့သော်... အာလာယဝိညာဏာစားက ဖျက်စီးမပစ်နိုင်သည့် အရာတစ်ခုရှိသည်။

ထိုအရာမှာ ကျောက်စိမ်းဝိညာဉ်နန်းတော်မှ "ဖန်ကူအလံ" ပင် ဖြစ်လေတော့သည်။

ရှမ်တုသည် ထိုက်ချင်တာအိုဆရာသခင်၏ ထိုက်ချိယင်ယန် ပန်းချီကားကို အသုံးပြုကာ ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဖန်ကူအလံသာ သူ့လက်ထဲသို့ ရောက်ရှိလာမည်ဆိုလျှင် ယွိချင်တာအိုဆရာသခင်နိမိတ်ဖတ်ခဲ့သည့်စကားအတိုင်း ဤလောကတွင် နောက်ဆုံးပွင့်သည့် နဝမမြောက်တာအိုဆရာသခင်ကြီးအဖြစ် ဖန်ကူအလံကို ဆွဲကိုင်ကာ အောင်ပွဲဝင်နိုင်မည် ဖြစ်လေသည်။

သို့သော်... ဖန်ကူအလံသည် ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ရတနာပစ္စည်းတစ်ခုဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်တွင် တာအိုဆရာယွိတင်နှင့် ချင်းယွမ်မြောင်တောက်အရှင် သခင် (၂)ပါး အုပ်ဆိုးလေသည်။

ထိုသူ (၂)ယောက်၏ တန်ခိုးစွမ်းအားနှင့် ဖန်ကူအလံပေါင်းစပ်လိုက်ပါက သူ့အနေဖြင့် မည်သည့်နည်းနှင့်မှ ယှဉ်နိုင်မည်မဟုတ်ပေ။

ထို့ပြင် ကျောက်စိမ်းဝိညာဉ်နန်းတော်တွင် အခြားသော ရတနာပစ္စည်းများနှင့် တပည့်တပန်းများစွာလည်း ရှိနေသေးသည်။

နောက်တစ်ချက်မှာ... ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်ကလည်း အစကတည်းက တစ်ဦးနှင့်တစ်ဦး အမြင်မကြည်ကြလေရာ ဖန်ကူအလံကိုရရှိရန် ရှမ်တုအတွက် လွယ်ကူသည့်ကိစ္စတစ်ခုတော့ မဟုတ်ပေ။

သို့သော်... ဖန်ကူအလံကိုရယူရန်အတွက် ရှမ်တု လုံးဝနောက်ဆုတ်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်ကို အသာထား ၊ သူ့တွင် ဖန်ကူအလံရှိနေလျှင် ယွိချင်တာအိုဆရာသခင်၏ နိမိတ်စကား အတိုင်း တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန်မှာ သေချာ သလောက်ရှိနေလေသည်။

ထို့ပြင်... ဖန်ကူအလံသည် ဘေးအန္တရယ်များစွာကို ဖယ်ရှား ပေးနိုင်သည့် အစွမ်းသတ္တိရှိရကား သူ့အနေဖြင့် မိုးနတ်မင်း ကဲ့သို့ ကျရှုံးမှုမျိုး မည်သည့်အခါမှ ကြုံတွေ့ရခြင်းမရှိအောင် ဖန်ကူအလံက ကာကွယ်ပေးနိုင်လေသည်။

ဆုံးဖြတ်ချက်ကျသွားပြီး စိတ်သက်သာရာလည်းရသွားသည့် အခါ သူ၏ ဦးခေါင်းထက်မှ ထိုက်ချိတိမ်တိုက်သည် အစိမ်း ရောင်ကြာရွက်တစ်ရွက်အဖြစ်ကူးပြောင်းသွားလေသည်။

အစိမ်းရောင်ကြာရွက်သည် တိတ်ဆိတ်နေသည့်ခန်းမဆောင် အပြင်ဘက်သို့ လွင့်မျောထွက်ခွာသွားပြီး ခန်းမဆောင် အပြင်

ဘက်တွင်စောင့်နေသည့် ငွေရောင်တာအိုဝတ်စုံဝတ်ဆင်ထား

သည့် လူတစ်ယောက်၏ လက်ထဲသို့ ရောက်ရှိသွားလေသည်။

"ကောင်လေးယင်ကျောင်း ၊ အဲဒီကြာရွက်ကို ကျောက်စိမ်း

ဝိညာဉ်နန်းတော်က တာအိုဆရာယွိတင်ဆီကို ပို့ပေးပါ..."

ခန်းမထဲမှ ရှမ်တုတောက်ကျွင်း၏ တည်ကြည်လေးနက်သည့်

အသံက ပျံ့လွင့်ထွက်ပေါ်လာလေတော့သည်။

အခန်း (၈၂၆) ကျွန်မကိုမမေ့ပါနဲ့

ဆန်းလျန်သည် မရှိမှုကျေးရွာမှ ထွက်ခွာလာခဲ့လေသည်။

သူက ပထမဆုံးကျောက်ရှောင်ယွီကို အရင်ရှာဖွေပြီးမှာ အခြား ကိစ္စများကို လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော်... ရုတ်တရက် သူ့စိတ်ထဲတွင် တစ်ချက်လှုပ်ရှားသွားပြီး ချင်းရှတောင်တွင် ဖြစ်နေသည့်အဖြစ်အပျက်များကို အာရုံခံလိုက်မိကာ မျက်စိတစ်မှိတ်အတွင်းမှာပင် ချင်းရှတောင်သို့ ရောက်ရှိလာခဲ့လေသည်။

ချင်းရှတောင်ရှိ ချင်းရှကျောင်းတော်တွင် ယောကျ်ားတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ရှိနေလေသည်။

ယောကျ်ားလေးမှာ ရဲ့မော်ထျန်းဖြစ်ပြီး မိန်းကလေးမှာတော့ ကြာပန်းဖြူ၏ အစေခံမလေးဖြစ်လေသည်။

ရဲ့မော်ထျန်းက ချင်းရှခန်းမဆောင်အတွင်းသို့ အတင်းဝင်ရန် ကြိုးစားနေပြီး ကြာပန်းဖြူ၏ အစေခံမိန်းကလေးက သူ့ကို တားဆီးနေလေသည်။

ချင်းရှခန်းမဆောင်ထဲတွင် ကြာပန်းဖြူချန်ထားခဲ့သည့် တန်ခိုး

စွမ်းအားအကျွင်းအကျန်များ ရှိနေသေးလေရာ အစေခံ

မိန်းကလေးသည် ရဲ့မော်ထျန်းကို ခဏတော့ တားဆီးထား

လိုက်နိုင်လေသည်။

သို့သော်... သူမသည် ရဲ့မော်ထျန်းကို (၂) စက္ကန့်မျှသာ

တားဆီးထားလိုက်နိုင်ပြီး နောက်ဆုံးတွင်တော့ ရဲ့မော်ထျန်း

သည် ချင်းရှကျောင်းတော်အတွင်းသို့ ဝင်ရောက်သွားလေ

သည်။

ထိုအချိန်မှာပင်...

လေပြေလေးတစ်ချက်တိုက်ခတ်လာကာ ရဲ့မောထျန်းကို

တားဆီးထားလိုက်လေသည်။

ထို့နောက် လေပြေထဲတွင် သန့်စင်ပြီး ကိလေသာမြူမှုံတစ်စက်

လေးပင် ကပ်ငြိခြင်းမရှိဟုထင်ရလောက်အောင် သန့်စင်လွန်း

သည့် တာအိုဆရာလူငယ်လေးတစ်ယောက် ပေါ်လာလေ

သည်။

အခြားသူမဟုတ်ပေ။ ဆန်းလျန်သာလျှင် ဖြစ်လေသည်။

ကျိကျိုက်ထျန်းကောင်းကင်ဘုံဟုခေါ်ဆိုသည့် ပရနိမ္မိတဝသ

ဝတ္တီနတ်ပြည်တွင် ရဲ့မော်ထျန်းသည် သတ္တိနှင့်ပြည့်စုံသည့်

နတ်ဆိုးတစ်ယောက်ဖြစ်လေသည်။

သို့သော်... ဆန်းလျန်နှင့် ရင်ဆိုင်ရသည့်အခါတိုင်း သူ့မှာ

ကြောင်ရှေ့ရောက်သည့် ကြွက်တစ်ကောင်အလား ခံစားရ

သည်။

ဆန်းလျန်ကိုတွေ့သည်နှင့် ရဲ့မော်ထျန်း ချက်ချင်းပင်

ကြောက်ရွံ့သွားပြီး ကုပ်ကုပ်ကလေးဖြစ်သွားလေသည်။

ဆန်းလျန်က...

"မင်း ဒီမှာ ဘာလုပ်နေတာလဲ..."

ရဲ့မော်ထျန်းက...

"ကွမ်ယင်မယ်တော်ရဲ့ငါးခြင်းတောင်းကို ယူခဲ့ဖို့ မိစ္ဆာသခင်က အမိန့်ပေးလိုက်လို့ပါ..."

ရဲ့မော်ထျန်းပြောသည့် မိစ္ဆာသခင်ဆိုသည်မှာ အခြားသူမဟုတ်ပေ။

ကျိကျိုက်ထျန်းကောင်းကင်ဘုံဟုခေါ်ဆိုသည့် ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကို ပိုင်ဆိုးသူ မာရ်နတ်ပင် ဖြစ်လေသည်။

မာရ်နတ်သည် ရှေးဟောင်း မိုးကောင်းကင်နတ်မိစ္ဆာတစ်ပါးဖြစ်ပြီး ဗုဒ္ဓကိုပင် အနှောက်အယှက်ပေးခဲ့သေးသည် မဟုတ်ပါလား။

ရဲ့မော်ထျန်း၏ စကားကိုကြားသည်နှင့် ဆန်းလျန်က အရာအားလုံးကို တွေးတောဆင်ခြင်လိုက်သည်။

ကွမ်ယင်မယ်တော်၏ ဖန်ဆင်းခြင်း (၃၂)မျိုးတွင် ငါးခြင်းတောင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခု မာရ်နတ်က ကွမ်ယင်မယ်တော်၏ ငါးခြင်းတောင်းကို ယူခိုင်းလိုက်ခြင်း

မှာ ကွမ်ယင်မယ်တော်နှင့် မာရ်နတ်ကြားမှ ပြဿနာ ဖြစ်လေသည်။

သို့သော်... မာရ်နတ်က ငါးခြင်းတောင်းကို လိုချင်သည်ဆိုလျှင် အဘယ့်ကြောင့် ကွမ်ယင်မယ်တော်ကို တိုက်ရိုက်မတောင်းဘဲ ချင်းရှိကျောင်းတော်သို့ ရဲ့မော်ထျန်းကို စေလွှတ်လိုက်ရပါသနည်း။

အဖြေက ရှင်းပါသည်။ မာရ်နတ်နှင့် ကွမ်ယင်မယ်တော်မှာ တစ်ယောက်နှင့်တစ်ယောက် ပတ်သက်ခြင်းမရှိစေရန် တားဆီးခံထားခဲ့ကြရသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က...

"မိစ္ဆာသခင်ဟုတ်လား၊ ပရနိမ္မိတဝသဝတီနတ်ပြည်က မာရ်နတ်ကို ပြောနေတာမဟုတ်လား၊ သူက ငါးခြင်းတောင်းကို လိုချင်တယ်ဆိုရင် ဘာလို့ သူကိုယ်တိုင် လာမယူရတာလဲ..."

ရဲ့မော်ထျန်းက...

"ဝန်စူးဗောဓိသကျက နတ်ဆိုးတစ်သောင်းကိုသတ်ဖြတ်ပြီး မာရ်နတ်နဲ့ ရင်ဆိုင်တိုက်ခိုက်နေပါတယ်၊ ဒါကြောင့် မာရ်နတ်က ဒီကိုလာဖို့ မအားပါဘူး... သူ့မှာ ကိုယ်ခွဲဖန်ဆင်းဖို့တောင် အချိန်မရဘူးဖြစ်နေတယ်..."

ရဲ့မော်ထျန်း၏ စကားကြောင့် ဆန်းလျန်ပင် တုန်လှုပ်သွားရသည်။

ဝန်စူးကိုအသိပညာနတ်ဘုရားဟု လူသိများကြလေသည်။

အဘယ်ကြောင့်ဆိုသော် ... ကျူဖူကိုယ်တော်များ၊ လော်ဟန်ကိုယ်တော်များနှင့် ဗောဓိသကျများအားလုံး၏ အသိပညာများအားလုံးကို ပိုင်ဆိုင်ထားသောကြောင့် ဖြစ်လေသည်။

သူမသည်လည်း ကွမ်ယင်မယ်တော်ကဲ့သို့ပင် ထိပ်တန်းဗောဓိသကျ (၄)ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်လေသည်။

ဗုဒ္ဓဘာသာကျင့်ကြံသူများထဲတွင် အလွန်အဆင့်မြင့်သည့် ဗောဓိသကျတစ်ပါးဟု ဆိုနိုင်သည်။

လင်စန်းတောင်မှ ထိပ်တန်းဗောဓိသကျ (၄)ပါးမှာ... ကွမ်ယင်မယ်တော် ၊ ဖူရှန်မယ်တော် ၊ ဝန်စူးဗောဓိသကျနှင့် တိကျန်ဗောဓိသကျတို့ ဖြစ်ကြသည်။

ဆန်းလျန်က ငါးခြင်းတောင်းကို ရဲ့မော်ထျန်းကို ပေးလိုစိတ်မရှိပေ။ ကွမ်ယင်မယ်တော်နှင့် မာရ်နတ်ကြားတွင် အကြောင်းအကျိုး ပတ်သက်မှုရှိလျှင်လည်း အခြားသောနည်းလမ်းနှင့် ဖြေရှင်းကြပေလိမ့်မည်။

ရဲ့မော်ထျန်းက ဆန်းလျန်ရှေ့မှာ ကုပ်ကုပ်လေး ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

ဆန်းလျန်က...

"မင်းက အခု ဘာလုပ်မလို့လဲ..."

ရဲ့မော်ထျန်းက ဆန်းလျန်အမေးကိုကြားသည်နှင့်...

"ကျွန်တော်က အခု သွားတော့မလို့ပါ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းကိုစောင့်ကြည့်နေတဲ့သူတွေရှိတယ်၊ မင်းသွားလို့ မဖြစ်ဘူး၊ ပြီးတော့ ချင်းရှကျောင်းတော်မှာလည်း အစောင့်တစ်ယောက်လောက်လိုနေတယ်၊ မင်း ဒီမှာ အလုပ်မလုပ်ချင်ဘူးလား..."

ရဲ့မော်ထျန်းသည် တအံ့တသြဖြင့် ဆန်းလျန်ကို ငေးကြည့်နေမိလေသည်။

ဆန်းလျန်က...

"ဘာလဲ... ချင်းရှကျောင်းတော်က နာမည်မကြီးလို့ မင်းက အလုပ်လက်မခံချင်တာလား..."

ရဲ့မော်ထျန်းက...

"မဟုတ်ပါဘူး၊ ကျွန်တော်က နတ်ဆိုးတစ်ယောက်ပါ၊ နတ်ဘုရားတွေက ကျွန်တော့်ကို လက်ခံထားနိုင်ပါ့မလား..."

ဆန်းလျန်က...

"လူသားဖြစ်ဖြစ် ၊ နတ်ဆိုးဖြစ်ဖြစ် ၊ နတ်မိစ္ဆာဖြစ်ဖြစ် ၊ နတ်ဘုရားဖြစ်ဖြစ် အားလုံးက သတ္တဝါတွေပါပဲ ၊ မင်းကို လက်မခံနိုင်စရာအကြောင်းမရှိပါဘူး ... ၊ ပြီးတော့ ကျုပ်က နတ်ဘုရားတစ်ပါးဆိုပေမယ့် ဗုဒ္ဓလောက်တော့ အသိဉာဏ်ပညာမရှိနိုင်တာ အမှန်ပဲ ၊ အဲဒီတော့ မင်းအနေနဲ့ ချင်းရှကျောင်းတော်မှ နေတဲ့ကာလအတွင်း ဗုဒ္ဓစာပေတွေကို လေ့လာပါ..."

ရဲ့မော်ထျန်းသည် ဆန်းလျန်ကို အလေးစားကြီးလေးစားသွားမိလေသည်။

ဆန်းလျန်က သူ့ကို သစ္စာရှိရန် ရဲ့မော်ထျန်းကို မတောင်းဆိုခဲ့ပေ။ ထို့ပြင် ဆန်းလျန်ထံတွင် ခိုလှုံလျှင် ရဲ့မော်ထျန်းသည်လည်း အန္တရယ်ကင်းသွားနိုင်လေသည်။

ချင်းရှတောင်က ဝေးလံခေါင်သီပြီး နာမည်ကျော်ကြားခြင်းလည်း မရှိသည့်တိုင် အေးအေးဆေးဆေးနေထိုင်နိုင်သည့်နေရာတစ်ခုတော့ ဖြစ်လေသည်။

ရဲ့မော်ထျန်း လူ့လောကသို့ ရောက်ရှိလာကတည်းက ပရနိမ္မိတ ဝသဝတ္တီပြည်သို့ မပြန်နိုင်တော့ပေ။ အဘယ်ကြောင့်ဆို သော်... မာရ်နတ်ကလည်း သူ့ကို ဆင့်ခေါ်ခြင်းမရှိသလို သူ ကိုယ်တိုင်ကလည်း လူ့လောကမှ ပြန်လိုစိတ် မရှိသောကြောင့် ဖြစ်သည်။

ထို့ပြင် ဆန်းလျန်က ရဲ့မော်ထျန်းကို ဗုဒ္ဓစာပေများလေ့လာ ခိုင်းသည်မှာ အကြောင်းရှိလေသည်။

လင်စန်းတောင်တွင် နတ်နဂါး (၈)ပါး ရှိလေသည်။ ထိုနတ်နဂါး (၈)ပါးတွင် အများစုမှာ နတ်ဆိုးများနှင့် အသူရာများ ဖြစ်ကြ သည်။ ဗုဒ္ဓစာပေကိုလေ့လာပြီး တရားအလင်းရကာ နတ်နဂါး များအဖြစ် အသွင်ပြောင်းသွားကြခြင်း ဖြစ်လေသည်။

ထို့ကြောင့် ကုသိုလ်မှ အကုသိုလ်၊ အကုသိုလ်မှ ကုသိုလ် ပြောင်းလဲသွားနိုင်သကဲ့သို့ အဆိုးမှအကောင်း ၊ အကောင်းမှ အဆိုး ပြောင်းလဲသွားနိုင်သည့် သာဓကများစွာ ရှိလေသည်။

ထို့ကြောင့်… ဆန်းလျန်က ရဲ့မော်ထျန်း နတ်ဆိုးတစ်ယောက် ဖြစ်နေခြင်းကို အလေးမထားဘဲ အခွင့်အရေးပေးခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်က သူ့ကို လက်ခံသည့်အတွက် ရဲ့မော်ထျန်းမှာ စိတ်လှုပ်ရှားနေမိပြီး ဆန်းလျန်ကိုလည်း အလွန်လေးစားနေမိလေသည်။

လောလောဆယ်အချိန်တွင်လည်း သူ့အတွက် အလိုအပ်ဆုံးမှာ အမှီကောင်းကောင်းတစ်ခုပင် ဖြစ်လေသည်။

ရဲ့မော်ထျန်းသည် ချက်ချင်းပင် မြေပြင်ထက်တွင်ဝပ်တွားကာ ဆန်းလျန်ကို ဦး (၃)ကြိမ်ချကာ ကန်တော့လိုက်သည်။ ထို့ပြင် ရဲ့မော်ထျန်းက ဆန်းလျန်၏ ခြေထောက်များကို သူ၏နဖူးဖြင့် ထိကာ သူ၏ သစ္စာရှိမှုကို ပြသရန် ကြိုးစားလိုက်သည်။

သို့သော်… ထိုအပြုအမူကိုတော့ ဆန်းလျန်က လက်မခံဘဲ ရှောင်ထွက်သွားခဲ့လေသည်။

ရဲ့မော်ထျန်းကို လက်ခံပြီးသည်နှင့် ဆန်းလျန်က ကြာပန်း

ဖြူ၏ အစေခံမိန်းကလေးနှင့် စကားစမြည် အနည်းငယ် ပြော

ခဲ့လေသည်။

အစေခံမလေးက ဆန်းလျန်၏ စကားများကိုကြားသည်နှင့်

ငိုကြွေးလိုက်ရင်း...

"ဆန်းသခင်လေး ၊ ကျွန်မရဲ့ သခင်မလေး တကယ်ပဲ မရှိတော့

ဘူးပေါ့..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း...

"အင်း... ကြာပန်းဖြူဆိုတာ လောကမှာ မရှိတော့ပါဘူး..."

အစေခံမလေးက မရပ်မနားငိုကြွေးလေတော့သည်။

သူမသည် အတန်ကြာငိုကြွေးနေပြီး ဆန်းလျန်ကလည်း သူမ ငို

လို့ဆုံးသည်အထိ စောင့်နေခဲ့သည်။

အားရပါးရငိုပြီးသွားတော့မှ သူမက ချင်းရှကျောင်းတော်ခန်းမ

ထဲမှ အမွှေးတိုင်နှင့် နံ့သာပေါင်းများပူဇော်ရာ စင်မြင့်အနောက်

ဖက်တွင် ထားရှိသည့် ကြာပန်းပွင့်လွှာတစ်ချပ်ကို ထုတ်ယူလာလေသည်။

ကြာပန်းပွင့်လွှာလေးမှာ ခြောက်သွေ့နေပြီဖြစ်လေသည်။

သို့သော်.... ပွင့်လွှာထက်တွင် စာကြောင်း အချို့ရေးသားထားလေသည်။

"ကျွန်မ ဒီလောကကို ရောက်လာရတဲ့ အကြောင်းရင်းက ရှင်မဟုတ်သလို ၊ ရှင် ဒီလောကကို ရောက်လာရတဲ့ အကြောင်းရင်းကလည်း ကျွန်မ မဟုတ်ပါဘူး ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ၊ ရှင် ကူးချိုင်ဝေ့ကို မမေ့သေးသရွေ့ ကျွန်မကိုလည်း မေ့မသွားပါနဲ့..."

ခြောက်သွေ့နေသည့် ကြာပန်းပွင့်လွှာလေးမှ မွှေးရနံ့လေး သင်းပျံ့နေဆဲဖြစ်သည်။

ထိုမွှေးရနံ့လေးသည် ကြာပန်းဖြူ၏ ကိုယ်သင်းနံ့လေးနှင့် ခွဲခြားမရအောင် ဆင်တူလေသည်။

ယခုအချိန်တွင်... ကြာပန်းဖြူသည် ကျောက်ရှောင်ယွီ၏
ကိုယ်ခွဲတစ်ခုဖြစ်သည်ကို ဆန်းလျန် သိရှိထားခဲ့ပြီ ဖြစ်သည်။
သို့သော်... သူတို့ (၂)ယောက်တွင် အနည်းငယ်ကွဲပြားမှုရှိသည်
ဟု ဆန်းလျန် ခံစားနေရသည်။

ကြာပန်းဖြူဆိုသည့် ကိုယ်ခွဲတစ်ခုကို ကျောက်ရှောင်ယွီ အဘ
ယ်ကြောင့် ဖန်ဆင်းခဲ့ရပါသနည်းဟု ဆန်းလျန် ရုတ်တရက် သိ
ချင်လာမိသည်။ ကျောက်ရှောင်ယွီသာ သူ့အနားတွင်ရှိနေလျှင
်ချက်ချင်းပင် မေးမြန်းမိမည် ဖြစ်သော်လည်း ကျောက်ရှောင်
ယွီသည် သူ့အနားတွင် ရှိမနေတော့ပြန်ပေ။

အစေခံမိန်းကလေးယောင်ချင်က...

"ကျွန်မတို့ သခင်လေးကို ရှင် မေ့မသွားဘူးလို့ ကတိပေးနိုင်မ
လား..."

ဆန်းလျန်က...

"ကျုပ်က ကတိမပေးနိုင်ရင် မင်းက ဘာလုပ်မလို့လဲ..."

ယောင်ချင်က...

"အဲဒါဆိုရင် ကျွန်မ ရှင့်ကို လုံးဝ ခွင့်မလွှတ်ဘူး..."

သူမ စကားများသွားပြီကို ယောင်ချင် ချက်ချင်းသိလိုက်သည်။

အဘယ်ကြောင့်ဆိုသော်... သူမလိုလူမျိုးက ခွင့်မ

လွှတ်၍လည်း ဆန်းလျန်က အရေးစိုက်မည် မဟုတ်

သောကြောင့်ပင်။

နောက်ဆုံးတော့ ယောင်ချင်က သက်ပြင်းတစ်ချက်ချလိုက်

ရင်း...

"သခင်မလေး ပြောတာ တကယ်မှန်တယ်၊ ရှင်က အကြင်နာ

တရားကင်းမဲ့တယ်...."

ဆန်းလျန်က...

"ဒါပေမဲ့ သူ့ အပေါ်တော့ မဟုတ်ခဲ့ပါဘူးဗျာ၊ ကျောက်ရှောင်ယွီ

ရော ကြာပန်းဖြူရောပေါ့၊ သူတို့ (၂)ယောက်လုံး အတူတူပါ

ပဲ..."

ယောင်ချင်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"သခင်မလေးက ကြာပန်းဖြူပါပဲ ၊ ကျောက်ရှောင်ယို့ မဟုတ်ပါဘူး... "

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကျုပ် သူ့ကို ဘယ်တော့မှ မေ့မသွားဘူးလို့ ကတိပေးပါတယ်..."

ယောင်ချင်က...

"ရှင် အပြစ်ရှိတယ်လို့ မခံစားရဘူးလား..."

ဆန်းလျန်က...

"မခံစားရပါဘူး ၊ တကယ်တော့ မင်းရဲ့ သခင်မလေးနဲ့တွေ့ဆုံခွင့်ရတာ ကျုပ်အတွက် ကံကောင်းတာပါ..."

အဘယ်ကြောင့်ဆိုသော်... ကြာပန်းဖြူဆီမှ ဆန်းလျန်အကြောင်းအရာများစွာကို သင်ယူခဲ့ရလေသည်။

အစပိုင်းတွင် ဆန်းလျန်သည် အထီးမကျန်ချင်သည့်အတွက် ကူးဝေဝေကို လက်လွှတ်မခံနိုင်ခဲ့ပေ။ သို့သော်... ယခုတော့ သူ တကယ်တမ်း ချစ်မြတ်နိုးရသူမှာ ကူးဝေဝေမဟုတ်သည်ကို သိရှိသွားခဲ့ပြီ ဖြစ်သည်။

အမှန်ကို သိရှိသွားသည့်အတွက် အနည်းငယ် စိတ်သက်သာရာ ရသွားခဲ့လေသည်။ သို့သော်... သူ တကယ်ချစ်မြတ်နိုးသူက မည်သူဖြစ်ပါသနည်း။

ဆန်းလျန်က တိုးတိတ်သည့်လေသံဖြင့်...

"တကယ်တော့ ကျုပ်ကိုယ်ကျုပ် ညာနေခဲ့တာပဲ..."

ဆန်းလျန်ပြောလိုက်သည့်စကားအဓိပ္ပါယ်ကို ယောင်ချင်က နားလည်ခြင်း မရှိပေ။

သို့သော်... သူမ၏ သခင်မလေးကို ဆန်းလျန်က ဘယ်တော့မှ မမေ့ပါဟု ကတိပေးခဲ့သည့်အတွက် သူမ စိတ်သက်သာရာ ရကာ ကျေနပ်သွားခဲ့ပြီ ဖြစ်သည်။

အမှန်တော့... ကြာပန်းဖြူတစ်ချိန်လုံး တမ်းတနေခဲ့သူသည် ဆန်းလျန် ဖြစ်နေခဲ့သည်ကို သူမ သိရှိခဲ့သည် မဟုတ်ပါလား။

....

ဆန်းလျန်ထွက်သွားသည့်နောက်ပိုင်း ကူးဝေဝေက ဆိုင်တံခါးကို အမြဲတမ်း ဖွင့်ထားခဲ့လေသည်။

စားသောက်ဆိုင်က ခြောက်ကပ်နေခြင်းမရှိပေ။ ဧည့်သည်များက အနည်းနှင့်အများ ရောက်လာကြသည်ပဲ ဖြစ်သည်။

ရောက်လာကြသည့်ဧည့်သည်များကလည်း သာမန်လူများ မဟုတ်ပါ။ နတ်မိစ္ဆာများ ၊ ဝိညာဉ်များ ၊ လူသားမဟုတ်သူများ ဖြစ်ကြလေသည်။ တစ်ခါတစ်ရံ ကျော်ကြားသည့် ကျင့်ကြံသူ ဂိုဏ်းများမှ ကျင့်ကြံသူများပင် ပါဝင်နေသေးသည်။

ကူးဝေဝေကိုယ်တိုင် သတိမမူမိခင်မှာပင် သူမသည် အလွန်တရာ တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေခဲ့ပြီဖြစ်သည်။ ထို့ကြောင့် စားသောက်ဆိုင်ကို

ရောက်လာသူ မည်သူ့ကိုမဆို သူမ ကောင်းကောင်း ရင်ဆိုင်နိုင်ခဲ့သည်ပဲဖြစ်သည်။

ကျွယ်ရှင်းက သူမကို အစဉ်အမြဲ အကူအညီပေးနေခဲ့လေသည်။

ထို့ပြင်... ဆန်းချင်းချင်းနှင့် ပိုင်ရှောက်ယွီတို့ကလည်း တတ်နိုင်သလောက် သူမကို ကူညီကြလေသည်။

စားသောက်ဆိုင်အလုပ်များဖြင့် မအားရသည့်အခါ ကူးဝေဝေသည် ဆန်းလျန်ကိုပင် မေ့နေခဲ့သည်။ သို့သော်... အားလပ်သည့်အချိန်များတွင်တော့ မထင်မှတ်စွာ သူမဘဝထဲ ရုတ်တရက်ဝင်ရောက်လာခဲ့လေသူ ဆန်းလျန်ကို လွမ်းဆွတ်တမ်းတမိသည်ကတော့ မငြင်းနိုင်ပေ။

ယနေ့တော့...

သူမရှေ့သို့ ဆန်းလျန် ပြန်လည် ရောက်ရှိလာခဲ့လေသည်။

လွန်ခဲ့သည့် နှစ်များဆီက ဆန်းလျန်နှင့် စတင်ဆုံတွေ့ခဲ့ရသ

ကဲ့သို့ပင် သူမ ဆိုင်တံခါးကို ဖွင့်လိုက်သည်နှင့် ဆန်းလျန်ကို

တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

သို့သော်... ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်သည် မုတ်ဆိတ်

မွေးများဖြင့် ပေစုတ်စုတ်ပုံစံမျိုး မဟုတ်တော့ပေ။ အလွန်

သန့်စင်သည့် လူငယ်လေးတစ်ယောက် အသွင်နှင့် ဖြစ်လေ

သည်။

ကူးဝေဝေက ချက်ချင်းပင် အံ့သြပျော်ရွှင်သွားပြီး...

"အားလျန် ၊ နင် ပြန်လာပြီပေါ့..."

ဆန်းလျန်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း...

"ဂိုဏ်းတူအစ်မ ၊ မတွေ့တာ ကြာပြီနော်..."

ကူးဝေဝေ...

"အင်း...မတွေ့တာကြာပြီ..."

ထိုအချိန်မှာပင်...

"ဆန်းလျန်ပြန်လာပြီဟေ့..."

ဆန်းချင်းချင်း၏ အသံစာစာနှင့် အော်ဟစ်လိုက်သံထွက်

ပေါ်လာပြီး စားသောက်ဆိုင်တစ်ခုလုံးမှ လူများမှာ အံ့ဩ

ထိတ်လန့်ကုန်ကြရလေသည်။

ပိုင်ရှောက်ယွီနှင့် ကျွယ်ရှင်းတို့ ချက်ချင်းပင် အနားသို့

ရောက်လာကြသည်။

ကျွယ်ရှင်းက ရယ်ကာမောကာဖြင့် ဆန်းလျန်ကို နှုတ်ဆက်

လိုက်ပြီး ပိုင်ရှောက်ယွီမှာလည်း အနည်းငယ် စိတ်လှုပ်ရှားနေပုံ

ရလေသည်။

ကူးဝေဝေက...

"အားလျန် ၊ နင် ဒီနေ့ ဘာစားချင်လဲ ၊ ငါ သွားချက်လိုက်

မယ်..."

ဆန်းချင်းချင်းက...

"ကျွန်မ ချက်ပေးမယ်လေ ၊ ဟင်းချက်နည်းအသစ်တစ်ခု

ကျွန်မ သင်ထားတယ်..."

ကူးဝေဝ စကားပြန်မပြောခင်မှာပင် ပိုင်ရှောက်ယွီ၏မျက်နှာ

က မဲမှောင်သွားပြီး...

"မချက်နဲ့..."

ဟု တားဆီးလိုက်သည်။

ဆန်းချင်းချင်းက...

"ဘာဖြစ်လို့လဲ ၊ ငါချက်တဲ့ဟင်းက အရသာမရှိလို့လား..."

ပိုင်ရှောက်ယွီ၏မျက်နှာက မဲမှောင်နေပြီး....

"နင်ချက်တဲ့ဟင်းတွေက ကြောက်စရာကောင်းလောက်အောင်

ကို အရသာရှိလွန်းလို့ပါ..."

ဆန်းချင်းချင်းက ဆန်းလျန်ဘက်သို့ လှည့်ကြည့်လိုက်ပြီး...

"ဆန်းလျန် ၊ ကျွန်မ တကယ်ဟင်းချက်တတ်ပါတယ်နော် ၊

အစ်မဝေဝေရဲ့ဟင်းခုတ်ဓားကလည်း အရမ်းသုံးလို့ကောင်း

တယ် ၊ အဲဒီလိုစားမျိုး ဖြစ်နိုင်ရင် နောက်တစ်လက်လောက် ရှာ

ပေးပါဦး..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"မင်းချက်တဲ့ဟင်းတွေက ကြောက်စရာကောင်းလောက်အောင်

အရသာရှိလွန်းတယ်လို့ ပိုင်ရှောက်ယွီက အခုပဲ ပြောလိုက်တာ

လေ ၊ သူ့စကားကို မင်း နားလည်တယ်မဟုတ်လား..."

ဆန်းလျန်၏စကားကြောင့် ဆန်းချင်းချင်းက စိတ်ဆိုးမာန်ဆိုး

ဖြင့်...

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ ဆရာတော်ကျွှယ်ရှင်းနဲ့ မမဝေဝေ

တောင် ဘာမှမပြောဘဲ စားကြတာကို..."

ပိုင်ရှောက်ယွီက...

"ဆရာတော်နဲ့ အစ်မဝေဝေက ဘယ်လို မျိုချကြလဲတော့မသိ

ဘူး ၊ ငါတော့ စားပြီးတာနဲ့ ပြန်အန်ထွက်ချင်တာပဲ..."

ဆန်းချင်းချင်းက ဆတ်ဆတ်ထိမခံဘဲ...

"နင့်ရဲ့ ကျင့်ကြံခြင်းအဆင့်က သောက်ရမ်းညံ့နေလို့ အဲဒီလို ဖြစ်တာ..."

ပိုင်ရှောက်ယွီက...

"ဒါဖြင့် နင်ချက်တဲ့ဟင်းတွေကို နင့်ဟာနင်ကျတော့ ဘာလို့ မစားလဲ..."

ဆန်းချင်းချင်းက မျက်လုံးတစ်ချက်လှန်လိုက်ပြီး...

"ငါက အရမ်းအရသာရှိတဲ့ဟင်းတွေ မစားချင်တော့လို့ မစားတာလေ၊ နန်းတော်မှာနေခဲ့တုန်းက စားရတာတွေများနေပြီ၊ နင်က ငါ့လို ကောင်းတာတွေ မစားဖူးလို့ စားစေချင်လို့ ငါက ချက်ပေးတာ..."

ပိုင်ရှောက်ယွီနှင့် ဆန်းချင်း ငြင်းခုန်နေကြသည်ကို ကြည့်ပြီး ဆန်းလျန်က ပျော်ရွှင်စွာ ရယ်မောလိုက်သည်။

သို့သော်... ကူးဝေဝေကတော့ သူတို့ (၂)ယောက်ကို သည်းခံနိုင်ဟန် မရှိတော့ပေ။

"နင်တို့ နှစ်ယောက် တော်ကြတော့ ၊ ဒီနေ့ ငါကိုယ်တိုင် ဟင်း

ချက်မယ်..."

ဆန်းချင်းချင်းမှာ ကူးဝေဝေနှင့် အလွန်အဆင်ပြေနေလေ

သည်။

သူမက ကူးဝေဝေစကားကို ချက်ချင်း နားထောင်လိုက်ရင်း...

"ကောင်းပါပြီ အစ်မဝေဝေ..."

ဟု ပြောလိုက်လေသည်။

ကူးဝေဝေက ဆန်းလျန်ကို လှမ်းကြည့်လိုက်ရင်း...

"အားလျန် ဘာဟင်းစားချင်လဲဟင်..."

ဆန်းလျန်က...

"အစ်မချက်တာ ဘာမဆို စားမယ်..."

ကူးဝေဝေက...

"မဖြစ်ဘူး ၊ နင်စားချင်တာပြောမှပေါ့..."

"ငါ.... ငါးကင်စားချင်တယ်..."

ထိုစကားကိုပြောလိုက်သူမှာ ဆန်းလျန်မပဟုတ်ပါ။

စားသောက်ဆိုင်အတွင်းသို့ ပျံ့လွင့်ဝင်ရောက်လာသည့် နူးညံ့သည့် မိန်းကလေးအသံတစ်သံ ဖြစ်လေသည်။

ကူးဝေဝေက ဆိုင်အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည့်အခါ အဖြူရောင်ဝတ်ဆင်ထားပြီး ခက်ထန်အေးစက်သည့် မျက်နှာထားကိုပိုင်ဆိုင်သည့် မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ကူးဝေဝေက မိန်းမပျိုကို တောင်းပန်စကားဆိုလိုက်သည်။

"ညီ့သည်... ကျွန်မတို့ ဒီနေ့ ဆိုင်ပိတ်ပါတယ်..."

စားသောက်ဆိုင်သို့ရောက်ရှိလာကြသူအားလုံးမှာ ထူးခြားသူများဖြစ်ကြသည်ကို သိသော်လည်း ယနေ့တော့ ဆန်းလျန်ပြန်ရောက်လာသည့်အတွက် ကူးဝေဝေ ဆိုင်မဖွင့်ချင်တော့ပေ။

သူမက ဆန်းလျန်ကို အေးအေးဆေးဆေး အစားအသောက်များ ချက်ပြုတ်ကျွေးချင်မိလေသည်။

အဖြူရောင်ဝတ်မိန်းမပျိုကို တွေ့လိုက်သည်နှင့် ဆန်းချင်းချင်းက တအံ့တသြဖြင့် ရေရွတ်လိုက်သည်။

"မမချင်းဆွေ..."

ဆန်းချင်းချင်းသည် လီချင်းဆွေကို တွေ့လိုက်သည့်တစ်ခဏတွင် သူမ၏အကြောင်းများအားလုံးကို မှတ်မိသိရှိသွားလေသည်။ သူမနှင့် လီချင်းဆွေ၏ ပတ်သက်ဆက်နွယ်မှုကိုလည်း သိရှိသွားလေသည်။

အမှန်ဆိုလျှင် သူမ၏ အကြောင်းများသည် ဝေဝါးနေခဲ့လေသည်။ အချို့အရာများကို အိပ်မက်ထဲတွင် တွေ့မြင်ရခြင်း ရှိသည့်တိုင် ရှင်းလင်းပြတ်သားခြင်း မရှိခဲ့ပေ။

ယခု သူမ လီချင်းဆွေကို တွေ့မြင်လိုက်ရသည့်အခါတွင်တော့ သူမစိတ်ထဲတွင် အရာအားလုံးကို ရှင်းလင်းပြတ်သားစွာ သိမြင်သွားခဲ့ပြီ ဖြစ်လေသည်။

ကူးဝေဝေက ...

"မင်းတို့က အသိတွေလား..."

ဆန်းချင်းချင်း ပြန်မဖြေခင်မှာပင် ဆန်းလျန်က ဝင်ပြောလိုက်သည်။

"ဂိုဏ်းတူအစ်မ ၊ ချင်းဆွေက ကျွန်တော့်ရဲ့မိတ်ဆွေပါ ၊ ဒီနေ့ အားလုံးအတူတူ အစားအသောက်တွေ စားကြတာပေါ့..."

ဆန်းလျန်၏စကားကိုကြားလိုက်ရသည့်အခါတွင်တော့ ကူးဝေဝေက ငြင်းဆန်ခြင်းမပြုတော့ပေ။

ဆန်းလျန်က လီချင်းဆွေကို လှမ်းကြည့်လိုက်ပြီး...

"ချင်းဆွေ... ဘာအကြောင်းများရှိလို့ ဒီကို ရောက်လာတာလဲဗျာ..."

အခန်း (၈၂၇) (၃)နှစ်အချိန်ပေးမည်

လီချင်းဆွေက ဆန်းလျန်ကို မျက်ခုံးတစ်ချက်ပင့်ကာလှမ်းကြည့်လိုက်သည်။

"ဘာလဲ ၊ အကြောင်းမရှိရင် ငါက မင်းကို လာတွေ့လို့ မရဘူးလား..."

လီချင်းဆွေက ဆန်းလျန်ကို မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ထားသည့်တိုင် လီချင်းဆွေစိတ်ထဲတွင် မည်သည့်အတွေးများရှိသည်ကို ဆန်းလျန် မသိနိုင်ပေ။

ထို့ပြင် လီချင်းဆွေသည် သူ၏ ဘိုးဘေးဆရာသခင်ဖြစ်လေ

ရာ ဆန်းလျန်သည် တစ်စက်လေးပင် မလေးမစား မလုပ်ရဲပါ

ချေ။ ထို့ကြောင့် ဆန်းလျန်က ခေါင်းအသာငုံ့လိုက်ပြီး ထပ်မံ

မေးမြန်းခြင်း မပြုတော့ပေ။

သေးငယ်သည့် စားသောက်ဆိုင်လေးထဲတွင် စကြာဝဠာတစ်ခု

လုံးရှိ ထိပ်တန်းအဆင့် နတ်ဘုရား (၂)ပါး ရှိနေကြလိမ့်မည်ဟု

မည်သူ ထင်မှတ်ဝံ့ပါမည်နည်း။

ကူးဝေဝေက အစားအသောက်များ ချက်ပြုတ်ပြင်ဆင်ရန်

ထွက်ခွာသွားလေသည်။

ဆန်းချင်းချင်းကတော့ လီချင်းဆွေ၏လက်ကိုဆွဲကာ

စကားပြောနေခဲ့သည်။

သူတို့ (၂)ယောက်သည် အိပ်မက်ထဲတွင်သာ တွေ့ဆုံခဲ့ကြပြီး

အပြင်လောကတွင် တစ်ခါမှ မတွေ့ဆုံဖူးကြပေ။ သို့သော်...

ငယ်ပေါင်းကြီးဖော်များပမာ ရင်းရင်းနှီးနှီး ရှိလှလေသည်။

လီချင်းဆွေက ဆန်းချင်းချင်းနှင့် စကားပြောနေရင်းမှ ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"တကယ်တော့ ချင်းချင်းက တာ့လော်အဆင့် နတ်ဘုရားတစ်ပါးပဲ ၊ ဒါပေမဲ့ အစစ်ဆေးခံရမှုကို မကျော်လွှားနိုင်ဘဲ လူပြန်ဝင်စားခဲ့ရတယ် ၊ အခု လူ့လောကကြီးကလည်း မတည်မငြိမ်ဖြစ်နေတယ် ၊ ငါသူ့ကို ချင်းဆွေထျန်းကို ပြန်ခေါ်သွားပြီး အရင်လို တန်ခိုးစွမ်းအားတွေပြန်ရအောင် ကူညီပေးမယ်..."

ဆန်းလျန်က ဆန်းချင်းချင်းကို စိုက်ကြည့်လိုက်မိလေသည်။ ဆန်းချင်းချင်းကို တာ့လော်အဆင့် နတ်ဘုရားတစ်ပါး လူပြန်ဝင်စားခြင်း ဖြစ်လိမ့်မည်ဟု သူ ထင်မထားခဲ့မိပေ။ ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးဖြစ်လာရန်ပင် ခက်ခဲလွန်းလှလေရာ တာ့လော်အဆင့်ဆိုလျှင် ပြောဖွယ်ရာ မရှိပေ။

ဆန်းလျန်က...

"ဒါဖြင့် ဘယ်တော့ ခေါ်သွားမှာလဲ..."

လီချင်းဆွေက...

"စားပြီးရင် သွားတော့မယ် ၊ မင်းကို သတိပေးစရာတစ်ခု ကျန်နေသေးလို့ လိုက်လာတာ..."

ဆန်းလျန်က...

"ကျေးဇူးပြုပြီး ပြောပါ..."

လီချင်းဆွေက...

"မာရ်နတ်က ပရနိမ္မိတဝသဝတ္တီပြည်က ဆင်းလာတော့မယ် ၊ ကွမ်ယင်မယ်တော်ရဲ့ ငါးခြင်းတောင်းကို သူ့ကို လုံးဝ မပေးလိုက်ပါနဲ့..."

ဆန်းလျန်က...

"ဘာဖြစ်လို့လဲ..."

လီချင်းဆွေက တည်ကြည်သည့်မျက်နှာထားဖြင့်...

"နောက်တော့ မင်းသိလာမှာပါ..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ပြီး လီချင်းဆွေ၏ စကားများ

ကို သူ့စိတ်ထဲတွင် မှတ်သားထားလိုက်လေသည်။

အမှန်တော့ သူကိုယ်တိုင်ကလည်း ငါးခြင်းတောင်းကို မာရ်နတ်

ကိုပေးလိုက်စိတ် မရှိခဲ့ပေ။ ကွမ်ယင်မယ်တော်ကို ကြောက်ရွံ့

သောကြောင့် မဟုတ်ပေ။ သူကိုယ်တိုင်က မိစ္ဆာသခင်မာရ်နတ်

ကို သဘောမကျသောကြောင့် ဖြစ်လေသည်။

ကူးဝေဝေက စားကောင်းသောက်ဖွယ်များစွာကို ချက်ပြုတ်

ထားသော်လည်း လီချင်းဆွေကတော့ ငါးကင်တစ်မျိုးတည်း

ကိုသာ စားသောက်ရန်ရွေးခြယ်လိုက်သည်။

ဆန်းလျန်က...

"ချင်းဆွေပြောတော့ ငါးတွေကိုသဘောမကျဘူးဆို ၊ ငါးကင်

ကိုကျ ဘာလို့ ကြိုက်ရတာလဲ..."

လီချင်းဆွေက ဆန်းလျန်ကို လှည့်ကြည့်လိုက်ပြီး...

"လောကမှာ အသက်ရှင်နေထိုင်တာပဲလေ ၊ ကြိုက်တာရော မ ကြိုက်တာရော အကုန်လက်ခံရမှာပေါ့..."

လီချင်းဆွေမှာ ထူးဆန်းသည့် နတ်ဘုရားတစ်ပါးဖြစ်သည်ဟု ဆန်းလျန် တွေးလိုက်မိသည်။

သူသာဆိုလျှင် သဘောမကျသည့်အရာကို လက်ခံနိုင်မည် မဟုတ်ပေ။

လီချင်းဆွေသည် အမည်နှင့်လိုက်ဖက်လွန်းလှသည်။ ကြည်လင်သည့်ရေသည် အညစ်အကြေးများအားလုံးကို သန့်စင်ပေးနိုင်စွမ်းရှိလေသည်။ ချင်းဆွေသည်လည်း ထို အတိုင်းပင်ဖြစ်သည်။ သူမသည် မည်သည့်အရာကိုမှ သိပ်ပြီး ဂရုမစိုက်တတ်ဘဲ အမြဲတမ်း သန့်စင်ကြည်လင်နေသူ ဖြစ်လေ သည်။

ညစ်ပတ်နေသည့် ရေများလည်းရှိသည်ဟု စောဒကတက်နိုင် သည့်တိုင် ညစ်ပတ်ခြင်းသည် ညစ်ပတ်ခြင်းသာဖြစ်ပြီး ရေ

ကတော့ သူ၏သဘောသဘာဝအတိုင်း ကြည်လင်နေမည်ပဲ ဖြစ်သည်။

(ချင်းဆွေ = ကြည်လင်သည့်ရေဟု အဓိပ္ပါယ်ရ - ဘာသာပြန်သူ)

ကူးဝေဝေသည် ဆန်းလျန်နှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် ပျော်ရွှင်နေမိသော်လည်း လီချင်းဆွေကိုတော့ ဘာကြောင့်မှန်း မသိ ကြောက်ရွံ့နေမိလေသည်။ လီချင်းဆွေက အေးစက်ခက်ထန်သူတစ်ယောက်ဖြစ်သည့်အတွက် ကြောက်ရွံ့နေမိခြင်း ဖြစ်မည်ဟုသာ နောက်ဆုံးတွေးလိုက်မိသည်။

ပိုင်ရှောက်ယွီသည် ချောမောလှပသည့် မိန်းမလှလေးများကို သဘောကျတတ်သူဖြစ်လေသည်။ သို့သော်… လီချင်းဆွေကိုတော့ တစ်ချက်ပင် ခေါင်းမော့၍ပင် မကြည့်ရဲပါချေ။

လီချင်းဆွေကို သိပ်ပြီး မကြောက်ရွံ့သူဆို၍ ဆန်းလျန်နှင့် ဆန်းချင်းချင်း (၂)ယောက်သာ ရှိလေသည်။

အားလုံးက သူမကို ကြောက်ရွံ့နေကြသည့်အတွက် လီချင်းဆွေက စကားမပြောတော့ဘဲ ငါးကင်ကိုသာ ဖြည်းဖြည်းချင်းစားနေလိုက်လေသည်။

အတန်ကြာမှ သူမက ကူးဝေဝေကို တစ်ချက်လှမ်းကြည့်လိုက်ရင်း...

"ငါက သူများတွေအပေါ် အကြွေးမထားတတ်ဘူး ၊ မင်းရဲ့ငါးကင်ကိုစားပြီးပြီဆိုတော့ မင်း ဘာလိုချင်သလဲ ပြောပါ..."

လီချင်းဆွေ၏ အမေးကြောင့် ကူးဝေဝေ အနည်းငယ်အံ့အားသင့်သွားလေသည်။

သူမက...

"ရှင်က အားလျှန်နဲ့ ချင်းချင်းရဲ့ မိတ်ဆွေမို့လို့ ကျွန်မက ကျွေးခဲ့တာပါ ၊ ဘာမှ မတောင်းဆိုပါဘူး..."

လီချင်းဆွေက...

"ဒီလိုဆိုမှတော့ မင်းကို တာအိုကျင့်စဉ်တစ်ခု သင်ပေးမယ် ၊ မင်းသာ ကံကောင်းမယ်ဆိုရင် မင်းနဲ့ငါ ချင်းဆွေထျန်း ကောင်းကင်ဘုံမှာ ပြန်ဆုံနိုင်တာပေါ့..."

ပြောပြီးသည်နှင့် လီချင်းဆွေက ကူးဝေဝေထံသို့ လက်နှစ်ချောင်းဖြင့် ညွှန်ပြလိုက်လေသည်။

ကူးဝေဝေ၏ မျက်ခုံး (၂)ခုကြားတွင် အေးစက်မှုကို ခံစားလိုက်ရပြီး ထူးဆန်းသည့် တာအိုကျင့်စဉ်တစ်ခု သူမ၏ စိတ်ထဲတွင် ထင်မြင်လာလေသည်။ ထိုတာအိုကျင့်စဉ်မှာ နက်နဲလှပြီး လက်ရှိ သူမလျှောက်လှမ်းနေသည့် ကျင့်စဉ်လမ်းနှင့်လည်း လိုက်လျောညီထွေ ရှိလေသည်။

ကူးဝေဝေကို တာအိုကျင့်စဉ် သင်ပြပေးပြီးသွားသည်နှင့် လီချင်းဆွေက ဆန်းချင်းချင်း၏လက်ကိုဆွဲကာ နေရာမှ ပျောက်ကွယ်သွားလေတော့သည်။

ကူးဝေဝေက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"အားလျန်… ဘာတွေဖြစ်သွားတာလဲ…"

ဆန်းလျန်က…

"တကယ်တော့ ချင်းဆွေက အဆင့်မြင့်နတ်ဘုရားတစ်ပါးပါ ၊

ဆန်းချင်းချင်းနဲ့သူနဲ့က အရင်တုန်းက မိတ်ဆွေတွေထင်တယ် ၊

ဒါကြောင့် ဆန်းချင်းချင်းအတွက် အစ်မ စိတ်မပူပါနဲ့…"

ဆန်းလျန်၏ စကားကိုကြားတော့မှ ကူးဝေဝေ စိတ်သက်သာ

ရာ ရသွားသည်။

ထို့နောက်တွင်တော့ …

ကူးဝေဝေနှင့် ကျွယ်ရှင်းတို့က စားသောက်ဆိုင်ထဲတွင်

ကျင့်ကြံနေကြပြီး ပိုင်ရှောက်ယွီကတော့ သူတို့ဘေးနားတွင်

ထိုင်နေလေသည်။

ညနေစောင်းအချိန်တွင်တော့…

စားသောက်ဆိုင်သို့ ရဲ့မော်ထျန်း ရောက်လာလေသည်။

ကျွယ်ရှင်းနှင့် ရဲ့မော်ထျန်းမှာ မကြာခဏ တိုက်ခိုက်ခဲ့ဖူးကြ

လေသည်။ ထို့ကြောင့် ရဲ့မော်ထျန်းကို စားသောက်ဆိုင်တံခါးဝ

တွင် တွေ့မြင်လိုက်ရသည့်အခါ ပြဿနာရှာရန်ရောက်လာ

သည်ဟု ကျွယ်ရှင်းက ထင်လိုက်မိသည်။

သို့သော်... ရဲ့မော်ထျန်းက ဆန်းလျန်ကို ဂါရဝပြုလိုက်သည်

ကို တွေ့လိုက်ရသည့်အခါတွင်တော့ ရဲ့မော်ထျန်းသည်လည်း

ဆန်းလျန်၏ လက်အောက်သို့ ရောက်သွားပြီဟု ကျွယ်ရှင်း

သဘောပေါက်လိုက်သည်။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"ဘာများဖြစ်လို့လဲ..."

ဟု ရဲ့မော်ထျန်းကို မေးလိုက်လေသည်။

ရဲ့မော်ထျန်းက...

"တောင်ပေါ်ကို ဝက်ဝံတစ်ကောင်ရယ် ၊ ကျောက်စိမ်းခြင်္သေ့

တစ်ကောင်ရယ် ၊ ဆင်ဖြူတစ်ကောင်ရယ် ရောက်လာကြတယ်

၊ သူတို့အားလုံးက တန်ခိုးစွမ်းအားမြင့်မားလွန်းလို့ ကျွန်တော် ရင်မဆိုင်နိုင်ဘူး ၊ သူတို့ ဘာရည်ရွယ်ချက်နဲ့ ရောက်လာကြ တာလဲ မသိဘူး..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဒါဖြင့်လည်း တစ်ချက်လောက် သွားကြည့်ရအောင်..."

ဆန်းလျန်က ခဏနားပြီးမှ ကူးဝေဝေတို့အားလုံးကို နှုတ်ဆက် လိုက်သည်။

"အားလုံးပဲ ... ကျုပ်သွားတော့မယ်...."

ကူးဝေဝေတို့အားလုံးက ဆန်းလျန်ကို ခေါင်းညိတ်ပြလိုက်ကြ လေသည်။

ထို့နောက်... ခြေတစ်လှမ်းလှမ်းလိုက်ရုံဖြင့် ဆန်းလျန်သည် ချက်ချင်းပင် ချင်းရှတောင်ပေါ်သို့ ရောက်ရှိသွားလေသည်။

ချင်းရှုတောင်ပေါ်တွင် စမ်းချောင်းလေးတစ်ခုစီးဆင်းနေပြီး

နာနတ်ပင်များနှင့် ဝါးပင်များက နေရာအနှံ့တွင် ပေါက်ရောက်

နေလေသည်။

အနက်ရောင်ဝက်ဝံကြီးတစ်ကောင်က ကျောက်တုံးကြီးတစ်

တုံးကို မှီကာ ထိုင်နေပြီး ပျားလပို့ကိုကိုင်ကာ ပျားရည်ကို

သောက်နေလေသည်။

ဆင်ဖြူကတော့ နှာမောင်းကို စမ်းချောင်းအတွင်းစိုက်ကာ

ရေသောက်နေသည်။

ကျောက်စိမ်းခြင်္သေ့ကတော့ မြက်ခင်းထက်တွင်လဲလျောင်း

ရင်း သူ၏လည်ဆံမွှေးများကို လည်သည်းများဖြင့် ကုတ်ခြစ်

နေလေသည်။

အနက်ရောင်ဝက်ဝံကြီးက ဆန်းလျန်ကို တွေ့သည်နှင့် အရင်ဦး

အောင် နှုတ်ဆက်လိုက်သည်။

"ဆန်းလျန်ထျန်းကျွင်း ၊ ကျုပ်တို့ ထပ်တွေ့ကြပြန်ပြီနော်..."

အနက်ရောင်ဝက်ဝံကြီးမှာ အခြားသူမဟုတ်ပေ။ ဝက်ဝံသခင် ဖြစ်လေသည်။

သူက မူလပုံစံဖြစ်သည့် ဝက်ဝံပုံစံ ပြောင်းလဲထားခြင်း ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘာကိစ္စရှိလို့ရောက်လာတာလဲ ဝက်ဝံသခင်..."

ဝက်ဝံသခင်က...

"ကွမ်ယင်မယ်တော်ရဲ့အမိန့်နဲ့ ချင်းရှတောင်ကို စောင့်ရှောက်ဖို့ ရောက်လာတာပါ..."

ဆန်းလျန်က ကျောက်စိမ်းခြင်္သေ့နှင့် ဆင်ဖြူကို လက်ညိုးထိုး ပြလိုက်ပြီး...

"ဒီ (၂)ကောင်ကလည်း မင်းနဲ့အတူ ပါလာတာလား..."

ဝက်ဝံသခင်က...

"သူတို့က ဝန်စူးဗောဓိသကျန်နဲ့ ဖူရှန်မယ်တော်ရဲ့ စီးတော်တွေပါ ၊ ဒါပေမဲ့ သူတို့ရဲ့တန်ခိုးစွမ်းအားကလည်း ကျုပ်ထက် မလျော့ပါဘူး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မိုးနတ်မင်းရဲ့ မိုးကောင်းကင်ခုံရုံးသာရှိနေသေးရင် မင်းတို့ (၃)ကောင်စွမ်းအားနဲ့ဆို ကောင်းကင်ဘုံတောင်ဘက်တံခါးတောင် ပျက်စီးသွားနိုင်တယ်..."

ကျောက်စိမ်းခြင်္သေ့ကပျင်းရိပျင်းတွဲလေသံဖြင့်...

"ကောင်းကင်ဘုံတောင်ဘက်တံခါးကို ကျုပ်ရောက်ဖူးသားပဲ ၊ ဘာမှ စိတ်ဝင်စားစရာ မရှိဘူး... ၊ ဟွန်း...သူတို့က ကျုပ်ကို နတ်မိစ္ဆာတစ်ကောင်ဆိုပြီး ဝင်ခွင့်မပေးဘူးလေ ၊ ဘယ်ရမလဲ နတ်စစ်သည်တစ်သိန်းကို ကိုက်စားပစ်လိုက်တယ်..."

ဆင်ဖြူက ကျယ်လောင်စွာ ရယ်မောလိုက်ရင်း...

"အစ်ကိုကြီး ၊ အဲဒါ ဘယ်လောက်ကြာခဲ့ပြီလဲ ၊ ခုထိ ကြွားလုံး ထုတ်လို့ မပြီးသေးဘူးလား ၊ ဒါပေမဲ့ အစ်ကိုကြီး ဘယ်လောက်အစွမ်းထက်ထက် ဆန်းလျန်ထျန်းကျွင်းကိုတော့ ယှဉ်နိုင်မှာ မဟုတ်ပါဘူး..."

ခြသေ့ံက...

"အေး... ဒါတော့ ဟုတ်တယ်..."

ဆန်းလျန်က ကျောက်စိမ်းခြသေ့ံကို တစ်ချက်အကဲခတ်လိုက် သည်။

ခြသေ့ံ၏ မျက်ဝန်းကြီးများက မီးအိမ်ကြီးများအလား တစ် လက်လက်တောက်ပနေလေသည်။ ထို့ပြင် သူ၏ခန္ဓာကိုယ်မှ လည်း နတ်ဘုရားအလင်းတန်းခပ်မှိန်မှိန်တစ်ခုက ဖြာလဲ့နေ သေးသည်။

ကြည့်ရုံမျှဖြင့် တန်ခိုးစွမ်းအား မည်မျှ မြင့်မားကြောင်း သိနိုင် လေသည်။

နတ်မိစ္ဆာတစ်ပါးအနေဖြင့် ထိုမျှ တန်ခိုးစွမ်းအားမြင့်မား

သည်မှာ တော်ရုံအစွမ်းအစနှင့်တော့ မဖြစ်နိုင်ပေ။

ခြသေ့်က...

"ကျုပ်တို့ (၃)ယောက်က ချင်းရှတောင်ကို စောင့်ရှောက်ဖို့ လာ

ခဲ့တာ ၊ မာရ်နတ်ရောက်လာရင် ရင်ဆိုင်ဖို့ပေါ့..."

ဝက်ဝံသခင်က...

"လျှောက်ပြောနေပြန်ပြီ ၊ သူ့စကားကို မယုံနဲ့ ဆန်းလျန်ထျန်း

ကျွင်း ၊ တကယ်တော့ သူကဝန်စူးဗောဓိသကျဆီက ထွက်ပြေး

မလို့လုပ်နေတာ ၊ ကွမ်ယင်မယ်တော်က ရိပ်မိလို့ သူ့ကို ဖမ်းပြီး

ချင်းရှတောင်ကို လွှတ်လိုက်တာ ၊ ပြီးတော့ မယ်တော်က

မှာလိုက်သေးတယ် ၊ အကြောင်းအကျိုးတရားနဲ့ပတ်သက်ပြီး

ဆန်းလျန်ထျန်းကျွင်း သူနဲ့ဆွေးနွေးချင်တယ်ဆိုရင် အချိန်

ခဏတော့ စောင့်ပါဦး တဲ့..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"စကြာဝဠာအရှင်ကြီး စွန်းဝူခုံးက ကျုပ်ရဲ့ မူလဝိညာဉ်ခန္ဓာကို ဖျက်စီးပစ်ခဲ့တယ်၊ သိပ်မကြာခင် သူ့ရဲ့ ရွှေခန္ဓာကို ဖျက်စီးပစ်ပြီး သူ့ကို လက်စားချေမှာပါ၊ ဒါပေမဲ့ (၃)နှစ်လောက် အချိန်စောင့်ရပါဦးမယ်..."

ဝက်ဝံသခင်က ဆန်းလျန်ကို စကားပြန်မပြောတော့ပေ။

ထိုအချိန်မှာပင်... တောင်ဘက်ဆီမှ ဗုဒ္ဓအလင်းတန်းများ တစ်ချက်လင်းလက်သွားပြီး ပြန်လည် ပျောက်ကွယ်သွားလေသည်။

ဤသည်မှာ ဆန်းလျန်၏ စကားကို လက်ခံသည့်သဘောဖြင့် ကွမ်ယင်မယ်တော်က အချက်ပြလိုက်ခြင်းပင် ဖြစ်လေသည်။

....

ချောင်ယင်ဂူတွင်တော့ ကွမ်ယင်မယ်တော့နှင့် ဝူခုံးရှိနေလေသည်။

ကွမ်ယင်မယ်တော်က...

"အဲဒီနေ့က ဆန်းလျှန် မသေတာ ငါ ယုံတောင်မယုံနိုင်ဘူး ၊ အခု သူက ပိုပြီး ခန့်မှန်းရခက်လာပြီ ၊ နောက်(၃)နှစ်ဆိုရင် သူ တော့ မင်းကို လက်စားချေဖို့ လာရှာတော့မယ်..."

ဝူခုံးက...

"ဗောဓိပင်ထွက်ပေါ်လာတော့မယ် ၊ လောင်စွန်း ဗောဓိပင်ကိုရှာတွေ့ရင် သူ့ကို ရင်ဆိုင်နိုင်မှာပါ ၊ စိတ်မပူပါနဲ့ ၊ လောလောဆယ် တော့ လောင်စွန်း ရှောင်နေတာကောင်းတယ် ၊ သူနဲ့ တခြားသူ တွေ တိုက်ခိုက်ကြပါစေဦး..."

ကွမ်ယင်မယ်တော်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ငါတို့ အဖြစ်ကလည်း ရေငတ်ပြေအောင် အဆိပ်ရည်သောက်ရသလို ဖြစ်နေပြီ..."

ကွမ်ယင်မယ်တော်၏စကားကြောင့် ဝူခုံးက အေးစက်စွာ တစ်ချက်ပြုံးလိုက်လေသည်။

....

ကွမ်ယင်မယ်တော်နှင့် မျောက်မင်းတို့၏အတွေးများကို ဆန်း

လျှန် ခန့်မှန်းမိလေသည်။

ရှမ်တုတောက်ကျွင်း ဆန်းလျှန်ကို သတ်ချင်သည့်အကြောင်း

မှာ သူသွားမည့်လမ်းတွင် ဆန်းလျှန်က ခလုတ်ကသင်းဖြစ်နေ

သောကြောင့် ဖြစ်သည်။

ဆန်းလျှန်က ရှမ်တုတောက်ကျွင်းနှင့် ထပ်မံရင်ဆိုင်ရလျှင်

လည်း အရေးမစိုက်တော့ပေ။ အာလာယဝိညာဏတရား

အလင်း ရခဲ့ပြီဖြစ်သည့်အတွက် ရှမ်တုတောက်ကျွင်းကို အနိုင်

မယူနိုင်လျှင်တောင် လွတ်အောင်တော့ ထွက်ပြေးနိုင်မည် ဖြစ်

လေသည်။

ကွမ်ယင်မယ်တော်ကလည်း ရှမ်တုကို စောင့်ကြည့်နေသူဖြစ်

လေသည်။ သူမအနေဖြင့်လည်း ရှမ်တုကို လွယ်လွယ်နှင့်

အလွတ်ပေးမည် မဟုတ်ပေ။ သို့သော်... ဆန်းလျှန်နှင့် ရှမ်တု

ကြားတွင် ချိန်ခွင်လျှာညီမျှစေရန် ရှမ်တုကိုလည်း လွယ်လွယ်နှင့် လဲကျစေမည် မဟုတ်ပေ။

ဆန်းလျန်က ယိလမ်းစဉ်ဖြင့် အရာရာကို ခန့်မှန်းနိုင်ခဲ့လေသည်။ နောက်တစ်ကြိမ်တိုက်ပွဲတွင်တော့ သူ အနိုင်ရမည်မှာ သေချာသလောက်ရှိသည်။

သူက (၃)နှစ်အချိန်ပေးလိုက်သည်မှာ အကြောင်းရှိသည်။ (၃)နှစ်အတွင်း သူ ကျင့်စဉ်လမ်း အဆင့်တက်သွားမည်ဟု ဝူခုံးနားလည်မှုလွဲသွားစေရန် ဖြစ်လေသည်။ တကယ်ဆိုလျှင် ဆန်းလျန် အနေဖြင့် ဗောဓိပင်ကိုရှာရန် အချိန် (၃)နှစ် မစောင့်နိုင်တော့ပေ။

သို့သော်... သူ့အနေဖြင့် ထိုက်ယီနတ်ဆားကို ရှာဖွေပြီး ကျောက်ရှောင်ယွီ၏ လျန်ယိမြူခိုးတန်ခိုးစွမ်းအားနှင့် စမ်းသပ်ယှဉ်ပြိုင်ကြည့်ရဦးမည် ဖြစ်လေသည်။

ထို့ပြင်... လောလောဆယ် သူ့တွင် ယွမ်တုဓားနှင့် ငရဲလမ်းဓား ရှိနေသည့်အတွက် အခြားသောရန်သူများကို စိတ်ပူရန် မရှိပေ။

ခြသေ့်က...

"ဆန်းလျန်ထျန်းကျွင်း မျောက်ကို (၃)နှစ်အတွင်း အနိုင်ယူနိုင်ရင်တော့ ငါ မင်းကို ရတနာပစ္စည်းတစ်ခုပေးမယ် ဆင်ဖြူ ရေ..."

ဆင်ဖြူက ရယ်မောလိုက်ရင်း...

"အဲဒါဆို ငါလည်းမင်းကို ရတနာပစ္စည်းတစ်ခုပေးမယ်..."

သူတို့က ဝန်စူးဗောဓိသကျနှင့် ဖူရှန်မယ်တော်တို့၏ စီးတော်များဖြစ်ကြသော်လည်း ဝူခုံးကို ကြည့်မရကြပေ။

ဝူခုံးခံရတော့မည်ဆိုသည့်အခါ သူတို့က ကျိတ်ပြီးဝမ်းသာနေကြလေသည်။

ထိုအချိန်မှာပင် ရဲ့မော်ထျန်း၏ ခန္ဓာကိုယ်တစ်ချက်တုန်လှုပ်သွားပြီး...

"ဘုရားကယ်ပါ၊ မိစ္ဆာသခင် လူ့ပြည်ဆင်းလာပြီ..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ကဲ... ကဲ... ချင်းရှတောင်ကိုစောင့်ရှောက်ဖို့ ရောက်လာကြတဲ့ မိတ်ဆွေ (၃)ယောက်၊ မာရ်နတ်ရောက်လာပြီတဲ့၊ သွားပြီး တားဆီးကြပေတော့..."

ဝက်ဝံသခင်က...

"ကျုပ်တို့ အကောင်းဆုံးကြိုးစားမှာပါ..."

ဆန်းလျန်က သူတို့ကို အဓိပ္ပါယ်ပါပါ တစ်ချက်ကြည့်လိုက်ရင်း...

"မင်းတို့ (၃)ယောက် သူ့ကို မတားဆီးနိုင်ဘူးဆိုရင် ကျုပ်လည်း သူ့ကို တားနိုင်မှာ မဟုတ်ဘူးနော်..."

ဝက်ဝံသခင်က...

"မဖြစ်စေရဘူး..."

ဝက်ဝံသခင်၏စကားကို ကျောက်စိမ်းခြသေ့နှင့် ဆင်ဖြူက
ပျင်းပျင်းရိရိနှင့် ခေါင်းညိတ်ထောက်ခံလိုက်ကြလေသည်။
သူတို့က မတိုက်ခိုက်ချင်ကြသော်လည်း တကယ်တမ်း
တိုက်ခိုက်ရမည်ဆိုလျှင် မခိုမကပ်ဖြင့် ရှပ်ရှပ်ချွံချွံတိုက်ခိုက်
တတ်ကြသူများ ဖြစ်လေသည်။
သို့သော်... သူတို့ (၃)ယောက်တွင် ဝက်ဝံသခင်က
ဆုံးဖြတ်ချက်ခိုင်မာပြီး တည်ကြည်လေးနက်လေသည်။
ထို့ကြောင့် တန်ခိုးစွမ်းအားအရာတွင်လည်း ခြသေ့နှင့် ဆင်ဖြူ
ထက် အနည်းငယ်သာသည်ဟု ဆိုနိုင်သည်။
ထိုအချိန်မှာပင်....
ချင်ပြည်နယ် လမ်းမတစ်နေရာတွင် အစိမ်းရောင်ဝတ်ဆင်ထား
သည့် လူရွယ်တစ်ယောက် ပေါ်လာလေသည်။
လူရွယ်က ပိန်ပိန်ပါးပါး ကိုယ်ဟန်မတ်မတ်နှင့် အလွန်မှ
ချောမောလှပသူဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ နွေဦး

လေပြေလေးတိုက်ခတ်သည့်အလား သိမ်သိမ်မွေ့မွေ့ရှိလှလေ
သည်။

အခန်း (၈၂၈) မိုးကောင်းကင်နတ်မိစ္ဆာဆိုတာဘယ်တော့မှမ
သေဘူး

ထူးဆန်းသည်လူတစ်ယောက် မြို့လယ်ခေါင်တွင် ရုတ်တရက်
ပေါ်လာသည့်တိုင် သူ့ကို မည်သူကမှ အရေးမစိုက်ကြပေ။
အဘယ်ကြောင့်ဆိုသော်... အစိမ်းရောင်ဝတ်လူရွယ် ၏
ခန္ဓာကိုယ်မှ ရောင်စုံအသက်ဓာတ်စွမ်းအားများ ထွက်ပေါ်နေ
လေသည်။ ထိုအသက်ဓာတ်စွမ်းအားများနှင့် ထိခိုက်မိသူ

လူသားတိုင်းမှာ မိန်းမောတွေဝေကာ သတိလက်လွတ်ဖြစ်သွားကြသောကြောင့် ဖြစ်လေသည်။

ကျင့်ကြံသူတစ်ယောက်သာ ထိုရောင်စုံအသက်ဓာတ်စွမ်းအားများဖြင့် ထိမိပါက ... ပျော်ရွှင်ခြင်း ၊ ဒေါသထွက်ခြင်း ၊ စိတ်ပူပပန်ခြင်း ၊ အာရုံထွေပြားခြင်း ၊ ဝမ်းနည်းခြင်း ၊ ကြောက်ရွံ့ခြင်း ၊ အံ့သြထိတ်လန့်ခြင်း ဆိုသည့် ခံစားချက် (၇)မျိုးကို ခံစားရမည် ဖြစ်သည်။

ရောင်စုံအသက်ဓာတ်စွမ်းအားများသည် အစိမ်းရောင်ဝတ်လူရွယ်၏ ဦးခေါင်းထက်တွင် စုစည်းနေပြီး အနက်ရောင်တိမ်တိုက်တစ်ခု ဖြစ်တည်နေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

အစိမ်းရောင်ဝတ်လူရွယ်က အချိန်ခဏလေးအတွင်းမှာပင် မြို့ကို တစ်ပတ်ပတ်လိုက်လေရာ တစ်မြို့လုံးရှိလူသားများမှာ

မိန်းမောတွေဝေကုန်ကြပြီး ရုပ်သေးရုပ်များပမာ အသိစိတ်ကင်းလွတ်ကုန်ကြလေသည်။

ထို့နောက် လူရွယ်က မြို့ထဲမှ ထွက်ခွာလာလေသည်။

မြို့ပြင်သို့ ရောက်သည်နှင့် လူရွယ်က တစ်ချက်ပြုံးလိုက်ရင်း...

"ဒီလိုစိတ်ကျေနပ်မှုမျိုး လူ့ပြည်မှာပဲ ရနိုင်တယ်..."

ထိုသူသည်ကား ကျိကျိုက်ထျန်းကောင်းကင်ဘုံဟု ခေါ်ဆိုသည့် ပရနိမ္မိတဝသဝတ္တီတွင် နေထိုင်သည့် မာရ်နတ်ပင် ဖြစ်လေသည်။

ပွင့်တော်မူခဲ့သည့် ဗုဒ္ဓအဆက်ဆက်နှင့် ဗောဓိသကျပေါင်းများစွာကို သူက အမျိုးမျိုး အဖုံဖုံ ဒုက္ခပေးခဲ့သည်ချည်းပင်ဖြစ်လေသည်။

ထို့ပြင် သက်ရှိသတ္တဝါအားလုံး၏ နှလုံးသားကို ချုပ်ကိုင်ကာ ပျော်ရွှင်ခြင်း ၊ ဒေါသထွက်ခြင်း ၊ စိတ်ပူပန်ခြင်း ၊ အာရုံ

ထွေပြားခြင်း ၊ ဝမ်းနည်းခြင်း ၊ ကြောက်ရွံ့ခြင်း ၊ အံ့သြ ထိတ်လန့်ခြင်း ဆိုသည့် ခံစားချက်များကို ထည့်သွင်းပေးနေသူလည်း ဖြစ်သည်။

ဝက်ဝံသခင်နှင့် မိတ်ဆွေ (၂)ယောက်သည် အဝေးဆီမှ အနက်ရောင်တိမ်တိုက်တစ်ခု လွင့်မျောလာသည်ကို တွေ့မြင်လိုက်ကြရလေသည်။ ထိုအနက်ရောင်တိမ်တိုက်မှာ မိစ္ဆာစွမ်းအားများနှင့်ပြည့်နေပြီး ပရနိမ္မိတဝသဝတ္တီပြည်မှ မာရ်နတ်ဆင်းလာသည်မှာ ထင်းရှားသည်။

အနက်ရောင်တိမ်တိုက်ကိုတွေ့လိုက်သည်နှင့် ပျင်းရိပျင်းတွဲဖြစ်နေကြသည့် ခြသေ့်နှင့် ဆင်ဖြူ၏ မျက်နှာများသည်ပင် လျှင် ချက်ချင်း တည်ကြည်လေးနက်သွားကြသည်။

မတိုက်ခိုက်ချင်သည့်တိုင် တိုက်ပွဲတစ်ခုကို ရင်ဆိုင်ကြရတော့မည် ဖြစ်သည်။

အနက်ရောင်မိစ္ဆာတိမ်တိုက်က ပိုမိုထူထပ်လာပြီး အနောက်ဘက်မှ နေဝန်းကိုပင် ဖုံးကွယ်သွားလေသည်။ လေထုထဲတွင် ဖိအားတစ်ခုထွက်ပေါ်လာပြီး ထိုဖိအားက ဝက်ဝံသခင် ၊ ခြသေ့်နှင့် ဆင်ဖြူတို့ကို ဖိနှိပ်ထားလေသည်။

ဝက်ဝံသခင်က တစ်ချက်ကျုံးဝါးလိုက်ပြီး လေထဲသို့ လက်သီးချက်တစ်ချက် ထိုးသွင်းလိုက်လေသည်။ သူ၏လက်သီးချက်က လျှပ်စီးအလား လျှင်မြန်လွန်းလှသည်။

ကောင်းကင်ကို ထိုးခွင့်လိုက်သည့် မြားတစ်စင်းပမာ အနက်ရောင်တိမ်တိုက်များ ကွဲကြေလွင့်မျောသွားလေသည်။

တိမ်မဲများလွင့်ပျယ်သွားသည့်အခါ နေရောင်ထွက်ပေါ်လာပြီး နေရောင်ခြည်သည် ဝက်ဝံသခင်၏ ကိုယ်ပေါ်သို့ ခမ်းနားစွာဖြင့် ဖြာကျလာလေသည်။

ထိုအချိန်မှာပင်....

အနောက်ဆီမှ လူရိပ်တစ်ရိပ်ထွက်ပေါ်လာလေသည်။

တောက်ပစွာပြုံးနေသည့် လူရွယ်တစ်ယောက် ဖြစ်လေသည်။

ထိုသူ၏ သွင်ပြင်ဟန်ပန်နှင့် စိတ်နေစိတ်ထားမှာ ဆန်းလျန်နှင့်

ဆင်တူလေသည်။ သို့သော်… ဆန်းလျန်ကပိုပြီး အေးဆေး

တည်ငြိမ်ဟန်ရှိသည်။

လူရွယ်က ဝက်ဝံသခင်၊ ခြသေ့်နှင့် ဆင်ဖြူတို့ ရှိရာသို့

လမ်းလျှောက်လာလေသည်။ သာမန်လူတစ်ယောက်အလား

ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်လာခြင်း ဖြစ်သည်။

သို့သော်… ဝက်ဝံသခင်သည် မာရ်နတ်ကိုကြည့်ပြီး ရင်ထဲ

အောင့်သွားလေသည်။

မိစ္ဆာသခင်မာရ်နတ်၊ မိုးကောင်းကင်မိစ္ဆာတစ်ပါးဖြစ်သူ

မာရ်နတ်၊ မိစ္ဆာနတ်ဘုရားတစ်ပါးဖြစ်သူမာရ်နတ်သည် ပညာ

အရာတွင် ထိပ်တန်းအဆင့်သို့ တက်လှမ်းသွားနိုင်ပြီဖြစ်သည့်

အဓိပတိမာရ်နတ်ကြီးတစ်ပါးအဖြစ် အဆင့်တက်သွားခဲ့ပြီ ဖြစ်လေသည်။

ဝန်စူးဗောဓိသကျ မာရ်နတ်ကို အနိုင်မယူနိုင်သည်ကို ဝက်ဝံသခင် မအံ့သြတော့ပေ။

မာရ်နတ်က တဖြည်းဖြည်း နီးကပ်လာသည်နှင့် သူတို့ရှေ့မှ မြင်ကွင်းများ အကြီးအကျယ် ပြောင်းလဲသွားလေသည်။ သူတို့အားလုံး အဆုံးမရှိသည့် အမှောင်ထုကြီးတစ်ခုအတွင်းရောက်ရှိသွားသည့်အလား ခံစားလိုက်ရသည်။

မာရ်နတ်၏ ပတ်ပတ်လည်တွင် လှည့်ပတ်နေသည့် နတ်ဆိုးများကို တွေ့မြင်ကြရသည်။

အဆုံးမရှိသည့် အမှောင်ထုထဲတွင် အလင်းရောင်တစ်ချက်လင်းလက်လာလေသည်။ ထိုအလင်းရောင်မှာ မိစ္ဆာအလင်းတန်း ဖြစ်လေသည်။ မိစ္ဆာအလင်းတန်းသည် ဆူနာမီ

လှိုင်းများအလား ပြင်းထန်လွန်းပြီး သူတို့၏ခန္ဓာကိုယ်များမှာ တုန်လှုပ်နေကြလေသည်။

သူတို့သည် မာရ်နတ်ဖန်ဆင်းထားသည့် လောကတစ်ခုအတွင်းသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း ဝက်ဝံသခင် သိလိုက်သည်။

ဤနေရာတွင်သာ တိုက်ခိုက်ရမည်ဆိုလျှင် အန္တရယ်များပြီး ခန့်မှန်းရလည်းခက်မည်ဖြစ်သည်။ ထို့ပြင် သူတို့၏ တန်ခိုးစွမ်းအားများသည်လည်း အသုံးကျတော့မည် မဟုတ်ပေ။

ဝက်ဝံသခင်၊ ကျောက်စိမ်းခြင်္သေ့နှင့် ဆင်ဖြူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဝက်ဝံသခင်... မင်းက မိုးနတ်ကောရီရဲ့ နတ်ဘုရားခန္ဓာကျင့်စဉ်နဲ့ မိုးနတ်မင်းရဲ့သံမဏိအရိုးကျင့်စဉ်တွေကို ကျင့်ကြံထားတာပဲ၊ ဒါပေမဲ့ မင်းရဲ့ တန်ခိုးစွမ်းအားတွေက ကျုပ်အတွက်တော့ အလကားပဲ..."

နူးညံ့သိမ်မွေ့လှသည့် မာရ်နတ်၏ စကားသံထွက်ပေါ်လာလေ
သည်။

မာရ်နတ်ဟုသာဆိုသည် ကြမ်းကြုတ်ခြင်းတစ်စက်လေးပင် မ
ရှိဘဲ အလွန်မှ နူးညံ့ပျော့ပျောင်းလေသည်။

ဝက်ဝံသခင်မှာ အလွန်အမင်း ထိတ်လန့်အံ့သြသွားလေသည်။

မိုးနတ်မင်း၏ သံမဏိအရိုးကျင့်စဉ်ကို သူကျင့်ကြံထားသည်
မှာ မည်သူမှ မသိသည့် လျှို့ဝှက်ချက် ဖြစ်လေသည်။

ဝက်ဝံသခင် တုန်လှုပ်သွားသည်ကို ကြည့်ပြီး မာရ်နတ်က ပြုံး
လိုက်လေသည်။

ထိုအချိန်မှာပင်...

လောကတစ်ခုလုံးကို တုန်လှုပ်စေသည့် ခြင်္သေ့ဟိန်းသံကြီး
ထွက်ပေါ်လာလေသည်။ လေထဲတွင် မရေမတွက်နိုင်သည့် ဝံ
ကန်တော့များထွက်ပေါ်လာပြီး မာရ်နတ်၏ ဘေးမှ နတ်ဆိုး
များကို စုပ်ယူပစ်လိုက်လေသည်။

နောက်ဆုံး မာရ်နတ်၏ဘေးတွင် နတ်ဆိုးတစ်ကောင်မှ မရှိ

တော့ပေ။

ထို့နောက်တွင်တော့ ကျောက်စိမ်းခြသေ့်မှာ သွေးများတစ်ချက်

အန်ထုတ်လိုက်သည်။

ခြသေ့်က...

"မင်းက နတ်စစ်သည်တစ်သိန်းထက် ကြောက်စရာကောင်း

တယ်..."

မာရ်နတ်က ပေါ့ပါးသည့်လေသံဖြင့်...

"နတ်ဆိုးတွေကိုစားပစ်တာ လည်ချောင်းလည်းနာနိုင်သလို

အစာမကျေလည်းဖြစ်တတ်တယ်..."

ကျောက်စိမ်းခြသေ့်၏ ခန္ဓာကိုယ်မှ အနက်ရောင်အငွေ့များ

ထွက်ပေါ်လာပြီး ကျောက်စိမ်းခြသေ့်ကြီးမှာ မလှုပ်နိုင်တော့

ပေ။

ဝက်ဝံသခင်က ဒေါသတကြီးဖြင့်...

"ဝန်စူးဗောဓိသကျတော့ မင်းကို အပြစ်ပေးတော့မှာပဲ..."

ကျောက်စိမ်းရောင်ခြင်္သေ့ကြီးက အားနည်းစွာဖြင့်...

"ကျုပ်လည်း အကောင်းဆုံး ကြိုးစားတာပဲလေ..."

ဝက်ဝံသခင်က နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

ခြင်္သေ့ကြီးမှာ နတ်ဆိုးများကိုစားမိသည့်အတွက် မိစ္ဆာစွမ်းအား

များဖြင့် ထိန်းချုပ်ခံရကာ တုတ်တုတ်ပင် မလှုပ်နိုင်တော့ပေ။

ဝက်ဝံသခင်က ဆင်ဖြူကို လှမ်းကြည့်လိုက်သည်။

ဆင်ဖြူက သူ့ကိုယ်သူ ဧရာမဆင်ကြီးတစ်ကောင်အသွင်

ပြောင်းလဲလိုက်ပြီး ဆင်အော်သံတစ်ချက်ကို ပြုလုပ်လိုက်

သည်။

ဆင်အော်သံမှာ ကြားရသူတိုင်း အရိုးထဲထိ အေးစက်ကာ

ကြောက်ရွံ့သွားစေနိုင်သည်။

ထို့နောက် ဆင်ဖြူ၏ အစွယ်ကြီး (၂)ချောင်းမှ အဖြူရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး မာရ်နတ်ကို ထိုးစိုက်ချလိုက်လေသည်။

မာရ်နတ်ထံမှ အနက်ရောင်အခိုးအငွေ့များထွက်ပေါ်လာပြီး ဆင်ဖြူကြီးကို ထိန်းချုပ်ထားလိုက်လေသည်။ ဆင်ဖြူမှာ ဆက်လက်တိုက်ခိုက်ရဲခြင်းမရှိတော့ဘဲ လှည့်ပြေးလေတော့သည်။

သို့သော်... ဆင်ဖြူ၏ ခန္ဓာကိုယ်အတွင်းသို့ တန်ခိုးစွမ်းအားတစ်ခု ဝင်ရောက်လာပြီး ဆင်ဖြူကို ထိန်းချုပ်လိုက်လေရာ ဆင်ဖြူမှာ ဆင်စွယ်များဖြင့် ဝက်ဝံသခင်ကို ထိုးနှက်တိုက်ခိုက်လိုက်လေတော့သည်။

ဝက်ဝံသခင်မှ မည်သို့မှ မတတ်နိုင်တော့ဘဲ ဝက်ဝံလက်သည်းများကို ထုတ်ကာ ဆင်ဖြူကို ကုတ်ခြစ်ပစ်လိုက်ရလေ

တော့သည်။ ဆင်ဖြူကြီးမှာ အမှောင်ထုထဲသို့ လဲကျသွားရသည်။

ဝက်ဝံသခင်က များပြားလှစွာသော တန်ခိုးစွမ်းအားများ အသုံးပြုကာ မာရ်နတ်ကို တိုက်ခိုက်ရန် ကြိုးစားသော်လည်း အရာမထင်ပေ။

ဗောဓိသကျ (၃)ပါး၏ တပည့် (၃)ယောက်ဖြစ်သည့် နတ်မိစ္ဆာ (၃)ပါးမှာ မာရ်နတ်၏ လှည့်စားမှုအောက်တွင် မရှုမလှ ခံနေကြရလေတော့သည်။

မာရ်နတ်က တစ်ချက်ရယ်မောလိုက်ပြီး နေရာမှ ပျောက်ကွယ်သွားလေသည်။

ထို့နောက် မာရ်နတ်သည် ချင်းရှကျောင်းတောင် အဝင်တံခါးဝတွင် ပြန်ပေါ်လာလေသည်။

ရဲ့မော်ထျန်းက မာရ်နတ်ကို ကြောက်ရွံ့စွာကြည့်နေလေသည်။ စကားပြောလိုက်ချင်သော်လည်း ပြောရဲသည့် သတ္တိမရှိပေ။

မာရ်နတ်က သူ့ကို အရေးမလုပ်ပေ။

သူက ချင်းရှကျောင်းတော်တံခါးဝတွင်ရေးထားသည့် နှစ်ကြောင်းကဗျာလေးကို ဖတ်နေလေသည်။

"ဝါးတောလေးက စမ်းချောင်းလေးစီးဆင်းနေတာကို တားဆီးနိုင်မှာတဲ့လား...

တောင်မြင့်ကြီးကရော ပျံသန်းနေတဲ့တိမ်တိုက်တွေကို တားဆီးနိုင်မှာတဲ့လား..."

စိတ်ထဲက ဖတ်နေသည်မဟုတ်ပါ ပါးစပ်ကပင် ထုတ်ဖော်ရွတ်ဆိုလိုက်သေးသည်။

ပြီးမှ မာရ်နတ်က...

"ဒီစာကြောင်းတွေက ဖတ်လို့တော့ကောင်းပါတယ်၊ ဒါပေမဲ့ ရုပ်ခန္ဓာလွတ်လပ်ဖို့ရော၊ စိတ်ဝိညာဉ်လွတ်လပ်ဖို့ရော (၂)ခုလုံး အရေးကြီးတယ်၊ ဟုတ်တယ်မလား ရဲ့မော်ထျန်း..."

မာရ်နတ်က ရဲ့မော်ထျန်းကို နွေးထွေးသည့်အကြည့်များဖြင့်

ကြည့်လိုက်လေရာ ရဲ့မော်ထျန်းမှာ တစ်ကိုယ်လုံး တောင့်တင်း

သွားသလို ခံစားလိုက်ရလေသည်။

ရဲ့မော်ထျန်း အဖြေပြန်မပေးနိုင်ခင်မှာပင် ချင်းရှကျောင်းတော်

အဝင်တံခါး အသာအယာ ပွင့်သွားလေသည်။

မာရ်နတ်က တစ်ချက်ပြုံးလိုက်ပြီး ချင်းရှကျောင်းတော်

အတွင်းသို့ လှမ်းဝင်သွားလေသည်။

ထိုအခါမှ ရဲ့မော်ထျန်းမှာလည်း အနည်းငယ် အသက်ရှူချောင်

သွားလေသည်။

ထိုအချိန်မှာပင်....

ချင်းရှကျောင်းတော်ရှေ့တွင် ဝက်ဝံသခင် ၊ ကျောက်စိမ်း

ခြသေ့်နှင့် ဆင်ဖြူတို့ ပေါ်လာကြလေသည်။

သူတို့က တုန်လှုပ်စွာဖြင့် ချင်းရှကျောင်းတော်အတွင်းသို့ ဝင်ရန် ဟန်ပြင်လိုက်ကြစဉ်မှာပင် ဆန်းလျန်၏အသံထွက်ပေါ်လာလေသည်။

"မင်းတို့ (၃)ယောက် အပြင်မှာပဲ နေကြ..."

ဝက်ဝံသခင်က ခြသေ့်နှင့် ဆင်ဖြူကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"ဘာတတ်နိုင်တော့မလဲ ၊ အပြစ်တင်မခံချင်ဘူးဆိုရင် ငါတို့ရဲ့ တန်ခိုးစွမ်းအားတွေနဲ့ ချင်းရှတောင်ကို ဝန်းရံထားပြီး မာရ်နတ်ကို ပိတ်ဆို့ထားကြတာပေါ့..."

ခြသေ့်နှင့်ဆင်ဖြူက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး ဝက်ဝံသခင်၏ စကားကို သဘောတူလိုက်ကြလေသည်။

ရဲ့မော်ထျန်းမှာ တစ်ချိန်က မာရ်နတ်၏ နောက်လိုက်ဖြစ်ခဲ့

သော်လည်း ယခုအချိန်တွင် သူ လေးစားယုံကြည်သည့်သူမှာ

ဆန်းလျန် ဖြစ်လေသည်။

ရဲ့မော်ထျန်းက ...

"မင်းတို့ စိတ်မပူကြပါနဲ့၊ ဆန်းသခင်လေးက ငါးခြင်းတောင်း

ကို မိစ္ဆာသခင်ကို ပေးလိုက်မှာမဟုတ်ပါဘူး..."

ဝက်ဝံသခင်က...

"မျှော်လင့်ရတာပဲ..."

ဆန်းလျန်သည် အလွန်တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်

ဖြစ်သည်ကို သူတို့အားလုံး သိထားလေသည်။ သို့သော်...

ဆန်းလျန်သည် မာရ်နတ်ကိုတော့ အနိုင်ယူချင်မှ ယူနိုင်ပေ

လိမ့်မည်။

မာရ်နတ်က ချင်းရှခန်းမဆောင်အတွင်းသို့ ဝင်လိုက်သည်နှင့်

သူ့ကို အသင့်စောင့်နေသည့် ဆန်းလျန်ကို တွေ့လိုက်ရသည်။

မာရ်နတ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်တို့ အရင်ကလည်း ဆုံတွေ့ခဲ့ကြဖူးတယ်နော် ၊ ဒါပေမဲ့ အခုတော့ မင်း ကျုပ်ကို မမှတ်မိတော့ဘူး မဟုတ်လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ပြန်တွေ့ရတာ ဝမ်းသာပါတယ်..."

မာရ်နတ်က ရယ်မောလိုက်ရင်း...

"ကျုပ်ရဲ့ ကိုယ်ခွဲတစ်ခုဖြစ်တဲ့ ယန်ရှီးက မင်းနဲ့ တော်တော်လေး ခင်မင်ခဲ့တယ် မဟုတ်လား ၊ ဒီအကြောင်းတွေ ကျောက်ရှောင်ယွီ မင်းကို ပြောပြခဲ့မှာပါလေ..."

ဆန်းလျန်က အံ့သြသွားခြင်း မရှိဘဲ အေးဆေးတည်ငြိမ်သည့် ဟန်ဖြင့်...

"မာရ်နတ်ဆိုတာက လူတွေကို မိစ္ဆာလမ်းရောက်အောင်ဆွဲဆောင်မယ် ၊ နတ်ဘုရားတစ်ပါးဖြစ်လာမယ်လို့ တိုက်တွန်းပြီး မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံခိုင်းမယ် ၊ ဒါတွေက မဆန်းပါဘူး ၊

ပြီးတော့ ယန်ရှီးအကြောင်း ကျောက်ရှောင်ယွီ ကျုပ်ကို ပြောခဲ့လား မပြောခဲ့ဘူးလားဆိုတာ မင်း မသိနိုင်ပါဘူး...."

လူသားတိုင်း၏ စိတ်ထဲတွင် မာရ်နတ်ကိန်းအောင်းသည်ပဲ ဖြစ်သည်။

ထို့ကြောင့် လူသားတိုင်း၏ စိတ်တွင် အမှောင်ဘက်ခြမ်းဆိုသည့် အရာတစ်ခု ရှိလေသည်။ ထိုအမှောင်ဘက်ခြမ်းသည် မာရ်နတ်က လူသားတို့၏ နှလုံးသားကို ချုပ်ကိုင်ခြယ်လှယ်သည့် အခြမ်းဖြစ်လေသည်။ ထိုလုပ်ရပ်များဖြင့်ပင် မာရ်နတ်မသိသည့်အကြောင်းအရာဆို၍ လောကတွင် မရှိခြင်းဖြစ်သည်။

သို့သော်... ဆန်းလျန်ကတော့ မာရ်နတ်၏ လုပ်ရပ်များကို ကောင်းကောင်းသိထားလေသည်။

ဆန်းလျန် ချင်းဆွေထျန်းကောင်းကင်ဘုံတွင် နေထိုင်ခဲ့ခြင်းကိုတော့ မာရ်နတ်သိသည်လား ၊ မသိသည်လား မသေချာလှပေ။

ထိုကိစ္စများကိုတော့ မာရ်နတ်မသိနိုင်ဟုသာ ဆန်းလျန်က အကြမ်းဖျင်းယူဆလိုက်သည်။

မာရ်နတ်က...

"ပရနိမ္မိတဝသဝတ္တီပြည်ဟာ မပျက်စီးနိုင်ဘူး ၊ ဘာလို့လဲဆိုတော့ စကြာဝဠာကြီးရဲ့ အစိတ်အပိုင်းဖြစ်နေလို့ပဲ ၊ ကျုပ်ကို သတ်လိုက်တယ်ဆိုရင်တောင်မှ ပရနိမ္မိတဝသဝတ္တီပြည်မှာ နေထိုင်တဲ့ နောက်ထပ်တစ်ယောက်က မာရ်နတ်ဖြစ်လာဦးမှာပဲ..."

သူက ဆန်းလျန်ကို တစ်ချက်လှေ့လာလိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"မင်းကြည့်လေ... အဲဒီတော့ ကျုပ်ရဲ့ ကျင့်စဉ်ပညာလောက် ကောင်းတဲ့ပညာ လောမှာ ရှိပါတော့မလား..."

ပြောပြီးသည်နှင့် မာရ်နတ်၏ အငွေ့အသက်များက ပြောင်းလဲသွားလေသည်။

မာရ်နတ်ထံမှ လျှို့ဝှက်ဆန်းပြားလွန်းသည့် တန်ခိုးစွမ်းအား များ ထွက်ပေါ်လာလေသည်။

ဆန်းလျန်က…

"မင်းက မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ရဲ့ တာ့လော်အဆင့်ကို ရောက်နေပြီလား…"

မာရ်နတ်က…

"ကျုပ်စတင်ကျင့်ကြံပြီး နှစ်ပေါင်းနှစ်သောင်းကြာမှ တာ့လော် အဆင့်ကို ရောက်ခဲ့တာ…"

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်…

"နှစ်ပေါင်းနှစ်သောင်းတောင်ကျင့်ကြံရတယ်ဆိုတော့ အချိန် မနည်းဘူးပဲ ၊ ဒီတော့ မင်း နှစ်ပေါင်းနှစ်သောင်းကျင့်ကြံခဲ့တဲ့ အတွေ့အကြုံကို ကျုပ် စမ်းသပ်ကြည့်ရအောင်…"

အခန်း (၈၂၉) အတိတ်နဲ့အနာဂတ်

သိပ်မကြာမီပင် မာရ်နတ်၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ဆန်းလျှန် မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရလေတော့သည်။

အလွန်ထူးဆန်းသည့် ကျင့်စဉ်တစ်ခုဖြစ်သည်ကိုတော့ ငြင်း၍မရနိုင်ပေ။

ရွှမ်တုတောက်ကျွင်း ၊ ကွမ်ယင်မယ်တော် ၊ ဝူခုံး နှင့် ကျန့်ယွမ်ကျီနတ်မင်းကြီးတို့၏ တန်ခိုးစွမ်းအားများကို ဆန်းလျှန်က တွေ့မြင်ဖူးခဲ့သူ ဖြစ်သည်။

ထိုသူများအားလုံးသည် လောကတစ်ခွင်တွင် ရှားပါးသည့် ထိပ်တန်းအဆင့် တန်ခိုးရှင်များ ဖြစ်ကြသည်။

သို့သော်… မာရ်နတ်၏ တန်ခိုးစွမ်းအားကတော့ သူတို့အားလုံး ထက် သာလွန်လေသည်။

မာရ်နတ်၏ တန်ခိုးစွမ်းအားသည် ထိုသူများအားလုံးထက် ခိုင်ခန့်ရုံသာမက ထာဝရတည်တံ့နိုင်သည့် စွမ်းအားတစ်ခု လည်း ပါဝင်နေသည်ကို တွေ့မြင်ရသည်။

ထိုတန်ခိုးစွမ်းအားများထဲတွင် ရှေးကျမှု ၊ လျှို့ဝှက်မှုနှင့် အကန့်အသတ်မရှိမှုများကို ဆန်းလျှန် ခံစားလိုက်ရသည်။

မာရ်နတ်က သူ၏တန်ခိုးစွမ်းအားကို အသုံးပြုလိုက်သည့်အခါ သဲလွန်စပင်မကျန်အောင် လျှင်မြန်လွန်းလှသည်။ တန်ခိုး စွမ်းအားများသည် နေရာတိုင်းသို့ ဖြာကျလာသည့် လရောင်ခြည်လှိုင်းများပမာ ဆန်းလျှန်ရှိရာသို့ ဖြည်းဖြည်း ချင်း ဝင်ရောက်လာသည်။

အရှိန်အဟုန်ဖြင့်မဟုတ်ဘဲ ဖြည်းဖြည်းချင်းဝင်ရောက်လာ သည့်တိုင် လွတ်လမ်း လုံးဝ မရှိနိုင်ပေ။

မာရ်နတ်ဆိုသည်က လေပြေလေးတစ်ခုအလား ဖြစ်လေသည်။ ထိတွေ့ဆုပ်ကိုင်၍မရနိုင်ပေ။ ထိတွေ့ဆုပ်ကိုင်ရန်ကြိုးစားလေတိုင်းလည်း လက်ထဲမှ လျောခနဲ ထွက်ခွာရှောင်ဖယ်သွားမည်ပင် ဖြစ်သည်။ လေပြေဟူသည်... ဖမ်းဆုပ်၍မှ မရနိုင်ပေပဲ။

ဆန်းလျှန်၏ ဘဝတွင် ထိုမျှ မရေမရာရှိလှသည့် ပုဂ္ဂိုလ်မျိုးကိုတွေ့ရသည်မှာ ခပ်ရှားရှားပင် ဖြစ်၏။

ရှမ်တုတောက်ကျွင်းကတော့ ချွင်းချက်ဖြစ်သလို လီချင်းဆွေကတော့ တစ်ဝက်ခန့် ချွင်းချက်ဖြစ်သည်ဟု ယူဆနိုင်သည်။ သို့သော်... မာရ်နတ်သည် လျှို့ဝှက်ဆန်းကျယ်သည့်သဘောသဘာဝကိုပိုင်ဆိုင်ထားသည့်တိုင် ရှမ်တုတောက်ကျွင်းနှင့် လီချင်းဆွေတို့လောက် တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိပေ။ သူ၏အဆင့်သည် ကွမ်ယင်မယ်တော်ထက် အနည်းငယ်သာသည့် အနေအထားမျိုးဖြစ်လေသည်။

လောကတွင် လေကဲ့သို့ လျှင်မြန်သူများစွာရှိလေသည်။

သို့သော်... ထိုသူများသည် လေတော့မဟုတ်ကြပေ။

မာရ်နတ်ကတော့ အမှန်တကယ်ပင် လေပြေတစ်ခု ဖြစ်လေ

သည်။ ထို့ကြောင့် သူနှင့်ဆုံတွေ့ရသည့် လူအများကို မရေမရာ

ဖြစ်စေနိုင်သည့် အစွမ်းကို ပိုင်ဆိုင်သည်မှာ မဆန်းလှပေ။

ဆန်းလျန်ဆိုလျှင်တောင်မှ ထိုမျှ ဦးတည်ချက်မရှိ လွင့်မျောနေ

နိုင်မည် မဟုတပေ။

လေပြေသည် မာရ်နတ်အသွင် ပြန်လည်ကူးပြောင်းသွားပြီး

ဆန်းလျန်ကို ပြုံးပြလိုက်လေသည်။ ထိုအခါ သူ၏ မျက်ဝန်း

များသည် လခြမ်းကွေးအလား ကျဉ်းမြောင်းလျှက်ရှိပြီး

လူသားများကိုသာမက နတ်ဘုရားများကိုပင် တွေဝေမိန်းမော

သွားစေနိုင်သည့် စွမ်းအားတစ်မျိုး ပါရှိနေလေသည်။

ဆန်းလျန်က မာရ်နတ်ကို စတင်တိုက်ခိုက်ခြင်း မပြုပေ။

သူက နောက်သို့ ခြေလှမ်းတစ်လှမ်းဆုတ်လိုက်လေသည်။

သို့သော်... သိပ်အဝေးကြီးတော့ မဟုတ်။ အတိအကျဆိုရမည်ဆိုလျှင် သူနောက်သို့ ဆုတ်လိုက်သည့် ခြေလှမ်းအကွာအဝေးသည် (၁)ပေတိတိ ဖြစ်လေ၏။

(၁)ပေဆိုသော အကွာအဝေးသည် နတ်ဘုရားများအတွက် ဝေးကွာသည်ဟု မဆိုသာပေ။

သို့သော်... ပြိုးနေသည့် မာရ်နတ်သည် မျက်နှာတစ်ချက် ပျက်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်...

ဆန်းလျှန်သည် ခြေတစ်လှမ်းမျှသာ နောက်ဆုတ်လိုက်ခြင်းဖြစ်သည့်တိုင် ထိုခြေတစ်လှမ်းစာ (၁)ပေ အကွာအဝေးတွင် ကောင်းကင်တမျှကျယ်ပြန့်သည့် ပင်ယလယ်ပြင်ကြီးတစ်ခု ဖြစ်ပေါ်လာသောကြောင့်ပင်။

ထို့နောက်... ဆန်းလျှန်၏ အနောက်ဘက်ဆီတွင် ကွမ်ယင်မယ်တော်၏ ငါးခြင်းတောင်းပေါ်လာလေသည်။

မာရ်နတ်က ငါးခြင်းတောင်းကို လိုချင်သည်ဆိုလျှင် ဆန်းလျှန်ကို အရင်ဆုံး နိုင်အောင် တိုက်ရမည် ဖြစ်သည်။ သို့သော်... ဆန်းလျှန်ဆီသို့ ရောက်အောင်သွားရန်အတွက် ကောင်းကင်တမျှကျယ်ပြန့်သည့် ပင်လယ်ပြင်ကြီးကို အရင်ဦးဆုံး ဖြတ်ကျော်ရပေမည်။

မာရ်နတ်က ပင်လယ်ပြင်ကြီးကို ဖြတ်ကျော်ခြင်း မပြုသေးပေ။

သူက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"တစ်ပေပတ်လည်လောက် အကွာအဝေးလေးအတွင်းမှာ ဒီလိုပင်လယ်ပြင်ကြီးတစ်ခု ဖန်ဆင်းနိုင်ဖို့ဆိုတာ အံ့ဩစရာပါပဲ..."

ပြောပြီးသည်နှင့် မာရ်နတ်က ရှေ့သို့ ခြေတစ်လှမ်းလှမ်း

လိုက်ကာ ကောင်းကင်တမျှကျယ်ပြန့်သည့် ပင်လယ်ပြင်ကြီး

အတွင်းသို့ ဝင်ရောက်သွားလေသည်။

ပင်လယ်ပြင်ဆီ ခြေလှမ်းလိုက်သည်နှင့် မာရ်နတ်သည် ချင်းရှ

ကျောင်းတော်ခန်းမဆောင်ထဲတွင် မဟုတ်တော့ဘဲ ကမ်းမမြင်

လမ်းမမြင်ပင်လယ်ပြင်ထဲသို့ ရောက်ရှိသွားလေသည်။ သူ့ရှေ့

မှ ဆန်းလျန်ကိုလည်း မြင်တွေ့ရခြင်း မရှိတော့ပေ။

သူ့ရှေ့မှ မြင်ကွင်းသည် ပင်လယ်ကြီးမျှသာ ဖြစ်လေသည်။

လောက၏အဆုံးကိုပင် ခြေတစ်လှမ်းတည်းဖြင့် အရောက်

သွားနိုင်သူ မာရ်နတ်သည် ဆန်းလျန်ဖန်ဆင်းထားသည့်

ပင်လယ်ပြင်ကြီးကိုတော့ ခြေတစ်လှမ်းတည်းဖြင့် ကျော်ဖြတ်

နိုင်ခြင်း မရှိခဲ့ပါချေ။

အဘယ်ကြောင့်ဆိုသော်...

ကျယ်ပြောလှသည့် ပင်လယ်ပြင်ကြီးသည် ဆန်းလျှန်၏ မူလ ဝိညာဉ်စွမ်းအားဖြင့် ဖန်ဆင်းထားသည့် ပင်လယ်ပြင်ကြီး ဖြစ်နေသောကြောင့်ပင်။

မူလဝိညာဉ်စွမ်းအားဆိုသည်မှာ စိတ်ဝိညာဉ်ပင်ဖြစ်သည်။

စိတ်ဝိညာဉ်သည် "စိတ်" ဆိုသည့် သဘောတရားပင် ဖြစ်သည်။

"စိတ်" ဆိုသည်က အဆုံးမရှိကျယ်ပြောလှသည်ဟု အဆိုရှိသည် မဟုတ်ပါလား။

ဆိုလိုသည်မှာ... မာရ်နတ်သည် လောကအဆုံးကို ခြေတစ်လှမ်းနှင့် ဖြတ်ကျော်နိုင်သော်ငြား ဆန်းလျှန်၏ နက်ရှိုင်းသည့် "စိတ်" ကိုတော့ ခြေတစ်လှမ်းတည်းဖြင့် ဖြတ်ကျော်နိုင်ရန်မှာ မည်သို့မှ မဖြစ်နိုင်ပေ။

သို့သော်... ဆန်းလျှန်၏ ဖန်ဆင်းမှုသည်လည်း ထာဝရတည်ရှိနိုင်မည့် အရာတစ်ခုတော့ မဟုတ်ပေ။

ထို့ကြောင့် … မာရ်နတ်က အလျှင်လိုခြင်းမရှိပေ။

သူက အေးအေးဆေးဆေးပင် ပင်လယ်လှိုင်းများထက်တွင်

တုတ်တုတ်မှမလှုပ်ဘဲ ထိုင်နေလေသည်။

ဆန်းလျန်က နှစ်ထောင်ပေါင်းများစွာကြာသည့်အထိ ပင်လယ်

ကြီးကို ဖန်ဆင်းထားမည်ဆိုလျှင် သူကလည်း ဆန်းလျန်ဆန္ဒ

အတိုင်းပင် ပင်လယ်ပြင်ကြီးထဲတွင် နှစ်ထောင်ပေါင်းများစွာ

ထိုင်နေမည် ဖြစ်လေသည်။ ထိုသို့ပြုလုပ်ရခြင်းက သူ့အတွက်

အပန်းမကြီးလှပေ။

သို့သော်… ဆန်းလျန်ကတော့ ထိုသို့ အဖြစ်မခံနိုင်ပေ။

ထို့ကြောင့် သူက ပင်လယ်ပြင်ထဲတွင် မုန်တိုင်းတစ်ခု ဖန်ဆင်း

လိုက်လေ၏။

မုန်တိုင်းထဲတွင် တိုက်ခတ်နေသည့်လေသည် မှော်ဝင်ဓားတစ်

လက်ထက်ပင် စူးရှထက်မြက်လေသည်။ မုန်တိုင်းသည်

ပင်လယ်တစ်ခုလုံးကို မှောက်လှန်လိုက်တော့မည့်အလား

စွမ်းအားပြင်းထန်လွန်းလှသည်။

ပင်လယ်နှင့် မုန်တိုင်းသည် လောကတစ်ခွင်ရှိ မည်သည့်

သဘာဝတရားနှင့်မှ ဆင်တူခြင်း မရှိ။ အဘယ်ကြောင့်ဆို

သော်... ဆန်းလျန်၏ ဝိညာဉ်စွမ်းအားဖြင့် ဖန်ဆင်းထား

သောကြောင့် ဖြစ်လေသည်။

ပင်လယ်နှင့်မုန်တိုင်းသည် ဆန်းလျန် ဖန်ဆင်းထားသည့်

လောကတစ်ခု ဖြစ်သည့်အတွက် ဆန်းလျန်သာ ဆန္ဒရှိမည်ဆို

လျှင် ပင်လယ်ရေတစ်စက်သည်လည်း တောင်မြင့်ကြီးတစ်ခု

ကို ဖြိုချပစ်နိုင်စွမ်းရှိမည်ဖြစ်သလို မုန်တိုင်းတစ်ချက်သည်

လည်း ကမ္ဘာမြေတစ်ခုလုံးကို အမှုန့်ချေပစ်နိုင်ပေသည်။

ထိုအချက်က သဘာဝကျမှုကို ဆန့်ကျင်နေသည်ဟု ထင်ရဖွယ်

ရှိသော်လည်း ဆန်းလျန်ဖန်ဆင်းထားသည့် ပင်လယ်ထဲတွင်

တော့ ပုံမှန်ပင် ဖြစ်သည်။

မာရ်နတ်သည် ပင်လယ်လှိုင်းများထက်တွင် တင်ပျဉ်ခွေထိုင်နေလေသည်။

ကြမ်းတမ်းသည့်မုန်တိုင်းကြောင့် ပင်လယ်လှိုင်းတံပိုးများပြင်းထန်နေသည့်တိုင် မာရ်နတ်ကတော့ တစ်ချက်လေးပင်ယိုင်လဲကျသွားခြင်း မရှိခဲ့ပေ။

မုန်တိုင်းမည်မျှပင်ပြင်းထန်ပါစေ မာရ်နတ်ကတော့ သံမဏိတိုင်တစ်တိုင်အလား မားမားမတ်မတ် ထိုင်နေဆဲ ဖြစ်သည်။

ထိုအချိန်မှာပင်... ကောင်းကင်ထက်တွင် အနက်ရောင်တိမ်တိုက်များဖြစ်တည်လာပြီး ပြင်းထန်လှသည့်မုန်တိုင်းနှင့်ပေါင်းစပ်သွားလေသည်။ ပြင်းထန်လှသည့် လှိုင်းလေမုန်တိုင်းနှင့် အနက်ရောင်တိမ်တိုက်များ ပေါင်းစပ်သွားသည့်အခါအရာအားလုံးကို ဖျက်စီးပစ်တော့မည့်အလား ထင်မှတ်ရလေသည်။

မာရ်နတ်က ထိုင်နေရာမှ ဖြည်းဖြည်းချင်း မတ်တတ်ထရပ်လိုက်သည်။ ထို့နောက် စူးရှသည့်မျက်ဝန်းများဖြင့် မှန်တိုင်းဆီသို့ တစ်ချက်ကြည့်ကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။ သူက လှိုင်းများထက်တွင် ခြေတစ်လှမ်းလှမ်းလိုက်ရင်း မုန်တိုင်းရှိရာသို့ လက်သီးချက်တစ်ချက် ပစ်သွင်းကာ ထိုးခွင်းလိုက်သည်။

မာရ်နတ်၏လက်သီးချက်က မုန်တိုင်းအတွင်းမှ အနက်ရောင်တိမ်တိုက်များကို ပြိုကွဲသွားစေလေသည်။

ထို့နောက် မာရ်နတ်၏ခန္ဓာကိုယ်ကြီးမှာ ရှေးဟောင်းသစ်ပင်ကြီးတစ်ပင်အလား မြင့်မားထွားကျိုင်းလာပြီး အဆုံးမရှိကျယ်ပြန့်သည့် ပင်လယ်ရေထဲတွင် ဝင့်ကြွားစွာ မတ်တတ်ရပ်လျှက်ရှိလေသည်။ မည်သည့်အရာကမှ သူ့ကိုလဲကျသွားအောင် စွမ်းဆောင်နိုင်ခြင်း မရှိလေသည့်အလားပင် ဖြစ်သည်။

နောက်ဆုံးတော့ မုန်တိုင်းဆဲသွားပြီး ပင်လယ်လှိုင်းများလည်း ငြိမ်သက်သွားလေသည်။

မာရ်နတ်က ပင်လယ်ပြင်ကြီးကို တစ်ချက်ငေးကြည့်လိုက်ရင်း…

"ကျုပ် ယန်ရှီးအဖြစ်နဲ့ လူ့လောကကို ဆင်းသက်လာခဲ့တုန်းက ကြီးမားတဲ့ အကျိုးအမြတ်တစ်ခု ရခဲ့တယ်၊ အဲဒါကတော့ ကွန်ဖြူးရှပ်ဝါဒကို လေ့လာခွင့်ရခဲ့တာပဲ၊ ကွန်ဖြူးရှပ်ဝါဒအရဆိုရင် 'ကိုယ်တိုင်ကိုယ်ပိုင်ဖြစ်အောင် ကျင့်ကြံခြင်းက လောကတစ်ခုလုံးကို အုပ်စိုးစေနိုင်တယ်' လို့ ပြောကြတယ်၊ ဒါပေမဲ့ ကျုပ် အဲဒီလို မလုပ်ခဲ့ဘူး၊ ကျုပ်က ကျုပ်ကျင့်ကြံထားတဲ့ "အဆင့်" တစ်ခုကိုပဲ ထိန်းသိမ်းထားတယ်၊ တကယ်တမ်းမှာ အဲဒါကလည်း ကွန်ဖြူးရှပ်ဝါဒရဲ့ အနှစ်သာရနဲ့ သွားတူနေတာပါပဲ၊ အဲဒါကြောင့်လည်း ပရနိမ္မိတဝသဝတ္တီပြည်ကို ရောက်လာတဲ့ ဘယ်သူ့ကိုမဆို ကျုပ် ထိန်းချုပ်ထားနိုင်ခဲ့တာ

ပေါ့၊ နတ်ဆိုးပဲရောက်လာလာ၊ နတ်ဘုရားပဲရောက်လာလာ ဘယ်သူ့ကိုမဆို ကျုပ် ထိန်းချုပ်ထားနိုင်တယ်…၊ ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်မှာ ကျုပ် မာရ်နတ်တစ်ပါးတည်းသာ အုပ်ဆိုးတယ်…"

မာရ်နတ်စကားပြောနေသည့် အချိန်မှာပင် သူ့ထံမှ ရှေးကျသည့် ဝိညာဉ်စွမ်းအားများ တဖြည်းဖြည်း ပျံ့နှံ့ထွက်ပေါ်လာလေသည်။

မာရ်နတ်၏ခြေချထားရာ ပင်လယ်ပြင်သည် တဖြည်းဖြည်း အပြာရောင်သွေးမင်ရည်များအဖြစ် ကူးပြောင်းသွားသည်။ အပြာရောင်သွေးမင်ရည်များထဲတွင် ကွန်ဖြူးရှပ်ဝါဒ သူတော်စင်များ၏ တန်ခိုးစွမ်းအားများ ရောယှက်စီးဆင်းနေလေသည်။

လေထုထဲတွင်လည်း ရှေးခေတ် သူတော်စင်တေးသွားများ ထွက်ပေါ်လာသည်။ ထိုအခါ… မိုးမြေနိယာမတရားများ

ပေါင်းစပ်သွားသည့်အလား အလင်းတန်းများဖြာလင်းလာလေ

တော့သည်။

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။

ထိုအခါ... သူဖန်ဆင်းထားသည့်ပင်လယ်ပြင်တွင်

အားနည်းချက်တစ်ခု ထွက်ပေါ်လာသည်။ မာရ်နတ်က ထို

အားနည်းချက်ကို တွေ့ရှိသွားပြီး လွတ်မြောက်အောင်

အခွင့်အရေးရယူနိုင်ခဲ့သည်။ မာရ်နတ်၏ တန်ခိုးစွမ်းအားနှင့်

ကွန်ဖြူးရှပ်ဝါဒတန်ခိုးစွမ်းအားများကို ပေါင်းစပ်အသုံးပြုကာ

ဆန်းလျန်ဖန်ဆင်းထားသည့် ပင်လယ်ပြင်ကို မာရ်နတ်က

ဖောက်ထွက်လိုက်နိုင်ပြီ ဖြစ်သည်။

ဆန်းလျန်ဖန်ဆင်းထားသည့် ပင်လယ်ကြီး ပျက်စီးသွားပေပြီ။

ချင်းရှခန်းမဆောင်ထဲတွင် ပျက်စီးသွားသည့်ပင်လယ်ပြင်ကြီး

မှ ကျန်ရစ်ခဲ့သည့် အလင်းမှုံလေးများ တောက်ပလျှက်ရှိသည်။

ထိုအလင်းမှုံလေးများသည် ဆန်းလျန်၏ မူလဝိညာဉ်စွမ်းအား

များပင် ဖြစ်လေသည်။ သန့်စင်မြင့်မြတ်မှုတို့ဖြင့် ပြည့်နှက်လို့

နေသည်။

ယခုတော့ မာရ်နတ်သည် ဆန်းလျန်ရှေ့တွင် မတ်တတ်ရပ်နေပြီ

ဖြစ်သည်။

သူက လက်ကိုဆန့်ကာ လေထဲတွင် ပျံ့လွင့်နေသည့် အလင်းမှုံ

လေးများကိုအသာအယာထိတွေ့ဆော့ကစားနေလေသည်။

အလင်းမှုံလေးများမှာ အလွန်မှ လှပလွန်းပါသည်။ သို့သော်…

မာရ်နတ်က အလှတရားကို ခံစားနေခြင်းမဟုတ်ဘဲ ဆန်းလျန်

ဖန်ဆင်းထားသည့်ပင်လယ်ပြင်ကို ဖောက်ထွက်လာနိုင်ခဲ့

သည့်အတွက် အကျေနပ်ကြီးကျေနပ်နေခြင်းသာ ဖြစ်လေ

သည်။

အလင်းမှုံလေးများ ပျောက်ကွယ်သွားသည့်အခါတွင်တော့

ချင်းရှကျောင်းတော်၏ ခန်းမဆောင်သည် ယခင်ကအတိုင်း

တိတ်ဆိတ်ရှင်းလင်းလျှက် ကျန်ရစ်ခဲ့လေသည်။

မာရ်နတ်က ခပ်ပေါ့ပေါ့လေသံဖြင့်...

"လောကမှာ မပျက်စီးနိုင်တဲ့အရာရယ်လို့ မရှိပါဘူး ၊ ကဲ...

အခုတော့ မင်းဘာတတ်နိုင်သေးလဲ..."

ဝိညာဉ်စွမ်းအားနှင့်ပတ်သက်လျှက် မာရ်နတ်သည် ဆရာကြီး

တစ်ဆူဖြစ်လေသည်။ မည်သူမှ သူ့ကို ယှဉ်ပြိုင်ပြီး လှည့်စား

နိုင်မည် မဟုတ်ပေ။

ဆန်းလျန်ကလည်း စိတ်ပျက်သွားခြင်း မရှိခဲ့ပေ။

သူက မာရ်နတ်ရှေ့တွင် တိတ်ဆိတ်ငြိမ်သက်စွာပင်

မတ်တတ်ရပ်နေလေသည်။ သူ၏ပုံစံက ရှေးဟောင်း

စကြာဝဠာတစ်ခုအလယ်တွင် တစ်လက်လက်တောက်ပနေ

သည့် ကြယ်စင်အလား ဖြစ်လေသည်။

ရုတ်တရက်...

ဆန်းလျန်၏ ဖြစ်တည်မှုက မရေမရာဖြစ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်… ဆန်းလျန်၏ ဖြစ်တည်မှုမှာ ချင်းရှုတောင်နှင့် ပေါင်းစပ်သွားသောကြောင့် ဖြစ်လေသည်။

ကြာမြင့်ခဲ့ပြီဖြစ်သည့်အတိတ်တစ်ချိန်တုန်းက…

ချင်းရှုတောင်တွင် နတ်ဘုရားများ၏ မယုံကြည်နိုင်စရာကောင်းလောက်သည့် တန်ခိုးစွမ်းအားများ စုစည်းခဲ့ဖူးလေသည်။ ဆန်းလျန်၏ အာလာယဝိညာဏတန်ခိုးစွမ်းအားက ထိုအတိတ်တစ်ချိန်ဆီက စုစည်းခဲ့ဖူးသည့် တန်ခိုးစွမ်းအားများကို ပြန်လည် ရယူပေါင်းစပ်နေခဲ့လေသည်။

အတိတ်ဆီမှ တန်ခိုးစွမ်းအားများကို ပစ္စုပ္ပန်ဆီသို့ ဖြည်းဖြည်းချင်း ဆွဲငင်ယူဆောင်နေလေသည်။

မီလဲ့ကိုယ်တော်နှင့် လီချင်းဆွေတိုက်ခိုက်ခဲ့စဉ်တုန်းက မီလဲ့ကိုယ်တော်က လင်စန်းတောင်၏ အတိတ်တစ်ချိန်မှ တန်ခိုး

စွမ်းအားများကို ပြန်လည်ရယူကာ လီချင်းဆွေကို တိုက်ခိုက်

သကဲ့သို့ ဆန်းလျန်ကလည်း ပြုလုပ်နေခြင်း ဖြစ်သည်။

မီလဲ့ကိုယ်တော် ပြုလုပ်သည့်အတိုင်း ဆန်းလျန်က အဘယ့်

ကြောင့် ပြုလုပ်နိုင်ခဲ့ပါသနည်း။

အဘယ်ကြောင့်ဆိုသော်... မီလဲ့ကိုယ်တော်ပြုလုပ်သည်ကို

ဆန်းလျန် တွေ့မြင်ခဲ့ရသောကြောင့် ဖြစ်လေသည်။

ချင်းဆွေထျန်းကောင်းကင်ဘုံတွင်နေထိုင်စဉ်က...

ဆန်းလျန်က အာလာယဝိညာဏတန်ခိုးစွမ်းအားကိုအသုံးပြု

ကာ လီချင်းဆွေ၏ဒဏ်ရာ မည်မျှပြင်းထန်သည်ကိုကြည့်

လိုက်စဉ် အမှတ်မထင် မီလဲ့ကိုယ်တော်နှင့် လီချင်း

ဆွေ၏တိုက်ပွဲကို တွေ့မြင်ခဲ့ရခြင်း ဖြစ်လေသည်။

လီချင်းဆွေ မည်သို့မည်ပုံ ဒဏ်ရာရခဲ့သည်ဆိုသည့် မြင်ကွင်း

ကိုလည်း သူတွေ့မြင်ခဲ့ရသည်။

သို့သော်… ချင်းရှတောင်ပေါ်တွင်မဟုတ်ဘဲ အခြားသောနေရာတစ်ခုတွင် မာရန်နတ်နှင့်ရင်ဆိုင်ရလျှင် သူ့အနေဖြင့် ဤသို့ပြုလုပ်နိုင်မည် မဟုတ်ပေ။

အတိတ်နှင့်အနာဂတ်သည် အချိန်တစ်ခဏအတွင်း ပေါင်းစပ်သွားလေသည်။

ထိုအချိန်တစ်ခဏလေးသည်ပင်လျှင် မာရ်နတ်ကို ကြောက်ရွံ့ထိတ်လန့်သွားစေသည့် "အချိန်" ဖြစ်လေသည်။

မာရ်နတ်က ဆန်းလျန်ကိုကြည့်နေရင်း ဗုဒ္ဓနှင့်တာအိုဆရာသခင်ကြီးတို့၏ တန်ခိုးစွမ်းအားများကို ခံစားလိုက်ရသည့်နှယ်ထင်မှတ်လိုက်မိသည်။

သူက ချက်ချင်းပင် ကောင်းကင်တံတိုင်းတစ်ခုကိုဖန်ဆင်းကာ တာအိုဆရာသခင်ကြီးတစ်ပါးအလား မြင့်မားလွန်းသည့် ဆန်းလျန်၏ အတိတ်နှင့်အနာဂတ် တန်ခိုးစွမ်းအားများကို တားဆီးထားလိုက်လေသည်။

သို့သော်... မာရ်နတ်၏ ကောင်းကင်တံတိုင်းမှာ ဆန်းလျန်၏

အတိတ်နှင့်အနာဂတ်ပေါင်းစပ်ထားသည့် တန်ခိုးစွမ်းအားများ

အောက်တွင် လွင့်ပျယ်သွားရလေသည်။

လောကတွင် မာရ်နတ်ကို ကြောက်ရွံ့သွားအောင်လုပ်နိုင်သူ

တစ်ဦးတစ်ယောက်မှ မရှိပေ။ ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်

ယီကတော့ ချွင်းချက်ဖြစ်လေ၏။

မာရ်နတ်သည် ဆန်းလျန်ကို မခန့်မှန်းနိုင်တော့ပေ။

ဆန်းလျန်၏ ကြည်လင်သည့်မျက်ဝန်းများထဲတွင် လျှို့ဝှက်

နက်ရှိုင်းမှုများနှင့် မြင့်မြတ်မှုများကို တွေ့မြင်ရလေသည်။

ထို့ပြင် ဆန်းလျန်သည် အခြားသောလောကတစ်ခုမှ သူ့ကို

ကြည့်နေသည့်အလား ခံစားလိုက်ရသည်။

ဆန်းလျန် ဆိုသည့်သူ....။

ထိုသူသည် အလွန်မှတည်ငြိမ်ပြီး မြင့်မြတ်သည့်အငွေ့အသက်

များဖြင့် ထုံမွှမ်းလျှက်ရှိလေသည်။

ဆန်းလျန်သည် သူ့ကိုယ်သူ မည်သည့်အချိန် ၊ မည်သည့်နေရာ

တွင်ရောက်ရှိနေသည်ကို မသိရှိတော့ပေ။

အတိတ်လား ၊ အနာဂတ်လား။

အတိတ်ဆီက ချင်းရှုတောင်လား... ၊ အနာဂတ်ဆီမှ ချင်းရှု

ကျောင်းတော်လား...။

ဆန်းလျန်၏ စိတ်အစဉ်ထဲတွင် အချိန်နှင့် နေရာ အတားအဆီး

များ ပြိုကျသွားပြီဖြစ်လေသည်။

သူသိရှိသည့် တစ်ခုတည်းသောအရာမှာ လက်ရှိအချိန်တွင် သူ

နှင့် မာရ်နတ်နှင့်ရင်ဆိုင်တိုက်ခိုက်နေသည်ဆိုသည့် အချက်ပင်

ဖြစ်သည်။

ဆန်းလျန်၏ ဟန်ပန်မှာ မာန်မာနတရားတို့ဖြင့် ဝင့်ကြွားလျှ

က်...။

လောကတွင် ကြောက်စရာအကောင်းဆုံးမှာ "သေခြင်းတရား"

မဟုတ်ပေ။

လောကတွင် ကြောက်စရာအကောင်းဆုံးမှာ အနေးနှင့်အမြန်
"သေရတော့မည်" ကို သိရှိနေပြီး သေရမည့်အချိန်ကို
လက်ချိုးရေတွက် စောင့်ဆိုင်းနေရသည့် ထိတ်လန့်ဖွယ်ရာ
အခြေအနေဖြစ်လေသည်။
ယခု မာရ်နတ်၏စိတ်ထဲတွင် ထိုသို့သော ကြောက်ရွံ့က
ထိတ်လန့်မှုကို ခံစားနေရသည်။
ပရနိမ္မိတဝသဝတ္တီနတ်ပြည်က ဘယ်တော့မှ ပျက်စီးမည်
မဟုတ်သလို မာရ်နတ်များတစ်ယောက်ပြီးတစ်ယောက် ထွက်
ပေါ်လာပြီး ခေတ်အဆက်ဆက် အုပ်ဆိုးကြပေလိမ့်မည်။
တိုင်းပြည်တစ်ပြည်၏ ဧကရာဇ်တစ်ပါး နတ်ရွာစံသည့်အခါ
အသစ်အသစ်သော ဧကရာဇ်များ ထွက်ပေါ်လာသကဲ့သို့ပင်
ဖြစ်သည်။
သို့သော်... လက်ရှိ မာရ်နတ်ဖြစ်သည့် "သူ" ကတော့ ယခု
တိုက်ပွဲတွင် အသက်ပျောက်သွားနိုင်လေသည်။

ဤမျှအထိ အချိန်အကြာကြီး ကျင့်ကြံလာခဲ့ပြီးမှ ယနေ့ ဆန်း လျန်၏ လက်ချက်ဖြင့် အသက်ပျောက်ရမည်ဆိုလျှင် မတန် လှပေ။

ထိုသို့တွေးမိသည့်အခါ မာရ်နတ်သည် ချက်ချင်းပင် နောင်တ အကြီးအကျယ်ရသွားမိသည်။ သူ ဆန်းလျန်ရှိရာ ဤနေရာသို့ မလာခဲ့သင့်ပေ။

ဗောဓိသကျများ ၊ ဖူကျူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော် များအလယ်တွင် ပညာဉာဏ်အကြီးမားဆုံး ဝန်စူးဗောဓိသကျ နှင့် ရင်ဆိုင်ခဲ့စဉ်ကပင်လျှင် ယခုကဲ့သို့ နောင်တရခဲ့ခြင်း မရှိ ပေ။

သို့သော်... ယခု အချိန်ခဏလေးအတွင်းတွင်တော့ မာရ်နတ် သည် နောင်တအကြီးအကျယ်ရလျှက် ရှိချေပြီ။

နောင်တတရားကို ရင်ဝယ်ပိုက်ကာ မာရ်နတ်သည် ထွက်ပြေး ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ထို့နောက်တွင်တော့ စကြာပွင့်အလား လည်ပတ်နေသည့်
အလင်းတန်းတစ်ခုသည် ချင်းရှကျောင်းတော်အတွင်းမှ
ပျံသန်းထွက်ခွာသွားလေတော့သည်။
အလင်းတန်းက လင်းလက်တောက်ပနေပြီး လရောင်ထက်ပင်
ပို၍လင်းလက်နေသည့်အလား ထင်မှတ်ရသည်။
မြင့်မြတ်လှစွာသော မာရ်နတ်မင်း ၊ ရှေးခေတ်အချိန်အခါ
ကတည်းက အချိန်ရေယဉ်ကြောတစ်လျှောက် မပြောင်းမလဲ
တည်ရှိခဲ့လေသည့်မာရ်နတ်မင်း ၊ ကောင်းကင်ဘုံကိုပင်
တုန်လှုပ်စေသည့် ရှည်လျားသည့်သက်တန့်အလား တန်ခိုး
စွမ်းအား မြင့်မားလေသူ မာရ်နတ်မင်းသည်... ယခုတော့
ကြောက်ရွံ့မှုအပြည့်ဖြင့် ချင်းရှကျောင်းတော်မှ ထွက်ပြေးသွား
ပြီ ဖြစ်လေသည်။
သို့သော်... ဆန်းလျန်ကလည်း သူ့ကို အလွတ်မပေးပေ။

ဆန်းလျန်သည် လျှပ်စီးထက်ပင်လျှင်မြန်သည့် အလင်းတန်း တစ်ခုဖန်ဆင်းကာ စကြာပွင့်ပုံစံ အလင်းတန်းနောက်သို့ လိုက်ပါသွားလေသည်။

ထိုအလင်းတန်းသည် လောကတွင် အမြန်ဆုံးအရာထက်ပင် လျှင်မြန်လွန်းလေသည်။

ထိုအလင်းတန်းထဲတွင် ဓားဝိညာဉ်တစ်ခုလည်း ပါဝင်နေလေ သည်။

မာရ်နတ်သည် သူ၏ပိုင်နက်ဖြစ်သည့် ပရနိမ္မိတဝသဝတီပြည် သို့ အလျှင်အမြန်ထွက်ပြေးရောက်ရှိလာလေသည်။ သို့သော်… ဆန်းလျန်ကလည်း သူ့နောက်မှ တပ်ကြပ်မကွာ လိုက်ပါလာ လေသည်။

ထို့နောက်… ဆန်းလျန်၏ ဓားဝိညာဉ်က ပရနိမ္မိတဝသဝတီ ပြည်ကိုပင် တုန်လှုပ်သွားစေပြီး မာရ်နတ်ပြုလုပ်ထားသည့် အကာအကွယ်ကို စက္ကူအလွှာပါးလေးကို ထိုးခွင်းလိုက်သည့်

အလား ထိုးခွင်းပစ်လိုက်လေသည်။ အရှံအတားမှာ ထက်ပိုင်း ပြတ်သွားလေတော့သည်။

ဓားဝိညာဉ်၏တိုက်ခိုက်မှုကြောင့် ပရနိမ္မိတဝသဝတ္တီပြည်မှ ငို ညည်းသံအလား ညည်းတွားသံတစ်သံပင် ထွက်ပေါ်လာခဲ့လေ သည်။ ထိုအသံသည် ကြားရသူတိုင်းကို ဝမ်းနည်းစိတ်မ ကောင်းဖြစ်သွားစေနိုင်သည်။

စကြာပွင့်ပုံစံအလင်းတန်းသည် ရောင်စုံအလင်းမှုံများအဖြစ် ပျံ့ကျဲသွားပြီး အရပ်မျက်နှာအသီးသီးသို့ ပျံ့နှံ့သွားလေသည်။ ထိုစကြာပွင့်ပုံစံအလင်းတန်းမှာ ခံစားချက် (၇)ခု၏ တန်ခိုး စွမ်းအားများ ဖြစ်လေ၏။

ဆန်းလျန်၏ ဓားဝိညာဉ်က မာရ်နတ်၏ ခံစားချက် (၇)ခု တန်ခိုးစွမ်းအားများကို ရက်ရက်စက်စက်ပင် သုတ်သင် ပစ်လိုက်သည်။

သို့သော်... မာရ်နတ်သည် ပရနိမ္မိတဝသဝတ္တီနတ်ပြည်မှ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ သူသည် ချက်ချင်းပင် လူ့လောကသို့ ပြန်လည်ဆင်းသက်လာကာ လူသားတစ်ယောက်၏ နှလုံးသားထဲတွင် ပုန်းအောင်းနေလိုက်လေသည်။ မည်သည့်နည်းနှင့်အသက်ရှင်နေရပါစေ သူ့အနေဖြင့် အသက်ဆက်လက်ရှင်သန်နိုင်ရန်ကသာ အဓိက ဖြစ်လေ၏။ လေထုကပိုပြီးကြည်လင်လာသည်။

ချင်းရှတောင်ပေါ်မှ နတ်မိစ္ဆာ (၃)ပါးမှာ မြေပြင်ပေါ်သို့ ပြိုလဲကျသွားကြသည်။

သူတို့က ချင်းရှတောင်ပေါ်တွင် အရံအတားတစ်ခုကို ပြုလုပ်ထားခဲ့လေသည်။ ယခု သူတို့ ပြုလုပ်ထားသည့်အရံအတားကို မာရ်နတ်နှင့် ဆန်းလျန်က အပြင်းအထန် ဖောက်ထွက်သွားကြလေရာ သူတို့၏ တန်ခိုးစွမ်းအားများအားလုံး ကုန်ဆုံးသွားသည့်အလား ခံစားလိုက်ကြရသည်။

ချင်းရှကျောင်းတော်အတွင်းသို့ ဆန်းလျှန် ပြန်လည်ရောက်ရှိ

လာလေသည်။

သူက ကျောင်းတော်ခန်းမဆောင် ကြမ်းပြင်ထက်တွင်

ဖြည်းဖြည်းချင်း ထိုင်ချလိုက်သည်။ အတိတ်နှင့်အနာဂတ်

တန်ခိုးစွမ်းအားများကို ပေါင်းစည်းပြီး မာရ်နတ်ကို တိုက်ခိုက်ရ

ခြင်းမှာ တကယ်တမ်း သူ့အတွက် လွယ်ကူမနေခဲ့ပေ။

သူအလွန်ပင်ပန်းနေပြီ ဖြစ်လေသည်။

ထိုအချိန်မှာပင်...

ငါးခြင်းတောင်းပိုင်ရှင်ဖြစ်သည့် ကွမ်ယင်မယ်တော်၏

ဖန်ဆင်းခံကိုယ်ခွဲတစ်ခုဖြစ်သော တံငါသည်မိန်းမပျိုသည်

ချင်းရှကျောင်းတော်ခန်းမဆောင်၏ အမွှေးတိုင်နှင့် ဆီမီးတိုင်

များထွန်းညှိရာ စင်မြင့်အနောက်မှ ထွက်ပေါ်လာလေသည်။

ကြာပန်းဖြူက တံငါသည်မိန်းမပျို၏ တန်ခိုးစွမ်းအား

အနှစ်သာရများကို စုပ်ယူခဲ့ပြီး သူမကို ချင်းရှကျောင်းတော်

တွင် ဖမ်းဆီးထားခဲ့ခြင်း ဖြစ်လေသည်။

တံငါသည်မိန်းမပျိုက အနည်းငယ် နောင်တရသည့်လေသံ

ဖြင့်...

"သူ့ကို သတ်မပစ်လိုက်နိုင်တာ စိတ်မကောင်းစရာပဲ..."

ဆန်းလျန်က...

"ကျုပ်သာ အော်မီတော်ဖူဘုရားရဲ့ အကြောင်းနဲ့အကျိုး တရား

ကို နားလည်ထားရင် သူ လွတ်သွားမှာ မဟုတ်ဘူး..."

တံငါသည်မိန်းမပျိုက ဆန်းလျန်ကို နက်ရှိုင်းစွာ တစ်ချက်

ကြည့်လိုက်ရင်း...

"အော်မီတော်ဖူဘုရားရဲ့ အကြောင်းနဲ့အကျိုး တရားစာတွေ

ဘယ်မျာရှိလဲဆိုတာ ရှင်က သိချင်နေတာလား..."

ဆန်းလျန်က...

"အဲဒီတရားစာတွေ ဘယ်မှာရှိလဲဆိုတာ မင်းကသိလို့လား..."

တံငါသည်မိန်းမပျိုက...

"အော်မီတော်ဖူဘုရားရဲ့ သုခဘုံက ဗောဓိပင်မှာရှိတယ်..."

ဆန်းလျန်က...

"မင်းက ကွမ်ယင်မယ်တော်နဲ့ မတွေ့ဘူးပဲ..."

တံငါသည်မိန်းမပျိုက ပြုံးလိုက်ရင်း...

"ဘယ်တူနိုင်မှာလဲ..."

ဆန်းလျန်က...

"ကျုပ် ကွမ်ယင်မယ်တော်နဲ့ ဆုံဖူးတယ်၊ မင်းနဲ့ ကွမ်ယင်မယ်တော်ရဲ့ဆက်ဆံရေးကိုကြည့်ရတာ ကျောက်ရှောင်ယွီနဲ့ ကြာပန်းဖြူလိုပဲနော်၊ မင်းတို့တွေက တူသလိုလိုနဲ့ မတူညီကြဘူး၊ သူတို့ (၂)ယောက်ကလည်း တူသလိုလိုနဲ့ မတူကြဘူး၊ ကြာပန်း (၂)ပွင့်လိုပါပဲ..."

တံငါသည်မိန်းမပျိုက...

"ရှင် ခိုင်းနိုင်းပြတာ သိပ်ကိုသင့်တော်ပါတယ်၊ တကယ်တော့ ကွမ်ယင်မယ်တော်မှာ လုပ်စရာအလုပ်တစ်ခုရှိခဲ့တယ်၊ ဒါပေမဲ့ သူက အဲဒီကိစ္စကြောင့် ဖြစ်လာမယ့် အကြောင်းအကျိုးတွေကို မခံယူချင်ဘူး၊ ဒါကြောင့် ကျွန်မကို ဖန်ဆင်းခဲ့တာ၊ ကျွန်မ ထမ်းဆောင်ရမယ့်တာဝန် ပြီးဆုံးသွားတာနဲ့ ကျွန်မလည်း ဒီလောကမှာ ရှိနေတော့မှာ မဟုတ်ပါဘူး..."

ဆန်းလျန်က...

"သူက ဘာကိစ္စလုပ်စရာရှိလို့ မင်းလို ကိုယ်ခွဲတစ်ခုကို ဖန်ဆင်းခဲ့တာလဲ၊ ဒီလိုဖန်ဆင်းတော့ ကွမ်ယင်မယ်တော်ရဲ့ အနာဂတ်က ဘာများဖြစ်လာမှာလဲ..."

တံငါသည်မိန်းမပျိုက...

"အမှန်က ဒီလိုပါ၊ ကွမ်ယင်မယ်တော်က အားလော်ဟယ်ကို မေးခွန်းတစ်ခု မေးဖို့အတွက် ကျွန်မကို ဖန်ဆင်းခဲ့တာပါ၊ အားလော်ဟယ်ကို မေးခွန်းမေးလိုက်တဲ့အတွက် အားလော်ဟယ်ဆီ

မှာ အကြွေးတင်သွားတယ်လေ၊ ဒီတော့ ကျွန်မက အားလော်

ဟယ်ရဲ့လမ်းစဉ် လူ့လောကကိုရောက်ရှိလာအောင်

ဆောင်ကြဉ်းပေးဖို့အတွက် အားလော်ဟယ်နဲ့အပေးအယူ လုပ်

ခဲ့ရတယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းရဲ့အဖြစ်က ဒေါင်းစိမ်းကိုယ်တော်နဲ့ဗုဒ္ဓရဲ့ အဖြစ်အပျက်နဲ့

သွားတူနေပြီ..."

တံငါသည်မိန်းမပျိုက...

"အင်း... နည်းနည်းတော့တူတယ်..."

ဗုဒ္ဓဘာသာအကြောင်းပြောမည်ဆိုလျှင် ဒေါင်းစိမ်းကိုယ်တော်

သည်လည်း တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်မည် ဖြစ်လေ

သည်။

ဒေါင်းစိမ်းကိုယ်တော်သည် တစ်ချိန်တုန်းက ဒေါင်းစိမ်း

နတ်မိစ္ဆာတစ်ပါး ဖြစ်လေသည်။ သူက လူသားစားရသည်ကို

နှစ်သက်ပြီး ဖူကျူုကိုယ်တော်အချို့ကို မျိုချပစ်ခဲ့လေသည်။

ထိုအကြောင်းကို ဗုဒ္ဓသိရှိသွားသည့်အခါ ဒေါင်းစိမ်းနတ်မိစ္ဆာ

ကို တရားပြရန် ရောက်လာခဲ့သည်။

ဗုဒ္ဓက ဒေါင်းစိမ်းနတ်မိစ္ဆာကို တရားပြပြီးသည်နှင့် ဒေါင်းစိမ်း

နတ်မိစ္ဆာသည် တရားရကာ ဒေါင်းစိမ်းကိုယ်တော်အဖြစ်

ဗုဒ္ဓဘာသာထဲသို့ ဝင်ခဲ့လေသည်။ သို့သော်… ဖူကျူုကိုယ်တော်

များကို မျိုချခဲ့သည့်အပြစ်ကို ပြန်လည်ပေးဆပ်ရန်အတွက်

ဗုဒ္ဓက သူ့ကို လူ့လောကတွင် ဗုဒ္ဓဝါဒကို တရားဟောပြောစေခဲ့

သည်။

ဆန်းလျန်က…

"ဒါဖြင့် အားလော်ဟယ်ရဲ့လမ်းစဉ်က လူ့လောကကို

ဘယ်တော့ ရောက်လာမှာလဲ…"

တံငါသည်မိန်းမပျိုက...

"ကျွန်မ ကျီမုမြစ်ကိုတွေ့အောင်ရှာပြီး ကလေးတစ်ယောက်မွေး

ဖွားသန့်စင်ပေးနိုင်တဲ့ အချိန်မှာပေါ့..."

ဆန်းလျန်က...

"ကျီမုမြစ်ရေက မိန်းကလေးတွေပဲ မွေးဖွားတာ မဟုတ်ဘူး

လား ၊ အားလော်ဟယ်က ကောင်းကင်ဘုံအဖဘုရားသခင်

နေရာကိုလိုချင်တယ်ဆိုရင် မိန်းကလေးတစ်ယောက်က သူ့ရဲ့

လမ်းစဉ်ကို ဘယ်လို ဖော်ထုတ်ပေးနိုင်မှာလဲ..."

တံငါသည်မိန်းမပျိုက...

"ပုံမှန်ဆိုရင်တော့ ကျီမုမြစ်ရေက မိန်းကလေးတွေကိုပဲ မွေးဖွား

စေတာပါ ၊ ဒါပေမဲ့ ယောကျာ်းလေးတစ်ယောက် မွေးလာဖို့

အတွက်လည်း မျှော်လင့်ချက်ရှိချင်ရှိမှာပေါ့... ၊ မပြောတတ်

ဘူး..."

ဆန်းလျန်က တစ်ချက်ရယ်မောလိုက်ရင်း...

"ဒါဖြင့်လည်း ကျီမုမြစ်ကို မင်းရှာတွေ့ပါစေလို့ ကျုပ်

ဆုတောင်းပေးလိုက်ပါတယ်၊ မင်းသွားလိုရာ သွားလို့ရပြီ..."

တံငါသည်မိန်းမပျိုက...

"ရှင် ကျွန်မကို လွှတ်ပေးမယ်ပေါ့..."

ဆန်းလျန်က...

"လွှတ်မပေးနိုင်စရာ ဘာရှိလဲ၊ မင်းကို ကျုပ် ဖမ်းခဲ့တာ၊ ကျုပ်

ကပဲ ပြန်လွှတ်ပေးရမှာပေါ့..."

တံငါသည်မိန်းမပျိုက အတန်ကြာတိတ်ဆိတ်သွားပြီးမှ...

"ရှင် ဂုဏ်ကျေးဇူးကိုတော့ သတိထားရလိမ့်မယ်..."

ပြောပြီးသည်နှင့် တံငါသည်မိန်းမပျိုသည် အဝေးဆီသို့ လွင့်

မျောထွက်ခွာသွားလေတော့သည်။

ဝက်ဝံသခင်၊ ကျောက်စိမ်းခြင်္သေ့နှင့် ဆင်ဖြူတို့သည်လည်း

မိန်းမပျိုနောက်သို့ လိုက်ပါသွားကာ ပျောက်ကွယ်သွားကြလေ

သည်။

တံငါသည်မိန်းမပျိုကိုသာ နတ်မိစ္ဆာ (၃)ပါး စောင့်ရှောက်ပေး

နေမည်ဆိုလျှင် ရှမ်တုတောက်ကျွင်း ၊ လီချင်းဆွေ ၊ ကျန့်ယွမ်

ကျီနတ်မင်းကြီးနှင့် မာရ်နတ်တို့ကဲ့သို့သော တန်ခိုးစွမ်းအားမြင့်

မားသူများမှ လွဲပြီးမည်သူမှ သူမကို နှောက်ယှက်ရဲလိမ့်မည်

မဟုတ်ပေ။

ဆန်းလျန်ကတော့ တံငါသည်မိန်းမပျို နောက်ဆုံးပြောသွား

သည့် စကား၏အဓိပ္ပါယ်ကို စဉ်းစားနေမိသည်။

အဘယ့်ကြောင့် သူမက ဝူခုံးကိုသတိထားဖို့ သူ့ကို ပြောသွားရ

ပါသနည်း။

ဝူခုံး...။

ထိုအမည်မှာ မျောက်မင်းကို ဗောဓိဘိုးဘိုးကိုယ်တိုင် ချီးမြှင့်

ပေးအပ်ခဲ့သည့် တရားဝင်အမည် ဖြစ်လေသည်။

ဗောဓိဘိုးဘိုးသည် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်ပြီး သူ ပေးသည့်နာမည်သည် အဓိပ္ပါယ်ပြည့်ဝသည့် အမည်တစ်ခု ဖြစ်သည်။

ဆန်းလျန်က တစ်ခဏမျှစဉ်းစားနေပြီးသည့်နောက် ထို အကြောင်းကို ထပ်မစဉ်းစားတော့ပေ။ သို့သော်... တံငါသည် မိန်းမပျိုက ရည်ရွယ်ချက်မရှိဘဲ ထိုစကားကို ပြောသွားမည် မဟုတ်ပေ။ ထို့ကြောင့် သူ့အနေဖြင့် မျောက်မင်းကိုယခင်က ထက်ပိုပြီးသတိထားရပေလိမ့်မည်။

....

ဝိညာဉ်မြစ်သည် သက်ရှိသတ္တဝါများ လူပြန်ဝင်စားခြင်း လမ်းကြောင်း (၆)ခုကို ဖော်ဆောင်ရာ ပင်မနေရာတစ်ခု ဖြစ် လေသည်။

ဝိညာဉ်မြစ်သည် အသူရာချောက် (၉)ထပ်ကို ဖြတ်သန်းစီး ဆင်းနေသည့် မြစ်တစ်စင်းဖြစ်သည့်အပြင် မိုးနှင့်မြေ မည် သည့်နေရာကိုမဆို ဦးတည်စီးဆင်းနိုင်သော လျှို့ဝှက်ဆန်း

ကျယ်မှုများနှင့် ပြည့်နက်နေသည့် မြစ်တစ်စင်းလည်း ဖြစ်လေသည်။

ထို့ပြင် ဝိညာဉ်မြစ်သည် စကြာဝဠာပတ်လမ်းနှင့်ဆက်စပ်နေသည့် အချိန်ရေယဉ်ကြောနှင့်လည်း တစ်မျိုးတစ်ဖုံ ပတ်သက်နေသည့် မြစ်တစ်စင်း ဖြစ်နေပြန်သည်။

ယခုတော့...

အသူရာချောက်ရှိ ဝိညာဉ်မြစ်ကမ်းနံဘေးတွင် နွားခေါင်းနှင့်မြင်းမျက်နှာနတ်ဆိုးများသည် ဝိညာဉ်များကို တစ္ဆေမြို့တော်သို့ မောင်းနှင်နေကြလေသည်။

ဝိညာဉ်တစ်ကောင်က ပေကပ်ကပ်လုပ်နေသည့်အတွက် နွားခေါင်းနှင့်မြင်းမျက်နှာနတ်ဆိုးတစ်ယောက်က ကြာပွတ်ဖြင့်ရိုက်နှက်လိုက်သည်။

ကြာပွတ်မှာ သာမန်ကြာပွတ်မဟုတ်ပေ။ ယင်စွမ်းအားနတ်ဘုရားများ၏ မော်လက်နက်ဖြစ်လေရာဝိညာဉ်များကို အလွန်

ပင် နာကျင်စေလေသည်။ ကြာပွတ်ဖြင့်အရိုက်ခံလိုက်ရသည့် ဝိညာဉ်၏ခန္ဓာကိုယ်ပေါ်တွင် ကြာပွတ်ရာကြီးက အထင်းသား ပေါ်လာသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

သို့သော်... ဝိညာဉ်က ရှေ့သို့ ဆက်သွားခြင်း မပြုဘဲ ပေကပ် ကပ်ဖြင့် ရပ်နေဆဲ ဖြစ်လေသည်။

နွားခေါင်းနှင့်မြင်းမျက်နှာနတ်ဆိုးက ဒေါသတကြီးဖြင့် နောက် တစ်ချက် ရိုက်နှက်လိုက်ပြန်သည်။

သို့သော်... ဝိညာဉ်က ရုတ်တရက် ထပြီး ရယ်မောလိုက်လေ သည်။ ထိုအခါ နွားခေါင်းနှင့်မြင်းခန္ဓာနတ်ဆိုးမှာ ချက်ချင်းပင် ဒေါသတရားများပျောက်ကွယ်သွားပြီး တွေဝေမိန်းမောသွားရ လေတော့သည်။

အခန်း (၈၃၀) ကံတရား

ဝိညာဉ်က တစ်ချက်ရယ်မောလိုက်ပြီး နွားခေါင်းနှင့်မြင်း

မျက်နှာနတ်ဆိုးရှေ့မှ ပျောက်ကွယ်သွားလေသည်။

နွားခေါင်းနှင့်မြင်းမျက်နှာနတ်ဆိုးမှာ သူ့ရှေ့မှ မြင်ကွင်းကို

ခံစားချက်ကင်းမဲ့စွာဖြင့် ငေးကြောင်ကြည့်နေပြီး မလှုပ်မယှက်

ရပ်နေရင်း ကျန်ရစ်ခဲ့လေသည်။

အသူရာချောက်ကို ပြန်လည်တည်ထောင်ပြီးသည့်အချိန်မှ

စတင်ပြီး မရေမတွက်နိုင်အောင်များပြားသည့် ဝိညာဉ်များ

အသူရာချောက်သို့ ရောက်ရှိလာကြလေသည်။

အဘယ်ကြောင့်ဆိုသော် လူပြန်ဝင်စားကာ နောင်ဘဝသို့ ကူး

ရန်အတွက် အသူရာချောက်ကို မဖြစ်မနေဖြတ်ကျော်ရမည်

ဖြစ်သောကြောင့်ပင်။

ယခု အသူရာချောက်ကိုးထပ်သည် ဒဏ္ဍာရီများထဲမှ အနေအထားအတိုင်း တဖြည်းဖြည်း ပြန်လည် အသားကျလာခဲ့ပြီ ဖြစ်သည်။

ဝိညာဉ်များကို ထိန်းသိမ်းသည့် လူဆိုးထိန်းဖြစ်သည့် နွားခေါင်းနှင့်မြင်းမျက်နှာနတ်ဆိုးကို လှည့်စားလိုက်သည့် ဝိညာဉ်မှာ မာရ်နတ်ဝင်ပူးထားသည့် ဝိညာဉ်ဖြစ်လေသည်။

မာရ်နတ်မှာ ဆန်းလျန်ထံမှ ရှောင်ပြေးရင်း အသူရာချောက်သို့ ရောက်ရှိလာခဲ့ခြင်းပင်။ ဆန်းလျန်ထံမှ ရှောင်ပြေးခြင်းဆိုသည်ထက် တခြားလုပ်စရာကိစ္စတစ်ခုလည်း ရှိသေးသည့်အတွက် အသူရာချောက်သို့ ရောက်ရှိလာသည်ဟုဆိုလျှင် ပိုမှန်ပေလိမ့်မည်။

ဝိညာဉ်တစ်ခုကို ဝင်ပူးထားရသည်မှာလည်း စိတ်ဝင်စားစရာကောင်းကြောင်း မာရ်နတ်သိရှိလိုက်သည်။ ထို့ပြင်.... အသူရာချောက်သည်လည်း စိတ်ဝင်စားစရာကောင်းသည့် နေရာတစ်ခု

ဖြစ်သည့်အတွက် မာရ်နတ်က ပတ်ဝန်းကျင်တစ်လျှောက်

စိတ်ဝင်စားစွာ လှည့်ပတ်ကြည့်ရှုနေမိသည်။

ထိုအချိန်မှာပင်...

လေထဲတွင် ဖြူလျော်အေးစက်သည့် ရောမ လက်ကြီးတစ်ဖက်

ထွက်ပေါ်လာလေသည်။

ထို ရောမလက်ကြီးက မာရ်နတ်ကို ဖမ်းဆုပ်ရန် ကြိုးစားလိုက်

သည်။

မာရ်နတ်မှာ ရုတ်တရက်တိုက်ခိုက်ခံလိုက်ရသည့်အတွက် ထို

လက်ကြီးထံမှ လွတ်လမ်းမရှိတော့ဟု ခံစားလိုက်မိသည်အထိ

ပင် ဖြစ်သွားရသည်။

ထို့နောက်မှ.... မာရ်နတ်က ခပ်တိုးတိုး ရယ်မောလိုက်ရင်း....

"ယမမင်းက သိပ်တော်တာပဲကိုး ၊ ဒါပေမဲ့ ကျုပ်ကိုတော့ ဒီလို

လုပ်လို့မရဘူးလေဗျာ..."

ထို့နောက် မာရ်နတ်၏ ခန္ဓာကိုယ်မှ ဒေါသထွက်နေသည့် ဝိညာဉ်ပေါင်းများစွာ ထွက်ပေါ်လာလေသည်။

ထိုဝိညာဉ်များမှာ အသူရာချောက်တစ်ခွင် လှည့်ပတ်သွားလာရင်း မာရ်နတ်က ပြုစားထားသည့် ဝိညာဉ်များ ဖြစ်လေသည်။

ဝိညာဉ်များမှာ နတ်ဆိုးဝိညာဉ်များအဖြစ် အသွင်ပြောင်းနေပြီး ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ဒေါသထွက်နေကြလေသည်။

နတ်ဆိုးဝိညာဉ်များ မရေမတွက်နိုင်အောင်ထွက်ပေါ်လာလေရာ အားလုံးကို တစ်ချိန်တည်းတွင် သုတ်သင်ပစ်ရန်မှာ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပေ။

မိနစ်ပိုင်းအတွင်းမှာပင်...

အသူရာချောက်တစ်ခွင်တွင် နတ်ဆိုးဝိညာဉ်များ ၊ ငရဲခွေးများ ၊ ဝံပုလွေများ၏ အော်ဟာစ်သံများ ၊ ဟိန်းဟောက်သံများဖြင့် ဆူညံသွားလေတော့သည်။

မာရ်နတ် အသူရာချောက်သို့ရောက်လာခြင်းမှာ ငါးတစ်ကောင်ကို ရေထဲသို့ လွှတ်ပေးလိုက်သည့်အလား ဖြစ်လေသည်။ သူက ဝိညာဉ်များကို ထိန်းချုပ်ပြုစားရင်း ထင်တိုင်းကျဲနေလေတော့သည်။

ဝိညာဉ်များဆိုသည်က အစကတည်းက အစွဲအလန်း ကြီးသူများ ဖြစ်ကြလေသည်။ မာရ်နတ်က သူတို့ကိုနည်းနည်းလောက် လှုံ့ဆော်ပေးလိုက်ရုံဖြင့် စိတ်ကူး၍ပင် မရနိုင်တော့လောက်အောင် အခြေအနေများ ဆိုးဝါးကုန်ကြတော့သည်။

ထိုအချိန်မှာပင်... ဖြူလျော်အေးစက်နေသည့် ရောမလက်ကြီးက တစ်ချက်ဝှေ့ယမ်းလိုက်လေရာ သေခြင်းရှင်ခြင်းစက်ဝန်းတစ်ခု ထွက်ပေါ်လာပြီး ရောမကြိတ်ဆုံကြီးတစ်ခု ပေါ်လာလေသည်။ ကြိတ်ဆုံကြီးက နတ်ဆိုးဝိညာဉ်များကို တစ်ခုပြီးတစ်ခု ကြိတ်ချေပစ်နေလေတော့သည်။

သေခြင်းရှင်ခြင်း ကြိုတ်ဆုံကြီးက မာရ်နတ်ကိုပင် ကြိတ်ခြေပစ်ရန် အရှိန်အဟုန်ပြင်းစွာဖြင့် လှည့်ပတ်ဝင်ရောက်လာလေသည်။ ကြိတ်ဆုံကြီး၏ အရှိန်အဟုန်ကြီးမားမှုကြောင့် အသူရာချောက်၏ ခိုင်မာသည့် မြေသား နေရာများပင်လျှင် ပြိုကျကုန်ရသည်။

သို့သော်... မာရ်နတ်က အရေးမစိုက်သည့်အလား တစ်ချက်ရယ်မောလိုက်ပြီး လက်နှစ်ချောင်းဖြင့် ကြိတ်ဆုံကြီးကို ထိုးညွှန်လိုက်သည်။ မာရ်နတ်၏လက်ချောင်းများသည် ကျောက်စိမ်းရတနာပမာ နူးညံ့လွန်းလှသည်။ သို့သော်... အရှိန်အဟုန်ဖြင့် အဆက်မပြတ်လည်ပတ်နေသည့် သေခြင်းရှင်ခြင်းကြိတ်ဆုံကြီးမှာ ချက်ချင်းပင် ရပ်တန့်သွားရလေသည်။

မာရ်နတ်၏ လက်နှစ်ချောင်းအောက်တွင် သေခြင်းရှင်ခြင်း ကြိုတ်ဆုံကြီးသည် လုံးဝ အသုံးမဝင်သည့် အရာတစ်ခု ဖြစ်သွားရချေပြီ။

ထိုအချိန်မှာပင်....

အသူရာချောက်၏ မှောင်မိုင်းနေသည့် မီးခိုးရောင် အငွေ့အသက်များကြားမှ ဘုရင်ဝတ်စုံဝတ်ဆင်ထားသည့် ကောရာဇ်တစ်ပါးထွက်ပေါ်လာလေသည်။

ထိုကောရာဇ်သည်ကား အသူရာချောက်၏ငရဲမင်းဟုလည်းလူသိများသည့် "ယမမင်း" ပင်ဖြစ်လေသည်။ ယမမင်းဆိုသည်ကလည်း အခြားသူမဟုတ်ပေ။ "ရဲ့လျိုယွင်" ပင် ဖြစ်လေ၏။ နှစ်ပေါင်းတစ်သောင်းကျော် ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

ထိုအချိန်အတွင်း ရဲ့လျိုယွင်သည်လည်း မယုံနိုင်စရာကောင်းလောက်အောင် ကျင့်ကြံခြင်းအဆင့်များ မြင့်မားလာခဲ့သည်။ သူက သေခြင်းရှင်ခြင်းတရား၏ ထူးခြားလျှို့ဝှက်သည့် အ

နက်ရှိုင်းဆုံးအရာကိုပင် အနည်းငယ်တီးခေါက်နိုင်ခဲ့ပြီး မွေး

ခြင်းသေခြင်းကင်းလွတ်သည့် ယမမင်းဖြစ်နေခဲ့ပေပြီ။

သို့သော်... မာရ်နတ်က ရဲ့လျိုယွင်ထက်ပိုပြီး ပါးနပ်သူ

ဖြစ်သည်။

ထို့ပြင် မာရ်နတ်၏ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်သည်

လည်းပေါ့သေးသေးကျင့်စဉ်တစ်ခု မဟုတ်ပေ။ မာရ်နတ်သည်

သေခြင်းရှင်ခြင်းကြိတ်ဆုံကြီးကိုပင် ရပ်တန့်သွားစေနိုင်သည်

အထိ တန်ခိုးစွမ်းအား မြင့်မားသူဖြစ်လေသည်။

ထို့ကြောင့် ... မတတ်သာသည့်အဆုံး ရဲ့လျိုယွင်ကိုယ်တိုင်

ကိုယ်ထင်ပြကာ မာရ်နတ်ကို ရင်ဆိုင်လိုက်ရခြင်း ဖြစ်သည်။

မာရ်နတ်က ခပ်အေးအေးအမူအရာဖြင့်ပင် ရဲ့လျိုယွင်ကို

ကြည့်နေလေသည်။

ဆန်းလျန်၏လက်မှလွတ်ရန် ခွေးပြေးဝက်ပြေးပြေးခဲ့ရသည့်

မာရ်နတ်ဟု မည်သူမှ သူ့ကို ထင်ကြလိမ့်မည် မဟုတ်ပေ။

ထို့ပြင်... သူကိုယ်တိုင်ကလည်း ဆန်းလျန်လက်မှ မနည်းလွတ်အောင်ပြေးခဲ့ရသည့် အရှက်ကွဲမှုကြီးကို မေ့ပျောက်သွားခဲ့ပြီဖြစ်သည်။ နဂိုအတိုင်း မာရ်နတ်ပီသစွာ စောင့်ကြွားကြွားဖြစ်လို့ နေခဲ့ပြီ။

သူက ရဲ့လျိုယွင်ကို အနူးညံ့ဆုံး အပြုံးတစ်ချက်ဖြင့် ပြုံးပြနှုတ်ဆက်လိုက်သည်။

မာရ်နတ်လာပြုံးပြနေသည်ကို တွေ့လိုက်ရသည်နှင့် ရဲ့လျိုယွင်က အေးစက်စွာဖြင့် "ဟွန့်" ခနဲ နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

ထို့နောက်... သူ၏လက်ကိုလေထဲသို့ ဆန့်တန်းလိုက်ရာ လေထဲတွင် ဓားတစ်လက် ပေါ်လာလေသည်။ ထိုဓားသည် အရာအားလုံးကို သတ်ဖြတ်ဖျက်စီးပစ်တော့မည့်အလား ထင်မှတ်ရပြီး မာရ်နတ်သည်ပင် ချွင်းချက် မရှိနိုင်ပေ။

ရဲ့လျိုယွင်၏ဓားသိုင်းမှာ ချန်ကျန့်မေကို မယှဉ်နိုင်သည့်တိုင် အဆင့်မြင့်သည်ဟုဆိုနိုင်သည်။ သူက အဆင့်မြင့်မရဏဓား တစ်လက်ကို ကျင့်ကြံနိုင်ခဲ့ပြီး ဓားသိုင်းအဓိပတိတစ်ယောက် ဟုပင် သတ်မှတ်နိုင်ပေ၏။

ထို့ပြင် သူသည် ဟွမ်ချွမ်အသက်မဲ့စွမ်းအားကို ကျင့်ကြံအောင်မြင်ခဲ့ပြီး ဓားသိုင်းဖြင့် ပေါင်းစပ်အသုံးပြုနိုင်ခဲ့လေသည်။ ထို့ကြောင့် သူ၏ဓားသိုင်းပညာကို မည်သည့်နည်းနှင့်မှ လျှော့တွက်၍ မဖြစ်နိုင်ပေ။

ဟွမ်ချွမ်အသက်မဲ့စွမ်းအားနှင့် ပေါင်းစပ်ထားသည့် မရဏဓားဝိညာဉ်သည် ယန်ရှီးတစ်ဖြစ်လဲ မာရ်နတ်ကို အရပ် (၄)မျက်နှာမှ ပတ်ပတ်လည်ဝန်းရံထားလေသည်။ မာရ်နတ်သည် ဓားဝိညာဉ်ထောင်ချောက်ကြားထဲတွင် ပိတ်မိနေတော့သည်။

ရုတ်တရက်...

မရဏာစွမ်းအားများဖြင့်ပြည့်နေသည့် ဓားဝိညာဉ်က

မာရ်နတ်၏ခန္ဓာကိုယ်ကို ထိုးစိုက်ချလိုက်သည်။

သို့သော်… မာရ်နတ်၏ခန္ဓာကိုယ်သည်ချက်ချင်းပင် ပူစီဖောင်း

များအဖြစ်ပြောင်းလဲသွားပြီး သူ၏မျက်နှာမှာလည်း

ပြားချပ်ချပ်ကြီးဖြစ်သွားလေသည်။

မာရ်နတ်က အရိပ်တစ်ခုအလားပြောင်းလဲသွားသည့်အတွက်

ရဲ့လျိုယွင်၏ ဓားချက်မှာ မာရ်နတ်ကို ထိခိုက်မိခြင်း မရှိတော့

ပေ။

မာရ်နတ်သည် ပျောက်ကွယ်သွားပြီး လေထုထဲတွင်

ပုန်းအောင်းနေလေတော့သည်။ သူက လေထုထဲတွင်

ပုန်းအောင်းရင်း ရဲ့လျိုယွင်၏အနားသို့ ဖြည်းဖြည်းချင်း တိုး

ကပ်လာသည်။

သို့သော်… မာရ်နတ် မည်သည့်နေရာတွင်ရှိနေသည်ကို ရဲ့လျို

ယွင်က ခန့်မှန်းနိုင်ခြင်း မရှိခဲ့ပေ။

မာရ်နတ်ဆိုသည်က မိုးနှင့်မြေတွင် သွားလိုသည့်နေရာကို သဲလွန်စမကျန်အောင် လိုသလို သွားလာနိုင်သူတစ်ယောက် ဖြစ်လေသည်။

"ယမမင်းက ကျုပ်ကို ဘာလို့ မကြိုဆိုရတာလဲ..."

မာရ်နတ်၏အသံထွက်ပေါ်လာသည်။

သို့သော်... ထိုအသံက မည်သည့်နေရာကထွက်ပေါ်လာသည် ကို ခန့်မှန်း၍ မရနိုင်ပေ။

မာရ်နတ်သည် သူနှင့်အလွန်နီးကပ်နေသလို ခံစားရသည့်တိုင် အဝေးကြီးတွင် ရှိနေသကဲ့သို့လည်း ခံစားနေရလေသည်။

အဆင့်လွန်ကျင့်ကြံသူတစ်ယောက်ဖြစ်သည့် ရဲ့လျိုယွင်သည် အစစ်အမှန်နှင့်အတုအယောင်ကို ပိုင်းခြားသိမြင်နိုင်သူ တစ် ယောက်ဖြစ်လေသည်။

သို့သော်... ယခုကဲ့သို့ မာရ်နတ်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရသည့်အခါ အနည်းငယ် ကူရာကယ်ရဲမဲ့သွားသလို ခံစားလိုက်ရသည်။

သူ... အသူရာချောက်ကို အုပ်စိုးခွင့်ရခဲ့ပြီးသည့်နောက်ပိုင်း ယခုကဲ့သို့ အခြေအနေမျိုး တစ်ခါမှ မကြုံခဲ့ဖူးပေ။

ရဲ့လျိုယွင်က...

"ဘယ်သူက မာရ်နတ်ကို ကြိုဆိုချင်မှာတဲ့လဲ..."

မာရ်နတ်က...

"မင်းသိလား ၊ ဆန်းလျန် ပြန်ပေါ်လာပြီ ၊ တကယ်ဆို အသူရာချောက်ရဲ့အရှင်သခင်အစစ်အမှန်က ဆန်းလျန်လေ ၊ မင်းက သူ့နေရာကိုယူထားတာ ၊ အခု သူပြန်ရောက်လာပြီဆိုတော့ မင်းနေရာပျောက်မှာ မကြောက်ဘူးလား..."

ရဲ့လျိုယွင်က...

"ပွင့်ပွင့်လင်းလင်းပြောရရင် ကျုပ် စိတ်ပူမိပါတယ်၊ ဒါပေမဲ့

မင်းက အဲဒီအကြောင်းပြောဖို့အတွက်နဲ့ အသူရာချောက်ကို

တကူးတကရောက်လာတာလား..."

မာရ်နတ်က ကိုယ်ထင်ပြခြင်း မရှိသေးပေ။ အသံသာ

ဆက်လက်ထွက်ပေါ်လာလေသည်။

"မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းကို အသူရာချောက်ရဲ့စစ်မှန်တဲ့

အရှင်သခင်ဖြစ်လာအောင် ကျုပ်က ကူညီပေးနိုင်ပါတယ်..."

ရဲ့လျိုယွင်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ဒါဖြင့် အပေးအယူအနေနဲ့ မင်းက ဘာများပြန်တောင်းဆိုချင်

သလဲ..."

မာရ်နတ်က...

"ကျုပ်က သေခြင်းရှင်ခြင်းစာအုပ်ကို တစ်ချက်လောက်လေး

ကြည့်ခွင့်ရချင်တာပါ..."

ရဲ့လျိုယွင်က အေးစက်စွာပြုံးလိုက်ရင်း...

"ဘာလဲ ၊ သေခြင်းရှင်ခြင်းစာအုပ်ကိုကြည့်ပြီး သက်ရှိသတ္တဝါတွေရဲ့ စိတ်နဲ့ရုပ်တွေကို မိုးကောင်းကင်မိစ္ဆာစွမ်းအားနဲ့ ပြုစားဦးမလို့လား..."

မာရ်နတ်က...

"သိပ်ဟုတ်တာပေါ့ ၊ မင်းက သိပ်တော်တယ် ၊ တစ်ချက်တည်းနဲ့ ကျုပ်ရဲ့ရည်ရွယ်ချက်ကို ချက်ချင်း သဘောပေါက်သွားတယ် ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဆန်းလျန်သာ ကျုပ်ကိုလိုက်မသတ်ခဲ့ဘူးဆိုရင် ဒီလိုစိတ်ကူးမျိုး ရမှာတောင်မဟုတ်ဘူး ၊ ဒါပေမဲ့ သေခြင်းရှင်ခြင်းစာအုပ်ကို ကြည့်ရုံနဲ့လည်း သက်ရှိတွေအားလုံးကို ကျုပ်ရဲ့ ကိုယ်ပွားတွေအဖြစ် ပြောင်းလဲပစ်နိုင်ဖို့က မသေချာပါဘူးလေ..."

ရဲ့လျိုယွင်က...

"ဒါပေမဲ့ အောင်မြင်သွားရင်တော့ မင်းက ကိုယ်ပိုင်စကြာဝဠာတစ်ခုကိုဖန်ဆင်းပြီး အဲဒီနေရာမှာ ထာဝရ ပုန်းအောင်းနေနိုင်ပြီ

မဟုတ်လား ၊ အဲဒီလိုသာဆို ဘယ်သူ့ကိုမှ ကြောက်စရာ မလို

တော့ဘူးမလား..."

မာရ်နတ်က ခပ်ပါးပါးတစ်ချက်ပြုံးလိုက်ရင်း...

"အဲဒီလိုဖန်ဆင်းတာက အတုအယောင်တစ်ခုပါပဲလေ ၊ ဒါပေမဲ့

စကြာဝဠာကြီးမပျက်သေးသရွေ့ ၊ တာအိုဆရာသခင်ကြီး

တစ်ပါးက ကျုပ်ကိုလာမရှာသေးသရွေ့တော့ အန္တရယ်ကင်း

ကင်းနဲ့ နေနိုင်မှာပေါ့...."

ရဲ့လျိုယွင်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒါပေမဲ့ သေခြင်းရှင်ခြင်းစာအုပ်ကိုကြည့်ဖို့ ကျုပ်က သဘော

မတူဘူးဆိုရင်ရော..."

မာရ်နတ်က...

"မင်းကို အသူရာချောက်ရဲ့ အရှင်သခင်ဖြစ်လာအောင် ကျုပ်

က ကူညီပေးနိုင်တယ်ဆိုတာ မယုံဘူးလား...."

ရဲ့လျိုယွင်က...

"ဆန်းလျန်ကလဲ့ပြီး အဲဒီကိစ္စကို ဘယ်သူမှ နားလည်နိုင်မှာ မဟုတ်ဘူး၊ ဆန်းလျန်ကလဲ့ရင် ဘယ်သူမှ အသူရာချောက်ရဲ့ စစ်မှန်တဲ့အရှင်သခင် ဖြစ်လာနိုင်မှာ မဟုတ်ဘူး၊ အဲဒါက ကံတရားက သတ်မှတ်ပေးထားပြီးသားပဲ..."

မာရ်နတ်၏ ဟားတိုက်ရယ်မောသံကြီး ထွက်ပေါ်လာပြီး ဝိညာဉ်မြစ်တစ်လျှောက် ပဲ့တင်သံထပ်သွားလေသည်။

ပဲ့တင်သံသည် ရဲ့လျိုယွင်၏ နားတွင်းသို့ ဝင်ရောက်လာလေသည်။

ထို့နောက် ရယ်သံက တဖြည်းဖြည်းတိုးတိတ်ပြီး ပျောက်ကွယ်သွားသည်။

ရဲ့လျိုယွင်က တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူ့အနေဖြင့် အသူရာချောက်ကို ဆန်းလျန်၏လက်ထဲသို့ ပြန်ပေးလိုစိတ် မရှိပေ။ သို့သော်... အရာအားလုံးက ကံတရားပင် ဖြစ်လေသည်။

မာရ်နတ်၏အသံက ရဲ့လျိုယွင်၏ နားထဲသို့ တီးတိုးဝင်ရောက်လာသည်။

"မင်းသေသေချာချာ စဉ်းစားပါ၊ စဉ်းစားပြီးရင် သွေးနီရောင်ပင်လယ်မှာ ကျုပ်ကိုလာရှာပါ..."

မာရ်နတ်၏ စကားလုံးတိုင်းသည် ရဲ့လျိုယွင်၏ နှလုံးသားထဲတွင် အမြစ်တွယ်သွားသည့်အလား ဖျောက်ဖျက်ပစ်ရန် ခက်ခဲလှလေသည်။ သို့သော်... ရဲ့လျိုယွင်က စိတ်ဓာတ်ခိုင်မာသူဖြစ်သည့်အတွက် သူ၏ လိုချင်လောဘနှင့် တပ်မက်စိတ်များကို ချက်ချင်းပင် ထိန်းချုပ်ထားလိုက်နိုင်သည်။

သူသည် တစ်ချိန်က ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ခဲ့သည်။ ထို့နောက်... အခြားသူများမသိနိုင်သည့် လျှို့ဝှက်ချက်များကို သိမြင်နားလည်လာပြီး အသူရာချောက်၏ ယမမင်းဆိုသည့် အနေအထားအထိ ရောက်ရှိလာခဲ့သည်။

ယခုအချိန်တွင် သူ့ရင်ထဲမှ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို ပြော ပါဆိုလျှင် "အသူရာချောက်၏အရှင်သခင်" ဖြစ်လိုသည့် ဆန္ဒ ပင်ဖြစ်လေသည်။ သူက ဟိုးလွန်ခဲ့သည့်အချိန်များစွာကပင် အသူရာချောက်၏အရှင်သခင် သေလောက်အောင်ဖြစ်ချင်နေ ခဲ့သူ ဖြစ်လေ၏။

ထို့နောက်တွင်တော့...

ရဲ့လျိုယွင်က လေးပင်သည့်သက်ပြင်းတစ်ချက်ချလိုက်ပြီး တီးတိုးရေရွတ်လိုက်လေသည်။

"ဒီ အသူရာချောက်က သူပိုင်တဲ့နေရာမဟုတ်တော့ပါဘူး..."

ထိုအချိန်မှာပင်...

အသူရာချောက်၏ မှောင်မှိုင်းနေသည့် မီးခိုးရောင်ကောင်းကင် ကြီး အက်ကွဲသွားပြီး ကြီးမားသည့် ငှက်ကြီးတစ်ကောင် ပျံသန်းဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေ တော့သည်။

အခန်း (၈၃၁) အသူရာချောက်မှတိုက်ပွဲ

အသူရာချောက်သို့ ပျံသန်းဝင်ရောက်လာသည့်ငှက်ကြီးကို တွေ့လိုက်သည်နှင့် ရဲ့လျိုယွင် မျက်နှာတစ်ချက် ပျက်သွားသည်။

အဘယ်ကြောင့်ဆိုသော်... ထိုငှက်ကြီးမှာ ခွန်ဖိန်အနွယ်တော်ငှက်ကြီးတစ်ကောင် ဖြစ်နေသောကြောင့်ပင်။

ရဲ့လျိုယွင်က နတ်မိစ္ဆာအဓိပတိနန်းတော်ကို ထိပါးခဲ့ခြင်း မရှိပေ။ သို့သော်... တစ်ချိန်တုန်းကတော့ ပေမင်ကျီနှင့်အထင်လွဲမှားမှု အနည်းငယ်ရှိခဲ့ဖူးသည်။ သို့တိုင်အောင်... ထိုကိစ္စ

ကြောင့်တော့ဖြင့် နှစ်ပေါင်းတစ်သောင်းကြာသည့်အချိန်တွင်

ခွန်ဖိုန်အနွယ်တော်တစ်ယောက် အသူရာချောက်သို့ လိုက်လာ

ခြင်းမှာ မဖြစ်နိုင်ပေ။

ထိုအချိန်မှာပင်...

ကောင်းကင်ထက်မှ ခန့်ညားသည့် ယောကျ်ားသံတစ်သံ ထွက်

ပေါ်လာလေသည်။

"နတ်မိစ္ဆာအဓိပတိကြီးရဲ့ အမိန့်အရ နတ်မိစ္ဆာအဓိပတိနန်းတော်

က အသူရာချောက်ကို သိမ်းပိုက်လိုက်ပါပြီ ၊ ပုန်ကန်တဲ့သူရှိ

ရင် ငဲ့ညှာခြင်းမရှိ သေဒဏ်ခံရမယ်..."

ထို့နောက် ခွန်ဖိန်အနွယ်တော် ငှက်ကြီးက ငှက်ခြေသည်းများ

ဖြင့် မီးခိုးရောင်ကောင်းကင်ထက်တွင် ထူးဆန်းသည့်

သင်္ကေတတစ်ခုကို ကုတ်ခြစ်လိုက်လေရာ "သတ်" ဆိုသည့်

စာလုံး ပေါ်လာလေသည်။

အသူရာချောက်က ကျယ်ပြန့်လွန်းလေသည်။

သို့သော်… ခွန်ဖိန်ငှက်ကြီး ကောင်းကင်ထက်တွင်ရေးလိုက်

သည့် "သတ်" ဆိုသည့် စာလုံးကို နေရာအနှံ့မှ မြင်တွေ့ရမည်

ဖြစ်သည်။

လောကီအရေးကိစ္စများတွင် တော်ရုံနှင့် ပါဝင်ပတ်သတ်လေ့မ

ရှိသော နတ်မိစ္ဆာအဓိပတိနန်းတော်က နောက်ဆုံးတော့ သူ

တို့၏ အခွင့်အာဏာကို ပြသခဲ့လေပြီလား။

နတ်မိစ္ဆာအဓိပတိနန်းတော်၏ ပထမဆုံး ခြေလှမ်းက "အသူရာ

ချောက်ကိုသိမ်းပိုက်ခြင်း" ဖြစ်နေခဲ့သည်လား။

ရဲ့လျိုယွင်အနေဖြင့် နတ်မိစ္ဆာအဓိပတိနန်းတော်ကို မလွန်ဆန်

နိုင်ကြောင်း သူကိုယ်တိုင်လည်း ကောင်းကောင်း သိလေသည်။

သို့သော်… ယခု ရောက်လာသည့် ခွန်ဖိန်အနွယ်တော်ကတော့

နတ်မိစ္ဆာအဓိပတိကြီး မဟုတ်ပေ။ အသူရာချောက်ကို

ကျူးကျော်ဝင်ရောက်လာသူသာ ဖြစ်လေသည်။

ရဲ့လျိုယွင်အနေဖြင့် ခေါင်းငုံ့ငြိမ်ခံနေမည်တော့ မဟုတ်ပါပေ။

ရဲ့လျိုယွင်၏ ခန္ဓာကိုယ်မှာ ရုတ်တရက် ပေပေါင်းတစ်သောင်း မက မြင့်မားသည့် ဧရာမခန္ဓာကိုယ်ကြီးတစ်ခု အဖြစ် ပြောင်းလဲသွားလေသည်။

ရဲ့လျိုယွင်၏ ကြီးမားသည့် လက်ဖဝါးထက်တွင် မိုးမြေ စွမ်းအားများ လှည့်ပတ်လွင့်မျောနေပြီး မိုးမြေကိုပင် ထိုး ဖောက်နိုင်စွမ်းရှိသည့် ဓမ္မဝိသေသကို ထုတ်ဖော်ပြသနေလေ သည်။ သူ၏ လက်နှင့်ခြေထောက်များကြားတွင် အသက် ဓာတ်စွမ်းအားများ လှည့်ပတ်နေပြီး မည်သည့်နတ်ဘုရားကိုမ ဆို ပြာမှုန့်ဖြစ်သွားစေမည့်အလား ထင်မှတ်ရသည်။

ရဲ့လျိုယွင်သည် အသူရာချောက်တွင် ပြိုင်ဘက်ကင်းဖြစ်လေ သည်။

အသူရာချောက်တွင် ကျင့်ကြံနေကြသည့် ဝိညာဉ်များနှင့် နတ် ဘုရားများစွာ ရှိလေသည်။ သို့သော်... ရဲ့လျိုယွင်ကိုတော့ မည်သူမှ ယှဉ်ပြိုင်နိုင်ကြမည် မဟုတ်ပေ။

ရဲ့လျိုယွင်၏ ရောမ နတ်ဘုရားခန္ဓာကြီး စတင်လှုပ်ရှားလာ
လေသည်။ သူ၏ ဖြူလျော်အေးစက်သည့် လက်ကြီးတစ်ဖက်
က ခွန်ဖိန်အနွယ်တော်ငှက်ကြီးကို လက်သီးတစ်ချက်ဖြင့် ထိုး
ခွင်းပစ်လိုက်သည်။

ခွန်ဖိန်အနွယ်တော်ငှက်ကြီးကာ တောင်ပံများကိုဖြန့်ကာ
ပျံသန်းထွက်ခွာသွားပြီး ရဲ့လျိုယွင်၏ လက်သီးချက်ကို
ရှောင်တိမ်းသွားလေသည်။ ငှက်ကြီး၏ ခြေထောက်အောက်
တွင် မီးခိုးရောင်တိမ်တိုက်တစ်ခုကို စီးနင်းထားလေ၏။

သို့သော်... ရဲ့လျိုယွင် အသက်တစ်ချက် ရှူထုတ်လိုက်
သည်နှင့် မီးခိုးရောင်တိမ်တိုက်က တစ်စစီလွင့်မျော ပျောက်
ကွယ်သွားလေသည်။ ထို့နောက် ရဲ့လျိုယွင်က ပါးစပ်ကိုဟပြီး
မှုတ်ထုတ်လိုက်လေရာ ကြီးမားသည့် ယင်စွမ်းအား လေလှိုင်း
ကြီး ဖြစ်ပေါ်လာလေသည်။ လေလှိုင်းကြီးမှာ မည်သည့်
မုန်တိုင်းနှင့်မှ နှိုင်းယှဉ်မရလောက်အောင် ပြင်းထန်လှသည်။

ရဲ့လျိုယွင်က အေးစက်သည့်လေသံဖြင့်...

"ကျုပ်က နတ်မိစ္ဆာအဓိပတိနန်းတော်ကို လေးစားခဲ့ပါတယ်၊ ဘာလို့ ခွန်ဖိန်အနွယ်တော် ညီအစ်ကိုက ကျုပ်ရဲ့ အသူရာချောက်ကို ကျူးကျော်လာရတာလဲ..."

အသူရာချောက်သို့ ရောက်ရှိလာသည့် ခွန်ဖိန်အနွယ်တော်ငှက်ကြီးမှာ နတ်မိစ္ဆာသူတော်စင်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။ ထို့ပြင် သူက နတ်မိစ္ဆာအဓိပတိနန်းတော်တွင်လည်း ထိပ်တန်းအဆင့်ရှိသူတစ်ယောက် ဖြစ်လေ၏။

ခွန်ဖိန်အနွယ်တော်ငှက်ကြီးက...

"အားနည်းချက်နဲ့ အားသာချက်ဆိုတာ လောကမှာရှိစမြဲပဲ၊ မင်းက ကျုပ်ကို အပြစ်တင်တယ်ဆိုရင်တော့ မင်းမှာအားနည်းချက်ရှိနေလို့ပဲ၊ မင်းလည်း ဒီအသူရာချောက်ကို သူများဆီက ခိုးယူထားတာပဲ မဟုတ်ဘူးလား..."

ရဲ့လျိုယွင်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ဒါဖြင့် မင်းကရော ဘယ်လောက် အားသာချက်တွေရှိနေသလဲ ကြည့်ရတာပေါ့..."

ခွန်ဖိန်နတ်မိစ္ဆာဘုရင်က...

"ကြည့်ရတာ မင်းက အာခံချင်နေတဲ့ပုံပဲ ၊ ဟွန်း... နတ်မိစ္ဆာ အဓိပတိနန်းတော်က မင်းနဲ့ မင်းရဲ့လူတွေအကုန်လုံးကို အမှုန့်ကြိတ်ပစ်မှာ မကြောက်ဘူးလား..."

ရဲ့လျိုယွင်က စကားဆက်မပြောတော့ပေ။

သူရင်ဆိုင်နေရသည့် ခွန်ဖိန်နတ်မိစ္ဆာဘုရင်၏ တန်ခိုးစွမ်းအားက သူ့ထက်မသာလျှင်တောင်မှ မလျော့ပေ။ ထို့ပြင် ခွန်ဖိန် အနွယ်တော်တစ်ယောက်ဖြစ်နေသည့်အတွက် နတ်မိစ္ဆာ အဓိပတိကြီး၏ နောက်ခံအင်အားကိုလည်း ရယူထားသေးသည်။

နတ်မိစ္ဆာအဓိပတိနန်းတော်ကို အံ့တုရန် မဖြစ်နိုင်ကြောင်း ရဲ့လျိုယွင် နားလည်ထားပါ၏။ သို့သော်...အသူရာချောက်ကို

ယခုကဲ့သို့ လာရောက်ကျူးကျော်ခြင်းကိုလည်း သူ လက်မခံနိုင်ပါချေ။ ထို့ကြောင့်... တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်ရခြင်းဖြစ်သည်။

သူက အသူရာချောက်၏အရှင်သခင် အစစ်အမှန်မဟုတ်သည့်တိုင် ယမမင်းတစ်ပါးဖြစ်လေသည်။ သူ့အနေဖြင့် ယခုကဲ့သို့ကျူးကျော်စော်ကားမှုကို မည်သည့်နည်းနှင့်မှ ခေါင်းငုံ့ခံမည်မဟုတ်ပါချေ။

ရဲ့လျိုယွင်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ဒါဖြင့်လည်း တိုက်ကြတာပေါ့၊ မင်း ကျုပ်ကို အနိုင်ယူပြီး အသူရာချောက်ကို သိမ်းပိုက်နိုင်မလားဆိုတာ ကြည့်ကြတာပေါ့..."

ခွန်ဖိန်နတ်မိစ္ဆာဘုရင်က ပြုံးလိုက်ရင်း...

"အသူရာချောက် သိမ်းပိုက်ခံရတယ်ဆိုတာ အခုက ပထမဆုံးအကြိမ်မှ မဟုတ်တာ၊ လူပြန်ဝင်စားခြင်းလမ်းစဉ်ကြောင့်သာ

အသူရာချောက်က ပြီးပြည့်စုံနေတာပါ၊ ဒီတော့ အသူရာချောက်ကို ဘယ်သူ အုပ်ချုပ်လဲဆိုတာက အရေးကြီးတဲ့ ကိစ္စမဟုတ်မဟုတ်ဘူး..."

ထို့နောက် ခွန်ဖိန်အနွယ်တော်ငှက်ကြီးက အတောင်ပံတစ်ချက်ခတ်လိုက်လေရာ အရှိန်အဟုန်ပြင်းထန်လွန်းသည့် စွမ်းအားလှိုင်းလုံးကြီးတစ်ခု ထွက်ပေါ်လာလေသည်။ ထိုစွမ်းအားကရဲ့လျိုယွင်၏ ပေပေါင်းတစ်သောင်းမက မြင့်မားသည့် နတ်ဘုရားခန္ဓာကြီးကို ဖိနှိပ်ထားလိုက်သည်။ ရဲ့လျိုယွင်မှာအနည်းငယ်ပင် တုန်လှုပ်သွားရသည်။

ထို့နောက်... ငှက်ကြီးက ခွန်ဖိန်လက်သည်းရှည်ကြီးများဖြင့် ရဲ့လျိုယွင်ကို ထိုးသုတ်ကုတ်ခြစ်ပစ်လိုက်လေသည်။ ခွန်ဖိန်အနွယ်တော် ငှက်ကြီး၏ တန်ခိုးစွမ်းအားက မြင့်မားလွန်းလေရာ တော်ရုံနတ်ဘုရားတစ်ပါးဆိုလျှင် သူ၏ တိုက်ခိုက်မှုကို ခုခံရှောင်တိမ်းနိုင်စွမ်းရှိမည် မဟုတ်ပေ။

ထို့ပြင် ငှက်လက်သည်းများဖြင့် ထိုးသုတ်တိုက်ခိုက်ဟန်က လည်း ပညာသားပါလွန်းလှသည်။

ရဲ့လျိုယွင်က သေခြင်းရှင်ခြင်းလမ်းစဉ်၏ မူလဖြစ်သည့် အနက်ရောင်လေထုအတွင်းသို့ တိုးဝင်သွားပြီး လက်သီးတစ်ချက် ထပ်မံထိုးနှက်လိုက်သည်။ ပြင်းထန်လွန်းသည့်လက်သီးချက်က ခွန်ဖိန်အနွယ်တော်ငှက်ကြီး၏ အတောင်ပံများကို ရှပ်ထိသွားသည်။

ခွန်ဖိန်ငှက်ကြီးမှာ မိုင်ပေါင်းသောင်းနှင့်ချီသည်အထိ လွင့်ထွက်သွားလေတော့သည်။

ယမမင်းတစ်ပါးအဖြစ် နှစ်ပေါင်းသောင်းနှင့်ချီပြီး ရပ်တည်နိုင်ခဲ့သည်မှာ အလကားမဟုတ်ကြောင်း ရဲ့လျိုယွင် သက်သေပြလိုက်ပြီ ဖြစ်သည်။

သို့သော်... ခွန်ဖိန်ငှက်ကြီးကလည်း ခေသူမဟုတ်ပေ။

လွင့်ထွက်သွားသည့်နေရာမှ အတောင်ပံတစ်ချက်ခတ်လိုက်သည်နှင့် တိုက်ပွဲအတွင်း ပြန်လည်ရောက်ရှိလာလေသည်။

သူက ငှက်နှုတ်သီးကြီးကို ဖွင့်ဟပြီး မီးလျှံများကို မှုတ်ထုတ်လိုက်သည်။ ထွက်ပေါ်လာသည့် ငှက်အော်သံကြီးက အသူရာချောက် (၉)ထပ်လုံးကို တုန်လှုပ်သွားစေလေ၏။

ရဲ့လျိုယွင်နှင့် ခွန်ဖိန်အနွယ်တော်ငှက်ကြီးတို့၏ တိုက်ပွဲကြောင့် အသူရာချောက်၏ နေရာအတော်များများ ပြိုကျပျက်စီးကုန်တော့သည်။

အသူရာချောက်မှ တိုက်ပွဲက လူ့လောကသို့ပင် အနည်းငယ်ဂယက်ရိုက်ခဲ့လေသည်။

သို့သော်... သတိထားမိသူ အနည်းငယ်သာရှိသည်။

သတိထားမိသူအနည်းငယ်တွင် ဆန်းလျန်ပါဝင်သည်ကတော့ အသေအချာပင် ဖြစ်သည်။

ထိုအချိန်မှာပင်… ဆန်းလျန်၏ ရှေ့မှ ယွမ်တုစားနှင့် ငရဲလမ်းဓားတို့မှာ အနည်းငယ် တုန်ခါသွားကြသည်။

ဆန်းလျန်က ဓား (၂)လက်ကို ကြည့်လိုက်ပြီး ခပ်ပါးပါး တစ်ချက်ပြုံးလိုက်သည်။ သူ၏ မျက်ဝန်းများဆီမှ တောက်ပသည့် အလင်းတန်းများ လက်ခနဲ ထွက်ပေါ်လာပြီး မရဏဓား (၂)လက်ဖြင့် ပေါင်းစပ်သွားလေသည်။

အာလာယဝိညာဉ်စတန်ခိုးစွမ်းအား၏ ဝိသေသလက္ခဏာမှာ လောကတွင် ဖုံးကွယ်ထားသည့် ဓမ္မမှန်သမျှကို သိမြင်နိုင်စွမ်းရှိလေသည်။ ထို့ကြောင့် မရဏဓား (၂)လက်၏ သဘောသဘာဝကိုလည်း ဆန်းလျန် သိရှိနားလည်ထားလေသည်။ အပြည့်အဝနားလည်ခြင်းမဟုတ်သည့်တိုင် နားလည်သင့်သလောက် နားလည်ထားပေ၏။

အမှန်တော့… အသူရာချောက်မှတိုက်ပွဲကို ဆန်းလျန်က စိတ်ဝင်စားခြင်း မရှိပေ။

ရွှမ်တုတောက်ကျွင်းနှင့် တာ့လော်အဆင့် ကျင့်ကြံသူ (၃)ယောက်ဖြစ်သည့် ကွမ်ယင်မယ်တော် ၊ မျောက်မင်းစွန်းဝူခုံး နှင့် ကျန့်ယွမ်ကျီနတ်မင်းကြီးတို့၏ တိုက်ပွဲကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ပြီးသည့်နောက် တော်ရုံတိုက်ပွဲများကို ဆန်းလျှန် သိပ်ပြီး စိတ်ဝင်စားခြင်း မရှိတော့ပေ။ သို့သော်... ယွမ်တုဓားနှင့် ငရဲလမ်းဓား (၂)လက်က တိုက်ပွဲကြောင့် အနည်းငယ် မငြိမ်မသက် ခံစားနေကြရဟန် ရှိလေသည်။

မရဏဓား (၂)လက်က ထူးဆန်းသည်တော့ အမှန်ပင် ဖြစ်လေသည်။ ဆန်းလျှန်သည်ပင် အံ့သြရသည်အထိ ထူးဆန်းသည့် ဓားများ ဖြစ်ကြသည်။ သူ၏ လက်ရှိကျင့်ကြံခြင်းအဆင့်နှင့်ပင် ထိုဓား (၂)လက်ကို အပြည့်အဝ ခန့်မှန်း နိုင်စွမ်း မရှိသေးပေ။

ယွမ်တုဓားကတော့ သူနှင့် ရင်းနှီးနေသလို ခံစားရပြီး ငရဲလမ်း

ဓားကတော့ သူ့ကို ဆန့်ကျင်နေသည့်အလား ခံစားရသည်။

ထို့ပြင် ထိုဓား (၂)လက်၏ သဘောသဘာဝကလည်း လုံးဝ

တူညီခြင်း မရှိပေ။

ယွမ်တုဓားမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့်

အငွေ့အသက်များက တောင်ကြီးတစ်တောင်အလား ပြင်းထန်

လွန်းသည်။ ယွမ်တုဓား၏လက်မှ မည်သူမှ လွတ်မြောက်နိုင်

စွမ်းရှိမည် မဟုတ်သလို မည်သူမှလည်း ခုခံနိုင်စွမ်း ရှိလိမ့်မည်

မဟုတ်ပေ။

ယွမ်တုဓားမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့်

အငွေ့အသက်များမှာ နတ်ဘုရားများကိုပင် ကြောက်ရွံ့

ထိတ်လန့်စေမည် ဖြစ်လေသည်။

သို့သော်... ငရဲလမ်းဓားကတော့ မတူကွဲပြားလေ၏။

ငရဲလမ်းဓားမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့်

အငွေ့အသက်များကတော့ လူတိုင်း၏ စိတ်ဝိညာဉ်အတွင်းပိုင်း

အထိ ထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိလေသည်။ အချိန်တစ်

ခဏအတွင်းမှာပင် လူတိုင်း၏ စိတ်ဝိညာဉ်ကို အကြောက်

တရား အတိဖုံးလွှမ်းကာ တုန်လှုပ်သွားစေနိုင်သည့် စွမ်းအား

မျိုးကို ပိုင်ဆိုင်ထားသည်။

ငရဲလမ်းဓားက လူတစ်ယောက်၏ ရုပ်ခန္ဓာကို ဒဏ်ရာမရစေ

သည့်တိုင် သတ်ဖြတ်လိုသည့်အငွေ့အသက်များ စိတ်ဝိညာဉ်အ

တွင်းသို့ ဝင်ရောက်သွားသည်နှင့် ချက်ချင်းလဲကျသေဆုံးသွား

နိုင်သည့် အစွမ်းမျိုးကို ပိုင်ဆိုင်ထားသည်။

ယွမ်တုဓားက ရုပ်ခန္ဓာကိုသတ်ဖြတ်သောဓားဖြစ်လျှင် ငရဲ

လမ်းဓားကတော့ စိတ်ဝိညာဉ်ကို သတ်ဖြတ်သည့်ဓား

ဖြစ်သည်။

ယွမ်တုဓားက ရုပ်ခန္ဓာကို ရည်ညွှန်းပြီး ငရဲလမ်းဓားက စိတ်ဝိညာဉ်ကို ရည်ညွှန်းလေသည်။ မယုံနိုင်စရာ ကောင်းလောက်အောင် ဒဏ္ဍာရီဆန်သည့် မရဏဓား (၂)လက်ပင် ဖြစ်တော့သည်။

ထိုအချက်က ဆန်းလျန်၏ စိတ်ကိုအလွန်မှ စွဲဆောင်နိုင်ခဲ့သည်။ မရဏဓား (၂)လက်ကြောင့် သူ၏ ကျင့်ကြံခြင်းအဆင့်မြင့်တက်လာနိုင်ခြင်းမရှိသည့်တိုင် နားမလည်သေးသည့်အကြောင်းအရာအချို့ကို နားလည်ခဲ့ရလေသည်။

ထို့ပြင် လက်ရှိအချိန်တွင် ဆန်းလျန်ကိုယ်တိုင်သည်လည်း မည်သည့်ကျင့်ကြံခြင်းအဆင့်သို့ ရောက်နေသည်ကို သူကိုယ်တိုင် မသိရှိတော့ပေ။

တာ့လော်အဆင့်သို့ မရောက်သေးသည်က သေချာလေသည်။ သို့သော်... ထိုက်ယီထျန်းရှန်းအဆင့်ကိုလည်း ကျော်လွန်နေပြီဖြစ်လေသည်။

အမှန်တော့ နတ်ဘုရားတစ်ပါးသည် ထိုက်ယီထျန်းရှန်းအဆင့်

သို့ ရောက်ရှိသည်နှင့် ကိုယ်ပိုင်လောကသစ်တစ်ခုဖြစ်သည့်

နတ်ဘုရားနယ်မြေတစ်ခုကို ဖန်ဆင်းဖွင့်လှစ်နိုင်ပြီ ဖြစ်သည်။

သို့သော်... နတ်ဘုရားနယ်မြေတစ်ခု ဖန်ဆင်းနိုင်ခြင်းက တကယ့်

အစစ်အမှန် စကြာဝဠာတစ်ခုကို ဖန်ဆင်းနိုင်ခြင်းနှင့်တော့

နှိုင်းယှဉ်မရနိုင်ပေ။

သို့သော်... ထိုက်ယီထျန်းရှန်းအဆင့်ဆိုသည်က ကျင့်စဉ်

လမ်း၏ ထိပ်ဆုံးအဆင့်သို့ ရောက်လုနီးပါးဖြစ်နေပြီဟုဆို

နိုင်သည်။

ထိုက်ယီထျန်းရှန်းအဆင့်မှ တစ်ဆင့်တက်မည်ဆိုလျှင် တာ့

လော်အဆင့်သို့ ရောက်ရှိပေမည်။

သို့သော်... တာ့လော်အဆင့်ထက်ပိုပြီး အရေးကြီးသည်မှာ ဟွ

င့်ယွမ်ဝူကျီအဆင့် ဖြစ်လေသည်။ ထိုက်ယီထျန်းရှန်း အဆင့် ၊

တာ့လော်အဆင့်နှင့် ဟွင့်ယွမ်ဝူကျီအဆင့်ဆိုသည့် အဓိပတိ

အဆင့် (၃)ဆင့်တွင် ဟွင့်ယွမ်ဝူကျီအဆင့်က အမြင့်ဆုံးဖြစ်လေသည်။ ထို့ပြင် ကျင့်စဉ်လမ်းတွင် အဓိကကျသည့်အဆင့်တစ်ခုလည်း ဖြစ်သည်။

သို့သော်... နတ်ဘုရားတစ်ပါးအဖြစ် အသက်ရှည်ရှည်ဖြင့် နေထိုင်သွားကြချင်သူများအတွက် ထိုအဆင့်ထိ ရောက်အောင် ကျင့်ကြံရန် မလိုလှပေ။

ဟွင့်ယွမ်ဝူကျီအဆင့်ကျင့်ကြံသူများအကြောင်းပြောမည်ဆိုလျှင် ကျန့်ယွမ်ကျီနတ်မင်းကြီးနှင့် ရှမ်တုတောက်ကျွင်းကို မေ့ထား၍ မဖြစ်ပေ။

ကျန့်ယွမ်ကျီနတ်မင်းကြီးသည် တာ့လော်အဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။ သို့သော်... သူ၏ တန်ခိုးစွမ်းအားများက ဟွင့်ယွမ်ဝူကျီအဆင့်နီးပါး မြင့်မားလေသည်။

ရှမ်တုတောက်ကျွင်းကတော့ ဟွင့်ယွမ်ဝူကျီအဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။ သို့သော်... သူက ထိုက်ချိယင်

ယန်ပန်းချီကားကြောင့်သာ ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက သူ့အဆင့်သည် ကျန့်ယွမ်ကျီနတ်မင်းကြီးထက် သာလွန်စရာ အကြောင်း မရှိပေ။ ကျန်ရယွမ်ကျီနတ်မင်းကြီး တန်ခိုးစွမ်းအားမြင့်မားရသည်မှာ အကြောင်းရှိသည်။ သူ၏ ပင်ကိုယ်အရည်အချင်းကြောင့်သာမက သူပိုင်ဆိုင်သည့် လူသားပုံသဏ္ဍာန်ဂျင်ဆင်းဆေးပင်ကြောင့်လည်း ဖြစ်သည်။ ထိုဆေးပင်သည် နတ်မင်းကြီးအတွက် အလွန်အဖိုးတန်သည့် သစ်ပင်တစ်ပင်ဖြစ်သည်။ ထိုသစ်ပင်သည် မိုးနှင့်မြေ၏ ဝိညာဉ်စွမ်းအားအရင်းအမြစ်တည်ရှိရာ သစ်ပင်တစ်ပင်ဖြစ်ပြီး စကြာဝဠာ ကနဦးကာလကပင် တည်ရှိခဲ့သည့် သစ်ပင်ဖြစ်သည်။ ကျန့်ယွမ်ကျီနတ်မင်းကြီးက ကံကောင်းလွန်းစွာ ထိုသစ်ပင်ကို အပိုင်ရရှိခဲ့သည်။ ထိုသစ်ပင်က ကျန့်ယွမ်ကျီနတ်မင်းကြီး၏ အသက်ဓာတ်စွမ်းအားများကို နှစ်ပေါင်းမရေမတွက်နိုင်အောင် သန့်စင်ပေးခဲ့

သည်။ ထိုသစ်ပင်က အခြားသော နတ်မိစ္ဆာသစ်ပင်များထက်
ပင် တန်ခိုးစွမ်းအားများကို စုစည်းပေးနိုင်စွမ်း မြင့်မားလေ
သည်။ မိုးကောင်းကင်မှ ပေးအပ်သည့် ကောင်းချီးမင်္ဂလာတစ်
ခုပင် ဖြစ်သည်။

နောက်ပိုင်း စန်းကွမ်းပရိတ်ရေကြောင့် လူသားပုံသဏ္ဌာန်ဂျင်
ဆင်းဆေးပင် ပြန်လည်ရှင်သန်လာသည့်အခါ အရာရာက ပိုပြီး
ပြည့်စုံသွားလေသည်။

သို့သော်... ကျန့်ယွမ်ကျီနတ်မင်းကြီး ဟွင့်ယွမ်ဝူကျီအဆင့်သို့
တက်ရောက်နိုင်ခြင်း မရှိခဲ့သည်မှာ ထို ဂျင်ဆင်းဆေးပင်
ကြောင့် ဖြစ်လေသည်။ ထိုအချက်က အကျိုးနှင့်အပြစ် ဒွန်တွဲ
နေသည်ကို ပြဆိုသည်။

ဆန်းလျန်လျှောက်လှမ်းသည့် လမ်းကြောင်းကတော့ ကျန့်ယွမ်
ကျီနတ်မင်းကြီးနှင့်လည်း တူညီခြင်း မရှိသလို ရွှမ်တုတောက်
ကျွင်းနှင့်လည်း တူညီခြင်း မရှိပေ။

ယခု အာလာယဝိညာဉ်ဏာတန်ခိုးစွမ်းအားများရရှိသွား
သည့်အတွက် ဆန်းလျှန်သည် သံသရာကို ဖြတ်တောက်နိုင်
သည့် အန္တိမလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားပြီ ဖြစ်လေ
သည်။

သူ့အတွက် ကျင့်ကြံခြင်းအဆင့်တက်လှမ်းနိုင်ရန် မည်သည့်
ဝိညာဉ်စွမ်းအားပစ္စည်း ၊ မှော်ဝင်ပစ္စည်းများမှ လိုအပ်တော့မည်
မဟုတ်ပေ။ ထိုသို့သော ပစ္စည်းများသည် ဆန်းလျှန်အတွက်
တော့ ကျင့်စဥ်လမ်းတွင် အထောက်အကူပေးနိုင်မည့်
အရင်းအမြစ်များသာ ဖြစ်သွားပေလိမ့်မည်။

ယခု သူပိုင်ဆိုင်ထားသည့် မရဏဓား (၂)လက်သည်လည်း ထို
သဘောသာ ဖြစ်လေသည်။ ထို့ကြောင့် ထိုဓား (၂)လက်
ကြောင့်တော့ ဆန်းလျှန်၏ ကျင့်ကြံခြင်းအဆင့် တက်ရောက်
သွားလိမ့်မည် မဟုတ်ပေ။

အခန်း (၈၃၂) ကျောက်တုံးကိုပင်ခေါင်းညိတ်စေသူ

အသူရာချောက်မှတိုက်ပွဲမှာ အဆုံးသတ်ခါနီးနေပြီ ဖြစ်သည်။ နောက်ဆုံးတော့ ခွန်ဖိန်နတ်မိစ္ဆာဘုရင် သူမည်မျှအစွမ်းထက်သည်ကိုပြသခဲ့လေသည်။

အမှန်တကယ်လည်း သူသည် ပေါ့သေးသေးနတ်မိစ္ဆာဘုရင် တစ်ပါးမဟုတ်ပါချေ။ သူက နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သူတစ်ယောက်ဖြစ်သည့်အပြင် သူ့ကို ကျင့်စဉ်သင်ပြပေးသူမှာ နတ်မိစ္ဆာအဓိပတိကြီးကိုယ်တိုင်ဖြစ်လေသည်။

နောက်ဆုံးတော့ ရဲ့လျိုယွင်၏ ပေပေါင်းတစ်သောင်းမကမြင့်မားသည့် နတ်ဘုရားခန္ဓာကြီးသည် ခွန်ဖိန်နတ်မိစ္ဆာဘုရင်၏

လက်သည်းကုတ်ချက်အောက်တွင် တစ်စစီပျက်စီးသွားခဲ့ရလေသည်။

ရဲ့လျိုယွင်၏ နတ်ဘုရားခန္ဓာကြီးက အခိုးအငွေ့အဖြစ်အသွင်ပြောင်းသွားပြီး စန်းလော်ခန်းမဆောင်အတွင်းသို့ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

အသူရာချောက်၏ အရင်းအမြစ်ဖြစ်သည့် လူပြန်ဝင်စားခြင်းလမ်းစဉ် (၆)ခုသည် စန်းလော်ခန်းမထဲတွင် နှစ်မြှုပ်ထားလေသည်။ ထိုလမ်းစဉ်များသည် မည်သည့်နည်းနှင့်မှ မပျက်စီးနိုင်သည့် လမ်းစဉ်များဖြစ်လေသည်။ ထို့ကြောင့် ခွန်ဖိန်နတ်မိစ္ဆာဘုရင်သည်လည်း မည်မျှ တန်ခိုးစွမ်းအားမြင့်မားပါစေ ထိုလမ်းစဉ် (၆)ခုကိုတော့ ဖျက်စီးပစ်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ထိုလမ်းစဉ် (၆)ခု၏အကူအညီသာရှိလျှင် ရဲ့လျိုယွင်သည် ခွန်ဖိန်နတ်မိစ္ဆာဘုရင်၏ရန်ကို ခုခံကာကွယ်ထားနိုင်မည် ဖြစ်လေသည်။

ထို့နောက်တွင်တော့ နတ်ဆိုးစစ်သည်တော်များနှင့် နတ်ဆိုးများ စွာထွက်ပေါ်လာပြီး အသူရာချောက်၏ မရဏမြို့တော်တစ်ခု လုံး ဖုံးလွှမ်းသွားလေသည်။

သို့သော်... သေခြင်းရှင်ခြင်းစာအုပ်နှင့် တရားစီရင်ရေးစုတ်တံ မရှိလျှင် အသူရာချောက်ကို သိမ်းပိုက်ခြင်းသည် အချည်း အနှီးသာ ဖြစ်ပေလိမ့်မည်။

သို့ရာတွင် ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကလည်း သူ၏ ထူးခြားဆန်း ကျယ်မှုများကို ထင်ရှားပြသခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

....

ဆန်းလျန်မှာ ယွမ်တုစားနှင့် သူ၏ရုပ်ခန္ဓာပေါင်းစပ်ရန်အတွက် ရက်ပေါင်း (၄၉)ရက်ကြာသော်လည်း ငရဲလမ်းဓားနှင့်တော့ ပေါင်းစပ်နိုင်ခဲ့ခြင်း မရှိပေ။ ငရဲလမ်းဓားနှင့်ပေါင်းစပ်ရန်ခက်ခဲ နေသည်မှာ ငရဲလမ်းဓား၏ သဘော သဘာဝကြောင့်လည်း ဖြစ်ဟန်တူလေသည်။ ထို့ပြင် ငရဲလမ်းဓားကလည်း သူနှင့်သိပ် ပြီး ရင်းနှီးဟန် မရှိလှပေ။

မူလမရဏာစားများသည် ကိုယ်ပိုင်စိတ်ထားနှင့် ဆုံးဖြတ်ချက်များကို ပိုင်ဆိုင်ထားသည့်စားများ ဖြစ်ကြလေသည်။

ထို့ကြောင့် မရဏာစားများကို ဖိအားပေးရန်မှာ လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပေ။

လက်ရှိအချိန်တွင် ဆန်းလျန်က ကျင့်ကြံခြင်းကို ယာယီရပ်ဆိုင်းထားလေသည်။ အဘယ်ကြောင့်ဆိုသော်... သူဆက်လက်ကျင့်ကြံရန်အတွက် ဗောဓိပင်ကို ရှာဖွေရမည်ဖြစ်သောကြောင့်ပင်။

ဗောဓိပင်သည် အော်မီတော်ဖူဗုဒ္ဓ၏ သုခဘုံတွင်ရှိလေသည်။ ဆန်းလျန်အနေဖြင့် သုခဘုံကိုသွားရန်မှာ သိပ်ပြီးအခက်အခဲမရှိပေ။ သို့သော်... သုခဘုံသည် အကာအကွယ် အရံအတားများမရှိဘဲ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်၍ရနိုင်သည့် နေရာတစ်ခုတော့ မဟုတ်တန်ရာဖြစ်လေသည်။

လောကတွင် မဟာမာရှယ် ၊ မျောက်မင်းစွန်းဝူခုံး ၊ ကွမ်ယင်မယ်တော်တို့ကဲ့သို့သောသူများပင် ရှိနေသေးသည်ဆိုလျှင် သုခဘုံတွင်လည်း စွမ်းအားကြီးမားသည့် တန်ခိုးရှင်ကိုယ်တော်များနှင့် ဗောဓိသကျမျာ းရှိနေဦးမည်မှာ အသေအချာပင်။

ဗုဒ္ဓဘာသာဆိုသည်က နောက်ခံအင်အားနက်ရှိုင်းလွန်းသည့် ဘာသာတစ်ခုဖြစ်သည့်အပြင် နတ်ဘုရားများစွာနှင့်လည်း ပတ်သက်လျှက်ရှိသည့် ဘာသာတရားတစ်ခု ဖြစ်လေသည်။ ထို့ပြင် ဗုဒ္ဓဘာသာ၏ သံသယာလည်ခြင်းနှင့် လူပြန်ဝင်စားခြင်းအကြောင်းတရားဖြစ်သည့် တရားဓမ္မများသည် အလွန်အရေးကြီးသည့် တရားဓမ္မများဖြစ်ကြလေသည်။

ထို့ကြောင့်… အချို့မြင့်မြတ်သည့်နတ်ဘုရားများက ဗုဒ္ဓဘာသာဘက်မှရပ်တည်ကာ သုခဘုံကို ကာကွယ်ပေးလျှက်ရှိကြလေသည်။

လက်ရှိအချိန်တွင် ဆန်းလျန်သည် အလွန်ရန်များနေသည့် အချိန်ဖြစ်လေသည်။ ထို့ကြောင့် ဆန်းလျန်သာ သုခဘုံသို့ သွားမည်ဆိုလျှင် သူ့ကို မည်သူမှ အလွတ်ပေးကြမည် မဟုတ်ပေ။

သူ့ကိုသာ တန်ခိုးစွမ်းအားမြင့်မားသည့် နတ်ဘုရားများ ၊ တန်ခိုးရှင်ကိုယ်တော်များ ၊ ဗောဓိသကျများ စုပေါင်းကာ ဝိုင်းဝန်းတိုက်ခိုက်ကြမည်ဆိုပါက ဆန်းလျန်အတွက် ကြီးမားသည့်ဆုံးရှုံးမှုကြီးတစ်ခုကို မလွဲမသွေခံစားရမည်မှာ အသေအချာပင် ဖြစ်သည်။

ထို့ကြောင့် ဆန်းလျန်က သုခဘုံသို့ အလျင်စလိုမသွားသေးဘဲ ချင့်ချိန်နေခြင်း ဖြစ်လေ၏။

လောလောဆယ်တွင်တော့ ဆန်းလျန်က တာအိုဆရာလီချင်း ဆွေပြောသည့် ထိုက်ယီနတ်ဓားကို ရှာဖွေချင်စိတ် ဖြစ်နေ

မိသည်။ ထိုက်ယီနတ်ဓားကိုရှာဖွေတွေ့ရှိလျှင် ထိုက်ယီဓား
ကျမ်းကိုပါ သင်ယူခွင့်ရရှိနိုင်မည် ဖြစ်သည်။

အကယ်၍ ကျောက်ရှောင်ယွီသာ ငရဲလမ်းဓားကို ထိန်းချုပ်နိုင်
မည်ဆိုလျှင် သူနှင့်ကျောက်ရှောင်ယွီ (၂)ယောက်ပေါင်းပြီး တာ
အိုဆရာသခင်ထိုက်ယီ၏ ထိုက်ယီဓားကျမ်းကို စုံတွဲကျင့်ကြံ
နိုင်ပေလိမ့်မည်။

ထိုက်ယီနတ်ဓားကိုရရှိရန်အတွက် အခက်အခဲအတားအဆီး
များစွာ ရှိနိုင်သည့်တိုင် ဆန်းလျန်ဆိုသည်က မည်သည့်အခါမှ
စိတ်ပျက်တတ်သူတစ်ယောက် မဟုတ်ပေ။

သို့ရာတွင် ထိုက်ယီဓားသိုင်းကို ကျင့်ကြံမည့်ကိစ္စကို
အသာထား ထိုက်ယီနတ်ဓားနှင့် ထိုက်ယီဓားကျမ်းသည် မည်
သည့်နေရာတွင်ရှိနေသည်ကိုပင် ဆန်းလျန် ခန့်မှန်းနိုင်ခြင်း မရှိ
သေးပေ။ ထိုက်ယီနတ်ဓား မည်သည့်နေရာတွင် ရှိနေသည်ကို
တွက်ချက်ခန့်မှန်းကြည့်ရန်မှာလည်း ခက်ခဲလွန်းလှသည်။

ခန့်မှန်းတွက်ချက်ကြည့်နိုင်သည်ဆိုဦးတော့ သိပ်ပြီးရေရေရာ ရာမရှိလှပေ။

မည်သို့ပင်ဖြစ်စေ လက်ရှိအချိန်တွင် သူ့ကို လူပေါင်းများစွာက စောင့်ကြည့်နေကြပြီး နည်းနည်းလှုပ်လိုက်သည်နှင့် အားလုံးက သတိပြုမိသွားကြမည်ဖြစ်လေသည်။ ထို့ကြောင့် လူအများ သူ့ထံမှ စိတ်အာရုံလွှဲသွားစေရန် တစ်ခုခုပြုလုပ်ရန် အရင်ဆုံး လိုအပ်လေသည်။

တွေးနေရင်းဖြင့်ပင် ဆန်းလျန်က ခပ်ပါးပါးအပြုံးတစ်ချက်ကို ပြုံးလိုက်လေသည်။

အခက်အခဲမည်မျှရှိပါစေ ဆန်းလျန်သည် သူ၏ ပင်ကိုယ် သဘာဝအတိုင်း အေးဆေးတည်ငြိမ်စွာပင် ရှိနေခဲ့သည်။

ချင်းရှကျောင်းတော်သည် သေးငယ်သည့် ကျောင်းတော်တစ်ခု ဖြစ်လေသည်။

သို့သော်…

ချင်းရှကျောင်းတော်၏ခန်းမဆောင်အတွင်းသို့ ဆန်းလျန် ဝင်ရောက်လိုက်သည်နှင့် ခန်းမကြီးက အလွန်တရာ ကြီးမားကျယ်ပြန့်သွားခဲ့လေသည်။ သို့သော်... ထိုသို့ပြောင်းလဲသွားသည်ကို ကျောင်းတော်ပြင်ပမှ လူများကတော့ သတိထားမိခြင်း မရှိကြပေ။

ထိုသို့ပြောင်းလဲသွားရသည်မှာ ဆန်းလျန်၏ မြင့်မားလွန်းသည့် တန်ခိုးစွမ်းအားများကြောင့် ဖြစ်လေသည်။

နေရာ၊ အာကာသနှင့် အကျယ်အဝန်းများသည် ဆန်းလျန်အတွက်တော့ မည်သည့်ထူးခြားချက်မှ မရှိပေ။ စိတ်တစ်ချက်ညွှတ်လိုက်သည်နှင့် လိုသလို ကျဉ်းနိုင် ချဲ့နိုင်စွမ်း ရှိလေသည်။ ထို့ကြောင့်ပင် သေးငယ်သည့် ချင်းရှကျောင်းတော်၏ ခန်းမဆောင်ကြီး ကျယ်ပြန့်သွားရခြင်း ဖြစ်လေသည်။

ယခုအချိန်တွင်...

ကူးဝေဝေနှင့် အခြားသူများသည်လည်း စားသောက်ဆိုင်တွင် မနေကြတော့ပေ။ ဆန်းလျန်၏ ကမ်းလှမ်းချက်အရ ချင်းရှ ကျောင်းတော်တွင် လာရောက်နေထိုင်ကြလေသည်။

ချင်းရှတောင်သည် သာမန်တောင်တစ်လုံးမျှသာဖြစ်သည့်တိုင် ဆန်းလျန်ရောက်ရှိလာသည့်အချိန်မှစပြီး နတ်ဘုရားတောင် တစ်တောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့လေသည်။

တစ်နည်းဆိုရသော်... ချင်းရှတောင်တစ်ခုလုံးသည် ထူခြား ဆန်းကျယ်ပြီး မခန့်မှန်းနိုင်သည့် သဘာဝလျှို့ဝှက်လမ်းစဉ် တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့လေသည်။

စကြာဝဠာထဲတွင် ကာလရှည်ကြာတည်ရှိနေသည့် လမ်းတစ် လမ်းဖြင့်ပင် ကောင်းကောင်းယှဉ်နိုင်သည့် လမ်းစဉ် တစ်ခု ဖြစ်လေသည်။

ချင်းရှကျောင်းတော်သည် "တာအိုဝါဒ" ၏ ဗဟိုဖြစ်လာခဲ့ပြီ ဖြစ်သည်။

ဆန်းလျန်က စိတ်တစ်ချက်အာရုံပြုလိုက်သည်နှင့် ချင်းရှ

တောင်ပေါ်တွင် နေထိုင်ကြသူများအားလုံးက ဆန်းလျန်၏ခေါ်

သံကို ကြားလိုက်ကြရလေသည်။

ထို့ကြောင့်... အားလုံးက ချင်းရှတောင်ခန်းမဆောင်သို့ လာ

ရောက်စုရုံးကြလေသည်။

ခန်းမအတွင်းသို့ ပထမဆုံးရောက်လာသူမှာ ကူးဝေဝေ ဖြစ်

လေသည်။

ရောက်ရောက်ချင်းပင် ခန်းမဆောင်ထဲတွင် ကြာပန်းပုံသဏ္ဍာန်

ကိုယ်ဟန်အနေအထားဖြင့် ထိုင်နေသည့် ဆန်းလျန်ကို တွေ့

လိုက်ရလေသည်။

ကူးဝေဝေက ချက်ချင်းပင် ဆန်းလျန်၏ ဘယ်ဘက်တွင်နေရာ

ယူလိုက်ပြီး ညာဘက်ခြေထောက်ထက်တွင် ဘယ်ဘက်

ခြေထောက်ကိုထပ်ကာ ထိုင်လိုက်လေသည်။ သူမထိုင်လိုက်

သည့်ပုံသဏ္ဍာန်ကိုတော့ ရှုယိပုံသဏ္ဍာန်ကိုယ်နေဟန်ဖြင့်ထိုင်ခြင်း
ဟု ခေါ်ဆိုလေသည်။
တာအိုဆရာလီချင်းဆွေက သူမကို ကျင့်စဉ်သင်ပြပေးပြီး
သည့်နောက်ပိုင်း ဆန်းလျန်က သူမကို ထိုသို့သော ကိုယ်ဟန်
အနေအထားဖြင့်ထိုင်ရန် သင်ပြပေးခဲ့သည်။
အမှန်တော့ ကျင့်စဉ်ကျင့်ကြံရာတွင် ကိုယ်နေဟန်ထားက သိပ်
ပြီး အရေးမပါလှပေ။ သို့သော်... ကျင့်ကြံသည့်ကျင့်စဉ်နှင့်
နေထိုင်သည့် ကိုယ်ဟန်အနေအထား စပ်ဟပ်မှုရှိလျှင်တော့
ကျင့်စဉ်လမ်းတွင် ထူးခြားသည့်တိုးတက်မှုများ ကြုံတွေ့လာရ
နိုင်သည်။ ထို့ကြောင့် ဆန်းလျန်က ကူဝေဝေကို ထိုင်ပုံထိုင်
နည်း ကိုယ်ဟန်အနေအထား သင်ပြပေးခဲ့ခြင်း ဖြစ်လေသည်။
ထို့နောက် အခြားသူများလည်း ရောက်လာကြသည်။

ကျွယ်ရှင်းက ဆန်းလျန်၏ ညာဘက်တွင် နေရာယူလိုက်ပြီး ကျွယ်ရှင်း၏ဘေးတွင်တော့ ရဲ့မော်ထျန်းက ထိုင်လိုက်လေသည်။

ယခုကဲ့သို့ အသီးသီးနေရာယူလိုက်ကြခြင်းသည် ဆန်းလျန်က စီစဉ်ပေးထားခြင်းမဟုတ်ဘဲ သူတို့ကိုယ်သူတို့ သင့်တော်သည်ဟုယူဆသည့် နေရာတွင် နေရာယူလိုက်ကြခြင်းသာ ဖြစ်လေသည်။

ကျွယ်ရှင်းနှင့် ရဲ့မော်ထျန်းက သိပ်ပြီးတည့်ကြသည်မဟုတ်ပေ။ အမြဲတမ်း ကြိတ်ပြီးပြိုင်နေကြသူများဖြစ်လေသည်။

ယခုတော့ ဆန်းလျန်ဘေးနားကပ်လျက်တွင်ထိုင်ရန် အခွင့်အရေးကို ကျွယ်ရှင်းက ရယူသွားခဲ့ပြီ ဖြစ်သည်။

ရဲ့မော်ထျန်း၏ နောက်ဘက်နားတွင်တော့ ပိုင်ရှောက်ယွီက နေရာယူလိုက်ပြီး ကူးဝေဝေ၏ နောက်ဘက်နားတွင်တော့ ကြာ

ပန်းဖြူ၏ အစေခံမလေးယောင်ချင်က နေရာယူလိုက်လေသည်။

ကူးဝေဝေက...

"အားလျန်... ငါတို့ကိုခေါ်တာ ဘာကိစ္စများရှိလို့လဲ..."

ယနေ့ သူမက တာအိုဆရာလီချင်းဆွေသင်ပြပေးသွားသည့် တာအိုကျင့်စဉ်ကို ကျင့်ကြံနေစဉ် ဆန်းလျန်ခေါ်သည်ကို သိလိုက်ရသည့်အတွက် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်က...

"ကျင့်ကြံသူတိုင်းမှာ ကျင့်ကြံခြင်းနဲ့ပတ်သက်တဲ့ ပြဿနာတွေ အနည်းနဲ့အများ ရှိကြတာချည်းပဲ ၊ ဒါပေမဲ့ ကျင့်ကြံခြင်းနဲ့ ပတ်သက်တဲ့ပြဿနာတွေဆိုတာက အခြားသူဖြေရှင်းပေးတာထက် ကိုယ်တိုင်ဖြေရှင်းတာ ပိုပြီးကောင်းတယ် ၊ ဒါပေမဲ့ ဘယ်လိုဖြေရှင်းရမလဲဆိုတာ သိဖို့တော့ လိုတယ် ၊ အဲဒီ

အကြောင်းကို သင်ပြပေးဖို့ ဒီနေ့ မင်းတို့အားလုံးကို ခေါ်လိုက်ရတာပဲ..."

ထိုက်ချင်တာအိုသခင်ထိုက်စန့်လောင်ကျွင်းချန်ထားခဲ့သည့် တာအိုကျမ်းစာများနှင့် အော်မီတော်ဖူဗုဒ္ဓချန်ထားခဲ့သည့် မဟာယာနဗုဒ္ဓဘာသာကျမ်းစာများသည် ကျင့်စဉ်လမ်းတစ်ခုလုံး၏ အရင်းခံဖြစ်လေသည်။

နောက်ပိုင်းတွင်တော့ ခေတ်ဟောင်းနှင့်ခေတ်သစ် (၂)ခုလုံးတွင် ဗုဒ္ဓဘာသာကပိုပြီး ကျယ်ပြန့်လာခဲ့သည်။

သို့သော်... ဆန်းလျန်ကတော့ ထိုက်စန့်တာအိုဆရာသခင်နှင့် အော်မီတော်ဖူဗုဒ္ဓတို့၏ အယူအဆ (၂)ခုလုံးကို ဖမ်းယူဆုပ်ကိုင်နိုင်စွမ်းရှိသည့် တစ်ယောက်တည်းသောသူ ဖြစ်လေသည်။

အချိန်စီးကြောင်း သမိုင်းတစ်လျှောက်တွင် ဆန်းလျန်သည် တာအိုဆရာသခင်ကြီးများနှင့် ယှဉ်နိုင်လောက်အောင် တော်

လွန်းသူ ဖြစ်လေသည်။ သူမသိသည့်ပညာ လောကတွင် မရှိပေ။ သူက ပညာအရာတွင် ပြိုင်ဘက်ကင်း ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် ဓမ္မကိုသင်ယူခြင်းနှင့် ဓမ္မကိုမေ့ပျောက်ပစ်ခြင်းဆိုသည့် သဘောတရားကို နားလည်သွားခဲ့သည်။ ထိုအချက်က သူ၏ ထူးခြားသည့်စွမ်းရည်တစ်ခု ဖြစ်လာခဲ့လေသည်။

ဆန်းလျန်သည် ကိုယ်ပိုင်ကျင့်စဉ်လမ်းကို ပိုင်ဆိုင်ထားသူဖြစ်ပြီး ထိုအချက်က အခြား တာအိုကျင့်ကြံသူများနှင့်မတူညီဘဲ ကွဲထွက်သွားသည့်အချက် ဖြစ်လေသည်။ ကိုယ်ပိုင်ကျင့်စဉ်လမ်းကို ပိုင်ဆိုင်သည့်အတွက် ကိုယ်ပိုင်ထိုးထွင်းသိမြင်မှုကိုလည်းပိုင်ဆိုင်ကာ ကျင့်ကြံခြင်းလောကနှင့်ပိုပြီး လိုက်လျောညီထွေရှိသည်ဟု ဆိုနိုင်လေသည်။

ထိုသို့ဆိုခြင်းအတွက် ဆန်းလျန်က အခြားသောတာအိုဆရာသခင်ကြီးများထက်သာလွန်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။

အရာအရာတိုင်းသည် အချိန်စီးကြောင်းအတိုင်းပြောင်းလဲနေမည်ဖြစ်ပြီး မပြောင်းလဲခြင်းအတိတ်ကို ဖက်တွယ်ထားခြင်းသည် တာအိုဆရာသခင်ကြီးများ၏ ရည်ရွယ်ချက် မဟုတ်ပေ။ ဆန်းလျန်၏ သင်ပြပေးမှု ပြီးဆုံးသွားသည်နှင့် ကမ္ဘာမြေကြီးမှ မြေသင်းနံ့လေးများ ထွက်ပေါ်လာလေသည်။ ပတ်ဝန်းကျင်ရှိ ထင်းရှူးပင်များ အေးခဲသွားကာ ဝါးရုံပင်လမ်းလေးမှာလည်း တိတ်ဆိတ်သွားလေသည်။

ထို့နောက် ထင်းရှူးပင်များနှင့် ဝါးရုံပင်များသည် ချက်ချင်းပင် ကြီးထွားလာကာ ချင်းရှတောင်ကြောတစ်လျှောက် ကျယ်ပြန့်စွာ ပြန့်နှံ့သွားကြလေသည်။

ဆန်းလျန် သင်ပြပေးသည့် မဟာတာအိုလမ်းစဉ်သဘောတရားများကြောင့် ကမ္ဘာမြေကြီး ၊ ထင်းရှူးပင်နှင့် ဝါးရုံတောများပင် အပြောင်းအလဲများ ဖြစ်သွားကြရလေသည်။

ဆန်းလျန်၏ တရားစကားကြောင့် သူတို့သည် ထူခြားသည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိပြောင်းလဲသွားကြပြီ ဖြစ်လေသည်။

ချင်းရှတောင်ပတ်ဝန်းကျင်တစ်ခုလုံးမှ ငှက်များနှင့် သားရဲများပင်လျှင် တာအိုမဟာလမ်းစဉ်၏ လျှို့ဝှက်ဆန်းကြယ်မှုကို ခံစားခဲ့ကြရလေသည်။ မနီးမဝေးတစ်နေရာမှ ရေညှိများဖုံးအုပ်နေသည့် ကျောက်တုံးကြီးပင်လျှင် တဆတ်ဆတ်နှင့် တုန်ခါနေခဲ့ပါလေ၏။

အခန်း (၈၃၃) အသက်ညဏ်စောင့်

ဆန်းလျှန်ဟောကြားသည့် တာအိုတရားသည် ကျောက်တုံးကြီးကိုပင် တုန်လှုပ်စေခဲ့လေသည်။

ထို့ပြင် ဆန်းလျှန်၏ တာအိုတရားဟောကြားမှုသည် ရှေးဟောင်းနတ်ဘုရားများကိုလည်း သတိပေးလိုက်သည့်အလား တုန်လှုပ်သွားစေသလို သာမန်ကျင့်ကြံသူများကိုလည်း ကြောက်ခမန်းလိလိတုန်လှုပ်စေခဲ့သည်။

ငှက်များ ၊ သားရဲများ ၊ အင်းဆက်ပိုးများ ၊ သစ်ပင် ၊ မြက်ပင်များကိုပင် ဝိညာဉ်အလင်းတရားရစေသည်အထိ လမ်းပြပေးခဲ့လေသည်။

ကျင့်စဉ်လမ်းကိုလျှောက်လှမ်းကြသည့် ကျင့်ကြံသူတိုင်းတွင် သင်ပြပေးသည့် ဆရာသခင်များ ကိုယ်စီရှိကြသလို ကျင့်ကြံကြသည့် ကျင့်စဉ်များလည်း မတူကွဲပြားကြလေသည်။

ဗုဒ္ဓဘာသာကျင့်စဉ် ၊ တာအိုဝါဒကျင့်စဉ် ၊ နတ်မိစ္ဆာကျင့်စဉ် အမျိုးမျိုး ကွဲပြားကြပေလိမ့်မည်။

သို့သော်… ကျင့်စဉ်လမ်းအဆုံးတွင် တစ်ခုတည်းသောအရာ သာ လိုအပ်လေသည်။ ထိုအရာမှာ ဓမ္မကိုသိမြင်ခြင်း မည် ပေ၏။

ဆန်းလျန်သည် ချင်းရှတောင်ပေါ်တွင် (၁၃)ရက်တိတိ တာအို တရားဟောပြောပေးခဲ့လေသည်။ ကျင့်ကြံသူများမှာ ဆန်းလျ န်၏တရားကိုနာယူရန်အတွက် ချင်းရှတောင်ဆီသို့ တဖွဲဖွဲ ရောက်ရှိလာကြလေတော့သည်။

ထိုအချိန်မှာပင်…

ရုတ်တရက် ကောင်းကင်ထက်တွင် မိုးများအုံ့မှိုင်းလာပြီး လျှပ်စီးများလက်လာလေသည်။ ထို့နောက် မိုးစက်မိုးပေါက် များက ပြင်းထန်စွာ ရွာသွန်းလာတော့သည်။

သာမန်ကျင့်ကြံသူများက ဆန်းလျန်၏ တာအိုတရားကို နားထောင်ပြီး ကျင့်ကြံခြင်းအဆင့်တက်သွားသည့် နတ်မိစ္ဆာ

တစ်ပါး လူသားအသွင်ပြောင်းတော့မည်ဖြစ်သည့်အတွက် မိုးကြိုးပစ်အစစ်ဆေးခံရပြီဟု သိရှိလိုက်ကြသည်။

ကောင်းကင်ထက်မှ လျှပ်စီးများ တဖျတ်ဖျတ်လင်းလက်လာပြီး ချင်းရှတောင်ရှိရာသို့ မိုးကြိုးတစ်ချက် ပစ်ချလိုက်လေသည်။

ထို့နောက် ဆက်တိုက်ဆိုသလို မိုးကြိုးများပစ်ချလိုက်လေရာ မိုးကြိုးပစ်ချမှုမှာ (၅)ကြိမ်တိတိ ဖြစ်လေသည်။

ချင်းရှတောင်၏ တောင်ခါးပန်းတစ်ခုလုံး အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားပြီး တောင်ခါးပန်းအတွင်းမှ တစ်ကိုယ်လုံး အနက်ရောင် အကြေးခွံများနှင့်ပြည့်နေပြီး နှာတံရှည်သည့် ပန်ဂိုလင်မျိုးနွယ်သတ္တဝါတစ်ကောင် ထွက်ပေါ်လာလေသည်။

ထိုသတ္တဝါသည် ချက်ချင်းပင် အနက်ရောင်ဝတ်ဆင်ထားသည့် လူသားတစ်ယောက်အသွင်ပြောင်းပြောင်းလဲသွားလေသည်။

သူ၏ မျက်ခုံးများက အနည်းငယ်တွန့်ကွေးနေပြီး တစ်စုံတစ်ခုကို စိတ်ပူပန်နေဟန် ရှိလေသည်။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူသည် ဆန်းလျန်ရှိရာအရပ်ဆီသို့ တစ်ချက်ဦးညွှတ်ဂါရဝပြုလိုက်ပြီး ချင်းရှတောင်ပေါ်သို့ တက်ကာ ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်က ထိုသူကို အရေးမစိုက်ဘဲ တာအိုတရားသင်ပြပေးမှုကို ဆက်လက်ပြုလုပ်နေလေသည်။

သို့သော်... ချင်းရှတောင်ပေါ်သို့ရောက်နေသည့် အခြားသောကျင့်ကြံသူများကတော့ ထိုအနက်ရောင်ဝတ်စုံရှင်ကို စိတ်ဝင်စားနေမိကြသည်။

အဘယ်ကြောင့်ဆိုသော်... ထိုအနက်ရောင်ဝတ်စုံရှင်သည် ပန်ဂိုလင်မျိုးနွယ်ဖြစ်လေသည်။ ပန်ဂိုလင်မျိုးနွယ်များက တခြားသောမျိုးစိတ်များနှင့်မတူဘဲ ထူးခြားသည့် သက်ရှိများဖြစ်ကြလေသည်။

သို့သော်… ယခုအချိန်တွင် ပန်ဂိုလင်မျိုးနွယ်သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ကြပြီ ဖြစ်လေသည်။

ပန်ဂိုလင်မျိုးနွယ်သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်သွားရသည့်အကြောင်းရင်းမှာ သူတို့သည် လူသားတို့၏ ကိုယ်တွင်းမှ ပြဒါးကို သန့်စင်ပေးနိုင်သည့် အစွမ်းသတ္တိကို ပိုင်ဆိုင်သောကြောင့် ဖြစ်လေသည်။ ထို့ပြင် ထိုသတ္တဝါများက အလွန်လည်း ဆေးဖက်ဝင်လှသည်။

နတ်ဘုရားတစ်ပါးဖြစ်လာရန်ဆိုသည်မှာ လူပေါင်းတစ်သိန်းတွင်တစ်ယောက် ရှားပါးလွန်းလှလေသည်။

မိမိက နတ်ဘုရားတစ်ပါးဖြစ်လာသည့်တိုင် မိမိချစ်ခင်သောဆွေးမျိုးညာတိများ ၊ မိတ်ဆွေအပေါင်းအသင်းများက နတ်ဘုရားဖြစ်လာလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ရှေးခေတ်အချိန်အခါက မိမိတို့ချစ်ခင်သူများကိုပါ နတ်ဘုရား ဖြစ်လာစေရန်အတွက် ပန်ဂိုလင်မျိုးနွယ်သတ္တဝါများ၏ ကိုယ်တွင်းမှ

ပြဒါးကို သန့်စင်ပေးနိုင်သည့် စွမ်းအားကို လူသားများက

အသုံးပြုခဲ့ကြလေသည်။

ထို့ကြောင့်… နောက်ဆုံးတွင် ပန်ဂိုလင်မျိုးနွယ်သတ္တဝါများ

မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ရခြင်း ဖြစ်လေ၏။

ပန်ဂိုလင်မျိုးနွယ်သတ္တဝါတစ်ယောက်ဖြစ်သည့် အနက်ရောင်

ဝတ်စုံရှင် ယနေ့အချိန်ထိ အသက်ရှင်နေထိုင်နေနိုင်သည်မှာ

အလွန်မှ အပုန်းကောင်း ၊ အရှောင်ကောင်းသောကြောင့်သာ

ဖြစ်ရပေမည်။

ထို့ပြင်… ထိုသတ္တဝါကိုယ်တိုင်ကလည်း လူသားများ သူ့ကို

ဒုက္ခပေးကြမည်ကို စိတ်ပူပန်နေဟန် ရှိလေသည်။ ထို့ကြောင့်

ဆန်းလျန်၏တရားစကားကြောင့် တရားအလင်းရကာ လူသား

အသွင်ပြောင်းလဲနိုင်ခဲ့သည့်အတွက် ဆန်းလျန်ကို ကျေးဇူးတင်

စွာ ဂါရဝပြုပြီးသည်နှင့် ချက်ချင်းပင် ကိုယ်ယောင်ဖျောက်ကာ

ထွက်ခွာသွားခဲ့ခြင်း ဖြစ်လေသည်။

ပန်ဂိုလင်မျိုးနွယ်သတ္တဝါတစ်ကောင် လူသားအဖြစ်အသွင်ပြောင်းလိုက်နိုင်ခြင်းမှာ ကြီးမားသည့် ကိစ္စတစ်ခုတော့ မဟုတ်ပေ။

သို့သော်... ဆန်းလျန်က ထိုနေ့မှ စတင်ပြီး (၃)ရက်လျှင်တစ်ကြိမ် တာအိုတရားဟောပြောခြင်းကို ပြုလုပ်ခဲ့လေသည်။ ဆန်းလျန်သည် တစ်ကြိမ်နှင့်တစ်ကြိမ် ပိုမိုလျှို့ဝှက်ဆန်းကျယ်သည့် တာအိုတရားများကို ဟောပြောခဲ့ပြီး ဆန်းလျန်တရားဟောသည့်ညအချိန်ဆိုလျှင် ကြယ်စင်များပင် ခါတိုင်းထက်ပိုပြီး တောက်ပနေသည့်အလား ထင်မှတ်ရလေသည်။ အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်ဟောပြောသည့်တာအိုတရားက နက်ရှိုင်းလေ စီးဆင်းထွက်ပေါ်လာသည့် တာအိုကာရံက ပိုမိုကျယ်ပြန့်လေဖြစ်လေသည်။ ထိုတာအိုကာရံက ကြယ်စင်များကို ဆွဲငင်သည့်အတွက် ကြယ်စင်များ ပိုမိုတောက်ပလာရခြင်း ဖြစ်လေ၏။

ထို့ပြင်... ချင်းရှုတောင်သည်လည်း တစ်နေ့တခြား ပြောင်းလဲ

လာခဲ့လေသည်။

တောင်တစ်ခုလုံးတွင် အသက်ဓာတ်စွမ်းအားများ ပိုမိုများပြား

လာပြီး ထင်းရှူးပင်များ ၊ ဝါးပင်များနှင့် အခြားသော သစ်ပင်

များအားလုံးမှာ ပိုမိုအသက်ဝင်ကာ စိမ်းလန်းလှပလာကြ

သည်။

ချင်းရှုတောင်ကို ဖြတ်သန်းစီးဆင်းနေသည့် စမ်းချောင်းလေး

မှာလည်း ပိုမိုကြည်လင်လာပြီး နတ်ရေစင်အလား အသက်

ဓာတ်စွမ်းအားများဖြင့် ပြည့်ဝလျှက်ရှိလေတော့သည်။

ချင်းရှုတောင်တွင် အသက်ဓာတ်စွမ်းအားများ မြင့်မားလာ

သည်နှင့်အမျှ တာအိုကာရံသည်လည်း ကျယ်ပြန့်သည်ထက်

ကျယ်ပြန့်လာလေသည်။

လူ့လောကရှိ အခြားသောနေရာမှ တောင်တန်းများ၏ အစိတ်အပိုင်းများ ကွဲထွက်လာကြပြီး ချင်းရှုတောင်နှင့် လာရောက်ပေါင်းစပ်ကြလေသည်။

ထိုအချိန်တွင်...

လောကကိုအုပ်ဆိုးသည့် ဘုရင်မအဖြစ် ဧကရီဘွဲ့ကိုရယူထားသူ မယ်တော်ဝမ်မူက တစ်ချက်ပြုံးလိုက်လေသည်။ ထို့နောက် သူမက ချက်ချင်းပင် အမိန့်ထုတ်ပြန်လိုက်သည်။

"ချင်းရှုတောင်သည် တာအိုဝါဒ၏ ဗဟိုဌာနဖြစ်သည်" ဆိုသည့် အမိန့်ပင်ဖြစ်လေသည်။

မယ်တော်ဝမ်မူက "တာအိုဝါဒ၏ဗဟိုဌာန" ဟု အမိန့်ပေးလိုက်ခြင်းသည် တာ့ကျောက်တိုင်းပြည်တွင် အမြင့်ဆုံး ဂုဏ်ပုဒ်ဖြစ်လေသည်။

ထိုဂုဏ်ပုဒ်ကိုရရှိလိုက်သည်နှင့် ချင်းရှတောင်၏ အသက်ဓာတ်

စွမ်းအားများသည် တာ့ကျောက်တိုင်းပြည်တစ်ခုလုံး၏

အသက်ဓာတ်စွမ်းအားများနှင့် စီးဝင်ပေါင်းစပ်သွားလေသည်။

ထို့နောက် ချင်းရှတောင်တစ်ခုလုံး မြူခိုးများဖြင့် ဖုံးလွှမ်းလာ

တော့သည်။ ထိုမြူခိုးများမှာ အသက်ဓာတ်စွမ်းအားများ၏

အနှစ်သာရဖြစ်သည့် မြူခိုးများပင် ဖြစ်လေသည်။

ထိုအခါ… ချင်းရှတောင်မှ အဖြစ်အပျက်များကို စောင့်ကြည့်

နေကြသည့် နတ်ဘုရားများမှာ သည်းခံနိုင်ခြင်း မရှိကြတော့

ပေ။

ယခုအတိုင်းသာ ဆက်သွားနေမည်ဆိုပါက ချင်းရှတောင်သည်

မိုးနှင့်မြေကိုသိမ်းပိုက်ပြီး နေနှင့်လ၏ တာအိုတရားများကိုပင်

ဆွဲငင်ယူဆောင်တော့မည် ဖြစ်လေသည်။

ထိုအခါ… အခြားသူများသည် မည်သည့်နည်းနှင့်မှ ဆက်လက်

ကျင့်ကြံနိုင်ကြတော့မည် မဟုတ်ပေ။

နတ်ဘုရားများစွာသည် ချင်းယန်တောင်တွင် လာရောက်စုရုံး

နေကြလေသည်။ စုရုံးနေကြသည့်နတ်ဘုရားများမှာ

နှယ်နှယ်ရရမဟုတ်ကြပေ။ နောက်ခံအင်အားကောင်းသည့်

မျိုးနွယ်များမှ ဆင်းသက်လာကြသူများ ဖြစ်ကြလေသည်။

ထို့ပြင် စုဝေးသူများကြားထဲတွင် တန်းခိုးစွမ်းအားမြင့်မား

သည့် နတ်မိစ္ဆာများလည်း ပါဝင်လေသည်။

ထိုအချိန်မှာပင် ခက်တန်တင်းမာသည့် အသံတစ်သံထွက်

ပေါ်လာလေသည်။

"ယင်ရှန်းကျွင်းအရှင်… ချင်းရှတောင်က မိုးမြေကို ကျူးကျော်

နေပြီ၊ ဒါကြောင့် ကျုပ်တို့တွေ ချင်းယန်ကျောင်းတော်ကို

ရောက်လာကြရတာပဲ၊ အခု တစ်လောကလုံးက အသက်ဓာတ်

စွမ်းအားတွေက ချင်းရှတောင်ကို စုရုံးရောက်ရှိကုန်ပြီ၊ ဒါ

ကြောင့် တစ်လောကလုံးမှာ အသက်ဓာတ်စွမ်းအားတွေ

လျော့ကျကုန်ပြီ၊ မယ်တော်ဝမ်မူကလည်း ချင်းရှတောင်ကို

တာအိုဝါဒရဲ့ဗဟိုဌာနအဖြစ် အမိန့်ထုတ်ပြန်လိုက်တော့ ပိုဆိုးကုန်တာပေါ့၊ အဲဒီတော့ ဒီကိစ္စကို ယင်ရှန်းကျွင်းအရှင်က လက်ပိုက်ကြည့်နေတော့မှာလား..."

စကားပြောလိုက်သူက ဆံပင်မရှိသည့် ဦးခေါင်းပြောင်ပြောင်နှင့် လူတစ်ယောက်ဖြစ်လေသည်။

ဦးခေါင်းသာ ပြောင်သည်မဟုတ် ဝတ်ထားသည့်အဝတ်အစားများကလည်း ပြောင်လက်လျှက်ရှိသည်။ သို့သော်...

ခန္ဓာကိုယ်က ပိန်ပိန်ပါးပါးနှင့်ဖြစ်ပြီး မျက်နှာထားကတော့ တင်းမာခက်ထန်နေလေသည်။

ယင်ရှန်းကျွင်းက ထိုသူကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"တာအိုရောင်းရင်းကွမ်းစန်းယွဲ့၊ ချင်းရှတောင်ကလူက ဘယ်လောက်တန်ခိုးစွမ်းအားမြင့်မားနေလဲဆိုတာ မသိရသေးလို့ ကျုပ်က ချင့်ချိန်နေတာပါ..."

ဆံပင်မရှိသည့် ကျင့်ကြံသူ၏ အမည်မှာ ကွမ်းစန်းယွဲ့ဖြစ်လေသည်။

သူ၏အသွင်အပြင်က ကြမ်းတမ်းဟန်ရှိသည့်တိုင် တန်ခိုးစွမ်းအားအရာတွင် ဒဏ္ဍာရီဆန်လွန်းလောက်အောင် မြင့်မားသူတစ်ယောက် ဖြစ်လေ၏။

ကွမ်းစန်းယွဲ့သည် တာအိုကျင့်စဉ်လမ်းကို မလျှောက်ခင်က လူဂုဏ်တန်မိသားစုမှ ဆင်းသက်လာသူတစ်ယောက် ဖြစ်သည့် အပြင် စာပေပညာလည်း အလွန်တော်လေသည်။ နန်းတွင်း စာမေးပွဲကိုပင် အောင်မြင်ခဲ့ပြီး စာပေအနုအရွများကိုရေးသားသည့် စာပေသမားတစ်ယောက်ပင် ဖြစ်ခဲ့ဖူးလေသည်။

သို့သော်… သူ၏ မာန်မာနကြီးပြီး အပြောအဆိုမတတ်မှုကြောင့် ဘုရင့်နန်းတော်တွင် မျက်နှာသာမရဘဲ အဆင့်နိမ့်မင်းမှုထမ်း တစ်ယောက်အဖြစ်သာ အမှုထမ်းခဲ့ရသည်။

ထိုအခါ မာနကြီးလွန်းသူ ကွမ်းစန်းယွဲ့က ချက်ချင်းပင် ရာထူးမှ နှုတ်ထွက်ခဲ့လေသည်။

မင်းမှုထမ်းတစ်ယောက်အနေဖြင့် အောင်မြင်မှုမရရှိတော့သည့်အခါ သူက တာအိုကျင့်စဉ်လမ်းကို လျှောက်လှမ်းခဲ့လေသည်။

သူက ပါရမီရှင်တစ်ယောက်ဖြစ်ပြီး မြင့်မားနက်ရှိုင်းသည့် တာအိုကျင့်စဉ်များကို ဆရာမရှိဘဲ ကိုယ်တိုင်လေ့လာ ကျင့်ကြံနိုင်ခဲ့သူတစ်ယောက် ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့...

သူ၏မိသားစုဝင်များနှင့် မိတ်ဆွေးများက တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားခဲ့ကြလေသည်။ သို့သော်... သူကတော့ ယခင်အတိုင်းမပြောင်းမလဲ နုပျိုနေဆဲ ဖြစ်လေသည်။

ထို့ကြောင့် ရွာသားများက သူ့ကို မိစ္ဆာဟု ဝိုင်းဝန်းစွပ်စွဲကြလေတော့သည်။

ထို့ကြောင့် ရွာမှထွက်လာခဲ့ပြီး တောင်တစ်တောင်ထက်တွင် အထီးကျန်စွာနေထိုင်ရင်း နှစ်ပေါင်း (၄၀)တိတိ ကျင့်ကြံခဲ့လေသည်။

ထိုသို့ကျင့်ကြံရခြင်း၏ ရလာဒ်အနေဖြင့် သူသည် အစစ်ဆေးခံရခြင်းများအားလုံးကို ကျော်လွှားကာ လောကနတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခဲ့လေသည်။

လောကနတ်ဘုရားတစ်ပါးဖြစ်လာပြီးသည့်နောက် သူက တောင်ပေါ်မှ ဆင်းလာပြီး လောကတစ်ခွင် လှည့်လည်သွားလာခဲ့လေသည်။

ထို့နောက် ချင်ယန်တာအိုနန်းတော်၏လက်အောက်တွင်ခိုလှုံကာ ချင်ယန်တာအိုနန်းတော်မှ ဆရာသခင်တစ်ပါး ဖြစ်လာခဲ့သည်။

ထိုအခါ... သူသည် ချွင်ယန်တာအိုနန်းတော်မှ ကျင့်စဉ်များကို လေ့လာခွင့်ရခဲ့လေသည်။ ထို့ကြောင့် သူ၏ ကျင့်ကြံခြင်း အဆင့်သည်လည်း ပိုမိုမြင့်မားလာခဲ့ရသည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်ခန့်က ချွင်ယန်တာအိုနန်းတော်တစ်ခုလုံးတွင် အတော်ဆုံးနတ်ဘုရားအဖြစ် သတ်မှတ်ခံခဲ့ရလေသည်။

သူသာ ကျင့်စဉ်လမ်းသို့လိုက်သည်မှာ နောက်ကျခဲ့ခြင်းမရှိလျှင် ယခုအချိန်ဆိုလျှင် သမိုင်းတွင်သည့် နတ်ဘုရားတစ်ပါးအဖြစ် လောကကိုကျော်လွန်သွားနိုင်ပေမည်ဟု လူအများက မှတ်ချက်ပြုကြသည်။

ထို့ကြောင့်ပင် ယခု စုရုံးရောက်ရှိနေကြသူများက ကွမ်းစန်းယွဲ့ကို လေးစားကြခြင်းပင် ဖြစ်လေတော့သည်။

ကွမ်းစန်းယွဲ့က...

"အဲဒီလူက သိပ်ကိုတန်ခိုးစွမ်းအားမြင့်မားတယ်ဆိုတာ ငြင်းလို့မရပါဘူး ၊ ဒါပေမဲ့ မင်းကလည်း ကျုပ်တို့မျိုးဆက်မှာ နာမည်ကျော်ကြားတဲ့ ကျင့်ကြံသူတစ်ယောက်ပဲလေ ၊ မင်းက သူ့ကို မယှဉ်ရဲဘူးလား ၊ ကြောက်နေတာလား..."

ကွမ်းစန်းယွဲ့မှာ ချွင်ယန်တာအိုနန်းတော်မှ ကျင့်စဉ်များကို ကျင့်ကြံခဲ့သူဖြစ်ပြီး စိတ်နေစိတ်ထားလည်း ခက်ထန်မာနကြီးသူ ဖြစ်လေသည်။ သူက သူ့ထက်ကျင့်ကြံခြင်းအဆင့်မြင့်မားသည့်လူများကိုလည်းတော်ရုံ ကြောက်ရွံ့တတ်သူ မဟုတ်ပေ။

ယင်ရှန်းကျွင်းက မျက်မှောင်တစ်ချက်ကြုံ့လိုက်ရင်း...

"နတ်ဘုရားရယ်လို့ဖြစ်လာရင် တန်ခိုးစွမ်းအားဆိုတာ အဆုံးမရှိနိုင်ပါဘူး ၊ ဒါပေမဲ့ ကျုပ်တို့ နတ်ဘုရားဖြစ်လာကြပြီးတဲ့နောက် အရာရာကို ချင့်ချိန်သင့်တာပေါ့ ၊ စကားပုံတောင်ရှိတယ်မလား "အသက်ညဏ်စောင့်" ဆိုတာလေ..."

အမှန်တော့ ယင်ရှန်းကျွင်းက ချင်းရှတောင်ကိုစွန့်ပတ်သက်ပြီး ရှေ့တန်းထွက်ချင်သူတစ်ယောက် မဟုတ်ပေ။

သို့သော်... ငှက်ပျောယပ်တောင်ဖြင့် အားလော်ဟယ်ကို လွင့်ထွက်သွားအောင် ခတ်ခဲ့ပြီးသည့်နောက်ပိုင်း နတ်ဘုရားများအလယ်တွင် သူက နာမည်ကြီးလာခဲ့လေသည်။ ကျင့်ကြံသူလောကတွင် ထိပ်တန်းအဆင့်နတ်ဘုရားအဖြစ် သူ့ကို လူအများက ချီးမြှောက်ပြောဆိုကြသည်။

ထို့ကြောင့်ပင် ပြဿနာတစ်ခုခုဖြစ်ပြီဟုဆိုလျှင် လူအများက သူ့ကိုသာ လာရှာကြလေတော့သည်။

သို့သော်... သူတို့မသိသည့်အချက်မှာ ငှက်ပျောယပ်တောင်ဆိုသည်မှာ မြင့်မြတ်သည့်မှော်ဝင်ပစ္စည်းတစ်ခုဖြစ်ပြီး တစ်ကြိမ်အသုံးပြုရန်ပင် လွယ်ကူလှသည်မဟုတ်ပ။ အလွန်အကျွံအသုံးပြုမိပါက တန်ခိုးစွမ်းအားများစွာ ဆုံးရှုံးကာ ဒုက္ခရောက်သွားနိုင်ပေသည်။

ထိုစဉ်အချိန်က ကျောက်ရှောင်ယွီသာ သူ့ကို အကြပ်ကိုင်ခြင်း မရှိခဲ့လျှင် သူသည်လည်း ငှက်ပျောယပ်တောင်ကို အသုံးပြု ကာ အားလော်ဟယ်ကို မောင်းထုတ်ခဲ့မည် မဟုတ်ပေ။

သို့သော်... ဆန်းလျန်နှင့် တိုက်ခိုက်ရန်အတွက် ရွှမ်တုတောက်ကျွင်း လူ့လောကသို့ဆင်းသက်လာခဲ့စဉ်က လက်ရှိလောက၏ ကျင့်ကြံသူများကို ဦးဆောင်ရန် ယင်ရှန်းကျွင်းကို အခွင့်အာဏာပေးအပ်ခဲ့လေသည်။ ထို့ကြောင့် သူက ယနေ့ သူ့ထံသို့ရောက်ရှိလာသူများကို မတတ်သာဘဲ လက်ခံစကားပြော နေရခြင်း ဖြစ်လေသည်။ သို့တိုင်အောင်... သူ့အနေဖြင့် ဆန်းလျန်နှင့် ရင်ဆိုင်တိုက်ခိုက်လိုစိတ် တစ်စက်ကလေးပင် မရှိပါ ချေ။

အခန်း (၈၃၄) မျက်ခုံးဝါဆရာတော်

အရေးကြီးဆုံးအချက်မှာ ဆန်းလျန်သည် ကျောက်ရှောင်ယွီနှင့် မိတ်ဆွေဖြစ်နေခြင်းပင် ဖြစ်သည်။သူ့ကို အကြပ်ကိုင် ခြိမ်းခြောက်ခဲ့ဖူးသည့် ကျောက်ရှောင်ယွီကို ယင်ရှန်းကျွင်းက အနည်းငယ် ဖြုံနေမိသည်။

ထို့ပြင် ဆန်းလျန်ကို ရန်သွားစခြင်းက ကျောက်ရှောင်ယွီကို ရန်သွားစခြင်းနှင့် အတူတူပင် ဖြစ်လေသည်။

ထိုက်စန့်လောင်ကျွင်းပြောခဲ့ဖူးသည့် စကားတစ်ခွန်းရှိလေ၏။

"လောကတွင် အဖိုးတန်သည့်အရာ (၃)ခုရှိလေတယ် ၊ ပထမ တစ်ခုက ကရုဏာတရား ၊ ဒုတိယတစ်ခုက ချိုးခြံချွေတာခြင်း ၊ တတိယတစ်ခုကတော့ ဘယ်တော့မှ ရှေ့တန်းမထွက်ဘဲ နှိမ့် နှိမ့်ချချနေခြင်း ဆိုတဲ့ အချက် (၃)ချက်ပါပဲ..."

ယခု ထိုစကားကို ယင်ရှန်းကျွင်း ကောင်းကောင်း နားလည်သဘောပေါက်နေပြီ ဖြစ်လေသည်။

သို့သော်... လူ့ဘဝဆိုသည်က အသက်တစ်ရာမနေရ အမှုတစ်ရာကြုံရဆိုသည့် ဆိုရိုးလည်းရှိလေရာ အသက်ရှည်သည့် နတ်ဘုရားတစ်ပါးအနေဖြင့် အမှုပေါင်းတစ်ရာမက ရေတွက်မရနိုင်အောင်ကြုံတွေ့ရမည်ဖြစ်လေသည်။ ယင်ရှန်းကျွင်းကိုယ်တိုင်သည်လည်း ဖြစ်လာသမျှကို ထိန်းချုပ်နိုင်စွမ်းရှိမည် မဟုတ်ပေ။

ယခုအချိန်တွင် ချင်းယန်ကျောင်းတော်၏ ဂိုဏ်းချုပ်ဖြစ်နေခြင်းအတွက် အလွန်မှ နောင်တရနေခဲ့မိလေသည်။

ယင်ရှန်းကျွင်း၏အခြေအနေကို အကဲခတ်လိုက်ပြီး ကွမ်းစန်းယွဲ့က တစ်ချက်ပြုံးလိုက်သည်။

"ကြည့်ရတာ ယင်ရှန်းကျွင်းအရှင်က ကြောက်နေတယ်ထင်တယ် ၊ မင်း ဆန်းလျန်ကို ရင်မဆိုင်ရဲဘူးဆိုရင် ငှက်ပျောရွက်

ယပ်တောင်ကို ကျုပ်ကို ခဏငှားလိုက်ပါ၊ ကျုပ်ကပဲ ဆန်းလျှ

န်ကို နှင်ထုတ်ပြီး ကျင့်ကြံသူလောကကို ကာကွယ်လိုက်

မယ်..."

ကွမ်းစန်းယွဲ့၏စကားကိုကြားရသည့်အခါ ယန်ရှန်းကျွင်းက

စိတ်ထဲမှကြိတ်ပြီး နှာခေါင်းရှုံ့လိုက်လေသည်။

သူသာ ငှက်ပျော့ရွက်ယပ်တောင်ကိုငှားလိုက်မည်ဆိုပါက

ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်ရမည်ပင်။ အဘယ်ကြောင့်

ဆိုသော်... အားလော်ဟယ်ကလည်း သူ့ထံသို့ အချိန်မရွေး

ရောက်လာနိုင်သေးသည် မဟုတ်လား။

သူ့တွင်သာ ငှက်ပျော့ယပ်တောင်မရှိလျှင် အားလော်ဟယ်ကို

မရှုမလှ ရှုံးနိမ့်ရမည် ဖြစ်လေသည်။

ယင်ရှန်းကျွင်းက...

"တကယ်တော့ ဆန်းလျှန်လိုလူမျိုးနဲ့ရန်သူဖြစ်တယ်ဆိုတာ

ကောင်းတဲ့ကိစ္စတော့ မဟုတ်ဘူး၊ အနည်းဆုံးတော့ အားလုံးက

တစ်ခရီးတည်းသွားနေကြတဲ့ ကျင့်ကြံသူတွေပဲလေ ၊ ဆန်းလျှ
န်နဲ့ ဆွေးနွေးညှိနှိုင်းကြည့်လို့ ရကောင်းရမှာပါ..."

ယင်ရှန်းကျွင်း၏ စကားကြောင့် ကွမ်းစန်းယွဲ့က ရယ်မောလိုက်
ရင်း...

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကကိစ္စတွေကို ယင်ရှန်းကျွင်း
က မေ့သွားပြီလား ..."

ရုတ်တရက်...

ကွမ်းစန်းယွဲ့ထံမှ အသက်ဓာတ်စွမ်းအားများ ဒီရေအလားမြင့်
တက်လာလေသည်။ သူ၏ခန္ဓာကိုယ်ကလည်း ပုလဲတစ်လုံး
အလား တောက်ပလာလေ၏။ ကွမ်းစန်းယွဲ့ထံမှ ထွက်ပေါ်လာ
သည့် တန်ခိုးစွမ်းအားများသည် လူအများကို မူးဝေသွားစေ
သည့်အပြင် တောတောင်ရေမြေတစ်လျှောက် ပျံ့နှံ့သွားလေ
သည်။

ကွမ်းစန်းယွဲ့တန်ခိုးစွမ်းအားမည်မျှမြင့်မားသည်ကို နတ်ဘုရားများအားလုံးက သိပြီးသား ဖြစ်လေသည်။ သို့သော်...

ယခုကဲ့သို့ လက်တွေ့ မြင်တွေ့လိုက်ကြရသည့်အခါ အားလုံးက တအံ့တသြဖြင့် စကားမပြောနိုင် ဖြစ်သွားကြရသည်။

ကွမ်းစန်းယွဲ့ တန်ခိုးစွမ်းအားများကို ထုတ်ဖော်လိုက်သည်နှင့် တန်ခိုးစွမ်းအားများသည် ကမ္ဘာအဆုံးထိ ပျံ့နှံ့သွားသည့်အလား မြင့်တက်သွားရလေသည်။ ထို့ပြင် သူ၏တန်ခိုးစွမ်းအားများသည် နေနှင့်လကိုပင် ဆွဲငင်နေသည့်အလား ထင်မှတ်ရသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ကွမ်းစန်းယွဲ့သည် နောင်တစ်ချိန်တွင် တာ့လော်အဆင့်သို့တက်ရောက်နိုင်သည်အထိ တာအိုကျင့်ကြံခြင်းမျိုးစေ့ကို ရရှိထားပြီဖြစ်သည်မှာ ထင်ရှားနေလေသည်။

ယင်ရှန်းကျွင်းက ကွမ်းစန်းယွဲ့ကို တည်ငြိမ်စွာဖြင့် ကြည့်လိုက်ရင်း...

"တာအိုရောင်းရင်းကွမ်းစန်းယွဲ့၊ ဒါက ဘာအဓိပ္ပါယ်လဲ..."

ကွမ်းစန်းယွဲ့က...

"ယင်ရှန်းကျွင်းအရှင်...၊ မင်းကကြောက်နေမှတော့ ကျုပ်ကပဲအားလုံးတာဝန်ယူပြီး ဖြေရှင်းရတော့မှာပေါ့..."

ယင်ရှန်းကျွင်းက တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်...

"ကျုပ်က သဘောမတူဘူးဆိုရင်ရော..."

ကွမ်းစန်းယွဲ့က ပတ်ဝန်းကျင်မှလူများကို တစ်ချက်အကဲခတ်လိုက်ရင်း...

"မင်းတို့အားလုံးရော ဘယ်လိုသဘောရသလဲ..."

ရောက်ရှိစုရုံးနေကြသည့် နတ်ဘုရားများမှာလည်း နှယ်နှယ်ရရ နတ်ဘုရားများ မဟုတ်ကြလေရာ သူတို့က စကားကို ထိန်းသိမ်းပြောဆိုလိုက်ကြသည်။

"ဒီက တာအိုရောင်းရင်း (၂)ယောက် အဆင်ပြေအောင် ဆွေးနွေးကြပါ ၊ ကျုပ်တို့ကို လာမမေးပါနဲ့..."

ကွမ်းစန်းယွဲ့က ရယ်မောလိုက်ရင်း...

"ယင်ရှန်းကျွင်းကို ဘယ်သူမှ မဆန့်ကျင်ရဲကြဘူးပဲ ၊ ဒါဖြင့် လည်း မင်းတို့သဘောပဲလေ..."

အချို့သောကျင့်ကြံသူများက ကွမ်းစန်းယွဲ့၏ သဘောထားကို ကြိတ်ပြီး သဘောတူမိကြလေသည်။

သို့သော်... တကယ်တမ်းတွင် သူတို့က မည်သူ့ဘက်လိုက်မည် ဟု ထင်ထင်ပေါ်ပေါ်ထုတ်ဖော်ပြသခြင်း မရှိခဲ့ကြပေ။

ယင်ရှန်းကျွင်းသည် အထင်ကရ နတ်ဘုရားတစ်ပါးဖြစ်လေ သည်။

ထို့ပြင် ကွမ်းစန်းယွဲ့၏ တန်ခိုးစွမ်းအားများကိုလည်းတွေ့မြင်ပြီးခဲ့ကြပြီး ဖြစ်သည့်အပြင် ကွမ်းစန်းယွဲ့နောက်ကွယ်တွင် ချင်ယန်တာအိုနန်းတော်ကလည်း ရှိနေလေသည်။

ယင်ရှန်းကျွင်းက ကွမ်းစန်းယွဲ့ကို လေးနက်သည့်အကြည့်တစ်ချက်ဖြင့် စိုက်ကြည့်လိုက်ပြီး...

"တာအိုရောင်းရင်းကွမ်းစန်းယွဲ့၊ မင်းက သိပ်ကိုတန်ခိုးစွမ်းအားမြင့်မားလွန်းပါတယ်၊ ဒါပေမဲ့ မင်းက မိုးနဲ့မြေကိုတစ်သားတည်းပေါင်းစပ်နိုင်တဲ့အဆင့်ထိ တန်ခိုးစွမ်းအား မြင့်မားနေတာ ယုံနိုင်စရာတောင် မရှိပါဘူး၊ ဒီတန်ခိုးစွမ်းအားတွေက တုန်းဟွာတောက်ကျွင်းရဲ့ တန်ခိုးစွမ်းအားတွေပဲ မဟုတ်ဘူးလား..."

ယင်ရှန်းကျွင်းနှင့် ကွမ်းစန်းယွဲ့ တိုက်ခိုက်ကြမည်ကို စိတ်ပူနေကြသည့် နတ်ဘုရားများမှာ ယင်ရှန်းကျွင်း၏ အေးဆေးသည့်

စကားသံကို ကြားလိုက်ရတော့မှ အနည်းငယ်စိတ်သက်သာရာ ရသွားကြလေသည်။

ကွမ်းစန်းယွဲ့က အနည်းငယ်ပြုံးလိုက်ရင်း...

"မင်းက ဉာဏ်ကောင်းလွန်းတယ်၊ တကယ်ဆို ကျုပ်လည်း မင်းနဲ့ အတိုက်အခံ မလုပ်ချင်ပါဘူး၊ ဒါပေမဲ့ မင်းက ကျုပ်ရဲ့ စကားတွေကို တုန်းဟွာတောက်ကျွင်းရဲ့ စကားတွေလို့ သဘောထားပြီး စိတ်ချယုံကြည်လို့ရပါတယ်၊ မင်းရော ကျုပ် ရော အားလုံးက အားလုံးက ထိုက်ချင်တာအိုဆရာသခင်ရဲ့ လမ်းစဉ်ကို လျှောက်လှမ်းနေကြတဲ့သူတွေပါပဲ၊ တုန်းဟွာ တောက်ကျွင်းကလည်း အချင်းချင်းအငြင်းပွားမှာကို မလိုလား ပါဘူး၊ ဒါကြောင့် ကျုပ်ကို ဒီပြဿနာကို ဦးဆောင်ဖြေရှင်းခွင့် ပေးပါ၊ မင်းသာ ငှက်ပျောယပ်တောင်ကိုငှားမယ်ဆိုရင် မင်းနဲ့ အားလော်ဟယ်ကြားကပြဿနာကို တုန်းဟွာတောက်ကျွင်းက မင်းကိုယ်စား ဖြေရှင်းပေးပါလိမ့်မယ်..."

ကွမ်းစန်းယွဲ့မှာ ဆန်းလျန်ကို ချင်းရှတောင်မှ မောင်းထုတ်ရန် အတွက် သူ့ထံမှ ငှက်ပျောယပ်တောင်ကို မရမက ငှားယမ်းနေခြင်းဖြစ်ကြောင့်း ယင်ရှန်းကျွင်း နားလည်ထားလေသည်။

ငှက်ပျောယပ်တောင်နှင့်သာ အခတ်ခံလိုက်ရပါက မည်မျှ တန်ခိုးစွမ်းအားမြင့်မားသူဖြစ်ပါစေ စကြာဝဠာအဆုံးထိ လွင့်စင်ထွက်သွားပေလိမ့်မည်။လောကတွင် ငှက်ပျောယပ်တောင်၏တန်ခိုးစွမ်းအားကို ခုခံအံတုနိုင်သူ မည်သူတစ်ဦးတစ်ယောက်မှ မရှိပေ။

ငှက်ပျောယပ်တောင်နှင့် ကျင်းကန်းရွှေကွင်းတို့မှာ စကြာဝဠာတစ်ခုလုံးတွင် အလွန်ရှားပါးသည့် မှော်ဝင်ရတနာပစ္စည်းများဖြစ်ကြလေသည်။

ထိုရတနာပစ္စည်းများသည် တာအိုတေချင်ကျမ်းစာတွင်ပါရှိသည့် ငါးထောင်သောတာအိုတရားစကားလုံးများ၏ တန်ခိုးစွမ်းအားများနှင့် ပြည့်ဝနေသောကြောင့် ဖြစ်လေသည်။

ယင်ရှန်းကျွင်းက တစ်ခဏမျှစဉ်းစားလိုက်ပြီး...

"တာအိုရောင်းရင်း... တစ်ချက်လောက်ပြန်စဉ်းစားပါဦး..."

ယင်ရှန်းကျွင်း၏ အေးဆေးသည့်စကားကြောင့် ကွမ်းစန်းယွဲ့ အနည်းငယ် တည်ငြိမ်သွားလေသည်။

ပတ်ဝန်းကျင်မှနတ်ဘုရားများက သူတို့ (၂)ယောက်ကို တစ်ချက်အကဲခတ်နေကြပြီး စိတ်သက်သာရာလည်း အနည်းငယ်ရသွားကြသည်။

ထိုအချိန်မှာပင်...

တာအိုကျင့်ကြံသူတစ်ယောက်သည် ချင်းယန်ကျောင်းတော် အနောက်ဘက်မှထွက်ခွာသွားပြီးတောင်ပေါ်မှဆင်းသွားကာ အနောက်ဘက်အရပ်သို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

သူက အလွန်လျှင်မြန်လွန်းသည့်အရှိန်ဖြင့် လမ်းလျှောက်သွားလေရာ ခြေထောက်နှင့်မြေကြီးထိသည်ဟုပင် မထင်ရပေ။

အချိန်ခဏအတွင်းမှာပင် သူသည် နတ်ဘုရားတောင်တစ်တောင်ရှိရာသို့ ရောက်ရှိသွားလေသည်။

ထိုနတ်ဘုရားတောင်တွင် မြူခိုးများဝေနေပြီး စီးဆင်းနေသည့်ရေများက အပြာရောင်ဖြစ်သလို ကျောက်တုံးများကလည်း အပြာရောင်ဖြစ်လေသည်။

တောင်ထိပ်တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်ခုရှိနေပြီး ကျောင်းတော်ရှေ့တွင် "ရှောင်လေယင်းကျောင်းတော်" ဆိုသည့်ဆိုင်းဘုတ်ကို ချိတ်ဆွဲထားလေသည်။

လင်စန်းတောင်မှ ဗုဒ္ဓသီတင်းသုံးရာကျောင်းတော်ကို "တာ့လေယင်းကျောင်းတော်" ဟုခေါ်ဆိုပြီး ယခုကျောင်းတော်ကတော့ "ရှောင်လေယင်းကျောင်းတော်" ဖြစ်လေသည်။

သို့သော်... ရှောင်လေယင်းကျောင်းတော်သည် တာ့လေယင်းကျောင်းတော်နှင့် ဆက်စပ်ပတ်သက်ခြင်းတော့ မရှိပေ။

ရှောင်လေယင်းကျောင်းတော်တွင် အခြားသောဘုန်းတော်ကြီး

များ မရှိပေ။

အဝါရောင်မျက်ခုံးများကိုပိုင်ဆိုင်သည့် ဘုန်းတော်ကြီးတစ်ပါး

သာ ရှိလေသည်။

ဘုန်းတော်ကြီးက တာအိုကျင့်ကြံသူရောက်လာသည်ကို တွေ့

မြင်လိုက်သည်နှင့် တစ်ချက်ပြုံးလိုက်ရင်း...

"တာအိုရောင်းရင်း ရှီထျန်းတု ၊ မင်းကို ကျုပ် မျှော်နေတာ ကြာ

လှပြီပေါ့..."

ရှောင်လေယင်းကျောင်းတော်သို့ ရောက်လာသူမှာ အခြားသူမ

ဟုတ်ပေ။

ရှီထျန်းတုနတ်ဘုရားပင် ဖြစ်လေသည်။

ယခုဘဝတွင် လီချင်းချန်အဖြစ် လူပြန်ဝင်စားခဲ့ပြီး ဆန်းလျန်

အပြစ်ပေးခြင်းကို ခံခဲ့ရဖူးသူ ဖြစ်လေသည်။

နောက်ပိုင်း… ဆန်းလျှန်အပြစ်ပေးလိုက်သည့် ဂိုဏ်းတူအစ်ကို ကုချန်စန်းအတွက် ယခင်ဘဝက နေထိုင်ခဲ့ရာဝူလုန်တောင်သို့ ပြန်ပြီး ခရမ်းရောင်အသက်ရှည်ဆေးယူရင်း ပေါ်ပိုင်လန်ကျွ င်း၏ ဖမ်းဆီးခြင်းကို ခံခဲ့ရလေသည်။

သို့သော်… ယင်ရှန်းကျွင်းက ကုချန်စန်းကိုရော လီချင်းချန်ကို ပါ အချိန်မီကယ်တင်နိုင်ခဲ့လေသည်။

ထို့နောက်… လီချင်းချန်က ဝူလုန်တောင်ရှိ သူနေထိုင်ခဲ့ရာ လေ နက်ဂူတွင် ကျင့်ကြံရင်း အရင်ဘဝမှ တန်ခိုးစွမ်းအားများ ပြန်လည်ရရှိကာ ကျင့်စဉ်လမ်း အဆင့်တက်သွားခဲ့လေသည်။

ရှီထျန်းတုက ဘုန်းတော်ကြီးကိုတွေ့သည်နှင့် ကျယ်လောင် သည့်လေသံဖြင့်…

"ယင်ရှန်းကျွင်း ဒုက္ခရောက်နေပြီ ၊ ကယ်ပါဦး မျက်ခုံးဝါ ဆရာတော်…"

ဟု ပြောလိုက်လေသည်။

မျက်ခုံးဝါဆရာတော်သည် ယင်ရှုန်းကျွင်းကိုကူညီပြီး ကွမ်း

စန်းယွဲ့ကို ထိန်းချုပ်နိုင်မည်ဟု ရှီထျန်းတု အဘယ့်ကြောင့်

ယုံကြည်နေခဲ့ရပါသနည်း။

အဘယ်ကြောင့်ဆိုသော်… မျက်ခုံးဝါဆရာတော်၏ ဇာစ်မြစ်

က ထူးခြားသောကြောင့် ဖြစ်လေသည်။ တန်ခိုးစွမ်းအား မြင့်

မားရုံသာမက များပြားလှစွာသော မှော်ဝင်ပစ္စည်းများလည်း

သူ့ထံတွင် ရှိလေသည်။

ထို့ပြင် မျက်ခုံးဝါဆရာတော်သည် မီလဲ့ကိုယ်တော်၏ ပလ္လင်

အောက်တွင် တုံးခေါက်ရသည့် ဆရာတော်လည်း ဖြစ်လေ

သည်။

ထို့ကြောင့် သူ၏အဆင့်အတန်းသည် ယွမ်စီထျန်းကျွ

င်း၏မျိုးဆက်မှ ကွမ်းချန်ကျီနှင့် အဆင့်အတန်းတူညီလေ

သည်။

မျက်ခုံးဝါဘုန်တော်ကြီးက…

"မီလဲ့ကိုယ်တော်လည်း ဒီအကြောင်းကို သိထားပြီးပါပြီ ၊ ဒါကြောင့် ရှီထျန်းတုနတ်ဘုရား စိတ်မပူပါနဲ့..."

ရှီထျန်းတုက...

"ဒါဖြင့်အရမ်းကောင်းတယ် ၊ ယင်ရှန်းကျွင်းက စိတ်ထားပြည့်ဝသူဖြစ်လို့ ဘုရားလောင်းဖြစ်တဲ့ မီလဲ့ကိုယ်တော်ကိုလည်း လေးစားတဲ့သူပါ..."

မျက်ခုံးဝါဘုန်းတော်ကြီးက...

"ယင်ရှန်းကျွင်းကိုယ်တိုင်သာ ရောက်လာမယ်ဆိုရင် မီလဲ့ကိုယ်တော်က သူ့ကို ဘဝမဲ့ကျမ်းစာကို သင်ကြားပေးမလို့ပါပဲ ၊ ပြီးတော့ အနတ္တတံဆိပ်တော်ကိုလည်း ပေးချင်မိတယ်..."

မျက်ခုံးဝါဆရာတော်၏စကားကြောင့် ရှီထျန်းတု ဝမ်းသာသွားမိသည်။

ဘဝမဲ့ကျမ်းစာနှင့် အနတ္တတံဆိပ်တော်သည် မီလဲ့ကိုယ်တော် တရားအလင်းရခဲ့သည့် အဓိက ပစ္စည်းများ ဖြစ်လေသည်။

လျှို့ဝှက်နက်နဲပြီး အသစ်သောလမ်းစဉ်တစ်ခုကို ဦးတည်နိုင်

စွမ်း ရှိလေ၏။

ယင်ရှန်းကျွင်းသာ ဘဝမဲ့ကျမ်းစာကို သင်ယူခွင့်ရမည်ဆိုလျှင်

ကျင့်စဉ်လမ်း အဆင့်တက်သွားနိုင်လေသည်။

သို့သော်... လက်ရှိအချိန်တွင် ယင်ရှန်းကျွင်းသည် ရွှမ်တုတော

က်ကျွင်း အမိန့်အတိုင်း အလုပ်လုပ်နေခဲ့ရလေသည်။ ထိုသို့

အလုပ်လုပ်ရင်း အန္တရယ် အငွေ့အသက်ကိုလည်း ရနေမိသည်။

ထို့ပြင် ယခုတော့ ပြဿနာထဲတွင် တုန်းဟွာတောက်ကျွင်း

သည်လည်း ပါဝင်ပတ်သက်လာပြီ ဖြစ်လေသည်။

ယင်ရှန်းကျွင်းက ဘယ်ဘက်လည်း မယိမ်းသလို ညာဘက်

လည်းယိမ်းသူ မဟုတ်ပေ။ သူ့လမ်းသူ မှန်မှန်လျှောက်သူ ဖြစ်

လေသည်။ထို့ကြောင့် ပြဿနာများစွာကိုဖြေရှင်းရန်အတွက်

ဗုဒ္ဓဘာသာသည် သူ့အတွက် အကောင်းဆုံး ရွေးချယ်မှု

ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချလိုက်မိသည်။

တာအိုဆရာချီဟန် (ကွမ်ယင်မယ်တော်) သည်လည်း တာအို ကျင့်စဉ်လမ်းမှ ဗုဒ္ဓဘာသာသို့ ပြောင်းလဲလာသူတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သူ့အနေဖြင့်လည်း ဗုဒ္ဓဘာသာဘက်သို့ ပြောင်းလဲမည်ဆိုလျှင် သိပ်ပြီး အခက်အခဲရှိမည်တော့မဟုတ်ပေ။

မီလဲ့ကိုယ်တော်သည် သူ့ထံတွင်ရှိသည့် ငှက်ပျောယပ်တောင်ကို လိုချင်စိတ်ရှိသည်လား မရှိသည်လားကိုတော့ ယင်ရှန်းကျွင်းလည်း သေသေချာချာ ခန့်မှန်းနိုင်ခြင်း မရှိပေ။

သို့သော်... သူ့အတွက် ရွေးခြယ်ရတော့မည့်အချိန်က ကျရောက်လာခဲ့ပြီ။

သူသွားရမည့် နေရာ (၂)ခုကို သူရွေးခြယ်ရမည်ဖြစ်သည်။

တစ်ခုက ထိုက်ချင်ထျန်းကောင်းကင်ဘုံဖြစ်ပြီး နောက်တစ်ခုက အော်မီတော်ဖူဘုရား၏ သုခဘုံဖြစ်လေ၏။

ရွှမ်တုတောက်ကျွင်း၏လက်အောက်တွင်နေပြီး ထိုက်ချင်

ဆရာသခင်၏လမ်းစဉ်ကို လိုက်မည်ဆိုလျှင် သူသည် ထိုက်ချ

င်ထျန်းကောင်းကင်ဘုံသို့ ရောက်မည်ဖြစ်ပြီး မီလှဲ

ကိုယ်တော်၏လက်အောက်သို့ ခိုလှုံမည်ဆိုလျှင်တော့ အော်မီ

တော်ဖူဘုရား၏ သုခဘုံသို့ ဝင်ရောက်နိုင်မည်ဖြစ်လေသည်။

သို့သော်...

ဆန်းလျန်ကို သတ်ဖြတ်ရန်အတွက်ရွှမ်တုတောက်ကျွင်း

လူ့လောကသို့ ရောက်ရှိလာသည်ကို တွေ့မြင်ခဲ့ပြီး လက်ရှိ

ကျင့်ကြံသူလောကကို ဦးဆောင်ရန် သူ့ကို အမိန့်ပေးသွားပြီး

သည့်နောက် သူက ထိုက်ချင်ထျန်းကောင်းကင်ဘုံကို စွန့်လွှတ်

ရန် ဆုံးဖြတ်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော်...

ထိုက်ချင်တာအိုဆရာသခင်၏ လမ်းစဉ်သည် အမြဲတမ်း ရိုး

ရှင်းပြီး ခမ်းနားခြင်းမရှိသည့် လမ်းစဉ်တစ်ခုဖြစ်လေသည်။

သို့သော် ရွှမ်တုတောက်ကျွင်းကတော့ သူ့ကို ထူးဆန်းသည့်

ကတိစကားများပြောကြားသွားခဲ့လေသည်။

ထို့ကြောင့် အနည်းငယ်ထူးဆန်းနေသလို ခံစားရပြီး ရွှမ်တု

တောက်ကျွင်း၏လက်အောက်တွင် ကျင့်စဉ်လမ်းကို ရှေ့ဆက်

ရန် ကြောက်ရွံ့နေမိခြင်းသာ ဖြစ်လေတော့သည်။

အခန်း (၈၃၅) တုန်းဟွာတောက်ကျွင်း

မျက်ခုံးဝါဘုန်းတော်ကြီးနှင့် ရှီထျန်းတုနတ်ဘုရားတို့မှာ

သာမန်ကျင့်ကြံသူများ မဟုတ်ကြပေ။

ထို့ကြောင့် လိုရင်းကိစ္စကို ပြောပြီးသွားသည့်အခါ သာမန်လူများကဲ့သို့ အလာပသလာပစကားများကို ပြောမနေကြတော့ပေ။

မျက်ခုံးဝါဆရာတော်က အမွေးတိုင်တစ်တိုင်ကိုထွန်းညှိလိုက်ပြီး လေထဲတွင်တစ်ချက်ဝှေ့ယမ်းကာ တရားစာတစ်ပုဒ်ကို ရွတ်ဆိုလိုက်လေသည်။ ထိုအခါ နတ်ဘုရားအလင်းတန်းများထွက်ပေါ်လာပြီး ရှောင်လေယင်းကျောင်းတော်ခန်းမတစ်ခုလုံးလင်းထိန်တောက်ပသွားလေသည်။

ထို့နောက် မျက်ခုံးဝါဘုန်းတော်ကြီးက တိမ်တိုက်တစ်ခုဖန်ဆင်းကာ ရှီထျန်းတုကိုခေါ်ဆောင်ပြီး ချင်းယန်ကျောင်းတော်သို့ ထွက်ခွာလာခဲ့ကြလေတော့သည်။

ချင်းယန်ကျောင်းတော်တွင်တော့...

ကွမ်းစန်းယွဲ့က တစ်ချက်ပြုံးလိုက်ရင်း...

"ယင်ရှန်းကျွင်း ၊ လက်စသတ်တော့ မင်းက စစ်ကူသွားခေါ်ဖို့ အချိန်ဆွဲနေတာကိုး..."

ယင်ရှန်းကျွင်းကလည်း ကွမ်းစန်းယွဲ့ကို ပြန်ပြုံးပြလိုက်ရင်း...

"တာအိုရောင်းရင်းကွမ်းစန်းယွဲ့ကို ဘာမှ ဖုံးကွယ်ထားလို့ မရဘူးပဲ..."

ကွမ်းစန်းယွဲ့က သူ့ကိုယ်သူယုံကြည်မှုအပြည့်ရှိသူဖြစ်လေသည်။

သူက ယင်ရှန်းကျွင်းထံမှ ငှက်ပျောယပ်တောင်ကိုငှားပြီး နတ်ဘုရားများကို ဦးဆောင်ကာ ဆန်းလျန်ကို တိုက်ခိုက်လိုခြင်းဖြစ်လေသည်။ သူသာ အောင်မြင်မှုရရှိလျှင် ကျင့်ကြံသူလောကကို စည်းရုံးသိမ်းသွင်းနိုင်ပြီး ဆရာတစ်ဆူအဖြစ် ဩဇာအာဏာကြီးမားလာမည် ဖြစ်သည်။

ထိုအချိန်မှာပဲ....

ရောင်စုံတိမ်တိုက်တစ်ခုက ချင်းယန်ကျောင်းတော်ရှေ့သို့ ရောက်ရှိလာလေသည်။

နတ်ဘုရားများအားလုံးမှာ ရောင်စုံတိမ်တိုက်ကို စိတ်ဝင်တစား ဖြင့် ဝိုင်းဝန်းကြည့်ရှုလိုက်ကြလေသည်။

ရောင်စုံတိမ်တိုက်ထက်တွင် ရှီထျန်းတုကိုတွေ့လိုက်ရသည့် အခါ မည်သူမှ မအံ့သြကြပေ။ သို့သော်… မျက်ခုံးဝါ ဆရာတော်ကို တွေ့လိုက်ကြသည့်အခါတွင်တော့ အလွန်အမင်း အံ့သြသွားကြရလေသည်။

ယွမ်ကျိုးနယ်တွင် ဗုဒ္ဓဘာသာ သိပ်ပြီးထွန်းကားခြင်းမရှိဘဲ တာအိုဝါဒသာ ထွန်းကားလေသည်။

ထို့ကြောင့် နာမည်ကျော်ကြားသည့် ဗုဒ္ဓဘာသာကျင့်ကြံသူ ခပ် ရှားရှားပင် ဖြစ်လေသည်။ ထို့ကြောင့် နတ်ဘုရားများက မျက်ခုံးဝါဆရာတော် မည်သူမည်ဝါဖြစ်သည်ကို သိရှိကြခြင်း မရှိပေ။

နတ်ဘုရားများ တစ်ယောက်တစ်ပေါက်ခန့်မှန်းနေကြစဉ်မှာပင် ယင်ရှန်းကျွင်းက မျက်ခုံးဝါဆရာတော်ကို အားလုံးနှင့် မိတ်ဆက်ပေးလိုက်လေသည်။

"အားလုံးပဲ... ရှီထျန်းတုနတ်ဘုရားကိုတော့ သိကြပြီးသားဖြစ်မှာပါ၊ ဒါပေမဲ့ ရှီထျန်းတုနတ်ဘုရားနဲ့အတူပါလာတဲ့ ဆရာတော်ကိုတော့ မိတ်ဆက်ပေးပါရစေ၊ ဆရာတော်က မျက်ခုံးဝါဆရာတော်လို့ ခေါ်ပါတယ်၊ မီလဲ့ကိုယ်တော်ရဲ့ ပလ္လင်အောက်မှာ တုံးခေါက်တဲ့တာဝန်ကိုယူရတဲ့ ဆရာတော်ပါ ..."

မျက်ခုံးဝါဆရာတော်က "အော်မီတော်ဖူ" ဟု ရွတ်ဆိုပြီး နတ်ဘုရားများအားလုံးကို နှုတ်ဆက်လိုက်သည်။

ထို့နောက် မျက်ခုံးဝါဆရာတော်က ကွမ်းစန်းယွဲ့ကို ကြည့်ကာ တစ်ချက်ပြုံးလိုက်ပြီး...

"မီလဲ့ကိုယ်တော်ရဲ့ကိုယ်စား တုန်းဟွာတောက်ကျွင်းကိုလည်း နှုတ်ဆက်စကား ပြောပေးစေလိုပါတယ် ..."

ကွမ်းစန်းယွဲ့က ပြုံးလိုက်ရင်း...

"ဘာလဲ ၊ မီလှဲ့ကိုယ်တော်ကလည်း ကျုပ်တို့ တာအိုဝါဒရဲ့ အရေးကိစ္စတွေကို လာပတ်သက်ချင်နေတာပဲလား..."

မျက်ခုံးဝါဆရာတော်က မည်သည့်စကားမှ မပြောဘဲ ပြုံးနေလေသည်။

မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ကိုယ်ရပ်တည်သင့်သည့်ဘက်မှ ရပ်တည်ရမည်ပင်ဖြစ်သည်။

မျက်ခုံးဝါဆရာတော်၏ အပြုံးကိုတွေ့မြင်ရသည့်အခါ ကွမ်းစန်းယွဲ့၏စိတ်များလေးလံသွားရလေသည်။ သူက သူ၏ကိုယ်ထဲမှ တုန်းဟွာတောက်ကျွင်း တန်ခိုးစွမ်းအားများကို နှိုးထစေလိုက်သည်။ ထိုအခါ သူ၏တန်ခိုးစွမ်းအားများသည် တာ့လော်အဆင့် ကျင့်ကြံသူတစ်ယောက်နီးပါး မြင့်တက်လာလေတော့သည်။ တန်ခိုးစွမ်းအားဆိုသည်မှာ ကျင့်ကြံသူများအားလုံး၏ ဦးရစ်သရဖူဖြစ်လေသည်။

သို့သော် မျက်ခုံးဝါဆရာတော်ထံမှ ရတနာပစ္စည်း (၂)ခု၏

အငွေ့အသက်များက သူ့ကို ခြောက်လှန့်လျှက်ရှိလေသည်။

ထို့ပြင် ယင်ရှန်းကျွင်းတွင်လည်း ငှက်ပျောယပ်တောင်ရှိနေ

လေရာ တကယ်တမ်းတိုက်ခိုက်ကြမည်ဆိုလျှင် ကွမ်းစန်းယွဲ့

ဘက်မှ နိုင်ချေသိပ်မရှိပေ။

သို့သော်... စန်းကွမ်းယွဲ့က သူ့ဘဝတစ်လျှောက်လုံးတွင် မည်

သူ့ကိုမှ ကြောက်ရွံ့ခဲ့သူ မဟုတ်ပေ။ သူက တုန်းဟွာတောက်

ကျွင်း၏အမိန့်ကိုလည်း ရရှိထားပြီဖြစ်သည့်အတွက် အမိန့်

အတိုင်းလုပ်ဆောင်ရမည်ပင် ဖြစ်သည်။

ကွမ်းစန်းယွဲ့က ကျယ်လောင်သည့် ကြိုးဝါးသံတစ်ချက်ပြုလုပ်

လိုက်လေသည်။

ထိုအခါ ချင်းယန်ကျောင်းတော်ကြီးတစ်ခုလုံးပင် တုန်လှုပ်သွား

ရသည်။

ချင်းယန်ကျောင်းတော်သည် ရှမ်တုတောက်ကျွင်းကိုယ်တိုင် ဖန်ဆင်းပေးခဲ့သည့် ကျောင်းတော်ဖြစ်သည့်အတွက် အလွန် တန်ခိုးစွမ်းအားမြင့်မားသည့် နေရာတစ်ခု ဖြစ်လေသည်။

သို့သော်... ယခုတော့ ကွမ်းစန်းယွဲ့၏ တန်ခိုးစွမ်းအားပေါက်ကွဲ မှုကြီးကြောင့် တုန်လှုပ်နေရပြီ ဖြစ်သည်။

ကျယ်လောင်သည့်အသံကြီးတစ်သံ ထွက်ပေါ်လာပြီး ကွမ်းစန်း ယွဲ့၏တန်ခိုးစွမ်းအားများသည် အလင်းလုံးကြီးတစ်ခုအလား ကျုံ့ဝင်သွားကာ မျက်ခုံးဝါဆရာတော်ကို ဝင်ရောက်တိုက်ခိုက် လိုက်လေတော့သည်။

သို့သော်... မျက်ခုံးဝါဆရာတော်ထံမှ ရွှေရောင်အလင်းတန်း များထွက်ပေါ်လာပြီး ကွမ်းစန်းယွဲ့၏ တန်ခိုးစွမ်းအားများကို ဖိနှိပ်ထားလိုက်လေသည်။ မြေကြီးပင် ကျုံ့ဝင်သွားသည့် အလား ခံစားလိုက်ကြရသည်။

ကွမ်းစန်းယွဲ့က မျက်ဝန်းများကို အနည်းငယ်ကျဉ်းမြောင်း
လိုက်စဉ်မှာပင် မျက်ခုံးဝါဆရာတော်က ရွှေလင်းကွင်းတစ်ခုကို
ထုတ်ယူလိုက်သည်။

မျက်ခုံးဝါဆရာတော်က တည်ကြည်လေးနက်သည့်
မျက်နှာထားဖြင့်...

"အရင်တုန်းက တန်ခိုးစွမ်းအားမြင့်မားလွန်းတဲ့ စကြာဝဠာ
အရှင်ကြီးစွန်းဂူခုံးတောင် ဒီရွှေလင်းကွင်းကို လွတ်အောင် မ
ရှောင်တိမ်းနိုင်ခဲ့ဘူး ၊ အခု ဒကာကြီးကွမ်းစန်းယွဲ့က မျောက်
မင်းစွန်းဂူခုံးနဲ့ ဘယ်သူသာမလဲဆိုတာ ကြည့်ကြတာပေါ့..."

ပြောပြီးသည်နှင့် မျက်ခုံးဝါဆရာတော်က လက်ထဲမှ ရွှေ
လင်းကွင်းကို ကောင်းကင်ထက်သို့ ပစ်လွှတ်လိုက်လေသည်။
ကွမ်းစန်းယွဲ့က တုန်းဟွာတောက်ကျွင်း၏ တန်ခိုးစွမ်းအားများ
ကို အသုံးပြုထားပြီး တာ့လော်အဆင့်နီးပါး တန်ခိုးစွမ်းအား
မြင့်မားနေလေသည်။ ထို့ကြောင့် မီလှဲ့ကိုယ်တော်၏ရွှေ

လင်းကွင်းကလည်း ကွမ်းစန်းယွဲ့ကို လွယ်လွယ်ကူကူနှင့် ဖမ်းဆီးချုပ်နှောင်နိုင်ခြင်း မရှိပေ။

ရွှေလင်းကွင်းသည် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားပြီး တဖြည်းဖြည်းကြီးမားလာလေသည်။ ထို့နောက် ချင်းယန်ကျောင်းတော်ခေါင်မိုးထက်သို့ရောက်ရှိသွားလေသည်။

ချက်ချင်းပင် ချင်းယန်ကျောင်းထဲတွင် ရှမ်တုတောက်ကျွင်းပြုလုပ်ထားခဲ့သည့် အရံအတားထွက်ပေါ်လာပြီး ထိုက်ချင်နတ်ဘုရားအလင်းတန်းများ ဖြာလင်းလာလေသည်။

အန္တရယ်ကျရောက်တော့မည်ကိုသိသည့်အတွက် အရံအတားထွက်ပေါ်လာကာ ချင်းယန်ကျောင်းတော်ကို အလိုလို ကာကွယ်ပေးလိုက်ခြင်း ဖြစ်လေ၏။

ကွမ်းစန်းယွဲ့က သူ၏ တန်ခိုးစွမ်းအားများကိုစုစည်းလိုက်ကာ ရွှေရောင်လင်းကွင်းကို တိုက်ခိုက်လိုက်လေသည်။ ကွမ်းစန်းယွဲ့၏ နတ်ဘုရားအလင်းတန်းများနှင့် ရွှေလင်းကွင်း ရိုက်ခတ်

သွားမိသည်နှင့် ရွှေလင်းကွင်းမှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး ကြီးမားသည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

ချင်းယန်ကျောင်းတော် ခေါင်မိုးထက်တွင်ပင် ကြီးမားသည့် အပေါက်ကြီးတစ်ခုဖြစ်ပေါ်လာကာ အပြင်ဘက်မှ ကောင်းကင်ပြာပြာနှင့် တိမ်ဖြူများကိုပင် မြင်တွေ့နေရတော့သည်။

ပေါက်ကွဲမှုကြီးငြိမ်သက်သွားသည်နှင့် ကွမ်းစန်းယွဲ့မှာ တစ်ကိုယ်လုံး ဖုံများသဲများ ပေပွကာ အဝတ်အစားများ ဖရိုဖရဲဖြစ်လျက် ရှိလေတော့သည်။

သူက လက်နှစ်ဖက်ကိုနောက်ပစ်ကာ ခပ်မတ်မတ်ရပ်နေပြီး မျက်ဝန်းများကလည်း ကြယ်စင်အလား တောက်ပနေလေသည်။

ရွှေလင်းကွင်းမှာ အက်ကွဲသွားပြီဖြစ်လေသည်။

အက်ကွဲသွားသည့်ရွှေလင်းကွင်းက တစ်ပတ်လည်နေပြီး

မျက်ခုံးဝါဆရာတော်၏ လက်ထဲသို့ ပြန်လည်ရောက်ရှိသွား

လေသည်။

တိုက်ပွဲအခြေအနေကိုကြည့်ပြီးသည်နှင့် မျက်ခုံးဝါဆရာတော်

သည် နှယ်နှယ်ရရမဟုတ်ကြောင်း အားလုံး သိရှိလိုက်ကြရ

သည်။

ကွမ်းစန်းယွဲ့ အနည်းငယ်မျက်နှာပျက်သွားလေသည်။

သူက...

"နန်စန်းကျီ ၊ ငါတို့သွားကြစို့..."

ပြောပြီးသည်နှင့် ကွမ်းစန်းယွဲ့က အင်္ကျီလက်တစ်ဖက်ကို

ဝှေ့ယမ်းလိုက်လေရာ မျက်စိတစ်မှိတ်အတွင်းမှာပင် ကွမ်းစန်း

ယွဲ့နှင့် နန်စန်းကျီတို့ နေရာမှ ပျောက်ကွယ်သွားကြလေ

တော့သည်။

ထို့နောက် သူတို့ (၂)ယောက်သည် အဆုံးမရှိသည့် အာကာသ နေရာများကို ဖြတ်ကျော်ကာ မရှိမှုကျေးရွာသို့ ရောက်ရှိလာကြ လေသည်။

ကွမ်းစန်းယွဲ့နှင့် နန်စန်းကျီတို့ကျောက်ဂူတစ်ခုအတွင်းသို့ ဝင် ရောက်သွားကြသည်။ ကျောက်ဂူတစ်ခုလုံးက သန့်ရှင်းနေပြီး မြက်ခင်းနုနုလေးများက အခင်းသဖွယ် လှပစွာတည်ရှိနေလေ သည်။

ဂူအတွင်းရှိ ကျောက်သလွန်ထက်တွင် လူငယ်တာအိုဆရာတစ် ယောက် တင်ပျဉ်ခွေထိုင်နေလေသည်။

လူငယ်တာအိုဆရာ၏မျက်နှာက ကျောက်စိမ်းရတနာအလား နူးညံ့နေပြီး မျက်ဝန်းများက ကြယ်စင်အလား တောက်ပနေ လေသည်။ လူ့လောကတွင်သာသူ့ကိုတွေ့မြင်ရမည်ဆိုလျှင် ကြွယ်ဝချမ်းသာသည့် မိသားစုတစ်ခုမှ သခင်လေးတစ်ပါးဟု ထင်မှတ်ဖွယ်ရာရှိလေသည်။

သို့သော်... ထိုလူငယ်လေးသည်ကား အခြားသူမဟုတ်ပေ။ ကျင့်ကြံသူလောကတွင် ထိပ်တန်းအဆင့်နတ်ဘုရားတစ်ပါး ဖြစ်သည့် "တုန်းဟွာတောက်ကျွင်း" ပင် ဖြစ်လေသည်။

တုန်းဟွာတောက်ကျွင်းက တိုးတိတ်သည့်လေသံအေးအေး ဖြင့်...

"စန်းယွဲ့... ၊ မင်းက တန်ခိုးစွမ်းအားတွေ အရမ်းကာရောသုံး ပစ်လိုက်တာကိုး ၊ အခုတော့ မင်းရဲ့ဝိညာဉ်ပျက်စီးသွားပြီ ၊ ဒါပေမဲ့ စိတ်ဝိညာဉ်သန့်စင်တဲ့ ဂါထာတစ်ပုဒ် မင်းကိုသင်ပေး လိုက်မယ် ၊ အဲဒါကို သေသေချာချာ မှတ်သားထားပါ ၊ ဒါဆို ရင် မင်းရဲ့ဝိညာဉ် ပြန်ကောင်းသွားလိမ့်မယ်..."

တုန်းဟွာတောက်ကျွင်း၏ စကားဆုံးသွားသည်နှင့် ကွမ်းစန်း ယွဲ့၏ စိတ်အာရုံတွင် ထူးဆန်းသည့်ဂါထာတစ်ပုဒ် ထင်မြင်လာ လေသည်။

ကွမ်းစန်းယွဲ့က ထိုဂါထာကို ဂရုတစိုက်ချရေးလိုက်လေသည်။

ထို့နောက် သူ၏ ဝိညာဉ်မှာ တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာသည်ကို ခံစားလိုက်ရလေသည်။

တုန်းဟွာတောက်ကျွင်းက နန်စန်းကျီဘက်သို့ လှည့်လိုက်ပြီး...

"ကျုပ်ရဲ့ရန်သူဟောင်းတစ်ယောက်က လီရှမ်ကို ဖမ်းသွားတယ် ၊ မင်း သူ့ကို ပြန်သွားပြီး ကယ်လာခဲ့ပါ..."

လီရှမ်ဆိုသည်မှာ ကျိုးယီတောင် ၊ ယွင်မုမြစ်ကမ်းနံဘေးတွင် ဆန်းလျန်က မက်မွန်သီးပင်အဖြစ်ပြောင်းလဲပစ်လိုက်သည့် သူတောင်းစားအဘိုးအို ဖြစ်လေသည်။

ပြောပြီးသည်နှင့် တုန်းဟွာတောက်ကျွင်းက အင်းစာရွက်တစ်ရွက်ကို နန်စန်းကျီလက်ထဲသို့ ထည့်ပေးလိုက်ပြီး လူ့လောကအောက်ပိုင်းနယ်မြေတစ်ခုသို့ သွားရောက်ရန် ညွှန်ကြားလိုက်သည်။

ထို့နောက် လရောင်ကဲ့သို့ကြည်လင်သည့် တိမ်ရိပ်တစ်ခု တုန်း
ဟွာတောက်ကျွင်း၏ ရှေ့တွင်ပေါ်လာလေသည်။
တိမ်ရိပ်လွင့်ပြယ်သွားသည့်အချိန်တွင်တော့ မြင်ကွင်းထဲတွင်
တောင်တစ်တောင် ပေါ်လာလေသည်။ ထိုတောင်မှာ ချင်းရှ
တောင်ပင် ဖြစ်တော့၏။
ချင်းရှတောင်သည် မင်္ဂလာတရားဖြင့်ပြည့်နေသည့် ရှားပါး
သည့် တောင်တစ်တောင်ဖြစ်လာခဲ့လေသည်။ ကျင့်ကြံသူများ
အနေဖြင့် ချင်းရှတောင်မှတစ်ဆင့် မရှိမှုကျေးရွာမှ ကျောက်ဂူ
များရှိရာသို့ သွားလာရန်ပင် လမ်းကြောင်းပွင့်သွားနိုင်ပေ
သည်။
သို့သော်... မရှိမှုကျေးရွာမှ ကျောက်ဂူများဆိုသည်က နတ်
ဘုရားဖန်ဆင်းထားသည့် နတ်ဘုရားနယ်မြေများဖြစ်လေရာ
တော်ရုံတန်ရုံဖြင့်တော့ ရောက်ရှိနိုင်မည် မဟုတ်ပေ။

ယခုတော့ ချင်းရှတောင်တွင် ဆန်းလျန်သင်ပြပေးသည့် တာအို တရားကို လာရောက်နားထောင်ကြသည့် ကျင့်ကြံသူများဖြင့် ပြည့်နက်နေလေသည်။

ကျင့်ကြံသူလောက၏ အဓိကနန်းတော်ကြီး (၃)ခုနှင့် နတ်ဘုရားကျောင်းတော်ကြီး (၄)ခုမှ တပည့်များမဟုတ်သည့် အခြားသောကျင့်ကြံသူများသည် ချင်းရှတောင်သို့လာရောက်ကာ ဆန်းလျန်၏ သင်ပြပေးမှုကို နားထောင်ကြလေသည်။ ထိုသူများသည်လည်း ပင်ကိုယ်ပါရမီဓာတ်ခံကောင်းသူများ ဖြစ်ကြလေရာ သူတို့သည် ဆန်းလျန်၏ သင်ပြပေးမှုကို နားထောင်ပြီးသည်နှင့် ချက်ချင်းပင် ကျင့်ကြံခြင်းအဆင့်များ မြင့်တက်သွားကြလေတော့သည်။

ဆန်းလျန်က သူတို့ကို ကျေးဇူးပြန်ဆပ်ရန် မတောင်းဆိုသည့်တိုင် သူတို့အားလုံးက ဆန်းလျန်၏ ကျေးဇူးတရားကို ရင်ထဲတွင် မှတ်သားထားလိုက်ကြလေသည်။ ထို့ပြင် ဆန်းလျန်၏

သင်ပြပေးခြင်းသည် အခြားသောဆရာသခင်များ၏ သင်ပြပေးခြင်းထက် များစွာ သာလွန်လေသည်။

ဆန်းလျှန် ရှုတ်တရက် တာအိုတရားဟောပြောရသည်မှာလည်း သူ့အကြောင်းနှင့်သူ ရှိလေသည်။

သူက တာအိုတရားဟောပြောလိုက်သည့်အခါ မကျေနပ်သည့်နတ်ဘုရားများအနေဖြင့် အချင်းချင်း အငြင်းပွားခိုက်ရန်ဖြစ်ပွားခြင်းများ ဖြစ်ပေါ်လာနိုင်လေသည်။ ဥပမာ - ယင်ရှန်းကျွင်းနှင့် ကွမ်းစန်းယွဲ့တို့ကဲ့သို့ ဖြစ်လေသည်။

သို့မဟုတ်ပါကလည်း သူ၏တရားဟောပြောခြင်းကြောင့် ချင်းရှတောင်တွင် ဖြစ်ပေါ်လာသည့် အပြောင်းအလဲများကိုအာရုံပြောင်းသွားနိုင်လေသည်။

ထိုအခါ... အခြားသောနတ်ဘုရားများအနေဖြင့် သူ့ကို ယခင်ကလောက် မျက်စိဒေါက်ထောက်အာရုံစိုက်နေတော့မည်မဟုတ်ပေ။

သူ့အနေဖြင့် လုပ်စရာရှိသည့် အခြားသော လျှို့ဝှက်ကိစ္စများကို တိုးတိုးတိတ်တိတ် လုပ်ဆောင်နိုင်မည် ဖြစ်လေသည်။ ထိုအကြောင်းအရာများကိုတွေးနေစဉ်မှာပင် ဆန်းလျန်၏စိတ်ထဲတွင် လှိုင်းတစ်ချက်ဂယက်ထသွားလေသည်။ ထို့ကြောင့် ဆန်းလျန် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်မိလေတော့သည်။

အခန်း (၈၃၆) ကျုပ်တာအိုတရားဟောပြောတာ ဘာများမကောင်းတာရှိလို့လဲ

ဆန်းလျန်ခေါင်းမော့ကြည့်လိုက်သည်နှင့် သူ၏စိတ်အာရုံတွင် တုန်းဟွာတောက်ကျွင်းနေထိုင်ရာ ကျောက်ဂူပေါ်လာလေသည်။

ကျောက်ဂူထဲတွင် လရောင်ကတောက်ပနေပြီး သူ့ကို ကြည့်နေသည့် ကွမ်းစန်းယွဲ့၏ မျက်နှာကို ဆန်းလျန် တွေ့လိုက်ရသည်။ တုန်းဟွာတောက်ကျွင်း၏ ကျောက်ဂူထဲတွင်လည်း ကွမ်းစန်းယွဲ့က ဆန်းလျန်ကို ကြည့်နေလေသည်။

ဆန်းလျန်သည် တုန်းဟွာတောက်ကျွင်းကဲ့သို့ပင် စိတ်ထားတည်ကြည်သူတစ်ယောက်ဖြစ်ဟန်ရှိလေသည်။ သို့သော် ဆန်းလျန်က တုန်းဟွာတောက်ကျွင်းထက်ပင်ပို၍ နူးညံ့သိမ်မွေ့ဟန်ရှိသည်။

လူတင်မဟုတ် စိတ်ထားသည်လည်း နူးညံ့သိမ်မွေ့ဟန်ရှိလေရာ ဆန်းလျန်ကိုမြင်ရသူတိုင်းသည် နွေးထွေးသည့် အရုဏ်ဦးရောင်ခြည်ကို တွေ့မြင်ရသည့်အလား ခံစားကြရလေသည်။

ဆန်းလျန်က သူ၏စိတ်အာရုံတွင် ထင်မြင်နေသည့် တုန်းဟွာတောက်ကျွင်း၏ ကျောက်ဂူကို တစ်ချက်ကြည့်လိုက်ပြီး နူးညံ့စွာ ပြုံးလိုက်လေသည်။

ဆန်းလျန်ပြုံးလိုက်သည့်အချိန်မှာပင်...

တုန်းဟွာတောက်ကျွင်း၏ ကျောက်ဂူထဲမှ လရောင်တိမ်တိုက်က မှောင်မိုက်သွားပြီး ချင်းရှတောင်မြင်ကွင်းသည်လည်း ပျောက်ကွယ်သွားလေသည်။

တုန်းဟွာတောက်ကျွင်းက တစ်ချက်မျှစဉ်းစားနေပြီးမှ...

"မီလဲ့ကိုယ်တော်က ဝင်ရှုတ်မှတော့ ကျုပ်တို့အနေနဲ့ ငှက်ပျောယပ်တောင်ကို ငှားလို့ရမှာ မဟုတ်တော့ဘူး ၊ ဆန်းလျန်ထျန်းကျွင်းဆိုတာကလည်း သာမန်လူမဟုတ်ဘူး ၊ ဒီတော့ ကျုပ်လူ့လောကကို ကိုယ်တိုင်သွားမှ ဖြစ်တော့မယ် ၊ မင်းကတော့ ဒဏ်ရာရထားတော့ ဒီမှာပဲနေပြီး အနားယူချင်ယူပေါ့..."

ကွမ်းစန်းယွဲ့က တစ်ချက်မျှ တုံ့ဆိုင်းနေပြီးမှ...

"အခုတလော နက္ခတ်တွေမတည်ငြိမ်ဘူး ၊ လူ့လောကမှာ အရှင်တစ်ခုခုဒုက္ခရောက်မှာ စိတ်ပူမိပါတယ်..."

တုန်းဟွာတောက်ကျွင်းက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။ ကျောက်ဂူအတွင်းရှိ အစိမ်းရောင်မြက်ခင်းပြင်ထက်တွင် ဖြူစင်တောက်ပသည့်တိမ်တိုက်တစ်ခုပေါ်လာလေသည်။ ထို့နောက် တုန်းဟွာတောက်ကျွင်းက တိမ်တိုက်ပေါ်သို့ တည်ငြိမ်စွာလှမ်းတက်လိုက်ပြီး ကျောက်ဂူအတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ချင်းရှတောင်နှင့် မိုင် (၁၀၀)ပတ်လည်သည် အလွန်သာယာသည့် နတ်ဘုရားနယ်မြေတစ်ခုအလား ထင်မှတ်ရလေသည်။ အသက်ဓာတ်စွမ်းအားများ မြင့်မားနေသည့်အတွက် စပါးခင်းများက အောင်မြင်ပြီး သီးပင်စားပင်များကလည်း ဖြစ်ထွန်းလှုက်ရှိသည်။ ထိုသီးပင်စားပင်နှင့် ဆန်စပါးများကို စားသုံးမိ

သူများအနေဖြင့် အသက်ဓာတ်စွမ်းအားများ မြင့်မားလာကာ အကျိုးကျေးဇူးများစွာ ရရှိမည် ဖြစ်လေသည်။

တုန်ဟွာတောက်ကျွင်းသည် ချင်းရှတောင်ခြေရှိ စပါးခင်းထဲတွင်လမ်းလျှောက်နေလေသည်။ သို့သော်... စပါးခင်းထဲတွင် သူ၏ခြေရာထင်ကျန်ခဲ့ခြင်း မရှိပေ။

သူက ချင်းရှတောင်ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်လေသည်။

ထိုအချိန်မှာပင်... ချင်းရှတောင်ကျောက်တုံးလှေကားထစ်များ အတိုင်းဆင်းလာသည့် အရပ်မြင့်မြင့် လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရဲ့မော်ထျန်းပင် ဖြစ်လေ၏။

ရဲ့မော်ထျန်းက တုန်းဟွာတောက်ကျွင်း၏ ဂုဏ်သတင်းကို ကောင်းကောင်းသိရှိထားသူတစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် သူက တုန်းဟွာတောက်ကျွင်းကို လေးစားစွာပင် ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ဆန်းလျန်ထျန်းကျွင်းက တုန်းဟွာတောက်ကျွင်းအရှင်လာမယ်ဆိုတာကို ကြိုသိနေပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို အကြိုလွှတ်လိုက်တာပါ..."

ရဲ့မော်ထျန်း၏ စကားကြောင့် တုန်းဟွာတောက်ကျွင်းကလည်း အံ့သြသွားခြင်း မရှိပေ။

ထို့နောက် ရဲ့မော်ထျန်းခေါ်ဆောင်ရာနောက်သို့ အေးဆေးစွာပင် လိုက်ပါသွားလေသည်။ သူက ကျောက်တုံးလှေကားထစ်များအတိုင်းတက်သွားပြီး ထင်းရှူးပင်တောများကို ဖြတ်သန်းသွားကာ နောက်ဆုံး ဝါးရုံတောရှိရာ မြေလမ်းလေးသို့ ရောက်ရှိလာသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် မြူခိုးတိမ်တိုက်များကလွင့်မျောနေပြီး ဝါးရွက်များက ယိမ်းနွဲ့လှုပ်ရှားလျှက်ရှိလေသည်။

မြို့ခိုးတိမ်တိုက်များကြားတွင် ခမ်းနားလွန်းသည့် ချင်းရှ

ကျောင်းတော်ကို တွေ့မြင်လိုက်ရလေသည်။

ချင်းရှကျောင်းတော်ခန်းမဆောင်ထဲတွင် ဆန်းလျန်

တိတ်ဆိတ်စွာ ထိုင်နေလေသည်။

တုန်းဟွာတောက်ကျွင်းသည် ခြေတစ်လှမ်းလှမ်းလိုက်ရုံမျှဖြင့်

ဆန်းလျန်အနားသို့ ချက်ချင်းရောက်လာလေ၏။

တုန်းဟွာတောက်ကျွင်းလှမ်းလိုက်သည့် ခြေလှမ်းသည် ပုံမှန်

ခြေလှမ်းတစ်ခုဟု ထင်မှတ်စရာရှိသော်လည်း တကယ်တမ်း

တွင် မိုးမြေကိုတုန်လှုပ်စေသည့် တန်ခိုးစွမ်းအားကို ပြသလိုက်

ခြင်းဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... ထိုခြေတစ်လှမ်းကပင် ချင်းရှ

တောင်မှ မြို့ခိုးများနှင့် အသက်ဓာတ်စွမ်းအားများအားလုံးကို

ကမောက်ကမဖြစ်သွားစေသောကြောင့် ဖြစ်လေသည်။

တုန်းဟွာတောက်ကျွင်း၏ တန်ခိုးစွမ်းအားကို လောကရှိ မည်သည့် ကျင့်ကြံသူဂိုဏ်း ၊ နတ်ဘုရားဂိုဏ်းကမှ တွန်းလှန်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ။

ဆန်းလျန်သည်ပင် တုန်းဟွာတောက်ကျွင်း၏ နက်ရှိုင်းသည့် တန်ခိုးစွမ်းအားများကို ကြိတ်ပြီး လေးစားသွားမိလေသည်။

ဆန်းလျန်က...

"လူ့လောကက လက်ဖက်ရည်ကြမ်းတွေက အရသာမကောင်းလှဘူး ၊ ဒါကြောင့် တာအိုရောင်းရင်းတုန်းဟွာကို လက်ဖက်ရည်ကြမ်းနဲ့ ဧည့်မခံတော့ဘူးဗျာ..."

တုန်းဟွာတောက်ကျွင်းက ပေါ့ပေါ့ပါးပါးဟန်ဖြင့် ပြုံးလိုက်ရင်း...

"တာအိုရောင်းရင်းဆန်းလျန်က ခင်ခင်မင်မင် လက်ဖက်ရည်ကြမ်းနဲ့ ဧည့်ခံမယ်ဆိုရင်တောင်မှ ကျုပ်က မသောက်ရဲပါဘူးဗျာ..."

ဆန်းလျန်က...

"တုန်းဟွာတောက်ကျွင်းလို ကြီးမြတ်တဲ့ နတ်ဘုရားတစ်ပါးကို ဘယ်သူက လက်ဖက်ရည်ကြမ်းထဲမှာ အဆိပ်ခတ်ရဲမှာတဲ့လဲ ၊ ကျုပ်ကို ဒီလောက်သတိထားနေစရာ မလိုပါဘူး...."

တုန်းဟွာတောက်ကျွင်းက ခပ်အေးအေးလေသံဖြင့်...

"ကျုပ် ဟာသပုံပြင်တစ်ခု သတိရမိတယ်..."

ဆန်းလျန်က....

"တာအိုရောင်းရင်း... ကျေးဇူးပြုပြီး ပြောပြပါဦး..."

တုန်းဟွာတောက်ကျွင်းက...

"ဟိုးရှေးရှေးတုန်းက နိုင့်ဟယ်တံတားကိုစောင့်တဲ့ တံတားစောင့်ဟာ အသူရာချောက်အရှင်သခင်နဲ့ တွေ့ဆုံခဲ့တယ် ၊ သူက နေ့တိုင်းနိုင့်ဟယ်တံတားမှာစောင့်ရင်း လူပြန်ဝင်စားဖို့ ရောက်လာတဲ့ဝိညာဉ်တွေကို အတိတ်မေ့ဆေးရည်တိုက်ရတာ ကို ငြီးငွေ့နေပြီလို့ ပြောတယ် ၊ နိုင့်ဟယ်တံတားစောင့်အလုပ်မ

လုပ်တော့ဘဲ လူပြန်ဝင်စားပြီး လူ့ပြည်ကိုသွားပြီး ပျော်စရာ
လေးတွေရှာချင်တယ်တဲ့လေ ၊ အသူရာချောက်ရဲ့ အရှင်သခင်
ကလည်း သဘောတူလိုက်တယ် ၊ ဒါပေမဲ့ လူပြန်ဝင်စားချင်
တယ်ဆိုရင် အသူရာချောက်ရဲ့ စည်းကမ်းအတိုင်း အတိတ်
မေ့ဆေးရည်ကိုတော့ သောက်ရမယ်လို့ ပြောတယ် ၊ တံတား
စောင့်ကလည်း သဘောတူပြီးတော့ အတိတ်မေ့ဆေးရည်ကို
သောက်လိုက်တယ် ၊ တံတားစောင့်က အတိတ်မေ့ဆေးရည်ကို
သောက်ပြီးလို့ အတိတ်မေ့သွားတာနဲ့ အသူရာချောက်ရဲ့
အရှင်သခင်က အမိန့်ချလိုက်တယ် ၊ ဒီနေ့ကစပြီး မင်းက
အသူရာချောက်က နိုင့်ဟယ်တံတားကို စောင့်ရတဲ့ နိုင့်ဟယ်
တံတားစောင့် ဖြစ်သွားပြီ အခုချိန်ကစပြီး အသူရာချောက်ကို
ရောက်လာတဲ့ ဝိညာဉ်တွေကို အတိတ်မေ့ဆေးရည် တိုက်တဲ့
အလုပ်လုပ်ရမယ်တဲ့..."

ဆန်းလျန်ကတစ်ချက်ပြုံးလိုက်ရင်း...

"တကယ်ရယ်ရတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ..."

တုန်းဟွာတောက်ကျွင်းက ခပ်အေးအေးလေသံဖြင့်...

"တာအိုရောင်းရင်းဆန်းလျန်ရော... အတိတ်မေ့ဆေးရည်ရဲ့ အရသာကို မှတ်မိပါသေးရဲ့လား..."

တုန်းဟွာတောက်ကျွင်းက ဆန်းလျန်ကို စိုက်ကြည့်နေလေသည်။

သူ၏နက်ရှိုင်းသည့်မျက်ဝန်းများက လောကတစ်ခွင်ရှိ အရာအားလုံးကို ထိုးဖောက်သိမြင်နေသည့်အလား ထင်မှတ်ရသည်။

ဆန်းလျန်က...

"အတိတ်မေ့ဆေးရည်က အတိတ်ကို ဖြတ်တောက်ပစ်တယ်၊ နည်းနည်းလောက် သောက်မိတာနဲ့ အတိတ်ကအဖြစ်အပျက်တွေကို မှတ်မိနိုင်မှာ မဟုတ်တော့ဘူး..."

တုန်းဟွာတောက်ကျွင်းက လက်နှစ်ဖက်ကို နောက်ပစ်လိုက်ရင်း...

"မဟုတ်ဘူးထင်တယ်နော်..."

ဆန်းလျန်က တုန်းဟွာတောက်ကျွင်းနှင့် ငြင်းခုန်မနေတော့ပေ။ ဆန်းလျန်က တိုးတိတ်သည့်လေသံဖြင့်...

"တုန်းဟွာတောက်ကျွင်း လူ့လောကကို ရောက်လာတာ... ဆန်းလျန်ကို ဘာများသင်ပြပေးစရာ ရှိလို့ပါလဲ..."

တုန်းဟွာတောက်ကျွင်းက...

"ကျုပ်က မရှိမှုကျေးရွာမှာ ကျောက်ဂူတစ်ခုဖန်ဆင်းနိုင်ခဲ့ပေမယ့် ကောင်းကင်ဘုံတစ်ခုတော့ မဖန်ဆင်းနိုင်သေးပါဘူး ၊ ဒါပေမဲ့ ကျုပ် ပြောချင်တာက ချင်းရှတောင်ကို မရှိမှုကျေးရွာကို ရွှေ့ပြောင်းလိုက်စေချင်တယ် ၊ မရှိမှုကျေးရွာမှာ နတ်ဘုရားနယ်မြေတွေမှ အများကြီးပဲလေ ၊ လူ့လောကမှာ အခုလို နတ်

ဘုရားနယ်မြေတစ်ခု တည်ဆောက်ထားတာကတော့ သိပ်ပြီး နည်းလမ်းမကျဘူးထင်တယ်..."

ဆန်းလျန်က...

"ချင်းရှတောင်က ဒီနေရာမှာပဲ ရှိနေမှာပါ၊ ဘယ်နေရာကိုမှ မ ရွှေ့ပါဘူး..."

တုန်းဟွာတောက်ကျွင်းက ဆန်းလျန်ကို အေးစက်စွာဖြင့် စိုက် ကြည့်လိုက်ရင်း...

"မင်းက သိပ်ပြီး တန်ခိုးစွမ်းအားမြင့်မားတယ်ဆိုပေမယ့် မိုး နတ်မင်းကိုတော့ မမီပါဘူးကွာ၊ ဒီတော့ မင်း ဒီနေ့ ချင်းရှ တောင်မှာတစ်လောကလုံးက အသက်ဓာတ်စွမ်းအားတွေ လာ ပြီးစုနေတာကို မရပ်တန့်ဘူးဆိုရင် မင်းကိုလာပြီးတားဆီးမယ့် သူက ကျုပ်တစ်ယောက်တည်း မဟုတ်ဘူးဆိုတာ သိသင့် တယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒီတောင်က နတ်ဘုရားတောင်တစ်တောင် ဖြစ်သွားပါပြီ ၊ ကျုပ်ကို ဘယ်သူတွေတားဆီးနိုင်မလဲဆိုတာ စောင့်ကြည့်ချင်မိတယ်..."

တုန်းဟွာတောက်ကျွင်း မျက်နှာတစ်ချက်ပျက်သွားပြီး...

"မင်းက ဘာဖြစ်ချင်နေတာလဲ..."

ချင်းရှုတောင်သည် မည်မျှပင်ကောင်းမြတ်သည့် နတ်ဘုရားတောင်ဖြစ်နေပါစေ တုန်းဟွာတောက်ကျွင်းက အရေးမစိုက်ပေ။

သို့သော်... ချင်းရှုတောင်က လူ့လောကတစ်ခုလုံးမှ အသက်ဓာတ်စွမ်းအားများကို ဆွဲငင်စုပ်ယူနေသည်ကိုတော့ သူ အရေးစိုက်ရမည် ဖြစ်လေသည်။

လက်ရှိအချိန်တွင် လူ့လောကသည် အဆက်မပြတ်ကျယ်ပြန့်နေဆဲဖြစ်ပြီး အောင်မြင်မှုတွင်လည်း ထိပ်ဆုံးအဆင့် ရောက်ရှိနေလေသည်။

သို့သော်… မည်သည့်အရာမဆို ထိပ်ဆုံးအဆင့်သို့ ရောက်ပြီးလျှင် ပြန်လည်ကျဆင်းသွားတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ အနာဂတ်တွင် မည်သည့်အရာများဖြစ်ပျက်လာမည်လဲဆိုသည်ကို မည်သူမှ ခန့်မှန်းတွက်ချက်နိုင်ခြင်း မရှိနိုင်ပေ။

ထို့ကြောင့် လက်ရှိအချိန်တွင် လူ့လောကတိုးတက်ကောင်းမွန်နေခြင်းသည် ကံကောင်းမှုတစ်ခုဟု မှတ်ယူနိုင်လေသည်။ ထိုကံကောင်းမှုကို တစ်ခဏတာသာမဟုတ်ဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန် လိုအပ်သည်။ လူ့လောကကြီးတစ်ခုလုံး ပရမ်းပတာဖြစ်သွားပြီးဆိုပါက နတ်ဘုရားများအနေဖြင့်လည်း အနည်းနှင့်အများ ဘေးအန္တရာယ်ကျရောက်မှုမှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

အထူးသဖြင့် နတ်ဘုရားများ၏ အနွယ်တော်များဖြစ်သည့် ကျင့်ကြံသူများအနေဖြင့် ဘေးအန္တရယ်များကို ခံစားရမည် ဖြစ်လေသည်။

မီလဲ့ကိုယ်တော်က ယင်ရှန်းကျွင်းကို ကူညီခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ယွမ်ကျိုးနယ်သည် အစကတည်းက ဗုဒ္ဓဘာသာထွန်းကားသည့်နေရာတစ်ခု မဟုတ်ပေ။ ဆန်းလျန်၏လုပ်ရပ်က ယွမ်ကျိုးနယ်ကို ထိခိုက်စေသည့်တိုင် ယွမ်ကျိုးနယ်သည် ဗုဒ္ဓဘာသာပျံ့ပွားရာ နေရာမဟုတ်သည့်အတွက် မီလဲ့ကိုယ်တော်က အရေးမစိုက်ခြင်း ဖြစ်ဟန်တူလေသည်။

နောက်တစ်ချက်မှာ... နတ်ဘုရားများအနေဖြင့် ဆန်းလျန် အင်အားကြီးမားလာမည်ကို စိုးရိမ်ကြလေသည်။ ဆန်းလျန်သာ အင်အားကြီးလာခဲ့လျှင် အခြားသောနတ်ဘုရားများ အင်အားနည်းသွားပေလိမ့်မည်။

ဤလောကတွင် တာအိုဆရာသခင်ကြီးတစ်ပါးတည်းသာ ထပ်ပြီး ပွင့်ရန် ကျန်တော့သည်။

မည်သည့်နတ်ဘုရားမဆို တာအိုဆရာသခင်ကြီး ဖြစ်ချင်ကြသည်ပင်။ ဆန်းလျန်သာ တာအိုဆရာသခင်ကြီးဖြစ်သွားလျှင် အခြားသူများအတွက် အခွင့်အရေးမရှိတော့ပေ။

သို့သော်... ဆန်းလျန် တာအိုဆရာသခင်ကြီး မဖြစ်သေးသရွေ့ အခြားသူများအတွက် မျှော်လင့်ချက်ရှိနေဦးမည် ဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်းကျော်က ဆန်းလျန်သည် တာအိုဆရာသခင်ကြီးအဖြစ် အဆင့်တက်လှမ်းနိုင်ခြင်းမရှိဘဲ ကျဆုံးသွားခဲ့ရသည်။

ဆန်းလျန်ကျဆုံးသွားသည့်အခါ အားလုံးက တာအိုဆရာသခင်ကြီးဖြစ်ရန် အခွင့်အရေးရပြီဟုယူဆကာ ဝမ်းမြောက်ခဲ့ကြသည်။

သို့သော်... တကယ်တမ်း ဆန်းလျန်သာ လွန်ခဲ့သည့် နှစ်ပေါင်း တစ်သောင်းကျော်က တာအိုဆရာသခင်ကြီးတစ်ပါး အဖြစ် အဆင့်တက်ရောက်နိုင်ခဲ့လျှင် ယခုလက်ရှိ ဖြစ်နေသည့် ပြဿနာများအားလုံး ဖြစ်လာတော့မည် မဟုတ်ပေ။

ဆန်းလျန်က...

"တာအိုကျင့်စဉ်လမ်းက နက်ရှိုင်းလွန်းတယ်၊ ကျုပ် တာအို တရားဟောပြောတာ ဘာများ မကောင်းတာရှိလို့လဲ၊ တုန်းဟွာ တောက်ကျွင်း မကျေနပ်လည်း မတတ်နိုင်ဘူး၊ ကျုပ်ကတော့ ဆက်လုပ်ရမှာပဲ..."

ဆန်းလျန်၏ စကားကြောင့် တုန်းဟွာတောက်ကျွင်း ပြုံးလိုက်လေသည်။

သူ၏ အပြုံးက ဒေါသတရားတို့ဖြင့် ပြည့်နက်နေသည့်အပြုံး ဖြစ်လေ၏။

"မင်းက မင်းကိုယ်မင်း ခြောက်ပစ်ကင်းသဲလဲစင်လို့ ထင်နေသလားကွ..."

တုန်းဟွာတောက်ကျွင်း ဒေါသထွက်သွားသည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးမှ မြူခိုးတိမ်တိုက်များ ချက်ချင်းပင် လွင့်ပျံ ပျောက်ကွယ်သွားကြလေသည်။

ထို့နောက် တုန်းဟွာတောက်ကျွင်း၏ ဦးခေါင်းထက်မှ သန့်စင်သည့် အပြာရောင်မီးတောက်တစ်ခု ထွက်ပေါ်လာလေသည်။

ဆန်းလျန်က...

"သန့်စင်လိုက်တဲ့ ယန်စွမ်းအားမီးတောက် ၊ တုန်းဟွာတောက်ကျွင်းရဲ့ ယန်စွမ်းအားမီးတောက်ပညာက ထိုက်စန့်လောင်ကျွင်းကိုတောင် မီတော့မှာပဲ..."

ဆန်းလျန်က တုန်းဟွာတောက်ကျွင်းကို ချီးမွမ်းစကားဆိုလိုက်လေသည်။ သို့သော်... လေသံက အေးအေးဆေးဆေးဖြင့် ခံစားချက်ကင်းမဲ့လျှက်ရှိသည်။

တုန်းဟွာတောက်ကျောင်းနှင့်ပတ်သက်သည့် ဒဏ္ဍာရီများစွာ ရှိလေသည်။

သူသည် ရှေးကျသည့်နတ်ဘုရားတစ်ပါးဖြစ်ပြီး အလွန်လည်းကျော်ကြားသူတစ်ယောက်ဖြစ်သည်။

အတိတ်တစ်ချိန်တုန်းကဆိုလျှင်... တုန်းဟွာတောက်ကျောင်း၏ ကိုယ်ခွဲတစ်ခုသည် ကွမ်ယင်မယ်တော်ကိုပင် သွားပြီး ရန်စခဲ့ဖူးလေသည်။

ချွင်ယန်တာအိုနန်းတော်မှ စန့်တုန့်နတ်ဘုရား (၈)ပါးသည်လည်း သူ၏ ကိုယ်ခွဲများပင် ဖြစ်လေသည်။

ထို့ပြင် မိုးနှင့်မြေတွင် တုန်းဟွာတောက်ကျောင်း၏ ဉာဏ်စဉ်များ ဖြန့်ကျက်ထားသည့် ကိုယ်ခွဲများ မရေမတွက်နိုင်အောင် ရှိနေသေးသည်။

သူ၏ ကိုယ်ခွဲများအားလုံးသည် အရည်အချင်းအမျိုးမျိုးကို ပိုင်ဆိုင်ထားကြသူများ ဖြစ်လေသည်။

မူလတုန်းဟွာတောက်ကျွင်းကိုယ်တိုင်သည်လည်း နှစ်ပေါင်း များစွာ ပြိုင်ဘက်ကင်းအနေအထားဖြင့် ရပ်တည်နိုင်ခဲ့သူ ဖြစ် လေသည်။

ထို့ကြောင့် ဆန်းလျန်အနေဖြင့် တုန်းဟွာတောက်ကျွင်းအစစ် နှင့် တကယ်တမ်းတိုက်ခိုက်ရမည်ဆိုလျှင် လွယ်ကူမည်တော့ မဟုတ်ပေ။

သို့သော်... ကံကောင်းသည်က လောတစ်ခုလုံး၏ အသက် ဓာတ်စွမ်းအားများကို စုပ်ယူဆွဲငင်နေသည့် ချင်းရှတောင်ကို ဆန်းလျန်က ပိုင်ဆိုင်ထားလေသည်။

ထို့ကြောင်ပင် တုန်းဟွာတောက်ကျွင်းက ဆန်းလျန်ကို နှင်ထုတ်ရန်အတွက် ယင်ရှန်းကျွင်းဆီမှ ငှက်ပျောယပ်တောင် ကို ငှားယမ်းရန် ကွမ်းစန်းယွဲ့ကို တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

သို့သော်… မထင်မှတ်စွာ မီလဲ့ကိုယ်တော်က ဝင်ရှုတ်ခဲ့လေ
သည်။
တကယ်တော့ တုန်းဟွာတောက်ကျွင်းသည် လူ့လောကကို
ရောက်လာကတည်းက ဒေါသထွက်နေခြင်းဖြစ်လေသည်။
သူက ဆန်းလျန်ကို စကားပင်ပြောရန် ဆန္ဒမရှိဘဲ လက်သီးဖြင့်
ပြေးထိုးချင်နေမိလေသည်။
ဆန်းလျန်မှာလည်း အေးအေးဆေးဆေးနေရသည်ဟူ၍ မရှိ
သည့်အတွက် စိတ်ပျက်မိလေသည်။
မာရ်နတ်နှင့်တိုက်ခိုက်ပြီးလို့မှ မကြာသေး ၊ ဟိုလိုလုပ်ပါလား
ဒီလိုလုပ်ပါလား ဆရာကြီးလာလုပ်နေသည့် တုန်းဟွာတောက်
ကျွင်းဖြင့် တွေ့နေရပြန်သည်။
သို့သော်… ဆန်းလျန်က အာလာယဝိညာဉ်တန်ခိုးစွမ်းအားကို
ကျင့်ကြံထားသူဖြစ်လေသည်။ အာလာယဝိညာဏတန်ခိုး

စွမ်းအားသည် လောကတစ်ခုလုံးရှိ ဓမ္မအားလုံးကို သိမြင်နိုင်

စွမ်းရှိသည့် အရင်းအမြစ် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်ရင်ဆိုင်ရသည့်ပြိုင်ဘက်က တန်ခိုး

စွမ်းအားမြင့်မားလေ... အာလာယဝိညာဏတန်ခိုးစွမ်းအားက

လည်း ပိုပြီး ထူးခြားအစွမ်းထက်လာလေ ဖြစ်လေသည်။

ထို့ကြောင့် မည်သို့သောရန်သူမျိုးဖြင့် ရင်ဆိုင်တိုက်ခိုက်ရပါ

စေ ဆန်းလျန်အတွက် အရှုံးမရှိပေ။

သို့သော်... ဆန်းလျန်၏ ကျင့်စဉ်လမ်းရှေ့ဆက်နိုင်ရန်အတွက်

ဗောဓိပင်ကို ရှာဖွေရန် လိုသေးသည်။ ဗောဓိပင်ကို တွေ့ရှိမှသာ

အော်မီတော်ဖူဘုရား၏ ကျမ်းစာများကို သိခွင့်ရမည်

ဖြစ်သည်။ သူက အော်မီတော်ဖူဘုရား၏ ကျမ်းစာများကို

ထိုက်ချင်တန်ခိုးစွမ်းအားဖြင့် တစ်သားတည်းပေါင်းစပ်ကာ

ဆက်လက်ကျင့်ကြံရမည် ဖြစ်သည်။

တုန်းဟွာတောက်ကျွင်းက ချက်ချင်းပင် သန့်စင်သည့်ယန်

စွမ်းအားမီးတောက်ဖြင့် ချင်းရှတောင် တစ်ခုလုံးကို

လောင်ကျွမ်းပစ်လိုက်လေသည်။

သို့သော်... ဆန်းလျန်က ထိုသို့ အဖြစ်မခံပါ။

သူက လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေရာ ကောင်းကင်ထက်

တွင် ကြီးမားသည့် ခေါင်းလောင်းကြီးတစ်ခုပေါ်လာပြီး တုန်း

ဟွာတောက်ကျွင်း၏ ယန်စွမ်းအားမီးတောက်များကို စုပ်ယူ

ပစ်လိုက်လေသည်။

တုန်းဟွာတောက်ကျွင်း တစ်ချက် တုန်လှုပ်သွားလေသည်။

ဆန်းလျန်ဖန်ဆင်းလိုက်သည့် ရောမခေါင်းလောင်းကြီးကိုတွေ့

လိုက်ရသည်နှင့် သူငယ်စဉ်က ခွန်လွန်တောင်တွင် တွေ့မြင်ခဲ့ရ

သည့် ခေါင်းလောင်းကြီးတစ်ခုကို အမှတ်ရသွားလေသည်။

ထိုခေါင်းလောင်းကြီးသည် ယွမ်စီထျန်းကျွင်း၏ ဝိညာဉ်

စွမ်းအားဖြင့် ဖန်ဆင်းထားသည့် ခေါင်းလောင်းကြီး ဖြစ်လေ

သည်။ ထိုသို့ဖန်ဆင်းနိုင်ရန်အတွက် သီးသန့်ကျင့်စဉ်မရှိပေ။

ပင်ကိုယ်တန်ခိုးစွမ်းအားကို အသုံးပြုရခြင်းသာ ဖြစ်သည်။

ဆန်းလျန်ဖန်ဆင်းလိုက်သည့် ခေါင်းလောင်းကြီးသည် ယွမ်စီ

ထျန်းကျွင်းဖန်ဆင်းသည့် ခေါင်းလောင်းကြီးလောက်တန်ခိုး

စွမ်းအား မြင့်မားခြင်း မရှိပေ။

သို့သော်... ဝိညာဉ်စွမ်းအားကို အသုံးပြုကာ ဖန်ဆင်းလိုက်

သည့်နည်းလမ်းချင်းတော့ ဆင်တူလေသည်။

တုန်းဟွာတောက်ကျွင်းက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး

ယန်စွမ်းအားမီးတောက်တစ်ခုကို ဖန်ဆင်းကာ ဆက်လက်

တိုက်ခိုက်လိုက်သည်။

ဆန်းလျန်က ယိလမ်းစဉ်ကို အသုံးပြုကာ တုန်းဟွာတောက်ကျွ

င်းပြုလုပ်နေသည့် အမှန်တရားကို သုံးသပ်နေလေသည်။

ထို့နောက်တွင်တော့...

"ဓားလာစမ်း..."

ဟု ဆန်းလျှန်က ပြောလိုက်သည်။

ရုတ်တရက် ဓားရောင်တစ်ချက်လင်းလက်သွားပြီး လေထုကို

ဖြိုခွင်းကာ ယွမ်တုဓားထွက်ပေါ်လာလေသည်။

ယွမ်တုဓားမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များပြင်းထန်စွာ

ထွက်ပေါ်နေပြီး နဂါးတစ်ကောင်အလား တုန်းဟွာတောက်ကျွ

င်းရှိရာသို့ ဝင်ရောက်သွားလေသည်။

တုန်းဟွာတောက်ကျွင်းမှာ အနည်းငယ် စိတ်ပျံ့လွင့်နေလေရာ

ယွမ်တုဓား ရုတ်တရက် တိုက်ခိုက်ခြင်းကို ခံလိုက်ရသည့်အခါ

အနည်းငယ် ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်။

ယခု ရင်ဆိုင်လိုက်ရသည့် ယွမ်တုဓားသည် တာအိုဆရာသခင်

ယွမ်ချင်း၏ ကိုယ်ခွဲဖြစ်လေသည်။ ထို့ကြောင့် ယွမ်တုဓား၏

ကျင့်ကြံခြင်းအဆင့်သည့် တုန်းဟွာတောက်ကျွင်းအောက် မ

လျော့ပေ။ ကျင့်ကြံသူတစ်ယောက်မဟုတ်ဘဲ ဓားတစ်

လက်ဖြစ်နေသည့်တိုင် အနှစ်သာရကတော့ ပြောင်းလဲသွားမည်မဟုတ်ပေ။

ဆန်းလျှန်နှင့် ယွမ်တုစားကို အတူတူ ရင်ဆိုင်လိုက်ရခြင်းသည် တုန်းဟွာတောက်ကျောင်းအနေဖြင့် ရန်သူ (၂)ယောက်ကို တစ်ပြိုင်တည်း ရင်ဆိုင်ရသည့်အလား ဖြစ်လေသည်။

ထိုအချိန်မှာပင်...

ဧရာမခေါင်းလောင်းကြီးက တုန်းဟွာတောက်ကျောင်းရှိရာသို့ ရောက်ရှိလာပြီး တုန်းဟွာတောက်ကျောင်းကို ဖိနှိပ်ထားရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက်...

ကြီးမားသည့် ပေါက်ကွဲသံကြီးတစ်ခုထွက်ပေါ်လာပြီး ခန်းမကြီးတစ်ခုလုံး ပြိုကျသွားလေသည်။

ချင်းရှုတောင်မှ ပေါက်ကွဲမှုကြီးကြောင့် တောင်ပေါ်တောင်အောက်ရှိ သက်ရှိများအားလုံး ထိတ်လန့်တုန်လှုပ်ကုန်ကြရသည်။

အသက်ဓာတ်စွမ်းအားများက အတက်အကျများကာ မငြိမ်မသက်ဖြစ်နေလေသည်။ ဆန်းလျန်က ပေါက်ကွဲမှုကြီးကို ပျံ့နှံ့မသွားအောင်တားဆီးထားလိုက်ပြီး မိုင်တစ်ရာပတ်လည်အတွင်းမှ သက်ရှိသတ္တဝါများကို လွတ်မြောက်အောင် ကာကွယ်ပေးလိုက်လေသည်။

အခန်း (၈၃၇) ပြန်လည်ဝင်စားခြင်းဘုံဆီသို့

ထို့နောက်...

လေထုထဲတွင် အပေါက်တစ်ပေါက်ဖြစ်ပေါ်လာကာ ရှေးဟောင်းခေါင်ရမ်းပန်းပင်ကြီးတစ်ပင်ထွက်ပေါ်လာလေသည်။ ရှေးဟောင်းခေါင်ရမ်းပင်ကြီးမှာ မီးပွားများ တဖွားဖွားထုတ်လွှတ်လျှက်ရှိသည်။

ထိုရှေးဟောင်းခေါင်ရမ်းပင်ကြီးမှာ တုန်းဟွာတောက်ကျွင်း၏ ကိုယ်ခွဲတစ်ခုပင် ဖြစ်လေသည်။ ထိုခေါင်ရမ်းပန်းပင်ကြီးသည် ကျန့်ယွမ်ကျီနတ်မင်းကြီး၏ ဂျင်ဆင်းဆေးပင်ကဲ့သို့ မိုးနှင့်မြေတွင် အမြစ်တွယ်နေသည့် ထူးခြားသည့် ဝိညာဉ်စွမ်းအားသစ်ပင်ကြီးတစ်ပင် ဖြစ်လေသည်။

ဆန်းလျန်ကတော့ အံ့သြခြင်းမရှိပေ။

တုန်းဟွာတောက်ကျွင်းနှင့် မယ်တော်ဝမ်မူသည် ခင်မင်ကြသည့် မိတ်ဆွေများဖြစ်ကြလေသည်။ မယ်တော်ဝမ်မူက နတ်မက်မွန်သီးပင်ကို ကိုယ်ခွဲအဖြစ်အသုံးပြုနိုင်ပြီး တုန်းဟွာတိ

ကျွင်းဟု လူအများသိကြသည့် တုန်းဟွာတောက်ကျွင်းကတော့ ခေါင်ရမ်းပန်းပင်ကို ကိုယ်ခွဲအဖြစ် အသုံးပြုနိုင်လေသည်။ ထူးဆန်းလှသည်တော့ မဟုတ်ပေ။

တုန်းဟွာတောက်ကျွင်းကို တိုက်ခိုက်နေသည့် ယွမ်တုဓားက တစ်ချက်တုန်ခါသွားပြီး ခေါင်ရမ်းပန်းပင်ကြီးဆီသို့ လမ်းကြောင်းပြောင်းကာ ဦးတည်တိုက်ခိုက်လိုက်သည်။

ယွမ်တုဓားထံမှ သေးမျှင်သည့်သံမဏိကြိုးမျှင်များထွက်ပေါ်လာပြီး သံမဏိပိုက်ကွန်ကြီးတစ်ခုအဖြစ် ပြောင်းလဲသွားကာ ခေါင်ရမ်းပန်းပင်ကြီးကို အုပ်မိုးထားလိုက်လေသည်။

ရှေးဟောင်းခေါင်ရမ်းပန်းပင်ကြီးမှ ပြင်းထန်လွန်းသည့် မီးပွားများထွက်ပေါ်လာပြီး သံမဏိကြိုးမျှင်များကို ဖြတ်တောက်ပစ်ရန် ကြိုးစားသော်လည်း နောက်ဆုံးတွင် ယွမ်တုဓားကို ယှဉ်နိုင်ခြင်း မရှိဘဲ ရှုံးနိမ့်သွားရလေသည်။

သံမဏိကြိုးမျှင်များနှင့် မီးပွားများထိခိုက်မိသံကြောင့်

တဝုန်းဝုန်းအသံများ ထွက်ပေါ်နေလေတော့သည်။

နောက်ဆုံးတွင်တော့ သံမဏိပိုက်ကွန်၏ဒဏ်ကို မခံနိုင်ဘဲ

ရှေးဟောင်းခေါင်ရမ်းပင်ကြီးမှာ ညှိုးလျော်ခြောက်သွေ့ကာ

သေဆုံးသွားလေတော့သည်။

သို့သော်...

ခေါင်ရမ်းပန်းပင်ကြီးအတွင်းမှ လူငယ်လေးတစ်ယောက် ထွက်

ပေါ်လာလေသည်။

ထိုလူငယ်လေးသည် တုန်းဟွာတောက်ကျောင်းနှင့် တစ်ထေရာ

တည်း ဆင်တူလေသည်။ ထိုလူငယ်လေးက ဓားကိုကိုင်ကာ

ယွမ်တုဓားကို တိုက်လိုက်လိုက်လေသည်။ သို့သော်... ထို

လူငယ်လေးသည် ယွမ်တုဓားကို ယှဉ်နိုင်ခြင်း မရှိဘဲ ယွမ်တု

ဓား၏ ဓားချက်တစ်ချက်ထိမိကာ အငွေ့ပျံပျောက်ကွယ်သွားရ

လေသည်။

ဆန်းလျန်သည် ချင်းရှတောင်၏ အသက်ဓာတ်စွမ်းအားများ
ကို ရယူသုံးစွဲနိုင်သူ ဖြစ်သည့်အတွက် ချင်းရှတောင်ပေါ်တွင်
ဆိုလျှင် သူ၏တန်ခိုးစွမ်းအားများက အဆုံးမရှိ မြင့်မားနေမည်
ဖြစ်လေသည်။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"တုန်းဟွာတောက်ကျွင်းက တကယ်တော်ပါပေတယ်ဗျာ..."

အမှန်တကယ်လည်း တုန်းဟွာတောက်ကျွင်းက အလွန်တော်သူ
တစ်ယောက် ဖြစ်ပါ၏။

သူ နှစ်ပေါင်းများစွာ ကျင့်ကြံထားသည့် ကိုယ်ခွဲတစ်ခု
လုံးလုံးလျားလျား သုတ်သင်ခံလိုက်ရသည့်တိုင် သူက တစ်
ချက်လေးပင် နောက်ဆုတ်သွားခြင်း မရှိပေ။

တုန်းဟွာတောက်ကျွင်းက အေးဆေးသည့်လေသံဖြင့်...

"ကျုပ်ကလွဲရင် ကျုပ်ရဲ့ကိုယ်ခွဲတွေအားလုံးက ကျုပ်ရဲ့လက်နက်တွေပဲ... ၊ ဒီနေ့တော့ မင်းကို ဆက်မတိုက်တော့ဘူး ၊ ဒါပေမဲ့ ဒီနေ့ကိစ္စကို မင်းအကြွေးမှတ်ထားလိုက်ပါ..."

ပြောပြီးသည်နှင့် တုန်းဟွာတောက်ကျွင်းသည် ခန္ဓာကိုယ်တစ်ချက်လှုပ်ခါလိုက်လေရာ သဲလွန်စမကျန် လေထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်က မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းလိုက်ပြီး လက်ဖဝါးတစ်ဖက်ကို ဖြန့်လိုက်လေသည်။

ထိုအခါ သူ၏လက်ထဲတွင် စည်းတံဆိပ်တစ်ခုပေါ်လာလေသည်။ ထိုစည်းတံဆိပ်မှာ ဝက်ဝံသခင်ဆီမှ ရယူထားသည့် တထာဂတသဿစည်းတံဆိပ်ပင် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်က ဝက်ဝံသခင်ထက်ပိုပြီး တထာဂတသဿစည်းတံဆိပ်ကို ထိန်းချုပ်နိုင်လေသည်။ ဝက်ဝံသခင်သာ တွေ့မြင်ရလျှင် အလွန်အံ့သြသွားပေလိမ့်မည်။

တုန်းဟွာတောက်ကျွင်းသည် ချက်ချင်းပင် မိုးကောင်းကင်
အပြင်ဘက်ရှိ ကြယ်စင်မြစ်ကမ်းနံဘေးသို့ ရောက်ရှိသွားလေ
သည်။ သူက စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက်
ချမည် ကြံကာရှိသေး သူ့နောက်မှ လိုက်လာသည့် တထာဂ
တဿ အလင်းတန်းများကို တွေ့မြင်လိုက်ရလေသည်။
သူက တထာဂတဿအလင်းတန်းများကို လှည့်ကြည့်လိုက်မိ
သည့်အချိန်မှာပင် ရှောင်တိမ်းနိုင်စွမ်း တစ်စက်ကလေးပင် မရှိ
တော့ဘဲ စွမ်းအားမြင့်မားလွန်းသည့် တထာဂတဿစည်း
တံဆိပ်ဖြင့် ခတ်နှိပ်ခံလိုက်ရလေတော့သည်။
တုန်းဟွာတောက်ကျွင်းသည် ဗဟုသုတကြွယ်ဝသူတစ်ယောက်
ဖြစ်လေရာ သူရင်ဆိုင်လိုက်ရသည့်အရာမှာ တထာဂတဿ
စည်းတံဆိပ်ဖြစ်သည်ကို ချက်ချင်းသိလိုက်လေသည်။
တထာဂတဿစည်းတံဆိပ်သည် ဗုဒ္ဓ၏လက်ဖဝါးတော်ထဲ
တွင် ဖိနှိပ်ဖမ်းဆီးခံရခြင်းလောက် ပြင်းထန်ခြင်းမရှိသည့်တိုင်

ဗုဒ္ဓ၏ဓမ္မများပါဝင်နေသည့်အတွက် အလွန်တန်ခိုးစွမ်းအား
မြင့်မားသည့် စည်းတံဆိပ်ဖြစ်လေသည်။
ထို့ပြင် တထာဂတသဿစည်းတံဆိပ်ကို ထိန်းချုပ်အသုံးပြုသူ
မှာ ဆန်းလျှန်ဖြစ်နေသည့်အတွက် တန်ခိုးစွမ်းအားများက
အဆမတန်ပိုပြီး မြင့်မားနေလေသည်။
တထာဂတသဿအလင်းတန်းများဖြင့် ဖိနှိပ်ထားခြင်းကိုခံလိုက်
ရသည့်အခါ တုန်းဟွာတောက်ကျွင်း၏ မူလဝိညာဉ်ခန္ဓာမှာ
တဖြည်းဖြည်း ထုံထိုင်းအေးခဲလာလေတော့သည်။
နောက်ဆုံးကျန်ရှိနေသည့်သတိလေးတစ်ချက်ဖြင့် သူတွေး
လိုက်မိသည်မှာ...
“ယနေ့တော့ သူ့ဘဝတွင် အကြီးအကျယ်ဆုံးရှုံးမှုကြီးတစ်ခု
ဖြင့် ရင်ဆိုင်ရပြီ”ဆိုသည့် အချက်ပင် ဖြစ်လေသည်။
ထိုအချိန်မှာပင်...

နဂါးငွေ့တမ်းမြစ်ကမ်းတစ်ဖက်မှ နောက်ထပ်စည်းတံဆိပ်တစ်ခု ထွက်ပေါ်လာလေသည်။

ထိုစည်းတံဆိပ်ထွက်ပေါ်လာသည့်အတွက် နဂါးငွေ့တန်းမြစ်ရေများပင်လျှင် အနည်းငယ် လှိုင်းထန်သွားရသည်။ ထိုစည်းတံဆိပ်မှ အလင်းတန်းများက မျက်စိကျိန်းစပ်လောက်အောင်တောက်ပနေပြီး ကြယ်စင်များပင် မေးမှိန်သွားရသည်။

ထိုစည်းတံဆိပ်မှာ ကွမ်းချန်ကျီ၏ ရတနာပစ္စည်းတစ်ခုဖြစ်သည့် ဖန်းထျန်းစည်းတံဆိပ်ဖြစ်သည်ကို တုန်းဟွာတောက်ကျွင်းသိလိုက်သည်။

ထိုစည်းတံဆိပ်သည် တုန်းဟွာတောက်ကျွင်းကို ကယ်တင်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

သို့သော်… ခြေတစ်လှမ်းနောက်ကျသွားခဲ့ပြီ ဖြစ်လေသည်။

တုန်းဟွာတောက်ကျွင်းသည် သူ့ကိုကယ်ရန်ရောက်လာသည့် ဖ
န်းထျန်းစည်းတံဆိပ်ကို နောက်ဆုံးတစ်ချက်ကြည့်လိုက်ပြီး
သည့်အခါတွင်တော့ အသိတရားကင်းမဲ့သွားလေတော့သည်။

....

တုန်းဟွာတောက်ကျွင်း သတိပြန်ရလာသည့်အခါ သူ့နားထဲ
တွင် ရေသံများကြားနေရလေသည်။
မျက်လုံးများအသာဖွင့်ကြည့်လိုက်သည့်အခါတွင် ဝိညာဉ်မြစ်
အတွင်းသို့ ရောက်ရှိနေခြင်းဖြစ်သည်ကို သိလိုက်ရသည်။
သူက ဝိညာဉ်မြစ်ထဲရှုန်းကန်ကူးခတ်ပြီး ကမ်းခြေသို့သွားရန်
ကြိုးစားလိုက်သည့်အခါ တွင်းနက်ကြီးတစ်ခုက သူ့ကိုဆွဲခေါ်
သွားပြီး သတိလစ်သွားရပြန်လေသည်။
နောက်တစ်ကြိမ် သူ ပြန်သတိရလာသည့်အခါတွင်တော့ သူက
ဝိညာဉ်မြစ်အတွင်းမှ လွတ်မြောက်ရန် မကြိုးစားတော့ဘဲ
အကြောင်းအရာများကို သေသေချာချာ ပြန်စဉ်းစားကြည့်
လိုက်မိသည်။

သူသည် ဆန်းလျန်၏ တထာဂတသသစည်းတံဆိပ်ဖြင့် ထိမှန်ခံ

ခဲ့ရပြီး နတ်သက်ကြွေခဲ့ပြီ ဖြစ်လေသည်။

ယခုတော့ လူပြန်ဝင်စားခြင်းဘုံသို့သွားရောက်ကာ ပြန်လည်

လူဝင်စားရပေတော့မည်။

သူ့အနေဖြင့် လူသားမိခင်တစ်ယောက်၏ ခန္ဓာကိုယ်အတွင်းသို့

ဝင်ရောက်ကာ ပြန်လည်မွေးဖွားရပေမည်။ မဟုတ်ပါက သူ့

အတွက် ဆက်လက်အသက်ရှင်ရန် လမ်းမမြင်တော့ပေ။

ဆန်းလျန်ကို သွားရောက်တိုက်ခိုက်မိသည့်အတွက် တုန်းဟွာ

တောက်ကျွင်း နောင်တရလိုက်မိသည်။ သူသည် ဆန်းလျန်ကို

အနိုင်မယူနိုင်သည့်အပြင် တထာဂတသသစည်းတံဆိပ်ဖြင့်ထိ

မှန်ခံခဲ့ရပြီး ယခုတော့ လူပြန်ဝင်စားရတော့မည်။

....

တုန်းဟွာတောက်ကျွင်း နတ်သက်ကြွေသွားပြီးသည့်နောက် ဖ

န်းထျန်းစည်းတံဆိပ်သည် ဆန်းလျန်၏ တထာဂတသသ စည်း

တံဆိပ်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့လေသည်။

ဖန်းထျန်းစည်းတံဆိပ်ဖြင့်တိုက်ခိုက်ခံလိုက်ရသည့်အခါ တ

ထာဂတသသစည်းတံဆိပ်သည် အစိတ်စိတ်အမွှာမွှာ ကွဲကြေ

သွားရလေသည်။

တထာဂတသသစည်းတံဆိပ် ကွဲကြေပျက်စီးသွားသည်နှင့် ချင်း

ရှတောင်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသည့် ဆန်းလျန်မှာလည်း

မျက်လုံးများပြာခနဲဖြစ်သွားကာ ခေါင်းများလည်း မူးဝေသွားရ

လေသည်။

ဗလာနယ်ကိုဖြတ်သန်းလာသည့် ဖန်းထျန်းစည်းတံဆိပ်ကြောင့်

ဆန်းလျန်လည်း ဒဏ်ရာရသွားခဲ့လေသည်။

ဒဏ်ရာက ပြင်းထန်လွန်းခြင်းမရှိသည့်တိုင် ဖန်းထျန်းစည်း

တံဆိပ်သည် မည်မျှကြောက်မက်ဖွယ်ရာကောင်းသည်ကို ဆန်း

လျန် သိလိုက်ရလေသည်။

ဖန်းထျန်းစည်းတံဆိပ်ဖြင့်သာ တိုက်ရိုက် တိုက်ခိုက်ခြင်းခံရပါ က သူသည်လည်း ချက်ချင်းပင် လူပြန်ဝင်စားသွားရနိုင် လေ၏။

ဖန်းထျန်းစည်းတံဆိပ်သည် ဖန်ကူအလံထက်ပင် တန်ခိုး စွမ်းအားမြင့်မားဟန်တူလေသည်။ ဖန်းထျန်းစည်းတံဆိပ်နှင့် ဖန်ကူအလံမှာ ယွမ်စီထျန်းကျွင်းချန်ထားခဲ့သည့် မှော်ဝင် ပစ္စည်းများဖြစ်လေရာ မည်သည်ကပိုပြီး တန်ခိုးစွမ်းအားမြင့် မားသည်လဲ ဆန်းလျန်လည်း သေသေချာချာ မသိနိုင်ပေ။ ဆန်းလျန်သည် တာအိုကျင့်ကြံခြင်းလမ်းစဉ်အကြောင်းကို ရှင်းလင်းစွာနားလည်သူတစ်ယောက်ဖြစ်သော်လည်း ယခုကဲ့သို့ ဆန်းကျယ်သည့် မှော်ဝင်ပစ္စည်းများနှင့် ရင်ဆိုင်ရ လျှင် ခုခံနိုင်စွမ်း မရှိသေးပေ။ သူ့တွင် ယွမ်တုဓားနှင့် ငရဲလမ်း ဓားသာမရှိလျှင် သူ့အခြေအနေသည် နတ်ဘုရားများအလယ် တွင် ရှက်ဖွယ်လိလိပင် ဖြစ်လေသည်။

ဖန်းထျန်းစည်းတံဆိပ်သည် တထာဂတသစည်း ပျက်စီးသွား

ပြီးသည့်နောက် ချင်းရှတောင်သို့ ဆက်ပြီး လိုက်မလာခဲ့ပေ။

ဆန်းလျန်သည် တစ်ဖက်လူ၏ ပါးနပ်မှုကို အနည်းငယ်

လေးစားသွားမိလေသည်။

"ဒီကိစ္စပြီးသွားတော့ နောက်ကိစ္စတစ်ခု လုပ်ရတာပေါ့..."

ဆန်းလျန် သူ့ကိုယ်သူ ရေရွတ်သလို ပြောလိုက်သည်။

ထို့နောက်တွင်တော့... ချင်းရှတောင်က ယွမ်ကျိုးယန်တစ်ခု

လုံးမှ အသက်ဓာတ်စွမ်းအားများကို စွဲငင်စုပ်ယူနေခြင်းအား

ရပ်တန့်လိုက်လေသည်။

ထိုအခါ ... ချင်းရှတောင်သည် အနည်းငယ် မှောင်မှိုင်း

ခြောက်သွေ့သွားရသည်။

ဆန်းလျန်နှင့် တုန်းဟွာတောက်ကျောင်း၏ တိုက်ပွဲကို စောင့်

ကြည့်နေကြသူများက ဆန်းလျန် ဒဏ်ရာအပြင်းအထန်ရသွား

ပြီဟု ထင်မှတ်လိုက်ကြသည်။

သို့သော်… နောက်ပိုင်းရက်များတွင် ဆန်းလျန်က ပုံမှန်အတိုင်း ပင် တာအိုတရားသင်ပြပေးခြင်းကို ဟန်မပျက် ဆက်လက် ပြုလုပ်နေလေရာဆန်းလျန် ဒဏ်ရာရရှိသည်လား ၊ ဒဏ်ရာမရ ဘူးလားဆိုသည်ကို ဝေခွဲရခက်ကုန်ကြရပြန်သည်။

ဆန်းလျန် တကယ်တမ်း ဒဏ်ရာရသည်လား ၊ မရသည်လား ဆိုသည်ကတော့ ကာယကံရှင်ဖြစ်သည့် ဆန်းလျန်ကိုယ်တိုင် သာလျှင် သိပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ… ဆန်းလျန် သင်ပြပေးနေသည့် တာအို တရားများကတော့ ကျင့်ကြံသူပေါင်းများစွာအတွက် အကျိုးရှိ နေဆဲ ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန် သင်ပြပေးသည့် တာအိုတရားများ၏ ထူးခြားမှုမှာ လူအများကိုတာအိုဝါဒကို သက်ဝင်ယုံကြည်ရန် အတင်းအဓမ္မဖိအားပေးခြင်းမျိုး မရှိပေ။ သူက တာအိုဝါဒ ထက် သဘာဝတရားဖြစ်သည့် မိုးမြေ ၊ မြစ်ရေ ၊ သားရဲနှင့်

စကြာဝဠာအကြောင်းကို သိရှိနားလည်စေရန် သင်ပြပေးခြင်း ဖြစ်လေသည်။

....

လူ့လောကတွင်...

ယွမ်ကျိုးနယ်အပြင် အခြားသော တိုက်ကြီး (၃)ခုလည်း ရှိသေးသည်။

ထိုတိုက်ကြီးများသည် ကြယ်တစ်စင်းနီးနီး ကြီးများကျယ်ပြန့်ကြလေရာ သာမန်လူများအနေဖြင့် တစ်တိုက်မှ တစ်တိုက် ကူးလူးသွားလာရန် မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပေ။ နတ်ဘုရားများသာလျှင် တန်ခိုးစွမ်းအားများ အသုံးပြုကာ သွားလာနိုင်ကြပေလိမ့်မည်။

လင်ကျိုးနယ်...

လင်ကျိုးနယ်သည် ကြီးမားသည့်တိုက်ကြီးတစ်ခုဖြစ်ပြီး ယွမ်ကျိုးနယ်နှင့် သမုဒ္ဒရာကြီးတစ်ခု ခြားနားထားလေသည်။

သမုဒ္ဒရာကြီးဟုဆိုရာ၌ ရေများဖြင့်ပြည့်လျှမ်းနေသည့်

သမုဒ္ဒရာကြီးကို ဆိုလိုခြင်းမဟုတ်ပေ။ သဲများဖုံးလွှမ်းနေသည့်

ကန္တာရသမုဒ္ဒရာကြီးကို ဆိုလိုခြင်း ဖြစ်သည်။

တားမြစ်နယ်မြေဖြစ်သည့်ကန္တရာကြီးကို ကျော်ဖြတ်ပြီးမှသာ

လင်ကျိုးနယ်ကို ရောက်ရှိနိုင်မည် ဖြစ်လေသည်။

လင်ကျိုးနယ်ကတော့ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူများ

ပြားသည့် နယ်တစ်ခုဖြစ်ပြီး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး

ကျောင်းများ များစွာရှိလေသည်။

လင်ကျိုးနယ်အနီး သဲကန္တာရအစွန်းတွင် ကျောက်ရှောင်ယွီ

သည် ဖိနပ်မပါဘဲ လမ်းလျှောက်လျှက်ရှိလေသည်။

လမ်းသွားလမ်းလာများက သူမကို ရှိခိုးကန်တော့ကာ

အရိုအသေပေးသွားကြလေသည်။

ဗုဒ္ဓဘာသာကိုးကွယ်ကြသူများက သူမကို ဗုဒ္ဓဘာသာမှ လင်

ဖန်မယ်တော် ကိုယ်ထင်ပြသည်ဟု မှားယွင်းယူဆကာ ရှိခိုး

ကန်တော့သွားကြခြင်း ဖြစ်လေ၏။

နောက်ဆုံးတော့...

လူသွားလူလာရှင်းလင်းသည့်နေရာတစ်ခုမှ အိုအေစစ်လေး တစ်ခုရှိရာသို့ ကျောက်ရှောင်ယွီ ရောက်ရှိလာလေသည်။ ညအချိန်ရောက်ပြီဖြစ်သည့်အတွက် ကြယ်ရောင်များက လင်းလက်တောက်ပနေသည်။ လေပြေလေးကတိုက်ခတ်နေပြီး ကြည်လင်သည့်ရေကန်ထဲတွင် တစ်လက်လက်တောက်ပနေသည့် ကြယ်ရောင်များက ရောင်ပြန်ဟပ်နေလေသည်။

ကျောက်ရှောင်ယွီက စိမ်းလန်းလှပသည့် ရေကန်ငယ်လေးထဲသို့ ငုံ့ကြည့်လိုက်သည့်အခါ သူမကို ကြည့်နေသည့် မျက်ဝန်း တစ်စုံနှင့် ရင်ဆိုင်တွေ့လိုက်ရလေသည်။

ထိုမျက်ဝန်းများသည် သူမ၏ မျက်ဝန်းများ မဟုတ်ခဲ့ပေ။

ရေကန်ထဲမှ မျက်ဝန်းတစ်စုံနှင့် ကျောက်ရှောင်ယွီ၏မျက်ဝန်း တစ်စုံ ဆုံတွေ့လိုက်မိသည်နှင့် ကန်ရေပြင်က အနည်းငယ် တုန်ခါသွားလေသည်။ ထို့နောက် ကန်ရေပြင်က ပြန်လည်တည်ငြိမ်

သွားပြီး တာအိုတန်ခိုးစွမ်းအားများ တဖြည်းဖြည်း ပျံ့နှံ့ ထွက်ပေါ်လာလေသည်။

ရေကန်ထဲမှ တာအိုဆရာတစ်ယောက် ထွက်ပေါ်လာလေသည်။

သူ၏အင်္ကျီလက်များက လေထဲတွင် ပျံ့နှံ့နေပြီး အသွင်သဏ္ဍာန်က ခမ်းနားမြင့်မြတ်လွန်းလှသည်။

ထိုတာအိုဆရာသည်ကား ဆန်းလျန်ပင်ဖြစ်လေ၏။

ကျောက်ရှောင်ယွီက ဆန်းလျန်ကိုတွေ့သည့်အခါ ပျော်ရွှင်စွာ ပြုံးရယ်လိုက်ရင်း...

"ရှင် ချင်းရှုတောင်မှာပြန်ရောက်နေတာ ကျွန်မသတင်းကြားတယ်၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို လာမရှာရဲလို့၊ ဒါနဲ့ အခု ဘာကိစ္စရှိလို့ ရောက်လာတာလဲ..."

ဆန်းလျန်က...

"စိတ်မပူပါနဲ့၊ ကျုပ် ဒီကိုလာတာ ဘယ်သူမှ မသိပါဘူး..."

ရှမ်တုတောက်ကျွင်းနှင့်တိုက်ပွဲတွင် သေလုမျောပါးခံစားခဲ့ရပြီးကတည်းက ဆန်းလျန်က လျှို့ဝှက်စွာ သွားလာနိုင်သည့် နည်းလမ်းတစ်ခုကို ရှာဖွေထားခဲ့လေသည်။

လက်ရှိချင်းရှတောင်တွင် တာအိုတရားဟောပြောနေသူမှာ ဆန်းလျန်၏ ကိုယ်ခွဲတစ်ခုသာ ဖြစ်လေသည်။ သို့သော်... ထိုကိုယ်ခွဲသည် ဆန်းလျန်နှင့် အသက်ရှူသံပင်ခွဲခြားမရနိုင်အောင် တူညီသည့် ပုံရိပ်ယောင်တစ်ခုလည်း ဖြစ်လေသည်။

မှန်တွင်ထင်နေသည့် ပုံရိပ်ယောင်အလားပင် ဖြစ်သည်။

သို့သော်... မှန်တွင်ထင်သည့် ပုံရိပ်ယောင်သော်မှ ဘက်လွဲနေသည့် ပြစ်ချက်ရှိနေပေဦးမည်။ ဆန်းလျန်ထားခဲ့သည့် ကိုယ်ခွဲပုံရိပ်ယောင်ကတော့ တကယ့်ဆန်းလျန်အစစ်နှင့် လုံးဝခွဲခြားမရနိုင်အောင် ပြည့်စုံစွာ တူညီလွန်းလှသည့် ကိုယ်ခွဲတစ်ခု ဖြစ်လေသည်။

မည်သူမှ ဆန်းလျန် အတုနှင့်အစစ်ကို ခွဲခြားနိုင်ကြမည်

မဟုတ်ပေ။

အခန်း (၈၃၈) ရှားလော့သစ်ပင်ညီနောင်

ကျောက်ရှောင်ယွီက ဆန်းလျန်ကို ခေါင်းတစ်ချက်ညိတ်ပြ

လိုက်သည်။

ထို့နောက်... ကန္တာရထဲမှ အိုအေစစ်ရေကန်ငယ်လေးအတွင်း

သို့ဝင်ရောက်ကာ သူတို့ (၂)ယောက်လုံး ပျောက်ကွယ်သွားလေ

တော့သည်။

ဤသည်မှာ ဆန်းလျှန်တီထွင်ထားသည့် တန်ခိုးစွမ်းအားဖြစ်လေသည်။ မြေနေရာလွတ်ရှိရာ မည်သည့်နေရာတွင်မဆို အိုအေစစ်ရေကန်လေးအဖြစ် ဖြစ်ပေါ်လာနိုင်ကာ သွားလိုသည့်နေရာသို့ သွားနိုင်သလို ပုန်းကွယ်၍လည်းနေနိုင်လေသည်။

ရေကန်ထဲတွင်တော့...

ဆန်းလျှန်နှင့် ကျောက်ရှောင်ယွီသည် တင်ပျဉ်ခွေထိုင်နေကြပြီး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသည်။

ဆန်းလျှန်ထံမှ သတ်ဖြတ်လိုသည့်အငွေ့အသက် (၂)ခု ထွက်ပေါ်လာလေသည်။

ထိုသတ်ဖြတ်လိုသည့်အငွေ့အသက် (၂)ခုအနက် တစ်ခုက ဆန်းလျှန်ရှေ့သို့ကျရောက်လာပြီး ရေကဲ့သို့ကြည်လင်သည့် ဓားတစ်လက်အဖြစ်သို့ ပြောင်းလဲသွားလေသည်။ ယွမ်တုဓားပင်ဖြစ်လေ၏။

နောက်ထပ်သတ်ဖြတ်လိုသည့် အငွေ့အသက်တစ်ခုကတော့ သွေးနီရောင်ဓားတစ်လက်အဖြစ်ပြောင်းလဲသွားပြီး ကျောက်ရှောင်ယွီ ရှိရာသို့ ဝင်ရောက်လာလေသည်။ သွေးနီရောင်ဓား ရိပ်၏ ရောင်ပြန်ဟပ်မှုကြောင့် ကျောက်ရှောင်ယွီ၏မျက်နှာမှာ ပန်းနုရောင်သွေးထင်ဟပ်နေလေသည်။

ပန်းရောင်သွေးလွှမ်းနေမှုကြောင့် ကျောက်ရှောင်ယွီမှာ တစ်မျိုးတစ်ဖုံပင် ဆွဲဆောင်မှုရှိစွာ လှပနေတော့သည်။

ထို သွေးနီရောင်ဓားမှာ ငရဲလမ်းဓားဖြစ်သည်။

ငရဲလမ်းဓားသည် ကျောက်ရှောင်ယွီအား ဖြည်းဖြည်းချင်း လှည့်ပတ်နေလေသည်။ ငရဲလမ်းဓားမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များက ဒီရေလှိုင်းများအလား ထွက်ပေါ်လာပြီး ရုတ်တရက် ကျောက်ရှောင်ယွီကို တိုက်ခိုက်လိုက်လေသည်။

သို့သော်... ကျောက်ရှောင်ယွီက တစ်ချက်လေးပင် လှုပ်ရှား ခြင်း မရှိပေ။

ငရဲလမ်းဓားသည် မည်မျှပင် စွမ်းအားမြင့်မားပါစေ ကျောက်ရှောင်ယွီ၏ ထိုက်ချင်တန်ခိုးစွမ်းအားများကိုတော့ လွှမ်းမိုးနိုင်ခြင်း မရှိပေ။

ထိုက်ချင်တန်ခိုးစွမ်းအားများသည် "မရှိမှုတရား" ကို အခြေခံခြင်းဖြစ်လေရာ ကျောက်ရှောင်ယွီ၏ တာအိုစိတ်ထား မတုန်လှုပ်သည်မှာ အံ့သြစရာ မရှိပေ။

ဖြစ်တည်မှုအားလုံးသည် မရှိမှုတရားမှ မွေးဖွားလာခြင်းဖြစ်လေသည်။

ငရဲလမ်းဓားသည်လည်း ခြွင်းချက်မရှိပေ။ မရှိမှုတရားမှ မွေးဖွားလာသည့်ဓားတစ်လက်သာ ဖြစ်လေသည်။

နောက်ဆုံး ငရဲလမ်းဓားသည် ကျောက်ရှောင်ယွီကို အားမတန်ကာ မာန်လျှော့လိုက်ရလေသည်။ သူက ကျောက်ရှောင်ယွီကို တိုက်ခိုက်ရန် မကြိုးစားတော့ဘဲ ကျောက်ရှောင်ယွီရှေ့တွင် ရပ်တန့်နေလေသည်။

ကျောက်ရှောင်ယွီက လက်တစ်ဖက်ကို ဆန့်တန်းလိုက်ကာ

ဓားရိုးကို ဆုပ်ကိုင်လိုက်သည်။

သူမ၏လက်မှ အေးစိမ့်သည့်တန်ခိုးစွမ်းအားတစ်ခု ထွက်

ပေါ်လာလေသည်။ သူမ၏ ထိုက်ချင်တန်ခိုးစွမ်းအားများသည်

မရှိမှုတရားအဖြစ် ပြောင်းလဲသွားပြီး သူမ၏မျက်ဝန်းများက

ယခင်ကထက်ပိုပြီး ကြည်လင်တောက်ပလာသည်။

သူမ၏တန်ခိုးစွမ်းအားများသည် ငရဲလမ်းဓားဖြင့် စတင်

ပေါင်းစည်းနေပြီဖြစ်လေသည်။

သူမ၏တန်ခိုးစွမ်းအားများက ငရဲလမ်းဓားနှင့်ပေါင်းစပ်သွား

သည့်အခါ ငရဲလမ်းဓားမှာလည်း ပိုပြီး ထက်ရှလာလေသည်။

"ရွှမ်တုတောက်ကျွင်းလည်း အခုတလော ငြိမ်နေတယ်နော်..."

ကျောက်ရှောင်ယွီကရုတ်တရက်ပင် ရွှမ်တုတောက်ကျွင်း

အကြောင်း မှတ်ချက်ပေးလိုက်သည်။

သူမက ဆန်းလျန်၏ လက်ရှိအခြေအနေကို ထောက်ပြလိုက်ခြင်း ဖြစ်လေသည်။ ဆန်းလျန် မည်မျှပင် တန်ခိုးစွမ်းအား မြင့်မားလာပါစေ ရှမ်တုတောက်ကျွင်းကိုတော့ မည်သည့်နည်းနှင့်မှ အနိုင်ယူနိုင်ဦးမည် မဟုတ်ပေ။

"ဟွင့်ယွမ်ဝူကျီ" ဆိုသည့် စာလုံးလေးလုံးက ခေတ်အဆက်ဆက်တွင် နတ်ဘုရားများအားလုံးကို တုန်လှုပ်ခြောက်ခြားစေမည်ပဲ ဖြစ်လေသည်။

ဆန်းလျန်က တည်ငြိမ်သည့်လေသံဖြင့်…

"သူလောလောဆယ်မှာ ကျုပ်ကို ဒုက္ခမပေးနိုင်သေးပါဘူး ၊ သူက အခု ဟွင့်ယွမ်ဝူကျီအဆင့် နတ်ဘုရားတစ်ပါးဖြစ်နေတော့ တခြားသူတွေကလည်း သူ့ကို ဂရုစိုက်နေကြတယ်လေ ၊ ပြီးတော့ ရှမ်တုတောက်ကျွင်းက သူ့ရဲ့ကျင့်စဉ်ဆက်ပြီး ကျင့်ကြံဖို့ ကျောက်စိမ်းဝိညာဉ်နန်းတော်က ဖန်ကူအလံကို

လိုချင်နေတယ်လို့ သတင်းကြားတယ် ... သူ့အဆင့်နဲ့ဆိုတော့ ဖြစ်သင့်ပါတယ်လေ..."

"ရှမ်တုတောက်ကျွင်းသာ ဖန်ကူအလံရသွားရင် ကျားကို အတောင်တပ်ပေးလိုက်သလို ဖြစ်သွားတော့မှာပဲ..."

ထိုသို့သောစကားမျိုးသာပြောလိုက်သည် ကျောက်ရှောင်ယွီကို ကြည့်ရသည်မှာ ကြောက်ရွံ့ဟန် တစ်စက်ကလေးမှ မရှိပေ။ ယခုလောက်အထိ ကျင့်ကြံခြင်းအဆင့်သို့ ရောက်ရှိပြီးမှတော့ သူတို့အားလုံးသည် ဉာဏ်ရည်ထက်မြက်ကြသူများ ဖြစ်ကြသည်မှာ မငြင်းနိုင်ပေ။ သာမန်လူသားများကဲ့သို့ အရာရာတိုင်းကို တွေးတောကြောက်ရွံ့နေစရာ မလိုလှပေ။

ဆန်းလျန်က...

"အရင်တုန်းက ကျောက်စိမ်းဝိညာဉ်နန်းတော်က ယွမ်စီထျန်းကျွင်းရဲ့ တပည့် ကွမ်းချန်ကျီက ကျုပ်နဲ့ တစ်ကြိမ်တိုက်ခိုက်ခဲ့ဖူးတယ် ၊ ကွမ်းချန်ကျီရဲ့ ကျင့်ကြံခြင်းအဆင့်ကလည်း ခန့်မှန်း

ရခက်တယ်၊ ရွှမ်တုတောက်ကျွင်းနဲ့ဆိုရင် မတိမ်းမယိမ်းပဲ၊ ရွှမ်တုတောက်ကျွင်းက ဖန်ကူအလံကိုလိုချင်တယ်ဆိုရင်လွယ်လွယ်နဲ့တော့ ရမယ်မထင်ဘူး၊ ဒါပေမဲ့ တစ်ခုတော့သတိထားဖို့ရှိတယ်..."

ကျောက်ရှောင်ယွီက...

"ဘာသတိထားရမှာလဲ..."

ဆန်းလျန်က...

"ကျုပ်သာ သူတို့အားလုံးကို ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့အထိ တန်ခိုးစွမ်းအား မြင့်မားလာရင် သူတို့တွေက ကျုပ်ကို တိုက်ခိုက်ဖို့အချင်းချင်းပူးပေါင်းသွားကြလိမ့်မယ်၊ ထားလိုက်ပါလေ...၊ ကျုပ်တို့ စုံတွဲကျင့်ကြံပြီးရင် ဒီကိစ္စတွေကို မင်းရှင်းရှင်းလင်းလင်းသိသွားမှာပါ၊ အဲဒီအခါကျရင် လောကကြီးမှာ လူတွေကဒီအတိုင်းပဲဆိုတာ မင်းသိသွားမှာပဲ၊ သူတို့ကကိုယ်ကျိုးကြည့်ကြတဲ့သူတွေချည်းပဲလေ..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

“အခု ကျွန်မတို့လည်း ကိုယ်ကျိုးအတွက်ပဲ ပူးပေါင်းကြတာမလား...”

ဆန်းလျန်က ကျောက်ရှောင်ယွီကို ငေးစိုက်ကြည့်လိုက်ရင်း...

"မင်းကို ကျုပ် သဘောကျတယ် ၊ အဲဒါ ကိုယ်ကျိုးကြည့်တာမှမဟုတ်တာကွာ..."

ကျောက်ရှောင်ယွီက ဆန်းလျန်၏ ခါးကိုလှမ်းဖက်လိုက်ရင်း...

"ကျွန်မကတော့ ရှင်ကို ရုပ်ချောလို့ သဘောကျတာ..."

ပြောပြီးသည်နှင့် သူမက လက်ချောင်းလေးများဖြင့် ဆန်းလျန်၏ မေးဖျားကို အသာအယာထိကိုင်လိုက်သည်။

ကျောက်ရှောင်ယွီက ဆန်းလျန်၏ မေးဖျားလေးကို ထိကိုင်လိုက်ချိန်တွင် ထိုက်ချင်တန်ခိုးစွမ်းအား၏ မရှိမှုတရားကို အသုံးပြုလိုက်လေသည်။

ထို့ကြောင့်ပင်... ဆန်းလျန်သည် သူမကို ငြင်းဆန်နိုင်စွမ်း မရှိခဲ့တော့ပါချေ။

ဆန်းလျန်က သူမကို ယုံကြည်သည့်အတွက် ကျောက်ရှောင်ယွီက အလွန်ပျော်ရွှင်နေခဲ့လေသည်။ ကျင့်ကြံသူလောကတွင် တစ်ဦးကိုတစ်ဦး ဘဝပေး၍ ယုံကြည်ရန်မှာ ခက်ခဲလွန်းလှလေသည်။

ထို့ပြင် တာအိုစုံတွဲများ စုံတွဲကျင့်ကြံခြင်းဆိုသည်မှာ တစ်ဦးကိုတစ်ဦးယုံကြည်မှုရှိမှသာ အထမြောက်သည့်ကိစ္စ ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ အထိအတွေ့ကိုခံစားရသည့်အခါ ဆန်းလျန်၏နှလုံးသားထဲတွင် ဖော်မပြနိုင်သည့် ခံစားချက်တစ်ခု ဖြစ်ပေါ်လာလေသည်။

ကျောက်ရှောင်ယွီ၏အထိအတွေ့ကို သူငြင်းဆန်လိုလှသည်။ သို့ပေမဲ့ တစ်ချိန်တည်းမှာပဲ သဘောကျနှစ်သက်၍နေမိ

ပြန်သည်။ကျောက်ရှောင်ယွီနှင့် ထိတွေ့ရခြင်းသည် မည်သည့်

အခါမှ ဆန်းလျန်ကို ငြီးငွေ့သွားစေသည်ဟူ၍မရှိခဲ့ပေ။

သို့သော်... ကျောက်ရှောင်ယွီက ချက်ချင်းပင် ဆန်းလျန်ကို ထိ

တွေ့ခြင်းကို ရပ်တန့်လိုက်သည်။

သူမသည် ဆန်းလျန်တစ်ယောက်တည်းနှင့်သာ ယခုကဲ့သို့

ရင်းရင်းနှီးနှီးနေခြင်း ဖြစ်သည်။ သူမ၏ သိက္ခာနှင့်မာနတရား

ကို အလွန်အလေးထားသူ ဖြစ်လေရာ မည်သည့်ယောကျာ်း

လေးနှင့်မှ ယခုကဲ့သို့ ရင်းရင်းနှီးနှီးနေလေ့မရှိပေ။

သူမက ခေါင်းကိုမော့လိုက်ပြီး ကောင်းကင်ထက်တွင်

မှိတ်တုတ်မှိတ်တုတ်လင်းလက်နေသည့် ကြယ်လေးများကို

ကြည့်လိုက်သည်။

ထို့နောက် သူမက မျက်တောင်လေးများကို ချစ်စဖွယ်ခတ်

လိုက်ရင်း ဆန်းလျန်ကို ပြန်ကြည့်လိုက်သည်။

သူမ၏ မျက်ဝန်းလေးများသည် ကောင်းကင်ထက်မှ ကြယ်စင်များထက်ပင် လှပသည်ဟု ဆန်းလျန်က တွေးလိုက်မိသည်။

"ဆန်းလျန်... ၊ ရှင်နဲ့သာ အတူနေရမယ်ဆိုရင်လေ ဘယ်သူမှမရှိတဲ့ လောကတစ်ခုမှာ နှစ်ယောက်တည်းနေရလည်း ကျွန်မစိတ်ချမ်းသာမှာပဲ...”

ဆန်းလျန်က...

"ဘယ်သူမှမရှိဘဲ နှစ်ယောက်တည်းဆို မင်းပျင်းနေမှာပေါ့..."

ဆန်းလျန်၏စကားကြောင့် ကျောက်ရှောင်ယွီက ရယ်မောလိုက်လေရာ ရယ်သံလွင်လွင်လေးများသည် သာယာသည့်ခေါင်းလောင်းသံလေးများအလား ဆန်းလျန်၏ နှလုံးသားကိုရိုက်ခတ်လေသည်။

"မပျင်းပါဘူးနော်... ၊ ရှင်ကရော အဲဒီလိုသာဆို ပျင်းနေမှာလား... ပြော..."

ဆန်းလျန်က...

"ကျုပ်ကတော့ သိပ်မသေချာဘူး..."

ကျောက်ရှောင်ယွီက...

"ရှင်ကလေ... ကိုယ်ဘာဖြစ်ချင်လဲဆိုတာ တကယ်ကို မဆုံးဖြတ်နိုင်ဘူး၊ အဲဒါကြောင့် ရှင့်ရဲ့ ကျင့်စဉ်လမ်းမှာ အတားအဆီးဖြစ်နေရတာ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"လျှောက်ပြီးစိတ်ကူးယဉ်နေတာကျတော့ လက်တွေ့ကျတယ်လို့ မင်းကထင်လို့လား..."

ကျောက်ရှောင်ယွီက...

"အင်း... ရှင့်စကားအတိုင်းပဲပေါ့..."

ဆန်းလျန်က...

"မင်း ငရဲလမ်းဓားကို သေသေချာချာ နားလည်အောင် ကြိုးစားသင့်တယ်၊ တာအိုဆရာသခင်ထိုက်ယီက ဓားကျမ်းတစ်ခု ချန်ထားခဲ့တယ်၊ အဲဒီဓားကျမ်းကို ထိုက်ယီဓားကျမ်းလို့ခေါ်ပြီး

ထိုက်ယီနတ်ဓားနဲ့တွဲဖက်အသုံးပြုရတယ်၊ အဲဒီဓားက ယွမ်တု ဓားနဲ့ ငရဲလမ်းဓားထက်အများကြီးသာတယ်၊ ဒါပေမဲ့ ဒီဓားနှစ် လက်အကြောင်းကို ကောင်းကောင်းနားမလည်သရွေ့ ထိုက်ယီ ဓားကျမ်းကိုလည်း ကျင့်ကြံနိုင်မှာ မဟုတ်ဘူး..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဘာလဲ... ရှင်က ထိုက်ယီနတ်ဓားကို လိုချင်နေတာလား..."

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

"အမှန်ပဲ၊ ဒါပေမဲ့ ထိုက်ယီနတ်ဓားကိုရဖို့က မင်းရဲ့အကူအညီ လိုတယ်လေ..."

ထို့နောက် ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာသည် ကောင်းကင်၊ မြေကြီး၊ တောင်၊ ရေ၊ မီး၊ လေ၊ ရွှံ့နွံ နှင့် လျှပ်စီး ဆိုသည့် ဒြပ်စင်စွမ်းအား (၈)မျိုးအဖြစ် ပုံစံပြောင်းလဲသွားပြီး စကြာဝဠာတစ်ခုလုံးနှင့် ချိတ်ဆက်သွားလေသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာ ပြောင်းလဲသွားသည်ကို တွေ့မြင်လိုက်သည်နှင့် ကျောက်ရှောင်ယွီက ချက်ချင်းပင် သူမ၏ မူလဝိညာဉ်ခန္ဓာကို ထိုက်ချိယင်ယန်သင်္ကေတအဖြစ် ပြောင်းလဲလိုက်ကာ ဒြပ်စင်စွမ်းအား (၈)မျိုးအတွင်းသို့ စီးဝင်ပေါင်းစပ်လိုက်လေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ၏ မူလဝိညာဉ်ခန္ဓာ (၂)ခုသည် အစပ်အကြားမရှိ တစ်သားတည်းပေါက်းစပ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ (၂)ယောက်၏ အပြန်အလှန် ယုံကြည်မှုက မြင့်မားလွန်းသည့်အတွက် မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ပေါင်းစပ်နိုင်သွားခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် တစ်ခါမှ မခံစားဖူးသည့် ခံစားချက်များကို ခံစားနေရပြီး အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ဆိုသည့် အချိန်ရေစီးကြောင်းကို ကျော်လွန်သွားလေသည်။

ရှည်လျားသော အချိန်ရေစီးကြောင်းနောက်ကွယ်တွင် ကွယ်ဝှက်ထားသည့် နက်နဲသော အကြောင်းအရာတစ်ခုကို ဆန်းလျန် တဖြည်းဖြည်း သဘောပေါက်လာခဲ့လေသည်။ ဒီရေလှိုင်းများရိုက်ခတ်နေသံကို ဆန်းလျန်ကြားနေရပြီး သူ၏စိတ်အာရုံထဲတွင် သွေးနီရောင်ပင်လယ် ထင်မြင်လာလေသည်။ သွေးနီရောင်ပင်လယ်လှိုင်းများကတော့ ဟိုမှသည်မှ ရိုက်ခတ်လွန့်လူးလျှက် ရှိလေသည်။

သွေးနီရောင်ပင်လယ်ထဲရှိ ကြာပန်းတစ်ပွင့်ထက်တွင် တာအို ဆရာတစ်ယောက် မတ်တတ်ရပ်နေလေသည်။

ဆန်းလျန်က ကြာပန်းထက်တွင် မတ်တတ်ရပ်နေသည့် တာအို ဆရာအနားသို့ အသာအယာတိုးကပ်သွားလေသည်။ ထိုအခါ ကြာပန်းထက်မှ တာအိုဆရာက ဆန်းလျန်ကို စိုက်ကြည့်လိုက်သည်။ ထိုတာအိုဆရာ၏ မျက်ဝန်းများက တည်ငြိမ်နေပြီး

လောကတစ်ခုလုံး၏အကြောင်းအရာများကို ထိုးဖောက်သိမြင်

နေသည့်အလား ထင်မှတ်ရသည်။

ထိုတာအိုဆရာသည် သွေးနီရောင်ပင်လယ်တွင် မည်သည့်

အချိန်က ရှိနေခဲ့ဖူးသည်လည်း ဆန်းလျန် မသိပေ။

ထို့နောက်... ကြာပန်းထက်မှတာအိုဆရာ၏ပုံရိပ်သည်

အပိုင်းပိုင်းကွဲကြေပြီး ပျောက်ကွယ်သွားလေသည်။

ဆန်းလျန် အသိပြန်ဝင်လာသည်။

"အဲဒါ တာအိုဆရာသခင် ထိုက်ယီပဲ..."

ထိုသူသည် တာအိုဆရာသခင်ထိုက်ယီဖြစ်ကြောင်း ဆန်းလျန်

သံသယမရှိ ယုံကြည်မိသည်။

ကျောက်ရှောင်ယွီသည်လည်း ဆန်းလျန်မြင်သည့်မြင်ကွင်းကို

တွေ့မြင်ခဲ့ရလေသည်။

သူမက တည်ကြည်သည့်မျက်နှာထားဖြင့်...

“ကြည့်ရတာ ထိုက်ယီနတ်ဓားဟာ သွေးနီရောင်ပင်လယ်ထဲမှာ ရှိမယ်ထင်တယ်..."

ဆန်းလျန်က...

"ဖြစ်နိုင်တယ်၊ အသူရာချောက်က သွေးနီရောင်ပင်လယ်ကို သွားရတော့မယ်ထင်တယ်..."

ကျောက်ရှောင်ယွီက မျက်ခုံးလေးများကို အသာတွန့်ချိုးလိုက်ရင်း...

"သွေးနီရောင်ပင်လယ်ကို သွားမယ်ဆိုရင်တော့ လူတစ်ယောက်ကို သတိထားရလိမ့်မယ်..."

ဆန်းလျန်က...

"ဘယ်သူလဲ..."

ကျောက်ရှောင်ယွီက...

"ကျွန်မ လင်ကျိုးနယ်ကိုရောက်တော့ တစ်ခုသိလိုက်ရတယ်၊ လူတွေက ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပေမယ့် ဗုဒ္ဓအပြင် တိ

ကျန်ဗောဓိသကျကိုလည်း အရမ်း သက်ဝင်ယုံကြည်ကြတယ်၊ ကျွန်မကြားဖူးတာက သွေးနီရောင်ပင်လယ်မှာ ဘုန်းတော်ကြီး တစ်ပါးရှိတယ်တဲ့၊ အဲဒီဘုန်းတော်ကြီးက တိကျန်ဗောဓိသကျ ပြန်ဝင်စားတဲ့သူလို့ ဆိုကြတယ်၊ သူက သွေးနီရောင်ပင်လယ် မှာနေပြီး လူပြန်ဝင်စားခြင်း လမ်းစဉ် အကြောင်းကိုလေ့လာနေ တာ၊ သူ့နာမည်က ဘုန်းတော်ကြီးရာမတဲ့၊ သူ့ကိုတော့ ရှင် သတိထားဖို့လိုတယ်...၊ ပြီးတော့ ဘုန်းတော်ကြီးရာမ အသူရာ ချောက်က လူပြန်ဝင်စားခြင်းလမ်းစဉ်ကိုလေ့လာနေတဲ့ အတွက်လည်း လင်ကျိုးနယ်မှာ တိကျန်ဗောဓိသကျရဲ့ တရား ဓမ္မတွေ ပျံ့နှံ့လာတာလေ..."

ဆန်းလျန်က...

"လင်ကျိုးနယ်က ဗုဒ္ဓဘာသာကိုးကွယ်ကြတယ်၊ ဗောဓိသကျ တွေ၊ လော်ဟန်ကိုယ်တော်တွေကိုလည်း ယုံကြည်ကြတယ်၊ ဒါကြောင့်လည်းသံသရာလည်ခြင်းအကြောင်းဖြစ်တဲ့ လူပြန်

ဝင်စားခြင်းလမ်းစဉ် အလေးအနက်ထားကြတာပေါ့...၊ သူတို့တွေ တိကျန်ဗောဓိသကျကို ကိုးကွယ်ကြတာ မဆန်းပါဘူး..."

ဆန်းလျှန်က ခဏနားပြီးမှ စကားဆက်ပြောလိုက်သည်။

"ကျုပ်တို့ နှစ်ယောက်သာပေါင်းလိုက်ရင် လောကမှာ မအောင်မြင်နိုင်တဲ့အရာ မရှိပါဘူး ၊ အဲဒီ ဘုန်းတော်ကြီးရာမကို အတူတူသွားတိုက်ကြမယ်လေ..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ပြီး နူးညံ့သည့်လေသံလေးဖြင့်...

"ရှင့် သဘောအတိုင်းပါပဲရှင်..."

....

အဆုံးမရှိသည့် သွေးနီရောင်ပင်လယ်သည် အသူရာချောက်တစ်ခုလုံးတွင်သာမက စကြာဝဠာတစ်ခုလုံးတွင် အဆန်းကျယ်ဆုံး နေရာတစ်ခု ဖြစ်လေသည်။ သို့သော်... ထိုနေရာသည် မိစ္ဆာညစ်နွမ်းမှုများဖြင့် ပြည့်နက်လျှက် ရှိလေသည်။

သွေးနီရောင်ပင်လယ်ကမ်းခြေတွင် မြူခိုးတိမ်တိုက်များ

ဖုံးလွှမ်းနေသည့် နတ်ဘုရားတောင်တစ်တောင်ရှိလေသည်။

ထိုအချိန်မှာပင်...

ချောမောလှပပြီး အသရေတင့်တယ်လှသည့် လူငယ်လေးတစ်

ယောက်သည် ထိုနတ်ဘုရားတောင်ရှိရာသို့ ရောက်ရှိလာ

လေ၏။ ထိုလူငယ်ကား အခြားသူမဟုတ်ပေ။ မာရ်နတ်ပင်ဖြစ်

တော့သည်။

တောင်တက်လမ်းတစ်လျှောက်တွင် သစ်ပင်များက လှပစွာ

ပေါက်ရောက်နေပြီး မြူခိုးတိမ်တိုက်များကလည်း ဖုံးလွှမ်းနေ

လေရာ ရောက်လာသူ မည်သူမဆို လန်းဆန်းခြင်းကို ခံစားရ

ပေလိမ့်မည်။

အဝေးတစ်နေရာဆီမှ သစ်သားငါးရုပ်တုံးခေါက်သံလွင့်ပျံလာ

လေသည်။

မာရ်နတ်သည် တောင်ထိပ်သို့ ရောက်ရှိလာလေသည်။

တောင်ထိပ်တွင် ကျယ်ပြန့်သည့် မြေပြန့်လွင်ပြင်ရှိပြီး

ဝတ်ကျောင်းတော်တစ်ခုကို တွေ့မြင်ရမည် ဖြစ်သည်။

ဝတ်ကျောင်းတော်ရှေ့တွင် သစ်ပင် (၂)ပင် ရှိနေလေသည်။

ထိုသစ်ပင် (၂)ပင်၏ အလယ်တွင် ဘုန်းတော်ကြီးတစ်ပါး

မတ်တတ်ရပ်နေလေ၏။

"ဒီသစ်ပင်နှစ်ပင်က ရှားလော့သစ်ပင်ညီနောင်လို့ခေါ်တယ် ၊

ရှားလော့သစ်ပင်ညီနောင်ဆိုတာ လောကမှာ အလွန်ရှားပါး

တယ် ၊ ယုံကြည်ခြင်းနဲ့ ဇင်ဗုဒ္ဓဘာသာကို ကိုယ်စားပြုတယ် ၊

ပြီးတော့ အာလာယဝိညာဏတန်ခိုးစွမ်းအားကို အစိပ်ပွါယ်ဖွင့်

ဆိုတဲ့ နေရာမှာလည်း ဒီသစ်ပင်တွေကို အသုံးပြုတယ်..."

အော်မီတော်ဖူဘုရား၏ အမိတ္တာဘဟကျမ်းစာကပြော

ကြားသည်မှာ...

"ဗုဒ္ဓဘာသာကို သင်ယူလေ့လာသူ ကျင့်ကြံသူများသည် ဗုဒ္ဓဘာသာကျင့်ကြံသူများဖြစ်လေသည်။ သူတို့သည် ပထမ အဆင့်အနေဖြင့် ဗောဓိသကျတစ်ပါးကဲ့သို့ စိတ်ထားကို ပိုင်ဆိုင်ရလိမ့်မည်။ စစ်မှန်သည့် ဉာဏ်ပညာကိုရရှိပြီး ထို ဉာဏ်ပညာသည် စိတ်ငြိမ်းချမ်းမှုဆီသို့ ဦးတည်လိမ့်မည်။ သူ တို့သည် ဗောဓိပင်အလား တည်ကြည်ကြလိမ့်မည်။"

ဤကျမ်းစာ၏အဓိပ္ပါယ်မှာ ဗုဒ္ဓဘာသာကျင့်ကြံသူ တိုင်း၏နှလုံးသားထဲတွင် ဗောဓိဉာဏ်တည်ရန်အတွက် မျိုးစေ့ ပါရမီ ပါရှိသွားမည်ဟု ဆိုလိုခြင်း ဖြစ်လေသည်။

ဘုန်းတော်ကြီး၏ စကားသံသည် မြူခိုးတိမ်တိုက်များကဲ့သို့ပင် ဖြစ်လေသည်။ နူးညံ့သိမ်မွေ့လွန်းပြီး စိတ်ကို ကြည်လင်သွား စေမည် ဖြစ်လေသည်။

မာရ်နတ်က ပေါ့ပါးသည့်လေသံဖြင့်...

"ကျုပ်သိထားတဲ့ ရှားလော့သစ်ပင်ညီနောင်အကြောင်းကတော့ အဲဒီလိုမဟုတ်ဘူး..."

ဘုန်းတော်ကြီးက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဩော်... ဟုတ်လား၊ ဒါဖြင့် ဒကာတော်သိတာလေး မျှဝေပါဦး..."

မာရ်နတ်က...

"အစပိုင်းမှာ ဖန်ဆင်းရှင်ရှိခဲ့တယ်၊ ဖန်ဆင်းရှင်နဲ့ တာအို လမ်းစဉ် အတူတကွတည်ရှိခဲ့တယ်၊ ဒီတော့ ဖန်ဆင်းရှင်ရဲ့ အရင်းအမြစ်ဖြစ်တဲ့ ကောင်းကင်တိုင်းပြည်မှာ ဒီ ရှားလော့ သစ်ပင်ညီနောင် ရှိခဲ့တယ်၊ တစ်ပင်ကတော့ အသိဉာဏ်ပညာ ကို ကိုယ်စားပြုတယ်၊ နောက်တစ်ပင်ကတော့ အသက်ကို ကိုယ်စားပြုတယ်၊ အားလော်ဟယ်က သူဖန်ဆင်းထားတဲ့ လူသားတွေကို အသက်ပင်က သစ်သီးကိုတော့ စားခွင့်ပြုပြီး အသိဉာဏ်ပညာသစ်ပင်က သစ်သီးကိုတော့ မစားဖို့တားမြစ်

ထားတယ်၊ ဒါပေမဲ့ အားလော်ဟာယ်ဖန်ဆင်းထားတဲ့လူသား

တွေက တားမြစ်ထားတဲ့ သစ်ပင်ကသစ်သီးကို စားလိုက်ကြ

တယ်၊ အဲဒါကြောင့် အားလော်ဟာယ်က သူတို့ကို ကောင်းကင်

တိုင်းပြည်က မောင်းထုတ်လိုက်တယ်၊ ဒါကြောင့် လောကမှာ

အသက်ပင်ကို မြင်ဖူးတဲ့သူ ဘယ်သူမှ မရှိဘူး...”

အားလော်ဟာယ်သည် တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက်

ဖြစ်လေသည်။ ထို့ကြောင့်ပင် ဉာဏ်ပညာနှင့်အသက်ကို ပိုင်စိုး

သူဖန်ဆင်းရှင်အဖြစ် သူ့ကိုယ်သူ ခံယူခဲ့ခြင်းဖြစ်သည်။

သို့သော်... ဗုဒ္ဓကတော့ အသက်ဆိုသည်မှာ စိတ်ဝိညာဉ်

အတွင်းမှ သိနားလည်မှုဟု ပြဆိုခဲ့ပြီး ဉာဏ်ပညာဆိုသည်မှာ

လောကီမှကင်းလွတ်ရာဟု ပြဆိုခဲ့သည်။

မာရ်နတ်က ဆက်ပြောလိုက်သည်။

“ဒါပေမဲ့ ဗုဒ္ဓကလည်း ရှားလော့သစ်ပင်ညီနောင်ကို ဖန်ဆင်း

သွားခဲ့တာက ဉာဏ်ပညာနဲ့အသက်ရဲ့အဓိပ္ပါယ်ကို

ရှင်းရှင်းလင်းလင်းနားလည်သိမြင်သွားခဲ့လို့ပဲ ၊ ဒါက ဗုဒ္ဓ လမ်းစဉ်နဲ့ ဖန်ဆင်းရှင်ရဲ့တာအိုတရား ကာရံညီသွားတယ်လို့ ဆို နိုင်တယ် ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပါလေ ၊ လူသားငတုံးတွေ ကတော့ မလွတ်မြောက်နိုင်ဘဲ သံသရာလည်နေကြတာပါပဲ ၊ တရားရပြီး သံသရာကလွတ်မြောက်သွားတဲ့သူဆိုတာ ခပ်ရှား ရှားပဲ…”

ဘုန်းတော်ကြီးက ပြုံးလိုက်ရင်း…

“မိစ္ဆာသခင်က သိတာတွေတော်တော်များတာပဲ ၊ ဒါပေမဲ့ ကြည့် ရတာ ကျင့်စဉ်လမ်းမှာ အတားအဆီးတွေနဲ့ ရင်ဆိုင်နေရတယ် ထင်တယ်…”

မာရ်နတ်က ရယ်မောလိုက်ရင်း…

“အတားအဆီးတွေကို ကျုပ်က ဂရုမစိုက်ပါဘူး ၊ ပြီးတော့ ကျုပ် ဒီကိုရောက်လာတာကလည်း ဆရာတော်နဲ့ ပေါက်ကရ စကားတွေပြောပြီး အချိန်ဖြုန်းနေဖို့ မဟုတ်ဘူး…”

ဘုန်းတော်ကြီးက…

“အားလော်ဟယ်က အရမ်းကိုပြီးပြည့်စုံတဲ့ ကောင်းကင်တမန် တစ်ပါးကို ဖန်ဆင်းခဲ့ဖူးတယ်၊ အဲဒီ ကောင်းကင်တမန်က သူ့ကို သစ္စာဖောက်သွားခဲ့တယ် ၊ အဲဒီကောင်းကင်တမန်ကို စေတန် လို့ခေါ်တယ် ၊ အဲဒါ မင်းပဲ မဟုတ်လား…”

မာရ်နတ်က…

“ပြောရတော့ခက်တယ် ၊ တကယ်တော့ စေတန်ဆိုတာ ကျုပ်ရဲ့ အရင်ဘဝပါ ၊ အခု ကျုပ်က အားလော်ဟယ် ပါးစပ်ထဲမှာ တွေ့ကရာလျှောက်ပြောနေတဲ့ စေတန်မဟုတ်တော့ဘူး ၊ ပရ နိမ္မိတပြည်ကိုအုပ်ဆိုးတဲ့ မာရ်နတ်ဖြစ်နေပြီ…”

ဘုန်းတော်ကြီးက…

“တကယ်တော့ ကျုပ်ကလည်း တိကျန်ဗောဓိသကျ ပြန်ဝင်စား တဲ့သူ မဟုတ်ပါဘူး ၊ ကျုပ်က ဘုန်းတော်ကြီးရာမပါ ၊ မိစ္ဆာ သခင် ကျုပ်ဆီရောက်လာတာ ဘာကိစ္စရှိလို့လဲ…”

မာရ်နတ်က စကားဆက်မပြောတော့ပေ။

သူက စကားပြောရန်အတွက် ဤနေရာသို့ လာခဲ့ခြင်း မဟုတ်ပေ။ သူက ဘုန်းတော်ကြီးရာမ၏ တရားဓမ္မများကို အသုံးပြုကာ မိုးကောင်းကင်မိစ္ဆာကျင့်စဉ် ဆက်လက်ကျင့်ကြံနိုင်ရန် ရောက်ရှိလာခြင်း ဖြစ်လေသည်။

ဘုန်းတော်ကြီးရာမဆိုသည်က အသူရာချောက်တွင်ရောက်ရှိနေသည်မှာ မည်မျှကြာပြီလဲဆိုသည်ကို မည်သူမှ မသိနိုင်ပေ။ လောကတွင် ဘုန်းတော်ကြီးရာမ၏ ဇာစ်မြစ်အမှန်ကိုသိသူဆို၍ အနည်းငယ်သာ ရှိလေသည်။

လူသားများက သူ့ကို တိကျန်ဗောဓိသကျဝင်စားသည်ဟုပြောကြခြင်းမှာ တမင်တကာ ချဲ့ကားပြောဆိုကြခြင်း မဟုတ်ပေ။ ထိုသို့ ပြောရလောက်အောင် ထိုက်တန်သည့်အတွက် ဖြစ်လေသည်။

ဘုန်းတော်ကြီးရာမက လက်အုပ်ချီလိုက်လေသည်။

ထိုအခါ ဘုန်းတော်ကြီးရာမ၏ အနောက်ဘက်တွင် ကြီးမား
သည့်စကြာအလင်းတန်းကြီးတစ်ခု ထွက်ပေါ်လာလေသည်။
ထိုစကြာအလင်းတန်းထဲတွင် မရေမတွက်နိုင်အောင်ပွင့်ခဲ့ကြ
သည့် ဗုဒ္ဓများစွာ၏ တရားဓမ္မများ ပါဝင်လေသည်။
စကြာအလင်းတန်းကြီးမှ ထွက်ပေါ်လာသည့် သန့်စင်သည့်
တန်ခိုးစွမ်းအားများကြောင့် ပတ်ဝန်းကျင်မှ မြူခိုးတိမ်တိုက်
များပင်လျှင် လွင့်စင်ပျောက်ပြယ်သွားကြရလေတော့သည်။

အခန်း (၈၃၉) အနီရောင်ပင့်ကူငရဲပန်းတွေပြန်ပွင့်လေပြီ

ဘုန်းတော်ကြီးရာမ၏ စကြာအလင်းတန်းကြီးသည် တဖြည်းဖြည်းလင်းလက်တောက်ပလာလေသည်။ ထို့နောက် ဘုန်းတော်ကြီးရာမက လက်တစ်ဖက်ဆန့်ထုတ်လိုက်ပြီး မြေကြီးကို ဖိချလိုက်လေသည်။ ထိုအခါ စကြာအလင်းတန်းကြီးကလည်း လှုပ်ရှားသွားပြီး ရောမလက်ကြီးအဖြစ်ပြောင်းလဲသွားလေသည်။ ရောမအလင်းတန်းလက်ကြီးက မာရ်နတ်ကို လက်ဖဝါးဖြင့်ဖိနှိပ်ထားပြီး မာရ်နတ်၏ လွတ်လမ်းမှန်သမျှကို ပိတ်ဆို့ထားလိုက်လေသည်။

မာရ်နတ်၏မျက်လုံးများက ရုတ်တရက် အနီရောင်ပြောင်းသွားပြီး ခန္ဓာကိုယ်က လေထဲတွင် လွင့်မျောသွားပြီး သူ့ကိုဖိနှိပ်ရန်ကြိုးစားနေသည့် အလင်းတန်းလက်ကြီးဆီမှ ရှောင်ထွက်သွားလေသည်။

တောင်ထိပ်ကြီးတစ်ခုအလား ကြီးမားသည့် အလင်းတန်း လက်ချောင်းကြီးက တဆတ်ဆတ်တုန်ခါလာပြီး နတ်ဘုရား အလင်းတန်းများထွက်ပေါ်လာကာ မာရ်နတ်ကို ရိုက်ချလိုက်လေသည်။

မာရ်နတ်၏ခန္ဓာကိုယ် တစ်ချက်တုန်လှုပ်သွားလေသည်။ အလင်းတန်းများ လင်းထိန်နေသည့်အတွက် မိုးကောင်းကင်ကိုပင် မမြင်ရတော့ပေ။

ထိုအချိန်မှာပင်... ရောမအလင်းတန်းလက်ကြီးက မာရ်နတ်ကို ဆွဲညှစ်လိုက်ကာ မြေကြီးအတွင်းသို့ ဖိချလိုက်လေသည်။

မာရ်နတ်က ချက်ချင်းပင် သူ့ကိုယ်သူ နူးညံ့သည့်တိမ်ဆိုင်တစ်ခုအဖြစ်ပြောင်းလဲလိုက်ကာ အလင်းတန်းလက်ကြီးအတွင်းမှ ရှောင်ထွက်သွားပြန်သည်။ ဘုန်းတော်ကြီးရာမ၏ ဓမ္မအလင်းတန်ခိုးစွမ်းအားများသည် မာရ်နတ်ကိုဖိနှိပ်ထားခြင်းငှာ မတတ်နိုင်ခဲ့ပေ။

ဘုန်းတော်ကြီးရာမက လက်အုပ်ချီလိုက်လေသည်။ ထိုအခါ စကြာအလင်းတန်းများသည် တိမ်ဆိုင်အသွင်ဖန်ဆင်းထားသည့် မာရ်နတ်နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါသွားလေသည်။

မာရ်နတ်က ချက်ချင်းပင် လူပုံသဏ္ဌာန်ပြန်လည်ဖန်ဆင်းလိုက်ပြီး သူ၏လက်တစ်ဖက်ကို ကောင်းကင်ထက်သို့ပင့်တင်လိုက်ပြီး နောက်လက်တစ်ဖက်ကို မြေပြင်ရှိရာသို့ ဖိနှိပ်ထားလိုက်လေသည်။ ထိုအခါ မိုးမြေစွမ်းအားလှိုင်းများ အလျှာလိုက် ဖြစ်ပေါ်လာပြီး ဘုန်းတော်ကြီးရာမ၏ စကြာအလင်းတန်းကြီးကို တားဆီးထားလိုက်လေသည်။

ဘုန်းတော်ကြီးရာမသည် မာရ်နတ်ခန့်မှန်းသည်ထက်ပိုပြီး တန်ခိုးစွမ်းအား မြင့်မားနေလေသည်။ သို့သော် မာရ်နတ်ကလည်း ကြောက်ရွံ့သွားခြင်း မရှိပေ။

သူ၏ခန္ဓာကိုယ်မှ ချက်ချင်းပင် ထောင်ပေါင်းများစွာသော အရိပ်များခွဲထွက်သွားလေသည်။ ထို့နောက် ဘုန်းတော်ကြီး၏ စကြာအလင်းတန်းတန်ခိုးစွမ်းအားများကို စုပ်ယူရန် ကြိုးစား လိုက်သည်။

ဘုန်းတော်ကြီးရာမက မျက်မှောင်တစ်ချက်ကြုံ့လိုက်ပြီး လက်တစ်ဖက်ကို ဆန့်တန်းလိုက်သည်။ ထိုအခါ သူ၏ လက်ဖဝါးထက်တွင် တစ်ရှိန်းရှိန်းတောက်လောင်နေသည့် မီးတောက်တစ်ခု ထွက်ပေါ်လာလေ၏။ မီးတောက်မှာ အနီရောင်ကြာပန်းတစ်ခုအလား နီရဲတောက်လောင်လျှက်ရှိလေသည်။

အနီရောင်ကြာပန်းမီးတောက်က မာရ်နတ်၏အရိပ်များအားလုံးကို လောင်ကျွမ်းပစ်လိုက်ပြီး အစစ်အမှန်မာရ်နတ်တစ်ယောက်သာလျှင် ကျန်ရစ်ခဲ့လေသည်။

သို့သော်... မာရ်နတ်၏ပုံသဏ္ဍာန်သည် တောင်ပေါ်တက်လာစဉ်

ကကဲ့သို့ ချောမောခန့်ငြားသည့် လူငယ်လေးတစ်ယောက်၏

ပုံစံမျိုး မဟုတ်တော့ပေ။

သူ၏ဆံပင်များနှင့်မျက်ခုံးမွေးများတွင် မီးများလောင်ကျွမ်း

နေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေသည်။

အနီရောင်ကြာပန်းကို ကံကြမ္မာမီးတောက်ဟုလည်းခေါ်လေ

သည်။ ကံကြမ္မာမီးတောက်မှာတန်ခိုးစွမ်းအား အလွန်မြင့်မား

ပြီး လူတစ်ယောက်၏ အကုသိုလ်ကြီးမားလေ ပိုပြီး

လောင်ကျွမ်းလေဖြစ်လေသည်။

မာရ်နတ်မှာ အကုသိုလ်အလွန်များသူတစ်ယောက်ဖြစ်လေရာ

အနီရောင်ကြာပန်းမီးတောက်၏ ပြင်းပြင်းထန်ထန်

လောင်ကျွမ်းခြင်းကို ခံလိုက်ရလေသည်။

သို့သော်... ဘုန်းတော်ကြီးရာမက မာရ်နတ်ကို အသေသတ်

သည်အထိ မပြုလုပ်ခဲ့ပါ။

ဘုန်းတော်ကြီးက...

"မင်းသွားတော့..."

ဟု ပြောလိုက်လေသည်။

မာရ်နတ်က လက်မလျှော့ချင်သေးပေ။ သို့သော်... ဘုန်းတော်ကြီးရာမဆိုသည်ကလည်း နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ယောက်မဟုတ်လေရာ သူသာဆက်ပြီးတိုက်ခိုက်မည်ဆိုလျှင် အရှုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရှိလိုက်သည်။

မာရ်နတ်ဆိုသည်က နှစ်ပေါင်းများစွာကြာအောင် လူတို့၏စိတ်နှလုံးကို မကောင်းမှုတရားများဖြင့် လှည့်စားနေခဲ့သူဖြစ်လေသည်။

လူတို့၏နှလုံးသားထဲမှ အားနည်းချက်ကိုသိသည့် မာရ်နတ်အနေဖြင့် ဘုန်းတော်ကြီးရာမအကြောင်းကိုလည်း ကောင်းကောင်းခန်းမှန်းနိုင်လေသည်။

ထို့ကြောင့် မာရ်နတ်က မာန်လျှော့လိုက်ပြီး...

"ကျုပ်ပြန်လာခဲ့မယ်..."

ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက် မာရ်နတ်သည် တောင်ပေါ်မှချက်ချင်းပျောက်ကွယ်သွားပြီး သွေးနီရောင်ပင်လယ်ကမ်းခြေသို့ ရောက်ရှိသွားလေသည်။

ထိုအခါ...

သွေးနီရောင်ကမ်းခြေတွင် သူ့ကိုစောင့်နေသည့် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုအဖြူရောင်ဝတ်လူငယ်မှာ ရဲ့လျိုယွင်၏ ကိုယ်ခွဲတစ်ခုပင်ဖြစ်လေသည်။

ရဲ့လျိုယွင်က ကမ်းခြေတွင်ရပ်နေပြီး မာရ်နတ်ရောက်လာသည်ကို ကြည့်နေလေသည်။ မာရ်နတ်၏ပုံစံကိုကြည့်ပြီး ရဲ့လျိုယွင်က အခြေအနေကိုခန့်မှန်းလိုက်မိသည်။

"မင်း ဘုန်းတော်ကြီးရာမနဲ့ တိုက်လာတာလား..."

မာရ်နတ်က...

"ဟုတ်တယ်၊ သူက တန်ခိုးစွမ်းအားတော်တော်မြင့်မားတာပဲ၊ ဒါပေမဲ့ ကျုပ်ကိုတော့ သေအောင် မသတ်နိုင်ပါဘူး..."

ရဲ့လျိုယွင်က...

"မင်းကမာရ်နတ်ဆိုတော့ ဒီလိုစကားမျိုးပြောရဲတာပေါ့၊ ဒါပေမဲ့ မင်း ဘုန်းတော်ကြီးရာမကို ရှုံးလာတာကိုတော့ ဝန်ခံရမယ်လေ..."

မာရ်နတ်က...

"မင်းလည်းအတူတူပဲလေ၊ နတ်မိစ္ဆာအဓိပတိနန်းတော်က ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကို ရှုံးလာတာပဲမဟုတ်လား ..."

ရဲ့လျိုယွင်က...

"ကျုပ်က ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကို မကြောက်ပါဘူး၊ သူ့နောက်ကွယ်က နတ်မိစ္ဆာအဓိပတိကြီးကိုပဲကြောက်တာ၊ ခွန်ဖိ

န်နတ်မိစ္ဆာဘုရင်လောက်ကတော့ အချိန်မရွေးရှင်းပစ်နိုင်

တယ်..."

မာရ်နတ်က...

"မင်း ကျုပ်ကိုလာရှာတာ ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကို ရှင်းပစ်ဖို့

တောင်းဆိုမလို့ဆိုရင်တော့ ကျုပ် မကူညီနိုင်ဘူးနော်..."

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း...

"ဘာလဲ မာရ်နတ်က ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကို ကြောက်နေတာ

လား..."

မာရ်နတ်က....

"ကျုပ်ကို ငတုံးများမှတ်နေသလား ၊ သူက ပေမင်ပင်လယ်က

နတ်မိစ္ဆာအဓိပတိကြီးရဲ့ အနွယ်တော်လေ ၊ ကျုပ်က လွတ်လပ်

တဲ့မာရ်နတ်ဆိုပေမယ့် နတ်မိစ္ဆာအဓိပတိကြီးကိုတော့ ကြောက်

တယ်ဗျ..."

ရဲ့လျိုယွင်က...

"မင်း ကျုပ်တောင်းတဲ့အကူအညီကို မင်း ငြင်းနိုင်မှာ မဟုတ်ပါဘူး..."

မာရ်နတ်က ခပ်ပါးပါးတစ်ချက်ပြုံးလိုက်ရင်း...

"ဘာလို့လဲ..."

မာရ်နတ်က ရဲ့လျိုယွင်၏ အတွင်းစိတ်ကို ထိုးဖောက်ကြည့်ရန် ကြိုးစားလိုက်သည်။

သို့သော်... မာရ်နတ်သည်မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ထိပ်တန်းအဆင့် ကျင့်ကြံထားသူဖြစ်သည့်တိုင် ရဲ့လျိုယွင်၏ နှလုံးသားကို ထိုးဖောက်မြင်နိုင်စွမ်း မရှိခဲ့ပေ။

အဘယ်ကြောင့်ဆိုသော်... ရဲ့လျိုယွင်က သူ၏နှလုံးသားကို အရံအတားပြုလုပ်ကာကွယ်ထားသောကြောင့် ဖြစ်လေသည်။

သူက ထုတ်ဖော်မပြောသရွေ့ သူ့ရင်ထဲမှ ခံစားချက်များ ၊ အကြောင်းအရာများ ၊ အတွေးများကို မည်သူမှ သိရှိနိုင်မည် မဟုတ်ပေ။

ရဲ့လျိုယွင်က...

"လင်ထိုင်ဖန်းကျွမ်းတောင် ဘယ်နေရာမှာလဲဆိုတာ မင်း မသိ

ချင်ဘူးလား...."

ရဲ့လျိုယွင်၏ အမေးကြောင့် မာရ်နတ်တိတ်ဆိတ်ငြိမ်သက်

သွားလေသည်။

ပြီးမှ သူက ရဲ့လျိုယွင်ကို စေ့စေ့ကြည့်လိုက်ပြီး...

"မင်း တောင်းတဲ့အကူအညီကို ကျုပ် မငြင်းနိုင်တော့ပါဘူး..."

ရဲ့လျိုယွင်က...

"ကျုပ်ကို အသူရာချောက်ရဲ့အရှင်သခင်ဖြစ်လာအောင် ကူညီ

ပေးဖို့ မလိုဘူး၊ ဒါပေမဲ့ ကျုပ်အတွက် ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကို

သတ်ပေးပါ..."

မာရ်နတ်က...

"သူ့ကိုသတ်ဖို့က မလွယ်လှဘူး..."

မာရ်နတ်ထိုသို့ပြောလိုက်သည်မှာ ခွန်ဖိန်နတ်မိစ္ဆာဘုရင်က တန်ခိုးစွမ်းအားမြင့်မားလွန်းသောကြောင့် မဟုတ်ပေ။ ခွန်ဖိန်သတ္တဝါကြီးများသည် လောကတွင် အမြန်ဆုံးသော သတ္တဝါကြီးများဖြစ်လေရာ သူတို့ကို တားဆီးရန်မှာ ခက်ခဲလွန်းသောကြောင့် ဖြစ်လေသည်။

ရဲ့လျိုယွင်က...

"ဒါပေမဲ့ မင်းမှာ နည်းလမ်းရှိတယ်ဆိုတာ ကျုပ်သိတယ်..."

မာရ်နတ်က ရဲ့လျိုယွင်ကို နက်ရှိုင်းသည့်အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်လေသည်။

ရဲ့လျိုယွင်သည် သူခန့်မှန်းသည်ထက်ပိုပြီး လျှို့ဝှက်ဆန်းကျယ်သူတစ်ယောက် ဖြစ်လေသည်။ လင်ထိုင်ဖန်းကျွမ်းတောင် မည်သည့်နေရာတွင်ရှိသည်ကို ရဲ့လျိုယွင်သည် မည်သို့သိပါသနည်း။

ထို့ပြင် လင်ထိုင်ဖန်းကျွမ်းတောင်သည် မာရ်နတ်အတွက်
အရေးကြီးသည့် နေရာတစ်ခုဖြစ်လေသည်။ အဘယ်ကြောင့်
ဆိုသော်... လင်ထိုင်ဖန်းကျွမ်းတောင်တွင် သူ၏ကျင့်စဉ်လမ်း
အဆင့်တက်စေနိုင်ရန်အထောက်အကူဖြစ်စေမည့်
အကြောင်းအရာတစ်ခု ရှိလေသည်။

ထို့နောက်.... သွေးနီရောင်ပင်လယ်ကမ်းခြေရှိ ရဲ့လျှိုယွင်၏ပုံ
ရိပ် ပျောက်ကွယ်သွားပြီး မာရ်နတ်သည်လည်း သွေးနီရောင်
ပင်လယ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ
တော့သည်။

ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကို သတ်ဖြတ်ရန်မှာ လွယ်ကူသည့်ကိစ္စ
မဟုတ်ပေ။ သေသေချာချာ အချိန်ယူပြင်ဆင်ပြီးမှသာ ပြုလုပ်
နိုင်မည် ဖြစ်လေသည်။

....

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် (၃)ရက်မြောက်သည့်

နေ့တွင် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီတို့ သွေးနီရောင်

ပင်လယ်သို့ ရောက်ရှိလာကြလေသည်။

ဆန်းလျန်က ပင်လယ်ကမ်းခြေမှ ပန်းပင်စိမ်းစိမ်းများကို

ကြည့်နေလေသည်။

ပန်းပင်များသည် လေနှင့်အတူယိမ်းနွဲ့နေသော်လည်း ပန်းများ

ပွင့်လန်းခြင်း မရှိဘဲ အရွက်များသာ ရှိလေသည်။

ကျောက်ရှောင်ယွီက...

"ဒီပန်းပင်တွေက အနီရောင်ပင့်ကူငရဲပန်းပင်တွေပဲ ၊ ဒါပေမဲ့ မ

ပွင့်တာ နှစ်ပေါင်းသောင်းနဲ့ချီနေပြီ..."

သို့သော်...

သူမ သူမစကားပြော၍မဆုံးသေးမီမှာပင် ပန်းပင်များမှ

အစိမ်းရောင်အရွက်များ ချက်ချင်းကြွေကျကုန်ကာ မီးတောက်

ကဲ့သို့ ရဲရဲနီသည့် အနီရောင်ပန်းများ ပွင့်လန်းလာကြလေသည်။

သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းမှ အနီရောင်ပင့်ကူငရဲပန်းများ...

အရွက်ကြွေမှ အပွင့်ပွင့်လန်းရသလို...

အပွင့်ကြွေမှသာ ရွက်သစ်ထွက်ရစမြဲပင်...။

ပန်းပင်တစ်ပင်တည်းဖြစ်လင့်ကစား အပွင့်နှင့်အရွက်သည် မည်သည့်အခါမှ ဆုံစည်းရသည်ဟူ၍ မရှိသည်မှာ အနီရောင်ပင့်ကူငရဲပန်းများ၏ ထူးခြားချက်ပင် ဖြစ်လေသည်။

ကျောက်ရှောင်ယွီသည် အနီရောင်ပင့်ကူငရဲပန်းများကို ငေးကြည့်နေမိလေသည်။ ထိုပန်းများသည် သူမဘဝ တွေ့ဖူးသမျှပန်းများထဲတွင် အလှပဆုံးဖြစ်လေသည်။ သူမ ထိုပန်းများကို အလွန်မှ သဘောကျနှစ်သက်မိတော့သည်။

သူမက ပန်းများကိုငေးကြည့်နေရင်းမှ စကားဆိုလိုက်သည်။

"ဒီပန်းတွေမပွင့်တာ နှစ်ပေါင်းသောင်းနဲ့ချီပြီး ကြာနေပြီ ၊

ဒါပေမဲ့ ရှင်ရောက်လာတာနဲ့ ချက်ချင်းပန်းတွေပွင့်လာတယ် ၊

ထူးဆန်းလိုက်တာ..."

ဆန်းလျန်က ကျောက်ရှောင်ယွီကို စကားပြန်ပြီး မပြောနိုင်ခဲ့

ပေ။

အနီရောင်ပင့်ကူငရဲပန်းများကိုမြင်သည်နှင့် ဆန်းလျန်၏ရင်ထဲ

တွင် ပြောမပြောနိုင်သည့် ခံစားချက်တစ်ခုကို ခံစားလိုက်ရပြီး

ပန်းပင်များကြားသို့ လျှောက်သွားလိုက်လေသည်။

ထို့နောက် ဆန်းလျန်က ပန်းပွင့်တစ်ပွင့်ကို ခူးယူလိုက်သည်။

ပွင့်ချပ်များကရှည်လျားပြီး ပန်းပွင့်ပုံသဏ္ဍာန်သည် ပြီးပြည့်စုံ

သည့် စက်ဝိုင်းတစ်ခုအလား ဖြစ်လေသည်။

ဆန်းလျန်က ပန်းပွင့်လေးကို အသာအယာပွတ်သပ်လိုက်လေ

ရာ သေးသွယ်သည့် ပွင့်ချပ်ရှည်ရှည်လေးများသည် သွေးနီ

ရောင်ပင်လယ်အတွင်းသို့ ကြွေကျသွားကြရလေတော့သည်။

အခန်း (၈၄၀) ဓားနတ်သမီးယွိလော်ရှား

အနီရောင်ပင့်ကူငရဲပန်းကလည်း အနီရောင်၊ သွေးနီရောင်ပင်လယ်ကလည်း အနီရောင်ဖြစ်လေရာ ပွင့်ချပ်လွှာလေးများသည် အနီရောင်ပင်လယ်ရေထဲတွင် ရောနှောပျောက်ကွယ်သွားလေသည်။

ဆန်းလျန်သည် ပင်လယ်ရေထဲတွင် မျောပါသွားသည့် ပွင့်ချပ်လေးများ ပျောက်ကွယ်သွားသည်အထိ မျက်စိတစ်ဆုံး ငေးကြည့်နေမိလေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်အနားသို့ ရောက်လာပြီး ဆန်းလျန်ငေးကြည့်နေရာသို့ လိုက်ကြည့်လိုက်လေသည်။

သွေးနီရောင်ပင်လယ်သည် ကျယ်ပြန့်လွန်းသည့်အတွက် မျက်စိဖြင့်ကြည့်ရုံဖြင့် ပင်လယ်တစ်ဖက်ကမ်းကို တွေ့မြင်ရခြင်း မရှိပေ။

တန်ခိုးစွမ်အားမြင့်မားလွန်းသည့် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီပင်လျှင် သွေးနီရောင်ပင်လယ်တစ်ဖက်ကမ်းကို မြင်အောင်မကြည့်နိုင်ခဲ့ကြပေ။

ကျောက်ရှောင်ယွီက တီးတိုးရေရွတ်လိုက်သည်။

"ဒီလောက်ကျယ်တဲ့ သွေးနီရောင်ပင်လယ်မှာ ထိုက်ယီနတ်ဓားကို ဘယ်လိုရှာမှာလဲ..."

ဆန်းလျန်က ယွမ်တုဓားကို ဆွဲထုတ်လိုက်လေသည်။

ဓားခြိမ်းသံတစ်ချက်ထွက်ပေါ်လာပြီး ယွမ်တုဓားသည် နဂါး

တစ်ကောင်အလား သွေးနီရောင်ပင်လယ် လှိုင်းလုံးများထက်

သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်ပြီး ငရဲလမ်းဓားကိုဆွဲထုတ်

လိုက်သည်။

သူမက ပြုံးလိုက်ရင်း...

"မင်းလည်း သွေးနီရောင်ပင်လယ်ထဲမှာ သူ့လိုပဲ သွားကစား

လေ..."

သို့သော်... ငရဲလမ်းဓားသည် ယွမ်တုဓားနောက်သို့ လိုက်သွား

ခြင်း မရှိပေ။ သူက သွေးနီရောင်ပင်လယ်ကို စိတ်မဝင်စား

သည့်အလား အေးစက်စက်ဖြင့် ငြိမ်သက်နေလေသည်။

ခဏကြာသည့်အခါတွင်တော့ သွေးနီရောင်ပင်လယ် နှစ်ခြမ်း

ကွဲသွားပြီး ယွမ်တုဓားက ထူးဆန်းသည့် လူတစ်ယောက်ကို

ဖမ်းဆီးခေါ်ဆောင်လာလေသည်။ ထိုသူမှာ ဂြိုဟ်သားတစ်ယောက်အလား အလွန်အရုပ်ဆိုးလှသည်။

ထိုသူမှာ ခြေလက်များရှိနေသည့်အတွက် လူသားတစ်ယောက်ဟုဆိုနိုင်သော်လည်း မျက်နှာကတော့ အလွန်မှ ကြည့်ရဆိုးလေသည်။ အသားအရေကလည်း သွေးနီရောင်ဖြစ်လေ၏။

ထူးဆန်းသည့်လူသားက အနည်းငယ်တွန့်ဆုတ်နေပြီးမှ ထူးဆန်းသည့် ဘာသာစကားတစ်ခုဖြင့် စကားပြောလိုက်သည်။

သူပြောသည့်စကားမှာ ဆန်းလျန်တို့ပြောဆိုနေသည့် ဘာသာစကားနှင့်မတူလေရာ ထိုလူသားနှင့် ဆက်သွယ်စကားပြောရန် မဖြစ်နိုင်ကြောင်း ဆန်းလျန် နားလည်လိုက်သည်။

ထိုလူသားမှာ အသူရာမျိုးနွယ်တစ်ယောက်ဖြစ်ကြောင်း ကျောက်ရှောင်ယွီ ချက်ချင်းသိလိုက်သည်။

အသူရာလူသားသည် ဆန်းလျန်၏ မျက်ဝန်းများကို တွေ့မြင်လိုက်သည်နှင့် ချက်ချင်းပင် ခေါင်းငုံ့သွားလေသည်။

ထို့နောက်... သူသည် သတိလစ်သွားပြီး သူ့ဘဝ၏အတိတ်အကြောင်းအရာများအားလုံးသည် အိပ်မက်အလား စိတ်အာရုံတွင် တစ်ခဏချင်းထင်မြင်လာလေသည်။

ထို့နောက် အသူရာလူသားသည် ပြန်လည်နိုးထလာပြီး မျက်ရည်များ စီးဆင်းကျလာလေသည်။ အဘယ်ကြောင့်ဆိုသော်... သူဖြတ်သန်းခဲ့ရသည့်ဘဝသည် ရေပွက်ပမာ တိုတောင်းလွန်းလှသည်ကို တစ်ခဏအတွင်းနားလည်ကာ တရားအလင်းရသွားသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က ယွမ်တုဓားကို ပြန်လည်သိမ်းဆည်းလိုက်သည်။ အသူရာလူသားက ဆန်းလျန်ကို ဦးညွှတ်အရိုအသေပေးလိုက်ပြီး ကမ်းခြေအတိုင်း လမ်းလျှောက်ထွက်ခွာသွားလေတော့သည်။

ကျောက်ရှောင်ယွီက...

"ရှင့်ရဲ့က အိပ်မက်လိပ်ပြာကျင့်စဉ်က ပျော်စရာကောင်းမယ့်ပုံ

ပဲ ၊ ကျွန်မကို သင်ပေးပါလားဟင်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ပြောနေစရာတောင်မလိုဘူး ၊ မင်းသင်ချင်တယ်ဆိုရင် အချိန်

မရွေးသင်ပေးမယ်..."

ကျောက်ရှောင်ယွီက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ရှင် ဟိုအသူရာရဲ့စိတ်ကို ဖတ်ကြည့်လိုက်တာမလား ၊ ဘာတွေ

များ သိလိုက်ရလဲ..."

ဆန်းလျန်က...

"အသူရာမျိုးနွယ်တွေက ထူးဆန်းတယ် ၊ သူတို့က အသက်

ရှည်တယ် ၊ မွေးရာပါတန်ခိုးစွမ်းအားတွေကိုလည်း ပိုင်ဆိုင်

တယ် ၊ ကျင့်စဉ်လမ်းကိုသာလိုက်မယ်ဆိုရင် တန်ခိုးစွမ်းအား

အရမ်းမြင့်မားတဲ့သူတွေ ဖြစ်လာနိုင်တယ် ၊ ယောကျာ်းလေး

အသူရာတွေက ရုပ်ဆိုးတယ်၊ မိန်းကလေးတွေကတော့ ချောမောလှပကြတယ်...၊ ဒီပတ်ဝန်းကျင်မှာ အသူရာမျိုးနွယ်တွေ နေထိုင်ကြတယ်၊ သူတို့ခေါင်းဆောင်ကတော့ မိန်းကလေးတစ်ယောက်ပဲ၊ ဓားနတ်သမီးယွိလော်ရှားလို့ခေါ်တယ်..."

ကျောက်ရှောင်ယွီက....

"ယွိလော်ရှားက ဘာများထူးခြားလဲ..."

ဆန်းလျန်က...

"ဓားနတ်သမီးက ငယ်ငယ်ကတည်းက စွန့်ပစ်ခံခဲ့ရတဲ့ ကလေးတစ်ယောက်ပဲ၊ သူ့ကို အသူရာတွေက ခေါ်ယူမွေးစားခဲ့တယ်၊ သူ ငယ်ငယ်တုန်းက ဘာတန်ခိုးစွမ်းအားမှ မရှိဘူး၊ အမြဲတမ်း တခြားသူတွေအနိုင်ကျင့်တာကိုခံရတယ်၊ ဒါပေမဲ့ သူကြီးပြင်းလာခဲ့ပြီး မိုးကြိုးတန်ခိုးစွမ်းအားကို ကျင့်ကြံအောင်မြင်ခဲ့တယ်၊ အဲဒီနောက်ပိုင်း သူက အသူရာမျိုးနွယ်တွေထဲမှာ အရမ်း

တန်ခိုးစွမ်းအားမြင့်မားတဲ့သူတစ်ယောက် ဖြစ်လာတယ်၊ သွေးနီရောင်ပင်လယ်ရဲ့ အနောက်ဘက်ကမ်းခြေတစ်လျှောက်မှာ အင်အားအကြီးဆုံးဖြစ်လာပြီး အသူရာမျိုးနွယ်တွေရဲ့ ခေါင်းဆောင်ဖြစ်လာခဲ့တယ်..."

ကျောက်ရှောင်ယွီက...

"ကြည့်ရတာ သူက တာအိုဆရာသခင်ထိုက်ယီနဲ့များ ဆက်စပ်မှုရှိနေမလား၊ ရှင်ရော ဘယ်လိုထင်လဲ..."

ဆန်းလျန်က...

"အင်း... ခုန အသူရာလူသားရဲ့စိတ်ထဲကနေ သိလိုက်ရတာတော့ ဓားနတ်သမီးကျင့်ကြံခဲ့တဲ့ ကျင့်စဉ်က စန်းရှောင်မိုးကြိုးတန်ခိုးစွမ်းအားကျင့်စဉ်ပဲ၊ သူ့ရဲ့ကျင့်စဉ်လမ်းက စစ်မှန်တယ်လို့ ပြောလို့ရတယ်..."

ကျောက်ရှောင်ယွီက...

"စန်းရှောင်မိုးကြိုးတန်ခိုးစွမ်းအားကျင့်စဉ်ဆိုပေမယ့် ချင်းရှမ်နတ်တံခါးက စန်းရှောင်မိုးကြိုးတန်ခိုးစွမ်းအားကျင့်စဉ်တော့မဟုတ်လောက်ပါဘူး ၊ ချင်းရှမ်နတ်တံခါးကကျင့်စဉ်ကို သူကဘယ်လိုလုပ်ကျင့်ကြံနိုင်မှာလဲ..."

လောကတွင် ချင်းရှမ်နတ်တံခါးပျောက်ကွယ်သွားခဲ့ပြီး ချင်းရှမ်နတ်တံခါး၏ ကျင့်စဉ်များလည်း ပျောက်ကွယ်သွားခဲ့ပြီကို ကျောက်ရှောင်ယွီ သိရှိထားခဲ့ပြီး ဖြစ်လေသည်။

ရှင်သန်စေခြင်းကျောင်းတော်နှင့် သေစေခြင်းကျောင်းတော်တို့က ချင်းရှမ်နတ်တံခါးနှင့် ဆက်စပ်နေသည်ဆိုသော်ငြားလည်း အတိတ်ကတော့ ပျောက်ဆုံးနေခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်က...

"သူ့ကိုသွားတွေ့ကြတာပေါ့..."

ကျောက်ရှောင်ယွီ....

"ရှင်က စန်းရှောင်ကျင့်စဉ် အမှန်ဟုတ်မဟုတ်ဆိုတာ ဘယ်လို လုပ်သိနိုင်မှာလဲ"

ဆန်းလျန်က...

"ကျုပ် ချင်းရှတောင်မှာနေရင်းနဲ့ အတိတ်ကအကြောင်းတွေ နည်းနည်းပါးပါး ပြန်မှတ်မိထားတယ်..."

သို့သော် ဖြစ်ရပ်များက အစဉ်လိုက်မဟုတ်ဘဲ ပြတ်တောင်း ပြတ်တောင်း ဟိုတစ်ကွက် ဒီတစ်ကွက်ဖြစ်နေသည်ကိုတော့ ကျောက်ရှောင်ယွီကို သူ ပြောမပြတော့ပေ။

ပြတ်တောင်းပြတ်တောင်းဖြစ်နေသည့် အတိတ်ဖြစ်ရပ် များသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက မည်သည့် အကြောင်းအရာများဖြစ်ပျက်ခဲ့သည်ကို အလုံးစုံနားလည်ရန် တော့ မဖြစ်နိုင်သေးပေ။ ထို့ပြင် ထိုသို့ မှတ်ဉာဏ်များ ပြတ်တောင်းပြတ်တောင်းပြန်လည်မှတ်မိနေခြင်းမှာ သိပ်ပြီး

ကောင်းသည့်အရာတော့ မဖြစ်နိုင်ဟု ဆန်းလျန် ခံစားနေရလေ

သည်။

ထိုအချိန်တွင်...

ဘုရင်ရှစ်ပါးနန်းတော်ထဲတွင် ကျင့်စဉ်ကျင့်ကြံနေသည့် ရှွမ်တု

တောက်ကျွင်းက အံ့အားသင့်စွာဖြင့် "ဟင်" ဟု တစ်ချက်

ရေရွတ်လိုက်လေသည်။

သူ၏ အချိန်ရေစီးကြောင်းကို ထိုးဖောက်နေသည့်ကျင့်စဉ်ကို

တားဆီးနေသည့် ဓားဝိညာဉ်သည် အနည်းငယ်အားပျော့သွား

သည်ကို ရုတ်တရက် ခံစားလိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုအချိန်မှာပင်... အချိန်ရေစီးကြောင်း၏ နက်ရှိုင်းသည့်နေရာ

တစ်ခုဆီမှ ပုံရိပ်တစ်ခု ဖြည်းညင်းစွာ ထွက်ပေါ်လာလေသည်။

ထိုသူ၏မျက်နှာကို သဲသဲကွဲကွဲ တွေ့မြင်ရခြင်းမရှိပေ။

သူ၏တစ်ကိုယ်လုံးကို နတ်ဘုရားအလင်းတန်းများက ဖုံးလွှမ်း

ထားပြီး သူ့ထံသို့ ဝင်ရောက်လာသည့် အချိန်ရေစီးကြောင်းကို

အလင်းတန်းများဖြင့် တားဆီးထားလေသည်။

ဘုန်းတော်ကြီးရာမသည် တောင်ပေါ်ရှိ ရှားလော့သစ်ပင်

ညီနောင် (၂)ပင်ကြားတွင် မတ်တတ်ရပ်နေလေသည်။

အသိဉာဏ်ပညာနှင့် အသက်ကိုကိုယ်စားပြုသည့် သစ်ပင်

ညီနောင်သည် ဘုန်းတော်ကြီးရာမ၏ တာအိုတရားများကို

လည်း ကိုယ်စားပြုလေသည်။

ဗုဒ္ဓကဲ့သို့ ကိလေသာအားလုံး အမြစ်ပြတ်အောင် မကျင့်ကြံနိုင်

လျှင် အသိဉာဏ်ပညာနှင့်အသက်ဟုခေါ်ဆိုသည့် သံသရာမှ

လွတ်မြောက်ခြင်းကိုလည်း မရရှိနိုင်ကြောင်း ဘုန်းတော်ကြီးရာ

မ နားလည်ထားလေသည်။

အမှန်တော့ ဗုဒ္ဓဘာသာသည် တာအိုတရားများအားလုံး၏

အနှစ်သာရဖြစ်လေသည်။

ထို့ကြောင့် တာအိုကျမ်းစာတစ်ခုတွင် -

"အရာအားလုံးကို စွန့်လွှတ်နိုင်မှသာ သံသရာမှလွတ်ကင်းမည်" ဟု ရေးသားထားခြင်း ဖြစ်လေသည်။

ဘုန်းတော်ကြီးရာမ၏ မျက်ဝန်းများက ရေကဲ့သို့ ကြည်လင်နေလေသည်။

သူ၏မျက်ဝန်းများထဲတွင် အချိန်ရေစီးကြောင်းထက်မှ ပုံရိပ်ကို တွေ့မြင်နေရလေသည်။ ထို့နောက် ဘုန်းတော်ကြီးရာမသည် သက်ပြင်းရှည်တစ်ချက် ချလိုက်မိလေတော့သည်။

ဆန်းလျန်ကတော့ အချိန်ရေစီးကြောင်းတွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများကို သိရှိခဲ့ခြင်း မရှိပေ။ သူက လက်ရှိ အချိန်ကိုသာ အာရုံစိုက်နေခဲ့လေသည်။

ယွမ်တုစားက သူ့ကိုယ်သူ လေ့တစ်စင်းအဖြစ်ဖန်ဆင်းကာ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကို သေွးနီရောင်ပင်လယ်ထဲသို့ ခေါ်ဆောင်သွားလေသည်။ အရှေ့လေကတိုက်ခတ်နေပြီး ပင်လယ်ထဲတွင် လှိုင်းများထန်လျှက် ရှိလေ၏။

သွေးနီရောင်ပင်လယ်ထဲတွင် ကျွန်းများကို တွေ့မြင်ရခြင်းမရှိဘဲ ရုံဖန်ရံခါ သန္တာကျောက်တန်းလေးများကိုသာ တွေ့မြင်ရလေသည်။

သို့သော်... ထိုသန္တာကျောက်တန်းများသည် တကယ်တမ်းတွင် သန္တာကျောက်တန်းများ မဟုတ်ပေ။ သွေးနီရောင်ပင်လယ်ရေ၏ အနယ်ကျမှုကြောင့် ဖြစ်တည်လာသည့် ဝိညာဉ်စွမ်းအားပြည့်ဝသည့် သွေးနီရောင် ကျောက်တန်းများသာ ဖြစ်လေသည်။

လှေလေးက ဆက်လက်ထွက်ခွာလာပြီး သန္တာကျောက်တန်းများက ပိုမိုများပြားလာလေသည်။

ဆန်းလျန်က ရုတ်တရက် လှေကိုရပ်လိုက်ပြီး အဝေးသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ အဝေးတစ်နေရာတွင် သန္တာကျောက်တန်းများသည် ကောင်းကင်မှ ကြယ်စင်များအလား ပြွတ်သိပ်လျှက် ရှိလေသည်။

ထို့ပြင် သန္တာကျောက်တန်းများ၏ တည်ရှိမှုမှာလည်း

အစီအစဉ်တကျရှိလှလေသည်။

ကျောက်ရှောင်ယွီက...

"ဒါက အရံအတားတစ်ခုလား..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ဒီ သန္တာကျောက်တန်းတွေရဲ့ဖွဲ့စည်းပုံက ကျီဝေးကြယ်

အစုအဝေးထဲက ရွှမ်ဝေးကြယ်စင်ရဲ့ဖွဲ့စည်းပုံနဲ့ဆင်တူတယ်၊

တော်တော်ကျွမ်းကျွမ်းကျင်ကျင်ပြုလုပ်ထားတဲ့ အရံအတား

တစ်ခုပဲ၊ ကြည့်ရတာ...ဓားနတ်သမီး ပြုလုပ်ထားတဲ့

အရံအတားပဲ ဖြစ်ရမယ်၊ ဒီမိန်းကလေး တကယ်တော်တာ

ပဲ..."

နှစ်ပေါင်းသောင်းနှင့်ချီအောင် ကျင့်ကြံခဲ့ကြသည့် နတ်ဘုရား

များပင်လျှင် ရွှမ်ဝေးကြယ်စင်အရံအတားကို ကျော်ဖြတ်နိုင်

ကြလိမ့်မည်မဟုတ်ပေ။

ဆန်းလျန်၏ ပါးစပ်မှ "တကယ်တော်တာပဲ" ဟု ထုတ်ဖော်

ချီးကျူးခံရသူသည် တကယ်လည်း တော်လွန်းသောကြောင့်

ဖြစ်လေသည်။

အခန်း (၈၄၁) မိုးနတ်မင်း၏သင်္ချိုင်းဂူ

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဒါဖြင့် ဒီအရံအတားကို ရှင် ချိုးဖျက်ပြပေတော့..."

ဆန်းလျန်က...

"သူများက ပင်ပင်ပန်းပန်းလုပ်ထားတာကို ကျုပ် ဖျက်စီးမပစ်ချင်ပါဘူးဗျာ..."

ဆန်းလျန်၏ စကားဆုံးသွားသည်နှင့် လေ့ငယ်လေးသည် သန္တာကျောက်တန်းများထဲတွင် ငါးတစ်ကောင်အလား ကွေ့ပတ်ထွက်ခွာသွားလေသည်။

သို့သော်... တစ်နေရာအရောက်တွင်တော့ စိမ်းပြာရောင်ကြွယ်စင်အလား အလင်းရောင်မှိန်မှိန်လင်းလက်နေသည့် ကျောက်တန်းတစ်ခုကို တွေ့လိုက်ရလေသည်။

ထိုနေရာသို့ရောက်သည်နှင့် ဆန်းလျန်တို့ စီးလာသည့်လှေငယ်သည် ဝဲကန်တော့တစ်ခုအတွင်းသို့ ကျရောက်သွားလေတော့သည်။ လှေလေးသည် ဝဲကန်တော့ထဲတွင် ငှက်မွှေးလေးတစ်စအလား လည်ပတ်လျှက် ရှိလေသည်။

ထို့နောက် လှေငယ်လေးသည် ဝဲကန်တော့အတွင်းပိုင်းသို့ စုပ်ယူခံလိုက်ရပြီး ကျယ်ပြန့်သည့်မြေပြင်တစ်ခုထက်သို့ ရောက်ရှိသွားလေသည်။

မြေပြင်ထက်တွင် လေပြေလေးက တိုက်ခတ်နေလေသည်။

မြေပြင်ကလည်း သန့်ရှင်းပြီး ခြောက်သွေ့သည်။

မည်သည့်နေရာက ထွက်ပေါ်နေမှန်းမသိသည့် အလင်းရောင်များကလည်း လင်းလက်နေပြီး ကြယ်ရောင်များနှင့် ခပ်ဆင်ဆင်တူလေသည်။

ဆန်းလျန်က ပတ်ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်လိုက်ရင်း...

"ဒီနေရာကိုတည်ဆောက်ထားတာ တော်တော် တော်တာပဲ ၊ ကြယ်စင်စွမ်းအားတွေကို အသုံးပြုပြီး တည်ဆောက်ထားတာ..."

ကျောက်ရှောင်ယွီက...

"ကြယ်စင်စွမ်းအားတွေက သန့်စင်ပြီး လွှမ်းမိုးနိုင်စွမ်းရှိတယ် ၊ ကျင့်ကြံခြင်းအဆင့် အတော်လေးမြင့်မှ ဒီလိုမျိုး ဖန်ဆင်းနိုင်မှာပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျင့်ကြံသူတစ်ယောက်ဆိုတာက ခန့်မှန်းရခက်ပါတယ်လေ..."

ကျောက်ရှောင်ယွီက ဆန်းလျန်၏ စကားကို ခေါင်းညိတ်ထောက်ခံလိုက်သည်။

လောကတွင် ဇွဲရှိသူအလွန်နည်းပါးလေသည်။ သို့သော်... ကျင့်ကြံသူဖြစ်လာသူတိုင်းကတော့ ဇွဲကြီးကြသူများ ဖြစ်ကြလေသည်။

လူအများက ကျင့်ကြံသူများကို သွေးအေးပြီးရက်စက်တတ်သူများဟု ထင်ကြသော်လည်း အမှန်တော့ ထိုသို့ မဟုတ်ပေ။ သူတို့သည် ဆုံးဖြတ်ချက်ခိုင်မာစွာချပြီး လိုချင်သည့်အရာကို

ရအောင် ရှာဖွေကြရသည့်အတွက် အခြားအရာများကို ဂရုမ
စိုက်နိုင်ကြတော့ဘဲ သွေးအေးသူများအဖြစ် ထင်မှတ်ခံရခြင်း
သာ ဖြစ်လေသည်။

ဆန်းလျန်တို့ရောက်ရှိနေသည့်နေရာသည် အသူရာမျိုးနွယ်များ
နေထိုင်ရာနေရာသို့ ဝင်ပေါက်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ... မလှမ်းမကမ်းတွင် ကင်းလှည့်နေ
ကြသည့် အသူရာအုပ်စုတစ်စုကို တွေ့လိုက်ကြရသောကြောင့်
ဖြစ်လေ၏။

ဆန်းလျန်နှင့်ကျောက်ရှောင်ယွီတို့က ကိုယ်ယောင်ဖျောက်ထား
ကြသည့်အတွက် အသူရာကင်းသမားများက သူတို့
(၂)ယောက်ကို တွေ့မြင်နိုင်ကြခြင်း မရှိပေ။

အသူရာမျိုးနွယ်တို့နေသည့်နေရာက သာမန်နေရာတစ်ခုနှင့်မ
တူပေ။ တာအိုနန်းတော်တစ်ခုနှင့် ခပ်ဆင်ဆင်တူလေသည်။

ဆန်းလျန်နှင့်ကျောက်ရှောင်ယို့ အသူရာကင်းသမားများကြား

တွင် ဖြတ်သန်းလမ်းလျှောက်လာကြပြီး တစ်နေရာအရောက်

တွင် ကျောက်ပြားတစ်ချပ်ကို တွေ့လိုက်ကြရသည်။

ကျောက်ပြားထက်တွင် ကဗျာတစ်ပုဒ် ရေးသားထားလေ

သည်။

"အနိမ့်အမြင့်မရှိလေသော 'နတ်ဘုရားကျင့်စဉ်များ'...

တိမ်တိုက်များထက်က နှင်းပွင့်လေးများအလား...

သစ်ပင်များကို ရှင်သန်ကြီးထွားစေခဲ့...

လေထဲက ယာဇ်ပလ္လင်ကတော့ လမင်းဆီရောက်ရန် ကျင့်ကြံ

နေဆဲ...

ကျင့်ကြံခြင်း၏အနှစ်သာရကတော့ စိတ်နှလုံးစင်ကြယ်ခြင်း

ပင်...

စိတ်နှလုံးစင်ကြယ်သူ မည်သူမဆို ထူးခြားသည့် ဤနေရာသို့

ဝင်ရောက်နိုင်ပါသည်..."

ကျောက်ရှောင်ယွီက...

"ရေးထားတာ ကောင်းသားပဲ.."

ဆန်းလျန်က...

"အင်း... မဆိုးပါဘူး..."

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီတို့ ကျောက်ပြားနားတွင်ရပ်ကာ ကဗျာကို ဖတ်ပြီးသည့်နောက် ရှေ့ဆက်လျှောက်ခဲ့ကြလေသည်။

ရှေ့အနည်းငယ်လျှောက်သွားပြီးသည့်နောက် လမ်းတစ်လမ်းကို တွေ့ရပြန်သည်။

လမ်းထိပ်တွင်...

"အရိုးဖြူတာအိုနန်းတော်သို့..."

ဟု ရေးသားထားလေသည်။

ကျောက်ရှောင်ယွီက ဆိုင်းဘုတ်ကိုဖတ်ပြီး သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အရိုးဖြူတာအိုနန်းတော်တဲ့..."

ဘာကြောင့်မှန်းမသိ။

ထိုစာလုံးများကိုဖတ်ပြီး သူမ ဝမ်းနည်းသလိုခံစားလိုက်ရသည်။ လူသားများဆိုသည်က အချိန်တန်လျှင် သေဆုံးသွားကြပြီး အရိုးဘဝဖြင့်သာ အဆုံးသတ်ရမည်ဖြစ်သည်။

သူမအနေဖြင့် ကျင့်စဉ်လမ်းကိုလျှောက်လှမ်းခဲ့ပြီး နှစ်ပေါင်းများစွာ အသက်ရှည်ကြာခဲ့သည့်တိုင် လူသားပေါင်းများစွာကတော့ သေခြင်းလမ်းကို လျှောက်လှမ်းခဲ့ကြရပြီ။

ကျောက်ရှောင်ယွီက...

"သံသရာကို မကျော်လွန်နိုင်သေးသရွေ့ ကျွန်မတို့အားလုံးဟာ သေခြင်းတရားကို ရင်ဆိုင်ကြရဦးမှာပါပဲ..."

ဆန်းလျန်က တိတ်ဆိတ်နေပြီး သူမကို မည်သည့်စကားမှ ပြန်မပြောခဲ့ပေ။

လမ်းအဆုံးတွင်တော့ တာအိုနန်းတော်တစ်ခုကို တွေ့လိုက်ကြရလေသည်။ တာအိုနန်းတော်မှာ ရိုးရှင်းသည့်ကျောက်တုံးနန်းတော်တစ်ခုဖြစ်သော်လည်း အလွန်ကြီးမားပြီး လူပေါင်းထောင်နှင့်ချီပြီးနေနိုင်လောက်အောင် ကြီးမားကျယ်ပြန့်လေသည်။

နန်းတော်ရှေ့ရှိ မြေကွက်လပ်တွင် အသူရာများစွာ သိုင်းလေ့ကျင့်နေကြလေသည်။

အော်ဟစ်သံများ ၊ တိုက်ခိုက်သံများ ဆူညံလျှက် ရှိလေသည်။

သို့သော်... ထိုအသံများကို သွေးနီရောင်ပင်လယ်အပြင်ဘက်မှ မကြားရလေအောင် အရံအတားပြုလုပ်ထားလေ၏။

အသူရာများကို အဖွဲ့ (၉)ဖွဲ့ ဖွဲ့ထားပြီး သေသေချာချာ စနစ်တကျ လေ့ကျင့်နေကြခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီက...

"သူတို့က လျှို့ဝှက်ပြီး လေ့ကျင့်နေကြတာပဲ..."

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် အသူရာများ စည်းစည်းလုံးလုံး ကျင့်ကြံနေကြသည်ကို အတန်ကြာကြည့်နေကြလေသည်။

ထို့နောက် ဆန်းလျန်က ဆက်မကြည့်တော့ဘဲ ကျောက်ရှောင်ယွီကိုခေါ်ကာ အရိုးဖြူတာအိုနန်းတော်ရှေ့သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။

နန်းတော်ရှေ့သို့ရောက်သည်နှင့် လေးဘက်လေးတန်မှ လျှပ်စီးအလင်းရောင်များ ထွက်ပေါ်လာလေသည်။ သို့သော်... မိုးကြိုးတန်ခိုးစွမ်းအားများက ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကို ထိခိုက်နိုင်စေခြင်းမရှိဘဲ ပြန်လည် ပျောက်ကွယ်သွားလေသည်။

သူတို့ ရင်ဆိုင်လိုက်ရသည်မှာ ယင်နှင့်ယန် လျှို့ဝှက်ထောင်ချောက်တစ်ခုဖြစ်လေသည်။နန်းတော်တံခါးရှေ့သို့ လူစိမ်းသူစိမ်းရောက်လာသည်နှင့် အနေအထားပြောင်းလဲကာ

ယင်နှင့်ယန် မိုးကြိုးတန်ခိုးစွမ်းအား၏ တိုက်ခိုက်ခြင်းကို ခံရမည် ဖြစ်သည်။

သို့သော်... မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားသည့် ထောင်ချောက်ဖြစ်ပါစေ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကိုတော့ ထိခိုက်နိုင်စေခြင်း မရှိပေ။

ကျောက်တုံးနန်းတော်အခန်းတံခါးပွင့်သွားပြီး အလွန်ချောမောလှပသည့် မိန်းမပျိုတစ်ယောက် ထွက်ပေါ်လာလေသည်။

သူမ၏ မျက်ဝန်းများက ကြယ်စင်များအလား တစ်လက်လက် တောက်ပနေလေ၏။ သို့သော်... သူမသည် နွေးထွေးခြင်း အလျဉ်းမရှိဘဲ အေးစက်ပြီး ကြောက်မက်ဖွယ်ရာ ဖြစ်လေသည်။

သူမ၏ မျက်ဝန်းများထဲတွင် အနည်းငယ်အံ့သြနေသည့် အရိပ်အယောင်ကို တွေ့မြင်ရလေသည်။

သူမနေထိုင်သည့်နေရာသို့ လူစိမ်းများဝင်ရောက်လာသည့်တိုင် သူမ လုံးဝသိရှိခဲ့ခြင်း မရှိသည့်အတွက် အံ့သြနေရခြင်း ဖြစ်လေသည်။

ထိုမိန်းမပျိုမှာ ဓားနတ်သမီးယွိလော်ရှားပင် ဖြစ်လေသည်။

သူမက...

"ဘယ်ကနတ်ဘုရားတွေများ ရောက်လာကြတာလဲ ၊ ကျွန်မလည်း မသိရပါလား..."

သူမ၏လက်ထဲတွင် မိုးကြိုးသွားတစ်ခုကို ကိုင်ဆောင်ထားလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် သူမသည် မိုးကြိုးစွမ်းအားကို ကောင်းကောင်းထိန်းချုပ်အသုံးပြုနိုင်သည်မှာ ထင်ရှားလေသည်။

ဆန်းလျန်က ပျော့ပြောင်းနူးညံ့သည့်အသံဖြင့်...

"စန်းရှောင်မိုးကြိုးတန်ခိုးစွမ်းအားကို မင်း ဘယ်ကနေ သင်ယူခဲ့တာလဲ..."

အသံသာကြားရသည့်တိုင် ယွိလော်ရှားသည် ဆန်းလျန်ကို မြင်တွေ့နိုင်ခြင်း မရှိပေ။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီက ကိုယ်ယောင်ဖျောက်ထားဆဲဖြစ်သောကြောင့်ပင်။

ယွိလော်ရှားက...

"ဧကရာဇ်ရဲ့ သချႋင်းဂူမှာ ရှာတွေ့ခဲ့တာ..."

ဆန်းလျန်က...

"ဘယ် ဧကရာဇ်ရဲ့ သချႋင်းဂူလဲ..."

ဓားနတ်သမီးယွိလော်ရှားက...

"ဧကရာဇ်ဆိုတာ မိုးနတ်မင်းကိုပြောတာ ၊ မိုးနတ်မင်းရဲ့ သချႋင်းဂူ..."

သူမ၏ အဖြေစကားကြောင့် ကျောက်ရှောင်ယွီမှာ အံ့သြ

တုန်လှုပ်သွားလေသည်။

မိုးနတ်မင်းကျဆုံးသွားခဲ့သည်ကို အားလုံးသိရှိထားကြ

သော်လည်း မိုးနတ်မင်း မည်သို့နတ်ရွာစံသွားခဲ့သည် ၊ မိုးနတ်

မင်းကို မည်သည့်နေရာတွင် မြှုပ်နှံထားခဲ့သည်ကို မည်သူမှ မ

သိရှိခဲ့ကြပေ။

ယခု ဓားနတ်သမီးယွိလော်ရှားပြောသည့်စကားသည်သာ

စကြာဝဠာတစ်ခုလုံးသို့ ပျံ့နှံ့သွားပါက တစ်လောကလုံး

တုန်လှုပ်ခြောက်ခြားသွားကြမည် ဖြစ်လေသည်။

ဆန်းလျန်က...

"မင်း ကျုပ်ကို အဲဒီနေရာကို လိုက်ပို့ပေးနိုင်မလား..."

စကားသံဆုံးသွားသည်နှင့် တန်ခိုးစွမ်းအားတစ်ခုက ယွိလော်

ရှား၏ ခန္ဓာကိုယ်ဆီသို့ ဝင်ရောက်လာကာ သူမကို ထိန်းချုပ်

ထားလိုက်လေသည်။

သူမသည် ခုခံတိုက်ခိုက်ချိန်ပင်မရလိုက်ဘဲ ထိုတန်ခိုး

စွမ်းအား၏ ရစ်ပတ်ခေါ်ဆောင်သွားခြင်းကို ခံလိုက်ရပြီး အရိုး

ဖြူတာအိုနန်းတော်ရှေ့မှ သွေးနီရောင်ပင်လယ်ထက်သို့

ချက်ချင်း ရောက်ရှိသွားလေတော့သည်။

သူမရှေ့တွင် လူငယ်လေးတစ်ယောက်နှင့် မိန်းမပျိုတစ်

ယောက် မတ်တတ်ရပ်နေကြလေသည်။

လူငယ်လေးက အလွန်ချောမောပြီး အသရေနှင့်ပြည့်စုံလွန်း

သည်။

မိန်းမပျိုကတော့ အလွန်တရာချောမောလှပရုံသာမက ကမ္ဘာ

ပေါ်ရှိအခြားသောမိန်းကလေးများမှာ သူမရှေ့တွင် သိမ်ငယ်

ခံစားရသည်အထိ ဖြစ်ရလောက်အောင် တင့်တယ်လှပလွန်း

သည်။

မိန်းမပျိုက နှုတ်ခမ်းထောင့်လေးများ အနည်းငယ်တွန့်ကွေး

ကာ ပြုံးနေလေသည်။

နဂိုကပင် အလွန်တရာချောမောလှပသော မိန်းမပျိုသည် ထိုသို့ ချစ်စဖွယ်အပြုံးလေးကို ဆင်မြန်းလိုက်သောအခါ စကြာဝဠာ တစ်ခုလုံးတွင် ပြိုင်ဘက်ကင်းသည့်အလှတရားကို ပိုင်ဆိုင်သူ အဖြစ် ပြောင်းလဲသွားလေတော့သည်။

ကျောက်ရှောင်ယွီက...

"ကောင်မလေး ၊ ငါတို့ကို မိုးနတ်မင်းရဲ့ သချႋင်းဂူကို လိုက်ပို့ ပေးပါ ၊ မင်းကို ဒုက္ခမပေးပါဘူး..."

ကျောက်ရှောင်ယွီ၏အသံလေးမှာ အလွန်တရာ သာယာနာ ပျော်ဖွယ်ဖြစ်ပြီး ကြားရသူတိုင်း သူမစကားကို ခေါင်းညိတ် နာခံသွားစေနိုင်လေသည်။

ယွိလော်ရှားသာ တင်းထားသည့်စိတ်ကို လျှော့ချလိုက်မည်ဆို လျှင် သူမသည်လည်း ကျောက်ရှောင်ယွီ ခိုင်းသည့်အတိုင်း တ သွေမတိမ်းလိုက်လုပ်မိမည် ဖြစ်လေသည်။

သူမဘဝတွင် ထိုမျှ ညှို့ငင်နိုင်မှုစွမ်းအားပြည့်ဝသည့် တန်ခိုး

စွမ်းအားမျိုးကို တစ်ခါမှ မတွေ့ဖူးခဲ့ပေ။

သူမသည် သွေးနီရောင်ပင်လယ်ထဲတွင်သာနေထိုင်ခဲ့

သည့်အတွက် အနည်းငယ် တုံး ၊ အ ပြီး ပြင်ပလောကမှ နတ်

ဘုရားများအကြောင်းကို မသိခြင်းလည်း ဖြစ်နိုင်လေသည်။

အခန်း (၈၄၂) မင်းကိုစောင့်နေတာကြာခဲ့ပြီ

ယွိလော်ရှားကအေးစက်စွာပြုံးလိုက်ရင်း...

"ကျွန်မက လိုက်မပို့နိုင်ဘူးဆိုရင်ရော..."

ကျောက်ရှောင်ယွီက မည်သည့်စကားမှ ပြန်မပြောတော့ပေ။

သူမက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး ယွိလော်ရှားကို စိုက်ကြည့်လိုက်သည်။

သူမ၏ အကြည့်က ပျော့ပြောင်းသော်လည်း မည်သူမှ ခုခံ ငြင်းပယ်နိုင်စွမ်းမရှိသည့် ညှို့ငင်စွမ်းအားများဖြင့် ပြည့်နေ လေသည်။ ယွိလော်ရှားသည် ကျောက်ရှောင်ယွီ၏အကြည့်ကို ခုခံနိုင်ခြင်း မရှိတော့ပေ။

ယွိလော်ရှား၏စိတ်ထဲတွင် သူမကြားဖူးသည့် ကျမ်းစာတစ်ခု ကို သတိရလိုက်မိသည်။

"မရှိမှု... ၊ မရှိမှုထဲမှ ဖြစ်တည်မှု ၊ ဖြစ်တည်မှုဆီမှ မရှိမှု... မရှိမှုသည် အစွန်းရောက်ခြင်းမရှိပေ။ အစွန်းရောက်ခြင်းမရှိ လျှင် မကောင်းမှုမိစ္ဆာမှ ကင်းစင်လေသည်။ ထိုအရာကို ထိုက် ချိဟုခေါ်ပြီး တာအိုကျင့်စဉ်တိုင်း၏ အခြေခံအချက်ဖြစ်လေ သည်။”

ဆိုသည့် ကျမ်းစာဖြစ်လေသည်။

ယွိလော်ရှား အသူရာချောက်တွင် လှည့်လည်သွားလာနေစဉ်က တစ္ဆေတစ်ကောင်ထံမှ သိခဲ့ရသည့် ကျမ်းစာဖြစ်သည်။ ထိုတစ္ဆေသည် အခြားသူများကဲ့သို့ သူလိုကိုယ်လိုပင် ဖြစ်လေသည်။ သို့သော်… ဉာဏ်ပညာနှင့်ပြည့်စုံသည့်အတွက် အခြားသောတစ္ဆေများ၏ လေးစားခြင်းကို ခံရသူဖြစ်သည်။ နောက်ပိုင်း ထိုတစ္ဆေသည် စန်းလော်ခန်းမဆောင်တွင် အာဏာရှိသည့် တရားသူကြီးတစ်ယောက်ဖြစ်လာပြီး ယမမင်း၏ တန်ဖိုးထားလေးစားမှုကို ခံရသည်ဟု သူမ ကြားသိခဲ့ရသည်။

ကျောက်ရှောင်ယွီ၏မျက်ဝန်းများမှာ ထိုတစ္ဆေပြောပြခဲ့သည့် ကျမ်းစာထဲမှ “မရှိမှုတရား” ဖြင့် ပြည့်နက်လျှက်ရှိလေသည်။

နှစ်ပေါင်းများစွာကျင့်ကြံခဲ့ပြီးသည့်နောက် ယွိလော်ရှားသည် ဝူကျီ (မရှိမှုတရား) ၏အစိပ်ပွါယ်ကို တဖြည်းဖြည်းနားလည်လာခဲ့သည်။ သို့သော်… နားလည်သည့်တိုင် လက်တွေ့ကျင့်ကြံရန်မှာတော့ မဖြစ်နိုင်သေးပေ။

ယခု ကျောက်ရှောင်ယွီ၏ မျက်ဝန်းများထဲတွင် "မရှိမှုတရား”

ကို ရှင်းရှင်းလင်းလင်းတွေ့မြင်နေခဲ့ရပြီ ဖြစ်သည်။ ထိုမိန်းမပျို

သည် သူမ၏ ပြိုင်ဘက်မဟုတ်ကြောင်းကို ယွိလော်ရှား

ကောင်းကောင်း သဘောပေါက်သွားခဲ့လေပြီ။

ထိုမိန်းမပျို၏ဘေးတွင် ရပ်နေသည့် လူငယ်သည်လည်း မည်

မျှအဆင့်မြင့်မားသည့် နတ်ဘုရားတစ်ပါးဖြစ်သည်လဲ ယွိလော်

ရှား မခန့်မှန်းနိုင်ပေ။

(၅)စက္ကန့်မျှကြာပြီးသည့်နောက် ယွိလော်ရှားက...

"မိုးနတ်မင်းရဲ့ သင်္ချိုင်းဂူကို ကျွန်မက မတော်တဆ ရောက်

သွားတာပါ ၊ ဒါပေမဲ့ ဘယ်နေရာမှာလဲဆိုတာ ရှင်တို့ကို ပြောပြ

ပေးနိုင်ပါတယ်...”

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဒါဖြင့် ဘယ်နေရာမှာလဲ..."

ယွီလော်ရှားက...

"ယင်းစန်းတောင်ခြေမှာ..."

ဆန်းလျန်က...

"အင်း... သူပြောတာမှန်တယ်..."

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေရာ ရေကဲ့သို့ ကြည်လင်သည့် အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။

အလင်းရောင်ထဲတွင် ကြေးမုံကဲ့သို့ကြည်လင်သည့်မြင်ကွင်း တစ်ခု ပေါ်လာသည်။

မြင်ကွင်းထဲတွင် ယင်းစန်းတောင်ကြီးပေါ်လာပြီး တောင်ခြေတွင် ဂူပေါက်တစ်ခုရှိနေလေသည်။ ထိုဂူပေါက်ထဲမှ ယွိလော်ရှားထွက်လာသည်ကို တွေ့မြင်ကြရသည်။

ဂူပေါက်အဝင်ဝတွင် "မိုးနတ်မင်း၏ သချႋင်းဂူ" ဟု ရေးသားထားလေသည်။ သို့သော်... ဂူပေါက်ဝတွင် သွေးနီရောင်

ပင်လယ်ရေများက ဖုံးလွှမ်းနေသည့်အတွက် တော်ရုံလူတွေ့မြင်နိုင်ရန် ခက်ခဲလွန်းလှသည်။

မြင်ကွင်းကိုတွေ့မြင်လိုက်ရသည်နှင့် ယွိလော်ရှား မျက်နှာတစ်ချက်ပျက်သွားပြီး...

"ရှင်တို့မှာ ဒီလိုသိမြင်နိုင်တဲ့တန်ခိုးစွမ်းအားတွေပိုင်ဆိုင်ထားတာပဲ ၊ ဘာလို့ ကျွန်မကို မေးနေရသေးတာလဲ..."

ဆန်းလျန်က...

"ကောင်မလေး... မင်းက သိပ်ရိုးသားတာပဲ ၊ ဒါပေမဲ့ မင်းကျင့်ကြံနေတဲ့ စန်းရှောင်မိုးကြိုးတန်ခိုးစွမ်းအားက နည်းနည်းလွဲနေတယ်..."

ယွိလော်ရှားက...

"ကျွန်မ အခုချိန်ထိ ကျင့်ကြံလာတာ ဘာပြဿနာမှ မရှိသေးဘူး ၊ ဘာလို့ လွဲနေရမှာလဲ..."

ဆန်းလျန်က...

"မိုးကြိုးတန်ခိုးစွမ်းအားရဲ့ အနှစ်သာရမှာ ယင်နဲ့ယန်ရဲ့ သဘောတရားကို မင်း သေချာနားမလည်နိုင်သေးဘူး မဟုတ်လား ၊ မင်းနားလည်ထားတဲ့ ယင်နဲ့ယန်အကြောင်းက အပေါ်ယံပဲ ရှိသေးတယ် ၊ မင်း ဒီအတိုင်းသာဆက်ပြီးကျင့်ကြံသွားမယ်ဆိုရင် အနောက်အနှစ် (၃၀၀)မှာ မင်းရဲ့ နတ်ဘုရားခန္ဓာ ပျက်စီးရလိမ့်မယ် ၊ စစ်မှန်တဲ့မူလဝိညာဉ်ခန္ဓာလည်း ရရှိမှာမဟုတ်ဘူး..."

ယွိလော်ရှားက...

"ရှင်ပြောတာ ကျွန်မ မယုံဘူး..."

ဆန်းလျန်က...

"ယုံချင်ယုံ မယုံချင်နေပေါ့ ၊ မိုးကြိုးတန်ခိုးစွမ်းအားနဲ့ပတ်သက်တဲ့ တာအိုကျမ်းစာတစ်ခု မင်းကိုပေးခဲ့မယ် ၊ မင်းဖတ်ကြည့်ပြီး ကိုယ့်ဟာကိုယ် စဉ်းစားသုံးသပ်ပါ..."

ထို့နောက် ဆန်းလျန်က အင်္ကျီလက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်ရာ ရွှေရောင် စာလွှာလေးတစ်ခု ထွက်ပေါ်လာပြီး ယွီလော်ရှား၏လက်ထဲသို့ ရောက်ရှိသွားလေသည်။

စာပေလွှာလေးသည် အလွန်ပေါ့ပါးသည်ဟု ထင်မှတ်ရသော်လည်း ယွီလော်ရှား၏လက်ထဲတွင်တော့ အလွန်လေးလံသည့် ကျမ်းစာတစ်ခု ဖြစ်နေခဲ့လေသည်။ သူမသည် စာပေလွှာကို လက်ဖြင့်ကိုင်ထားရန်ပင် မတတ်နိုင်ဖြစ်နေရသည်။

သို့သော်… သူမ စာပေလွှာလေးကို ဖတ်လိုက်မိသည်နှင့် စာပေလွှာထက်မှ စကားလုံးများက သူမ၏နှလုံးသားအတွင်းသို့ စီးဆင်းဝင်ရောက်သွားလေတော့သည်။

"ယင် နှင့် ယန် ၊ မိုးမြေ၏ကျင့်စဉ်လမ်းအခြေခံ ၊ အရာအားလုံး၏ မူလအစ ၊ သေခြင်းရှင်ခြင်းတို့၏အစ ...."

သူမသည် အစပိုင်းကိုဖတ်မိသည်နှင့် အကြောင်းအရာများကို အလွန်စိတ်ဝင်စားသွားလေတော့သည်။

သူမသည် မိုးကြိုးတန်ခိုးစွမ်းအားကို ကျင့်ကြံခဲ့သော်လည်း ကျင့်ကြံခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို နားလည်နိုင်စွမ်း အလွန်နည်းပါးသေးကြောင်း လက်ထဲမှ ကျမ်းစာကိုဖတ်ရင်းသိရှိလိုက်ရသည်။

ကျမ်းစာကိုဖတ်ရင်း သူမ ကျင့်ကြံရင်း နားမလည်နိုင်ဖြစ်နေရသည့်အချက်များကိုပါ တဖြည်းဖြည်းနားလည်လာရသည်။

သူမ ဆန်းလျန်ပေးသည့် တာအိုကျမ်းစာကို စိတ်ဝင်တစားဖတ်နေရင်း သတိပြန်ဝင်လာသည့်အချိန်တွင်တော့ သူမနေထိုင်ရာ ကျောက်တုံးနန်းတော်အတွင်းသို့ ပြန်ရောက်နေခဲ့ပြီ ဖြစ်လေသည်။

သူမ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များမှာ အိပ်မက်ပမာဖြစ်လေသည်။

သို့သော်... သူမ၏လက်ထဲမှ စာပေလွှာလေးကိုကြည့်လိုက်မိသည့်အခါ အိပ်မက်မဟုတ်ကြောင်း သက်သေပြနေပြန်သည်။

သူမ၏ဘဝတွင် ထိုမျှကြောက်မက်ဖွယ်ရာကောင်းသည့် နတ်ဘုရားများနှင့်တွေ့ဆုံရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်လေသည်။ သူမအနေဖြင့် ထိုနတ်ဘုရားများကို လုံး၀ ခုခံနိုင်စွမ်း မရှိခဲ့ပေ။

ထိုနတ်ဘုရားများက သူမကို အဖိုးတန်လွန်းသည့် တာအိုကျင့်စဉ်ကိုပေးခဲ့သည့်တိုင် သူမသည်စိတ်ရှုတ်ထွေးပြီး မခံချင်ဖြစ်နေဆဲ ဖြစ်လေသည်။

....

သွေးနီရောင်ပင်လယ်ထက်ရှိ လှေငယ်လေးတစ်စင်းပေါ်တွင်တော့ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီရှိနေလေသည်။

ကျောက်ရှောင်ယွီက...

"ရှင် ဘာလို့ သူ့အပေါ် အရမ်းကောင်းရတာလဲ..."

ဆန်းလျန်က...

"ဒီကလေးက ကျုပ်နဲ့ တစ်ခုခု ပတ်သက်မှုရှိနေတယ်..."

ဆန်းလျန်၏ အဖြေစကားကိုကြားသည့်အခါ ကျောက်ရှောင်ယွီက ထပ်ပြီး မေးမြန်းခြင်း မပြုတော့ပေ။

သူမသည် ဆန်းလျန်၏ ယိလမ်းစဉ်အကြောင်းကို သိထားပြီးသားဖြစ်လေသည်။ ယိလမ်းစဉ်အရ ဆန်းလျန်ခန့်မှန်းလိုက်လျှင် မှားယွင်းသည်ဆိုသည်မှာ မရှိသလောက်ပင်ဖြစ်သည်။

သို့သော်... အသူရာမျိုးနွယ် မိန်းကလေးငယ်တစ်ယောက်က ဆန်းလျန်နှင့် မည်သို့ပတ်သက်သည်ကိုသာ သူမ စဉ်းစားနေမိလေသည်။

လှေငယ်လေးသည် အနောက်ဘက်သို့ ရွက်လွှင့်လာခဲ့ပြီး မျက်စိတစ်မှိတ်အတွင်းမှာပင် တောင်နှင့်ချီသည့် တောင်တန်းများကို ဖြတ်ကျော်သွားခဲ့လေသည်။

မည်မျှကြာကြာသွားခဲ့ရသည်လည်းမသိ ၊ နောက်ဆုံးတောင်မြင့်ကြီးတစ်လုံးရှိရာသို့ သူတို့ရောက်ရှိလာကြသည်။

ထိုတောင်မှာ ယင်းစန်းတောင်ဖြစ်လေ၏။

ယင်းစန်းတောင်တစ်ဖက်ခြမ်းတွင် သွေးနီရောင်ပင်လယ်ရှိပြီး ယင်းစန်းတောင်၏ အခြားသောတစ်ဖက်ခြမ်းတွင် ဝိညာဉ်မြစ်ရှိလေသည်။

သွေးနီရောင်ပင်လယ်၏အနီရောင်ရေပြင်နှင့် ဝိညာဉ်မြစ်ရေ၏အဝါရောင်ရေပြင်တို့ကို ယင်းစန်းတောင်က ပိုင်းခြားပေးထားလေသည်။

ယင်းစန်းတောင်တစ်ဖက်ခြမ်းတွင် မြူခိုးများဆိုင်းနေပြီး မြက်များနှင့် တောပန်းများ ပေါက်ရောက်နေလေသည်။ ယင်းစန်းတောင်နှင့် တဖြည်းဖြည်းနီးကပ်လာသည်နှင့်အမျှ မွှေးရနံ့တစ်ခုရရှိလိုက်ကြပြီး စကားဖြင့်ဖော်ပြရန်မှန်ခက်ခဲသည့် မွှေးအနံ့မျိုးဖြစ်လေသည်။

လှေငယ်လေးက ကမ်းခြေတွင်ဆိုက်ကပ်လိုက်ပြီး ဆန်းလျန်က လှေငယ်ကို ယွမ်တုစားအဖြစ်ပြန်လည်ပြောင်းလဲလိုက်ကာ ခါးတွင်ချိတ်ထားလိုက်သည်။

ကျောက်ရှောင်ယွီက...

"ဒီနေရာမှာ ဘာမှလဲ မရှိပါလား..."

ယင်းစန်းတောင်ခြေတွင် မိုးနတ်မင်း၏သချႋုင်းဂူဆိုသည်ကို

သူတို့ တွေ့ရှိရခြင်း မရှိပေ။

အခြားသောနတ်ဘုရားများက ဂူပေါက်ကိုဖုံးကွယ်ထားမည်ဆို

လျှင်တောင်မှ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီက ဂူပေါက်ကို

ရှာဖွေလိုလျှင် မည်သည့်အရာကမှ ဖုံးကွယ်ထားနိုင်မည်မဟုတ်

ပေ။

သို့သော်... ယခုတော့ ယင်းစန်းတောင်ခြေတွင် မည်သည့်ဂူ

ပေါက်မှ မရှိသည်ကို သူတို့သိလိုက်ကြရသည်။

ထို့ကြောင့် သူတို့ ယင်းစန်းတောင်ပေါ်သို့ တက်လာခဲ့ကြလေ

သည်။ ယင်းစန်းတောင်ပေါ်သို့ တက်လာကြသည်အထိ သူတို့

ကို တားဆီးမည့်သူ တစ်ယောက်မှ မရှိခဲ့ကြပေ။

သို့သော်… ရုတ်တရက် သူတို့ရှေ့တွင် သစ်ပင် (၂)ပင်ပေါ်လာပြီး သစ်ပင် (၂)ပင်အလယ်တွင် ဘုန်းတော်ကြီးတစ်ပါး မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ကြရသည်။

ဘုန်းတော်ကြီးက သင်္ကန်းကို ရိုးရှင်းစွာပင် ဝတ်ရုံထားပြီး လည်ပင်းတွင်စိတ်ပုတီးဆွဲထားခြင်း ၊ လက်ထဲတွင်သစ်သားငါးရုပ်တုံးကို ကိုင်ဆောင်ထားခြင်းများ မရှိပေ။

သူက ကြည်လင်သည့်မျက်ဝန်းများဖြင့် ဆန်းလျန်ကို စိုက်ကြည့်နေပြီး နူးညံ့သည့်လေသံဖြင့် စကားပြောလိုက်သည်။

"ဆန်းလျန်… ကျုပ်ဘုန်းကြီး မင်းကိုစောင့်နေတာ နှစ်ပေါင်းသောင်းနဲ့ချီကြာခဲ့ပြီ…"

ဆန်းလျန်က ဘုန်းတော်ကြီးကို မည်သည့်စကားမှ ပြန်မပြောခဲ့ပေ။

ဘုန်းတော်ကြီးက သူ့ဘေးနားမှ ရှားလော့သစ်ပင်ညီနောင်ကို တစ်ချက်ညွှန်ပြလိုက်ရင်း…

"မာရ်နတ်ပြောသွားတာတော့ ဒီသစ်ပင် နှစ်ပင်မှာ တစ်ပင်က အသိဉာဏ်ပညာသစ်ပင်၊ နောက်တစ်ပင်က အသက်သစ်ပင်တဲ့၊ သူပြောတာလည်း မမှားပါဘူး၊ ဒါပေမဲ့ ဒီသစ်ပင်ညီနောင်မှာ နောက်ထပ်အဓိပ္ပါယ်တစ်ခု ရှိသေးတယ်၊ အဲဒါကတော့ ရှားလော့သစ်ပင်ညီနောင်ကို ဖန်ဆင်းခဲ့တဲ့ နောက်ထပ်ပုဂ္ဂိုလ်တစ်ယောက်က ဗုဒ္ဓဖြစ်တယ် ဆိုတာပဲ၊ အဲဒီထက်ထူးခြားတဲ့ လျှို့ဝှက်ချက်တစ်ခုလည်း ရှိသေးတယ်၊ အဲဒါကတော့ တာအိုဆရာသခင်ထိုက်ယီကလည်း ရှားလော့သစ်ပင်ညီနောင်ကို ဖန်ဆင်းခဲ့သေးတယ်ဆိုတဲ့ အချက်ပါပဲ..."

ဆန်းလျန်က...

"အဲဒါ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီကြားက ယှဉ်ပြိုင်မှုပဲ မဟုတ်လား..."

ဘုန်းတော်ကြီးက...

"အမှန်ပါပဲ ၊ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီဟာ အကြိမ်ပေါင်းများစွာယှဉ်ပြိုင်ခဲ့ကြတယ် ၊ ဒီ သစ်ပင်နှစ်ပင်ကလည်း သူတို့ယှဉ်ပြိုင်မှုတွေထဲက တစ်ခုပါပဲ..."

ဆန်းလျန်က...

"နောက်ဆုံး ရှားလော့သစ်ပင်နှစ်ပင်အလယ်မှာ ဗုဒ္ဓဟာ စကြာဝဠာကိုကျော်လွန်သွားခဲ့တယ်လို့အဆိုရှိတယ် ၊ အဲဒါ သူတို့နှစ်ယောက် နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ ယှဉ်ပြိုင်မှုလား..."

ဘုန်းတော်ကြီးက...

"မဟုတ်ဘူး ၊ သူတို့ယှဉ်ပြိုင်ခဲ့ကြတဲ့ အချိန်တိုင်းမှာ ဘယ်သူမှ စကြာဝဠာကို ကျော်လွန်သွားကြခြင်း မရှိကြသေးပါဘူး... ၊ ပြီးတော့ ဘယ်သူနိုင်လဲ ဘယ်သူရှုံးလဲဆိုတာလဲ မသိနိုင်ကြပါဘူး..."

ဆန်းလျန်သည် တစ်စုံတစ်ခုကို နားလည်သဘောပေါက်သွားဟန်ရှိလေသည်။

ဘုန်းတော်ကြီး၏စကားများက အလွန်ထူးဆန်းပြီး သံသရာ

စက်ဝန်းမှကျော်လွန်နိုင်သည့် တရားဓမ္မများပါဝင်နေသည်ဟု

ခံစားရလေ၏။

ဆန်းလျန်က...

"ဆရာတော်ဆိုလိုတာက ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီက

ဘယ်နှစ်ကြိမ်ပဲ ယှဉ်ပြိုင်ပါစေ ရလဒ်က အနိုင်အရှုံးမကွဲပြား

ဘူးလို့ ဆိုလိုတာလား ၊ ဒါဆို ဘယ်လိုပဲ ပြောင်းလဲမှုတွေဖြစ်

ပေါ်လာပါစေ ယှဉ်ပြိုင်မှုရဲ့ ရလဒ်က အမြဲတမ်းအတူတူပဲ ဖြစ်

နေတာပေါ့... ၊ ဒါကြောင့်ပဲ ဘယ်လိုပဲယှဉ်ပြိုင်ကြပါစေ ဗုဒ္ဓက

လည်း ဗုဒ္ဓပဲဖြစ်ပြီး ၊ တာအိုဆရာသခင်ထိုက်ယီကလည်း တာ

အိုဆရာသခင်ကြီးတစ်ပါးဖြစ်နေဆဲပဲ ဆိုတဲ့ အဓိပ္ပါယ်ပေါ့"

ဘုန်းတော်ကြီးက...

"မင်း ဒီလိုနားလည်တာလည်း မမှားပါဘူး ၊ ဒါပေမဲ့ ကျုပ်တို့ရဲ့

အသိဉာဏ်လေးတစ်ထွာတစ်မိုက်လောက်နဲ့ ဗုဒ္ဓနဲ့ တာအိုဆရာ

သခင်ထိုက်ယီတို့နဲ့ပတ်သက်တဲ့ အကြောင်းအရာအားလုံးကို

ဘယ်နားလည်နိုင်မှာလဲ”

ဆန်းလျန်က...

"ဘာပဲဖြစ်ဖြစ် ခုလောက်သိရတာလည်း မဆိုးလှပါဘူး..."

ကျောက်ရှောင်ယွီက...

"နောက်ထပ်မေးခွန်းတစ်ခုလောက် မေးပါရစေ ဆရာတော်၊

မိုးနတ်မင်းရဲ့သချျုင်းဂူက ဘယ်ရောက်သွားတာလဲ...”

ဘုန်းတော်ကြီးက...

"တကယ်တော့ အဲဒါ အမှန်မဟုတ်ဘူး၊ ဓားနတ်သမီးယွိလော်

ရှားက မိုးနတ်မင်းရဲ့ သင်္ချိုင်းဂူကို ရောက်ခဲ့တာ မဟုတ်ပါဘူး၊

ကျုပ်ဖန်ဆင်းထားတဲ့ ဂူတစ်ခုကို ရောက်ခဲ့တာပါ၊ လူတစ်

ယောက်က သူ့ကို မိုးကြိုးတန်ခိုးစွမ်းအားကျင့်စဉ်ပေးချင်တယ်

ဆိုလို့ ကျုပ်က ကူညီပေးခဲ့တာပါ..."

ကျောက်ရှောင်ယွီက...

"အဲဒီလူက ဘယ်သူလဲ..."

ဘုန်းတော်ကြီးက အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"အဲဒီလူက တကယ်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ ၊ အခွင့်အရေးရမယ်ဆိုရင် အဲဒီလူနဲ့ ထပ်တွေ့ခွင့်ရပြီး ပညာပြိုင်ချင်သေးတယ် ၊ ဒါပေမဲ့ အဲဒီလူကို ထပ်တွေ့ဖို့ဆိုတာလည်း မဖြစ်နိုင်တော့ဘူး..."

ကျောက်ရှောင်ယွီက...

"ဆရာတော်က ဆန်းလျန်ကိုရော ဘာလို့စောင့်နေရတာလဲ..."

ဘုန်းတော်ကြီးက ကျောက်ရှောင်ယွီကို ထူးဆန်းသည့်အကြည့် တစ်ချက်ဖြင့်ကြည့်လိုက်သည်။

သူ၏အကြည့်က အံ့သြစရာကောင်းပြီး လျှို့ဝှက်နက်နဲမှုများဖြင့် ပြည့်နေလေသည်။ ကျောက်ရှောင်ယွီမှာ တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဖြစ်သည့်တိုင် ထိုအကြည့်ကို ရင်ဆိုင်

နိုင်စွမ်း မရှိခဲ့ပေ။ သူမသည် သတိလစ်မေ့မျောလုနီးပါး ဖြစ်သွားလေသည်။

ဆန်းလျန်က သူမ၏ပခုံးများကို အသာထိကိုင်လိုက်ကာ တန်ခိုးစွမ်းအားထည့်သွင်းပေးပြီး အခြေအနေမှ လွတ်မြောက်စေရန် ကူညီပေးလိုက်သည်။

ထိုအဖြစ်အပျက်များကို ရင်ဆိုင်ရပြီးသည့်နောက် ဘုန်းတော်ကြီးမှာ ထူးဆန်းသူတစ်ယောက်ဖြစ်ကြောင်း ကျောက်ရှောင်ယွီ ချက်ချင်းသဘောပေါက်သွားလေသည်။ ထိုဘုန်းတော်ကြီးသည် ဇင်ဗုဒ္ဓဘာသာ၏ လွတ်မြောက်ခြင်းလမ်းစဉ်ကို လောကတစ်ခုလုံးသိရှိအောင် ဖြန့်ဝေပေးနေသူ ဖြစ်လေသည်။ သူ၏တရားဖြန့်ဝေပေးနေခြင်းသည် အချိန်ရေစီးကြောင်းကို ကျော်လွန်နေလေသည်။

ထိုအချက်ကိုသိလိုက်ရသည့်အခါ သူမ၏စိတ်ထဲတွင် ရွှမ်တုတောက်ကျွင်းကို သတိရလိုက်မိသည်။ ဘုန်းတော်ကြီးနှင့် ရွှမ်တုတောက်ကျွင်း မည်သူက သာလွန်သည်လဲ မသိနိုင်ပေ။

ကျောက်ရှောင်ယွီက…

"ကြားဖူးတဲ့ သတင်းတွေထက်တောင် ဆရာတော်က ပိုပြီး တန်ခိုးစွမ်းအားတွေ မြင့်မားနေတာပဲ…"

ဆန်းလျန်က ကျောက်ရှောင်ယွီကို အသာဖက်ထားရင်းမှ တခြားလက်တစ်ဖက်က ယွမ်တုဓားကို တင်းတင်းဆုပ်ကိုင်ထားလိုက်လေသည်။

သူက အေးဆေးတည်ငြိမ်သည့်လေသံဖြင့်…

"ဆရာတော်က တိကျန်ဗောဓိသကျ လူပြန်ဝင်စားတာလား ၊ ဒါမှမဟုတ် တိကျန်ဗောဓိသကျ ကိုယ်တိုင်ပဲလား…"

ဘုန်းတော်ကြီးက…

"ကျုပ်နာမည်က ရာမလို့ ခေါ်ပါတယ်၊ ကျုပ်က တိကျန်ဗောဓိ သကျချန်ထားခဲ့တဲ့ ကျင့်စဉ်တွေကို ကျင့်ကြံနေခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊ အဲဒါဟာ ကျုပ်ဘဝမှာ အမှားကြီး မှားခဲ့တဲ့အရာတစ်ခုပါပဲ၊ ဘာလို့လဲဆိုတော့ တိကျန်ဗောဓိ သကျရဲ့ နက်ရှိုင်းတဲ့ တရားဓမ္မတွေကို ကျုပ်တဖြည်းဖြည်း နားလည်လာလေ တိကျန်ဗောဓိသကျ ပြန်ရောက်လာမယ့်နေ့ ရက်က နီးကပ်လာလေပါပဲ..."

ဆန်းလျန်က...

"ကျုပ်သဘောပေါက်ပြီ၊ ဆရာတော်က တိကျန်ဗောဓိသကျရဲ့ ကျင့်စဉ်တွေကိုကျင့်ကြံရင်း တိကျန်ဗောဓိသကျရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်မှန်းမသိဖြစ်လာခဲ့တယ်၊ တိကျန်ဗောဓိသကျဟာ ဆရာတော်ကို ကြားခံအဖြစ်အသုံးချပြီး ဒီလောကကို ပြန်လည်ဆင်းကြွလာလိမ့်မယ်၊ ဟုတ်တယ်မလား..."

ဘုန်းတော်ကြီးရာမက...

"အမှန်ပါပဲ ၊ ဒီအကြောင်းတွေကို အရမ်းနောက်ကျတော့မှ ကျုပ်နားလည်ခဲ့ရတယ် ၊ အခုချိန်မှာ နောက်ဆုတ်လို့လည်း မရတော့ပါဘူး ၊ ဗုဒ္ဓဘာသာမှာ မီလဲ့ကိုယ်တော်ကို နောက်ပွင့်မယ့် ဘုရားလောင်းလို့ ပြောဆိုကြတယ် ၊ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ တိကျန်ဗောဓိသကျက ကျူဖူကိုယ်တော်တွေ ၊ လော်ဟန်ကိုယ်တော်တွေ ၊ ဗောဓိသကျတွေအားလုံးရဲ့ ရှေ့တန်းမှာ ခြေတစ်လှမ်းသာနေတယ်လို့ ပြောလို့ရတယ် ၊ သူက အသူရာချောက်ရဲ့ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန် အချိန်ရေစီးကြောင်းကို ကျော်လွန်ပြီး အရာအားလုံးကို သိမြင်ခဲ့တယ် ၊ သူ့ကိုယ်သူ ဗုဒ္ဓဖြစ်ပြီလို့တောင် မှားယွင်းယူဆခဲ့တဲ့ အထိပါပဲ ၊ ဒါပေမဲ့ သူက ဗုဒ္ဓမဟုတ်ပါဘူး ၊ သူဟာ စကြာဝဠာကိုကျော်လွန်သွားပြီဖြစ်တဲ့ စစ်မှန်တဲ့ဗုဒ္ဓ လုံးဝ မဟုတ်ပါဘူး ၊ သူ အမှားတစ်ခုလုပ်ခဲ့မိတဲ့အတွက် အချိန်ရေစီးကြောင်းကနေ ပျောက်ကွယ်သွားခဲ့ရတယ် ၊ ဒါပေမဲ့ သူဟာ ထိပ်တန်းအဆင့်

ဗောဓိသကျတစ်ပါးဆိုတာ ငြင်းလို့မရပါဘူး ၊ သူထားခဲ့တဲ့ ကျင့်စဉ်တွေကို ကျင့်ကြံမိတဲ့ ကျုပ်ကတော့ လောကနဲ့ သူ့ အကြား ဆက်သွယ်ပေးဖို့ ကြားခံလူတစ်ယောက် ဖြစ်လာခဲ့ရတယ် ၊ အဲဒါကြောင့် ကျုပ်ဆန်းလျန်ကို စောင့်နေခဲ့ရတာပါပဲ ၊ ဆန်းလျန် မင်းရဲ့ ယွမ်တုစားနဲ့ ကျုပ်ကို ဒီလို အသုံးချခံဘဝက နေ အဆုံးသတ်ပေးပါတော့..."

ဆန်းလျန်က...

"ဆရာတော်က လွတ်မြောက်ချင်တာလား..."

ဘုန်းတော်ကြီးရာမက...

"တိကျန်ဗောဓိသကျ အောင်မြင်သည်ဖြစ်စေ ရှုံးနိမ့်သည်ဖြစ်စေ ကျုပ်ဘုန်းကြီးနဲ့ လုံးဝ မသက်ဆိုင်ပါဘူး ၊ ကျုပ်ဘုန်းကြီးက သူထားခဲ့တဲ့ ကျင့်စဉ်ကို ကျင့်ကြံခဲ့မိရုံပါ ၊ အရင်တုန်းကတာအိုဆရာသခင်ယွမ်ချင်းက ကျုပ်ဘုန်းကြီးကို အဆုံးသတ်ပေးဖို့ ကြိုးစားခဲ့ပါသေးတယ် ၊ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး..."

ဆန်းလျန်က...

"ဆိုလိုတာက ဆရာတော်က ကျုပ်လက်ထဲမှာ ဒါမှမဟုတ် ယွမ်တုစားရဲ့လက်ထဲမှာ ပျံလွန်တော်မူရမယ်လို့ ကံတရားက သတ်မှတ်ထားတယ်ဆိုတဲ့ သဘောလား..."

ဘုန်းတော်ကြီးရာမက ပြုံးလိုက်ရင်း...

"မင်းနဲ့ ယွမ်တုစားက ခွဲခြားလို့မရပါဘူး..."

ဆန်းလျန်က...

"ကြည့်ရတာ ကျုပ်မသိသေးတဲ့ တခြားအကြောင်းတွေ ရှိနေဦးမယ်ထင်တယ်၊ ဒါပေမဲ့ ဆရာတော်က ဘဝကို အဆုံးသတ်ချင်နေပြီဆိုမှတော့ ဆရာတော်ရဲ့ ဆန္ဒကို ကျုပ်ဖြည့်ဆည်းပေးပါ့မယ်..."

အခန်း (၈၄၃) လွှတ်မြောက်ခြင်းဓား

ဘုန်းတော်ကြီးရာမက ပြုံးလိုက်ရင်း...

"ဒါက သေခြင်းတရားမဟုတ်ပါဘူး ၊ လွှတ်မြောက်ခြင်းပါ..."

ထို့နောက် ဘုန်းတော်ကြီးရာမ၏ မျက်ဝန်းများသည်

တဖြည်းဖြည်း ခံစားချက်ကင်းမဲ့သွားပြီး ရှေ့ညိုရောင်သမ်း

လာလေသည်။

သူ့ဘေးနားမှ ရှားလော့သစ်ပင်ညီနောင်မှလွဲပြီး ပတ်ဝန်းကျင်ရှိ

အခြားသောသစ်ပင်များမှာ ညှိုးနွမ်းခြောက်သွေ့သွားလေ

သည်။ ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံးတွင် မှောင်မိုင်းအုံ့

ဆိုင်းသွားပြီး ယင်စွမ်းအားများ မြင့်တက်လာလေတော့သည်။

ထို့နောက် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိသည့်

ခေါင်းလောင်းသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

ပစ္စုပ္ပန်နှင့် အတိတ်ကာလတို့၏ အဆုံးသတ်ရာဖြစ်သောကြောင့်လေလား (သို့မဟုတ်) သွေးနီရောင်ပင်လယ်မှ ပြသည့်နိမိတ်လေလား သိရှိရန် ခဲယဉ်းလွန်းလှသည်။

ဘုန်းတော်ကြီးရာမ၏ ခန္ဓာကိုယ်မှ အလင်းတန်းများထွက်ပေါ်လာလေသည်။ နတ်ဘုရားအလင်းတန်းများသည် ဘုန်းတော်ကြီးရာမ၏ ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားပြီး ကြယ်စင်များအလား ခွဲဖြာထွက်သွားလေသည်။

ဘုန်းတော်ကြီးရာမ၏ ခန္ဓာကိုယ်သည် မြေကြီး၏အနက်ရှိုင်းဆုံးအပိုင်းတွင် နစ်မြုပ်နေသည့် အမာကျောဆုံးစိန်သားအလား သိပ်သည်းသွားလေသည်။ ထိုစိန်သားခန္ဓာသည် မည်သည့်အရာနှင့်မှ ဖျက်စီး၍မရလောက်အောင် မာကျောခိုင်ခန့်လွန်းလှလေသည်။

ထိုသို့ပြောင်းလဲသွားခြင်းများမှာ ဘုန်းတော်ကြီးရာမ၏ ဆန္ဒ
ဟုတ်ပုံမရပေ။ ဘုန်းတော်ကြီးရာမ အကူအညီမဲ့နေသည့် ခံစား
ချက်ကို ဆန်းလျန် သိမြင်ခံစားနေရလေသည်။
ကျင့်ကြံခြင်းလမ်းစဉ်တွင် အမြင့်မားဆုံးအဆင့်တစ်ခုအထိ
လျှောက်လှမ်းခဲ့သည့်တိုင် နောက်ဆုံးတော့ တိကျန်ဗောဓိ
သကျအတွက် အသုံးချခံသက်သက်ဖြစ်ခဲ့ရရှာသည်။
ကိုယ့်အတွက် မင်္ဂလာဝတ်စုံမချုပ်လုပ်နိုင်ပါပဲ သူတစ်ပါး
အတွက် မင်္ဂလာဝတ်စုံများချုပ်လုပ်ပေးရင်း အချိန်ကုန်ခံခဲ့ရ
သည့် အစေခံမိန်းကလေးအလားပင် ဖြစ်လေသည်။
ဘုန်းတော်ကြီးရာမ၏ ဇာတ်သိမ်းကိုကြည့်ပြီး တိကျန်ဗောဓိ
သကျကို အကြင်နာတရားကင်းမဲ့သူတစ်ယောက်ဟု သတ်မှတ်
နိုင်ပါမည်လား။
ဆန်းလျန်ကတော့ တိကျန်ဗောဓိသကျ၏ ဆုံးဖြတ်ချက်ခိုင်မာ
မှုကို လေးစားမိလေသည်။ တိကျဗောဓိသကျသည် သူ၏

ဦးတည်ချက်အောင်မြင်ရန်အတွက် လုပ်သင့်သည့်အလုပ်ကို လုပ်ခဲ့ပြီး စတေးသင့်သည်ကို စတေးခဲ့သူဖြစ်သည်။

အမှန်တကယ်ပင် သမာဓိ(၈)ပါးကို အောင်မြင်သူတစ်ယောက် အဖြစ် သတ်မှတ်၍ရနိုင်သည်။ သို့သော်... ထိုအဆင့်သည် ဗုဒ္ဓဘာသာတွင် အမြင့်ဆုံးအဆင့် မဟုတ်သေးပေ။

သူ့ရှေ့မှ ပုဂ္ဂိုလ်သည် ဘုန်းတော်ကြီးရာမလား ၊ တိကျန်ဗောဓိ သကျလား ဆန်းလျန်ကိုယ်တိုင်လည်း မဝေခွဲနိုင်တော့ပေ။

ဆန်းလျန်တစ်ခုတည်းသောအချက်မှာ ဘုန်းတော်ကြီးရာမသာ မရှိတော့လျှင် တိကျန်ဗောဓိသကျသည်လည်း ဤလောကသို့ ပြန်ရောက်လာနိုင်ခြင်းမရှိတော့ဆိုသည့် အချက်ပင် ဖြစ်လေ သည်။

ဘုန်းတော်ကြီးရာမ၏ခန္ဓာကိုယ်သည် အချိန်ရေစီးကြောင်းကို ကျော်လွန်ပျံ့နှံ့သွားလေသည်။

အချိန်ရေစီးကြောင်းတွင် အတိတ်ရှိလျှင် အနာဂတ်ရှိမည်။
သို့သော်... အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်သို့ ရောက်ရှိလာမည်ပဲ ဖြစ်လေသည်။
ထို့နောက်... ဘုန်းတော်ကြီးရာမက လက်ဖဝါးတစ်ဖက်ကို ဖြန့်လိုက်လေသည်။ ထိုအခါ သူ၏လက်ဖဝါးထက်ရှိဗလာနယ်သည် ပရမ်းပတာ လှုပ်ရှားသွားလေသည်။
ထိုလက်ဖဝါးထက်တွင် နေ ၊ လ ၊ ကြယ်စင်းများ ၊ တောင် ၊ မြစ်ရေ ၊ ငှက်များ ၊ သားရဲများ ၊ အင်းဆက်ပိုးမွှားများ ၊ ငါးများ ဟိုမှ ဒီမှ ပျံသန်းနေကြလေသည်။
ထိုလက်ဖဝါးထက်တွင် လောကတစ်ခုနှင့် အချိန်ရေစီးကြောင်းတစ်ခု တည်ရှိနေလေသည်။
ဆန်းလျန် သူ၏ ယွမ်တုဓားကို ဖြည်းဖြည်းချင်းဆွဲထုတ်လိုက်သည်။ ဓားရောင်က ဖြည်းဖြည်းချင်း လင်းလက်တောက်ပလာလေသည်။

ယွမ်တုဓားကိုကိုင်ထားသည့် ဆန်းလျန်၏ လက်ဟန်က အခြား

သောအချိန်များနှင့်မတူ တမူထူးခြားနေလေသည်။

ဆန်းလျန်က ဓားကိုတစ်ချက်ဝှေ့ရမ်းလိုက်လေရာ

ထောင်ပေါင်းများစွာသော ဓားရိပ်များ ပတ်ဝန်းကျင်တစ်ခုလုံး

ကို လွှမ်းခြုံသွားပြီး တန်ခိုးစွမ်းအားထုကြီးတစ်ခု ပေါက်ကွဲ

ထွက်သွားလေသည်။ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားပြီး

နေရာတိုင်း အကြားအလပ်မရှိ စကြာဝဠာတစ်ခုလုံးကို ဓား

ရောင်က လွှမ်းမိုးသွားလေသည်။

ဓားချက်ထိမိသည်နှင့် ဘုန်းတော်ကြီးရာမ၏ လက်ဖဝါးထက်

မှ မွေးဖွားဖြစ်တည်လာသည့်လောကငယ်နှင့် အချိန်

ရေစီးကြောင်းသည် ပရမ်းပတာဖြစ်သွားပြီး ဒြပ်စင်စွမ်းအား

(၈) မျိုး ဖြစ်သည့် မိုး ၊ မြေ ၊ တောင် ၊ ရေ ၊ မီး ၊ လေ ၊ လျှပ်စီး

၊ ရွှံ့နွံများအဖြစ် ပြောင်းလဲသွားလေသည်။ ထို့နောက် ဒြပ်စင်

စွမ်းအား (၈)မျိုးသည် မရှိမှုတရားအဖြစ်သို့ ကူးပြောင်း

ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်၏ ဓားချက်သည် လောကငယ်တစ်ခုကို ပိုင်းဖြတ်

ဖျက်စီးပစ်လိုက်ပြီး မယုံနိုင်လောက်အောင် လုပ်ဆောင်မှု

ပြီးဆုံးသွားခဲ့လေသည်။

ဆန်းလျန်၏မျက်နှာက တည်ကြည်လေးနက်နေသည့်တိုင် ပေါ့

ပေါ့ပါးပါးပင် ရှိနေလေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်အနားမှ တစ်ဖဝါးမှ မခွာခဲ့ပေ။

သူမက ဆန်းလျန်လုပ်သမျှ အလုပ်တိုင်းကို အနီးကပ်ကြည့်နေ

ခဲ့လေသည်။

ဆန်းလျန်၏တန်ခိုးစွမ်းအားများမှာ အလွန်တရာ မြင့်မားခြင်း

မရှိသည့်တိုင် တစ်နေ့တခြား နားလည်ရခက်လာပြီး နက်ရှိုင်း

လာသည်ဟု သူမ ခံစားနေရလေသည်။ ဆန်းလျန်၏ တန်ခိုး

စွမ်းအားများသည် သူမ၏ မူလဝိညာဉ်ခန္ဓာကိုပင် ထိရှစေခဲ့

ကာ လောကအသစ်တစ်ခုကို သိမြင်လိုက်ရသည့်အလား ဖြစ်ခဲ့လေသည်။

ဘုန်းတော်ကြီးရာမက လက်ကိုပြန်ချလိုက်ကာ နေရာတွင်ပင်တည်ငြိမ်စွာဖြင့် ရပ်နေလေသည်။

ထို့နောက် ဘုန်းတော်ကြီးရာမ၏ ပုံရိပ်ပျောက်ကွယ်သွားပြီး အချိန်ရေစီးကြောင်းထဲတွင် ရွှမ်တုတောက်ကျွင်း တွေ့မြင်ခဲ့ရသည့် ပုံရိပ်က အစားထိုးနေရာယူသွားလေသည်။ ထိုပုံရိပ်၏အသက်ရှူသံက ဘုန်းတော်ကြီးရာမ၏ အသက်ရှူသံထက် ဆယ်ဆခန့်ပိုပြီး မြန်ဆန်နေလေသည်။

ထိုပုံရိပ်မှာ တိကျန်ဗောဓိသကျ၏ ပုံရိပ်ပင် ဖြစ်လေသည်။ ကြောက်မက်ဖွယ်ရာအချက်တစ်ခုမှာ ထိုပုံရိပ်၏တိုက်ခိုက်မှုကို ကျောက်ရှောင်ယှဉ်ရော ဆန်းလျန်ပါ မရှောင်တိမ်းလိုက်နိုင်ခြင်း ဖြစ်လေသည်။ သူတို့ (၂)ယောက်သည် ချက်ချင်းပင် တိတ်ဆိတ်အေးစက်သည့် နေရာတစ်ခုဆီသို့ ကျရောက်သွား

လေသည်။ ထိုနေရာသည် အသူရာချောက်၏ အနက်ရှိုင်းဆုံး နေရာတစ်ခု ဖြစ်လေသည်။

ထိုနေရာတွင် မည်သည့်အခါမှ ကျွတ်လွတ်နိုင်ခြင်းမရှိဘဲ ငရဲခံစားနေရသည့် တစ္ဆေများ ၊ ဝိညာဉ်များသာ ရှိလေသည်။

ထိုတစ္ဆေများ၏ မပြေပျောက်နိုင်သည့် ဒေါသများ ၊ ရန်ငြိုးများ ၊ အစွဲအလန်းများသည် လောကတစ်ခုလုံးကိုပင် တုန်လှုပ်စေနိုင်စွမ်းရှိလေသည်။

ထိုအချိန်မှာပင်... တိကျန်ဗောဓိသကျ၏ပုံရိပ်က လက်ဖဝါးတစ်ဖက်ကို ဖြန့်လိုက်လေသည်။

ထိုအခါ အမျက်ဒေါသများ ၊ ရန်ငြိုးများ ၊ အစွဲအလန်းများသည် လျှပ်စီးကဲ့သို့ လျှင်မြန်လွန်းသည့်အရှိန်အဟုန်ဖြင့် ဖြန့်ထားသည့် လက်ဖဝါးထက်တွင် လာရောက်စုရုံးကြလေသည်။

ထိုအမျက်ဒေါသများ ၊ ရန်ငြိုးများ ၊ အစွဲအလန်းများသည် တိကျန်ဗောဓိသကျပုံရိပ်၏လက်ဖဝါးထက်သို့ ရောက်ရှိသွားပြီး အလွန်အစွမ်းထက်သည့် လက်နက်များ ဖြစ်လာခဲ့သည်။

တိကျန်ဗောဓိသကျပုံရိပ်၏ လက်ဖဝါးထက်တွင် တောက်ပနေသည့် တစ္ဆေမျက်လုံးများကို တွေ့မြင်ကြရပြီး အဆုံးမရှိကြောက်မက်ဖွယ်ရာအတိ ဖြစ်လေသည်။

သာမန်နတ်ဘုရားတစ်ပါးသာဆိုလျှင် ထိုတန်ခိုးစွမ်းအားများ၏ဒဏ်ကို မခံရပ်နိုင်ဘဲ ချက်ချင်းပင် လူပြန်ဝင်စားခြင်းဘုံသို့ ရောက်ရှိသွားမည် ဖြစ်လေသည်။

တစ္ဆေမျက်လုံးများမှ စူးရှသည့်အလင်းရောင်များထွက်ပေါ်လာလေသည်။ ထိုအလင်းတန်းများထဲတွင် ရစ်ပတ်နှောင်ဖွဲ့လျှက်ရှိသည့် အကြောင်းတရားနှင့်အကျိုးတရားများ ပါဝင်နေလေ၏။

ဆန်းလျန်မှာ ထိုကြောက်မက်ဖွယ်ရာ အလင်းတန်းများရန်မှ လွတ်မြောက်ရန် ကြိုးစားရတော့သည်။

ဆန်းလျန်က ခက်ခဲသည့်ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန် ဖြင့် ယွမ်တုဓားကို ဖြည်းဖြည်းချင်း ပင့်တင်လိုက်လေသည်။

ထို့နောက် ဓားကို ကန့်လတ်ဖြတ်အနေအထားဖြင့် ရှေ့တွင်ထား လိုက်ပြီး မပျက်စီးနိုင်သည့် မိစ္ဆာအလင်းရောင်များကို ကာ ကွယ်လိုက်သည်။

ယွမ်တုဓား၏ မရဏာစွမ်းအားများက ပြင်းထန်လွန်း သည့်အတွက် ဓားဖျားမှ တဆတ်ဆတ်တုန်ခါနေလေသည်။

ထို့နောက် ဓားဖျားထိပ်မှ အလင်းမှုန်များထွက်ပေါ်လာပြီး ထို အလင်းမှုန်များထဲတွင် စကြာဝဠာပေါက်ကွဲမှုစွမ်းအားများဖြင့် ပြည့်နက်နေလေသည်။

သို့သော်... အချို့သောတစ္ဆေအလင်းတန်းများကိုတော့ ကာကွယ်နိုင်ခြင်းမရှိပေ။ ထိုအလင်းတန်းများသည် ကြိုးများသဖွယ်ခွဲဖြာပြီး ဆန်းလျန်ထံသို့ ဝင်ရောက်လာလေသည်။ အလင်းတန်းများက ဆန်းလျန်ကို ထိမှန်မိသည်နှင့် ဆန်းလျန်၏ အကျိစများ ပေါက်ပြဲကုန်ကြပြီး ကျောက်စိမ်းသားအလား ကြည်လင်သည့်ဆန်းလျန်၏ အသားအရေထက်တွင် ပြတ်ရှရာများနှင့် မီးလောင်ရာများ ဖြစ်ပေါ်လာလေသည်။ သို့သော်... ဆန်းလျန်က တစ်ချက်ပင် တွန့်ဆုတ်သွားခြင်း မရှိပေ။

သူက တန်ခိုးစွမ်းအားများကို ယွမ်တုဓားဆီသို့ ပို့လွှတ်လိုက်လေသည်။ ထိုအခါ ဓားနှင့်လူ တစ်သားတည်းပေါင်းစပ်သွားပြီး တန်ခိုးစွမ်းအားနှင့်ယိလမ်းစဉ် ကာရံညီသွားလေသည်။ ထိုသို့သောအခြေအနေသို့ ရောက်ရှိသွားသည်နှင့် မီလဲ့ကိုယ်တော် (သို့မဟုတ်) နေစကြာတထာဂတသတို့ကဲ့သို့

တန်ခိုးစွမ်းအားမြင့်မားသော သူများပင်လျှင် ဆန်းလျှန်ကို ထိုး ဖောက်တိုက်ခိုက်နိုင်မည် မဟုတ်တော့ပေ။

သို့သော်...ဘုန်းတော်ကြီးရာမ၏ ခန္ဓာကိုယ်အတွင်းသို့ ဝင် ရောက်လာပြီဖြစ်သည့် တိကျန်ဗောဓိသကျကတော့ ခြွင်းချက် ဖြစ်လေသည်။

သို့သော်... တိကျန်ဗောဓိသကျက ဆန်းလျှန်ကို တိုက်ခိုက်နေ ခြင်းကို ရပ်တန့်လိုက်ပြီး နောက်သို့ တစ်ချက်ဆုတ်သွားလေ သည်။ သူ၏မျက်နှာထက်တွင် မည်သည့် ဝမ်းနည်းမှု ၊ ပျော် ရွှင်မှုကိုမှ မတွေ့ရပေ။

ကျောက်ရှောင်ယွီက ငရဲလမ်းဓားကို တင်းတင်းဆုပ်ကိုင်ထား လေသည်။ သူမသည် ငရဲလမ်းဓားကို ဆုပ်ကိုင်ပြီး ဆန်းလျှန် နှင့်အတူ တိုင်ပွဲဝင်ရမည် ဖြစ်လေသည်။

လောကတွင် ဆန်းလျှန်နှင့် လိုက်ဖက်အညီဆုံး တာအိုလက်တွဲ ဖော်ကို ပြောပါဆိုလျှင် ကျောက်ရှောင်ယွီမှလွဲပြီး တခြားသူ မ

ရှိနိုင်ပေ။ သူတို့ (၂)ယောက်၏ အပြန်အလှန်ယုံကြည်မှုနှင့် မေတ္တာတရားထားရှိမှုကြောင့် လောကရှိ အခက်အခဲများအားလုံးကို ကျော်လွှားသွားနိုင်မည်မှာ အမှန်ပင်။

သူတို့ (၂)ယောက်၏ ပေါင်းစည်းမှုတန်ခိုးစွမ်းအားက မြင့်မားလွန်းလှလေသည်။

"ဆရာတော်က လွတ်မြောက်မှုကိုတောင်းဆိုတယ် ၊ ဒီဓားကို လွတ်မြောက်မှုဓားလို့ ခေါ်တယ်..."

အလွန်ပေါ့ပါးပြီးအေးစက်တည်ငြိမ်သည့် ဆန်းလျန်၏စကားသံသည် မှောင်မိုက်နေသည့် အသူရာချောက်အောက်ဆုံးပိုင်းမှ ပဲ့တင်ထပ်ကာ ထွက်ပေါ်လာလေသည်။

ထို့နောက် ယွမ်တုဓားသည် လျှပ်စီးအလင်းတန်းတစ်ခုအလား လျှင်မြန်စွာဖြင့် ကြယ်စင်များကို ဖြတ်ကျော်ကာ စကြာဝဠာအတွင်းသို့ထွက်ခွာသွားလေသည်။

ကြယ်စင်များကြားတွင် ပါးလွှာသည့် မျဉ်းကြောင်းလေးတစ်ခု ပေါ်လာလေသည်။ ထိုမျဉ်းကြောင်းလေးသည် ယွမ်တုစား၏ မရဏစွမ်းအားများ စကြာဝဠာကို ဖြတ်သန်းသွားခြင်းပင် ဖြစ်လေသည်။

ယွမ်တုစား၏ မရဏစွမ်းအားများသည် မြင်မြင်သမျှ ရုပ်ဝတ္ထုအားလုံးကို တိုက်စားဖျက်စီးသွားလေသည်။ လွတ်မြောက်ခြင်းမတိုင်မီ ကြိုးစားရုန်းကန်ကာ အရာအားလုံးကို ဖျက်စီးတိုက်ဖျက်သွားသကဲ့သို့ ရှိလေသည်။

ပါးလွှာသည့်မရဏစွမ်းအားမျဉ်းကြောင်းလေးသည် တိကျန်ဗောဓိသကျရှိရာသို့ ဝင်ရောက်သွားလေသည်။

တိကျန်ဗောဓိသကျ၏ပုံရိပ်က အင်္ကျီလက်တစ်ဖက်ကို ဝှေ့ရမ်းကာ ဓားဝိညာဉ်ကို ခုခံတိုက်ခိုက်လိုက်သည်။ သို့သော်... ပါးလွှာသည့်မျဉ်းကြောင်းလေးကို တားဆီးခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။

ရုတ်တရက်... ပါးလွှာသည့် မျဉ်းကြောင်းလေးတစ်ပတ်လည်သွားပြီး ဓားဝိညာဉ်အလင်းတန်းများ ဖြာထွက်လာလေသည်။

ထို့နောက်... ဘုန်းတော်ကြီးရာမ၏ ခန္ဓာကိုယ်ကို ဘက်ပေါင်းစုံ လေးဘက်လေးတန်မှ ပိတ်ဆို့ထားလိုက်လေတော့သည်။

အခန်း (၈၄၄) ကိလေသာအညစ်အကြေးတွေရေနဲ့အတူ လွင့်ပါပျက်စီးခဲ့ပြီ

တိကျန်ဗောဓိသကျသည်အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အချိန်စီးကြောင်းကို ချုံ့ပစ်ရန်အတွက် အသူရာချောက်ကို အသုံးပြုခဲ့လေသည်။

တိကျန်ဗောဓိသကျေက သူ၏ ကျင့်စဉ်လမ်းအဆင့်တက်ရန် အတွက် အသူရာချောက်ကို မျက်စိကျခဲ့သည်မှာ အကြောင်းရှိ သည်။ အဘယ်ကြောင့်ဆိုသော် အသူရာချောက်ဆိုသည်က သာမန်မဟုတ်သည့် လောကတစ်ခုဖြစ်ပြီး ထူးခြားလျှို့ဝှက် သည့် တန်ခိုးစွမ်းအားများနှင့် ပြည့်နက်နေသည့် နေရာတစ်ခု ဖြစ်လေသည်။

ထိုအချိန်မှာပင်...

နက်မှောင်သည့် အသူရာချောက်မြေပြင်ထက်မှ တုန်လှုပ်ခြောက် ခြားစရာကောင်းသည့် မှော်စွမ်းအားတစ်ခု ထွက်ပေါ်လာပြီး ဓားစက်ကြီးကဲ့သို့ ထက်ရှသည့် နတ်ဘုရားအလင်းတန်းများကို ထုတ်လွှတ်လိုက်လေသည်။ ထိုအလင်းတန်းများက ကြိုးများ ပမာ ယွမ်တုဓားကို ရစ်ပတ်လွှမ်းခြုံထားလိုက်လေသည်။

ဆန်းလျန်၏မျက်ဝန်းများသည် ရုတ်ချည်းပင် အနက်တစ်ဝက် အဖြူတစ်ဝက်အဖြစ်သို့ ပြောင်းလဲသွားလေသည်။ ယင်းနှင့်

ယန်၏ အံ့ဩစရာတန်ခိုးစွမ်းအားများ ပေါင်းစပ်နေခြင်းဖြစ်

လေသည်။

ဆန်းလျန်၏ မျက်ဝန်းများထဲတွင် ယင်နှင့်ယန် သင်္ကေတ

ပေါ်လာသည်နှင့် ယွမ်တုဓားသည် ထာဝရတည်မြဲသည့် ဓား

တစ်လက်အဖြစ်သို့ မာကျောသိပ်သည်းသွားလေ၏။

ဆန်းလျန်၏ မျက်ဝန်းများဆီမှ ယင်စွမ်းအားနှင့်ယန်စွမ်းအား

သည် ယွမ်တုဓားရှိရာသို့ အဆက်မပြတ်ရောက်ရှိသွားပြီး

ကြီးမားသည့်အသက်ဓာတ်စွမ်းအားကြီးတစ်ခု ထွက်ပေါ်လာ

လေသည်။

ယွမ်တုဓားဝိညာဉ်သည် လောကသစ်တစ်ခုကို ဖွင့်လှစ်တော့

မည့်အလား ထင်မှတ်ရပြီး မှော်စွမ်းအားအလင်းတန်း

များသည် တစ်လက်မချင်း စတင်ပျက်စီးသွားလေတော့သည်။

ဆန်းလျန်၏ သူမတူသည့် တန်ခိုးစွမ်းအားများက ယွမ်တုဓား နှင့် ချိတ်ဆက်သွားသည့်အတွက်သာ ယခုကဲ့သို့ တိုက်ခိုက်မှု မျိုးကို ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ယွမ်တုဓားသည် လွတ်မြောက်ခြင်းဓားအဖြစ်သို့ ပြောင်းလဲ သွားခဲ့လေပြီ။

သို့သော်... ဘုန်းတော်ကြီးရာမက လက်တစ်ချက်ဝှေ့ရမ်းလိုက် လေရာ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ကြယ်စင်များအလား အ လင်းမှုံလေးများထွက်ပေါ်လာလေသည်။

ထိုအလင်းမှုံလေးများသည် လေထဲတွင်ရောထွေးသွားပြီး ယွမ် တုဓားကို ဝိုင်းပတ်ကာ ချုပ်နှောင်ထားလိုက်လေသည်။

ရုတ်တရက်...

ဆန်းလျန်၏ နတ်ဘုရားခန္ဓာကိုယ်ကြီးက တဖြည်းဖြည်း ရှည်လျားကြီးထွားလာပြီး ကြယ်စင်အလင်းမှုံလေးများကို စွဲ ငင် စုပ်ယူပစ်လိုက်လေသည်။

ထိုအခါ ယွမ်တုဓားသည် တစ်ချက်လင်းလက်သွားပြီး ဘုန်းတော်ကြီးရာမ၏ ဦးခေါင်းနားတွင် လှည့်ပတ်နေလေတော့သည်။

ထိုအချိန်မှာပင်... ကျောက်ရှောင်ယွီက တိုက်ပွဲအတွင်းသို့ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သို့သော်... သူမက ငရဲလမ်းဓားဖြင့် တိုက်ခိုက်လိုက်ခြင်းမဟုတ်ပေ။ လျန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ တင့်တယ်လှပသည့်ခန္ဓာကိုယ်မှ နတ်ဘုရားအလင်းတန်းများ ဖြာထွက်လာပြီး အလင်းတန်းများ၏ အလယ်ဗဟိုတွင် သွေးနီရောင်စက်ဝန်းတစ်ခု တောက်ပလျှက်ရှိသည်။

လျှန်ယိမြူခိုးတန်ခိုးစွမ်းအားသည် အတားအဆီးများအားလုံးကို ဖြတ်ကျော်သွားကာ ဘုန်းတော်ကြီးရာမရှိရာသို့ ပြင်းထန်စွာ ဝင်ရောက်သွားလေသည်။

လျှန်ယိမြူခိုးသံလိုက်တန်ခိုးစွမ်းအားနှင့် ထိမိသည်နှင့် ဘုန်းတော်ကြီးရာမ၏ မျက်ခုံးနှစ်ခု ကြားတွင် အက်ကွဲကြောင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

ထို့နောက် ထိုအက်ကွဲကြောင်းမှတစ်ဆင့် ဘုန်းတော်ကြီးရာမ၏ခန္ဓာကိုယ်မှာ နှစ်ခြမ်းကွဲသွားလေတော့သည်။

သို့သော်... ဘုန်းတော်ကြီးရာမ သေဆုံးသွားခြင်း မရှိပေ။ နှစ်ခြမ်းကွဲသွားပြီးသည့်နောက် ဘုန်းတော်ကြီးရာမသည် နှစ်ယောက်ဖြစ်သွားလေသည်။

(၂)ယောက်လုံးမှာ တစ်ထေရာတည်းတူညီပြီး အသက်ရှူသံပင် တစ်ချက်ကလေး ကွဲပြားခြင်း မရှိပေ။

လျန်ယိမြူခိုးတန်ခိုးစွမ်းအားများကလည်း နှစ်ပိုင်းကွဲသွားပြီး ဘုန်းတော်ကြီးရာမကို ပြင်းထန်စွာ ဆက်လက်တိုက်ခိုက်လေသည်။ တန်ခိုးစွမ်းအားနှစ်ပိုင်းကွဲသွားသည့်တိုင် အနည်းငယ်ပင် လျော့ကျသွားခြင်း မရှိပါပေ။

ကျောက်ရှောင်ယွီ၏စိတ်အစဉ်သည် မရှိမှုအဆင့်သို့ ရောက်ရှိသွားလေသည်။ လျန်ယိမြူခိုးတန်ခိုးစွမ်းအားများက မသိမသာ တုန်ယင်နေလေ၏။

တစ်ထေရာတည်းတူညီပြီး တန်ခိုးစွမ်းအားအရာတွင်လည်း လျော့နည်းခြင်းမရှိသည့် ကိုယ်ခွဲနှစ်ခုဖန်ဆင်းခြင်းဆိုသည်မှာ ကျောက်ရှောင်ယွီအတွက်တော့ ဘဝတစ်လျှောက်လုံး တစ်ခါမှ မကြုံတွေ့ဖူးသည့် အဖြစ်အပျက်ဖြစ်လေသည်။ မယုံကြည်နိုင်စရာပင် ကောင်းလွန်းလှသည်။ သို့သော်... ထိုအဖြစ်အပျက်သည် သူမရှေ့တွင် ဖြစ်ပျက်နေခဲ့သည်ကို သူမ၏မျက်ဝန်းများဖြင့် ပြတ်ပြတ်သားသားမြင်တွေ့နေရလေသည်။

ထိုအချိန်မှာပင်...

ဆန်းလျန်၏ ယွမ်တုဓားက ဘုန်းတော်ကြီးရာမ (၂)ယောက်

စလုံးကို ထက်ပိုင်းစီပိုင်းချလိုက်လေသည်။

ယွမ်တုဓားမှ နက်ရှိုင်းသည့်ဓားခြိမ်းသံထွက်ပေါ်လာပြီး ဘုန်း

တော်ကြီးရာမ၏ကိုယ်ခွဲမှာ (၄)ယောက် ဖြစ်သွားလေသည်။

ထို့နောက်... ကိုယ်ခွဲ (၄)ယောက်မှတစ်ဆင့် မရေမတွက်နိုင်

အောင်များပြားလှသည့် ကိုယ်ခွဲများ ထွက်ပေါ်လာလေ

တော့သည်။

တိကျန်ဗောဓိသကျ၏ပုံရိပ်သည် ဘုန်းတော်ကြီးရာမ တစ်ဘဝ

လုံး ကျင့်ကြံထားခဲ့သည့် တန်ခိုးစွမ်းအားများကို

ကောင်းကောင်းအသုံးချကာ တိုက်ခိုက်နေခဲ့လေသည်။

ကိုယ်ခွဲတိုင်းသည် နတ်ဘုရားတန်ခိုးစွမ်းအားများနှင့် ပြည့်ဝ

လျှက် ရှိလေသည်။ တန်ခိုးစွမ်းအားများကလည်း တစ်ချက်ပင်

လျော့နည်းသွားခြင်း မရှိဘဲ စွမ်းအားဖြင့် ပြည့်ဝလျှက်ရှိလေသည်။

ကျောက်ရှောင်ယွီသည် ထိုသို့သော ကိုယ်ခွဲဖန်တီးနိုင်ခြင်းမျိုးကို မယုံကြည်နိုင်ဖြစ်နေရလေသည်။ သို့သော်... ထိုသို့သော ထူးဆန်းမှုက သူမကို ကြောက်ရွံ့မသွားစေခဲ့ပေ။

ကိုယ်ခွဲတစ်ခု ပျက်စီးသွားသည်နှင့် နောက်ထပ်ကိုယ်ခွဲပေါင်းများစွာ ခွဲဖြာထွက်သွားလေသည်။

နောက်ဆုံးတော့ ကျောက်ရှောင်ယွီသည် ငရဲလမ်းဓားကို အသုံးပြုရန် ဆုံးဖြတ်လိုက်လေသည်။ သူမက ငရဲလမ်းဓားကို ခန္ဓာကိုယ်ရှေ့တွင် ကန့်လန့်ဖြတ်ကိုင်ထားလိုက်သည်။ ငရဲလမ်းဓားမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များပြင်းထန်စွာ ထွက်ပေါ်နေလေသည်။

ငရဲလမ်းဓား၏ သတ်ဖြတ်လိုသည့်စွမ်းအားများသည် ယွမ်တုဓား၏ သတ်ဖြတ်လိုသည့် စွမ်းအားများနှင့် ပေါင်းစပ်သွားပြီး

လေထုတစ်ခုလုံး ကြောက်မက်ဖွယ်ရာကောင်းအောင် တုန်လှုပ်သွားလေသည်။

မရဏာဓား (၂)လက်၏ စွမ်းအား (၂)ခုပေါင်းစည်းသွားသလို ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ၏ တန်ခိုးစွမ်းအား (၂)ခုလည်း ပေါင်းစပ်သွားလေသည်။

ထိုအခါ... တိကျန်ဗောဓိသကျ၏ကိုယ်ခွဲများအားလုံး ပျောက်ကွယ်သွားလေသည်။ သို့သော်... ဘုန်းတော်ကြီးရာ မ၏ခန္ဓာကိုယ်မှ ကြီးမားလှသည့် တန်ခိုးစွမ်းအားထုထည်ကြီး တစ်ခု ထွက်ပေါ်လာလေသည်။

ဆန်းလျန် စောင့်နေခဲ့သည့် အချိန်ကျရောက်လာခဲ့ပြီ ဖြစ်သည်။

ဆန်းလျန်သည် ချက်ချင်းပင် သူ၏မူလဝိညာဉ်ခန္ဓာမှ တန်ခိုးစွမ်းအားများကို အမြင့်ဆုံးအထိ မြှင့်တင်ပစ်လိုက်လေသည်။

ထိုအခါ အာလာယဝိညာဏတန်ခိုးစွမ်းအား ထွက်ပေါ်လာပြီး ယွမ်တုဓားနှင့် တစ်သားတည်း ပေါင်းစပ်သွားလေသည်။ ယွမ်တုဓားက တစ်ချက်တုန်ခါသွားပြီး ဘုန်းတော်ကြီးရာမကို ထိုးစိုက်ချလိုက်လေသည်။

ယွမ်တုဓားသည် မရဏစွမ်းအားများနှင့်ပြည့်နေပြီး ဓားသွားက ဖန်သားအလား ကြည်လင်နေလေသည်။

အချိန်ရေစီးကြောင်းထက်တွင်တော့ တိကျန်ဗောဓိသကျ၏ ပုံရိပ်သည် တဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရမည် ဖြစ်လေသည်။ သို့သော်… ဖန်သားအလားကြည်လင်သည့် ယွမ်တုဓားက တဖြည်းဖြည်းမြင့်တက်လာနေသည့် တိကျန်ဗောဓိသကျ၏ ပုံရိပ်ကို အကြွင်းနာတရားကင်းမဲ့စွာ ဖြတ်တောက်ပစ်လိုက်လေသည်။

ပြင်းထန်လွန်းသည့်ဓားဝိညာဉ်သည် နတ်ဘုရားတစ်ပါးအလား ဖြစ်လေသည်။ အသက်ဝင်လာသည့် တိကျန်ဗောဓိသကျ၏ပုံ

ရိပ်သည် ဖိနှိပ်ခံလိုက်ရပြီး အချိန်ရေစီးကြောင်းအောက်သို့ ပြန်လည်နစ်မြုပ်သွားခဲ့လေသည်။

ဓားဝိညာဉ်သည် အားနည်းသွားသည့်တိုင် အချိန်ရေစီးကြောင်း အတွင်းသို့ ဖိနှိပ်ထားဆဲ ဖြစ်လေသည်။

အသူရာချောက်တွင်တော့ တိကျန်ဗောဓိသကျ၏တန်ခိုး စွမ်းအားများသည် တဖြည်းဖြည်းပျောက်ကွယ်သွားလေ သည်။

အမှောင်ထုကြီးပျောက်ကွယ်သွားပြီး ဆန်းလျန်နှင့် ကျောက် ရှောင်ယွီတို့သည် ယင်းစန်းတောင်သို့ ပြန်လည်ရောက်ရှိလာကြ လေသည်။

ရှားလော့သစ်ပင်ညီနောင်ကြားတွင် ဘုန်းတော်ကြီးရာမသည် တင်ပျဉ်ခွေထိုင်နေပြီး သူ၏မျက်ဝန်းများက ခံစားချက်ကင်းမဲ့ နေသည်။

ဘုန်းတော်ကြီးရာမက တရားတစ်ပုဒ်ကို ရွတ်ဆိုလိုက်သည်။

"ဗောဓိပင်အောက်မှာထိုင်နေတဲ့ ဘုန်းတော်ကြီး...

တောင်ပေါ်မှာမိုးရွာပြီးတဲ့အခါ...

ကိလေသာအညစ်အကြေးတွေရေနဲ့အတူ လွင့်ပါပျက်စီးခဲ့

ပြီ..."

တရားစာပိုဒ်အဆုံးသတ်သွားသည်နှင့် ဘုန်းတော်ကြီးရာမ၏

ခန္ဓာကိုယ်သည် သဲမှုံများအဖြစ်ပြောင်းလဲသွားပြီး ပျောက်

ကွယ်သွားလေတော့သည်။

ကျောက်ရှောင်ယွီက...

"သူသေသွားပြီလား..."

ဆန်းလျန်က ခေါင်းကိုမော့လိုက်ပြီး ကောင်းကင်ထက်ကို

ကြည့်လိုက်သည်။

"ဘုန်းတော်ကြီးရာမကတော့ သေသွားပါပြီ၊ ဒါပေမဲ့ တကယ့်

ရန်သူအစစ်ကတော့ ဒဏ်ရာတစ်ချက်တောင် မရသွားခဲ့ဘူး..."

ကျောက်ရှောင်ယွီက...

"တကယ့်ရန်သူအစစ်ဆိုတာ တိကျန်ဗောဓိသကျကို ပြောတာ

လား..."

ဆန်းလျန်က...

"စောစောက တိုက်ပွဲမှာ ကျုပ်တို့ရင်ဆိုင်လိုက်ရတာက တိကျန်

ဗောဓိသကျရဲ့ တန်ခိုးစွမ်းအား အစအနလေးပဲ ရှိသေးတယ်၊

ဒါပေမဲ့ အနေးနဲ့အမြန် သူ ကျုပ်ကို လာရှာတော့မှာပါ..."

ကျောက်ရှောင်ယွီက...

"ဘာဖြစ်လို့လဲ..."

ဆန်းလျန်က...

"ဘာလို့လဲဆိုတော့ ကျုပ် ဆန်းလျန်က သူသွားမယ့်လမ်းမှာ

အတားအဆီးဖြစ်နေလို့ပဲ..."

ထိုအချိန်ခဏမှာပင်... ဆန်းလျန်သည် စိတ်ထဲမှ သံသယများ

စွာကို ရှင်းလင်းသွားခဲ့လေသည်။ယခုတော့ သူ

အကြောင်းအရာ အတော်များများကို ပိုပြီး နားလည်လာပြီ ဖြစ်လေသည်။

....

တောက်ပနေသည့်ကြယ်စင်ကောင်းကင်အောက်တွင် ...

အဆုံးမရှိသည့် ပင်လယ်ပြင်ကြီးတစ်ခု ရှိလေသည်။ ရေခဲကမ်းပါးကြီးတစ်ခုထိပ်တွင် ခမ်းနားသည့် နန်းတော်ကြီးတစ်ခု ရှိနေလေသည်။

နန်းတော်တံခါးကြီးပိတ်ထားသည်မှာ မရေမတွက်နိုင်သည့် နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်လေသည်။ သို့သော်... နန်းတော်တံခါးဝရှိတိုင်လုံးများကတော့ ပျက်စီးယိုယွင်းခြင်းအလျဉ်းမရှိ သစ်လွင်နေဆဲ ဖြစ်လေသည်။

အချိန်ကာလမည်မျှပြောင်းလဲပါစေ ထိုအရာများက ပြောင်းလဲခြင်းမရှိသလို အတုယောင်လည်း မဟုတ်ခဲ့ပေ။

နန်းတော်တံခါးပိတ်ထားသည့်တိုင် နန်းတော်တံခါးအတွင်းတွင်တော့ ကျင့်ကြံသူနတ်မိစ္ဆာများစွာ နေထိုင်လေသည်။ ထို

နတ်မိစ္ဆာများမှာ နဂါးများကို အစားအစာအဖြစ် စားသောက်ပစ်တတ်ကြသည့် ခွန်ဖိန်နတ်မိစ္ဆာအနွယ်တော်များပင် ဖြစ်လေသည်။

ထိုနန်းတော်ကြီးသည်ကား "နတ်မိစ္ဆာအဓိပတိနန်းတော်" ပင်ဖြစ်လေတော့သည်။

နန်းတော်အတွင်းနက်ရှိုင်းသည့်နေရာတစ်နေရာတွင်တော့ စင်မြင့်ကြီးတစ်ခုရှိလေသည်။ ထိုစင်မြင့်ကြီးထက်တွင် ကြယ်ပုံလျှော်များ ရေးထွင်းထားပြီး စကြာဝဠာတစ်ခုလုံးရှိ ကြယ်စင်စွမ်းအားများ လာရောက်စုဝေးကြလေသည်။

ထိုစင်မြင့်ကြီးထက်တွင် ဒဏ္ဍာရီဆန်လွန်းသည့် ကြယ်စင်ကိုးစင်းတိုက်ပွဲအခင်းအကျင်းကို ခင်းကျင်းထားခြင်းပင် ဖြစ်လေသည်။ ထိုပညာသည် ပျောက်ကွယ်နေသည်မှာ ကြာမြင့်လှပြီဖြစ်သော်လည်း နတ်မိစ္ဆာအဓိပတိနန်းတော်တွင်တော့ ထိုပညာကို ပြန်လည်တွေ့မြင်ခွင့်ရနိုင်လေသည်။

ထိုကြယ်စင်ကိုးစင်းစင်မြင့်ကြီးထက်တွင် ထူးဆန်းလျှို့ဝှက်ဟန်ရှိသည့် လူတစ်ယောက် လက်နှစ်ဖက်ကိုနောက်ပစ်ပြီး မတ်တတ်ရပ်နေလေသည်။

ထိုအချိန်မှာပင်...

ကြယ်စင်ကိုးစင်းစင်မြင့်ထက်တွင် အပြာရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်ပေါ်လာပြီး စင်မြင့်ထက်မှ လူရှေ့တွင် ဒူးထောက်လိုက်လေသည်။

"ဆရာဘိုးဘိုးကြီး... ၊ အစ်ကိုကြီးဆုံးပြီ..."

"ကျုပ် သိပြီးပါပြီ..."

ဆရာဘိုးဘိုးကြီးဆိုသူက ပြန်ဖြေလိုက်သည်။

သူက ထိုသို့ဖြစ်လာမည်ဟု မျှော်လင့်ထားပြီးသားဖြစ်သည့်အတွက် အံ့သြဟန်တစ်စက်ကလေးမှ မပြပေ။

ထိုဆရာဘိုးဘိုးကြီးဆိုသူသည်ကား အခြားသူမဟုတ်ပေ။ နတ်မိစ္ဆာအဓိပတိကြီးပင် ဖြစ်လေသည်။

မိုးအဆက်ဆက် မြေအဆက်ဆက် နတ်မိစ္ဆာတို့၏ ဒဏ္ဍာရီတွင် အစဉ်အမြဲထင်ရှားပါလေသော ၊ စကြာဝဠာစတင်သည့်အချိန် ကတည်းက တန်ခိုးရှင်တစ်ပါးအဖြစ် အဆင့်မြင့်မားစွာ ရပ်တည်လာသူတစ်ယောက်ဖြစ်သော "နတ်မိစ္ဆာအဓိပတိ ကြီး"ပင် ဖြစ်လေသည်။

အခန်း (၈၄၅) မိုးကောင်းကင်ခုံရုံးနှစ်ခုရဲ့ဒဏ္ဍာရီ

နတ်မိစ္ဆာအဓိပတိကြီးက သူမပြောမည့်စကားကို သိရှိပြီးနေပြီး ဖြစ်သည့်အတွက် အပြာနုရောင်ဝတ်ဆင်ထားသည့် မိန်းမပျို က အံ့သြသွားခြင်းမရှိခဲ့ပေ။

လောကတွင် နတ်မိစ္ဆာအဓိပတိကြီး မသိနိုင်သည့် ကိစ္စဆိုသည်မှာ မရှိသလောက်ပင် ဖြစ်သည်။

နတ်မိစ္ဆာအဓိပတိကြီးဆိုသည်က ကျင့်ကြံခြင်းအဆင့်နက်ရှိုင်းမြင့်မားရုံသာမက ဖူရှီးသူတော်စင်ကြီးထံမှ ကြာပန်းပန်းချီကျမ်းစာကိုလည်း ရရှိထားသူ ဖြစ်လေသည်။

ယခုလက်ရှိကျင့်ကြံသူလောကတွင် အလွန်နာမည်ကြီးနေသည့် ရှမ်တုတောက်ကျွင်းနှင့်ပင်လျှင် နတ်မိစ္ဆာအဓိပတိကြီးက ကောင်းကောင်းယှဉ်နိုင်သူဖြစ်လေသည်။

အပြာနုရောင်ဝတ်ဆင်ထားသည့်မိန်းကလေးက...

"ဆရာဘိုးဘိုးကြီး ၊ ကျွန်မတို့ အသူရာချောက်ကို သွားပြီး တိုက်ခိုက်ကြမလား..."

အပြာနုရောင်ဝတ်ဆင်ထားသည့် မိန်းကလေးပြောသည့် "ဆုံးသွားသည့်အစ်ကိုကြီး" ဆိုသူမှာ အသူရာချောက်တွင် ရဲ့လျိုယွ

င်ကို သွားရောက်တိုက်ခိုက်သည့် ခွန်ဖိန်နတ်မိစ္ဆာဘုရင် ဖြစ်လေသည်။

နတ်မိစ္ဆာအဓိပတိကြီးက အတန်ကြာတိတ်ဆိတ်နေပြီးမှ…

"ဒီတစ်ခေါက် မင်းရဲ့အစ်ကိုကြီးဆုံးသွားတာ ကျုပ်လုံး၀ မျှော်လင့်မထားတဲ့ ကိစ္စပဲ ၊ အိမ်း…ကျင့်ကြံသူလောကက နောက်ပိုင်းမျိုးဆက်သစ်တွေက သိပ်ကိုရမ်းကားနေကြပါလား ၊ နတ်မိစ္ဆာအဓိပတိနန်းတော်ကိုတောင် မျက်လုံးထဲ မထားတော့ဘူး ၊ ပြီးတော့ မင်းရဲ့အစ်ကိုကြီးကို ရဲ့လျိုယွင်တစ်ယောက်တည်းဆိုရင် ဘယ်နည်းနဲ့မှ သတ်နိုင်မှာ မဟုတ်ဘူး ၊ ကြည့်ရတာ တခြားအကူအညီတစ်ခုခု ရှိတဲ့ပုံပဲ…"

ခဏနားပြီးမှ နတ်မိစ္ဆာအဓိပတိကြီးက ဆက်ပြောလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်း ကြီးမားတဲ့ ဘေးအန္တရာယ်ဆိုးကြီး (၂)ခု ကြုံခဲ့ရတယ် ၊ အဲဒီအခြေအနေမှာ ကျုပ်က ငြိမ်နေခဲ့တာနဲ့ပဲ ကျုပ်ကို လျှော့တွက်နေကြပြီ ထင်တယ် ၊ ကျင့်

စူး... ကျုပ်တို့ အသူရာချောက်ကို သိမ်းပိုက်မယ်၊ ပြီးရင် မိုးကောင်းကင်ခုံရုံးကို ပြန်လည်တည်ထောင်မယ်၊ မင်းဟာ မိုးနတ်မင်းတစ်ပါး ဖြစ်လာရမယ်..."

အမှန်တော့ နတ်မိစ္ဆာအဓိပတိကြီးဆိုသည်က ပထမမိုးနတ်မင်းခေတ်ကတည်းက အသက်ရှင်တည်ရှိခဲ့သူဖြစ်ပြီး ဒုတိယမိုးနတ်မင်းသည်ပင်လျှင် သူ့ကို မလေးစားဘဲ မနေရဲခဲ့ပေ။

သူသာ မိုးကောင်းကင်ခုံရုံးကို ပြန်လည်တည်ထောင်မည်ဆိုပါက သေချာပေါက် အောင်မြင်မှုရမည်ဖြစ်လေသည်။

သို့သော်... နတ်မိစ္ဆာအဓိပတိကြီးက သူကိုယ်တိုင် မိုးနတ်မင်းဘွဲ့ကို ဆက်ခံမည်ဟု မပြောခဲ့ဘဲ ကျင့်စူးကို မိုးနတ်မင်းနေရာအပ်နှင်းရန် ပြောလာခဲ့လေသည်။

နတ်မိစ္ဆာအဓိပတိကြီး၏ စကားကိုကြားသည်နှင့် ကျင့်စူးတုန်လှုပ်ချောက်ခြားသွားလေသည်။ သူမ မည်သည့်နည်းနှင့်မှ မိုးနတ်မင်းအဖြစ် မခံယူဝံ့ပါချေ။

"ဆရာဘိုးဘိုးကြီး… ကျင့်စူးက ဘယ်လိုလုပ် မိုးနတ်မင်း ဖြစ်လာနိုင်မျာလဲ ၊ ကျွန်မရဲ့ ကျင့်ကြံခြင်းအဆင့်က ဒီလောက် အဆင့်မမြင့်သေးဘူး ၊ ပြီးတော့ ကျွန်မက မိန်းကလေးတစ် ယောက်လေ ၊ ဘယ်လိုလုပ် မိုးနတ်မင်း ဖြစ်လာနိုင်မှာလဲ…"

နတ်မိစ္ဆာအဓိပတိကြီးက ကိုယ်ကိုလှည့်လိုက်ပြီး ကျင့်စူးကို မျက်နှာချင်းဆိုင်လိုက်သည်။

သူက တည်ငြိမ်အေးဆေးသည့်လေသံဖြင့်…

"မင်းသိလား… တာအိုဆရာယွမ်ချင်းနဲ့ ဗိသနိုးသေဆုံးသွား ပြီးတဲ့နောက်ပိုင်း သူတို့ခြေရာကိုနင်းနိုင်တဲ့သူဆိုလို့ မင်းတစ် ယောက်ပဲရှိတယ် ကျင့်စူး ၊ ဒီလောက်နှစ်ပေါင်းများစွာ အကြာ ကြီး မင်းကို ပညာတွေသင်ပေးခဲ့တာ ၊ ကျုပ် မင်းဆီက ဘာ များ ပြန်တောင်းဆိုခဲ့ဖူးတာရှိလို့လဲ ကျင့်စူး ၊ မင်းက ဝိဇ္ဇာ အကျီလက်ပညာကို တာအိုဆရာယွမ်ချင်းဆီကနေသင်ယူခွင့်ရ ခဲ့တယ် ၊ ပြီးတော့ မင်းက တာအိုဆရာယွမ်ချင်းနဲ့ ပတ်သက်ခဲ့

ဖူးတယ် ၊ ပြီးတော့ မင်းဟာ ကျုပ်တို့ နတ်မိစ္ဆာအဓိပတိ နန်းတော်ကို သစ္စာဖောက်မယ့်သူမဟုတ်ဘူးဆိုတာ ကျုပ် ယုံကြည်တယ်..."

နတ်မိစ္ဆာအဓိပတိကြီး၏ စကားကြောင့် ကျင့်စူးပိုပြီး တုန်လှုပ် သွားရပြန်သည်။

သူမ နှစ်ပေါင်းများစွာ ဖုံးကွယ်ထားခဲ့သည့် ဆရာဘိုးဘိုးယွမ် ချင်းနှင့်ပတ်သက်သည့် လျှို့ဝှက်ချက်များကို နတ်မိစ္ဆာ အဓိပတိကြီးက သိရှိနေခဲ့သည် မဟုတ်ပါလား။ ကျင့် စူး၏နှလုံးသားထဲတွင် ကြောက်ရွံ့မှုကို ခံစားလိုက်ရလေ သည်။

သို့သော်... ယခုအချိန်တွင် သူမသည် အခြားသောကိစ္စများ ထက် ရဲ့လျိုယွင်၏ လုပ်ရပ်ကို ပိုပြီး ခံပြင်းနေခဲ့လေသည်။ ယမမင်းရဲ့လျိုယွင်က ခွန်ဖိန်အနွယ်တော်နတ်မိစ္ဆာတစ်ပါးကို သတ်လိုက်ခြင်းက နတ်မိစ္ဆာအဓိပတိနန်းတော်ကို

ပြောင်ပြောင်တင်းတင်း ရန်စလိုက်ခြင်းပင် ဖြစ်သည်။ ထိုသို့
သောလုပ်ရပ်မျိုးကို ခေတ်အဆက်ဆက်တွင် မည်သူမှ မလုပ်
ရဲခဲ့ပေ။

သူမ ညီမလေးကွေလိကို သတိရလိုက်မိသည်။ ကွေလိသည်
သူမအားအကျရဆုံး မိန်းကလေးတစ်ယောက်ဖြစ်လေသည်။
ကွေလိသည် ယခုတော့ ဇာမဏီနတ်ဘုရားနန်းတော်၏
နန်းတော်သခင်ဖြစ်နေလေပြီ။ ဇာမဏီနတ်ဘုရားနန်းတော်တစ်
ခုလုံးကို သူမ စိတ်တိုင်းကျ အုပ်ချုပ်နေပြီး လွတ်လပ်သည့်
ဘဝတစ်ခုကို ပိုင်ဆိုင်လေသည်။

သူမကတော့ မိုးနတ်မင်းနေရာကို ယူရမည်ဆိုလျှင်တောင်မှ
နတ်မိစ္ဆာအဓိပတိကြီး၏ လက်ထဲမှ နယ်ရုပ်လေးတစ်ရုပ်မျှသာ
ဖြစ်လေသည်။

သို့သော်... ဆရာဘိုးဘိုးကြီးသည် သူမကို ကျွေးမွေး
စောင့်ရှောက်ကာ ပညာသင်ပေးခဲ့သူ ဖြစ်လေသည်။ ဆရာ

ဘိုးဘိုးကြီးကြောင့်သာမဟုတ်လျှင် သူမသည် ထိပ်တန်း အဆင့်ကျင့်ကြံသူတစ်ယောက် ဖြစ်လာမည် မဟုတ်ပေ။ လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ခန့်က တာအိုဆရာ ယွမ်ချင်းသည်လည်း ယနေ့ ဖြစ်ပျက်လာမည့် အဖြစ်အပျက် များကို ခန့်မှန်းနိုင်ခဲ့ဟန်တူလေသည်။ ထို့ကြောင့် ကျွယ်ရှန်း နတ်ဓားမည်သည့်နေရာတွင်ရှိသည်ကိုသူမကို ပြောပြခဲ့ခြင်း ဖြစ်ဟန်တူသည်။

ကျင့်စူးက သူမ၏ အတွေးများကို နတ်မိစ္ဆာအဓိပတိကြီးမသိ အောင် ဖုံးကွယ်ထားလိုက်ပြီး...

"ဆရာဘိုးဘိုးကြီးအမိန့်အတိုင်း ကျင့်စူးလိုက်နာပါ့မယ်..."

နတ်မိစ္ဆာအဓိပတိကြီးက...

"မင်း ကြောက်စရာမလိုပါဘူး ၊ နောက်ထပ် ဘေးအန္တရယ်ဆိုး ကြီးကျရောက်တဲ့အချိန်ရောက်ရင် ဒီစကြာဝဠာကြီးတစ်ခုလုံး ပျက်သုဉ်းရလိမ့်မယ် ၊ ဒါကြောင့် ကျုပ်တို့ ခွန်ဖိန်အနွယ်တော်

တွေ သိက္ခာမကျအောင် မင်း ဆက်ကြိုးစားရမယ် ကလေးရေ ၊ ပြီးတော့ အသူရာချောက်ကို ကျုပ်တို့ အနိုင်ယူနိုင်မှာပါ ၊ ပြီး ရင်တော့ တာအိုဆရာသခင်ထိုက်ယီနဲ့ တခြားတာအိုဆရာ သခင်ကြီးတွေလျှောက်လှမ်းတဲ့လမ်းကို ကျုပ်လိုက်ရလိမ့်မယ် ၊ အဲဒီတော့ မင်းသာ ကျုပ်ပြောတဲ့အတိုင်း လုပ်မယ်ဆိုရင် မင်း အတွက်လည်း ရှေ့လျှောက် အန္တရယ်ကင်းနိုင်ပါလိမ့်မယ်..."

နတ်မိစ္ဆာအဓိပတိကြီး၏ စကားများထဲတွင် များစွာသော ရည်မှန်းချက်များကို မြင်တွေ့ရလေသည်။ထို့ပြင် အတိတ် အချိန်များဆီက ခံစားချက်များကိုလည်း တွေ့မြင်ရမည် ဖြစ် လေသည်။

နတ်မိစ္ဆာအဓိပတိကြီး မည်မျှ တည်ငြိမ်သည်ဆိုပါစေ ခွန်ဖိန် နတ်မိစ္ဆာသေဆုံးသွားရသည့်ကိစ္စက နတ်မိစ္ဆာအဓိပတိကြီး အပေါ် များစွာ သက်ရောက်မှု ရှိလေသည်။ မဟုတ်ပါက သူ့ အနေဖြင့် အသူရာချောက်ကို သိမ်းပိုက်ပြီး မိုးကောင်းကင်ခုံရုံး

ကို ပြန်လည်တည်ထောင်သည်အထိ ဆုံးဖြတ်ချက်ချခဲ့မည် မဟုတ်ပေ။ ထို့ပြင် ကျင့်စူးကိုလည်း မိုးနတ်မင်းအဖြစ်ခံယူရန် ဖိအားပေးမည် မဟုတ်ပေ။

နှစ်ပေါင်းများစွာ ငြိမ်သက်နေသည့် နတ်မိစ္ဆာအဓိပတိနန်းတော်သည် ယခုတော့ ကြီးမားသည့်လှုပ်ရှားမှုကြီးတစ်ခုကို စတင်တော့မည်ဖြစ်သည်။

ထိုလှုပ်ရှားမှုကြီးတွင် အဓိကပါဝင်ရမည့်သူမှာ ကျင့်စူးပင်ဖြစ်လေသည်။ ကျင့်စူးအတွက် နတ်မိစ္ဆာအဓိပတိကြီးက နက်ရှိုင်းသည့်ရည်ရွယ်ချက်များ ရှိနေခဲ့သည်။

ကျင့်စူးက...

"ဆရာဘိုးဘိုးကြီး အခု နောက်ဆုံးကြုံတွေ့ရမယ့် ဘေးအန္တရယ်ဆိုးကြီးနဲ့ အရင်က ကြုံခဲ့တဲ့ ဘေးအန္တရယ်ဆိုး (၂)ခုက ဘာကွာတာလဲ..."

နတ်မိစ္ဆာအဓိပတိကြီးက...

"ပထမမိုးနတ်မင်းနဲ့ ဒုတိယမိုးနတ်မင်းက မိုးကောင်းကင်ခုံရုံးကို တည်ဆောက်ခဲ့ကြတယ်။ တကယ်တော့ ဖြစ်ခဲ့သမျှအဖြစ်အပျက်တွေဟာ တာအိုဆရာသခင်ထိုက်ယီနဲ့ ဗုဒ္ဓတို့က အတိတ်ကို ပြောင်းလဲဖို့ ကြိုးစားခဲ့ကြလို့ ဖြစ်ခဲ့ကြတာပဲ။ ပထမမိုးနတ်မင်းဟာ တာအိုဆရာသခင်ထိုက်ယီရဲ့ အချိန်ရေစီးကြောင်းခေါင်းလောင်းကို ရရှိသွားခဲ့တယ်။ ဒါကြောင့် သူဟာ လောကမှာ စွမ်းအားအကြီးဆုံး မိုးနတ်မင်းတစ်ပါးဖြစ်လာခဲ့တာပဲ။ အဲဒီနောက်မှာတော့ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီရဲ့ ယှဉ်ပြိုင်ပွဲမှာ ဗုဒ္ဓကလည်းအနန္တကျမ်းစာကို ချန်ထားခဲ့တယ်။ အဲဒီကျမ်းစာကို ရသွားတဲ့သူကတော့ ဒုတိယမိုးနတ်မင်းပဲ။ အဲဒါကြောင့် ပထမမိုးနတ်မင်း ကျဆုံးသွားပြီးတဲ့အခါ ဒုတိယမိုးနတ်မင်းက မိုးကောင်းကင်ခုံရုံးကို ပြန်လည်တည်ဆောက်နိုင်ခဲ့တာပေါ့။ အိမ်း... အမှန်တော့ တာအိုဆရာသခင်ထိုက်ယီနဲ့ ဗုဒ္ဓတို့ရဲ့ ယှဉ်ပြိုင်မှုကြောင့်ပဲ အချိန်

ရေစီးကြောင်းမှာ အရှုတ်အထွေးတွေဖြစ်ကုန်ခဲ့ရတယ်၊ အဲဒီ

အရှုတ်အထွေးတွေကြောင့် ဖြစ်လာတဲ့ ဘေးအန္တရယ်ဆိုးကြီး

တွေကို မိုးကောင်းကင်ခုံရုံးနှစ်ခုလုံးရော၊ မိုးနတ်မင်းနှစ်ပါးလုံး

ရော တောင့်ခံမထားနိုင်ခဲ့ကြဘူး၊ မိုးနတ်မင်းတွေ တောင့်ခံမ

ထားနိုင်တဲ့အပြင် နောက်ဆက်တွဲပြဿနာတွေကလည်း ဖြေ

ရှင်းလို့ကို မရတော့တဲ့နေအထားဖြစ်ကု်ကြရတယ်၊ အဲဒီ

နောက်ဆက်တွဲ ပြဿနာတွေကြောင့်ပဲ အခု ကျုပ်တို့နေထိုင်နေ

တဲ့စကြာဝဠာကြီး အဆုံးသတ်ရတော့မယ့်အချိန် နီးကပ်လာခဲ့

ရတာပဲ အဲဒါမှ ဖြစ်ခဲ့သမျှပြဿနာတွေအားလုံးဟာလည်း

စကြာဝဠာကြီးနဲ့အတူ အဆုံးသတ်သွားပြီး အကြောင်းအကျိုး

တွေ ဖြတ်တောက်နိုင်ခဲ့လိမ့်မယ်၊ စကြာဝဠာပျက်စီးတဲ့နေ့ကျ

ရင် စကြာဝဠာထဲက သက်ရှိသက်မဲ့အရာအားလုံးဟာလည်း

ပျက်စီးကြရမှာပဲ၊ ကျင့်စူး... ဒီစကြာဝဠာကြီးပျက်စီးသွားတဲ့

အချိန် မင်း စကြာဝဠာကြီးနဲ့အတူ ရောပြီး အဆုံးသတ်မသွား

ချင်ဘူးဆိုရင်တော့ ကျုပ်ပြောတဲ့အတိုင်း လိုက်နာဖို့ တစ်နည်း ပဲရှိတယ်..."

ကျင့်စူး၏ဘဝတွင် ထိုကဲ့သို့သော စကားမျိုးကို ပထမဆုံး အကြိမ် ကြားဖူးခြင်း ဖြစ်လေသည်။

မျိုးဆက် (၂)ခုမှ မိုးကောင်းကင်ခုံရုံး (၂)ခုစလုံး ပျက်စီးခဲ့ရ သည့် အကြောင်းရင်းက ထိုသို့ ဖြစ်နေခဲ့မည်ဟု သူမ ထင်မ ထားခဲ့မိပေ။

တစ်ချိန်တည်းမှာပင် နတ်မိစ္ဆာအဓိပတိကြီးက သူမကို မသိမသာခြိမ်းခြောက်ခဲ့ခြင်းလည်း ဖြစ်ဟန်တူလေသည်။

ထိုသို့သော လျှို့ဝှက်ချက်များကို သိနေသူ နတ်မိစ္ဆာအဓိပတိ ကြီးသည် မည်မျှကြောက်မက်ဖွယ်ကောင်းသူတစ်ယောက် ဖြစ်သည်ကို ကျင့်စူး နားလည်ခဲ့ရသည်။

နတ်မိစ္ဆာအဓိပတိကြီးက...

"နောက်သုံးရက်နေရင် အသူရာချောက်ကို စစ်ချီမယ်၊ မင်းက ပြင်ဆင်စရာရှိတာတွေအားလုံး ပြင်ဆင်ထားပါ..."

ကျင့်စူးက နတ်မိစ္ဆာအဓိပတိကြီးကို ဦးညွတ်အရိုအသေ ပေးလိုက်ပြီး နေရာမှ ပျောက်ကွယ်သွားလေသည်။

ကျင့်စူးထွက်ခွာသွားသည်နှင့် နတ်မိစ္ဆာအဓိပတိကြီးက ခါး သက်သည့်ရယ်မောသံတစ်ချက်ဖြင့် ရယ်မောလိုက်လေသည်။

....

စန်းလော်ခန်းမဆောင်...

စန်းလော်ခန်းမဆောင်ထဲတွင် ငရဲမင်း၊ ယမမင်းဟု ဘွဲ့ အမည်တွင်သည့် ရဲ့လျိုယွင် ထိုင်နေလေသည်။ သူနှင့် မျက်နှာချင်းဆိုင်တွင်တော့ မာရ်နတ်ထိုင်နေလေ၏။

သူတို့ (၂)ယောက်လုံး၏ မျက်နှာများက သုန်သုန်မှုံမှုံနှင့် ဖြစ် လေသည်။

သူတို့ (၂)ယောက်ပေါင်းကာ သတ်ဖြတ်ပစ်ခဲ့သည့် ခွန်ဖိန် နတ်မိစ္ဆာဘုရင်သည် ပေါ့သေးသေး နတ်မိစ္ဆာဘုရင်တစ်

ယောက်တော့ မဟုတ်ပေ။ ထို့ပြင်... ခေတ်အဆက်ဆက်တွင် အထင်ကရဖြစ်သည့် နတ်မိစ္ဆာအဓိပတိနန်းတော်မှ ခွန်ဖိန် အနွယ်တော်တစ်ပါးလည်း ဖြစ်လေသည်။

ထို့ကြောင့် ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကို သတ်ဖြတ်လိုက်ပြီး သည့်နောက် သူတို့၏တန်ခိုးစွမ်းအားများလည်း လျော့နည်း ကုန်ကြရလေသည်။

သူတို့ (၂)ယောက်၏ဘေးတွင် အဖြူရောင်ဝတ်ဆင်ထားသည့် စာပေပညာရှင်တစ်ယောက် မတ်တတ်ရပ်နေလေ၏။ ထိုစာပေ ပညာရှင်၏ မျက်ခုံးများက ထက်ရှနေပြီး ဝိညာဉ်တစ်ခုဖြစ် သည့်တိုင် သူ့ထံမှ ဝိညာဉ်စွမ်းအားများက ပြင်းထန်လွန်းလှ လေသည်။

ရဲ့လျိုယွင်က ထိုအဖြူရောင်ဝတ်စုံနှင့်လူကို လှမ်းပြီး စကားပြောလိုက်သည်။

"အစ်ကိုလူ... ကျုပ်တို့နဲ့အတူတူ လာထိုင်ပါဗျာ..."

အဖြူရောင်ဝတ်ဆင်ထားသူက တည်ငြိမ်သည့်လေသံဖြင့်...

"ရပါတယ် ယမမင်း"

ဟု ပြန်ပြောလိုက်လေသည်။

မာရ်နတ်က အဖြူရောင်ဝတ်ဆင်ထားသည့် စာပေသမားကို

တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"လက်စသတ်တော့ ယမမင်းရဲ့လက်အောက်မှာတာဝန်ထမ်း

ဆောင်နေတဲ့ နာမည်ကျော်ကြားတဲ့ တရားသူကြီး 'လူ' ဆိုတာ

သူကိုး... ၊ တရားသူကြီးလူရဲ့ ဇာစ်မြစ်က ဘယ်သူများလဲ သိ

ခွင့်ရှိမလား..."

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း...

"အစ်ကိုလူက စကြာဝဠာတစ်ခုလုံးက လျှို့ဝှက်ချက်တွေကို

သိမြင်နားလည်နိုင်စွမ်းရှိတယ် ၊ ဒါကြောင့် အသူရာချောက်ရဲ့

တရားသူကြီးအဖြစ် ကျုပ်က ခန့်အပ်ထားခဲ့တာ ၊ တကယ့်ကို

အရည်အချင်းရှိတဲ့သူတစ်ယောက်ပါပဲ..."

ရဲ့လျိုယွင်က မာရ်နတ်၏အမေးကိုမဖြေဘဲ တရားသူကြီးလူကိုသာ ချီးကျူးစကားဆိုလိုက်လေသည်။

မာရ်နတ်က...

"တရားသူကြီးလူရဲ့ဇာစ်မြစ်ကို မင်းမပြောပြလဲ ကျုပ်ခန့်မှန်းလို့ရပါတယ်..."

ရဲ့လျိုယွင်က...

"မိစ္ဆာသခင်... မင်းသိတယ်ဆိုရင်လည်း စိတ်ထဲပဲထားပါ၊ ထုတ်ပြောမနေပါနဲ့..."

မာရ်နတ်က ထူးဆန်းသည့်အပြုံးတစ်ချက်ကိုပြုံးလိုက်ရင်း...

"နတ်မိစ္ဆာအဓိပတိကြီးဟွင့်ထျန်းတာ့စန့်က အနှေးနဲ့အမြန်အသုရာချောက်ကို တိုက်ခိုက်တော့မှာပဲ၊ ကျုပ် ခွန်ဖိန်တွေရဲ့ပေမင်တန်ခိုးစွမ်းအားကိုတော့ သိပ်ကြောက်တယ်ဗျာ၊ ဒီတော့ နတ်မိစ္ဆာအဓိပတိကြီးသာရောက်လာရင် ကျုပ်တော့ မင်းကို မကူညီနိုင်ဘူးနော်..."

ရဲ့လျိုယွင်က...

"နတ်မိစ္ဆာအစိပတိကြီးက အသူရာချောက်ကို အလွတ်မပေးလောက်ဘူး၊ အဲဒီတော့ ကျုပ်လည်း အသူရာချောက်ကို စွန့်လွှတ်ပြီး ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကိုပဲ ပြန်တည်ထောင်တော့မယ်..."

မာရ်နတ်က...

"တကယ်တမ်းတော့ မင်းလည်း နတ်ဆိုးတစ်ပါး ၊ ကျုပ်လည်း နတ်ဆိုးတစ်ပါးပဲလေ၊ မင်းက ဒီလိုပြောမှတော့ ကျုပ်မှာလည်း ပြောစရာ စကားမရှိတော့ပါဘူး..."

ရဲ့လျိုယွင်က ခံစားချက်ကင်းမဲ့သည့် မျက်နှာထားဖြင့်...

"မင်းသွားတဲ့လမ်းက မိုးကောင်းကင်နတ်မိစ္ဆာလမ်း၊ ကျုပ်သွားမယ့်လမ်းက အသူရာချောက်ကမိစ္ဆာလမ်း... ခြားနားချက်တော့ ရှိတာပေါ့..."

မာရ်နတ်က ရယ်မောလိုက်ရင်း...

"ခုနစ်လပိုင်း ခုနက်ရက်နေ့မှာ ကျုပ် မရှိမှုကျေးရွာကို ဝင်မယ်၊ အဲဒီမှာ မိစ္ဆာကောင်းကင်ဘုံတစ်ခုကို တည်ဆောက်မယ်၊ အဲဒီအချိန်ကျ ကျုပ်ရဲ့ ကောင်းကင်ဘုံဖွင့်လှစ်ပွဲကို တက်ရောက်ဖို့ မင်းကို တစ်ခါတည်းဖိတ်ကြားလိုက်မယ်..."

ရဲ့လျိုယွင်က အရေးမစိုက်သည့်အမူအရာဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

ထို့နောက် မာရ်နတ်သည် စန်းလော်ခန်းမဆောင်အတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

စန်းလော်ခန်းမဆောင်သည် အရံအတားများစွာ ရှိသည့် နေရာတစ်ခုဖြစ်လေသည်။ သို့သော် မာရ်နတ်ကတော့ ထို အရံအတားများကို တစ်ချက်ပင် အရေးမစိုက်ဘဲ ထွက်ခွာသွားခဲ့ပြီ ဖြစ်လေသည်။

ရဲ့လျိုယွင်သည် မာရ်နတ်ကို သူ့ကတိအတိုင်း လင်ထိုင်ဖန်းကျွမ်းတောင်အကြောင်းပြောပြလိုက်လေသည်။ ထို့ကြောင့်

ကျားကို အတောင်တပ်ပေးလိုက်သလိုဖြစ်သွားခဲ့ပြီ ဖြစ်လေရာ နောက်ပိုင်း မာရ်နတ်ကို နှိမ်နင်းနိုင်မည့်သူ မရှိသလောက် နည်းပါးသွားပေလိမ့်မည်။

သို့သော် မာရ်နတ်ကို လင်ထိုင်ဖန်းကျွမ်းတောင်အကြောင်း ပြောပြလိုက်ရသည့်အတွက် ရဲ့လျိုယွင် နောင်တရခြင်း မရှိပါပေ။ လောကကြီးပြဿနာများရှုတ်ထွေးကာ ကမောက်ကမ ဖြစ်လေ သူ့အတွက် ရပ်တည်ရန် အခွင့်အရေးပိုများမည်ပဲ ဖြစ်လေသည်။

မာရ်နတ်ထွက်ခွာသွားသည်နှင့် တရားသူကြီးလူက မျက်မှောင် တစ်ချက်ကြုံ့လိုက်ရင်း...

"ယမမင်းက တကယ်ပဲ အသူရာချောက်ကို စွန့်လွှတ်တော့မလို့ လား..."

ရဲ့လျိုယွင်က...

"ဘယ်စွန့်လွှတ်ချင်ပါ့မလဲ... ဒါပေမဲ့ နတ်မိစ္ဆာအဓိပတိကြီး ကိုယ်တိုင်လာမယ်ဆိုရင်တော့ ကျုပ်မှ မနိုင်ဘဲ ၊ ပြေးရမှာပေါ့..."

တရားသူကြီးလူဆိုသည်မှာ အခြားသူမဟုတ်ပေ။

တစ်ချိန်က ဆန်းလျန်နှင့် ချင်းရှမ်နတ်တံခါးတွင် အတူတူ ပညာသင်ခဲ့လေသော ဆန်းလျန်၏ ဂိုဏ်းတူညီအစ်ကို လူစောယိပင် ဖြစ်လေသည်။

ဆန်းလျန်နှင့် လူစောယိဆိုသည်က တစ်ချိန်တုန်းက ချင်းရှမ်နတ်တံခါး၏ ဝမ့်ရှင်းလမ်းကို အတူတူဖြတ်ကျော်ကာ ချင်းရှမ်နတ်တံခါးတွင် တစ်ရက်တည်း အတူတူ တပည့်အဖြစ် လက်ခံခြင်းကို ခံခဲ့ကြရသူများ ဖြစ်လေသည်။

လူစောယိက...

"ကျုပ်ကျင့်ကြံနေတဲ့ နတ်နဂါးကျင့်စဉ်က အောင်မြင်ခါနီးပါပြီ ၊ အဲဒီတော့ ကျုပ်သာ နတ်နဂါးအရံအတားကို စီရင်နိုင်မယ်ဆို

ရင် နတ်မိစ္ဆာအဓိပပတိကြီးကို ခဏတော့ တားဆီးထားနိုင်လိမ့်မယ်..."

ရဲ့လျိုယွင်က...

"အစ်ကိုလူက တကယ် စိတ်သဘောထားပြည့်ဝတယ်၊ ညီလေးရဲ့လျိုယွင် အစ်ကိုလူရဲ့ စေတနာကို မှတ်သားထားပါ့မယ်၊ ဒါပေမဲ့ အစ်ကိုလူသာ နတ်မိစ္ဆာအဓိပတိကြီးနဲ့ရင်ဆိုင်မယ်ဆိုရင် အစ်ကိုလူလည်း အများကြီး ဆုံးရှုံးရလိမ့်မယ်၊ ကျုပ် အဲဒီလိုမျိုး အဖြစ်မခံနိုင်ပါဘူး..."

လူစောယိက...

"ကျုပ်က ပြဿနာမရှိပါဘူး..."

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း...

"အစ်ကိုလူက အရေးမစိုက်ဘူးဆိုတာသိပါတယ်၊ ဒါပေမဲ့ အဲဒီလောက်အထိ လုပ်ဖို့ မလိုပါဘူး၊ နတ်မိစ္ဆာအဓိပတိကြီးက

အသူရာချောက်ကို လိုချင်မှတော့ သူ့ဆန္ဒကို ဖြည့်ဆည်း ပေးလိုက်ရုံပေါ့..."

လူစောယိသည် အလွန်သတိရှိသူတစ်ယောက် ဖြစ်လေသည်။ ရဲ့လျိုယွင်၏ စကားအသွားအလာကိုကြည့်ပြီး အခြေအနေ တစ်ခုကို သဘောပေါက်သွားလေသည်။ ရဲ့လျိုယွင်က အသူရာချောက်ကို လွယ်လွယ်ကူကူနှင့် စွန့်လွှတ်ရန် ဆုံးဖြတ် လိုက်ရခြင်းမှာ သူ့တွင် အခြားသော အကြံအစည်တစ်ခု ရှိ သောကြောင့် ဖြစ်ပေလိမ့်မည်။

လူစောယိက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အသူရာချောက်က နောက်ဆုံးတော့ နတ်မိစ္ဆာအစိပတိကြီး လက်ထဲ ရောက်ရတော့မှာပေါ့..."

ရဲ့လျိုယွင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

လူစောယိက အသူရာချောက်တွင် ဘဝကူးပြောင်းရန်

စောင့်ဆိုင်းနေကြသည့် တစ္ဆေများ ၊ ဝိညာဉ်များအတွက်

စိတ်ပူပန်နေသည်ကို ရဲ့လျိုယွင် ရိပ်မိလေသည်။

သို့သော်... ရဲ့လျိုယွင်၏စိတ်ထဲတွင်တော့ လူစောယိကဲ့သို့ လူ

တစ်ဖက်သားအတွက် စဉ်းစားပေးတတ်သည့် စိတ်ထားများ

ပျောက်ကွယ်သွားသည်မှာ ကြာခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် လူစောယိ၏ လူသားဆန်သည့် စိတ်ထားကို သူ

အလွန်လေးစားခဲ့ခြင်း ဖြစ်သည်။

ယနေ့ခေတ်တွင် နတ်ဘုရားများ ၊ ဗောဓိသတ္တများသည်ပင်

လျှင် ထိုသို့ လူတစ်ဖက်သားအတွက် စဉ်းစားပေးတတ်သည့်

လူသားဆန်သည့်စိတ်ထားမျိုး မရှိကြတော့ပေ။

ထိုသို့ဖြင့်...

တစ်နေ့တွင်တော့ အသူရာချောက်မှ တစ္ဆေများ ၊ ဝိညာဉ်များ

ပျောက်ကွယ်သွားခဲ့ကြလေသည်။ ထို့အတူ စန်းလော်ခန်းမ

ဆောင်သည်လည်း ပျောက်ကွယ်သွားခဲ့လေသည်။

လူ့လောကတစ်နေရာတွင်တော့ စီးဆင်းနေသည့် ဝိညာဉ်မြစ်

ပြန်ပေါ်လာပြီး ထိုနေရာတွင် တစ္ဆေတိုင်းပြည်တစ်ခု ဖြစ်တည်

လာခဲ့လေသည်။

တစ္ဆေတိုင်းပြည်နှင့် သာမန်လူများနေထိုင်သည့်လောက

အကြားတွင် တံတိုင်းတစ်ခု ဖြစ်ပေါ်လာပြီး ထိုတံတိုင်းထက်

တွင် "ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း" ဟု ရေးသားထားသည်ကို တွေ့

မြင်ကြရမည် ဖြစ်သည်။

....

ယင်းစန်းတောင်သည် အလွန်မြင့်မားသည့်တောင်တစ်တောင်

ဖြစ်လေသည်။

ထိုတောင်ထက်တွင် ပျက်စီးနေပြီဖြစ်သည့်ကျောင်းတော်ကြီး

တစ်ခုရှိလေသည်။ ထိုကျောင်းပျက်ကြီးပရဝုဏ်အတွင်းတွင်

ရှားလော့သစ်ပင်ညီနောင်ရှိနေပြီး သစ်ရွက်များက လေတိုက်တိုင်း လွင့်ကြွေလျှက်ရှိသည်။

ဆန်းလျန်နှင့်ကျောက်ရှောင်ယွီတို့က ထိုနေရာတွင် (၂)ရက်ခန့်နေထိုင်ခဲ့လေသည်။

ကျောက်ရှောင်ယွီက...

"ရှားလော့သစ်ပင်ညီနောင်ကို တာအိုဆရာသခင်ထိုက်ယီလည်း ဖန်ဆင်းခဲ့ဖူးတယ်လို့ ပြောတယ်မဟုတ်လား ၊ ပြီးတော့ တာအိုဆရာသခင်ထိုက်ယီကလည်း အသူရာချောက်နဲ့ ပတ်သက်မှုရှိခဲ့ဖူးတယ် ၊ ဒီတော့ ရှားလော့သစ်ပင်ညီနောင်က ထိုက်ယီနတ်ဓားနဲ့ တစ်ခုခုပတ်သက်နိုင်တယ်လို့ ရှင် မထင်ဘူးလား ..."

ဆန်းလျန်က...

"တာအိုဆရာသခင်ထိုက်ယီ ဘာတွေလုပ်ခဲ့လဲဆိုတာ ကျုပ်တို့ရဲ့ လက်ရှိအဆင့်နဲ့ဆိုရင် ဘယ်သိနိုင်မှာလဲ..."

ကျောက်ရှောင်ယွီက မကျေမှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"ဒါဖြင့် ထိုက်ယီနတ်ဓားက ဘယ်မှာလဲဆိုတာ ရှင်သိလို့

လား..."

ဆန်းလျန်က....

"ထိုက်ယီနတ်ဓားဘယ်မှာရှိလဲဆိုတာ သိစရာမလိုတော့ပါဘူး ၊

ဒီ ရှားလော့သစ်ပင်ညီနောင်ကို တွေ့ရတာနဲ့တင် လုံလောက်နေ

ပါပြီ ၊ အဲဒီ သစ်ပင်ညီနောင်က ဘာထူးခြားချက်ရှိလဲဆိုတာ

မင်း အနီးကပ် သေချာလေ့လာကြည့်ပါလား..."

အခန်း (၈၄၆) တိမ်ဖြူတွေဖုံးလွှမ်းနေတဲ့ တောင်တွေဆီက

ကျောက်ရှောင်ယွီက ဆန်းလျန်ပြောသည့်အတိုင်း ရှားလော့

သစ်ပင်ညီနောင်ကို သေသေချာချာ ကြည့်လိုက်လေသည်။

"သစ်ရွက်တွေအကုန်ကြွေကျတော့မယ် ၊ ဒီသစ်ပင်နှစ်ပင်က

လည်း အနီရောင်ပင့်ကူငရဲပန်းတွေလိုပဲလား ၊ ပန်းပွင့်ဖို့

အတွက် သစ်ရွက်တွေအကုန် ကြွေကျကုန်တာလား..."

ကျောက်ရှောင်ယွီသည် မိန်းကလေးတစ်ယောက်ဖြစ်လေ

သည်။

မိန်းကလေးတို့၏ သဘာဝ ပန်းများကို နှစ်သက်မြတ်နိုး

လေ၏။ ထို့ကြောင့် ထိုက်ယွီနတ်ဓားကို မတွေ့လျှင်လည်း ရှား

လော့သစ်ပင်ညီနောင်မှ ပန်းများပွင့်သည်ကိုကြည့်ခွင့်ရလျှင်

အသူရာချောက်သို့ လာရသည်မှာ တန်သည်ဟု သူမက တွေး

လိုက်မိသည်။

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

"အင်း... ပန်းပွင့်တော့မလို့ နေမှာပေါ့..."

ဆန်းလျှန်နှင့် ကျောက်ရှောင်ယွီတို့ သစ်ပင်ညီနောင်အောက်တွင် (၁၀)ရက်ခန့် နေထိုင်ရင်း သစ်ရွက်များ အကုန်ကြွေကျသည်အထိ စောင့်နေခဲ့ကြလေသည်။

ထိုရက်ပိုင်းမှာပင်...

နတ်မိစ္ဆာအဓိပတိကြီးက အသူရာချောက်ကို သိမ်းပိုက်လိုက်လေသည်။

သွေးနီရောင်ပင်လယ်ဒေသမှလွဲပြီး အသူရာချောက်၏ ဒေသအသီးသီးကို သူ၏ အာဏာစက်ကွင်းဖြန့်ကျက်ခဲ့သည်။ သွေးနီရောင်ပင်လယ်သည်လည်း အနွေးနှင့်အမြန် နတ်မိစ္ဆာအဓိပတိကြီး၏ လက်အောက်သို့ ရောက်ရှိရတော့မည်မှာ အသေအချာပင် ဖြစ်လေသည်။

သို့သော်... သွေးနီရောင်ပင်လယ်ကို မသိမ်းပိုက်နိုင်မီ နတ်မိစ္ဆာအဓိပတိကြီးက အသူရာချောက်မှ ပုန်ကန်သူအချို့ကို နှိမ်နင်းရဦးမည်ဖြစ်သည်။ ထို့ပြင်... ဘုံအသီးသီးမှ သတ္တဝါများ လူ

ပြန်ဝင်စားသည့်ကိစ္စကိုလည်း အဆင်ပြေအောင် ပြုလုပ်ပေးရဦးမည်ဖြစ်လေသည်။

လူပြန်ဝင်စားခြင်းဆိုသည်မှာ အလွန်အရေးကြီးသည့်ကိစ္စတစ်ခုဖြစ်သည့်အတွက် အစပိုင်းမှာပင် သတိထားလုပ်ဆောင်မှသာ အဆုံးသတ်တွင် အဆင်ပြေမည်ဖြစ်သည်ကို နတ်မိစ္ဆာအဓိပတိကြီး ကောင်းကောင်းသိရှိထားသည်။

ထို့နောက်... ရှေးယခင်က အသူရာချောက်၏ ထုံးတမ်းအဆင်အလာအတိုင်း ကျင့်စူးက ယမမင်း (၁၀)ပါးကို စတင် ခန့်အပ်လိုက်သည်။ သူခန့်အပ်လိုက်သည့် ယမမင်းများမှာ ခွန်ဖိန်အနွယ်တော်များထဲမှ ထူးချွန်ထက်မြက်သူ (၁၀)ယောက် ဖြစ်လေ၏။

ထိုခွန်ဖိန်အနွယ်တော် (၁၀)ယောက်၏ တန်ခိုးစွမ်းအားများသည် ရှေးယခင်အချိန် မိုးနတ်မင်းခေတ်က ယမမင်း (၁၀)ပါးထက် လျော့နည်းခြင်း မရှိပေ။

ဆန်းလျန်ကတော့ ထိုအဖြစ်အပျက်များအားလုံးကို အရေးမ

စိုက်ပေ။ ယင်းစန်းတောင်သည် အလွန်ကျယ်ပြန့်နက်ရှိုင်းသည့်

နေရာတစ်ခုဖြစ်သည့်အတွက် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ

ရှိနေသည်ကို နတ်မိစ္ဆာအဓိပတိကြီးကလည်း သတိပြုမိခြင်း မ

ရှိပေ။

(၁၀)ရက်မြောက်သည့်နေ့တွင်တော့...

ရှားလော့သစ်ပင်ညီနောင်မှ သစ်ရွက်များအားလုံး ကြွေကျ

သွားခဲ့ပြီ ဖြစ်လေသည်။

ထိုအခါ လှပသည့် ပန်းများ စတင်ပွင့်လန်းလာလေ

တော့သည်။ ပန်းပွင့်များသည် အနီဖျော့ဖျော့အရောင်ရှိပြီး မက်

မွန်ပွင့်များနှင့်ဆင်တူလေသည်။ သို့သော်... မက်မွန်ပန်းထက်

အနည်းငယ် အရောင်ပိုရင့်လေ၏။

ကျောက်ရှောင်ယွီမှာပင်လုံးကျွတ်ပွင့်လန်းနေသည့်ပန်းပွင့်များ

ကိုကြည့်ရင်း အပျော်ကြီးပျော်လျှက် ရှိလေတော့သည်။

သူမက ရွှန်းစိုသည့်မျက်ဝန်းလေးများဖြင့် ဆန်းလျန်ကို လှည့်ကြည့်လိုက်ပြီး...

"ဘုန်းတော်ကြီးရာမက တကယ်ညဏ်ကောင်းတာပဲ ၊ ခုလိုပန်းတွေပွင့်တဲ့အချိန် သူ မရှိတော့တာ တကယ်စိတ်မကောင်းစရာပဲနော်..."

ဆန်းလျန်က...

"အရာအားလုံးက အနိစ္စပဲလို့ နားလည်ထားရင် ဘာမှ စိတ်မကောင်းစရာ မရှိတာ့ပါဘူး..."

ကျောက်ရှောင်ယွီက ဆန်းလျန်ကို မကျေမနပ်ဖြင့် မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း...

"ရှင်က ဒီလိုအချိန်ကြီး ကျွန်မကို တရားလာဟောနေတာလား..."

ဆန်းလျန်က သူမကို ပြုံးရုံသာပြုံးပြလိုက်ပြီး စကားဆက်မပြောတော့ပေ။

ဆန်းလျန်က စကားမပြောတော့သည့်တိုင် ကျောက်ရှောင်ယွီက စကားပြောချင်နေဆဲ ဖြစ်လေသည်။

သူမသည် ကျင့်ကြံခြင်းအကြောင်းအရာများ ၊ လျှို့ဝှက်ဆန်းကျယ်သည့်အကြောင်းအရာများအားလုံးကို မေ့ပျောက်ကာ လှပသည့်ပန်းများပွင့်လန်းနေသည့် သစ်ပင်ညီနောင်အောက်တွင် ဆန်းလျန်နှင့်အတူ ရှိနေရသည်ကို ပျော်ရွှင်နေမိလေသည်။

ကျောက်ရှောင်ယွီက…

"ဒီပန်းလေးတွေပွင့်လာတာတော့ ကျေးဇူးတင်သင့်တယ်မလား…"

သစ်ရွက်များ ကြွေကျသွားစဉ်ကတော့ သူမ စိတ်မကောင်းမဖြစ်ခဲ့ပေ။ သို့သော်… သစ်ရွက်တွေအကုန်ကြွေမှ ပွင့်လာကြသည့်ပန်းများကိုတော့ ကျေးဇူးတင်မည်တဲ့လေ…။

တကယ်တမ်းဆို သစ်ရွက်ကြွေတွေကိုလည်း ကျေးဇူးတင်သင့်သည်ပဲ မဟုတ်လားဟု ဆန်းလျှန် တွေးလိုက်မိသည်။

ဆန်းလျှန်က...

"အင်း... တစ်ချိန်ကျရင်တော့ ဒီပန်းလေးတွေကို ကျေးဇူးတင်ရမှာပေါ့..."

ကျောက်ရှောင်ယွီက...

"ဘယ်အချိန်လဲ..."

ဆန်းလျှန်က...

"သွေးနီရောင်ပင်လယ် ဒီရေတွေတက်လာတဲ့အချိန်မှာပေါ့..."

သွေးနီရောင်ပင်လယ်ဒီရေ မည်သည့်အချိန်တွင်တက်မည်လဲဟု ကျောက်ရှောင်ယွီ တွေးလိုက်မိသည်။

ယနေ့ညတွင် ပင်လယ်ဒီရေတက်လာမည်ဟု သူမ ထင်လိုက်မိလေသည်။

အသူရာချောက်သည် မှောင်မိုင်းနေသည့်နေရာတစ်ခုဖြစ်

သည့်အတွက် နေနှင့်ည ခွဲခြားရန် ခက်ခဲလှသည်။ သို့သော်...

အသူရာချောက်တွင် သွေးနီရောင်လွှမ်းသည့် လတစ်စင်းရှိလေ

သည်။ ထို့ကြောင့် လထွက်လာလျှင် ညအချိန်ရောက်ပြီဟု

သိရှိနိုင်သည်။

ထိုသွေးနီရောင်လမင်းသည် ထိုက်ယင်းစွမ်းအားများကြောင့်

တည်ရှိနေသည့် လတစ်စင်းဖြစ်လေသည်။ ထို့ပြင် ထိုလမင်း

သည် ထိုက်ယင်းနတ်ဘုရားကျင့်စဉ်များနှင့် ဆက်စပ်

ပတ်သက်နေလေသည်။

ယနေ့ညတော့...

သွေးနီရောင်လပြည့်ဝန်းသည် ဝိုင်းစက်လှပလျှက်ရှိလေသည်။

ထိုက်ယင်းတန်းခိုးစွမ်းအားများသည် အသူရာချောက်မှ

အမျက်ဒေါသထွက်နေသည့် ဝိညာဉ်များ ၊ တစ္ဆေများ၏

စွမ်းအားများနှင့် ပေါင်းစပ်သွားသည့်အခါ သွေးနီရောင်ပင်လယ်ရေသည် မြင့်တက်လာလေသည်။

ဟုန်းဟုန်းထနေသည့် သွေးနီရောင်ပင်လယ်ရေထဲတွင် အသူရာများ ပျော်ရွှင်စွာ အော်ဟစ်နေသည့်အသံကို ကြားနေရသည်။

လပြည့်ညသည် အသူရာမျိုးနွယ်များ၏ အားလပ်ရက် အနားယူရာနေ့ ဖြစ်လေသည်။

သွေးနီရောင်ပင်လယ် ဒီရေ တဖြည်းဖြည်းမြင့်တက်လာပြီး ယင်းစန်းတောင်ထိတိုင် ရောက်ရှိလာလေသည်။

ထိုအခါ တောင်တစ်ခွင်တွင် သွေးနီရောင်ပင်လယ်ရေများဖြင့် ဖုံးလွှမ်းသွားလေတော့သည်။ ယင်းစန်းတောင်သည် သာမန်ကျောက်တုံးတစ်တုံးအဖြစ်မှ သွေးကျောက်စိမ်းတစ်ခုအလား ပြောင်းလဲသွားသည်ကို မြင်ကွင်းကိုကြည့်နေသူများ တွေ့မြင်ကြရမည် ဖြစ်သည်။

ထိုအချိန်မှာပင်… မက်မွန်ပန်းနှင့်ဆင်တူသည့် ရှားလော့

သစ်ပင်ညိုနောင်မှပန်းများ စတင်ကြွေကျလေတော့သည်။

ပန်းပွင့်များကြွေကျသည့်မြင်ကွင်းကိုကြည့်ပြီး ကျောက်ရှောင်

ယွီ သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ပန်းပွင့်များအတွက်

သာမဟုတ် ၊ သူမအတွက်လည်း သက်ပြင်းချလိုက်မိခြင်း

ဖြစ်သည်။

ပန်းများသည် ပွင့်လန်းပြီးလျှင် ကြွေကျရမည်မှာ ဓမ္မတာ

ပင်…။

လူသားများသည်လည်း ထိုအတိုင်းပင်ဖြစ်လေ၏။

ကံကြမ္မာကြောင့် ဖြစ်တည်လာကြရပြီး ကံကြမ္မာကြောင့်ပင်

ပျက်စီးကြရသည်။

ယခု… သူမ အသက်ရှင်နေသေးသည်။ ထို့အတူ ဆန်းလျန်

လည်း အသက်ရှင်နေသေးသည်။ သို့သော်… တစ်နေ့နေ့တစ်

ချိန်ချိန်တွင်တော့ သူမရော ဆန်းလျန်ပါ သေဆုံးကြွေလွင့်ရမည့်တစ်ချိန်သို့ ရောက်ရှိလာပေဦးမည်။

သူတို့၏ ဘဝများသည်လည်း တစ်ခဏတာပွင့်လန်းပြီး ပြန်လည်ကြွေလွင့်ကြရလေသည့် ပန်းပွင့်များပမာပင် ဖြစ်တော့သည်။

ထိုတစ်နေ့သည် သူမဘဝတွင် မလိုချင်ဆုံးသော နေ့တစ်နေ့ ဖြစ်လေသည်။

ဆန်းလျန်က...

"ပန်းပွင့်လေးတွေကို ကြည့်လိုက်ပါဦး..."

ပန်းပွင့်လေးများသည် ရှားလော့သစ်ပင်ညီနောင်မှ ကြွေလွင့်သွားကြသည့်တိုင် အလွန်လှပနေဆဲ ဖြစ်လေသည်။

ပင်ယံထက်တွင်ရှိစဉ်ကထက်ပင် ပိုပြီး သန့်စင်တောက်ပနေလေသည်။

ထူးခြားသည့်အချက်မှာ ပန်းပွင့်လေးများသည် ကောင်းကင်မှ ကြယ်စင်များအလား အချင်းချင်း ချိတ်ဆက်နေကြခြင်း ဖြစ်လေသည်။ ပန်းပွင့်လေးများသည် ရှင်းပြရန်ခက်ခဲသည့် လျှို့ဝှက်ဆန်းကြယ်မှုများနှင့် ပြည့်နှက်နေလေ၏။

ပန်းပွင့်လေးများကိုကြည့်နေရင်း ကျောက်ရှောင်ယွီ ရုတ်တရက် အံ့အားသင့်သွားရလေသည်။

အဘယ်ကြောင့်ဆိုသော်... ပန်းပွင့်များအလယ်တွင် ဓားသိုင်းလေ့ကျင့်နေသည့် လူ (၂)ယောက်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

တစ်ယောက်မှာ တာအိုဆရာတစ်ယောက်ဖြစ်ပြီး နောက်တစ်ယောက်မှာ မိန်းမပျိုတစ်ယောက် ဖြစ်လေသည်။ သူတို့ (၂)ယောက်၏ မျက်နှာများကို တွေ့မြင်ရခြင်း မရှိပေ။

သူတို့ (၂)ယောက် ကစားနေသည့် ဓားသိုင်းတွင် ယင် နှင့် ယန် သာမက ရက်စက်ခြင်းနှင့်ချစ်ခင်ကြင်နာခြင်းကိုလည်း တွေ့ရလေသည်။

ထို ဓားသိုင်းလေ့ကျင့်နေသည့် တာအိုဆရာနှင့် မိန်းမပျို၏ကြားမှ ခံစားချက်သည် သူမနှင့်ဆန်းလျန်ကြားတွင်ထားရှိသည့် မေတ္တာတရားကဲ့သို့ပင် ဖြစ်လေသည်။

သို့သော်... အလုံးစုံတူညီသည်တော့မဟုတ်ဘဲ အနည်းငယ်ကွဲပြားလေသည်။

မြင်ကွင်းကိုကြည့်နေရင်း ကျောက်ရှောင်ယို့ အံ့သြနေခြင်းမျိုးမရှိတော့ပေ။ သူမ၏ ဝိညာဉ်သည် ပြန်လည်တည်ငြိမ်လာလေသည်။ ပွင့်ကြွေများသည် သူမ၏ နှလုံးအိမ်ရှိရာသို့ စီးဆင်းဝင်ရောက်လာသည့်အလား ခံစားလိုက်ရလေသည်။

ထိုသို့ဖြင့် အချိန် (၁)လတိတိကြာမြင့်ခဲ့လေသည်။

(၄)လပိုင်းရောက်သည့်အခါတွင်တော့ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ (၂)ယောက်စလုံး ထူးဆန်းသည့် တရားအလင်းများကို သိမြင်ခဲ့ကြလေသည်။ ထိုတရားအလင်းသည် သူတို့၏စိတ်နှလုံးထဲတွင် ထာဝရစွဲထင်သွားကြသည်။

ကျောက်ရှောင်ယွီက ငရဲလမ်းဓားကို ဆွဲထုတ်လိုက်လေသည်။

ငရဲလမ်းဓားသည် သွေးနီရောင်တောက်ပလျှက်ရှိလေသည်။

ကျောက်ရှောင်ယွီက...

"ကောင်းကင်က ကြည်လင်နေတယ်..."

ဓားရောင်သည် ကောင်းကင်အောက်တွင် လင်းလက်လျှက်ရှိလေသည်။

ဆန်းလျန်က တည်ကြည်စွာရပ်နေရင်းဖြင့်...

"လောကက ငြိမ်းချမ်းနေတယ်..."

ဟု ပြောလိုက်သည်။

ထိုအခါ...

ယွမ်တုစားသည် ဆန်းလျန် ဆွဲထုတ်စရာပင်မလိုဘဲ ဓားအိမ်ထဲမှ အလိုလိုထွက်လာလေသည်။ ဓားဝိညာဉ်သည် အဆုံးမရှိ လင်းလက်တောက်ပလျှက်ရှိသည်။

ယွမ်တုစားနှင့် ငရဲလမ်းဓားပေါင်းစည်းသွားပြီး ကောင်းကင်က ပိုမိုကြည်လင်လာကာ မြေပြင်က တုန်လှုပ်လာလေသည်။ ယင်နှင့်ယန် ပေါင်းစပ်သွားပြီး အဆုံးမရှိသည့် တာအိုစီးဆင်းမှုတစ်ခု ဖြစ်ပေါ်လာလေသည်။

ထိုရှည်လျားသည့်တာအိုစီးဆင်းမှုထဲတွင် လောကဓမ္မများပါဝင်လေသည်။ ဗုဒ္ဓဘာသာကို ကျင့်ကြံသူဖြစ်စေ ၊ တာအိုဝါဒကို ကျင့်ကြံသူဖြစ်စေ ၊ နတ်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံသူဖြစ်စေ ကိုယ့်ကိုယ်ကိုယ်ပြန်မြင်နိုင်လေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် ဓားသိုင်းလေ့ကျင့်ပြီးသည့်အခါတွင်တော့ မရဏဓားများကို ပြန်သိမ်းလိုက်ကြလေသည်။

သူတို့ လေ့ကျင့်ခဲ့ကြသည့်ဓားသိုင်းသည် ထိုင်ယီဓားသိုင်း ဖြစ်

လေသည်။

သစ်ပင်ညီနောင်တွင် ပန်းများကြွေသည့်ညက တာအိုဆရာနှင့်

မိန်းမပျို လေ့ကျင့်နေသည့် ပုံရိပ်များပေါ်လာခြင်းသည် ထိုက်

ယီဓားသိုင်းပင်ဖြစ်လေသည်။

တကယ်တမ်းတော့ ထိုက်ယီနတ်ဓားဆိုသည်မှာလည်း ရှာဖွေ

နေစရာ မလိုပေ။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ ထိုက်ယီဓားသိုင်းကို လေ့ကျင့်

ပြီးသွားသည်နှင့် ယွမ်တုဓားနှင့် ငရဲလမ်းဓားမှာ ထိုက်ယီနတ်

ဓားများအဖြစ် ပြောင်းလဲသွားကြလေသည်။

ကျောက်ရှောင်ယွီက...

"ဒီထိုက်ယီဓားသိုင်းက တကယ့် ဂန္ထဝင်ဓားသိုင်းတစ်ခုပဲ ၊

လောကဓမ္မတွေအားလုံးကို ဖယ်ရှားပစ်နိုင်စွမ်းရှိတယ် ၊ ရှင့်ရဲ့

အာလာယဝိညာဏတန်ခိုးစွမ်းအားကပဲ ဒီဓားကို ကောင်းကောင်းထိန်းချုပ်နိုင်လိမ့်မယ်..."

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

"ထိုက်ယီနတ်ဓားကိုရရင် ရွှမ်တုတောက်ကျွင်းကို အနိုင်ယူနိုင်လိမ့်မယ်လို့ တာအိုဆရာလီချင်းဆွေပြောခဲ့တာ တကယ်မှန်တာပဲ..."

ကျောက်ရှောင်ယွီက...

"ဒါဖြင့် ကျွန်မတို့ အတူတူလေ့ကျင့်ခဲ့တာ မှားပြီလား မသိဘူး... ၊ ကျွန်မက ရှင့်လောက် နားလည်နိုင်စွမ်း မရှိတော့ ရှင့်အတွက် အခက်တွေ့စေမှာပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က တစ်ခါမှ အဲဒီလိုမတွေးခဲ့ပါဘူး ရှောင်ယွီရယ်..."

ကျောက်ရှောင်ယွီက...

"ဒါပေမဲ့ ကျွန်မက ရှင့်လောက်မှ မတော်တာ..."

ဆန်းလျန်က...

"ရှောင်ယွီ... ကျုပ်က မင်းထက် ဘာမှ သာတာမရှိပါဘူး ၊

ကျုပ်က ကံနည်းနည်းကောင်းလို့သာ သာနေတယ် ထင်ရတာ

ပါ..."

ကျောက်ရှောင်ယွီက တစ်ချက်ပြုံးလိုက်ပြီး နူးညံ့သိမ်မွေ့သည့်

လေသံလေးဖြင့်...

"ဒါဖြင့်.. ကျွန်မတို့ ချင်းရှတောင်ကို ပြန်ကြရအောင်..."

....

(၄)လပိုင်းသည် မက်မွန်ပန်းများပွင့်သည့် ရာသီဖြစ်လေသည်။

အရင်တုန်းကတော့ ချင်းရှတောင်တွင် မက်မွန်ပန်းပင်များ မရှိ

ပေ။

သို့သော်... ကူးဝေဝေရောက်လာပြီးသည့်နောက်ပိုင်း မက်မွန်

ပန်းပင်များကို စိုက်ပျိုးခဲ့လေသည်။ တောင်ပေါ်တွင်

ထင်းရှူးပင်များနှင့် ဝါးပင်များသာရှိသည့်အတွက် အနည်းငယ်

ပျင်းစရာကောင်းသည်ဟု သူမက ယူဆကာ မက်မွန်ပန်းပင်များ စိုက်ပျိုးခဲ့ခြင်း ဖြစ်လေ၏။

ကူးဝေဝေသည် မက်မွန်ပန်းပင်များကို စိုက်ပျိုးရုံသာမက လှပသည့်ရေကန်တစ်ကန်ကိုတူးဖော်ကာ ကြာပန်းများလည်း စိုက်ပျိုးထားသေးသည်။

ထို့ကြောင့် မက်မွန်ပင်များ ရာသီကုန်၍ မပွင့်လန်းတော့လျှင်လည်း ကြာပန်းများကတော့ ပွင့်လန်းနေဦးမည် ဖြစ်လေသည်။

(၄)လပိုင်းရောက်ပြီဖြစ်သည့်အတွက် နွေရာသီရောက်ပြီဟု ဆိုနိုင်လေသည်။

ကျွယ်ရှင်းသည် မက်မွန်ပင်တစ်ပင်အောက်တွင် အိပ်ပျော်နေလေသည်။

သူသည် လောကတွင် အသက်ရှည်ကြာစွာ နေထိုင်ခဲ့ပြီးပြီဖြစ်သည့်အတွက် ကျင့်ကြံခြင်းသာမက ဘဝတွင် မည်သို့ မည်ပုံ

ပျော်ရွှင်အောင်နေထိုင်ရမည်ကိုလည်း သင်ယူထားပြီးပြီ ဖြစ်လေသည်။

ဘဝကို ပျော်ရွှင်အောင် နေထိုင်နည်းကိုလည်း ဆန်းလျန်ထံမှ အတုခိုးသင်ယူထားခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင်...

လေပြေတစ်ချက်တိုက်ခတ်လာပြီး ခြေသံတစ်သံကို ကြားလိုက်ရလေသည်။

ခြေသံက ကျွယ်ရှင်းရှိရာသို့ လျှောက်လာသည့်ခြေသံဖြစ်ပြီး တိမ်ဆိုင်တိမ်လွှာများကဲ့သို့ နူးညံ့လေသည်။

သူက မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ တောင်ပေါ်တက်သည့်လမ်းလေးထက်တွင် မည်သူ့ကိုမှ မတွေ့မြင်ရပေ။ မက်မွန်ပန်းပင်များ အစီအရီဝန်းရံနေသည့် တောင်တက်လမ်းကိုသာ တွေ့ရလေသည်။

ကျွယ်ရှင်းက သူ၏တန်ခိုးစွမ်းအားများကို ဖြန့်ကျက်ကာ အာရုံခံလိုက်သည့်တိုင် မည်သူတစ်ဦးတစ်ယောက်ကိုမှ တွေ့ရှိရခြင်း မရှိပေ။

သို့သော်... ခြေသံကတော့ ကြားနေရဆဲ ဖြစ်လေသည်။

သို့သော်... ခြေသံက နီးလာသည်လည်းမဟုတ် ၊ ဝေးသွားသည်လည်းမဟုတ်။ တစ်နေရာတည်းမှ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

အချိန်ကြာလာသည့်အခါ ခြေသံကိုနားထောင်ရင်း ကျွယ်ရှင်း၏စိတ်များ ပျံ့လွင့်လာလေသည်။

ကျွယ်ရှင်း၏ဘဝတွင် ထိုသို့စိတ်ပျံ့လွင့်သည်မှာ ဖြစ်ခဲသည့်ကိစ္စတစ်ခု ဖြစ်လေသည်။ သူသည် မိုးကောင်းကင်နတ်မိစ္ဆာပညာကို ကျင့်ကြံခဲ့သူဖြစ်သည့်အတွက် သူကသာ အခြားသူများကို စိတ်ပျံ့လွင့်အောင်လုပ်နိုင်ပြီး သူက စိတ်ပျံ့လွင့်သွားသည်ဆိုသည်မှာ မရှိသလောက်ပင်ဖြစ်သည်။

နောက်ဆုံးတော့ ကျွယ်ရှင်းက မေးခွန်းထုတ်လိုက်သည်။

"မင်းဘယ်သူလဲ ၊ ကိုယ်ထင်ပြစမ်း..."

သူကပြောသာပြောလိုက်ရသည် ခြေသံပိုင်ရှင်က

တကယ်တမ်းကိုယ်ထင်ပြမည်ဟု မထင်မိခဲ့ပေ။

သို့သော်... မမျှော်လင့်စွာပင် ခြေသံပိုင်ရှင်က ကိုယ်ထင်ပြလာ

လေသည်။

ကျွယ်ရှင်း၏ ရှေ့တွင် လူတစ်ယောက် ပေါ်လာလေသည်။

ထိုသူ၏ဦးခေါင်းထက်တွင် ခရမ်းရောင်နှင့်ရွှေရောင်ပေါင်းစပ်

ထားသည့် ဦးရစ်သရဖူကို ဆင်မြန်းထားပြီး လရောင်ကဲ့သို့

ဆွတ်ဆွတ်ဖြူသည့် အဝတ်အစားများကို ဝတ်ဆင်ထား

လေ၏။

ကြည့်လိုက်သည်နှင့် နတ်ဘုရားတစ်ပါးဖြစ်ကြောင်း သိရှိနိုင်

လေသည်။

ကျွယ်ရှင်းက ခပ်တည်တည်မျက်နှာထားဖြင့်...

"မင်းက ဘယ်သူလဲ..."

ထိုသူက ပေါ့ပေါ့ပါးပါးဟန်ဖြင့် ပြုံးလိုက်ရင်း...

"ကျုပ်က ချင်းရှီးပါ..."

ချင်းရှီးဆိုသည်မှာ မည်သူဖြစ်သည်လဲ ကျွယ်ရှင်း ချက်ချင်း စဉ်းစားလိုက်သည်။

သို့သော်... ကျင့်ကြံသူလောကတွင် ချင်းရှီးဆိုသည့်အမည် များစွာရှိလေရာ ထိုသူသည် မည်သူဖြစ်သည်ကို ခန့်မှန်း၍ မရနိုင်ခဲ့ပေ။

ကျွယ်ရှင်းက...

"မင်းက ဘယ်ကလာတာလဲ..."

ချင်းရှီးက...

"တိမ်ဖြူတွေဖုံးလွှမ်းနေတဲ့ တောင်တွေဆီကလာတာ..."

ကျွယ်ရှင်းက...

"ဘာတွေပြောနေမှန်းလည်းမသိဘူး ၊ ကဲ... အမြန်ပြောစမ်း ၊

မင်း ချင်းရှုတောင်ကို ဘာလာလုပ်တာလဲ ၊ ဒီတောင်ရဲ့ တောင်

သခင်က ဘယ်သူလဲဆိုတာကိုရော သိသလား..."

ချင်းရှီးကပြုံးလိုက်ရင်း...

"သိတာပေါ့ ၊ ချင်းရှုတောင်ရဲ့တောင်သခင်က ဆန်းလျန်

လေ..."

ကျွယ်ရှင်းက...

"အေး... သိတယ်ဆိုရင်လည်း ပြဿနာမရှာနဲ့..."

ချင်းရှီးက...

"စိတ်မကောင်းစရာပဲ ၊ ကျုပ်က ပြဿနာရှာဖို့ ရောက်လာ

တာ..."

ချင်းရှီး၏ စကားကြောင့် ကျွယ်ရှင်း၏စိတ်ထဲတွင် တုန်လှုပ်

သွားလေသည်။

ထိုစဉ်မှာပင် ချင်းရှီးက အကျ်ီလက်တစ်ဖက်ကို အသာဝှေ့ရမ်း

လိုက်လေရာ ကြီးမားသည့် အင်အားကြီးတစ်ခု ထွက်ပေါ်လာ

လေသည်။

ချက်ချင်းပင် မက်မွန်ပန်းများ ကြွေလွင့်ကုန်ပြီး တောင်ပေါ်မှ

ကျောက်တုံး ကျောက်ဆောင်များ ပြိုကွဲ ပျက်စီးကုန်လေ

သည်။

ချင်းရှကျောင်တေ်ာ အဝင်တံခါးမကြီးပင် ပေါက်ကွဲပျက်စီး

သွားရလေသည်။

ကျွယ်ရှင်းထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်လိုက်လေသည်။

"မမလေးကူးဝေဝေ အမြန်ပြေးတော့..."

ကူးဝေဝေမှာ ချင်းရှကျောင်းတော်ထဲတွင် ကျင့်စဉ်ကျင့်ကြံနေ

လေရာ ကျွယ်ရှင်း၏ အော်သံကြားသည်နှင့် မတ်တတ်ထရပ်

လိုက်လေသည်။

သို့သော်... သူမ မလှုပ်ရှားနိုင်ခင်မှာပင် ပြတင်းပေါက်အပြင်ဘက်မှ နတ်ဘုရားအလင်းတန်းများ လင်းထိန်သွားပြီး ကျောက်တုံးကျောက်ခဲများ ပေါက်ကွဲထွက်ကာ ချင်းရှတောင် တစ်ခုလုံး တုန်လှုပ်လျှက်ရှိသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျွယ်ရှင်းက ကျောက်နံရံတစ်ခုတွင် ကပ်နေပြီး ရဲ့မော်ထျန်းကတော့ ချင်းရှီးနှင့် တိုက်ခိုက်နေလေသည်။ ချင်းရှီးက ရဲ့မော်ထျန်း လက်ဝါးချက် (၃)ချက်ဖြင့် ရိုက်ချလိုက်သည်။

လက်ဝါးချက်တိုင်းက တန်ခိုးစွမ်းအားနှင့် ပြည့်ဝနေပြီး ချင်းရှတောင်တစ်ခုလုံးကို တုန်လှုပ်သွားစေလေသည်။

ရဲ့မော်ထျန်းသည် နောက်သို့ ခြေလှမ်း (၃)လှမ်းခန့် ဆုတ်သွားလေသည်။ ထို့နောက် ကျောက်တိုင်တစ်ခုကို မှီနေရပြီး ပြန်လည်တိုက်ခိုက်နိုင်စွမ်းပင် မရှိတော့ပေ။

"နတ်ဆိုးကောင်... မင်းက ကျုပ်ရဲ့ လက်ဝါးရိုက်ချက် (၃)ချက်ကိုတောင် ခံနိုင်တာပဲ ၊ တော်တယ် တော်တယ်..."

အခန်း (၈၄၇) လူ့လောကက အညစ်ပေဆုံးပဲ

ရဲ့မော်ထျန်း ဒဏ်ရာရသွားသည့်တိုင် ချင်းရှီးက ဆက်လက်

တိုက်ခိုက်နေဆဲ ဖြစ်သည်။

ရဲ့မော်ထျန်းကလည်း လုံးဝလက်မလျှော့ဘဲ ချင်းရှီး၏ ခုခံ

တိုက်ခိုက်မှုကို ကာကွယ်ရန် ပြင်ဆင်လိုက်သည်။

ချင်းရှီး၏ ဦးခေါင်းထက်မှ ပန်း (၃)ပွင့်ထွက်ပေါ်လာပြီး ထို

ပန်းပွင့်များမှ တန်ခိုးစွမ်းအားစီးကြောင်း (၅) ခု ထွက်ပေါ်လာ

ကာ ရဲ့မော်ထျန်းဆီသို့ ဝင်ရောက်သွားလေသည်။

ရဲ့မော်ထျန်းက ထိုတန်ခိုးစွမ်းအားများကို မည်သို့မှ ခုခံနိုင်စွမ်း

မရှိဘဲ အနောက်သို့ လွင့်စင်ထွက်သွားလေသည်။

ရဲ့မော်ထျန်း မြေပြင်ထက်တွင်လဲကျနေပြီး အလွန်အံ့ဩ

တုန်လှုပ်သည့်မျက်ဝန်းများဖြင့် ချင်းရှီးကို စိုက်ကြည့်နေရင်း

နှုတ်ခမ်းထောင့်စွန်းမှ သွေးတစ်ပွက်အန်ချလိုက်သည်။

သူက မောဟိုက်ပင်ပန်းစွာဖြင့်...

"မင်း... မင်းက ခွန်လွန်တောင်က တာအိုသခင်ချင်းရှီးထျန်း

ကျွင်းလား..."

ချင်းရှီးက...

"အင်း... ခွန်လွန်တောင်ပေါ်မှာတော့ ကျုပ်ကို အဲဒီလိုခေါ်ကြ

တယ်..."

ရဲ့မော်ထျန်းစိတ်ထဲတွင် တုန်လှုပ်ခြောက်ခြားသွားလေသည်။

လောကတွင် ရွှေခန္ဓာနတ်ဘုရားများဟုခေါ်သည့် ကျင်းရှန်းနတ်

ဘုရား (၁၂)ပါး ရှိလေသည်။ ထိုနတ်ဘုရား (၁၂)ပါးသည် ခွန်

လွန်တောင်မှ ယွိချင်တာအိုဆရာသခင်ယွမ်စီထျန်းကျွင်းကို ဦးညွှတ်ပြီး ကျင့်စဉ်လမ်း အဆင့်တက်ရောက်ခဲ့ကြသူများဖြစ်လေသည်။

ထိုကျင်းရှန်းနတ်ဘုရား (၁၂)ပါးထဲတွင် တုန်းဟွာတောက်ကျွင်းနှင့် ချင်းရှီးထျန်းကျွင်းလည်း အပါအဝင်ဖြစ်သည်။

သူရင်ဆိုင်နေရသူသည် ချင်းရှီးထျန်းကျွင်းဖြစ်သည်ကို သိရှိလိုက်သည်နှင့် ထိုသူသည် မည်သည့်နည်းနှင့်မှ သူ့ပြိုင်ဘက်မဟုတ်ကြောင်းကို ရဲ့မော်ထျန်း သဘောပေါက်သွားရသည်။

သူ့အနေဖြင့် လက်ရှိအခြေအနေထက် တန်ခိုးစွမ်းအား (၁၀)ဆမြင့်မားနေဦးတော့ သူ့ရှေ့မှ နတ်ဘုရားကို တားဆီးနိုင်မည်မဟုတ်ပေ။

ထိုအချိန်မှာပင်... ချင်းရှကျောင်းတော်အတွင်းမှ ကူးဝေဝေထွက်လာလေသည်။ သူမ၏ ဟန်ပန်သည် အလွန်လှပပြီးကျက်သရေရှိလှသည်။

သူမက ပြုံးလိုက်ရင်း…

"ဒီကဆရာကြီး ၊ အဝေးကြီးကလာခဲ့ရတာ… ၊ ကျွန်မတို့ အငယ်တန်းကျင့်ကြံသူတွေက ဂါရဝတရားထားတဲ့အနေနဲ့ လက်ဖက်ရည်ကြမ်းနဲ့ ဧည့်ခံပါရစေ…"

ချင်းရှီးက ကူးဝေဝေကို လှမ်းကြည့်လိုက်ပြီး…

"မလိုဘူး ၊ ဒီနေ့ ကျုပ်လာတာ အသက်တစ်ချောင်းအတွက် အသက်တစ်ချောင်းယူဖို့လာတာ ၊ လက်ဖက်ရည်ကြမ်း သောက်ဖို့ လာတာမဟုတ်ဘူး…"

ကူးဝေဝေက တည်ငြိမ်စွာဖြင့်…

"ရှင်က ဒီလိုမျိုးရန်စမှတော့ ကျွန်မတို့ကို အဆိုးမဆိုနဲ့တော့…"

ချင်းရှီးက…

"ကျုပ်က ပွဲကြီးပွဲကောင်းနွှဲရမယ်ထင်နေတာ ၊ ဆန်းလျန်က ထွက်မလာဘူးပဲ ၊ ဘာလဲ… ဆန်းလျန် ဒီမှာ မရှိဘူးလား…"

ချင်းရှတောင်သို့ ရောက်လာကတည်းက ဆန်းလျန် တောင်ပေါ်တွင် မရှိသည်ကို ချင်းရှီး သိပြီးသား ဖြစ်လေသည်။

သို့သော်... သူက တမင်သက်သက် မေးမြန်းလိုက်ခြင်း ဖြစ်လေ၏။ ဆန်းလျန်မရှိသည့်အတွက် ကူးဝေဝေတို့အားလုံးကို စိတ်ပျက်အားလျော့သွားစေရန် စိတ်ဓာတ်စစ်ဆင်ရေး လုပ်လိုက်ခြင်းပင်။

ကူးဝေဝေက ...

"ဆန်းလျန် မရှိဘူးဆိုတာ ဆရာကြီး သိပြီးသားပဲမဟုတ်လား ၊ ဘာလို့မေးနေသေးတာလဲ ၊ ဆန်းလျန်မရှိမှန်း သိသိကြီးနဲ့ ချင်းရှတောင်ကို ခုလိုလာပြီး ဒုက္ခပေးတာ ရှက်စရာကောင်းတယ်လို့ မထင်ဘူးလား..."

ချင်းရှီးက ပြုံးလိုက်ရင်း...

"ကျုပ်က ယွမ်စီးထျန်းကျွင်းကို ဦးညွှတ်ဝတ်ပြုပြီး ကျင့်စဉ်လမ်းအဆင့်တက်ရောက်ခဲ့တယ် ၊ ကျုပ်ရဲ့ဘွဲ့နာမည်က ချင်း

ရှိုးထျန်းကျွင်းတဲ့ ၊ ဒါပေမဲ့ အခုတော့ ကျုပ်က ချင်းရှိုးထျန်း

ကျွင်း မဟုတ်တော့ဘူး ၊ ချင်းရှိုးလို့ပဲ ခေါ်တော့တယ် ၊ အဲဒါ

ဘာဖြစ်လို့လဲ မင်းသိလား..."

ကူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ထျန်းကျွင်းဆိုတဲ့ ဂုဏ်ပုဒ်ကို ဖြုတ်ပစ်လိုက်တာဟာ ကိုယ်

ကျင့်သိက္ခာကို အလေးမထားတော့ဘူးဆိုတဲ့ သဘောပဲပေါ့ ၊

ယဉ်ကျေးမှုလည်းမရှိသလို အရှက်သိက္ခာလည်းမရှိတော့ဘဲ

ကိုယ်လုပ်ချင်ရာလုပ်တော့မယ်ဆိုတဲ့ သဘောပဲ မဟုတ်

လား..."

ချင်းရှိုးက ကျယ်လောင်စွာရယ်မောလိုက်ရင်း...

"သိပ်မှန်တယ်ဟေ့ ကလေးမ ၊ သိပ်မှန် ၊ ကျုပ်ဘဝထဲမှာ

မြင့်မြတ်မှုနဲ့ကိုယ်ကျင့်တရားကို သတ်ပစ်လိုက်ပြီ..."

ချင်းရှိုး၏စကားကြောင့် ကူးဝေဝေသည် ရေခဲဂူထဲသို့ကျ

ရောက်သွားရသလို တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရ

လေသည်။ သူမသည်လည်း ချင်းရှီးလက်မှ မည်သည့်နည်းနှင့်မှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပေ။

ထိုအချိန်မှာပင်...

ပတ်ဝန်းကျင်တစ်ခုလုံးတွင် သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်ပေါ်လာပြီး လူအုပ်စုကြီးတစ်စု ရောက်ရှိလာလေသည်။ ထိုသူများမှာ ဆန်းလျန်သင်ပြပေးသည့်တာအိုတရားကိုနာယူခဲ့ကြသည့် ကျင့်ကြံသူများ ၊ နတ်မိစ္ဆာများပင် ဖြစ်လေ၏။

ထိုသူများအားလုံး၏အဆင့်မှာ လောကနတ်ဘုရားအဆင့်များဖြစ်ကြလေသည်။

ထိုသူများထဲမှ လူတစ်ယောက်က အော်ဟစ်လိုက်သည်။

"ဆန်းရှန်းကျွင်း ကျုပ်တို့ကိုသင်ပြပေးခဲ့တဲ့ကျေးဇူးကို ဒီနေ့ပြန်ဆပ်ကြစို့..."

ထို့နောက် ကျင့်ကြံသူများက သူတို့၏ နတ်လက်နက်များကို လေထဲသို့ ပစ်လွှတ်လိုက်ကြပြီး ချင်းရှီးကို ဝိုင်းရံတိုက်ခိုက် လိုက်ကြလေသည်။

ကူးဝေဝေမှာ သူမတို့ကို ကူညီရန်အတွက် ကျင့်ကြံသူများ ရောက်ရှိလာကြသည့်တိုင် စိတ်ပူပန်နေဆဲ ဖြစ်လေသည်။

ချင်းရှီးက လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်နေလေသည်။

ထို့နောက်... သူ၏ ဦးခေါင်းထက်မှ ပန်း (၃)ပွင့်သည် အဝါ ရောင်တစ်ရစ် အနက်ရောင်တစ်ရစ်ပေါင်းစပ်ထားသည့် စေတီ တစ်ဆူအဖြစ် ပြောင်းလဲသွားလေသည်။

ထိုစေတီကို ရှမ်ဟွမ်စေတီတန်ခိုးစွမ်းအားဟု ခေါ်လေ၏။

ရှမ်ဟွမ်စေတီမှ အဝါရောင်နှင့်အနက်ရောင် တန်ခိုးစွမ်းအား များ ထွက်ပေါ်လာကာ သူ့ဆီသို့ ဝင်ရောက်လာသည့် ကျင့်ကြံ သူများ၏ နတ်လက်နက်များကို ရိုက်နှက်ပစ်လိုက်လေ၏။

အလင်းတန်းများနှင့် ထိတွေ့မိသည်နှင့် နတ်ဘုရားများ

အားလုံး၏ နတ်လက်နက်များမှာ နေရောင်နှင့်ထိတွေ့သည့်

ရေခဲပမာ အရည်ပျော်ကျသွားကြရလေသည်။

ကျင့်ကြံသူများသည်လည်း မြေပြင်ထက်သို့ ပြိုကျကုန်ကြပြီး

အများစုမှာ ဒဏ်ရာရကာ သွေးများ အန်ထုတ်လိုက်ကြလေ

သည်။

ကူးဝေဝေကို တာအိုဆရာလီချင်းဆွေ သင်ပြပေးလိုက်သည့်

တာအိုကျင့်စဉ်မှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဖြစ်လေသည်။

ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်သည် မရှိမှုတရားကိုအခြေခံ

သည့် ထူးခြားသည့် ကျင့်စဉ်တစ်ခုဖြစ်လေ၏။

ထိုက်ရှီးတန်ခိုးစွမ်းအားများသည် အဆုံးမရှိမြင့်မားလှပြီး ထို

က်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံထားသူတစ်ယောက်ကို

မည်သူကမှ ထိခိုက်အောင် လုပ်နိုင်စွမ်း မရှိပေ။

သို့သော်... ချင်းရှီး၏ ဦးခေါင်းထက်မှ ရွှမ်ဟွမ်စေတီကို တွေ့မြင်လိုက်ရသည့်အခါတွင်တော့ သူမ၏ ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်သည်လည်း သူမကို ကာကွယ်ပေးနိုင်စွမ်း မရှိတော့သည်ကို ကူးဝေဝေ သဘောပေါက်လိုက်သည်။

အစေခံမလေးယောင်ချင်က ဓားကိုဆွဲထုတ်ကာ ကူူးဝေဝေကို ကာကွယ်ပေးထားလေသည်။

သို့သော်... ချင်းရှီးက အသက်တစ်ချက်ရှူလိုက်ရုံမျှဖြင့် ယောင်ချင်၏ဓားသည် ကြေမွပျက်စီးသွားရပြီး ယောင်ချင်သည်လည်း မြေပြင်ထက်သို့ လဲကျသွားလေသည်။

ကူးဝေဝေက ချင်းရှီးကို စိုက်ကြည့်နေလေသည်။

ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံးမှ အသက်ဓာတ်စွမ်းအားများ မြင့်တက်လာပြီး သူမ၏ ခန္ဓာကိုယ်က တွင်းနက်ကြီးတစ်ခု အလား အသက်ဓာတ်စွမ်းအားများကို စုပ်ယူလိုက်လေသည်။

ချင်းရှီးက...

"တာအိုဆရာလီချင်းဆွေရဲ့ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်က တကယ်ကိုအစွမ်းထက်တာပဲ ၊ ဒါပေမဲ့ မင်း ကျုပ်ကို တားဆီးနိုင်မှာ မဟုတ်ပါဘူး..."

ကူးဝေဝေက ချင်းရှီးကို စကားပြန်မပြောတော့ပေ။

သူမက လက်တစ်ဖက်ကို အသာပင့်မြှောက်လိုက်သည့်အခါ လက်ဖဝါးထက်တွင် ကြာပန်းတစ်ပွင့်ပေါ်လာလေသည်။ ထို ကြာပန်းသည် ထိုက်ရှီးနည်းဗျူဟာ တန်ခိုးစွမ်းအားများကို အသုံးပြုကာ ချင်းရှတောင်တစ်ခုလုံးမှ အသက်ဓာတ်စွမ်းအားများကို စုပ်ယူထားသည့် ကြာပန်းပွင့် ဖြစ်လေသည်။

အမှန်တော့ ကူးဝေဝေသာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို အသုံးပြုလိုက်ခြင်းမရှိလျှင် ချင်းရှီးက သူမကို ချက်ချင်းပင် သတ်ဖြတ်ပစ်မည် ဖြစ်လေသည်။ ယခုတော့ ကူးဝေဝေသည် တာအိုဆရာလီချင်းဆွေနှင့် ပတ်သက်နေသည်ကို သိလိုက်ရ

သည့်အတွက် ချင်းရှီး အနည်းငယ် တွန့်ဆုတ်သွားရသည်ကတော့ အမှန်ပင်ဖြစ်၏။

ကူးဝေဝေလက်ထဲမှ ကြာပန်းသည် ရိုးတန်မရှိသလို အရွက်များလည်းမရှိ ၊ သတ်ဖြတ်လိုသည့်အငွေ့အသက်မရှိ ၊ ရှေးဟောင်းတန်ခိုးစွမ်းအားများလည်းမရှိ ၊ ဖန်သားအလားကြည်လင်နေသည့် သန့်စင်သည့် ကြာပန်းတစ်ပွင့်ဖြစ်လေသည်။

ချင်းရှီး၏ မျက်နှာက တည်ကြည်လေးနက်နေလေသည်။

ကူးဝေဝေက အသက်ဓာတ်စွမ်းအားများနှင့်ပြည့်နေသည့် ကြာပန်းပွင့်ကို ချင်းရှီးရှိရာသို့ ပို့လွှတ်ကာ တိုက်ခိုက်လိုက်သည်။

ချင်းရှီးက သူ၏အင်္ကျီလက်ထဲမှ ပေတံတစ်ချောင်းကိုထုတ်ယူလိုက်လေသည်။ ထိုပေတံက(၃)ပေရှည်ပြီး လောကကြီးတစ်ခုလုံးကို တိုင်းတာသတ်မှတ်တော့မည့်အလားထင်မှတ်ရသည်။

ချင်းရှီးက ထိုပေတံဖြင့် ကူးဝေဝေ၏ ကြာပန်းပွင့်ကို ရိုက်ချလိုက်လေသည်။

ထိုအခါ... ဖန်ကွက်လေးကွဲသွားသည့်အလား ကြာပန်းပွင့်သည့် အစိတ်စိတ်အမွှာမွှာကွဲကြေသွားပြီး ကြယ်စင်များကဲ့သို့ ကြည်လင်သည့် အသက်ဓာတ်စွမ်းအားအမှုံအမွှားလေးများသည် ချင်းရှုတောင်တစ်ခုလုံးသို့ မိုးရွာသွန်းသည့်အလား ကျဆင်းသွားလေတော့သည်။

အသက်ဓာတ်စွမ်းအား အမှုံလေးများကျရာနေရာတိုင်းတွင် လင်ဇီးမှိုပွင့်များ များပြားစွာ ပေါက်ရောက်လာလေသည်။ လင်ဇီးမှိုများမှာ ပန်းပွင့်များအလား လှပလွန်းလှသည်။

ချင်းရှီးက ပေတံကို တစ်ချက်ဝှေ့ရမ်းလိုက်ပြီး ကူးဝေဝေကို ရိုက်ချလိုက်လေသည်။ ချင်းရှီး၏ ရိုက်ချက်ကို ကူးဝေဝေမှာ မည်သို့မှ ရှောင်တိမ်းနိုင်စွမ်း မရှိပေ။

ထိုအချိန်မှာပင်...

ကောင်းကင်ထက်မှ ရေကဲ့သို့ကြည်လင်သည့် အလင်းတန်း

တစ်ခု ထွက်ပေါ်လာပြီး ကူးဝေဝေကို ရစ်ပတ်ကာ ချင်းရှီး၏

ရိုက်ချက် ထိမှန်မခံရလေအောင် ကာကွယ်ပေးပြီး ခေါ်

ဆောင်သွားလေတော့သည်။

ချင်းရှီးက ကောင်းကင်ထက်သို့ မော့ကြည့်လိုက်သည့်အခါ

တွင်တော့ ကောင်းကင်ထက်တွင် လှည့်ပတ်နေသည့် ထူးဆန်း

သည့်အခိုးအငွေ့တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ထိုအခိုးအငွေ့မှာ နဂါးတစ်ကောင်နှင့်အသွင်တူပြီး ရေကဲ့သို့

ကြည်လင်လျှက်ရှိလေသည်။

ချင်းရှီးက ဟွန့်ခနဲ နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

ထို့နောက် လက်ထဲမှ ပေတံဖြင့် မြေပြင်ကို ရိုက်ချလိုက်လေ

သည်။

ထိုအခါ... ချင်းရှတောင်တစ်ခုလုံး ချာချာလည်သွားပြီး တ

သိမ့်သိမ့်တုန်လှုပ်သွားလေရာ တောင်ပေါ်ရှိ လူအားလုံးမှ

သတိလစ်မေ့မျောကုန်ကြရလေတော့သည်။

ချင်းရှီး၏ ခြေထောက်အောက်တွင် တိမ်တိုက်တစ်ခုပေါ်လာ

ပြီး လေထုထဲသို့ တိုးဝင်ကာ ပျောက်ကွယ်သွားလေ

တော့သည်။

ထိုအချိန်...

ကောင်းကင်ထက်မှ ကဗျာရွတ်ဖတ်သံတစ်သံ ထွက်ပေါ်လာ

လေ၏။

"တောတောင်ရေမြေလောကကြီးမှာ

လူ့လောကက အညစ်ပေဆုံးပဲ...

အသွေးအသားခန္ဓာပျောက်ကွယ်သွားချိန်မှာ

အရာအားလုံးက ပုံရိပ်တစ်ခုပမာ...

တရားမသိလျှင် ပညာမဲ့ပေလိမ့်မည်..."

ထိုတာအိုကဗျာသည် ချင်းရှုတောင်ပေါ်တွင် အချိန်အတန်ကြာအောင် ပျံ့လွင့်နေခဲ့လေသည်။

အတန်ကြာသည့်အခါတွင်တော့ ချင်းရှုတောင်ပေါ်သို့ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ ရောက်ရှိလာကြသည်။

ချင်းရှုတောင်တစ်ခုလုံး ပျက်စီးနေသည်ကို သူတို့ တွေ့လိုက်ကြရလေသည်။ ကျောက်ရှောင်ယွီက သူမ၏ လက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေရာ တောင်တစ်ခုလုံးတွင် သက်တန့်ရောင်စဉ် အလင်းတန်းများ ဖြာလင်းလာလေသည်။

ထို့နောက်... သတိလစ်မေ့မျောနေကြသည့် ရဲ့မော်ထျန်း ၊ ကျွယ်ရှင်း ၊ ယောင်ချင် ၊ ပိုင်ရှောက်ယွီနှင့် အခြားသော လူများအားလုံး ပြန်လည်သတိရလာကြလေသည်။

ရဲ့မော်ထျန်းက ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကိုတွေ့သည်နှင့် ချက်ချင်းဒူးထောက်လိုက်ပြီး...

"ခွန်လွန်တောင်က ချင်းရှီးထျန်းကျွင်းဆိုတဲ့သူရောက်လာပြီး ချင်းရှုတောင်ကို ဖျက်စီးသွားတာပါ၊ ကောင်းကင်ပေါ်က အလင်းတန်းတစ်ခုပေါ်လာပြီး မမလေးကူးဝေဝေကို ခေါ်သွားခဲ့ပါတယ်..."

ရဲ့မော်ထျန်းမှာ ချင်းရှုတောင်ကို စောင့်ရှောက်ရမည့် တာဝန်ကို ယူထားရသူဖြစ်လေရာ သူက ချင်းရှုတောင်ကို မကာကွယ်နိုင်ခဲ့သည့်အတွက် ဆန်းလျန်အပြစ်ပေးမည်ကို စိတ်ပူနေခဲ့လေသည်။

ဆန်းလျန်၏မျက်ဝန်းများ ရုတ်တရက် လင်းလက်သွားလေသည်။

သူက ချင်းရှုတောင်တွင် ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကို ယိလမ်းစဉ်အသုံးပြုကာ ကြည့်ရှုလိုက်ခြင်းဖြစ်လေသည်။

ပြီးမှ ဆန်းလျန်က ရဲ့မော်ထျန်းကို ငုံ့ကြည့်လိုက်ရင်း...

"အားလုံးကို ကျုပ်သိပြီးပါပြီ ၊ မင်းအကောင်းဆုံးကြိုးစားခဲ့တာပဲ ၊ မင်းကို အပြစ်မတင်ပါဘူး ရဲ့မော်ထျန်း ၊ ထပါ..."

ဆန်းလျန်၏စကားကိုကြားတော့မှ ရဲ့မော်ထျန်း စိတ်သက်သာရာရသွားပြီး မတ်တတ်ထရပ်လိုက်သည်။ ဆန်းလျန်က ချက်ချင်းပင် ရဲ့မော်ထျန်း၏ ဦးခေါင်းထက်သို့ သူ၏လက်ဖဝါးကို ဖိကပ်လိုက်ပြီး တန်ခိုးစွမ်းအားများ ပို့လွှတ်ပေးလိုက်သည်။

ရဲ့မော်ထျန်း၏ ခန္ဓာကိုယ်တွင်းသို့ အေးစက်နူးညံ့သည့် တန်ခိုးစွမ်းအားတစ်ခု ဝင်ရောက်လာပြီး သွေးကြောဆုံချက်များအားလုံးသို့ ပျံ့နှံ့သွားလေသည်။

ရဲ့မော်ထျန်း၏ ဒဏ်ရာများအားလုံး သက်သာပျောက်ကင်းသွားသည့်အပြင် တရားအလင်းများကိုလည်း သိမြင်လာကာ တာအိုနှလုံးသားသည်လည်း သန့်စင်သွားရလေသည်။

ဒဏ်ရာများသက်သာပျောက်ကင်းသွားရုံသာမက ကျင့်ကြံ ခြင်းအဆင့်ပင် မြင့်တက်သွားရပြီ ဖြစ်လေသည်။

ထိုအချိန်မှာပင်... ဆန်းလျန်၏ တာအိုတရားများကို ကြားနာခဲ့ ကြသည့် ကျင့်ကြံသူအုပ်စုကြီးကလည်း ဆန်းလျန်အနားသို့ ဝိုင်းဝန်းရောက်ရှိလာကြသည်။

ဆန်းလျန်က ထိုသူများကို တစ်ချက်ကြည့်လိုက်သည့်အခါ အားလုံး ဒဏ်ရာများရထားသည်ကို သတိပြုလိုက်မိသည်။

ဆန်းလျန်က ဂါထာတစ်ပုဒ်ကိုရွတ်ဖတ်လိုက်ပြီး လက် တစ်ဖက်ဝှေ့ရမ်းလိုက်လေရာ အဖြူရောင်အလင်းတန်းတစ်ခု က လူအုပ်ကြီးအတွင်းသို့ ဖြတ်သန်းဝင်ရောက်သွားလေသည်။

ဆန်းလျန်က အသက်ဓာတ်စွမ်းအားများကို ကျင့်ကြံသူများ အားလုံးဆီသို့ ဖြန့်ကျက်ပေးလိုက်ခြင်း ဖြစ်သည့်အတွက် ကျင့်ကြံသူများအားလုံးမှာ ဒဏ်ရာများ သက်သာပျောက်ကင်း သွားကြရလေသည်။

အခန်း (၈၄၈) ကေရာဇ်ပေတံ

"မင်းတို့အားလုံး သွားလို့ရပါပြီ..."

ဆန်းလျန်က နူးညံ့ပျော့ပျောင်းသည့်လေသံဖြင့် ကျင့်ကြံသူများကို ပြောလိုက်သည်။

ဆန်းလျန်၏ အသံက နားထောင်ကြသူအားလုံး၏ နှလုံးသားအတွင်းသို့ နွေးထွေးစွာ စီးဆင်းဝင်ရောက်သွားလေသည်။

ကျင့်ကြံသူများအားလုံး ထွက်ခွာသွားကြသည်နှင့် ဆန်းလျန်က ချင်းရှတောင်တစ်ခုလုံး ပျက်စီးနေသည့်မြင်ကွင်းကို ကြည့်လိုက်သည်။

ချင်းရှတောင်သည် ဆန်းလျန်နေထိုင်ပြီးသည့်နောက်ပိုင်း ဒဏ္ဍာရီထဲမှ နတ်ဘုရားတောင်များအလား မြင့်မြတ်သည့် တောင်တစ်တောင် ဖြစ်လာခဲ့လေသည်။ သို့သော်... ချင်းရှီး ကတော့ တောင်တစ်တောင်လုံးကို ရစရာမရှိအောင် ဖျက်စီး သွားခဲ့သည်။

ဆန်းလျန် ချင်းရှီး၏တန်ခိုးစွမ်းအားများကို အတော်လေး လေးစားသွားမိသည်။

ချင်းရှီး၏တန်ခိုးစွမ်းအားများသည် ကျန့်ယွမ်ကျီနတ်မင်းကြီး နီးနီး မြင့်မားနေပြီ ဖြစ်လေသည်။

ထို့ပြင် ယွမ်စီထျန်းကျွင်း၏ တပည့်တစ်ယောက်ဖြစ်သည့် ကွမ်းချန်ကျီထက်ပင် များစွာသာလွန်နေလေသည်။ ချင်းရှီး အနေဖြင့် ထိုမျှ တန်ခိုးစွမ်းအားများ မြင့်မားနေသည်မှာ ရိုးမှ ရိုးရဲ့လားဟု ဆန်းလျန် တွေးလိုက်မိသည်။

သို့သော်… ဘေးအန္တရယ်ဆိုးကြီးကျရောက်မည့်အချိန် နီးကပ်လာပြီဖြစ်လေရာ မည်သို့သောလူများ ထွက်ပေါ်လာပါစေ အံ့ဩစရာတော့ မဟုတ်ပေ။

ကျောက်ရှောင်ယွီက မြေပြင်ထက်တွင် စက်ဝိုင်းတစ်ခု ရေးဆွဲလိုက်သည်။

စက်ဝိုင်းထဲတွင် မှန်သားပြင်အလားကြည်လင်သည့်ရေကန်တစ်ခုပေါ်လာပြီး ရေကန်ထဲတွင် မြင်ကွင်းတစ်ခု ပေါ်လာလေသည်။

မက်မွန်ပန်းများ ပွင့်လန်းနေသည့် တောင်တက်လမ်းအလယ်တွင် တာအိုဆရာတစ်ယောက် ကျက်သရေရှိလှသည့်ခြေလှမ်းများဖြင့် တောင်ပေါ်သို့ လှမ်းတက်လာသည့် မြင်ကွင်းပင် ဖြစ်လေ၏။

ထိုမြင်ကွင်းမှာ ချင်းရှီး ချင်းရှတောင်ပေါ်သို့တက်လာသည့်အချိန်က မြင်ကွင်းဖြစ်သည်။

ထို့နောက် တောင်ပေါ်တွင်ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များ

က မြင်ကွင်းထဲတွင် တစ်ခုပြီးတစ်ခု ပေါ်လာလေသည်။

ဆန်းလျန်က ချင်းရှီးနှင့် ရဲ့မော်ထျန်းတိုက်ခိုက်နေကြသည့်

မြင်ကွင်းကို ကြည့်နေရင်း...

"သူ့ခေါင်းပေါ်က ပန်းပွင့် (၃)ပွင့်က တန်ခိုးစွမ်းအား (၅)မျိုး

ထွက်ပေါ်လာတာပဲ..."

ထို့နောက် မြင်ကွင်းကို ဆက်ကြည့်နေလေသည်။

ပန်းပွင့် (၃)ပွင့်က ရွှမ်ဟွမ်စေတီအဖြစ်ပြောင်းလဲသွားခြင်းနှင့်

ကူးဝေဝေကိုတိုက်ခိုက်ရန် ချင်းရှီးအသုံးပြုလိုက်သည့် (၃)ပေ

ရှည်သည့် ပေတံတို့ကို ဆန်းလျန် တွေ့မြင်လိုက်ရသည်။

"အဲဒီ မော်ဝင်လက်နက် (၂)ခုကို ရှောင်ယွီ သိသလား..."

ကျောက်ရှောင်ယွီက...

"သူ့ခေါင်းပေါ်မှာပေါ်လာတဲ့စေတီက ရွှမ်ဟွမ်စေတီပဲဖြစ်ရမယ်

၊ ရွှမ်ဟွမ်စေတီက ဘယ်လိုတန်ခိုးစွမ်းအားမျိုးနဲ့မဆို

ပေါင်းစပ်အသုံးပြုလို့ရနိုင်တယ် ၊ အသုံးပြုသူရဲ့တန်ခိုး
စွမ်းအားမြင့်မားလေ စေတီကလည်း တန်ခိုးစွမ်းအားနက်ရှိုင်း
လေပဲ ၊ ပေတံကိုတော့ ကျွန်မ မသိဘူး ၊ ဒါပေမဲ့ ဒီပေတံကို
အသုံးပြုပြီး ချင်းရှုတောင်တစ်ခုလုံးကို မွှေနှောက်သွားနိုင်ပုံ
ထောက်ရင် နှယ်နှယ်ရရမှော်ဝင်ပစ္စည်းတော့ မဟုတ်နိုင်ဘူး…"
ဆန်းလျန်က…
"အဲဒီပေတံက ကွမ်းချန်ကျီရဲ့ ဖန်းထျန်းတံဆိပ်တော်နဲ့ တန်ခိုး
စွမ်းအားတွေ ဆင်တူနေတယ်လို့ ကျုပ်ခံစားရတယ်…"
ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း…
"သူတို့ ယွမ်စီထျန်းကျွင်းလက်အောက်က ထိပ်တန်းအဆင့်နတ်
ဘုရားတွေပဲလေ ၊ မှော်ဝင်ပစ္စည်းတွေဆိုတာလည်း သူတို့ဆီမှာ
အများကြီးရှိမှာပေါ့…"
ဆန်းလျန်က တစ်ချက်ပြုံးလိုက်သည်။

ချင်းရှီးက တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဖြစ်သည့်တိုင် သူရောက်မလာခင်မှာ အဘယ့်ကြောင့် ပြန်သွားရပါသနည်း။ ကြည့်ရသည်မှာ ချင်းရှီးက သူ့ကိုတော့ ရင်မဆိုင်လိုဘဲ တမင်သက်သက် ချင်းရှတောင်ကို လာရောက်ဖျက်စီးခြင်းသာ ဖြစ်လေသည်။

လောကတွင် မည်သည့်ကျင့်ကြံသူမဆို မဆင်မခြင်မလုပ်တတ်ကြပေ။ ကိုယ့်အန္တရယ်ကိုတော့ကိုယ်လွတ်အောင် ရှောင်ကြလေသည်။

ခွန်ဖိန်နတ်မိစ္ဆာဘုရင်ကို သတ်ဖြတ်လိုက်သည့်လုပ်ရပ်ကဲ့သို့ မဆင်မခြင်လုပ်ရပ်မျိုးကို ပြုလုပ်သူမှာ ကျင့်ကြံသူလောကတွင် ရှားပါးလွန်းလှသည်။

မည်သူမဆို နတ်မိစ္ဆာအဓိပတိကြီးကို ကြောက်ရွံ့ကြသည်ပဲ ဖြစ်လေသည်။ သို့သော် အသူရာချောက်ကတော့ သူ့အကြောင်းနှင့်သူ ရှိပေလိမ့်မည်။

ထို့ပြင် ဆန်းလျန်၏ အမြင်ကိုပြောရလျှင် အသူရာ ချောက်၏ကိစ္စတွင် လျှို့ဝှက်ချက်များစွာ ရှိနေနိုင်သည်ဆို သည့် အချက်ပင်ဖြစ်သည်။

သို့သော်... ဆန်းလျန်သည် အသူရာချောက်မှ ကိစ္စများကို သိပ်ပြီး စိတ်မဝင်စားပါချေ။ ယခု သူ အာရုံစိုက်ရမည်မှာ သုခဘုံမှ ဗောဓိပင်ကိုရှာရန် ဖြစ်လေသည်။

ကူးဝေဝေကို ကယ်တင်ခေါ်ဆောင်သွားသည့် ကြည်လင်သည့် အလင်းတန်းမှာ တာအိုဆရာလီချင်းဆွေ ဖြစ်နိုင်လေသည်။ သူ့ အနေဖြင့် တာအိုဆရာလီချင်းဆွေအပေါ်တွင် ကျေးဇူးကြွေး များနေပြီဖြစ်သည်။ နောင်တစ်ချိန်တွင်တော့ ပြန်ဆပ်နိုင် အောင်ဆပ်မည်ဟုသာ ဆန်းလျန် ဆုံးဖြတ်လိုက်မိသည်။

လက်ရှိအချိန်တွင် ဆန်းလျန်က ကူးဝေဝေကို လီချင်းဆွေထံမှ ပြန်ခေါ်ရန် ဆန္ဒမရှိသေးပေ။ ထို့ပြင် ချင်းဆွေထျန်း

ကောင်းကင်ဘုံတွင် နေထိုင်ရလျှင် ကူးဝေဝေအတွက်လည်း အန္တရယ်ကင်းနိုင်သည်။

ကူးဝေဝေကို ဆန်းလျန် မည်မျှ သံယောဇဉ်ရှိသည်ကို ကျောက်ရှောင်ယွီက ရိပ်မိလေသည်။

ကျောက်ရှောင်ယွီက…

"ရှင် နားထောင်ဖို့ မလိုဘူးဆိုပေမယ့်လည်း ကျွန်မ ပြောစရာတစ်ခုရှိတယ် ၊ ရှင့်ရဲ့ဂိုဏ်းတူအစ်မ ချင်းဆွေထျန်း ကောင်းကင်ဘုံကိုရောက်သွားတာ သူ့အတွက်တင်မဟုတ်ဘူး ရှင့်အတွက်လည်း ကောင်းတဲ့အချက်ပါ…"

ဆန်းလျန်က သူမကို စကားပြန်မပြောဘဲ ပြုံးပြီးလှမ်းကြည့်လိုက်လေသည်။

ကျောက်ရှောင်ယွီကလည်း ဆန်းလျန်ကို ပြန်ကြည့်လာသည်။

သူတို့ (၂)ယောက် တစ်ယောက်ကိုတစ်ယောက် အချိန်

အတန်ကြာ စိုက်ကြည့်နေခဲ့ကြပြီးမှ နောက်ဆုံး ပြိုင်တူ

ရယ်မောလိုက်ကြလေသည်။

ဆန်းလျန်က...

"မင်းကို လုံးဝလှည့်စားလို့မရဘူးပဲ..."

ကျောက်ရှောင်ယွီက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျွန်မကို လှည့်စားဖို့ဆိုတာ လောကမှာ အခက်ခဲဆုံးပဲ..."

ထို့နောက် ဆန်းလျန်က အင်္ကျီလက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်

လေရာ ပျက်စီးနေသည့် ချင်းရှုတောင်တစ်ခုလုံး အကောင်း

ပကတိအတိုင်း ပြန်ဖြစ်သွားလေသည်။ သို့သော်... ချင်းရှု

တောင်၏ အသက်ဓာတ်စွမ်းအားများကိုတော့ ယခင်ကကဲ့သို့

အသုံးပြု၍မရနိုင်တော့ကြောင်း ဆန်းလျန်သိလိုက်လေသည်။

ထို့ကြောင့် ချင်းရှုတောင်တွင် သူနေထိုင်ခြင်းကို မည်သည့်နတ်

ဘုရားကမှ သူ့ကို မနာလိုဖြစ်ကြတော့မည် မဟုတ်ပေ။

ထို့ပြင် သူက ကျောက်ရှောင်ယွီနှင့်အတူ ထိုက်ယီဓားသိုင်းကို ကျင့်ကြံအောင်မြင်ခဲ့ပြီး မရဏဓား (၂)လက်သည်လည်း ထိုက်ယီနတ်ဓားအဖြစ် အဆင့်တက်ခဲ့ပြီဖြစ်လေသည်။ ထို့ကြောင့် သူ့ကို ယခုအချိန်တွင် လာရောက်တိုက်ခိုက်ကြမည် ဆိုလျှင် တိုက်ခိုက်သူသာ နောင်တရသွားပေလိမ့်မည်။

ထို့နောက် ဆန်းလျန်က ချင်းရှတောင်ပေါ်တွင် ကျောက်ဂူ (၇၂)ခုကို ဖန်ဆင်းကာ သူ၏တာအိုတရားကို ကြားနာကြသည့် တာအိုကျင့်ကြံသူများ နေထိုင်ကြရန် စီစဉ်ပေးလိုက်လေသည်။

ကျောက်ဂူ (၇၂)ခုကို အသက်ဓာတ်စွမ်းအားအနည်းအများ အလိုက် အဆင့်သတ်မှတ်ထားပြီး ထိုကျောက်ဂူများထဲတွင် ကျင့်ကြံမည်ဆိုလျှင် ထိုက်ယီထျန်းရှန်းအဆင့်ထိ ရောက်ရှိအောင် ကျင့်ကြံနိုင်မည် ဖြစ်လေသည်။

....

ချင်းရှီးသည် စကြာဝဠာထဲရှိ ထျန်းဟယ်မြစ်ကမ်းနံဘေးတွင်

ခပ်ဖြည်းဖြည်းလမ်းလျှောက်နေလေသည်။

ထိုနေရာသည် စကြာဝဠာအတွင်းရှိကြယ်စင်မြစ်များပေါင်းစုံ

သည့် နေရာတစ်ခုဖြစ်ပြီး အသက်ဓာတ်စွမ်းအားများက

အလွန်ပြင်းထန်လေသည်။

သို့သော်… ထိုအသက်ဓာတ်စွမ်းအားများက ချင်းရှီးကိုတော့

သက်ရောက်မှုမရှိပေ။

သူက မြစ်ကမ်းတစ်လျှောက်လမ်းလျှောက်လာပြီး သူ၏ပုံစံမှာ

ခေတ်အဆက်ဆက် အသက်ရှင်သန်ခဲ့သည့် ခမ်းနားသည့်

သူတော်စင်တစ်ပါးနှင့်ပင် ဆင်တူလေသည်။

ထိုအချိန်မှာပင်…

သူ့ရှေ့မှ မြူခိုးများ တဖြည်းဖြည်း လွင့်ပြယ်သွားပြီး မြူခိုး

များထဲမှ လူငယ်တစ်ယောက် ထွက်လာလေသည်။ ထို

လူငယ်၏ မျက်ခုံး (၂)ခုကြားတွင် တတိယမျက်လုံးကို တွေ့မြင်ရမည်ဖြစ်လေသည်။

လူငယ်က မြစ်ရေစီးသံကိုပင် ဖုံးလွှမ်းသွားစေလောက်သည့် ကျယ်လောင်သည့် အသံဖြင့်...

"ဆရာဦးလေး ၊ မြစ်ကို ဖြတ်ကျော်ခဲ့ပြီးမှတော့ ဘာလို့ ခွန်လွန်တောင်ကို ပြန်မလာရတာလဲ..."

ချင်းရှီးက ခြေလှမ်းများကို ရပ်တန့်လိုက်သည်။သူနှင့်လူငယ်အကြားတွင် (၃၃)ပေခန့် ကွာဝေးလေသည်။

ချင်းရှီးက....

"ယန်ကျန်း... ၊ ကျုပ် ပြန်မလာတော့ပါဘူးကွာ... ၊ ဒါနဲ့ မင်းရဲ့ ဆရာရော ခုတလော ဘာတွေလုပ်နေသလဲ..."

ထိုလူငယ်သည်ကား ချင်းယွမ်မြောင်တောက်အရှင်ပင် ဖြစ်လေသည်။ ကျောက်စိမ်းဝိညာဉ်နန်းတော်သို့ သူပြန်ရောက်နေသည်မှာ ကြာခဲ့ပြီ။

ယန်ကျန်းသည် သုံးလောကကိုသိမြင်နိုင်သည့် တန်ခိုးစွမ်းအား အလွန်မြင့်မားသူတစ်ယောက် ဖြစ်လေ၏။ မိုးနတ်မင်း၏ တူတော်စပ်သူဖြစ်သည့်အတွက်လည်း မျိုးရိုးမြင့်မြတ်သည်ဟု ဆိုနိုင်လေသည်။

ယန်ကျန်းက...

"ကျွန်တော်တို့အားလုံး ကျောက်စိမ်းဝိညာဉ်နန်းတော်မှာပဲနေကြတယ်၊ ဆရာကလည်း ဆရာဦးလေးကို အပြစ်မတင်ပါဘူး..."

ချင်းရှီးက ပေါ့ပေါ့ပါးပါးလေသံဖြင့်ပင်...

"ဒါဖြင့် မင်းပြန်သွားပြီး ယွီတင်ကို ပြောပေးပါ၊ အခုရောက်လာတဲ့သူက ချင်းရှီးဆိုတဲ့သူပဲ၊ ချင်းရှီးထျန်းကျွင်းမဟုတ်ဘူးလို့၊ ပြီးတော့... ကျုပ် သူ့ကိုယ်စား ချင်းရှတောင်ကို ဖျက်စီးပေးခဲ့တယ်၊ အရင်တုန်းက ယွမ်စီထျန်းကျွင်း

အပေါ် ကျေးဇူးကြွေးတင်နေတာရှိခဲ့ရင် အခုကျေပြီလို့ ပြော

လိုက်..."

ယန်ကျန်းက...

"ဆရာဦးလေး... ကေရာဇ်ပေတံကိုလည်း ကျွန်တော့်ကို ပြန်

ပေးစေချင်ပါတယ်..."

ချင်းရှီးက...

"အဲဒီပေတံက ကျုပ်အတွက် အသုံးဝင်နေသေးတယ်၊

အချိန်တန်ရင် ကျုပ်မင်းကို ပြန်ပေးမယ်..."

ယန်ကျန်းက မျက်တောင်တစ်ချက်ခတ်လိုက်ရင်း...

"ဒီ ကေရာဇ်ပေတံက ဒီကတူလေးယန်ကျန်းရဲ့ တာအိုတရားကို

ကာကွယ်ပေးတဲ့ မော်ဝင်ပစ္စည်းပါ၊ ဆရာဦးလေး နားလည်မှုရှိ

ရှိနဲ့ ကျွန်တော့်ကို ပြန်ပေးဖို့ မျှော်လင့်ပါတယ်..."

ချင်းရှီးက...

"ကျုပ်က ရှမ်ဟွမ်စေတီကို ယူသွားတာတောင် ရှမ်တုတောက်ကျွင်းက မင်းလိုမျိုး အကြွေးတောင်းသလို ပစ္စည်းပြန်မတောင်းဘူး ၊ မင်းက ဘာဖြစ်နေတာလဲ..."

ယန်ကျန်းမျက်နှာတစ်ချက် ပျက်သွားလေသည်။

"ဆရာဦးလေးက ရှမ်ဟွမ်စေတီကို ဘယ်တုန်းက ယူသွားတာလဲ..."

ထိုအချိန်မှာပင် ချင်းရှီး၏ ဦးခေါင်းထက်တွင် ပန်းပွင့် (၃)ပွင့်ပေါ်လာလေသည်။

ထို့နောက် ပန်းပွင့်သုံးပွင့်မှာ အဝါတစ်ရစ်အနက်တစ်ရက်ရှိသည့် စေတီတစ်ဆူအဖြစ်ပြောင်းလဲသွားပြီး အဝါရောင်နှင့်အနက်ရောင် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဧကရာဇ်ပေတံကို ယနေ့တွင် ယန်ကျန်းကို ပြန်ပေးဦးမည်မဟုတ်ကြောင်း ချင်းရှီးက ပြသလိုက်ခြင်း ဖြစ်လေ၏။

ယန်ကျန်းက...

"ခွန်လွန်တောင်ဆိုတာ ဆရာဦးလေးရဲ့ ဇာတိမြေပါ၊ ဆရာ

ဦးလေးသာ ဆရာ့ရဲ့ ကျေးဇူးတရားတွေကို အောက်မေ့ဦးမယ်

ဆိုရင် ကျောက်စိမ်းဝိညာဉ်နန်းတော် အရှက်ရသိက္ခာကျအောင်

မလုပ်စေချင်ဘူး..."

ချင်းရှီးက...

"ယွမ်စီထျန်းကျွင်းရဲ့ ကျေးဇူးတရားဆိုတာတွေကို ကျုပ်

တော်တော်စိတ်ကုန်နေပါပြီ၊ အဲဒီ ယွမ်စီထျန်းကျွင်းရဲ့

ကျေးဇူးတရားဆိုတဲ့အကြောင်း မင်း ဒီနေ့ ထပ်ပြောနေဦးမယ်

ဆိုရင် ဒီကဆရာဦးလေးက တူလေးကို လူပြန်ဝင်စားဖို့ အ

ရောက်ပို့ပေးလိုက်မယ်..."

ချင်းရှီး၏စကားဆုံးသွားသည်နှင့် ကြီးမားလွန်းသည့် တန်ခိုး

စွမ်းအားများထွက်ပေါ်လာကာ ယန်ကျန်း၏ပတ်ပတ်လည်တွင်

ဝန်းရံထားလိုက်ကြလေသည်။

ယန်ကျန်းမှာ ချင်းရှီးကို ပထမဆုံးအကြိမ်တွေ့ဆုံစဉ်ကခံစားခဲ့ရသည့် တုန်လှုပ်ခြင်းမျိုးကို ခံစားလိုက်ရသည်။

ထိုစဉ်အချိန်တုန်းက ယန်ကျန်းသည် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်ခြင်း မရှိသေးပေ။ သို့သော်... ချင်းရှီးကတော့ ကျော်ကြားသည့် နတ်ဘုရားတစ်ပါးဖြစ်နေခဲ့ပြီဖြစ်သည်။

သို့သော်... ထိုအချိန်တုန်းက ကျင်းရှန်းနတ်ဘုရား (၁၂)ပါးလုံးက တန်ခိုးစွမ်းအားမြင့်မားသူများဖြစ်ကြလေသည်။ ချင်းရှီးသည် ကျင်းရှန်းနတ်ဘုရား (၁၂)ပါးတွင် တန်ခိုးစွမ်းအားအနည်းပါးဆုံးနှင့် ဂုဏ်ရည်အနိမ့်ဆုံး နတ်ဘုရားတစ်ပါး ဖြစ်လေ၏။

သို့သော်... ယခုတော့ အခြေအနေက ပြောင်းပြန်ဖြစ်သွားခဲ့ပြီဖြစ်သည်။ ချင်းရှီးသည် ကျင်းရှန်းနတ်ဘုရား (၁၂)ပါးတွင်

တန်ခိုးစွမ်းအားအမြင့်မားဆုံးနတ်ဘုရားတစ်ပါး ဖြစ်နေခဲ့ပြီ ဖြစ်လေသည်။

အခန်း (၈၄၉) မဟာမြို့တော်

အမြဲတမ်းမှေးမှိတ်ထားလေ့ရှိသည့် ယန်ကျန်း၏ တတိယ မျက်လုံးက ဖြည်းဖြည်းချင်းပွင့်လာလေသည်။

ထို့နောက် တတိယမျက်လုံးအတွင်းမှ အဆုံးမရှိသည့် ငွေရောင် အလင်းတန်းများ ထွက်ပေါ်လာပြီး ယန်ကျန်း၏ပတ်လည်တွင် ဝန်းရံထားသည့် ချင်းရှီး၏တန်ခိုးစွမ်းအားများကို ဝါးမြိုဖျက် စီးပစ်လိုက်သည်။

ချင်းရှီးက မျက်လုံးများကို အသာမှေးစင်းလိုက်ရင်း...

"မင်း မိုးကောင်းကင်တံခါးကို ရှာတွေ့သွားတာလား..."

ယန်ကျန်းက တည်ငြိမ်သည့်လေသံဖြင့်...

"ဆရာဦးလေး ဘာလို့ဒီမေးခွန်းကိုမေးတာလဲ..."

ချင်းရှီးက ရုတ်တရက်ရယ်မောလိုက်ရင်း...

"တာအိုဆရာသခင်ထိုက်ယီ စကြာဝဠာကိုကျော်လွန်သွားပြီး ကတည်းက မိုးကောင်းကင်တံခါးကို အားလုံးက ရှာနေခဲ့ကြ တာပဲ ၊ဒုတိယမိုးနတ်မင်း အရမ်းကိုအလေးအနက်ထားခဲ့တဲ့ နေရာတစ်ခုပဲ ၊ ဒါပေမဲ့ မင်းက မထင်မှတ်ဘဲ တွေ့သွားတာ ကိုး... ၊ ရယ်ရမလား ငိုရမလားတောင် မသိတော့ပါဘူး..."

ယန်ကျန်းက...

"ဒုတိယမိုးနတ်မင်းကို ဘယ်သူမှ မသုတ်သင်ပစ်နိုင်ပါဘူး ၊ သူ ပြန်လာမှာပါ ၊ ပြီးတော့ ဆရာဦးလေးက ကျင့်စဉ်လမ်းကို တစ်ယောက်တည်းဆက်လျှောက်ဖို့ဆုံးဖြတ်ထားတယ်ဆိုရင်

တော့ ဘယ်တော့မှ လမ်းဆုံးကို ရောက်နိုင်မှာ မဟုတ်ဘူး ၊

တကယ်လို့ ဆရာဦးလေးစိတ်ဝင်စားတယ်ဆိုရင် ဒီကတူလေး

က သိထားတာလေးတွေ နည်းနည်းပြောပြပေးပါ့မယ်..."

ချင်းရွှီးက ယန်ကျန်း၏စကားကို စိတ်ဝင်စားဟန်မရှိပေ။

"မင်း သွားတော့..."

သို့သော်... ယန်ကျန်းက ထွက်ခွာမသွားခဲ့ပေ။ သူက ချင်းရွှီး

စိတ်ပြောင်းမလားဟု စောင့်နေလေသည်။

ချင်းရွှီးက...

"မင်းသာ တကယ်ပဲ မိုးကောင်းကင်တံခါးကို တွေ့ခဲ့တယ်ဆို

ရင်တောင်မှကောင်းတဲ့လမ်းစဉ်တွေထက် မကောင်းတဲ့

လမ်းစဉ်တွေကို သိသွားမှာကိုတောင် ကျုပ်စိတ်ပူမိပါရဲ့ ၊ ဒီ

ကိစ္စလောက်လေးနဲ့များ မင်းက ကျုပ်နဲ့ အပေးအယူလုပ်လို့ရ

မယ် ထင်နေသလား..."

စကားဆုံးသွားသည်နှင့် နဂါးငွေ့တန်းမြစ်ရေများ ချက်ချင်းပင် (၃)ပေခန့်အထိ မြင့်တက်လာလေသည်။

မြင့်တက်လာသည့် မြစ်ရေများထက်တွင် ချင်းရှီးက ခမ်းနားစွာ မတ်တပ်ရပ်နေလေ၏။

ပို၍ အံ့ဩစရာကောင်းသည်မှာ ချင်းရှီးထံမှ အသံရှူသံတစ်ချက်ကိုပင် မကြားရခြင်း ဖြစ်လေသည်။ ချင်းရှီးသည် စကြာဝဠာ၏ တစ်စိတ်တစ်ပိုင်းဖြစ်နေခဲ့ပြီး လေ ၊ အသက်ဓာတ်စွမ်းအား ၊ ရေခိုးရေငွေ့၊ အလင်းရောင်များနှင့် တစ်သားတည်းပေါင်းစပ်နေလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ စကြာဝဠာနှင့်လူသားတစ်သားတည်းကျသွားသည့် ဖြစ်ရပ်မျိုး မဟုတ်ပေ။ လူသားသည် စကြာဝဠာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပေါင်းစပ်သွားသည့် ဖြစ်ရပ် ဖြစ်လေသည်။

ယန်ကျန်း အခက်တွေ့သွားတော့သည်။

ထိုသို့သာဆိုလျှင် သူ့အနေဖြင့် ချင်းရှီးကို အနိုင်ယူနိုင်မည် မဟုတ်ပေ။

ထို့ပြင် ချင်းရှီးတွင် ရှမ်ဟွမ်စေတီလည်း ရှိနေလေသည်။ သူက မိုးကောင်းကင်တံခါးမှ လျှို့ဝှက်ချက်များကို သိရှိထားသည်ဆိုဦးတော့ ချင်းရှီးကို ရင်ဆိုင်ရန်မှာ မဖြစ်နိုင်ပေ။ လက်ရှိအချိန်တွင် ချင်းရှီး၏ တန်ခိုးစွမ်းအားများက အလွန် ခန့်မှန်းရ ခက်နေလေသည်။

ထို့ပြင် ယန်ကျန်း ချင်းရှီးနှင့် လာရောက်တွေ့ဆုံရသည့် အကြောင်းရင်းကလည်း တိုက်ခိုက်ရန် မဟုတ်ပေ။ တတိယ မြောက် ဘေးအန္တရယ်ကပ်ဆိုးကြီး မကျရောက်ခင် ချင်းရှီးကို ကျောက်စိမ်းဝိညာဉ်နန်းတော်သို့ ပြန်ခေါ်ရန် ရောက်ရှိလာခြင်း ဖြစ်လေသည်။

ယန်ကျန်းတိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူ၏တတိယမျက်လုံးမှ ငွေရောင်တန်ခိုးစွမ်းအားအလင်းတန်းများက ရေတံခွန်တစ်ခုအလား စီးဆင်းထွက်ပေါ်နေလေ၏။

ငွေရောင်အလင်းတန်းများသည် စကြာဝဠာကို ရိုက်ခတ်နေပြီး ကြယ်စင်များဆီမှ တန်ခိုးစွမ်းအားများက မိုးကောင်းကင်တံခါးနှင့်ချိတ်ဆက်သွားကာ ယန်ကျန်း၏ ခန္ဓာကိုယ်နှင့် ပေါင်းစပ်သွားလေသည်။

ထိုအချိန်အတွင်းမှာပင် ယန်ကျန်းသည် ကောင်းကင်ဘုံတံခါးနှင့် စကြာဝဠာတစ်ခုလုံးကို ချိတ်ဆက်ပေးသူ ဖြစ်လာလေသည်။ နောက်ဆုံးတော့ မည်သူမှ မယှဉ်နိုင်လောက်အောင် တန်ခိုးစွမ်းအားများ မြင့်တက်လာလေတော့သည်။

ချင်းရှီးက တစ်ချက်ပြုံးလိုက်ပြီး ဧကရာဇ်ပေတံကို ဆွဲထုတ်လိုက်လေသည်။

ဧကရာဇ်ပေတံမှ ကြီးမားလွန်းသည့် တန်ခိုးစွမ်းအားလှိုင်းလုံးကြီးက ယန်ကျန်းထံသို့ ဝင်ရောက်သွားလေသည်။

ကောရာဇ်ပေတံမှ တန်ခိုးစွမ်းအားများနှင့် ယန်ကျန်း၏ ငွေ

ရောင်တန်ခိုးစွမ်းအားများ ရိုက်ခတ်မိသွားပြီး စကြာဝဠာထဲ

တွင် ကြီးမားသည့်ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာလေ၏။

ကြီးမားသည့်ပေါက်ကွဲမှုကြီးကြောင့် စကြာဝဠာတစ်ခုလုံး

လှိုင်းဂယက်များထသွားလေသည်။

ဒြပ်စင်စွမ်းအား (၅)မျိုး ၊ ယင် နှင့် ယန်တို့ပင် တုန်လှုပ်သွားပြီး

မရှိမှုတရားက မူလသဘာဝအတိုင်း ထွက်ပေါ်လာသည်အထိ

ပြင်းထန်လွန်းလှသည်။

ချင်းရှီး၏ဦးခေါင်းထက်မှ ရှမ်ဟွမ်စေတီက အဝါရောင်နှင့်

အနက်ရောင်တန်ခိုးစွမ်းအားများထုတ်လွှတ်ကာ ချင်းရှီးကို

ကာကွယ်ပေးထားလေသည်။

ငွေရောင်အလင်းတန်းတစ်ခု ရုတ်တရက်လင်းလက်သွားပြီး

ယန်ကျန်းကလည်း သူ့ကိုယ်သူ ကာကွယ်ထားလိုက်သည်။

လင်းလက်သွားသည့်ငွေရောင်အလင်းတန်းမှာ ဓားတစ်လက်ဖြစ်လေသည်။

ယန်ကျန်း၏ လက်ထဲတွင် နှစ်ဖက်သွားသုံးမြှောင့်ဓားကို ကိုင်ထားလေသည်။ ဓားက ခမ်းနားထည်ဝါလွန်းပြီး ယန်ကျန်း၏ တတိယမျက်လုံးမှ ထွက်ပေါ်နေသည့် ငွေရောင်အလင်းတန်းများအောက်တွင် ဓားရောင်က တစ်လက်လက် တောက်ပနေလေသည်။

ယန်ကျန်း၏ ပုံစံမှာ စစ်နတ်ဘုရားတစ်ပါးအလား ခမ်းနားဝင့်ထည်လွန်းလှသည်။

ချင်းရှီးက ပြုံးလိုက်ရင်း...

"တူလေးရဲ့ တန်ခိုးစွမ်းအားတွေက အပြစ်ဆိုစရာမရှိအောင် ပြည့်စုံတာပဲ..."

ယန်ကျန်းက...

"ချီးကျူးလို့ ကျေးဇူးတင်ပါတယ် ဆရာဦးလေး ၊ အခု ဆရာ ဦးလေးလည်း သဘောပေါက်သင့်ပါပြီ ၊ ဒီတူလေးက ဆရာ ဦးလေးလောက်မတော်ပေမယ့် ဆရာဦးလေးကို ဒုက္ခတော့ ကောင်းကောင်းပေးနိုင်ပါတယ် ၊ ပြီးတော့ ဆရာကလည်း တန်ခိုးစွမ်းအားမြင့်မားတဲ့လူတစ်ယောက်ပါ ၊ ပြီးတော့ ဆရာ့ မှာ ဖန်ကူအလံလည်းရှိတယ် ၊ ဒီလောကကြီးမှာ ယွမ်စီထျန်း ကျွင်းရဲ့ အနွယ်တော်တွေကို မလေးမစားလုပ်ရဲတဲ့သူ မရှိပါ ဘူး..."

ချင်းရှီးက လှောင်ပြောင်သလို တစ်ချက်ပြုံးလိုက်ရင်း...

"တူလေးက လောနေတာကိုး ၊ ကြည့်ရတာ ရှမ်တုတောက်ကျွ င်းကို မင်းအတော်ကြောက်နေတယ်ထင်တယ် ၊ ဟုတ် သလား..."

ချင်းရှီး၏မှတ်ချက်စကားကို ယန်ကျန်းက အံ့သြသွားခြင်း မ ရှိပေ။

ယန်ကျန်းက...

"ရှမ်တုတောက်ကျွင်းက ဟွင့်ယွမ်ဝူကျီအဆင့်ကနေ ဆက်ပြီး ကျင့်ကြံနေတယ်၊ ဒါပေမဲ့ သူ့ရဲ့တာအိုနှလုံးသား မငြိမ်သက်ဖြစ်နေလို့ ကျင့်ကြံခြင်းအဆင့်တက်လို့ မရနိုင်ဘူးဖြစ်နေတယ်၊ ဒါပေမဲ့ တတိယဘေးအန္တရယ်ကပ်ဆိုးကြီးကို ရင်ဆိုင်ရဖို့အရမ်းကို နီးကပ်နေပါပြီ၊ ဒါကြောင့် တူလေးက ဆရာဦးလေးကို ကျောက်စိမ်းဝိညာဉ်နန်းတော်ကို ပြန်လာစေချင်တာပါ..."

ချင်း ရှီးက...

"မင်းရဲ့စွမ်းရည်နဲ့ဆိုရင် တတိယမြောက် ဘေးအန္တရယ်ကပ်ဆိုးကြီးကို ရင်ဆိုင်နိုင်မှာပါ၊ ဒါပေမဲ့ ကျုပ်သာ မင်းနဲ့ ပူးပေါင်းလိုက်မယ်ဆိုရင်တော့ ကျောက်စိမ်းဝိညာဉ်နန်းတော်တစ်ခုလုံးက ဒီကပ်ဆိုးကြီးကို ကျော်လွှားနိုင်သွားမှာပေါ့ကွာ၊ ဒါကောင်းတဲ့ကိစ္စပါပဲ၊ ဒါပေမဲ့ ကျုပ် အခု ဘယ်သူ့ကိုမှ မယုံ

တော့ဘူး ၊ ကျုပ်ကံကြမ္မာကို ကျုပ်ကိုယ်တိုင်ပဲ ဖန်တီးတော့မယ်..."

ထို့နောက် ချင်းရှီးက တစ်ချက်ပြုံးလိုက်ရင်း အကျီလက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေသည်။

ထိုအခါ ထူးဆန်းသည့် တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာပြီး ယန်ကျန်းမှာ စကြာဝဠာအဝေးတစ်နေရာသို့ လွင့်စင်ထွက်သွားရလေတော့သည်။

သူ့ပတ်ဝန်းကျင်တွင် ကြီးမားသည့် ကြယ်စင်ကြီးများဝန်းရံနေလေသည်။ မယုံကြည်နိုင်စရာကောင်းလောက်အောင် ဝေးကွာသည့်အရပ်တစ်ခုဆီသို့ ယန်ကျန်းရောက်ရှိသွားခြင်း ဖြစ်လေ၏။

ယန်ကျန်းက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး သက်ပြင်းချလိုက်မိလေသည်။

ချင်းရှီး အသုံးပြုလိုက်သည့် ပညာသည် ကျန့်ယွမ်ကျီနတ်မင်းကြီး၏ ဝိဇ္ဇာအကျင့်ရှိလက်ပညာနှင့် အခြေခံတန်ခိုးစွမ်းအား ချင်း သွားပြီး ဆင်တူနေလေသည်။ သူတို့နှစ်ယောက် တွေ့ဆုံပြီး ပညာချင်း ဖလှယ်ခဲ့ကြလေသလား မဆိုသာပေ။

သူ့ဆရာသာ ယွမ်စီတာအိုခန္ဓာရရှိအောင် အမြန်ဆုံးကျင့်ကြံနိုင်စေရန် ယန်ကျန်း မျှော်လင့်လိုက်မိသည်။ မဟုတ်ပါက သူတို့အတွက် ရှေ့ဆက်လျှောက်လှမ်းရမည့်လမ်းက အလွန်ကျဉ်းမြောင်းခက်ခဲသွားပေလိမ့်မည်။

....

လင်ကျိုးနယ်...

လင်ကျိုးနယ်၏ ခမ်းနားသည့်မြို့တော်ကြီးတစ်ခု၏ လမ်းမများထက်တွင် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ လမ်းလျှောက်နေကြလေသည်။ သူတို့က သာမန်ယောကျ်ားလေးတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်အဖြစ် ရုပ်ဖျက်ဟန်ဆောင်ထားကြသည်။

သူတို့ရောက်ရှိနေသည့် မြို့တော်ကြီး၏အမည်မှာ "မဟာ
မြို့တော်" ဖြစ်လေသည်။

လွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်းကျော်ခန့်က ဤမြို့တော်ကြီး
တွင် မဟာကျားရဲ့ကိုယ်တော်ကြီး တရားဟောပြောခဲ့သည်ဟု
အဆိုရှိလေသည်။

မဟာကျားရဲ့ကိုယ်တော်ကြီးသည် ဗုဒ္ဓဘာသာတွင် ထိပ်တန်း
အဆင့်ကိုယ်တော်ကြီးတစ်ပါးဖြစ်လေသည်။ အလွန်လည်း ဓမ္မ
ဉာဏ်ပညာဖြင့် ပြည့်စုံသူဖြစ်သည်။

ထို့ပြင် ဗုဒ္ဓ၏အကြီးဆုံးတပည့်ကြီးဖြစ်သည့်အတွက် ဗုဒ္ဓ
ဟောကြားသည့် ဓမ္မအားလုံးကိုလည်း သိရှိသူ ဖြစ်လေသည်။

စိတ်မကောင်းစရာမှာ မဟာကျားရဲ့ကိုယ်တော်ကြီးသည် လွန်ခဲ့
သည့် နှစ်ပေါင်းတစ်သောင်းကျော်က ပျံလွန်တော်မူသွားခဲ့လေ
သည်။

လွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်းကျော်ခန့်က မဟာကျားရဲ့ ကိုယ်တော်ကြီးသာမက များပြားလှစွာသည့် လော်ဟန်ကိုယ်တော်များ၊ ကျူးဖူကိုယ်တော်များ၊ ဗောဓိသကျများ လည်း ပျံလွန်တော်မူခဲ့ကြရလေသည်။

နာမည်ကျော်ကြားသူများဖြစ်သည့် နတ်ဆေးကိုယ်တော်လျို လီ၊ ဟွမ်ရှီကိုယ်တော် စသည့် ကိုယ်တော်များပင်လျှင် ပျံလွန်တော်မူခဲ့ကြရသည်။

ဗုဒ္ဓဘာသာစတင်တည်ထောင်စဉ်ကတည်းက ထိုသို့သော ဘေးဆိုးကြီးမျိုးကို တစ်ခါမှ ကြုံတွေ့ခဲ့ရခြင်း မရှိပေ။

မြင့်မြတ်သည့် ဗောဓိသကျ (၄)ပါး၊ မီလဲ့ကိုယ်တော်၊ နေ စကြာတထာဂတသတို့ အသက်ရှင်ကျန်ရစ်ခဲ့သည့်တိုင် ဗုဒ္ဓဘာသာသည် အနည်းငယ်မေးမှိန်သွားခဲ့ရလေသည်။

လင်စန်းတောင်တွင် အချို့သော ကျူးဖူကိုယ်တော်၊ လော်ဟန်ကိုယ်တော်၊ ဗောဓိသကျများ ကျန်ရှိခဲ့ကြသေးသည့်အတွက်

လင်စန်းတောင် ဆက်လက်ရပ်တည်နေနိုင်ခဲ့ခြင်း ဖြစ်လေသည်။

မဟာမြို့တော်ကြီးသည် အလွန်စည်ကားသိုက်မြိုက်သည့် မြို့တော်ကြီးတစ်ခု ဖြစ်လေသည်။ မဟာကျားရဲ့ကိုယ်တော်ကြီး၏ တရားဓမ္မများနှင့် ဂုဏ်သရေများ ကျန်ရစ်နေသေးသည့်အတွက် ဖြစ်ဟန်တူသည်။ ထို့ပြင် မြို့တော်တစ်ခုလုံးတွင် နေထိုင်ကြသူများမှာလည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြလေသည်။

ဘာသာရေးကိုင်းရှိုင်းသူများလည်းရှိသလို ရှေးယခင်က ကျင့်ကြံအားထုတ်ခဲ့ကြသည့် ဘုန်းတော်ကြီးများလည်း ရှိကြလေသည်။

ထိုဘုန်းတော်ကြီးများထဲတွင် သည် ဗုဒ္ဓလက်ထက်ကတည်းက ကျင့်ကြံနေခဲ့သည့် ဘုန်းတော်ကြီးများလည်း ပါဝင်လေသည်။

ထိုဘုန်းတော်ကြီးများသည် စကြာဝဠာကြီးအကြောင်း အစမှ အဆုံးတိုင် သိရှိနားလည်သည်ဟု အဆိုရှိကြလေသည်။

အခန်း (၈၅၀) အရှင်အိန္ဒြေ

မဟာမြို့တော်ကြီးတွင် လူအများစု ကျင့်ကြံကြသည့် တရားဓမ္မများမှာလည်း ထိုရှေးဟောင်းဘုန်းတော်ကြီးများ၏ ကျင့်စဉ်များနှင့် အတွေးအခေါ်အယူအဆများပင် ဖြစ်လေသည်။

အချို့သူများက ထိုရှေးဟောင်းဘုန်းတော်ကြီးများ၏ ကျင့်စဉ်များသည် ကွန်ဖြူးရှပ်ဝါဒဖြစ်သည့် "သဘာဝဓမ္မနှင့်ဖြစ်ခြင်း

ပျက်ခြင်း" နှင့် ဆင်တူသည်ဟု ဆိုကြလေသည်။ သို့သော်...

တကယ်တမ်းတွင်တော့ ထိုသို့ မဟုတ်ပေ။

ထိုဝါဒ (၂)ခုကြားတွင် ကွဲပြားမှု တစ်ခု ရှိလေသည်။

"သဘာဝဓမ္မနှင့်ဖြစ်ခြင်းပျက်ခြင်း" ဆိုသည်က စိတ်ကို

အခြေခံပြီး စင်ကြယ်အောင်ကျင့်ကြံရသည့်ကျင့်စဉ်ဖြစ်လေ

သည်။ သို့သော်... ရှေးဟောင်းဘုန်းတော်ကြီးများကတော့

စင်ကြယ်အောင်အရင်ဖြည့်ကျင့်ပြီးမှ စိတ်ကိုလေ့ကျင့်ရသည့်

ကျင့်စဉ်ကို ကျင့်သုံးကြခြင်း ဖြစ်လေ၏။

မဟာမြို့တော်မှ ထိုရှေးဟောင်းဘုန်းတော်ကြီးများသည် စစ်

မှန်သည့်တာအိုကျောင်းတော်များမှ နတ်ဘုရားများကဲ့သို့ ၊

အခြားသောကွန်ဖြူးရှပ်ဝါဒကျင့်ကြံသူများကဲ့သို့ မဟာ

မြို့တော်တွင် ကျင့်စဉ်ပညာများကို သင်ကြားပြသပေးနေ

သူများ ဖြစ်ကြလေသည်။

မဟာမြို့တော်သည် ရှေးဟောင်းဘုန်းတော်ကြီးများ၏ တရားဓမ္မများကို လက်ခံကြပြီး မိစ္ဆာကျင့်စဉ်ကျင့်ကြံသူများကိုတော့ အဝင်မခံဘဲ တားမြစ်ထားကြလေသည်။

မိစ္ဆာကျင့်စဉ်ဆိုရာတွင် လူသိအများဆုံး မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်နှင့် အသူရာမျိုးနွယ်များကျင့်ကြံကြသည့် မစ္ဆာကျင့်စဉ်များကို ပြောခြင်း ဖြစ်လေသည်။

မဟာမြို့တော်မှလူအများက ထိုသို့သော ကျင့်စဉ်များကို ကျင့်ကြံထားကြသည့် မိစ္ဆာကျင့်ကြံသူများကို အဘယ့်ကြောင့် လက်မခံရပါသနည်းဆိုသော် သူတို့သည် ဗုဒ္ဓဘာသာကို အလွန်ကိုင်းရှိုင်းကြသောကြောင့် ဖြစ်လေသည်။

ထို့ပြင် သူတို့သည် ဗုဒ္ဓကိုစောင့်ရှောက်သူဆိုသည့် အရှင်အိန္ဒြကြို နာကျည်းကြသည့်အတွက် မိစ္ဆာကျင့်ကြံသူများကို သဘောမကျကြခြင်း ဖြစ်လေ၏။

သို့သော် အရှင်အိန္ဒြိယသည့်အမည်ကို လူအများစုက သိပ်ပြီး မပြောကြပေ။ "တိစစ်ထျန်း" ဟုဆိုမှသာ ပြောကြလေသည်။

တိစစ်ထျန်းသည် လူသားများမှ မွေးဖွားလာသူ မဟုတ်ပေ။ မိုးကောင်းကင်မှ မိုးကြိုး (၉)ကြိမ်တိတိ ပစ်ခတ်ပြီး သည့်နောက် မွေးဖွားလာသူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် မွေးရာပါ မိုးကြိုးတန်ခိုးစွမ်းအားကို ပိုင်ဆိုင်သူဖြစ် လေသည်။

သူသည် ဗုဒ္ဓကိုအလွန်ယုံကြည်ကိုးကွယ်ဆည်းကပ်သူဖြစ်ပြီး ဗုဒ္ဓလမ်းစဉ်ကို စောင့်ရှောက်သူလည်း ဖြစ်လေသည်။

သို့သော်... ဗုဒ္ဓ စကြဝဠာကို ကျော်လွန်သွားပြီးသည့်နောက် ပိုင်း တိစစ်ထျန်းက သာသနာကိုပုန်ကန်ခဲ့ပြီး အသူရာလမ်းစဉ် သို့ လိုက်ခဲ့လေသည်။

လောကတွင်ပျံ့နှံ့နေသည့် ကြောက်မက်ဖွယ်ရာ "သွေးဆား" ကျင့်စဉ်၏ မူလပထမ တီထွင်သူမှာ တိစစ်ထျန်းပင် ဖြစ်လေ၏။

ဗုဒ္ဓ စကြာဝဠာကိုကျော်လွန်သွားပြီးသည့်နောက်ပိုင်း လင်စန်းတောင်ကို ပထမအကြိမ် ဒုက္ခအကြီးအကျယ်ပေးခဲ့သူမှာ တိစစ်ထျန်းဖြစ်လေသည်။

မဟာကျားရဲ့ကိုယ်တော်ကြီးနှင့် အလွန်တရာရင်းနှီးသည့် ဆက်ဆံရေးရှိသည့် အာနန်ကိုယ်တော်သည်တိစစ်ထျန်း၏ အသူရာဓားချက်ကြောင့် ပျံလွန်တော်မူခဲ့ရလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်က မဟာကျားရဲ့ ကိုယ်တော်ကြီး မဟာမြို့ကတော်တွင် လာရောက်တရားဟောပြောသည့်အချိန်တွင်လည်း တိစစ်ထျန်းရောက်လာခဲ့ပြီး ဓားချက် (၃)ချက်ဖြင့် တိုက်ခိုက်ခဲ့လေသည်။

လင်စန်းတောင် ဒုတိယအကြိမ် ဘေးအန္တရယ်နှင့်ရင်ဆိုင်ရ

သည့်အခါ မဟာကျားရဲ့ကိုယ်တော်ကြီးမှာ ယခင် တိစစ်ထျန်း

ထိုးနှက်ခဲ့သည့် ဓားဒဏ်ရာအဟောင်းကြောင့် နောက်ထပ်

တိုက်ခိုက်သည့်ဒဏ်များကို မခံနိုင်ဘဲ ပျံလွန်တော်မူခဲ့ရခြင်း

ဖြစ်သည်ဟု ဆိုကြလေသည်။

သို့သော်... ထိုအချက်က ကောလဟာလသာဖြစ်ပြီး အတည်ပြု

ရန်တော့ မဖြစ်နိုင်ပေ။ မဟာမြို့တော်မှ လူအများကတော့ ထို

အချက်ကို ယုံကြည်ကြလေသည်။

လင်ကျိုးနယ်သည် ဗုဒ္ဓဘာသာကိုးကွယ်သည့် တိုက်ကြီးတစ်

တိုက်ဖြစ်လေသည်။သို့သော်... ဗုဒ္ဓဘာသာကို လုံး၀ မ

ကိုးကွယ်သည့် တိုင်းပြည်တစ်ခုရှိလေ၏။

ထိုတိုင်းပြည်သည်ကား "မာဂဓတိုင်း" ဟု ခေါ်တွင်လေသည်။

မာဂဓတိုင်းတွင် အုပ်ချုပ်မင်းလုပ်သည့်သူကား အခြားသူမ

ဟုတ်။ တိစစ်ထျန်းပင် ဖြစ်လေ၏။ ထိုတိုင်းပြည်သို့ ကျူးဖူ

ကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များနှင့် ဗောဓိသကျများ ခြေချခြင်းကို လုံးဝလက်မခံပေ။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီမှာ တိစစ်ထျန်း၏အကြောင်းကို ကြားသိပြီးသည့်နောက် ကိုယ်စီအတွေးများဖြင့် ရှိနေကြတော့သည်။

ကျောက်ရှောင်ယွီက...

"ကျွန်မက သွေးဓားရဲ့မူလဇာစ်မြစ်က မာရ်နတ်ဆီကလို့ ထင်နေတာ ၊ အခုတော့ အရှင်အိန္ဒြကြ မူလတီထွင်တဲ့သူ ဖြစ်နေတာကိုး..."

ဆန်းလျန်က...

"ဒီ မဟာမြို့တော်ကလူတွေပြောပုံအရဆိုရင်တော့ အရှင်အိန္ဒြရဲ့သွေးဓားက ဗုဒ္ဓရဲ့ဓမ္မကို တိုက်ခိုက်ခဲ့တာပဲ ၊ ဒီတော့ အရှင်အိန္ဒြအကြောင်းက ခန့်မှန်းရတော်တော်ခက်တယ်..."

ကျောက်ရှောင်ယွီက...

"ရှင်က အော်မီတော်ဖူဘုရားရဲ့ သုခဘုံကို သွားချင်တာမလား ၊ ကျွန်မတို့ အရှင်အိန္ဒြေဆီက စပြီးစုံစမ်းကြည့်ကြမလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒီလိုပဲလုပ်ရမှာပေါ့ ၊ သူက အရင်တုန်းက ဗုဒ္ဓကို ကိုးကွယ်တဲ့သူလေ ၊ သူက သုခဘုံနဲ့ လင်စန်းတောင်အကြောင်းကောင်းကောင်းသိမှာပဲ ၊ ပြီးတော့ ကျုပ်ရဲ့ ယိလမ်းစဉ်က ဘယ်လောက်ပဲ စွမ်းအားမြင့်မားတယ်ပြောပြော သုခဘုံနဲ့ လင်စန်းတောင်ကိုတော့ ခန့်မှန်းကြည့်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး..."

ကျောက်ရှောင်ယွီက....

"အရှင်အိန္ဒြေ မာဂဓတိုင်းကိုတည်ထောင်ခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဆိုတော့ အဲဒီတိုင်းပြည်မှာတည်ဆောက်ထားတဲ့ သံမဏိတံတိုင်းတွေက သာမန်တော့ မဟုတ်လောက်ဘူးနော် ၊ အရံအတားတွေတော့ စီရင်ထားမှာပဲ ၊ ပြီးတော့ အခုချိန်မှာ

ကျွန်မတို့ သိပ်ပြီး လှုပ်ရှားမှုတွေလုပ်လို့ မကောင်းသေးဘူးလို့ ထင်တာပဲ..."

ဆန်းလျန်က...

"အရှင်အိန္ဒြေ ဘယ်လောက်တန်ခိုးစွမ်းအားမြင့်မားသလဲဆိုတာ ကျုပ်လည်းမသိဘူး၊ ဒဏ္ဍာရီအရဆိုရင်တော့ သူ့ကြောင့် မဟာကျားရဲ့ကိုယ်တော်ကြီး ဓားဒဏ်ရာသုံးချက်ရခဲ့တယ်လို့ ဆိုကြတယ်၊ အဲဒီ ဓားချက်သုံးချက်ကို ကျုပ်မျက်စိနဲ့ မြင်ခွင့်ရမယ်ဆိုရင်တော့ သူ့အစွမ်းဘယ်လောက်ရှိလဲ ခန့်မှန်းကြည့်နိုင်မှာပဲ..."

ကျောက်ရှောင်ယွီက သံသယဝင်သည့်လေသံဖြင့်...

"ဒါပေမဲ့ အဲဒီအဖြစ်အပျက်က လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က အဖြစ်အပျက်ပဲ၊ ကျွန်မတို့ မျက်လုံးနဲ့ မြင်ဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..."

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"အခုတလော ကျုပ်လည်း နည်းနည်းပါးပါးထူးဆန်းတာတွေကို ကျင့်ကြံထားတာရှိတယ် ၊ အချိန်ကို နောက်ပြန်လှည့်နိုင်ဖို့ ကြိုးစားကြည့်ကြတာပေါ့…"

ဆန်းလျန်စကားကြောင့် ကျောက်ရှောင်ယွီမှာ အလွန်ပျော်ရွှင်သွားပုံရလေသည်။

သူမက အရှင်အိန္ဒြေ၏စားချက်သုံးချက်ကို တွေ့မြင်ရတော့မည့်အတွက် ပျော်ရွှင်သွားခြင်းမဟုတ်ပေ။ ဆန်းလျန်က အချိန်ကို နောက်ပြန်လှည့်နိုင်သည့်စွမ်းအားကို ရရှိသွားသည့်အတွက် ပျော်ရွှင်သွားမိခြင်းဖြစ်လေသည်။ အချိန်ကို ထိတွေ့နိုင်ပြီကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်သည် ခန့်မှန်းရခက်သည့်အဆင့်တစ်ခုသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သူမ ရိပ်မိလိုက်သည်။

အမှန်တော့ ဆန်းလျန်အနေဖြင့် အချိန်ကိုနောက်ပြန်လှည့်နိုင်ရန်မှာ (၁၀၀) ရာခိုင်နှုန်း မသေချာပေ။ သို့သော်… ကြိုးစားကြည့်ခြင်းက အရှုံးမရှိနိုင်ပေ။

ထို့ပြင် အချိန်ကို နောက်ပြန်လှည့်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်သေးသည်။

မဟာမြို့တော်ကြီးတွင် ရှေးဟောင်းပစ္စည်းရောင်းသည့် လမ်းမ တစ်ခု ရှိလေသည်။

ထိုနေရာသည် ရှေးဟောင်းစာပေများ ၊ ပန်းချီကားချပ်များ ရောင်းချရာတွင် အလွန်နာမည်ကြီးသည့် နေရာတစ်ခု ဖြစ်လေ၏။

မဟာမြို့တော်ကြီးသည် ဇင်ဗုဒ္ဓဘာသာထွန်းကားသည့် မြို့တော်ကြီးဖြစ်လေရာ ရှေးဟောင်းသူတော်စင်များ ချန်ထားခဲ့သည့် စာဟောင်းပေဟောင်းများနှင့် ပန်းချီကားချပ် အဟောင်းများသည် ကျင့်ကြံသူများအတွက် များစွာ အထောက်အကူ ဖြစ်လေသည်။

ထို့ကြောင့် ရှေးဟောင်းပစ္စည်းများရောင်းသည့်လမ်းမသို့ ကျင့်ကြံသူများ လာရောက်လေ့လာလေ့ ရှိကြလေသည်။

ထို့ကြောင့် အချို့သော ကုန်သည်များက ပန်းချီကားအတုများ ၊ ကျမ်းစာအတုများပြုလုပ်ကာ လိမ်လည်ကြသည်များလည်း ရှိသလို ရှေးဟောင်းကျမ်းစာအစစ်များကိုပင် မတန်တဆ ဈေးခေါ်ကာ ရောင်းချကြသည်များလည်း ရှိလေ၏။

ထို့ကြောင့် ပါးပါးနပ်နပ်မရှိလျှင် ဈေးကြီးလည်းမိနိုင်သလို ပစ္စည်းအတုဖြင့်လည်း ခံလိုက်ရနိုင်လေသည်။

သို့သော်... ကိုယ်အသုံးမကျသောကြောင့် ကိုယ်အလိမ်ခံရသည်ဖြစ်လေရာ အခြားသူများကို အပြစ်တင်၍လည်း မရနိုင်ပေ။

ထို့ပြင် အလိမ်မိသွားပါက ငွေသာဆုံးပြီး အကျိုးမရှိဖြစ်ရပေလိမ့်မည်။

သို့သော်... နှစ်ပေါင်းများစွာ နာမည်ကောင်းဖြစ်ရပ်တည်နေကြသည့် ရှေးဟောင်းပစ္စည်းဆိုင်များလည်း များစွာ ရှိလေသည်။

ထူးဆန်းသည်မှာ လမ်းမအလယ်ပိုင်းတွင်ရှိနေသည့်

ရှေးဟောင်းပစ္စည်းဆိုင်တစ်ဆိုင် ဖြစ်လေသည်။

ထိုဆိုင်နာမည်မှာ "ကျီးကျီကျိုက်" ဖြစ်လေ၏။

ကျီးကျီကျိုက်ရှေးဟောင်းပစ္စည်းဆိုင်မှာ မဟာမြို့တော်ကြီး

စတင်တည်ထောင်ကတည်းက တည်ရှိခဲ့သည့် ဆိုင်တစ်ဆိုင်

ဖြစ်ပြီး ဆိုင်ပိုင်ရှင်မှာ ဝမ်မျိုးရိုးဖြစ်လေသည်။ နာမည်

အပြည့်အစုံမှာတော့ ဝမ်ရှီတောက် ဟူ၍ဖြစ်လေ၏။

ဝမ်ရှီတောက်မှာ အသက် (၃၀)ခန့် လူရွယ်တစ်ယောက်ဖြစ်လေ

သည်။ သို့သော် ဆံပင်များက မီးခိုးရောင်သမ်းနေ

သည့်အတွက် သူ့အသက်မှာ မသိလျှင် (၅၀)ကျော်ခန့်အရွယ်

ထင်မှတ်ရသည်။

သူက စာပေပညာအလွန်နှံ့စပ်သူတစ်ယောက်ဖြစ်လေသည်။

မဟာမြို့တော်မှ အကျော်ကြားဆုံးစာပေပညာရှင် အားထီမော့

မှာ ဝမ်ရှီတောက်၏ တပည့်ဖြစ်လေ၏။ သို့သော်... အားထီ

မော့ကို ဝမ်ရှီတောက်၏ တပည့်ဟု သိကြသူက ခပ်ရှားရှားပင် ဖြစ်သည်။

ဝမ်ရှီတောက်ကလည်း အားထီမော့မှာ သူ့တပည့်ဖြစ်သည်ကို လူအများ သိစေလိုခြင်းမရှိပေ။ ထို့ပြင် သူက အားထီမော့ကို သူ့တပည့်ဟုပင် သတ်မှတ်မထားခဲ့ပေ။

သို့သော် နှစ်စဉ်နှစ်တိုင်း အားထီမော့က နေ့ကောင်းရက်မြတ်ကိုရွေးကာ သူ့ကို အရက်ကောင်းနှင့် အစားအသောက်များနှင့် လာရောက်ကန်တော့လေ့ရှိလေသည်။

ယနေ့ ရာသီဥတုက အလွန်သာယာလေ၏။

ကောင်းကင်တွင် တိမ်ကင်းစင်နေပြီး လေပြေကလည်း ခပ်အေးအေးတိုက်ခတ်နေသည့်အတွက် လမ်းမထက်ရှိ သစ်ပင်များမှာ ယိမ်းနွဲ့လှုပ်ရှားနေကြလေသည်။ ထိုမြင်ကွင်းမှ ယိမ်းသမလေးများ က ပြ ဖျော်ဖြေသည်ထက်ပင် လှပသည်ဟု ထင်မှတ်ရသည်။

အားထီမော့သည် ခေါင်းကို အဝတ်ဖြူတစ်စဖြင့်ပေါင်းထားပြီး

မျက်နှာထက်တွင်လည်း မုတ်ဆိတ်မွေးများရှိလေသည်။

မျက်နှာထားကလည်း အလွန်တည်ကြည်လေ၏။

သို့သော်... အားထီမော့က အလွန်သဘောကောင်းသူ ဖြစ်လေ

သည်။ မြင့်မြတ်သည့်ဘုရင့်သားတော်မှအစ ဆင်းရဲလွန်းသည့်

သူတောင်းစားအဆုံး ရင်းနှီးခင်မင်အောင် ပေါင်းသင်းနိုင်စွမ်း

ရှိသူလည်းဖြစ်သည်။

ထို့ပြင် သူက အောက်ခြေလူတန်းများနှင့် ရင်းနှီးကျွမ်းဝင်သူ

ဖြစ်ပြီး မတရားခံရသည့် ဆင်းရဲသားလူတန်းစားအတွက်

အမြဲတမ်း တရားမျှတမှုကို ရှာဖွေပေးတတ်သည်။

မဟာမြို့တော်တွင် သူ့ကို ဗောဓိသကျကဲ့သို့ ကရုဏာတရားရှိ

သူဟု လူအများက တင်စားကြသည်။

အားထီမော့က ကျီးကျီကျိုက်ရှေးဟောင်းပစ္စည်းဆိုင်ရှေ့သို့

ရောက်လာပြီး ဆိုင်တံခါးကို ခေါက်လိုက်လေသည်။

ခဏအကြာတွင် ဆိုင်တံခါးပွင့်လာပြီး လူငယ်လေးတစ်ယောက် ထွက်လာလေသည်။

"ဆရာအားထီမော့ ၊ အစ်ကိုကြီးဝမ်က ဧည့်သည်တွေနဲ့ စကားပြောနေတယ် ၊ သူက ဆရာ့မှာ နှင်းကြာပန်းသေရည် ပါလာတယ်လို့ပြောတယ် ၊ အဲဒါ ဧည့်သည်တွေကို ဧည့်ခံဖို့ သေရည်ယူခိုင်းလိုက်လို့ပါ..."

အခန်း (၈၅၁) လေနတ်ဘုရားဖုန်းပေါ်

လူငယ်လေး၏နာမည်မှာ လုဖေး ဖြစ်လေသည်။

ထိုလူငယ်လေး၏မိဘများက မည်သူမှန်းမသိပေ။ ဝမ်ရှီ

တောက်က လုဖေးကို မွေးစားထားခြင်း ဖြစ်လေသည်။

သို့သော်... သူက သူ့ကိုယ်သူ လုဖေး၏ မိဘအရာတွင် မနေခဲ့

သလို လုဖေးက သူ့ကို မိဘသဖွယ်ဆက်ဆံမည်ကိုလည်း ခွင့်မ

ပြုခဲ့ပေ။

သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ အလွန်ထူးဆန်းလေ

သည်။

ဝမ်ရှီတောက်က လုဖေးအပေါ်တွင် အလွန်လေးစားသည်ကို

အားထီမော့ အမှတ်မထင်သိရှိခဲ့ရပြီး အံ့သြခဲ့ရဖူးသည်။ထို

အချိန်မှစပြီး အားထီမော့သည်လည်း လုဖေးကို မလေးမစားမ

လုပ်ရဲဘဲ ကြင်ကြင်နာနာဆက်ဆံလေသည်။

အားထီမော့က ပြုံးလိုက်ပြီး...

"ဒါဖြင့်လည်း ကျုပ်ကို ဆိုင်ထဲပေးဝင်ဦးလေ ညီလေးလု..."

ကျီးကျီကျိုင်ရှေးဟောင်းပစ္စည်းဆိုင်အတွင်းသို့ ဝင်သည့်လမ်းက ကျယ်ဝန်းခြင်းမရှိပေ။

သို့သော်… အတွင်းသို့ဝင်လိုက်သည်နှင့် ဆိုင်အပြင်အဆင်က ထူးခြားလေသည်။ ဆိုင်အတွင်းပိုင်းမှာ ကျောက်ဂူတစ်ခုနှင့် ဆင်တူလေ၏။

ထို့ပြင် ဆိုင်ထဲတွင် ရေကန်ငယ်တစ်ခုရှိပြီး တံတားတစ်စင်းလည်း ထိုးထားလေသည်။ ရေကန်ငယ်မှာ ကြည်လင်နေပြီး မြင်ရသူတိုင်း စိတ်ကြည်နူးခြင်းကို ဖြစ်ပေါ်စေလေသည်။

ဝမ်ရှီတောက်က ရေကန်လေးနံဘေးရှိ ခုံတစ်ခုတွင်ထိုင်နေလေသည်။ သူနှင့် မျက်နှာချင်းဆိုင်တွင် လူတစ်ယောက်ရှိနေလေ၏။ ထိုသူမှာ လူငယ်တစ်ယောက်ဖြစ်သော်လည်း အသက်အရွယ်မည်မျှရှိသည်ကို ခန့်မှန်းရခက်လေသည်။

ထိုလူငယ်က ချောမောလှပသူတစ်ယောက်ဖြစ်ပြီး လက်ချောင်းများကလည်း ရှည်လျားလှပလေသည်။ သူထိုင်

နေသည့်ဟန်ပန်မှာ တိမ်ဆိုင်တိမ်လွှာလေးတစ်စအလား ပေါ့ပေါ့ပါးပါးရှိလှလေသည်။

မဟာမြို့တော်ကြီးတွင် တန်ခိုးရှင်များစွာ ရှိလေသည်။ အားထီမော့သည်လည်း တန်ခိုးရှင်များစွာနှင့် ဆုံတွေ့ဖူးပါသည်။

သို့သော်... ယခု သူ့ရှေ့တွင်မြင်တွေ့လိုက်ရသည့် လူငယ်ကတော့ သူတွေ့ဖူးသမျှ တန်ခိုးရှင်များနှင့် လုံးဝတူညီခြင်းမရှိဘဲ ထူးခြားလျှက်ရှိလေ၏။

ဆိုင်အတွင်းသို့ အားထီမော့ဝင်လာသည်နှင့် ထိုသူက ခေါင်းကိုလည်ပြန်လှည့်ကာ ကြည့်လိုက်သည်။ ထိုအခါ ဖန်သားအလား ကြည်လင်သည့် လူငယ်၏မျက်ဝန်းများနှင့် အားထီမော့ ရင်ဆိုင်လိုက်ရလေသည်။

ထိုအကြည့်များကို ရင်ဆိုင်လိုက်ရသည်နှင့် အားထီမော့၏ စိတ်ထဲတွင် ကြည်လင်ငြိမ်းချမ်းသွားရလေသည်။ မိုးရွာပြီး

ကာစ သစ်ရွက်နုလေးများထက်တွင် လုံးဝ ဖုံမှုံ့များကင်းစင်ပြီး

လန်းဆန်းနေသည့်အလား ခံစားလိုက်ရလေသည်။

ထိုလူငယ်က တစ်ချက်ပြုံးလိုက်ရင်း...

"နှင်းကြာပန်းသေရည်က အနည်းဆုံး (၃)နှစ် နှစ်ချို့အောင်

ထားမှ အရသာကောင်းမှာနော်..."

အားထီမော့က...

"ဆရာကြီးပြောတာမှန်ပါတယ်၊ ကျုပ်ယူလာတဲ့ နှင်းကြာ

ပန်းသေရည်က မဟာမြို့တော်ရဲ့ မြို့တော်ဝန်မြေအောက်ခန်း

ထဲမှာ (၃)နှစ်တိတိသိမ်းထားတာပါ၊ တစ်ရက်မပိုသလို တစ်

ရက်လည်း မလျော့ပါဘူး..."

အားထီမော့ စကားမဆုံးခက်မှာပင် သူ့လက်ထဲမှ နှင်းကြာ

ပန်းသေရည်အိုးသည် နူးညံ့သည့်စွမ်းအားတစ်ခုဖြင့်

အသာအယာဆွဲယူခြင်းကို ခံလိုက်ရလေသည်။

သေရည်အိုးက လူငယ်ထံသို့ရောက်ရှိသွားပြီး သေရည်အိုး အဖုံးကလည်း အလိုလို ပွင့်ဟာသွားလေ၏။

ထို့နောက် သေရည်အိုးထဲမှ သေရည်များစီးဆင်းထွက်လာပြီး စားပွဲပေါ်ရှိ ဖန်သားသေရည်ခွက် (၂)ခွက်အတွင်းသို့ စီးဆင်း ဝင်ရောက်သွားလေသည်။

ဖန်သားသေရည်ခွက်က ကြည်လင်နေသလို သေရည်ကလည်း ကြည်လင်နေလေသည်။ မွှေးပျံ့သည့်သေရည်ရနံ့ထွက် ပေါ်လာပြီး ဆိုင်အတွင်းမှလူအားလုံးကို စိတ်ကြည်လင်သွား စေလေသည်။

ဝမ်ရှီတောက်က...

"အားထီမော့... မင်း ဆိုင်ရှေ့က ခြံဝန်းထဲမှာ ခဏစောင့်နေ ပါ..."

ဝမ်ရှီတောက်မှာ တည်တည်တံ့တံ့နေသူတစ်ယောက်ဖြစ် သည့်အတွက် သူ့စကားကို အားထီမော့ မငြင်းဆန်ရဲပေ။ သူက

ဖြည်းဖြည်းချင်းနောက်ဆုတ်ကာ ထွက်ခွာသွားလေ

တော့သည်။

အားထီမော့ထွက်ခွာသွားတော့မှ ဝမ်ရှီတောက်ရှေ့တွင် ထိုင်နေ

သည့်လူငယ်က တစ်ချက်ပြုံးလိုက်ရင်း...

"ဘာလို့ သူ့ကို တပည့်အဖြစ် လက်မခံရတာလဲ..."

ဝမ်ရှီတောက်က ပေါ့ပါးသည့်လေသံဖြင့်...

"ဘာအရည်အချင်းမှ မရှိဘူးလေ ၊ ပြီးတော့ ကံကလည်းနည်း

လွန်းတယ်..."

လူငယ်က ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"တကယ်တော့ ခင်ဗျားက သူ့ကို မနာကျင်စေချင်လို့ တပည့်

အဖြစ်လက်မခံတာ မဟုတ်လား..."

ဝမ်ရှီတောက်က အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"ဟုတ်တယ်"

ဟု ပြန်ပြောလိုက်လေသည်။

လူငယ်က ...

"ခင်ဗျား လူတစ်ဖက်သားကို အလေးထားတတ်လာပြီပဲ ၊ အရင်တုန်းက အဲဒီလိုမဟုတ်ဘူးနော် ၊ အခု တော်တော်ပြောင်းလဲသွားတာပဲ..."

ဝမ်ရှီတောက်က...

"တာအိုဆရာတုန်းဖုန်းလည်း အရင်ဘဝက အခုလိုမျိုး သူရဲကောင်းတစ်ယောက် မဟုတ်ပါဘူးလေ..."

လူငယ်က ပြုံးလိုက်ရင်း...

"အင်း... အရင်ဘဝက ကျုပ်က ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာကို ကျင့်ကြံခဲ့တာ ၊ အခုတော့ လေရိပ်ဝိညာဉ်ကျင့်စဉ်ကို ကျင့်ကြံနေတာဆိုတော့ စိတ်နေစိတ်ထားတော့ ပြောင်းလဲသွားတာပေါ့ ၊ ဒါပေမဲ့ အရင်ဘဝဆိုတာကလည်း ကြာခဲ့ပါပြီလေ... ကြာခဲ့ပါပြီ ၊ လေလိုပဲ လွင့်မျောသွားတာပါပဲ... အခု ကျုပ်က တာအိုဆရာတုန်းဖုန်းမဟုတ်တော့ပါဘူး ၊ ပေဖုန်းဖြစ်နေပါပြီ..."

ဝမ်ရှီတောက်က ဖန်သားသေရည်ခွက်လေးထဲမှ သေရည်ကို တစ်ငုံသောက်လိုက်ရင်း...

“အင်း... လူပြန်ဝင်စားပြီးနောက်ပိုင်း ခင်ဗျားတော်တော် ပြောင်းလဲသွားတာပဲ ၊ ဒါနဲ့ နေပါဦး ၊ ခင်ဗျား ကျုပ်ဆီကို ဘာကိစ္စရောက်လာရတာလဲ..."

သူ့အကြည့်များက တာအိုဆရာတုန်းဖုန်းတစ်ဖြစ်လဲ ပေဖုန်း ထံသို့ ငြင်ငြင်သာသာပင် ကျရောက်နေလေ၏။

တာအိုဆရာတုန်းဖုန်းဆိုသည်မှာ တစ်ချိန်က ကွမ်းချင်းနတ်ဘုရားဂိုဏ်းမှ တာအိုဆရာဖြစ်ပြီး နောက်ဆုံး ဆန်းလျန်၏ ဓားချက်အောက်တွင် ဘဝအဆုံးခံသွားသူ ဖြစ်လေသည်။

ယခုတော့ ပေဖုန်းအဖြစ် လူပြန်ဝင်စားကာ ကျင့်ကြံသူတစ်ယောက် ဖြစ်နေခဲ့ပြီ။

တာအိုဆရာတုန်းဖုန်းက...

“လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်လောက်က မဟာကျား ရဲ့ကိုယ်တော်ကြီးဟာ အရှင်အိန္ဒြရဲ့ဓားချက်သုံးချက် (၃)ချက်နဲ့ တိုက်ခိုက်ခံခဲ့ရတယ်၊ အဲဒီအကြောင်း ခင်ဗျားသိတယ် မဟုတ် လား..."

တာအိုဆရာတုန်းဖုန်း၏စကားကြောင့် ဝမ်ရှီတောက်၏ မျက်ဝန်းများ အရောင်တစ်ချက်လက်သွားလေသည်။

“သိပါတယ်....”

တာအိုဆရာတုန်းဖုန်းက...

“မဟာကျားရဲ့ကိုယ်တော်ကြီး အရှင်အိန္ဒြရဲ့ဓားချက်ကြောင့် ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့ပေမယ့် အဲဒီ ဓားချက်သုံးချက် ကြောင့်ပဲ အရှင်အိန္ဒြရဲ့ ဓားသိုင်းကိုလည်း သိမြင်နားလည်သွား ခဲ့တယ်....”

ဝမ်ရှီတောက်က အေးဆေးသည့်လေသံဖြင့်...

“အဲဒါတွေက တကယ်ဟုတ်လို့လား ၊ လူတွေလျှောက်ပြောနေကြတာ မဟုတ်ဘူးလား”

ပေဖုန်းက…

“အဲဒီကိစ္စက လူတွေလျှောက်ပြောနေတာမဟုတ်တဲ့ အမှန်တရားတစ်ခုဆိုတာ ခင်ဗျားလည်း သိပြီးသားပဲ မဟုတ်လား ၊ နှစ်ပေါင်းတစ်သောင်းကျော်လုံးလုံး ခင်ဗျား ဒီမဟာမြို့တော်ကြီးက တစ်ဖဝါးမှ မခွာခဲ့တာ အိန္ဒြေခြားကျမ်းကို ရှာနေတယ်ဆိုတာ ကျုပ်သိပါတယ်…"

ပေဖုန်း၏စကားကြောင့် တည်ငြိမ်နေသည့် ဝမ်ရှီတောက်၏စိတ်အစဉ်တွင် လှိုင်းဂယက်လေးများ ရိုက်ခတ်သွားရသည်။

သူက ပေဖုန်းကို စကားတစ်ခွန်းမှ ပြန်မပြောဘဲ ဖန်သားသေရည်ခွက်လေးထဲမှ သေရည်တစ်ငုံကို မော့သောက်လိုက်လေသည်။

ပြီးမှ ဝမ်ရှီတောက်က စကားပြောလိုက်သည်။

“အဲဒီဓားကျမ်းဘယ်မှာရှိနေလဲဆိုတာ ခင်ဗျားသိသလား…”

ပေဖုန်းက…

"သိတာပေါ့…”

"ဘယ်နေရာမှာလဲ…"

သူနှစ်ပေါင်းများစွာ ရှာဖွေနေသည့် ဓားကျမ်းအကြောင်းကို ကြားသိလိုက်ရသည့်အတွက် ဝမ်ရှီတောက် ဟန်ပင်မဆောင် နိုင်ဘဲ မေးလိုက်မိလေသည်။

ထိုဓားကျမ်းသည် ဓားကျမ်းတစ်ခုသာ မဟုတ်ပေ။ မဟာကျား ရဲ့ကိုယ်တော်ကြီးတစ်ဘဝလုံး သိမြင်သွားခဲ့သည့် တရားဓမ္မ အနှစ်ချုပ်များလည်း ပါဝင်လေသည်။ ထို့ကြောင့် မဟာကျား ရဲ့ကိုယ်တော်ကြီး၏ တရားဓမ္မများနှင့် အရှင်အိန္ဒြေ၏ဓားသိုင်း ပေါင်းစပ်လိုက်သည့်အခါ အိန္ဒြေဓားကျမ်းသည် ထိပ်တန်း ကျင့်စဉ်တစ်ခု ဖြစ်လာခဲ့လေသည်။

ထိုကျင့်စဉ်သည် ကျန့်ယွမ်ကျီနတ်မင်းကြီး၏ ဝိဇ္ဇာအကျိုးလက်

ပညာနှင့် ဗုဒ္ဓဘာသာမှ ဗုဒ္ဓလက်ဖဝါးကျင့်စဉ်တို့ကို

ကောင်းကောင်းယှဉ်နိုင်လေသည်။

ပေဖုန်းက…

"အဲဒီဓားကျမ်းက ဒီမြို့က ကျားရဲ့ဝတ်ကျောင်းတော်မှာရှိ

တယ်…"

ဝမ်ရှီတောက်က ခေါင်းကိုခါယမ်းလိုက်ရင်း…

"ကျုပ်အဲဒီမှာ အကြိမ်ပေါင်းများစွာ ရှာကြည့်ပြီးပြီ ၊ ဘာမှ မရှိ

ဘူး…"

ပေဖုန်းက…

"ကျုပ်နဲ့အတူသွားရှာကြမယ်လေ ၊ ခင်ဗျား အဲဒီဓားကျမ်း

ကျိန်းသေတွေ့စေရမယ်လို့ အာမခံတယ်…"

ဝမ်ရှီတောက်က …

"ဒါဖြင့် ခင်ဗျားက ကိုယ့်ဟာကိုယ် ဘာလို့ သွားမရှာတာလဲ…"

ပေဖုန်းက...

“ကျုပ်က ကျားရဲ့ကျောင်းတော်မှာ မဟာကျားရဲ့ကိုယ်တော်ကြီးထားခဲ့တဲ့အရံအတားကို ဖျက်စီးနိုင်စွမ်း မရှိဘူးလေ...”

ဝမ်ရှီတောက်က...

“ကျုပ်ကတော့ ခင်ဗျားနဲ့မလိုက်နိုင်ဘူး ၊ ခင်ဗျား အကူအညီတောင်းချင်ရင် နောက်တစ်ယောက်ရှာလိုက်ပါ..."

ပေဖုန်းက...

“တခြားသူတွေထက် ခင်ဗျားက ပိုအဆင်ပြေလို့ပေါ့ဗျာ...”

စကားဆုံးသွားသည်နှင့် ပေဖုန်းက ကြည်လင်သည့်မျက်ဝန်းများဖြင့် ဝမ်ရှီတောက်ကို စိုက်ကြည့်လိုက်သည်။သူ့ပုံစံက တည်ငြိမ်အေးဆေးလျှက် ရှိလေ၏။

ဝမ်ရှီတောက်က...

“ကောင်းပြီလေ ၊ တစ်ကြိမ်တော့ ခင်ဗျားကို ယုံလိုက်မယ်..."

ပေဖုန်းကပြုံးလိုက်ပြီး စားပွဲထက်မှ သေရည်အိုးကို ကောက်ယူလိုက်လေသည်။

“ခင်ဗျားက သိပ်ပြီး သေရည်မသောက်တတ်ပါဘူး ၊ ဒီ နှင်းကြာပန်းသေရည်ကို ကျုပ်ကို ပေးလိုက်တော့..."

ထို့နောက် ဝမ်ရှီတောက် စကားပြန်မပြောနိုင်ခင်မှာပင် ပေဖုန်းသည် သေရည်အိုးကိုပိုက်ကာ လေပြေတစ်ခုအလား ကျီးကျီကျိုက်ရှေးဟောင်းပစ္စည်းဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

ဝမ်ရှီတောက်က ပေဖုန်းအဝေးသို့လွင့်မျောထွက်ခွာသွားသည်ကို ကြည့်နေလေသည်။

လေပြေအလား လွင့်မျောသွားသည့် ပေဖုန်း၏အရိပ်ထဲတွင် ခိုင်ခန့်သည့် တောင်တစ်တောင်၏ အရိပ်ကို တွေ့လိုက်ရလေသည်။

လူပြန်ဝင်စားပြီးသည့်တိုင် တာအိုဆရာတုန်းဖုန်းသည် ထိုက်ယွဲ့သဏ္ဍာန်မှန်ပညာကို မစွန့်လွှတ်နိုင်သေးပေ။ ယခင်ကကဲ့သို့ အလေးအနက်ထားကျင့်ကြံထားခြင်းမျိုး မဟုတ်တော့သော်လည်း ကျင့်စဉ်သဘောတရားကိုတော့ ဖက်တွယ်ထားသေးသည်။

ထို့ပြင် ယခုဘဝတွင် ပေဖုန်းကျင့်ကြံနေသည့်ကျင့်စဉ်မှာ လေရိပ်ဝိညာဉ်ကျင့်စသ်ဖြစ်လေသည်။ ထိုကျင့်စဉ်မှာ လေနတ်ဘုရားဖုန်းပေါ်၏ ကျင့်စဉ်ဖြစ်လေရာ ပေဖုန်းမှာ လေနတ်ဘုရားဖုန်းပေါ်၏ အမွေကို ဆက်ခံခဲ့ဟန်ရှိလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ပေဖုန်း၏နောက်ကွယ်တွင် ရှိနေသူမှာ လေနတ်ဘုရားဖုန်းပေါ် ဖြစ်နိုင်လေသည်။

သို့သော်... လေနတ်ဘုရားဖုန်းပေါ်သည် လေးသည်တော်တာယိ၏လက်ချက်ဖြင့် သေဆုံးခဲ့ပြီးပြီ ဖြစ်လေသည်။ ထိုသို့ဆို

လျှင် ပေဖုန်း၏နောက်ကွယ်မှ ပုဂ္ဂိုလ်သည် မည်သူဖြစ်ပါ

သနည်း။

ဝမ်ရှီတောက် ခန့်မှန်းမရနိုင်ဖြစ်သွားရလေသည်။

ထို့ကြောင့် သူက စဉ်းစားမနေတော့ဘဲ ဆိုင်အရှေ့ဘက်ခြံဝန်း

ဆီသို့ ထွက်လာခဲ့လေသည်။

ခြံဝန်းအတွင်းရှိ ကျောက်တုံးများကြားတွင် လုဖေးက ထိုင်နေ

ပြီး စာအုပ်တစ်အုပ်ဖတ်နေလေသည်။

အားထီမော့ကတော့ ခြံဝန်းထဲတွင် လမ်းလျှောက်နေရင်း ဝမ်ရှီ

တောက်ထွက်လာသည်ကို တွေ့သည့်အခါ ချက်ချင်းပင်

ဦးညွှတ်အရိုအသေပြုလိုက်လေသည်။

အမှန်တော့... ဝမ်ရှီတောက်သည် အားထီမော့ကို အလွန်

သဘောကျလေသည်။ သို့သော်... ဆရာဖြစ်သူက ရွှမ်ထျန်း

နတ်ဘုရားဂိုဏ်းကို ပြန်လည်တည်ထောင်နိုင်ခြင်းမရှိသရွေ့

တပည့်လက်မခံရန် တားမြစ်ခဲ့လေသည်။

ထို့ကြောင့် နှစ်ပေါင်းများစွာကြာသည့်တိုင် သူက အားထီမော့ကို တပည့်အဖြစ် အသိအမှတ်မပြုခဲ့ခြင်း ဖြစ်လေသည်။

သို့သော်... သူ၏နှလုံးသားမှာလည်း ကျောက်သားဖြင့် ပြုလုပ်ထားသည့်နှလုံးသားမဟုတ်လေရာ အားထီမော့က သူ့အပေါ် ရိုးသားစွာဆက်ဆံလေ သူက သဘောကျမိလေပဲ ဖြစ်လေသည်။

ဝမ်ရှီတောက်က လုဖေးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး အားထီမော့ကို ခေါင်းတစ်ချက်ညိတ်ပြကာ အသိအမှတ်ပြုလိုက်သည်။

ဝမ်ရှီတောက်က....

"ကျုပ် ဒီည ကိစ္စတစ်ခုရှိလို့ အပြင်ထွက်ရမယ်၊ မင်း ဆိုင်မှာ ခဏနေပေးပြီး လုဖေးကို စောင့်ရှောက်ပေးပါ၊ ဘာကိစ္စတွေပဲ ဖြစ်လာပါစေ လုဖေးကို တစ်ယောက်တည်း မထားခဲ့နဲ့၊ ကျုပ်

ပြန်လာတဲ့အထိ စောင့်နေပါ၊ ကျုပ်ပြန်လာမှ ဆိုင်ကနေပြန်ပါ..."

ဝမ်ရှီတောက်က လေးလေးနက်နက်မှာကြားနေသည့်အတွက် အားထီမော့သည်လည်း စိတ်ထဲတွင်အလေးအနက် မှတ်သားထားလိုက်လေသည်။

ထို့ပြင် ဝမ်ရှီတောက် ယနေ့ည အပြင်ထွက်ရသည့် အကြောင်းရင်းမှာ စောစောက ဆိုင်အတွင်းတွင်ရောက်နေသည့် ညော့သည်နှင့် ပတ်သက်နေကြောင်း ရိပ်မိလိုက်လေသည်။

အခန်း (၈၅၂) ပြီးပြည့်စုံခြင်း

လင်ကျိုးနယ်၏နေဝင်ချိန်သည် ယွမ်ကျိုးနယ်၏နေဝင်ချိန်နှင့် မတူဘဲ ကွဲပြားလေသည်။

နေဝင်သွားသည့်အခါ... ကောင်းကင်ထက်တွင် ကြယ်စင်များနှင့်လာများသာထွန်းလင်းသည်မဟုတ် ကြည်လင်ပါးလွှာသည့် ဗုဒ္ဓရောင်ခြည်တော်သည်လည်း ကောင်းကင်ထက်တွင် ထွက်ပေါ်လာလေ့ရှိလေသည်။

ထိုကြည်လင်ပါးလွှာသည့် ဗုဒ္ဓရောင်ခြည်တော်ကို ဗုဒ္ဓဘာသာတို့၏အလင်းတန်းဟု ခေါ်ဆိုလေသည်။ လင်ကျိုးနယ်တွင် နေထိုင်ကြသည့် အမျိုးသား ၊ အမျိုးသမီးအပေါင်းတို့က ဘာသာတရားကိုင်းရှိုင်းကြသူများ ဖြစ်ကြလေသည်။

ထို့ကြောင့် ညအချိန် ကောင်းကင်ယံတွင် ဗုဒ္ဓရောင်ခြည် ပေါ်လာသည့်အချိန်တွင် သေလွန်သွားကြသည့် ဗုဒ္ဓဘာသာဝင်များ သုခဘုံသို့ ဝင်စားနိုင်မည်ဟု အယူရှိကြလေသည်။

သို့သော်... ထိုအကြောင်းများသည် ကောလဟာလများသာ ဖြစ်လေသည်။

ဆန်းလျန်က ကောင်းကင်ထက်မှ ဗုဒ္ဓရောင်ခြည်တော်ကို မော့ကြည့်လိုက်သည်။

"ဒီ ဗုဒ္ဓရောင်ခြည်တော်က အော်မီတော်ဖူဘုရားရဲ့ တန်ခိုးစွမ်းအားပဲ..."

ဆန်းလျန်၏ စကားကို ကျောက်ရှောင်ယွီက ခေါင်းညိတ် သဘောတူလိုက်သည်။

ထို့နောက် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် လက်ချင်းတွဲရင်း လမ်းမအတိုင်း ဆက်လက်လမ်းလျှောက်လာကြလေရာ ကျားရဲ့ဝတ်ကျောင်းတော်ရှေ့သို့ ရောက်ရှိလာကြလေသည်။

ကျောင်းတော်တံခါးဝသို့ရောက်သည်နှင့် ကျောက်ရှောင်ယွီက...

"ဆန်းလျန်… ရှင့်တန်ခိုးစွမ်းအားတွေ ဘယ်လောက်တိုးတက်လာလဲ ကျွန်မ သိချင်နေပြီ…"

ဆန်းလျန်က သူ့ဘေးနားမှ မိန်မလှလေး ကျောက်ရှောင်ယွီကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ကျောက်ရှောင်ယွီကလည်း ဆန်းလျန်ကိုပြန်ကြည့်လိုက်လေသည်။

သူမ၏မျက်ဝန်းများက တောက်ပနေပြီး ထိုမျက်ဝန်းများထဲတွင် မေတ္တာတရား ၊ ရည်မှန်းချက်နှင့် အသိဉာဏ်ပညာများ ပါဝင်လေသည်။ ထိုမျက်ဝန်းများထဲတွင် ဆန်းလျန်၏စိတ်ထားကို ရှင်းလင်းစွာ နားလည်ပေးနေကြောင်း ထင်ရှားစွာ ပေါ်လွင်နေလေ၏။

ထိုက်ချင်တန်ခိုးစွမ်းအားနှင့် ငရဲလမ်းဓားကို ပေါင်းစပ်ပြီးသည့်နောက် ကျောက်ရှောင်ယွီ၏ တန်ခိုးစွမ်းအားများမှာ အဆမတန်မြင့်မားလာသည်ကို ဆန်းလျန် ရိပ်မိလေသည်။

ထိုက်ချင်တာအိုကျမ်းသည် ကျင့်ကြံသူလောကတွင် အ ဖြောင့်မတ်ဆုံး ကျင့်စဉ်တစ်ခုဖြစ်လေသည်။ သို့သော်... ၎ရဲ့ လမ်းဓားကတော့ မှော်ဝင်ဓားတစ်လက်ဖြစ်လေ၏။ အဖြောင့် မတ်ဆုံးကျင့်စဉ်နှင့် မှော်ဝင်ဓားတို့ပေါင်းစပ်မိသည့်အခါ အံ့ ဩဖွယ်စွမ်းရည်တစ်ခုထွက်ပေါ်လာပြီး ဖြောင့်မတ်သည့်တာအို နှလုံးသားဖြင့် မှော်ဝင်ဓားကို ထိန်းချုပ်ကာ ကောင်းမှုနှင့် မကောင်းမှုကို ညီညွတ်သွားစေလေသည်။

သူမသည် လောကတွင် တန်ခိုးစွမ်းအားအမြင့်မားဆုံးဟု မဆို သာသည့်တိုင် တော်ရုံနတ်ဘုရားများကို ဦးညွှတ်စရာမလိုဘဲ ကျင့်ကြံသူလောကတွင် ဂုဏ်အသရေဖြင့် ရပ်တည်နိုင်သည့် နတ်သမီးတစ်ပါး ဖြစ်လေသည်။

သို့သော်... သူမသည် ဆန်းလျန်ကို အမြဲတမ်း ဦးစားပေးခဲ့လေ သည်။ ဆန်းလျန်အတွက်ဆိုလျှင် တစ်လောကလုံးနှင့်တစ်

ယောက် ဖြစ်နေပါစေ သူမက အမြဲတမ်း ဆန်းလျန်ဘက်မှ

အသင့်ရှိနေပေးခဲ့သည်။

သူ့အပေါ်ထားသည့် ကျောက်ရှောင်ယွီ၏ မေတ္တာတရားများကို

သိရှိနားလည်လိုက်ရသည့်အခါ ဆန်းလျန်မှာ အနည်းငယ်ပင်

စိတ်မကောင်းဖြစ်သွားရလေသည်။

သို့သော်... ဆန်းလျန်က အပိုစကားများပြောမနေတော့ဘဲ

ကျားရဲ့ဝတ်ကျောင်းတော် တံခါးဝသို့ လျှောက်သွားလိုက်လေ

သည်။

ဝတ်ကျောင်းတော်အဝင်တံခါးက ပွင့်နေပြီး ဝတ်ပြုရာ ခန်းမ

ဆောင်ကို တွေ့မြင်နေရသည်။ ခန်းမဆောင်ထဲတွင် မတ်ရပ်

ရုပ်တုတစ်ခု ရှိနေလေသည်။

အခြားသောဝတ်ကျောင်းတော်များတွင် ခန်းမအတွင်း၌ ဗုဒ္ဓ

ရုပ်ပွားတော်များ ထားရှိကိုးကွယ်ကြသည်။

သို့သော်... ကျားရဲ့ဝတ်ကျောင်းတော်အတွင်းမှ ရုတ်တု ကတော့ ဗုဒ္ဓရုပ်ပွားတော် မဟုတ်ပေ။ မဟာကျားရဲ့ကိုယ်တော်ကြီး၏ ရုပ်တု ဖြစ်လေသည်။ ရုပ်တု၏ထူးခြားချက်မှာ လက်နှစ်ဖက်တွင် ရွှေကွင်း (၂)ကွင်းဝတ်ဆင်ထားခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်နောက်မှ ဝတ်ကျောင်းတော်အတွင်းသို့ လိုက်ဝင်လိုက်သည်။

ဝတ်ကျောင်းတော်အတွင်းပိုင်းသည် ပြင်ပလောကနှင့်မတူညီသည်ကို သူမ ချက်ချင်း သတိပြုလိုက်မိသည်။ သူမအနေဖြင့် မဟာကျားရဲ့ကိုယ်တော်ကြီး၏ တန်ခိုးစွမ်းအားများကို လျှော့တွက်ခဲ့မိသည်မှာ မှားယွင်းပြီဖြစ်ကြောင်း နားလည်လိုက်မိသည်။

သို့သော်... ကျားရဲ့ဝတ်ကျောင်းတော်၏ ထူးခြားချက်များကို အဆင့်မြင့်နတ်ဘုရားများပင် ရိပ်မိရန် ခဲယဉ်းလေရာ သာမန်

လူများဆိုလျှင်တော့ မည်သည့်နည်းနှင့်မှ သိရှိလိမ့်မည်

မဟုတ်ပေ။

ကျောက်ရှောင်ယွီကတော့ ကျားရဲ့ဝတ်ကျောင်းတော်၏နေရာ

တိုင်းတွင် ဓားဝိညာဥ်များ ပျံ့သန်းနေပြီး အချိန်တိုင်းတွင် အ

ရားအားလုံးကို ခုတ်ဖြတ်တိုက်ခိုက်ပစ်နေသည်ကို တွေ့မြင်နေ

ရလေသည်။

ထိုဓားဝိညာဥ်များသည် ဝတ်ကျောင်းတော်အတွင်းမှ အတိတ်ပုံ

ရိပ်များဖြစ်လေသည်။ ထို့ပြင် ဝတ်ကျောင်းတော်ထဲတွင်

အချိန်စီးဆင်းမှုက အခြားနေရာများနှင့်မတူပေ။ အလွန်

သိပ်သည်းနေလေသည်။

အချိန်ကာလ၏ရှုတ်ထွေးမှုများကြောင့် ကျောက်ရှောင်ယွီမှာ

အနည်းငယ်ပင် စိတ်ရှုတ်ထွေးသွားမိသည်။

သို့သော်... သူမ၏ တာအိုနှလုံးသားထဲမှ ငရဲလမ်းဓားဝိညာဉ်က တစ်ချက်လှုပ်ရှားလိုက်သည်နှင့် စိတ်ရှုတ်ထွေးနေမှုများအားလုံး လွင့်စင်ပျောက်ကွယ်သွားရလေသည်။

ထိုအချိန်မှ ကျောက်ရှောင်ယွီက ဆန်းလျန်၏အခြေအနေကို လှမ်းကြည့်လိုက်သည်။

ဆန်းလျန်က ဝတ်ကျောင်းတော်အတွင်းမှ ဓားဝိညာဉ်များကို

အာရုံမထားဘဲ မဟာကျားရဲ့ကိုယ်တော်

ဓားများကို အာရုံမထားဘဲ ဗုဒ္ဓရုပ်ပွားတော်၏လက်မှ ရွှေကွင်းကို စိတ်ဝင်စားနေလေသည်။

လက် (၂)ဖက်တွင် ဝတ်ဆင်ထားသည့် ရွှေကွင်း (၂)ခုမှာ ပြီးပြည့်စုံသည့် ရတနာပစ္စည်းများဖြစ်လေသည်။ သံသရာမှ လွတ်မြောက်ပြီး သံယောဇဉ်အားလုံး ပြတ်တောက်ပြီဖြစ်ကြောင်း ကိုယ်စားပြုထားလေ၏။

ထိုရွှေကွင်းများကိုကြည့်ပြီး ဆန်းလျန်သည် ရှမ်တုတောက်ကျွ
င်းကို သတိရသွားမိလေသည်။ ထိုရွှေကွင်းများသည် ရှမ်တု
တောက်ကျွင်းထက်ပိုပြီး လေးနက်သည့်အဓိပ္ပါယ်ကိုဆောင်
သည့် “ဟွင့်ယွမ်ဝူကျီ” အဆင့်ကို ညွှန်ပြနေလေသည်။
ကျောက်ရှောင်ယွီက ဆန်းလျန်ကြည့်နေသည့်နေရာသို့ လိုက်
ကြည့်လိုက်သည်။ ထိုအခါ သူမသည်လည်း ရွှေကွင်းများကို
စိတ်ဝင်စားသွားမိလေသည်။

ထိုရွှေကွင်းများသည် သူမ၏မျက်လုံးထဲတွင် အလွန်ကြည့်ရ
ဆိုးနေလေသည်။

သို့သော် ထိုရွှေကွင်းများသည် အလွန်ကြည့်ရဆိုးနေသည့်တိုင်
မည်သည့်အချက်ကြောင့် ကြည့်ရဆိုးနေသည်ကို အဖြေရှာ၍မ
ရနိုင်ပေ။

လောကတွင်ရှိရှိသမျှအရာအားလုံးသည် အနည်းနှင့်အများ
တော့ အားနည်းချက်ရှိကြသည်သာ ဖြစ်သည်။

မိန်းကလေးတစ်ယောက် အလွန်ချောမောလှပသည်ဆိုလျှင်

ယောကျာ်းလေးတိုင်း ငေးမောကြည့်ကြမည်ပဲ ဖြစ်လေသည်။

သို့သော်.... သေသေချာချာကြည့်မည်ဆိုပါက မည်မျှပင်လှပ

ပါစေ ပြစ်ချက်တစ်ခုတော့ သေချာပေါက် ရှိပေမည်။

ရတနာပစ္စည်းများ ၊ ရုပ်တုများ ၊ အနုပညာလက်ရာများသည်

လည်း ထိုသို့ပင် ဖြစ်လေသည်။

သို့သော်... မဟာကျားရဲ့ကိုယ်တော်ကြီး၏ရုပ်တုမှ ရွှေကွင်း

များကတော့ "ပြီးပြည့်စုံခြင်း" ဆိုသည့် စကားလုံးအတွက် ဖြစ်

တည်လာခြင်းဖြစ်လေသည်။ ထို့ကြောင့် ချို့ယွင်းချက် ၊

အားနည်းချက် လုံးဝမရှိပေ။

"ပြီးပြည့်စုံခြင်း" ရှိသည့် ပစ္စည်းမျိုးသည် အမှန်တော့ လောက

တွင် ရှိမနေသင့်ပေ။ အဘယ်ကြောင့်ဆိုသော်... လောကတွင်

မိုးနှင့်မြေသည်ပင် မပြည့်စုံသေးသောကြောင့် ဖြစ်လေသည်။

ပြည့်စုံသော အရာ ၊ ပြည့်စုံသော သက်ရှိဆို၍ လောကတွင်

လုံး၀ မရှိပေ။

ထို့ကြောင့် ရွှေကွင်းများက လောကနိယာမတရားများကို

ချိုးဖျက်ထားသကဲ့သို့ ဖြစ်နေလေသည်။

ထို့နောက် ဆန်းလျန်ထံမှ စိတ်သက်သာရာရသွားဟန်ဖြင့်

သက်ပြင်းချလိုက်သံကို ကျောက်ရှောင်ယွီ ကြားလိုက်ရသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်မှ ပါးလွှာသည့်အလင်းတန်းလှိုင်းများ

ထွက်ပေါ်လာပြီး ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားလေသည်။

ထို့နောက် ကုလားကာတစ်ခုအတွင်းသို့ တိုး၀င်သွားသည့်

အလား ဆန်းလျန်သည် မဟာကျားရဲ့ကိုယ်တော်ကြီး၏ ရုပ်တု

အတွင်းသို့ တိုး၀င်ကာ ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်သည် အချိန်စီးကြောင်းကို ထိတွေ့နိုင်နေပြီကို

ကျောက်ရှောင်ယွီ သိထားလေသည်။ သို့သော်... ယခုကဲ့သို့

မျက်စိဖြင့် တပ်အပ်မြင်လိုက်ရသည့်အခါ သူမ အလွန်ပင် အံ့

ဩတုန်လှုပ်သွားမိလေသည်။

သူမသည် ဆန်းလျန်ကို တွေ့မြင်ရခြင်း မရှိတော့ပေ။

ဆန်းလျန်သည် အချိန်ကို နောက်ပြန်လှည့်ခြင်း မဟုတ်ပေ။

အတိတ်တစ်ချိန်သို့ ခရီးထွက်ခွာသွားခြင်းသာ ဖြစ်လေသည်။

ဆန်းလျန်သည် အတိတ်သို့ရောက်ရှိနေလေသည်။

သူသည် ကျားရဲ့ဝတ်ကျောင်းတော်ကြီးအတွင်းမှ ရုပ်တုကြီး

အဖြစ် တည်ရှိနေလေသည်။ ရုပ်တုကြီး၏လက်တွင် ဝတ်ဆင်

ထားသည့် ရွှေကွင်းများမှ နွေးထွေးမှုနှင့်အေးစက်မှုကို

တစ်ပြိုင်တည်းခံစားနေရလေသည်။

ကျားရဲ့ဝတ်ကျောင်းတော်အပြင်ဘက်တွင် မြူခိုးများကျဆင်း

နေပြီး လူရိပ်တစ်ရိပ်သည် ဝတ်ကျောင်းတော်ရှိရာသို့ ချဉ်းကပ်

လာလေသည်။ ထို့နောက် သိမ်မွေ့သည့် ရယ်မောသံတစ်ချက်

ထွက်ပေါ်လာပြီး လူရိပ်မှာ မည်သူဖြစ်သည်ကို ထင်ထင်ရှား ရှားတွေ့မြင်လာရလေသည်။
ထိုသူမှာ လူငယ်တစ်ယောက်ဖြစ်လေသည်။ ပိုးသားအလား နူးညံ့သည့်အဝတ်အစားများကိုဝတ်ဆင်ထားပြီး အင်္ကျီလက် အနားတွင် ရွှေရောင်ကွပ်ထားလေသည်။ သူ့ကိုကြည့်ရ သည်မှာ မြင့်မြတ်သည့် မင်းညီမင်းသားတစ်ပါးနှင့် ဆင်တူ လေသည်။
ထိုလူငယ်ထံမှ သိမ်မွေ့သည့်တာအိုစွမ်းအားတစ်ခု ထွက်ပေါ် နေပြီး ထိုတန်ခိုးစွမ်းအားကြောင့်ပတ်ဝန်းကျင်တွင် မြူခိုးများ ဆိုင်းလာရခြင်းဖြစ်လေ၏။ ထိုမြူခိုးများက ပတ်ဝန်းကျင်တစ် ခုလုံးကို အိပ်မက်ဆန်စေပြီး ထင်ယောင်ထင်မှား ဖြစ်စေလေ သည်။

လူငယ်၏ခါးတွင်ဓားတစ်လက်လွယ်ထားပြီး ရွှေကွပ်ထားသည့်ကျောက်စိမ်းဓားတစ်လက်ဖြစ်ကာ အလွန်လှပလေသည်။

ဆန်းလျန်က သူ၏တာအိုစိတ်အာရုံဖြင့် ကြည့်လိုက်သည်နှင့် ထိုဓားသည် လှပရုံသာမက ထက်မြက်မှုတွင်လည်း အန္တိုင်းမဲ့ဖြစ်သည်ကို သိလိုက်လေသည်။ ကောင်းကင်ကိုထိုးခွင်းပြီး စကြာဝဠာကြီးကိုပင် ဖြတ်တောက်ပစ်နိုင်စွမ်းရှိသည့် ဓားတစ်လက် ဖြစ်သည်။

ထိုဓားမှ ဓားခြိမ်းသံတစ်ချက် ထွက်ပေါ်လာလေသည်။ ဓားခြိမ်းသံဆိုသည့်တိုင် နိုက်တင်ဂေးငှက်လေး တေးသီဆိုသည့်အလား သာယာလွန်းလှသည်။ ဓားရောင်သည် လေနှင့်အတူ ဆန်းလျန်ရှိရာသို့ လွင့်မျောလာလေသည်။

ဓားဝိညာဉ်သည် သစ်တော်ပွင့်များထက်သို့ ဖြာကျနေသည့်

လရောင်ခြည်အလား ၊ ကန်ရေပြင်ကို ဖြတ်တိုင်သွားသည့်

လေပြေအလား သဲလွန်စတစ်ချက်ပင် ကျန်ရစ်ခဲ့ခြင်း မရှိပေ။

ဆန်းလျန်ကတော့ သူ့ထံသို့ ဓားဝိညာဉ် ဝင်ရောက်လာ

သည့်အတွက် ကြောက်ရွံ့သွားခြင်း မရှိပေ။ သူ့အကျင့်အတိုင်း

အေးဆေးတည်ငြိမ်နေဆဲ ဖြစ်လေ၏။

ထို့နောက် ဆန်းလျန်၏ လက်ချောင်းလေးများ တစ်ချက်

လှုပ်ရှားသွားပြီး သူ၏လက်ထဲသို့ ဓားတစ်လက် ရောက်ရှိလာ

လေသည်။

ဆန်းလျန်လက်ထဲသို့ ဓားရောက်လာသည်နှင့် ပတ်ဝန်းကျင်

တွင် လေများ မိုးများ သည်းထန်စွာ ရွာသွန်းလာလေ

တော့သည်။

ဆန်းလျန်၏ ဓားသည် သူ့ရှေ့မှ လူငယ်၏ဓားကဲ့သို့ သိမ်မွေ့သည့် ဓားတစ်လက် မဟုတ်ပေ။ ရက်စက်သည့်ဓားတစ်လက်ဖြစ်လေ၏။

ဆန်းလျန်၏ဓားမှာ လူငယ်၏ဓားကို မယှဉ်နိုင်သော်လည်း ရင်ဆိုင်နိုင်သည့်စွမ်းအားတော့ ကောင်းကောင်းရှိလေသည်။ အမှန်တော့ လူငယ်က ဓားဝိညာဉ်ဖြင့် ဆန်းလျန်ကို တိုက်ခိုက်လိုက်သည်မှာဟန်ပြသက်သက်ဖြစ်လေသည်။ ဆန်းလျန်က သူ့ကို ပြန်လည်တိုက်ခိုက်လာလိမ့်မည်ဟု ထင်မှတ်မထားမိပေ။

မိုးလေများ ပြင်းထန်လာသည့်အတွက် သူ့အနေဖြင့် ထင်ယောင်ထင်မှားဖြစ်အောင် လှည့်ဖြားခြင်းကိုလည်း ဆက်လက်မပြုလုပ်နိုင်တော့ပေ။

သို့သော်... လူငယ်က ဆန်းလျန်နှင့် ရင်ဆိုင်လိုက်ရသည့်အတွက် အံ့ဩထိန်လန့်သွားခြင်းမျိုး မရှိခဲ့ပေ။ သူ့

မျက်နှာက မူလအတိုင်း တည်ငြိမ်နေဆဲ ဖြစ်လေ၏။ ထို့ပြင် ဆန်းလျန်၏လက်ထဲမှဓားကိုလည်း အရေးစိုက်ဟန်မရှိပေ။ ဆန်းလျန်၏ဓားဝိညာဉ်နှင့် လူငယ်၏ဓားဝိညာဉ်သည် လမ်းခုလတ်တွင် အရှိန်အဟုန်ပြင်းစွာ ထိခိုက်မိသွားလေသည်။ ကောင်းကင်ထက်မှမိုးရေစက်များ ကန်ရေပြင်အတွင်းသို့ ဒလဟောစီးကျလာပြီး ကန်ရေပြင်တစ်ခုလုံး လှိုင်းထန်သွားသည့်အလား ဖြစ်လေ၏။

ထို့နောက် လူငယ်၏ ဓားဝိညာဉ်မှာ ဆန်းလျန်၏ ဓားဝိညာဉ်အောက်တွင် ပျက်စီးသွားရလေသည်။

ထိုသို့ဖြစ်ရသည်မှာ ဆန်းလျန်၏ တန်ခိုးစွမ်းအား မြင့်မားလွန်းခြင်းကြောင့် မဟုတ်ပေ။ သူ့ရှေ့မှ လူငယ်က အစစ်အမှန်မဟုတ်သောကြောင့် ဖြစ်လေသည်။

ထိုလူငယ်သည်ကား အခြားသူမဟုတ်ပေ။ တိစစ်ထျန်းဟု လူသိများကြသည့် အရှင်အိန္ဒြပြင် ဖြစ်လေတော့သည်။

အခန်း (၈၅၃) မထင်မှတ်သည့်ညွှန့်သည်

ဆန်းလျန်၏တိုက်ခိုက်မှုကြောင့် တိစစ်ထျန်းက ထိတ်လန့်အံ့သြသွားခြင်း မရှိပေ။

တိစစ်ထျန်းက လက်တစ်ဖက်အသာဝှေ့ယမ်းလိုက်လေရာ ကြာပန်းပွင့်များအဖြစ် ပြောင်းလဲကာ အစိတ်စိတ်အမွှာမွှာ လွင့်ကြွေသွားလေသည်။

တိစစ်ထျန်းက ဒုတိယဓားကွက်ကို ထုတ်ဖော်အသုံးပြုလိုက်ခြင်းဖြစ်ကြောင်း ဆန်းလျန် ချက်ချင်းသိရှိလိုက်သည်။

အမှန်တော့ ဆန်းလျန်က အတိတ်ဆီသို့ ပြန်သွားကာ မဟာကျားရဲ့ကိုယ်တော်ကြီးဆီသို့ တိုက်ခိုက်ရန်လာသည့် တိစစ်ထျန်းနှင့် ရင်ဆိုင်နေခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် သူ မြင်ရကြားရသမျှသည် အိပ်မက်ပမာသာ ဖြစ်ပြီး မဟာကျားရဲ့ကိုယ်တော်ကြီးကို ထိခိုက်သကဲ့သို့ တကယ်တမ်းတွင် သူ့ကို ထိခိုက်နိုင်ခြင်း မရှိပေ။

တိစစ်ထျန်းက ဓားကို ကိုင်မြှောက်ထားလေသည်။

တောက်ပနေသည့်ဓားသည် ကောင်းကင်ထိတိုင်ထိုးဖောက်ဝင်ရောက်သွားပြီး မြေပြင်ကိုပင် ထက်ခြမ်းခွဲပစ်တော့မည့်အလားထင်မှတ်ရသည်။

ဆန်းလျန်သည် မဟာကျားရဲ့ကိုယ်တော်ကြီး၏ ကြာပလ္လင်ထက်တွင်ထိုင်ရင်း ထိုဓားကွက်ကို ကြည့်နေလေသည်။

ဗောဓိပင်အောက်တွင် ဗုဒ္ဓပွင့်သည့်အချိန်တွင် လက်တစ်ဖက်

ဝှေ့ယမ်းလိုက်ရုံဖြင့် မိစ္ဆာများ ၊ မကောင်းမှုများအားလုံး

ပျောက်ကွယ်သွားကြရလေသည်။

ဆန်းလျန်နှုတ်ခမ်းများတွန့်ကွေးကာ ပြုံးလိုက်မိသည်။

ဗုဒ္ဓက ရွှေရောင်ကြာပန်းတစ်ပွင့်ကို မဟာကျားရဲ့ကိုယ်တော်

ကြီးကို အဘယ့်ကြောင့် ပေးလိုက်သည်ဆိုသည့်အဓိပ္ပါယ်ကို

ဆန်းလျန်က နားလည်သဘောပေါက်ထားသူ ဖြစ်လေသည်။

ဆန်းလျန်သည် ဗုဒ္ဓဘာသာကျင့်ကြံသူတစ်ယောက် မဟုတ်

သော်လည်း သူက ဗုဒ္ဓ၏တရားဓမ္မများကို ဗုဒ္ဓဘာသာ ကျင့်ကြံ

သူများထက်ပင် နားလည်သူတစ်ယောက် ဖြစ်လေ၏။

ယခု သူက အတိတ်သို့ ပြန်သွားကာ မဟာကျားရဲ့ကိုယ်တော်

ကြီး၏ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနေခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓ၏တရားများကို ပို၍ပင် နားလည်နေခဲ့လေ

သည်။

တိစစ်ထျန်း၏ဓားချက်က အရှိန်အဟုန်ပြင်းထန်စွာ ဖြင့် ဝင်

ရောက်လာလေသည်။

ဓားချက် တစ်ချက်ပြီးတစ်ချက်...။

ဓားချက်များကြားတွင် အစပ်အကြားမရှိ ၊ အဆုံးမရှိ ၊

စွမ်းအားလျော့နည်းသွားခြင်းလည်း မရှိ။

ဆန်းလျန်၏မျက်နှာက တည်ကြည်လေးနက်နေလေသည်။

ပြင်းထန်လွန်းသည့် ဓားဝိညာဉ်က သူ့ကို ထိုးခွင်းလိုက်ပြီး

ပြင်းပြသည့်နာကျင်မှုကို ခံစားလိုက်ရသည်။ သူ၏ စိတ်အာရုံ

ထဲတွင် မဟာကျားရဲ့ကိုယ်တော်ကြီး ပျောက်ကွယ်သွားသည်

ကို တွေ့မြင်လိုက်ရသည်။

တစ်ချိန်တည်းမှာပင်... စာပေသမားများ ၊ နတ်ဘုရားများ ၊

ငှက်မျိုးနွယ်သတ္တဝါများ ၊ သားရဲများ ထွက်ပေါ်လာလေသည်။

ထိုအချိန်ခဏလေးအတွင်းမှာပင် ဆန်းလျန်သည် မဟာကျား

ရဲ့ကိုယ်တော်ကြီး၏ နက်ရှိုင်းသည့် တန်ခိုးစွမ်းအားများကို

သဘောပေါက်သွားရသည်။ ထိုတန်ခိုးစွမ်းအားများသည် တစ်ဘဝပြီး တစ်ဘဝ လူပြန်ဝင်စားခြင်းတန်ခိုးစွမ်းအားများပင် ဖြစ်လေသည်။

မဟာကျားရဲ့ကိုယ်တော်ကြီးသည် တိစစ်ထျန်း၏ ဓားချက်ကို ခုခံနိုင်ရန်အတွက် ဘဝပေါင်းများစွာ လူပြန်ဝင်စားကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများကို ထုတ်ဖော်အသုံးပြုလိုက်ခြင်း ဖြစ်လေ၏။

ဘဝတစ်ခုပြီးတစ်ခု ၊ မျိုးနွယ်တစ်ခုပြီးတစ်ခု ပေါင်းစပ်ခြင်းမှ မြင့်မားသည့် တန်ခိုးစွမ်းအားထုကြီးတစ်ခု ထွက်ပေါ်လာလေသည်။

ထိုစွမ်းအားများကြောင့် သေစေလောက်သည့်ဒဏ်ရာက ပြင်းထန်သည့်ဒဏ်ရာအဖြစ်ပြောင်းလဲသွားပြီး ပြင်းထန်သည့် ဒဏ်ရာကလည်း မပြေပလောက်သည့်ဒဏ်ရာတစ်ခုအဖြစ် ပြောင်းလဲသွားလေသည်။

မဟာကျားရဲ့ကိုယ်တော်ကြီး၏ အံ့သြဖွယ်ရာတန်ခိုးစွမ်းအား များက ဆန်းလျန်ကိုပင် အံ့အားသင့်သွားစေလေသည်။ ထို့ပြင် မဟာကျားရဲ့ကိုယ်တော်ကြီး၏ ထက်မြက်မှုကိုလည်း ဆန်းလျန် လေးစားသွားမိသည်။ မဟာကျားရဲ့ကိုယ်တော်ကြီးသည် အလွန်မှ ထူးခြားသူတစ်ယောက်ဖြစ်သည်မှာ ငြင်းဆန်မရနိုင် ပေ။

များပြားလှစွာသည့် သာဝကများထဲတွင် ဗုဒ္ဓ၏တပည့်သာဝက ကြီးအဖြစ် ဗုဒ္ဓ၏တရားဓမ္မများကို အမွေဆက်ခံထားနိုင်သည် မှာ အံ့သြစရာ မဟုတ်တော့ပေ။

အချိန်မည်မျှကြာသွားသည့် မသိပေ။

တိစစ်ထျန်း၏ ပြင်းထန်လွန်းသည့် ဓားချက်များ အဆုံးသတ် သွားလေသည်။

ထို့နောက်... တိစစ်ထျန်းက သူ၏မျက်လုံးများကို ဖြည်းဖြည်း ချင်းမှိတ်လိုက်သည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးတွင် ဓား

ဝိညာဉ်က ဖုံးလွှမ်းနေပြီး သူက မိုးကောင်းကင်ကို ပင့်တင်လိုက်သည့်အလား လက် (၂)ဖက်ကို အပေါ်သို့ အသာအယာပင့်တင်လိုက်လေသည်။

ထိုဓားကွက်မှာ မိုးကောင်းကင်ဓားဖြစ်ပြီး မိုးကောင်းကင်၏စိတ်ထားကို လူတစ်ယောက်၏နှလုံးသားအတွင်းသို့ဆောင်ယူကာ လူတစ်ယောက်၏ နှလုံးသားကို မရှိခြင်းတရားသို့ပြောင်းလဲအောင် သတ်ဖြတ်ပစ်ခြင်း ဖြစ်လေသည်။

ထိုဓားကွက်သည် ဗုဒ္ဓ၏ကာကွယ်စောင့်ရှောက်သူ ဖြစ်ခဲ့ပြီးသည့်နောက်ပိုင်း တိစစ်ထျန်း တီထွင်ထားခဲ့သည့် ဓားသိုင်းဖြစ်လေ၏။ ထိုဓားသိုင်းတွင် တိစစ်ထျန်း၏ အခြေခံကျသည့်တန်ခိုးစွမ်းအားများကို တွေ့မြင်နိုင်သည်။

ချက်ချင်းပင် လောကကြီးတစ်ခုလုံး ဓားတစ်လက်အဖြစ်ပြောင်းလဲသွားလေသည်။

တောတောင်ရေမြေ ၊ တိမ်တိုက် ၊ ရေခိုးရေငွေ့၊ ငှက်များ ၊ အင်းဆက်ပိုးမွှားများ အားလုံး တစ်ခုမကျန် ဓားများ ဖြစ်ကုန်ကြလေသည်။

အရာအားလုံးသည် သဘာဝတရားမှ မွေးဖွားလာလေသည်။ မိုးကောင်းကင်က ဓားသွားဖြစ်သွားလျှင် လောကတစ်ခွင်လုံး ဓားသွားဖြစ်သွားပေလိမ့်မည်။

သို့သော် ... ဓားသွားအဖြစ် မပြောင်းလဲသောအရာမှာ မဟာကျားရဲ့ကိုယ်တော်ကြီးပင် ဖြစ်လေသည်။

အရာအားလုံးက လင်းလက်တောက်ပနေလေသည်။ စပါးခင်းများသည်ပင် ရွှေရောင်တောက်ပနေလေသည်။

ဓားသွားက သတ်ဖြတ်လိုသည့်အငွေ့အသက်များပြည့်နေပြီး မိုးနှင့်မြေတွင် စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်နေလေသည်။

ထိုဓားဖြင့် ပြိုင်ဘက်ရန်သူ၏ နှလုံးသားတစ်ခုလုံးကို

ရိုတ်သိမ်းဖျက်စီးပစ်လိုက်ခြင်းဆိုသည်မှာ ချဲ့ကားပြောဆို

ခြင်း မဟုတ်ပေ။

မဟာကျားရဲ့ကိုယ်တော်ကြီး ဒဏ်ရာရသွားပြီဖြစ်သည်ကို

ဆန်းလျန် သဘောပေါက်လိုက်သည်။ အဘယ်ကြောင့်ဆိုသော်

တိစစ်ထျန်း၏ မိုးကောင်းကင်ဓားကို မခုခံနိုင်တော့

သောကြောင့် ဖြစ်လေသည်။

ထိုအချိန်မှာပင်... ဆန်းလျန်ရှေ့မှ လောကကြီးတစ်ခုလုံး

ပြိုလဲကျသွားလေသည်။ လောကကြီးပြိုလဲကျသွားပြီး တိစစ်

ထျန်း၏ နောက်ဆုံး ဓားချက်သည်လည်း ပျောက်ကွယ်သွား

လေသည်။

ထိုဓားကွက်က ဓားသိုင်း၏အနှစ်သာရဖြစ်ပြီး မဟာကျားရဲ့

ကိုယ်တော်ကြီးကို ထိုးဖောက်သွားခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျှန်သည် လက်ရှိပစ္စုပ္ပန်အချိန်သို့ ပြန်ရောက်လာပြီး ကျားရဲ့ဝတ်ကျောင်းတော်အတွင်းတွင် ပြန်ပေါ်လာလေသည်။ သူဝတ်ဆင်ထားသည့် ရိုးရှင်းသည့်အပြာနုရောင်တာအိုဝတ်စုံသည် ကြယ်စင်များအလား တောက်ပနေလေ၏။ သူ၏ ဝိညာဉ်မှ အလင်းရောင်များ ထွက်ပေါ်နေခြင်းကြောင့် ဖြစ်လေ၏။

ကျောက်ရှောင်ယွီက ဆန်းလျှန်ကိုကြည့်ကာ ပြုံးလိုက်ရင်...

"ရှင် ထူးခြားတာတစ်ခုခု သိခဲ့ရပြီ ထင်တယ်..."

ဆန်းလျှန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ကျုပ်တို့ရဲ့ ကျင့်ကြံခြင်းအဆင့်နဲ့ဆိုရင် လောကမှာ ကိစ္စအတော်များများကို မြင်လိုက်တာနဲ့ ထိထိရောက်ရောက်သိနိုင်တာပဲလေ..."

ထိုသို့သိမြင်ခြင်း၏အဓိပ္ပါယ်မှာ အယူဝါဒတစ်ခုကို တရားသေ ဆုပ်ကိုင်ထားခြင်းမျိုးမဟုတ်ဘဲ ပြောင်းလဲခြင်းတရားကို လက်ခံခြင်းပင် ဖြစ်လေသည်။

ထိုသို့လက်ခံလိုက်ခြင်းက နာကျင်ခြင်းမရှိ စိတ်သက်သာရာ လည်း ရစေလေသည်။ ထိုအဆင့်သို့ရောက်ရန်အတွက် ကျင့်ကြံခြင်းအဆင့် ထိပ်ဆုံးထိရောက်အောင် ကျင့်ကြံရမည် ဖြစ်လေသည်။ ထိုအဆင့်သို့ ရောက်လျှင်တော့ ဘာမှမဟုတ် သည့် ပုံရိပ်ယောင်လောကကြီးကို အစစ်အမှန်ဟု ထင်မြင်နေ ခြင်းမှ ကင်းလွတ်သွားပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် လောကတွင် ဖြစ်ပျက်နေသည့်အရာ အားလုံးသည် စိတ်၏လှည့်စားမှုများသာ ဖြစ်သောကြောင့် ပင်။

ထို့ကြောင့် ဗုဒ္ဓကဟောကြားခဲ့သည်မှာ...

"ခံစားချက်မရှိလျှင် စိတ်သည် စိတ်သက်သက်သာဖြစ်သည်"

ဟု ပြောကြားခဲ့ခြင်း ဖြစ်လေသည်။

ထိုအချက်သည် လောကတွင် မည်သူမှ မငြင်းနိုင်သည့် အမှန်

တရားဖြစ်လေ၏။ ထိုတရားသည် သစ္စာတရားပင် ဖြစ်သည်။

ကျောက်ရှောင်ယွီက...

"ရှင် မိုးနဲ့မြေကိုနားလည်သွားပြီဆိုရင် ကျွန်မကိုလည်း

နားလည်သွားပြီပေါ့..."

ဆန်းလျန်က...

"မင်းလည်းကျုပ်ကို နားလည်တာပဲ မဟုတ်ဘူးလား..."

ဆန်းလျန်က ကျောက်ရှောင်ယွီကို ကြည့်ရင်း ပြုံးပြလိုက်လေ

သည်။

သူတို့ (၂)ယောက်သည် တစ်ယောက်ကိုတစ်ယောက်နားလည်

ပြီး ခွဲခြားမရသည့် တာအိုစုံတွဲများဖြစ်လေသည်။ တစ်နေ့နေ့

တစ်ချိန်ချိန်တွင် သူတို့ (၂)ယောက် ခွဲခွာကောင်း ခွဲခွာကြရဦး

မည်ဖြစ်သော်လည်း အတူတကွ လျှောက်လှမ်းခဲ့ကြသည့် နေ့ရက်များကတော့ အမှတ်တရအဖြစ် တည်ရှိနေပေလိမ့်မည်။ ထို့နောက် ကျောက်ရှောင်ယွီက မဟာကျားရဲ့ကိုယ်တော်ကြီး၏ ရုပ်တုကို မော့ကြည့်လိုက်ပြီး ...

"ဒီရွှေကွင်းတွေက ကျင်းကန်းရွှေကွင်းတွေလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အစကတော့ ကျုပ်လည်း ကျင်းကန်းရွှေကွင်းလို့ ထင်ခဲ့တာ ၊ ဒါပေမဲ့ မဟုတ်ဘူး ၊ အဲဒါက ဉာဏ်ပညာရွှေကွင်းတွေပဲ ၊ မင်းသိလား... ဗုဒ္ဓတရားအလင်းရပြီး သံသရာကို ဖြတ်တောက်နိုင်ခဲ့တဲ့အချိန်မှာ မိုးနတ်မင်းဆက်သတဲ့ ရွှေရောင်ကြာပန်းတွေကို ကြည့်ပြီး ပြုံးတော်မူခဲ့တယ် ၊ ဗုဒ္ဓဘာလို့ ပြုံးလဲဆိုတာ ဗောဓိသကျတွေနဲ့ တခြားကိုယ်တော်တွေ ဘယ်သူမှ နားမလည်နိုင်ခဲ့ကြဘူး ၊ ဒါပေမဲ့ မဟာကျားရဲ့ကိုယ်တော်ကြီးကတော့ နားလည်ခဲ့တယ် ၊ အဲဒါကြောင့် ဗုဒ္ဓက ရွှေရောင်ကြာပန်းတွေ

ကို မဟာကျားရဲ့ကိုယ်တော်ကြီးကို ပေးခဲ့တာပေါ့၊ အဲဒီ ကြာ
ပန်းတွေဟာ ပြီးပြည့်စုံတဲ့ ဉာဏ်ပညာကို ကိုယ်စားပြုတယ်၊
ဒါပေမဲ့ စိတ်မကောင်းစရာက မဟာကျားရဲ့ကိုယ်တော်ကြီးဟာ
အဲဒီလောက်ထိ အမီမလိုက်နိုင်ခဲ့ဘူး၊ ဒါကြောင့် သူက
ရွှေရောင်ကြာပန်းတွေကို ရွှေကွင်းတွေအဖြစ်ပြောင်းလဲပြီး
လက်မှာ ဝတ်ဆင်ထားခဲ့တယ်..."

ကျောက်ရှောင်ယွီက...

"အင်း... ကျင်းကန်းရွှေကွင်းမဟုတ်တာ တကယ့်ကို စိတ်မ
ကောင်းစရာပဲ၊ ကျွန်မက ထိုက်ချင်တာအိုကျမ်းထဲမှာ ကျင်း
ကန်းရွှေကွင်းအကြောင်း မှတ်တမ်းတင်ထားတာ ဖတ်ဖူးတယ်၊
အဲဒီရွှေကွင်းက အသန့်စင်ဆုံး သံမဏိနဲ့ ပြုလုပ်ထားတာ၊ အဲ
ဒါသာရရင် ကျွန်မ ကျင့်ကြံခြင်းအဆင့်တက်သွားနိုင်တယ်၊
ဘယ်အရာမှ ကျွန်မကို ဒုက္ခပေးနိုင်မှာ မဟုတ်တော့ဘူး၊ အဲဒီ

ပစ္စည်းသာရရင် သုခဘုံကိုရောက်လို့ အန္တရယ်နဲ့ ရင်ဆိုင်ရလည်း ကျွန်မတို့ ကောင်းကောင်း ရှောင်တိမ်းနိုင်တယ်..."

ဆန်းလျန်က...

"ကျင်းကန်းရွှေကွင်းက ထိုက်ချင်တာအိုဆရာသခင်ထိုက်စန့်လောင်ကျွင်းရဲ့ပစ္စည်းပဲ ၊ မင်းက ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံနေတဲ့သူဆိုတော့ အဲဒီရတနာပစ္စည်းနဲ့ ရေစက်ပါလောက်တယ် ၊ တစ်နေ့မဟုတ်တစ်နေ့ ရှာတွေ့မှာပါ..."

ကျောက်ရှောင်ယွီက...

"ဒါပေမဲ့ ကျွန်မထက်ဆာရင် ရှွမ်တုတောက်ကျွင်းက ပိုပြီးအခွင့်အရေးမများဘူးလား..."

ဆန်းလျန်က...

"သူက ထိုက်ချိယင်ယန်ပန်းချီကားကို ရခဲ့ပြီးပြီပဲ ၊ အဲဒီ ပစ္စည်းတစ်ခုနဲ့တင် သူတော်တော်လေး စိတ်ဆင်းရဲနေလောက်ပြီ..."

ဆန်းလျန်က စကားကို ခဏရပ်လိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"အဲဒီပန်းချီကားက အခုဆိုရင် ရှမ်တုတောက်ကျွင်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေပြီ ၊ ဘယ်လိုမျိုးဘေးအန္တရာယ်ဆိုး ကြုံတွေ့ပါစေ သူ့ကို ကာကွယ်ပေးနေမှာပဲ ၊ ဒါပေမဲ့ သူက သူ့ရဲ့ကံတရားကို ချိုးဖျက်ပြီး လောကီရေးရာတွေမှာ လိုက်ပြီး ပါဝင်ပတ်သက်နေတယ် ၊ ဒါကြောင့် နောက်ဆုံးအချိန်မှာ ဘယ်တော့မှ သံသရာကို ကျော်လွန်နိုင်မှာမဟုတ်ဘူး ၊ ဟိုမ ရောက် ဒီမရောက်လုပ်နေလို့လေ..."

ကျောက်ရှောင်ယွီက...

"သူက ကြောင်သူတော်လိုလူမျိုးပဲ..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

ထို့နောက် တစ်စုံတစ်ခုကို သတိပြုမိဟန်ဖြင့် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ဆန်းလျန်က...

"မမျှော်လင့်တဲ့ဧည့်သည်တစ်ယောက်တော့ ရောက်လာပြီထင်တယ်..."

ပြောပြီးသည်နှင့် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ နေရာတွင်ပင် ပျောက်ကွယ်သွားကြလေသည်။

သို့သော်... သူတို့က ထွက်ခွာသွားကြခြင်း မဟုတ်ပေ။ ကိုယ်ယောင်ဖျောက်လိုက်ကြခြင်းသာ ဖြစ်သည်။

ဝတ်ကျောင်းတော်အပြင်ဘက်တွင် လရောင်က ထိန်ထိန်သာနေလေသည်။ ညကောင်းကင်သည် အလွန်တရာ သန့်စင်ကြည်လင်လျှက် ရှိလေတော့သည်။

အခန်း (၈၅၄) အသက်ဝင်လာခြင်း

အချိန် (၃)စက္ကန့်မျှကြာပြီးသည့်နောက် ထိန်ထိန်သာနေသည့် လရောင်ခြည်သည် ရုတ်တရက် သိပ်သည်းသွားပြီး ဗောဓိ သကျတစ်ပါး ထွက်ပေါ်လာလေသည်။

ထိုဗောဓိသကျ၏မျက်နှာက လရောင်ကဲ့သို့ ကြည်လင်နေပြီး မျက်လုံးများက ကြာပန်းအလား ငြိမ်းချမ်းနေလေ၏။ သူက တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့် ဝတ်ကျောင်းတော် အတွင်းသို့ လှမ်းဝင်လာလေသည်။

သူက မဟာကျားရဲ့ကိုယ်တော်ကြီး၏ ရုပ်တုကိုတစ်ချက်ကြည့် လိုက်ပြီး နှုတ်ခမ်းများတွန့်ကွေးကာ ပြုံးလိုက်သည်။

ထို့နောက် ရုပ်တုအနားဆီသို့ ခြေတစ်လှမ်းချင်းလှမ်းကာ

ချဉ်းကပ်လာလေသည်။

သို့သော်... သူက ရုတ်တရက် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး...

"ထိုက်ယင်းနတ်သမီးလည်း ရောက်နေတာကိုး..."

ဟု ပြောလိုက်သည်။

ထိုအချန်မှာပင် ဝတ်ကျောင်းတော်အပြင်ဘက်မှ ချောမောလှပ

သည့်မိန်းမပျိုတစ်ယောက် ဝတ်ကျောင်းတော်အတွင်းသို့ ဝင်

လာလေသည်။ သူမက အလွန်ချောမောလှပသော်လည်း

မျက်နှာက တည်ကြည်လေးနက်နေပြီး ရေခဲတမျှ အေးစက်

လွန်းလှလေသည်။ သူမက လရောင်ခြည်အလား ဖြူစင်သည့်

အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

သူမ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း အိပ်မက်ကမ္ဘာတွင်

လမ်းလျှောက်နေသူတစ်ယောက်အလား ထင်မှတ်ရသည်။

သူမကို တွေ့မြင်ရသူမည်သူမဆို သူမ၏အလှတရားအောက်တွင် တွေဝေမိန်းမောသွားမည်သာ ဖြစ်လေသည်။ သို့သော်... အေးစက်လွန်းသည့် သူမ၏အသွင်အပြင်ကြောင့် သူမအနားသို့ မည်သူမှ ချဉ်းကပ်ဝံ့ကြမည် မဟုတ်ပေ။

ထိုက်ယင်းနတ်သမီးက...

"ယွဲ့ကွမ်းဗောဓိသကျ ၊ ကျွန်မ ရောက်လာတယ်ဆိုတာ သိသိကြီးနဲ့တောင် ရှင်က ထွက်မသွားသေးဘူးလား..."

သူမ၏လေသံက စမ်းချောင်းလေးနံဘေးရှိ ကျောက်စိမ်းတုံးအလား အေးစက်လွန်းလှလေသည်။

ထိုက်ယင်းနတ်သမီး၏ စကားများက ယွဲ့ကွမ်းဗောဓိသကျ၏နားထဲသို့ ငှက်ဆိုးထိုးသံအလား ဝင်ရောက်သွားလေသည်။

ယွဲ့ကွမ်းဗောဓိသကျက အေးဆေးသည့်လေသံဖြင့်...

"ထိုက်ယင်းနတ်သမီး ၊ မင်းနဲ့ကျုပ်နဲ့က ကျင့်ကြံခြင်းအဆင့် အတူတူလောက်ပဲ ရှိတာပါ ၊ ဘာလို့ ဒီလိုစကားမျိုးပြောရတာလဲ..."

ထိုက်ယင်းနတ်သမီးက...

"ရှင်နဲ့ ကျွန်မက ကျင့်ကြံခြင်းအဆင့် သိပ်တော့ မကွာလှပါဘူး ၊ ဒါပေမဲ့ နတ်ဆေးကိုယ်တော် ပျံလွန်တော်မူသွားပြီးတဲ့နောက် ရှင့်မှာ အားကိုးမရှိတော့ဘူးမဟုတ်လား..."

ယွဲ့ကွမ်းဗောဓိသကျက အေးဆေးသည့်လေသံဖြင့်...

"ကျုပ်က ကိုယ့်ဟာကိုယ်ရပ်တည်တဲ့သူပါ ၊ ဘယ်သူ့ကိုမှ အားမကိုးပါဘူး..."

ထိုက်ယင်းနတ်သမီးက ပြုံးလိုက်ရင်း...

"အဲဒီစကားတွေ ခုံရှမ်းနဲ့ စန်းရှောင်ကိုပဲ သွားပြော ၊ ကျွန်မကတော့ မယုံဘူး..."

ခုံရှမ်းနှင့် စန်းရှောင်ဆိုသည်မှာ နှယ်နှယ်ရရပုဂ္ဂိုလ်များ မဟုတ်ကြပေ။ ကျင်းရှုန်းနတ်ဘုရား (၁၂)ပါးကိုပင် သွားရောက်ရန်စရဲကြသူများဖြစ်ကြလေသည်။ နောက်ဆုံး မနိုင်လွန်းသောကြောင့် ယွမ်စီထျန်းကျွင်းကိုယ်တိုင် ပညာပေးခဲ့ရလေသည်။

ထိုက်ယင်းနတ်သမီး၏စကားကြောင့် ယွဲ့ကွမ်းဗောဓိသကျက ဒေါသထွက်သွားခြင်း မရှိပေ။

သို့သော်... သူက ဂါထာတစ်ပုဒ်ရွတ်ဖတ်လိုက်လေသည်။

ထိုအခါ သူ၏ခန္ဓာကိုယ်မှ အသက်ဓာတ်စွမ်းအားများ မြင့်တက်လာပြီး သူ၏နောက်တွင် သူ့ကိုကိုးကွယ်ကြသည့် မရေမတွက်နိုင်သည့် နတ်ဘုရားများ ၊ လူသားများ ထွက်ပေါ်လာကြလေသည်။

ထိုက်ယင်းနတ်သမီး၏ မျက်နှာထားက တည်ကြည်လေးနက်နေလေသည်။

ယွဲ့ကွမ်းဗောဓိသကျ ရွတ်ဖတ်နေသည့် ဂါထာမှာ ကွမ်ယင်

မယ်တော်တီထွင်ထားသည့် ဂါထာတစ်ပုဒ်ဖြစ်လေသည်။

လူအများက ထိုဂါထာကို သိကြသော်လည်း

ဂါထာ၏အနှစ်သာရကို မသိလျှင် အစွမ်းမထက်နိုင်ပေ။

ယွဲ့ကွမ်းဗောဓိသကျ၏ တန်ခိုးစွမ်းအားများ မြင့်တက်လာပြီး

သူ၏ခန္ဓာကိုယ်မှ စိမ်းပြာရောင် အလင်းတန်းများ ထွက်

ပေါ်လာလေ၏။ ထိုတန်ခိုးစွမ်းအားမှာ သန့်စင်သည့် ဇင်

ဗုဒ္ဓဘာသာ တန်ခိုးစွမ်းအား ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးက လှုပ်ရှားခြင်း မရှိပေ။

သူမက ယွဲ့ကွမ်းဗောဓိသကျကို စိုက်ကြည့်နေလေသည်။

အတန်ကြာမှ... သူမက ညာဘက်လက်ကို တစ်ချက်ဝှေ့ယမ်း

လိုက်ရာ အလင်းတန်းတစ်ခု ထွက်ပေါ်လာလေ၏။ ထို

အလင်းတန်းမှာ ကြည်လင်သည့် ရေခဲမှုံလေးများ ထွက်

ပေါ်လာပြီး ယွဲ့ကွမ်းဗောဓိသကျ၏ စိမ်းပြာရောင်အလင်းတန်းများရှိရာသို့ ဝင်ရောက်သွားလေသည်။

စိမ်းပြာရောင်အလင်းတန်းများနှင့် ရေခဲမှုံလေးများ ထိခိုက်မိသွားသည့်အခါ (၂)ခုစလုံး ပျောက်ကွယ်သွားပြီး အခြေအနေက မူလအတိုင်း ပြန်ဖြစ်သွားလေသည်။

ယွဲ့ကွမ်းဗောဓိသကျက နောက်ထပ်ဂါထာတစ်ပုဒ်ကို ဌာန်ကရိုင်းကျကျဖြင့် ရွတ်ဖတ်လိုက်ပြန်သည်။ ထိုအခါ လေထဲတွင် ဖန်သားအလားကြည်လင်သည့် ရေခဲတံတိုင်းတစ်ခု ပေါ်လာလေ၏။

ထိုက်ယင်းနတ်သမီးက အံ့ဩသွားခြင်းမျိုး မရှိဘဲ လက်ဖဝါးနှစ်ဖက်ကို ဖြန့်ကာ ရှေ့သို့ ဆန့်ထုတ်လိုက်သည်။ ထိုအခါ ဖန်သားတံတိုင်းသည် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေသည်။

ထို့နောက် ထိုက်ယင်းနတ်သမီးက ရှေ့သို့ ခြေတစ်လှမ်းတိုး လိုက်ပြီး မဟာကျားရဲ့ကိုယ်တော်ကြီး၏ ရုပ်တုနားသို့ တိုးကပ်သွားလေသည်။

သို့သော်... ရုတ်တရက် လရောင်များ လင်းလက်လာပြီး ယွဲ့ကွမ်းဗောဓိသကျက သူ့ကို တားဆီးထားလိုက်လေသည်။

ယွဲ့ကွမ်းဗောဓိသကျက ပြုံးလိုက်ရင်း...

"ထိုက်ယင်းနတ်သမီး ၊ မင်း မဟာကျားရဲ့ရုပ်တုတော်ကို ယူသွားမယ်ဆိုရင်တော့ ကျုပ်ဘုန်းကြီးက ခွင့်မပြုနိုင်ဘူးနော်..."

ယွဲ့ကွမ်းဗောဓိသကျ၏စကားကြောင့် ထိုက်ယင်းနတ်သမီးက အနည်းငယ်စိတ်တိုသွားပုံရလေသည်။

သူမ၏အနောက်ဘက်မှ မိစ္ဆာသစ်ပင်တစ်ပင်ထွက်ပေါ်လာလေသည်။ သစ်ပင်အရိပ်များက ယိမ်းထိုးနေပြီး သစ်ပင်မှ ပန်းပွင့်များ၏ မွှေးရနံ့က နေရာအနှံ့သို့ ဖုံးလွှမ်းသွားလေသည်။

မိစ္ဆာသစ်ပင်၏မွှေးရနံ့များက ယွဲ့ကွမ်းဗောဓိသကျ၏

လရောင်ခြည်များအားလုံးကို စုပ်ယူပစ်လိုက်လေသည်။

မိစ္ဆာသစ်ပင်အောက်တွင် ထိုက်ယင်းနတ်သမီး၏ခန္ဓာကိုယ်မှာ

တောက်ပလင်းလက်နေလေရာ ယွဲ့ကွမ်းဗောဓိသကျ၏

လရောင်ခြည်ပင်လျှင် မှေးမှိန်သွားရလေသည်။

ထိုမိစ္ဆာသစ်ပင်မှာ လနတ်သမီးဟန်အယ် (လနတ်သမီးချန်ဝေါ်)

၏ သစ်ပင်ဖြစ်လေသည်။ ကျန့်ယွမ်ကျီနတ်မင်းကြီး၏ ဂျင်

ဆင်းဆေးပင်ကဲ့သို့ပင် တန်ခိုးစွမ်းအား အလွန်မြင့်မားလေ

သည်။

ယွဲ့ကွမ်းဗောဓိသကျသည် ကျင့်ကြံသူလောကတွင် အတော်

ဆုံးတစ်ယောက်မဟုတ်ပေ။

ထို့ကြောင့် ထိုက်ယင်းနတ်သမီးက လနတ်သမီးချန်ဝေါ်၏ မိစ္ဆာ

သစ်ပင်ကို ထိုက်ယင်းနတ်သမီးက ဆင့်ခေါ်လိုက်သည့်အခါ

ယွဲ့ကွမ်းဗောဓိသကျအတွက် အခက်တွေ့သွားရလေသည်။

ယွဲ့ကွမ်းဗောဓိသကျ အခက်တွေ့သွားသည်ကို တွေ့လိုက်ရသည်နှင့် ထိုက်ယင်းနတ်သမီးက အပြုံးပါးပါးလေးတစ်ချက်ပြုံးလိုက်လေသည်။ ယနေ့တိုက်ပွဲတွင် သူမအနိုင်ရပေတော့မည်။

သို့သော်... သူမထင်သလို ဖြစ်မလာခဲ့ပေ။

သူက ဂါထာတစ်ပုဒ်ကို ထပ်မံရွတ်ဖတ်လိုက်လေသည်။

ထိုအခါ မီးများတောက်လောင်နေသည့် ရှေးဟောင်း ခေါင်ရမ်းပန်းပင်ကြီးတစ်ပင်ပေါ်လာပြီး မိစ္ဆာသစ်ပင်မှ မွှေးရနံ့များကို ချက်ချင်းပင် ထိန်းချုပ်ထားလိုက်လေသည်။

ဝတ်ကျောင်းတော်ကြီးတစ်ခုလုံး ရုတ်တရက် အပူရှိန်များ မြင့်တက်လာလေသည်။

ရှေးဟောင်းသစ်ပင် (၂)ပင် တစ်ပင်နှင့်တစ်ပင် ရိုက်ခတ်မိသွားကြသည့်အခါ ဝတ်ကျောင်းတော်အတွင်း ပြင်းထန်သည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်လာလေသည်။

ထို့နောက် ဝတ်ကျောင်းတော်အတွင်းမှ ပြိုကျပျက်စီးသံများ ထွက်ပေါ်လာပြီး မဟာကျားရဲ့ရုပ်တုကြီးမှ အလင်းရောင် တစ်ချက်လင်းလက်သွားလေသည်။ ထို့နောက် တန်ခိုးစွမ်းအား ပေါက်ကွဲမှုကြီးကို တွင်းနက်ကြီးအလား စုပ်ယူလိုက်လေတော့သည်။

ရုပ်တုကြီးမှာ အသက်ဝင်လာသည့်အလား ထင်မှတ်ရလေသည်။

ရှေးဟောင်းခေါင်ရမ်းပင်ကြီးကို တွေ့မြင်လိုက်သည်နှင့် ယွဲ့ကွမ်းဗောဓိသကျသည် ယနေ့ညတိုက်ပွဲအတွက် သေသချောချာ ပြင်ဆင်လာသည်ကို ထိုက်ယင်းနတ်သမီး သဘောပေါက်လိုက်သည်။

သူမ၏ ဆရာဖြစ်သူ ခိုင်းလိုက်သည့်အလုပ်ကို ယွဲ့ကွမ်းဗောဓိသကျက တားဆီးနေခဲ့လေပြီ။

သို့သော်... တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးကြောင့် သူတို့ (၂)ယောက်စလုံး ဒဏ်ရာအပြင်းအထန် ရသွားကြလေရာ သူတို့ (၂)ယောက်လုံး စကားမပြောတော့ဘဲ ဝိညာဉ်စွမ်းအားများကို စုစည်းကာ ဒဏ်ရာအမြန်ပျောက်ကင်းအောင် ကုသနေလိုက်ကြလေသည်။

ထိုအချိန်တွင်... လေပြင်းတစ်ချက် တိုက်ခတ်လာလေသည်။ သို့သော်... ယွဲ့ကွမ်းဗောဓိသကျနှင့် ထိုက်ယင်းနတ်သမီး၏ အဆင့်ဖြင့်ပင် ထိုလေပြင်းမှာ မည်သူဖြစ်သည်ကို မသိရှိနိုင်ခဲ့ကြပေ။

သူတို့ (၂)ယောက်လုံးမှာ ဒဏ်ရာရထားသည့်တိုင် လေပြင်းတိုက်ခတ်ရာနေရာသို့ တစ်ပြိုင်နက်တည်း တန်ခိုးစွမ်းအားအလင်းတန်းများထုတ်ဖော်ကာ တိုက်ခိုက်လိုက်ကြလေသည်။

ထိုအခါ... လေပြင်းတိုက်ခတ်လာသည့်နေရာတွင် ထိုက်ချိ သင်္ကေတတစ်ခုပေါ်လာပြီး အလင်းတန်း (၂)ခုလုံးကို ရိုက်ချပစ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် လေပြင်းသည် မဟာကျားရဲ့ကိုယ်တော်ကြီး၏ ရုပ်တုရှိရာသို့ ဝင်ရောက်သွားပြီး ရယ်မောသံတစ်ချက်ထွက်ပေါ်လာလေသည်။

"တာအိုရောင်းရင်းဝမ်ရှီတောက် ၊ ကျုပ်တို့ ရောက်လာတာ အချိန်ကိုက်ပဲ ၊ မဟာကျားရဲ့ကိုယ်တော်ကြီးရဲ့ ရုပ်တုက အရံအတားက ပျက်စီးနေပြီ..."

ကိုယ်ရောင်ဖျောက်ထားသည့် ဆန်းလျန်က ထူးဆန်းတာတွေ တော့ဖြစ်လာပြီဆိုသည့် အကြည့်မျိုးဖြင့် ကျောက်ရှောင်ယွီကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

သို့သော်... မြင်တွေ့ရခြင်းမရှိသည့် တိုက်ခတ်လာသည့် လေပြင်းသည် ဆက်လက်ရယ်မောနိုင်ခြင်း မရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော် မဟာကျားရဲ့ရုပ်တုကြီး လှုပ်ရှားလာပြီး ကြာပလ္လင်ထက်မှ ဆင်းလာသောကြောင့် ဖြစ်လေသည်။

ရုပ်တုကြီးအသက်ဝင်လာသည်မှာ ထင်ရှားနေလေသည်။

ထို့နောက် ရုပ်တုကြီးက သူ၏လက်တစ်ဖက်ကို ဓားတစ်လက်အလား ဝှေ့ရမ်းလိုက်ပြီး လေပြင်းတိုက်ခတ်လာရာနေရာသို့ ရိုက်ချလိုက်လေသည်။ မမြင်ရသည့်လေပြင်းသည် လုံးဝလွတ်လမ်းရှိတော့မည် မဟုတ်ပေ။

လေအသွင်ဖြင့် တိုက်ခတ်လာသူမှာ ပေဖုန်းဖြစ်လေသည်။

မဟာကျားရဲ့ရုပ်တုကြီး၏ လက်ဖြင့် ရိုက်ချခံလိုက်ရသည်နှင့် ပေဖုန်းထံမှ "အား" ခနဲ နာကျင်စွာ အော်ဟစ်သံတစ်ချက်ထွက်ပေါ်လာလေသည်။

စက္ကန့်ဝက်မျှကြာသည့်အခါ မမြင်ရသည့်လေထုအတွင်းမှ သွေးများ စီးဆင်းကျလာသည်ကို အားလုံး တွေ့မြင်လိုက်ကြရလေသည်။

ဝတ်ကျောင်းတော်အပြင်ဘက်တွင်ရှိနေသည့် ဝမ်ရှီ

တောက်၏မျက်နှာမှာ မြင်ကွင်းကိုကြည့်ပြီး ဖြူဖပ်ဖြူလျော်

ဖြစ်သွားလေသည်။

ထို့နောက် မဟာကျားရဲ့ရုပ်တုကြီးက ဝမ်ရှီတောက်နှင့် ထိုက်

ယင်းနတ်သမီးကို တစ်ပြိုင်တည်း တိုက်ခိုက်လိုက်လေသည်။

သို့သော်... ယွဲ့ကွမ်း ဗောဓိသကျကိုတော့ တိုက်ခိုက်ခြင်း မရှိ

ပေ။

ဝမ်ရှီတောက်နှင့် ထိုက်ယင်းနတ်သမီးမှာ သူတို့၏ နှလုံးသားကို

ကြီးမားသည့်တန်ခိုးစွမ်းအားတစ်ခုက ဖိနှိပ်ထားသလို ခံစား

လိုက်ကြရလေသည်။

ဘဝတစ်လျှောက်လုံးကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများ

အားလုံး ၊ မရေမတွက်နိုင်အောင် ကျင့်ကြံခဲ့ကြသည့် ကျင့်စဉ်

များ ၊ လျှို့ဝှက်အင်းသင်္ကေတများ ... ၊ အရာအားလုံးသည်

ချက်ချင်း လျော့နည်းသွားသလို ခံစားလိုက်ကြရလေသည်။

ထို့ကြောင့် သူတို့သည် မဟာကျားရဲ့ရုပ်တုကြီးမှ ထုတ်လွှတ်နေသည့် တန်ခိုးစွမ်းအားများကို အသဲအသန် ခုခံကာကွယ်ထားလိုက်ကြလေသည်။

မခုခံပါက အသက်ပျောက်သွားနိုင်ဖွယ်ရှိလေ၏။

သူတို့၏ မျက်နှာများ ဖြူဖပ်ဖြူလျော်ဖြစ်နေကြပြီး သူတို့အနေဖြင့် ယခင်ကကျင့်ကြံထားသည့် တန်ခိုးစွမ်းအားများပြန်လည်ရရှိအောင် အချိန်မည်မျှကြာကြာ ကျင့်ကြံရမည်လဲ မသိနိုင်တော့ပေ။

နောက်ဆုံးတော့ သူတို့ (၂)ယောက်သည် အလင်းတန်း (၂)ခု အဖြစ်ဖန်ဆင်းကာ ထွက်ပြေးပျောက်ကွယ်သွားကြလေတော့သည်။

မဟာကျားရဲ့ရုပ်တုကြီးက သူတို့ (၂)ယောက်ကို ဖမ်းဆီးရန်အတွက် ဝတ်ကျောင်းတော်အဝင်ဝအထိ လိုက်သွားလေသည်။

သို့သော်… ဝတ်ကျောင်းတော်အဝင်ဝသို့ ရောက်သည့်အခါ

တွင်တော့ ရုပ်တုကြီးက ဆက်မလိုက်တော့ဘဲ ရပ်တန့်လိုက်

လေသည်။

ယွဲ့ကွမ်းဗောဓိသကျက ပြုံးလိုက်ရင်း…

"နောက်ဆုံးတော့ မဟာကျားရဲ့ကိုယ်တော်ကြီးကို မြင်တွေ့ခွင့်

ရပြီ…"

ဟု ပြောလိုက်သည်။

သို့သော်… ယွဲ့ကွမ်းဗောဓိသကျ မျက်နှာပျက်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် မဟာကျားရဲ့ကိုယ်တော်ကြီး၏

ရုပ်တုက လက်တစ်ဖက်မြှောက်လိုက်ကာ သူ့ထံသို့ ထိုးစိုက်ချ

လိုက်သောကြောင့် ဖြစ်လေသည်။

မည်သို့မှ ရှောင်တိမ်းရန် မဖြစ်နိုင်တော့သည့်အတွက် အလွန်

တုန်လှုပ်သွားလေသည်။

သို့သော်... ရုပ်တုကြီး၏လက်က သူ့ကို ထိုးစိုက်ချလိုက်ခြင်း မဟုတ်ဘဲ သူ့နောက်မှ တစ်စုံတစ်ခုကို ညွှန်ပြနေခြင်းဖြစ်သည် ကို ရိပ်မိလိုက်သည်။

ယွဲ့ကွမ်းဗောဓိသကျက အနောက်သို့ လှည့်ကြည့်လိုက်လေ သည်။ သို့သော်... မည်သည့်အရာမှ မတွေ့ရပေ။

ထိုအခါ မဟာကျားရဲ့ရုပ်တုကြီး၏လက်က တစ်ချက်လှုပ်ရှား သွားပြီး လေထဲတွင် ထူးဆန်းသည့် သင်္ကေတအချို့ကို ရေးဆွဲ လိုက်လေသည်။

ထိုအခါ တာအိုဆရာလူငယ်လေးတစ်ယောက် ပေါ်လာလေ သည်။

တာအိုဆရာလူငယ်ပေါ်လာသည်နှင့် မဟာကျားရဲ့ရုပ်တု ကြီး၏လက်က တာအိုဆရာလူငယ်ကို ရိုက်ချလိုက်လေသည်။

သို့သော်... ထိုတာအိုဆရာလူငယ်လေးက လက်နှစ်ချောင်းဖြင့် ထိုးညွှန်ကာ မဟာကျားရဲ့ရုပ်တုမှ လက်ကို ထိန်းချုပ်ထား လိုက်လေတော့သည်။

တာအိုဆရာလူငယ်၏မျက်နှာက အလွန်ပင် တည်ငြိမ်လွန်းလှ လေသည်။ ထိုလူငယ်မှာ ဆန်းလျန်ပင် ဖြစ်လေတော့သည်။

အခန်း (၈၅၅) မဟာပညာဓားသိုင်း

ယွဲ့ကွမ်းဗောဓိသကျမှာ အလွန်တရာ အံ့သွားလေသည်။

မဟာကျားရဲ့ရုပ်တုကြီး၏ ရိုက်ချက်ကို ထိုမျှလွယ်လွယ်ကူကူ ထိန်းချုပ်လိုက်သူမှ မည်သူဖြစ်ပါသနည်း။

ယွဲ့ကွမ်းဗောဓိသကျက လူငယ်ကို သေသေချာချာ အကဲခတ်လိုက်လေသည်။ ထိုအခါ လူငယ်၏ တန်ခိုးစွမ်းအားများမှာ အလွန်မြင့်မားသည်ကို သိရှိလိုက်ရလေသည်။

ထို့နောက်... လူငယ်၏ဘေးတွင် နတ်သမီးတစ်ပါး ပေါ်လာလေသည်။

ထိုနတ်သမီးမှာ ထိုက်ယင်းနတ်သမီးထက် အဆပေါင်းများစွာ ချောမောလှပပြီး ခမ်းနားသူဖြစ်လေသည်။

ထိုအချိန်ခဏအတွင်းမှာပင် မဟာကျားရဲ့ရုပ်တုကြီးက တစ်ချက်တုန်လှုပ်သွားပြီး ငြိမ်သက်သွားလေတော့သည်။

ယွဲ့ကွမ်းဗောဓိသကျက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်...

"လက်စသတ်တော့ ဆန်းလျန်ထျန်းကျွင်းကိုး... ၊ ဆန်းလျန်ထျန်းကျွင်းကို နောက်ဆုံးတော့ တွေ့ခွင့်ရပြီပေါ့..."

ဆန်းလျန်က...

"ဒီက ဗောဓိသကျက ကျုပ်ကို သိလို့လား..."

ယွဲ့ကွမ်းဗောဓိသကျက ပြုံးလိုက်ရင်း...

"ထျန်းကျွင်းက ကျုပ်ကို မသိပေမယ့် ကျုပ်တို့က ရေစက်ရှိကြတဲ့သူတွေပါ..."

ဆန်းလျန်၏မျက်ဝန်းများက တစ်ချက်လက်ခနဲတောက်ပသွားပြီး ယိုလမ်းစဉ်ကို အသုံးပြုကာ သူနှင့် ယွဲ့ကွမ်းဗောဓိသကျ၏ ပတ်သက်ဆက်နွယ်မှုကို ကြည့်လိုက်လေသည်။

ထိုအခါ ဆန်းလျန်၏စိတ်အာရုံထဲတွင် ဗုဒ္ဓဘာသာဝတ်ကျောင်းတော်ကြီးတစ်ခုကို တွေ့မြင်ရလေသည်။ ထိုဝတ်ကျောင်းတော်ကြီးအတွင်းတွင် စေတီတစ်ဆူလည်း ရှိနေလေသည်။ ထိုစေတီတော်ထဲတွင် ဓာတ်တော်တစ်ခု ရှိနေလေသည်။ ထိုဓာတ်တော်မှ အလင်းရောင်များလင်းလက်နေပြီး အလင်းရောင်များမှ ဗောဓိသကျတစ်ပါး၏ ပုံသဏ္ဍာန် ထွက်ပေါ်လာလေသည်။

ထိုဗောဓိသကျမှာ သူ့ရှေ့မှ ယွဲ့ကွမ်းဗောဓိသကျပင် ဖြစ်လေသည်။

အချိန်ကာလများစွာကို ဖြတ်သန်းခဲ့ပြီး နောက်ထပ်ပုံရိပ်များလည်း ဆန်းလျန်၏ စိတ်အာရုံတွင် ထင်မြင်လာလေသည်။

သို့သော်... ပုံရိပ်များက ရှင်းလင်းခြင်းမရှိဘဲ ဝေဝါးနေလေ၏။

ဆန်းလျန်က...

"အင်း... ဆရာတော်ပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဒီနေ့တော့ မဟာကျားရဲ့ကိုယ်တော်ကြီးထားခဲ့တဲ့ ဓမ္မအမွေအနှစ်ကို ဆရာတော်ယူသွားခွင့်မပြုနိုင်ဘူး..."

ယွဲ့ကွမ်းဗောဓိသကျက...

"ကျုပ်ဘုန်းကြီးက ဆန်းလျန်ထျန်းကျွင်းကို အံမတုဝံ့ပါဘူး၊ ဒါပေမဲ့ မီလဲ့ကိုယ်တော်က အမှာရှိလိုက်ပါတယ်၊ သုခဘုံရဲ့ ရတနာရှစ်ပါးရေကန်ဘေးမှာ ထျန်းကျွင်းကို စောင့်နေပါမယ်တဲ့..."

ဆန်းလျန်က ရုတ်တရက် လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး လေထုအလွှာများကို ဖြတ်သန်းကာ ကောင်းကင်ထက်မှ ဗုဒ္ဓ ရောင်ခြည်အလင်းတန်းကို ဖမ်းယူဆုပ်ကိုင်လိုက်လေသည်။

ထို့နောက်ဆန်းလျန်က ပြုံးလိုက်ရင်း...

"မီလဲ့ကိုယ်တော်က ကျုပ်ကိုတွေ့ချင်တာ သူကိုယ်တိုင်မပြော ဘဲ ဆရာတော်ကို ဘာလို့ပြောခိုင်းရတာလဲ ၊ ကျုပ်က ဆရာတော်ကို သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ..."

ဆန်းလျန်၏ လက်တွင်းမှ ဗုဒ္ဓရောက်ခြည်သည် ယွဲ့ကွမ်းဗောဓိ သကျ၏ ကိုယ်ပေါ်သို့ ကျရောက်သွားလေသည်။

မီလဲ့ကိုယ်တော်က ဆန်းလျန်ကို ထိုသို့ အမှာစကားပါးလိုက် သည်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်၏ ရည်ရွယ်ချက်ကို မီ လဲ့ကိုယ်တော်က သိရှိထားဟန် ရှိလေသည်။

ဆန်းလျန်သာ သူ၏ကျင့်စဉ်လမ်းအတွက် ဆက်လက်ကျင့်ကြံရန် လိုအပ်ချက်မရှိလျှင် သူ့အနေဖြင့် ဗောဓိပင်ကို ရှာဖွေစရာအကြောင်း မရှိပေ။

ဆန်းလျန်က လက်ဖဝါးများကို အသာဖြန့်လိုက်သည့်အခါ ဗုဒ္ဓရောင်ခြည်အလင်းတန်းများသည် ကောင်းကင်ထက်သို့ ပြန်လည်ပျံသန်းထွက်ခွာသွားလေသည်။ ဤသည်မှာ မီလဲ့ကိုယ်တော်သိရှိစေရန် ဆန်းလျန်က သတိပေးလိုက်ခြင်း ဖြစ်လေသည်။

ယွဲ့ကွမ်းဗောဓိသကျက မျက်မှောင်တစ်ချက်ကြုတ်လိုက်လေသည်။ သူက ဆန်းလျန်သည် အနောက်ဘက်ကောင်းကင်ဘုံမှ သုခဘုံသို့သွားမည်ကို အနည်းငယ် စိတ်ပူပန်နေခဲ့လေသည်။

ယွဲ့ကွမ်းဗောဓိသကျက...

"ကျုပ်အသက်က ထျန်းကျွင်းရဲ့လက်ထဲမှာပါ၊ မီလဲ့ကိုယ်တော်လည်းကျုပ်အသက်ကိုမပိုင်သလို ကျုပ်ကိုယ်တိုင်

လည်း ကျုပ်အသက်ကို မပိုင်ပါဘူး ၊ အားလုံးက ထျန်းကျွင်း

အပေါ်ဘဲ မူတည်ပါတယ်..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဆန်းလျန်ရေ... ရှင်ကတော့ အတော်လေးကြောက်စရာ

ကောင်းနေပါလား ၊ ဗောဓိသကျတစ်ပါးကတောင် သူ့အသက်

က ရှင့်လက်ထဲမှာဆိုပြီး ရှင့်ရှေ့မှာ လည်စင်းခံနေပါလား..."

ကျောက်ရှောင်ယွီ၏စကားကြောင့် ယွဲ့ကွမ်းဗောဓိသကျက ပြုံး

လိုက်ရင်း...

"ကျုပ်ဘုန်းကြီးသာ ထျန်းကျွင်းကို တိုက်ခိုက်မယ်ဆိုရင် ဘယ်

အသက်ရှင်နိုင်ပါ့မလဲ ၊ အသက်ဉာဏ်စောင့်ဆိုသလို နေထိုင်ရ

တာပေါ့..."

ဆန်းလျန်ကပေါ့ပေါ့ပါးပါးလေသံဖြင့်...

"ကျုပ်ကြားဖူးတာတော့ နတ်ဆေးကိုယ်တော်လျိုလီမှာ တပည့်

(၂)ယောက်ရှိတယ်လို့ ကြားဖူးတယ် ၊ တစ်ယောက်က ယွဲ့ကွမ်း

ဗောဓိသကျ ၊ နောက်တစ်ယောက်က ရစ်ကွမ်းဗောဓိသကျတဲ့ ၊

ခုန မီးတောက်ခေါင်ရမ်းပင်ကြီးက ဆရာတော် ရစ်ကွမ်းဗောဓိ

သကျဆီက ငှားလာတာလား..."

(ယွဲ့ကွမ်း = လရောင် ၊ ရစ်ကွမ်း = နေရောင် - ဘာသာပြန်သူ)

ဆန်းလျန်၏စကားကို ယွဲ့ကွမ်းဗောဓိသကျက ခေါင်းညိတ်

အဖြေပေးလိုက်လေသည်။

ဆန်းလျန်က...

"ရစ်ကွမ်းဗောဓိသကျနဲ့ နေစကြာတထာဂတသက ဘယ်လို

ပတ်သက်မှုမျိုး ရှိသလဲ ဆရာတော် သိလား..."

ဆန်းလျန်၏ အမေးစကားကြောင့် ယွဲ့ကွမ်းဗောဓိသကျ၏

စိတ်ထဲတွင် တစ်ချက် တုန်လှုပ်သွားလေသည်။

"အဲဒါတော့ ကျုပ်ဘုန်းကြီးလည်း မသိပါဘူး..."

ဆန်းလျန်က ...

"ကျုပ်က ဆရာတော်ကို သတ်မယ်လို့ ထင်လား..."

ယွဲ့ကွမ်းဗောဓိသကျက မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ထျန်းကျွင်းရဲ့ စိတ်သဘောထားကို ထျန်းကျွင်းပဲ သိပါလိမ့်မယ်၊ ကျုပ်က ဟုတ်တယ်လို့ ပြောလည်း ထျန်းကျွင်းက မသတ်ချင်ရင်လွှတ်ပေးမှာပါပဲ၊ ကျုပ်က မဟုတ်ဘူးလို့ပြောလည်း ထျန်းကျွင်းက သတ်ချင်ရင်သတ်မှာပါပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဖြေက စိတ်ဝင်စားစရာကောင်းတယ်၊ ဒါပေမဲ့ ကျုပ် ဆရာတော်ကို မသတ်ပါဘူး..."

ဆန်းလျန်၏ အဖြေကိုကြားရတော့မှ ယွဲ့ကွမ်းဗောဓိသကျက စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

သို့သော်... သူ၏ သက်ပြင်းချသံ အဆုံးမသတ်သေးခင်မှာပင် မရဏဓားတစ်လက်က သူ၏နောက်ကျောမှ ထုတ်ချင်းပေါက်အောင် ထိုးစိုက်ချလိုက်လေတော့သည်။

ယွဲ့ကွမ်းဖောခိသကျ၏ခန္ဓာကိုယ်မှ သွေးများ ဖြာကျလာလေ
သည်။ ထို့နောက် မည်သို့ဖြစ်မှန်း မသိလိုက်ခင်မှာပင် လဲကျ
ငြိမ်သက်သွားလေတော့သည်။

ကျောက်ရှောင်ယွီက...

"ဘယ်သူ့ကိုမှ ညှာလို့ မရဘူးလေ..."

ငရဲလမ်းဓားသည် ယွဲ့ကွမ်းဖောခိသကျ၏အလောင်းကို
(၃)ကြိမ်တိတိလှည့်ပတ်လိုက်ပြီး ကျောက်ရှောင်ယွီလက်ထဲသို့
ပြန်ရောက်သွားလေသည်။

ငရဲလမ်းဓားသည် တန်ခိုးစွမ်းအားမြင့်မားသည့် ဖောခိသကျ
တစ်ပါးကို သတ်လိုက်ရသည့်တိုင် အရေးမပါသည့်အလား
တည်တည်ငြိမ်ငြိမ်ပင် ရှိလေသည်။

ကျောက်ရှောင်ယွီက ငရဲလမ်းဓား၏ သွေးအေးရက်စက်ပုံကို
သဘောကျသွားလေသည်။

သူမက ဓားကိုကြည့်ပြီး ပြောလိုက်သည်။

"နောက်တစ်ခါကျ ငါတို့တွေ မီလှဲကိုယ်တော်ကို သတ်ကြတာပေါ့..."

ကျောက်ရှောင်ယွီ၏ စကားသံကိုကြားသည်နှင့် ငရဲလမ်းဓား က ဓားခြိမ်းသံတစ်ချက် ပြုလုပ်လိုက်လေသည်။

ထိုအချိန်မှာပင်...

အနောက်ဘက်ကောင်းကင် ၊ သုခဘုံရှိ လုန်ဟွာသစ်ပင် အောက်တွင်ထိုင်နေသည့် မီလှဲကိုယ်တော်မှာ ကျောရိုး တစ်လျှောက် အေးစိမ့်သွားသည့် ခံစားချက်ကို ခံစားလိုက်ရ လေသည်။

သူက စိတ်အာရုံဖြင့် ကြည့်လိုက်ရာ ယွဲ့ကွမ်းဗောဓိသကျ သေဆုံးသွားပြီကို သိရှိလိုက်လေသည်။ သူ၏မျက်နှာထက် တွင် ကြောက်မက်ဖွယ်ရာအပြုံးတစ်ခုပေါ်လာပြီး သူ၏ အမျက်ဒေါသသည် ရှုပနတ်ဘုရားမင်းကြီးတစ်ပါးအလား ကြောက်စရာ ကောင်းလွန်းလှလေသည်။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မီလဲ့ကိုယ်တော်ကို သတ်ဖို့ဆိုတာ လွယ်တယ်များထင်နေ

သလား ၊ ငရဲလမ်းဓားတစ်လက်တည်းနဲ့တော့ မီလဲ့ကိုယ်တော်

ကို ဘယ်လိုလုပ် သတ်နိုင်မှာတဲ့လဲ..."

ကျောက်ရှောင်ယွီက...

"ဘယ်ပြောလို့ရနိုင်မှာလဲ..."

ဆန်းလျန်၏ စိတ်ထဲတွင် တိကျန်ဗောဓိသကျကို သတိရသွားမိ

လေသည်။

လက်ရှိအချိန်တွင် တိကျန်ဗောဓိသကျသည် မီလဲ့ကိုယ်တော်

ထက်ပင် တန်ခိုးစွမ်းအား မြင့်မားသူ ဖြစ်လေသည်။

ဆန်းလျန်က...

"အပြောလည်းမကြီးနဲ့ဦး ၊ မင်းလည်း မဟာကျားရဲ့ကိုယ်တော်

ကြီးရဲ့ဓားသိုင်းကို အခုပဲ တွေ့ထားတာနော်..."

ကျောက်ရှောင်ယွီက...

"မဟာကျားရဲ့ကိုယ်တော်ကြီးရဲ့ ဓားသိုင်းက ဒီလောက်လည်
အစွမ်းမထက်လှပါဘူး..."

ဆန်းလျန်က...

"ဒီ ရုပ်တုကြီးက မဟာကျားရဲ့ကိုယ်တော်ကြီးရဲ့ တန်ခိုး
စွမ်းအား နည်းနည်းလောက်ပဲ ကျန်ခဲ့တဲ့ ရုပ်ပွားတစ်ခုပဲ ၊ ဒါ
တောင် သူလက်တစ်ဖက်မြှောက်လိုက်တာနဲ့ ဘယ်သူမှ မခံနိုင်
ကြဘူး ၊ ထိုက်ယီထျန်းရှန်းအောက်အဆင့်နိမ့်တဲ့ ဘယ်နတ်
ဘုရားမဆို ဒီ ဓားသိုင်းကို ရှောင်နိုင်မှာ မဟုတ်ဘူး ၊ ဒီဓားသိုင်း
ကို မဟာကျားရဲ့ကိုယ်တော်ကြီးကတော့ ဘယ်လိုနာမည်ပေးခဲ့
လည်း မသိပေမယ့် ကျုပ်ကတော့ မဟာပညာဓားလို့
အမည်ပေးချင်မိတယ်..."

ဗုဒ္ဓဘာသာ၏အနှစ်သာရမှ ပညာပင် ဖြစ်လေသည်။
ပညာ၏အနှစ်သာရမှာ မသေနိုင်သည့် နိဗ္ဗာန်သို့ ဦးတည်
လေ၏။

သို့သော်... တကယ်တမ်း ဗုဒ္ဓလမ်းပြခဲ့သည့် ပညာဆိုသည့် အရာကို တကယ်တမ်း နားလည်သိရှိသူဆို၍ လောကတွင် မရှိသလောက်ရှားလေသည်။

သို့သော်... ဗုဒ္ဓ၏ပညာဆိုသည့်အရာကို မဟာကျားရဲ့ ကိုယ်တော်ကြီးကတော့ အနီးစပ်ဆုံး သိမြင်နိုင်ခဲ့သူဖြစ်လေသည်။

ကျောက်ရှောင်ယွီက...

"အဲဒီဓားသိုင်းက ရှင့်အတွက် တော်တော်လေး အသုံးဝင်သလား..."

ဆန်းလျန်က...

"ကျုပ်အတွက်မဟုတ်ဘူး၊ မင်းအတွက် အသုံးဝင်တာ၊ မင်းက လျန်ယိမြို့ခိုးသံလိုက်တန်ခိုးစွမ်းအားနဲ့ ငရဲလမ်းဓားကို ပေါင်းစပ်ပြီး ကျင့်ကြံထားတာ၊ မင်းသာ ဒီ မဟာပညာဓားရဲ့ အနှစ်သာရကို သိအောင်ကြိုးစားနိုင်ရင် မင်းဟာ ဗုဒ္ဓဟောပြော

ခဲ့တဲ့ ပညာဆိုတဲ့အရာကို သိမြင်လာလိမ့်မယ် ၊ အဲဒါ မင်း

အတွက် တန်ဖိုးဖြတ်လို့မရတဲ့ အရာပဲ..."

ကျောက်ရှောင်ယွီက...

"ဒါဆို ကျွန်မကို သေချာရှင်းပြလေ..."

ဆန်းလျန်က...

"ဘာလို့ မင်းကို မဟာပညာစားသိုင်းကို လေ့လာစေချင်ရသ

လဲဆိုတော့ မင်းက ဝူရှန်သိုင်းကွက်ကို ကျင့်ကြံထားတဲ့ လူတစ်

ယောက်ဖြစ်လို့ပဲ ၊ ဝူရှန်သိုင်းကွက်ဟာ တကယ်တော့ မီလဲ့

ကိုယ်တော်တီထွင်ခဲ့တဲ့ သိုင်းပညာတစ်ခုပဲ ၊ လော်ဝါဒ

တည်ထောင်သူဆရာသခင်ကလည်း ဗုဒ္ဓဘာသာရဲ့ အနတ္တ

တရားကို အခြေခံတယ် ၊ ဒါကြောင့် မင်းကျင့်စဉ်လမ်းအဆင့်

တက်လာနဲ့အမျှ အနတ္တတရားကို နားလည်လည်လိမ့်မယ် ၊

အနတ္တတရားကို နားလည်ပြီဆိုတာနဲ့ မင်း အရာအားလုံးကို

သိမြင်လာလိမ့်မယ်၊ ဒါပေမဲ့ အရာအားလုံးကို သိမြင်တာက

ဘာကိုမှ မသိမြင်တာဖြစ်သလို ဘာကိုမှ မသိမြင်တာကလည်း အရာအားလုံးကို သိမြင်တယ်လို့ ခေါ်တယ်၊ အဲဒါဟာ သစ္စာတရားပဲ၊ ဒါပေမဲ့ ကြည်လင်တဲ့ ကန်ရေပြင်မှာထင်နေတဲ့ လရိပ်လိုပဲ သိသာသိပြီး လက်တွေ့မှာ ဘာမှလုပ်လို့မရဘူး၊ ဒါပေမဲ့ မဟာပညာဓားကို လေ့လာလိုက်ရင်တော့ မင်းအတွက် ပညာလမ်းပွင့်သွားပြီး အနတ္တတရားကို လက်တွေ့အသုံးချ သိမြင်နိုင်လိမ့်မယ်..."

ဆန်းလျန်ရှင်းပြသည်ကို ကျောက်ရှောင်ယွီ သဘောပေါက်သွားလေသည်။

"ရှင် ဒီလိုတွေနားလည်နေတာ အံ့သြစရာပါပဲ၊ တကယ်ဆို ကျွန်မလည်း အရမ်းတော်တဲ့ ကျင့်ကြံသူတစ်ယောက်ပါ၊ ဒါပေမဲ့ ရှင်နဲ့ယှဉ်လိုက်ရင် အမြဲတမ်း ရှင့်လောက်မသိဘူးဖြစ်နေတယ်... ရှင်သိသလောက်ရဲ့ တစ်ဝက်လောက်သိရင်ပဲ ကျေနပ်ပါပြီ..."

အခန်း (၈၅၆) ဖြတ်တောက်ပစ်ခြင်း

ဗုဒ္ဓပြောခဲ့သည့်စကားအရဆိုလျှင် "ပန်းတစ်ပွင့် ၊ သစ်ရွက်တစ်ရွက် ၊ လောကတစ်ခု" ဟူ၍ ဖြစ်လေသည်။ ထို့ကြောင့် သုခဘုံသည် အခြားသောလောကများနှင့်မတူသည့် နေရာတစ်ခုဖြစ်သည်မှာ သေချာလေသည်။

သုခဘုံသည် လင်စန်းတောင်မတိုင်ခင် ဖြစ်တည်ခဲ့သည့် နေရာတစ်ခု ဖြစ်လေသည်။ သုခဘုံဖြစ်တည်လာပြီးမှ လင်စန်းတောင်ဖြစ်ပေါ်လာခြင်း ဖြစ်လေ၏။ ထို့ကြောင့်လင်စန်းတောင်နှင့် သုခဘုံမှာ အမြဲတမ်း ယှဉ်တွဲနေသည်ဟု ဆိုနိုင်သည်။

ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယီတို့အကြားတွင် ယှဉ်ပြိုင်မှုများရှိခဲ့သော်လည်း တာအိုဆရာသခင်ထိုက်ယီနှင့် အနီးစပ်ဆုံးပတ်သက်ခဲ့သည့် လီချင်းဆွေသည်ပင် ထိုအကြောင်းများကိုတစ်ခုမကျန် မသိနိုင်ပေ။ ထို့အတူ မီလဲ့ကိုယ်တော်သည်လည်းဗုဒ္ဓ၏အကြောင်းအရာအားလုံးကို သိမြင်နိုင်လိမ့်မည် မဟုတ်ပေ။

မီလဲ့ကိုယ်တော်သည် သုခဘုံရှိ လုန်ဟွာသစ်ပင်အောက်တွင်ထိုင်နေလေသည်။ သုခဘုံသည် အရာအားလုံး ပြီးပြည့်စုံနေသည့် နေရာတစ်ခုဖြစ်သည်မှာ မငြင်းနိုင်ပေ။

ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားများ ၊ တာ့လော်အဆင့်နတ်ဘုရားများက ကောင်းကင်ဘုံများကို အသီးသီးဖွင့်လှစ်နိုင်ကြသည်ဆိုသော်ငြား ထိုကောင်းကင်ဘုံများသည် သုခဘုံနှင့်တူညီခြင်းမရှိပေ။

သုခဘုံသည် အော်မီတော်ဖူဘုရား ချန်ထားရစ်ခဲ့သည့်

မြင့်မြတ်သန့်စင်သည့် နယ်မြေတစ်ခုဖြစ်လေ၏။

ထိုအချိန်မှာပင်...

သုခဘုံရှိရာသို့ နီလာရောင်ခြင်္သေ့ကြီးတစ်ကောင်ကို စီးလာ

သည့် ဗောဓိသတ္တတစ်ပါးရောက်လာလေသည်။

သူမက လက်ချောင်းလေးများကို အနည်းငယ်ကွေးထားသည့်

လက်ဟန်ကိုပြုလုပ်ထားပြီး ဉာဏ်ပညာပုတီးတစ်ကုံးကို ကိုင်

ဆောင်ထားလေသည်။

သူမကိုတွေ့မြင်ရသူ မည်သူမဆို နှလုံးသားထဲတွင် အသိဉာဏ်

ပညာ မွေးဖွားလာမည် ဖြစ်လေသည်။

သူမကိုတွေ့သည်နှင့် မီလဲ့ကိုယ်တော်က တစ်ချက်ပြုံးပြ

ကာကြိုဆိုလိုက်သည်။ ဗောဓိသတ္တက စီးတော်ဖြစ်သည့် နီလာ

ရောင်ခြင်္သေ့ကြီးထက်မှ အသာအယာပင် ဆင်းလိုက်လေ

သည်။

မီလဲ့ကိုယ်တော်က…

"ဝန်စူးမယ်တော် ၊ မင်းရောက်လာတာ အချိန်ကောင်းပဲ ၊ ကျုပ်မင်းကို အကြံဉာဏ်တောင်းစရာ ရှိလို့…"

စီးတော်ခြင်္သေ့ကြီးကိုစီးပြီး သုခဘုံသို့ရောက်လာသူမှာ ဗုဒ္ဓဘာသာတွင် အသိဉာဏ်ပညာနတ်ဘုရားဟု ထင်ရှားသည့် ဝန်စူးမယ်တော်ပင် ဖြစ်လေသည်။ သူမသည် ဗုဒ္ဓဘာသာတွင် အသိဉာဏ်ပညာအမြင့်မားဆုံး ဗောဓိသကျ တစ်ပါး ဖြစ်လေ၏။

ဝန်စူးမယ်တော် ခွန်လွန်တောင်တွင် ကျင့်ကြံနေစဉ်က မီလဲ့ကိုယ်တော် ကျင့်စဉ်လမ်းသို့ လျှောက်လှမ်းကာစ အချိန်မျှသာ ရှိသေးသည်။ သို့သော်… ယခုတော့ မီလဲ့ကိုယ်တော်၏အဆင့်က သူမထက် များစွာမြင့်မားသွားပြီ ဖြစ်လေသည်။

သို့သော်…. သူမသည် မီလဲ့ကိုယ်တော်ကို မနာလိုစိတ် တစ်စက်ကလေးပင် မဖြစ်မိပေ။

ဝန်စူမယ်တော်က ပြုံးလိုက်ပြီး...

"မီလဲ့ကိုယ်တော်က ဘာအကြံညာဏ်များတောင်းမလို့လဲ..."

မီလဲ့ကိုယ်တော်က မချိပြုံးတစ်ချက် ပြုံးလိုက်ရင်း...

"ယွဲ့ကွမ်းဗောဓိသကျ သေပြီ..."

ဝန်စူးမယ်တော်က မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး စိတ်

အာရုံကို ဖြန့်ကျက်လိုက်လေသည်။

"အမှန်ပဲ ၊ ငရဲလမ်းဓားလက်ချက်နဲ့ သေသွားတာပဲ..."

မီလဲ့ကိုယ်တော်က...

"ငရဲလမ်းဓားက ယွဲ့ကွမ်းဗောဓိသကျကို သတ်လိုက်ရုံနဲ့တော့

ကျုပ်တို့က ကြောက်သွားစရာမလိုပါဘူး ၊ ဒါပေမဲ့ ဘာလို့ ဒီလို

ဓားကိုအသုံးပြုပြီး သတ်လိုက်ရလဲဆိုတာ ကျုပ်နားမလည်

ဘူး..."

ဝန်စူးမယ်တော်က ပြုံးလိုက်ရင်း...

"မီလှဲ့ကိုယ်တော် တကယ်တမ်းသိချင်တာ ဒီအဖြေမဟုတ်ပါဘူး..."

မီလှဲ့ကိုယ်တော်က...

"ဝန်စူးမယ်တော်... မင်းက တကယ်ပဲ အသိဉာဏ်ပညာနတ်ဘုရားပီသပါပေတယ်၊ မင်းကို ဘယ်အရာမှ ဖုံးကွယ်ထားလို့မရဘူးပဲ..."

ဝန်စူးမယ်တော်၏မျက်နှာက တည်ကြည်လေးနက်သွားပြီး...

"ကျောက်ရှောင်ယွီနတ်သမီးဟာ ထိုက်ချင်တာအိုကျမ်းကို ကျင့်ကြံထားတာပဲ၊ တကယ်တမ်းဆို သူ့အနေနဲ့ ငရဲလမ်းစားကို ဆက်ပြီး မကျင့်ကြံသင့်ဘူး၊ ထိုက်ချင်တာအိုကျမ်းက နက်ရှိုင်းပြီး မရှိမှုတရားကို ဖော်ပြတယ်၊ ငရဲလမ်းစားရဲ့ မိစ္ဆာစွမ်းအားတွေက သူ့ရဲ့ တာအိုစိတ်ထားကို အနှောက်အယှက်ပေးလိမ့်မယ်၊ အင်း...ဘေးအန္တရယ်ဆိုးကြီး တကယ်ပဲ ကျ

ရောက်လာတော့မယ်၊ ယွဲ့ကွမ်းဗောဓိသကျကတော့ ပထမဆုံး

ပေးဆပ်လိုက်ရတဲ့သူပဲပေါ့..."

ဝန်စူးမယ်တော်၏ မျက်ဝန်းများသည် အရာအားလုံးကို သိမြင်

သည့်အလား တည်ကြည်နေလေသည်။

မီလှဲ့ကိုယ်တော်က...

"ဆန်းလျန်ထျန်းကျွင်းလည်း ဒီအကြောင်းကို မသိဘဲနေမှာ

မဟုတ်ပါဘူး..."

ဝန်စူးမယ်တော်က မျက်မှောက်တစ်ချက်ကြုတ်လိုက်ရင်း...

"ဆန်းလျန်ထျန်းကျွင်း သိမှာမဟုတ်ဘူး၊ ဒါပေမဲ့ ယွဲ့ကွမ်းဗော

ဓိသကျ သေသွားပြီးတဲ့နောက် သူ အဲဒီအကြောင်းကို သိသွား

လိမ့်မယ်၊ သူ့ရဲ့အသိဉာဏ်ပညာက ကျွန်မလောက် မြင့်မား

တာပဲလေ..."

ဝန်စူးမယ်တော်က ခဏနားပြီးမှ ဆက်ပြောလိုက်သည်။

"ဆန်းလျန်ထျန်းကျွင်းလည်း ဒီအကြောင်းကိုသိသွားရင် ကြောက်သွားမှာပဲ ၊ လေ့ကိုရေထဲတွန်းပို့လိုက်သလိုမျိုး ကျောက်ရှောင်ယွီနတ်သမီးကို ဘေးအန္တရယ်ဆိုးကြီးဖန်တီးတဲ့ လူတစ်ယောက်ဖြစ်လာအောင် သူတွန်းပို့ပေးလိုက်တာပဲ ၊ ဒါပေမဲ့ တစ်ခုရှိတာက ကျောက်ရှောင်ယွီနတ်သမီးဟာ ရှင့်ရဲ့ ကျင့်စဉ်ပညာကို ကျင့်ကြံခဲ့လို့ ရှင့်ရဲ့တပည့်လို့ အားလုံးက ထင်ကြလိမ့်မယ်..."

မီလဲ့ကိုယ်တော်က...

"အရာအားလုံးမှာ အကြောင်းအကျိုးဆိုတာ ရှိစမြဲပါ ၊ ဗုဒ္ဓက ဘယ်အရာကိုမှ မကြောက်ရွံ့ခဲ့ဘူး ၊ ဆန်းလျန်ထျန်းကျွင်းက အခွင့်အရေးကို အသုံးချပြီး ကျောက်ရှောင်ယွီနတ်သမီးကို ဘေးအန္တရယ်ဆိုးကြီး ကျရောက်စေတဲ့သူ ဖြစ်စေခဲ့တယ် ၊ ဒါပေမဲ့ သူလုပ်ခဲ့တဲ့ အကြောင်းအကျိုးကို သူပဲခံပါစေ၊ ကျုပ် မီလဲ့ကိုယ်တော်ကတော့ မခံယူနိုင်ဘူး ၊ အကျိုးဆက်က

ဘယ်လောက်တောင် ကြောက်စရာကောင်းလိုက်သလဲ ၊ ဆန်း

လျှန်ထျန်းကျွင်းရဲ့ ရက်စက်မှုတွေဟာ အဆုံးရောသတ်ပါဦးမ

လား..."

ဝန်စူးမယ်တော်က စိုးရိမ်ပူပန်သည့်လေသံဖြင့်...

"ဒီကိစ္စတွေကို ဒီအခြေအနေထိရောက်အောင် တွန်းပို့နေတဲ့သူ

က ဆန်းလျှန်ထျန်းကျွင်း မဟုတ်ဘူး ၊ ဘယ်သူလဲဆိုတာ

ခန့်မှန်းရခက်တယ် ၊ အခု ကျွန်မစိတ်ပူတာက မဟာကျားရဲ့

ကိုယ်တော်ကြီးရဲ့ ဓမ္မအမွေအနှစ်တွေ သူတို့လက်ထဲကို ရောက်

သွားပြီ ၊ ကျောက်ရှောင်ယွီနတ်သမီးသာ ပညာရဲ့အနှစ်သာရ

ကို နားလည်သွားမယ်ဆိုရင် ဘယ်လိုမှ ကောင်းတဲ့ကိစ္စ ဖြစ်မ

လာနိုင်တော့ဘူး ..."

မီလဲ့ကိုယ်တော်က...

"အနည်းဆုံးတော့ သူက ဝူရှန်သိုင်းကွက်ကို ကျင့်ကြံခဲ့တာပဲ ၊ ပညာရဲ့အနှစ်သာရကို သူသိသွားရင် အဆိုးရှိသလို ကောင်းတဲ့ အချက်တွေလည်း ရှိလာနိုင်ပါတယ်..."

မီလှဲ့ကိုယ်တော်ပြောသည့်စကားမှာ မှန်နေသည့်အတွက် ဝန်စူး မယ်တော် ခေါင်းညိတ်ပြလိုက်လေသည်။

မီလှဲ့ကိုယ်တော်က...

"ဝန်စူးမယ်တော်... တိကျန်ဗောဓိသကျလည်း ပြန်လာတော့ မယ် ၊ အဲဒီအချိန်ကျရင် မင်းက ကျုပ်ဘက်က ရပ်တည်မှာ လား ၊ သူ့ဘက်က ရပ်တည်မှာလား..."

ဝန်စူးမယ်တော်က...

"မီလှဲ့ကိုယ်တော်ကို ဗုဒ္ဓကိုယ်တိုင်က အသိအမှတ်ပြုခဲ့တာပဲ ၊ ကျွန်မမှာ ရွေးခြယ်စရာ တခြားလမ်း မရှိပါဘူး..."

မီလှဲ့ကိုယ်တော်က...

"ကောင်းပြီ... ဒါဆိုရင် တိကျန်ဗောဓိသကျဟာ ကျုပ်တို့နဲ့မဆိုင်တဲ့ ဗုဒ္ဓဘာသာပြင်ပက လူတစ်ယောက်လို့ သတ်မှတ်လိုက်မယ်..."

မီလဲ့ကိုယ်တော် စကားဆုံးသွားသည်နှင့် လင်ကျိုးနယ်ရှိ တိကျန်ဗောဒိသကျ၏ ရုပ်တုများ နှင့် ကျမ်းစာများအားလုံး အကြောင်းပြချက်မရှိဘဲ ဖျက်စီးခံလိုက်ရကာ ပျောက်ကွယ်သွားကြလေတော့သည်။

တိကျန်ဗောဓိသကျသည် ဗုဒ္ဓဘာသာမှ ဖျောက်ဖျက်ခံလိုက်ရပြီ ဖြစ်လေသည်။

ဗုဒ္ဓဘာသာမှ ကျူုဖူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များ နှင့် ဗောဓိသကျများအားလုံးက ထိုသို့ဖြစ်ရသည်မှာ မီလဲ့ကိုယ်တော်၏လုပ်ရပ်ဖြစ်သည်ကို သိလိုက်ကြသည်။ မီလဲ့ကိုယ်တော်သည် တိကျန်ဗောဓိသကျကို ဗုဒ္ဓဘာသာမှ ထုတ်ပယ်ပစ်လိုက်ပြီ ဖြစ်ပြီး တိကျန်ဗောဓိသကျနှင့်ပတ်သက်

သည့်အရာမှန်သမျှကို လူ့လောကမှ ဖျောက်ဖျက်ပစ်လိုက်ပြီ

ဖြစ်လေသည်။

....

ချင်းဆွေထျန်းကောင်းကင်ဘုံ...

တာအိုဆရာလီချင်းဆွေ၏ မျက်နှာက အေးစက်ခက်ထန်နေ

လေသည်။

မရှိမှုကျေးရွာရှိ ကျောက်ဂူတစ်ခုထဲတွင် လူပြန်ဝင်စားရာမှ ပြန်

ရောက်လာသည်မှာ မကြာသေးသည့် တုန်းဟွာတောက်ကျွင်း

ကလည်း မျက်ခုံးများကို တွန့်ချိုးထားလေသည်။

မီလဲ့ကိုယ်တော်သည် အကြောင်းအကျိုးဆက်စပ်သည့်

ကျင့်စဉ်ကို ကျင့်ကြံထားသူတစ်ယောက် ဖြစ်လေသည်။ တုန်း

ဟွာတောက်ကျွင်းကဲ့သို့ ဘဝပေါင်းများစွာ ကိုယ်ခွဲများကို

ဖန်ဆင်းသည့်ကျင့်စဉ်ကို ကျင့်ကြံထားပြီး ယခုလည်း ဝိညာဉ်

မြစ်ကိုဖြတ်ကျော်ကာ လူပြန်ဝင်စားလာသည့် နတ်ဘုရား

တစ်ပါးအတွက် မီလဲ့ကိုယ်တော်သည် သဘာဝရန်သူပင် ဖြစ်လေသည်။
ထို့ကြောင့်... သူ့အနေဖြင့် မီလဲ့ကိုယ်တော်နှင့် ဘယ်တော့မှ ထိပ်တိုက်မတွေ့တော့ရန် ဆုံးဖြတ်လိုက်မိလေသည်။
မရှိမှုကျေးရွာသို့ ယခုမှ ရောက်ရှိလာသူ မာရ်နတ်မှာတော့ တစ်ကိုယ်လုံး တုန်ယင်နေလေသည်။ သူသည် သုခဘုံရှိရာအရပ်ဆီသို့ နက်ရှိုင်းသည့်အကြည့်ဖြင့် စိုက်ကြည့်နေလေသည်။ စိုက်ကြည့်နေသည့် သူ၏မျက်ဝန်းများမှ အရောင်များ တောက်ပနေပြီး ခန့်မှန်းရခက်လှလေသည်။
ခွန်လွန်တောင်ရှိ ကျောက်စိမ်းဝိညာဉ်နန်းတော်တွင်တော့ တာအိုဆရာယို့တင်သည် တရားထိုင်နေရာမှ မျက်လုံးများကို အသာအယာ ဖွင့်ကြည့်လိုက်လေသည်။

ထိုအချိန်တွင် ခွန်လွန်တောင် ချီလင်ကမ်းပါးအောက်မှ ယွင်ရှောင်းနတ်သမီးကတော့ ဦးခေါင်းကိုမော့ကာ ရယ်မောလိုက်လေသည်။

သူမနှင့် မနီးမဝေးတစ်နေရာတွင် အချုပ်အနှောင်ခံထားရသည့် ဒေါင်းစိမ်းမင်းကြီးခုံရှမ်းကလည်း တစ်ချက်ပြုံးလိုက်ရင်း...

"နတ်သမီး... လောကကြီးက တဖြည်းဖြည်း စိတ်ဝင်စားဖို့ကောင်းလာပြီ ၊ ကျုပ်တို့လည်း လွတ်လမ်းရှာပြီး ပြေးကြရအောင်..."

သို့သော်... ယွင်ရှောင်းနတ်သမီးက ရယ်မောနေပြီး မည်သည့်စကားမှ ပြန်ပြောခြင်း မရှိပေ။

ထိုအချိန်တွင် ရှမ်တုတောက်ကျွင်းနေထိုင်ရာ ထိုက်ချင်ထျန်းကောင်းကင်ဘုံတွင်တော့ ရှမ်တုတောက်ကျွင်း၏ မျက်နှာက တည်ကြည်လေးနက်နေလေသည်။

"ရွှေသူငယ်နဲ့ ငွေသူငယ် ၊ နွားရိုင်းကြီးကို ထုတ်လိုက်ကြစမ်း ၊ အခုပဲ ခွန်လွန်တောင်ကိုသွားမယ်..."

ဟု ရှမ်တုတောက်ကျွင်းက အမိန့်ပေးလိုက်လေသည်။

ကျားရဲ့ဝတ်ကျောင်းတော်မှာပင်ရှိနေသေးသည့် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီတို့မှာလည်း ထူးဆန်းမှုကို ခံစားလိုက်ကြရလေသည်။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"စိတ်ဝင်စားစရာပဲ ၊ ကျုပ်တောင် သုခဘုံကိုမသွားရသေးဘူး ၊ မီလဲ့ကိုယ်တော်က တိကျန်ဗောဓိသကျကို ဇာတ်လမ်းဖြတ်ပစ်လိုက်ပြီ..."

ကျောက်ရှောင်ယွီက...

"ရှင် အစောကြီးကတည်းက ဒီလိုဖြစ်လာမယ်ဆိုတာ မျှော်လင့်ထားပြီးသား မဟုတ်လား..."

ဆန်းလျန် ခေါင်းအသာညိတ်ပြလိုက်သည်။

သို့သော်… သူ့ရင်ထဲတွင်တော့ ကျောက်ရှောင်ယွီ မသိနိုင်သည့် အခြားအကြောင်းအရာများကို တွေးနေခဲ့မိလေသည်။

…………

Foot Notes :

ယွဲ့ကွမ်းဗောဓိသကျဆိုသည်မှာ ဆန်းလျန်စာစဉ်အစပိုင်းတွင် ပါဝင်သည့် ကျင်းကွမ်းဝတ်ကျောင်းတော်မှ ပေါင်ကွမ်း ဆရာတော်ကြီး၏ ဘိုးဘေးဖြစ်ပါသည်။

လနတ်သမီးချန်ဝေါဆိုသည်မှာ လေးသည်တော်တာ့ယိနှင့် လက်ဆက်ခဲ့သည့် ဟန်အယ်ပင် ဖြစ်ပါသည်။ နောက်ပိုင်း စာစဉ်များမှာ ဟန်အယ်ကို လနတ်သမီးချန်ဝေါဟုပင် ရေးသွားပါမည်။ ထိုက်ယင်းနတ်သမီးဆိုသည်မှာလည်း လနတ်သမီး တစ်ပါးပင်ဖြစ်ပြီး လနတ်သမီးချန်ဝေါထက်အဆင့်နိမ့် ပါသည်။

(ဘာသာပြန်သူ)

အခန်း (၈၅၇) ပြင်ပလောကကိုစိတ်မဝင်စားဘူး

ဆန်းလျန် ငြိမ်သက်နေသည့်အတွက် ကျောက်ရှောင်ယွီက

ဆန်းလျန်ကို လှမ်းကြည့်လိုက်မိလေသည်။

ထိုအခါ... ဆန်းလျန်၏မျက်ဝန်းများထဲတွင် ကြောက်ရွံ့

တုန်လှုပ်မှုများကို အထင်းသားတွေ့မြင်လိုက်ရသည်။ဆန်းလျ

န်၏သန့်စင်ကြည်လင်သည့်မျက်နှာထက်တွင် အကြောက်

တရားက အထင်းသားပေါ်လွင်နေလေ၏။

သူမက ဆန်းလျန်၏ မျက်နှာကိုကြည့်ပြီး အလွန်အံ့အားသင့်

သွားမိသည်။

ပြီးမှ သူမက တစ်စုံတစ်ခုကို စဉ်းစားမိသွားပြီး ဆန်းလျန်ကို

စကားပြောလိုက်လေသည်။

"ဆန်းလျန် ၊ ကျွန်မရဲ့ကံတရားက ဒီဘေးအန္တရယ်ဆိုးကြီးကို ပြုလုပ်ရဖို့ ကံပါလာရင်... လွှန်ဆန်လို့ မရနိုင်ပါဘူး ၊ ကျွန်မ ငရဲလမ်းဆားကို စပြီးကိုင်လိုက်ကတည်းက ကံတရားက ဒီ အတိုင်းဖြစ်လာတော့မယ်ဆိုတာ သိထားပါတယ်..."

ဆန်းလျန် မည်သို့မှမတတ်နိုင်တော့ဘဲ မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲလာက နှာခေါင်းတစ်ချက် ရှုံ့လိုက်လေသည်။

ဆန်းလျန်၏ရင်ထဲတွင် မနာကျင်စဖူး နာကျင်မှုကို ခံစားနေရလေသည်။

သူ... ရင်နာနေခဲ့လေသည်။ ထိုရင်နာမှုကို သူမခံစားချင်သော်လည်း သူ့အတွက် ရွေးခြယ်စရာ မရှိပေ။

ထိုသို့ ဖြစ်လာမည်ကို သိနေပါလျှက် ကျောက်ရှောင်ယွီသည် သူ့အတွက် ငရဲလမ်းဆားကို ကိုင်ဆွဲကာ စုံတွဲကျင့်ကြံခြင်းကို အနစ်နာခံကာ ပြုလုပ်ပေးခဲ့ခြင်းလေလား...။

ဆန်းလျှန် ယိလမ်းစဉ်နှင့် အနာဂတ်ကို ခန့်မှန်းခဲ့စဉ်က

သူ၏အနာဂတ်ခရီးတွင် ကျောက်ရှောင်ယွီကို အတူတူပါရှိလာ

ခြင်း မရှိသည်ကို ဆန်းလျှန်နားလည်သွားခဲ့ရသည်။

ဆန်းလျှန်က...

"ကျုပ် ယိလမ်းစဉ်နဲ့ ကြည့်လိုက်တုန်းက ကျုပ်ရဲ့ အနာဂတ်မှာ

မင်းပါမလာတော့ဘူးဆိုတာကို သိလိုက်ရတယ် ၊

လက်စသတ်တော့ ဒါ့ကြောင့်ကိုး... ၊ ရှောင်ယွီ... ဒါဟာ ကံ

တရားဆိုရင်တောင် ကျုပ် ဒီလိုအဖြစ်မခံနိုင်ဘူး ၊ ဒီကံတရား

ကို ကျုပ် ပြန်ရေးမယ် ၊ ကျုပ် ပြန်ပြုပြင်မယ်..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဆန်းလျှန်... ရှင် ကျွန်မအတွက် အဲဒီလိုလုပ်ပေးမယ်ဆိုတာ

ကျွန်မ သိပါတယ် ၊ ဒါပေမဲ့ မအောင်မြင်ခဲ့ရင်လည်း ရှင့် စိတ်

ထဲ မထားပါနဲ့ ၊ တကယ်တော့ ငရဲလမ်းဆားကို ကျင့်ကြံဖို့

ကျွန်မ စိတ်မဝင်စားခဲ့ပါဘူး ၊ ဘာလို့လဲဆိုတော့ အကြင်နာ

တရားမရှိတဲ့ ရက်စက်တဲ့လူတစ်ယောက်အဖြစ် ပြောင်းလဲသွား မှာ ကျွန်မ ကြောက်မိတယ်။ ဆန်းလျန်… ရှင် ကြာပန်းဖြူကို မှတ်မိသေးတယ် မဟုတ်လား။ ကြာပန်းဖြူဟာ ကျွန်မရဲ့ ကိုယ်ခွဲတစ်ခုပါ။ ဆန်းလျန်ဆိုတဲ့ရှင့်ကို ချစ်တဲ့အချစ်တွေ အားလုံးနဲ့ ဖန်ဆင်းထားခဲ့တဲ့ ကျွန်မရဲ့ ကိုယ်ခွဲပါ။ ဘာလို့လဲဆို တော့ တန်ခိုးစွမ်းအားကင်းလွတ်ရာ ကမ္ဘာမြေကို ကျွန်မရောက် သွားတော့ နတ်ဘုရားတွေဟာ သံယောဇဉ်မရှိသင့်ဘူးလို့ ထင်မြင်ခဲ့မိလို့ ရှင့်ကိုချစ်တဲ့အချစ်တွေအားလုံးကို ကျွန်မရဲ့ ကိုယ်ပွားအဖြစ် ဖန်ဆင်းပြီး ဒီလောကထဲမှာ ထားပစ်ခဲ့တာ။ ကြာပန်းဖြူဟာလည်း ကျွန်မပါပဲလို့ ကျွန်မ ထင်ခဲ့မိတယ်။ ဒါပေမဲ့ ကြာပန်းဖြူဟာ တကယ်တမ်းမှာ ကျွန်မ မဟုတ်ခဲ့ဘူး။ သူက ကျွန်မနဲ့ မတူခဲ့ဘူး။ ပြီးတော့ ရှင့်အပေါ်ထားခဲ့တဲ့ အချစ် တွေကိုလည်း ကျွန်မ ဘယ်လိုမှ ရပ်တန့်လို့ မရခဲ့ဘူး။ ရှင့်ကို ချစ်တဲ့အချစ်တွေကို ဖြတ်တောက်ပစ်ဖို့ ကြိုးစားလိုက်တိုင်း

အဲဒီအချစ်တွေက အသစ်ပြန်လည်မွေးဖွားလာတာပါပဲ ၊ ကျွန်မရင်ထဲမှာ ရှင့်အပေါ်ထားတဲ့အချစ်တွေကို ဘယ်တုန်းကမှ ရပ်တန့်ပစ်လို့ မရခဲ့ပါဘူးရှင်..."

ကျောက်ရှောင်ယွီက ခဏနားလိုက်ပြီး ဆက်ပြောသည်။

"တန်ခိုးစွမ်းအားများကင်းလွတ်ရာကမ္ဘာမြေမှာနေခဲ့တုန်းက ထန်မင်းဆက်ခေတ် ကဗျာတစ်ပုဒ်ကို ဖတ်ခဲ့ဖူးတယ် ၊ 'နောက်နှစ်နွေဦးရောက်လို့ မြက်ခင်းတွေ ရွက်နုသစ်ထွက်လာတဲ့အခါ ၊ ဝမ်စွန်းနဲ့ ပြန်လည်ဆုံတွေ့ခွင့်ရလေဦးမလား' တဲ့ ၊ ကဗျာလေးက ဘယ်လောက်လှလိုက်သလဲ ၊ ကျွန်မရင်ထဲမှာတော့ ဝမ်စွန်းဆိုတာ ရှင်ပါပဲ ၊ ကျွန်မ ရှင်နဲ့ ပြန်ဆုံရဖို့ အမြဲတမ်း စောင့်မျှော်နေခဲ့တယ် ၊ အဲဒါ အမှန်တရားပါပဲ ၊ ကျွန်မဘဝရဲ့အပျော်ရွှင်ဆုံးအချိန်တွေဆိုတာ ရှင်နဲ့ အတူရှိနေရတဲ့ အချိန်တွေပါပဲ... ဒါကြောင့် ကျွန်မက ရှင့်အတွက်ဆိုရင် ဘာမဆို လုပ်ပေးမှာပါ..."

ကျောက်ရှောင်ယွီသည် ပြောပြီးသည်နှင့် ကျားရဲ့ကျောင်းတော် အပြင်ဘက်သို့ ထွက်ခွာသွားလေသည်။

သူမက အင်္ကျီလက်ကို အသာအယာတစ်ချက်ဝှေ့ယမ်းလိုက် လေသည်။ ထိုအခါ လရောင်က ပိုမိုကြည်လင်လာပြီး လောက တစ်ခုလုံးက တာအိုကာရံညီသွားလေသည်။

ထို့နောက် မြင်ကွင်းထဲတွင် စပါးပင်များထက် ပျံသန်းနေသည့် ကြိုးကြာငှက်များ၏ ရှုခင်းပုံပေါ်လာလေသည်။ ထိုရှုခင်း များသည် ကျောက်ရှောင်ယွီ၏ရင်ထဲတွင် ခံစားနေရသည့် ခံစားချက်များ ပုံရိပ်ထင်ဟပ်ခြင်းပင်ဖြစ်လေသည်။

ထို့နောက် မိုးများ ရွာသွန်းလာပြီး လျှပ်စီးများလက်လာကာ လှပသည့် ရှုမျှော်ခင်းများ ပျက်စီးသွားခဲ့လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်နေပြီး လရောင်ကလည်း ယခင်ကအတိုင်း ထွန်းလင်းတောက်ပနေဆဲ ဖြစ်လေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီအနားသို့ ရောက်လာပြီး...

"ကျုပ်တို့ မာဂဓတိုင်းကို သွားကြရအောင်..."

ထို့နောက် ကျောက်ရှောင်ယွီနှင့် ဆန်းလျန် ခြေလှမ်းတစ်လှမ်းလှမ်းလိုက်ပြီး နေရာမှ ပျောက်ကွယ်သွားကြလေတော့သည်။

ညအချိန်ဖြစ်ပြီး ကောင်းကင်ထက်တွင် ကြယ်စင်များ လင်းလက်တောက်ပနေလေသည်။ ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် ရှေးဟောင်းမြို့တော်ကြီးတစ်ခုသို့ ရောက်ရှိလာကြလေသည်။

ထို ရှေးဟောင်းမြို့တော်ကြီးမှာ မာဂဓတိုင်းပင် ဖြစ်လေ၏။ ညအချိန်ပင်ဖြစ်လင့်ကစား မြို့တော်၏လမ်းများထက်တွင် လူအများ ဥဒဟိုသွားလာကာ စည်းကားသိုက်မြိုက်လျှက်ရှိလေသည်။

အမှန်တော့ ထိုသူများသည် သာမန်လူများမဟုတ်ပေ။ နတ်ဘုရားများ ၊ တစ္ဆေဝိညာဉ်များ ၊ နတ်မိစ္ဆာများနှင့် များပြားလှစွာသော ထူးဆန်းသည့်မျိုးနွယ်များ ဖြစ်ကြလေသည်။

မာဂဓတိုင်းတွင်နေထိုင်ကြသူများမှာ တိစစ်ထျန်းကို ယုံကြည်ကိုးကွယ်သူများသာ ဖြစ်ကြလေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီက မာဂဓတိုင်းတွင် တောက်ပလင်းလက်နေသည့် ကြယ်စင်တစ်စင်တစ်စင်းကို တွေ့မြင်လိုက်ကြရလေသည်။

ထိုကြယ်စင်ကို သာမန်လူများ တွေ့မြင်နိုင်မည် မဟုတ်ပေ။ မြို့တော်အတွင်းမှ တောက်ပသည့်အလင်းမှုံလေးများ ထွက်ပေါ်နေပြီး အားလုံးက ထိုကြယ်စင်ရှိရာသို့ စုဝေးသွားကြလေသည်။

ထိုကြယ်စင်မှာ မာဂဓတိုင်းတွင်နေထိုင်ပြီး နှစ်ပေါင်းများစွာ တိစစ်ထျန်းကို ယုံကြည်ကိုးကွယ်ကြသူများ၏ စိတ်စွမ်းအားများ

ပင် ဖြစ်လေသည်။ ယုံကြည်ကိုးကွယ်ခြင်းတန်ခိုးစွမ်းအား များသည် မိုးနှင့်မြေကို များစွာ သက်ရောက်မှု ရှိလေသည်။ ယုံကြည်ကိုးကွယ်သူများ၏ စွမ်းအားမြင့်မားလျှင် မြင့်မား သလောက် စိတ်ကူးအိပ်မက်များကို လက်တွေ့ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။ ထိုက်ယီထျန်းရှန်း အဆင့် နတ်ဘုရားတစ်ပါးမဟုတ်လျှင်တောင်မှ ထိုသို့သော ဆန်ခိုးစွမ်းအားများကို အသုံးပြုကာ ဖန်ဆင်းမှုကို ပြုလုပ်နိုင် မည် ဖြစ်လေသည်။

ဤသည်မှာ ဝတ်ပြုကိုးကွယ်မှု ၊ ယုံကြည်မှုမှ ဖြစ်ပေါ်လာသည့် ထူးခြားသည့် တန်ခိုးစွမ်းအားများပင် ဖြစ်လေသည်။

မာဂဓတိုင်းတွင် တိစစ်ထျန်းတစ်ယောက်တည်းသာရှိသည်မ ဟုတ်ပေ။ တိစစ်ထျန်း၏ လက်အောက်တွင် အမှုထမ်းနေကြ သည့် များစွာသော နတ်ဘုရားများလည်း ရှိလေသည်။

နတ်ဘုရားများကို တိစစ်ထျန်းက အဆင့်များသတ်မှတ်ထား လေသည်။

မိုးကောင်းကင်နတ်ဘုရားများလက်အောက်တွင် လောကနတ် ဘုရားများရှိကြသည်။ ထိုနတ်ဘုရားများလက်အောက်တွင် ဝိညာဉ်နတ်ဘုရားများရှိကြသည်။ သူတို့အားလုံးလက်အောက် တွင်တော့ ဓားသိုင်းကျင့်ကြံသူများနှင့် နတ်မိစ္ဆာများ ရှိကြလေ သည်။

တိစစ်ထျန်း၏ လက်အောက်တွင် ထိုသို့ အဆင့်များ သတ်မှတ် ထားလေရာ မည်သူမှ မာဂဓတိုင်းကို ပြဿနာမရှာရဲကြပေ။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီက မည်သူ့ကိုမှ ပြဿနာမရှာ ဘဲ မာဂဓတိုင်းကို ကာရံထားသည့် အရံအတားများကို ကျော် ဖြတ်ကာ မြို့တော်အတွင်းသို့ ဝင်ရောက်လာခဲ့ကြလေသည်။

မကြာမီမှာပင် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ နန်းတော်တစ်ခု ရှေ့သို့ ရောက်လာကြသည်။

နန်းတော်တစ်ခုလုံးက ဝိညာဉ်စွမ်းအားများဖြင့် ပြည့်ဝနေပြီး

ထိုသို့သောနန်းတော်မျိုးတွင်နေထိုင်မည်ဆိုလျှင် သာမန်လူ

တစ်ယောက်ပင်လျှင် ကျင့်ကြံစရာမလိုဘဲ အသက်

(၃၀၀)ကျော်မျှ နေထိုင်နိုင်မည် ဖြစ်လေသည်။

လရောင်နှင့်တူသည့် ရောင်ခြည်တန်းတစ်ခုက နန်းတော်

မြေပြင်ထက်တွင် လင်းလက်နေပြီး မြင်တွေ့ရသည့်မြင်ကွင်း

က အိပ်မက်ဆန်လှလေသည်။

နန်းတော်တွင် အစောင့်များ ချထားခြင်းမရှိပေ။

အဘယ်ကြောင့်ဆိုသော် နန်းတော်ထဲတွင် တိစစ်ထျန်း

ကိုယ်တိုင်နေထိုင်သည့်အတွက် အစောင့်ချထားရန် မလို

သောကြောင့် ဖြစ်သည်။

ဤနန်းတော်ကြီး တည်ဆောက်ပြီးကတည်းက လူပေါင်များစွာ

ဝင်ရောက်လာခဲ့ကြဖူးလေသည်။

သို့သော်… အကြံဆိုးဖြင့်ဝင်ရောက်လာသူမည်သူမဆို အသက်ရှင်လျှက် ပြန်ထွက်သွားခဲ့ကြရသည်ဟူ၍ မရှိပေ။

နန်းတော်ခန်းမဆောင်မှာ အဖြူရောင်ဖြစ်ပြီး ကျယ်ဝန်းလေသည်။

ခန်းမအလယ်တွင်ထိုင်နေသူကတော့ တိစစ်ထျန်း ဖြစ်လေ၏။

တိစစ်ထျန်းက ခန်းမအလယ်တွင် တင်ပျဉ်ခွေထိုင်နေလေသည်။ သူ၏ပုံစံက သာမန်လူသားတစ်ယောက်အလားဖြစ်လေသည်။ ရုပ်ရည်က အလွန်တရာချောမောလှပပြီး ဆံနွယ်များက ခါးထိအောင် ရှည်လျားလေ၏။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီတို့က တိစစ်ထျန်းမသိအောင် ခိုးဝင်လာခြင်း မဟုတ်ပေ။ သူတို့က ခန်းမအတွင်းသို့ ပြောင်ပြောင်တင်းတင်းပင် ဝင်လာကြခြင်း ဖြစ်လေသည်။

ထိုသို့ အေးဆေးတည်ငြိမ်သည့် ဟန်ပန်ဖြင့် သူနေထိုင်ရာ

နန်းတော်သို့ ဝင်လာရဲကြသည့်သူမျိုးကို တိစစ်ထျန်း၏ဘဝ

တွင် တစ်ခါမှ မတွေ့ခဲ့ဖူးပေ။

တိစစ်ထျန်းက သူတို့နှစ်ယောက်ကို လှမ်းကြည့်လိုက်ပြီး...

"တာအိုရောင်းရင်းနှစ်ယောက်က ဘာကိစ္စရှိလို့ ရောက်လာကြ

တာလဲ..."

ဆန်းလျန်က...

"အရှင်အိန္ဒြေဆီက သုခဘုံအကြောင်း စုံစမ်းချင်လို့ပါ..."

တိစစ်ထျန်းက...

"သုခဘုံအကြောင်းကို ကျုပ်ကောင်းကောင်းသိတာပေါ့၊

ဒါပေမဲ့ သုခဘုံအကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ဗုဒ္ဓကို

ကျုပ် ကတိပေးထားခဲ့တယ်၊ ဗုဒ္ဓဟာ ကျုပ်ရဲ့ဆရာသခင်ပါပဲ

၊ ကျုပ် သူ့အပေါ်မှာ သစ္စာမပျက်နိုင်ဘူး..."

ကျောက်ရှောင်ယွီက ရေကဲ့သို့တည်ငြိမ်သည့်မျက်ဝန်းများဖြင့် တိစစ်ထျန်းကို စိုက်ကြည့်လိုက်လေသည်။သူမ၏အကြည့်က တိစစ်ထျန်း၏ ဝိညာဉ်ကိုပင် ဖောက်ထွင်းမြင်ရသည့်အလား ထင်မှတ်ရသည်။

သူမက...

"ရှင်နဲ့ ဗုဒ္ဓက တကယ့်ဆရာတပည့်အရင်းတွေလား..."

တိစစ်ထျန်းက အေးဆေးသည့်လေသံဖြင့်...

"ကျုပ်က ဗုဒ္ဓဆီက တရားဓမ္မကိုပဲ သင်ယူခဲ့တာပါ၊ ဗုဒ္ဓရဲ့ လမ်းစဉ်ကို လိုက်ခဲ့တဲ့သူ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဗုဒ္ဓနဲ့ ကျုပ် ဟာ ဆရာတပည့် အရင်းတွေပါပဲ၊ ဒါပေမဲ့ ကျုပ်က ဗုဒ္ဓရဲ့ တပည့်လို့ မခံယူဝံ့ပါဘူး၊ ဒါနဲ့ တာအိုရောင်းရင်းနှစ်ယောက်က တကယ်စိတ်ဝင်စားဖို့ကောင်းတာပဲ၊ တစ်ယောက်ရဲ့ တန်ခိုး စွမ်းအားတွေက အရမ်းနက်ရှိုင်းပြီး နောက်တစ်ယောက်ရဲ့ တန်ခိုးစွမ်းအားတွေကတော့ သိပ်ကို သန့်စင်လွန်းတယ်"

ကျောက်ရှောင်ယွီက...

"ကြည့်ရတာ ရှင်က ကျွန်မတို့ကို မသိပုံထောက်ရင် ပြင်ပ

လောကနဲ့ အဆက်အသွယ် သိပ်မရှိဘူးထင်တယ်..."

တိစစ်ထျန်းက...

"ကျုပ် ဒီနန်းတော်ထဲကမထွက်တာ နှစ်ပေါင်းတစ်သောင်း

ကျော်ကြာခဲ့ပြီ ၊ ပြင်ပလောကအကြောင်းတွေကိုလည်း စိတ်မ

ဝင်စားဘူး..."

တိစစ်ထျန်း၏ အဖြေစကားကြောင့် ဆန်းလျန်နှင့် ကျောက်

ရှောင်ယွီ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

တိစစ်ထျန်းက...

"လောကမှာ ဖြစ်ပျက်နေသမျှ ဘာမှ မထူးဆန်းဘူး ၊ ဒါကြောင့်

ပြင်ပလောကအကြောင်း သိဖို့လည်း မလိုဘူး ၊ ပြင်ပလောက

ဆိုတာ ကျုပ်အတွက် အလကားပဲ..."

အခန်း (၈၅၈) နတ်ဘုရားထောင်ချောက်ဓား

ထိုအချိန်မှာပင် ကောင်းကင်ထက်မှ ရေစင်ကဲ့သို့ အလင်းတန်း များ ဖြာကျလာလေသည်။

တိစစ်ထျန်း၏နန်းတော်ခန်းမဆောင်ထဲတွင် ဝိညာဉ်စွမ်းအား များ ချက်ချင်းပင် မြင့်တက်လာသည်။

အလင်းတန်းများက ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကို ဖုံးလွှမ်းသွားပြီး ခန်းမတစ်ခုလုံးမှာ အရိပ်ပင် မမြင်ရလောက် အောင် လင်းထိန်တောက်ပသွားလေသည်။

တိစစ်ထျန်း၏မျက်နှာက တည်ကြည်လေးနက်နေလေ၏။

တိစစ်ထျန်းက သူ၏ နန်းတော်အတွင်းမှ ပြင်ပလောကသို့ တစ် ဖဝါးပင်ခြေမချသည်မှာ နှစ်ပေါင်းတစ်သောင်းကျော်ကြာခဲ့ပြီ

ဖြစ်သည်။ သူ၏ ကျင့်ကြံခြင်းအဆင့် မည်မျှမြင့်မားသည်ကို မည်သူမှ မသိနိုင်ပေ။ သူ၏ ဝိညာဉ်စွမ်းအားသည်လည်း အထွတ်ထိပ်အဆင့် ရောက်ရှိနေပြီ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ (၂)ယောက်ပေါင်းပြီး တိုက်ခိုက်ပါက တိစစ်ထျန်းအနေဖြင့် သူတို့ (၂)ယောက်ကို အနိုင်ယူနိုင်မည် မဟုတ်ပေ။ ထို့ပြင်... သူက ဗုဒ္ဓကိုပေးထားသည့် ကတိကိုလည်း မဖျက်လိုပေ။

ထို့ကြောင့် သူက ဗုဒ္ဓကိုပေးထားသည့် ကတိကိုလည်း မဖျက်ချင်သလို သူ့ရှေ့မှ နတ်ဘုရား (၂)ပါးကိုလည်း တိုက်ခိုက်လိုစိတ်မရှိပေ။

ဆန်းလျန်က တိစစ်ထျန်း၏ သဘောထားကို ချက်ချင်း ရိပ်မိသွားလေသည်။

ဆန်းလျန်က...

"အနှောက်အယှက်ပေးမိပြီ..."

ဟု ပြောလိုက်သည်။

ထို့နောက်... သူက ကျောက်ရှောင်ယွီ၏ လက်များကို အသာ ဆုပ်ကိုင်လိုက်ပြီး ခန်းမဆောင်အတွင်းမှ အေးဆေးစွာပင် ထွက်ခွာသွားလေတော့သည်။

ထိုအခါမှ... တိစစ်ထျန်းက စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်ပြီး ကျမ်းစာတစ်ပုဒ်ကို ရွတ်ဖတ်လိုက်လေသည်။

တိစစ်ထျန်းရွတ်ဖတ်လိုက်သည့် ကျမ်းစာမှ စာလုံးတစ်လုံးချင်းစီသည် ဆန်းလျန်နှင့် ကျောက်ရှောင်ယွီ၏ နှလုံးသားထဲတွင် အမှတ်အသားတစ်ခုအလား စွဲထင်သွားလေသည်။

တိစစ်ထျန်းရွတ်ဖတ်လိုက်သည့်ကျမ်းစာမှာ အော်မီတော်ဖူဘုရား၏ အမိတ္တာဘဟကျမ်းစာပင် ဖြစ်လေသည်။

ထိုကျမ်းစာသည်...

"တစ်ခါက ကြားသိခဲ့ရသည်မှာ..."

ဆိုသည့် စကားဖြင့် အစပြုပြီး ...

"လောကတစ်ခုလုံးရှိနတ်လူသတ္တဝါအားလုံး ဗုဒ္ဓ၏တရားတော်ကြောင့် စိတ်နှလုံးအေးချမ်းကြပါစေ..."

ဆိုသည့်စကားဖြင့် အဆုံးသတ်လေသည်။

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီသည် တိစစ်ထျန်း၏ ကျမ်းစာဖတ်သံကိုနားထောင်ရင်း ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာလာခဲ့ကြလေသည်။

မာဂဓတိုင်း၏ ကောင်းကင်သည် လေပြင်းများတိုက်ခတ်နေပြီး ထိုလေပြင်းများသည် မှော်ဝင်ဓားများအလား စူးရှထက်မြက်လျှက်ရှိလေသည်။

ထိုလေပြင်းများကို ခံစားရပါက မည်သည့်နတ်ဘုရားမဆို စိတ်အနှောက်အယှက်ဖြစ်ကြရမည်ဖြစ်ပြီး သာမန်လူသားများဆိုလျှင်တော့ ထောင်ပေါင်းများစွာသော ဓားသွားများဖြင့် ထိုးနှက်ခံရသည့်အလား ခံစားကြရမည်ဖြစ်လေသည်။

ကျောက်ရှောင်ယွီက နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...
"ဆန်းလျန်... ရှင်က ထူးခြားတဲ့လူတစ်ယောက်ပါ၊ သုခဘုံကို ရှင်သွားနိုင်မှာပါ..."
ဆန်းလျန်က...
"ကျုပ်လည်း အရင်ကတော့ သုခဘုံကို သွားနိုင်မယ်လို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ အရှင်အိန္ဒြကြ ကျုပ်ထင်ထားသလိုမဟုတ်ဘူး၊ အရင်က ဘယ်လောက်ဆိုးတဲ့အလုပ်တွေလုပ်ခဲ့ပါစေ အခု သူက သန့်စင်တဲ့ ကျင့်ကြံသူတစ်ယောက်ဖြစ်နေခဲ့ပြီ၊ ပြင်ပလောကနဲ့ လုံ၀အဆက်အသွယ်မလုပ်တော့ဘူး၊ ဒီတော့ ကျုပ်တို့ သူ့ကို လေးစားသင့်တယ်၊ အမှန်ဆို ကျုပ်တို့ သူ့ကို လာတောင်မတွေ့သင့်ပါဘူး..."
ကျောက်ရှောင်ယွီက...
"ဒါပေမဲ့ သူ့ကိုလာတွေ့လိုက်တော့လည်း အမိတ္တာဘဟာကျမ်းစာကို သိခွင့်ရလိုက်တာပေါ့..."

ဆန်းလျှန်၏ နှလုံးသားထဲတွင် အမိတ္တဘာဟကျမ်းစာက ရေစင်အလား စီးဆင်းနေလေသည်။

ထို့အတူ သူက အရှင်အိန္ဒြေကြောင်းကို စဉ်းစားနေမိသည်။ အရှင်အိန္ဒြေသည် ပြင်ပလောကကို ဖယ်ခွာပြီး နှစ်ပေါင်းတစ်သောင်းကြာအောင် ကျင့်ကြံမှု ပြုလုပ်ခဲ့သည့်တိုင် တကယ်တမ်း ဘေးအန္တရာယ်ကပ်ဆိုးကြီး ကျရောက်လာသည့် အချိန်တွင် သူ့အနေဖြင့် လွတ်လမ်းမရှိနိုင်ပေ။ ထိုအချက်ကို သူကိုယ်တိုင်လည်း သိရှိထားဟန် တူလေ၏။ သို့သော်... အရှင်အိန္ဒြေသည် သူရွေးခြယ်သည့်လမ်းကို လက်ခံထားဟန် ရှိလေသည်။

ထို့ပြင်... သူလုပ်ခဲ့သည့်အမှားများအတွက် ထိုသို့နေထိုင်ခြင်းကသာ သူ့ဘဝ၏ နောက်ဆုံးအချိန်တွင် စိတ်သက်သာရာရနိုင်မည် ဖြစ်လေသည်။

ထိုအချက်ကို သိလိုက်သည့်အတွက် ဆန်းလျန်က အရှင်အိန္ဒြေကြီး အနောက်အယှက်မပေးတော့ဘဲ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ ထို့ပြင်... အရှင်အိန္ဒြေအတွက်လည်း သူ့အနည်းငယ် စိတ်မကောင်း ဖြစ်နေမိသည်။

သို့သော်... ကျောက်ရှောင်ယွီ ပြောသည်မှာ မှန်လေသည်။ အရှင်အိန္ဒြေနှင့် လာရောက်တွေ့ဆုံခြင်းကြောင်း ဆန်းလျန်ရရှိခဲ့သည့် အကြီးမားဆုံး အကျိုးကျေးဇူးမှာ အော်မီတော်ဖူဘုရား၏ အမိတ္တာဘဟကျမ်းစာကို သိရှိခဲ့ရခြင်း ဖြစ်လေသည်။

ဆန်းလျန်၏ စိတ်ထဲတွင် သားသတ်သမား၏ဓားသွားပမာ အမြစ်တွယ်နေသည့် မိစ္ဆာစွမ်းအားများသည် အမိတ္တာဘဟကျမ်းစာကို ကြားလိုက်ရသည့်အချိန်တွင် အားလုံး လွင့်ပြယ်ပျောက်ပျက်သွားခဲ့လေသည်။

ဆန်းလျန်၏ စိတ်အစဉ်သည် တဖြည်းဖြည်း ကြည်လင်လာလေသည်။

ထိုအခါ မာဂဓတိုင်း၏ မိုးကောင်းကင်ထက်တွင် တိုက်ခတ်နေသည့် ဓားသွားပမာ လေပြင်းများသည် တဖြည်းဖြည်း ငြိမ်သက်သွားကာ လေပြေးလေးပမာ ပြောင်းလဲသွားတော့သည်။

ဆန်းလျန်၏ အင်္ကျီစများသည် လေထဲတွင် လွင့်ပျံလျှက် ရှိလေသည်။

လက်ရှိအချိန်တွင် စကြာဝဠာထက် ကျယ်ပြန့်သည့်အရာတစ်ခု ရှိသည်ဆိုလျှင် ထိုအရာသည် ဆန်းလျန်၏ စိတ်နှလုံးပင် ဖြစ်လေတော့သည်။

ဆန်းလျန်၏ နှလုံးသားထဲတွင် ဖန်မီးအိမ်တစ်ခု ထွန်းလင်းတောက်ပလာပြီး သူ၏ ဝိညာဉ်ကလည်း လင်းလက်လာလေသည်။ ထိုဖန်မီးအိမ်မှာ ပညာမီးအိမ်ပင် ဖြစ်လေသည်။

ပညာသည် လောကတစ်ခုလုံးရှိ မသိမှု ၊ အဝိဇ္ဇာအမိုက်အ

မှောင်များအာလးုံးကို ဖယ်ရှားနိုင်စွမ်းရှိလေသည်။ ထို့အတူ

ဆန်းလျန်၏ နှလုံးသားထဲမှ မသန့်စင်မှုများကိုလည်း ဖယ်ရှား

ပစ်နိုင်စွမ်း ရှိလေသည်။

ကျောက်ရှောင်ယွီသည် ဆန်းလျန်ကို တအံ့တသြဖြင့် ငေး

ကြည့်နေမိလေသည်။

အဘယ်ကြောင့်ဆိုသော် သူ့ရှေ့မှ ဆန်းလျန်သည်

တဖြည်းဖြည်းနှင့် ငယ်ရွယ်သွားပြီး အသက် (၁၆)နှစ်ပမာ

ထင်မှတ်ရလေသည်။ သူ၏မျက်ဝန်းများက နူးညံ့နေပြီး

မျက်နှာက ကြည်လင်သန့်စင်နေလေသည်။

ကျောက်ရှောင်ယွီမှာ ဆန်းလျန်နှင့် ပထမဆုံးအကြိမ် ဆုံတွေ့

ခွင့်ရခဲ့သည့်အချိန်များကို ပြန်လည် အမှတ်ရလာမိသည်။

ဆန်းတုမြို့တော် ၊ မြောက်ပိုင်းကန်သာယာမှ ချွေးယွင်ထိုင်တွင် သူမနှင့် ဆန်းလျန် ပထမဆုံး တွေ့ဆုံခဲ့ကြခြင်း ဖြစ်လေသည်။

ထိုနေ့ညက...

လရောင်သည် မြောက်ပိုင်းရေကန်ထက်သို့ ဖြာကျနေပြီး ကြယ်စင်များကလည်း လင်းလက်တောက်ပလျှက်ရှိလေသည်။

ထိုနေ့ညက...

ဆန်းလျန်နှင့် သူမ ပထမဆုံး တွေ့ဆုံခဲ့ကြပြီး ထိုအချိန်မစတင်က သူမ တစ်ဘဝလုံး ဆန်းလျန်ကို ချစ်ခင်မြတ်နိုးခဲ့ရခြင်း ဖြစ်လေသည်။

ထိုအချိန်က... ဆန်းလျန်သည် လွတ်လပ်သည့် လူငယ်ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး သူမအပေါ်တွင်လည်း စိတ်ဝင်စားမှု လုံးလုံး မရှိခဲ့ပေ။

သူမကလည်း ထိုလူငယ်လေး ဆန်းလျန်ကို ချစ်မိသွားလိမ့်မည်ဟု တစ်ခါမှ တွေးမထားခဲ့ဖူးပေ။

"ဘာလဲ...ကျုပ်က အဲဒီအချိန်ကနဲ့ မတူတော့ဘူးလား ၊ ဘာတွေများပြောင်းလဲသွားလို့လဲ..."

ဆန်းလျန်က ကျောက်ရှောင်ယွီကို မျက်ခုံးပင့်ကာ တစ်ချက်ကြည့်လိုက်ရင်း စကားဆိုလိုက်သည်။ သူ၏နှုတ်ခမ်းများကတော့ တောက်ပသည့်အပြုံးများကို ဆင်မြန်းထားလေသည်။

ကျောက်ရှောင်ယွီက ဆန်းလျန်၏နဖူးပြင်ထက်ဆီ ခပ်ဖွဖွတစ်ချက် တောက်လိုက်ရင်း...

"အရင်ကအတိုင်း ခပ်တုံးတုံးပဲ..."

ကျောက်ရှောင်ယွီ၏ စကားကြောင့် ဆန်းလျန်က ရယ်မောလိုက်လေသည်။

ထို့နောက်… သူတို့ (၂)ယောက် ကောင်းကင်ထက်တွင်

တင်ပျဉ်ခွေထိုင်လိုက်ကြပြီး အဝေးဆီမှ နဂါးငွေ့တန်းကို ငေး

မောကြည့်ရှုနေခဲ့ကြလေသည်။

ချစ်ရသူနှင့်သာဆိုလျှင်…. နဂါးငွေ့တန်းဆီမှ ကြယ်စင်

များသည်လည်း ပို၍ပင် အသက်ဝင်တောက်ပနေမည်မှာ အမှန်

ပင်။

………….

လရောင်အောက်တွင် ….

အလင်းတန်း (၂)ခု ရှေ့ဆင့်နောက်ဆင့် ပြေးလွှားနေလေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် ထိုအလင်းတန်း (၂)ခုသည်

တောတောင်ရေမြေများစွာကို ဖြတ်သန်းလာခဲ့ကြလေသည်။

အချိန်မည်မျှ ကြာသွားသည်မသိပေ။

အလင်းတန်းတစ်ခုက တောင်ကုန်းတစ်ခုထက်သို့ ဆင်းသက်

လိုက်လေသည်။ ထိုအခါ တောင်ကုန်းထက်တွင် လှပသည့်

နတ်သမီးတစ်ပါး ပေါ်လာလေ၏။

ထိုနတ်သမီးမှာ ထိုက်ယင်းနတ်သမီးပင် ဖြစ်လေသည်။

နောက်ထပ်အလင်းတန်းတစ်ခုကလည်း သူမနှင့် မနီးမဝေးတစ်နေရာတွင် ဆင်းသက်ရပ်တန့်လိုက်သည်။ ထိုသူမှာ ဝမ်ရှီတောက် ဖြစ်လေ၏။

ထိုက်ယင်းနတ်သမီးက...

"ရှင် ကျွန်မနောက် ဘာလို့ လိုက်လာရတာလဲ..."

ဝမ်ရှီတောက်က...

"ဒီက နတ်သမီးက ကွမ်ဟန်နန်းတော်က လူ့လောကကို ဆင်းလာတာလား..."

ကွမ်ဟန်နန်းတော်ဆိုသည်မှာ မရှိမှုကျေးရွာတွင် လနတ်သမီးချန်ဝေါ် (ဟန်အယ်) ဖွင့်လှစ်ခဲ့သည့် နတ်ဘုရားနယ်မြေတစ်ခုဖြစ်လေသည်။ ထိုနေရာသည် တကယ့်နတ်ဗိမာန်အလားသာယာလှပလွန်းသည်ဟု အဆိုရှိကြသည်။

လနတ်သမီချန်ဝေါ်သည် အလွန်အဆင့်မြင့်သည့် ကျင့်ကြံသူ တစ်ယောက်ဖြစ်ပြီး သူမ၏ တန်ခိုးစွမ်းအားများသည် ကျန့် ယွမ်ကျီနတ်မင်းကြီးထက် မသာလျှင်တောင် မလျော့ပေ။ အကယ်၍လနတ်သမီးချန်ဝေါ်၏ ခင်ပွန်းဖြစ်သည့် လေးသည် တော်တာ့ယိသာရှိနေဦးမည်ဆိုလျှင် တာ့ယိနှင့် ချန်ဝေါ်(ဟန် အယ်)တို့နှစ်ယောက်၏ တန်ခိုးစွမ်းအားပေါင်းစပ်မှုကို မိုးနတ် မင်းသည်ပင်လျှင် ရင်ဆိုင်ဝံ့မည် မဟုတ်ပေ။

ဝမ်ရှီတောက်ကြားဖူးထားသည့် ဒဏ္ဍာရီတစ်ခု ရှိလေသည်။ ဒုတိယမိုးနတ်မင်း တန်ခိုးစွမ်းအား မြင့်မားစဉ်ခေတ်ကာလ တုန်းက ဒုတိယမိုးနတ်မင်းက လက်ထပ်ခွင့် တောင်းခဲ့ဖူးလေ သည်။ သို့သော်... ချန်ဝေါ်က လက်မခံဘဲ ငြင်းပယ်ခဲ့လေ သည်။

သို့သော်... ဒုတိယမိုးနတ်မင်းက လနတ်သမီးချန်ဝေါ်(ဟန်အယ်)ကို တန်ခိုးအာဏာအသုံးပြုကာ အတင်းအဓမ္မသိမ်းပိုက်ရန် ကြံစည်ခဲ့ဖူးသည်။

ထို့ကြောင့် ချန်ဝေါ်သည် မိုးနတ်မင်း၏လက်မှ လွတ်မြောက်ရန်အတွက် ကွမ်ဟန်နန်းတော်တံခါးကို ထာဝရအလုံပိတ်ထားခဲ့လေသည်။

ထိုအကြောင်းများကြောင့်ပင် နောက်ပိုင်း ဒုတိယမိုးနတ်မင်းကျဆုံးရန် လုပ်ကြံတိုက်ခိုက်မှုများတွင် ချန်ဝေါ်သည်လည်းပါဝင်ပတ်သက်နေခဲ့သည်ဟု ဆိုကြလေသည်။

ထိုက်ယင်းနတ်သမီးက...

"ရှင်က ဘာဖြစ်ချင်တာလဲ..."

ဝမ်ရှီတောက်က...

"ကျုပ်ဝမ်ရှီတောက်က ထိုက်ယင်းနတ်သမီးဆီကနေ လနတ်သမီးချန်ဝေါ်ရဲ့ ထိုက်ယင်းလမ်းစဉ်ကို သိချင်လို့ပါ..."

ထိုက်ယင်းနတ်သမီးက နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"ရှင်က ဘာကိစ္စ ကျွန်မကို လာမေးနေရတာလဲ..."

ဝမ်ရှီတောက်က တိုးတိတ်သည့်လေသံဖြင့်...

"နောက်ပိုင်းမျိုးဆက်သစ်ကျင့်ကြံသူတွေ မသိနိုင်ကြတဲ့

လျှို့ဝှက်ကျင့်စဉ်တွေ လောကမှာ အများကြီး ရှိပါတယ်၊ အဲဒါ

နတ်သမီးကများ သဘောထားကြီးကြီးနဲ့ ကျုပ်ကို သင်ပြပေး

နိုင်မလားလို့ပါ..."

ထိုက်ယင်းနတ်သမီးက မျက်လုံးများကို တစ်ချက်

ကျဉ်းမြောင်းလိုက်ပြီး...

"ရှင်က ဘာတွေတွေးနေတာလဲ၊ ရှင်က ဘယ်သူလဲ..."

ဝမ်ရှီတောက်က...

"ကျုပ်က ဆရာလုကျိုးယွမ်ရဲ့တပည့် ဝမ်ရှီတောက်ပါ..."

ထိုက်ယင်းနတ်သမီး၏ မျက်ဝန်းများ လက်ခနဲ တစ်ချက်

တောက်ပသွားပြီး...

"နတ်ဘုရားထောင်ချောက်ဓားချက်နဲ့ သေခဲ့ရတဲ့ လုကျိုးယွမ်

လား..."

ဝမ်ရှီတောက်၏မျက်ဝန်းများထဲတွင် နာကျည်းရိပ်များ

ထင်ဟပ်လာလေသည်။

"ဟုတ်ပါတယ်..."

ထိုက်ယင်းနတ်သမီးက...

"ရှင်က လနတ်သမီးချန်ဝေါ်ရဲ့ ထိုက်ယင်းလမ်းစဉ်ကို နားလည်

သွားတာနဲ့ အချိန်ရေစီးကြောင်းရဲ့ သဘောတရားကို နားလည်

မယ်လို့များ ထင်နေသလား ၊ ရှင့်ကိုယ်ရှင် ဆန်းလျန်ထျန်းကျွ

င်းလောက် တော်တယ်များ ထင်နေသလား..."

"ဆန်းလျန်ထျန်းကျွင်း" ဆိုသည့် အမည်ကိုကြားသည်နှင့် ဝမ်ရှီ

တောက်မှာ စိတ်ရှုတ်ထွေးသွားရလေသည်။

ဝမ်ရှီတောက်က...

"အဲဒီလူကိုတော့ ကျုပ်ဘယ်လိုမှ မယှဉ်နိုင်ပါဘူး ၊ ဒါပေမယ့် ဒီလူက လရောင်ခြည်ကျင့်စဉ်ကိုကျင့်ကြံပြီး အချိန်ကို အချိန်ကို နောက်ပြန်လှည့်ပြီး အတိတ်ကို ဖြတ်တောက်ဖို့ ကြိုးစားခဲ့တယ် ၊ နောက်ပိုင်းမျိုးဆက်သစ်ကျင့်ကြံသူတွေမှာ သူ့လောက်တော်တဲ့သူ မရှိနိုင်ပါဘူး ၊ ဒါပေမဲ့ နှစ်ပေါင်းတစ်သောင်းကျော်ကြာခဲ့ပြီးတဲ့နောက် ကျုပ်က အချိန်စီးကြောင်းအကြောင်းကို နည်းနည်းပါးပါး နားလည်ချင်မိတာပါ..."

ထိုက်ယင်းနတ်သမီးက....

"ရှင်ပြောတာမှန်ပါတယ် ၊ ဒီလိုလုပ်... ၊ ရှင် ကျွန်မကို လုကျိုးယွမ်ရဲ့ ဝိညာဉ်အကြွင်းအကျန်တွေရှိတဲ့နေရာကို ခေါ်သွားပေးပါ ၊ ဒါဆိုရင် ရှင့်ကို ထိုက်ယင်းလမ်းစဉ်အကြောင်း နည်းနည်းပြောပြမယ်..."

ဝမ်ရှီတောက်က...

"နတ်သမီးက ဘာလို့ ဆရာ့ရဲ့ ဝိညာဉ်အကြွင်းအကျန်တွေကို တွေ့ချင်ရတာလဲ..."

ထိုက်ယင်းနတ်သမီးက...

"နတ်ဘုရားထောင်ချောက်ဆားက အရမ်းနာမည်ကြီးတယ်၊ ဒါကြောင့် ဘယ်လောက်အစွမ်းထက်လဲဆိုတာ ကျွန်မ သိချင်တယ်၊ လုကျိုးယွမ်ရဲ့ ဝိညာဉ်အကြွင်းအကျန်တွေကိုသာ တွေ့ခွင့်ရရင် အဲဒီဝိညာဉ်ပေါ်က နတ်ဘုရားထောင်ချောက်ဆားရဲ့ အမှတ်အသားကိုတွေ့နိုင်မယ်လေ၊ ဒါဆို အဲဒီဆား ဘယ်လောက်အစွမ်းထက်လဲဆိုတာ ကျွန်မ ခန့်မှန်းနိုင်လိမ့်မယ်..."

ဝမ်ရှီတောက်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကောင်းပါပြီ၊ နတ်သမီးကို ဆရာ့ဆီ ခေါ်သွားပေးပါ့မယ်..."

ထိုက်ယင်းနတ်သမီးက တည်ငြိမ်သည့်လေသံဖြင့်...

"ဒါဖြင့်လည်း သွားကြရအောင်..."

ထိုက်ယင်းနတ်သမီးက လုကျိုးယွမ်၏ ဝိညာဉ်အကြွင်းအကျန်များကို တွေ့မြင်လိုသည်မှာ အကြောင်းရှိလေသည်။ သူမသာ နတ်ဘုရားထောင်ချောက်ဓား၏အမှတ်အသားကို တွေ့မြင်လိုက်ရပါက နတ်ဘုရားထောင်ချောက်ဓား၏ မရဏလမ်းစဉ်ကိုလည်း သိရှိနိုင်မည် ဖြစ်လေသည်။ ထိုအခါ သူမ ကျင့်ကြံနေသည့် ထိုက်ယင်းဓားသိုင်းသည်လည်း ထိပ်ဆုံးအဆင့်သို့ တက်လှမ်းနိုင်မည် ဖြစ်သည်။

ဝမ်ရှီတောက်က ထိုက်ယင်းနတ်သမီးကို သူနေထိုင်ရာ ကျီးကျီကျိုက်ရှေးဟောင်းပစ္စည်းအရောင်းဆိုင်သို့ ခေါ်ဆောင်လာခဲ့လေသည်။

"ကျီးကျီကျိုက်" ဆိုသည့်စာလုံးများကို ထိုက်ယင်းနတ်သမီးက သေသေချာချာ ကြည့်လိုက်မိသည်။

ထို "ကျီးကျီကျိုက်" ဆိုသည့် စာလုံးများတွင် အသိဉာဏ်ပညာနှင့် ဝိညာဉ်စွမ်းအားများ စီးဆင်းနေလေသည်။ မိုးမြေနိယာမတရားများနှင့်လည်း ပြည့်ဝလျှက် ရှိလေသည်။

အားထီမော့က လုဖေးကို စောင့်ရှောက်ရင်း ကျီးကျီကျိုက်ဆိုင်ထဲတွင် ရှိနေလေသည်။

အားထီမော့သည် ပညာရှိ စာပေသမားတစ်ယောက် ဖြစ်လေသည်။ သို့သော် လုဖေးနှင့် ယှဉ်လိုက်လျှင် သူသိထားသည့် ပညာမှာ ကလေးသာသာမျှသာ ရှိသေးကြောင်း သဘောပေါက်လိုက်ရသည်။

လုဖေး အမှတ်တမဲ့ ပြောလိုက်သည့်စကားတစ်ခွန်းကပင် နက်ရှိုင်းသည့် အဓိပ္ပါယ်များနှင့် ပြည့်ဝလျှက် ရှိလေသည်။

ထို့ပြင် သူမေးသမျှ စာပေနှင့်ပတ်သက်သည့် မေးခွန်းများကိုလည်း လုဖေးက ဖြေနိုင်လေသည်။

လုဖေးသည် မွေးရာပါ ပါရမီရှင်တစ်ယောက် ဖြစ်လေ၏။

အရင်တုန်းက မေ့ရာပါ ပါရမီပါသည်ဆိုသူများကို အားထီ မော့ အယုံအကြည်မရှိခဲ့ပေ။ သို့သော်... လုဖေးကို တွေ့ပြီး သည့်နောက် သူ ယုံကြည်သွားခဲ့ပြီ ဖြစ်လေသည်။

"ညီလေးလု ဒီလောက်တော်တာ ၊ ဘာလို့ ကျင့်စဉ်လမ်းကို မ လိုက်ရတာလဲ..."

ထိုမေးခွန်းကို အားထီမော့ မမေးဘဲ မနေနိုင်ခဲ့ပေ။

သို့သော်... လုဖေးပြန်ဖြေသည့်အဖြေက ရိုးရှင်းလေ၏။

"ကျွန်တော့်မှာ ကျင့်ကြံနိုင်တဲ့ စွမ်းအားမရှိလို့ပါ..."

အားထီမော့မှာ လုဖေးအတွက် စိတ်မကောင်း ဖြစ်သွားမိလေ သည်။

လုဖေးက ပါရမီရှင်တစ်ယောက်ဖြစ်လေရာ ကျင့်စဉ်လမ်းကို လိုက်မည်ဆိုလျှင်လည်း အဆင့်တစ်ခုအထိတော့ ကျိန်းသေ အောင်မြင်မှုရမည်ပင်ဖြစ်သည်။

သို့သော်... နှမျောစရာကောင်းသည့်အချက်မှာ လုဖေးသည်မိုး

မြေစွမ်းအားများကို စုပ်ယူပြီး ကျင့်ကြံနိုင်စွမ်း မရှိပေ။

တန်ခိုးစွမ်းအားမြင့်မားသည့် ဝမ်ရှီတောက်သည်ပင် လုဖေး၏

ခန္ဓာကိုယ်တွင် ဖြစ်နေသည့် အားနည်းချက်ကို ပြုပြင်

ပြောင်းလဲပေး၍ မရနိုင်ခဲ့ပေ။

ညအမှောင်ထဲတွင် အားထီမော့နှင့် လုဖေးတို့ စကားပြောနေကြ

သည်မှာ နံနက်အရုဏ်တက်ချိန်ပင် ရောက်လုပြီ ဖြစ်လေ

သည်။

သို့သော်... ထိုအချိန်ထိ ဝမ်ရှီတောက် ပြန်လာခြင်း မရှိသေး

ပေ။ အားထီမော့မှာ စိတ်ပူစ ပြုလာပြီ ဖြစ်လေသည်။ သူက ဝ

မ်ရှီတောက်မှာကြားခဲ့သည့်အတိုင်း ဝမ်ရှီတောက်ပြန်မလာမ

ချင်း လုဖေးကို စောင့်ရှောက်ပေးရမည် ဖြစ်လေသည်။

ထိုအချိန်မှာပင်...

ဝမ်ရှီတောက်ပြန်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ဝမ်ရှီတောက်နှင့်အတူ အလွန်ချောမောလှပသည့် မိန်းမပျိုတစ်ယောက်လည်း ပါလာလေသည်။

သို့သော်... မိန်းမပျို၏မျက်ဝန်းများက ရေခဲတမျှ အေးစက်နေသည့်အတွက် အားထီမော့သည့် မိန်းမပျိုကို တစ်ချက်ပင် မကြည့်ရဲခဲ့ပေ။

မိန်းမပျိုက အားထီမော့ကို တစ်ချက်စိုက်ကြည့်လိုက်လေရာ အားထီမော့မှာ စိတ်ဝိညာဉ်ရော ရုပ်ခန္ဓာပါ အေးခဲသွားရလေသည်။ ထူးဆန်းသည့် ရေခဲအလွှာပါးလေးက သူ၏ခန္ဓာကိုယ်ကို ဖုံးကာထားလိုက်လေတော့သည်။

ဝမ်ရှီတောက်မှာ အံ့သြသွားသော်လည်း အားထီမော့ကို မကူညီခဲ့ပေ။ ထိုက်ယင်းနတ်သမီး ထို့ထက်ဆိုးသည့် အပြုအမူမျိုး မပြုလုပ်သည်ကိုပင် ကျေးဇူးတင်ရမည် ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးက အားထီမော့ကို စိတ်ပျက်သလို တစ်ချက်ကြည့်လိုက်ရင်း လုဖေးအနားသို့ လမ်းလျှောက်သွားလိုက်လေသည်။

"ဒီကလေးက ရှင့်ရဲ့ဆရာ လုကျိုးယွမ်လား..."

လုဖေးက ထိုက်ယင်းနတ်သမီးကို တစ်ချက်ကြည့်လိုက်ရင်း...

"ဒီက အစ်မက လပေါ်က ဆင်းလာတဲ့ နတ်သမီးလား..."

ထိုက်ယင်းနတ်သမီးက...

"ဝိညာဉ်စွမ်းအားတော်တော်ကောင်းတာပဲ..."

ထို့နောက် ထိုက်ယင်းနတ်သမီးက ဝမ်ရှီတောက်ကို လှည့်ကြည့်လိုက်ပြီး...

"နတ်ဘုရားထောင်ချောက်ဓားချက်အထိခံရတာတောင် လုကျိုးယွမ် ဘယ်လိုများ အသက်ရှင်သန်နိုင်ခဲ့တာလဲ..."

ဝမ်ရှီတောက်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ချန်ပေသိုက နတ်ဘုရားထောင်ချောက်ဓားကို ကိုင်ပြီး ကျုပ်တို့ ရှမ်ထျန်းနတ်ဘုရားဂိုဏ်းကို ဖျက်စီးဖို့ ရောက်လာခဲ့တာ ၊ ဘယ်သူမှ သူ့ကို မတားဆီးနိုင်ခဲ့ဘူး ၊ ပြီးတော့ အဲဒီအချိန်မှာ လောကကြီးကတစ်ခုလုံးကလည်း စတင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတဲ့ အချိန်လေ ၊ ဒါပေမဲ့ အဲဒီအချိန်တုန်းက ဆရာက ကြာပန်းနီကျင့်စဉ်ကို ကျင့်ကြံထားတဲ့အတွက် အသက်ရှင်သန်နိုင်ခဲ့တာပါ..."

ထိုက်ယင်းနတ်သမီးက...

"ကြာပန်းနီကျင့်စဉ်ဆိုတာ တာအိုဆရာသခင်ထိုက်ယီရဲ့ ကျင့်စဉ် မဟုတ်လား..."

အခန်း (၈၅၉) ဖုံးကွယ်ထားသောအတိတ်

ကြာပန်းနီကျင့်စဉ်မှာ တာအိုဆရာသခင်ထိုက်ယီ၏ ကျင့်စဉ်အမှန်ပင် ဖြစ်လေသည်။

ကြာပန်းနီတန်ခိုးစွမ်းအားဖြင့် တာအိုဆရာသခင်ထိုက်ယီသည် ရန်သူပေါင်းတစ်သောင်းကို အောင်နိုင်ခဲ့လေ၏။

ထိုတန်ခိုးစွမ်းအားကို တာအိုဆရာသခင်ထိုက်ယီသည် (၂)ကြိမ်သာ အသုံးပြုခဲ့ဖူးလေသည်။ သို့သော်... လောကတစ်ခုလုံးကို သိမ့်သိမ့်တုန်အောင် အံ့သြစေခဲ့သည်။တာအိုဆရာသခင်ထိုက်ယီ ထိုတန်ခိုးစွမ်းအားကို အသုံးပြုသည့် အချိန်များကလည်း ကြောက်မက်ဖွယ်ရာ ဖြစ်ရပ်များ ဖြစ်ပျက်နေသည့် အချိန်များ ဖြစ်လေသည်။

သို့သော်... ထိုလျှို့ဝှက်ချက်ကို သိရှိသူ အနည်းငယ်သာ ရှိလေသည်။ ထိုလူအနည်းငယ်များထဲတွင် ထိုက်ယင်းနတ်သမီးလည်း အပါအဝင် ဖြစ်လေ၏။

ဝမ်ရှီတောက်က ခေါင်းညိတ်လိုက်ပြီး...

"နတ်သမီးပြောတာ မှန်ပါတယ်..."

ထိုက်ယင်းနတ်သမီးက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ရှင့်ရဲ့ ကျင့်ကြံခြင်းအဆင့်နဲ့ဆိုရင် ထိုက်ယင်းလမ်းစဉ်အကြောင်းကို သိရရင်တောင်မှ အချိန်ရဲ့ဆန်းကြယ်မှုအတွေအကြောင်းကို ရှင် နားလည်နိုင်မှာ မဟုတ်ဘူး ၊ အခု တာအိုဆရာသခင်ထိုက်ယီရဲ့ ကြာပန်းနီကျင့်စဉ်ကို ကြားရတာလည်း ထူးဆန်းတယ် ၊ ကျွန်မ ဒီကိစ္စတွေကို ဆရာ့ကို ပြောပြပြီး အကြံဉာဏ်တောင်းကြည့်မယ်..."

ဝမ်ရှီတောက်က...

"ကောင်းပါပြီ နတ်သမီး..."

ထိုက်ယင်းနတ်သမီးက အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်လေသည်။

သူမသည် အစဉ်အမြဲ အေးစက်စက်နေတတ်သူဖြစ်လေရာ သူမ၏မျက်နှာထက်တွင် အပြုံးလေးဆင်မြန်းလိုက်သည့်အခါ နွေဦးအချိန်ရောသည့်အခါ ရေခဲများ အရည်ပျော်ကျသွားသည့်အလား ထင်မှတ်ရလေသည်။ ထိုအပြုံးလေးကို မြင်ရသူတိုင်း နွေးထွေးမှုကို ခံစားရမည် ဖြစ်လေသည်။

ထို့နောက် သူမက ကောင်းကင်ထက်သို့ မော့ကြည့်ကာ လက်အုပ်ချီလိုက်ပြီး ဆရာဖြစ်သူ လနတ်သမီးချန်ဝေါ် (ဟန်အယ်) ၏ အမည်ကို စိတ်ထဲမှ ခေါ်ဆိုလိုက်သည်။

ထိုက်ယင်းနတ်သမီး စိတ်အာရုံပို့လွှတ်ဆက်သွယ်မှုသည် ကွမ်ဟန်နန်းတော်ရှိ လနတ်သမီးချန်ဝေါ်ရှိရာသို့ ရောက်ရှိသွားလေသည်။

ကွမ်ဟန်နန်းတော်ထဲတွင် လနတ်သမီးချန်ဝေါ် (ဟန်အယ်) ရှိနေ
လေသည်။
လနတ်သမီးချန်ဝေါ်မှာ အလွန်ကျော့ရှင်းလှပပြီး ရှည်လျား
သည့်ဆံနွယ်များက စီးဆင်းနေသည့်ရေတံခွန်အလား
ဖြောင့်စင်းလှပလွန်းလှလေသည်။ သူမ၏အလှတရားသည်
ကွမ်ယင်မယ်တော်နှင့် ဝန်စူးမယ်တော်တို့ထက်ပင် သာလွန်
လေသည်။
ရုတ်တရက် သူမက ခေါင်းကိုမော့လိုက်ပြီး သူမရှေ့မှ ကြေးမုံ
မှန်ကို ကြည့်လိုက်သည်။
ထိုအခါ ကြေးမုံထက်တွင် ထိုက်ယင်းနတ်သမီးပေါ်လာလေ
သည်။ ထို့နောက် ထိုက်ယင်းနတ်သမီးပျောက်ကွယ်သွားပြီး လု
ဖေး၏ပုံပေါ်လာသည်။
လနတ်သမီးချန်ဝေါ်သည် လုဖေးကို အတန်ကြာ စိုက်ကြည့်နေ
လေသည်။

ထို့နောက် သူမ၏ မျက်ဝန်းများ လက်ခနဲ တစ်ချက်တောက်ပသွားပြီး သူမ၏ မျက်ဝန်းထဲတွင် ဓားတစ်လက် ပေါ်လာလေသည်။

ထိုဓားမှာ ရိုးရှင်းသည့်ဓားတစ်လက်ဖြစ်လေသည်။ မည်သည့် တန်ခိုးစွမ်းအားမှ မရှိသကဲ့သို့ ထင်မှတ်ရသည်။ သို့သော်... ထိုဓားကိုတွေ့မြင်လိုက်ရသည့်အခါ လနတ်သမီးချန်ဝေ၏ မျက်ဝန်းများပင် တစ်ချက်တုန်ခါသွားလေသည်။

အဖြူရောင်ဝတ်ဆင်ထားသည့် နတ်သမီးက ခေါင်းကိုတစ်ချက်ငုံ့လိုက်ပြီး...

"နတ်ဘုရားထောင်ချောက်ဓား ၊ ကြာပန်းနီတန်ခိုးစွမ်းအား ၊ ဒီကျင့်စဉ်နှစ်ခုလုံးက တာအိုဆရာသခင်ကြီးတွေရဲ့ ကျင့်စဉ်တွေပဲ ၊ ဆန်းလျန်... မင်းရဲ့တန်ခိုးစွမ်းအား ဘယ်လောက်ပဲ မြင့်မားပါစေ ၊ မင်းဟာ တာအိုဆရာသခင်ကြီးတွေကိုတော့ ဘယ်ယှဉ်နိုင်မှာလဲ ၊ ဒီတန်ခိုးစွမ်းအားတွေကနေတစ်ဆင့် ခြေရာခံ

ပြီး မင်းဖုံးကွယ်ထားတဲ့အတိတ်ကို သိရအောင် ငါ ကြိုးစား
မယ်..."

လနတ်သမီးချန်ဝေါ်၏ ညာဘက်ရှိ စားပွဲထက်တွင် အနက်
ရောင် သေတ္တာတစ်ခု ရှိနေလေသည်။

ထိုသေတ္တာကို လောင်မြိုက်နေသည့်မီးတောက်တစ်ခုဖြင့် ချိတ်
ပိတ်ထားလေ၏။ လနတ်သမီးချန်ဝေါ်က လက်တစ်ဖက်ကို
ဝှေ့ယမ်းလိုက်ပြီး မီးတောက်ကို အသာအယာဖယ်ရှားလိုက်
သည်။

ထိုသို့ ပြုလုပ်လိုက်သည့်အချိန်တွင် သူမ၏ မျက်ဝန်းများတွင်
ဝမ်းနည်းပူဆွေးမှုများ အထင်းသား ပေါ်လွင်နေသည်ကို တွေ့
မြင်ရမည် ဖြစ်လေသည်။ သူမ၏ ချစ်ရလေသောခင်ပွန်းဖြစ်
သူ လေးသည်တော်တာ့ယိကို သူမ သတိရလိုက်မိသောကြောင့်
ဖြစ်လေသည်။

ထို့နောက် သူမက သေတ္တာလေးကို ဖွင့်လိုက်သည်။

သေတ္တာထဲတွင် ရေကဲ့သို့ ကြည်လင်တောက်ပသည့် ဓားတစ်လက် ရှိနေလေသည်။

"ဒီဓားက ရေစင်ဓားပဲ ၊ တာ့ယိရဲ့နတ်ဘုရားစွမ်းအားတွေကို ဒီဓားထဲမှာ သိမ်းဆည်းထားတယ် ၊ ဒီဓားက အချိန်ရဲ့ အတားအဆီးကို ချိုးဖျက်နိုင်ကောင်းပါရဲ့ ၊ ဒါဆိုရင် အတိတ်က အမှန်တရားတွေကို တွေ့မြင်နိုင်လိမ့်မယ်..."

လနတ်သမီးချန်ဝေါ်ကထိုက်ယင်းနတ်သမီးကို စိတ်စွမ်းအားပို့လွှတ်ကာ စကားပြောလိုက်လေသည်။

ထို့နောက်... သူမက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ အနက်ရောင်သေတ္တာထဲမှ ရေကဲ့သို့ ကြည်လင်နေသည့် ဓားမှာ ပျောက်ကွယ်သွားပြီး လုဖေး၏ရှေ့တွင် ပေါ်လာလေသည်။

ရေစင်ဓားသည် အချိန်ကို ထိုးခွဲကာ ထိုက်ယင်းနတ်သမီးကို လုကျိုးယွမ် တစ်ဖြစ်လဲ လုဖေးပါဝင်ပတ်သက်ခဲ့သည့် အတိတ်တစ်ချိန်ဆီသို့ ပို့ဆောင်ပေးလိုက်လေသည်။

ထိုက်ယင်းနတ်သမီးသည် ကျင့်ကြံခြင့်အဆင့် အလွန်မြင့်မား သူတစ်ယောက်ဖြစ်သည့်တိုင် အနည်းငယ် ကြောက်ရွံ့သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ခန္ဓာကိုယ်သည် များပြားလှစွာသော အလင်းမှုံလေးများအဖြစ် ပြောင်းလဲသွားပြီး မည်သည့်နေရာသို့ ရောက်ရှိသွားမှန်း မသိသောကြောင့် ဖြစ်လေသည်။

အချိန်အတန်ကြာသည့်အခါတွင်တော့ သူမ၏ မျက်ဝန်းမှ အလင်းရောင်တစ်ချက် လင်းလက်လာလေသည်။

သူမ သတိပြန်ဝင်လာသည့်အခါ သူမသည် တောင်တစ်တောင် ထက်သို့ ရောက်ရှိနေလေသည်။

အချိန်က အရုဏ်တက်လုနီးပါး အချိန်ဖြစ်ပြီး ကောင်းကင်တစ်ခွင် မြူခိုးများဆိုင်းလျှက် ရှိလေသည်။

သူမသည် ခြုံများ ၊ မြက်ပင်များ ထူထပ်စွာပေါက်ရောက်နေသည့် တောင်တက်လမ်းလေးပေါ်တွင် ရောက်ရှိနေခြင်း ဖြစ်လေသည်။

မြေကြီးက စိုစွတ်နေသည်ကိုကြည့်ခြင်းအားဖြင့် ညက မိုးသည်းထန်စွာ ရွာသွန်းခဲ့ဟန်တူသည်။ယခုတော့ မိုးဆဲသွားပြီ ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီး၏ အနောက်ဖက်တွင် တာအို ကျောင်းဆောင်တစ်ခု ရှိနေလေသည်။ ထိုတာအို ကျောင်းဆောင် တစ်ခုလုံးက သဘာဝတာအိုတရားများဖြင့် ပြည့်ဝနေပြီး စွဲဆောင်မှုအပြည့်ရှိလေသည်။ အလယ်အလတ် လမ်းစဉ်ကိုထင်ဟပ်စေပြီး လွတ်လပ်မှုကိုလည်း ဖော်ကျူးပြသလျှက် ရှိသည်။

ထိုအချိန်မှာပင်...

လူတစ်ယောက် တောင်ပေါ်သို့ ဖြည်းဖြည်းချင်းတက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုက်ယင်းနတ်သမီးသည် ထိုသူကို တစ်ခါမှ မြင်တွေ့ဖူးခြင်း မရှိပေ။ သို့သော်... ထိုသူ မည်သူဖြစ်သည်ကို သူမ ချက်ချင်းသိလိုက်သည်။ ထိုသူမှာ ဆန်းလျန်ဖြစ်လေ၏။

ဆန်းလျန်၏ ခြေလှမ်းများက လျှင်မြန်ခြင်းမရှိပေ။ သူက တစ်လှမ်းချင်း ခပ်ဖြည်းဖြည်းပင် လမ်းလျှောက်လာခြင်း ဖြစ်လေသည်။ သို့သော်... သူ၏ ခြေလှမ်းတိုင်းက နက်ရှိုင်းသည့် တာအိုလမ်းစဉ်ကို ဖော်ပြနေလေသည်။ ဆန်းလျန်သည် မယုံကြည်နိုင်စရာကောင်းလောက်အောင် ထူးခြားသူတစ်ယောက်ဖြစ်သည်မှာ မငြင်းနိုင်ပေ။

ပေ (၁၀၀)ခန့် အမြင့်သို့ ရောက်သည်နှင့် ဆန်းလျန်သည် လမ်းလျှောက်ခြင်း မရှိတော့ဘဲ လေထဲသို့ လွင့်မျောပျောက်ကွယ်သွားလေသည်။

မျက်စိရှေ့မှ ရုတ်တရက် ဆန်းလျန်ပျောက်ကွယ်သွားသည့်အတွက် ထိုက်ယင်းနတ်သမီး အလွန်အမင်းအံ့အားသင့်သွားမိလေသည်။

သူမ၏အနောက်ဘက်မှ တာအိုကျောင်းဆောင်တံခါးဖွင့်သံကြားလိုက်ရတော့မှ ဆန်းလျန်မှာ တာအိုကျောင်းဆောင်တံခါးဝသို့ ရောက်ရှိနေခြင်းဖြစ်သည်ကို သူမ သိလိုက်ရသည်။

သူမလှည့်ကြည့်လိုက်သည့်အချိန်တွင် ဆန်းလျန်သည် တာအိုကျောင်းဆောင်အတွင်းသို့ ဝင်ရောက်သွားပြီ ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးသည် တာအိုကျောင်းဆောင်တံခါးကို စိုက်ကြည့်နေလေသည်။ဆန်းလျန်ကတော့ တာအိုကျောင်းဆောင်အတွင်းသို့ ဝင်ရောက်သွားပြီ ဖြစ်လေသည်။

တာအိုကျောင်းဆောင်ထဲတွင် အဘိုးအိုတစ်ယောက် ရှိနေလေသည်။ ထိုအဘိုးအိုက ရေနွေးအိုးတည်နေလေ၏။ ရေနွေးအိုးမှ အခိုးအငွေ့များထွက်ပေါ်နေပြီး အခိုးအငွေ့များသည်

ကျောင်းဆောင်အပြင်ဘက်အထိ ထွက်ပေါ်နေလေသည်။
အခိုးအငွေ့များသည် ညအချိန်တွင်လင်းလက်နေသည့်
နဂါးငွေ့တန်းအလား ထင်မှတ်ရလေသည်။
ထို့ပြင် အဘိုးအို၏ပုံစံကလည်း အခိုးအငွေ့များကြားတွင် နတ်
ဘုရားတစ်ပါးအလား အိပ်မက်ဆန်လွန်းလှလေသည်။
ထိုက်ယင်းနတ်သမီးက တာအိုကျောင်းဆောင်တံခါးနားတွင်
အသာရပ်ပြီး အခြေအနေကို အကဲခတ်နေလိုက်သည်။
သူမက အနာဂတ်အချိန်မှ ရောက်ရှိလာပြီး အတိတ်မြင်ကွင်း
များကို တွေ့မြင်နေရသူဖြစ်သည့်အတွက် အဘိုးအိုရော ဆန်း
လျန်မှာ သူမ၏တည်ရှိမှုကို တွေ့မြင်ရမည် မဟုတ်ပေ။
ဆန်းလျန်က အဘိုးအိုအနားသို့ တန်းတန်းမတ်မတ် လျှောက်
သွားလိုက်သည်။
လက်ဖက်ရည်ကြမ်းအိုးမှ အခိုးအငွေ့များသည် ဝိညာဉ်
စွမ်းအားများဖြင့် ပြည့်ဝလွန်းလှလေသည်။ ဆန်းလျန်

ရောက်လာသည်ကိုတွေ့သည့်အခါ အဘိုးအိုက တစ်ချက်

ရယ်မောလိုက်သည်။

ထို့နောက် ဆူပွက်နေသည့် ရေနွေးအိုးထဲမှ

လက်ဖက်ရည်ကြမ်းများကို ရေနွေးကြမ်းခွက် (၃)ခွက်အတွင်း

သို့ ခွဲထည့်လိုက်လေသည်။

သို့သော်... ဆန်းလျန်က လက်ဖက်ရည်ကြမ်းကို ယူသောက်

ခြင်းမရှိသလို အဘိုးအိုကလည်း ဆန်းလျန်ကို

လက်ဖက်ရည်ကြမ်းသောက်ပါရန် ဧည့်ဝတ်ပြုပြောဆိုခြင်း မ

ရှိပေ။

ထိုလက်ဖက်ရည်ကြမ်း (၃)ခွက်ကို အဘိုးအိုက သောက်လိုက်

လေသည်။

လက်ဖက်ရည်ကြမ်းသောက်ပြီးသွားသည်နှင့် အဘိုးအိုက...

"ပထမခွက်က မိုးကိုပူဇော်တာ ၊ ဒုတိယခွက်က မြေကိုပူဇော်

တာ ၊ တတိယခွက်ကတော့ ကျုပ်ကိုယ်တိုင်အတွက်ပဲ..."

ထိုအဘိုးအိုမှာ လုကျိုးယွမ် ဖြစ်လေသည်။

လက်ဖက်ရည်ကြမ်း (၃)ခွက်မှာ မိုးမြေကို ပူဇော်သည့်

ရိုးရာဓလေ့ဖြစ်ပြီး နက်နဲသည့် တန်ခိုးစွမ်းအားများရရှိစေရန်

ပြုလုပ်သည့် ရှေးထုံးဖြစ်လေ၏။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်ရောက်လာမယ်ဆိုတာ ခင်ဗျား သိနေတယ်မဟုတ်

လား..."

လုကျိုးယွမ်က...

"ကျုပ်သေရတော့မယ်ဆိုတာ သိနေခဲ့ပါတယ်၊ ပထမတော့

မင်းလက်ချက်နဲ့ သေရမယ်လို့ ထင်ခဲ့မိတာ၊ ဒါပေမဲ့ မင်း

မဟုတ်ဘူး..."

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အင်း... ကျုပ် မဟုတ်နိုင်ပါဘူး၊ အခု အဓိကနတ်ဘုရား

ကျောင်းတော်ကြီး (၄)ခုမှာ ရွှမ်ထျန်းနတ်ဘုရားဂိုဏ်း တစ်

ဂိုဏ်းပဲ ကျန်တော့တယ်။ ဒါကြောင့် ကျင့်ကြံသူလောကရဲ့ ကံကြမ္မာက ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းအပေါ်မှာ မူတည်နေတယ်။ ပြီးတော့ အဲဒါက ခင်ဗျားသေရမယ့် အဓိက အကြောင်းရင်းပဲ။ ဘာလို့လဲဆိုတော့ အဲဒီလူက ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းကို ဖျက်စီးပစ်ချင်နေပြီလေ..."

လုကျိုးယွမ်က...

"လောကမှာ အနိမ့်အမြင့်အတက်အကျတွေဆိုတာ တွေ့ကြုံရစမြဲပါပဲ။ မိုးကောင်းကင်ရဲ့ ဆန္ဒအတိုင်းပဲပေါ့။ ကျုပ်လည်း ဘာတတ်နိုင်မှာလဲ။ မင်းရဲ့ ချင်းရွှမ်နတ်တံခါးတောင်မှ ပျက်စီးသွားခဲ့ရတာပဲ မဟုတ်ဘူးလား..."

အခန်း (၈၆၀) လင်စန်းတောင်ကိုသွားချင်တယ်ဆိုရင်

ဘယ်တော့မှနောက်ပြန်မလှည့်နဲ့

ဆန်းလျန်၏မျက်နှာထက်တွင် နာကျည်းရိပ်တစ်ခု ဖြတ်ပြေး

သွားသည်ကို လုကျိုးယွမ် တွေ့မြင်လိုက်ရသည်။

ဆန်းလျန်က...

"ခင်ဗျား ဒီအကြောင်းတွေပြောနေစရာ မလိုပါဘူး..."

လုကျိုးယွမ်က...

"မင်းက အခု ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းကို ကာကွယ်ပေးဖို့

ရောက်လာတာလား..."

ဆန်းလျန်က တိုးလျသည့်လေသံဖြင့်...

"သူ့မှာ မရဏာဓား (၄)လက်ရှိတယ်၊ ကျုပ်ကတော့ ကျုပ်

အကြောင်းနဲ့ကျုပ်မို့လို့ သူနဲ့ မတိုက်ခိုက်ချင်ဘူး၊ ဒါပေမဲ့

ခင်ဗျားကို လျှို့ဝှက်ကျင့်စဉ်တစ်ခု သင်ပေးခဲ့မယ်၊ ဒီကျင့်စဉ်

က တာအိုဆရာသခင်ထိုက်ယီရဲ့ ကျင့်စဉ်ပဲ ၊ ကျုပ် ခင်ဗျားကို

ကူညီနိုင်တာ ဒီတစ်ခုပဲရှိတယ်..."

ဆန်းလျန်က စကားဆုံးသွားသည်နှင့် တာအိုကျမ်းစာတစ်ပုဒ်

ကို ရွတ်ဆိုလိုက်လေသည်။

ထိုကျမ်းစာမှာ အလွန်ခက်ခဲသည့်အတွက် ထိုက်ယင်းနတ်သမီး

ပင် သိပ်ပြီး နားမလည်နိုင်ပေ။ သို့သော်... လုကျိုးယွမ်

ကတော့ နားလည်သည့်သဘောဖြင့် ခေါင်းတစ်ညိတ်ညိတ်လုပ်

နေလေသည်။

နောက်ဆုံးတော့ ဆန်းလျန် ကျမ်းစာရွတ်ဖတ်ခြင်း ပြီးဆုံးသွား

လေသည်။

ဆန်းလျန်က...

"ကျုပ် ခင်ဗျားကို တစ်ခုမေးမယ် ၊ လူတစ်ယောက်က သေဆုံး

သွားပြီဆိုရင် ဆက်ပြီးတည်ရှိနေနိုင်ပါဦးမလား..."

လုကျိုးယွမ်က...

"အရင်တုန်းက အဲဒီလိုလူမျိုး တစ်ယောက်မှာ မရှိခဲ့ဘူး..."

ဆန်းလျန်က ခေါင်းညိတ်လိုက်သည်။ထို့နောက် ခေါင်းကို ခါယမ်းလိုက်ပြန်သည်။

ပြီးမှ...

"ကျုပ်တို့ နောက်မှ ထပ်ဆုံကြတာပေါ့..."

ထို့နောက် ဆန်းလျန်သည် တာအိုကျောင်းဆောင်လေးအတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။ထိုက်ယင်းနတ်သမီးက ဆန်းလျန်နောက်သို့ အမြန်လိုက်သွားလေသည်။

ထိုအချိန်မှာပင်...

ရွှမ်ထျန်းနတ်ဘုရားဂိုဏ်းကို ကာကွယ်ထားသည့်အရံအတားနေရာမှာ အက်ကွဲသွားလေသည်။

သူမလှည့်ကြည့်လိုက်သည့်အခါ အရံအတားအက်ကွဲကြောင်းမှ ပြင်းထန်သည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

ထို့နောက် ဓားနတ်ဘုရားတစ်ပါးပေါ်လာလေသည်။ထိုဓားနတ်ဘုရား၏ ကျောတွင် မရဏဓား (၄)လက်ကို လွယ်ထားသည်။

ထိုဓားနတ်ဘုရားမှာ တစ်ချိန်က ဆန်းလျန်ကို ရှုံးနိမ့်ခဲ့ဖူးသည့် ကျုန်းစန်းတောင်သခင် "ချန်ပေသို" ပင် ဖြစ်လေသည်။

ချန်ပေသိုက မရဏဓား (၄)လက်မှ ဓားတစ်လက်ကို ဆွဲထုတ်လိုက်လေသည်။ ထိုဓားမှာ နတ်ဘုရားထောင်ချောက်ဓားပင် ဖြစ်လေသည်။

ချန်ပေသိုက နတ်ဘုရားထောင်ချောက်ဓားဖြင့် လုကျိုးယွမ်ကို စတင်တိုက်ခိုက်လိုက်လေသည်။

လုကျိုးယွမ်နှင့် ချန်ပေသို၏တိုက်ပွဲမှာ အလွန်ပြင်းထန်လေရာ ရှွမ်ထျန်းနတ်ဘုရားဂိုဏ်းတစ်ခုလုံး ပျက်စီးသွားပြီး တပည့်များလည်း များစွာ သေကြေပျက်စီးကုန်ကြလေသည်။

နောက်ဆုံးတော့ လုကျိုးယွမ်က ဆန်းလျန်သင်ပေးခဲ့သည့် တာအိုကျင့်စဉ်ဖြစ်သည့် ကြာပန်းနီကျင့်စဉ်ကို အသုံးပြုကာ နတ်

ဘုရားထောင်ချောက်ဓားကို တားဆီးလိုက်ပြီး ဝမ်ရှီတောက်ကို လွတ်မြောက်အောင် ကယ်တင်ပေးလိုက်လေသည်။

ထိုက်ယင်းနတ်သမီးမှာ အဝေးတွင်ရှိနေသည့်တိုင် နတ်ဘုရားထောင်ချောက်ဓား၏ ကြောက်မက်ဖွယ်ရာ မရဏာစွမ်းအားများကို ခံစားလိုက်ရလေသည်။

သူမစိတ်ထဲတွင် မသက်မသာခံစားလိုက်ရပြီး တုန်လှုပ်သွားမိလေသည်။ သို့သော်... သူမက နတ်ဘုရားထောင်ခြောက်ဓားအကြောင်းကို သိမြင်လိုပါက ထွက်သွား၍ မဖြစ်နိုင်ကြောင်း သိရှိသည့်အတွက် တိုက်ပွဲကို ဆက်ပြီး ကြည့်နေခဲ့လေသည်။

"အမှန်ပဲ... ၊ နတ်ဘုရားထောင်ချောက်ဓားကို မင်းလေ့လာချင်တယ်ဆိုရင် ထွက်သွားလို့တော့မဖြစ်ဘူး ၊ မင်းက တကယ့်ကို သတ္တိရှိတဲ့ မိန်းကလေးပဲ..."

သိမ်မွေ့သည့် ယောကျ်ားလေးသံတစ်သံကိုကြားလိုက်ရပြီး ထိုက်ယင်းနတ်သမီး၏နှလုံးသားထဲတွင် လှိုင်းများ ဂယက်ထသွားလေသည်။

သူမက နောက်သို့လှည့်ကြည့်လိုက်ရာ သူမကို ကြည့်နေသည့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။

သူမသည် အနာဂတ်မှ အတိတ်သို့ အချိန်ခရီးသွားသူတစ်ယောက်ဖြစ်ပြီး သူမကို မည်သူမှ တွေ့မြင်နိုင်ခြင်း ရှိမည်မဟုတ်ပေ။ သို့သော် ဆန်းလျန်ကတော့ သူမကို တွေ့မြင်နိုင်နေလေသည်။

ဆန်းလျန်၏မျက်ဝန်းများကလည်း တစ်စုံတစ်ခု ထူးခြားနေပြီး တစ်စုံတစ်ခုကို ပြန်ပြောင်းအမှတ်ရနေသည့်အလား ဖြစ်လေသည်။

ထို့နောက် ဆန်းလျန်၏ မျက်ဝန်းများ တစ်ချက်တောက်ပသွားပြီး ထိုက်ယင်းနတ်သမီး၏ မမြင်တွေ့ရသည့်ဝိညဉ်သည် ဆန်း

လျှန်ရှေ့တွင် လူသားတစ်ယောက်အလား အကောင်အထည်

ပေါ်လာလေသည်။

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"ကျုပ် အချိန်ကိုနောက်ပြန်လှည့်ပြီး လနတ်သမီးချန်ဝေါ်ဆီမှာ

အချိန်အကြာကြီးနေခဲ့ဖူးတယ် ၊ အခု ချန်ဝေါ်ရဲ့ တပည့်ဖြစ်တဲ့

မင်းက အချိန်ခရီးသွားပြီး အနာဂတ်ကနေ အတိတ်ကို

ရောက်လာမယ်လို့ ထင်မထားမိဘူး..."

လောကတွင် အံ့သြစရာ အဖြစ်အပျက်များစွာ ရှိလေသည်။

အရာအားလုံးသည် ဗုဒ္ဓဟောကြားခဲ့သည့် "အကြောင်းနှင့်

အကျိုး" များသာဖြစ်ပြီး ထို "အကြောင်းနှင့်အကျိုး" များသည်

ပင် အမှန်တကယ် အံ့သြဖွယ်ရာ ဖြစ်လေ၏။

ဆန်းလျန်၏ စကားများကြောင့် ထိုက်ယင်းနတ်သမီး

ထိတ်လန့်သွားပြီး...

"ဆန်းလျန်ထျန်းကျွင်း... ရှင်က ဘာဖြစ်ချင်တာလဲ..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဘာမှ မဖြစ်ချင်ပါဘူး ၊ ကျုပ် ဘာဖြစ်ချင်သလဲဆိုတာ ချန်ဝေါ်သိပြီးသားပါ ၊ မင်းသိချင်တယ်ဆိုရင်လည်း ကျုပ်နောက်ကို လိုက်ခဲ့ပြီး ကျုပ်လုပ်တဲ့အလုပ်တွေကို မှတ်ထားပါ ၊ ပြီးရင် ချန်ဝေါ်ကို ပြန်ပြောပြလိုက်ပါ..."

ထိုက်ယင်းနတ်သမီးက ဆန်းလျန်၏ စကားများကို ယုံရခက်နေလေသည်။

သို့သော်... သူမ၏ အဆင့်သည် ဆန်းလျန်နှင့် ယှဉ်လိုက်လျှင် ကလေးနှင့် လူကြီးပမာ ဖြစ်နေလေရာ ဆန်းလျန်ကို အလွန်ကြောက်ရွံ့လျှက်ရှိလေသည်။ အသတ်ခံရတော့မည့်ဝက်များ သားသတ်သမားရှေ့တွင် ကြောက်ရွံ့နေကြသည့်အလား ထိုက်ယင်းနတ်သမီး ကြောက်ရွံ့နေမိလေသည်။

ထို့နောက ်သူမသည် ဆန်းလျန်နောက်သို့ လိုက်လာခဲ့လေသည်။

တစ်ရက်နှင့်တစ်ညတိတိ ဆန်းလျန်နောက်သို့ လိုက်ခဲ့ပြီး

သည့်နောက် သူမက ဆန်းလျန်ကို မေးခွန်းထုတ်လိုက်သည်။

"ကျွန်မတို့ ဘယ်ကို သွားနေကြတာလဲ..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ဒီလောကကြီးက အခုမှ စတင်ပြောင်းလဲလာတာ ၊ ကျုပ်တို့

တွေလျှောက်ကြည့်ကြတာပေါ့..."

ထိုက်ယင်းနတ်သမီးက တစ်စုံတစ်ခုကို သတိရသွားပြီး...

"အခု ကျွန်မ ဘယ်အချိန်ကာလကို ရောက်နေတာလဲ..."

ဆန်းလျန်က...

"မင်းတောင် မမွေးသေးဘူး..."

ထိုက်ယင်းနတ်သမီးက....

"ရှင်က အရာအားလုံးကို သိနေတာပဲ ၊ ဆရာ့ထက်တောင်

တော်နေသေးတယ်..."

ဆန်းလျန်က သူမကို မည်သည့်စကားမှ ပြန်မပြောတော့ပေ။

သူတို့ (၂)ယောက် မြစ်ကမ်းပါးတစ်ခုဘေးတွင် လမ်းလျှောက်လာကြလေသည်။ မြစ်က ကျယ်ပြန့်လွန်းသည့်အတွက် တစ်ဖက်ကမ်းကိုပင် တွေ့မြင်ရခြင်း မရှိပေ။ ထို့ပြင် ဆန်းလျှန်ကလည်း မည်သည့်တန်ခိုးစွမ်းအားကိုမှ အသုံးပြုခြင်းမရှိဘဲ သာမန်လူများကဲ့သို့ လမ်းသာလျှောက်နေခဲ့လေသည်။

မြစ်ရေသည် အချိန်စီးကြောင်းကဲ့သို့ စီးဆင်းနေလေသည်။ နောက်ပြန်လှည့်သည်ဟူ၍ မရှိပေ။

လမ်းလျှောက်လာရင်း မြစ်ထဲတွင် မျောနေသည့် အနီရောင်သစ်ရွက်များကိုတွေ့မြင်လိုက်ရလေသည်။ မြစ်ကမ်းနံဘေးအနီးပတ်ဝန်းကျင်တွင် မေပယ်ပင်များ များစွာပေါက်ရောက်နေသည်ကိုလည်း တွေ့လိုက်ရသည်။

ဆောင်းဦးကာလ မေပယ်ပင်များမှ အနီရောင်သစ်ရွက်များကြွေလွင့်နေသည်ကို မြင်ရသည့်မြင်ကွင်းမှာ မြင်ရခဲသည့်မြင်ကွင်းမျိုး ဖြစ်ပြီး အလွန်မှ လှပလေသည်။

ထိုက်ယင်းနတ်သမီးက...

"ဒီမြစ်က ဘာမြစ်လဲ ၊ ကျွန်မ ဒီနေရာကို တစ်ခါမှ မရောက်ဖူး

ဘူး..."

ဆန်းလျန်က...

"ဒီမြစ်ကို ထုန်ထျန်းမြစ်လို့ခေါ်တယ် ၊ ဒီမြစ်တည်ရှိနေတာ နှစ်

ပေါင်းထောင်ချီကြာခဲ့ပြီ ၊ တစ်ခါမှ ပြောင်းလဲသွားတယ်ဆိုတာ

မရှိခဲ့ဘူး..."

ထိုက်ယင်းနတ်သမီးက မြစ်ရေများကို ငေးစိုက်ကြည့်နေ

ရင်း...

"ဒီမြစ်က ထူးဆန်းလိုက်တာ..."

ဆန်းလျန်က...

"မင်း ထူးဆန်းတာ တစ်ခုခုများ တွေ့လိုက်လို့လား..."

ဆန်းလျန်က ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး ထိုက်ယင်း

နတ်သမီးကို ကြည့်လိုက်သည်။

ထိုက်ယင်းနတ်သမီးက...

"ရှင့်ကို ဘာလို့ ပြောပြရမှာလဲ..."

ဆန်းလျန်က မည်သည့်စကားမှ မပြောဘဲ ရယ်မောနေလိုက်လေသည်။

ဆန်းလျန်နှင့်အတူတူ ခရီးထွက်လာခဲ့ပြီးသည့်နောက် ထိုက်ယင်းနတ်သမီးက ဆန်းလျန်ကို သိပ်ပြီး ကြောက်ရွံ့ခြင်း မရှိတော့ပေ။

သူမက ...

"ရှင်က ဘာလို့ရယ်နေတာလဲ..."

ဆန်းလျန်က သိမ်မွေ့သည့်လေသံဖြင့်...

"တကယ်တော့ ဒီမြစ်က စန့်ချင်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်းရဲ့ ဓားဝိညာဉ်တွေကနေ အသွင်ပြောင်းပြီး စီးဆင်းနေတဲ့ မြစ်တစ်စင်းပဲ..."

အမှန်တော့ မြစ်ရေထဲတွင် ထိုက်ချင်တာအိုဆရာသခင်၏

အသုံးမရှိသည့် ဓားဝိညာဉ်များ စီးဆင်းနေခြင်း ဖြစ်လေသည်။

ဆန်းလျန်၏စကားကြောင့် ထိုက်ယင်းနတ်သမီး အလွန်အမင်း

အံ့ဩသွားပြီး...

"ဒီမြစ်ကြီးတစ်ခုလုံးက စန့်ချင်တာအိုဆရာသခင်နဲ့ ဆက်စပ်

နေတာလား..."

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"အမှန်ပဲ... ကျုပ် စန့်ချင်တာအိုဆရာသခင် ချန်ထားခဲ့တဲ့ ပုံရိပ်

ကို ဒီမြစ်ကြောင်းတစ်လျှောက်မှာ တွေ့အောင်ရှာရမယ်..."

"ရှင်က ဘာလို့ စန့်ချင်တာအိုဆရာသခင်ရဲ့ ပုံရိပ်ကို ရှာချင်တာ

လဲ..."

"တစ်ချက်လောက် ပညာပြိုင်ကြည့်ချင်လို့..."

"ရှင် ရူးနေလား ၊ ရှင်က တာအိုဆရာသခင်ကြီးတစ်ပါး မဟုတ်

သေးဘူးလေ ၊ ရှင်က ဘယ်လိုလုပ် တာအိုဆရာသခင်ကြီး

တစ်ပါးနဲ့ ယှဉ်နိုင်မှာလဲ ၊ အဲဒါက စန့်ချင်တာအိုဆရာသခင်ရဲ့ ပုံရိပ်တစ်ခုဆိုပေမယ့် ရှင် ပညာစမ်းကြည့်သင့်တဲ့အရာမဟုတ်ဘူး..."

ဆန်းလျန်ကတော့ အမြဲတမ်း ပေါ့ပေါ့ပါးပါးဟန်နှင့်ရှိနေပြီး အရာရာကို အလိုက်အထိုက်စီးမျောသွားဟန် ရှိလေသည်။ ထို့ကြောင့် သူမသည် ဆန်းလျန်ကို ခင်မင်လာမိပြီး တားဆီးလိုက်မိခြင်းလည်း ဖြစ်လေ၏။

ထို့ပြင် သူမကိုယ်တိုင်ကလည်း ဆန်းလျန်နှင့်အတူ မိုက်မဲသည့် လုပ်ရပ်များကို လိုက်ပြီး မလုပ်လိုသောကြောင့် ဖြစ်သည်။

ဆန်းလျန်က...

"အနည်းဆုံးတော့ ကျုပ်က ချန်ပေသိုရဲ့ မရဏာဓား (၄)လက်ကို သွားပြီး စမ်းကြည့်တဲ့အထိ မမိုက်မဲခဲ့ပါဘူးလေ ၊ ပြီးတော့ အရင်တုန်းက တာအိုဆရာချီဟန်ကလည်း စန့်ချင်တာအိုဆရာ

သခင်ရဲ့ ပုံရိပ်နဲ့ ယှဉ်ပြိုင်ခဲ့ဖူးတာပဲ မဟုတ်လား ၊ ကျုပ်က တာအိုဆရာချီဟန်ထက်သာတာပဲကို ၊ ဘာလို့ မယှဉ်နိုင်ရမှာလဲ..."

တာအိုဆရာချီဟန်ဆိုသည်မှာ ကွမ်ယင်မယ်တော်ကို ပြောခြင်းဖြစ်ကြောင်း ထိုက်ယင်းနတ်သမီး သိလိုက်သည်။

ဆန်းလျန်မဟုတ်ဘဲ အခြားသူတစ်ယောက်ကသာ ထိုသို့သောစကားမျိုးကိုပြောပါက အပြောကြီးသည်ဟု သူမက တွေးမိမည်မှာအမှန်ပင်။

သို့သော်... ဆန်းလျန်ကတော့ တာအိုဆရာချီဟန်ထက်တော်သည်မှာ အမှန်ပင် ဖြစ်လေသည်။

ထို့ပြင် ကွမ်ယင်မယ်တော်က သူမ၏ဆရာဖြစ်သူ လနတ်သမီးချန်ဝေါ်ထက် တော်သည်ဟုလည်း သူမ မထင်ခဲ့ပေ။ လနတ်သမီးချန်ဝေါ်သည် တန်ခိုးအကြီးဆုံး ရှေးဟောင်းနတ်ဘုရားများထဲတွင် တစ်ပါးအပါအဝင်ဖြစ်လေသည်။ ချန်

ဝေါ်၏အထက်တွင် တာအိုဆရာသခင်ကြီးများနှင့် မိုးနတ်မင်း

သာ ရှိလေသည်။

ထိုက်ယင်းနတ်သမီးက...

"ဒါပေမဲ့ ကျွန်မတို့ ဒီလောက်အကြာကြီး လမ်းလျှောက်လာတာ ၊ ခုထိ ဘာသဲလွန်စမှုလည်း မတွေ့သေးဘူး ၊ ဆက်မသွားတော့ဘဲ နေကြရအောင်လေ..."

ထိုက်ယင်းနတ်သမီးက လမ်းလျှောက်ရသည်ကို မကြောက်ပေ။ သူမက ဦးတည်ရာမရှိ လျှောက်သွားနေရခြင်းကိုသာ မကြိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်က မြစ်ရေပြင်ထက်တွင်မျောနေသည့် အနီရောင်သစ်ရွက်များကို ကြည့်လိုက်ရင်း...

"ရှေ့ဆက်ရမယ့်လမ်း မရှိတော့ဘူးဆိုရင်တောင်မှ လင်စန်းတောင်ကို တကယ်တမ်းသွားချင်တယ်ဆိုရင် နောက်ပြန်မလှည့်နဲ့ဆိုတဲ့ ဆိုရိုးစကားရှိတယ် ၊ ဒီတော့ ကျုပ်ကတော့ ဆက်

သွားရမှာပဲ ၊ မင်း ကျုပ်နဲ့အတူ ဆက်မလိုက်ချင်ဘူးဆိုရင် မင်းကို အနာဂတ်ကို ပြန်ပို့ပေးလိုက်မယ်..."

"ပြန်ပို့ပေးလိုက်မယ်" ဆိုသည့်စကားကို ကြားလိုက်ရသည့်အခါ အစပိုင်းတွင် ထိုက်ယင်းနတ်သမီး အလွန်ပျော်ရွှင်သွားလေသည်။

သို့သော်... သူမက ချက်ချင်းပင် ငြင်းဆန်လိုက်သည်။

"ဟင့်အင်း... မပြန်ဘူး ၊ ကျွန်မ ဆရာပေးလိုက်တဲ့တာဝန်ကို ကျေပွန်အောင်လုပ်ရမယ်..."

....

Foot Note:

စန့်ချင်တာအိုဆရာသခင်၏ မရဏာဓား (၄)မျိုး - နတ်ဘုရားဒဏ်ခတ်ဓား ၊ နတ်ဘုရားထောင်ချောက်ဓား ၊ နတ်ဘုရားတန်ခိုးဖျက်ဓား ၊ နတ်ဘုရားသုတ်သင်ဓား (ဘာသာပြန်သူ)

အခန်း (၈၆၁) နတ်ဘုရားတို့၏အလောင်းများ

ထိုက်ယင်းနတ်သမီး ဆန်းလျန်နောက်သို့ လိုက်ခဲ့သည်မှာ

အချိန် (၃)ရက်ခန့် ကြာခဲ့ပြီ ဖြစ်သည်။

သို့သော်... ထိုက်စန့်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်း

နှင့် ပတ်သက်သည့်သဲလွန်စ တစ်ခုတစ်လေပင် မတွေ့ရသေး

ပေ။

သို့သော်... မြစ်ရေက တဖြည်းဖြည်း ပိုပြီး နီစွေးလာလေ

သည်။ အနီရောင်သစ်ရွက်များကြောင့် နီစွေးလာခြင်းတော့

မဟုတ်ပေ။

ထို့ပြင်... မြစ်ရေထဲတွင် သတ်ဖြတ်လိုသည့် အငွေ့အသက်

များလည်း တဖြည်းဖြည်း မြင့်မားလာသည်။

ရှေ့အနည်းငယ်ဆက်သွားမိသည့်အခါ...

မြစ်ရေထဲတွင် ခြေပြတ်လက်ပြတ်များမျောပါလာသည်ကို ထိုက်ယင်းနတ်သမီး တွေ့မြင်ရလေသည်။ ထို လက်ပြတ်ခြေပြတ်များမှာ သာမန်လူများ၏ လက်ပြတ်ခြေပြတ်များမဟုတ်ပေ။ နတ်ဘုရားများ၏ လက်ပြတ်ခြေပြတ်များ ဖြစ်လေသည်။ မည်သို့သောကိစ္စများဖြစ်ခဲ့သည့်အတွက် ထုန်ထျန်းမြစ်ရေထဲတွင် နတ်ဘုရားများ၏ ခြေပြတ်လက်ပြတ်များ မျောနေရပါသနည်း။

ထိုက်ယင်းနတ်သမီးသည် ရင်ထဲတွင် တင်းတင်းကြပ်ကြပ်ခံစားလာရသည်။ မြစ်ရေထဲမှထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့် အငွေ့အသက်များက သူမ၏ဝိညာဉ်ကို နှိပ်စက်နေလေသည်။ ရှေ့သို့ ခြေတစ်လှမ်းလှမ်းဖို့ပင် သူမမှာ မနည်းအားယူနေရသည်။

တဖြည်းဖြည်းနှင့်...

သူမ၏ ခေါင်းများမူးဝေလာပြီး သူမရောက်ရှိနေသည့်နေရာ သည် မည်သည့်နေရာမှန်း သူမ မသိတော့ပေ။

နောက်ဆုံး... သူမ လဲကျသွားလေတော့သည်။

သို့သော်... သူမ၏ တာအိုနှလုံးသားထဲတွင် ဤခရီးကို ဆန်း လျန်နှင့်အတူ လိုက်လာရခြင်းသည် သူမအတွက် အန္တရယ် လည်းများသလို အခွင့်အရေးများလည်းရှိနိုင်သည်ဆိုသည့် အချက်ကို အလိုလို နားလည်နေမိလေသည်။ သူမသာလက်ရှိ အခြေအနေကို အောင်မြင်အောင် ကျော်လွှားနိုင်မည်ဆိုလျှင် ကျင့်စဉ်လမ်းတွင် များစွာအထောက်အကူရမည် ဖြစ်လေ သည်။

ထိုက်ယင်းနတ်သမီးလဲကျသွားသည်နှင့် ဆန်းလျန်က ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

ထိုက်ယင်းနတ်သမီးသည် မြေပြင်ထက်သို့ လဲကျသွားပြီး သက်ပြင်းတစ်ချက် ချလိုက်မိသည်။ သူမ၏ တန်ခိုးစွမ်းအား

များအားလုံး ပျောက်ဆုံးသွားပြီး သူမသည် သာမန်လူသား
တစ်ယောက်ကဲ့သို့ အားနည်းလျှက်ရှိသည်။

ဆန်းလျန်က သူမ၏ခန္ဓာကိုယ်ထဲသို့ တန်ခိုးစွမ်းအားများ
ထည့်သွင်းပေးခြင်းမရှိပေ။

သူက ထိုက်ယင်းနတ်သမီး ပြန်လည်သက်သာလာသည့်အထိ
အချိန်ကြာမြင့်စွာ အနားတွင် စောင့်ဆိုင်းပေးနေခဲ့သည်။

အချိန်တဖြည်းဖြည်းကြာလာပြီးသည့်နောက်... ထိုက်ယင်း
နတ်သမီး အနည်းငယ်သက်သာလာပြီး မတ်တတ်ထရပ်လိုက်
သည်။

ဆန်းလျန်က...

"အန္တရယ်ရှိတဲ့နေရာနဲ့ နီးကပ်လာပြီ..."

ဆန်းလျန်မပြောလျှင်လည်း ထိုက်ယင်းနတ်သမီး စိတ်ထဲတွင်
ထိုအချက်ကို ခံစားမိလေသည်။

ယခုတော့… သူတို့ရှေ့ရှိ မြစ်ရေထဲတွင် ခြေပြတ်လက်ပြတ်များသာမက အလောင်းများပါ မျောပါလာကြလေသည်။ ထိုအလောင်းများမှာ နတ်ဘုရားများ၏အလောင်းများဖြစ်ကြပြီး အားလုံးမှာ သေဆုံးနေကြပြီ ဖြစ်သည်။

နတ်ဘုရားအလောင်းများကိုကြည့်ပြီး ထိုက်ယင်းနတ်သမီးက တုန်လှုပ်သွားလေသည်။

"ကျွန်မတို့ ပြန်ကြရအောင်လေ ၊ ဒီနေရာက ကြောက်စရာအရမ်းကောင်းတယ်…"

သတ်ဖြတ်လိုသည့်အငွေ့အသက်များက သူမကို သွေးပျက်မတတ်ဖြစ်စေပြီး သူမ၏ တာအိုစိတ်ထားများပင် ပျက်ယွင်းလုနီးပါး ဖြစ်နေလေသည်။ သူမ အလွန်ကြောက်ရွံ့နေခဲ့သည်။

ဆန်းလျန်က…

"ကျုပ်က လာပြီးမှတော့ ပြန်စရာအကြောင်းမရှိဘူး ၊ မင်းကြောက်တယ်ဆိုရင် ဒီနေရာမှာ စောင့်နေခဲ့…"

ဆန်းလျန်စကားကြောင့် ထိုက်ယင်းနတ်သမီး တွေဝေသွားရသည်။

ထိုအချိန်မှာပင်... ဗလာနယ်ကိုဖြတ်သန်းပြီး ထိုက်ယင်းစွမ်းအားတစ်ခု သူမ၏ ကိုယ်ထဲသို့ ဝင်ရောက်လာလေသည်။

ထိုအခါ သူမ၏မျက်ဝန်းများ ပြန်လည်ကြည်လင်လာပြီး သူမ၏ ခန္ဓာကိုယ်မှာလည်း တန်ခိုးစွမ်းအားများဖြင့် ပြန်လည်ပြည့်နက်လာသည်။

"ကျွန်မ ရှင်နဲ့ လိုက်ခဲ့မယ်..."

သူမကိုယ်ထဲသို့ ဝင်ရောက်လာသည့် ထိုက်ယင်းတန်ခိုးစွမ်းအားမှာ လနတ်သမီးချန်ဝေါ်(ဟန်အယ်)က ထိုက်ယင်းနတ်သမီးဆီသို့ တန်ခိုးစွမ်းအား ပို့လွှတ်ပေးလိုက်ခြင်းဖြစ်သည်။ သူမအနေဖြင့် ထိုက်ယင်းနတ်သမီးကို တစ်ကြိမ်သာ ကူညီနိုင်လေသည်။

ဆန်းလျန်က...

"ဒါဖြင့် သွားကြစို့..."

ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်က မြစ်ကမ်းနံဘေးအတိုင်း လမ်းဆက်လျှောက်သွားခြင်းမျိုး မပြုလုပ်တော့ပေ။ သူက မြစ်ရေပြင်ထက်သို့ တက်သွားပြီး ရေပေါ်တွင် လမ်းလျှောက်သွားလိုက်လေသည်။

ထိုက်ယင်းနတ်သမီးကလည်း ဆန်းလျန်နောက်မှလိုက်သွား လေသည်။ သို့သော်... မြစ်ရေအတွင်းမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များက သူမ၏ခြေထောက်များကို ဓားထက် ထက်ဖြင့် ထိုးခွဲလိုက်လေရာ ခြေထောက်များ စူးရှနာကျင်သွား ပြီး ရေထဲသို့ နစ်မြုပ်လုမတတ်ပင် ဖြစ်သွားရသည်။ သတ်ဖြတ်လိုသည့်အငွေ့အသက်များက သူမ၏ တာအို စိတ်ထားကိုပင် ဝင်ရောက်နှောက်ယှက်လာကြလေသည်။ သို့သော်... လနတ်သမီးချန်ဝေါ် သူမထံသို့ပို့လွှတ်လိုက်သည့် ထိုက်ယင်းစွမ်းအားက သူမ၏တာအိုစိတ်ထားကို ကာကွယ်

ပေးထားသည့်အတွက် သူမအနေဖြင့် အရင်ကလောက်

အခြေအနေဆိုးခြင်း မရှိခဲ့ပေ။

ထို့ပြင် ... သူမ၏ ခြေထောက်အောက်တွင် ကြာရွက်များ

ပေါ်လာလေသည်။

ထိုကြာရွက်များက သတ်ဖြတ်လိုသည့်အငွေ့အသက်များ သူမ

ခန္ဓာကိုယ်ထဲသို့ ဖောက်ထွင်းဝင်ရောက်ခြင်း မရှိအောင် ကာ

ကွယ်ပေးထားလေသည်။

ထိုကြာရွက်များကို ဖန်ဆင်းပေးလိုက်သူမှာ ဆန်းလျန်ပင် ဖြစ်

လေသည်။

ထို့နောက် သူတို့ (၂)ယောက် မြစ်ကြောင်းအတိုင်း ဆန်တက်

သွားကြလေတော့သည်။

သူတို့ဆက်သွားလေ ရေစီးနှင့်မျောပါလာသည့် နတ်ဘုရား

အလောင်းများက များပြားလာလေ ဖြစ်လေသည်။ သို့သော်...

ဆန်းလျန်အနားသို့ရောက်လာသည့် နတ်ဘုရားအလောင်းများ

ကတော့ အမှုံ့ဖြစ်သွားပြီး မြစ်ရေပြင်အောက်သို့ နစ်မြုပ်သွား ကြရလေသည်။

သို့သော်… ဆန်းလျန် မည်သည့်တန်ခိုးစွမ်းအား အသုံးပြု လိုက်သည်ကို ထိုက်ယင်းနတ်သမီး တွေ့မြင်ရခြင်း မရှိပေ။

ထို့ပြင် ဆန်းလျန်၏ ခန္ဓာကိုယ်မှလည်း မည်သည့်တန်ခိုး စွမ်းအားမှ ထွက်ပေါ်နေသည်ကို မတွေ့ရပေ။

ထိုက်ယင်းနတ်သမီးက…

"ရှင် အခု ဘယ်လိုတန်ခိုးစွမ်းအားမျိုး အသုံးပြုနေတာလဲ…"

ဆန်းလျန်ကပြုံးလိုက်ရင်း…

"ကျုပ် ဘယ်တန်ခိုးစွမ်းအား အသုံးပြုနေလဲဆိုတာ အသိသင့် ဆုံးလူတစ်ယောက်ရှိတယ်ဆိုရင် အဲဒီလူက မင်းပဲ ဖြစ်ရမှာ ၊ ဘာလို့လဲဆိုတော့ လောကမှာ အရာအားလုံးကို ပြာမှုန့်ဘဝ ရောက်အောင်ပို့ပေးနိုင်တာဆိုလို့ မင်းကျင့်ကြံနေတဲ့ ထိုက် ယင်းဓားသိုင်းပဲ ရှိတာ မဟုတ်ဘူးလား… "

ထိုက်ယင်းနတ်သမီးက...

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ၊ ရှင့်ဆီက ထိုက်ယင်းတန်ခိုး စွမ်းအားတွေ ထွက်ပေါ်နေတာ ကျွန်မ မတွေ့ပါဘူး..."

ဆန်းလျန်က...

"မင်း ထိုက်ယင်းဓားသိုင်းကို ကျင့်ကြံလို့ အထွတ်ထိပ်အဆင့်ကို ရောက်သွားပြီးဆိုရင် မမြင်ရတဲ့ ထိုက်ယင်းဓားဝိညာဉ်ကို ပိုင်ဆိုင်ရလိမ့်မယ် ၊ တကယ်တော့ ကျုပ်က ထိုက်ယင်းဓား သိုင်းကို အထွတ်ထိပ်အဆင့်ထိ မအောင်မြင်သေးပါဘူး ၊ ဒါပေမဲ့ ကျုပ်က ကျင့်စဉ်လမ်းအဆင့်တစ်ခုကိုရောက်သွားတဲ့ အတွက် ထိုက်ယင်းဓားသိုင်းကလည်း အလိုလို အထွတ်ထိပ် အဆင့်ကို ရောက်သွားခဲ့တယ် ၊ ဒါကြောင့် မမြင်ရတဲ့ ထိုက် ယင်းဓားဝိညာဉ်ကို အသုံးပြုနိုင်တာပေါ့..."

ထိုက်ယင်းနတ်သမီးက စိတ်ရှုတ်ထွေးစွာဖြင့်...

"ရှင်က အခု ဘယ်အဆင့်ကို ရောက်နေလို့လဲ..."

ဆန်းလျန်က…

“ဟွင့်ယွမ်ဝူကျီ…”

ထိုက်ယင်းနတ်သမီးက…

“ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ…”

ဆန်းလျန်က ပြုံးရုံပဲ ပြုံးနေလိုက်ပြီး စကားဆက်မပြောတော့ပေ။

သူက ထိုက်ယင်းနတ်သမီးကို အမှန်အတိုင်းပြောပြခဲ့ခြင်း ဖြစ်ပြီး ယုံခြင်း မယုံခြင်းကတော့ သူမ၏တာဝန်သာဖြစ်သည်။

သူသာ ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်လှမ်းခဲ့ခြင်း မရှိပါက သူ့အနေဖြင့် စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်း၏ ဓားဝိညာဉ်သဲလွန်စကို ရှာဖွေချင်မည် မဟုတ်ပေ။

ထို့ကြောင့် တာအိုဆရာလီချင်းဆွေက "မည်သည့်ရတနာ ပစ္စည်းအကူအညီမှမယူဘဲ ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်

ရောက်သွားနိုင်သူ တစ်ယောက်ရှိသည်" ဟု ပြောခဲ့ခြင်း ဖြစ်လေသည်။

ထိုသူသည် "ဆန်းလျှန်"ကိုယ်တိုင် ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးက ဆန်းလျှန်ပြောသည့်စကားကို မယုံခဲ့ပေ။ လောကတွင် ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်လှမ်းနိုင်ခြင်းဆိုသည်မှာ အလွန်ရှားပါးလွန်းလှလေသည်။

ထိုက်ယင်းနတ်သမီးက...

"ဘာလို့ မြစ်ထဲမှာ နတ်ဘုရားအလောင်းတွေမျောနေရတာလဲ ၊ ဒီနတ်ဘုရားတွေကို စန့်ချင်တာအိုဆရာသခင်ရဲ့ ပုံရိပ်က သတ်ပစ်နေတာလား..."

ဆန်းလျှန်က...

"မြစ်အထက်ပိုင်းမှာ စန့်ချင်တာအိုဆရာသခင်ရဲ့ မူလဝိညာဉ်သင်္ကေတရှိတယ်ဆိုပြီး လူတစ်ယောက်က သတင်းလွှင့်လိုက်

တယ်လေ၊ အဲဒီနေရာကို သွားတဲ့နတ်ဘုရားတွေအကုန်လုံး ခုလို သေကုန်ကြရတာပဲ..."

စန့်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတဆိုသည့် စကားကိုကြားလိုက်သည်နှင့် ထိုက်ယင်းနတ်သမီး အနည်းငယ်တုန်လှုပ်သွားလေသည်။ သူမ၏ကျောရိုးတစ်လျှောက်တွင်ပင် အေးစိမ့်လာသည့်အလား ခံစားလိုက်ရသည်။

ထိုက်ယင်းနတ်သမီးက...

"အဲဒီသတင်းက အမှန်ပဲလား..."

ဆန်းလျန်က...

"အစကတော့ အမှန်မဟုတ်ဘူး၊ အခုတော့ အမှန်ဖြစ်သွားပြီ၊ ဘာလို့လဲဆိုတော့ သတင်းလွှင့်တဲ့သူ ပြောလိုက်တုန်းက ထုန်ထျန်းမြစ်မှာ စန့်ချင်တာအိုဆရာရဲ့ မူလဝိညာဉ်သင်္ကေတ မရှိသေးဘူး၊ အခု ထုန်ထျန်းမြစ်မှာ စန့်ချင်တာအိုဆရာသခင်ရဲ့ မူလဝိညာဉ်သင်္ကေတ ရောက်နေပြီလေ..."

ထိုက်ယင်းနတ်သမီးက အနည်းငယ်စဉ်းစားလိုက်ပြီး...

"ဘာလဲ... စန့်ချင်တာအိုဆရာသခင်ရဲ့ မူလဝိညာဉ်သင်္ကေတ က ရှင့်ကိုယ်ပေါ်မှာ ရိုက်နှိပ်ထားတာလား..."

ဆန်းလျန်က ပေါ့ပေါ့ပါးပါးလေသံဖြင့်...

"မင်းက သိပ်တော့ မတုံးဘူးပဲ..."

စန့်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတထည့်သွင်းထားသည့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းကျင့်စဉ်" ကို ကျင့်ကြံခဲ့သူ ဆန်းလျန်သည် စန့်ချင်တာအိုဆရာသခင်၏မူလဝိညာဉ်သင်္ကေတဖြင့် ရိုက်နှိပ်ခံထားရသူဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးက...

"နတ်ဘုရားတွေက ဘာလို့ သတင်းမှားကို ယုံကြည်နေရတာလဲ မသိဘူး..."

ဆန်းလျန်က...

"ဘာလို့လဲဆိုတော့ ဒီသတင်းကိုလွှင့်တဲ့သူက လူအများ ယုံကြည်ရတဲ့ ဂုဏ်သရေရှိ လူတစ်ယောက် ဖြစ်နေလို့ပေါ့၊ ဘယ်သူမှ သူ့ကို သံသယမဝင်ကြဘူးလေ..."

ထိုက်ယင်းနတ်သမီးက...

"သတင်းလွှင့်တဲ့သူက နတ်ဘုရားတစ်ပါးပဲလား..."

ဆန်းလျန်က...

"သေချာတာပေါ့၊ သတင်းလွှင့်တဲ့သူက နတ်ဆေးကိုယ်တော် လျိုလီပဲ..."

"နတ်ဆေးကိုယ်တော်လျိုလီ" ဆိုသည့် နာမည်ကိုကြားလိုက်ရသည့်အခါ ထိုက်ယင်းနတ်သမီးမှာ အံ့သြမှင်တက်သွားရလေသည်။

နတ်ဆေးကိုယ်တော်၏ နာမည်ရင်းမှာ "လျိုလီကွမ်းဖူ" ဖြစ်လေ၏။ ထို့ပြင် သူ့ကို နတ်ဆေးတထာဂတသဃဟုလည်း ခေါ်ဆိုလေ့ရှိကြသည်။ သူသည် အရှေ့ပိုင်းဒေသတစ်လျှောက်တွင်

ဟုန်းဟုန်းတောက်ကျော်ကြားသည့် ဗုဒ္ဓဘာသာ ကျင့်ကြံသူ တစ်ယောက် ဖြစ်လေသည်။

ထို့ပြင် နတ်ဆေးကိုယ်တော်လျိုလီ၏ အမည်နာမကို တိုင်းပြည်အသီးသီးတွင် ငြိမ်ချမ်းရေးသင်္ကေတအဖြစ် မှတ်ယူကြလေသည်။

ဒဏ္ဍာရီများအရဆိုလျှင် မရှိမူကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် နတ်ဆေးကိုယ်တော်၏ ဖန်သားကောင်းကင်ဘုံသည် အော်မီတော်ဖူဘုရား၏ သုခဘုံနီးပါး သန့်စင်မြင့်မြတ်သည့် ကောင်းကင်ဘုံတစ်ခုဖြစ်သည်ဟု ဆိုကြသည်။

နတ်ဆေးကိုယ်တော်သည် သူတော်စင်တစ်ပါးဖြစ်လေသည်။ သူ့ဘဝသက်တမ်းတစ်လျှောက်တွင် မည်သည့် သတ္တဝါတစ်ဦးတစ်ယောက်ကိုမှ နာကျင်ဒဏ်ရာရအောင် ပြုလုပ်ခဲ့ခြင်း မရှိပေ။

ထို့ကြောင့်… သူ ပြောသည့်သတင်းကို မည်သူမဆို ယုံကြည်ကြမည်ပဲ ဖြစ်လေသည်။

သို့သော်… ယခုတော့ ထိုသတင်းစကားကြောင့် ထုန်ထျန်းမြစ်တွင် နတ်ဘုရားများစွာ၏ အလောင်းများဖြင့် ပြည့်နက်လျှက်ရှိလေပြီ။ နတ်ဆေးကိုယ်တော်သာ ထိုသို့ဖြစ်ပျက်လာမည်ကို ကြိုတင်ခန့်မှန်းနိုင်ခဲ့လျှင် ထိုသတင်းကို လွှင့်ခဲ့မိမည် မဟုတ်ပေ။

သတင်းများကို ယုံကြည်ကာ ထုန်ထျန်းမြစ်သို့ ရောက်လာကြသူ နတ်ဘုရားများအားလုံးသည် သေခြင်းတရားဖြင့် ဘဝအဆုံးသတ်ခဲ့ကြရပြီ ဖြစ်သည်။

ထိုက်ယင်းနတ်သမီးသည် ဆန်းလျန်၏ စကားများကို နားထောင်ရင်း စဉ်းစားနေမိသည်။

သူမသည် အနာဂတ်မှ လာသူတစ်ယောက်ဖြစ်လေသည်။

အနာဂတ်အချိန်တွင် ရှိနေစဉ်က သူမကြားဖူးသည်မှာ နတ်ဆေးကိုယ်တော်မှာ ဆန်းလျန်၏ လက်ချက်ဖြင့် အသက်ဆုံးခဲ့ရသည်ဟူ၍ ဖြစ်လေသည်။

ယခုတော့ အနာဂတ်မှရောက်လာပြီး သူမကိုယ်တိုင် ထိုအဖြစ်အပျက်များကို မျက်ဝါးထင်ထင်မြင်တွေ့ရတော့မည်လားဟု တွေးနေမိသည်။

ထိုသို့တွေးမိသည့်အခါ သူမ စိတ်မလှုပ်ရှားဘဲ မနေနိုင်ခဲ့ပေ။

ရုတ်တရက်...

သူတို့ရှေ့တွင် လှိုင်းလုံးကြီးတစ်ခု လိမ့်ဆင်းလာပြီး ထိုလှိုင်းလုံးကြီးနှင့်အတူ အလွန်ကြီးမားသည့် နတ်ဘုရားခန္ဓာအလောင်းကြီးတစ်လောင်း မျောပါလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

အခန်း (၈၆၂) ကြယ်စင်များထဲကလောက

ထိုနတ်ဘုရားအလောင်းကောင်ကြီးနှင့် ယှဉ်လိုက်လျှင် ဆန်း

လျန်နှင့် ထိုက်ယင်းနတ်သမီးတို့မှာမြူမှုံလေးများအလား သေး

ငယ်သွားကြရလေသည်။

ထိုကြီးမားလွန်းသည့် နတ်ဘုရားအလောင်းကောင်ကြီးထံမှ

သတ်ဖြတ်လိုသည့်အငွေ့အသက်များကလည်း ကြောက်မက်

ဖွယ်ရာ ထွက်ပေါ်လျှက်ရှိသည်။ ခန္ဓာကိုယ်ကြီးက ကြီးမား

လွန်းသည့်အတွက် သတ်ဖြတ်လိုသည့်အငွေ့အသက်များက

လည်း များပြားနေခြင်း ဖြစ်ဟန်တူလေသည်။

ထိုမျှ ကြီးမားလွန်းသည့် နတ်ဘုရားကြီးကိုပင် သတ်ဖြတ်ပစ်

နိုင်သည်မှာ မည်သို့သော ဓားဝိညာဉ်မျိုးလဲဟု ထိုက်ယင်း

နတ်သမီး တွေးနေမိသည်။

ထိုနတ်ဘုရားကြီးသည် ခေတ်အဆက်ဆက် အစစ်ဆေးခံရခြင်းများစွာကို ဖြတ်ကျော်ကာ အသက်ရှင်သန်နိုင်ခဲ့သည့် နတ်ဘုရားကြီးတစ်ပါး ဖြစ်ဟန်တူလေသည်။ သို့သော်... ယခုတော့ ထုန်ထျန်းမြစ်တွင် သေဆုံးခဲ့ရပြီ။

ထိုအချိန်... ကောင်းကင်ထက်မှ စူးရှသည့် ငှက်အော်သံတစ်ချက် ထွက်ပေါ်လာသည်။

ထိုက်ယင်းနတ်သမီးက...

"ရှမ်နျောင်ငှက်..."

ဟုရေရွတ်လိုက်လေသည်။

ရှမ်နျောင်ငှက်မှာ ထူးဆန်းသည့် နတ်သားရဲတစ်ကောင်ဖြစ်ပြီး နဂါးဇာမဏီများဖြင့် ကောင်းကောင်း ယှဉ်ပြိုင်နိုင်စွမ်း ရှိလေသည်။ ထိုငှက်ကြီးများမှာ ရှေးခေတ်အချိန်ကတည်းက ဒဏ္ဍာရီများထဲတွင် ရှိခဲ့သည့်ငှက်ကြီးများဖြစ်လေသည်။

ယခု ကောင်းကင်ထက်တွင်ပျံသန်းနေသည့် ရွှမ်နှောင်ငှက်ကြီးမှာ တောင်တစ်တောင်အလား ကြီးမားလွန်းလှသည်။ ထိုငှက်ကြီးက ကောင်းကင်ထက်တွင် အတန်ကြာပျံဝဲနေပြီးသည့်နောက် အတောင်တစ်ချက်ခတ်လိုက်ကာ အောက်သို့ ထိုးဆင်းလာလေသည်။ ထိုငှက်ကြီးအတောင်ခတ်လိုက်သည်နှင့်လေထဲတွင် လှိုင်းလုံးကြီးများ မြင့်တက်လာပြီး မုန်တိုင်းကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

ရွှမ်နှောင်ငှက်ကြီးအတောင်ပံခတ်လိုက်လျှင် လောကနတ်ဘုရားများပင်လျှင် တောင့်ခံနိုင်ခြင်းမရှိပေ။ အခန့်မသင့်လျှင် သေကြေပျက်စီးသွားနိုင်ဖွယ်ရှိသည်။

ရွှမ်နှောင်ငှက်ကြီး မြေပြင်ထက်ဆင်းသက်လာသောကြောင့် ထိုက်ယင်းနတ်သမီးမှာ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားလေသည်။

ထိုအချိန်မှာပင်... ထင်မှတ်မထားသည့် အလွန်ထူးဆန်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်သွားခဲ့လေသည်။

သေဆုံးနေပြီဖြစ်သည့် ကြီးမားလှသည့် နတ်ဘုရားခန္ဓာ အလောင်းကောင်ကြီးက ရုတ်တရက် လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ကာ ရွှမ်နျောင်ငှက်ကြီးကို ကြက်လေးတစ်ကောင်ကို ဖမ်းလိုက်သလို လည်ပင်းအားဆုပ်ကိုင်ကာ ဖမ်းဆီးလိုက်လေသည်။

ရွှမ်နျောင်ငှက်ကြီးမှာ လုံးဝ လှုပ်ရှားနိုင်ခြင်း မရှိတော့ပေ။ ငှက်ကြီးက စူးရှစွာ တစ်ချက်အော်လိုက်ပြီး သွေးမှုံသွေးစများ အဖြစ် ပြောင်းလဲသွားလေတော့သည်။ ကောင်းကင်ထက်မှ သွေးမိုးများပင် ရွာသွန်းလာသည့်အလား ထင်မှတ်ရသည်။ ရွှမ်နျောင်ငှက်ကြီးသေဆုံးသွားပြီ ဖြစ်လေသည်။

ကြီးမားလွန်းသည့် နတ်ဘုရားအလောင်းကောင်ကြီးကလည်း ရေစီးနှင့်ဆက်မျောသွားပြီး မည်သည့်နေရာသို့ ရောက်သွားသည်လဲ မသိရတော့ပေ။

ထိုက်ယင်းနတ်သမီးက အံ့သြတုန်လှုပ်စွာဖြင့်...

"အဲဒီ နတ်ဘုရားကြီးက ဘယ်သူများလဲ..."

ဆန်းလျန်က...

"သူက ခွားဖူမျိုးနွယ်ပဲ..."

ဆန်းလျန် စကားကို ကြားရသည့်အခါ ထိုက်ယင်းနတ်သမီးမှာ ပိုပြီး တုန်လှုပ်သွားလေသည်။

ရှေးခေတ်အချိန် ကမ္ဘာဦးအစတွင် ထူးဆန်းသည့် မျိုးနွယ်များစွာ ရှိခဲ့လေသည်။ ထိုမျိုးနွယ်များထဲတွင် ခွားဖူမျိုးနွယ်များလည်း အပါအဝင်ဖြစ်သည်။ ခွားဖူမျိုးနွယ်များမှာ မွေးရာပါ တန်ခိုးစွမ်းအားမြင့်မားသူများ ဖြစ်ကြသည်။

ခွားဖူမျိုးနွယ်တိုင်းသည် တောင်များကို ရှေ့ပစ်နိုင်ပြီး လမင်းကိုပင် နေရာရွှေ့သွားအောင် တွန်းနိုင်စွမ်းရှိသည်ဟု ဆိုကြလေသည်။ ခန္ဓာကိုယ်ကလည်းအလွန်ကြီးမားပြီး တန်ခိုးစွမ်းအားကလည်း အကန့်အသတ်မရှိပေ။

သို့သော်... ထိုသို့သော ရှားပါးမျိုးနွယ်များမှာ မိုးကောင်းကင်က မနာလိုဖြစ်ခြင်းကို ခံရဟန်ရှိသည်။ လူဦးရေ အလွန်နည်းပါးလှလေသည်။

စွမ်းအားအကြီးမားဆုံး ခွမ်းဖူမျိုးနွယ်များသည်လည်း နေစကြာနတ်ငှက်များ၏လက်ချက်ဖြင့် မျိုးသုဉ်းပျောက်ကွယ်ခဲ့ကြရသည်။

ယခု .... ရေထဲတွင် မျောပါသွားသည့် ခွမ်းဖူမှာ လောကတွင်ကျန်ရှိသည့် နောက်ဆုံးမျိုးဆက် ခွမ်းဖူ ဖြစ်နိုင်လေ၏။

ထိုခွမ်းဖူသည် နတ်ဘုရားကျင့်စဉ်များကိုပင် ကျင့်ကြံခဲ့လေ

ဟန်ရှိသော်လည်း နောက်ဆုံးတော့ သေခြင်းတရားမှ မ

လွတ်မြောက်နိုင်ခဲ့ပေ။

သေဆုံးသွားပြီးနောက် အသိမရှိတော့သည့်တိုင် အနက်ရောင်

ရွှမ်နှောင်ငှက်ကြီးကို ရအောင်သတ်ဖြတ်သွားခဲ့သေးသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် မသေခင်ကဆိုလျှင် မည်မျှ

အစွမ်းထက်မည်ကို ခန့်မှန်းကြည့်နိုင်လေ၏။

သို့သော်... မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားပါစေ တာအို

ဆရာသခင်ကြီးချန်ထားခဲ့သည့် ဓားဝိညာဉ်အောက်တွင်

အသက်ပျောက်ခဲ့ရသည်ပဲ ဖြစ်သည်။ တာအိုဆရာသခင်ကြီး

များ၏ တန်ခိုးစွမ်းအားကတော့ စိတ်ကူးနှင့်ပင် ခန့်မှန်း၍မရ

နိုင်ပေ။

ဆန်းလျန်ကတော့ တာအိုဆရာသခင်ကြီးတစ်ပါးကိုပင်

စိန်ခေါ်ရဲသူဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးသည် ဆန်းလျန်၏သတ္တိကို အမှန်ပင်

လေးစားမိပါ၏။ သို့သော်… ဆန်းလျန် ဘဝမည်သို့

အဆုံးသတ်ခဲ့ရသည်ကိုသူမသိရှိနေလေရာ ထိုဘဝအဆုံးသတ်

ကိုတော့ သူမ နှစ်သက်မိခြင်း မရှိပါပေ။

အမှန်တော့ သူမလာခဲ့သည့် အနာဂတ်ကာလတွင် ဆန်းလျန်

ထျန်းကျွင်း ပျောက်ကွယ်သွားခဲ့သည်မှာ နှစ်ပေါင်းတစ်

သောင်းကျော်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

သို့သော် … ဆန်းလျန်ထျန်းကျွင်း အဘယ့်ကြောင့် ပျောက်

ကွယ်သွားရသည်ကို သူမလည်း သေသေချာချာ မသိခဲ့ပေ။

ယခုကဲ့သို့ စန့်ချင်တာအိုဆရာသခင်ကြီးကိုသွားပြီးစိန်ခေါ်

သည့်အတွက် သေဆုံးသွားရသည်လည်း ဖြစ်နိုင်လေသည်။

သို့သော်.. သူမ အတွေးက မဖြစ်နိုင်ကြောင်း ချက်ချင်းသိ

လိုက်သည်။ အဘယ်ကြောင့်ဆိုသော်… ဆန်းလျန် ပျောက်

ကွယ်သွားသည်မှာ လင်စန်းတောင်သို့သွားကာ နတ်ဆေး

ကိုယ်တော်ကို သတ်ဖြတ်ပြီးမှ ပျောက်ကွယ်သွားခြင်း ဖြစ်လေ

သည်။

ယခု ဆန်းလျန်က လင်စန်းတောင်သို့သွားကာ နတ်ဆေး

ကိုယ်တော်ကို သတ်ဖြတ်ရခြင်း မရှိသေးပေ။

ထိုသို့ဆိုလျှင်... ဆန်းလျန်သည် ထုန်ထျန်းမြစ်ရေပြင်မှ တာအို

ဆရာသခင်ကြီး၏ ဓားဝိညာဉ်မှ အသက်ရှင်လျှက်

လွတ်မြောက်နိုင်ခဲ့ဟန်ရှိလေသည်။ ထိုအတွေးကိုတွေးမိသည့်

အခါ ထိုက်ယင်းနတ်သမီး တုန်လှုပ်ရပြန်သည်။

ဆန်းလျန်နှင့် ထိုက်ယင်းနတ်သမီးတို့ ထုန်ထျန်းမြစ်ကြောင်း

တိုင်း ဆက်လက်ဆန်တက်လာခဲ့ကြလေသည်။ မြစ်အထက်

ပိုင်းသို့ရောက်သည့်အခါ မျောပါလာသည့် နတ်ဘုရားအလေ

င်းခန္ဓာများ သိပ်ပြီး မတွေ့ရတော့ပေ။

သို့သော်… ထူးဆန်းသည့် အရာတစ်ခုကို ထပ်မံတွေ့ရှိရပြန်သည်။ ရေပြင်ထဲတွင် ထူးဆန်းသည့်အရည်များ မျောပါလာခြင်း ဖြစ်လေ၏။

ထိုအရည်များက ထူးဆန်းပြီး ပြဒါးကဲ့သို့သောအရောင်ဖြစ်သည်။

ထိုအရည်များမှ ဆေးရနံ့ကဲ့သို့ ထူးဆန်းသည့် ရနံ့တစ်မျိုးထွက်နေပြီး ရနံ့က သင်းပျံ့ပျံ့ ဖြစ်သည်။ ထိုက်ယင်းနတ်သမီးက ထိုရနံ့ကို ရှူရှိုက်လိုက်မိသည်နှင့် ခန္ဓာကိုယ်တစ်ခုလုံးအသက်ဓာတ်စွမ်းအားများပြည့်ဝသွားသလို ခံစားလိုက်ရသည်။

ဆန်းလျန်က…

“အဲဒီအရည်တွေက နတ်ဘုရားတွေရဲ့ခန္ဓာကိုယ်က ကျန်ခဲ့တဲ့ ရွှေပြဒါးအမြုတေအရည်တွေပဲ ၊ မင်း သောက်ချင်ရင် သောက်လို့ရတယ်…”

ဆန်းလျှန်စကားကြောင့် ထိုက်ယင်းနတ်သမီးက ထိုအရည်များ ကို အနည်းငယ်ယူကာ သောက်ကြည့်လိုက်လေသည်။ ထိုအခါ … သူမ၏ခန္ဓာကိုယ်တွင် တန်ခိုးစွမ်းအားများ တစ်ရှိန်ထိုးမြင့် မားလာသည်ကို ခံစားလိုက်ရပြီး ဝိညာဉ်စွမ်းအားများလည်း မြင့်တက်လာလေသည်။

နတ်ဘုရားများ နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့ခြင်းကြောင့် ဖြစ် တည်လာသည့် အမြုတေဆိုသည်က အလွန်ပင် တန်ခိုး စွမ်းအားမြင့်မားလေရာ မယ်တော်ဝမ်မူ၏နတ်မက်မွန်သီးနှင့် ကျန့်ယွမ်ကျီနတ်မင်းကြီး၏ လူသားပုံသဏ္ဍာန်ဂျင်ဆင်းအသီး များထက် ပိုပြီး အာနိသင်ကောင်းလေသည်။

အမြုတေအရည်များကိုသောက်ပြီး တန်ခိုးစွမ်းအားများ မြင့် တက်လာသည့်အတွက် ထိုက်ယင်းနတ်သမီးမှာ ပျော်ရွှင်လာ မိသည်။

သို့သော်… သူမအတွက် တန်ဖိုးကြီးမားလှသည့် အမြုတေ အရည်များသည် ဆန်းလျန်အတွက်တော့ လမ်းဘေးမှ မြက်ကဲ့သို့ပင် တန်ဖိုးမရှိလှပေ။

သူတို့ မည်မျှကြာအောင် မြစ်ကြောင်းအတိုင်းဆန်တက်ခဲ့ကြသည် မသိပေ။

နောက်ဆုံး… မြူခိုးများဝေနေသည့် နေရာတစ်ခုသို့ သူတို့ရောက်ရှိလာကြလေသည်။ ထိုနေရာသည် ထုန်ထျန်းမြစ် စတင်စီးဆင်းသည့် မြစ်ဖျားခံရာနေရာ ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးမှာ စိတ်ရှုတ်ထွေးနေသလို စိတ်လည်း လှုပ်ရှားနေမိသည်။

ယခုတော့ သူမသည် စန့်ချင်တာအိုဆရာသခင်ချန်ထားခဲ့သည့် ဓားဝိညာဉ်နှင့် တန်ခိုးစွမ်းအားများကို တွေ့မြင်ရတော့မည် ဖြစ်လေသည်။ ထိုသို့တွေ့မြင်ခွင့်ရပါက သူမ၏ကျင့်စဉ်လမ်းကိုလည်း များစွာ အထောက်အကူ ပြုပေလိမ့်မည်။

အရင်နေ့များထက်ဆာလျှင် ဆန်းလျန်၏ မျက်နှာက သိသိ

သာသာ တည်ကြည်လေးနက်နေလေသည်။

သူအချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရသည့် ကိစ္စတစ်ခု

နောက်ဆုံးတွင် ဖြစ်လာခဲ့ပြီး သူ့ဆန္ဒများအားလုံး အဆုံးသတ်

တော့မည့်အလား ဖြစ်သည်။ သို့သော်… ဆန်းလျန်ထံတွင်

အကြောက်တရားဆိုသည့်အရာကို လုံးဝ မတွေ့ရပေ။

ဆန်းလျန်နှင့် ထိုက်ယင်းနတ်သမီးတို့က ကြာပန်းရွက်များ

ထက်တွင် လမ်းလျှောက်ရင်း မြူခိုးများအတွင်းသို့ ဝင်ရောက်

သွားကြလေသည်။

မြူခိုးများအတွင်းသို့ရောက်သည့်အခါတွင်တော့ ထိုမြူခိုးများ

အကြောင်းကို ထိုက်ယင်းနတ်သမီး ကောင်းကောင်းနားလည်

သွားရသည်။

မြူခိုးများထဲမှ မြူမှုံတစ်စက်ချင်းစီတိုင်းသည် ဓားဝိညာဉ်များ

ဖြစ်ကြလေသည်။ ဝိညာဉ်စွမ်းအားကို အသုံးပြုပြီး ကြည့်မည်

ဆိုပါက ထိုဓားဝိညာဉ်တိုင်းသည် မွေးဖွားလာတော့မည့် သက်ရှိလောကများဖြစ်လေသည်။

ဗုဒ္ဓက "ပန်းတစ်ပွင့် ၊ သစ်ရွက်တစ်ရွက် ၊ လောကတစ်ခု" ဟု ပြောခဲ့လေသည်။

ဤနေရာတွင်တော့ မြူမှုံတစ်စက လောကတစ်ခု ဖြစ်နေလေသည်။ တာအိုဆရာသခင်ကြီးတစ်ပါး၏ တန်ခိုးစွမ်းအား မည်မျှ မြင့်မားသည်ကို ပြသနေခြင်း ဖြစ်တော့သည်။

ဆန်းလျန်ကသာ မြင့်မားလှသည့် တန်ခိုးစွမ်းအားဖြင့် ကာကွယ်ပေးထားခြင်း မရှိလျှင် ထိုက်ယင်းနတ်သမီး၏ ကျင့်ကြံခြင်းအဆင့် မည်မျှမြင့်မားပါစေ မြူခိုးများကြားတွင် ရှေ့မဆက်နိုင်ဘဲ ပိတ်မိနေမည် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... မြူခိုးများပေါင်းစပ်လိုက်သည့်အခါ ဓားဝိညာဉ်လောကကြီးတစ်ခုဖြစ်လာပြီး ဓားဝိညာဉ်၏

တန်ခိုးစွမ်းအားများက သူမကို လှုပ်ရှားမရနိုင်သည်အထိ ဖိနှိပ်ထားနိုင်စွမ်း ရှိသောကြောင့် ဖြစ်သည်။

ထိုက်ယင်းနတ်သမီး ကြောက်ရွံ့လျှက်ရှိပြီး ဆန်းလျန်နောက်နားသို့ အနည်းငယ်ပိုပြီး တိုးကပ်သွားမိသည်။

ထိုအချိန်မှာပင်... အရပ်လည်းသိပ်မမြင့်သလို ပိန်ပိန်ပါးပါးလည်းရှိသည့် ဆန်းလျန်၏ခန္ဓာကိုယ် အနည်းငယ် တောင့်တင်းသလိုဖြစ်သွားသည်ကို ထိုက်ယင်းနတ်သမီး သတိပြုလိုက်မိသည်။

ဓားဝိညာဉ်မြူခိုးများ၏ အဆုံးစွန်သောတန်ခိုးစွမ်းအားများကိုတောင့်ခံနိုင်ရန်အတွက် တန်ခိုးစွမ်းအားသုံးစွဲလိုက်ဟန် တူလေသည်။

ထုန်ထျန်းမြစ် မည်သည့်နေရာမှ မြစ်ဖျားခံလာသည်ကို မည်သူမှ သိရှိကြခြင်း မရှိပေ။ မြစ်ရေသည် မြူခိုးများထဲမှ စီးထွက်

လာခြင်း ဖြစ်လေသည်။ ထို့ပြင် ထိုနေရာတွင် လောက၏တစ်ခြားဘက်ခြမ်းမှ ကုန်းမြေတစ်ခုဖြစ်လေသည်။

ထိုကုန်းမြေသည် ကြယ်စင်ကောင်းကင်များအလယ်တွင် တည်ရှိလေသည်။

ဤမြစ်ကို ထုန်ထျန်းမြစ် (မမြင်ရသည့်မြစ်) ဟု ခေါ်ဆိုကြသည်မှာ အံ့သြစရာ မရှိတော့ပေ။ မမြင်တွေ့နိုင်သည့် နေရာတစ်ခုမှ မြစ်ဖျားခံလာသည့်အတွက် ထုန်ထျန်းမြစ်ဟုခေါ် ခြင်းဖြစ်သည်ကို ထိုင်ယင်းနတ်သမီး နောက်ဆုံးတော့ နားလည်သဘောပေါက်သွားခဲ့ပြီ ဖြစ်သည်။

ထုန်ထျန်းမြစ်သည် မူလ ထုန်ထျန်းနတ်မြစ်နှင့် ဆက်သွယ်နေသည့် မြစ်တစ်စင်း ဖြစ်လေသည်။ အလွန်အဆင့်မြင့်သည့် နတ်ဘုရားတစ်ပါးမဟုတ်လျှင် မည်သူမှ ဤနေရာသို့ ရောက်လာနိုင်မည် မဟုတ်ပေ။

စောစောက မြစ်ကြောင်းတစ်လျှောက် တွေ့မြင်ခဲ့ရသည့် နတ်ဘုရားများ၏အလောင်းများမှာ ဤမြို့ခိုးများအတွင်းသို့ ဝင်ရောက်ရန် အရည်အချင်းမပြည့်မီသည့်တွက် မြို့ခိုးဓားဝိညာဉ်အောက်တွင် အသက်ပျောက်ခဲ့ကြသူများ ဖြစ်နိုင်လေသည်။

ထို့နောက် ထိုက်ယင်းနတ်သမီး၏ခြေထောက်အောက်မှ ကြာရွက်ပျောက်ကွယ်သွားပြီး သူမက ကုန်းမြေထက်သို့ လှမ်းတက်လိုက်သည်။ ကုန်းမြေမှာ ရွှေစင်သတ္တုအလား မာကျောလွန်းလှသည်။

ထို့ပြင် ပတ်ဝန်းကျင်တစ်ခုလုံးတွင် အသက်ဓာတ်စွမ်းအားများလည်း လုံးဝမရှိပေ။

ဆန်းလျန်ကတော့ ပေါ့ပေါ့ပါးပါးအမူအရာဖြင့်ပင် ကုန်းမြေထက်သို့တက်သွားကာ ရှေ့သို့ဆက်လျှောက်သွားသည်။

သူ၏အမူအရာက “ဘယ်တော့မှနောက်မဆုတ်” ဆိုသည့်အမူအရာဟန်ပန်မျိုးဖြစ်သည်။

ထိုက်ယင်းနတ်သမီးက ဆန်းလျန်နောက်မှ ထပ်ကြပ်မကွာကပ်ပြီး လိုက်ပါသွားလေသည်။

သူတို့ရှေ့ဆီမှ ကြယ်စင်ကောင်းကင်သည် သူတို့နှင့် လက်တစ်ကမ်းအလိုတွင်ရှိသည်ဟု ထင်မှတ်ရသည့်တိုင် ထိုနေရာသို့ တော်တော်နှင့် မရောက်နိုင်ပေ။

လနတ်သမီးချန်ဝေါ်(ဟန်အယ်)က ထိုက်ယင်းတန်ခိုးစွမ်းအားများနှင့်ပတ်သက်လျှင် ဆရာတစ်ဆူဖြစ်လေသည်။ သူမသည် နဂါးငွေ့တမ်းကိုပင် လက်ဖြင့်ဖမ်းယူပြီး လိုသလိုအသုံးပြုနိုင်သည့် တန်ခိုးစွမ်းအားမျိုးကို ပိုင်ဆိုင်လေသည်။

သို့သော်... ထိုက်ယင်းနတ်သမီးကတော့ ဆရာဖြစ်သူ၏ခြေဖျားပင်မှီအောင် စွမ်းဆောင်နိုင်စွမ်း မရှိသေးပေ။

ရုတ်တရက် ဆန်းလျန်က ထိုက်ယင်းနတ်သမီးလှည့်ကြည့်လိုက်ပြီး...

“မင်း ဒီနေရာမှာနေခဲ့တော့....”

ထူးဆန်းသည့်နေရာဒေသတစ်ခုသို့ ရောက်နေသည့်အချိန်တွင် ထိုက်ယင်းနတ်သမီးသည် ဆန်းလျန်စကားကို နားမထောင်ဘဲ မနေဝံ့ပေ။

သူမက ချက်ချင်းပင် ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။ ဆန်းလျန်၏ လက်ချောင်းများထက်တွင် ကြယ်စင်ကဲ့သို့ ကြည်လင်ပြာလဲ့သည့်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ထိုက်ယင်းနတ်သမီးရပ်နေသည့်နေရာကို စက်ဝိုင်းပုံသဏ္ဍာန် စည်းချလိုက်သည်။

ရွှေစင်သတ္တုကဲ့သို့ မာကျောလှသည့် မြေကြီးထက်တွင် ဆန်းလျန်ရေးဆွဲလိုက်သည့် စက်ဝိုင်းပုံသဏ္ဍာန်စည်းကွင်းက အထင်းသား ကျန်ရစ်ခဲ့သည်။

ထိုက်ယင်းနတ်သမီးအတွက် စိတ်ချရပြီဆိုတော့မှ ဆန်းလျန်က ရှေ့သို့ ဆက်လက်ထွက်ခွာသွားလေသည်။

ရုတ်တရက်... မိုးကြိုးမုန်တိုင်းတစ်ခု ဖြစ်ပေါ်လာပြီး ဆန်းလျန်ကို ပစ်ခတ်တိုက်ခိုက်လေတော့သည်။

မိုးကြိုးများက ခရမ်းရောင်လျှပ်စီးလျှပ်နွယ်များလင်းလက်နေပြီး ဓားသွားအလားကြမ်းရှသည့်လေထုက စိမ်းပြာရောင်တောက်ပနေလေသည်။ ထိုမိုးကြိုးမုန်တိုင်းသည် ဆန်းလျန်ကို အမှုန့်ချေပစ်တော့မည့်အလား ထင်မှတ်ရသည်။

ဆန်းလျန်က ထူးဆန်းသည့်ခြေလှမ်းရွေ့လျားဟန်တစ်မျိုးဖြင့် မိုးကြိုးမုန်တိုင်းများကို ရှောင်တိမ်းလိုက်လေသည်။

ဆန်းလျန်၏ ခြေလှမ်းရွေ့လျားဟန်ကို တွေ့မြင်လိုက်သည်နှင့် ထိုက်ယင်းနတ်သမီးမှာ တုန်လှုပ်သွားရပြန်သည်။ ထိုခြေလှမ်းများသည် ဒဏ္ဍာရီထဲမှ “ယွီ” ခြေလှမ်းများ ဖြစ်နေသောကြောင့်ပင်။

"ယွီ" ခြေလှမ်းဆိုသည်မှာ သမိုင်းထဲတွင် အလွန်တန်ခိုး

စွမ်းအားမြင့်မားသည့် ကေရာဇ် "ယွီ" တီထွင်ထားသည့် ပညာ

တစ်ခု ဖြစ်သည်။

ကေရာဇ် "ယွီ" ဆိုသည်ကမိုးနတ်မင်းနှင့်ပင် ကောင်းကောင်း

ယှဉ်ပြိုင်နိုင်သူတစ်ယောက် ဖြစ်သည်။ သို့သော် သူက မိုးနတ်

မင်းလောက်တော့ နာမည်မကြီးခဲ့ပေ။

ကေရာဇ် "ယွီ" သည် မရေမတွက်နိုင်သည့် ဒဏ္ဍာရီများကို

သမိုင်းတွင် ချန်ထားခဲ့သူဖြစ်သည်။ ထို့ပြင် သူ၏ ကိုယ်ခွဲ

များသည်လည်း ကမ္ဘာပေါင်းများစွာတွင် မရေမတွက်နိုင်

အောင် တည်ရှိလေသည်။ သို့သော်... မူလ ကေရာဇ် "ယွီ"

သည် မည်သူဖြစ်သည်ကို သိရှိသူတစ်ယောက်မှ မရှိကြပေ။

ထို့ပြင်... လက်ရှိအချိန်တွင် ကေရာဇ် "ယွီ" မည်သည့်နေရာ

တွင် ရောက်ရှိနေသည်ကိုလည်း မည်သူမှ မသိကြပေ။

သို့သော်… ထိုက်ယင်းနတ်သမီးသည် ကွမ်ဟန်နန်းတော်မှ အရည်အချင်းအရှိဆုံး တပည့်တစ်ယောက်လေရာ ဧကရာဇ် “ယွီ” မည်သည့်နေရာတွင်ရှိသည်ကို သိရှိထားလေသည်။

ဧကရာဇ် “ယွီ” သည် စကြာဝဠာတစ်နေရာရှိ လျှို့ဝှက်သည့် ကြယ်စင်တစ်ခုထက်တွင် အနားယူနေလေသည်။

ထိုကြယ်စင်တည်ရှိရာနေရာက အလွန်အန္တရာယ်များသည့် နေရာဖြစ်ပြီး လနတ်သမီးချန်ဝေါ် (ဟန်အယ်)သည်ပင်လျှင် လွယ်လွယ်ကူကူနှင့် သွားရောက်နိုင်ခြင်း မရှိပေ။

သို့သော် ယခု ဆန်းလျန်က “ယွီ” ခြေလှမ်းပညာကို အသုံးပြု နေသည်ကိုကြည့်ခြင်းအားဖြင့် ဧကရာဇ် “ယွီ” ၏ ပညာကို ဆက်ခံခဲ့သည်မှာ သေချာလေသည်။ ဆန်းလျန်သည် ဧကရာဇ် “ယွီ” နှင့် တွေ့ဆုံခဲ့ဖူးဟန် ရှိလေ၏။

ထို့ကြောင့် ထိုက်ယင်းနတ်သမီးသည် ဆန်းလျန်အကြောင်းပို ပြီး စိတ်ဝင်စားလာမိလေတော့သည်။

ထိုအချိန်မှာပင်... ခရမ်းရောင်မိုးကြိုးမုန်တိုင်းများထိမှန်ပြီး ဆန်းလျန်၏အဝတ်အစားများအားလုံး စုတ်ပြဲကုန်ကာ ကျောက်စိမ်းသားအလား ကြည်လင်သည့်အသားအရေများကိုပင် မြင်တွေ့နေရလေသည်။ ဆန်းလျန်၏ ဆံပင်ရှည်များလည်း ပြေကျကုန်ပြီး ဆံနွယ်ရှည်များသည် ဗလာနယ်ထဲသို့ ဆွဲငင်ခံရသည့်အလား လေထဲတွင် လွင့်ပျံလျှက်ရှိလေသည်။ ထိုက်ယင်းနတ်သမီးက စိုးရိမ်ပူပန်စွာဖြင့် ဆန်းလျန်ကို ကြည့်နေမိသည်။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်၏သွေးကြောဆုံချက်နေရာများမှ ပေါက်ကွဲထွက်လုမတတ် ဖောင်းကြွလာသောကြောင့်ပင်။

ဆန်းလျန်က သူမကို နောက်ကျောပေးထားသည့်အတွက် ဆန်းလျန်၏ မျက်နှာကို သူမ မမြင်ရသည်မှာ တော်သေးသည်ဟု

ဆိုရမည်။ မဟုတ်ပါက သူမ အံ့သြထိတ်လန့်သွားမည်မှာ အမှန်ပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်၏မျက်နှာမှာ နာကျင်မှုကို ပြင်းပြင်းထန်ထန်ခံစားနေရသည့်အလား ရှုံ့မဲ့နေပြီး ပါးစပ်တွင်းမှ သွေးများ အန်ကျနေသည်သာမက နှာခေါင်း ၊ မျက်လုံးနှင့် နားရွက်များအတွင်းမှလည်း သွေးများ စီးထွက်နေသေးသည်။

သွေးများက ကြက်သွေးရောင်တောက်နေပြီး ဆန်းလျန်၏ အသက်ဓာတ်အနှစ်သာရများ ဖြစ်လေသည်။

ကျင့်ကြံသူတစ်ယောက် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်သွားပြီဆိုလျှင် သွေးက အနီရောင်မဟုတ်တော့ပေ။ ပြဒါးရောင်အဖြစ် ပြောင်းလဲသွားလေ့ရှိသည်။

ယခု ဆန်းလျန်၏သွေးများက အနီရောင်တောက်ပနေရခြင်း

မှာ နတ်ဘုရားခန္ဓာအတွင်းပိုင်းရှိ အသက်ဓာတ်အနှစ်သာရများ

မှထွက်သည့် သွေးများဖြစ်သောကြောင့် ဖြစ်လေသည်။

သို့သော်... ထိုသွေးစက်တိုင်းသည် တောင်များကိုပင် တိုက်စား

နိုင်စွမ်းရှိပြီး ဆံချည်မျှင်တိုင်းသည် မြစ်ရေများကိုပင် ဖြတ်

တောက်ပစ်နိုင်စွမ်း ရှိလေသည်။

သို့ရာတွင် ထိုသို့သောသွေးစက်များကို ဆုံးရှုံးလိုက်ရ

သည့်အတွက် ဆန်းလျန်သည်လည်း အတော်လေး ဒဏ်ရာ

အပြင်းအထန်ရနေခဲ့ပြီ ဖြစ်သည်။

သို့သော်... ဆန်းလျန်သည် စန့်ချင်တာအိုဆရာသခင်၏ပုံရိပ်

ကို ယခုအချိန်ထိ တွေ့မြင်ရခြင်း မရှိသေးပေ။

ဆန်းလျန်သည် ဟွင့်ယွမ်ဂူကျီအဆင့်သို့ရောက်ရှိနေပြီဖြစ်

သည့်တိုင် စန့်ချင်တာအိုဆရာသခင်နှင့် နှိုင်းယှဉ်ပါက များစွာ

ကွာခြားနေသေးသည်။

အဘယ်ကြောင့်ဆိုသော် တာအိုဆရာသခင်ကြီးများဆိုသည်က အရာရာတိုင်းကိုကျော်လွန်သိမြင်သည့် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားကြသူများဖြစ်ပြီး သူတို့၏ လုပ်ရပ်၊ အတွေးအခေါ်များမှာ မည်သည့်အရာနှင့်မှ နှိုင်းယှဉ်မရနိုင်ပေ။

မည်သို့ပင်ဖြစ်စေ… ဆန်းလျန်အနေဖြင့် စန့်ချင်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်းနှင့် ရင်ဆိုင်ရသည်မှာပထမဆုံးအကြိမ်မဟုတ်ပေ။

အသူရာချောက်တွင်ရှိခဲ့စဉ်က အပြာရောင်ခရီးရှည်နန်းတော်တွင် စန့်ချင်တာအိုဆရာသခင်၏ပုံရိပ်နှင့် တစ်ခါရင်ဆိုင်ခဲ့ရသေးသည် မဟုတ်ပါလား။

ထိုအချိန်ကနှင့်ဆာလျှင် ယခုအချိန်တွင် ဆန်းလျန်၏ ကျင့်ကြံခြင်းအဆင့်သည် များစွာ အဆင့်မြင့်လာခဲ့ပြီ ဖြစ်လေသည်။

အခန်း (၈၆၃) ထာဝရဇာတ်ကောင်

ထို့နောက်တွင်တော့ ဆန်းလျန်၏ ခန္ဓာကိုယ်ပတ်ပတ်လည်တွင် ဝန်းရံထားသည့် မိုးကြိုးမုန်တိုင်းများ ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်သည် ခေတ်အဆက်ဆက်တွင် မည်သည့်အခါမှ ရှုံးပွဲမရှိလေသည့် နတ်ဧကရာဇ်တစ်ပါးအလား ဝင့်ကြွားစွာဖြင့် မြေပြင်ထက်တွင် ရပ်နေလေသည်။

အဝတ်ဗလာ သူ့ခန္ဓာကိုယ်ထက်တွင် သွေးစများက စွန်းထင်းနေလေသည်။ သို့သော်… သူ့ပုံစံက အဆုံးမရှိ ကျယ်ပြန့်လှသည့် တာအိုမဟာလမ်းစဉ်ကို ဖော်ထုတ်နေသည့်အလား ထင်မှတ်ရသည်။

သို့သော်… မျက်စိတစ်မှိတ်အတွင်းမှာပင် ဆန်းလျန်၏ ခန္ဓာကိုယ်ထက်တွင် သူ၏ အစိမ်းနုရောင်တာအိုဝတ်စုံက ပြန်ပေါ်လာလေသည်။

ပတ်ဝန်းကျင်မှ လေပြေလေးတိုက်ခတ်လာသည့်အခါ သူ့ပုံစံက ကောင်းကင်ထက်မှ အစိမ်းရောင်တိမ်တိုက်လေးအလား ဖြစ်ပြီး ယခင်ကအတိုင်း လွတ်လပ်ပေါ့ပါးသည့်ဟန်ပန်အပြည့်နှင့် ပြန်ဖြစ်သွားလေသည်။

ထိုအခါမှ ထိုက်ယင်းနတ်သမီးမှာလည်း စိတ်သက်သာရာရပြီး သက်ပြင်းတစ်ချက်ချလိုက်နိုင်တော့သည်။

ဆန်းလျန်က ရှေ့သို့ ခြေလှမ်း (၇)လှမ်း ဆက်လှမ်းလိုက်သည်။

ထိုအချိန်မှာပင်…

ကြယ်စင်ကောင်းကင်တစ်ခုလုံး တုန်ခါသွားပြီး ကောင်းကင်ထက်တွင် မုံတစ်လုံးပေါ်လာလေသည်။

ထို့နောက် မိုးမြေတစ်ခွင်လုံး မုံသံများထွက်ပေါ်လာပြီး ရွှေသား အလားမာကျောလွန်းလှသည့်မြေပြင်သည်လည်း အက်ကွဲ ကြောင်းများ ထင်လာလေသည်။

လျှောင်လျှပ်ခြင်း ၊ မီးလောင်ခြင်း ၊ လေပြင်းတိုက်ခတ်ခြင်း ၊ မိုးကြိုးပစ်ခြင်းများသည် အရာအားလုံးကို ဖျက်စီးပစ်နိုင် သည့် အဖျက်တရားများဖြစ်ကြသော်လည်း အသစ်သော လောကတစ်ခုမမွေးဖွားမီ အရာအားလုံးကို ပြန်လည်ဖြစ်တည် စေနိုင်သည့် အရာများလည်း ဖြစ်လေသည်။

မြေကြီးအက်ကွဲကြောင်းများမှ မြင်သူတိုင်းကြောက်ရွံ့ ထိတ်လန့်စေမည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေ သည်။

ထိုသို့ဖြစ်ပေါ်လာသည်မှာ မုံသံကြောင့် ဖြစ်သည်ကို ဆန်းလျန် သိရှိလိုက်သည်။

မရဏာဓား (၄)လက် ၊ ဗုံတီးသံ ၊ ခရမ်းရောင်မိုးကြိုးမုန်တိုင်း ၊ နှလုံးခတ်သော့ နှင့် ချင်းဖိန်ဓားတို့မှာ စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်း၏ အကျော်ကြားဆုံး တာအိုတန်ခိုး စွမ်းအားများ ဖြစ်လေသည်။

သို့သော်… မရဏာဓား (၄)လက်မှလွဲပြီး ကျန်သည့်အရာများမှာ နာမည်သိပ်ပြီးမကြီးလှပေ။ သို့ရာတွင် တာအိုဆရာသခင်ကြီး တစ်ပါး၏ တန်ခိုးစွမ်းအားများ ဖြစ်သည့်အတွက် တန်ခိုး စွမ်းအားနက်ရှိုင်းသည်ကတော့ အမှန်ပင် ဖြစ်သည်။

ဗုံပေါ်တွင် များပြားလှစွာသော အင်းသင်္ကေတများရေးထွင်း ထားပြီး အချို့အင်းသင်္ကေတများဆိုလျှင် ဆန်းလျှန်ပင်လျှင် နားလည်အအောင် မနည်းကြိုးစားလိုက်ရသည်။

ထွက်ပေါ်နေသည့် ဗုံသံမှာလည်း တကယ့်တာအိုဆရာသခင် ကြီးတစ်ပါး၏ ရိုက်ချက်အလား စွမ်းအား ပြင်းထန်လွန်းလှ

သည်။ မိုးမြေမှအရာအားလုံးကို လွှင့်စင်ပျက်စီးသွားစေတော့မည့်အလား ထင်မှတ်ရလေသည်။

ထိုအချိန်မှာပင်... ဆန်းလျန်က လက်နှစ်ဖက်ကိုအသုံးပြုပြီး နှလုံးသားပုံသဏ္ဌာန်သင်္ကေတတစ်ခု ပြုလုပ်လိုက်သည်။

ထိုအခါ... ဆန်းလျန်ရှေ့တွင် အပြာနုရောင် တံတိုင်းတစ်ခု ပေါ်လာပြီး ဗုံသံများကို တားဆီးထားလိုက်လေသည်။

ဗုံသည် ကြယ်စင်ကောင်းကင်ထက်တွင် ပျံ့နှံ့လျှက်ရှိလေသည်။ ထိုဗုံသံသည် အတိတ် ၊ အနာဂတ် အချိန်ကာလတစ်လျှောက်လုံးတွင် ထာဝရတည်ရှိနေမည့် ဗုံသံဖြစ်လေသည်။

အစမရှိသလို အဆုံးလည်းမရှိသည့် ဗုံသံမှ တန်ခိုးစွမ်းအားများည် ဆန်းလျန်ကို အဆက်မပြတ်တိုက်ခိုက်နေလေသည်။

နောက်ဆုံး စိမ်းပြာရောင်အလင်းတန်းတစ်ချက် လင်းလက်သွားပြီး ဆန်းလျန်ပြုလုပ်ထားသည့် တံတိုင်းကို

တိုက်ခိုက်ဖျက်စီးပစ်လိုက်လေသည်။ သို့သော်... တံတိုင်းက

ပျက်စီးသွားခြင်း မရှိပေ။

ဆန်းလျန်၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာပြီး ဆန်း

လျန်က ထိုသွေးများကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။

ထို့နောက် သူက ကြယ်စင်ကောင်းကင်အလယ်မှ မိုးကို တစ်

ချက်လှမ်းကြည့်လိုက်ပြီး...

"ဒီတစ်ခေါက်လည်း ကျုပ်ကို လဲကျအောင် တိုက်ခိုက်နိုင်မယ်

လို့ ထင်နေတာလား..."

အမှန်တော့ ခရမ်းရောင် မိုးကြိုးမုန်တိုင်းများ တိုက်ခိုက်ခံရစဉ်

ကပင် ဆန်းလျန် ဒဏ်ရာအပြင်းအထန်ရနေခဲ့ပြီ ဖြစ်သည်။

သို့သော်... သူက ယခု မိုးသံကို ရင်ဆိုင်နိုင်ရန်အတွက်

သူ၏မူလဝိညာဉ်ခန္ဓာမှာ အမြင့်ဆုံးစွမ်းအားများကို အသုံးပြု

ထားခြင်း ဖြစ်သည်။

မုံသံက ဆက်လက်ထွက်ပေါ်နေဆဲ ဖြစ်ပြီး မြေပြင်ကလည်း တုန်လှုပ်နေဆဲ ဖြစ်သည်။

နောက်ဆုံးတွင်တော့ မုံသံ၏ဒဏ်ကိုမခံနိုင်ဘဲ ဆန်းလျန်ရှေ့မှ အရုံအတားတံတိုင်း ပြိုကျသွားလေတော့သည်။

တစ်ချိန်တည်းမှာပင်... ဆန်းလျန်၏ ပတ်ဝန်းကျင်တစ်ခုလုံးမှ အရာအားလုံးပျောက်ကွယ်သွားပြီး မရှိမှုတရားက ကြီးဆိုးသွားလေသည်။ ဆန်းလျန်သည် မရှိမှုကျေးရွာတွင် ရောက်နေသည့်အလား ခံစားလိုက်ရသည်။

ထိုက်ယင်းနတ်သမီးကတော့ သူ့ရှေ့မှ ဆန်းလျန် ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။ဆန်းလျန်သာမက မုံသံလည်း ပျောက်ကွယ်သွားပြီဖြစ်လေသည်။

မည်သည့်နေရာကို ကြည့်လိုက်ကြည့်လိုက် ဆန်းလျန်သည် သူ့ကိုယ်သူ ပြန်မြင်နေရသည်။

သို့သော်... သူ့ပတ်ဝန်းကျင်မှ ဆန်းလျန်များအားလုံးသည် လက်ရှိအချိန်တွင်ရှိနေသည့် ဆန်းလျန်များ မဟုတ်ပေ။ ဆန်းလျန်၏ မရေမတွက်နိုင်သည့် ဘဝများဖြစ်ပြီး မရေမတွက်နိုင်သည့် ကံကြမ္မာများရှိလေသည်။ တစ်ယောက်နှင့်တစ်ယောက် ဆပ်စပ်မှုလည်းရှိသလို ကွဲပြားမှုလည်းရှိသည်။ မတူညီသည့်ကံတရားများနှင့် မတူသညီသည့် ဘဝလမ်းကြောင်းများအတိုင်း သူတို့သည် ထွက်ခွာသွားကြဦးမည်။ နောက်ဆုံး မရှိမှုတရားအဖြစ် ပျောက်ကွယ်သွားကြပေလိမ့်မည်။

ဆန်းလျန်သည် သူ့ကိုယ်သူ ကိုယ်စားပြုသည့်ပုံရိပ်များကို တွေ့မြင်လိုက်ရသည့်အခါ သူ့ဘဝ အကြောင်းချင်းရာများကို တွေ့မြင်လိုက်ရသည့်အလား ခံစားလိုက်ရပြီး ရင်ထဲတွင် ဖော်မပြနိုင်သည့် ခံစားချက်တစ်ခု ဖြစ်တည်လာလေသည်။

သူ၏ကိုယ်ခွဲများကို လိုသလိုပြောင်းလဲ ရွှေ့ပြောင်းခြင်းဖြင့် ယခုလက်ရှိအချိန် "ဆန်းလျန်" အဖြစ် ဖန်တီးနိုင်ပေမည်။

ထိုဆန်းလျန်သည် တစ်ယောက်တည်း၏ ကံကြမ္မာမဟုတ်သည့်အတွက် လက်ရှိအချိန်တွင် ရပ်တည်နေသည့် သူ့ထက်ပင် ပိုပြီးကောင်းနိုင်လေသည်။

သို့သော်... ထိုဆန်းလျန်သည် သူ့လောက် ကောင်းမွန်ခြင်း ရှိမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်... သူသည် လောကအလယ်တွင် ရှိနေသေးသောကြောင့် ဖြစ်လေသည်။

ယခု သူသည် အလွန်ထူးခြားသည့် နေရာတစ်ခုသို့ ရောက်ရှိနေပြီး သူ့၏စိတ်အာရုံတစ်ချက် ညွှတ်လိုက်သည်နှင့် အခြားသောဘဝများနှင့် ဆက်သွယ်နိုင်သည့် အတွေ့အကြုံကို ရလေသည်။

ထိုအချက်က ကောင်းသည်လည်း ဖြစ်နိုင်သလို ဆိုးသည်လည်းဖြစ်နိုင်သည်။ သူသည် အစပိုင်းသို့လည်းသွားနိုင်သလို အဆုံးပိုင်းသို့လည်းသွားနိုင်မည် ဖြစ်သည်။

ထို့နောက်... သူ့စိတ်ထဲတွင် ခံစားချက်များစွာ ခံစားလိုက်ရပြီး တွေဝေမိန်းမောသွားမိလေသည်။

သို့သော်... သူ့နှလုံးသားထဲမှ အသိဉာဏ်ပညာဓားဝိညာဉ်တစ်ခုထွက်ပေါ်လာပြီး တွေဝေမိန်းမောမှုများကို ဖြတ်တောက်ပစ်လိုက်သည်။

ထိုအခါ... သူ့ပတ်ဝန်းကျင်မှ သူ၏ ကိုယ်ခွဲများအားလုံး ပျောက်ကွယ်သွားပြီး သူ့ရှေ့တွင် ထူးဆန်းသည့် နတ်ဘုရားတစ်ပါး ပေါ်လာလေသည်။

ထိုနတ်ဘုရားသည် အထီးကျန်နေဟန်ရှိပြီး လောက၏ အရာအားလုံးနှင့်လည်း ကင်းလွတ်နေဟန်ရှိသည်။

ထာဝရတည်ရှိနေသည့် နတ်ဘုရားတစ်ပါးဖြစ်ပြီး သူ၏ပုံစံက သာမန်နတ်ဘုရားတစ်ပါးနှင့်မတူဘဲ စွဲဆောင်မှုတစ်ခု ရှိနေလေသည်။ ထိုစွဲဆောင်မှုကို ဖော်ပြရန် ခက်ခဲလွန်းလှသည်။

ဆန်းလျန်သည် ကြယ်စင်ကောင်းကင်ထက်သို့ လှမ်းတက်လိုက်ပြီး တောက်ပနေသည့် အလင်းမှုံများကြားတွင် စီးမျောသွားလေသည်။

ထို့နောက်... သူသည် ထိုနတ်ဘုရားရှေ့သို့ ရောက်ရှိသွားလေသည်။

စောစောက ကောင်းကင်ထက်တွင် ကျယ်လောင်စွာထွက်ပေါ်နေသည့်ဗုံသံသည် တိတ်ဆိတ်ငြိမ်သက်သွားပြီး ဗုံသည် ထိုနတ်ဘုရားရှေ့တွင် ငြိမ်သက်စွာ တည်ရှိနေလေသည်။ ဗုံမှ မှိန်ပျပျ အလင်းရောင်များထွက်ပေါ်နေပြီး မြင်သူတိုင်းကို ခြောက်ခြားသွားစေနိုင်သည့် ခံစားချက်ကို ပေးစွမ်းလေ၏။

ထိုနတ်ဘုရားသည် စန့်ချင်တာအိုဆရာသခင်ဆိုသည့် "လင်ပေါင်ထျန်းကျွင်း" ပင် ဖြစ်လေသည်။

လင်ပေါင်ထျန်းကျွင်း၏ မျက်နှာသည် အလွန်မှ ငယ်ရွယ်သည့် လူငယ်လေးတစ်ယောက်အလားဖြစ်သည်။ သို့သော်… ထိုမျက်နှာကို ဆန်းလျန်မှလွဲပြီး အခြားသူတွေ့မြင်နိုင်ခြင်း မရှိပေ။

ဆန်းလျန်သည် ထိုမျက်နှာကို တစ်ချက်ကလေးမှ မလွဲရအောင် အလွတ်ရမှတ်မိနေခဲ့လေသည်။

ဆန်းလျန်က လင်ပေါင်ထျန်းကျွင်းကို တည့်တည့်စိုက်ကြည့်လိုက်ပြီး…

"ကျုပ်တို့ ထပ်တွေ့ကြပြန်ပြီနော်…"

စန့်ချင်တာအိုဆရာသခင်က…

"ကျုပ်တို့ ဘယ်နှစ်ကြိမ်များ ဆုံခဲ့ဖူးကြလို့လဲ…"

စန့်ချင်တာအိုဆရာသခင်၏ စကားသံက အေးစက်ခြင်းမရှိပေ။သို့သော်... ပတ်ဝန်းကျင်တစ်ခုလုံး တစ်ခဏတာ အေးစက်သွားလေသည်။

ဆန်းလျန်က မျက်ခုံးများကို အသာတွန့်ချိုးလိုက်ရင်း...

"အခု ကျုပ်တို့ ဒုတိယအကြိမ်ဆုံကြတာပဲ..."

ခေတ်အဆက်ဆက်တွင် တာအိုဆရာသခင်ကြီး (၈)ပါး ပေါ်ထွက်ခဲ့လေသည်။

စန့်ချင်တာအိုဆရာသခင် ထိုတာအိုဆရာသခင်ကြီးများထဲမှ တစ်ပါးဖြစ်လေ၏။ သို့သော်... ဆန်းလျန်ကတော့ တာအိုဆရာသခင်ကြီးတစ်ပါးရှေ့တွင် အေးဆေးပေါ့ပါးလျှက်ရှိလေသည်။ ဆန်းလျန်၏အမူအရာများကို တွေ့မြင်သူတိုင်း ဆန်းလျန်ကို နားလည်နိုင်ကြလိမ့်မည် မဟုတ်ပေ။

စန့်ချင်တာအိုဆရာသခင်က...

"မင်းက ထုန်ထျန်းမြစ်ရဲ့ မြစ်ဖျားခံရာကို ပထမဆုံး ရောက်လာနိုင်ခဲ့တဲ့သူပဲ ၊ ဒါပေမဲ့ မင်းဆက်ပြီး လျှောက်လှမ်းရဦးမယ် ၊ ကံကြမ္မာအဆုံးထိ ၊ အချိန်အဆုံးထိ ၊ မင်းကိုပေးအပ်ထားတဲ့အရာအားလုံးကို တွေ့မြင်ဖို့ ၊ ကျုပ်ရဲ့ မူလအစစ်အမှန်ကိုတွေ့မြင်ရဖို့ မင်း ဆက်လျှောက်လှမ်းရဦးမယ် ၊ နားလည်သလား..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"တာအိုဆရာသခင်ကြီးတွေပဲ အဲဒီလမ်းကို ဆက်လျှောက်မှာပေါ့ ၊ ဆန်းလျန်က ဘာလို့ ဆက်လျှောက်ရမှာလဲ..."

စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်းက..

"ဒါ သက်ရှိတွေအားလုံး လျှောက်လှမ်းရမယ့် လမ်းပဲ..."

ထိုစကားကို ပြောလိုက်သည့်အချိန်တွင် စန့်ချင်တာအိုဆရာသခင် တစ်ချက်ပြုံးလိုက်သည်ကို ဆန်းလျန်တွေ့မြင်လိုက်ရသည်။

ဆန်းလျန် ထိုအပြိုး၏အဓိပ္ပါယ်ကို နားမလည်နိုင်ခင်မှာပင် စန့်ချင်တာအိုဆရာသခင်က အသက်တစ်ချက် ရှူထုတ်လိုက်ပြီး အတိတ်နှင့် ပစ္စုပ္ပန်အရာအားလုံးကို တွန်းဖယ်ဖျက်စီးပစ်လိုက်လေသည်။

ထိုအရာသည် ကံတရားနှင့်အချိန်ကို ကစားစရာတစ်ခုသဖွယ် သဘောထားနိုင်သည့် စစ်မှန်သည့် သဘာဝလွန်တန်ခိုးစွမ်းအားတစ်ခု ဖြစ်လေသည်။

ထိုအချိန်မှာပင် ဆန်းလျန်၏ စိတ်ထဲတွင် တိုက်ခိုက်လိုသည့် ဆန္ဒများ ဖြစ်ပေါ်လာလေသည်။ ထိုသို့ ဖြစ်လာလိမ့်မည်ဟု သူမျှော်လင့်ထားပြီးသားဖြစ်သည်။

သူ့တွင် ကြောက်ရွံ့ခြင်းလည်းမရှိ၊ တုန်လှုပ်ခြင်းလည်း မရှိ၊ သူသည် ယခုကဲ့သို့ အတွေ့အကြုံမျိုးကို အကြိမ်ပေါင်းထောင်နှင့်ချီပြီး တွေ့ကြုံဖူးသူတစ်ယောက်အလား တည်ငြိမ်လျှက် ရှိသည်။

ထို့နောက် ဆန်းလျှန်၏ ခန္ဓာကိုယ်မှ အလင်းတန်း (၃၆၅)ခု ထွက်ပေါ်လာလေ၏။ အလင်းတန်းများအားလုံးသည် ဆန်းလျှန်၏ သွေးကြောဆုံချက်များမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး ကျိုးထျန်းကြယ်စင်ဖွဲ့စည်းပုံနှင့် ဆက်စပ်သွားလေသည်။

ထို့ပြင် ထိုအလင်းတန်းတိုင်းတွင် အချိန်ကိုပင် ဖြတ်တောက်ပစ်နိုင်သည့် ဓားဝိညာဉ်များ ပါရှိလေသည်။ အလင်းတန်းများသည် အစမရှိ ၊ အဆုံးမရှိ ၊ အကြွင်းနာတရားလည်းမရှိ။

အလင်းတန်းများ ပေါင်းစုံသွားသည့်အခါ ပြင်းထန်သည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာပြီး သောင်းနှင့်ချီသည့် အလင်းတန်းများထွက်ပေါ်လာလေသည်။

ဆန်းလျှန်အသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားမှာ မိုးနတ်မင်း၏ "မပျက်စီးနိုင်သည့်ခန္ဓာ" တန်ခိုးစွမ်းအားဖြစ်လေသည်။ ဆန်းလျှန်၏ တန်ခိုးစွမ်းအားက မိုးနတ်မင်းထက်ပင်ပိုပြီး ပြည့်စုံနေသေးသည်။

"မပျက်စီးနိုင်သည့်တာအိုခန္ဓာ" တန်ခိုးစွမ်းအားသည် ပြိုင်ဘက်ကင်းသည့် တာအိုခန္ဓာကျင့်စဉ်တစ်ခု ဖြစ်လေသည်။ အသေချာသော အစစ်ဆေးခံရခြင်းများစွာ ၊ ဘေးအန္တရာယ် ပေါင်းများစွာကို ကျော်လွှားနိုင်စွမ်းရှိသည့် စကြာဝဠာစတင် သည့်အချိန်ကတည်းက တည်ရှိသည့် အပြည့်စုံဆုံး တာအိုခန္ဓာ ကို ရည်ညွှန်းလေ၏။

အခန်း (၈၆၄) သဘာဝလမ်းစဉ်

ထိုအချိန်ခဏအတွင်းတွင်...

သူ့ရှေ့တွင် ရှိသူသည် မည်သူဖြစ်ပါစေ ဆန်းလျန်က ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည် ဖြစ်လေသည်။

သို့သော်... ယခု သူရင်ဆိုင်နေရသည့်သူမှာ လောကတွင် ထိပ်တန်းအဆင့်ဖြစ်သည့် စန့်ချင်တာအိုဆရာသခင် ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်အစစ်အမှန်မဟုတ်ဘဲ စန့်ချင်တာအို ဆရာသခင် ချန်ထားရစ်ခဲ့သည့် ပုံရိပ်တစ်ခုဖြစ်သည့်တိုင် အရာအားလုံးကို လွှမ်းမိုးတိုက်ဖျက်ပစ်နိုင်သည့် တန်ခိုး စွမ်းအားများကို ပိုင်ဆိုင်နေဆဲဖြစ်သည်။

သို့သော်... လက်ရှိအချိန်တွင် ဆန်းလျန်ကလည်း ဟွင့်ယွမ်ဝူ ကျီအဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်နေခဲ့ပြီ။

ဆန်းလျန်သည် "ဟွင့်ယွမ်ဝူကျီ" အဆင့်ကို တက်လှမ်းပြီး သည့်နောက်ပိုင်း အရာအားလုံးကို ရှင်းရှင်းလင်းလင်း သိမြင် လာခဲ့လေသည်။

ယခု သူ့ရှေ့မှ စန့်ချင်တာအိုဆရာသခင်၏ပုံရိပ်သည် တာအို ဆရာသခင်ကြီးတစ်ပါး၏ ပုံရိပ်ဖြစ်သော်ငြား တာအိုဆရာ သခင်ကြီးလောက်တော့ အစွမ်းမရှိနိုင်ပေ။ "ဟွင့်ယွမ်ဝူကျီ" အဆင့်မျှသာ ရှိလေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် ရင်မဆိုင်နိုင်စရာ အကြောင်း မရှိပေ။

သို့သော်... စန့်ချင်တာအိုဆရာသခင်၏ထူးခြားချက်မှာ မည် သည့်တန်ခိုးစွမ်းအားကိုမဆို အမြင့်ဆုံးအဆင့်ထိရောက် အောင် အသုံးပြုနိုင်စွမ်းရှိခြင်းပင် ဖြစ်သည်။ စန့်ချင်တာအို ဆရာသခင်သည် ချို့ယွင်းချက်လုံးဝမရှိသည့် တာအိုဆရာ သခင်ကြီးတစ်ပါး ဖြစ်လေသည်။

ဆန်းလျန်ကတော့ ဟွင့်ယွမ်ဝူကျီအဆင့်သို့ရောက်ရှိပြီဟု ဆို သည့်တိုင် ပြီးပြည့်စုံသည့်အဆင့်သို့ ရောက်ရှိခြင်း မရှိသေး ပေ။ ထို့ကြောင့် ဆန်းလျန်ကတော့ အားနည်းချက်များ ရှိနေ သေးသည်။

ထို့ကြောင့် စန့်ချင်တာအိုဆရာသခင်၏ မိုးကြိုးမုန်တိုင်းကို ရင်ဆိုင်ရသည့်အခါ သွေးကြောဆုံချက်များမှ သွေးများကျဆင်းကာ ဒဏ်ရာရခဲ့ခြင်း ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော်… ကျင့်စဉ်လမ်းအဆင့်မြင့်လာလေ ဟာကွက်အနည်းငယ်ကပင် သိသိသာသာ ဒုက္ခပေးနိုင်စွမ်းရှိလေ ဖြစ်သောကြောင့်ပင်။

ဆန်းလျှန် စန့်ချင်တာအိုဆရာသခင်၏ ပုံရိပ်ကို လာရောက်ရှာဖွေရသည်မှာလည်း ထိုအကြောင်းကြောင့်ပင် ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်နှင့် တိုက်ခိုက်ပြီး အတွေ့အကြုံရယူခြင်းသည် သူ့အနေဖြင့် နဝမမြောက်တာအိုဆရာသခင်ကြီးဖြစ်လာနိုင်သည်အထိ လမ်းပြပေးသွားနိုင်မည် ဖြစ်သည်။

မည်မျှပင် စွန့်လွှတ်အနစ်နာခံရပါစေ ၊ မည်မျှပင် ခက်ခဲပါစေ ၊ သူ့အနေဖြင့် ဤလမ်းကို အဆုံးထိ လျှောက်လှမ်းရမည် ဖြစ်လေသည်။

ထိုအချိန်မှာပင် စန့်ချင်တာအိုဆရာသခင်က လက်ဖျောက်တစ်ချက်တီးလိုက်လေသည်။ ထိုအခါ... သူ၏လက်ချောင်းများဆီမှ ရေကဲ့သို့ ကြည်လင်သည့်အလင်းတန်းတစ်ခု စီးဆင်းထွက်ပေါ်လာလေသည်။ ထိုတန်ခိုးစွမ်းအားသည် အချိန်နှင့်နေရာအကန့်အသတ်များကိုပင် ဖြိုချဖျက်စီးပစ်နိုင်စွမ်း ရှိလေသည်။

လောကဖြစ်တည်မလာမီအချိန်ကမူလအစလောကတစ်ခုရှိလေသည်။ ထိုလောကကို ပရမ်းပတာလောက (ဟွင့်သွင့်) ဟုခေါ်သည်။ ထိုပရမ်းပတာလောကထဲတွင် ပုဆိန်ကိုကိုင်ကာအရာအားလုံးကို ခုတ်ထစ်ဖျက်စီးပစ်မည့် မိစ္ဆာနတ်ဘုရားတစ်ပါးရှိလေသည်။

ထိုနတ်ဘုရားနိုးထလာသည့်အချိန်တွင် မူလပရမ်းပတာ လောကကို ခုတ်ထွင်ပစ်ကာ လောကအသစ်ကို ဖွင့်လှစ်ပေးခဲ့ လေသည်။ ထိုနတ်ဘုရားသည် အရာအားလုံးကို ဖျက်စီးပစ်နိုင် စွမ်းရှိလေသည်။

ယခု ဆန်းလျန်ကို တိုက်ခိုက်လာသည့် စန့်ချင်တာအိုဆရာ သခင်၏ တန်ခိုးစွမ်းအားများကလည်း ထိုမိစ္ဆာနတ်ဘုရား အလား ဖြစ်လေ၏။

တန်ခိုးစွမ်းအားများက ပြင်းထန်လွန်းသည့်အတွက် ဆန်းလျန် က ချက်ချင်းပင် နောက်သို့ ခုန်ဆုတ်ကာ ရှောင်တိမ်းလိုက် သည်။ ဆန်းလျန်အနောက်သို့ ခုန်ဆုတ်လိုက်သည့် အရှိန်မှာ မ ယုံကြည်နိုင်စရာကောင်းလောက်အောင် လျှင်မြန်လွန်းလှ သည်။

သို့သော်... တာအိုဆရာသခင်ကြီး၏ တိုက်ခိုက်မှုကို ဆန်းလျန် ရှောင်တိမ်းနိုင်စွမ်း မရှိခဲ့ပေ။

ဆန်းလျန် သက်ပြင်းတစ်ချက်ချလိုက်ပြီး ချက်ချင်းပင် သူ့ရှေ့တွင်စည်းတံဆိပ်တစ်ခုဖန်ဆင်းကာ တာအိုဆရာသခင်ကြီး၏ တန်ခိုးစွမ်းအားများကို ခုခံကာကွယ်ထားလိုက်သည်။

ယင်နှင့်ယန် ၊ အဆုံးမရှိ ကျယ်ပြန့်မှု ၊ အဖြူနှင့်အနက် ဆုံချက်များဖြစ်ပေါ်လာပြီး မိုးမြေမဖြစ်တည်မီ မူလအရံအတားတစ်ခုထွက်ပေါ်လာလေသည်။

ဆန်းလျန်၏ ညာဘက်အကျႌလက်မှာ အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားပြီး ဆန်းလျန်၏ လက်ကောက်ဝတ်တွင် ဒဏ်ရာ ရရှိသွားလေသည်။ ဒဏ်ရာမှ ပြဒါးရောင်သွေးများ စီးကျလာလေ၏။

သို့သော်... ဆန်းလျန်၏ သွေးစက်များမှ အဝါရောင်နှင့်အနက်ရောင် အခိုးအငွေ့များထွက်ပေါ်လာပြီး စန့်ချင်တာအိုဆရာသခင်၏ ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားကို ပျောက်ကွယ်သွားသည်အထိ ဆက်လက်ခုခံထားလေသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်သည် ထိုက်ချင်တာအိုဆရာသခင်၏ ရှမ်ဟွမ်စေတီအလား ပြောင်းလဲသွားပြီး မည်သည့်တန်ခိုး စွမ်းအားမှ သူ့ကို ထိမှန်နိုင်ခြင်း မရှိတော့ပေ။

ထိုသို့ဖြစ်ရသည်မှာ ဆန်းလျန်က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ် နှင့် မပျက်စီးနိုင်သည့်ခန္ဓာကျင့်စဉ် (၂)ခုလုံး ကျင့်ကြံ အောင်မြင်သွားသောကြောင့် ဖြစ်လေသည်။ ထိုတန်ခိုး စွမ်းအား (၂)ခုသည် သဘာဝအတိုင် းပေါင်းစပ်သွားသည့် အခါ ဆန်းလျန်သည် သက်ရှိ ရှမ်ဟွမ်စေတီအလား ဖြစ်သွားရ လေသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်သည် မည်သည့်နည်းနှင့်မှ မပျက်စီးနိုင် သည့် နတ်ဘုရားခန္ဓာဖြစ်လာပြီး ရှေးခေတ်အချိန်က ရွှေခန္ဓာ ကိုရရှိထားသည့် နတ်ဘုရားများစွာထက်ပင် သာလွန်သည်ဟု ဆိုနိုင်သည်။

စန့်ချင်တာအိုဆရာသခင်၏လက်ထဲတွင် ခရမ်းရောင်တူကြီး

တစ်လက် ပေါ်လာလေ၏။ ခရမ်းရောင်တူကြီး၏ ပတ်လည်

တွင် ခရမ်းရောင်လျှပ်စီးများလင်းလက်နေလေ၏။

ထိုမှော်ဝင်လက်နက်သည် စကြာဝဠာတစ်လွှားတွင် ကျော်ကြား

လွန်းသည့် စန့်ချင်တာအိုဆရာသခင်၏ လက်နက်တစ်ခု ဖြစ်

လေသည်။

ထိုက်ချင်တာအိုဆရာသခင် "ထိုက်စန့်လောင်ကျွင်း" ၏ ကျင်း

ကန်းရှေကွင်း ၊ ယွိချင်တာအိုဆရာသခင် "ယွမ်စီထျန်းကျွင်း"

၏ ဖန်းထျန်းတံဆိပ်တော် ၊ ဗုဒ္ဓ၏ ခရမ်းရောင်ရှေသပိတ်တို့

နှင့် တန်းတူ တန်ခိုးစွမ်းအားမြင့်မားသည့် လက်နက်တစ်ခု

ဖြစ်သည်။

ခရမ်းရောင်လျှပ်စီးတူကြီးက ဆန်းလျန်ရှိရာနေရာသို့ ဦးတည်

ကာ ရိုက်ချလိုက်လေသည်။

ပြင်းထန်လှသည့်ရိုက်ချက်ကြောင့် ဆန်းလျန်ပင်လျှင် တုန်လှုပ်သွားမိသည်။

သူ့ပခုံး (၂)ဖက်မှ သွေးစများ ဖွာခနဲ ဖြာကျလာလေသည်။

သို့သော်... ထိုသွေးစများမှာ အနက်ရောင်နှင့်ရွှေရောင် အလင်းတန်းများအဖြစ်ပြောင်းလဲသွားပြီး ဒဏ်ရာမှာ ချက်ချင်းပြန်လည်ပျောက်ကင်းသွားလေသည်။

သို့သော်... ခရမ်းရောင်လျှပ်စီးတူကြီးက ရပ်တန့်သွားခြင်း မရှိပေ။ ဆန်းလျန်ကို အဆက်မပြတ်ရိုက်နှက်လျှက်ရှိလေ၏။

ဆန်းလျန်၏ မျက်ဝန်းများတွင် ရုတ်တရက် နက်ရှိုင်းသည့် အငွေ့အသက်များထင်ဟပ်လာပြီး ဆန်းလျန်၏ ပါးစပ်အတွင်းမှ ပြဒါးရောင်သွေးတစ်ပွက်အန်ချလိုက်သည်။

ထိုသွေးများထဲမှ အဖြူရောင်မြားတစ်စင်းထွက်ပေါ်လာပြီး ခရမ်းရောင်လျှပ်စီးတူကြီးကို ထိုးခွင်းပစ်လိုက်လေသည်။

စန့်ချင်တာအိုဆရာသခင်က...

"တာ့ယိရဲ့မြားချက်..."

ဟု ရေရွတ်လိုက်သည်။

ထိပ်တန်းအဆင့် တာအိုဆရာသခင်ကြီး (၈)ပါးရှိလေသည်။

ထိုတာအိုဆရာသခင်ကြီး (၈)ပါးတွင် စန့်ချင်တာအိုဆရာသခင်

က သီးသန့်အနေဆုံးနှင့် မာနအကြီးဆုံး ဖြစ်လေသည်။

စကြာဝဠာတစ်ခွင်တွင် သူ၏မရဏဓား (၄)လက်ကို မည်သူမှ

ယှဉ်ပြိုင်နိုင်စွမ်း မရှိလေရာ မာနကြီးမည်ဆိုလျှင်လည်း ကြီး

လောက်ပေ၏။

ထို့ကြောင့် စန့်ချင်တာအိုဆရာသခင် အသိအမှတ်ပြုလေးစား

သူဆို၍ လောကတွင် အနည်းငယ်သာ ရှိလေသည်။ ထို

အနည်းငယ်သောလူများကြားတွင် လေးသည်တော် "တာ့ယိ"

လည်းအပါအဝင်ဖြစ်လေ၏။

ဆန်းလျှန်နှင့်တိုက်ခိုက်နေသူမှာ စန့်ချင်တာအိုဆရာသခင်ချန်

ထားခဲ့သည့် ပုံရိပ်ပင်ဖြစ်လင့်ကစား တာအိုဆရာသခင်ကြီး၏

မှတ်ဉာဏ်များအားလုံးကို သိရှိနေလေသည်။ ထို့ကြောင့် ဆန်းလျန် ပစ်လွှတ်လိုက်သည့် မြားကို တွေ့သည့်အခါ ထိုကဲ့သို့ တုန့်ပြန်မှုမျိုးကို ပြုလုပ်လိုက်ခြင်းဖြစ်သည်။

သို့သော်… စန့်ချင်တာအိုဆရာသခင်က တိုက်ခိုက်မှုကို ရပ်တန့်လိုက်ခြင်း မရှိပေ။

သူက ဘယ်ဘက်လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်လေရာ သူ၏လက်ထဲတွင် အနီရောင်ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး ဆန်းလျန်၏ အဖြူရောင်မြားကို ခုတ်ပိုင်းပစ်လိုက်လေသည်။

ဆန်းလျန်က…

"တာအိုဆရာသခင်ကြီးက နတ်ဘုရားထောင်ချောက်ဓားကို ထုတ်သုံးမှတော့ ဒီနေ့ ဆန်းလျန် အမှုံ့ဖြစ်ရတော့မှာပေါ့…"

ပြောသာပြောလိုက်သည် ဆန်းလျန်၏ လက်ထဲတွင်လည်း ရေကဲ့သို့ ကြည်လင်သည့် ဓားတစ်လက် ပေါ်လာလေသည်။

ထိုဓားမှာလည်း ထိပ်တန်းမရဏဓားတစ်လက်ဖြစ်ပြီး အတ္တ

ကင်းမဲ့စွာဖြင့် တာအိုနှင့်တစ်သားတည်းကျနေလေသည်။

ထိုသို့သော ဓားမျိုးသည် လောကတွင် (၂)လက် မရှိနိုင်ပေ။

ဆန်းလျန်လက်ထဲတွင် ထိုဓားပေါ်လာသည်နှင့် ဆန်းလျန်၏

နောက်ဘက်တွင် ဓားနတ်ဘုရားတစ်ပါး ပေါ်လာလေသည်။ ထို

ဓားနတ်ဘုရားမှာ ချန်ကျန့်မေပင် ဖြစ်လေသည်။

ဆန်းလျန်နှင့် ချန်ကျန့်မေကြားတွင် ပြောမပြနိုင်သည့်

ဆက်နွှယ်မှုတစ်ခု ရှိလေသည်။ သူတို့ (၂)ယောက်သည် တစ်

ယောက်နှင့်တစ်ယောက် ခွဲခြားမရသည့်အလားဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်၏ပုံရိပ်က တည်ငြိမ်နေလေသည်။

သူ့ရှေ့တွင် မရေမတွက်နိုင်သည့် နတ်ဘုရားအလင်းတန်းများ

ထွက်ပေါ်လာပြီး သူက ဆန်းလျန်ကို ငုံ့ကြည့်လိုက်လေသည်။

ဆန်းလျန်ကိုပင် လက်ဝါးတစ်ချက်တည်းဖြင့် အသေရိုက်ချ

တော့မည့်အလား ထင်မှတ်ရသည်။

ဆန်းလျန်ကတော့ ဓားနှင့်လူက တစ်သားတည်းကျနေပြီ ဖြစ်သည်။

ဆန်းလျန်လက်ထဲမှ မရဏဓားသည် ချန်ကျန့်မေ၏ ပုံရိပ်နှင့် တစ်သားတည်းပေါင်းစပ်သွားပြီး လူသားပုံသဏ္ဌာန် ဓားဝိညာဉ် အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ ထိုဓားဝိညာဉ်က စန့်ချင်တာအိုဆရာသခင်၏ နတ်ဘုရားအလင်းတန်းများ အားလုံးကို ဖျက်စီးပစ်လိုက်လေသည်။

ထိုအခါ... စန့်ချင်တာအိုဆရာသခင်၏ တည်ငြိမ်သည့်မျက်နှာမှာ အနည်းငယ် ပြောင်းလဲသွားလေ၏။ မျက်ခုံးများက အနည်းငယ်တွန့်ချိုးသွားပြီး မျက်ဝန်းများကိုလည်း အနည်းငယ် ကျဉ်းမြောင်းလိုက်လေသည်။

ထို့နောက် ထုန်ထျန်းမြစ်ကြီးတစ်ခုလုံး တုန်ခါသွားပြီး စန့်ချင်တာအိုဆရာသခင်က မြစ်ရေများအားလုံးကို ဆင့်ခေါ်လိုက်လေသည်။

မြစ်ရေများထဲတွင် နတ်ဘုရားများ၏ သန့်စင်သည့် ရွှေပြဒါး

အမြုတေအရည်များလည်း ရှိနေသေးသည်။နတ်ဘုရားများ၏

အသက်ဓာတ်စွမ်းအားများသည်လည်း မြစ်ရေထဲတွင် ပျော်

ဝင်နေကြလေသည်။

ထို့နောက် မြစ်အတွင်းမှ မရေမတွက်နိုင်သည့် ဓားဝိညာဉ်များ

ထွက်ပေါ်လာပြီး ထိုဓားဝိညာဉ်များသည် စန့်ချင်တာအိုဆရာ

သခင်၏လက်ထဲတွင် ဓားတစ်လက်အဖြစ် ပေါင်းစပ်သွားကြ

လေသည်။

ထိုဓားက ဆန်းလျန်၏ မရဏဓားကို တားဆီးထားလိုက်သည်။

ထို့နောက်... ဆန်းလျန်နှင့် စန့်ချင်တာအိုဆရာသခင်တို့

(၂)ယောက်လုံး နေရာမှ ပျောက်ကွယ်သွားကြလေသည်။

ဓားဝိညာဉ် (၂)ခုနှင့် အဝါရောင်အခိုးအငွေ့များထွက်ပေါ်လာ

သည်ကိုသာ တွေ့မြင်လိုက်ကြရသည်။

နောက်ဆုံးတော့ အဝါရောင်အခိုးအငွေ့များက ထိုက်ယင်းနတ်သမီးအနားသို့ ရောက်ရှိလာပြီး ထိုက်ယင်းနတ်သမီးကို ရစ်ပတ်ခေါ်ဆောင်သွားလေသည်။

မြူခိုးများ ရစ်သိုင်းနေသည့် တောင်ကြားတစ်နေရာအရောက်တွင်တော့ အဝါရောင်အခိုးအငွေ့များက ထိုက်ယင်းနတ်သမီးကို တောင်ကြားတစ်နေရာတွင် ချထားပေးလိုက်လေသည်။

ထို့နောက် အဝါရောင်အခိုးအငွေ့များကြားထဲမှ ဆန်းလျန်ထွက်ပေါ်လာလေ၏။

ထိုက်ယင်းနတ်သမီးက အိပ်မက်မက်နေသည့်အလား ယောင်တောင်တောင်ဖြစ်သွားပြီး...

"တိုက်ပွဲက ပြီးသွားပြီလား..."

ဟု ရေရွတ်လိုက်သည်။

ဆန်းလျန်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်လေသည်။

ထိုက်ယင်းနတ်သမီးက...

"ဘယ်သူနိုင်သွားတာလဲ..."

ဆန်းလျန်က...

"ကျုပ်တို့ ဆက်တိုက်ကြဦးမယ်ဆိုရင် ကျုပ်ပျက်စီးသွားမှာ ပေါ့..."

ထိုက်ယင်းနတ်သမီးက...

"ကျွန်မရဲ့ဆရာ လနတ်သမီးချန်ဝေါပြောဖူးဆယ် ၊ ဟွင့်ယွမ်ဝူကျီအဆင့်ဆိုတာ ကျင့်စဉ်လမ်းမှာ အမြင့်ဆုံးအဆင့်ပဲတဲ့ ၊ ဘယ်လိုမှ ဖျက်စီးလို့မရနိုင်တဲ့အဆင့်လို့ပြောတယ် ၊ ရှင်က ဘယ်လိုလုပ် ပျက်စီးသွားရမှာလဲ..."

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"ဘာလို့လဲဆိုတော့ တာအိုဆရာသခင်ကြီးတွေ မဖျက်စီးနိုင်တဲ့ အရာဆိုတာ လောကမှ မရှိလို့ဘဲ..."

ခဏနေပြီးတော့မှ ဆန်းလျန်က စကားဆက်ပြောလိုက်သည်။

"ဒါကြောင့်လည်း ကျုပ်ရဲ့ ဟွင့်ယွမ်ဝူကျီအဆင့်ဟာ ပြီးပြည့်စုံပြီလို့ မပြောနိုင်သေးတာပေါ့၊ ကျုပ်က ကံကြမ္မာမတူတဲ့ ကိုယ်ခွဲတွေအများကြီးကို ဖန်ဆင်းထားနိုင်ပေမယ့် အဆုံးသတ်အောင်မြင်ခြင်းကို မရောက်ရှိနိုင်သေးဘူး..."

ထိုစကားကိုပြောပြီးသည့်နောက် ဆန်းလျန် ပြုံးလိုက်လေသည်။

အဆုံးသတ်အောင်မြင်ခြင်းအဆင့်သို့သာရောက်လျှင် သူသည် သံသရာမှ ကျော်လွန်သွားနိုင်တော့မည် ဖြစ်သည်။

လောလောဆယ်တော့ ဆန်းလျန် အလွန်စိတ်ကြည်လင်နေလေသည်။ စန့်ချင်တာအိုဆရာသခင်၏ ပုံရိပ်ကို အနိုင်မယူနိုင်သည့်တိုင် တာအိုဆရာသခင်ကြီး၏ တန်ခိုးစွမ်းအားများအားလုံးကို သူ ရင်ဆိုင်နိုင်စွမ်း ရှိခဲ့လေသည်။ ထို့ကြောင့် သူ့အနေဖြင့် စိတ်ပျက်အားလျော့နေစရာ အကြောင်း မရှိပေ။

ထို့နောက် ဆန်းလျန်က တောင်ကြားထဲရှိ ကျောက်တုံးကြီးတစ်ခုထက်တွင် ထိုင်ချလိုက်လေသည်။

ပတ်ဝန်းကျင်တွင် တောင်များပတ်ပတ်လည်ဝန်းရံနေပြီး တိမ်တိုက်မြူခိုးများကလည်း ရစ်သိုင်းလျှက်ရှိသည်။

ဆန်းလျန် တရားထိုင်နေလေသည်။

သူ့တစ်ကိုယ်လုံးပေါ့ပါးကြည်လင်နေပြီး သူ၏အသက်ရှူသံက မိုးမြေတစ်ခုလုံးနှင့် ပေါင်းစပ်သွားသည့်အလား ထင်မှတ်ရသည်။

စန့်ချင်တာအိုဆရာသခင်၏ပုံရိပ်နှင့် တိုက်ခိုက်ပြီးသွားသည့်နောက် ဆန်းလျန်၏ပုံစံက ပိုပြီး တည်ကြည်လေးနက်သွားလေသည်။

ထိုက်ယင်းနတ်သမီးက ဆန်းလျန်တရားထိုင်နေသည်ကို ကြည့်နေလေသည်။ သူမအတွက် ဆန်းလျန်တရားထိုင်နေသည်ကို ကြည့်ရသည်မှာ များစွာ အကျိုးကျေးဇူးရှိလေ၏။

အရင်တုန်းက လနတ်သမီးချန်ဝေါ် သူကို ပြောခဲ့ဖူးသည့်

စကားတစ်ခွန်းကို သွားသတိရမိသည်။

"အခုခေတ်ကျင့်ကြံသူတွေက နက်ရှိုင်းရှုတ်ထွေးတဲ့ ကျင့်စဉ်

တွေကို ကျင့်ကြံနိုင်ကြပေမယ့် အရင်တုန်းက ကျင့်ကြံသူတွေ

ရဲ့ ရိုးရှင်းတဲ့ ကျင့်စဉ်တွေကို မမီနိုင်ဘူး..."

ဟူ၍ဖြစ်သည်။

ထိုစဉ်က လနတ်သမီးချန်ဝေါ်၏စကားကို သူမ နားမလည်ခဲ့

ပေ။

ထိုနေ့က လနတ်သမီးချန်ဝေါ် (ဟန်အယ်) က သူမကို "သဘာဝ

လမ်းစဉ်" ဆိုသည့် အဓိပ္ပါယ်ကို ရှင်းပြခဲ့သည်။

"လူသားရဲ့လမ်းစဉ်က မြေကြီးပဲ ၊ မြေကြီးရဲ့လမ်းစဉ်ကတော့

မိုးကောင်းကင် ၊ မိုးကောင်းကင်လမ်းစဉ်က တာအို ၊ တာအိုရဲ့

လမ်းစဉ်ကတော့ သဘာဝတရားပဲ..."

နောက်ပိုင်း ထိုက်ယင်းနတ်သမီး နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခဲ့ပြီးသည့်နောက် ဆရာဖြစ်သူပြော သည့် စကားများကို ပြန်စဉ်းစားကြည့်ခဲ့သည်။

သို့သော် နားလည်သဘောပေါက်ခြင်း မရှိခဲ့ပေ။

ယခုတော့ သူမရှေ့မှ ဆန်းလျန်ကို ကြည့်နေရင်း "သဘာဝ လမ်းစဉ်" အကြောင်းကို သဘောပေါက်နားလည်ခဲ့ရပြီ။ သို့ တိုင်အောင် သူမနားလည်သည်က အပေါ်ယံမျှသာ ဖြစ်လေ သည်။

ထိုက်ယင်းနတ်သမီးက ဆန်းလျန်အသက်ရှူနေသည်ကိုကြည့် ရင်း သဘာဝလမ်းစဉ်ဆိုသည့်အကြောင်း သဘောတရားကို ဖြည်းဖြည်းချင်းဆုပ်ကိုင်နိုင်ခဲ့သည်။

အမှန်တော့ သူမ၏ ကျင့်ကြံခြင်းအဆင့်က နက်ရှိုင်းခြင်းမရှိ သေးသည့်အတွက် ဆန်းလျန်၏ အသက်ရှူသံမှာ တာ

အိုဧ၏အထွတ်ထိပ်ဖြစ်သည့် သဘာဝတရားသာဖြစ်ကြောင်းကို တော့ သူမ နားလည်ခြင်း မရှိသေးပေ။

ကျင့်ကြံခြင်းတွင် တာအိုဝါဒနှင့် ဗုဒ္ဓဘာသာက အခိကျကျလေ သည်။

ခေတ်အဆက်ဆက်ကျော်ဖြတ်လာခဲ့ပြီးသည့်တိုင် ထိုဝါဒ (၂)ခု၏ ကျင့်စဉ်များက မပျောက်မပျက် ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်သည်။

နောက်ပိုင်းကာလတွင် အသိဉာဏ်ပညာမြင့်မားသည့် သူတော် စဉ်များ ၊ နတ်ဘုရားများ ပေါ်ထွက်လာကြသည့်တိုင် ထိုက်စန့် လောင်ကျှင်းနှင့် အော်မီတော်ဖူဘုရားချန်ထားခဲ့သည့် ကျမ်းစာ များကို ကျော်လွန်ပြီး သိရှိသွားနိုင်သူဆို၍ မရှိကြပေ။

ထိုက်စန့်လောင်ကျှင်းနှင့် အော်မီတော်ဖူဘုရားတို့၏ ကျမ်းစာ များက သဘာဝတရားကိုဖော်ပြခြင်းဖြစ်ပြီး လက်တွေ့လည်း ကျလွန်းသည်။

ဆန်းလျန်သည် အသိဉာဏ်ပညာနှင့် ကျင့်စဉ်ပေါင်းများစွာ သိုမှီးထားသည့် ချင်းရှမ်နတ်တံခါးတွင် တပည့်အဖြစ် ပညာသင်ယူခွင့်ရခဲ့သည်။

ထို့ကြောင့်ပင် သူသည် ချင်းရှမ်နတ်တံခါး၏ ကျယ်ပြန့်လွန်းသည့်အသိဉာဏ်ပညာများကို ဆက်ခံသူ ဖြစ်လာခဲ့လေသည်။

ထို့ကြောင့် ဆန်းလျန်သည် လောကရှိ ကျင့်စဉ်အားလုံး၏ သဘောတရားကို နားလည်နိုင်သူဖြစ်လာပြီး ရှေးခေတ်နှင့် လက်ရှိခေတ်အချိန်ကာလများတွင် ပြိုင်ဘက်ကင်းတစ်ယောက် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ချင်းရှမ်နတ်တံခါး၏ သမိုင်းတစ်လျှောက်တွင် ဆန်းလျန်နှင့် ယှဉ်ပြိုင်နိုင်သူဆို၍ ယန်ရှီးတစ်ယောက်သာ ရှိလေသည်။ ယန်ရှီးက လမ်းမှားကို လိုက်ခဲ့မိသည့်အတွက် အခြေအနေဆိုးရွားသွားရခြင်းဖြစ်လေသည်။

သို့သော်... ယန်ရှီးနှင့် ဆန်းလျန်မှာ စိတ်နေစိတ်ထားခြင်း တူညီသူများဖြစ်ကြလေရာ ဆန်းလျန်သာ လမ်းမှားကို လိုက်ခဲ့မိလျှင် ယန်ရှီးထက်ပင် အခြေအနေဆိုးသွားနိုင်လေသည်။

ဆန်းလျန် ယခုကဲ့သို့ အခြေအနေထိရောက်အောင် ကျင့်ကြံနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရမည့်သူမှာ ဆရာသခင်ကျန်းရော့ရှီးဖြစ်လေ၏။ ဆရာသခင်ကျန်းရော့ရှီးသာ သူ့ကို လမ်းပြပေးခြင်းမရှိပါက ဆန်းလျန်သည်လည်း လမ်းမှားကိုရောက်ကောင်းရောက်သွားပေလိမ့်မည်။

လမ်းမှားကိုသာလိုက်မိပါက ယနေ့ကဲ့သို့ အောင်မြင်မှုမျိုး ရရှိရန်ခက်ခဲပေလိမ့်မည်။

ထိုအချက်ကိုနားလည်သည့်အတွက် ဆန်းလျန်သည် ဆရာသခင်ကျန်းရော့ရှီးနှင့် ချင်းရှမ်နတ်တံခါးမှ ဂိုဏ်းတူညီအစ်ကိုမောင်နှမများကို အမြဲတမ်း အသိအမှတ်ပြုကျေးဇူးတင်နေခဲ့မိလေသည်။

(၉)ရက် (၉)ညတိတိ တရားထိုင်ပြီးသည့်နောက် ဆန်းလျ
န်၏ကိုယ်ထဲမှ ရွှေပြဒါးအမြုတေသည် အပြည့်ဝဆုံး
အနေအထားသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။
ဆန်းလျန်၏ ပတ်ဝန်းကျင်တွင် မြူခိုးများဝေနေပြီး အဖြူ
ရောင်နဂါးတစ်ကောင်က ဆန်းလျန်ကို ရစ်ပတ်ထားသည့်
အလား ဖြစ်လေသည်။
ဆန်းလျန်၏ စိတ်အစဉ်က ငြိမ်းချမ်းနေပြီး သူ၏ပုံစံက
ကောင်းကင်ထက်တွင် လင်းလက်နေသည့် ကြယ်တစ်စင်း
အလား ဖြစ်လေသည်။
ပတ်ဝန်းကျင်တစ်ခုလုံးမှ ကျောက်ဆောင်များ ၊ မြေကြီးများ
အားလုံးသည် အဖြူရောင်ကျောက်စိမ်းကဲ့သို့ လင်း
လက်တောက်ပလျှက်ရှိလေသည်။
ထိုက်ယင်းနတ်သမီးက ဆန်းလျန် တရားထိုင်၍ပြီးသွားသည့်
အခြေအနေများကို ကြည့်နေလေသည်။

ဤနေရာတွင် (၉)ရက် (၉)ညတိတိ ဆန်းလျန် တရားထိုင်လိုက်သည့်အတွက် ပတ်ဝန်းကျင်တစ်ခုလုံးမှ သာမန် ကျောက်တုံးကျောက်သားများအားလုံးသည် ကျောက်စိမ်းရတနာအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြပြီ ဖြစ်သည်။

တစ်စုံတစ်ယောက်သာ ဤနေရာသို့ရောက်လာလျှင် သဘာဝအတိုင်း ကျောက်စိမ်းများထွက်ရှိသည့်နေရာဟု သေချာပေါက်ထင်မှတ်သွားပေမည်။ အရာအားလုံးသည် သဘာဝတရားအတိုင်း ပေါင်းစပ်ယှက်နွယ်သွားသောကြောင့် ဖြစ်လေ၏။

နှစ်ပေါင်းသောင်းနှင့်ချီကြာခဲ့ပြီးသည့်နောက် ဤနေရာသို့ ရောက်ရှိလာသူတစ်ယောက် ရှိခဲ့လေသည်။ ထိုအကြောင်းကတော့ ဆန်းလျန် ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသည့် အခြားသောဇာတ်လမ်းတစ်ပုဒ်ဖြစ်လာခဲ့လေသည်။ ထို့ပြင်… သူမည်မျှကြီးမားသည့်ပြဿနာများ ချန်ထားခဲ့သည်ကို ဆန်းလျန်ကိုယ်တိုင်လည်း သိရှိခြင်း မရှိခဲ့ပေ။

အခန်း (၈၆၅) အပင်မြင့်လေ လေတိုက်လေ

ပတ်ဝန်းကျင်တစ်ခုလုံး အဖြူရောင်ကျောက်စိမ်းသားများ

အဖြစ် ပြောင်းလဲသွားသည်ကိုကြည့်ရင်း ထိုက်ယင်းနတ်သမီး

က အံ့သြခြင်း မဖြစ်မိတော့ပေ။

ဆန်းလျန်သည် မယုံကြည်နိုင်စရာကောင်းသူတစ်ယောက်ဖြစ်

လေသည်။ ထို့ကြောင့် ဆန်းလျန်နှင့်ပတ်သက်သည့်အရာတိုင်း

သည် သူမအတွက် အံ့သြစရာမရှိတော့ပေ။ အံ့သြစရာများ မ

ရေမတွက်နိုင်အောင် ဖြစ်ပျက်ခဲ့ပြီးသည့်အတွက် အသားကျ

သွားခြင်း ဖြစ်လေ၏။

ဆန်းလျန်က ဖြည်းဖြည်းချင်း မတ်တတ်ထရပ်လိုက်သည်။

ထိုအချိန်မှာပင်... သူ၏အရိုးများအတွင်းမှ နဂါးနှင့်ဇာမဏီတို့

ကျိုးဝါးလိုက်သံအလား ၊ ကျယ်လောင်သည့် မိုးခြိမ်းသံကြီး

များ ထွက်ပေါ်လာလေသည်။

ထိုသို့ဖြစ်ရသည်မှာ သူ၏ခန္ဓာကိုယ်ထဲမှ သွေးလည်ပတ်စီး

ဆင်းမှုနှင့် တန်ခိုးစွမ်းအားများ အသားကျအောင် ညှိနှိုင်းနေ

သည့်အတွက် ထွက်ပေါ်လာသည့်အသံများဖြစ်သည်။

ယခုဆိုလျှင် ဆန်းလျန်၏ခန္ဓာကိုယ်သည် ပိုပြီးပြည့်စုံသည့်

နတ်ဘုရားခန္ဓာတစ်ခု ဖြစ်လာခဲ့ပြီ ဖြစ်သည်။စန့်ချင်တာအို

ဆရာသခင်၏ ပုံရိပ်နှင့်တိုက်ခိုက်ခဲ့ခြင်းအတွက် ရရှိလာသည့်

အကျိုးကျေးဇူးများဟု ဆိုနိုင်သည်။

ပြောရမည်ဆိုလျှင် ဆန်းလျန်၏ နတ်ဘုရားခန္ဓာသည် ထိပ်ဆုံး

အဆင့်သို့ရောက်ရှိနေပြီဖြစ်ပြီး သူကိုယ်တိုင်ပင် ဟာကွက်

ရှာ၍မရတော့သည်အထိ ပြီးပြည့်စုံသွားခဲ့ပြီ ဖြစ်သည်။

သို့သော်... စန့်ချင်တာအိုဆရာသခင်ကတော့ သူ့ထက်ပိုပြီး ဉာဏ်ကောင်းသူ ဖြစ်လေသည်။ သူကိုယ်တိုင်ပင် မတွေ့မြင်နိုင်သည့် သူ၏အားနည်းချက်များကို တွေ့မြင်ခဲ့ပြီး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ပေးခဲ့လေသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ အခြား မည်သည့်နတ်ဘုရားမှ စိတ်ကူးနိုင်စွမ်းမရှိနိုင်လောက်အောင် ပြီးပြည့်စုံနေလေသည်။

ဒဏ္ဍာရီအရဆိုလျှင် ထန်စန်းဆရာတော်၏ အသားတစ်ဖွဲ့ကို စားမိလျှင် နတ်ဘုရားတစ်ပါးဖြစ်သွားနိုင်သည်ဟု အဆိုရှိသည်။

ယခု ဆန်းလျန်၏ အသားတစ်ဖွဲ့ကိုစားမိမည်ဆိုပါက နတ်ဘုရားတစ်ပါးသာမဟုတ် ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးအဖြစ် တန်းပြီးဖြစ်သွားနိုင်ပေသည်။

သူသည် အဆင့် (၉)ဆင့်နှင့်ပြည့်စုံသည် ရွှေပြဒါးအမြုတေကို ပိုင်ဆိုင်ထားပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံးက အသက်ဝင်နေသည့် ဆေးဖက်ဝင်ပစ္စည်းတစ်ခုအလား ဖြစ်နေခဲ့ပြီ။ နတ်ဘုရားတစ်ပါး၏ အမြင့်မားဆုံးသော အသက်ဓာတ်စွမ်းအားများနှင့် ပြည့်ဝလျှက်ရှိလေသည်။

သူတည်ရှိရာ ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း တာအိုစွမ်းအားများနှင့် ပြည့်ဝလျှက်ရှိလေ၏။

ထိုက်ယင်းနတ်သမီးသည် ဆန်းလျန်ကို အချိန်ကြာမြင့်စွာ ငေးကြည့်နေခဲ့လေသည်။

ထို့နောက် သူမသည် ဆန်းလျန်ရှေ့တွင် ဒူးထောက်ချလိုက်ပြီး မျက်ဝန်းထက်မှ မျက်ရည်များစီးဆင်းကျလာကာ ငိုကြွေးလေတော့သည်။

ဆန်းလျန်သည် လောကသို့ ဆင်းကြွလာသည့် ကြီးမြတ်သည့် နတ်ဘုရားတစ်ပါးအလားဖြစ်ပြီး ပူဇော်ကိုးကွယ်ရန် ထိုက်တန်လွန်းသည်ဟု သူမ ယူဆလိုက်မိသည်။

ထို့ပြင် သူမ၏ ကျင့်စဉ်လမ်းတွင် တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ခြင်းသည် ဆန်းလျန်နှင့် ပတ်သက်နေခဲ့လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်း ကျုပ်နောက် ဆက်လိုက်ချင်သေးလား..."

ထိုက်ယင်းနတ်သမီးက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး...

"ရှင်က အခု ဘယ်သွားမလို့လဲ..."

ဆန်းလျန်က...

"နတ်ဆေးကိုယ်တော်လျိုလီရဲ့ ဖန်သားကောင်းကင်ဘုံက အော်မီတော်ဖူဘုရားရဲ့ သုခဘုံနီးနီး မြင့်မြတ်သန့်စင်တယ်လို့ ကြားဖူးတယ်၊ ကျုပ် အဲဒီကို သွားလည်ပတ်မလို့..."

ဆန်းလျန်၏စကားကြောင့် ထိုက်ယင်းနတ်သမီး၏ရင်ထဲတွင် တုန်လှုပ်သွားရသည်။

နောက်ဆုံးတော့ ဆန်းလျန်သည် နတ်ဆေးကိုယ်တော်လျိုလီကို သွားရောက်စိန်ခေါ်တော့မည် ဖြစ်သည်။ သူမသည်လည်း ထို အကြောင်းအရာများကို မျက်ဝါးထင်ထင်တွေ့မြင်ရပေတော့ မည်။

နတ်ဆေးကိုယ်တော်ကို သုတ်သင်ပစ်ခဲ့သူမှာ ဆန်းလျန် ဖြစ်သည်ဟု လူတိုင်းသိကြသော်လည်း သူတို့ (၂)ယောက်၏ တိုက်ပွဲကို မည်သူမှ မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရခြင်း မရှိ ပေ။

ဆန်းလျန်သည် နတ်ဆေးကိုယ်တော်လျိုလီကို သူနေထိုင်ရာ ဖန်သားကောင်းကင်ဘုံတွင်ပင် သုတ်သင်ပစ်ခဲ့ခြင်း ဖြစ်လေ သည်။

ဥပမာပေးရသော်... နန်းတော်ထဲတွင် အစောင့်အရှောက်ပေါင်း သောင်းနှင့်ချီချထားသည့် ဧကရာဇ်တစ်ပါး၏ နန်းတော် အတွင်းသို့ သိုင်းသမားတစ်ယောက်က ဓားတစ်လက်ဖြင့် ကျူးကျော်ဝင်ရောက်လာပြီး ဓားတစ်ချက်တည်းဖြင့် ခုတ် သတ်လိုက်သည့် ဖြစ်ရပ်မျိုး ဖြစ်လေ၏။

ထိုက်ယင်းနတ်သမီးသည် စိတ်လှုပ်ရှားနေသလို သံသယများ နှင့်လည်း ပြည့်နေလေသည်။

အဘယ်ကြောင့်ဆိုသော်... နတ်ဆေးကိုယ်တော်လျိုလီရှိရာသို့ ဆန်းလျန်သွားလိုသည့်အကြောင်းရင်းကိုသူမ မသိနိုင် သောကြောင့် ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီး ဉာဏ်မီသမျှ တွေးတောနေသည့်တိုင် ထို အကြောင်းရင်းကို အဖြေရှာမတွေ့နိုင်ခဲ့ပေ။ ဆရာဖြစ်သူ လ နတ်သမီးချန်ဝေါ်သာ အနားတွင်ရှိလျှင် ဆန်းလျ

န်၏ရည်ရွယ်ချက်ကို သေချာပေါက်သိရှိနိုင်မည်ဟု သူမ တွေး နေမိသည်။

သို့သော်... အနာဂတ်ကာလ နှစ်ပေါင်းတစ်သောင်းကျော်တွင် ရှိနေသည့် လနတ်သမီးချန်ဝေါ်ကို သူမအနေဖြင့် မည်သည့် နည်းနှင့်မှ ဆက်သွယ်မေးမြန်းရန် မဖြစ်နိုင်ပေ။

ရုတ်တရက် သူမ တစ်စုံတစ်ခုကို တွေးလိုက်မိသည်။ လက်ရှိ ခေတ်အချိန်ကာလမှ လနတ်သမီးချန်ဝေါ်ကို သူမရှာဖွေနိုင်ပါ မည်လား။

သို့သော်... ဆန်းလျန်က သူမအတွေးများကို သိမြင်နေသည့် အလား စကားတစ်ခွန်းပြောလိုက်သည်။

"မင်း အနာဂတ်ကို မပြန်သေးဘူးဆိုရင် ကျုပ်အနားက တခြား ကိုထွက်မသွားတာ အကောင်းဆုံးပဲ..."

ထိုက်ယင်းနတ်သမီးက...

"ဘာဖြစ်လို့လဲ..."

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အချိန်ခရီးသွားတယ်ဆိုတာ လွယ်တယ်လို့များမင်းက ထင်နေတာလား ၊ မင်း အချိန်ခရီးသွားမိတဲ့အတွက် အတိတ်က ဖြစ်ရပ်တွေ ပြောင်းလဲသွားမယ်ဆိုရင် ဖြစ်လာမယ့် အကျိုးဆက်တွေကို မင်းခံနိုင်ရည်ရှိမှာ မဟုတ်ဘူး ၊ မင်းလုပ်တဲ့ အလုပ်အတွက် သဘာဝတရားက အပြစ်ပေးတဲ့အခါ တစ်ခါတည်း အမှုန့်ဖြစ်သွားလိမ့်မယ်..."

သို့သော်... ထိုက်ယင်းနတ်သမီးက ဆန်းလျန်၏ စကားများကို နားမထောင်ဘဲ မျက်နှာချင်းဆိုင်ရှိ တောင်ထပ်တစ်ခုဆီသို့ ပျံသန်းထွက်ခွာသွားလေသည်။

သူမက ဆန်းလျန်ကို လည်ပြန်လှည့်ကြည့်လိုက်သည့်အခါ ဆန်းလျန်က သူမကို တားဆီးခြင်းမရှိသည်ကို တွေ့လိုက်ရသည်။ ထိုအခါမှ... သူမ စိတ်သက်သာရာရသွားပြီး ဆယ်မိုင်ခန့် ဆက်လက်ပျံသန်းထွက်ခွာသွားလေသည်။

ရုတ်တက်ရက်... သူမ၏ရင်ထဲတွင် ကြောက်မက်ဖွယ်ရာလှိုင်း

လုံးများ မြင့်တက်လာပြီး ကောင်းကင်ထက်မှ မိုးကြိုးတစ်စင်း

သူမထံသို့ ပစ်ချလိုက်သည်ကို ခံစားလိုက်ရသည်။

ကောင်းကင်ထက်တွင် မိုးကြိုးတိမ်တောင်များဖြစ်ပေါ်နေပြီး

တစ်လောကလုံးကိုပင် ဖျက်စီးပစ်နိုင်စွမ်းရှိသည့်အလား

ပြင်းထန်လွန်းသည်။

ထိုက်ယင်းနတ်သမီးမှာ မိုးကြိုးစွမ်းအားများကို ရှောင်ချိန်ပင်မ

ရတော့ဘဲ မိုးကြိုးထိမှန်ခံရကာ မြေပြင်ထက်သို့ ပြုတ်ကျသွား

ပြီး ဓာတ်လိုက်သည့်အလား ဆန့်ငင်ဆန့်ငင် ဖြစ်နေ

တော့သည်။

သူမတော့ သေရပြီဟု တွေးနေမိချိန်မှာပင် ဆန်းလျန် သူမ

အနားသို့ ရောက်ရှိလာလေသည်။

ဆန်းလျှန်ရောက်ရှိလာသည်နှင့် ကောင်းကင်ထက်မှ မိုးကြိုး

တိမ်တောင်များမှာ ချက်ချင်းပင် လွင့်စင်ပျောက်ကွယ်သွား

လေ၏။

ဆန်းလျှန်က...

"အဲဒါပဲ ကလေးမရေ... မင်းက လူကြီးစကားနားမထောင်တော့

ဒုက္ခရောက်ရပြီ..."

ထို့နောက် ဆန်းလျှန်က ထိုက်ယင်းနတ်သမီးကို မြေပြင်ထက်မှ

ထနိုင်ရန်အတွက် လက်ကမ်းပေးလိုက်လေသည်။

ထိုက်ယင်းနတ်သမီးမှာ ဆန်းလျှန် လက်ကမ်းပေး

သည့်အတွက် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး မျက်နှာမှာ

ပန်းရောင်သွေးသန်းသွားရသည်။

သူမက ဆန်းလျှန်ကမ်းပေးသည့်လက်ကို အသာဆုပ်ကိုင်လိုက်

ရင်း ဖြည်းဖြည်းချင်းထလိုက်လေသည်။

သူမ၏စိတ်ထဲတွင်တော့...

"ဟွန်း ဒီလူက ဒီလောက်တန်ခိုးစွမ်းအားကြီးမားတာ ဒီအတိုင်း မတ်တတ်ရပ်နိုင်အောင် ကူညီပေးရင်ရရဲ့သားနဲ့ လက်ကိုင်ပြီး အခွင့်အရေးယူသေးတယ်..."

သို့သော်... သူမ ဆန်းလျန်အပေါ် အထင်မှားသွားပြီ ဖြစ်ကြောင်း ချက်ချင်းသိလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်၏ လက်မှတစ်ဆင့် နူးညံ့သည့် တန်ခိုးစွမ်းအားတစ်ခု သူမ၏ခန္ဓာကိုယ်အတွင်းသို့ စီးဆင်းဝင်ရောက်လာပြီး မိုးကြိုးထိမှန်ခံထားရသည့်အတွက် နာကျင်နေမှုများ ချက်ချင်းသက်သာ ပျောက်ကင်းသွားသောကြောင့် ဖြစ်လေသည်။

ထို့ပြင် ထိုတန်ခိုးစွမ်းအားက သူမ၏ သွေးလည်ပတ်မှုထဲတွင် လှည့်ပတ်နေပြီး သူမ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံ ပြောင်းလဲသွားကာ သူမ၏နတ်ဘုရားခန္ဓာသည် ပြီးပြည့်စုံသည့် အဆင့်တစ်ခုသို့ ရောက်ရှိသွားလေသည်။

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ်မင်းကို အခုလိုကူညီတာကို ကျေးဇူးတင်ဖို့ မလိုဘူး၊

ကျုပ်အပေါ်မှာ ချန်ဝေါ်နဲ့တာ့ယိရဲ့ ကျေးဇူးကြေးတွေရှိခဲ့ဖူး

တယ်၊ ဒါကြောင့် နည်းနည်းပါးပါးပြန်ပေးဆပ်တယ်လို့ပဲ

သဘောထားပါ..."

ထိုက်ယင်းနတ်သမီးက...

"ရှင်က ရည်ရွယ်ချက်ရှိရှိနဲ့ ကူညီတာကိုး၊ ကျွန်မ ဒုက္ခရောက်

မှာကို မတားဆီးဘဲ ဒီအတိုင်းကြည့်နေပြီးမှ အခုတော့ ကျွန်မ

ဆရာရဲ့ ကျေးဇူးကြေးကို ပြန်ဆပ်တယ်လေး ဘာလေးနဲ့..."

ဆန်းလျန်က...

"မင်းဟာလေ မဟုတ်တဲ့နေရာမှာ တကယ်ညာဏ်ကောင်းတယ်၊

ဒါပေမဲ့ ကျုပ်က မင်းကို ဆုချမယ် မထင်နဲ့..."

ပြောပြီးသည်နှင့်ဆ န်းလျန်က ရယ်မောလိုက်လေသည်။

ထိုက်ယင်းနတ်သမီး၏ ပြစ်တင်စကားကို ဆန်းလျန်က စိတ်မဆိုးသည့်အပြင် ရယ်စရာဟာသအဖြစ် သဘောထားလိုက်ခြင်းဖြစ်သည်။

ထိုက်ယင်းနတ်သမီးက...

"ရှင်က တကယ်စိတ်ထားကောင်းတဲ့သူပဲ ၊ ဒါနဲ့များ ဘာလို့ ရန်သူတွေအများကြီး ရှိရတာလဲ..."

ပြေပြီးမှ သူမ စကားမှားသွားပြီဖြစ်သည်ကို ထိုက်ယင်းနတ်သမီး နားလည်လိုက်သည်။

အဘယ်ကြောင့်ဆိုသော်... ယခု အတိတ်ကာလတွင် ဆန်းလျန်သည် လင်စန်းတောင်ကိုလည်း စိန်ခေါ်ခြင်းမရှိသေးသလို အခြားသောနတ်ဘုရားများနှင့်လည်း တိုက်ခိုက်ခြင်း မရှိသေးပေ။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က လူဆိုးတစ်ယောက်တော့ မဟုတ်ပါဘူး ၊ ကျုပ် လမ်းမှားကို လိုက်မိပြီး ရက်စက်တဲ့လူတစ်ယောက်ဖြစ်လာ မယ်လို့ မင်းထင်နေတာလား ၊ ဒါပေမဲ့ ဘာတွေပဲဖြစ်လာ ဖြစ်လာ နောက်ပိုင်းဖြစ်လာမယ့် ကံတရားတွေကိုတော့ ကျုပ် လည်း ရှောင်လို့ရနိုင်မယ် မထင်ပါဘူး ၊ မင်းသိလား... ကောင်းကင်ဘုံပလ္လင်ထက်မှာ အုပ်ဆိုးခဲ့တဲ့ မိုးနတ်မင်းတောင် မှ လူတွေရဲ့ဝေဖန်မှုက မလွတ်နိုင်ခဲ့ဘူး ၊ လောကမှာ ဘာပဲလုပ် လုပ် လူတွေကတော့ ဝေဖန်ကြမှာပဲ ၊ အပင်မြင့်လေ လေတိုက် လေပါပဲကွာ ၊ ဝေဖန်ခံရတယ်ဆိုတာ နောက်ဆုံးတော့ ဘာမှ မဟုတ်တဲ့ အရိပ်တွေလိုပါပဲ..."

ပြောပြီးသည်နှင့် ဆန်းလျန်က ဘာကိုမှ အရေးမထားသည့်ဟန် ဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ဆန်းလျန်၏စကားများကို နားထောင်ပြီးသည်နှင့် ဆန်းလျန် ကဲ့သို့သော ထူးခြားသည့်သူမျိုးသည် မည်သို့သော အရာများ

နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ကို ထိုက်ယင်းနတ်သမီး မစဉ်းစားဘဲ မနေနိုင်တော့ပါချေ။

အခန်း (၈၆၆) ပန်းနတ်မိမယ်

ဆန်းလျန်နှင့် ထိုက်ယင်းနတ်သမီး ဆက်လက်ခရီးထွက်လာခဲ့ကြသည်။

တစ်ခါတစ်လေ... သူတို့ တိမ်တိုက်များကိုဖြတ်သန်းခရီးဆက်ကြပြီး ၊ တစ်ခါတစ်လေ သူတို့ ကုန်းမြေထက်တွင် လမ်းလျှောက်ကာ ခရီးဆက်ကြလေသည်။ တစ်ခါတစ်လေတော့ သူတို့ မြစ်ကြောင်းအတိုင်း ခရီးနှင်ကြပြန်သည်။

အတိတ်အချိန်မှလောကသည် အနာဂတ်ကာလမှ လောက

ထက် ကြီးမားကျယ်ပြန့်လေသည်။

သူတို့ (၂)ယောက် ခရီးစဉ်တစ်လျှောက်တွင် မည်သည့်

ပြဿနာမှ ဖြစ်ပျက်ခဲ့ခြင်း မရှိပေ။

သို့သော်... နတ်ဘုရားများ ၊ နတ်မိစ္ဆာများပြောနေကြသည့်

သတင်းအချို့ကိုတော့ ကြားသိရသည်။

ထိုသတင်းမှာ ဖန်သားကောင်းကင်ဘုံ၏ဖန်ဆင်းရှင် နတ်ဆေး

ကိုယ်တော်လျိုလီသည် "သစ်ခွပန်းပွဲတော်" ကျင်းပရန်

ပြင်ဆင်နေသည်ဆိုသည့် သတင်းစကားပင်ဖြစ်သည်။

သစ်ခွပန်းပွဲတော်ဆိုသည်မှာ ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာ

ပွဲတော်တစ်ခု ဖြစ်သည်။ ဗုဒ္ဓကိုယ်တော်တိုင်ပင် သံသရာကို

ကျော်လွန်သွားခြင်းမရှိစဉ်က ထိုပွဲတော်ကို ကိုယ်တိုင်တက်

ရောက်ခဲ့ဖူးလေသည်။

သစ်ခွပန်းပွဲတော်သို့ ကျူဖူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များ ၊ ဗောဓိသတ္တများ ၊ ရွှေခန္ဓာရရှိထားသည့်ကိုယ်တော်များ ၊ ဘုန်းတော်ကြီးများ ၊ မယ်သီလရှင်များနှင့် အခြားသောဗုဒ္ဓဘာသာကျင့်ကြံသူများ တက်ရောက်လေ့ ရှိကြသည်။

သစ်ခွပန်းပွဲတော်တွင် ဗုဒ္ဓဘာသာကျင့်ကြံသူများအချင်းချင်း တရားဆွေးနွေးဖလှယ်ခြင်းများလည်း ပြုလုပ်လေ့ ရှိကြသည်။

ဗုဒ္ဓသံသရာကို ကျော်လွှန်ပြီးသွားသည့်နောက်ပိုင်း သစ်ခွပန်းပွဲတော်ကို ပြုလုပ်ခြင်း မရှိတော့ပေ။

ယခု နတ်ဆေးကိုယ်တော်လျိုလီဦးဆောင်ပြုလုပ်မည့် သစ်ခွပန်းပွဲတော်က ဗုဒ္ဓသံသရာကိုကျော်လွှန်ပြီးသည့်နောက်ပိုင်း ပထမဆုံးကျင်းပမည့် သစ်ခွပန်းပွဲတော်ဖြစ်လေ၏။

လူအများပြောနေကြသည့် ကောလဟာလများအရဆိုလျှင် သစ်ခွပန်းပွဲတော်သို့ ကျင့်ကြံသူများ အများအပြားသွားကြလိမ့်မည်ဟု ကြားသိရသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် နတ်ဆေးကိုယ်တော်၏လွှမ်းမိုးမှု မည်မျှရှိသည်ကို သိရှိနိုင်လေသည်။

ယခုအချိန်တွင် မီလဲ့ကိုယ်တော်သည်လည်း တန်ခိုးစွမ်းအားများ မြင့်မားလွန်းခြင်းမရှိသေးသလို မဟာကျားရဲ့ကိုယ်တော်ကြီးကလည်း နတ်ဆေးကိုယ်တော်ကို လွန်ဆန်နိုင်ခြင်း မရှိပေ။ တိုက်တိုင်းအောင်ဘုရား စွန်းဂူခုံးမှာလည်း နတ်ဆေးကိုယ်တော်နှင့်ယှဉ်လျှင် အငယ်တန်းတစ်ယောက်ဖြစ်သည့်အတွက် နတ်ဆေးကိုယ်တော်ကို ဆန့်ကျင်ဝံ့မည် မဟုတ်ပေ။

ထို့ပြင် မီးအိမ်ကိုယ်တော်နှင့် နေစကြာတထာဂတသိတို့က လည်း နတ်ဆေးကိုတော်၏ ကိစ္စများတွင် သိပ်ပြီး ပါဝင် ပတ်သက်လိုကြဟန်မရှိပေ။

ထို့ကြောင့် နတ်ဆေးကိုယ်တော်သည် လက်ရှိ ဗုဒ္ဓဘာသာ ကျင့်ကြံသူများကြားတွင် ပြောရေးဆိုခွင့်ရှိသူတစ်ယောက် အဖြစ် နေရာယူထားလေသည်။

နတ်ဆေးကိုယ်တော်ကဲ့သို့ ကြီးမားသည့် ဂုဏ်သရေကြီးမားသူ လောကတွင် သိပ်မရှိလှပေ။

သို့သော်... လူပေါင်းများစွာက နတ်ဆေးကိုယ်တော်လျိုလီ၏ ဖန်သားကောင်းကင်ဘုံ မည်မျှ ခမ်းနားလှပသည်ကို ပြောဆိုနေ ကြလေသည်။ ဖန်သားကောင်းကင်ဘုံသည် မရှိမှုကျေးရွာတွင် ဖွင့်လှစ်ထားသည့် ကောင်းကင်ဘုံ တစ်ခု ဖြစ်လေသည်။

မရှိမှုကျေးရွာကို အရှေ့ပိုင်း ၊ အနောက်ပိုင်း ၊ တောင်ပိုင်းနှင့် မြောက်ပိုင်းဟူ၍ (၄)ပိုင်းခွဲခြားထားလေ၏။

သို့သော်… မရှိမှုကျေးရွာဆိုသည်က ပိုင်းခြား၍ မရနိုင်သော နေရာတစ်ခုဖြစ်လေသည်။ ထိုနေရာတစ်ခုလုံးသည် မည်သည့် အရာမှ မရှိသည့် ဗလာနယ်ကြီးတစ်ခု ဖြစ်နေသောကြောင့်ပင်။ တန်ခိုးစွမ်းအားမြင့်မားသည့် နတ်ဘုရားများက မရှိမှုကျေးရွာ တွင် ကောင်းကင်ဘုံများ ၊ ကျောက်ဂူများဖန်ဆင်းကာ နေထိုင် ကြလေသည်။

အမှန်တော့ ဖန်သားကောင်းကင်ဘုံသည် နတ်ဆေးကိုယ်တော် ဖန်ဆင်းထားသည့် ကောင်းကင်ဘုံတစ်ခုတော့ မဟုတ်ခဲ့ပေ။ ထိုနေရာသည် ပထမမိုးနတ်မင်း၏ ပျက်စီးသွားသည့် ကောင်းကင်ဘုံနန်းတော်မှ အပိုင်းအစတစ်ခု ဖြစ်လေသည်။ မူလကပင် ထူးခြားသည့် နေရာတစ်ခုဖြစ်သည့်အတွက် ဖန် သားကောင်းကင်ဘုံသည် အော်မီတော်ဖူဘုရား၏ သုခဘုံနှင့် ကောင်းကောင်း ယှဉ်ပြိုင်နိုင်ခြင်း ဖြစ်လေသည်။

နတ်ဆေးကိုယ်တော် ဖန်သားကောင်းကင်ဘုံအဖြစ်

တည်ဆောက်ထားသည့် ကောင်းကင်ဘုံနန်းတော်

အစိတ်အပိုင်းသည် အစဦးအချိန်များတုန်းက ချင်းတိ

ကေရာဇ်၏ အုပ်ချုပ်မှုအောက်တွင် ရှိလေသည်။

ရှေးခေတ်အချိန်ကာလများတုန်းက လောကတွင် တန်ခိုး

စွမ်းအားမြင့်မားသည့် ကေရာဇ် (၅)ပါး ရှိလေသည်။ ထို

ကေရာဇ် (၅)ပါးသည် တာအိုဆရာသခင်ကြီးများပြီးလျှင်

တန်ခိုးစွမ်းအား အမြင့်မားဆုံး ဖြစ်ကြသည်။ ထိုကေရာဇ်

(၅)ပါးတွင် ပထမမိုးနတ်မင်းနှင့် ချင်းတိကေရာဇ်တို့လည်း

အပါအဝင် ဖြစ်သည်။

ပထမမိုးနတ်မင်းကတော့ ချင်းတိကေရာဇ်ထက် အနည်းငယ်

သာသည်ဟုဆိုနိုင်သော်လည်း သူတို့ (၂)ယောက်သည် တန်ခိုး

စွမ်းအားအရာတွင် ကြီးကြီးမားမား ခြားနားချက်မရှိပေ။

ပထမမိုးနတ်မင်း၏ ကောင်းကင်ဘုံနန်းတော် ပျက်စီးသွားပြီး သည့်နောက် ထိုပျက်စီးသည့်အပိုင်းအစကို ချင်းတိဧကရာဇ်က သိမ်းပိုက်ခဲ့လေသည်။

ချင်းတိဧကရာဇ်သည် ထူးခြားနက်နဲသည့် တန်ခိုးစွမ်းအားများ ကို ပိုင်ဆိုင်သူတစ်ယောက် ဖြစ်သည်။ လောကတွင် သူ့ကို မသိ ကြသည့်သူ ခပ်ရှားရှားပင်ဖြစ်သည်။ သို့သော်... သူ၏ ဇာစ်မြစ်ကိုတော့ မည်သူမှ မသိရှိကြပေ။

ဒဏ္ဍာရီအရဆိုလျှင်တော့ ချင်းတိဧကရာဇ်သည် တာအိုဆရာ သခင်ထိုက်ယီနှင့် အလွန်ရင်းနှီးသည့်ဆက်ဆံရေးရှိသည်ဟု ဆိုကြသည်။

ချန်ဧကရာဇ်၏ သမီးဖြစ်သူမှာ "ပီရှာကေရီ" ဖြစ်လေသည်။ အားလော်ဟာယ်ပြီးလျှင် သူမသည် တန်ခိုးစွမ်းအား အမြင့်မား ဆုံးဖြစ်သည်။

တာအိုဆရာသခင်ထိုက်ယီ သံသရာကိုကျော်လွှန်သွားပြီး သည့်နောက် အားလော်ဟယ်နှင့် ပီရှာကေရီသည် ထိပ်တန်း အဆင့်နတ်ဘုရားများ ဖြစ်လာကြသည်။

သို့သော်... ပီရှာကေရီသည် သဲလွန်စပင်မကျန် ပျောက်ဆုံး သွားခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ နတ်ဆေးကိုယ်တော်က ရှေးယခင် ချင်းတိ ကေရာဇ် အုပ်ဆိုးခဲ့သည့် မိုးကောင်းကင်ခုံရုံးအပိုင်းအစကို ရယူကာ ဖန်သားကောင်းကင်ဘုံကို တည်ဆောက်ခဲ့ခြင်း ဖြစ် လေသည်။

ယခုလည်း သစ်ခွပန်းပွဲတော်ကို ဦးစီးဦးဆောင်ပြုကာ ကျင်းပ ဦးမည်ဆိုသောအခါ နတ်ဆေးကိုယ်တော်သည် မိုးကောင်းကင် ခုံရုံးကို အသစ်ပြန်လည်တည်ဆောက်လိုသည့်အတွက် ယခုကဲ့သို့ ပြုလုပ်နေခြင်းများလားဟု အားလုံးက ထင်မှတ်ခဲ့ ကြလေသည်။

ဗုဒ္ဓလည်း သံသရာကို မကျော်လွှန်ခင် ၊ ဒုတိယမိုးနတ်မင်းက သစ်ခွပန်းပွဲတော်ကို တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ဖူးသည်။

ယခုတော့ နတ်ဆေးကိုယ်တော်က သူ့တွင် အစွမ်းအစရှိသည်ဟု ယူဆကာ သစ်ခွပန်းပွဲတော်ကျင်းပရန် ပြင်နေပြီ ဖြစ်သည်။

သို့သော်... သစ်ခွပန်းပွဲတော်ပြုလုပ်ရန်အတွက် အချိန် (၁၀)နှစ် လိုသေးသည်။

သို့ရာတွင်... သတင်းက ကျင့်ကြံသူလောကတွင် ပျံ့နှံ့နေပြီဖြစ်ပြီး လူအများမှာလည်း စိတ်လှုပ်ရှားလျှက် ရှိကြလေသည်။

နတ်ဆေးကိုယ်တော်က လူအများစိတ်ဝင်စားအောင် တမင်တကာ ဖန်တီးခဲ့ဟန်ရှိလေသည်။ သူက သစ်ခွပန်းပွဲတော်ကျင်းပရန်အတွက် မြင့်မြတ်သည့် နတ်ဘုရားတောင် တစ်တောင်ကိုပင် ဖန်ဆင်းထားခဲ့သည်။

နောက် (၁၀)နှစ်တွင် တောင်တံခါးကို ဖွင့်လှစ်ပြီး နတ်ဘုရား

တောင်ပေါ်သို့ ရောက်အောင် တက်လှမ်းလာနိုင်သူ မည်သူမဆို

သစ်ခွပန်းပွဲတော်ကို ပါဝင်ဆင်နွဲခွင့်ရမည် ဖြစ်လေသည်။

လမ်းတစ်လျှောက်တွင် နတ်ဆေးကိုယ်တော်ကို လူအများက

မည်မျှလေးစားကြောင်း ပြောဆိုနေကြသံများကို ထိုက်ယင်း

နတ်သမီး ကြားခဲ့ရလေသည်။ အားလုံးက သစ်ခွပန်းပွဲတော်

တွင် ပါဝင်ဆင်နွဲနိုင်ရန်လည်း မျှော်လင့်နေကြသည်။

သို့သော်... ထိုက်ယင်းနတ်သမီးကတော့ ပြုံးလိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော်... မကြာမီအချိန်တွင် နတ်ဆေး

ကိုယ်တော်သည် သေဆုံးရတော့မည် ဖြစ်သည်ကို သူမက သိရှိ

နေသောကြောင့်ပင် ဖြစ်သည်။

ထို့ပြင်... နတ်ဆေးကိုယ်တော်ကို သတ်မည့်သူကလည်း သူမ

ဘေးမှ လူငယ် "ဆန်းလျန်" ဖြစ်လေသည်။

ထိုခေတ်အချိန်သည် အသူရာချောက်နှင့် လူ့လောက စတင် ပေါင်းစပ်ပြီးကာစ အချိန်ဖြစ်သည့်အတွက် လောကကြီးက ကျယ်ပြန့်လွန်းလှပြီး လူ့လောကသို့ နတ်ဘုရားများစွာလည်း ဆင်းသက်လာကြသည့် အချိန်ဖြစ်လေသည်။

ထိုခေတ်သည် ဆန်းလျှန် အသူရာချောက်မှ "ယင်းစန်းပြည်" ကို တိုက်ခိုက်ပြီးသည့်နောက် အသူရာချောက်နှင့် လူ့လောက တို့ ပေါင်းစပ်ပြီး ယန်စွမ်းအားဘုံနှင့်ယင်စွမ်းအားဘုံအဖြစ် ဘုံ (၂)ခု ဖြစ်တည်လာကာစ အချိန်ဖြစ်လေသည်။

ထိုခေတ်သည် အလွန်ခမ်းနားကြီးကျယ်သည့်ခေတ်တစ်ခေတ် ဖြစ်ပြီး ပထမမိုးနတ်မင်းနှင့် ဒုတိယမိုးနတ်မင်းတို့ အုပ်ချုပ် သည့်ခေတ်လောက် ကောင်းမွန်ခြင်းမရှိသည့်တိုင် ထိုခေတ် (၂)ခေတ်ကို မီလုနီးပါး ကောင်းမွန်သည့် ခေတ်တစ်ခေတ် ဖြစ် လေသည်။

ထို့ပြင်... ဆန်းလျန်သည်လည်း ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး မိုးနတ်မင်းတစ်ပါးအလား တန်ခိုးစွမ်းအားမြင့်မားလွန်းနေသည့် အနေအထားသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။ သို့သော်... ထိုအချိန်က ဆန်းလျန်သည် နာမည်ကျော်ကြားခြင်း သိပ်မရှိသေးပေ။

ဆန်းလျန် အောင်မြင်မည်ဆိုလျှင်လည်း အောင်မြင်လောက်ပါပေသည်ဟု ထိုက်ယင်းနတ်သမီးက တွေးရင်း ဆန်းလျန်၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။

တစ်နေ့က အဖြစ်အပျက်တစ်ခုကို သူမ သတိရသွားမိလေသည်။

တစ်နေ့က... တိမ်တိုက်တစ်ခုက သူတို့ (၂)ယောက်ရှိရာကို ဝင်တိုက်သွားလေသည်။ သူတို့ (၂)ယောက်လုံးမှာ ရုတ်တရက် လဲပြိုကျလုမတတ် ဖြစ်သွားကြရသည်။

ထိုတိမ်တိုက်ကို စီးနင်းလာသည့် ကျင့်ကြံသူသည် သူတို့ထက် များစွာ အဆင့်နိမ့်လေသည်။ ထို့ကြောင့် ထိုသူ၏ တန်ခိုးစွမ်းအားက သူတို့ကို ထိခိုက်အောင် လုပ်နိုင်မည် မဟုတ်ပေ။ သို့သော်… ထိုက်ယင်းနတ်သမီးက ထိုသူကို ကောင်းကောင်း ပညာပေးလိုက်ချင်မိသည်။

သို့ရာတွင်… ဆန်းလျန်က သူမကို တားဆီးခဲ့လေသည်။

ပထမတော့ ဆန်းလျန်က သူ့အကြောင်း လူသိမခံချင်သည့်အတွက် သူမကို တားဆီးသည်ဟု ထင်လိုက်မိသည်။

သို့သော်… ဆန်းလျန်က ရှင်းပြသည်မှာ…

"ထိုတိမ်တိုက်ကို စီးနင်းလာသူမှာ သူ၏ဆရာဖြစ်သူ သေဆုံးခါနီးပြီ ဖြစ်သည့်အတွက် နောက်ဆုံးထွက်သက်ကိုမှီရန် အလျှင်အမြန်ခရီးနှင်နေခြင်းဖြစ်သည့်အတွက် သူတို့ (၂)ယောက်ကို ဝင်တိုက်မိလုမတတ်ဖြစ်သွားရခြင်းဖြစ်သည်"

ဟူ၍ ဖြစ်လေ၏။

ထိုအခါမှ ထိုက်ယင်းနတ်သမီးသည်လည်း အကြောင်းစုံ နားလည်သွားရသည်။

နောက်ထပ်ကိစ္စတစ်ခုမှာ သွေးနီရောင်တိမ်တိုက်တစ်ခုကို စီးနင်းလာသည့် နတ်မိစ္ဆာတစ်ပါးကတော့ ဆန်းလျန်နှင့် ထိုက်ယင်းနတ်သမီးတို့ကို ပြောင်ပြောင်တင်းတင်းပင် လာရောက်ရန်စခဲ့လေသည်။

ထိုနတ်မိစ္ဆာကိုတော့ ဆန်းလျန်က ချက်ချင်းပင် အမှုံ့ဖြစ်အောင် နှိမ်နင်းပစ်လိုက်လေရာ ထိုနတ်မိစ္ဆာမှာ လူပြန်ဝင်စားနိုင်ခြင်းပင် မရှိတော့အောင် ဝိညာဉ်ပါ ပျက်စီးသွားခဲ့လေသည်။

ထိုဖြစ်ရပ် (၂)ခုကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်သည် သူ့ဘက်၊ ကိုယ့်ဘက် စဉ်းစားပေးတတ်သူတစ်ယောက်ဖြစ်သည်ကို ထိုက်ယင်းနတ်သမီး သိရှိခဲ့ရသည်။

ထိုက်ယင်းနတ်သမီးနေထိုင်သည့် ကွမ်ဟန်နန်းတော်မှ နတ်ဘုရားများသည် ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားမြင့်မားကြသလို မာနလည်း ကြီးကြလေသည်။

သို့သော်… သူတို့သည် ဆန်းလျန်ကဲ့သို့ အမှားအမှန်ကို မခွဲခြားတတ်ကြပေ။

ဆန်းလျန်သည်လည်း အလွန်ကောင်းမွန်သည့် လူတစ်ယောက်တော့ မဟုတ်ပေ။ သို့သော်… သူက လူယုတ်မာတစ်ယောက်တော့ မဟုတ်သည်မှာ သေချာသည်။

သူနှင့်အတူရှိနေသူများကို အစဉ်အမြဲသက်သောင့်သက်သာဖြစ်စေနိုင်စွမ်း ရှိလေ၏။

ထို့ကြောင့် အပြင်လူများနှင့် သိပ်ပြီး အတွေ့အကြုံမရှိသည့် ထိုက်ယင်းနတ်သမီးအတွက် ဆန်းလျန်၏အပြုအမူများကများစွာ အတွေ့အကြုံရစေလေသည်။

ဆန်းလျန်က ဖန်သားကောင်းကင်ဘုံသို့ အလျှင်အမြန်သွား

ခြင်း မရှိပေ။

သူက အေးအေးဆေးဆေးခရီးဆက်ရင်းဖြင့် ထိုက်ယင်း

နတ်သမီးကို "ထျန်းတိဟုန်လို့" ကျင့်စဉ်အကြောင်း ပြောပြခဲ့

သည်။

"ထျန်းတိဟုန်လို့...

လုပ်သမျှတွင် ကံကောင်းခြင်းနှင့်ပြည့်စုံသည် ... ၊

ယင်နှင့်ယန်က စိန်သားပမာ ၊ အရာအားလုံးက ကြေးသား

ပမာ..."

ဆိုသည့် စာပိုဒ်တွင်ပါဝင်သည့် ထျန်းတိဟုန်လို့ဖြစ်ပြီး ထို

ကျင့်စဉ်သည် စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းနိုင်သည့်

ကျင့်စဉ် ဖြစ်လေသည်။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးများကဲ့သို့ သူ့ကိုယ်ပိုင်

လမ်းစဉ်ကို ဖွင့်လှစ်သူတစ်ယောက် ဖြစ်သည်။

ထို့နောက်တွင်တော့... သူတို့ (၂)ယောက် ခရီးဆက်လာကြရင်း နတ်ဘုရားမြို့တော်တစ်ခုသို့ ရောက်ရှိလာကြသည်။ ထိုနတ်ဘုရားမြို့တော်အမည်မှာ "ပိုင်ယွိကျင်းမြို့တော်" ဖြစ်လေသည်။

"ကောင်းကင်ဘုံမှာ ပိုင်ယွိကျင်း ၊ ကောင်းကင် ဆယ့်နှစ်ထပ်မြို့တော် ငါးမြို့... ၊

နတ်ဘုရားများ ငါ့ကိုထိတွေ့... ၊ ဆံပင်ကိုချည်နှောင်လို့ အသက်ရှည်ခြင်းကိုပေးတယ်..."

ဆိုသည့် ကဗျာစာသားအတိုင်းပင်ဖြစ်သည်။

ပိုင်ယွိကျင်းမြို့သည် မူလက ခွန်လွန်တောင်တွင် ရှိသည့် နတ်ဘုရားမြို့တော်တစ်ခု ဖြစ်သည်။

သို့သော်... လူ့လောကနှင့် အသူရာချောက်ပေါင်းစပ်ကာ အပြောင်းအလဲများဖြစ်ပေါ်လာပြီးသည့်နောက်ပိုင်း ထိုမြို့

တော်သည်လည်း လူ့လောကအလယ်သို့ ပြောင်းလဲ ရောက်ရှိလာခဲ့လေသည်။

ပိုင်ယွိကျင်းမြို့တော်သည် အမှန်တကယ် ထူးဆန်းသည့် နတ်ဘုရားမြို့တော်တစ်ခုဖြစ်ပြီး ထိုမြို့တော်သို့ ရောက်ရှိလာကြသူများအားလုံး ကျင့်စဉ်လမ်းတွင် ရင်ဆိုင်ရသည့်အခက်အခဲများကို ကျော်ဖြတ်နိုင်သွားကြကာ အချို့ဆိုလျှင် ကျင့်စဉ်လမ်းပင် အဆင့်တက်သွားကြလေသည်။

ပိုင်ယွိကျင်းမြို့တော်သည် ထိုသို့ အကျိုးကျေးဇူးများရှိသည့်အတွက် နတ်ဘုရားများ ၊ ကျင့်ကြံသူများကို စွဲဆောင်သည့် နေရာတစ်ခု ဖြစ်လာလေသည်။ တန်ခိုးစွမ်းအားမြင့်မားသည့် နတ်မိစ္ဆာများပင် ပိုင်ယွိကျင်းမြို့တော်သို့ ရောက်ရှိလာလေ့ ရှိကြသည်။

ဆန်းလျန်တို့ မြို့ထဲသို့ မဝင်မီ ကောင်းကင်ထက်တွင် မော်ဝင်ရတနတာပစ္စည်းတစ်ခုမှ ထွက်ပေါ်နေသည့် အလင်းတန်းများကို

တွေ့မြင်လိုက်ကြရသည်။ အလင်းတန်းများကိုတွေ့မြင်သည်နှင့်ပင် ထိုရတနာပစ္စည်းသည် အလွန်တန်ဖိုးရှိသည့် ရတနာပစ္စည်းဖြစ်ကြောင်း သိရှိနိုင်လေသည်။

ထိုရတနာပစ္စည်းကိုရရှိရန်အတွက် ရေနက်မြေ့မိစ္ဆာနှင့် ကွေ့နျို နွားမိစ္ဆာတို့ ပိုင်ယွိကျင်းမြို့တော်ထဲတွင် အပြင်းအထန် တိုက်ခိုက်ခဲ့ကြလေသည်။

ရေနက်မြေ့မိစ္ဆာသည် ရှေးခေတ်အချိန်များကတည်းကပင် ကျော်ကြားသည့် သားရဲတစ်ကောင်ဖြစ်လေသည်။ သူသည် ရွှေရောင်အတောင်ပံရှိသည့် ဂဠုန်ငှက်ကြီးများ ၊ ခွန်ဖိန်မျိုး နွယ်ငှက်ကြီးများနှင့် သဘာဝရန်သူ ဖြစ်လေ၏။

သို့သော်... ကွေ့နျိုနွားမိစ္ဆာဆိုသည်ကလည်း ခေသူမဟုတ်ပေ။ မွေးရာပါ မိုးကြိုးတန်ခိုးစွမ်းအားကို ပိုင်ဆိုင်သူဖြစ်လေသည်။ မိုးကြိုးတန်ခိုးစွမ်းအားကို လိုသလို အသုံးပြုနိုင်ပြီး လက်တစ်

ချက်ပြောက်လိုက်ရုံမျှဖြင့် တောင်နှင့်မြစ်ရေများကို လွယ်

လွယ်ကူကူ ချေမွပစ်နိုင်စွမ်း ရှိလေ၏။

ပိုင်ယွိကျင်းမြို့တော်ထဲတွင် သူတို့ (၂)ယောက်၏ တိုက်ပွဲမှာ

ပြင်းထန်လှပြီး များစွာသော ကျင့်ကြံသူများနှင့် နတ်

ဘုရားငယ်များ အသက်ဆုံးရှုံးခဲ့ကြရလေသည်။

သို့သော်... သူတို့ (၂)ယောက်ကို ကျန့်ယွမ်ကျီနတ်မင်းကြီး

ဘေးတွင် ခစားသည့် တာအိုလူငယ်လေးတစ်ယောက်က

မြို့တော်ထဲမှ မောင်းထုတ်ပစ်လိုက်လေသည်။ ထို

လူငယ်၏အမည်မှာ ချင်းဖုန်းဖြစ်လေ၏။

ချင်းဖုန်းသည် ကျန့်ယွမ်ကျီနတ်မင်းကြီး၏ဘေးတွင် ခစား

သည့် တာအိုလူငယ်လေးဖြစ်သော်လည်း ရှေးဟောင်းနတ်

ဘုရားတစ်ပါးဖြစ်သည့်အတွက် တန်ခိုးစွမ်းအားက အံ့သြစရာ

ကောင်းလောက်အောင် မြင့်မားလေသည်။

လက်ရှိအချိန် ပိုင်ယွိကျင်းမြို့တော်တွင် သူက စွမ်းအားအကြီးမားဆုံး နတ်ဘုရားဖြစ်လေသည်။ သူသာမရှိလျှင် ပိုင်ယွိကျင်းမြို့တော်သည် ထိုမျှ အေးဆေးငြိမ်သက်မည် မဟုတ်ပေ။

ရေနက်မြွေမိစ္ဆာနှင့် ကျွေနျိုးနွားမိစ္ဆာတို့ သူသေကိုယ်သေတိုက်ခိုက်ကြသည့် မော်ဝင်ရတနာပစ္စည်းသည် နောက်ဆုံးတော့ ချင်းဖုန်းက ရရှိသွားခဲ့လေသည်။ သို့သော်... ထိုပစ္စည်းမှာ မည်သို့သော ပစ္စည်းမျိုးဖြစ်သည်ကို မည်သူမှ သွားပြီးမေးမြန်းစပ်စုရဲကြခြင်း မရှိပေ။

ယခုတော့ ဆန်းလျန်နှင့် ထိုက်ယင်းနတ်သမီးတို့ ပိုင်ယွိကျင်းမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ရောက်ရှိနေကြလေသည်။

စားသောက်ဆိုင်ထဲတွင် ကျင့်ကြံသူများမှာ သာမန်လူသားများအလား သောင်းပြောင်းထွေလာများ ၊ အတင်းအဖျင်းများကိုပြောဆိုနေကြသည်။

ထိုက်ယင်းနတ်သမီးက သူတို့ပြောဆိုနေကြသည်များကို

နားထောင်ရင်း အံ့သြလျှက်ရှိလေသည်။

ဆန်းလျန်က...

"ဘယ်လိုလဲ... စားသောက်ဆိုင်ထဲမှာ နေရတဲ့အရသာ ဘယ်လို

ခံစားရလဲ..."

ထိုက်ယင်းနတ်သမီးက...

"ဒါလည်း အတွေ့အကြုံအသစ်အဆန်းပေါ့၊ ပြီးတော့ ကျွန်မ

သိချင်တာက သူတို့က ကျင့်ကြံသူတွေဖြစ်ရဲ့သားနဲ့ ဘာလို့ သူ

တို့စိတ်ထဲမှာ မကောင်းတဲ့အတွေးတွေ ရှိနေကြတာလဲ၊ အဲဒါ

တွေကို မဖြတ်တောက်နိုင်ကြဘူးနော်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တစ်ချို့သူတွေက အသက်ရှည်ချင်ကြတယ်၊ တစ်ချို့သူတွေ

က ကျော်ကြားမှုကိုလိုချင်ကြတယ်၊ တစ်ချို့သူတွေကတော့

မိသားစုတွေကို ချစ်မြတ်နိုးချင်ကြတယ်၊ အရင်းစစ်လိုက်

တော့ သူတို့တွေက တစ်ခုမဟုတ်တစ်ခုကို လိုချင်နေကြတာပဲ ၊ အဲဒါကြောင့် ကိုယ့်စရိုက်နဲ့ကိုယ် အတွေးတွေလည်း ကိုယ်စီရှိနေကြတာပေါ့..."

ထိုက်ယင်းနတ်သမီးက...

"လူရယ်လို့ဖြစ်လာရင် ဆန္ဒတွေရှိတယ်ဆိုတာ ကျွန်မသိပါတယ် ၊ နေ့စဉ် အလုပ်တွေလုပ်နေကြတာကလည်း လိုချင်တဲ့ဆန္ဒတွေကြောင့်ပဲလေ ၊ ဒါပေမဲ့ ကျွန်မရဲ့ဆရာပြောဖူးတာတော့ အဲဒီဆန္ဒတွေကို နည်းနည်းချင်း လျှော့ချဖို့ လိုတယ်တဲ့ ၊ စိုးရိမ်တာတွေလျှော့ရမယ် ၊ ဒေါသတွေ လျှော့ရမယ် ၊ အတွေးတွေလျှော့ရမယ် ၊ စကားပြောတာတွေလျှော့ရမယ် ၊ ရယ်တာတွေလျှော့ရမယ် ၊ ကျွန်မဆို ဆရာပြောတဲ့စကားတွေအတိုင်း အမြဲတမ်း လိုက်နာတယ် ၊ ဒါပေမဲ့ တစ်ခါတစ်လေတော့ ဒေါသထွက်တာရှိတယ် ၊ ဒေါသထွက်လာရင် သတ်ဖြတ်ချင်တဲ့အငွေ့အသက်တွေပါထွက်လာပြီး ကျွန်မကိုယ်ကျွန်မ ထိန်းဖို့

ခက်တယ်၊ ဒါပေမဲ့ အခု ရှင်နဲ့အတူ ခရီးသွားရင်း ကျင့်စဉ် ကျင့်ကြံတော့ အဲဒီဒေါသတွေကို ထိန်းချုပ်နိုင်လာတယ်၊ ဘာလို့ အဲဒီလိုဖြစ်ရတာလဲ၊ အရင်တုန်းက ဆရာသင်ပေးခဲ့တာတွေက မှားနေလို့လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းရဲ့ ဆရာသင်ပေးတာတွေက မမှားပါဘူး၊ ဒါမေပမဲ့ မင်းစိတ်ကိုထိန်းချုပ်ပြီး ကျင့်ကြံမယ်ဆိုရင်တောင် လွတ်လပ်ခြင်းအစစ်အမှန်ကို မတွေ့ရှိနိုင်ဘူး၊ တကယ်လွတ်လပ်တယ်လို့လည်း မခေါ်ဘူး၊ တစ်ခါတစ်လေ အမှားကြီးမှားသွားတာမျိုးတောင် ဖြစ်နိုင်တယ်..."

စကားဆုံးသွားသည့်အခါတွင်တော့ ဆန်းလျန်၏ မျက်နှာထက်မှ အပြုံးသည် ပျောက်ကွယ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်... သူ ယန်ရှီးကို သတိရလိုက်မိသောကြောင့် ဖြစ်လေသည်။

ဆန်းလျှန်၏ဘဝတွင် ပြိုင်ဘက်ပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ရဖူးသော်လည်း ယန်ရှီးကတော့ ထူးခြားသည့် ပြိုင်ဘက်တစ်ယောက် ဖြစ်လေသည်။

သူတို့ (၂)ယောက်သည် တစ်ယောက်ကိုတစ်ယောက် သေလောက်အောင် မုန်းတီးနေခြင်းမျိုး မရှိကြသည့်တိုင် တစ်ယောက်ကိုတစ်ယောက် သိပ်ပြီး သည်းမခံနိုင်ကြသူများ ဖြစ်ကြလေသည်။

ထို့ပြင် သူတို့ (၂)ယောက်၏ စိတ်နေစိတ်ထား ၊ သဘောသဘာဝများက တူညီလေသည်။ ရွေးခြယ်သည့်လမ်း မတူညီခဲ့သည့်အတွက်သာ ကွဲပြားခဲ့ကြရခြင်း ဖြစ်သည်။

ထိုက်ယင်းနတ်သမီးက...

"ရှင်စကားတွေနားထောင်ရတာတော့ ရှင့်မှာလည်း ခံစားချက်နည်းနည်းပါးပါး ရှိတဲ့ပုံပဲ ၊ ရှင့်အကြောင်းတွေ ကျွန်မကို ပြောပြပါလား..."

ဆန်းလျန်က...

"မင်းကို ကျုပ်အကြောင်းတွေ ပြောမပြနိုင်စရာ မရှိပါဘူး ၊

ဒါပေမဲ့ အခုက အဲဒီအကြောင်းတွေပြောနေဖို့ အချိန်ကောင်း

တော့ မဟုတ်ဘူးထင်တယ်..."

ထိုအချိန်မှာပင်... ထိုက်ယင်းနတ်သမီးသည် မိန်းမောမူးဝေစေ

သည့် ပန်းရနံ့တစ်မျိုးကို ရလိုက်လေသည်။

ထို့နောက် ကောင်းကင်ထက်တွင် လွင့်မျောလာသည့် ပန်းပွင့်

များကို တွေ့မြင်လိုက်ရသည်။ ထိုပန်းပွင့်များထက်တွင်

အလွန်တရာချောမောလှပသည့် နတ်မိမယ် (၁၆)ယောက်ကို

တွေ့လိုက်ရလေသည်။

ထိုနတ်မိမယ်များသည် ထူးဆန်းသည့် ဝိညာဉ်ကိုပိုင်ဆိုင်သည့်

ပန်းနတ်မိမယ်များဖြစ်ကြလေသည်။

နတ်မိမယ် (၁၆)ယောက်၏ နောက်တွင်တော့ ကျောက်စိမ်းရောင်တောက်ပနေသည့် ဝေါယဉ်တစ်စီးလွင့်မျောလိုက်ပါလာသည်ကို တွေ့မြင်လိုက်ကြရလေသည်။

အခန်း (၈၆၇) ချင်းဖုန်းနတ်ဘုရား

နတ်မိမယ်လေးများက ရိုးရှင်းပြီး သန့်စင်ကြသလို အလွန်တရာလည်း ကျက်သရေရှိလွန်းလှသည်။

မိုးနတ်မင်း (၂)ပါး၏ မိုးကောင်းကင်ခုံရုံးများပျက်စီးသွားပြီးသည့်နောက် ထိုကဲ့သို့ လှပခမ်းနား၊ သန့်စင်ရိုးရှင်းသည့် နတ်မိမယ်လေးများကို တွေ့ရှိရန်မှာ ရှားပါးသွားခဲ့ပြီ ဖြစ်သည်။

ပိုင်ယွိကျင်းမြို့တော်မှာ နတ်ဘုရားများစွာ ဝင်ထွက်သွားလာနေကြပြီး ရှုတ်ထွေးသည့် မြို့တော်တစ်ခုဖြစ်လေသည်။ အသိဉာဏ်ရှိသူများလည်းရှိသလို ငတုံးငအများလည်း တစ်ပုံကြီး ရှိလေ၏။ သို့သော်... အသိဉာဏ်ရှိသူပဲဖြစ်ဖြစ် ၊ ငတုံးငအပဲဖြစ်ဖြစ် ကျောက်စိမ်းဝေါယဉ်ထဲတွင် လိုက်ပါလာသူမည်သူဖြစ်သည်ကို တစ်ယောက်မှ သိရှိကြခြင်း မရှိကြပေ။ နတ်မိမယ်များက အရှေ့မှ လမ်းရှင်းသွားပြီး ကျောက်စိမ်းဝေါယဉ်က နတ်မိမယ်များအနောက်မှ လွင့်မျောလိုက်ပါလာလေသည်။

ထို့နောက်တွင်တော့ ကျောက်စိမ်းဝေါယဉ်သည် ပိုင်ယွိကျင်းမြို့တော်အရှေ့ဘက်ရှိ ချင်းဖုန်းနတ်ဘုရားနေထိုင်ရာနေရာသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

ထိုက်ယင်းနတ်သမီးက...

"ဒီပုဂ္ဂိုလ်က နေပုံထိုင်ပုံ တော်တော်ခမ်းနားတာပဲ ၊ ဘယ်သူလဲ မသိဘူး..."

သူမက စိတ်စွမ်းအားဖြင့် စကားပြောလိုက်ခြင်းမဟုတ်ဘဲ ပါးစပ်မှ ထုတ်ဖော်ပြောလိုက်သည့်အတွက် သူမ၏အသံကို ဆိုင်အတွင်းမှလူအတော်များများ ကြားလိုက်ကြရသည်။

ကျင့်ကြံသူမိန်းကလေးများဆိုသည်က အရုပ်ဆိုးသည်မှာ ခပ်ရှားရှားပင် ဖြစ်သည်။

သို့သော် ... အခြားသောကျင့်ကြံသူမိန်းကလေးများထက် ချောမောလှပသည့်အထဲတွင်ပါလေသည်။ ထို့ပြင်... သူမသည် ကွမ်ဟန်နန်းတော်မှ နတ်သမီးတစ်ပါးဖြစ်သည့်တွက် သူမ၏အလှတရားက အမျိုးသားများကို စွဲဆောင်နိုင်သည့် အလှတရားမျိုး ဖြစ်လေသည်။

ထို့ကြောင့် သူမက မေးခွန်းထုတ်လိုက်သည့်အခါ ယောကျ်ား လေးအတော်များများက သူမသိချင်သည့်အဖြေကို ပြောချင် လွန်းသည့်အတွက် ပါးစပ်တပြင်ပြင်ဖြစ်သွားကြလေသည်။ သို့သော်... အဖြေကိုပြောနိုင်သူမှာတော့ တစ်ယောက်သာ ရှိ သည်။

"အဲဒီပုဂ္ဂိုလ်က ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းပဲ ၊ လွန်ခဲ့တဲ့ ရက်ပိုင်းလောက်က ကျီဝေးကြယ်အစုအဝေးကြီးနား မှာ တိုက်ပွဲတစ်ခု ဖြစ်ခဲ့တယ် ၊ အဲဒီတိုက်ပွဲမှာ ကျီဝေးတိကျွင်း က ဓားသူတော်စင်ကျီဝေးလို့ခေါ်တဲ့ ဓားသူတော်စင်ကျီဝေးကို အနိုင်ယူခဲ့ပြီး ဓားသူတော်စင်ကျီဝေးရဲ့ မူလဝိညာဉ်သကော်တ ကို သူယူထားလိုက်တယ် ၊ အခုဆိုရင် သူ့ရဲ့တန်ခိုးစွမ်းအားက လည်း ရှေးခေတ် ဧကရာဇ် (၅)ပါးလောက်နီးနီးမြင့်မားတယ် ၊ သူ့အဆင့်ကလည်း ဝူကျွမ်းကျောင်းတော်က ဆရာသခင်နီးပါး အဆင့်မြင့်တယ်..."

ထိုစကားကိုပြောလိုက်သူမှာ အသက် (၂၀) ကျော်အရွယ်မျှသာရှိသေးသည့် လူငယ်တစ်ယောက်ဖြစ်လေသည်။

အပြာနုရောင်အဝတ်အစားကိုသပ်ရပ်စွာဝတ်ဆင်ထားပြီး ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထားသည်။

သူ၏ဓားမှာ နှစ်ဖက်သွားဓားမဟုတ်ဘဲ လခြမ်းပုံသဏ္ဍာန်တစ်ဖက်သွားဓားတစ်လက် ဖြစ်ပြီး ဓားအိမ်မရှိပေ။ ဓားသွားက အလွန်မှပါးလွှာပြီး ရေစင်အလားကြည်လင်တောက်ပနေလေသည်။

ထိုလူငယ်၏စကားကိုကြားသည်နှင့် စားသောက်ဆိုင်အတွင်းမှလူအများက ဝိုင်းဝန်းအော်ဟစ်လိုက်ကြလေသည်။

"ဟွေ့အန်းခရီးသည်က တော်တော်သိတာပဲ... တော်တော်သိတာပဲ..."

"ဟွေ့အန်းခရီးသည်က တော်လိုက်တာ..."

“ခရီးသည်” ဟုခေါ်ဆိုခံရသူများသည် များသောအားဖြင့် ဗုဒ္ဓဘာသာ ကျင့်ကြံသူများဖြစ်လေသည်။

ဘုန်းကြီးဝတ်ခြင်းမရှိဘဲ လူဝတ်ဖြင့်နေထိုင်ကြသည့် ဗုဒ္ဓဘာသာကျင့်ကြံသူများသည် အိတ်တစ်လုံးကိုသယ် ၊ ဓား တစ်လက်ကိုလွယ်ကာ လှည့်လည်သွားလာနေကြသူများဖြစ် သည့်အတွက် သူတို့ကို “ခရီးသည်” ဟု ခေါ်ကြခြင်းဖြစ်သည်။

ထိုက်ယင်းနတ်သမီး၏အမေးကိုဖြေကြားလိုက်သည့် ဟော့အန်း ခရီးသည်ဆိုသူ၏တန်ခိုးစွမ်းအားက ထိုက်ယင်းနတ်သမီး ထက်ပင် အဆင့်မြင့်ဟန် ရှိလေသည်။

ဟော့အန်းခရီးသည်ဆိုသူကတော့ အခြားသူများ၏ ချီးကျူး စကားများကို လျစ်လျူရှုကာ ထိုက်ယင်းနတ်သမီးကိုသာ စိုက် ကြည့်နေလေသည်။

အားလုံးက ဟော့အန်းခရီးသည်က ထိုက်ယင်းနတ်သမီးကို စိတ်ဝင်စားနေသည်ဟု ထင်မှတ်မိကြသည်။

သို့သော်… ဟော့အန်းခရီးသည် တကယ်တမ်း သေသေချာချာ လေ့လာနေသူမှာ ထိုက်ယင်းနတ်သမီးကို မဟုတ်ပေ။ ဆန်းလျ န်ကို စိုက်ကြည့်နေခြင်း ဖြစ်လေ၏။

ထိုအချိန်မှာပင် ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့် ထိုက် ယင်းနတ်သမီးကို ပြောလိုက်လေသည်။

“ကျုပ်တို့ သွားကြရအောင်…”

ပြောပြီးသည်နှင့် သူတို့ (၂)ယောက်သည် အလင်းတန်းများ အဖြစ်ဖန်ဆင်းကာ စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသွားကြ လေတော့သည်။

ဟော့အန်းခရီးသည်က သူတို့ (၂)ယောက်နောက်သို့ အလျှင်အ မြန်လိုက်သွားသော်လည်း အမီလိုက်နိုင်ခြင်း မရှိပေ။ သူ မည် မျှကြိုးစားပါစေ ဆန်းလျန်နှင့် ထိုက်ယင်းနတ်သမီးကို လုံးဝ အမီမလိုက်နိုင်ခဲ့ပေ။

အတွေ့အကြုံများသည့် နတ်ဘုရားတစ်ပါးသာဆိုလျှင် ဆန်းလျှန်တို့နောက်သို့ လိုက်ရန်အတွက် ဟွေ့အန်းခရီးသည် အသုံးပြုသည့် တန်ခိုးစွမ်းအားကို ကောင်းကောင်းရိပ်မိမည်ဖြစ်သည်။

ထိုတန်ခိုးစွမ်းအားမှာ ဗုဒ္ဓဘာသာမှ တန်ခိုးစွမ်းအားတစ်ခုဖြစ်သည့် ကောင်းကင်ခြေလှမ်းတန်ခိုးစွမ်းအားဖြစ်လေသည်။

ကောင်းကင်ခြေလှမ်းကျင့်စဉ်သည် အမှန်တော့ လူသားနှင့်မိုးကောင်းကင် ချိတ်ဆက်ထားသည့် ကျင့်စဉ်တစ်ခုဖြစ်သည်။

လောကတွင် ခြေလှမ်းနှင့်ပတ်သက်သည့် ကျင့်စဉ်များစွာ ရှိသည့်အနက် ကောင်းကင်ခြေလှမ်းကျင့်စဉ်သည် အခြေခံအကျဆုံးကျင့်စဉ်တစ်ခု ဖြစ်လေ၏။

မိုးကောင်းကင်ခြေလှမ်းတန်ခိုးစွမ်းအားကို အသုံးပြုလိုက်သည်နှင့် လောကတွင် အမီမလိုက်နိုင်သည့်အရာဆို၍ တစ်ခုမှ ရှိမည် မဟုတ်ပေ။

ကောင်းကင်ခြေလှမ်းဖြင့်ဆိုလျှင် အမီမလိုက်နိုင်သည့်သူ တစ်ယောက်မှ ရှိမည်မဟုတ်ပေ။

ကောင်းကင်ခြေလှမ်းတန်ခိုးစွမ်းအားသည် အလွန်လျှင်မြန်လွန်းလှပေသည်ဆိုသည့် ခွန်ဖိန်မျိုးနွယ်ငှက်ကြီးများနှင့် ဒေါင်းစိမ်းငှက်များကိုပင် အမီလိုက်နိုင်စွမ်း ရှိလေသည်။

သို့သော်... ယခုတော့ ဆန်းလျန်ကို လုံးဝအမီမလိုက်နိုင် ဖြစ်နေရသည်။

ဟော့အန်းခရီးသည် မည်မျှကြာအောင် ဆန်းလျန်တို့နောက်သို့ လိုက်နေမိသည် မသိပေ။

ရုတ်တရက်... ဆန်းလျန်နှင့် ထိုက်ယင်းနတ်သမီးက ခြေလှမ်းများကို ရပ်တန့်လိုက်ကြလေသည်။

ဟော့အန်းခရီးသည်က ဆန်းလျန်အနားသို့ တိုးကပ်သွားသည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးက ကြယ်စင်ကောင်းကင်တစ်ခုအဖြစ် ပြောင်းလဲသွားလေသည်။

ဟော့အန်းခရီးသည်က ဆန်းလျန်ကို တစ်ချက်ကြည့်လိုက်ပြီး...

"ဒီကသခင်လေးက ဆန်းမျိုးနွယ်လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်နာမည် ဆန်းလျန်ပါ ၊ မင်းကိုယ်မင်းဘယ်သူလဲဆိုတာ မိတ်ဆက်ဖို့ မလိုပါဘူး ၊ မင်းက စေတီရှင်လီထျန်းဝမ်ရဲ့ ဒုတိယသားတော် ၊ ပင်လယ်သုံးခုသခင်နီကျားရဲ့ ဒုတိယ အစ်ကို ၊ ဖူရှန်မယ်တော်ရဲ့တစ်ဦးတည်းသောဆက်ခံသူတပည့် ၊ ကွမ်ယင်မယ်တော်ရဲ့ လက်အောက်က မုခြားဆိုတာ ကျုပ်သိပါတယ်"

ဆန်းလျန်ပြောလိုက်သည့် အမည်နာမများသည် လောကတစ်ခု လုံးကို တုန်လှုပ်သွားစေနိုင်သည့် အမည်များဖြစ်လေသည်။ ဟော့အန်းခရီးသည်က သာမန်လူတစ်ယောက်ပမာ ဟန်ဆောင် ထားသော်လည်း သူ၏နောက်ကွယ်မှ နတ်ဘုရားများက အင်အားကြီးမားသူများ ဖြစ်ကြသည်။ ထို့ပြင် ... ဟော့အန်း

ခရီးသည်ကိုယ်တိုင်ကလည်း သာမန်ထက် ထူးခြားသူတစ်ယောက် ဖြစ်သည်။

ဟွေ့အန်းခရီးသည်က...

“လွန်ခဲ့တဲ့ရက်ပိုင်းလောက်က ကျီဝေးကြယ်အစုအဝေးနားမှာ ဖြစ်တဲ့တိုက်ပွဲမှာ တာအိုဆရာသခင်ယွမ်ချင်းနဲ့ ဗိဿနိုးသေဆုံးသွားခဲ့တယ် ၊ မင်းက ဆရာဘိုးဘိုးယွမ်ချင်းရဲ့ မျိုးဆက်တပည့်တစ်ယောက်ဆိုတော့ အဲဒါ ဘာကိစ္စဖြစ်သွားတာလဲ သိလား..."

ဆန်းလျန်က...

“မင်းကိုယ်တိုင်သိချင်လို့မေးတာလား ၊ ကွမ်ယင်မယ်တော်က မေးခိုင်းလို့ မေးတာလား...”

ဟွေ့အန်းခရီးသည်က...

“ကွမ်ယင်မယ်တော်နဲ့ မတွေ့တာတောင်တော်တော်ကြာနေပါပြီ ၊ အခုမေးတာက ကျုပ်သိချင်လို့ပါ...”

ဆန်းလျန်က ရယ်မောလိုက်ပြီး ထိုက်ယင်းနတ်သမီး၏ဆံပင် တစ်ချောင်းကို ဆွဲနှုတ်လိုက်လေသည်။

ထိုက်ယင်းနတ်သမီး၏ လှပသည့် အနက်ရောင်ဆံချည်မျှင် သည် ဆန်းလျန်၏လက်ထဲတွင် နဂါးတစ်ကောင်အလား လူး လွန့်လျှက်ရှိလေသည်။ ထိုဆံချည်မျှင်က မုခြားထံသို့ ရုတ်တရက် ဝင်ရောက်သွားသည်။

ဆန်းလျန်၏ တိုက်ခိုက်မှုကြောင့် မုခြား ထိတ်လန့်တုန်လှုပ် သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်လေသည်။ ထို့နောက် သူက ခါးတွင်ချိတ်ထားသည့် လခြမ်းကွေးဓားကို ဆွဲထုတ်လိုက်ကာ ဆန်းလျန်ကို ထိုးစိုက်ချလိုက်လေသည်။

မုခြား၏ ထင်မှတ်မထားသည့်တိုက်ကွက်ကြောင့် ဆန်းလျန် ပင် အနည်းငယ် ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်။ မုခြား၏ လခြမ်းကွေးဓားချက်မှာ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှ သည်။

ဆန်းလျန်က သူ့လက်ထဲမှ ဆံချည်မျှင်ကို တစ်ချက်ဝှေ့ယမ်း

လိုက်ပြီး လခြမ်းကွေးဓားကို ရစ်ပတ်လိုက်လေသည်။

ထိုအခါ... မုခြား၏ စိတ်အစဉ်မှာ ရေတံခွန်မှရေများ စီးဆင်း

သည့်အလား လျှင်မြန်သည့်အရှိန်အဟုန်ဖြင့် ရွေ့လျားသွား

လေသည်။

မုခြား၏စိတ်ထဲတွင် မသန့်စင်မှုများဖြင့် ပြည့်နက်နေ

သည့်အတွက် ဆန်းလျန်က ဆံချည်တစ်မျှင်ကို အသုံးပြုကာ

မုခြား၏ စိတ်ကို သန့်စင်ပေးလိုက်ခြင်း ဖြစ်လေသည်။

လခြမ်းကွေးဓားသည် အပိုင်းပိုင်းကွဲကြေသွားပြီး ကြယ်စင်

ကောင်းကင်ထက်တွင် ပျံ့နှံ့သွားလေသည်။

မုခြား၏မျက်နှာပုံစံပျက်ယွင်းသွားပြီး နတ်ဘုရားခန္ဓာမှာ

လည်း ပြိုကြပျက်စီးလုနီးပါးဖြစ်သွားလေသည်။

သူက မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

“မင်းက ထျန်းကျွင်းတစ်ပါးပဲ..."

ဟု ပြောလိုက်လေသည်။

....

ပန်းနတ်မိမယ်များခြံရံသည့် ကျောက်စိမ်းဝေါယဉ်သည် ပိုင်ယွိကျင်းမြို့တော်အပြင်ဘက်ရှိ တောင်တစ်တောင်ရှိရာသို့ ပျံသန်းရောက်ရှိလာလေသည်။

ယခင်က ပိုင်ယွိကျင်းမြို့တော်အပြင်ဘက်တွင် မည်သည့်တောင်မှ မရှိပေ။ သို့သော်... ချင်းဖုန်းနတ်ဘုရားက စကြာဝဠာထဲမှ နတ်ဘုရားတောင်တစ်တောင်ကို ပိုင်ယွိကျင်းမြို့တော်အပြင်ဘက်သို့ ရွှေ့ပြောင်းယူဆောင်လာခြင်း ဖြစ်လေသည်။

ယခု ထိုနတ်ဘုရားတောင်ရှေ့တွင် ပန်းနတ်မိမယ် (၁၆)ပါးက အတန်း (၂)တန်းခွဲကာ ရပ်နေပြီး ကိုယ်စီလက်ထဲတွင် ပန်းခြင်းတောင်းများ ကိုင်ဆောင်ထားကြလေသည်။ နတ်မိမယ်လေးများ၏ မျက်နှာထက်တွင် အပြုံးပွင့်များကို လှပစွာဆင်မြန်းထားပြီး သူတို့ကိုကြည့်ရသည်မှာ အလွန်မှကျက်သရေနှင့် ပြည့်စုံလွန်းလှလေသည်။

ထို့နောက်... ခန့်ပြားထည်ဝါလွန်းသည့် ကေရာဇ်တစ်ပါး ကျောက်စိမ်းဝေါယဉ်အတွင်းမှ ထွက်လာလေသည်။

ထိုကေရာဇ်မှာ ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းပင် ဖြစ်လေသည်။

သူက စစ်ဗိုလ်ချုပ်ထျန်းဖိန်ကို စေလွှတ်ကာ ကျိုလင်နတ်သမီးကို ဖမ်းဆီးရန် အမိန့်ပေးခဲ့သူ ဖြစ်လေသည်။

သိပ်မကြာခင်က ကျီဝေးကြယ်အစုအဝေးတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် ဓားသူတော်စင်ကျီဝေးဟု လူသိများသည့် ကျီဝေးကေရာဇ် တစ်ဖြစ်လဲ ဆရာစူးနှင့် တိုက်ခိုက်ခဲ့လေသည်။ ဆရာစူးဆိုသည်က ဆန်းလျန် ချင်းရွှမ်နတ်တံခါးသို့ ဝင်ရောက်နိုင်ခြင်း မရှိသေးမီအချိန်ကပင် ဆန်းလျန်ကို "ရှိခြင်းမရှိခြင်းဓားဝိညာဉ်" သင်ကြားပေးခဲ့သူ ဖြစ်သည်။

ထိုတိုက်ပွဲတွင် ဆရာဘိုးဘိုးယွမ်ချင်းနဲ့ ဗိသနိုးကျဆုံးခဲ့ရလေသည်။ ဓားသူတော်စင်ကျီဝေးသည်လည်း ကျီဝေးတိကျွင်းကို

ရှုံးနိမ့်ခဲ့ရပြီး ဓားသူတော်စင်ကျီဝေး၏ မူလဝိညာဉ်သင်္ကေတ

ကို ရယူထားခဲ့သူဖြစ်လေသည်။

ကျီဝေးတိကျွင်းက သူ့ရှေ့မှ နတ်ဘုရားတောင်ကို တစ်ချက်

ကြည့်လိုက်ပြီး...

"ချင်းဖုန်းနတ်ဘုရား... ကျုပ်တို့ တွေ့ခွင့်ရနိုင်မလား..."

ဟု ပြောလိုက်လေသည်။

ကျီဝေးတိကျွင်း၏ စကားသံဆုံးသွားသည်နှင့် နတ်သမီး

(၁၆)ပါးက ကေရာဇ်၏ဘေးတွင် နန်းဆောင်တစ်ခုကိုဖန်ဆင်း

လိုက်ကြလေသည်။ နန်းဆောင်ထဲတွင် ကျောက်သားစားပွဲနှင့်

ကျောက်သားထိုင်ခုံများ ခင်းကျင်းထားပြီးသားဖြစ်လေ၏။

ထို့နောက် နတ်မိမယ်တစ်ပါးက ရေနွေးအိုးတည်လိုက်လေ

သည်။

နောက်ထပ်နတ်မိမယ်တစ်ပါးက ရေနွေးအိုးထဲသို့

လက်ဖက်ခြောက်များ ခပ်လိုက်သည်။

ရေနွေးထက်တွင် မျောလွင့်နေသည့် လက်ဖက်ခြောက်ဖတ်

လေးများသည် ပျံ့သန်းနေသည့် နတ်သမီးလေးများနှင့်ပင် ဆင်

တူလေသည်။

ထိုလက်ဖက်ခြောက်ကို ပျံ့သန်းနတ်သမီးလက်ဖက်ခြောက်ဟု

ခေါ်လေသည်။ ထိုလက်ဖက်ခြောက်မှာ မိုးနှင့်မြေ၏

အရင်းအမြစ်မှ ဖြစ်တည်လာသည့် တန်ဖိုးကြီးမားသည့်

လက်ဖက်ခြောက်ဖြစ်လေ၏။

မကြာမီတွင်တော့…

နန်းဆောင်ငယ်အတွင်းသို့ အသက် (၁၅)နှစ်ခန့်သာရှိသေး

သည့် တာအိုကျင့်ကြံသူလူငယ်လေးတစ်ယောက် ဝင်

ရောက်လာလေသည်။

ထိုလူငယ်လေးမှာ အလွန်မှ သန့်ပြန့်ပြီး ချောမောလှပလွန်း

သည်။

ထိုလူငယ်လေးက သူ့ကိုယ်သူ ဆန်းလျန်ဟု ပြောလျှင် အများစုက ယုံမှားမိကြမည် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... ထိုလူငယ်လေးနှင့် ဆန်းလျန်သည် အလွန်ရုပ်ချင်းဆင်သလို စိတ်နေစိတ်ထားလည်း ခပ်ဆင်ဆင်တူသောကြောင့် ဖြစ်သည်။

ထိုလူငယ်လေးမှာ အခြားသူမဟုတ်ပေ။ ချင်းဖုန်းနတ်ဘုရားပင် ဖြစ်လေသည်။

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက...

"ဒီက မိတ်ဆွေလေးက ချင်းတိဧကရာဇ် လူပြန်ဝင်စားတဲ့သူ မဟုတ်လား ၊ ဝူကျွမ်းကျောင်းတော်လို နေရာမျိုးမှာ တာအိုလူငယ်လေးအဖြစ်နဲ့ ခိုလှုံနေတာ တကယ့်ကို ဆုံးရှုံးမှုကြီးတစ်ခုပါပဲ...."

အခန်း (၈၆၈) အကြောင်းစုံ

ကျီဝေးတိကျွင်း၏စကားကိုကြားသည်နှင့် ချင်းဖုန်းနတ်ဘုရား၏ မျက်လုံးများက တစ်ချက်တောက်ပသွားပြီး အေးဆေးသည့်လေသံဖြင့် စကားပြန်ပြောလိုက်လေသည်။

"ကျုပ်က ချင်းတိကေရာဇ် မဟုတ်ပါဘူး ၊ ကျုပ်က ချင်းဖုန်းပါ..."

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက တစ်ချက်ပြုံးလိုက်ရင်း...

“ကျေးဇူးပြုပြီး ထိုင်ပါဦးဗျာ...”

ချင်းဖုန်းက ခဏစဉ်းစားပြီးမှ ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်လေသည်။

ကျီဝေးတိကျွင်းက ချင်းဖုန်းနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ သူတို့ (၂)ယောက်ကြားတွင် ပေအနည်းငယ်သာ ဝေးကွာလေ၏။

ကျီဝေးတိကျွင်းက...

"ကျုပ်လာရတဲ့အကြောင်းရင်းက တစ်လောကလုံးမှာ မင်းတစ်ယောက်ပဲ ကျုပ်သိချင်တာကို ဖြေနိုင်မယ့်သူ ရှိလို့ပဲ..."

ချင်းဖုန်းက ကျီဝေးတိကျွင်းကို ခေါင်းမော့ကြည့်လိုက်သည်။ သူ၏မျက်ဝန်းများထဲတွင် အနည်းငယ်အံ့အားသင့်သည့်အရိပ်များ ဖြတ်သန်းသွားလေသည်။

"မင်းက ဘာမေးချင်တာလဲ..."

ကျီဝေးတိကျွင်းက...

"လွန်ခဲ့တဲ့ရက်ပိုင်းကပဲ ကျုပ် ဓားသူတော်စင်ကျီဝေးဆိုတဲ့ ကျီဝေးဧကရာဇ်ကို အနိုင်ယူခဲ့တယ်၊ သူ့ကို ဆရာစူး ဒါမှမဟုတ် စူးချန်ဝမ်လို့လည်း သိကြတယ်လေ၊ အဲဒီ ကျီဝေးဧကရာဇ်ရဲ့

မူလဝိညာဉ်သကေ်ာတကို ကျုပ်ရယူခဲ့တယ်၊ ပြီးတော့ ချင်းတိကေရာဇ်နဲ့ ကျီဝေးကေရာဇ်က ခေတ်ပြိုင်တွေပဲ မဟုတ်လား၊ ချင်းတိကေရာဇ်တို့က သိပ်မရင်းနှီးကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် အချိန်အကြာကြီး သိခဲ့ကြတာပဲ မဟုတ်လား..."

ချင်းဖုန်းနတ်ဘုရားက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး သဘောတူလိုက်လေသည်။

"ဒါဖြင့်လည်း မေးပါ..."

ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းက ပြုံးလိုက်ရင်း...

"လက်ဖက်ရည်ကြမ်း သုံးဆောင်လိုက်ပါဦး၊ ပျံသန်းနတ်သမီးလက်ဖက်ရည်ကြမ်းက ချင်းတိကေရာဇ်အတွက် ဘာမှ မပြောပလောက်ပေမယ့် ကျုပ်က ညှော်ခံတာပါ"

ချင်းဖုန်းက ပြုံးလိုက်ရင်း...

"ကျုပ်ကသာ ခင်ဗျားမေးမယ့်မေးခွန်းကို မဖြေဘူးဆိုရင် လက်ဖက်ရည်ကြမ်းနဲ့ ညှော်ခံမှာ မဟုတ်ဘူးမလား..."

ကျီဝေးတိကျွင်းက ပေါ့ပါးသည့်လေသံဖြင့်...

"ဒါက အပေးအယူ မဟုတ်ပါဘူး ၊ မိတ်ဖြစ်ဆွေဖြစ် ညှိခံတာ ပါ..."

ချင်းဖုန်းက ကျီဝေးကေရာဇ်စကားကို ထောက်ခံခြင်း မရှိပေ။ ပန်းနတ်မိမယ်လေးများက လက်ဖက်ရည်ကြမ်းတည်ခင်း ရာတွင် အလွန်ကျွမ်းကျင်သူများ ဖြစ်ကြလေသည်။ လက်ဖက်ရည်ကြမ်းတည်ခင်းဟန်လေးများကလည်း လှပ ကျော့ရှင်းကာ ကျက်သရေရှိလှသည်။

ပျံ့သန်းနတ်သမီးလက်ဖက်ခြောက်ခပ်ပြီး တည်ခင်းသည့် လက်ဖက်ရည်ကြမ်းမှာ တာ့လော်လက်ဖက်ရည်ကြမည်း ဖြစ် လေသည်။ ထိုလက်ဖက်ရည်ကြမ်းကို တာ့လော်အဆင့် ကျင့်ကြံသူမှသာလျှင် သောက်သုံးနိုင်စွမ်း ရှိလေသည်။ ခေတ်အဆက်ဆက်တွင် တာ့လော်အဆင့်ကိုတက်လှမ်းနိုင် သည့် နတ်ဘုရားဆိုသည်မှာ အနည်းငယ်သာ ရှိလေသည်။

ထို့ကြောင့် ထိုလက်ဖက်ရည်ကြမ်း၏တန်ဖိုးမှာ မည်မျှကြီးမား

သည်ကို သိရှိနိုင်သည်။

ရေနွေးကြမ်းပန်းကန်ထဲမှ ရေနွေးငွေ့လေးများက နဂါးဇာမဏီ

ရုပ်ပုံများအလား လေထဲတွင် လွင့်ပျံနေသည်မှာ အဆုံးမရှိ

လှပလွန်းလှသည်။

လက်ဖက်ရည်ကြမ်းအငွေ့များ အဆုတ်နှင့်သရက်ရွက်အတွင်း

သို့ ဝင်ရောက်သွားသည်နှင့် ပျော်ရွှင်မှုကို အဆုံးစွန်ထိ ခံစားရ

မည် ဖြစ်လေသည်။

သို့သော်... ချင်းဖုန်းကတော့ လက်ဖက်ရည်ကြမ်းငွေ့များကို

အရေးမစိုက်ဘဲ လက်ဖက်ရည်ကြမ်းပန်းကန်ကို

တစ်ချက်တည်းဖြင့် မော့သောက်ချလိုက်လေသည်။

ကျီဝေးတိကျွင်းက အေးအေးဆေးဆေးပင် စကားဆက်ပြော

လိုက်သည်။

"ထိုက်ယီထျန်းကျွင်း ၊ စန့်ချင်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်း ၊ တုန်းဟွာတိကျွင်း ၊ ယိနတ်ဘုရား ၊ ချင်းတိဧကရာဇ် ဆိုတဲ့သူတွေက တစ်ယောက်တည်းပဲ မဟုတ်လား..."

ထိုမေးခွန်းကိုကြားလိုက်ရသည့်အခါ ချင်းဖုန်းမှာ အလွန်အမင်းအံ့အားသင့်သွားရလေသည်။

သို့သော်... ချင်းဖုန်း၏အမူအရာက ချက်ချင်းပြန်လည်တည်ငြိမ်သွားပြီး...

"တာအိုက တစ်ခုကိုမွေးဖွားတယ် ၊ တစ်ခုကနေ နှစ်ခုကို မွေးဖွားတယ် ၊ နှစ်ခုကနေ သုံးခုကို မွေးဖွားတယ် ၊ အဲဒီတော့ စောစောက ခင်ဗျားပြောတဲ့သူတွေက တစ်ယောက်တည်းဆိုရင်လည်း ထူးဆန်းလှတယ်တော့ မဟုတ်ပါဘူး..."

ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းက...

"ဟုတ်ပါပြီ ၊ ကျုပ်စိတ်ထဲက သံသယတွေ ရှင်းသွားပါပြီ..."

ချင်းဖုန်းက...

"ကျီဝေးတိကျွင်းက ဒီအကြောင်းကို ဘာလို့ သိချင်ရတာလဲ..."
ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်းက သက်ပြင်းတစ်
ချက်ချလိုက်ရင်း...
"ပထမတော့ ကျုပ်လည်း ထင်မထားမိဘူး ။ ဒီရှေးဟောင်းနတ်
ဘုရားတွေဟာ တစ်ပါးတည်းဖြစ်နေမယ်လို့ ဘယ်သူက ထင်
မှာတဲ့လဲ ၊ အထူးသဖြင့် တာအိုဆရာသခင်ထိုက်ယီနဲ့ စန့်ချင်
တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်းက
တစ်ယောက်တည်း ဖြစ်နေတာမျိုးပေါ့ ၊ တာအိုဆရာသခင်ကြီး
(၂)ပါးဟာ (၂)ဘဝနဲ့ တစ်ယောက်တည်းဖြစ်နေမယ်လို့ ဘယ်
သူထင်မှာလဲ ၊ ပြီးတော့ တာအိုဆရာသခင်ထိုက်ယီက ချင်းရွှမ်
နတ်တံခါးကို တည်ထောင်ခဲ့တယ် ၊ ကျုပ်ထင်တာက သူ့ရဲ့ ဇနီး
အတွက် ချင်းရွှမ်နတ်တံခါးကို တည်ထောင်ပေးခဲ့တယ်လို့ ထင်
နေမိတာ ၊ ဒါပေမဲ့ မမျှော်လင့်ဘဲ တခြားအဓိပ္ပါယ်တစ်ခုရှိနေခဲ့
တယ် ၊ ဩော်... ချင်းတိကေရာဇ် ... ချင်းတိကေရာဇ် ၊

တကယ်တော့ ချင်းရှမ်နတ်တံခါးကို တာအိုဆရာသခင်ထိုက်ယီတည်ထောင်ခဲ့တာ ချင်းတိဧကရာဇ်အတွက် ဖြစ်နေတာကိုး ၊ ကျုပ်တို့က ဒီအကြောင်းရင်းကို မသိခဲ့ကြဘူး…"

ချင်းဖုန်းက…

"အစပိုင်းတုန်းကတော့ ဒီကိစ္စတွေကို ဘယ်သူမှ မသိပါဘူး ၊ တာအိုဆရာသခင်ထိုက်ယီ တရားအလင်းရပြီး တာအိုနဲ့ တစ်သားတည်းကျသွားတဲ့အချိန်မှာ တခြားတာအိုဆရာသခင်ကြီးတွေကလည်း ဒီအချက်ကို ရှင်းရှင်းလင်းလင်း နားလည်သွားခဲ့ကြတယ် ၊ ဒါကြောင့်လည်း ချင်းတိဧကရာဇ်က ကိုယ်ခွဲ (၆)ခုနဲ့ လူပြန်ဝင်စားနိုင်ခဲ့တာပေါ့ ၊ မိုးကောင်းကင်ကတောင် သူ့ကို မတားဆီးနိုင်ခဲ့ဘူး ၊ ဒါကြောင့် ဘေးအန္တရာယ် ကပ်ဆိုးကြီးကြုံတွေ့ခဲ့တဲ့အချိန်မှာတောင် ချင်းတိဧကရာဇ်ဟာ လူပြန်ဝင်စားဖို့လမ်းကြောင်းကို ရှာတွေ့နိုင်ခဲ့တယ် ၊ အင်း… တာအိုဆရာသခင်ထိုက်ယီက တကယ်တော်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ

၊ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီအချိန်တုန်းက သူ တခြား ကိစ္စတွေလုပ်ဖို့ ရှိနေတာတောင်မှ ချင်းတိကေရာဇ်ကို ပြန်လည် အပ်နှင်းဖို့အတွက် ချင်းရွှမ်နတ်တံခါးကို ရအောင် တည်ထောင်ခဲ့တယ် ၊ ကျုပ်ကတော့ ချင်းတိကေရာဇ် မဟုတ် ပါဘူး ၊ သူချန်ထားခဲ့တဲ့ ဉာဏ်စဉ်တစ်ခုမျှသာပါပဲ..."

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက...

"ကျုပ်နားလည်ပါပြီ ၊ တကယ်တော့ မင်းက ချင်းတိကေရာဇ် အစစ်အမှန်မဟုတ်ဘဲ ချင်းတိကေရာဇ်ရဲ့ ဉာဏ်စဉ်တစ်ခုပဲ..." ချင်းဖုန်းက ခေါင်းညိတ်ပြလိုက်သည်။

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက...

"မင်းသာ ချင်းတိကေရာဇ်အစစ်အမှန် ဘယ်သူလဲဆိုတာကို ရှာ တွေ့နိုင်ရင် ဉာဏ်စဉ်တစ်ခုလောက်အဆင့်မဟုတ်ဘဲ ပြီးပြည့်စုံ ခြင်းအဆင့်တစ်ခုကို ရယူနိုင်မှာပဲ မဟုတ်လား ၊ တာအိုဆရာ သခင်ထိုက်ယီက တော်တော် ဉာဏ်ကောင်းတာပဲ ၊ မင်းကို

အားလုံးက ချင်းတိကေရာဇ်ရဲ့ ညဏ်စဉ်တစ်ခုလို့ပဲ ထင်ကြပေမယ့် ချင်းတိကေရာဇ်ဟာ တာအိုဆရာသခင် ထိုက်ယီပဲဖြစ်တယ်လို့ ဘယ်သူမှ ထင်မှာ မဟုတ်ဘူး... ၊ ပြီးတော့ ချင်းတိကေရာဇ် ကိုယ်တိုင်ကလည်း ကိုယ်ခွဲတွေအများကြီးရှိတယ်လို့ နာမည်ကြီးတဲ့သူတစ်ယောက်ပဲဆိုတော့..."

ချင်းဖုန်းသည် သူထင်မှတ်ထားခဲ့သလို ချင်းတိကေရာဇ် လူပြန်ဝင်စားသူ မဟုတ်ခဲ့ပေ။

ချင်းတိကေရာဇ်၏ ညဏ်စဉ်တစ်ခုမျှသာ ဖြစ်လေသည်။

ထို့ကြောင့် ချင်းတိကေရာဇ်၏ သမီးဖြစ်သူ ပီရှာကေရီက ဝူကျွမ်းကျောင်းတော်တွင် သူမ၏ဖခင်ကို တစ်ခါမှ လာရောက်တွေ့ဆုံခြင်း မရှိခဲ့ခြင်း ဖြစ်လေ၏။

အစပိုင်းတွင်တော့ ပီရှာကေရီက ဖခင်ဖြစ်သူ ချင်းတိကေရာဇ်ကို မုန်းတီးနေသည့်အတွက် ဝူကျွမ်းကျောင်းတော်တွင် လာရောက်တွေ့ဆုံခြင်း မရှိသည်ဟု ကျီဝေးတိကျွင်းက တွေးထင်

ထားခဲ့သည်။ တကယ်တော့ ချင်းဖုန်းမှာ ချင်းတိဧကရာဇ်လူ
ပြန်ဝင်စားသူ မဟုတ်သည့်အတွက် သူမက လာမတွေ့ခဲ့ခြင်း
ဖြစ်လေသည်။

ဖြစ်နိုင်ချေနောက်တစ်ခုမှာ...

ပီရှာဧကရီသည် အားလော်ဟယ်၏လက်ချက်ဖြင့် လွန်ခဲ့သည့်
နှစ်ပေါင်းများစွာကတည်းက လူပြန်ဝင်စားသွားခဲ့ခြင်းလည်း
ဖြစ်နိုင်လေသည်။ ထို့ကြောင့်လည်း ချင်တိဧကရာဇ် လူပြန်
ဝင်စားသူမှ မည်သူဖြစ်သည်ဆိုသည့် အမှန်တရားက ပျောက်
ကွယ်သွားခဲ့ခြင်း ဖြစ်ဟန်ရှိသည်။

ထိုသို့ဆိုလျှင် လောကတွင် ပီရှာဧကရီလူပြန်ဝင်စားသူသည်
မည်သူဖြစ်နိုင်ပါသနည်း။ ကျီဝေးတိကျွင်း အထပ်ထပ်အခါခါ
စဉ်းစားသည့်တိုင် အဖြေထွက်မလာခဲ့ချေ။

ပီရှာဇကေရီလူပြန်ဝင်စားသူက မည်သူဖြစ်သည်ကိုသာ သိခွင့်ရ
လျှင် သူ့အနေဖြင့် ချင်းတိဇကေရာဇ် အစစ်အမှန် မည်သူ
ဖြစ်သည်ကို သိရှိနိုင်ရန် အခွင့်အရေးရမည် ဖြစ်လေသည်။
ချင်းတိဇကေရာဇ်ကို ရှာတွေ့ရန်မှာ ကျီဝေးတိကျွင်း၏
ရည်မှန်းချက်ဖြစ်လေသည်။ သူက ဓားသူတော်စင်ကျီဝေးဟု
လူသိများသည့် ကျီဝေးဇကေရာဇ်၏ အမည်နာမနှင့်မူလဝိညာဉ်
သင်္ကေတကို ခိုးယူထားသည့်တိုင် သူ့အနေဖြင့် ကျေနပ်နိုင်
ခြင်း မရှိသေးပေ။
လောကတစ်ခုလုံးကို တုန်လှုပ်စေမည့် မဟာလျှို့ဝှက်ချက်ကြီး
တစ်ခုဖြစ်သည့် "တာအိုဆရာသခင်ထိုက်ယီ ၊ စန့်ချင်တာအို
ဆရာသခင်လင်ပေါင်ထျန်းကျွင်း ၊ တုန်းဟွာတိကျွင်း ၊ ယီနတ်
ဘုရား နှင့် ချင်းတိဇကေရာဇ်တို့မှာ တစ်ယောက်တည်းဖြစ်သည်
ဆိုသည့်" လျှို့ဝှက်ချက်ကြီးကို သိရှိပြီးသည့်နောက် သူသာ
ချင်းတိဇကေရာဇ်၏မူလဝိညာဉ်သင်္ကေတနှင့် ကံကြမ္မာကို ရယူ

နိုင်မည်ဆိုလျှင် သူ့အနေဖြင့် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာနိုင်ရန် အခွင့်အရေး ရရှိမည် ဖြစ်သည်။ ထိုသို့သော အခွင့်အရေးမျိုးက တစ်ခေတ်တွင်တစ်ခါ ရခဲလှသည့် အခွင့်အရေးမျိုး ဖြစ်လေသည်။

တာအိုဆရာသခင်ထိုက်ယီက စန့်ချင်တာအိုဆရာသခင်လင် ပေါင်ထျန်းကျွင်းမှာ တစ်ယောက်တည်းဖြစ်လေသည်။ ထို့ကြောင့် အခြားသောတာအိုဆရာသခင်ကြီးများမှာ တာအို ဆရာသခင်ထိုက်ယီ အရှုံးလုပ်သည်ကို ခံရသလို ဖြစ်နေပေ လိမ့်မည်။

ချင်းတိကေရာဇ် လူပြန်ဝင်စားသူသာ တာအိုဆရာသခင်ကြီး တစ်ပါး ဖြစ်လာဦးမည်ဆိုလျှင် တာအိုဆရာသခင်ထိုက်ယီက ပင် (၃)ဘဝဖြင့် (၃)ခါတိတိ တာအိုဆရာသခင်ကြီး ဖြစ် သကဲ့သို့ ဖြစ်နေပေလိမ့်မည်။ သို့သော်... အခြားတာအိုဆရာ

သခင်ကြီးများကို နောက်တစ်ကြိမ်အရှူးလုပ်ရန် ဖြစ်နိုင်ပါမည်လား။

ကျီဝေးတိကျွင်းက ချင်းဖုန်းကို ပြုံးပြီး တစ်ချက်ကြည့်လိုက်သည်။

ချင်းဖုန်းနတ်ဘုရားသည် လက်ရှိခေတ်အခြေအနေများကို ကောင်းကောင်းသိထားသူတစ်ယောက် ဖြစ်သည်။ သူပြောသည့်စကားများမှာ အမှန်များဖြစ်ကြောင်း ကျီဝေးတိကျွင်း မှန်းဆနိုင်သည်။

သို့တိုင်အောင်... ထိုလူငယ်သည် ချင်းတိဧကရာဇ် မဟုတ်ပေ။ သို့သော်... ထိုလူငယ်သည် အဘယ့်ကြောင့် ဝူကျွမ်းကျောင်းတော်မှ ပြင်ပလောကသို့ ထွက်ခွာလာခဲ့ရပါသနည်း။

ဖြစ်နိုင်ချေများကို တွက်ချက်စဉ်းစားပြီးသည့်နောက် ကျီဝေးတိကျွင်းက စကားဆက်ပြောလိုက်သည်။

"ဒါဖြင့် ချင်းတိဧကရာဇ် အစစ်အမှန်က လူပြန်ဝင်စားတဲ့သူက ရော ဘယ်ရောက်နေလဲ ၊ သူအခုလောက်ဆို တရားအလင်းရ ပြီး နတ်ဘုရားတစ်ပါး ဖြစ်နေလောက်ပြီလား..."

ချင်းဖုန်းက...

"မသိဘူး..."

ကျီဝေးတိကျွင်းက ချင်းဖုန်းနတ်ဘုရားကို တိတ်ဆိတ်စွာဖြင့် စိုက်ကြည့်နေလေသည်။ချင်းဖုန်းပြောသည့်စကားမှာ အမှန် ဟုတ်သည်လား ၊ မဟုတ်ဘူးလား အကဲခတ်နေခြင်း ဖြစ် လေ၏။

နောက်ဆုံးတော့ ချင်းဖုန်းနတ်ဘုရားက အမှန်တရားကို ပြော နေခြင်းဖြစ်သည်ကို သူ သိရှိသွားလေသည်။ ထို့ကြောင့် သူက လောလောဆယ်တွင် ချင်းဖုန်းနတ်ဘုရားနှင့်လက်တွဲကာ ချင်း တိဧကရာဇ် လူပြန်ဝင်စားသူကို ရှာဖွေကာထိုသူ၏ ကံကြမ္မာ နှင့်မူလဝိညာဉ်သကေ်ာတကို ခိုးယူရမည် ဖြစ်လေသည်။

ကျီဝေးတိကျွင်းက…

"ဒါဖြင့်… ဒီကမိတ်ဆွေချင်းဖုန်း သဘောတူမယ်ဆိုရင် ကျုပ်တို့ သွေးသောက်ညီအစ်ကိုအဖြစ် သစ္စာပြုကြရအောင်…"

ချင်းဖုန်းက…

"ဒီလိုလုပ်ဖို့ မလိုဘူး ၊ ကျီဝေးတိကျွင်းက အဲဒီလူကိုရှာတွေ့ရင် ကျုပ်အပေါ် သစ္စာမပျက်ဘူးဆိုတာ ကျုပ်သိပါတယ်…"

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်း ပြုံးလိုက်လေသည်။

သူ့စိတ်ထဲတွင် တစ်စုံတစ်ခုကို ထပ်ပြီး စဉ်းစားလိုက်မိသည်။ သူ့တွင်သာ ဖန်ကူအလံရှိနေလျှင် အောင်မြင်မှုရရှိရန် ပိုပြီးနီးစပ်မည် ဆိုသည့်အချက်ပင် ဖြစ်လေသည်။

ကျီဝေးတိကျွင်းက…

"ဒါနဲ့ ချင်းတိကေရာဇ်ဟာ တာအိုဆရာသခင်ယွမ်ချင်းချမှတ်ခဲ့တဲ့ ချင်းရှမ်နတ်တံခါးက လမ်းစဉ်တွေနဲ့ ခွဲခြားလို့ မရနိုင်ဘူး ၊

ဒီတော့ အရင်ဆုံး ချင်းရွှမ်နတ်တံခါးနဲ့ပတ်သက်ဆက်နွယ်နေ

တဲ့သူတွေကို တစ်ယောက်မကျန် အကုန်စုံစမ်းရမယ် ၊ ဒါဆို

သဲလွန်စတစ်ခုခုသိရနိုင်တယ်..."

ချင်းဖုန်းက...

"ဒါဖြင့်လည်း အသူရာချောက်ကို အရင်သွားကြတာပေါ့..."

ကျီဝေးတိကျွင်းက တစ်ချက်ပြုံးလိုက်ရင်း...

"မင်းမှာ အကြံတစ်ခုခုရှိနေတယ် မဟုတ်လား..."

အခန်း (၈၆၉) လူတိုင်းကအရူးတွေပဲ

ချင်းဖုန်းနတ်ဘုရားက နန်းဆောင်ငယ်အပြင်ဘက်မှ

ကောင်းကင်ထက်သို့ တစ်ချက်မော့ကြည့်လိုက်လေသည်။

ချင်းဖုန်းနတ်ဘုရား၏ စိတ်အစဉ်သည် ကောင်းကင်ထက်မှ

တိမ်ဆိုင်များသဖွယ် ခန့်မှန်းရခက်သည်ကို ကျီဝေးတိကျွင်း

သိရှိခဲ့ခြင်း မရှိပေ။

ချင်းဖုန်း၏ စိတ်ကို မည်သူမှ မခန့်မှန်းနိုင်ပေ။ ဤသည်မှာ

ချင်းဖုန်းပိုင်ဆိုင်သည့် စွမ်းရည်တစ်ခုပင် ဖြစ်လေသည်။ သူက

စကြာဝဠာ၏ အခြေခံအကျဆုံးဓမ္မကို နားလည်ထားသူဖြစ်

လေသည်။ သူ့စိတ်သည် လေကဲ့သို့ လွင့်မျောနေပြီး သူ့

စိတ်သည် လေကဲ့သို့လည်း မဟုတ်ပြန်ပေ။

သူသည် လင်စန်းတောင်မှ မြင့်မြတ်သည့် ဗောဓိသကျ (၄)ပါး

ထက်ပင် သာလွန်သူတစ်ယောက် ဖြစ်လေသည်။

ချင်းဖုန်းက...

"ကျုပ်ကြားဖူးတာတော့ ဖုန်းတုတိကျွင်းက ကျီဝေးတိကျွင်းရဲ့ ကိုယ်ခွဲတစ်ခုပဲဆို..."

ကျီဝေးတိကျွင်းက တစ်ချက်ပြုံးလိုက်ရင်း...

"အဲဒါက တိုက်ဆိုင်မှုတစ်ခုပါ..."

ချင်းဖုန်းက...

"အသူရာချောက်ကိုသွားမယ်ဆိုရင်တော့ အဲဒီနာမည်ကို အသုံးပြုတာ အသင့်တော်ဆုံးပဲ..."

ယခု သူက ဓားသူတော်စင်ကျီဝေးဟုခေါ်သည့် ကျီဝေး ဧကရာဇ်၏ မူလဝိညာဉ်သင်္ကေတကို ယူဆောင်ထားပြီးပြီ ဖြစ်သည့်အတွက် သူသည်လည်း ဓားသူတော်စင်ကျီဝေးအလား ဖြစ်သွားပြီ ဖြစ်လေသည်။ ထို့ကြောင့် သူ့အနေဖြင့် အသူရာချောက်၏ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်နိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

အသူရာချောက်မှ သေခြင်းရှင်ခြင်းစာအုပ်ကို ရရှိလျှင် ချင်းရှမ်နတ်တံခါးနှင့် ပတ်သက်သူများအားလုံး၏ အမည်စာရင်းကို သိရှိနိုင်မည် ဖြစ်သည်။ ချင်းရှမ်နတ်တံခါးမှ တပည့်များအားလုံးထဲတွင် တစ်ယောက်ကတော့ ချင်းတိကေရာဇ် လူပြန်ဝင်စားသူ ဖြစ်နိုင်လေသည်။

အဘယ်ကြောင့်ဆိုသော် တာအိုဆရာသခင်ထိုက်ယီ ချင်းရှမ်နတ်တံခါးကို တည်ထောင်ခဲ့ရသည့် အဓိကအကြောင်းရင်းမှာ ချင်းတိကေရာဇ်အတွက် ရည်ရွယ်သောကြောင့် ဖြစ်လေသည်။

ထိုအကြောင်းကို တွေးမိသည့်အခါ ကျီဝေးတိကျွင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ယခုတော့ ချင်းရှမ်နတ်တံခါးမှ ဆရာဘိုးဘိုးယွမ်ချင်းဆိုသူ တာအိုဆရာသခင်ယွမ်ချင်း သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

မဟုတ်ပါက တာအိုဆရာသခင်ယွမ်ချင်းထံမှာ အကြောင်း

တစ်စုံတစ်ရာ သိချင်သိရှိနိုင်မည် ဖြစ်သည်။

ချင်းဖုန်းက...

"အသူရာချောက်ကိုမသွားခင် ကျုပ်တစ်ခုလောက်တောင်းဆို

စရာရှိတယ်..."

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက...

"ပြောပါ..."

"အခုတလော နာမည်ကြီးလာတဲ့လူတစ်ယောက်ရှိတယ်...."

ကျီဝေးတိကျွင်းက...

"ကျုပ်သိပါတယ်၊ အဲဒီလူက မရဏာဓား (၄)လက်စလုံးကို

ထိန်းချုပ်နိုင်စွမ်းရှိတဲ့ ဓားနတ်ဘုရား ချန်ပေသို မဟုတ်လား၊

ထိုက်ချင်ထျန်းကောင်းကင်ဘုံက ရွှမ်တုတောက်ကျွင်းနဲ့ ခွန်

လွန်တောင်က တာအိုဆရာယို့တင်ကလွဲရင် သူက ဘယ်သူ့ကိုမှ

အရေးမစိုက်ဘူးလို့ ကြားဖူးတယ်..."

မရဏာဓား (၄)လက်၏ မူလပိုင်ရှင်မှာ စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်း ဖြစ်လေသည်။

လောကတွင် နတ်ဘုရားများ၏ မှော်ဝင်လက်နက်များကို ရွေးခြယ်မည်ဆိုလျှင် ဖန်ကူအလံသည်ပင်လျှင် မရဏာဓား (၄)လက်ကို ယှဉ်နိုင်မည် မဟုတ်ပေ။ မရဏာဓား (၄)လက်က အလွန်ပြင်းထန်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှလေသည်။

ချင်းဖုန်းက...

"အမှန်တော့ ချန်ပေသိုရဲ့အကြောင်း အသေးစိတ်ကို ကျိဝေးတိကျွင်း မသိသေးဘူးထင်တယ်၊ ချန်ပေသိုရဲ့လက်ထဲက မရဏာဓား (၄)လက်မှာ နတ်ဘုရားထောင်ချောက်ဓားနဲ့နတ်ဘုရားဒဏ်ခတ်ဓား (၂)လက်ကပဲ အစစ်အမှန်တွေ၊ ကျန်တဲ့ (၂)လက်က အတုတွေ၊ ပြီးတော့ သူ့မှာ မရဏာဓား (၄)လက်လုံး ရှိနေ

ရင်တောင်မှ နတ်ဘုရားထောင်ချောက် အစုံအတားကို သူ့မှာ ပြုလုပ်နိုင်စွမ်း မရှိဘူး..."

ကျီဝေးတိကျွင်း၏ မျက်လုံးများ တစ်ချက်တောက်ပသွားပြီး...

"ချင်းဖုန်းနတ်ဘုရားက ချန်ပေသိုရဲ့လက်ထဲက မရဏဓားလက်ကို လိုချင်နေတာလား..."

ချင်းဖုန်းက...

"အမှန်ပဲ..."

ကျီဝေးတိကျွင်းက တစ်ချက်စဉ်းစားနေလေသည်။ ချင်းဖုန်းပြောသည့်စကားများမှာ မှန်သည်လား၊ မှားသည်လည်း သူလည်း မဝေခွဲနိုင်ပေ။

နောက်ဆုံးတော့ သူက မေးခွန်းထုတ်လိုက်သည်။

"ဒါဖြင့် ကျန်တဲ့ ဓား (၂)လက်က အတုတွေဆိုတော့ ဘယ်သူက မရဏဓားတွေကို အတုလုပ်ထားတာလဲ..."

ချင်းဖုန်းက ကောင်းကင်ထက်မှ အဖြူရောင်တိမ်တိုက်တစ်စကို လက်ညှိုးထိုးပြလိုက်သည်။

ချင်းဖုန်း ဆိုလိုသည့်အဓိပ္ပါယ်ကို ကျီဝေးတောက်ကျွင်းချက်ချင်းနားလည်လိုက်သည်။ ထို့နောက် သူ့စိတ်ထဲမှ သံသယများလည်း ပျောက်ကွယ်သွားလေတော့သည်။

ကျီဝေးတိကျွင်းက...

"အစစ်ကိုပြုလုပ်တဲ့သူကပဲ အတုကိုပြုလုပ်နိုင်တယ်..."

ချင်းဖုန်းက...

"သိပ်မကြာခင် ချန်ပေသို ပိုင်ယွီကျင်းမြို့တော်ကို ရောက်လာလိမ့်မယ်..."

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းက...

"ဘာဖြစ်လို့လဲ..."

ချင်းဖုန်းက တစ်ချက်ပြုံးလိုက်သည်။ ထိုအပြုံးက လျှို့ဝှက်ချက်များဖြင့် ပြည့်နက်နေလေသည်။

"ဒါတော့ပြောလို့ မဖြစ်ဘူး..."

ချင်းဖုန်းက မဖြေသည့်အတွက် ကျီဝေးတိကျွင်းကလည်း ဆက်လက်မေးမြန်းခြင်း မပြုလုပ်တော့ပေ။

ချန်ပေသိုကိစ္စကြောင့် ကျီဝေးတိကျွင်းအနေဖြင့် ပိုင်ယွိကျင်းမြို့တော်တွင် ရက်အနည်းငယ် ထပ်မံနေထိုင်ရန် အကြောင်းဖန်လာသည်။

ချန်ပေသိုထံမှ မရဏာဓားများကိုသာရလျှင် သူ့အနေဖြင့် ဖန်ကူအလံကို သွားယူစရာ မလိုတော့ပေ။ ဤသည်မှာ သူဖြစ်ချင်သည့်ဆန္ဒနှင့်လည်း ကိုက်ညီနေသည် မဟုတ်ပါလား။

ကျီဝေးတိကျွင်းက လက်တစ်ဖက်မြှောက်ကာ အချက်ပြလိုက်သည်နှင့် ပန်းနတ်မိမယ်လေးတစ်ပါးက ဗျပ်စောင်းတစ်လက်ကို ထုတ်ယူပြီး စတင်တီးခတ်လိုက်လေသည်။

ဗျပ်စောင်းတေးသံက အလွန်သာယာလှပြီး လေပြေတိုက်ခတ်နေသည့် လရိပ်ကျညပမာ ၊ တောင်ကြောတစ်လျှောက်

ဖြတ်သန်းစီးဆင်းသွားသည့် ကြည်လင်သည့် စမ်းချောင်းလေး

ပမာ ကြားရသူတိုင်း၏ စိတ်ကို ကြည်လင်ချမ်းမြေစေလေ

သည်။

ချင်းဖုန်းနတ်ဘုရားက မျက်လုံးကို အသာမှိတ်ကာ ဗျပ်စောင်း

သံကို နားဆင်ခံစားနေလေတော့သည်။

....

ဟော့အန်းခရီးသည်၏ ဘဝတွင် ထိုမျှလောက် အားနည်းသည့်

အခြေအနေမျိုးကို တစ်ခါမှ မခံစားခဲ့ဘူးပေ။

သူ့ရှေ့တွင် မတ်တတ်ရပ်နေသည့် ဆန်းလျန်မှာ လင်စန်း

တောင်မှ မြင့်မြတ်သည့် ဗောဓိသကျ (၄)ပါးထက်ပင်

ကြောက်မက်ဖွယ်ရာ ဖြစ်နေလေသည်။

ဆန်းလျန်က...

"မင်း အခု ဒဏ်ရာရထားပြီ ၊ ကျုပ် မင်းကို မခြိမ်းခြောက်ချင်

ပါဘူး ၊ ဒါပေမဲ့ မေးခွန်းတစ်ခုတော့ မေးချင်တယ် ၊ မင်း အမှန်

အတိုင်းဖြေရမယ် ၊ မဟုတ်ရင်တော့ မင်းလွယ်မယ်မထင်နဲ့..."

ဟွေ့အန်းခရီးသည်က အနည်းငယ် တွန့်ဆုတ်နေလေသည်။

သူသည် ဗုဒ္ဓဘာသာရော တာအိုဝါဒပါ (၂)မျိုးစလုံး ကျင့်ကြံခဲ့

သူ ဖြစ်လေသည်။ ထို့ပြင် သူ၏နောက်ခံတွင် ရှိသူများက

လည်း ကျော်ကြားသည့် နတ်ဘုရားများဖြစ်ကြလေရာ ဆန်း

လျန် သူ့ကို သတ်ရဲမည်မဟုတ်သည်ကို သူသိရှိထားလေသည်။

သူက တည်ငြိမ်သည့် မျက်နှာထားဖြင့်...

"ထျန်းကျွင်းက ဘာသိချင်တာလဲ..."

ဆန်းလျန်က...

"အခု ဖူရှန်မယ်တော် ဘယ်မှာရှိနေလဲ..."

ဟွေ့အန်းခရီးသည်က...

"ကျုပ် ကွမ်ယင်မယ်တော်နောက်လိုက်နေရတာနဲ့ပဲ ဆရာနဲ့မ

တွေ့တာတောင် နှစ်တွေကြာခဲ့ပါပြီ၊ ဒါကြောင့် ဆရာဘာတွေ

လုပ်နေလဲ၊ ဘယ်ရောက်နေလဲဆိုတာ ကျုပ် မသိပါဘူး..."

သူ့စကားဆုံးသွားသည်နှင့် သူ၏ဝိညာဉ်ကို သေးငယ်သည့်အပ်ချောင်းများနှင့် ထိုးစိုက်လိုက်သည့်အလား စူးရှသည့် နာကျင်မှုကို ခံစားလိုက်ရလေသည်။ နာကျင်မှုက ဆိုးရွားလွန်းသည့်အတွက် ထိုခဏအတွင်းမှာပင် အသက်ဆက်မရှင်တော့ဘဲ သေပြီး လူပြန်ဝင်စားလိုက်ချင်စိတ်ပင် ဖြစ်ပေါ်လာမိလေသည်။

ခဏအကြာတွင်တော့ နာကျင်မှုက ဒီရေအလား လျော့နည်းသွားလေသည်။ သို့သော်... သူ၏ဒဏ်ရာမှာ အရင်ကထက်ပိုပြီး ဆိုးရွားသွားလေ၏။

ဆန်းလျန်က...

"ကျုပ်က ကရုဏာထားပြီး မင်းကို အခွင့်အရေးပေးတယ်၊ မင်းက မလေးစားဘူး၊ အခု ဖူရှန်မယ်တော် ဘယ်မှာလဲဆိုတာ ကျုပ်သိသွားပြီ..."

ဟော့ွအန်းခရီးသည်က ထိတ်လန့်စွာဖြင့်...

"မင်း ကျုပ်ဝိညာဥ်ထဲကို ထိုးဖောက်ကြည့်လိုက်တာလား..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ကျုပ် သက်ညှာလိုက်လို့ မင်း အခုလောက်ပဲ ခံရတာ ၊ မဟုတ်လို့ကတော့ မင်း ရူးသွားမှာ..."

ဟော့အန်းခရီးသည်ဆိုသည်က ဆန်းလျန်ကို မနိုင်သည့်တိုင် နှစ်ပေါင်းများစွာ ကျင့်ကြံထားခဲ့သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

သူ၏ ဝိညာဥ်ကို ထိုးဖောက်ကာ သူဖုံးကွယ်ထားသည့် လျှို့ဝှက်ချက်ကို သိအောင်ကြိုးစားရသည်မှာ ဆန်းလျန် အတွက်လည်း မလွယ်ကူခဲ့ပေ။ ထို့အတူ... ဟော့အန်း ခရီးသည်၏ ဝိညာဥ်သည်လည်း ပျက်စီးသွားခဲ့လေသည်။

ဟော့အန်းခရီးသည်က...

"လူတိုင်းကအရူးတွေပဲ ၊ ကျုပ်လည်းအစကတည်းက အရူး တစ်ယောက်ပါပဲ..."

ဆန်းလျန်က...

"မင်း ကျုပ်ကို ဆန့်ကျင်ဖို့ မကြိုးစားနဲ့၊ ကျုပ်က ဘဝနဲ့ ညဏ်ပညာအကြောင်းကို အခြေခံကျကျ နားလည်ထားတဲ့ သူ တစ်ယောက်ဖြစ်တယ်၊ အခု ကျုပ်က မိုးမြေကိုတုန်လှုပ်စေတဲ့ နတ်ဘုရားတွေကို ရှာပြီး တိုက်ခိုက်မလို့ပဲ၊ ကျုပ်ရဲ့ လမ်းစဉ် က ဟာကွက်ရှိ မရှိ စမ်းသပ်ကြည့်တဲ့ သဘောပေါ့၊ အဲဒီတော့ ကျုပ်တိုက်ခိုက်ကြည့်ချင်တဲ့သူတွေထဲမှာ မင်းရဲ့ဆရာ ဖူရှန် မယ်တော်လည်း တစ်ယောက်အပါအဝင်ပဲ၊ နတ်မိစ္ဆာအဓိပတိ ကြီးလည်းပါတယ်၊ ပြီးတော့ အားလော်ဟယ်၊ ကျန့်ယွမ်ကျီ၊ ရွှမ်တုတောက်ကျွင်း၊ တာအိုဆရာယွီတင်၊ မိုးမြေ ရေပြင်ညီ ကိုယ်တော် (၃)ပါး၊ မိုးမြေ ထက်အောက်ကိုယ်တော် (၃)ပါး၊ ပြီးတော့ မြင့်မြတ်တဲ့ ဗောဓိသကျ (၄)ပါး အကုန်လုံးပေါ့၊ အားလုံးကို ကျုပ် ပညာပြိုင်ဖို့ စဉ်းစားထားတယ် ..."

ဟော့အန်းခရီးသည်က...

"ထျန်းကျွင်းက တကယ်မာနကြီးလွန်းတာပဲ ၊ ဒုတိယမိုးနတ်မင်းတောင်မှ ထျန်းကျွင်းလောက် မာနမကြီးခဲ့ဘူး ၊ နောင်တစ်ချိန် အရှုံးနဲ့ရင်ဆိုင်ရတော့မှ အဲဒီလောက်မာန မကြီးနိုင်တော့မှာ စိုးရွံ့မိပါတယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"နေ့ရာသီက ပိုးကောင်လေးဟာ နှင်းကျတာကို ဘယ်မြင်နိုင်မှာလဲ ၊ မင်းလည်း ကျုပ်ကို ဘယ်လိုလုပ် ဝေဖန်နိုင်မှာလဲ..."

ဟော့အန်းခရီးသည်၏ ခြေထောက်များသည် ပိုင်ယွီကျင်းမြို့ထက်တွင် ရပ်နေလေသည်။

ကောင်းကင်ထက်ရှိ ကြယ်စင်များကြားတွင် နတ်ဘုရားများပျံသန်းနေကြပြီး ပိုင်ယွီကျင်းမြို့ကတော်မှာ အလွန် ရှုတ်ထွေးနေလေသည်။

နတ်မိစ္ဆာများ ၊ နတ်ဘုရားများ၏ တိုက်ပွဲများကလည်း အဆုံးသတ်သည်ဟူ၍ မရှိပေ။

ဟော့ွအန်းခရီးသည်၏ စိတ်အာရုံတွင် ထိုအရာများကိုတွေ့မြင်လိုက်ရပြီး လောကကြီးတစ်ခုလုံး ပျက်စီးတော့မည်ကို သိရှိလိုက်လေသည်။

တစ်ချိန်တည်းမှာပင် သူက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ဆန်းလျန်အား ကြီးမားသည့် မိစ္ဆာကောင်ကြီးတစ်ကောင်အလား ထင်မှတ်မြင်ယောင်လိုက်မိလေတော့သည်။

အခန်း (၈၇၀) ထာဝရဓား

ဆန်းလ်န်၏ ပတ်ဝန်းက်င္တြင် နတ္မိစ္ဆာမ်ား ရုန်းရင်းဆန္ခတ်ျဖစ်နေကြပြီး သူတို့သည် ဆန်းလ်န္ကို ကြည့္ပင် မကြည့္ြကေပ။

အလြန်ကြောက်မက်ဖွယ်ကောင်းသည့်အျေခအေနတစ္ခုကို ျပြေ

အန်းခရီးသည်၏ စိတ်အာရုံတြင် ေတြ့ျမင်ေနရေလသည်။

ထို့ေနာက်... ဆန်းလ်န်သည် အခန်းတစ္ခုထဲတြင္ထိုင်ေနသည့္ျမ

င္ကြင်းကို ေတြ့ျမင်ရျပန်သည်။

ဆန်းလ်န်သည် အခန်းထဲတြင် ထိုင်ေနရင်း စကြာဝဠာတစ္ခုလုံး

ရှိ ေလထု ၊ ျမူမွံ ၊ ေန ၊ လ အရာအားလုံးကို ေမွ့ေနှာက္ပစ်ေန

ပြီး လူသားမ်ား ဒုက္ခအကြီးအက်ယ်ေရာက်ေနသည္ကို ျမင်ေတြ့

လိုက်ရေလသည်။

ထိုအခ်ိန္မှာပင် ဆန်းလ်န္က ထိုက်ယင်းနတ်သမီးကို တစ္ခ်က္လွမ်းကြ

ည့္လိုက်ပြီး...

"မင်း ဗ်ပ်စောင်းသံကြားတယ္မလား..."

ထိုက်ယင်းနတ်သမီးက ေခါင်းညိတ္လိုက်ရင်း....

"ဗ်ပ်စောင်းတီးတဲ့သူက အရမ်းေတာ္တယ် ၊ ဝိညာဥ္စြမ်းအားနဲ့

လည်း ျပည့္ဝတယ် ..."

ထိုက်ယင်းနတ်သမီး၏ စကားကို ပြော့အန်းခရီးညသ္တလည်း တိတ္တဆိတ်ခေါင်းညိတ္တာ သေဘာတူလိုက်လေသည်။

ထိုက်ယင်းနတ်သမီး၏တန္ခိုးစြမ်းအားမ်ားက နက်ရှိုင်းပြီးသ န္႕စင်သည္ကို သတိထားမိသည့်အတြက် သူမသည္လည်း သာမန် အသိုင်းအဝိုင်းတစ္ခုမွ မဟုတ္နိုင်ကြောင်း ပြော့အန်းခရီးသည် ရိပ္မိလိုက်သည်။

သူက ထိုသို့စဥ်းစားလိုက္မိသည္နှင့် ထိုက်ယင်းနတ်သမီး၏ ဇာစ်ျမစ္ကို ခန္႕မွန်းကြည္႕လိုက်ရာ အနည်းငယ် အံ့သြသြားရေလသည်။

တာအိုဆရာသခင်ကြီးမ်ားပြီးလျှင် ပထမမိုးနတ္မင်းနှင့် ဒုတိယမိုးနတ္မင်းတို့က အလြန္တန္ခိုးစြမ်းအား ကြီးမားကြသူမ်ား ျဖစ်လေသည်။

သို့သော်... ပထမမိုးနတ္မင်းက်ဆုံးပြီး ဒုတိယမိုးနတ္မင်းအုပ္ခ်ုပ်သည့်ခေတ်သို့ မေရာက္မီစပ်ကြား အခိန္ကာလတစ္ခုတြင် တန္ခိုးစြ

မ်းအားျမင့္မားသည့္ လေးသည်တော် တာ့ယိအကြောင်းကို

မည်သူမှ ဂရုမစိုက်ဘဲ မေနဝံ့ြကေပ။

တာ့ယိသည် နတ္တုရားတစ်ပါးမဟုတ်သလို နတ်မိစ္ဆာတစ်ပါးလည်း

မဟုတ်ပေ။ သို့သော်... သူက လေးသည်တွေ့တာစ်ယောက် ျဖစ်

လေသည်။

လေးသည်တော်ျဖစ္လာရန်အတြက် မြေးဖြားလာသူတစ်

ယောက် ျဖစ်လေ၏။

မယ်တော်ဝမ္မုုသည့္ပင် လေးသည်တွေ့တာ့ယိကို မနာလိုျဖစ္ခဲ့

သည်အထိ လေးသည်တွေ့တာ့ယိ၏ ဂုဏ်သတင်းက လျှမ်းလျှ

မ်းတောက် ကေ်ာ်ကြားခဲ့လေသည်။

လေးသည်တွေ့တာ့ယိသာ တန္ခိုးစြမ်းအားျမင့္မားလြန်းသည်

သာ မဟုတ်ပေ။ သူ၏ ဇနီးျဖစ်သူ လနတ်သမီးခ်န်ဝေါ်(ဟန်

အယ်)ကလည်း ကြောက္မကြွယ်ရာကောင်းလောက်အောင် တန္

ခိုးစြမ်းအားျမင့္မားသူတစ်ယောက် ျဖစ်လေသည်။

ထို့ပြင်... လနတ်သမီးခ်န်ဝေါ်သည် ပထမမိုးနတ်မင်း၏ သမီးတော်ဖြစ်ပြီး သူမ၏အစ်ကိုမှာ ပထမမိုးနတ်မင်း၏ သားတော်လည်းဖြစ်၊ နာမည်လည်းကျော်ကြားသော "ရှောင်ဟောက်" ဖြစ်လေသည်။

ထို့ကြောင့် လေးသည်တော်ဟောက်ယိ မရှိတော့သည့်နောက်ပိုင်း ဒုတိယမိုးနတ်မင်းက လနတ်သမီးခ်န်ဝေါ်ကို သိမ်းပိုက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။

ယခု ဆန်းလ်န်ဘေးမှ နတ်သမီးသည် လနတ်သမီးခ်န်ဝေါ်၏ တပည့်ဖြစ်သည်ကို ပြော့အန်းခရီးသည် သိရှိလိုက်သည်။ ဆန်းလ်န်နှင့် ထိုက်ယင်းနတ်သမီးသာ ပေါင်းစပ်လိုက်ပါက (၂)ယောက်ပေါင်း တန်ခိုးစွမ်းအားက အဆမတန် မြင့်မားသွားမည်ဖြစ်လေသည်။

သူတို့ (၂)ယောက်သာ ပေါင်းစပ်လိုက်လျှင် လောကတွင် နောက်ထပ်မိုးနတ်မင်းတစ်ပါးနှင့် မယ်တော်ဝမ့်မူတစ်ပါး ထြက်ပေါ်လာသကဲ့သို့

ဖြစ်ပေလိမ့်မည်။ ထိုအခ်က္က ကောင်းလည်းကောင်းသလို ဆိုးလည်းဆိုးလြန်းလွသည်။

ဒုတိယမိုးနတ္ဝင်း၏ မိုးကောင်းကင္ခံုရုံး ပ်က္စီးသြားၿပီး သည့္ေနာက္ လောကတစ္ခြင္လံုး နတ္ဘုရားမ်ားမွာ အထိမ်းအကြပ္မဲ့ျဖစ္ေနေကေလသည်။ ထို့ကြောင့် ျပႆနာပေါင်းစုံလည်း ရှုပ်ထွေးလျက် ရှိကြသည်။

အကယ်၍ မိုးကောင်းကင္ခံုရုံးကိုသာ ျပန္လည္တည္ထောင္မည္ဆိုလွ်င် နတ္ဘုရားမ်ားကြားတြင် ျဖစ္ပေါ်နေသည့် ျပႆနာပေါင်းစုံမွာ ေလ်ာ့နည်းသြားမည် ျဖစ္သည္။

ထိုအခ်က္က က်င့္ႀကံသူလောကအတြက် ရေရွည္တြင် ကောင်းသည့္ အခ်က္ျဖစ္လေသည္။ က်င့္ႀကံသူမ်ားအေနျဖင့္ နတ္ဘုရားတစ္ပါးျဖစ္သြားခဲ့လွ်င် ေကာ္ထောက်နောက္ခံကောင်းသည့္ နေထိုင်ရာ ကောင်းကင္ဘံုတစ္ခု အဆင်သင့် ရွိနေမည် ျဖစ္ သည္။

ကံမကောင်းသည်မှာ မိုးကောင်းကင်၌ရှိုးကို ပြန်လည်ထည်ဆောက်မှ ညှိဆိုလျှင် မြေပြားနှင့်မီးများ ၊ တိုကြွပ်များ ၊ ပေးဆပ်ရျခင်းများစွာကို ရှောင်ရှားနိုင်စွမ်း မရှိပေ။

ထို့ပြင် ဆန်းလ်န္က နာမည်ကျော်ကြားသည့် နတ္တာရုရားများကိုလည်း စိန်ခေါ်ကာပညာပြိုင်ဦးမည်ဟု ဆိုခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် သူ့အမြင်အာရုံထဲမှအတိုင်း ချောက်ခြားဖွယ်ရာ ဖြစ်ရပ်များ လောကတွင် ဖြစ်ပေါ်လာတော့မည်ဖြစ်လေသည်။

သူ တွေးနေစဉ်မှာပင် ထူးဆန်းသည့် ခံစားခ်က္တစ်ခုကို ခံစားလိုက်ရသည့်အတွက် သူက ဆန်းလ်န္ကို လှမ်းကြည့်လိုက်သည့်အခါ သူ့ကို ပြုံးပြီးကြည့်နေသည့် ဆန်းလ်န္ကို တွေ့လိုက်ရေလသည်။

ဆန်းလ်န်၏အပြုံးကို တွေ့မြင်လိုက်ရသည့်အခါ ပြော့အန်းခရီး

သည္ဗာ မ်ားစြာ တုန္လႈပ္ေျခာက္ျခားသြားရေလသည္။ သူ၏

အေတြးမ်ားကို ဆန်းလ်န္က ထိုးဖောက်သိျမင်နေဟန် ရှိလေ၏။

ဆန်းလ်န္က…

"မင်းက အျမဲတမ်း ဒီလိုမိုးတွေ လျှောက်တွေးနေတတ္တာပဲလား

၊ ဒါပေမဲ့ က်ုပ္က မိုးကောင်းကင်ွ္ကရုံးကို ျပန္တည္ဆောက္မယ့္သူ မ

ဟုတ္ပါဘူး ၊ ဒါကြောင့် မင်းတွေးသလို ျဖစ္လာမွာ မဟုတ္ဘူး…."

ပြော့အန်းခရီးသည္ဗာ ချေ်ြးစေးမ်ားပ်နေပြီး မည္သည္ံ့စကား

မွ ျပန္ေျပာနိုင္ျခင်း မရှိပေ။

နောက္ဆိုလျှင် ဆန်းလ်န်၏ ရှေ့တြင် ယခုကဲ့သို့ စိတ္လြတ္ကိုယ္လြတ်

မေတြးမိစေရန် သတိထားရမည္ဟု ဆုံးျဖတ္ခ်က္ခ်လိုက္မိသည္။

ဆန်းလ်န္က…

"မင်း စိတ္မပူပါနဲ့၊ က်ုပ် မင်းကို ဘာမွ မလုပ္ပါဘူး ၊ အနာဂတ္မွာ မ

င်းဘာေတြေတြးမလဲဆိုတာ က်ုပ်သိနိုင္မွာ မဟုတ္ပါဘူး…"

ပြော့အန်းခရီးသည်က သူ့ကံတရားကို လက်ခံလိုက်လေတော့သည်။

"ဒါက ထ်န်းကြျင်းရဲ့ စိတ္တန္ဒအတိုင်းပါပဲ..."

ပြော့အန်းခရီးသည်က ဆန်းလ်န်ကို ထ်န်းကြျင်းဟုသာ ခေါ်လေသည်။ ဤသည်မှာ ဆန်းလ်န်အပေါ် သူ၏လေးစားမှုကို ပြသျခင်း ဖြစ်လေ၏။

ထို့ပြင် ဆန်းလ်န်သည် သာမန္တာလော်အဆင့် ကင့်ကြီးသူမ်ား ထက် မ်ားစြာသာလြန်နေသည်ကိုလည်း သူ ခန့်မှန်းမိလေသည်။ ထို့ကြောင့် နောက္ဆုံးတော့ အားမတန် မာန်လျှော့ရန် ဆုံးဖြတ္လိုက်ျခင်း ဖြစ်လေ၏။

ဆန်းလ်န်က ပြုံးလိုက်ရင်း...

"မင်း ကိစ္စတစ္ခုပဲ ကုိ္ပ်အတြက် လုပ်ပေးပါ..."

ဆန်းလ်န်က ပြော့အန်းခရီးသည်ကို ခက္ခကဲ့ခဲ ကိစ္စမ်ား ခိုင်းျခင်း မဟုတ်ပေ။

ပိုင်ပြိုက်ကင်းမြို့တွင် နေထိုင်ရန် အိမ်တစ်လုံး ရှာခိုင်းခြင်း ဖြစ်လေသည်။ ပြော့အန်းခရီးသည်က ဆန်းလ်န်အတွက် အိမ်တစ်လုံး အမြန်ရှာပေးလိုက်လေသည်။

ထိုနေရာမှာ အမှန်တော့ နတ်မိစ္ဆာဘုရင်တစ်ပါးနေထိုင်သည့်နေရာဖြစ်လေသည်။ သို့သော်… ထိုနတ်မိစ္ဆာဘုရင်သည် ပြော့အန်းခရီးသည်ကိုမြင်သည်နှင့် တစ်ခိုးတည်းလစ်ပြေးလေတော့ရာ အိမ်ကို လွယ်လွယ်ကူကူပင် ရလိုက်လေ၏။

နတ်မိစ္ဆာဘုရင်က သူ့ကိုတွေ့သည်နှင့် ထွက်ပြေးသွားသည့်အတွက် ပြော့အန်းခရီးသည်မှာ အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားရလေသည်။

နောက်မှ စဉ်းစားမိသည်မှာ သူ၏ညီဖြစ်သူ ပင်လယ်သုံးခုသခင်နီကျားမှာ မားပြားလွစွာသည့် နတ်မိစ္ဆာများကို လိုက်လံနှိမ်နင်းနေသည့်အတွက် နီကျား၏ အစ်ကိုဖြစ်သူ ပြော့အန်းခရီးသည်ကို တွေ့သည့်

အခါ ထိတ္လန့်ပြီး တစ္ခိုးတည်း လစ်ေပြးေျခင်း ျဖစ်လေ

သည်။

ထြက်ေပြးသည့္နတ္မိစ္ဆာဘုရင္ဓာလည်း တကယ္တမ်းတြင် ခေ

သူတစ်ယောက် မဟုတ်ပေ။ သူက လက်ရှိအခါ္တြင် ခ်န်ပေသို

ပြီးလွှင် ဒုတိယနာမည်ကော်ြကြားသူျဖစ်လေသည်။

ပင္လယ်သုံးခုသခင္ဒီက်ား ယခုတေလာအလြန်အမင်းနာမည်ကြီး

နေရသည္ဓာလည်း အေကြာင်းရှိလေသည်။ သူက တာအိုဆရာ

သခင္ထိုက်ယီ တရားအလင်းရစ္ဥက္ ျပုလုပ္ထားခဲ့သည့် ထာဝရဓား

ကို ရရှိထားသောကြောင့် ျဖစ်လေသည်။

တာအိုဆရာသခင္ထိုက်ယီက ထာဝရဓားကို သေျခင်းနှင့်ရှင်ျ

ခင်း (၂)မိုးစလုံး နှင်းအပ္ထည့္သြင်းထားသည့္အတြက် ထိုဓား

သည် သတ္တဝါမ်ား၏ အသက္ကိုသတ်ျဖတ္နိုင်သလို အသက္ကို

လည်းကယ္တင္နိုင်သည်ဟု အဆိုရှိသည်။

သို့သော်... နီကိုးလက္ထဲသို့ ထာဝရဓားရောက်ရှိသွားသည့်အခိ

န္မစပြီး နတ်မှိစ္ဆာမ်ားမွာ တရစပွင် အသတ္ခံရေလေတာ့သည်။

သူ၏ဓားခ်က္ကို ခံနိုင်သည့် နတ်မှိစ္ဆာဆို၍ လောကတြင် တစ်ယော

က္မွ မရွိပေ။

ထို႔ေၾကာင့္ လောလောဆယ်အခိန္တြင် နတ်မှိစ္ဆာမ်ားတြေးနေကြ

သည့်အေတြးမွာ နီကိုးနွင့္ ခ်န်ပေသို တိုက္ခိုက္ကြရန် ျဖစ်

လေသည်။ ထိုအခါမွ ထာဝရဓားနွင့္ မရဏဓားတြေ႕ရွိကာ

(၂)ဖက္စလုံး အထိနာသြားကြလွ်င် ကောင်းလြန်းပေစြဟု ဆု

တောင်းေနြကေလသည်။

သို့သော်... နီကိုးနွင့္ ခ်န်ပေသိုက ထိပ္တိုက္ေတြ႕ကြရန် ညှို

ထားြကေလသလား ထင္မွတ်ရသည်။

တစ်ယောက္က တောင်သို့သြားလွ်င် တစ်ယောက္က ေျမာက်သို့

သြားလေသည်။ တစ်ယောက္က အေရွ႕သို့သြားလွ်င် တစ်ယော

က္က အေနာက်သို႔သြားေလသည္။ ထို႔ေၾကာင့္ သူတို႔ (၂)ေယာက္

မည္သည့္အခါမွ ထိပ္တိုက္ေတြ႕သည္ဟူ၍ မရွိေတာ့ေပ။

ဆန္းလ်ံေနွ္ကေတာ့ ပိုင္ယြိဳက်င္းၿမိဳ႕တြင္ ေအးေအးေဆးေဆး

ေနထိုင္ေနခဲ့ေလသည္။

ပိုင္ယြိဳက်င္းၿမိဳ႕တြင္ ေနထိုင္စဥ္အခ်ိန္အတြင္း ဗ်ပ္ေစာင္းသံကို

ေန႔စဥ္ေန႔တိုင္း ၾကားေနရေလသည္။

သို႔ေသာ္... ဆန္းလ်ံက္က မည္သည့္ လွုပ္ရွားမွုမွ မျပဳလုပ္ေပ။

ေလာေလာဆယ္တြင္ေတာ့ ဆန္းလ်ံန္ေနထိုင္သည့္ ေအဆာင္တြင္

လွ္ပ္စီးမ်ားလက္ေနသည့္ကို ထိုက္ယင္းနတ္သမီးေရာ ေပြ႕အန္း

ခရီးသည္ပါ ေတြ႕ျမင္ၾကရေလသည္။ တစ္ခါတရံ နတ္ဘုရားမ်ားႏွ

င့္ နတ္မိစၦာမ်ား ေအာ္ဟစ္ငိုညည္းသည့္အသံမ်ားလည္း ၾကားရေ

လ႔ရွိေလသည္။

သို႔ေသာ္... ဆန္းလ်ံန္၏ ေအဆာင္အတြင္းမွ မည္သူမွ အျပင္

သို႔ ထြက္လာျခင္း မရွိေပ။

ဘာများဖြစ်သည်လဲဆိုသည်ကို သူတို့ (၂)ယောက်လည်း သိခ်ငြေ ကေလသည်။ သို့သော်… သူတို့ (၂)ယောက်လုံး ဆန်းလ်န်နေထိုင် သည့် အေဆာင္မ်ားသို့ ကပ်၍မရနိုင်ရှိြကေလသည်။

ဆန်းလ်န်နေထိုင်သည့်အေဆာင္ႏွင့် နီးကပ္လာတိုင်း သတိလက္လြ တ်ျဖစ္ကာ ေတြေဝမိန်းမောသြားၾကရပြီး နောက္ဆုံး ကိုယ်နေထိုင် သည့်နေရာသို့သာ ျပန်ရောက္လာၾကရစျမဲ ျဖစ်လေသည်။

သူတို့သာ ဆန်းလ်န်၏ အေဆာင်ရှိရာသို့ ရောက်အောင်သြားနို င္မည္ဆိုလျှင် အေဆာင်အလယ္တည့္တည့္တြင် ထိုင်နေသည့် ဆ န်းလ်န္ကို ေတြ့ၾကရမည် ျဖစ်လေသည်။

သူ့ပတ္ပတ္လည္တြင် ေသြးစမ်ား ပ့်က်နေသည့္တိုင် သူ၏မ်က္ႏွာကေ တာ့ အေးဆေးတည်ငြိမ်နေလသည်။ သူ့ပတ်ဝန်းက်င္မွ ေသြးစ မ်ားႏွင့် သူ၏တည်ငြိမ္လွန်းသည့္မ်က္ႏွာသည် ဆန္႔က်င္ဘက္ပင် ျ ဖစ်လေသည်။

ထိုသြေးစမ်ားသည် ဆန်းလ်န်၏ ခန္ဓာကိုယ္ထဲမွ စီးထြက်ေနျခ

င်း ျဖစ်ၿပီး ေသြးစက္တိုင္းတြင္ ေဒါသထန်ေနသည့္ အေငြ႔အသ

က္မ်ားပါဝင်ေလသည္။

ဆန်းလ်န် ဘာေတြမ်ား လုပ်ေနပါသနည္း။

အမွန္ေတာ့ ဆန်းလ်န်သည် ထူးျခားသည့္အဆင့္တစ္ခုသို႔

ေရာက်ေနျပီျဖစ်ေလသည္။ သူသည္ အတ္တကို ေခ်ဖ်က်သည့္

အဆင့္ကို ျပဳလုပ်ေနျခင္း ျဖစ်ေလသည္။

လူတစ်ေယာက် ေကာင္းသည့္အလုပ္ကို ျပဳလုပ်ေတာ့မည္ဆိုလွ်င္

နတ္ဆိုးက ေႏွာက်ယွက္တတ်သည္။

ထိုနတ္ဆိုးသည္ အျခားေနရာမွ ေရာက္လာသည့္ နတ္ဆိုးမဟုတ်ေပ။

လူသားမ်ား၏ ႏွလုံးသားထဲတြင္ပင္ ရွိေနသည့္ နတ္ဆိုးျဖစ်ေလ

သည္။

အဘယ်ေၾကာင့္ ထိုသို႔ျဖစ်ရသည္ဆိုေသာ် ေလာကတြင္ သက်ရွိ

သတ္တဝါတိုင္းသည္ ေကာင္းသည့္ဘက္ျခမ္းရွိသလို ဆိုးသ

ညှု့ဘက်ချမ်းလည်း ရှိသည့်အတွက် ဖြစ်လေသည်။ နတ်ဘုရားလည်းဖြစ်နိုင်သလို နတ်ဆိုးလည်းဖြစ်နိုင်သည့် သဘောသဘာဝရှိလေသည်။

ဤသည်မှာ သက်ရှိတို့၏ ဖောက်ပြန်တတ်သည့် သဘာဝပင် ဖြစ်လေသည်။

ယခု ဆန်းလ်န်သည် ဤသဘောသဘာဝကို ပြုပြင်ရန် ကြိုးစားနေသည့် အဆင့်ဖြစ်လေသည်။ ထိုအခါမှ သူ၏ နတ်ဘုရားခန္ဓာသည် ပိုပြီး မြင့်မြတ်သန့်စင်လာမည် ဖြစ်လေသည်။

ထို့ပြင် သူ၏ခန္ဓာကိုယ်မှ သွေးများထွက်နေသည်ကို ကြည့်ခြင်းအားဖြင့် သူသည် သံသရာကို မဖြတ်တောက်နိုင်သေးကြောင်း ထင်ရှားနေလေသည်။

သံသရာမျှပတ်နိုင်သေးသေရွေ့ ကံကြမ္မာအကိုးပေးသည်ကို ခံစား ရဦးမည်ဖြစ်လေသည်။ ထိုသို့ ကံကြမ္မာအကိုးပေးနေသေး သေရွေ့ အပြစ်တရားကို ခံစားနေရပေဦးမည်။

တာအိုဝါဒ ၊ ဗုဒ္ဓဘာသာ ၊ နတ်ကိုးကွယ်သည့်ဝါဒအားလုံးတွင် ကံတရားကို ဖြတ်တောက်နိုင်ရန်မှာ အခက်ခဲဆုံး ပင် ဖြစ်လေသည်။ ကံ တရားအဆုံးသတ်မှာ သံသရာကိုဖြတ်တောက်ရန်အတွက် မည်သည့်တန်ခိုးစွမ်းအားကမှ ပြုလုပ်နိုင်ခြင်း မရှိပေ။ ဆန်းလှန်သည် ရှေ့လျှောက် ဖြစ်လာမည့် ရန်ပွဲများကို ကံ တရား၏ ရှုတ်ထွေးမှုကြောင့်ပင် ရှောင်ရှားနိုင်မည် မဟုတ် ပေ။

လောကတွင် ကံတရားကို ဖြတ်တောက်မှာ သံသရာကိုကျော် လွှားနိုင်သူဆို၍ ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယိ (၂)ယောက်သာ ရှိလေသည်။ အခြား မည်သူမှ မရှိပေ။

ဆန်းလ်န်သည် ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ရေးထြင်းနိုင်လိမ့်

မည်။ သို့သော် ကံကံ၏အကိုးကေတာ့ ရုန်းထြက်နိုင်မည် မဟုတ်

ပေ။

အဘယ်ကြောင့်ဆိုသော်... သူသည် တာအိုဆရာသခင်ကြီး

တစ်ပါး မဖြစ်သေးသောကြောင့် ဖြစ်လေသည်။

သူသည် ဖြင့်ယြမ်ဝူကီအဆင့် က်င့်ကြံသူတစ်ယောက်သာ ဖြ

စ်လေသည်။ ထို့ပြင် သူရရှိထားသည့် ဖြင့်ယြမ်ဝူကီအဆင့်

ကလည်း ပြီးပြည့်စုံခြင်း မရှိသေးပေ။

ယေနညလမင်းသည် ကောင်းကင်၏အလယ်တည့်တည့်တြင်

ထိန်ထိန်သာလျှက်ရှိလေသည်။ လေျပေလေးကလည်း အေးမြ

စြာ တိုက်ခတ်လျှက်ရှိသည်။

ထိုအခိုက်မှာပင်... ဆန်းလ်န်၏ ပတ်ပတ်လည်မှ သွေးစက်မ်ားသည် ရုတ်

တရက် ပ်သန်းထြက်သြားကြလေသည်။

ဆန်းလ်န်၏ မ်က္ခာထက္တြင် အျပံုးတစ္ ျဖစ္တည္လာၿပီး သူသည္ လက်သည်းခြံထိပ်ဖွားလေးျဖင့် ထိုသြေးစက်မ်ားကို အသာအယာ ထိတြေ့ၾကည့္လိုက်လေသည်။

ထိုအခါ… နတ္တာရုံးတောင္တစ်တောင် ပေါက္ကြဲထြက်သြားသည့္ အလား ထိုသြေးစက်လေးသည် ဝုန်းခနဲ ပေါက္ကြဲထြက်သြားေ လေတာ့သည်။

အခန်း (၈၇၁) တုန်လှုပ်ဖွယ်ရာတိုက်ပွဲ

ဆန်းလျှန်က လက်သည်းခွံထိပ်ဖျားလေးများဖြင့် သွေးစက်လေးများကို ထိတွေ့လိုက်သည့်အတွက် သွေးစက်လေးများ ပေါက်ကွဲထွက်သွားသည်နှင့်တစ်ပြိုင်နက် -

ပိုင်ယွိကျင်းမြို့တော်အရှေ့ဘက်ရှိ ချင်းဖုန်းနေထိုင်ရာ နတ်ဘုရားတောင်ကြီးမှာလည်း ပေါက်ကွဲထွက်သွားကာ တစ်စစီ ပျက်စီးသွားလေတော့သည်။

ထိုအချိန်မှာပင်... ခရမ်းရောင်အလင်းတန်းတစ်ခုနှင့် ရေကဲ့သို့ ကြည်လင်သည့်အလင်းတန်းတစ်ခုတို့သည် နတ်ဘုရားတောင် အတွင်းမှ ထွက်ပေါ်လာကာ ကောင်းကင်ထက်သို့ ပျံသန်း ထွက်ခွာလာလေသည်။

ထို့နောက် လရောင်ထိန်ထိန်လင်းနေသည့် ကောင်းကင်ထက် တွင် ပုံရိပ် (၂)ခု ပေါ်လာလေ၏။

သူတို့ (၂)ယောက်မှာ ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းနှင့် ချင်းဖုန်းနတ်ဘုရားတို့ပင် ဖြစ်လေသည်။

အမြဲတမ်း တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးရှိတတ်သည့် ချင်းဖုန်း၏ မျက်နှာထက်တွင်ပင် မယုံကြည်နိုင်သည့် အမူအရာများ ထင်ဟပ်နေသည်။

သူတို့ (၂)ယောက်လုံးသည် ကျင့်စဉ်လမ်းတွင် ထိပ်ဆုံးအဆင့် ကျင့်ကြံသူများ ဖြစ်ကြလေသည်။

ယခုကဲ့သို့ အကြောင်းပြချက်မရှိဘဲ သူတို့နေထိုင်ရာ နတ်ဘုရားတောင်ကြီး ပေါက်ကွဲထွက်သွားသည်ကို ကြုံတွေ့လိုက်ရသည်မှာ သူတို့ဘဝတွင် တစ်ခါမှ မကြုံဖူးသည့် ဖြစ်ရပ်တစ်ခု ဖြစ်သည်။

ကျီဝေးတိကျွင်းက "ဟွန့်" ခနဲ နှာခေါင်းတစ်ချက်ရှုံ့လိုက်လေသည်။

ထို "ဟွန့်" ဆိုသည့်အသံသည် ချက်ချင်းပင် ပိုင်ယွိကျင်းနတ်ဘုရားမြို့တော်ကြီးတစ်ခုလုံးကို ရိုက်ခတ်ပျံ့နှံ့သွားလေသည်။

နတ်မိစ္ဆာများ ၊ ဝိညာဉ်နတ်ဘုရားများသာမက အချို့သော အဆင့်မြင့်နတ်ဘုရားများမှာ အလင်းတန်းအဖြစ်ဖန်ဆင်းကာ မြို့တော်အတွင်းမှ ထွက်ပြေးရန် ဟန်ပြင်လိုက်ကြသော်လည်း ထွက်ပြေးနိုင်ခြင်း မရှိဘဲ နေရာတွင်ပင် လဲပြိုကျကာ ဒဏ်ရာရကုန်ကြလေသည်။

ထို "ဟွန့်" ဆိုသည့်အသံမှ တန်ခိုးစွမ်းအားကို ကာကွယ်ထားနိုင်သည့် နတ်ဘုရား အနည်းငယ်သာ ရှိလေသည်။ ထိုနတ်ဘုရားများကတော့ အလင်းရောင်စက်ဝန်းများဖြင့် အရံအတားဖန်ဆင်းကာ ကျီဝေးတိကျွင်း၏ အသံကို ခုခံထားခဲ့ကြလေသည်။

သို့သော်... ထိုနတ်ဘုရားများက ကာကွယ်မှုကို ခဏသာပြုလုပ်ထားခဲ့ကြပြီး အနည်းငယ် အခြေအနေတည်ငြိမ်သွားသည်နှင့် ပိုင်ယွိကျင်းမြို့တော်ထဲမှ ချက်ချင်း ထွက်ခွာသွားကြလေတော့သည်။

ထိုသို့ထွက်ခွာသွားကြခြင်းမှာ စောစောက မြို့တော်အရှေ့ပိုင်းမှ နတ်ဘုရားတောင်ကြီး ပေါက်ကွဲသွားခြင်းသည် သူတို့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း သက်သေပြလိုက်ကြခြင်းပင် ဖြစ်လေသည်။

သို့သော်... ကျောက်စိမ်းရောင်အလင်းတန်းများ လင်းဖြာနေသည့် နေရာတစ်ခုမှာ နတ်ဘုရားတစ်ပါးကတော့ မြို့တော်အတွင်းမှ ထွက်ခွာသွားခြင်းမရှိပေ။

ကျီဝေးတိကျွင်းက ထိုနေရာကို လက်ညှိုးတစ်ချက်ညွှန်ပြလိုက်ပြီး...

"ချင်းဖုန်းနတ်ဘုရား... မင်းက ပိုင်ယွိကျင်းမြို့တော်မှာ နေတာကြာပြီဆိုတော့ အဲဒီနေရာမှာ ဘယ်သူနေတာလဲ သိသလား..."

ချင်းဖုန်းက...

"အရင်က အဲဒီနေရာမှာ နတ်မိစ္ဆာဘုရင်တစ်ပါးနေတယ် ၊

ဒါပေမဲ့ သူ့ရဲ့ကျင့်စဉ်လမ်းအဆင့်က သိပ်ပြီး အဆင့်မမြင့်လှ

ပါဘူး ၊ အခုတော့ ဘယ်သူနေလဲ မသိဘူး..."

ကျီဝေးတိကျွင်းက အေးစက်စွာဖြင့် နှာခေါင်းတစ်ချက်ရှုံ့လိုက်

ရင်း...

"နတ်ဘုရားတောင် ပြိုကျအောင် သူလုပ်လိုက်တာ..."

ချင်းဖုန်းက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ကျုပ်တို့ သွားကြည့်ရအောင်..."

သူတို့၏ ကျင့်ကြံခြင်းအဆင့်နှင့်ဆိုလျှင် မည်သူ့ကိုမှ ကြောက်

စရာမရှိပေ။

သူတို့ (၂)ယောက် ပူးပေါင်းလိုက်မည်ဆိုလျှင် မိုးနတ်မင်းကို

တောင် ရင်ဆိုင်နိုင်မည်ဖြစ်လေသည်။

ကောင်းကင်ထက်ရှိ တောက်ပနေသည့် ကြယ်စင်များအကြား

တွင် ခရမ်းရောင်အလင်းတန်းနှင့် ရေကဲ့သို့ကြည်လင်သည့်

အလင်းတန်းတစ်ခု ဖြတ်သန်းသွားကြပြီး ကျောက်စိမ်းရောင်ခြည်များလင်းဖြာနေသည့် ဆန်းလျန်နေထိုင်သည့် နေရာသို့ရောက်သည့်အခါ အလင်းတန်း (၂)ခုက ဆင်းသက်လိုက်ကြလေသည်။

ခရမ်းရောင်အလင်းတန်းက ကျီဝေးတိကျွင်းအဖြစ်ပြောင်းလဲသွားပြီး တိတ်ဆိတ်တည်ငြိမ်သည့်မျက်ဝန်းများဖြင့် ကျောက်စိမ်းရောင်တောက်ပနေသည့်နေရာကို စိုက်ကြည့်နေလေသည်။

ချင်းဖုန်းကတော့ တိတ်ဆိတ်ငြိမ်သက်နေလေ၏။ သူ့ထံမှ အသက်ရှူသံပင်ကြားရခြင်းမရှိဘဲ သူ့ပုံစံက အိပ်မက်ဆန်လွန်းလှသည်။

ကျီဝေးတိကျွင်းသည် လောကတွင် မည်သူနှင့်မှ နှိုင်းယှဉ်မရအောင် ခမ်းနားလှသည့် နတ်ဘုရားတစ်ပါးဖြစ်သည်ဆိုလျှင်

ချင်းဖုန်းကတော့ အခြားလောကတစ်ခုမှ ဆင်းသက်လာသည့် နတ်ဘုရားတစ်ပါးအလား ထင်မှတ်ရလေသည်။

သူတို့ (၂)ယောက်၏ မတူညီသော တန်ခိုးစွမ်းအား (၂)ခုသည် ထိုက်ချိုယင်ယန်ကဲ့သို့ တစ်သားတည်း ပေါင်းစပ်သွားကြလေသည်။

သူတို့ (၂)ယောက်၏ တန်ခိုးစွမ်းအားများ ပေါင်းစပ်နိုင်ခြင်းမှာ အံ့သြစရာမရှိပေ။

အဘယ်ကြောင့်ဆိုသော် ကျိဝေးတိကျွင်းက ဓားသူတော်စင် ကျိဝေးဟုခေါ်သည့် ကျိဝေးဂေါဏ၏ မူလဝိညာဉ်သင်္ကေတကို ယူဆောင်ထားသူဖြစ်ပြီး ချင်းဖုန်းကတော့ ချင်းတိဂေါဏ၏ ဉာဏ်စဉ်တစ်ခု ဖြစ်လေသည်။

ဓားသူတော်စင်ကျိဝေးနှင့် ချင်းတိဂေါဏတို့မှာ အလွန်ရင်းနှီးကြခြင်း မရှိသည့်တိုင် ခေတ်ပြိုင်ပေါ်ထွက်ခဲ့ကြသူများဖြစ်သည့်အတွက် နီးစပ်သူများ ဖြစ်ကြလေသည်။

ထို့ပြင် သူတို့ (၂)ယောက်သည် တစ်ယောက်ကိုတစ်ယောက် အချိန်ကြာမြင့်စွာ သိရှိခဲ့ကြသည့်အတွက် သူတို့ (၂)ယောက်၏ ဝိညာဉ်သင်္ကေတများကိုဆောင်ယူထားသည့် ကျီဝေးတိကျွင်း နှင့် ချင်းဖုန်းတို့၏ တန်ခိုးစွမ်းအားများက သိသာထင်ရှားစွာ ပေါင်းစပ်သွားနိုင်ကြခြင်း ဖြစ်သည်။

ကျီဝေးတိကျွင်းနှင့် ချင်းဖုန်းနတ်ဘုရားတို့ ရောက်လာကြ သည်နှင့် ဆန်းလျန်က မေးမှိတ်ထားသည့်မျက်ဝန်းများကို အေးအေးဆေးဆေးပင် ဖွင့်ကြည့်လိုက်လေသည်။

သူ့ပတ်ဝန်းကျင်မှ သွေးစက်များက ရုတ်တရက်ပျောက်ကွယ် သွားပြီး သူ၏ခန္ဓာကိုယ်ကတော့ ကျောက်စိမ်းရတနာအလား ဖြူစင်လင်းလက်လျှက်ရှိသည်။

သူ့ထံတွင် အကြောက်တရားဆို၍ စိုးစဉ်းမျှ မတွေ့ရပေ။

ထိုအချိန်မှာပင်... ဆန်းလျန်ရှိနေသည့် အဆောင်ငယ်တံခါး ရုတ်တရက်ပွင့်သွားပြီး ထိုက်ယင်းနတ်သမီးနှင့် ဟော့အန်း ခရီးသည်တို့ ဝင်ရောက်လာကြလေသည်။

သူတို့၏ မျက်ဝန်းများထဲတွင် ထိတ်လန့်တုန်လှုပ်မှုများဖြင့် ပြည့်နက်နေလေသည်။ ကျီဝေးတိကျွင်းနှင့် ချင်းဖုန်းနတ် ဘုရားတို့၏ ကြီးမားလှသည့် တန်ခိုးစွမ်းအားများက သူတို့ကို စိတ်မသက်မသာ ဖြစ်စေသည်။

ဆန်းလျန်က...

"မင်းတို့ ထွက်သွားကြ..."

ဆန်းလျန်၏စကားကြောင့် ထိုက်ယင်းနတ်သမီးနှင့် ဟော့အန်း ခရီးသည်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ သည်။ သို့သော်... ထွက်ခွာသွားရန်တော့ အနည်းငယ်တုံ့ဆိုင်း နေမိကြသည်။

ထိုအချိန်မှာပင်...

အဆောင်ငယ်တံခါးဝဆီမှ ခြသော့ဟိန်းသံအလား အသံနက်ကြီးတစ်သံ ထွက်ပေါ်လာပြီး လောကတစ်ခုလုံးကို ပျက်စီးသွားစေနိုင်သည့် ခရမ်းရောင်အလင်းတန်းတစ်ခုသည် ဒီရေအလား ပြင်းထန်လွန်းသည့်အရှိန်ဖြင့် အပြင်ဘက်မှ ဝင်ရောက်လာလေတော့သည်။

ခရမ်းရောင်အလင်းတန်းက ကျီဝေးတိကျွင်းအဖြစ် အသွင်ပြောင်းသွားလေသည်။

သူက ထိုက်ယင်းနတ်သမီးနှင့် ဟွေ့အန်းခရီးသည်တို့ကို တွေ့မြင်လိုက်သည်နှင့်...

"မင်းက လီအိမ်တော်က မဟုတ်လား၊ ဒီ... မိန်းကလေးကတော့ ကွမ်ဟန်နန်းတော်က တပည့်တစ်ယောက်ပဲ၊ မင်းတို့ဘာလို့ ဒီမှာရောက်နေကြတာလဲ..."

ဟွေ့အန်းခရီးသည်၏ နောက်ခံက အနည်းငယ် ရှုတ်ထွေးလေသည်။

သူက ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့်လည်း ပတ်သက်မှုရှိသူ ဖြစ်သည်။ သူက တာအိုကျင့်စဉ်များကို ကျင့်ကြံသော်လည်း ဗုဒ္ဓဘာသာမှ မြင့်မြတ်သည့် ဗောဓိသကျတစ်ပါးဖြစ်သည့် ဖူရှန်မယ်တော်၏ တစ်ဦးတည်းသောတပည့်လည်း ဖြစ်လေသည်။ ထို့ကြောင့် ဟော့အန်းခရီးသည်မှာ နောက်ခံအဆင့်အတန်း နိမ့်ပါးခြင်းမရှိသည့် ဂုဏ်သရေရှိ ကျင့်ကြံသူတစ်ယောက် ဖြစ်လေ၏။

ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့်ရော ဗုဒ္ဓဘာသာနှင့်ပါ ပတ်သက်နေသူတစ်ယောက်ကို သတ်ဖြတ်ပစ်ရန်မှာ ကျီဝေးတိကျွင်းအနေဖြင့် မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပေ။

ထို့ပြင် သူ့ကို ပိုပြီး အံ့သြသွားစေသည်မှာ ကွမ်ဟန်နန်းတော်မှ တပည့်ဖြစ်သူတစ်ယောက်ကလည်း ဤကိစ္စတွင် ပါဝင်ပတ်သက်နေခြင်း ဖြစ်လေသည်။ ထိုအချက်က သူ့ကို အနည်းငယ် ခေါင်းခဲစေသည်။

လနတ်သမီးချန်ဝေါ် (ဟန်အယ်)သည် အလွန်တရာ ကြောက်မက်ဖွယ်ရာကောင်းသူတစ်ယောက်ဖြစ်ကြောင်း ကျီဝေးတိကျွင်း ကောင်းကောင်းသိထားလေသည်။

သူတို့ (၂)ယောက် တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ဖူးကြခြင်း မရှိသည့်တိုင် တန်ခိုးစွမ်းအားအရာတွင် ချန်ဝေါ်နှင့်သူက မတိမ်းမယိမ်းဖြစ်ကြောင်းကို သိရှိထားသည်။

ထိုက်ယင်းနတ်သမီးက သူ့ရှေ့မှ ကျီဝေးတိကျွင်းကို စိုက်ကြည့်နေလေသည်။

ထိုသူက ခမ်းနားလွန်းသည့် ဧကရာဇ်အဝတ်အစားကို ဝတ်ဆင်ထားပြီး မြင်သည်နှင့်ပင် ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းဖြစ်ရမည်ဟု သူမက ခန့်မှန်းလိုက်မိသည်။

သို့သော်... သူမလာခဲ့သည့် အနာဂတ်နှစ်ပေါင်းတစ်သောင်းကျော်အချိန်တွင် ကျီဝေးတိကျွင်းသည် လောကတွင် တည်ရှိမနေခဲ့တော့ပေ။

ထိုသူသည် အတိတ်ကာလကတည်းက ကျဆုံးသွားခဲ့ဟန် ရှိလေသည်။

ရုတ်တရက် တစ်စုံတစ်ခုကိုတွေးမိသည့်အခါ သူမ နှလုံးသားပွင့်ထွက်သွားမတတ် ခံစားလိုက်ရသည်။

"ကျီဝေးတိကျွင်းသည် ယနေ့ည ဆန်းလျန်၏လက်ချက်ဖြင့် ကျဆုံးသွားလေမည်လား" ဟု စဉ်းစားလိုက်မိသောကြောင့်ဖြစ်သည်။

ထိုက်ယင်းနတ်သမီး၏စိတ်ထဲတွင် ကျီဝေးတိကျွင်းကို သနားသွားမိလေသည်။ တန်ခိုးစွမ်းအား အလွန်တရာ မြင့်မားသူတစ်ယောက် ဖြစ်လင့်ကစား ယနေ့ည သေရတော့မည်ကိုတော့ ထိုသူသည် မသိရှာပါလေတကား။

ဟော့အန်းခရီးသည်ကတော့ ထိုက်ယင်းနတ်သမီးကဲ့သို့ အနာဂတ်မှလာခဲ့သူ မဟုတ်သည့်အတွက် သိပ်ပြီးများများစားစား သိရှိခြင်း မရှိပေ။

သူက ကျီဝေးတိကျွင်းကို လက်နှစ်ဖက်ဆုပ်ဂါရဝပြုလိုက်ရင်း...

"ကျွန်တော်တို့လို နောက်ပိုင်းမျိုးဆက်တွေ တိကျွင်းကို တွေ့ခွင့်ရတာ ဝမ်းသာမိပါတယ်၊ အခု ကျွန်တော်က ဆန်းလျန်ထျန်းကျွင်းလက်အောက်မှာ အလုပ်လုပ်နေပါတယ်...."

ချင်းဖုန်းက ဟော့အန်းခရီးသည်ကို တစ်ချက်ကြည့်လိုက်ပြီး သူ့အကြည့်က ထိုက်ယင်းနတ်သမီးဆီသို့ ရောက်ရှိသွားလေသည်။

ထို့နောက် သူ့အကြည့်က ဆန်းလျန်ဆီတွင် ရပ်တန့်သွားပြီး....

"ဟော့... မင်းက တာအိုဆရာသခင်ယွမ်ချင်းရဲ့ မျိုးဆက်တပည့်မဟုတ်လား..."

ဟု မေးလိုက်လေသည်။

ချင်းဖုန်း၏ အမေးကြောင့် ကျီဝေးတိကျွင်း၏ မျက်နှာထက်တွင် အလွန်အမင်းအံ့ဩသွားသည့် အရိပ်အယောင်များ ထွက်ပေါ်လာလေ၏။

ထို့နောက် သူက...

"ဟုတ်လား..."

ဟု ယောင်ယောင်ဝါးဝါးဖြင့် ထပ်မံ မေးမြန်းလိုက်မိသည်။

ဆန်းလျန်က ချင်းဖုန်းကို ကြည့်လိုက်ပြီး...

"ဒီက မိတ်ဆွေက ဝူကျွမ်းကျောင်းတော်က တာအိုလူငယ်လေး ချင်းဖုန်းမဟုတ်လား ၊ ခင်ဗျားက တကယ်တော်တဲ့သူ တစ်ယောက်ပါပဲ ၊ ခင်ဗျားကို မြင်တာနဲ့ ဝူကျွမ်းကျောင်းတော်က ဆရာသခင်က ဘယ်လောက်တန်ခိုးစွမ်းအား မြင့်မားမလဲဆိုတာ ခန့်မှန်းမိနိုင်ပါတယ်...."

ဆန်းလျှန်၏ပုံစံက ပေါ့ပေါ့ပါးပါးပင်ဖြစ်ပြီး သူ့အသံက စိမ်းပြာရောင်ကျောက်သားကို ရိုက်ခတ်နေသည့် စမ်းချောင်းလေး စီးဆင်းသံအလား ကြည်လင်လွန်းလှသည်။

ကျီဝေးတိကျွင်းက...

"အခုမှတော့ မိတ်ဆက်မနေနဲ့တော့ ၊ ကျုပ်တို့တွေ မိတ်ဆွေဖွဲ့ဖို့ သိပ်နောက်ကျသွားပြီ..."

ဆန်းလျှန်က ပြုံးလိုက်ရင်း...

"တိကျွင်းက သောက်ပိုတွေတော်တော်ပြောတာပဲ..."

ကျီဝေးတိကျွင်းဘဝတွင် ထိုသို့သော စော်ကားသည့်စကားမျိုးကို တစ်ခါမှ အပြောမခံခဲ့ရဖူးပေ။

ထို့ကြောင့် သူ့ဒေါသကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ ဆန်းလျှန်ကို လက်သီးဖြင့် ထိုးချလိုက်လေတော့သည်။

ဒေါသထွက်နေသည့်အတွက် လက်သီးချက်ကလည်း ပြင်းထန်လွန်းလှသည်။ လက်သီးက ဆန်းလျှန်ရှိရာသို့

တန်းတန်းမတ်မတ်ဝင်ရောက်သွားပြီး သူ၏ခန္ဓာကိုယ်မှ နတ်

ဘုရားအလင်းတန်းများ ဖြာထွက်လျှက်ရှိလေသည်။

ဒေါသကြောင့် သူ၏ကိုယ်ထဲမှ သွေးများမှာ ဆူပွက်နေပြီး

မျက်စံများမှာလည်း ခရမ်းရောင်တောက်ပလျှက် ရှိသည်။

ဟော့အန်းခရီးသည်နှင့် ထိုက်ယင်းနတ်သမီးတို့မှာ ကျီဝေးတိ

ကျွင်း၏ တန်ခိုးစွမ်းအားများကို မခံမရပ်နိုင်ဖြစ်ကာ တစ်

ကိုယ်လုံး တုန်ယင်လာကြပြီး သတိလစ်မေ့မျောလုမတတ်ပင်

ဖြစ်သွားကြရသည်။

သူတို့က အလျှင်အမြန်ပင် အဝေးတစ်နေရာသို့ ဆုတ်ခွာသွား

လိုက်ကြလေသည်။ မဟုတ်ပါက သူတို့ခန္ဓာကိုယ်များ

ပေါက်ကွဲထွက်ကုန်ပေလိမ့်မည်။

သို့သော်… သူတို့က ပိုင်ယွိကျင်းမြို့တော်အတွင်းမှ ထွက်ခွာမ

သွားကြပေ။ အနည်းငယ် ခံနိုင်ရည်ရှိသည့်နေရာတစ်နေရာ

တွင် ရပ်နေပြီး တိုက်ပွဲကို ကြည့်နေကြလေသည်။

သူတို့ (၂)ယောက်လုံးက အဆင့်မြင့်ကျင့်ကြံသူများဖြစ်ကြ

လေရာ ယခုကဲ့သို့သော တိုက်ပွဲမျိုးကို တွေ့မြင်ခွင့်ရသည်မှာ

အနာဂတ်တွင် သူတို့အတွက် များစွာအကျိုးရှိနိုင်သည်။

ထို့ကြောင့် သူတို့က အခွင့်အရေးကို လက်လွှတ်မခံလိုကြခြင်း

ဖြစ်သည်။

ကျီဝေးတိကျွင်း၏ လက်သီးချက်က လျှင်မြန်ခြင်းမရှိပေ။

သို့သော် အလွန်စွမ်းအားပြင်းထန်လေသည်။

ညကောင်းကင်တစ်ခွင်လုံးရှိ ကြယ်စင်များပင် အရောင်များ

မှေးမှိန်သွားကြရသည်။

အဘယ်ကြောင့်ဆိုသော် ကျီဝေးတိကျွင်း၏ လက်သီးစွမ်းအား

က ကြယ်စင်များထံမှ စွမ်းအားများကို စုပ်ယူလိုက်

သောကြောင့် ဖြစ်လေသည်။

ဆန်းလျန်က မလှုပ်မယှက်ရပ်နေရင်းဖြင့်ပင် ကျီဝေးတိကျွ
င်း၏ လက်သီးချက်ကို တန်ပြန်လက်သီးချက်တစ်ချက်ဖြင့်
တုံ့ပြန်လိုက်သည်။

ဆန်းလျန်၏ လက်သီးချက်မှ တန်ခိုးစွမ်းအားများက
စကြာဝဠာတစ်ခုလုံးကို စုပ်ယူပစ်လိုက်ပြီး ကျီဝေးတိကျွင်း၏
လက်သီးချက်ဖြင့် တိုက်ရိုက်တွေ့ဆုံသွားလေသည်။

အဆင့်လွန် သဘာဝလွန်တန်ခိုးစွမ်းအား (၂)ခု ထိပ်တိုက်တွေ့
ကြပြီ ဖြစ်သည်။

ဆန်းလျန်၏ လက်သီးချက်က တည်ငြိမ်ပြီး ကျီဝေးတိကျွ
င်း၏ လက်သီးချက်ကဲ့သို့ ဒေါသကို အခြေခံသည့် လက်သီး
ချက် မဟုတ်ပေ။

ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာပြီး ပိုင်ယွိကျင်းနတ်ဘုရား
မြို့တော်ကြီးတစ်ခုလုံး ကြောက်မက်ဖွယ်ကောင်းလောက်

အောင် တုန်လှုပ်သွားလေသည်။ မြို့တော်၏ မြင်ကွင်းတစ်ခု
လုံးမှာ ကမ္ဘာပျက်သည့်အလား ဖြစ်လေသည်။

သမိုင်းအဆက်ဆက် နာမည်ကျော်ကြားခဲ့လေသည့် ပိုင်ယို
ကျင်းနတ်ဘုရားမြို့တော်ကြီးသည် ကျီးဝေးတိကျွင်းနှင့် ဆန်း
လျန်တို့၏ တိုက်ပွဲကြောင့် တစ်စစီ အစိတ်စိတ်အမွှာမွှာ ဖြစ်
သွားရပေတော့မည်။

ရှီးမီစန်းတောင် မည်သည့်အခါမှ ရွေ့လျားခြင်း မရှိသလို ဆန်း
လျန်သည်လည်း တစ်ချက်ကလေးပင် ရွေ့လျားသွားခြင်း မရှိ
ပေ။

ကျီဝေးတိကျွင်း၏ မျက်ဝန်းများကတော့ မယုံကြည်နိုင်မှုများ
ဖြင့် ပြည့်နေပြီး သူ၏ပါးစပ်ထဲမှ သွေးတစ်ပွက်အန်ထုတ်
လိုက်လေသည်။

ကျီဝေးတိကျွင်း အန်ချလိုက်သည့်သေွးများက လေထုထဲတွင် ပျံ့ကျဲသွားပြီး မီးရှူးမီးပန်းများအလား ပေါက်ကွဲထွက်သွား လေသည်။

သေွးစများ ပေါက်ကွဲထွက်ရသည့်အကြောင်းရင်းမှာ ဆန်းလျန်၏ လက်သီးချက်မှ ကျန်ရှိနေသည့် တန်ခိုးစွမ်းအားများကို ခံနိုင်ရည် မရှိသောကြောင့် ဖြစ်လေသည်။

ကျီဝေးတိကျွင်းရင်ထဲတွင် ကြောက်ရွံ့ထိတ်လန့်သွားမိလေသည်။

သူ့ရင်ထဲတွင် လှိမ်းမိုးလာသည့် အကြောက်တရားကို မည်သူမှ နားလည်နိုင်မည် မဟုတ်ပေ။

ထိုအချိန်မှာပင် ချင်းဖုန်းက သူ၏အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ အင်္ကျီလက်က မာကျောလွန်းသည့် သံချောင်းတစ်ချောင်းအဖြစ်ပြောင်းလဲသွားပြီး ဆန်းလျန်ရှိရာသို့ ထိုးစိုက်ချလိုက်လေတော့သည်။

ထိုတိုက်ကွက်တွင် ချင်းဖုန်းနတ်ဘုရား၏ ခန့်မှန်းရခက်သည့်

တာအိုစွမ်းအားများကို တွေ့မြင်နိုင်လေသည်။

အဘယ်ကြောင့်ဆိုသော်... သူ တိုက်ခိုက်လိုက်သည့်အချိန်

သည် ဆန်းလျန်၏ လက်သီးချက် တန်ခိုးစွမ်းအား ပျက်ပြယ်

သွားပြီး နောက်ထပ်တန်ခိုးစွမ်းအားတစ်ခု ထပ်မံအသုံးမပြုမီ

စပ်ကြားအချိန်ကို အချိန်ကိုက်တိုက်ခိုက်ခြင်း ဖြစ်လေ

သည်။

ထို့ပြင် ချင်းဖုန်း၏ တိုက်ခိုက်မှုသည် မထင်မှတ်သည့်

တိုက်ခိုက်မှုဖြစ်ပြီး မည်သည့်နည်းနှင့်မှ ကြိုတင်မှန်းဆရန် မ

ဖြစ်နိုင်သည့် တိုက်ကွက် ဖြစ်လေသည်။

အခန်း (၈၇၂) ကျဆုံးခဲ့လေသောကျီဝေးတိကျွင်း

ချင်းဖုန်းနတ်ဘုရားက ဆန်းလျန်ကို တိုက်ခိုက်လိုက်

သည့်အတွက် ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေးတိကျွင်း

ချက်ချင်း သတိပြန်ဝင်လာလေသည်။

သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည့် ကြောက်စိတ်များကို

ချက်ချင်းဖိနှိပ်လိုက်ပြီး သူက ဧကရာဇ်တစ်ပါး၏ ခမ်းနားမှု

မျိုးဖြင့် ခေါင်းကို မော့လိုက်သည်။ သူ၏ ရှည်လျားသည့်

ဆံနွယ်များသည် ခရမ်းရောင်အခိုးအငွေ့များနှင့်အတူ လေထဲ

တွင် လွင့်ပျံလျှက် ရှိလေသည်။

လေထုထဲတွင် ကြိုးမျှင်ပေါင်း (၃၀၀၀)ကျော် ထွက်ပေါ်လာပြီး

ပိုင်ယွိကျင်းမြို့တော်တစ်ခုလုံးကို ကွန်ယက်တစ်ခုအလား

ပိတ်ဆို့ထားလိုက်လေသည်။

ကျီဝေးတိကျွင်း၏ ကျင့်ကြံခြင်းအဆင့်မှာ အံ့မခန်းပင် ဖြစ်လေသည်။ သူ၏ ဆံချည်တစ်မျှင်ချင်းစီတိုင်းသည် ပြိုင်ဘက်ကင်းသည့် ဝိညာဉ်စွမ်းအား လက်နက်များအလား လေထုတစ်ခုလုံးကို ပိတ်ဆို့ထားလေသည်။

ထိုသို့ ပိတ်ဆို့ထားလိုက်သည့်အတွက် ပိုင်ယွိကျင်းမြို့တော်အတွင်းမှ တိုက်ပွဲကို မြို့တော်အပြင်ဘက်မှ လူအများ သိမြင်နိုင်ခြင်းရှိတော့မည် မဟုတ်ပေ။

ချင်းဖုန်းနတ်ဘုရား၏ တိုက်ခိုက်မှုကလည်း မုန်တိုင်းတစ်ခုအလားဖြစ်လေရာ ကျီဝေးတိကျွင်းထံမှ တန်ခိုးစွမ်းအားများသည် ချင်းဖုန်းနတ်ဘုရား၏တိုက်ခိုက်မှုနှင့် တစ်သားတည်းပေါင်းစပ်သွားလေသည်။

ထိုအချိန်မှာပင်... ကျီဝေးတိကျွင်းက သူ့ရှေ့မှ ဆန်းလျန်ကို သတ်ဖြတ်ပစ်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီး သူ၏ တန်ခိုး

စွမ်းအားများက အဆုံးမရှိ မြင့်တက်လာလေသည်။ သူ့ပတ်ဝန်းကျင်တွင် ကြယ်စင်များပင် ထွက်ပေါ်လာလေသည်။ သူသည် ချက်ချင်းပင် မိုးကောင်းကင်ကိုစောင့်ရှောက်သည့် ကြယ်စင်နတ်ဘုရားတစ်ပါးအဖြစ် ပြောင်းလဲသွားလေသည်။ ကျီဝေးတိကျွင်းထံမှ ထွက်ပေါ်လာသည့် ကြောက်မက်ဖွယ်ရာ မိစ္ဆာဆန်လွန်းသည့် တန်ခိုးစွမ်းအားများက ဆန်းလျန်ကို ကြီးမားသည့် ဖိအားကြီးတစ်ခုအဖြစ် ဖိနှိပ်ထားလိုက်သည်။ သို့သော်... ဆန်းလျန်၏ ပုံစံကတော့ ကျီဝေးတိကျွင်းကို အရေးမစိုက်သည့်အလား ပေါ့ပေါ့ပါးပါးပင် ဖြစ်လေသည်။ ထို့ပြင်... သူ့ထံသို့ ဝင်ရောက်လာသည့် ချင်းဖုန်းနတ်ဘုရား၏ အကျီလက်မှ ပြောင်းလဲသွားသည့် သံမဏိတုတ်ကြောင့် ဆန်းလျန်က နောက်ဆုတ်သွားခြင်း မရှိပေ။

နောက်မဆုတ်သည့်အပြင် ရှေ့သို့ပင် ခြေတစ်လှမ်းတိုးလိုက်လေသည်။

ထိုခြေတစ်လှမ်းက တောင်နှင့်မြစ်များကိုသာမက စကြာဝဠာ

တစ်ခုလုံးကိုပါ ပြိုကျပျက်စီးသွားစေတော့မည့်အလား တန်ခိုး

စွမ်းအားမြင့်မားလွန်းလှသည်။ ဆန်းလျန်၏ ခြေလှမ်းတစ်

လှမ်းကပင် မည်မျှ ကြောက်မက်ဖွယ်ရာကောင်းသည်ကို

ဖော်ပြနေလေသည်။

ထို့နောက် ဆန်းလျန်က လက် (၂)ဖက်ကို လှုပ်ရှားလိုက်ပြီး

ရင်ပတ်ထက်တွင် လက်ဟန်တစ်ခုကို ပြုလုပ်လိုက်သည်။

ဆန်းလျန်၏ လက်များမှ သွေးနီရောင်လွှမ်းနေသည့် တာအို

သင်္ကေတ တစ်ခုထွက်ပေါ်လာလေသည်။

ထိုသွေးနီရောင်တာအိုသင်္ကေတက သံမဏိတုတ်ချောင်းအဖြစ်

အသွင်ပြောင်းထားသည့် ချင်းဖုန်းနတ်ဘုရား၏ အင်္ကျီလက်ကို

ရစ်ပတ်သွားလေသည်။

ထို့နောက်… အလွန်အမင်းတောက်ပသည့် သွေးနီရောင်

အလင်းတန်းများ ထွက်ပေါ်လာပြီး ပိုင်ယွိကျင်းမြို့တော်ကြီး

တစ်ခုလုံး အက်ကွဲသွားလေသည်။ မြို့တော်အတွင်းမှ ရှေးဟောင်းအဆောက်အဦကြီးများ တစ်ခုပြီးတစ်ခု ပြိုကျ ပျက်စီးသွားပြီး အပျက်အစီးများမှာ နေရာအနှံ့ ပျံ့ကျဲလျှက် ရှိလေ၏။

ဆန်းလျန်နှင့် ချင်းဖုန်းတို့ (၂)ယောက်၏ အလယ်ဗဟိုတွင် မမြင်ရသည့် ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအား မုန်တိုင်းကြီး တ်စခု ဖြစ်ပေါ်လာပြီး ထိုမုန်တိုင်းကြီးက အရာအားလုံးကို ဖျက်စီးပစ်နိုင်စွမ်း ရှိလေသည်။

ပိုင်ယွိကျင်းမြို့တော် မပျက်စီးစေရန် စီရင်ထားသည့် အစီအရင်အရံအတား သင်္ကေတများထွက်ပေါ်လာပြီး မြို့တော်၏ မြေပြင်တစ်ခုလုံးမှ အလင်းရောင်များ ထွက်ပေါ်လာလေသည်။ အလင်းရောင်များအတွင်းတွင် အင်းသင်္ကေတများ လှည့်ပတ်နေပြီး မရေမတွက်နိုင်သည့် တွင်းနက်ငယ်များ အဖြစ် ပြောင်းလဲသွားလေသည်။

ထိုတွင်းနက်ငယ်များက ကြောက်မက်ဖွယ်ရာ တိုက်ပွဲကြောင့် ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားများကို တမဟုတ်ချင်း စုပ်ယူပစ်လိုက်လေသည်။

ထိုက်ယင်းနတ်သမီးနှင့် ဟော့အန်းခရီးသည်တို့မှာလည်း သွေးများ အန်ထုတ်လိုက်ကြလေသည်။

ပြင်ပမှ တန်ခိုးစွမ်းအားများကို သူတို့၏ ကိုယ်တွင်းမှ တန်ခိုးစွမ်းအားများဖြင့် ကာကွယ်ထားရသည့်အတွက် ထိုသို့ သွေးများ အန်ထုတ်လိုက်ကြရခြင်း ဖြစ်လေသည်။

ကြီးမားသည့် တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးကြောင့် ချင်းဖုန်းနတ်ဘုရား၏ အင်္ကျီလက်မှာ အမှုန့်ဖြစ်သွားပြီး သူ၏ ဖြူစင်သည့် လက်မောင်းအသားအရေကိုပင် မြင်တွေ့ကြရသည်။

ထို့နောက်... သူ၏ ပါးစပ်မှ အနက်ရောင်သွေးများ အန်ချလိုက်သည်။

ဆန်းလျန်ကတော့ ထာဝရတည်ရှိနေသည့် နတ်ဘုရားတစ်ပါး အလား တစ်ချက်လေးပင် ရွေ့လျားသွားခြင်းမရှိပေ။

ဆန်းလျန်က ချင်းဖုန်းနတ်ဘုရားနှင့် ကျီဝေးတိကျွင်းတို့၏ မျက်နှာချင်းဆိုင်တွင် ရေပြင်ညီတစ်တန်းတည်း မတ်တတ်ရပ် နေခြင်း ဖြစ်သော်လည်း သူတို့၏ စိတ်ထဲတွင် ဆန်းလျန်က သူ တို့ကို အထက်စီးမှ ငုံ့ကြည့်နေသလို ခံစားနေကြရလေသည်။

သူတို့သည် ဆန်းလျန်၏ ရှေ့တွင် သေးနုပ်သိမ်ငယ်သူများ အလား ဖြစ်နေကြပြီး ဆန်းလျန်၏ မြင့်မြတ်ခြင်းများက သူတို့ ကို အလွန်အမင်းစိတ်မသက်မသာ ဖြစ်စေပြီး ကြောက်ရွံ့ တုန်လှုပ်လာစေလေသည်။

ဆန်းလျန်က အေးစက်သည့်လေသံဖြင့်...

"ကျုပ် အခု စပြီးတိုက်ခိုက်တော့မယ်..."

ဟု ပြောလိုက်လေသည်။

ဆန်းလျန်၏ အသံကို ကြားသည်နှင့် ချင်းဖုန်းနတ်ဘုရားမှ ဆံစမှ ခြေဖျားအထိ တစ်ကိုယ်လုံး အေးစိမ့်သွားလေသည်။ ဆိုးဝါးသည့် ဖြစ်ရပ်ကြီးတစ်ခု ဖြစ်ပျက်လာတော့မည်ကို သူ့ စိတ်ထဲမှ အလိုလို သိရှိနေမိသည်။

ဆန်းလျန်၏ စကားဆုံးသွားသည်နှင့် သူက လက်နှစ်ဖက်ကို ရင်ပတ်နေရာတွင် ယှက်လိုက်လေသည်။ ထိုအခါ ဆန်းလျန်၏ လက်ဖဝါးထက်တွင် တာအိုသင်္ကေတတစ်ခု ပေါ်လာလေ၏။ ထိုတာအိုသင်္ကေတမှ "တောင်နှင့်မြစ်ရေသင်္ကေတ" ဖြစ်လေ သည်။

တစ်ချိန်က ဆန်းလျန် ထိုက်စုနတ်ဘုရားဂိုဏ်းကို တစ်ယောက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တူမလေးဖြစ်သူ ဆန်းရှော့ရှီကို ကယ်တင်ခဲ့သည့်အချိန်က အသုံးပြုခဲ့သည့် ရိုး ရှင်းသည့် သင်္ကေတပညာတစ်ခု ဖြစ်လေသည်။

ယနေ့တွင်တော့ ရိုးရှင်းသည့် တောင်နှင့်မြစ်ရေသကော်တ
သည်ပင်လျှင် ဆန်းလျန်၏ လက်ထဲတွင် အလွန်တရာ
ကြောက်မက်ဖွယ်ရာကောင်းသော မှော်စွမ်းအားတစ်ခု ဖြစ်နေ
ခဲ့ပြီ ဖြစ်သည်။

ဆန်းလျန် ထိုသကော်တကို ရေးဆွဲလိုက်သည်နှင့် သူ့ရှေ့တွင်
ပေါ်လာသည့် တောင်နှင့် မြစ်ရေမှာ ခွန်လွန်တောင်နှင့်
နဂါးငွေ့တန်းမြစ်ရေအလား ကြောက်မက်ဖွယ် အင်အားများ
ထွက်ပေါ်လာလေသည်။ ထိုတန်ခိုးစွမ်းအားကို အံတုနိုင်သူ
ဆို၍ လောကတွင် တစ်ဦးတစ်ယောက်မှ ရှိမည်မဟုတ်ပေ။
တောင်နှင့်မြစ်ရေသကော်တမှ ထွက်ပေါ်လာသည့် စကြာဝဠာကို
ပင် ချိုးဖျက်ပစ်နိုင်သည့် တန်ခိုးစွမ်းအားများကို ချင်းဖုန်းနတ်
ဘုရား လုံး၀ ခုခံနိုင်စွမ်းမရှိတော့ပေ။

ခွန်လွန်တောင်အလား ကြီးမားလွန်းသည့်တောင်ကြီးနှင့်

နဂါးငွေ့တန်းအလား ပြင်းထန်လွန်းသည့် မြစ်ရေ ချင်းဖုန်းရှိရာ

သို့ ဝင်ရောက်လာလေသည်။

ချင်းဖုန်း၏ နတ်ဘုရားခန္ဓာမှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေ

သွားပြီး အပိုင်းအစများသည် လေထုထဲတွင် လွင့်မျောနေကြ

လေသည်။

တောင်နှင့်မြစ်ရေသင်္ကေတက အစိတ်စိတ်အမွှာမွှာ ကွဲကြေနေ

သည့် အပိုင်းအစများကိုပင် ကြိတ်ဆုံကြီးနှင့် ကြိတ်ချေသည့်

အလား ထပ်မံ ကြိတ်ချေလိုက်ပြန်လေသည်။

ချင်းဖုန်းနတ်ဘုရားအတွက် အသက်ရှင်ရန် လမ်းစ လုံးဝ မရှိ

တော့ပေ။

သို့သော်... ကျီဝေးတိကျွင်း ရှိနေသေးသည်။

ကျီဝေးတိကျွင်း၏ နတ်ဘုရားခန္ဓာမှ တောက်ပသည့်
အလင်းတန်းများ ထွက်ပေါ်လာပြီး ချင်းဖုန်းနတ်ဘုရားကို
အသက်မသေစေရန် ကာကွယ်ပေးလိုက်လေသည်။
ထို့နောက် ချင်းဖုန်းနတ်ဘုရား၏ တန်ခိုးစွမ်းအားများနှင့် ကျီ
ဝေးတိကျွင်း၏ တန်ခိုးစွမ်းအားများ ပေါင်းစည်းသွားလေ
သည်။ ထိုသို့ပေါင်းစပ်သွားသည်နှင့် ကျီဝေးတိကျွင်း၏
တန်ခိုးစွမ်းအားများသည် လေးသည်တော်တာ့ယိနီးပါး မြင့်မား
လာလေသည်။
ကျီဝေးတိကျွင်းက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေရာ
လက်ဖဝါးအစွန်းတွင် ကြယ်တံခွန်ကဲ့သို့ လင်းလက်နေသည့်
ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာလေသည်။ ထိုဓားဝိညာဉ်မှ
ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအား လှိုင်းလုံးကြီးတစ်ခု မြင့်
တက်လာပြီး လောကကြီးတစ်ခုလုံး ဘေးအန္တရာယ်ကပ်ဆိုးကြီး
ကျရောက်တော့မည့်အလား ထင်မှတ်ရလေသည်။

ထိုဓားဝိညာဉ်၏ အလယ်တည့်တည့်တွင် ချင်းဖုန်း၏ တန်ခိုးစွမ်းအားများ ပါဝင်နေလေသည်။ ထိုဓားဝိညာဉ်က ဆန်းလျန်၏ ဘဝကို အဆုံးသတ်ပေးတော့မည် ဖြစ်သည်။

ကျီဝေးတိကျွင်း၏ ခန္ဓာကိုယ်ကို ခရမ်းရောင် နဂါးဇာမဏီအခိုးအငွေ့များက လှည့်ပတ်နေပြီး သူက လက်ကို ဝှေ့ယမ်းကာ ဓားဝိညာဉ်ဖြင့် ဆန်းလျန်၏ ပခုံးကို ခုတ်ပိုင်းချလိုက်လေတော့သည်။

သို့သော်....

သာမာန်မီးဖိုချောင်သုံးဓားတစ်လက်က ကျောက်ဆောင်ကြီးတစ်ခုကို ခုတ်ပိုင်းချလိုက်သည့်အလား... ဆန်းလျန်သည် တစ်ချက်ကလေးပင် ထိခိုက်မှုမရှိခဲ့ပေ။

ဓားဝိညာဉ်နှင့် ထိမိသည့် ဆန်းလျန်၏ ပခုံးထက်တွင် မီးပွားများလွင့်စင်ထွက်လာပြီး မိုးကြိုးပစ်သံအလား ကျယ်လောင်သည့်အသံကြီးတစ်သံ ထွက်ပေါ်လာလေသည်။

ဆန်းလျန်၏ ပခုံးထက်တွင် အဖြူရောင် ခြစ်ရာလေးတစ်ခု သာ ပေါ်လာပြီး ဓားဝိညာဉ်မှာ ပျက်စီးပျောက်ကွယ်သွားလေ သည်။

ကျီဝေးတိကျွင်းက အံ့သြထိတ်လန့်စွာဖြင့်...

"ဒါ... ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..."

ရွှေခန္ဓာ ၊ ကြေးခေါင်းနှင့် သံလက်မောင်းကို ပိုင်ဆိုင်ထားသည့် တိုက်တိုင်းအောင်ကိုယ်တော် စွန်းဝူခုံးပင်လျှင် သူ၏ ဓားချက် ကို ခံနိုင်ရည်ရှိမည် မဟုတ်ပေ။

ယခုတော့ ဆန်းလျန်၏ ပခုံးထက်တွင် အဖြူရောင် ခြစ်ရာ လေးတစ်ခုပဲ ထင်သွားသည်ဆိုသည်မှာ မည်သည့်နည်းနှင့်မှ မ ဖြစ်နိုင်သည့် ကိစ္စတစ်ခု ဖြစ်လေသည်။

ဆန်းလျန်သည် လူသားတစ်ယောက်မှ ဟုတ်ပါလေစ...။

မိုးနတ်မင်းပြန်ရောက်လာလျှင်တောင်မှ ထိုသို့ အံ့သြဖွယ် ဖြစ်ရပ်များကို ပြုလုပ်ပြနိုင်လိမ့်မည် မဟုတ်ပေ။

ကျီဝေးတိကျွင်းမျှော်လင့်ထားသည်မှာ သူ၏ ဓားဝိညာဉ်နှင့် ခုတ်ပိုင်းခံလိုက်ရသည်နှင့် ဆန်းလျန်၏ ပခုံးထက်မှ သွေးများ စီးကျလာပြီး အသံနက်ကြီးဖြင့် အော်ဟစ်ကာ ဘဝအဆုံးသတ် သွားရန် ဖြစ်လေသည်။

ကျီဝေးတိကျွင်း အံ့သြနေဆဲမှာပဲ ဆန်းလျန်၏ နှုးညံ့သိမ်မွေ့ သည့် ဟန်အမူအရာ ပျောက်ကွယ်သွားလေသည်။

သူက ပြင်းထန်လွန်းသည့် လက်သီးချက်တစ်ချက်ဖြင့် ကျီဝေး တိကျွင်းကို ထိုးနှက်ပစ်လိုက်လေသည်။ ဆန်းလျန်၏ လက်သီးချက်မှာ နေရောင်ခြည်အလား လင်းလက်နေပြီး စက်ဝိုင်းပုံသဏ္ဌာန်အလင်းတန်းများ ဖြာလင်းလျှက် ရှိလေ သည်။

စက်ဝိုင်းပုံသဏ္ဌာန်အလင်းတန်းများကို ကျီဝေးတိကျွင်းသည် မျက်တောင်တစ်ချက်မခတ် စိုက်ကြည့်နေလေသည်။

သို့သော်... သူ၏မျက်ဝန်းများက မည်သည့်အရာကိုမှ မြင်တွေ့နိုင်စွမ်း မရှိသည့်အလား ဗလာကျင်းလျှက်ရှိလေသည်။ သူ၏နတ်ဘုရားစိတ်အာရုံများအားလုံး ထုံထိုင်းသွားပြီး ဆန်းလျှန်၏ တိုက်ခိုက်မှုကို မည်သို့ တုံ့ပြန်ရမည် မသိရှိတော့ပေ။ သူ၏ကိုယ်ထဲမှ တန်ခိုးစွမ်းအားများက အဆုံးစွန်ထိ မြင့်တက်နေပြီး သူ့ကိုယ်ထဲမှ သွေးများကလည်း ပြင်းထန်စွာ လှုပ်ရှားပြောင်းလဲလျှက် ရှိသည်။ သူ၏ ခန္ဓာကိုယ်မှာ ပြင်းထန်သည့်ငလျင်တစ်ခုလှုပ်ခတ်နေသည့်အလား ယိမ်းထိုးလှုပ်ရှားလျှက် ရှိလေသည်။

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းတွင် မည်သည့်ခံစားချက်မှ မရှိတော့သည့်တိုင် သူ့ပတ်ဝန်းကျင်တွင် နဂါးဇာမဏီခရမ်းရောင်အခိုးအငွေ့များက လှည့်ပတ်နေဆဲဖြစ်ပြီး တန်ခိုးစွမ်းအားများကလည်း မြင့်တက်နေဆဲ ဖြစ်လေသည်။

သို့သော်… သူ၏ နှလုံးသားကတော့ ကြေမွပျက်စီးလျှက် ရှိချေပြီ။

သူ… မည်သူ့ကိုမှ အားကိုး၍ မရတော့ပေ။ မည်သူမှ သူ့ကို ကူညီနိုင်တော့မည် မဟုတ်ပေ။

ဆန်းလျန်၏ လက်သီးချက်က ခရမ်းရောင်အခိုးအငွေ့များကို ကျော်ဖြတ်ပြီး ကျီဝေးတိကျွင်း၏ ဝမ်းဗိုက်အလယ်တည့်တည့်သို့ ဝင်ရောက်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် လင်းလက်တောက်ပသွားလေသည်။

ပကတိအလင်းတရားသည် ပကတိအမှောင်တရားပင် ဖြစ်လေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်လျှက်ရှိလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် ပြင်းထန်လွန်းသည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားလေသည်။

သို့သော်... ပကတိကျယ်လောင်မှုသည် ပကတိ တိတ်ဆိတ်ငြိမ်သက်ခြင်းသာ ဖြစ်လေ၏။ ထို့ကြောင့် ပတ်ဝန်းကျင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေသည့်အလား ထင်မှတ်ရပြန်လေသည်။

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းသည် လေထဲတွင် ရပ်နေလေသည်။

သူ၏မျက်နှာထက်တွင် အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့မှုများဖြင့် ပြည့်နက်နေပြီး သူ၏ဝမ်းဗိုက်တွင်တော့ အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်လျှက်ရှိလေသည်။

မယုံကြည်နိုင်လောက်အောင် ပြင်းထန်လွန်းသည့် ဆန်းလျန်၏ လက်သီးချက်က ကျီဝေးတိကျွင်း၏ နတ်ဘုရားခန္ဓာကို ဖျက်စီးပစ်လိုက်ပြီ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တုန်လှုပ်ခြောက်ခြားနေသည့် ကျီဝေးတိကျွင်း၏ ဝိညာဉ်သည်လည်း လျှင်မြန်လွန်းသည့်အရှိန်အဟုန်ဖြင့် ပျောက်ကွယ်နေပြီ ဖြစ်လေသည်။

သူ့ဘဝအဆုံးသတ်သည် ယခုကဲ့သို့ ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ တွေးမထားခဲ့မိပေ။ သူ့တွင် ရည်မှန်းချက်များစွာ ရှိသေးသည်။ သို့သော်... ယခုတော့ ဤနေရာတွင် သေဆုံးရတော့မည်။

သူ မည်သည့်နည်းနှင့်မှ ပြန်လည်ဖြစ်တည်လာမည် မဟုတ်တော့ပေ။ သူ၏ ဝိညာဉ်အတွင်းပိုင်းမှ နက်ရှိုင်းသည့် အော်ဟစ်သံကြီးတစ်သံထွက်ပေါ်လာလေသည်။ သူ၏ ကံတရားသည် ပျက်စီးသွားခဲ့ပြီ ဖြစ်လေသည်။

ကျီဝေးတိကျွင်း၏ နှလုံးသားထဲမှ ထူးခြားနက်နဲသည့် တာအိုစွမ်းအားတစ်ခု ထွက်ပေါ်လာပြီး သူ၏နောက်ဆုံးခရီးကို အလှပဆုံး ဆောင်ယူသွားလေသည်။

"မင်း ဘယ်တော့မှ ပြန်လည်မွေးဖွားလာနိုင်မှာ မဟုတ်တော့ဘူး ၊ အခု ရှုံးနိမ့်မှုက မင်းအတွက် ဖျောက်ဖျက်မရနိုင်တဲ့ စိတ်ဒဏ်ရာတစ်ခု အမြဲတမ်း ဖြစ်နေလိမ့်မယ်...."

ဆန်းလျှန်၏ အသံထွက်ပေါ်လာလေသည်။

သို့သော်... ကျီဝေးတိကျွင်းက မည်သည့်စကားမှ ပြန်ပြော ခြင်း မရှိပေ။ ပြန်မပြောသည်မှာ ပြန်မပြောနိုင်တော့ သောကြောင့် ဖြစ်လေသည်။

သူ၏ နတ်ဘုရားခန္ဓာအပိုင်းအစများသည်လေထဲတွင် ပျံ့နှံ့ သွားပြီး လေထုတစ်ခုလုံး မကျေနပ်မှု ၊ ဒေါသတရားများဖြင့် ပြည့်နက်လျှက် ရှိလေတော့သည်။

အခန်း (၈၇၃) ပြန်လည်မွေးဖွားလာမည်မဟုတ်တော့

ကျီဝေးတိကျွင်း ပျောက်ကွယ်သွားသည်နှင့် ဆန်းလျန်၏ တောင်နှင့်မြစ်ရေသင်္ကေတသည်လည်း တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားလေသည်။

တောင်နှင့်မြစ်ရေသင်္ကေတ တန်ခိုးစွမ်းအား ပျောက်ကွယ်သွားသည်နှင့် လေထုထဲတွင် အားနည်းဖျော့တော့နေသည့် နတ်ဘုရားတစ်ပါး၏ ပုံရိပ်ပေါ်လာလေသည်။ ထိုနတ်ဘုရားမှာ ချင်းဖုန်းပင် ဖြစ်လေသည်။

ချင်းဖုန်း၏ မျက်ဝန်းများထဲတွင် ဝမ်းနည်းကြေကွဲမှုများနှင့် ပြည့်နက်နေလေသည်။ ကျီဝေးတိကျွင်း၏ အဆုံးသတ်သည် သူ၏ အဆုံးသတ်ပင်ဖြစ်သည်ကို သိရှိနေသည့်အလားပင် ဖြစ်သည်။

ချင်းဖုန်း၏ ဘဝတစ်လျှောက်တွင် ဆန်းလျန်ကဲ့သို့ ကြောက်မက်ဖွယ်ရာကောင်းလှသူမျိုးကို တစ်ခါမှ မတွေ့မြင်ခဲ့ဖူးပေ။

တာ့လော်အဆင့်ကျင့်ကြံသူတစ်ယောက်ဖြစ်သော ကျီဝေးတိ ကျွင်းသည် ဆန်းလျန်၏ လက်ထဲတွင် ကျဆုံးသွားခဲ့ရပြီ ဖြစ်သည်။

ဆန်းလျန်၏ မျက်နှာကတော့ တည်ကြည်နေလေသည်။

ကျီဝေးတိကျွင်း ပျောက်ကွယ်သွားပြီဖြစ်ပြီး လေထုထဲတွင်ပင် ငိုညည်းသံများ ထွက်ပေါ်လာလေသည်။ ထို့နောက်... ငိုညည်း သံများသည် မန္တန်ရွတ်ဆိုသံများအဖြစ် ပြောင်းလဲသွားလေ သည်။

ဆန်းလျန်သည် မန္တန်ရွတ်ဆိုသံများကြားတွင် ပိတ်မိနေပြီး နက်ရှိုင်းလှသည့် မိစ္ဆာစွမ်းအားများ ထွက်ပေါ်လာသည်ကို ခံစားလိုက်ရလေသည်။

ရုတ်တရက်... သွေးမိုးများ ရွာသွန်းလာပြီး ထိုသွေးမိုးများက ဆန်းလျန်၏ နတ်ဘုရားခန္ဓာကို တိုက်စားသွားလေသည်။

မန္တန်ရွတ်ဖတ်သံများမှာ သေခြင်းမှ ရှင်ခြင်းသို့ ပြန်လည်မွေး

ဖွားလာစေသည့် ဂါထာနှင့် ဆင်တူလေသည်။

မန္တန်ထဲမှ စကားလုံးများက ရှေးဟောင်းဘာသာစကားတစ်ခု

နှင့်ဆင်တူပြီး စကြာဝဠာစတင်မွေးဖွားလာသည့်အချိန်သို့

ပြန်လည်ဆွဲခေါ်နေသည့်အလား ဖြစ်လေသည်။

စကြာဝဠာတွင် ပထမဆုံး ဖြစ်ပေါ်သည့် သေခြင်းတရား၏ မ

သေလိုသောဆန္ဒတစ်ခုမှ ဤမန္တန် မွေးဖွားလာခြင်း ဖြစ်ဟန်တူ

လေသည်။

ပြန်လည်မွေးဖွားခြင်းမန္တန် (သို့မဟုတ်) အသူရာချောက်မန္တန်

သည် ထူးဆန်းလျှို့ဝှက်လှသည့် ထိုရှေးဟောင်းဂါထာမှ

ဆင်းသက်လာခြင်း ဖြစ်လေသည်။

ကျီဝေးတိကျွင်း၏ နောက်ဆုံးကျန်ရှိသည့် ဝိညာဉ်အပိုင်းအစ

က ဒေါသများထွက်နေသည့် ဝိညာဉ်ဆိုးများကို ဖိတ်ခေါ်ပြီး

ထိုမန္တန်ကို ရွတ်ဆိုစေကာ ဆန်းလျန်ကို နောက်ဆုံးအကြိမ် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်မှာ ငရဲ (၁၈)ထပ်တွင် ချိုးကပ်နေသူတစ်ယောက် ကဲ့သို့ပင် ဖြစ်လေသည်။

သူ့ပတ်ဝန်းကျင်မှ မန္တန်ရွတ်ဖတ်သံများမှာ တာ့လော်အဆင့် ကျင့်ကြံသူတစ်ယောက် ပျက်စီးသေဆုံးသွားခြင်းမှ ပြောင်းလဲ သွားသည့် မန္တန်ရွတ်ဖတ်သံများဖြစ်သည့်အတွက် မည်သည့် တန်ခိုးစွမ်းအားနှင့်မှ ချိုးဖျက်နိုင်မည် မဟုတ်ပေ။

သို့သော်... ဆန်းလျန်ကတော့ ခွင်းချက်ဖြစ်လေသည်။

"မင်းက သိပ်ကို ကြီးမြတ်တဲ့သူတစ်ယောက်၊ တော်လွန်းတဲ့သူ တစ်ယောက်ပါ..."

ဆန်းလျန်က တိုးတိတ်စွာ သက်ပြင်းချရင်း ပြောလိုက်သည်။

"မင်း အနားယူပါတော့..."

ဆန်းလျန်က ညာဘက်လက်ကို ညင်ညင်သာသာ တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ အံ့ဩြစရာကောင်းလှစွာပင် ရှာသွန်းနေသည့်သွေးမိုးများ ရပ်တန့်သွားလေသည်။

အဆုံးမရှိ မကျေမနပ်ဖြစ်နေကြသည့် ဝိညာဉ်များသည်လည်း စိတ်ပြေပျောက်သွားကြပြီး ပတ်ဝန်းကျင်လေထုထဲတွင် မကျေနပ်မှုနှင့် ဒေါသတရားများအစား ဝမ်းနည်းကြေကွဲသည့် အငွေ့အသက်များဖြင့် ပြည့်နက်လာလေသည်။

ထို့နောက်.... လေထဲတွင် နူးညံ့လှပသည့် ကြာပန်းတစ်ပွင့်ပွင့်လန်းလာလေသည်။

ဆန်းလျန်သည် လုပ်ရမည့်ကိစ္စတစ်ခုကို လုပ်ပြီးသွားသည့်အလား တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအချိန်... ကြာပန်းထဲမှ ရှုံ့မဲ့နေသည့် မျက်နှာတစ်ခု ပေါ်လာ

လေသည်။ ထိုမျက်နှာမှာ ကျီဝေးတိကျွင်း နောက်ဆုံးကျန်ရှိခဲ့

သည့် မကျေနပ်မှုနှင့် အမျက်ဒေါသပင် ဖြစ်လေသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်ပေါ်သို့ ကြယ်စင်အလင်းတန်းများက

ဖြာကျနေပြီး ထိုအလင်းတန်းများထဲတွင် ကျီဝေးတိကျွင်း

ပြန်လည်မွေးဖွားလာတော့မည့်အလား ထင်မှတ်ရသည်။

သို့သော်... ကျီဝေးတိကျွင်း၏ ကျန်ရစ်ခဲ့သည့် ဝိညာဉ်

အစိတ်အပိုင်းလေးက မည်မျှ ကြိုးစားပါစေ ဆန်းလျန်ကို

ထိခိုက်အောင် လုပ်နိုင်စွမ်း မရှိခဲ့ပေ။ ဆန်းလျန်သည် မှန်ထဲ

တွင်ထင်နေသည့်ပုံရိပ်အလား သူ့အနေဖြင့် ထိတွေ့၍ မရနိုင်ခဲ့

ပေ။

ဆန်းလျန်က ခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး သူ့ထံမှ ဓား

ဝိညာဉ်တစ်ခု ထွက်ပေါ်လာလေသည်။

ထိုဓားဝိညာဉ်က အပြာရောင်ကြယ်စင်အလင်းတန်းများ

အားလုံးကို ချက်ချင်းပင် ငြိမ်းသတ်ပစ်လိုက်လေသည်။ ကျီ

ဝေးတိကျွင်း၏ ကျွင်းကျန်ရစ်သည့် နောက်ဆုံးဝိညာဉ်

အပိုင်းအစလေးသည် အော်ချိန်ပင်မရတော့ဘဲ ပျောက်ကွယ်

သွားလေတော့သည်။

မည်သည့် ဝိညာဉ်အပိုင်းအစမှ လေထုထဲတွင် ရှိမနေတော့ပေ။

လရောင်က ကြည်လင်နေပြီး ကြယ်စင်များလည်း လင်းလက်

နေလေသည်။

ဆန်းလျန်က တာအိုလူငယ်လေးချင်းဖုန်းကို အေးဆေးသည့်

အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

ချင်းဖုန်းက ခါးသက်သည့်အကြည့်တစ်ချက်ဖြင့် ဆန်းလျန်ကို

ကြည့်လိုက်ရင်း...

"လက်စသတ်တော့ မင်းက အစစ်အမှန် ချင်းတိကေရာဇ် လူ

ပြန်ဝင်စားတဲ့သူကိုး..."

ဆန်းလျန်က အတန်ကြာမျက်မှောင်ကြုတ်နေပြီးမှ အေးဆေး

သည့်လေသံဖြင့်...

"ကျုပ် ကျင့်စဉ်လမ်းမှာ ဒီလောက်အဆင့်ထိရောက်အောင်

ကျင့်ကြံခဲ့တာတောင် ကျုပ်ရဲ့ အတိတ်ဘဝက ဘယ်သူဆိုတာ

ကို ခုထိ မသိနိုင်ခဲ့ဘူး ၊ ကြည့်ရတာ ကျုပ်မှာ အတိတ်ဘဝရှိပုံ

မပေါ်ဘူး ၊ အခုဘဝတစ်ခုပဲ ရှိလိမ့်မယ်..."

ချင်းဖုန်းနတ်ဘုရား၏ ရင်ထဲတွင် ကြောက်ရွံ့ထိတ်လန့်မှုများ

ဖြင့် ပြည့်နက်နေလေသည်။

ဆန်းလျန်က သူ့ကို လိမ်ပြောနေဟန် မရှိပေ။ သို့သော်... သူ့

စိတ်ထဲတွင် ဆန်းလျန်နှင့် သူ၏ကြားတွင် မဖော်ပြနိုင်သည့်

ပတ်သက်ဆက်နွယ်မှုတစ်ခု ရှိနေသည်ဟု ခံစားနေရလေ

သည်။ ထိုအချက်ကို မည်သို့ရှင်းပြရမည် မသိပေ။

သူက ချင်းတိကေရာဇ်၏ ဉာဏ်စဉ်တစ်ခုဖြစ်ပြီး ဆန်းလျန်က

ချင်းတိကေရာဇ် ပြန်ဝင်စားခြင်းဖြစ်သောကြောင့်သာ ထိုသို့

ဆက်နွယ်မှုရှိနေခြင်း ဖြစ်နိုင်လေသည်။ ထို့ပြင် သူနှင့်ဆန်းလျ

န်သည်လည်း အလွန်မှ ရုပ်ချင်းဆင်လွန်းလှသည် မဟုတ်ပါ

လား။

ဆန်းလျန်က သူ့ကို မည်သည့်စကားမှ ထပ်မံပြောဆိုခြင်း မရှိ

ပေ။

မမြင်နိုင်သည့်စွမ်းအားတစ်ခုက ချင်းဖုန်းကို ဖြည်းဖြည်းချင်း

ရစ်ပတ်လာလေသည်။

ချင်းဖုန်း၏ နှလုံးသားထဲတွင် ဝမ်းနည်းကြေကွဲမှုများဖြင့် ပြည့်

နက်နေပြီး သူ၏ အားနည်းနေသည့် ပုံရိပ်သည် တဖြည်းဖြည်း

ပျောက်ကွယ်စပြုလာလေသည်။

ဆန်းလျန်က သူ့လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး မျှော်လင့်

မထားသော ရက်စက်သည့် အပြုအမူကို ပြုလုပ်လိုက်လေ

သည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများအောက်တွင် ချင်းဖုန်း တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ သူ့ဘဝ ယခုကဲ့သို့ အဆုံးသတ်ရလိမ့်မည်ဟု ဘယ်တုန်းကမှ တွေးထင် မထားခဲ့မိပေ။

ဆန်းလျန်က ပိုင်ယွိကျင်းမြို့တော်၏ အရံအတားသင်္ကေတ များကို တစ်ချက်ကြည့်လိုက်လေသည်။

ထို့နောက် လက်တစ်ဖက်ကို ဝှေ့ယမ်းကာ အရံအတားကို ဖျက် စီးပစ်လိုက်လေသည်။

"ဒီအရံအတားက အတုပဲ..."

ဆန်းလျန်က သက်ပြင်းချရင်း ပြောလိုက်သည်။

အစပိုင်းတိုက်ပွဲတိုက်ခိုက်နေစဉ်က ပိုင်ယွိကျင်းမြို့တော် အရံအတားမှာ အစစ်အမှန်လား အတုအယောင်လား ဆန်းလျ န် ခွဲခြားနိုင်ခြင်း မရှိပေ။ ယခုမှ ခွဲခြားလိုက်နိုင်ခြင်း ဖြစ်လေ သည်။

သူသည် ဟွင့်ယွမ်ဝူကျီအဆင့်သို့ ရောက်ခဲ့သည့်တိုင် အရာအားလုံး၏ ဆန်းကျယ်မှုများကို လျှင်မြန်စွာ သိမြင်နိုင်စွမ်းရှိလေသည်။ သို့သော်... ဓမ္မအားလုံး၏ အတွင်းပိုင်းကိုတော့ သံသယရှင်းရှင်းဖြင့် သိမြင်နိုင်စွမ်း မရှိသေးပေ။

လောကတွင်ရှိနေသရွေ့ အရာအားလုံးကိုတော့ သိမြင်နိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် စကြာဝဠာကြီးက အစဉ်အမြဲပြောင်းလဲနေသောကြောင့် ဖြစ်လေသည်။

ဟော့အန်းခရီးသည်မှာလည်း စကားပင် မပြောနိုင်လောက်အောင် အံ့သြမှင်တက်လျှက်ရှိလေသည်။

သူက တိုက်ပွဲတွင် ဆန်းလျန်အနိုင်ရလိမ့်မည်ဟု ထင်မှတ်ထားသော်လည်း တာ့လော်အဆင့် ကျင့်ကြံသူ (၂)ယောက်ကို ဆန်းလျန်က ထိုမျှ မြန်မြန်ဆန်ဆန် ပွဲသိမ်းပေးလိုက်မည်ဟု ထင်မှတ်မထားခဲ့မိပေ။

သူသည် သမိုင်းတစ်လျှောက်တွင် အထူးခြားဆုံး ၊ အရှားပါးဆုံးတိုက်ပွဲတစ်ခုကို တွေ့မြင်ခဲ့ရခြင်း ဖြစ်လေသည်။

ကောင်းကင်တွင် ကြယ်စင်များက လင်းလက်တောက်ပနေပြီး လေထုထဲတွင် ဝမ်းနည်းကြေကွဲသည့် အငွေ့အသက် အနည်းငယ်က ပျံ့နှံ့နေလေသည်။

အဘယ်ကြောင့်ဆိုသော်... ကျောက်စိမ်းဝိညာဉ်သခင်ကျီဝေး တိကျွင်းနှင့် ချင်းဖုန်းနတ်ဘုရားတို့သည် တာ့လော်အဆင့် ကျင့်ကြံသူများဖြစ်ကြသည့်အတွက် သူတို့ ကျဆုံးသွားပြီဖြစ်သည့်တိုင် သူတို့လျှောက်လှမ်းခဲ့သည့် ကျင့်စဉ်လမ်းသည် စကြာဝဠာထဲတွင် ထင်ကျန်ရစ်ခဲ့မည်ကို သဘာဝတရားက ခံစားမိသောကြောင့် ဖြစ်လေသည်။

ဆန်းလျန်၏ခေတ် အစပြုပြီဖြစ်ကြောင်း ပြသရန်အတွက် ဆန်းလျန်က ကြီးမားသည့် လုပ်ရပ်တစ်ခုကို ပြုလုပ်ခဲ့ပြီ ဖြစ်လေသည်။

ယနေ့တိုက်ပွဲကြောင့် ထိပ်တန်းအဆင့် နတ်ဘုရားတစ်ပါး လောကတွင် ထွက်ပေါ်လာပြီဖြစ်ကြောင်း စကြာဝဠာတစ်ခွင်ရှိ နတ်ဘုရားများအားလုံးသိရှိသွားကြပေလိမ့်မည်။

ဆန်းလျန်၏ ခေတ်သည် ဒုတိယမိုးနတ်မင်း၏ခေတ် အဆုံးသတ်ပြီးသည့်နောက် ကြီးမြတ်သည့် နောက်ထပ်ခေတ် တစ်ခေတ် ဖြစ်နိုင်လေသည်။ ခေတ်တစ်ခေတ်ဆိုသည်က အဆုံးသတ်ရှိနိုင်သည့်တိုင် ထိုအဆုံးသတ်ကို မည်သူမှ ခန့်မှန်း နိုင်မည် မဟုတ်ပေ။

ကျောက်စိမ်းဝိညာဉ်နန်းတော်တွင် ခေါင်းလောင်းထိုးသံများ ထွက်ပေါ်လာပြီး လင်စန်းတောင်တွင်လည်း ခရုသင်းမှုတ်သံ များထွက်ပေါ်လာလေသည်။ စကြာဝဠာတစ်ခွင်မှ အခြားသော နတ်ဘုရားနယ်မြေများစွာတွင်လည်း ချက်ချင်းပင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေသည်။

ဆန်းလျန်၏ မျက်ခုံး (၂)ခုကြားမှ ချက္ကရပွင့်သွားပြီး လေပြေ ကဲ့သို့သော တန်ခိုးစွမ်းအားများ တိတ်ဆိတ်စွာ ထွက်ပေါ်လာ လေသည်။

ဆန်းလျန်၏ နတ်ဘုရားခန္ဓာက မဖော်ပြနိုင်လောက်အောင် တည်ငြိမ်လျှက် ရှိလေသည်။

ထိုက်ယင်းနတ်သမီးက ဆန်းလျန်ကို ငေးကြည့်နေလေသည်။

သူ့ရှေ့မှ ဆန်းလျန်သည် ချက်ချင်းပင် လေပြေအသွင် ပြောင်းလဲသွားပြီး သံသရာကို အချိန်မရွေးကျော်လွန်သွား တော့မည်ဟု သူမ ထင်မှတ်နေမိလေသည်။

ယခုတိုက်ပွဲက ဆန်းလျန်၏ ကျင့်စဉ်လမ်းကို တိုးတက်မှုမဖြစ် စေသော်လည်း သူက ချင်းဖုန်းနတ်ဘုရား၏ ဉာဏ်စဉ်ကို စုပ် ယူနိုင်ခဲ့လေသည်။ ထိုဉာဏ်စဉ်ထဲတွင် ချင်းတိကေရာဇ်၏ တန်ခိုးစွမ်းအားများ ပါဝင်လေသည်။

ချင်းတိကေရာဇ်၏ တန်ခိုးစွမ်းအားများက အမှန်တကယ်ပင် နက်နဲလွန်းသည်။ ထိုတန်ခိုးစွမ်းအားများကို ခံစားမိသည့်အခါ ဆန်းလျန်သည် စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွ င်းကို သတိရသွားမိသည်။

ထိုတန်ခိုးစွမ်းအားများသည် စန့်ချင်တာအိုဆရာသခင် လင် ပေါင်ထျန်းကျွင်းနှင့် တစ်စုံတစ်ခု ဆက်စပ်နေဟန် ရှိလေ သည်။ သို့သော် ချင်းတိကေရာဇ်၏ တန်ခိုးစွမ်းအားများနှင့် လင်ပေါင်ထျန်းကျွင်း၏ တန်ခိုးစွမ်းအားများက တူညီခြင်း မရှိ ပြန်ပေ။

သူ့စိတ်ထဲတွင် စန့်ချင်တာအိုဆရာသခင်ဟု တွေးလိုက်မိသည့် အချိန်မှာပင် သူ့ဝိညာဉ်ထဲသို့ သတ်ဖြတ်လိုသည့်အငွေ့အသက် များက ဆူနာမီလှိုင်းများအလား ဝင်ရောက်လာသည်ကို သတိပြုလိုက်မိလေသည်။

ဆန်းလျန်၏ စိတ်ထဲတွင်...

"စန့်ချင်တာအိုဆရာသခင်၏ မရဏဓား (၄)လက်" ဆိုသည့်

စကားလုံးများ နက်ရှိုင်းစွာ ထွက်ပေါ်လာလေတော့သည်။

အခန်း (၈၇၄) ချန်ပေသို၏ဆုံးဖြတ်ချက်ခိုင်မာမှု

ဆန်းလျန်သည် တာ့လော်အဆင့်ရှိသည့် ကျီဝေးတိကျွင်းနှင့်

ချင်းဖုန်းနတ်ဘုရားတို့ကို တိုက်ခိုက်အနိုင်ယူပြီးသည့်နောက်

တစ်ခေတ်တစ်ခါတွင် နာမည်အကြီးဆုံး နတ်ဘုရားတစ်ပါး

ဖြစ်သွားခဲ့လေသည်။

သူ့ကို မည်သူမှ ရင်ဆိုင်ဝံ့ကြတော့မည် မဟုတ်ပေ။

သို့သော်... တစ်စုံတစ်ယောက်ကတော့ သူ့ကို ရင်ဆိုင်ရန် ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

ပိုင်ယွိကျင်းမြို့တော်ထဲဝယ် အေးစက်သည့် ဓားခြိမ်းသံတစ်သံထွက်ပေါ်လာလေသည်။ ထိုဓားခြိမ်းသံမှာ မည်သည့်နတ်ဘုရားကိုမဆို သုတ်သင်ပစ်တော့မည့်အလား မရဏအငွေ့အသက်များကို ဖော်ကျူးလျှက် ရှိလေသည်။

ထို့ထက်ပိုပြီး ကြောက်မက်ဖွယ်ကောင်းသည်မှာ ထိုဓားခြိမ်းသံမှ ပျံ့လွင့်လာသည့် သတ်ဖြတ်လိုသည့်အငွေ့အသက်များသည် ဆန်းလျန်၏ ဝိညာဉ်အတွင်းပိုင်းအထိ ဝင်ရောက်လာခြင်း ဖြစ်လေသည်။

ဆန်းလျန်၏ မျက်နှာက တည်ကြည်လေးနက်နေလေသည်။ သူ၏ ဝိညာဉ်အတွင်းပိုင်းသို့ ဝင်ရောက်လာသည့် သတ်ဖြတ်လိုသည့်အငွေ့အသက်များသည် သူ၏ ဝိညာဉ်ကို ဖမ်းဆုပ်နိုင်မလိုလိုနှင့် ဖမ်းဆုပ်မရနိုင်ဖြစ်နေရလေသည်။

ထိုသတ်ဖြတ်လိုသည့်အငွေ့အသက်များသည် စန့်ချင်တာအို ဆရာသခင်၏ မရဏဓား (၄)လက်မှ တစ်လက်ဖြစ်သည့် နတ်ဘုရားထောင်ချောက်ဓားမှ ထွက်ပေါ်လာသည့် အငွေ့အသက်များ ဖြစ်လေ၏။

စန့်ချင်တာအိုဆရာသခင်၏ မရဏဓား (၄)လက်သည် လောကတွင် ပထမဆုံး စတင်ဖြစ်တည်လာသည့် မူလမရဏဓား (၄)လက် ဖြစ်လေသည်။

ထိုမရဏဓား (၄)လက်၏ ဂုဏ်သိက္ခာနှင့် တန်ခိုးစွမ်းအားကို ကျော်လွန်နိုင်သည့်ဓားဆို၍ လောကတွင် တစ်လက်တလေပင် မရှိပေ။

တာအိုဆရာသခင်ထိုက်ယီ၏ ထာဝရဓားသည်ပင်လျှင် မရဏဓား (၄)လက်ကို ကျော်လွန်နိုင်ခြင်း မရှိပေ။

ထိုမရဏဓား (၄)လက် ပျောက်ကွယ်နေခဲ့သည်မှာလည်း ကြာခဲ့ပြီ ဖြစ်လေသည်။ မိုးနှင့်မြေတွင် ထိုဓား (၄)လက် မည်သည့်

နေရာသို့ ရောက်ရှိနေသည်ကိုလည်း မည်သူမှ သိရှိခြင်း မရှိကြပေ။

သို့သော်... ထိုဓား (၄)လက် ပျောက်ကွယ်နေခြင်းက နတ်ဘုရားများကို စိတ်သက်သာရာ ရစေလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုဓား (၄)လက်မှာ အလွန်အန္တရယ်များသောကြောင့် ဖြစ်လေသည်။

သို့ရာတွင်... ထို မရဏဓား (၄)လက်သည် မထင်မှတ်စွာပင် ချန်ပေသို၏ လက်ထဲသို့ ရောက်ရှိသွားခဲ့ပြီး ပြန်လည် ထွက်ပေါ်လာခဲ့လေသည်။

ချင်းဖုန်းနတ်ဘုရားစကားအရဆိုလျှင်တော့ ချန်ပေသိုထံတွင်ရှိသည့် မရဏဓား (၄)လက်အနက် နတ်ဘုရားထောင်ချောက်ဓားနှင့် နတ်ဘုရားဒဏ်ခတ်ဓား (၂)လက်သာ အစစ်အမှန်ဖြစ်ပြီး ကျန် (၂)လက်က အတုများဟု ဆိုလေသည်။

ထိုစကား မှန်သည်လား ၊ မမှန်သည်လားဆိုသည်ကတော့ ချန်
ပေသိုသာလျှင် သိရှိပေလိမ့်မည်။

နတ်ဘုရားထောင်ချောက်ဓားဝိညာဉ်မှ သတ်ဖြတ်လိုသည့်
အငွေ့အသက်များ သူ၏ တာအိုနှလုံးသားအတွင်းပိုင်းထိ ဝင်
ရောက်လာတော့မှ ဆန်းလျန်ကလည်း သတိပြုလိုက်မိခြင်း
ဖြစ်လေသည်။ ထိုအချိန်တွင် သူ့နှလုံးသားထဲသို့ ဝင်
ရောက်လာသည့် သတ်ဖြတ်လိုသည့် အငွေ့အသက်များကို
တားဆီးရန်ပင် နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

သတ်ဖြတ်လိုသည့်အငွေ့အသက်များက ဖိနှိပ်ထား
သည့်အတွက် ထိုက်ယင်းနတ်သမီးနှင့် ဟွေ့အန်းခရီးသည်တို့
မှာ တစ်ချက်လေးပင် လှုပ်ရှား၍ မရကြတော့ပေ။

ထိုက်ယင်းနတ်သမီး၏ စိတ်များမှာ ရှုံးသွပ်တော့မည့်အလား
ခြောက်ခြားနေပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များကြား
တွင် မကြာမီ သေဆုံးရတော့မည်ဟု တွေးထင်နေလေသည်။

သို့သော်... ဆန်းလျှန်သည် နတ်ဘုရားထောင်ချောက်ဓား၏ လက်ချက်ဖြင့် သေဆုံးမည်မဟုတ်သည်ကို သူမ သိရှိထားသည့်အတွက် အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

စန့်ချင်တာအိုဆရာသခင်၏ မရဏဓား (၄)လက်သည် ကံကြမ္မာနှင့် အချိန်ကို ကျော်လွန်နိုင်စွမ်း ရှိလေသည်။ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ကို ကျော်လွန်ပြီး မည်သူမှ နားလည်နိုင်ခြင်းငှာ မတတ်စွမ်းနိုင်သည့် မရဏဓားများ ဖြစ်ကြလေသည်။

ထိုဓားများသည် လောကတွင် ထွက်ပေါ်လာစရာ အကြောင်းမရှိဘဲ သဘာဝတရား၏ ကျိန်စာဖြင့် ချိတ်ပိတ်ထားသင့်သည့် ဓားများ ဖြစ်လေသည်။

သူမနှင့် ဆန်းလျှန် ထုန်ထျန်းမြစ်ကြောင်းတစ်လျှောက် သွားလာနေစဉ်က ဆန်းလျှန်ပြောခဲ့သည့် စကားကို သူမ ပြန်သတိရမိသည်။

"အနည်းဆုံးတော့ ကျုပ်က ချန်ပေသိုရဲ့ မရဏာဓား (၄)လက်ကို သွားပြီး စမ်းကြည့်တဲ့အထိ မမိုက်မဲခဲ့ပါဘူးလေ ၊ ပြီးတော့ အရင်တုန်းက တာအိုဆရာချီဟန်ကလည်း စန့်ချင်တာအိုဆရာသခင်ရဲ့ ပုံရိပ်နဲ့ ယှဉ်ပြိုင်ခဲ့ဖူးတာပဲ မဟုတ်လား ၊ ကျုပ်က တာအိုဆရာချီဟန်ထက်သာတာပဲကို ၊ ဘာလို့ မယှဉ်နိုင်ရမှာလဲ..." ဟု ဆန်းလျန် ပြောခဲ့ဖူးလေသည်။

ထိုစကားကိုပြောခဲ့စဉ်က တစ်ချိန်ချိန်တွင် မရဏာဓားများနှင့် သေချာပေါက် ရင်ဆိုင်ရမည်ကို ကြိုတင်သိရှိထားခဲ့ဟန် တူလေ၏။

မရဏာဓား (၄)လက်ဟုဆိုခြင်းထက် နတ်ဘုရားထောင်ချောက်ဓားဟုပြောလျှင် ပိုမှန်မည် ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးသည် ဆန်းလျန်အတွက် စိတ်ပူပန်နေသလို တစ်ချိန်တည်းမှာပင် သိပ်ပြီး စိတ်ပူပန်ခြင်းလည်း မရှိပေ။

ဆန်းလျန်သည် ကျီဝေးတိကျွင်းနှင့် ချင်းဖုန်းနတ်ဘုရားတို့ကို အနိုင်ယူခဲ့ပြီးပြီ ဖြစ်လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်သည် ချန်ပေသိုကိုလည်း ရင်ဆိုင်နိုင်မည် ဖြစ်သည်။

ဟော့အန်းခရီးသည်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။ သူ၏အတွေးများကတော့ ထိုက်ယင်းနတ်သမီးနှင့် တူညီခြင်း မရှိပေ။

သူ့အမြင်အရဆိုလျှင် ဆန်းလျန်သည် မရဏာဓားများကို ခုခံကာကွယ်နိုင်စွမ်း ရှိမည်မဟုတ်ဟု ယူဆထားလေသည်။ သို့သော်... ဆန်းလျန်သေဆုံးသွားလျှင်လည်း သူ့အတွက် အရှုံးမရှိဟု ဟော့အန်းခရီးသည်က တွေးလိုက်မိသည်။

သူသည် နတ်ဘုရားစစ်ပွဲများစွာအကြောင်းကို ကြားဖူးနားဝ သိရှိထားသူဖြစ်လေရာ မရဏာဓား (၄)လက် မည်မျှ ကြောက်မက်ဖွယ်ရာ ကောင်းသည်ကို ကောင်းကောင်း

နားလည်လေသည်။ ထိုဓားများသည် လောကတစ်ခုလုံးရှိ မည်

သည့်စွမ်းအားကိုမဆို ဖျက်စီးပစ်နိုင်စွမ်းရှိသည်။

ထို့ကြောင့် ဆန်းလျန်သည်လည်း ချွင်းချက် မရှိနိုင်ပေ။

သို့သော်... ဆန်းလျန် တစ်ချက်လှုပ်ရှားလိုက်သည်ကို တွေ့မြင်

လိုက်ရသည့်အခါ ဟွေ့အန်းခရီးသည် အထင်နှင့်အမြင်လွဲမှား

ပြီဖြစ်သည်ကို ချက်ချင်းသိရှိလိုက်သည်။

ပထမဆုံး ဆန်းလျန်လှုပ်ရှားလိုက်သည်မှာ မျက်တောင်ခတ်

လိုက်ခြင်း ဖြစ်လေ၏။ ဆန်းလျန်မျက်တောင်ခတ်လိုက်

သည်နှင့် သူ့မျက်ဝန်းများက အေးစက်သည့်အလင်းရောင်များ

လင်းလက်သွားလေသည်။

ဆန်းလျန်၏ မျက်ဝန်းထဲတွင် ပုံရိပ်တစ်ခုပေါ်လာလေသည်။

နှင်းပွင့်ကဲ့သို့ ဖြူစင်သည့် အဖြူရောင်တာအိုဝတ်စုံကို

ဝတ်ဆင်ထားသည့် ငယ်ရွယ်သည့် တာအိုကျင့်ကြံသူတစ်

ယောက် ဖြစ်လေ၏။

ထိုသူမှာ မိုးနှင့်မြေတစ်ခွင် ထင်ရှားကျော်ကြားလှသည့် ဓား

နတ်ဘုရား "ချန်ပေသို" ဖြစ်လေတော့သည်။

"ဓားတစ်လက်နှင့် လေလွင့်နေသည့်နတ်ဘုရား ..."

ထိုစကားသည် ချန်ပေသိုအတွက် ဖြစ်ပေါ်လာသည့် စကားဖြစ်

ဟန်တူသည်။

ချန်ပေသိုသည် မည်သည့်နေရာကမှန်းမသိ ပျံသန်းထွက်

ပေါ်လာလေသည်။

သူ့လက်ထဲတွင် နတ်ဓားတစ်လက်ကိုကိုင်ထားပြီး ထိုဓားမှ

အသင်္ချေသော ဓားတန်ခိုးစွမ်းအားများထွက်ပေါ်နေလေသည်။

ဓားတန်ခိုးစွမ်းအားတစ်ခုချင်းစီတိုင်းက တစ်ခုနှင့်တစ်ခု မ

တူညီဘဲ ကွဲပြားခြားနားလေသည်။

ထိုဓားသည် နတ်ဘုရားထောင်ချောက်ဓားပင် ဖြစ်လေသည်။

ဆန်းလျန်နှင့် ချန်ပေသိုဆိုသည်က လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ၊ ကြာမြင့်လွန်းလှသည့် အတိတ်အချိန်ကတည်းက သိရှိခဲ့ကြသူများဖြစ်လေသည်။

ကျုန်းစန်းတောင်တွင် ချန်ပေသိုနှင့် ဆန်းလျန် တိုက်ခိုက်ခဲ့ကြပြီး ဆန်းလျန်က ချန်ပေသိုကို အနိုင်ယူနိုင်ခဲ့လေသည်။

ချန်ပေသိုနှင့်တိုက်ခိုက်ပြီးသည့်နောက် ဆန်းလျန် ယန်ရှီးနှင့် ထပ်မံတိုက်ခိုက်ခဲ့ရပြီး လောကကို ကျော်လွန်ကာ အသူရာချောက်သို့ ရောက်ရှိသွားခဲ့ရခြင်း ဖြစ်လေသည်။

အမှန်တော့ ကျုန်းစန်းတောင်တိုက်ပွဲတွင် သူ့ကို ရှုံးနိမ့်ခဲ့ပြီးသည့်နောက် ချန်ပေသို သေဆုံးသွားပြီဟု ဆန်းလျန်က ထင်မှတ်ခဲ့မိလေသည်။ အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်ကိုယ်တိုင်လည်း ထိုတိုက်ပွဲကြောင့် သေလုနီးပါး ဖြစ်ခဲ့ရသည်မဟုတ်ပါလား။

သို့သော်... ကျုန်းစန်းတောင်တွင် ဆန်းလျန်နှင့် ချန်ပေသို

တိုက်ခိုက်ခဲ့သည့် တိုက်ပွဲတွင် ချန်ပေသိုသေဆုံးခဲ့ခြင်း မရှိပေ။

မသေဆုံးသည့်အပြင် ယခုတော့ မရဏဓား (၄)လက်ကိုပင် ရရှိ

သွားခဲ့ပြီ ဖြစ်လေသည်။

ချန်ပေသို မည်သည့်အဖြစ်အပျက်များ ကြုံတွေ့ခဲ့ရသည်ကို

မည်သူမှ မသိနိုင်ပေ။

သို့သော်... မည်သည့်အဖြစ်အပျက်များကြုံတွေ့ခဲ့ရပါစေ ချန်

ပေသိုသည် ယခင်ကကဲ့သို့ ကြောက်မက်ဖွယ်ရာကောင်းသည့်

ဓားနတ်ဘုရားတစ်ပါး ဖြစ်နေဆဲဖြစ်လေသည်။

ချန်ပေသိုသည် သူ၏ ဂိုဏ်းတူအစ်ကိုဖြစ်သူ ချန်ကျန့်မေနှင့်

စိတ်ဓာတ်ချင်းဆင်တူလေသည်။

သူတို့သည် ဓားသိုင်းလမ်းစဉ် တစ်ခုတည်းကို ကျင့်ကြံရန်

အတွက် မွေးဖွားလာကြသူများဖြစ်လေသည်။

မတူညီသည့်အချက်မှာ ချန်ပေသို က ချန်ကျန့်မေထက်ပိုပြီး လွတ်လပ်သည့်စိတ်ထားဖြင့် မွေးဖွားကြီးပြင်းခဲ့ရဟန်တူလေသည်။

သူက တိမ်လိုလေလို လွတ်လပ်သူတစ်ယောက်ဖြစ်ပြီး လောကတွင် မည်သည့်ပြောင်းလဲမှုများ ဖြစ်ပေါ်နေပါစေ အရေးစိုက်သူတစ်ယောက်လည်း မဟုတ်ပေ။

ချန်ပေသို၏ ကျင့်စဉ်လမ်းအဆင့်သည် ဆန်းလျန်ထက်သာလွန်ခြင်း မရှိသေးပေ။ သို့သော်… တကယ်တမ်း နတ်ဘုရားများ သူသေကိုယ်သေတိုက်ခိုက်ကြသည့်အခါ ကျင့်စဉ်လမ်းအဆင့်ဆိုသည်က အရေးမပါလှပေ။

ထို့ပြင် ချန်ပေသိုတွင် နတ်ဘုရားထောင်ချောက်ဓားရှိနေလေသည်။ ထိုဓားက ချန်ပေသိုအနိုင်ရရှိရန် အကောင်းဆုံးအခွင့်အလမ်းကို ဖော်ပြနေလေ၏။

သို့ရာတွင်... အောင်မြင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ သူတို့ (၂)ယောက်တိုက်ပွဲက ခေတ်အဆက်ဆက်တွင် ပြိုင်ဘက်ကင်းသည့် တိုက်ပွဲတစ်ခုအဖြစ် သမိုင်းတင်ကျန်ရစ်ခဲ့ပေလိမ့်မည်။

နတ်ဘုရားထောင်ချောက်ဓားမှထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့် အငွေ့အသက်များသည် ဆန်းလျန်၏ မူလိဝညာဉ်ခန္ဓာထဲအထိ ဝင်ရောက်မွှေနှောက်နေလေသည်။

သတ်ဖြတ်လိုသည့် အငွေ့အသက်များက ဆန်းလျန်ကို လှုပ်ရှား၍ မရနိုင်အောင် ထိန်းချုပ်ထားလေသည်။ သို့သော်... ဆန်းလျန်က လှုပ်ရှားနေနိုင်ဆဲ ဖြစ်လေ၏။

နတ်ဘုရားထောင်ချောက်ဓားက သူ့အပေါ် မည်သည့် သက်ရောက်မှုမှ မရှိသည့်အလား ဆန်းလျန်၏ ပုံစံက အေးအေးဆေးဆေးပင် ရှိနေလေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို ချန်ပေသိုလောက်

နားလည်နိုင်သူ လောကတွင် ရှိမည် မဟုတ်ပေ။

ထို့အတူ ချန်ပေသို၏ ဓားသိုင်းလမ်းစဉ်ကိုလည်း ဆန်းလျန်က

ကောင်းကောင်းနားလည်ထားသူ ဖြစ်လေသည်။

ချန်ပေသိုအနေဖြင့် ဆန်းလျန်ကို အနိုင်ယူနိုင်သည်ဖြစ်စေ ၊

အနိုင်မယူနိုင်သည်ဖြစ်စေ သေရမည်ပဲ ဖြစ်လေသည်။

မည်မျှကျော်ကြားသည့် လူသတ်သမားတစ်ယောက် ဖြစ်ပါစေ

နန်းတော်အတွင်းသို့ ဝင်ရောက်ကာ ဘုရင်ကို လုပ်ကြံမည်ဆိုပါ

က ဘုရင်ကို လုပ်ကြံနိုင်သည်ဖြစ်စေ ၊ မလုပ်ကြံနိုင်သည်ဖြစ်

စေ သေရမည်ပဲ ဖြစ်လေသည်။

ချန်ပေသို၏ အဖြစ်က ထိုသို့ပင် ဖြစ်လေ၏။

ထိုသို့ဆိုလျှင် ချန်ပေသိုသည် ဆန်းလျန်ကိုရင်ဆိုင်ရန် အဘယ့်

ကြောင့် ရောက်လာရပါသနည်း။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန်၏ ကျင့်ကြံခြင်းအဆင့်သည် လောကတစ်ခွင်ရှိ ကျင့်ကြံသူများအားလုံးထက် သာလွန်သည့် ဟွင့်ယွမ်ဝူကျီအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ဆန်းလျန်က ကျီဝေးတိကျွင်းနှင့် ချင်းဖုန်းနတ်ဘုရားကို သုတ်သင်ပစ်လိုက်သည်ကို ကြည့်ခြင်းအားဖြင့် အခြားသော နတ်ဘုရားများသည် ဆန်းလျန်အတွက် ဘာမှမဟုတ်တော့သည့် အဆင့်ဖြစ်လေသည်။

ဆန်းလျန်၏ ကျင့်ကြံခြင်းအဆင့်က ထိပ်ဆုံးတွင်ရှိနေပြီး လောကတစ်ခုလုံးရှိ ကျင့်ကြံသူများက သူ့ကို ခေါင်းမော့ကြည့်ရမည့်အနေအထားသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်လေသည်။

ချန်ပေသိုက ဓားသိုင်းလမ်းစဉ်တွင် ထိပ်ဆုံးအဆင့်ရောက်ရှိနေသည့် ဓားနတ်ဘုရားတစ်ပါး ဖြစ်ပြီး သူ့အထက်တွင် မည်သူမှ မရှိစေရဆိုသည့် ခံယူချက်ရှိသူ ဖြစ်သည်။

သူ သေချင်သေ ၊ မဟုတ်လျှင် သူ့ထက်အဆင့်မြင့်သည့်

ကျင့်ကြံသူ သေ ဆိုသည့် သဘောတရားကို ချန်ပေသိုက

လက်ကိုင်ထားသူ ဖြစ်သည်။

သူ့ဘဝတွင် တတိယလမ်းကို ရွေးခြယ်သတ်မှတ်ထားခြင်း မရှိ

ပေ။

ထိုသို့ ဆုံးဖြတ်ချက်ခိုင်မာလွန်းသည့်အတွက်ပင် ချန်ပေသို

သည် ချန်ကျန့်မေနှင့် မတူညီသည့် ဓားသိုင်းလမ်းစဉ်ကို

လျှောက်လှမ်းနိုင်ခဲ့ပြီး အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်း

ဖြစ်လေသည်။

ဆုံးဖြတ်ချက်ခိုင်မာခြင်းဆိုသည်က ကျင့်ကြံမှုနှင့်လည်းမဆိုင်

သလို လူပုဂ္ဂိုလ်နှင့်လည်း မဆိုင်ပေ။

ချန်ပေသို၏လက်ထဲတွင် နတ်ဘုရားထောင်ချောက်ဓားကို

ကိုင်ဆောင်ထားပြီး လောကတွင် (၂)ကြိမ်မပြောင်းနိုင်သည့်

ခိုင်မာသည့် ဆုံးဖြတ်ချက်ဖြင့် ဆန်းလျန်ကို ထိုးစိုက်ချလိုက်လေတော့သည်။

နတ်ဘုရားထောင်ချောက်ဓားမှ ထွက်ပေါ်လာသည့် ဓားတန်ခိုးစွမ်းအားများသည် ပင်လယ် (၄)ခုကိုပင် ခမ်းခြောက်သွားစေတော့မည့်အလား ထင်မှတ်ရသည်။

တစ်ချန်တည်းမှာပင် မည်သည့်နတ်ဘုရားမဆို သုတ်သင်ရှင်းလင်းပစ်တော့မည့်အလား ဖြစ်လေသည်။

နတ်ဘုရားထောင်ချောက်ဓားသည် လျှပ်စီးကဲ့သို့ လျှင်မြန်လွန်းသည့် အရှိန်အဟုန်ဖြင့် ဆန်းလျန်ရှိရာသို့ ထိုးဖောက် ဝင်ရောက်လာလေသည်။

သို့သော်... ဆန်းလျန်က နောက်သို့ အသာဆုတ်ကာရှောင်လိုက်သည်။ ဆန်းလျန်၏ လျှင်မြန်မှုက ဓားသွား၏လျှင်မြန်မှုထက် အဆပေါင်းများစွာ သာလွန်လေသည်။

ဓားသွားလက်မှ ဆန်းလျန်သည် မျက်တောင်မွှေးတစ်

ထောက်စာ အကွာအဝေးသို့ ရှောင်တိမ်းသွားပြီး လွတ်မြောက်

သွားလေသည်။

သူ၏ ဓားချက်ကို ဆန်းလျန်ရှောင်တိမ်းလိုက်နိုင်ခြင်းအတွက်

ချန်ပေသိုက စိတ်လှုပ်ရှားသွားခြင်း မရှိပေ။

လောကတွင် ချန်ပေသို၏ စိတ်ကိုလှုပ်ရှားအောင် ပြုလုပ်နိုင်

သည့်အရာဆို၍ တစ်ခုမှ မရှိပေ။

ရုတ်တရက်...

နတ်ဘုရားထောင်ချောက်ဓားမှ အသေ်ချေသော ဓားဝိညာဉ်

များထွက်ပေါ်လာပြီး ဆန်းလျန်ရှိရာသို့ ဝင်ရောက်လာလေ

သည်။

မိုးကောင်းကင်လမ်းစဉ်ဓားသွားအလား ဆန်းလျန်၏ မပျက်စီး

နိုင်သည့် နတ်ဘုရားခန္ဓာကို အဆက်မပြတ်ထိုးနှက်လိုက်

လေ၏။

သို့သော်... ဆန်းလျန်၏ မွေးညင်းတစ်ပင်ကိုပင် ထိခိုက်နိုင်စွမ်း မရှိပေ။

သို့သော်... ချန်ပေသိုကလည်း တစ်ချက်လေးပင် စိတ်ပျက်သွားခြင်း မရှိပေ။

တိုက်ပွဲအခြေအနေကို သုံးသပ်ရလျှင် ဆန်းလျန်သည် ရှောင်တိမ်းခြင်းကိုသာပြုလုပ်နေပြီး ပြန်လည် တိုက်ခိုက်ခြင်း မရှိသေးပေ။

ထို့ကြောင့် တိုက်ပွဲတွင် မည်သူအနိုင်ရမည်ကို ခန့်မှန်းရန်မှာ ခက်ခဲလွန်းလှသည်။

သူတို့ (၂)ယောက်လုံး၏ တိုက်ခိုက်မှုက ခန့်မှန်းနိုင်စွမ်းကို ကျော်လွန်လေသည်။

ထို့ပြင် သူတို့၏ တိုက်ခိုက်မှုကလည်း တိုက်ကွက်ကို စဉ်းစားပြီး တိုက်ခိုက်နေကြခြင်းမျိုးမဟုတ်ဘဲ သူတို့၏ ပင်ကိုယ်စိတ်အတိုင်း တိုက်ခိုက်နေကြခြင်း ဖြစ်လေတော့သည်။

အခန်း (၈၇၅) လူမှားခြင်း

အခြားသူများ၏ အမြင်တွင်တော့ ဆန်းလျန်နှင့် ချန်ပေသိုတို့ သူသေကိုယ်သေ တိုက်ခိုက်နေကြသည်ဟု ထင်မှတ်ကြပေလိမ့်မည်။

သို့သော်… ချန်ပေသိုက ဆန်းလျန်ကို ထိအောင်ပင် မနည်း တိုက်ခိုက်နေရသည်ကို ချန်ပေသိုသာလျှင် သိလေသည်။

အမှန်တော့ ဤတိုက်ပွဲကို စတင်ခဲ့ပြီဆိုကတည်းက သူ့အတွက် ပြန်လမ်းမရှိတော့သည်ကို ချန်ပေသို ကောင်းကောင်းသိရှိထားပြီးသား ဖြစ်လေသည်။

သို့သော်… ထိုအချက်ကြောင့်တော့ဖြင့် သူက စိတ်တုန်လှုပ်ခြင်း အလျဉ်းမရှိပေ။

ချန်ပေသို၏ အသင်္ချေတမျှများပြားသော ဓားဝိညာဉ်များသည် ပိုးကြိုးမျှင်များအဖြစ် ပြောင်းလဲသွားပြီး ဆန်းလျန်၏ နတ်ဘုရားခန္ဓာအတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားလေသည်။ ဆန်းလျန်၏ နတ်ဘုရားခန္ဓာမှာ ရွှေခန္ဓာဖြစ်ပြီး မည်သည့်လက်နက်မှ ထိခိုက်နိုင်ခြင်းမရှိသည့်တိုင် ချန်ပေသိုက ကြိုးစားကြည့်လိုက်ခြင်း ဖြစ်သည်။

ဓားဝိညာဉ်များမှ အသွင်ပြောင်းသွားသော ပိုးချည်မျှင်များသည် သဘာဝတရားမှမွေးဖွားလာသည့် မိုးစက်များအလား ဆန်းလျန်ရှိရာသို့ ဝင်ရောက်သွားလေသည်။ ထိုပိုးချည်မျှင်များသည် စကြာဝဠာ၏ အစိတ်အပိုင်းဖြစ်ပြီး မိုးကောင်းကင်လမ်းစဉ်ကိုပင် လှစ်ဟပြလျှက်ရှိသည်။

ဤသည်မှာ ချန်ပေသို၏ ထိပ်တန်းအဆင့် ဓားသိုင်းကို ထုတ်ဖော်ပြသလိုက်ခြင်း ဖြစ်လေသည်။

ထို့ပြင် ချန်ပေသို၏ နတ်ဘုရားထောင်ချောက်ဓားကလည်း မရဏဓားတစ်လက် ဖြစ်လေရာ ပြိုင်ဘက်မရှိ ကြောက်မက်ဖွယ်ရာကောင်းသည့် သတ်ဖြတ်လိုသည့်အငွေ့အသက်များက အဆက်မပြတ် ထွက်ပေါ်လျှက် ရှိလေသည်။

ဓားသွားက ဆန်းလျန်၏ ခန္ဓာကိုယ်အတွင်းသို့ စိုက်ဝင်သွားလေသည်။

ဓားဝိညာဉ်က ကောင်းကင်ကိုးထပ်အထိ တောက်ပနေပြီး အသူရာချောက်ကိုးထပ်အထိ သက်ဆင်းသွားလေသည်။

ဤသည်မှာ နတ်ဘုရားထောင်ချောက်ဓားနှင့် ချန်ပေသို၏ ထိပ်တန်းအဆင့် ဓားသိုင်းလမ်းစဉ်တို့ ပေါင်းစပ်သွားခြင်းပင် ဖြစ်သည်။

ကောင်းကင်ထက်တွင် အလင်းတန်းများ လင်းလက်တောက်ပ နေပြီး များပြားလှစွာသောနတ်ဘုရားများက သူတို့၏ တိုက်ပွဲကို ကြည့်ရှုနေကြလေသည်။

သူ့ထံသို့ နတ်ဘုရားထောင်ချောက်ဓား ဝင်ရောက်လာသည်နှင့် ဆန်းလျန်က ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲတစ်လျှောက်တွင် ပထမဆုံးအကြိမ် ပြန်လည် တိုက်ခိုက်ခြင်း ဖြစ်လေ၏။

ဆန်းလျန်က နတ်ဘုရားထောင်ချောက်ဓားကို ပြန်လည်ခုခံ တိုက်ခိုက်ရန်အတွက် မည်သည့်စည်းတံဆိပ် ၊ မည်သည့် မော်ဝင်လက်နက်ကိုမှ အသုံးပြုခြင်းမရှိပေ။

သူ၏လက်ချောင်းများကို ရှေ့သို့ အသာဆန့်ထုတ်လိုက်လေ သည်။ ထို့နောက် သွေးနီရောင်တောက်ပနေသည့် ဓားသွား ထက်ကို လက်နှစ်ချောင်းဖြင့် အသာထောက်ကာ ဓားသွားကို ရိုက်ချလိုက်လေသည်။

ဆန်းလျန်၏ လက်နှစ်ချောင်းနှင့် နတ်ဘုရားထောင်ချောက်ဓား ထိခတ်မိသွားသည်နှင့် မီးပွားများ ပွင့်ထွက်လာပြီး ချန်ပေ သို၏ ဓားတန်ခိုးစွမ်းအားများအားလုံး ထိန်းချုပ် ခံလိုက်ရလေ သည်။

ဆန်းလျန်က လက်နှစ်ချောင်းတည်းဖြင့် မရဏဓားတစ်လက် ကို တားဆီးထားနိုင်လိမ့်မည်ဟု မည်သူမှ ထင်မှတ်မထားခဲ့မိ ကြပေ။

ထို့ပြင် ဆန်းလျန်ထိန်းချုပ်လိုက်သည့်ဓားသည် ခေတ် အဆက်ဆက်တွင် ပြိုင်ဘက်ကင်းခဲ့သည့် စန့်ချင်တာအိုဆရာ သခင်၏ မရဏဓားတစ်လက် ဖြစ်လေသည်။

ဓားသွားနှင့် ဆန်းလျန်၏ လက်ချောင်းများ ရိုက်ခတ်မိသည့် တစ်ခဏအတွင်းမှာပင် ဓားသွားသည် အကြိမ်ရေ သိန်းပေါင်း တစ်ထောင်တုန်လှုပ်သွားလေသည်။

မရဏာဓားတစ်လက် ထိုသို့ တုန်လှုပ်သွားလိမ့်မည်ဟု မည်သူမှ ထင်မှတ်မထားခဲ့ကြပေ။

ထို့ပြင်... ထိုတုန်လှုပ်သွားမှုက ချန်ပေသို၏ ခံနိုင်ရည်ရှိမှု ထက် ကျော်လွန်သွားခဲ့လေသည်။ ချန်ပေသိုမှာ ပါးစပ်ထဲမှ သွေးတစ်ပွက် အန်ချလိုက်လေ၏။

ဆန်းလျန်က ချန်ပေသို၏ ဓားသမားဂုဏ်သိက္ခာကို လေးစား သည့်အတွက် သိက္ခာကျလောက်သည်အထိ ဖြစ်သွားအောင် အရမ်းကာရော တိုက်ခိုက်ခြင်းမျိုးမပြုလုပ်ဘဲ ဓားသွားကိုသာ ထိန်းချုပ်လိုက်ခြင်း ဖြစ်လေသည်။

တိုက်ပွဲကို ကြည့်နေကြသည့် နတ်ဘုရားများမှာ တုန်လှုပ် ခြောက်ခြားကုန်ကြလေသည်။

သူတို့အားလုံးမှာ လောကကို ကျော်လွန်ခဲ့ကြသည့် နတ်ဘုရား များဖြစ်ကြလေသည်။ သို့သော်... ဆန်းလျန်ကတော့ သူတို့

အားလုံး အံ့အားသင့်သွားစေသည့် လုပ်ရပ်ကို ပြုလုပ်ပြခဲ့ပြီ ဖြစ်သည်။

ဆန်းလျန် လုပ်ပြလိုက်သည့်လုပ်ရပ်သည် နတ်ဘုရားများ လုပ်နိုင်သည့်လုပ်ရပ်ကို ကျော်လွန်နေလေသည်။

သူက သံသရာကိုကျော်လွန်သည့် တာအိုဆရာသခင်ကြီး တစ်ပါး လုပ်ဆောင်နိုင်သည့် လုပ်ရပ်မျိုးကို လုပ်ပြခဲ့ခြင်း ဖြစ်လေသည်။

ကောင်းကင်ထက်တွင် မွှေးရနံ့များသင်းပျံ့နေသည့် ကြာပန်းများ ပွင့်လန်းလာလေသည်။ ဆန်းလျန်က ကြာပန်းများထက်တွင် ခြေတစ်လှမ်းချင်းလှမ်းကာ ချန်ပေသိုရှိရာသို့ လမ်းလျှောက်လာလေသည်။

တကယ်တမ်းတွင် ဆန်းလျန်က ချန်ပေသိုကို သတ်ဖြတ်လိုခြင်း အလျဉ်းမရှိပေ။

သို့သော်... ယနေ့ သူ၏ကံကြမ္မာအဆုံးသတ်သွားပြီ

ဖြစ်ကြောင်း ချန်ပေသို သိရှိနေခဲ့သည်။

ဆန်းလျန်ကို ရှုံးနိမ့်သွားရသည့်အတွက် သူ့နှလုံးသားထဲတွင်

နာကျည်းခါးသီးခြင်းမရှိသည့်တိုင် အရှုံးကိုတော့ သူ လက်မခံ

ချင်မိပေ။

သူက မိုးကောင်းကင်က မွေးဖွားလာသူဖြစ်သည်။ သူသည်

ဓားသိုင်းတစ်မျိုးတည်းအတွက် မွေးဖွားလာသူဖြစ်သည်။

သူက မရဏဓား (၄)လက်စလုံးကို ထိန်းချုပ်ထားနိုင်ခြင်း မရှိ

သည့်တိုင် နတ်ဘုရားထောင်ချောက်ဓားနှင့် နတ်ဘုရား

ဒဏ်ခတ်ဓား (၂)လက်ကို ထိန်းချုပ်နိုင်ခဲ့သူ ဖြစ်သည်။

မရဏဓား (၂)လက်ကို ထိန်းချုပ်နိုင်ခြင်းသည်ပင် ရာဇဝင်

တစ်လျှောက်တွင် ရှားပါးဖြစ်ရပ်တစ်ခု ဖြစ်လေ၏။

ထိုသို့ ထိန်းချုပ်နိုင်ခဲ့ခြင်းသည် ခေတ်အဆက်ဆက်တွင်

ရှားပါးဖြစ်ရပ်တစ်ခု ဖြစ်လေသည်။ သူသည် ထိုမရဏဓား

(၂)လက်ကို ကိုင်စွဲကာ စကြာဝဠာတစ်ခုလုံးတွင် ထိပ်တန်းအဆင့် ဓားသိုင်းလမ်းစဉ်ကို တက်ရောက်အောင်မြင်ခဲ့လေသည်။

ယခုတော့... သူရရှိခဲ့သည့် အောင်မြင်မှုအားလုံးမှာ ဟာသတစ်ခုသဖွယ် ဖြစ်ရချေပြီ။

ယနေ့တိုက်ပွဲကြောင့် ဆန်းလျန်သည် နှစ်ပေါင်းထောင်နှင့်ချီကြာအောင် ဒဏ္ဍာရီတွင်ကျန်ခဲ့မည့် နတ်ဘုရားတစ်ပါး အဖြစ်ရာဇဝင်တွင်သွားမည်ဖြစ်လေသည်။ သို့ရာတွင်... သူကတော့ ဖုံမှုံ့တစ်စအလား အလကားသက်သက်ဖြစ်ခဲ့ရပြီ။

ဆန်းလျန်ကို အမှတ်ရကြသလို ချန်ပေသိုဆိုသည့် သူ့ကိုတော့ မည်သူမှ အမှတ်ရကြတော့မည် မဟုတ်ပေ။

သို့ရာတွင်... သူက နာမည်ကျော်ကြားခြင်းကို ရယူပိုင်ဆိုင်လိုခြင်း မရှိခဲ့ပေ။ သူက ဆန်းလျန်ထက်မြင့်မားသည့် အဆင့်တစ်ခုကို တက်ရောက်လိုခဲ့ခြင်းသာ ဖြစ်လေသည်။

သို့သော်... ယခုတော့ သူသည် ထိုအဆင့်ကို မည်သည့်အခါမှ တက်ရောက်နိုင်တော့မည် မဟုတ်ပေ။

အတိတ်အချိန်များစွာက သူ့လက်ထဲတွင် အသက်ဆုံးခဲ့ကြသည့် နတ်ဘုရားများစွာကို ချန်ပေသို ပြန်အမှတ်ရနေမိလေသည်။ ယခုတော့ အသက်ဆုံးရမည့်သူမှာ သူကိုယ်တိုင်ဖြစ်လို့နေခဲ့ပြီ။

ဆန်းလျန်က လက်ကိုဆန့်ထုတ်လိုက်ပြီး ချန်ပေသို၏လက်ထဲမှ နတ်ဘုရားထောင်ချောက်ဓားကို ဆွဲယူလိုက်သည်။

နတ်ဘုရားထောင်ချောက်ဓားက အနည်းငယ် ရုန်းကန်လှုပ်ရှားနေပြီးသည့်နောက် ဆန်းလျန်ကို အလျှော့ပေးကာ ငြိမ်သက်သွားလေသည်။ နတ်ဘုရားထောင်ချောက်ဓား၏ မူလရောင်စဉ်ဖြစ်သည့် သွေးနီရောင်က ဓားသွားတစ်လျှောက်တောက်ပလျှက်ရှိသည်။

ဓားရှည်သည် သံနှင့်ပြုလုပ်ထားသည်လည်းမဟုတ် ၊ သမဏိ ဖြင့်ပြုလုပ်ထားည်လည်းမဟုတ် ၊ ကြေးနီဖြင့် ပြုလုပ်ထား ခြင်းလည်း မဟုတ်ပေ။

ထိုဓားရှည်သည် ချန်ပေသို၏ ရင်ဝကို ထိုးဖောက်ဝင်ရောက် သွားလေသည်။ ဓားချက်တစ်ချက်တည်းက ချန်ပေသို၏ အသက်ကို နှုတ်ယူသွားခဲ့ပြီ ဖြစ်လေသည်။

အရပ် (၁၀)မျက်နှာမှ အသံနက်ကြီးများထွက်ပေါ်လာပြီး မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်ကာ လျှောင်လှုပ်ခတ်လာလေ သည်။

ချန်ပေသို၏အလောင်းက မြေပြင်ထက်သို့ ပြုတ်ကျသွားပြီး ဓားသွားပုံသဏ္ဍာန် တောင်မြင့်ကြီးတစ်တောင်အဖြစ် ပြောင်းလဲ သွားလေသည်။ ထိုတောင်မြင့်ကြီးသည် မိုးထိအောင်မြင့်မား ပြီး ဓားဝိညာဉ်အလင်းတန်းများ လင်းဖြာလျှက်ရှိလေ၏။

ထို့နောက် ဆန်းလျန်၏ လက်ထဲတွင် နောက်ထပ် ဓားတစ်လက်ပေါ်လာလေသည်။

ထိုဓားက မီးခိုးရောင်အလင်းတန်းများတောက်ပနေသည့် နတ်ဘုရားဒဏ်ခတ်ဓားဖြစ်လေသည်။

အမှန်တော့ ချင်းဖုန်းနတ်ဘုရားပြောသည်မှာ အမှန်ပင်ဖြစ်လေသည်။ ချန်ပေသိုတွင် တကယ်တမ်း မရဏဓား (၂)လက်သာ ရှိခဲ့ခြင်း ဖြစ်လေ၏။

မရဏဓား (၂)လက်သည် ကောင်းကင်တစ်လျှောက်ဖြတ်သန်းသွားပြီး ချန်ပေသို၏ အလောင်းမှ ပြောင်းလဲသွားသည့် တောင်မြင့်ကြီး၏ ထိပ်ပိုင်းတွင် စိုက်ဝင်သွားလေသည်။ ထိုဓား (၂)လက် မည်သည့်နေရာသို့ ရောက်ရှိသွားသည်ကို မည်သူမှ တွေ့မြင်နိုင်ခြင်း မရှိတော့ပေ။

တိုက်ပွဲကိုကြည့်နေကြသည့် နတ်ဘုရားများမှာ ဘာပြောရမှန်းမသိဘဲ ကြက်သေသေကုန်ကြလေသည်။

အဘယ်ကြောင့်ဆိုသော်... ထိုမျှ တန်ဖိုးရှိလွန်းလှသည့် မရဏာ ဓားများဖြစ်လေသော နတ်ဘုရားထောင်ချောက်ဓားနှင့် နတ်ဘုရားဒဏ်ခတ်ဓားတို့ကို တပ်မက်ခြင်းအလျှဉ်းမရှိဘဲ လွှတ်ပစ်လိုက်သောကြောင့် ဖြစ်လေသည်။

ထို့နောက် ဆန်းလျန်သည် ကြာပန်းများထက်တွင် ခြေတစ်လှမ်းချင်းလှမ်းရင်း ပိုင်ယွိကျင်းနတ်ဘုရားမြို့တော်ဆီသို့ ပြန်လည်ဆင်းသက်လာလေတော့သည်။

ဆန်းလျန်သည် မွှေးရနံ့များသင်းပျံ့နေသည့် ကြာပန်းများထက်တွင် လမ်းလျှောက်နေသည့်တိုင် အခြားသောနတ်ဘုရားများ၏ မျက်စိထဲတွင်တော့ ဆန်းလျန်မှာ ကြောက်မက်ဖွယ်ရာမရဏာနတ်ဘုရားတစ်ပါးအဖြစ် သတ်မှတ်လိုက်ကြလေသည်။

ဆန်းလျန်က နူးညံ့သည့်အကြည်တစ်ချက်ဖြင့် ကောင်းကင်ထက်သို့ တစ်ချက်မော့ကြည့်လိုက်သည့်အခါ ကောင်းကင်

ထက်မှ အလင်းတန်းများ ချက်ချင်းပျောက်ကွယ်သွားကြလေသည်။

ဆန်းလျန်ကို ကြောက်ရွံ့သည့်အတွက် တိုက်ပွဲကို ကြည့်နေကြသည့် နတ်ဘုရားများ တစ်ချိုးတည်းဖြင့် ပြန်ပြေးသွားကြခြင်းပင် ဖြစ်တော့သည်။

နတ်ဘုရားများက ဆန်းလျန်ဆိုသည့် မရဏနတ်ဘုရားနှင့် ဘယ်တော့မှ ထိပ်တိုက်မတွေ့ရန် ဆုံးဖြတ်လိုက်ကြသည်။

မဟုတ်ပါက သူတို့ နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံထားသည့် ကျင့်ကြံခြင်းများ တစ်ခဏအတွင်း ပျက်စီးသွားကြရပေလိမ့်မည်။

ပိုင်ယွိကျင်းမြို့တော်တစ်ခုလုံး အပ်ကျသံပင် မကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ပိုင်ယို့ကျင်းမြို့တော်၏ ရှည်လျားသည့် လမ်းမထက် ၊

လရောင်အောက်တွင် ဆန်းလျန် တစ်ယောက်တည်း

မတ်တတ်ရပ်နေလေသည်။

သူ့ကိုကြည့်ရသည်မှာ အထီးကျန်ဆန်လွန်းလှပေ၏။

ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းကို ဆန်းလျန် အဘ

ယ်ကြောင့် သတ်လိုက်ရပါသနည်း။

အဘယ်ကြောင့်ဆိုသော် ကျီဝေးတိကျွင်းသည် တစ်ချိန်က သူ့

ကို "ရှိခြင်းမရှိခြင်းဓားသိုင်း" သင်ပြပေးခဲ့သည့် ဓား

သူတော်စင်ကျီဝေးဟု လူသိများသည့် ဆရာစူးကို သတ်ဖြတ်ခဲ့

သည့်အတွက် လက်စားချေခဲ့ခြင်း ဖြစ်လေသည်။

ချင်းဖုန်းကို သတ်လိုက်ရသည်ကတော့ သူနှင့် ကျီဝေးတိကျွ

င်း၏ ကြားတွင် မဆီမဆိုင် ဝင်ရှုတ်နေသောကြောင့် ဖြစ်လေ

သည်။

သို့သော်… ချန်ပေသိုကိုတော့ ဆန်းလျန် အမှန်တကယ် သတ်ဖြတ်လိုခြင်း မရှိခဲ့ပါချေ။

ချန်ပေသိုက ဆန်းလျန်နှင့် လာရောက်ပညာပြိုင်သည့်အတွက်သာ သူ့ဘဝ အဆုံးသတ်သွားရခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင်…

ပိုင်ယွိကျင်းမြို့တော်၏ ရှည်လျားသည့် လမ်းမကြီးထက်ရှိ လရောင်အောက်တွင် အနီရောင်အရိပ်တစ်ရိပ် ပေါ်လာလေသည်။

ထိုအရိပ်သည် မီးကဲသို့ ရဲရဲနီလျှက်ရှိလေသည်။ ဆည်းဆာနေဝင်ချိန်အလား ရဲရဲနီလျှက် ရှိလေသည်။

ထိုအရိပ်သည် အနီရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက်ဖြစ်ပြီး သူမ၏ မျက်ခုံးနှစ်ခုကြားတွင် မီးတောက်ပုံသဏ္ဍာန်သင်္ကေတတစ်ခု ရှိနေလေသည်။

ထိုမီးတောက်သည် တကယ့် အစစ်အမှန်မီးတောက်အလား

လောင်ကျွမ်းတောက်ပလျှက် ရှိလေသည်။

ကြည့်လိုက်သည်နှင့် သူမသည် မြင့်မြတ်သည့် ဇာမဏီငှက်မျိုး

နွယ်ဖြစ်ကြောင်း ဆန်းလျန်က ချက်ချင်းသိလိုက်သည်။

မြင့်မြတ်သည့် ရှေးဟောင်းသွေးသည် သူမ၏ ခန္ဓာကိုယ်ထဲ

တွင် စီးဆင်းနေလေသည်။

ဆန်းလျန်က သူမကိုတွေ့သည်နှင့် ဦးညွှတ်အရိုအသေ

ပေးလိုက်လေသည်။

ဆန်းလျန်က ထိုမိန်းမပျိုကို ဦးညွှတ်အရိုအသေပေးလိုက်

သည့်အတွက် အဝေးမှ ကြည့်နေသည့် ထိုက်ယင်းနတ်သမီးနှင့်

ဟွေ့အန်းခရီးသည်တို့မှာ မယုံကြည်နိုင်အောင် အံ့အားသင့်

သွားကြလေသည်။

ဆန်းလျန်ကပင် အရိုအသေပေးရသည့် ထိုမိန်းမပျိုသည်

မည်သူဖြစ်ပါသနည်း။

လက်ရှိအချိန်တွင် ဆန်းလျန်၏အဆင့်အတန်းသည် မည်သူ့ကို မှ ဦးညွှတ်စရာမလိုသည့် အဆင့်အတန်း ဖြစ်လေသည်။

အနီရောင်ဝတ်မိန်းမပျိုကလည်း ဆန်းလျန်၏ အရိုအသေပေး ခြင်းကို မခံယူဘဲ ဘေးသို့ အသာဆုတ်လိုက်လေသည်။

ပြီးမှ သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ငါ့ရဲ့ ခင်ပွန်းအတွက် လက်စားချေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆန်းသခင်လေး..."

ဆန်းလျန်က...

"ဓားသူတော်စင်ကျိဝေးဆိုတဲ့ ဆရာစူးက ကျွန်တော့်ကို ဓား သိုင်းသင်ပေးခဲ့တဲ့ ဆရာပါ၊ ဒီနေ့ ကျွန်တော် လုပ်သင့်လုပ် ထိုက်တာကို လုပ်လိုက်တာပါ၊ ဆရာကတော်က ကျွန်တော့်ကို ကျေးဇူးတင်ဖို့ မလိုပါဘူး..."

ဆန်းလျန်က ခဏနားလိုက်ပြီးမှ စကားဆက်ပြောလိုက်လေ သည်။

"ဆရာကတော်ကို ကျွန်တော် မေးချင်တာလေး တစ်ခုလောက် ရှိပါတယ်..."

အနီရောင်ဝတ်မိန်းမပျိုသည် ဇာမဏီမျိုးနွယ်တစ်ပါးဖြစ်ပြီး ဆန်းလျန်ကို ရှိခြင်းမရှိခြင်းဓားသိုင်း သင်ပေးခဲ့သည့် ဓားသူတော်စင်ကျီဝေး (သို့မဟုတ်) ကျီဝေးကေရာဇ် (သို့မဟုတ်) ဆရာစူး၏ ဇနီးဖြစ်လေသည်။

ကျီဝေးတိကျွင်းက ဆရာစူးကို သတ်ဖြတ်ကာ ဆရာစူးထံမှ ကျီဝေးကေရာဇ်၏ မူလဝိညာဉ်သင်္ကေတကို ယူဆောင်ခဲ့သည့်အတွက် ဆန်းလျန်က လက်စားချေပေးခဲ့ခြင်း ဖြစ်လေသည်။

စူးသခင်မက...

"ဆန်းသခင်လေးမေးချင်တာက ငါ့ရဲ့ ခင်ပွန်းက ဘာဖြစ်လို့ ဆန်းသခင်လေးကို 'ရှိခြင်းမရှိခြင်းဓားသိုင်း' သင်ပေးရသလဲဆိုတဲ့ မေးခွန်းမဟုတ်လား..."

ဆန်းလျန်က ခေါင်းညိတ်ပြလိုက်လေသည်။

စူးသခင်မက...

"ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းနဲ့ ငါ့ရဲ့ ခင်ပွန်း မတိုက်ခိုက်ကြခင်မှာ သူက ငါ့ကို အမှာစကားပြောခဲ့တယ်၊ သူသာ ကံမကောင်းလို့ ကျီဝေးတိကျွင်းလက်ထဲမှာ သေဆုံးခဲ့ရမယ်ဆိုရင်၊ ပြီးတော့ ဆန်းသခင်လေးကလည်း ဒီအတိုင်း ကြည့်မနေဘဲ သူ့အတွက် လက်စားချေပေးခဲ့မယ်ဆိုရင် အကြောင်းစုံကို ဆန်းသခင်လေးကို ပြောပြပေးဖို့ ငါ့ကို မှာသွားခဲ့ပါတယ်၊ တကယ်တော့ ချင်းရှမ်နတ်တံခါးကို တည်ထောင်ခဲ့တဲ့ တာအိုဆရာသခင်ယွမ်ချင်းက ငါတို့ရဲ့ မိတ်ဆွေပါ၊ သူက မင်းကို ပညာသင်ပေးဖို့ ငါ့ရဲ့ ခင်ပွန်းဆီမှာ အကူအညီတောင်းခဲ့တာပါ..."

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

"ကျွန်တော်လည်း အဲဒီလိုများ ဖြစ်မလားလို့တော့ ခန့်မှန်းမိပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော်က ချင်းရှမ်နတ်တံခါးက တပည့်တစ်ယောက် မဟုတ်သေးပါဘူး၊ ဘာလို့ ဆရာဘိုးဘိုးယွမ်ချင်းက ကျွန်တော့်ကို ဓားသိုင်းသင်ပေးဖို့ ဆရာစူးကို တောင်းဆိုရတာလဲ..."

စူးသခင်မ၏ မျက်နှာတွင် ထူးဆန်းသည့် အမူအရာတစ်ခု ဖြစ်ပေါ်သွားပြီးမှ...

"တကယ်တော့ တာအိုဆရာသခင်ယွမ်ချင်းက ဓားသိုင်းသင်ပေးဖို့ အကူအညီတောင်းခဲ့တာက မင်းကို သင်ပေးဖို့မဟုတ်ပါဘူး၊ ဒါပေမဲ့ ငါ့ရဲ့ခင်ပွန်းက လူမှားပြီး မင်းကို သင်ပေးလိုက်မိတာ..."

ပြောပြီးသည်နှင့် စူးသခင်မသည် သူမ၏နဖူးကိုလက်ဖြင့် အသာကိုင်လိုက်ရင်း တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

ဆန်းလျန်မှာလည်း စူးသခင်မ၏စကားကြောင့် ကြက်သေသေ

သွားရလေသည်။

ဆရာစူးကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားလှသည့် နတ်ဘုရား

တစ်ပါးက သူ့ကို လူမှားပြီး ပညာသင်ပေးလိုက်သည်ဆိုသည်

မှာ မည်သို့ ဖြစ်နိုင်ပါမည်နည်း။

အခန်း (၈၇၆) နွေဦးရာသီလို အတိတ်ကာလ

စူးသခင်မက...

"ဆန်းသခင်လေးလည်း ဒီကိစ္စကို သိချင်နေမယ်ဆိုတာ သိပါ

တယ်၊ တကယ်တော့ ငါ့ခင်ပွန်းဟာ အဆင့်မြင့် နတ်ဘုရား

တစ်ပါးပါ၊ ပြီးတော့ သူက တာအိုဝါဒရော ဗုဒ္ဓဘာသာပါ ကျင့်ကြံခဲ့တဲ့ လမ်းစဉ် (၂)ခုရဲ့ ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်တယ်၊ သူ လူမှားတယ်ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာတဲ့လဲ၊ ဒါပေမဲ့ နောက်ဆုံးတော့ သူ လူမှားပြီး မင်းကို ဓားသိုင်းသင်ပေးမိခဲ့တယ်ဆိုတာ ဝန်ခံခဲ့တယ်၊ အဲဒါတောင်မှ သူ ချက်ချင်းသိခဲ့တာမဟုတ်ဘူး၊ နှစ်ပေါင်းများစွာ ကြာခဲ့ပြီးမှ လူမှားသွားပြီဆိုတာကို သိခဲ့တာ..."

စူးသခင်မပြောသည့်စကားများက ဆန်းလျန်တွေးနေသည့် အတွေးများနှင့်တစ်ထပ်တည်းကျလေသည်။

ထို့ကြောင့် ဆန်းလျန်က ပိုပြီးသိချင်လာမိသည်။

"ဘယ်လိုတွေ ဖြစ်ခဲ့တာလဲဗျာ..."

ဆရာစူး သူ့ကို လူမှားပြီး ဓားသိုင်းပညာသင်ပေးခဲ့သည်ကို သူ ယုံကြည်လေသည်။

သို့သော်... လူမှားခြင်းသည် တိုက်ဆိုင်မှုတစ်ခုတော့ မဟုတ်နိုင်ပေ။ သူ့ဘဝတွင် တိုက်ဆိုင်မှုများသည် အလွန်တရာပင် ထူးဆန်းနက်နဲခဲ့လေသည်။

သူ့ဖခင်ချန်ထားခဲ့သည့် "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" ကျင့်စဉ်စာအုပ် သူ့လက်ထဲရောက်ရှိနေခြင်းကပင် တိုက်ဆိုင်မှုဆိုသော်လည်း ထူးဆန်းသည့် တိုက်ဆိုင်မှု ဖြစ်နေသည် မဟုတ်ပါလား။

စူးသခင်မက...

"ငါ့ရဲ့ခင်ပွန်းက တာအိုဆရာသခင်ယွမ်ချင်းနဲ့ တွေ့ခဲ့ပြီးတဲ့နောက် တာအိုဆရာသခင် ယွမ်ချင်းက သူ့ရဲ့ ဓားသိုင်းကို လူတစ်ယောက်ကို လက်ဆင့်ကမ်းပေးဖို့ တောင်းပန်ခဲ့တယ်၊ မင်းအခုရောက်နေတဲ့ ကျင့်ကြံခြင်းအဆင့်နဲ့ဆိုရင် မင်းလည်းနားလည်မှာပါပဲ၊ လူတစ်ယောက်ကို တွေ့တာနဲ့ ကိုယ်ရှာနေတဲ့ သူ ဟုတ်မဟုတ်ဆိုတာ ရုပ်ရည်သွင်ပြင်ထက် အသက်ရှူသံကို

ပိုပြီး သတိထားကြည့်ကြရတယ်၊ လူတစ်ယောက်က ရုပ်ရည် သွင်ပြင် ပြောင်းလဲသွားတယ်ဆိုရင်တောင်မှ လူသားသန်း ပေါင်းများစွာမှာ အသက်ရှူသံတူညီတယ်ဆိုတာ မရှိနိုင်ဘူး၊ ဒါပေမဲ့ ငါ့ရဲ့ခင်ပွန်း လူမှားခဲ့တယ်ဆိုကတည်းက တာအိုဆရာ သခင်ယွမ်ချင်း ပေးလိုက်တဲ့ အသက်ရှူသံအချက်အလက်က မှားယွင်းနေခဲ့လို့ပဲ ဖြစ်မှာပေါ့၊ ငါ့ရဲ့ခင်ပွန်းကတော့ အဲဒီလိုပဲ ပြောခဲ့တာပါပဲ..."

ဆန်းလျန်က...

"ဆရာစူး ပညာသင်ပေးရမယ့်သူက ကျွန်တော်နဲ့ တော်တော် လေးကို ဆင်တူတာလား..."

ထိုမေးခွန်းကို မေးလိုက်သည့်အချိန်တွင် သူသည် ချင်းဖုန်းနတ် ဘုရားကို သတိရလိုက်မိလေသည်။

ချင်းဖုန်းနတ်ဘုရားနှင့်သူက ရုပ်ရည်သွင်ပြင်သာမက

အသက်ရှူသံချင်းပါ ခပ်ဆင်ဆင်တူသည်ကို အစပိုင်း

ကတည်းက သူ သတိပြုခဲ့မိလေသည်။

သို့သော်... ထိုမျှလောက်ဖြင့်တော့ ဆရာစူးက သူမှားသည်ဟု

ဝန်ခံမည် မဟုတ်ပေ။ အခြားအကြောင်းများ ရှိဦးမည် ဖြစ်လေ

သည်။

စူးသခင်မက...

"ဒီကိစ္စက အဲဒီလောက် မရိုးရှင်းဘူး ၊ တိတိကျကျပြောရရင်

အရမ်းတန်ခိုးစွမ်းအားမြင့်မားတဲ့ နတ်ဘုရားတစ်ပါးပါးက ဒီ

ကိစ္စကို ဝင်ပြီးခြယ်လှယ်ခဲ့တာမျိုး ဖြစ်နိုင်တယ် ၊ တာအိုဆရာ

သခင်ယွမ်ချင်းက ပညာသင်ပေးရမယ့်သူရဲ့ အသက်ရှူသံနမူ

နာကို ငါ့ရဲ့ခင်ပွန်းကို ပေးတဲ့အချိန်မှာ အဲဒီနတ်ဘုရားက

အသက်ရှူသံကို မင်းရဲ့ အသက်ရှူသံနဲ့ တိတ်တိတ်လေး

ပြောင်းလဲပေးလိုက်တာ ဖြစ်နိုင်တယ် ၊ ပြီးတော့ မင်းတို့နှစ်

ယောက်ရဲ့ အသက်ရှူသံချင်းကလည်း ခပ်ဆင်ဆင်တူနေတယ် ၊ အဲဒီနောက်ပိုင်း တာအိုဆရာသခင်ယွမ်ချင်းက တံခါးပိတ်ကျင့်ကြံမှုကို ပြုလုပ်ခဲ့တယ် ၊ သူ တံခါးပိတ်ကျင့်ကြံတာ ပြီးဆုံးသွားလို့ အပြင်လောကကို ပြန်ထွက်လာတော့မှ ငါ့ရဲ့ ခင်ပွန်းက ဆန်းသခင်လေးကို လူမှားပြီး ပညာသင်ပေးလိုက်ပြီးဆိုတာကို သိခဲ့တာ ၊ အဲဒီ အချိန်မှာ ဆန်းသခင်လေးက လည်း နတ်ဘုရားတစ်ပါး ဖြစ်နေခဲ့ပြီ ၊ ဒါပေမဲ့ တာအိုဆရာသခင် ယွမ်ချင်းက ငါ့ရဲ့ ခင်ပွန်းကို လူမှားတဲ့အကြောင်း ပြောမပြခဲ့ဘူး ၊ နောက်ဆုံး သူရောက်လာပြီး ငါ့ရဲ့ ခင်ပွန်းကို ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းနဲ့ ရင်ဆိုင်ဖို့ လာပြောတယ် ၊ အဲဒီအချိန်ကျမှ လူမှားတဲ့အကြောင်းကို ပြောပြခဲ့တာ..."

ဆန်းလျန်က...

"ဒါဖြင့် တကယ်တမ်း ဆရာစူး ပညာသင်ပေးရမယ့်သူက ဘယ်သူလဲဆိုတာ ဆရာကတော် ကျွန်တော့်ကို ပြောပြပေးနိုင်မလား..."

စူးသခင်မ ပြောသည့်စကားထဲတွင် အဆင့်မြင့် နတ်ဘုရားတစ်ပါးက ဆရာဘိုးဘိုးယွမ်ချင်းက ဆရာစူးကို ပေးခဲ့သည့် အသက်ရှူသံကို သူ၏အသက်ရှူသံဖြင့် တိတ်တဆိတ်လဲလှယ်ခဲ့သည်ဆိုသည့်စကား ပါလေသည်။

သို့သော်... ထိုနတ်ဘုရား မည်သူဖြစ်သည်ကို ဆန်းလျန် မမေးမြန်းခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ထိုမျှအထိ တန်ခိုးစွမ်းအားမြင့်မားသူမှာ မည်သူဖြစ်သည်ကို ဆရာဘိုးဘိုးယွမ်ချင်းပင်လျှင် သိရှိခဲ့ဟန် မတူပေ။

ထို့ပြင် ထိုသို့ အသက်ရှူသံခြင်း အလဲအလှယ်ပြုလိုက်သည့် နတ်ဘုရားမှာ ဆန်းလျန်အတွက် "စိတ်အာရုံများကိုထိန်းချုပ်

နိုင်ခြင်း" ကျင့်စဉ်စာအုပ်ကို ထားခဲ့သည့်လူနှင့်

တစ်ယောက်တည်း ဖြစ်နိုင်လေသည်။ တစ်ယောက်တည်း

မဟုတ်ပါကလည်း တစ်စုံတစ်ခု ဆက်စပ်နေရပေမည်။

တိတိကျကျပြောရလျှင် ထိုသူသည် ဆန်းလျန်၏ ဖခင်အရင်း

ဖြစ်နိုင်လေသည်။

ထိုအချိန်က သူရယူထားခဲ့သည့် ဆန်းလျန်ဆိုသည့်လူငယ်

လေး၏ အသွေးအသားခန္ဓာနှင့် သွေးသားတော်စပ်သူ ဖခင်

ဖြစ်ပေလိမ့်မည်။ ဒေါက်တာလီဖုန်းဆိုသည့် ဘဝကူးပြောင်း

လာသည့် သူကိုယ်တိုင်၏ ဖခင်တော့ မဖြစ်နိုင်ပေ။

စူးသခင်မက ပြုံးလိုက်ရင်း...

"ဆန်းသခင်လေးက ဉာဏ်ကောင်းတဲ့သူပဲ ၊ တာအိုဆရာသခင်

ယွမ်ချင်းက ဘယ်သူ့ကိုပညာသင်ပေးခိုင်းတယ်ဆိုတာ ခန့်မှန်း

မိမှာပါ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒါဆို သူပဲပေါ့..."

ဆရာစူး ဓားသိုင်းပညာသင်ပေးရမည့်သူမှာ မည်သူဖြစ်သည်ကို ဆန်းလျှန် အမှန်တကယ်လည်း ခန့်မှန်းနိုင်ခဲ့လေသည်။

စူးသခင်မက...

"သခင်လေးရင်ထဲက သံသယတွေ ရှင်းလင်းသွားပြီဆိုရင်တော့ ငါလည်း နောင်တရစရာ မကျန်တော့ပါဘူး..."

စကားဆုံးသွားသည်နှင့် စူးသခင်မ၏ မျက်ဝန်းများက ကျေနပ်မှုနှင့်အတူ ပြုံးယောင်သမ်းသွားလေသည်။

ထို့နောက်... သူမ၏ မျက်ခုံး (၂)ခုကြားမှ မီးတောက်သင်္ကေတက ကြီးမားသည့်မီးတောက်ကြီးတစ်ခုအဖြစ် ပြောင်းလဲသွားပြီး တဟုန်းဟုန်းတောက်လောင်လာလေသည်။

ထို့နောက်... သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးကို မီးတောက်ကြီးက ဝါးမြိုလောင်ကျွမ်းသွားလေတော့သည်။

ဆန်းလျန်က တန်ခိုးစွမ်းအားကို အသုံးပြုကာ ထိုမီးတောက်များကို ငြိမ်းသတ်ပေးလိုမိသည်။ သို့သော်... နောက်ဆုံးတော့ သူ မငြိမ်းသတ်ခဲ့ပေ။

လူတစ်ယောက်သည် နှလုံးသား သေဆုံးခဲ့ပြီဆိုလျှင် ဆက်လက် အသက်ရှင်သန်နေ၍လည်း အဘယ်မှာ အကျိုးရှိပါမည်နည်း။ သူမ ချစ်ခင်ရသည့် ခင်ပွန်းမရှိတော့သည့်နောက် သူမသည်လည်း အဘယ်မှာ ဆက်လက်အသက်ရှင်သန်လိုတော့ပါမည်နည်း။

အမှန်တော့ ချစ်ခြင်းမေတ္တာဆိုသည်က...

လူတစ်ယောက်၏ သေခြင်းရှင်ခြင်းကို ဆုံးဖြတ်ပေးနိုင်လောက်သည်အထိ စွမ်းအားကြီးမားလွန်းလှပေ၏။

ဇာမဏီမီးတောက်များကြားတွင် စူးသခင်မ လောင်ကျွမ်းပျောက်ကွယ်သွားသည်ကို ဆန်းလျန် ကြည့်နေမိလေသည်။ စူးသခင်မ ပျောက်ကွယ်သွားသည်နှင့် လမ်းမထက်တွင် သေး

ငယ်သည့် မီးတောက်လေးတစ်ခု တောက်လောင် ကျန်ရစ်ခဲ့လေသည်။

နောက်နှစ်အနည်းငယ်ကြာသည့်အချိန်တွင် ဤမီးတောက်ငယ်အတွင်းမှ နောက်ထပ် ဇာမဏီငှက်တစ်ပါး ပြန်လည်မွေးဖွားလာမည် ဖြစ်လေသည်။ သို့သော်… ထိုဇာမဏီငှက်သည် စူးသခင်မတော့ မဖြစ်နိုင်တော့ပေ။

ဆန်းလျန်က အင်္ကျီလက်တစ်ဖက်ကို အသာဝှေ့ယမ်းလိုက်ပြီး ဇာမဏီမီးတောက်လေးကို သိမ်းဆည်းထားလိုက်လေသည်။

စောစောက သူ အထီးကျန်မှုများကို ခံစားနေခဲ့ရလေသည်။

ယခုတော့ သူ့နှလုံးသားထဲတွင် အားအင်များ ပြန်လည် ပြည့်ဝလာခဲ့ပြီ ဖြစ်လေသည်။

သူ ဆရာစူး အကြောင်း စဉ်းစားနေမိသည်။

အစမှ အဆုံးတိုင်အောင်…

သူ ဆရာစူးကို တစ်ကြိမ်သာလျှင် တွေ့ဆုံခဲ့ဖူးလေသည်။

မိန်းမကြောက်ရသည့် ဆရာစူး၏ပုံစံကို သူ့မျက်ဝန်းထဲတွင်

အခုပင် မြင်ယောင်နေမိေသေးသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်မှာ အချိန်များစွာ

ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးနှင့် ဟော့အန်းခရီးသည်တို့ သူ့အနားသို့

တိတ်ဆိတ်စွာဖြင့် ရောက်လာကြသည်။

ဆန်းလျန်၏ မျက်ဝန်းများတွင် မျက်ရည်များ ရစ်ဝဲနေသည်ကို

သူတို့ တွေ့မြင်လိုက်ကြရလေသည်။

ဆန်းလျန် မျက်ရည်ကျတော့မည်လားဟု ထိုက်ယင်းနတ်သမီး

တွေးလိုက်သည့်အချိန်မှာပင် ဆန်းလျန်၏ မျက်ဝန်းထက်မှ

မျက်ရည်တစ်စ စီးကျသွားလေသည်။

ထိုက်ယင်းနတ်သမီးက ...

"ရှင်ဘာဖြစ်လို့ ငိုရတာလဲ..."

ဆန်းလျန်က သူမ၏ အမေးကို မဖြေဘဲ ပိုင်ယွိကျင်းမြို့တော်

အတွင်းမှ လမ်းလျှောက် ထွက်ခွာသွားလေတော့သည်။

ထိုက်ယင်းနတ်သမီးသည် ဆန်းလျန်ကို ငေးကြည့်ရင်း ကဗျာ

တစ်ပုဒ်ကို သတိရလိုက်မိလေသည်။

"ဘဝက ဘာမှမဟုတ်သလို လွင့်မျော...

နွေဦးရာသီလို အတိတ်ကာလ ငယ်ရွယ်စဉ်အချိန်များက...

တံတားငယ်ထက်မှာ ကျန်ရစ်ခဲ့ကြပြီ..."

....

ထိုအချိန်...

ဖန်သားကောင်းကင်ဘုံတွင် ဆရာတော်တစ်ပါး ထိုင်နေလေ

သည်။

ထိုကိုယ်တော်ကိုသာ ဆန်းလျန်တွေ့မြင်ရမည်ဆိုလျှင် ဖားဟိုင်

ဆရာတော်နှင့် အလွန်ဆင်တူသည်ကို သိရှိသွားမည်

ဖြစ်သည်။

ထို ဆရာတော်မှာ နတ်ဆေးကိုယ်တော်လျိုလီပင် ဖြစ်လေ၏။

နတ်ဆေးကိုယ်တော်လျိုလီတွင် ကိုယ်ခွဲ (၆)ခု ရှိလေသည်။ ထို

ကိုယ်ခွဲများထဲမှ (၁)ခုမှာ ဖားဟိုင်ဆရာတော် ဖြစ်လေ၏။

ဖားဟိုင်ဆရာတော်သည် လူ့လောကတွင် လူပြန်ဝင်စားခဲ့သည့်

နတ်ဆေးကိုယ်တော်၏ ကိုယ်ခွဲဖြစ်လေသည်။ ယခုတော့ ဖား

ဟိုင်ဆရာတော် လောကကို ကျော်လွန်သွားပြီးသည့်နောက်ပိုင်း

လူ့လောကတွင် ဖားဟိုင်ဆရာတော်ဟူ၍ မရှိတော့ပေ။

ဖားဟိုင်ဆရာတော်၏ တန်ခိုးစွမ်းအားများကတော့ မူလခန္ဓာ

ဖြစ်သည့် နတ်ဆေးကိုယ်တော်လျိုလီနှင့် ပေါင်းစပ်သွားခဲ့ပြီ

ဖြစ်လေသည်။ ထို့ကြောင့် ဖားဟိုင်ဆရာတော်နှင့် နတ်ဆေး

ကိုယ်တော်မှာ တစ်ပါးတည်းဖြစ်သွားခဲ့ပြီ ဖြစ်သည်။

သို့သော်... နတ်ဆေးကိုယ်တော်က သူ၏ ကိုယ်ခွဲများကို

ပြန်လည်ခွဲထုတ်မည်ဆိုလျှင်တော့ ဖားဟိုင်ဆရာတော်သည်

လည်း ကိုယ်ခွဲတစ်ခုအဖြစ် ပြန်လည်ထွက်ပေါ်လာမည် ဖြစ်

လေသည်။

ဖန်သားကောင်းကင်ဘုံသို့ စာတစ်စောင်နှင့်အတူ ဟွေ့အန်း

ခရီးသည် ရောက်ရှိလာလေသည်။

ဟွေ့အန်းခရီးသည်မှာ ဗုဒ္ဓဘာသာ ကျင့်ကြံသူတစ်ယောက်ဖြစ်

သော်လည်း နတ်ဆေးကိုယ်တော်ကို ပထမဆုံးအကြိမ် တွေ့

မြင်ဖူးခြင်း ဖြစ်လေသည်။

နတ်ဆေးကိုယ်တော်သည် အလွန်တရာ တန်ခိုးစွမ်းအားမြင့်

မားသူတစ်ယောက် ဖြစ်သည့်အတွက် သူ့အနေဖြင့်

သွားရောက်လည်ပတ်ရဲခြင်း မရှိခဲ့ပေ။

ထို့ပြင်...နတ်ဆေးကိုယ်တော်သည် သူ့ကိုယ်ပိုင် ဖန်သား

ကောင်းကင်ဘုံတွင် နေထိုင်သူဖြစ်သည့်အတွက် အော်မီတော်ဖူ

ဘုရား၏ သုခဘုံသို့ တစ်ခေါက်မှ လာရောက်ဖူးခြင်း မရှိပေ။

တစ်ခါတစ်ရံသာ ဗုဒ္ဓတရားဟောပြောသည်ကို နားထောင်ရန်

လင်စန်းတောင်သို့ ရောက်ရှိလာတတ်လေသည်။ ဤသည်မှာ

သူ၏ ထူးဆန်းသည့် နေပုံထိုင်ပုံ စရိုက်လက္ခဏာပင် ဖြစ်လေ၏။

ထိုသို့သော ထူးခြားသည့် စရိုက်လက္ခဏာရှိသော ကိုယ်တော်များနှင့် ဗောဓိသကျများမှာ အနည်းငယ်သာ ရှိလေသည်။

လက်ရှိအချိန်တွင်...

မီးအိမ်ကိုယ်တော် ၊ မီလှဲကိုယ်တော်နှင့် နေစကြာတထာဂတသာတို့သာ ထိုသို့ သီးခြားနေထိုင်ကြလေသည်။

အော်မီတော်ဖူဘုရားသည်လည်း သံသရာကို ကျော်လွန်မသွားခင်က ထိုသို့ပင် သီးခြား နေထိုင်သူ ဖြစ်လေသည်။

ဟော့အန်းခရီးသည်က နတ်ဆေးကိုယ်တော်ကို အရင်ဦးဆုံး လက်အုပ်ချီအရိုအသေပေးလိုက်ပြီး စာတစ်စောင် ထုတ်ပေးလိုက်လေသည်။

နတ်ဆေးကိုယ်တော်က စာကို ဖွင့်ကြည့်လိုက်သည့်အခါ အဖြူရောင်စာရွက်ပေါ်တွင် အနက်ရောင်မင်ရည်ဖြင့် ရေးဆွဲထားသည့် ပန်းချီကားတစ်ချပ် တွေ့ရလေသည်။

ရေးဆွဲထားသည့်ပန်းချီကားမှာ အရွက်နှင့်အပွင့်များရှိသော်လည်း အမြစ်မရှိသည့် ပန်းပင်တစ်ပင်၏ ပုံဖြစ်လေ၏။

အခြားသူများအမြင်တွင်တော့ ထိုပန်းချီကားမှာ သိပ်ပြီးလက်ရာမကောင်းသည့် ပန်းချီကားတစ်ချပ်ဟု ထင်မှတ်ပေမည်။

သို့သော်... နတ်ဆေးကိုယ်တော်ကတော့ ပန်းချီကားဟုလည်းမမြင်၊ ပန်းပင်ဟုလည်းမမြင်၊ သက်ရှိလောကတစ်ခုဟု သိမြင်လိုက်သည်။

ထိုသက်ရှိလောကတွင်... ယင်နှင့်ယန်၊ ဒြပ်စင်စွမ်းအား (၅)မျိုး၊ မိုးနှင့်မြေ၊ သက်ရှိသတ္တဝါများ ပါဝင်လေသည်။

တကယ့်လက်ရှိလောကနှင့်ယှဉ်လျှင် ပန်းချီကားထဲမှလောက

တွင် လိုအပ်ချက်တစ်ခုသာ ရှိလေသည်။ ထိုလိုအပ်ချက်မှာ လူ

ပြန်ဝင်စားခြင်းလမ်းစဉ် ပျောက်ကွယ်နေခြင်း ဖြစ်လေ၏။

သို့တိုင်အောင်... စိတ်ကူးနိုင်သည်ထက်ပင် ကျော်လွန်သည့်

လောကတစ်ခု ဖြစ်လေသည်။

နတ်ဆေးကိုယ်တော်၏ ဖန်သားကောင်းကင်ဘုံသည် သက်ရှိ

သတ္တဝါများနေထိုင်နိုင်သည့် မြင့်မြတ်သည့်နယ်မြေတစ်ခု ဖြစ်

လေသည်။ နတ်ဆေးကိုယ်တော်သည်လည်း အရာဝတ္ထုများကို

ဖန်တီးနိုင်စွမ်းရှိလေသည်။ သို့သော် ဆန်းလျန်ကဲ့သို့ လောက

တစ်ခုကို ဖန်ဆင်းရန်မှာတော့ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်

ပေ။

ပန်းချီကားထဲမှလောကသည် စွဲဆောင်မှုအလွန်ရှိပြီး နှင်းစက်

တစ်မှုံခြင်းကအစ အသက်ဓာတ်စွမ်းအားများနှင့် ပြည့်ဝလျှက်

ရှိလေသည်။

သူနေထိုင်ရာ ဖန်သားကောင်းကင်ဘုံသည် အိပ်မက်ဆန်လွန်း

စွာ လှပကောင်းလှပပေလိမ့်မည်။ သို့သော်... ဆန်းလျန်

ဖန်ဆင်းသည့် ပန်းချီကားထဲမှ လောကကဲ့သို့ အသက်ဓာတ်

စွမ်းအားများနှင့် ပြည့်ဝနေခြင်း မရှိပေ။

နတ်ဆေးကိုယ်တော်က နူးညံ့သည့် အကြည့်ဖြင့် ဟွေ့အန်း

ခရီးသည်ကိုကြည့်လိုက်ပြီး...

"ဆန်းလျန်က ဘာကိုဆိုလိုလဲဆိုတာ ကျုပ်နားလည်ပါတယ်၊

သူ့ကို ပြန်ပြောလိုက်ပါ၊ ကျုပ် သူ့ကို စောင့်နေပါတယ်လို့..."

ဟွေ့အန်းခရီးသည်က...

"တကယ်တော့ ထျန်းကျွင်း ရောက်လာဖို့အတွက် စောင့်နေစရာ

မလိုတော့ပါဘူး..."

နတ်ဆေးကိုယ်တော်က ပေါ့ပါးသည့်လေသံဖြင့်...

"ကျုပ်က အော်မီတော်ဖူဘုရားရဲ့ သုခဘုံရော၊ လန်စန်းတောင်

ကိုရော တစ်ခါတည်းနဲ့ သွားနိုင်စွမ်းရှိပါတယ်၊ ကျုပ်က နတ်

ဆေးကိုယ်တော်ပဲ မဟုတ်လား... ကောင်လေး... ၊ ဒါပေမဲ့ တစ်ခါတစ်လေမှာတော့ ရွေးခြယ်စရာ မရှိဘူးပေါ့..."

ဟွေ့အန်းခရီးသည်၏မျက်နှာထက်တွင် ဝမ်းနည်းရိပ်တစ်ချက် ဖြတ်သန်းသွားလေသည်။

အဘယ်ကြောင့်ဆိုသော်... နတ်ဆေးကိုယ်တော်သည်လည်း ဆန်းလျန်ကို တားဆီးနိုင်မည် မဟုတ်သောကြောင့် ဖြစ်လေသည်။

လောကတွင် ဆန်းလျန်ကို တားဆီးနိုင်သူ တစ်ဦးတစ်ယောက်မှ ရှိမည် မဟုတ်ပေ။

ဗုဒ္ဓကိုယ်တော်တိုင်ဖြစ်လျှင်တော့ ဆန်းလျန်ကို တားဆီးကောင်း တားဆီးနိုင်ပေလိမ့်မည်။ သို့သော်... နတ်ဆေးကိုယ်တော်နှင့် သူ၏ ကိုယ်ခွဲများကတော့ ဆန်းလျန်ကိုမည်သည့်နည်းနှင့်မှ ရပ်တန့်စေနိုင်မည် မဟုတ်ပေ။

တစ်ယောက်ချင်းတိုက်ခိုက်မည်ဆိုလျှင် ဆန်းလျန်ကို မည်သူမှ အနိုင်ယူနိုင်မည် မဟုတ်ပေ။

တာအိုဆရာသခင်ကြီးများကို ထည့်မတွက်ဘူးဆိုလျှင် "တစ်ခေတ်မှာတစ်ခါ တစ်ယောက်တည်းပေါ်ထွက်လာသူ" ဆိုသည့် စကားသည် ဆန်းလျန်အတွက် ဖြစ်လေသည်။

အခန်း (၈၇၇) ထိုက်ယိ

နတ်ဆေးကိုယ်တော်က ဝမ်းနည်းရိပ်သန်းနေသည့် ဟွေ့အန်းခရီးသည်၏ မျက်နှာကို တွေ့လိုက်သည့်အခါ မပီမပြင် တစ်ချက်ပြုံးလိုက်ရင်း...

"အရှုးလေး..."

ဟု ရေရွတ်လိုက်လေသည်။

ထို့နောက်... ဖန်သားကောင်းကင်ဘုံတစ်ခုလုံး အလင်းရောင်များ လင်းလက်တောက်ပလာပြီး နတ်ဆေးကိုယ်တော်၏နောက်တွင် ဘုန်းတော်ကြီး (၆)ပါး ပေါ်လာလေသည်။

ထိုရှေးဟောင်း ဘုန်းတော်ကြီးများသည် မီးအိမ်ကိုယ်တော်၏တပည့် (၂၄)ယောက်လောက် အဆင့်မြင့်မားခြင်း မရှိကြသော်လည်း နတ်ဆေးကိုယ်တော်၏ ကိုယ်ခွဲများဖြစ်လေသည်။

ထိုကိုယ်ခွဲများသည် တာ့လော်အဆင့်နီးပါး တန်ခိုးစွမ်းအားမြင့်မားကြပြီး ဗုဒ္ဓဘာသာ၏ တတိယမျိုးဆက်ဟုပင် ခေါ်ဆိုနိုင်လေသည်။

သိပ်မကြာမီအချိန်တွင် သူ၏ နေ့ရက်များ ကုန်ဆုံးသွားတော့မည်ကို နတ်ဆေးကိုယ်တော် သိရှိနေခဲ့လေသည်။ ထိုအချိန်သို့ ရောက်ရှိလာခဲ့လျှင်တော့ ဖန်သားကောင်းကင်ဘုံတွင် တောက်ပနေသည့် အလင်းတန်းများ မှေးမှိန်သွားမည် ဖြစ်လေသည်။

....

ထိုအချိန်မှာပင်...

ဆန်းလျန်သည် နတ်ဘုရားများ၏ မြင်ကွင်းဖြစ်သည့် မိုးနှင့် မြေတစ်ခွင်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေသည်။ ရုတ်တရက်... ဆန်းလျန်ပျောက်ကွယ်သွားသည့်အတွက် နတ်ဘုရားများ အံ့သြထိတ်လန့်ကြရပြန်လေသည်။ ဆန်းလျန်မည်သည့်နေရာသို့ ရောက်ရှိသွားသည်လဲ မည်သည့်နတ်ဘုရားမှ သိရှိခြင်း မရှိကြပေ။

တစ်ညအတွင်းမှာပင် ကျီဝေးတိကျွင်း ၊ ချင်းဖုန်းနတ်ဘုရားနှင့် ချန်ပေသိုတို့ကို တိုက်ခိုက်သတ်ဖြတ် အနိုင်ယူခဲ့သည့်အတွက်

လောလောဆယ်အချိန်တွင် ဆန်းလျန်သည် နာမည်ကြီးလျှက် ရှိလေသည်။

အားလုံးက ဆန်းလျန်ကို "ဆန်းလျန်ထျန်းကျွင်း" ဟု အသိအမှတ်ပြု ခေါ်ဆိုလာကြလေသည်။

ကျင့်ကြံသူလောကတွင် တာ့လော်အဆင့် ကျင့်ကြံသူကို တောက်ကျွင်း (တာအိုသခင်) ဟု ခေါ်ဆိုကြလေသည်။

သို့သော် ဆန်းလျန်ကတော့ တာ့လော်အဆင့်ကို ကျော်လွန်ခဲ့ပြီ ဖြစ်သည့်အတွက် သူ့ကို ဂုဏ်ပြုသည့်အနေဖြင့် ထျန်းကျွင်း (ကောင်းကင်ဘုံသခင်) ဟု ခေါ်ဆိုကြခြင်း ဖြစ်လေသည်။

ဤအမည်နာမကို ကြည့်ခြင်းအားဖြင့် ဆန်းလျန်သည် တောက်ကျွင်းဟု ခေါ်ဆိုသတ်မှတ်ကြသည့် တာ့လော်အဆင့် ကျင့်ကြံသူများထက် အဆင့်မြင့်သည်ကို ပြသနေလေသည်။

ဒုတိယမိုးနတ်မင်း၏ မိုးကောင်းကင်ခုံရုံးပျက်စီးသွားပြီး

သည့်နောက်ပိုင်း "ထျန်းကျွင်း" ဆိုသည့် ဂုဏ်ပုဒ်ကို မည်သူမှ

ရရှိခြင်း မရှိကြတော့ပေ။

ယခု ဆန်းလျန်က ပထမဆုံးအကြိမ် ထျန်းကျွင်းဆိုသည့်

ဂုဏ်ပုဒ်ကို ပြန်လည်ရရှိခြင်း ဖြစ်လေသည်။

တောက်ကျွင်း (တာအိုသခင်)များပင် တဖြုတ်ဖြုတ်ကြွေနေကြ

သည့် သက်ဆိုးမရှည်လှသည့် နတ်ဘုရားများ၏ခေတ်တွင်

"ထျန်းကျွင်း" (ကောင်းကင်ဘုံသခင်)ဆိုသည့် ဘွဲ့အမည်ကို

မည်သူမှ ရရှိအောင် ကျင့်ကြံနိုင်ခဲ့ခြင်း မရှိကြပေ။

သို့သော်... ဆန်းလျန်ထျန်းကျွင်း ပေါ်ထွက်လာသည့်အတွက်

ယခင် ဘေးအန္တရယ်ကပ်ဆိုးကြီးများအတွင်းတွင် အသက်ရှင်

ကျန်ရစ်ခဲ့ကြသည့် ရှေးဟောင်း နတ်ဘုရားများကတော့ ဘေး

အန္တရယ်အငွေ့အသက်အချို့ကို ခံစားလိုက်မိကြလေ

တော့သည်။

ယေဘူယျအားဖြင့်ဆိုရမည်ဆိုလျှင် ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားလွန်းသူတစ်ယောက်သည် သာမန်ကျင့်ကြံသူတစ်ယောက်မှ ထွက်ပေါ်လာခြင်း လုံး၀ မဖြစ်နိုင်ပေ။ ရှေးဟောင်းနတ်ဘုရားတစ်ပါးပါး လူပြန်ဝင်စားမှသာ ဖြစ်နိုင်မည် ဖြစ်လေသည်။

ဘာမှ မဟုတ်သည့်လူတစ်ယောက်က ထိုမျှ တန်ခိုးစွမ်းအားမြင့်မားသည်ဆိုသည်မှာ အဓိပ္ပါယ်မရှိလှဘဲ အစောပိုင်းအချိန်များကတည်းက ဒဏ္ဍာရီဆန်သည့် နတ်ဘုရားတစ်ပါးပါး လူပြန်ဝင်စားမှသာ ထိုမျှ အစွမ်းထက်မြက်နိုင်မည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် အရင်ဘ၀က မည်သည့်နတ်ဘုရားဝင်စားသည်ကို မည်သူမှ သိရှိကြခြင်း မရှိပေ။

အချို့သူများက ဆန်းလျန်သည် ချင်းတိဧကရာဇ် လူပြန်ဝင်စားသူဖြစ်သည်ဟု ဆိုကြသည်။ အချို့သူများက ပထမမိုး

နတ်မင်း လူပြန်ဝင်စားသည်ဟု ဆိုကြပြန်သည်။ အချို့သူများ က ဒုတိယမိုးနတ်မင်းလူပြန်ဝင်စားသည်ဟု ပြောကြပြန်သည်။ အချို့သူများက ဆန်းလျှန်၏ ဘေးနားတွင် ကွမ်ဟန်နန်းတော် မှ တပည့်တစ်ယောက်ဖြစ်သည့် ထိုက်ယင်းနတ်သမီး ရှိနေ သည့်အတွက် လေးသည်တော်တာ့ယိ လူပြန်ဝင်စားသည်ဟု ဆိုကြပြန်လေသည်။

သို့သော်... ထိုသတင်းများသည် ကောလဟာလများသာ ဖြစ်ပြီး တကယ်တမ်းတွင် ဆန်းလျှန်မှာ မည်သည့်နတ်ဘုရား လူပြန် ဝင်စားသည်ကို မည်သူမှ သက်သေအထောက်အထား ခိုင် ခိုင်လုံလုံဖြင့် မပြောဆိုနိုင်ခဲ့ကြပေ။

ထို့ပြင် ဆန်းလျှန်သည် ကျင့်စဉ်လမ်းတွင် အရာအားလုံးကို သိမြင်နိုင်စွမ်းရှိသူတစ်ယောက် ဖြစ်လေသည်။တာအိုဝါဒ ၊ ဗုဒ္ဓဘာသာ ၊ နတ်မိစ္ဆာလမ်းစဉ်များအားလုံးကို ဆန်းလျှန်က သိရှိအကျွမ်းဝင်လေ၏။

ထိုအချက်က မယုံကြည်နိုင်စရာ ကောင်းလွန်းလှပြီး ဆန်းလျ န်၏ လမ်းစဉ်သည် တာအိုဝါဒ၏ သမိုင်းကြောင်းတစ်လျှောက် လုံးတွင် အကောင်းဆုံးလမ်းစဉ်ဟု ဆိုနိုင်လေသည်။

ယခင်က ဆန်းလျန်ကဲ့သို့ အကြောင်းအရာအားလုံးကို သိရှိခဲ့ ကြသူများဆို၍ ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယီသာလျှင် ရှိ လေသည်။

ထို့ကြောင့် အားလုံးက ဆန်းလျန်သည် လောကတွင်ပေါ်ထွက် လာမည့် နဝမမြောက် တာအိုဆရာသခင်ကြီး ဖြစ်လာလေမည် လားဟု သိချင်နေမိကြလေသည်။

နောက်ပိုင်းခေတ်တွင် ထွက်ပေါ်လာသည့် သာမန်နတ်ဘုရား များကတော့ ဆန်းလျန်က နဝမမြောက်တာအိုဆရာသခင်ကြီး ဖြစ်သွားလျှင်လည်း သိပ်ပြီး ခံစားချက်မရှိကြပေ။

သို့သော်... ဘေးအန္တရယ်ကပ်ဆိုးကြီးများကို ရင်ဆိုင်ကြုံတွေ့ ခဲ့ကြရပြီး အသက်ရှင်သန်ကျန်ရစ်ခဲ့ကြသည့် ရှေးဟောင်းနတ်

ဘုရားများနှင့် ဗောဓိသတ္တများကတော့ မိုးနှင့်မြေသည်
(၉)ဂဏန်းနှင့် ပြည့်စုံရန်အတွက် အလွန်နီးကပ်နေပြီဖြစ်သည်
ကို ခန့်မှန်းမိကြလေသည်။
စကြာဝဠာကိုကျော်လွန်သွားသူ ၊ သံသရာကိုကျော်လွန်သွားသူ
တာအိုဆရာသခင်ကြီး (၉)ပါး ရှိရမည်ဟု အဆိုရှိလေသည်။
ထို့ကြောင့် စကြာဝဠာတစ်ခုတွင် တာအိုဆရာသခင်ကြီး
(၁၀)ပါး မပွင့်နိုင်သည်ကတော့ သေချာလှသည်။
ထို့ကြောင့် ဆန်းလျန်သာ တာအိုဆရာသခင်ကြီးအဖြစ် အဆင့်
တက်ရောက်နိုင်သွားမည်ဆိုလျှင် အခြားသူများအတွက် တာ
အိုဆရာသခင်ကြီးဖြစ်လာရန် မျှော်လင့်ချက် လုံးဝ ရှိတော့
မည် မဟုတ်ပေ။
တာအိုဆရာသခင်ကြီး ဖြစ်မလာနိုင်တော့လျှင် သံသရာကို
ကျော်လွန်နိုင်မည် မဟုတ်တော့ပေ။ သံသရာကို မကျော်လွန်
နိုင်ပါက မည်မျှပင် အသက်ရှည်သည့် နတ်ဘုရားဖြစ်ပါစေ လူ

ပြန်ဝင်စားရမည် ဖြစ်ပြီး ဘဝသံသရာတွင်
အကြိမ်ကြိမ်အထပ်ထပ်လည်ပတ်ကာ ဒုက္ခကို ခံစားရမည် ဖြစ်
လေသည်။

မိုးနတ်မင်းကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားလွန်းသူများပင်လျှင်
အဆုံးသတ်တွင် သေခြင်းတရားကို ရင်ဆိုင်ကြရသည်ပဲ ဖြစ်
လေသည်။ ယခုဆိုလျှင် မည်သည့်ဘဝသို့ ရောက်ရှိနေကြ
သည်လဲ မသိရှိနိုင်တော့ပေ။

သူတို့အနေဖြင့် သံသရာတွင်ကြဉ်လည်ရင်း အတိတ်ဘဝကို
မှတ်မိချင်မှ မှတ်မိကြပေတော့မည်။ အတိတ်ဘဝကို
မှတ်မိသည်ဆိုဦးတော့ လက်ရှိဘဝမှလူတစ်ယောက်သည်
အတိတ်ဘဝမှ လူတစ်ယောက်နှင့် မည်သည့်နည်းနှင့်မှ မတူညီ
နိုင်တော့ပေ။

ထိုတရားသဘောကို နက်ရှိုင်းစွာ သိမြင်ပါက လျှောက်ရမည့်
လမ်းသည် အဓိပ္ပါယ်ကင်းမဲ့လျှက် ရှိလေသည်။ ထို့ကြောင့်

ရှေးဟောင်းနတ်ဘုရားများ တစ်ပြိုင်တည်း ဆုတောင်းလိုက်မိကြသည်မှာ ဆန်းလျှန်သည် မည်သည့်နတ်ဘုရား လူပြန်ဝင်စားသည်ပဲ ဖြစ်ပါစေ တာအိုဆရာသခင်ကြီး ဖြစ်မလာပါစေနှင့်ဆိုသည့် အတွေးပင် ဖြစ်လေတော့သည်။

ရှေးဟောင်းနတ်ဘုရားများ၏ ဆုတောင်းဆန္ဒများသည် ကိုင်တွယ်ထိတွေ့၍ မရသည့် ဆုတောင်းဆန္ဒများ ဖြစ်ကြလေသည်။ သို့သော်... နတ်ဘုရားများအားလုံး၏ ဆုတောင်းဆန္ဒများပေါင်းစပ်သွားသည့်အခါ ဖော်ပြရန်ခက်ခဲသည့် တန်ခိုးစွမ်းအားတစ်ခု ဖြစ်တည်လာလေသည်။

လူသားများ ဝိုင်းဝန်းဆုတောင်းကြလျှင် ဆုတောင်းပြည့်သည်ဆိုသည့် စိတ်စွမ်းအား ပေါင်းစည်းမှုကဲ့သို့ပင် ဖြစ်လေသည်။

ထိုရှေးဟောင်းနတ်ဘုရားများသာမက ကျူဖူကိုယ်တော်များ ၊ တာ့လော်အဆင့် ကျင့်ကြံသူများ ၊ ဗောဓိသကျများမှာလည်း နဝမမြောက်တာအိုဆရာသခင်ကြီးသာ ထွက်ပေါ်လာလျှင်

မည်သို့သော ဘေးအန္တရယ်ကပ်ဆိုးကြီး ကြုံတွေ့ရမည်လဲဟု တွေးတောကာ ကြောက်ရွံ့တုန်လှုပ်လျှက် ရှိကြလေသည်။

....

"စကြာဝဠာကြီးက အဆုံးမရှိဘူး ၊ ကျွန်မတို့ ဘယ်ကိုသွားကြမှာလဲ..."

ထိုက်ယင်းနတ်သမီးက ဆန်းလျန်ကို မေးလိုက်သည်။

ဆန်းလျန်နှင့် ထိုက်ယင်းနတ်သမီးတို့သည် မှောင်မိုက်သည့် စကြာဝဠာတစ်နေရာတွင် ရောက်ရှိနေခြင်း ဖြစ်လေသည်။

သူတို့ပတ်ဝန်းကျင်မှ အနီးဆုံးကြယ်စင်ရှိရာသို့ အလင်းအလျှင်ဖြင့် ပျံသန်းသွားလာမည်ဆိုလျှင်တောင်မှ နှစ်ပေါင်းများစွာ ကြာမြင့်မည် ဖြစ်လေသည်။

သို့သော်... ကံကောင်းသည်မှာ ဆန်းလျန်က စကြာဝဠာတစ်ခုလုံး၏ လျှို့ဝှက်ချက်ကို သိရှိထားသူ ဖြစ်လေသည်။

ဆန်းလျန်သည် ထိုက်ယင်းနတ်သမီးနှင့်အတူ မှောင်မိုက်သည့် စကြာဝဠာတစ်နေရာတွင် လမ်းလျှောက်နေလေသည်။

ခြေလှမ်းတိုင်းသည် အချိန်နှင့်အာကာသ၏ အဆစ်အပိုင်းများ ကို ဖွင့်လှစ်နေသည့်အလား ဖြစ်လေ၏။

မယုံကြည်နိုင်လောက်အောင် ဝေးကွာသည့် အကွာအဝေးတစ် ခုအထိ လမ်းလျှောက်ပြီးသည့်နောက် ထိုက်ယင်းနတ်သမီး သည်ပင် ထင်ယောင်ထင်မှားဖြစ်လာလေသည်။

ဆန်းလျန်သည် ခြေလှမ်းတစ်လှမ်းတည်းဖြင့် ဒုက္ခပင်လယ်ကို ဖြတ်ကျော်ကာ သံသရာတစ်ဖက်ကမ်းကို ကူးခတ်တော့မည့် အလား ထင်မှတ်လာမိလေသည်။

ဆန်းလျန်ကဲ့သို့ ကြီးမြတ်သည့်နတ်ဘုရားတစ်ပါးအနားတွင် နေခွင့်ရသည်မှာ ကံကောင်းသည်ဟု ထိုက်ယင်းနတ်သမီး တွေးနေမိလေသည်။

သူမ ဆန်းလျန်နှင့်အတူရှိနေသည့်အချိန်များတွင် ပညာရပ် အတော်များများကို လေ့လာသင်ယူခွင့်ရခဲ့လေသည်။ သူမ လေ့လာသင်ယူခဲ့သမျှကို သူမက စိတ်ထဲတွင် မှတ်သားထား

လေ၏။ ထိုပညာများအားလုံးကို နားလည်သဘောပေါက်ရန် အတွက်တော့ ဖြည်းဖြည်းချင်း ကြိုးစားသွားရမည် ဖြစ်လေ သည်။

ထိုပညာများအားလုံးကိုသာ နားလည်သဘောပေါက်သွားပါက သူမ၏ ကျင့်ကြံခြင်းအဆင့်သည် အံ့သြစရာကောင်းလောက် အောင် မြင့်တက်သွားမည်ဖြစ်ပြီး မြင့်မြတ်သည့် ဗောဓိသကျ (၄)ပါးထက်ပင် သာလွန်သွားမည် ဖြစ်လေသည်။

ဆန်းလျန်က...

"စကြာဝဠာကြီးက အဆုံးမရှိဘူးဆိုတာ တခြားသူတွေအတွက် တော့ မှန်လိမ့်မယ် ၊ ကျုပ်ကတော့ အချိန်ကိုတောင် ကန့်သတ် ပစ်နိုင်တဲ့ စွမ်းအားရှိတယ် ၊ စကြာဝဠာဆိုတာ ဘာများ ထူးဆန်းမှာလဲ..."

အခြားသူသာ ထိုသို့ပြောမည်ဆိုလျှင် ထိုက်ယင်းနတ်သမီး အတော်လေး အမြင်ကပ်သွားမည် ဖြစ်လေသည်။

သို့သော်... ယခု ပြောနေသူမှာ ဆန်းလျန်ဖြစ်နေသည့်အတွက် သူမ တစ်စက်ကလေးပင် အထွန့်မတက်ရဲခဲ့ပေ။

ထို့ပြင် အခြားသူများက ဆန်းလျန်ကို မာနကြီးသည်ဟု ထင်ကြသည့်တိုင် တကယ်တမ်းတွင် ဆန်းလျန်က မာနကြီးသူတစ်ယောက် မဟုတ်သည်ကို သူမ ကောင်းကောင်းသိလေသည်။

ဆန်းလျန်သည် နားလည်သိမြင်နိုင်စွမ်း မြင့်မားသူတစ်ယောက်ဖြစ်ပြီး သူ၏ သိမြင်နိုင်စွမ်းက အခြားသူများနှင့်မတူဘဲ ကွဲပြားခြားနားလေသည်။

သူမတွင် ဆန်းလျန်ကို အမီလိုက်နိုင်ရန် အရည်အချင်းမရှိသည့်အတွက်သာ ဝမ်းနည်းမိလေသည်။

ဆန်းလျန်က...

"စောစောက မင်းမေးတယ်မလား ၊ ကျုပ်တို့ ဘယ်ကိုသွားနေကြတာလဲဆိုတာ..."

စကားကို ခဏရပ်လိုက်ပြီးမှ ဆန်းလျန်က ပြုံးလိုက်ရင်း...

"ခဏနေရင် ရောက်တော့မယ်..."

ဆန်းလျန်ပြောပြီး သိပ်မကြာမီအချိန်မှာပင် ထိုက်ယင်းနတ်သမီး မျှော်မှန်းထားသည်ထက် ကျော်လွန်သည့် အကွာအဝေးတစ်ခုသို့ ရောက်ရှိသွားပြီး မျက်စိတစ်မှိတ်အတွင်းမှာပင် ဆန်းလျန်သွားချင်သည့်နေရာသို့ ရောက်ရှိလာလေတော့သည်။

သူတို့ရှေ့တွင် မီးများတောက်လောင်နေခြင်း မရှိတော့သည့် ကြယ်သေကြီးတစ်လုံးကို တွေ့လိုက်ရလေသည်။ ထိုက်ယင်းနတ်သမီး တွေ့မြင်ဖူးသမျှထဲတွင် အကြီးမားဆုံး ကြယ်သေကြီးတစ်လုံး ဖြစ်လေသည်။ ထို့ပြင် ထိုကြယ်သေကြီးသည် ခြောက်ခြားစရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေ၏။

ဆန်းလျန်က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ရင်း...

"မင်း ဒီကြယ်သေကြီးအကြောင်းကို သိချင်တယ် မဟုတ်လား ၊ ဒီကြယ်သေကြီးအကြောင်းပြောရမယ်ဆိုရင် မင်းတို့ရဲ့ ကွမ် ဟန်နန်းတော်နဲ့လည်း ဆက်စပ်နေတယ်..."

ဆန်းလျန်၏ စကားကိုကြားရသည့်အခါ ထိုက်ယင်းနတ်သမီး အလွန်စိတ်ဝင်စားသွားမိသည်။

ဆန်းလျန်က စကားဆက်ပြောလိုက်သည်။

"စကြာဝဠာ စတင်ဖြစ်တည်တဲ့အချိန်တုန်းက ကြယ်စင်တွေ အများကြီး မရှိသေးဘူး ၊ စကြာဝဠာ အစဦးပိုင်းကာလမှာ ကြယ်စင် (၂)စင်းပဲ ရှိခဲ့တယ် ၊ ကြယ်စင်တစ်စင်းက ထိုက်ယန် လို့ခေါ်တယ် ၊ နောက်ကြယ်စင်တစ်စင်းကတော့ ထိုက်ယင်းလို့ ခေါ်တယ် ၊ ထိုက်ယန်မှာ တောက်လောင်နေတဲ့ မီးတောက်တွေ က အစစ်အမှန်ထိုက်ယင်းမီးတောက်တွေပဲ ၊ အနားကပ်မိတာနဲ့ ဘယ်သူမဆို ပြာကျသွားနိုင်တယ် ၊ ဒါပေမဲ့ ထိုက်ယင်းကတော့ စစ်မှန်တဲ့ ထိုက်ယင်းရေစင်နဲ့ ဖုံးလွှမ်းထားတယ် ၊ အနားကို

ဘယ်သူပဲ ကပ်မိပါစေ ၊ ချက်ချင်းအေးခဲပြီး အသက်ပျောက်သွားလိမ့်မယ် ၊ အဲဒီတော့ ထိုက်ယင်းမှာပဲဖြစ်ဖြစ် ၊ ထိုက်ယန်မှာပဲဖြစ်ဖြစ် ဘယ်သက်ရှိသတ္တဝါမှ နေထိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ၊ ဒါပေမဲ့ အဲဒီအချိန်မှာ လူသားတွေနဲ့ သက်ရှိသတ္တဝါတွေနေထိုင်လို့ရတဲ့ မိုးနဲ့မြေမွေးဖွားလာတာကတော့ အရမ်းကို အံ့ဩစရာ ကောင်းလွန်းတယ် ၊ စကြာဝဠာမှာ အကြီးမားဆုံးသတ္တဝါကြီးတစ်ကောင်ဟာ ထိုက်ယန်ပေါ်မှာ မွေးဖွားလာခဲ့တယ် ၊ မွေးဖွားလာလာချင်းမှာပဲ အဲဒီသတ္တဝါကြီးရဲ့ တန်ခိုးစွမ်းအားက တော်လော်အဆင့်ရှိတယ် ၊ အဲဒီနတ်ဘုရားကို "ထိုက်ယိ" (တစ်ခုတည်းသော) လို့ခေါ်သလို နောက်ပိုင်းမှာ ယီနတ်ဘုရားလို့ခေါ်ကြတယ် ၊ အဲဒီ ထိုက်ယိဟာ လောကမှာ ရှေးအကျဆုံး နတ်ဘုရားတစ်ပါးပဲ ၊ မင်း အခုမြင်တွေ့နေရတဲ့ကြယ်သေကြီးက ထိုက်ယန်ပါပဲ ၊ သူ့အပေါ်မှာ လောင်ကျွမ်းနေ

တဲ့ စစ်မှန်တဲ့ ထိုက်ယန်မီးတောက်တွေ ငြိမ်းသွားတာ ကြာခဲ့ပြီ

ပေါ့..."

အခန်း (၈၇၈) ကောင်လေး လှည့်ကြည့်လိုက်စမ်း

ထိုက်ယင်းနတ်သမီးက...

"ဒါဖြင့် ဒီရှေးဟောင်းထိုက်ယန်ကြယ်စင်ပေါ်မှ မီးတောက်တွေ

ကို ဘယ်သူ ငြိမ်းပစ်လိုက်တာလဲ..."

ဆန်းလျန်က...

"ဘယ်သူမှ ငြိမ်းလိုက်တာ မဟုတ်ပါဘူး၊ ထိုက်ယိ ထိုက်ယန်

ကနေထွက်ခွာလာတဲ့အချိန်မှာ ထိုက်ယန်ပေါ်က စစ်မှန်တဲ့

ထိုက်ယန်မီးတောက်တွေအကုန်လုံး ထိုက်ယိနဲ့ ပါသွားခဲ့တယ်၊ အဲဒီနောက်မှာ ထိုက်ယိဟာ လူ့လောကကို ရောက်လာခဲ့ပြီး နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့တယ်၊ ပြီးတော့ ထိုက်ယန်မီးတောက်တွေကနေတစ်ဆင့် ထိုက်ယိဟာ နတ်သမီးတစ်ပါးကို ဖန်ဆင်းခဲ့တယ်၊ အဲဒီနတ်သမီးနာမည်က ရှီးဟယ်လို့ ခေါ်တယ်၊ ရှီးဟယ်ဟာ ထိုက်ယိနဲ့ ချစ်ကျွမ်းဝင်ခဲ့ကြပုံတော့ ရှိတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ ရှီးဟယ်ဟာ ပထမမိုးနတ်မင်းနဲ့ လက်ဆက်ခဲ့ပြီး ရှေးဟောင်းကမ္ဘာ့သစ်ပင်ကြီးပေါ်မှာ သားတော် (၁၀)ပါးကို မွေးဖွားသန့်စင်ခဲ့တယ်၊ အဲဒီသားတော် (၁၀)ပါးက ဘယ်သူတွေလဲ သိလား၊ နေစကြာနတ်ငှက် (၁၀)ကောင်ပါပဲ...."

"နောက်ပိုင်းကိစ္စတွေတော့ မင်းသိပြီးသား ဖြစ်မှာပါ၊ နေစကြာနတ်ငှက်တွေ လူ့လောကကို ဒုက္ခပေးတော့ တာ့ယိက ဒေါသထွက်ပြီး နေစကြာနတ်ငှက် (၉)ကောင်ကို လေးနဲ့ပစ်ပြီး နှိမ်နင်း

ခဲ့တယ်၊ နောက်ဆုံး လောကမှာ နေစကြာနတ်ငှက်တစ်ကောင် ပဲ ကျန်ရစ်ခဲ့တယ်၊ အဲဒီကျန်ရစ်ခဲ့တဲ့ နေစကြာနတ်ငှက်က ဘယ်သူလဲသိလား၊ နေစကြာတထာဂတသလို့ နာမည်ကြီးတဲ့ တာအိုဆရာလုယာပါပဲ၊ နောက်တစ်ခုက လေးသည်တော်တော့ ယိရဲ့ ဇနီးဖြစ်တဲ့ မင်းရဲ့ဆရာ လနတ်သမီးချန်ဝေါ်က အခြား ကြယ်စင်တစ်ခုဖြစ်တဲ့ ထိုက်ယင်းကနေ မွေးဖွားလာတဲ့သူပဲ၊ သူကတော့ ထိုက်ယိနတ်ဘုရားလောက် ကံမကောင်းခဲ့ဘူး၊ သူက ပထမမိုးနတ်မင်းခေတ်မှာ မွေးဖွားခဲ့တဲ့အတွက် ပထမမိုး နတ်မင်းက သူ့ကို အာရုံစိုက်မိသွားခဲ့တယ်..."

"ပထမမိုးနတ်မင်းက စစ်မှန်တဲ့ ထိုက်ယန်မီးတောက်ကိုပိုင်ဆိုင် တဲ့ ရှီးဟယ်ကို မိဖုရားတော်ထားပေမယ့် သူက ထိုက်ယင်းရဲ့ စစ်မှန်တဲ့လျှို့ဝှက်ဆန်းကျယ်မှုတွေကိုလည်း လိုချင်ခဲ့တယ်၊ အဲဒီခေတ်တုန်းက ထိုက်စန့်လောင်ကျွင်းတောင်မှ ယင်နဲ့ယန်ရဲ့ ထူခြားတဲ့ဆက်နွယ်မှုကို ဟောပြောခြင်းမရှိသေးတဲ့ခေတ်လေ

၊ အဲဒီတော့ ပထမမိုးနတ်မင်းက ထိုက်ယင်းကမွေးဖွားလာတဲ့ သူကိုသာ ရရှိခဲ့ရင် ယင်နဲ့ယန် ပေါင်းစပ်ပြီး ဟွင့်ယွမ်ဝူကျီ အဆင့်ကို တက်ရောက်နိုင်မယ်လို့ မျှော်လင့်ခဲ့တယ်..."

ထိုက်ယင်းနတ်သမီးက...

"ဒါဆို ပထမမိုးနတ်မင်းကို ဘယ်သူက တားဆီးခဲ့တာလဲ ၊ ထိုက်ယိလား..."

သူမ၏ ဆရာဖြစ်သူ လနတ်သမီးချန်ဝေါ်(ဟန်အယ်)သည် ပထမမိုးနတ်မင်း၏ သိမ်းပိုက်ခြင်းကို မခံခဲ့ရသည့်အပြင် ပထမမိုးနတ်မင်း၏ သမီးတော်ဖြစ်လာခဲ့လေသည်။ ထို့ကြောင့် သူမ၏ ဆရာကိုကယ်တင်ခဲ့သူမှ မည်သူဖြစ်သည်ကို သိချင်နေမိသည်။

ဆန်းလျန်က...

"ထိုက်ယိ မဟုတ်ဘူး ၊ မင်းရဲ့ဆရာကို ချင်းတိကေရာဇ်က ကယ်တင်ခဲ့တာ ၊ ချင်းတိကေရာဇ်က ပထမမိုးနတ်မင်းရဲ့

အကြံအစည်ကို သိတာနဲ့ ထိုက်ယင်းပေါ်မှာ ချန်ဝေါ်မမွေးဖွား ခင်မှာပဲ ချန်ဝေါ်ရဲ့ ဝိညာဉ်ကိုယူဆောင်သွားခဲ့တယ်၊ အဲဒီ အချိန်တုန်းက ပထမမိုးနတ်မင်းက တန်ခိုးစွမ်းအားမြင့်မား လွန်းတဲ့ အချိန်ဖြစ်လို့ ချန်ဝေါ်သာ မွေးဖွားလာခဲ့ရင် ကျိန်းသေ သိမ်းပိုက်ခံရမှာပဲ၊ ဒါကြောင့် ချန်ဝေါ်မွေးဖွားမလာခင် ချန် ဝေါ်ရဲ့ ဝိညာဉ်ကို ချင်းတိကေရာဇ်က ယူသွားခဲ့တာ၊ ချန်ဝေါ် ရဲ့ ဝိညာဉ်ကို ချင်းတိကေရာဇ်က ပထမမိုးနတ်မင်းရဲ့ မိဖုရား ကြီး ဝမ်းကြာတိုက်ထဲကို ထည့်ပေးခဲ့တယ်၊ အဲဒီလိုနဲ့ ချန်ဝေါ် ဟာ ပထမမိုးနတ်မင်းရဲ့ သမီးတော် ဖြစ်လာခဲ့တာပဲ..."

ထိုက်ယင်းနတ်သမီးသည် ချင်းတိကေရာဇ်ဆိုသည့်အမည်ကို ပထမဆုံးအကြိမ်ကြားဖူးခြင်း မဟုတ်ပေ။

လောကတွင် ချင်းတိကေရာဇ်အကြောင်း ဒဏ္ဍာရီများစွာ ရှိ လေသည်။ သို့သော်... ချင်းတိကေရာဇ်၏ ဇာစ်မြစ်ကို မည်သူ

မှ သိရှိကြခြင်း မရှိပေ။ ချင်းတိကေရာဇ်သည် လေထဲတွင် ဘွားကနဲ ပေါ်လာသူတစ်ယောက်ပမာ ဖြစ်နေလေသည်။

ထိုက်ယင်းနတ်သမီးက...

"ဒီ ရှေးဟောင်း လျှို့ဝှက်ချက်တွေကို ရှင်က ဘယ်လိုလုပ်သိ တာလဲ..."

ဆန်းလျန်က အေးအေးဆေးဆေးလေသံဖြင့်...

"အချိန်က အကောင်းဆုံးမှတ်တမ်းတင်သူပဲ ၊ အချိန် ရေစီးကြောင်းကို သိရှိသွားရင် မင်း အရာအားလုံးကို သိမြင် နိုင်လိမ့်မယ် ၊ ဖြစ်နိုင်ရင် အရားအားလုံးကို မင်းမျက်လုံးနဲ့ တောင် မျက်ဝါးထင်ထင် တွေ့မြင်နိုင်လိမ့်မယ်..."

ဆန်းလျန် ထိုစကားကို ပြောနေသည့်အချိန်တွင် ဆန်းလျန်၏ ခန္ဓာကိုယ်တစ်ခုလုံးကို ပါးလွှာသည့် အလင်းရောင်အလွှာပါး လေးတစ်ခုဖြင့် ဖုံးအုပ်ထားပြီး ရှင်းရှင်းလင်းလင်းတွေ့မြင်ရ ခြင်း မရှိပေ။

သို့သော်... ဆန်းလျန်ထံမှ လေးလံသည့် တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်နေသည်ကို ထိုက်ယင်းနတ်သမီး ခံစားနေရလေသည်။

ဆန်းလျန်သည် အတိတ်တွင် ရှိနေသည်လား ပစ္စုပ္ပန်တွင်ရှိနေသည်လား ထိုက်ယင်းနတ်သမီး ဝေခွဲမရနိုင်ခဲ့ပေ။

ထိုက်ယင်းနတ်သမီးက...

"ရှင် အခုလို အရာအားလုံးကို သိနေတာ ပျင်းစရာ မကောင်းဘူးလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အရာအားလုံးကို သိရအောင် ကျုပ်က အနန္တတန်ခိုးရှင်မှ မဟုတ်တဲ ၊ ပြီးတော့ ကျုပ် ဒီနေရာကို ဘာလို့လာရလဲ မင်းသိလား..."

ထိုက်ယင်းနတ်သမီးက...

"ဒီနေရာမှာ ရှင်လိုချင်တာ တစ်ခုခုရှိလို့လား..."

ဆန်းလျန်က ထိုက်ယင်းနတ်သမီးကို စကားပြန်မပြောတော့ဘဲ ကြယ်သေကြီးပေါ်သို့ ဆင်းသက်လိုက်လေသည်။

ထို့နောက် သူ၏ ခြေထောက်များကို ပြန်ငုံ့ကြည့်လိုက်သည်။

ရှေးဟောင်းကြယ်သေကြီး၏ မြေကြီးက အဆိုင်အခဲမဟုတ်ပေ။ အခိုးအငွေ့များဖြစ်နေလေသည်။

အခိုးအငွေ့များဖြစ်နေသည့်တိုင် မှော်ဝင်ပစ္စည်းများထက်ပင် မာကြောလွန်းလှသည်။

ထို့နောက် ဆန်းလျန်က ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး...

"နတ်မိစ္ဆာအဓိပတိကြီး ၊ တာအိုဆရာလုယာ ၊ ခင်ဗျားတို့ မိုးကောင်းကင်တံခါးကို တွေ့ရဖို့ တစ်လမ်းလုံး ကျုပ်နောက်ကို လိုက်လာတာ စိတ်လှုပ်ရှားစရာ မကောင်းဘူးလား..."

နတ်မိစ္ဆာအဓိပတိကြီးနှင့် တာအိုဆရာလုယာဆိုသည့် အမည်များကို ကြားလိုက်ရသည့်အခါ ထိုက်ယင်းနတ်သမီးမှာ အလွန်အံ့အားသင့်သွားရလေသည်။

ထိုနာမည် (၂)ခုလုံးမှာ လောကတစ်ခုလုံးကို တုန်လှုပ်သွားစေသည့် အမည်များ ဖြစ်လေသည်။ အထူးသဖြင့် နတ်မိစ္ဆာအဓိပတိကြီးဆိုလျှင် ခေတ်အဆက်ဆက်တွင် မည်သူမဆို ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြရသူ ဖြစ်လေ၏။

ထို့ပြင် နတ်မိစ္ဆာအဓိပတိကြီး၏ တန်ခိုးစွမ်းအား မည်မျှ မြင့်မားသည်ကို မည်သူမှ မသိနိုင်ပေ။ ကျီဝေးတိကျွင်းသည်ပင်လျှင် နတ်မိစ္ဆာအဓိပတိကြီးနောက်မှ ပေါ်လာသည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

ဝါစဉ်အရပြောမည်ဆိုလျှင် နတ်မိစ္ဆာအဓိပတိကြီးသည် ရှေးဟောင်းကျူူဖူကိုယ်တော်တစ်ပါးဖြစ်သည့် မီးအိမ်ကိုယ်တော်ထက်ပင် ရှေးကျသေးသည်။

အတိတ်အချိန်များတုန်းက သူသည် စန့်ချင်တာအိုဆရာသခင်နှင့် အော်မီတော်ဖူဘုရားတို့ဖြင့်ပင် ရယ်မောစကားပြောခဲ့ဖူးသည်ဟု အဆိုရှိလေသည်။

ထို့ပြင် တာအိုဆရာလုယာဆိုသည်ကလည်း ကျင့်ကြံသူ လောကတွင် နာမည်ကျော်ကြားသူတစ်ယောက်ဖြစ်ပြီး မိုးအိမ် ကိုယ်တော်နှင့် ခေတ်ပြိုင်ပေါ်ထွက်ခဲ့သူတစ်ယောက် ဖြစ်လေ သည်။

ယခု ထိုက်ယင်းနတ်သမီးရောက်ရှိနေသည့် အတိတအချိန် သည် ထိတ်လန့်တုန်လှုပ်စရာကောင်းသည့် ခေတ်ကာလတစ်ခု ပင် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကတော့ နတ်မိစ္ဆာအဓိပတိကြီးနှင့် တာအို ဆရာလုယာတို့ကိုပင် လွှမ်းမိုးနိုင်စွမ်း ရှိခဲ့လေသည်။

ယခုကဲ့သို့ အဖြစ်အပျက်များကို သိမြင်ခွင့်ရသည်မှာ ထိုက် ယင်းနတ်သမီးအတွက် မည်မျှ ကံကောင်းလိုက်ပါသနည်း။

တစ်ချိန်တည်းမှာပင် ထိုက်ယင်းနတ်သမီးသည် အနည်းငယ် ထူးဆန်းသလို ခံစားလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော်... နတ်မိစ္ဆာအဓိပတိကြီးနှင့် တာအို ဆရာလုယာတို့သည် သူမလာခဲ့သည့် အနာဂတ်ကာလ နှစ်ပေါင်းတစ်သောင်းကျော်တွင်လည်း တည်ရှိနေကြဆဲ ဖြစ်လေသည်။

သို့သော်... သူမကတော့ ဆန်းလျှန်အခွင့်အာဏာရှိနေဆဲ ခေတ်တစ်ခေတ်ဖြစ်သည့်အတိတ်ကာလတွင် ထိုသူများနှင့် လာရောက်တွေ့ဆုံခွင့်ရနေခဲ့လေသည်။

အတိတ်ကာလသို့ အချိန်ခရီးသွားခဲ့ပြီးသည့်နောက်ပိုင်း ပထမဆုံးအကြိမ် သူမ၏စိတ်ထဲတွင် တစ်ခုခု ထူးဆန်းနေသလို စတင်ခံစားလာရလေသည်။

ဆန်းလျှန်၏ စကားသံဆုံးသွားသည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးတွင် ရေများစီးဆင်းလာပြီး ပင်လယ် (၄)ခု ထွက်ပေါ်လာကာ စကြာဝဠာကြီးတစ်ခုလုံး ရေများဖုံးလွှမ်းတော့မည့်အလားထင်မှတ်ရလေသည်။

ဤသည်မှာ နတ်မိစ္ဆာအဓိပတိကြီး၏ ကျေးရှီးရေစင်တန်ခိုး

စွမ်းအား ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်

ကြီးဖြစ်နေပြီး နတ်မိစ္ဆာအဓိပတိကြီး မည်သည့်နေရာတွင်ရှိ

နေသည်ကို တွေ့မြင်ရခြင်း မရှိပေ။

ရေများက လှိုင်းထန်နေပြီး ကြယ်စင်များကိုပင် တစ်စီချေမွ

ပစ်တော့မည့်အလား ထင်မှတ်ရလေသည်။ လောကတစ်ခုလုံး

မုန်တိုင်းထန်လျှက် ရှိလေတော့သည်။

ပင်လယ်ရေလှိုင်းလုံးကြီးများသည် ဆန်းလျန်ရှိရာသို့ ဝင်

ရောက်လာပြီး ဆန်းလျန်ကို တစ်စစီဖြစ်အောင် ရိုက်ချလိုက်

လေတော့သည်။

သို့သော်... ဆန်းလျန်က ထိုရေလှိုင်းလုံးကြီးများကို တစ်ချက်

စိုက်ကြည့်လိုက်ရုံမျှဖြင့် ရေလှိုင်းလုံးကြီးများက အနောက်သို့

ပြန်ဆုတ်ကာ ငြိမ်သက်သွားကြလေသည်။

ဆန်းလျန်က နတ်မိစ္ဆာအဓိပတိကြီး၏ ပထမဆုံးတိုက်ခိုက်မှုကို အေးအေးဆေးဆေးပင် ခုခံကာကွယ်လိုက်လေ၏။

သို့သော်... သိပ်မကြာမီပင် ငြိမ်သက်သွားသည့် ပင်လယ်ရေပြင်ညီမျဉ်းနေရာတွင် နေတစ်စင်းထွန်းလင်းလာလေသည်။

ဆန်းလျန်က...

"ကျုပ် စောစောက တစ်ခုပြောဖို့ ကျန်သွားတယ်၊ ရှီးဟယ်နတ်သမီးက တကယ်တော့ အချိန်ကိုပိုင်ဆိုးတဲ့နတ်သမီးလို့ နာမည်ကျော်ကြားတယ်၊ ဘာလို့လဲဆိုတော့ သူက အချိန်နဲ့ ပတ်သက်တဲ့ တန်ခိုးစွမ်းအားတွေကို အသုံးပြုနိုင်လို့ပဲ၊ တာအိုဆရာလုယာက အချိန်နဲ့ပတ်သက်တဲ့တန်ခိုးစွမ်းအားတွေကို ဆက်ခံထားနိုင်တာဟာ မိခင်ဖြစ်သူဆီက အမွေရခဲ့တာ ဖြစ်ရမယ်..."

နတ်မိစ္ဆာအဓိပတိကြီးနှင့် တာအိုဆရာလုယာတို့ကို တိုက်ခိုက်နေရသည့်တိုင် ဆန်းလျန်က အေးအေးဆေးဆေး စကားပြောနေနိုင်သေးသည်။

ထိုအချိန်မှာပင် ထူးဆန်းသည့် တန်ခိုးစွမ်းအားလှိုင်းများက ဆန်းလျန်ကို ရိုက်ချလိုက်လေသည်။

ထိုတန်ခိုးစွမ်းအားလှိုင်းလုံးများက စကြာဝဠာတစ်ခုလုံးကိုပင် တုန်လှုပ်သွားစေလေသည်။ သို့သော်... ဆန်းလျန်က လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်နှင့် ထိုတန်ခိုးစွမ်းအား လှိုင်းလုံးများသည် ဗလာနယ်ထဲသို့ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားလေတော့သည်။

တစ်ချန်တည်းမှာပင် ဆန်းလျန်၏ ခန္ဓာကိုယ်မှ သွေးကြောဆုံချက်များမှ အလင်းတန်းများ ထွက်ပေါ်လာလေသည်။

သွေးကြောဆုံချက်နေရာတိုင်းသည် ဂူပေါက်များအလားဖြစ်နေပြီး အထဲတွင် နတ်ဘုရားနယ်မြေများ တည်ရှိနေသည့်

အလား တာအိုတေးသွား သီဆိုသံများ ထွက်ပေါ်လျှက် ရှိလေသည်။

ထို့နောက် ဆန်းလျန်၏ သွေးကြောဆုံချက်များမှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး ထိုအလင်းတန်းများက အတိတ်ကို ချိတ်ဆက်ကာ အနာဂတ်ကို ထိုးဖောက်နေသည့် အလားထင်မှတ်ရလေသည်။

ဤသည်မှာ ဆန်းလျန်၏ မပျက်စီးနိုင်သော ရွှေခန္ဓာပင် ဖြစ်လေသည်။

ဆန်းလျန်၏ ရွှေခန္ဓာထင်ရှားထွက်ပေါ်လာသည်နှင့် စကြာဝဠာကြီးတစ်ခုလုံး ရုတ်တရက် ရပ်တန့်သွားလေသည်။

ထိုအချိန် ပင်လယ်ရေထဲတွင် ဘူးသီးခြောက်တစ်လုံး မျောလာလေသည်။ ထိုဘူးသီးခြောက်မှ အလင်းရောင်သဲ့သဲ့လင်းလက်နေလေသည်။

ထို့နောက် ကြည်လင်သည့်အသံတစ်သံထွက်ပေါ်လာလေ၏။

"ကောင်လေး ... လှည့်ကြည့်လိုက်စမ်း..."

အခန်း (၈၇၉) နတ်ဖားဖို

တာအိုဆရာလုယာ၏ "နတ်ဖြတ်ဓား" ဟုခေါ်သည့် ထူးဆန်းသည့်ရတနာပစ္စည်းအကြောင်းကို လူအတော်များများကြားဖူးကြလေသည်။

ထိုရတနာပစ္စည်းကိုအသုံးပြုရန်အတွက် "လှည့်ကြည့်လိုက်စမ်း" ဆိုသည့် စကားတစ်ခွန်း ပြောရလေသည်။

ထိုစကားတစ်ခွန်းသည် မန္တန်တစ်ပုဒ်လည်းဖြစ်သလို တရားစီရင်မှုလည်း ဖြစ်သည်။

နတ်ဖြတ်ဓားအောက်တွင် ကျဆုံးခဲ့ရသည့်နတ်ဘုရားများ အားလုံးမှာ နာမည်ကျော်ကြားသည့် နတ်ဘုရားတွေချည်း ဖြစ်လေသည်။

ထို့ပြင် နတ်ဖြတ်ဓား၏လက်မှ လွတ်မြောက်သွားသူဆို၍ ယခုအချိန်ထိ တစ်ယောက်မှ မရှိသေးပေ။

ရှေးခန္ဓာရအောင်ကျင့်ကြံထားခဲ့ကြသည့် နတ်မိစ္ဆာသူတော်စင်များစွာသည်ပင် နတ်ဖြတ်ဓားအောက်တွင် ခေါင်းပြတ်ကာ အသက်ပျောက်ခဲ့ရလေသည်။

အချို့သူများက ဆိုကြသည်မှာ နတ်ဖြတ်ဓားသည် အကြောင်းနှင့်အကျိုးတာအိုမဟာလမ်းစဉ်၏ အစိပ်ပိုင်းဖွင့်ဆိုချက် ဖြစ်သည့်အတွက် မည်သူမှ လွတ်မြောက်နိုင်ခြင်းမရှိဟူ၍ ဖြစ်လေသည်။

သို့သော်... ထိုအချက်များယွင်းသည်ကို ဆန်းလျန်က ယနေ့ပင် သက်သေပြလိုက်သည်။

နတ်ဖြတ်ဓားတွင် အချိန်နှင့်ပတ်သက်သည့်တန်ခိုးစွမ်းအား များပါဝင်လေသည်။

"လှည့်ကြည့်လိုက်စမ်း" ဟု ပြောလိုက်သည်နှင့် စကြာဝဠာတစ်ခုလုံး၏ အချိန်က ရပ်တန့်သွားလေသည်။ ထိုအချိန်တွင် ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး ရန်သူကို သတ်ဖြတ်ပစ်လိုက်ခြင်း ဖြစ်သည်။

ဆန်းလျန်က အချိန်ကိုကျော်လွန်နိုင်သည့် တန်ခိုးစွမ်းအားကို ပိုင်ဆိုင်ထားသူ ဖြစ်လေသည်။

သို့ရာတွင်... နတ်ဖြတ်ဓားကြောင့် ခဏတာရပ်တန့်သွားသည့် အချိန်တွင် ဆန်းလျန်သည် အချိန်ကိုကျော်လွန်သွားနိုင်ခြင်း မရှိတော့ပေ။

သူသာ တာအိုဆရာသခင်ကြီးတစ်ပါးဆိုလျှင်တော့ ရပ်တန့်သွားသည့်အချိန်ခဏအတွင်းမှာပင် ခုခံတိုက်ခိုက်မှုကို ပြုလုပ်နိုင်မည် ဖြစ်လေသည်။

သို့သော်... သူက တာအိုဆရာသခင်ကြီးတစ်ပါး မဟုတ်သေးပေ။

နတ်ဖြတ်ဓားသည် ဆန်းလျန်၏ ဦးခေါင်းရှိရာသို့ ဦးတည်ဝင်ရောက်လာလေသည်။ ဓားဝိညာဉ်အလင်းတန်းက ထက်မြက်တောက်ပလျှက်ရှိသည်။ ထို့နောက် ဆန်းလျန်၏ ခေါင်းကိုလည်ပင်းမှနေပြီး ခုတ်ဖြတ်ချလိုက်လေတော့သည်။

ရပ်တန့်နေသည့်အချိန် ပြန်လည်စီးဆင်းလာသောအခါ ဆန်းလျန်၏ ခေါင်းမှာ ခန္ဓာကိုယ်မှ ကွဲကွာသွားပြီ ဖြစ်သည်။

ဗလာနယ်ထဲတွင် ခွန်ဖိန်ငှက်ကြီးတစ်ကောင်ထွက်ပေါ်လာပြီး ဆန်းလျန်၏ ဦးခေါင်းကို ထိုးသုတ်ကာ အဝေးသို့ ယူဆောင်သွားလေသည်။

နတ်မိစ္ဆာအဓိပတိကြီးနှင့် တာအိုဆရာလုယာတို့ အချိန်ကိုက်လှုပ်ရှားလိုက်ကြခြင်း ဖြစ်လေသည်။

သို့သော်... ခွန်ဖိန်ငှက်ကြီးထံမှ စူးရှသည့်အော်ဟစ်သံတစ်ချက်ထွက်ပေါ်လာလေသည်။ အဘယ်ကြောင့်ဆိုသော သူနှုတ်သီးဖြင့်ချီလာသည့် ဆန်းလျန်၏ဦးခေါင်းမှာ ပျောက်ကွယ်သွားသောကြောင့်ဖြစ်လေသည်။

ဆန်းလျန်၏ ဦးခေါင်းသည် ဆန်းလျန်၏ ခန္ဓာကိုယ်ထက်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပြီး ဆန်းလျန်၏မျက်နှာက ပြုံးနေလေသည်။

ထို့နောက် ဆန်းလျန်က လက်ချောင်းများဖြင့် စက်ဝိုင်းပုံသဏ္ဍာန်သင်္ကေတများ ပုံဖော်ရေးဆွဲလိုက်သည်။ ထိုအခါ ကွေးရှိုးရေစင်ဖြင့်ဖန်ဆင်းထားသည့် ပင်လယ်ရေများအားလုံး ဆန်းလျန်ရေးဆွဲသည့် စက်ဝိုင်းအတွင်းသို့ ဝင်ရောက်ကုန်ကြလေသည်။

ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံးသည် နဂိုမူလအတိုင်း ပြန်ဖြစ်သွားလေတော့သည်။

အဝေးဆီမှ လင်းလက်နေသည့် ကြယ်စင်ရောင် မှိန်ပျပျကိုလည်း တွေ့မြင်ကြရပြီ ဖြစ်လေသည်။

ဗလာနယ်တစ်ခုလုံး ထူးဆန်းစွာ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ဆန်းလျန်က ဗလာနယ်ထဲသို့ စိုက်ကြည့်နေလေ၏။

နတ်ဖြတ်ဓားထွက်ပေါ်လာသည့် ဘူးသီးခြောက်မှာလည်း ပျံသန်းထွက်ခွာသွားပြီး ဗလာနယ်တစ်နေရာအရောက်တွင် ပျောက်ကွယ်သွားလေသည်။

....

"သူ့ရဲ့ ရွှေခန္ဓာက ထူးဆန်းလိုက်တာ..."

တာအိုဆရာလုယာ၏အသံထွက်ပေါ်လာပြီး ဗလာနယ်တစ်နေရာတွင် ရေအိုင်တစ်အိုင်ထွက်ပေါ်လာလေသည်။

ထိုရေအိုင်ထက်တွင် တာအိုဆရာလုယာ မတ်တတ်ရပ်နေလေ၏။

တာအိုဆရာလုယာပေါ်လာသည့်နေရာသည် ဆန်းလျန်ရှိသည့် ကြယ်သေကြီးနှင့် အနည်းငယ်ဝေးကွာသည့် နေရာတစ်ခုတွင် ဖြစ်လေသည်။

တာအိုဆရာလုယာ၏ဘေးမှ နက်နဲထူးဆန်းသည့်အသံတစ်သံ ထွက်ပေါ်လာလေသည်။

"ကျုပ်တို့ အချိန်မီ ပြန်ဆုတ်လာနိုင်လို့ တော်သေးတယ်၊ မဟုတ်လို့ကတော့ မလွယ်ဘူး၊ ဟွင့်ယွမ်ဝူကျီအဆင့်ဆိုတာ တကယ့်ကို အံ့သြလောက်စရာပါပဲ..."

ထိုစကားကိုပြောလိုက်သူမှာ နတ်မိစ္ဆာအဓိပတိကြီး ဖြစ်လေသည်။

သို့သော်... အသံသာကြားနေရသည် နတ်မိစ္ဆာအဓိပတိကြီး မည်သည့်နေရာတွင်ရှိနေသည်ကို တာအိုဆရာလုယာ သိရှိနိုင်ခြင်း မရှိပေ။

တာအိုဆရာလုယာက နတ်မိစ္ဆာအဓိပတိကြီး၏ ညဏ်များမှု အတွက် စိတ်ထဲမှကြိတ်ပြီး အပြစ်တင်လိုက်သည်။ နတ်မိစ္ဆာ အဓိပတိကြီးသည် အသက်ရှင်ရန်အတွက်အမြဲတမ်း အဓိက ထားလေသည်။ ထို့ကြောင့်လည်း ဘေးအန္တရယ်ကပ်ဆိုးကြီး များကြုံရလေတိုင်း သူက အမြဲတမ်း လွတ်မြောက်အောင် ရှောင်တိမ်းနိုင်ခဲ့ခြင်း ဖြစ်ဟန်တူသည်။

ယခုတစ်ကြိမ်လည်း မိုးကောင်းကင်တံခါးအတွက်သာမဟုတ် လျှင် ထိုအဘိုးကြီး ထွက်လာမည် မဟုတ်ပေ။

"နတ်မိစ္ဆာအဓိပတိကြီး အခု ဘာလုပ်မှာလဲ..."

တာအိုဆရာလုယာက ကျီဝေးတိကျွင်းနှင့်အခြားသူများ ဘာ ဖြစ်သွားခဲ့ကြသည်ကို မျက်စိရှေ့တွင် ရှင်းရှင်းလင်းလင်းတွေ့ မြင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် သူကိုယ်တိုင်လည်း တကယ်တမ်းတွင် မစွန့်စားရဲပါ ချေ။ ပွင့်ပွင့်လင်းလင်းပြောရလျှင် သူ အနည်းငယ်ပင်

နောင်တရနေမိသည်။ မိုးကောင်းကင်တံခါး ဆန်းလျန်၏လက်ထဲရောက်သွားလျှင်လည်း ရှိပါစေတော့။ သူက တပ်မက်နေမည် မဟုတ်တော့ပေ။

နတ်မိစ္ဆာအဓိပတိကြီး၏အသံက ဗလာနယ်ထဲတွင် လွင့်မျောလာပြန်လေသည်။

"စောင့်ကြတာပေါ့..."

အမှန်တော့ နတ်မိစ္ဆာအဓိပတိကြီးက လျှို့ဝှက်နက်နဲသည့် တန်ခိုးစွမ်းအားများကို အသုံးပြုကာ မိုးကောင်းကင်တံခါး အကြောင်းကို စုံစမ်းနေခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်သည်။

ယခု ရှေးဟောင်းထိုက်ယင်းကြယ်စင်ကြီးထဲတွင် မိုးကောင်းကင်တံခါး ရှိနေသည်ဟု ဆန်းလျန်က ဆိုလေသည်။ ထိုသတင်းသည် တမဟုတ်ချင်း ပျံ့နှံ့သွားနိုင်လေသည်။

နတ်မိစ္ဆာအဓိပတိကြီး၏ ခိုင်မာသည့်ဆုံးဖြတ်ချက်ကို သိမြင်လိုက်ရသည့်အခါ တာအိုဆရာလုယာ စိတ်ထဲမှ ကြိတ်ပြီး

ကျိန်ဆဲလိုက်မိသည်။ ယခုအချိန်ရောက်မှတော့ သူလည်း ဘာမှ လုပ်နိုင်တော့မည် မဟုတ်ပေ။ နွံထဲတွင် နစ်ခဲ့ပြီဖြစ်သည့်အတွက် ဆက်နစ်ရန်သာ ရှိတော့သည်။

မိုးကောင်းကင်တံခါးသည် ထိုက်ချိယင်ယန်ပန်းချီကား ၊ ဖန်ကူအလံတို့နှင့် အဆင့်အတန်းတူညီသည့် မော်ဝင်ရတနာတစ်ပါးဖြစ်လေသည်။

ဟွင့်ယွမ်ဝူကျီအဆင့် နတ်ဘုရားတစ်ပါးဖြစ်လျှင်တောင်မှ ထိုမော်ဝင်ရတနာကို ထိန်းချုပ်ရန် လွယ်ကူမည်မဟုတ်ပေ။

မိုးကောင်းကင်တံခါးကို ထိန်းချုပ်သွားနိုင်သည့်တိုင် တန်ခိုးစွမ်းအားများစွာ လျော့နည်းပျက်စီးကာ ဒဏ်ရာပင်လျှင် ရကောင်းရသွားနိုင်လေသည်။

ယခု ဆန်းလျန်သည် ဟွင့်ယွမ်ဝူကျီအဆင့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။

သူသာ မိုးကောင်းကင်တံခါးကို ရရှိသွားမည်ဆိုလျှင် ဆန်းလျန်သည် အတားအဆီးမရှိတော့ဘဲ တာအိုဆရာသခင်ကြီးတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်သွားမည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန် တာအိုဆရာသခင်ကြီးတစ်ပါးအဖြစ် အဆင့်တက်ရောက်မည်ကို မည်သူကမှ လက်ခံမည် မဟုတ်ပေ။

ဆန်းလျန်သည် ရှေးဟောင်းထိုက်ယင်းကြယ်စင်ကြီးပေါ်တွင် မတ်တတ်ရပ်နေလေသည်။ သူက ကြယ်စင်ကြီး အတွင်းပိုင်းအထိ ဝင်သွားခြင်း မရှိသေးပေ။ သူက ကြယ်စင်အစွန်အဖျားပိုင်းတွင်ပင် တန်ခိုးစွမ်းအားဖြင့် စင်မြင့်တစ်ခုဖန်ဆင်းကာ ထိုစင်မြင့်ထက်တွင် အေးအေးလူလူ ထိုင်နေလေသည်။

ထိုက်ယင်းနတ်သမီးက...

"ဒီအတိုင်းဆိုရင် တခြားနတ်ဘုရားတွေ ရောက်လာကြတော့မယ် ၊ ရှင် ဘာလို့ အေးအေးဆေးဆေးလုပ်နေရတာလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က သူတို့တွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတာကို စောင့်နေတာလေ၊ ကိုယ်က လိုက်ပြီးလှူစုနေစရာမလိုဘဲ အလိုလို ရောက်လာကြတာ ဘယ်လောက်တောင်ကောင်းလိုက်သလဲ..."

ထိုက်ယင်းနတ်သမီးက မျက်မှောင်ကြုတ်လိုက်ရင်း...

"ဒါပေမဲ့ နတ်ဘုရားတွေဒီလောက်အများကြီးကို ရှင် ဘယ်လိုရင်ဆိုင်မှာလဲ..."

ဆန်းလျန်က...

"စမ်းကြည့်တာပေါ့..."

ထိုက်ယင်းနတ်သမီးက...

"ကြည့်ရတာ ရှင့်ကိုယ်ရှင်တောင် မသေချာဘူး၊ မိုးကောင်းကင်တံခါးကို အရင်ရှာရင်မကောင်းဘူးလား၊ အဲဒါဆိုရင် သူတို့ကို အေးအေးဆေးဆေးရင်ဆိုင်နိုင်မှာပေါ့..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မိုးကောင်းကင်တံခါးက ဘယ်နေရာမှာလဲဆိုတာ မင်းသိလို့

လား..."

ထိုက်ယင်းနတ်သမီးက...

"စောစောကပဲ ရှင်ပြောတော့ ဒီထိုက်ယင်းကြယ်စင်ကြီးပေါ်မှာ

မိုးကောင်းကင်တံခါး ရှိတယ်ဆို..."

ဆန်းလျန်က...

"ကျုပ်က "'နတ်မိစ္ဆာအဓိပတိကြီး ၊ တာအိုဆရာလုယာ ၊

ခင်ဗျားတို့ မိုးကောင်းကင်တံခါးကို တွေ့ရဖို့ တစ်လမ်းလုံး

ကျုပ်နောက်ကို လိုက်လာတာ စိတ်လှုပ်ရှားစရာ မကောင်းဘူး

လား' လို့ပဲ ပြောတာလေ ၊ ဒီထိုက်ယင်းကြယ်စင်ကြီးပေါ်မှာ

မိုးကောင်းကင်တံခါးရှိတယ်လို့ မပြောမိပါဘူး..."

ဆန်းလျန် ပြုံးနေခဲ့လေသည်။

သို့သော်... တစ်ချိန်တည်းမှပင် ပြုံးနေခြင်းလည်း မဟုတ်ပြန်ပေ။

ထိုက်ယင်းနတ်သမီးက...

"ရှင့်စကားတွေက မှားလား မှန်လားတောင် ကျွန်မ မဝေခွဲတတ်တော့ဘူး..."

ထိုက်ယင်းနတ်သမီး၏ စကားကြောင့် ဆန်းလျန် အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်မိသည်။

အမှန်တော့ သူပြောသည့်စကားများက အမှန်များ ဖြစ်လေ၏။

နတ်မိစ္ဆာအဓိပတိကြီးက မိုးကောင်းကင်တံခါးနောက်သို့ လိုက်နေသည်ကို သိရှိသည့်အတွက် သူက တမင်သက်သက် ထိုစကားကို ပြောလိုက်ခြင်း ဖြစ်လေသည်။

တကယ်တမ်းတွင် မိုးကောင်းကင်တံခါး မည်သည့်နေရာတွင်ရှိသည်ကို ဆန်းလျန်လည်း မသိပေ။

သို့သော်... သူ ထိုက်ယင်းကြယ်စင်ကို ရောက်လာရသည့် အကြောင်းရင်းမှာ ထိုက်ယင်းကြယ်စင်၏ ဗဟိုမဏ္ဍိုင်ကို လိုချင်သောကြောင့် ဖြစ်လေသည်။

နှိဝါးနတ်သမီးတွင် မိုးကောင်းကင်ထောက်တိုင်များကို ပြုလုပ်သည့် ဖားဖိုတစ်ခုရှိပြီး ထိုက်စန့်လောင်ကျွင်းတွင်တော့ စကြာဝဠာသုံးမြှောင့်ဆေးအိုးရှိလေသည်။ သူ တန်ခိုးစွမ်းအားများ ကင်းလွတ်ရာ ကမ္ဘာမြေတွင် ခွန်လွန်တောင်ကို ရောက်ခဲ့စဉ်က ထိုအကြောင်းများကို သိခဲ့ဖူးလေသည်။

ထို့ကြောင့် သူက ဘိုးဘေး (၂)ယောက်ကို အတုခိုးကာ ကိုယ်ပိုင်နတ်ဖားဖိုတစ်ခု တည်ဆောက်ချင်စိတ်ဖြစ်မိသည်။ ထိုသို့ ဖားဖိုတစ်ခုပြုလုပ်ရန်အတွက် ထိုက်ယင်းကြယ်စင်၏ ဗဟိုမဏ္ဍိုင်က အသင့်တော်ဆုံးဖြစ်လေသည်။ ထိုအခါ သူ၏ ဖားဖိုသည်လည်း ထိုက်စန့်လောင်ကျွင်း၏ စကြာဝဠာသုံးမြှောင့်

ဆေးအိုးကွဲသို့ နောက်ပိုင်းတွင် မော်ဝင်ရတနာတစ်ပါး ဖြစ်လာပေလိမ့်မည်။

သူပြောလိုက်သည့်စကားကို နတ်မိစ္ဆာအဓိပတိကြီးနှင့် တာအိုဆရာလုယာတို့က အမှန်ဟု ယူဆသွားသည်ကတော့ စိတ်မကောင်းစရာပင်။

ထို့ပြင် သူတို့က ဆန်းလျန်ကို အနည်းငယ် စမ်းသပ်တိုက်ခိုက်ကြည့်ပြီး အခြေအနေမဟန်သည်နှင့် ဆုတ်ခွာထွက်ပြေးသွားကြလေသည်။ နောက်တစ်ကြိမ်ပင် လာပြီး မတိုက်ခိုက်တော့ပေ။

သူတို့ နောက်တစ်ကြိမ်လာရောက်တိုက်ခိုက်ဦးမည်ဆိုပါက သူတို့ (၂)ယောက်လုံးကို ဆန်းလျန်က အသေသတ်ပစ်ရန် ရည်ရွယ်ထားလေသည်။ ထိုသို့ပြုလုပ်မှ နောင်အနာဂတ်တွင် ပြိုင်ဘက်များ လျော့နည်းကာ သူ့အတွက် လမ်းရှင်းသွားမည် ဖြစ်လေ၏။

သို့သော်... ထို (၂)ယောက်က သေကံမကြုံသေးသောကြောင့်

ဆန်းလျှန်ကို နောက်တစ်ကြိမ်လာပြီး တိုက်ခိုက်ခြင်း မပြုကြ

တော့ပေ။ ထို့ကြောင့် ဆန်းလျှန်လည်း သူတို့ကို သတ်၍မရ

တော့ပေ။

အချိန်နှစ်ဝက်လောက်ကြာသွားသည့်အခါတွင်တော့....

ထိုက်ယင်းကြယ်စင်ကြီး၏ ပတ်ဝန်းကျင်သို့ တာအိုကျင့်ကြံ

သူများ ၊ ဗုဒ္ဓဘာသာကျင့်ကြံသူများ နှင့် နတ်မိစ္ဆာများ

စုစုပေါင်း အယောက် (၅၀)ခန့် ရောက်ရှိလာကြလေသည်။

သူတို့အားလုံး၏အဆင့်မှာ တာ့လော်အဆင့်နှင့် ထိုက်ယီထျန်း

ရှန်းအဆင့်များ ဖြစ်ကြလေသည်။ သူတို့အထဲတွင်

ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှ

တပည့်များပင် ပါဝင်ကြသည်။

သို့သော်... ရှေးဟောင်းထိုက်ယင်းကြယ်စင်ကြီးပေါ်တွင်

စင်မြင့်ဆောက်ကာ ထိုင်နေသည့် ဆန်းလျှန်ကို တွေ့ကြရသည့်

အခါ မည်သူမှ သွားပြီး ရန်မစရဲကြပေ။ ထို့ကြောင့်
တိတ်တဆိတ်ပင် အခြေအနေကို စောင့်ကြည့်နေကြလေသည်။
ထိုနတ်ဘုရားများကြားထဲတွင် အသက် (၈)နှစ် ၊ (၉)နှစ်ခန့်
အရွယ်ရှိသည့် ကောင်လေးတစ်ယောက်လည်း ပါဝင်လေ
သည်။ သူက ထူးခြားသူတစ်ယောက်ဖြစ်ပြီး ဗလာနယ်ထဲတွင်
တစ်ယောက်တည်း ထိုင်နေလေသည်။ သူ့အနားသို့ မည်သူမှ
တိုးကပ်သွားရဲခြင်း မရှိကြပေ။
ထိုကောင်လေးက ဗလာနယ်ထဲတွင် တင်ပျဉ်ခွေထိုင်နေခြင်း
ဖြစ်ပြီး သူ၏ ဒူးထက်တွင် ဓားရှည်တစ်လက်တင်ထားလေ
သည်။ ဓားရှည်က ရိုးရှင်းသည့် အနက်ရောင်ဓားတစ်လက်
ဖြစ်လေ၏။
ဓားရိုးတွင် "ထာဝရဓား" ဟု ရေးထိုးထားပြီး စာလုံးများက
ရေစင်အလား တာအိုတန်ခိုးစွမ်းအားများ စီးဆင်းထွက်ပေါ်နေ
လေသည်။

ထိုဓားရှည်ကို ကြည့်မိကြသည့်နတ်ဘုရားများသည်

အစစ်အမှန်နှင့်အိပ်မက် မခွဲခြားနိုင်တော့သည့်အလား ခံစား

ချက်များ ဝေဝါးသွားကြရလေတော့သည်။

အခန်း (၈၈၀) ဘယ်သူသေပြီးဘယ်သူရှင်မလဲ

ဆန်းလျန်သည်လည်း ထာဝရဓားကို ကြည့်နေလေသည်။

"ထာဝရဓား" ဆိုသည့် စာလုံးများကြောင့် အခြားနတ်ဘုရား

များ၏ ခံစားချက်များ ဝေဝါးကာ မိန်းမောကုန်ကြရလေသည်။

သို့သော်... ဆန်းလျန်ကတော့ ထိုသို့ မဖြစ်ခဲ့ပေ။

ကောင်းကင်ထက်တွင် တိမ်တိုက်များမည်သို့ပင် မာယာ

အထွေထွေ ပြောင်းလဲသွားပါစေ တိမ်တိုက်များအရိပ်ထင်နေ

သည့် ကြည်လင်သောရေကန်ကတော့ ပြောင်းလဲသွားမည်

မဟုတ်ပေ။ ဆန်းလျန်၏ တာအိုနှလုံးသားသည်လည်း

ကြည်လင်သည့်ရေကန်အလားဖြစ်လေသည်။ လောကရှိ

မာယာဆန်သည့် မည်သည့်တန်ခိုးစွမ်းအားမဆို သူ့နှလုံးသား

ကို ပြောင်းလဲစေနိုင်မည် မဟုတ်ပေ။

ထိုကောင်လေးက နောက်ဆုံးတော့ စကားစပြီး ပြောလိုက်

သည်။

"ကျုပ်က နီကျားပါ..."

သူ၏ စကားသံက အချိန်နှင့်နေရာကို ပိုင်းဖြတ်ပစ်တော့မည့်

အလား ထက်ရှလျှက်ရှိလေသည်။

သူ့စကားဆုံးသွားသည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးတွင်

သတ်ဖြတ်လိုသည့်အငွေ့အသက်များ မြင့်တက်လာလေသည်။

ထိုသတ်ဖြတ်လိုသည့်အငွေ့အသက်များကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှ နတ်ဘုရားများမှာ စိတ်မသက်မသာ ခံစားလိုက်ကြရလေသည်။

ဆန်းလျန်က ...

"မင်းက ဘာဖြစ်ချင်တာလဲ..."

ဆန်းလျန်၏ ကြည်လင်သည့်အသံက သတ်ဖြတ်လိုသည့်အငွေ့အသက်များကို ပျောက်ကွယ်သွားစေလေသည်။

ဆောင်းဦးလေပြေက နွေဦးရွက်ကြွေများကို တစ်ရွက်ပင်မကျန်အောင် တိုက်ခတ်ယူဆောင်သွားသည့်အလား ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်လုံးမှ နတ်ဘုရားများပင် တုန်လှုပ်သွားကြရသည်။

နီကျားက....

"ကျုပ်နီကျားက ဒီဓားနဲ့ လူပေါင်း (၃၆၄)ယောက်တိတိကို သတ်ဖြတ်ခဲ့ပြီးပြီ ၊ အခု တစ်ယောက်ကို သတ်ဖို့ကျန်နေတယ် ၊ နောက်ဆုံးတစ်ယောက်ကို သတ်ပြီးသွားရင် ဒီဓားက ပြီးပြည့်စုံသွားပြီ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းသတ်ချင်တဲ့ နောက်ဆုံးတစ်ယောက်က ကျုပ်များလား..."

နီကျားက ခေါင်းကို ခါယမ်းလိုက်ရင်း...

"ထျန်းကျွင်းကိုယ်တိုင်ကလွဲရင် ထျန်းကျွင်းကို ဘယ်သူမှ သတ်နိုင်မှာ မဟုတ်ပါဘူး..."

ဆန်းလျန်က ကျယ်လောင်စွာ ရယ်မောလိုက်ရင်း...

"မင်းက တကယ်တော်တဲ့သူတစ်ယောက်ပဲ ၊ ကျုပ် မင်းကို အသက်ရှင်ခွင့်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ..."

ဆန်းလျန်၏ စကားသံမှာ နီကျား၏ သေခြင်းရှင်ခြင်းအရာအားလုံးက သူ့လက်ထဲတွင် ရှိနေသကဲ့သို့ ဖြစ်လေသည်။

သို့သော်... ပတ်ဝန်းကျင်မှ နတ်ဘုရားများကတော့ စိတ်ထဲတွင်

တင်းတင်းကျပ်ကျပ်ခံစားလိုက်မိကြသည်။

ထို့ပြင် နီကျားပြောသည့်စကားမှာလည်း အမှန်ပင်ဖြစ်လေ

သည်။

ဆန်းလျန် သူ့ကိုယ်သူ သတ်ဖြတ်ခြင်းမရှိလျှင် မည်သူမှ သူ့ကို

သတ်ဖြတ်နိုင်စွမ်းရှိမည် မဟုတ်ပေ။

နီကျားက...

"ကျုပ်က ထျန်းကျွင်းရဲ့ ဘေးနားက နတ်သမီးကို သတ်ချင်

တာ..."

နီကျား၏ စကားဆုံးသွားသည်နှင့် ထိုက်ယင်းနတ်သမီးတစ်

ကိုယ်လုံး အေးစက်တောင့်တင်းသွားလေသည်။

အဘယ်ကြောင့်ဆိုသော်... နီကျားထံမှ ထွက်ပေါ်လာသည့်

သတ်ဖြတ်လိုသည့်အငွေ့အသက်များက သူမကို လှုပ်ရှား၍မရ

နိုင်လောက်အောင် ထိန်းချုပ်ထားလိုက်သောကြောင့် ဖြစ်လေ

သည်။

သူမက ဒေါသတကြီးဖြင့်...

"နင်က လုပ်ရဲသလား..."

ဟု အော်ပြောလိုက်လေသည်။

နီကျားက ထိုက်ယင်းနတ်သမီးကို အရေးမထားသည့်ဟန်ဖြင့်

တစ်ချက်လှမ်းကြည့်လိုက်သည်။ သူ့မျက်နှာက သေခြင်းရှင်

ခြင်း ခြားနားမှုမရှိဆိုသည့် မျက်နှာထားမျိုး ဖြစ်လေသည်။

ဆန်းလျန်က...

"မင်းနဲ သူနဲ့ကြားမှာ ရန်ငြိုးရှိလို့လား"

နီကျားက...

"ထျန်းကျွင်းရဲ့လက်ထောက်အနေနဲ့ ကျုပ်အစ်ကိုဖြစ်တဲ့ ဟွေ့

အန်းခရီးသည်ရှိရင် လုံလောက်ပါပြီ ၊ ဒီနတ်သမီးက ဘာမှ

လည်းအကူအညီမရတဲ့အပြင် သူ့ကိုတောင် ပြန်စောင့်ရှောက်နေရဦးမယ်... ၊ အလုပ်ပိုတယ်လေ..."

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"ကောင်းပြီ ၊ မင်းက မင်းအစ်ကိုအတွက် တိုက်ခိုက်ပေးချင်တယ် ၊ မင်းကို ကျုပ်မတားဆီးပါဘူး ၊ မင်း သူ့ကိုသတ်နိုင်တယ်ဆိုရင် မင်းရဲ့အစ်ကိုကို ကျုပ်ရဲ့တပည့်အဖြစ် လက်ခံမယ် ၊ မင်း သူ့ကို မသတ်နိုင်ဘူးဆိုရင်တော့ မင်းသေရလိမ့်မယ် ၊ ဘယ်လိုလဲ ... သဘောတူလား..."

နီကျားက ခေါင်းညိတ်လိုက်ရင်း...

"အခွင့်အရေးပေးတဲ့အတွက် ထျန်းကျွင်းကို ကျေးဇူးတင်ပါတယ်..."

ထိုက်ယင်းနတ်သမီးက ဆန်းလျန်ကို လှမ်းကြည့်လိုက်ပြီး...

"ရှင်က တကယ်ပဲ ကျွန်မကို သူနဲ့ တိုက်ခိုက်စေချင်တာလား..."

ဆန်းလျန်က...

"သူနဲ့ တိုက်မလား ၊ ဒါမှမဟုတ် မင်းကို အနာဂတ်ကို ပြန်ပို့ပေး ရမလား ၊ မင်း ကြိုက်တဲ့လမ်းကို ရွေးခြယ်နိုင်တယ်..."

ထိုက်ယင်းနတ်သမီးက အတန်ကြာတိတ်ဆိတ်သွားပြီးမှ...

"ကျွန်မ အနာဂတ်ကို မပြန်ချင်သေးဘူး ၊ ဒီမှာပဲ နေချင်သေး တယ်..."

နီကျားက သူမကို သေစေချင်လေသည်။

သို့သော်... နီကျားကိုသာ သူမ အနိုင်ရခဲ့လျှင် ဆန်းလျန်အနား တွင် ဆက်လက်နေထိုင်ရန် သူမအတွက် အခွင့်အရေးတစ်ခု ရ မည်ဖြစ်သည်။

ဆန်းလျန်အနားတွင် ပညာသင်ရန်မှာ မည်သူမဆို လိုချင်သည့် အခွင့်အရေးပင် ဖြစ်လေသည်။

ထို့ပြင်... သူမ၏ဆရာဖြစ်သူ လနတ်သမီးချန်ဝေါ်က သူမကို အတိတ်အချိန်သို့ ပို့ဆောင်ပေးလိုက်သည်မှာ ပြတ်တောက်နေ

သည့် အတိတ်အချိန်အပိုင်းအခြားတွင် ဆန်းလျန်လုပ်ခဲ့သည့် လုပ်ရပ်များကို သိရှိရန်အတွက် ဖြစ်လေသည်။

သူမတာဝန်မပြီးဆုံးသေးဘဲ သူမ အနာဂတ်သို့ ပြန်ရန် မဖြစ်နိုင်သေးပေ။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"မင်းကိုလည်း အခွင့်အရေးတစ်ခုပေးမယ် ၊ မင်းသာ ထာဝရဓားကို အနိုင်ယူနိုင်မယ်ဆိုရင် မင်းကိုလည်း ကျုပ်က တပည့်အဖြစ် လက်ခံမယ်..."

ထိုက်ယင်းနတ်သမီးက...

"ကျွန်မမှာ ဆရာရှိပြီးသားပဲ... "

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဖြင့် ထာဝရဓားကို မင်းကိုပေးမယ်...."

ထိုက်ယင်းနတ်သမီးက...

"ကောင်းပြီ..."

ဆန်းလျန်က နီကျားကို လှမ်းကြည့်လိုက်ရင်း...

"မင်း ဓားကွက် (၉)ကွက်ပဲ အသုံးပြုပြီးတိုက်ခိုက်ခွင့်ရှိ

တယ်..."

နီကျားက ထိုက်ယင်းနတ်သမီးကို အထင်အမြင်သေးသလို

တစ်ချက်လှမ်းကြည့်လိုက်ရင်း...

"ဓားကွက် (၉)ကွက်တောင် သုံးစရာ မလိုပါဘူး..."

ထိုက်ယင်းနတ်သမီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး...

"အပြောကတော့ ကြီးလိုက်တာ..."

ဆန်းလျန်ကပြုံးလိုက်ပြီး လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေ

ရာ ဗလာနယ်ထဲတွင် ဓမ္မနယ်မြေတစ်ခုပေါ်လာလေသည်။ ထို

နယ်မြေက နီကျားနှင့် ထိုက်ယင်းနတ်သမီး တိုက်ခိုက်ရန်

အတွက် လုံလောက်သည့် နေရာတစ်ခု ဖြစ်လေ၏။

ဗလာနယ်ထဲတွင် ထိုသို့ ကြီးမားကျယ်ပြန့်သည့် ဓမ္မနယ်မြေ

တစ်ခုဖန်ဆင်းနိုင်ရန်မှာ လွယ်ကူသည့် ကိစ္စတော့ မဟုတ်ပေ။

ဆန်းလျန် ဓမ္မနယ်မြေကိုဖန်ဆင်းလိုက်သည်ကို တွေ့လိုက်သည်နှင့် အခြားသော နတ်ဘုရားများမှာ ဆန်းလျန်၏ တန်ခိုးစွမ်းအားမြင့်မားသည်ကို သိမြင်သွားကြပြီး ထိတ်လန့်တုန်လှုပ်သွားကြရလေသည်။

နတ်ဘုရားအတော်များများသည် နောက်သို့ ဆုတ်ခွာသွားကြလေသည်။

ဆန်းလျန်ဆိုသည့် ပုဂ္ဂိုလ်သည် သူတို့ မည်သည့်နည်းနှင့်မှ ရင်ဆိုင်သင့်သူတစ်ယောက်မဟုတ်ကြောင်း နားလည်သဘောပေါက်သွားကြသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှ နတ်ဘုရားအချို့ကတော့ နေရာတွင်ပင် ဆက်ပြီး မတ်တတ်ရပ်နေကြလေသည်။ သူတို့က နောက်ခံအင်အားကို အားကိုးကာ မာနထောင်လွှားဟန်ရှိကြသည်။

ထို့နောက် နတ်ဘုရားအားလုံးက နီကျားနှင့် ထိုက်ယင်း

နတ်သမီး၏တိုက်ပွဲကို အာရုံစိုက်လိုက်ကြလေသည်။

သူတို့ ဆန်းလျန်ကို မတိုက်ခိုက်ရဲကြသည့်တိုင် ကွမ်ဟန်

နန်းတော်မှ တပည့်တစ်ယောက်နှင့် ကျောက်စိမ်းဝိညာဉ်

နန်းတော်မှ တပည့်တစ်ယောက်တို့၏ ပွဲကြီးပွဲကောင်း တိုက်ပွဲ

တစ်ပွဲကိုတော့ ကြည့်ကြရတော့မည် ဖြစ်သည်။

ရုတ်တရက်...

မှောင်မိုင်းနေသည့် စကြာဝဠာပတ်ဝန်းကျင်တွင် အေးစက်

သည့်အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ ထို

အလင်းတန်းက လူတိုင်းကို ဝိညာဉ်ထဲအထိ စိမ့်သွားအောင်

အေးစက်သွားစေလေသည်။

သူတို့သည် အစကတည်းက အပူအအေးကို ခံစားဖူးကြသူများ

ဖြစ်သော်လည်း ယခုတော့ အေးစိမ့်သည့်ဒဏ်ကို မခံနိုင်ဘဲ

ခိုက်ခိုက်တုန်လာကြပြီး အလင်းတန်းထွက်ပေါ်လာရာနေရာကို

သာ ကြည့်နေလိုက်ကြလေသည်။

ဆန်းလျန်၏လက်ထဲတွင် အပြာရောင်တောက်ပနေသည့်

ဆံထိုးတစ်ချောင်းကို တွေ့မြင်လိုက်ကြရလေသည်။

နတ်ဘုရားများထဲမှ တစ်ပါးက...

"ထိုက်ယင်းဆူးခက်..."

ဟု ပြောလိုက်လေသည်။

ထိုက်ယင်းဆူးခက်ဆိုသည်မှာ လနတ်သမီးချန်ဝေါ်(ဟန်

အယ်)၏ ဆံထိုးဖြစ်ပြီး အလွန်တရာတန်ခိုးစွမ်းအားမြင့်မား

သည့် မှော်ဝင်ပစ္စည်းတစ်ခုလည်း ဖြစ်လေသည်။

အတိတ်တစ်ချိန်တုန်းက နွားကျောင်းသားလေးနှင့် ယက္ကန်း

ခတ်သည့်နတ်မိမယ်လေးတို့ တစ်ယောက်နှင့်တစ်ယောက်

တွေ့ဆုံနိုင်ခွင့် မရှိရလေအောင် မယ်တော်ဝမ်မူက သူမ၏ ရွှေ

ဆံထိုးကို အသုံးပြုကာ နဂါးငွေ့တန်းကို ပိုင်းဖြတ်ခဲ့သည်။

သို့သော်... မယ်တော်ဝမ်မူက သူမ၏ ရွှေဆံထိုးသည် လ
နတ်သမီးချန်ဝေါ်၏ ထိုက်ယင်းဆူးခက်ဆံထိုးလောက်
စွမ်းအားမြင့်မားခြင်းမရှိဟု ဝန်ခံပြောဆိုခဲ့ဖူးသည်။
ယခုတော့ မယ်တော်ဝမ်မူကိုယ်တိုင် ချီးကျူးပြောဆိုခဲ့သည့်
လနတ်သမီးချန်ဝေါ်(ဟန်အယ်)၏ ထိုက်ယင်းဆူးခက် ဆံထိုး
ကို သူတို့အားလုံး တွေ့မြင်ကြရပြီ ဖြစ်လေသည်။
ဆန်းလျန်က ထိုက်ယင်းဆူးခက်ဆံထိုးကို သူဖန်ဆင်းထား
သည့် ဓမ္မနယ်မြေထဲတွင် ရပ်နေသည့် ထိုက်ယင်းနတ်သမီးရှိ
ရာသို့ ငြင်သာစွာဖြင့် စီးမျောပို့ဆောင်ပေးလိုက်သည်။
ထိုက်ယင်းနတ်သမီးလက်ထဲသို့ ထိုက်ယင်းဆူးခက်ဆံထိုး
ဖြည်းဖြည်းချင်းရောက်ရှိသွားလေသည်။ ထိုက်ယင်းဆူးခက်
သူမလက်ထဲသို့ ရောက်လာသည်နှင့် ထိုက်ယင်းနတ်သမီး
အတော်လေး တည်တည်ငြိမ်ငြိမ်ဖြစ်သွားလေသည်။

ထိုက်ယင်းဆူးခက်ဖြင့်ဆိုလျှင် သူမသည် မည်သည့်ရန်သူကိုမှ ကြောက်ရွံ့ခြင်း မရှိဘဲ တိုက်ခိုက်နိုင်မည် ဖြစ်သည်။

ထိုက်ယင်းနတ်သမီးလက်ထဲသို့ ထိုက်ယင်းဆူးခက်ရောက်လာသည့်တိုင် နီကျားကတော့ အရေးစိုက်ဟန် မရှိပေ။

သူက ထာဝရဓားကို ဆုပ်ကိုင်လိုက်ပြီး ထိုက်ယင်းနတ်သမီးကို ခံစားချက်ကင်းမဲ့သည့်မျက်ဝန်းများဖြင့် ကြည့်လိုက်သည်။

မည်သည့်အချိန်တွင် သူက ဓားကွက်ထုတ်ကာ ထိုက်ယင်းနတ်သမီးကို တိုက်ခိုက်မည်လဲဆိုသည်ကို မည်သူမှ မခန့်မှန်းနိုင်ကြပေ။

ဆန်းလျန်က စင်မြင့်ထက်တွင်ထိုင်နေပြီး နီကျားနှင့် ထိုက်ယင်းနတ်သမီးကို တစ်ချက်ငုံ့ကြည့်လိုက်လေသည်။

သို့သော်... သူ၏ မျက်လုံးများက ခံစားချက်ကင်းမဲ့နေပြီး ပြိုင်ပွဲဝင် (၂)ယောက်တွင် မည်သူ့ကိုမှ ဘက်လိုက်လိုဟန် မရှိပေ။

အခြားဘက်တွင်တော့...

တာအိုဆရာလုယာ ဒေါသထွက်လျှက်ရှိလေသည်။

"ဒီနီကျားဆိုတဲ့ကောင်က ဘာလာလုပ်တာလဲဟ ၊ သူက တာအို ဆရာသခင်ထိုက်ယီရဲ့ ထာဝရဓားနဲ့ ချန်ဝေါ်ရဲ့ တပည့်ကို သတ်မလို့လား ၊ ရှုတ်ကုန်တော့မှာပဲ ၊ အဲဒီဓားကတော့ ကျိန်းသေ ဆန်းလျန်လက်ထဲ ရောက်သွားတော့မယ်..."

နတ်မိစ္ဆာအဓိပတိကြီးကတော့ အေးဆေးသည့်လေသံဖြင့်...

"ကြည့်ရတာ ကျောက်စိမ်းဝိညာဉ်နန်းတော်က တပည့်တွေက တစ်ယောက်နဲ့တစ်ယောက် စည်းလုံးမှုမရှိကြဘူးထင်တယ် ၊ ဒီ နှစ်တွေအတွင်းမှာ ယွမ်စီထျန်းကျွင်းရဲ့ တပည့်မျိုးဆက်တွေ က သိပ်ပြီးတိုးတက်မှု မရှိကြဘူး ၊ ကျင်းရှန်းနတ်ဘုရား (၁၂)ပါးထဲက အချို့နတ်ဘုရားတွေဆိုရင် ဆန်းလျန်က နဝမ မြောက်တာအိုဆရာသခင်ကြီး ဖြစ်လာမလား ဖြစ်မလာဘူး

လားဆိုတာတောင် အလောင်းအစားလုပ်နေကြသေးတယ်၊

တော်တော်ရယ်စရာကောင်းကြတာပဲ..."

တာအိုဆရာလုယာက...

"နီကျားကို ဒီလိုလုပ်ခိုင်းတဲ့သူက ယွမ်စီထျန်းကျွင်းရဲ့

မျိုးဆက်တပည့် ချန်စန်းကောရာဇ် ချန်စန်းကျီပဲ ဖြစ်ရမယ်၊

ဆန်းလျန်ကိုကြည့်ရတာလည်း ထိုက်ယင်းနတ်သမီး သေသေ

ရှင်ရှင် အရေးမစိုက်တဲ့ပုံပဲ၊ ကြည့်ရတာ သူကလည်း ဟွေ့အန်း

ခရီးသည်ကို တပည့်အဖြစ် လက်ခံချင်နေတာလား မသိဘူး၊

ရှုံ့ဖို့ကောင်းလိုက်တာ..."

နတ်မိစ္ဆာအဓိပတိကြီးက...

"ကျုပ်အထင်တော့ ဆန်းလျန်နဲ့ ချန်ဝေါ်က ဒီကလေးမလေးကို

အသုံးချနေတာဖြစ်ရမယ်..."

တာအိုဆရာလုယာက...

"ဒီကလေးမလေးက အခုမှ ငယ်ငယ်လေးရှိသေးတယ် ၊ အရည်အချင်းရှိတယ်ဆိုရင်တောင်မှ ဘာမှ သုံးစားလို့ရမှာ မဟုတ်ဘူး ၊ ဘယ်သူမှ ချင်းယွမ်မြောင်တောက်အရှင်လို ငယ်ငယ်ရွယ်ရွယ်နဲ့ အသုံးကျမနေဘူး..."

နတ်မိစ္ဆာအဓိပတိကြီးက...

"တော်ပြီ... နောက်ပိုင်းကိစ္စတွေတော့ ကျုပ်ဝင်မပါတော့ဘူး..."

စကားသံဆုံးသွားသည်နှင့် စကြာဝဠာ ဗလာနယ်ထဲတွင် ရေခဲသားကဲ့သို့ကြည်လင်သည့်အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ပျံသန်းပျောက်ကွယ်သွားလေသည်။ နတ်မိစ္ဆာအဓိပတိကြီး ထွက်ခွာသွားခြင်း ဖြစ်လေ၏။

နတ်မိစ္ဆာအဓိပတိကြီး ရုတ်တရက်ထွက်ခွာသွားသည့်အတွက် တာအိုဆရာလုယာမှာ အနည်းငယ်ကြက်သေသေသွားလေ

သည်။ သူက နတ်မိစ္ဆာအဓိပတိကြီးကို တီးတိုးကျိန်ဆဲလိုက်မိသည်။

ထို့နောက် သူသည်လည်း အလင်းတန်းတစ်ခုအဖြစ် ဖန်ဆင်းကာ လင်စန်းတောင်ရှိရာ အနောက်ဘက်ကောင်းကင်ဘုံသို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

သူ အပြေးမြန်၍သာတော်တော့သည်။ မဟုတ်လျှင် ဆန်းလျန်၏ နတ်ဘုရားစိတ်အာရုံက သူ့ကို ထိန်းချုပ်နိုင်သွားမည် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် တာအိုဆရာလုယာ၏ စိတ်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။

နတ်မိစ္ဆာအဓိပတိကြီးသည် ထူးဆန်းသူတစ်ယောက်ဖြစ်ပြီး အမြဲတမ်း ကိုယ်လွတ်ရုန်းတတ်လေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် နတ်မိစ္ဆာအဓိပတိကြီးနှင့် မပတ်သက်တော့ဟု ဆုံးဖြတ်ချက်ချလိုက်မိလေတော့သည်။

အခန်း (၈၈၁) သေခြင်းရှင်ခြင်း

ဆန်းလျန်က နတ်မိစ္ဆာအဓိပတိကြီးနှင့် တာအိုဆရာလုယာတို့ ထွက်ပြေးသွားကြသည်ကို သိလိုက်လေသည်။

သူက နတ်ဘုရားစိတ်စွမ်းအားများကို အသုံးပြုကာ တာအို ဆရာလုယာနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သော်လည်း တာအိုဆရာလုယာက လင်စန်းတောင်ရှိရာသို့ ထွက်ပြေးသွား သည့်အတွက် ဆက်မလိုက်တော့ဘဲ လက်လျှော့လိုက်လေ သည်။

သူ့အနေဖြင့် လောလောဆယ်အချိန်တွင် သိပ်ပြီး ပြဿနာမရှာ

လိုသေးပေ။

သူက နီကျားနှင့် ထိုက်ယင်းနတ်သမီး၏ တိုက်ပွဲကို အာရုံစိုက်

လိုက်သည်။ သူက နီကျားအပေါ်တွင် ထူးခြားသည့်အမြင်ရှိ

လေသည်။

အဘယ်ကြောင့်ဆိုသော် နီကျားသည် ထိုက်ယီကျန်းရန်၏

တပည့်ဖြစ်လေသည်။ ထိုက်ယီကျန်းရန်ဆိုသည်က ယွမ်စီထျ

န်းကျွင်းနှင့် ရင်ဆိုင်ရန်အတွက် တာအိုဆရာသခင်ထိုက်ယီ

ဖန်ဆင်းထားသည့် ကိုယ်ခွဲတစ်ခုဖြစ်သည်ဟု အချို့က ဆိုကြ

လေသည်။

ထိုသို့ဆိုလျှင် သူနှင့် နီကျားသည် ဆက်စပ်မှုတစ်ခုခုရှိနေနိုင်

လေသည်။ သို့သော်... ဆန်းလျန်က ထိုကိစ္စများကို

စိတ်ဝင်စားခြင်း မရှိပေ။

ယခု နီကျား၏ လက်ထဲတွင် ထာဝရဓားရှိနေသည်ကို ကြည့်ခြင်းအားဖြင့် ကောလဟာလများ မှန်ကန်သည်ဟု ဆိုနိုင်လေသည်။

ဆန်းလျန်လျှောက်လှမ်းခဲ့သည့် ကျင့်စဉ်လမ်းတစ်လျှောက်တွင် တာအိုဆရာသခင်ထိုက်ယီ၏ လွှမ်းမိုးမှုများစွာ ရှိခဲ့လေသည်။

သူ လောကကို ကျော်လွန်ပြီး နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခဲ့ခြင်းက သူ၏နောက်ကွယ်တွင် တာအိုဆရာသခင်ကြီးတစ်ပါးပါးက ပံ့ပိုးပေးနေခြင်းကြောင့် ဖြစ်လေသည်။ ဤအချက်က သံသယဝင်စရာမရှိပေ။

သို့သော်… စိတ်အာရုံများကို ထိန်းချုပ်နိုင်ခြင်းကျင့်စဉ်ကို ကျင့်ကြံခဲ့မိသည့်အတွက် သူသည် ရှောင်လွှဲနိုင်ရန် ခက်ခဲသည့် ဘေးအန္တရယ်ကပ်ဆိုးကြီးတစ်ခုကို ရင်ဆိုင်ရမည် ဖြစ်လေသည်။ ထိုသို့ရင်ဆိုင်ရန်လည်း နီးကပ်လာခဲ့ပြီ ဖြစ်သည်။

သူသည် လောကတွင် အကြီးမြတ်ဆုံး နတ်ဘုရားတစ်ပါး အဖြစ် အောင်မြင်မှုများ ရရှိခဲ့သည့်တိုင် သူသည် ဘေးအန္တ ရယ်ကပ်ဆိုးကြီးရင်ဆိုင်ရသည့်အခါ အသက်ရှင်သန်နိုင်မည် မဟုတ်ပေ။

သူ တာအိုဆရာသခင်ကြီးတစ်ပါးပါးနှင့် ဆက်သွယ်နိုင်ပါမည် လား။ သို့သော်... လောကတွင် တာအိုဆရာသခင်ကြီးများ၏ ပုံရိပ်သည်ပင် ဟွင့်ယွမ်ဝူကျီအဆင့်ထိသာ ထိန်းသိမ်းထားနိုင် လေသည်။ ထုန်ထျန်းမြစ်အထက်ပိုင်းတွင် ရင်ဆိုင်ခဲ့ရသည့် စန့်ချင်တာအိုဆရာသခင်၏ ပုံရိပ်က သက်သေဖြစ်လေ၏။ ထို့ကြောင့် နောက်ပိုင်း သူရင်ဆိုင်ရမည့် ကိစ္စရပ်များသည် သူ မျှော်မှန်းထားသလောက် အခြေအနေမကောင်းနိုင်သည်ကို သိရှိထားလေသည်။

ခြေလှမ်းတစ်ချက်မှားသည်နှင့် သူ့ဘဝတစ်ခုလုံး နောင်တရ စရာများဖြင့် ကြုံတွေ့ရပေလိမ့်မည်။

ကံကောင်းသည်မှာ အနာဂတ်မှ သူ့ထံသို့ရောက်လာသည့်

ထိုက်ယင်းနတ်သမီးကို တွေ့မြင်လိုက်ရသည့်အတွက်

နောက်ပိုင်းခေတ်အချိန်များတွင်လည်း သူ ဆက်လက်တည်ရှိ

နေဦးမည်ဟု သိရှိစေခဲ့သည်။

သို့သော်... အနာဂတ်သို့ ရောက်ရှိနေသည့် ဆန်းလျန်သည်

ယခု စင်မြင့်ထက်တွင်ထိုင်နေသည့်ဆန်းလျန်နှင့် ကံတရား

တူညီပါမည်လားဆိုသည်ကိုတော့ သူကိုယ်တိုင်လည်း သိရှိ

ခြင်း မရှိပေ။

စက္ကန့် (၃၀)ခန့် ကြာသည့်အခါတွင်တော့ နီကျားက စတင်

တိုက်ခိုက်လိုက်လေသည်။

နီကျားက ထာဝရဓားကို တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။ နီ

ကျား၏ပုံစံက အသက် (၈)နှစ် ၊ (၉)နှစ်ခန့် ကလေးငယ်တစ်

ယောက်၏ပုံစံဖြစ်နေသည့်တိုင် သူသည် သုံးလောကတွင်

အရက်စက်ဆုံး လူသတ်သမား ဖြစ်လေသည်။

ထာဝရဓားက ဓားအလင်းတန်းများ လင်းလက်တောက်ပနေခြင်း မရှိပေ။ သို့သော်... သေခြင်းရှင်ခြင်းတရား၏ ထူးဆန်းနက်နဲမှုများဖြင့် ပြည့်နက်လျှက် ရှိလေသည်။

ဓားသွားထိပ်ဖျားက တစ်ချက်တုန်ခါသွားပြီး နီကျားက ဓားကို စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်လိုက်လေသည်။

ဘဝတစ်ခုအဆုံးသတ်သည် သေခြင်းတရားဖြစ်ပြီး သေခြင်းတရား၏ အဆုံးသတ်သည် ဘဝတစ်ခု ပြန်လည်စတင်ခြင်းဖြစ်လေသည်။

ထာဝရဓားမည်မျှကြောက်မက်ဖွယ်ရာကောင်းသည်ကို ဆန်းလျန်ပင် အသိအမှတ်ပြုလိုက်မိသည်။

ထို့ပြင် တာအိုဆရာသခင်ထိုက်ယီ၏ ထိုးထွင်းသိမြင်နိုင်မှုကိုလည်း အံ့သြမကုန်နိုင်ဖြစ်ရလေသည်။ ဆန်းလျန်၏ လက်ရှိကျင့်ကြံခြင်းအဆင့်ဖြင့်ပင်လျှင် တာအိုဆရာသခင်ထိုက်ယီသည် အံ့သြဖွယ်ရာ ဖြစ်နေသေးသည်။

ထိုက်ယင်းနတ်သမီးသည်လည်း ဆန်းလျှန်ကဲ့သို့ပင် ခံစားနေရလေသည်။

သူမက နက်ရှိုင်းသည့်ခံစားချက်များဖြင့် စက်ဝိုင်းပုံသဏ္ဍာန်လည်ပတ်နေသည့် ထာဝရဓားကို စိုက်ကြည့်နေမိသည်။

သူမ၏ လက်ထဲမှ ထိုက်ယင်းဆူးခက်ဆံထိုးမှ အပြာရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး စကြာဝဠာတစ်ခုလုံး အေးခဲသွားမည့်အလား ထင်မှတ်ရသည်။

ထိုက်ယင်းဆူးခက်ဆံထိုးမှထွက်ပေါ်လာသည့် အေးစက်သည့်အပြာရောင်အလင်းတန်းများသည် စက်ဝိုင်းပုံသဏ္ဍာန်လည်ပတ်နေသည့် ထာဝရဓားနှင့် ထိခတ်မိသွားလေသည်။

ထိုအခါ ထူးဆန်းသည့် ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာလေသည်။

စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်နေသည့် ထာဝရဓားသည် တဖြည်းဖြည်းနှေးကွေးသွားပြီး ရှေးဟောင်းရေတွင်းကြီးတစ်

ခုအလား ထိုက်ယင်းဆူးခက်ဆံထိုးမှ အပြာရောင်အလင်းတန်း များအားလုံးကို စုပ်ယူပစ်လိုက်လေသည်။

ထူးဆန်းသည်မှာ အပြာရောင်အလင်းတန်းများကို စုပ်ယူလိုက် သည့်တိုင် ဓားဓါတ်ခိုးစွမ်းအားက ပိုမိုများပြားလာခြင်း မရှိ ဘဲ ပုံမှန်အတိုင်းသာ ရှိနေလေသည်။

ထိုက်ယင်းနတ်သမီးကတော့ သူမရင်ဆိုင်နေရသည့် တိုက်ပွဲကို အလေးအနက် သတိထားနေခဲ့ပြီး အခြေအနေကို သုံးသပ် ကြည့်နေလေသည်။

ထာဝရဓားစက်ဝန်းများနှင့် ထိုက်ယင်းဆူးခက်ဆံထိုးမှ အပြာ ရောင်အလင်းတန်းများ ထိခတ်မိသည့်အချိန်တွင် အလွန် အစွမ်းထက်သောအဖျက်စွမ်းအားနှစ်ခု ရိုက်ခတ်မိလေသည်။

သို့သော်… ထိုက်ယင်းဆူးခက်တန်ခိုးစွမ်းအားများကို ထာဝရ ဓားက စုပ်ယူသွားလေသည်။

ထိုမျှထူးဆန်းသည့်ဓားမျိုးကို ထိုက်ယင်းနတ်သမီး၏ဘဝတွင် တစ်ခါမှ တွေ့မြင်ခဲ့ဖူးခြင်းမရှိပေ။

သူမ မည်မျှပင်တိုက်ခိုက်ပါစေ ရန်သူ၏ဓားက သူမ၏ တန်ခိုးစွမ်းအားများကို စုပ်ယူသွားမည်ပဲ ဖြစ်လေသည်။ ထိုသို့ တန်ခိုးစွမ်းအားများကို စုပ်ယူသွားသည့်အတွက် ထာဝရဓား၏ စွမ်းအားများက တိုးလည်မလာသလို လျော့နည်း၍လည်း မသွားပေ။ ပုံမှန်အတိုင်းသာ ရှိနေလေသည်။

ထာဝရဓားက ထိုက်ယင်းနတ်သမီးကို အဆက်မပြတ် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ထိုက်ယင်းနတ်သမီးကလည်း နီကျား၏တိုက်ခိုက်မှုကို ဆက်လက်ခုခံတိုက်ခိုက်လိုက်သည်။ နောက်ဆုံးတော့ သူမ အသုံးပြုသမျှ တန်ခိုးစွမ်းအားများကို ထာဝရဓားက စုပ်ယူဝါးမြိုသွားသည်ပဲ ဖြစ်ပြီး အခြေအနေက မပြောင်းမလဲ တည်ရှိနေလေသည်။

နီကျား၏ ပထမဆုံးဓားကွက်ကိုပင် ခုခံနိုင်ပါတော့မည်လားဟု ထိုက်ယင်းနတ်သမီး တွေးလိုက်မိသည်။

တိုက်ပွဲကိုကြည့်နေကြသည့် နတ်ဘုရားများမှာလည်း ငတုံးများ မဟုတ်ကြလေရာ နီကျားကိုင်ဆောင်ထားသည့် ထာဝရဓား၏ ထူးခြားဆန်းကျယ်မှုကို ချက်ချင်းရိပ်မိလိုက်ကြလေသည်။

သူတို့သာဆိုလျှင်ရော ထာဝရဓားကို ခုခံကာကွယ်နိုင်ပါမည်လား...။

ရရှိလာသည့်အဖြေကတော့ "ခုခံနိုင်မည်မဟုတ်" ဟူ၍ ဖြစ်လေ၏။

အကယ်၍ စွမ်းအားသိုလှောင်ထားနိုင်သည့် မှော်ဝင်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုနိုင်လျှင်တော့ နီကျား၏ ထာဝရဓားကို ကြောက်စရာလိုတော့မည် မဟုတ်ပေ။

စွမ်းအားကို သိုလှောင်ထားနိုင်လျှင်တော့ စွမ်းအားကို ထာဝရ ဆားက မည်မျှပင် စုပ်ယူပစ်ပါစေ စိုးရိမ်စရာ မရှိတော့ပေ။ နတ်ဘုရားများက ဆန်းလျန်ကို လှမ်းကြည့်လိုက်ကြပြန်လေ သည်။

ဆန်းလျန်၏မျက်နှာကတော့ စောစောကအတိုင်းပင် ခံစား ချက်ကင်းမဲ့လျှက် ရှိလေသည်။ ထိုက်ယင်းနတ်သမီး တိုက်ပွဲ တွင် ရှုံးနိမ့်လုနီးပါးဖြစ်နေသည့်တိုင် သူ၏မျက်နှာအမူအရာက ပြောင်းလဲခြင်း မရှိခဲ့ပေ။

ထိုက်ယင်းနတ်သမီးမှာတော့ ထာဝရဆားကို မနည်းရင်ဆိုင် တိုက်ခိုက်နေရလေသည်။ ထိုက်ယင်းဆူးခက်ဆံထိုးသာ မရှိပါ က ခပ်စောစောပင် သူမရှုံးနိမ့်သွားပေလိမ့်မည်။

သို့သော်... တိုက်ပွဲကိုကြည့်နေကြသည့် နတ်ဘုရားများက ထိုက်ယင်းနတ်သမီးတွင် အခြားနည်းလမ်းတစ်ခုရှိဦးမည်ကို

သိရှိလိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူမက ခြေလှမ်းပညာတစ်မျိုးကို အသုံးပြုလိုက်သောကြောင့် ဖြစ်လေသည်။ သူမ အသုံးပြုလိုက်သည့် ခြေလှမ်းပညာမှာ "ယွီ" ခြေလှမ်းပညာ ဖြစ်လေသည်။

"ယွီ" ခြေလှမ်းပညာသည် မိုးနှင့်မြေတွင် ပြိုင်ဘက်ကင်းသည့် ပညာရပ်တစ်ခု ဖြစ်လေသည်။ ထိုက်ယင်းနတ်သမီးက "ယွီ" ခြေလှမ်းပညာကို ကောင်းကောင်း နားလည်ထားခဲ့လေသည်။ ထုန်ထျန်းမြစ်အထက်ပိုင်းတွင် "ယွီ" ခြေလှမ်းပညာကို ဆန်းလျန်အသုံးပြုစဉ်က သူမ သေသေချာချာ မှတ်သားထားခဲ့ခြင်း ဖြစ်လေ၏။

ထို့ကြောင့် သူမသည် နီကျား၏ဓားချက်အောက်တွင် အသက်ပျောက်မည်ကို ကြောက်စရာ မလိုတော့ပေ။

သူမ၏ တန်ခိုးစွမ်းအားများအားလုံး ကုန်ခမ်းသွားလျှင်တောင် ထာဝရဓားကို ပြန်လည်တိုက်ခိုက်ရန် မလိုအပ်တော့ဘဲ "ယွီ"

ခြေလှမ်းပညာအသုံးပြုကာ ခုခံရှောင်တိမ်းနေနိုင်မည် ဖြစ်လေသည်။

သူမ "ယွီ" ခြေလှမ်းပညာကို အသုံးပြုနေသည့်အချိန်တွင် ဆန်းလျန်နောက်ကို လိုက်ခဲ့သည့်အချိန်များတုန်းက နားလည်ခဲ့သည့် ဘဘာဝလမ်းစဉ်ကိုလည်း ပိုပြီးနားလည်လာရလေသည်။

သူမ၏စိတ်များက ပိုမိုကြည်လင်လာပြီး ထာဝရဓား၏ သဘောသဘာဝကို သူမ ရှင်းရှင်းလင်းလင်း သိမြင်လာလေသည်။

ထာဝရဓားတွင် ဓားဝိညာဉ် (၂)ခုရှိသည်ကို သူမ တွေ့မြင်လာရသည်။ ဓားဝိညာဉ်တစ်ခုက အဖြူရောင်ဖြစ်ပြီး နောက်ထပ်ဓားဝိညာဉ်တစ်ခုက အနက်ရောင်ဖြစ်လေသည်။ သေခြင်းနှင့်ရှင်ခြင်း ၊ ရှင်ခြင်းနှင့်သေခြင်း အပြန်အလှန်စီးဆင်းနေသည့် သဘောသဘာဝ ဖြစ်လေသည်။

ရှင်ခြင်းတရားဓားဝိညာဉ်က အပြုသဘောကိုဆောင်ပြီး သေ
ခြင်းတရားဓားဝိညာဉ်က အဖျက်သဘောကိုဆောင်လေသည်။
ရှင်ခြင်းတရားဓားဝိညာဉ်က ပြင်ပမှ တန်ခိုးစွမ်းအားများကို
စုပ်ယူပြီး သေခြင်းတရားဓားဝိညာဉ်က ထိုတန်ခိုးစွမ်းအားများ
ကို ပြန်လည် ဖျက်စီးပစ်လိုက်သည်။
ဤနည်းဖြင့် ထာဝရဓားက စုပ်ယူလိုက်သည့် တန်ခိုးစွမ်းအား
များကို ပြန်လည်ဖျက်စီးပစ်နေသည့်အတွက် ပုံမှန်အတိုင်း မ
ပြောင်းမလဲ တည်ရှိနေခြင်း ဖြစ်လေသည်။
ထိုသို့ တန်ခိုးစွမ်းအားများကို စုပ်ယူလိုက် ဖျက်စီးလိုက်
ပြုလုပ်နိုင်စွမ်းမှာ အမှန်တကယ်ပင် လျှို့ဝှက်စွမ်းကျယ်လွန်း
သည့် စွမ်းပကားတစ်ခုပင် ဖြစ်လေ၏။
သို့သော်... ဟာကွက်တစ်ခုတော့ ရှိရပေမည်။
ရှင်ခြင်းတရားဓားဝိညာဉ်က တန်ခိုးစွမ်းအားများကို စုပ်ယူ
လိုက်သည့်အချိန်နှင့် သေခြင်းတရားဓားဝိညာဉ်က တန်ခိုး

စွမ်းအားများကို ဖျက်စီးလိုက်သည့်အချိန် ၊ ထိုအချိန် (၂)ခု၏

စပ်ကြားကာလတွင် ဟာကွက်တစ်ခု ရှိနိုင်လေသည်။

ထိုဟာကွက်သည် အဆစ်အပိုင်းတစ်ခုဖြစ်ပြီး သိမြင်ရန်အလွန်

မှ ခက်ခဲလေသည်။

ထိုက်ယင်းနတ်သမီးသည် ထိုဟာကွက်ကို တွေ့မြင်သွားခဲ့လေ

သည်။

အဘယ်ကြောင့် ဆိုသော် သူမသည် သဘာဝလမ်းစဉ်ကို

သိမြင်သွားသည့်အတွက် ဖြစ်လေသည်။

လူပေါင်းတစ်သောင်းတွင် တစ်ယောက်သာ သိရှိနိုင်မည့်

ထာဝရစား၏ ဟာကွက်ကို သိရှိသွားသည်နှင့် ထိုက်ယင်း

နတ်သမီးက ထိုက်ယင်းဆူးခက်ဆံထိုးကို ထာဝရစားစက်ဝန်း

အတွင်းသို့ ထိုးစိုက်ချလိုက်လေသည်။

ထိုအခါ စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်နေသည့် ထာဝရဓားသည်
ရုတ်တရက် စွမ်းအားများ ပြိုကွဲကာ ရပ်တန့်သွားလေ
တော့သည်။

ထိုက်ယင်းနတ်သမီးတန်ပြန်တိုက်ခိုက်တော့မည်ကို နီကျားက
ခန့်မှန်းလိုက်နိုင်သည့်တိုင် အချိန်မီ ခုခံကာကွယ်လိုက်နိုင်ခြင်း
မရှိခဲ့ပေ။

ရုတ်တရက် ဓားခြိမ်းသံကြီးက ကောင်းကင် (၉)ထပ်ကို
ဖုံးလွှမ်းသွားလေသည်။ နဂါးဟိန်းသံနှင့် ဇာမဏီငှက်ကျုံးဝါး
သံများ ထွက်ပေါ်လာပြီး ရေတံခွန်ကဲ့သို့ စီးဆင်းနေသည့် ဓား
ဝိညာဉ်တစ်ခု ကောင်းကင်ထက်မှ ဆင်းသက်လာလေသည်။
ထိုဓားဝိညာဉ်ထဲတွင် ထိုက်ယင်းနတ်သမီး ရှိနေလေသည်။
မရေမတွက်နိုင်သည့် တိုက်ပွဲတိုင်းကို အောင်နိုင်ခဲ့သူ ပင်လယ်
သုံးပါးသခင်နီကျားကို ထိုက်ယင်းနတ်သမီးသည် အဘယ်မှာ
လွယ်လွယ်နှင့် အနိုင်ရနိုင်ပါမည်နည်း။

ရေတံခွန်အလား စီးဆင်းလာသည့် ဓားဝိဉာဉ်မှာ ဒုတိယဓား ဖြစ်လေသည်။ ကြည့်ရသည်မှာ ထိုက်ယင်းနတ်သမီး တိုက်ပွဲတွင် ရှုံးနိမ့်သွားဟန် ရှိလေသည်။

အခန်း (၈၈၂) ထိုက်ယီမရဏဓား (၇)လက်

တိုက်ပွဲကိုကြည့်နေကြသူများမှာ သက်ပြင်းကိုယ်စီချလိုက်မိကြလေသည်။

နီကျားဓါ်ဓားသည် အလွန်ထူးဆန်းသည့် ဓားတစ်လက်ဖြစ်လေသည်။ ဓားကိုဖန်တီးခဲ့သူက မယုံကြည်နိုင်စရာကောင်းလောက်အောင် ဖန်တီးထားခဲ့ခြင်း ဖြစ်လေသည်။

ထိုက်ယင်းနတ်သမီးသည် ဆန်းလျန်ကဲ့သို့ အံ့ဩဖွယ်ရာများကို ပြုလုပ်နိုင်သည့် ပါရမီရှင်တစ်ယောက် မဟုတ်ပေ။

ရေတံခွန်အလား စီးဆင်းနေသည့် ဓားဝိညာဉ်ထဲတွင် သူမသည် ပိတ်မိနေလေသည်။

တာအိုဆရာသခင်ကြီးတစ်ပါး၏ ဓားနှင့် ဓားဝိညာဉ်အောက်တွင် ထိုက်ယင်းနတ်သမီးသည် မည်သည့်နည်းနှင့်မှ အသက်ရှင်သန်နိုင်မည် မဟုတ်ပေ။ ရေတံခွန်ကဲ့သို့ စီးဆင်းနေသည့် ဓားဝိညာဉ်သည် သုံးစက္ကန့်မျှသာကြာမြင့်သော်လည်း ထိုက်ယင်းနတ်သမီး အယောက် (၁၀၀)ကို သတ်ဖြတ်ပစ်နိုင်စွမ်းရှိလေသည်။

သို့သော်... ဓားဝိညာဉ်စီးဆင်းမှုကြီး ပျောက်ကွယ်သွားသည်နှင့် အလွန်ချောမောလှပသည့် မိန်မပျိုတစ်ယောက် ပေါ်လာလေသည်။

သို့သော်... ထိုမိန်းမပျို၏တစ်ကိုယ်လုံး နှင်းခဲများဖြင့် ဖုံးလွှမ်းနေလေသည်။ သူမကို တွေ့မြင်ရသည်နှင့်ပင် အေးစိမ့်မှုကို ခံစားရမည်ဖြစ်ပြီး အတွေးများပင် နှေးကွေးထုံထိုင်းသွားမည်ဖြစ်သည်။

နှင်းခဲများ အရည်ပျော်ကျသွားသည်နှင့် ထိုက်ယင်းနတ်သမီး ထွက်ပေါ်လာလေသည်။

သူမ၏ မျက်ဝန်းများက ရေခဲအလားအေးစက်နေပြီး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူမက ...

"ဒုတိယဓားပဲ..."

နီကျားက အေးအေးဆေးဆေးပင် ခေါင်းညိတ်ပြလိုက်ပြီး...

"စုစုပေါင်း ဓား (၇)လက်ရှိတယ်၊ ဓား (၇)လက်ပြည့်စုံရင် ဓားသိုင်းပညာတစ်ခုလုံးလည်း ပြည့်စုံသွားမှာပါပဲ၊ ကျုပ်ရဲ့ဆရာက အဲဒီဓားသိုင်းကို ကျုပ်ကိုသင်ပေးခဲ့ပေမယ့် ဓား (၇)လက်ကို မသုံးဖို့ သေသေချာချာမှာထားခဲ့တယ်၊ ဘာလို့လဲဆိုတော့ ဓား (၇)လက်ကို အသုံးပြုလိုက်ပြီဆိုတာနဲ့ ဘယ်တော့မှ နောက်ပြန်ဆုတ်လို့ မရတော့ဘူး၊ ပြီးတော့ ဓားတစ်ချက်ကို အသုံးပြုလိုက်တိုင်း အသုံးပြုတဲ့သူကိုလည်း တစ်ချက်ထိခိုက်စေတယ်၊ အဲဒီဓားသိုင်းဟာ လမ်းစဉ်မှန်တဲ့ ဓားသိုင်းမဟုတ်ဘူး..."

ဆန်းလျန်က ရုတ်တရက် မေးခွန်းထုတ်လိုက်သည်။

"အဲဒါ ဒဏ္ဍာရီထဲက ထိုက်ယီမရဏဓား (၇)လက်လား..."

နီကျားက...

"အမှန်ပါပဲ..."

ဆန်းလျန်က ထိုက်ယင်းနတ်သမီးကို လှမ်းကြည့်လိုက်ပြီး...

"မင်း အခု အရှုံးပေးလိုက်တော့ ၊ မင်းကို ကျုပ်ပြန်ပို့ပေးမယ်..."

ထိုက်ယီမရဏာဓား (၇)လက်၏ မူလဇာစ်မြစ်ကို သိရှိသူ လောကတွင် အနည်းငယ်သာ ရှိလေသည်။

ဆန်းလျန် ဟွင့်ယွမ်ဝူကျီအဆင့်သို့ မရောက်မီကပင် အတိတ်မှ လျှို့ဝှက်အကြောင်းအရာများကို ဖြည်းဖြည်းချင်း လေ့လာခဲ့သည်။ မဟုတ်ပါက ဆုံးရှုံးမှုဖြင့် ရင်ဆိုင်ရမည်ကို သူက စိုးရိမ်မိသောကြောင့် ဖြစ်လေသည်။

ခေတ်အဆက်ဆက်တွင် ဆိုးသွမ်းယုတ်မာကြသူများကလည်း ဒုနှင့်ဒေးပင်ရှိလေ၏။ သို့သော်... ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားမြင့်မားပြီး ဆိုးသွမ်းယုတ်မာကြသူများကတော့ အနည်းငယ်သာ ရှိလေသည်။

လွန်လေခဲ့ပြီးသော အတိတ်အချိန်များစွာက မှော်နက်အရှင်သခင်တစ်ပါး ပေါ်ထွက်ခဲ့ဖူးလေသည်။ ထိုမှော်နက်

အရှင်သခင်သည် တန်ခိုးစွမ်းအားမြင့်မားပြီး ဆိုးသွမ်းယုတ်မာသူတစ်ယောက် ဖြစ်လေ၏။ ထိုသူ၏ မူလဇာစ်မြစ်ကို မည်သူမှ သိရှိကြခြင်း မရှိပေ။

သူက အနက်ရောင်ဝတ်စုံကိုသာ အစဉ်အမြဲဝတ်ဆင်တတ်ပြီး မရဏာမိစ္ဆာခုနစ်ပါးနန်းတော်တွင် နေထိုင်လေသည်။ သူ၏ စိတ်နေစိတ်ထားကလည်း ထူးဆန်းလေသည်။ သူက အကြင်နာတရားကင်းမဲ့ပြီး မည်သူ့ကိုမဆို သတ်ဖြတ်သုတ်သင်ပစ်ရန် ဝန်မလေးပေ။

သူ့အနားမှ ချစ်ခင်သူများကိုပင် ချွင်းချက်မရှိ ရက်ရက်စက်စက် သတ်ဖြတ်ပစ်သူတစ်ယောက် ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့ မရဏာမိစ္ဆာခုနစ်ပါးနန်းတော်သခင် မှော်နက်အရှင်သခင်သည် မထင်မှတ်ဘဲ ထူးဆန်းစွာ သေဆုံးသွားခဲ့လေသည်။

ထိုအခါ မရဏာမိစ္ဆာခုနစ်ပါးနန်းတော်သည် ထိုက်ယီကျန်းရန်လက်ထဲသို့ ကျရောက်သွားလေတော့သည်။

ထိုက်ယီကျန်းရန်က မရဏာမိစ္ဆာခုနစ်ပါးနန်းတော်တွင် ကြွင်းကျန်ရစ်သည့် မရဏာတန်ခိုးစွမ်းအားများကို အသုံးပြုကာ မရဏာဓား (၇)လက်ကို တီထွင်ခဲ့လေသည်။

နီကျားပြောသကဲ့သို့ပင် ထိုဓားများသည် အခြားသူများကို တစ်ခါနာကျင်စေတိုင်း မိမိကိုယ်ကိုလည်း ပြန်လည်နာကျင်စေလေသည်။

ထိုဓားများ၏ မိစ္ဆာစွမ်းအားမြင့်မားသည်ကို သိရှိထားသည့်အတွက် ဆန်းလျန်က ထိုက်ယင်းနတ်သမီးကို သတိပေးလိုက်ခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင် နတ်ဘုရားတစ်ပါးက...

"ဆန်းလျန်ထျန်းကျွင်းက ထိုက်ယင်းနတ်သမီးဘက်က မျက်နှာလိုက်တာပဲ ၊ ဒီပြိုင်ပွဲက မျှတပါ့မလား..."

ထိုစကားကိုပြောလိုက်သည့် နတ်ဘုရားမှာ ဖိနပ်စီးထားခြင်းမရှိသည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

သူ၏မျက်လုံးတစ်ဖက်က နေရောင်တောက်ပနေပြီး အခြားမျက်လုံးတစ်ဖက်က လရောင်တောက်ပနေလေသည်။ သူ့လက်ထဲတွင် ယပ်တောင်တစ်ချောင်းကိုင်ထားပြီး ထိုယပ်တောင်က ရှီးမီစန်းတောင်ကိုပင် ရိုက်ချတော့မည့်အလား ထင်မှတ်ရလေသည်။

ထိုသူမှာ နှစ်ပေါင်းများစွာ နာမည်ကျော်ကြားခဲ့သည့် ခြေဗလာနတ်မင်းကြီးပင် ဖြစ်လေ၏။

ဆန်းလျန်က ခေါင်းကိုလှည့်ကာ ထိုသူကို နက်ရှိုင်းသည့်အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်လေသည်။ သို့သော်...

စကားတစ်ခွန်းမှ ပြန်ပြောခြင်း မရှိပေ။

ဆန်းလျန်၏အကြည့်နှင့် ရင်ဆိုင်လိုက်ရသည်နှင့် ခြေဗလာနတ်မင်းကြီးထံမှ အသံနက်ကြီးဖြင့်အော်ဟစ်သံတစ်ချက်

ထွက်ပေါ်လာပြီး ဗလာနယ်ထဲတွင်ပင် တင်ပျဉ်ခွေထိုက်လျက်

သား အသက်ပျောက်သွားလေတော့သည်။

ခြေဗလာနတ်မင်းကြီးဘေးမှ အခြားသောနတ်ဘုရားများ များ

စွာ တုန်လှုပ်ခြောက်ခြားသွားကြလေသည်။

ဆန်းလျန်ထျန်းကျွင်း တစ်ချက်ကြည့်လိုက်ရုံမျှဖြင့် ခေတ်

အဆက်ဆက်နာမည်ကျော်ကြားခဲ့သည့် ရှေးဟောင်းနတ်ဘုရား

တစ်ပါးဖြစ်သူ ခြေဗလာနတ်မင်းကြီးမှာ ချက်ချင်း အသက်

ပျောက်သွားခဲ့ရပြီ ဖြစ်လေသည်။

မည်သို့သော တန်ခိုးစွမ်းအားများကို ဆန်းလျန်ထျန်းကျွင်း

အသုံးပြုလိုက်ပါသနည်း။ အလွန်မှပင် ကျောချမ်းလောက်စေ

သည့် တန်ခိုးစွမ်းအားမျိုး ဖြစ်လေသည်။

သူတို့အားလုံး ဆန်းလျန်၏ တန်ခိုးစွမ်းအား မည်မျှမြင့်မား

သည်ကို ခန့်မှန်းခဲ့ကြလေသည်။ သို့သော်... ဆန်းလျန်သည်

သူတို့ခန့်မှန်းသည်ထက် အဆမတန် သာလွန်သူတစ်ယောက်

ဖြစ်နေခဲ့လေသည်။

ဆန်းလျန်က အခြားနတ်ဘုရားများကို အရေးမစိုက်တော့ဘဲ

ထိုက်ယင်းနတ်သမီးကို ကြည့်လိုက်လေသည်။

"မင်း ဆုံးဖြတ်ပါ..."

ထိုက်ယင်းနတ်သမီးက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်

ရင်း...

"ကျွန်မ အရှုံးမပေးနိုင်ဘူး..."

ဆန်းလျန်က...

"ပွင့်ပွင့်လင်းလင်းပြောရရင် ထိုက်ယီမရဏာဓား (၇)လက်

ထွက်ပေါ်လာတာနဲ့ မင်း သေရလိမ့်မယ် ၊ မင်း တကယ်ပဲ ဆက်

ပြီး တိုက်ခိုက်ချင်သေးတာလား..."

ထိုက်ယင်းနတ်သမီးက...

"ကျွန်မ သိပါတယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်းက ကျုပ်ပြောတဲ့စကားကို မယုံတာလား..."

ထိုက်ယင်းနတ်သမီးက...

"ဒီရက်တွေမှာ ရှင် ကျွန်မကို ဂရုစိုက်ပေးခဲ့တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မလည်း ကျင့်ကြံသူတစ်ယောက်ပါ..."

ဆန်းလျန်က...

"မင်းက အရှုံးမပေးဘူးလို့ ဆုံးဖြတ်ချက်ချလိုက်ကတည်းက မင်းက ကျင့်ကြံသူတစ်ယောက်ဆိုတာ ကျုပ် သိပါတယ်..."

ဆန်းလျန်က စကားကိုခဏနားပြီး နီကျားကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"မင်းရော ဆက်တိုက်ဦးမှာလား..."

နီကျားက ပြုံးလိုက်ရင်း...

"အရင်တုန်းက အရိုးတွေကို ခမည်းတော်ကို ပြန်ပေးခဲ့ပြီး၊ အသွေးအသားကို မယ်တော်ကို ပြန်ပေးပြီးကတည်းက နီကျား

ဆိုတာ သေဆုံးခဲ့ပြီးသားပါ၊ ဆရာက ထိုက်ယီမရဏာဓား

(၇)လက်ကို ကျုပ်ကိုလက်ဆင့်ကမ်းပေးခဲ့တယ်ဆိုကတည်းက

ကျုပ်ကို ယုံကြည်စိတ်ချလို့ပါပဲ၊ အခုတော့ ဒီဓားသိုင်းကို

အသုံးပြုဖို့ အချိန်ကျပြီပေါ့..."

နီကျားသည် ငယ်ရွယ်သည့် ကောင်လေးတစ်ယောက်ပုံစံဖြစ်

နေသော်လည်း သူသည် သေခြင်းရှင်ခြင်းတရားများကို

နားလည်သည့် အဆင့်မြင့်နတ်ဘုရားတစ်ပါးဖြစ်လေသည်။

ထို့ကြောင့် သူ၏ တန်ခိုးစွမ်းအားများကို ထာဝရဓားဖြင့်

ပေါင်းစပ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဆန်းလျန်က...

"ဒါဖြင့် မင်းတို့တွေ ဆက်တိုက်ကြပါ...

....

မရှိမှုကျေးရွာ ...

ထိုက်ချင်ထျန်းကောင်းကင်ဘုံ...၊ ဘုရင်ရှစ်ပါးနန်းတော် ...။

ရှမ်တုတောက်ကျွင်းသည် အဝတ်တန်ဆာ အပြည့်အစုံကို ဝတ်ဆင်ထားပြီး သူ့နောက်တွင် ရွှေသူငယ်နှင့် ငွေသူငယ်က တစ်ဖက်တစ်ချက်စီတွင် ရပ်နေလေသည်။

ရွှေသူငယ်က ဒေါသတကြီးလေသံဖြင့်...

"ဒီလူက သူလည်းနတ်ဘုရားတစ်ပါးပဲ ၊ ဘာလို့ ခြေဗလာနတ်မင်းကြီးကို စကားတစ်ခွန်းမှ မပြောဘဲ သတ်ပစ်လိုက်ရတာလဲ..."

ခြေဗလာနတ်မင်းကြီးမှာ ထိုက်ချင်ထျန်းကောင်းကင်ဘုံရှိ ဘုရင်ရှစ်ပါးနန်းတော်မှ တပည့်တစ်ယောက် မဟုတ်သော်လည်း ဘုရင်ရှစ်ပါးနန်းတော်နှင့် ဆက်ဆံရေးကောင်းမွန်သူတစ်ယောက် ဖြစ်လေသည်။

ရွှေသူငယ်နှင့်ငွေသူငယ်တို့သည်လည်း ခြေဗလာနတ်မင်းကြီးကို ခင်မင်ကြလေ၏။

ယခု ဆန်းလျန်က ခြေဗလာနတ်မင်းကြီးကို သတ်ပစ်လိုက်သည့်အခါ သူတို့ မခံမရပ်နိုင်ဖြစ်နေကြပြီး ဆန်းလျန်ကို ရွံ့လျာမုန်းတီးလျှက် ရှိကြလေသည်။

ရွှမ်တုတောက်ကျွင်းက...

"ရွှေသူငယ်... မင်းက ဆန်းလျန်ကို သတ်ချင်ဖြတ်ချင်စိတ်များနေတယ်လို့ ထင်နေတာလား ၊ ကျုပ်ကတော့ အဲဒီလို မထင်ဘူး..."

ရွှေသူငယ်က...

"သခင်ကြီးရဲ့စကားက ဘာအဓိပ္ပါယ်များလဲ..."

ရွှေသူငယ်မှာ ဘုရင်ရှစ်ပါးနန်းတော်မှ တာအိုလူငယ်လေးတစ်ယောက်ဖြစ်သော်လည်း တန်ခိုးစွမ်းအားမြင့်မားသည့် နတ်ဘုရားတစ်ပါးဖြစ်လေသည်။

သူက ထိုက်စန့်လောင်ကျွင်းလက်ထက်ကတည်းက ဘုရင်ရှစ်ပါးနန်းတော်တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည့်အတွက် အသိဉာဏ်ဗဟုသုတလည်း နိမ့်ပါးသူ မဟုတ်ပေ။

ယခု ရွှမ်တုတောက်ကျွင်း၏ စကားကိုကြားလိုက်ရသည့်အခါ အခြားအကြောင်းတစ်ခုရှိဦးမည်ကို ချက်ချင်း နားလည်လိုက်လေသည်။

ရွှမ်တုတောက်ကျွင်းက အေးဆေးသည့်လေသံဖြင့်...

"အရင်သခင်ကြီးလည်း ပြောဖူးတယ်မဟုတ်လား ၊ လောကမှာရှိတဲ့အရာအားလုံးက မရှိမှုတရားကနေ မွေးဖွားလာတာ ၊ ခန္ဓာကိုယ်မွေးဖွားလာတယ် ၊ စိတ်ဝိညာဉ်မွေးဖွားလာတယ် ၊ စိတ်ဝိညာဉ်က အမှားအမှန်ကို ပိုင်းခြားသိမြင်နိုင်တဲ့ ပညာကိုပေးတယ် ၊ သေခြင်းရှင်ခြင်းတရားတွေကို နားလည်စေနိုင်တယ် ၊ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် စိတ်ကအရင်စပြီးကြံစည်တာပဲ ၊ အဲဒါတွေ ထားလိုက်ပါလေ ၊ အခု ဆန်းလျန်က

ခြေဗလာနတ်မင်းကြီးကို သတ်ပစ်လိုက်တယ်၊ အဲဒါ သူက သတ်ချင်ဖြတ်ချင်တဲ့စိတ်တွေ သူ့မှာဖြစ်နေလို့ သတ်တာ မဟုတ်ဘူး၊ ခြေဗလာနတ်မင်းကြီးက သနားစရာကောင်း လောက်အောင် တုံးအလွန်းလို့ သတ်ပစ်လိုက်တာ၊ တုံးအ လွန်းတဲ့အတွက် လောကမှာတောင် နတ်ဘုရားတစ်ပါးအနေနဲ့ ရှိမနေသင့်တော့တဲ့အတွက် သတ်ပစ်လိုက်တာပဲ..."

ငွေသူငယ်က ရုတ်တရက် မေးလိုက်သည်။

"ဘယ်လိုတုံးအလွန်းတာလဲ..."

ရှမ်တုတောက်ကျွင်းက သိမ်မွေ့သည့်လေသံဖြင့်...

"ဟိုးအရင် ဗုဒ္ဓရှိစဉ်အချိန်ကပေါ့ အချို့က ဗုဒ္ဓကို ပြစ်တင် ဝေဖန် ပုတ်ခတ်ခဲ့ကြတယ်၊ ဗုဒ္ဓပြောတာတွေကို မှားနေတယ် လို့ ပြောတဲ့သူတွေကလည်း ပြောကြတယ်၊ ဒါပေမဲ့ ဗုဒ္ဓ ကတော့ အမြင့်ဆုံးအဆင့် တရားအလင်း ရသွားတဲ့သူပဲ မဟုတ်ဘူးလား..."

ငွေသူငယ်က...

"ဗုဒ္ဓက သူ့ကို ဝေဖန်တိုက်ခိုက်တဲ့သူတွေကို ဘာမှ ပြန်မလုပ်ဘူးလား..."

ရွှမ်တုတောက်ကျွင်းက တစ်ချက်ပြုံးလိုက်ရင်း...

"မင်းဟာလေ... အဲဒါကြောင့် မီးထိုးတဲ့ တာအိုသူငယ်လေးပဲ ဖြစ်နေတာ..."

ငွေသူငယ်က...

"ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကလည်း မီးထိုးတဲ့ တာအိုသူငယ်လေးတွေပဲ ဖြစ်ချင်တာပါ..."

....

နီကျားက ထာဝရဓားကို ဆုပ်ကိုင်ထားလေသည်။

သူ၏မျက်ခုံး (၂)ခုကြားမှ အနီရောင်ပြဒါးသင်္ကေတက တောက်ပလာပြီး အနီရင့်ရောင်အဖြစ်သို့ ကူးပြောင်းသွားလေသည်။ သူ၏ မျက်ခုံးနှစ်ဖက်သည်လည်း သွေးနီရောင်လွှမ်းသွားလေသည်။

သူ၏မျက်ဝန်းများသည်လည်း သွေးရောင်တောက်ပလျှက် ရှိလေ၏။

ဆန်းလျှန်ဖန်ဆင်းထားသည့် ဓမ္မနယ်မြေသည်ပင် သွေးရောင်သမ်းလျှက်ရှိလေသည်။

ထိုက်ယင်းနတ်သမီးက ရှေ့သို့ ခြေတစ်လှမ်းချင်းတိုးလိုက်လေသည်။

ခြေလှမ်း (၈)လှမ်းတိတိတိုးပြီးသည့်နောက် ခြေလှမ်း (၈)လှမ်းနောက်ပြန်ဆုတ်လိုက်လေသည်။ ထိုအခါ စုစုပေါင်း ခြေလှမ်း (၁၆)လှမ်း လှမ်းလိုက်ခြင်း ဖြစ်လေသည်။ အရပ် (၄)မျက်နှာကို ခြေလှမ်း (၈)လှမ်း အတိုးအဆုတ်လုပ်မည်ဆိုလျှင် (၈)နှင့် (၈)မြှောက်လဒ် စုစုပေါင်း ခြေလှမ်း (၆၄)လှမ်း ရှိမည် ဖြစ်လေသည်။

ထိုအခါ တာအို၏ ထူးခြားဆန်းပြားသည့် သင်္ကေတများ ထွက်ပေါ်လာသည်။

ပုဆိန်တစ်လက် ၊ ကျောက်စိမ်းယုန် ၊ လောင်ကျွမ်းနေသော သစ်ပင် ၊ လပြည့်နေ့နှင့် အေးစက်သည့် တာအိုနန်းတော်တစ်ခု ဖြစ်လေသည်။

အခန်း (၈၈၃) လက်ဖဝါးထက်က စကြာဝဠာ

ထိုက်ယင်းနတ်သမီးက တာအိုသင်္ကေတများကို တစ်ခုပြီးတစ်ခု ဖွင့်လှစ်ပြသလိုက်သည့်အတွက် ဆန်းလျန်ဖန်ဆင်းထားသည့် ဓမ္မနယ်မြေသည် စကြာဝဠာငယ်တစ်ခုကဲ့သို့ ဖြစ်သွားလေသည်။

ထို့နောက် ကောင်းကင်ထက်မှ ဖြူစင်သည့်နှင်းများ ကျဆင်းလာလေသည်။ နှင်းများသည် ယင်စွမ်းအားများနှင့် ပြည့်ဝနေပြီး အေးစိမ့်လွန်းလှလေသည်။

နှင်းပွင့်များကျနေသည့်အတွက် ဆန်းလျန်ဖန်ဆင်းထားသည့် ဓမ္မနယ်မြေသည် စကြာဝဠာနှင့် ထူးဆန်းစွာ ဆက်စပ်သွားပြီး လူအများကို ထင်ယောင်ထင်မှား ဖြစ်သွားစေလေသည်။

နီကျားက စကားတစ်ခွန်းမှ မပြောဘဲ တိတ်ဆိတ်နေလေသည်။ သူ့လက်ထဲတွင်ကိုင်ထားသည့် ထာဝရဓားက နွေဦးလေပြေအလား နွေးထွေးနေလေသည်။

ထိုက်ယင်းနတ်သမီးက သူမ၏ တန်ခိုးစွမ်းအားများကို မူလထိုယင်းဖြင့်ပေါင်းစပ်ပြီး လနတ်သမီးချန်ဝေါ်ကွမ်ဟန်နန်းတော်ကို တည်ဆောက်စဉ်က အသုံးပြုသည့် တန်ခိုးစွမ်းအားကို အသုံးပြုလိုက်လေသည်။

သူမသည် ချက်ချင်းပင် တာ့လော်အဆင့် ကျင့်ကြံသူတစ်ယောက်နီးပါး တန်ခိုးစွမ်းအားများ မြင့်တက်လာလေသည်။

ထာဝရဓားအတွင်းမှ နောက်ထပ် ထိုက်ယီမရဏဓားများ ထွက်ပေါ်မလာအောင် သူမ ပိတ်ဆို့တားဆီးရမည် ဖြစ်လေသည်။

နီကျားကိုယ်တိုင်ကလည်း ထိုက်ယီမရဏဓား (၇)လက်ကို အသုံးပြုရန် ဆန္ဒမရှိခဲ့ပါ။

သို့သော်... ဒုတိယဓားထွက်ပေါ်လာပြီးသည့်နောက် သူ့အနေဖြင့် ထိုက်ယီမရဏဓား (၇)လက်ကို ဆက်လက်အသုံးပြုရတော့မည် ဖြစ်လေသည်။

ထိုက်ယီမရဏဓား (၇)လက်ကို အသုံးပြုတော့မည်ဆိုကတည်းက သူသည်လည်း သေရတော့မည် ဖြစ်လေသည်။

အလင်းတန်းတစ်ခု ရုတ်တရက် လင်းလက်သွားပြီးကြောက်မက်ဖွယ်ရာ မိစ္ဆာစွမ်းအားများနှင့်ပြည့်နက်နေသည့်

ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာကာ နှင်းပွင့်များကို ခုတ်ပိုင်း

ပစ်လိုက်လေသည်။

နီကျား၏တန်ခိုးစွမ်းအားများနှင့် ထာဝရဓားက အပြည့်အဝ

ပေါင်းစပ်သွားလေသည်။

တစ်ချိန်တည်းမှာပင် ငယ်ရွယ်သည့် နီကျား၏မျက်နှာလေး

သည် ကြာပန်းတစ်ပွင့်အလား သန့်စင်ကြည်လင်လျှက် ရှိလေ

သည်။ အသက်ဓာတ်စွမ်းအားများနှင့် ပြည့်ဝနေပြီး မဟာ

လမ်းစဉ်ကို လျှောက်လှမ်းနေသည့်အလား ထင်မှတ်ရလေ

သည်။

ဓမ္မနယ်မြေထဲတွင် လေပြေလေးက ဖြည်းညင်းစွာ တိုက်ခတ်

လာပြီး စူးရှက်ထက်မြက်သည့် ဓားဝိညာဉ်ကို လေပြေက

ထိန်းချုပ်ထားလိုက်လေသည်။

သို့သော်... အထီးကျန်သည့် ဓားဝိညာဉ်က လေပြေကိုထိုး ဖောက်သွားပြီး ထိုက်ယင်းနတ်သမီး ဖန်ဆင်းထားသည့် တာအို သင်္ကေတများကို ဖြတ်သန်းလာခဲ့လေသည်။

ရုတ်တရက်... လောကတစ်ခုလုံးတုန်လှုပ်သွားစေသည့် အသက်ဓာတ်စွမ်းအားပေါက်ကွဲမှုကြီး ဖြစ်ပေါ်သွားလေသည်။ ယခုတစ်ကြိမ်တွင်တော့ ထာဝရဓားမှ စက်သွားဘီးပုံသဏ္ဍာန် စကြာများ ထွက်ပေါ်လာလေသည်။ စက်သွားဘီးများထဲတွင် အချိန်နှင့်နေရာ လောကဓမ္မသဘောတရားများ ပါဝင်လျှက်ရှိ လေသည်။

ဓမ္မနယ်မြေအတွင်းမှ အဝါရောင်အရည်များနှင့် အနီရောင် အရည်များသည် အပြင်ဘက်သို့ပင် စီးဆင်းထွက်နေလေ သည်။

နီကျားအသုံးပြုလိုက်သည့် ဓားကွက်ကိုကြည့်ရင်း နီကျားတွင် ဖြစ်ပေါ်သွားသည့် အံ့သြဖွယ်ရာ အပြောင်းအလဲကို ဆန်းလျန် ချက်ချင်းပင် နားလည်လိုက်သည်။

ပင်လယ်သုံးပါးသခင်နီကျားသည် ထိုက်ယီမရဏဓား (၇)လက်ကို ထုတ်ဖော်အသုံးပြုလိုက်သည့်အတွက် သူ၏ ကြာရှက်ကြာရိုးများဖြင့် ပြုလုပ်ဖန်ဆင်းထားသည့် သူ၏နတ်ဘုရားခန္ဓာကို ကျော်လွန်ကာ တာ့လော်အဆင့်သို့ တက်ရောက်သွားခဲ့ပြီ ဖြစ်လေသည်။

သို့သော်... နောက်ကျသွားခဲ့ပြီဖြစ်လေသည်။

နီကျားသည် နေ့ဘက်တွင် တာ့လော်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ညဘက်တွင် သေရတော့မည် ဖြစ်လေသည်။

ဆန်းလျန် မျက်လုံးများကို ဖြည်းဖြည်းချင်း မှိတ်လိုက်လေသည်။ သူ တိုက်ပွဲအဆုံးသတ်ကို မကြည့်လိုတော့ပေ။

တိုက်ပွဲက အဆုံးသတ်ခါနီးပြီ ဖြစ်လေသည်။

လောင်ကျွမ်းနေသည့်သစ်ပင် ကျိုးပဲ့ကြေမွသွားလေသည်။

ကျောက်စိမ်းယုန်သည်လည်း သေဆုံးသွားခဲ့ပြီ။ ပုဆိန်လည်း

ပျက်စီးသွားခဲ့ပြီ ဖြစ်လေသည်။

နောက်ဆုံး ဆန်းလျန်ဖန်ဆင်းထားသည့် ဓမ္မနယ်မြေတစ်ခုလုံး

ပြိုကျပျက်စီးသွားလေသည်။

ထိုအချိန်မှာပင်... စကြာဝဠာထဲတွင် အချိန်ရေစီးကြောင်း

ထွက်ပေါ်လာပြီး အချိန်ရေစီးကြောင်းထဲတွင် မှိန်ပျပျ

အလင်းတန်းတစ်ခု တောက်ပလာလေသည်။

နီကျားက ဓားရိုးကို လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်ထား

ရန် ဆန်းလျန်ကို လှမ်းကြည့်လိုက်သည်။

ဆန်းလျန်သည် နီကျားကို လွတ်မြောက်ရန်လမ်းစတစ်ခုကို

ပေးခဲ့ခြင်းဖြစ်လေသည်။

ထိုက်ယီမရဏဓား (၇)လက်၏ လျှို့ဝှက်ဆန်းကျယ်မှုကို ဆန်း

လျန် ရှင်းရှင်းလင်းလင်းနားလည်သွားခဲ့ပြီ ဖြစ်လေသည်။

လောကတွင် ထိုမရဏာဓားသိုင်းကို မိမိကိုယ်ကို နာကျင်စေခြင်းအလျဉ်းမရှိဘဲ အသုံးပြုနိုင်သူ တစ်ယောက်ရှိမည်ဆိုလျှင် ထိုသူသည် ဆန်းလျန်သာ ဖြစ်ပေလိမ့်မည်။

နီကျား၏ အကြည့်ကို ဆန်းလျန်က ဖြည်းညင်းစွာဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

နီကျားက ဗလာနယ်ထဲတွင် မတ်တတ်ရပ်နေရင်း ဆန်းလျန်ကို ပြုံးပြလိုက်လေသည်။ ထို့နောက် ကြာပန်းတစ်ပွင့်အဖြစ် ပြောင်းလဲသွားကာ အချိန်စီးကြောင်းအတွင်းမှ မှိန်ပျပျ အလင်းရောင်အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

ထာဝရဓားမှ ဓားခြိမ်းသံကြီးတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ထို့နောက် ထာဝရဓားသည်လည်း အချိန်ရေစီးကြောင်းအတွင်းသို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားလေတော့သည်။

မည်သည့်အရာမှ ဖြစ်ပျက်ခဲ့ခြင်း မရှိသလို အရာအားလုံး ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်က တိုက်ပွဲကို ကြည့်နေကြသည့် နတ်ဘုရားများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"အားလုံးပဲ ခဏနေကြဦး..."

ပြောပြီးသည်နှင့် ဆန်းလျန်က လက်ဖဝါးတစ်ဖက်ကို ဖြန့်လိုက်လေသည်။

လက်ဖဝါးထက်တွင် စကြာဝဠာကြီးတစ်ခုလုံးကို တွေ့မြင်လိုက်ကြရသည်။

အချိန်စီးဆင်းမှု ၊ ကံတရား ၊ တန်ခိုးစွမ်းအား....။

နတ်ဘုရားများသည် ဆန်းလျန်ပြသသည့်မြင်ကွင်းကို ခံနိုင်ရည် မရှိခဲ့ကြပေ။ တန်ခိုးစွမ်းအားဖိအားကြီးတစ်ခုသည် တောင်တစ်တောင်ဖြင့် သူတို့ကိုဖိနှိပ်ထားသကဲ့သို့ ခံစားနေကြရလေသည်။

သို့သော်... သူတို့အားလုံးသည် နတ်ဘုရားများဖြစ်သည့်အတွက် သာမန်သတ္တဝါများနှင့် မတူညီကြပေ။ တန်ခိုးစွမ်းအား ဖိအားကြီးကို ကြံ့ကြံ့ခံကာ ဆန်းလျန်၏ လက်ဖဝါးထက်မှ စကြာဝဠာကို ကြည့်နေကြလေသည်။

ဆန်းလျန်၏လက်ထဲတွင် အသစ်သောလောကတစ်ခုရှိနေပြီး ထိုလောကသည် ဖွင့်လှစ်ခြင်းခံရတော့မည့်အလား ဖြစ်လေသည်။

ဆန်းလျန်သည် ဗလာနယ်ထဲတွင် ထိုင်နေလေသည်။ တောင်တစ်တောင်အလား လှုပ်ရှားပြောင်းလဲခြင်း မရှိပေ။

ယွမ်စီထျန်းကျွင်းသည် အသစ်သောစကြာဝဠာကို ဖွင့်လှစ်သည့်အလား၊ ဗုဒ္ဓသည် လင်စန်းတောင်ကို ဖန်ဆင်းသည့်အလား၊ ဆန်းလျန်သည်လည်း မိုးနှင့်မြေတွင် ထိပ်ဆုံးအဆင့်တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာပြီး လောကအသစ်ကို

ဖွင့်လှစ်တော့မည့်အလား ၊ ခမ်းနားမှုတို့ဖြင့် ပြည့်နက်လျှက် ရှိလေ၏။

အချိန်ဆိုသည့်အရှံအတားက ပြိုကြပျက်စီးသွားပြီး ကံကြမ္မာတရားကလည်း ရောထွေးပေါင်းစပ်ကုန်လေသည်။

စကြာဝဠာကြီးထဲတွင် မရေမတွက်နိုင်သည့် နဂါးငွေ့တန်းများ ထွက်ပေါ်လာပြီး ဥက္ကာပျံများက အမှုန့်ဖြစ်သွားကြသည်။

ကြယ်စင်အချို့က လင်းလက်တောက်ပလာကြပြီး ကြယ်စင်အချို့က ကြွေလွင့်သွားကြလေသည်။

ဆန်းလျန်၏ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသည့် တာအိုဝတ်ရုံ ပျောက်ကွယ်သွားပြီး သူ၏ခန္ဓာကိုယ်သည် ဖန်သားအလား ကြည်လင်နေလေသည်။

သူ၏ခန္ဓာကိုယ်အတွင်းမှ သွေးကြောများ ၊ ကိုယ်တွင်းကလီစာများ ၊ ကြွက်သားများ.. အရာအားလုံးကို တွေ့မြင်နေရပြီး

အစိတ်အပိုင်းတစ်ခုချင်းစီတိုင်းသည် ပြီးပြည့်စုံလျှက် ရှိလေသည်။

ဆန်းလျန်နှင့်ယှဉ်လျှင် လောကတစ်ခွင်ရှိနတ်ဘုရားများအားလုံးသည် ဖုံမှုန့်အပိုင်းအစများအလား သေးနုပ်သိမ်ငယ်သွားကြရပေလိမ့်မည်။

ထို့နောက် ဆန်းလျန်ထံမှ သက်ပြင်းချသံသဲ့သဲ့ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံးက နဂိုမူလအတိုင်း ပြန်ဖြစ်သွားလေသည်။

ထို့နောက် ဆန်းလျန်သည် ကြယ်သေကြီးအတွင်းပိုင်းသို့ အေးအေးဆေးဆေးပင် လမ်းလျှောက်ထွက်ခွာသွားလေတော့သည်။ ကြယ်သေကြီးပေါ်မှ အခိုးအငွေ့များက ဆန်းလျန်၏ခန္ဓာကိုယ်ကို ထိုးဖောက်တိုက်စားပစ်ရန် ကြိုးစားကြသည့်တိုင် အောင်မြင်ခြင်း မရှိခဲ့ကြပေ။

ဆန်းလျန်သည် အလင်းအလျှင်ဖြင့် လျှင်မြန်စွာ ထွက်ခွာသွားပြီး ကြယ်သေကြီး၏ အတွင်းပိုင်းသို့ ချက်ချင်း ရောက်ရှိသွားလေသည်။

ထိုက်ယန်ကြယ်သေကြီးပေါ်တွင် စစ်မှန်သည့် ထိုက်ယင်းမီးတောက်များ မရှိတော့သော်လည်း မီးတောက်များ၏ စွမ်းအားကတော့ ကျန်ရစ်နေသေးသည်။ ဤသည်မှာ ရှေးဟောင်းကြယ်ကြီးတစ်လုံး၏ မမြင်တွေ့နိုင်သည့် တာအိုသင်္ကေတပင် ဖြစ်လေသည်။

ကြယ်သေကြီးမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားအငွေ့အသက်များသည် မိုးနတ်မင်းအလားပင် တန်ခိုးစွမ်းအားမြင့်မားလွန်းသည်။

သို့သော်... လက်ရှိအချိန်တွင် မိုးနတ်မင်း ပြန်ပေါ်လာလျှင်တောင်မှ ဆန်းလျန်ကို အနိုင်ယူနိုင်တော့မည် မဟုတ်ပေ။

ဆန်းလျန်သည် အကြောက်အလန့်ကင်းမဲ့စွာဖြင့် ရှေ့သို့ ဆက်သွားနေလေသည်။

နောက်ဆုံးဆန်းလျန်၏ မျက်စိရှေ့ကတွင် ရွှေရောင်ကျောက်တိုင်ကြီးတစ်ခု ပေါ်လာလေသည်။

ကျောက်တုံးကြီးက လူတစ်ရပ်နီးပါးမြင့်မားပြီး ဖွဲ့စည်းပုံက အလွန်ထူးဆန်းလေသည်။ ထိုကျောက်တုံးသည် အချိန်အရုံအတားကို ကျော်လွန်လေသည်။ ကျောက်တုံးတွင် တုန်ခါမှုတစ်ခုရှိသည်ကိုခံစားရပြီး ထိုတုန်ခါမှုက ပုံသေဖြစ်လေသည်။

အတက်အကျမရှိ ၊ သေခြင်းရှင်ခြင်းမရှိ ၊ တာအိုဆရာသခင်ကြီးတစ်ပါးအလားပင် ဖြစ်လေသည်။

ထို ရွှေရောင်ကျောက်တုံးကိုကြည့်ပြီး ဆန်းလျန်၏ မျက်ဝန်းထဲတွင် ပျော်ရွှင်မှုများဖြင့် ပြည့်နက်သွားလေသည်။ ထိုသို့

သော် ထိပ်တန်းအဆင့် ရတနာပစ္စည်းမျိုးကို သူ အလွန်

သဘောကျလေသည်။

သူက ဤကျောက်တုံးကို အသုံးပြုကာ ထိုက်စန့်လောင်ကျ

င်း၏ စကြာဝဠာသုံးမြှောင့်ဆေးအိုးကဲ့သို့ နတ်ဖားဖိုတစ်ခုကို

ပြုလုပ်လိုခြင်းဖြစ်သည်။

သူ၏ရည်မှန်းချက်သည် မိုးနတ်မင်းတစ်ပါးဖြစ်ချင်သည်ထက်

ပိုလေသည်။ သူသည် အနာဂတ်တွင် အကန့်အသတ်မရှိသည့်

နတ်ဘုရားတစ်ပါး ဖြစ်လိုခြင်း ဖြစ်လေ၏။

သူအသက်ရှင်နေသရွေ့ ဘေးအန္တရယ်ကပ်ဆိုးကြီးများကို

လည်း ကျော်ဖြတ်သွားချင်မိလေသည်။

ဘေးအန္တရယ်ကပ်ဆိုးကြီးဟု စဉ်းစားလိုက်မိသည့်အခါ သူ့

အနေဖြင့် အောင်မြင်အောင်ကျော်ဖြတ်နိုင်ရန် မသေချာလှ

သေးပေ။ သို့သော်... နီကျားထံမှ သိမြင်ခဲ့ရသည့် ထိုက်ယီ

မရဏာဓား (၇)လက်ကတော့ အစိပ္ပါယ်အလွန်ရှိလေသည်။

ထိုမရဏာစား (၇)လက်သည် တာအိုဆရာသခင်ထိုက်ယီ သူ့ထံသို့ စာရေးဆက်သွယ်လိုက်သည့်အလားပင် ထင်မှတ်ရလေသည်။

ထို့ကြောင့် အနည်းဆုံးတော့ တာအိုဆရာသခင်ထိုက်ယီသည် သူ့အပေါ်တွင် အကြွင်နာတရား နည်းနည်းပါးပါးရှိသေးသည်ဟု ဆိုနိုင်ပေသည်။

အခန်း (၈၈၄) အချိန်ရေစီးကြောင်းထက်မှခေါင်းလောင်းသံများ

ထိုက်ယန်ကြယ်သေကြီးရှိရာသို့ ဟော့အန်းခရီးသည်ရောက်ရှိလာသည့်အချိန်တွင် သူသည် မှောင်မိုင်းသည့် စကြာဝဠာနှင့် မှိန်ပျပျလင်းလက်နေသည့်ကြယ်စင်များကိုသာ တွေ့မြင်လိုက်ရတော့သည်။

သူ၏ တတိယညီငယ်နီကျား၏ တုန်လှုပ်နေသည့် ဝိညာဉ်ကို ဗလာနယ်ထဲတွင် ခံစားလိုက်ရလေသည်။ လေထဲတွင်စူးရှထက်မြက်သည့် ဓားဝိညာဉ်အငွေ့အသက်များလည်း ထွက်ပေါ်နေလေသည်။

သူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ သူ့ရင်ထဲတွင် ညီဖြစ်သူအတွက် ဝမ်းနည်းကြေကွဲလျှက်ရှိလေသည်။ တတိယညီငယ် သေဆုံးခဲ့ပြီ။ ခမည်းတော်လည်း သေဆုံးခဲ့ပြီ။ အစ်ကိုကြီးလည်း သေဆုံးခဲ့ပြီ။ ကွမ်ယင်မယ်တော်က ဘယ်ဆီရောက်နေမှန်း မသိရပေ။

လောကတစ်ခုလုံးတွင် သူတစ်ယောက်တည်း အထီးကျန်နေသည့်အလား ခံစားလိုက်ရလေသည်။

နီကျားမသေခင် နီကျားကိုပင် သူတစ်ခါလောက်တွေ့မြင်ခွင့် မရခဲ့ပေ။

ခံစားရသည့်ဝမ်းနည်းမှုကြောင့် ဟော့အန်းခရီးသည်၏ ဝိညာဉ်သည်ပင် ပျောက်ကွယ်လုနီးပါးခံစားလိုက်ရလေသည်။

သူ ဝမ်းနည်းခံစားရင်း ကြယ်သေကြီးပေါ်တွင် လှည့်လည်သွားလာနေမိလေသည်။

ထိုအချိန်မှာပင်... ရှေးဟောင်းကြယ်သေကြီးပေါ်တွင် တန်ခိုးစွမ်းအားအတက်အကျများ ဖြစ်ပေါ်လာလေသည်။ သူ့အရှေ့ကတွင် အလွန်စွဲဆောင်မှုရှိပြီး ရွှေရောင်တောက်ပနေသည့် ကျောက်တုံးကြီးတစ်တုံးကို တွေ့လိုက်ရလေသည်။

ရုတ်တရက် ကျယ်လောင်သည့်အသံကြီးတစ်သံထွက်ပေါ်လာပြီး ကြယ်သေကြီးတစ်ခုလုံး ပေါက်ကွဲသွားမည့်အလား ထင်မှတ်ရလေသည်။

ထိုသို့ အသံကြီးထွက်ပေါ်လာသည်မှာ ဆန်းလျန်က ကြယ်သေကြီး၏ ဗဟိုမဏ္ဍိုင်ကို တာအိုမီးတောက်များဖြင့် မီးရှို့နေသည့်အတွက် ဖြစ်လေသည်။

ဟော့အန်းခရီးသည် ကျယ်လောင်သည့်အသံကို မခံမရပ်နိုင်စွာ သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ထားလိုက်လေသည်။ ကျယ်လောင်သည့်အသံကြီးက သူ့ဝိညာဉ်ကို ပြင်းထန်စွာ နာကျင်စေပြီး ဝိညာဉ်နှစ်ပိုင်းကွဲသွားတော့မည်အလား ထင်မှတ်ရသည်။ နာကျင်မှုက အသူရာချောက် (၉)ထပ်တွင် ငရဲခံနေရသည့်အလား ဖြစ်လေသည်။

ဆန်းလျန်လည်း အခြေအနေမကောင်းလှပေ။ သူ့ မျက်နှာက ရှုံ့မဲ့လျှက်ရှိလေသည်။

ယခု သူရင်ဆိုင်နေရသည့်အရာကို သူ နားအလည်ဆုံးဖြစ်လေ
သည်။ သူသည် အချိန်၏စွမ်းအားတစ်ခုဖြင့် ရင်ဆိုင်နေရခြင်း
ဖြစ်လေသည်။

အချိန်၏ ကြောက်မက်ဖွယ်ရာစွမ်းအားသည် လောကရှိ မည်
သည့်မော်ဝင်ပစ္စည်းထက်မဆို ကြောက်မက်ဖွယ်ရာ ကောင်း
လေသည်။ ထိုစွမ်းအားသည် သူ၏ ရွှေခန္ဓာနှင့် စိတ်ဝိညာဉ်ကို
ပိုင်းဖြတ်လျှက်ရှိလေသည်။

ထို့နောက် ပြင်းထန်သည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာ
ကာ မိုးကြိုးများ ပစ်ခတ် ၊ လျှပ်စီးများလက်လာပြီး ဆန်းလျန်
သည် အချိန်ရေစီးကြောင်း၏ အရင်းအမြစ်ရှိရာသို့ ရောက်ရှိ
သွားသည့်အလား ခံစားလိုက်ရလေသည်။

ထိုက်ယင်းကြယ်သေကြီး၏ ဗဟိုမဏ္ဍိုင်သည် မိုးကြိုးလျှပ်စီး
နှံ့အိုင်ကြီးတစ်ခုအလားဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်... တံခါးတစ်ချပ်ပွင့်လာပြီး မိုးခြိမ်းသံများထွက်ပေါ်လာလေသည်။

ဆန်းလျန် ၊ ရွှေရောင်ကျောက်တုံးကြီးနှင့် ဟော့အန်းခရီးသည်တို့သည် ထိုတံခါးအတွင်းသို့ ဆွဲယူခြင်းခံလိုက်ရပြီး အချိန်စီးကြောင်းအပြင်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

ရွှေရောင်ကျောက်တုံးကြီးသည် အချိန်စီးကြောင်းအတိုင်းမျောပါနေလေသည်။

ဆန်းလျန်သည် ရွှေရောင်ကျောက်တုံးကြီးထက်တွင် မတ်တတ်ရပ်ရင်း အချိန်စီးကြောင်းကို ငေးကြည့်နေလေသည်။ ကြောက်မက်ဖွယ်ရာ မိုးခြိမ်းသံများက အချိန်စီးကြောင်းအထက်ပိုင်းမှ ထွက်ပေါ်လျှက်ရှိသည်။

သူက ဟော့အန်းခရီးသည်ကို ဆွဲထူလိုက်ပြီး မြစ်ကမ်းတစ်လျှောက်မှ အရာများကို တစ်ချက်လှေ့လာကြည့်လိုက်လေသည်။

ထိုအခါ... အချိန်စီးကြောင်းမြစ်ကမ်းနံဘေးတွင် ခြေထောက်တစ်ချောင်းတည်းရှိသည့် နွားတစ်ကောင်ကို တွေ့မြင်လိုက်ရလေသည်။

မိုးကြိုးလျှပ်စီးများ ဖြစ်ပေါ်နေရခြင်း၏ အရင်းအမြစ်မှာ ထိုနွားပင် ဖြစ်လေသည်။

ထိုနွား၏ နံဘေးတွင်တော့ နှင်းပွင့်ကဲ့သို့ ဖြူစင်သည့်အဝတ်အစားများကို ဝတ်ဆင်ထားသည့် နတ်ဘုရားတစ်ပါး ရှိနေလေသည်။

ထိုနတ်ဘုရား၏ မျက်နှာကို မတွေ့မြင်ရသည့်တိုင် အဖြူရောင်ဝတ်ဆင်ထားခြင်းနှင့် အခြားသော ကိုယ်ဟန်အနေအထားများကို သုံးသပ်ခန့်မှန်းကြည့်မိသည့်အခါ ထိုသူသည် ရဲ့လျိုယွင်ဖြစ်သည်ကို သိရှိလိုက်လေသည်။

သို့သော်… ရဲ့လျိုယွင်သည် အချိန်ရေစီးကြောင်းအပြင်ဘက်

သို့ ထွက်လာနိုင်သည်အထိ တန်ခိုးစွမ်းအားမြင့်မားသူတစ်

ယောက် မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ပေ။

ခြေထောက်တစ်ချောင်းတည်းရှိသည့် နွားက အချိန်စီးကြောင်း

အတွင်းသို့ ပိုမိုပြင်းထန်သည့် မိုးကြိုးမုန်တိုင်းများဖြင့် ပစ်ခတ်

လိုက်လေသည်။

မိုးကြိုးတစ်ချက်သည် ဆန်းလျန်ရှိရာသို့ပင် ရောက်ရှိလာလေ

သည်။ သို့သော်… ဆန်းလျန်ကို ထိမှန်ခြင်းမရှိဘဲ ကျော်

လွန်သွားလေသည်။

ဆန်းလျန်မှာ အချိန်ရေစီးကြောင်းထက်တွင် စီးမျောရင်း

အိပ်မက်မက်နေသူတစ်ယောက်ပမာခံစားနေရလေသည်။

ထိုအချိန်မှာပင်…

သူ၏ခန္ဓာကိုယ်နှင့် ထိုက်ယင်းရှေးဟောင်းကြယ်စင်ကြီး၏

ဗဟိုမဏ္ဍိုင်ရွှေရောင်ကျောက်တုံးကြီးမှာ တစ်သားတည်း

ပေါင်းစပ်သွားသည့်အလား ခံစားလိုက်ရလေသည်။

ရွှေရောင်ကျောက်တုံးကြီးက ရတနာဖောင်တစ်အခုအလား

အဆုံးမရှိသည့် ဒုက္ခ ၊ အဆုံးမရှိသည့်အချိန် ၊ အဆုံးမရှိသည့်

ကံတရားများစီးဆင်းနေရာ အချိန်စီးကြောင်းအတိုင်း

ဖြတ်သန်းခေါ်ဆောင်သွားလေသည်။

ဤအတိုင်းသာ ရွက်လွှင့်သွားလျှင် တဖြည်းဖြည်းနှင့် သံသရာ

တစ်ဖက်ကမ်းသို့ရောက်အောင်များ ကူးခတ်နိုင်လေမည်လား။

ထိုအချိန်မှာပင်... ရုတ်တရက် အချန်ရေစီးကြောင်းအထက်

ပိုင်းမှ ခေါင်းလောင်းထိုးသံများထွက်ပေါ်လာသည်ကို

ကြားလိုက်ရလေသည်။

ထိုအခါ အဖြူရောင်ဝတ်ဆင်ထားသည့်နတ်ဘုရားက

သူ၏လက်ဖဝါးကို အသာဖြန့်လိုက်လေသည်။

ထို့နောက် အဆုံးမရှိသည့် အချိန်ရေစီးကြောင်းအတွင်းသို့ လက်ဖဝါးဖြင့် ရိုက်ချလိုက်လေတော့သည်။

ထိုနတ်ဘုရား၏ လက်ဖဝါးရိုက်ချက်သည် ခေါင်းလောင်းသံများနှင့် ရောပြွမ်းသွားသည်ဟု ဆန်းလျန် ခံစားလိုက်ရလေသည်။

ထို့နောက်တွင်တော့ ထိုနတ်ဘုရားက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး သူ၏ရယ်သံသည် အချိန်စီးကြောင်း ခေတ်အဆက်ဆက်သို့ ပျံ့နှံ့သွားလေသည်။

ဆန်းလျန်က ရွှေရောင်ကျောက်တုံးကြီးပေါ်မှာပင် အချိန်ရေစီးကြောင်းအတိုင်း စီးဆင်းလာလေသည်။

ဟွေ့အန်းခရီးသည်မှာ ကျောက်တုံးထက်တွင် လဲလျောင်းနေပြီး သူ့ခန္ဓာကိုယ်က တဖြည်းဖြည်း ပြန်လည်ငယ်ရွယ်သွားသလို ခံစားလိုက်ရလေသည်။

သူက ပတ်ဝန်းကျင်ကို ကြည့်လိုက်သည့်အခါ သူ၏ အဖေ၊ အမေ၊ အစ်ကိုကြီး၊ တတိယညီလေးတို့အားလုံးကို ပြန်လည်တွေ့မြင်လိုက်ရလေသည်။

သို့သော် အရာအားလုံးက အဆုံးသတ်သွားခဲ့ပြီ ဖြစ်လေသည်။ ခရီးတစ်ဝက်ခန့်နှင်ပြီးသည့်နောက် သူ၏ခန္ဓာကိုယ်ထဲမှ ဓားခြိမ်းသံတစ်သံ ထွက်ပေါ်လာလေသည်။ ထိုဓားက အချိန်ရေစီးကြောင်းကို ခုတ်ပိုင်းချလိုက်လေသည်။ ကံကြမ္မာကိုရင်ဆိုင်ရင်း လက်ဖဝါးရိုက်ချက်နှင့် ခေါင်းလောင်းသံများကို သူ... တိုက်ခိုက်နေမိလေသည်။

သို့သော်... အောင်ပွဲလည်းမရှိ၊ ရှုံးနိမ့်မှုလည်းမရှိ၊ မည်သည့်အရာမှ မရှိ...။

ဟော့အန်းခရီးသည်က မျက်လုံးများကို ဖွင့်ကြည့်လိုက်လေသည်။

သူတွေ့မြင်လိုက်ရသည်က ရွှေရောင်ကျောက်တုံးကြီးနှင့် ရွှေရောင်ကျောက်တုံးထက်တွင်ထိုင်နေသည့် ဆန်းလျန်ပင် ဖြစ်လေသည်။

ဤနေရာတွင် တန်ခိုးစွမ်းအားလည်းမရှိ။ စကြာဝဠာတစ်ခုလုံးမှ သီးခြားခွဲထွက်နေသည့် နေရာတစ်ခုအလား ဖြစ်လေသည်။

ဆန်းလျန်က မျက်လုံးများကို ဖွင့်လိုက်ပြီး…

"ကျုပ် ဒဏ်ရာနည်းနည်းရထားတယ်၊ ဒီမှာ ခဏလောက်တော့ နားလိုက်ဦးမယ်…"

ဟော့အန်းခရီးသည်က…

"စောစောက ဘာတွေဖြစ်နေတာလဲ…"

ဆန်းလျန်ကပြုံးလိုက်ရင်း…

"ထိုက်ယန်ကြယ်သေကြီးက ဗဟိုမဏ္ဍိုင်မှာ ထိုက်ယိနတ်ဘုရားမွေးဖွားခဲ့တာ၊ ဒါကြောင့် ကျုပ်က ထိုက်ယင်းကြယ်သေကြီးရဲ့ ဗဟိုမဏ္ဍိုင်ကိုယူဖို့လုပ်တော့ ထိုက်ယိက ကျုပ်နဲ့ ထာဝရ

တိုက်ခိုက်ချင်ခဲ့တာ ၊ အခု ကျုပ် တစ်ခုနားလည်သွားခဲ့ပြီ ၊ ယီ နတ်ဘုရားလို့ခေါ်တဲ့ထိုက်ယိနဲ့ ချင်းတိကေရာဇ်တို့ဟာ ဇစ်မြစ် အတူတူပဲ..."

ထိုက်ယိဟုခေါ်သည် ယီနတ်ဘုရားနှင့် ချင်းတိကေရာဇ်တို့က မူလဇစ်မြစ်တူကြလေသည်။ သူတို့သည် တစ်ယောက်တည်းမှ ခွဲထွက်လာသည့် ကိုယ်ခွဲများဟု ပြောလျှင်ပင် မှန်ကန်နိုင်လေ သည်။

ဤသည်မှာ ချင်းဖုန်းနတ်ဘုရား၏ အသက်ရှူသံအရ ခန့်မှန်း ကာ ဆန်းလျန်က ပြောလိုက်ခြင်းဖြစ်ပြီး အချိန်စီးကြောင်းထဲမှ ထွက်ပေါ်လာသည့် ခေါင်းလောင်းသံများကတော့ ပထမမိုးနတ် မင်း၏ တန်ခိုးစွမ်းအားဖြစ်ဟန်တူလေသည်။

လွန်ခဲ့သည့် အတိတ်အချိန်များတုန်းက ပထမမိုးနတ်မင်းနှင့် ထိုက်ယိတို့က ရင်းနှီးခဲ့ကြဟန်ရှိလေသည်။ ထို့ကြောင့် ထိုက်

ယိဖန်ဆင်းခဲ့သည့် ရှီးဟယ်နတ်သမီးက ပထမမိုးနတ်မင်းနှင့်

လက်ဆက်ခဲ့သည်မှာ အံ့သြစရာတော့ မဟုတ်တော့ပေ။

သူတို့ အချိန်ရေစီးကြောင်း၏ မြစ်အထက်ပိုင်းသို့ ရောက်ရှိနေ

ခြင်းဖြစ်လေသည်။

ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်ပြီးသည့်နောက်ပိုင်း

ယခုကဲ့သို့ အချိန်ရေစီးကြောင်းအပြင်ဘက်သို့ ရောက်ရှိလာ

ခြင်းမှာ ဆန်းလျန်အတွက် ပထမဆုံးအကြိမ်ဖြစ်လေသည်။

သူဒဏ်ရာအနည်းငယ်ရထားသော်လည်း ယခုရရှိသည့်

အတွေ့အကြုံအတွက် အလွန်ကျေနပ်လျှက်ရှိလေသည်။ သူ

သည် အချိန်ကို ကျော်လွန်နိုင်သည့် ဗုဒ္ဓနှင့်တာအိုဆရာသခင်

ကြီးများ၏တန်ခိုးစွမ်းအားကို တွေးတောခံစားနေမိလေသည်။

သို့သော်... သူကတော့ တာအိုဆရာသခင်ကြီးတစ်ပါး မဖြစ်

သေးသည့်အတွက် ထိုသို့သောတန်ခိုးစွမ်းအားများ မရရှိသေး

သည်မှာ စိတ်မကောင်းစရာပင် ဖြစ်လေသည်။ သူ့အနေဖြင့်

အချိန်၏ဥပဒေသကို ပိုမိုနားလည်ရန် ထပ်မံကျင့်ကြံဖို့ လိုအပ်လေသည်။

သူ့တွင် ထိုက်ချိယင်ယန်ပန်းချီကား (သို့မဟုတ်) ဖန်ကူအလံသာရှိလျှင် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သည်အထိ သေချာပေါက် ကျင့်ကြံနိုင်ပေလိမ့်မည်။

အထူးသဖြင့် ထိုက်ချိယင်ယန်ပန်းချီကားသည် မြေ၊ ရေ၊ လေ၊ မီး၊ အချိန်နှင့် ကံတရားကို ဖော်ပြထားသည့် ပန်းချီကားဖြစ်သည့်အတွက် များစွာ အသုံးဝင်နိုင်လေသည်။

သို့သော်... သူက နတ်ဘုရားဒဏ်ခတ်ဓား၊ နတ်ဘုရားထောင်ချောက်ဓား၊ ထာဝရဓားများကို မလိုချင်သကဲ့သို့ ထိုက်ချိယင်ယန်ပန်းချီကားကိုလည်း မလိုချင်ခဲ့ပေ။

ကျင့်စဉ်လမ်းတွင် မှော်ဝင်ပစ္စည်းများကို အသုံးပြုကာ ဖြတ်လမ်းနည်းလိုက်ခြင်းက အသက်သေဖို့ပိုပြီး နီးစပ်လေသည်။

ထိုအချိန်မှာပင်... ဆန်းလျန်၏ စိတ်ထဲတွင် တစ်စုံတစ်ခုကို တွေးလိုက်မိသည်။

သူသည် တာအိုဆရာသခင်ကြီးတစ်ပါး မဖြစ်သေးသည့်တိုင် အချိန်စီးကြောင်းကို ကျော်လွန်နိုင်သူတစ်ယောက်ယောက်က အချိန်စီးကြောင်းအတိုင်း အတိတ်သို့ပြန်သွားကာ ငယ်ရွယ်သည့် သူ့ကို သတ်ဖြတ်ပစ်လိုက်မည်ဆိုလျှင် အကျိုးဆက်က ကြောက်မက်ဖွယ်ရာ ဖြစ်သွားနိုင်လေသည်။

အသူရာချောက်ကိုအသုံးချပြီး အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်များကို ကျော်လွန်ရန် ကျင့်ကြံနိုင်ခဲ့သည့် တိကျန်ဗောဓိသကျကို ဆန်းလျန် အလွန်လေးစားသွားမိလေသည်။

သို့သော်... ယခုအချိန်တွင် တိကျန်ဗောဓိသကျ မည်သည့်နေရာသို့ ရောက်ရှိနေသည်လဲ မသိပေ။

ဆန်းလျန်သိထားသည်မှာ... သူသည် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဖြစ်သော်လည်း လက်ရှိလောကတွင်သာ သူက

အောင်မြင်သူတစ်ယောက်ဖြစ်လေသည်။ အချိန်ရေစီးကြောင်းကို ကျော်လွှန်နိုင်ခြင်း မရှိသေးပေ။

တိကျန်ဗောဓိသကျသာ ပြန်ရောက်လာလျှင် ကျိန်းသေ အခြေအနေများ ရှုတ်ထွေးကုန်လိမ့်မည် ဖြစ်လေသည်။ ထိုအရှုတ်အထွေးကို အဓိက ခံစားရမည့်သူမှာ သူကိုယ်တိုင်ပင် ဖြစ်လေသည်။

အခန်း (၈၈၅) ပြောင်းလဲမှုကြီး

အတိတ်အချိန်မှ ဆန်းလျန်သည် အချိန်ရေစီးကြောင်းအထက်ပိုင်းတွင် ရှိနေချိန်တွင် ဆန်းလျန်မသိမြင်နိုင်သည့်

အနာဂတ်ကာလ အချိန်ရေစီးကြောင်း အောက်ပိုင်းတစ်နေရာတွင် တိကျန်ဗောဓိသကျ၏ နတ်ဘုရားခန္ဓာကြီးသည် အချိန်ရေစီးကြောင်းအပေါ်ဘက်သို့ ဖြည်းဖြည်းချင်း ထွက်ပေါ်လာလေသည်။

အချိန်ရေစီးကြောင်းသည် သဲမှုံများအလား ကွဲအက်သွားပြီး တိကျန်ဗောဓိသကျ၏ ခန္ဓာကိုယ်တစ်ကိုယ်လုံးက အချိန်ရေစီးကြောင်း အပေါ်သို့ ရောက်ရှိလာလေသည်။

အချိန်စီးကြောင်းကို ထိုးဖောက်ထွက်ပေါ်လာသည့် တိကျန်ဗောဓိသကျ၏ နတ်ဘုရားခန္ဓာကြီးက တိကျသည့်ပုံသဏ္ဌာန်မရှိပေ။ သူ၏ ပုံသဏ္ဌာန်က အချိန်တိုင်းပြောင်းလဲနေလေသည်။

ဤသည်မှာ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန် အချိန်ကာလအားလုံးကို ခန္ဓာကိုယ်တစ်ခုတည်းဖြင့် ကျော်လွန်နိုင်စေရန် ကျင့်ကြံထားသည့်အတွက် ထိုသို့ ပြောင်းလဲနေခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင် အချိန်စီးကြောင်းအတိုင်း ဖြတ်သန်းသွားလာနေသည့် ဓားဝိညာဉ်တစ်ခုလည်း ရှိလေသည်။

တိကျန်ဗောဓိသကျ၏ ခန္ဓာကိုယ်ကြီး အချိန်စီးကြောင်းထက်သို့ ထွက်ပေါ်လာသည်နှင့် ထိုဓားဝိညာဉ်က တဖြည်းဖြည်း အားနည်းသွားလေသည်။

ထို့နောက်... တိကျန်ဗောဓိသကျက အချိန်ရေစီးကြောင်း အတွင်းမှ ခြေတစ်လှမ်းလှမ်းကာ အပြင်သို့ ထွက်လိုက်သည့် အခါတွင်တော့ ထိုဓားဝိညာဉ်က ပျောက်ကွယ်သွားလေတော့သည်။

ထိုအချိန်မှာပင် ထိုက်ချိပန်းချီကားတစ်ချပ် ကောင်းကင်ထက်တွင် ပျံသန်းထွက်ပေါ်လာပြီး ရွှေရောင်တံတားတစ်စင်းအဖြစ် ပြောင်းလဲသွားလေသည်။ ထိုရွှေရောင်တံတားက အချိန်ရေစီးကြောင်း၏ ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်းကို ဆက်သွယ်ပေးလိုက်လေသည်။

တိကျန်ဗောဓိသကျ၏ နတ်ဘုရားခန္ဓာကြီးက လက်တစ်ဖက်ကို ပင့်မြှောက်ဝှေ့ယမ်းလိုက်လေ၏။ တိကျန်ဗောဓိသကျ၏ တန်ခိုးစွမ်းအားများက မိုးနှင့်မြေကိုသိပ်သည်းသွားပြီး စကြာဝဠာကိုထိုးဖောက်သွားလေသည်။

ရွှေရောင်တံတားကြီး တစ်ချက်တုန်ခါသွားပြီး အချိန်စီးကြောင်းသည် ခဏတာမျှ နှစ်ပိုင်းကွဲသွားလေသည်။

ထိုအချိန်တွင်...

စကြာဝဠာတည်ရှိသည့်လောကကြီးတွင်တော့ အချိန်တံခါးချပ်ပွင့်သွားသည်ကို မိုးနှင့်မြေ နေရာဒေသ၊ ဘုံအသီးသီးမှ မည်သူမဆိုတွေ့မြင်လိုက်ကြရလေသည်။

အချိန်တံခါးအပြင်ဘက်မှ တိကျန်ဗောဓိသကျဝင်လာပြီး မဟာတာအိုလမ်းစဉ်၏ ပဲ့တင်သံကိုပင် ကြားလိုက်ရလေသည်။

တိကျန်ဗောဓိသကျ လောကကြီးအတွင်းသို့ ဝင်ရောက်လာသည်နှင့် သူက ရပ်တန့်နေခြင်း မရှိပေ။ သူက မြေအောက်ကမ္ဘာသို့ ဆင်းသွားပြီး အသူရာချောက်ကိုးထပ်ကို ပြန်လည်သိမ်းပိုက်လိုက်လေသည်။

တိကျန်ဗောဓိသကျ လောကအတွင်းသို့ ဝင်ရောက်လာပြီးသည်နှင့် အချိန်တံခါး ပြန်ပိတ်သွားသည့်အသံကို မရေမတွက်နိုင်သည့် သက်ရှိသတ္တဝါများ ကြားလိုက်ကြရလေသည်။

ထိုအချိန်တွင် ကြီးမားလွန်းသည့် ခွန်ဖိန်ငှက်ကြီးတစ်ကောင်သည် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာလာသည်ကို တွေ့မြင်လိုက်ကြရလေသည်။

သူ၏ ကျောပြင်ထက်မှ ငှက်မွေးများကျွတ်ကျကုန်ပြီး မြေပြင်ထက်သို့ ကျရောက်ကာ တောင်များထက်တွင် ငှက်မွေးများဖုံးလွှမ်းကုန်ပြီး မြစ်များတွင်လည်း ငှက်မွေးများ ပိတ်ဆို့ကုန်လေတော့သည်။

ထိုခွန်ဖိန်ငှက်ကြီးမှာ နတ်မိစ္ဆာအဓိပတိကြီး ဖြစ်လေသည်။

ရဲ့လျိုယွင်၏ လက်ထဲမှ အသူရာချောက်ကို သိမ်းပိုက်လိုက်

သည့် နတ်မိစ္ဆာအဓိပတိကြီးသည် တိကျန်ဗောဓိသကျပြန်

ရောက်လာသည့်အခါတွင်တော့ အသူရာချောက်မှ မောင်း

ထုတ်ခံလိုက်ရပြီ ဖြစ်လေသည်။

တိကျန်ဗောဓိသကျ ပြန်ရောက်လာသည်နှင့် သူက ယခင်က

ပြုလုပ်ခဲ့သည့်အတိုင်း အသူရာချောက်ကို လူ့လောကမှ

ပြန်လည်ဖြတ်တောက်ပစ်လိုက်လေသည်။

ယခင်တစ်ချိန်ကလည်း တိကျန်ဗောဓိသကျ အသူရာချောက်

ကို လူ့လောကမှ ဖြတ်တောက်ပြီး ကျင့်စဉ်ကျင့်ကြံရာတွင်

အသုံးပြုခဲ့လေသည်။

ဆန်းလျန် လောကကိုကျော်လွန်ပြီး အသူရာချောက်တွင် လူ

ပြန်ဝင်စားသည့်အခါ တာ့ရှား ၊ ယင်းစန်း နှင့် တာ့ကျိုး

တိုင်းပြည် (၃)ခုကို ပေါင်းစည်းပေးခဲ့ပြီး အသူရာချောက်၏

အရှင်သခင် ဖြစ်လာခဲ့လေသည်။ ဆန်းလျန် အသူရာ
ချောက်၏ အရှင်သခင်ဖြစ်လာခဲ့သည့်နောက် မူလအတိုင်း
လူ့လောကနှင့် အသူရာချောက်ကို ပေါင်းစည်းပေးခဲ့ပြီး
လောကတစ်ခွင် သာယာစေခဲ့လေသည်။

ယခု အနာဂတ် နှစ်ပေါင်း တစ်သောင်းကျော်အချိန်တွင် တိ
ကျန်ဗောဓိသကျ အချိန်ရေစီးကြောင်းအတွင်းမှ ထွက်ပေါ်လာ
ပြီး လောကအတွင်းပြန်လည်ဝင်ရောက်လာကာ အသူရာ
ချောက်ကို လူ့လောကမှ ပြန်လည်ဖြတ်တောက်သွားပြန်လေ
ပြီ။

အမြဲအစဉ် အတူယှဉ်တွဲရှိနေသင့်သည့် လူ့လောကနှင့် အသူရာ
ချောက်ကို တိကျန်ဗောဓိသကျက ဖြတ်တောက်ပစ်လိုက်ပြန်
သည့်အတွက် မရေမတွက်နိုင်သည့် သတ္တဝါပေါင်းများစွာ
အသက်ဆုံးရှုံးခဲ့ကြရလေသည်။

လူပြန်ဝင်စားလိုသည့် ဝိညာဉ်ပေါင်းများစွာမှာလည်း ဝိညာဉ်မြစ်အတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိတော့ဘဲ မိုးနှင့်မြေတွင် မကျွတ်လွတ်ဘဲ လှည့်လည်သွားလာနေရလေတော့သည်။

အချို့ဝိညာဉ်များက နေရောင်နှင့်ထိတွေ့မိကြသည့်အခါ ဘဝမကူးနိုင်ကြတော့ဘဲ ပြာကျသည့်အဖြစ်သို့ ရောက်ရှိကြရသလို အချို့ကလည်း အမှောင်ထဲတွင်ပုန်းအောင်းကာ လူပြန်ဝင်စားရန် စောင့်ဆိုင်းနေရင်း တဖြည်းဖြည်း တစ္ဆေ ၊ သရဲများအဖြစ်ကူးပြောင်းသွားကြလေတော့သည်။

....

အသူရာချောက်တွင်တော့ အဆုံးမရှိသည့် နတ်ဘုရားအလင်းတန်းများ လင်းလက်တောက်ပနေလေ၏။ အသူရာချောက် (၉)ထပ်လုံးသည် တိကျန်ဗောဓိသကျ၏ နတ်ဘုရားနယ်မြေဖြစ်သွားခဲ့ပြီ ဖြစ်သည်။

သွေးနီရောင်ပင်လယ်၏ ညစ်ညမ်းမှုများ ချက်ချင်းပင်သန့်စင်သွားပြီး အသူရာမျိုးနွယ်များသည် ကောင်းကင်ထက်သို့ သတိ

ကင်းမဲ့စွာ ပျံတက်သွားကြကာ မိုးကောင်းကင်နဂါးများအဖြစ် ပြောင်းလဲသွားကြလေသည်။

သို့သော်... ဆန်းလျန်ပညာသင်ပေးခဲ့သော အရိုးဖြူတာအို နန်းတော်မှ ဓားနတ်သမီးယွိလော်ရှားကတော့ သူမ၏ခန္ဓာကိုယ်မှ အလင်းတန်းများထုတ်လွှတ်ကာ တိကျန်ဗောဓိသကျ၏ တန်ခိုးစွမ်းအားများကို ကာကွယ်ထားလိုက်သည်။

ထို့နောက် ဝိညာဉ်မြစ်ရေထဲသို့ခုန်ဆင်းကာ လူ့လောကသို့ ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

တိကျန်ဗောဓိသကျကတော့ ယွိလော်ရှားလို ပါမွှားနတ်ငယ်လေးကို အရေးစိုက်ဟန်မရှိပေ။ သူက မန္တန်ကို အဆက်မပြတ် ရွတ်ဆိုပြီး အသူရာချောက်ကိုးထပ်မှ သက်ရှိများအားလုံးကို တိကျန်နတ်ဘုရားနယ်မြေမှ သတ္တဝါများအဖြစ် ပြောင်းလဲ ပစ်လိုက်လေတော့သည်။

တစ်ချိန်တည်းမှာပင် အသူရာချောက်တစ်ဖြစ်လဲ တိကျန်နတ်ဘုရားနယ်မြေသည် အဆက်မပြတ်ကျယ်ပြန့်လာနေပြီး ရပ်တန့်ခြင်း မရှိတော့ပေ။

ထိုအချိန်မှာပင် ကြီးမားသည့် သံတုတ်ကြီးတစ်ချောင်းကာ အသူရာချောက်မိုးကောင်းကင်ကိုဖောက်ထွင်းကာ ယင်းစန်းတောင်ရှိရာသို့ ဦးတည်ဝင်ရောက်လာလေသည်။

တိကျန်ဗောဓိသကျကတော့ အေးအေးဆေးဆေးပင် ရှိလေသည်။

သူ၏အနောက်ဘက်မှ ကျားခေါင်း ၊ ခွေးနားရွက် ၊ နဂါးခန္ဓာ ၊ ခြသေ့်အမြီးနှင့် ရွှေခြူးခြေထောက်များရှိသည့် ထူးဆန်းသည့် သတ္တဝါတစ်ကောင် ပျံသန်းထွက်ပေါ်လာပြီး ကြီးမားသည့် သံမဏိတုတ်ကြီးကို ကိုက်ချေပစ်လိုက်သည်။

တိကျန်ဗောဓိသကျ၏ အတိုင်းအဆမဲ့သည့်နတ်ဘုရားအလင်းတန်းများက ထိုသတ္တဝါကြီးကို ထောက်ပံ့ပေးထား

သည့်တိုင် သံတုတ်ကြီးတွင် သတ္တဝါကြီး၏သွားရာများသာ ထင်သွားပြီး ကျိုးပဲ့ ပျက်စီးသွားခြင်းမျိုး မရှိခဲ့ပေ။

ထို့နောက် လေထုထဲတွင် ဗုဒ္ဓ၏အမည်ထွက်ပေါ်လာပြီး သန့်စင်ဖြူလွသည့် ကြာပန်းတစ်ပွင့်က သံတုတ်ကြီးပေါ်သို့ ကျရောက်လာလေသည်။

ချက်ချင်းပင် သံတုတ်ကြီးမှ တန်ခိုးစွမ်းအားများမြင့်တက်လာပြီး ထူးဆန်းသည့်သတ္တဝါကြီးကို ရိုက်ချလိုက်လေသည်။

ရုတ်တရက် ရိုက်ချလိုက်ခြင်းဖြစ်သည့်အတွက် ထူးဆန်းသည့် သတ္တဝါကြီးမှာ လွင့်ထွက်သွားရလေသည်။ ထိုသတ္တဝါကြီးမှာ အသူရာချောက် (၉)ထပ်တွင် တစ်ပတ်လည်သွားပြီး တိကျန် ဗောဓိသကျရှေ့တွင် ပြုတ်ကျသွားလေတော့သည်။

တိကျန်ဗောဓိသကျ၏အနောက်ဘက်မှ လက် (၆)ဘက် ထွက်ပေါ်လာပြီး သံတုတ်ကြီးကို ဖမ်းဆုပ်ထားလိုက်လေသည်။

ထိုအခါ သံတုတ်ကြီး အက်ကွဲသွားသည့်အသံ ထွက်ပေါ်လာပြီး မျောက်တစ်ကောင်အော်ဟစ်သံလည်း ထွက်ပေါ်လာလေသည်။

ထို့နောက် ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားများမြင့်တက်လာပြီး တိကျန်ဗောဓိသကျာက သံတုတ်ကြီးကို ပြန်လွှတ်ပေးလိုက်သည်။

"မဟာပညာဉာဏ်ဖြင့်ပြည့်စုံသော ကွမ်ယင်မယ်တော်..." စကားသံတစ်သံထွက်ပေါ်လာလေသည်။

ထို့နောက် အသူရာချောက်တစ်ခွင်တွင် ထွက်ပေါ်နေသည့် မန္တန်ရွတ်ဖတ်သံများ ရပ်တန့်သွားပြီး နတ်ဘုရားအလင်းတန်းများလည်း မှေးမှိန်သွားလေသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ သံတုတ်ကြီးနှင့် ကြာပန်းတို့ အသူရာချောက်မှ ပျောက်ကွယ်သွားကြလေတော့သည်။

တိကျန်ဗောဓိသကျရှိရာသို့ ကွမ်ယင်မယ်တော်နှင့် စွန်းဝူခုံးတို့ လာရောက်လေ့လာကြည့်ကြပြီး ပြန်သွားကြခြင်း ဖြစ်လေသည်။

ထို့နောက် အသူရာချောက်တွင် တိကျန်ဗောဓိသကျ၏ နတ်ဘုရားအလင်းတန်းများ ပြန်လည်ထွန်းလင်းလာပြီး နေရာတိုင်းတွင် တောက်ပလျှက်ရှိလေတော့သည်။

…………..

ထိုအချိန်တွင်…

အော်မီတော်ဖူဘုရား၏ သုခဘုံ၊ လင်စန်းတောင်တည်ရှိရာ အနောက်ဘက်ကောင်းကင်ဘုံတွင် သက်တံ့ရောင်စဉ်ကဲ့သို့ အလင်းတန်းများ ဖြာလင်းထွက်ပေါ်လာလေသည်။

အသူရာချောက်သို့ မသွားနိုင်ကြတော့သည့်အတွက် မကျွတ်မလွတ်ကြဘဲ လူ့လောကတွင် လှည့်လည်သွားလာနေသည့် ဝိညာဉ်အချို့သည် ထို သက်တံ့ရောင်စဉ်အလင်းတန်းများ

ထွက်ပေါ်လာရာနေရာသို့ ပျံသန်းထွက်ခွာသွားကြလေ

တော့သည်။

ထို့နောက်.... ကောင်းကင်ထက်တွင် တံခါးတစ်ချပ်ပွင့်လာလေ

သည်။ ထိုတံခါးအတွင်းမှ မြင့်မြတ်သန့်စင်သည့် အလင်းတန်း

များထွက်ပေါ်လာလေ၏။

"ငါ့ကိုယုံကြည်သောသူများ ငါ့ထံသို့လာကြလော့..."

ထိုအသံမှာ ဖန်ဆင်းရှင်အားလော်ဟယ်၏ အသံဖြစ်လေ

သည်။

အသံထွက်ပေါ်လာသည်နှင့် အကူအညီမဲ့နေသောဝိညာဉ်များ

စွာ ထိုတံခါးရှိရာသို့ ပျံသန်းထွက်ခွာသွားကြလေတော့သည်။

ထို့နောက်...

အရှေ့ဘက်ဆီမှ ကြည်လင်သည့်အလင်းတန်းများထွက်

ပေါ်လာပြီး အလင်းတန်များအတွင်းမှ နတ်ဘုရားတစ်ပါး ထွက်

ပေါ်လာလေသည်။

ထိုနတ်ဘုရားမှာ ဆန်းလျန်၏ ကိုယ်ခွဲတစ်ခုဖြစ်သည့် "ဒုက္ခ အပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင် ချင်းရွှမ် ထျန်းကျွင်း" ပင် ဖြစ်လေတော့သည်။

လောကတစ်ခွင်ရှိ လေလွင့်ဝိညာဉ်များသည် ကြည်လင်သည့် အလင်းတန်းများအတွင်းသို့ ဝင်ရောက်သွားကြလေသည်။ ကြည်လင်သည့်အလင်းတန်းများ၏နောက်ကွယ်တွင် ရှိနေ သည့်အရာမှာ ဖန်သားကောင်းကင်ဘုံဖြစ်သည်ကို နတ်ဘုရား များအားလုံး တအံ့တသြဖြင့် သိရှိလိုက်ကြရလေသည်။ နတ်ဆေးကိုယ်တော် ပျံလွန်တော်မူသွားသည့်နောက်ပိုင်း ဖန် သားကောင်းကင်ဘုံသည်လည်း ပျောက်ကွယ်သွားခဲ့လေ သည်။

ထိုဖန်သားကောင်းကင်ဘုံသည် ဆန်းလျန်၏ ကိုယ်ခွဲတစ်ခုဖြစ် သည့် ချင်းရွှမ်ထျန်းကျွင်း၏ လက်ထဲသို့ ရောက်ရှိနေလိမ့်မည် ဟု မည်သူမှ ထင်မထားခဲ့ကြပေ။

ဖန်သားကောင်းကင်ဘုံအလယ်တွင် အထပ် (၃)ထပ်ပါရှိသည့် နန်းတော်ကြီးတစ်ခု ရှိနေလေသည်။

ထိုနန်းတော်ကြီးရှေ့တွင် ရိုးရှင်းသည့် လက်ရေးဖြင့် "အပြာရောင်ခရီးရှည်နန်းတော်" ဟု ရေးသားထားလေသည်။ စာလုံးစုတ်ချက်တိုင်းက တာအိုတရားဓမ္မများဖြင့် ပြည့်ဝလျှက်ရှိလေ၏။

ဖန်သားကောင်းကင်ဘုံနှင့် အပြာရောင်ခရီးရှည်နန်းတော် ပေါင်းစပ်ထားခြင်းသည် အားလော်ဟယ်၏ ကောင်းကင်တိုင်းပြည်ထက်ပင် ခမ်းနားနေလေသည်။

အစိမ်းရောင်ကြာပန်းများက အရှေ့ဘက်ကောင်းကင်တစ်ခွင်တွင်လှည့်ပတ်နေပြီး ဖန်သားကောင်းကင်ဘုံကိုကာကွယ်ပေးထားလေသည်။

အသူရာချောက်မှာ လူ့လောကမှ လုံးဝ ဖြတ်တောက်ခံလိုက်ရပြီ ဖြစ်သည့်အတွက် ဝိညာဉ်များ လူပြန်ဝင်စားနိုင်ရန်အတွက်

လူပြန်ဝင်စားခြင်းလမ်းစဉ်ကို ချင်းရွှမ်ထျန်းကျွင်း ၊ အားလော်ဟယ်နှင့် မီလှဲ့ကိုယ်တော်တို့က အသီးသီးတာဝန်ယူလိုက်ကြပြီဖြစ်လေသည်။

အခြားသောနတ်ဘုရားများမှာ ကောင်းကင်ထက်တွင်မြင်တွေ့ရသည့် မြင်ကွင်းများကိုကြည့်ပြီး မနာလိုစိတ်ဖြစ်မိကြသော်လည်းမည်သို့မှ မတတ်နိုင်ခဲ့ကြပေ။

မီလှဲ့ကိုယ်တော် ၊ အားလော်ဟယ်နှင့် ချင်းရွှမ်ထျန်းကျွင်းတို့ (၃)ယောက်သည် သဘာဝအကျိုးကျေးဇူးများရရှိထားသူများဖြစ်လေသည်။ သူတို့၏အဆင့်အတန်းက အခြားသော နတ်ဘုရားများနှင့် ကျင့်ကြံသူများထက် သာလွန်လေသည်။

ထို့ပြင်... ဖန်သားကောင်းကင်ဘုံသည် "ဒုက္ခအပေါင်းမှ ကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင် ချင်းရွှမ်ထျန်းကျွင်း" ၏လက်ထဲသို့ ရောက်နေလိမ့်မည်ဟု မည်သူမှ ထင်မထားခဲ့ပေ။

သို့သော်... အံ့သြစရာတော့မဟုတ်ပေ။

အတိတ်ကာလ လွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်းကျော်က နတ်ဆေးကိုယ်တော်သည် ဆန်းလျန်ထျန်းကျွင်းကို ရှုံးနိမ့်ပြီး ပျံလွန်တော်မူခဲ့ပြီးသည့်နောက် ဆန်းလျန်ထျန်းကျွင်း၏ ကိုယ်ခွဲဖြစ်သည့် ချင်းရွှမ်ထျန်းကျွင်းက ဖန်သားနန်းတော်ကို ရယူထားသည်မှာ ဖြစ်သင့်သည့်ကိစ္စ ဖြစ်လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် တစ်ချိန်က ဆန်းလျန်ထျန်းကျွင်း၏ ကြိုတင်ခန့်မှန်းနိုင်စွမ်းနှင့် တွက်ချက်နိုင်စွမ်း မည်မျှ မြင့်မားသည်ကို ပြသနေလေသည်။

ပထမဆုံး တိကျန်ဗောဓိသကျ ပြန်လာမည့် နှစ်ပေါင်းတစ်သောင်းကျော်ကြာ အချိန်ကို ဆန်းလျန်ထျန်းကျွင်း ခန့်မှန်းနိုင်စွမ်းရှိခဲ့သည်။ တစ်ချိန်တည်းမှာပင်... ဖန်သားကောင်းကင်ဘုံကို ချင်းရွှမ်ထျန်းကျွင်း၏ လက်ထဲတွင် လျှို့ဝှက်ထားရှိပြီး

အချိန်ကိုက် ထိတ်လန့်အံ့သြစရာ လုပ်ရပ်ကို လုပ်ပြခဲ့လေသည်။

ဆန်းလျန်ထျန်းကျွင်းက အမျှော်အမြင်ရှိရှိဖြင့် ဖန်သားကောင်းကင်ဘုံကို သိမ်းပိုက်ထားခဲ့ခြင်း ဖြစ်လေသည်။

ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိသကျတို့သည် ချင်းရွှမ်ထျန်းကျွင်းလက်ထဲမှ ဖန်သားကောင်းကင်ဘုံကိုကြည့်ရင်း မိုးကောင်းကင်ကိုပင် မုန်းတီးမိသည်အထိ မနာလိုဖြစ်မိကြလေသည်။ သို့သော်... သူတို့လည်း မည်သို့မှ မတတ်နိုင်ခဲ့ပေ။

....

ထိုသို့သော အဖြစ်အပျက်များ ဖြစ်ပျက်နေချိန်တွင်...

ဆန်းလျန်နှင့် ကျောက်ရှောင်ယွီကတော့ အဝေးဆီမှ နဂါးငွေ့တန်းကို လှမ်းငေးကြည့်နေကြရင်းမှ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်လိုက်ကြကာ ပြိုင်တူ ပြုံးလိုက်ကြလေသည်။

လောကကြီး ပြောင်းလဲသွားပြီဖြစ်ကြောင့် သူတို့

(၂)ယောက်လုံး နားလည်လိုက်ကြသည်။

အထူးသဖြင့် ဆန်းလျန်ဖြစ်လေသည်။ စိတ်ရှုတ်ထွေးခြင်းများ

ကင်းစင်ပြီး သူ၏ မျက်ဝန်းများက ကြည်လင်နေလေသည်။

ထိုအချိန် ... နဂါးငွေ့တန်းကို ဖြတ်သန်းပြီး အေးစက်သည့်

အလင်းတန်းတစ်ခု ပျံသန်းလာသည်ကို ဆန်းလျန်နှင့် ကျောက်

ရှောင်ယို့ တွေ့လိုက်ရလေသည်။

ထိုအလင်းတန်းကို တွေ့သည်နှင့် ဆန်းလျန်စိတ်ထဲတွင် တစ်

ချက်လှုပ်ရှားသွားပြီး ကျောက်ရှောင်ယို့၏လက်များကို

ဆုပ်ကိုင်လိုက်လေသည်။

ထို့နောက်... မျက်စိတစ်မှိတ်အတွင်းမှာပင် တောတောင်ရေမြေ

များကို ဖြတ်ကျော်ကာ သူတို့ (၂)ယောက် ချင်းရှတောင်သို့

ရောက်ရှိလာကြလေသည်။

မက်မွန်ပန်းပွင့်သည့်ရာသီ ကုန်ဆုံးသွားပြီဖြစ်သည့်အတွက်

ချင်းရှတောင်တစ်ခွင်တွင် မက်မွန်ပွင့်ကြွေများဖြင့် ပြည့်နက်

နေလေသည်။

ကျောက်ရှောင်ယွီက ပန်းနုရောင်ပွင့်လွှာလေးတစ်ခုကို

ကောက်ယူလိုက်ပြီး လေဖြင့်အသာမှုတ်လိုက်လေသည်။

ထိုအခါ ပွင့်လွှာလေးသည် တောင်ပေါ်ရှိ ကျောက်တောင်များ ၊

ရေတံခွန်များရှိရာသို့ လွင့်ပျံသွားပြီး သဲလွန်စမကျန် ပျောက်

ကွယ်သွားလေတော့သည်။

သူမက အေးဆေးသည့်လေသံဖြင့်...

"ဒီနေ့ဖြစ်သွားတဲ့အဖြစ်အပျက်တွေက တကယ့်ကို ရှုတ်ထွေး

လွန်းတယ် ၊ ဒါပေမဲ့ ကျွန်မတို့အတွက်တော့ နည်းနည်း

အသက်ရှူချောင်သွားတာပေါ့..."

ဆန်းလျန်က...

"တိကျန်ဗောဓိသကျပြန်ပေါ်လာတာ အကုန်ရှုတ်ကုန်တာပေါ့ ၊ သူက အသူရာချောက်နဲ့ လူ့လောကကို ဖြတ်တောက်ပစ်လိုက်တယ် ၊ 'ငရဲပြည်သည်စည်ကားလျှက်ရှိသည်' ဆိုတဲ့ တဘောင်အတိုင်းဖြစ်တာတော့မှာ စိတ်ပူမိတယ် ၊ ပြီးတော့ အခု လူပြန်ဝင်စားခြင်းလမ်းစဉ်ကို အားလော်ဟယ်နဲ့ မီလဲ့ကိုယ်တော်ကလည်း တစ်စိတ်တစ်ပိုင်း တာဝန်ယူကြတော့မယ် ၊ အဲဒီလိုသာဆိုရင် သူတို့လည်း တန်ခိုးစွမ်းအားတွေ ကြီးမားလာကြတော့မှာ ၊ တော်သေးတာပေါ့... ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ဒီလိုအချိန်မျိုးမှာ လှုပ်ရှားဖို့အတွက် ကျုပ်ရဲ့ကိုယ်ခွဲတစ်ခုဖြစ်တဲ့ ချင်းရှမ်ထျန်းကျွင်းကို ကစားပွဲထဲမှာ မြှုပ်ကွက်တစ်ခုအနေနဲ့ အကွက်ကျကျ စီစဉ်ထားခဲ့မိလို့..."

ဆန်းလျန်စကားပြောနေစဉ်မှာပင် ဆန်းလျန်၏ မျက်ခုံး (၂)ခုကြားမှ အနီရောင်ပြဒါးသင်္ကေတက အလင်းရောင်သဲ့သဲ့လေးလင်းလက်နေလေသည်။ ဆန်းလျန်၏ ကိုယ်ခွဲတစ်ခုဖြစ်သည့်

ချင်းရွှမ်ထျန်းကျွင်း ခိုင်မာစွာရပ်တည်နေသည်ဆိုသည့် အစိပ်ပွါယ်ပင် ဖြစ်လေသည်။

"ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင် ချင်းရွှမ်ထျန်းကျွင်း" ထွက်ပေါ်လာသည့်အခါ ဆန်းလျန်၏ ပျောက်ကွယ်နေသည့် မှတ်ဉာဏ်အချို့မှာ ရှင်းရှင်းလင်းလင်းပြန်ပေါ်လာလေသည်။

တစ်ချိန်တည်းမှာပင်... သူ အဘယ့်ကြောင့် အတိတ်မေ့နေရသည်ကိုလည်း နားလည်လာမိလေတော့သည်။

အခန်း (၈၈၆) အမြင့်ဆုံးသောရွှမ်ဟွမ်မိုးနတ်မင်းကြီး

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"အရင်တုန်းက ရှင်ဘာတွေဖြစ်ခဲ့တာလဲ မှတ်မိလာပြီလား..."

ဆန်းလျန်က အတန်ကြာတိတ်ဆိတ်နေပြီးမှ ....

"ရှောင်ယွီ... မင်းရောက်ခဲ့တဲ့ တန်ခိုးစွမ်းအားများကင်းလွတ်ရာကမ္ဘာမြေကို မှတ်မိတယ် မဟုတ်လား၊ အဲဒီမှာ ကျုပ်ရေးထားတဲ့ စာသားကို မင်းဖတ်ခဲ့ရတယ်မလား၊ အဲဒီ ကမ္ဘာမြေမှာ ထွန်းလင်းနေတဲ့နေမင်းက စကြာဝဠာတစ်ခုလုံးမှာ ရှေးအကျဆုံးဖြစ်တဲ့ ထိုင်ယန်ကြယ်စင်ကြီးပဲ၊ ကျုပ်က မီးငြိမ်းနေတဲ့ ထိုက်ယန် ကြယ်သေကြီးဆီကိုသွားပြီး ကြယ်သေကြီးရဲ့ ဗဟိုမဏ္ဍိုင်နဲ့ နတ်ဖားဖိုတစ်ခုလုပ်ဖို့ စိတ်ကူးခဲ့တယ်၊ အဲဒါကြောင့် စစ်မှန်တဲ့တာအိုမီးတောက်နဲ့ ကြယ်သေကြီးရဲ့ ဗဟိုမဏ္ဍိုင်ကို မီးလောင်ကျွမ်းစေခဲ့တယ်၊ အဲဒီမှာ အဲဒီကြယ်သေကြီးတစ်ခုလုံး မီးတောက်တွေ ပြန်ပြီးတောက်လောင်လာခဲ့တယ်၊ အဲဒါကြောင့် ထိုက်ယန်ကြယ်စင်ကြီး နေတစ်စင်းဖြစ်လာခဲ့ပြီး ကမ္ဘာ

မြေပေါ်က လူသားတွေ မွေးဖွားလာခဲ့ကြတာ... အဲဒီကိစ္စ ကျုပ်
လုပ်ခဲ့မိတဲ့ ကိစ္စတစ်ခုပဲ..."

ဆန်းလျန်၏စကားကြောင့် ကျောက်ရှောင်ယွီမှာ များစွာ အံ့သြ
သွားရသလို နားမလည်နိုင်လည်း ဖြစ်သွားရသည်။

တန်ခိုးစွမ်းအားများ ကင်းလွတ်ရာ ကမ္ဘာမြေသည် ဆန်းလျန်
နှင့် ယခုကဲ့သို့ ပတ်သက်နေမည်ဟု သူမ ထင်မထားမိပေ။

ထို့ပြင်... ဆန်းလျန်သည် ကမ္ဘာမြေမှ ဤလောကသို့ ရောက်ရှိ
လာသူတစ်ယောက်ဖြစ်လေရာ ကမ္ဘာဦးကာလ ထိုက်ယန်ကြယ်
စင်ကြီးကို မည်သို့ မီးလောင်ကျွမ်းစေခဲ့ပါသနည်း။

ကျောက်ရှောင်ယွီက...

"အဲဒါက ဘယ်လိုဖြစ်တာလဲ....

"ထိုက်ယန်ကြယ်စင်က ထိုက်ယိ ထွက်ခွာသွားပြီးတဲ့နောက်ပိုင်း
မီးငြိမ်းသွားတာ ကြာခဲ့ပြီ၊ ကျုပ်က လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်
သောင်းကျော်က ထိုက်ယန်ကြယ်သေကြီးဆီကို သွားခဲ့တာ၊

ထိုက်ယန်ကြယ်သေကြီးရဲ့ ဗဟိုမဏ္ဍိုင်ကို ယူဖို့ပေါ့၊ မ

ထင်မှတ်ဘဲ အဲဒီကြယ်သေကြီးရဲ့ ဗဟိုမဏ္ဍိုင်က အချိန်

ရေစီးကြောင်းရဲ့အရင်းအမြစ် ဖြစ်နေခဲ့တယ်၊ ကျုပ်က လွန်ခဲ့

တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ကြယ်သေကြီးရဲ့ ဗဟို

မဏ္ဍိုင်ကို မီးရှို့ခဲ့တာဆိုပေမယ့် အချိန်ရဲ့အရင်းအမြစ်နေရာမှာ

မီးရှို့လိုက်သလိုဖြစ်သွားလို့ တန်ခိုးစွမ်းအားများကင်းလွတ်ရာ

ကမ္ဘာမြေမှာ သက်ရှိတွေ မဖြစ်တည်ခင်အချိန်ကစပြီး မီးရှို့

လိုက်သလို ဖြစ်သွားခဲ့တာ..."

ကျောက်ရှောင်ယွီက...

"ဒါဖြင့် ကမ္ဘာမြေမှာရှိနေတဲ့ ဒဏ္ဍာရီတွေက ဘယ်လိုဖြစ်

ပေါ်လာတာလဲ၊ အဲဒီမှာ ခွန်လွန်တောင်လည်းရှိတယ်၊

မယ်တော်ဝမ်မူရဲ့ ကျောက်စိမ်းရေကန်ဥယျာဉ်လည်းရှိတယ်၊

နွီဝါးနတ်သမီး၊ ထိုက်စန့်လောင်ကျွင်း အားလုံးပဲ ရှိတယ်

လေ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်လည်း သိပ်မသိသေးဘူး ၊ အချို့ကိစ္စတွေက သိပ်မမှတ်မိသေးဘူး... ၊ ပြီးတော့ မိုးကောင်းကင်ခုံရုံး (၂)ခု ဘာလို့ ပျက်စီးသွားရလဲဆိုတာရော မင်းသိလား..."

ကျောက်ရှောင်ယွီက အတန်ကြာစဉ်းစားနေပြီးမှ မယုံကြည်သည့်လေသံဖြင့်...

"ဘာလဲ... အဲဒါလည်း ရှင်နဲ့ ပတ်သက်နေပြန်တာပဲလား..."

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

"အဲဒါတွေအကုန်လုံး ကျုပ်လုပ်ခဲ့တာပဲ... ရှောင်ယွီ ၊ ကျုပ် ထိုက်ယန်ကြယ်သေကြီးကို မီးရှို့လိုက်ပြီးတဲ့အချိန်မှာ အချိန်ရေစီးကြောင်းရဲ့အရင်းအမြစ်ကိုရောက်သွားပြီး အချိန်တံခါးပွင့်သွားခဲ့တယ် ၊ အချိန်တံခါးကနေ အချိန်ရေစီးကြောင်းအတိုင်း စီးဆင်းသွားခဲ့ရတယ် ၊ အတိအကျပြောရရင် ကြောက်စရာ ကြမ္မာဆိုးတစ်ခုနဲ့ ကြုံတွေ့ခဲ့ရတယ် ၊ အဲဒီလိုဖြစ်

ခဲ့ရတာ တာအိုဆရာသခင်ကြီး (၈)ပါးရဲ့ ပုံရိပ်ယောင်တွေ

ကြောင့်ပဲ ၊ အဲဒီပုံရိပ်ယောင်တွေဟာ စကြာဝဠာအစဦးပိုင်းရဲ့

စစ်မှန်တဲ့ မူလဇာစ်မြစ်လို့လည်း ဆိုနိုင်တယ် ၊ အဲဒါကိုပဲ

မိုးကောင်းကင်လမ်းစဉ်လို့ ခေါ်ကြတာလေ ၊ ကျုပ်က အချိန်

ရေစီးကြောင်းတစ်လျှောက် အဲဒီ တာအိုဆရာသခင်ကြီးတွေရဲ့

ပုံရိပ်ယောင်တွေနဲ့ ခေတ်အဆက်ဆက် ရုန်းကန်တိုက်ခိုက်ခဲ့ရ

တယ် ၊ အဲဒီလို ရုန်းကန်တိုက်ခိုက်ခဲ့ရတဲ့အတွက် အချိန်

ရေစီးကြောင်းကို ဖျက်စီးပစ်မိတော့တဲ့အထိပဲ ၊ ပထမမိုးနတ်

မင်းရော ၊ ဒုတိယမိုးနတ်မင်းရော ၊ အတိတ်မှာဖြစ်ခဲ့တဲ့ တခြား

အရာတွေအားလုံးကိုရော ကျုပ်က အချိန်ရေစီးကြောင်း

အတိုင်း စီးဆင်းသွားပြီး ပါဝင်ပတ်သက်မိခဲ့တယ် ၊ အချိန်

ရေစီးကြောင်းကို ထိုးဖောက်နိုင်တဲ့သူဆိုတာ လောကမှာ မရှိ

သလောက်ရှားတယ် ၊ ဒါပေမဲ့ ကျင့်ကြံသူတစ်ယောက်ဟာ ဟွ

င့်ယွမ်ဝူကျီအဆင့်ကို ရောက်ပြီဆိုတာနဲ့ အချိန်ရေစီးကြောင်း

ကိုလာပြီး ထိတော့တာပဲ ၊ အဲဒီအချိန်မှာ အချိန်ရေစီးကြောင်း အတိုင်း စီးဆင်းလာတဲ့ ကျုပ်နဲ့ ရင်ဆိုင်ကြရပြီး သူတို့တွေ အကုန်လုံး ဒုက္ခရောက်ကြရတော့တာပဲ ၊ နောက်ဆုံးတော့ ကျုပ်နဲ့ပတ်သက်မိတဲ့ ကြမ္မာဆိုးကြီးကြောင့် သူတို့တွေ ကျဆုံး ခဲ့ကြရတော့တာပါပဲ..."

"အဲဒါကြောင့် လွန်ခဲ့တဲ့ အတိတ်ကာလ တစ်လျှောက်လုံးမှာ တာအိုဆရာသခင်ကြီးတွေကလွဲရင် ဘယ်သူမှ ဟွင့်ယွမ်ဝူကျီ အဆင့်ကို မတက်ရောက်နိုင်ခဲ့ကြတာပဲ ၊ အဲဒါကြောင့်လည်း လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ကျုပ်ကိုယ်တိုင် အတိတ်ကိုဖြတ်တောက်ပစ်ခဲ့တာပဲ ၊ ကျုပ်သာ အတိတ်ကို မ ဖြတ်တောက်ဘူးဆိုရင် အချိန်စီးကြောင်းတစ်လျှောက်မှာ ဟွင့် ယွမ်ဝူကျီအဆင့်ကို ဘယ်သူပဲ တက်ရောက်ပါစေ ကျုပ်နဲ့ ရင်ဆိုင်ရပြီး အသက်ပျောက်ကြရလိမ့်မယ် ၊ အဲဒီလိုဖြစ်ရတဲ့ အတွက် ကျုပ်လည်း နောင်တ အမြဲရနေရတယ်... ၊ ဒါပေမဲ့ အဲ

ဒါက ကျုပ်ရင်ဆိုင်ရတဲ့ ကြမ္မာဆိုးကြီးဖြစ်နေလို့ ရှောင်လွှဲလို့လည်း မရခဲ့ဘူး..."

"တိကျန်ဖောဓိသကျကတော့ ကံကောင်းသွားတယ်၊ သူက အချိန်ရေစီးကြောင်းအကြောင်းကို နားလည်တဲ့သူဆိုတော့ အချိန်ရေစီးကြောင်းပေါ်မှာ ကျုပ်ရှိနေတာကို သူက သိတယ်လေ၊ အဲဒီနှစ်တွေအတွင်းမှာ သူက ဟွင့်ယွမ်ဝူကျီအဆင့်ကို မတက်ရောက်သေးဘဲ ကြံ့ကြံ့ခံနေခဲ့တယ်၊ ကျုပ် အတိတ်ကို ဖြတ်တောက်မယ့်အချိန်ထိ သူစောင့်နေခဲ့တယ်၊ နောက်ဆုံးတော့ ကျုပ်လည်း မတတ်နိုင်တော့ဘဲ အနာဂတ်မှာ ကောင်းဖို့အတွက် အတိတ်ကာလအချိန်တွေကို ဖြတ်တောက်ပစ်ခဲ့ရတယ်..."

"အဲဒီအချိန်တုန်းက တိကျန်ဖောဓိသကျက အသူရာချောက်မှာ ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်ရောက်ဖို့ အဆင့်သင့်ဖြစ်နေခဲ့ပြီ၊ ကျုပ်ကလည်း အချိန်ရေစီးကြောင်းကို လာထိတဲ့ ဟွင့်ယွမ်ဝူ

ကျီအဆင့် ကျင့်ကြံသူတွေနဲ့ တိုက်ခိုက်ရတာ တော်တော် လေးပင်ပန်းနေခဲ့ပြီ ၊ ဒါကြောင့် တိကျန်ဗောဓိသကျကို အတိတ်ကာလကနေ ဆွဲထုတ်ပြီး အနာဂတ်ကာလတစ်ခုကို ပို့ လိုက်ပြီး ပြန်ထွက်မလာနိုင်အောင် ဓားဝိညာဉ်တစ်ခုနဲ့ ဖိနှိပ် ထားခဲ့တယ် ၊ ဒါကြောင့် တိကျန်ဗောဓိသကျ လောကထဲက ရုတ်တရက် ပျောက်ကွယ်သွားခဲ့တာပေါ့ ၊ ကျုပ်ထားခဲ့တဲ့ ဓား ဝိညာဉ်က အချိန်ရေစီးကြောင်းတစ်လျှောက်မှာ ဟိုဟိုဒီဒီ သွားလာနေခဲ့တယ် ၊ အခု အဲဒီဓားဝိညာဉ်ပျောက်ကွယ်သွားလို့ တိကျန်ဗောဓိသကျ အချိန်ရေစီးကြောင်းထဲမှာ ဖိနှိပ်ခံထားရ တာက ပြန်ထွက်လာနိုင်ပြီး အသူရာချောက်ကို ပြန်ရောက်လာ တာပေါ့..."

ရွှမ်တုတောက်ကျွင်း အချိန်ရေစီးကြောင်းကို ထိုးဖောက် ကျင့်ကြံလိုက်တိုင်း ကြုံတွေ့နေရသည့် ကြောက်မက်ဖွယ်ရာ

ဓားဝိညာဉ်သည် အချိန်ရေစီးကြောင်းတစ်လျှောက် ပြေးလွှား

နေသည့် ဆန်းလျန်၏ ဓားဝိညာဉ်ပင် ဖြစ်လေသည်။

ထိုဓားဝိညာဉ်ကြောင့်ပင် ရှမ်တုတောက်ကျွင်းမှာ ကျင့်စဉ်

လမ်း နှောင့်နှေးခဲ့ရလေသည်။

ဆန်းလျန်က ဆက်ပြောလိုက်သည်။

"ကျုပ် မရှိခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်အတွင်းမှာပဲ ရှမ်

တုတောက်ကျွင်းက ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်ရောက်နိုင်ခဲ့

တယ်၊ ဒါပေမဲ့ ကျုပ် တချို့အရာတွေကို မမှတ်မိသေးဘူး၊

ကျုပ်က ထိုက်ချိယင်ယန်ပန်းချီကားထဲမှာရှိတဲ့ ထိုက်စန့်တာအို

ဆရာသခင်ထိုက်စန့်လောင်ကျွင်းရဲ့ မူလဝိညာဉ်သင်္ကေတကို

သူ့ဆီက မတောင်းခဲ့မိဘူးထင်တာပဲ၊ ဒါကြောင့် သူ အဲဒီပန်းချီ

ကားကို အသုံးပြုပြီး ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်သွားနိုင်

တာဖြစ်ရမယ်..."

"ပြီးတော့ အခု ဒီအနာဂတ်ကို ရောက်လာတဲ့ ကျုပ်က အတိတ်ကာလက ရောက်လာခဲ့တာပဲ ၊ သူက ကျုပ်ကို အချိန်ရေစီးကြောင်းထဲက ဆွဲထုတ်ပြီး အရမ်းအရေးကြီးတဲ့ အနာဂတ်အချိန်ကို ပို့လိုက်တာ ၊ အဲဒီအချိန်တုန်းက တော်တော်အရေးကြီးတဲ့ ကိစ္စတစ်ခုလည်း ဖြစ်ခဲ့တယ် ထင်တယ် ၊ ကျုပ်ရဲ့ အတိတ်က ခန္ဓာကိုယ်ဟာ ချက်ချင်းကို အနာဂတ်ကို ပစ်ချတာခံလိုက်ရပြီး ချက်ချင်းကြီးရောက်လာတော့တာပဲ ၊ ကျုပ်အခု အကြောင်းအရာတော်တော်များများကို နားလည်နေပြီဆိုပေမယ့် တချို့အတိတ်တွေကလည်း အချိန်ရေစီးကြောင်းနဲ့ အတူ မှုံဝါးပျောက်ကွယ်နေဆဲပဲ ..."

"ဒါပေမဲ့ တော်ပါသေးတယ် ၊ အရင်တုန်းက ကျုပ် ချင်းရွှမ်ထျန်းကျွင်းကို ကြိုတင်ခန့်မှန်းပြီး သေသေချာချာစီစဉ်ထားခဲ့လို့ ဒီနေ့ ဒီလိုအချိန်မှာ အချို့ကိစ္စတွေကို ရှင်းရှင်းလင်းလင်းသိသွားခဲ့တာ..."

"ပြီးတော့ တန်ခိုးစွမ်းအားများကင်းလွတ်ရာကမ္ဘာမြေဖြစ်တည်လာတာလည်း တိုက်ဆိုင်မှုတစ်ခုတော့ မဟုတ်လောက်ဘူး ၊ အဲဒီနေရာမှာ ကျုပ်ရဲ့ မျှော်လင့်ချက်တွေ ရှိနေခဲ့တယ် ၊ အဲဒီတုန်းက နတ်ဖားဖိုပြုလုပ်ဖို့ ထိုက်ယန်ကြယ်စင်ရဲ့ ဗဟိုမဏ္ဍိုင်ကို မီးရှို့လိုက်တဲ့အခါ အချိန်ရဲ့ အရင်းအမြစ်ကိုရောက်သွားပြီး တာအိုဆရာသခင်ကြီး (၈)ပါးရဲ့ ပုံရိပ်ယောင်တွေ အကုန်ပျောက်ကွယ်သွားခဲ့တယ်..."

ကျောက်ရှောင်ယွီက ဆန်းလျန်ပြောသမျှ စကားများကို ပုံပြင်တစ်ပုဒ်နားထောင်နေရသည့်အလား ခံစားနေရလေသည်။

သို့သော်... ဆန်းလျန်က တမင်တကာ လုပ်ကြံပြောပြနေခြင်းမဟုတ်သည်ကိုတော့ သူမ နားလည်ထားသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ် အချိန်ရေစီးကြောင်းကနေတစ်ဆင့် အတိတ်အချိန်တွေကိုပြန်ရောက်သွားတဲ့အခါ အကြောင်းနဲ့အကျိုးဆိုတာကို

နားလည်ခဲ့ရတယ်၊ ကျုပ်လူတွေအများကြီးသတ်ခဲ့တယ်၊ ပြီးတော့ ကျုပ်နဲ့ပတ်သက်ခဲ့တဲ့ လူတွေအများကြီးလည်း သေခဲ့ရတယ်၊ မင်းရှိနေရင်တောင်မှ လွတ်မှာမဟုတ်ဘူး..."

ကျောက်ရှောင်ယွီက...

"ဒါဖြင့် ဘာလို့ ကျွန်မက အခုထိ လွတ်နေရသေးတာလဲ..."

ဆန်းလျန်က...

"ဘာလို့လဲဆိုတော့ မင်းက ကံကောင်းလို့ပေါ့၊ မင်းနဲ့ရဲ့လျိုယွင်ကလွဲရင် ကျုပ်နဲ့ ပတ်သက်တဲ့သူတွေအကုန်လုံး ဇာတ်သိမ်းမလှခဲ့ကြဘူး၊ ချင်းရွှမ်နတ်တံခါးလည်း ပျက်စီးသွားခဲ့ရတယ်၊ ဒါတွေအားလုံးဟာ ကျုပ်က ဂြိုဟ်ဆိုးဝင်နေလို့ ဖြစ်ရတာပဲ၊ ကျုပ်ကြောင့်ဖြစ်ရတာ...၊ ဒါကြောင့် ကျုပ် အတိတ်ကို ဖြတ်တောက်လိုက်ရတာပဲ၊ အဲဒီလို အတိတ်ကို ဖြတ်တောက်လိုက်တော့မှ အနာဂတ်မှာ အဆင်ပြေသွားခဲ့တာ၊ အခုဆိုရင် ကျုပ်က အပြစ်ကင်းတဲ့သူတစ်ယောက် မဟုတ်ပေမယ့် ကျုပ်အပေါ်

မှာကျရောက်နေတဲ့ ကြမ္မာဆိုးကြီးလည်း မရှိတော့ဘူး ၊ ကျုပ်နဲ့ ပတ်သက်ကြတဲ့သူတွေလည်း ဒုက္ခမရောက်ကြရတော့ပါဘူး..."

"မင်းက တန်ခိုးစွမ်းအားကင်းလွတ်ရာ ကမ္ဘာမြေမှာ ရောက်နေခဲ့လို့ အဲဒီအဖြစ်အပျက်တွေနဲ့ ဝေးသွားခဲ့တာ ၊ ပြီးတော့ မင်းက ထူးခြားတဲ့ဇာစ်မြစ်က လာတဲ့သူတစ်ယောက်ဖြစ်နေတာလည်းပါတယ် ၊ ဒါကြောင့် ဒီကြမ္မာဆိုးကြီးကနေ လွတ်သွားရတာပဲ ၊ ရဲ့လျိုယွင်ကတော့ တခြားအကြောင်းကြောင့် လွတ်သွားခဲ့တာ ၊ ဘာလို့လဲဆိုတော့ ကျုပ်သာ အချိန်ရေစီးကြောင်းအတိုင်းစီးဆင်းသွားပြီး အတိတ်အကြောင်းအရာတွေကို ပြောင်းလဲမပစ်ခဲ့ဘူးဆိုရင် ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်ရောက်နိုင်တဲ့သူက ကျုပ်မဟုတ်ဘဲ သူဖြစ်နေမှာ..."

ကျောက်ရှောင်ယွီက အံ့ဩထိတ်လန့်သွားပြီး...

"သူက ဘယ်လိုလုပ်ဖြစ်ရမှာလဲ..."

ဆန်းလျှန်က...

"တကယ်တော့ တာအိုဆရာသခင်ထိုက်ယီရော စန့်ချင်တာအို ဆရာသခင်လင်ပေါင်ထျန်းကျွင်းရော မျက်နှာသာပေးတာခံရ တဲ့သူက ရဲ့လျိုယွင်ပါ၊ ဘာလို့လဲဆိုတော့ ရဲ့လျိုယွင်က ချင်း တိဧကရာဇ်ဝင်စားတဲ့သူ ဖြစ်နေလို့ပဲ၊ ဒါပေမဲ့ ကျုပ်က ရဲ့လျို ယွင်အတွက် မိုးကောင်းကင်က ချမှတ်ထားပြီးသားကံတရား ကို ခိုးယူလိုက်သလို ဖြစ်သွားခဲ့တယ်၊ ဒါကြောင့် ကျုပ် လင် စန်းတောင်မှာရှိနေတဲ့ အကြောင်းအကျိုးနဲ့ပတ်သက်တဲ့ ကျင့်စဉ်ရေးသားထားတဲ့ ကျူးရှန်းပန်းချီကားကို သွားပြီး ရှာဖွေခဲ့တာပဲ၊ အဲဒါကြောင့် လင်စန်းတောင်မှာ တိုက်ပွဲဖြစ်ခဲ့ တာ၊ ဒါပေမဲ့ အကြောင်းအကျိုးနဲ့ပတ်သက်တဲ့ကျင့်စဉ်ကို သိရှိနားလည်သွားလို့လည်း ကံကြမ္မာကို ပြန်ပြီး ပုံသွင်းပေးနိုင် ခဲ့တာပါ..."

အချိန်အရင်းအမြစ်မှ အချိန်တံခါးပွင့်သွားပြီး ဆန်းလျန် အချိန်ရေစီးကြောင်းအတိုင်း စီးမျောသွားစဉ်က ကမ်းခြေတွင် ခြေတစ်ချောင်းတည်းရှိသည့်နွားတစ်ကောင်ဘေးတွင် ရပ်နေသည့် အဖြူရောင်ဝတ်စုံနှင့် လူတစ်ယောက်ကို ဆန်းလျန် တွေ့မြင်ခဲ့ရသည်။

ထိုအဖြူရောင်ဝတ်စုံနှင့်လူမှာ ရဲ့လျိုယွင်နှင့်အလွန်ဆင်တူလေ၏။

သို့သော်... ရဲ့လျိုယွင် မဟုတ်ခဲ့ပေ။ ရဲ့လျိုယွင်သည် အချိန်ရေစီးကြောင်းကို ထိုးဖောက်ထွက်နိုင်သည်အထိ တန်ခိုးစွမ်းအား မြင့်မားခဲ့ခြင်း မရှိပေ။

ထိုသို့ဆိုလျှင် ထိုသူသည် ရဲ့လျိုယွင်နှင့် အဘယ်ကြောင့်တူနေရပါသနည်း။ ထိုသူသည် ထိုက်ယိ (ယီနတ်ဘုရား) ဖြစ်နေသောကြောင့် ဖြစ်လေသည်။ ချင်းတိကေရာဇ်မှာ ယီနတ်ဘုရား၏ ကိုယ်ခွဲတစ်ခုဖြစ်လေသည်။

ထို့ကြောင့် ရဲ့လျိုယွင်မှာ ချင်းတိကေရာဇ် လူပြန်ဝင်စားသူ

ဖြစ်ကြောင်း ဆန်းလျန် သိရှိသွားခဲ့ရသည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီ ၊ ချင်းတိကေရာဇ် ၊ စန့်

ချင်တာအိုဆရာသခင် ၊ ယီနတ်ဘုရားနှင့် တုန်းဟွာတောက်ကျွ

င်းတို့မှာ အားလုံး အတူတူပင်ဖြစ်သည်ကိုတော့ ဆန်းလျန်

ရိပ်မိသိရှိခဲ့ခြင်း မရှိသေးပေ။ ထိုအကြောင်းများကို သိရှိခဲ့

သည့် ကျောက်စိမ်းဝိညာဉ်သခင် ကျီဝေးတိကျွင်းနှင့် ချင်းဖုန်း

နတ်ဘုရားတို့ကတော့ အနာဂတ်အချိန်တွင် ဆန်းလျန်၏

လက်ချက်ဖြင့် သေဆုံးခဲ့ကြရပြီ ဖြစ်လေသည်။

ကျောက်ရှောင်ယွီက...

"ဒါဆို အချိန်ရေစီးကြောင်းနောက်ကွယ်က ခြယ်လှယ်နေတဲ့သူ

က ရှင်ပေါ့..."

ဆန်းလျန်က...

"တကယ်တော့ မိုးကောင်းကင်က ချမှတ်ထားတဲ့ ကံကြမ္မာကို ဆန့်ကျင်ခဲ့လို့ ကျုပ် ဒီလိုမျိုး ဒုက္ခတွေ့ခဲ့ရတာပဲ ၊ ကျုပ် အရမ်းကို တန်ခိုးစွမ်းအားမြင့်မားခဲ့ပေမယ့် တာအိုဆရာသခင်ကြီး (၈)ပါးရဲ့ ပုံရိပ်ယောင်တွေကိုတော့ မလွန်ဆန်နိုင်ခဲ့ဘူး ၊ ဒါပေမဲ့ စန့်ချင်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်းကိုတော့ ကျေးဇူးတင်ရမယ် ၊ သူက မိုးကောင်းကင်ရဲ့ ကံကြမ္မာကို ဆန့်ကျင်ခဲ့တဲ့ကျုပ်ကို အသက်ဆက်ရှင်နိုင်ဖို့ အခွင့်အရေးပေးခဲ့တယ်..."

ကျောက်ရှောင်ယွီက ထူးဆန်းစွာဖြင့်...

"စန့်ချင်တာအိုဆရာသခင် မျက်နှာသာပေးတာခံရတဲ့သူက ရဲ့ လျိုယွင်ဆို ... ၊ ရှင်မှ မဟုတ်တာ ၊ သူက ရှင့်ကို ဘာလို့ ကူညီရတာလဲ..."

ဆန်းလျန်က...

"ကျုပ်လည်း အဲဒါကို အခုထိ နားမလည်သေးဘူး ၊ အဲဒါတွေ ထားလိုက်ပါ ၊ လောလောဆယ်ပြဿနာက အဲဒါတွေ မဟုတ်ပါဘူး..."

ကျောက်ရှောင်ယွီက...

"ကျွန်မရဲ့ ဇာစ်မြစ်ကရော ဘာများလဲဟင်..."

ဆန်းလျန်က...

"အဲဒါကတော့ မပြောတာ ပိုကောင်းမယ်ထင်တယ်..."

ကျောက်ရှောင်ယွီက ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်ရင်း...

"ပြောပြပါဆို..."

သူမပုံစံလေးက အလွန်မှ စွဲဆောင်မှုရှိလေသည်။

သူမက ဆန်းလျန်ကို ပြုံးပြလိုက်သည့်အခါ မျက်ဝန်းလေးများက တောက်ပနေပြီး သွားဖွေးဖွေးလေးများက လင်းလက်လျှက်ရှိလေသည်။

ကိလေသာကင်းစင်အောင် ကျင့်ကြံနေကြသူများပင်လျှင် စျာန်လျှောစေနိုင်သည့် အလှတရားမျိုးဖြစ်လေ၏။

ဆန်းလျန်က အတန်ကြာငြိမ်သက်နေပြီးမှ ပေါ့ပါးသည့်လေသံဖြင့်...

"မင်းကောင်းဖို့အတွက် ကျုပ်က ပြောမပြရတာပါ၊ ပြီးတော့ လောလောဆယ်မှာလည်း အဲဒီကိစ္စက အရေးမကြီးသေးလို့ပါ၊ အမှန်တော့ ကျုပ်ပဲဖြစ်ဖြစ်၊ တိကျန်ဗောဓိသကျပဲဖြစ်ဖြစ်၊ ရွှေမ်တုတောက်ကျွင်းပဲဖြစ်ဖြစ်၊ ဘယ်သူမှ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က အချိန်ကို ပြန်ပြီးသွားရဲကြမှာ မဟုတ်ဘူး၊ မဟုတ်လို့ကတော့ ကျုပ်နဲ့ဆက်စပ်နေတဲ့ ကြမ္မာဆိုးထဲ သူတို့ပါ ရောပါသွားကြမှာပဲ၊ အခုတော့ အချိန်ရေစီးကြောင်းပေါ်က ကျုပ်ကို ကြောက်နေစရာ မလိုတော့ဘူးဆိုတော့ သူတို့တွေ ဟွင့်ယွမ်ဝူကျီအဆင့်ရောက်ကုန်ကြလည်း အသက်ပျောက်မှာ မကြောက်ရတော့ဘူးပေါ့..."

ကျောက်ရှောင်ယွီက မျှော်လင့်တကြီးလေသံဖြင့်...

"ဒါပေမဲ့ အဲဒီလိုလုပ်ခဲ့တာ ရှင့်အတွက်လည်း အကျိုးရှိခဲ့တာပဲ မဟုတ်လား..."

ဆန်းလျန်က ခေါင်းညိတ်လိုက်ရင်း...

"အမှန်ပဲ ၊ အခု ကျုပ် အတိတ်ကနေ အနာဂတ်ကို ရောက်လာခဲ့တာ ၊ ဒီတော့ ကျုပ်လုပ်ထားတဲ့ အပြစ်တွေလည်း သိပ်မများသေးဘူး ၊ ပြီးတော့ တိကျန်ဗောဓိသကျက အသူရာချောက်ကို အသုံးချပြီး အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ကို ပေါင်းစပ်ကျင့်ကြံပြီး ကျင့်စဉ်လမ်းအဆင့်တက်ဖို့ ကြိုးစားနေတာ ၊ ဒါပေမဲ့ ကျုပ်က အတိတ်ကိုဖြတ်တောက်ပစ်ခဲ့လို့ အတိတ်ကာလက သူ့ရဲ့ မူလပုံရိပ်ကို ပြန်ရှာမတွေ့တော့ဘူးဆိုရင် သူ့အနေနဲ့ ဘယ်တော့မှ သံသရာကို ကျော်လွန်နိုင်မှာ မဟုတ်ဘူး..."

ထိုစကားကိုပြောပြီးသည်နှင့် ဆန်းလျန်က ကောင်းကင်ထက်

သို့ မော့ကြည့်လိုက်သည်။

ပြီးမှ တိုးတိတ်သည့် လေသံဖြင့်...

"ဒါပေမဲ့ ရွှမ်တုတောက်ကျွင်းကတော့ အဲဒီလိုမျိုး မဟုတ်

ဘူး..."

ကောင်းကင်ထက်တွင် ယင်စွမ်းအားလမ်းကြောင်းတစ်ခု ဖြစ်

ပေါ်လာပြီး စကြာဝဠာတစ်ခုလုံးကို လှည့်ပတ်ပျံ့နှံ့သွားလေ

သည်။

အချိန်နှင့်နေရာ တစ်ချက်တုန်ခါသွားလေ၏။

"ကျုပ် အစမ်းသပ်ခံရခြင်းတွေကို အသချေဖြတ်သန်းခဲ့ရပြီး

နောက်ဆုံးမှာ ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်ရောက်နိုင်ခဲ့ပြီ၊

အမြင့်ဆုံးသောရွှမ်ဟွမ်မိုးနတ်မင်းကြီးအဖြစ် ကျုပ်ကိုယ်ကျုပ်

ဂုဏ်ပြုသတ်မှတ်ပြီး အမြင့်မြတ်ဆုံးသော မိုးကောင်းကင်ခုံရုံး

ကို ပြန်လည်ဖွင့်လှစ်တည်တောင်မယ်..."

စကြာဝဠာတစ်ခွင် ဟိန်းထွက်လာသည့် ထိုအသံနက်ကြီး

သည်ကား ရွှမ်တုတောက်ကျွင်း၏ အသံနက်ကြီးပင် ဖြစ်လေ

တော့သည်။

အခန်း (၈၈၇) မိုးကောင်းကင်ခုံရုံး

ရွှမ်တုတောက်ကျွင်း၏ အသံနက်ကြီးသည် ....

မရှိမှုကျေးရွာရှိ ကောင်းကင်ဘုံများ ၊ နတ်ဘုရားကျောက်ဂူ

များ ၊ လူ့လောကတစ်ခွင် ၊ အသူရာချောက် (၉)ထပ်နှင့်

စကြာဝဠာရှိ ကြယ်စင်များတစ်ခွင် ပွဲတင်ထပ်လျှက် ပျံ့နှံ့သွား

လေသည်။

ထို့နောက် ကောင်းကင်ထက်တွင် အလံတစ်ခုထွက်ပေါ်လာလေသည်။ အလံက ခမ်းနားစွာဖြင့် လေထဲတွင် တလွင့်လွင့် လွင့်မျောလျှက်ရှိသည်။

မရှိမှုကျေးရွာနှင့် လူ့လောကအကြားမှ ကွာဟမှုကို ဆုတ်ဖြဲပစ်လိုက်ပြီး လောကအသစ်တစ်ခု မွေးဖွားတော့မည့်အလားထိုအလံ၏ တန်ခိုးစွမ်းအားများကို လူသားရော နတ်ဘုရားများပါမကျ တစ်လောကလုံးမှ တွေ့မြင်ကြရလေသည်။

ကျင့်ကြံသူအများစုမှာ အသံပင်မထွက်ရဲကြတော့ဘဲ ကြောက်ရွံ့တုန်လှုပ်နေကြလေသည်။

ကျောက်ရှောင်ယွီက တအံ့တဩဖြင့်...

"ဒါ ဖန်ကူအလံပဲ ၊ နောက်ဆုံးတော့ ကျောက်စိမ်းဝိညာဉ်နန်းတော်က တာအိုဆရာယွိတင်က ရှမ်တုတောက်ကျွင်းနဲ့ပူးပေါင်းလိုက်ပြီပေါ့..."

ဆန်းလျန်ကတော့ အစကတည်းက ထိုသို့ဖြစ်လာမည်ဟု မျှော်လင့်ထားပြီးသားဖြစ်သည့်အတွက် ထူးခြားပြီး အံ့ဩမနေတော့ပေ။

ယခုကဲ့သို့ အခြေအနေများဖြစ်လာမှတော့ တာအိုဆရာယွိတင်အနေဖြင့် ရှမ်တုတောက်ကျောင်းနှင့် မပူးပေါင်း၍ မဖြစ်တော့ပေ။ မဟုတ်ပါက တိကျန်ဗောဓိသကျ ပထမဆုံးလာရောက်တိုက်ခိုက်မည့်နေရာမှာ ကျောက်စိမ်းဝိညာဉ်နန်းတော်ဖြစ်သွားပေလိမ့်မည်။

ရှမ်တုတောက်ကျောင်းနှင့်သာ ပူးပေါင်းခြင်းမရှိပါက တိကျန်ဗောဓိသကျ လာရောက်တိုက်ခိုက်သည့်အခါ ရှမ်တုတောက်ကျောင်းကလည်း ကျောက်စိမ်းဝိညာဉ်နန်းတော်ကို ကူညီမည်မဟုတ်ပေ။ ထိုအခါ... ယွိချင်တာအိုဆရာသခင်ယွမ်စီထျန်းကျောင်း၏ အနွယ်တော်များနေထိုင်ရာ ကျောက်စိမ်းဝိညာဉ်

နန်းတော်သည် သေချာပေါက် လောကမှ ပျောက်ကွယ်သွားရပေလိမ့်မည်။

ထို့ကြောင့် တာအိုဆရာယို့တင်မှာ ရွေးခြယ်စရာလမ်းမရှိခဲ့ပေ။

ထို့ပြင်... သူက မိုးကောင်းကင်ခုံရုံးကို ပြန်လည်တည်ထောင်ချင်သူဖြစ်လေရာ မိုးကောင်းကင်ခုံရုံးကို ပြန်လည်တည်ထောင်ရန်အတွက် ရှမ်တုတောက်ကျွင်း၏ အကူအညီကို များစွာလိုအပ်လေသည်။

ဖန်ကူအလံသည် လေထဲတွင် (၉)ကြိမ်တိုင်တိုင် ဝှေ့ယမ်းလှုပ်ရှားသွားလေသည်။

(၉)ဂဏန်းမှာ လောကတွင် အခြေခံအကျဆုံး ဂဏန်းဖြစ်ပြီး ဖန်ကူအလံ (၉)ကြိမ်ဝှေ့ယမ်းလိုက်သည်နှင့် ကောင်းကင်ဘုံ (၉)ထပ် ဖွင့်လှစ်ခြင်း စတင်လေတော့သည်။

နေရာအနှံ့တွင် ခရမ်းရောင်အခိုးအငွေ့များထွက်ပေါ်လာပြီး ခရမ်းရောင်အခိုးအငွေ့များကြားတွင် နန်းတော်ကြီးများ ၊

ခမ်းနားသည့် ဘုံခုနစ်ဆင့် ၊ ဘုံကိုးဆင့် မျှော်စင်ကြီးများ ထွက်ပေါ်လာလေသည်။

စကြာဝဠာအတွင်းမှ နဂါးငွေ့တန်းသည် ကောင်းကင်ဘုံ (၉)ထပ်မှ ရွှေရောင်တံတားကြီး၏ စွဲဆောင်မှုကြောင့် ကောင်းကင်ဘုံ (၉)ထပ်အလယ်သို့ ရောက်ရှိလာပြီး ဖြတ်သန်းစီးဆင်းလျှက်ရှိလေသည်။

တောက်ပနေသည့်ကြယ်စင်များသည် ထူးဆန်းစွာဖြင့်ပင် အစီအစဉ်တကျ စီးဆင်းလျှက် ရှိလေသည်။

မြင့်မားလှသည့် စင်မြင့်တစ်ခုပေါ်လာပြီး ထိုစင်မြင့်ထက်တွင် အမည်စာရင်းတစ်ခု ချိတ်ဆွဲထားလေသည်။

အမည်စာရင်းခေါင်းစဉ်တွင် "နတ်ဘုရားအဖြစ်အပ်နှင်းခံရသူများ" ဟု ရေးသားထားပြီး အမည်စာရင်းကတော့ ရေးသားထားခြင်းမရှိသေးဘဲ စာရွက်အဖြူရောင်အလွတ်ဖြစ်လေသည်။

ရွှမ်တုတောက်ကျွင်းက မိုးကောင်းကင်ခုံရုံးကို အောင်မြင်စွာ ပြန်လည်ဖွင့်လှစ်ခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် မိုးကောင်းကင်ခုံရုံးတွင် တာဝန်ထမ်းဆောင်ရန် ၊ နေထိုင်ရန်အတွက် နတ်ဘုရားများအဖြစ် အပ်နှင်းခံရသူများ စာရင်းကို သူကိုယ်တိုင် ပြုလုပ်ရမည် ဖြစ်လေသည်။

ခရမ်းရောင်အခိုးအငွေ့များကြားတွင် မိုးကောင်းကင်ခုံရုံး ပြန်လည်ဖွင့်လှစ်သည်ကို တွေ့မြင်လိုက်ရသည်နှင့် မိုးမြေတစ်ခွင်မှ နတ်ဘုရားများ ၊ ကျင့်ကြံသူများ၏ရင်ထဲတွင် လေးလံသွားကြရလေတော့သည်။

နတ်ဘုရားအဖြစ်အပ်နှင်းခံရသူများစာရင်း ပြန်လည်ပေါ်ထွက်လာပြီဖြစ်လေသည်။

နတ်ဘုရားအဖြစ် အပ်နှင်းခံရသူများစာရင်းတွင် မိမိနာမည်ပါဝင်လျှင်တော့ ကောင်းသည့်အချက်ပင်ဖြစ်လေ၏။

သို့သော်... မကောင်းသည့်အချက်မှာ နောက်ခံအင်အားမ

ကောင်းသည့်အတွက် နတ်ဘုရားအဖြစ် အပ်နှင်းခံရသူ စာရင်းတွင် မပါဝင်ခဲ့ပါက နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံခဲ့သမျှ အလကားဖြစ်သွားရပြီး လေလွင့်နတ်ဘုရားသဖွယ် ဖြစ်သွားကြရပေလိမ့်မည်။

နတ်ဘုရားများအားလုံး စိတ်ပူကြသလိုပင် ရွှမ်တုတောက်ကျွင်းသည်လည်း ပူပန်နေခဲ့လေသည်။

ယခု သူက အမြင့်ဆုံးသောရွှမ်ဟွမ်မိုးနတ်မင်းကြီးအဖြစ် ခံယူကာ သူ၏ဂုဏ်ပုဒ်ကို စကြာဝဠာတစ်ခုလုံးသို့ ကြေငြာလိုက်ပြီး မိုးကောင်းကင်ခုံရုံးကို ပြန်လည်ဖွင့်လှစ်တည်ထောင်ခဲ့လေသည်။ ထို့ကြောင့် ဖြစ်လာသမျှ အကောင်းအဆိုး ၊ အကြောင်းအကျိုးများသည်လည်း သူ့ခေါင်းပေါ်သာ ကျရောက်တော့မည်ဖြစ်သည်။

"သရဖူကိုဆောင်းချင်လျှင် သရဖူ၏အလေးဒဏ်ကိုတော့ ခံနိုင်ရည်ရှိရမည်" ဟု ဆိုရိုးစကားရှိသည် မဟုတ်ပါလား။

ထို့ပြင်... ရှမ်တုတောက်ကျွင်းသည် အမြင့်ဆုံးသောရှမ်ဟွမ် မိုးနတ်မင်းကြီးအဖြစ် ခံယူခဲ့ပြီဖြစ်သည့်အတွက် သူ့အဆင့် သည် ပထမမိုးနတ်မင်း၊ ဒုတိယမိုးနတ်မင်းတို့နှင့် အတူတူပင် ဖြစ်လာလေသည်။

သူသာ မိုးကောင်းကင်ခုံရုံး၏ အကြောင်းအကျိုး၊ အကောင်း အဆိုးများကို ထိန်းချုပ်ကိုင်တွယ်နိုင်ခြင်း မရှိဘဲ ကျဆုံးခဲ့ပါ က အားလုံးက သူ့ကို ဝိုင်းပြီး အပြစ်တင်ကြပေလိမ့်မည်။

....

တောင်ပင်လယ်...

ခရမ်းရောင်ဝါးရုံတောအတွင်းရှိ ချောင်ယင်းဂူအပြင်ဘက်တွင် ကွမ်ယင်မယ်တော် မတ်တတ်ရပ်နေလေသည်။

ကွမ်ယင်မယ်တော်၏ဘေးတွင် ရွှေရောင်အမွှေးများပိုင်ဆိုင် သည့် မျောက်မင်းစွန်းဝူခုံး ရပ်နေလေ၏။

ဝူခုံးက...

"မယ်တော်… အခု ဘာလုပ်ကြမလဲ ၊ လောင်စွန်း

ကောင်းကင်ဘုံကိုသွားပြီး နောက်တစ်ခေါက် ပြဿနာရှာလိုက်

ရမလား…."

ကွမ်ယင်မယ်တော်က သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"ဘယ်လိုလုပ် ပြဿနာရှာလို့ ရမှာလဲ…"

ကွမ်ယင်မယ်တော်၏ စကားကြောင့် ဝူခုံး မကျေမနပ်ဖြစ်သွား

လေသည်။

သူက ချက်ချင်းပင် နားရွက်ထဲတွင်သိမ်းဆည်းထားသည့် အပ်

လေးတစ်ခုကို ဆွဲထုတ်လိုက်လေရာ ထိုအပ်လေးသည် တင့်ဟို

င်စန်းကျန်းသံတုတ်အဖြစ်သို့ ပြောင်းလဲသွားလေသည်။

ထို့နောက် ဝူခုံးက သံတုတ်ကို စကြာပုံသဏ္ဍာန်လှည့်ပတ်

ပစ်လိုက်လေရာ ကွမ်ယင်မယ်တော်၏ ခရမ်းရောင်ဝါးရုံတော

တစ်ခုလုံး ကြေမွပျက်စီးကုန်လေတော့သည်။

ကွမ်ယင်မယ်တော်က မကျေမနပ်ဖြင့်…

"ဒီ မျောက်စုတ်ကတော့လေ..."

ဟုရေရွတ်လိုက်လေတော့သည်။

....

နတ်မိစ္ဆာအဓိပတိနန်းတော်...

နတ်မိစ္ဆာအဓိပတိကြီးသည် ကောင်းကင်ထက်တွင် ထွက်

ပေါ်လာသည့် မြင်ကွင်းများကို ငေးစိုက်ကြည့်ရင်း နှုတ်ခမ်း

များက မဲ့ပြုံးပြုံးနေလေသည်။

ထို့နောက် မကျေမနပ်ဖြင့် "ဟွန့်" ခနဲ နှာခေါင်းတစ်ချက် ရှုံ့

လိုက်လေ၏။

နတ်မိစ္ဆာအဓိပတိနန်းတော်မှ အခြားသူများကတော့

ကောင်းကင်ထက်မှ မြင်ကွင်းကို ငေးကြည့်နေကြရင်း

ကြက်သေသေကုန်ကြလေသည်။

ကျင့်စူးက နတ်ဘုရားစိတ်အာရုံများကို ကောင်းကင်ထက်သို့

ဖြန့်ကျက်လိုက်ပြီး ကြည်လင်သည့်စိတ်ဖြင့် အသစ်သော

မိုးကောင်းကင်ခုံရုံး၏ ထူးဆန်းမှုကို ခံစားကြည့်နေလေသည်။

ထို့နောက် သူမက ခိုင်မာသည့် ဆုံဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။ သူမ ပကတိမရဏာဓားကို ရှာဖွေမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

သူမသည်လည်း ကျင့်ကြံသူတစ်ယောက်ဖြစ်လေသည်။

တိကျန်ဗောဓိသကျာက နတ်မိစ္ဆာအဓိပတိကြီးကို အသူရာချောက်မှ မောင်းထုတ်လိုက်ကတည်းက လောကကြီးတစ်ခုလုံး အပြောင်းအလဲဖြစ်တော့မည်ဟု သူမ နားလည်ထားသည်။

ယခုဆိုလျှင် နတ်မိစ္ဆာအဓိပတိကြီးပင်လျှင် သူ့ကိုယ်သူ ကာကွယ်နိုင်စွမ်း မရှိတော့ပေ။ မရဏာဓားများကသာလျှင် အသက်ရှင်ရန်လမ်းစကို ပေးနိုင်ပေလိမ့်မည်။

သူမ ရုတ်တရက် ဆန်းလျန်အကြောင်း စဉ်းစားလိုက်မိလေသည်။

ဆန်းလျန်သည် မိတ်ဆွေဟောင်းတစ်ယောက်ဖြစ်ခဲ့ဖူးသည့် သူမကို မှတ်မိပါဦးမည်လား။

....

အနောက်ဘက်ကောင်းကင်ဘုံ...

လင်စန်းတောင်...၊

မီလဲ့ကိုယ်တော်သည် ပလ္လင်ထက်တွင်ထိုင်နေပြီး

သူ၏ဦးခေါင်းအနောက်ဘက်မှ ရောင်စဉ်စက်ဝန်း (၉)သွယ်

ဖြာလင်းနေလေသည်။

ထိုရောင်စဉ် (၉)သွယ်က လူပြန်ဝင်စားခြင်း (၆)ဘုံ ၊ လောက

(၃)ပါးနှင့် စကြာဝဠာတစ်ခုလုံးကို ဖုံးကွယ်ထားလေ၏။

သူ့မျက်ဝန်းထဲတွင် နတ်ဘုရားတို့၏ လောကဖြစ်သည့်

မိုးကောင်းကင်ခုံရုံး အဆက်မပြန့် ကျယ်ပြန့်နေသည်ကို တွေ့

မြင်နေရလေသည်။

မရေမတွက်နိုင်သည့် ခရမ်းရောင် အခိုးအငွေ့များက အရှေ့

ဘက်ဖန်သားကောင်းကင်ဘုံမှ အနောက်ဘက်သုခဘုံအထိ

ကျူးကျော်ဝင်ရောက်နေလေသည်။

မြောက်ဘက်ပိုင်း ကျန်းဂူနတ်ဘုရားဂူကတော့ ကောင်းကင်ဘုံ

နန်းတော်က လုံးလုံးလျားလျား ဝါးမြိုသွားပြီ ဖြစ်လေသည်။

ယခင် မိုးနတ်မင်း (၂)ပါးခေတ် ၊ ကြွင်းကျန်ခဲ့သည့်

အပျက်အစီးများထဲမှတစ်ခုဖြစ်သည့် တောင်ဘက်ပိုင်းတွင်

တည်ရှိသည့် မိုးကောင်းကင်တောင်ဘက်တံခါးကတော့ ယခု

ဖြစ်ပေါ်လာသည့် ကောင်းကင်ဘုံ(၉)ထပ်သို့ အဝင်တံခါးဖြစ်

သွားလေသည်။

တာအိုဆရာယွိတင်၏ ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ရွှမ်တု

တောက်ကျွင်း၏ ဘုရင်ရှစ်ပါးနန်းတော်ကတော့

ကောင်းကင်ဘုံ (၉)ထပ်တွင် ဘေးချင်းယှဉ်လျှက် ပြောင်းရွှေ့

တည်ရှိနေကြပြီ ဖြစ်သည်။

ခမ်းနားသည့် မိုးကောင်းကင်ခုံရုံးသည် မိုးမြေတစ်ခွင်ရှိ

သတ္တဝါအနန္တတို့ကို လွှမ်းမိုးထားလေသည်။

မရေမတွက်နိုင်သည့်နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး သည့်နောက် သက်ရှိသတ္တဝါအားလုံး၏အထက်တွင်တည်ရှိ သည့် မိုကောင်းကင်ခုံရုံးသည် ပြန်လည်ထွက်ပေါ်လာခဲ့ပြီ ဖြစ် လေသည်။

ထို့ပြင် ရွှမ်တုတောက်ကျွင်းသည်လည်း ပထမမိုးနတ်မင်းနှင့် ဒုတိယမိုးနတ်မင်းတို့ထက်သာလွန်သည့် အဆင့်အမြင့်ဆုံး ဟွ င့်ယွမ်ဂူကျီအဆင့် နတ်ဘုရားတစ်ပါးဖြစ်ခဲ့ပြီ ဖြစ်သည်။

အတိတ်ကာလာ၊ ပစ္စုပ္ပန်ကာလများတွင် သူ့ကို ယှဉ်ပြိုင်နိုင်သူ အနည်းငယ်သာ ရှိပေလိမ့်မည်။

ထိုစဉ်… မီလဲ့ကိုယ်တော်၏ဘေးတွင် အလင်းရောင်တစ်ချက် လင်းလက်လာပြီး နေစကြာတထာဂတသဟုလူသိများသည့် တာအိုဆရာလုယာပေါ်လာလေသည်။

နေစကြာတထာဂတသက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း…

"ပထမမိုးနတ်မင်းရော ဒုတိယမိုးနတ်မင်းရော အရည်အချင်းရှိကြရဲ့သားနဲ့ ဒီလိုအောင်မြင်မှုမျိုး မရခဲ့ကြဘူး။ ဒီ ရွှမ်တုဆိုတဲ့ကောင်ကတော့ တော်တော်လေး တော်တဲ့အထဲမှာပါတယ်..."

နေစကြာတထာဂတသဆိုလိုသည့် အဓိပ္ပါယ်ကို မီလဲ့ကိုယ်တော်က ကောင်းကောင်းသဘောပေါက်လိုက်သည်။

နေစကြာတထာဂတသဆိုသည်က ပထမမိုးနတ်မင်းနှင့် ရှီးဟယ်တို့၏ သားတော်တစ်ပါး ဖြစ်လေရာ မိုးကောင်းကင်ခုံရုံးကို ပြန်လည်ဖွင့်လှစ်မည်ဆိုလျှင် သူကသာလျှင် ဖွင့်လှစ်ရန်အသင့်တော်ဆုံးသူ ဖြစ်ရမည်ဟု မှတ်ယူထားခဲ့လေသည်။

သို့သော်... သူက တန်ခိုးစွမ်းအားလည်း မလုံလောက်သေးသလို မိုးကောင်းကင်ခုံရုံးကို ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက်ဖန်ကူအလံကဲ့သို့သော မှော်ဝင်ပစ္စည်းမျိုးလည်း သူ့တွင်မရှိခဲ့ပေ။

မမျှော်လင့်စွာပင် ရွှမ်တုတောက်ကျွင်းကတော့ ဟွင့်ယွမ်ဝူကျီ အဆင့်ကိုလည်း ထိုက်ချိယင်ယန်ပန်းချီကားအကူအညီဖြင့် တက်ရောက်နိုင်ခဲ့ပြီး မိုးကောင်းကင်ခုံရုံးကိုလည်း ဖန်ကူ အလံ၏ အကူအညီဖြင့် ဖွင့်လှစ်နိုင်ခဲ့လေသည်။

မီလဲ့ကိုယ်တော်က ပြုံးလိုက်လေသည်။

သူ၏ခန္ဓာကိုယ်ထက်မှ ရောင်စဉ်စက်ဝန်းများက ပိုမိုတောက်ပ လာပြီး သူက လက်အုပ်ချီလိုက်ကာ မိုးကောင်းကင်ခုံရုံးကို ငေးစိုက်ကြည့်နေလေတော့သည်။

ထို့နောက် သန့်စင်သည့် တန်ခိုးစွမ်းအားအလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး သုခဘုံသို့ ကျူးကျော်ဝင်ရောက်လာသည့် ခရမ်းရောင်အခိုးအငွေ့များကို တားဆီးထားလိုက်လေသည်။

မီလဲ့ကိုယ်တော်ကိုကြည့်ရင်း နေစကြာတထာဂတသ ရုတ်တရက် သတိဝင်လာလေသည်။

သူ၏ မိတ်ဆွေမီလှဲကိုယ်တော်မှ ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားပြီ ဖြစ်လေသည်။ သို့သော်... သူ့အနေဖြင့် မီလှဲကိုယ်တော်ကိုတော့ မနာလိုစရာ မရှိပေ။

သူက အသူရာချောက်၏ ပြောင်းလဲသွားမှုကို အခွင့်ကောင်းယူကာ အော်မီတော်ဖူဘုရား၏ သုခဘုံကို ဓမ္မနှင့် ပြည့်စုံစေလိုက်ပြီ ဖြစ်သည်။ မိုးနှင့်မြေမှ လူပြန်ဝင်စားခြင်းလမ်းစဉ်ကို အသုံးချကာ သူ၏ တန်ခိုးစွမ်းအားများကို တိုးမြှင့်နိုင်ခဲ့ပြီ ဖြစ်လေသည်။

အားလော်ဟယ်က ဖန်ဆင်းရှင်ဖြစ်လေသည်။ သူလျှောက်သည့်လမ်းစဉ်ကလည်း မိုးကောင်းကင်လမ်းစဉ်ဟု ဆိုနိုင်သည်။ ထို့ကြောင့် သူလျှောက်သည့်လမ်းစဉ်တွင်လည်း လူပြန်ဝင်စားခြင်းလမ်းစဉ် ပါဝင်ပြီးသားဖြစ်လေသည်။

ယခု လူပြန်ဝင်စားခြင်းလမ်းစဉ်ကို အားလော်ဟယ်နှင့် မီလှဲကိုယ်တော်တို့က တစ်စိတ်တစ်ပိုင်း ထိန်းချုပ်ထားကြပြီ

ဖြစ်သည်။ သို့တိုင်အောင်... သူတို့သည် ဟွင့်ယွမ်ဝူကျီအဆင့်

သို့တက်ရောက်ရန် ပိုပြီး ခက်ခဲသွားခဲ့လေသည်။

သူတို့သည် သူတို့ကိုယ်ပိုင် ကောင်းကင်ဘုံများတွင်နေထိုင်ပြီး

ရွှမ်ဟွမိုးနတ်မင်း၏ စစ်တုရင်ကစားပွဲတွင် နယ်ရုပ်များတော့

ဖြစ်လာကြတော့မည် မဟုတ်ပေ။

ထို့ကြောင့် နေစကြာတထာဂတသသ ဤနေရာတွင် ပေါ်လာရ

ခြင်း ဖြစ်လေသည်။

နောက်ဆုံးတော့ ... သူက ပထမမိုးနတ်မင်း၏ သားတော်ဖြစ်

သည့်အတွက် ရွှမ်ဟွမ်မိုးနတ်မင်းလက်အောက်တွင်တော့ မည်

သည့်အခါမှ သွားရောက်ခိုလှုံလိမ့်မည် မဟုတ်ပေ။

မီလဲ့ကိုယ်တော်နှင့်အတူ ရှိနေခြင်းက သူ့အတွက် အန္တရယ်

ကင်းနိုင်လေသည်။

....

ကွမ်ဟန်နန်းတော်...

လနတ်သမီးချန်ဝေါ်သည် ဗျပ်စောင်းတီးခတ်နေလေသည်။

သူမတီးခတ်နေသည့် ဗျပ်စောင်းတေးသံက လွမ်းမောစရာ ကောင်းလှသည်။

သူမတီးခတ်နေသည့် ဗျပ်စောင်းမှာ "တာ့စန့်ယီယင်း" ဗျပ်စောင်း ဖြစ်လေသည်။ တာ့စန့်ယီယင်းဗျပ်စောင်းမှာ ရှေး ခေတ်အချိန်အခါက သူတော်စင်ဖူရှီးပိုင်ဆိုင်ခဲ့သည့် ဗျပ်စောင်းဖြစ်လေ၏။ လောကတွင် အပြည့်စုံဆုံး တူရိယာဟု ဆိုကြလေသည်။

အားလော်ဟယ်သည်ပင် သူတော်စင်ဖူရှီး၏ တာ့စန့်ယီယင်း ဗျပ်စောင်းကို တွေ့မြင်ခဲ့ပြီး စန္ဒရားကို တီထွင်ခဲ့ခြင်း ဖြစ်သည်။

လွမ်းမောစရာ ဗျပ်စောင်းတေးသံသည် ကွမ်ဟန်နန်းတော်တစ် ခွင် ပျံ့နှံ့လျှက် ရှိလေသည်။

ထိုဗျပ်စောင်းသံက ကွမ်ဟန်နန်းတော်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ခရမ်းရောင်အခိုးအငွေ့များကို ဖယ်ရှားပစ်နေလေသည်။

ဗျပ်စောင်းသံဖြင့် တားဆီးထားသည့်အတွက် ခရမ်းရောင်အခိုးအငွေ့များသည် ကွမ်ဟန်နန်းတော်ကို ရှောင်ရှားသွားပြီး မရှိမှုကျေးရွာမှ အခြားသောကောင်းကင်ဘုံများနှင့် နတ်ဘုရားကျောက်ဂူများကိုသာ တစ်ခုပြီးတစ်ခု ဝါးမြိုသွားလေတော့သည်။

တုန်းဟွာတောက်ကျွင်းသည် သူ၏ နတ်ဘုရားကျောက်ဂူအတွင်းရှိ မြက်ခင်းပြင်ထက်တွင် ထိုင်နေလေသည်။

သူက အေးစက်သည့်လေသံဖြင့်...

"ကျုပ်လည်းပဲ ထိုက်စန့်လောင်ကျွင်းရဲ့ ကျင့်စဉ်တွေကို ဆက်ခံခဲ့တဲ့သူတစ်ယောက်ပါပဲ ၊ ရွှမ်ဟွမ်မိုးနတ်မင်းက ကျုပ်ကို ဒီလိုမျိုး ဖိအားပေးလို့ ရနိုင်မယ်တဲ့လား..."

ထိုအခါ ရှမ်ဟွမ်မိုးနတ်မင်း၏ တည်ငြိမ်သည့်အသံတစ်သံက လေထုထဲတွင် လွင့်ပျံလာလေသည်။

"မိုးကောင်းကင်ခုံရုံးမှာ မခိုလှုံချင်ဘဲ ချင်းတိဧကရာဇ် ပြန်လာတဲ့အထိ မင်းကစောင့်နေတာလား ၊ ဒါပေမဲ့ ဆန်းလျန်ထျန်းကျွင်းက ချင်းတိဧကရာဇ်အပေါ် အကြွေးတင်နေတယ်ဆိုတာ မင်း မမေ့ပါနဲ့..."

ထိုအသံကိုကြားသည်နှင့် တုန်းဟွာတောက်ကျွင်း၏ လေသံက ပျော့ပြောင်းသွားလေသည်။

"ဒါဖြင့် လောကကိုစောင့်တဲ့ နတ်ဧကရာဇ် (၄)ပါးထဲက တစ်ပါး နေရာကို ကျုပ်လိုချင်တယ်..."

"ကောင်းပြီ..."

ထို့နောက်... အချိန်ကြာမြင့်စွာ တုန်းဟွာတောက်ကျွင်းနေထိုင်ခဲ့သည့် နတ်ဘုရားကျောက်ဂူသည် ကွဲပြိုသွားပြီး ခရမ်းရောင်

အခိုးအငွေ့များ၏ ဝါးမြိုသွားခြင်းကို ခံလိုက်ရကာ မိုးကောင်းကင်ခုံရုံးနှင့် ပေါင်းစပ်သွားလေတော့သည်။

ခရမ်းရောင်အခိုးအငွေ့များက မရှိမှုကျေးရွာမှ ကောင်းကင်ဘုံများနှင့် နတ်ဘုရားကျောက်ဂူများကို ဝါးမြိုသွားသည်မှာ ထူးဆန်းခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော်... နတ်ဘုရားအများစုသည် ရှမ်ဟွမ်မိုးနတ်မင်းကို ခုခံကာကွယ်နိုင်စွမ်း မရှိကြပေ။

သို့သော်... တုန်းဟွာတောက်ကျွင်းကဲ့သို့ ရှမ်ဟွမ်မိုးနတ်မင်းကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်သူတစ်ယောက်က လက်လျှော့အရှုံးပေးလိုက်ခြင်းကတော့ ထူးခြားသည့်ဖြစ်ရပ်ပင် ဖြစ်သည်။

ရှမ်ဟွမ်မိုးနတ်မင်း၏ တန်ခိုးစွမ်းအား မြင့်မားမှုနှင့် အခွင့်အာဏာကတော့ အံ့မခန်း ပြိုင်ဘက်ကင်းလွန်းလှသည်။

အခန်း (၈၈၈) ပြန်ပြီးကျေးဇူးပြုပါ့မယ်

အသစ်သောမိုးကောင်းကင်ခုံရုံးက ခရမ်းရောင်အတိဖြစ်ပြီး

ကောင်းကင်ဘုံ (၉)ထပ်ကလည်း ခမ်းနားလွန်းလှလေသည်။

ကောင်းကင်ဘုံ (၉)ထပ်သည် သက်ရှိများအားလုံး၏အထက်

တွင် ဝင့်ထည်လျှက် ရှိလေတော့သည်။

ရက်အနည်းငယ်ကြာပြီးသည့်နောက် မိုးကောင်းကင်ခုံရုံးသည်

ကောင်းကင်ထက်မှ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားလေ

သည်။

သို့သော်... တန်ခိုးစွမ်းအားမြင့်မားသည့် ကျင့်ကြံသူများဆို

လျှင်တော့ ကောင်းကင်ထက်ရှိ တိမ်တိုက်များကြားတွင် လွင့်

မျောနေသည့် တာအိုနန်းတော်ကြီး (၂)ခုကို တွေ့မြင်ကြရမည်

ဖြစ်လေသည်။

ထိုနန်းတော်ကြီး (၂)ခုမှာ ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့်

ဘုရင်ရှစ်ပါးနန်းတော်တို့ ဖြစ်လေသည်။

ထိုနန်းတော်ကြီး (၂)ခုပတ်ဝန်းကျင်တွင် အဝါရောင်အခိုးအငွေ့

များပျံသန်းနေပြီး ခရမ်းရောင်အခိုးအငွေ့များကတော့

ရေတံခွန်အလား စီးဆင်းလျှက်ရှိလေသည်။ အခိုးအငွေ့များက

နဂါးတစ်ကောင်အလား လိမ်ပတ်ယှက်နွယ်လျှက်ရှိပြီး

လျှို့ဝှက်နက်နဲမှုများဖြင့် ပြည့်နက်လျှက်ရှိသည်။

အမြင့်ဆုံးသောရွှမ်ဟွမ်မိုးနတ်မင်းကြီး၏ မြင့်မြတ်ခမ်းနားလှ

သည့် တန်ခိုးစွမ်းအားများကို ဖော်ပြနေသည့်အလားပင်

ဖြစ်သည်။

....

ချင်းရှတောင်....

ကျောက်ရှောင်ယွီနှင့် ဆန်းလျန်တို့သည် မက်မွန်ပင်များ

အောက်တွင် ဘေးချင်းယှဉ်ကာ ရက်ပေါင်းများစွာ

မတ်တတ်ရပ်နေခဲ့ကြလေသည်။

ကျောက်ရှောင်ယွီက မျက်မှောင်တစ်ချက်ကြုံ့လိုက်ရင်း...

"ရှမ်တုတောက်ကျွင်းရဲ့ တန်ခိုးစွမ်းအားတွေက အရင်အချိန်က မိုးနတ်မင်း (၂)ပါးထက်တောင် မြင့်မားသွားပြီ ၊ ရှင်ရော သူ့ကို အနိုင်ယူနိုင်ပါတော့မလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"သူက ကြီးမားတဲ့နန်းတော်ကြီးတစ်ခုကို တည်ဆောက်တယ် ၊ ဧည့်သည်တွေကို ဖိတ်ကြားပြီး အစားအသောက်တွေနဲ့ တည်ခင်းဧည့်ခံတယ် ၊ ပြီးရင် အဲဒီနန်းတော်ကြီး ပြိုကျဦးမှာပဲလေ ၊ ဆန်းလျန်ကတော့ လူ့လောကမှာ ရှည်လျားတဲ့ညတစ်ညလို ဘဝကိုလျှောက်လှမ်းရင်း ဖြစ်ပျက်လာမှာတွေကို စောင့်ကြည့်နေရုံပဲပေါ့..."

ကျောက်ရှောင်ယွီသည် ဆန်းလျန်နှင့် ဘေးချင်းယှဉ်ရပ်နေရင်းမှ ဆန်းလျန်၏မျက်နှာကို လှည့်ကြည့်လိုက်လေသည်။

ဆန်းလျန်၏မျက်နှာထက်တွင် လွတ်လပ်မှု ၊ အေးဆေးမှုနှင့်

မာနတရားများကို သူမ တွေ့လိုက်ရသည်။

ဆန်းလျန်သည် သူမ၏ မျက်စိရှေ့တွင်ရှိနေသည့်တိုင်

လက်လှမ်းရန်ခက်ခဲလှသူတစ်ယောက်အလား သူမ ခံစားလိုက်

ရသည်။

သူမရင်ထဲတွင် ဝမ်းနည်းဝမ်းသာခံစားနေရပြီး မည်သည့်

စကားမှပင် ပြောမထွက်နိုင်တော့ပေ။

ဆန်းလျန်က ကျောက်ရှောင်ယွီ၏ နားနားသို့တိုးကပ်လိုက်ရင်း

တိုးတိတ်သည့်လေသံဖြင့်...

"ကျုပ် ချင်းတိဧကရာဇ်ကို သွားတွေ့ရမယ်..."

ကျောက်ရှောင်ယွီက ခေါင်းကိုအသာမော့ကာ ဆန်းလျန်ကို

ကြည့်လိုက်သည်။

သူမ၏ မျက်ဝန်းများနှင့် ဆန်းလျန်၏ မျက်ဝန်းများဖြင့် အကြည့်ချင်းဆုံသွားလေ၏။ ဆန်းလျန်၏ မျက်ဝန်းများက စူးရှတောက်ပလျှက် ရှိလေသည်။

သူမက တိုးတိတ်သည့်လေသံဖြင့်...

"ကျွန်မရဲ့ ဇာစ်မြစ်က ချင်းတိကေရာဇ်နဲ့ ပတ်သက်နေတာလား..."

ဆန်းလျန်က ကျောက်ရှောင်ယွီ၏ အကြည့်များကို ရှောင်လွှဲခြင်းမရှိဘဲ သူမကို ပြန်ပြီး စိုက်ကြည့်နေခဲ့လေသည်။

"မင်း အခုလက်ရှိအချိန်မှာ ဘယ်သူဖြစ်တယ်ဆိုတာကိုပဲ ကြည့်ပါ၊ အရင်တုန်းက ဘာဖြစ်ခဲ့လဲဆိုတာတွေကို ပြန်မကြည့်ပါနဲ့၊ ကျုပ်ပြောတာကို ရှောင်ယွီက သဘောတူပါရဲ့လား..."

ဆန်းလျန်၏စကားကြောင့် ကျောက်ရှောင်ယွီက ရယ်မောလိုက်လေသည်။

သူမ၏ရယ်သံလွင်လွင်လေးက နွေဦးလေပြေလေးအလားဖြစ်

ပြီး မျက်ဝန်းများက ကြည်လင်တောက်ပလျှက်ရှိလေသည်။

သူမက ပေါ့ပါးသည့်လေသံဖြင့်...

"ရှင်က အရင်ကအတိုင်းပါပဲလား..."

ဆန်းလျန်က...

"အမြဲတမ်း အတူတူပဲ..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ကောင်းပြီလေ... ဆန်းကျွင်းအရှင်က အရင်အတိုင်းပဲဆိုရင်

တော့ ရှောင်ယွီလည်း အရင်အတိုင်းပဲပေါ့..."

ဆန်းလျန်က ကိုယ်ကိုအသာလှည့်လိုက်ပြီး ရှောင်ယွီ၏

ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်ထဲဆွဲသွင်းကာ အတန်ကြာပွေ့ဖက်

ထားလိုက်မိလေသည်။

ပြီးမှ သူမ၏ပခုံးလေးများကို အသာပွတ်သပ်လိုက်ရင်း...

"ဖန်သားကောင်းကင်ဘုံမှာ ကျုပ်ကိုစောင့်နေပါနော်..."

စကားဆုံးသွားသည်နှင့် ဆန်းလျန်သည် လေပြေတစ်ခုအသွင်

ကူးပြောင်းသွားပြီး ချင်းရှုတောင်ပေါ်မှ ပျောက်ကွယ်သွားလေ

တော့သည်။

....

ယွမ်ကျိုးနယ်အနောက်ပိုင်း...

တောင်များက မတ်စောက်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်

မှိုင်းလျှက်ရှိလေ၏။

ထိုတောင်များထက်တွင် ဝိညာဉ်မြစ်၏ မြစ်လက်တက်အခွဲ

များက မရေမတွက်နိုင်အောင် ခွဲဖြာစီးဆင်းလျှက်ရှိလေသည်။

ထိုဝိညာဉ်မြစ်၏မြစ်လက်တက်များအတွင်းတွင် တစ္ဆေ

များ၏ငိုညည်းသံလေလား ၊ လေတိုက်ခတ်သံလေလား မ

သဲကွဲသည့် အသံများကို ကြားရမည် ဖြစ်လေသည်။

မတ်စောက်သည့် တောင်မြင့်များအတွင်းမှ တောနက်နက် တစ်

နေရာတွင်တော့ မိစ္ဆာစွမ်းအားများ ပြည့်ဝနေသည့် နေရာတစ်ခု

ရှိနေလေသည်။

ထိုနေရာတွင် ယင်စွမ်းအားကျောက်တုံးများဖြင့်ဆောက်လုပ်ထားသည့် နန်းတော်တစ်ခု ရှိနေလေသည်။ နန်းတော်ကြီးက မြင့်မားပြီး ခမ်းနားလွန်းလှသည်။ ယင်စွမ်းအားအငွေ့အသက်များက နဂါးကြီးတစ်ကောင်အလား နန်းတော်ကြီးကို ရစ်ပတ်ထားပြီး အေးစိမ့်သည့်အငွေ့အသက်များကို ခံစားရမည် ဖြစ်လေသည်။

မရေမတွက်နိုင်သည့် ဟွမ်ချွမ်နတ်ဆိုးများသည် နန်းတော်အတွင်းသို့ ဝင်လိုက်ထွက်လိုက်နှင့် အလုပ်ရှုပ်နေကြပြီး အချို့နတ်ဆိုးများကတော့ နန်းတော်ကို စောင့်ကြပ်လျှက်ရှိကြသည်။

နန်းတော်သခင်မှာ ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးဖြစ်သည့်အတွက် နန်းတော်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာရန်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။

သို့သော် ဆန်းလျန်အတွက်တော့ ကောင်းကင်ဘုံ(၉)ထပ်နှင့် အသူရာချောက် (၉)ထပ်တွင် သူမသွားနိုင်သည့်နေရာဆို၍ တစ်ခုမှ မရှိပေ။

ဆန်းလျန်၏ အကျီလက်ဖျားများ တစ်ချက်လှုပ်ခတ်သွားပြီး ချက်ချင်းပင် နန်းတော်ကြီး၏ အတွင်းပိုင်းအကျဆုံးနေရာတစ်ခုဆီသို့ ရောက်ရှိသွားလေတော့သည်။

ဆန်းလျန်ရှေ့တွင် အနီရောင်တံခါးတစ်ချပ်ရှိနေပြီး တံခါးဝတွင် "စန်းလော်ခန်းမ" ဟု ရေးသားထားလေသည်။ စာလုံးရေးသားဟန်က လျှို့ဝှက်နက်နဲပြီး ဝိညာဉ်စွမ်းအားများဖြင့် ပြည့်ဝလျှက်ရှိသည်။

ဆန်းလျန် ခန်းမအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မြင်ကွင်းက ပြောင်းလဲသွားလေသည်။ ခန်းမထဲတွင် အသက်ဓာတ်စွမ်းအားများနှင့် မရဏစွမ်းအားများ (၂)မျိုးစလုံး ရောယှက်စီးဆင်းနေလေသည်။

ထိုက်ချိယင်ယန်နှင့်သဘောတရားချင်း သွားရောက်ဆင်တူလေသည်။ သေခြင်းနှင့်ရှင်ခြင်း (၂)ခုစလုံး ရောပြွမ်းနေသည့် အနေအထားကို ဖော်ကျူးလေသည်။

ခန်းမဆောင်ထဲတွင် ရဲ့လျိုယွင် ရှိနေလေ၏။

သူက တိမ်တိုက်တစ်စအလား ဖြူစင်သည့်ဝတ်စုံကို ဝတ်ဆင်ထားလေ၏။ သူ၏ပုံစံက လောကအပြင်ဘက်မှ အဖြူရောင်တိမ်တိုက်တစ်ခုထက်တွင်ရပ်တန့်ရင်း လူပြန်ဝင်စားခြင်းဘုံ (၆)ခုဆီသို့ ခုန်ချတော့မည့်အလား ထင်မှတ်ရလေသည်။

သူက ဆန်းလျန်ဝင်လာသည်ကိုတွေ့လိုက်သည့်အခါ အံ့သြသွားရသလို တခြားသူမဟုတ်ဘဲ ဆန်းလျန်ဖြစ်နေသည့်အတွက် စိတ်သက်သာရာရသွားဟန်လည်း ရှိလေသည်။

"ဆန်းလျန်... မင်းကိုမတွေ့ရတာ နှစ်ပေါင်းတစ်သောင်းကျော်တောင်ကြာခဲ့ပြီပဲ ၊ ပိုပြီးကြည့်ကောင်းလာသလိုပဲ..."

ဆန်းလျန်က ရဲ့လျိုယွင်ကို စိုက်ကြည့်ရင်းမှ ပြုံးပြလိုက်

သည်။

ထူးဆန်းသည့် အဝါရောင်အခိုးအငွေ့များက နဂါးနှင့် မြွေများ

အလား ထွက်ပေါ်လာပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များ

ကလည်း မြင့်တက်လျှက်ရှိလေသည်။

ထို့နောက် စန်းလော်ခန်းမဆောင်၏ တားမြစ်ထားသည့်

အရံအတားများအားလုံးကို ဖျက်စီးပစ်လိုက်ပြီး သတ်ဖြတ်လို

သည့်အငွေ့အသက်များက ရဲ့လျိုယွင်ကို ဝိုင်းရံထားလိုက်လေ

တော့သည်။

အရပ် (၄)မျက်နှာမှ သူ့ထံသို့ ဝင်ရောက်လာသည့် ထိပ်တန်း

အဆင့် သတ်ဖြတ်လိုသည့်အငွေ့အသက်များကို ရဲ့လျိုယွင်က

လည်း ခံစားလိုက်မိလေသည်။

သို့သော်... သံသေတ္တာထဲတွင် ပိတ်လှောင်ခံထားရပြီး သေခြင်းကိုစောင့်နေရသည့်အလား ရဲ့လျိုယွင် ပိတ်မိလျှက်ရှိလေသည်။

သို့ရာတွင်... ရဲ့လျိုယွင်ဆိုသည်က အမြဲတမ်း လွတ်လမ်းတစ်ခုကို ဖော်ဆောင်နိုင်သူ ဖြစ်လေ၏။

သူ၏ ခန္ဓာကိုယ်ထက်မှ အဖြူရောင်နှင့် အနက်ရောင် တန်ခိုးစွမ်းအား (၂)ခု ထွက်ပေါ်လာပြီး သေခြင်းရှင်ခြင်း စက်ဝန်းကြီးတစ်ခု ဖြစ်တည်လာလေသည်။

ထိုစက်ဝန်းကြီးက လည်ပတ်နေပြီး အဝါရောင်အခိုးအငွေ့များကို ခုခံတားဆီးထားလိုက်လေသည်။

အဝါရောင်အခိုးအငွေ့များက မြစ်တစ်စင်းအလား စီးဆင်းနေပြီး တောင်ငါးလုံးရွေ့လျားလာသည့်အလား အရှိန်အဟုန်ပြင်းစွာဖြင့် ရွေ့လျားလာလေသည်။

ရဲ့လျိုယွင်မှာ အဆုံးမရှိသည့်ကောင်းကင်ကြီးကို လူသားတစ်ယောက်က ထမ်းထားရသည့်အလား တဖြည်းဖြည်း ပင်ပန်းလာလေသည်။ သို့သော်… လူသားကသာပင်ပန်းလာသည် ကောင်းကင်ကြီးကတော့ ပင်ပန်းသည် မရှိပေ။

သို့သော်… ဆန်းလျန်က ရဲ့လျိုယွင်ကို သတ်ရန်အတွက် အစကတည်းက ရည်ရွယ်ချက် မရှိပေ။

အဝါရောင်တန်ခိုးစွမ်းအားများကို ဆန်းလျန်က ချက်ချင်းပင် ပြန်လည်ရုတ်သိမ်းလိုက်လေသည်။ ရဲ့လျိုယွင်၏ သေခြင်းရှင်ခြင်းစက်ဝန်းကြီးကတော့ အရှိန်ကို မထိန်းနိုင်ဘဲ ဆက်လက်လည်ပတ်လျှက်ရှိလေသည်။

ရဲ့လျိုယွင် အကောင်းဆုံးကြိုးစားခဲ့သည်ဟု ဆိုနိုင်ပြီး သူ့အနေဖြင့် စွမ်းအားများအားလုံးပင် ကုန်ဆုံးလုနီးပါး ဖြစ်သွားရသည်။

ဆန်းလျန်က သူ့လက်များကို ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး သေ ခြင်းရှင်းခြင်းစက်ဝန်းကြီးကို လက်နှစ်ချောင်းဖြင့် အသာထိ ထားလိုက်လေသည်။ ထိုအခါ စက်ဝန်းကြီးမှာ တဖြည်းဖြည်း ကျုံ့သွားပြီး ပျောက်ကွယ်သွားလေတော့သည်။

စန်းလော်ခန်းမဆောင်ထဲတွင် ဆန်းလျန်နှင့် ရဲ့လျိုယွင် တိုက်ခိုက်နေကြသည်ကို နန်းတေ်ာအတွင်းဘက်မှရော နန်းတော်အပြင်ဘက်တွင်ရော မည်သူမှ သိရှိခြင်း မရှိကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ပိုင်းခြားထားသည့် အချိန် ကာလတစ်ခုတွင် တိုက်ခိုက်နေကြခြင်းဖြစ်ပြီး ပြင်ပလောက နှင့် အဆက်အသွယ်မရှိအောင် ဖြတ်တောက်ထားသောကြောင့် ဖြစ်လေသည်။

ရဲ့လျိုယွင်က ဆန်းလျန်ကို ရှုံးနိမ့်ခဲ့သည်ကို ဝန်ခံလိုက်ပြီး ချက်ချင်းပင် ထိုအရှုံးကို မေ့ဖျောက်ပစ်လိုက်လေသည်။ သူကတိုးတိတ်သည့်လေသံဖြင့်...

"မင်းသာ ကျုပ်ရဲ့ကံကြမ္မာကို ခိုးယူမသွားခဲ့ရင် ဒီနှစ်တွေ

အတွင်း လှုပ်ရှားနေတဲ့သူက ကျုပ်ဖြစ်နေမှာပဲ..."

ဆန်းလျန်က လေသံခပ်အေးအေးဖြင့်...

"ဒါကတော့ ဘယ်သိနိုင်မှာလဲ..."

ရဲ့လျိုယွင်က အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်ရင်း...

"မသိနိုင်လည်း ခန့်မှန်းကြည့်လို့တော့ ရပါတယ်..."

ဆန်းလျန်က...

"ပြီးပြီးသားကိစ္စတွေက ပြန်ပြင်လို့ မရတော့ပါဘူး..."

ရဲ့လျိုယွင်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်လည်း အရာအားလုံးကို မသိနိုင်သေးပါဘူး..."

ဆန်းလျန်က...

"အစ်ကိုလျိုယွင်သာ အတိတ်အကြောင်းတွေ ပြန်တူးဖော်နေ

မယ်ဆိုရင် ဆန်းလျန် ပြန်တော့မယ်..."

ရဲ့လျိုယွင်က လေသံအေးအေးဖြင့်...

"နေပါဦး ... မင်းက ကျုပ်ကို သတ်ဖို့လာတာလား ၊ တောင်းပန်ဖို့လာတာလား..."

ဆန်းလျှန်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ကျုပ်ပြောခဲ့သလိုပဲ ပြီးခဲ့တာတွေက ပြောင်းလဲလို့ မရတော့ပါဘူး ၊ ပြီးတော့ ဆန်းလျှန်လည်း အစ်ကိုလျိုယွင်အပေါ်မှာ ဘာအမှားမှ လုပ်ခဲ့တာမဟုတ်တော့ တောင်းပန်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး..."

ရဲ့လျိုယွင်၏ မျက်နှာက တင်းမာခက်ထန်သွားလေသည်။

ဗုဒ္ဓက မျောက်မင်းစွန်းဝူခုံးကို လက်ငါးချောင်းတောင်အောက်တွင် ဖိနှိပ်ထားသည့်အချိန်တွင် မျောက်မင်းခံစားခဲ့ရသည့် ကျူရာကယ်ရာမဲ့သည့်ခံစားချက်မျိုးကို ရဲ့လျိုယွင် ခံစားလိုက်ရသည်။ ထို့အတူ ဒေါသလည်းထွက်လျှက် ရှိလေသည်။

ရဲ့လျိုယွင်ကစိတ်ထဲမှ ပြောလိုက်မိသည်။

"မင်းက နည်းနည်းလေးလောက်တောင် တောင်းပန်စကားမဆို နိုင်ဘူးပေါ့လေ..."

ရဲ့လျိုယွင်၏ မျက်ဝန်းများထဲတွင် လျှပ်စီးများ တစ်လက်လက်တောက်ပလာပြီး ဆန်းလျန်ကို စိုက်ကြည့်လိုက်လေသည်။

သို့သော်... ဆန်းလျန်၏ မျက်ဝန်းများထဲတွင်တော့ လျှပ်စီးများလင်းလက်ရုံသာမက မိုးကြိုးများပါ ပစ်ခတ်လျှက်ရှိလေသည်။

ဆန်းလျန်က ရဲ့လျိုယွင်ထက်အဆပေါင်းများစွာ သာလွန်နေခဲ့လေသည်။

ရဲ့လျိုယွင်မှာ ဆန်းလျန်မျက်ဝန်းများ၏ဒဏ်ကိုမခံနိုင်တော့ဘဲ အကြည့်များကို ရုတ်သိမ်းလိုက်ရလေသည်။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"အစ်ကိုလျိုယွင် အခု အကြောင်းစုံကို သိသွားပြီမလား..."

ရဲ့လျိုယွင်က...

"ကျုပ်က အကြောင်းစုံသိသွားရင်တောင်မှ မင်းကို မယုံနိုင်ဘူး

ဆန်းလျန်၊ မင်းဟာ တကယ်ပဲ မိုးကောင်းကင်ကချမှတ်တဲ့

ကံကြမ္မာနဲ့ပြည့်စုံတဲ့သူလို့ ကျုပ် အမြဲတမ်း လက်ခံထားခဲ့တာ၊

ဒါပေမဲ့ ဘယ်လောက်ရယ်စရာ ကောင်းလိုက်သလဲ၊ ကျုပ် ရဲ့

လျိုယွင် မင်းလှည့်စားသမျှ ခံခဲ့ရတာပဲ၊ ဒါပေမဲ့ မင်းလှည့်စား

နေတာတွေကို လုံးလုံး မသိခဲ့ဘူး၊ မုန်းစရာကောင်းလွန်းတဲ့

ရယ်စရာဟာသတစ်ခုပဲ..."

ဆန်းလျန်က...

"အခု ကျုပ်က သိပ်ကိုမာနထောင်လွှားနေတယ်လို့ အစ်ကိုလျို

ယွင်ထင်နေတာလား..."

ရဲ့လျိုယွင်....

"မဟုတ်လို့လား..."

ဆန်းလျန်က...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မိုးနဲ့မြေမှာ အမှန်တရားဆို တာ အများကြီး မရှိပါဘူး၊ တကယ်တမ်း ဖြစ်သင့်တဲ့အရာ တိုင်းသာ ဖြစ်လာရမယ်ဆိုရင် တိကျန်ဗောဓိသကျပြာ မီလဲ့ ကိုယ်တော်ဆီမှ ခစားနေရမှာ မဟုတ်လား၊ ရွှမ်တုတောက်ကျွ င်းဟာလည်း လောကအရေးတွေဝင်မစွက်ဘဲ သူ့ဟာသူ ကျင့်ကြံနေရမှာ မဟုတ်ဘူးလား၊ ဒီလိုသာဆိုရင် ဆန်းလျန်ဆို တာကလည်း ဇာတ်လမ်းအစကတည်းက သေဆုံးပေးခဲ့ရမှာပဲ ၊ အခုလောက်ဆို ပြာမှုံ့တောင် ကျန်တော့မှာမဟုတ်ဘူး"

ရဲ့လျိုယွင်က...

"အဲဒီတော့ မင်းက ဘာဖြစ်ချင်တာလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တစ်ခါတစ်လေတော့လည်း ဖြစ်သင့်တဲ့အတိုင်း ဖြစ်သွားရင် အကောင်းသားလို့ တွေးမိလို့ပါ၊ အစ်ကိုလျိုယွင်က ချင်းတိ ကေရာဇ် လူပြန်ဝင်စားတဲ့သူမဟုတ်လား၊ ကျုပ်က အစ်ကို

လျှိုယွင်အတွက် လူပြန်ဝင်စားခြင်းလမ်းစဉ်နဲ့ပတ်သက်တဲ့ ဂိုဏ်းတစ်ခုကို တည်ထောင်နိုင်ဖို့ ကူညီပါ့မယ်၊ မိုးကောင်းကင်လမ်းစဉ်အတိုင်း၊ ကုသိုလ် အကုသိုလ်အတိုင်း ဖြစ်စေရပါမယ်၊ ဒါက အစ်ကိုလျှိုယွင်အပေါ် သင့်တော်တဲ့ ကျေးဇူးပြုခြင်းပါ..."

အခန်း (၈၈၉) ဗောဓိပင်အောက်တွင်ကျင့်ကြံရန်

ဆန်းလျန်က "မိုးကောင်းကင်လမ်းစဉ်ကို ကုသိုလ် အကုသိုလ် အတိုင်း ပြည့်စုံစေရပါမယ်" ဆိုသည့်စကားကို ပြောခဲ့လေသည်။

တကယ်တော့ ခေတ်အဆက်ဆက် ၊ အချိန်ကာလတစ်လျှောက်လုံး သက်ရှိအားလုံး ဖြစ်စေချင်သည့် ဆန္ဒမှာ ထိုစကားအတိုင်းပင် ဖြစ်လေသည်။

ထို့ပြင် ရဲ့လျိုယွင်၏ အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုလည်း ဖြစ်လေ၏။

ရဲ့လျိုယွင်က ဆန်းလျန်ကို နက်နက်ရှိုင်းရှိုင်းကြည့်လိုက်ပြီး...

"မင်းဘက်က သင့်တော်တဲ့ကျေးဇူးပြုမှုကိုလုပ်ပေးချင်တယ်ဆိုရင်တော့ မင်းအတွက် သိပ်လွယ်မယ် မထင်ဘူး..."

ဆန်းလျန်က သိမ်မွေ့သည့်လေသံဖြင့်...

"ဖြစ်နိုင်ပါတယ်..."

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း...

"မင်း ကျုပ်ကိုကူညီပြီး တိကျန်ဗောဓိသကျကို တားဆီးပေးပါ ၊ သူက အသူရာချောက်ကို လူ့လောက ကနေ ခွဲထုတ်ပြီး သီးခြားရပ်တည်ချင်တာ ၊ သူ့ရဲ့ ကြီးမားတဲ့စွမ်းအားနဲ့ဆိုရင်

အချိန်ရေစီးကြောင်းကို ဖြတ်ကျော်ပြီး အတိတ်တစ်ချိန်က သူ့ရဲ့ မူလခန္ဓာကို ပြန်ပြီးရှာဖွေလိမ့်မယ်၊ သူသာ ဟွင့်ယွမ်ဝူကျီ အဆင့်ကို တက်ရောက်သွားနိုင်ရင် မင်းထက်တောင် သာသွားဦးမှာကို ကျုပ် စိတ်ပူနေတာ..."

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"အဲဒါကြောင့်ပဲ ဒီလောကကို နည်းနည်းလေးပိုကောင်းလာဖို့ ကျုပ်က မျှော်လင့်မိတာပါ..."

ရဲ့လျိုယွင်က...

"ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ၊ မင်းတို့တွေထဲက တစ်ယောက်ယောက်က သံသရာကိုကျော်လွှန်ပြီး တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သွားရင် အခု စကြာဝဠာကြီးလည်း ပျက်စီးသွားမှာပဲ၊ အရာအားလုံးလည်း အဆုံးသတ်သွားမှာပဲ မဟုတ်လား..."

ဆန်းလျန်က...

"တကယ်တော့ အဲဒါ ခန့်မှန်းချက်တစ်ခုပဲ မဟုတ်ဘူးလား ၊ ဘယ်သူမှ အတိအကျ မသိနိုင်ဘူး ၊ တာအိုဆရာသခင်ကြီး (၉)ပါးပေါ်ထွက်လာရင် စကြာဝဠာကြီး တကယ်ပျက်စီးသွားမယ်ဆိုတာ အပြောဘဲရှိတာ ၊ ဘာသက်သေမှ မသိဘူး ၊ ဘယ်သူမှလည်း အမှန်ကို မသိနိုင်ဘူး ၊ ဘာမှ သေချာတာတွေလည်း မဟုတ်ဘူး..."

ရဲ့လျိုယွင်က...

"အင်း... ဒါတော့ အမှန်ပဲ ၊ ဒါနဲ့ မင်းအကြံတွေကို ပြောပြပါဦး..."

စကားပြောနေရင်းဖြင့်ပင် ရဲ့လျိုယွင် ဒေါသပြေသွားလေသည်။ သူဆန်းလျှန်ကို သိပ်ပြီး ဒေါသထွက်မနေတော့ပေ။ လက်ရှိအချိန်အထိ ကျင့်ကြံခဲ့ပြီးမှတော့ သူ့စိတ်ကိုသူ ထိန်းချုပ်နိုင်စွမ်း မရှိစရာလည်း အကြောင်းမရှိပေ။ အချို့အရာများက အမှန်တရားဖြစ်ပြီ ၊ အချို့အရာများကတော့

လုပ်ဆောင်ချက် ဖြစ်လေသည်။ ထိုအကြောင်းများကို

အနည်းနှင့်အများတော့ သူလည်းသိရှိထားလေသည်။

ဆန်းလျှန်က...

"ဟာမ်ချွမ်နတ်ဆိုးဂိုဏ်းဟာ တကယ်တော့ တာအိုဆရာသခင်

ငရဲလမ်း တည်ထောင်ခဲ့တဲ့ ဂိုဏ်းပဲ ၊ ဒါနဲ့ စကားမစပ် မင်း ငရဲ

လမ်းဓားကိုတော့ ဘယ်တော့မှ ပြန်ရဖို့ မမျှော်လင့်နဲ့တော့ ၊

ကျုပ် အဲဒီဓားကို ကျောက်ရှောင်ယွီကို ပေးလိုက်ပြီ ၊ ပြီးတော့

အခု မင်းဆီမှာလည်း တခြားလက်နက်တစ်ခု ရှိနေပြီမဟုတ်

လား ၊ မင်းမှာသာ လက်နက်မရှိရင် တုန်းဟွာတောက်ကျွင်းနဲ့

ထိုက်ယိလို့ခေါ်တဲ့ ယီနတ်ဘုရားရဲ့ ကိုယ်ခွဲဉာဏ်စဉ်တွေ

အကုန်လုံး မင်းဆီလာပြီး တိုက်ခိုက်ကြမှာပဲ ၊ အဲဒါဆို ပြဿနာ

တွေရှင်းလို့ရမှာ မဟုတ်တော့ဘူး ၊ ပြီးတော့ အဲဒီကိုယ်ခွဲတွေက

လည်း မင်းနဲ့ သက်ဆိုင်တဲ့သူတွေပဲ ၊ မင်းတင်မဟုတ်ဘူး ၊

ချင်းတိကေရာဇ်နဲ့လည်း သက်ဆိုင်တယ် မဟုတ်လား ၊ မင်း

လည်း သူတို့နဲ့ရုန်းကန်နေရရင်းနဲ့ ဘယ်တော့မှ အောင်မြင်မှုရ

မှာ မဟုတ်တော့ဘူး..."

ရဲ့လျိုယွင်က...

"ဒါဖြင့် မင်းက ဘာလုပ်ဖို့ စီစဉ်ထားလဲ..."

ဆန်းလျန်က...

"တကယ်တော့ ကျုပ်က မင်းကို ဖန်သားကောင်းကင်ဘုံကိုရော

ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင်ဆိုတဲ့

ရာထူးကိုရော ပေးလိုက်လို့ ရပါတယ်၊ ဒါပေမဲ့ မင်းအခု အဲဒါ

တွေရသွားလည်း အလုပ်ဖြစ်မှာမဟုတ်ဘူး၊ ကျုပ်က

အသုံးဝင်နေတုန်းပဲ..."

ဆန်းလျန်က ခဏနားပြီးမှ ဆက်ပြောလိုက်သည်။

"အခု မင်းက အရင်ဘဝက ချင်းတိကေရာဇ်ဖြစ်ခဲ့တယ်ဆိုတာ

ပြန်မှတ်မိနေပြီ မဟုတ်လား၊ ပြီးတော့ ကျုပ်ကလည်း အရင်

ကလောက် တန်ခိုးစွမ်းအားတွေ ပြန်မရသေးဘူး၊ တကယ်

တော့ လင်ပေါင်ထျန်းကျွင်း ၊ ထိုက်စန့်လောင်ကျွင်း ၊ တာအို ဆရာသခင်ထိုက်ယီတို့လိုမျိုး ပြီးပြည့်စုံတဲ့ ဟွင့်ယွမ်ဝူကျီ အဆင့်ကိုလည်း ကျုပ် မတက်ရောက်နိုင်သေးဘူး ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ကျုပ် လင်စန်းတောင်ကိုသွား ပြီး အကြောင်းအကျိုးနဲ့ ပတ်သက်တဲ့ ကျင့်စဉ်တွေကို သိခဲ့ရ တယ် ၊ ဒါပေမဲ့ ကျုပ်က ဖတ်ပဲဖတ်ခဲ့ရတာ ၊ ယူသွားလို့ မရခဲ့ ဘူး ၊ အဲဒီတုန်းက ကျုပ်က ဟွင့်ယွမ်ဝူကျီအဆင့်ဆိုတော့ အဲဒီ ကျင့်စဉ်ရဲ့ အနှစ်သာရကို ချက်ချင်းနားလည်ခဲ့တယ် ၊ ကျုပ် နားလည်သမျှကိုလည်း ပြန်ပြီး အသုံးချနိုင်ခဲ့တယ် ၊ ဒါပေမဲ့ အခုတော့ ကျုပ်အဆင့်က အဲဒီအဆင့် မဟုတ်တော့ဘူး ၊ ဒါ ကြောင့် အကြောင်းအကျိုးနဲ့ပတ်သက်တဲ့ကျင့်စ်သတွေကို ကျုပ် အပြည့်အဝပြန်ပြီး နားမလည်နိုင်တော့ဘူး..."

"အဲဒါကြောင့် ကျုပ် သုခဘုံကို သွားဖို့ လုပ်နေတာ ၊ အဲဒီ အကြောင်းအကျိုးနဲ့ပတ်သက်တဲ့ ကျင့်စဉ်ကို ပြန်သိချင်လို့ ၊

ပြီးတော့ ဗောဓိပင်အောက်မှာ (၄၉)ရက်တိတိ အာလာယ ဝိညာဏတရားကို ဆင်ခြင်သုံးသပ်ပြီးရင် ကျုပ်အဆင့်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်ကလို ပြန်ဖြစ်သွားလိမ့်မယ်..."

"သုခဘုံကို သွားဖို့က မခက်ပါဘူး၊ ဒါပေမဲ့ ဗောဓိပင်အောက်မှာ (၄၉)ရက်တိတိ ကျင့်ကြံဖို့က အခက်အခဲရှိနိုင်တယ်..."

"အဲဒါကြောင့် အရင်ဆုံး မင်း ကျုပ်ကို ကူညီပါကွာ၊ ကျုပ် သုခဘုံကို သွားတဲ့အခါ တာအိုဆရာယွိတင်နဲ့ ရွှမ်တုတောက်ကျွင်းတို့က နောက်ယှက်ကြမယ်ဆိုရင် မင်းက ကာကွယ်ပေးပါ..."

ရဲ့လျိုယွင် စိတ်ထဲမှ နှာခေါင်းတစ်ချက်ရှုံ့လိုက်မိသည်။ ဒီဆန်းလျန် သူ့ထံသို့ ရောက်လာသည်က အသားလိုလို့ အရိုးတောင်းခြင်းပေပဲ။

ရဲ့လျိုယွင်က...

"မင်းကို ကူညီဖို့ ကျုပ်က ဘာကိစ္စ အဲဒီလူ (၂)ယောက်နဲ့ ရင်ဆိုင်ရမှာလဲ ၊ ရင်ဆိုင်မယ်ဆိုဦးတော့ သူတို့ (၂)ယောက်ကို ကျုပ်အဆင့်နဲ့ ဘယ်လိုလုပ် ထိန်းထားနိုင်မှာလဲ..."

ဆန်းလျန်က...

"ဒါပေါ့ ၊ မင်းတစ်ယောက်တည်းဆိုရင်တော့ အလုပ်မဖြစ်ဘူး ပေါ့ ၊ ဒါပေမဲ့ မိုးကောင်းကင်တံခါးနဲ့ဆိုရင်ရော..."

ဆန်းလျန်၏ စကားကိုကြားသည်နှင့် ရဲ့လျိုယွင်၏ မျက်နှာ အမူအရာပြောင်းလဲသွားလေသည်။

"မိုးကောင်းကင်တံခါး ဘယ်မှာလဲဆိုတာ မင်းသိလို့လား..."

ဆန်းလျန်၏ အပြုံးက ပြုံးသည်ထက်ပိုလေသည်။

"မင်း ဘယ်လိုထင်လဲ..."

ရဲ့လျိုယွင်က...

"မင်း မိုးကောင်းကင်တံခါးကို ကျုပ်ကိုပေးမယ်ဆိုရင် ကျုပ် မင်းကို ဒီတစ်ကြိမ် ကူညီမယ် ၊ ဒါပေမဲ့ ဒီလိုကူညီလိုက်လို့ မင်း

နဲ့ကျုပ်နဲ့ကြားထဲက ကိစ္စတွေ ရှင်းသွားတာတော့မဟုတ်ဘူး

နော်..."

ဆန်းလျန်က...

"ပေးလို့တော့ မဖြစ်ဘူး ၊ ငှားမယ်လေ ၊ ငှားပြီးရင် ပြန်ပေး

ပေါ့..."

ရဲ့လျိုယွင်က ဒေါသတကြီးဖြင့်...

"ဒါဖြင့်လည်း မင်း တခြားတစ်ယောက်ကို သွားရှာလိုက်

တော့..."

ယခုတော့ ရဲ့လျိုယွင်မှာ အလွန်အမင်း ဒေါသထွက်နေပြီ ဖြစ်

လေသည်။

သူက ဆန်းလျန်ကိုသူ့ပိုင်နက်အတွင်းမှ ချက်ချင်းတိုက်ခိုက်

မောင်းထုတ်ရန်ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင်...

ခန်းမဆောင်အတွင်းသို့ အဖြူရောင်အရိပ်တစ်ရိပ် ဝင်

ရောက်လာပြီး ရဲ့လျိုယွင်ကို တားဆီးထားလိုက်သည်။

"မလုပ်နဲ့..."

ရဲ့လျိုယွင်က...

"အစ်ကိုလူ ၊ အစ်ကိုလူက ဆန်းလျန်နဲ့ အရင်က ခင်မင်ခဲ့တာ

တွေကို ပြန်အမှတ်ရနေသေးတာလား ၊ ချင်းရှမ်နတ်တံခါး

ပြိုလဲခဲ့ရတဲ့ အဓိကတရားခံဆိုတာ ဆန်းလျန်ဆိုတာ အစ်ကိုလူ

မသိဘူးလား..."

လူစောယိက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဂိုဏ်းချုပ် ၊ ကြီးမားတဲ့အောင်မြင်မှုကိုလိုချင်တယ်ဆိုရင်

ကိုယ်ရေးကိုယ်တာတွေကို ဦးစားမပေးပါနဲ့၊ ဂိုဏ်းတူအစ်ကို

ဆန်း... အဲလေ... ဆန်းလျန်ရဲ့စကားကို ဆုံးအောင် နားထောင်

လိုက်ပါဦး..."

ပြောပြီးသည်နှင့် လူစောယိက အေးချမ်းသည့်အကြည့်ဖြင့် ဆန်းလျန်ကို ကြည့်လိုက်လေသည်။ သူ၏ မျက်ဝန်းများက ပကတိအေးချမ်းလျှက် ရှိလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဂိုဏ်းတူညီလေးလူစောယိ ပြောတာမှန်ပါတယ်၊ ကျုပ် မိုးကောင်းကင်တံခါးကို မင်းကို ငှားရတယ်ဆိုတာက ချင်းရွှမ် နတ်တံခါးနဲ့ ပတ်သက်တဲ့ ကိစ္စလေးတွေလည်း ရှိနေသေးလို့ပါ၊ ကျုပ် ချင်းရွှမ်နတ်တံခါးအပေါ် အကြွေးတင်နေခဲ့တာ၊ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်သွားရင်တောင် ချင်းရွှမ်နတ် တံခါးမှာ မျိုးဆက်ကျန်ရစ်စေချင်မိတယ်၊ အစ်ကိုလျိုယွင်က ချင်းရွှမ်နတ်တံခါးကို လိုချင်တယ်ဆိုရင်လည်း ကျုပ် သံသရာကို ကျော်လွန်သွားတဲ့တစ်နေ့ကျရင် ချင်းရွှမ်နတ်တံခါးကို အစ်ကိုလျိုယွင်လက်ထဲကို ထည့်ပေးခဲ့ပါ့မယ်..."

ထိုစကားများသည် ဆန်းလျန် စိတ်ရင်းဖြင့် ပြောလိုက်သည့် စကားများ ဖြစ်လေသည်။

ထို့ပြင် အခြားအကြောင်းတစ်ခုလည်း ရှိသေးသည်။ တာအို ဆရာသခင်ထိုက်ယီနှင့် ချင်းတိဧကရာဇ်တို့ကြားမှ ဆက်ဆံရေးက နီးစပ်သလို အလွန်လည်း ရှုတ်ထွေးဟန်ရှိသည်။

ထို့ပြင် မိုးကောင်းကင်တံခါးကလည်း တာအိုဆရာသခင်ထိုက်ယီနှင့် အနည်းငယ် ပတ်သက်ဟန်ရှိသည်။

ဆန်းလျန်က ရဲ့လျိုယွင်ကို မိုးကောင်းကင်တံခါးကို အပိုင်ပေးလိုက်လျှင် သေသေချာချာ မကိုင်တွယ်နိုင်မည်ကို ဆန်းလျန်က စိတ်ပူနေမိခြင်း ဖြစ်သည်။

ယနေ့အချိန်ထိ တာအိုဆရာသခင်ထိုက်ယီက သူ့ကို သနားငဲ့ညှာနေသေးသည့်တိုင် ဆန်းလျန်၏ စိတ်ထဲတွင် သံသယများရှိနေဆဲ ဖြစ်လေသည်။ သူ့အနေဖြင့် မည်သူ့ကိုမှာ အပြည့်အ၀ ယုံကြည်ရဲခြင်း မရှိသေးပေ။

စန့်ချင်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်းနှင့်

ပတ်သက်၍ပင် သူ့ရင်ထဲတွင် သံသယများစွာ ရှိနေဆဲ ဖြစ်လေ

သည်။

သို့သော်… လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်က သူ့ဘဝ

ဒုက္ခအရောက်ဆုံးအချိန်တွင် စန့်ချင်တာအိုဆရာသခင်က သူ့

ကို အဘယ့်ကြောင့် ကယ်တင်ခဲ့သည်ကို သူ နားမလည်နိုင် ဖြစ်

နေရဆဲ ဖြစ်သည်။

ရဲ့လျိုယွင်က…

"မင်း ချင်းရှမ်နတ်တံခါးကို အရေးစိုက်သေးလို့လား…"

ဆန်းလျန်က…

"အရေးစိုက်တာပေါ့ကွာ…"

ရဲ့လျိုယွင်က…

"မယုံနိုင်စရာပဲ…"

ဆန်းလျန်က တိုးတိတ်သည့်လေသံဖြင့်…

"ကျုပ်ကိုယ်ကျုပ် လိမ်လည်လို့ မရပါဘူး ၊ ကျုပ်လုပ်ခဲ့တဲ့ အပြစ်တွေကြောင့် ချင်းရွှမ်နတ်တံခါး စတေးခံရတာမျိုး မဖြစ်စေရပါဘူး ၊ ကျုပ် ချင်းရွှမ်နတ်တံခါးကို အဆုံးမသတ်ပစ်နိုင်ပါဘူး ၊ ချင်းရွှမ်ကိုသာ ပြန်မတည်ထောင်ပေးနိုင်ခဲ့ရင် ကျုပ်သံသရာကိုကျော်လွန်သွားခဲ့ရင်တောင် စိတ်ဖြောင့်မှာ မဟုတ်ဘူး..."

ဆန်းလျန်ပြောသည့်စကားများကို ရဲ့လျိုယွင် ယုံကြည်လိုက်မိသည်။

ဤစကားများသည် နောင်တတရားတို့ဖြင့်ပြည့်နေပြီး အပြစ်ကိုဝန်ခံနေသည့် ဆန်းလျန်၏ သစ္စာစကားများပင် ဖြစ်လေသည်။

ဆန်းလျန်သာ ချင်းရွှမ်နတ်တံခါးကို အရေးမစိုက်တော့ပါကသူသည် ထိပ်တန်းနတ်မိစ္ဆာတစ်ပါးထက်ပင် ဆိုးရွားသူတစ်

ယောက် ဖြစ်သွားပေလိမ့်မည်။ မည်သူက ထိုသို့ နှလုံးသား

ကင်းမဲ့နိုင်ပါမည်နည်း။

ရဲ့လျိုယွင်က...

"ဒါဖြင်း မင်း ကျုပ်ကို မိုးကောင်းကင်တံခါး ဘယ်လောက်ကြာ

ကြာ ငှားမှာလဲ..."

ဆန်းလျန်က...

"မင်း လူပြန်ဝင်စားခြင်းလမ်းစဉ်ရဲ့ အရှင်သခင်ဖြစ်လာတဲ့

အချိန်ထိ မိုးကောင်းကင်တံခါးကို မင်း ယူထားခွင့်ရှိတယ်..."

လူစောယိက...

"သိပ်ကောင်းတယ်၊ ဒါပေမဲ့ ဆန်းလျန် ... မင်းက ဂိုဏ်းချုပ်

ကို ဘယ်တော့လောက် မိုးကောင်းကင်တံခါးကိုငှားမှာလဲ..."

ဆန်းလျန်က ခပ်အေးအေးလေသံဖြင့်...

"အခု မိုးကောင်းကင်တံခါးက ကျုပ်လက်ထဲမှာ မရှိဘူး၊ ကျုပ်

အဲဒါကိုရအောင်ယူပြီးရင် အစ်ကိုလျိုယွင်ကို ပေးပါ့မယ်၊

ဂိုဏ်းတူညီလေးလူစောယိက ဒီကိစ္စအတွက် သက်သေလုပ်ပေးပါ..."

ဆန်းလျန်၏ လွှမ်းမိုးနိုင်စွမ်းရှိမှုကို ရဲ့လျိုယွင် မအံ့သြဘဲ မနေနိုင်ခဲ့ပေ။

လူစောယိကတော့ ဆန်းလျန်ပြောသည့်စကားကို လက်ခံသည့်အနေဖြင့် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူ စိတ်မကောင်းဖြစ်နေခဲ့ခြင်း ဖြစ်လေသည်။

အမှန်တော့ အတိတ်တစ်ချိန်က ချင်းရွှမ်နတ်တံခါးတွင် ဆန်းလျန်နှင့် ပတ်သက်ခဲ့သည့် အကြောင်းအရာများကို သူမမေ့နိုင်သေးပေ။ သူ့ခံစားချက်များကို ရဲ့လျိုယွင်သည်ပင် အပြည့်အဝနားလည်ပေးနိုင်လိမ့်မည် မဟုတ်ပေ။

အခန်း (၈၉၀) တိကျန်ဟောမိသကျ

ရဲ့လျိုယွင်က...

"ဒါဖြင့်လည်း မိုးကောင်းကင်တံခါးကိုယူဖို့ ကျုပ် စောင့်နေမယ်..."

လူစောယိသည် ချင်းရှမ်နတ်တံခါးတွင် ဆန်းလျန်၏ သူငယ်ချင်းလည်းဖြစ်၊ ဂိုဏ်းတူညီအစ်ကိုလည်း ဖြစ်ခဲ့သော်လည်း လူပြန်ဝင်စားပြီးသည့်နောက်ပိုင်း အသူရာချောက်တွင် ရဲ့လျိုယွင်က သူ့ကို အကူအညီပေးထားခဲ့လေသည်။ ထို့ကြောင့် သူက ရဲ့လျိုယွင်အပေါ်တွင် ချင်းရှမ်နတ်တံခါးထက် ပိုပြီး သစ္စာစောင့်သိလိုစိတ်ရှိသူဖြစ်သည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး လူစောယိကို လှမ်းကြည့်လိုက်သည်။

လူစောယိက...

"ဆန်းလျန်… မင်းမှာ ငါ့ကို ပြောစရာ တစ်ခုခုများ ရှိသေးလို့လား…"

ဆန်းလျန်က….

"အရင်တုန်းက ရှိခဲ့တဲ့ နတ်ဘုရားကျောင်းတော်ကြီးတွေ အတော်များများ ပျက်စီးကုန်ရတယ်၊ ဒါပေမဲ့ လူ (၅)ယောက် အသက်ရှင်နေသေးတယ်၊ အသက်ရှင်နေတဲ့သူ (၅)ယောက်ထဲမှာ ဂိုဏ်းတူညီလေးလူစောယိကတော့ အတိတ်က အကြောင်းအရာတွေကို မှတ်မိနေသေးတယ်၊ ဒီတော့ ချင်းရွှမ် နတ်တံခါးကို ပြန်တည်တောင်ဖို့ ဂိုဏ်းတူညီလေးလူစောယိ စိတ်ဝင်စားသေးလား…"

လူစောယိက သက်ပြင်းတစ်ချက်ချလိုက်ရင်း…

"ဆန်းလျန်… မင်းက ချင်းရွှမ်နတ်တံခါးကို ပြန်တည်ထောင်မလို့လား…"

ဆန်းလျန်က ခေါင်းညိတ်ပြလိုက်ရင်း…

"ဟုတ်တယ်..."

ဟု ပြောလိုက်လေသည်။

ရဲ့လျိုယွင် အနည်းငယ် စိတ်ရှုတ်ထွေးသွားသလို စိတ်လည်း လှုပ်ရှားသွားလေသည်။

သူ့တွင် များစွာသော နတ်ဆိုးစစ်ဗိုလ်ချုပ်များ ၊ နတ်ဆိုး စစ်သည်တော်များ ရှိလေသည်။ သို့သော်... သူ့ပြဿနာကို ဖြေရှင်းပေးနိုင်မည့်သူကတော့ လောကတွင် အနည်းငယ်သာ ရှိလေ၏။ ထိုအနည်းငယ်သော လူများထဲတွင် လူစောယိက အပါအဝင်ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်က လူစောယိကိုခေါ်လိုက်သည့်အခါ ရဲ့လျိုယွင်က အားကိုးရသည့် လူစောယိကို သူ့ဘေးနားမှ ထွက်ခွာသွားစေလိုခြင်း မရှိပေ။

သို့သော်... လူစောယိ၏ ဆုံးဖြတ်ချက်ကို သူ လေးစားရမည် ဖြစ်ပြီး လူစောယိကို တားဆီးထား၍ မဖြစ်နိုင်ပေ။

လူစောယိက...

"ချင်းရွှမ်နတ်တံခါး ပြန်လည်တည်ထောင်မယ့်ကိစ္စမှာ ကျုပ် တတ်နိုင်သလောက် ကူညီပါ့မယ်၊ ဒါပေမဲ့ ကျုပ်ကိုယ်တိုင် ကတော့ သေတဲ့အထိ ဂိုဏ်းချုပ်နံဘေးမှာပဲ တာဝန်ထမ်း ဆောင်သွားပါ့မယ်..."

လူစောယိ၏ စကားကိုကြားသည်နှင့် ရဲ့လျိုယွင်မှာ အပျော် လွန်သွားလေတော့သည်။

သူက လူစောယိ၏ လက်များကို ချက်ချင်းပင် ဆုပ်ကိုင်လိုက် ပြီး ကျေးဇူးတင်စွာဖြင့် စကားဆိုလိုက်မိသည်။

"အစ်ကိုလူစောယိက တကယ်ဆိုရင် ကျုပ်ဆီမှာ နေဖို့ တောင် မတန်ပါဘူး၊ ကျုပ်အတွက် တာဝန်ထမ်းဆောင်ပေးဖို့လည်း မတတ်ပါဘူးဗျာ..."

ဆန်းလျန်ကတော့ လူစောယိ ထိုသို့ပင် ဆုံးဖြတ်ချက်ချ လိမ့်မည်ဟု မျှော်လင့်ထားပုံရလေသည်။

ဆန်းလျန်က...

"ကျုပ်တပည့် ချန်ကျန်းချင်ရဲ့ဝိညာဉ်က အသူရာချောက်ကိုး ထပ်မှာ ရှိနေပါသေးတယ် ၊ ကျုပ် သူ့ကို လူပြန်ဝင်စားနိုင် အောင် လုပ်ပေးပြီးရင် အစ်ကိုလူက သူ့ကို ပညာသင်ပေးဖို့ တာဝန်ယူပေးပါ..."

ချန်ကျင်းချင်၏ ဝိညာဉ် ရှင်သန်နေသေးသည်ကို သိလိုက်ရ သည့်အခါ လူစောယိမှာ အပျော်လွန်သွားလေသည်။

ချန်ကျင်းချင်သည် ဆန်းလျန်ထက်ပင် ချင်းရွှမ်နတ်တံခါး အပေါ်တွင် အလေးအနက်ထားသည့် ဂိုဏ်းချုပ်တစ်ယောက် ဖြစ်သည်ဟု သူက မြင်မိသည်။ ချန်ကျင်းချင်က ချင်းရွှမ်နတ် တံခါးအတွက် အမြဲတမ်း ပေးဆပ်လိုစိတ်ရှိသူ ဖြစ်လေသည်။

ချန်ကျင်းချင်သည် ဆရာသခင်ကျန်းရော့ရှီးကဲ့သို့ပင် စိတ်ထားကောင်းမွန်ပြီး သဘောထားပြည့်ဝသည့် ဂိုဏ်းချုပ် တစ်ယောက်ဖြစ်လေသည်။

ချန်ကျင်းချင်သာ လူပြန်ဝင်စားနိုင်ပါက ချင်းရှမ်နတ်တံခါး ပြန်လည်တည်ထောင်ခြင်းတွင် များစွာ အထောက်အကူ ပြုပေလိမ့်မည်။

လူစောယိက...

"ဒီကိစ္စကတော့ လုပ်ပေးရမှာပေါ့၊ ဒါနဲ့ ချန်ကျင်းချင်က ဘယ်မှာ လူပြန်ဝင်စားမှာလဲ..."

ဆန်းလျန်က ...

"တာ့ကျောက်ပြည်၊ ဘုရင့်နေပြည်တော်က အိမ်ရှေ့စံရဲ့ တတိယကြင်ယာတော်ဆီမှာ လူပြန်ဝင်စားလိမ့်မယ်..."

လူစောယိက ဒေါသတကြီးဖြင့်...

"မင်းက သူ့ကို ဘာကိစ္စ အရေးမပါတဲ့ တတိယကြင်ယာတော်ဆီမှာ လူပြန်ဝင်စားခိုင်းရတာလဲ၊ မိဖုရားကြီးရဲ့သားတော်ဆို ဟုတ်တုတ်တုတ်၊ တတိယကြင်ယာတော်ရဲ့ သားတော်ဖြစ်လာရင် သူတော့ ဒုက္ခတွေ ရင်ဆိုင်ရမှာပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း....

"လောကမှာ ဒုက္ခမရောက်တဲ့နေရာ ဘယ်နေရာများ ရှိလို့လဲ ၊ အနည်းဆုံးတော့ ကျုပ်က သူ့ကို ဘုရင့်သားတော်ဖြစ်အောင် လုပ်ပေးတာပဲ ၊ ပြီးတော့ သူက ဧကရာဇ်တစ်ပါးဖြစ်လာမှာပါ..."

ရဲ့လျိုယွင်မျက်နှာ အမူအရာ ပြောင်းလဲသွားပြီး...

"မင်းက မင်းရဲ့ တပည့်ကို ဧကရာဇ်တစ်ပါး ဖြစ်စေချင်တာ လား..."

ဆန်းလျန်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် စန်းလော်ခန်းမဆောင်အတွင်းမှ ဆန်းလျန် ပျောက်ကွယ်သွားလေတော့သည်။

စန်းလော်ခန်းမဆောင်ထဲတွင် သိမ်မွေ့သည့် အသံတစ်သံက ပျံ့လွင့်ကျန်ရစ်ခဲ့လေသည်။

"ဂိုဏ်းတူညီလေး လူစောယိ ၊ တာ့ကျောက်ပြည်မှာ ဝန်ကြီး တစ်ပါးသွားလုပ်ဖို့ ပြင်ဆင်ပါ ၊ မင်းရဲ့ အရည်အချင်းနဲ့ဆိုရင် ချန်ကျင်းချင်ကို တာ့ကျောက်မှာ ကေရာဇ်တစ်ပါးဖြစ်လာဖို့ လုပ်ပေးနိုင်တယ်ဆိုတာ ကျုပ်သိပါတယ်..."

လူစောယိက သက်ပြင်းချလိုက်ရင်း...

"ကျုပ် ဆန်းလျန်ကို မုန်းသင့်သလား..."

သူ၏လေသံက အတော်လေး စိတ်ပျက်လက်ပျက်ဖြစ်နေဟန် ရှိလေသည်။

ရဲ့လျိုယွင်က...

"လောကမှာ သူ့ကိုအမုန်းသင့်ဆုံးလူ တစ်ယောက်ရှိတယ်ဆိုရင် အဲဒီလူက ကျုပ်ပါပဲဗျာ ၊ ဒါပေမဲ့ ကျုပ်တောင် သူ့ကို မုန်းလို့မ ရဘူး..."

လူစောယိ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ရဲ့လျိုယွင်က လည်း စကားဆက်ပြောခြင်း မရှိတော့ပေ။

စန်းလော်ခန်းမဆောင်တစ်ခုလုံးသည် ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

....

ဆန်းလျန် အသူရာချောက်ကိုးထပ်သို့ ပထမဆုံးအကြိမ် ဝင်ရောက်လာခဲ့လေသည်။

အမှန်အတိုင်းပြောရလျှင် အသူရာချောက်သို့ ပြန်ရောက်သည်နှင့် သူ့အိမ်သူ့ရာသို့ ပြန်ရောက်သလို ခံစားလိုက်ရလေသည်။ သူ့စိတ်ထဲတွင် ကရုဏာတရားများကိုလည်း ခံစားလိုက်ရသည်။ သူသည် ချင်းရှမ်ထျန်းကျွင်းနှင့် ဆက်စပ်ပတ်သက်နေသည့်အတွက် အသူရာချောက်နှင့်လည်း ပတ်သက်နေသူတစ်ယောက်ဖြစ်လေသည်။

ယခုတော့... တိကျန်ဗောဓိသကျက အသူရာချောက်ကို သိမ်းပိုက်လိုက်ပြီး အတွင်းရေးအပြင်ပါ စည်းချထားလေသည်။

ထို့ကြောင့် နတ်ဘုရားများနှင့် ဗောဓိသကျများအနေဖြင့်

အသူရာချောက်ကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်

သွားလာနိုင်မည် မဟုတ်ပေ။ ဝင်နိုင်လျှင်တောင်မှ သူတို့က တိ

ကျန်ဗောဓိသကျနှင့် ပြဿနာတက်လိုကြမည် မဟုတ်ပေ။

တိကျန်ဗောဓိသကျ၏ အကန့်အသတ်မဲ့ တန်ခိုးစွမ်းအားများ

ဖြင့်ဆိုလျှင် သူတို့ တစ်ဘဝလုံး ကျင့်ကြံခဲ့သမျှ တစ်ခါတည်း

အဆုံးသတ်သွားကြရမည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကတော့ အခြားသူများနှင့်မတူ ခြားနား

သူ ဖြစ်လေသည်။

သူက သုံးလောကတွင် တိကျန်ဗောဓိသကျ မနာလိုဖြစ်ရ

လောက်အောင် မြင့်မားသည့် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်

ထားသူ ဖြစ်လေသည်။

ယခုအချိန်တွင် ဆန်းလျန်သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်

သောင်းကျော်ခန့်ကကဲ့သို့ တန်ခိုးစွမ်းအားမြင့်မားခြင်း မရှိ

တော့သော်လည်း ယခု သူ၏ ကျင့်ကြံခြင်းအဆင့် မည်သည့်အဆင့်ဖြစ်သည်ကို မည်သူမှ သိရှိခြင်း မရှိကြပေ။ ဆန်းလျန်ကိုယ်တိုင်လည်း သူ မည်သည့်အဆင့်ရောက်နေသည်ကို သိပ်ပြီး မဝေခွဲနိုင်သေးပေ။

ထို့ကြောင့် သူသည် ထိပ်တန်းအဆင့် တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ဖြစ်နေဆဲပင် ဖြစ်လေသည်။

သူ၏ ကျင့်ကြံခြင်းအဆင့်က အချိန်တိုင်းပြောင်းလဲနေပြီး သူ သိရှိထားသည့် အာလာယဝိညာဏတန်ခိုးစွမ်းအားက လောကတစ်ခုလုံးရှိ ကျင့်စဉ်နည်းလမ်းများနှင့် ဓမ္မများအားလုံးကို နားလည်နိုင်စွမ်း ရှိလေသည်။ ထို့ကြောင့် သူသည် လောကတစ်ခုလုံးရှိ အရာအားလုံးကို အမြင့်မားဆုံး နားလည်နိုင်စွမ်း ရှိနေလေသည်။

ဆန်းလျန် သုခဘုံမှ ဗောဓိပင်ရှိရာသို့ အမှန်တကယ်ပင် သွားရောက်ချင်မိသည်။ အဘယ်ကြောင့်ဆိုသော် ဗောဓိ

ပင်သည် သူ၏ ကျင့်ကြံခြင်းအဆင့်ကို သိသိသာသာ မြင့်တက်သွားစေနိုင်မည် ဖြစ်သောကြောင့်ပင်။

ဗောဓိပင်ဆိုသည်က ဗုဒ္ဓကိုယ်တော်တိုင် တရားအလင်းရခဲ့ရာနေရာဖြစ်လေသည်။

ထို့ကြောင့် … ဗောဓိပင်အောက်တွင် ဆန်းလျှန်သည်လည်း ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားနိုင်လေသည်။

သူသာ ဗောဓိပင်အောက်တွင် ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားမည်ဆိုလျှင် ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိသကျတို့ သူ့နောက်တွင် ကျန်ရစ်ခဲ့ကြမည် ဖြစ်လေသည်။

ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိသကျတို့ (၂)ယောက်စလုံးက ဟွင့်ယွမ်ဝူကျီအဆင့်များ ဖြစ်ကြလေသည်။

သို့သော်… သူတို့က မှားယွင်းသည့်နည်းလမ်းဖြင့် ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်ရောက်ထားကြသူများ ဖြစ်လေ၏။

ထို့ကြောင့် သူတို့အတွက် ကျင့်စဉ်လမ်းတွင် ရှေ့ဆက်နိုင်ရန်မှာ ဖြစ်နိုင်ချေ သိပ်မရှိကြပေ။

ထို့ကြောင့် အရည်အချင်းမြင့်မားသူများဖြစ်ကြသည့် တာအို ဆရာလီချင်းဆွေ ၊ မီလဲ့ကိုယ်တော် ၊ အားလော်ဟယ် ၊ ကျန့် ယွမ်ကျီနတ်မင်းကြီးနှင့် နတ်မိစ္ဆာအဓိပတိကြီးတို့ကို မလွှမ်းမိုး နိုင်ကြခြင်း ဖြစ်လေသည်။

ထိုသူများထဲမှ (၂)ယောက် သို့မဟုတ် (၃)ယောက် ပေါင်းပြီး တိုက်ခိုက်လျှင်ပင် ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိ သကျတို့ ကောင်းကောင်း ဒုက္ခရောက်သွားမည် ဖြစ်လေသည်။ အကယ်၍ ဆန်းလျန်သာ လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်း ကျော်ခန့်ကကဲ့သို့ တန်ခိုးစွမ်းအားများ မြင့်မားနေလျှင် အခြေအနေက တစ်မျိုးဖြစ်သွားမည် ဖြစ်လေသည်။ ထိုအချိန် တုန်းက ဆန်းလျန်က နတ်ဆေးကိုယ်တော်ထက်ပင် တန်ခိုး စွမ်းအားမြင့်မားသူဖြစ်လေသည်။

မီးအိမ်ကိုယ်တော်မှာ တာအိုဆရာလီချင်းဆွေနှင့်
အဆင့်အတန်းတူညီသည့်အတွက် ဆန်းလျန်လောက် တန်ခိုး
စွမ်းအား မြင့်မားလွန်းခြင်း မရှိပေ။ ဆန်းလျန်အနေဖြင့် မီးအိမ်
ကိုယ်တော်တို့ကဲ့သို့ အဆင့်မျိုးကို တစ်ချက်တည်းဖြင့်ပင် ရိုက်
ချနိုင်စွမ်း ရှိခဲ့လေသည်။

ထိုအချိန်က ဆန်းလျန်သည် စစ်မှန်သည့် "ဟွင့်ယွမ်ဝူကျီ"
အဆင့်ကို ပိုင်ဆိုင်ထားသူ ဖြစ်လေသည်။

ဖြတ်လမ်းနည်းဖြင့် ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်ရောက်ခြင်း
နှင့် စစ်မှန်သည့် ဟွင့်ယွမ်ဝူကျီအဆင့်ကိုတက်ရောက်ခြင်းက
အနည်းငယ်သာ ကွာခြားသည်ဟုထင်ရဖွယ်ရှိသော်လည်း
တကယ်တမ်း အရည်အချင်းပိုင်းတွင် အလွန်ကွာခြားလေ
သည်။

ယခု ဆန်းလျန်သည် အတိတ်အကြောင်းအရာများကို အတော်
များများ မှတ်မိနေပြီ ဖြစ်သည့်အတွက် ယခင် အချိန်ကကဲ့သို့

ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်ရန်မှာ သိပ်ပြီး

အခက်အခဲ မရှိတော့ပေ။

သို့သော်... သူ ယခင်ကအတိုင်း တန်ခိုးစွမ်းအားများ မြင့်မား

သွားပြန်ပါကလည်း လက်ရှိအချိန်မှပျောက်ကွယ်ကာ အချိန်

ရေစီးကြောင်းပေါ်သို့ ထပ်ပြီးရောက်သွားလေဦးမည်လားဟု

စိတ်ပူနေမိသည်။

ထို့ကြောင့် သူက ဗောဓိပင်အောက်တွင် အာလာယဝိညာဉ်ဏာ

တန်ခိုးစွမ်းအားကို အဆုံးထိသိမြင်အောင် ကျင့်ကြံရန်

ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

အမှန်တော့ လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်က ဆန်း

လျှန်သာ အာလာယဝိညာဏ သဘောတရားကို သိရှိခဲ့မည် ဆို

လျှင် ဆန်းလျှန်သည် သူကြုံတွေ့ရမည့် ကြမ္မာဆိုးကို ရှောင်လွှဲ

နိုင်ကောင်းပေလိမ့်မည်။

ဗုဒ္ဓဘာသာနှင့် တာအိုဝါဒသည် အမြင့်ဆုံးအဆင့် ကျင့်ကြံခြင်းလမ်းစဉ်များဖြစ်ကြသော်လည်း အနှစ်သာရပိုင်းတွင် ကွာခြားလေသည်။

ကြာပန်း (၂)ပွင့်ကဲ့သို့ပင် ဖြစ်လေသည်။

ကြာပန်းခြင်းတူသည့်တိုင် တစ်ပွင့်နှင့်တစ်ပွင့် ထပ်တူကျ တူညီနိုင်ရန်မှာ မဖြစ်နိုင်ပေ။

ဆန်းလျှန်သည် သွေးနီရောင်ပင်လယ်ကမ်းခြေတွင် မတ်တတ်ရပ်နေလေသည်။

ယခုတော့ အဆုံးမရှိသည့် အသူရာချောက် (၉)ထပ်တွင် ယင်စွမ်းအားများ ပြည့်နက်နေခြင်း မရှိတော့ပေ။ ညစ်နွမ်းခဲ့သည့် သွေးနီရောင်ပင်လယ်ရေသည်လည်း ကြည်လင်သန့်စင်လျှက်ရှိလေ၏။

သို့သော်… အချို့သောသွေးနီရောင်ပင်လယ်ရှိ နေရာအချို့တွင် သွေးနီရောင်များ ဖြည်းဖြည်းချင်း ပြန်လည်ဖြစ်တည်လျှက် ရှိနေလေသည်။

ဤသည်မှာ တိကျန်ဗောဓိသကျ ဖြေရှင်း၍ မရနိုင်သည့် အသူရာချောက်၏ ကံကြမ္မာပင် ဖြစ်လေသည်။

ယခုတော့ ညစ်ညမ်းသည့် သွေးနီရောင်ပင်လယ်ရေများသည် လေနှင့်အတူလွင့်မျောသွားပြီး တိကျန်ဗောဓိသကျနှင့် မနီးမဝေးရှိ သွေးနီရောင်ရေကန်ငယ်လေးဆီသို့ ဝင်ရောက်သွားကြလေသည်။ ထို့နောက် ရေအိုင်ထဲတွင် သွေးနီရောင်ကြာပန်းတစ်ပွင့် ပွင့်လန်းလာလေ၏။ ထိုကြာပန်းက သန့်စင်ပြီး မြင့်မြတ်သည့် ခံစားချက်ကို ပေးလေသည်။

ထိုသွေးနီရောင်ကြာပန်းမှာ ကံကြမ္မာမှ မွေးဖွားလာသည့် ကြာပန်းဖြစ်သည့်အတွက် မည်သူမဆို ထိုသို့ပင် ခံစားရမည် ဖြစ်လေသည်။ မယုံကြည်နိုင်စရာပင် ကောင်းလှလေ၏။

သို့သော်… ဤကြာပန်းပွင့်လန်းလာခြင်းသည် သေွးရိုးသားရိုး မဟုတ်သည်ကို တိကျန်ဗောဓိသကျကတော့ သိရှိလိုက်သည်။ ဤပန်းကိုပွင့်လန်းစေလိုက်သူမှာ "ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင် ချင်းရွှမ်ထျန်းကျွင်း" ပင် ဖြစ်လေသည်။

သွေးနီရောင်ရေကန်ထဲမှ လွင့်မျောလာသည့် သွေးနီရောင်ကြာပန်းသည် တိကျန်ဗောဓိသကျရှေ့သို့ ရောက်ရှိလာလေသည်။

"ကျုပ် တိကျန်ဗောဓိသကျဆီ လာရောက်လည်ပတ်တာ လက်ဆောင် ယူမလာခဲ့မိဘူး ၊ ဒီသွေးနီရောင် ကြာပန်းကိုပဲ လက်ဆောင်အဖြစ် လက်ခံပေးစေလိုပါတယ်…"

အေးချမ်းသည့် ဆန်းလျန်၏အသံက လွင့်မျောထွက်ပေါ်လာလေသည်။

အခန်း (၈၉၁) ဝမ်းကွဲညီလေး

လက်ရှိအချိန်တွင် တိကျန်ဗောဓိသကျသည် သာမန်ဘုန်းတော်ကြီးတစ်ယောက်၏ ပုံသဏ္ဍာန်နှင့် ဖြစ်လေသည်။ သူ၏ ခန္ဓာကိုယ်မှ နတ်ဘုရားအလင်းတန်းများ လင်းလက်ထွက်ပေါ်နေခြင်း မရှိပေ။

သို့သော်... သဘာဝအတိုင်း ကိုယ်ရောင်ကိုယ်ဝါကတော့ တောက်ပလျှက် ရှိလေသည်။

တိကျန်ဗောဓိသကျက သွေးနီရောင်ကြာပန်းကို လက်ဖဝါးထက်တွင်တင်၍ အသယာဆောင်ယူလိုက်ရင်း...

"လူတွေပြောကြတာတော့ လက်ဆောင်ပေးတယ်ဆိုတာ အပေးအယူရှိရတယ်တဲ့ ၊ ထျန်းကျွင်းက ကျုပ်ဆီက ဘာများ အကူအညီတောင်းစရာ ရှိလို့လဲ..."

ဆန်းလျှန်၏ နားထဲသို့ တိကျန်ဗောဓိသကျ၏ စကားသံက ဝင်

ရောက်လာလေသည်။

တိကျန်ဗောဓိသကျက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး

ကြည်လင်သည့်မျက်ဝန်းများတွင် တစ်စုံတစ်ခုကို သိရှိလိုက်

သည့်အလား ခံစားလိုက်ရလေသည်။

တိကျန်ဗောဓိသကျက...

"ဒါက အရေးမကြီးလှတဲ့ ကိစ္စလေးပဲ ၊ ထျန်းကျွင်း ကိုယ့်ဟာ

ကိုယ် စိတ်တိုင်းကျ လုပ်ဆောင်သွားနိုင်ပါတယ်..."

လေထဲတွင် ရယ်သံသဲ့သဲ့တစ်ချက် ထွက်ပေါ်လာလေသည်။

"ကောင်းပြီ..."

ထိုအချိန်မှာပင်.... ကောင်းကင်ထက်တွင် တိကျန်ဗောဓိ

သကျ၏ စီးတော်ဖြစ်သည့် ထူးဆန်းသည့်သားရဲတစ်ကောင်

ထွက်ပေါ်လာလေသည်။

ထိုသားရဲသည် ကောင်းကင်ဘုံ (၉)ထပ်နှင့် အသူရာချောက်

(၉)ထပ်မှ အသံအားလုံးကို နားထောင်နိုင်စွမ်းရှိပြီး တိကျန်ဗောဓိသကျ၏ မျက်စိနှင့်နားဆိုလျှင်လည်း မမှားပေ။ ထို

သတ္တဝါ၏နာမည်မှာ "တိထင်း" ဖြစ်လေသည်။

(တိထင်း - တစ်လောကလုံးမှအသံကိုနားထောင်နိုင်သူ

အဓိပ္ပါယ်ရ - ဘာသာပြန်သူ)

ထိုသားရဲက တိကျန်ဗောဓိသကျခြေရင်းတွင် ဝပ်တွားလိုက်

ရင်း...

"သခင်ကြီး... ဘာလို့ ဆန်းလျန်ထျန်းကျွင်းကို ဒီလိုခွင့်ပြုလိုက်

ရတာလဲ..."

တိကျန်ဗောဓိသကျက ပြုံးလိုက်ရင်း...

"သူ ဒီမှာ ကြာကြာ နေမှာ မဟုတ်ပါဘူး..."

တိထင်းက...

"သူက ဆန်းလျန်ထျန်းကျွင်းအစစ်မဟုတ်ဘူးနော် ၊ ကိုယ်ခွဲ

တစ်ခုပဲ ၊ သခင်ကြီးက ဘယ်လိုလုပ် သူ ဒီမှာ မနေနိုင်ဘူးလို့

ပြောရတာလဲ..."

တိကျန်ဗောဓိသကျာက...

"တကယ်တမ်းဆို မီလဲ့ကိုယ်တော်ကတောင် သူ့ထက်အရင်

လှုပ်ရှားရမှာလေ ၊ သူက အခု ကျုပ် ဒီနေရာမှာ ထိုင်နေတာကို

ဆန်းလျန်ထျန်းကျွင်းထက်တောင် ကြည့်မရဖြစ်နေတာ မင်းမ

သိဘူးလား..."

တိထင်းက လောကတစ်ခုလုံးဆီသို့ နားတစ်ချက်စွင့်ကာ

အာရုံပြုလိုက်ပြီးမှ...

"သူမနာလိုဖြစ်နေတာကို အကုန်လုံးလည်း သိနေကြတာပဲ

မဟုတ်လား..."

တိကျန်ဗောဓိသကျာက တိုးတိတ်သည့်လေသံဖြင့်...

"ထားလိုက်ပါ၊ ဆန်းလျှန်ထျန်းကျွင်းဆီက လက်ဆောင်ရဖို့ဆို တာ လွယ်တာမဟုတ်ဘူး၊ ဒီသွေးနီရောင်ကြာပန်းကို မင်းစား လိုက်ပါ၊ နှစ်ပေါင်းတစ်သောင်းကျော် ကျင့်ကြံရတာထက် တောင် တန်ဖိုးရှိလိမ့်မယ်..."

တိထင်းက တစ်ချက်မျှစဉ်းစားပြီး သွေးနီရောင်ကြာပန်းကို ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။

သွေးနီရောင်ကြာပန်းသည် တိထင်း၏ပါးစပ်တွင်းသို့ ရောက် သည်နှင့် ချက်ချင်း အရည်ပျော်သွားပြီး သူ့တစ်ကိုယ်လုံးတွင် အပူလှိုင်းတစ်ခု ဖြတ်သန်းစီးဆင်းသွားလေသည်။

ထို့နောက် သူ၏ သွေးကြောဆုံချက်များအားလုံး ချက်ချင်း တောက်ပလာပြီး သူ၏ခန္ဓာကိုယ်မှာ ကြယ်စင်တစ်စင်းအလား ပင် ဖြစ်လေသည်။

ထိုအချိန်အတွင်းမှာပင်... သူ အလွန်ကံကောင်းသူတစ်ယောက် ဖြစ်ကြောင်း ချက်ချင်းသိရှိလိုက်သည်။

ထို့နောက် သူနားလည်လိုက်သည်မှာ အရင်အချိန်များတုန်းက သွေးနီရောင်ပင်လယ်၏ ကံတရားသည် သွေးနီရေကန်ထဲတွင် သိပ်သည်းပြီး သိမ်းဆည်းထားခြင်း ဖြစ်လေသည်။

ယခု သွေးနီရောင်ကန်မှ သွေးနီရောင်ကြာပန်း ပွင့်လန်းလာပြီး သွေးနီရောင်ပင်လယ်၏ အနှစ်သာရများနှင့် ပြည့်ဝလျှက် ရှိလေသည်။ ဆန်းလျှန်သည်ညစ်ညမ်းသည့် ကံတရား အနှစ်သာရများကိုပင် တာအိုတန်ခိုးစွမ်းအားအဖြစ် ပြောင်းလဲပေးနိုင်လေသည်။

ထိုအချက်မှာ အလွန်ကောင်းသည့် ဝမ်းမြောက်ဖွယ်ရာအချက်ပင် ဖြစ်လေ၏။

တိထင်းက…

"ဆန်းလျှန်ထျန်းကျွင်းက သခင်ကြီးအပေါ် သူ့စေတနာကောင်းထားတာပြသဖို့ ဒီလိုအဖိုးတန်လက်ဆောင်ကို ပေးတာလား…"

တိကျန်ဗောဓိသကျက…

"မဟုတ်ဘူး ၊ သူက ကံတရားကိုတောင် သူက ပြောင်းလဲနိုင်တယ်ဆိုတာကို ပြသချင်တာ ၊ ပြီးတော့ ဒီလိုနည်းလမ်းက ကျုပ်တောင် မပြုလုပ်နိုင်ဘူး..."

တိထင်းက...

"သခင်ကြီးတောင် မတတ်နိုင်တဲ့အရာကို သူက ဘယ်လိုလုပ်တတ်နိုင်ရတာလဲ..."

တိကျန်ဗောဓိသကျက...

"ဖြစ်နိုင်ချေ (၂)ခုရှိတယ် ၊ ဘာလို့လဲဆိုတော့ မူလဆန်းလျန်ထျန်းကျွင်းပဲဖြစ်ဖြစ် ၊ ဆန်းလျန်ထျန်းကျွင်းရဲ့ ကိုယ်ခွဲဖြစ်တဲ့ ချင်းရှမ်ထျန်းကျွင်းပဲ ဖြစ်ဖြစ် သူတို့ (၂)ယောက်ထဲက တစ်ယောက်က သံသရာလည်ခြင်းနဲ့ ကံတရားအကြောင်းကို သိမြင်ထားလို့ပဲ..."

ထိုစကားကိုကြားသည်နှင့် တိထင်း၏ မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်ဟန်များ အထင်းသား ပေါ်လွင်လာလေသည်။

"သူသာ အဲဒီလိုဆိုရင် သူ့အဆင့်က တာအိုဆရာသခင်ထိုက်ယီ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်မလာခင်က အဆင့်နဲ့ သွား ပြီးတူနေတာပေါ့..."

တိကျန်ဗောဓိသကျက...

"ဒီနေ့ခေတ်မှာ တခြား တန်ခိုးစွမ်းအားမြင့်မားတဲ့သူတွေလည်း အများကြီးရှိပါသေးတယ်၊ အဲဒီလူတွေ မမိုက်မဲသရွေ့ ဆန်း လျန်ထျန်းကျွင်းအနေနဲ့ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာ နိုင်မှာ မဟုတ်သေးပါဘူး..."

....

ဘုရင်မကြီးက တာ့ကျောက်တိုင်းပြည်ကို စဆင်အုပ်ချုပ်သည့် အချိန်မှစပြီး တာ့ကျောက်ပြည်က ပိုမိုအင်အားကြီးမားလာခဲ့ လေသည်။

သို့သော်.... ဘုရင့်ညီလာခံမှ အရေးပါသည့် အမတ်မင်းအများ စုမှာ နတ်ဘုရားများမှ လူပြန်ဝင်စားသူများ ဖြစ်ကြလေသည်။ အထူးသဖြင့် တာအိုဆရာသခင်ယွိချင်ယွမ်စီထျန်းကျွင်းနှင့်

တာအိုဆရာသခင်ထိုက်ချင် ထိုက်စန့်လောင်ကျွင်းတို့၏ မျိုးနွယ်မှဆင်းသက်လာကြသည့် တပည့်တပန်း နတ်ဘုရားများဖြစ်ကြလေသည်။

ဘုရင်မကြီးမှာ မယ်တော်ဝမ်မူဖြစ်သည့်အတွက် သူမအနေဖြင့် ထိုသူများ၏ ဇာစ်မြစ်ကို သိရှိပြီးသားဖြစ်လေသည်။

ထို့ကြောင့် သူမက ညီလာခံမှ အမတ်မင်းများကို ဖိနှိပ်ရန်အတွက် ဗုဒ္ဓဘာသာကို အားပေး မြှင့်တင်ခဲ့လေသည်။

သို့သော်... သူမ ထိုသို့ ပြုလုပ်နေသည်ကို အမတ်မင်းများ သိရှိခြင်းမရှိအောင် ဖုံးကွယ်ထားလေ၏။

အဘယ့်ကြောင့် များစွာသော နတ်ဘုရားများ လူပြန်ဝင်စားကာ လူ့လောကသို့ ရောက်လာကြပါသနည်း။

အဘယ်ကြောင့်ဆိုသော်... ယခုအချိန်တွင် ရွှမ်ဟွမ်မိုးနတ်မင်း အဖြစ်ခံယူထားသည့် ရွှမ်တုတောက်ကျွင်းက ကောင်းကင်ဘုံ (၉)ခုကို ဖွင့်လှစ်ကာ မိုးကောင်းကင်ခုံရုံးကို ပြန်လည်

တည်ထောင်လိုက်သည့်အတွက် ကောင်းကင်ဘုံတွင် နေထိုင်ရန် မဖြစ်နိုင်သူအချို့က လူပြန်ဝင်စားသွားကြခြင်း ဖြစ်လေသည်။

မယ်တော်ဝမ်မူက ရွှမ်ဟွမ်မိုးနတ်မင်း၏ ရုပ်သေးရုပ်တစ်ရုပ် မဖြစ်ချင်ပေ။ သူမက လူသားဆန်မှုနှင့် ကံတရားကို တန်ဖိုးထားပြီး လူ့လောကတွင်ပင် သူမ၏ ကိုယ်ပိုင်ဟန်ဖြင့် နေလိုရန် ဆန္ဒရှိသည်။

ယခု ရွှမ်ဟွမ်မိုးနတ်မင်းက မရှိမူကျေးရွာမှ နတ်ဘုရားဂူများကို သိမ်းပိုက်လိုက်ပြီဖြစ်လေသည်။

လင်စန်းတောင်ရှိရာ အနောက်ဘက်ကောင်းကင်ဘုံနှင့် ဖန်သားကောင်းကင်ဘုံကို သိမ်းပိုက်နိုင်ရန်မှာ သူ၏ အကြီးမားဆုံးရည်ရွယ်ချက် ဖြစ်လေ၏။

ထို့ကြောင့် ရှမ်ဟွမ်မိုးနတ်မင်း ထိုသို့ မပြုလုပ်နိုင်ရန်

မယ်တော်ဝမ်မူနှင့် ဗုဒ္ဓဘာသာဘက်မှ ကျင့်ကြံသူများက

တိုက်ခိုက်ကြမည် ဖြစ်လေသည်။

ထိုသို့ တိုက်ခိုက်ရသည်မှာ ကျင့်ကြံခြင်းလောက၏ ရှုန်းကန်ရ

ခြင်းများကို ပြသနေခြင်း ဖြစ်လေသည်။

ဝေ့ဝမ်မင်းသားသည် တာ့ကျောက်ပြည်၏ အိမ်ရှေ့မင်းသား

ဖြစ်လာခဲ့ပြီ ဖြစ်လေသည်။

မကြာသေးမီက ဝေ့မင်းသားက ကြင်ယာတော်တစ်ယောက်

မြှောက်ခဲ့လေသည်။ ထိုမိန်မပျိုမှာ ကျိုးယီတောင် ၊ ဟယ်အိမ်

တော်မှ သမီးဖြစ်သူ ဟယ်စူးရင်းပင် ဖြစ်လေသည်။ သူမက ရှ

မ်နီနန်းတော်မှ တပည့်တစ်ယောက်လည်း ဖြစ်လေသည်။

ဟယ်စူးရင်းသည် ဆန်းလျန်၏ တပည့်မလေး ဟယ်ရှန်းနှင့်

ယှဉ်ပြိုင်တိုက်ခိုက်ရင်း သေလုမျောပါးဒဏ်ရာရခဲ့ပြီး အားလုံး

က သေပြီဟု ထင်ကြသော်လည်း မသေဆုံးခဲ့ပေ။

ယခုတော့ ဝေ့ဝမ်မင်းသားနှင့် လက်ဆက်နိုင်ခဲ့ပြီ ဖြစ်လေ

သည်။

ဘုရင်မကြီး စိုးစံသည့်အချိန်ကုန်ဆုံးသွားပြီးသည့်နောက် ဝေ့

မင်းသားက ဘုရင်ဖြစ်လာမည့်သူ ဖြစ်လေသည်။

ထို့ပြင်... ဘုရင်မကြီးက ဝေ့မင်းသားကို တရားဝင်

အိမ်ရှေ့မင်းသားအဖြစ် တရားဝင်ကြေငြာခြင်းကို (၉)လပိုင်း

(၉)ရက်နေ့တွင် ပြုလုပ်မည်ဟု သတ်မှတ်ထားလေသည်။

သို့သော်... ဝေ့မင်းသားသည် လက်ရှိအချိန်တွင် မည်သည့်

အရာကိုမှ အရေးမစိုက်နိုင်သေးပေ။ အဘယ်ကြောင့်ဆိုသော်

သူ၏ ကြင်ယာတော်မှ ပထမဆုံးရင်သွေးလေးကို မွေးဖွားမည်

ဖြစ်သောကြောင့်ပင်။

ထို့ပြင် နတ်ဘုရားတစ်ပါးက ဟောပြောသည်မှာ ကြင်ယာ

တော်က သားတော်တစ်ပါးမွေးဖွားမည်ဖြစ်ပြီး ထိုကလေးမှာ

ဒုတိယသားဖြစ်မည် ဖြစ်လေသည်။ ထိုအဓိပ္ပါယ်အရဆိုလျှင်

တာအိုကျင့်ကြံသူဂိုဏ်းများ ၊ နတ်ဘုရားဂိုဏ်းများက သူ့ကို

ထောက်ခံကြပေလိမ့်မည်။

ထို့ပြင် သူ၏ ကြင်ယာတော်ထံမှ သိရှိထားသည့် အချက်တစ်

ချို့ရှိသေးသည်။

ထိုသားငယ်သာ မွေးဖွားလာပါက သူသည် နှစ်ပေါင်းများစွာ

အတွင်း စစ်မှန်သည့်အမြင်ရှိသည့် ပထမဆုံး ဧကရာဇ်ဖြစ်လာ

မည်ဟူ၍ ဖြစ်လေသည်။

ထို့နောက်... ကုသိုလ်တရားများဖြင့် ဖြည့်ကျင့်ပါက သူက

လောကနှင့်အညီအသက်ရှည်ပြီး ရွှမ်ဟွမ်မိုးနတ်မင်းကဲ့သို့

နောက်ဆုံးတွင် ဖြစ်လာနိုင်မည်ဟုလည်း ဆိုလေသည်။

ထိုစကားက သူ့ရည်မှန်းချက်များကို ပိုပြီးပြင်းထန်စေခဲ့ပြီး

သူ၏ မိဖုရားကြီး၏ပထမဆုံးသားတော်ကိုပင် ပျက်ကျစေခဲ့

ကာ ကြင်ယာတော်၏သားတော်ကို ပထမသားတော်နေရာရစေ

ခဲ့လေသည်။

ဝေ့မင်းသား ရည်မှန်းချက်ပြင်းထန်နေသည့်အချိန်တွင် ဆန်းလျန်သည် ဘုရင့်နေပြည်တော်သို့ ရောက်ရှိလာခဲ့လေသည်။

ဆန်းလျန်က ဘုရင့်နေပြည်တော်ထဲတွင် လျှောက်သွားနေပြီး စိတ်ထဲမှ ကြိတ်ပြီး ရယ်မောနေမိလေသည်။ အဘယ်ကြောင့်ဆိုသော် ဘုရင့်နေပြည်တော်ထဲတွင် နတ်ဘုရားများ တစ်ဝက်နီးပါး ရောက်နေကြသောကြောင့် ဖြစ်လေသည်။

ဘုရင်မကြီးက မယ်တော်ဝမ်မူဖြစ်လေသည်။

ဤမျှများပြားသော နတ်ဘုရားအရေအတွက် ဘုရင့်နေပြည်တော်အတွင်းသို့ ရောက်နေသည်နှင့် ကြိုတုန်းကြိုခိုက် မယ်တော်ဝမ်မူသည်ပင် နတ်မက်မွန်သီးပွဲတော်ကျင်းပမည်ဆိုလျှင် ကျင်းပ၍ ရနိုင်လေ၏။

ထိုအတွေးကြောင့် ဆန်းလျန်က ပြုံးလိုက်မိခြင်း ဖြစ်လေသည်။

ထိုအချိန်မှာပင်...

"ပေါက်စီတွေရမယ်... အရသာရှိတဲ့ ပေါက်စီတွေရမယ်..."

ပေါက်စီရောင်းချနေသည့်ဈေးသည်တစ်ယောက်၏ အသံစူးစူးက ထွက်ပေါ်လာလေသည်။ ဆူညံနေသည့်လမ်းတစ်လျှောက်မှ အသံများကိုပင် သူ့အသံက ဖုံးကွယ်သွားနိုင်စွမ်း ရှိလေသည်။

ဆန်းလျန်က ထိုသူကို တစ်ချက်ကြည့်လိုက်ပြီး လမ်းလျှောက်နေသည့်အရှိန်ကို အနည်းငယ်လျှော့လိုက်သည်။

ထို့နောက် သူက ပေါက်စီဝယ်ရန် တန်းစီနေကြသည့် လူများနောက်တွင်ပင် အိန္ဒြေရရ ဝင်ပြီး တန်းစီလိုက်သည်။

ဆန်းလျန် ပေါက်စီများဝယ်ရန်အလှည့်သို့ရောက်သည့်အခါ ဈေးရောင်းသူက နောက်သို့အသာဆုတ်လိုက်ပြီး သူ့ကို တအံ့တသြဖြင့်ကြည့်လိုက်ရင်း...

"ဝမ်းကွဲညီလေး..."

ဟု ခေါ်လိုက်လေသည်။

ပေါက်စီရောင်းသူမှာ ကမ္ဘာမြေမှ ဒေါက်တာလီဖုန်း၏

တစ်ဝမ်းကွဲအစ်ကို ကျောက်ဖုန်းပင် ဖြစ်လေသည်။ ဒေါက်တာ

လီဖုန်း ယဉ်တိုက်မှုဖြင့် သေဆုံးပြီးမှ ဆန်းလျန်၏ ခန္ဓာကိုယ်

ထဲသို့ ရောက်လာခြင်း ဖြစ်လေသည်။

ကျောက်ဖုန်းမှာ ကမ္ဘာမြေတွင် ကျောက်ရှောင်ယွီနှင့်ပင်ဆုံတွေ့

ခဲ့ရဖူးပြီး ကျောက်ရှောင်ယွီ နာမည်ကြီးတစ်ယောက် ဖြစ်လာ

ရန် အစပိုင်းတွင် ကူညီပေးခဲ့သူ ဖြစ်လေသည်။

ဆန်းလျန်၏ အသွင်အပြင်က အရင်ဘဝမှ ဒေါက်တာလီဖုန်း

နှင့် လုံးဝ မတူပေ။

သို့သော်... ကျောက်ဖုန်းက တစ်ချက်ကြည့်လိုက်ရုံဖြင့်

သူ၏မှတ်ဉာဏ်ထဲတွင် သူ့ရှေ့မှသူမှာ လီဖုန်းပင်ဖြစ်သည်ဟု

သေချာနေမိလေသည်။

ဆန်းလျန်က...

"ငါ ပေါက်စီနှစ်လုံးဝယ်မယ်..."

ကျောက်ဖုန်းက ဆန်းလျန်ကို ပေါက်စီ (၂)လုံး လှမ်းပေးလိုက်

လေသည်။

ဆန်းလျန်က ကျောက်ဖုန်းကို ပိုက်ဆံပေးသည့်အခါတွင်တော့

ကျောက်ဖုန်းက...

"မပေးနဲ့တော့ ၊ ငါ မင်းကို ကျွေးတာပါကွာ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါဆို ယူလိုက်မယ်..."

သူပြင်းလျှင်လည်း ကျောက်ဖုန်းကအတင်းပေးမည်ကိုသိ

သည့်အတွက် ဆန်းလျန် လက်ခံလိုက်လေသည်။

သို့သော်... ကျောက်ဖုန်း ခေါင်းတစ်ချက်အငုံ့မှာပင် ဆန်းလျန်

က သူ့ရှေ့မှ ပျောက်ကွယ်သွားလေတော့သည်။

ပေါက်စီဝယ်မည့်သူများက ဝိုင်းအုံနေကြသည့်အတွက် သူက

ဆန်းလျန် မည်သည့်နေရာသို့ပျောက်သွားသည်လည်း ရှာဖွေ

နေချိန် မရတော့ပေ။

နောက်ဆုံးတော့ ပေါက်စီများသာ ဆက်ရောင်းနေလိုက်ရလေတော့သည်။

သူစိတ်ထဲတွင် စဉ်းစားနေသည်က သူ၏ညီတစ်ဝမ်းကွဲ သေဆုံးသွားပြီး မကျွတ်လွတ်ဘဲ သရဲဖြစ်ကာ သူ့ကိုလာပြီး ကိုယ်ထင်ပြလေသည်လားဟူ၍ဖြစ်သည်။

"ငါ သရဲမဖြစ်သေးပါဘူးကွာ..."

အေးဆေးသည့် ဆန်းလျန်၏ အသံက သူ့အနားမှ ထွက်ပေါ်လာလေသည်။

ကျောက်ဖုန်းအံ့သြသွားပြီး လှည့်ကြည့်လိုက်သည့်အခါတွင်တော့ သူ့ဘေးနားတွင်ရပ်နေသည့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။

ကျောက်ဖုန်းက...

"ဝမ်းကွဲညီလေး ၊ တကယ်ပဲ မင်းနော်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်း အရင်တုန်းက ဘာမှလဲ ဟုတ်တိပတ်တိ အလုပ်လုပ်တဲ့ ကောင် မဟုတ်ပါဘူး ၊ အခုတော့ ဘာလို့ ပေါက်စီတွေရောင်း နေရတာလဲ..."

အခန်း (၈၉၂) ကံကြမ္မာကိုပြောင်းလဲခြင်း

သူတို့က ဘုရင့်နေပြည်တော် မြို့လယ်ခေါင်တွင် ရှိနေခြင်း ဖြစ်လေသည်။

အချိန်က ရပ်တန့်သွားပြီး ပတ်ဝန်းကျင်မှ လူများအားလုံး မှာ ရုပ်သေများအဖြစ် ရပ်တန့်သွားကြလေသည်။ သက်ဝင်

လှုပ်ရှားနေသူဆို၍ ကျောက်ဖုန်းနှင့် ဆန်းလျန် (၂)ယောက်သာ

ရှိလေသည်။

ထိုအခြေအနေကို သတိပြုလိုက်မိသည့်အခါ ကျောက်ဖုန်းမှာ

ပိုပြီး အံ့အားသင့်သွားရလေတော့သည်။

ကျောက်ဖုန်းက...

"မင်းက လူလား... သရဲလား..."

ဆန်းလျန်က ပြောင်စပ်စပ်မျက်နှာထားဖြင့်...

"လူဆိုလည်းဟုတ်တယ် ၊ သရဲဆိုလည်း ဟုတ်တယ်..."

ကျောက်ဖုန်းသည် ကမ္ဘာမြေမှ သူ၏ အစ်ကိုဝမ်းကွဲ ဖြစ်လေ

သည်။

သို့သော်... ကမ္ဘာမြေမှ လူသားအားလုံးသည် သူနှင့် သက်ဆိုင်

နေလေသည်။ အဘယ်ကြောင့်ဆိုသော်... ကမ္ဘာပေါ်မှ လူသား

မွေးဖွားဖြစ်တည်လာရသည့်အကြောင်းရင်းမှာ ထိုက်ယန်

ကြယ်စင်ကြီးကို သူက မီးတင်ရှို့ခဲ့သောကြောင့် ဖြစ်သည် မဟုတ်ပါလား။

"မရှိမှု" မှ တစ်ခု မွေးဖွားလာပြီး ထိုတစ်ခုသည် တာအို ဖြစ်သည်ဆိုလျှင် ကမ္ဘာမြေမှ ဖြစ်တည်လာမှုသည်လည်း ထိုသို့ပင် ဖြစ်ရပေမည်။

ယနေ့ ကျောက်ဖုန်းမှာ အရင်က ကျောက်ဖုန်းအတိုင်းပင်ဖြစ် လေသည်။ သို့သော်... သူသည် ဆန်းလျန်နှင့်ပတ်သက်မှု မရှိ တော့ပေ။ ထို့ပြင် ကျောက်ဖုန်း၏ အတိတ်နှင့်လက်ရှိဘဝ များသည် ဆန်းလျန်၏ မျက်လုံးထဲတွင် ရှုတ်ထွေးနေလေ သည်။

ကျောက်ဖုန်းက တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်...

"ညီလေး... မင်းအခု ဒီလောက က နတ်ဘုရားတစ်ပါးလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"မင်း ဒီလိုမျိုးသိတယ်ဆိုရင်တော့ မင်းကိုကြည့်ရတာ သာမန်ပေါက်စီရောင်းတဲ့လမ်းဘေးဈေးသည်တော့ မဖြစ်နိုင်ဘူး..."

လွန်ခဲ့သည့် နှစ်ပေါင်း (၃၀)ခန့်က ကျောက်ဖုန်း ဤလောကသို့ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

ထိုအချိန်က... သူက အလွန်ကျော်ကြားသည့် ကဗျာစာပေပညာရှင်တစ်ယောက် ဖြစ်ခဲ့လေသည်။ သူမည်မျှပင် နာမည်ကျော်ကြားပါစေ ၊ မည်မျှပင် စာပေပညာတွင် သိမြင်မှုနက်ရှိုင်းပါစေ ထင်ပေါ်ကျော်ကြားလိုစိတ်မရှိသည့်အတွက်ကျင်းကျီးတွင် မြေတစ်ကွက်ဝယ်ကာ တိတ်တဆိတ်လျှို့ဝှက်နေထိုင်ခဲ့လေသည်။

ကျော်ကြားခြင်းများမရှိသည့်တိုင် စိတ်ငြိမ်းချမ်းခြင်းကို ခံစားရလေ၏။

ထိုသို့ဖြင့် နှစ်ပေါင်း (၆၀)ကို ဖြတ်သန်းခဲ့ပြီး (၃)လပိုင်း မတိုင်ခင်အချိန်တွင်တော့ မနက်ခင်းတစ်ခုတွင် ရုတ်တရက် အိပ်ယာ

မှ နိုးလာသည့်အခါ ဘုရင့်နေပြည်တော်မှ ပေါက်စီရောင်းသူ

လူငယ်လေး၏ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနေခဲ့လေသည်။

သူသည် ငယ်ရွယ်သည့် အသက် (၂၀)အရွယ်လူငယ်လေးဖြစ်

နေခဲ့ပြီး လွန်ခဲ့သည့် အနှစ် (၃၀)ကို ပြန်ကြည့်လိုက်သည့်အခါ

အိပ်မက်အလားပင် ထင်မှတ်ရလေသည်။

သူတိတ်တဆိတ်စုံစမ်းကြည့်သည့်အခါ ကျောက်မိသားစုမှ

ကျောက်ဖုန်းမှာ လေဖြတ်ပြီး အိပ်ယာထဲတွင် သတိလစ်နေပြီ

ဟု ဆိုကြလေသည်။ ကျောက်ဖုန်းက အိမ်ထောင်ပြုခဲ့ခြင်းမရှိ

သည့်အတွက် သားသမီးလည်း မရှိပေ။

ကျောက်ဖုန်းမှာ ငယ်ရွယ်သည့်ခန္ဓာကိုယ်တစ်ခုကို အချောင်ရ

လိုက်သည့်အတွက် အလွန်ပျော်ရွှင်သွားခဲ့လေသည်။

သူက လွန်ခဲ့သည့်နှစ်ပေါင်း (၃၀)က ပိုက်ဆံအနည်းငယ်ကို

လည်းစုစည်းခဲ့ပြီး ကျင့်စဉ်အနည်းအပါးကိုလည်း ကျင့်ကြံခဲ့

ဖူးလေသည်။

သို့သော်... ပိုက်ဆံပြည့်စုံချိန်နှင့် ကျင့်စဉ်လေးများကျင့်ခွင့်ရ
သည့်အချိန်တွင် သူသည် အိုပြီး သေတော့မည့်အချိန်သို့
ရောက်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် အသုံးမကျတော့ပေ။
အသက် (၂၀)ဝန်းကျင်ဆိုသည်မှာ မငယ်တော့သော်လည်း
ကျင့်ကြံမှုပြုလုပ်ရန် အခွင့်ရေးတော့ ရှိဦးမည်ဖြစ်သည်။
ထို့ကြောင့် (၃)လပိုင်းမှစတင်ကာ သူက ပြင်းပြင်းထန်ထန်
ကျင့်ကြံခဲ့ပြီး အခြေအနေလည်း ပြောင်းလဲလာခဲ့လေသည်။
သူ ယခု ကျင့်စဉ်လမ်းကို စပြီးလိုက်သည့်အချိန်မှာပင် နှစ်
ပေါင်းများစွာ ကွဲကွာနေခဲ့သည့် သူ၏ ညီဝမ်းကွဲဖြစ်သူ လီဖုန်း
ကို ပြန်တွေ့လိုက်ရခြင်း ဖြစ်လေ၏။ ထို့ပြင် လီဖုန်းသည် နတ်
ဘုရားတစ်ပါး ဖြစ်နေဟန်လည်း ရှိလေသည်။
ခန့်မှန်း၍မရနိုင်သည့် ဆန်းလျှန်နှင့် သိခဲ့ရပြီးသည့်နောက်
ကျောက်ဖုန်းက သူ့အတွေ့အကြုံများကို ပြောပြခဲ့လေသည်။

သူက ကမ္ဘာမြေတွင်နေခဲ့စဉ်က ကျောက်ရှောင်ယွီနှင့် တွေ့ခဲ့ရသည့်အကြောင်းများလည်း ပါဝင်လေ၏။ ။

ဆန်းလျန်က ကျောက်ဖုန်း၏ စကားများကို နားထောင်ပြီး ပြုံးလိုက်ရင်း...

"ငါ့အစ်ကိုရဲ့အတွေ့အကြုံတွေကတော့ ကမ္ဘာမြေက အွန်လိုင်းစာပေတွေမှာ ရှန်းရှုဝတ္ထုတစ်ပုဒ်တောင်ရေးလို့ရတယ်၊ ဒါပေမဲ့ ဇာတ်လမ်းထဲမှာ မြှုပ်ကွက်လေးတွေတော့ နည်းနည်းထည့်ရမှာပေါ့..."

ကျောက်ဖုန်းသည် ကမ္ဘာမြေတွင်ရှိစဉ်က ရှန်းရှုဝတ္ထုများကို ဖတ်ဖူးလေသည်။

"ငါက သာမန်လူတစ်ယောက်ဆိုတာ ငါသိပါတယ်ကွာ၊ ဒါပေမဲ့ ဒီလောကမှာတော့ နတ်ဘုရားတွေ၊ တစ္ဆေသရဲတွေ တကယ်ရှိတာဟ..."

ဆန်းလျန်က...

"အစ်ကို... မင်းက ကမ္ဘာ့မြေကနေ တာ့ကျောက်တိုင်းပြည်ကို ရုတ်တရက်ရောက်လာတယ်၊ အခုလည်း သေခါနီးကျ တခြားခန္ဓာကိုယ်တစ်ခုထဲကို ဝိညာဉ်က ရောက်နေပြန်တယ်၊ ပြီးတော့ ဒီပေါက်စီရောင်းတဲ့ ကောင်လေးနာမည်ကလည်း မင်းနဲ့နာမည်တူတဲ့ ကျောက်ဖုန်းပဲ ဖြစ်နေတယ်၊ အဖြစ်အပျက်တွေက အရမ်းတိုက်ဆိုင်မနေဘူးလား..."

ကျောက်ဖုန်းက...

"ဘာတွေဖြစ်နေမှန်း ငါလည်း မသိတော့ပါဘူးကွာ..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်း ရှေ့ဆက် ဘာလုပ်ဖို့ စဉ်းစားထားလဲ..."

ကျောက်ဖုန်းက...

"အတိတ်က အနှစ် (၆၀)လုံးလုံး ငါက ကျင့်စဉ်လမ်းကို လိုက်ချင်ခဲ့တာပါ..."

ဆန်းလျန်က...

"ဒါဖြင့်မင်းက နတ်ဘုရားတစ်ပါး ဖြစ်ချင်တာလား..."

ကျောက်ဖုန်းက ခေါင်းညိတ်လိုက်ရင်း...

"အမှန်ပဲ..."

ဆန်းလျန်က...

"ဒါပေမဲ့ အစ်ကို အခုမှ စပြီး ကျင့်ကြံမယ်ဆိုရင် နောက်ကျနေပြီ ၊ ပုံမှန်အတိုင်းကျင့်ကြံသွားမယ်ဆိုရင်တောင် အသက် (၂၀၀)လောက်အထိပဲ ရှည်နိုင်လိမ့်မယ်..."

ဆန်းလျန်စကားကြောင့် ကျောက်ဖုန်း အနည်းငယ် စိတ်မကောင်းဖြစ်သွားပြီး...

"ငါလည်း သိပါတယ်ကွာ... ၊ ဒါပေမဲ့ တခြားနည်းလမ်းမရှိတော့ဘူးလား..."

ဆန်းလျန်က...

"ထိုက်စန့်လောင်ကျွင်းရဲ့ ခရမ်းရောင်ကိုးဆင့်ရွှေဆေးတို့ ၊ ကျန့်ယွမ်ကျီနတ်မင်းကြီးရဲ့ လူသားပုံသဏ္ဍာန်ဂျင်ဆင်းသီးတို့ ၊

မယ်တော်ဝမ်မူရဲ့ နတ်မက်မွန်သီးတို့ရမယ်ဆိုရင်တော့ မင်းရဲ့ ခန္ဓာကိုယ်ဖွဲ့ပစည်းပုံနည်းနည်းတိုးတက်လာအောင် လုပ်ပေးလိုက်ရင် နတ်ဘုရားတစ်ပါး ဖြစ်လာနိုင်ချေ ရှိပါတယ်..."

ကျောက်ဖုန်းက...

"အဲဒါတွေက ဒဏ္ဍာရီထဲက နတ်ဆေးဝါးတွေပဲ ၊ ငါက ဘယ်လိုလုပ်ရနိုင်မှာလဲ..."

ကျောက်ဖုန်းက ထိုသို့ပြောလိုက်သည့်တိုင် သူ၏ညီဝမ်းကွဲဖြစ်သူ ဆန်းလျန်က "ငါ့မှာအဲဒါတွေရှိတယ်" ဟု ပြောလေမလား မျှော်လင့်လိုက်မိလေသည်။

သို့သော်... ဆန်းလျန်က...

"ငါ့မှာလည်း အဲဒါတွေ မရှိဘူး..."

ဆန်းလျန်စကားကြောင့် ကျောက်ဖုန်း အနည်းငယ်စိတ်ပျက်သွားပြီး...

"ညီလေး... မင်းမှာ ငါ့ကိုကူညီဖို့ တခြားနည်းလမ်း မရှိတော့ဘူးလား..."

ဆန်းလျန်က...

"မင်း ငါ့နောက်လိုက်ခဲ့ပါ၊ မင်းအတွက် နည်းလမ်းတစ်ခုခု စဉ်းစားပေးမယ်..."

ကျောက်ဖုန်းက...

"ကောင်းပြီ..."

....

ပူပြင်းသည့် နွေရာသီကုန်ဆုံးသွားပြီး ဆောင်းဦးလေပြေလေး တိုက်ခတ်လာလေသည်။

အချိန်က လျှင်မြန်စွာကုန်ဆုံးသွားပြီး (၉)လပိုင်းအချိန်သို့ပင် ရောက်လာခဲ့ပြီ ဖြစ်သည်။

လေထဲတွင် နတ်ဘုရားများပျံသန်းနေသည့်အလား ဆောင်းဦး ရွက်ကြွေများကလည်း ပျံသန်းလျှက်ရှိလေသည်။

ဘုရင့်နေပြည်တော်၏ လေထုထဲတွင်တော့ ခမ္မခိဌာန်ကျမှုများ ဖုံးလွှမ်းလျှက်ရှိသည်။ သို့သော် (၉)လပိုင်း (၉)ရက်နေ့တွင် ဘုရင်မကြီးက အပြောင်းအလဲများ ပြုလုပ်မည့်နေ့ဖြစ်လေသည်။

ကျောက်ဖုန်းက ဆန်းလျန်ညွှန်ကြားသည့်အတိုင်း ဘုရင့်နေပြည်တော်တွင် ဗေဒင်ဟောသည့် ဆိုင်ခန်းတစ်ခန်း ဖွင့်ထားလေသည်။

ဗေဒင်တွက်သည်ဆိုသည်မှာ ဆန်းလျန်အတွက်တော့ အသေးအဖွဲ့ကိစ္စပင် ဖြစ်လေသည်။ ထို့ကြောင့် သူက ဗေဒင်ပညာနှင့် လှည့်ကွက်များကို ကျောက်ဖုန်းကို သင်ပေးခဲ့လေသည်။

ကျောက်ဖုန်းမှာ ဘ၀နှစ်ခုပေါင်းပြီး နှစ်ပေါင်း အတော်ကြာအောင် နေထိုင်ခဲ့သူဖြစ်သည့်အတွက် သင်ယူနိုင်စွမ်း လျှင်မြန်လေသည်။

ထို့ကြောင့် ရက်ပိုင်းအတွင်းမှာပင် ကျောက်ဖုန်း၏ ဗေဒင်ခန်းလေးသည် တဖြည်းဖြည်း နာမည်ကျော်ကြားလာလေတော့သည်။

အိမ်နီးနားချင်းများက ကျောက်ဖုန်းကို ဗေဒဝိဇ္ဇာဟု ခေါ်ကြပြီး ဆန်းလျန်ကိုတော့ နတ်ဘုရားတစ်ပါးဖြစ်ကြောင်း အစကတည်းက သိရှိထားကြလေသည်။

အချို့သူများက ပေါက်စီရောင်းသည့်လူငယ်လေးက ဗေဒင်ဟောနေသည့်အတွက် အစပိုင်းတွင် လှောင်ပြောင်ခဲ့ကြလေသည်။

သို့သော်... ကျောက်ဖုန်း၏ ဗေဒင်ဟောပြောချက်များက မှန်ကန်သည့်အတွက် နာမည်ကြီးလာသည့်အခါ သူတို့က မနာလိုပင် ဖြစ်လာကြလေသည်။

ဆန်းလျန်က ကျောက်ဖုန်းကို ဗေဒင်ပညာသင်ပေးပြီး ကျောက်ဖုန်းက ဗေဒင်ဟောသည့်အလုပ် လုပ်လေသည်။

ဆန်းလျန်၏ ဘဝကတော့ အေးအေးဆေးဆေးပင် ဖြစ်နေပြီး မိုးနှင့်မြေမှ နတ်ဘုရားများစွာသည် ဆန်းလျန် မည်သည့်နေရာတွင် ရောက်ရှိနေသည် မည်သူမှ မခန့်မှန်းနိုင်ကြပေ။

ဘုရင့်နေပြည်တော်တွင် နေထိုင်နေရခြင်းက ဆန်းလျန်တွင် ရည်ရွယ်ချက်တစ်ခုရှိလေသည်။

(၉)လပိုင်း (၉)ရက်နေ့တွင် သူ၏ တပည့်ဖြစ်သူ ချန်ကျင်းချင်း လူပြန်ဝင်စားမည် ဖြစ်လေသည်။ ထိုအချိန်တွင် တိုက်ပွဲတစ်ခု ဖြစ်မည်ဖြစ်လေသည်။

တိုင်းပြည်တစ်ပြည်၏ ဧကရာဇ်နေရာဆိုသည်က မိုးကောင်းကင်၏ ဆန္ဒဖြစ်လေ၏။ မယ်တော်ဝမ်မူပင်လျှင် ထိုသို့ ပြောင်းလဲမှုများကို လွန်ဆန်နိုင်ခြင်းမရှိဘဲ ကံတရား အတိုင်း စီးမျောရမည် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်က တပည့်ဖြစ်သူ ချန်ကျင်းချင်ကို ဧကရာဇ်တစ်ပါး ဖြစ်စေလိုလျှင် မိုးကောင်းကင်၏ ဆန္ဒကို တော့ ဆန့်ကျင်ရမည် ဖြစ်လေ၏။

ထိုသို့ မိုးကောင်းကင်မှချမှတ်ထားပြီးသား ကံကြမ္မာကို ပြောင်းလဲမည်ဆိုပါက အကျိုးဆက်ဖြစ်သည့် ကြမ္မာဆိုးကိုပါ ခံစားရမည် ဖြစ်လေသည်။ ကြမ္မာဆိုးကို ဆန်းလျန် တားဆီး၍ မရနိုင်သော်လည်း နည်းပါးအောင်တော့ ကြိုးစားရမည် ဖြစ် လေသည်။

သို့သော်... ထိုသို့ပြုလုပ်နိုင်သူဆို၍ လောကတွင် သူတစ် ယောက်သာရှိလေသည်။ အခြားသူဆိုလျှင် စိတ်ကူးပင်ယဉ်ရဲ မည် မဟုတ်ပေ။

ထို့ပြင်... ကျောက်ဖုန်းနှင့်ပတ်သက်သည့်အဖြစ်အပျက်က လည်း အင်မတန်ထူးဆန်းသည်ဟု ဆန်းလျန်ခံစားနေရလေ သည်။ ထို့ကြောင့် သူက ကျောက်ဖုန်းကိုအနားတွင်ခေါ်ထား

ခြင်းဖြစ်ပြီး ထူးခြားမှုတစ်ခုခု ဖြစ်လာခဲ့လျှင်စောင့်ကြည့်ရ
မည် ဖြစ်လေသည်။

အခန်း (၈၉၃) ကြယ်စင်တစ်ထောင်တန်ခိုးစွမ်းအား

(၉)လပိုင်း (၉)ရက်ရောက်ရန် (၇)ရက် လိုသေးသည်။

ဆန်းလျန်ကတော့ ဘုရင့်နေပြည်တော်တွင်

အေးအေးဆေးဆေးပင် ရှိနေလေသည်။

နတ်ဘုရားများသည် ဘုရင့်နေပြည်တော်တွင်တဖြည်းဖြည်းပို

ပြီး ခြေရှုတ်လာကြလေသည်။ နတ်ဘုရားများသာမက

နတ်မိစ္ဆာများပင် ရောက်လာကြလေသည်။

ထိုအချိန်တွင်...

ဆန်းလျန်သည် ငွေရောင်စုတ်တံတစ်ချောင်းကိုကိုင်ပြီး ဆောင်းဦးရာသီ ပန်းချီကားတစ်ချပ်ကို ရေးဆွဲနေလေသည်။

ဆန်းလျန်၏ ငွေရောင်မှော်စုတ်တံကို တွေ့မြင်လိုက်ရသည့် အခါ ကျောက်ဖုန်း အလွန်အမင်းအံ့သြသွားရလေသည်။

ထိုအချိန်မှာပင်... ဆန်းလျန်၏ မှော်စုတ်တံသည် ပန်းချီဆွဲ စက္ကူထက်တွင် တစ်လက်လက်တောက်ပနေလေသည်။

နေ့ခင်းကြောင်တောင် ကြယ်စင်များတောက်ပနေသည်အလား ထင်မှတ်ရသည်။

ရုတ်တရက် စုတ်တံကို ခါလိုက်သည့်အခါ ပန်းချီဆွဲစက္ကူထက် သို့ တောက်ပနေသည့် မင်စက်လေးများကျသွားပြီး ပန်းချီကား ပျက်စီးသွားရလေသည်။

တစ်ခေတ်တစ်ခါပေါ်ထွက်သည့်ပန်းချီကားဟု ပြောရလောက် အောင် လှပလွန်းသည့် ပန်းချီလက်ရာတစ်ခု ပျက်စီးသွား

သည့်အတွက် ကျောက်ဖုန်းက မနေနိုင်မထိုင်နိုင် နှမြောတသ စွာဖြင့် အော်ဟစ်လိုက်မိလေသည်။

"နောက်ဆုံးစုတ်ချက်ကျမှ ဘာလို့ ဒီလိုအမှားမျိုး ဖြစ်ရတာ လဲ..."

ဆန်းလျန်က ကောင်းကင်ထက်မှ ကြယ်စင်များကို တစ်ချက် မော့ကြည့်လိုက်ရင်း တီးတိုးပြောဆိုလိုက်သည်။

"လောကတစ်ခုလုံးမှာ မှားတာတွေရော မှန်တာတွေရော အများ ကြီးရှိတာပဲ၊ ဘာထူးဆန်းလို့လဲ၊ မင်း ပြောရင်တော့ မင်းကိုငါ တစ်ကြိမ်လောက် ကူညီပေးမယ်..."

ဆန်းလျန်ပြောနေသည့်စကားများကိုကြားသော်လည်း ကျောက်ဖုန်းက အဓိပ္ပါယ်ကို နားမလည်ပေ။

ထိုအချိန်ခဏအတွင်းမှာပင်...

ကြယ်စင်စုံသည့်မိုးကောင်းကင်တွင် အဆုံးမရှိသည့် အလင်းရောင်များ လင်းလက်တာကပလာလေသည်။

အလင်းရောင်များက စက်ဝိုင်းပုံသဏ္ဍာန်တောက်ပနေပြီး

အလင်းရောင်စက်ဝန်းအလယ်တွင် နန်းတော်တစ်ခု ပေါ်လာ

လေသည်။

နန်းတော်အပြင်ဘက်တွင် သုံးမြှောင့်ဆေးဖိုကြီး (၉)ခုက

ရှေးဟောင်းကြယ်စင် (၉)စင်းအလား လှည့်ပတ်နေလေသည်။

သုံးမြှောင့်ဆေးဖို (၉)ခုမှ တန်ခိုးစွမ်းအားများ ချိတ်ဆက်သွား

သည့်အခါ ပြင်းထန်သည့် နတ်ဘုရားတန်ခိုးစွမ်းအားများ

ထွက်ပေါ်လာပြီး နန်းတော်အတွင်းမှ ဆရာသခင်၏ တန်ခိုး

စွမ်းအား မည်မျှမြင့်မားသည်ကို ဖော်ကျူးပြသနေလေသည်။

ထိုအချိန်မှာပင်…

အလင်းတန်းစက်ဝန်းအပြင်ဘက်တွင် ပုံရိပ်ယောင်ကဲ့သို့

မော်ဝင်ဓားတစ်လက် ထွက်ပေါ်လာလေသည်။ ဓားမှထွက်ပေါ်

နေသည့်အငွေ့အသက်များက ခြိမ်းခြောက်မှုများဖြင့် ပြည့်နေ

လေသည်။ အမှန်နှင့်အမှား ၊ အတိတ်နှင့်အနာဂတ်ကို ပြောင်းပြန်လှန်ပစ်တော့မည့်အလား ထင်မှတ်ရလေသည်။

တစ်ချိန်တည်းမှာပင်... မော်ဝင်ဓားဓါးဘေးတွင် ဓားပိုင်ရှင် ပေါ်လာလေသည်။

မော်ဝင်ဓားပိုင်ရှင်၏ဘေးတွင် တစ်ကိုယ်လုံး ရွှေရောင် တောက်ပနေပြီး ဧကရာဇ်တစ်ပါးကဲ့သို့ ခမ်းနားမှုအသရေနှင့် ပြည့်စုံလေသည့် နတ်ဘုရားတစ်ပါးလည်း ပေါ်လာလေသည်။ သူ့ကိုမြင်လိုက်ရသည်နှင့် လူအများကြောက်ရွံ့သွားကြမည် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်... ထူးဆန်းသည့် အဝါရောင်ရွှေစေတီ တစ်ဆူပေါ်လာကာ တောက်ပနေသည့် အလင်းတန်းစက်ဝန်း ကို ဖုံးအုပ်သွားလေသည်။

ကြယ်စင်ကောင်းကင်ထက်တွင် မည်သည့်အရာနှင့်မှ မ နှိုင်းယှဉ်နိုင်သည့် တန်ခိုးရှင်တစ်ပါးအလား ထင်မှတ်ရလေ

သည်။ သူက လက်တစ်ဖက်လှုပ်ရှားလိုက်ရုံဖြင့် ကြယ်စင်ကွင်းပြင်ကြီးပင် လွင့်ထွက်သွားတော့မည့်အလားပင် ဖြစ်လေသည်။

"မာရ်နတ်နဲ့ ချင်းရှီး နှစ်ယောက်ပေါင်းပြီး ရောက်လာကြတာပါလား ၊ ကျုပ်က မင်းတို့နဲ့ ဘာများပတ်သက်စရာရှိလို့ ရောက်လာကြရတာလဲ..."

နန်းတော်ထဲမှ အသံတစ်သံထွက်ပေါ်လာပြီး ကောရာဇ်တစ်ပါး ထွက်ပေါ်လာလေသည်။

ကောရာဇ်၏အသံက မိုးလုံးဟိန်းထွက်ပေါ်လာပြီး သုံးမြှောင့်မီးအိုးကြီး (၉)လုံးသည်ပင် တစ်ချက်လှုပ်ရှားသွားလေသည်။ ယန်ရှီးတစ်ဖြစ်လဲ မာရ်နတ်က တည်ငြိမ်သည့်အမူအရာဖြင့် သုံးမြှောင့်မီးအိုးကြီး (၉)လုံး၏ အပြင်ဘက်တွင် လွင့်မျောနေပြီး မော်ဝင်ဓားက သူ့ရင်ပတ်တည့်တည့်တွင် တည်ရှိနေလေသည်။

မာရ်နတ်နှင့် မနီးမဝေးတစ်နေရာတွင် တာအိုဆရာ ချင်းရှီးရှိနေ

လေသည်။ ချင်းရှီးမှာ ခွန်လွန်တောင် ၊ ကျောက်စိမ်းဝိညာဉ်

နန်းတော်မှ ဖြစ်ပြီး သူက မာရ်နတ်နှင့်ပူးပေါင်းကာ နန်းတော်ထဲ

မှ ဧကရာဇ်ကို တိုက်ခိုက်လိုခြင်း ဖြစ်လေသည်။

ဤတိုက်ပွဲသတင်းသာ ပြန့်နှံ့သွားပါက စကြာဝဠာတစ်ခုလုံး

လှုပ်လှုပ်ရှားရှား ဖြစ်သွားနိုင်လေသည်။

ထို့ပြင် သူတို့ (၂)ယောက်သာမက ပုန်းကွယ်ပြီး တိုက်ခိုက်ရန်

အသင့်စောင့်ဆိုင်းနေသည့် ပြိုင်ဘက်ကင်း နတ်ဘုရားတစ်ပါး

လည်း ရှိနေသေးသည်။

ထိုသူကတော့ ကွမ်းချန်ကျီပင် ဖြစ်လေသည်။

မာရန်နတ်က ပေါ့ပါးသည့်လေသံဖြင့်...

"ယွီဧကရာဇ် ၊ ကျုပ်တို့နဲ့ပူးပေါင်းပါ ၊ မပူးပေါင်းဘူးဆိုရင်

မင်းရဲ့ တန်ခိုးစွမ်းအား အရင်းအမြစ်ဖြစ်တဲ့ ဒီ သုံးမြှောင့်မီးအိုး

ကြီး (၉)လုံးကို ကျုပ်တို့ကို လွှဲပြောင်းပေးလိုက်ပါ..."

ယွီကေရာဇ်ဆိုသည်မှာ အချိန်ကြာမြင့်စွာ ပျောက်ကွယ်နေခဲ့ပြီး ယခုအချိန်မှ ပြန်လည်ထွက်ပေါ်လာသည့် ကေရာဇ် တစ်ပါး ဖြစ်လေသည်။

"ယွီကေရာဇ်" ဆိုသူမှာ မည်သူဖြစ်ပါသနည်း။

တကယ်တမ်းတွင် "ယွီကေရာဇ်" ဆိုသူမှာ တာ့ရှားပြည်ကို တည်ထောင်ခဲ့သည့် ကေရာဇ် စစ်ဝမ်မင့်ပင်ဖြစ်လေသည်။

ဆန်းလျန်၏ လက်ချက်ဖြင့် အသက်ပျောက်ခဲ့ရသည့် တာ့ရှား ကေရာဇ် စစ်ချီ၏ ခမည်းတော် ဖြစ်လေသည်။

သူက ရှေးခေတ်အချိန်အခါကတည်းက အင်အားကြီးမားသည့် ကေရာဇ်တစ်ပါးဖြစ်လေသည်။ သို့သော်... သူက သူတော်စင် ဖူရှီးလောက်တော့ တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိပေ။

သို့သော်... သူတို့ (၂)ယောက်၏ တန်ခိုးစွမ်းအားများက သိပ် ပြီး မကွာကြပေ။

ယခုတော့ မာရ်နတ်နှင့် ချင်းရှီးက သူ့ကိုတိုက်ခိုက်ရန်

ရောက်လာခဲ့ကြပြီ။ တိုက်ပွဲကြီးတစ်ပွဲတော့ နွှဲရဦးမည် ဖြစ်

လေသည်။

ယွီကေရာဇ်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"အသူရာချောက်ကလည်း ပြောင်းလဲသွားပြီ ၊ မိုးကောင်းကင်

ခုံရုံးကလည်း ပြန်လည်ဖွင့်လှစ်ပြီဆိုတာတောင် မင်းတို့က

အမှားအမှန်ခွဲခြားမသိကြသေးဘူးပဲ ၊ မင်းတို့အကုန်လုံး လူ

ပြန်ဝင်စားချင်နေပြီထင်တယ်..."

ချင်းရှီးက...

"ဆန်းလျန်ရယ် ၊ ရွှမ်တုတောက်ကျွင်းရယ် ၊ တိကျန်ဗောဓိ

သကျရယ်ဆိုတာ အခုခေတ်မှာ ဘေးချင်းယှဉ်ရပ်နေတဲ့

ပြိုင်ဘက်ကင်းတွေပဲ ၊ ခေတ်အဆက်ဆက်မှာ လွှမ်းမိုးနိုင်ဆုံး

လူတွေပဲ ၊ သူတို့သာ အောင်မြင်သွားရင် ကျုပ်တို့တွေ ဘာ

ဆက်ဖြစ်မလဲဆိုတာ မသိနိုင်ဘူး ၊ မင်းက ဘာလို့ ကျုပ်တို့နဲ့ မပူးပေါင်း နိုင်ရမှာလဲ..."

ယွီကေရာဇ်က ကျယ်လောင်စွာ ရယ်မောလိုက်ရင်း...

"မင်းတို့နဲ့ပေါင်းလိုက်တော့ ကျုပ်က သူတို့နဲ့ ရန်သူဖြစ်သွားမှာပေါ့ကွ... ကျုပ်ကိုများ ငတုံးထင်နေသလား..."

ချင်းရှီးက တည်ကြည်သည့်မျက်နှာထားဖြင့်...

"သူတို့ (၃)ယောက်နဲ့ ယှဉ်လိုက်ရင် ကျုပ်တို့က

အောက်ကျနောက်ကျ ဖြစ်နေတာလေ ၊ ကျုပ်တို့ (၃)ယောက်

ယာယီလက်တွဲပြီး ပူးပေါင်းလိုက်ရင် ကျုပ်တို့လည်း တာအို

ဆရာသခင်ကြီးတွေဖြစ်လာဖို့ မျှော်လင့်ချက် နည်းနည်း

လောက်ရှိတာပေါ့ ၊ ကျုပ်တို့ဖြစ်မလာနိုင်ဘူးဆိုရင်တောင် သူတို့ ဖြစ်မလာအောင် တားလို့ရတာပေါ့..."

ယွီကေရာဇ်က...

"ကျုပ် နတ်ဘုရားတစ်ပါးဖြစ်သွားတဲ့အချိန်မှာ ဒုတိယမိုးနတ်မင်းတောင်မှ နတ်ဘုရားတစ်ပါး မဖြစ်သေးဘူး ၊ မင်းတို့လိုပါမွှားတွေကိုများ ကျုပ်က မျက်လုံးထဲ အရေးအရာလုပ်မယ်ထင်နေသလား..."

ချင်းရှီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒါဖြင့် မင်းက ငြင်းချင်တာလား..."

ဗလာနယ်ထဲတွင် ကျယ်လောင်သည့် ရယ်မောသံတစ်ချက်ထွက်ပေါ်လာပြီး သုံးမြှောင့်မီးအိုးကြီး (၉)ခုမှ ထူးဆန်းသည့်အလင်းတန်းများ ထွက်ပေါ်လာလေသည်။

ထို့နောက် သုံးမြှောင့်မီးအိုးကြီး (၉)ခု ပေါင်းစပ်သွားပြီး သရဖူတစ်ခုအသွင် ကူးပြောင်းသွားလေသည်။ သရဖူသည် ယွီကေရာဇ်၏ ဦးခေါင်းထက်သို့ ရောက်ရှိလာပြီး ယွီကေရာဇ်သည်စကြာဝဠာတစ်ခုလုံး၏ ကေရာဇ်မင်းတစ်ပါးအလားထင်မှတ်ရလေသည်။

မာရ်နတ်က ယွီကေရာဇ်ကို လုံးအရှုံးမပေးသည့်အကြည့်ဖြင့် စိုက်ကြည့်နေလေသည်။

ကျောက်စိမ်းရတနာအလား ဖြူစင်ဝင်းပလွန်းသည့် သူ၏ လက်ချောင်းသွယ်သွယ်တို့က မှော်ဝင်ဓားကို တင်းကျပ်စွာ စုပ်ကိုင်ထားလေ၏။

မှော်ဝင်ဓားမှ အိပ်မက်ဆန်သည့် အလင်းတန်းများ ထွက်ပေါ်လာပြီး ဗလာနယ်တစ်ခုလုံးကို ဖြတ်တောက်ချလိုက်လေသည်။ မှော်ဝင်ဓားသည် ဓား (၉)လက်အဖြစ် ခွဲဖြာထွက်သွားပြီး ယွီဟွမ်ကေရာဇ်၏ ဦးခေါင်းထက်ရှိ သုံးမြှောင့်မီးအိုး (၉)ခုကို တစ်ချက်တည်းဖြင့် ခုတ်ပိုင်းချလိုက်လေတော့သည်။

မာရ်နတ်၏ မှော်ဝင်ဓားမှ ထွက်ပေါ်နေသည့် အလင်းရောင်များသည် အိပ်မက်ဆန်လှသည့်အတွက် အမှန်လား အမှားလား ဝေခွဲရခက်လှလေသည်။

ယွီကေရာဇ်၏ နက်ရှိုင်းလှသည့်တန်ခိုးစွမ်းအားများနှင့် အိပ်မက်ဆန်သည့် ဓားအလင်းတန်းတို့ ထိခတ်မိသည်နှင့် ယွီကေရာဇ်၏ ခန္ဓာကိုယ်မှ အလင်းတန်းများ တောက်ပလာပြီး သူ၏ ဦးခေါင်းထက်မှ သရဖူကို ကာကွယ်ထားလိုက်လေသည်။

သရဖူမှ အလင်းရောင်များတောက်ပနေပြီး ယွီဟွမ်ကေရာဇ်၏ဦးခေါင်းသည် စကြာဝဠာတစ်ခုအလား ဖြစ်လေသည်။ အဆုံးမရှိသည့် နတ်ဘုရားစွမ်းအားများဖြင့်ပြည့်နက်နေလေသည်။

ချင်းရှီးက ချီးကျူးသည့်လေသံဖြင့်...

"မိုးနဲ့မြေက ကြီးမြတ်တယ်၊ တာအိုကလည်းကြီးမြတ်တယ်၊ ပြီးတော့ ယွီဟွမ်ကေရာဇ်ကလည်း ကြီးမြတ်ပါပေတယ်...၊ တကယ့်ကို လေးစားလောက်စရာ တန်ခိုးစွမ်းအားပါပဲ၊ ဒါပေမဲ့ ကံဆိုးတာက ဒီနေ့ ကျုပ်တို့ချည်းပဲ မဟုတ်ဘူး..."

ထို့နောက် ချင်းရှီးက သူ့လက်ထဲမှ ကျောက်ပြားပေတံကို တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

ဗလာနယ်ထဲတွင် လှိုင်းများထလာပြီး ကျောက်ပြားပေတံမှ တန်ခိုးစွမ်းအားများက ယွီကျောက်ကို ရစ်ပတ်ထားလိုက်လေသည်။

ယွီဟွမ်ကျောက်က ကိုယ်ခွဲ (၉)ခု ခွဲထုတ်လိုက်လေသည်။

ကိုယ်ခွဲ (၉)ခုတွင် တစ်ခုက မူလယွီကျောက်ဖြစ်ပြီး ကျန်သည့် ကိုယ်ခွဲ (၈)ခုက ယွီကျောက်၏ တန်ခိုးစွမ်းအား (၈)မျိုးဖြစ်သည့် ခိုင်း ၊ ရှီး ၊ စန်း ၊ ရှန်း ၊ တု ၊ ကျင် ၊ စစ် ၊ ကျင်း တို့ ဖြစ်ကြလေသည်။

ထို ကိုယ်ခွဲ (၈)ခုသည် မူလယွီကျောက်၏ ခန္ဓာကိုယ်ကို လှည့်ပတ်ကာ ကာကွယ်ပေးထားလေသည်။

ချင်းရှီးက...

"အစ်ကိုကွမ်းချန်ကျီ ၊ အခု ထွက်လာပါတော့..."

"ကောင်းပြီ... ၊ ကျုပ်လိပ်ကြီးကို ဘယ်လိုသတ်မလဲ ကြည့်ကြတာပေါ့..."

စကားသံနှင့်အတူ လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်သံကြီးက စကြာဝဠာတစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

ရယ်သံကြီးနှင့်အတူ ဗလာနယ်ထဲတွင် ကြယ်စင်ပေါင်းများစွာ ပျံသန်းလာပြီး ယွီကေရာဇ်၏ ကိုယ်ခွဲ (၈)ခုကို ထိမှန်သွားလေတော့သည်။

ထိုအချိန်တွင် ဆန်းလျန်က လူ့လောကတွင် ကောင်းကင်ထက်သို့မော့ကြည့်နေခဲ့လေသည်။

ထို့ပြင် လူ့လောကမှ သာမန်လူသားများသည် ဤသို့သော မြင်ကွင်းမျိုးကို မြင်တွေ့ရန် နှစ်ပေါင်းထောင်နှင့်ချီကြာအောင် စောင့်ဆိုင်းရမည် ဖြစ်လေသည်။

ဆန်းလျှန်၏ ရုပ်ခန္ဓာက နေရာတွင်ပင် တိတ်ဆိတ်စွာထိုင်နေပြီး သူ၏ မူလဝိညာဉ်ခန္ဓာကတော့ တိုက်ပွဲဖြစ်ပွားရာ စကြာဝဠာအတွင်းသို့ ထွက်ခွာသွားခဲ့ပြီ ဖြစ်လေသည်။

ထိုသို့ ကြယ်စင်များပျံသန်းလာသည့်အလား ဖန်ဆင်းနိုင်သည့် တန်ခိုးစွမ်းအားကို ကြယ်စင်တစ်ထောင် တန်ခိုးစွမ်းအားဟု ခေါ်လေသည်။ ထိုတန်ခိုးစွမ်းအားမှာ ယွမ်စီထျန်းကျွင်း၏ ကျင့်စဉ်တစ်ခု ဖြစ်လေသည်။

ထိုကျင့်စဉ်ကို ကျင့်ကြံအောင်မြင်ထားသူဆို၍ ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ကွမ်းချန်ကျီသာ ရှိလေသည်။ ထိုတန်ခိုးစွမ်းအားသည် ဖန်ကူအလံနီးပါး အလွန်တန်ခိုးစွမ်းအားမြင့်မားပြီး ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှလေသည်။

အခန်း (၈၉၄) ရွှမ်မင်တံခါး

ဆန်းလျှန်သည် တာအိုဆရာသခင်ကြီးများ၏ တန်ခိုးစွမ်းအား များကို အနည်းနှင့်အများ အတွေ့အကြုံရှိထားသူ ဖြစ်လေ သည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်က သူသည် အချိန် ရေစီးကြောင်းတစ်လျှောက် တာအိုဆရာသခင်ကြီး (၈)ပါး စလုံး၏ ပုံရိပ်ယောင်များဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ရ ပြီး ကြယ်စင်တစ်ထောင်တန်ခိုးစွမ်းအား၏ အံ့သြစရာ ကောင်းပုံကိုလည်း သိရှိခဲ့ဖူးလေသည်။

ထို့ကြောင့် ယနေ့အခါတွင်တော့ သူ့အတွက် အံ့သြစရာ မရှိ တော့ပေ။

သို့သော်... တာအိုဆရာသခင်ကြီးများ၏ တန်ခိုးစွမ်းအားများ ဆိုသည်က ပြောမပြနိုင်လောက်အောင် ရင်သပ်ရှုမောရစမြဲ

ဖြစ်လေသည်။ ကွမ်းချန်ကျီ ထိုတန်ခိုးစွမ်းအားကို ကျင့်ကြံ သည့်အခါ သူသည် ဟွင့်ယွမ်ဝူကျီအဆင့် ကျင့်ကြံသူတစ် ယောက်အလား တန်ခိုးစွမ်းအား မြင့်မားလျှက် ရှိလေသည်။ ပေါက်ကွဲလွင့်စင်သွားသည့် ကြယ်စင်များအောက်တွင် ယွီ ကေရာဇ်၏ သုံးမြှောင့်မီးအိုးကြီး (၉)ခုက ကိုယ်ခွဲ (၈)ခုမှ တန်ခိုးစွမ်းအား (၈)ခုဖြင့် ပေါင်းစည်းကာ ကြယ်စင်တစ် ထောင်တန်ခိုးစွမ်းအားကို တားဆီးထားလိုက်လေသည်။ ဆန်းလျန်က ယွီကေရာဇ်ကို ကယ်တင်ရန် ရောက်လာခြင်းဖြစ် သော်လည်း ချက်ချင်းကယ်တင်ရန် ရည်ရွယ်ချက် မရှိသေး ပေ။

သူက စကြာဝဠာတစ်နေရာတွင် ပုန်းကွယ်ပြီး မတ်တတ်ရပ်နေ ရင်း တိုက်ပွဲအခြေအနေကို လေ့လာနေလေသည်။ သူရောက်ရှိ နေကြောင်းကို မည်သူမှ သိရှိခြင်း မရှိကြပေ။

ရှမ်တုတောက်ကျောင်းတစ်ဖြစ်လဲ ရှမ်ဟွမ်မိုးနတ်မင်းနှင့် တိ ကျန်ဗောဓိသကျတို့သည်လည်း အခြေအနေကို ကြည့်ရန် ရောက်ရှိနေကြလင့်ကစား ဆန်းလျန်ရောက်ရှိနေသည်ကို အာရုံခံမိခြင်း မရှိကြပေ။

သို့သော်... ယွီကောရာဇ်၏ နန်းတော်ထဲတွင် တစ်စုံတစ်ယောက် ပုန်းအောင်းနေသည်ကို ဆန်းလျန် သိရှိလိုက်လေသည်။ယွီ ကောရာဇ်တွင် စစ်ကူတစ်ယောက် ရှိနှင့်ပြီးသားဖြစ်ကြောင်း ဆန်းလျန် သိရှိလိုက်သည်။

ရုတ်တရက်... အဖြူရောင်အမွေးရှည်များရှိသည့် မြေခွေးတစ် ကောင် ထွက်ပေါ်လာလေသည်။ မြေခွေး၏ စိမ်းပြာရောင် မျက်ဝန်းများက ပင်လယ်ရေအလား ကြည်လင်လျှက်ရှိလေ သည်။ သူ၏ အမြီး (၉)ခုက ကောင်းကင်တစ်ခုလုံးကို ဖုံးလွှမ်း သွားလေသည်။ ကြယ်စင်တန်း (၉)ဆင်းနှင့်ပင် တူလွန်းလှပြီး လေထဲတွင် ယိမ်းနွဲ့လျှက်ရှိလေသည်။

ယွီကေရာဇ်က ကြိုးဝါးသံကြီးတစ်ချက် ပြုလုပ်လိုက်လေ

သည်။ ထို့နောက် ယွီခြေလှမ်းပညာကို အသုံးပြုကာ ရှေ့သို့ခြေ

တစ်လှမ်းလှမ်းလိုက်လေသည်။

တစ်ချိန်တည်းမှာပင်... သုံးမြှောင့်မီးအိုးကြီး (၉)ခုက

ကောင်းကင်ထက်သို့ ပျံဝဲတက်သွားပြီး အဆုံးမရှိ လင်း

လက်တောက်ပလာလေသည်။ ထို့နောက် အမြီး (၉)ခု

မြေခွေး၏ အမြီး (၉)ချောင်းထက်တွင် သုံးမြှောင့်မီးအိုးကြီး

(၉)ခုက တည်နေလေသည်။

ထိုအခါ နတ်မိစ္ဆာမြေခွေး၏ တန်ခိုးစွမ်းအားများက ပိုပြီး မြင့်

တက်လာလေတော့သည်။

တစ်ချိန်တည်းမှာပင် ယွီကေရာဇ်၏ ယွီခြေလှမ်းများက

ဗလာနယ်ထဲတွင် ခြေလှမ်းပေါင်း (၉၉)လှမ်းနှင့် ထောင့်ဖြတ်

ခြေလှမ်း (၈၁)လှမ်း ဖြစ်ပေါ်လာလေသည်။ ထိုခြေလှမ်း

များသည် လောကကြီးတစ်ခုလုံးကို ဖျက်စီးပစ်တော့မည့်

အလား ဖြစ်လေ၏။

ထိုမြင်ကွင်းကိုမြင်သည်နှင့် ချင်းရှီးက သူ၏ ရှမ်ဟွမ်စေတီကို

အခိုးအငွေ့အသွင်ပြောင်းကာ အကာအကွယ်ယူထားလိုက်လေ

သည်။ ထိုအခါ ယွီကေရာဇ်၏ တန်ခိုးစွမ်းအားများသည် သူ့ကို

အန္တရယ်ပေးနိုင်ခြင်း မရှိတော့ပေ။

ကေရာဇ်ပေတံက မြေတစ်ကောင်အလား စကြာဝဠာကို

လွှမ်းခြုံထားဆဲဖြစ်လေသည်။

ဗလာနယ်ထဲတွင် တန်ခိုးစွမ်းအားများ ရောယှက်ရှုတ်ထွေးလျှ

က် ရှိလေတော့သည်။

မာရ်နတ်ကတော့ မျော်ဝင်ဓားကိုကိုင်ကာ မတ်တတ်ရပ်နေလေ

သည်။

သူ၏ပတ်ပတ်လည်တွင် အဆုံးမရှိသည့် နတ်ဆိုးစစ်သည်

တော်များထွက်ပေါ်လာပြီး စကြာဝဠာကြီးတစ်ခုလုံး လွှပ်ခါ

တော့မည့်အလား ကြိုးဝါးသံများဖြင့် ဆူညံလျှက် ရှိလေ

တော့သည်။

နဂါးငွေ့တန်း နက်ရှိုင်းသည့်နေရာတွင် အဝါဖျော့ရောင်ဝတ်စုံ

ကိုဝတ်ဆင်ထားသည့် တာအိုကျင့်ကြံသူတစ်ယောက်သည်

ရှေ့သို့ လှမ်းလာလေသည်။ သူ၏လက်ထဲတွင် နတ်

ခေါင်းလောင်းတစ်ခုကိုကိုင်ထားပြီး ကြယ်စင်များမှ တန်ခိုး

စွမ်းအားများက ထိုခေါင်းလောင်းအတွင်းသို့ စီးဆင်းဝင်

ရောက်နေကြလေသည်။

နတ်ခေါင်းလောင်းမှ ထွက်ပေါ်နေသည့် ခေါင်းလောင်းသံက

ကြည်လင်ပြီး ရှည်လျားလေသည်။

ထိုအခါ… ဖော်မပြနိုင်လောက်အောင် များပြားလွန်းသည့် နတ်

ဘုရားဝိညာဉ်များသည် နဂါးငွေ့တန်းအလား သူ့ရှေ့တွင် စီး

ဆင်းလွင့်မျောလာကြလေသည်။

ထိုသူမှ ကွမ်းချန်ကျီ ဖြစ်လေသည်။

သူ၏ တန်ခိုးစွမ်းအားများက မာရ်နတ် ၊ ချင်းရှီး တို့၏ တန်ခိုး စွမ်းအားများနှင့် ပေါင်းစပ်သွားပြီး ကြီးမားသည့် တန်ခိုး စွမ်းအားထုကြီးတစ်ခုက စကြာဝဠာကြီးတစ်ခုလုံးကို ဖုံးအုပ် သွားလေသည်။

ထို့နောက် ယွီကေရာဇ်နှင့် အမြီးကိုးချောင်း နတ်ဒေဝါမြေခွေး တို့ကို ပိတ်ဆို့ထားလိုက်လေတော့သည်။

အမြီး (၉)ချောင်းပါရှိသည့် နတ်ဒေဝါမြေခွေးသည် တန်ခိုး စွမ်းအားအလွန်မြင့်မားသော်လည်း နတ်ဘုရား (၃)ပါး၏ တန်ခိုးစွမ်းအားများချိတ်ဆက်ထားသည့် စွမ်းအားထုကြီးကို တော့ ထိုးဖောက်နိုင်ခြင်း မရှိပေ။

နတ်ဒေဝါမြေခွေးသည် တဖြည်းဖြည်း အလွန်ချောမောလှပ သည့် မိန်မပျိုတစ်ယောက်အသွင်သို့ ကူးပြောင်းသွားလေ သည်။

ချောမောလှပရုံသာမက အပြစ်တစ်စက်မှ ဆိုစရာမရှိအောင်

ပြည့်စုံလှပလွန်းခြင်း ဖြစ်လေ၏။

ယွီကေရာဇ်က သူမကို တီးတိုးပြောလိုက်လေသည်။

"ကိုယ့်ကြောင့် မင်းလည်း နာကျင်ရပြီ..."

အမြီးကိုးချောင်းနတ်ဒေဝါမြေခွေးက သူ့ပခုံးထက်တွင် ခေါင်း

မှီလိုက်ရင်း...

"ရှင့်ကြောင့် မဟုတ်ပါဘူး..."

ယွီကေရာဇ်က...

"ကွမ်းချန်ကျီ၊ မင်းကတော့ ကျုပ်ရဲ့ သုံးမြှောင့်မီးအိုး (၉)ခုကို

တော့ စိတ်ဝင်စားမှာ မဟုတ်ဘူး၊ မင်းက ဘာအတွက်

တိုက်ခိုက်ရတာလဲ..."

သူ့စိတ်ထဲတွင် နားမလည်သည့်အချက်ကို အမှန်အတိုင်းမေး

လိုက်ခြင်းဖြစ်လေသည်။

မာရ်နတ်နှင့် ချင်းရှီးတို့ကတော့ အမှန်တကယ်ပင် သုံးမြောင့်မီးအိုး (၉)လုံးကို လိုချင်ကြခြင်း ဖြစ်လေသည်။

သို့သော် ကွမ်းချန်ကျီလိုလူမျိုးကတော့ ထိုသို့ မဟုတ်တန်ရာပေ။

ကွမ်းချန်ကျီက...

"ယွီကေရာဇ်၊ မင်း မခုခံဘဲ အရှုံးပေးလိုက်ရင် မင်းကို ကျုပ်တို့ လွှတ်ပေးမယ်..."

ယွီကေရာဇ်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ကျုပ်က အမြဲတမ်းဖြောင့်မတ်စွာနေခဲ့တဲ့သူပါ၊ ဘယ်အကြံအစည်မှာမှ ပါဝင်ပတ်သက်လိုခြင်းမရှိဘူး၊ အခု ကွမ်းချန်ကျီက ကျုပ်မေးတဲ့စကားကို မဖြေသေးဘူးနော်၊ ဘာလို့ကျုပ်ကို တိုက်ခိုက်ရတာလဲ..."

မာရ်နတ်ထံမှ ရယ်မောသံထွက်ပေါ်လာပြီး...

"ကျုပ်က မိတ်ဆွေ ကွမ်းချန်ကျီကို မိုးကောင်းကင်နတ်မိစ္ဆာတွေရဲ့ စစ်မှန်တဲ့လွတ်မြောက်မှုအတွက် ကျုပ်တို့နဲ့လက်တွဲဖို့ ကမ်းလှမ်းခဲ့တာ..."

ယွီကေရာဇ်က မာရ်နတ်ကို နက်ရှိုင်းသည့်အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်ပြီး...

"အနာဂတ်မှာ တစ်ယောက်ယောက်က မင်းရဲ့အပြစ်တွေကို သိသွားမှာ မကြောက်ဘူးလား မာရ်နတ်..."

မာရ်နတ်က...

"သိသွား ပိုတောင်ကောင်းသေးတယ်..."

ယွီကေရာဇ်က...

"မင်းလိုကောင်က သမိုင်းတစ်လျှောက်မှာ စွမ်းအားအကြီးမားဆုံးလူတစ်ယောက်အဖြစ် မှတ်တမ်းတင်ခံရတာ မအံ့သြတော့ပါဘူးကွာ..."

သူက မာရ်နတ်ဆိုလိုသည့်အဓိပ္ပါယ်ကို ယေဘူယျနားလည်လိုက်လေသည်။

မာရ်နတ်က နတ်ဘုရားများကိုပင် ပြုစားနိုင်ခဲ့လေပြီလား။

ကြည့်ရသည်မှာ သူ၏ မိစ္ဆာလမ်းစဉ်သည် ပြီးပြည့်စုံသည့်အဆင့်သို့ ရောက်ရှိနေဟန် ရှိလေသည်။

တစ်ချိန်တည်းမှာပင်...

မာရ်နတ်မည်မျှရူးသွပ်သည်ကို သတိပြုလိုက်မိလေသည်။

ထို့ကြောင့် သေခြင်းရှင်ခြင်းကို သူ့စိတ်ထဲတွင် မထားတော့ဘဲ ပိုမိုမြင့်မားသည့် တန်ခိုးစွမ်းအားများကို အသုံးပြုကာ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

မာရ်နတ်၏စကားကို တုံ့ပြန်ရန်အတွက် စကားတစ်ခွန်းသာ ရှိလေသည်။

"သောက်ရူးများသည် တရားအလင်းမရနိုင်" ဆိုသည့်စကားပင်။

မာရ်နတ်သာ ဆန်းလျန်နှင့် ခေတ်ပြိုင်မဟုတ်ခဲ့လျှင် စကြာဝဠာ

တစ်ခုလုံးကို ကြမ္မာဆိုးကျရောက်စေမည့်သူမှာ ဆန်းလျန်

မဟုတ်ဘဲ မာရ်နတ်၏လုပ်ရပ် ဖြစ်ပေလိမ့်မည်။

မာရ်နတ်က...

"အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့တော့ ၊ တာအိုဆရာကွမ်းချန်

ကျီ ဘယ်လောက်စွမ်းလဲဆိုတာသာ ကြည့်လိုက်တော့..."

ကွမ်းချန်ကျီက ယွီကောရာဇ်ကို နက်ရှိုင်းသည့်အကြည့်တစ်

ချက်ဖြင့် ကြည့်လိုက်ပြီး...

"တိုက်မယ်..."

ဟုပြောလိုက်လေသည်။

ထို့နောက် ကွမ်းချန်ကျီက သူ၏လက်ဖဝါးများကို အသာဖြန့်

လိုက်လေရာ လက်ဖဝါးထက်တွင် ဖန်းထျန်းစည်းတံဆိပ်

ထွက်ပေါ်လာလေသည်။

ယွီကောရာဇ်ရော နတ်ဒေဝါမြေခွေးပါ ဖန်းထျန်းစည်းတံဆိပ်ကို တွေ့မြင်လိုက်ရသည့်အခါ စကြာဝဠာကြီးတစ်ခုလုံး ချာချာ လည်သွားသလို ခံစားလိုက်ကြရလေသည်။

မရေမတွက်နိုင်အောင် အသက်ရှင်သန်ခဲ့ကြသည့် နှစ်ပေါင်း များစွာအတွင်းတွင် ပထမဆုံး သိမ်ငယ်မှုနှင့် အရေးမပါသည့် ခံစားချက်ကို ခံစားလိုက်ကြရလေသည်။

ဖန်းထျန်းတံဆိပ်တော်ဆိုသည်မှာ ယွီချင်တာအိုဆရာသခင် ယွမ်စီထျန်းကျွင်း သေသေချာချာ ပြုလုပ်ထားခဲ့သည့် မှော်ဝင် စည်းတံဆိပ်တစ်ခုဖြစ်လသည်။

ခေတ်အဆက်ဆက်တွင် ... ကွမ်းချန်ကျီသည် ဖန်းထျန်း တံဆိပ်တော်ကို အသုံးပြုကာ မည်မျှအင်အားကြီးမားသည့် ရန်သူဖြစ်ပါစေ အနိုင်ယူခဲ့သည်ချည်းပဲ ဖြစ်လေ၏။

မျက်စိတစ်မှိတ်အတွင်းမှာပင်... ဖန်းထျန်းတံဆိပ်တော်မှ အံ့ဩထိတ်လန့်စရာ တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာကာ ယွီ

ဧကရာဇ်နှင့် နတ်ဒေဝါမြေခွေးကို ပိတ်ဆို့ထားလိုက်လေ

တော့သည်။

ရုတ်တရက်... သူတို့ (၂)ယောက်လုံး၏ စိတ်များ ဝေဝါးသွား

ပြီး မျက်လုံးအမြင်များကိုလည်း ဖန်းထျန်းတံဆိပ်တော်က

ဖုံးကွယ်ပစ်လိုက်လေသည်။

ဖန်းထျန်းတံဆိပ်တော်မှ တန်ခိုးစွမ်းအားများ သူတို့

(၂)ယောက်ကို ထိခိုက်မိသည့်အချိန်ခဏတွင်ပင် သူတို့

(၂)ယောက်လုံး ချက်ချင်းပင် တစ်စစီ ဖြစ်သွားနိုင်လေသည်။

နတ်ဒေဝါမြေခွေး၏ အမြီး (၉)ချောင်းသည် သေခြင်းရှင်

ခြင်းကြားတွင် လူးလွန့်လှုပ်ရှားနေလေသည်။ဖန်းထျန်းစည်း

တံဆိပ်၏ ရွှေရောင်အလင်းတန်းများအောက်တွင် သဘာဝကျ

စွာပင် လှုပနေလေသည်။

ထိုအချိန်မှာပင်... ဧကရာဇ်ပေတံကရုတ်တရက် လှုပ်ရှားလာ

ပြီး ယွီဧကရာဇ်နှင့် နတ်ဒေဝါမြေခွေးကို ကာကွယ်ထားသည့်

တောက်ပသည့်အလင်းတန်းများကို ဖယ်ရှားပစ်လိုက်လေ

သည်။

ကြယ်စင်ကောင်းကင်တစ်ခုလုံး ကြည်လင်သွားလေ၏။

ယွီကေရာဇ် သတိပြန်ဝင်လာလေသည်။

သူ၏မျက်ဝန်းများတွင် နတ်ဘုရားအလင်းရောင်များလင်း

လက်လာပြီး နဂါးနှစ်ကောင်အလား တန်ခိုးစွမ်းအားများ ထွက်

ပေါ်လာပြီး ကေရာဇ်ပေတံကို ရိုက်ချလိုက်လေသည်။

စကြာဝဠာတစ်ခုလုံးကို အဖြူရောင်အလင်းတန်းတစ်ခုက

ဖုံးအုပ်သွားလေ၏။

သို့သော်... ယွီကေရာဇ် စိတ်သက်သာရာမရနိုင်သေးပေ။

အဘယ်ကြောင့်ဆိုသော်... သူ၏ တန်ခိုးစွမ်းအားများ

ရုတ်တရက် လျော့ကျသွားသည်ကို ခံစားလိုက်ရသောကြောင့်

ဖြစ်လေသည်။ တန်ခိုးစွမ်းအားများ လျော့ကျသွားသည့်အပြင်

တန်ခိုးစွမ်းအားများကိုလည်း စုစည်း၍ မရတော့ပေ။

တစ်ချိန်တည်းမှာပင် မှိန်ပျပျဓားအလင်းတန်းတစ်ခုထွက်

ပေါ်လာပြီး အချိန်နှင့်နေရာကို ဖြတ်ကျော်ကာ မရေမတွက်နိုင်

သည့် အော်မြည်သံများပြုကာ ထွက်ပေါ်လာကြသည့် နတ်ဆိုး

များကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရလေသည်။

သူ့စိတ်ထဲတွင် ဒေါသထွက်နေသည့်တိုင် သူ့တွင် ထိုဓားဝိညာဉ်

ကို တားဆီးနိုင်စွမ်း မရှိတော့ပေ။

ထိုအချိန်မှာပင်...

ယွီကေရာဇ်၏ နားထဲသို့ တိုးတိတ်သည့်အသံတစ်သံဝင်

ရောက်လာလေသည်။

"စစ်ဝမ်မင့်... ၊ မင်းကို ကျုပ် တစ်ကြိမ်ကယ်တင်ပေးခဲ့တယ်

ဆိုတာကို အမြဲ အမှတ်ရနေပါ..."

ထို့နောက် စကြာဝဠာဗလာနယ်ထဲတွင် တံခါးတစ်ချပ်ပွင့်သွား

ပြီး ရှိရှိသမျှ တန်ခိုးစွမ်းအားများအားလုံးကို စုပ်ယူသွားလေ

တော့သည်။

"ရှမ်မင်တံခါး..."

ချင်းရှီးက တုန်လှုပ်စွာဖြင့် အော်ဟစ်လိုက်လေတော့သည်။

အခန်း (၈၉၅) ထိုက်ဟောက်

"တောင်ကြားနတ်မိမယ်ကို ရှမ်မင်မိန်းမပျိုလို့ခေါ်တယ်...

ရှမ်မင်တံခါးဆိုတာ မိုးနဲ့မြေရဲ့ အရင်းအမြစ်ပဲ..."

လေထဲတွင် စကားသံတစ်သံထွက်ပေါ်လာပြီး တဖြည်းဖြည်း

တိုးတိတ်ပျောက်ကွယ်သွားလေသည်။

သူတို့အားလုံး ရှမ်မင်တံခါးကို စိတ်ဝင်စားသွားကြလေသည်။

ရှေးခေတ်အချိန်များစွာတုန်းက တန်ခိုးစွမ်းအားမြင့်မားသူများ

များစွာ ပေါ်ထွက်ခဲ့ဖူးကြလေသည်။ ယခု ဗလာနယ်ထဲတွင်

ထွက်ပေါ်လာသည့် စာသားအရဆိုလျှင် ရွှမ်မင်တံခါးသည်

နေရာအားလုံး၏ ဝင်ပေါက်တစ်ခု ဖြစ်လေသည်။

ဤတံခါးသည် မိုးနှင့်မြေတွင် လူသားများ၏ အစိက မကိုက်

ညီမှုကြီး (၄)ခုကို ညှိနှိုင်းရန်အတွက် လောကအလယ်တွင်

တစ်ခါတစ်ရံတွင် ပွင့်သွားတတ်ပြီးတစ်ခါတစ်ရံတွင် ပိတ်သွား

တတ်လေသည်။ လှုပ်ရှားမှုက ငြင်သာပြီး သဘာဝကျလေ

သည်။

မည်သည့် ပါရမီရှင် ၊ မည်သည့်တန်ခိုးရှင်မှ ထိုတံခါး၏

လုပ်ဆောင်မှုကို ဝင်ရောက်စွက်ဖက်၍ မရပေ။

ရွှမ်မင်တံခါးအတွင်းမှ တိမ်တိုက်များကြားတွင် ပုန်းကွယ်နေ

သည့် ကောင်းကင်ဘုံကိုးလွှာနတ်နဂါးကြီးတစ်ကောင်ကို

လူသားများပင် တွေ့မြင်ရနိုင်လေသည်။

နဂါးအကြေးခွံတစ်စနှင့် လက်သည်းခွံတစ်ခုကိုသာ တွေ့မြင်ရလေသည်။

ဗုဒ္ဓက သစ္စာတရားဖြင့် ရွှမ်မင်တံခါးကို ပိတ်ခဲ့ဖူးလေသည်။ သို့သော်... ထိုက်ဟောက်ကေရာဇ်ဆိုသည့် အနန္တတန်ခိုးစွမ်းအားကို အသုံးပြုနိုင်သူတစ်ယောက်ကတော့ ရွှမ်မင်တံခါးကို ဖွင့်နိုင်ပိတ်နိုင်စွမ်း ရှိလေ၏။

ကွမ်းချန်ကျီတို့ (၃)ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြလေသည်။ သူတို့သည် ထိုက်ဟောက်အကြောင်းကို စဉ်းစားမိကြသည့်အခါ ရွှမ်မင်တံခါးမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများထက်ပင် ကြောက်ရွံ့ထိတ်လန့်သွားကြလေသည်။

ထို့နောက် ဗလာနယ်ထဲတွင် ဖျပ်စောင်းတီးခတ်သံတစ်သံထွက်ပေါ်လာပြီး ဖျပ်စောင်းသံမှာ အံ့သြစရာကောင်းလွန်းလှလေသည်။

ဗျပ်စောင်းသံထွက်ပေါ်လာသည်နှင့် ဗလာနယ်တစ်ခုလုံးတွင်

ပျံ့နှံ့နေသည့် သတ်ဖြတ်လိုသည့်အငွေ့အသက်များအားလုံး

တစ်မဟုတ်ချင်း ပျောက်ကွယ်သွားလေသည်။

ချင်းရှီးက တစ်ချက်ပြုံးလိုက်ရင်း...

"ကြည့်ရတာ ထိုက်ဟောက် ဒီနေရာကို ရောက်နေတယ်ထင်

တယ် ၊ ဘာလို့ ထွက်မတွေ့ရတာလဲ..."

စကြာဝဠာဗလာနယ်ထဲတွင် ရှမ်မင်တံခါးက ပိတ်မသွားသေး

ဘဲ ပွင့်နေဆဲ ဖြစ်လေသည်။

သို့သော်... စကြာဝဠာအတွင်းမှ မည်သည့်တန်ခိုးစွမ်းအားကိုမှ

စုပ်ယူခြင်းမရှိတော့ဘဲ ငြိမ်သက်နေလေသည်။

သို့သော်... မည်သူမှ ကိုယ်ထင်ပြထွက်ပေါ်လာခြင်း မရှိပေ။

တောင်ပေါ်စမ်းချောင်းလေး စီးဆင်းနေသည့်အလား ၊ လေပြေ

က ဝါးရုံတောသို့ ဖြတ်သန်းတိုက်ခတ်သွားသည့်အတွက် ဝါး

ရွက်လေးများလှုပ်ရှားသံအလား သာယာကြည်လင်သည့်

ဗျပ်စောင်းသံကသာ လေထဲတွင် ပျံ့လွင့်နေလေသည်။

ချင်းရှီးက ရောက်လာသည့်သူမှာ သေချာပေါက် ထိုက်

ဟောက်ဖြစ်မည်ဟုထင်လိုက်ပြီး ...

"ဒီကိစ္စမှာ ထိုက်ဟောက် ဝင်ပါမှတော့ ကျုပ်တို့တွေ ပြန်ဆုတ်

ကြရအောင်..."

မာရပ်နတ်က တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်...

"သူက မျက်နှာမပြရဲမှတော့ ထိုက်ဟောက် မဖြစ်နိုင်ဘူး ၊ သူ

တစ်ယောက်တည်းနဲ့ ဘယ်လိုလုပ်ဒီကိစ္စတွေကို လုပ်နိုင်မှာ

လဲ.."

ယွီကေရာဇ်က ကျယ်လောင်သည့်လေသံဖြင့်...

"မာရ်နတ်... ဒီနေ့ကိစ္စတွေကိုဖြစ်သွားတာ ၊ ကျုပ် မင်းကို

အလွတ်ပေးမယ် မထင်နဲ့..."

ကွမ်းချန်ကျီက...

"ထိုက်ဟောက်ဆိုလို့ရှိရင် ကိုယ်ထင်ပြပါ၊ ထိုက်ဟောက်က ယှီဧကရာဇ်ကို ကူညီချင်တယ်ဆိုရင် ကျုပ်တို့ဘက်က လျှော့ပေးပါ့မယ်..."

မာရ်နတ်က စကားဆက်မပြောတော့ဘဲ အေးစက်စွာဖြင့် ရယ်မောနေလေသည်။

ကွမ်းချန်ကျီနှင့် ချင်းရှီးတို့က ရှေးအချိန်များတုန်းက ထိုက်ဟောက်နှင့် ဆုံတွေ့ခဲ့ဘူးလေသည်။ သို့သော်... ခင်မင်ရင်းနှီးကြသူများတော့ မဟုတ်ကြပေ။

ရှမ်မင်တံခါးသည် အလွန်ကျော်ကြားသည့်တံခါးတစ်ခုဖြစ်လေသည်။ ထို့ကြောင့် သူတို့အားလုံး အစပိုင်းတွင် အံ့အားသင့်သွားကြရပြီး မည်သည့်နည်းနှင့်မှ ထိုက်ဟောက်နှင့် ရင်ဆိုင်လိုခြင်း မရှိကြပေ။

ရှမ်မင်တံခါးက တစ်ချက်တုန်ခါသွားပြီး အရင်ကထက်ပိုပြီး ကြည်လင်တောက်ပလာလေသည်။ တံခါးအတွင်းမှ နက်နဲ

သည့်တာအိုတန်ခိုးစွမ်းအားများထွက်ပေါ်လာပြီး ရှည်လျားလှ

သည် စကြာဝဠာကြီးတစ်ခုလုံးနှင့် ကာရံညီသွားလေသည်။

ယွီကေရာဇ်၏ သုံးမြှောင့်မီးအိုး (၉)လုံးမှာ ရွှမ်မင်တံခါးဝတွင်

အနည်းငယ် လှုပ်ခါသွားပြီး ကြီးမားသည့် တန်ခိုးစွမ်းအားများ

ထွက်ပေါ်လာလေသည်။

ထို့နောက် ရွှမ်မင်တံခါးမှ တောက်ပသည့်အလင်းတန်းများ

ထွက်ပေါ်လာပြီး မှော်ဝင်သတ္တဝါကြီးတစ်ကောင်သည် မိုေး

ကောင်းကင်မဟာလမ်းစဉ်၏ တန်ခိုးစွမ်းအားများဖြင့် စတင်နိုး

ထလာလေတော့သည်။

ခမ်းနားပြီး လျှို့ဝှက်နက်နဲလှသည့် တာအိုတန်ခိုးစွမ်းအားများ

က စိမ်းပြာရောင်မီးနဂါးကြီးတစ်ကောင်အလား ထွက်ပေါ်လာ

ပြီး ကြယ်စင်ကောင်းကင်ဗလာနယ်ထဲတွင် တောက်ပထိန်လင်း

လျှက်ရှိလေသည်။ ကောင်းကင်တစ်ခွင်လုံးသည်ပင် စိမ်းပြာ

ရောင်တောက်ပသွားလေသည်။

ထိုတာအိုတန်ခိုးစွမ်းအားကြီးက ကွမ်းချန်ကျီအပါအဝင်အခြား သူများအားလုံးကို ဖိနှိပ်ထားပြီး သူတို့၏ တာအိုနှလုံးသားများ ပင် တုန်လှုပ်သွားကြရလေသည်။ ရှမ်မင်တံခါးမှ ပေါက်ကွဲ ထွက်လာမည့် တန်ခိုးစွမ်းအားများက သူတို့အားလုံးကို ပျက်စီးသွားစေရန် ခြိမ်းခြောက်နေကြောင်း သူတို့အားလုံး နားလည်လိုက်ကြရသည်။

ကွမ်းချန်ကျီက မာရ်နတ်ကို ကြည့်လိုက်ရင်း...

"သွားကြမယ်..."

ချင်းရှီးကတော့ စကားတစ်လုံးမှ မပြောတော့ဘဲ ရှမ်ဟွမ် စေတီမှ အဝါရောင်နှင့်အနက်ရောင်တန်ခိုးစွမ်းအားများထွက် ပေါ်လာပြီး ကြယ်စင်ကောင်းကင်ထက်တွင် ပျံ့နှံ့သွားကာ ပျောက်ကွယ်သွားလေတော့သည်။

မာရ်နတ်ကတော့ ရှမ်မင်တံခါးကို နက်နက်ရှိုင်းရှိုင်းတစ်ချက် ကြည့်လိုက်ပြီး ဗလာနယ်ထဲမှ ပျောက်ကွယ်သွားလေသည်။

ကွမ်ချန်ကျီ၏လက်ထဲတွင် ကိုင်ထားသည့် နတ်ခေါင်းလောင်း

မှ အဆုံးမရှိ ခေါင်းလောင်းသံများထွက်ပေါ်လာပြီး အခိုးအငွေ့

များအဖြစ်ပြောင်းလဲကာ ပျောက်ကွယ်သွားလေတော့သည်။

သူတို့အားလုံး ပျောက်ကွယ်သွားသည်နှင့် ဗလာနယ်ထဲမှ ရွှမ်

မင်တံခါးသည်လည်း ပျောက်ကွယ်သွားလေသည်။

ယွီကေရာဇ်၏ သုံးမြှောင့်မီးအိုး (၉)လုံးသည်လည်း ပြန်လည်

ငြိမ်သက်သွားကြလေသည်။

ယွီကေရာဇ်က မျက်မှောင်တစ်ချက်ကြုံ့လိုက်ရင်း...

"နောင်တော်ထိုက်ဟောက် ၊ သူတို့ကို ဘာလို့ ကိုယ်ထင်ပြပြီး

ထွက်မတွေ့ရတာလဲ..."

ယွီကေရာဇ်ဘေးနားမှ နတ်ဒေဝါမြေခွေးက တစ်ချက်ရယ်မော

လိုက်ရင်း...

"ဘယ်က ထိုက်ဟောက်ရမှာလဲ ၊ ကျွန်မတို့ကို ကူညီတာ ချင်းရွှ

မ်နတ်တံခါးက ဆန်းလျန်ထျန်းကျွင်းပဲ..."

တည်ငြိမ်သည့်အသံတစ်သံက ဗလာနယ်ထဲတွင် ပျံ့နှံ့လာလေသည်။

"ကွမ်းချန်ကျီနဲ့ ချင်းရှီးတောင်မှ ထိုက်ဟောက်လို့ပဲ ထင်နေတာ ၊ ဒီက သခင်မက တစ်ချက်တည်းနဲ့ ဆန်းလျန်ဆိုတာ ဘယ်လိုလုပ်သိသွားရတာလဲ..."

"ဗျပ်စောင်းသံထဲမှာ "တာ့စန့်ယီယင်း" တေးသွားရဲ့ အနှစ်သာရတွေပါနေတယ် ၊ ကျွန်မက နတ်ဒေဝါမြေခွေးတစ်ပါးဆိုတော့ ကျွန်မရဲ့တန်ခိုးစွမ်းအားက ကွမ်းချန်ကျီနဲ့ ချင်းရှီးတို့လောက် ဘယ်လိုလုပ် မြင့်မားနိုင်မှာလဲ ၊ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက်က အရည်အချင်းတွေတော့မတူကြပါဘူး ၊ ဒါကြောင့် ကျွန်မက ဗျပ်စောင်းတေးသံကတစ်ဆင့် ဆန်းလျန်ထျန်းကျွင်းရဲ့ အစစ်အမှန်ရုပ်ခန္ဓာကို တွေ့မြင်ခဲ့ရပါတယ်..."

နတ်ဒေဝါမြေခွေး၏ တည်ငြိမ်သည့်မျက်ဝန်းများက မျှော်လင့်ချက်များဖြင့် ပြည့်နေပြီး သူမ၏ မျက်ဝန်းအိမ်ထဲ

တွင် ဆန်းလျှန်၏ ပုံရိပ်ပေါ်နေလေသည်။ အလွန်မှေးမှိန်နေသည့်တိုင် ဆန်းလျှန်ကို သူမ တွေ့မြင်နေရဆဲဖြစ်လေ၏။

ဆန်းလျှန်က ပုန်းကွယ်မနေတော့ဘဲ ကိုယ်ထင်ပြလိုက်လေသည်။

"ကြည့်ရတာ အမြီး (၉)ချောင်း နတ်ဒေဝါမြေခွေး သခင်မက အဆုံးထိ ကျင့်ကြံခဲ့ပြီးပြီထင်တယ်၊ မိုးကောင်းကင်လမ်းစဉ်ကိုတောင် ကျော်ဖြတ်ပြီး နတ်စကြ္ဝာရနေခဲ့ပြီ..."

နတ်ဒေဝါမြေခွေးက...

"ကျွန်မက တာအိုဆရာသခင်ထိုက်ယီရဲ့ အကူအညီကိုရခဲ့လို့ ဒီလိုမျိုး ကံကောင်းခဲ့တာပါ..."

ဆန်းလျှန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"မအံ့သြတော့ပါဘူး၊ ချင်းရှမ်နတ်တံခါးရဲ့ ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲက နတ်ဒေဝါမြေခွေးစာတမ်းရှည်ကို ရေးသားခဲ့တဲ့ နတ်ဒေဝါမြေခွေးဟာ သခင်မပဲ မဟုတ်လား..."

နတ်ဒေဝါမြေခွေးက ပြုံးလိုက်ပြီး...

"ကျွန်မက ထူစန်းတောင်ဂိုဏ်းက ဆင်းသက်လာတဲ့ နတ်ဒေဝါမြေခွေးပါ၊ ကျွန်မ စစ်ဝမ်မင့်နဲ့ လက်ထပ်ခဲ့တာ ကြာပါပြီ၊ နောက်ပိုင်းကျင့်စဉ်လမ်းမှာ အစစ်ဆေးခံခဲ့ရပြီး လူပြန်ဝင်စားခဲ့ရတယ်၊ တာအိုဆရာသခင်ထိုက်ယီနဲ့ မတွေ့မချင်း ကျွန်မဟာ လမ်းပျောက်နေခဲ့ရတယ်၊ ကျွန်မနာမည်က ချင်းဖုန်းလို့ခေါ်ပါတယ်၊ အချို့ကလည်း ချင်းဖုန်းနတ်သမီးလို့ ခေါ်ကြတယ်၊ ကျွန်မရဲ့ နတ်ဒေဝါမြေခွေးစာတမ်းရှည်ကို ချင်းရှမ်နတ်တံခါးမှာ သိမ်းဆည်းထားဖို့အတွက် တာအိုဆရာသခင်ယွမ်ချင်းကို ကျွန်မကိုယ်တိုင်ပေးခဲ့တာပါ..."

ဆန်းလျန်က...

"ကျုပ် သိပါပြီ၊ ဒါနဲ့ သခင်မက တာအိုဆရာသခင်ထိုက်ယီနဲ့ ရင်းနှီးတာလား..."

နတ်ဒေဝါမြေခွေးက...

"ရှင်က ကျွန်မတို့ ဇနီးမောင်နှံရဲ့ အသက်ကို ကယ်ခဲ့တယ်၊ ရှင်မေးတဲ့မေးခွန်းမှတ်သမျှကို ကျွန်မ ဖြေပေးနိုင်ပါတယ်၊ ဒါပေမဲ့ တာအိုဆရာသခင်ထိုက်ယီအကြောင်းမေးမယ်ဆိုရင်တော့ ကျွန်မဘက်က ဖြေနိုင်မယ် မထင်ဘူး၊ ပြီးတော့ ရှင်လည်း အချိန်ရေစီးကြောင်းတစ်လျှောက်မှာ တာအိုဆရာသခင်ကြီးတွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံရှိခဲ့တဲ့သူပဲ၊ ရှင်တွေ့ကြုံခဲ့သမျှတွေက အမှန်လို့ ယူဆလို့ရသလို အမှားလို့လည်း ယူဆလို့ရတာတွေပါပဲ၊ ဒီလိုစကားမျိုးပြောလို့ ကျွန်မကို စိတ်မရှိစေချင်ဘူး..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

ထိုအကြောင်းများကို သူလည်း အနည်းငယ် သိခဲ့ပါသည်။ သူ့ကြောင့်ဖြစ်ပေါ်လာခဲ့သည့် တန်ခိုးစွမ်းအားများကင်းလွတ်ရာကမ္ဘာမြေတွင်ပင်လျှင် တာအိုဆရာသခင်ထိုက်ယီနှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ ရှိနေခဲ့လေသည်။

သို့သော်... တစ်စုံတစ်ယောက်က ရှာဖွေမည်ဆိုလျှင် သဲလွန်စ မကျန် ပျောက်ကွယ်နေလေသည်။ အရာအားလုံးက ဖျက်စီးခံထားရလေသည်။

တာအိုဆရာလီချင်းဆွေသာပြောပြခြင်းမရှိလျှင် ဆန်းလျန်သည်လည်း ထိုအကြောင်းများကို သိခွင့်ရခဲ့မည် မဟုတ်ပေ။

ထိုက်ယန်ကြယ်စင်ထက်တွင် ဆန်းလျန် ရှူ့လိုက်သည့်မီးကြောင့် ကမ္ဘာမြေကြီး ဖြစ်တည်လာကတည်းက ထိုနေရာတွင် တာအိုဆရာသခင်ထိုက်ယီနှင့်ပတ်သက်သည့်အတိတ်အကြောင်းအရာများ ရှိခဲ့ဟန်တူလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် တာအိုဆရာသခင် ထိုက်ယီသည် ဆန်းလျန်နှင့် တစ်စုံတစ်ခုများ ဆက်စပ်နေခဲ့သည်လား ထင်မှတ်စရာရှိသည်။

သို့သော်... တကယ်တမ်းတွင် ဆက်စပ်မှုမရှိခဲ့ပေ။

ကမ္ဘာမြေတွင် တာအိုဆရာသခင်ထိုက်ယီမှ မဟုတ်ပါ။ စန်းချင်

တာအိုဆရာသခင် (၃)ပါး ၊ ဗုဒ္ဓ နှင့် နီဝါးနတ်သမီးနှင့်

ပတ်သက်ဆက်နွယ်သည့်အရာများပင် ခွန်လွန်တောင်တွင် ရှိ

နေခဲ့သေးသည် မဟုတ်ပါလား။

တာအိုကျမ်းစာအချို့ပင်လျှင် ကမ္ဘာမြေတွင် ရှိနေခဲ့သေးသည်။

"မရှိမှု" က "ရှိမှု" ပင် ဖြစ်လေသည်။ ထိုအချက်ကြောင့်ပင်

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးများကို အနည်းငယ်

နားလည်ခဲ့ခြင်း ဖြစ်လေသည်။

သို့ရာတွင်… နားလည်သည့်တိုင်အောင် ပြောပြနိုင်ခြင်း မရှိ

သေးပေ။

"ဆန်းလျန် ၊ မင်းက သူတို့က မင်းကို ထိုက်ဟောက်လို့ထင်

သွားအောင် တမင်တကာလုပ်လိုက်တာ ၊ အဲဒါ ဘာအဓိပ္ပါယ်

လဲ…"

အချိန်အကြာကြီးတိတ်ဆိတ်နေသည့် ယွီကေရာဇ်က

ရုတ်တရက် ထမေးလိုက်လေတော့သည်။

.....

Footnote :

(ချင်းဖုန်းနတ်သမီးနာမည်ကို ချင်းရွှမ်လမ်းစဉ် ဆရာသခင်

စာစဉ် - ၃ ၊ အပိုင်း -၃၅ မှာကတည်းက မူရင်းစာရေးသူက

အစဖော်ထားခဲ့ပါတယ် - ဘာသာပြန်သူ)

အခန်း (၈၉၆) ထပ်တွေ့ပြန်ပြီနော် ချင်းဆွေ

စကြာဝဠာထဲတွင် မရေမတွက်နိုင်သည့် ကြယ်စင်များရှိလေ

သည်။

ကွမ်းချန်ကျီ၏ ကြယ်စင်တစ်ထောင်တန်ခိုးစွမ်းအားကြောင့်
အနီးအနားမှ ကြယ်စင်များ ရွေ့လျားသွားကြသော်လည်း
ကောင်းကင်ထက်တွင် ကြယ်စင်များ ပြန်လည်လှည့်ပတ်နေပြီး
နဂါးငွေ့တန်းဆီသို့ စီးဝင်ပေါင်းစပ်နေကြဆဲ ဖြစ်လေသည်။
စကြာဝဠာကြီး၏ အဆုံးမဲ့ ကျယ်ပြန့်မှုနှင့် အချိန်၏ အဆုံးမရှိ
မှုတို့ဖြင့် နှိုင်းယှဉ်လိုက်လျှင် လူသားများတည်ရှိမှုသည် ဘာမှ
မဟုတ်တော့ပေ။
ယွီကေရာဇ်က ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်လေ
သည်။
ဆန်းလျန်သည် အဆုံးမရှိသည့် အနန္တစကြာဝဠာကြီးနှင့်
ချိတ်ဆက်နေသည့်အလားထင်မှတ်ရပြီး ခွဲခြားပစ်ရန်မှာ
ခက်ခဲလှလေသည်။
ယွီကေရာဇ် မချိပြုံးတစ်ချက် ပြုံးလိုက်မိလေသည်။

သူက အမြဲတမ်း မာနကြီးလွန်းခဲ့သူတစ်ယောက်ဖြစ်သည့်တိုင် သူ၏အဆင့်က ဆန်းလျန်နှင့် မည်သို့မှ မယှဉ်နိုင်သည်ကို သိရှိလိုက်သောကြောင့် ဖြစ်သည်။

ဆန်းလျန်၏ အဆင့်သည် အချိန်ကိုကျော်လွန်နိုင်တော့မည့် အနေအထားဖြစ်လေသည်။

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

သူ၏ တန်ခိုးစွမ်းအားများသည် စကြာဝဠာတစ်ခွင်ရှိ ကြယ်စင်တိုင်းနှင့် ပေါင်းစည်းသွားလေ၏။ ကြယ်စင်စွမ်းအားများ အတွင်းတွင် သဘာဝတာအိုစွမ်းအားများ ကိန်းအောင်းနေလေသည်။

ဘဝတစ်ခု၏ အစသည် ထိုသဘာဝတာအိုစွမ်းအားများထဲတွင် ရှိနေလေသည်။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"တာအိုဆိုတာ ထိတွေ့လို့မရနိုင်သလို အကန့်အသတ်လည်းမရှိဘူး ၊ ထိုက်ပေဟောက်ဟာ တာအိုရဲ့သဘောကို နားလည်သလို သဘာဝတရားကိုလည်း သိရှိခဲ့တယ် ၊ ဒါကြောင့် သူက ကျောက်ဖော်ပေါင်း(၁၀၀)ကိုအုပ်ဆိုးတဲ့ ပထမဆုံး ကျောက်ဖော် ဖြစ်လာခဲ့တာပဲ ၊ သူတန်ခိုးစွမ်းအား ဘယ်လောက်မြင့်မား လည်းဆိုတာ ကျုပ်လည်း မသိနိုင်ဘူး ၊ ဒါပေမဲ့ နည်းနည်း တော့ ခန့်မှန်းနိုင်တယ် ၊ သူ့လိုလူမျိုးက အတိတ်က ဘေးအန္တရာယ်ကပ်ဆိုးကြီးတွေမှာ ပျက်စီးသွားနိုင်စရာအကြောင်းမရှိဘူး ၊ ဒါကြောင့် ကျုပ်က သူ့လိုလူမျိုးကို တခြားသူတွေ မေ့မသွား ရအောင် လုပ်ပေးလိုက်တာပါ..."

ဆန်းလျန်၏ စကားထဲတွင် ဆန်းလျန်၏ မာနတရားများကို တွေ့မြင်ရမည် ဖြစ်လေသည်။

ဆန်းလျန် မာနထားရသည့်အကြောင်းရင်းကိုလည်း ယွီ ကျောက်ဖော် နားလည်ထားပြီးသားဖြစ်သည်။ အဘယ်ကြောင့်ဆို

သော် ဆန်းလျှန်ကဲ့သို့သော မာနမျိုး သူ့တွင်လည်း ရှိခဲ့

သောကြောင့် ဖြစ်လေသည်။ သို့သော်... ယခုတော့ မာနများ

ခဝါချခဲ့ရပြီ။

ထိုသို့ဖြစ်ရသည်မှာ သူက အားနည်းသောကြောင့်မဟုတ်ဘဲ

နောက်ထပ်မြင့်မားသည့် ကောင်းကင်တစ်ခုကို တွေ့ခဲ့ရ

သောကြောင့် ဖြစ်လေသည်။

ဆန်းလျှန်သည် အထူအပါးနားမလည်ဘဲ ပြောမိပြောရာ ပြော

နေသည့်သူမျိုး မဟုတ်သည်ကို သူ ကောင်းကောင်း သိလေ

သည်။ အဘယ်ကြောင့်ဆိုသော် ဆန်းလျှန်၏ တန်ခိုးစွမ်းအား

များသည် ကောင်းကင်ထက်မြင့်မားပြီး မြေကြီးထက်ပင်

နက်ရှိုင်းသောသူတစ်ယောက် ဖြစ်သောကြောင့်ပင်။

သူသည် လောအလယ်တွင် မြင့်မြင့်မားမား ရပ်တည်နိုင်သူတစ်

ယောက် ဖြစ်လေသည်။

ယွီကေရာဇ်က အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"ကျုပ်အသက်နဲ့ရင်းပြီး မင်းရဲ့ကျေးဇူးကို ပြန်ဆပ်ပါ့မယ်..."

ဆန်းလျန်ရှေ့တွင် ယွီကေရာ‌ဇ် မာန်ချရပြီ ဖြစ်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တကယ်တော့ ကျုပ်က မင်း ကျုပ်ကို တောင်းပန်မယ်ထင်

ထားတာ ၊ ဒါပေမဲ့ မင်း ဘယ်တော့မှ လုပ်မှာ မဟုတ်ပါဘူး..."

ယွီကေရာ‌ဇ် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

နတ်ဒေဝါမြေခွေးက...

"ကျွန်မက ယွီကေရာဇ်ကိုယ်စား ဆန်းလျန်ထျန်းကျွင်းကို

တောင်းပန်ပေးမယ် ဆိုရင်ရော..."

ဆန်းလျန်က...

"ကျုပ်သိတာတော့ ယွီကေရာဇ်က ဘဝမှာ တစ်ခါမှ မ

တောင်းပန်ဖူးဘူးတဲ့..."

သူသည် အိပ်မက်ဆန်သည့်စမ်းချောင်းလေးအလား စီးဆင်းလာပြီး နံနက်ခင်းတိမ်တိုက်များသဖွယ် ဆန်းလျန် ထွက်ခွာသွားလေတော့သည်။

နတ်ဒေဝါမြေခွေးနှင့် ယွီကေရာဇ်တို့ ဆန်းလျန်၏ စကားလုံးများကို သေသေချာချာ သဘောမပေါက်သေးခင်မှာပင် ဆန်းလျန်မှာ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

နတ်ဒေဝါမြေခွေးက...

"သူပြောသွားတဲ့စကားက ဘာအဓိပ္ပါယ်လဲ..."

ယွီကေရာဇ်က...

"ပျော့ပြောင်းခြင်းက ကေရာဇ်တို့ရဲ့ ဂုဏ်အင်ပဲ ၊ ခေါင်းမာတာကတော့ အာဏာအပေါ်ခုံမင်ခြင်းပဲ ၊ ကျုပ် စစ်ဝမ်မင့်ဟာ အမြဲတမ်း ဘုရင်အားလုံးရဲ့ဘုရင်ဖြစ်ခဲ့တယ် ၊ အမြဲတမ်း ခေါင်းမာခဲ့တယ် ၊ ဆန်းလျန်ရဲ့ ရည်ရွယ်ချက်က ကျုပ်ကို

ခေါင်းမာနေတာကနေ ပျော့ပြောင်းသွားစေပြီး ဧကရာဇ် ပီသ

စေချင်တာပဲ..."

နတ်ဒေဝါမြေခွေးက...

"ဒီလိုဆိုရင်တော့ မဆိုးပါဘူး၊ တကယ်တော့ ဧကရာဇ်ဆိုတာ

ဧကရာဇ်ပီသတာ ကောင်းတာပေါ့..."

ယွီဧကရာဇ်က သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"တချို့တချို့တွေကျတော့လည်း မွေးကတည်းက ဧကရာဇ်

ပီသကြတယ်..."

နတ်ဒေဝါမြေခွေးက ပြုံးလိုက်ရင်း...

"ရှင် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ ရှင့်ကို အမြဲတမ်း ချစ်

နေမှာပါ..."

ယွီဧကရာဇ်က သူ၏ ချစ်လှစွာသော ကြင်ယာတော်၏ပခုံး

လေးကို အသာဖက်လိုက်လေသည်။

သူက အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"ကိုယ်တို့ သူ့ကိုအသက်ကယ်တဲ့အကြွေးတင်သွားပြီ ၊

နောက်ကျ သူ့ကို အလေးအနက်ထားပြီး ကျေးဇူးဆပ်ရလိမ့်

မယ်..."

နတ်ဒေဝါမြေခွေးက...

"ကျွန်မ ချင်းဆွေထျန်းကောင်းကင်ဘုံကိုသွားရမယ် ၊ တာအို

ဆရာလီချင်းဆွေကတော့ ကျွန်မတို့ကို တစ်ခုခု လမ်းညွှန်ပြသ

ပေးနိုင်မယ်ထင်တယ်..."

....

ချင်းဆွေထျန်ကောင်းကင်ဘုံအပြင်ဘက်တွင် ဆန်းလျန်ရှိနေ

လေသည်။

ယခင်တစ်ခေါက် ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ရောက်ခဲ့

သည့်အချိန်နှင့် ယခုအချိန် မတူတော့ပေ။

ဆန်းလျန်သည်လည်း ပြောင်းလဲသွားခဲ့ပြီဖြစ်သလို ချင်းဆွေ

ထျန်းကောင်းကင်ဘုံသည်လည်း ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေ

သည်။

ရွှမ်ဟွမ်မိုးနတ်မင်း၏ မိုးကောင်းကင်ခုံရုံးက မရှိမှုကျေးရွာမှ ကောင်းကင်ဘုံများနှင့် နတ်ဘုရားကျောက်ဂူများကို အတော်များများ သိမ်းပိုက်ပစ်လိုက်သော်လည်း ချင်းဆွေထျန်းကောင်းကင်ဘုံကတော့ ထိုအထဲတွင် ပါဝင်သွားခြင်း မရှိပေ။ ချင်းဆွေထျန်းကောင်းကင်ဘုံသည် ယခင်ကကဲ့သို့ ရေကန်လေးတစ်ခုမျှသာမဟုတ်တော့ဘဲ မြစ်တစ်စင်းအလား စီးဆင်းနေလေသည်။

တစ်ချန်တုန်းက မိုးကောင်းကင်ခုံရုံးတစ်လျှောက် နဂါးငွေ့တန်းက အဆုံးမရှိသည့်မြစ်ရေအလား စီးဆင်းခဲ့လေသည်။ ယခုလည်း မိုးကောင်းကင်ခုံရုံးတွင် နဂါးငွေ့တန်းပြန်လည်စီးဆင်းနေပြီ ဖြစ်လေသည်။

သို့သော်... လီချင်းဆွေကတော့ ရွှမ်ဟွမ်မိုးနတ်မင်း၏ ထိန်းချုပ်မှုအောက်တွင် နေထိုင်ရန် ငြင်းဆိုခဲ့ပါလေ၏။

ဆန်းလျန်ရှေ့မှ မြစ်ရေသည် လူ့လောကနှင့် ဆက်စပ်နေလေသည်။ မြစ်ရေထဲတွင် ကောင်းကင်ထက်မှ ကြယ်စင်များ ရောင်ပြန်ဟပ်နေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။ ထိုမြစ်သည် အချိန်ရေစီးကြောင်းနှင့်ပင်ဆင်တူပြီး မြစ်ရေ၏ စီးဆင်းမှုကို နေ့နေ့ညည မည်သည့်အရာကမှ တားဆီးဖြတ်တောက်နိုင်မည် မဟုတ်ပေ။

ကောင်းမြတ်ခြင်းသည် ရေကဲ့သို့ပင်ဖြစ်ပြီး ရေသည် တာအိုတရားနှင့် အနီးစပ်ဆုံး ဒြပ်စင်ဖြစ်လေ၏။

ဆန်းလျန် နက်နက်ရှိုင်းရှိုင်းနားလည်လိုက်သည်မှာ လီချင်းဆွေက သူမသည် တာအိုဆရာသခင်ထိုက်ယီ၏ သမီးဖြစ်သည်ဆိုသည့် ဂုဏ်ပုဒ်ကို ထိုမျှ မက်မောခြင်း မရှိလှပေ။ သို့သော် သူမသည် အစကတည်းက ပြိုင်ဘက်ကင်း တစ်ယောက်ဖြစ်လေသည်။

သူမသည် ဆန်းလျန်အပါအဝင် မည်သည့်ကျင့်ကြံသူကိုမဆို သူ့ဘဝကို လာရောက်လွှမ်းမိုးသည်ကို မည်သည့်အခါမှ လက်ခံမည် မဟုတ်ပေ။

ရေလှိုင်းများက တစ်ခုပြီးတစ်ခု ရိုက်ခတ်နေပြီး မြစ်ရေပြင်သည် ငွေရောင်အလား ကြည်လင်တောက်ပလျှက် ရှိလေသည်။

လရောင်နှင့်ဆင်တူသော်လည်း လရောင်မဟုတ် ၊ နေရောင်နှင့်ဆင်တူသော်လည်း နေရောင်မမည်သော တောက်ပမှု ဖြစ်လေ၏။

နှင်းပွင့်ကဲ့သို့ ဖြူစင်သည့်ဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက် ရေလှိုင်းများကြားမှ ထွက်ပေါ်လာလေသည်။ သူမ၏အသားအရေကလည်း နှင်းပွင့်ကဲ့သို့ ဖြူစင်နေပြီး သူမသည် ယခင်ကထက်ပင် ပိုပြီး ခမ်းနားနေသေးသည်။

မည်သည့်နတ်ဘုရားမှ သူမကို မော်ဖူးရဲကြမည်မဟုတ်သည့် အရှိန်အဝါမျိုးကို ပိုင်ဆိုင်ထားလေသည်။

ဆန်းလျန်က သူ၏မျက်လုံးများကို အနည်းငယ် ကျဉ်းမြောင်းလိုက်ပြီး မြစ်ရေထဲသို့ လှမ်းဝင်လိုက်လေသည်။ ဆန်းလျန် လှမ်းဝင်လိုက်သည်နှင့် မြစ်ရေက ရေခဲပြင်တစ်ခုကဲ့သို့ အေးခဲသွားလေသည်။

ဆန်းလျန်နှင့်ချင်းဆွေသည် ခြေလှမ်း (၅)လှမ်းခန့် အကွာအဝေးတွင် ရှိနေလေသည်။

ဆန်းလျန်က ...

"တာအိုဆရာချင်းဆွေကို ဂါရဝပြုပါတယ်... ကျွန်တော်တို့ ထပ်တွေ့ကြပြန်ပြီနော် ချင်းဆွေ..."

သူက ထိုစကားပြောလိုက်ပြီးသည်နှင့် ကိုယ်ကိုအနည်းငယ် ကိုင်းညွတ်ကာ လီချင်းဆွေကို ဂါရဝပြုလိုက်လေသည်။

လီချင်းဆွေက...

"မင်း အရင်ကထက် တော်လာပြီ... အမှတ်ပိုပေးရမယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"အမှတ်လိုချင်လို့မဟုတ်ပါဘူး ၊ ကျွန်တော်က ချင်းဆွေကို ကျေးဇူးတင်ချင်လို့ပါ..."

"သြော်..."

ဟု တစ်ခွန်းတည်းသာ ချင်းဆွေက ပြန်ပြောလိုက်သည်။ သူမ၏ မျက်နှာက အေးဆေးတည်ငြိမ်နေပြီး အတန်ကြာမှ စကားဆက်ပြောလိုက်လေသည်။

"သုံးဆင့်ဘဝပြောင်းပညာသင်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်တာဆိုရင်တော့ ကျေးဇူးတင်စရာ မလိုဘူး..."

ဆန်းလျန်က ခြေအိတ်လည်းမရှိသလို ဖိနပ်လည်းစီးထားခြင်း မရှိသည့် လီချင်းဆွေ၏ ခြေထောက်များကို အမှတ်တမဲ့ ကြည့်လိုက်မိလေသည်။ သူမရပ်နေသည့် ခြေထောက် အောက်၌ ရေသည်လည်း ခဲခြင်းမရှိပေ။

သူမ၏ တန်ခိုးစွမ်းအားများ မည်မျှ မြင့်မားနေပြီ ဖြစ်သည်ကို သိမြင်နိုင်လေသည်။

ဆန်းလျန်က ခပ်အေးအေးလေသံဖြင့်…

"အဲဒီပညာက အရှေ့နဲ့အနောက်၊ အတိတ်နဲ့အနာဂတ် ပြောင်းပြန်လှန်နိုင်တာ အရမ်းအံ့သြစရာကောင်းတာပဲ၊ အဲဒီ ပညာရဲ့ ဇာစ်မြစ်ကိုများ ကျွန်တော် သိခွင့်ရှိမလား…"

လီချင်းဆွေက…

"အဲဒီပညာကို ကျမ်းပြုခဲ့တဲ့သူက ဘယ်တာအိုဆရာသခင်ကြီး လို့ မင်းထင်သလဲ…"

ဆန်းလျန်က…

"အစတုန်းက ကျွန်တော်လည်း တာအိုဆရာသခင်ကြီးတစ်ပါး ပါးရဲ့ ပညာလို့ ထင်ခဲ့တာ၊ ဒါပေမဲ့ တစ်ခုခုမှားနေတယ်လို့ ခံစားရလို့ ချင်းဆွေဆီ မေးကြည့်ဖို့ ရောက်လာခဲ့တာပါ…"

ချင်းဆွေ၏ ခြေဖဝါးအောက်မှ ရေပြင်သည် ကျောက်စိမ်း ရောင်တောက်ပနေလေသည်။

သူမသည် အချိန်အကြာကြီး တိတ်ဆိတ်ငြိမ်သက်နေပြီးမှ...

"မင်းလည်းသိပါတယ်၊ တာအိုဆရာသခင်ထိုက်ယီနဲ့ ဗုဒ္ဓက အချိန်ရေစီးကြောင်းတစ်လျှောက် ယှဉ်ပြိုင်မှုတွေ လုပ်ခဲ့ကြ တယ်၊ ဒါပေမဲ့ သူတို့ ယှဉ်ပြိုင်ကြတိုင်း ဝင်နှောက်ယှက်တဲ့ တတိယလူတစ်ယောက်ရှိတယ်..."

ဆန်းလျန်က ချင်းဆွေ၏ မျက်ဝန်းများကို စိုက်ကြည့်နေလေ သည်။ သူမက ချင်းဆွေ၏ မျက်ဝန်းများမှတစ်ဆင့် ချင်း ဆွေ၏ အတွေးများကို ဖမ်းဆုပ်နိုင်ရန် ကြိုးစားနေမိသည်။ သို့သော်... သူမ၏မျက်ဝန်းများထဲတွင် မည်သည့်သဲလွန်စကို မှ ဆန်းလျန် မတွေ့ခဲ့ရပေ။

ဆန်းလျန်က...

"ဘယ်သူက ဒီလောက်တော်မှာတဲ့လဲ..."

ခဏနားလိုက်ပြီးမှ ဆန်းလျန်က ဆက်ပြောလိုက်သည်။

"တာအိုဆရာသခင်ကြီးတစ်ပါးရဲ့ဘဝကို ဘယ်သူမှ မသိနိုင်ဘူး ၊ ချင်းဆွေ ဘယ်လိုမွေးဖွားလာသလဲ ဘယ်သူမှ မသိဘူး ၊ ကြင်နာတတ်တဲ့ သဲလွန်စမရှိဘူး ၊ ဒါပေမဲ့ ဒါပေမဲ့ ဒီလောကမှာ သူရှိနေတယ် ၊ သဲလွန်စတစ်ခုမရှိဘဲ သူကလည်းသံသရာကို ကျော်လွန်သွားတယ် ၊ အိပ်မက်ကိုပြောင်းပြန်လှန်ပြီး ဘယ်ဟာကအမှား ဘယ်ဟာက အမှန်လဲ ၊ အဲဒီလူဟာ... သူများလား..."

အခန်း (၈၉၇) ကောင်းကင်ပြာမဟာလမ်းစဉ်

ချင်းဆွေက ခေါင်းကိုလှည့်လိုက်ပြီး မြစ်ကမ်းနံဘေးကို ကြည့်လိုက်လေသည်။

ထိုနေရာတွင် ကျောက်ဇာတစ်ပါးရှိနေလေ၏။

ရှမ်တုတောက်ကျွင်း...

ရှမ်တုတောက်ကျွင်းဟု ဆို၍ မရတော့ပေ။ ရှမ်ဟွမ်မိုးနတ်မင်းဟု ပြောရပေမည်။

လီချင်းဆွေက...

"မင်း ခန့်မှန်းမိမယ်ဆိုတာ ငါသိပြီးသားပါ..."

ဆန်းလျန်က ပြုံးလိုက်ပြီး ရှမ်ဟွမ်ကျောက်ဇာကို လက်ညှိုးတစ်ချက်ထိုးပြလိုက်ရင်း...

"သူ ဒီရက်တွေ ချင်းဆွေဆီ ခဏခဏ လာနေတာလား..."

လီချင်းဆွေက ခေါင်းညိတ်ပြလိုက်သည်။

ဆန်းလျန်က နှုးညံ့သည့်လေသံဖြင့်...

"ကျုပ်တို့က မိတ်ဆွေတွေဆိုတော့ ချင်းဆွေရဲ့ ပြဿနာက ကျွန်တော့်ရဲ့ ပြဿနာပဲပေါ့..."

လီချင်းဆွေသည် ဆန်းလျန်ကို ငေးကြည့်နေမိလေသည်။ သူမ မေ့ဖွားလာပြီးကတည်းက ထိုသို့သောအပြုအမူမျိုးကို ပြုလုပ်ခဲလှလေသည်။ ထို့ကြောင့် လီချင်းဆွေ၏ အကြည့်နှင့် ရင်ဆိုင်လိုက်ရသည့်အခါ အစဉ်အမြဲတည်ငြိမ်နေလေ့ရှိသည့် ဆန်းလျန်၏နှလုံးသားမှာ လှုပ်ရှားသွားရလေသည်။

ဆန်းလျန်၏ရင်ထဲတွင် နွေဦးရာသီလေးဖြတ်သန်းသွားသလို ခံစားလိုက်ရလေသည်။

လီချင်းဆွေသည်လည်း ဆန်းလျန်ကဲ့သို့ပင် အနည်းငယ် စိတ်လှုပ်ရှားသွားမိလေသည်။

သို့သော်... သူမက ချက်ချင်းပင် အိန္ဒြေဆည်လိုက်ပြီး ခပ်အေးအေးလေသံဖြင့်...

"ဆန်းလျန်… ဒါဖြင့် မင်း သူ့ကို ငါ့အစား မောင်းထုတ်ပေးစမ်းပါ…"

ဆန်းလျန်က ပြုံးလိုက်လေသည်။

ထို့နောက် ရေပြင်ထက်မှ တာအိုတန်ခိုးဖြင့်ဖန်ဆင်းထားသည့် ရေခဲပြင်ကြီး အစိတ်စိတ်အမွှာမွှာကွဲကြေသွားပြီး လူသတ်လက်နက်များအလား ရှမ်ဟွမ်မိုးနတ်မင်းအားသတ်ဖြတ်ရန် လွင့်စင်ထွက်သွားကြလေတော့သည်။

ရေခဲအပိုင်းအစများဖြစ်သော်လည်း တန်ခိုးစွမ်းအားဖြင့် ထိန်းချုပ်ထားသည့်အတွက် ပျံသန်းနေသည့်ဓားများအလား စွမ်းအားမြင့်မားလွန်းလှလေသည်။

ယွမ်စီထျန်းကျွင်း၏ ကြယ်စင်တစ်ထောင်တန်ခိုးစွမ်းအားကို တွေ့မြင်ဖူးသည့် ရှမ်ဟွမ်မိုးနတ်မင်းအနေဖြင့် ထိုတန်ခိုးစွမ်းအားကိုအခြေခံထားသည့် ဆန်းလျန်၏ ရေခဲအပိုင်းအစများကို ပေါ့ပေါ့တန်တန် သဘောမထားဝံ့ပါချေ။

ကောင်းကင်ထက်တွင် အဆုံးမရှိသည့်ရွှေရောင်တံတားတစ်စင်း ပေါ်လာလေသည်။

သို့သော်... ရွှေရောင်တံတားသည် နတ်တံတားတစ်စင်းဖြစ်ပြီး ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို တားဆီးထားလိုက်လေသည်။

ထို့နောက် ရွှေရောင်တံတားမှ ပြင်းထန်လွန်းသည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

ဆန်းလျန်နှင့် ချင်းဆွေ (၂)ယောက်လုံးက ရွှေရောင်တံတားမှ တန်ခိုးစွမ်းအားများကို ကြံ့ကြံ့ခံထားပြီး ရှမ်ဟွမ်မိုးနတ်မင်းကို ကြည့်နေကြလေသည်။

ထို့နောက် ချင်းဆွေက နည်းနည်းနောက်ဆုတ်ပေးလိုက်သည့်အခါ ဆန်းလျန်က ရှမ်ဟွမ်မိုးနတ်မင်းကို ရင်ဆိုင်ရန်အတွက် ရှေ့သို့ တက်လိုက်လေသည်။

လောကတွင်ထပ်တန်းအဆင့် နတ်ဘုရား (၂)ပါး မမျှော်လင့်ဘဲ တွေ့ဆုံကြပြီ ဖြစ်လေသည်။

ဆန်းလျန်ကလည်း မျှော်လင့်မထားခဲ့သလို ရွှမ်တုတောက်ကျွင်းကလည်း မျှော်လင့်မထားခဲ့မိပေ။

မတော်တဆ ကြုံဆုံကြရာမှ တိုက်ပွဲတစ်ခု ဆင်နွှဲရတော့မည်။

မိုးကောင်းကင်ခုံရုံးတွင်တော့ ကျောက်စိမ်းဝိညာဉ်နန်းတော်က တစ်ချက်လှုပ်ရှားသွားလေသည်။ ထို့နောက်... မိုးကောင်းကင်ခုံရုံးအလယ်တွင် ဖန်ကူအလံ ပေါ်လာလေသည်။

ဖန်ကူအလံက ရွှမ်ဟွမ်မိုးနတ်မင်း၏နောက်ခံအင်အားဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကလည်း နောက်မဆုတ်ပေ။ သူကရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်လေသည်။ သူ့အတွက်တော့ လီချင်းဆွေက နောက်ခံအင်အားဖြစ်လေ၏။

ထပ်ပြီး စကားပြောစရာမရှိတော့ပေ။

ဆန်းလျန်လက်ချောင်းထိပ်များတွင် အလင်းတန်းများထွက်ပေါ်နေပြီး ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာလေသည်။ သူ၏ဆံနွယ်ရှည်များက လေထဲတွင် လွင့်ပျံနေလေသည်။ သူ့ပုံစံက အိပ်မက်ဆန်လွန်းသလို လက်တွေ့လည်းကျနေလေသည်။

ဆန်းလျန်၏လက်ထဲမှ ဓားဝိညာဉ်က တဖြည်းဖြည်းတောက်ပလာပြီး ကြယ်စင်များတောက်ပနေသည့် ကောင်းကင်တစ်ခုအလား ထင်မှတ်ရလေသည်။

ထို့ပြင် ဆန်းလျန်၏ ဓားဝိညာဉ်က ဥက္ကာပျံမိုးထက်ပင်ကြောက်မက်ဖွယ်ရာ ကောင်းနေလေသည်။ သူ၏ဓားဝိညာဉ်က မိုးကောင်းကင်ခုံရုံးတစ်ခုလုံးကို ဖျက်စီးပစ်တော့မည့်အလား ထင်မှတ်ရသည်။

ရွှမ်ဟွမ်မိုးနတ်မင်းသာ ဓားအလင်းတန်းများကို ပိတ်ဆို့ထားခြင်းမရှိလျှင် မိုးကောင်းကင်ခုံရုံးသည် ဆန်းလျန်၏ ဓားချက်

အောက်တွင် အမှတ်တကယ်ပင် ပြိုကွဲပျက်စီးသွားမည် ဖြစ်လေသည်။

လီချင်းဆွေက...

"မင်းရဲ့ဓားက ဘာဓားလဲ..."

ဆန်းလျန်က ...

"အထက်ဘဝဂ် အောက်အသူရာအထိရောက်နိုင်တဲ့ဓားပဲ ၊ ဒါပေမယ့် အခုတော့ အထက်ဘဝဂ်ရော အောက်အသူရာရော ပျောက်ဆုံးနေတယ် ၊ ဒီဓားကို ဘဝဂ်အသူရာဓားလို့ပဲ နာမည်ပေးလိုက်တော့မယ်..."

ဆန်းလျန်ပြောသကဲ့သို့ပင် ဓားအလင်းရောင်သည် အထက်ဘဝဂ် အောက်အသူရာတိုင်အောင် လင်းလက်နေလေ၏။

အထက်ဘဝဂ်သို့ထွက်ပြေးပြေး ၊ အောက်အသူရာအထိ ဆင်းပြေးပြေး ဆန်းလျန်၏ ဓားမှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

သို့သော်… ရှမ်ဟွမ်မိုးနတ်မင်းကလည်း ထွက်ပြေးမည့်သူတစ်ယောက် မဟုတ်ပေ။

သူ၏ခြေထောက်အောက်မှ ရွှေရောင်အလင်းတန်းများ ဖြာထွက်လာပြီး ရွှေရောင်တံတားထက်သို့ သူက ပျံသန်းပြီး တက်သွားလေသည်။ သူ၏တာအိုတန်ခိုးစွမ်းအားများသည် မရှိမှုကျေးရွာတစ်ခုလုံးတွင် ပျံ့နှံ့သွားသည်။

ဆန်းလျန်၏ဓားဝိညာဉ်သည် ရှည်လျားသည့်လမ်းတစ်လမ်းအလား အကြောက်အလန့်မရှိ ရွှေရောင်တံတားကြီးကို ခုတ်ပိုင်းချလိုက်လေသည်။

ကျောက်တောင်ကိုထိမိသည့်ရေတံခွန်အလား ဓားဝိညာဉ်နှင့် ရွှေရောင်တံတားကြီးရိုက်ခတ်မိသွားပြီး ကောင်းကင်ထိတိုင် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားလေသည်။

ပေါက်ကွဲသံကြီးမှာ ကောင်းကင်ဘုံ (၉)ထပ်အထိ ပျံ့လွင့်လျှက်ရှိလေသည်။

ရွှမ်ဟွမ်မိုးနတ်မင်း၏ ဝတ်ရုံစသည် လေထဲတွင်လွင့်ပျံနေပြီး ထိုက်စန်းတောင်ကြီးအလား တည်ငြိမ်သည့် ရွှေရောင်တံတားကြီးပင် အနည်းငယ် တုန်ခါသွားလေသည်။

မိုးကောင်းကင်ခုံရုံးတွင်ရောက်ရှိနေကြသည့် နတ်ဘုရားများမှာ ပြင်းထန်လွန်းသည့် ဖိအားကြီးတစ်ခုကိုခံစားလိုက်ကြရလေသည်။ ထိုဖိအားကြီးမှာ ဆန်းလျန်၏ ပြင်းထန်လှသည့် တန်ခိုးစွမ်းအားများပင် ဖြစ်လေသည်။

ရွှမ်ဟွမ်မိုးနတ်မင်းသာ ကာကွယ်ပေးထားခြင်း မရှိလျှင် မိုးကောင်းကင်ခုံရုံး၏ အဖြစ်ဆိုးသည်ကား မတွေးရဲစရာပင်။

ဆန်းလျန်ထျန်းကျွင်းဆိုသူက အစကတည်းက တန်ခိုးစွမ်းအားမြင့်မားလွန်းသူတစ်ယောက်အဖြစ် သိရှိထားကြသည့် ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်မှ အခြားသောနတ်ဘုရားများကတော့ ထူးခြားပြီး အံ့သြမနေတော့ပါချေ။

ဆန်းလျန်ထျန်းကျွင်း၏လက်အောက်တွင် များပြားလှစွာသော ဒဏ္ဍာရီဆန်သည့်နတ်ဘုရားများ ရှုံးနိမ့်ခဲ့ကြရသည်ပဲ မဟုတ်ပါလား။

ထိုအချိန်မှာပင် ရွှမ်ဟွမ်မိုးနတ်မင်းက...

"ကောင်းကင်ပြာမဟာတာအိုလမ်းစဉ်..."

ဟု ရေရွတ်လိုက်လေသည်။

သူ့အသံက နက်ရှိုင်းလွန်းပြီး တာအိုတရားများနှင့် ပြည့်နက်လျှက်ရှိသည်။

ရုတ်တရက်... မရှိမှုကျေးရွာတစ်ခုလုံးကို ပြာလွင်သည့်ထာဝရကောင်းကင် တစ်ခုက ဖုံးလွှမ်းသွားလေသည်။ ထို့နောက်... မယုံကြည်နိုင်လောက်သည့် နက်ရှိုင်းသည့်တန်ခိုးစွမ်းအားများသည် ဆန်းလျန်၏ ဓားဝိညာဉ်ရှိရာသို့ ဝင်ရောက်လာလေတော့သည်။

ယခုတော့ မိုးနတ်မင်းတစ်ပါး၏ တန်ခိုးစွမ်းအားကို ရှမ်ဟွမ်မိုးနတ်မင်းက ပြသလိုက်ပြီ ဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအားများက အထက်ဘဝင်အောက်အသူရာပျံ့နှံ့သွားပြီး ဆန်းလျန်၏ ဘဝင်အသူရာဓားကို ဖိနှိပ်ထားလိုက်လေ၏။

ယနေ့တွင်… သူက မိုးကောင်းကင်ခုံရုံးကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး သူရရှိခဲ့သည့် အကျိုးကျေးဇူးများဖြစ်သည့် တန်ခိုးစွမ်းအားများကို ထုတ်ဖော်ပြသလိုက်ခြင်းပင် ဖြစ်လေသည်။

အပြာရောင်ကောင်းကင်ကြီးသည် ဆန်းလျန်ကို သုတ်သင်သတ်ဖြတ်တော့မည့်အလား ဖိနှိပ်ထားလေသည်။

ရှမ်ဟွမ်မိုးနတ်မင်းက မြားတစ်စင်းအလား ထက်ရှနက်ရှိုင်းသည့်မျက်ဝန်းများဖြင့် ဆန်းလျန်ကို စိုက်ကြည့်နေလေ၏။ ထိုမျက်ဝန်းများ၏ အဓိပ္ပါယ်ကို ဆန်းလျန် နားလည်လိုက်လေသည်။

"မင်းရဲ့ တန်ခိုးစွမ်းအားတွေ ဘယ်လောက်မြင့်မားပါစေ ကောင်းကင်ပြောမဟာတာအိုလမ်းစဉ်ကို အနိုင်ယူနိုင်ပါ့မလား" ဟု ပြောနေသည့်အကြည့်မျိုးဖြစ်လေ၏။

သူ့အကြည့်က ဆန်းလျန်ကို မထီမဲ့မြင်ပြုနေသည့်ဟန် အပြည့် ဖြစ်လေသည်။

ဆန်းလျန်က စကားတစ်ခွန်းမှ မဆိုပေ။ သူတို့ (၂)ယောက် ကြားတွင် ပြောစရာစကားလည်း မရှိ။

လီချင်းဆွေက...

"မင်း မခံနိုင်တော့ရင် ငါကူတိုက်ပေးရမလား..."

ဆန်းလျန်က ခေါင်းကို ခါယမ်းလိုက်သည်။ သူ့မျက်နှာက ပုံမှန် အတိုင်း အေးဆေးတည်ငြိမ်လျှက်ပင် ရှိလေသည်။

လောကတွင် လှည့်ကွက်ပေါင်းများစွာကို သူ အသုံးပြုလေ့ ရှိခဲ့ လေသည်။ သို့သော်... ယခုအချိန်တွင်တော့ ထိုသို့ မဟုတ် တော့ပေ။

ဆန်းလျှန်၏ ကျောပြင်ကို ငေးစိုက်ကြည့်နေသည့် ချင်းဆွေ

သည် ထူးဆန်းမှုတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

သူမ၏ မျက်ဝန်းထဲတွင် ဆန်းလျှသည် ဗလာနယ် ၊ အချိန် ၊

သေခြင်းရှင်းခြင်း ၊ အတိတ် ၊ ပစ္စုပ္ပန် ၊ အနာဂတ်နှင့် အရာ

အားလုံးအဖြစ် ပြောင်းလဲသွားလေသည်။

ကောင်းကင်တိုင်းပြည်တံခါးပွင့်လာကာ အားလော်ဟာယ်လည်း

ထွက်ပေါ်လာလေသည်။

အားလော်ဟာယ်၏ မျက်နှာက တည်ကြည်လေးနက်နေပြီး

မုတ်ဆိတ်ဖြူများက လေထဲတွင် လွင့်နေလေသည်။

သူ့ဘေးတွင်ရပ်နေသည့် ကောင်းကင်တမာန်က...

"တစ်သောင်းမှာတစ်ယောက်မရှိတဲ့ နတ်ဘုရားတစ်ပါးပဲ..."

အားလော်ဟာယ်က ခေါင်းညိတ်ပြလိုက်လေသည်။

သူ၏မျက်ဝန်းများတွင် စိတ်ရှုတ်ထွေးမှုများဖြင့် ပြည့်နက်နေ

သယောင် ထင်မှတ်ရလေ၏။

ထိုအချိန်မှာပင် အနောက်ဘက်ကောင်းကင်ဘုံမှ အလင်းရောင်များတောက်ပလာပြီး မီလဲ့ကိုယ်တော်သည် ရှီးမီစန်းတောင်ထိပ်တွင် ထိုင်နေလေသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဗလာနယ်မဟုတ်တဲ့ အနတ္တတရား..."

ဟု ရေရွတ်လိုက်လေ၏။

အားလော်ဟယ်နှင့် မီလဲ့ကိုယ်တော် ဆန်းလျန်ကို မြင်သည့် အမြင်များက မတူညီကြပေ။

ဆန်းလျန်၏ တာအိုစွမ်းအားများမှာ အမှန်ပင် သိမြင်ရန် ထိုက်တန်လှလေသည်။ သို့သော်... နားလည်အောင် ကြိုးစားလေ နားမလည်နိုင်လေ ဖြစ်ရလေသည်။

ဆန်းလျန်၏ တာအိုစွမ်းအားများကို ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိသကျတို့ကသာ နားလည်နိုင်စွမ်း ရှိခဲ့ကြလေသည်။

ရွှမ်တုတောက်ကျွင်း၏ မျက်နှာက တည်ကြည်လေးနက်ပြီး မည်သည့်အခါမှ ပျော်မကျတော့မည့် ရေခဲအလား အေးစက်လျှက်ရှိသည်။ စကြာဝဠာတစ်ခုလုံး ပြိုကျလျှင်တောင်မှ အရေးစိုက်မည်မဟုတ်သည့် မျက်နှာထားမျိုး ဖြစ်လေ၏။ တိကျန်ဗောဓိသကျကတော့ တစ်ချက်မှ လှုပ်ရှားခြင်း မရှိဘဲ တည်ကြည်လေးနက်စွာဖြင့် တိုက်ပွဲကို ကြည့်နေလေသည်။ သူ၏ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ခြင်းနှင့် မာနတရားတို့ကတော့ ဖုံးကွယ်ထား၍မရဘဲ အထင်းသား ပေါ်လွင်နေလေသည်။ ဆန်းလျန်၏ လက်ဖဝါးက ဓားသွားအလား ထက်ရှလာပြီး ကောင်းကင်ပြာကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။ ထိုအခါ သူ့ကိုဖိနှိပ်ထားသည့် ကောင်းကင်ပြာသည် စုတ်ပြတ်ပျက်စီးသွားလေတော့သည်။

ထိုအချိန်မှာပင် ဆန်းလျန်၏ ဓားဝိညာဉ်အလင်းတန်းများက အရပ်မျက်နှာပေါင်းစုံမှ ထွက်ပေါ်လာပြီး အချိန်ကိုခွဲဖြာပြီး

ခေတ်ကို နှစ်ပိုင်းခွဲလိုက်သည့်အလား ကောင်းကင်ပြာကို တစ်စစီ ဖျက်စီးပစ်လိုက်လေတော့သည်။

ကောင်းကင်ပြာပျက်စီးသွားသည့်နောက်...

ရုတ်တရက်... ပြင်းထန်လွန်းသည့် တန်ခိုးစွမ်းအားတစ်ခု မွေးဖွားလာလေသည်။ ထိုတန်ခိုးစွမ်းအားသည် အချိန်နှင့် ကံတရားကဲ့သို့ ရွှမ်ဟွမ်မိုးနတ်မင်းရော ဆန်းလျန်ပါ ထိန်းချုပ်နိုင်စွမ်း မရှိသည့် တန်ခိုးစွမ်းအားပင် ဖြစ်လေသည်။

ထိုတန်ခိုးစွမ်းအားက ရွှမ်တုတောက်ကျွင်းကိုရော ဆန်းလျန်ကိုပါ ဝါးမြိုသွားလေတော့သည်။

ထိုအခါ... သူတို့ (၂)ယောက်စလုံး ထိတ်လန့်အံ့သြသွားကြရလေတော့သည်။

အခန်း (၈၉၈) မီးအိမ်သုံးခု

ရှမ်တုဏ်ခြေထောက်အောက်မှ ရွှေရောင်တံတားကြီးမှာ

တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

သူက တံတားထက်မှာ အသာအယာခုန်ဆင်းလာလေသည်။

သူ၏အသွင်အပြင်ကတော့ ထုံးစံအတိုင်း အေးစက်တည်ကြ

ည်လျှက်ရှိလေ၏။

ပျော်ရွှင်မှုမရှိ ၊ ဒေါသမရှိ။

သူ့မျက်နှာအမူအရာကိုကြည့်ပြီး တိုက်ပွဲတွင် မည်သူ့ဘက်က

အသာရနေသည်လဲဆိုသည်ကို ခန့်မှန်းနိုင်ခြင်း မရှိပေ။

ဆန်းလျန်နှင့် လီချင်းဆွေ၏ ခြေဖဝါးအောက်မှ မြစ်ရေက

အနည်းငယ် ငြိမ်သက်သွားလေသည်။

ဆန်းလျန်က အနည်းငယ်ပြုံးလိုက်ရင်း...

"ရှမ်ဟွမ်မိုးနတ်မင်း ဒဏ်ရာရသွားပြီ မဟုတ်လား..."

ရွှမ်တုတောက်ကျွင်းက စကားတစ်ခွန်းမှ မပြောခဲ့ပေ။

ထို့နောက် နောက်သို့ ချာခနဲလှည့်ထွက်သွားပြီး ဘုရင်ရှစ်ပါး

နန်းတော်အတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

သူ၏အပြုအမူကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်နှင့်တိုက်ပွဲ

တွင် ရွှမ်ဟွမ်မိုးနတ်မင်း ဒဏ်ရာအပြင်းအထန်ရသွားခဲ့

သည်မှာ သေချာသလောက်ရှိလေသည်။

ဆန်းလျန်က တာအိုဆရာလီချင်းဆွေကို လှည့်ကြည့်ပြီး ပြုံးပြ

လိုက်သည်။

ဆန်းလျန်၏လက်ချောင်းထိပ်လေးများ အနည်းငယ်တုန်ခါ

နေသည်ကို လီချင်းဆွေ ရှင်းရှင်းလင်းလင်း တွေ့မြင်လိုက်ရ

လေသည်။

သို့သော်... အခြားသူများကတော့ မည်သည့်နည်းနှင့်မှ တွေ့

မြင်နိုင်စွမ်း ရှိမည် မဟုတ်ပေ။

ထို့နောက် ရေလှိုင်းများလှိုင်းထန်လာပြီး ဆန်းလျန်နှင့် လီချင်း

ဆွေ ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ဝင်ရောက်သွားလေ

တော့သည်။

ကျောက်နံရံကြီးများ ၊ စီးဆင်းနေသည့်စမ်းချောင်းလေးနှင့်

ကျောက်တုံးကျောက်ခဲများ ရှိနေလေသည်။

ဆန်းလျန်နှင့် လီချင်းဆွေတို့ စမ်းချောင်းလေးနံဘေးရှိ

ကျောက်ဆောင်တစ်ခုထက်တွင် ထိုက်လိုက်ကြသည်။

ပတ်ဝန်းကျင်တွင် မြူခိုးများဝေနေပြီး နတ်ဘုရားနယ်မြေက

သာယာလှပလွန်းလှလေသည်။

ချင်းဆွေက...

"မင်းလည်း ဒဏ်ရာရသွားတယ်မဟုတ်လား ၊ မင်းရဲ့ဒဏ်ရာ

ရော ပြန်သက်သာလာဖို့ ဘယ်လောက်ကြာမှာလဲ..."

ဆန်းလျန်က...

"နည်းနည်းလောက်နားလိုက်ရင် ကောင်းသွားမှာပါ ၊ ဒီတစ်ခေါက် ရွှမ်တုတောက်ကျွင်းနဲ့ တိုက်ခိုက်တာ အကျိုးရှိပါတယ် ၊ အနည်းဆုံးတော့ ကျွန်တော့်ရဲ့ တန်ခိုးစွမ်းအားအဆင့်ကို ခန့်မှန်းကြည့်နိုင်တယ်လေ..."

လီချင်းဆွေက...

"မင်းတို့ (၂)ယောက် အခုဆိုရင် ဘယ်သူက ပိုသာသလဲ..."

ဆန်းလျန်က ...

"ပြောရတော့ခက်တယ် ၊ သူက ထိုက်ချိယင်ယန်ပန်းချီကားကို အသုံးပြုပြီး ဟွင့်ယွမ်ဝူကျီအဆင့်ကို တက်ရောက်ထားတဲ့သူဆိုတော့ လောကမှာ သူ့ကိုသတ်နိုင်တဲ့သူ မရှိနိုင်လောက်ဘူး..."

လီချင်းဆွေက...

"အင်းပေါ့... ထိုက်ချိယင်ယန်ပန်းချီကားကို သန့်စင်ပြီး ကျင့်စဉ်လမ်းအဆင့်တက်ထားမှတော့ သူ့ကိုသတ်ဖို့ဆိုတာ

တော်ရုံဘယ်လွယ်ပါ့မလဲ ၊ အခု တာအိုဆရာယို့တင်ကလည်း

သူနဲ့ ပူးပေါင်းသွားပြီ ၊ အဲဒီတော့ တစ်လောကလုံးရဲ့ အထွတ်

ထိပ်နေရာကို ရောက်နေပြီ ၊ ဒါပေမဲ့ သူဒီလောက်လွယ်လွယ်နဲ့

မိုးနတ်မင်းတစ်ပါးဖြစ်သွားမှာကို မင်းကတော့ ခွင့်မပြုနိုင်ဘူး

မဟုတ်လား..."

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"ကျွန်တော် အခု အတော်လေး ပျော်နေမိတာပါ ၊ ရှေ့ဆက်ရ

မယ့်လမ်းမှာ ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်ရဦးမလဲ မသိပေ

မယ့် အဲဒါ အရမ်းကို အံ့သြစရာကောင်းတယ် ၊ ချင်းဆွေက

ကျွန်တော့်ကို နားလည်ပေးမယ်မဟုတ်လား..."

လီချင်းဆွေက...

"ငါ မင်းကို နားလည်ပါတယ် ၊ ဒါပေမဲ့ မင်းငါ့ကို ကတိပေးထား

တဲ့ကိစ္စကိုတော့ မေ့မနေနဲ့ဦးနော်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျွန်တော် ချင်းဆွေကို ကတိပေးထားတာကို မမေ့ပါဘူး

ဗျာ..."

မိုးနှင့်မြေတွင် မီးအိမ် (၃)လုံးရှိလေသည်။

ယခု လီချင်းဆွေ၏ လက်ထဲသို့ မီးအိမ် (၁)လုံးက ရောက်ရှိနေ

ပြီ ဖြစ်လေသည်။ သို့သော်... အခြားသော မီးအိမ် (၂)လုံး

ကတော့ ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်

နန်းတော်များတွင် ရှိနေလေသည်။

ဆန်းလျန်မှလွဲပြီး ထိုမီးအိမ် (၂)လုံးကို မည်သူမှ ရယူပေးနိုင်

မည် မဟုတ်ပေ။

ဆန်းလျန်က ထိုမီးအိမ် (၂)လုံးကို မည်သို့ရယူရမည်ကို တွေးမ

နေမိပေ။ ထိုမီးအိမ် (၃)လုံးစလုံး ရသွားလျှင် လီချင်းဆွေ

မည်သို့ဖြစ်သွားမည်ကိုသာ တွေးနေမိလေသည်။

လီချင်းဆွေ မီးအိမ် (၃)လုံးကိုသာ ရသွားလျှင် သူမသည်

အားလုံးကို ကျော်တက်သွားနိုင်လေသည်။ ထိုအခါ ဆန်းလျန်၊

ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိသကျတို့အားလုံးသည် ရယ်စရာဟာသများဖွယ် နောက်ကောက်ကျ ကျန်ရစ်ခဲ့ပေလိမ့်မည်။

သို့သော်... ထိုသို့ဆိုလျှင်တောင်မှ ဆန်းလျန်က လီချင်းဆွေကို ပေးထားသည့်ကတိအတိုင်း မီးအိမ်များကို ယူပေးမည် ဖြစ်လေသည်။

ဆန်းလျန်၏ နေရာတွင် ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိသကျသာ ဖြစ်နေပါက ပေးထားသည့်ကတိကို တည်နိုင်ကြတော့မည် မဟုတ်ပေ။

ဤသည်က ဆန်းလျန်နှင့် ထိုသူတို့အကြား ကွာခြားမှုပင် ဖြစ်လေသည်။

စစ်မှန်သောကျင့်ကြံသူတစ်ယောက်သည် ဖြောင့်မတ်ရမည်ဖြစ်သည်။ ဖြောင့်မတ်ခြင်း၏ နောက်ကွယ်တွင် ဆန်းလျန်က

မည်သူမှ မသိနိုင်သည့် ရှုးသွပ်မှုတစ်ခုကို ကွယ်ဝှက်ထားခဲ့လေ

သည်။

ဆန်းလျန်က ဘဝကို ကစားပွဲတစ်ခုဟု သတ်မှတ်ခဲ့ပြီး စွဲစွဲ

လန်းလန်း ပါဝင်ပတ်သက်ခဲ့သူ ဖြစ်လေသည်။

သူက ချင်းဆွေသည် မီးအိမ် (၃)ခုလုံး ရရှိသွားလျှင် မည်မျှ

ကြောက်မက်ဖွယ်ရာကောင်းသူတစ်ယောက် ဖြစ်လာမည်ကို

အလွန်သိချင်လှသည့် ရှုးသွပ်မှုမျိုးဖြင့် ချင်းဆွေကို ပေးထား

သည့်ကတိကို တည်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအကြောင်းများကြောင့် ဆန်းလျန်က လီချင်းဆွေကို ပေး

ထားသည့် ကတိကို တည်မည်ဖြစ်ကြောင်း

တည်တည်ကြည်ကြည်ဖြင့် ပြောလိုက်မိခြင်း ဖြစ်လေသည်။

ချင်းဆွေကတော့ စကားတစ်ခွန်းမှ ပြန်မပြောခဲ့ပေ။

သူတို့ စကားပြောနေရင်းဖြင့်ပင် ဆန်းလျန်၏ ဒဏ်ရာလည်း

ပြန်လည် သက်သာလာလေသည်။ ဤသည်ကို ကြည့်ခြင်း

အားဖြင့် ဆန်းလျန် ဒဏ်ရာမည်မျှပြင်းထန်ပါစေ အလျှင်အမြန် ပြန်လည်သက်သာနိုင်သည့် အစွမ်းရှိသည်ကို ဆန်းလျန် သိလိုက်ရလေသည်။

ဆန်းလျန်၏ မူလဝိညာဉ်ခန္ဓာက ထိုသို့သော ထူးဆန်းသည့် အစွမ်းကို ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။ ထို့ပြင်… ဤသည်မှာ ဟွင့်ယွမ်ဝူကျီအဆင့်၏ လက္ခဏာလည်း ဖြစ်လေသည်။

ဟွင့်ယွမ်ဝူကျီအဆင့်ပင် ဤမျှတန်ခိုးစွမ်းအားမြင့်မားလှလျှင် တာအိုဆရာသခင်ကြီးတစ်ပါးသာ ဖြစ်သွားလျှင် မည်သူမှ သူ့ကို ဒဏ်ရာရအောင် ပြုလုပ်နိုင်တော့မည်မဟုတ်ဟု ဆန်းလျန် တွေးလိုက်မိသည်။

နောက်ပိုင်း သူနှင့် ချင်းဆွေ ပြောနေကြသည့်စကားများ ကတော့ ရောက်တက်ရာရာများ ဖြစ်လေသည်။

ဆန်းလျန်က ချင်းဆွေကို သစ်ပင်ပန်းမာလ်စိုက်နည်းများပြောပြနေခဲ့ပြီး ချင်းဆွေထျန်းကောင်းကင်ဘုံမှာ အလွန်လှပသည့်

တိုင် သစ်ပင်ပန်းပင်များ များစွာလိုအပ်နေသေးသည်ဆိုသည့်

အကြောင်းများ ဖြစ်လေသည်။

ဤသည်မှာ သူမနှင့် ဆန်းလျန်ကြားမှ ကွာခြားချက်ဖြစ်လေ

သည်။

သူမက အလှအပများကို သိပ်ပြီး မနှစ်သက်သော်လည်း ဆန်း

လျန်ကတော့ နူးညံ့သူတစ်ယောက် ဖြစ်လေသည်။ အလှအပ

များကိုခံစားရသည်က ဆန်းလျန်ဘာဝ၏ အစိတ်အပိုင်းများ

ဖြစ်နေသလားဟု ချင်းဆွေ တွေးလိုက်မိသည်။

သို့သော်... သူတို့ နှစ်ယောက်စကားဝိုင်းက

အေးအေးဆေးဆေးပင် ဖြစ်ပြီး အငြင်းအခုံများ မဖြစ်ခဲ့ကြပါ

ချေ။

နောက်ဆုံးတွင်တော့ ဆန်းလျန်က လေထဲတွင် သစ်ပင်၊

ပန်းပင် မျိုးစေ့များကို ဖန်ဆင်းလိုက်ကာ ချက်ချင်းပင် ချင်း

ဆွေထျန်းကောင်းကင်ဘုံတွင် စိုက်ပျိုးပေးလိုက်လေ

တော့သည်။

ပန်းပင်များက ချက်ချင်းပွင့်လန်းလာပြီး သစ်ပင်များကလည်း

ချင်းချင်းပင် သစ်သီးများသီးလာကြလေသည်။

ချင်းဆွေက ဆန်းလျန်ကို တားဆီးခဲ့ခြင်း မရှိပေ။ ပထမဆုံး

ဆန်းလျန် ချင်းဆွေထျန်း ကောင်းကင်ဘုံသို့ ရောက်လာစဉ်က

သူမကို ငါးကင်ပေးစဉ်ကပင် ဆန်းလျန်၏ ထူးဆန်းမှုများကို

သူမ သိရှိလက်ခံခဲ့ပြီးပြီ ဖြစ်လေသည်။

အခြားသူများအမြင်ဆိုလျှင်တော့ ဆန်းလျန်နှင့် ချင်းဆွေကြား

တွင် ထူးဆန်းသည့် ချစ်မှုရေးရာ ပတ်သက်မှု တစ်ခုခု ရှိနေကြ

မည်ဟု ယူဆကြပေလိမ့်မည်။

သို့သော်... တကယ်တမ်းတွင် သူတို့ နှစ်ယောက်သည် ရိုးရိုး

သားသားသာ ဖြစ်ကြလေသည်။

ချင်းဆွေကို စကားဖြင့် ဖော်ပြရမည်ဆိုလျှင် "သန့်စင်သူ" ဆို

သည့် စကားလုံး (၃)လုံးဖြင့် ဖော်ပြနိုင်မည် ဖြစ်သည်။ သူမ

သည် အလွန်လွတ်လပ်ပြီး သံယောဇဉ်လည်း ထားတတ်သူ

မဟုတ်ပေ။

ဆန်းလျန်သည် သူမထံတွင် တာအိုဆရာသခင် ထိုက်ယီ၏ ပုံ

ရိပ်ကို တွေ့မြင်ရလေသည်။

လီချင်းဆွေသည် အမြဲတမ်း တာအိုဆရာသခင်ထိုက်ယီအပေါ်

တွင် မကျေမနပ်ဖြစ်နေဟန်ရှိသော်လည်း သူမသည် တာအို

ဆရာသခင်ထိုက်ယီကိုလည်း သဘောကျဟန် ရှိလေသည်။

ချင်းဆွေကိုယ်တိုင် နားမလည်နိုင်သည့်အရာများကို ဘေးလူ

ဖြစ်သည့် ဆန်းလျန်က နားလည်ပေးနိုင်လေသည်။

သို့သော်... ဆန်းလျန်က ဤအကြောင်းများကို မည်သည့်အခါ

မှ ထုတ်ဖော်ပြောမည် မဟုတ်ပေ။ ထို့ကြောင့်ပင် သူသည် ချင်း

ဆွေ၏ ထာဝရသူငယ်ချင်း ဖြစ်နေပေလိမ့်မည်။

ဆန်းလျန်က...

"ချင်းဆွေ... ၊ ကျွန်တော့်ရဲ့ ဂိုဏ်းတူအစ်မနဲ့ တွေ့ခွင့်ရနိုင်မလား..."

ကူးဝေဝေ ချင်းဆွေထျန်းကောင်းကင်ဘုံတွင် ရှိနေသည်ကို ဆန်းလျန် သိထားလေသည်။

သူမအနေဖြင့် ဆန်းလျန်နှင့်အတူနေလျှင် အန္တရယ်မကင်းနိုင်သော်လည်း ချင်းဆွေထျန်းတွင်ဆိုလျှင်တော့ အန္တရယ်ကင်းနိုင်လေသည်။

အဘယ်ကြောင့်ဆိုသော် သူမ၏ ကျင့်စဉ်လမ်းအဆင့်သည် ကျောက်ရှောင်ယွီလောက် မမြင့်မားသောကြောင့် ဖြစ်လေသည်။

ထို့ပြင်... သူမကိုယ်တိုင်ကလည်း ဆန်းလျန်ကို တွယ်ကပ်နေရန် ဆန္ဒမရှိတော့သောကြောင့် ဖြစ်လေသည်။ သူမအတွက်ဖြင့် ဆန်းလျန်ကို အလုပ်မပိုစေချင်မိပေ။

လီချင်းဆွေက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

ထို့နောက် သူမက ဆန်းလျန်ကို ကူးဝေဝေရှိရာသို့ ခေါ်ဆောင်သွားလေသည်။

ချင်းဆွေထျန်းကောင်းကင်ဘုံတွင် ပင်လယ်တစ်ခု ရှိလေသည်။ ပင်လယ်လှိုင်းများကထန်နေပြီး ကမ်းခြေကို ရိုက်ခတ်နေလေသည်။

ထိုနေရာတွင်...

ကူးဝေဝေ ရှိနေခဲ့လေသည်။

အခန်း (၈၉၉) မိုးကောင်းကင်မှအချိန်ကိုခိုးယူ

လီချင်းဆွေနှင့် ဆန်းလျန်သည် ပင်လယ်ကမ်းခြေတွင်

တိတ်ဆိတ်စွာ မတ်တတ်ရပ်နေလေသည်။

ပင်လယ်ရေလှိုင်းများက မည်မျှပြင်းထန်ပါစေ သူတို့

(၂)ယောက်ရှေ့တွင်တော့ အလိုလို မာန်လျှော့ကာ ဝပ်တွားသွား

ကြရသည်ပဲ ဖြစ်လေသည်။

ပင်လယ်ကအပြာရောင် ၊ မိုးကောင်းကင်ကလည်းအပြာရောင်

ရေပြင်နှင့်ကောင်းကင် တစ်ရောင်တည်းခြယ်ထားသဖြင့်

ရှုမျှော်ခင်းက အလွန်မှ လှပလွန်းလှသည်။

လီချင်းဆွေက...

"မင်းရဲ့ဂိုဏ်းတူအစ်မက အရမ်းကြိုးစားတယ်..."

ဆန်းလျန်က ပင်လယ်ရေလှိုင်းများကြားတွင် ကျင့်ကြံနေသည့်

ကူးဝေဝေ၏ ပုံရိပ်ကို လှမ်းကြည့်လိုက်လေသည်။

တစ်ချက်ကြည့်ရုံဖြင့်ပင် သူမ မည်မျှအပင်ပန်းခံပြီး ကျင့်ကြံ

နေသည်ကို သိရှိနိုင်လေသည်။

ချင်းဆွေထျန်းကောင်းကင်ဘုံမှ ပင်လယ်ရေလှိုင်းများသည် သာမာန်ရေလှိုင်းများ မဟုတ်ပေ။ ထိုရေလှိုင်းများသည် ပေ တစ်ထောင်ခန့်မြင့်သည့် ကျောက်ဆောင်ကြီးများကိုပင် အပိုင်းပိုင်းကွဲကြေစေလောက်အောင် ပြင်းထန်လွန်းသည့် ရေ လှိုင်းများ ဖြစ်လေသည်။

ကူးဝေဝေသည် ထိုရေလှိုင်းများကြားထဲတွင် ကျင့်ကြံနေခြင်း ဖြစ်လေ၏။

လီချင်းဆွေသာ သူမကို သင်ပြပေးထားခြင်း မရှိလျှင် သူမ မည်မျှပင် ကြိုးစားပါစေ ထိုရေလှိုင်းများ၏ဒဏ်ကိုမခံနိုင်ဘဲ တစ်စစီဖြစ်သွားမည် ဖြစ်လေသည်။

သို့သော်... ထိုသို့ ဒုက္ခခံပြီး ကျင့်ကြံနေရခြင်းက သူမအတွက် အမှန်တကယ်ပင် အကျိုးရှိလေသည်။

ကူးဝေဝေထံမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများမှာ ယခင်ကထက်ဆာလျှင် အဆမတန် နက်ရှိုင်းနေသည်ကို ဆန်းလျန် သတိပြုလိုက်မိသည်။

ပင်လယ်ရေလှိုင်းများကြားတွင် ကျင့်ကြံနေခြင်းကြောင့် သူမ၏ တန်ခိုးစွမ်းအားများက ထိုမျှ နက်ရှိုင်းလာခြင်း ဖြစ်လေသည်။

သို့သော်... သူမ ကျင့်ကြံခွင့်ရသည့် အချိန်က တိုတောင်းလွန်းလှသည်။

နောက်ထပ်နှစ်ပေါင်းတစ်သောင်းခန့်သာ ကျင့်ကြံနိုင်မည်ဆိုလျှင် သူမ၏ ကျင့်ကြံမှုက မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားပေလိမ့်မည်။

ထို့ကြောင့် ဆန်းလျန်က ကူးဝေဝေကို နှစ်ပေါင်းတစ်သောင်း အချိန်ပေးရန် ဆုံးဖြတ်လိုက်သည်။

ဆန်းလျန်က လက်ဖဝါးကိုအသာဖြန့်လိုက်သည့်အခါ

လက်ဖဝါးထက်တွင် အလင်းရောင်များ တောက်ပလာပြီး စည်း

တံဆိပ်တစ်ခု ပေါ်လာလေသည်။

လီချင်းဆွေက ဆန်းလျန်ဘေးတွင်ရပ်နေပြီး ဆန်းလျန်ပြုလုပ်

နေသည့် စည်းတံဆိပ်ကို ကြည့်နေလေသည်။ ထိုစည်းတံဆိပ်

သည် အချိန်စည်းတံဆိပ်တစ်ခု ဖြစ်လေသည်။

ထိုစည်းတံဆိပ်ဖြင့် ဆန်းလျန်က မိုးကောင်းကင်မှ အချိန်နှင့်

ကံကြမ္မာကိုခိုးယူနေခြင်း ဖြစ်လေသည်။

မိုးကောင်းကင်မှ နှစ်ပေါင်းတစ်သောင်း ခိုးယူနေခဲ့ခြင်း ဖြစ်

လေသည်။

ဆန်းလျန်၏ လက်ချောင်းများထက်မှ အချိန်စီးကြောင်းကာ

ကူးဝေဝေရှိရာ ပင်လယ်ထဲသို့ စီးဆင်းဝင်ရောက်နေလေသည်။

ကူးဝေဝေရှိရာနေရာတွင် နှစ်ပေါင်းတစ်သောင်းဆိုသောအချိန်

သည် ရုတ်ချည်းပင် ကုန်ဆုံးသွားခဲ့လေသည်။

ဆန်းလျန် ချောင်းများဆိုးလာပြီး သွေးများအန်ချလိုက်သည်။

သွေးစက်များက မြေပြင်ထက်သို့ ကျသွားပြီး ချင်းဆွေထျန်း

ကောင်းကင်ဘုံတစ်ခုလုံး တုန်လှုပ်သွားကာ ပင်လယ်ရေပြင်

ထက်တွင် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာလေသည်။

ဆန်းလျန်၏ သွေးတစ်စက်ကပင် နတ်ဘုရားတောင်တစ်

တောင်ကို အမှုန့်ချေပစ်နိုင်စွမ်းရှိလေရာ သွေးတစ်ပွက်အန်ချ

လိုက်ခြင်းကတော့ ဆိုဖွယ်ရာ မရှိတော့ပေ။

ကြောက်မက်ဖွယ်ရာ ဆူနာမီလှိုင်းလုံးကြီးများဖြစ်ပေါ်လာ

သည်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်၏ သွေးထဲမှ တန်ခိုး

စွမ်းအားများ မည်မျှ ပြင်းထန်သည်ကို ပြသနေလေသည်။

လီချင်းဆွေကတော့ မည်သည့်စကားမှ မဆိုဘဲ အရှေ့ဆီသို့

သာ ကြည့်နေလေသည်။

ကူးဝေဝ ကျင့်ကြံနေသည့်နေရာတွင် အခြားနေရာများနှင့်မ

တူဘဲ နှစ်ပေါင်းတစ်သောင်း ကုန်ဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

နှစ်ပေါင်းတစ်သောင်းအတွင်း ကူးဝေဝ မည်မျှ တိုးတက်လာ
သည်ကို လီချင်းဆွေ သိချင်နေမိသည်။

ဆူနာမီလှိုင်းလုံးများကြားထဲတွင် ကူးဝေဝေ၏ အသွင်းအပြင်
က တစ်မူထူးခြားနေလေသည်။ ယခင်ကကဲ့သို့ နူးညံ့သည့်
အသွင်အပြင် မရှိတော့ပေ။ မျက်ဝန်းများကလည်း စူးရှထက်
မြက်လျှက်ရှိလေသည်။

သူမက လက်တစ်ဖက်ကို မြှောက်လိုက်ပြီး ဆူနာမီရေလှိုင်းများ
ကို တားဆီးထားလိုက်လေသည်။ သူမ၏တန်ခိုးစွမ်းအားများ
က အဆမတန် မြင့်မားလျှက်ရှိလေသည်။

သူမ၏ သွယ်လျသည့်ခန္ဓာကိုယ်လေးသည် ခွန်လွန်တောင်
အလား ရေမလှိုင်းလုံးကြီးများကို ကြွကြွခံထားပြီး
သူမ၏လက်ဝါးစောင်းတစ်ချက်က မျောက်မင်းစွန်းဝူခုံး၏
တင့်ဟိုင်စန်းကျန်းသံတုတ်အလား ပင်လယ်ရေလှိုင်းကြီးများ
ကို ရိုက်ခွဲပစ်လိုက်လေသည်။

လီချင်းဆွေက သူမထံမှ အကြည့်လွှဲလိုက်ပြီး ဆန်းလျန်ကို လှည့်ကြည့်လိုက်သည်။

"အခုဆိုရင် ထိုက်ရှီးနည်းဗျူဟာအဆင့်ကို အတော်အဆင့်မြင့်မြင့်ရောက်အောင် သူ ကျင့်ကြံနိုင်သွားခဲ့ပြီ ၊ ဒါပေမဲ့ ထိုက်ယီထျန်းရှန်းအဆင့်ကိုတော့ မရောက်သေးဘူး ၊ အဲဒါက မင်းကို ဘာမှ အကူအညီမပေးနိုင်ပါဘူး ၊ မင်းက ဘာလို့ သူ့အတွက် တာအိုလမ်းစဉ်ကို ချိုးဖျက်ပြီး နှစ်ပေါင်းတစ်သောင်း ခိုးယူပေးလိုက်ရတာလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း ...

"ချင်းဆွေ ကျွန်တော့်စိတ်ကို သေသေချာချာ နားလည်နိုင်မှာ မဟုတ်ပါဘူး..."

လီချင်းဆွေ၏ ဆံနွယ်ရှည်များ လေထဲတွင် လွင့်ပျံလာပြီး မျက်ဝန်းများကလည်း စူးရှထက်မြက်လာလေသည်။

"မင်းကိုနားလည်ရအောင် ငါက မင်းကို သဘောကျနေတာမှ

မဟုတ်တာ..."

ဆန်းလျန်က ပြုံးလိုက်ရင်း....

"ကျွန်တော် သွားတော့မယ်..."

ဆန်းလျန်ဆိုသည်က သူ၏ ဂိုဏ်းတူအစ်မကို တွေ့ချင်သည်

ဆို၍ လာတွေ့သည်။ တွေ့ရပြန်တော့လည်း သူလုပ်ချင်တာ

လုပ်ပြီး ထွက်ခွာသွားပြန်ပြီ ဖြစ်သည်။

ပထမတစ်ကြိမ်ဒဏ်ရာရသွားတုန်းကတော့ ချင်းဆွေနှင့် စိတ်

လိုလက်ရ စကားများပြောနေပြီး ယခု ဒုတိယတစ်ကြိမ်ဒဏ်ရာ

ရပြန်တော့ တစ်ချက်ပင် မနားဘဲ ထွက်ခွာသွားပြန်သည်။

ဆန်းလျန်ထွက်ခွာသွားသည်နှင့် လီချင်းဆွေ စိတ်ပျက်

လက်ပျက်နှင့် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ဆန်းလျန်ကိုမြင်ရတိုင်း တာအိုဆရာသခင်ထိုက်ယီကို သူမ

သတိရမိသည်။

ဆန်းလျန်နှင့် တာအိုဆရာသခင်ထိုက်ယီသည် လုံးဝမတူညီသည့် လူသား (၂)ယောက် ဖြစ်လေသည်။ သို့သော်... သူတို့(၂)ယောက်သည် အလွန်မှ တူညီလွန်းလှသည်။

"ဆရာချင်းဆွေ..."

အတွေးလွန်နေဆဲ ကူးဝေဝေ၏ နူးညံ့သည့်အသံကို ကြားရသည့်အတွက် လီချင်းဆွေ အနည်းငယ် ထိတ်လန့်သွားရသည်။

လီချင်းဆွေက ကူးဝေဝေကို လှမ်းကြည့်လိုက်သည်။

ကူးဝေဝေ၏ပုံစံက အိပ်မက်မှ နိုးထလာသည့်အလားသူမ၏မျက်နှာထက်တွင် မရေရာမှုများဖြင့် ပြည့်နက်နေလေသည်။

လီချင်းဆွေက ညင်သာသည့်လေသံဖြင့်...

"မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က အခုဆိုရင် နောက်တစ်ဆင့်တက်ဖို့ အခက်အခဲကို ရင်ဆိုင်ရမယ့်အချိန်ကို ရောက်နေပြီ..."

ကူးဝေဝေမှာ သူမ၏ခန္ဓာကိုယ်တစ်ခုလုံး တန်ခိုးစွမ်းအားများ ချက်ချင်း မြင့်တက်လာသည်ကို ခံစားနေရလေသည်။

သူမ ပင်လယ်လှိုင်းလုံးများအလယ်တွင် ထိုက်ရှီးနည်းဗျူဟာ ကျင့်စဉ်ကို ကျင့်ကြံနေခဲ့ပြီး အချိန်ကိုပင် သူမ မေ့လျော့သွားခဲ့လေသည်လား။

ထို့ကြောင့် ဆူနာမီလှိုင်းလုံးများကို ခုခံကာကွယ်ထားနိုင်သည့်အထိ သူမ၏ တန်ခိုးစွမ်းအားများ ရုတ်တရက် မြင့်တက်သွားခြင်းလေလား။

ထိုအချိန်မှာပင် ပင်လယ်ရေပြင်သည် သွေးအသွင်ပြောင်းလဲသွားပြီး သွေးရောင်ပြယ်သည့်အခါ ပန်းနုရောင်သမ်းပြီး ကျန်ရစ်ခဲ့လေသည်။

ကူးဝေဝေက…

"ဘာတွေဖြစ်ခဲ့တာလဲ ဆရာချင်းဆွေ ၊ ကျွန်မ အချိန် ဘယ်လောက်ကြာအောင်တောင် ကျင့်ကြံနေခဲ့မိတာလဲ…"

လီချင်းဆွေက ဖုံးကွယ်ထားခြင်းမရှိဘဲ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်လေသည်။

လီချင်းဆွေ စကားကို နားထောင်ပြီးသည့်နောက် ကူးဝေဝေမှာ အတန်ကြာအံ့အားသင့်နေပြီး စကားမပြောနိုင်ဖြစ်နေရလေသည်။

နောက်ဆုံးမှ သူမက စကားတစ်ခွန်းပြောလိုက်သည်။

"ကျွန်မကိုတောင် နှုတ်မဆက်ဘဲ သူ ပြန်သွားတာပေါ့..."

လီချင်းဆွေက...

"မင်းမှာ သူ့ကို ပြောစရာတစ်ခုခု ရှိလို့လား..."

ကူးဝေဝေ တိတ်ဆိတ်ငြိမ်သက်နေမိလေသည်။

ပြောစရာစကားများရှိနေသည့်တိုင် မပြောလိုက်ရသည်က လည်း ကောင်းတာပါပဲလေဟု သူမ တွေးနေမိလေသည်။

လီချင်းဆွေက...

"မင်းရဲ့တန်ခိုးစွမ်းအားတွေက အခုဆိုရင် အရမ်းနက်ရှိုင်းနေပြီ

၊ လောကအလယ် ဘယ်လိုရှင်သန်နေထိုင်ရမလဲဆိုတာပဲ မင်း

ကိုသင်ပေးဖို့ လိုတော့တယ်..."

ကူးဝေဝေက သူမရင်ထဲမှ ဝမ်းနည်းစိတ်များကို ထိန်းချုပ်

လိုက်ရင်း....

"ကျွန်မ ကြိုးစားပါ့မယ်..."

ဟု ပြောလိုက်လေသည်။

လီချင်းဆွေက...

"မင်း မကြိုးစားလည်း ဘာမှ မဖြစ်ပါဘူး..."

လီချင်းဆွေ၏ စကားကြောင့် ကူးဝေဝေ အံ့အားသင့်သွားရ

သည်။ လီချင်းဆွေဆိုလိုသည့် စကားအဓိပ္ပါယ်ကို သူမ နားမ

လည်ပေ။

လီချင်းဆွေကတော့ကူးဝေဝေနားမလည်သည်ကို ရှင်းပြမနေ

တော့ပေ။

သူမက ရှင်းပြရန်အတွက် အလွန်ပျင်းနေသည်ကတစ်ကြောင်း ၊ စကားပြောလိုစိတ်မရှိတော့သည်က တစ်ကြောင်း ကြောင့် ရှင်းမပြတော့ခြင်း ဖြစ်လေသည်။

အမှန်တော့ ကူးဝေဝေ မည်မျှပင် ကြိုးစားကျင့်ကြံပါစေ ဆန်းလျန်နှင့် လီချင်းဆွေကိုတော့ မည်သည့်နည်းနှင့်မှ လိုက်မီနိုင်မည် မဟုတ်ပေ။

အမှန်တရားသည် တစ်ခါတစ်ရံတွင် လက်မခံနိုင်စရာ ကောင်းလှလေသည်။ သို့သော် မည်သို့မှ မတတ်နိုင်ပေ။

ကျင့်စဉ်လမ်းအဆင့်တူညီသည့် နတ်ဘုရားများပင်လျှင် တစ်ယောက်နှင့်တစ်ယောက် အရည်အချင်း ၊ တန်ခိုးစွမ်းအားများ မတူညီကြပေ။ မြင့်သည့်သူကမြင့်မားသည် နိမ့်သည့်သူက နိမ့်ပါးသည်ပဲ ဖြစ်လေသည်။

အချို့သူများက မွေးလာကတည်းက ခပ်တုံးတုံးဖြစ်ကြပြီး အချို့သူများကတော့ မွေးလာကတည်းက အသုံးမကျကြပေ။

ဤသည်မှာ မည်သို့မှ မတတ်နိုင်သည့်အချက်ပင် ဖြစ်လေသည်။

....

ကျောက်ဖုန်းက နတ်ဘုရားတစ်ပါးဖြစ်ချင်လှသည့်အတွက် အပြင်းအထန် ကျင့်ကြံလျှက် ရှိလေသည်။

မိုးချုပ်သည်နှင့်စတင်ကျင့်ကြံပြီး အရုဏ်တက်မှ အနားယူလေသည်။

ဆန်းလျန်က သူ့ကို ကျင့်စဉ်တစ်ခုသင်ပေးထားလေသည်။ ထိုကျင့်စဉ်က မည်မျှအစွမ်းထက်သည်ကို မသိသော်လည်း ကျောက်ဖုန်းကတော့ ကြိုးစားကျင့်ကြံလေသည်။ သူတစ်ကြိမ်ကျင့်ကြံလေ တန်ခိုးစွမ်းအားက အနည်းငယ် မြင့်တက်လာလေပဲ ဖြစ်လေ၏။

ယနေ့လည်း ကျောက်ဖုန်းက ထုံးစံအတိုင်း အရုဏ်တက်သည်အထိ ကျင့်ကြံပြီးသည့်နောက် ဗေဒင်ဟောခန်းဖွင့်ရန်အတွက် ကျင့်ကြံခြင်းကို ရပ်နားလိုက်လေသည်။

သူက ဗေဒင်ဟောခန်းမဖွင့်မီ ဆန်းလျှန်ကို အရင်သွားကြည့်လိုက်သည်။ ဆန်းလျှန်နေသည့်အခန်းသို့ ရောက်သည့်အခါ ညီဖြစ်သူ တစ်ခုခုထူးခြားနေသည်ကို ကျောက်ဖုန်း သတိပြုလိုက်မိသည်။ ဆန်းလျှန်ကိုကြည့်ရသည်မှာ အနည်းငယ် နေမကောင်းဖြစ်နေဟန် ရှိလေသည်။

အမှန်တော့ ဆန်းလျှန်၏ အပြင်ပန်းသွင်ပြင်ကိုကြည့်ပြီး ဆန်းလျှန် ဘာဖြစ်နေသည်ကို ခက်ခဲရန်မှ မည်သို့မှ မဖြစ်နိုင်သည့်ကိစ္စဖြစ်လေသည်။ ထိုက်ယီထျန်းရှန်းနတ်ဘုရားများပင်လျှင် ခန့်မှန်းနိုင်ကြမည် မဟုတ်ပေ။

သို့သော်... ကျောက်ဖုန်းကတော့ ဆန်းလျှန် တစ်ခုခုထူးခြားနေသည်ကို ခံစားသိရှိနေလေသည်။

ကျောက်ဖုန်းက...

"မင်းကိုကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ ၊ နေမကောင်းဘူးလား..."

ဆန်းလျန်က ကျောက်ဖုန်းကို လှမ်းကြည့်လိုက်သည်။

သူက ကျောက်ဖုန်း၏ ဇာစ်မြစ်ကို အနည်းငယ်သိရှိနေပြီ ဖြစ်သည့်အတွက် ကျောက်ဖုန်းက သူ့အခြေအနေကို သိရှိနေခြင်းကို အံ့သြခြင်း မရှိတော့ပေ။

ဆန်းလျန်က...

"ငါ ဘာမှ မဖြစ်ပါဘူး ၊ မင်း ဆိုင်သွားဖွင့်တော့လေ..."

ကျောက်ဖုန်းက ဆန်းလျန်ကို သေသေချာချာ ထပ်ကြည့်လိုက်သည်။

မျက်နှာအနည်းငယ်အနီရောင်သမ်းနေသည်မှအပ မည်သည့်ထူးခြားချက်မှ မရှိသဖြင့် ဆန်းလျန် ဘာမှ မဖြစ်နိုင်ဟု တွေးလိုက်မိသည်။

ကျောက်ဖုန်းက ခေါင်းညိတ်လိုက်ပြီး ဗေဒင်ဟောခန်းဖွင့်ရန် ပြင်ဆင်လိုက်လေသည်။

ဆန်းလျန်တို့နေထိုင်သည့်နေရာသည် ထျန်းကျယ်လမ်းတွင် တည်ရှိလေရာ ထိုလမ်းသည် ဘုရင့်နန်းတော်ရှိရာသို့ တိုက်ရိုက် ရောက်သည့် လမ်းတစ်လမ်း ဖြစ်လေ၏။

ယနေ့တွင်တော့ ဆန်းလျန်က ဧဒင်မေးမည့်သူများကို ဆွဲ ဆောင်နိုင်ရန်အတွက် ဆိုင်ခန်းအဝင်တွင် စာကြောင်း (၂)ကြောင်းရေးသားထားသည့် အလံတစ်ခုကို ချိတ်ဆွဲထား လိုက်လေသည်။

ထိုအလံတွင်ရေးသားထားသည့် (၂)ကြောင်း ကဗျာမှာ...

"အမှားကအမှန်ဖြစ်သည်ဆိုလျှင်

အမှန်ကလည်း အမှားဖြစ်နေနိုင်တာပဲ"

ဟူ၍ ဖြစ်လေသည်။

အခန်း (၉၀၀)ဗေဒင်မေးရာဝယ်

ဆိုင်ခင်းပြီးသွားသည့်နောက် ကျောက်ဖုန်းက နေရာတွင်ထိုင်

လိုက်ပြီး ဗေဒင်လာမေးမည့်သူများကို စောင့်မျှော်နေလိုက်လေ

သည်။

ထိုအချိန်တွင် ဆန်းလျန်က...

"ဒီနေ့ ငါဟောမယ်၊ မင်း ဘေးကပဲ ကြည့်နေပါ..."

ဆန်းလျန်စကားကြောင့် ကျောက်ဖုန်းမှာ အနည်းငယ်ထူးဆန်း

သွားသော်လည်း ဆန်းလျန် စီစဉ်သည့်အတိုင်း လိုက်နာရန်

ဆုံးဖြတ်လိုက်ပြီး ဘေးသို့ အသာဆုတ်ပေးလိုက်သည်။

ဆန်းလျန်က ဗေဒင်ဟောမည့်သူနေရာတွင် ဝင်ထိုင်လိုက်

လေ၏။

သူတို့ဆိုင်ဖွင့်ထားသည့်နေရာက လူစည်ကားသည့်နေရာတစ်ခု ဖြစ်သော်လည်း ထူးဆန်းစွာပင် တစ်မနက်လုံး မည်သူမှ လာ ရောက်ဗေဒင်မေးမြန်းခြင်း မရှိကြပေ။

လမ်းသွားလမ်းလာများက သူတို့ကို ရှိသည်ဟုပင် မထင်ကြ ပေ။

ဆန်းလျန်ကတော့ ဗေဒင်မဟောရသည့်အတွက်လည်း စိတ်ပျက်ဟန်မရှိပေ။ သူက ဗေဒင်ဟောမည့်နေရာတွင် မလှုပ် မယှက် ထိုင်နေလေသည်။

ကျောက်ဖုန်းမှာ ဆန်းလျန်ကိုကြည့်ပြီး ဝတ်ကျောင်းတော် အတွင်းမှ နတ်ရုပ်တုများကို သွားပြီး သတိရလိုက်မိသည်။

ဝတ်ကျောင်းတော်အတွင်းသို့ ဝတ်ပြုကိုးကွယ်သူများ လာ သည်ဖြစ်စေ ၊ မလာသည်ဖြစ်စေ နတ်ရုပ်တုများကတော့ မ လှုပ်မယှက်ထိုက်နေဆဲ ဖြစ်လေသည်။

အနောက်ဘက်သို့ နေဝင်တော့မည် ဖြစ်လေသည်။

ထိုအခါမှ ထူးခြားစွာ ဗေဒင်မေးမည့်သူတစ်ယောက် ရောက်ရှိလာလေ၏။

ထိုသူ၏နဖူးထက်တွင် ဆံပင်အနည်းငယ်ကျနေပြီး မျက်နှာအသွင်အပြင်က နှာတံဖြောင့်ဖြောင့် နဖူးကျယ်ကျယ်နှင့် ဖြစ်လေသည်။ ဆံနွယ်ရှည်တို့ကတော့ ကျောထက်တွင် ဝဲကျလျှက်ရှိလေသည်။

ထိုသူက အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး လက်ထဲတွင် ခေါက်ယပ်တောင်တစ်ချောင်းကို ကိုင်ထားလေသည်။

ထိုသူက လမ်းမထက်မှ ဖြတ်သွားရင်း ဆန်းလျန်ကို အာရုံစိုက်မိသွားပြီး အချိန်ကြာမြင့်စွာ ကြည့်နေခဲ့လေသည်။

ထို့နောက် သူက ဆိုင်တံခါးဝတွင် ချိတ်ဆွဲထားသည့် အလံမှ ကဗျာလေးကို ဖတ်လိုက်လေသည်။

"အမှားကအမှန်ဖြစ်သည်ဆိုလျှင်

အမှန်ကလည်း အမှားဖြစ်နေနိုင်တာပဲ"

နောက်ဆုံးတွင်တော့ ထိုသူက စကားစပြောလာလေသည်။

"ကျုပ် ဗေဒင်တွက်ချင်တယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ချင်းယွမ်မြောက်တောက်အရှင် ၊ မင်းက နတ်မျက်စိကို

ပိုင်ဆိုင်ထားတဲ့သူပဲ ၊ ဗေဒင်မေးစရာ လိုလို့လား..."

ထိုအနက်ရောင်ဝတ်လူသည်ကား ကျောက်စိမ်းဝိညာဉ်

နန်းတော်မှ ချင်းယွမ်မြောက်တောက်အရှင်ဟုသိကြသည့် ယန်

ကျန်းပင် ဖြစ်လေသည်။

သူ၏လက်ရှိအဆင့်က တိုက်တိုင်းအောင်ဘုရား စွန်းပွခုံးထက်

နိမ့်ပါးခြင်း မရှိပေ။

ချင်းယွမ်မြောင်တောက်အရှင်က...

"ထျန်းကျွင်းက ယန်ကျန်းကို မသိချင်ယောင်ဆောင်နေမယ်

ထင်ခဲ့တာ ၊ မဟုတ်ခဲ့ဘူးပဲ..."

ဆန်းလျန်က...

"ကျုပ်ရှေ့မှာပေါ်လာရဲ့တဲ့ ချင်းယွမ်မြောင်တောက်အရှင်ရဲ့
သတ္တိကိုသာ ကျုပ်က လေးစားမိတာပါ..."
ဆန်းလျန် အလွန်အပြောကြီးသည်ဟု ထင်စရာရှိလေသည်။
သို့သော်... ဆန်းလျန် အပြောကြီးခြင်းမဟုတ်သည်ကို ယန်
ကျန်းသိနေခဲ့ပါ၏။
ယန်ကျန်းက...
"လောကကြီးက ကျယ်ပြောပေမယ့် တစ်နေ့မဟုတ် တစ်နေ့
တော့ ထျန်းကျွင်းနဲ့ ပြန်ဆုံရမှာပဲ မဟုတ်ဘူးလား... ၊ ရှောင်နေ
စရာ အကြောင်းမရှိပါဘူး..."
ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...
"အပြောကတော့ကောင်းတယ် ၊ ဒါပေမဲ့ ကျုပ် ဒီနေ့တော့ မင်း
ကို မတိုက်ခိုက်နိုင်သေးဘူး ၊ အဲဒီတော့ ဗေဒင်မေးချင်တယ်ဆို
ရင် ဘာမေးမှာလဲ ပြော..."
ယန်ကျန်းက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး ...

"ကွန်ဖြူးရှပ်ဝါဒက သူတော်စင် ခုံချိုးက ထိုက်စန့်လောင်ကျွင်းကို မေးခွန်းတစ်ခုမေးခဲ့တယ်၊ အခု ယန်ကျန်းကလည်း ထျန်းကျွင်းကို မေးခွန်းတစ်ခုမေးမယ်၊ အခု ယန်ကျန်း ဘုရင့်နေပြည်တော်ကိုလာရတဲ့ ရည်ရွယ်ချက် အောင်မြင်မှာလား မအောင်မြင်ဘူးလား..."

ဗေဒင်ဆိုင်ခန်းရှေ့မှ ကျောက်စရစ်ခဲလေးများ ဖြည်းဖြည်းချင်း ရွေ့လျားသွားပြီး နောက်ဆုံးတွင် "တာအို" ဆိုသည့်စာလုံးပေါ်လာလေသည်။

ဆန်းလျန်က ထိုစာလုံးကို တစ်ချက်ကြည့်လိုက်ပြီး...

"တာအိုဆိုတာ လမ်းလည်းဖြစ်သလို မူလအစလည်းဖြစ်တယ်၊ ပါးကွသကော်တရဲ့ မူလအရင်းအမြစ်လည်း ဖြစ်တယ်၊ မူအရင်းအမြစ်က လှည့်ပတ်လိုက်တဲ့အခါ ပါးကွသကော်တက 'လေ' ဆိုတဲ့ သရုပ်ကို ဖော်လိမ့်မယ်၊ အဲဒါဆိုရင် အောင်မြင်ဖို့ခက်ခဲတဲ့ အခြေအနေကို ဖော်ပြတာပဲ၊ ကြည့်ရတာ ချင်းယွမ်

မြောင်တောက်အရှင် ဘုရင့်နေပြည်တော်ကို လာရတဲ့

ရည်ရွယ်ချက်က အောင်မြင်မယ် မထင်ဘူး..."

ယန်ကျန်းက...

"တာအိုဆိုတာ နဂါးလိုပါပဲ ၊ ခေါင်းပါတဲ့နဂါးတစ်ကောင်ပေါ့ ၊

အဲဒါ လောကမှာ ထိပ်တန်းအဆင့်အောင်မြင်မယ်ဆိုတဲ့

အဓိပ္ပါယ်ပဲ ၊ ထျန်းကျွင်း ပြောသလို မဖြစ်နိုင်ပါဘူး..."

ဆန်းလျန်က...

"ကျုပ်ကတော့ အဲဒီလို မထင်ဘူး..."

ယန်ကျန်းက တဟားဟားအော်ဟာစ်ရယ်မောရင်း ဆန်းလျန်ရှေ့

မှ ထွက်ခွာသွားလေတော့သည်။

ကျောက်ဖုန်းက ယခုမှ အိပ်မက်မှနိုးထလာသူပမာ

ယောင်ဝါးဝါးဖြင့် ဆန်းလျန်ကို မေးလိုက်သည်။

"မင်းက သူ့ကို ချင်းယွမ်မြောင်တောက်အရှင်လို့ ခေါ်တယ်၊ သူ ကလည်း သူ့ကိုယ်သူ ယန်ကျန်းလို့ပြောတယ်၊ သူက မိုးနတ်မင်းရဲ့တူ အော့လန်ရှန်လား..."

ကျောက်ဖုန်း၏ အမေးကို ဆန်းလျန်က ခေါင်းညိတ်အဖြေပေးလိုက်လေသည်။

ကျောက်ဖုန်းက...

"ဘုရားရေ... သူ့ကြည့်ရတာ မင်းကိုကြောက်နေသလိုပဲ၊ ညီလေး... မင်းက ဘယ်လိုလူစားမျိုးလဲကွာ..."

ဆန်းလျန်က အနည်းငယ်ပြုံးလိုက်ရင်း...

"ဘာလဲ... မင်းရှေ့မှာ ငါတို့ ပြဇာတ်ကနေတယ်များထင်လို့လား..."

ကျောက်ဖုန်းက...

"ဒီလူက အော့လန်ရှန်အတုပဲဖြစ်ရမယ်..."

ဆန်းလျန်က...

"အစစ်ပါကွာ..."

ကျောက်ဖုန်းက ဆန်းလျန်နှင့် ဆက်ပြင်းရန် ဟန်ပြင်ပြီးမှ မ

ပြင်းတော့ဘဲ ရပ်တန့်လိုက်လေသည်။

ဆန်းလျန်ပြောနေသည့်စကားများက အမှားလား အမှန်လား

သူ့အနေဖြင့် မသဲကွဲသေးပေ။

သူက ဆန်းလျန်ကို လှမ်းကြည့်လိုက်လေသည်။ ဆန်းလျန်၏

မျက်ဝန်းများနှင့် ရင်ဆိုင်လိုက်ရသည့်အခါ ကျောက်ဖုန်း

တုန်လှုပ်သွားမိသည်။

ကျောက်ဖုန်း၏ အကြည့်က ဆန်းလျန်၏ တာအိုနှလုံးသား

တွင် ထင်ဟပ်လာလေသည်။

ဆန်းလျန်သည် ချင်းရှမ်နတ်တံခါး၏ ထိုက်ဝေ့ထိုင်ခန်းမ

ဆောင်မှ တာအိုဆရာအဘိုးအိုအကြောင်းကို ပြန်အမှတ်ရ

လိုက်မိသည်။

ထိုတာအိုဆရာအဘိုးအို လောကတွင် သံသရာလည်ပြီး ရှင်သန်နေဆဲလား ဆန်းလျန် စဉ်းစားလိုက်မိသည်။
အမှန်တော့ လောကတွင် ဆန်းလျန် ဖမ်းယူဆုပ်ကိုင်နိုင်ခြင်းမရှိသည့်အကြောင်းအရာများလည်း များစွာ ရှိနေသေးသည်မဟုတ်ပါလား။

***

ယန်ကျန်းသည် လမ်းမထက်တွင်လမ်းလျှောက်လာရင်း ဆန်းလျန်နှင့်တွေ့ဆုံခဲ့သည့်အကြောင်းကို စဉ်းစားနေမိလေသည်။
သူက ဆန်းလျန်နှင့်တိုက်ခိုက်ရမည်ကို ကြောက်ရွံ့ခြင်း မဖြစ်မိပေ။ သို့ရာတွင်... ဆန်းလျန်သည် ကြောက်မက်ဖွယ်ကောင်းသူတစ်ယောက်ဖြစ်သည်ကတော့ မငြင်းနိုင်ပေ။
အမှန်တော့ သူ ဘုရင့်နေပြည်တော်သို့ လာရသည့်ခရီးစဉ်ကလွယ်ကူသည်တော့ မဟုတ်ပေ။ အခက်အခဲများဖြင့် ပြည့်နက်နေခဲ့လေသည်။ သူကိုယ်တိုင်ကလည်း ရင်ဆိုင်ရမည့်အခက်အခဲများစွာအတွက် ပြင်ဆင်ထားခဲ့ပါသည်။

သို့သော်... ဆန်းလျန်ကိုတွေ့လိုက်ရသည့်အခါတွင်တော့ သူ ရင်ဆိုင်ရမည့်အခက်အခဲများမှာ သူ၏ပြင်ဆင်ထားမှုများနှင့် မလုံလောက်တော့ကြောင်းကို သိရှိလိုက်ရသည်။

လောကတွင် ဆန်းလျန်ကို မကြောက်ရွံ့သူ မည်သူရှိမည်နည်း။

ဆန်းလျန်ထက် ခန့်မှန်းရခက်သူ မည်သူရှိမည်နည်း။

ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိသကျတို့က ဟွင့်ယွမ်ဝူ ကျီအဆင့်ကျင့်ကြံသူများဖြစ်ကြသည်တိုင် သူတို့က ဆန်းလျန် လောက် ခန့်မှန်းရမခက်ပေ။

ယခင်အချိန်ကသာဆိုလျှင် နတ်ဘုရားများ ပူးပေါင်းပြီး ဆန်း လျန်ကို ဖယ်ရှားပစ်ရန် ကြံစည်ကြမည် ဖြစ်လေသည်။

သို့သော်... ယခုမူကား အင်အားကြီး နတ်ဘုရား (၃)ပါးက ဘေးချင်းယှဉ်ရပ်နေသည့် ခေတ်ဖြစ်သည့်အတွက် အခြေအနေက ယခင်ကနှင့် များစွာ ကွာခြားသွားခဲ့ပြီ ဖြစ်လေ သည်။

ထို့ကြောင့် မည်သူမှ ဆန်းလျှန်ကို အရင်ဆုံး ရန်သွားစပြီး အခြေအနေများ ရှုတ်ထွေးကုန်အောင် မလုပ်ရဲကြတော့ပေ။ ယန်ကျန်းသည် သေရမည်ကိုကြောက်သည့် လူတစ်ယောက် မဟုတ်ပေ။ ထို့ပြင်... သူက အခြားသောတာအိုကျင့်ကြံသူများနှင့် တူညီသူတစ်ယောက် မဟုတ်ပေ။

သူကျင့်စဉ်လမ်းကိုစပြီးလိုက်ခဲ့စဉ်ကတည်းက အခက်အခဲ တစ်ခုမဟုတ်တစ်ခု အမြဲတမ်း ရင်ဆိုင်ရစမြဲပင်။ အခြားသောနတ်ဘုရားများနှင့်လည်း ပြဿနာတစ်ခုမဟုတ် တစ်ခု တက်ခဲ့ရပြီး မိုးကောင်းကင်ခုံရုံးပျက်စီးသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရဖူးလေသည်။

ထိုသို့သောအခက်အခဲများစွာကို သူရင်ဆိုင်ဖြတ်သန်းရပြီးသည့်နောက် သုံးလောကတစ်ခွင်တွင် လောကပထမ စစ်နတ်ဘုရားအဖြစ် ခံယူနိုင်ခဲ့လေသည်။

သူကြုံတွေ့ခဲ့ရသည့် ခါးသက်သည့်အတွေ့အကြုံများကြောင့် သူ၏ တိုက်ရည်ခိုက်ရည်နှင့် ရင့်ကျက်မှုသည် နတ်မိစ္ဆာ အဓိပတိကြီးနှင့် ကျန့်ယွမ်ကျီနတ်မင်းကြီးထက်ပင် သာလွန် လေသည်။

သို့သော်... ဆန်းလျန်ကတော့ သူ့ဘဝတစ်လျှောက် ရင်ဆိုင်ခဲ့ရ သည့် အင်အားကြီးနတ်ဘုရားများနှင့် လုံးဝမတူဘဲ တစ်မူကွဲ ထွက်နေသူဖြစ်လေသည်။

ထိုဆန်းလျန်ဆိုသူသည် အမှန်တရားကိုပြောင်းပြန်လှန်ပြီး အတိတ်ကိုလည်း ဖြတ်တောက်ပစ်ခဲ့သည်။ မယုံကြည်နိုင် လောက်သည့်တန်ခိုးစွမ်းအားများကို အသုံးပြုကာ များစွာ သောနတ်ဘုရားများကိုလည်း အရှုံးလုပ်နိုင်ခဲ့သည်။

အမှန်တော့ မိုးကောင်းကင်ခုံရုံး (၂)ခုလုံး ပျက်စီးခဲ့ရသည့် လက်သည်တရားခံကလည်း ထိုဆန်းလျန်ဆိုသူပဲ ဖြစ်လေ သည်။

မကြာသေးမီကမှ ရွှမ်တုတောက်ကျွင်းက မိုးကောင်းကင်ခုံရုံးကို ပြန်လည်တည်ထောင်ခဲ့ပြီး အတိတ်ကိုပြန်လည်ရှုမြင်သည့်အခါ ထူးဆန်းနက်နဲလှသည့်ထိုအချက်ကို သိရှိခဲ့ခြင်းဖြစ်သည်။

ယခုတော့ ဘုရင့်နေပြည်တော်တွင် မထင်မှတ်ဘဲ ဆန်းလျန်နှင့်ဆုံခဲ့ရပြီ။ ထိုသူက တစ်လောကလုံးကို ဒုက္ခပေးမည့် နတ်ဆိုးကောင်ပင် ဖြစ်လေသည်။

ထို့ကြောင့် သူ့စိတ်ထဲတွင် အနည်းငယ်တော့ တုန်လှုပ်လျှက် ရှိလေသည်။

ထို့ပြင် ထိုနတ်ဆိုးကောင်က သူ့ခရီးစဉ်သည် အောင်မြင်ခြင်းမရှိဟု ဗေဒင်ပင်တွက်ပေးပြီး သူ့နှလုံးသားထဲတွင် အရှုံးတရားအမြစ်တွယ်အောင် စိတ်ပိုင်းဆိုင်ရာတိုက်ခိုက်မှုကို ပြုလုပ်လိုက်သေးသည်။

ထို့ကြောင့် သူက ဆန်းလျန်ကို မတွေ့ချင်ခြင်း ဖြစ်လေသည်။

ထို့ပြင် ဆန်းလျှန်ကိုကြည့်ရသည်မှာ အထွတ်ထိပ်အဆင့်သို့ ရောက်ရှိနေဟန် ရှိလေသည်။

ယန်ကျန်းသည် အတွေးများထဲတွင် နစ်မျောနေမိလေသည်။

သူ ဘုရင့်နေပြည်တော်သို့ ရောက်လာရသည့် ရွယ်ချက်သည် ပင် အောင်မြင်နိုင်ပါတော့မည်လား ယန်ကျန်းကိုယ်တိုင် မဝေခွဲ နိုင်ဖြစ်နေရသည်။

ယနေ့ ယန်ကျန်း လူ့လောကသို့ ရောက်လာခြင်းသည် (၉)လ ပိုင်း (၉)ရက်နေ့တွင် မယ်တော်ဝမ်မူပြုလုပ်မည့် အပြောင်းအလဲအတွက် ဖြစ်လေသည်။

ယန်ကျန်းတို့၏ ကျောက်စိမ်းဝိညာဉ်နန်းတော်သည် ရွှမ်တု တောက်ကျွင်းနှင့် ပူးပေါင်းထားပြီ ဖြစ်သည်။ သို့သော်... ရွှမ် တုတောက်ကျွင်း၏ လက်အောက်ခံတော့ မဟုတ်ပေ။

ရွှမ်တုတောက်ကျွင်းသည် ကျောက်စိမ်းဝိညာဉ်နန်းတော်မှ ဖန် ကူအလံ၏ အကူအညီဖြင့် မိုးနတ်မင်းတစ်ပါး ဖြစ်လာခဲ့ခြင်း

ဖြစ်လေသည်။ ဖန်ကူအလံကြောင့်သာ မဟုတ်ပါက မိုးနတ်မင်းဖြစ်လာရန် လွယ်ကူမည် မဟုတ်ပေ။

တာအိုဆရာယွိတင်က ရွှမ်တုတောက်ကျွင်းကို မိုးကောင်းကင်ခုံရုံးပြန်လည်တည်ထောင်နိုင်အောင် ကူညီခဲ့ပြီး ရွှမ်တုတောက်ကျွင်းကလည်း ကျောက်စိမ်းဝိညာဉ်နန်းတော်ကို မည်သူမှ အနှောင့်အယှက်မပေးနိုင်စေရန် ကာကွယ်ပေးမည်ဟု သဘောတူခဲ့လေသည်။

ဤသည်မှာ အပြန်အလှန်ကူညီခြင်းဖြစ်ပြီး အပြန်အလှန်အကျိုးရှိသည့် လုပ်ဆောင်ချက်ဖြစ်သည်။

ဆန်းလျန်က တိကျန်ဗောဓိသကျနှင့် ပူးပေါင်းပြီး တိုက်ခိုက်မှသာ မိုးကောင်းကင်ခုံရုံးကို အသာစီးရနိုင်ပေမည်။ ထိုအတိုင်းသာဆိုလျှင် ဆန်းလျန်သည် ထင်သလောက် အင်အားကြီးခြင်းမရှိသေးကြောင်း ယန်ကျန်း ခန့်မှန်းလိုက်မိသည်။

အကယ်၍ ထိုသို့ဖြစ်လာခဲ့မည်ဆိုလျှင်လည်း သူ့ကိုသတ်ဖြတ်ပစ်မည့် ယန်ကျန်း၏ လက်ရည်ကို လာစမ်းသပ်ရန် ဖိတ်ခေါ်နေသည့်အလား ဖြစ်ပေလိမ့်မည်။

အခန်း (၉၀၁) ရှောင်ယွီနှင့် မီလဲ့ကိုယ်တော်၏တိုက်ပွဲ

ဘုရင့်နေပြည်တော်အပြင်ဘက်... ၊

ရွှမ်ဝူရေကန်...။

ရွှမ်ဝူရေကန်၏ ကြည်လင်သည့်ရေပြင်ထဲတွင် ငါးများ ကူး

ခတ်နေကြလေသည်။ ငါးများပွက်နေကြသည့်အတွက် ကန်

ရေပြင်သည် လှိုင်းပျော့လေးများဖြင့် လှုပ်ခတ်လျှက် ရှိလေ

သည်။

ရုတ်တရက်...

ရေကန်အောက်ခြေမှ ကြာပန်း (၂)ပွင့် ပွင့်လန်းလာလေသည်။

ကြာရွက်ဖားဖားနှင့် ကြာပွင့်လေးများက မြင့်မြတ်သည့်အသွင်

ကို ဆောင်လေသည်။

ကြာပန်းများက ငါးများကို ဆွဲဆောင်နေသည့်အလား ငါး

များသည် ကြာပန်းများ ပတ်ပတ်လည်တွင် ဝန်းရံ ကူးခတ်နေ

ကြလေတော့သည်။ ထို့ကြောင့် ကြာပန်းများမှာလည်း လေထဲ

တွင် ယိမ်းထိုးလျှက် ရှိလေ၏။

ထိုအချိန်မှာပင်... ကြာပန်း (၂)ပွင့်သည် ကြယ်စင်များအလား

အလင်းရောင်သဲ့သဲ့ တောက်ပလာလေသည်။

အလင်းမှုံလေးများ စုစည်းသွားပြီး ကြာပန်း (၂)ပွင့်အလယ်

တွင် လူ (၂)ယောက် ထွက်ပေါ်လာလေသည်။

ဘုန်းတော်ကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ဖြစ်

လေသည်။

ဘုန်းတော်ကြီးမှာ ဝဝဖိုင့်ဖိုင့်နှင့်ဖြစ်ပြီး အနောက်ဘက်

ကောင်းကင်ဘုံမှာ မီလဲ့ကိုယ်တော် ဖြစ်လေသည်။

သူ၏မျက်နှာက အစဉ်အမြဲပြုံးရွှင်လျှက် ရှိလေ၏။

မိန်းကလေးကတော့ ထူးခြားသူတစ်ယောက်ဖြစ်လေသည်။

သူမက တင်ပျဉ်ခွေထိုင်နေပြီး သူမ၏ ဒူးထက်တွင် သွေးနီ

ရောင်ဓားရှည်တစ်လက်ကို တင်ထားလေသည်။ သူမက

အခြားသူမဟုတ်။ ကျောက်ရှောင်ယွီ ဖြစ်လေ၏။

ကျောက်ရှောင်ယွီက လှပစွာ တစ်ချက်ပြုံးလိုက်ရင်း...

"မီလဲ့ကိုယ်တော်ကို ဂါရဝပြုပါတယ်..."

သူမ၏ ကြည်လင်သည့်မျက်ဝန်းများက ကြယ်စင်များထက်ပင် တောက်ပလျှက် ရှိလေသည်။

သူမ၏ နှုတ်ခမ်းထောင့်စွန်းလေးများက တွန့်ကွေးပြီး ပြုံးနေသည်မှာ ခမ်းနားသည့်အလှတရားတစ်ခုကို ဖော်ကျူးလေသည်။ သူမ၏ ဟန်ပန်က အေးဆေးပြီး ပေါ့ပါးလျှက်ရှိသည်။

မီလဲ့ကိုယ်တော်သည်ပင် သူမကို လေးစားသည့်အကြည့်ဖြင့် ကြည့်လိုက်မိလေသည်။

မီလဲ့ကိုယ်တော်က...

"နတ်သမီးက ကျုပ်ကို ဒီနေရာမှာ ဘာလို့ တားဆီးရတာလဲ..."

ကျောက်ရှောင်ယွီက သိမ်မွေ့သည့်လေသံဖြင့်...

"ကျွန်မ မီလဲ့ကိုယ်တော်ကို မရိုမသေမလုပ်ရဲပါဘူး ၊ ဒါပေမဲ့ မေးစရာလေးတစ်ခု ရှိလို့ပါ..."

မီလဲ့ကိုယ်တော်က ပြုံးလိုက်ပြီး...

"ဘာများမေးချင်တာလဲ..."

"ကျွန်မ ဘဝတစ်လျှောက်လုံးကျင့်ကြံခဲ့ပေမယ့် မီလဲ့ ကိုယ်တော်နဲ့ယှဉ်ရင်ဘာမှ မဟုတ်ပါဘူး ၊ ဒါပေမဲ့ ကျွန်မ နှစ်ပေါင်းများစွာကျင့်ကြံပြီးတဲ့နောက် အောင်မြင်မှုတွေလည်း ရသင့်သလောက် ရခဲ့သလို သံသယဝင်စရာကိစ္စတွေလည်း အများကြီးတွေ့ခဲ့ရပါတယ် ၊ ကိုယ်တော်က ဒီလောကမှာ ထိပ်တန်းအဆင့်တန်ခိုးရှင်တစ်ပါးဆိုတော့ ကျွန်မနားမလည်တာတွေကို ရှင်းပြပေးနိုင်မလားလို့ပါ..."

သူမက ပေါ့ပါးသည့်လေသံဖြင့် ပြောနေခြင်းဖြစ်ပြီး သူမ၏ မျက်လုံးများကတော့ မီလဲ့ကိုယ်တော်ကို စိုက်ကြည့်နေလေသည်။

မီလဲ့ကိုယ်တော်က...

"ဗုဒ္ဓဘာသာဆိုတာ 'ငါ' ဆိုတဲ့ အတ္တကိုပယ်သတ်ဖို့ အဓိကထားတဲ့ ဘာသာတရားပါ ၊ နတ်သမီးသိချင်တာတွေကို ပြောပြရမယ်ဆိုရင် ဆုံးနိုင်မှာမဟုတ်ဘူး ၊ အခု ကျုပ်မှာ အရေးကြီး

ကိစ္စရှိသေးတယ်၊ အရေးကြီးကိစ္စပြီးမှ ဒီကနတ်သမီး သိချင်

တာတွေကို ပြောပြပေးပါ့မယ်၊ အခုတော့ နတ်သမီး ကျုပ်ကို

ထိန်းချုပ်ထားတာကို ဖြေလျှော့ပေးပါဦး..."

အမှန်တော့ ရှမ်ဂူရေကန်တစ်ခုလုံးကို ကျောက်ရှောင်ယွီက

ထိန်းချုပ်ပြီး သီးသန့်ဓမ္မနယ်မြေတစ်ခုအဖြစ် ဖန်ဆင်းထား

ခြင်း ဖြစ်လေသည်။

ထို့ကြောင့်... အနောက်ဘက်ကောင်းကင်ဘုံမှ ထွက်ခွာလာ

သည့် မီလဲ့ကိုယ်တော်မှာ အငိုက်မိပြီး ကျောက်ရှောင်ယွီ၏

ထိန်းချုပ်ခြင်းကို အမှတ်မထင် ခံလိုက်ရခြင်း ဖြစ်လေသည်။

ကျောက်ရှောင်ယွီက အလွန်ထူးခြားသည့် တန်ခိုးစွမ်းအားဖြင့်

ဓမ္မနယ်မြေကိုဖန်ဆင်းထားခြင်းမရှိသည့်တိုင် စစ်မှန်သည့်

တန်ခိုးစွမ်းအားကို အသုံးပြုထားသည့်အတွက် မီလဲ့

ကိုယ်တော်မှာ ချက်ချင်း ရုန်းမထွက်နိုင်ဖြစ်နေရလေသည်။

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ကျွန်မရဲ့ တန်ခိုးစွမ်းအားက ဘာရှိမှာလဲ ၊ သူသေကိုယ်သေ တိုက်ပွဲတစ်ပွဲတိုက်ရတာလောက် မပြင်းထန်ပါဘူး..."

မီလဲ့ကိုယ်တော်က ပြုံးလိုက်ရင်း...

"သူသေကိုယ်သေတိုက်မယ်ဆိုရင် နတ်သမီး ဘဝတစ်ခုလုံး ခက်ခက်ခဲခဲ ကျင့်ကြံခဲ့သမျှ အကုန်အလကားဖြစ်သွားမှာ မစိုးရိမ်ဘူးလား..."

ကျောက်ရှောင်ယွီက သွေးနီရောင်ဓားရှည်ကို ဆုပ်ကိုင်လိုက်လေသည်။

သူမ၏ မျက်ဝန်းများက တည်ငြိမ်နေပြီး မီလဲ့ကိုယ်တော်ကို အေးဆေးစွာပင် စိုက်ကြည့်နေလေသည်။

"ကျွန်မက အဲဒါကို လုံးဝမစဉ်းစားဘူး..."

ကျောက်ရှောင်ယွီ၏ စကားကြောင့် မီလဲ့ကိုယ်တော် အနည်းငယ် တုန်လှုပ်သွားပြီး သူ၏မျက်နှာထက်မှ အပြုံး သည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

ကျောက်ရှောင်ယွီက ဓားကို ကိုင်ကာ မတ်တတ်ထရပ်လိုက်လေသည်။ ဓားရှည်မှ သွေးနီရောင်အလင်းတန်းများ ဖြာထွက်နေပြီး နေရောင်ခြည်ကဲ့သို့ပင် တောက်ပလျှက် ရှိလေသည်။

ထိုဓားမှာ ငရဲလမ်းဓားဖြစ်လေ၏။

အရာအားလုံးကို ပိုင်းဖြတ်တိုက်ခိုက်ပစ်တော့မည့်အလား မရဏာအငွေ့အသက်များ ထွက်ပေါ်လျှက်ရှိလေသည်။

မီလဲ့ကိုယ်တော် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ကျောက်ရှောင်ယွီသည် ဆန်းလျှန်လောက် တန်ခိုးစွမ်းအားမြင့်မားခြင်း မရှိသည့်တိုင် ချင်းယွမ်မြောင်တောက်အရှင်ထက်တော့ နိမ့်ပါးခြင်း မရှိပေ။

ကျောက်ရှောင်ယွီက ငရဲလမ်းဓား၏အစွမ်းကိုသာ ပြသလိုက်ခြင်းဖြစ်ပြီး တကယ်တမ်း တိုက်ခိုက်ခြင်း မပြုသေးပေ။

သို့သော်... မရဏစွမ်းအားများက နေရာတိုင်းတွင်ပျံ့နှံ့နေပြီး အကန့်အသတ်မရှိသည်ကို မီလှဲ့ကိုယ်တော် သဘောပေါက်လိုက်လေသည်။

မီလှဲ့ကိုယ်တော်က ကြာပန်းထက်တွင် ငြိမ်သက်စွာပ ထိုင်နေဆဲဖြစ်လေသည်။ သို့သော်... သူ၏ လက်ဖဝါးထက်တွင် အနတ္တစည်းတံဆိပ်ကို ဖန်ဆင်းလိုက်လေသည်။

နေရာတိုင်းတွင် အနတ္တတန်ခိုးစွမ်းအားများထွက်ပေါ်လာပြီး ကောင်းကင်တစ်ခွင်လုံးတွင် ရွှေရောင်အလင်းတန်းများဖြင့် ဖုံးလွှမ်းသွားလေတော့သည်။

ကောင်းကင်ထက်တွင် တိမ်တိုက်များ ငြိမ်သက်သွားပြီး လေပြေအေးက တိုက်ခတ်လာလေသည်။ ထို့နောက် မိုးများ သဲကြီးမဲကြီး ရွာသွန်းလာပြီး မိုးကြိုးများလည်း စတင်ပစ်ခတ်လေတော့သည်။

ကျောက်ရှောင်ယွီ၏ ဓားဝိညာဉ်သည် အနတ္တတန်ခိုးစွမ်းအား များကြားတွင် ချက်ချင်းပင် မှေးမှိန်သွားရသည်။

ကျောက်ရှောင်ယွီ ထိတ်လန့်သွားခြင်း မရှိပေ။ သို့သော်... မီလှဲ့ ကိုယ်တော်၏တန်ခိုးစွမ်းအားများက သူမထက် များစွာ သာလွန်ကြောင်း ကောင်းကောင်းနားလည်လိုက်သည်။

သူမက နှုတ်ခမ်းလေးများကို အသာတွန့်ကွေးပြီး ပြုံးလိုက် သည်။

ကိုယ့်ထက်သာတဲ့ရန်သူနဲ့ တိုက်ခိုက်ရတော့လည်း တိုက်ပွဲက ပျင်းစရာ မကောင်းတော့ဘူးပေါ့ဟု သူမ တွေးလိုက်မိသည်။

ကျောက်ရှောင်ယွီ၏ ငရဲလမ်းဓားကို မီလှဲ့ကိုယ်တော်၏ အနတ္တ စည်းတံဆိပ်က ဖိနှိပ်ထားလိုက်ပြီးသည့်နောက် သူက ကိုယ်ခွဲ တစ်ထောင်တန်ခိုးစွမ်းအားကို ပြသလိုက်လေသည်။

ကိုယ်ခွဲတစ်ထောင်တန်ခိုးစွမ်းအားသည် ရှေးခေတ်အချိန် ကာလများကတည်းက ရှိခဲ့သည့် ကျင့်စဉ်တစ်ခုဖြစ်ပြီး

နတ်မိစ္ဆာများနှင့် ဗုဒ္ဓဘာသာကျင့်ကြံသူများက အသုံးများကြ
သည်။
မျက်စိတစ်မှိတ်အတွင်းမှာပင် ရွှမ်ဝူရေကန်တစ်ခုလုံး အဖြူ
ရောင်ကြာပန်းများဖြင့် ဖုံးလွှမ်းသွားလေသည်။
ကြာပန်းတစ်ပွင့်စီတိုင်းတွင် မီလဲ့ကိုယ်တော်ထိုင်နေလေ၏။
မီလဲ့ကိုယ်တော်၏ ကိုယ်ခွဲများမှ မှိန်ပျပျအလင်းရောင်များ
ထွက်ပေါ်နေပြီး သူတို့အားလုံး၏ အသက်ရှူသံသည်ပင် မူလ
မူရင်းကိုယ်တော်နှင့် ကွဲပြားမှုမရှိ တူညီနေလေသည်။
မီလဲ့ကိုယ်တော်၏ ကိုယ်ခွဲများက ကျောက်ရှောင်ယွီကို ဘက်
ပေါင်းစုံမှ ဝန်းရံထားလိုက်ပြီး ကြီးမားသည့် ဖိအားများနှင့်
ဖိနှိပ်ထားလိုက်လေသည်။
ကျောက်ရှောင်ယွီက တည်တည်ငြိမ်ငြိမ်ပင် ရှိနေလေသည်။

သူမလက်ထဲမှ ငရဲလမ်းဆားက မရဏစွမ်းအားများနှင့်ပြည့်နေပြီး အရာအားလုံးကို ခုတ်ပိုင်းချတော့မည့်အလား ထင်မှတ်ရသည်။

ငရဲလမ်းဆားတွင် တာအိုတန်ခိုးစွမ်းအားများကိုလည်း တွေ့မြင်နိုင်သလို ဗုဒ္ဓဘာသာ တန်ခိုးစွမ်းအားများကိုလည်း တွေ့မြင်နိုင်သည်။

"ချုပ်ငြိမ်းခြင်းကိုသိရင် သမာဓိက နောက်ကလိုက်လာတယ် ၊ သမာဓိရရင် တည်ငြိမ်မှုကိုရတယ် ၊ တည်ငြိမ်မှုကိုရရင် ငြိမ်းချမ်းခြင်းကိုရတယ်၊ ငြိမ်းချမ်းခြင်းကိုရရင် ဆုံးဖြတ်ချက်ခိုင်မာမှုကိုရတယ် ၊ ကျွန်မ နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့တဲ့အခါ ကျွန်မရဲ့ တာအိုနှလုံးသားဟာ ငြိမ်းချမ်းခြင်းအဆင့်ကို ကျော်လွန်ခဲ့ပါပြီ ၊ ကျေးဇူးပြုပြီး မီလဲ့ကိုယ်တော်က ကျွန်မကို ဝေဖန်ပေးပါဦး..."

ကျောက်ရှောင်ယွီက ထိုစကားကို ပါးစပ်မှ ထုတ်ဖော်ပြောဆို လိုက်ခြင်း မဟုတ်ပေ။ ဓားဝိညာဉ်မှတစ်ဆင့် ပြောလိုက်ခြင်း ဖြစ်လေသည်။

ယခုလိုအခြေအနေမျိုးတွင် ပါးစပ်မှ စကားပြောနေလျှင် တိုက်ခိုက်ရန် နောက်ကျသွားပေမည်။ပြောချင်သည့်စကားကို ဓားနှင့်ပြောသည်ကသာ အကောင်းဆုံးဖြစ်လေ၏။

မီလဲ့ကိုယ်တော်၏ ကိုယ်ခွဲများက မရေမတွက်နိုင်အောင် များပြားလှပြီး ကျောက်ရှောင်ယွီ၏ ဓားကတော့ တစ်လက် တည်း ဖြစ်သည်။

ငရဲလမ်းဓား၏ သွေးနီရောင်အလင်းတန်းက စက်ဝိုင်းပုံသဏ္ဍာန် လှည့်ပတ်သွားပြီး ရွှမ်ဂူရေကန်ထဲတွင် စက်ဝိုင်းပုံသဏ္ဍာန်လှိုင်း လုံးများ ဖြစ်ပေါ်လာလေသည်။

ရေလှိုင်းများထဲတွင် မြင့်မားသည့်တန်ခိုးစွမ်းအားများ ပါဝင်နေ ပြီး ဓားချက်တစ်ချက်တည်းဖြင့် မီလဲ့ကိုယ်တော်၏

ထောင်ပေါင်းများစွာသော ကိုယ်ခွဲများကို သုတ်သင်ပစ်လိုက်လေတော့သည်။

ကျောက်ရှောင်ယွီ၏ ငရဲလမ်းဓားကို မီလဲ့ကိုယ်တော်သေသေချာချာ နားလည်လိုက်သည်။

တာအိုက တစ်ခုကို မွေးဖွားသည် ၊ တစ်ခုက နှစ်ခု ၊ နှစ်ခုက သုံးခု စသည်ဖြင့် အရာအားလုံးမွေးဖွားလာသည်ဆိုသည့် သဘောတရားကို အခြေခံထားသည့်ဓားသိုင်းပညာဖြစ်လေသည်။

ထိုသဘောတရားကိုနားလည်သည့် နတ်ဘုရားများသည် ထိန်းချုပ်နိုင်စွမ်းမြင့်မားပြီး အခြားသူများထက် သာလွန်ကြလေသည်။

ကျောက်ရှောင်ယွီ၏ ဓားဝိညာဉ်က တာအိုအနှစ်သာရများဖြင့် ပြည့်နေလေသည်။

အသင်္ချေသောအရာများသည် တစ်ခုမှ စတင်သည်ဆိုသည့် သဘောတရားကို ကျော်ရှောင်ယွီက နားလည်ထားသူ ဖြစ်လေသည်။

ထို့ကြောင့် မီလဲ့ကိုယ်တော်၏ ပုံရိပ်ယောင်ကိုယ်ခွဲများအားလုံးကို သုတ်သင်ပစ်လိုက်နိုင်ခြင်း ဖြစ်လေသည်။

သို့သော်... ဤမျှလောက်ဖြင့် ကျော်ရှောင်ယွီက မီလဲ့ကိုယ်တော်ကို အနိုင်ယူလိုက်နိုင်သည်ဟု မဆိုနိုင်သေးပေ။

ယခု... ရွှမ်ဝူရေကန်ထက်မှ မီလဲ့ကိုယ်တော်၏ ကိုယ်ခွဲများ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။ မီလဲ့ကိုယ်တော် အစစ်အမှန်တစ်ပါးတည်းသာ ရေကန်ထက်တွင် ကျန်ရစ်နေတော့သည်။

မီလဲ့ကိုယ်တော်က တစ်ချက်ပင် လှုပ်ရှားခြင်း မရှိပေ။

သို့သော်... ရွှမ်ဝူရေကန်တစ်ခုလုံး သူ၏တန်ခိုးစွမ်းအားများဖြင့် လွှမ်းခြုံထားလေသည်။

အစပိုင်းတွင် မီလှဲ့ကိုယ်တော်က ကျောက်ရှောင်ယွီ ဖန်ဆင်းထားသည့် ဓမ္မနယ်မြေထဲတွင် ပိတ်မိနေခဲ့လေသည်။ ယခုတော့ သူမဖန်ဆင်းခဲ့သည့် ဓမ္မနယ်မြေသည် မီလှဲ့ကိုယ်တော်၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

ဘီလုံငှက်ငယ်၏အသိုက်ကို ချိုးငှက်က သိမ်းယူလိုက်သည့်အခါ ဘီလုံးငှက်ငယ် မည်သို့မှ မတတ်နိုင်တော့သည့် အခြေအနေမျိုးပင် ဖြစ်လေသည်။

ယခုတော့ ဓမ္မနယ်မြေတစ်ခုလုံး မီလှဲ့ကိုယ်တော်၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားပြီဖြစ်သည့်အတွက် ကျောက်ရှောင်ယွီ ရှုံးနိမ့်သွားသည်မှာ အငြင်းပွားစရာ မရှိတော့ပေ။

ကျောက်ရှောင်ယွီသည် ကြောက်မက်ဖွယ်ရာ ကောင်းသူတစ်ယောက်ဖြစ်လေသည်။

ခေတ်အဆက်ဆက်တွင် သူမကဲ့သို့ အောင်မြင်မှုရရှိသည့် နတ်ဘုရားဆို၍ ခပ်ရှားရှားပင် ဖြစ်သည်။ သို့သော်… မီလှဲ့

ကိုယ်တော်ကတော့ သူမထက်ပိုပြီး တန်ခိုးစွမ်းအားမြင့်မား

သည့်မျာ မငြင်းနိုင်တော့ပေ။

ထို့ပြင် မီလဲ့ကိုယ်တော်သည် အနောက်ဘက်ကောင်းကင်ဘုံကို

အုပ်ချုပ်ရသည့် ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်လေရာ

ရင့်ကျက်မှုအပိုင်းတွင်လည်း ကျောက်ရှောင်ယွီထက် သာလွန်

လေသည်။

ဆန်းလျန်သည် ဗေဒင်ဟောခန်းထဲတွင် ထိုင်နေလေသည်။

သူက ကျောက်ရှောင်ယွီ အခက်အခဲနှင့် ရင်ဆိုင်နေရသည်ကို

သိသည့်တိုင် မည်သည့်နည်းနှင့်မှ ကူညီနိုင်ခြင်း မရှိပေ။

အသူရာချောက်ရှိ ဝိညာဉ်မြစ်ကမ်းနံဘေးတွင်တော့ တိကျန်

ဗောဓိသကျ ရပ်နေလေသည်။ မမြင်ရသည့်တန်ခိုးစွမ်းအား

တစ်ခုက သူ့ကိုဝန်းရံထားလေသည်။

တိကျန်ဗောဓိသကျက တစ်ချက်ပြုံးလိုက်လေ၏။

အမှန်တော့ ကျောက်ရှောင်ယွီက မီလှဲ့ကိုယ်တော်နှင့် တိုက်ခိုက်နေသည့်အချိန်တွင် ဆန်းလျန်သည်လည်း အသူရာချောက်မှ တိကျန်ဗောဓိသကျနှင့် တိတ်တဆိတ် တန်ခိုးစွမ်းအား ယှဉ်ပြိုင်နေခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် သူ့အနေဖြင့် ကျောက်ရှောင်ယွီကို မကူညီနိုင်ခြင်း ဖြစ်လေသည်။

အခန်း (၉၀၂) မင်းကငါမှမဟုတ်တာ

ဆန်းလျန် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

သူမက ကျောက်ရှောင်ယွီကို ဖန်သားကောင်းကင်ဘုံတွင် သူ့ကို စောင့်နေရန် မှာခဲ့သော်လည်း သူမက စကားနားမထောင်ခဲ့ပေ။ သူမနေရာတွင် ကူးဝေဝေသာဆိုလျှင် ဆန်းလျန်ပြောသမျှ စကားတိုင်းကို တသွေမတိမ်းနားထောင်မည် ဖြစ်လေသည်။ ဤသည်မှာ သူတို့ (၂)ယောက်၏ ခြားနားချက်ပင် ဖြစ်သည်။

သို့သော်... ကူးဝေဝေက ကျောက်ရှောင်ယွီလောက် တန်ခိုးစွမ်းအားမြင့်မားခြင်း မရှိလေရာ သူတို့ (၂)ယောက်က အားသာချက် ၊ အားနည်းချက် မတူညီကြပေ။

ဆန်းလျန်က ကျောက်ဖုန်းကို ပြောလိုက်သည်။

"ငါ့မှာဓားတစ်လက်ရှိတယ် ၊ မင်းအဲဒီဓားကိုယူပြီး ဘုရင့်နေပြည်တော်အပြင်ဘက်က ရွှမ်ဝူရေကန်ကို ယူသွားပေးပါ..."

ဆန်းလျန်၏ လက်ထဲတွင် ဓားရှည်တစ်လက် ရှိနေလေသည်။ ဓားရှည်က (၃)ပေခန့် ရှည်လျားပြီး ဓားသွားက ထက်ရှလွန်းသည်။

ထိုဓားမှာ ယွမ်တုဓားပင် ဖြစ်လေ၏။

ကျောက်ဖုန်းက...

"ကောင်းပြီ..."

ကျောက်ဖုန်း ဆန်းလျန်ကို မေးစရာမေးခွန်းများစွာရှိသည့်တိုင် မမေးတော့ဘဲ ဓားရှည်ကို လှမ်းယူလိုက်လေသည်။

ယွမ်တုမရဏဓားက အလွန်လေးလံမည်ဟု ကျောက်ဖုန်းထင်ထားမိသော်လည်း တကယ်တမ်းဓားကိုယူလိုက်သည့်အခါတွင် တော့ ပေါ့ပါးလွန်းလှလေသည်။ လက်ထဲတွင် အခိုးအငွေ့များကို ကိုင်ထားရသည့်အလားပင် ထင်မှတ်ရသည်။

ယွမ်တုမရဏဓားကိုကိုင်ကာ ကျောက်ဖုန်းဘုရင့်နေပြည်တော် အပြင်ဘက်သို့ ထွက်ခွာလာခဲ့လေသည်။

ထိုအချိန်.... သူ့နားထဲတွင် ဆန်းလျန်၏ အသံကို ကြားလိုက်ရလေသည်။

"မင်းကို တစ်ယောက်ယောက်ကတားမယ်ဆိုရင် အဲဒီဓားနဲ့သာ ခုတ်ပစ်လိုက်..."

ထိုစကားကို ပြောလိုက်သည့်အချိန်တွင် ဆန်းလျန်ကတော့ ဗေဒင်ဟောခန်းထဲတွင် မလှုပ်မယှက် ရုပ်တုတစ်ခုအလား ရှိနေဆဲ ဖြစ်သည်။

ဆန်းလျန်က ရှိသမျှ တန်ခိုးစွမ်းအားအားလုံးကို အသုံးပြုကာ အသူရာချောက် (၉)ထပ်လုံးကို ဖိနှိပ်ပြီး တိကျန်မောဓိသကျနှင့် တိတ်တဆိတ် တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

ဆန်းလျန်ရင်ဆိုင်နေရသည့်တိုက်ပွဲက အလွန်အန္တရယ်များလွန်းလှသည်။ သို့သော်... ဆန်းလျန်က အေးအေးဆေးဆေး ထိုင်နေသည့်အတွက် ဆန်းလျန်မှာ အန္တရယ်ရှိသည့်တိုက်ပွဲတစ်ခုနှင့်ရင်ဆိုင်နေရသည်ဟု မည်သူမှ သိရှိနိုင်မည် မဟုတ်ပေ။

"တန်ခိုးစွမ်းအားကိုကြည့်လိုက်မယ်ဆိုရင် တိကျန်ဖောဓိသကျ က ရှမ်တုတောက်ကျွင်းထက်သာတယ် ၊ ဒါတောင် ဆန်းလျန် က တိကျန်ဖောဓိသကျကို ထိန်းချုပ်ထားနိုင်တယ်..."

ထိုစကားကို ပြောလိုက်သူမှာ ကွမ်ယင်မယ်တော် ဖြစ်လေသည်။

သူမ၏ဘေးတွင် ရပ်နေသူကတော့ ကျန့်ယွမ်ကျီနတ်မင်းကြီး ဖြစ်လေ၏။

သူတို့ (၂)ယောက်က ဘုရင့်နေပြည်တော် ကောင်းကင်ထက်ရှိ တိမ်တိုက်များကြားတွင် ရောက်ရှိနေကြခြင်း ဖြစ်သည်။ သူတို့ က ဖြစ်ပျက်သမျှ အခြေအနေများအားလုံးကို လေ့လာနေကြခြင်း ဖြစ်လေ၏။

ကွမ်ယင်မယ်တော်က မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း....

"အခုအချိန်မှာ ဆန်းလျန်က ကျောင်ရှောင်ယွီနဲ့ မီလဲ့ကိုယ်တော်ရဲ့ တိုက်ပွဲကို ဘယ်နည်းနဲ့မှ ဝင်ပါနိုင်မှာ မဟုတ်တော့ဘူး..."

ကျန့်ယွမ်ကျီနတ်မင်းကြီးက...

"မီလဲ့ကိုယ်တော်နဲ့ ကျောက်ရှောင်ယွီရဲ့ တိုက်ပွဲက ဘယ်လို

ဖြစ်လာမလဲ စောင့်ကြည့်ကြတာပေါ့..."

ကွမ်ယင်မယ်တော်က ဘုရင့်နေပြည်တော်ထဲမှ ဓားတစ်လက်

ဖြင့် ပြေးလွှားထွက်ခွာလာသော ကျောက်ဖုန်းကို တစ်ချက်

ကြည့်လိုက်ပြီး ....

"ယွမ်တုမရဏဓားကို ရှမ်ဝူရေကာန်ကိုပို့ဖို့ဆိုတာ သိပ်တော့

မလွယ်လှဘူး..."

ပြောပြီးသည်နှင့် သူမက ကျောက်ဖုန်းကိုတားဆီးရန်အတွက်

လက်ထဲတွင်ကိုင်ထားသည့် ကြွေပန်းအိုးထဲမှ မိုးမခခက်တစ်

ခက်ကို ထုတ်ယူလိုက်လေသည်။

သို့သော်... ကျန့်ယွမ်ကျီနတ်မင်းကြီးက သူမကို တားဆီးထား

လိုက်သည်။

ကွမ်ယင်မယ်တော်က...

"ဒါက ဘာအစီပွဲပါယ်လည်း နတ်မင်းကြီး...."

ကျန့်ယွမ်ကျီနတ်မင်းကြီးကသိမ်မွေ့သည့်လေသံဖြင့်...

"မယ်တော် သေသေချာချာ ကြည့်လိုက်ပါဦး..."

ကွမ်ယင်မယ်တော်က မြို့ထဲသို့ နောက်တစ်ကြိမ်ထပ်ကြည့်

လိုက်လေသည်။

ထိုအခါ... သူမ၏ မျက်လုံးထဲတွင် ထူးဆန်းသည့် သဲလွန်စ

တစ်ခုကို မြင်တွေ့လိုက်ရလေသည်။

ဘုရင့်နေပြည်တော်အလယ်တွင် အလွန်မှ ထူးဆန်းသည့်

လှည့်စားမှုတစ်ခု ဖြစ်ပေါ်နေလေသည်။ ထိုလှည့်စားမှုတန်ခိုး

စွမ်းအားများက အလွန်နက်နဲပြီး ကွမ်ယင်မယ်တော်သည်ပင်

သတိမထားခဲ့မိပေ။

ထိုလှည့်စားခြင်းကို ပြုလုပ်နေသူသည်ကား မာရ်နတ်ပင်ဖြစ်

လေ၏။

ကွမ်ယင်မယ်တော်က...

"ချင်းယွမ်မြောင်တောက်အရှင်လည်း လောလောဆယ် မြို့ထဲမှာ ရှိနေတာပဲ၊ သူ အချိန်မီလှုပ်ရှားမလားပဲ ကြည့်ရမယ်..."

ကျန့်ယွမ်ကျီနတ်မင်းကြီးက ခေါင်းခါယမ်းလိုက်ပြီး...

"ယန်ကျန်း စိတ်တွေရှုတ်နေတယ်ထင်တယ်၊ သူ လှုပ်ရှားမယ် မထင်ဘူး...၊ သူ မိုးကောင်းကင်တံခါးရှိတဲ့နေရာကို သွားမယ် ထင်တယ်...."

ကွမ်ယင်မယ်တော်၏မျက်လုံးထဲတွင် ထူးဆန်းသည့်အရိပ်တစ်ခု ဖြတ်သွားပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"မိုးကောင်းကင်တံခါး ပေါ်လာရင်တော့ အခြေအနေတွေက ပိုပြီး ရှုတ်ထွေးကုန်တော့မှာပဲ..."

ကျန့်ယွမ်ကျီနတ်မင်းကြီးက...

"ဒါပေမဲ့ အခွင့်အရေးတစ်ခုလည်း ဖြစ်လာနိုင်တာပဲ..."

ကွမ်ယင်မယ်တော်က မည်သည့်စကားမှ ပြန်မပြောတော့ပေ။

ကျန့်ယွမ်ကျီနတ်မင်းကြီးက မိုးကောင်းကင်တံခါးကို စိတ်ဝင်စားနေဟန်ရှိလေသည်။ လောကတွင် မိုးကောင်းကင်တံခါးကို စိတ်မဝင်စားသူ လောကတွင် မည်သူရှိပါမည်နည်း။

ကွမ်ယင်မယ်တော်က ဆန်းလျန်ထိုင်နေသည့် ဗေဒင်ဟောခန်း ရှိရာသို့ တစ်ချက်ကြည့်လိုက်လေသည်။

ထိုအခါ တစ်ချက်မှ မလှုပ်ရှားဘဲထိုင်နေသည့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။ သို့သော်... ဆန်းလျန်ကို ထိုသို့ မလှုပ်မယှက်တွေ့မြင်လိုက်ရသည်ကပင် သူမကိုပိုပြီး ခြောက်ခြားတုန်လှုပ်စေလေ၏။

***

ကျောက်ဖုန်းသည် ယွမ်တုဓားကိုကိုင်ပြီး မြို့တော်အတွင်းမှ အလျှင်အမြန်ထွက်ခွာလာလေသည်။

လူများရှုတ်ထွေးနေသည့်လမ်းများကို ဖြတ်ကျော်လာပြီး မြို့ပြင်သို့ ရောက်လုနီးပါး ဖြစ်လာလေသည်။

ထိုအချိန်မှာပင်...

ရုတ်တရက်... သူ့ရှေ့တွင် လူငယ်လေးတစ်ယောက်ပေါ်လာပြီး....

"အဖေ... ကျွန်တော် အဖေ့ကို ရှာနေတာ ကြာပြီ..."

ထိုလူငယ်၏ ပုံစံက ကျောက်ဖုန်းနှင့်အလွန်ဆင်တူလေသည်။ ကျောက်ဖုန်း၏စိတ်မှာ လှည့်စားခံလိုက်ရပြီး ထိုလူငယ်လေးကို မြင်မြင်ချင်း သူ၏သားဖြစ်သူဟု ထင်မှတ်သွားလေတော့သည်။

လူငယ်လေးက ကျောက်ဖုန်းရှိရာသို့ ပြေးလာပြီး ကျောက်ဖုန်းကို ပြေးဖက်လိုက်သည်။

ရုတ်တရက်...

ကျောက်ဖုန်း၏ ခေါင်းများ မူးဝေသွားပြီး ဓားကိုင့်ယမ်းကာ လူငယ်လေး၏ ရင်ဝတည့်တည့်သို့ ထိုးစိုက်ချလိုက်လေတော့သည်။

"အဖေ... ဘာလို့ဒီလိုလုပ်ရတာလဲ..."

လူငယ်လေးက မယုံကြည်နိုင်သည့် မျက်နှာဖြင့် ကျောက်ဖုန်း ကိုငေးကြည့်ရင်း မေးလိုက်လေသည်။

ကျောက်ဖုန်းက...

"မင်းက ငါ့သားမဟုတ်ဘူး ၊ ပြီးတော့ ငါက အရင်လို အဘိုး ကြီးကျောက်ဖုန်းမှ မဟုတ်တော့တာ ၊ လူငယ်တစ်ယောက် ခန္ဓာကိုယ်ထဲဝင်နေတာ ၊ မင်းက ဘယ်လိုလုပ် ငါ့ကို မှတ်မိနေရ တာလဲ..."

လူငယ်၏ မျက်ဝန်းများထဲမှ အလင်းရောင်မှိန်သွားလေသည်။

"အဖေ ဘာတွေပြောနေတာလဲ ၊ ဘာလို့ အဖေက လူငယ်တစ် ယောက်ခန္ဓာကိုယ်ထဲ ဝင်နေရမှာလဲ..."

ကျောက်ဖုန်းက လူငယ်လေး၏ ခန္ဓာကိုယ်ထဲစိုက်ဝင်နေသည့် ဓားကို ပြန်ဆွဲထုတ်လိုက်လေသည်။

ဓားတွင်ပေါ်နေသည့် သူ့ပုံရိပ်ကို ပြန်မြင်လိုက်ရသည့်အခါတွင် တော့ ကျောက်ဖုန်း အံ့သြထိတ်လန့်သွားရလေသည်။ သူ၏ပုံ

ရိပ်မှာ ယခင်ဘဝက အဘိုးအိုကျောက်ဖုန်း၏ ပုံစံဖြစ်နေလေသည်။

ကျောက်ဖုန်း တုန်လှုပ်သွားရလေသည်။ သူ... တကယ်ပဲ သားဖြစ်သူကို သတ်လိုက်မိပြီလား။

ကျောက်ဖုန်း ယူကျုံးမရဖြစ်သွားပြီး ဓားဖြင့်ထိုးမိသည့်လူငယ်လေးကို ပွေ့ဖက်ထားလိုက်မိသည်။ သို့သော်... လူငယ်လေးမှာ အသက်သေဆုံးနေပြီဖြစ်ပြီး ရင်ဝတွင် စီးကျနေသည့်သွေးများက ကျောက်ဖုန်း၏အင်္ကျီစများကိုပင် စွန်းထင်းကုန်လေသည်။

ကျောက်ဖုန်း ယူကျုံးမရဝမ်းနည်းသွားမိပြီး ဒေါသလည်းထွက်လာမိသည်။

ကျောက်ဖုန်း သားဖြစ်သူကို ပွေ့ချီလိုက်ပြီး ဗေဒင်ဟောခန်းရှိရာသို့ ပြန်လာခဲ့သည်။ မည်သည့်အဖြစ်အပျက်များ ဖြစ်ပျက်သွားသည်ကို သူ ဆန်းလျန်ကို မေးမြန်းရပေလိမ့်မည်။

ဗေဒင်ဟောခန်းသို့ ပြန်ရောက်လာသည့်အခါ နေရာတွင်ပင် မလှုပ်မယှက်ထိုင်နေသည့် ဆန်းလျန်ကို တွေ့လိုက်ရလေသည်။

ကျောက်ဖုန်းက...

"ဆန်းလျန်... ၊ ငါ့သားသေပြီ..."

ဆန်းလျန်က မျက်လုံးများကို အသာဖွင့်ကြည့်လိုက်ရင်း...

"မင်း ဘာလို့ပြန်လာတာလဲ..."

ကျောက်ဖုန်းက ဒေါသတကြီးဖြင့်...

"ငါ မင်းစကားကိုနားထောင်ခဲ့တယ် ၊ ခုတော့ ငါ့သားသေရပြီ..."

ဆန်းလျန်က ...

"မင်းရဲ့သား အခု ဘယ်မှာလဲ..."

ကျောက်ဖုန်းက ....

"ဒီမှာ ငါချီထား..."

သို့သော်… စကားဆုံးအောင် မပြောနိုင်မီမှာပင် ကျောက်ဖုန်း အံ့သြထိတ်လန့်သွားရလေသည်။

အဘယ်ကြောင့်ဆိုသော် သူ့ရင်ခွင်ထဲတွင် ပွေ့ချီလာသူမှာ သူ့သားမဟုတ်ဘဲ ပုပ်ဆွေးနေသည့် သစ်သားတုံးကြီးတစ်တုံး ဖြစ်နေသောကြောင့်ပင်။ သစ်သားတုံးကြီးမှာ ရေညှိများပင် တက်နေသေးသည်။

တောက်ပနေသည့် ယွမ်တုစားမျက်နှာပြင်တွင် ကျောက်ဖုန်းက သူ့ကိုယ်သူ ပြန်ကြည့်လိုက်သည့်အခါ စောစောကကဲ့သို့ အဘိုးကြီးပုံစံဖြစ်မနေဘဲ ပေါက်စီရောင်းသည့် လူငယ်လေး ပြန်ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ကျောက်ဖုန်းက ထိတ်လန့်တခြားဖြင့်…

"ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ…"

ဆန်းလျန်က …

"အမှန်က အမှားဖြစ်သွားရင် အတုက အစစ်ဖြစ်သွားတာပေါ့"

ဆန်းလျန်က ကျောက်ဖုန်းကို ပြောနေရင်းမှ ဗေဒင်ဟောခန်း အပြင်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက်...

"ဝင်လာခဲ့ပါ..."

ဟု ပြောလိုက်လေသည်။

ဆန်းလျန်စကားကြောင့် ကျောက်ဖုန်း အူကြောင်ကြောင်ဖြင့် နားမလည်နိုင်ဖြစ်သွားစဉ်မှာပင် ဗေဒင်ဟောခန်းအတွင်းသို့ ဝင်လာသည့် နူးညံ့သည့် ခြေသံတစ်သံကို ကြားလိုက်ရလေသည်။

ဆည်းဆာရောင်ခြည်အောက်တွင် လူတစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ ဝင်ရောက်လာသည့် လူတစ်ယောက်ကို တွေ့မြင်ရမည် ဖြစ်လေသည်။ ထိုသူက စာပေသမားတစ်ယောက် ပုံစံဝတ်ဆင်ထားပြီး သူ၏အသက်မည်မျှရှိမည်ကို မည်သူမှ မခန့်မှန်းနိုင်ကြပေ။

ထိုစာပေသမားက ဆန်းလျန်ရှေ့တွင် တင်ပျဉ်ခွေထိုင်ချလိုက်ပြီး...

"ဗေဒင်ဟောတဲ့သူက မှားယွင်းတွက်ချက်မိတာဆိုတော့ အတော်လေးကို စိတ်မသက်မသာ ဖြစ်မှာပဲနော်..."

ဆန်းလျန်က မျက်ခုံးများကို အသာပင့်လိုက်ရင်း...

"မင်းအခု တော်တော် ပျော်နေတာလား..."

စာပေသမားက တစ်ချက်ပြုံးလိုက်ရင်း...

"သောက်ရမ်းကိုပျော်နေတာ..."

ဆန်းလျန်က....

"ကျုပ်လှုပ်ရှားလို့ရသွားတဲ့အချိန်ကျ မင်းပျော်နိုင်ဦးမလားကြည့်သေးတာပေါ့..."

စာပေသမားက...

"ကျုပ်က ကြောက်နေမယ်များ ထင်လို့လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း....

"မင်းက ဘာမှမရှိဘဲ အသက်ရှင်နေတဲ့ကောင်ပဲ ၊ မင်းရဲ့ ပရနိမ္မိ

တဝသဝတီဘုံက ပျက်စီးသွားပြီမလား..."

စာပေသမားမှာ အခြားသူမဟုတ်။

မာရ်နတ်ဖြစ်လေသည်။ ကျောက်ဖုန်းကို ထင်ယောင်ထင်မှန်း

ဖြစ်စေရန် လှည့်စားခဲ့သူမှာလည်း မာရ်နတ်ပင် ဖြစ်လေ၏။

စာပေသမားက ခပ်ဖြည်းဖြည်းလေသံဖြင့်...

"ပရနိမ္မိတဝသဝတီဘုံမရှိတော့လည်း ဘာမှ မဖြစ်ပါဘူး ၊

ကျုပ်က အရင်အတိုင်းပါပဲ..."

ဆန်းလျန်က...

"ဒါနဲ့ စကားမစပ် ၊ မင်းက ဘာလို့ ကျုပ်လောက်မတော်လဲဆို

တာ သိလား..."

စာပေသမားက ဆန်းလျန်အမေးကို မဖြေဘဲ အတန်ကြာငြိမ်

သက်နေပြီးမှ...

"ဘာလို့လဲဆိုတော့ ကျုပ်က သံယောဇဉ်မရှိတဲ့သူတစ်ယောက်

ဖြစ်နေလို့များလား..."

ဆန်းလျန်က ခေါင်းခါယမ်းလိုက်ရင်း....

"ကျုပ်တို့က စိတ်နေစိတ်ထား အတော်လေးတူကြပါတယ်၊ ဒါ

ကြောင့်လည်း ကျုပ် မင်းအပေါ်မှာ တခြားသူတွေနဲ့ မတူတဲ့

အမြင်နဲ့ မြင်ခဲ့တာပေါ့၊ ဒါပေမဲ့ မင်းကျုပ်လိုမတော်တာ

ကတော့ အချက်တစ်ချက်ပဲ ရှိတယ်..."

စာပေသမားက...

"အဲဒီ မတူညီတဲ့ သောက်အချက်က ဘာအချက်လဲဆိုတာသာ

ပြောစမ်းပါ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အဲဒါက ဘာလဲဆိုတော့ မင်းက ကျုပ်မှမဟုတ်တာ...၊

ဘယ်လိုလုပ် ကျုပ်လောက်တော်နိုင်မလဲ..."

ဆန်းလျန်၏ စကားက အဓိပ္ပါယ်မရှိသလိုဖြစ်နေသော်လည်း စာပေသမားက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အမှန်ပဲ..."

ဆန်းလျန် ဆိုလိုသည့်အဓိပ္ပါယ်ကို မာရ်နတ် ကောင်းကောင်း နားလည်လေသည်။

မာရ်နတ်က မည်မျှ တန်ခိုးစွမ်းအားမြင့်မားပါစေ ဆန်းလျန် ကတော့ အမြဲတမ်း ဇာတ်လိုက်ဖြစ်နေခဲ့သည်။

ဆန်းလျန် အဓိကအားကိုးရသူမှာ ကျောက်ရှောင်ယွီ ဖြစ် သည့်အတွက် ယနေ့ ကျောက်ရှောင်ယွီကို မာရ်နတ်က ရှုံးနိမ့် စေချင်ခဲ့သည်။ သို့သော်... ကျောက်ရှောင်ယွီ ယနေ့ ရှုံးနိမ့် သွားလျှင်တောင်မှ ဆန်းလျန်က ဟွင့်ယွမ်ဝူကျီအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးတစ်ပါးပင် ဖြစ်ခါနီးနေ ပြီဖြစ်ပြီး အချိန်နှင့်ကံတရားကိုပင် လိုသလို လှည့်ပြောင်းနိုင် တော့မည့် အနေအထား ဖြစ်လေသည်။

မာရ်နတ် အသက်အသေခံပြီး ကြိုးစားသည့်တိုင် ဆန်းလျ န်၏အောင်မြင်မှုများကို တားဆီးနိုင်မည် မဟုတ်ပေ။

ဆန်းလျန်တွင် ပြောစရာစကားမရှိတော့ပေ။

ဆန်းလျန်၏ ခန္ဓာကိုယ်ပတ်ပတ်လည်မှ အနက်ရောင် အခိုးအငွေ့များထွက်ပေါ်လာလေသည်။ တိကျန်ဗောဓိသကျ နှင့် တိုက်ခိုက်နေသည့်အတွက် အသူရာချောက်မှ ဆန်းလျန်ကို ထိန်းချုပ်ထားသည့် တန်ခိုးစွမ်းအားများပင် ဖြစ်လေသည်။

***

ကျောက်ရှောင်ယွီသည် ခန့်မှန်းရခက်သည့် တန်ခိုးစွမ်းအားမြင့် မားလှသော နတ်သမီးတစ်ပါး ဖြစ်လေသည်။

သို့သော်... ယခုတော့ သူမ အခြေအနေ မဟန်တော့ပေ။

ဆိုးဝါးသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

မီလဲ့ကိုယ်တော်၏ နတ်ဘုရားခန္ဓာကြီး ထွက်ပေါ်လာပြီး မိုးနှင့်မြေမှ ဓမ္မအားလုံးကို နှုတ်ပယ်ပစ်တော့မည့်အလား ထင်မှတ်ရလေသည်။

မီလဲ့ကိုယ်တော်က လက်ဖဝါးတစ်ဖက်ကို ဖြန့်လိုက်လေသည်။

သူအသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားမှာ ဗုဒ္ဓဘာသာတွင် နာမည်ကျော်ကြားလှသည့် ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားပင် ဖြစ်သည်။

လေထုတစ်ခုလုံး တစ်စစီပိုင်းပြတ်သွားပြီး လက်ဖဝါးထက်မှ တန်ခိုးစွမ်းအားများက ကျောက်ရှောင်ယွီကို ဖိနှိပ်ထားလိုက်လေတော့သည်။

အခန်း (၉၀၃) အရှုံးတရားတွင်မည်သို့မှမတတ်နိုင်

ဒေါင်းစိမ်းမင်းကြီးခုံရွှမ်း၏ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားမှာ အလွန်ကြောက်မက်ဖွယ်ရာ ဖြစ်လေသည်။

သို့သော်… မီလဲ့ကိုယ်တော်၏ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားက ခုံရွှမ်းထက်ပင် သာလွန်လေသည်။ ကြောက်မက်ဖွယ်ရာ မည်မျှကောင်းသည်ကို ပြောစရာပင် မလိုတော့ပေ။

ထို့ပြင် မီလဲ့ကိုယ်တော်က ဗုဒ္ဓဘာသာ၏ အနှစ်သာရကို သေသေချာချာ နားလည်ထားသူတစ်ယောက်ဖြစ်လေရာ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားက အခြားသူများထက်ပိုပြီး အစွမ်းထက်သည်မှာ အံ့ဩစရာတော့ မရှိပေ။

ယခုတစ်ကြိမ်တွင်တော့ မည်သည့်နည်းနှင့်မှ ခုခံနိုင်စွမ်း မရှိတော့သည်ကို ကျောက်ရှောင်ယွီ နားလည်လိုက်သည်။

မီလဲ့ကိုယ်တော်၏ လက်ဖဝါးထက်မှ ရွှေရောင်အလင်းတန်း များက တစ်လက်မပြီး တစ်လက်မ ကျောက်ရှောင်ယွီကို ဖိနှိပ် လာလေတော့သည်။ ကျောက်ရှောင်ယွီ ဖိအားကို မတွန်းလှန် နိုင်ဘဲ ရေကန်အောက်ခြေအထိ နစ်မြုပ်သွားရလေသည်။

ထိုအချိန်မှာပင်...

ရေကန်တစ်ခုလုံး သွေးနီရောင်လွှမ်းသွားလေသည်။

ထိုသို့ ရေကန်တစ်ခုလုံး သွေးနီရောင်လွှမ်းသွားခြင်းမှာ ငရဲ လမ်းဓား၏ တန်ခိုးစွမ်းအားကြောင့် ဖြစ်လေသည်။ ငရဲလမ်း ဓားသည် သူ၏သခင်ဖြစ်သူ ကျောက်ရှောင်ယွီနှင့်အတူ နောက်ဆုံးအချိန်ထိ ရုန်းကန်တိုက်ခိုက်နေဆဲ ဖြစ်လေသည်။

မီလဲ့ကိုယ်တော်၏ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားက ရေကန် တစ်ပြင်လုံးကို ဖိနှိပ်ထားလေသည်။ ရေများက တုန်ယင်နေ သည့်တိုင် လှိုင်းတစ်စက်မှမထဘဲ ငြိမ်သက်နေလေသည်။

နောက်ဆုံးတော့ မီလဲ့ကိုယ်တော်သည် သူ၏ မြင့်မားသည့် တန်ခိုးစွမ်းအားကို ပြသခဲ့ပြီ ဖြစ်လေသည်။

ကျောက်ရှောင်ယွီဆိုသည်က မွေးကတည်းကပင် သူသေကိုယ်သေတိုက်ပွဲများစွာကို ဆင်နွှဲခဲ့သူ ဖြစ်လေသည်။ သူမ အနေဖြင့် မည်သည့်နည်းနှင့်မှ အနိုင်မရနိုင်သည့် အခြေအနေများကိုလည်း ကြုံတွေ့ခဲ့ရဖူးလေသည်။

သို့သော်... ယနေ့လိုအဖြစ်မျိုး သူမ၏ဘဝတွင် တစ်ခါမှ ကြုံတွေ့ခဲ့ရဖူးခြင်းမရှိပေ။ သူမ ယနေ့ မသေချင်သေးပေ။ သူမ ဘဝကို ဆက်လက်ရှင်သန်သွားချင်သေးသည်။

အဘယ်ကြောင့်ဆိုသော်... သူမနှလုံးသားထဲတွင် မစွန့်လွှတ်နိုင်သည့် အရာတစ်ခု ရှိနေသောကြောင့် ဖြစ်လေသည်။

စစ်မှန်သော တာအိုကျင့်ကြံသူတစ်ယောက်အတွက် သေခြင်းတရားဆိုသည်က ခက်ခဲခြင်းလည်းမရှိသလို လက်မခံနိုင်စရာလည်း မရှိသည့်အရာတစ်ခု ဖြစ်လေသည်။

ကိုယ့်ကိုယ်ကိုယ်သတ်သေကြသူများသည် လူမိုက်များဖြစ်ကြလေသည်။

သို့သော်... သေခြင်းတရားကို မကြောက်ကြသူများကတော့ သူရဲကောင်းများ ဖြစ်ကြလေ၏။

မီလဲ့ကိုယ်တော်က သူရဲကောင်းစိတ်ဓာတ်ရှိသူတစ်ယောက်ဖြစ်သလို ကျောက်ရှောင်ယွီသည်လည်း သူရဲကောင်းစိတ်ဓာတ်ရှိသူတစ်ယောက် ဖြစ်လေသည်။

သို့သော်... လောလောဆယ်အချိန်တွင်တော့ ကျောက်ရှောင်ယွီ မသေချင်သေးပေ။

မသေချင်ရသည်မှာ ဘဝကို တွယ်တာလွန်းသောကြောင့် မဟုတ်ရပါချေ။ သို့သော်... သူမသည် ရှင်သန်ရခြင်း၏အလှတရားကို သိမြင်ထားသူတစ်ယောက်ဖြစ်ရကား အဘယ်မှာ လွယ်လွယ်ကူကူနှင့် လောကမှ ထွက်ခွာလိုပါမည်နည်း။

ငရဲလမ်းဓားမှာ မူလမရဏဓားတစ်လက် ဖြစ်လေသည်။

ငရဲလမ်းဆားမှ မရဏစွမ်းအားများနှင့် ကျောက်ရှောင်

ယှို၏နလုံးသားထဲမှ ရှင်သန်လိုစိတ်တို့ ပေါင်းစပ်သွားသည့်

အခါ ငရဲလမ်းဆားမှ ထူးဆန်းစွာပင် ရှင်သန်ခြင်းတန်ခိုး

စွမ်းအားများ ထွက်ပေါ်လာခဲ့လေသည်။

သေခြင်းတရား၏အခြားဘက်တွင် အသစ်သောဘဝတစ်ခု

မွေးဖွားလာသကဲ့သို့ပင် ဖြစ်လေသည်။

အေးစက်သည့်ဆောင်းရာသီကို ဖြတ်သန်းပြီးသည့်နောက်

နွေဦးကာလတွင် သစ်စေ့လေးက အညှောင့်လေးထွက်လာ

သည့်အလား ဖြစ်လေသည်။

ထိုသို့သော ရှင်သန်ခြင်းစွမ်းအားသည် တားဆီးမရနိုင်သည့်

ရှင်သန်ခြင်း စွမ်းအားပင် ဖြစ်လေသည်။

ထို့နောက်... ရေပြင်ထက်မှ သွေးနီရောင်များ တဖြည်းဖြည်း

လွင့်စင်ပျောက်ကွယ်သွားပြီး ကန်ရေပြင်သည် စိမ်းပြာရောင်

တောက်ပက ပကတိကြည်လင်လျှက်ရှိလေသည်။

ရေကန်ထက်တွင် ကြာပန်းတစ်ဖွင့် ပွင့်လန်းလာလေသည်။

ကြာပန်းပွင့်လန်းလာသည်နှင့် မီလဲ့ကိုယ်တော်၏ ဗုဒ္ဓလက်ဖဝါး

တန်ခိုးစွမ်းအားများ တဖြည်းဖြည်း ပြိုကွဲပျောက်ကွယ်သွား

တော့သည်။

ပွင့်လန်းလာသည့်ကြာပန်းပွင့်ထက်တွင် ကျောက်ရှောင်ယွီ ရှိ

နေလေသည်။ ကျောက်ရှောင်ယွီ၏ပုံစံမှာ အဖြူရောင်နဂါး

တစ်ကောင်အလားဖြစ်ပြီး ဝိညာဉ်အလား လေထဲတွင် လွင့်ပျံ

နေလေသည်။ သူမ၏ပုံစံက ခန့်မှန်းရ ခက်လွန်းလှလေ၏။

သူမ၏လက်ထဲတွင် ငရဲလမ်းဓားကိုဆွဲကိုင်ထားပြီး ငရဲလမ်း

ဓားက သွေးနီရောင် တောက်ပနေလေသည်။

မီလဲ့ကိုယ်တော်က ချက်ချင်းပင် သူ၏ တန်ခိုးစွမ်းအား (၁၀)ခု

ကို ပေါင်းစည်းလိုက်သည်။

"ကျုပ်က တာအိုတရားနဲ့တိုက်ခိုက်တယ် ၊ ကျုပ် တိုက်ခိုက်တဲ့

တအိုတရားရဲ့ အားနည်းချက်ကို ရှာပြီး မင်းက အသုံးချလိုက်

နိုင်တယ် ၊ ထူးဆန်းပါပေတယ် ဒကာမလေး ၊ ဒီနေ့ ကျုပ်ဘုန်းကြီး တကယ့်ကို ပညာရမိပါတယ်..."

ကျောက်ရှောင်ယွီက သေခြင်းနှင့်ရှင်ခြင်းကို ပြောင်းပြန်လှန်လိုက်ပြီ ဖြစ်လေသည်။ ဤသည်မှာ ထိုက်စန့်လောင်ကျွင်း သင်ပြပေးခဲ့သည့် စကားအတိုင်းပင် ဖြစ်သည်။

ထိုက်ချိတာအိုကျမ်းတွင် ယင်ထဲမှယန် ၊ ယန်ထဲမှ ယင် ဟု ဖော်ပြထားလေသည်။ သေခြင်းနှင့်ရှင်ခြင်းသည်လည်း ယင်နှင့်ယန်ကဲ့သို့ပင် ဖြစ်သည်။

ကျင့်ကြံသူအများစုက ဤနိယာမကို နားလည်သည့်တိုင် တကယ်တမ်း လက်တွေ့အသုံးချနိုင်သူမှာတော့ အလွန်ရှားပါးလေသည်။

ကျောက်ရှောင်ယွီကတော့ သဘောတရားကိုနားလည်ယုံသာမက အနှစ်သာရကိုပါ ထိမိစွာ ဆုပ်ကိုင်နိုင်ခဲ့ပြီး လက်တွေ့အသုံးချနိုင်ခဲ့လေသည်။ သူမထံတွင်ရှိနေသည့် ထိုက်ချင်တာ

အိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတကို အငွေ့ပျံစေပြီးမှ

သူမ၏ ဝိညာဉ်ကို ပြန်လည်ပုံသွင်းနိုင်ခဲ့ခြင်း ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်... သူမက မီလဲ့ကိုယ်တော်၏ နက်ရှိုင်း

သည့် တန်ခိုးစွမ်းအားများကိုပါ နားလည်သွားခဲ့လေသည်။

ထို့ကြောင့် သူမက တန်ပြန်တိုက်စစ်ဆင်နိုင်ခဲ့ခြင်း ဖြစ်သည်။

မီလဲ့ကိုယ်တော်၏ မြင့်မားလှသည့် တန်ခိုးစွမ်းအားများကို

ရင်ဆိုင်ရသည့်တိုင် ကျောက်ရှောင်ယွီက စိတ်ဓာတ်ကျသွား

ခြင်း မရှိခဲ့ပေ။ သူမ၏ ဆုံးဖြတ်ချက်များပင် ပိုမိုခိုင်လာခဲ့ရ

လေသည်။

သူမတွင် ပြောစရာ စကားမရှိတော့ပေ။

ငရဲလမ်းဓားကိုဆွဲကိုင်ထားသည့် ကျောက်ရှောင်ယွီ၏ ပုံစံမှာ

ခူယားကောင်လေးဘဝမှ လိပ်ပြာလေးအဖြစ် ဘဝအသစ်သို့

ကူးပြောင်းသွားသည့် နတ်သမီးလေးတစ်ပါးအလား ဖြစ်လေ

သည်။

မရဏာဓားဝိညာဉ်က သေခြင်းရှင်ခြင်းကို ရှင်းလင်းစွာ ပြသနေ

လေသည်။

မီလဲ့ကိုယ်တော်ထံမှ ထောင်ပေါင်းများစွာသော မှော်ဝင်

လက်နက်များ ထွက်ပေါ်လာလေသည်။

မှော်ဝင်လက်နက်များနှင့်အတူ လျှို့ဝှက်ခြင်း ၊ နက်ရှိုင်းခြင်း ၊

သဘာဝလွန်စွမ်းအားများနှင့် ပြည့်နေသည့် တန်ခိုးစွမ်းအား

များ ပေါင်းစပ်ကာ ငရဲလမ်းဓားကို တိုက်ခိုက်လိုက်လေသည်။

ကျောက်ရှောင်ယွီ၏ ချောမောလှပလွန်းသည့် မျက်နှာလေးက

မှော်ဆန်စွာ လင်းလက်တောက်ပလျှက်ရှိသည်။

မီလဲ့ကိုယ်တော်၏ မှော်ဝင်လက်နက်များနှင့် ကျောက်ရှောင်

ယွီ၏ ငရဲလမ်းဓား ရိုက်ခတ်မိသည့်အခါ ရှမ်ဝူရေကန်တစ်ခု

လုံး ပျက်စီးသွားစေနိုင်သည့် ပြင်းထန်သည့် တိုက်ပွဲကြီးတစ်ခု

ဖြစ်ပွားခဲ့လေသည်။

ထို့နောက်တွင်တော့...

အရာအားလုံးက တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။
မီလှဲ့ကိုယ်တော်သည် ကောင်းကင်ထက်ရှိ ကြာပလ္လင်တစ်ခုပေါ်တွင် တည်ငြိမ်စွာ ထိုင်နေလေသည်။ သူက ဝိညာဉ်တစ်ခုအလား လင်းလက်နေသည့် ကျောက်ရှောင်ယွီ၏ မျက်နှာကိုစိုက်ကြည့်နေလေသည်။
မီလှဲ့ကိုယ်တော် စိုက်ကြည့်နေဆဲမှာပင် ကျောက်ရှောင်ယွီသည်ငရဲလမ်းဓားကို ကိုင်ထားရင်း တဖြည်းဖြည်း ပျောက်ကွယ်သွားတော့မည့်အလား မှေးမှိန်သွားလေသည်။
"အော်မီတော်ဖူ..."
မီလှဲ့ကိုယ်တော်က လက်အုပ်ချီလိုက်ပြီး ရွတ်ဆိုလိုက်သည်။
ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ကျောက်ရှောင်ယွီက မီလှဲ့ကိုယ်တော်ကို ကြည့်နေရင်း ရုတ်တရက် ပြုံးလိုက်လေသည်။
သူမ၏ အပြုံးတွင် မာန်မာနများနှင့် ပြည့်လျှက်ရှိလေ၏။

ထို့နောက် ကြီးမားလွန်းသည့် မီလဲ့ကိုယ်တော်၏နတ်ဘုရားခန္ဓာ

ကြီး ပြိုကျပျက်စီးသွားလေတော့သည်။

ကျောက်ရှောင်ယွီက သူမ၏လက်ထဲမှ ငရဲလမ်းဓားကို တစ်

ချက်ဝှေ့ယမ်းလိုက်ရင်း...

"နောက်ဆုံးတော့ သူ့ရဲ့ နတ်ဘုရားခန္ဓာကြီး ပျက်စီးသွားပြီ..."

ပြောပြီးသည်နှင့် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ကျောက်

ရှောင်ယွီသည် ခြေလှမ်းတစ်လှမ်းချင်းလှမ်းကာ ကောင်းကင်

ထက်သို့ လှမ်းတက်သွားလေသည်။

နောက်ဆုံး သူမ ဖန်သားကောင်းကင်ဘုံရှိရာသို့ ရောက်ရှိသွား

ပြီး ဖန်သားကောင်းကင်ဘုံရှေ့တွင် သူမ တိတ်ဆိတ်စွာ

မတ်တတ်ရပ်ရပ်နေခဲ့လေသည်။

***

ချင်းဆွေထျန်းကောင်းကင်ဘုံ...

လီချင်းဆွေနှင့် ကူးဝေဝေက မီလဲ့ကိုယ်တော်နှင့် ကျောက်ရှော

င်ယွီ၏ တိုက်ပွဲကို ကြည့်ရှုနေခဲ့လေသည်။

ယခုတော့ ဖန်သားကောင်းကင်ဘုံရှေ့တွင် ရပ်တန့်နေသည့်

ကျောက်ရှောင်ယွီကို မြင်ကွင်းထဲတွင် တွေ့မြင်နေရလေသည်။

ကူးဝေဝေက ကျောက်ရှောင်ယွီကို ငေးကြည့်နေလေသည်။

အတန်ကြာမှ သူမက အကြည့်လွှဲလိုက်ပြီး...

"ဆရာချင်းဆွေ ၊ သူ အသက်ရှင်နေတုန်းပဲလား..."

လီချင်းဆွေက...

"မပြောတတ်ဘူး ၊ တကယ်ဆိုရင် သူက သေရတော့မှာ..."

ကူးဝေဝေက မျှော်လင့်ချက်ပြည့်နေသည့် မျက်ဝန်းများဖြင့် လီ

ချင်းဆွေကိုကြည့်လိုက်ရင်း...

"သူ မသေပါစေနဲ့လို့ ကျွန်မဆုတောင်းပါတယ်..."

လီချင်းဆွေက တည်ကြည်သည့် မျက်နှာထားဖြင့်...

"မင်းက တကယ်ပဲ ကျောက်ရှောင်ယွီကို အသက်ရှင်စေချင်

တာလား..."

ကူးဝေဝေက...

"ကျွန်မ သူ့ကို သဘောမကျပါဘူး ၊ ဒါပေမဲ့ သူသေသွားရင် ဆန်းလျန် တစ်သက်လုံး ဝမ်းနည်းနေလိမ့်မယ်..."

***

ဆန်းလျန်ကိုထိန်းချုပ်ထားသည့် အသူရာချောက် (၉)ထပ်မှ တန်ခိုးစွမ်းအားများ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

တိကျန်ဗောဓိသကျနှင့် ဆန်းလျန်၏ အသံတိတ်ပညာပြိုင်မှု ပြီးဆုံးသွားပြီ ဖြစ်သည်။

နေရောင်ခြည်နောက်ဆုံးအလင်းတန်းက အနောက်ဆီသို့ ဝင်ရောက်သွားပြီဖြစ်ပြီး ညကောင်းကင်က မှောင်ရီပျိုးစပြုလာပြီ ဖြစ်သည်။

စာပေသမားဟန်ဆောင်ထားသည့် မာရ်နတ်က...

"မင်း အခု ကျောက်ရှောင်ယွီအတွက် စိတ်မကောင်းဖြစ်နေတာလား"

ဆန်းလျန်က မျက်လုံးများကို အသာဖွင့်လိုက်ပြီး...

"မင်းက အဖြေကို တကယ်သိချင်တာလား..."

မာရ်နတ်က...

"ကျုပ်က ကိစ္စတစ်ခုရဲ့ အဖြေကိုပဲသိချင်တာပါ၊ အဲဒါကတော့ မင်းဆိုတဲ့ဆန်းလျန်က အကြင်နာတရား ရှိသလား၊ မရှိဘူး လား ဆိုတာပဲ..."

ဆန်းလျန်က...

"အဲဒါ အရေးကြီးသလား..."

မာရ်နတ်က...

"မင်း ကျောက်ရှောင်ယွီဆီကို ယွမ်တုစားပို့ပေးချင်တာကို ကျုပ်က တားဆီးလိုက်တဲ့အတွက် မင်း ကျုပ်ကို မကျေနပ်ဘူး မလား..."

မာရ်နတ်က ပြုံးနေလေသည်။

ဆန်းလျန် သူ့ကို လက်စားချေမည်ဆိုလျှင်လည်း သူက ကြောက်ရွံ့ခြင်း အလျဉ်းမရှိပေ။

လောကတွင် မည်သူမှ သူ့ကို နားလည်နိုင်မည် မဟုတ်ပေ။

သို့သော်... ဆန်းလျန်ကတော့ သူ့ကို နားလည်နိုင်ပေမ

လိမ့်မည်။

လက်ရှိအချိန်တွင် မာရ်နတ်သည် သေရမည်ကိုလည်းမ

ကြောက် ၊ ရှင်ရမည်ကိုလည်း မကြောက်ပေ။ သူက မေးခွန်း၏

အဖြေကိုသာ သိချင်နေမိလေသည်။

သက်ရှိရယ်ဟုဖြစ်လာလျှင် တစ်နေ့တွင် သေရမည်ပဲဖြစ်လေ

သည်။ ထို့ကြောင့် လူတစ်ယောက်အနေဖြင့် သေခြင်းတရားကို

လည်း ကြောက်ရွံ့ရန် မလိုအပ်သလို အသက်ရှင်သန်ခြင်းကို

လည်း လွယ်လွယ်နှင့် စွန့်လွှတ်ရန် မလိုအပ်ပေ။

သို့သော်... မာရ်နတ်ကတော့ ချွင်းချက်ဖြစ်လေသည်။ သူ့

အတွက်တော့ ဘဝဆိုသည်က ကစားပွဲတစ်ခုဖြစ်လေ၏။

သံသရာကိုကျော်လွှန်နိုင်ရန်က သူ၏ ရည်မှန်းချက်ဖြစ်သည် မှာ မှန်ပါသည်။ သို့ပေမဲ့... သူ၏ အလုံးစုံသော ရည်မှန်းချက် တော့ မဟုတ်ခဲ့ပေ။

မာရ်နတ်ဆိုသည်က... လောကကြီးတစ်ခုလုံး ပျက်စီးသွား သည့်တိုင် မျက်မှောင်တစ်ချက်မျှသာ ကြုံ့လိုက်မည့်သူမျိုး ဖြစ်သလို လောကကြီးအေးချမ်းနေသည့်အချိန်တွင်လည်း အကြောင်းမရှိဘဲလည်း ပြဿနာရှာချင်လျှင် ရှာမည် ဖြစ်လေ သည်။

လုပ်ရပ်များက ကျိုးကြောင်းမညီညွတ်သလို ၊ ယုတ္တိလည်းမ ကျဘူးဆိုလျှင် ထိုသူကို မာရ်နတ်ဟူ၍သာ မှတ်ပါလေတော့။ သူသည် ရူးသွပ်နေသူတစ်ယောက်ဖြစ်လေသည်။ သို့သော်... ထိုရူးသွပ်မှုကပင် သူ၏ ချင့်ချိန်နိုင်စွမ်း ဖြစ်နေပြန်လေသည်။ သူက လူသားအားလုံး၏ စိတ်ကိုသိနိုင်သော်လည်း ဆန်းလျ န်၏ စိတ်ကို သိရှိနိုင်ခြင်း မရှိပေ။ ဤသည်မှာသူ၏

မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်သည် ဟွင့်ယွမ်ဝူကျီအဆင့်

ကျင့်ကြံသူတစ်ယောက်ကို ထိုးဖောက်ကြည့်နိုင်စွမ်း မရှိသည့်

သာဓကပင်ဖြစ်သည်။

လောကတစ်ခုလုံးရှိ လူသားများအားလုံး ၊ ကျင့်ကြံသူများ

အားလုံးတွင် စိတ်၏အမှောင်ဘက်ခြမ်းဆိုသည်မှာ ရှိကြစမြဲ

ပင် ဖြစ်သည်။ ထိုအမှောင်ဘက်ခြမ်းမှာ မိစ္ဆာစိတ်လွှမ်းမိုးရာ

အခြမ်းဖြစ်လေ၏။ ထိုအမှောင်ဘက်ခြမ်းသည် မာရ်နတ်စိုးပိုင်

ရာ နေရာဖြစ်လေ၏။

တိကျန်ဗောဓိသကျနှင့် ရှွမ်တုတောက်ကျွင်းသည်ပင်လျှင် ထို

အမှောင်ဘက်ခြမ်းနှင့် ကင်းလွတ်အောင် မရှောင်နိုင်ကြပေ။

သို့သော် ဆန်းလျန်ကတော့ "သတိ" ဖြင့် ရှောင်တိမ်းထားနိုင်ခဲ့

လေသည်။

ထို့ကြောင့်… မာရ်နတ်ကို နှိမ်နင်းနိုင်မည့် တစ်ယောက်တည်း

သောသူကို ပြပါဆိုလျှင် ဆန်းလျန်တစ်ယောက်သာ ရှိလေ

သည်။

ပရနမ္မိတဝသဝတ္တီတွင် နောက်ထပ် မရေမတွက်နိုင်သည့်

မာရ်နတ်များ ပေါ်ထွက်လာဦးမည်ဖြစ်လေသည်။ သို့သော်…

ယခု ဆန်းလျန်ရှေ့တွင်ထိုင်နေသည့် ယန်ရှီးဆိုသည့် မာရ်နတ်

ကတော့ မည်သည့်အခါမှ ပြန်လည်မွေးဖွားလာနိုင်တော့မည်

မဟုတ်ပေ။

ဆန်းလျန်က ပြုံးလိုက်ရင်း…

"မကျေနပ်ဘူး…"

ဆန်းလျန်က ကျောက်ဖုန်းလက်ထဲမှ ယွမ်တုဓားကို လှမ်းယူ

လိုက်ပြီး သူ့ရှေ့မှ မာရ်နတ်ကို ဓားဖြင့် ထိုးစိုက်ချလိုက်လေ

သည်။

မာရ်နတ်ပျောက်ကွယ်သွားသည်နှင့် ….

စကြာဝဠာအနန္တတစ်ခွင် မရေမတွက်နိုင်အောင်များပြားလွန်းသည့် သက်ရှိသတ္တဝါများအားလုံး တစ်ချိန်တည်းမှာပင် သူတို့၏နှလုံးသားများ ရုတ်တရက် လင်းလက်သွားသလို ခံစားလိုက်ကြရလေသည်။

ဆန်းလျန်က ယွမ်တုဓားကို ဖြည်းဖြည်းချင်း ပြန်ဆွဲယူလိုက်သည်။

သူ့ရှေ့တွင် မာရ်နတ်ရှိမနေတော့ပေ။ မည်သည့်အရာမှလည်း ရှိမနေတော့ပေ။

ဆန်းလျန်က သူ့ရှေ့မှ ဗလာကျင်းနေသည့်နေရာကို ငေးစိုက်ကြည့်ရင်း...

"နေ့တိုင်း သတ္တဝါတွေ မွေးနေ သေနေကြတာပဲ ၊ ဘာမှ ထူးပြီး ခံစားနေစရာ မလိုပါဘူး ၊ ဒါကြောင့် မင်းမေးတဲ့ မေးခွန်းရဲ့ အဖြေကို ကျုပ်မဖြေနိုင်ဘူး...."

အခန်း (၉၀၄) ဘယ်သူ ထိန်းချုပ်နေတာလဲ

အနောက်ဆီတွင် နေကွယ်သွားပြီ ဖြစ်လေသည်။

ညကောင်းကင်တွင် ကြယ်စင်များလင်းလက်လာပြီး လေပြေ

အေးက တိုက်ခတ်လျှက်ရှိသည်။ ဘုရင့်နေပြည်တော်ရှိ အရှေ့

မျှော်စင်မှ လဝန်းက ထိန်ထိန်သာ ထွက်ပေါ်လာသည်။

လရောင်တောက်ပနေသည့် ကောင်းကင်အောက်တွင် လူရိပ်

တစ်ရိပ်ရွေ့လျားနေလေသည်။ ထိုလူရိပ်မှာ မိန်းမပျိုတစ်

ယောက်ဖြစ်ပြီး မျက်နှာလေးက ပန်းလေးတစ်ပွင့်အလား နူးညံ့

လှလေသည်။

ထိုမိန်းကလေးသည်ကား လို့လော်ပင် ဖြစ်လေ၏။

သူမက သိမ်မွေ့သည့်လေသံဖြင့်...

"မယ်တော်..."

ဟု ရေရွတ်လိုက်လေသည်။

ထိုအခါ လှိုင်လော်၏ဘေးတွင် ဘုရင်အဝတ်အစားကိုဝတ်ဆင်ထားသည့် ချောမောလှပသော ဘုရင်မတစ်ပါးက ထွက်ပေါ်လာလေသည်။ သူမသည်ကား ဘုရင်မကြီးတစ်ဖြစ်လဲ မယ်တော်ဝမ်မှုပင်ဖြစ်လေသည်။

"တကယ်ဆို ကျောက်ရှောင်ယွီက ဒီနေ့ မသေသင့်ဘူး..."

ဘုရင်မကြီးက လက်နှစ်ဖက်နောက်ပစ်လိုက်ပြီး အဝေးဆီမှ မြစ်ရေပြင်ကို ငေးကြည့်နေလေသည်။

လှိုင်လော်က...

"ဒါပေမဲ့ သူ သေသွားပြီ မဟုတ်ဘူးလား..."

မယ်တော်ဝမ်မှု၏မျက်နှာက တည်ကြည်လေးနက်နေလေသည်။

"ဟုတ်တယ်... ၊ ငါတို့ ဆန်းလျန်ကို သွားတွေ့ကြရအောင်..."

မယ်တော်ဝမ်မူ၏စကားကြောင့် လွိုလော် အနည်းငယ်ပျော်ရွှင်သွားလေသည်။

သူမ ဆန်းလျန်ကိုတွေ့ချင်နေသည်မှာ ကြာခဲ့ပြီ ဖြစ်သည်။ လွိုလော် ဆန်းလျန်ကို ပထမဆုံးအကြိမ်တွေ့ရစဉ်က သူမက နတ်သမီးတစ်ပါး မဟုတ်သေးပေ။

သူမကို စိုက်ပျိုးထားခဲ့သည့် မူလအိမ်ရှင်၏ ခြံဝန်းထဲတွင် ပေါက်ရောက်နေသည့် ဝိညာဉ်အလင်းရနေသော ရေငန်းသီးပင်လေးတစ်ပင်မျှသာ ဖြစ်လေသည်။

သူမ၏သခင်ကြီးက ကျီဝေးကေရာဇ် ၊ ဓားသူတော်စင်ကျီဝေး ဟု လူသိများကြသည့် ဆရာစူး ပင် ဖြစ်လေသည်။

ဆရာစူးသည်လည်း ဆန်းလျန်ကဲ့သို့ပင် တစ်ယောက်တည်း အထီးကျန်နေလေ့ရှိသူ ဖြစ်လေသည်။ သို့သော်... သူမကတော့ ဆရာစူးကိုရော ဆန်းလျန်ကိုပါ နှလုံးသားထဲမှ အလွန်ရိုသေလေးစား ချစ်ခင်လေသည်။

သူမ ဆန်းလျန်ကို ဒုတိယအကြိမ်ပြန်တွေ့သည့်အခါတွင်တော့ မိုးကောင်းကင်မိစ္ဆာနှင့် ရင်ဆိုင်ရသည့် အချိန်ဖြစ်သည်။

သူမ၏ဘဝတွင် အမှောင်ဆုံးအချိန်များကို ရင်ဆိုင်ရသည့် အချိန်တွင် ဆန်းလျန်က သူမ၏ဘဝကို ပြန်လည် တည်ဆောက်ပေးခဲ့ပြန်လေသည်။

သူမဘဝတွင် ဆန်းလျန်ကို တစ်နေ့မှ မေ့မရခဲ့ပေ။ သို့သော်... ဆန်းလျန်ကို ကျေးဇူးဆပ်ရန်လည်း သူမ အခွင့်အရေး ရရှိခဲ့ ခြင်း မရှိပေ။

ဆန်းလျန်နှင့် တတိယအကြိမ် တွေ့ဆုံခွင့်ရရန် သူမ မည်မျှ မျှော်လင့်ခဲ့ရပါသနည်း။ ယခုတော့ သူမ ဆန်းလျန်ကို တွေ့ရ တော့မည် ဖြစ်လေသည်။

ချောမောလှပသည့် ဆန်းလျန်ကို ပထမဆုံးအကြိမ်တွေ့မြင်စဉ် ကပင် သူမ သဘောကျခဲ့ခြင်း ဖြစ်လေသည်။ နောက်ပိုင်း

အချိန်တစ်လျှောက်လုံး သူမသည် ဆန်းလျန်အကြောင်းများကို ရသလောက် အမြဲတမ်း စုံစမ်းနေခဲ့လေသည်။

ဆန်းလျန် ချင်းရွှမ်နတ်တံခါးတွင် ဂိုဏ်းချုပ်ဖြစ်လာခဲ့ပြီး အသက်ငယ်ငယ်ဖြင့်ပင် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်နိုင်ခဲ့သည့်သတင်းကိုလည်း သူမ ကြားသိခဲ့ရသည်။

ဆန်းလျန်က ပါရမီရှင်တစ်ယောက်ဖြစ်ပြီး ဒဏ္ဍာရီဆန်သည့် နတ်ဘုရားတစ်ပါးလည်း ဖြစ်လေသည်။

သူမကတော့ သာမန် သစ်ပင်လေးတစ်ပင်မျှသာ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်သည် သူမကို မည်သည့်အခါမှ အထင်မသေးခဲ့ပေ။

နောက်ပိုင်း လောကတစ်ခုလုံး အပြောင်းအလဲများစွာနှင့် ရင်ဆိုင်ကြရပြီး သခင်ကြီးဖြစ်သူဆရာစူး ကျဆုံးသွားသည့်

သတင်းကို သူမ ကြားလိုက်ရသည်။ ထိုအချိန်တွင် ဆန်းလျန်ကတော့ စကြာဝဠာတစ်ခုလုံးတွင် အအောင်မြင်ဆုံးနတ်ဘုရားတစ်ပါး ဖြစ်နေပြီ ဖြစ်သည်။

သို့သော်...မည်သည့်အကြောင်းပြချက်မှမရှိဘဲ ဆန်းလျန်ရုတ်တရက်ကြီးပျောက်ကွယ်သွားခဲ့လေသည်။ ထို့ပြင်လောကတွင် ဆန်းလျန်တည်ရှိခဲ့သည်ဆိုသည့် သဲလွန်စများပါတစ်ခုမကျန် အကုန်ပျောက်ကွယ်သွားခဲ့လေသည်။

နှစ်ပေါင်းတစ်သောင်းကျော်ကြာအောင် ပျောက်ကွယ်နေခဲ့ပြီးမှဆန်းလျန် ရုတ်တရက် ပြန်ပေါ်လာခဲ့လေသည်။

သို့ရာတွင်... အတိတ်အချိန်ကအတိုင်းပင် နတ်ဘုရားများစွာက ဆန်းလျန်ကို ချက်ချင်းပင် စိတ်ဝင်စားလာကြလေသည်။ ဆန်းလျန်၏ ကျင့်ကြံခြင်းအဆင့်ကလည်း ယခင်အတိုင်း မြင့်မားလျှက်ရှိနေလေသည်။

သူမ... ဆန်းလျန်နှင့် သိကျွမ်းခဲ့ကြသည်မှာ ထိုသို့ပင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်၏အကြောင်းများကို စဉ်းစားရင်း သူမ ဆန်းလျန်နှင့် ပတ်သက်သည့်အတိတ်ကို ဖြတ်တောက်ပစ်ခဲ့သည်ကို သတိရလိုက်မိလေသည်။

သို့သော်... အဘယ့်ကြောင့် သူမ၏ မှတ်ဉာဏ်ထဲမှ ဆန်းလျန်သည် ပျောက်ကွယ်မသွားသေးပါသနည်း။

ယွီစွေမြစ်သည် ဘုရင့်နေပြည်တော်ကို ဖြတ်သန်းစီးဆင်းလျှက် ရှိလေသည်။

လွိုလော်နှင့် ဘုရင်မကြီးက ယွီစွေမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားထက်တွင်ရှိနေပြီး တံတားအဆုံးတွင်တော့ ဆန်းလျန်တို့၏ ဗေဒင်ဟောခန်းလေး ရှိနေလေသည်။

ဆန်းလျန်က တံတားထက်တွင်ရပ်နေသည့် ဘုရင်မကြီးနှင့် လွိ လော်ကို လှမ်းကြည့်လိုက်ပြီး သူ၏အကြည့်က လွိလော်ထံ တွင် ရပ်တန့်သွားလေသည်။

"မင်းက အခုချိန်ထိ လွိလော်ဆိုတဲ့နာမည်ကို ဆက်သုံးနေတုန်း ပဲလား..."

ဆန်းလျန်က သူမကို မှတ်မိနေလိမ့်မည်ဟု လွိလော် ထင်မထား မိပေ။

သူမက ခေါင်းညိတ်လိုက်ရင်း...

"ကျွန်မ အဲဒီနာမည်ကို ဘယ်တော့မှ ပြောင်းမှာ မဟုတ်ပါ ဘူး..."

သူမကို လွိလော်ဟု နာမည်ပေးခဲ့သည့်နေ့က ဆန်းလျန် ရွတ်ဆို သည့် ကဗျာလေးကိုပင် သူမ မှတ်မိနေသေးသည်။

"အစိမ်းရောင်သစ်ပင်လေး(လွိလော်)နဲ့ ကျောက်စိမ်းသစ်ပင်တို့ ဆုံတွေ့ခဲ့ကြတယ်...

သစ်ပင်နှစ်ပင်လုံး လင်းလက်တောက်ပလို့...

နတ်ဘုရားနှစ်ပါးက သစ်ပင်နှစ်ပင်အောက်မှာထိုင်နေတယ်...

ပြီးတော့ သူတို့တွေ မိုးကောင်းကင်ထက် အတူတူပျံသန်းထွက်

ခွာသွား...

သစ်ပင်လေးလည်းစိတ်လှုပ်ရှားစွာ သူတို့နဲ့အတူတူ ပျံသန်း

လိုက်ချင်ရဲ့...

အစိမ်းရောင် ရှီးယွဲ့တောင်ထိပ်မှာ...

အလှစိုက်ထားတဲ့ ပန်းဥယျာဉ်လေးဟာ မိုးကောင်းကင်နဲ့

ဆက်နွယ်...

အဲဒီဥယျာဉ်လေးထဲမှာ ရသေ့ကြီးတစ်ပါးရှိတယ်...

မှတ်ဆိတ်တွေရော ဆံပင်တွေရော ဖြူဖွေးလို့...

တောင်ဝှေးတစ်ချောင်းကိုင်ပြီးခရီးထွက်သွားတဲ့အခါ...

အရာရာကိုမေ့ပျောက်လိုက်ဖို့ သင်ကြားပေးသွားတယ်..."

ဒီလောက်အချိန်များစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည့်တိုင် ဆန်းလျန်က သူမကဲ့သို့ အညတရ ရေငန်းသီးပင်လေးကို မှတ်မိနေဆဲ ဖြစ်လေသည်။

သူမတွေးနေစဉ်မှာပင် ဆန်းလျန်က လေပြေလေးလွင့်မျော လာသည့်အလား တံတားထက်သို့ ရောက်ရှိလာလေသည်။

ဆန်းလျန်က...

"အသက်တွေလည်း ကြီးခဲ့ကြပါပြီ ၊ မင်းကို ခုလိုပြန်ဆုံရတာ တကယ်ပဲ ဝမ်းသာမိပါတယ် လို့လော်..."

ဘုရင်မကြီးက...

"မင်း... ငါ့ကိုရော မမှတ်မိတော့ဘူးလား ဆန်းလျန်... ၊ အင်း လေ ... ငါကတော့ မင်းနဲ့ငါ့ကြားကအမှတ်တရတွေကို သိပ်မ မှတ်မိတော့ပါဘူး..."

ဘုရင်မကြီး၏ စကားသံက ပြတ်သားပြီး လေသံက အေးစက် လျှက်ရှိသည်။

ဘုရင်မကြီးဆိုသည်က အခြားသူမဟုတ်ပေ။

တစ်ချိန်တုန်းက ကျောက်ရှောင်ယွီနှင့် ရန်ဘက်ဖြစ်ခဲ့ဖူးသည့် တာ့ကျိုးပြည်ဘုရင်မကြီးဖြစ်လေသည်။ သူမကို ဆန်းလျန်က နောက်ပိုင်း သူမကို ချင်းစွေမြစ်စောင့်နတ်သမီးအဖြစ် အပ်နှင်းပေးခဲ့လေသည်။

နောက်ပိုင်း ချင်းစွေမြစ်စောင့်နတ်သမီးဖြစ်သွားသူ ဘုရင်မကြီးက ပိုမိုကောင်းမွန်သည့် ကျင့်စဉ်လမ်းကို လျှောက်လှမ်းရန်အတွက် လူပြန်ဝင်စားခဲ့ပြီး မယ်တော်ဝမ်မူ ဖြစ်လာခဲ့ခြင်း ဖြစ်လေသည်။

ကျောက်စိမ်းရေကန်ဥယျာဉ်တွင် အစဉ်အဆက် အုပ်စိုးခဲ့ကြသည့် မယ်တော်ဝမ်မူ များစွာရှိကြလေရာ ဘုရင်မကြီးကတော့ ဘယ်နှစ်ယောက်မြောက် မယ်တော်ဝမ်မူဖြစ်လေသည်လဲ မည်သူမှ မသိနိုင်ပေ။

ဘုရင်မကြီး၏လေသံကြောင့် လွိုလော်ပင် တုန်လှုပ်သွားမိလေ

သည်။ သူမက ဘုရင်မကြီးအတွက် စိတ်ပူပြီး ဆန်းလျန်ကို

တစ်ချက်လှမ်းကြည့်လိုက်မိလေသည်။

ဆန်းလျန်က....

"လွိုလော် ... မင်းက ဘာတွေစိတ်ပူနေတာလဲ ၊ ကျုပ်က လူ

တွေကို ကိုက်မစားတတ်ပါဘူး..."

ဆန်းလျန်၏ စကားကြားရမှ လွိုလော် စိတ်သက်သာရာရသွား

ပြီး ပြုံးရယ်လိုက်မိလေသည်။

ဆန်းလျန်က ဘုရင်မကြီးကို ကြည့်လိုက်ပြီး...

"ဘုရင်မကြီးမှာလည်း ဘုရင်မကြီးလုပ်ရမယ့်အလုပ်တွေရှိ

တယ် ၊ ကျုပ်မှာလည်း ကျုပ်လုပ်ရမယ့် အလုပ်တွေရှိတယ်..."

ဘုရင်မကြီးက...

"မင်းက ဘာလုပ်ချင်တာလဲ..."

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"အခုလောလောဆယ်တော့ မပြောနိုင်သေးဘူး..."

ဘုရင်မကြီးက...

"ကျောက်ရှောင်ယွီ မသေသေးဘူးလား ၊ သေပြီလား..."

ဆန်းလျန်က ဘုရင်မကြီး၏ အမေးကိုမဖြေဘဲ ပြုံးနေလေသည်။

ဘုရင်မကြီးက...

"ငါ နားမလည်နိုင်ဘူး ၊ ဒီလိုအခြေအနေမျိုးမှာတောင် သူက ဘယ်လိုလုပ် မသေရတာလဲ ၊ မီလဲ့ကိုယ်တော်က မင်းလောက် မတော်ပေမယ့် ခပ်ညံ့ညံ့ ကိုယ်တော်တစ်ပါးတော့ မဟုတ်ပါဘူး ၊ ကျောက်ရှောင်ယွီက မီလဲ့ကိုယ်တော်ကို ဘယ်လိုနည်းနဲ့မှ ယှဉ်နိုင်မှာမှ မဟုတ်တာ..."

ဆန်းလျန်က ...

"ကျုပ် ဒီကိစ္စကို အခု မပြောချင်သေးဘူး ၊ ဒါနဲ့ ဘုရင်မကြီး ရောက်လာတာ ကျုပ်ကို တစ်ခုခု ပြောစရာများ ရှိလို့လား..."

ဘုရင်မကြီးက....

"မင်းက ဗေဒင်ဟောခန်းဖွင့်ထားတယ်ဆိုတော့ ငါ့ကိုလည်း

ဗေဒင်ဟောပေးပေါ့..."

ဆန်းလျန်က...

"ဘာမေးချင်လဲ... မေးလေ..."

ဘုရင်မကြီးက...

"လောကရဲ့ အနိမ့်အမြင့်အတက်အကျတွေကို ဘယ်သူ

ထိန်းချုပ်နေတာလဲ..."

ဆန်းလျန်က ပြုံးလိုက်လေသည်။

သို့သော်... သူက ဘုရင်မကြီး၏ မေးခွန်းကို တိုက်ရိုက်

ဖြေကြားခဲ့ခြင်း မရှိပေ။

ဆန်းလျန်က လွှိုင်လော်ကို တစ်ချက်ကြည့်လိုက်ပြီး....

"လွှိုင်လော်... မင်းဟာ အနာဂတ်မှာ ကျီဝေးကောရာဇ်နေရာကို ယူ

နိုင်တဲ့ ဒုတယိ ကျီဝေးကောရာဇ် ဖြစ်လာနိုင်မလား..."

ဆန်းလျန်၏စကားကြောင့် လို့လော် တုန်လှုပ်သွားလေသည်။

သူမက...

"ကျွန်မရဲ့ ကျင့်ကြံခြင်းအဆင့်က ဒီလောက်နိမ့်ပါးတာ ၊ သခင်ကြီးလိုမျိုး ဘယ်လိုလုပ် ဖြစ်လာနိုင်မှာလဲ..."

ဆန်းလျန်က...

"ကျုပ်က ဖြစ်လာနိုင်တယ်လို့ပြောရင် မင်းဖြစ်လာရမှာပေါ့..."

လို့လော် စကားမပြောနိုင်ဖြစ်သွားပြီး ဘုရင်မကြီးကို လှည့်ကြည့်လိုက်လေသည်။

ဘုရင်မကြီးက...

"နားလည်ပါပြီ ၊ ငါတို့ သွားတော့မယ်..."

သူတို့ (၂)ယောက်ထွက်ခွာသွားသည်နှင့် တံတားထက်တွင် ဆန်းလျန် တစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။

ဗေဒင်ဆိုင်ခန်းနံဘေးတွင်တော့ ကျောက်ဖုန်းက စကားမဆိုဘဲ စီးဆင်းနေသည့် မြစ်ရေများကို ငေးကြည့်နေလေသည်။

လွိုင်လော်က တိတ်ဆိတ်စွာ လမ်းလျှောက်နေပြီး ဆန်းလျန်ပြော

သည့် စကားအဓိပ္ပါယ်ကို စဉ်းစားနေလေသည်။ သို့သော်...

သူမ ရှင်းရှင်းလင်းလင်း နားလည်ခြင်း မရှိပေ။

ဘုရင်မကြီးနှင့် လွိုင်လော်တို့ ဘုရင့်နန်းတော်သို့ ပြန်ရောက်လာ

ကြလေသည်။

ဘုရင်မကြီးက....

"ငါက သူ့ကို လောကရဲ့ အနိမ့်အမြင့်အတက်အကျတွေကို

ဘယ်သူ ထိန်းချုပ်နေတာလဲလို့ မေးတာ ၊ သူက မင်းကို ကျီ

ဝေးကေရာဇ်ဖြစ်စေချင်တယ်လို့ ပြောလိုက်တယ် ၊ အဲဒါက

အဖြေပဲ..."

လွိုင်လော် နောက်ဆုံးတော့ ဆန်းလျန်၏စကားကို နားလည်သွား

ခဲ့ပြီ ဖြစ်သည်။

ဆန်းလျန်က လောက၏အနိမ့်အမြင့်အတက်အကျများကို

ထိန်းချုပ်နိုင်သူတစ်ယောက် ဖြစ်သည်ဟု ဘုရင်မကြီးကို

အဖြေပေးလိုက်ခြင်းပင် ဖြစ်လေသည်။

သို့သော်... သူမ ဆန်းလျန်ကိုတော့ နားမလည်နိုင်သေးပေ။

လို့လော်က...

"မယ်တော်... မယ်တော်ပြောတာ ဆန်းသခင်လေးက..."

သူမ စကားမဆုံးသေးခင်မှာပင် ဘုရင်မကြီးက စကားဖြတ်

ပြောလိုက်သည်။

"လို့လော်...၊ မင်း ငါ့နောက်လိုက်နေခဲ့တာ နှစ်ပေါင်းတစ်

သောင်းကျော်ကြာခဲ့ပါပြီ၊ မင်းကို အတင်းအကျပ်စေခိုင်း

တယ်ဆိုတာမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး၊ ဒါပေမဲ့ အခုတော့ မင်း

ကို ငါ့ဘက်က တစ်ခုလောက် တောင်းဆိုပါရစေ..."

လို့လော်က...

"ဘာများလဲ... မယ်တော်..."

ဘုရင်မကြီးက...

"မနည်ဖန် မွန်းတည့်တာနဲ့ ဝေ့မင်းသားရဲ့အိမ်ကလူတွေ

အကုန်လုံးကို သတ်ပစ်လိုက်၊ မွေးကင်းစကလေးတောင် ချန်မ

ထားနဲ့..."

လွိုလော် တုန်လှုပ်သွားပြီး...

"ဘာဖြစ်လို့လဲ..."

ဘုရင်မကြီးက...

"မင်း လုပ်မှာလား မလုပ်ဘူးလား..."

လွိုလော်က...

"ဒီအစေခံက မလုပ်နိုင်ပါဘူး..."

ဘုရင်မကြီးက လွိုလော်ကို စိုက်ကြည့်လိုက်ရင်း...

"မင်းလုပ်မှဖြစ်မယ်၊ ငါတို့ မင်းမျိုးမင်းနွယ်တွေထဲမှာ ဘယ်သူ့

ကိုမှ ဝင်အလာ မခံနိုင်ဘူး..."

လွိုလော် ဆုံးဖြတ်ရခက်နေမိလေသည်။

သို့သော်... လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်အတွင်း

မယ်တော်ဝမ်မူ သူမအပေါ် ကောင်းခဲ့သည်များကို

ထောက်ထားမိသည့်အခါ သူမ ခေါင်းညိတ်လိုက်ရလေ

တော့သည်။

ဘုရင်မကြီးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ဆန်းလျန်က လောက၏အနိမ့်အမြင့်အတက်အကျများကို

ထိန်းချုပ်သူတစ်ယောက် ဖြစ်သည်ဟု ဆိုခဲ့လေပြီ။

ဆန်းလျန်သာ လောကကို ထိန်းချုပ်လိုသည်ဆိုလျှင် အရင်

ဘဝမှ မိတ်ဆွေဖြစ်ခဲ့သူသည် ယခုဘဝတွင်တော့

သေချာပေါက် ရန်သူတစ်ယောက် ဖြစ်လာရပေတော့မည်။

အခန်း (၉၀၅) ပြောင်းလဲခြင်း

ထို့ကြောင့် ဘုရင်မကြီးက လွိုလော်ကို မင်းသား၏အိမ်တော်တစ်ခုလုံးကို လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ခြင်း ဖြစ်လေသည်။

လွိုလော်က ဆန်းလျန်၏ မိတ်ဆွေဟောင်းဖြစ်ရုံသာမက ကျီဝေးကောရာဇ်နှင့်လည်း ပတ်သက်နေသူ ဖြစ်လေသည်။

ထို့ကြောင့် သူမသာ ဝေ့မင်းသား၏မိသားစုကို သတ်ဖြတ်မည်ဆိုလျှင် ဆန်းလျန်က ဝင်ရောက်မစွက်ဖက်မည်မှာ (၅၀)ရာခိုင်နှုန်း သေချာလေသည်။

ထို့ပြင် ဘုရင်မကြီးက ဝေ့မင်းသား၏မိသားစုတစ်ခုလုံးကို သတ်ဖြတ်ရန် အမိန့်ပေးရသည်မှာ အကြောင်းရှိလေသည်။

အဘယ်ကြောင့်ဆိုသော်... ဝေ့မင်းသား၏မိသားစုသည် ဆန်း

လျှန်နှင့် တစ်စုံတစ်ခုပတ်သက်နေသည်ကို သူမ ရိပ်မိနေ

သောကြောင့် ဖြစ်သည်။

ဘုရင်မကြီးက စိတ်ဓာတ်ပြင်းထန်သူတစ်ယောက်ဖြစ်သလို

အမြဲတမ်း လက်ဦးရယူတတ်သူတစ်ယောက်လည်း ဖြစ်လေရာ

သူမက ဆန်းလျှန် အနိုင်ရသွားမည်ကို မလိုလားပေ။ သူမ၏

စိတ်ထဲတွင် ဆန်းလျှန်ကို သူမ၏ ပြိုင်ဘက်ဟု သတ်မှတ်ထား

လေသည်။

***

ထိုအချိန်မှာပင်...

မိုးကောင်းကင်ခုံရုံးတွင် ရောင်စဉ် (၇)မျိုး အလင်းတန်းများ

ထွက်ပေါ်လာပြီး ထိုအလင်းတန်းများအလယ်တွင် ရွှေကြုတ်

တစ်ခု ရှိနေလေသည်။

ထို ရောင်စဉ် (၇)မျိုး အလင်းတန်းများကြောင့် မိုးကောင်းကင်

ခုံရုံးတစ်ခုလုံးပင် တုန်လှုပ်လာလေသည်။ ကျောက်စိမ်းဝိညာဉ်

နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှ နတ်ဘုရားများပင်လျှင်

ထိုနေရာသို့ ကပ်ရဲခြင်း မရှိကြပေ။

အနည်းငယ် သတ္တိကောင်းပြီး စူးစမ်းလိုသည့် နတ်ဘုရား

တစ်ပါးက ထိုနေရာသို့ အသာတိုးကပ်သွားလေသည်။

ထိုအခါ ရောင်စဉ် (၅)မျိုး အလင်းတန်းများက ချက်ချင်းပင်

ထိုနတ်ဘုရားကို စုပ်ယူပစ်လိုက်လေသည်။ ခဏအကြာတွင်

တော့ ထိုနတ်ဘုရားသည် ရောင်စဉ် (၅)မျိုး အလင်းတန်းများ

အတွင်းမှ ပြန်လည်လွင့်စင်ထွက်လာပြီး မြေပြင်ထက်တွင်

လဲကျကာ နာကျင်စွာဖြင့် အော်ဟစ်ညည်းတွားလျှက် ရှိလေ

တော့သည်။

ထိုနတ်ဘုရား၏အဖြစ်အပျက်ကို တွေ့မြင်လိုက်ရသည်နှင့်

တန်ခိုးစွမ်းအားမြင့်မားသည့် ရှေးဟောင်းနတ်ဘုရားများပင်

ထိုနေရာသို့ တိုးကပ်သွားရဲခြင်း မရှိကြတော့ပေ။ နောက်ဆုံး

တော့ မည်သို့မှ မတတ်နိုင်တော့ဘဲ ရွှမ်ဟွမ်မိုးနတ်မင်းနှင့် တာအိုဆရာယို့တင်ကို အကြောင်းကြားလိုက်ရလေတော့သည်။

ရွှမ်ဟွမ်မိုးနတ်မင်းနှင့် တာအိုဆရာသခင်ယို့တင်တို့ ရောက်မလာမီအချိန်တွင် မိုးကောင်းကင်ခုံရုံးမှနတ်ဘုရားများက တန်ခိုးစွမ်းအားအရံအတားများဖန်ဆင်းကာ ရွှေကြုတ်ပတ်ဝန်းကျင်တွင် အရံအတားများ ပြုလုပ်ထားကြလေသည်။

ခဏကြာသည့်အခါ... ရွှမ်ဟွမ်မိုးနတ်မင်းနှင့် တာအိုဆရာယို့တင်တို့ ရောက်ရှိလာကြလေသည်။

"ခုံရွှမ်း ၊ ယွှင်ရှောင်း ... မင်းတို့က မိုးကောင်းကင်ခုံရုံးကို တောင် ပြဿနာရှာရဲတယ်ပေါ့..."

ရွှမ်ဟွမ်မိုးနတ်မင်းက ရင်ပတ်ထက်တွင် ထိုက်ချိယင်ယန်သင်္ကေတပါဝင်သည့် ကေရာဇ် ဝတ်စုံကို ဝတ်ဆင်ထားလေသည်။ သူ၏နဖူးထက်တွင် ထိုကချိယင်ယန်သင်္ကေတကိုတွေ့

မြင်နိုင်ပြီး သူ၏မျက်နှာကတော့ အေးစက်ခက်ထန်လျှက် ရှိလေ၏။

တာအိုဆရာယွိတင်ကတော့ လက်ထဲတွင် ဖန်ကူအလံကိုကိုင်ထားပြီး ရှမ်ဟွမ်မိုးနတ်မင်း၏ဘေးတွင် ရပ်နေလေသည်။

ဖန်ကူအလံမှ ထူးဆန်းသည့် ရှေးဟောင်းတန်ခိုးစွမ်းအားတစ်ခုထွက်ပေါ်လာပြီး ရောင်စဉ် (၅)မျိုး အလင်းတန်းများကို မေးမှိန်သွားအောင် ဖိနှိပ်ထားလိုက်လေသည်။

"အစ်ကိုယွိတင်က နှစ်ပေါင်းများစွာ စောင့်ရှောက်ထားခဲ့တာတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဒီနေ့တော့ ကျွန်မက ခွန်လွန်တောင်အောက်မှာ အချုပ်ခံနေရတာ အရမ်းပျင်းလာပြီ၊ ဒါကြောင့် အစ်ကိုယွိတင်ကို နှုတ်ဆက်စကားဆိုရတော့မယ်..."

တည်ငြိမ်သည့်မိန်းကလေးသံတစ်သံ ထွက်ပေါ်လာလေသည်။

ထိုအသံကို မိုးကောင်းကင်ခုံရုံးတစ်ခုလုံးမှ လူများအားလုံး ကြားလိုက်ကြရလေသည်။

မိုးကောင်းကင်ခုံရုံးတွင် ပြသနာလာရှာသူများမှာ တာအိုဆရာ ယို့တင်က ခွန်လွန်တောင်အောက်တွင် နှစ်ပေါင်းများစွာကြာ အောင် ဖမ်းဆီးချုပ်နှောင်ထားခဲ့သည့် ဒေါင်းစိမ်းမင်းကြီးခုံ ရွှမ်းနှင့် ယွင်ရှောင်းနတ်သမီးတို့ပင် ဖြစ်လေသည်။

သူတို့က ယခုတော့ ခွန်လွန်တောင်အောက်မှ ထွက်ပြေး လွတ်မြောက်လာခဲ့ကြပြီ ဖြစ်လေသည်။

တာအိုဆရာယို့တင်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"မင်းတို့က ထွက်သွားချင်တယ်ပေါ့လေ..."

"ယွင်ရှောင်းနတ်သမီး ၊ မင်းကဘာလို့ ဒီအစိပ်ပွါယ်မရှိတဲ့စကား တွေကို သူတို့နဲ့ ပြောနေသေးတာလဲ..."

တည်ငြိမ်သည့် ယောကျ်ားလေးတစ်ယောက်အသံထွက် ပေါ်လာလေသည်။

ထိုသူ၏အသံကိုကြားလိုက်ရသည်နှင့် နတ်ဘုရားများမှာ အေး

ခဲသွားမတတ် ခံစားလိုက်ကြရလေသည်။ ထိုအသံမှာ ဒေါင်း

စိမ်းမင်းကြီး ခုံရွှမ်း၏ အသံပင် ဖြစ်လေသည်။

စကားသံဆုံးသွားသည်နှင့် မိုးကောင်းကင်ခုံရုံးတစ်ခုလုံး တုန်

ခါသွားပြီး ကောင်းကင်ဘုံ (၉)ထပ်နှင့် အသူရာချောက်

(၉)ထပ်တစ်ခွင်တွင် ခေါင်းလောင်းသံတစ်သံ ဆူညံစွာ ထွက်

ပေါ်လာလေသည်။

ထိုခေါင်းလောင်းသံထွက်ပေါ်လာသည်နှင့် အဆက်မပြတ်

ကျယ်ပြန့်လျှက်ရှိသည့် မိုးကောင်းကင်ခုံရုံးသည် ချက်ချင်းပင်

ရပ်တန့်သွားလေသည်။

တစ်ချိန်တည်းမှာပင် ရွှမ်ဟွမ်မိုးနတ်မင်း နေ့ရက်ပေါင်းများစွာ

ကြိုးစားဖန်ဆင်းခဲ့သည့် မိုးကောင်းကင်ခုံရုံးသည်လည်း

အလကား ဖြစ်သွားခဲ့ရလေတော့သည်။ အဘယ်ကြောင့်ဆို

သော်... မိုးကောင်းကင်ခုံရုံးမှ မည်သည့်တန်ခိုးစွမ်းအားကိုမှ
သူ ရယူသုံးစွဲနိုင်ခြင်း မရှိတော့သောကြောင့် ဖြစ်သည်။
ထိုအချက်က သူ့ကို အနည်းငယ် စိတ်မသက်မသာ ဖြစ်စေလေ
သည်။

ထိုအချိန်မှာပင်... မိုးကောင်းကင်တောင်ဘက်တံခါးမှ ဓား
ဝိညာဉ်တစ်ခု ထွက်ပေါ်လာလေသည်။ ဓားဝိညာဉ်မှာ အနက်
ရောင်တောက်ပနေပြီး ပင်လယ်လှိုင်းလုံးများကဲ့သို့
တဖြည်းဖြည်းမြင့်တက်လာလေရာ လောကတစ်ခုလုံးကို သိမ်း
ကြုံးဖျက်စီးတော့မည့်အလား ထင်မှတ်ရလေသည်။

ထို့နောက်... ရွှမ်ဟွမ်မိုးနတ်မင်း၏ စိတ်အာရုံထဲတွင် ပုံရိပ်တစ်
ခုကိုတွေ့မြင်လိုက်ရလေသည်။ ထိုပုံရိပ်မှာ ကျန်းဝူနတ်
ဘုရား၏ ပုံရိပ်ပင် ဖြစ်လေသည်။

ကျန်းဝူနတ်ဘုရားက ခုံရွှမ်းတို့ကို တိတ်တဆိတ်ပူးပေါင်းကာ
ကူညီနေခဲ့သည်ကို သူလုံးလုံး သတိမထားခဲ့မိဘူးပဲ။

ကျန်းဝူနတ်ဘုရား၏ ရှမ်ထျန်းဓားဝိဉာဉ်သည် မရဏဓားများ လောက် အစွမ်းမထက်သော်လည်း အဆုံးမရှိသည့် တန်ခိုး စွမ်းအားများကို ပိုင်ဆိုင်လေသည်။ ထို့ကြောင့် ခုခံနိုင်ရန် ခက်ခဲလွန်းလှသည်။

တာအိုဆရာယွိတင်က ဖန်ကူအလံကို တစ်ချက်ဝှေ့ယမ်းလိုက် လေသည်။ ထိုအခါ ရွှေရောင်အလင်းတန်းများထွက်ပေါ်လာ ပြီး ကျန်းဝူနတ်ဘုရား၏ ရှမ်ထျန်းဓားဝိဉာဉ်ကို ခုခံထားလိုက် လေသည်။

အဘယ်ကြောင့်ဆိုသော်... အနက်ရောင်ဓားဝိဉာဉ်နှင့် ရောင်စဉ် (၅)မျိုးအလင်းတန်းများကြားမှ ရွှေကြုတ်တို့ ပေါင်းစပ်သွား၍ မဖြစ်ပေ။

အဘယ်ကြောင့်ဆိုသော် ရောင်စဉ် (၅)မျိုးအလင်းတန်းများက ဒေါင်းစိမ်းမင်းကြီး ခုံရှမ်း၏ တန်ခိုးစွမ်းအားများဖြစ်ပြီး ရွှေ ကြုတ်ကတော့ ယွင်ရှောင်းနတ်သမီး၏ တန်ခိုးစွမ်းအား ဖြစ်

လေသည်။ ထိုတန်ခိုးစွမ်းအားများ ပေါင်းစည်းသွားပါက တာ

အိုဆရာများ အဆုံးသတ်ရာ နေရာတစ်ခုဖြစ်လာပြီး အရာ

အားလုံးကို တစ်ကြိမ်တည်းဖြင့် ဖျက်စီးပစ်နိုင်စွမ်း ရှိလေ

သည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်မှ နတ်

ဘုရားများ၏ တန်ခိုးစွမ်းအားများအားလုံးကို အဆုံးသတ်ပေး

သွားနိုင်စွမ်း ရှိလေသည်။

ထို့ကြောင့် ရွှမ်တုတောက်ကျွင်း သဘောမကျဖြစ်ရသည်မှာ မ

ဆန်းလှပေ။

တာအိုဆရာယွိတင်၏လက်ထဲရှိ ဖန်ကူအလံမှ ထွက်ပေါ်လာ

သည့် ရွှေရောင်အလင်းတန်းများနှင့် ကျန်းဝူနတ်ဘုရား၏

အနက်ရောင်ဓားဝိညာဉ် ပြင်းထန်စွာ ရိုက်ခတ်မိသွားလေ

သည်။

ရှမ်တုတောက်ကျွင်းမှာလည်း အလွန်အမင်း ဒေါသထွက်နေပြီး အကျႌလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ကာ အနက်ရောင် ဓားဝိညာဉ်ကို ရိုက်ချလိုက်လေတော့သည်။

ပင်လယ်လှိုင်းလုံးများအလား မြင့်တက်လာသည့် အနက်ရောင် ဓားဝိညာဉ် ချက်ချင်းပျောက်ကွယ်သွားပြီး ရှည်လျားသည့် အက်ကွဲသံတစ်ချက် ထွက်ပေါ်လာလေသည်။

ထို့နောက်တွင်တော့ ကျန်းဝူနတ်ဘုရား၏ နတ်ဘုရားခန္ဓာကြီး ထွက်ပေါ်လာလေသည်။ သူ၏နောက်တွင် လိပ်သတ္တဝါနှင့်မြွေ သတ္တဝါများ ရစ်ခွေနေသည်ကို တွေ့မြင်ကြရမည် ဖြစ်လေ သည်။

ကျန်းဝူနတ်ဘုရားက...

"တာအိုရောင်းရင်း (၂)ယောက်... ၊ ကျုပ် သွားဖို့ စောင့်နေပါ တယ်..."

ကျန်းဝူနတ်ဘုရားက ဒေါင်းစိမ်းမင်းကြီးခုံရှမ်းနှင့် ယွင်ရှောင်း နတ်သမီးတို့ကို ပြောလိုက်ခြင်း ဖြစ်လေသည်။

"ကျုပ်က မိုးနတ်မင်းပဲ ၊ လူ့လောကကို ကျုပ်ပဲ ပြုပြင် ပြောင်းလဲမယ် ၊ တောတောင်ရေမြေတွေက ကျုပ်ရဲ့ အမိန့်ကို နာခံရမယ်... ၊ နတ်ဘုရားအားလုံးက ကျုပ်အမိန့်ကိုပဲ နာခံရ မယ် ... ၊ ကျုပ်ကို ဘယ်သူမှ ဆန့်ကျင်လို့မရဘူး..."

တန်ခိုးစွမ်းအားဖြင့်ပြည့်ဝသည့် အသံကြီးတစ်သံထွက်ပေါ်လာ ပြီး မိုးကောင်းကင် (၉)ထပ်နှင့် အသူရာချောက် (၉)ထပ်သို့ ပျံ့နှံ့သွားလေသည်။

မိုးကောင်းကင်ခုံရုံးတစ်ခုလုံးပင် တုန်လှုပ်သွားရလေသည်။

မိုးနတ်မင်းဆိုသည်က တန်ခိုးစွမ်းအားမြင့်မားသည့် နတ်ဘုရား တစ်ပါး ဖြစ်လေသည်။ ထို့ကြောင့် တောစောင့်နတ် ၊ တောင် စောင့်နတ်များက မိုးနတ်မင်း၏ အမိန့်အာဏာကို နားထောင်ရ လေသည်။

ရွှမ်တုတောက်ကျွင်း အလွန်အမင်း ဒေါသထွက်နေလေသည်။

သူလိုမိုးနတ်မင်းတစ်ပါးရှိနေပါလျက်နှင့် နတ်ဘုရားများ

ယခုကဲ့သို့ စိတ်ဝမ်းကွဲပြားနေကြသည်ကို သူ လုံးဝ သည်းခံနိုင်

ခြင်း မရှိပေ။

ရုတ်တရက် ကောင်းကင်ဘုံ (၉)ထပ်မှ လက်ဖဝါးတစ်ဖက်

ထွက်ပေါ်လာပြီး မိုးကောင်းကင်ခုံရုံးတွင် ရောင်စဉ် (၉)မျိုး ရစ်

သိုင်းလွှမ်းခြုံထားသည့် ပလ္လင်တစ်ခုပေါ်လာလေသည်။

ပလ္လင်ထက်တွင် ဘုရင်ဝတ်စုံဝတ်ဆင်ထားပြီး သရဖူကို

ဆောင်းထားသည့် ဘုရင်မကြီးထိုင်နေလေ၏။

သူမက သူမကိုထောက်ခံသည့် လူသားနှင့်နတ်ဘုရားများ၏

စွမ်းအားကို အသုံးပြုကာ ကောင်းကင် (၉)ထပ်မှ ထွက်ပေါ်လာ

သည့် လက်ဖဝါးကြီးကို သမုဒ္ဒရာရေပြင်အလား ပိတ်ဆို့ထား

လိုက်လေသည်။

ရှမ်တုတောက်ကျွင်းက ဘုရင်မကြီးကို ထပ်မံတိုက်ခိုက်လို
သော်လည်း မိုးကောင်းကင်ခုံရုံးသည် စွမ်းအားများ
တဖြည်းဖြည်းလျော့နည်းနေသည့်အလား ခံစားလိုက်ရလေ
သည်။

သူ့တွင် ရွေးခြယ်စရာ မရှိတော့ပေ။

ထိုခဏအတွင်းမှာပင်... ရှမ်တုတောက်ကျွင်းမှာ ခုံရှမ်းနှင့် ယွ
င်ရှောင်းတို့ကိုပင် အရေးမစိုက်နိုင်တော့ပေ။

ခေါင်းလောင်းသံထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်နှင့်
တာအိုဆရာယွိတင်က ဖန်ကူအလံကိုကိုင်ကာ အသံထွက်
ပေါ်လာရာနေရာသို့ ထွက်ခွာသွားလေသည်။

ခေါင်းလောင်းသံထွက်ပေါ်လာရာနေရာမှာ မိုးကောင်းကင်
တံခါးပင် ဖြစ်လေသည်။ အစစ်အမှန်နှင့်ကင်းလွတ်ပြီး အချိန်
ရေစီးကြောင်းကိုပင် ကျော်လွန်သွားသည့်အလား ထင်မှတ်ရ
လေသည်။

မိုးကောင်းကင်တံခါးဆိုသည်မှာ ပထမမိုးနတ်မင်း၏ ရတနာ

ပစ္စည်းဖြစ်လေသည်။

ခေါင်းလောင်းသံထွက်ပေါ်လာရာနေရာတွင် ယန်ကျန်း ရှိနေ

လေသည်။ ယန်ကျန်းသည် လက်နှစ်ဖက်ကို မြှောက်ထားကာ

သူ၏ဦးခေါင်းထက်တွင် ကြီးမားသည့် ခေါင်းလောင်းကြီးတစ်

ခုကို ကိုင်ထားလေသည်။ ထိုခေါင်းလောင်းကြီးကို ထိန်းချုပ်

ရန်အတွက် ယန်ကျန်းမှာ အတော်လေး ကြိုးစားနေရလေ

သည်။

ခုံရွှမ်း၏ ရောင်စဉ် (၅)မျိုးအလင်းတန်းများက ယန်ကျန်း၏

ခန္ဓာကိုယ်ပတ်ဝန်းကျင်တွင် လှည့်ပတ်နေလေသည်။

တာအိုဆရာယွိတင်က အော်ဟစ်လိုက်သည်။

"ယန်ကျန်း... ကျုပ်လာကူမယ်..."

သူက ပြောပြီးသည်နှင့် ဖန်ကူအလံကိုဝှေ့ယမ်းလိုက်လေရာ

လေထုတစ်ခုလုံး ပရမ်းပတာဖြစ်သွားလေသည်။

ထို့နောက်... တာအိုဆရာယွိတင်က ခုံရွှမ်းနှင့်အ ခြားသူများကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ခုံရွှမ်းက ရယ်မောလိုက်ရင်း...

"ဒီနေ့တော့ ဖန်ကူအလံရော မိုးကောင်းကင်တံခါးရော တစ်ခါတည်း သိမ်းပစ်လိုက်မယ်..."

ခုံရွှမ်းထံမှ ရောင်စဉ် (၅)မျိုးလင်းလက်လာပြီး ပရမ်းပတာဖြစ် သွားသည့်လေထုက ချက်ချင်းပြန်လည်တည်ငြိမ်သွားလေ သည်။

တာအိုဆရာယွိတင်က ကြောက်လန့်ခြင်း မရှိဘဲ ဖန်ကူအလံကို ထပ်မံ ဝှေ့ယမ်းလိုက်လေသည်။

ဖန်ကူအလံမှ တန်ခိုးစွမ်းအားများက ယန်ကျန်းကိုင်မြှောက် ထားသည့် ခေါင်းလောင်းသံနှင့်ပေါင်းစပ်သွားလေသည်။

ထိုအခါ ရောင်စဉ် (၅)မျိုးအလင်းတန်းများရော ရွှေကြုတ် သည်ပါ အနည်းငယ် တုန်လှုပ်သွားလေသည်။

ထိုအခါမှ ယန်ကျန်းစိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ထိုအချိန်မှာပင်... အတောင်တစ်စုံပေါ်လာပြီး မိုးကောင်းကင်ခုံရုံးတစ်ခုလုံးကို မမျှော်လင့်စွာပင် ဖုံးအုပ်ထားလိုက်လေသည်။ ထိုအတောင်တစ်စုံမှာ ခုံရှမ်း၏ ဒေါင်းစိမ်းတောင်ပံတစ်စုံဖြစ်လေသည်။

ယန်ကျန်း ကြီးမားသည့် ဖိအားကြီးကို ခံစားလိုက်ရပြီး မည်သို့မှ မတတ်နိုင်တော့ဘဲ ရောမခေါင်းလောင်းကြီးကို စတင်တီးခတ်လိုက်ရလေည်။

"ယန်ကျန်း... လောင်စွန်း မင်းကို ကူညီမယ်..."

အော်ဟစ်သံနှင့်အတူ ကြီးမားသည့်သံတုတ်ကြီးတစ်ချောင်းထွက်ပေါ်လာပြီး လေထုတစ်ခုလုံးကို အပိုင်းပိုင်းကွဲအောင်ရိုက်ချလိုက်လေသည်။

ပြင်းထန်လှသည့် သံတုတ်ကြီးက အတောင်ပံကြီးကို ရိုက်ချလိုက်ပြီး မရေမတွက်နိုင်သည့် မီးပွားများ ဖြာထွက်လာကာ လေထုတစ်ခုလုံး လင်းထိန်တောက်ပသွားလေသည်။ ထိုသို့ လင်းလက်တောက်ပသွားသည်ကို လူ့လောကမှ သာမန်လူများ ပင်လျှက် တွေ့မြင်ရမည် ဖြစ်လေသည်။

ထိုအချိန်မှာပင်... ရှေးဟောင်းနတ်ဘုရားများစွာ ထွက်ပေါ်လာကြလေသည်။ အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင်တံခါးက ရွေ့လျားရန် အဆင်သင့်ဖြစ်နေသောကြောင့် ဖြစ်လေသည်။ လောကတွင် မည်သည့်နတ်ဘုရားမဆို မိုးကောင်းကင်တံခါးကို လိုချင်ကြသည်ပဲ ဖြစ်သည် မဟုတ်ပါလား။

ဘုရင်မကြီးသည်လည်း ဆုံးဖြတ်ချက်ပြောင်းလဲရန် အချိန်မရှိတော့ပေ။ ထို့ပြင် ရှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားများကိုလည်း ဖမ်းဆုပ်နိုင်ရန် ခက်ခဲလေသည်။

သူမက တန်ခိုးစွမ်းအားများကို အသုံးပြုကာ အသချော်သော အလင်းတန်းများကို ဖန်ဆင်းလိုက်လေသည်။ ဘုရားစာ ရွတ်ဖတ်သံများကလည်း အဆက်မပြတ်ထွက်ပေါ်လာပြီး သူမ၏အခြေအနေက တည်ငြိမ်သွားလေသည်။

***

ထိုအချိန်မှာပင်... မင်သား၏အိမ်တော်မှ ကလေးငယ်တစ်ယောက်အော်ဟစ်ငိုယိုသံထွက်ပေါ်လာလေသည်။

အစေခံမလေးက...

"မင်းသား... သားတော်လေးဖွားမြင်ပါတယ်...."

သားတော်လေးမွေးဖွားသည့်စကားကြောင့် ဝေ့မင်းသား အရမ်းပျော်သွားသည့်အချိန်မှာပင် အိမ်တော်အတွင်းသို့ လူတစ်စုက ချိုးဖျက်ဝင်ရောက်လာလေတော့သည်။

ဝင်လာသူများမှာ လွိုလော်ဦးဆောင်လာသည့် နတ်သမီးအုပ်စုပင် ဖြစ်လေတော့သည်။

အခန်း (၉၀၆) အပြစ်

ဝေ့မင်းသား၏အိမ်တော်အတွင်းမှ များပြားလှစွာသော

အလင်းတန်းများ လင်းလက်လာလေသည်။

ထို့နောက် အလင်းတန်းများ ချက်ချင်းပျောက်ကွယ်သွားပြီး

ချက်ချင်းပင် ပြန်လည်မှောင်မိုက်သွားလေ၏။

သားတော်လေးဖွားမြင်သည့်အတွက် ပျော်ရွှင်နေသည့် ဝေ့

မင်းသားမှာ ရုတ်တရက် အိမ်တံခါးချိုးဖျက်ခံလိုက်ရပြီး အိမ်

တော်အတွင်းသို့ ဝင်ရောက်လာသည့် အမျိုးသမီးအရာရှိကို

တွေ့မြင်ရလေသည်။

အရာရှိအမျိုးသမီးမှာ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား

သည့် လို့လော်ပင် ဖြစ်လေသည်။ လို့လော်မှာ ဘုရင်မကြီး အ

ယုံကြည်ရဆုံး အမျိုးသမီးအရာရှိဖြစ်မှန်း ဝေ့မင်းသား

ချက်ချင်းသိလိုက်သည်။

လို့လော်က နတ်သမီးအုပ်စုတစ်စုကို ဦးဆောင်လာခြင်းဖြစ်ပြီး

သူမ၏မျက်နှာက တည်ကြည်လေးနက်နေလေသည်။

လို့လော်၏ဘေးမှ နတ်သမီးတစ်ပါးက...

"ဝေ့မင်းသား ပုန်ကန်ဖို့ကြိုးစားတယ် ၊ ဒါကြောင့် တစ်

အိမ်သားလုံး သေဒဏ်ကျခံရမယ်..."

နတ်သမီး၏စကားကြောင့် ဝေ့မင်းသား ထိတ်လန့်တုန်လှုပ်

သွားပြီး ချက်ချင်း ငြင်းဆန်ရန် ကြိုးစားလိုက်လေသည်။

သို့သော်... သူ မငြင်းဆန်နိုင်တော့ပေ။ အဘယ်ကြောင့်ဆို

သော် သူ၏ဦးခေါင်းပြတ်သွားပြီး မြေပြင်ထက် ပြုတ်ကျသွား

သောကြောင့် ဖြစ်လေ၏။

လှိုင်လော်ခေါ်ဆောင်လာသည့် နတ်သမီးများအားလုံးမှာ ကျောက်စိမ်းဝိညာဉ်ရေကန်မှ နတ်သမီးများ ဖြစ်ကြလေသည်။ သူတို့အားလုံးက မယ်တော်ဝမ်မူ၏အမိန့်ကို နာခံကြသူများ ဖြစ်ကြသည်။

သူတို့က ဝေ့မင်းသားကဲ့သို့သော သာမန်လူများအပေါ်တွင် သိပ်ပြီး ခံစားချက်ထားကြသူများ မဟုတ်ပေ။

နတ်သမီးများက အိမ်တော်တစ်ခုလုံးကို ရက်ရက်စက်စက် သတ်ဖြတ်ပစ်လိုက်လေသည်။

နောက်ဆုံး ဟယ်စူးရင်း မွေးဖွားသန့်စင်ထားသည့် ပထမဆုံး မင်းသားငယ်လေးကိုပင် သတ်ဖြတ်ရန် ရောက်ရှိလာကြလေ သည်။

လှိုင်လော်၏ဘေးမှ နတ်သမီးက မွေးကင်းစကလေးငယ်လေး ကို လေထဲသို့ ဆွဲမြှောက်ကာ ဓားဖြင့်ထိုးခုတ်ရန် ဟန်ပြင်လိုက် လေသည်။

လှိုင်လော်က အနည်းငယ်တုံ့ဆိုင်းနေပြီး သူမဘေးမှ နတ်သမီး

ကို တားဆီးလိုက်လေသည်။

"ခဏနေဦး..."

နတ်သမီးက...

"ဒီကလေးက ဝေ့မင်းသားနဲ့ ကြင်ယာတော်ရဲ့ကလေးပဲ ၊ ဘာ

စောင့်နေစရာ လိုလို့လဲ..."

လှိုင်လော်က မွေးကင်းစကလေးငယ်လေးကို ကြည့်လိုက်လေ

သည်။

ထိုကလေးငယ်က သာမန်ကလေးငယ်တစ်ယောက်နှင့်မတူပေ။

ကလေးငယ်တစ်ကိုယ်လုံးက သွေးရောင်လွှမ်းနေပြီး မျက်ခုံး

များက ထက်ရှနေလေသည်။ ကြည့်လိုက်သည်နှင့် တန်ခိုး

စွမ်းအားများနှင့် ပြည့်နေသည်မှာ ထင်ရှားနေလေသည်။

ကလေးငယ်၏ ဇာစ်မြစ်က ထူးခြားဟန်ရှိသည်။

ထိုကလေးငယ်လေးမှာ ဂူရှန်ကျောင်းတော်မှာ လူသားပုံစံဂျင်ဆင်းသစ်သီးနှင့်ပင် ဆင်တူလေသည်။

ထိုမွေးကင်းစကလေးငယ်လေးက ထိုမျှ စွမ်းအားပြည့်ဝနေခြင်းမှာ အံ့သြစရာတော့ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်ကလေးငယ်သည် ကျင့်ကြံသူမိန်းကလေးတစ်ယောက်၏ကလေးဖြစ်လေသည်။ ဟယ်စူးရင်းက ကလေးငယ်ကိုကိုယ်ဝန်ဆောင်သည့်အချိန်မှာပင် လောကတစ်ခုလုံးမှ ရသမျှဝိညာဉ်စွမ်းအားဆေးဝါးများကို မှီဝဲထားခဲ့ဟန် ရှိလေသည်။ ထို့ကြောင့်ကလေးငယ်မှာ မွေးကင်းစလေးဖြစ်ပြီး လေထဲတွင်ဆွဲမြှောက်ခံထားရသည့်တိုင် အသက်ရှင်သန်နေနိုင်ဆဲ ဖြစ်ခြင်းဖြစ်လေသည်။

လို့လော်က ကလေးငယ်ကို အလွန်သနားနေမိလေသည်။

သူမက…

"ဒီကလေးက မွေးရာပါ တာအိုခန္ဓာရှိတယ် ၊ သတ်လိုက်ရင် နှမြောစရာပဲ..."

သို့သော်... လွိုလော်၏ စကားမဆုံးမီမှာပင် နတ်သမီးက ကလေးငယ်ကို လက်ဝါးဖြင့် ရိုက်ချကာ သတ်ဖြတ်ပစ်လိုက်လေတော့သည်။

လွိုလော်မှာ အသက်ပင် မရှူနိုင် ဖြစ်သွားရလေသည်။

သူမက ထိတ်လန့်တကြားဖြင့်...

"မင်း ဘယ်လိုလုပ်လိုက်တာလဲ..."

နတ်သမီးက ပြုံးလိုက်ရင်း...

"ကျွန်မတို့ ရက်စက်ရမှာပဲလေ ၊ ဒီလိုသာ မရက်စက်ဘူးဆိုရင် ဘုရင်မကြီး ဒေါသထွက်လိမ့်မယ်..."

လွိုလော်က...

"မင်းရဲ့လုပ်ရပ်အတွက် နောင်တမရဖို့ပဲ ငါမျှော်လင့်ပါတယ်..."

နတ်သမီးက...

"ကျွန်မက မယ်တော်ဝမ်မူအတွက် တာဝန်ကျေတဲ့သူပဲ ဖြစ်ချင်တာပါ..."

လို့လော်က အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရင်း...

"ငါတို့ ဒီနေ့လုပ်ခဲ့တဲ့အရာတွေအတွက် ပြန်ပေးဆပ်ရလိမ့်မယ်..."

နတ်သမီးက ခပ်တည်တည်မျက်နှာထားဖြင့်...

"တကယ်ဆို ဒီကိုလာပြီး ဝေ့မင်းသားရဲ့ အိမ်တော်တစ်ခုလုံးကို မသုတ်သင်ခင်ကတည်းက အဲဒီလိုဖြစ်လာမယ်ဆိုတာ သခင်မလို့လော် ရှင်းရှင်းလင်းလင်း သိထားသင့်တယ်..."

ထိုအချိန်မှာပင်...

နောက်ထပ်ကလေးငိုသံတစ်သံ ထွက်ပေါ်လာပြန်လေသည်။

သို့သော်... ကလေးငယ်ငိုသံက အလွန်အားနည်းနေသည့်ဟန်ရှိလေသည်။

စောစောက ဝေ့မင်းသား၏သားတော်လေးကို သတ်လိုက်သည့် နတ်သမီး၏မျက်နှာမှာ ချက်ချင်းပင် အေးစက်တင်းမာသွား လေသည်။

ကလေးငယ်ငိုသံမှာ ဝေ့မင်းသားအိမ်တော်၏ ဘေးဘက်ရှိ အဆောင်ငယ်တစ်ခုမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ ထို နေရာမှာ အရှေ့နန်းဆောင်တည်ရှိရာနေရာဖြစ်လေသည်။

အဆောင်ထဲတွင်တော့ မွေးကင်းစကလေးငယ်တစ်ယောက် ကြမ်းပြင်ထက်တွင် ပြုတ်ကျနေပြီး မိခင်ဖြစ်သူကတော့ ကလေးငယ်ကို မွေးဖွားပြီး သွေးလွန်ကာသေဆုံးသွားဟန် ရှိ လေသည်။

နတ်သမီးက တစ်ချက်လေးပင် မတွန့်ဆုတ်ဘဲ ထိုကလေးငယ် ကို သတ်ဖြတ်ရန် ဓားကို ဆွဲထုတ်လိုက်လေသည်။

သို့သော် … သူမကို လွှဲလော်က တားဆီးလိုက်ပြန်လေသည်။

လွှဲလော်က…

"ဒီကလေးကတော့ မင်းသားတစ်ပါး မဟုတ်နိုင်ပါဘူး..."

နတ်သမီးက...

"ဘုရင်မကြီးက တစ်အိမ်သားလုံးသတ်ပစ်ရမယ်လို့ အမိန့်ပေးခဲ့တာကို သခင်မလွိုင်လော် မေ့နေပြီလား..."

လွိုင်လော်က...

"ကလေးရဲ့ အမေကိုလည်း ကြည့်ပါဦး၊ ဒီကလေး လူ့လောကထဲရောက်လာဖို့ ဘယ်လောက်တောင် ပင်ပင်ပန်းပန်း ကြိုးစားထားရသလဲ၊ ဒီနေ့ လူတွေသေတာ လုံလောက်ပါပြီ၊ ငါတို့ ဒီထက်ပိုပြီး လူမဆန်တဲ့အလုပ်တွေ မလုပ်တော့ဘဲ နေကြရအောင်ပါ..."

နတ်သမီးက...

"ဒီကလေးကို သခင်မလွိုင်လော်သတ်မှာလား၊ ကျွန်မပဲ သတ်လိုက်ရမလား..."

လို့လော်က ကြမ်းပြင်ထက်တွင်ကျနေသည့် နီတာရဲမွေးကင်းစ ကလေးငယ်လေးကို ကောက်ချီလိုက်လေသည်။

"ဒီနေ့ ငါတို့လုပ်တဲ့အပြစ်တွေ အရမ်းများနေပြီ ၊ ငါ ထပ်ပြီး မလုပ်နိုင်တော့ဘူး..."

နတ်သမီးက....

"ဒါဖြင့် ကျွန်မက သခင်မလို့လော်ကို ရိုင်းပြရပါတော့မယ်..."

ထိုအခါ အခြားသောနတ်သမီးများကလည်း လို့လော်ကို ပိတ်ဆို့ဝန်းရံထားလိုက်ကြလေသည်။

လို့လော်မှာ နတ်သမီးများအလယ်တွင် ပိတ်မိနေလေတော့သည်။

ထို့နောက် နတ်သမီးများက သူတို့၏ဓားများကို ဆွဲထုတ်လိုက်ကြလေသည်။ ဓားများက အေးစက်သည့်အလင်းတန်းများ တောက်ပနေပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များကလည်း ပြင်းထန်လျှက် ရှိလေသည်။

နတ်သမီးများအားလုံးမှာ မိုးကောင်းကင်နတ်ဘုရားအဆင့်

နတ်သမီးများဖြစ်ကြသည့်အတွက် သူတို့အားလုံးကို လွိုင်လော်

အနေဖြင့် လွယ်လွယ်နှင့် ထိုးဖောက်ထွက်နိုင်မည် မဟုတ်ပေ။

လေထုက ထူးဆန်းစွာဖြင့် ရပ်တန့်သွားလေသည်။

လွိုင်လော်၏ပုံစံက ခါတိုင်းအချိန်များဖြင့်မတူဘဲ တစ်ခုခု

ထူးခြားနေလေသည်။

သူမ၏ဘဝတွင် ဘုရင်မကြီးကို သစ္စာဖောက်ရန် မည်သည့်

အခါမှ မစဉ်းစားခဲ့ဖူးပေ။ သို့သော်... ယနေ့ သူမ၏ အပြုအမူ

များက ဘုရင်မကြီးကို သစ္စာဖောက်သလို ဖြစ်နေလေသည်။

ဝေ့မင်းသား၏တစ်အိမ်လုံးကို သတ်ဖြတ်ပစ်ရန်အတွက် သူမ

ကို ဘုရင်မကြီးက အမိန့်ပေးခဲ့လေသည်။ သူမသည် အခြား

သောနတ်သမီးများကဲ့သို့ပင် ဘုရင်မကြီး၏အမိန့်ကို တစ်သွေ

မတိမ်းနာခံလိုသူတစ်ယောက်ဖြစ်လေသည်။ ဘုရင်မ

ကြီး၏အမိန့်ကိုနာခံရသည့်အတွက် ဝင့်လည်မည်ဆိုလျှင်

လည်း သူမ အရေးမစိုက်ပေ။

သို့သော်... လူသားမဆန်သည့်အပြုအမူမျိုးကိုတော့ သူမ

ပြုလုပ်လိုခြင်း မရှိပေ။

သူမ ဆန်းလျန်နှင့် ဆရာစူးတို့အကြောင်းကို စဉ်းစားလိုက်မိ

လေသည်။ ဆန်းလျန်နှင့် ဆရာစူးတို့ (၂)ယောက်လုံးသည်

အဆင့်မြင့်နတ်ဘုရားများ ဖြစ်ကြလေသည်။ သို့သော်... သူ

တို့သည် မည်သည့်အခါမှ မွေးကင်းစကလေးငယ်တစ်ယောက်

ကို လူမဆန်စွာ သတ်ဖြတ်ပစ်ရန်အတွက် အမိန့်ပေးမည့်

သူများ မဟုတ်ကြပေ။

***

ဘုရင်မကြီးသည် ရောင်စဉ် (၉)မျိုးတောက်ပနေသည့် ပလ္လင်

ထက်တွင် မတ်တတ်ရပ်နေလေသည်။

သူမ၏ခန္ဓာကိုယ်ထက်တွင် တောင်နှင့်မြစ်ရေများကို ရေးဆွဲထားသည့် ဝတ်စုံကိုဝတ်ဆင်ထားပြီး သူမသည် ကောင်းကင်ထက်မှဆင်းသက်လာလေသည်။

သူမတွင် တစ်ခါမှ မရရှိဘူးသည့် တန်ခိုးစွမ်းအားတစ်ခုကို သူမ ခံစားလိုက်ရလေသည်။ ထို့နောက် သူမ အရာအတော်များများကို နားလည်လိုက်ရလေသည်။

သူမ၏အကြည့်က ဘုရင့်နေပြည်တော်ထဲတွင်ရှိနေသည့် ဆန်းလျန်ရှိရာသို့ ရောက်ရှိသွားလေသည်။ ထို့နောက် သူမက စိတ်တစ်ချက် ညွှတ်လိုက်သည်နှင့် ဆန်းလျန်ရှိရာသို့ ချက်ချင်းရောက်ရှိသွားလေသည်။

"လွိုလော်ကို တစ်ယောက်ယောက်က လှုံ့ဆော်လိုက်တယ် ၊ အဲဒါကို မင်းသိလား..."

ဆန်းလျန်ရှေ့ရှိလေထုထဲမှ ဘုရင်မကြီး၏အသံ ထွက်ပေါ်လာလေသည်။

ကြီးမားလွန်းသည့် တန်ခိုးစွမ်းအားတစ်ခုက ဆန်းလျန်ကို ရိုက်ခတ်နေသည့်အတွက် ဆန်းလျန်၏ အင်္ကျီစများမှာ လေထဲတွင် လွင့်နေလေသည်။ သို့သော်... ဘုရင်မကြီးကို အကောင်အထည်ဖြင့် တွေ့မြင်ရခြင်း မရှိပေ။

ဆန်းလျန်က တစ်ယောက်တည်းရှိနေခြင်းဖြစ်ပြီး ခါတိုင်းကဲ့သို့ သူ့ဘေးနားတွင် ကျောက်ဖုန်းလည်း ရှိမနေခဲ့ပေ။

ဆန်းလျန်က...

"မနေ့ညက လွိုလော်နဲ့ တွေ့ပြီးကတည်းက ကျုပ်သိပြီးပါပြီ..."

ဘုရင်မကြီးက...

"ဒီနေ့သာ ငါ အောင်မြင်မှုမရခဲ့ဘူးဆိုရင် အဲဒီလောက် အစွမ်းထက်တဲ့သူတစ်ယောက် ဒီလောကမှာ တိတ်တဆိတ်ရှိနေတာကို ငါ လုံးဝ သိမှာမဟုတ်ဘူး..."

လွိုလော်သည် ဆန်းလျန်နှင့်ပတ်သက်သည့် မှတ်ဉာဏ်များကို ဖြတ်တောက်ပစ်ခဲ့သည်ကို ဘုရင်မကြီး သိရှိထားလေသည်။

သို့သော်… ထိုမှတ်ဉာဏ်များက ရုတ်တရက် ပြန်ပေါ်လာပြီး

ဆန်းလျန်ကို သူမ မှတ်မိနေခဲ့လေသည်။

ထိုအချက်ကို ဘုရင်မကြီးယခင်က သိရှိခြင်း မရှိပေ။

သို့သော်… ယခု သိရှိသွားသည့်အခါတွင်တော့ သူမကျောရိုးထဲ

စိမ့်သွားမိလေသည်။

အကောင်းအဆိုးပင်မသိဘဲ တစ်စုံတစ်ယောက်ကို အတင်း

ဖိအားပေးသကဲ့သို့ ဖြစ်နေလေသည်။

သူမ မြင်သမျှ၊ ကြားသမျှ၊ တွေးသမျှအရာအားလုံးသည်

အခြားသူများ၏ ရေးစွဲထားမှုများ ဖြစ်နေလေသည်။

သို့သော်… ထိုကိစ္စနှင့်ပတ်သက်ပြီး သံသယဖြစ်စရာ မလိုပေ။

ဆန်းလျန်က….

"ဘုရင်မကြီး အိပ်မက်မက်ရတဲ့ အရသာကို မှတ်မိသေးလား၊

အိပ်မက်ထဲမှာ ဘုရင်မကြီး ဘာတွေဖြစ်ပျက်နေသလဲ၊

ဘုရင်မကြီးနိုးလာတဲ့အခါ ဘာတွေခံစားရလဲ၊ အင်း… တစ်နေ့

တော့ ဘုရင်မကြီးလည်း သိလာမှာပါ ၊ ဘုရင်မကြီး အခု

ပိုင်ဆိုင်ထားရတဲ့အရာအားလုံးက အိပ်မက်လိုပဲဆိုတာကိုပေါ့ ၊

အခုအချိန်မှာတောင်မှ အစစ်အမှန်ဟုတ်ရဲ့လားဆိုတာ မ

သေချာလှပါဘူး..."

ဘုရင်မကြီးက...

"အမှန်ပဲ ၊ ဒါပေမဲ့ ငါကတော့ အစစ်အမှန်ဆိုတာ ငါသိပါ

တယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"လောလောဆယ်အချိန်မှာ ကျုပ် အဲဒီကိစ္စကို စဉ်းစားနေတာ ၊

လူတွေအိပ်မက်မက်ရင် အိပ်မက်က တကယ်ဖြစ်လာနိုင်

သလား ၊ လောကတစ်ခုလုံးကို အိပ်မက်ထဲမှာ ပြောင်းလဲပစ်နိုင်

မှာလား..."

ဘုရင်မကြီးက...

"အဲဒီလိုတော့ ဖြစ်နိုင်မှာ မဟုတ်ဘူး..."

ဆန်းလျန်က...

"ဒါပေမဲ့ အိပ်မက်နဲ့ အစစ်အမှန်ကြားမှာ ခြားထားတဲ့စည်းက ပျက်စီးသွားရင်ရော..."

ဆန်းလျန်၏စကားကြောင့် ဘုရင်မကြီး၏စိတ်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။

"ဒီလိုလူမျိုးသာရှိရင် လောကမှာ သိပ်ကြောက်စရာကောင်းမှာပဲ ၊ တာအိုဆရာသခင်ကြီးတစ်ပါးမှပဲ ဖြစ်နိုင်မယ် ထင်တယ်..."

ဆန်းလျန်က...

"အဲဒီလိုတော့ မဟုတ်ပါဘူး ၊ အိပ်မက်ဆိုတာ စိတ်ကူးကနေ စတင်တာပဲ ၊ စိတ်ကူးတွေပိတ်မိနေတဲ့နေရာကို အိပ်မက်လို့ခေါ်တာလေ..."

ဘုရင်မကြီးက...

"ဒါ မယုံနိုင်စရာပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အမှန်ပဲ ၊ ဒါပေမဲ့ ဒီလိုတန်ခိုးစွမ်းအားဆိုတာက ထိန်းချုပ်နည်းတစ်မျိုးပါပဲ ၊ အိပ်မက်နဲ့အစစ်အမှန်ကြားက ခြားထားတဲ့စည်းကို ဖျက်လိုက်နိုင်တယ်ဆိုပေမယ့်လည်း တာအိုဆရာသခင်ကြီးတစ်ပါးကိုတော့ မယှဉ်နိုင်သေးပါဘူး..."

ထိုစကားများကို ဆန်းလျန်က ဘုရင်မကြီးကို ပြောနေသလိုလိုနှင့် သူ့ကိုယ်သူ ပြောနေခြင်း ဖြစ်လေသည်။

သို့သော်... ဆန်းလျန်၏စကားများကို နားထောင်ပြီးသည်နှင့် ဆန်းလျန်နှင့် သူမကြားမှ အဆင့်အတန်း မည်မျှကွာခြားသည်ကို ဘုရင်မကြီး သဘောပေါက်သွားလေတော့သည်။

အခန်း (၉၀၇) ဂုဏ်သိက္ခာ

ကျောက်စိမ်းရေကန်ဥယျာဉ်မှ နတ်သမီးများ၏ ဓားသိုင်းပညာ မှာ ကွမ်ဟန်နန်းတော်မှ နတ်သမီးများနှင့် တန်းတူပင် ဖြစ်လေ သည်။

ဓားဝိညာဉ်က အေးစက်လွန်းလှလေသည်။ ရန်သူမှာ သေသည် ကိုပင် မသိလိုက်ရဘဲ အသတ်ခံလိုက်ရမည် ဖြစ်လေသည်။ လွိုလော်က နတ်သမီးများ၏ဓားသိုင်းပညာမည်မျှထူးဆန်း သည်ကို အသိဆုံး ဖြစ်လေသည်။ နတ်သမီးများ၏ ဓားသိုင်း များ ပေါင်းစပ်လိုက်ပါက မည်မျှတန်ခိုးစွမ်းအားမြင့်မားသည် ကိုလည်း သူမ သိထားလေသည်။

ဘုရင့်နေပြည်တော်မှ နတ်ဘုရားများသည်ပင်လျှင် နတ်သမီး များ၏ ဓားအရံအတားကို တော်ရုံချိုးဖျက်နိုင်ကြမည် မဟုတ် ပေ။

လို့လော်တစ်ယောက်တည်းသာဆိုလျှင် လွတ်အောင် ရုန်းထွက်နိုင်မည် ဖြစ်လေသည်။ သို့သော်… အားနည်းနေသည့် မွေးကင်းစ ကလေးငယ်လေးတစ်ယောက်ကိုကယ်တင်ရမည် ဖြစ်သည့်အတွက် သူမအတွက် လွယ်ကူသည့်အခြေအနေ မဟုတ်ခဲ့ပေ။

သူမက နတ်ဘုရားတစ်ပါးဖြစ်သည့်တိုင် လူသားဆန်သူတစ်ယောက်ဖြစ်သည့်အတွက် ကလေးငယ်ကိုတော့ ဒီအတိုင်း ထားမသွားရက်နိုင်ခဲ့ပေ။

ကလေးငယ်ကို ကယ်တင်ခဲ့သည့်အတွက် အပြစ်ရှိသည်ဆိုပါက သူမ မယ်တော်ဝမ်မူထံတွင် အပြစ်ဝန်ခံပြီး အပြစ်ပေးလျှင်လည်း ခံယူမည် ဖြစ်လေသည်။

ကြယ်စင်ပေါင်းများစွာသည် လို့လော်၏ ခန္ဓာကိုယ်ပတ်ဝန်းကျင်တွင် တောက်ပနေပြီး စကြာဝဠာ၏အလှတရားတစ်ခုက သူမကို ဝန်းရံထားလေသည်။

ကြယ်စင်တန်ခိုးစွမ်းအားများသည် မြင့်မားသည့်

အကာအကွယ်တစ်ခုဖြစ်ပြီး နတ်သမီးများ၏ အေးစက်သည့်

ဓားဝိညာဉ်များကို ပိတ်ဆို့ကာကွယ်ထားလိုက်လေသည်။

နတ်သမီးများ၏ ဓားသွားထိပ်ဖျားများ တုန်ခါလာပြီး ထူးဆန်း

သည့် ကြယ်စင်တန်ခိုးစွမ်းအားများကို ဆွဲယူလိုက်ကြလေ

သည်။

နူးညံ့သည့်အက်ကွဲသံတစ်သံထွက်ပေါ်လာပြီး ကောင်းကင်ဘုံ

မှ နတ်ဘုရားတေးသွားတီးခတ်သံတစ်သံ ထွက်ပေါ်လာ

လေ၏။

လွိုလော်၏ ကြယ်စင်စွမ်းအားများအားလုံးသည် ဓားဝိညာဉ်

များအောက်တွင် လျှက်မြန်စွာ ပြိုကွဲပျက်စီးသွားလေသည်။

လွိုလော်က အေးဆေးတည်ငြိမ်လျှက် ရှိလေသည်။

သူမ၏ အင်္ကျီလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ပြီး ကြယ်စင်

စွမ်းအားများကို ပြန်လည်စုစည်းလိုက်သည်။ ထိုအခါ ကြယ်

စင်စွမ်းအားများသည် ဓားတစ်လက် အဖြစ်ပြောင်းလဲသွားလေသည်။

သူမက ကြယ်စင်ဓားကိုဝှေ့ယမ်းကာ နတ်သမီးများကို ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နတ်သမီးများကလည်း ခေသူများမဟုတ်ကြပေ။ သူတို့သည်လည်း သေခြင်းရှင်ခြင်းလမ်းမပေါ်တွင် ပြေးလွှားနေကြသည့် ဓားသမားများဖြစ်ကြလေရာ အလွန်မှ ရဲရင့်သူများ ဖြစ်ကြသည်။

လွိုလော်က နောက်ဆုတ်သွားခြင်းမရှိဘဲ ဓားကိုဝှေ့ယမ်းရင်း ရှေ့သို့တိုးဝင်ကာ ဆက်လက်တိုက်ခိုက်လိုက်သည်။

မိုးကြိုးများပစ်ခတ်လိုက်သည့်အလား တန်ခိုးစွမ်းအားများ အရှိန်အဟုန်မြင့်မားစွာ ရောယှက်သွားပြီး တန်ခိုးစွမ်းအားများအလယ်တွင် လွိုလော် နစ်မြုပ်သွားလေသည်။

လွိုင်လော်က ကလေးငယ်ကို လက်တစ်ဖက်ဖြင့်ပွေ့ထားပြီး အခြားလက်တစ်ဖက်က ဓားကိုဆွဲကိုင်ကာ တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

နတ်သမီးများသည် လွိုင်လော်၏ တန်ခိုးစွမ်းအားများကို ခံစားမိပြီး အံ့သြတုန်လှုပ်သွားကြလေသည်။

လွိုင်လော်သည် သူမတို့အားလုံး၏အထက်တွင် သခင်မလွိုင်လော် အဖြစ် အဆင့်မြင့်ရာထူးကိုရထားသည်မှာ ဘုရင်မကြီး၏ မျက်နှာသာပေးခြင်းကို ခံရသည့်အတွက်သာဖြစ်သည်ဟု သူတို့က ထင်မှတ်နေခဲ့ကြသည်။ လွိုင်လော် ထိုမျှ တန်ခိုးစွမ်းအား မြင့်မားလိမ့်မည်ဟု သူမတို့ ထင်မှတ်မထားမိခဲ့ကြပေ။

လွိုင်လော်၏ ခန္ဓာကိုယ်နှင့် တန်ခိုးစွမ်းအားများက မိုးနှင့်မြေမှ လေပြင်းအလား ဖြစ်လေသည်။ မြန်နှုန်းက မသေချာသည့်တိုင် နေရာအနှံ့သို့ ပျံ့နှံ့သွားလေသည်။

ယခုကဲ့သို့ တိုက်ခိုက်မှုမျိုးကို လွိုင်လော်ကလည်း မလွှဲသာမ

ရှောင်သာသောကြောင့်သာ ပြုလုပ်လိုက်ရခြင်း ဖြစ်လေသည်။

ထို့နောက် သူမ၏တန်ခိုးစွမ်းအားများက အရှိန်ပြန်လည်

လျော့နည်းသွားလေသည်။

သို့သော်... နတ်သမီးများ၏ ဓားဝိညာဉ်များကတော့ ပျက်စီး

သွားပြီဖြစ်လေသည်။

"ဝုန်း ဝုန်း ဝုန်း..."

သို့သော်... နတ်သမီးအုပ်စုမှာ အများစုဖြစ်သည့်အတွက်

အသာစီးရနေသေးသည်ကတော့ အမှန်ပင် ဖြစ်သည်။

ကျောက်စိမ်းဥယျာဉ်ရေကန်မှ နတ်သမီးများအားလုံးမှာ တူညီ

သည့်စွမ်းအားများ ရှိကြလေသည်။ သူတို့က ဓားဝိညာဉ်များ

ကိုပေါင်းစပ်ပြီး ဓားအရံအတားတစ်ခုကို ပြုလုပ်လိုက်ကြ

သည်။ ဓားအရံအတားသည် သူတို့နှင့်တစ်သားတည်း

ပေါင်းစပ်သွားလေ၏။

မျက်စိတစ်မှိတ်အတွင်းမှာပင် ရာပေါင်းများစွာသော ပြင်းထန်

လှသည့် ဓားဝိညာဉ်များထွက်ပေါ်လာပြီး ဝေ့မင်းသား၏အိမ်

တော်ပင်လျှင် တစ်စစီပြိုကျပျက်စီးသွားရလေသည်။

ထိုမျှပြင်းထန်လှသည့် တိုက်ခိုက်မှုကို ရင်ဆိုင်လိုက်ရသည့်

အခါ လွိုလော်လည်း ရှေးခြယ်စရာမရှိတော့ပေ။ ထိုသို့သော

တိုက်ခိုက်မှုကို သူမ ဖြေရှင်းနိုင်ခြင်းမရှိတော့ဘဲ ဒဏ်ရာရသွား

ခဲ့ရလေတော့သည်။

လွိုလော်၏တစ်ကိုယ်လုံးသွေးများဖြင့်ဖုံးလွှမ်းနေပြီး

နောက်ဆုံးကျန်ရှိသည့် တန်ခိုးစွမ်းအားကို အသုံးပြုပြီး

ကလေးငယ်ကို ခေါ်ဆောင်ကာ တိမ်တိုက်များထက်သို့ ပျံသန်း

ထွက်ခွာသွားလေတော့သည်။

သို့သော်... နတ်သမီးအုပ်စုကလည်း သူမကို အလွတ်မပေးခဲ့

ပေ။

နောက်ဆုံးတော့ လွိုလော်သည် နတ်သမီးအုပ်စု၏ ဖမ်းဆီးခြင်းကို ခံလိုက်ရလေတော့သည်။

နတ်သမီးအုပ်စုကို ဦးဆောင်သည့်နတ်သမီးက လွိုလော်ကို သတ်ဖြတ်ပစ်ရန်အတွက် သူမ၏ ဓားကိုကိုင်မြှောက်လိုက်လေသည်။

သို့သော်... ရုတ်တရက် သူမ၏စိတ်ထဲတွင် တစ်ချက်လှုပ်ရှားသွားပြီး ဓားကို အောက်သို့ ပြန်ချလိုက်လေသည်။

"သခင်မလွိုလော်နဲ့ ဒီကလေးကို အကျဉ်းချထားလိုက်ကြ..."

အသံတစ်သံထွက်ပေါ်လာလေသည်။

ထိုအသံကိုကြားရသည့်အခါ လွိုလော် အံ့သြတုန်လှုပ်သွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအသံမှာ ဘုရင်မကြီး၏အသံဖြစ်နေသောကြောင့်ပင်။

လွိုလော်သည် အသံလာရာဆီသို့ မျှော်မှန်းကာ ဦးညွှတ်အရိုအသေပေးလိုက်လေသည်။ ဘုရင်မကြီး၏ ဒေါသနှင့်ဆို

လျှင် သူမရော ကလေးငယ်ပါ တစ်ခါတည်း သေမိန့်ချခံရမည်ဖြစ်လေသည်။

လှိုင်လော်က သူမ၏ရင်ခွင်ထဲမှ ကလေးငယ်ကို တစ်ချက်ငုံ့ကြည့်လိုက်ရင်း သက်ပြင်းချလိုက်လေသည်။ နောက်ဆုံးတော့ သူမ ကလေးငယ်ကို ကယ်တင်နိုင်ခဲ့ပါပြီကောလေ။

***

ဘုရင်မကြီးက...

"မင်းက အဲဒီကလေးကို ဘုရင်ဖြစ်စေချင်တာလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း....

"ဒါပေမဲ့ အခုလက်ရှိအချိန်မှာတော့ မင်းက ဘုရင်မကြီးပဲ မဟုတ်ဘူးလား..."

ဆန်းလျန်ရှေ့ လေထုထဲတွင် ဘုရင်မကြီး၏ လူသားပုံသဏ္ဍာန်ထွက်ပေါ်လာလေသည်။

ဘုရင်မကြီးက...

"မိုးနတ်မင်းထွက်ပေါ်လာမှတော့ ငါ့ကို ဘုရင်မကြီးလို့ ပြောလို့

မရတော့ပါဘူး...."

ဆန်းလျန်က...

"အခုအချိန်က ဘုရင်မကြီးအတွက်လည်း အန္တရယ်များတဲ့

အနေအထားရောက်နေတယ်ဆိုတာ ကျုပ်နားလည်ပါတယ်..."

ဘုရင်မကြီးက ရယ်မောလိုက်ရင်း...

"ငါလုပ်ရမယ့် ကိစ္စကို မင်းက နားလည်ပေးနေစရာ မလိုပါ

ဘူး..."

သူမက ခဏနားလိုက်ပြီးမှ စကားဆက်ပြောလိုက်သည်။

"ဒါပေမဲ့ မင်းက နားလည်ပေးတယ်ဆိုတော့ ငါနည်းနည်းတော့

ဝမ်းသာမိပါတယ်လေ..."

ယနေ့ ဘုရင်မကြီး အနည်းငယ် စိတ်ကောင်းဝင်နေသည်ကို

ဆန်းလျန် ရိပ်မိလိုက်သည်။

သူမသည် လူ့လောကတစ်ခွင်၏ ဘုရင်မကြီး ဖြစ်လေသည်။

သို့သော်... ဘုရင်မကြီးဆိုသည့်နေရာတွင် သိပ်ပြီး ကြာကြာနေ

နိုင်တော့မည်တော့ မဟုတ်ပေ။

ထို့ပြင် ဆန်းလျန်က ဘုရင်မကြီး၏ စိတ်ထားကိုလည်း

ကောင်းကောင်းနားလည်လေသည်။ သူမသည် လောကတစ်

ခွင်ရှိ ကျင့်ကြံသူများကြားတွင်လည်း ဂုဏ်သရေရှိသူတစ်

ယောက်ဖြစ်လေသည်။ ရည်မှန်းချက်ကို ဖြစ်အောင်လုပ်ရန်

စိတ်ဓာတ်ခိုင်မာသူတစ်ယောက်လည်း ဖြစ်သည်။

"ဘဝက ဟိုးအရင်အချိန်ကတည်း ရှင်သန်ခဲ့တာပဲ ၊ ခံစားချက်

တွေ... သူရဲကောင်းဆန်မှုတွေနဲ့ ၊ ခေတ်ကာလရေစီးကြောင်း

ကိုလိုက်ပြီး ကံတရားအတိုင်းလက်ခံသူတွေလည်းရှိကြသလို

ကံတရားကို ဆန့်ကျင်သူတွေလည်း ရှိခဲ့ကြတာပဲလေ ၊ ကျန့်

ယွမ်ကျီနတ်မင်းကြီးနဲ့ အခြားသူတွေလိုပေါ့ ၊ သူတို့က တန်ခိုး

စွမ်းအားအရမ်း မြင့်မားပေမယ့် လောကကိုတော့ မကျော်လွန်

နိုင်ခဲ့ကြဘူး ၊ ကျုပ်မျက်လုံးထဲမှာတော့ သူတို့မျိုးဆက်ဟာ သိပ်ပြီး မကောင်းလှပါဘူး..."

ဆန်းလျန်က ပေါ့ပါးစွာဖြင့် ပြောလိုက်လေသည်။

ဘုရင်မကြီးက...

"မင်းလိုလူမျိုးကတော့ ဒီလိုစကားမျိုး ပြောနိုင်မှာပေါ့လေ ၊ ဒါပေမဲ့ တစ်နေ့မှာ ငါလည်း ဒီလိုစကားမျိုး ပြောနိုင်တဲ့ အရည်အချင်းမျိုး ရချင်မိပါတယ်..."

ထို့နောက် နှင်းမှုံများနှင့်အတူ ဘုရင်မကြီး ပျောက်ကွယ်သွားလေသည်။

ကောင်းကင်ထက်တွင် နေမင်းထွက်ပေါ်လာပြီ ဖြစ်လေ၏။

ဆန်းလျန်က မိုးကောင်းကင်ခုံရုံးတွင်ဖြစ်ပေါ်နေသည့်တိုက်ပွဲများကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ထို့နောက် ခေါင်းလောင်းသံထွက်ပေါ်လာသည်ကို ကြားလိုက်သည်နှင့်...

"ကျုပ် သွားဖို့ အချိန်တန်ပြီ..."

ဟု ပေါ့ပေါ့ပါးပါးလေသံဖြင့် ပြောလိုက်ပြီး ချက်ချင်းပင် မိုးကောင်းကင်ခုံရုံးရှိရာသို့ ရောက်ရှိသွားလေတော့သည်။ ခွန်ဖိန်ငှက်ကြီးများ ၊ ဇာမဏီငှက်များ ၊ ဒေါင်းစိမ်းများ ၊ အခြားသော မှော်ဝင်သားရဲများမှာ အလွန်လျှင်မြန်ကြသူများ ဖြစ်လေသည်။ သို့သော်.... ဆန်းလျန်နှင့်ယှဉ်လျှင်တော့ သူတို့ အားလုံး နောက်ကျကျန်ရစ်ခဲ့ကြမည် ဖြစ်လေ၏။

ဆန်းလျန်သည် ပထမမိုးနတ်မင်းထက်ပင် သာလွန်သူတစ် ယောက်ဖြစ်လေသည်။

မိုးကောင်းကင်ခုံရုံးမှ နတ်ဘုရားများအားလုံး ဆန်းလျန် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ကြရသည်။

ဆန်းလျန်က လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ခုံရှမ်း ၊ ကျန်းဝူ နတ်ဘုရား ၊ ယွင်ရှောင်းနတ်သမီး ၊ တာအိုဆရာယို့တင်နှင့်

ယန်ကျန်းအပါအဝင် အခြားသောနတ်ဘုရားများအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

သူတို့အားလုံးကလည်း ဆန်းလန်ကို တစ်ပြိုင်တည်းပြန်ကြည့် လိုက်ကြလေသည်။

နတ်ဘုရားများအားလုံးထဲတွင် ခုံရှမ်းက မာနအကြီးဆုံး နတ် ဘုရားတစ်ပါး ဖြစ်လေသည်။ တာအိုဆရာယို့တင်သည်ပင် ခုံ ရှမ်းလောက် မာနကြီးသူ မဟုတ်ပေ။

ထိုအချိန်မှာပင်... အချိန်ကာလက နှစ်ပိုင်းကွဲသွားပြီး ၊ နှစ်ပိုင်း မှ လေးပိုင်း ၊ လေးပိုင်းမှ ရှစ်ပိုင်း ကွဲပြားသွားလေသည်။

ဆန်းလျန်၏ နှုတ်ခမ်းထောင့်လေးများ တွန့်ကွေးပြီး ပြုံးလိုက် လေသည်။ ထို့နောက်သူက အရေးမစိုက်သည့်ဟန်ဖြင့် အကျီ လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

အကျီလက်လေးတစ်ချက် ဝှေ့ယမ်းလိုက်ရုံမျှဖြင့် တန်ခိုး
စွမ်းအားမြင့်မားသည့်လက်နက်တစ်ခုအဖြစ် အသုံးပြုနိုင်
သည့်သူ များစွာရှိလေသည်။
ကျန့်ယွမ်ကျီနတ်မင်းကြီး၏ ဝိဇ္ဇာအကျီလက်ကဲ့သို့သော ပညာ
မျိုး ဖြစ်လေသည်။
သို့သော်... ဆန်းလျန်ကတော့ ထိုတန်ခိုးစွမ်းအားများအားလုံး
ထက် သာလွန်သည့် တန်ခိုးရှင်တစ်ပါး ဖြစ်လေသည်။
ဆန်းလျန်၏ အကျီလက်မှ တန်ခိုးစွမ်းအားများထွက်ပေါ်လာ
ပြီး ရောင်စဉ် (၅)မျိုး အလင်းတန်းများထက်သို့ ကျရောက်
သွားလေသည်။
ခုံရွှမ်း၏ ရောင်စဉ် (၅)မျိုး အလင်းတန်းများက လေထဲတွင်
ချက်ချင်းပင် အေးခဲသွားလေသည်။

လောကတွင် ကျော်ကြားလှပါသည်ဆိုသည့် တန်ခိုးစွမ်းအား
များပင်လျှင် ဆန်းလန်၏ တန်ခိုးစွမ်းအားလောက်
အစွမ်းထက်ခြင်း မရှိပေ။

ခုံ ရွှမ်းသည် နတ်ဘုရားအားလုံးထဲတွင် အတည်ငြိမ်ဆုံးတစ်
ယောက်ဖြစ်သည့်တိုင် အေးစိမ့်မှုကို ခံစားလိုက်ကြရလေ
သည်။

မိုးကောင်းကင်တံခါး တစ်ချက်တုန်လှုပ်သွားလေသည်။

ထို့နောက်... ဆန်းလျန်က ခြေတစ်လှမ်းလှမ်းလိုက်ပြီး မရေမ
တွက်နိုင်သည့် အရံအတားများကို ဖြတ်ကျော်ကာ ယန်ကျန်းရှိ
ရာသို့ ရောက်ရှိသွားလေသည်။

အခန်း (၉၀၈) ထိပ်တန်းအဆင့်တန်ခိုးစွမ်းအား

မိုးကောင်းကင်ခုံရုံးဆိုသည်မှာ မရှိမှုကျေးရွာတွင် တည်ရှိခြင်း ဖြစ်လေသည်။

မရှိမှုကျေးရွာ၏ အခြားဘက်ခြမ်းကတော့ စကြာဝဠာ ဖြစ်လေ၏။ ထို့ကြောင့် စကြာဝဠာမှ ကြယ်စင်စွမ်းအားများက မိုးကောင်းကင်ခုံရုံးအတွင်းသို့ စီးဆင်းဝင်ရောက်လျှက် ရှိလေသည်။

မိုးကောင်းကင်တံခါးမှထွက်ပေါ်နေသည့် ခေါင်းလောင်းသံဖြင့် ဆိုလျှင် မိုးကောင်းကင်တံခါးမှ တန်ခိုးစွမ်းအားများက မိုးကောင်းကင်ခုံရုံးမည်သည့်နေရာမဆို ရောက်ရှိနိုင်စွမ်း ရှိသည်။

မိုးကောင်းကင်တံခါး၏ အထူးခြားဆုံးအချက်တစ်ချက်မှာ စကြာဝဠာတစ်ခုလုံးနှင့် ဆက်သွယ်နိုင်ခြင်း ဖြစ်လေသည်။

မရှိမှုကျေးရွာတွင် ကိုယ်ပိုင်ကောင်းကင်ဘုံတစ်ခု ဖွင့်လှစ်နိုင်ရန်အတွက် ကြီးမားသည့် တန်ခိုးစွမ်းအားများရှိရန် လိုအပ်လေသည်။ သို့သော်… မိုးနတ်မင်းကတော့ မိုးကောင်းကင်တံခါးကိုဖြတ်သန်းတာ မည်သည့်ကောင်းကင်ဘုံကိုမဆို အချိန်မရွေးကျူးကျော်ဝင်ရောက်နိုင်စွမ်း ရှိလေသည်။

မိမိတို့နေထိုင်ရာကို အချိန်မရွေး ချိုးဖောက်ဝင်လာနိုင်သည့်အတွက် ရှေးဟောင်းနတ်ဘုရားများအနေဖြင့် ကြောက်ရွံ့ကြသည်မှာ မဆန်းပေ။

ထို့ပြင်… မိုးကောင်းကင်တံခါးသည် ဖန်ကူအလံဖြင့်သာ ပေါင်းစပ်လိုက်မည်ဆိုလျှင် ကြီးမားသည့် လူသတ်လက်နက်တစ်ခုအဖြစ် ပြောင်းလဲသွားပေမည်။

မိုးကောင်းကင်တံခါး မည်သို့ဖြစ်တည်လာသည်ကို မည်သူမှ အတိအကျ မသိပေ။

ပထမမိုးနတ်မင်း ပြုလုပ်ခဲ့သည့် ခေါင်းလောင်းဟု လည်း ဆိုကြလေသည်။ အချို့ကလည်း အရှေ့ကေရာဇ် တုန်းဟွာတောက်ကျွင်းပြုလုပ်ခဲ့သည့် ခေါင်းလောင်းဟု ခေါ်ကြပြန်သည်။ အချို့ကလည်း အချိန်ကာလခေါင်းလောင်းဟု ခေါ်ဆိုကြလေသည်။

မိုးကောင်းကင်တံခါးဆိုသည်မှာ တကယ်တော့ ယန်ကျန်းလက်ဖြင့်ကိုင်မြှောက်ထားသည့် ကြီးမားသည့် ခေါင်းလောင်းကြီးကို ပြောခြင်း ဖြစ်လေသည်။

မိုးကောင်းကင်တံခါးဆိုသည့် ထိုခေါင်းလောင်းကြီးသည် အချိန်နှင့်နေရာကိုပင် နှစ်ပေါင်းများစွာကြာအောင် ဖြတ်ကျော်သွားနိုင်စွမ်း ရှိလေသည်။

ဒဏ္ဍာရီအရဆိုလျှင် တာအိုဆရာသခင်ထိုက်ယီ တရားအလင်းရရန်အတွက် မိုးကောင်းကင်တံခါးက အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ခဲ့သည်ဟုပင် ဆိုလေသည်။ ထိုအချက်ကို

သက်သေမပြနိုင်သော်လည်း လူပေါင်းများစွာက ထိုအချက်ကို အမှန်ဟု ယုံကြည်ထားကြလေသည်။

ယခုတော့ မြင့်မြတ်လှသည့် ထိုရှေးဟောင်းပစ္စည်းသည် လောကတွင် ပြန်လည်ထွက်ပေါ်လာခဲ့ပြီ ဖြစ်လေသည်။ ထိုရှေးဟောင်းပစ္စည်းသည် အချိန်ရေစီးကြောင်းထဲတွင် နှစ်ပေါင်းများစွာနစ်မြုပ်နေခဲ့ပြီးမှ ပြန်ရောက်လာသည့် တိကျန်ဗောဓိသကျထက် တန်ခိုးစွမ်းအား လျော့နည်းခြင်း မရှိပေ။

ယန်ကျန်း၏လက်ထဲတွင် မိုးကောင်းကင်တံခါးဟုခေါ်သည့် ခေါင်းလောင်းကြီးရှိနေပြီး တာအိုဆရာယွိတင်၏ လက်ထဲတွင်တော့ ဖန်ကူအလံရှိနေလေသည်။ သူတို့ (၂)ယောက်၏ပုံစံက တစ်ယောက်ကိုတစ်ယောက် အသက်ပေးကာကွယ်ကြမည့် ပုံစံမျိုး ဖြစ်သည်။

သို့သော်.... ထိုအချက်က မိုးကောင်းကင်တံခါးကို ရယူလိုသည့် နတ်ဘုရားများ၏ဆန္ဒကို တားဆီးနိုင်မည် မဟုတ်ပေ။

ယခုအချိန်ထိ ရွှမ်ဟွမ်မိုးနတ်မင်းက သူတို့အနားသို့ ရောက်ရှိလာခြင်း မရှိသေးသလို တိကျန်ဗောဓိသကျလည်း ရောက်ရှိလာကြခြင်း မရှိသေးပေ။

သို့သော်... ဆန်းလျန်ကတော့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။ ဆန်းလျန်ကိုတွေ့သည့်အခါတွင်တော့ နတ်ဘုရားများအားလုံး ဒေါသထွက်သွားကြလေသည်။ သူတို့အနေဖြင့် ဆန်းလျန်နှင့်ပြိုင်ပြီး မိုးကောင်းကင်တံခါးကို လုယူကြရပေတော့မည်။

ပထမဆုံး တိုက်ခိုက်ခံလိုက်ရသူမှာ ယန်ကျန်းဖြစ်လေသည်။ သူက အတည်ကြည်ဆုံး ၊ သုံးလောကကိုသိမြင့်သည့် စစ်နတ်ဘုရားဖြစ်ခြင်းကြောင့် တိုက်ခိုက်ခံလိုက်ရခြင်း မဟုတ်ပေ။ သူက အနီးဆုံးလူဖြစ်နေသောကြောင့် ဖြစ်လေသည်။

တိုက်ခိုက်ခံလိုက်ရသည့်အတွက် ယန်ကျန်းက မိုးကောင်းကင်တံခါးကို လက်လွှတ်လိုက်လေသည်။ လက်သီးချက်တစ်ချက်က သူ့ထံသို့ ဝင်ရောက်လာလေ၏။

ထိုလက်သီးသည် ရိုးရှင်းသည့် လက်သီးတစ်ချက် မဟုတ်ပေ။

ထိုလက်သီးချက်သည် အလှည့်အပြောင်းများစွာပါဝင်သည့်

လက်သီးချက် ဖြစ်လေ၏။

ယန်ကျန်းပျောက်ကွယ်သွားပြီး မဟူရာနဂါးကြီးတစ်ကောင်

ထွက်ပေါ်လာလေ၏။ ထိုနဂါးကြီးက ကောင်းကင်ဘုံ (၉)ထပ်

တွင် လွင့်မျောလာသည့်အလား ဖြစ်လေသည်။

ယန်ကျန်းသည် ပုံစံအမျိုးမျိုး ဖန်ဆင်းနိုင်သည့် တန်ခိုး

စွမ်းအားရှိကြောင်း လူတိုင်းသိရှိကြလေသည်။

ထိုသို့ ပြောင်းလဲဖန်ဆင်းလိုက်သည့်အခါ ခုံရွှမ်းကဲ့သို့သော

သူများပင်လျှင် မခံနိုင်ဘဲ တန်ခိုးစွမ်းအားများ ထုတ်လွှတ်ကာ

ကာကွယ်ထားလိုက်ရလေသည်။

ယန်ကျန်းဖန်ဆင်းထားသည့် မဟူရာနဂါးကြီးက အသက်ရှူ

လိုက်သည်နှင့် လောကတစ်ခုလုံးကို ဖျက်စီးပစ်တော့မည့်

အလား ဖြစ်လေသည်။

ရှေးဟောင်းနတ်ဘုရားများစွာ မဟူရာနဂါးကြီးအကြောင်းကို မ
သိရှိကြသူ မရှိပေ။

နောက်ဆုံး မဟူရာနဂါးကြီးသည် နှီဝါးနတ်သမီး၏ နှိမ်နင်း
ခြင်းကို ခံလိုက်ရလေသည်။ မဟူရာနဂါးကြီးသည် ရေအောက်
မှ မဟူရာအဏ္ဏဝါနန်းတော်၏အရှင်သခင် ပင် ဖြစ်လေသည်။

ထိုနေရာသို့ ဆန်းလျန် ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်စဉ်
အတိတ်တစ်ချိန်တုန်းက ရောက်ခဲ့ဖူးလေသည်။

ထို့ပြင်... တာ့ရှားပြည်တွင် ရဟန်းမင်းကြီးနှင့် ဆန်းလျန်
တိုက်ခိုက်စဉ်ကလည်း မဟူရာနဂါးကြီး၏ ဝိညာဉ်ကြီးမှာ
ရဟန်းမင်းကြီး၏ စီးတော်ယဉ် ဖြစ်ခဲ့သည်ကို ဆန်းလျန် တွေ့
ခဲ့ဖူးလေသည်။

သို့သော်... မဟူရာနဂါးကြီး၏ ဇာတ်သိမ်းကတော့ မလှပခဲ့ရှာ
ပေ။ ဝမ်းနည်းစရာပင် ကောင်းလွန်းခဲ့လေသည်။

လောကတွင် တာအိုဆရာသခင်ကြီး (၈)ပါးရှိလေရာ နှီဝါး

နတ်သမီးသည်လည်း တစ်ပါးအပါအဝင် ဖြစ်လေသည်။သူမ

သည် စန့်ချင်တာအိုဆရာသခင်လင်ပေါင်ထျန်းကျွင်းထက်ပင်

ရှေးကျသည့် တာအိုဆရာသခင်ကြီး ဖြစ်လေ၏။

ယခုတော့...

ယန်ကျန်းဖန်ဆင်းထားသည့် မဟူရာနဂါးကြီး၏ အကြေးခွံ

များက တောက်ပလျှက် ရှိလေသည်။ သတ္တုရောင်စဉ်တစ်ခု

အလား လင်းလက်နေပြီး မျက်လုံးကြီးများကလည်း ကြယ်စင်

များအလား ဝင်းဝင်းတောက်နေပြန်၏။

နဂါးကြီးက ဆန်းလျန်ကို အေးစက်စွာဖြင့် စိုက်ကြည့်နေလေ

သည်။

ယန်ကျန်းဖန်ဆင်းထားသည့် နဂါးကြီးမှာ ရှေးယခင်အချိန်က

မဟူရာနဂါးကြီးကို မြင်ရသည့်အလား ပုံသဏ္ဍာန်တူလွန်းလှလေ

သည်။

ယန်ကျန်း၏ ရုပ်ပြောင်းရုပ်လွှဲပြောင်းလွှဲ တန်ခိုးစွမ်းအားသည် ထိပ်ဆုံးအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ယန်ကျန်း၏ တန်ခိုးစွမ်းအားမြင့်မားမှုကိုတွေ့မြင်လိုက်ရသည့် အခါ တိုက်ပွဲကိုကြည့်နေကြသည့် နတ်ဘုရားများမှာ အနည်းငယ်ပျော်ရွှင်သွားကြလေသည်။ ယန်ကျန်းနှင့် တိုက်ခိုက်လိုက်ရသည့်အတွက် ဆန်းလျန်အားလျော့သွားစေရန် သူတို့က မျှော်လင့်မိကြသည်။

တာအိုဆရာယွိတင်ကတော့ ဖန်ကူအလံကို ဆုပ်ကိုင်ထားလေသည်။ ဖန်ကူအလံမှ တန်ခိုးစွမ်းအားများ ပြင်းထန်စွာ ထွက်ပေါ်နေသော်လည်း သူကတော့ တိုက်ခိုက်ခြင်း မပြုသေးပေ။ သို့သော်... သူ၏ပုံစံက တိုက်ခိုက်ခြင်းထက်ပိုပြီး ကြောက်မက်ဖွယ်ရာကောင်းနေလေသည်။

ယနေ့ မိုးကောင်းကင်တံခါးကို ရယူရန်အတွက် နတ်ဘုရားများစွာ ရောက်ရှိလာခဲ့ကြလေသည်။

သို့သော်… ရွှမ်ဟွမ်မိုးနတ်မင်းနှင့် တိကျန်ဗောဓိသကျတို့ ရောက်မလာကြသည်မှာ အခက်အခဲတစ်ခုခု ရှိသောကြောင့်သာ ဖြစ်နိုင်လေသည်။

သူတို့ (၂)ယောက် ရောက်မလာခြင်းမှာ ဆန်းလျန်ကို ဖယ်ရှားပစ်ရန် အခွင့်အရေးတစ်ခုဖြစ်သည်ဟု နတ်ဘုရားများက နားလည်လိုက်ကြလေသည်။

အချိန်မှန် ၊ နေရာမှန် ၊ လူမှန်များလည်း ရှိနေကြသည် မဟုတ်ပါလား။

ဆန်းလျန်ဝတ်ဆင်ထားသည့် တာအိုဝတ်စုံတစ်ချက်လှုပ်ရှားသွားပြီး ပြင်းထန်လှသည့် စွမ်းအားတစ်ခု ထွက်ပေါ်လာလေသည်။ ထိုစွမ်းအားများကို မဟူရာနဂါးကြီး ရင်ဆိုင်နိုင်ပါမည်လား မည်သူမှ မသိနိုင်ပေ။

သို့သော်… မကြာမီ အဖြေကို အားလုံး ရှင်းရှင်းလင်းလင်း သိမြင်လာရမည်သာ ဖြစ်လေသည်။

ဆန်းလျန်၏ အကျီလက်အတွင်းမှ အလွန်ထူးဆန်းသည့်
တန်ခိုးစွမ်းအားတစ်ခု ပျံ့သန်းထွက်ပေါ်လာလေသည်။ ထို
စွမ်းအားမှာ မီးတောက်တစ်ခု ပေါက်ကွဲထွက်သည့်အလား ဖြစ်
လေသည်။ နတ်ဘုရားများအားလုံးမှာ ချက်ချင်းပင် ကြောက်ရွံ့
ကထိတ်လန့်မှုများကို ခံစားလိုက်ကြရလေသည်။
ဆန်းလျန် အသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားများက အရာ
အားလုံးကို ချွင်းချက်မရှိ ဖျက်စီးပစ်နိုင်စွမ်း ရှိလေသည်။
ယန်ကျန်းမှ အသွင်ပြောင်းထားသည့် မဟူရာနဂါးကြီးမှာ ဆန်း
လျန်၏ တန်ခိုးစွမ်းအားအောက်တွင် ချက်ချင်းပင် ငုပ်လျှိုး
သွားလေသည်။
သို့သော်... ယန်ကျန်းထံမှ လောကကို တုန်လှုပ်စေသည့်
တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး တန်ခိုးစွမ်းအားပေါက်ကွဲ
မှုကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

ယန်ကျန်း၏ တန်ခိုးစွမ်းအားများက ခုံ ရှမ်းထက်ပင် သာလွန်လေသည်။ သို့သော်... ဆန်းလျန်၏ တိကျသည့် တန်ခိုးစွမ်းအားပြောင်းလဲမှု ပရိယာယ်များကိုတော့ ခုခံတွန်းလှန်နိုင်ခြင်း မရှိခဲ့ပေ။

မိုးပြိုသည့်အလား ကောင်းကင်ထက်မှ နဂါးအကြေးခွံအပိုင်းအစများ ကြွေကျလာလေသည်။ လောကကြီးတစ်ခုလုံးပြိုကျသွားသည့်အလားပင် ဖြစ်လေသည်။

မဟူရာနဂါးကြီးပျောက်ကွယ်သွားပြီး အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် ယန်ကျန်း လေထဲမှ ပျံသန်းကျဆင်းလာလေသည်။ သူကျဆင်းလာသည့်အရှိန်က ဥက္ကာပျံတစ်စင်းအလား လျှင်မြန်လွန်းလှပြီး သူ့လက်ထဲတွင် သုံးမြှောင့်နှစ်ဖက်သွားဓားကို ကိုင်ထားလေ၏။

ယန်ကျန်း၏ သုံးမြှောင့်နှစ်ဖက်သွားဓားသည် ခေတ်အဆက်ဆက် အစွမ်းထက်ဆုံး လက်နက်တစ်ခုထဲတွင်

အပါအဝင်ဖြစ်လေသည်။ ထိုဓားချက်အောက်တွင် ဝိညာဉ်များ ပင်လျှင် ပြာကျသွားနိုင်လေသည်။

ထက်ရှသည့်ဓား၏ ဓားခြိမ်းသံသည် ဇာမဏီငှက် (၉)ရက် တိတိ တွန်ကျူးလိုက်သည့်အလား ဖြစ်လေသည်။ ဓားခြိမ်း သံထွက်ပေါ်လာသည်နှင့် မိုးကောင်းကင်တံခါးပင် တုန်လှုပ် သွားရလေသည်။

ကြီးမားလွန်းသည့် တန်ခိုးစွမ်းအားကြီးကြောင့် အရာအားလုံး ပျက်စီးသွားရတော့မည်ဟုပင် ထင်မှတ်ရသည်။ ပထမမိုးနတ် မင်းနှင့် ဒုတိယမိုးနတ်မင်းတို့၏ လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း အလား ပြင်းထန်လွန်းလှလေသည်။

ချင်းယွမ်မြောင်တောက်အရှင်ဟုကျော်ကြားသည့် ယန်ကျန်း ဆိုသည်က မရေမတွက်နိုင်သည့် ဘဝပေါင်းများစွာ ကျင့်ကြံခဲ့ သည့်အတွက် တန်ခိုးစွမ်းအားများပင် ဖြစ်လေသည်။ အချိန်

ကာလကြာလာသည်နှင့်အမျှ ထိုတန်ခိုးစွမ်းအားများက အခြေခံတာအိုတရားကို ကိုယ်စားပြုလေသည်။

အလင်း ၊ အရိပ် ၊ အချိန်နှင့် အာကာသ စစ်မှန်သည့် ဖြစ်တည်မှုအားလုံး၏ အခြေခံမှာ ဓားခြိမ်းသံတွင် ပြိုကျပျက်စီးသွားကြလေသည်။

လောကတွင် နှစ်ဖက်သွားသုံးမြှောင့်ဓားထက်ပိုပြီး အစွမ်းထက်သည့်အရာ မည်သည့်အရာမှ မရှိတော့သည့် အလား တန်ခိုးစွမ်းအားတို့က ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လျှက် ရှိလေ၏။

သို့သော်... ထို နှစ်ဖက်သွား သုံးမြှောင့်ဓားထက်ပိုပြီး စစ်မှန်သည့် တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာလေသည်။

ထိုအရာသည် သွယ်လျသည့် အဖြူရောင် လက်ချောင်းများပင် ဖြစ်လေသည်။

ထိုလက်ချောင်းများက မိန်းကလေးတစ်ယောက်၏ လက်ချော်းထက်ပင် သွယ်လျပျော့ပြောင်းပြီး ယန်ကျန်း၏ သုံးမြောင့်နှစ်ဖက်သွားဓားကို လက်နှစ်ချောင်းဖြင့်ညှပ်ကာ အသာလေးပင် တားဆီးထားလိုက်လေသည်။

လက်ချောင်းများ အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် သုံးမြောင့်နှစ်ဖက်သွားဓား ထက်ပိုင်းကျိုးသွားတော့မတတ် ဖြစ်သွားရလေသည်။

ထိုလက်ချောင်းများမှာ ဆန်းလျန်၏ လက်ချောင်းများဖြစ်လေသည်။

ဆန်းလျန်က လက်ချောင်း (၂)ကို အသုံးပြုကာ ယန်ကျန်း၏ သုံးမြောင့်နှစ်ဖက်သွားဓားကို တားဆီးထားသည့် မြင်ကွင်းက တုန်လှုပ်စရာ မြင်ကွင်းတစ်ခု ဖြစ်လေသည်။

ယန်ကျန်းသည် ဆန်းလျန်နှင့်တိုက်ပွဲတွင် ရှုံးနိမ့်သွားခဲ့ပြီ ဖြစ်လေသည်။

သို့သော်... သူ၏ ရှုံးနိမ့်မှုက လေးစားစရာကောင်းလှပေ၏။

သူသည် သူသည် ဥက္ကာပျံတစ်စင်းကဲသို့ ရှုံးနိမ့်သွားခဲ့ခြင်း ဖြစ်လေသည်။ သူက အားအပြည့်အသုံးပြုကာ တိုက်ခိုက်ခဲ့သည့်တိုင် သူက ဆန်းလျန်၏ လက်ချောင်းများကိုပင် ခုခံနိုင်ခြင်း မရှိခဲ့ပေ။

ကောင်းကင်ဘုံတွင် ထင်တိုင်းကျခဲ့သည့် မျောက်မင်းစွန်းဝူခုံးသည် နောက်ဆုံး ဗုဒ္ဓ၏လက်ဖဝါးနှင့်ရင်ဆိုင်လိုက်ရသည့်အခါ ဖိနှိပ်ခံလိုက်ရသကဲ့သို့ ဖြစ်လေသည်။

ဆန်းလျန်ကို ဗုဒ္ဓနှင့် မနှိုင်းယှဉ်နိုင်သော်လည်း ယန်ကျန်း၏ ဂုဏ်သိက္ခာကတော့ စွန်းဝူခုံး၏ ဂုဏ်သိက္ခာထက် လျော့နည်းမည် မဟုတ်ပေ။

ထိုအချိန်မှာပင်....

ရွှေရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ ထို ရွှေရောင်အလင်းတန်းမှာ ရွှေရောင်ကြာပွတ်တစ်ချောင်း ဖြစ်လေသည်။

"ကျုပ် ဝမ်လင်ကွမ်းက ဆန်းလျန်ထျန်းကျွင်းဆီက သင်ယူပါရစေ..."

ရွှေရောင်ကြာပွတ်ကို ကိုင်ဆောင်ထားသူက နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

ထိုနတ်ဘုရား၏ပုံစံကအလွန်ခမ်းနားလှပြီး တန်ခိုးစွမ်းအား လည်း အလွန်မြင့်မားဟန် ရှိလေသည်။

သို့သော်... ထိုနတ်ဘုရားသည် တာ့လော်အဆင့်သို့ပင် တက် ရောက်နိုင်ခြင်း မရှိသေးပေ။ ထိုအဆင့်ဖြင့် ဆန်းလျန်ကို စိန်ခေါ်ရဲသည်ကတော့ စာတင်လောက်သည့် သတ္တိပင် ဖြစ်လေသည်။

ဆန်းလျန်က ယန်ကျန်း၏ဓားကို ထိန်းချုပ်ထားသည့်

သူ၏လက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး ဝမ်လင်ကွမ်း

ဆိုသည်ကို လှမ်းကြည့်လိုက်ကာ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ..."

ဆန်းလျန်၏ အေးစက်လွန်းသည့်အသံက ကြားရသူတိုင်းကို

သွေးပျက်သွားစေလေသည်။

သို့သော်... ဝမ်လင်ကွမ်း တိုက်ခိုက်နိုင်ခြင်း မရှိသေးခင်မှာပင်

ဒေါင်းစိမ်းမင်းကြီး ခုံရှမ်းက ရှေ့သို့ ထွက်လိုက်ကာ ဆန်းလျန်

ကို စတင်တိုက်ခိုက်လိုက်လေသည်။

ခုံရှမ်းက သူ၏လက်ဖဝါး (၂)ဖက်ကို အသာပွတ်သပ်လိုက်

လေသည်။ သူ၏လက်ဖဝါးနှစ်ဖက်က ရွှေစင်ရွှေသားအလား

တောက်ပလျှက်ရှိလေသည်။

ထို့နောက် သူက လက်ဖဝါး (၂)ဖက်ကို ဆန်းလျန်ရှိရာသို့ တွန်း

ထုတ်လိုက်လေသည်။ လက်ဖဝါးထက်မှ လောကတစ်ခုလုံးကို

ဖြိုခွင်းတော့မည့်အလား ပြင်းထန်လှသည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။

ထိုတန်ခိုးစွမ်းအားမှာ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားပင် ဖြစ်လေသည်။

ခုံရှမ်း ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားကို အသုံးပြုလိုက်ပုံမှာ မီလှဲ့ကိုယ်တော်လောက် စွမ်းအားမြင့်မားခြင်း မရှိသော်လည်း မီလှဲ့ကိုယ်တော်ထက် လှပသေသပ်လေသည်။

ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားက မီးတောက်များအလား တောက်ပလျှက်ရှိပြီး မည်သူ့ကိုမဆို ကြောက်ရွံ့သွားစေနိုင်လေသည်။

ဇာမဏီငှက်များက ဒေါင်းစိမ်းငှက်များကို မွေးဖွားပေးခဲ့သူများ ဖြစ်လေသည်။ ထို့ကြောင့် ဒေါင်းစိမ်းငှက်များသည်လည်း ဇာမဏီမီးတောက် တန်ခိုးစွမ်းအားကို အသုံးပြုနိုင်စွမ်းရှိလေသည်။

ထို့ပြင် ယခု ခံ့ရှမ်းရောက်ရှိနေသည့် ကျင့်ကြံခြင်းအဆင့်သည် တစ်ချိန်တုန်းက ဘိုးဘေးဇာမဏီငှက်ထက် နိမ့်ကျခြင်း မရှိပေ။

အခန်း (၉၀၉) မိုးမြေစာလုံး 'နဝမ' ကိုကျော်လွှန်၍

ဘုရင့်နေပြည်တော်အပြင်ဘက်ရှိ ခြောက်သွေ့နေသည့် မြက်ခင်းများအလယ်တွင် ဖြစ်လေသည်။

မြက်ခင်းအလယ်တွင် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် ရဲ့လျိုယွင်နှင့် စာပေသမားဝတ်စုံကိုဝတ်ဆင်ထားသည့် လူ စောယိတို့ ပေါ်လာလေသည်။

"အစ်ကိုလူစောယိ ၊ ကျုပ်မင်းကိုဒီနေရာထိပဲ လိုက်ပို့တော့မယ်..."

ရဲ့လျိုယွင်က သူ့ဘေးနားမှ လူစောယိကို ပြောလိုက်လေသည်။ ညကောင်းကင်က ခါတိုင်းညများထက်ပိုပြီး မှောင်မိုက်နေလေသည်။ ညအချိန်ဖြစ်သည်သာမက ပြင်းထန်သည့် တိုက်ပွဲများက ကြယ်စင်နှင့်လရောင်၏ တန်ခိုးစွမ်းအားများကို စုပ်ယူသွားသည့်အတွက် မှောင်မိုက်နေရခြင်း ဖြစ်လေ၏။

မိုးကောင်းကင်ခုံရုံးမှ နတ်ဘုရားများ၏ခန္ဓာကိုယ်များကတော့ အလင်းတန်းများ ဖြာလင်းနေကြလေသည်။

လူစောယိက ရဲ့လျိုယွင်ကို လက်နှစ်ဖက်စုပ်အရိုအသေပေးလိုက်ရင်း...

"ဂိုဏ်းချုပ် ဒီနေရာထိ ကျုပ်ကို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်..."

ရဲ့လျိုယွင်က ကောင်းကင်ထက်သို့ တစ်ချက်မော့ကြည့်လိုက်ပြီးသက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အခု တိုက်ခိုက်နေတာ ဆန်းလျန်ပဲ ၊ အဲဒါ တကယ် ဆန်းလျန်ပဲ..."

ထို့နောက် လူစောယိ မည်သည့်စကားမှ ပြန်မပြောနိုင်ခင်မှာပင် ရဲ့လျိုယွင်က အဖြူရောင် တိမ်တိုက်တစ်စအလား လွင့်မျောပျောက်ကွယ်သွားလေသည်။

ယခုအချိန်တွင်... လောကကြီးက အမှားအမှန်များစွာ ရှုတ်ထွေးလျှက် ရှိလေသည်။ သို့သော်... ရဲ့လျိုယွင်ကတော့ ပါဝင်ပတ်သက်လိုခြင်း မရှိပေ။

လူစောယိက မြေပြင်ထက်သို့ အသာငုံ့ကြည့်လိုက်သော်လည်း သူ၏စိတ်က မိုးကောင်းကင်ခုံရုံးသို့ ရောက်ရှိနေလေသည်။ သူ... ဆန်းလျန်အကြောင်းကို စဉ်းစားနေမိသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ခန့်က... ချင်းရွှမ်နတ်တံခါးတွင် ကျင့်ကြံခြင်းများကို အတူတူသင်ယူခဲ့သည့် ဂိုဏ်းတူညီအစ်ကိုများဖြစ်လေသည်။ သူကျင့်ကြံသည်ကို တစ်ညလုံးစောင့်ပေးနေခဲ့သည့် သူ့ညီအစ်ကို ဆန်းလျန်...။

ထိုအချိန်က ဆန်းလျန်ဆိုသည့် လူငယ်လေး၏ အေးဆေးတည်ငြိမ်သည့်အပြုံးကို သူ သတိရနေမိဆဲ ဖြစ်လေသည်။

ယခုအချိန်ထိလည်း ထိုလူငယ်လေးသည် အရင်ကအတိုင်း မပြောင်းမလဲ ရှိနေဆဲပင် ဖြစ်သည်။

မိုးကောင်းကင်ခုံရုံးတွင် မည်သို့သော တိုက်ပွဲမျိုး ဖြစ်နေသည်ကို သူ မသိနိုင်သည့်တိုင် စိတ်ဖြင့် ခန့်မှန်းကြည့်၍တော့ ရနိုင်လေသည်။

"ဆရာသခင်ကျန်းရော့ရှီးရေ... သူက ဆန်းလျန် ဖြစ်နေတုန်းပဲ..."

လူစောယိက ထိုစကားကို စိတ်ထဲမှသာ ပြောလိုက်ခြင်း ဖြစ်

လေသည်။

ထို့နောက် လူစောယိသည် စိတ်တစ်ချက်ညွှတ်လိုက်သည်နှင့်

ဘုရင့်နေပြည်တော်ရှိ ဘုရင်မကြီး၏ နန်းတော်အတွင်းသို့

ရောက်ရှိလာလေသည်။

သူက ဘုရင်မကြီး၏ ပလ္လင်ရှေ့သို့ ရောက်ရှိလာသည်။

"ဘုရင်မကြီးကို ဂါရဝပြုပါတယ်..."

လူစောယိက ဘုရင်မကြီးကို ဂါရဝပြုရင်း ပြောလိုက်လေ

သည်။

ဘုရင်မကြီးက လူစောယိကို ကြည့်လိုက်ပြီး...

"မင်း ဘာလို့ ဒီကိုရောက်လာရတာလဲ..."

"တိုင်းပြည်ရဲ့ အနာဂတ်ကေရာဇ်အလောင်းအလျာအတွက်

ရောက်လာရတာပါ..."

လူစောယိက မတ်တတ်ရပ်လိုက်ပြီး ဘုရင်မကြီးကို

မျက်နှာချင်းဆိုင်လိုက်သည်။

ဘုရင်မကြီးက...

"မင်းက အဲဒီကလေးအကြောင်း ပြောနေတာလား..."

လူစောယိက...

"ဟုတ်ပါတယ်..."

ဘုရင်မကြီးက...

"သူက အခု ထောင်ထဲမှာ..."

လူစောယိက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဒါဖြင့် ကျုပ်ကလည်း ထောင်ထဲကို သွားချင်ပါတယ်..."

ဘုရင်မကြီးက ရုတ်တရက် မေးခွန်းထုတ်လိုက်သည်။

"မင်းက ဘယ်သူ့အတွက် ဒီတာဝန်ကို ထမ်းဆောင်ပေးတာ

လဲ..."

လူစောယိက...

"တောတောင်ရေမြေနဲ့ သတ္တဝါအားလုံးရဲ့ အုပ်ဆိုးသူအတွက် တာဝန်ထမ်းဆောင်ပေးတာပါ..."

လူစောယိက ကိုယ်ကိုအသာကိုင်းညွတ်ကာ ဘုရင်မကြီးကို လေးစားသမှုဖြင့် မေးခွန်းကို ဖြေလိုက်လေသည်။

ဘုရင်မကြီးက....

"ချင်းရွှမ်နတ်တံခါးမှာ အရည်အချင်းရှိတဲ့သူတွေ အများကြီးရှိခဲ့တယ်၊ ကျိုလင်နတ်သမီးတို့လို၊ ချန်ကျန့်မေတို့လိုပေါ့၊ တာအိုဆရာယွမ်ချင်းလိုပုဂ္ဂိုလ်မျိုးဆိုရင် ငါ သိပ်ကို လေးစားခဲ့တာ၊ မင်းဆိုလို့ရှိရင်လည်း လောကမှာ အမြင့်မြတ်ဆုံး စာပေသမားသူတော်စင်တစ်ပါး ဖြစ်လာနိုင်တာပဲလေ၊ ဘာလို့ ဆန်းလျှန်အတွက် အလုပ်လုပ်ပေးနေရတာလဲ..."

"ဘုရင်မကြီးက စိတ်ပျက်စရာပဲ..."

လူစောယိက မောက်မာခြင်းလည်းမရှိသလို နှိမ့်ချခြင်းလည်းမရှိဘဲ ထိုစကားကို ပုံမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်လေသည်။

ဘုရင်မကြီးက ဒေါသထွက်သွားခြင်း မရှိဘဲ တည်ကြည်သည့်

မျက်နှာထားဖြင့်...

"မင်းက ဒီကလေးကို ပညာသင်ပေးချင်တာ ဆန်းလျှန်အတွက်

မဟုတ်လား..."

လူစောယိက...

"လောကကြီးတစ်ခုလုံးအတွက်ပါ..."

လူစောယိက ခဏနားပြီးမှ စကားကို ဆက်ပြောလိုက်သည်။

"ချင်းရှမ်နတ်တံခါးအတွက်ရောပေါ့..."

ဘုရင်မကြီးက...

"မင်းက စိတ်ကူးယဉ်နေတာပဲ ၊ အဲဒီကလေးအတွက်

အကျဉ်းထောင်ထဲသွားနေချင်တယ်ဆိုလည်း သွားပေတော့..."

ထို့နောက် ဘုရင်မကြီးက ကျောက်စိမ်းရတနာအလား လှပ

လွန်းသည့် သူမ၏လက်ဖဝါးများကို ဖြန့်ကျက်လိုက်လေရာ

လူစောယိသည် ချက်ချင်းပင် မှောင်မိုက်သည့် အကျဉ်းခန်း တစ်ခုရှိရာနေရာသို့ ချက်ချင်းရောက်ရှိသွားလေတော့သည်။

လို့လော်က ရုတ်တရက် သူ့မရှေ့တွင်ပေါ်လာသည့် စာပေ သမားလူရွယ်ကို တွေ့လိုက်ရသည်နှင့်...

"ရှင် ဘယ်သူလဲ..."

လူစောယိက လို့လော်ကို မကြည့်ဘဲ လို့လော်၏ရင်ခွင်ထဲမှ ကလေးငယ်ကိုကြည့်ပြီး သွားများပေါ်သည်အထိ ပြုံးရယ် လိုက်လေသည်။

"ကျုပ်က ဒီကလေးကို တရားအလင်းရအောင် သင်ပြပေးမယ့် ဆရာပဲ..."

လို့လော်က နောက်သို့အသာဆုတ်လိုက်လေသည်။

မှောင်မိုက်နေသည့် အကျဉ်းခန်းလေးသည် ရုတ်တရက် လင်း လက်လာလေသည်။ သို့သော်... အလင်းရောင်က မည်သည့် နေရာကထွက်ပေါ်လာသည်ကိုတော့ သိရှိရခြင်း မရှိပေ။

***

ခုံရွှမ်း၏ ဇာမဏီမီးတောက်နှင့်ပေါင်းစပ်ထားသည့် ဗုဒ္ဓ လက်ဖဝါးတန်ခိုးစွမ်းအားကို ရင်ဆိုင်လိုက်ရသည့်အခါ ဆန်းလျန်၏ မျက်နှာက တည်ကြည်လေးနက်သွားလေသည်။

ခုံရွှမ်းသည် ခွန်လွန်တောင်အောက်ခြေတွင် နှစ်ပေါင်းသောင်းနှင့်ချီပြီး ချုပ်နှောင်ခံခဲ့ရလေသည်။ ထိုသို့ ချုပ်နှောင်ခံရခြင်းက သူ၏တန်ခိုးစွမ်းအားများကို များစွာ မြင့်တက်လာစေခဲ့သည်။

ဇာမဏီမီးတောက်ဆိုသည်မှာ နိဗ္ဗာနမီးတောက်နှင့်အတူတူပင် ဖြစ်လေသည်။

နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားသင်ပြပေးခဲ့သူက ဗုဒ္ဓဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားနှင့် ဇာမဏီမီးတောက်ပေါင်းစပ်လိုက်သည့်အခါ တန်ခိုးစွမ်းအားက ကြောက်မက်ဖွယ်ရာကောင်းအောင် တန်ခိုးစွမ်းအား မြင့်မားသွားလေတော့သည်။

ဝမ်လင်ကွမ်းက ခုံရှမ်းဘက်မှနေပြီး ဆန်းလျန်ကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သော်လည်း နတ်ဘုရားတစ်ပါးက သူ့ကို တားဆီးထားလိုက်လေသည်။ သူ့ကိုတားဆီးလိုက်သူက အနက်ရောင် ဧကရာဇ်ဝတ်စုံကို ဝတ်ဆင်ထားသည့် ကျန်းဝူ နတ်ဘုရားပင် ဖြစ်လေသည်။

ကျန်းဝူနတ်ဘုရားက...

"ဝင်မပါနဲ့၊ အခု ဆန်းလျန်နဲ့ ရှုပနတ်ဘုရားမင်းကြီးခုံရှမ်းတို့ တိုက်ခိုက်နေတာ၊ ရှုပနတ်ဘုရားမင်းကြီးသာ ဆန်းလျန်ကို မ ရှုံးနိမ့်ဘူးဆိုရင် သူ့အနေနဲ့ ကျင့်စဉ်လမ်းမှာ နောက်တစ်ဆင့် တက်သွားတော့မှာ..."

ကျန်းဝူနတ်ဘုရား၏ စကားကို ဝမ်လင်ကွမ်း သဘောပေါက်သွားလေသည်။

ဒေါင်းစိမ်းမင်းကြီးသည် စိတ်ဓာတ်ခိုင်မာရုံသာမက သူ့ကိုယ်သူ သွေးရန်အတွက် ဆန်းလျန်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းဖြစ်လေသည်။

ဆန်းလျန်က လောကတွင် မပျက်စီးနိုင်သည့် တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ထားသူတစ်ယောက်ဖြစ်လေသည်။

ဆန်းလျန်နှင့်တိုက်ခိုက်ရခြင်းက ခုံရွှမ်းအတွက် စွန့်စားမှုတစ်ခုဖြစ်လေသည်။ ကျင့်စဉ်လမ်းလည်းအဆင့်တက်သွားနိုင်သလိုသေလုမျောပါးအခြေအနေသို့လည်း ရောက်ရှိသွားနိုင်လေသည်။

ဝမ်လင်ကွမ်းက အများကြီးဆက်မတွေးတော့ဘဲ ဆန်းလျန်နှင့်ခုံရွှမ်း၏ တိုက်ပွဲကိုသာ အလျှင်အမြန် အာရုံပြန်စိုက်လိုက်သည်။

ခုံရွှမ်း၏ ရွှေရောင်လက်ဖဝါးများထက်မှ တန်ခိုးစွမ်းအားများက ပင်လယ်ပြင်အလား ဖြစ်လေသည်။

သို့သော်... လက်ဝါးရိုက်ချက်က လျှင်မြန်ခြင်းလည်းမရှိသလို

လျှို့ဝှက်ဆန်းကျယ်ခြင်းလည်း မရှိပေ။ ရိုးရှင်းသည့်

လက်ဝါးရိုက်ချက်တစ်ခုမျှသာဖြစ်လေသည်။

ထိုလက်ဝါးရိုက်ချက်ကို မည်သူမှ လျှော့မတွက်ရဲပါချေ။

တာအိုမဟာလမ်းစဉ်က စစ်မှန်ပြီး တာအိုမဟာလမ်းစဉ်က ရိုး

ရှင်းလေသည်။

မထင်ရှားသည့် လက်ဝါးရိုက်ချက်များက ကြောက်မက်ဖွယ်

ကောင်းသည့် လက်ဝါးရိုက်ချက်များ ဖြစ်နေတတ်လေသည်။

ဆန်းလျန်ကလည်း လက်ဖဝါးများကိုအသာဖြန့်ကာ

လက်ဝါးရိုက်ချက်တစ်ခု ဖော်ထုတ်လိုက်လေသည်။

ဘဝဆိုသည်က လောက၏ ကဗျာဖြစ်လေသည်။ ဘဝဆိုသည်

က လေနှင်ရာလွင့်ရသည့် ကံကြမ္မာအလိုအတိုင်း ဖြစ်လေ

သည်။

ဆန်းလျန်နှင့် ခုံရှမ်းတိုက်ခိုက်နေကြသည်ကတော့

လောက၏ကြယ်စင်နှစ်ပွင့် စွမ်းအားပြိုင်နေကြသည့်အလား

ဖြစ်လေသည်။

ခုံရှမ်နှင့် ဆန်းလျန်တို့ လက်ဝါးရိုက်ချက် (၉)ချက်အထိ

ယှဉ်ပြိုင်ခဲ့ကြလေသည်။ သို့သော်... သူတို့သည် တစ်ယောက်

နှင့်တစ်ယောက် ထိခိုက်မိကြခြင်း မရှိပေ။ ထို့ကြောင့် သူတို့၏

နတ်ဘုရားခန္ဓာများကိုလည်း ထိခိုက်မိခြင်း မရှိကြပေ။

သူတို့သည် လက်ရှိအချိန်တွင်သာမန်လူများမဟုတ်ကြ

သည့်အတွက် တစ်ယောက်ကိုတစ်ယောက် လေးစားတန်ဖိုး

ထားကြလေသည်။

နတ်ဘုရားများ၏တိုက်ပွဲ ၊ နတ်မိစ္ဆာများ၏တိုက်ပွဲဆိုသည်က

တောတောင်ရေမြေများအားလုံးကို ဖျက်စီးပစ်နိုင်စွမ်း ရှိလေ

သည်။ ထို့ထက်ပြင်းထန်လျှင် ကြယ်စင်များကိုပင် ဖျက်စီးပစ်

နိုင်စွမ်း ရှိလေသည်။

သို့သော်… တန်ခိုးစွမ်းအားမြင့်မားလွန်းသည့် နတ်ဘုရားများ၊ နတ်မိစ္ဆာများ အသံတိတ် ပညာပြိုင်ကြသည့်အခါတွင်တော့ ပြင်ပလောကတွင် ထူးခြားမှုသိပ်မတွေ့ရပေ။ သို့ရာတွင် ထိုသို့သော ပညာပြိုင်မှုမျိုးက သာမန်တိုက်ပွဲထက်ပိုပြီး ကြောက်မက်ဖွယ်ရာဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်… တန်ခိုးစွမ်းအားများကို ပြင်ပသို့ ယိုစိမ့်စေခြင်းမရှိဘဲ ဦးတည်ချက်ဖြစ်သည့် ပြိုင်ဘက်သို့သာ တိတိကျကျတိုက်ခိုက်နေသောကြောင့် ဖြစ်သေလည်။

ထိုသို့တိုက်ခိုက်သည့်အခါ ဆန်းလျန်နှင့် ခုံရှွမ်းတို့ (၂)ယောက်လုံး၏ မူလဝိညာဉ်ခန္ဓာများသည် ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားများနှင့် ပြည့်ဝလျှက် ရှိကြလေသည်။

ဆန်းလျန်က တည်ငြိမ်နေသလို ခုံရှွမ်းကလည်း တည်ငြိမ်လျှက် ရှိလေသည်။ သို့သော်… ခုံရှွမ်း၏လက်ဖဝါးများက မရပ်မနားတုန်ယင်နေလေသည်။

အတန်ကြာသည့်အခါ ဆန်းလျန်က လက်ကို အသာပြန်ရုတ်

သိမ်းလိုက်လေသည်။

တိုက်ပွဲတွင် ဆန်းလျန်က ခုံရွှမ်းကို အနိုင်ယူလိုက်သည်မှာ

ထင်ရှားနေလေသည်။

ဆန်းလျန်၏ တည်ငြိမ်သည့် လက်ဝါးရိုက်ချက်က ပေမင်

ပင်လယ်ပြင်အလား ပြင်ပလောကတွင် လှိုင်းလေတစ်

စက်ကလေးပင် မထခဲ့ပေ။

ခုံရွှမ်းကတော့ ဆန်းလျန်၏ လက်ဝါးရိုက်ချက်ကို ခုခံနိုင်စွမ်း

ကင်းမဲ့ခဲ့ရလေသည်။

ဆန်းလျန်က ခုံရွှမ်းကို ကြည့်လိုက်ပြီး နူးညံ့သည့်လေသံဖြင့်

ပြောလိုက်သည်။

"ဒီတစ်ခါတော့ မင်းကို လွှတ်ပေးလိုက်မယ်..."

ခုံရွှမ်းက...

"မင်းက ဘာကိစ္စ ကျုပ်ကို လွှတ်ပေးရမှာလဲ..."

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"ကွေ့လိရဲ့မျက်နှာကိုထောက်ပြီး မင်းကို ဒီအခွင့်အရေး

ပေးလိုက်တာပါ..."

ဆန်းလျန်၏ စကားကြောင့် ခုံရှမ်းက ဒေါသထွက်သွားခြင်း မ

ရှိပေ။

သူ၏မျက်နှာက တည်ငြိမ်နေပြီး သူ၏ခန္ဓာကိုယ်မှ မမြင်ရ

သည့် တန်ခိုးစွမ်းအားလှိုင်းလုံးတစ်ခု ထွက်ပေါ်လာလေသည်။

ထိုသို့ မြင့်မြတ်သည့် မိုးကောင်းကင်တာအိုတန်ခိုးစွမ်းအား

ထွက်ပေါ်လာသည့်အတွက် ခုံရှမ်း မျက်မှောင်ကြုတ်လိုက်မိ

လေသည်။

ထိုမိုးကောင်းကင်တာအိုတန်ခိုးစွမ်းအားသည် စန့်ချင်တာအို

ဆရာသခင်၏ တန်ခိုးစွမ်းအားနှင့် ဆင်တူနေလေသည်။ ဤ

သည်မှာ မိုးကောင်းကင်လမ်းစဉ်ပင်ဖြစ်လေသည်။

ခုံရှမ်းသည် ဆန်းလျှန်နှင့် တိုက်ခိုက်ပြီးသည့်နောက် အမှန်တကယ်ပင် ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားခဲ့ပြီ ဖြစ်လေသည်။ သူက မိုးကောင်းကင်လမ်းစဉ်ကို သူ၏တာအိုတရားနှင့် ပေါင်းစပ်နိုင်ခဲ့ပြီ ဖြစ်လေသည်။

အမှန်တော့ ထိုကဲ့သို့သော ကျင့်ကြံမှုမျိုးသည် စန့်ချင်တာအို ဆရာသခင်ထံမှ မြစ်ဖျားခံလာခဲ့ခြင်းပင် ဖြစ်လေသည်။

သို့သော်... ခေတ်အဆက်ဆက်တွင် စန့်ချင်တာအိုဆရာသခင် တစ်ပါးတည်းသာလျှင် ထိုအဆင့်သို့ ရောက်ရှိခဲ့ဖူးလေသည်။

အမှန်တော့ မည်သည့်ကျင့်ကြံသူမဆို ကြိုးစားမည်ဆိုလျှင် ထို အဆင့်သို့ ရောက်ရှိနိုင်သည်ပဲ ဖြစ်လေသည်။

ကျင့်ကြံခြင်းအဆင့်မြင့်တက်သွားသည့်တိုင် ခုံရှမ်းသည် ဟွင့် ယွမ်ဝူကျီအဆင့်ကိုတော့ ရောက်ရှိနိုင်ခြင်း မရှိသေးပေ။

သို့သော်... သူ၏တန်ခိုးစွမ်းအားက အလွန်မြင့်မားနက်ရှိုင်းနေပြီ ဖြစ်လေသည်။

ခုံရွှမ်းသည် စန့်ချင်တာအိုဆရာသခင်၏ ထိပ်တန်းအဆင့်ကျင့်စဉ်ဓမ္မကို အံ့သြစရာကောင်းလောက်အောင် နားလည်သွားခဲ့ပြီ ဖြစ်လေသည်။

ထိုသို့နားလည်လိုက်သည်နှင့် ခုံရွှမ်း၏ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားသည် နဝမအဆင့်မှ ဒသမအဆင့်သို့ တက်ရောက်အောင်မြင်သွားခဲ့လေသည်။

ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအား "ဒသမမြောက်အဆင့်" ဆိုသည်က မည်သည့်တန်ခိုးစွမ်းအားများကမှ မယှဉ်နိုင်စွမ်းသည့် အံ့သြဖွယ်ရာ တန်ခိုးစွမ်းအားပင် ဖြစ်လေတော့သည်။

အခန်း (၉၁၀) ထိုက်ချိ

ခုံရှမ်း ပထမဆုံး လက်ဝါးရိုက်ချက်ကို အသုံးပြုလိုက်လေသည်။ သူအသုံးပြုလိုက်သည့် လက်ဝါးရိုက်ချက်က ပုံသဏ္ဍာန်တွေ့မြင်ရခြင်း မရှိပေ။

သို့သော်... လက်ဝါးချက်က ပြင်းထန်လွန်းပြီး သုံးလောကတစ်ခုလုံးကို တုန်လှုပ်သွားစေလေသည်။

ထိုအချိန်မှာပင်...

မိုးကောင်းကင်အနောက်ဘက်တွင် အနက်ရောင်မြစ်တစ်စင်းစီးဆင်းလာလေသည်။

ထိုမြစ်မှာ အသူရာချောက်မှ ဝိညာဉ်မြစ်မဟုတ်ပေ။ သို့သော်... မရဏစွမ်းအားများဖြင့် ပြည့်ဝလျှက်ရှိလေသည်။ ထိုမြစ်ရေအတွင်းသို့ကျဆင်းသွားရသည့် သက်ရှိ ၊ သက်မဲ့အရာအားလုံးပျက်သုဉ်းသွားနိုင်လေသည်။ ရေမျက်နှာပြင်မှာတော့ ထူးဆန်းသည့်အရာတစ်ခုဖြင့်ဖုံးလွှမ်းထားလေသည်။

မြစ်ရေအတွင်းမှ လူရိပ်တစ်ရိပ်ပျံသန်းထွက်ခွာလာလေသည်။

ထိုသူ၏နောက်ကျောတွင် အနက်ရောင်အတောင်တစ်စုံ ပါရှိလေသည်။

ထိုသူက အတောင်ပံတစ်ချက်ခတ်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးမှ မြူမှုံ ၊ ဖုန်မှုံများအားလုံး သန့်စင်ကြည်လင်သွားလေသည်။

သူ၏မျက်ခုံးများက ဖြောင့်တန်းနေပြီး ကိုယ်ဟန်အနေအထားက အချိုးအစားကျ ပြေပြစ်လှပလွန်းသည်။ ဖန်ဆင်းခြင်းတရားများထဲတွင် အလှပဆုံးဟု ဆိုနိုင်လေသည်။

ထိုသူ ထွက်ပေါ်လာသည်နှင့် မိုးကောင်းကင်အနောက်ဘက်တစ်ခြမ်းလုံး မှောင်အတိကျသွားလေသည်။

ထိုအချိန်မှာပင်… အရှေ့ဘက် ကောင်းကင်ဆီမှ အလင်းရောင်များလင်းလက်လာပြီး အဖြူရောင်ဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်တစ်ယောက် ထွက်ပေါ်လာလေသည်။ ထိုသူ၏လက်ထဲတွင်

ရာဇလှံတံတစ်လက်ကိုင်ဆောင်ထားပြီး မျက်နှာတွင်တော့ ရှည်လျားသည့် အဖြူရောင်မုတ်ဆိတ်မွေးများ ရှိနေလေသည်။ သူ၏ပုံစံက ခမ်းနားလှပြီး သူ၏အနောက်ဘက်တွင်တော့ ငွေရောင်အတောင်ပံများပိုင်ဆိုင်သည့် ကောင်းကင်တမာန်အုပ်စု လိုက်ပါလာသည်ကို တွေ့မြင်ရမည် ဖြစ်လေ၏။

အနက်ရောင်အတောင်ပံများကိုပိုင်ဆိုင်ထားသူမှာ ကောင်းကင်တမာန်တော်ချုပ်တစ်ပါးဖြစ်ပြီး တာ့လော်အဆင့် ကျင့်ကြံသူတစ်ယောက်အလား တန်ခိုးစွမ်းအားမြင့်မားလွန်းလေသည်။ ရာဇလှံတံကိုင်ဆောင်ထားသူကတော့ အားလော်ဟယ်ပင် ဖြစ်လေသည်။

သူက အနက်ရောင်တောင်ပံနှင့်လူကို ကြည့်လိုက်ပြီး...

"စေတန်..."

ဟု ခေါ်လိုက်လေသည်။

အနက်ရောင်အတောင်ပံများပိုင်ရှင်က မျက်ခုံးများကို တစ်ချက်ပင့်လိုက်ရင်း...

"နောက်ဆုံးတော့ ကံကြမ္မာလမ်းကနေ ကျုပ် လွတ်မြောက်သွားပြီ၊ ဒါပေမဲ့ မင်းနဲ့တွေ့ရမယ်လို့ ထင်မထားမိဘူး အားလော်ဟယ်...."

လေထုတစ်ခုလုံးက ပို၍ပို၍ တုန်လှုပ်လာလေသည်။

မိုးကောင်းကင်ခုံရုံးတွင်တော့... ခုံရွှမ်း၏ ဒဿမမြောက် လက်ဖဝါးသိုင်းက တန်ခိုးစွမ်းအားမြင့်မားလွန်းလှပြီး စကြာဝဠာနှောင်ကြိုးများကိုပင် ဖြတ်တောက်သွားစေမည့်အလား ထင်မှတ်ရလေသည်။

စေတန်က မျက်မှောင်တစ်ချက်ကြုံ့လိုက်ပြီး...

"ဖန်ဆင်းရှင်က ဘာလို့ ဒီကိုရောက်လာရတာလဲ..."

"ဖန်ဆင်းရှင်" ဆိုသည့်စကားလုံးမှာ အားလော်ဟယ်ကို ခေါ်ဝေါ်ကြသည့် အခေါ်အဝေါ်ဖြစ်လေသည်။

သို့သော်... ယခု စေတန်က ဖန်ဆင်းရှင်ဟု ခေါ်လိုက်သည်မှာ သူ့ကိုခေါ်ခြင်းမဟုတ်ကြောင်း အားလော်ဟယ် ချက်ချင်းသိလိုက်သည်။

အားလော်ဟယ်က...

"မင်းပြောတဲ့ ဖန်ဆင်းရှင်ဆိုတာ ဆန်းလျန်ကို ပြောတာလား..."

စေတန်၏မျက်ဝန်းများက ကြယ်စင်များအလား တစ်လက်လက် တောက်ပလာလေသည်။

စေတန်ဆိုသည်က မာရ်နတ်၏ ကိုယ်ခွဲတစ်ခုပင် ဖြစ်လေရကား အမြဲတမ်း တွက်ချက်ပြီးလုပ်ဆောင်တတ်သူတစ်ယောက် ဖြစ်လေသည်။

စေတန်က စိတ်ထဲတွင်တွေးလိုက်သည်။

"ငါက ကံကြမ္မာလမ်းထဲက မူလအမှတ်အသားအတိုင်း လိုက်လာတာပဲ ၊ ဒါပေမဲ့ ထင်မထားမိတာက ငါနောက်ဆုံးချန်ထားခဲ့တဲ့ အမှတ်အသားက လုံး၀ ပျောက်ကွယ်သွားတယ် ၊ အခု

တော့ သူက ပြင်းထန်တဲ့တိုက်ပွဲတစ်ခုကို တိုက်နေတယ်၊ ပြီး

တော့ သူက အမြင့်ဆုံးနတ်ဘုရားတစ်ပါးလည်း ဖြစ်တယ်၊

မဟုတ်သေးဘူး၊ ကြည့်ရတာ... နည်းနည်းတော့ စိတ်ဝင်စား

စရာကောင်းတယ်၊ အဲဒီက ထွက်ပေါ်နေတဲ့ တန်ခိုးစွမ်းအား

(၂)ခုလုံးက သူနဲ့မတူဘဲ သိပ်ကို သိသာထင်ရှားလွန်းနေ

တယ်..."

စေတန် တွေးတောနေရင်း သူ့စိတ်ထဲတွင် အံ့အားသင့်နေမိလေ

သည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများမှာ သူမျှော်လင့်ထားသည်

ထက်ပိုပြီး ကျော်လွန်နေခဲ့လေသည်။

စေတန်က ပြန်မဖြေသည့်အတွက် အားလော်ဟယ်က စကား

ထပ်ပြောလိုက်လေသည်။

"မင်းက ကျုပ်ရဲ့လူတွေကို တစ်လျှောက်လုံး အနှောက်အယှက် ပေးလာတာ ၊ မင်းက ကျုပ်ရဲ့ ကောင်းကင်တိုင်းပြည်ကို နှောက်ယှက်ချင်သေးတာလား..."

စေတန်က ပြုံးလိုက်ရင်း...

"အားလော်ဟယ်... ၊ အခု ကျုပ်ကလည်း မင်းလောက်တန်ခိုး စွမ်းအားမြင့်မားတဲ့ နတ်ဘုရားတစ်ပါး ဖြစ်နေပါပြီ ၊ ကျုပ်က မင်းဖန်ဆင်းခဲ့တဲ့အရာတစ်ခု လုံးဝမဟုတ်တော့ဘူး ၊ မင်း ကျုပ်ကို ဒေါသထွက်တယ်ဆိုရင်တောင်မှ အပြစ်တင်ဖို့တော့ မစဉ်းစားနဲ့၊ ပြီးတော့ မင်းရဲ့ ကောင်းကင်တိုင်းပြည်ကလည်း ပျက်စီးသွားတော့မှာပါ ၊ ကျုပ်က အဲဒီမြင်ကွင်းကို ကြယ်စင် တွေပေါ်မှာထိုင်ပြီး အရသာခံပြီးတော့ကို ကြည့်ဦးမှာ..."

အားလော်ဟယ် တိတ်ဆိတ်နေလေသည်။

စေတန်က အစကတည်းက ထူးခြားသူတစ်ယောက်ဖြစ်သည် ကို သူ သိရှိထားပြီးသား ဖြစ်သည်။ ထို့ပြင်... စေတန်၏

တန်ခိုးစွမ်းအားများက အားလော်ဟယ် မနာလိုဖြစ်ရသည် အထိပင် အဆမတန် မြင့်မားလျှက် ရှိလေသည်။

သို့သော်... စေတန်လိုအကောင်မျိုးကတော့ သူ့ဘဝတွင် အနိုင် မယူနိုင်စရာ အကြောင်းမရှိပေ။ ဆန်းလျန်ဆိုလျှင်တော့ သူ နိုင်ချင်မှ နိုင်ပေလိမ့်မည်။

အားလော်ဟယ်က သူ၏ရာဇလှံတံကို ကိုင်မြှောက်လိုက် သည်နှင့် အမှောင်ထုကိုခွင်းကာ အလင်းရောင်များ ပြန်လည် တောက်ပလာလေသည်။

ထို့နောက် အားလော်ဟယ်က စေတန်ကို တိုက်ခိုက်ရန် အသင့် ပြင်လိုက်လေသည်။

သို့သော်... အားလော်ဟယ် စတင်မတိုက်ခိုက်နိုင်မီမှာပင် ကောင်းကင်တိုင်းပြည်တစ်ခုလုံး ငလျှင်လှုပ်သည့်အလား တုန်လှုပ်လာလေသည်။

ထိုအချက်ကို အခွင့်ကောင်းယူကာ စေတန်က ချက်ချင်းပင် ထွက်ပြေးရန် ပြင်ဆင်လိုက်လေသည်။

စေတန်ဆိုသည့်လူမျိုးက ပါးစပ်ကသာအပြောကြီးပြီး တကယ်တမ်းတွင် သူရဲဘောကြောင်တတ်သူမျိုး ဖြစ်လေသည်။ ထွက်ပြေးသည်ဆိုသည်က သူ့စရိုက်ပင် ဖြစ်သည်။

စေတန်က စေတန်ပါပဲဟု အားလော်ဟယ်က စိတ်ထဲမှ တွေးလိုက်မိသည်။

ရုတ်တရက်… စေတန်ထွက်ပေါ်လာသည့်အတွက် အားလော်ဟယ် မိုးကောင်းကင်တံခါးကို စိတ်ဝင်စားမှု လျော့သွားလေသည်။

အားလော်ဟယ် မိုးကောင်းကင်တံခါးကို အစကတည်းက သိပ်ပြီး စိတ်မဝင်စားခဲ့ပေ။ စိတ်မဝင်စားရသည်မှာ မိုးကောင်းကင်တံခါးက သူ့အတွက် အရေးမပါသောကြောင့် မဟုတ်ပေ။

သို့သော်… သူ့အနေဖြင့် မိုးကောင်းကင်တံခါးကို ရယူရန် အခွင့်မသာသောကြောင့် ဖြစ်လေသည်။

ထိုနတ်ဘုရားများ တိုက်ခိုက်နေကြသော ရှုံ့တောထဲသို့ မဝင်လေ သူ့အတွက် အန္တရာယ်နည်းလေဖြစ်သည် မဟုတ်ပါလား။

အားလော်ဟယ်က သူ၏ ရာဇလှံတံကို ကောင်းကင်တိုင်းပြည်တွင် ထောက်တိုင်တစ်ခုအဖြစ် စိုက်ကာ ထောက်ခံထားလိုက်လေသည်။ ထိုအခါ တုန်လှုပ်နေသည့် ကောင်းကင်တိုင်းပြည်မှာ ပြန်လည် တည်ငြိမ်သွားလေတော့သည်။

ထို့နောက်… အားလော်ဟယ်သည် ချက်ချင်းပင် အဖြူရောင် အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ စေတန်နောက်သို့ လိုက်ပါသွားလေတော့သည်။

စေတန်ကပြေး ၊ အားလော်ဟယ်ကလိုက်နှင့် အချိန်နှင့်နေရာ မည်မျှ ဖြတ်သန်းခဲ့သည်ကို သူတို့ မသိနိုင်ကြတော့ပေ။

စကြာဝဠာကြီးက ရေကန်တစ်ခုသာဆိုလျှင် သူတို့ (၂)ယောက်က ရေကန်ထဲတွင် ကူးခတ်ရင်း လိုက်တမ်းပြေးတမ်းကစားနေကြသည့် ငါး (၂)ကောင်အလား ဖြစ်လေသည်။

စေတန်က လှစ်ခနဲ လှစ်ခနဲ ပြေးနေပြီး အားလော်ဟယ်က သူ့ကို ဖမ်းမိရန် ခက်ခဲလျှက် ရှိလေသည်။

သူတို့ (၂)ယောက် ပြေးနေ လိုက်နေသည်ကို ကြည့်ခြင်းအားဖြင့် (၂)ယောက်လုံး တန်ခိုးစွမ်းအား မည်မျှ မြင့်မားသည်ကို သိရှိနိုင်လေသည်။ သူတို့ (၂)ယောက်၏ တန်ခိုးစွမ်းအားသာ ပေါင်းစပ်လိုက်မည်ဆိုလျှင် နတ်ဘုရားများစွာ၏ စိတ်ဝင်စားမှုကို ခံရမည် ဖြစ်လေသည်။

သို့သော်... လောလောဆယ်အချိန်တွင်တော့ အားလုံးက ခုံရှမ်းနှင့် ဆန်းလျန်၏ တိုက်ပွဲကို အာရုံစိုက်နေမိကြလေသည်။

ထို့ကြောင့် အားလော်ဟယ်နှင့် စေတန်ကို သိပ်ပြီး အရေးမစိုက်မိကြပေ။

မိုးကောင်းကင်ခုံရုံးတွင် ရှေးဟောင်းနတ်ဘုရားနယ်မြေတစ်ခု ဖြစ်ပေါ်လာလေသည်။

မိုးနှင့်မြေမှ အသက်ဓာတ်စွမ်းအားများက ဒီရေအလား အဆက်မပြတ်မြင့်တက်လျှက်ရှိသည်။ ထိုသို့ဖြစ်လာစေရန် ခုံရွှမ်းက တမင်တကာ ပြုလုပ်နေသည်တော့ မဟုတ်ခဲ့ပေ။

ခုံရွှမ်း၏ တန်ခိုးစွမ်းအားများက ကြမ်းတမ်းသည့် သမုဒ္ဒရာ ရေပြင်အလားဖြစ်ပြီး အခြားသော တန်ခိုးစွမ်းအားများက လည်း ပင်လယ်ရေအလား သမုဒ္ဒရာအတွင်းသို့ စီးဆင်းဝင် ရောက်လာကြလေသည်။

ကြောက်မက်ဖွယ်ရာပင် ကောင်းလှသည်။ တန်ခိုးစွမ်းအား ဒီရေလှိုင်းများက စကြာဝဠာ၏ အကန့်အသတ်ကိုပင် ချိုးဖျက် သွားလေသည်။

နတ်ဘုရားအုပ်စု၏အမြင်တွင် ဆန်းလျန်နှင့် ခုံရွှမ်း၏ တိုက်ပွဲမှာ နေနှင့်လ တိုက်ခိုက်နေသည့် တိုက်ပွဲအလား ဖြစ်လေသည်။ ပြီးပြည့်စုံမှုကိုလည်း ဖော်ကျူးလျှက် ရှိသည်။

နတ်ဘုရားများအားလုံး စိတ်လှုပ်ရှားလျှက် ရှိကြလေသည်။ ခုံရွှမ်း၏ တန်ခိုးစွမ်းအားများက သူတို့ရင်ကို ထိရှစေလေသည်။ ထိုသို့ ထိရှခံစားရခြင်းမှာ တကယ်တမ်းတော့ ခံစားချက်တစ်ခု မဟုတ်ပေ။ နတ်ဘုရားများ၏ ပင်ကိုယ်သိစိတ်အတိုင်း ခံစားလိုက်ကြရခြင်း ဖြစ်လေသည်။

ခုံရွှမ်း၏ တန်ခိုးစွမ်းအားများက ယခုအချိန်တွင် ဟွင့်ယွမ်ဝူကျီအဆင့်နှင့် တန်းတူဖြစ်နေလေသည်။ သူသာ ယနေ့တိုက်ပွဲတွင် ဆန်းလျန်လက်ချက်ဖြင့် မသေဘူးဆိုလျှင် ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်နိုင်ခြင်း မရှိလျှင်တောင်မှ ကျန့်ယွမ်ကျီနတ်မင်းကြီးထက် သာလွန်သည့်အဆင့်သို့ ရောက်ရှိသွားမည်ဖြစ်လေသည်။

ထိုမျှလောက် မြင့်မားလွန်းသော တန်ခိုးစွမ်းအားကို ရင်ဆိုင်လိုက်ရသည့်တိုင် ဆန်းလျန်ကတော့ တည်ငြိမ်အေးဆေးနေဆြဲဖြစ်လေသည်။

ဆန်းလျန်က ခုံရွှမ်း၏ ထူးဆန်းသည့် လက်ဖဝါးရိုက်ချက်ကို အသာအယာပင် ခုခံလိုက်လေသည်။

ဆန်းလျန်ထံမှ ထွက်ပေါ်လာသည့်တန်ခိုးစွမ်းအားက စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပတ်သွားလေသည်။

သို့သော်... သေသေချာချာကြည့်မည်ဆိုလျှင် ထိုစက်ဝန်းသည် အလွန်အမင်းထက်ရှနေသည်ကို တွေ့ရမည် ဖြစ်သည်။

ထိုအရာက သံဘောလုံးတစ်ခုနှင့်ဆင်တူပြီး တကယ်တမ်းတွင် မရေမတွက်နိုင်သည့် သံစူးလေးများနှင့် ပြုလုပ်ထားသည့် အလားဖြစ်ပြီး ဟာကွက်တစ်ကွက်လေးပင် မရှိပေ။

နတ်ဘုရားများအားလုံးမှာ အံ့သြထိတ်လန့်သွားကြသလို လေးလည်းလေးစားသွားမိကြလေသည်။

နတ်ဘုရားများအားလုံးသည် ထိုက်ချိယင်ယန်သဘောတရား

များကို ကောင်းကောင်းနားလည်နိုင်ကြသည့် အဆင့်များဖြစ်

ကြလေသည်။ သို့သော်... ဆန်းလျန်၏ တန်ခိုးစွမ်းအားကို

တွေ့မြင်လိုက်ကြရသည့်အခါ မည်သည့် ထိုက်ချိယင်ယန်

သဘောတရားကို အသုံးပြုလိုက်သည်ကို သူတို့အားလုံး

နားလည်နိုင်ခြင်း မရှိကြတော့ပေ။

ကြည့်ရသည်မှာ... သူတို့အားလုံး ဘဝတစ်လျှောက်လုံး

ကျင့်ကြံခဲ့ကြသည့်တိုင် သူတို့နားလည်ထားမှုများသည် အလွန်

ပင် နည်းပါးလွန်းလှသည်ကိုသဘောပေါက်လိုက်ကြလေ

သည်။

ယခုတော့ အမှန်တရားကို နားလည်ဆုပ်ကိုင်လိုက်နိုင်ကြပြီ

ဖြစ်လေသည်။

အခန်း (၉၁၁) ရောက်ရှိရန်ခက်ခဲသော

ဆန်းလျှန်၏ ပြီးပြည့်စုံသော လက်ဟန်မှုဒြာကိုကြည့်ရင်း နတ်ဘုရားများအားလုံးမှာ ထူးဆန်းသည့် တန်ခိုးစွမ်းအားများက သူတို့အားလုံးအပေါ်တွင် သက်ရောက်နေသည့်အလား ခံစားလိုက်ကြရလေသည်။

ထိုတန်ခိုးစွမ်းအားများက နတ်ဘုရားတစ်ပါးချင်းစီတိုင်း၏ ကိုယ်ပိုင်ဓမ္မခန္ဓာဝိညာဉ်အတွင်းမှ တန်ခိုးစွမ်းအားများကို ပျက်စီးစေတော့မည့်အလား ခံစားလိုက်ကြရသည်။

နတ်ဘုရားအားလုံး စိတ်ပျက်မှုကို ခံစားလိုက်ကြရပြီး သူတို့၏တန်ခိုးစွမ်းအားများကို ထုတ်ဖော်ကာ ခုခံကာကွယ်ထားလိုက်ကြလေသည်။

ထို့နောက် သူတို့က ခုံရှမ်းနှင့် ဆန်းလျန်၏ အခြေခံတိုက်ကွက်များကို တစ်ခုမကျန် နားလည်နိုင်ရန် ကြိုးစားပြီး ကြည့်ရှုလိုက်ကြလေသည်။ ထိုသူ (၂)ယောက်၏ တိုက်ပွဲကိုသာ သူတို့နားလည်လျှင် သူတို့သည်လည်း တိုးတက်လာနိုင်မည် ဖြစ်လေသည်။

ကျင့်ကြံခြင်းဆိုသည်က တောင်တက်ရသကဲ့သို့ ဖြစ်လေသည်။ အမြင့်သို့ရောက်လေ တက်ရသည်က ခက်ခဲလာလေဖြစ်လေသည်။

ယခု ဆန်းလျန်နှင့် ခုံရှမ်းတို့က တောင်၏ အမြင့်ပိုင်းသို့ရောက်နေကြပြီ ဖြစ်သည်။ ထို့ကြောင့် တောင်ထိပ်သို့ရောက်ရန် ကျောက်တုံးလှေကားထစ်များကို ထွင်းထုရမည့်အခြေအနေမျိုး ဖြစ်လေသည်။

ထို့ကြောင့် မည်သူမှ ထိုအခွင့်အရေးကို လက်လွှတ်လိုကြခြင်းမရှိပေ။

ကောင်းကင်တံခါးသည် ထာဝရတည်ရှိသည့်အရာတစ်ခု

အလား မလှုပ်မယှက် ငြိမ်သက်နေလေသည်။

ထို့ပြင် မိုးကောင်းကင်တံခါးမှ အံ့ဩစရာကောင်းသည့် တန်ခိုး

စွမ်းအားများကလည်း သဘာဝအတိုင်း ထွက်ပေါ်လျှက် ရှိလေ

သည်။

တိုက်ပွဲကြောင့် တုန်လှုပ်နေသည့် လေထုက မိုးကောင်းကင်

တံခါးကို ထိခိုက်မိသည့်အခါ မိုးကောင်းကင်တံခါးသည်

ရေစင်အလားတောက်ပလာလေသည်။

နတ်ဘုရားများအားလုံးထဲတွင် တာအိုဆရာယွိတင်က အတည်

ငြိမ်ဆုံး ဖြစ်လေသည်။

သူက ကျင့်ကြံခြင်းအဆင့်မြင့်မားသည့် နတ်ဘုရားတစ်ပါး

ဖြစ်ရုံသာမက သူ၏လက်ထဲတွင်လည်း ဖန်ကူအလံရှိနေလေ

သည်။

သူက ဖန်ကူအလံကို အသုံးပြုကာ ဆန်းလျှန်နှင့် ခုံ

ရှမ်း၏တိုက်ပွဲကို လွယ်လွယ်ပင် ဝင်ရောက်နှောက်ယှက်နိုင်

စွမ်း ရှိလေသည်။

ဖန်ကူအလံသည် တာအိုဆရာသခင်ကြီး ယွမ်စီထျန်းကျွင်း၏

မှော်ဝင်ပစ္စည်းဖြစ်လေသည်။ ရှေးအကျဆုံး ၊ သုံးလောကတွင်

တန်ခိုးစွမ်းအား အမြင့်မားဆုံး ၊ အရာအားလုံး၏အစပြုရာ

လည်း ဖြစ်လေသည်။

အချိန်နှင့်နေရာ ၊ ကံတရား ၊ အလင်း ၊ အမှောင် အားလုံးသည်

"မရှိမှု" မှ စတင်လေသည်။

ဖန်ကူအလံဆိုသည်က သုံးလောကတွင် ပထမဆုံး ယာဇ်ပူဇော်

ရာ လက်နက်တစ်ခု ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော်

ဖန်ကူအလံသည် သန့်စင်သည့် ကမ္ဘာဦးတန်ခိုးစွမ်းအားများနှင့်

ပြည့်နက်နေသောကြောင့် ဖြစ်လေသည်။

ဖန်ကူအလံသည် တည်ရှိမှုအားလုံးကိုလည်း "မရှိမှု" အဖြစ်သို့ ပြောင်းလဲ ပစ်နိုင်လေသည်။ ဖန်ကူအလံသည် နတ်ဘုရား တစ်ပါး၏ သင်္ကေတအဖြစ်လည်း ပြောင်းလဲပစ်နိုင်စွမ်း ရှိလေသည်။

သို့သော်... တာအိုဆရာယွိတင်ကတော့ ဆန်းလျန်နှင့် ခုံ ရှမ်း၏တိုက်ပွဲကို ဖျက်စီးရန်အတွက် ဖန်ကူအလံကို အရေမရ အဖတ်မရ အသလွတ် အသုံးပြုမည် မဟုတ်ပေ။

သူက ဖန်ကူအလံကိုကိုင်ပြီး မိုးကောင်းကင်တံခါးရှိရာသို့ ခက် ခက်ခဲခဲ ချဉ်းကပ်လာလေသည်။ သူ၏ နတ်ဘုရားခန္ဓာတစ်ခု လုံး ပျက်စီးသွားရမည်ဆိုလျှင်တောင်မှ သူက မိုးကောင်းကင် တံခါးကို ရအောင်ယူမည် ဖြစ်လေသည်။

ယန်ကျန်းကတော့ တာအိုဆရာယွိတင်ကို မကူညီနိုင်တော့ပေ။ သူက ဒဏ်ရာအပြင်းအထန် ရရှိထားပြီ ဖြစ်လေသည်။ ဆန်း လျန်နှင့် ခုံရှမ်းတိုက်ခိုက်နေသည့်အချိန်တွင် အခွင့်ကောင်းယူ

ကာ ဒဏ်ရာကို ပြန်လည်ကုသထားနိုင်သဖြင့်သာ လုံးဝလဲကျမ သွားရသေးခြင်း ဖြစ်လေသည်။

ဆန်းလျန်သည် ခုံရွှမ်းနှင့်တိုက်ခိုက်နေရင်း မိုးကောင်းကင် တံခါးအနားသို့ အသာအယာချဉ်းကပ်သွားသည်ကို ရိပ်မိ လိုက်သူက တာအိုဆရာယွိတင် ဖြစ်လေသည်။

ထို့ကြောင့် တာအိုဆရာယွိတင်က ဖန်ကူအလံမှ တန်ခိုး စွမ်းအားများကို တိတ်တဆိတ်ဖော်ထုတ်ကာ ဆန်းလျန်ကို ထိန်းချုပ်ထားလိုက်လေသည်။

တာအိုဆရာယွိတင်၏ ထိန်းချုပ်လိုက်မှုကြောင့် ဆန်းလျန် အနည်းငယ်တော့ တုံ့ဆိုင်းသွားရလေသည်။

ဆန်းလျန် တန်ခိုးစွမ်းအား မည်မျှမြင့်မားသည်ကို တာအိုဆရာ ယွိတင် အသိဆုံး ဖြစ်လေသည်။ ထို့ကြောင့် သူက ဆန်းလျန် နှင့် ပေါ်ပေါ်တင်တင် တိုက်ခိုက်ရန်တော့ မည်သည့်အခါမှ စဉ်းစားမထားခဲ့ပေ။

ထို့ပြင်... ယခု ဆန်းလျန်နှင့် တိုက်ခိုက်နေသည့် ခုံရှမ်းသည်လည်း ဆန်းလျန်ကို အနိုင်ရအောင် တိုက်ခိုက်နိုင်လိမ့်မည်ဟု သူ မျှော်လင့်မထားပေ။

ဆန်းလျန်၏ ထက်ရှသည့်စက်ဝန်းပုံသဏ္ဌာန် ထိုက်ချိတန်ခိုးစွမ်းအားစုကြီးအောက်တွင် သူတို့ (၂)ယောက်လုံး၏ နေနှင့်လကဲ့သို့ တောက်ပနေသည့် တန်ခိုးစွမ်းအားတို့က အလွှာလိုက်ကွာကျကုန်လေသည်။ အချိန်နှင့်နေရာ တုန်လှုပ်နေမှုများကလည်း တဖြည်းဖြည်းပို၍သိသာထင်ရှားလာလေ၏။

မိုးကောင်းကင်တံခါးကတော့ မိုးကောင်းကင်ခုံရုံးအလယ်ဗဟိုတွင် အဆက်မပြတ်လှည့်ပတ်နေပြီး အချိန်၏စွမ်းအားများကိုဖြည်းဖြည်းချင်းစုပ်ယူနေလေသည်။ မိုးကောင်းကင်တံခါးကိုဖုံးလွှမ်းနေသည့် ရေကဲ့သို့ကြည်လင်သည့် အလင်းရောင်ကကြည်လင်သည်ထက်ကြည်လင်လာပြီး အံ့သြစရာ စစ်မှန်

သည့် တာအိုတရားများ ထွက်ပေါ်လာသည်ကို တွေ့မြင်ကြရ

ပေလိမ့်မည်။

ထို တာအိုတရားမှာ မိုးနှင့်မြေ ၊ တောင်တောင်နှင့်မြစ်ရေ ၊

သားရဲများနှင့် ငှက်သတ္တဝါများ ၊ ငါးများနှင့် အင်းဆက်ပိုးမွှား

များနှင့် များပြားလှစွာသော သက်ရှိသက်မဲ့အရာ

အားလုံး၏ဆင့်ကဲဖြစ်စဉ် ဖြစ်လေသည်။

မပြည့်စုံသေးသည့် အသစ်သောစကြာဝဠာဖွင့်လှစ်တော့မည့်

အလား ဖြစ်လေသည်။

ထိုသို့သော အံ့သြစရာများကြုံတွေ့လိုက်ကြရသည့်အတွက်

နတ်ဘုရားများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ

သည်။

မိုးကောင်းကင်တံခါးကိုကြည့်သည်နှင့် ပထမမိုးနတ်

မင်း၏တန်ခိုးစွမ်းအား မည်မျှမြင့်မားသည်ကို သိရှိသွားကြ

လေသည်။ မိုးကောင်းကင်တံခါးဆိုသည်က အလွန် ထူးခြား ဆန်းကျယ်လှသည့် ပစ္စည်းတစ်ခု ဖြစ်နေလေသည်။

ရွှမ်ဟွမ်မိုးနတ်မင်းနှင့် တာအိုဆရာယို့တင်တို့မှာ မိုးကောင်းကင်တံခါးကိုကြည့်ပြီး မနာလိုစိတ်များပင် ဖြစ်လာကြလေသည်။ သူတို့၏ ဖန်ကူအလံနှင့် ထိုက်ချိယင်ယန်ပန်းချီကားများကဲ့သို့ပင် မိုးကောင်းကင်တံခါးက တန်ခိုးစွမ်းအား မြင့်မားနေသောကြောင့် ဖြစ်လေသည်။

ရွှမ်ဟွမ်မိုးနတ်မင်းဆိုလျှင် ထိုက်ချိယင်ယန်ပန်းချီကားနှင့် တစ်သားတည်းပင် ပေါင်းစပ်ထားပြီး ဖြစ်လေသည်။ သို့တိုင်အောင်... သူ့စိတ်ထဲတွင် အကြောက်တရားအနည်းငယ်ကို ခံစားလိုက်ရသည်။

ဆန်းလျန်၏ ထိုက်ချိတန်ခိုးစွမ်းအားစက်ဝန်းမှ မီးတောက်များ လင်းလက်လာလေသည်။ ထိုမီးတောက်များမှာ ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားမီးတောက်များ ဖြစ်လေသည်။

ထိုမီးတောက်များထွက်ပေါ်လာသည်နှင့် ခုံရှမ်း နောက်သို့ အသာခုန်ဆုတ်လိုက်ရလေသည်။ သူပြုလုပ်ထားသည့် တာအို အကာအရံများအားလုံး ပျောက်ကွယ်သွားပြီး မရှိသလောက် ဖြစ်သွားရလေသည်။

နောက်ဆုံးတော့ လေထုတစ်ခုလုံး ကြမ်းတမ်းသည့် တုန်လှုပ်မှုများဖြစ်ပေါ်လာပြီး တိုက်ပွဲကိုကြည့်နေကြသည့် နတ်ဘုရားများမှာ မည်သည့်အရာကိုမှ မြင်နိုင်စွမ်းမရှိကြတော့ဘဲ သူတို့ ရှေ့မှ မြင်ကွင်းများ ပျောက်ကွယ်သွားလေသည်။

ထို့နောက်တွင်တော့...

မြင်ကွင်းများ ပြန်လည်ကြည်လင်သွားလေသည်။

ခုံရှမ်းတစ်ကိုယ်လုံးသွေးများဖြင့်ဖုံးလွှမ်းနေပြီး သူ့မျက်ဝန်းများထဲတွင် အလင်းရောင် ပျောက်ကွယ်နေလေသည်။ ဝိညာဉ် အထိ အပြင်းအထန်ထိုးနှက်ခံလိုက်ရသည့်အတွက် သူ၏ရုပ်ဆင်းခန္ဓာပါ ပျက်စီးသွားရခြင်း ဖြစ်လေသည်။

ယွင်ရှောင်းနတ်သမီးက ခုံရှမ်းအနားသို့ အလျှင်အမြန်သွား လိုက်ပြီး လက်ဖဝါးဖြင့် တစ်ချက် ရိုက်ချလိုက်လေသည်။ ယွ င်ရှောင်း၏ လက်ဖဝါးထက်မှ စွမ်းအားမြင့်မားလှသည့် တန်ခိုး စွမ်းအားထွက်ပေါ်လာပြီး ခုံရှမ်း၏ တန်ခိုးစွမ်းအားများ အားလုံးကို ဖျက်စီးပစ်လိုက်လေသည်။

သူမက ခုံရှမ်း၏ကိုယ်ထဲသို့ဝင်သွားသည့် ဆန်းလျန်၏ထိုက် ချိစွမ်းအားများကို ဖျက်စီးပစ်လိုက်ခြင်းဖြစ်သည်။ ဆန်းလျ န်၏ ထိုက်ချိစွမ်းအားများနှင့်အတူ ခုံရှမ်း၏ တန်ခိုးစွမ်းအား များပါ ပျက်စီးသွားရခြင်း ဖြစ်လေသည်။

ယွင်ရှောင်းက တောင်းတောင်းပန်ပန်လေသံဖြင့် စကားဆို လိုက်သည်။

"မင်းအသက်ဆက်ရှင်ဖို့ ဒီတစ်နည်းပဲရှိလို့ လုပ်လိုက်ရတာ ပါ..."

ခုံရှမ်းခေါင်းညိတ်ပြလိုက်လေသည်။

ဆန်းလျှန်၏ ထိုက်ချိစွမ်းအားများက သူ၏ကိုယ်ထဲတွင် အဆက်မပြတ်ကြီးထွားလာနေသည်ကို သူကိုယ်တိုင်လည်း သိလေသည်။ ထိုတန်ခိုးစွမ်းအားများက သူ၏နတ်ဘုရားခန္ဓာထဲတွင် အမြစ်ကုပ်ယူပြီး အဆက်မပြတ်မြင့်တက်လျှက် ရှိနေပြီး သူ၏အသက်ဓာတ်စွမ်းအားများကို ဖျက်စီးပစ်နေခြင်း ဖြစ်လေသည်။

ထို့ကြောင့် ယွင်ရှောင်းနတ်သမီးက ခက်ခဲသည့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ခုံရှွမ်း၏တန်ခိုးစွမ်းအားများအားလုံးကို ဖျက်စီးပစ်သည့် နောက်ဆုံးနည်းလမ်းကို အသုံးပြုခဲ့ရခြင်း ဖြစ်သည်။

ယခုတော့... ခုံရှွမ်းဘဝအဆုံးသတ်မသွားအောင် ပြန်လည်ကယ်တင်နိုင်ခဲ့ပြီ ဖြစ်သည်။

အသက်ရှင်နေသည့်တိုင် ယခင်ကကဲ့သို့ ကျင့်ကြံခြင်းအဆင့်မျိုး ပြန်လည်ရရှိနိုင်ပါတော့မည်လားဆိုသည်ကိုတော့ မည်သူမှ သိရှိနိုင်မည် မဟုတ်ပေ။

ခုံရွှမ်း၏စိတ်ထဲတွင် နောင်တရနေမိလေသည်။

သူက ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်နိုင်ရန် အနည်းငယ်သာ လိုတော့သည်။ သူသာ ဟွင့်ယွမ်ဝူကျီအဆင့် အောင်မြင်ပြီးသူတစ်ယောက်သာဆိုလျှင် ဆန်းလျန်ကို ရှုံးနိမ့်ခဲ့လျှင်တောင်မှ အချိန်တိုအတွင်း ပြန်လည်ကောင်းမွန်လာနိုင်မည်ဖြစ်လေသည်။

ဆန်းလျန်က ခုံရွှမ်းကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ထိုအချိန်မှာပင်.... တာအိုဆရာယွိတင်အပါအဝင် အခြားသောနတ်ဘုရားများအားလုံးထံမှ ပြင်းထန်လှသည့် တန်ခိုးစွမ်းအားများစွာ ထွက်ပေါ်လာပြီး ဆန်းလျန်ကို တိုက်ခိုက်ရန်ခက်ခဲအောင် ထိန်းချုပ်ထားလိုက်ကြလေသည်။

ဆန်းလျန်၏ပုံစံက ကြယ်စင်များအားလုံး၏အထက်တွင်ရှိနေသည့် ထိပ်တန်းအဆင့် နတ်ဘုရားတစ်ပါးနှင့်ဆင်တူလှလေသည်။ သူ့ကို ရင်ဆိုင်လိုသည့် မည်သည့်နတ်ဘုရားမဆို နတ်ဘုရားတို့၏အရှင်သခင်ကို ရင်ဆိုင်ရသည့်အလား ခံစားရမည်ဖြစ်သည်။

ယွင်ရှောင်းနတ်သမီးက ဆန်းလျန်ကို လှမ်းကြည့်လိုက်လေသည်။ သူမ၏ပုံစံက ကောင်းကင်ထက်တွင် လွင့်မျောနေသည့် တိမ်တိုက်များအလား ကောင်းကင်ဘုံ (၉)ထပ်တွင် လွင့်မျောနေသည့်အလား ဖြစ်လေ၏။

ယွင်ရှောင်းနတ်သမီးက...

"တာအိုရောင်းရင်းဆန်းလျန်... ရှင်က ခုံရွှမ်းကို အလွတ်ပေးတယ်ဆိုတာ ဒီလိုပုံစံမျိုးလား..."

ခွန်လွန်တောင်အောက်တွင် အကျဉ်းချခံထားရသည့် နှစ်များ

အတွင်းတွင် ယွင်ရှောင်းနတ်သမီးနှင့် ခုံရွှမ်းတို့ အလွန်ပင်

ခင်မင်ရင်းနှီးခဲ့ကြလေသည်။

ထို့ကြောင့် ခုံရွှမ်း ယခုကဲ့သို့ ခံစားနေရသည်ကို တွေ့မြင်ရ

သည့်အခါ သူမအနေဖြင့် မည်သည့်နည်းနှင့်မှ သည်းခံနိုင်ခြင်း

မရှိတော့ပေ။

ယွင်ရှောင်းနတ်သမီးနှင့်မနီးမဝေးတစ်နေရာတွင် ကျန်းဝူနတ်

ဘုရားရှိနေလေသည်။ နတ်ဘုရားများစွာကြားတွင် ကျန်းဝူနတ်

ဘုရား၏ တန်ခိုးစွမ်းအားက မည်မျှနက်ရှိုင်းသည်ကို သူ့ပုံစံကို

ကြည့်ရုံဖြင့်ပင် သိရှိနိုင်သည်။

သူကတော့ ခုံရွှမ်းနှင့်ပတ်သက်ပြီး စိတ်ခံစားချက်ကို

ထုတ်ဖော်ပြသခြင်း မရှိဘဲ တည်ငြိမ်နေလေ၏။

ဆန်းလျန်က ကျန်းဝူနတ်ဘုရားကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ယွင်ရှောင်းနတ်သမီးနှင့် ခုံရှမ်းတို့ကို ပြန်ကြည့်လိုက်လေသည်။

ဆန်းလျန်က စိတ်ပျက်လက်ပျက်လေသံဖြင့်...

"သူ့ကို ကျုပ် တစ်ကြိမ်အခွင့်အရေးပေးခဲ့သားပဲ ၊ ဒါပေမယ့် သူက ကျုပ် အခွင့်အရေးပေးတဲ့အချိန်မှာ တိုက်ပွဲကို မရပ်ဘဲ ခေါင်းမာပြီး ဆက်တိုက်နေတာကိုးဗျာ... ၊ အခုလည်း ကျုပ် ကတိအတိုင်း သူ့ကို သတ်မှာ မဟုတ်ပါဘူး..."

ဆန်းလျန်က စကားကိုခဏရပ်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"စိတ်မကောင်းစရာပဲ ၊ စိတ်မကောင်းစရာပဲ..."

ဆန်းလျန် ဘာတွေစိတ်မကောင်းဖြစ်နေသည်ကို ယွင်ရှောင်းနားမလည်ခဲ့ပေ။ သို့သော်... ခုံရှမ်းကတော့ နားလည်ခဲ့လေသည်။

ခုံရှမ်းက ဆန်းလျန်၏ ပြိုင်ဘက်မဟုတ်ပါဘဲ ဆန်းလျန်ကို တိုက်ခိုက်ခဲ့သည့်အတွက် ယခုကဲ့သို့ ဒဏ်ရာအပြင်းအထန်ရသွားရသည်မှာ မတန်လေခြင်းဟု ဆန်းလျန်က သနားနေခြင်းဖြစ်ကြောင်း ခုံရှမ်း သိရှိလေသည်။ မာနကြီးလွန်းသော ခုံရှမ်းအတွက်တော့ အမုန်းတရားထက် အရှက်တရားကို ပိုပြီးခံစားနေရလေတော့သည်။

သို့သော်... ခုံရှမ်း ဒေါသထွက်မိခြင်း မရှိခဲ့ပါပေ။

လက်တစ်ဖက်မြှောက်လိုက်ရုံမျှဖြင့် လောကကို ဖျက်စီးပစ်နိုင်သည့် တန်ခိုးစွမ်းအားများကိုပိုင်ဆိုင်လေသူ ဆန်းလျန်ကို နတ်ဘုရားများအားလုံးကလည်း နက်နက်ရှိုင်းရှိုင်းပင် ကြောက်ရွံ့လျှက် ရှိကြလေသည်။

ထို့ကြောင့် နတ်ဘုရားများထဲတွင် ဆန်းလျန်ကို မည်သူမှ စတင်တိုက်ခိုက်ရဲခြင်း မရှိကြသေးပေ။

အခန်း (၉၁၂) တရားမဲ့

ဆန်းလျန်က လက်တစ်ဖက်ကို ခပ်ဖြည်းဖြည်းပင် အသာ ပင့်မြှောက်လိုက်လေသည်။ ထို့နောက် ပြန်ချလိုက်လေ၏။

နတ်ဘုရားများအားလုံးက ကြောက်ရွံ့တုန်လှုပ်နေကြပြီး ဆန်းလျန် အဘယ့်ကြောင့် ထိုသို့ပြုလုပ်သည်ကို မည်သူမှ မသိကြပေ။

မကြာမီတွင်တော့ မိုးကောင်းကင်တံခါးမှ ရေကဲ့သို့ကြည်လင်သည့်အလင်းရောင်များသည် ဆန်းလျန်၏ တန်ခိုးစွမ်းအားများနှင့် ချက်ချင်းပေါင်းစပ်သွားသည်ကို တွေ့မြင်လိုက်ကြရလေသည်။ ထို့နောက် ပြိုင်ဘက်ကင်း နတ်ဘုရားအရှံအတား

တစ်ခု ဖြစ်ပေါ်လာပြီး နတ်ဘုရားများအားလုံးကို

ထောင်ချောက်ဆင် ပိတ်ဆို့ထားလိုက်လေတော့သည်။

ရုတ်တရက်... သူတို့၏ မြင်ကွင်းထဲမှ ဆန်းလျန် ပျောက်ကွယ်

သွားလေသည်။

ရှေးဟောင်းနတ်ဘုရားတစ်ပါးက...

"မကြောက်ကြနဲ့၊ ဒီအရံအတားကို ကျုပ်တို့တွေ အတူတူ ဖျက်

စီးပစ်ကြမယ်၊ မိုးကောင်းကင်တံခါးဆိုတာ တန်ဖိုးကြီးတဲ့

မှော်ဝင်ပစ္စည်းတစ်ခုပဲ၊ သူ ရသွားလို့ မဖြစ်ဘူး..."

ဆန်းလျန်ကတော့ မိုးကောင်းကင်တံခါးအနားသို့ ရောက်ရှိနေ

လေသည်။

ခုံရွှမ်းနှင့်တိုက်ပွဲက သူ့အတွက် မလွယ်ကူခဲ့ပေ။ ထို့ကြောင့်

သူက အခြားနတ်ဘုရားများနှင့် ထပ်မံတိုက်ခိုက်လိုခြင်း မရှိ

တော့သည့်အတွက် အရံအတားတစ်ခု ပြုလုပ်ကာ နတ်ဘုရား

များကို ပိတ်ဆို့ထားခဲ့ခြင်း ဖြစ်လေသည်။

ထိုနတ်ဘုရားများ သူ့ကိုတားဆီးနေလျှင် သူ့အနေဖြင့် မိုးကောင်းကင်တံခါးကို ရယူရန် အချိန်နှောင့်နှေးသွားမည် ဖြစ်သည်။

ရေကဲ့သို့ကြည်လင်သည့်အလင်းတန်းများက နဂါးငွေ့တန်း အလား မြင့်တက်လာပြီး မိုးကောင်းကင်ခုံရုံးတစ်ခုလုံးကိုပင် ဖုံးလွှမ်းတော့မည့်အလား ဖြစ်လေသည်။

ရှမ်ဟွမ်မိုးနတ်မင်း၏မျက်နှာက အေးစက်နေလေ၏။

သူက ချက်ချင်းပင် သူ့ကိုယ်သူ ထိုက်ချိယင်ယန် ပန်းချီကား အသွင်သို့ ပြောင်းလိုက်ပြီး မိုးကောင်းကင်ခုံရုံးကို နယ်ချဲ့လာ သည့် နဂါးငွေ့တန်းမြစ်ရေများကို တားဆီးထားလိုက်လေ သည်။

ထို နဂါးငွေ့တန်းမြစ်ရေများသည် တာအိုဆရာ လီချင်းဆွေ၏ တန်ခိုးစွမ်းအားများဖြစ်လေသည်။

ယခုအချိန်တွင်... တာအိုဆရာယွိတင်က မိုးကောင်းကင်တံခါး နောက်သို့လိုက်နေလေသည်။ ရှမ်ဟွမ်မိုးနတ်မင်းလည်း မိုးကောင်းကင်တံခါးနောက်သို့ လိုက်နေမည်ဆိုပါက ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်သို့ လီချင်းဆွေ ရောက်လာကာ မီးအိမ် (၂)လုံးကို ယူသွားရန် အခွင့်အရေးရ သွားနိုင်လေသည်။

ထိုသို့တွေးမိသည့်အတွက် ရှမ်ဟွမ်မိုးနတ်မင်းက ဘုရင်ရှစ်ပါး နန်းတော်တွင် ရှိနေခဲ့ခြင်း ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်... ရှမ်ဟွမ်မိုးနတ်မင်း အလွန်အမင်း ဒေါသထွက်နေလေသည်။ တာအိုဆရာယွိတင်က သူ မိုးကောင်းကင်တံခါးကို ရရှိသွားမည်စိုးရိမ်သည့်အတွက် အ ရင်ဦးအောင် ခြေတစ်လှမ်းစောကာ ထွက်ခွာသွားခဲ့ခြင်း ဖြစ် လေသည်။

သူ့အနေဖြင့် မိုးကောင်းကင်တံခါးကိစ္စကို ဝင်ရောက်စွက်ဖက်နိုင်ခြင်း မရှိမှတော့ မိုးကောင်းကင်ခုံရုံးကိုသာ ဆက်လက်တည်ငြိမ်အောင်လုပ်သည်က သူ့အတွက် အကောင်းဆုံး ဖြစ်လေသည်။

သူက ဘုရင်မကြီးဖြစ်သည့် မယ်တော်ဝမ်မူကိုပင် တိုက်ခိုက်ခဲ့ပြီး တစ်လောကလုံး၏ ဘုရင်ဖြစ်ကြောင်းသက်သေပြခဲ့ပြီးပြီ ဖြစ်သည်။ သို့သော်... ဘုရင်မကြီး၏ လက်ချက်ကြောင့် သူ၏ မိုးကောင်းကင်ခုံရုံး အခြေခံအုတ်မြစ် အတော်များများ ပျက်စီးသွားခဲ့ရလေသည်။

ရှမ်ဟွမ်မိုးနတ်မင်းက ဆုံးဖြတ်ချက်ချပြီးသည်နှင့်...

"လီချင်းဆွေ မင်းက ကျုပ်ရဲ့ မိုးကောင်းကင်ခုံရုံးကို ရေလွှမ်းမိုးစေမယ်ဆိုရင် ကျုပ်က မင်းကို မီးလောင်တိုက်သွင်းပစ်မယ်..."

လီချင်းဆွေထံမှ မည်သည့်တုံ့ပြန်သံမှ မကြားရပေ။

သို့သော်... နဂါးငွေ့တန်းကတော့ ဒီရေအလား မြင့်တက်လာလေသည်။

သို့သော်... လီချင်းဆွေထံမှ မည်သည့်တုံ့ပြန်သံမှ မကြားရပေ။

ရှမ်တုတောက်ကျွင်းက စိတ်ဆိုးဒေါသထွက်ခြင်း မရှိတော့ဘဲ အေးစက်စွာ တစ်ချက်ပြုံးလိုက်ပြီး ဘုရင်ရှစ်ပါးနန်းတော်ရှိရာသို့ ပြန်လှည့်သွားလေသည်။

သူက ထိုက်ချိယင်ယန်ပန်းချီကားဖြင့် ပေါင်းစပ်ထားသူတစ်ယောက် ဖြစ်သည့်အတွက် မိုးကောင်းကင်တံခါးကို ရယူချင်သည်ဆိုလျှင်လည်း သိပ်တော့မခက်ခဲလှပေ။ သို့သော်... တာအိုဆရာလီချင်းဆွေနှင့် တကယ်တမ်းထိပ်တိုက်ရင်ဆိုင်ရန်မှာတော့ တာအိုဆရာသခင်ထိုက်ယီကို သတိထားရမည် ဖြစ်လေ

သည်။ တာအိုဆရာသခင်ထိုက်ယီက မည်သည့်တွက်ချက်မှု များကို ပြုလုပ်ထားသည်လဲ သူ မသိနိုင်ပေ။

သူ့အနေဖြင့် တာအိုဆရာသခင်ထိုက်ယီနှင့်ယှဉ်ပြီး မိုက်ရ လောက်အောင်တော့ မတန်ဟု ယူဆထားလေသည်။

အရာရာတိုင်းတွင် အကြောင်းနှင့်အကျိုး ရှိလေသည်။ မဟာ တာအိုလမ်းစဉ်သည် အစဉ်အမြဲ သဘာဝကျသည့် လမ်းစဉ် ဖြစ်လေ၏။

ယနေ့ပြုမူသည့် အပြုအမူများအတွက် လီချင်းဆွေ နောင်တရလေမည်လားဆိုသည်ကိုတော့ သူလည်း သေချာ မ သိပေ။

***

နတ်ဘုရားတိုင်း မိုးကောင်းကင်တံခါးကို ရရှိရန် တိုက်ခိုက်နေ ကြသည့်အချိန်....

လင်စန်းတောင် ၊ တာ့လေယင်းကျောင်းတော်အတွင်းသို့ ဘုန်းတော်ကြီးတစ်ပါး ဝင်ရောက်လာလေသည်။ ထိုဘုန်းတော်ကြီးမှာ တိကျန်ဗောဓိသကျ ဖြစ်လေ၏။

ကျောင်းတော်ထဲတွင် မီလှဲ့ကိုယ်တော်လည်း ရှိနေလေသည်။

မီလှဲ့ကိုယ်တော်က အဖြူရောင်ကြာပလ္လင်ထက်တွင် ထိုင်နေလေသည်။ သူ၏ပုံစံက သတ္တဝါများကို ဒုက္ခအပေါင်းမှ ကယ်တင်တော့မည့်အလား မျက်နှာက တည်ကြည်လေးနက်လျှက်ရှိသည်။

မီလှဲ့ကိုယ်တော်က...

"မင်းရောက်လာပြီပေါ့..."

တိကျန်ဗောဓိသကျက ပြုံးလိုက်ရင်း...

"ဒီနေ့ လူတိုင်းအလုပ်ရှုတ်နေကြတာ ၊ အဲဒါ အခွင့်ကောင်းပဲ..."

မီလှဲ့ကိုယ်တော်က...

"ကျုပ်လည်း အဲဒီလို ခန့်မှန်းထားပါတယ်..."

တိကျန်ဗောဓိသကျက...

"ကျုပ်ရောက်လာတာ အချိန်ကောင်းပေါ့..."

မီလဲ့ကိုယ်တော်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ဘာအချိန်ကောင်းလဲ ၊ လင်စန်းတောင်နဲ့ တာ့လေယင်း ကျောင်းတော်ကို ဖျက်စီးပစ်ဖို့ အချိန်ကောင်းလို့ ပြောချင်တာ လား..."

တိကျန်ဗောဓိသကျက...

"ဗုဒ္ဓက အသနိုင်သော သာဝကတွေရဲ့ ဆရာသခင်ပါ ၊ သူ့ရဲ့ ကြီးမြတ်မှုကို သံသယဝင်စရာ မလိုပါဘူး ၊ ဒါပေမဲ့ အခု ဗုဒ္ဓမှ မရှိတော့တာ ၊ လင်စန်းတောင်နဲ့ တာ့လေယင်းကျောင်းတော်ကို ချန်ထားပြီးတော့ ဘာလုပ်ဦးမှာလဲ ၊ ကျုပ် လင်စန်းတောင်ကို ဖျက်စီးတယ်ဆိုတာ ဗုဒ္ဓကို လေးစားလွန်းလို့ လုပ်ရတာပါ ၊ ဒါ ဆိုရင် အားလုံးလည်း သန့်စင်သွားမယ်..."

မီလဲ့ကိုယ်တော်က...

"ဒါဆိုရင် ဗုဒ္ဓက ဘာလို့ သုခဘုံကို မဖျက်စီးခဲ့ရတာလဲ ၊ ဘာလို့ ရှီမီစန်းတောင်ကိုလည်း မဖျက်စီးရတာလဲ ၊ မင်းရဲ့လုပ်ရပ်တွေက တရားမဝင်တာကို တရားဝင်သလိုလို လှည့်စားပြောဆိုမနေပါနဲ့တော့..."

တိကျန်ဗောဓိသကျာက တည်ကြည်သည့် မျက်နှာထားဖြင့်....

"ဒါကအသေးအဖွဲလေးပါ ၊ တကယ်ဆို သေချာကြိုးစားရင် လူတိုင်းဗုဒ္ဓဖြစ်နိုင်တာပဲလေ ၊ ပြီးတော့... ကျုပ်က မင်းကိုဒုက္ခရောက်အောင် မလုပ်ပါဘူး ၊ လင်စန်းတောင်နဲ့ တာ့လေယင်းကျောင်းတော်ကို ဖျက်စီးပြီးရင် မင်းကို အလွတ်ပေးပါ့မယ်..."

မီလဲ့ကိုယ်တော်က နှာခေါင်းတစ်ချက် ရှုံ့လိုက်လေသည်။

မြေပြင်တွင် ဗုဒ္ဓလမ်းစဉ်က ရှိနေဆဲ ဖြစ်လေသည်။

သို့သော်... တိကျန်ဗောဓိသကျာ၏ အပြုအမူများက စေ့စပ်သေချာမှုရှိလေသည်။ သူက ဗုဒ္ဓချမှတ်ထားသည့်

လမ်းစဉ်များကိုပင် ဖီဆန်ကာ လောကတစ်ခုလုံးကို အပိုင်

သိမ်းလိုခြင်း ဖြစ်သည်။

သို့သော်... မီလဲ့ကိုယ်တော်က ဗုဒ္ဓ၏လမ်းစဉ်ကို စောင့်ရှောက်

နေသည့်အတွက် တိကျန်ဗောဓိသကျနှင့် လားရာဆန့်ကျင်လျှ

က် ရှိလေသည်။

ထို့ကြောင့် မီလဲ့ကိုယ်တော်နှင့်တိကျန်ဗောဓိသကျတို့၏တိုက်ပွဲ

သည် အနေးနှင့်အမြန် ရောက်လာမည်ပဲ ဖြစ်လေသည်။

သို့သော်... ယနေ့ တိုက်ခိုက်ကြလျှင်တော့ အကောင်းဆုံးပင်

ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်... မီလဲ့ကိုယ်တော်ကို

အကူအညီပေးနိုင်သူအများစုမှာ မိုးကောင်းကင်တံခါးသို့

အာရုံရောက်နေကြသောကြောင့် ဖြစ်သည်။

ထို့ပြင်... ဆန်းလျန်၊ ရှမ်ဟွမ်မိုးနတ်မင်းတို့မှာလည်း ကိုယ့်

ကိစ္စနှင့်ကို ရှုတ်နေကြသည့်အချိန် ဖြစ်လေသည်။ ထို့ကြောင့်

တိကျန်ဗောဓိသကျအတွက် မီလဲ့ကိုယ်တော်ကို တိုက်ခိုက်ရန်

အကောင်းဆုံးအခွင့်အရေး ဖြစ်သည်။

မီလဲ့ကိုယ်တော်က...

"ဒါဖြင့်လည်း လက်တွေ့ကျကျ လုပ်ကြရအောင်..."

မီလဲ့ကိုယ်တော်အနေဖြင့် တိကျန်ဗောဓိသကျကို အနိုင်ယူနိုင်

ရန် မလွယ်လှပေ။

တိကျန်ဗောဓိသကျ၏နောက်တွင် အသူရာချောက် (၉)ထပ်၏

တန်ခိုးစွမ်းအားများက ထောက်ပံ့ပေးထားလေသည်။

သူ၏ဓမ္မသည် အသူရာချောက် (၉)ထပ်ဖြစ်ပြီး သူ၏ နတ်

ဘုရားခန္ဓာသည်လည်း အသူရာချောက်မှ တန်ခိုးစွမ်းအား ဖြစ်

လေသည်။

မီလဲ့ကိုယ်တော်က ကျင့်စဉ်လမ်းတွင် ထိပ်ဆုံးအဆင့်သို့ မ

ရောက်ရှိသေးသည့်အပြင် လော်ဝါဒ၏သူတော်စင်မိန်းမပျို

ကျောက်ရှောင်ယွီနှင့် တိုက်ခိုက်သည့်ပွဲတွင်လည်း ဒဏ်ရာ ရထားသေးသည်။

သူ့ကိုကူညီပေးနိုင်သူဆို၍ ဘုရင်မကြီးသာ ရှိလေသည်။

သို့သော်... လက်ရှိအခြေအနေတွင် တိကျန်ဗောဓိ သကျ၏အခြေအနေက ပြီးပြည့်စုံနေသည့်အတွက် ဘုရင်မ ကြီးရောက်လာလျှင်ပင် အနိုင်ရနိုင်မည် မဟုတ်ပေ။

မီလဲ့ကိုယ်တော် တိကျန်ဗောဓိသကျနှင့် ရင်ဆိုင်နေရချိန်တွင် မိုးကောင်းကင်ခုံရုံးမှ နတ်ဘုရားအုပ်စုမှာတော့ ဆန်းလျန် ပြုလုပ်ထားသည့်အရုံအတားထဲတွင် ပိတ်မိနေကြလေသည်။

"မြန်မြန်လုပ်ကြ ၊ ဆန်းလျန်ထျန်းကျွင်းက ကျုပ်တို့အားလုံးကို သတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ၊ ကြည့်ရတာ ဒီအရုံအတားက ကျုပ်တို့ရဲ့ အမြင်အာရုံနဲ့အကြားအာရုံတွေကို ရှုတ်ထွေးအောင် ပဲ လုပ်နိုင်တယ်..."

ထိုစကားကိုပြောလိုက်သူက တုန်းဟွာတောက်ကျွင်း ဖြစ်လေသည်။

သူ မည်သည့်အချိန်ကတည်းက ရောက်နေသည်ကို မည်သူမှ မသိကြပေ။ အခြားသောနတ်ဘုရားများက သူ့ကို လှမ်းကြည့်လိုက်ကြလေသည်။

"တုန်းဟွာတောက်ကျွင်းပြောတာမှန်တယ်၊ ဒါပေမဲ့ ဒီအရံအတားက မြူခိုးတွေနဲ့ပြည့်နေတာ၊ အချိန်တိုတိုနဲ့ ကျုပ်တို့ ဘယ်လိုလုပ်တွန်းလှန်နိုင်မလဲ..."

နတ်ဘုရားတစ်ပါးက တုန်းဟွာတောက်ကျွင်း၏ စကားကို တုန့်ပြန်လိုက်သည်။

ထိုနတ်ဘုရားက အနက်ရောင်ဝတ်ဆင်ထားသည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သို့သော်... မြူခိုးများဝေနေသဖြင့် အခြားသူများက သူ၏မျက်နှာကို ရှင်းရှင်းလင်းလင်းတွေ့မြင်ရခြင်း မရှိပေ။

ကျန်းဝူနတ်ဘုရားကတော့ ထိုနတ်ဘုရားကို တစ်ချက်ကြည့်

ကာ အလေးအနက် တစ်စုံတစ်ခုကို စဉ်းစားနေလေသည်။

တုန်းဟွာတောက်ကျွင်းက...

"မိတ်ဆွေပိုင်ကျဲ့ ၊ မင်းရောက်နေတယ်ဆိုလည်း ဘာလို့ ထွက်

မလာရတာလဲ..."

စကားသံဆုံးသွားသည်နှင့် လေထုထဲတွင် လှိုင်းများထလာပြီး

ခြေသံ့တစ်ကောင်၏ခန္ဓာ ၊ ဆိတ်ဦးချိုများပါရှိပြီး ၊ နှင်းပွင့်

ကဲ့သို့ ဆွတ်ဆွတ်ဖြူသည့် သားရဲတစ်ကောင် ထွက်ပေါ်လာ

လေသည်။

ထို့နောက် ထိုသားရဲက အဖြူရောင်ဝတ်ဆင်ထားသည့် လူငယ်

တစ်ယောက်ပုံစံပြောင်းလဲသွားလေသည်။

ထိုသူက...

"မုကုန်းကတော့လေ... အရင်အတိုင်း တော်နေဆဲပဲ..."

တုန်းဟွာတောက်ကျွင်းက ပြုံးလိုက်ရင်း...

"ကျုပ်တစ်ယောက်တည်းတော်တာမဟုတ်ဘူးနော် ၊ မင်း

ရောက်နေတာ ကျုပ်လိုပဲ သိတဲ့သူတွေ ရှိသေးတယ်..."

ထို့နောက် တုန်းဟွာတောက်ကျွင်းက အနက်ရောင်ဝတ်ဆင်

ထားသူကို လှည့်ကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ခပ်တည်တည်မျက်နှာထား

ဖြင့်ပင် ရပ်နေလေ၏။ သို့သော်... သူက တုန်းဟွာတောက်ကျွ

င်းကို လက်ဖဝါးတစ်ဖက်ဖြန့်ပြလိုက်လေရာ သူ့လက်ထဲတွင်

အဖြူရောင်အမွေးတစ်ချို့ ရှိနေသည်ကို တွေ့မြင်လိုက်ကြရ

လေသည်။

အဖြူရောင်အမွေးများကို တွေ့မြင်လိုက်ရသည့်အခါ ပိုင်ကျဲ့

မှာ အံ့သြမှင်တက်သွားရလေသည်။ သူ့အမွေးများ မည်သည့်

အချိန်က အနှုတ်ခံလိုက်ရလေသနည်း။ သူလုံးဝ သိရှိခဲ့ခြင်းမ

ရှိပေ။

ထိုသူက သူ့ကို အမွေးနှုတ်ရုံသာမဟုတ်ဘဲ သတ်သွးမည်ဆို

လျှင်လည်း သူခံလိုက်ရမည် ဖြစ်လေသည်။

သူက အနက်ရောင်ဝတ်စုံနှင့်သူ မည်သူဖြစ်သည်ကို သိရှိရန်

တန်ခိုးစွမ်းအားအသုံးပြုကာ ကြည့်လိုက်လေသည်။

သို့သော်... သူ၏စိတ်အာရုံထဲတွင် အနက်ရောင်မြူခိုးများကို

သာ တွေ့မြင်လိုက်ရပြီး သူ၏တန်ခိုးစွမ်းအားများကို တွင်းနက်

ကြီးတစ်ခုက စုပ်ယူပစ်လိုက်လေသည်။

အနက်ရောင်ဝတ်စုံနှင့်လူ မည်သူဖြစ်သည်ကို သူ ခန့်မှန်းနိုင်

ခြင်း မရှိခဲ့ပေ။

ထို့နောက်... သူ့ရင်ထဲတွင် ဓားနှင့်ထိုးစိုက်လိုက်သည့်အလား

စူးရှမှုကို ခံစားလိုက်ရပြီး သွေးတစ်ပွက် အန်ချလိုက်လေ

သည်။

ပိုင်ကျဲ့က...

"ဒါက... ဒါက..."

သို့သော်... အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူက ပိုင်ကျဲ့ကို တစ်ချက်ကြည့်လိုက်လေရာ ပိုင်ကျဲ့မှာ သူပြောချင်သည့် စကားများကို ဆက်မပြောရဲတော့ဘဲ စိတ်ထဲတွင်သာ မြို သိပ်ထားလိုက်ရလေတော့သည်။

အခန်း (၉၁၃) ယင်စွမ်းအားကိုးမျိုးမိစ္ဆာ

ပေကျဲ့အနည်းငယ် ကြောက်ရွံ့တုန်လှုပ်သွားလေသည်။

သူက အနက်ရောင်ဝတ်ဆင်ထားသူကို တစ်ချက်လေးပင် စကားမပြောရဲတော့ပါချေ။

တုန်းဟွာတောက်ကျောင်းက ပြိုးလိုက်ရင်း...

"တာအိုရောင်းရင်းပိုင်ကျဲ့ ကျေးဇူးပြုပြီး ကျုပ်တို့ကို လမ်းပြပေးပါဦး..."

ပိုင်ကျဲ့မှာ ယခုအချိန်ထိ ပုံမှန်ပြန်မဖြစ်သေးဘဲ တုန်လှုပ်နေဆဲဖြစ်လေသည်။

ပိုင်ကျဲ့က မေးရာပါ တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်သူတစ်ယောက်ဖြစ်ပြီး ကံကြမ္မာဆိုးများကို ရှောင်ရှားနိုင်စွမ်း ရှိလေသည်။

ဆန်းလျန်ပြုလုပ်ထားသည့်အရံအတားမှာ အဆင့်မြင့်နတ်ဘုရားများကိုပင် စိတ်ရှုတ်ထွေးစေပြီး ထိုးဖောက်ထွက်ရန်ခက်ခဲလေသည်။ သို့သော်... ပိုင်ကျဲ့ကတော့ ပင်ကိုယ်စွမ်းရည်ဖြင့် လွတ်လမ်းကို သိရှိနေခဲ့သည်။

အချိန်နှင့်နေရာအတားအဆီးကို အလွှာလိုက်ပြုလုပ်ထားသည့်ဆန်းလျန်၏ အရံအတားကို ပိုင်ကျဲ့က ထိုးဖောက်ထွက်သွား

လေသည်။ နတ်ဘုရားအုပ်စုက ပိုင်ကျဲ့၏နောက်သို့ သိသိ
သာသာရော မသိမသာပါလိုက်ခဲ့ကြသည်။
အရံအတားတစ်လျှောက် မြူခိုးများဝေနေပြီး ပင်လယ်လှိုင်း
ခတ်သံ သဲ့သဲ့ကိုကြားနေရလေသည်။ တစ်ခါတစ်ရံ
ငရဲ၏အငွေ့အသက်ကို ခံစားရသလို တစ်ခါတစ်ရံ နတ်ဘုံနတ်
နန်းအလား သာယာလှပသည့် အံ့သြစရာခံစားချက်ကို ခံစားရ
လေသည်။
ထိုအရိပ်အယောင်များအားလုံးသည် ပိုင်ကျဲ့သွားနေသည့်
လမ်း၏အပြင်ဘက်မှ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။
နတ်ဘုရားများအားလုံးက ပိုင်ကျဲ့၏အစွမ်းကို ကြိတ်ပြီး အံ့
သြနေကြရလေသည်။ ပိုင်ကျဲ့၏တန်ခိုးစွမ်းအားများက
လှည့်စားမှုမှန်သမျှထဲတွင် အမှန်နှင့်အမှားကို ခွဲခြားနိုင်စွမ်း ရှိ
လေသည်။ မည်သည့်လှည့်စားမှုအတွင်းသို့ ကျရောက်ပါစေ
လွတ်အောင် ရုန်းထွက်နိုင်မည် ဖြစ်သည်။

သို့သော်... သူတို့ ယခုကဲ့သို့ ပိတ်မိနေသည့်အတွက် ဆန်းလျန်အတွက် အချိန် ပိုပြီးရသွားပြီ ဖြစ်လေသည်။ ဆန်းလျန်အနေဖြင့် ရရှိသည့်အချိန်အတွင်း မိုးကောင်းကင်တံခါးကို ရရှိသွားနိုင်လေသည်။

အားလုံးက ဆန်းလျန် မိုးကောင်းကင်တံခါး ရရှိသွားမည်ကို စိတ်ပူနေကြလေသည်။ ထို့ကြောင့် ပိုင်ကျဲ့၏ မွေးရာပါ အံ့သြစရာတန်ခိုးစွမ်းအားကို အားကိုးနေကြရခြင်း ဖြစ်လေသည်။ ဟွင့်ယွမ်ဝူကျီအဆင့် ကျင့်ကြံသူမဟုတ်လျှင် ပိုင်ကျဲ့၏ တန်ခိုးစွမ်းအားကို မည်သူမှ တုပအသုံးပြုနိုင်မည် မဟုတ်ပေ။

***

ဆန်းလျန်သည် ဗလာနယ်ထဲတွင် ထိုင်နေလေသည်။

မိုးကောင်းကင်တံခါးဆိုသည်က ရောမခေါင်းလောင်းကြီးတစ်ခုဖြစ်လေသည်။

ခေါင်းလောင်းကြီးပတ်ပတ်လည်တွင် တိတ်ဆိတ်ငြိမ်သက်နေပြီး အသက်ဓာတ်စွမ်းအားများလည်း ပျောက်ကွယ်နေလေသည်။

ဆန်းလျန်က မိုးကောင်းကင်တံခါးကို တိတ်ဆိတ်စွာ စိုက်ကြည့်နေလေသည်။ သူက ခေါင်းလောင်းကြီးအတွင်းသို့ နတ်ဘုရားစိတ်အာရုံများပို့လွှတ်ကာ စူးစိုက်လေ့လာနေခြင်းဖြစ်သည်။

ခေါင်းလောင်းကြီးအတါင်းတွင် များပြားလှစွာသည့် တာအိုအမှတ်အသားများက သိပ်သည်းစွာ ရေးထွင်းထားလေသည်။ ထိုတာအိုသင်္ကေတများထဲတွင် လောကတစ်ခုလုံးရှိ အနှစ်သာရအားလုံးကို တွေ့မြင်နိုင်လေသည်။

ဆန်းလျန်က မိုးကောင်းကင်တံခါးခေါင်းလောင်းကြီး၏ အရှင်သခင်ဖြစ်လိုလျှင် ထို တာအိုသင်္ကေတ များစွာထဲမှ တာ

အိုဆရာသခင်ထိုက်ယီ ချန်ထားခဲ့သည့် တာအိုသင်္ကေတကို အရင်ဆုံး ရှာဖွေရမည် ဖြစ်လေသည်။

ခေါင်းလောင်းကြီး၏ ယခင်ပိုင်ရှင်ဖြစ်သည့် ပထမမိုးနတ်မင်းသည်ပင်လျှင် တာအိုဆရာသခင်ထိုက်ယီ၏ တာအိုသင်္ကေတကို ရှာဖွေတွေ့ရှိခဲ့ခြင်း ရှိဟန် မတူပေ။

ပထမမိုးနတ်မင်းသာ တာအိုဆရာသခင်ထိုက်ယီ၏ တာအိုသင်္ကေတကိုတွေ့ရှိသွားပြီး ခေါင်းလောင်းကြီးကို သေသေချာချာ ထိန်းချုပ်နိုင်ခဲ့ပါက သူ့အနေဖြင့် ကျရှုံးသွားစရာ အကြောင်းရှိမည် မဟုတ်ပေ။

ထိုအကြောင်းများကို စဉ်းစားမိသည့်အခါ ဆန်းလျန်သက်ပြင်းချလိုက်မိလေသည်။

ရွှမ်တုတောက်ကျွင်း၏ အောင်မြင်မှုကို တစ်ချိန်က သူ ရှုံ့ချခဲ့ဖူးသည်။

ထိုအချိန်တုန်းက သူ အမှန်တရားကို နားမလည်ခဲ့သေးပေ။

ရှမ်တုတောက်ကျောင်းက ထိုက်ချင်တာအိုဆရာသခင်၏ မူလ
သင်္ကေတဖြစ်သည့် ထိုက်ချီယင်ယန်ပန်းချီကားကို အသုံးပြု
ပြီး ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်ခဲ့သည်ကို သူ လုံးဝ
လက်မခံနိုင်ခဲ့ပေ။

ယခုတော့ သူနားလည်သွားသည်မှာ ရှမ်တုတောက်ကျောင်းသာ
ထိုက်ချီယင်ယန်ပန်းချီကားကို အသုံးပြုခဲ့ခြင်း မရှိလျှင် ဟွင့်
ယွမ်ဝူကျီအဆင့်ကိုတက်ရောက်နိုင်ရန် အဆ (၁၀၀)ခန့် ခက်ခဲ
ပေလိမ့်မည်။

ထို့ကြောင့်ပင်... စန်းချင်တာအိုဆရာသခင်ကြီး (၃)ပါးက သူ
တို့၏ မူလဝိညာဉ်သင်္ကေတများကို ထားရစ်ခဲ့ကြခြင်း ဖြစ်လေ
သည်။

ယို့ချင်တာအိုဆရာသခင်ယွမ်စီထျန်းကျောင်းက စကြာဝဠာအစ
ဦးပိုင်း၏ ရှေးကျမှုကို ကိုယ်စားပြုသူဖြစ်သည်။ စကြာဝဠာမ
တည်ရှိခင်က "ပရမ်းပတာလောက" ဟုခေါ်သည့် ခေတ်ဦး

ကာလတစ်ခု ရှိခဲ့ဖူးသည်။ ယွမ်စီထျန်းကျွင်းက ထို

ပရမ်းပတာလောကကို ကိုယ်စားပြုသူဖြစ်သလို မရှိမှုကျေးရွာ

သည်လည်း ယွမ်စီထျန်းကျွင်း၏ အစိတ်အပိုင်းတစ်ခုပင်

ဖြစ်သည်။

စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်းကတော့ တက

ယ့်စကြာဝဠာကြီးတစ်ခုလုံးကို ဖွင့်လှစ်ခဲ့သူ ဖြစ်လေသည်။

ပရမ်းပတာလောကမှတစ်ဆင့် မိုး ၊ မြေ ၊ အရာအားလုံးကို ဖွင့်

လှစ်ပေးခဲ့သူ ဖြစ်သည်။

ထို့ကြောင့် စန့်ချင်တာအိုဆရာသခင်နှင့် ယွိချင်တာအိုဆရာ

သခင်တို့ကို ဆန့်ကျင်ဘက်ဟုဆိုနိုင်သလို ညီညွတ်မှုဟုလည်း

ဆိုနိုင်လေသည်။

ယွမ်စီထျန်းကျွင်းက ပထမဆုံးစတင်မွေးဖွားခဲ့သည့် "တစ်ခု"

ဆိုသည့်အရာဖြစ်လျှင် လင်ပေါင်ထျန်းကျွင်းက "အသချေ"

ကို ကိုယ်စားပြုလေသည်။ သူတို့ (၂)ယောက်သည် အသချေ်
နှင့် တစ်ခုကို ရည်ညွှန်းလေသည်။

သူတို့ (၂)ယောက်၏ အသွင်အပြင်က မတူကွဲပြားလေသည်။
သို့သော် အနှစ်သာရကတော့ အတူတူပင် ဖြစ်သည်။ "မရှိမှု"
နှင့် "တည်ရှိမှု" ကို ကိုယ်စားပြုသည့် သရုပ်သကန်လည်း ဖြစ်
လေသည်။

ကိုယ်ကျင့်တရားကောင်းမြတ်သည့် ထိုက်ချင်တာအိုဆရာ
သခင်ကတော့ "အမှန်တရား" ကို ကိုယ်စားပြုသူ ဖြစ်လေ
သည်။

စကြာဝဠာ မဖြစ်တည်ခင် "မရှိမှု" နှင့် စကြာဝဠာဖြစ်တည်လာ
ပြီးနောက်ပိုင်း "တည်ရှိမှု" တို့၏ တစ်ခုတည်းသော လမ်း
သည်ကား "အမှန်တရား" ဟု ခေါ်ဆိုသည့် သစ္စာတရားပင် ဖြစ်
ပေ၏။

"အရာအားလုံးက သဘာဝတရားမှ မွေးဖွားလာခြင်း ဖြစ်သည်။ ထိုအရာကို 'တာအို' ဟု ခိုင်မာစွာ ခေါ်ဆိုနိုင်သည်။" ဆိုသည့် စကားပုံအတိုင်းပင် ဖြစ်သည်။

စန်းချင်တာအိုဆရာသခင် (၃)ပါးသည် လောကရှိ အရာအားလုံးကို အဓိပ္ပါယ်ဖွင့်ဆိုနိုင်လေသည်။ ထို့ကြောင့် သူတို့ကို သုံးပါးပေါင်းလျှင်တစ်ပါးတည်းဖြစ်သည်ဟု လူအများက ဆိုကြခြင်း ဖြစ်လေ၏။

ထိုသို့ စန်းချင်တာအိုဆရာသခင် (၃)ပါး၏ ညီညွတ်မှုသည် မြင့်မြတ်သည့်တည်ရှိမှုလည်းဖြစ်သလို လောက၏ အနှစ်သာရလည်း ဖြစ်လေသည်။

သူတို့သည် မတူညီသည့်လမ်းစဉ်အသီးသီးကို လျှောက်လှမ်းကြရင်း တူညီသည့်ဦးတည်ရာသို့ ရောက်ရှိခဲ့ကြသည်။

သူတို့သည် စကြာဝဠာအမှန်တရား၏ နက်ရှိုင်းမှုကို ထိုးဖောက်နိုင်ခဲ့ကြသည်။ သူတို့သည် သံသရာကို ကျော်လွန်ခဲ့ကြပြီး

သဘာဝတရား ၊ အကြောင်းအကျိုးတို့နှင့် နက်ရှိုင်းစွာ

ဆက်နွယ်မှု ရှိခဲ့ကြသည်။

ထိုသို့သောအကြောင်းအကျိုးများက သူတို့၏ မူလဝိညာဉ်

သင်္ကေတအဖြစ် တည်ရှိနေခဲ့ကြသည်။

ဆန်းလျန် ရင်ဆိုင်ခဲ့ရသည့် ကြောက်မက်ဖွယ်ရာ ဘေးအန္တ

ရယ်ကပ်ဆိုးကြီးသည် စန့်ချင်တာအိုဆရာသခင်နှင့် ထိုက်ချင်

တာအိုဆရာသခင်၏ ကြီးမားသည့် အကြောင်းအကျိုး

သက်ရောက်မှုများကြောင့် ဖြစ်လေသည်။

ဆန်းလျန်က ထို ဘေးအန္တရယ်ကပ်ဆိုးကြီးကို ရအောင် ခုခံနိုင်

ခဲ့သည်။ ထိုသို့ ခုခံရင်း စန့်ချင်တာအိုဆရာသခင်နှင့် ထိုက်ချင်

တာအိုဆရာသခင် ဆက်နွယ်မှုရှိသည်ဟု သူ ထင်ခဲ့မိသည်။

သို့သော်… သူ၏ ထင်မြင်ချက်က မှားယွင်းနေခဲ့လေသည်။

ကျင့်စဉ်လမ်းအဆင့်မြင့်လာလေ ကပ်ဆိုးဘေးအန္တရာယ်နှင့်ကြုံတွေ့ရခြင်းကလည်း ပိုမိုမြင့်မားလာလေ ဖြစ်လေသည်။ ထိုအချက်နှင့်ပတ်သက်ပြီး ဆန်းလျှန် ဖြေရှင်းနိုင်ခြင်း မရှိခဲ့ပေ။ ထိုသို့ မဖြေရှင်းနိုင်သည့်အတွက် သူက တာအိုဆရာသခင်ကြီးများ၏ လမ်းစဉ်အတိုင်းလိုက်ပြီး သံသရာကို ကျော်လွန်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

သူ၏ကိုယ်ပိုင်လမ်းစဉ်ကို အသုံးပြုပြီး တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာအောင် ကျင့်ကြံမည်ဆိုလျှင်လည်း မဖြစ်နိုင်ပေ။

သူ့ရှေ့မှ တာအိုဆရာသခင်ကြီးများ၏ ပုံရိပ်များကို ဖိနှိပ်ရန်မှာ ဆန်းလျှန်အနေဖြင့် မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ခဲ့ပေ။ လောကတွင် အကြွင်းမဲ့ပြည့်စုံသည့်အရာမရှိပေ။ ထို့ကြောင့် ဆန်းလျှန်သည်လည်း ပြည့်စုံသူတစ်ယောက် မဟုတ်ပေ။

ယခု မိုးကောင်းကင်တံခါးကို ထိန်းချုပ်နိုင်သည့်တိုင် သူ၏ တာအိုကျင့်စဉ်လမ်းက အဆင့်မြင့်တက်သွားနိုင်မည် မဟုတ်ပေ။ သို့သော်... တန်ခိုးစွမ်းအားနှင့် တိုက်ရည်ခိုက်ရည်ကတော့ တိုးတက်လာမည် ဖြစ်လေသည်။

မိုးကောင်းကင်တံခါးကို ထိန်းချုပ်နိုင်ရန်အတွက် တာအိုဆရာသခင်ထိုက်ယီ၏ မူလဝိညာဉ်သင်္ကေတကို ဆန်းလျှန် တွေ့အောင်ရှာရပေမည်။ တာအိုဆရာသခင်ကြီးတစ်ပါးထားခဲ့သည့်သင်္ကေတကို ရှာတွေ့ရန်မှာ လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပေ။

သူက ခေါင်းလောင်းကြီးကို အာရုံစိုက်နေရင်းမှ ညာဘက်လက်ကို ရုတ်တရက်ဆန့်ထုတ်လိုက်လေသည်။ ထို့နောက် လက်ညိုးနှင့်လက်ခလယ်ကို အသာထောင်လိုက်လေ၏။

ထို့နောက်... လက်ညိုးမှာ သူ၏လက်မှ ပြုတ်ထွက်သွားပြီး လူသားဦးခေါင်းနှင့် မြွေတစ်ကောင်၏ ခန္ဓာကိုယ်ရှိသည့် သွေး

နီရောင်မိစ္ဆာတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားလေ

တော့သည်။

ထို့နောက် သွေးနီရောင်မိစ္ဆာသည် နတ်ဘုရားများကို ထိန်းချုပ်

ရန် ဆန်းလျှန်ပြုလုပ်ထားသည့် အရံအတားအတွင်းသို့ ဝင်

ရောက်သွားလေတော့သည်။

....

နတ်ဘုရားအုပ်စုမှာ ပိုင်ကျဲ့၏ ဦးဆောင်မှုဖြင့် အရံအတားကို

ထိုးဖောက်ထွက်လာကြလေသည်။

ထိုအချိန်မှာပင်... ခုံရွှမ်းက ရုတ်တရက် ပြောလိုက်လေသည်။

"ရပ်လိုက်..."

ခုံရွှမ်း၏ စကားသံကို ယွင်ရှောင်းနတ်သမီးလည်း ကြားလိုက်

ရသည်။

ခုံရွှမ်း၏ဘေးမှ နတ်သမီးတစ်ပါးက...

"ဘာဖြစ်လို့လဲ..."

ခုံရှမ်းက မိတ်ထားသည့်မျက်ဝန်းများကို ခပ်ဖြည်းဖြည်းဖွင့်

လိုက်ပြီး...

"အနန္တရယ်ဖြစ်တော့မယ်..."

ယွင်ရှောင်းနတ်သမီးက...

"မင်းက ဘယ်လိုလုပ်သိတာလဲ..."

ခုံရှမ်းက...

"ကျုပ်ရဲ့တန်ခိုးစွမ်းအားတွေ ဆုံးရှုံးသွားပြီဆိုပေမယ့် ကျုပ်ရဲ့

ကျင့်ကြံခြင်းအဆင့်က မနည်းခဲ့ပါဘူး၊ အခုဆို ကျုပ်ရဲ့

ဝိညာဉ်စွမ်းအားတွေက အရင်ကထက်တောင် မြင့်မားလာသေး

တယ်၊ ဆန်းလျန်ကိုသာ မရှုံးနိမ့်ခဲ့ဘူးဆိုရင် ကျုပ်က

သေချာပေါက် ကျင့်စဉ်လမ်း အဆင့်တက်တော့မယ့်သူပါ..."

ယွင်ရှောင်းနတ်သမီးက...

"အဲဒီတော့..."

ထိုအချိန်မှာပင် ပိုင်ကျဲ့က ခုံရှမ်း၏ စကားအတိုင်း ရှေ့သို့ ဆက်မသွားဘဲ ရပ်တန့်လိုက်လေသည်။

နတ်ဘုရားများအားလုံး အတူတူ ခေတ္တရပ်တန့်လိုက်ကြသည်။ အချို့နတ်ဘုရားများက ပိုင်ကျဲ့ အဘယ့်ကြောင့် ရပ်လိုက်သည်ကို မသိရှိကြပေ။

ရုတ်တရက်...

သူတို့ရှေ့မှ အချိန်နှင့်နေရာက ပြိုကျပျက်စီးသွားလေသည်။ ထူးဆန်းသည့် ဒီရေလှိုင်းများ စီးဆင်းဝင်ရောက်လာပြီး နတ်ဘုရားများမှာ ရေလှိုင်းများထဲတွင် မျောပါကုန်ကြလေသည်။ ပိုင်ကျဲ့သည်လည်း မြစ်ရေထဲသို့ ပြုတ်ကျသွားလေသည်။ ထိုဒီရေလှိုင်းများက အချိန်ရေစီးကြောင်းပင် ဖြစ်လေသည်။ တုန်းဟွာတောက်ကျှင်းနှင့် အနက်ရောင်ဝတ်လူတို့က နတ်ဘုရားအလင်းတန်းများဖန်ဆင်းကာ မြစ်ရေထက်တွင် ရပ်နေကြလေသည်။

အခြားသောနတ်ဘုရားများကလည်း တန်ခိုးစွမ်းအားများကို အသုံးပြုလိုက်ပြီး မြစ်ရေထဲတွင် နစ်မြုပ်မသွားအောင် ကြိုးစားနေကြလေသည်။

ထိုအချိန်မှာပင်... တစ်ကိုယ်လုံး သွေးနီရောင်တောက်ပနေပြီး လူဦးခေါင်းနှင့် မြွေခန္ဓာကိုယရှိသည့် မိစ္ဆာတစ်ကောင် မြစ်ရေထဲမှ ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်လူနှင့်ကျန်းဝူနတ်ဘုရားက နောက်သို့ ခြေတစ်လှမ်းစီဆုတ်လိုက်ကြပြီး...

"ယင်စွမ်းအားကိုးမျိုးမိစ္ဆာ..."

ဟု ပြောလိုက်ကြလေသည်။

နတ်ဘုရားတစ်ပါးက...

"အဲဒါ ယင်စွမ်းအားကိုးမျိုးမိစ္ဆာလား..."

ကျန်းဝူနတ်ဘုရားက...

"ဟုတ်တယ်၊ ကျုပ် အရင်က တွေ့ဖူးသေးတယ်၊ ဒါပေမဲ့ ဒီ ယင်စွမ်းအားကိုးမျိုးမိစ္ဆာကတော့ ဆန်းလျန် ဖန်ဆင်းထားတာပဲ ဖြစ်ရမယ်..."

ခုံရွှမ်းက ပေါ့ပါးသည့်လေသံဖြင့်...

"ယန်ကျန်းတောင်မှ မဟူရာနဂါးကြီးအဖြစ် ဖန်ဆင်းပြသေးတာပဲ၊ ဆန်းလျန်က ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို ဖန်ဆင်းနိုင်တယ်ဆိုတာ ထူးဆန်းတယ်လို့တော့ ပြောလို့မရဘူး..."

ယွင်ရှောင်းက ခေါင်းညိတ်လိုက်ရင်း...

"ဒါပေမဲ့ ယင်စွမ်းအားကိုးမျိုး မိစ္ဆာကို ဖန်ဆင်းဖို့ဆိုတာ သိပ်တော့ မလွယ်လှဘူး၊ နှစ်ပေါင်းတော်တော်ကြာအောင် စိတ်ရှည်ရှည်နဲ့ လေ့ကျင့်မှဖြစ်မယ့်ကိစ္စပဲ၊ ပြီးတော့ အဲဒီမိစ္ဆာက အချိန်ရေစီးကြောင်းထဲမှာဆိုရင် အံ့မခန်းအစွမ်းထက်တဲ့ သတ္တဝါပဲ၊ သူ့ကို ဖြတ်ကျော်ဖို့ဆိုတာ သိပ်တော့မလွယ်ဘူး..."

ခုံရှမ်းက...

"အမှန်ပဲ ၊ ဒါပေမဲ့ ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို ကျော်ဖြတ်ဖို့ သိပ်ပြီးအလျင်စလိုလုပ်စရာ မလိုပါဘူး ၊ အရင်ဆုံး ကျုပ်တို့ ပိုင်ကျဲ့ကို ကယ်မှဖြစ်မယ်..."

ယွင်ရှောင်းနတ်သမီးက ...

"ဒီအချိန်ရေစီးကြောင်းက အစစ်အမှန်မဟုတ်ပေမယ့် ခန့်မှန်းရခက်သလို ကြောက်စရာလည်း ကောင်းတယ် ၊ ဒီရေထဲကျသွားတဲ့သူကို ဘယ်လိုကယ်မှာလဲ..."

ခုံရှမ်းက စီးဆင်းနေသည့် အချိန်ရေစီးကြောင်းကို တစ်ချက်စိုက်ကြည့်လိုက်လေသည်။

ထို့နောက် မျက်မှောင်တစ်ချက်ကြုံ့လိုက်ရင်း...

"ကျုပ်ကို ကျန်းဝူမရဏာဓားခဏငှားပါလား..."

အခန်း (၉၁၄) ကျန်းဝူမရဏဓား

ခုံရွှမ်းက ကျန်းဝူနတ်ဘုရားထံမှ ကျန်းဝူမရဏဓားကို ငှားယမ်း

လိုက်ခြင်း ဖြစ်လေသည်။

ခုံရွှမ်း၏ စကားကြောင့် ယွင်ရှောင်းမှာ အနည်းငယ်ထူးဆန်း

သလို ခံစားလိုက်ရသည်။

သူမက...

"မင်းက ကျန်းဝူနတ်ဘုရားဓားကို ကိုင်နိုင်သေးလို့လား..."

လက်ရှိအချိန်တွင် ခုံရွှမ်းမှာ တန်ခိုးစွမ်းအားများ လုံးဝမရှိ

တော့သည့်အတွက် သူမက ထိုမေးခွန်းကို မေးလိုက်ခြင်း

ဖြစ်သည်။

သို့သော်... ခုံရွှမ်း၏ ဝိညာဉ်စွမ်းအားများကတော့ ကောင်းမွန်

ပြည့်ဝနေသေးသည်ကို ယွင်ရှောင်း ရိပ်မိထားလေသည်။

မည်သို့ပင်ဖြစ်စေ... ခုံရှမ်းအနေဖြင့် ကျန်းဝူမရဏာစားကို

အသုံးပြုနိုင်သေးသည်ဆိုလျှင်တော့ မယုံကြည်နိုင်စရာ

အခြေအနေပင် ဖြစ်လေ၏။

ခုံရှမ်းက မျက်ခုံးတစ်ချက်ပင့်လိုက်ရင်း...

"ကျန်းဝူနတ်ဘုရားဓားကို ကျုပ် ကိုင်နိုင်ဖို့အတွက်ကတော့

မင်းကိုပဲ အကူအညီတောင်းရမှာပဲ ၊ ယွင်ရှောင်းနတ်သမီး...

ကျုပ်ကို တန်ခိုးစွမ်းအားနည်းနည်းလောက်ပေးပါလား..."

ယွင်ရှောင်းက အနည်းငယ်တုံ့ဆိုင်းနေပြီးမှ...

"မင်းကို တန်ခိုးစွမ်းအားထည့်ပေးရမှာက ပြဿနာမရှိပါဘူး ၊

ဒါပေမဲ့ မင်းရဲ့ လက်ရှိအခြေအနေနဲ့ ငါ့ရဲ့ စန့်ချင်တန်ခိုး

စွမ်းအားဒဏ်ကို ခံနိုင်ရည် ရှိပါ့မလား..."

ယွင်ရှောင်းနတ်သမီးက ထုန်ထျန်းအရှင်သခင်၏ တပည့်တစ်

ယောက် ဖြစ်လေသည်။

ထို့ကြောင့် သူမပိုင်ဆိုင်ထားသည့် စန့်ချင်တန်ခိုးစွမ်းအားက

ပြင်းထန်လွန်းလှသည်။ အရင်အခြေအနေဖြင့်ဆိုလျှင်တော့

စန့်ချင်တန်ခိုးစွမ်းအားများ မည်မျှပြင်းထန်ပါစေ ခုံရွှမ်း

အနေဖြင့် လက်ခံယူနိုင်မည် ဖြစ်လေသည်။

သို့သော်... ယခုတော့ သူက လုံးဝအသုံးမကျသည့်လူတစ်

ယောက်ဖြစ်နေပေပြီ။ ယွင်ရှောင်းနတ်သမီး၏ တန်ခိုးစွမ်းအား

များကို အဘယ်မှာ ခံနိုင်ရည် ရှိပါမည်နည်း။

ခုံရွှမ်းက...

"ဘာမှမဖြစ်ပါဘူး... ၊ မင်းရဲ့တန်ခိုးစွမ်းအား ကျုပ်ကို နည်း

နည်းလောက်ပေးပါ..."

ခုံရွှမ်းကတောင်းဆိုသည့်အတွက် ယွင်ရှောင်းလည်း စမ်းကြည့်

ရန် ဆုံးဖြတ်လိုက်လေသည်။

သူမနှင့်ကျန်းဝူနတ်ဘုရားတို့က ထိပ်တန်းအဆင့်နတ်ဘုရား

များဖြစ်ကြလေရာ ပြဿနာတစ်ခုခု ဖြစ်လျှင်လည်း ခုံရွှမ်း

အသက်မသေအောင်တော့ ကာကွယ်ပေးနိုင်ကြမည်

ဖြစ်သည်။

ယွင်ရှောင်းနတ်သမီးက လက်ဖဝါးတစ်ဖက်ကို အသာဖြန့်လိုက်

ရာ အပြာနုရောင်အလင်းတန်းများ ထွက်ပေါ်လာလေသည်။

ထိုအလင်းတန်းများမှာ စန့်ချင်တန်ခိုးစွမ်းအားပင် ဖြစ်သည်။

လောကတွင် အသန့်စင်ဆုံး တန်ခိုးစွမ်းအားဟု ဆိုနိုင်လေ

သည်။

ခွန်လွန်တောင်တွင် ချုပ်နှောင်ခံထားရသည့်အချိန်တွင် သူမ

စန့်ချင်တန်ခိုးစွမ်းအားများကို သန့်စင်သည်ထက်သန့်စင်

အောင် ကျင့်ကြံနိုင်ခဲ့လေသည်။

ထို့ကြောင့်... သူမ၏ တန်ခိုးစွမ်းအားများက သာမန်ထက်

သာလွန်ပြီး အကြီးမားဆုံးစွမ်းအားဟုပင် ဆိုနိုင်လေသည်။

ထို့ကြောင့် ယွင်ရှောင်းနတ်သမီးလွတ်မြောက်လာသည့်အခါ

တာအိုဆရာယို့တင်က အလွန်အမင်း မနာလိုဖြစ်ခဲ့ခြင်း ဖြစ်

လေသည်။ သို့သော်… ယွင်ရှောင်းလွတ်မြောက်သွားပြီးနောက် ယွိတင်က သူမကို ထပ်မံထိန်းချုပ်ထားရန် မည်သည့်နည်းနှင့်မှ တတ်နိုင်တော့မည် မဟုတ်ပေ။

ယွင်ရှောင်း၏လက်ဖဝါးထက်မှ အပြာနုရောင်အလင်းတန်းများ ခုံရှမ်း၏ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သွားလေသည်။ ခုံရှမ်းက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလေသည်။ သူ၏ခန္ဓာကိုယ်မှာ ပြိုကျတော့မည့်တံတိုင်းတစ်ခုအလား ယိုင်နဲ့နေပြီး အပြာနုရောင်အလင်းတန်းများက အပြင်ဘက်သို့ ပြန်စိမ့်ထွက်လာလေသည်။ သူ၏ကိုယ်တွင်းသို့ဝင်ရောက်လာသည့် စန့်ချင်တန်ခိုးစွမ်းအားများကို ထိန်းချုပ်ရခက်နေဟန်ရှိလေသည်။

ယွင်ရှောင်းနတ်သမီးက စိတ်ပူစွာဖြင့် ရပ်တန့်ရန် ပြင်လိုက်စဉ်မှာပင်…

ခုံရှမ်းက…

"ဆက်လုပ်..."

ယွင်ရှောင်းနတ်သမီးက...

"အဲဒါ အန္တရယ်များတယ်..."

ခုံရွှမ်းက...

"ဘာမှမဖြစ်ဘူး ၊ ကျုပ်ကောင်းကောင်းနားလည်တယ်..."

သူ့စိတ်ထဲတွင် တစ်စုံတစ်ခုကို နားလည်နေလေသည်။

ဆန်းလျန်နှင့် တိုက်ခိုက်ခဲ့ပြီးသည့်နောက် သူ တန်ခိုးစွမ်းအား နှင့်ပတ်သက်သည့်ဓမ္မကို အနည်းငယ် သဘောပေါက်လာခဲ့ လေသည်။ ကန့်သတ်ချက်ကိုကျော်လွန်သွားသည့် တန်ခိုး စွမ်းအားမျိုးဖြစ်ပြီး သူ့အနေဖြင့် နားလည်သည့်တိုင် ရှင်းပြနိုင် ခြင်း မရှိပေ။

ထိုအရာက နေ့ဦးရာသီတွင် စီးဆင်းနေသည့် စမ်းချောင်းလေး အလား ဖြစ်လေသည်။

ခြောက်သွေ့သွားသည့်တိုင် အသစ်ပြန်လည်စီးဆင်းလာဦးမည်ဖြစ်သည်။ အသစ်ပြန်လည်စီးဆင်းလာသည့်အခါ ယခင်က ထက်ပင် ပိုမိုလတ်ဆတ် လန်းဆန်းနေပေလိမ့်ဦးမည်။ တစ်ချိန်တည်းမှာပင် ခုံ ရွှမ်းသည် ဆန်းလျန် ၊ ရွှမ်ဟွမ်မိုးနတ်မင်းနှင့် တိကျန်ဗောဓိသကျတို့၏အဆင့်များကို ချက်ချင်းနားလည်သွားလေသည်။

သူပင်လျှင် ခမ်းခြောက်နေသည့် နွေဦးရာသီစမ်းချောင်းလေးကို အနည်းငယ်မျှ ရေစီးဆင်းအောင် ပြုလုပ်နိုင်သည်ဆိုလျှင် ဆန်းလျန်နှင့်အခြားသူများကတော့ ပြောဖွယ်ရာ မရှိတော့ပေ။ ထိုသူများသည် နွေဦးစမ်းချောင်းငယ်ကို ပြန်လည်စီးဆင်းနိုင်စေခဲ့သည်သာမက အမြဲထာဝရစီးဆင်းနိုင်မည့် ရေအရင်းအမြစ်ကိုပင် ရှာဖွေတွေ့ရှိခဲ့ကြသူများ ဖြစ်ပေလိမ့်မည်။ ထိုအဆင့်သည် ကျင့်စဉ်လမ်း၏ နောက်ဆုံးအဆင့်ဟုဆိုနိုင်လေသည်။

ခုံရွှမ်း ယခုကဲ့သို့ သဘောပေါက်သွားသည်ကို ဆန်းလျန်သာ သိရှိသွားမည်ဆိုလျှင် အလွန်သဘောကျကျေနပ်သွားပြီး ခုံရွှမ်းနှင့် စကားစမြည်ပြောဆိုမည် ဖြစ်လေသည်။

အမှန်တော့ ဆန်းလျန် ၊ ရွှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိ သကျတို့သည် ပြိုင်ဘက်များသာ မဟုတ်ခဲ့ကြလျှင် တစ်ယောက်နှင့်တစ်ယောက် တာအိုတရားများဆွေးနွေးကြရင်း တာအိုဆရာသခင်ကြီးများအဖြစ် ရှေ့ဆင့်နောက်ဆင့် အဆင့်တက်ရောက်သွားကြမည့်သူများ ဖြစ်လေသည်။

သို့သော်... လက်ရှိအခြေအနေက ဤလောကတွင် တာအိုဆရာသခင်ကြီး (၁)ပါးသာလျှင် နောက်ထပ်ပွင့်တော့မည် ဖြစ်လေရာ သူတို့မှာ တစ်ယောက်နှင့် တစ်ယောက် ရန်သူများသဖွယ် ဖြစ်နေကြရခြင်းပင် ဖြစ်သည်။

သူတို့ (၃)ယောက်ထဲတွင် တိုက်ရည်ခိုက်ရည်အရှိဆုံးသူမှာ ရွှမ်ဟွမ်မိုးနတ်မင်း ဖြစ်လေသည်။ တိကျန်ဗောဓိသကျနှင့် ဆန်းလျန်တို့က ဒုတိယနေရာတွင် အသီးသီးရှိကြသည်။

သို့ရာတွင် သံသရာကိုကျော်လွန်ပြီး တာအိုဆရာသခင်ကြီးတစ်ပါးအဖြစ် အဆင့်တက်ရောက်ရန် အနီးစပ်ဆုံးသူမှာ ဆန်းလျန်ဖြစ်ပြီး တိကျန်ဗောဓိသကျနှင့် ရွှမ်ဟွမ်မိုးနတ်မင်းတို့က ဒုတိယနေရာတွင် ရှိနေကြလေသည်။

ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်နိုင်ပြီဆိုကတည်းက စက္ကန့်နှင့်အမျှ ကျင့်ကြံခြင်းအဆင့်က ပြောင်းလဲနေလေသည်။ အတိတ်အကြောင်းအရာများအားလုံးကို မှတ်မိခဲ့ပြီးသည့်နောက် ဆန်းလျန်သည် အတားအဆီးများအားလုံးကို ကျော်ဖြတ်ပြီး ယခင်အခြေအနေဖြစ်သည့် ဟွင့်ယွမ်ဝူကျီအဆင့်သို့ တန်းပြီး အဆင့်တက်သွားခဲ့လေသည်။ သူ့အတွက်

တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန် ခြေတစ်လှမ်းသာ လို

တော့သည်။

ယွင်ရှောင်းက စန့်ချင်တန်ခိုးစွမ်းအားတစ်ဝက်ခန့်ကို ခုံ

ရှွမ်း၏ခန္ဓာကိုယ်တွင်းသို့ ပို့လွှတ်ပြီးသည့်အခါတွင်တော့ ခုံ

ရှွမ်းက သူမကို ရပ်တန့်ခိုင်းလိုက်လေသည်။

ခုံရှွမ်း၏ခန္ဓာကိုယ်မှ မီးမှုံမီးဖွားလေးများကဲ့သို့ အမှုံငယ်လေး

များ တဖြည်းဖြည်းချင်း ပျံ့လွင့်ထွက်လာနေလေသည်။ ခုံရှွမ်း

ကိုကြည့်ပြီး အခြားသောနတ်ဘုရားများထူးဆန်းမှုကို ခံစား

လိုက်ရလေသည်။

ကျန်းဝူနတ်ဘုရားက ခုံရှွမ်းကိုကြည့်နေရင်းမှ တစ်ချက်ပြုံး

လိုက်ရင်း…

"တာအိုရှောင်းရင်းခုံရှွမ်း ၊ ဒီတစ်ခေါက်အောင်မြင်သွားရင်

တော့ ရှေ့လျှောက်ကောင်းဖို့ပဲ ရှိတော့တယ် ၊ အရင်က လမ်း

ဟောင်းအားလုံးကို ကျော်လွန်သွားနိုင်မှာပဲ…"

ခုံရှမ်းက...

"ကျန်းဝူနတ်ဘုရားက မြှောက်ပင့်နေပြန်ပါပြီ၊ အရင်တုန်းက ကျုပ် ခုံရှမ်း ကောင်းကင်ဘယ်လောက်မြင့်တယ်၊ မြေကြီး ဘယ်လောက်နက်တယ်ဆိုတာ နားမလည်ခဲ့ဘူး၊ အခုတော့ ကျီ ဝေးကောရာဇ် ဘယ်လောက်တန်ခိုးစွမ်းအားမြင့်မားပါစေ ချင် တိကောရာဇ်ကိုတော့ အနိုင်ယူနိုင်မှာ မဟုတ်ဘူးပဲလေ..."

ကျန်းဝူနတ်ဘုရားက မုတ်ဆိတ်မွှေးများကို အသာသပ်လိုက် ရင်း...

"နတ်ဘုရားတိုင်း ကိုယ့်အမြင်နဲ့ကိုယ်ရှိကြပေမဲ့ ဘယ်သူမြင့် တယ်၊ ဘယ်သူနိမ့်တယ်ဆိုတာ လွယ်လွယ်နဲ့ ဘယ်ပြောနိုင်မှာ လဲ၊ ဒါပေမဲ့ အခုချိန်မှာ တကယ်လေးစားထိုက်သူကိုပြပါဆို ရင် ဆန်းလျန်ထျန်းကျွင်း၊ ရှမ်ဟွမ်မိုးနတ်မင်းနဲ့ တိကျန်ဗောဓိ သကျတို့ကိုပဲ လက်ညှိုးထိုးပြရမှာပါပဲ..."

ခုံရှမ်းက အမြဲတမ်း မာနကြီးသူတစ်ယောက်ဖြစ်လေသည်။

သို့သော်.... သူက ကျန်းဝူနတ်ဘုရားကိုတော့ လေးစားမိလေသည်။ ကျန်းဝူနတ်ဘုရားက ရွှမ်တုတောက်ကျွင်းနှင့်ရန်သူဖြစ်သည့်တိုင် ယခုကဲ့သို့ စကားမျိုးကို သမာသမတ်ကျစွာ ပြောနိုင်ခဲ့သည်။

ကျန်းဝူနတ်ဘုရားတွင် အခြားသောလျှို့ဝှက်ချက်များရှိသေးသော်လည်း အမှန်တကယ်ရိုးသားသူဖြစ်ပြီး မိတ်ဆွေကောင်းတစ်ယောက်လည်း ဖြစ်လေသည်။

ကျန်းဝူနတ်ဘုရားက သူ့ကျောထက်တွင်လွယ်ထားသည့် အနက်ရောင်ဓားရှည်ကို ခုံရွှမ်းထံသို့ ကမ်းပေးလိုက်ရင်း...

"ဒီ ကျန်းဝူမရဏဓားကို ကျုပ်အသုံးပြုခဲ့တာ ကြာပါပြီ ၊ ဒီဓားကို တာအိုဆရာသခင်ထိုက်ယီတောင်မှ မျက်စိကျခဲ့ဖူးတယ် ၊ အခု ကျုပ်က တာအိုရောင်းရင်းခုံရွှမ်းကို ပေးလိုက်မယ် ၊ အကျိုးရှိအောင် အသုံးပြုပါ..."

ကျန်းဝူနတ်ဘုရားကလည်း ခုံရွှမ်းကို လေးစားသူ ဖြစ်လေသည်။

ထို့ကြောင့် ကျန်းဝူနတ်ဘုရားဆားကို ခုံရွှမ်းကို ပေးလိုက်ခြင်းဖြစ်သည်။

ခုံရွှမ်းက တည်ကြည်သည့် မျက်နှာထားဖြင့်…

"ကြယ်စင်တစ်စင်းထက်တောင် လေးလံတဲ့ ကျန်းဝူနတ်ဘုရားဆားပါပဲ ၊ အနာဂတ်မှာ ခုံရွှမ်း ဒီဆားကို ပြန်ပေးပါ့မယ်…"

ကျန်းဝူနတ်ဘုရားက ပြုံးလိုက်ရင်း…

"တာအိုရောင်းရင်းခုံရွှမ်း ၊ မင်းက မွေးရာပါ ရောင်စဉ် (၅)မျိုးတန်ခိုးစွမ်းအားကို ပိုင်ဆိုင်တဲ့သူပါ ၊ မင်းရဲ့ တန်ခိုးစွမ်းအားတွေနဲ့ယှဉ်လိုက်ရင် ကျန်းဝူနတ်ဘုရားဆားက ဘယ်လောက်အဖိုးတန်မှာမို့လို့လဲ ၊ တကယ်တော့ မင်းနဲ့ အသင့်တော်ဆုံးကထာဝရဆားပဲ ၊ ဒါပေမဲ့ အခု ထာဝရဆား ဘယ်ဆီရောက်နေလဲကျုပ်လည်း မသိတော့ဘူး…"

ခုံရွှမ်း စိတ်ထဲမှတွေးလိုက်မိသည်။

"ကျန်းဝူနတ်ဘုရားက တကယ်ခန့်မှန်းရခက်တယ်၊ ဒါပေမဲ့ ဒီတစ်ခေါက်တော့ သူ့ကို တကယ်ကျေးဇူးတင်သင့်တယ်၊ သူသာ ကျန်းဝူမရဏာဓား မပေးရင် ခုံရွှမ်းဆိုတဲ့ငါဟာ လောကမှာ ရပ်တည်နိုင်မှာတောင် မဟုတ်တော့ဘူး..."

စိတ်ထဲမှပင်တွေးလိုက်ပြီး ခုံရွှမ်းက ထုတ်ဖော်ပြောဆိုခြင်း မပြုတော့ပေ။

ထို့နောက် သူက ဓားရှည်ဖြင့် အချိန်ရေစီးကြောင်းကို ခုတ်ပိုင်းချလိုက်လေသည်။

ယွင်ရှောင်းအလွန်တရာအံ့သြသွားပြီး ...

"ရှစ်ဇွင်း..."

ဟု အော်လိုက်မိလေသည်။

ခုံရွှမ်း၏ ဓားသိုင်းမှာ စွဲဆောင်မှု ရှိလွန်းလှလေသည်။

ယွင်ရှောင်းနတ်သမီး၏ ဆရာဖြစ်သူ ထုန်ထျန်းအရှင်သခင်

လောကတွင်ရှိစဉ်က ထိုသို့သော ဓားသိုင်းမျိုးကို အသုံးပြုခဲ့ဖူး

လေသည်။ ယခု ခုံရွှမ်း၏ ဓားသိုင်းမှာ ဆရာဖြစ်သူ၏ဓား

သိုင်းကဲ့သို့ တန်ခိုးစွမ်းအား မြင့်မားလွန်းလှသည်။

ထိုဓားသိုင်းသည် သူ့မဘဝတွင် မည်သည့်အခါမှ မေ့ပျောက်

နိုင်ခြင်းမရှိသည့် ဓားသိုင်းဖြစ်လေသည်။

ကျန်းဝူနတ်ဘုရားဓားဖြင့် ခုတ်ပိုင်းလိုက်သည်နှင့် အချိန်

ရေစီးကြောင်း (၂)ပိုင်းကွဲသွားပြီး ရေအောက်တွင် ပိုင်ကျဲ့

ပေါ်လာလေသည်။

ပိုင်ကျဲ့မှာ မလှုပ်နိုင်တော့ဘဲ ရေအောက်တွင် ငြိမ်သက်နေလေ

သည်။ လူသားပုံသဏ္ဍာန်မဟုတ်တော့ဘဲ ခြေသံ့ခန္ဓာနှင့် ဆိတ်

ဦးချိုရှိသည့် သတ္တဝါအသွင်ဖြစ်နေလေသည်။ သူ့ပုံစံက သုန်

သုန်မှုံမှုံဖြင့် မှုန်မှိုင်းလျှက် ရှိလေ၏။

ယွင်ရှောင်းက အကျီလက်တစ်ဖက်ကို လှုပ်ရှားလိုက်ပြီး ပိုင်ကျဲ့ကို ရေအောက်မှ ဆယ်ယူလိုက်လေသည်။

ထိုအချိန်တွင် အချိန်ရေစီးကြောင်းဘေး တစ်နေရာတွင် ကွမ်ယင်မယ်တော်ရှိနေလေသည်။

ခုံရွှမ်း၏ ဓားသိုင်းကိုတွေ့မြင်လိုက်ရသည့်အခါ သူမ အလွန်အံ့သြတုန်လှုပ်သွားလေသည်။

သူမဘေးတွင်တော့ ဂူခုံးရှိနေလေသည်။

ဂူခုံးက…

"ခုံရွှမ်းက ကျင့်ကြံခြင်းတန်ခိုးစွမ်းအား တော်တော်ကောင်းတဲ့သူပဲ…"

ကွမ်ယင်မယ်တော်က…

"သူ့ဓားချက်ကိုမြင်လိုက်ရတာ ထုန်ထျန်းအရှင်သခင်ကို အမှတ်ရစေတယ်၊ အဲဒီတုန်းက အဲဒီဓားသိုင်းကြောင့် ထုန်ထျ

န်းအရှင်သခင်ကို ငါ ရှုံးနိမ့်ခဲ့ရတာ ၊ ဒါပေမဲ့ အဲဒီဓားချက်

ကြောင့်ပဲ တာအိုတရားကို ပိုပြီးနားလည်ခဲ့ရတယ်..."

ဝူခုံးက...

"စိတ်ဝင်စားစရာပဲ ၊ လောင်စွန်း ပွဲထဲကိုဝင်လိုက်ရမလား..."

ကွမ်ယင်မယ်တော်က...

"မင်းက လျှောက်ပြောပြန်ပြီ ၊ ကျန်းဝူနတ်ဘုရားနဲ့ ယွင်ရှောင်း

နတ်သမီးရှိနေတာ ၊ မင်းက ဘာသွားလုပ်မှာလဲ..."

အခန်း (၉၁၅) ဖိအား

ဝူခုံးက ခေါင်းတစ်ချက်ကုတ်လိုက်ပြီး...

"ကျုပ်ကိုမလုပ်ရဘူးဆိုရင်လည်း မလုပ်ရဘူးပြောပေါ့၊ ဘာမှ မလုပ်ရဘူးဆိုရင် မယ်တော်ကရော ဘာလို့ ဒီကိုရောက်လာသေးလဲ..."

ကွမ်ယင်မယ်တော်က...

"မင်းရော ဘာလို့ ရောက်လာတာလဲ၊ မင်းလည်း မိုးကောင်းကင်တံခါးကို လိုချင်လို့ ရောက်လာတာမဟုတ်လား..."

ဝူခုံးက သူ၏မျက်နှာကို ကုတ်လိုက်ရင်း...

"အဲဒါဘာဖြစ်လို့လဲ..."

ကွမ်ယင်မယ်တော်က ပေါ့ပါးသည့်လေသံဖြင့်...

"နွယ်ပင်က နွယ်တက်ဖို့အတွက် သစ်ပင်ကြီးတွေကို အမှီပြုရတယ်၊ ဒါပေမဲ့ သစ်ပင်ကြီးတွေကို ပိုးမွှားအန္တရယ်ကနေ ကာကွယ်ပေးတယ်၊ အဲဒီစကားပုံကို မင်းနားလည်တယ်မလား.."

ဝူခုံးက...

"ဒါဖြင့် ကျုပ်တို့က သစ်ပင်ကြီးတွေလား နွယ်ပင်တွေလား..."

ကွမ်ယင်မယ်တော်က တစ်ချက်ပြုံးလိုက်ရင်း...

"ခြုံပုတ်တွေလေ..."

ဝူခုံးက လက်ခုပ်လက်ဝါးတီးလိုက်ရင်း...

"တော်လိုက်တဲ့ မယ်တော်၊ မယ်တော်က ဒီလိုပြောမှတော့ လောင်စွန်းက တိုက်ခိုက်ရဦးမှာပေါ့..."

ပြောပြီးသည်နှင့် ဝူခုံးက ကွမ်ယင်မယ်တော်အနားမှ ပျံသန်း ထွက်ခွာသွားလေတော့သည်။

ထို့နောက်... ကောင်းကင်ထက်တွင် ရောမမျောက်ကြီးတစ် ကောင်အဖြစ် ဝူခုံးက ပြောင်းလဲဖန်ဆင်းလိုက်လေသည်။ သူ့ လက်ထဲတွင်သံတုတ်ကိုကိုင်ဆောင်ထားပြီး မျက်ဝန်းများက ကြယ်စင်အလား တဖျတ်ဖျတ်တောက်ပလျှက် ရှိသည်။

သူ၏ပါးစပ်ကြီးက တွင်းနက်ကြီးအလားဖြစ်ပြီး အမွေးများက လည်း ထောင်လျှက်ရှိလေသည်။ အလွန်မှပင် တန်ခိုးစွမ်းအား မြင့်မားသည်မှာ သိသာထင်ရှားလှသည်။

ဝူခုံးက လက်ထဲမှသံတုတ်ကို စကြာပုံသဏ္ဍာန်လှည့်ပတ်လိုက် သည့်အခါ တန်ခိုးစွမ်းအားများက ခေတ်အဆက်ဆက်ကို ဖျက်စီးပစ်တော့မည့်အလား ထင်မှတ်ရသည်။

ဝူခုံးက သံတုတ်ကို ဝှေ့ယမ်းကာ ယင်စွမ်းအားကိုးမျိုး မိစ္ဆာကို ရိုက်ချလိုက်လေသည်။

ဝူခုံးက သံတုတ်နှင့်ရိုက်ချလိုက်သည့်အတွက် ယင်စွမ်းအား ကိုးမျိုးမိစ္ဆာက မျက်လုံးများကို ဖွင့်ကြည့်လိုက်လေသည်။ မိစ္ဆာကောင်မျက်လုံဖွင့်ကြည့်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ် ခုလုံး လင်းထိန်တောက်ပသွားလေ၏။

ဝူခုံး၏သံတုတ်က ထောင်ပေါင်းများစွာသော သံတုတ်အခွဲများ ဖြစ်ပေါ်သွားပြီး တောက်ပထိန်လင်းလာသည့် အလင်းရောင်

များကို ရိုက်ချလိုက်လေသည်။ သို့သော်... ယင်စွမ်းအားကိုး

မျိုးမိစ္ဆာကို တစ်စက်လေးပင် ထိခိုက်မိခြင်း မရှိပေ။

ဂူခုံးထိတ်လန့်သွားသလို အခြားနတ်ဘုရားများအားလုံးလည်း

ထိတ်လန့်သွားကြလေသည်။

ယင်စွမ်းအားကိုးမျိုးမိစ္ဆာက အချိန်ရေစီးကြောင်းအတွင်းမှ

ထွက်ခွာလာပြီး ရေစီးကြောင်းကမ်းနံဘေးတွင် တွယ်ကပ်နေ

လေသည်။ သူ့ကို မည်သည့်နတ်ဘုရားမှ မတိုက်ခိုက်ရဲကြပေ။

မည်သူက တိုက်ခိုက်မည်လဲဟူ၍သာ အရိပ်အကဲကြည့်ကာ

အကဲခတ်နေကြလေသည်။

ဂူခုံးက အရမ်းကာရောဝင်ရောက်တိုက်ခိုက်လိုက်သည့်အတွက်

ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို စွပေးလိုက်သလို ဖြစ်သွားရလေ

သည်။

ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို ဂူခုံးက အကြောက်အလန့်မရှိ

တိုက်ခိုက်နေသည်ကို ယန်ကျန်းက တစ်ချက်မော့ကြည့်လိုက်

သည်။ ဂူခုံး၏ ဒေါသနှင့် လူသတ်လိုသည့်အငွေ့အသက်များ ကို တွေ့မြင်လိုက်သည့်အခါ ယန်ကျန်း ကြက်သေသေသွား လေသည်။

ယန်ကျန်းက တာအိုဆရာယွိတင်ကို ပြောလိုက်သည်။

"ဆရာ ဂူခုံးကို မကူညီတော့ဘူးလား..."

ယန်ကျန်း၏စကားကိုကြားသည်နှင့် တာအိုဆရာယွိတင်က ဖန် ကူအလံကိုသာ အားအပြည့်ဖြင့် ဝှေ့ယမ်းလိုက်သည်။ ထိုအခါ ဖန်ကူအလံမှ ပြင်းထန်သည့်တန်ခိုးစွမ်းအား (၃၆)ခုထွက် ပေါ်လာပြီး ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို တိုက်ခိုက်လိုက်လေ တော့သည်။

ဂူခုံး၏ သံတုတ်နှင့် ဖန်ကူအလံမှ တန်ခိုးစွမ်းအား(၃၆)မျိုးနှင့် ပေါင်းစပ်သွားပြီး ကြီးမားသည့်စကြာဝဠာပုံစံတူတစ်ခု မွေး ဖွားလာကာ ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို ဖိနှိပ်ထားလိုက်လေ သည်။

ပြင်းထန်လွန်းသည့် တိုက်ခိုက်မှုကို ရင်ဆိုင်လိုက်ရသည့်အခါ အချိန်ရေစီးကြောင်းကမ်းခြေတွင် တွယ်ကပ်နေသည့် ယင်စွမ်းအားကိုးမျိုးမိစ္ဆာက မျက်တောင်တစ်ချက်ခတ်လိုက်လေသည်။

ထိုသတ္တဝါ မျက်တောင်တစ်ချက်ခတ်ရုံမျှဖြင့်ပင် တန်ခိုးစွမ်းအားများအားလုံး ပျောက်ကွယ်သွားလေတော့သည်။ ဂူခုံး၏သံတုတ်အရိပ်များမှာလည်း နေရောင်နှင့်ထိတွေ့သည့် နှင်းပွင့်များအလား ပျောက်ကွယ်သွားရလေသည်။

ယွင်ရှောင်းက ပိုင်ကျဲ့၏ဒဏ်ရာကို ကုသပေးနေပြီး ခုံရွှမ်းကတော့ ဂူခုံးနှင့် ယင်စွမ်းအားကိုးမျိုးမိစ္ဆာ၏တိုက်ပွဲကို စိတ်ဝင်တစားကြည့်နေလေသည်။

ခုံရွှမ်းက ကျန်းဝူနတ်ဘုရားကို ပြောလိုက်သည်။

"ဒီမျောက်ကတော့ မပျက်စီးနိုင်တဲ့ရွှေခန္ဓာကို ရအောင်ကျင့်ကြံနိုင်တဲ့ တစ်မိပေါက်တစ်ယောက်ထွန်း မျောက်မင်းပါပဲ..."

ကျန်းဝူနတ်ဘုရားက...

"ထိုက်စန့်လောင်ကျွင်းရဲ့ စကြာဝဠာသုံးမြှောင့်ဆေးအိုးကိုရရင်

မင်းလည်း သူ့လို ရွှေခန္ဓာရအောင် ကျင့်ကြံနိုင်မှာပါပဲ..."

ခုံရွှမ်းက...

"စကြာဝဠာသုံးမြှောင့်ဆေးအိုးကို ဘယ်သူ ရှာတွေ့နိုင်မှာတဲ့

လဲ..."

ကျန်းဝူနတ်ဘုရားက...

"အဲဒါ ဒဏ္ဍာရီထဲမှာတော့ ကြားဖူးတာပဲ..."

ခုံရွှမ်းက...

"ကျုပ်သာ စကြာဝဠာသုံးမြှောင့်ဆေးအိုးကိုရှာတွေ့ပြီး

ကျင့်ကြံနိုင်ရင် အချိန်တိုတိုနဲ့ တန်ခိုးစွမ်းအားတွေ ပြန်ရမှာပဲ ၊

ဖြစ်နိုင်မယ်ဆိုရင် ကျန်းဝူနတ်ဘုရား ကျုပ်ကို ကူညီပေးစေ

ချင်ပါတယ်..."

ကျန်းဝူနတ်ဘုရားက ပြုံးလိုက်ပြီး သဘောတူကြောင်း

ခေါင်းညိတ်ပြလိုက်လေသည်။

ထိုအခါမှ ခုံရှမ်း စိတ်သက်သာရာရသွားပြီး ဝူခုံးနှင့် ယင်

စွမ်းအားကိုးမျိုးမိစ္ဆာတိုက်ခိုက်သည့်တိုက်ပွဲကို ဆက်လက်

အာရုံစိုက်ကြည့်ရှုနေလေတော့သည်။

တာအိုဆရာယို့တင်က ဖန်ကူအလံကို ဆက်လက်ဝှေ့ယမ်းခြင်း

မပြုတော့ဘဲ ရပ်တန့်လိုက်သည်။

ဝူခုံးက သံမဏိတုတ်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်စုပ်

ထားပြီး သူ၏လက်နှစ်ဖက်လုံး သွေးများဖြင့် နစ်နေအောင် စို

ရွှဲနေလေသည်။ ဝူခုံး ဒဏ်ရာအပြင်းအထန်ရရှိသွားကြောင်း

နတ်ဘုရားများအားလုံး သိလိုက်ကြသည်။

သို့သော်... ဝူခုံးက မပျက်စီးနိုင်သည့်ရွှေခန္ဓာကို ပိုင်ဆိုင်ထား

သူဖြစ်လေရာ ချက်ချင်းပင်ဒဏ်ရာများ ပျောက်ကင်းသွားပြီး

တန်ခိုးစွမ်းအားများ ပြန်လည်ပြည့်ဝလာပြန်လေသည်။

ဝူခုံးက...

"ဒီကောင်ကို ကျုပ်သတ်မယ် ၊ မင်းတို့ဘယ်သူမှ ဝင်မပါကြနဲ့၊

လောင်စွန်း ဒီကောင်ကို သတ်ပစ်မယ်..."

ဝူခုံး၏ ကြိုးဝါးသံကြီးက အသခ်ျေသောမိုးခြိမ်းသံအလား

ကျယ်လောင်လွန်းလှသည်။

အနက်ရောင်ဝတ်ဆင်ထားသူက...

"တော်တော် မာနကြီးတဲ့ကောင်..."

ဟု ပြောလိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ၏စကားကြောင့် တုန်းဟွာတော

က်ကျွင်းက ပြုံးလိုက်သလိုရှိသော်လည်း တကယ်တမ်းတွင် မ

ပြုံးခဲ့ပေ။

သူက လက်နှစ်ဖက်ပိုက်ကာ အေးအေးဆေးဆေးပင် တိုက်ပွဲ

ကို ကြည့်နေလေသည်။ မည်သည့်အကြောင်းအရာများဖြစ်

ပျက်လာပါစေ ဝင်ရောက်စွက်ဖက်မည်မဟုတ်ဆိုသည့် ဟန်ပန်ဖြစ်လေ၏။

သူရောက်လာရသည့် မူလရည်ရွယ်ချက်က ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို တိုက်ခိုက်ရန် မဟုတ်ပေ။ သူက မိုးကောင်းကင်တံခါးကိုသာ ရှာဖွေလိုခြင်း ဖြစ်လေသည်။

ကွမ်ယင်မယ်တော်က မျက်မှောင်ကြုတ်ထားပြီး တိုက်ပွဲအခြေအနေကို လေ့လာနေလေသည်။ တစ်ချိန်တည်းမှာပင် ဝူခုံး၏ တိုက်ခိုက်မှုစွမ်းရည်မြင့်တက်လာသည့်အတွက် အံ့သြနေမိလေသည်။

ဝူခုံးအကြောင်းကို သူမ အသိဆုံးဖြစ်သည်။ သို့သော်… မည်သည့်အချိန်က ယခုကဲ့သို့ တိုက်ရည်ခိုက်ရည် အဆင့်မြင့်တက်သွားသည်လဲ ဆိုသည်ကိုတော့ သူမပင် မသိရှိခဲ့ပေ။

ဂူခုံးက စကားပြောပြီးသွားသည်နှင့် သံတုတ်ကိုဝှေ့ယမ်းကာ လောကတစ်ခုလုံး တုန်လှုပ်သွားစေသည့် ကြိုးဝါးသံတစ်ချက် ကို ပြုလုပ်လိုက်လေသည်။

ဂူခုံးသည် ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို အပြင်းအထန် တိုက်ခိုက်နေပြီး သံတုတ်မှ အရိပ်များခဲ့ဖြာထွက်လျှက် ရှိလေ သည်။

ဂူခုံး၏ သံတုတ်သည် အတိတ်ကိုပြောင်းလဲပစ်ပြီး အနာဂတ် ကို ဖျက်စီးပစ်တော့မည့်အလား အချိန်ရေစီးကြောင်းတစ်ခုလုံး ကို ကမောက်ကမဖြစ်အောင် မွှေနှောက်ပစ်လိုက်လေသည်။

သို့သော်... ဂူခုံး၏ တန်ခိုးစွမ်းအားများက ပြင်းထန်လွန်းလှ သည့်တိုင် အချိန်ရေစီးကြောင်းကတော့ အနည်းငယ်မျှသာ လှုပ်ခတ်သွားလေသည်။ ရေလှိုင်းများ မြင့်တက်လာပြီး ယင် စွမ်းအားကိုးမျိုးမိစ္ဆာကို ရိုက်ခတ်သွားလေသည်။ ရေများစိုရွှဲ

နေသည့် ယင်စွမ်းအားကိုးမျိုးမိစ္ဆာ၏ ပုံသဏ္ဌာန်က ပြီးပြည့်စုံမှုကို ဖော်ညွှန်းလျှက် ရှိသည်။

ယင်စွမ်းအားကိုးမျိုးမိစ္ဆာက ဝူခုံး၏ သံတုတ်ရိုက်ချက်ကို ရှောင်တိမ်းထွက်ပြေးလျှက် ရှိလေသည်။

သို့သော်... ဝူခုံး၏ သံတုတ်ကလည်း ယင်စွမ်းအားကိုးမျိုးမိစ္ဆာကို အဆက်မပြတ် လိုက်ပါရိုက်နှက်လျှက် ရှိသည်။

သံတုတ်က စကြာပုံသဏ္ဌာန်အဆက်မပြတ်ဝှေ့ယမ်းနေပြီး ထိုသံတုတ်နှင့်သာ ထိမိပါက ယင်စွမ်းအားကိုးမျိုးမိစ္ဆာ အမှုန့်ဖြစ်သွားနိုင်လေသည်။

ဝူခုံး၏ တိုက်ခိုက်မှုက ပို၍ ပို၍ ပြင်းထန်လာပြီး သူ၏ နှာခေါင်း ၊ ပါးစပ်နှင့် နားရွက်များအတွင်းမှ သွေးများပင် စိမ့်ထွက်လာလေသည်။ သို့သော်... သွေးများက ချက်ချင်းပင် အငွေ့ပျံပျောက်ကွယ်သွားလေ၏။

ဝူခုံး၏ ထိန်းမနိုင်သိမ်းမရ ကြမ်းတမ်းလှသည့်တိုက်ခိုက်ဟန်ကိုကြည့်ပြီး နတ်ဘုရားများ ထိတ်လန့်လာကြလေသည်။

အနာဂတ်တွင် မျောက်မင်းစွန်းဝူခုံးနှင့် ဘယ်တော့မှ မတိုက်ခိုက်ကြရန် သူတို့ ဆုံးဖြတ်လိုက်မိကြသည်။

တိုက်ခိုက်နေရင်း ယင်စွမ်းအားကိုးမျိုးမိစ္ဆာက ရှောင်တိမ်းနေခြင်းကို ရပ်တန့်လိုက်လေသည်။ ထိုအခါ ဝူခုံး၏ သံတုတ်ရိုက်ချက်များသည် မိစ္ဆာ၏ကိုယ်ပေါ်သို့ ကျရောက်သွားလေတော့သည်။

ကျယ်လောင်လွန်းသည့် ပေါက်ကွဲသံများ အဆက်မပြတ်ထွက်ပေါ်လာပြီး နတ်ဘုရားများအားလုံး စိတ်မသက်မသာ ခံစားလိုက်ကြရလေသည်။

တန်ခိုးစွမ်းအား သိပ်မကြီးသည့် နတ်ဘုရားများဆိုလျှင် စိတ်မထိန်းနိုင်တော့ဘဲ သတိလက်လွတ်ဖြင့် စတင် က ခုန် ကြလေ

တော့သည်။ သာမန်လူသားများ အရက်မူးလျှက် ကခုန်

သကဲ့သို့ပင် ဖြစ်လေသည်။

ထိုအချိန်မှာပင်... ကွမ်ယင်မယ်တော်က ဂါထာတစ်ပုဒ်ကို ခပ်

တိုးတိုး ရွတ်ဆိုလိုက်လေသည်။ သူမ၏ ဂါထာရွတ်ဖတ်သံက

နတ်ဘုရားတစ်ပါးချင်းစီ၏ နားထဲသို့ စီးဆင်းဝင်ရောက်သွား

ပြီး စိတ်ပျံ့လွင့်မှုများ သက်သာသွားစေကာ အနည်းငယ် တည်

တည်ငြိမ်ငြိမ် ဖြစ်သွားကြလေသည်။

ကွမ်ယင်မယ်တော်၏ ကရုဏာတရားက နတ်ဘုရားများစွာ၏

စိတ်ကို အေးချမ်းသွားစေလေသည်။ နတ်ဘုရားများက ကွမ်

ယင်မယ်တော်၏ စိတ်စွမ်းအားမြင့်မားမှုကို လေးစားသွားမိကြ

လေသည်။

ပေါက်ကွဲသံကြီး ပျောက်ကွယ်သွားပြီးနောက်... ယင်စွမ်းအား

ကိုးမျိုးမိစ္ဆာသည် (၁၀)ပေထက်ပိုမရှည်သည့် မြွေတစ်ကောင်

အဖြစ်သို့ ပြောင်းလဲသွားလေသည်။ ထိုမြွေငယ်မှာ ဝူခုံး၏

ဇရာမ နတ်ဘုရားခန္ဓာကိုယ်ကြီးနှင့်ယှဉ်လျှင် တီကောင်တစ်ကောင်အလား ဖြစ်လေသည်။

သို့သော်... ခန္ဓာကိုယ် သေးငယ်သွားသည့်တိုင် ယင်စွမ်းအားကိုးမျိုးမိစ္ဆာက ပိုပြီးကြောက်စရာကောင်းလာပြီး အေးစက်သည့်အငွေ့အသက်များလည်း ထွက်ပေါ်လျှက် ရှိလေသည်။ မိစ္ဆာကို ရိုက်နှက်နေသည့် ဝူခုံး၏ သံမဏိတုတ်ကလည်း တန်ခိုးစွမ်းအားများ ပေါက်ကွဲထွက်လာပြီး အလင်းထက်ပင်လျှင်မြန်လာလေသည်။ သာမန်မျက်လုံးဖြင့် ကြည့်မည်ဆိုလျှင် သံမဏိတုတ်ကို တွေ့မြင်နိုင်စွမ်း ရှိတော့မည် မဟုတ်ပေ။ သို့သော်... တိုက်ခိုက်နေသည့်တိုင် ဝူခုံး စိတ်မသက်မသာခံစားနေရာကာ အံ့သြခြင်းမကလည်း အံ့သြနေမိလေသည်။ အဘယ်ကြောင့်ဆိုသော်... ယင်စွမ်းအားကိုးမျိုးမိစ္ဆာ၏ကြောက်မက်ဖွယ်ရာကောင်းမှုက ဝူခုံးမျှော်လင့်ထားသည်ထက် ကျော်လွန်နေသောကြောင့်ပင်။

သို့သော်... ဝူခုံးက ကြောက်ရွံ့သွားခြင်း မရှိဘဲ ပို၍ပင် သတ္တိရှိလာလေသည်။ သူက ခန္ဓာကို ပျက်စီးမည်ကိုပင် မကြောက်ရွံ့ဘဲ ကြုံးဝါးအော်ဟစ်ကာ တိုက်ခိုက်လျှက် ရှိသည်။

နောက်ဆုံး... ကြီးမားသည့် သံမဏိတုတ်ကြီးက မြွေငယ်လေး၏ ကိုယ်ပေါ်သို့ ပြင်းထန်စွာ ကျရောက်သွားလေသည်။ အချိန်ရေစီးကြောင်းအတွင်းသို့ မိုးကောင်းကင်ထောက်တိုင်ကြီး ပြုတ်ကျသွားသည့်အလား ဖြစ်လေသည်။

"ဝုန်း ဝုန်း ဝုန်း..."

ယင်စွမ်းအားကိုးမျိုးမိစ္ဆာမှာ ရုတ်တရက် လက်ညှိုးတစ်ချောင်းအဖြစ်သို့ ပြောင်းလဲသွားပြီး လေထဲသို့ ပျံ့ဝဲထွက်ခွာသွားလေသည်။ ထို့နောက် ဗလာနယ်ထဲတွင် ရပ်တန့်နေလေ၏။

ထိုလက်ညှိုးက ဝူခုံး၏ သံမဏိတုတ်ကို ဖြည်းဖြည်းချင်း ဖိနှိပ်ထားလိုက်လေသည်။ သတ်ဖြတ်လိုသည့် အငွေ့အသက်များနှင့် ပြည့်နက်လျှက်ရှိသည့် မြင့်မြတ်သည့် နတ်လက်နက်ဖြစ်

သော သံမဏိတုတ်သည် အပိုင်းပိုင်းကွဲကြေကာ အချိန်ရေစီးကြောင်းအတွင်းသို့ နစ်မြုပ်ကျဆင်းသွားရလေတော့သည်။

အခန်း (၉၁၆) စကြာဝဠာအရှင်ကြီးစွန်းဝူခုံး

ထို့နောက် ကောင်းကင်ထက်မှ လက်ညှိုးလည်း ပျောက်ကွယ်သွားလေတော့သည်။

အချိန်ရေစီးကြောင်းလည်း တဖြည်းဖြည်းမှေးမှိန်သွားပြီး နောက်ဆုံး လုံးဝ ပျောက်ကွယ်သွားလေတော့သည်။

အရှေ့ဆီတွင် မီးခိုးရောင်တိမ်တိုက်များ ဖုံးလွှမ်းနေသည်ကို တွေ့မြင်လိုက်ကြရလေသည်။ မီးခိုးရောင်တိမ်တိုက်များက ကျယ်ပြန့်နက်ရှိုင်းသလို ထူထပ်လွန်းလှသည်။

နတ်ဘုရားများအားလုံးက တိမ်တိုက်များရှိရာသို့ လှမ်းမျှော်ကြည့်လိုက်ကြသည်။

တိမ်တိုက်များထက်တွင် အလွန်ကြီးမားသည့် ဧရာမခေါင်းလောင်းကြီးတစ်ခု ရှိနေလေသည်။ ခေါင်းလောင်းကြီး၏ရှေ့တွင်တော့ တင်ပျဉ်ခွေထိုင်နေသည့် ဆန်းလျန်ရှိနေလေသည်။

နတ်ဘုရားများအားလုံးက ထိုနေရာကို အာရုံစိုက်လိုက်ကြလေသည်။

ဆန်းလျန်က ဖြည်းဖြည်းချင်းမတ်တတ်ထရပ်လိုက်လေသည်။ ထို့နောက် သူက လက်နှစ်ဖက်ကိုနောက်ပစ်ကာ သူ့ရှေ့မှ နတ်ဘုရားများကို တစ်ယောက်ချင်း ကြည့်လိုက်ပြီး နောက်ဆုံး သူ့

အကြည့်က မျောက်မင်းစွန်းဝူခုံးထံတွင် ရပ်တန့်သွားလေ

သည်။

ဝူခုံးမှာ သူ၏သံတုတ်ကိုဆုံးရှုံးသွားရသည့်အတွက် ရင်ထဲတွင်

ကြေကွဲဝမ်းနည်းမှုနှင့် အရှုံးတရားကို ရင်ဆိုင်နေရာချိန်တွင်

ဆန်းလျန်၏ အကြည့်နှင့်ရင်ဆိုင်လိုက်ရသည့်အခါ ထိန်းမနိုင်

သိမ်းမရ ဒေါသထွက်လာလေတော့သည်။

ကွမ်ယင်မယ်တော်ပင် သူ့ကို တားဆီးမထားနိုင်တော့ပေ။

သူက နတ်ဘုရားအုပ်စုရှေ့သို့ထွက်ကာ

လက်သီးလက်မောင်းတန်းလိုက်ပြီး…

"ဆန်းလျန်ထျန်းကျွင်းကို တိုက်ထုတ်ပစ်မယ်…"

ဟု ကြွေးကျော်လိုက်လေသည်။

ဆန်းလျန်က အေးအေးဆေးဆေးပင် မတ်တတ်ရပ်နေဆဲဖြစ်

လေသည်။

ဝူခုံးက ဆန်းလျန်ရှိရာသို့ ပြင်းထန်သည့် လက်သီးချက်တစ်ချက် ထိုးသွင်းကာ တိုက်ခိုက်လိုက်လေသည်။ သို့သော်...

ဆန်းလျန်က ဘေးသို့ အသာရှောင်တိမ်းပေးလိုက်လေရာ ဝူခုံး၏လက်သီးချက်သည် မိုးကောင်းကင်တံခါး ခေါင်းလောင်းကြီးကို ထိုးနှက်မိသွားလေတော့သည်။

ကျယ်လောင်သည့်အသံကြီးတစ်သံထွက်ပေါ်လာပြီး ဝူခုံးနောက်သို့ ကျွမ်းတစ်ချက်ထိုးကာ ခုန်ထွက်လိုက်ရလေသည်။

ဝူခုံး ခေါင်းလောင်းကြီးကို ထိတ်လန့်အံ့သြစွာဖြင့် ကြည့်လိုက်မိသည်။ ထို့နောက်... သူ့စိတ်ထဲမှ ဒေါသများလည်း တဖြည်းဖြည်းလျော့နည်းသွားလေသည်။

ဝူခုံးက မျက်လုံးတစ်ချက်လှန်လိုက်ရင်း...

"အဘိုးကြီးဆန်းလျန်၊ မင်းက လောင်စွန်းရဲ့သံမဏိတုတ်ကို ဖျက်ဆီးပစ်လိုက်တယ်၊ ကျုပ်ရဲ့သံမဏိတုတ်ကို ပြန်ပြင်ဖို့ ဒီခေါင်းလောင်းကြီး ကျုပ်ကိုပေးပါ..."

ဝူခုံးက အလွန်သတ္တိကောင်းလှလေသည်။

သူ၏သံမဏိတုတ်မှာ ဆန်းလျန်၏ လက်ချောင်းတစ်ချောင်း

ကိုပင် ရင်ဆိုင်နိုင်ခြင်းမရှိဘဲ ပျက်စီးသွားရသည့်တိုင် သူက

တစ်စက်လေးပင် ဆန်းလျန်ကို ကြောက်ရွံ့ထိတ်လန့်မိခြင်း မရှိ

ပေ။

ဆန်းလျန်က အေးအေးဆေးဆေးပင် သူ၏ညာဘက်လက်ကို

ရှေ့သို့အသာဆန့်ထုတ်လိုက်လေသည်။ ထိုအခါ သူ၏

ညာဘက်လက်တွင် လက်ညှိုးတစ်ချောင်း မရှိတော့သည်ကို

အားလုံးတွေ့မြင်လိုက်ကြရသည်။

ဆန်းလျန်က...

"မင်းရဲ့ သံမဏိတုတ်ကို ဖျက်စီးပစ်ဖို့ ကျုပ်လည်း လက်တစ်

ချောင်းဆုံးရှုံးခဲ့ရတာပဲလေ ၊ ကျေပြီ မဟုတ်ဘူးလား..."

ဆန်းလျန်၏ စကားကြောင့် ဝူခုံး တစ်ကိုယ်လုံး အေးစက်

တောင့်တင်းသွားရသည်။

"မင်းရဲ့လက်က အသစ်ပြန်လုပ်လို့ရတယ်၊ ကျုပ်ရဲ့ သံမဏိ တုတ်က လုံးဝပျက်ဆီးသွားပြီ၊ နောက်တစ်ခု ပြန်မရနိုင်တော့ ဘူး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"လက်ချောင်းတစ်ချောင်းတောင်မှ အသစ်ပြန်ရနိုင်မယ်ဆိုရင် သံမဏိတုတ်ဆိုတာလည်း အသစ်ပြန်မရနိုင်စရာမရှိပါဘူး၊ ပြီးတော့ မင်းရဲ့ စကြာဝဠာအရှင်ကြီးဆိုတဲ့ ဂုဏ်ပုဒ်ကလည်း သံမဏိတုတ်ပေါ်မှာ မူတည်နေတာမှ မဟုတ်တာ..."

ရုတ်တရက်...

ဝူခုံးက တဟဲဟဲ အော်ရယ်လိုက်ပြီး သူ၏လက်နှစ်ဖက်ကို ကုတ်ဖွဲ့ရင်း တိမ်တိုက်ထက်တွင် ခုန်စွ ခုန်စွ လုပ်နေလေသည်။

ပြီးမှ ဝူခုံးက...

"အဘိုးကြီးက မဆိုးဘူးပဲ၊ ကွမ်ယင်မယ်တော်က လောင်စွန်း ကို ပြောမရဆိုမရလို့ အမြဲတမ်း ပြောတယ်၊ ဒါပေမဲ့ မင်းပြော

တဲ့စကားကိုတော့ လောင်စွန်း စိတ်ထဲမှာ မှတ်ထားမယ် ၊

စကြာဝဠာအရှင်ကြီး... စကြာဝဠာအရှင်ကြီး... စကြာဝဠာ

အရှင်ကြီး... လောင်စွန်းက စကြာဝဠာအရှင်ကြီး စွန်းဝူခုံးပဲ..."

ဝူခုံးသည် ကောင်းကင်ထက်တွင် ခုန်စွ ခုန်စွလုပ်နေလေသည်။

ထို့နောက်... ဝူခုံး၏ ဦးခေါင်းထက်တွင် ခရမ်းရောင်ဦးရစ်

သရဖူတစ်ခု ဆင်မြန်းလျှက်သားဖြစ်သွားပြီး နတ်

ချပ်ဝတ်တန်ဆာများကိုလည်း ဝတ်ဆင်ပြီးသားဖြစ်သွားလေ

သည်။

သူ၏ခြေထောက်အောက်တွင် ရောင်စဉ် (၇)မျိုးဖြာလင်းနေ

သည့် တိမ်တိုက်တစ်ခုထွက်ပေါ်လာပြီး စကြာဝဠာအရှင်ကြီး စွ

န်းဝူခုံးသည်၏ အလွန်မှ ခမ်းနားလွန်းသည့် အသွင်အပြင်ကို

နတ်ဘုရားတိုင်း တွေ့မြင်ကြရလေသည်။

ထို့နောက် သူ၏လက်ထဲတွင် ရွှေရောင်တောက်ပနေသည့်

သံမဏိတုတ်တစ်ခုပေါ်လာလေသည်။

ဝူခုံးက အော်ဟစ်လိုက်လေသည်။

"လာစမ်းပါ အဘိုးကြီးဆန်းလျန် ၊ လောင်စွန်းရဲ့ သံမဏိတုတ်ကို လာယူနိုင်ရင် ယူစမ်းပါ..."

ဝူခုံးက သံမဏိတုတ်ကို ဝှေ့ယမ်းလိုက်သည့်အခါ လေထုတစ်ခုလုံး ကြွေမွပျက်စီးတော့မည့်အလား ထင်မှတ်ရလေသည်။

ဆန်းလျန်က ကြီးမားလွန်းလှသည့် ဝူခုံး၏ နတ်ဘုရားခန္ဓာကြီးကို မော့ကြည့်လိုက်လေသည်။

ဝူခုံး၏သံတုတ်ကအလွန်ပင်တည်ငြိမ်နေလေသည်။

သို့သော်... ထိုသံတုတ်က ဆန်းလျန်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားသည့်အခါ ကြောက်မက်ဖွယ်ရာအငွေ့အသက်များက ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။

သံတုတ်သည် မည်သည့်အရာမှမဟုတ်ဘဲ လေထဲမှ တိမ်တိုက်တစ်စသာ ဖြစ်လေသည်။

ကျယ်လောင်စွာရယ်မောနေသည့်ဝူခုံးက ချက်ချင်းတုန်လှုပ်သွားပြီး ကောင်းကင်ဘုံ (၉)ထပ်တွင် မည်သည့်နေရာသို့ ပြေးရမည်ကို မသိတော့ပေ။

သူပျော်ရွှင်နေခဲ့သလို သူလွတ်လပ်နေခဲ့ပြီ...။ သူ့ထံတွင် ပျော်ရွှင်မှုနှင့်လွတ်လပ်မှုကို တွေ့မြင်ရလေသည်။

ထို့နောက်... ဝူခုံး နေရာတွင်ပင် ပျောက်ကွယ်သွားလေတော့သည်။

ကွမ်ယင်မယ်တော်က သက်ပြင်းချလိုက်ရင်း...

"တာအိုဆရားဆိုတာ မဟာလွတ်လပ်မှုကြီးတစ်ခုဖြစ်တယ်ဆိုတာ ငါ မင်းကို ပြောခဲ့ဖူးပါတယ် ၊ မင်း ငြိမ်းချမ်းပါစေ ၊ မင်းအတွက် ငါ အရမ်းဝမ်းသာပေမယ့် ငါ့အတွက်တော့ ငါ ဝမ်းနည်းမိပါတယ်..."

ကွမ်ယင်မယ်တော်၏ ပြီးပြည့်စုံမှုမရှိခြင်းအချို့ကို ဝူခုံးတစ်ယောက်သာလျှင် ကောင်းကောင်းနားလည်ခဲ့လေသည်။

သို့သော်… ယခု ဝူခုံးက အဝေးသို့ ထွက်ခွာသွားခဲ့ပြီဖြစ်သဖြင့်
အရာအားလုံးမှ လွတ်မြောက်သွားခဲ့ပေပြီ။
စကြာဝဠာအရှင်ကြီးစွန်းဝူခုံးထွက်ခွာသွားသည်နှင့် ဆန်းလျန်
က နတ်ဘုရားအုပ်စုကို တစ်ချက်ကြည့်လိုက်လေသည်။
သူက တည်ငြိမ်သည့်လေသံဖြင့်…
"မင်းတို့အားလုံး မိုးကောင်းကင်တံခါးကို လိုချင်ကြတာ
လား…"
နတ်ဘုရားများက မနီးမဝေးတစ်နေရာရှိ မီးခိုးရောင်တိမ်တိုက်
များထက်မှ မိုးကောင်းကင်တံခါးခေါင်းလောင်းကြီးကို လှမ်း
ကြည့်လိုက်ကြလေသည်။
မိုးကောင်းကင်တံခါးသည် သူတို့နှင့် ဝေးကွာလျှင်လည်း
မိုးကုပ်စက်ဝိုင်းကိုကျော်လွန်နေပြီး နီးကပ်လျှင်လည်း
လက်တစ်ကမ်းပင် ဖြစ်လေသည်။

သို့သော်... သူတို့ အနေဖြင့် မိုးကောင်းကင်တံခါးကို ရယူနိုင်တော့မည် မဟုတ်ပေ။

ဆန်းလျန်က နတ်ဘုရားများအားလုံးကို အေးဆေးတည်ငြိမ်စွာဖြင့် ကြည့်နေလေသည်။

သူတို့က ဆန်းလျန် သူတို့ကို တားဆီးထားခဲ့သည့် အရံအတားကို ကျော်ဖြတ်ပြီးလျှင် စုပေါင်းအင်အားဖြင့် ဆန်းလျန်ကို တိုက်ထုတ်ပစ်ရန် စဉ်းစားထားခဲ့ကြလေသည်။

သို့သော်... မျက်စိရှေ့တွင်ပင် ဆန်းလျန်ကို မရှုမလှ ရှုံးနိမ့်ခဲ့ရသည့် မျောက်မင်းစွန်းဝူခုံးကို တွေ့မြင်ရပြီးသည်က တစ်ကြောင်း ၊ ဆန်းလျန်၏ တည်ငြိမ်သည့်အကြည့်ကို တွေ့မြင်ရပြီးသည့်နောက် ကြောက်ရွံ့ထိတ်လန့်လာရသည်က တစ်ကြောင်းတို့ကြောင့် အနိုင်ယူလိုစိတ်များ တဖြည်းဖြည်းလျော့နည်းကုန်ကြလေသည်။

တုန်းဟွာတောက်ကျွင်းကတော့ တစ်ခဏပင် နေလိုခြင်းမရှိ

တော့ဘဲ ထွက်ခွာသွားလေသည်။

မည်သူမှန်းမသိနိုင်သည့် အနက်ရောင်ဝတ်ဆင်ထားသူကတော့

အေးအေးဆေးဆေးပင် လက်ပိုက်ကာ ထွက်ခွာသွားလေ

သည်။ သူက တစ်ချက်လေးပင် နောက်သို့ လှည့်ကြည့်ခြင်း မ

ရှိပေ။

ခုံရှမ်းက ခေါင်းတစ်ချက် ခါယမ်းလိုက်ရင်း...

"ယွင်ရှောင်းနတ်သမီး ၊ ကျုပ်ကို ဇာမဏီနတ်ဘုရားနန်းတော်

ကို ပြန်ပို့ပေးနိုင်မလား..."

ယွင်ရှောင်းက တစ်ခဏမျှ စဉ်းစားလိုက်ပြီးမှ...

"ကောင်းပြီ..."

ဟု ပြောလိုက်လေသည်။

ယွင်ရှောင်းနတ်သမီးက မိုးကောင်းကင်တံခါးကို လိုချင်နေမိ

သေးသော်လည်း ဆန်းလျန်က လက်ချောင်းတစ်ချောင်းတည်း

ဖြင့် ဝူခုံး၏ သံမဏိတုတ်ကို ဖျက်စီးပစ်လိုက်သည်ကို သတိရလိုက်မိလေသည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအား မည်မျှမြင့်မားကြောင်း သူမ ကောင်းကောင်းသိလိုက်ပြီ ဖြစ်သည်။

ထို့ကြောင့် သူမ စိတ်ပျက်သွားမိလေသည်။

ထို့ပြင် ခုံရှမ်းကလည်း ဤနေရာမှ ထွက်ခွာသွားချင်ဟန် ရှိနေလေသည်။ ခုံရှမ်း ဤနေရာမှ ထွက်ခွာသွားလိုခြင်းမှာ အံ့သြစရာလည်းကောင်းသလို အဓိပ္ပါယ်တစ်ခုခုလည်း ရှိနိုင်သည်။

ခုံရှမ်းက ကျန်းဝူနတ်ဘုရားကို လှမ်းကြည့်လိုက်သည်။ ကျန်းဝူနတ်ဘုရားက မည်သည့်စကားမှ မဆိုဘဲ ဆန်းလျန်ကိုသာ ငေးစိုက်ကြည့်နေလေသည်။

အတန်ကြာမှ...

"ကျုပ်တို့ သွားကြရအောင်..."

ဟု ပြောလိုက်သည်။

ခုံရွှမ်း ၊ ယွင်ရှောင်းနတ်သမီးနှင့် ကျန်းဝူနတ်ဘုရားသည် လူအများအာရုံစိုက်ခံရသည့် နတ်ဘုရားများဖြစ်ကြလေသည်။

ထို့ကြောင့်… သူတို့ (၃)ယောက်သာ ဆုတ်ခွာသွားလျှင် အခြားသောနတ်ဘုရားများသည်လည်း နေရဲတော့မည်မဟုတ်ဘဲ အသီးသီးဆုတ်ခွာသွားကြမည် ဖြစ်သည်။

ခုံရွှမ်းက တန်ခိုးစွမ်းအားများ ဆုံးရှုံးထားသည့်တိုင် ယွင်ရှောင်းနတ်သမီးနှင့် ကျန်းဝူနတ်ဘုရားတို့က တန်ခိုးစွမ်းအားမြင့်မားနေဆဲ ဖြစ်လေသည်။

သို့သော်… သူတို့ (၃)ယောက် ပေါင်းပြီးတိုက်ခိုက်လျှင်တောင်မှ ဆန်းလျန်ကို အနိုင်ရရန် မသေချာပေ။

အခြားသူများ မည်သို့ထင်ပါစေ ယွင်ရှောင်းက စိတ်မဝင်စားပေ။ ယခုတော့ ခုံရွှမ်း၏ တောင်းဆိုချက်အတိုင်း ဇာမဏီနတ်ဘုရားနန်းတော်သို့ ခုံရွှမ်းကို ပြန်ပို့ပေးရန် ဆုံးဖြတ်လိုက်လေသည်။

ကျန်းဝူနတ်ဘုရားကတော့ ဇာမဏီနန်းတော်သို့ လိုက်ပါခြင်း မရှိတော့ပေ။

ကျန်းဝူနတ်ဘုရားက...

"ဒီနေရာကပဲ လမ်းခွဲကြရအောင်..."

ပြောပြီးသည်နှင့် ကျန်းဝူနတ်ဘုရားက နတ်ဘုရားတံဆိပ်တော်တစ်ခုကို ယွင်ရှောင်းနတ်သမီးလက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"ဒီတံဆိပ်တော်ကို အသုံးပြုပြီး အချိန်မရွေးကျုပ်ကိုဆက်သွယ်လို့ရပါတယ်..."

ယွင်ရှောင်းနတ်သမီး ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် ကျန်းဝူနတ်ဘုရား ထွက်ခွာသွားလေတော့သည်။

ကျန်းဝူနတ်ဘုရားထွက်ခွာသွားသည်ကိုကြည့်ရင်း ယွင်ရှောင်းနတ်သမီးက...

"ကျန်းဝူနတ်ဘုရားကိုကြည့်ရတာ မိုးကောင်းကင်တံခါးကို

လက်လျှော့မယ့်ပုံမရှိဘူး ၊ ဒါပေမဲ့ သူက ဘာလို့ ကျွန်မတို့နဲ့

အတူ နောက်ဆုတ်လိုက်ရတာလဲ..."

ခုံရှမ်းက...

"ကျုပ်တို့ နောက်မဆုတ်ဘူးဆိုရင်လည်း ဆန်းလျန်ကို အံတု

နိုင်မယ် မထင်ဘူး..."

ယွင်ရှောင်းက...

"ဟုတ်တယ် ၊ ငါတို့တိုက်ခိုက်မယ်ဆိုရင်လည်း နိုင်ချေက ငါး

ဆယ် ငါးဆယ် ပါပဲ ၊ နိုင်ချေသိပ်မရှိလှပါဘူး..."

ခုံရှမ်းက...

"ဒါပေမဲ့ ဘယ်သူက မိုးကောင်းကင်တံခါးကို လက်လျှော့ချင်

မှာတဲ့လဲ ၊ ဒါနဲ့ ဆန်းလျန်ရဲ့ လက်ချောင်းက အသစ်ပြန်ရဖို့ဆို

တာ မခက်ပါဘူး ၊ ဒါပေမဲ့ သူဘာလို့ လက်ချောင်းပြတ်နေတဲ့

ပုံစံနဲ့ ဆက်ပြီး ဒီအတိုင်းနေနေတာလဲ မသိဘူး...."

ယွင်ရှောင်းနုတ်သမီးက...

"သူ ဂူခိုးကိုပြောနေတာ ကျွန်မလည်း ကြားတယ်၊ သူ့စကားက အဓိပ္ပါယ်တစ်ခုခုရှိနေသလိုပဲ၊ သူသာ မိုးကောင်းကင်တံခါးကို ပိုင်ဆိုင်သွားမယ်ဆိုရင် အခြားသူတွေတော့ လွယ်လွယ်နဲ့ ရယူနိုင်မှာ မဟုတ်တော့ဘူး..."

ခုံရှမ်းက ပြုံးလိုက်ရင်း...

"မင်းက စန့်ချင်တာအိုဆရာသခင်ရဲ့ တပည့်ဆိုတော့ အရာအားလုံးကို နားလည်နိုင်သူပါ၊ ဒါပေမဲ့ ကျုပ်က စန့်ချင်တာအိုဆရာသခင်ရဲ့တရားတွေကို မင်းထက်ပိုပြီးနားလည်တယ်..."

ယွင်ရှောင်းစိတ်ထဲတွင် တစ်စုံတစ်ခုကို နားလည်လိုက်ပြီး...

"ဒီလိုဆိုရင် မိုးကောင်းကင်တံခါးကို မရလည်း ဘာအရေးလဲ..."

ခုံရှမ်းက...

"အမှန်ပဲ ၊ မိုးကောင်းကင်တံခါး ဘယ်လောက်ပဲ တန်ခိုး
စွမ်းအားမြင့်မားပါစေ အဲဒါက မှော်ဝင်ပစ္စည်းတစ်ခုပါပဲ ၊ အခု
ကျုပ်တို့ခရီးထွက်ခဲ့ကြတာ မိုးကောင်းကင်တံခါးထက်
အဖိုးတန်တာတွေကို နားလည်ခဲ့ရပါတယ် ၊ နောက်ပိုင်းကျ အဲဒီ
အကြောင်းတွေကို မင်းကို တစ်ခုပြီးတစ်ခု ရှင်းပြပါ့မယ်..."
ခုံရှမ်း၏စိတ်ကိုသိသည့်အတွက် ယွင်ရှောင်းအနေဖြင့် ခုံရှမ်း
ထံမှ သိရှိရန် အလျှင်လိုစရာ မလိုပေ။
သို့သော်... ခုံရှမ်းပြောသည့်အတိုင်းသာဆိုလျှင် သူတို့သည်
အစကတည်းက နတ်ဘုရားများနောက်သို့ လိုက်သွားပြီး ဆန်း
လျန်နှင့် တွေ့စရာ အကြောင်းမရှိပေ။
ရုတ်တရက် သူမ တစ်စုံတစ်ခုကို စဉ်းစားမိသွားပြီး...
"ပိုင်ကျဲ့ရော... ငါတို့ ပိုင်ကျဲ့ကို ခေါ်ခဲ့ဖို့ မေ့သွားပြီ..."

အခန်း (၉၁၇) သူမဟုတ်ဘူး

ခုံရှမ်းက တစ်ချက်ပြုံးလိုက်ရင်း အင်္ကျီလက်ထဲသို့ တစ်ချက်ပြလိုက်လေသည်။

"အထဲကို ကြည့်လိုက်..."

ယွင်ရှောင်းက ခုံရှမ်း၏ အင်္ကျီလက်တွင်းသို့ တစ်ချက်ကြည့်လိုက်သည့်အခါ အင်္ကျီလက်ထဲတွင် သေးငယ်သည့်သားရဲလေးတစ်ကောင်အလား တိတ်ဆိတ်ငြိမ်သက်နေသည့် ပိုင်ကျဲ့ကို တွေ့လိုက်ရလေသည်။

ပိုင်ကျဲ့ကို ထိုသို့ဖြစ်သွားအောင် မည်သည့်အချိန်က ခုံရှမ်းပြုလုပ်လိုက်သည်ကို ယွင်ရှောင်းပင် မသိလိုက်ပေ။

ခုံရှမ်းက...

"မင်း မသိချင်ပါနဲ့၊ ဒါက ဘာမှမပြောပလောက်တဲ့ မှော်စွမ်းအားလေးတစ်ခုပါ၊ နောက်ပိုင်း အချိန်ကျတဲ့အခါ ကျုပ်နားလည်ထားတာတွေအကုန် မင်းကိုပြောပြပါ့မယ်..."

ယွင်ရှောင်းနတ်သမီးက...

"အချိန်ရဲ့စွမ်းအားက ခန့်မှန်းလို့ မရနိုင်ဘူး၊ အတ္တဆိုတာ စကြာဝဠာမှာ ပယ်သတ်ဖို့အခက်ဆုံး အရာတစ်ခုပဲ၊ ပယ်သတ်နိုင်တဲ့သူ အနည်းငယ်ပဲ ရှိတယ်၊ မင်းအခု အတ္တကိုပယ်သတ်တဲ့လမ်းစဉ်ကို သိမြင်ပြီလား..."

ခုံရှမ်းက ခေါင်းညိတ်လိုက်ရင်း...

"ဗလာနယ်ဟာ ကတ္တူစက္ကူစတစ်ခုဆိုရင် အလင်းက စက္ကူစတစ်ခုကနေ နောက်တစ်ခုကို ဖြတ်သန်းသွားလာနိုင်တယ်၊ အတိတ်၊ အနာဂတ်၊ လက်ရှိကာလ အရာအားလုံးဟာ တကယ်တော့ မတူညီတဲ့ ဗလာနယ်တွေမှာဖြစ်လိုက်၊ ပျက်လိုက်နဲ့ ပြောင်းလဲနေတယ်၊ အဲဒီပြောင်းလဲမှုတွေကလည်း

အချိတ်အဆက်ရှိတယ်၊ ဒါပေမဲ့ အဲဒီပြောင်းလဲမှုတွေကြားမှာ 'ငါ' ဆိုတဲ့အတ္တက မလိုတော့ဘူး၊ ဒါကြောင့်လည်း မင်း ဟွင့် ယွမ်ဝူကျီအဆင့်ကို တက်ရောက်နိုင်တဲ့အခါ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တွေကို အတားအဆီးမရှိ ကြည့်မြင်နိုင်သွားတာပေါ့၊ ဘာလို့လဲဆိုတော့ အတ္တကိုပယ်သတ်လိုက်နိုင်ရင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တွေဟာ တစ်သားတည်းဖြစ်သွားလို့ပဲ၊ ဒါကြောင့် အချိန်ရေစီးကြောင်းတစ်လျှောက် လွတ်လပ်စွာ သွားလာနိုင်တာပဲ၊ ကျုပ်မှန်းကြည့်ရရင် ဆန်းလျန်၊ ရွှမ်တုတောက်ကျွင်းနဲ့ တိကျန်ဗောဓိသကျတို့ဟာ အဲဒီလိုတန်ခိုးစွမ်းအားတွေကို ပိုင်ဆိုင်ထားကြပြီ၊ အခု ကျုပ်လည်းအဲဒီအဆင့်ရောက်ဖို့ ခြေတစ်လှမ်းပဲ လိုတော့တယ်၊ ခြေတစ်လှမ်းဆိုပေမယ့် တော်တော်တော့ ဝေးသေးတယ်၊ အသင်္ချေရှိတဲ့ တောတောင်ရေမြေတွေကို ဖြတ်ကျော်ရမယ့် ခြေတစ်လှမ်းမျိုးပေါ့ဗျာ..."

ခုံရှမ်း ရှင်းပြသည့်စကားများကိုကြားလိုက်ရသည့်အခါ ယွင်ရှောင်းနတ်သမီး မျက်စိပွင့်နားပွင့် ဖြစ်သွားလေသည်။

သို့သော်… ခုံရှမ်း၏ နောက်ဆုံးစကားလုံးများကြောင့် သူမ ဝမ်းနည်းခြင်းနှင့်အထီးကျန်ခြင်းကို ခံစားလိုက်ရလေသည်။

တာ့လော်အဆင့်ကျင့်ကြံသူတစ်ယောက်သည်ပင်လျှင် ဒဏ္ဍာရီဆန်သည့်နတ်ဘုရားတစ်ပါးအဖြစ် တန်ခိုးစွမ်းအား မြင့်မားလွန်းလှလေရာ ဟွင့်ယွမ်ဝူကျီအဆင့်ဆိုလျှင်တော့ ပြောဖွယ်ရာ မရှိတော့ပေ။

ခြေတစ်လှမ်းသည်ပင် အသခၡေျသော တောတောင်ရေမြေများကိုဖြတ်သန်းရမည်ကဲ့သို့ အလှမ်းဝေးလွန်းလှသည်ဆိုလျှင် ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်နိုင်ရန် တစ်ဘဝလုံးစာများ အချိန်ကြာမြင့်လေမည်လား။

ထိုသို့ အဆင့်တက်ရောက်ရန် ကြာမြင့်ရသည်မှာ ကျင့်ကြံသူများ အရည်အချင်းမပြည့်မီသောကြောင့် မဟုတ်ပေ။ ဟွင့်

ယွမ်ဝူကျီအဆင့်ဆိုသည်က စိတ်ကူးပင်မယဉ်နိုင်လောက်သည့် ၊ မယုံကြည်နိုင်စရာကောင်းလွန်းလှသည့် ၊ အိပ်မက်ဆန်လှသည့် ကျင့်စဉ်လမ်းအဆင့်တစ်ခု ဖြစ်နေသောကြောင့် ဖြစ်လေသည်။

စကားပြောနေကြရင်းဖြင့်ပင် သူတို့ ဇာမဏီနတ်ဘုရားနန်းတော်သို့ ရောက်ရှိလာကြလေသည်။

ခုံရှမ်းက သက်ပြင်းတစ်ချက် တိုးတိတ်စွာချလိုက်ရင်း...

"ယွင်ရှောင်းနတ်သမီး ၊ အချိန်အားမယ်ဆိုရင် ဇာမဏီနတ်ဘုရားနန်းတော်မှာ ခဏလောက်နေဖို့ ကျုပ်က ဖိတ်ခေါ်ချင်ပါတယ်"

ယွင်ရှောင်းနတ်သမီးက...

"မနေတော့ဘူး ၊ ငါ အချုပ်နှောင်ခံနေရတုန်း လောကကြီး ဘာတွေပြောင်းလဲသွားလဲဆိုတာ လျှောက်ကြည့်ချင်သေးတယ်..."

ခုံရှမ်းက ခေါင်းညိတ်ပြလိုက်လေသည်။

သူက ယွင်ရှောင်းနတ်သမီး ထွက်ခွာသွားသည်ကိုကြည့်ပြီး

တော့မှ ဇာမဏီနတ်ဘုရားနန်းတော်တံခါးရှိရာသို့ ဝင်

ရောက်လာခဲ့လေသည်။

နန်းတော်တံခါးစောင့်က အရင်အချိန် သူရှိစဉ်က တံခါးစောင့်

မဟုတ်တော့ပေ။

ထို့ကြောင့် ခုံရှမ်းကို သိရှိခြင်းမရှိဘဲ အော်ဟစ်လိုက်လေ

သည်။

"မင်းဘယ်သူလဲ ၊ ဇာမဏီနတ်ဘုရားနန်းတော်ထဲကို ဘယ်လို

ဝင်လာတာလဲ..."

ဇာမဏီနတ်ဘုရားနန်းတော်က မီးတောင်ကြီးတစ်ခုထက်တွင်

တည်ရှိသည်ဖြစ်လေရာ အလွန်ပူပြင်းလှလေသည်။

ခုံရှမ်းမှာ အပူဒဏ်ကြောင့် အနည်းငယ် မသက်မသာ ခံစား

လိုက်ရသည်။ သူ ခါးသက်စွာ ပြုံးလိုက်မိသည်။ ခွန်လွန်

တောင်အောက် အေးစက်သည့်နေရာတွင် အချိန်ကြာမြင့်စွာ

နေထိုင်ခဲ့ရသည့်အတွက် ပူနွေးသည့်အငွေ့အသက်ကို မ

တွေ့ကြုံရသည်မှာ ကြာခဲ့ပြီဖြစ်သည်။

သူက တံခါးစောင့်၏အမေးကို ပြန်မဖြေရသေးခင်မှာပင်

နန်းတော်တံခါး ပွင့်သွားပြီး ကွေလိထွက်လာလေသည်။ ကွေ

လိ၏နောက်တွင် နန်းတော်အမှုထမ်းအုပ်စုတစ်စု လိုက်ပါလာ

လေသည်။

"ရှုပနတ်ဘုရားမင်းကြီး ပြန်ရောက်လာတာ ဂုဏ်ပြုပါတယ်..."

ကွေလိမှလွဲပြီး အခြားသူများက စိတ်လှုပ်ရှားစွာဖြင့် ခုံရွှမ်းကို

ဂါရဝပြုလိုက်ကြလေသည်။

ခုံရွှမ်းက အခြားသူများကို အရေးမလုပ်ဘဲ ကွေလိရှေ့သို့

လှမ်းသွားလိုက်လေသည်။

"နန်းတော်ထဲဝင်ပြီး စကားပြောကြရအောင်..."

ကွေလိ ခေါင်းညိတ်ပြလိုက်သည်။

သူတို့ ဇာမဏီနတ်ဘုရားနန်းတော်အတွင်းပိုင်းနေရာဖြစ်သည့် မီးတောင်ဗဟိုမဏ္ဍိုင်သို့ ခဏအတွင်းပင် ရောက်ရှိလာကြလေသည်။

ထိုနေရာသည် ဆန်းရှေ့ရှိကို အကျဉ်းချထားရာနေရာဖြစ်သလို ဇာမဏီနတ်ဘုရားနန်းတော်၏ အရေးကြီးဆုံးနေရာတစ်ခုလည်း ဖြစ်လေသည်။

ဆန်းရှေ့ရှိမှာ မီးအိုင်များထဲတွင် ပိတ်မိနေလေသည်။ သူမ၏ ထိပ်တန်းအဆင့်တန်ခိုးစွမ်းအားများကို အသုံးပြုပြီး အာရုံငါးပါးကိုပိတ်ဆို့ကာ မီးအပူဒဏ်ကို ခုခံတွန်းလှန်နေရလေသည်။

ခုံ ရွှမ်းက ကွေ့လိ၏မျက်နှာကိုကြည့်လိုက်ပြီး...

"မင်း ကျင့်စဉ်လမ်းအဆင့်တက်တာ အရမ်းနှေးလွန်းတယ်၊ ကြည့်ရတာ ကောင်းကောင်း မကျင့်ကြံဘူးထင်တယ်..."

ကွေ့လိက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ရင်း ...

"လောကမှာ အပြောင်းအလဲတွေဖြစ်သွားပြီး ဦးလေးလွတ်လာတာလဲ ကွေလိသိပါတယ်၊ အခု ဇာမဏီနန်းတော်အရှင်သခင်နေရာကို ဦးလေးကို ပြန်ပေးပါ့မယ်..."

ခုံရွှမ်းက လက်တစ်ဖက်ဝှေ့ယမ်းလိုက်ရင်း...

"မလုပ်နဲ့၊ ကျုပ်က နန်းတော်သခင် မဖြစ်ချင်တော့ဘူး၊ ပြီးတော့ ကျုပ် အခု တန်ခိုးစွမ်းအားတွေ ဘယ်လောက်လျော့နည်းနေလဲဆိုတာ မင်းတွေ့တဲ့အတိုင်းပဲလေ..."

ကွေလိက...

"ဦးလေးကို ဒီလိုဖြစ်အောင် ဆန်းလျန်လုပ်လိုက်တာလား..."

ခုံရွှမ်းက ခေါင်းညိတ်လိုက်ရင်း...

"တကယ်တော့ သူက မင်းမျက်နှာထောက်ပြီး ကျုပ်ကို အသက်ရှင်ခွင့်ပေးလိုက်တာ..."

ကွေလိက...

"ဆန်းလျန်သာ တကယ်တမ်းလူသတ်ချင်ရင် ဘယ်သူ့မျက်နှာမှ ထောက်နေမှာ မဟုတ်ဘူး ၊ နောက်ပိုင်း ဦးလေး ဆန်းလျန်ကို စိန်ခေါ်ဖို့ အစီအစဉ်ရှိနေသေးလား..."

ခုံရှမ်းက ရယ်မောလိုက်ရင်း...

"ဘာလဲ... ၊ မင်းက သူ ကျုပ်ကိုသတ်ပစ်မှာ စိုးရိမ်တာလား ၊ သူ ကျုပ်ကြောင့်ဒုက္ခရောက်မှာကို စိတ်ပူတာလား..."

ကွေလိက...

"နှစ်ခုလုံး မဖြစ်စေချင်ဘူး..."

ကွေလိ၏ အဖြေစကားကြောင့် ခုံရှမ်း အလွန်အံ့အားသင့်သွားပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ပြီးမှ ကွေလိ၏ခေါင်းလေးကို ခပ်ဖွဖွတစ်ချက်ပုတ်လိုက်ရင်း...

"မင်း ငါ့ကို ဦးလေးလို့ အသိအမှတ်ပြုသေးတာပေါ့..."

ကွေလိက သူ့ခေါင်းကိုလာပုတ်သော ခုံရွှမ်း၏လက်ကို ရှောင်တိမ်းရန် ကြိုးစားလိုက်ရင်း...

"ဦးလေးကိုကယ်ဖို့ ကျွန်မအမေက အသေခံလိုက်ရတာ၊ အဲဒါ ဦးလေးရဲ့အမှားတော့ မဟုတ်ပေမယ့် ကွေလိကတော့ ဦးလေးကိုမုန်းတီးမိတာ ဖြစ်သင့်ပါတယ်..."

ခုံရွှမ်းက...

"ကျုပ်ကိုကယ်တင်ဖို့အတွက် မင်းရဲ့အမေက မျှော်စင်အောက်မှာ နှစ်ပေါင်းထောင်ချီပြီး လောင်ကျွမ်းခံခဲ့ရတယ်၊ ဒါကြောင့် မင်း ကျုပ်ကို ဘယ်လောက်ပဲ မုန်းမုန်း ကျုပ်ကတော့ မင်းကို အတတ်နိုင်ဆုံး ပေးဆပ်မှာပါ၊ အနည်းနဲ့အများတော့ ကျုပ်မှာ အပြစ်ရှိတယ်ဆိုတဲ့ ခံစားချက်ကြီး သက်သာတာပေါ့လေ၊ ပြီးတော့ မင်းနဲ့ ကျုပ်က ဆွေမျိုးအရင်းတွေပါကွာ၊ မင်းအမေကြောင့် မဟုတ်ရင်တောင် ကျုပ်ကမင်းကို ကောင်းကောင်းဆက်ဆံမှာပါ..."

ကွေလိက...

"ကွေလိ ကလေးမဟုတ်တော့ပါဘူး ၊ ဦးလေးပြောတာတွေ အကုန် နားလည်ပါတယ် ၊ အခု ဒဏ်ရာကိုသာ သက်သာအောင် နေပါ..."

ကွေလိက ပြောပြီးသွားသည်နှင့် ထွက်ခွာသွားလေသည်။

"ရှင်တို့ (၂)ယောက်ကြားက ခံစားချက်ကို ကျွန်မ နားလည်ပါတယ်..."

ဆန်းရော့ရှီက မီးအိုင်များအတွင်းမှ မျက်လုံးများဖွင့်ကြည့်လိုက်ရင်း စကားပြောလိုက်လေသည်။

မီးအိုင်များက မည်မျှပူပြင်းသည်ကို ခုံရွှမ်းအသိဆုံး ဖြစ်လေသည်။ သို့သော်... ဆန်းရော့ရှီက စိတ်အာရုံတစ်ချက် ပျံ့လွင့်ခြင်းမရှိဘဲ ထိန်းချုပ်ထားနိုင်လေသည်။

ခုံရွှမ်းက ဆန်းရော့ရှီကို အထင်ကြီးသည့်အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး...

"ဆန်းလျန်ကု မင်းရဲ့ဦးလေး မဟုတ်လား..."

"ဟုတ်ပါတယ်..."

ဆန်းရှော့ရှီက တိုးတိတ်သည့်လေသံဖြင့် ပြောလိုက်သည်။

ခုံရွှမ်းက...

"မင်း ဆန်းလျန်အပေါ်ထားတဲ့ သံယောဇဉ်က ကွေ့လိ ကျုပ်

အပေါ်ထားတဲ့ သံယောဇဉ်ထက် နက်ရှိုင်းတဲ့ပုံပါပဲ..."

ဆန်းရှော့ရှီက တည်ကြည်သည့်မျက်နှာထားဖြင့်...

"တူတော့မတူဘူးပေါ့..."

ခုံရွှမ်းက ရယ်မောလိုက်ရင်း....

"ဟုတ်တာပေါ့၊ ဒါနဲ့ မင်း ဒီနေရာမှာ နေသားကျနေပြီလား..."

ဆန်းရှော့ရှီက ခေါင်းခါယမ်းလိုက်ရင်း...

"ကျွန်မက အသားမကျဘူးပြောရင် ရှင်က ကျွန်မကို လွှတ်ပေး

မှာ မို့လို့လား..."

ခုံရွှမ်းက...

"မလွှတ်ပေးပါဘူး ၊ ဆန်းလျှန် မင်းကိုလာကယ်တဲ့အထိ ကျုပ်စောင့်ရမယ်..."

ဆန်းရော့ရှီက ခုံရွှမ်းကို စူးရှသည့် မျက်ဝန်းများဖြင့် စိုက်ကြည့်လိုက်လေသည်။

"ရှင်က ဘာဖြစ်ချင်တာလဲ..."

ခုံရွှမ်းက...

"ဆန်းလျှန် ရောက်မလာသရွေ့ ပြောမပြနိုင်ဘူး..."

ဆန်းရော့ရှီက...

"ဒါဖြင့် ကျွန်မကို ဦးလေး ဘယ်တော့မှ လာမကယ်ပါစေနဲ့လို့ပဲ ဆုတောင်းတော့မယ်..."

ခုံရွှမ်းက...

"ဘာဖြစ်လို့လဲ..."

ဆန်းရော့ရှီက...

"ကျွန်မဦးလေးအတွက်ဆိုရင် ကျွန်မ ဘာမဆိုပေးဆပ်နိုင်တယ်၊ ဒါပေမဲ့ ကျွန်မကြောင့် ဦးလေးဒုက္ခရောက်ရမှာမျိုးတော့ အဖြစ်မခံနိုင်ဘူး၊ ဒါပေမဲ့ ဦးလေးက ကျွန်မကို လာကယ်မှာပါပဲ..."

ဆန်းရော့ရှီ၏ စကားကြောင့် ခုံရွှမ်း အတန်ကြာတိတ်ဆိတ်သွားလေသည်။

ဆန်းရော့ရှီကဲ့သို့ တူမလေးတစ်ယောက် ပိုင်ဆိုင်ထားသည့်အတွက် ဆန်းလျန်ကို သူ အနည်းငယ်ပင် မနာလိုဖြစ်မိလေသည်။

"အချိန်နည်းနည်းကြာရင် ကျုပ် မင်းကို ပြန်လွှတ်ပေးပါ့မယ်..."

ဆန်းရော့ရှီက မည်သည့်စကားမှ မပြောတော့ဘဲ သူမ၏မျက်လုံးများကို အသာပြန်မှိတ်လိုက်လေသည်။

သူမ၏ ဘေးပတ်ပတ်လည်တွင် မီးတောက်မီးညွန့်များက

အလျှံညီးညီးတောက်လောင်နေပြီး သူမ၏ပုံစံက စိတ်ကူးယဉ်

ဆန်လွန်းလှလေသည်။

ခုံ ရွှမ်းသည်လည်း အခန်းထောင့်တစ်နေရာတွင် တင်ပျဉ်ခွေ

ထိုင်လိုက်ပြီး နိဗ္ဗာနမီးတောက်မှ အပူစွမ်းအားများကို စုပ်ယူ

ကာ ကျင့်ကြံခြင်း ပြုလုပ်နေလိုက်လေတော့သည်။

***

ဆန်းလျန်နှင့် မိုးကောင်းကင်တံခါးတည်ရှိရာနေရာတွင်တော့...

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူအပါအဝင် နတ်ဘုရားများ

အားလုံး ထွက်ခွာသွားကြပြီ ဖြစ်လေသည်။

ဆန်းလျန်က မိုးကောင်းကင်တံခါးဟုခေါ်ကြသည့်

ခေါင်းလောင်းကြီးကို သေးငယ်သည့်အရွယ်အစားဖြစ်သွား

အောင် ပြုလုပ်လိုက်ပြီး ခါးတွင် ချိတ်ဆွဲထားလိုက်သည်။

ထိုခေါင်းလောင်းလေးကို မိုးကောင်းကင်တံခါးဟု မည်သူမှ

တွေးထင်မည် မဟုတ်တော့ပေ။

ထို့ပြင်... မိုးကောင်းကင်တံခါးမှ တာအိုဆရာသခင်ထိုက်ယီ၏အမှတ်အသားကို ဆန်းလျန် တွေ့ရှိသွားခဲ့ပြီ ဖြစ်လေသည်။

တာအိုဆရာသခင်ထိုက်ယီ၏ အမှတ်အသားသင်္ကေတသည် မည်သည့်တန်ခိုးစွမ်းအားမှ ထွက်ပေါ်နေခြင်း မရှိပေ။

သို့သော်.. အရာအားလုံးထက် ကြောက်မက်ဖွယ်ရာအတိဖြစ်လေသည်။

ထိုသင်္ကေတက ဆန်းလျန်၏ စိတ်ဝိညာဉ်ကို ချုပ်ကိုင်ထားသည့်အတွက် သူ့အနေဖြင့် တစ်ချက်လေးပင် စိတ်မပျံ့လွင့်ရဲပါချေ။

အခန်း (၉၁၈) အရာဝတ္ထုများကလူတစ်ယောက်ကဲ့သို့တန်ဖိုးမရှိ

မီးခိုးရောင်တိမ်တိုက်များက တလိမ့်လိမ့်တက်လာနေလေသည်။

မီးခိုးရောင်တိမ်တိုက်များသည် မိုးကောင်းကင်ခုံရုံးနှင့် တဖြည်းဖြည်း နီးကပ်လာလေသည်။

မိုးကောင်းကင်ခုံရုံးကို ဝန်းရံထားသည့် လီချင်းဆွေ၏ ချင်းဆွေထျန်းကောင်းကင်ဘုံမှ ရေများက တဖြည်းဖြည်း နောက်ဆုတ်လာလေသည်။ ရေများက အကွေ့(၉)ခု ရှိပြီး ထိုအကွေ့(၉)ခု အရံအတား မည်မျှနက်ရှိုင်းသည်ကို မည်သူမှ သိရှိနိုင်မည် မဟုတ်ပေ။

အဆင့်မြင့်နတ်ဘုရားများပင်လျှင် ထိုအရံအတားကို လွယ်လွယ်နှင့် ကျော်ဖြတ်နိုင်ကြမည် မဟုတ်ပေ။

ဆန်းလျန်က လက်ထဲတွင် တံဆိပ်တော်တစ်ခုကို ဖန်ဆင်း လိုက်လေသည်။ ထိုအခါ မီးခိုးရောင်မြူခိုးတိမ်တိုက်များ ချက်ချင်းပင် များပြားလာပြီး ချင်းဆွေထျန်းကောင်းကင်ဘုံမှ မြစ်ရေများနှင့် ပေါင်းစပ်သွားလေသည်။

ထို့နောက် ကြီးမားသည့် တန်ခိုးစွမ်းအားကြီးက မိုးကောင်းကင် ခုံရုံးကို အရှိန်အဟုန်ဖြင့် ဖုံးလွှမ်းသွားလေတော့သည်။

အဖြစ်အပျက်များကိုကြည့်ရင်း ဆန်းလျန် ကျေနပ်စွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

ထို့နောက် လူ့လောကသို့ ဆန်းလျန် ပြန်ဆင်းလာခဲ့လေသည်။

မိုးကောင်းကင်တံခါးအတွက် ဆန်းလျန်နှင့် နတ်ဘုရားအုပ်စု များ တိုက်ခိုက်နေကြသည့်အချိန်သည် ခဏတာဆိုသော်ငြား လူ့လောကတွင်တော့ ရက်ပေါင်း (၁၀၀)ခန့် ကြာမြင့်ခဲ့ပြီ ဖြစ် လေသည်။

ရက်ပေါင်း (၁၀၀)အတွင်း လူ့လောကတွင် ဘုရင်မကြီး၏ ဩဇာအာဏာကလည်း အရှိန်အဟုန်ဖြင့် ပျံ့နှံ့သွားကာ ယွမ်ကျိုးနယ်တစ်ခုလုံးကို အုပ်စိုးထားပြီ ဖြစ်လေသည်။

ယွမ်ကျိုးနယ်တစ်နယ်လုံးသည် တာ့ကျောက်ပြည်၏ လက်အောက်သို့ ရောက်ရှိသွားခဲ့လေပြီ။

ဘုရင်မကြီး အချိန်တိုအတွင်း ဩဇာအာဏာကြီးမားလာသည်မှာ လောကီရေးရာများကို ဝင်ရောက်စွက်ဖက်လိုကြသည့် ကျင့်ကြံသူများကြောင့်လည်းဖြစ်သလို ကျောက်စိမ်းရေကန်ဥယျာဉ်၏ အထောက်အပံ့များကြောင့်လည်း ဖြစ်လေသည်။

ထို့ကြောင့် သူမ နယ်မြေများစွာကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဘုရင်မကြီးက ဩဇာအာဏာကြီးမားလာရုံသာမက ကျင့်ကြံခြင်းအဆင့်ကလည်း ထိပ်တန်းအဆင့်သို့ ရောက်ရှိလာလေသည်။

ဘုရင်မကြီး၏ နန်းတော်ရှေ့တွင်လည်း ရွှေရောင်နဂါးကြီးတစ်ကောင်ကို တွေ့မြင်နိုင်လေသည်။ ထိုနဂါးကြီးတွင် ရွှေရောင်နဂါးလက်သည်း (၇)ခုကို တွေ့မြင်နိုင်လေ၏။

ထိုနဂါးကြီးတွင် ရွှေရောင်နဂါးလက်သည်း (၉)ခု ထွက်ပေါ်လာမည်ဆိုပါက ဘုရင်မကြီး၏ ကျင့်စဉ် ပြီးပြည့်စုံသည့်အဆင့်သို့ ရောက်ရှိပြီဟု ဆိုနိုင်လေသည်။ ထိုအခါ သူမသည် မြင့်မြတ်သည့် ဧကရီတစ်ပါးဖြစ်လာပြီး မိုးနတ်မင်းကိုပင် ယှဉ်ပြိုင်နိုင်မည် ဖြစ်လေသည်။

ထိုသို့ဖြစ်လာခဲ့လျှင် ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်ရန်ပင် စည်းတစ်ခုသာ ခြားပေတော့မည်။ ဆန်းလျန်ကဲ့သို့သော

နတ်ဘုရားများပင်လျှင် သူမကို ရင်ဆိုင်ရန် ခက်ခဲသွားပေလိမ့်မည်။

လောကကြီးကိုကြည့်လိုက်မည်ဆိုလျှင် ဆန်းလျန်၏အမြင်က ရှင်းလင်းလေသည်။ သူက ရင်ထဲမှ ကိလေသာခံစားချက်များကို ဖိနှိပ်ထားနိုင်သူတစ်ယောက်ဖြစ်ပြီး ဒုက္ခနှင့်သုခကို ဖြစ်စေသည့် အကြောင်းနှင့်အကျိုးကိုလည်း နားလည်ခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် ကြမ္မာဆိုးနှင့်ရင်ဆိုင်ရတိုင်း စိတ်အေးအေးထားစမြဲပင်ဖြစ်သည်။

ဝမ်းနည်းစရာ ၊ ဝမ်းသာစရာ ၊ နှောင်ကြိုးများနှင့်ပတ်သက်လျှင် ဆန်းလျန်သည် အမြဲတမ်း သတိရှိသူ ဖြစ်လေသည်။

ယခု ဆန်းလျန်က ဗုဒ္ဓပြောကြားခဲ့သည့် "သက်ရှိတိုင်းဒုက္ခခံစားကြရသည်" ဆိုသည့်စကားကို ကောင်းကောင်း နားလည်သွားပြီ ဖြစ်သလို သံယောဇဉ်အားလုံးပြတ်တောက်သည့်

အမြင့်ဆုံးအဆင့်ကိုလည်း နက်နက်ရှိုင်းရှိုင်းနားလည်ခဲ့ပြီ ဖြစ်သည်။

သူ့အဆင့်တွင် အတွေ့အကြုံနုနယ်သေးသည်ဆိုလျှင်တောင်မှ "ဒုက္ခခံစားနေကြရသည့်လူသားများ" ကို ကရုဏာတရားဖြင့် တတ်နိုင်သမျှ ကယ်တင်လိုလေသည်။

အမှန်တော့ သူခံယူထားသည့် အမြင့်ဆုံးအဆင့်ဆိုသည်က သံယောဇဉ်အားလုံးပြတ်တောက်ခြင်းမဟုတ်ဘဲ လူသားဆန်ခြင်းသာ ဖြစ်လေသည်။

သို့သော်... ထိုအဆင့်သို့ရောက်ရန်မှာ အပြင်းအထန်ကျင့်ကြံရန်လည်းလိုအပ်သလို အခွင့်အရေးပေါ်တွင်လည်း မူတည်လေသည်။ ထို့အတူ ဉာဏ်ရည်ထက်မြက်ရန်လည်းလိုသလို ပင်ကိုယ်စိတ်ထားကောင်းရန်လည်း လိုလေသည်။

ဆန်းလျန် ဘုရင့်နေပြည်တော်ထဲတွင် လျှောက်သွားနေရင်း နောက်ဆုံး အကျဉ်းထောင်ရှိရာသို့ ရောက်ရှိလာလေသည်။

အကျဉ်းထောင်သို့ လူစောယိရောက်ရှိလာသည့်နေ့မှစပြီး အကျဉ်းထောင်တစ်ခုလုံးမှာ အလင်းရောင်များ ထွန်းလင်းလျှ က်ရှိသည်။

အကျဉ်းချခံထားရသည့် ဝေ့မင်းသား၏သားတော်ငယ်လေးမှာ မွေးကင်းစကတတည်းကပင် မိခင်နို့ရည်ကို သောက်သုံးရခြင်း မရှိဘဲ ထောင်ထမင်းထောင်ဟင်းကိုစားရပြီး ကြီးပြင်းလာရ သည့်တိုင် တစ်နေ့တခြား ခွန်အားဖြင့် ပြည့်စုံလာခဲ့လေသည်။ ခန္ဓာကိုယ်က ကြံ့ခိုင်ကာ သွေးရောင်လွှမ်းနေပြီး မွေးကင်းစ အချိန်တုန်းကကဲ့သို့ အားနည်းသည့် ခန္ဓာကိုယ် မဟုတ်တော့ ပေ။

ထို့ပြင် ကလေးငယ်သည်မွေးကတည်းကပင် လမ်းလျှောက်နိုင် သလို စကားလည်း ပြောနိုင်စွမ်း ရှိလေသည်။

ကလေးငယ် အသက်အန္တရယ်ရှိမည်ကို စိတ်ပူသည့်အတွက်

အကျဉ်းထောင်စောင့်များက ကလေးငယ်အကြောင်းကို

ဘုရင်မကြီးကို ပြောမပြခဲ့ကြပေ။

လူစောယိကတော့ အကျဉ်းထောင်အမှုထမ်းတစ်ယောက်

ဖြစ်လာခဲ့ပြီး အနာဂတ်ဧကရာဇ်မင်းလောင်းလေးဖြစ်သည့်

ကလေးငယ်လေးကို နေ့စဉ် အချိန်နည်းနည်းစီပေးကာ ပညာ

များသင်ကြားပေးလေသည်။

လူစောယိက အသိဉာဏ်ပညာနှင့်ပြည့်ဝသူဖြစ်ပြီး လောကရှိ

စာပေသမားများအားလုံးထက် သာလွန်လေသည်။ သူ့ကို

သံသယဝင်ကြသူများမှာလည်း (၁၀)ရက်အတွင်းပင် သူ့ကို

ယုံကြည်သွားကြလေသည်။

သူက ရိုးရှင်းသူတစ်ယောက် ဖြစ်လေသည်။

နာမည်ကျော်စာပေသမားများ ၊ အရည်အချင်းရှိသည့်စာပေ

ပညာရှင်များ ၊ ထင်ရှားသည့်ဘုန်းတော်ကြီးများအားလုံး

မည်သူမှ လူစောယိ၏ စာပေပညာကို နိုင်အောင် မပြောဆိုနိုင်ခဲ့ကြပေ။ ရေတစ်ခွက်သောက်မျှသောအချိန်အတွင်းမှာပင် လူစောယိကို နိုင်အောင် မပြောနိုင်ဘဲ ဆုံ့အသွားရသည်ချည်းပင်ဖြစ်လေသည်။

ဆန်းလျန် အကျဉ်းထောင်သို့ ရောက်ရှိလာခဲ့လေသည်။

ဆန်းလျန်က အိပ်မက်ပမာ ရောက်ရှိလာခြင်းဖြစ်သည့်အတွက်သူရောက်လာသည်ကို မည်သူမှ သတိမထားမိခဲ့ကြပေ။

ကောင်းကင်ထက်တွင် အဖြူရောင်တိမ်တိုက်များလွင့်မျောနေပြီး မြင့်မားသည့်အစိမ်းရောင်တောင်တန်းကြီးများက မြင့်မြင့်မားမားတည်ရှိနေလေသည်။

တောင်ခြေကိုကွေ့ပတ်ပြီး မြစ်ငယ်လေးတစ်စင်းက စီးဆင်းလျှက်ရှိသည်။ စီးဆင်းနေသည့် မြစ်ရေတိုင်းသည် သေခြင်းရှင်ခြင်းတရားကို မေ့ဖွားပေးလျှက် ရှိလေသည်။

မြစ်ကမ်းနံဘေးတွင်တော့ ကလေးငယ်တစ်ယောက် လိပ်ပြာများကို လိုက်ဖမ်းရင်း ဆော့ကစားနေလေသည်။ ကလေးငယ်က လိပ်ပြာများကို လိုက်ဖမ်းရင်း နောက်ဆုံး ချော်လဲလေတော့သည်။

သို့သော်... ကလေးငယ်က ငိုယိုခြင်းအလျဉ်းမရှိဘဲ ခပ်ဖြည်းဖြည်း မတ်တတ်ထရပ်လိုက်လေသည်။

ထိုအချိန်... ကောင်းကင်ထက်တွင် လူငယ်တာအိုဆရာတစ်ယောက် ပေါ်လာလေသည်။ သူက လေထဲတွင် တင်ပျဉ်ခွေထိုင်လိုက်ရင်း ကလေးငယ်ကို ပြုံးပြီး ကြည့်နေလေသည်။

ကလေးငယ်က...

"ခင်ဗျားက နတ်ဘုရားတစ်ပါးလား..."

တာအိုဆရာက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်..."

ကလေးငယ်က...

"ကျွန်တော် အခု အိပ်မက်မက်နေတာလား..."

တာအိုဆရာက တည်ငြိမ်စွာပြုံးလိုက်ရင်း...

"အမှန်ပဲ..."

ကလေးငယ်က လက်ချောင်းလေးများကို ကိုက်လိုက်ရင်း...

"ကျွန်တော်ကျ အိပ်မက်ထဲမှာတောင် ပျံလို့မရဘူး၊ ခင်ဗျား

ကတော့ ဘာလို့ပျံလို့ရနေတာလဲ..."

တာအိုဆရာက ပေါ့ပါးသည့်လေသံဖြင့်...

"မင်းက ပျံချင်လို့လား..."

တာအိုဆရာက ကောင်းကင်ထက်သို့ မော့ကြည့်ကာ

လက်ညှိုးထိုးပြရင်း မေးလိုက်လေသည်။

ကလေးငယ်က တာအိုဆရာ လက်ညှိုးညွှန်ပြရာနောက်သို့

လိုက်ကြည့်လိုက်ပြီး ရုတ်တရက် မေးခွန်းထုတ်လိုက်သည်။

"ငှက်တွေ၊ လိပ်ပြာတွေကျတော့ ပျံနိုင်ပြီး သစ်ပင်တွေ၊ မြစ်

တွေ၊ ကျောက်တုံးတွေကျတော့ ဘာလို့ မပျံနိုင်ရတာလဲ..."

တာအိုဆရာက တစ်ချက်ပြုံးလိုက်ရင်း...

"အဲဒါတွေက မပျံနိုင်ဘူးလို့ ဘယ်သူပြောလဲ..."

ထို့နောက် တာအိုဆရာက မြေပြင်ထက်သို့ လက်ညှိုးတစ်ချက်ညွှန်ပြလိုက်လေရာ မြေပြင်ထက်မှ အရာဝတ္ထုများအားလုံးကောင်းကင်ထက်သို့ ပျံတက်သွားကြလေသည်။

ကလေးငယ်မှာ အံ့သြသွားပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိလေသည်။

ထို့နောက်... တာအိုဆရာက ကလေးငယ်အနား မြေပြင်ထက်သို့ ဆင်းသက်လာလေသည်။

ကလေးငယ်က...

"ကျွန်တော်နားလည်ပါပြီ၊ အခု ကျွန်တော်ရောက်နေတာခင်ဗျားရဲ့ အိပ်မက်ထဲမှာပဲ၊ ဒါကြောင့် ခင်ဗျားက ဒီအရာတွေအားလုံးကို ပျံသန်းအောင်လုပ်နိုင်ပေမယ့် ကျွန်တော်ကတော့လုပ်လို့မရတာပေါ့..."

တာအိုဆရာက ရယ်မောလိုက်ပြီး ကလေးငယ်၏ခေါင်းကို တစ်ချက်ပုတ်လိုက်ရင်း...

"တော်လိုက်တဲ့တပည့်လေး..."

အိပ်မက်ထဲမှ နတ်ဘုရားက သူ့ကို "တပည့်လေး" ဟု အဘယ့်ကြောင့် ခေါ်ရပါသနည်း။

ကလေးငယ် ပဟေဠိဖြစ်နေဆဲမှာပင် သူ အိပ်မက်မှ နိုးလာခဲ့လေသည်။

ကလေးငယ်က အိပ်မက်ထဲမှ တာအိုဆရာအကြောင်းကို အခြားသူများကိုပြောပြသော်လည်း အားလုံးက မတော်တဆ စိတ်စွဲလန်းသောကြောင့် အိပ်မက်မက်သည်ဟုသာ ထင်ခဲ့ကြလေသည်။

ကလေးငယ်ကတော့ ဘဝတွင်မည်မျှပင် ပင်ပန်းပါစေ အိပ်မက်ထဲမှ တာအိုဆရာအကြောင်းစဉ်းစားလိုက်မိသည်နှင့်

ချက်ချင်းပင် အားအင်များ ပြန်လည်ပြည့်ဝလာရစမြဲဖြစ်လေ

သည်။

သူ၏ဉာဏ်ရည်များသည်လည်း တစ်နေ့တခြားထက်မြက်လာ

လေသည်။ သူ့ကို နေ့စဉ် ပညာသင်ပေးနေသည့် လူစောယိပင်

လျှင် များစွာ အံ့အားသင့်ရသည်အထိပင် ဖြစ်သည်။

အမှန်တော့ ကလေးငယ် အိပ်မက်ထဲတွင် တွေ့မြင်ခဲ့ရသည့်

တာအိုဆရာမှာ ဆန်းလျန်ပင် ဖြစ်လေသည်။

ကလေးငယ်သည် တစ်နေ့တခြား ဝိညာဉ်စွမ်းအားများ မြင့်

တက်လာသည်ကို လူစောယိ သတိထားလိုက်မိလေသည်။

ကလေးငယ်မှာ ဝိညာဉ်စွမ်းအားများသန့်စင်လွန်းသဖြင့်

သူတော်စင်တစ်ယောက်နှင့်ပင် တူလာလေသည်။

လူစောယိ မေးခွန်းထုတ်ကြည့်မိသည်။

တကယ်ဆိုလျှင် သူက ကလေးငယ်ကို ကျင့်စဉ်တစ်ခုမှ သင်မ

ပေးရသေးပေ။ အဘယ့်ကြောင့် ကလေးငယ်က ဝိညာဉ်

စွမ်းအားများ ကောင်းမွန်နေရသည်ကို သူ မစဉ်းစားတတ်အောင် ဖြစ်နေရသည်။ ထိုအချက်က ဆန်းလျန်နှင့် ဆက်စပ်ပတ်သက်မှု ရှိ မရှိ သူစဉ်းစားနေမိလေသည်။

သို့သော်... သူက ထုတ်ဖော်မေးမြန်းခဲ့ခြင်းတော့ မရှိပေ။ ကလေးငယ်အနေဖြင့် ကျင့်ကြံခြင်းလောကသို့ စတင်ဝင်ရောက်ခြင်းမှာ ဖြစ်သင့်သည့်အရာပင် ဖြစ်သည်။ ကလေးငယ်မှာ ချန်ကျင်းချင် လူပြန်ဝင်စားသူဖြစ်သည့်အတွက် ကလေးတစ်ယောက်ပင်ဖြစ်သည့်တိုင် အရင်ဘဝမှ ကျင့်ကြံခြင်းသဘောသဘာဝများက အထုံပါလာခဲ့လေသည်။ ထို့ကြောင့် တာအိုဝါဒနှင့် ကျင့်ကြံခြင်းလမ်းစဉ်သည် ကလေးငယ်နှင့် အစိမ်းသက်သက် ဖြစ်မနေခဲ့ပေ။

ချင်းရွှမ်နတ်တံခါးတွင် ကျင့်စဉ်ပေါင်း (၁၀၈)ခု ရှိလေသည်။ သို့သော်... ကျင့်ကြံသူတစ်ယောက်သည် ကျင့်စဉ် (၁)ခု (သို့မဟုတ်) (၂)ခုခန့်ကိုသာ ကျင့်ကြံနိုင်စွမ်း ရှိကြလေသည်။

ဆန်းလျန်နှင့် ချန်ကျင်းချင်တို့ကတော့ ထိုကျင့်စဉ် (၁၀၈)ခု
အားလုံးကို အကြမ်းဖျင်း သိမြင်နားလည်သူများ ဖြစ်ကြလေ
သည်။

ဆန်းလျန်ကတော့ တပည့်ဖြစ်သူ၏ အိပ်မက်ထဲသို့ လာရောက်
လည်ပတ်ပြီးသွားသည့်နောက် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းသို့ ခရီး
ဆက်ခဲ့လေသည်။

သူက ချန်ကျင်းချင်ကို ကျင့်စဉ်များ သင်ပြပေးခဲ့ခြင်း မရှိ
သော်လည်း ဝိညာဉ်စွမ်းအား ကောင်းမွန်စေရန်အတွက် သင်ပြ
ပေးခဲ့လေသည်။

ဝိညာဉ်စွမ်းအားဆိုသည်က ကျင့်ကြံသူတစ်ယောက်၏ စိတ်
ဝိညာဉ်ကို ပြီးပြည့်စုံစေနိုင်လေသည်။ ကောင်းမွန်သည့်
ဝိညာဉ်စွမ်းအားကို ကြံ့ခိုင်သည့်ခန္ဓာကိုယ်နှင့်သာ ပေါင်းစပ်
လိုက်မည်ဆိုလျှင် အပြည့်စုံဆုံး ခန္ဓာတစ်ခုကို ရမည် ဖြစ်လေ
သည်။

ဆန်းလျန်က ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းသို့ အလျင်စလိုသွားရောက်ခဲ့ခြင်း မရှိပေ။

သူက ယွမ်ကျိုးနယ် မြောက်ဖျားနယ်စပ်သို့ရောက်ရှိလာခဲ့လေသည်။ နှစ်ပေါင်းများစွာအတွင်း မြောက်ဖျားဒေသက များစွာ ကျယ်ပြန့်လာခဲ့လေသည်။

နတ်ဘုရားများသည်ပင်လျှင် မြောက်ဖျားဒေသ၏ ထူးခြားသည့်ဖြစ်ရပ်များကြောင့် အံ့သြခဲ့ကြရပြီး အချို့ဆိုလျှင် မြောက်ဖျားဒေသမှပင် ထွက်ခွာကုန်ကြလေသည်။

ဆန်းလျန် နေရာတစ်ခုသို့ ရောက်ရှိလာခဲ့လေသည်။ ထိုနေရာက ထိုက်စုနတ်ဘုရားဂိုဏ်းတည်ရှိရာနေရာ ဖြစ်လေ၏။

ယခင်ထိုက်စုနတ်ဘုရားဂိုဏ်းတည်ရှိရာ နေရာတွင် ကျိုးထျန်းရှမ်နီဟုလူသိများသည့် ဆန်းရှော့ရှီက ရှမ်နီနန်းတော်ကို တည်ထောင်ခဲ့လေသည်။

ထို့ကြောင့် ထိုက်စုနတ်ဘုရားဂိုဏ်းက ဖြောက်ဖျားရှိ အခြားသောနေရာတစ်ခုတွင် ပြန်လည်တည်ထောင်ခဲ့ရလေသည်။ ထို့ပြင် ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဂုဏ်သတင်းကလည်း ယခင်ကလောက် မြင့်မားခြင်းမရှိတော့ဘဲ အဓိကနတ်ဘုရားကျောင်းတော်ကြီးများစာရင်းတွင်ပင် ပါဝင်နိုင်ခြင်း မရှိတော့ပေ။

ထိုက်စုနတ်ဘုရားဂိုဏ်းတည်ရှိရာနေရာသို့ ရောက်လာသည့်အခါ ဆန်းလျန်သည် အတိတ်တစ်ချိန်မှ အကြောင်းအရာများကို ပြန်လည်သတိရလာမိလေသည်။

တစ်ချိန်က တူမလေးဆန်းရှော့ရှီကို ကယ်တင်ရန်အတွက် ထိုက်စုနတ်ဘုရားဂိုဏ်းကို ဆန်းလျန် တစ်ကိုယ်တော် ထိုးဖောက်ဝင်ရောက်ခဲ့ဖူးသည် မဟုတ်ပါလား။

တွေးရင်းနှင့်ပင် ဆန်းလျန် တူမဖြစ်သူ ဆန်းရှော့ရှီကို သတိရလိုက်မိလေသည်။

ဆန်းရော့ရှီအကြောင်း စဉ်းစားလိုက်မိသည်နှင့် ဆန်းရော့ရှီ မည်သည့်နေရာတွင်ရှိနေသည်ကို ဆန်းလျန် ချက်ချင်းသိရှိ လိုက်လေသည်။

ဆန်းရော့ရှီမှာ ဇာမဏီနတ်ဘုရားနန်းတော်တွင် ထိန်းချုပ် ခံထားရသည်ကို ဆန်းလျန် သိရှိလိုက်ရသည့်တိုင် ယခုအချိန် တွင် ဆန်းရော့ရှီကို သွားရောက်ကယ်တင်ရန် မသင့်တော်သေး ပေ။ သူ ဆန်းရော့ရှီကို သွားရောက်တွေ့ဆုံလျှင်တောင်မှ ပြန်လည်ခွဲခွာရဦးမည်ပဲ ဖြစ်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းသို့ ဝင်ရောက်ရာတံခါးသည် ကောင်းကင်ထက်ရှိ လေထုထဲတွင် တည်ရှိနေလေသည်။ ကျင့်ကြံသူတစ်ယောက်သာမဟုတ်လျှင် ထိုနေရာသို့ သွားရောက်ရန် မဖြစ်နိုင်သလို ထိုနေရာကို တွေ့မြင်ရန်လည်း မဖြစ်နိုင်ပေ။

ဆန်းလျှန်သည် ကျောက်တုံးတစ်တုံးထက်တွင်ထိုင်ရင်း ထိုက်စုနတ်ဘုရားဂိုဏ်း၏ အဝင်တံခါးကို စိုက်ကြည့်နေလေတော့သည်။

အခန်း (၉၁၉) ဆုလာဘ်

အချိန်လဝက်ခန့် ကြာသွားခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျှန်သည် ကျောက်တုံးထက်တွင် ထိုင်နေဆဲ ဖြစ်လေသည်။

ဆန်းလျှန်ထိုင်နေသည့် အချိန်အတောအတွင်းတွင် ထိုက်စုနတ်ဘုရားဂိုဏ်း ဝင်ပေါက်တံခါးကို ဖြတ်သန်းသွားလာကြသည့်ကျင့်ကြံသူများစွာ ရှိကြလေသည်။

ထိုသို့ဖြတ်သန်းသွားလာကြသူတိုင်းက ကျောက်တုံးထက်တွင်တိုင်နေသည့် ဆန်းလျှန်ကို သတိပြုမိကြလေသည်။

ကျင့်ကြံသူမိန်းမပျိုတစ်ယောက်က ထိုင်နေသည့် ဆန်းလျှန်ကိုသတိထားမိပြီး စိတ်ဝင်စားသွားမိလေသည်။

ထိုကျင့်ကြံသူမိန်းမပျိုမှာ အသက် (၂၀)ဝန်းကျင်ခန့်ရှိသည့်ချောမောလှပသည့် မိန်းမပျိုလေးတစ်ယောက် ဖြစ်လေသည်။

သူမ၏အမူအရာက သိမ်မွေ့ပြီး လောကီအညစ်အကြေးများနှင့်လည်း ကင်းစင်ပုံရလေသည်။ အဘယ်ကြောင့်ဆိုသော်...

သူမသည် လူ့လောကနှင့် ကင်းကွာနေပြီး တောင်ပေါ်တွင်သာကျင့်ကြံနေသည့်အတွက်ကြောင့် ဖြစ်သည်။

သူမက ဆန်းလျန်ရှိရာသို့ ပျံသန်းရောက်ရှိလာပြီး ရိုရိုသေသေပင် ဂါရဝပြုလိုက်လေသည်။

"လွန်ခဲ့တဲ့ (၁၀)ရက် ကျွန်မ ချင်စန်းတောင်မှာ ဆေးပင်တွေသွားခူးကတည်းက တာအိုဆရာ ဒီနေရာမှာထိုင်နေတာကို တွေ့ခဲ့တာ ၊ မနေ့ကလည်း တောင်ပေါ်ရေတံခွန်မှာ ကျင့်စဉ်သွားပြီး ကျင့်ကြံတော့ တာအိုဆရာက ဒီနေရာမှာ ထိုင်နေဆဲပဲ ၊ တာအိုဆရာက... ထိုက်စုနတ်ဘုရားဂိုဏ်းရဲ့ ဝင်ပေါက်တံခါးမှာ ဘာများထိုင်လုပ်နေတာလဲ ကျွန်မ သိချင်လို့ ရောက်လာရတာပါ..."

"မင်း ဆေးပင်တွေသွားခူးတုန်းက လူသားအသွင်ပြောင်းထားတဲ့ မြင်းဖြူတစ်ကောင်နဲ့ တွေ့ခဲ့တယ် မဟုတ်လား ၊ မင်း သူ့ကို ဖမ်းမလာဘဲ ဘာလို့ လွှတ်ပေးလိုက်တာလဲ..."

ဆန်းလျန်က သူမ မေးသည့်မေးခွန်းကို မဖြေဘဲ သူမကို မေးခွန်းပြန်ထုတ်လိုက်လေသည်။

ကျင့်ကြံသူမိန်းမပျိုက ဆန်းလျန်မှာ ကျင့်ကြံသူတစ်ယောက်ဖြစ်သည်ကို သိရှိသော်လည်း ထိုနေ့က သူမကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကိုသိရှိနေလိမ့်မည်ဟု ထင်မထားခဲ့မိပေ။ ကြည့်ရသည်မှာ ထိုသူသည် အဆင့်မြင့်ကျင့်ကြံသူတစ်ယောက် ဖြစ်ဟန်ရှိလေသည်။

ထိုသူသည် ထိုက်စုနတ်ဘုရားဂိုဏ်း အနီးအပါးတွင် မည်သည့် ရည်ရွယ်ချက်ဖြင့် ရောက်ရှိနေရပါသနည်း။ သို့သော် သူမ စိတ်ထဲတွင် ဆန်းလျန်တွင် မကောင်းသည့် အကြံအစီမရှိကြောင်း ယုံကြည်နေမိလေသည်။

ထို့ကြောင့် သူမက ယဉ်ကျေးစွာပင် အဖြေပြန်ပေးလိုက်သည်။

"အဲဒီမြင်းဖြူက ဝိညာဉ်အလင်းရပြီး လူသားအသွင် ပြောင်းနိုင်နေပြီ ၊ သူ့ကိုသာ ဆေးဖော်လိုက်ရင် အရမ်းအစွမ်းထက်တဲ့ နတ်ဆေးတစ်လက် ရမှာအသေအချာပါပဲ ၊ ဒါပေမဲ့ ကျွန်မ သူ့ကို အဲဒီလို မလုပ်ရက်ပါဘူး..."

ဆန်းလျန်က...

"မင်းက ကြင်နာတတ်တာပဲ ၊ ဒါပေမဲ့ မင်းကသာ လွှတ်ပေး လိုက်တာ သူ မလွတ်မြောက်နိုင်ဘူးဆိုတာတော့ မင်းမသိခဲ့ဘူး မဟုတ်လား..."

ထို့နောက် ဆန်းလျန်က လက်တစ်ဖက်ကို စက်ဝိုင်းပုံသဏ္ဌာန် ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ ရေကဲ့သို့ ကြည်လင်သည့် စက်ဝန်းတစ်ခု ထွက် ပေါ်လာပြီး မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ကြရလေသည်။ မြင်ကွင်းထဲတွင် ဦးချို (၂)ခုပါရှိသည့် အနီရောင်မြွေတစ် ကောင် ပေါ်လာလေသည်။ ထိုမြွေ၏မျက်လုံးများက အေးစက် စူးရှပြီး ကြောက်မက်ဖွယ်ရာအတိဖြစ်လေ၏။

မြွေ၏ခန္ဓာကိုယ်ပေါ်တွင် အနီရောင်အကြေးခွံများဖြင့် ဖုံးလွှမ်း ထားလေသည်။

မြွေက ရုတ်တရက် မတ်တတ်ရပ်လိုက်သည့်အခါ

လက်သည်းခွံ (၂)ခု ထွက်ပေါ်လာလေ၏။

တစ်ချိန်ချိန်တွင် နဂါးအသွင် ပြောင်းလဲနိုင်တော့မည့် မြွေတစ်ကောင်ဖြစ်သည်မှာ ထင်ရှားနေလေသည်။ မြင်းဖြူမှာ ထိုမြွေ၏ရှေ့တွင်ရှိနေပြီး တစ်ချက်လေးပင် မရွေ့လျားရဲလောက်အောင် ကြောက်ရွံ့တုန်လှုပ်လျှက် ရှိလေသည်။

ကျင့်ကြံသူမိန်းမပျိုက…

"ဒီတောင်ပေါ်မှာ ဒီလိုမြွေမိစ္ဆာက ဘယ်လိုလုပ်ရောက်နေရတာလဲ ၊ အဲဒါ ဘယ်နေရာမှာလဲ ကျွန်မကို ပြောပြပါလား ၊ ကျွန်သွားနှိမ်နင်းပစ်မယ်…"

ဆန်းလျန်က တည်ကြည်သည့်မျက်နှာထားဖြင့်…

"ဒါပေမဲ့ မြင်းဖြူကိုတော့ ကယ်နိုင်မှာ မဟုတ်တော့ဘူး…"

ကျင့်ကြံသူမိန်းမပျိုက လေးနက်သည့်လေသံဖြင့်…

"မြွေမိစ္ဆာကိုကြည့်ရတာ အတော်လေး စွမ်းအားရှိပုံပဲ ၊ သူသာ မြွေဖြူကို မြိုချလိုက်ရင် တန်ခိုးစွမ်းအားတွေ အရမ်း မြင့်မားသွားလိမ့်မယ် ၊ နောက်ပိုင်း သတ္တဝါတွေ ဘယ်လောက်များ သူ့ကြောင့် အသက်ဆုံးရှုံးရမလဲ မဆိုနိုင်ဘူး ၊ ဒါကြောင့် မြင်းဖြူကို မကယ်နိုင်ဘူးဆိုရင်တောင်မှ မြွေမိစ္ဆာကိုတော့ နှိမ်နင်းရလိမ့်မယ်..."

ဆန်းလျန်က ဖြည်းညင်းစွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

ထို့နောက် တန်ခိုးစွမ်းအားလေလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး ကျင့်ကြံသူမိန်းမပျိုကို ရစ်ပတ်ခေါ်ယူသွားလေသည်။

ကျင့်ကြံသူမိန်းမပျို မြေပြင်ထက်တွင် ခြေချလိုက်မိသည့်အခါ မြွေမိစ္ဆာက မြင်းဖြူကိုမြိုချနေသည့် တောင်ပေါ်တစ်နေရာသို့ သူမ ရောက်ရှိနေပြီ ဖြစ်လေသည်။

သူမက ချက်ချင်းပင် သူ၏ အင်္ကျီအတွင်းမှ အနီရောင်ဖဲကြိုး တစ်ခုကို ထုတ်ယူလိုက်လေသည်။ ထိုအခါ ကောင်းကင်ထက်တွင် အနီရောင်အရိပ်များဖြာလင်းလာပြီး လေများလည်း တိုက်ခတ်လာလေသည်။

သူမက မြွေမိစ္ဆာကို ထိန်းချုပ်ရန် ကြိုးစားနေခြင်း ဖြစ်လေသည်။

လက်ဖက်ရည်တစ်ခွက်ခန့် သောက်ပြီးချိန်ကြာသည့်အခါတွင်တော့ သူမ မြွေမိစ္ဆာကို ထိန်းချုပ်နိုင်ခဲ့လေသည်။ မြွေမိစ္ဆာက မြိုချထားသည့် မြင်းဖြူကို အန်ထုတ်လိုက်လေသည်။

မြင်းဖြူမှာ သေဆုံးနေပြီဖြစ်ပြီး မြင်းဖြူ၏အလောင်းတစ်ခုလုံး မြွေမိစ္ဆာ၏ အစိမ်းရောင်အစာချေရည်များဖြင့် ပေကျံလျှက် ရှိလေသည်။

ကျင့်ကြံသူမိန်းမပျိုက သက်ပြင်းချလိုက်ပြီး မြေဖြူကို ကောင်းကောင်းမွန်မွန် သဂြိုလ်ပေးလိုက်လေသည်။ ထို့နောက် မြွေမိစ္ဆာကို ဆန်းလျန်ရှိရာသို့ ယူဆောင်လာလေ၏။

ဆန်းလျန်က ယခင်နေရာတွင်ပင် ထိုင်နေဆဲ ဖြစ်လေသည်။

ကျင့်ကြံသူမိန်းမပျိုက...

"တာအိုဆရာပြောသလိုပဲ မြေဖြူကိုတော့ မကယ်လိုက်နိုင်ဘူး..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"အဲဒီတော့ မြွေမိစ္ဆာကို မင်း ဘာဆက်လုပ်မလဲ..."

ကျင့်ကြံသူမိန်းမပျိုက တစ်ချက်စဉ်းစားလိုက်ပြီး...

"အားလုံးက သဘာဝတရားအတိုင်း မွေးဖွားဖြစ်တည်လာတဲ့ အရာတွေပဲ ၊ သူလည်း တစ်ခုခုတော့ အသုံးဝင်မှာပါ ၊ ကျွန်မ သူ့ကိုခေါ်သွားမယ် ၊ ဘာအတွက်အသုံးဝင်နိုင်မလဲဆိုတာ ကြည့်တာပေါ့..."

ဆန်းလျန်က…

"ဟုတ်ပြီ…"

ကျင့်ကြံသူမိန်းမပျိုက…

"ဒါနဲ့ တာအိုဆရာကရော ဒီနေရာကို ဘာကိစ္စရှိလို့ ရောက်လာတာလဲ…"

ဆန်းလျန်က…

"မင်းက အခုထိ မေးနေသေးတယ်ဆိုတော့ ကျုပ်ကလည်း ဖြေရတော့မှာပေါ့ ၊ ကျုပ်က ယွမ်ကျွင်းကေရီကို တွေ့ဖို့လာတာပါ"

ကျင့်ကြံသူမိန်းမပျိုက တစ်ချက်စဉ်းစားလိုက်သည်။

"ဒီပုဂ္ဂိုလ်က သာမန်ပုဂ္ဂိုလ်တော့ မဟုတ်နိုင်ဘူး ၊ သူက ယွမ်ကျွင်းကေရီကိုတောင် လာရှာရဲတယ် …"

ခေတ်ကာလအရပြောရမည်ဆိုလျှင် ယွမ်ကျွင်းကေရီဆိုသည်က ပထမမိုးနတ်မင်းခေတ်ကတည်းက တည်ရှိခဲ့သည့် နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

အသူရာချောက်ရှိ အပြာရောင်ခရီးရှည်နန်းတော်တွင် ဆန်းလျ န်နှင့် တိုက်ခိုက်ပြီးသည့်နောက် သူမ လူပြန်ဝင်စားခဲ့လေသည်။ ထို့နောက် နီဝါးနတ်သမီး၏ လက်အောက်မှ ကျင်းယွီနတ်သမီး နတ်သမီးနှင့်ပင် အလွန်ခင်မင်ရင်းနှီးသူ ဖြစ်လာခဲ့သည်။

ယခုဆိုလျှင် သူမသည် ယခင်ဘဝကအတိုင်း ထိုက်ယီထျန်းရှ န်းအဆင့်သို့ ပြန်လည် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်လေသည်။

ယွမ်ကျွင်းဧကရီသည် အစပိုင်း ကနဦးကတည်းပင် ထိုက်စု နတ်ဘုရားဂိုဏ်းကို တည်ထောင်ခဲ့သူ ဖြစ်လေသည်။ အဆင့် မြင့်နတ်ဘုရားတစ်ပါးမဟုတ်လျှင် (သို့မဟုတ်) အဓိကနတ် ဘုရားဂိုဏ်းကြီးများမှ ကျင့်ကြံသူများမဟုတ်လျှင် ယွမ်ကျွင်း ဧကရီကို တွေ့ဆုံရန်မှာ မဖြစ်နိုင်ပေ။

တာအိုကျင့်ကြံသူမိန်းမပျိုက...

"တည်ထောင်သူဆရာဘွားဘွားက ထိုက်စုနတ်ဘုရားဂိုဏ်းမှာ မရှိပါဘူး ၊ တာအိုဆရာက သူ့ကိုတွေ့ချင်တယ်ဆိုရင် မရှိမှု ကျေးရွာကိုသွားမှပဲ တွေ့နိုင်မှာပါ..."

မိန်းမပျိုပြောသည့် စကားမှာ အမှန်ပင် ဖြစ်လေသည်။

သူမ၏ စကားကြောင့် ဆန်းလျန်က အနည်းငယ် အခက်တွေ့ သွားဟန်ဖြင့်...

"ပုံမှန်ဆိုရင်တော့ သူ မရှိမှုကျေးရွာမှာ ရှိချင်ရှိနေမှာပေါ့ ၊ ဒါပေမဲ့ အခု ကျုပ်ရောက်လာပြီဆိုရင်တော့ ထိုက်စုနတ်ဘုရား ဂိုဏ်းကို သူ ရောက်လာပါလိမ့်မယ် ၊ ပြီးတော့ ကျုပ် ဒီကို ရောက်လာရတဲ့ နောက်ထပ် ရည်ရွယ်ချက်တစ်ခုကတော့ မင်း အတွက်ပါပဲ..."

ဆန်းလျန်၏စကားကြောင့် ကျင့်ကြံသူမိန်းမပျိုက အံ့အားသင့် သွားပြီး...

"တာအိုဆရာက ကျွန်မနဲ့ ဘာလို့ တွေ့ချင်ရတာလဲ..."

ဆန်းလျန်က ပြိုးလိုက်ရင်း...

"မြင်းဖြူသေသွားတာလည်း ကောင်းတာပါပဲ ၊ သူ့ဝိညာဉ်က လူတစ်ယောက်အဖြစ် ပြန်ဝင်စားလိမ့်မယ် ၊ အနာဂတ်မှာ သူ ဟာမင်းရဲ့တပည့်ဖြစ်လာလိမ့်မယ်...."

ကျင့်ကြံသူမိန်းမပျိုက...

"ကျွန်မရဲ့ ကျင့်ကြံခြင်းအဆင့်က နိမ့်ပါးပါတယ် ၊ ဘယ်လို လုပ် တပည့်လက်ခံနိုင်မှာလဲ ၊ ပြီးတော့ မြင်းဖြူက လူသား တစ်ယောက်အဖြစ် ပြန်ဝင်စားမယ်ဆိုရင် သူ့မှာ နတ်ဘုရား တစ်ပါးဖြစ်လာဖို့ ကံကြမ္မာပါလာမှာပဲ ၊ ကျွန်မက သူ့ကို တပည့်အဖြစ် လက်မခံဝံ့ပါဘူး..."

ရှေးခေတ်အချိန်ကာလကတည်းက လူတစ်ယောက် ကျင့်ကြံ သူဖြစ်လာရန်မှာ အလွန်ခက်ခဲလေသည်။ ထို့အထူ ကျင့်ကြံသူ တစ်ယောက်က တပည့်တစ်ယောက်ကို လက်ခံရန်မှာ ပို၍ခက်ခဲလေသည်။

ကျင့်စဉ်လမ်းကို လျှောက်လှမ်းရခြင်းက မလွယ်ကူလှပေ။ ဘေးအန္တရယ်များ ၊ အစစ်ဆေးခံရခြင်းများဖြင့် ပြည့်နက်လျှက်ရှိသည်။

ထို့ပြင်... ဇာတ်သိမ်းမလှသည့် ကျင့်ကြံသူများကလည်း ဒုနှင့်ဒေး စြဖ်လေသည်။ ကျင့်စဉ်လမ်းကို အဆုံးထိ လျှောက်လှမ်းနိုင်သူမှာ ခပ်ရှားရှားပင် ဖြစ်လေ၏။

ထို့ကြောင့်ကျင့်ကြံသူတစ်ယောက် တန်ခိုးစွမ်းအားမြင့်မားလာလေ တပည့်မွေးရန်အတွက် ပိုပြီး စဉ်းစားချင့်ချိန်လေဖြစ်သည်။

တပည့်မွေးရမည့်သူ၏ မူလအရင်းအမြစ်ကို အထူးသတိထားလေ့လာကြသည်။ ဇာစ်မြစ်ကောင်းလျှင် ကိုယ်ကျင့်တရားကောင်းမကောင်းကို ထပ်မံလေ့လာကြသည်။ ပြီးမှ တပည့်အဖြစ်လက်ခံရန် စဉ်းစားဆုံးဖြတ်ကြလေသည်။

ဥပမာဆိုရလျှင် မြင်းမြှုသည် လူသားတစ်ယောက်ဖြစ်လာရန် ကံကြမ္မာပါလာလျှင် သူသည် နတ်ဘုရားတစ်ပါးဖြစ်လာရန်လည်း ကံကြမ္မာပါလာပေလိမ့်မည်။ ထို့ကြောင့် နတ်ဘုရားများကသာ မြင်းဖြူ၏ ဆရာသခင်များ ဖြစ်ထိုက်လေသည်။ သူမကဲ့သို့ အညတရတစ်ယောက်က မြင်းဖြူကို တပည့်အဖြစ်လက်မခံဝံ့ပေ။

ကျင့်စဉ်လမ်းက ခက်ခဲကြမ်းတမ်းလေရာ အခက်အခဲများရင်ဆိုင်ရသည့်အခါ ဆရာဖြစ်သူ၏ အကူအညီများစွာ လိုအပ်လေသည်။ ထို့အတူ တပည့်ဖြစ်သူကလည်း ဆရာကိုထောက်ပံ့ပေးနိုင်သည့် တပည့်ကောင်းဖြစ်ရန် လိုအပ်သည်။ ဤသည်မှာ ကျင့်ကြံခြင်းလောက၏ ခိုင်မာသည့် ဆရာတပည့်ဆက်ဆံရေးပင် ဖြစ်လေသည်။ အပြန်အလှန် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ အနေအထားမျိုး ဖြစ်လေသည်။

ဆန်းလျန်က...

"မင်းက သူ့အပေါ်ကောင်းခဲ့တာပဲလေ ၊ ဒါကြောင့် သူက မင်းရဲ့ တပည့် ဖြစ်ထိုက်ပါတယ် ..."

ကျင့်ကြံသူမိန်းမပျိုက...

"တာအိုဆရာက ကျွန်မကို နောက်နေပြန်ပါပြီ..."

ဆန်းလျန်က ပြုံးလိုက်ပြီး...

"ကျုပ် ဒီကိုလာရတဲ့အကြောင်းရင်းကို မင်းမေးခဲ့တယ် မဟုတ်လား ၊ ဘာလို့လဲဆိုတော့ အရင်ဘဝတုန်းက မင်းက ကျုပ် အပေါ်ကောင်းခဲ့ဖူးတယ် ၊ ဒါကြောင့် ဒီဘဝမှာ မင်းကို ကျုပ် က ပြန်ပေးဆပ်ဖို့ပါပဲ..."

ဆန်းလျန်၏စကားကိုကြားသည်နှင့် ကျင့်ကြံသူမိန်မပျိုက နားလည်သွားလေသည်။

သူမက ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်အတွက် အတိတ်ဘဝ ၊ အနာဂတ်ဘဝ ဆက်စပ်မှုများကို နားလည်လေသည်။ သို့

တိုင်အောင်... သူမရှေ့မှ တာအိုဆရာ မည်သူဖြစ်သည်ကို သူမ မသိရှိနိုင်သေးပေ။

ကျင့်ကြံသူမိန်းမပျိုက...

"တာအိုဆရာရဲ့နာမည်ကိုများ သိခွင့်ရှိမလား..."

"ဆန်းလျန်..."

ဆန်းလျန်၏ နှုတ်ခမ်းဖျားမှာ စကားလုံး (၂)လုံး ထွက်ပေါ်လာလေသည်။

ကျင့်ကြံသူမိန်းမပျိုက ထိုနာမည်ကို ရင်းနှီးနေလေသည်။

သို့သော်... မည်သည့်နေရာတွင် ကြားဖူးမှန်း မမှတ်မိတော့ပေ။

သူမက ဆန်းလျန်ကို "မသိဘူး" ဟု ငြင်းဆိုရမည်ကို အားနာနေမိလေသည်။

မိန်းမပျိုက...

"တာအိုဆရာဆန်းလျန်ကိုတွေ့ရတာ ဝမ်းသာပါတယ် ၊ ကျွန်မက ယန်မြောင်ယွင်ပါ ၊ ထိုက်စုနန်းတော် ၊ လင်စုခန်းဆောင်က တပည့်တစ်ယောက်ပါ..."

လင်စုနန်းဆောင်ဆိုသည် လင်စုနတ်သမီးအုပ်ချုပ်သည့် နန်းဆောင်ဖြစ်လေသည်။

လင်စုနတ်သမီးဆိုသည်က ထိုက်စုနန်းတော်သခင်မ၏ ညီမဖြစ်လေသည်။

သို့သော်... ထိုက်စုနတ်ဘုရားဂိုဏ်း၏ အကြီးအကဲများလောက်တော့ အခွင့်အာဏာရှိသူတစ်ယောက် မဟုတ်ပေ။

ထို့ပြင် ယန်မြောင်ယွင်ဆိုသည်ကလည်း လင်စုခန်းဆောင်၏ တပည့်များကြားတွင် ထင်ရှားသူတစ်ယောက် မဟုတ်ပေ။

သူမက မိဘမဲ့တစ်ယောက်ဖြစ်ပြီး အရည်အချင်းကလည်း သာမန်မျှသာဖြစ်ပြီး နောက်ခံအင်အားရှိသူလည်း မဟုတ်ပေ။

အခန်း (၉၂၀) ယွမ်ကျွင်းဧကရီ

တောင်ပေါ်လေပြေ ဖြတ်သန်းတိုက်ခတ်သွားသည့်တိုင် ဆန်း

လျှန်ဝတ်ဆင်ထားသည့် အဝတ်အစားများက လေထဲတွင် လွင့်

ပျံသွားခြင်းမရှိလေရာ ယန်မြောင်ယွင်၏စိတ်ထဲတွင် ထူးဆန်း

မှုကို ခံစားလိုက်ရလေသည်။

သူမ၏ ပတ်ဝန်းကျင်တွင်လည်း လေထုက ချက်ချင်း ငြိမ်

သက်သွားလေသည်။

ဆန်းလျှန်မှာ အဆင့်မြင့်နတ်ဘုရားတစ်ပါးဖြစ်ကြောင်း ယန်

မြောင်ယွင် အနည်းငယ်ယုံကြည်သွားမိသည်။

ဆန်းလျှန်က…

"မင်းရဲ့နာမည်က ယန်မြောင်ယွင် ၊ အသက်က ဒီနှစ်ဆိုရင် (၂၈)နှစ်ပြည့်ပြီ ၊ မင်းက ထိုက်စုနတ်ဘုရားဂိုဏ်းက လင်စုနတ်သမီးရဲ့ တပည့်ဖြစ်တယ် ၊ ဒါပေမဲ့ မင်းရဲ့နာမည်က ဘာလို့ ယန်မြောင်ယွင်လို့ မှည့်ထားရလဲ သိလား..."

ယန်မြောင်ယွင် တစ်ခဏမျှ စဉ်းစားနေလေသည်။

သူမကို ယန်မြောင်ယွင်ဆိုသည့်အမည်အဘယ့်ကြောင့်ပေးခဲ့ရသည်ကို ဆရာဖြစ်သူကိုသူမ မေးကြည့်ခဲ့ဖူးသည်။ သို့သော်... ဆရာဖြစ်သူက ဖြေကြားခဲ့ခြင်း မရှိပေ။

ဆန်းလျန်က...

"မင်းရဲ့နာမည်က ယွမ်ကျွင်းကေရီကိုယ်တိုင် ပေးခဲ့တဲ့နာမည်ပဲ..."

ယန်မြောင်ယွင်က အံ့အားသင့်သွားပြီး...

"တည်ထောင်သူဆရာဘွားဘွားမှာ တပည့်တွေ ဒီလောက်များတာ ဘာလို့ ကျွန်မကိုမှရွေးပြီး နာမည်ပေးရတာလဲ..."

ဆန်းလျန်က ပြုံးလိုက်ပြီး အဝေးတစ်နေရာမှ ထိုက်စုနတ်ဘုရားဂိုဏ်းသို့ဝင်ရောက်ရာ ဝင်ပေါက်တံခါးကို လှမ်းကြည့်လိုက်လေသည်။

ဝင်ပေါက်တံခါးဝတွင် သက်တံ့ရောင်စဉ်များ ဖြာလင်းနေသည်ကို တွေ့ရခြင်းအားဖြင့် ယွမ်ကျွင်းဧကရီရောက်ရှိနေပြီကို ဆန်းလျန် သိလိုက်သည်။

သူက ယန်မြောင်ယွင်ကို ဆက်ရှင်းပြမနေတော့ဘဲ...

"ကျုပ်နဲ့ လိုက်ခဲ့..."

ဆန်းလျန်က ကျောက်တုံးထက်တွင်ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ပြီး ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဝင်ပေါက်တံခါးဝဆီသို့ထွက်ခွာသွားလေတော့သည်။

ဆန်းလျန်က လေထဲသို့ ခြေလှမ်းတစ်လှမ်းချင်း လှမ်းတက်သွားပြီး သူ၏ခြေလှမ်းများက မြေပြင်ထက်တွင် လမ်းလျှောက်နေသည့်အလား တည်ငြိမ်ခိုင်ခံ့လှလေသည်။

ကျင့်ကြံသူတစ်ယောက် ပုရှိုးအဆင့်သို့ရောက်လျှင် လေထဲ တွင် မည်သည့်မှော်ဝင်ပစ္စည်းအကူအညီမှ မလိုဘဲ မြေပြင် ထက်တွင်လမ်းလျှောက်သကဲ့သို့ လျှောက်လှမ်းနိုင်သည်ကို ယန်မြောင်ယွင် သိရှိထားလေသည်။

ယန်မြောင်ယွင်က မှော်ဝင်ပစ္စည်းတစ်ခုကို အသုံးပြုပြီး လေထဲ သို့ ပျံသန်းကာ ဆန်းလျန်နောက်သို့ လိုက်ပါသွားလေသည်။ သို့သော်... မထင်မှတ်စွာပင် လေထဲတွင် မမြင်ရသည့် လေ့ကားထစ်များရှိနေသည်ကို သူမ သတိပြုလိုက်မိလေ သည်။ လေ့ကားထစ်များကို တွေ့မြင်ရခြင်းမရှိသည့်တိုင် ခံစားသိရှိနိုင်လေသည်။

သူမ ဆန်းလျန်ကို ပိုပြီး အထင်ကြီးလေးစားသွားမိကာ လေ့ကားထစ်များအတိုင်း ဆန်းလျန်နောက်မှ လိုက်ပါသွားလေ တော့သည်။

သူတို့ (၂)ယောက် ခပ်ဖြေးဖြေးပင် လမ်းလျှောက်လာကြပြီး နောက်ဆုံး ဝင်ပေါက်တံခါးသို့ ရောက်ရှိလာကြလေသည်။ ဝင်ပေါင်တံခါးမှ ဝင်မိလျှင်ဝင်မိချင်း ယန်မြောင်ယွင်၏နားထဲတွင် ပုလွေသံတစ်သံ ကြားလိုက်ရလေသည်။ ထိုပုလွေသံမှာ သံစဉ်အလှည့်အပြောင်း (၉)မျိုးပါဝင်သည့် ဇာမဏီငှက်မျိုးနွယ်များ၏ တေးသွားဖြစ်လေသည်။

ထူးခြားသည့် ဧည့်သည်တော် ကြွရောက်လာမှသာ ထိုက်စုနတ်ဘုရားဂိုဏ်းတွင် ထိုတေးသွားကို တီးခတ်လေ့ရှိလေသည်။ ရောက်ရှိလာသည့် ဧည့်သည်မှာ ဆန်းလျန်အပြင် အခြားသူမရှိပေ။

ထို့နောက်... ခေါင်းလောင်းသံများ ထွက်ပေါ်လာပြန်လေသည်။ ထိုခေါင်းလောင်းသံများမှာ သာမန်ခေါင်းလောင်းသံများ မဟုတ်ပေ။ နတ်ဘုရားခေါင်းလောင်းသံများ ဖြစ်လေသည်။ ထိုခေါင်းလောင်းကို သာမန်ကျင့်ကြံသူများ တီးခတ်နိုင်

ခြင်းမရှိကြပေ။ အဆင့်မြင့်နတ်ဘုရားများသာလျှင် တီးခတ်နိုင်ကြလေသည်။

ခေါင်းလောင်းတီးသံ (၇) ကြိမ် (၇)ခါ ထွက်ပေါ်လာပြီး စုစုပေါင်း (၄၉)ကြိမ် တိတိ ဖြစ်လေ၏။ တောင်တစ်ခွင်တွင် ခေါင်းလောင်းသံသာသည် အဆက်မပြတ် ပျံ့လွင့်လျှက် ရှိလေတော့သည်။

ယန်မြောင်ယွင်မှတ်မိသလောက် နတ်ဘုရားခေါင်းလောင်း (၁)ကြိမ်သာ တီးခတ်သည်ကို ကြားခဲ့ရဖူးလေသည်။ ချင်းယန်ကျောင်းတော်မှ ယင်ရှန်းကျွင်းအရှင် ထိုက်စုနတ်ဘုရားဂိုဏ်းသို့ လာရောက်လည်ပတ်စဉ်က တီးခတ်ခြင်းဖြစ်လေသည်။

သို့သော်... ခေါင်းလောင်းသံက တစ်ကြိမ်သာဖြစ်လေရာ ယနေ့တီးခတ်သည့် (၄၉)ကြိမ်နှင့် နှိုင်းယှဉ်၍ မရနိုင်ပေ။

ထို့ကြောင့်… ယန်မြောင်ယွင်မှာ ကြောက်ရွံ့ထိတ်လန့်လာမိလေသည်။

သူမသည် ငတုံးတစ်ယောက်မဟုတ်ပေ။ ခေါင်းလောင်းသံများသည် ဆန်းလျန်ကို ကြိုဆိုသည့် ခေါင်းလောင်းသံများဖြစ်သည်ကို သိရှိလေသည်။ ထို့ကြောင့် ဆန်းလျန်၏အဆင့်အတန်းကို ခန့်မှန်းကြည့်ရင်း အံ့သြထိတ်လန့်နေမိသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ ဂိုဏ်းသူများကလည်း ဆန်းလျန်နှင့်အတူ လိုက်ပါလာသည့် သူမကိုဝိုင်းဝန်းကြည့်ရှုနေကြသည့်အတွက် ယန်မြောင်ယွင်မှာ အနည်းငယ်ပင် ရှက်သွေးဖြာလာမိလေသည်။

ဆန်းလျန်က…

"နတ်ဘုရားခေါင်းလောင်းသံက ကျားဟိန်းသံနဲ့လည်းတူသလို မိုးကြိုးသံနဲ့လည်း တူတယ် ၊ တန်ခိုးစွမ်းအားတွေကို သန့်စင်

ပေးနိုင်တယ် ၊ မင်းရဲ့ မျက်ခုံး (၂)ခုကြားက သွေးကြောဆုံ

ချက်က တန်ခိုးစွမ်းအား အနှစ်သာရ တည်ရှိရာနေရာပဲ ၊ အဲဒီ

နေရာကို အာရုံစူးစိုက်ထား..."

နတ်ဘုရားခေါင်းလောင်းသံ၏ တန်ခိုးစွမ်းအားမြင့်မားပုံကို

ယန်မြောင်ယွင် အစကတည်းက သိရှိပြီးသား ဖြစ်လေသည်။

သို့သော်... ကြောက်ရွံ့ထိတ်လန့်နေသည့်အတွက် သူမက

မေ့လျော့သွားခြင်း ဖြစ်သည်။

သို့သော်... ဆန်းလျန်က အချိန်မီသတိပေးလိုက်သည့်အတွက်

သူမ ချက်ချင်းပင် မျက်ခုံး (၂)ခုကြားရှိ သွေးကြောဆုံချက်မှ

တန်ခိုးစွမ်းအားများကို အာရုံစူးစိုက်လိုက်လေသည်။

ချက်ချင်းပင် သူမ၏ ခန္ဓာကိုယ်တစ်ခုလုံး ပူနွေးလာပြီး မကြုံ

ဖူးသည့် ခံစားချက်တစ်ခုကို ခံစားလိုက်ကြရလေသည်။

ထို့နောက် ယန်မြောင်ယွင် သတိလက်လွတ် မိန်းမောသွားမိလေ

သည်။

ဆန်းလျှန်ကတော့ ယန်မြောင်ယွင်ကို သတိပေးခြင်းမျိုး မပြုလုပ်ဘဲ ဝင်ပေါက်တံခါးမှ ခပ်ဖြည်းဖြည်းပင် ဝင်ရောက်လာခဲ့လေသည်။

အမွေးတိုင်တစ်တိုင်စာ လောင်ကျွမ်းပြီးသည့်အချိန်တွင်တော့ ယန်မြောင်ယွင် သတိပြန်ဝင်လာလေသည်။

ထိုအခါ... သူမရှေ့တွင် စောင့်ကြိုနေကြသည့် ဆရာသခင်များနှင့် ဂိုဏ်းသူများကို တွေ့မြင်လိုက်ရသည့်အခါ သူမ ထိတ်လန့်ပြီး သတိလစ်မလိုပင် ဖြစ်သွားရလေသည်။

သို့သော်... ထိုက်စုနတ်ဘုရားဂိုဏ်းမှ လူအများကတော့ ယန်မြောင်ယွင်ကို ထူးဆန်းစွာဖြင့် ကြည့်နေခဲ့ကြလေသည်။

နန်းတော်သခင်မက အထူးဧည့်သည်တော်ကို ကြိုဆိုရန် သူမတို့ကို စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။ ယခုတော့ ဧည့်သည်တော်နှင့်အတူ အဘယ့်ကြောင့် ယန်မြောင်ယွင်ပါ ပါလာရပါသနည်း။

ယန်မြောင်ယွင်ဆိုသည်က လင်စုနတ်သမီး၏ တပည့်တစ်ယောက်ဖြစ်ပြီး သာမန်မိဘမဲ့ ကလေးတစ်ယောက် ဖြစ်လေသည်။ သူမ၏ ကျင့်ကြံခြင်းအဆင့်ကလည်း အလယ်အလတ်အဆင့်မျှသာဖြစ်လေရာ အားလုံးက သူမကို အမှုမဲ့ အမှတ်မဲ့ပင် ရှိကြသည်။

သို့သော်... ယခုတော့ ယန်မြောင်ယွင်က ဧည့်ကောင်းဆောင်ကောင်းနှင့်အတူ လိုက်ပါလာခြင်းဖြစ်လေရာ သူတို့အားလုံးမှာ ယန်မြောင်ယွင်ကို စိတ်ထဲမှ အထင်ကြီးလေးစားနေမိကြလေတော့သည်။

ဧည့်သည်က သာမန်ဧည့်သည်ဆိုလျှင် ကိစ္စမရှိပေ။ နန်းတော်သခင်မကိုယ်တိုင် ခေါင်းလောင်း (၇)ချက် (၇)ကြိမ်တီးခတ်ပြီး ကြိုဆိုရသည့် ဧည့်ကောင်းဆောင်ကောင်းဖြစ်နေလေရာ ရောက်ရှိလာသည့်ဧည့်သည်သည် မိုးကောင်းကင်ခုံရုံးမှ နတ်ဘုရားများထက်ပင် အဆင့်မြင့်ဟန် ရှိလေသည်။

ဆန်းလျန်၏အဆင့်အတန်းမှာ ရှမ်ဟွမ်မိုးနတ်မင်းထက်ပင် အဆင့်မြင့်နိုင်သည်ဟု သူတို့အားလုံး ခန့်မှန်းမိကြပြီး ကြောက်ရွံ့နေမိကြလေတော့သည်။

ထိုက်စုနတ်ဘုရားဂိုဏ်းသည် လူ့လောကမှ နတ်ဘုရားဂိုဏ်း တစ်ဂိုဏ်းဖြစ်ပြီး မိုးကောင်းကင်ခုံရုံးမှ နတ်ဘုရားများနှင့်ယှဉ် လျှင် မြူမှုံမျှသာ ဖြစ်လေသည်။

ယွမ်ကျွင်းဧကရီကတော့ နာမည်ကျော်ကြားသည့် အဆင့်မြင့် နတ်ဘုရားတစ်ပါးဖြစ်သည့်တိုင် ယွမ်ကျွင်းဧကရီတည်ထောင် ခဲ့သည့် ထိုက်စုနတ်ဘုရားဂိုဏ်းကိုတော့ ရှမ်ဟွမ်မိုးနတ်မင်းပင် လျှင် တစ်ခါမှ ကြားဖူးခြင်း မရှိပေ။

ထို့နောက်တွင်တော့... ထိုက်စုနတ်ဘုရားဂိုဏ်းမှ နန်းတော် သခင်မကိုယ်တိုင် ဆန်းလျန်ကို ကြိုဆိုရန် ထွက်လာလေ သည်။

သူမက ဦးခေါင်းထက်တွင် ရွှေဆံထိုးတစ်ချောင်းထိုးစိုက်ထား ပြီး အနီရောင်ဝတ်စုံကို လှပစွာ ဝတ်ဆင်ထားလေသည်။

သူမက ဆန်းလျန်ကိုတွေ့သည်နှင့် ဦးညွှတ်ဂါရဝပြုလိုက် ရင်း...

"ဆန်းလျန်ထျန်းကျွင်းကို ဂါရဝပြုပါတယ် ၊ တည်ထောင်သူ ဆရာဘွားဘွားက တိမ်တိုက်ခန်းမဆောင်ထဲမှာ ထျန်းကျွင်းနဲ့ တွေ့ဖို့ စောင့်နေပါတယ်..."

နန်းတော်သခင်မက ဆန်းလျန်ကို ဂါရဝပြုသည်ကို တွေ့မြင် လိုက်ရသည့်အခါ ယန်မြောင်ယွင်မှာ ထိတ်ထိတ်ပြာပြာ ဖြစ် သွားလေသည်။ သူမခြေလှမ်းများပင် ရှေ့ဆက်လှမ်းနိုင်စွမ်း မ ရှိတော့ပေ။

ဆန်းလျန်က သိမ်မွေ့သည့်လေသံဖြင့်...

"ကျုပ်ကို လိုက်ပို့ပေးပါ..."

နန်းတော်သခင်မက ချက်ချင်းပင် ဆန်းလျန်ကို တိမ်တိုက်ခန်းမဆောင်သို့ ခေါ်ဆောင်သွားပြီး ယန်မြောင်ယွင်ကလည်း ဆန်းလျန်နောက်မှ လိုက်ပါသွားလေသည်။

အမှန်တော့ ယန်မြောင်ယွင်က သူမ၏ခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ အလိုလို ဆန်းလျန်နောက်သို့ လိုက်ပါနေမိလျက်သားဖြစ်နေခြင်းသာ ဖြစ်သည်။

တိမ်တိုက်ခန်းမဆောင်ဆိုသည်က ထိုက်စုနတ်ဘုရားဂိုဏ်း၏ တားမြစ်နယ်မြေဖြစ်လေသည်။

ထိုနေရာသို့ နန်းတော်သခင်မနှင့် နန်းတော်သခင်မနေရာကို ဆက်ခံမည့်သူသာလျှင် ဝင်ခွင့်ရှိလေသည်။ ယနေ့တော့ ဆန်းလျန်က ယန်မြောင်ယွင်ကို တိမ်တိုက်ခန်းမဆောင်အတွင်းသို့ ခေါ်ဆောင်သွားခဲ့လေသည်။

သို့သော်... ထိုက်စုနန်းတော်သခင်မက တစ်ချက်ကလေးပင် တားဆီးခဲ့ခြင်း မရှိပေ။ ထိုအချက်ကြောင့် ထိုက်စုနတ်ဘုရား

ဂိုဏ်းမှ ဆရာသခင်များနှင့် ဂိုဏ်းသူများမှာ အတွေးပေါင်းများ

စွာဖြင့် ကျန်ရစ်ခဲ့ကြရလေသည်။

ညော့သည်တော်တစ်ယောက်က ထိုက်စုနတ်ဘုရားဂိုဏ်းမှ သာ

မာန်တပည့်တစ်ယောက်ကို တိမ်တိုက်ခန်းမဆောင်အတွင်းသို့

ခေါ်ဆောင်သွားသည်ကို နန်းတော်သခင်မက တားဆီးခဲ့ခြင်း

အလျဉ်းမရှိသည့်အချက်က အတော်လေး ထူးဆန်းလေသည်။

ယန်မြောင်ယွင်က ထိုက်စုနတ်ဘုရားဂိုဏ်း၏ နန်းတော်သခင်မ

နေရာကို ဆက်ခံမည့်သူတစ်ယောက် မဟုတ်သည့်အတွက် ထို

အချက်က စည်းကမ်းနှင့် ကိုက်ညီခြင်း မရှိပေ။

ထို့ပြင်... ထိုက်စုနတ်ဘုရားဂိုဏ်းမှ နန်းတော်သခင်မတိုင်းက

နန်းတော်သခင်မနေရာကို ဆက်ခံမည့်သူကို အမြဲတမ်း

အတိအလင်း ကြေငြာထားကြစမြဲဖြစ်လေသည်။ သို့သော်...

လက်ရှိနန်းတော်သခင်မကတော့ ထိုသို့ တရားဝင်ကြေငြာထား

ခြင်းမျိုး မရှိသေးပေ။

ထို့ကြောင့် ယန်မြောင်ယွင်များ နန်းတော်သခင်မနေရာကို ဆက်ခံသူဖြစ်လာမည်လားဟု သူတို့အားလုံးက သံသယဝင်နေမိကြခြင်း ဖြစ်လေသည်။

ထိုက်စုနန်းဘုရားဂိုဏ်းတွင် အရည်အချင်းရှိသူများစွာ ရှိသည့်တိုင် နန်းတော်သခင်မကတော့ ဆက်ခံသူနေရာကို မည်သူ့အားလွှဲအပ်မည်ကို တစ်စက်ကလေးပင် ဖွင့်ဟပြောဆိုခဲ့ခြင်း မရှိပေ။

ယခုတော့ ဆန်းလျန်ကလည်း ယန်မြောင်ယွင်ကို မြှောက်စားဟန်ရှိနေလေရာ အခိပ္ပါယ်တစ်ခုခုတော့ ထူးခြားနေသည်မှာ အမှန်ပင် ဖြစ်သည်။

သို့သော်... သူတို့အားလုံး၏ အတွေးများကို ဆန်းလျန်က အရေးစိုက်ခြင်း မရှိပေ။

ယန်မြောင်ယွင်ကတော့ ထိုအရာများအားလုံးကို နားလည်ခြင်း မရှိဘဲ ရုပ်သေးရုပ်တစ်ရုပ်ပမာ သူမကိုယ်သူမ ထိန်းချုပ်နိုင်

စွမ်းကင်းမဲ့စွာဖြင့် ဆန်းလျှန်နောက်သို့ အလိုလို လိုက်ပါသွား

လေတော့သည်။

တိမ်တိုက်ခန်းမဆောင်အတွင်းသို့ အပြင်ဘက်မှ တိမ်ခိုးတိမ်

ငွေ့များ စီးဆင်းဝင်ရောက်လျှက်ရှိလေသည်။ ထို့ကြောင့် ခန်းမ

ဆောင်ထဲတွင် တိမ်တူထပ်နေသည့်အလား ခံစားရလေ၏။

ခန်းမဆောင်အတွင်း၌ ထူးထူးခြားခြား ပြင်ဆင်ထားခြင်းမျိုးမ

ရှိပေ။ ထိုင်စရာ အခင်း (၂)ခု ချထားပြီး အခင်းတစ်ခုတွင်

အသက် (၁၆)နှစ်ခန့် မိန်းကလေးငယ်တစ်ဦး ထိုင်နေလေ

သည်။

ထိုမိန်းကလေးကိုတွေ့သည်နှင့် ထိုက်စုနန်းတော်သခင်မနှင့်

ယန်မြောင်ယွင်က ဒူးထောက် ဂါရဝပြုလိုက်ကြလေသည်။

ဒူးထောက်ပြီး ပြန်ထလိုက်သည့်အခါမှ ယန်မြောင်ယွင်မှာ သူမ

ကိုယ်သူမ ပြန်လည်ထိန်းချုပ်လိုက်နိုင်လေသည်။

ထိုမိန်းကလေးငယ်မှာ အခြားသူ မဟုတ်ပေ။

"ယွမ်ကျွင်းကေရီ" ပင် ဖြစ်လေသည်။

ထိုက်စုနတ်ဘုရားဂိုဏ်းမှ တပည့်တစ်ယောက်အနေဖြင့် ယန်မြောင်ယွင်သည် ယွမ်ကျွင်းကေရီ၏ ပန်းချီကားကို ကြိမ်ဖန်များစွာ တွေ့မြင်ဖူးလေသည်။ ထို့ကြောင့် မိန်းကလေးကို တွေ့သည်နှင့် ယွမ်ကျွင်းကေရီမှန်း ချက်ချင်းမှတ်မိလိုက်လေသည်။

ဆန်းလျန်က ရှေ့သို့အသာလှမ်းသွားလိုက်ပြီး ယွမ်ကျွင်းကေရီနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လေသည်။

"ငါ တံခါးပိတ်ကျင့်ကြံနေတာနဲ့ပဲ ဆန်းလျန်ထျန်းကျွင်းကို ကိုယ်တိုင်လာမကြိုလိုက်နိုင်ဘူး ၊ ထျန်းကျွင်း စိတ်မရှိပါနဲ့..."

ယွမ်ကျွင်းကေရီ၏ ပျိုကညာတစ်ယောက်အလား နူးညံ့သိမ်မွေ့ပြီး သာယာသည့်အသံက ထွက်ပေါ်လာခဲ့လေသည်။

အခန်း (၉၂၁) ရှန်းထျန်းဝူထိုက်

ယွမ်ကျွင်းကေရီက စကားပြောပြီးသွားသည်နှင့် ဆန်းလျန်ကို ကြည်လင်စွာဖြင့် ကြည့်လိုက်သည်။

ဆန်းလျန်က...

"ကျုပ်တို့ ပြန်ဆုံကြပြန်ပြီနော် ၊ အရင်ဘဝနဲ့ အခုဘဝ အနေအထားတွေကတော့ မတူနိုင်တော့ပါဘူး..."

ယွမ်ကျွင်းကေရီက မည်သည့်စကားမှ ပြန်မပြောခဲ့ပေ။

အတိတ်သည်အတိတ်တွင်ကျန်ခဲ့ပြီဖြစ်ပြီး ဆန်းလျန်သည် ယခုအချိန်တွင် သူမထက် အဆပေါင်းများစွာ တန်ခိုးစွမ်းအား မြင့်မားနေပြီ ဖြစ်သည်။

သူမက ဘယ်ဘက်လက်ဖဝါးကို အသာအယာဖြန့်လိုက်လေသည်။

ထိုအခါ သူမ၏ လက်ဖဝါးထက်တွင် ပုတီးစေ့အရွယ်အစားရှိ

သည့် သွေးကျောက်စိမ်းတစ်ခု ပေါ်လာလေ၏။ ကျောက်စိမ်း

က အနည်းငယ်အပြာရောင်ဘက်သမ်းနေပြီး အတွင်းမှ သွေး

ရောင်က ထင်ရှားလျှက်ရှိသည်။

သူမက လက်တစ်ချက်ဝှေ့ရမ်းလိုက်လေရာ သွေးကြောက်စိမ်း

က ဆန်းလျန်ရှိရာသို့ လွင့်မျောသွားလေသည်။ ဆန်းလျန်က

အကျီလက်ကို အသာဝှေ့ယမ်းလိုက်ပြီး သွေးကျောက်စိမ်းကို

လက်ခံယူလိုက်သည်။

ယွင်ကျွင်းဧကရီက...

"ငါ တံခါးပိတ်ကျင့်စဉ်ကျင့်ကြံတာက ဆန်းရှော့ရှီရဲ့ ကံကြမ္မာ

ကို လုံးဝ ဖြတ်တောက်ပေးနိုင်ဖို့ပါ ၊ မင်းက ငါ့ စေတနာကို

လက်မခံဘူးဆိုရင်တောင် ဒီကံတရားကို ပြီးပြည့်စုံခွင့်ပေးစေ

လိုတယ်..."

ဆန်းလျန်က...

"မင်းက ဒီလို ရိုးရိုးသားသားပြောမှတော့ ရော့ရှီရဲ့ကံတရားနဲ့

ပတ်သက်တဲ့ မင်းရဲ့စေတနာကို ကျုပ်လက်ခံပါ့မယ်..."

ဆန်းလျန်စကားကြောင့် ယွမ်ကျွင်းဧကရီ၏ ချောမောလှပ

သည့်မျက်နှာထက်တွင် စိတ်သက်သာရာ ရသွားဟန်ပေါ်လာ

သည်။

ဆန်းလျန်ဆိုသည်က အခြားသောနတ်ဘုရားများကပင်

ဦးညွှတ်ရသည့် တန်ခိုးစွမ်းအားမြင့်မားလွန်းသည့် နတ်ဘုရား

တစ်ပါးဖြစ်နေပြီ ဖြစ်သည်။

အတိတ်တစ်ချိန်က ရန်သူများဖြစ်စေဦးတော့ ယခုအချိန်တွင်

ရန်သူဖြစ်ထိုက်သူတစ်ယောက် မဟုတ်တော့ပေ။ ထို့ကြောင့်

ဆန်းရော့ရှီ၏ ကံကြမ္မာကို သူမထံမှ ဖြတ်တောက်ပေးလိုက်

ခြင်းဖြင့် ဆန်းလျန်နှင့် ရန်သူမဟုတ်တော့ကြောင်း သူမဘက်မှ

စတင်ပြသလိုက်ခြင်း ဖြစ်သည်။

ဆန်းလျန်က သူမ၏ ကမ်းလှမ်းချက်ကို သဘောတူလိုက်သည့် တိုင် ဆန်းလျန်၏ တန်ခိုးစွမ်းအား မည်မျှ မြင့်မားနေပြီကို သူမ အသိဆုံး ဖြစ်လေသည်။

ညာဏ်စဉ်တစ်ခုကို မူလအရင်းအမြစ်မှ ဖြတ်တောက်ပစ်မည်ဆို လျှင် ကျင့်ကြံခြင်းအခြေခံလည်း ပျက်စီးသွားနိုင်လေသည်။

သို့သော်... ထိုသို့ပြုလုပ်လိုက်သည့်အတွက် ကောင်းမွန်သည့် ရလဒ်များလည်း ရရှိနိုင်လေ၏။

ယွမ်ကျွင်းဧကရီက...

"မင်း ဒီကိုလာတာ တခြားကိစ္စရော ရှိသေးလား..."

ယန်မြောင်ယွင် လူပြန်ဝင်စားသည့်အကြောင်းရင်းကို ယွမ်ကျွ င်းဧကရီ အစောကြီးကတည်းက သိရှိထားခဲ့ပြီး ဖြစ်သည်။

တစ်နေ့တွင် ယန်မြောင်ယွင်က သူမအတွက် အသုံးဝင်လာနိုင် မည်ဟု ယူဆပြီး ယန်မြောင်ယွင်ကို စောင့်ရှောက်ထားခဲ့ခြင်း ဖြစ်သည်။

ဆန်းလျန်က ယန်မြောင်ယွင်ကို ထိုက်စုနတ်ဘုရားဂိုဏ်း၏ နန်းတော်သခင်မနေရာကို ပေးစေလိုလျှင်ပင် ယွမ်ကျွင်းကေရှီက လက်ခံသဘောတူရန် ဆုံးဖြတ်ထားသည်။ အဘယ်ကြောင့်ဆိုသော်... သူမက အတိတ်မှကိစ္စများကို သင်ပုန်းချေကာ ယခုအချိန်ခါတွင် ဆန်းလျန်နှင့် ပူးပေါင်းချင်သောကြောင့် ဖြစ်လေ၏။

သို့သော်... ဆန်းလျန်၏ စကားများက ယွမ်ကျွင်းကေရှီ မျှော်လင့်ထားသည်ထက် ကျော်လွန်နေပြီး သူမကို အံ့သြထိတ်လန့်စေလေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ယွမ်ကျွင်းကေရှီ... ရှန်းထျန်းဝူထိုက်ဆိုတာ ဘာလဲ သိသလား..."

ယွမ်ကျွင်းကေရှီက ဆန်းလျန်စကားကြောင့် အံ့အားသင့်သွားပြီး...

"ရှန်းထျန်းဝူထိုက်ဆိုတာ ဟွင့်ယွမ်ဝူကျီအဆင့်ကနေ လောက ကိုကျော်လွန်တဲ့ အဆင့် (၅)ဆင့်ကို ပြောတာမလား ၊ အဲဒါတွေ က ထိုက်ယိ ၊ ထိုက်ချူး ၊ ထိုက်ရှီ ၊ ထိုက်စုနဲ့ ထိုက်ချိတို့ပဲ ၊ အဲဒီ အဆင့် (၅)ဆင့်မှာ ထိုက်စုအဆင့်က အရည်အချင်း အပြည့်ကို ဖော်ထုတ်ပေးနိုင်ပေမယ့် တန်ခိုးစွမ်းအားကတော့ နည်းပါးလိမ့်မယ် ၊ ဝိညာဉ်ကလည်း အနည်းငယ်ပဲ လင်းလက် လိမ့်မယ် ၊ ဒီမေးခွန်းကိုမေးတာ တစ်ခုခု ထူးခြားတာများ ရှိလို့ လား..."

ဆန်းလျန်က...

"ဟုတ်တယ် ၊ ကျုပ်လောကကို ကျော်လွန်ချင်တယ် ၊ ရှေးလူ တွေရဲ့ကျင့်စဉ်တွေက သိပ်ပြီးအခြေမကျလှဘူး ၊ ဒီတော့ ကျုပ် နောက်ထပ် နည်းလမ်းတစ်ခု ရှာဖို့လိုတယ် ၊ ပြီးတော့ အခုတလော ကျုပ်သိထားတာအချို့လည်း ရှိသေးတယ် ၊ ကျုပ် အဖိုးတန်တဲ့ပညာတွေအများကြီးသိထားခဲ့ပေမယ့်

နောက်ဆုံး ကျုပ်နားလည်သွားတာက ကျုပ်သွားချင်တဲ့ လမ်းကြောင်းက ရှန်းထျန်းဝူထိုက်လမ်းကြောင်းပဲ ၊ ဒါကြောင့် ထိုက်စုအကြောင်းကို ကျုပ်သိချင်တယ် ၊ ရှေးခေတ် သူတော်စင်ကြီးတွေရဲ့ ပြောင်းလဲမှုနဲ့ တန်ခိုးစွမ်းအားတွေက မြင့်မားလွန်းပေမယ့် အရမ်းလည်း ရှုတ်ထွေးလွန်းတယ် ၊ ဒါ ကြောင့် ရှန်းထျန်းဝူထိုက်ကို ကျုပ် နားလည်အောင်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ် ၊ ရှန်းထျန်းဝူထိုက်ဟာ အရာအားလုံးရဲ့ အခြေခံဖြစ်သလို ပြောင်းလဲနိုင်စွမ်းလည်း အရမ်းမြန်တယ် ၊ တစ်ခုချင်းလည်း ပြောင်းလဲနိုင်စွမ်း ရှိတယ် ၊ ကျုပ်က ထိုက် ယိလို့သိကြတဲ့ ယိလမ်းစဉ်ကို လေ့လာခဲ့ဖူးတယ် ၊ ပြီးတော့ ထိုက်စန့်လောင်ကျွင်းရဲ့ ဓမ္မကိုလည်း ကျုပ်နားလည်ခဲ့တယ် ၊ ဒါကြောင့် ကျုပ်ဟာ ထိုက်ယိနဲ့ ထိုက်ချိကို နားလည်နေပြီ ၊ ဒါပေမဲ့ ထိုက်ချူး ၊ ထိုက်ရှီ နဲ့ ထိုက်စု ဆိုတဲ့အကြောင်းတွေကို တော့ ကျုပ် မသိဘူး ၊ မင်းကတော့ ထိုက်စုလမ်းစဉ်နဲ့

အကျွမ်းဝင်တယ်၊ ဒါကြောင့် မင်းက ကျုပ်ကို ထိုက်စုလမ်းစဉ် အကြောင်း နည်းနည်းလောက် ရှင်းပြပေးနိုင်မလား၊ ကျုပ် အနေနဲ့ အလကားတောင်းဆိုမှာ မဟုတ်ပါဘူး၊ ကျုပ် လောလောဆယ် သိမြင်ထားတဲ့ ကျင့်စဉ်လမ်းနဲ့ပတ်သက်တဲ့ ဓမ္မတွေအားလုံးကို မင်းကို ပြန်ပြီး ဝေမျှပေးသွားပါ့မယ်..."

ရုတ်တရက်...

ယွမ်ကျွင်းဧကရီနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်နေသည့် ဆန်း လျန် ပြောင်းလဲခြင်းများစွာ ဖြစ်ပေါ်သွားလေသည်။ မြင်ကွင်း ကိုကြည့်ပြီး ယွမ်ကျွင်းဧကရီပင် ထိတ်လန့်တုန်လှုပ်သွားမိလေ သည်။

ဆန်းလျန်က သူမရှေ့တွင်ပင် ထိုင်နေခြင်းဖြစ်သည့်တိုင် အလွန်ထူးဆန်းသည့် အခြေအနေတစ်ခုကို မြင်တွေ့နေရလေ သည်။

လောကတွင် ယင် နှင့် ယန် တည်ရှိလေသည်။

သို့သော်... ယခု ဆန်းလျန်က ယင် နှင့် ယန် ကြားမှ ခြားနားချက်တစ်ခုအတွင်းတွင် တည်ရှိနေလေသည်။ ဆန်းလျန်ထံတွင် တာအိုတန်ခိုးစွမ်းအားများအားလုံး ချုပ်ငြိမ်းနေပြီး ပုံသဏ္ဍာန်က မပီဝိုးတဝါး ဖြစ်လျှက်ရှိသည်။ ယွမ်ကျွင်းကေရီ၏ စိတ်အာရုံထဲတွင်ပင် ဆန်းလျန်ကို ပီပီပြင်ပြင် သရုပ်ဖော်နိုင်ခြင်း မရှိတော့ပေ။

နောက်ဆုံးတော့... ယွမ်ကျွင်းကေရီက ဆန်းလျန်၏ ထူးခြားသည့်အခြေအနေကို ဆုံးဖြတ်နိုင်ရန်အတွက် သူမက မူလဓားဝိညာဉ်တစ်ခုကို ဆန်းလျန်ရှိရာသို့ ပစ်လွှတ်လိုက်လေသည်။ ထိုဓားဝိညာဉ်မှာ သူမ၏ သန့်စင်သည့်တန်ခိုးစွမ်းအားများကို သိပ်သည်းအောင်ပြုလုပ်ထားသည့်ဓားတစ်လက်ဖြစ်ပြီး ကြယ်စင်များကိုပင် ပိုင်းဖြတ်ပစ်နိုင်စွမ်းရှိလေသည်။

သို့သော်... ဆန်းလျန်က ရုတ်တရက် ယွင်ကျွင်းကေရီရှေ့မှ ပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် ဓားဝိညာဉ်မှာ ဦးတည်ရာမဲ့သွားလေသည်။

အချိန်ခဏကြာသည့်အခါတွင်တော့ ဆန်းလျန်က ပုံမှန်အတိုင်း ပြန်ပေါ်လာသည်။

ဆန်းလျန်က...

"ထိုက်ယိက ပြောင်းလဲနိုင်စွမ်းရှိတယ်၊ ထိုက်ယိဆိုတာ အစ ဦးပိုင်း တန်ခိုးစွမ်းအားကို မသိမြင်သေးတဲ့ အဆင့်ကို ဆိုလို တယ်၊ ဒါကြောင့် မင်းရဲ့ ဓားဝိညာဉ်က ဘယ်လောက်ပဲ ပြင်းထန်ပါစေ၊ ကျုပ်ကို နာကျင်အောင် မလုပ်နိုင်ဘူး..."

ဆန်းလျန်က ယွမ်ကျွင်းဧကရီကို သူသိမြင်ထားသည့် ယိ လမ်းစဉ်ကို ရှင်းလင်းပြောပြနေခြင်း ဖြစ်လေသည်။

ဆန်းလျန်ရှင်းပြသည်ကို ယွင်ကျွင်းဧကရီ အနည်းငယ် သိမြင် လာခဲ့သည်။

သူမက...

"ဒါဖြင့် ဒီနည်းလမ်းက ပေမင်ပင်လယ်ထဲက ခွန်ဖိန်နတ်မိစ္ဆာ အစိပတိကြီးရဲ့ နည်းလမ်းနဲ့သွားပြီးဆင်တူတာပေါ့..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ခွန်ဖိန်နတ်မိစ္ဆာတွေရဲ့ ကျင့်စဉ်က ကျင့်ကြံရတာ လွယ်ပါတယ်၊ ဒီကျင့်စဉ် (၂)ခုရဲ့ ခြားနားချက်က ကြီးမားလွန်းပါတယ်၊ ကျုပ်ရဲ့ ထိုက်ယိတန်ခိုးစွမ်းအားကို မင်း သေသေချာချာ ကြိုးစားကြည့်ရင် နားလည်နိုင်မှာပါ..."

ယွမ်ကျွင်းကေရီ၏မျက်ဝန်းများ တစ်လက်လက်တောက်ပလာလေသည်။

ဆန်းလျန်ပြောပြသည့် ပြောင်းလဲမှုတရားကို သူမနားလည်သွားခဲ့ပြီး သူမသာ ဆက်လက်ကျင့်ကြံမည်ဆိုလျှင် သူမ၏အသက်ကို မည်သူမှ အန္တရာယ်မပြုနိုင်အောင် တန်ခိုးစွမ်းအားများ ဖန်တီးနိုင်မည် ဖြစ်လေသည်။

သူမက ဆန်းလျန်ကို စိုက်ကြည့်နေရင်း...

"မင်းက အခုဆိုရင် ထိုက်ချိအပြောင်းအလဲ အဆင့်မှာ ရောက်နေပြီမဟုတ်လား၊ ကျွန်မ ထိုက်ချိအကြောင်းကိုရော သိခွင့်ရနိုင်မလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က ပညာလျှို့တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ထိုက်ချိအကြောင်း မင်းကိုပြောပြလိုက်ရင် ရွှမ်ဟွမ်မိုးနတ်မင်းရဲ့နက်နဲတဲ့လမ်းစဉ်ကို မင်း နားလည်သွားလိမ့်မယ်၊ အဲဒါဆိုရင် မင်းအတွက် အကျိုးရှိပေမယ့် ဘေးအန္တရယ်လည်း ကျရောက်နိုင်တယ်..."

ယွမ်ကျွင်းကေရီ ချက်ချင်းသဘောပေါက်နားလည်သွားလေသည်။

သူမက လူပြန်ဝင်စားပြီးနောက်ပိုင်း နတ်ဘုရားများ၏ အရေးအရာများတွင် သိပ်ပြီးပါဝင်ပတ်သက်မှုမရှိတော့ဘဲ အေးအေးဆေးဆေးသာ နေထိုင်ခဲ့သူ ဖြစ်လေသည်။

ရှမ်တုတောက်ကျွင်းက ထိုက်ချိယင်ယန်ပန်းချီကားကို

ထိန်းချုပ်ထားသူ ဖြစ်လေသည်။ ထိုက်ချိတာအိုတရားဆိုသည်

က ထိုက်ချိယင်ယန်ပန်းချီကားပင် ဖြစ်သည်။

ဆန်းလျန်အနေဖြင့် ထိုက်ချိ၏အပြောင်းအလဲများကို

နားလည်သည့်တိုင် ထိုက်ချိယင်ယန်ပန်းချီကားကိုတော့ ကျော်

လွန်နိုင်ခြင်း မရှိပေ။

သို့သော်... ဆန်းလျန်အနေဖြင့် ရှမ်တုတောက်ကျွင်းကို

ကြောက်စရာမလိုသော်လည်း ယွမ်ကျွင်းဧကရီနှင့် အခြား

သူများအတွက်တော့ ထိုက်ချိကို နားလည်သွားပါက ရှမ်တု

တောက်ကျွင်းလက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

ယွမ်ကျွင်းဧကရီက...

"ကျေးဇူးတင်ပါတယ် ဆန်းလျန် ၊ ခွန်ဖိန်အနွယ်တော်တွေရဲ့

တာအိုကျင့်စဉ်က နည်းနည်းလောဘကြီးလွန်းရာရောက်တယ် ၊

ဒါပေမဲ့ ထိုက်ယိကတော့ ရိုးရှင်းပြီး ကျွန်မကို အမြင်ကျယ်စေပါတယ်..."

ယွင်ကျွင်းကေရီသိရှိထားသည့် ထိုက်စုတာအိုတရားသည်လည်း မူလတာအိုစွမ်းအားတစ်ခုဖြစ်ပြီး ထိုက်ယိနှင့် ထိုက်ချိထက် လျော့နည်းခြင်း မရှိပေ။

ယွင်ကျွင်းကေရီက သူမသိရှိထားသည့် ထိုက်စုတာအိုတရားအကြောင်းများကို ဆန်းလျန်ကို ပြန်လည်ပြောပြလိုက်သည်။ သူမပြောပြသည်ကို ဆန်းလျန်ကလည်း သေသေချာချာအလေးထားကာ နားထောင်လေသည်။ သူ့ဘဝတွင် ယွမ်ကျွင်းကေရီနှင့် ယခုကဲ့သို့ အပြန်အလှန်နားလည်မှုရသည့်အချိန်ရှိလာမည်ဟု မျှော်လင့်မထားခဲ့ဖူးပေ။ သို့သော်... သူ အလေးအနက်ထားခဲ့ပါလေ၏။

ဤသည်ကို အောင်မြင်ခြင်းဟုလည်း ခေါ်နိုင်မည် ဖြစ်လေသည်။

တာအိုတရားဆွေးနွေးရင်း သူတို့ (၂)ယောက် ပို၍ ပို၍ ထူးခြား ဆန်းကျယ်လာလေသည်။

ထိုက်စုနန်းတော်သခင်မနှင့် ယန်မြောင်ယွင်တို့ နားလည်နိုင် သည့် အခြေအနေထက်ပင် ကျော်လွန်သွားခဲ့ပြီး သူတို့ (၂)ေ ာက်မှာ ခံနိုင်ရည်စွမ်းမရှိတော့ဘဲ သတိလစ်သွားကြလေ တော့သည်။

အပြင်ဘက်မှ လူများကတော့ အံ့သြခြင်းမက အံ့သြနေကြ လေတော့သည်။

နောက်ပိုင်း ယန်မြောင်ယွင် သတိပြန်ရလာသည့်အခါ သူမ သည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးသိနားလည်သည့် တာ အိုတရားကို သိနားလည်နေမည်ဖြစ်ပြီး နန်းတော်သခင်မ ကတော့ ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးနားလည် နိုင်သည့် အသိဉာဏ်မျိုးကို ရရှိသွားမည် ဖြစ်လေသည်။

သူတို့ကတော့ ထိုသို့သော ကံကောင်းမှုကြီးကို မသိခဲ့ကြပေ။

ဆန်းလျှန်၏ စိတ်ဝိညာဉ်ထဲတွင် သဏ္ဍာန် (၅)ခု ထွက်ပေါ်လာလေသည်။

သဏ္ဍာန် (၅)ခုထဲမှ (၂)ခုက ခိုင်ခိုင်ခန့်ခန့် သွင်ပြင်လက္ခဏာရှိလေသည်။ အခြား (၃)ခုက ပထမ (၂)ခုလောက် ခိုင်ခန့်ခြင်း မရှိသေးသည့်တိုင် တဖြည်းဖြည်း ကြည်လင်သည့်သွင်ပြင်လက္ခဏာပေါ်လာလေသည်။

ဤသည်မှာ ဆန်းလျှန်၏ဝိညာဉ်မှ ရှန်းထျန်းဝူထိုက် ဆင့်ကဲဖြစ်စဉ် ပြောင်းလဲမှုပင်ဖြစ်လေသည်။ သဏ္ဍာန် (၅)ခု ထပ်တူကျသွားသည့်အခါ ကြီးမားသည့်အောင်မြင်မှုတစ်ခုသေချာပေါက်ရရှိမည်ဟု ဆိုနိုင်ပေမည်။

ယခု ဆန်းလျှန်၏ ရှန်းထျန်းဝူထိုက်အဆင့်သည် စကြာဝဠာကိုဖိနှိပ်ထားနိုင်လောက်သည်အထိ စွမ်းအားကြီးမားသည်မဟုတ်သေးပေ။ နောက်ပိုင်းတွင်တော့ စန့်ချင်တာအိုဆရာသခင်၏ ယိချီပြောင်းလဲမှုတာအိုတရားကိုပင် ယှဉ်ပြိုင်နိုင်မည်

ဟု ထင်မြင်စရာရှိသည်။ ထို့ပြင် သူ၏တန်ခိုးစွမ်းအားများ

အားလုံးကို အသုံးပြုနိုင်မည်ဆိုလျှင် ကိုယ်ခွဲ (၅)ခုကိုလည်း

ဖန်ဆင်းနိုင်မည် ဖြစ်လေသည်။

သူရင်ဆိုင်ရမည့် ဘေးအန္တရယ်ကပ်ဆိုးကြီးကိုလည်း မြင့်မြင့်

မားမား ကာကွယ်နိုင်မည် ဖြစ်သည်။

ထို့ပြင်... စန်းချင်သုံးပါး၏ ပုံပြောင်းအဆင့်သည် တန်ခိုး

စွမ်းအားတစ်ခုတည်းဖြစ်ပြီး တူညီသည့်စွမ်းအားရှိသည့် ကိုယ်

ခွဲ (၃)ခုသာရှိလေသည်။

ရှန်းထျန်းဝူထိုက်တာအိုတရားမှာ စန့်ချင်တာအိုဆရာသခင်၏

တာအိုတရားထက် သာသည်ဟုတော့ မဆိုသာပေ။ သို့သော်...

ဆန်းလျန်အနေဖြင့် တိုက်ခိုက်ရေးစွမ်းရည် အနည်းငယ်ပို

ကောင်းလာမည်ဟု ဆိုနိုင်သည်။

ယွမ်ကျွင်းကေရီမှာ လူပြန်ဝင်စားပြီးသည့်နောက် အခြား

သူများနှင့် ဆက်သွယ်ခြင်း မရှိခဲ့ပေ။

ယနေ့ ဆန်းလျန်နှင့် ပြန်တွေ့ရသည့်အခါ သူမသိချင်သည့်
အရာများကိုသိခွင့်ရခဲ့ပြီး အခက်အခဲများကို ကျော်ဖြတ်ကာ
ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားခဲ့လေသည်။

အခန်း (၉၂၂) တစ္ဆေများ

သူတို့ (၂)ယောက် နေ့ရက်ပေါင်းများစွာ တာအိုတရား
အကြောင်း ဆွေးနွေးခဲ့ကြသည်။

နောက်ဆုံး လေထုငြိမ်သက်သွားသည့် နေ့တစ်နေ့သို့ရောက်မှ
စကားပြောသည်ကို ရပ်တန့်လိုက်ကြသည်။

ထိုအချိန်...

အနောက်ဘက်ကောင်းကင်ဆီတွင် တောက်ပနေသည့် ဗုဒ္ဓ အလင်းတန်းများကိုကြည့်ရင်း ထိုက်စုယွမ်ကျွင်းက စကားစ ပြောလိုက်သည်။

"ဗုဒ္ဓဘာသာနယ်မြေမှာ တစ်ခုခုတော့ဖြစ်နေပြီထင်တယ်..." ဆန်းလျန်က စိတ်တစ်ချက် ညွှတ်လိုက်သည်နှင့် အနောက် ဘက်ကောင်းကင်ဘုံတွင် လင်စန်းတောင်ပြိုကျသွားသည့် မြင်ကွင်းကို တွေ့မြင်လိုက်ရသည်။

လေထုထဲတွင်တော့ ကြာပန်းရွက်ကြွေများလွင့်ပျံနေပြီး တိ ကျန်ဗောဓိသကျနှင့် မီလဲ့ကိုယ်တော်တို့ တိုက်ပွဲတွင် မီလဲ့ ကိုယ်တော် ရှုံးနိမ့်သွားခဲ့ဟန် တူလေသည်။

မီလဲ့ကိုယ်တော်သည် ရှေးဟောင်းဗုဒ္ဓဘာသာကျင့်ကြံသူများ နှင့် အဆက်အသွယ်ရှိပြီး လင်စန်းတောင်နှင့် တာ့လေယင်း ကျောင်းတော်ကို ထိန်းသိမ်းထားသူ ဖြစ်သည်။ ထို့ပြင်

အသူရာချောက်မှ လူပြန်ဝင်စားခြင်း လမ်းစဉ် (၆)ခုကိုလည်း ရယူထားသေးသည်။

ထို့ကြောင့်သူ၏ အစွမ်းအစက မသေးလှပေ။

သို့သော်... ကျောက်ရှောင်ယွီနှင့် တိုက်ခိုက်စဉ်က ငရဲလမ်းဓား ကြောင့် မီလဲ့ကိုယ်တော် ဒဏ်ရာရထားခဲ့လေသည်။ ထို့ကြောင့် ယခုတိုက်ပွဲတွင် တိကျန်ဗောဓိသကျကို မတားဆီးနိုင်တော့ဘဲ လင်စန်းတောင် ဖျက်စီးခံလိုက်ရခြင်း ဖြစ်သည်။

တစ်ချိန်တုန်းက မီလဲ့ကိုယ်တော်က တိကျန်ဗောဓိသကျနှင့် ပတ်သက်သည့် ဝတ်ကျောင်းတော်များ ၊ ကျမ်းစာများကို လူ့လောကအတွင်းမှ ဖျက်စီးပစ်ခဲ့သည့်အတွက် ပြန်လည် ပေးဆပ်ရခြင်းပင် ဖြစ်သည်။ ဝဋ်ဆိုသည်က ဘဝမကူးခင်ပင် လည်တတ်သောသဘောရှိလေ၏။

တိကျန်ဗောဓိသကျက မီလဲ့ကိုယ်တော်ကို သတ်ဖြတ်ခဲ့ခြင်း မ ရှိပေ။ သို့သော်... မီလဲ့ကိုယ်တော်ဒဏ်ရာအပြင်းအထန်ရသွား

ပြီး ကြီးမားသည့်ဆုံးရှုံးမှုကြီး ဖြစ်ပေါ်ခဲ့သည်။ ထိုဒဏ်ရာမှာ ကုသရန်ခက်ခဲပြီး ဘဝတစ်လျှောက်လုံး ဒုက္ခပေးနေပေတော့မည်။

မီလဲ့ကိုယ်တော် ဒဏ်ရာပြင်းထန်ရုံသာမက တာအိုကျင့်ကြံမှုများအားလုံးသည်လည်း ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။ ကျောက်ရှောင်ယွီကြောင့်ရရှိခဲ့သည့် ငရဲလမ်းဓားဒဏ်ရာမှာလည်း ပို၍ဆိုးရွားသွားခဲ့သည်။

မီလဲ့ကိုယ်တော် ထိုသို့ဖြစ်သွားခြင်းက ဆန်းလျန်အတွက်တော့ မဆိုးလှပေ။ အဘယ်ကြောင့်ဆိုသော်... သူက အနေ့းနှင့်အမြန်သုခဘုံသို့သွားကာ ဗောဓိပင်ကိုရှာမည့်သူဖြစ်သည့်အတွက် သူ့အတွက် အတားအဆီးတစ်ခု လျော့သွားသည်ဟု ဆိုနိုင်သည်။

ယခု ဆန်းလျန်က ရှန်းထျန်းထိုက်ဝူကို အမြင်သစ်ဖြင့်နားလည်သွားပြီဖြစ်သည့်အတွက် အောင်မြင်မှုရရန် စိတ်ပူစရာ မရှိတော့ပေ။

ထိုအတွေးကိုတွေးလိုက်မိသည်နှင့် ဆန်းလျန်က ယွမ်ကျွင်း

ဧကရီကို စကားပြောလိုက်သည်။

"မင်းနဲ့ မီလဲ့ကိုယ်တော်က ခင်မင်ရင်းနှီးသလား..."

ယွမ်ကျွင်းဧကရီက...

"သူက အော်မီတော်ဖူဗုဒ္ဓရဲ့ တပည့်တစ်ယောက်ဖြစ်လို့

လေးစားစရာ ကောင်းတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ၊ ငါနဲ့တော့

သိပ်မရင်းနှီးပေမယ့် ငါ့မိတ်ဆွေ လီစန်းတောင်မယ်တော်နဲ့

တော့ အတော်လေးရင်းနှီးကြတယ်..."

ဆန်းလျန်က ခေါင်းညိတ်ပြလိုက်သည်။

လီစန်းတောင်မယ်တော်ဆိုသည်က ကျင့်ကြံသူလောကတွင်

အဆင့်မြင့်နတ်ဘုရားတစ်ပါးဖြစ်ပြီး ထူးခြားဆန်းကျယ်သူ

တစ်ယောက်လည်း ဖြစ်သည်။

အချို့ကလည်း သူမကို နွီဝါးနတ်သမီး လူပြန်ဝင်စားသည်ဟု

ဆိုကြသည်။ သို့သော်... နွီဝါးနတ်သမီးက သံသရာကိုကျော်

လွန်သွားပြီဖြစ်သည့် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လေရာ လီစန်းတောင်မယ်တော်မှာ နှီဝါးနတ်သမီးလူပြန်ဝင်စားသူ မဖြစ်နိုင်ပေ။

မည်သို့ပင် ဖြစ်စေ လီစန်းတောင်မယ်တော်က တန်ခိုးစွမ်းအား မြင့်မားသည့် ထူးခြားသူတစ်ယောက် ဖြစ်သည်ကိုတော့ မငြင်းနိုင်ပေ။

အနောက်သို့ခရီးသွားမှတ်တမ်းတွင် ဆရာတပည့် (၄)ယောက်ကို စမ်းသပ်စစ်ဆေးရန်အတွက် ကွမ်ယင်မယ်တော်အပါအဝင် နတ်သမီးများက လီစန်းမယ်တော်၏ သမီးများအဖြစ်ဖန်ဆင်းကာ သရုပ်ဆောင်ခဲ့ကြဖူးလေသည်။

ကွမ်ယင်မယ်တော်နှင့်အခြားသူများက ယွမ်စီထျန်းကျွင်း၏ တပည့်များဖြစ်ကြသလို ဗုဒ္ဓဘာသာမှ မြင့်မြတ်သည့်ဗောဓိသကျများလည်း ဖြစ်ကြလေသည်။ သူတို့အားလုံးက သဘာရင့်သည့် လီစန်းတောင်မယ်တော်ကို သူတို့၏မိခင်နေရာတွင်

ထားခဲ့ကြလေသည်။ သူတို့က သားအမိများအသွင်
ဟန်ဆောင်ခဲ့ကြသော်လည်း ဝူခုံးရိပ်မိစေရန် သဲလွန်စအချို့ကို
တော့ ပြသခဲ့ကြသည်။

ဆန်းလျန်က…

"မီလဲ့ကိုယ်တော်က လီစန်းတောင်မယ်တော်ကို တောင်ပေါ်လာ
ဖို့ ဖိတ်ခေါ်လိမ့်မယ် ၊ တကယ်လို့ လီစန်းတောင်မယ်တော်က
မင်းကိုပါအဖော်ခေါ်မယ်ဆိုရင် မသွားပါနဲ့၊ ကြည့်ကောင်း
အောင် ငြင်းလိုက်ပါ ၊ အခုကိစ္စတွေမှာ သိပ်ပြီးပေါ်ပေါ်ထင်
ထင်မလုပ်လေ မင်းအတွက်အန္တရာယ်ကင်းလေပဲ ၊ မင်းဝင်
ပတ်သက်မိလို့ အန္တရာယ်ကြုံလာခဲ့ရင် ဘယ်သူမှ မင်းကို မ
ကယ်နိုင်ဘူး…"

ယွမ်ကျွင်းကေရီ စိတ်ထဲမှ တွေးလိုက်မိသည်။

"ဆန်းလျန်ပြောတာ အဓိပ္ပါယ်ရှိတယ် ၊ လီစန်းတောင်မယ်တော်
ငါ့ကိုခေါ်ရင်တောင်မှ ငြင်းလိုက်တာကောင်းတယ်…"

သူမအတွေးလွန်နေရာမှ သတိပြန်ဝင်လာသည့်အခါတွင်တော့ ဆန်းလျန် တိမ်တိုက်ခန်းမဆောင်မှ ထွက်ခွာသွားကာ ကောင်းကင်ထက်သို့ ပျံသန်းသွားပြီ ဖြစ်လေသည်။

ဆန်းလျန်သည် လေပြေအလား လာချင်သည့်အချိန်လာပြီး ပြန်ချင်သည့်အချိန် ပြန်သွားသူသာ ဖြစ်သည်။ သူ့ကိုကြည့်ရင်း ယွမ်ကျွင်းကေရီ အားကျစိတ်များပင်ဖြစ်လာမိသည်။

သူတို့ (၂)ယောက်ကြားထဲတွင် အတိတ်ဘဝတုန်းက ရန်ငြိုးများရှိခဲ့ပြီး လက်ရှိဘဝတွင် ခင်မင်မှုများရှိခဲ့သော်လည်း အရာအားလုံးက ဆန်းလျန်အတွက်တော့ ဘာမှ မဟုတ်ခဲ့ပေ။

ယွမ်ကျွင်းကေရီက နန်းတော်သခင်မကို လှမ်းကြည့်လိုက်ပြီး...

"နောက်ပိုင်း ယန်မြောင်ယွင်ကို ကောင်းကောင်းသင်ပြပေးပါ၊ သူ နန်းတော်သခင်မဖြစ်သွားတဲ့တစ်နေ့ကျရင် မင်းက မရှိမှု ကျေးရွာမှာ ငါ့ကို လာရှာပါ၊ အဲဒီအချိန်ကျ ငါ မင်းကို ထပ်ပြီး သင်ပြပေးမယ်..."

ယွမ်ကျွင်းကေရီ၏စကားကြောင့် နန်းတော်သခင်မ အလွန်ပျော်ရွှင်သွားလေသည်။

ယွမ်ကျွင်းကေရီ၏ ထိုက်စုတာအိုတရားသည် ထိပ်တန်းအဆင့်တာအိုကျင့်စဉ်တစ်ခု ဖြစ်ပြီး ယွမ်ကျွင်းကေရီက မည်သူ့ကိုမှ သင်ပြပေးခဲ့ခြင်း မရှိပေ။

ယခုတော့ သူမအနေဖြင့် ထူးခြားသည့်အခွင့်အရေး ရရှိခဲ့ပြီဖြစ်သည်။ အလွန်မှ ဝမ်းမြောက်စရာပင် ဖြစ်သည်။

ယွမ်ကျွင်းကေရီ၏စိတ်က ခန့်မှန်းရခက်သည့်အတွက် အဘယ့်ကြောင့် သူမကို ပညာသခင်ပေးရန် ဆုံးဖြတ်ခဲ့သည်ကို နန်းတော်သခင်မ နားမလည်နိုင်ခဲ့ပေ။

နန်းတော်သခင်မမှာ ဆန်းလျန်နှင့် ယွမ်ကျွင်းကေရီတို့ ပြောနေသည့်စကားများကို နားမထောင်ခဲ့ရလျှင် သူမ၏ ကျင့်ကြံခြင်းအဆင့်သည်လည်း ထိုမျှတိုးတက်လာမည် မဟုတ်ပေ။ ထိုသို့တိုးတက်လာခြင်းမရှိလျှင် ယွမ်ကျွင်းကေရီက သင်ပြပေးချင်

သည်ဆိုလျှင်တောင်မှ သူမအနေဖြင့်သင်ယူနိုင်မည် မဟုတ်ပေ။

ယန်မြောင်ယွင်မှာ ထိုက်စုနတ်ဘုရားဂိုဏ်းတွင် သာမန်အဆင့်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် သူမကို ထိုက်စုနတ်ဘုရားဂိုဏ်း၏ ဆက်ခံသူအဖြစ်သတ်မှတ်သည်မှာ ထူးဆန်းနေလေသည်။

ယန်မြောင်ယွင်က...

"ဆရာ ၊ ဆန်းလျန်ရဲ့ ဇာစ်မြစ်က ဘာများလဲ..."

နန်းတော်သခင်မက...

"ဆန်းလျန်ထျန်းကျွင်းရဲ့ နာမည်အရင်းကို မင်းက ဘယ်လိုလုပ် ခေါ်ရဲရတာလဲ..."

အဆူအငေါက်ခံလိုက်ရသည့်အတွက် ယန်မြောင်ယွင်မှာ ပိုပြီးသိချင်စိတ်ဖြစ်လာမိသည်။ တစ်ချိန်တည်းမှာပင် အနည်းငယ်လည်း ကြောက်ရွံ့သွားမိလေသည်။

ယွမ်ကျွင်းဧကရီက...

"ယန်မြောင်ယွင်၊ ဆန်းလျန်နဲ့မင်းနဲ့က အရင်ဘဝက ရေစက်ရှိခဲ့ဖူးတယ်၊ ဒါကြောင့် သူက မင်းကို အခုဘဝမှာ လာပြီးကျေးဇူးပြုတာပဲ၊ ပြီးတော့ ထိုက်စုနတ်ဘုရားဂိုဏ်းရဲ့နန်းတော်သခင်မ ဖြစ်လာတဲ့တစ်နေ့ကျရင် မင်းရဲ့စကားကို နားမထောင်တဲ့သူတွေကို ဒီရွှေဓားကို အသုံးပြုပြီး ဆုံးမခွင့်ပြုတယ်..."

သူမ၏ စကားဆုံးသည်နှင့် ယန်မြောင်ယွင်၏ရှေ့တွင် ရွှေဓားတစ်လက်ပေါ်လာလေသည်။

ရွှေဓားထက်တွင် ရှေးဟောင်းစာလုံးများရေးထွင်းထားပြီးစုတ်ချက်တိုင်းက ထူးဆန်းပြီး နားလည်ရန်ခက်ခဲသည်။

ရှားပါးသည့် မှော်ဝင်ဓားတစ်လက်ဖြစ်ကြောင်း မြင်ရုံဖြင့်ပင်ယန်မြောင်ယွင် သိလိုက်သည်။

နန်းတော်သခင်မက...

"ယန်မြောင်ယွင်... ဆရာဘွားဘွားကို အမြန်ကျေးဇူးတင်လိုက်လေ..."

ယန်မြောင်ယွင်က ရွှေဓားကို တိတ်ဆိတ်စွာ လက်ခံယူလိုက်ပြီး...

"ဆရာဘွားဘွား... ကျေးဇူးတင်ပါတယ်..."

ယွမ်ကျွင်းဧကရီက...

"စကြာဝဠာတစ်ခုလုံးမှာ ဆန်းလျန်က ထိပ်တန်းနတ်ဘုရားတစ်ပါးပဲ၊ မင်း နောက်ပိုင်း သူ့သတင်းကို ကြားကောင်းကြားနိုင်ပေမယ့် သူနဲ့တွေ့ဆုံဖို့ဆိုတာ မဖြစ်နိုင်တော့သလောက်ပဲ၊ သူ့လိုလူမျိုးက မင်းနဲ့နီးစပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ စိတ်ကူးမယဉ်မိစေနဲ့..."

ယန်မြောင်ယွင်က...

"တပည့်စိတ်ထဲမှာ ဘာအတွေးမှ မရှိပါဘူး၊ သိချင်စိတ်ဖြစ်မိရုံသက်သက်ပါ..."

ယွမ်ကျွင်းဧကရီက အေးဆေးတည်ငြိမ်စွာဖြင့်...

"အခုချိန်မှာ မင်းသိချင်စိတ်ဖြစ်နေတာ လက်ခံပေးလို့ရပါတယ်၊ သူက မင်းကို သတိတရရှိတဲ့အခါမျိုးမှာတော့ မင်း သူနဲ့ ပြန်ဆုံခွင့်ရနိုင်ပါတယ်၊ ဒါပေမဲ့ မင်းဘက်ကတော့ သူ့ကို မမေ့ လိုက်တာ အကောင်းဆုံးပါပဲ..."

ယွမ်ကျွင်းဧကရီက ယန်မြောင်ယွင်ကို ခြိမ်းခြောက်နေခြင်း မဟုတ်ပေ။

ဆန်းလျန် လောကတစ်ခွင် ပြဿနာရှာခဲ့လျှင် ဆန်းလျန်နှင့် အတူ သူနှင့်နီးစပ်သူများပါ ပြန်လည်ပေးဆပ်ရနိုင်လေသည်။ ဆန်းလျန် ဘေးအန္တရယ်ဆိုးကျရောက်ပါက အနီးအနားမှလူများ၊ ရင်းနှီးသူများသည်လည်း လွတ်မြောက်နိုင်မည် မဟုတ်ပေ။

အနာဂတ်တွင် ဆန်းလျန်၏ကံကြမ္မာ မည်သို့ရှိမည်ကို ခန့်မှန်းရခက်လှသည်။

ထို့ကြောင့် ယွမ်ကျွင်းဧကရီက ယန်မြောင်ယွင်ကို သတိပေးခြင်း ဖြစ်သည်။

ဧကရာဇ်အုပ်ချုပ်သည့် တိုင်းပြည်အလားဖြစ်လေသည်။

ဧကရာဇ်က လူတစ်ယောက်ကို ချမ်းသာပေးနိုင်လေသည်။

ထို့အတူ သေဒဏ်လည်းချမှတ်နိုင်စွမ်းရှိသည်။ ဆန်းလျန်သည်လည်း ထိုနည်းတူပင်ဖြစ်သည်။

ဆန်းလျန်၏အဆုံးသတ်က မည်သို့ဖြစ်မည်ကို မည်သူမှ မခန့်မှန်းနိုင်ပေ။

ထို့နောက်တွင်တော့ ယန်မြောင်ယွင်သည် ဆန်းလျန်နှင့် ထပ်မံဆုံတွေ့ခြင်းလည်း မရှိတော့သလို ဆန်းလျန်အကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခြင်း မရှိတော့ပေ။

***

ထိုက်စုနတ်ဘုရားဂိုဏ်းမှ ထွက်ခွာသွားပြီးသည့်နောက် ဆန်းလျန် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းသို့ ထွက်ခွာလာခဲ့လေသည်။

လမ်းတစ်လျှောက် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းနှင့် နီးကပ်လာလေ လေ စိတ်ဝင်စားစရာကောင်းသည့်အခြေအနေများကို မြင်တွေ့ရလေလေ ဖြစ်လေသည်။

ဥပမာဆိုရသော်... ဆန်းလျန် မြို့တစ်မြို့ကို ဖြတ်သန်းလာသည့်အခါ ထိုမြို့ထဲတွင် လူသားများနှင့် တစ္ဆေများရောနှော နေထိုင်နေကြသည်ကို တွေ့လိုက်ရသည်။

လောကတွင် သေလွန်ပြီးသူတိုင်းလည်း တစ္ဆေဖြစ်လာကြသည် မဟုတ်ပေ။ ကံတရားအပေါ်တွင် မူတည်လေသည်။

သို့သော်... ဤမြို့တွင် သေဆုံးပြီးကြသူများကလည်း သူတို့ကိုယ်သူတို့ သေဆုံးသည်ကို မသိကြဘဲ တစ္ဆေများအဖြစ် ဆက်လက်ရှင်သန်နေထိုင်နေကြခြင်း ဖြစ်သည်။ သူတို့က ပုံမှန်အတိုင်း နေထိုင်နေကြခြင်းဖြစ်ပြီး မိသားစုဝင်များပင် ရိပ်မိခြင်း မရှိကြပေ။

တစ္ဆေများ လူသားများနှင့်တစ်သားတည်းကျနေထိုင်နိုင်ရန်မှာ ဆယ်စုနှစ်နှင့်ချီပြီး အချိန်ယူရမည် ဖြစ်သည်။ ယခု တစ္ဆေများက မိသားစုများပင် သံသယမဝင်အောင် ရောနှောနေထိုင်နိုင်ကြခြင်းမှာ သံသယဖြစ်စရာပင် ဖြစ်သည်။

ထိုသို့ဖြစ်ရသည်မှာ ပတ်ဝန်းကျင်မှ အသက်ဓာတ်စွမ်းအားအပြောင်းအလဲနှင့် ဆက်နွယ်နေလေသည်။ အသက်ဓာတ်စွမ်းအားများက ဝိညာဉ်မြစ်နှင့် ချိတ်ဆက်ရောနှောသွားသည့်အခါ လူတစ်ယောက်သေဆုံးသွားပြီးသည့်တိုင် သူ့အလောင်းထဲသို့ ဖုတ်သရဲအဖြစ် ပြန်ဝင်သွားခြင်း ဖြစ်လေ၏။

တစ္ဆေတစ်ကောင်က ဖုတ်သရဲအဖြစ် ခန္ဓာကိုယ်ထဲသို့ ပြန်လည်ဝင်ရောက်နေခြင်း ဖြစ်သည့်အတွက် သူတို့သည် နောက်ထပ်သေဆုံးတော့မည် မဟုတ်ပေ။ ထို့ပြင် သူတို့သည် အသက်ရှင်သန်နေသည့်လူများနှင့်လည်း သိပ်ပြီး ကွဲပြားမှုမရှိပေ။

သို့သော်... သူတို့အထဲမှ အချို့တစ္ဆေများမှာ ယင်စွမ်းအားမြင့်မားနေသည့်အတွက် အသက်ရှင်နေသည့်လူသားများထံမှ သွေးကိုစားသုံးရန် ဆာလောင်မွတ်သိပ်လျှက် ရှိကြသည်။

သွေးနှင့်တန်ခိုးစွမ်းအားပြည့်ဝစွာရရှိလျှင် သူတို့၏ကိုယ်ထဲမှ ယင်စွမ်းအားများကို ဖိနှိပ်ထားနိုင်မည် ဖြစ်သည်။

ဤကဲ့သို့သော ပြောင်းလဲမှုများအားလုံးသည် ရဲ့လျိုယွင်နှင့်တစ်စုံတစ်ခုပတ်သက်နေရမည်ကို ဆန်းလျန်ကတော့ ခန့်မှန်းမိပါလေ၏။

အခန်း (၉၂၃) ထိပ်တန်းအဆင့်

ဆန်းလျှန်က ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းသို့သွားရာလမ်းပေါ်တွင်

ရောက်ရှိနေလေသည်။

လမ်းတစ်လျှောက် တွေ့မြင်ရသည့် ရှုမျှော်ခင်းများက အလွန်

ထူးခြားသည်။ မြက်ခင်းပြင်များနှင့် သဲကန္တာရများသာရှိ

သည့်အတွက် အဓိကတွေ့မြင်ရသည့်အရောင်များမှာ အဝါ

ရောင်နှင့် အစိမ်းရောင်များသာ ဖြစ်သည်။

မိုးမြေစွမ်းအားများကလည်း တစ်ကြိမ်မွေးဖွားဖြစ်တည်လာ

သည်နှင့် စိတ်ကူးနိုင်စွမ်းကိုပင် ကျော်လွန်လောက်အောင်

များပြားလွန်းလှသည်။

စိမ်းလန်းသည့် မြက်ခင်းလွင်ပြင်များတွင် မိုးမြေစွမ်းအားများ

တစ်ကြိမ်မွေးဖွားဖြစ်တည်လာလေတိုင်း မိုင်ထောင်ပေါင်းများ

စွာအဝေးမှ အဝါရောင်သဲမှုန်များလွင့်စင်လာကာ မိုးမြေစွမ်းအား

များကို ဖျက်စီးပစ်သည့် အဖျက်စွမ်းအားများက နောက်မှ

လိုက်လာလေသည်။

သဲမုန်တိုင်းက မိုးမြေစွမ်းအားများကို ဖျက်စီးပစ်နေပြီး သဘာဝဥပဒေသများ အပိုင်းပိုင်းကွဲကြေကုန်ကြလေသည်။

မြက်ခင်းလွင်ပြင်က မိုးမြေစွမ်းအားများကို မွေးဖွားပေးပြီး သဲကန္တာရကတော့ မိုးမြေစွမ်းအားများကို ဖျက်စီးပစ်နေလေသည်။

သဲကန္တာရမှအဖျက်စွမ်းအားများက မည်မျှမြင့်မားသနည်းဆိုရပါမူ ထိုက်ယီထျန်းရှန်းအဆင့်ထက် နိမ့်ကျသည့် နတ်ဘုရားများကို ဦးခေါင်းများ အစိတ်စိတ်အမွှာမွှာကွဲကြေကုန်စေနိုင်လေသည်။ ထို့ကြောင့် မြက်ခင်းလွင်ပြင်နှင့် သဲကန္တာရကို ဖြတ်ကျော်နိုင်စွမ်း မည်သူ့တွင်မှ ရှိကြလိမ့်မည် မဟုတ်ပေ။

အမှန်တော့ ထိုမြက်ခင်းလွင်ပြင်နှင့်သဲကန္တာရမှာ ဟွမ်ချမ်နတ်ဆိုးဂိုဏ်းနှင့် လူ့လောက ပုံမှန်ဆက်ဆံမှုမရှိစေရန် ပြုလုပ်ထားသည့် သဘာဝအတားအဆီးများဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်... ဟွမ်ချမ်နတ်ဆိုးဂိုဏ်းပတ်ဝန်းကျင် တစ်ခုလုံးတွင် ယင်စွမ်းအားများ များစွာမြင့်မားလာသည့်အတွက် နတ်ဆိုးဒေသတစ်ခုအဖြစ် လုံးလုံးလျားလျား တည်ရှိနေခဲ့ပြီဖြစ်ပြီး လူသားများနှင့် ပတ်သက်ဆက်နွယ်စရာ အကြောင်းမရှိတော့သည့် ဒေသတစ်ခု ဖြစ်သွားခဲ့သောကြောင့် ပင်။

သို့သော်... နတ်ဆိုးများအနေဖြင့်တော့ ယခုကဲ့သို့ ပတ်ဝန်းကျင်က အလွန်သင့်တော်လေသည်။ သူတို့အနေဖြင့် ကျင့်ကြံခြင်းပင် ပြုလုပ်နိုင်သေးသည်။

မြက်ခင်းလွင်ပြင်နှင့်သဲကန္တာရများကို ကျော်လွန်လာသည့် အခါ စစ်စခန်းများကို တွေ့မြင်ရမည်ဖြစ်ပြီး စစ်သည်တော် အုပ်စုများ စစ်ရေးလေ့ကျင့်နေသည်ကိုလည်း တွေ့မြင်နိုင်လေ သည်။

စစ်ရေးလေ့ကျင့်နေကြသည့် နတ်ဆိုးစစ်သည်တော်များ၏

တိုက်ရည်ခိုက်ရည်များက နတ်ဘုရားများ ၊ နတ်မိစ္ဆာများနှင့်

ကောင်းကောင်းယှဉ်နိုင်လေသည်။

အချို့သော နတ်ဆိုးစစ်သည်တော်များဆိုလျှင် အဆုံးမရှိ

တန်ခိုးစွမ်းအားများကို ပိုင်ဆိုင်ကြပြီး တောင်များကိုပင် ကိုင်

လှုပ်ကာ ဖြိုဖျက်ပစ်နိုင်စွမ်း ရှိကြလေသည်။ အချို့ကတော့

လျှပ်စီးအလား အလွန်လျှင်မြန်ကြသည်။ အချို့ကတော့

ညဏ်ရည်ထက်မြက်သူများ ဖြစ်ကြသည်။ အချို့က ရေနှင့်မီး

ကို ထိန်းချုပ်နိုင်ကြပြီး အချို့ကတော့ တာအိုတန်ခိုးစွမ်းအား

များကိုပင် ဖိနှိပ်ထားနိုင်စွမ်း ရှိကြသည်။

သူတို့အားလုံး၏ စွမ်းရည်များမှာ အမျိုးမျိုးပင် ဖြစ်သည်။

နှစ်ပေါင်းအသင်္ချေကြာသည့်အခါ... မတူညီသည့်တာအို

အင်အားစုများ ၊ ဗုဒ္ဓဘာသာကျင့်ကြံမှုများ ဤနေရာတွင်

ထွန်းကားလာပေလိမ့်မည်။ ထို့ပြင်... ဤနေရာသည်

စကြာဝဠာဖွံ့ဖြိုးမှုတွင် အရေးပါသည့်နေရာတစ်ခု ဖြစ်လာပေမည်။

ဆန်းလျန် ရှေ့သို့အနည်းငယ်ဆက်လျှောက်သွားသည်။

မြက်ခင်းလွင်ပြင်က မိုင်ထောင်ချီကျယ်ပြန့်လေသည်။

ထူးခြားသည်မှာ ထိုမြက်ခင်းလွင်ပြင်ထက်တွင် စစ်ပွဲတစ်ခု ဖြစ်ပွားနေခြင်းဖြစ်သည်။

စစ်ပွဲ၏အငွေ့အသက်များက ကောင်းကင်ထက်တွင် ပျံ့လွင့်နေပြီး မြူခိုးများအလား စုစည်းနေလေသည်။ ကြောက်မက်ဖွယ်ရာအတိပင်ဖြစ်သည်။

ဆန်းလျန်က စစ်ပွဲကိုတစ်ချက်လေ့လာလိုက်ပြီး တိုက်ခိုက်နေကြသည့် စစ်တပ် (၂)ခုမှာ မည်သူများဖြစ်သည်ကို သိရှိလိုက်လေသည်။

သိပ်မကြာမီပင်... တိုက်ပွဲအတွင်းသို့ အဖြူရောင်ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက် ရောက်ရှိလာလေသည်။

ထိုအခါ... ကောင်းကင်တမာန်အုပ်စုတစ်စုက ထိုသူကို

ဦးညွှတ်နှုတ်ဆက်လိုက်ကြသည်။

ထိုအဖြူရောင်ဝတ်ဆင်ထားသူမှာ အားလော်ဟယ် ဖြစ်လေ

သည်။ သူက လူများ၏ ယုံကြည်မှုမှ တန်ခိုးစွမ်းအားများကို

ရှာဖွေရန် လူ့လောကသို့ ရောက်လာခြင်း ဖြစ်သည်။ ယုံကြည်မှု

မှရရှိသည့်တန်ခိုးစွမ်းအားများက သူ့ကို များစွာအကူအညီပေး

လေသည်။

အားလော်ဟယ်က ဤဒေသမှ မျိုးနွယ်စုများကို

သူ၏နောက်လိုက်များအဖြစ် စည်းရုံးသိမ်းသွင်းနေ

သည့်အတွက် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းက မကျေမနပ်ဖြစ်ကာ

တိုက်ပွဲဖြစ်ပွားနေကြခြင်း ဖြစ်သည်။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သူ ရဲ့လျိုယွင်မှာ အား

လော်ဟယ်နှင့် တန်ခိုးစွမ်းအား တူညီသူတစ်ယောက်

ဖြစ်သည်။

ထို့ကြောင့် ရဲ့လျိုယွင်၏ နတ်ဆိုးနယ်မြေတွင် အားလော်ဟယ်က အခက်အခဲမရှိ နေရာတစ်ခု ရယူထားနိုင်ခြင်း ဖြစ်သည်။ သူက ကောင်းမွန်သည့် ခံတပ်တစ်ခုကို တည်ဆောက်ထားပြီး မြို့တော်ကြီးတစ်ခုကိုလည်း တည်ဆောက်ထားလေသည်။ အားလော်ဟယ်က သူ၏ နက်ရှိုင်းသည့် တန်ခိုးစွမ်းအားများဖြင့် စကြာဝဠာထဲမှ ဥက္ကာခဲများကို ယူဆောင်ကာ မြို့တော်ကြီးကိုတည်ဆောက်ထားခြင်းဖြစ်လေသည်။ ထိုမြို့တော်ကြီးမှာ လောကတစ်ခုလုံးတွင် အခမ်းနားဆုံးမြို့တော်ကြီးဟု ဆိုနိုင်သည်။

မြို့တော်ကြီးက မိုင်ပေါင်းများစွာ ကျယ်ပြန့်ပြီး မျှော်စင်ကြီးများက ပေထောင်ပေါင်းများစွာ ရှည်လျားလေသည်။ ထိုသို့သော မြို့တော်ကြီးကို ဖျက်စီးပစ်ရန်မှာ အလွန်ပင်ခက်ခဲပေမည်။

ဤမြင့်မြတ်သည့်မြို့တော်ကြီးသည် ဟွမ်ချွမ်နတ်ဆိုး

နယ်မြေ၏ ဗဟိုဖြစ်သည့် မြက်ခင်းလွင်ပြင်တွင် တည်ရှိလေ

သည်။

ဟွမ်ချွမ်နတ်ဆိုးနယ်မြေတွင် အားလော်ဟယ်၏ မြို့တော်ကြီး

က ကြယ်စင်မြို့တော်ကြီးတစ်ခုအလား ဖြစ်လေသည်။

အားလော်ဟယ်အနေဖြင့် မြင့်မြတ်သည့်မြို့တော်ကြီးကို

အခိုင်အမာ အကာအကွယ်ယူထားနိုင်သရွေ့ စစ်ပွဲအတွင်းတွင်

အခိုင်အမာ ရပ်တည်နိုင်မည် ဖြစ်သည်။ သူ့တွင် စွမ်းအား

အပြည့်ရှိနေပြီး တိုက်စစ်ဖြစ်စေ ခံစစ်ဖြစ်စေ အကောင်းဆုံး

ပြုလုပ်နိုင်လေသည်။

မြို့စောင့်တပ်တစ်တပ်ဖွဲ့တစ်ခုလည်း ရှိနေပြီး ထိုတပ်ဖွဲ့ကို

ကောင်းကင်တမာန်များဖြင့် ဖွဲ့စည်းထားသည်။

ထို့ကြောင့် ဤတိုက်ပွဲမှာ နတ်ဘုရားနှင့် နတ်ဆိုးများ ရောနှော နေသည့် ရှားပါးတိုက်ပွဲဖြစ်လေသည်။ ရှေးခေတ်အခါက လူသားနှင့်နတ်ဘုရားများ၏ စစ်ပွဲကဲ့သို့ ဖြစ်သည်။

ဤကဲ့သို့သော စစ်ပွဲအမျိုးအစားက အချိန်ကာလကြာလာ သည်နှင့်အမျှ အရှိန်လည်းမြင့်တက်လာတတ်လေသည်။

ထို့ပြင် အားလော်ဟယ်၏နောက်တွင် ကောင်းကင်တိုင်းပြည် က အခိုင်အမာရှိလေသည်။ ထို့ကြောင့် သူ့အနေဖြင့် ရေရှည် တိုက်ပွဲကို အမှုမထားဘဲ တိုက်ခိုက်နိုင်သည်။

နတ်ဆိုးများကို ဦးဆောင်သူကတော့ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း ဖြစ်သည်။ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းတွင်လည်း များပြားလှစွာ သော ရိက္ခာများ ၊ မှော်ဝင်ပစ္စည်းများ သုံးမကုန်အောင် ရှိလေ သည်။

ပြဒါးဆေးများသည်လည်း ပေါကြွယ်လွန်းလှလေရာ ဆန်း လျှန်သည်ပင် အံ့သြသွားရသည်။

သို့သော်… ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း အဘယ့်ကြောင့် ထိုမျှ လောက်ကြွယ်ဝသည့် နောက်ခံအင်အားရှိနေသည်ကို ဆန်းလျ န် ချက်ချင်းပင် နားလည်သွားရသည်။

အဘယ်ကြောင့်ဆိုသော်… လက်ရှိ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းကို အုပ်ချုပ်နေသူထံတွင် လော်စန်းတံခါးဆိုသည့် မှော်ဝင်ပစ္စည်း တစ်ခု ရှိနေသောကြောင့် ဖြစ်သည်။

လော်စန်းတံခါးဖွင့်လိုက်သည်နှင့် တံခါးနော်ကကွယ်တွင် ကျယ်ပြန့်ပြီး အကန့်အသတ်ကင်းမဲ့သည့် လောကကြီးတစ်ခု ရှိလေသည်။ ထိုလောကထဲတွင် မှော်ဝင်ပစ္စည်းပေါင်းများစွာ ရှိ လေ၏။

ဆန်းလျန် သေသေချာချာလေ့လာပြီးသည့်နောက် လော်စန်း တံခါးတွင် မတူညီသည့်အကျိုးအမြတ်များစွာရှိနေပြီး လူအ များကို မည်သည်ကအမှား ၊ မည်သည်ကအမှန်ဟု ခွဲခြားနိုင်

စွမ်း လော်စန်းတံခါးသည် ခန့်မှန်းရခက်သည့် အရာတစ်ခု ဖြစ်လေသည်။

ဆန်းလျန်က ခန့်မှန်းရခက်သည့်အရာများကို ပိုပြီး စိတ်ဝင်စားတတ်သူဖြစ်သည်။

ဟွမ်ချွမ်နန်ဆိုးဂိုဏ်း၏ နတ်ဆိုးစစ်တပ်ကြီးသည် ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားများကိုပင် တားဆီးနိုင်စွမ်းရှိသည်။

သို့သော်... ဆန်းလျန်ကိုတော့ တားဆီးထားနိုင်ခြင်း မရှိပေ။

သူက စစ်ပွဲအလယ်မှဖြတ်သန်းသွားပြီးနောက် စစ်စခန်းများကို ဖြတ်ကျော်သွားကာ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း၏ အဓိကစစ်စခန်းကြီးတည်ရှိရာနေရာသို့ ရောက်ရှိလာခဲ့သည်။

စစ်စခန်းကြီးကို ဦးစီးအုပ်ချုပ်နေသူမှာ အနက်ရောင်ဝတ်ဆင်ထားသည့်လူငယ်တစ်ယောက် ဖြစ်သည်။ ရုပ်ရည်က ချောမောပြေပြစ်ပြီး နှုတ်ခမ်းပါးတို့က မိစ္ဆာဆန်မှုနှင့် လျှို့ဝှက်နက်နဲမှု

များကို ပြသနေသည်။ သူ့ပုံစံက အလွန်ပင် ဆွဲဆောင်မှုရှိ

လေ၏။

သူက ဆန်းလျန်ရောက်လာသည်ကို သိရှိလိုက်သည်နှင့် စစ်

စခန်းထဲမှ ထွက်လာပြီး ကြိုဆိုလိုက်သည်။

"နတ်ဘုရား ၊ ဘာကိစ္စရှိလို့ စစ်မြေပြင်ကို ရောက်လာတာလဲ..."

ဆန်းလျန်က...

"လောကမှာ ကျုပ်မသိတဲ့အရာဆိုလို့ နည်းနည်းလေးပဲ ရှိတယ်

၊ ဒါပေမဲ့ မင်းဘယ်ကလာလဲဆိုတာ ကျုပ်လုံးဝ မသိဘူးဖြစ်နေ

တယ် ၊ ပြောပါဦး... မင်းဘယ်ကနေလာတဲ့သူလဲ..."

စစ်စခန်းအုပ်ချုပ်ရေးမှူးက...

"ကျုပ်က ကံကြမ္မာလမ်းတစ်ဖက်ခြမ်းကနေ ရောက်လာတဲ့သူပဲ

၊ မင်းက တန်ခိုးစွမ်းအားတော့ မြင့်မားပုံရပါရဲ့ ၊ ဒါပေမဲ့

လွတ်မြောက်နိုင်စွမ်းမရှိသေးတာတော့ စိတ်မကောင်းစရာပဲ ၊

ဒီနေရာကလူတွေအားလုံး ဒီအတိုင်းပါပဲ ၊ လက်ရှိမှာ ထိပ်တန်း

အဆင့်ရောက်နေတဲ့ ကျင့်ကြံသူတွေအားလုံးလည်း ဒီအတိုင်း ပါပဲ..."

ဆန်းလျန်က စစ်စခန်းအုပ်ချုပ်ရေးမှူးကို ခြေဆုံးခေါင်းဆုံး တစ်ချက်အကဲခတ်လိုက်သည်။ ထိုသူက မယုံနိုင်လောက် အောင် တန်ခိုးစွမ်းအားမြင့်မားသည့် နတ်ဘုရားတစ်ပါး ဖြစ်သည်ကို ဆန်းလျန် သိရှိလိုက်သည်။

ထိုသူက အားလော်ဟယ်နှင့်နှိုင်းယှဉ်လိုက်လျှင် ဟိုဘက် အစွန်းနှင့်ဒီဘက်အစွန်းဟုပြောရလောက်အောင်ပင် ကွဲပြား သည့် နတ်ဘုရားတစ်ပါးဖြစ်သည်။

အားလော်ဟယ်က မြင့်မြတ်ကျယ်ပြန့်သည်ဆိုလျှင် စစ်စခန်း အုပ်ချုပ်သူကတော့ ထူးဆန်းနက်ရှိုင်းလေသည်။

သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် မိစ္ဆာစွမ်းအားများကတော့ မာရ်နတ်နှင့် အလားသဏ္ဌာန်တူလွန်းလှသည်။

ဆန်းလျန်က...

"ကံကြမ္မာလမ်းမှာ လမ်းခွဲတွေအများကြီးရှိတယ်၊ ဒါကြောင့်လည်း မတူညီတဲ့ဘဝတွေမှာ မတူညီတဲ့ ကံကြမ္မာတွေ ရှိကြတာပေါ့၊ ဒါပေမဲ့ စစ်မှန်တဲ့ဖြစ်တည်မှုကို မသိနိုင်သေးသရွေ့ ကံကြမ္မာဆိုတာ ပုံရိပ်တွေပါပဲ၊ မင်းအနေနဲ့ ကျုပ်နဲ့ ပတ်သက်စရာ အကြောင်းမရှိပါဘူး..."

ဆန်းလျန်က ဆက်ပြောလိုက်သည်။

"ဒါပေမဲ့ ကျုပ်သိချင်တာ တစ်ခုရှိတယ်၊ ကျုပ်က အတော်လေး တန်ခိုးစွမ်းအားမြင့်မားတဲ့သူတစ်ယောက်ပါ၊ ပြီးတော့ မတူညီတဲ့ဘဝတွေမှာ မတူညီတဲ့ကံကြမ္မာတွေရှိတယ်ဆိုတာလည်း ကျုပ်နားလည်တယ်၊ ဒါပေမဲ့မင်းက ဘာလို့ ဒီလောကထဲမှာ ပြန်ပေါ်လာရတာလဲ..."

စစ်စခန်းအုပ်ချုပ်ရေးမှူးက...

"မင်းက ကျုပ်ကို ဒီလိုမေးခွန်းမျိုး မေးတာဆိုတော့ ကျုပ်ကို များ လောကမှာအဆင့်အမြင့်ဆုံး နတ်ဘုရားတစ်ပါးလို့ ထင် နေလို့လား..."

အခန်း (၉၂၄) ထာဝရနယ်မြေ

စစ်စခန်းအုပ်ချုပ်သူ၏မျက်ဝန်းများက သာမန်လူများနှင့်မတူ ဘဲ အပြာရောင်တောက်နေလေသည်။ အရောင်တင်ထားသည့် ကျောက်မျက်ရတာနတစ်ခုနှင့်ပင် ဆင်တူသည်။ ထိုမျက်လုံးများထဲတွင် ခံစားချက်လုံးဝမရှိပေ။ ဆန်းလျန် အနေဖြင့် အခြားသူများ၏မျက်ဝန်းများမှတစ်ဆင့် အတွေး

များကို သိရှိနိုင်သော်လည်း စစ်စခန်းအုပ်ချုပ်သူ၏အတွေး

များကိုတော့ လုံးဝ ဖမ်းဆုပ်မရနိုင်ခဲ့ပေ။

ထိုသို့သောအဖြစ်အပျက်မျိုး မကြုံရသည်မှာ ဆန်းလျန်

အတွက် အလွန်ပင် အချိန်ကြာမြင့်ခဲ့ပြီဖြစ်သည်။

စစ်စခန်းအုပ်ချုပ်သူက...

"မင်းလို ထိပ်တန်းအဆင့်နတ်ဘုရားတစ်ပါးက မေးတယ်ဆို

တော့လည်း မဖြေဘဲ မနေရဲပါဘူး ၊ ဒါပေမဲ့ အဲဒီမေးခွန်းရဲ့

အဖြေကိုကျုပ်လိုအဆင့်နိမ့်တဲ့သူတစ်ယောက်က ဘယ်လိုလုပ်

သိနိုင်မှာလဲ..."

သူက စကားဆုံးသွားသည်နှင့် ရင်ပတ်ထက်တွင် လက်

တစ်ဖက်ကိုတင်ကာ ဆန်းလျန်ကို ကိုယ်ကိုကိုင်းညွတ်

အရိုအသေပေးရင်း ပြောလိုက်သည်။

သူ့ပုံစံက အလွန်နှိမ့်ချဟန်ရှိနေသော်လည်း ပြောနေသည့်

စကားများကတော့ တစ်လုံးမှ အမှန်တရား မဟုတ်ခဲ့ပေ။

ရုတ်တရက်… မျက်စိတစ်မှိတ်အတွင်းမှာပင် စစ်စခန်းကြီး အတွင်းရှိ စစ်စခန်းအုပ်ချုပ်ရေးမှူးထိုင်သည့် ပလ္လင်ထက်တွင် ဆန်းလျန်တစ်ယောက် ထိုင်လျှက်သား ပေါ်လာလေသည်။

သို့သော်… ဆန်းလျန်က သိမ်မွေ့သူဖြစ်သည့်တိုင် ပလ္လင်ထက်မှဆန်းလျန်ကတော့ ယဉ်ကျေးဟန် မရှိပေ။

ဆန်းလျန်က လောကီရေးရာများနှင့်ကင်းဝေးပြီးသန့်စင်သူ တစ်ယောက်ဖြစ်သော်လည်း ပလ္လင်ထက်မှ ဆန်းလျန်ကတော့ အလွန်တရာ မာနကြီးဟန် ထင်ဟပ်နေလေသည်။

အခြားသူများသာ စစ်စခန်းအတွင်းသို့ ရောက်လာလျှင် စစ်စခန်းရှေ့တွင် ဆန်းလျန်တစ်ယောက် စစ်စခန်းအတွင်းရှိ ပလ္လင်ထက်တွင်ဆန်းလျန်တစ်ယောက် ရှိနေသည်ဟု ထင်စရာရှိသည်။

သို့သော်… ဆန်းလျန်ကတော့ စိတ်ထဲတွင် ရှင်းလင်းလျှက်ရှိသည်။

လူသားတိုင်းတွင် ဘက်စုံတော်သည့် ကိုယ်ရည်ကိုယ်သွေးရှိကြ စမြဲပင်။ သို့သော်... အဆုံး၌ထင်ရှားသည့် ကိုယ်ရေကိုယ်သွေး က လွှမ်းမိုးသွားပြီး ပေါ်လွင်လာလေ့ရှိသည်။

သို့သော်... ဆန်းလျန်ကတော့ မတူညီပေ။ သူက ကိုယ်ရေ ကိုယ်သွေးအားလုံးကို အသုံးချနိုင်သူဖြစ်လေသည်။ ထို့ပြင်... ဤသို့သောအရည်အချင်းမျိုးက ရုတ်တရက်ပေါ်လာသည့် အရည်အချင်းမျိုးလည်း မဟုတ်ပေ။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက အိပ်မက်လိပ်ပြာ ကျင့်စဉ်ကို ကျင့်ကြံခဲ့သည့်အတွက် ထိုသို့သော အရည်အချင်း မျိုးကို ဆန်းလျန် ရရှိခဲ့ခြင်းဖြစ်သည်။

အစပိုင်းတွင် စစ်စခန်းအုပ်ချုပ်သူက ဆန်းလျန်ကို အနည်းငယ်သာ ကြောက်ရွံ့လေသည်။ သို့သော်... ယခုတော့ အလွန်ပင်ကြောက်ရွံ့သွားလေတော့သည်။

သူ့ အဘယ့်ကြောင့် ကြောက်ရွံ့ရပါသနည်းဆိုသော်… ဆန်းလျ န်၏ လွှမ်းမိုးနိုင်သည့် စိတ်စွမ်းအားကို သိမြင်လိုက်ရ သောကြောင့် ဖြစ်သည်။ သူက ကံကြမ္မာလမ်းခွဲများဆီမှ ဆန်း လျန်၏ ကံကြမ္မာအကြောင်းကို စဉ်းစားလိုက်မိသည်။

ဆန်းလျန်ဆိုသည်က… ကြယ်စင်များအားလုံး၏အထက်တွင် ရှိသည့် နတ်ဘုရားတစ်ပါးဆိုသည်ကို သူသိလိုက်သည်။

ဆန်းလျန်သည် အမြင့်ဆုံးသောနတ်ဘုရားတစ်ပါးဖြစ်ပြီး အခြားသောနတ်ဘုရားများသည် သူ၏ပလ္လင်အောက်တွင် ဝပ် တွားလျှက်ရှိကြသည်။

ပလ္လင်ထက်မှဆန်းလျန်သည် စစ်စခန်းအပြင်ဘက်မှ ဆန်းလျန် ထက်ပင် ပိုမိုလွှမ်းမိုးမှုအားကောင်းနေလေသည်။

ဆန်းလျန်က အစကတည်းကပင် စိတ်ဝင်စားစရာကောင်းသူ တစ်ယောက် ဖြစ်သည်။

"လူသားများအားလုံးသည် တန်းတူပင်ဖြစ်သည်" ဟု ဗုဒ္ဓက ဟောကြားခဲ့သည်။ ထိုသို့ဟောကြားခဲ့သည့်အတွက်ပင် ဗုဒ္ဓသည် လူသားအားလုံး၏အထက်သို့ ရောက်ရှိခဲ့လေသည်။ သူဟောပြောသည့်တရားသည် အမှန်တရားဖြစ်သည့် အတွက် သူသည် သတ္တဝါအားလုံးထက် မြင့်မြတ်သူတစ်ယောက် ဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။

ထိုသို့သော မြင့်မြတ်သူများ၏မျက်လုံးထဲတွင်တော့ စွမ်းအားကြီးမားသူဖြစ်စေ ၊ အနိမ့်ကျဆုံးသတ္တဝါပင်ဖြစ်စေ ခြားနားချက်မရှိ အတူတူပင်ဖြစ်လေသည်။

ပလ္လင်ထက်မှ ဆန်းလျန်က သူ့ကို ပြုံးပြီးကြည့်နေသည့်အခါ စစ်စခန်းအုပ်ချုပ်သူ ကျောရိုးထဲပင် စိမ့်သွားမိသည်။

စစ်စခန်းအုပ်ချုပ်သူဘေးနားတွင် ရပ်နေသည့်ဆန်းလျန်က စစ်စခန်းအုပ်ချုပ်သူ၏ အတွေးများကို သိရှိလိုက်ပြီး စကားစပြောလိုက်သည်။

"သူက ကျုပ် မဟုတ်ဘူး..."

စစ်စခန်းအုပ်ချုပ်ရေးမှူးက အံ့အားသင့်သွားပြီး...

"ကျုပ် အမြင်မှားတယ်လို့ မင်းပြောချင်တာလား..."

ဆန်းလျန်က...

"လူတိုင်းက ကြိုးစားရင် ဘုရားဖြစ်နိုင်တာပဲ ၊ အဲဒီလိုဖြစ်ဖို့

အမှန်တရားကို နားလည်ဖို့လိုတယ်..."

ဆန်းလျန်ပြောလိုက်သည့်စကားက စစ်စခန်းအုပ်ချုပ်

သူ၏အမြင်ကို နက်ရှိုင်းစွာမှန်ကန်လာစေလေသည်။ ထို့ပြင်...

ပလ္လင်ထက်တွင်ထိုင်နေသည့် ဆန်းလျန်မှာ တကယ်တမ်းတွင်

ဆန်းလျန် မဟုတ်ခဲ့ပေ။

ထူးဆန်းဟန်ရှိလေသည်။ သို့သော်... တကယ်တမ်းတော့

မဟုတ်ခဲ့ပေ။

အမှန်တော့ စစ်စခန်းအုပ်ချုပ်သူ တွေ့မြင်ခဲ့သည့်ဆန်းလျန်မှာ အခြားတူညီသည့်လောကတစ်ခုတွင် ကျင့်ကြံနေခဲ့သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

ထို့ပြင် ပလ္လင်ထက်မှဆန်းလျန် မည်သည့်နေရာက ရောက်လာသည်ကို ဆန်းလျန် အတိအကျ သိပြီးသား ဖြစ်သည်။

ကျောက်ဖုန်းထံမှသာ သဲလွန်စမရခဲ့လျှင် သူသည်လည်း ခေတ္တခဏမျှ အာရုံထွေပြားသွားမည် ဖြစ်သည်။ သို့သော်... ယခုတော့ သူ ရှင်းလင်းသွားခဲ့ပြီ ဖြစ်သည်။

ထိုသူတစ်ခါက ပြောခဲ့ဖူးသည်မှာ...

"ကျွမ်ကျိုး လိပ်ပြာတစ်ကောင်ဖြစ်သွားသည်ဟု အိပ်မက်မက်လေသည်၊ လိပ်ပြာက အလွန်ထင်ရှားပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိသည်၊ ကျွမ်ကျိုးကိုလည်း မှတ်မိသိရှိခြင်း မရှိပေ..."

"ရုတ်တရက် ကျွမ်ကျိုး ထူးဆန်းသည်ဟု ခံစားလိုက်မိသည် ၊ ကျွမ်ကျိုးက လိပ်ပြာလေးဖြစ်သွားသည်ဟု အိပ်မက်မက်သည်လား ၊ လိပ်ပြာလေးက ကျွမ်ကျိုးဖြစ်သွားသည်ဟု အိမ်မက်မက်သည်လား ၊ သို့သော်... ကျွမ်ကျိုးနှင့် လိပ်ပြာလေးက မတူညီသည်ကတော့ အမှန်ပင်..."

နောက်ဆုံးတော့ ဆန်းလျန် ကိစ္စတစ်ခုကို အတည်ပြုနိုင်ခဲ့သည်။

ကျွမ်ကျိုးသည် တာအိုဝါဒတွင် ပါရမီရှင်တစ်ယောက်ဖြစ်လေသည်။ သူ၏တန်ခိုးစွမ်းအားက တာအိုဆရာသခင်ကြီးများနည်းတူ မြင့်မားလွန်းသည်။ သို့တိုင်အောင် သူသည် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်မလာခဲ့ပေ။

သူ မတော်သောကြောင့် မဟုတ်ပေ။ သူက အတော်လွန်နေသောကြောင့် ဖြစ်လေသည်။

လောကကြီးတစ်ခုလုံးက အိပ်မက်မျှသာ ဖြစ်သည်။ "လိပ်ပြာ" နှင့် "ငါ" ဆိုသည်တို့က ပညာတ်ချက်များသာ ဖြစ်ကြသည်။ အိပ်မက်လိပ်ပြာကျင်စဉ်တွင် ဆန်းလျန် တွေးပင်မတွေးမိသည့် ထိပ်တန်းလျှို့ဝှက်ချက်များ ပါဝင်လေသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ကျွမ်ကျိုးက ကျင့်ကြံခဲ့ခြင်း မရှိခဲ့ပေ။

သို့သော်... သူက ဆန်းလျန်အဖြစ် အိပ်မက်မက်နိုင်လေသည်။ တာအိုဆရာသခင်ထိုက်ယီအဖြစ်လည်း အိပ်မက်မက်နိုင်လေသည်။ ထို့ကြောင့် သူက တာအိုဆရာသခင်ကြီးတစ်ပါးမဟုတ်သည့်တိုင် လောကကို ကျော်လွန်သည့်အနေအထားကို ပိုင်ဆိုင်ထားသည်ဟု ဆိုနိုင်သည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီက သံသရာကိုကျော်လွန်သွားပြီး သဲလွန်စပင်မကျန် ထွက်ခွာသွားခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် ကျွမ်ကျိုးက ဆန်းလျန်ကို စိတ်ဝင်စားလာခဲ့လေသည်။

ကျွမ်ကျိုးသည် ဆန်းလျန်အကြောင်း အိပ်မက်မက်ရုံသာမက ဆန်းလျန် ဖြစ်လာခဲ့လေသည်။ ထို့ကြောင့် သူသည်လည်း ဟွင့်ယွမ်ဝူကျီအဆင့် ဖြစ်လေ၏။

ဆန်းလျန်က ရဲ့လျိုယွင်ကို အစားထိုးခဲ့သလို ကျွမ်ကျိုးကလည်း အခြားသောကျင့်ကြံသူလောကတွင် ဆန်းလျန်အဖြစ် အစားထိုးခဲ့လေသည်။

ကျွမ်ကျိုးဆိုသည့် တာအိုဆရာ၏ အရည်အချင်းက ရှားပါးလွန်းပြီး ခေတ်အဆက်ဆက်တွင် ထိုသို့သော ကျင့်ကြံသူမျိုး မရှိနိုင်ဆိုသည့်အချက်ကတော့ အမှန်ပင်ဖြစ်သည်။

သို့သော်... ကျွမ်ကျိုးသည် ဆန်းလျန်ကို အနုစိတ်တော့ တုပနိုင်ခြင်း မရှိသည်ကို ဆန်းလျန် နားလည်လိုက်သည်။

ကံကြမ္မလမ်းသွယ်တစ်ခုတွင် ကျွမ်ကျိုးသည် ကြီးမားသည့် အဆုံးသတ်ဓမ္မတစ်ခုကို ဖြစ်ပေါ်စေခဲ့သူ ဖြစ်သည်။ သူက လောကကိုကျော်လွှန်ရန်အတွက် အခြားသောနည်းလမ်းတစ်ခုဖြင့် ကြိုးစားမည်မှာ ထင်ရှားလှသည်။

ကျင့်ကြံခြင်းလမ်းစဉ်မရှိဘဲ ဖြစ်တည်မှုတစ်ခုအဖြစ် ပြောင်းလဲကာ လောကကိုကျော်လွှန်ရန် နည်းလမ်းတစ်ခု တီထွင်နိုင်ခဲ့ခြင်းလည်းဖြစ်နိုင်သည်။ ထိုနည်းလမ်းမှာလည်း မည်သို့သောနည်းလမ်းပင်ဖြစ်ပါစေ ကိုယ်ပိုင်လမ်းကြောင်း တစ်ခုဟုပင် ဆိုနိုင်သည်။

ထိုနည်းလမ်းကို ကျွမ်ကျိုး မအောင်မြင်ခဲ့လျှင် သူသည် ဆန်းလျန်၏ ရန်သူဖြစ်လာပေလိမ့်မည်။

သို့သော်... ဆန်းလျန် ပျော်ရွှင်နေခဲ့လေသည်။

ကျွမ်ကျိုးသည် တိကျန်ဗောဓိသကျနှင့် ရှမ်တုတောက်ကျွင်း အဖြစ် မပြောင်းလဲခဲ့ဘဲ ဆန်းလျန်အဖြစ် ပြောင်းလဲခဲ့သည်ကို

ကြည့်ခြင်းအားဖြင့် သူက ထိုနှစ်ယောက်ထက် ပိုမိုသာလွန်သည်ကို ဖော်ပြနေလေသည်။

အမှန်တော့ တိကျန်ဗောဓိသကျနှင့် ရှမ်တုတောက်ကျွင်းတို့မှာ ကိုယ်စီအားနည်းချက်များရှိကြသည့်အတွက် ကျင့်စဉ်လမ်းတွင် လမ်းဆုံးပန်းတိုင်အထိလျှောက်လှမ်းရန် အခက်အခဲရှိနိုင်လေသည်။

ကျွမ်ကျိုးက ကံကြမ္မာလမ်းကို ဖြတ်သန်းလာခဲ့သူဖြစ်သည့်အတွက် ထိုကိစ္စနှင့်ပတ်သက်ပြီး တွေးဆနိုင်စွမ်း ရှိလေသည်။

ထိုကိစ္စက ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယီကြားမှ ယှဉ်ပြိုင်မှုနှင့် အနည်းငယ်ဆင်တူလေ၏။

***

တောင်များက ပိန်းပိတ်အောင် မှောင်မိုက်နေလေသည်။

ထိုတောင်များသည် ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းပိုက်နက်အတွင်းမှ

တောင်များဖြစ်ပြီး မည်သည့်အခါမှ နေရောင်မြင်တွေ့ရသည်

ဟူ၍ မရှိပေ။

လေအနည်းငယ်တိုက်ခတ်နေပြီး ပတ်ဝန်းကျင်တစ်ခုလုံးက

အေးစိမ့်လို့နေသည်။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းတွင် ယင်စွမ်းအားများ ပြည့်နက်လျှက်ရှိ

သည့်အတွက် သီးပင်စားပင်များ ဖြစ်ထွန်းနိုင်ခြင်း မရှိပေ။

သို့သော်… ထိုနေရာတွင် ပေါက်ရောက်နေသည့် တစ်ခုတည်း

သောသစ်ပင်မှာ ဝါးရုံတောများသာ ဖြစ်လေသည်။

တောင်ခြေတွင် ဝိညာဉ်မြစ်က အဆက်မပြတ်စီးဆင်းနေပြီး

မြစ်ရေစီးဆင်းသံက လူအများကို ဝမ်းနည်းခံစားစေလေ

သည်။

မြစ်ရေစီးသံသည် ယိမ်းထိုးနေသည့် ဝါးရုံတောများနှင့် ပေါင်းစပ်လိုက်သည့်အခါ ဝမ်းနည်းမှုကို ပိုမိုမြင့်တက်လာစေသည်။

ဝိညာဉ်မြစ်ကမ်းနံဘေးတွင် အဖြူရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ရှိနေလေသည်။ ထိုသူကား... ရဲ့လျိုယွင်ပင် ဖြစ်ပေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မှိုင်းနေပြီး ရဲ့လျိုယွင်ကတော့ မြင့်မြတ်သန့်စင်လျှက်ရှိလေသည်။ ထို့ကြောင့်... သူ၏ပုံစံက ပတ်ဝန်းကျင်နှင့် သိပ်ပြီးလိုက်လျောညီထွေ မရှိလှပေ။

ထိုအချိန်မှာပင်....

သာမန်ဘုန်းတော်ကြီးတစ်ပါးကဲ့သို့ သင်္ကန်းရုံထားသည့် ဘုန်းတော်ကြီးတစ်ပါး မြစ်ကမ်းတစ်လျှောက် အဝေးတစ်နေရာဆီမှ လမ်းလျှောက်လာလေသည်။

ထိုဘုန်းတော်ကြီးသည်ကား တိကျန်ဗောဓိသတ္တဖြစ်ပေ၏။

တိကျန်ဗောဓိသကျရောက်လာမည်ကို ရဲ့လျိုယွင်က ကြိုတင်သိနှင့်ပြီးသား ဖြစ်ဟန်တူလေသည်။ တစ်ချက်လေးပင် အံ့သြခြင်း မရှိပေ။

တိကျန်ဗောဓိသကျက...

"ချင်တိဧကရာဇ်..."

ဟု နှုတ်ဆက်လိုက်လေသည်။

ရဲ့လျိုယွင်က...

"ဆရာတော်က တိကျန်ဗောဓိသကျလား ၊ တိကျန်တထာဂတသသလား..."

ရဲ့လျိုယွင်က ခန့်မှန်းနိုင်ခြင်းမရှိဟန်ဖြင့် ရုတ်တရက်မေးခွန်းထုတ်လိုက်သည်။

တိကျန်ဗောဓိသကျက ယိမ်းလှုပ်နေသည့် ဝါးရုံတောများကို လက်ညှိုးတစ်ချက်ညွှန်ပြလိုက်ပြီး...

"ဒီအစိမ်းရောင်ဝါးပင်တွေအားလုံးက ဓမ္မဖြစ်တယ်၊ စီးဆင်းနေတဲ့ ဝိညာဉ်မြစ်ကတော့ ပညာပဲ၊ ချင်တိဧကရာဇ်က ကျုပ်ဘုန်းကြီးကို ဘယ်လိုများထင်မြင်နေပါသလဲ..."

ရဲ့လျိုယွင်က တစ်ချက်ပြုံးလိုက်ရင်း အေးဆေးသည့်လေသံဖြင့်...

"တထာဂတဿ..."

ဟု ပြောလိုက်လေသည်။

တိကျန်ဗောဓိသကျက...

"ချင်တိဧကရာဇ်က သနားစရာပဲ၊ ဆန်းလျန်ထျန်းကျွင်းသာခင်ဗျားရဲ့ ထိပ်တန်းအဆင့်ကံတရားနဲ့ အရည်အချင်းတွေကို ယူဆောင်မသွားရင် ခုလောက်ဆို ခင်ဗျား သံသရာကိုကျော်လွန်သွားလောက်ပြီနော်..."

ရဲ့လျိုယွင်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ကျုပ် အဲဒီကိစ္စတွေကို သိခဲ့တာ ကြာပါပြီ ၊ ဒီလိုဖြစ်ရတာ ဆန်းလျန်က ကျုပ်ထက်ပိုတော်လို့လည်း မဟုတ်သလို ကျုပ်ကိုယ်တိုင်ကလည်း သံသရာကို မကျော်လွန်ချင်ပါဘူး ၊ လောကမှာ တာအိုဆရာသခင်ကြီး တစ်ပါးပဲပွင့်တော့မယ်ဆိုတဲ့စကားသာ အမှန်ဆိုရင်တော့ အတော်လေး ရက်စက်ရာကျတာပဲ ၊ ဒါပေမဲ့ ကျုပ်က အဲဒီလို ရက်စက်တဲ့အဖြစ်မျိုး မဖြစ်စေချင်ဘူး ၊ ပြီးတော့ လူတစ်ယောက် သံသရာကိုကျော်လွန်အောင် ကျင့်ကြံနေတာကိုလည်း ကျုပ်က ဆွဲမထားချင်ပါဘူးဗျာ ၊ ဘာပဲဖြစ်ဖြစ် အရေးကြီးတဲ့ကိစ္စတွေပဲ မဟုတ်လား..."

တိကျန်ဗောဓိသကျက ပြုံးလိုက်ရင်း...

"အော်မီတော်ဖူဗုဒ္ဓက ပြောခဲ့ဖူးတယ် ၊ သူက လူသားတိုင်းကို တရားဟောချင်တယ် ၊ ဒါပေမဲ့ လူသားတိုင်း တရားရမယ်ဆိုတာက မသေချာဘူး ၊ အခုပြောနေတာ ချင်တိကေရာဇ်က လူသားတိုင်းကို တရားရစေချင်နေတာလား..."

ရဲ့လျှိုယွင်က...

"ကျယ်ပြောလှတဲ့လူ့လောကမှာ သေခြင်းရှင်ခြင်း ၊ သုခဒုက္ခ တရားတွေက အမြဲတမ်း ရှိနေမှာပါပဲ ၊ ကျုပ်က ထာဝရတည်ရှိတဲ့ နယ်မြေတစ်ခု တည်ဆောက်ပြီး အဲဒီအခြေအနေတွေ အားလုံးကို ပြောင်းလဲပစ်ချင်တာပါ..."

အခန်း (၉၂၅) ဤသည်မှာလည်း

တိကျန်ဗောဓိသကျ၏မျက်နှာက တဖြည်းဖြည်း တည်ကြည်လေးနက်သွားလေသည်။

သူကတိုးတိတ်သည့်လေသံဖြင့်...

"ကြေးမုံမှန်ထဲကပန်းပွင့်၊ ရေထဲကလရိပ်ဆိုတာ မြင်သာမြင်နိုင်ပြီး ဘယ်တော့မှ ရယူနိုင်ခြင်းမရှိတဲ့ အရာတွေပါ၊ ဒါပေမဲ့ မင်းပြောတဲ့စကားတွေကတော့ မြင်လည်းမမြင်နိုင်၊ ရယူလို့လည်းမရနိုင်တဲ့ အရာတွေပါပဲ..."

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း...

"ဒါ အဓိပ္ပါယ်မရှိဘူးဆိုတာ ကျုပ်လည်းသိပါတယ်၊ တကယ်ဖြစ်အောင်လုပ်မယ်ဆိုရင်တောင်မှ သောက်ရူးလို့အပြောခံရမှာပါပဲ..."

ရဲ့လျိုယွင်မှာ အတိတ်ဘဝတုန်းက လူပြန်ဝင်စားခြင်း နည်းလမ်း (၆)သွယ်ကို အပြည့်အဝ ပြည့်စုံစေခဲ့သည့် ချင်တိဧကရာဇ်ဖြစ်သည်ကို တိကျန်ဗောဓိသကျ အမှတ်ရလိုက်မိသည်။ ချင်တိဧကရာဇ်သည် ကြီးမြတ်သည့် သူတော်စင်တစ်ပါး ဖြစ်လေသည်။

ယခုတော့ ချင်တိဧကေရာဇ်က ထာဝရနယ်မြေကို တည်ထောင်ရန် ဆန္ဒရှိနေခဲ့ပြီ။ ထိုအချက်က သူတော်စင်တစ်ပါး၏လုပ်ရပ်ထက် ရှုးသွပ်သည့်လုပ်ရပ်ဟု ပိုပြီးဆိုနိုင်သည်။

လူသားအားလုံး ထာဝရအသက်ရှင်သန်သွားကြမည်ဆိုလျှင် အဘယ်မှာ ပျော်ရွှင်မှု ရှိပါတော့မည်နည်း။

သေခြင်းရှင်ခြင်းဆိုသည်က မိုးနှင့်မြေကို ပြီးပြည့်စုံစေသည့် လမ်းစဉ် ဖြစ်လေသည်။

ရဲ့လျိုယွင်က...

"လောကတစ်ခုလုံးရဲ့အစကိုပြန်သွားမယ်ဆိုရင် ကျုပ်က အရာအားလုံးရဲ့ အရင်ဦးဆုံး ဖြစ်တည်ခဲ့တဲ့သူပါ၊ ဒီအချက်ကိုတော့ ဆရာတော်သိလိမ့်မယ် ထင်ပါတယ်..."

တိကျန်ဗောဓိသကျာက ခေါင်းညိတ်ပြလိုက်သည်။

ချင်တိဧကေရာဇ်သည် ရှေးအကျဆုံး ဖြစ်သည်မှာ သံသယဖြစ်စရာမရှိပေ။

အရင်အချိန်များတုန်းက ယီနတ်ဘုရား ၊ ထိုက်ယိ ၊ တာအို
ဆရာသခင်ထိုက်ယီ ၊ ချင်တိကေရာဇ် ၊ တုန်းဟွာတောက်ကျွင်း
နှင့် စန်ချင်တာအိုဆရာသခင်တို့သည် တစ်သားတည်း ဖြစ်လေ
သည်။ သူတို့အားလုံးသည် အရာအားလုံး၏ အစဦးပိုင်းလည်း
ဖြစ်သည်။ ထို့ကြောင့် သူတို့အားလုံးတွင် လောကကိုကိုင်လှုပ်
နိုင်သည့် အောင်မြင်မှုများကို ရရှိခဲ့ကြခြင်းပင် ဖြစ်သည်။
စန်ချင်တာအိုဆရာသခင်နှင့် တာအိုဆရာသခင်ထိုက်ယီတို့မှာ
သံသရာကိုကျော်လွန်သွားသည့် တာအိုဆရာသခင်ကြီးများ
ဖြစ်သွားကြသည့်အတွက် အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်တွင်
ထင်ရှား ရှိမနေတော့ပေ။
ရဲ့လျိုယွင်က…
"ကျုပ်မွေးဖွားလာတဲ့အချိန်တုန်းက မိုးကောင်းကင်ဆိုတာမရှိ
သေးဘူး ၊ သေခြင်းရှင်ခြင်းဆိုတာလဲ ဘာမှန်း ကျုပ်မသိဘူး ၊
သုခဒုက္ခဆိုတာတွေလည်း ကျုပ်မသိဘူး ၊ အဲဒီအချိန်တုန်းက

ကျုပ် သိပ်ပြီးအထီးကျန်ခဲ့တာ ၊ အခု အဲဒီအချိန်တွေကို ပြန်စဉ်းစားကြည့်မိတော့ အခုအချိန်ထက်တောင် ပိုပြီး ကောင်းနေပါသေးတယ်..."

တိကျန်ဗောဓိသကျက...

"ကျုပ်လည်း သတ္တဝါတစ်ယောက်အဖြစ် မွေးဖွားလာတာပါပဲ ၊ ချင်တိကေရာဇ်ဘဝတုန်းက မင်းရဲကခံစားချက် ဘယ်လိုရှိတယ်ဆိုတာ ကျုပ် ဘယ်သိနိုင်မလဲ ၊ အခုတော့ အရာအားလုံးက ပြောင်းလဲသွားခဲ့ပြီပဲ ၊ အတိတ်အချိန်တွေကတောင် ပိုပြီးကောင်းသေးတယ်လို့ မင်း ပြောတာကိုကြည့်ရရင် အတိတ်တစ်ချိန်တုန်းကလည်း မင်းမကြိုက်တာတွေ ရှိကောင်းရှိခဲ့မှာပဲပေါ့ ၊ အဲဒါတွေက အခု မဆိုးလှတော့ဘူး မဟုတ်လား ၊ အဲဒီလိုပဲ အခုအချိန်မှာလည်း ကောင်းတာလေးတွေ ရှိလာတာပဲမဟုတ်ဘူးလား..."

ရဲ့လျိုယွင်က လက်တစ်ဖက်ကာပြလိုက်ရင်း...

"ဆရာတော်ရဲ့အမြင်က ကျွမ်ကျိုးနဲ့အတော်လေး အမြင်တူ

တယ် ၊ မမြင်ရတဲ့အရာတွေကို ကျွမ်ကျိုးကတော့ မြင်နိုင်တယ်

၊ ကျုပ်ဟာ တစ်ချိန်တုန်းက စာပေသမား သူတော်စင်

(၁၀၀)ထဲက တစ်ယောက်ဖြစ်ခဲ့တယ် ၊ အဲဒီတုန်းက ကျွမ်ကျိုးနဲ့

စကားပြောခဲ့ဖူးတယ် ၊ ကျုပ် သူ့ရဲ့အရည်အချင်းကို တကယ်ပဲ

လေးစားခဲ့ရပါတယ်..."

စာပေသမား သူတော်စင် (၁၀၀)၏ ကျမ်းစာများသည် လောက

တစ်ခွင်တွင် ပျံ့နှံ့လျှက် ရှိလေသည်။

သူတို့အားလုံးက စကြာဝဠာထဲတွင် တည်ရှိသည့် တာအို

လမ်းစဉ်များကို တစ်ခု (သို့မဟုတ်) တစ်ခုထက်မက ရေးသား

ခဲ့ကြသူများ ဖြစ်လေသည်။

လူတိုင်းတွင် စိတ်ဆန္ဒကိုယ်စီရှိကြစမြဲပင်။ သို့သော်...

တွေးခေါ်ပညာရှင်များ၏ စိတ်ဆန္ဒကတော့ အတ္တကင်းစင်ပြီး

မိုးကောင်းကင်လမ်းစဉ်နှင့် နီးစပ်လေသည်။ ထို့ကြောင့်

လက်တွေ့တွင် ထိုကျင့်စဉ်များကို လေ့ကျင့်နိုင်ရန်မှာ ခက်ခဲ

လွန်းလှသည်။

တိကျန်ဗောဓိသကျလည်း ကျွမ်ကျိုးအကြောင်း ကြားဖူးထား

လေသည်။ သို့သော်... တစ်ခါမှတော့ တွေ့ဆုံခဲ့ဖူးခြင်း မရှိပေ။

သို့သော်... သူပြောသည့်စကာကတော့ အမှန်တရားဖြစ်လေ

သည်။

သူက ကျွမ်ကျိုးပြောခဲ့ဖူးသည့်စကားများကိုလည်း ကြားဖူးပြီး

သူကိုယ်တိုင်ကလည်း လောကသစ္စာတရားတွင် ထိပ်ဆုံး

အဆင့်ရောက်နေသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်

သည့်အတွက် ဤသို့သောစကားမျိုးကို ပြောဆိုနိုင်ခြင်း

ဖြစ်သည်။

ယေဘူယျပြောရမည်ဆိုလျှင် သူသည် သံသရာကိုကျော်လွန်

ရန်အတွက် အလှမ်းမဝေးလှတော့ပေ။

တိကျန်ဗောဓိသကျက...

"လက်စသတ်တော့ ချင်တိဧကရာဇ်က သူတော်စင် (၁၀၀)ထဲက တစ်ယောက်ဖြစ်ခဲ့သေးတာကိုး ၊ ဒါကြောင့် ဒီလောက် မြင့်မြတ်သန့်စင်နေတာ မအံ့သြတော့ပါဘူး ၊ အခု လူပြန်ဝင်စားပြီး ရဲ့လျိုယွင် ဘဝရောက်တော့လည်း အသိပညာက ကျယ်ပြန့်တုန်းပါပဲ ၊ မင်းရဲ့ဘေးမှာ ယှဉ်ပြီးရပ်ရဲတဲ့သူတောင် ရှိမယ် မထင်ပါဘူး..."

ရဲ့လျိုယွင်က ဖြည်းညင်းသည့်လေသံဖြင့်...

"အဲဒီအချိန်တုန်းကတော့ ကျုပ်က ပျော်ပျော်နေတတ်တဲ့ လူငယ်လေးတစ်ယောက်ပါပဲ ၊ တံတားပေါ်မှာ ကျွမ်ကျိုးနဲ့ အတူတူ လမ်းလျှောက်ရင်း ရေထဲမှာ ခုန်ပေါက်ပျော်မြူးနေတဲ့ ငါးတွေကိုကြည့်ပြီး ကျွမ်ကျိုးက ပြောခဲ့ဖူးတယ် ၊ 'ငါးတွေက ကျေနပ်ရောင့်ရဲတတ်တယ် ၊ ဒါကိုက သူတို့ရဲ့ပျော်ရွှင်မှုပဲ' တဲ့ ၊ ကျုပ်က ပြန်မေးလိုက်တယ် ၊ 'မင်းကငါးတစ်ကောင်မှမဟုတ်တာ ၊ ငါးတွေရဲ့ပျော်ရွှင်မှုကို ဘယ်လိုလုပ်သိတာလဲ' လို့ပေါ့ ၊

ကျွမ်ကျိုးက ပြန်ပြောတယ်၊ 'မင်းက ကျုပ်မှမဟုတ်တာ၊ ငါး တွေကို ကျုပ်နားလည်လား မလည်ဘူးလားဆိုတာ မင်း ဘယ်လိုလုပ်သိမှာလဲ'၊ ကျုပ်ကပြောလိုက်တယ်၊ 'ကျုပ်က မင်းမဟုတ်လို့ မင်းကို နားမလည်နိုင်သလို မင်းလည်း ငါး မဟုတ်လို့ ငါးတွေရဲ့ပျော်ရွှင်မှုကို နားလည်နိုင်မယ်လို့ တစ်ထစ် ချဘယ်ပြောလို့ရမလဲ'၊ အဲဒီတော့ ကျွမ်ကျိုးက 'အစပိုင်း စကားတွေကို ပြန်သွားကြရအောင်၊ မင်းပြောတာ ငါးတွေပျော် တာကို ဘယ်လိုလုပ်သိလဲဆိုတာလေ၊ ငါးတွေရေထဲကခုန် ထွက်လာတဲ့ ပျော်ရွှင်မှုကို ကျုပ်နားလည်တယ်၊ ကျုပ်က ဒီ တံတားပေါ်ကနေပဲ သူတို့ကိုကြည့်ပြီး သိလိုက်တာပဲ' တဲ့၊ ဆိုလိုတာက သူက ငါးတွေရဲ့အထက်မှာ ရှိနေတဲ့ဆိုတဲ့သဘော ပဲ..."

တိကျန်ဗောဓိသကျက ရဲ့လျိုယွင်၏စကားများကိုနားထောင် ပြီး အနည်းငယ်ပြုံးလိုက်ရင်း...

"ကျွမ်ကျိုးက တကယ့်ကိုအံ့သြစရာကောင်းတဲ့သူတစ်ယောက်ပါပဲ ၊ သတ္တဝါတိုင်းသာ ငါးတွေဆိုရင် သူတို့အားလုံး ကျေနပ်ရောင့်ရဲမှုရှိကြမှာပါပဲ ၊ ဒါဟာ ရှားပါးတဲ့ ပျော်ရွှင်မှုပါပဲ ၊ တာအိုဝါဒအရဆိုရင် အသက်ရှည်ရင် ပျော်ရွှင်ကြရတယ်လို့ ဆိုတယ် ၊ ဗုဒ္ဓဘာသာအရတော့ စိတ်အေးချမ်းရင် ပျော်ရွှင်ကြတယ်လို့ပြောတယ် ၊ ဘယ်လိုပဲပြောပြော အဲဒီအဓိပ္ပါယ်ပါပဲ..."

ရဲ့လျိုယွင်က...

"တိကျန်ဗောဓိသကျက ကျွမ်ကျိုးရဲ့ ပထမအဆင့်အဓိပ္ပါယ်ကို နားလည်လိုက်တာပဲ ၊ ပြီးတော့ သူ့မှာ ဒုတိယအဆင့် အဓိပ္ပါယ်ရှိသေးတယ် ၊ အဲဒါက သူက ကိစ္စတစ်ခုကို ရှုထောင့်တစ်ခုကနေကြည့်လိုက်ပြီး အဲဒီမှာ မမြင်ရတဲ့တခြားဘက်ခြမ်းရှိသေးတယ်ဆိုတဲ့အချက်ကို နားလည်တာပဲ..."

စောစောကပင် သူက ထာဝရနယ်မြေတစ်ခု တည်ထောင်လိုသည့်အကြောင်းကို တိကျန်ဗောဓိသကျကို ရှင်းပြခဲ့သည်။

ထိုသို့ပင် ဖြစ်လေသည်။ တိကျန်ဗောဓိသကျာက ရဲ့လျိုယွင်

မဟုတ်သည့်အတွက် ရဲ့လျိုယွင်၏ စိတ်ထဲတွင်တွေးနေသည့်

အရာများကို နားလည်နိုင်မည် မဟုတ်ပေ။ ဤသည်က

သဘာဝကျလေသည်။

တိကျန်ဗောဓိသကျာက...

"ချင်တိဧကရာဇ်ရဲ့ ထိပ်တန်းအဆင့် အတွေးအခေါ်တွေကို

ကျုပ်ဘုန်းကြီး နားလည်နိုင်စွမ်းမရှိပါဘူး ၊ ဒါပေမဲ့ ဒီနေ့ကျုပ်

ရောက်လာရတာကလည်း အဲဒီကိစ္စတွေအတွက် မဟုတ်ပါဘူး

၊ ကျုပ်က ချင်တိဧကရာဇ်ဆီက ပစ္စည်းတစ်ခု လိုချင်လို့ပါ..."

ရဲ့လျိုယွင်က...

"ဘာပစ္စည်းလဲ..."

တိကျန်ဗောဓိသကျာက ရဲ့လျိုယွင်ကို စိုက်ကြည့်နေလေသည်။

ထိုခဏအတွင်းမှာပင်... ဝါးရုံတောများ လှုပ်ရှားအော်မြည်နေခြင်း ရပ်တန့်သွားလေသည်။ ဝိညာဉ်မြစ်သည်လည်း ဆက်လက်စီးဆင်းခြင်း မရှိတော့ပေ။

တိကျန်ဗောဓိသကျ၏ ကျင့်ကြံခြင်းအဆင့် မည်မျှမြင့်မားနေသည်ကို ရဲ့လျိုယွင် အသိဆုံး ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... တိကျန်ဗောဓိသကျသည် ရဲ့လျိုယွင်အပါအဝင် နတ်ဆိုးနယ်မြေတစ်ခုလုံးကို သူ့တစ်ယောက်တည်း၏ ဝိညာဉ်စွမ်းအားဖြင့် ဖိနှိပ်ထားလိုက်သောကြောင့် ဖြစ်လေသည်။

ငြိမ်သက်ခြင်းက မြေကြီးထုထည်အလား လှုပ်ရှားမှုကင်းမဲ့ပြီး ဆိတ်ငြိမ်မှုက လျှို့ဝှက်ချက်တစ်ခုပမာ နက်ရှိုင်းလွန်းလှသည်။

တိကျန်ဗောဓိသကျသည် အသူရာချောက်ကိုးထပ်ကိုထိန်းချုပ်နိုင်သည်သာမက လူ့လောကနှင့် ကောင်းကင်ဘုံကိုးထပ်ကိုပါ ထိန်းချုပ်ထားနိုင်စွမ်းရှိသူဖြစ်သည်။

ရဲ့လျိုယွင်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဆရာတော်လိုချင်တာ ထာဝရဓား မဟုတ်လား ၊ ထာဝရဓားက ကျုပ်ဆီမှာ မရှိဘူး..."

တိကျန်ဗောဓိသကျက...

"ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီတို့ဟာ အချိန်ရေစီးကြောင်း တစ်လျှောက် ၊ ကံကြမ္မာလမ်းတစ်လျှောက် အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ကြတယ် ၊ ထာဝရဓားနဲ့ နတ်ဘုရား ထောင်ချောက်ဓားတွေဟာ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ထိုက်ယီတို့ အသုံးပြုခဲ့ကြတဲ့ မြင့်မြတ်တဲ့ရတနာပစ္စည်းတွေပဲ ၊ အဲဒီပစ္စည်း တွေက ထိုက်ချီယင်ယန်ပန်းချီကား ၊ ဖန်ကူအလံ ၊ မိုးကောင်းကင်တံခါးတို့လောက် တန်ခိုးစွမ်းအား မမြင့်မားပေ

မယ့် နက်ရှိုင်းတဲ့ တာအိုစွမ်းအားတွေ ကိန်းအောင်းနေတာတော့ အမှန်ပါပဲ..."

"ကျုပ် လင်စန်းတောင်ကို ဖျက်စီးပစ်ခဲ့တယ်၊ ဒါပေမဲ့ ဗုဒ္ဓ ထားခဲ့တဲ့ အမွေအနှစ်အားလုံးကို မဖျက်စီးနိုင်ခဲ့ဘူး၊ ဒါကြောင့် ထာဝရဓားနဲ့ သုတ်သင်ပစ်မှသာ ဗုဒ္ဓထားခဲ့တဲ့ အမွေအနှစ်တွေအကုန်လုံး သဲလွန်စတစ်ခုမကျန်အောင် ဖျက်စီးပစ်နိုင်လိမ့်မယ်..."

"ဒီတော့ ချင်တိကေရာဇ်သာ ကျုပ်ဘုန်းကြီးကို ကူညီမယ်ဆိုရင် ဆန်းလျန် သုခဘုံမှာ ဗောဓိပင်ကိုသွားရှာတဲ့အခါ သူ့ကို ဒုက္ခမပေးဘူးလို့ ကတိပေးပါတယ်..."

တိကျန်ဗောဓိသကျက သူ့စိတ်ထားကို ပွင့်ပွင့်လင်းလင်းဖွင့်ဆိုလာလေသည်။

ထိုသို့ပြောလိုက်ခြင်းအားဖြင့် ရဲ့လျိုယွင်ထံမှ ထာဝရဓားကို ရရှိရန် သေချာလိမ့်မည်ဟု သူက ယူဆထားသည်။

ရဲ့လျိုယွင်က...

"တိကျန်ဗောဓိသကျရဲ့စကားက ရယ်စရာကောင်းလိုက်တာ ၊

ဆန်းလျန်ကိစ္စက ကျုပ်နဲ့ ဘာဆိုင်လို့လဲ..."

တိကျန်ဗောဓိသကျက အေးဆေးသည့်လေသံဖြင့်...

"ကျုပ်ဘုန်းကြီးသာ ချင်တိကေရာဇ်နဲ့ ဆန်းလျန်တို့ဟာ

နှစ်ကိုယ့်တစ်စိတ်ဆိုတာကို နားမလည်ခဲ့ရင် လောကကြီးတစ်ခု

လုံးကို ဖိနှိပ်ထားနိုင်တဲ့အထိ ကျင့်ကြံနိုင်ခဲ့မှာတောင် မဟုတ်ပါ

ဘူး..."

တိကျန်ဗောဓိသကျ၏စကားကြောင့် ရဲ့လျိုယွင် မျက်ခုံးတစ်

ချက် ပင့်လိုက်မိသည်။

တိကျန်ဗောဓိသကျ၏ ထိုးထွင်းသိမြင်နိုင်စွမ်းကိုလည်း စိတ်

ထဲမှ ကြိတ်ပြီးချီးကျူးလိုက်မိသည်။

ထိုသို့ဆိုလျှင် ဆန်းလျန်နှင့် ရဲ့လျိုယွင်ကြားမှ ပတ်သက်

ဆက်နွယ်မှုက ဘာများလဲ...။

ဆန်းလျန်က ချင်တိကေရာဇ်၏ ကံကောင်းခြင်းများကို ခိုးယူခဲ့လေသည်။ ဆန်းလျန်ထိုသို့ပြုလုပ်ခဲ့သည့်အတွက် ချင်တိကေရာဇ်လူပြန်ဝင်စားသည့် ရဲ့လျိုယွင်အနေဖြင့် စန့်ချင်တာအိုဆရာသခင်ကြီးနှင့် တာအိုဆရာသခင်ထိုက်ယီတို့၏လွှမ်းမိုးမှုမှ လွတ်မြောက်သွားခဲ့သည်။

ဆန်းလျန်သည် ချင်တိကေရာဇ်၏ ကံကောင်းခြင်းများကို ခိုးယူသွားခဲ့သည်သာမက ကံဆိုးခြင်းများကိုပါ ရယူသွားခဲ့ခြင်းဖြစ်လေသည်။

ထို့ပြင် ချင်တိကေရာဇ်လူပြန်ဝင်စားသည့် ရဲ့လျိုယွင်အနေဖြင့် စန့်ချင်တာအိုဆရာသခင်နှင့် တာအိုဆရာသခင်ထိုက်ယီထံမှ အရေးပေးမှုကို ရရှိသည့်တိုင် နှစ်ပေါင်းတစ်သောင်းမကကျင့်ကြံဦးတော့ ဆန်းလျန်ကဲ့သို့ အောင်မြင်မှုမျိုး ရရှိနိုင်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ချင်တိကေရာဇ်အတွက် ထိုက်စန့်

လောင်ကျွင်းနှင့် အခြားသောတာအိုဆရာသခင်ကြီးများက

လည်း အစီအစဉ်ရှိနှင့်နေပြီးသားဖြစ်သောကြောင့်ပင်။

အကယ်၍ ရဲ့လျိုယွင်နေဖြင့် မူလကံတရားအတိုင်းလက်ခံပြီး

စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်းစာအုပ်ကို ကျင့်ကြံကာ စန့်

ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သကော်တကို အမွေ

ဆက်ခံခဲ့ပါက စန်းချင်တာအိုဆရာသခင်ကြီး (၃)ပါးလုံး၏

အစိတ်အပိုင်းဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် သူ့အနေဖြင့် စန့်ချင်တာအိုဆရာသခင်၏ ကိုယ်ပွား

တစ်ခုဖြစ်လာမည်ဖြစ်ပြီး လောကတွင် သီးခြားလူသားတစ်

ယောက်အဖြစ် ရပ်တည်နိုင်တော့မည် မဟုတ်ပေ။

ဆန်းလျန်ကတော့ ထိုသို့မဟုတ်ပေ။

သူက စန့်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတကို ရရှိပြီး ဘေးအန္တရယ်ဆိုးများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်တိုင် သူက ဆန်းလျန်ပင် ဖြစ်နေသေးသည်။

ထိုအကြောင်းများကို သိရှိခဲ့သည့်အတွက် ဆန်းလျန်က သူ၏ကံကောင်းခြင်းများကို လုယူခဲ့သည့်တိုင် ရဲ့လျိုယွင်က ဆန်းလျန်ကို တစ်စက်လေးပင် အပြစ်မတင်ခဲ့ခြင်း ဖြစ်လေသည်။

သူသာ မူလကံကြမ္မာအတိုင်း စန့်ချင်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတကို လက်ခံယူခဲ့မည်ဆိုပါက သူ့ဘဝသည် ကံကောင်းခြင်းများစွာကိုရရှိမည်ဖြစ်သည့်တိုင် သူ့ဘဝသည် စန့်ချင်တာအိုဆရာသခင်၏ ကိုယ်ပွားနယ်ရုပ်တစ်ခုထက်ပို မည် မဟုတ်ပေ။

ထို့ကြောင့် သူ့အနေဖြင့် သတ်မှတ်ထားသည့်ကံတရားအတိုင်း

မသွားဘဲ ကံကြမ္မာကို ပြောင်းလဲပစ်လိုက်မှသာ သံသရာကို

ကျော်လွန်နိုင်ရန် အခွင့်အရေးရရှိမည် ဖြစ်သည်။

သို့သော်... အတိတ်တစ်ချိန်တုန်းက တာအိုဆရာသခင်ထိုက်

ယီကလည်း ကံကြမ္မာကို ပြောင်းလဲပစ်ခဲ့ဖူးလေသည်။

ထို့ကြောင့် ချင်တိကေရာဇ်ဖြစ်သည့် ရဲ့လျိုယွင်အနေဖြင့်

ထိုသို့ပြုလုပ်ရန် ခက်ခဲသွားရသည်။

အဘယ်ကြောင့်ဆိုသော် စန့်ချင်တာအိုဆရာသခင်ကြီး

အနေဖြင့် (၂)ခါတော့ လှည့်စားခံမည် မဟုတ်ပေ။

ထို့ကြောင့် ဆန်းလျန်၏ တည်ရှိမှုသည် ချင်တိကေရာဇ် လူပြန်

ဝင်စားသည့် ရဲ့လျိုယွင်အတွက်တော့ များစွာ အရေးပါလေ

သည်။

လောကတွင် ဆန်းလျန်သာ မရှိခဲ့လျှင် ချင်တိကေရာဇ်သည်

လည်း တည်ရှိနိုင်တော့မည် မဟုတ်ပေ။ ဆန်းလျန်သာ မရှိခဲ့

လျှင် ရဲ့လျိုယွင်၏ဘဝက စန့်ချင်တာအိုဆရာသခင်၏

အသုံးချခံ ရုပ်သေးရုပ်တစ်ရုပ်အဖြစ် ရပ်တည်သွားရမည် ဖြစ်

လေသည်။

အခန်း (၄၂၆) သူတော်စင်များထဲမှသူရဲကောင်းဆန်သည့်

လုပ်ရပ်

ရဲ့လျိုယွင်က ဝိညာဉ်မြစ်ကိုတစ်ချက်ကြည့်လိုက်ပြီး လက်

တစ်ဖက်ကို အသာမြှောက်လိုက်ရင်း...

"ထာဝရဓား ဘယ်မှာ ရှိနေလဲဆိုတာ ကျုပ်မသိဘူး ၊ ခင်ဗျား မ

ယုံလည်း မတတ်နိုင်ဘူး တိကျန်ဗောဓိသကျ ၊ ကောလဟာလ

တွေကလည်း အရမ်းများတယ်လေ ၊ ကျုပ်တို့ အလောင်းအစားတစ်ခုလုပ်ရအောင် ၊ တကယ်လို့ ကျုပ် ရှုံးခဲ့ရင် ခင်ဗျားကို ထာဝရဓားဘယ်မှာရှိလဲဆိုတာ ကူရှာပေးမယ် ၊ ဘယ်လိုလဲ..."

တိကျန်ဗောဓိသကျက အဆင်သင့်ဖြစ်နေဟန်ဖြင့်...

"ဘယ်လို အလောင်းအစားမျိုးလဲ..."

ရဲ့လျိုယွင်က သူ၏နက်ရှိုင်းသည့်အကြည့်များကို ဝိညာဉ်မြစ်မှ အကြည့်လွှဲလိုက်ရင်း...

"တိကျန်ဗောဓိသကျရဲ့ကတန်ခိုးစွမ်းအားတွေက အကန့်အသတ်မရှိကျယ်ပြန့်တယ် ၊ ခင်ဗျား ဝိညာဉ်မြစ်ကို ခြောက်သွေ့သွားအောင်လုပ်နိုင်ရင် ခင်ဗျားနိုင်မယ် ၊ မလုပ်နိုင်ရင် ခင်ဗျား ရှုံးမယ်... ဘယ်လိုလဲ..."

ကစားပွဲတွင် တိကျန်ဗောဓိသကျ ရှုံးနိမ့်မည်ဟု ရဲ့လျိုယွင် သေချာပေါက် မပြောရဲပေ။

တိကျန်ဗောဓိသကျက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ကျုပ်ဘုန်းကြီး အခုပဲလုပ်မယ်..."

ရဲ့လျိုယွင်က တိကျန်ဗောဓိသကျကို လေးစားသွားသည့်ဟန်ဖြင့် ကြည့်လိုက်မိလေသည်။

အတိတ်အချိန်တုန်းက ယမမင်းတစ်ပါးပြောဖူးသည့် စကားရှိသည်။

"သွေးနီရောင်ပင်လယ် မခမ်းခြောက်နိုင်သကဲ့သို့ ဝိညာဉ်မြစ်သည်လည်း မည်သည့်အခါမှ မခမ်းခြောက်နိုင်" ဆိုသည့်စကားဖြစ်သည်။

ထိုစကားကြောင့် လောကတွင် ဝိညာဉ်မြစ်ကို ခမ်းခြောက်စေလောက်အောင် တန်ခိုးစွမ်းအားမြင့်မားသူ တစ်ဦးတစ်လေမှ မရှိဟု ရဲ့လျိုယွင် ယုံကြည်ထားလေသည်။

ထို့ပြင် ဝိညာဉ်မြစ်သည် သွေးနီရောင်ပင်လယ်ထက်ပိုပြီး ရှည်လျားလေသည်။ ထို့ကြောင့် ဝိညာဉ်မြစ်ကို ခမ်းခြောက်စေ

လိုလျှင် ပေးဆပ်ရမည့်တန်ဖိုးကလည်း သေးမည်မဟုတ်ပေ။ တန်ခိုးစွမ်းအား မည်မျှ အသုံးပြုရမည်ကို မည်သူမှ မသိရှိနိုင်ပေ။

တိကျန်ဗောဓိသကျကတော့ ကြောက်ရွံ့သွားဟန် မရှိပေ။ သူက အနိုင်ရရန် ခဲယဉ်းသည့် လောင်းကစားပွဲကို လက်ခံလိုက်သည်။

တိကျန်ဗောဓိသကျကို ဒုက္ခပေးရန် ကြိုးစားနေသည့် ရဲ့လျိုယွင်သည်ပင် ထိုအချိန်ခဏတွင် တိကျန်ဗောဓိသကျ၏ ဂုဏ်သရေရှိမှုကိုလေးစားသွားမိသည်။ တိကျန်ဗောဓိသကျသည် သူရရှိထားသည့် ကျင့်ကြံခြင်းအဆင့်သို့ရောက်ရန် ထိုက်တန်သူတစ်ယောက် ဖြစ်သည်။

ဟွမ်ချွမ်နယ်မြေတစ်ခုလုံးကိုသာမက စကြာဝဠာတစ်ခုလုံးကို ရဲ့လျိုယွင် ပိုင်ဆိုင်သည်ဆိုဦးတော့ တိကျန်ဗောဓိသကျက

လည်း ထိုက်စန်းတောင်ကိုပင်ရွှေ့ကာ မြောက်ပိုင်းပေမင်

ပင်လယ်ကို ဖိနှိပ်ထားနိုင်စွမ်းရှိသူ ဖြစ်သည်။

ရဲ့လျိုယွင်သည်ပင်လျှင် စကြာဝဠာတစ်ခုလုံးကို ဖြတ်သန်းစီး

ဆင်းနေသည့် သေခြင်းရှင်ခြင်းတရား၏အရင်းအမြစ်ဖြစ်

တည်ရာ ဝိညာဉ်မြစ်ကို မည်သို့ခမ်းခြောက်အောင် ပြုလုပ်ရ

မည်ကို မသိရှိပေ။

တော်လိုက်တဲ့ တိကျန်ဗောဓိသကျ၊ တကယ့်ကိုတော်ပါပေ

သော တိကျန်ဗောဓိသကျ...။

တိကျန်ဗောဓိသကျက ဝိညာဉ်မြစ်ကမ်းသို့ ဖြည်းညင်းစွာဆင်း

သွားပြီး မြစ်ကမ်းနံဘေးတွင် တင်ပျဉ်ခွေထိုက်လိုက်သည်။

ထို့နောက် ပါးစပ်ကို ဖွင့်ဟလိုက်ကာ ဝိညာဉ်မြစ်ရေများကို သူ့

ပါးအတွင်းသို့ စီးဝင်စေကာ မြို့ချလိုက်သည်။

ရေများစွာကိုစုပ်ယူနိုင်စွမ်းရှိသည့် ဝေလငါးကြီးများပင်လျှင်

တိကျန်ဗောဓိသကျကို မီမည်မထင်ပေ။ ဝိညာဉ်မြစ်မှ ရေ

များသည် ချက်ချင်းပင် အရှိန်အဟုန်ဖြင့် ခမ်းခြောက်သွားလေ

သည်။

တိကျန်ဗောဓိသကျ၏ ထိုသို့သော တန်ခိုးစွမ်းအားများသည်

မိုးနှင့်မြေကိုပင် ထိုးဖောက်နိုင်စွမ်းရှိသည်။

စိတ်မကောင်းစရာမှာ ဝိညာဉ်မြစ်ဆိုသည်က အဆုံးမရှိပေ။

ထို့ကြောင့် တိကျန်ဗောဓိသကျ ဝိညာဉ်မြစ်ကို ခမ်းခြောက်

အောင် ပြုလုပ်နေသည့်တိုင် ကြီးမားသည့် ငါးကြီးတစ်ကောင်

က ရေကိုထိန်းချုပ်နေသကဲ့သို့ပင် ဖြစ်ရသည်။

ဝိညာဉ်မြစ်တစ်ခုလုံးကို ခမ်းခြောက်စေရန်မှာ စိတ်ကူး၍ပင် မ

ရနိုင်ပေ။ သို့သော်... တိကျန်ဗောဓိသကျကတော့ အ

လျှော့ပေးမည်မဟုတ်။

အတိတ်တစ်ချိန်တုန်းက တိကျန်ဗောဓိသကျပြောခဲ့သည့်

စကားတစ်ခွန်းရှိခဲ့ဖူးသည်။

"ငရဲတွင် လူသူပြတ်လတ်မည်မဟုတ်..." ဆိုသည့် စကားဖြစ်လေသည်။

ထိုစကားက မိုက်မဲရာကျသည့်စကားဖြစ်သည်ဟု ထင်စရာရှိသော်လည်း တိကျန်ဗောဓိသကျကတော့ ပြောခဲ့လေသည်။

ကိုယ်လုပ်နိုင်သည့်အလုပ်ကို သိရှိခြင်းက ပညာရှိခြင်းဖြစ်သည်။ ကိုယ်မလုပ်နိုင်သည့်အလုပ်ကို သိရှိခြင်းကတော့ သူတော်စင်ပီသခြင်းကို ဖော်ပြသည်။

တိကျန်ဗောဓိသကျ၏လုပ်ရပ်ကတော့ သူတော်စင်များထဲတွင် သူရဲကောင်းဆန်သည့်လုပ်ရပ် ဖြစ်လေသည်။

ဝိညာဉ်မြစ်ရေများကို ပါးစပ်ဖြင့်စုပ်ယူကာ မြိုချပြီး ကုန်းမြေထက်သို့ ပြန်လည်အန်ထုတ်နေသည့် တိကျန်ဗောဓိသကျကို ရဲ့လျိုယွင် စိုက်ကြည့်နေရင်း သူ့ စိတ်များ အနည်းငယ် ရှုတ်ထွေးလာရသည်။

အမုန်တော့သူက အလောင်းအစား မပြုလုပ်ချင်ခဲ့ပေ။ သူက ထာဝရနယ်မြေကိုသာ တည်ထောင်လိုခြင်း ဖြစ်သည်။ သူ့အနေဖြင့် လူပြန်ဝင်စားခြင်းနှင့်သံသရာလည်ခြင်းကို ဖျက်စီးပစ်နိုင်မှာသာ ထာဝရနယ်မြေကို တည်ထောင်နိုင်မည် ဖြစ်သည်။

လူပြန်ဝင်စားခြင်းနှင့်သံသရာလည်ခြင်း၏ အဓိကရင်းမြစ်မှာ အသူရာချောက်မှ ဝိညာဉ်မြစ်ပင်ဖြစ်သည်။ သူ့အနေဖြင့် ဝိညာဉ်မြစ်ကို လုံးဝမတားဆီးနိုင်ခဲ့ပေ။ ထိုအချက်က သူ့ကို အတော်လေး သည်းမခံနိုင်စရာ ဖြစ်စေခဲ့သည်။

တိကျန်ဗောဓိသကျသာလျှင် ထိုသို့ပြုလုပ်နိုင်သည့် တန်ခိုးစွမ်းအားနှင့် အကြောက်အရွံ့ကင်းမဲ့သည့် သတ္တိကို ပိုင်ဆိုင်ထားသည်။ ရဲ့လျိုယွင်ကလည်း သတ္တိနည်းသူတစ်ယောက် မဟုတ်ပေ။ သို့သော်… သူ၏ တန်ခိုးစွမ်းအားက တိကျန်ဗောဓိသကျထက် နည်းပါးလေသည်။

သတ္တိနှင့်တန်ခိုးစွမ်းအားသည် စိတ်ဆန္ဒနှင့်ပေါင်းစပ်လိုက်သည့်အခါ ပြိုင်ပွဲတစ်ခုက သဘာဝကျစွာ ဖြစ်ပေါ်လာခဲ့သည်။

တိကျန်ဗောဓိသကျ အလောင်းအစားတွင် အနိုင်ရလျှင် ရဲ့လျို ယွင်အတွက် အမြတ်ထွက်ပြီး တိကျန်ဗောဓိသကျ ရှုံးနိမ့်ခဲ့လျှင် ရဲ့လျိုယွင်အတွက်လည်း အကျိုးမရှိတော့ပေ။

မည်သူမှ တိကျန်ဗောဓိသကျက ထိုသို့သော အလောင်းအစားမျိုးကို ပြုလုပ်လိမ့်မည်ဟု ထင်ထားကြမည် မဟုတ်ပေ။

မီလဲ့ကိုယ်တော်နှင့် အားလော်ဟယ်တို့သာ ထိုအချက်ကို သိရှိသွားမည်ဆိုပါက အလွန်အမင်းဒေါသထွက်ကြပေလိမ့်မည်။

သူတို့က သံသရာလည်ခြင်းတရား၏ အစိတ်အပိုင်းများကို ခိုးယူကာ ကျင့်ကြံခဲ့ကြသူများ ဖြစ်သည်။ ထို့ကြောင့် သံသရာလည်ခြင်းတရားသာ ပျက်စီးသွားလျှင် သူတို့ကျင့်ကြံထားသည်များအားလုံး ပြန်လည်အန်ထုတ်ကြရပေမည်။

ထိုအခါ အကျိုးသာမက အရင်းများပါ ပါသွားကြပေ

လိမ့်မည်။

သို့သော်... တိကျန်ဗောဓိသကျ၏ လုပ်ဆောင်ချက်မှာ ခဏ

တာမျှသာ ရှိသေးသဖြင့် ဝိညာဉ်မြစ်အတွင်းမှ ထူးခြားမှုကို

မည်သူမှ သတိပြုမိကြခြင်း မရှိသေးပေ။ ထို့ပြင်... ဝိညာဉ်

မြစ်သည်လည်း နဂါးငွေ့တန်းထက်ပင် နက်ရှိုင်းသည့်မြစ်တစ်ခု

ဖြစ်လေရာ တော်ရုံမြစ်ရေများလျော့နည်းသွားခြင်းက မသိသာ

လှပေ။

***

စစ်စခန်းအတွင်းတွင်တော့ ဆန်းလျန်က ရုတ်တရက် ပြော

လိုက်သည်။

"မိုးနဲ့မြေက သူ့ရဲကောင်းဆန်တယ်၊ ပြီးတော့ မြေကြီးက

အချက် (၃)ချက်နဲ့ ပြည့်ဝနေတယ်..."

ဤနေရာ ဤဒေသသို့ ကံကြမ္မာလမ်းကို ဖြတ်သန်းရောက်ရှိ
လာသူမှာ စစ်စခန်းမှူးအပြင် ပလ္လင်ထက်မှ ဆန်းလျန်လည်း ရှိ
နေသေးသည်။
ထိုသူ မည်သူဖြစ်သည်ကို ဆန်းလျန်က ချက်ချင်းသိလိုက်လေ
သည်။ ထိုသူက နောက်ထပ်ထိပ်တန်းအဆင့် ပုဂ္ဂိုလ်တစ်
ယောက် ဖြစ်သည်။
"ဒီလူက ခင်ဗျားမဟုတ်ဘူးဆိုရင်တောင် တကယ်တော်တဲ့
ပုဂ္ဂိုလ်ပဲ ၊ ဘာလို့ ဒီလိုခံစားချက်မျိုး ရုတ်တရက် ခံစားရတာ
ပါလိမ့်..."
ဆန်းလျန်က စစ်စခန်းအုပ်ချုပ်သူ၏ အမေးကိုမဖြေဘဲ စကား
လမ်းကြောင်းလွှဲလိုက်သည်။
"ကျုပ်က အားလော်ဟယ်နဲ့ မပတ်သက်ချင်ဘူး ၊ ဒါပေမဲ့ ဒီ
နေရာကိုရောက်လာမှတော့ မပတ်သက်ချင်လို့လည်း မရတော့
ဘူး..."

ဆန်းလျန်၏စကားကြောင့် စစ်စခန်းအုပ်ချုပ်ရေးမှူးက အပျော်လွန်သွားပြီး စိတ်ထဲမှ တိတ်ဆိတ်စွာ ပြောလိုက်သည်။

"ရဲ့လျိုယွင်က အားလော်ဟယ်ထက် နည်းနည်းပဲ သာတာ ၊ ဒါကြောင့် မြင့်မြတ်တဲ့မြို့တော်ကိုတိုက်ခိုက်ဖို့အတွက် ဟွမ်ချွမ်နတ်ဆိုးစစ်သည်တွေရဲ့ စွမ်းအားကို အသုံးပြုနေရတာ ၊ အခုထိပ်တန်းအဆင့်နတ်ဘုရားတစ်ပါးက ဒီလိုပြောပြီဆိုတော့ ပြဿနာကြီးတော့ ဖြစ်လာတော့မယ်ထင်တယ် ၊ စကြာဝဠာကြီးအဆုံးမသတ်သေးသရွေ့ ငါလည်း မလွတ်မြောက်နိုင်သေးဘူး ၊ ဒီတော့ ဒီနတ်ဘုရားကို ကောင်းကောင်းဆက်ဆံမှပဲဖြစ်မယ် ၊ သူသာ အားလော်ဟယ်ကို တိုက်ခိုက်ပေးရင် ငါက ဒီနေရာမှာ အေးအေးဆေးဆေး နေရုံပဲ..."

စစ်စခန်းအုပ်ချုပ်ရေးမှူးက ဉာဏ်ပညာကြီးမားသည့် ၊ ဖွဲ့ကောင်းသည့် ၊ ဆုံးဖြတ်ချက်ခိုင်မာသည့် သူတော်စင်တစ်ပါးမဟုတ်ပေ။

သူက ကံကြမ္မာလမ်းကိုဖြတ်ကျော်လာသည့် စေတန်ဖြစ်လေသည်။ မာရ်နတ်၏ကိုယ်ခွဲတစ်ခုဟုလည်း ဆိုနိုင်သည်။

လောလောဆယ်တွင်တော့ သူ့နာမည်မှာ ပီလျဲ့ဖြစ်သည်။

သူ၏ ကျင့်စဉ်လမ်းအဆင့်က လက်ရှိအချိန်တွင် ရှေ့မဆက်နိုင်ဖြစ်နေခဲ့လေသည်။ ထို့ကြောင့် သူက ဒီအတိုင်း ထိုင်မနေချင်သည့်အတွက် အားလော်ဟယ်နှင့် တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် သူက ရဲ့လျိုယွင်ထံတွင် ခိုလှုံပြီး ဟွမ်ချွမ်နတ်ဆိုးစစ်သည်တော်များကို အုပ်ချုပ်သည့် စစ်စခန်းအုပ်ချုပ်ရေးမှူးနေရာပေးပါရန် တောင်းဆိုခဲ့သည်။

ယခုရက်ပိုင်းအတွင်း သူနှင့်အားလော်ဟယ် အဆက်မပြတ်တိုက်ခိုက်နေခဲ့ကြသော်လည်း အားလော်ဟယ်၏ မြင့်မြတ်သည့်မြို့တော်ဘက်မှ အင်အားများ ပိုမိုများပြားလာလေသည်။

ထို့ကြောင့် သူတဖြည်းဖြည်း အကျိုးမရှိသလို ခံစားလာရပြီး

တိုက်ခိုက်လိုစိတ်များပင် ဆုံးရှုံးလာရသည်။

ပထမတော့ သူက ရဲ့လျိုယွင်ထံမှ အကူအညီများရမည်လား

ဟု စောင့်မျှော်နေခဲ့မိသည်။ သို့သော်… ရဲ့လျိုယွင်ထံမှ

အကူအညီရရှိရန် မသေချာလှပေ။

ယခု ဆန်းလျန်၏စကားကို ကြားလိုက်ရသည့်အခါ သူ ပျော်

ရွှင်သွားခဲ့လေသည်။

ထို့နောက် ပီလျဲ့က သူ၏ပျော်ရွှင်မှုကို အခြားသူများမသိ

အောင် ဖုံးကွယ်လိုက်ပြီး ဝမ်းနည်းဝမ်းသာမရှိသည့် လေသံ

ဖြင့်…

"အားလော်ဟယ်ရဲ့ တန်ခိုးစွမ်းအားက အရမ်းမြင့်မားသလို

ဉာဏ်လည်းအရမ်းများတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ တန်ခိုး

စွမ်းအားနဲ့ဆိုရင် အားလော်ဟယ်ကို နှိမ်နင်းဖို့ လုံးဝအခက်အခဲ

မရှိနိုင်ပါဘူး၊ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူးပေါ့၊

ဘယ်လောက်အဆင့်မြင့်နည်းလမ်းတွေအသုံးပြုရမလဲဆိုတာ

လည်း ကျုပ်မသိဘူး ၊ ကျုပ်တို့ ပူးပေါင်းလုပ်ဆောင်မယ်ဆို

ရင်တော့ ကောင်းတာပေါ့..."

ဆန်းလျန်က သူ့ကိုစိုက်ကြည့်ပြီး ပြုံးလိုက်သည်။

"ကျုပ်က မင်းကို ဓားစာခံအဖြစ်အသုံးချမယ်ဆိုရင်ရော မင်း

ကျုပ်နဲ့ ပူးပေါင်းဖို့ ဆန္ဒရှိဦးမှာလား..."

ပီလျဲ့က ရယ်မောလိုက်ရင်း...

"ဒါကတော့ လူကြီးမင်းက ရှေးဟောင်းနတ်ဘုရားတစ်ပါးပဲ... ၊

လူကြီးမင်းပဲ ဆုံးဖြတ်ပေါ့..."

ပီလျဲ့က လှည့်စားတတ်သည့်သဘောရှိသည်ကို ဆန်းလျန် သိ

ပြီးသား ဖြစ်လေသည်။

ဆန်းလျန်က...

"ဒါဖြင့်လည်း ကျုပ်သွားတော့မယ်..."

ပထမတော့ ဆန်းလျန် ထွက်ခွာသွားသည်ကို ပီလျဲ့က အရေးမ စိုက်ပေ။

ဆန်းလျန်ထွက်ခွာသွားသည်နှင့် စစ်စခန်းအုပ်ချုပ်ရေးမှူး ပလ္လင်ထက်မှ ကျွမ်ကျိုးလည်း ပျောက်ကွယ်သွားလေသည်။ ကျွမ်ကျိုးသည် အိပ်မက်တစ်ခုမျှသာဖြစ်ပြီး ဆန်းလျန်အဖြစ် အိပ်မက်မက်ခဲ့သူတစ်ယောက်သာ ဖြစ်သည်။

ဆန်းလျန် တကယ်တမ်းထွက်ခွာသွားသည့်အခါမှ ပီလျဲ့ အနည်းငယ် နောင်တရသွားပြီး စစ်စခန်းအပြင်သို့ ထွက်ခွာလာ လေသည်။ သူက အနက်ရောင်အတောင်ပံတစ်စုံကို ဖြန့်ကား လျှက် ပတ်ဝန်းကျင်တွင် ဆန်းလျန်ကို လှည့်လည်ရှာဖွေလိုက် သည်။ သို့သော်… ဆန်းလျန်၏ အရိပ်အယောင်ကိုပင် မတွေ့ရ တော့ပေ။

သူ စိတ်ပျက်သွားပြီး အခွင့်အရေးကောင်းကြီးတစ်ခုကို လက်လွှတ်လိုက်ရပြီဟု တွေးလိုက်မိသည်။

သို့သော်… ပီလျဲ့ နောင်တရ၍ မဆုံးခင်မှာပင် အားလော်ဟယ်၏ မြင့်မြတ်သည့်မြို့တော်အတွင်းမှ ကောင်းကင်တမာန်တစ်စု ပျံသန်းထွက်ခွာလာကြလေသည်။

မြေကြီးလည်းအရှိန်ပြင်းစွာလှုပ်ခတ်သွားပြီး မြေပြင်ထက်မှ မိစ္ဆာစစ်တပ်ကြီးတစ်တပ်လည်း ချီတက်လာလေ၏။ ယခုစစ်ပွဲက ပီလျဲ့၏ စစ်စခန်းတစ်ခုလုံးကို ဖျက်စီးပစ်တော့မည်မှာ အသေအချာပင်။

အားလော်ဟယ်၏ စစ်တပ်မှ တောင်လောက်မြင့်မားသည့် ဘီလူးကြီးများပင် ပါဝင်လာသည်ကို ပီလျဲ့ တွေ့မြင်နေရသည်။ သူတို့သည် ဒိုင်းများနှင့် မိုးကြိုးစွမ်းအားတူလက်နက်များကိုလည်း ကိုင်ဆောင်လာကြသည်။

ပီလျဲ့မှာ စစ်တပ်ကြီးကိုကြည့်ရင်း သတ္တိများပျောက်သွားကာ ကြောက်ရွံ့၍ပင်လာသည်။

သူက ဤစစ်ပွဲကို အသေခံပြီး တိုက်ခိုက်ရလောက်သည်အထိ စိတ်ဓာတ်ခိုင်မာသူတစ်ယောက် မဟုတ်ပေ။ ထို့ကြောင့် ချက်ချင်းပင် ထွက်ပြေးရန် ကြံစည်လေတော့သည်။

ထိုအချိန်မှာပင်... မြင့်မြတ်သည့်မြို့တော်မှ ကောင်းကင်တမာန်တော်ချုပ် (၄)ပါး ပျံသန်းထွက်ပေါ်လာကြလေသည်။ သူတို့၏လက်ထဲတွင် ကားတိုင်များကို ကိုင်ဆောင်ထားကြပြီး ကားတိုင်များမှ အလင်းရောင်များ ဖြာလင်းတောက်ပနေကြသည်။

ထိုအလင်းရောင်များအတွင်းမှ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများထွက်ပေါ်လာပြီး ပီလျဲ့ကို ဝန်းရံထားလိုက်ကြသည်။

ပီလျဲ့အနေဖြင့် အားလော်ဟယ်နှင့် ရင်ဆိုင်ရသည်မှာ ပထမဆုံးအကြိမ် မဟုတ်ပေ။ ကားတိုင်ဆိုသည်က အားလော်ဟယ်၏ တန်ဖိုးအရှိဆုံး ရတနာပစ္စည်း ဖြစ်သည်။

ထို့ကြောင့် ကားတိုင်မှ ထွက်ပေါ်လာသည့် အလင်းတန်းများမှာ

လောကတွင် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး တန်ခိုး

စွမ်းအားများဖြစ်ပြီး ထိုတန်ခိုးစွမ်းအား များဖြင့် ချုပ်နှောင်ခံရ

ပါက လုံးဝ ထိုးဖောက်ထွက်နိုင်တော့မည် မဟုတ်ပေ။

ပီလျဲ့အနေဖြင့်လည်း ထိုတန်ခိုးစွမ်းအားများကို ဖျက်စီးပစ်ရန်

လုံးဝမတတ်နိုင်ပေ။

ထိုအချိန်ခဏလေးမှာပင်... ပီလျဲ့ ဝမ်းနည်းလာမိလေသည်။

အဘယ်ကြောင့်ဆိုသော်... သူက ဆန်းလျန်နှင့် ဆုံတွေ့ခဲ့သည့်

တိုင် အခွင့်အရေးကို လက်လွှတ်ခံခဲ့သည့်အတွက် ယခုကဲ့သို့

အန္တရာယ်ရှိသည့် အနေအထားသို့ ကျရောက်ရခြင်းပင်ဖြစ်သည်

မဟုတ်ပါလား။

အခန်း (၉၂၇) ပေးအပ်ခြင်း

ဆန်းလျန်က အဝေးကြီးသို့ ထွက်သွားခြင်း မဟုတ်ပေ။

သူက မြက်ခင်းလွင်ပြင်ထက်တွင် အပြာရောင်ဝတ်ဆင်ထား

သည့် လူတစ်ယောက်အဖြစ် ဖန်ဆင်းအသွင်ပြောင်းထားခြင်း

ဖြစ်သည်။ သူ့ပုံစံက မြက်ခင်းလွင်ပြင်ထဲတွင် လွင့်မျောနေ

သည့် လေပြေအလား ထင်မှတ်ရသည်။

ကောင်းကင်တမာန်တော်ချုပ် (၄)ပါးက ကားတိုင်များကို ကိုင်

ဆောင်ကာ ဓမ္မတေးများကို သီဆိုလျှက်ရှိကြသည်။

ထိုအရာက ဖန်ဆင်းရှင်ကို ကြောက်ရွံ့ခြင်း ၊ ဖန်းဆင်းခြင်း

တရားများကို ချီးမွမ်းခြင်းနှင့်အတူ တန်ခိုးစွမ်းအားများ

အဆက်မပြတ်စီးဆင်းထွက်ပေါ်လာပြီး ပီလျဲ့ကို

ထောင်ချောက်သဖွယ် ထိန်းချုပ်ထားလိုက်လေသည်။

ဆန်းလျန်သာ တိုက်ပွဲကို ဝင်ရောက်မစွက်ဖက်လျှင် ယနေ့

တိုက်ပွဲသည် ပီလျဲ့အတွက် မမေ့ပျောက်နိုင်သည့် ဖြစ်ရပ်ဆိုး

ကြီးတစ်ခု ဖြစ်သွားပေလိမ့်မည်။ ထိုနတ်ဆိုးသည် မမေ့နိုင်

သည့် သင်ခန်းစာတစ်ခုကို မှတ်လောက်သားလောက်အောင် ရ

သွားပေမည်။

ဆန်းလျန်က အခြေအနေကို တိတ်တဆိတ် လေ့လာနေပြီး

လောလောဆယ်တွင်တော့ ဝင်ရောက်စွက်ဖက်လိုစိတ် မရှိသေး

ပေ။

ဆန်းလျန်၏ ဝိညာဉ်စွမ်းအားများက ပင့်ကူအိမ်အလား

ယှက်ဖြာသွားပြီး တိုက်ပွဲ၏ နေရာတိုင်းသို့ ဖြန့်ကျက်ထားလေ

သည်။ ထို့ကြောင့် တိုက်ပွဲအတွင်းမှ သက်ရှိသတ္တဝါတိုင်း၏

တိုက်ခိုက်မှုများကို သိမြင်နိုင်စွမ်းရှိသည်။

ယခုအချိန်က ယိလမ်းစဉ်ကို အသုံးပြုရမည့်အချိန်ဖြစ်သည်။

သတ္တဝါများ လက်ရှိတိုက်ခိုက်နေသည့် အကျိုးဆက်သည်

နောက်ထပ်တိုက်ခိုက်မှုကို ဖြစ်ပေါ်စေမည့် အကြောင်းဆက်ဖြစ်သည်။

ဆန်းလျန်က မမြင်နိုင်သော ကံကြမ္မာ၏ သွေးခုန်နှုန်းကို ဆုပ်ကိုင်နိုင်ဟန် ရှိသည်။ သတ္တဝါများ၏ ဦးခေါင်းများထက်တွင် မမြင်ရသည့်ချည်မျှင်များရှိနေလျှင် ၎င်းတို့ကို ဆွဲယူပြီး တိကျသည့်အဆုံးသတ်ဆီသို့ ရွှေ့ပြောင်းပေးနိုင်မည်ဖြစ်သည်။

ထိုသို့သာဆိုလျှင် ကံကြမ္မာ၏ဆန်းကျယ်မှု ပျောက်ကွယ်သွားပြီး အမှန်တရား ထွက်ပေါ်လာပေမည်။

ရုတ်တရက် ... မြင့်မြတ်သောမြို့တော်အတွင်းမှ မိစ္ဆာနတ်ဘုရားတစ်ပါး ထွက်ပေါ်လာလေသည်။ ထိုမိစ္ဆာနတ်ဘုရားက ကောင်းကင်တမန်များဘက်မှ ကူညီတိုက်ခိုက်ပေးမည့်သူဖြစ်ပြီး သူ့အနောက်တွင်လည်း မိစ္ဆာများစွာ ပါရှိလေသည်။

မိစ္ဆာနတ်ဘုရားက တောက်ပသည့် ငွေရောင်သံချပ်ကာများကို ဝတ်ဆင်ထားပြီး သူ၏ခြေထောက်အောက်တွင် တောင်ကုန်း တစ်ခုအလားကြီးမားသည့် သားရဲကြီးတစ်ကောင် ပေါ်လာ လေ၏။

သူက ထိုသားရဲကို စီးနင်းပြီး တိုက်ပွဲဝင်လေသည်။ စီးတော် ယဉ်သားရဲက သူနှင့် အံဝင်ခွင်ကျဖြစ်သည်။

နှစ်ယောက်လုံးသည် ဘဝ၏ အခမ်းနားဆုံးအချိန်ကို အတူတကွ ဖြတ်ကျော်နေကြသည့်အလားပင်ဖြစ်သည်။

ကြောက်မက်ဖွယ်ရာ ကြိုးဝါးသံများဖြင့် လေထဲတွင် အလွန်မှ ခမ်းနားတင့်တယ်စွာ ကြိုးကြာငှက်တစ်ကောင်အလား ပျံသန်း လျှက် ရှိလေသည်။

ထို့နောက် ကောင်းကင်ထက်တွင် အနီရောင်သက်တံ့တစ်စင်း ထွက်ပေါ်လာသည်။ ထိုသက်တံ့သည် လခြမ်းကွေးအလား ၊ မိုးမခနွယ်ပင်အလား ဖြစ်လေ၏။

သို့သော်... သွေးနီရောင်သက်တံ့က မျက်စိတစ်မှိတ်အတွင်းမှာပင် ပျောက်ကွယ်သွားပြီး မိစ္ဆာနတ်ဘုရားနှင့်သူ၏စီးတော်သားရဲကြီးမှာလည်း ပျောက်ကွယ်သွားလေသည်။

အမှန်တော့ ကွေးနေသည့် သွေးနီရောင်သက်တံ့သည် စီးတော်သားရဲကြီး၏ ကြီးမားလှသည့် ဧရာမလည်ပင်းကြီးကို တစ်ချက်တည်းဖြင့် ခုတ်ပိုင်းကာ သတ်ဖြတ်ပစ်လိုက်ခြင်းဖြစ်သည်။

တောင်ပူဆာတစ်ခုပမာ ကြီးမားလွန်းသည့် ဧရာမစီးတော်သားရဲကြီး အသက်ပျောက်သွားပြီး မြေပြင်ထက်သို့ ပြုတ်ကျလာလေသည်။ တစ်ချိန်တည်းမှာပင်... ငလျင်များလှုပ်ခတ်လာပြီး ဟွမ်ချွမ်နတ်ဆိုးစစ်သည်တော်အချို့နှင့် မိစ္ဆာနတ်ဘုရား၏နောက်လိုက် မိစ္ဆာအချို့မှာ ကြေမွပျက်စီးကုန်ကြသည်။

ဆန်းလျန်က ထိုအဖြစ်အပျက်များအားလုံးကို အစအဆုံး ကြည့်နေလေသည်။

ရောမစီးတော်သားရဲကြီး သေဆုံးသွားပြီဖြစ်ကြောင်း ဆန်းလျန် သိရှိလိုက်သည်။ ခန္ဓာကိုယ်ကြီးထွားသူများသည် ဝိညာဉ် အားနည်းတတ်သည်။

ထို့ကြောင့် စီးတော်သားရဲကြီးမှာ မြေပြင်ထက်သို့ပြုတ် ကျသည်နှင့် အသက်ပျောက်သွားလေတော့သည်။

သို့သော်... မိစ္ဆာသားရဲကြီး၏ ခန္ဓာကိုယ်မှာ အသက်စတ် စွမ်းအားများနှင့် ပြည့်နေသည့်အတွက် အသက်မရှိတော့သည့် တိုင် မြေပြင်ထက်သို့ရောက်သည်နှင့် ရရှိထားသည့်ဒဏ်ရာ များက ချက်ချင်းပြန်လည်ပျောက်ကင်းသွားကြသည်။

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှ နတ်ဆိုးစစ်သည်တော်များက သားရဲ ကြီးပတ်ပတ်လည်တွင် အရံအတားတစ်ခုကို ချက်ချင်းပြုလုပ်

လိုက်ကြပြီး နတ်ဆိုးတစ်ယောက်က မန္တန်တစ်ပုဒ်ကို ရွတ်ဆို

လိုက်သည်။

ထိုအခါ တိုက်ပွဲအတွင်း ပျံ့နှံ့နေကြသည့် သေဆုံးသွား

သူများ၏ ဝိညာဉ်များအားလုံး သားရဲကြီး၏ ခန္ဓာကိုယ်ဆီသို့

စုဝေးရောက်ရှိလာကြသည်။

သိပ်မကြာမီပင် သားရဲကောင်ကြီး မျက်လုံးဖွင့်ကြည့်လာလေ

သည်။ သို့သော်... သူ့မျက်ဝန်းက ဗလာကျင်းလျှက်ရှိပြီး

အမျက်ဒေါသတရားများက မီးခိုးရောင်တောက်ပလျှက် ရှိ

သည်။

ထိုဂါထာအကြောင်းကို ဆန်းလျန် ကောင်းကောင်းသိသည်။

ရဲ့လျိုယွင် သင်ပြပေးထားသည့် ဟွမ်ချွမ်နတ်ဆိုးများသည်

အရည်အချင်းကိုယ်စီတော့ ရှိကြသည်။ သူတို့က သေဆုံးသွား

ပြီဖြစ်သည့် သားရဲကြီးတစ်ကောင်ကိုပင် တန်ပြန်တိုက်စစ်ဆင်

အသုံးပြုရန်အတွက် အသက်သွင်းကာ ပြောင်းလဲနိုင်စွမ်း ရှိကြသည်။

သားရဲကြီး၏ ခန္ဓာကိုယ်အတွင်းသို့ မရေမတွက်နိုင်သည့် ဝိညာဉ်များ ဝင်ရောက်သွားသည့်အတွက် များစွာသော တိုက်ခိုက်မှုနည်းလမ်းများကို သိရှိသွားကာ အသက်ရှင်စဉ်က ထက်ပင် တိုက်ခိုက်နိုင်စွမ်း ပိုမိုကောင်းမွန်လာသည်။

မြင့်မြတ်သောမြို့တော်မှ ကောင်းကင်တမာန်များမှာ ထိုသို့သော မြင်ကွင်းမျိုးကို ပထမဆုံး မြင်တွေ့ဖူးခြင်း မဟုတ်သည့်တိုင် ကြောက်ရွံ့ထိတ်လန့်သွားမိကြသည်။

နောက်ဆုံးတော့ သားရဲကြီး၏ တန်ခိုးစွမ်းအားများ အရင်အတိုင်းပြန်လည်ပြည့်ဝလာပြီး နတ်ဘုရားများကိုပင် ယှဉ်ပြိုင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာသည်။

ဤကဲ့သို့ ကြီးမားသည့်သားရဲကြီး စစ်ပွဲအတွင်းသို့ ဝင်ရောက်လာခြင်းက လူသတ်စက်ကြီးတစ်ခု ရောက်ရှိလာသည့် အလားပင် ဖြစ်သည်။

မြင့်မြတ်သောမြို့တော်မှ ထပ်မံထွက်ပေါ်လာသည့် အခြားသော သားရဲကြီးများက သူတို့၏ မျိုးတူသားရဲကြီးကို ပြန်လည်တိုက်ခိုက်ရန် မဝံ့မရဲဖြစ်နေကြပြီး တမင်ရှောင်ကွင်းသွားကြလေသည်။

ထို့နောက်… ဟွမ်ချွမ်နတ်ဆိုးစစ်သည်များက ရန်သူများကို စနစ်တကျ ချီတက်တိုက်ခိုက်ကြသည်။ သူတို့၏ တိုက်ခိုက်နည်းက တပ်ဆုတ် ၊ တပ်တက် အလွန်စနစ်ကျပြီး စည်းလုံးမှုလည်း ရှိသည်။

ဟွမ်ချွမ်နတ်ဆိုးစစ်သည်များဆိုသည်က တစ်ချိန်တုန်းက မိုးကောင်းကင်ခုံရုံးမှ နတ်စစ်သည်များကိုပင် အနိုင်ယူတိုက်ခိုက်ခဲ့ကြသူများ မဟုတ်ပါလား။

သူတို့သည် မပြိုကွဲနိုင်သည့် စစ်တပ်ကြီးတစ်ခုဖြစ်ပြီး တာ့
လော်အဆင့် နတ်ဘုရားတစ်ပါးကိုပင် ကောင်းကောင်း
ယှဉ်ပြိုင်နိုင်ပေ၏။

ရဲ့လျိုယွင်က အမှန်တကယ်ပင် စွမ်းအားကြီးမားသူတစ်
ယောက် ဖြစ်သည်။ ဟွမ်ချွမ်နတ်ဆိုးစစ်သည်တော်များကို
အကောင်းဆုံး လေ့ကျင့်ပေးထားခဲ့လေသည်။

ဆန်းလျန်ခန့်မှန်းချက်အရဆိုလျှင် ဟွမ်ချွမ်နတ်ဆိုးစစ်သည်
အများစုမှာ မော်စွမ်းအားကျင့်စဉ်တစ်ရာကျော်ခန့်ကိုပင်
လေ့ကျင့်ထားကြလေသည်။

တိုက်ပွဲဖြစ်ပွားနေရာ ကောင်းကင်ထက်တွင်တော့ ပီလျဲ့မှာ
ကားတိုင်များမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများဖြင့်
ဝန်းရံခံထားရလေသည်။ အလင်းတန်းများက အဖြူရောင်
သံကြိုးများအလား သူ့ကို ချုပ်နှောင်ထားပြီး မလွတ်မြောက်
နိုင်သည့် ကံကြမ္မာလှောင်အိမ်ထဲတွင် ပိတ်မိနေလေသည်။

အစပိုင်းတွင် ပီလျဲ့ ကြောက်ရွံ့တုန်လှုပ်သွားသော်လည်း နောက်ပိုင်းတွင်တော့ စိတ်ကိုတည်ငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားလိုက်သည်။

သူ၏ အနက်ရောင်အတောင်ပံများမှ အလင်းတန်းများ ဖြာထွက်လာပြီး သူ၏ခန္ဓာကိုယ်ထဲမှ မြစ်တစ်စင်းစီးဆင်းသံများ ထွက်ပေါ်လာသည်။

သူက အနက်ရောင်အတောင်ပံများကို ရုတ်တရက် ခတ်လိုက်သည့်အခါ... ပေ (၁၀၀)ပတ်လည်ဝန်းကျင်သည် အမှောင်ထုဖြင့် ဖုံးလွှမ်းသွားတော့၏။

အမှောင်ထုက ထူထပ်ပြီး စီးဆင်းနေသည့်ရေအလားဖြစ်လေသည်။ အမှောင်ထုထဲတွင် ကံကြမ္မာနှောင်ကြိုးများဖြင့် ပြည့်နက်နေပြီး ပြင်ပလောကသို့ပင် နွယ်ပင်အကိုင်းအခက်များအလား ပျံ့နှံ့သွားသည်။

ကားတိုင်းများကိုင် ကိုင်ဆောင်ထားသည့် ကောင်းကင်တမာန် တော်ချုပ် (၄)ပါး၏ မျက်နှာများ ၊ လည်ပင်းများနှင့် လှပသည့် အတောင်ပံများတွင် အမှောင်ထု၏ ညစ်နွမ်းမှုများ စွန်းထင်း ကုန်ကြသည်။ အမှောင်ထုက သူတို့၏ ပြင်ပလောကနှင့် ဆက် သွယ်နိုင်မှုစွမ်းအားများကို ပိတ်ဆို့ပစ်လိုက်သည့်အတွက် ထိတ်လန့်တုန်လှုပ်လာကြသည်။

ထိုခံစားချက်က လူသားများ ရေနစ်သည့်အခံ ခံစားရသည့် ခံစားချက်ကဲ့သို့ မရှုနိုင်မကယ်နိုင် ဖြစ်စေလေသည်။

ကားတိုင်များမှ အလင်းတန်းများ မှေးမှိန်သွားသည်။

ထို့ထက်ပိုပြီး ကြောက်မက်ဖွယ်ရာကောင်းသည်မှာ ပီလျံ့သည် အမှောင်ထုထဲတွင် ဘွားကနဲပေါ်လာပြီး ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများ ထပ်မံထုတ်လွှတ်လိုက်ခြင်း ဖြစ်လေ သည်။

သူ၏ပုံစံမှာ လောကကို ဖျက်စီးပစ်တော့မည့် မူလမိစ္ဆာနတ်ဘုရားတစ်ပါးနှင့် ဆင်တူနေသည်။

အမှန်တော့ သူ့အဆင့်အတန်းက အားလော်ဟာယ်ထက် အနည်းငယ်နိမ့်ကျသည်မှလွဲပြီး သူကိုယ်တိုင်က မူလမိစ္ဆာနတ်ဘုရားတစ်ပါး ဖြစ်သည် မဟုတ်ပါလား။

ကောင်းကင်တမာန်တော်ချုပ် (၄)ပါးကို မည်သူမှ မကူညီနိုင်ကြတော့ပေ။

ထိုအချိန်... လေထုထဲတွင် အက်ကွဲကြောင်းတစ်ခုပေါ်လာပြီး အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသည့် အားလော်ဟာယ် ထွက်ပေါ်လာလေသည်။

ပီလျဲ့ကလည်း ထိုအချိန်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သူက အားလော်ဟာယ်ထွက်ပေါ်လာသည်ကိုတွေ့မြင်လိုက်သည့်အခါ တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် အတောင်ပံများကို ဖြန့်ကားလိုက်သည်။

ထိုအခါ အတောင်ပံများအတွင်းမှ အဆိပ်ပြင်းသည့်

မြွေဟောက်တစ်ကောင်ထွက်ပေါ်လာလေသည်။

ထိုမြွေဟောက်က အမှောင်ထုထဲသို့ ကြိုးရှည်တစ်ခုအလား

ထွက်ခွာသွားလေသည်။ ထို့နောက် အားလော်ဟယ်ကို ရစ်ပတ်

ချုပ်နှောင်လိုက်ပြီး အသူရာချောက်နက်အတွင်းသို့ဆွဲချသွား

လေသည်။

သို့သော်... အားလော်ဟယ်၏ ဖြောင့်မတ်သည့်ခန္ဓာကိုယ်

ကတော့ အရှေ့တည့်တည့်သို့ စိုက်ကြည့်နေလေ၏။ သူ့လက်

ထဲတွင် ထူးဆန်းသည့်တံဆိပ်တော်တစ်ခုကိုကိုင်ထားပြီး ထို

တံဆိပ်တော်မှ ဓမ္မတန်ခိုးစွမ်းအားတစ်ခုထွက်ပေါ်လာကာ

ရှတ်တရက် လေထဲသို့ ထိုးဖောက်ဝင်ရောက်သွားလေသည်။

ထိုတံဆိပ်တော်ကို ဗုဒ္ဓဘာသာတွင် ဆန္ဒပြုစည်းတံဆိပ်ဟု

လည်းခေါ်လေသည်။ ဗုဒ္ဓက သက်ရှိသတ္တဝါများအားလုံးကို

အပ်နှင်းရန်အတွက် ထိုစည်းတံဆိပ်ကို ပြုလုပ်ခဲ့ခြင်း

ဖြစ်သည်။

ထိုတံဆိပ်တော်တွင် ကျောသားရင်သားမခွဲခြားဘဲ သက်ရှိ

သတ္တဝါအားလုံးကို အကြွင်းမဲ့ချစ်ခြင်းမေတ္တာဖြင့် ချစ်ခင်နိုင်

သည့် စစ်မှန်သည့်ဖန်ဆင်းရှင်၏ မေတ္တာတရားများ ပါဝင်

သည်။ အစိပ္ပါယ်နက်ရှိုင်းသလို တန်ခိုးစွမ်းအားလည်း နက်ရှိုင်း

လှသည်။

အားလော်ဟာယ်က ဖန်ဆင်းရှင်ဖြစ်လေ၏။

ထို့ကြောင့်... သူပြုလုပ်လိုက်သည့် တံဆိပ်တော်တွင် ဖန်ဆင်း

ခြင်းတရား ၊ ချစ်ခြင်းမေတ္တာများနှင့် ပြည့်ဝနေသည်။

မည်သည့်အမှောင်တရား ၊ မည်သည့်တန်ခိုးစွမ်းအားမဆို ထို

တံဆိပ်တော်၏ အသက်နှင့်ဖန်ဆင်းခြင်းရှေ့တွင် အချည်းနှီး

ဖြစ်ရမည် ဖြစ်သည်။

ထိုစည်းတံဆိပ်က မြေမျက်နှာသွင်ပြင်လှုပ်ရှားမှုနှင့် ဆင်တူသည်။ မြင့်မားသည့်တောင်များဆီသို့လည်း ဝင်ရောက်နိုင်ပြီး ကျယ်ပြန့်သည့်မြစ်များကိုလည်း ဖွင့်လှစ်ကာ ဘဝ၏ပျော်ရွှင်မှုကို သယ်ဆောင်ကာ သက်ရှိများအားလုံးထံ စီးဆင်းသွားတော့မည့်အလား ဖြစ်လေသည်။

အားလော်ဟယ်၏ တိုက်ခိုက်မှုက ရိုးရှင်းသည်။ သူ၏တန်ခိုးစွမ်းအားက စကြာဝဠာနှင့်အညီ မြင့်မားလွန်းပြီး ကြယ်စင်များက သူ့ဖဝါးအောက်တွင် ဝပ်တွားလျှက်ရှိသည်။

ပီလျဲ့ အကြီးအကျယ် မျက်နှာပျက်သွားလေသည်။ သူ၏တန်ခိုးစွမ်းအားများမှာ ကောင်းကင်တမာန်တော်ချုပ် (၄)ပါး၏ ကားတိုင်များက စုပ်ယူခြင်းကို ခံရသည့်အတွက် အတော်များများ ကုန်ခမ်းနေပြီဖြစ်သည်။

ယခု အားလော်ဟယ်က ထူးခြားသည့် တိုက်ခိုက်မှုဖြင့် ထိုးနှက်လာသည်ကို ရင်ဆိုင်ရသည့်အခါ သူ့အနေဖြင့် အနည်းငယ်

ဟန်ချက်ပျက်သွားရသည်။ သူ အနိုင်မရနိုင်တော့ဟူ၍လည်း ခံစားမိသည်။

တံဆိပ်တော်မှာ ကြီးမားသည့်တောင်ကြီးတစ်လုံးအလား အရှိန်အဟုန်ပြင်းထန်လေရာ အားနည်းနေသည့်ပီလျဲ့မှာ မည်သို့ ရင်ဆိုင်ရမည်ကို မသိတော့ပေ။

ထိုအချိန်မှာပင်... လျှို့ဝှက်ဆန်းကျယ်သည့် တံခါးတစ်ချပ် အားလော်ဟယ်ရှေ့တွင် ပေါ်လာလေသည်။ တံခါးက ရုတ်တရက် ပွင့်သွားပြီး အားလော်ဟယ်၏ တန်ခိုးစွမ်းအား များအားလုံးကို စုပ်ယူမျိုချလိုက်သည်။

ပီလျဲ့၏ အနက်ရောင်အတောင်ပံများမှ အမွေးများကျွတ်ထွက် သွားပြီး အနက်ရောင်မီးတောက်များအဖြစ် လေထဲသို့ လွင့်စင် ထွက်သွားလေသည်။ထိုအနက်ရောင်မီးတောက်များသည် မ ရေမတွက်နိုင်သည့်နှစ်ပေါင်းများစွာတိုင်အောင် သူ ကျင့်ကြံခဲ့ သည့် တန်ခိုးစွမ်းအား အနှစ်သာရများ ဖြစ်၏။

တံခါးက အားလော်ဟယ်၏ မြင့်မြတ်သည့်တန်ခိုးစွမ်းအား

များကို စုပ်ယူပြီးမှ ပြင်းထန်လွန်းသည့်တန်ခိုးစွမ်းအားများကို

လက်မခံနိုင်သည့်အလား ပြန်လည်အန်ထုတ်လိုက်သည်။

ထို့နောက် တံခါးထံမှ အက်ကွဲသံတစ်ချက် ထွက်ပေါ်လာသည်။

ထိုအဘိုးကြီး ထိုမျှ တန်ခိုးစွမ်းအားမြင့်မားလိမ့်မည်ဟု ပီလျဲ့

ထင်မထားခဲ့မိပေ။

ပီလျဲ့တွင် ရွေးခြယ်စရာ မရှိတော့ပေ။

အားလော်ဟယ်ကို မရရသည့်နည်းဖြင့် အနိုင်တိုက်ခိုက်မည်ဆို

ပါက ပေးဆပ်ရသည့်တန်ဖိုးကလည်း ကြီးမားပေးလိမ့်မည်။

ထို့ကြောင့် လျှင်မြန်စွာ ထွက်ပြေးပြီး ရဲ့လျိုယွင်ကို ရှာဖွေရန်

ဆုံဖြတ်ချက်ချလိုက်လေတော့သည်။

အခန်း (၉၂၈) မဟာတံဆိပ်တော်

ထိုအချိန်မှာပင်...

တံခါးအတွင်းမှ ပေါက်ကွဲသံကြီးတစ်သံ ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှ အသက်ဓာတ်စွမ်းအားများ ပြိုကွဲကုန်လေသည်။

ထူးဆန်းပြီး မခန့်မှန်းနိုင်သည့် ရှေးဟောင်းမှော်ဝင်ပစ္စည်းတစ်ခုသည်ပင် အားလော်ဟယ်၏ မြင့်မြတ်ပြီး အဆုံးမရှိသည့် တန်ခိုးစွမ်းအားများကို ခံရပ်နိုင်ခြင်း မရှိခဲ့ပေ။

ထိုတံခါးသည် လော်စန်းတံခါးပင် ဖြစ်လေသည်။

ထိုအချိန်မှာပင်... ပီလျဲ့မှာ လော်စန်းတံခါးအတွင်းသို့ ဝင်ရောက်သွားပြီး သူ၏တစ်ကိုယ်လုံးမှ တန်ခိုးစွမ်းအားများမှာလည်း ရုတ်တရက် မှေးမှိန်သွားလေသည်။

သို့သော်… ဤသည်က ထွက်ပြေးရန်အတွက် ကြီးမားသည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ယခုအချိန်မှ ထွက်မပြေးနိုင်လျှင် မည်သည့်အချိန်မှ ထွက်ပြေး၍ရနိုင်တော့မည် မဟုတ်ပေ။

ပီလျဲ့က သူ၏ ကျယ်ပြန့်သည့်အတောင်ပံများကို ဖြန့်ကားလိုက်ပြီး ကောင်းကင်တစ်ခုလုံးကို ဖုံးကွယ်ကာ အလင်းရောင်အားလုံးကို ဆွဲစုပ်ဝါးမြိုလောင်ကျွမ်းစေလိုက်သည်။

အားလော်ဟယ်၏မျက်နှာက တည်ကြည်လေးနက်နေသည်။ ပီလျဲ့က ခပ်လွယ်လွယ်လူတစ်ယောက်မဟုတ်သည်ကို သူအသိဆုံးဖြစ်သည်။ ယနေ့သာ ထွက်ပြေးလွတ်မြောက်သွားမည်ဆိုလျှင် ထိုနတ်ဆိုးကို နောက်တစ်ကြိမ် ထပ်မံဖမ်းဆီးရန် အခွင့်အရေးရတော့မည် မဟုတ်ပေ။

လော်စန်းတံခါးက အားလော်ဟယ်၏ တန်ခိုးစွမ်းအားများကို လက်မခံဘဲ ပြန်ကန်ထုတ်လိုက်သည်။ အားလော်ဟယ်၏

မြင့်မြတ်သည့်စိတ်နှလုံးက လော်စန်းတံခါးအပေါ်

သက်ရောက်မှုရှိသောကြောင့် ဖြစ်သည်။

သို့သော်... လော်စန်းတံခါးပွင့်လာသည်နှင့် ပီလျဲ့က ထို

အခွင့်အရေးကို လက်လွှတ်မခံဘဲ လော်စန်းတံခါးမှတစ်ဆင့်

လွတ်မြောက်ထွက်ပြေးရန် ကြိုးစားခြင်း ဖြစ်လေသည်။

မှောင်မိုက်နက်ရှိုင်းသည့် အနက်ရောင်လေက နေရာအနှံ့

ချောင်ကြိုချောင်ကြားပါမကျန် တိုက်ခတ်သွားသည်။

ဟွမ်ချွမ်နတ်ဆိုးစစ်သည်တော်များမှာ ရုတ်တရက် လှုပ်ရှားမှု

ကင်းမဲ့သွားကြသည်။

ကောင်းကင်တမာန်များမှာလည်း ကံမကောင်းခဲ့ကြပေ။

ကောင်းကင်တမာန်များ ကောင်းကင်ထက်မှ မြေပြင်ထက်ရှိ

သွေးစွန်းသည့်တိုက်ပွဲအတွင်းသို့ လွင့်စင်ကျသွားကြသည်။

ထိုအချိန်ခဏအတွင်းမှာပင်... လောကကြီးတစ်ခုလုံး

တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

လော်စန်းတံခါးသည် အစိတ်စိတ်အမွှာမွှာ ကွဲကြေပျက်စီးသွား လေသည်။ သို့သော်... တံခါးအပိုင်းအစများသည် ပိုးချည်မျှင် များဖြင့် တွဲနေသည့်အလား တစ်ခုနှင့်တစ်ခု ဆွဲငင်နေကြ သည်။ ထို့နောက် တဖြည်းဖြည်းပြန်လည် ပူးကပ်သွားကြ တော့သည်။

ပိုးချည်မျှင်များကဲ့သို့သာ တွဲကပ်နေခြင်းမရှိပါက လော်စန်း တံခါး တစ်စစီပျက်စီးသွားပြီဟု အားလုံးက ထင်ကြပေ လိမ့်မည်။

ရုတ်တရက်... အမှောင်ထု ပျောက်ကွယ်သွားလေသည်။ ငယ်ရွယ်သည့် တာအိုဆရာတစ်ယောက်ထံမှ အလင်းရောင် များ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။

ထိုလူငယ်တာအိုဆရာထွက်ပေါ်လာသည်နှင့် အလင်းရောင် များ ထွက်ပေါ်လာပြီး လူသားတိုင်း၏နှလုံးသားထဲတွင် သဘာဝတရားအတိုင်း အလင်းရောင် ထွန်းလင်းလာခဲ့သည်။

လူသားအဖြစ် ဖြစ်တည်ခြင်းက မည်မျှ အဖိုးတန်သည်ကို စကားလုံးများဖြင့်ပင် ဖော်ပြခြင်းငှာ မဖြစ်နိုင်ပေ။ အစစ်အမှန် ဟုပင် ထင်နိုင်စရာမရှိအောင် တာအိုဆရာ၏ လက်ချောင်း ထိပ်ဖျားများမှ ရေကဲ့သို့ ကြည်လင်သည့် အလင်းတန်းများ တောက်ပလာသည်။

သူက လက်ချောင်းများဖြင့် ကျိုးပဲ့ပျက်စီးနေသည့် လော်စန်း တံခါးကို ထိကိုင်လိုက်လေရာ လော်စန်းမန်တံခါးသည် နဂိုမူလ ပကတိအတိုင်း ပြန်လည်ကောင်းမွန်သွားလေတော့သည်။ လော်စန်းမန်တံခါးသည် မယုံကြည်နိုင်စရာကောင်းလောက် သည့် ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်သည်။ သို့သော်... အား လော်ဟယ်၏ တိုက်ခိုက်မှုကြောင့် အစိတ်စိတ်အမွှာမွှာကွဲကြေ သွားခဲ့လေရာ ပြန်လည်ပြုပြင်ရန် မဖြစ်နိုင်တော့ဟု အားလုံးက ထက်မှတ်ကြသည်။

သို့သော်... တာအိုဆရာလူငယ်ကတော့ မဖြစ်နိုင်သည့်အရာကို ဖြစ်အောင်လုပ်ပြခဲ့သည်။

အချိန်တိုအတွင်းမှာပင် လော်စန်းမန်တံခါး ပကတိအကောင်း အတိုင်း ပြန်ဖြစ်သွားပြီဖြစ်သည်။ အမှန်နှင့်အမှားကို ပြောင်းပြန်လှန်ကာ အိပ်မက်များအမှန်တကယ် ဖြစ်ပေါ်လာ သည့်နှယ်ပင်ဖြစ်လေ၏။

တာအိုဆရာလူငယ်ကို တွေ့လိုက်ရသည့်အခါ အားလော် ဟယ်၏တည်ကြည်သည့်မျက်နှာထက်တွင် ကြောက်ရွံ့မှုများ အထင်းသားပေါ်လွင်လာသည်။

ပီလျဲ့မှာတော့ ဝမ်းသာဝမ်းနည်းကြီးဖြစ်သွားရသည်။ သူ ထွက်မပြေးရဲတော့သလို ထွက်ပြေးနိုင်ခြင်းလည်း မရှိတော့ ပေ။

လော်စန်းမန်တံခါးမှ ထွက်ပေါ်နေသည့်စွမ်းအားသည် ပိုးသား ချည်မျှင်ကဲ့သို့ ဖြစ်လေသည်။ ထိုစွမ်းအားများက ပီ

လျှဲ၏ခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာပြီး အနည်းငယ်လှုပ်ရှားလိုက်သည်နှင့်ပင် သူ့ကို ထိုးနှက်ကြလေသည်။

ပီလျှဲအလွန်အံ့အားသင့်သွားပြီး သက်ပြင်းချလိုက်သည်။

သူ့တန်ခိုးစွမ်းအားများ သိပ်မရှိတော့သည့်အချိန်တွင် ဆန်းလျန်က တိုက်ပွဲကိုတားဆီးလိုက်ခြင်းဖြစ်သည်။ အဘယ်ကြောင့် ယခုတိုင်ရပ်တည်နေနိုင်ရသည်ကို ပီလျှဲ သူ့ကိုယ်သူ မေးခွန်းထုတ်နေမိသည်။

သို့သော်... ထိပ်တန်းနတ်ဘုရားတစ်ပါးအတွက်တာ့ ထိုသို့ပြုလုပ်နိုင်သည်မှာ ပုံမှန်ပင်ဖြစ်သည်ကို ပီလျှဲသိရှိထားသည်။

လော်စန်းတံခါး အစိတ်စိတ်အမွှာမွှာပျက်စီးသွားပြီးမှ ပြန်လည်ကောင်းမွန်သွားသည်ကို တွေ့မြင်လိုက်ရသည့်နောက် အားလော်ဟယ် သူ့စိတ်ကို တည်ငြိမ်စေရန် အတော်လေး ကြိုးစားလိုက်ရသည်။

ထို့နောက်... သူ၏ခန္ဓာကိုယ်က အသက်ဓာတ်စွမ်းအားများနှင့် ပြန်လည်ပြည့်နှက်လာပြီး သူ၏ဝိညာဉ်ကလည်း အကန့်အသတ်မဲ့ ကံကြမ္မာစွမ်းအားများဖြင့် ပြန်လည်ပြည့် ဝလာသည်။

အားလော်ဟယ်က သူ့ကိုယ်သူကာကွယ်ရန်အတွက် ကံကြမ္မာ စွမ်းအားများကို ဖိတ်ခေါ်လိုက်ခြင်းဖြစ်၏။

အချိန်တိုလေးအတွင်းမှာပင် ထိပ်ဆုံးအဆင့် တန်ခိုးစွမ်းအား များ ပြန်လည်ရရှိသွားသည်။ တန်ခိုးစွမ်းအားများ ပြည့်ဝသွား သည့်တိုင် အန္တရာယ်ကင်းသွားသည်ဟု အားလော်ဟယ် မခံစား ခဲ့ရပေ။

ဆန်းလျန် လော်စန်းတံခါးကို ပြုပြင်လိုက်ခြင်းက စိတ်ကူးယဉ် လည်းဆန်သလို အစစ်အမှန်လည်း ဖြစ်သည်။

ထို့ပြင်... လော်စန်းတံခါးအတွင်းထဲတွင် အကောင်အထည်မ သိမြင်နိုင်သည့် တန်ခိုးစွမ်းအားများအငွေ့အသက်များလည်း ရှိနေသေးသည်။

အားလော်ဟယ်က လော်စန်းတံခါးကို မိုးကောင်းကင်တံခါးနှင့် နှိုင်းယှဉ်ကြည့်မိသည်။ ထိုအရာ(၂)ခုက တူညီမှု များစွာရှိ၏။ လော်စန်းတံခါးက မိုးကောင်းကင်တံခါးကို တုပထားသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့်... ဆန်းလျန်က လော်စန်းတံခါးကို လျှင်လျှင်မြန်မြန်ပြုပြင်လိုက်နိုင်ခြင်း ဖြစ်သည်။

ဆန်းလျန်က အဝေးတစ်နေရာတွင်ရှိနေသည့် အားလော်ဟယ် ကို လှမ်းကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်သည်။

"အခုခေတ်မှာ ကျုပ်မျက်လုံးထဲ တွေ့တဲ့သူ သိပ်မရှိဘူး ၊ အဲဒီ ထဲမှာ ခင်ဗျားလည်းပါတယ် ၊ ခင်ဗျားကို သေအောင် ရိုက်ပစ် ချင်တယ် ၊ ဒါကြောင့် နောက်တစ်ခါဆိုရင် သတိသာထားပေ တော့..."

ထိုအချိန်... ကောင်းကင်တမန်တော်ချုပ် (၄)ပါးမှာ ပြန်လည်သက်သာလာပြီ ဖြစ်သည်။

ဆန်းလျန်က သူတို့၏ ကြီးမြတ်သည့်အားလော်ဟယ်ကို မထိမဲ့မြင်ပြောဆိုနေသည်ကို တွေ့လိုက်ရသည့်အခါ ဒေါသများ ပေါက်ကွဲထွက်လာတော့သည်။

သူတို့၏ရွှေရောင်အတောင်ပံများမှ ရွှေရောင်မီးတောက်မီးလျှံများထွက်ပေါ်လာပြီး လုံတံများကိုကိုင်မြှောက်ကာ ဆန်းလျန်ကိုတိုက်ခိုက်ရန် ချီတက်လာကြတော့သည်။

သူတို့အားလုံး၏ တန်ခိုးစွမ်းအားက တာ့လော်အဆင့်ကျင့်ကြံသူများနှင့် တန်းတူဖြစ်သည်။ ထို့ကြောင့် ကောင်းကင်တမန်တော်ချုပ် (၄)ပါး၏ စုပေါင်းအင်အားမှာ မိုးနှင့်မြေကိုပင် ဖျက်စီးပစ်နိုင်စွမ်း ရှိလေသည်။

ထို့ပြင်... ကောင်းကင်တမန်တော်ချုပ် (၄)ပါး၏ စုပေါင်းတန်ခိုးစွမ်းအားကို ပီလျဲ့ပင်လျှင် တောင့်ခံနိုင်ခြင်း မရှိပေ။

ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တိုက်ခိုက်မှုကို ရင်ဆိုင်လိုက်ရသည့်

အခါ... လေတစ်ချက်ပင်မတိုက်ပါဘဲ ဆန်းလျန်၏ဆံနွယ်များ

လေထဲသို့ လွင့်ပျံသွားသည်။

ထို့နောက် ဆန်းလျန်ထံမှ စာလိပ်တစ်ခု ထွက်ပေါ်လာပြီး

ကောင်းကင်တမန်တော်ချုပ် (၄)ပါးကို ရိုက်လှဲချလိုက်သည်။

ဆန်းလျန် ကျင့်စဉ်လမ်းကို စတင်လျှောက်လှမ်းသည့်အချိန်

ကတည်းက သူ၏ခန္ဓာကိုယ်က ပြီးပြည့်စုံသည့် အဆင့်သို့

ရောက်ရှိခဲ့သည်။

သူ၏သွေးတစ်စက်က ပင်လယ်တစ်စင်းကို ဖြည့်နိုင်စွမ်းရှိ

သလို ဆံချည်တစ်မျှင်ကလည်း နေ ၊ လ နှင့် နက္ခတ်တာရာများ

ကို ပိုင်းဖြတ်နိုင်စွမ်းရှိသည်။

ကောင်းကင်တမာန်တော်ချုပ် (၄)ပါးက ဒေါသတကြီးဖြင့်

ပြိုင်တူတိုက်ခိုက်လိုက်ကြသည်။ သို့သော်... ဆန်းလျန်၏ ဆံ

ချည်တစ်မျှင်ကိုပင် ထိခိုက်နိုင်စွမ်း မရှိပေ။

ကြီးမားသည့် ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားပြီး

ကောင်းကင်တမန်တော်တစ်ပါးကိုင်ဆောင်ထားသည့် လှံတံက

လည်ထွက်သွားကာ နောက်ထပ်ကောင်းကင်တမန်တော်

တစ်ပါး၏ လှံတံဖြင့် အရှိန်ပြင်းစွာ ရိုက်မိသွားသည်။

အရှိန်ပြင်းလွန်းသည့်အတွက် ဗလာနယ်ထဲတွင် မရှိမှုတရားပင်

ဖြစ်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်... အလင်းနှင့်အမှောင် တစ်ပြိုင်နက်

တည်းဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ကြရသည်။

သို့သော်... ထူးဆန်းသည့်မြင်ကွင်းက စက္ကန့်ပိုင်းသာ ကြာရှည်

ပြီး ကောင်းကင်တမန်များ၏ လှံတံများက အမှုန့်ဖြစ်သွားကာ

လေထဲတွင် လွင့်မျောပျောက်ကွယ်သွားြသည်။

ကောင်းကင်တမာန်တော်ချုပ် (၄)ပါး ရှုံးနိမ့်သွားပြီး သူတို့၏

ခန္ဓာကိုယ်များက ရေလှိုင်းထဲတွင် လွင့်မျောနေသည့်အလား

လေထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်လျှက်ရှိသည်။ သူတို့၏

အတောင်များမှ အမွေးများ တစ်ခုပြီးတစ်ခု ကျွတ်ကျကုန်ပြီး အတောင်ရိုးငေါငေါများကို တွေ့မြင်နေရသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး မြေပြင်ထက်မှ နတ်ဆိုးများက လှောင်ပြောင်ရယ်မောကြသည့်အခါ ကောင်းကင်တမန်များ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး ရှက်လည်း ရှက် ဒေါသလည်းထွက်လျှက် ရှိကြသည်။

အားလော်ဟယ်က အေးစက်စွာဖြင့် နှုတ်ခေါင်းတစ်ချက် ရှုံ့လိုက်သည်။

ထို့နောက် မြင့်မြတ်သည့် တန်ခိုးစွမ်းအားဖြင့် လေတစ်ချက် မှုတ်လိုက်ရာ ထိုလေက ကောင်းကင်တမာန်တော်ချုပ် (၄)ပါး ထက်သို့ ကျရောက်သွားပြီး သူတို့၏ အတောင်ပံများ ပြန်လည် စုံလင်လာကာ အသစ်အတိုင်း တောက်ပလာကြသည်။

သို့သော်... ဆန်းလျှန်ကို ရင်မဆိုင်ရဲကြတော့ဘဲ အားလော်ဟယ်၏နောက်တွင် ပုန်းကွယ်လျှက်ရှိကြသည်။

အားလော်ဟယ်ကတော့ အလွန်အမင်း စိတ်ဆိုးဒေါသထွက်လျှက် ရှိ၏။

သာမန်ကောင်းကင်တမန်များနှင့်မတူဘဲ ကောင်းကင်တမန်တော်ချုပ် (၄)ပါးတွင် ရိုးရှင်းသည့် ခံစားချက်များကို ထည့်သွင်းဖန်ဆင်းထားလေသည်။

သို့သော်... အားလော်ဟယ်ကတော့ ကောင်းကင်တမန်အားလုံး၏ အရှင်သခင်ဖြစ်ပြီး တန်ခိုးစွမ်းအားလည်း အကြီးမားဆုံးဖြစ်သည်။

ဆန်းလျန်၏ မြင့်မားလှသည့် ဓမ္မစွမ်းအားကတော့ မိုးနှင့်မြေကို ဖျက်စီးပစ်နိုင်စွမ်း ရှိရုံသာမက ကောင်းကင်တမန်တော်ချုပ်များ၏ စိတ်ဝိညာဉ်ကိုပင် နာကျင်စေနိုင်စွမ်း ရှိသည်။

သူတို့၏စိတ်ထဲတွင် တဖြည်းဖြည်း အကြောက်တရား ကြီးစိုးလာမည်ဖြစ်ပြီး ဘေးအန္တရာယ်ကပ်ဆိုးကြီးကိုပင် ဆန်းလျန်လောက် ကြောက်ရွံ့ကြတော့မည် မဟုတ်ပေ။

ဆန်းလျန်က တမင်သက်သက် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်

လိုက်ခြင်းတော့ မဟုတ်ပေ။ ဆန်းလျန်၏ တန်ခိုးစွမ်းအားက

ကောင်းကင်တမန်တော်ချုပ်များ၏ တာအိုနှလုံးသားများကို

တိုက်ရိုက်ထိုးနှက်နိုင်စွမ်း ရှိနေခြင်းသာ ဖြစ်သည်။

ထို့ကြောင့်… ဆန်းလျန် တိုက်ခိုက်လိုက်သည်နှင့်

ကောင်းကင်တမန်တော်ချုပ်များ၏ စိတ်ခံစားချက်များကို

အလိုလို ထိခိုက်သွားခြင်းသာ ဖြစ်တော့သည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားက ရန်သူကို နှိမ်နင်းနိုင်ရုံသာမက

ရန်သူ၏စိတ်ကိုပင် လွှမ်းမိုးနိုင်စွမ်းရှိသည်။

ဆန်းလျန်ကို ကြောက်ရွံ့သွားသည့် အကြောက်တရားမျိုးစေ့

သည် နောက်အနာဂတ် ဘဝတစ်လျှောက်လုံး ဆန်းလျန်

ဆိုသည်နှင့် ရင်မဆိုင်ရဲတော့လောက်အောင် ကြောက်ရွံ့နေပေ

လိမ့်မည်။

ဆန်းလျန်၏တန်ခိုးစွမ်းအားသည် မာကျောသည့် ကျောက်တုံးကိုပင် ခေါင်းညိတ်စေသည်အထိ မြင့်မားသည် ဖြစ်လေရာ ကျောက်တုံးများမဟုတ်သည့် ကောင်းကင်တမန်တော်ချုပ်များအတွက်တော့ ပြောနေစရာပင် မလိုတော့ပေ။

ထို့ကြောင့်... ကောင်းကင်တမန်တော်ချုပ်များ၏စိတ်ထဲတွင် အကြောက်တရားလွှမ်းမိုးသွားသည်မှာ ယုတ္တိရှိပေသည်။

အားလော်ဟယ်ကတော့ လက်ရှိအချိန်တွင် ဤအရာများကို အရေးမစိုက်နိုင်ပေ။

"သူ့ကိုသတ်နိုင်မည်မဟုတ်" ဟု ဆန်းလျန်ပြောခဲ့သည့်စကားမှာ အမှန်တရားပင် ဖြစ်သည်။

ထို့ကြောင့်... သူ့အနေဖြင့် အသက်ရှင်သန်ရန် အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ခိုက်ရမည် ဖြစ်သည်။

အားလော်ဟယ်က မလိုအပ်သည့် စိတ်အရှုပ်ပျဉ်းလွင့်စရာအတွေးများအားလုံးကို ဖယ်ထုတ်လိုက်သည်။ သူ၏ မြင့်မြတ်

သည့် စိတ်နှလုံးသည် အနက်ရှိုင်းဆုံး အခြေအနေသို့ ရောက်ရှိသွားသည်။

သူ၏ အနက်ရောင်မျက်စံများ ပျောက်ကွယ်သွားပြီး လင်းလက်နေသည့် အဖြူရောင်မျက်သားများသာလျှင် ကျန်ရစ်ခဲ့သည်။

သူ့ပတ်ဝန်းကျင်တွင် မြစ်ရေများဝန်းရံလာပြီး ထိုမြစ်ရေများမှာ ကံကြမ္မာလမ်းမှ မြစ်ရေများဖြစ်သည်။

ကြီးမားသည့် ကံကြမ္မာကို မည်သူမှ ချိုးဖျက်မရနိုင်ပေ။

ထို့ပြင်... ကံကြမ္မာ၏ မော်စွမ်းအားသည် ရှေးခေတ်အချိန်ကတည်းက စွမ်းအားအကြီးမားဆုံးဖြစ်ပြီး "လူသား" ကို ဆန့်ကျင်တိုက်ခိုက်နိုင်စွမ်း ရှိသည်။

အားလော်ဟယ်သည် ကံကြမ္မာလမ်းကို အလွန်ထူးချွန်စွာနားလည်သူတစ်ယောက်ဖြစ်၏။

သူသည် မူလဖြစ်တည်မှု၏နတ်ဘုရားတစ်ပါးလည်း ဖြစ်လေသည်။ ထို့ကြောင့်လည်း ဆန်းလျန်က ယခင်အချိန်များတုန်းက သူ့ကိုဆန့်ကျင်တိုက်ခိုက်ရန် စိတ်ဝင်စားခြင်း မရှိပေ။

ယခုတော့ အားလော်ဟယ်၏ တန်ခိုးစွမ်းအားအရှိန်အဟုန်က အဆက်မပြတ် မြင့်တက်လာသည်။ ဆန်းလျန်က အေးဆေးတည်ငြိမ်စွာပင် သူ့လက်ထဲတွင် တံဆိပ်တော် (၁)ခုကို ဖန်ဆင်းလိုက်သည်။

ထိုတံဆိပ်တော်ကို "မဟာ" ဟု ခေါ်လေသည်။

မဟာ၏ မူလရည်ရွယ်ချက်က "ကြီးမြတ်သည့်ပညာဉာဏ်" ကို ဖော်ကျူးလေသည်။

ဆန်းလျန်သည် ဉာဏ်ပညာကြီးမားသူဖြစ်လေသည်။

ထို့ကြောင့် ဤတံဆိပ်တော်သည် သူ၏ ကြီးမားသည့် ပညာဉာဏ်နှင့် အံဝင်ခွင်ကျဖြစ်နေလေသည်။

ဆန်းလျှန် မဟာတံဆိပ်တော်ကို ဖန်ဆင်းလိုက်သည်နှင့် ထို တံဆိပ်တော်သည် နေတစ်စင်းအလား ထွန်းလင်းလာပြီး ပြီးပြည့်စုံခြင်း ၊ သက်တောင့်သက်သာရှိခြင်း ၊ ခမ်းနားခြင်းတို့ဖြင့် အရာအားလုံးကို လွှမ်းခြုံထားလေတော့သည်။

အသိပညာအစွန်းဆုံထိပြီးပြည့်စုံသွားလျှင် အရာအားလုံးကို သိမြင်နိုင်စွမ်းရှိသွားသည်မှာ ဓမ္မတာပင် ဖြစ်လေတော့သည်။

အခန်း (၄၂၉) လွတ်မြောက်ခြင်း

ရှေးခေတ်အချိန်ကတည်းကပင် သူတော်စင်များစွာ ရှိခဲ့ဖူးလေသည်။

သစ်ရွက်တစ်ရွက်ကြွေလွင့်လျှင်ပင် ဆောင်းဦးရောက်ပြီကို သိရှိနိုင်သည်။ အစိုးရှင်းဆုံးသောနည်းလမ်းများဖြင့် အရာအားလုံးကို ကြိုတင်သိမြင်နိုင်စွမ်း ရှိကြသည်။

ဆန်းလျန်၏ မဟာစည်းတံဆိပ်ကလည်း ထိုသို့သော သိမြင်နိုင်စွမ်းကို ပိုင်ဆိုင်လေသည်။ ပတ်ဝန်းကျင်ကိုသာမက အားလော်ဟယ်၏ ကံကြမ္မာလမ်းကိုပါ သိမြင်နိုင်စွမ်း ရှိသည်။

အရာအားလုံးက ကံကြမ္မာအတိုင်းသာဖြစ်လေသည်။ အရာအားလုံးက ကံကြမ္မာအတိုင်းသာ ဖြစ်ရပေမည်။

အားလော်ဟယ်က ဆုတောင်းစာတစ်ပုဒ်ကို ခပ်တိုးတိုး ရွတ်ဆိုလိုက်လေသည်။ သူ၏တီးတိုးရွတ်ဆိုသံက ပျံသန်းနေသည့် အခိုးအငွေ့များအလား ဖြစ်သည်။ သူ၏ရွတ်ဆိုသံက ပျံလွှားငှက်တေးသံသာနှင့်ဆင်တူသလို နွေဦးစမ်းချောင်းလေးနှင့်လည်း ဆင်တူသည်။

ကံကြမ္မာလမ်းမှတစ်ဆင့် ကံကြမ္မာမြစ်၏စီးဆင်းသံသည် မိုးနှင်မြေတွင် လွင့်မျောလျှက် ရှိလေသည်။
ဟွမ်ချွမ်နတ်ဆိုးစစ်သည်တော်များ ၊ ကောင်းကင်တမန်များနှင့်အခြားသောသက်ရှိသတ္တဝါများအားလုံးသည် ကံကြမ္မာလမ်း၏ခြေရင်းတွင် ဖြည်းညင်းစွာ ဒူးထောက်လိုက်ကြသည်။
သူတို့၏ ခန္ဓာကိုယ်များဆီမှ အလင်းရောင်ပျပျလေးထွက်ပေါ်လျှက်ရှိသည်။
တန်ဖိုးရှိသည့် ဝိညာဥ်စွမ်းအားတောက်ပမှုပင် ဖြစ်လေ၏။
ကံကြမ္မာ၏တန်ခိုးစွမ်းအားအောက်တွင် အရာအားလုံးသည် မြေမှုံ့အဖြစ်လည်း ပြောင်းလဲသွားနိုင်စွမ်းရှိသည်။
ဤတန်ခိုးစွမ်းအားသည် လက်ရှိအချိန်တွင် ဆန်းလျှန် မထိန်းချုပ်နိုင်သည့် တန်ခိုးစွမ်းအားဖြစ်ပြီး အရိပ်အမြွက်ပင်ကြောက်ရွံ့ခြင်းကို ဖော်ပြရမည်ဖြစ်သည်။

ဖန်ဆင်းရှင်၏လမ်းစဉ်သည် ကောင်းကင်ဘုံနှင့် သတ္တဝါအနန္တ

တို့၏အထက်တွင်ရှိသည်။ ထိုအချက်က အလွန်သိမ်မွေ့သော

လက္ခဏာရှိသည့် တာအိုမဟာလမ်းစဉ်နှင့်အတူတူပင်

ဖြစ်သည်။

အားလော်ဟယ်သည် ကံကြမ္မာဆိုသည့်အရာ ပြန်လည်ဝင်စား

လာခြင်းနှင့် ဆင်တူသည်။

သူက လောကရှိထိပ်တန်းအဆင့်တန်ခိုးစွမ်းအား အတော်များ

များကို ထိန်းချုပ်နိုင်စွမ်းရှိသည်။ သူ၏သြဇာအာဏာရှိမှုကို

စကားလုံးများဖြင့် ဖော်ပြခြင်းငှာပင် မစွမ်းသာပေ။ သို့သော်...

လောကတွင် သူ့ကို အနိုင်ယူမည့်သူမရှိဟုတော့ မဆိုနိုင်ပေ။

သူ၏ဆန္ဒက မိုးကောင်းကင်၏ဆန္ဒ ဖြစ်သည်။

ရှေးခေတ်အချိန်များကတည်းက ဖန်ဆင်းရှင်၏ ဆန္ဒ

သဘောထားက မြင့်မားပြီး သိရှိရန် ခက်ခဲလွန်းသည်။ ခန့်မှန်း

ရန်လည်းခက်ခဲလှသလို ရန်သူအပေါင်းသည်ပင် ဖန်ဆင်းရှင်

ကို ဆန့်ကျင်ရန် မဖြစ်နိုင်ပေ။ ထို့ပြင် ခံစားချက်ကင်းမဲ့ပြီး

တန်ခိုးစွမ်းအားကလည်း မည်သူမှ တွန်းလှန်နိုင်ခြင်းမရှိ

လောက်အောင် မြင့်မားလွန်းသည်။

ပီလျဲ့ကတော့ တိုက်ပွဲတွင် ဆန်းလျန် ရှုံးနိမ့်တော့မည်ဟု ခံစား

နေရသည်။

သို့သော်... ကံကြမ္မာလမ်းစဉ်သည် မည်မျှ တန်ခိုးစွမ်းအား မြင့်

မားပါစေ ထုတ်ဖော်အသုံးပြုတော့မည်ဆိုလျှင် ပြင်ဆင်ချိန်

လိုအပ်သည်။

ထို့ကြောင့်... အားလော်ဟာယ်သာ ကံကြမ္မာလမ်းစဉ်ကို

အေးအေးဆေးဆေးထုတ်ဖော်ရန် အချိန်မရခဲ့လျှင် ဤ

လမ်းစဉ်သည် မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားပါစေ ထို

စွမ်းအားကို အသုံးပြု၍ ရနိုင်လိမ့်မည် မဟုတ်ပေ။

တန်ခိုးစွမ်းအားမြင့်မားသူများအတွက် ခဏတာမျှသောအချိန်

လေးသည်လည်း အောင်မြင်မှုနှင့် ရှုံးနိမ့်မှု အခြေအနေကို

ပြောင်းလဲပစ်ရန် လုံလောက်သည်။

ထို့ကြောင့် အခြားသူများက အားလော်ဟယ်နှင့် ထိပ်တိုက်

ရင်ဆိုင်ကြရသည့်အခါ ထိုတန်ခိုးစွမ်းအား ထုတ်ဖော်နိုင်ခြင်း

မရှိအောင် ကြိုးစားလေ့ရှိကြသည်။

သို့သော်... ဆန်းလျန်ကတော့ တန်ခိုးစွမ်းအားကြီးမားသူဖြစ်

သည့်အတွက် သူက အားလော်ဟယ် ကံကြမ္မာတန်ခိုးစွမ်းအား

ကို အေးအေးဆေးဆေးဖော်ထုတ်နိုင်ရန် တမင်တကာ အချိန်

ပေးခဲ့ခြင်း ဖြစ်၏။

အားလော်ဟယ်ကိုယ်တိုင်ကလည်း သူ၏ ကံကြမ္မာလမ်းစဉ်

သည် မည်မျှ တန်ခိုးစွမ်းအားမြင့်မားကြောင်း မသိရှိခဲ့ပေ။

အဘယ်ကြောင့်ဆိုသော်... တစ်ခါမှ အသုံးပြုခွင့် မရခဲ့

သောကြောင့် ဖြစ်သည်။

ယခုတော့ အခြေအနေကို သိရှိသွားပြီဖြစ်သည်။

သူသည် အဆုံးမရှိသည့် အနန္တတန်ခိုးရှင်တစ်ပါးဖြစ်ပြီး

သူ၏ခြေနှင့်လက်များသည် အလိုတော်နှင့် ပြည့်နက်လျှက် ရှိ

လေသည်။

ဤအခြေအနေကို ထာဝရထိန်းသိမ်းထားနိုင်ပါရန် အားလော်

ဟယ် မျှော်လင့်မိသည်။

ထိုသို့ဆိုလျှင် သူသည် ထာဝရ ဖန်ဆင်းရှင် ဖြစ်နေပေ

လိမ့်မည်။ သက်ရှိသတ္တဝါအားလုံး၏ မူလအရင်းအမြစ် ၊

လောကကို ဖန်ဆင်းသူ ဖြစ်ပေလိမ့်မည်။

မဟာတံဆိပ်တော်မှ အလင်းတန်းများ တဖြည်းဖြည်း ပျောက်

ကွယ်သွားပြီး ကြီးမားသည့် အသိပညာ ၊ သိမ်မွေ့သည့်တာအို

တရားများအားလုံး နိဂုံးချုပ်သွားသည်။ မဟာတံဆိပ်

တော်သည် မိုးနှင့်မြေကြားတွင် ပိတ်မိနေပြီ ဖြစ်သည်။

ဆန်းလျန်ကတော့ လေထုထဲတွင် လှုပ်ရှားမှုမရှိ ရပ်တန့်လျှက်ရှိ၏။

သို့သော်... ရုတ်တရက်... မခန့်မှန်းနိုင်သည့် ပြောင်းလဲမှုများ ဆန်းလျန်၏ပတ်ဝန်းကျင်တွင် ပီလျံ့ ခံစားလိုက်မိသည်။ ထိုပြောင်းလဲမှုက ရှင်းလင်းကြည်လင်သည့် အသိဉာဏ်ပညာပင် ဖြစ်သည်။

တိုက်ပွဲက အလွန်ရှုတ်ထွေးသည့် ကစားပွဲတစ်ခုနှင့် ဆင်တူသည်။

နောက်ထပ်ခြေတစ်လှမ်းအတွက် မခန့်မှန်းနိုင်ခြင်းများဖြင့် ပြည့်နက်နေပြီး ခြေလှမ်းတိုင်းက ဖြစ်နိုင်ချေများနှင့်လည်း ပြည့်နက်လျှက် ရှိသည်။

ကံကြမ္မာလမ်းစဉ်တန်ခိုးစွမ်းအားများက ဆန်းလျန်၏ ခန္ဓာကိုယ်ထဲသို့ ကျူးကျော်ဝင်ရောက်လာသည်။ သို့သော်... ဆန်းလျန်ကို ထိခိုက်နိုင်ခြင်းမရှိပေ။

လှည့်ကွက်များနှင့် အလှည့်အပြောင်းများကြောင့် ကံကြမ္မာ
လမ်းစဉ်သည် ခဏတာမျှ မဓောနိုင်မပန်းနိုင် လှည့်ပတ်လျှက်
ရှိသည်။

အားလော်ဟယ် မစောင့်နိုင်တော့ဘဲ လက်ဝါးဖြင့် ရိုက်ချလိုက်
သည်။

လောကတစ်ခွင်တွင် နတ်ဘုရားများ၏ ထူးဆန်းသည့်အသံ
များ ထွက်ပေါ်လာပြီး ဖန်သားကောင်းကင်ဘုံတွင် ပန်းရိုင်းများ
ပွင့်လန်းလာသည်။ ပျားများက ပန်းပွင့်များပေါ်တွင် ဝတ်မှုံကူး
နေကြပြီး ဖန်သားအလားကြည်လင်သည့် သစ်သီးများ
ချက်ချင်းပင် သီးပွင့်လာသည်။

ထို့နောက် ဆောင်းဦးလေပြေလေးတိုက်ခတ်လာပြီး အရာ
အားလုံးက ခြောက်သွေ့ဝါရော်သွားပြန်သည်။ သေခြင်းရှင်
ခြင်းသံသရာ ၊ ကံကြမ္မာ ၊ နတ်ဘုရားများ ၊ အင်အား

အတိမ်အနက်များအားလုံးကို ဖော်ပြသည့် မြင်ကွင်း ဖြစ်သည်။

ဤအရာက တာအို ၊ ဤအရာက ဓမ္မ ၊ ဤအရာက မိုးကောင်းကင်လမ်းစဉ် စသည်ဖြင့် ပိုင်းခြားသိမြင်စေသည်။ အားလော်ဟယ် ထိုမြင်ကွင်းကို မလေးစားဘဲ မနေနိုင်တော့ ပေ။ ထိုမြင်ကွင်းက စစ်မှန်သည့်တန်ခိုးစွမ်းအားဖြစ်သည်။ သို့သော် အခြားသူများကတော့ ဘာမှသိမြင်နိုင်ခြင်း မရှိပေ။ အားလော်ဟယ်၏ လက်ဝါးရိုက်ချက်က စွမ်းအားပြင်းထန် လွန်းလှသည်။ လေထုထဲတွင် နဂါးတစ်ကောင်အဖြစ် အသွင် ပြောင်းလဲသွား၏။

တာအိုဆိုသည့် စကားလုံးကပင် နဂါးခေါင်းဖြစ်သည်။ နဂါး ဆိုသည်က တာအိုနှင့် အနီးစပ်ဆုံးသတ္တဝါဖြစ်သည်။ နဂါးပုံသဏ္ဌာန် တန်ခိုးစွမ်းအားအခိုးအငွေ့များထွက်ပေါ်လာ သည်နှင့် ဆန်းလျန်၏ခန္ဓာကိုယ်မှ လေးနက်သည့် တာအို

စွမ်းအားကို ချက်ချင်းပင် ချိုးဖျက်ပစ်လိုက်သည်။

အပြောင်းအလဲများအားလုံးကို ပျက်စီးစေသကဲ့သို့ ဖျက်စီးပစ်လိုက်သည်။

နဂါး၏အထက်တွင် ကောင်းကင်ကမြင့်မားစွာတည်ရှိနေပြီး နဂါး၏အောက်တွင် မြေပြင်က ထူထဲစွာ တည်ရှိနေသည်။

အရာအားလုံး အသစ်တဖန် ပြန်လည်စတင်ရန်အတွက် အရာအားလုံး အဆုံးသတ်ပေးရမည် ဖြစ်သည်။

မိုးကောင်းကင်က တုန်လှုပ်နေပြီး နေနှင့်လက ပြိုကျလာလေသည်။

ဆန်းလျန်သည် လေထဲတွင် ပျံသန်းနေသည့်နဂါးကြီးကို စိုက်ကြည့်ပြီး ထိုနဂါးကြီးအတွင်းတွင် ကံကြမ္မာလမ်းစဉ်နှင့် တာအို မဟာလမ်းစဉ်၏ တန်ခိုးစွမ်းအားများကို ခံစားလိုက်ရသည်။

ဆန်းလျန်က လက်ကို ဖြည်းဖြည်းချင်း ရှေ့သို့ အသာတွန်း ထုတ်လိုက်ပြီး သူ့စိတ်ထဲတွင် မသက်မသာ ခံစားလိုက်ရ သည်။

ရှေးခေတ်အချိန်အခါကပင် မိုးကောင်းကင်၏အလိုကို သိရှိနိုင် ရန် ညဏ်မီရန် ခဲယဉ်းလွန်းသည်။ သို့သော်... ဆန်းလျန် ဆိုသည်က နားလည်ရခက်သည့်မိုးကောင်းကင်ထက်ပင် မြင့် မားသူဖြစ်သည်။

ဆန်းလျန်က လက်တစ်ဖက်ဖြင့် နဂါးခေါင်းကို ခပ်ဖွဖွဆုပ်ကိုင် ထားပြီး အခြားလက်တစ်ဖက်တွင် မဟာတံဆိပ်တော်ကို ကိုင် ဆောင်ထားသည်။

မဟာတံဆိပ်တော်က တောက်ပလင်းလျှက်လျှင်ရှိပြီး နောက်ဆုံး နဂါးခေါင်းသည် ဆန်းလျန်၏ လက်ဖဝါးထက်တွင် ငြိမ်သက်လျှက် ရှိလေတော့သည်။

ကြီးမားသည့်အသိဉာဏ်ပညာက နဂါးကြီး၏ ဖွဲ့စည်းပုံတစ်ခု

လုံးကို နားလည်သဘောပေါက်သွားသည်။ နက်ရှိုင်းသည့် နတ်

ဘုရားတန်ခိုးစွမ်းအားများ၏ရည်ရွယ်ချက်ကို ဆုပ်ကိုင်မိသွား

သည်။ ကံကြမ္မာလမ်းစဉ်၏ အနှစ်သာရက ဆန်းလျ

န်၏နှလုံးသားထဲတွင် ထင်ဟပ်လာသည်။

နောက်ဆုံးတော့ လေထုထဲတွင် တုန်ခါမှုတစ်ခု ဖြစ်ပေါ်လာပြီး

ထိုတုန်ခါမှုက အံ့သြစရာ ကာရန်ညီလျှက် ရှိသည်။

ထို့နောက် ... မြက်ခင်းလွင်ပြင်ထက်မှ သတ္တဝါများ

အားလုံး၏စိတ်ထဲတွင် ဖော်မပြနိုင်လောက်အောင်

စိတ်သက်သာရာ ရမှုကို ခံစားလိုက်ကြရသည်။

သံကြိုးများဖြင့် ချုပ်နှောင်ခံထားရသည့် အကျဉ်းသားတစ်

ယောက် လွတ်မြောက်သွားသကဲ့သို့ အလွန်မှ ပေါ့ပါးလွန်း

သည့် ခံစားချက်ဖြစ်သည်။

ဤကဲ့သို့သော လွတ်မြောက်မှုနှင့် အလုတရား၏အရသာကို ခံစားရခြင်းသည် တစ်ကြိမ်တည်းဖြစ်သည့်တိုင် မမေ့နိုင်လောက်စရာ ဖြစ်သည်။

ဆန်းလျန်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဒီပညာကို 'မြူခိုးကောင်းကင်မှ အရာအားလုံးလွတ်မြောက်ခြင်း' လို့ခေါ်တယ်..."

အားလော်ဟယ်မှာ ထိတ်လန့်တုန်လှုပ်ပြီး ကြောက်ရွံ့သွားလေသည်။

မိုးကောင်းကင်ထက်မှ ခမ်းနားပြင်းထန်သည့် စွမ်းအားကြီးတစ်ခု ကျရောက်လာသည်ဟု ခံစားလိုက်ရပြီး အားလောဟယ်လုံး၀ မခုခံနိုင်တော့ပေ။

အလင်းတန်းတစ်ခုထွက်ပေါ်လာပြီး အားလော်ဟယ်၏ ခိုင်ခန့်သည့် နတ်ဘုရားခန္ဓာမှာ အပြင်းအထန် ထိုးနှက်ခံလိုက်ရသည်။

အကြိမ်ပေါင်းထောင်နှင့်ချီပြီး တိုက်ပွဲများအတွင်းတွင် တစ်ချက်ပင် မတုန်လှုပ်ခဲ့သည့် သူ၏ ဝိညာဉ်မီးတောက်သည် စတင်ပြီး မတည်မငြိမ်ဖြစ်လာသည်။

သဘာဝတရား၏ ဝိညာဉ်အလင်းနက်ရှိုင်းမှုအားလုံး စတင်တုန်လှုပ်လာကြသည်။

ဆန်းလျန်၏ "မြူခိုးကောင်းကင်မှ အရာအားလုံးလွတ်မြောက်ခြင်း" ပညာမှာ တကယ်ပင် မယုံကြည်နိုင်စရာ ကောင်းလှပြီး အံ့သြဖွယ် ၊ ဆန်းကျယ်ထိတ်လန့်ဖွယ်ပင် ဖြစ်သည်။

ဆန်းလျန်သည် လေထုထဲတွင်ရှိနေပြီး မျက်ဝန်းများက တောက်ပလျှက်ရှိသည်။ သူ့ပုံစံက ပျံသန်းနေသည့် ပန်းပွင့်တစ်ပွင့်အလားဖြစ်ပြီး မယုံကြည်နိုင်စရာကောင်းလောက်အောင် ပြီးပြည့်စုံလွန်းလှသည်။

ဆန်းလျန်၏ပုံစံက မြစ်ကမ်းနံဘေးတွင် လမ်းလျှောက်နေ

သည့် ကလေးငယ်အလား ဖြစ်သည်။ သေခြင်းတရားသည်

လည်း ထိုသို့ပင်ဖြစ်သည်ဟု ခံစားရစေသည်။

ဆန်းလျန်၏ပုံစံက နွားရိုင်းစိမ်းကြီးကို တင်းကျပ်စွာဖမ်းကိုင်

ထားသည့် ထိုက်စန့်လောင်ကျွင်းနှင့်လည်း ဆင်တူသည်။

အရှေ့ဘက် လီပေါင်းသုံးသောင်းမှ ခရမ်းရောင်အခိုးအငွေ့များ

ထွက်ပေါ်လာပြီး ရှန့်နွံကိုဖြတ်ကျော်ကာ လမ်းလျှောက်ထွက်

ပေါ်လာသည့်အလား ထင်မှတ်ရသည်။

(လီ里 = တရုတ်အတိုင်းအတာပါ ၊ တစ်လီ = 500 meter -

ဘာသာပြန်သူ)

ရှန့်ထဲတွင် ခြေလှမ်းတိုင်းကို ကြာပန်းများခံထားပေးသည်။

ထို့ကြောင့် သူ၏ ခြေဖဝါးများကို ရွှံ့နွံများပေကျံခြင်း

အလျဥ်းမရှိပေ။

နက်ရှိုင်းသည့် တန်ခိုးစွမ်းအားက အားလော်ဟာယ်ကို ရိုက်ချ လိုက်ပြီး အဆုံးမရှိသော နေရာတစ်ခုဆီသို့ လွင့်ထွက်သွားစေ လေသည်။ သူ သေသည်လား ရှင်သည်လားပင် မသိနိုင်ပေ။

ဆန်းလျန် လက် (၂)ဖက်ကို နောက်သို့ ပစ်လိုက်သည်။ သူ့ကိုကြည့်ရသည်မှာ ပျော်ရွှင်နေဟန် ရှိသည်။ သူ့မျက်ဝန်း များထဲမှ ပျော်ရွှင်မှုက တစ်စုံတစ်ခုကို လှစ်ဖော်ပြသနေသည့် အလား ဖြစ်သည်။

ကောင်းကင်ဘုံနန်းတော်ကြီးထွက်ပေါ်လာပြီး မရေမတွက်နိုင် သည့် အံ့သြဖွယ်ရာ ပန်းပွင့်အစစ်အမှန်များ ကောင်းကင်ထက် မှ ကျဆင်းလာသည်။

မြေကြီးလည်း အက်ကွဲလာပြီး ချိုမြသည့် စမ်းချောင်းလေး များ စီးဆင်းထွက်ပေါ်လာကြသည်။

ဤသည်မှာ ရွှမ်ဟွမ်မိုးနတ်မင်း၏ အောင်ပွဲခံခြင်းနှင့် တိကျန် ဗောဓိသကျ၏ ဝမ်းမြောက်ပျော်ရွှင်ခြင်းပင် ဖြစ်သည်။

သူတို့က ဆန်းလျန်နှင့် ပြိုင်ဘက်များ ဖြစ်ကြသည့်တိုင်

ကံကြမ္မာလမ်းစဉ်ကို အောင်နိုင်ခဲ့သည့်အတွက် အောင်ပွဲခံရန်

ထိုက်တန်သည်ဟု ယူဆခဲ့ကြသည်။

ကံကြမ္မာလမ်းသည် သက်ရှိသတ္တဝါတိုင်း၏ ဘုံရန်သူဖြစ်ပြီး

သက်ရှိသတ္တဝါတိုင်း မှီခိုနေရသည့် အခြေခံအချက်တစ်ချက်

လည်း ဖြစ်သည်။

ကောင်းကင်ထက်မှ ပန်းပွင့်များ ပျောက်ကွယ်သွားပြီး မြေပြင်

ထက်မှ စမ်းချောင်းလေးများလည်း ခမ်းခြောက်သွားကြ

သည်။

ထို့နောက်... ကောင်းကင်ထက်မှ သွေးမိုးများရွာသွန်းလာလေ

တော့သည်။ ထိုအရာက ကံကြမ္မာလမ်း၏ ဝမ်းနည်းဖွယ်

ဖြစ်ရပ်အတွက် မိုးကောင်းကင်မှ ငိုကြွေးခြင်းပင် ဖြစ်သည်။

မရေမတွက်နိုင်သည့် နှစ်ပေါင်းများစွာအတွင်း ကံကြမ္မာ

လမ်းစဉ်ကို စိန်ခေါ်ရဲသူတစ်ယောက် နောက်ဆုံးတော့ ထွက်

ပေါ်လာခဲ့ပြီး အနိုင်ယူနိုင်ခဲ့ပြီ ဖြစ်သည်။

သို့သော်... ဤသည်က အစသာဖြစ်ပြီး အဆုံးသတ်နိုင်ဦးမည်

မဟုတ်ပေ။

သွေးမိုးများ မြက်ခင်းလွင်ပြင်ထက်သို့ ကျဆင်းသွားသည့်

အခါ သက်ရှိသတ္တဝါများ စတင် ညည်းတွားမြည်တမ်းကြ

သည်။

ထိုသက်ရှိသတ္တဝါများအားလုံးသည် မိုးကောင်းကင်လမ်းစဉ်မှ

ငြင်းပယ်ခံရသည့် သတ္တဝါများအဖြစ် ပြောင်းလဲကုန်ကြပြီ

ဖြစ်သည်။ သူတို့သည် လောကအပြင်ဘက်ထွက်နေသည့်

သတ္တဝါများအဖြစ် မည်သည့်အခါမှ သံသရာလည်ကာ လူပြန်

ဝင်စားခွင့် ရကြမည် မဟုတ်ပေ။

ဤသည်က ကောင်းသည့်အချက်လည်းဖြစ်သလို ဆိုးသည့်

အချက်လည်း ဖြစ်သည်။

ကုသို ၊ အကုသိုလ်ဆိုသည့် အကြောင်းအကျိုးတရားများက

ဆန်းလျန်ခန့်မှန်းနိုင်သည့် အရာများ မဟုတ်ပေ။

မိုးနှင့်မြေမှ တန်ခိုးစွမ်းအားများသည် ထိုနယ်မြေဆိုးတွင်

စတင်စုစည်းလာလေသည်။

ထို့နောက်... နတ်ဘုရားများပင် ဖြတ်သန်းသွားလာရဲခြင်းမရှိ

သည့် သဲကန္တာရအတွင်းမှ ယင်စွမ်းအားများနှင့် ပေါင်းစပ်သွား

သည်။

ရှေးယခင်အချိန်များကတည်းက သွေးနီရောင်ပင်လယ်သည်

စကြာဝဠာတစ်ခုလုံးတွင် အညစ်ပေဆုံးပင်လယ်တစ်ခု ဖြစ်

လေသည်။ သို့သော်... ယခုရှုသွန်းသည့် သွေးမိုးနှင့်ယှဉ်လျှင်

သွေးနီရောင်ပင်လယ်ကပင် သိပ်ပြီး မညစ်နွမ်းတော့ပေ။

ကံကြမ္မာလမ်းစဉ်မှ လွတ်မြောက်သွားကြသည့် မြက်ခင်းထက်

မှ သက်ရှိသတ္တဝါများသည် လွတ်မြောက်ခြင်းနှင့်အတူ

ဝမ်းနည်းခြင်းကိုပါ ခံစားကြရသည်။

အဘယ်ကြောင့်ဆိုသော်... မိုးနှင့်မြေမှ သူတို့ကို မနှစ်သက်

ခြင်းကို ခံစားရသောကြောင့် ဖြစ်လေတော့သည်။

အခန်း (၉၃၀) မေးရာပါမိစ္ဆာခန္ဓာ

ဆန်းလျန်က လေထုထဲတွင် မတ်တတ်ရပ်နေပြီး အရာအားလုံး

ကို တိတ်ဆိတ်စွာ ကြည့်နေလေသည်။

ဤနေရာမှ တောင်တန်းများ ၊ မြစ်များ ၊ သစ်ပင်များ အားလုံး သည် ပြင်ပလောကနှင့် အလွန်ပင် ခြားနားသွားခဲ့ပြီ ဖြစ်သည်။ သေးငယ်သည့်သစ်ရွက်လေးသည်ပင် အနီရင့်ရောင်လွှမ်းလျှက်ရှိပြီး ဤသည်မှာ အထီးကျန်ခြင်း ၊ မှောင်မိုက်ခြင်း ၊ မိုးမြေမှ မုန်းတီးခြင်း သင်္ကေတများပင် ဖြစ်သည်။

လောကနိယာမတရားများက ကွဲပြားသွားပြီး ရက်စက်ကြမ်းတမ်းသည့် နေရာတစ်ခု ဖြစ်လာသည်။ ဤသည်မှာ မိုးနှင့်မြေမှ ကောင်းချီးမင်္ဂလာကို ဆုံးရှုံးသွားပြီးသည့်နောက် ဖြစ်ပေါ်လာသည့် ရလဒ်ပင်ဖြစ်သည်။

သို့သော် ဤနေရာတွင် ကံကြမ္မာလမ်းစဉ် မရှိတော့ပေ။ မသိမှုတရားဖြင့်သာ ပြည့်နက်နေသည်။ ထိုသို့ဖြစ်ခြင်းက ကောင်းလည်းကောင်းလာနိုင်သလို ပို၍လည်း ဆိုးသွားနိုင်သည်။

ဟွမ်ချွမ်နတ်ဆိုးစစ်သည်တော်များက အစကတည်းက စည်းကမ်းတင်းကျပ်စွာ လိုက်နာကြသူများဖြစ်ကြသည်။

သို့သော်... သူတို့က ဦးနှောက်မရှိသည့် ရက်စက်တတ်သူများ သာဖြစ်သည်။

အားလော်ဟယ်မရှိသည့်နောက် သူတို့က စစ်ပွဲကို ဆက်လက် တိုက်ခိုက်နေဆဲပင် ဖြစ်သည်။

အားလော်ဟယ် မရှိတော့ပေ။

သို့သော်... စစ်ပွဲက ဆက်ဖြစ်နေဆဲ ဖြစ်သည်။

ကြည့်ရသည်မှာ ထိုသက်ရှိသတ္တဝါများသည် လောက၏စွန့် ပယ်ခြင်းကိုခံရပြီးသည့်နောက် ထိတ်လန့်တုန်လှုပ်စွာဖြင့် လွတ်လပ်မှုကို ယူဆောင်လာကြသူများဖြစ်သည်။

ဤနေရာကို အစပျိုးပေးလိုက်သူက ဆန်းလျန်ပင် ဖြစ်သည်။

ထို့ကြောင့်... ဆန်းလျန် အနည်းငယ် အပြစ်မကင်းသလို ခံစား နေရသည်။

ကံကြမ္မာလမ်းစဉ်ကို ဖျက်စီးလိုက်ပြီးသည့်နောက်...

ရလာသည့် ရလဒ်က ယခုလိုမျိုးတဲ့လား။

မထိန်းချုပ်နိုင်သည့် လွတ်လပ်မှုတဲ့လား။

ဆန်းလျန်အနေဖြင့် ဤကဲ့သို့သော ရလဒ်မျိုး ထွက်ပေါ်လာမည်ကို အစကတည်းကပင် မျှော်လင့်ထားခဲ့မိသည် မဟုတ်ပါလား။

ဆန်းလျန်မှာ အတွေးလွန်နေလေရာ ကလေးငိုသံတစ်သံ ထွက်ပေါ်လာသည့်အတွက် အသိပြန်ဝင်လာသည်။

ဤနေရာက စစ်မြေပြင်တစ်ခု ဖြစ်လေသည်။

နတ်ဆိုးတစ်ဝက် ၊ လူသားတစ်ဝက်မျိုးနွယ် မိန်းကလေးတစ်ယောက်က ကလေးတစ်ယောက်ကို မွေးဖွားလိုက်ခြင်း ဖြစ်လေသည်။

မိခင်ဖြစ်သူက အင်အားမရှိတော့သည့်တိုင် ကလေးငယ်ကိုတော့ ပင်ကိုယ်အသိစိတ်ဖြင့် စစ်ပွဲကြီးမှ ကာကွယ်ပေးလိုစိတ်ရှိနေဆဲ ဖြစ်သည်။

မိခင်ဖြစ်သူ၏ ကာကွယ်ပေးမှုက ကျယ်ပြန့်သည့်ပင်လယ်ထဲ

တွင် ရွက်လှေငယ်လေးအလား ဖြစ်လေသည်။ မည်သည့်

အချိန်တွင် လှေငယ်လေးတိမ်းမှောက်ကာ ပင်လယ်ပြင်ထဲ

နစ်မြုပ်သွားမည်ကို မည်သူမှ မသိရှိနိုင်ပေ။

စစ်မြေပြင်ထဲသို့ ဆန်းလျန် ဆင်းသက်လာလေသည်။

အနီရောင်မျက်ဝန်းများနှင့်လူများ ၊ နတ်ဆိုးများနှင့် အခြား

အမည်မဖော်နိုင်သော မည်သည့်သက်ရှိသတ္တဝါမဆို ဆန်းလျန်

အနားသို့ မကပ်နိုင်ကြပေ။

နောက်ဆုံး ဆန်းလျန်သည် ကလေးငယ်ရှေ့သို့ ရောက်ရှိလာ

သည်။

ကလေးငယ်က မိန်းကလေး ဖြစ်လေ၏။

သို့သော်... သာမန်လူသားမိန်းကလေးများနှင့်မတူညီပေ။

သူမ၏ခန္ဓာကိုယ်ကို ထူးဆန်းသည့် အနီရင့်ရောင်သွေးကြော

များဖြင့် ဖုံးလွှမ်းနေပြီး အလွန်မှ ကြောက်စရာကောင်းလွန်းလှသည်။

ဆန်းလျန်ကတော့ ကြောက်တတ်သူတစ်ယောက် မဟုတ်ပေ။ ကလေးက မွေးကင်းစသာ ရှိသေးပြီး အန္တရယ်မပြုနိုင်သည်ကို သူသိလေသည်။

သူမ၏ခန္ဓာကိုယ်အတွင်းရှိ မူလစွမ်းအားများသည် သဘာဝပတ်ဝန်းကျင်၏ ညစ်ညမ်းသည့် သက်ရောက်မှုများကြောင့် ပုံမှန်မဟုတ်ဘဲ ထိုသို့ ပြောင်းလဲသွားရခြင်း ဖြစ်သည်။

ထိုအနီရင့်ရောင်သွေးကြောများသည် သဘာဝတရားမှ ရေးထွင်းပေးထားသည့် ပန်းပုလက်ရာအလား ဖြစ်သည်။

အချို့တာအိုကျင့်ကြံသူများတွင် မွေးရာပါ တာအိုခန္ဓာရှိကြသကဲ့သို့ ဤမိန်းကလေးငယ်ကတော့ မွေးရာပါ မိစ္ဆာခန္ဓာပိုင်ဆိုင်သူဟု ဆိုနိုင်သည်။

သို့သော်... သူမက ကလေးငယ်တစ်ယောက်မျှသာ ဖြစ်လေသည်။ သူမ၏မိခင်မှာ အားအင်ကုန်ခန်းနေပြီး ဆန်းလျန်ကို အသနားခံသည့်မျက်ဝန်းများဖြင့် နောက်ဆုံးအကြိမ်အဖြစ် ကြည့်လိုက်သည်။

သူမကိုကြည့်ရသည်မှာ ကြီးမြတ်သည့်နတ်ဘုရားတစ်ပါးက သူမ၏သမီးငယ်ကို ကယ်တင်ပေးပါရန် ၊ သူမ၏ သွေးသားရင်းချာသမီးငယ်ကို ဤလောကမှ ကယ်တင်ပါရန် တောင်းပန်နေသည့်အလား ဖြစ်သည်။

ဆန်းလျန်က ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ မိခင်ဖြစ်သူသည် နောက်ဆုံးထွက်သက်ကို ရှူထုတ်လိုက်ပြီး အသက်ပျောက်သွားလေတော့သည်။ သူမအနေဖြင့် မိုးနှင့်မြေ၏ စွန့်ပစ်ခြင်းကိုခံခဲ့ရသူဖြစ်သည့်အတွက် လူပြန်ဝင်စားနိုင်မည် မဟုတ်တော့ပေ။

ဤဒေသမှ သတ္တဝါများသည် အခြားသောနေရာဒေသမှ

သတ္တဝါများ၏ မနာလိုခြင်းကို ခံကြရလေသည်။

အဘယ်ကြောင့် ဆိုသော် သူတို့က မသေနိုင်ကြသည့်အတွက်

ဖြစ်သည်။

သို့သော်... ပြန်ပေးဆပ်ရမည့်တန်ဖိုးက လူပြန်ဝင်စားနိုင်ခြင်း

မရှိခြင်းပင်ဖြစ်သည်။ ထိုအချက်ကို များစွာသောသက်ရှိ

သတ္တဝါများက လက်ခံနိုင်စွမ်း ရှိကြမည် မဟုတ်ပေ။

ဆန်းလျန်ထံမှ တာအိုစကားသံ ထွက်ပေါ်လာလေသည်။

"ဒီနတ်ဆိုးနယ်မြေမှာ မင်းဆက်လက်ရှင်သန်နိုင်ပါတယ် ၊ ဒီ

နတ်ဆိုးနယ်မြေက ထွက်ခွာသွားမယ်ဆိုရင်တော့ မင်း အန္တရယ်

ကြုံရနိုင်တယ်..."

နောက်တော့ ဆန်းလျန် မည်သည့်စကားမှ မဆိုတော့ပေ။

ဆန်းလျန်က ကယ်တင်ရှင်မဟုတ်ပါ။ သူတတ်နိုင်သည့်အရာ

ကိုသာ လုပ်ပေးခြင်း ဖြစ်သည်။

ဤနတ်ဆိုးနယ်မြေသည် ယွမ်ကျိုးနယ်၏ အစိတ်အပိုင်းသေး

သေးလေးတွင်သာ တည်ရှိခြင်းဖြစ်သော်လည်း အခြားဒေသမှ

လူသားများ ၊ နတ်ဘုရားများအားလုံး ကြောက်ရွံ့ကြရသည့်

နယ်မြေတစ်ခု ယနေ့မှစပြီး ဖြစ်လာခဲ့ပြီ ဖြစ်သည်။

ဆန်းလျန်က ဤနယ်မြေတွင် အထိမ်းအမှတ်ကျောက်တိုင်တစ်

ခု စိုက်ထူခဲ့သည်။

ကျောက်တိုင်ထက်တွင် မည်သည့်ကဗျည်းစာလုံးမှ ရေးသား

ထားခြင်း မရှိပေ။ သို့သော်... သမိုင်းတွင်ရစ်မည် ဖြစ်လေ

သည်။

တစ်စုံတစ်ယောက်က ထိုကျောက်တိုင်စိုက်ထူရသည့်

အကြောင်းရင်းကို သိရှိနားလည်သွားပါက သူ၏ကံကြမ္မာကို

ဆန့်ကျင်နိုင်ပြီး ကြီးမြတ်သူတစ်ယောက် ဖြစ်လာပေလိမ့်မည်။

သမိုင်းဆိုသည်က တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားမည်ဖြစ်သည့်တိုင် လူသားတိုင်း၏နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းရှိသည်။

ထို့ကြောင့်... နောက်ပိုင်းတွင် ပြင်ပလောကမှ လူများသည် ဤနယ်မြေသို့ အဆက်မပြတ်ရောက်ရှိလာကြပြီး အထိမ်းအမှတ်ကျောက်တိုင်၏ ထူးဆန်းအံ့သြဖွယ်ရာကောင်းမှုကို လာရောက်ရှာဖွေကာ နားလည်နိုင်ရန် ကြိုးစားကြသည်။

မလွှဲမရှောင်သာ သွေးထက်သံယိုတိုက်ပွဲများဖြစ်ခဲ့ရသည့်တိုင် ဤအထိမ်းအမှတ်ကျောက်တိုင်သည် ဇာတ်လမ်းတစ်ပုဒ်အလား ရာဇဝင်တွင် ကျန်ရစ်ခဲ့ရမည် ဖြစ်လေသည်။

***

ပီလျှဲ့သည် ကလေးထိန်းသည့်အလုပ်ကို လုပ်ရလိမ့်မည်ဟု တစ်ခါမှ တွေးမထားခဲ့ဖူးပေ။

သို့သော်... သူ့ရှေ့တွင်ရပ်နေသည့်ဆန်းလျန်ကိုတွေ့လိုက်ရသည့်အခါ မငြင်းဆန်နိုင်ခဲ့ပေ။ သူက ဂုဏ်သိက္ခာရှိသည့် အ

မှောင်နတ်ဆိုးတစ်ယောက်ဖြစ်ပြီး ဆန်းလျန်က သူ့ကို သေရည်

အတူသောက်ရန် ဖိတ်ကြားခဲ့သည်။

သူ ဆန်းလျန်နှင့်အတူ သေရည်သောက်ရန် တစ်ခါမှ စိတ်မကူး

ခဲ့ပေ။

သို့သော်... ထိုနေ့က အားလော်ဟယ် ရှုံးနိမ့်သွားသည်ကို ပြန်

တွေးမိသည့်အခါ အခြေအနေများကို ကောင်းစွာနားလည်ခဲ့ပြီး

ဆန်းလျန်ကို ကလန်ကဆန်မလုပ်ရန် တွေးလိုက်မိသည်။

အမြင့်ဆုံးသောနတ်ဘုရားများကို သွားပြီး ရန်မစသင့်ပေ။

ရုတ်တရက် ဆန်းလျန်က ပြောလိုက်လေသည်။

"အမှန်တော့ မင်း ကျုပ်နဲ့ ဝေးဝေးကို ပြေးချင်နေတာမလား ၊

ဒါပေမဲ့ အခွင့်အရေးမရှိနိုင်ဘူးနော်..."

ပီလျဲ့က...

"လူကြီးမင်း ၊ ကျွန်တော် ထွက်ပြေးဖို့ မစဉ်းစားရဲပါဘူး ၊ ကျွန်

တော့်ကို အထင်မလွဲပါနဲ့..."

ပီလျဲ့က ဆန်းလျှန်ခါးတွင်ချိတ်ထားသည့် ခေါင်းလောင်းငယ်ကို တစ်ချက်ခိုးကြည့်လိုက်သည်။

ထိုခေါင်းလောင်းငယ်က ဒဏ္ဍာရီထဲမှ မိုးကောင်းကင်တံခါးပင်ဖြစ်လေသည်။

သူ၏ပြင်းထန်သည့် စိတ်စွမ်းအားက ခေါင်းလောင်းငယ်အတွင်းမှ နက်ရှိုင်းပြင်းထန်သည့် တန်ခိုးစွမ်းအားများကို ခံစားနိုင်ခဲ့သည်။

ထိုသို့သော ရတနာပစ္စည်းမျိုးက လောကတွင် နောက်ထပ် (၂)မျိုးသာရှိသည်ဟု ဆိုကြသည်။ အချိန်နှင့်နေရာတွင် ကြောက်မက်ဖွယ်ရာအကောင်းဆုံး ရတနာပစ္စည်းများ ဖြစ်ကြသည်။

"ဦးလေး.... ကျွန်မကိုယ်တိုင်လမ်းလျှောက်ချင်တယ်..."

ရုတ်တရက် ပီလျဲ့ချီထားသည့် ကလေးမလေးက စကားပြောလိုက်ခြင်း ဖြစ်သည်။

ကလေးငယ်က ဆန်းလျန်ကိုကြည့်ကာ စကားလှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ဆန်းလျန်က...

"မင်း ဘယ်တုန်းက စကားပြောတတ်နေတာလဲ..."

ကလေးမလေးက...

"မွေးကတည်းကပြောတတ်တာ..."

ပီလျဲ့က...

"ဒီမိစ္ဆာသေးသေးလေးက စကားပြောနိုင်မယ်လို့ ထင်မထားဘူး ၊ အဲဒီလိုမှန်းသိရင် စောစောက သူ့ရှေ့မှာ ကျုပ် စကားတွေပြောမနေပါဘူး..."

သာမန်လူများဆိုလျှင်တော့ မွေးကင်းစကလေးငယ်လေးက စကားပြောတတ်သည့်အတွက် ထူးဆန်းနေကြပေလိမ့်မည်။

သို့သော်... ပီလျဲ့ကတော့ သာမန်လူတစ်ယောက်မဟုတ်ပေ။

ဆန်းလျန်နှင့်ယှဉ်လျှင်သာ နိမ့်ကျသွားသော်လည်း အခြား သူများနှင့်ဆိုလျှင် သူက ကြောက်မက်ဖွယ်ရာ နတ်ဆိုးတစ်ပါး ပင်ဖြစ်လေသည်။

ဆန်းလျန်က...

"ဒါဖြင့် သူ့ကို အောက်ချလိုက်ပြီး လမ်းလျှောက်ခိုင်းလိုက်..."

ကလေးမလေးက ပထမဆုံးအကြိမ် လမ်းလျှောက်ဖူးခြင်း ဖြစ်သည်။

သို့သော်... ပထမဆုံးခြေလှမ်း တစ်လှမ်းနှစ်လှမ်းခန့်သာ ယိုင်နဲ့ သွားပြီး နောက်ပိုင်းတွင်ပုံမှန်အတိုင်း ချောမွေ့စွာ လမ်းလျှောက်နိုင်သွားသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် သူမသည် သင်ယူမှုမြင့်မား သည့် အရည်အချင်းရှိသူတစ်ဦးဖြစ်ပြီး ဝိညာဉ်စွမ်းအားလည်း ကောင်းမွန်ကြောင်း သိရှိနိုင်သည်။

သူမ၏မွေးဆံပင်လေးများက ပါးလျသော်လည်း မျက်ဝန်း

များကတော့ နက်ရှိုင်းလေသည်။ သူမခန္ဓာကိုယ်ပေါ်မှ အနီ

ရောင်သွေးကြောလိုင်းများသာမရှိလျှင် အလွန်ပင် ချောမော

လှပသူလေး ဖြစ်ပေလိမ့်မည်။

သို့သော်... ဆန်းလျန်၏မျက်လုံးထဲတွင်တော့ ထိုအနီရောင်

သွေးကြောလိုင်းများက ကြောက်မက်ဖွယ်မကောင်းပေ။ ထို

အနီရောင်သွေးကြောများအတွင်းတွင် မိုးနှင့်မြေမှ အသက်

ဓာတ်စွမ်းအားများ စီးဆင်းနေလေသည်။ ထိုစီးဆင်းနေသည့်

အသက်ဓာတ်စွမ်းအားများသည် အသန့်စင်ဆုံးသော

အသွေးအသားစွမ်းအားများပင် ဖြစ်သည်။

ထိုသွေးကြောများက သူမကို တစ်နေ့တခြား သန်မာပြီးတန်ခိုး

စွမ်းအားမြင့်မားလာစေပေလိမ့်မည်။

"သဘာဝတရားရဲ့လက်ဆောင်ပဲ..."

ဆန်းလျှန် အကြောင်းမရှိပါပဲ ထိုစကားလုံးများကို စိတ်ထဲမှ တွေးလိုက်မိသည်။

သူမ တာအိုကျင့်စဉ်များကို မသင်ယူခဲ့လျှင်တောင်မှ သူမ ကြီးပြင်းလာသည့်အခါ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအား မြင့်မားလာပေလိမ့်မည်။

ထို့ပြင် သူမတွင် နောက်ထပ်ထူးခြားချက်တစ်ခုရှိသေးသည်။ သူမတွင် ကံတရားမရှိပေ။ ထို့ကြောင့် အနာဂတ်တွင် သူမ မည်သို့ဖြစ်လာမည်ကိုမည်သူမှ ခန့်မှန်းနိုင်မည် မဟုတ်ပေ။

ကလေးမလေးက ဆန်းလျှန်ရှေ့သို့ ရောက်လာပြီး ရပ်တန့်လိုက်သည်။

သူမက ခေါင်းကိုမော့လိုက်ပြီး ဆန်းလျှန်ကို စပ်စုလိုစိတ်ဖြင့် ကြည့်လိုက်သည်။

သူမ၏မျက်ဝန်းများက အကြောက်တရားကင်းမဲ့ပြီး သဘာဝကျကျ စင်ကြယ်လေသည်။

ဆန်းလျန်က...

"မင်းကို လူတစ်ယောက်နဲ့တွေ့ဖို့ ခေါ်သွားမယ်၊ သူက မင်းကို မေးစားချင်တယ်ဆိုရင် မင်း သူ့နောက်ကိုသာလိုက်ပေတော့၊ သူက မမေးစားချင်ဘူးဆိုရင်တော့ မင်းရဲ့မွေးရပ်မြေကို ပြန်ရလိမ့်မယ်၊ အဲဒီအချိန်ကျရင် ကျုပ်က မင်းကို ကျင့်စဉ် (၂)ခု သင်ပြပေးမယ်..."

ကလေးမလေးက ဆန်းလျန်ကို စကားပြန်ပြောခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော်... သူမ၏အနာဂတ်နှင့်ပတ်သက်ပြီး ကလေးမလေးက သိပ်ပြီးတွေးတောထားခြင်း မရှိသည့်အတွက် ဖြစ်သည်။

သဘာဝအတိုင်းဖြစ်တည်လာသည့် နတ်ဘုရားများ၊ နတ်ဆိုးများသည် ထူးခြားသည့်အသိပညာကို ကိုယ်တိုင်တည်ဆောက်တတ်ကြစမြဲပင် ဖြစ်လေသည်။

ပီလျဲ့က ပြုံးလိုက်ရင်း...

"ရဲ့လျိုယွင် သူ့ကို မမွေးစားပါစေနဲ့လို့ပဲ ဆုတောင်းပါတယ်..."

ဆန်းလျန်က သူ့ကို ပေါ့ပေါ့ပါးပါးပင် လှမ်းကြည့်လိုက်သည်။

အမှောင်မိစ္ဆာနတ်ဆိုး၏ ယုတ်ညံ့မှုများက အရိုးထဲထိ ပြည့်နက်နေတော့သည်။

ရဲ့လျိုယွင် ကလေးငယ်ကို မမွေးစားသည့်အတွက် သူမသာ ဤနယ်မြေသို့ ပြန်ရောက်လာပါက အနာဂတ်တွင် စွမ်းအားအမြင့်မားဆုံး နတ်ဆိုးတစ်ယောက်ဖြစ်လာပြီး အောင်မြင်မှုများလည်း ရရှိပေလိမ့်မည်။

ထိုသို့ဖြစ်လာပါကလည်း ဆန်းလျန်က တားဆီးစရာအကြောင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော်... သူက ထိုသို့သော လုပ်ရပ်များကို မလုပ်တတ်သောကြောင့် ဖြစ်သည်။

အထီးကျန်ခြင်းဟု ဆိုကြရာဝယ် ရွေးခြယ်စရာသာရှိမည်ဆိုလျှင်တောင်မှ သူသည် ယနေ့ဖြစ်တည်လာသည့် ဆန်းလျန်အဖြစ် တည်ရှိနေဦးမည်သာ ဖြစ်သည်။

***

ချင်တိဧကေရာဇ်ဘဝက မှတ်ဉာဏ်များကို ရဲ့လျိုယွင် ပြန်လည်မှတ်မိနေခဲ့ပြီ ဖြစ်သည်။

ချင်တိဧကေရာဇ်သည်လည်း လူပြန်ဝင်စားခြင်းလမ်းစဉ် (၆)ခု၏ အစိတ်အပိုင်းဖြစ်လေရာ ဝိညာဉ်မြစ်ရေများ များစွာ လျော့နည်းသွားသည်ကို ခံစားမိလေသည်။

တိကျန်ဗောဓိသကျကို ရဲ့လျိုယွင် စိုက်ကြည့်နေသည်။ သူ့မျက်ဝန်းများက စိတ်ရှုတ်ထွေးမှုများဖြင့် ပြည့်နက်နေ၏။

တိကျန်ဗောဓိသကျ၏ ဇွဲနှင့် ဆုံးဖြတ်ချက်ခိုင်မာမှုကတော့ မယုံကြည်နိုင်စရာကောင်းလှသည်ဟု ရဲ့လျိုယွင် တွေးနေမိလေတော့သည်။

အခန်း (၉၃၁) ချိ (စွန့်ပစ်ခံရသူ)

"ဝိညာဉ်မြစ်ဟာ သေခြင်းနဲ့ရှင်သန်ခြင်းတရားကို သယ်ဆောင်ထားတယ်၊ လောကမှာ သေခြင်းနဲ့ရှင်ခြင်းရှိနေတာဟာ ဝိညာဉ်မြစ်ကြောင့်ပဲ၊ ဆရာတော် ဒီလိုမျိုး နှစ်ပေါင်းတစ်သောင်း၊ နှစ်ပေါင်းတစ်သိန်း၊ နှစ်ပေါင်းအသင်္ချေ ကြိုးစားနေလည်း ဝိညာဉ်မြစ်ကို ခမ်းခြောက်သွားအောင်လုပ်နိုင်မယ့်နည်းလမ်း မရှိပါဘူး..."

ဝါးရုံတောမှ ဝါးရွက်များရိုက်ခတ်သံနှင့်အတူ တီးတိုးစကားသံတစ်သံ ထွက်ပေါ်လာသည်။

ထိုအသံသည် ကြည်လင်သည့် ခေါင်းလောင်းမြည်သံကဲ့သို့ပင် သာယာလှသည်။

ရဲ့လျိုယွင် အသံလာရာသို့ အာရုံစိုက်ကြည့်လိုက်သည်။

ထိုအခါ... ဆန်းလျန် ၊ ပီလျဲ့နှင့် ကလေးမလေးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ကလေးမလေးက ပိန်ပိန်ပါးပါးသေးသေးလေးဖြစ်ပြီး ယခုမှ မွေးဖွားပြီးကာစ ဖွံ့ဖြိုးဆဲအရွယ်လေး ဖြစ်သည်။ သို့သော်... သူမသည် ဓားတစ်လက်အလား တည့်မတ်စွာ မတ်တတ်ရပ်လျှက် ရှိသည်။

တိကျန်ဗောဓိသကျာက သူတို့ကိုအရေးမစိုက်ပေ။ သူ၏သမာဓိကို အပျက်စီးမခံဘဲ ဝိညာဉ်မြစ်ရေများကိုသာ အဆက်မပြတ် စုပ်ယူနေသည်။

စကြာဝဠာတစ်ခုလုံးအဆုံးသတ်သွားလျှင်တောင် ပြောင်းလဲမည်မဟုတ်သည့် သူ၏ ဆုံးဖြတ်ချက်ခိုင်မာမှုကို ပြသလျှက် ရှိသည်။ ထို့ပြင် သူက သေခြင်းရှင်ခြင်းဒုက္ခများကို ခံစားနေကြရသည့် လောကတစ်ခုလုံးကို လူတစ်ယောက်တည်း၏ တန်ခိုးစွမ်းအားဖြင့် ကယ်တင်လိုခြင်းလည်း ဖြစ်သည်။

တိကျန်ဗောဓိသကျက လုပ်ပါမည်ဟု ကျိန်ဆိုသစ္စာပြုထား

ခြင်းမရှိသော်လည်း မည်သူမှ နားမလည်နိုင်သည့် လုပ်ရပ်ကြီး

တစ်ခုကို ယခု ပြုလုပ်လျှက် ရှိသည်။

ဆန်းလျန်ကတော့ တိကျန်ဗောဓိသကျထံတွင် မယုံကြည်နိုင်

စရာကောင်းလောက်သည့် သည်းခံခြင်းတရားကို တွေ့မြင်

လိုက်ရသည်။ သူသာဆိုလျှင် ဆက်မလုပ်တော့ဘဲ ကိုယ့်လမ်း

ကိုယ် လျှောက်မည် ဖြစ်သည်။

ထိုအချိန်... ရဲ့လျိုယွင်က သူတို့ (၃)ယောက်ရှေ့သို့ ချက်ချင်း

ပင် ရောက်ရှိလာသည်။

သူက ကလေးမလေးကိုကြည့်လိုက်ပြီးနောက် ဆန်းလျန်ကို

နက်ရှိုင်းသည့်အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်ရင်း...

"မင်းလာမယ်ဆိုတာ ကျုပ်သိသားပဲ ၊ ဒါပေမဲ့ ဒီလိုမိစ္ဆာလေး

ခေါ်လာမယ်လို့တော့ ထင်မထားမိဘူး..."

မိန်းကလေးမှာ ကြီးထွားမှုမြန်ဆန်လှပြီး ချက်ချင်းပင် အသက်

(၂)နှစ် (၃)နှစ်အရွယ် ကလေးမလေးတစ်ယောက် ဖြစ်နေပြီ

ဖြစ်သည်။

"ကျွန်မက မိစ္ဆာလေးမဟုတ်ဘူး ၊ ကျွန်မမှာ နာမည်ရှိတယ်..."

ရဲ့လျှိုယွင်က ရယ်မောလိုက်ရင်း...

"ဟုတ်လား... ဒါဖြင့် မင်းနာမည် ဘယ်လိုခေါ်လဲ..."

"ဦးလေးကပြောတယ် ၊ ကျွန်မက မိုးနဲ့မြေက မလိုချင်တဲ့လူ

တစ်ယောက်ဖြစ်လို့ ကျွန်မနာမည်က 'ချိ' တဲ့..."

("ချိ" ဆိုသည်မှာ = စွန့်ပစ်ခံရသူ ဟု အဓိပ္ပါယ်ရပါသည် -

ဘာသာပြန်သူ)

ကလေးမလေးက ထိုစကားကို အလေးအနက် ပြောနေခြင်း

ဖြစ်သည်။

ဆန်းလျန်က...

"ဘယ်လိုလဲ ၊ ဒီကလေးက စိတ်ဝင်စားစရာ မကောင်းဘူးလား ၊ မင်း သူ့ကို မွေးစားနိုင်မလား..."

ရဲ့လျိုယွင်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဒီကလေးက ရှေးဟောင်းတာအိုလမ်းစဉ်ကို ဆန့်ကျင်တဲ့သူဆိုတာ သူ့နဖူးထက်မှာဖော်ပြနေတယ် ၊ သူ့နဖူးက မျဉ်း (၃)ကြောင်းကို ကြည့်လိုက်ရင် ပထမတစ်ကြောင်းက ဆိတ်သတ္တဝါ ၊ ဒုတိယတစ်ကြောင်းက ရေ ၊ တတိယတစ်ကြောင်းမှာ ပုန်ကန်မှုကို ဖော်ပြတယ် ၊ အလယ်က ဖြတ်သွားတဲ့မျဉ်းကြောင်းကတော့ စုတ်တံပဲ ၊ အောက်ပိုင်းမျက်နှာဘက်ကို ခွဲထွက်သွားတဲ့ မျဉ်း(၂)ကြောင်းက လက်နှစ်ဖက် ဖြစ်တယ် ၊ ဒါတွေအားလုံးကို ပေါင်းလိုက်ရင်... ကံမကောင်းတဲ့ကလေး ၊ စွန့်ပစ်ခံရတဲ့ကလေးလို့ အဓိပ္ပါယ်ရတယ် ၊ ဒါကြောင့် ဒီလိုမိစ္ဆာလေးကို ကျုပ်ကတော့ မမွေးစားနိုင်ဘူး..."

ဆန်းလျန်က အနည်းငယ်နောင်တရသွားသည့်ဟန်ဖြင့်...

"သူက မင်းကို မမွေးစားဘူးဆိုတော့ မင်းရဲ့မွေးရပ်မြေကိုပဲ ပြန်သွားရလိမ့်မယ်ကွာ..."

ကလေးမလေးက လက်ချောင်းလေးများကို ကိုက်နေပြီး မည်သည့်စကားမှ မပြောဘဲ ရဲ့လျိုယွင်ကို ငေးကြည့်နေလေသည်။

ပြီးမှ သူမက ဆန်းလျန်ကို လှည့်ကြည့်လိုက်ပြီး...

"ဒါပေမဲ့ ဦးလေးလည်း ကျွန်မကို ကျင့်စဉ်တွေသင်ပေးမယ်လို့ ကတိပေးထားတယ်လေ..."

ဆန်းလျန်က လက်ကာပြလိုက်ပြီး...

"ကျုပ် ပေးထားတဲ့ကတိကို ဘယ်တော့မှ ဖျက်မှာ မဟုတ်ပါဘူး..."

ကလေးမလေးက မည်သည့်စကားမှ မပြောတော့ပေ။

သူမရင်ထဲတွင် တစ်စုံတစ်ခုကို ခံစားနေရပြီး ထိုခံစားချက်မှာ ဝမ်းနည်းနာကျင်ခြင်းဖြစ်သည်ကို နောက်ပိုင်းကျမှ သူမ သဘောပေါက်ခဲ့ရသည်။

ခံစားချက် (၇)ပါးနှင့် ဆန္ဒ (၆)သွယ်ကို သူမ နားလည်ခဲ့ပြီး

သည့်နောက် ထိုအရာများ၏ လွှမ်းမိုးမှုကို မည်သည့်အခါမှ မခံ

ရစေရန် သူမ သစ္စာဆိုခဲ့လေသည်။

ပီလျဲ့က နှစ်သိမ့်သလိုဖြင့် ကလေးမလေး၏ ပခုံးကိုအသာ

ပုတ်လိုက်သည်။ သူက ထိုသို့ဖြစ်လာမည်ဟု ကြိုတင်

မျှော်လင့်ထားပြီးသား ဖြစ်သည်။ သို့သော်… သူ၏မျက်လုံး

များတွင် အနည်းငယ်ပျော်ရွှင်သည့် အရိပ်အယောင်များ

ယှက်သန်းနေသည်။

သူကတော့ ဤလောကတွင် ကောင်းမွန်သည့်ဘဝတစ်ခုဖြင့်

နေထိုင်ရန် သစ္စာဆိုလိုက်လေသည်။

သို့သော်… သူက လောကကြီး လှိုင်းလေထန်ပြီး မငြိမ်းချမ်း

ခြင်းကို နှစ်သက်သူ ဖြစ်သည်။ လောကကြီး အစဉ်အမြဲ

ငြိမ်းချမ်းနေပါက အသက်ရှင်နေထိုင်ရသည်မှာ အရသာမရှိ

ဘူး မဟုတ်ပါလား။

ပီလျို့ စိတ်ထဲက ရေရွတ်လိုက်သည်။

"ချိ ရေ... မင်း မြန်မြန်ကြီးပြင်းလာပြီး လောကကြီးတစ်ခုလုံး ကို မွှေနှောက်ပစ်လိုက်စမ်းပါ..."

ရဲ့လျိုယွင်က...

"ကျုပ်ကို မိုးကောင်းကင်တံခါးပေးခဲ့ ၊ ပြီးရင် မင်းပြန်လို့ရ ပြီ..."

ဆန်းလျန်က ပြုံးလိုက်ပြီး ခါးတွင်ချိတ်ဆွဲထားသည့် ခေါင်းလောင်းငယ်လေးကို ရဲ့လျိုယွင်ထံသို့ ပေးလိုက်သည်။

ပီလျို့၏ မျက်ဝန်းများကတော့ မီးဝင်းဝင်းတောက်လျှက် ရှိ လေသည်။

ထိုခေါင်းလောင်းငယ်လေးကို ရမည်ဆိုပါက လောကတစ်ခုလုံး မှ အမြင့်ဆုံးသောနတ်ဘုရားကိုပင် နိုင်အောင် တိုက်ခိုက်နိုင် မည်ဟု သူ ကျိန်ဆိုဝံ့ပါသည်။

ယခု ဆန်းလျန်က ရဲ့လျိုယွင်ကို ထိုခေါင်းလောင်းငယ်လေးကို ပေးလိုက်သည့်အခါ သူ မနာလိုအားကျခြင်းကို ခံစားလိုက်ရပြီး မုန်းတီးစိတ်များပင် ဖြစ်ပေါ်လာမိသည်။

သို့သော်... ဆန်းလျန်ရှေ့တွင်ဖြစ်သည့်အတွက် ရင်ထဲမှ စိတ်ထားကို ထုတ်ဖော်ပြသရဲခြင်း မရှိပါချေ။

ရဲ့လျိုယွင်ကလည်း အနည်းငယ် အံ့အားသင့်သွားပြီး...

"မင်းက တကယ်ပဲ ကျုပ်ကို ပေးတာလား ၊ မင်းသိရဲ့လား... ၊ မိုးကောင်းကင်တံခါးသာ ကျုပ်လက်ထဲမှာ ရှိနေရင် တန်ခိုးစွမ်းအား ၆၀ ရာခိုင်နှုန်း ၊ ၇၀ ရာခိုင်နှုန်းလောက်ကို ကျုပ်အသုံးပြုနိုင်မှာ ၊ အဲဒါ မင်းကို ကောင်းကောင်း ဒုက္ခပေးနိုင်တယ်လေ..."

ဆန်းလျန်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ကျုပ်က ဘယ်တုန်းကမှ အခက်အခဲတွေကို မကြောက်ခဲ့ဘူး..."

ရဲ့လျိုယွင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဆန်းလျန်သည် အခက်အခဲ ဒုက္ခများကို နှစ်သက်သူတစ်ယောက် မဟုတ်လင့်ကစား အခက်အခဲဒုက္ခများကို ကြောက်ရွံ့တတ်သူတစ်ယောက်လည်း မဟုတ်ပေ။ ယနေ့အချိန် သူရရှိခဲ့သည့် အောင်မြင်မှုများသည် အလကားသက်သက်ရခဲ့သည့် အရာများ မဟုတ်သည်ကိုကြည့်ပြီး သိရှိနိုင်သည်။

ရဲ့လျိုယွင်က...

"ကျုပ် မင်းကိုပေးထားတဲ့ ကတိတွေကို ချင်တိဧကရာဇ်နာမည်နဲ့ ပြုလုပ်ပေးပါ့မယ်.."

ဆန်းလျန်က လေသံခပ်အေးအေးဖြင့်...

"မိုးကောင်းကင်တံခါး ၊ ဖန်ကူအလံနဲ့ ထိုက်ချိယင်ယန်ပန်းချီကားတွေရဲ့ တန်ခိုးစွမ်းအားတွေကို တွေ့မြင်ရဖို့ ကျုပ်စောင့်နေခဲ့တာ ကြာလှပါပြီဗျာ..."

ဆန်းလျန် ဗောဓိပင်ရှိရာသို့သွားရောက်သည့်အချိန်တွင် ရှမ်တု တောက်ကျွင်းနှင့် တာအိုဆရာယွိတင်က မနှောက်ယှက်နိုင်အောင် ရဲ့လျိုယွင်က တားဆီးပေးမည်ဟု ကတိပေးထားခဲ့ဖူးသည် မဟုတ်ပါလား။

ထို့ကြောင့် ဆန်းလျန်က ထိုစကားကို ပြောလိုက်ခြင်းဖြစ်သည်။

ထိုအချိန်တုန်းက... ဆန်းလျန်က တိကျန်ဗောဓိသကျအကြောင်းကို မပြောခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်... တိကျန်ဗောဓိသကျက ယနေ့ဖြစ်လာမည့်အကြောင်းအရာများကို ကြိုတင်သိမြင်နေမည်ဟု ယူဆခဲ့သောကြောင့် ဖြစ်သည်။

ရဲ့လျိုယွင် ဆန်းလျန်ကိုပိုပြီး နားမလည်နိုင်ဖြစ်လာသည်။

ဆန်းလျန်၏ အချုပ်အနှောင်မရှိ၊ လွတ်လပ်ပေါ့ပါးသည့် ပုံစံက တာအိုဆရာသခင်ထိုက်ယီကို သတိမရဘဲ မနေနိုင်ပေ။

ဆန်းလျန် လျှင်မြန်ပေါ့ပါးစွာပင် ထွက်ခွာသွားသည်။ ပီလျဲ့က ဆန်းလျန်နောက်သို့ လိုက်သွားရန် အချိန်မီသော်လည်း မလိုက်ဘဲ တမင်တကာနေရစ်ခဲ့သည်။

ဆန်းလျန်အဝေးသို့ ရောက်ရှိသွားမှ ရဲ့လျိုယွင်က ပီလျဲ့ကို အေးစက်သည့်လေသံဖြင့် စကားပြောလိုက်သည်။

"ကျုပ်က မင်းအတွက် နတ်ဆိုးစစ်သည်တော်တွေ အများကြီး ထောက်ပံ့ပေးခဲ့တယ် ၊ မင်းကတော့ ကျုပ်ကိစ္စ အကုန်လုံးကို ဖျက်စီးပစ်လိုက်တယ်..."

ပီလျဲ့က...

"မြင့်မြတ်လှတဲ့ဂိုဏ်းချုပ် ၊ ကျုပ်က ဂိုဏ်းချုပ်ကိုကူညီပြီး အားလော်ဟယ်ကို ဒီလောက်အကြာကြီးတိုက်ခိုက်ပေးခဲ့တာ ကျုပ်ကို ကျေးဇူးတင်သင့်တာ မဟုတ်ဘူးလား ၊ သေဆုံးသွားတဲ့ နတ်ဆိုးစစ်သည်တော်တွေနေရာမှာ အချိန်ခဏလေး လေ့ကျင့်ပေးလိုက်တာ နောက်ထပ်အစားထိုးပြန်ရမှာပဲလေ..."

ရဲ့လျိုယွင်က...

"ကျုပ်က အဲဒီနတ်ဆိုးစစ်သည်တော်တွေကို နှစ်ပေါင်းသောင်း ချီကြာအောင် အချိန်တွေပေးပြီး လေ့ကျင့်ပေးခဲ့ရတာ ၊ မင်းက ဘာမဟုတ်တဲ့ ပေါင်းပင်တွေလို့ ထင်နေတာလား..."

ပီလျဲ့က...

"နှစ်ပေါင်းသောင်းချီတယ်ဆိုတာ ဘယ်မှာ ကြာလို့လဲ ၊ မျက်စိ တစ်မှိတ်အတွင်း ကုန်ဆုံးသွားမှာပဲ မဟုတ်ဘူးလား..."

ရဲ့လျိုယွင်က အေးစက်စွာဖြင့် နှာခေါင်းတစ်ချက်ရှုံ့လိုက် ရင်း...

"မင်းနဲ့ ဒီကိစ္စပြိုင်မငြင်းချင်တော့ဘူး ၊ ဒါပေမဲ့ တစ်ခုတော့ မင်းကိုရှင်းရှင်းလင်းလင်းသိအောင် ပြောထားမယ် ၊ အဲဒီ မိစ္ဆာ ကလေးမလေးအနားကို ကပ်ဖို့တော့ မစဉ်းစားလေနဲ့..."

ပီလျဲ့က အံ့သြသွားဟန်ဆောင်လိုက်ပြီး...

"ဂိုဏ်းချုပ်က အဲဒီကလေးမလေးကို အထင်မသေးဘူးပဲ ၊ သူ့ကို ဂရုစိုက်နေသေးတာလား..."

ရဲ့လျိုယွင်က...

"မင်းသိချင်တာတွေကို ကျုပ်က ရှင်းပြမနေနိုင်ဘူး ၊ အခု ကျုပ်က မင်းကို သတိပေးနေတာ..."

ပီလျဲ့ ဒေါသထွက်သွားသည်။

သူက ဆန်းလျန်ကိုတော့ ကြောက်ရွံ့သော်လည်း ရဲ့လျိုယွင်ကိုတော့ မကြောက်ရွံ့ပေ။ သို့သော်... သူက စတင်မတိုက်ခိုက်ခင်မှာပင် ရဲ့လျိုယွင်က စတင်တိုက်ခိုက်လိုက်သည်။

ရဲ့လျိုယွင်၏ နှုတ်ခမ်းများ အနည်းငယ်လှုပ်ရှားသွားပြီး ရိုးရှင်းသော်လည်း မပီပြင်သည့် ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်သည်။ ထိုအခါ ကျောက်တုံးလေးများကြားတွင် ဖြတ်သန်းစီးဆင်းသွားသည့် စမ်းချောင်းလေးအလား သာယာလွန်းသည့် ခေါင်းလောင်းသံများ ထွက်ပေါ်လာလေသည်။

ရဲ့လျှို့ယွင်၏ ခန္ဓာကိုယ်တွင် ထူးဆန်းသည့် အဝါရောင်
တိမ်တိုက်များ ဖုံးလွှမ်းနေပြီး သူ၏ ဦးခေါင်းထက်တွင်
ကြီးမားသည့် ခေါင်းလောင်းကြီးတစ်လုံး တည်ရှိနေလေ၏။
ခေါင်းလောင်းကြီး၏အရောင်က ခဲရောင်ဖြစ်ပြီး မည်သည့်
လက်နက်မှ ထိုခေါင်းလောင်းကြီးကို တိုက်ခိုက်နိုင်မည် မဟုတ်
ပေ။ သာယာသည့်ခေါင်းလောင်းသံများက ထိုခေါင်းလောင်း
ကြီးထံမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။
ထိုခေါင်းလောင်းသံများကို ကြားသည့်အခါ ပီလျဲ့ ကျိန်စာမိ
သည့်အလား ခံစားလိုက်ရပြီး သူ၏တန်ခိုးစွမ်းအားများ လုံးဝ
ထိန်းချုပ်ခံလိုက်ရသည်။ သူ့တစ်ကိုယ်လုံး အေးခဲနေသည့်
ရေခဲအလား ဖြစ်သွားသည်။
အတွေးများကိုပင် ခက်ခက်ခဲခဲတွေးနေရသည်။

ရုတ်တရက်... မီးပွားတစ်ချက်ပွင့်သွားသည်ကို သူ့မျက်လုံးထဲ
တွင် တွေ့မြင်လိုက်ရပြီး ထိုမီးပွားလေးက ချက်ချင်းပြန်လည်
ငြိမ်းသက်သွားသည်။

ပီလျဲ့၏ အမြင်အာရုံတစ်ခုလုံး အမှောင်ထဲသို့ ကျရောက်သွား
ပြီး ပြန်မြင်ရသည့်အချိန်တွင် သူ့မျက်လုံးများ အလွန်နာကျင်
နေလေ၏။

အမှန်တော့ ဓားဝိညာဉ်တစ်ခုက သူ့ကို တိုက်ခိုက်လိုက်ခြင်း
ဖြစ်သည်။

ဓားဝိညာဉ်က သူ့အရိုးထဲထိ နက်ရှိုင်းစွာ ထိုးဖောက်ဝင်
ရောက်လာပြီး သူနာကျင်စွာဖြင့် အော်ဟစ်လိုက်မိသည်။

သူ အတောင်ပံများကို ဖြန့်လိုက်ပြီး ဦးတည်ရာမဲ့ ပျံသန်းထွက်
ခွာလာခဲ့သည်။ သူ့နှလုံးသားက ကြောက်ရွံ့တုန်လှုပ်နေပြီး ရဲ့
လျိုယွင်က အဘယ့်ကြောင့် မိုးကောင်းကင်တံခါးကို လျှင်

လျှင်မြန်မြန်နှင့် လွယ်လွယ်ကူကူ ထိန်းချုပ်အသုံးပြုနိုင်သည်ကို သူနားမလည်နိုင် ဖြစ်နေသည်။

ရဲ့လျိုယွင်၏ တိုက်ခိုက်မှုကို ခံလိုက်ရပြီးသည့်နောက် ပီလျဲ့မှာ ပြန်လည်တိုက်ခိုက်ရန်လည်း မဝံ့ရဲတော့ပေ။

မိုးကောင်းကင်တံခါးဆိုသည်က အလွန်ထူးဆန်းသည့် မှော်ဝင်ပစ္စည်းတစ်ခု ဖြစ်သည်။ ထိုသို့သော မှော်ဝင်ပစ္စည်းမျိုးနှင့် သူ့ဘဝတွင် တစ်ခါမှ ရင်မဆိုင်ခဲ့ဖူးပေ။

သူ၏နှလုံးသားကိုလည်း ဓားဝိညာဉ် ထိခိုက်မိသည့်အတွက် ထိုဒဏ်ရာ ပြန်လည်ကောင်းမွန်ရန် အပြင်းအထန် ကြိုးစားရဦးမည် ဖြစ်သည်။

သို့သော်... သူက ဤရန်ငြိုးကို လျှို့ဝှက်မှတ်တမ်းတင်ထားမည်ဖြစ်ပြီး အခွင့်အရေးရလျှင်ရသည်နှင့် လက်စားချေမည် ဖြစ်သည်။

ရဲ့လျိုယွင်ကတော့ ပီလျဲ့ကို သင်ခန်းစာပေးခြင်းသာဖြစ်ပြီး လိုက်လံတိုက်ခိုက်ခြင်း မပြုလုပ်ခဲ့ပေ။ ထိုမိစ္ဆာနတ်ဘုရားက အလွန်တော်သည့်အတွက် သတ်ဖြတ်ပစ်ရန်မှာ မဖြစ်နိုင်ပေ။

ယခု သူ့တွင် မိုးကောင်းကင်တံခါးရရှိနေပြီဖြစ်သည်။ သူ့အနေဖြင့် မိုးကောင်းကင်တံခါးကို အပြည့်အဝမသန့်စင်နိုင်လျှင်တောင်မှ မိုးကောင်းကင်တံခါးအတွင်းမှ ဓမ္မကို နားလည်နိုင်စွမ်း ရှိသည်။ သို့သော်... အချိန်အနည်းငယ်တော့ယူရပေလိမ့်မည်။

အခန်း (၉၃၂) မိစ္ဆာ

မရှိမှုကျေးရွာ...

တိတ်ဆိတ်ပြီး မည်သည့်အရာမှ မရှိပေ။ ကောင်းခြင်းဆိုးခြင်း တရား ၊ ကုသိုလ် အကုသိုလ်တရားများလည်း မရှိပေ။

ဤပတ်ဝန်းကျင်တွင်... သာမန်လူသားများ မည်သို့မှ နေထိုင်နိုင်ကြမည် မဟုတ်ပေ။ ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားများပင်လျှင် အနည်းငယ်သာ နေထိုင်နိုင်စွမ်း ရှိကြသည်။

တာ့လော်အဆင့်နတ်ဘုရားများသာလျှင် မရှိမှုကျေးရွာတွင် သွားလာနိုင်စွမ်း ရှိလေသည်။ သို့သော်... နားခိုးရမည့် ကောင်းကင်ဘုံများ ၊ ကျောက်ဂူများကိုတော့ အချိန်တိုအတွင်း ရှာဖွေနိုင်ရန် လိုအပ်သည်။

ထို့ပြင် မရှိမှုကျေးရွာမှ ကောင်းကင်ဘုံများ ၊ ကျောက်ဂူများ ၊ နေရာဒေသများအားလုံးမှာ နတ်ဘုရားနယ်မြေများ ဖြစ်သည်။ မိုးကောင်းကင်ခုံရုံးကတော့ မရှိမှုကျေးရွာတွင် အကြီးမားဆုံး နတ်ဘုရားနယ်မြေဖြစ်သည်။ သို့သော်... မရှိမှုကျေးရွာတွင်

နတ်ဘုရားနယ်မြေများစွာ ရှိလေရာ မည်မျှများပြားကြောင်း မည်သူမှ မသိရှိနိုင်ပေ။

မရှိမှုကျေးရွာသည် နက်ရှိုင်းပြီးထူးခြားဆန်းကျယ်သည့် နေရာတစ်ခု ဖြစ်သည်။ တာ့လော်အဆင့်နတ်ဘုရားများသည်ပင် ထိုနေရာကို ထိုးဖောက်သိမြင်နိုင်စွမ်း မရှိပေ။

သို့သော်... ဆန်းလျန်ကတော့ အနည်းငယ် သိမြင်နိုင်ခဲ့ပြီ ဖြစ်သည်။ ယွမ်စီထျန်းကျွင်း၏ စိတ်နှင့်ဉာဏ်စဉ်သည် မရှိမှုကျေးရွာတွင် ကိန်းဝပ်နေသည်မှာ မပြောင်းလဲသည့် အမှန်တရားဖြစ်သည်ကို ဆန်းလျန် သိရှိခဲ့သည်။

ထို့ကြောင့်ပင် ယွမ်စီထျန်းကျွင်းက စကြာဝဠာကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုလျှို့ဝှက်ချက်မှာ ဆန်းလျန်၏ လက်ရှိအနေအထားဖြင့်လည်း ကိုက်ညီနေသည်။

ချိုကတော့ မရှိမှုကျေးရွာ၏ တည်ရှိမှုအကြောင်းကို နားမလည်ပေ။ ထိုနေရာတွင် မည်သည့်အရာမှ ရှိမနေသည်ကိုသာ သူမ သိရှိသည်။

သူမရှေ့တွင်ရှိနေသည့် ဦးလေးသည်သာလျှင် သူမအတွက် အစစ်အမှန်ဖြစ်သည်။

ရုတ်တရက်... အထီးကျန်ခြင်းကို သူမ ခံစားလိုက်ရပြီး သတိလက်လွတ်ဖြင့် ဆန်းလျန်အနားသို့ တိုးကပ်လိုက်မိသည်။

ဤသည်မှာ သက်ရှိများ၏ သဘောသဘာဝပင်ဖြစ်သည်။

သက်ရှိအားလုံးက သဘာဝမှ မွေးဖွားဖြစ်တည်လာကြသူများဖြစ်ပြီး မည်သူမှ အထီးမကျန်လိုကြသည်မှာ သဘာဝပင်ဖြစ်သည်။

လူ့လောကတွင် အကြောင်းနှင့်အကျိုး များစွာ ရှိသည်။ ထိုအကြောင်းအကျိုးများစွာသည် သက်ရှိသတ္တဝါများ၏ အထီးမကျန်လိုသည့် သဘာဝတရားနှင့် ခွဲခြားမရနိုင်ပေ။

အထီးကျန်ခြင်းကို လက်ခံလိုက်လျှင်တော့ လောကကို

နားလည်ရာမှတစ်ဆင့် တာအိုတရားကို နက်ရှိုင်းစွာ နားလည်

သွားခြင်းဖြစ်၏။

ချိကတော့ ဆန်းလျန်ကိုသာ ကြည့်နေလေသည်။

မရှိမှုကျေးရွာတွင် အလင်းရောင်လည်းမရှိပေ။ သို့သော်...

ဆန်းလျန်၏ ခန္ဓာကိုယ်က အလင်းရောင် ဖြာထွက်လျှက်ရှိ

သည်။ အလင်းရောင်သာဖြာထွက်နေသော်လည်း နည်းနည်း

လေးပင် ပူနွေးခြင်း မရှိပေ။ သို့သော်... အေးစက်နေခြင်း

လည်းမရှိပေ။ ထိုအလင်းရောင်၏ ခံစားချက်ကို ပြောပြနိုင်ရန်

မှာ ခက်ခဲလှသည်။

သို့သော်... သူမဘဝတွင် မွေးကတည်းက ထိုမျှသန့်စင်သည့်

အလင်းရောင်ကို တစ်ခါမှ မခံစားဖူးခဲ့ပေ။

အနာဂတ်တွင် သူမ လူသားကမ္ဘာ၏အညစ်အကြေးများ

ကြောင့် ပင်ပန်းဆင်းရဲရသည့်အခါ ယနေ့တွေ့မြင်ခဲ့ရသည့်

ဆန်းလျန်၏အလင်းဓာတ်ကိုသူမ သတိရနေမိပေလိမ့်မည်။

"ဒါက မိုးကောင်းကင်အပြင်ဘက်က မိုးကောင်းကင်ပဲ ၊ ဒီ

နေရာမှာ ဘာမှ မရှိဘူး ၊ အနွေးနဲ့အမြန် မင်းလည်း ဒီနေရာကို

လာရောက်နိုင်အောင်ကျင့်ကြံရလိမ့်မယ် ၊ ဒါကြောင့် ကြိုပြီးသိ

ရအောင် မင်းကို ခေါ်လာတာ ၊ အခု ဒီနေရာရောက်တော့

ဘယ်လိုခံစားရလဲ..."

ဆန်းလျန်က ဖြည်းညင်းစွာ ပြောလိုက်သည်။

ချိုက ချက်ချင်းပင် မရှိမှုကျေးရွာတွင် စကားပြောနိုင်စွမ်းကို

ရရှိသွားပြီး...

"ဒီမှာနေရတာ အရမ်းသက်သောင့်သက်သာရှိတယ်..."

သူမ၏စိတ်ထဲတွင် သေသေချာချာတွေးပြီးမှ 'သင့်သော
သက်သာရှိတယ်' ဆိုသည့်စကားလုံးကို ရွေးခြယ်ပြီး ပြော
လိုက်ခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်... လူ့လောကတစ်ခွင်တွင်နေထိုင်ရ
သည်က သက်သောင့်သက်သာမရှိလှဟု သူမထင်မြင်မိ
သောကြောင့် ဖြစ်သည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘာဖြစ်လို့လဲ..."

ချိုက သူမ၏သေးငယ်သည့်မျက်နှာလေးကို တစ်ချက်ရှုံ့လိုက်
ရင်း...

"ဘာမှမရှိလို့..."

ဆန်းလျန်က...

"ကောင်းတယ်..."

ဆန်းလျန်က ထိုမျှသာပြောပြီး ထပ်မံစကားပြောဆိုခြင်း မရှိ တော့ပေ။

သို့သော်... ဆန်းလျန်၏ ဦးခေါင်းထက်တွင် သန့်စင်သည့် တိမ်တိုက်တစ်ခု ဖြစ်တည်လာသည်ကို တွေ့မြင်လိုက်ရသည်။ တိမ်တိုက်၏အရောင်မည်သို့ရှိသည်လဲ သူမ မခန့်မှန်းနိုင်ပေ။ ထိုတိမ်တိုက်မှ ထူးဆန်းသည့် တာအိုတန်ခိုးစွမ်းအားများ အချိန်တိုင်းထွက်ပေါ်နေပြီး တံစက်မြိတ်မှ မိုးရေများစီးဆင်း ကျနေသည့်အလား တန်ခိုးစွမ်းအားများ စီးဆင်းကျနေလေ သည်။

'ချီ' က အလွန်မှ အရည်အချင်းရှိသူဖြစ်သည်။ သူမ လျှင်မြန် စွာပဲ ထိုတိမ်တိုက်ကိုသဘောကျသွားမိသည်။ ထို့နောက် တိမ်တိုက်မှကျလာသည့် တန်ခိုးစွမ်းအားများက သူမ ခန္ဓာကိုယ်ပေါ်သို့ မိုးစက်များအလား ကျရောက်လာသည်။

ထိုအခါ သူမ၏ခန္ဓာကိုယ်ပေါ်မှ အနီရင့်ရောင်သွေးကြောများ

တဖြည်းဖြည်းပျောက်ကွယ်သွားပြီး သူမ၏အသားအရေမှာ

ကျောက်စိမ်းသားအလား ကြည်လင်ဖြူစင်လာလေ

တော့သည်။

ပြောင်းလဲမှုက ထိုမျှနှင့် ရပ်တန့်မသွားပေ။ နောက်ဆုံးတော့

ပျောက်ကွယ်သွားသည့် သူမ၏ အနီရင့်ရောင်သွေးကြောလိုင်း

များသည် နားမလည်နိုင်အောင်လှပသည့် အလှတရားတစ်ခု

အဖြစ် သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ပြန်ပေါ်လာလေသည်။ အေး

စက်ပြီး ဆွဲဆောင်မှုအားကောင်းလေသည်။ ဝတ်ကျောင်းတော်

ထဲမှ နတ်ဘုရားရုပ်တု တစ်ခုအလားပင် ဖြစ်သည်။

"မင်းကို ကျုပ် သင်ပြပေးမယ့် ကျင့်စဉ်က အခြေခံမိစ္ဆာခန္ဓာလို့

ခေါ်တယ် ၊ အဲဒီပညာကို ကျုပ်ရဲ့ ဟွင့်ယွမ်ဝူကျီအဆင့်

အသိပညာနဲ့ နတ်ဘုရားခန္ဓာကိုသိမြင်ခြင်းပေါင်းစပ်ပြီး

တီထွင်ထားခဲ့တာ ၊ ဒါပေမဲ့ ဒီကျင့်စဉ်က မင်းနဲ့ သိပ်ပြီးတော့

လည်း သင့်တော်လှတယ်တော့ မဟုတ်ဘူး..."

ဆန်းလျန်ပြောသည့်စကားများက အလွန်ရိုးရှင်းသော်လည်း

ချိတစ်ယောက် နားမလည်နိုင်သေးပေ။

ဆန်းလျန်၏ စကားများကို နားထောင်ရင်း 'ချို' ရင်ထဲတွင်

တစ်စုံတစ်ခုကို ခံစားလိုက်ရပြန်သည်။ ထိုအရာကို ဝမ်းနည်း

ခြင်းဟုခေါ်ကြောင်းနောက်တော့ သူမ နားလည်ခဲ့သည်။

သို့သော်... ဆန်းလျန် သင်ပြပေးနေသည်ကို သူမက ဖြတ်မေး

ခြင်းမျိုး မပြုလုပ်ခဲ့ပေ။

ဤအချိန်တွင် သူမသည် တကယ်ပင် ငယ်ရွယ်သည့်

မိန်းကလေးငယ်လေးတစ်ယောက် ဖြစ်လေသည်။ သူမ၏

ခန္ဓာကိုယ်ပေါ်မှ အနီရင့်ရောင်သွေးကြောလိုင်းများကို ဖယ်ရှား

လိုက်သည့်အခါ သူမသည် ပို၍ပင်လှမ်းမိုးနိုင်စွမ်း ရှိလာခဲ့

သည်။ သူမ၏ ပြီးပြည့်စုံမှုသည် ကမ္ဘာပေါ်ရှိ မည်သည့်ပန်းပု ရုပ်တုနှင့်မှ မယှဉ်နိုင်ဘဲ သာလွန်လွန်းလှသည်။

အထူးသဖြင့်... သူမ၏မျက်ခုံးနှစ်ခုကြားမှထွက်ပေါ်နေသည့် အေးစိမ့်သည့်အငွေ့အသက်သည် လူသားတိုင်း၏ နှလုံးသား ကို ဖမ်းဆုပ်နိုင်စွမ်း ရှိသည်။

ဆန်းလျန်ပင်လျှင် သူမကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက် မိသည်အထိ လှပလွန်းလှသည်။ မိုးနှင့်မြေ၏ ကောင်းမွန်သည့် သဘာဝတရားတစ်ခုကို ဖော်ကျူးနိုင်ခြင်းဟု မစွမ်းသာပေ။

ထို့ပြင် သူမမွေးဖွားလာခြင်းက သူမ၏ ဂုဏ်သိက္ခာ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်က သူမအပေါ် ထူးခြားသည့် ခံစားချက် ရှိနေခဲ့သည်ကို သူမ မသိခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ချိသည် ကံကြမ္မာမှကင်းလွတ်နေ သည့်အတွက် ဆန်းလျန်ပင်လျှင် သူမ၏ အနာဂတ် လမ်းကြောင်းကို အပြည့်အဝ အကဲဖြတ်နိုင်ခဲ့ခြင်း မရှိပေ။

ထိုအချက်က ဆန်းလျန်ကို ထူခြားစွာ ခံစားရစေသည်။ ဆန်းလျန်ကျင့်ကြံထားသည့် ယိလမ်းစဉ်ဖြင့်ပင် သူမ၏အနာဂတ်ကို ခန့်မှန်းနိုင်စွမ်း မရှိပေ။

အချို့က အသိပညာရှိပြီး အချို့က ဥပေက္ခာတရားကို လက်ကိုင်ထားနိုင်ကြသည်။ အသိဉာဏ်နှင့် ဥပေက္ခာတရားနှစ်မျိုးစလုံးကို လက်ကိုင်ထားနိုင်လျှင်တော့ တာအိုမဟာလမ်းစဉ်သို့ ရောက်ရှိပြီဟု ဆိုနိုင်သည်။

ဤအရာများအားလုံးသည် မရှိမှုကျေးရွာတွင် ဖြစ်ပျက်ခဲ့ပြီး အခြားသူများအတွက် ယနေ့ ဆန်းလျန်လုပ်သည့်လုပ်ရပ်ကို မည်သူမှ နားလည်မည် မဟုတ်ပေ။

သူ စွန့်လွှတ်ရမည့်အရာ များစွာ ရှိသည်။ အနာဂတ်ကို သိမြင်ရသည်မှာ တန်ဖိုးရှိသော်လည်း ဆန်းလျန်ကတော့ လက်ရှိအချိန်ကို အလေးအထားဆုံး ဖြစ်သည်။

ဆန်းလျန် ဗောဓိပင်ကို ရှာရပေဦးမည်။

ချိမွေးဖွားရာဇာတိမြေသို့ ရောက်သည့်အခါ ချိနှင့်ဆန်းလျန် လမ်းခွဲခဲ့ကြသည်။

သူမသည် မည်သည့်ကဗျည်းစာသားမှ ရေးထိုးထားခြင်းမရှိသည့် အထိမ်းအမှတ်ကျောက်တိုင်အောက်တွင် မတ်တတ်ရပ်ရင်း ဆန်းလျန်ထွက်ခွာသွားသည်ကို ငေးကြည့်နေခဲ့လေသည်။

သူမရင်ထဲတွင် ခွဲခွာရသည့်အတွက် ဝမ်းနည်းသည့်ခံစားချက်ကို ခံစားနေရသည်။

"ဒီ အထိမ်းအမှတ်ကျောက်တိုင်က ဆန်းလျန်ထျန်းကျွင်းစိုက်ထူခဲ့တဲ့ ကံကြမ္မာကျောက်တိုင်တစ်ခုပဲ ၊ ဒီ ကျောက်တိုင်ရဲ့တည်ရှိမှုကို နားလည်တဲ့သူတိုင်း ထိုက်ယီထျန်းရှန်းအဆင့်ရောက်တဲ့အထိ ကျင့်ကြံနိုင်ကြလိမ့်မယ်..."

စကားသံတစ်သံ ချိ၏ နားထဲတွင် ကြားလိုက်ရသည်။

ကောင်းကင်ထက်တွင် ချက်ချင်းပင် တိမ်များထူထပ်လာပြီး မင်ရောင်အလား မဲမှောင်သည့်တိမ်တိုက်များ ညို့မှိုင်းလာသည်။

တိမ်တိုက်များထက်တွင် ကြယ်စင်သရဖူကိုဆောင်းထားပြီး သားမွေးဝတ်ရုံကိုဝတ်ဆင်ထားကာ အလွန်အသရေ တင့်တယ်လှသည့် တာအိုဆရာတစ်ယောက် ရှိနေလေသည်။

ထိုတာအိုဆရာက ကျောက်တိုင်အောင်တွင် မတ်တတ်ရပ်နေသည့် ချိကိုတွေ့သော်လည်း အရေးမစိုက်ပေ။

တာအိုဆရာက သူ၏သားမွေးဝတ်ရုံကို ချွတ်လိုက်ပြီး လေထဲသို့ ပစ်လွှတ်လိုက်လေသည်။ သားမွေးဝတ်ရုံသည် အထိမ်းအမှတ်ကျောက်တိုင်ရှိရာသို့ တန်းတန်းမတ်မတ် ကျရောက်လာသည်။

သို့သော်… သူ အံ့အားသင့်သွားလေသည်။ သူ၏ သားမွေး ဝတ်ရုံကို ကလေးမလေးက ဖမ်းဆီးထားလိုက်သောကြောင့် ဖြစ်သည်။

သူ တန်ခိုးစွမ်းအားအသုံးပြုပြီး သားမွေးဝတ်ရုံကို ပြန်ယူရန် ကြိုးစားသော်လည်း ဝတ်ရုံက မိန်းကလေးငယ်၏လက်ထဲတွင် အမြစ်တွယ်သကဲ့သို့ ဖြစ်နေပြီး ပြန်လည်ယူဆောင်၍ မရတော့ပေ။

တာအိုဆရာ အလွန်အံ့အားသင့်သွားလေသည်။ သူ၏သားမွေး ဝတ်ရုံတွင်ပါဝင်သည့် တန်ခိုးစွမ်းအားပမာဏကို သူ အသိဆုံး ဖြစ်သည်။ ထိုဝတ်ရုံနှင့် ထိမိလျှင် တောင်ပူစာတစ်လုံးသည်ပင် အမှုန့်ဖြစ်သွားနိုင်သည်။

သို့သော်… ဤမိန်းကလေးငယ်ကတော့ ဖမ်းယူဆုပ်ကိုင်ထားပြီး သူမ၏ခန္ဓာကိုယ်တွင် ထိခိုက်ဒဏ်ရာရသွားခြင်းပင် မရှိပေ။

တာအိုခန္ဓာနှင့်ပတ်သက်သည့်ကျင့်စဉ်မျိုးကို ကျင့်ကြံထားမှ

သာလျှင် ထိုသို့ ပြုလုပ်နိုင်မည် ဖြစ်သည်။

တာအိုဆရာ ဆက်မတွေးနိုင်ခင်မှာပင် မိန်းကလေး

ငယ်၏လက်များကလှုပ်ရှားသွားပြီး ဝတ်ရုံသည် သူ့ထံသို့

ကြိုးတစ်စသဖွယ် ပြန်လည်ရိုက်ခတ်လာသည်ကို တွေ့လိုက်ရ

သည်။

သူက အချိန်မီရှောင်တိမ်းလိုက်သော်လည်း သူ၏ပခုံးနှင့်ပါး

ပြင်တွင် စူးရှသည့်နာကျင်မှုကို ခံစားလိုက်ရသည်။

သူ၏ခန္ဓာကိုယ် ပျက်စီးသွားသည်ကို သိလိုက်ရပြီး

သူ၏နှလုံးသားလည်း လှုပ်ရှားသွားသည်။

သူ ထပ်မစဉ်းစားနိုင်ခင်မှာပင်... သူ၏တန်ခိုးစွမ်းအားများဖြင့်

ဖန်ဆင်းထားသည့် အနက်ရောင်တိမ်တိုက်များ တဖြည်းဖြည်း

ပျောက်ကွယ်သွားသည်။

ရုတ်တရက် သူ့လည်ပင်းတွင် အေးစက်မှုကို ခံစားလိုက်ရပြီး မြေကြီးထက်သို့ မထိန်းနိုင်ဘဲ ပြုတ်ကျသွားတော့သည်။

သူက မိန်းကလေးငယ်လေးကို ရှက်ရွံ့စွာဖြင့်ကြည့်လိုက်ပြီး စကားမပြောနိုင်ခင်မှာပင် သတိလစ်မေ့မျောသွားလေတော့သည်။

တာအိုဆရာသည် သွေးအိုင်တစ်ခုအဖြစ် ပြောင်းလဲသွားပြီဖြစ်၏။

ချိသည် သူမရှေ့တွင် သွေးအိုင်တစ်ခုအဖြစ်ပြောင်းလဲသွားသည့် တာအိုဆရာကို ကြည့်နေသည်။ သူမ၏မျက်နှာက တည်ငြိမ်နေသော်လည်း သူမ၏စိတ်ထဲမှ ရွံ့လျာနေမိသည်။ ထိုသို့သောအရာမျိုးကို သူမ မုန်းတီးလေသည်။

ကဗျည်းကျောက်စာရေးထိုးထားခြင်းမရှိသည့် အထိမ်းအမှတ်ကျောက်တိုင်အနီးအပါးတွင် တိုက်ခိုက်နေကြသည့် နတ်ဆိုး

များ ၊ မိတ္တာများအားလုံး၏ စိတ်ထဲတွင် အေးစိမ့်မှုကို ခံစားလိုက်ကြရသည်။

သူတို့အားလုံး တိုက်ခိုက်နေခြင်းကို ရပ်တန့်လိုက်ကြပြီး 'ချီ' ထံသို့ ဖြည်းဖြည်းချင်း တိုးကပ်လာကြသည်။

'ချီ' က ထိုသူများ သူမထံ လက်နက်ချကာ ဝပ်တွားလာသည်ကို ခွင့်ပြုလက်ခံလိုက်သည်။ နတ်ဆိုးနယ်မြေ၏ အရှင်သခင်တစ်ပါး ဖြစ်လာရန်အတွက် သူမ သိပ်ပြီး အချိန်မယူလိုက်ရပေ။

သူမ၏ လုပ်ရပ်လေးတစ်ခုကပင် များပြားလှစွာသော နတ်ဆိုးများ ၊ မိတ္တာများက သူမအတွက် အသက်ပေးလောက်သည်အထိ အမိန့်နာခံဝပ်တွားလာကြသည်။

သို့သော်... သူမ မပျော်ရွှင်ခဲ့ပေ။

အခန်း (၉၃၃) ဝါရသတ္တဝ

"ကောင်းကင်တစ်ခုလုံးက မက်မွန်သီးတွေနဲ့ ပြည့်နက်နေ ၊ တိမ်တိုက်တွေထဲမှာလည်း တရုတ်ဆီးသီးတွေမှ အများကြီး ၊ နောက်ဆုံးတော့ ဆောင်းရာသီကို ရောက်ရှိလာခဲ့ပြီလေ..."

"ပိုင်ယန်ရွာကလူတွေက ချင်းဖုန်းတောထဲမှာ တစ္ဆေအော်သံတွေ ကြားတယ်လို့ တီးတိုးပြောဆိုကြတယ်..."

"ပြီးတော့... မိုးပြိုပြီး မြက်တွေလည်း ဂူတွေကို ဖုံးအုပ်နေပြီ... တဲ့..."

"မနေ့ကဆင်းရဲပေမယ့် ဒီနေ့ချမ်းသာလာတယ်ဆိုတဲ့ ဆိုရိုးစကားလည်း ရှိသည်ပဲလေ ၊ နွေဦးမှာ ပန်းတွေပွင့်ပေမယ့် ဆောင်းရာသီမှာတော့ အေစက်ခြောက်သွေ့နေသလိုမျိုးပေါ့ ၊

သေခြင်းရှင်ခြင်း သံသရာကနေ ဘယ်သူ လွန်ဆန်နိုင်မှာတဲ့

လဲ..."

"'ဝမ်'က ပြောဖူးတာတော့ အနောက်ဘက်က ရတနာသစ်ပင်

ဟာ အသက်ရှည်စေတဲ့ နတ်သစ်သီးကို သီးနိုင်တယ်တဲ့..."

ထိုတာအိုတေးသွားသည် မြစ်ရေပြင်ထက်တွင် နေ့ရက်ပေါင်း

များစွာ လွင့်ပျံနေလေသည်။

နေ့နေ့ညည ထပ်ခါထပ်ခါ ပျံ့လွင့်နေခြင်း ဖြစ်သည်။

တေးသွားရွတ်ဆိုနေသူက ယောကျ်ားလေးတစ်ယောက်၏

အသံဖြစ်သည့်တိုင် မည်သူဖြစ်သည်ကို မတွေ့မြင်ကြရပေ။

မြစ်ကအလွန်ကျယ်ပြီး အနောက်ဘက်စွန်းပိုင်းတွင် သီးပင်စား

ပင်များ ဖြစ်ထွန်းအောင်မြင်လေသည်။ များပြားလှစွာသော

ကျင့်ကြံသူ အမျိုးသား ၊ အမျိုးသမီးများသည် သူတို့၏ဘဝ

ရပ်တည်ရေးအတွက် ဤမြစ်ကို မှီခိုအားထားကြရသည်။

နေမကောင်းဖြစ်လျှင်လည်း ဤမြစ်ရေကိုပင် သောက်လျှင်

သက်သာပျောက်ကင်းကြသည်။

စားစရာမရှိလျှင်လည်း မြစ်ရေကိုသောက်လိုက်ပါက အလိုလို

ဗိုက်ပြည့်သွားသည်။

ထိုကျင့်ကြံသူများအတွက်... မြစ်ရေတစ်ခွက်ဖြင့် မဖြေရှင်း

နိုင်သော ပြဿနာဟူ၍ မရှိပေ။

အကယ်၍ မြစ်ရေတစ်ခွက်ဖြင့် မဖြေရှင်းနိုင်ပါက နောက်တစ်

ခွက်ထပ်သောက်လိုက်လျှင် စိုးရိမ်မှုများအားလုံး လွင့်စင်သွား

မည်ပင် ဖြစ်သည်။

ထို့ကြောင့်... မြစ်ကမ်းတစ်လျှောက်နေထိုင်ကြသူများမှာ

အခြားဒေသတွင်နေထိုင်ကြသူများထက် ပိုပြီး ကျေနပ်ပျော်

ရွှင်စရာဘဝကို ပိုင်ဆိုင်ကြသည်။ သူတို့က အဝတ်အစား

လည်း ဝတ်ဆင်ခြင်းမရှိကြသလို အိမ်ထောင်ပြုသားမွေးသည့်

အလုပ်များကိုလည်း မပြုလုပ်ကြပေ။

သူတော်စင်များ၏ စကားနှင့်ပြောရမည်ဆိုလျှင်...

"အစားတစ်လုပ် ၊ ရေတစ်မှုတ်အတွက် စိတ်ချမ်းသာမှုကို လဲ

မည်မဟုတ်..."

ဆိုသကဲ့သို့ပင် ဖြစ်သည်။

မြစ်ကမ်းနံဘေးမှ ကျင့်ကြံသူများကတော့ ထိုသို့သော

သူတော်စင်များ မဟုတ်ကြပေ။ သူတို့၏ စိတ်ကျေနပ်မှုက မြစ်

ရေအပေါ်တွင် တည်မှီနေကြသည်။

သို့သော်... မကြာသေးမီအချိန်က ထိုသူများ အနည်းငယ်

ဝမ်းနည်းစိတ်မကောင်းဖြစ်သွားကြရသည်။ အဘယ်ကြောင့်

ဆိုသော် ... ကြားရသည့် သီချင်းသံက ရင်ကို ထိရှစေသော

ကြောင့် ဖြစ်သည်။

အနောက်ဘက်ကရတနာသစ်ပင်သည် အသက်ရှည်စေသည့်

နတ်သစ်သီး တကယ်ပဲသီးနိုင်သလားဆိုသည့်အတွေးကို သူတို့

မတွေးဘဲ မနေနိုင်ကြပေ။

အမှန်တော့ မြစ်ရေက မဖြေရှင်းနိုင်သည့် ပြဿနာတစ်ခုသာ ရှိသည်။ ထိုအရာမှာ သေခြင်းတရားပင် ဖြစ်သည်။

လူဆိုသည်က သေမျိုး ဖြစ်၏။ သို့သော် တကယ်တမ်းတွင် မည်သူမှ မသေချင်ကြပေ။

ထို့ကြောင့် ညှိသက်သည့်တာအိုတေးသွားအောက်တွင် ကျင့်ကြံသူများသည် သေခြင်းတရားအကြောင်းစဉ်းစားမိကာ ဝမ်းနည်းမိကြလေသည်။ ထိုသို့သော ဝမ်းနည်းမှုမျိုး မခံစားကြရသည်မှာ နှစ်ပေါင်းထောင်နှင့်ချီ ကြာခဲ့ပြီဖြစ်သည်။

ဝမ်းနည်းခြင်းက ကူးစက်တတ်လေ၏။

ထို့ကြောင့် မြစ်ကမ်း (၂)ဖက်လုံးတွင် ဝမ်းနည်းခြင်း အငွေ့အသက်များ ဖုံးလွှမ်းသွားခဲ့သည်။ တာအိုတေးသွား၏ ထိတွေ့မှုကို ခံစားရပြီးနောက် အားလုံး၏ရင်ထဲတွင် မသေလိုသည့် ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်နေကြတော့သည်။

မသေဘဲအသက်ရှည်ရှည်နေလိုသည့်ဆန္ဒသည် လူသား

တိုင်း၏ မွေးရာပါဗီဇတွင်ပါဝင်သည့် ဆန္ဒဖြစ်သည်။ ထိုသို့

သော ဆန္ဒရှိသူများစုပေါင်းသွားသည့်အခါ ကြီးမားသည့်

ဆုတောင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

စိတ်စွမ်းအားသည် အလွန်အံ့သြစရာကောင်းသည့်အရာတစ်ခု

ဖြစ်သည်။ စိတ်စွမ်းအားကောင်းလျှင် ဒဏ္ဍာရီဆန်သည့်

တန်ခိုးရှင်တစ်ပါးပင် ဖြစ်လာနိုင်သည်။

အစပိုင်း၌ လူအများသည် မြေပြင်ထက်တွင်သာ

လမ်းလျှောက်ကြသည်။ နောက်တော့ ကောင်းကင်တွင် ပျံသန်း

သည့်ငှက်များကိုကြည့်ကာ ပျံသန်းနိုင်လျှင် မည်မျှကောင်း

မည်လဲဟု စဉ်းစားမိကြသည်။

ထိုသို့သော စိတ်စွမ်းအားများက တစ်နေ့တွင် ဝိညာဉ်စွမ်းအား

ကောင်းသည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လာနိုင်သည်ဟု

နားလည်နိုင်သည်။ နောက်ပိုင်းတွင်တော့... တစ်စုံတစ်ယောက်

က ရေထဲတွင် မည်သို့လမ်းလျှောက်မည်ကို တွေးမိလျှင် လှေ
တစ်စင်းနှင့် ရေကိုကာကွယ်ပေးနိုင်သည့် ဂါထာတစ်ပုဒ်
ပေါ်လာမည် ဖြစ်သည်။

စိတ်ထဲတွင်ရှိနေသည့်အရာမှန်သမျှသည် စိတ်စွမ်းအား
ကောင်းလျှင်ကောင်းသလို လက်တွေ့တွင် ဖြစ်ပျက်လာ
တတ်သည်။

အနောက်ဘက်တွင် အသက်ရှည်စေသည့်နတ်သစ်ပင် ရှိချင်မှ
ရှိပေလိမ့်မည်။ သို့သော်... လူအများကတော့ ထိုအကြောင်းကို
မတွေးဘဲ မနေနိုင်ကြပေ။

တဖြည်းဖြည်း သူတို့၏ စိတ်စွမ်းအားများ တစ်စုတစ်စည်း
တည်း စုဝေးသွားသည့်အခါ အံ့သြဖွယ်ရာ ပြောင်းလဲမှုကြီး
ဖြစ်ပေါ်လာတော့သည်။ မိုးနှင့်မြေတွင် အသက်ရှည်စေသည့်
နတ်သစ်သီးကို သီးပေးနိုင်သည့် သစ်ပင်တစ်ပင် အမှန်
တကယ် ပေါ်ထွက်လာလေတော့သည်။

ရှည်လျားသည့်မြစ်ကြီးက အနောက်မှ အရှေ့သို့ စီးဆင်းနေခြင်း ဖြစ်လေသည်။ မြစ်ကြောင်းကို ဆန်တက်လျှက် လူအချို့လမ်းလျှောက်လာကြသည်။

မြစ်ညာပိုင်းတွင် နှင်းတောင်တစ်ခု ရှိလေသည်။ ထိုနှင်းတောင်ထိပ်တွင် ကြီးမားသည့် ရတနာသစ်ပင်ကြီးတစ်ပင် ရှိသည်။

ထိုသစ်ပင်မှ သစ်ရွက်ဖားဖားကြီးများသည် လူတစ်ယောက်ထက်ပင် ကြီးမားသေးသည်။ ပင်စည်လုံးကြီးက တောင်ပူစာတစ်လုံးအလား ကြီးမားပြီး နှင်းတောင်ထိပ်ပိုင်းတစ်ခုလုံးတွင် ထိုသစ်ပင်ကြီးက နေရာယူထားသည်။ ကြီးမားသည့် သစ်ပင်ကြီးကို လူတိုင်းတွေ့မြင်နိုင်လေသည်။

ထိုသစ်ပင်မှ သစ်သီးများသီးနေပြီး ထိုအသီးများမှာ ဖန်သားကဲ့သို့ကြည်လင်ကာ လုံးဝန်းလျှက် ရှိသည်။ အသက်ရှည်စေ

သည့် နတ်သစ်သီးမဟုတ်လျှင်တောင်မှ အလွန်ကောင်းမွန်

သည့် သစ်သီးများ ဖြစ်ပေလိမ့်မည်။

သစ်သီးများက သစ်ပင်ထက်တွင် များစွာသီးနေကြပြီး တာအို

တေးသွား၏ဆွဲဆောင်မှုကြောင့် အနောက်ဘက်သို့ ခရီးထွက်

လာကြသူများသည် နှင်းတောင်ထိပ်သို့တက်ကာ သစ်သီးများ

ကို ခူးယူကြသည်။

သစ်သီးများကို စားပြီးသည့်အခါ... ပျံလွှားငှက်တစ်ကောင်

အလား ပေါ့ပါးသွားပြီး အားအင်များ ပြည့်ဝလာကြသည်။

အချို့ဆိုလျှင် ခံတွင်းထဲမှ ရေများနှင့်မီးများပင် မှုတ်ထုတ်နိုင်

သည့် တန်ခိုးစွမ်းအားများ ပိုင်ဆိုင်လာကြသည်။

အံ့ဩစရာသတင်းက အလျှင်အမြန်ပျံ့နှံ့သွားပြီး သစ်သီးကို

ခူးရန် လူပေါင်းများစွာ ရောက်ရှိလာကြလေတော့၏။

နောက်ပိုင်းတွင် လူတစ်ယောက်က ကိစ္စတစ်ခုကို ရှာဖွေတွေ့ရှိ

သွားသည်။

အရင်တုန်းက မြစ်ရေတစ်ခွက်သောက်ရုံဖြင့် ဗိုက်ပြည့်ကြသော်လည်း ယခု မြစ်ရေနှစ်ခွက်သောက်လျှင်ပင် ဗိုက်မပြည့်ကြတော့ပေ။

အချိန်ကြာလာသည်နှင့်အမျှ မြစ်ရေ၏ ထူးခြားသည့်စွမ်းအားများ တဖြည်းဖြည်း အားနည်းလာလေတော့သည်။ ထို့ပြင်... သစ်သီးကိုစားသောက်ကြသူများက ပို၍ပို၍ စွမ်းအားကြီးလာကြပြီး အခြားသူများနှင့် တဖြည်းဖြည်း မတူကွဲပြား လာကြသည်။

မြစ်ရေ၏စွမ်းအားများ လုံးဝပျောက်ကွယ်သွားသည့်တစ်နေ့တွင်တော့ နှင်းတောင်ထက်မှ သစ်ပင်ကြီးလည်း ထူးဆန်းစွာပျောက်ကွယ်သွားလေတော့သည်။

သစ်သီးကို မစားကြသူများက သစ်သီးကို စားသောက်ကြသူများကို အပြစ်တင်ကြသည်။ သစ်သီးကို စားသောက်ထားကြသူများက သူတို့ကိုယ်သူတို့ ထိပ်တန်းတန်ခိုးရှင်များဟု

ထင်မှတ်ကာ သစ်သီးကို မစားကြသူများကို အထင်အမြင်

သေးကြသည်။ ထိုသို့ဖြင့် စစ်ပွဲကြီးတစ်ခု စတင်လေ

တော့သည်။

မြစ်ကြောင်းတစ်လျှောက် ထွက်ပေါ်နေသည့် တာအိုတေးသွား

ကတော့ မည်သည့်အချိန်က ပျောက်ကွယ်သွားသည်ကို

မည်သူမှ သတိမထားမိခဲ့ကြပေ။

ဆန်းလျန်သည် နှင်းများဖုံးလွှမ်းနေသည့် တောင်မြင့်ကြီး၏

အနောက်ဘက်တွင်ရှိနေပြီး သူနှင့်မျက်နှာချင်းဆိုင်တွင် ခြေသံ့

လည်ဆံမွေးနှင့်တူသည့် ဆံပင်များပိုင်ဆိုင်သည့် ကျင့်ကြံသူ

တစ်ယောက် ရှိနေသည်။

ထိုသူက ဗောဓိသကျတစ်ပါးလည်းမဟုတ်သလို လော်ဟန်

ကိုယ်တော်တစ်ပါးလည်း မဟုတ်ပေ။ သို့သော်...

အလွန်အမင်းအံ့သြစရာကောင်းသူတစ်ယောက် ဖြစ်သည်။

မြစ်ရေသည် ထိုကျောင်းကြီးသူ၏ ကျင့်စဉ်ဖြစ်ပြီး နတ်သစ်ပင်

ကတော့ ဆန်းလျန်ဖန်ဆင်းခဲ့သည့် နတ်သစ်ပင်ဖြစ်သည်။

ခံစားချက် (၇)ပါးနှင့် ဆန္ဒ (၈)ပါး မော်စွမ်းအားဖြင့် ဆန်းလျန်

က မြစ်ရေ၏ စွမ်းအားများကို ဖျက်စီးပစ်လိုက်ခြင်းဖြစ်သည်။

နှင်းများဖုံးလွှမ်းနေသည့်တောင်တစ်ခုလုံး ဖွေးဖွေးဖြူလျှက် ရှိ

သည်။ သက်ရှိလူသားဆို၍ ဆန်းလျန်နှင့် ထိုကျောင်းကြီးသူသာ ရှိ

သည်။

မိုးနှင့်မြေတွင် မနိုင်းယှဉ်သာသည့် နောက်ခံရှုခင်းဖြင့် သူတို့

(၂)ယောက် မျက်နှာချင်းဆိုင်နေကြသည်။

ခြေသံ့ကိုယ်တော်က…

"ထျန်းကျွင်း… အဲဒီလူတွေကို အဆိပ်ခတ်တာ တော်တော်

ရက်စက်ရာကျတာပဲ…"

ဆန်းလျန်က ခပ်ပါးပါး တစ်ချက်ပြုံးလိုက်ရင်း…

"ကျုပ်က ကောင်းတဲ့အလုပ်တွေ မလုပ်တတ်ဘူး…"

ဆန်းလျန်၏စကားကြောင့် ခြေသံ့ကိုယ်တော်မှာ ခဏကြာမျှ

စကားမပြောနိုင်ဖြစ်သွားရသည်။

သူ့တွင် ဆန်းလျန်ကို ပြောစရာစကားများစွာရှိနေသည့်တိုင်

ပြန်လည်မြိုသိပ်လိုက်သည်။

ခြေသံ့ကိုယ်တော်က...

"အနောက်ဘက်ကောင်းကင်ဘုံက ကျယ်ပြန့်ပြီး

အကန့်အသတ်မရှိဘူး ၊ ထျန်းကျွင်းသွားမယ်ဆိုရင် ဗောဓိ

ပင်ကို ရှာတွေ့နိုင်မယ် မထင်ဘူး ၊ ပြီးတော့ ထျန်းကျွင်းရဲ့

အရည်အချင်းနဲ့ဆိုရင် သံသရာကိုကျော်လွန်ဖို့အတွက် ဗောဓိ

ပင်ကို ရှာဖွေနေစရာ မလိုပါဘူးလေ..."

အကယ်၍ သူ ရင်ဆိုင်ရသူမှာ အခြားတစ်ယောက်ဆိုလျှင် ထို

မျှ ရှည်ရှည်ဝေးဝေး ပြောနေမည် မဟုတ်ပေ။

သို့သော်… ရောက်လာသူမှ ဆန်းလျန်ဖြစ်နေသည့်အတွက် သူ့အနေဖြင့် မည်မျှ တန်ခိုးစွမ်းအားမြင့်မားပါစေ အရာထင်တော့မည် မဟုတ်ပေ။

အမှန်တော့… မြစ်ရေထဲတွင် စွမ်းအားများထည့်သွင်းထားခဲ့သည်မှာ ခြေသံ့ကိုယ်တော်က ဆန်းလျန်ကို ဆွဲဆောင်ရန် အသုံးပြုခဲ့သည့် နည်းလမ်းဖြစ်သည်။ သို့သော်… ဆန်းလျန်က ထိုအရာကို ဖျက်စီးပစ်ခဲ့ပြီး သူ့ကိုလည်း စကားတစ်ခွန်းမှ မပြောနိုင်အောင် တားဆီးထားသည်။

ဆန်းလျန်က…

"မလိုဘူးဆိုရင်တောင်မှ သွားကြည့်တာ မမှားပါဘူး…"

ပြောပြီးသည်နှင့် ဆန်းလျန်က ခပ်ပါးပါး တစ်ချက်ပြုံးလိုက်သည်။

ဆန်းလျန်ကို မခန့်မှန်းနိုင်သည့်အတွက် ခြေသံ့ကိုယ်တော် စိတ်မသက်မသာ ခံစားလိုက်ရသည်။

ခြေသံ့ကျင့်ကြံသူက...

"ကျုပ်က ထျန်းကျွင်းကို ဒေါသထွက်အောင် လုပ်ခဲ့မိပြီထင်ပါရဲ့..."

ဆန်းလျန်က...

"ဝါရသတ္တဝဆိုတဲ့အမည်ကို ကျုပ်ကြားဖူးပါတယ်၊ အဲဒီစကားက ဗောဓိသကျတစ်ပါးရဲ့ ခိုင်မာမှုနဲ့ ပျက်စီးခြင်းမရှိတာကို ကိုယ်စားပြုတဲ့ သင်္ကေတပဲ၊ ကျုပ်က ဗောဓိပင်ကို ရှာမတွေ့နိုင်ဘူးဆိုရင်တောင်မှ မင်းနဲ့ တိုက်ခိုက်ရတာ အကျိုးရှိမှာပဲ၊ ဒါကြောင့် ကျုပ် ဒေါသမထွက်ပါဘူး..."

ခြေသံ့ကိုယ်တော်မှာ အံ့သြသွားရသည်။

"ဝါရသတ္တဝ" ဆိုသည့် သူ၏နာမည်အရင်းကိုသိသူမှာ ဗောဓိသကျအနည်းငယ်ခန့်သာရှိသည်။ ယခုတော့ ဆန်းလျန်ကလည်း သူ့နာမည်ကို သိနေခဲ့ပြီ ဖြစ်သည်။

သိနေသည့်အပြင် သူ့နာမည်၏အဓိပ္ပါယ်ကိုပင် ရှင်းပြလိုက်သေးသည်။ ခြေသံ့ကျင့်ကြံသူများ ကျောရိုးတစ်လျှောက်အေးစိမ့်လာသည်ဟု ခံစားလိုက်ရသည်။

ဆန်းလျန်ဆိုသူက စကြာဝဠာတစ်ခွင်သွားလာနေပြီး ပြိုင်ဘက်ကင်း နတ်ဘုရားတစ်ပါး ဖြစ်သည်။

ထို့ကြောင့် နေစကြာတထာဂတသသက ဆန်းလျန်နှင့် ရင်မဆိုင်ခင် သူ့ကို သတိပေးခဲ့ခြင်း ဖြစ်သည်။ နေစကြာတထာဂတသသက "ဆန်းလျန်ကို အနိုင်မယူနိုင်လျှင် အချိန်မီ နောက်ဆုတ်ရမည်" ဟု သတိပေးခဲ့သည်။

ယခုတော့ ထိုသို့ဖြစ်လာမည်ဟု မထင်ခဲ့မိပေ။ ခြေသံ့ကိုယ်တော်က သူ့ကိုယ်သူ ရဲရင့်ပြီး ရှုံးပွဲမရှိသည့် ဘုရင်တစ်ပါးဟု ထင်မှတ်ထားမိသည်။ သို့သော်... ယနေ့တော့ ဆန်းလျန်ကို ကြောက်ရွံ့သည့် ကြောက်စိတ်က သူ့စိတ်ကို ပေပေါ်တင်ကာ ထုနေသကဲ့သို့ ဖြစ်သည်။

သို့သော်... ခြေသံ့ကိုယ်တော်က နှစ်ပေါင်းများစွာ မရေမတွက်နိုင်အောင် ကျင့်ကြံခဲ့သူတစ်ယောက်ဖြစ်လေရာ ဘဝကိုလည်း ဖက်တွယ်မထားသလို သေခြင်းတရားကိုလည်း ကြောက်ရွံ့သူမဟုတ်ပေ။

နေ့ခင်းချိန်ခါထွက်ပေါ်လာသည့် ခရုသင်းမှုတ်သံနှင့်အတူ ခြေံသ့ကိုယ်တော်က လက်နှစ်ဖက်ကို ဖြန့်ကားလိုက်သည်။ သူဝတ်ဆင်ထားသည့်ဝတ်ရုံမှ အင်္ကျီလက်များ ပျောက်ကွယ်သွားပြီး ရွှေရောင်လက်မောင်းများ ထွက်ပေါ်လာသည်။ သူ့လက်မောင်းများတွင် ရွှေခန္ဓာတန်ခိုးစွမ်းအားများဖြင့် ပြည့်နက်နေပြီး မည်သူမှ သူ့ကို အနိုင်ယူနိုင်မည် မဟုတ်ပေ။ ထိုလက်များကို "ရွှေသွားအတိလက်များ" ဟုလည်း ခေါ်ကြသည်။ သူ့ဘဝတစ်လျှောက်လုံး ကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများကို ထိုလက်မောင်းများထဲတွင် သိပ်သည်းစွာဖြင့် သိမ်းဆည်းထားခြင်း ဖြစ်၏။

ယနေ့တော့ သူ ကြိတ်ပြီးနောင်တရမိသည်။ အဘယ်ကြောင့်ဆို သော်... သူက အင်္ဂရိတ်ဆရာတစ်ယောက် ဖြစ်သည့်အတွက် သူလျှောက်လှမ်းသည့်လမ်းသည် အနည်းငယ် နှောင့်နှေးနေခဲ့ သည်။ ထိပ်တန်းဓမ္မကိုသိမြင်ပြီး ထိပ်ဆုံးအဆင့်သို့ ရောက်ရှိ ရန်မှာလည်း အလှမ်းဝေးသေးသည်။

ဆန်းလျန်က ခြေသံ့ကိုယ်တော်၏ ရွှေသားအတိလက်များကို စိုက်ကြည့်နေသည်။ သို့သော်... သူ့အမူအရာကတော့ တည်ငြိ မ်လျှက်ရှိသည်။

ထို့နောက် ဆန်းလျန် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

အခန်း (၉၃၄) ဓမ္မမရှိတော့ရင်ရော

ခြေသံ့ကိုယ်တော်က သတ္တိနှင့်ပြည့်စုံပြီး အကြောက်အလန့်ကင်းမဲ့သူဖြစ်သည်။

သူက ဆန်းလျန်ကို စိုက်ကြည့်လိုက်ရင်း...

"ထျန်းကျွင်း ဘာလို့ သက်ပြင်းချရတာလဲ..."

"ကျုပ် ဒီနေ့ သက်ပြင်းချရတာ လောကမှာ 'ရွှေသားအတိလက်' ပညာကို ဘယ်သူမှ နောက်ထပ် မကျင့်ကြံနိုင်တော့ဘူးဆိုတာ သိလိုက်ရလို့ပဲ..."

ဆန်းလျန်က အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

ဆန်းလျန်၏ စကားကြောင့် ခြေသံ့ကိုယ်တော်၏ မျက်နှာအမူအရာ ပြောင်းလဲသွားခြင်း မရှိပေ။

"ဓမ္မက အမြဲတမ်း ရှိနေပါတယ် ၊ 'ရွှေသားအတိလက်' ပညာဟာ ဘယ်တော့မှ သေဆုံးသွားမှာ မဟုတ်ပါဘူး..."

သူဆိုလိုသည့်အဓိပ္ပါယ်မှာ ... အနာဂတ်တွင် သူ့တွင်တပည့်တစ်ယောက်ရှိလာပြီး ပညာကို အမွေဆက်ခံကာ 'ရှေ့သွားအတိုလက်' ရအောင် ကျင့်ကြံနိုင်လိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဆန်းလျန်က ခပ်တိုးတိုးလေသံဖြင့်...

"ဒါဖြင့် ဓမ္မ မရှိတော့ရင်ရော..."

ဆန်းလျန်၏စကားကြောင့် ခြေသံ့ကိုယ်တော် ထောင်းခနဲဒေါသထွက်သွားသည်။

"ထျန်းကျွင်းမှာ ဒီလိုအတွေးမျိုးရှိနေမှတော့ ဗုဒ္ဓဘာသာရဲ့အကြောင်းအကျိုးဆိုတဲ့တရားနဲ့ မကိုက်ညီတော့ဘူး၊ ထျန်းကျွင်း ကိုယ့်ဟာကိုယ်ကြိုးစားပြီး သံသရာကို ကျော်လွန်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး..."

ဆန်းလျန်က ပေါ့ပါးသည့်လေသံဖြင့်...

"ကျုပ်လည်းတွေးမိပါတယ်၊ ဒါပေမဲ့ ကျုပ်ကို ယှဉ်နိုင်တဲ့သူလည်း မရှိပါဘူး..."

ခြေသံ့ကိုယ်တော် ဒေါသချောင်းချောင်းထွက်လာမိသည်။

"ထျန်းကျွင်းက အတိတ်နဲ့ပစ္စုပ္ပန်မှာ အတော်ဆုံးတစ်ယောက်

ပါ၊ အရာအားလုံးကိုလည်း သိမြင်နိုင်တယ်၊ ဒါပေမဲ့ ကျုပ်

ကတော့ ကျောက်သားကို အရည်ဖျော်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒါ

ကြောင့်... ထျန်းကျွင်း တိုက်ခိုက်ခွင့်ပြုပါ..."

ပြောစရာစကားက ဤနေရာတွင် အဆုံးသတ်သွားပြီ

ဖြစ်သည်။

ဗုဒ္ဓဘာသာတွင် အသိဉာဏ်ပညာနှင့်ပြည့်စုံပြီး သတ္တိနှင့်ပြည့်စုံ

သူများထဲတွင် ခြေသံ့ကိုယ်တော်လည်း တစ်ယောက်

အပါအဝင် ဖြစ်သည်။

ထို့ပြင်... ခြေသံ့ကိုယ်တော်၏ ဇာစ်မြစ်က ပေါ့သေးသေး

မဟုတ်ပေ။

ခြေသံ့ကိုယ်တော်၏လက်ဖဝါးထက်မှ ရွှေရောင်အလင်းတန်း

များ ထွက်ပေါ်လာပြီး စစ်မှန်သည့်ဗုဒ္ဓဘာသာတန်ခိုးစွမ်းအား

များ စီးဆင်းနေလေသည်။ ဤသည်မှာ မပျက်စီးနိုင်သည့် ရွှေခန္ဓာ၏ သဘောသဘာဝဖြစ်သည်။

ကောင်းကင်နှင့်မြေပြင်တွင် သန့်စင်သည့် ရွှေရောင်အလင်းတန်းများလင်းလက်လာပြီး ရွှေရောင်သဲမှုံများအလားအဆုံးမရှိ တောက်ပစူးရှလျှက် ရှိသည်။

ရွှေရောင်သဲမှုံများက ဆန်းလျန်ကို လှည့်ပတ်ပိတ်ဆို့ထားသည်။ ထိုအချိန် ဆန်းလျန်၏ ခန္ဓာကိုယ်မှ အရုံအတားတန်ခိုးစွမ်းအားတစ်ခုထွက်ပေါ်လာပြီး ရွှေခန္ဓာဓမ္မ၏သဘောသဘာဝကို ပိတ်ဆို့တားဆီးထားလိုက်သည်။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"သိုင်းကွက် (၃)ကွက်..."

ဟုပြောလိုက်၏။

အစိပ္ပါယ်မှာ ဆန်းလျှန်က ခြေသံ့ကိုယ်တော်၏ ဆုံးဖြတ်ချက်ခိုင်မာမှုများကို သိုင်းကွက် (၃)ကွက်အတွင်း ဖျက်စီးပစ်မည်ဟုဆိုလိုခြင်းဖြစ်သည်။
သို့သော်... ကျယ်ပြောသည့် စကြာဝဠာတစ်ခုလုံးတွင် ဆန်းလျှန်ဖြင့် သိုင်းကွက် (၃)ကွက် ယှဉ်နိုင်သူ အလွန်ရှားပါး၏။
အနည်းငယ်သာ ရှိသည်။
ခြေသံ့ကိုယ်တော်ကတော့ ထိုသူများထဲတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ သူက ရွှေခန္ဓာကို ရရှိအောင်မြင်ထားသည်သာမက မြင့်မြတ်သည့်ဗောဓိသကျ (၄)ပါးထဲတွင်ပါဝင်သည့် ဖူရှန်မယ်တော်၏ ယောကျ်ားလေးအသွင် ကိုယ်ခွဲတစ်ခု ဖြစ်သည်။
ထို့ပြင် ခြေသံ့ကိုယ်တော်က ဗုဒ္ဓဘာသာတွင် ဆရာတစ်ဆူဖြစ်ပြီး အများကလေးစားခြင်းကို ခံရသူတစ်ယောက်လည်းဖြစ်သည်။

ကျူုဖူကိုယ်တော် အပါးပေါင်း (၃၀၀၀)ရှိသော်လည်း ထို အကြောင်းကို သိသူ သိပ်မရှိလှပေ။

ဆန်းလျန်အတွက်တော့ မိုးနှင့်မြေတွင် သူ မသိမြင်နိုင်သည့် လျှို့ဝှက်ချက်ဟူ၍ မရှိပေ။ သို့သော်... ဆန်းလျန်က ခြေသံ့ ကိုယ်တော်ကို လေးစားသူဖြစ်သည်။

ဖူရှန်မယ်တော်သည် တိကျန်ဗောဓိသကျလောက် မတော် သော်လည်း သူ့နေရာနှင့်သူ အောင်မြင်သူတစ်ယောက် ဖြစ် လေရာ ဆန်းလျန်သည် ခြေသံ့ကိုယ်တော်ကို ရင်ဆိုင်ရာတွင် မ ပေ့ါဆရဲပေ။

ရွှေရောင်သဲမှုံများက ပျံ့လွင့်နေသော်လည်း ဆန်းလျန်အနား သို့ ရောက်ရှိနိုင်ခြင်း မရှိပေ။

ရုတ်တရက်... ခြေသံ့ကိုယ်တော်က ကြိုးဝါးသံတစ်ချက်ပြု လိုက်ပြီး မိုးကောင်းကင် (၉)ထပ်နှင့် အသူရာချောက် (၉)ထပ် ၊

လူ့လောကတစ်ခုလုံး တုန်လှုပ်သွားသည့်အလား ထင်မှတ်ရသည်။

သူ၏လက်ဖဝါးများကို အရှေ့ဆီသို့ ဆန့်ထုတ်လိုက်ပြီး များပြားလှစွာသော ရွှေရောင်သဲမှုံများက ချက်ချင်းပင် အသက်ဝင်လာသည်။ သဲမှုံ တစ်မှုံချင်းစီတိုင်းတွင် တောင်နှင့် ပင်လယ်ကဲ့သို့ ပြင်းထန်သည့် တန်ခိုးစွမ်းအားများ ပါဝင်နေပြီး မုန်တိုင်းအလားအပြင်းအထန် လွင့်စင်ထွက်လာသည်။

ဆန်းလျန်က ခြေသံ့ကိုယ်တော်၏ ခန္ဓာကိုယ် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်ကို တိတ်ဆိတ်စွာ ကြည့်နေသည်။ ထိုအရာသည် သေခြင်းတရား၏ သင်္ကေတ ဖြစ်၏။

ဆန်းလျန် တီးတိုးရေရွတ်လိုက်သည်။

"ဗုဒ္ဓဘာသာကနေ တာအိုကို တက်လှမ်းသွားနိုင်တဲ့ နောက်တစ်ယောက် ထွက်ပေါ်လာပြန်ပြီပေါ့..."

မြင့်မြတ်စွာအသက်စွန့်သည့် သေခြင်းတရားကို ရင်မဆိုင်ရ
လျှင် ကြီးမားသည့် တန်ခိုးစွမ်းအားလည်း ထွက်ပေါ်လာမည်
မဟုတ်ပေ။

ကြီးမားသည့် တန်ခိုးစွမ်းအား ထွက်ပေါ်မလာဘဲ အဘယ်မှာ
ဆန်းလျှန်ကို ရင်ဆိုင်နိုင်ပါမည်နည်း။

ခြေသံ့ကိုယ်တော်သည် သူ့တစ်ဘဝလုံး ကျင့်ကြံခြင်းဖြင့်
အချိန်ကုန်ခဲ့သည်။ ယခုတော့ သူက အသက်အသေခံ၍ ဆန်း
လျှန်ကိုတိုက်ခိုက်ပြီး တာအိုတန်ခိုးစွမ်းအားများကို အမြင့်ဆုံး
ဖော်ထုတ်နေသည်။

တောင်နှင့်ပင်လယ်ကဲ့သို့ ကြီးမားသည့်စွမ်းအားများပါဝင်
သည့် မရေမတွက်နိုင်သော သဲမှုံများကို ရင်ဆိုင်လိုက်ရသည့်
တိုင် ဆန်းလျှန်ကတော့ တည်ငြိမ်အေးဆေးနေဆဲ ဖြစ်သည်။

ထို့နောက် ကမ္ဘာမြေကြီးတစ်ခုလုံး တုန်လှုပ်သွားစေသည့်
ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားပြီး ခြေသံ့ကိုယ်တော်၏

ခန္ဓာကိုယ်တစ်ခုလုံးလည်း ပေါက်ကွဲထွက်သွားသည်။ ယွမ်ကျိုးနယ်တစ်ခုလုံးပင် ခံနိုင်ရည်မရှိလောက်အောင် ပေါက်ကွဲမှုက ပြင်းထန်လွန်း၏။

ဆန်းလျန်ပင်လျှင် နောက်သို့ ခြေလှမ်း (၃)လှမ်းခန့် ဆုတ်လိုက်ရသည်။

ထိုခြေလှမ်း (၃)လှမ်းတွင် မြေကြီးက ကွဲအက်ပွင့်ထွက်သွားပြီး အဆုံးမရှိသည့် တွင်းနက်ကြီးများထွက်ပေါ်လာသည်။

သို့သော်... ဆန်းလျန်က ချက်ချင်းပင် နတ်ဘုရားတန်ခိုးစွမ်းအားများကို အသုံးပြုကာ တွင်းနက်ကြီးများကို အကောင်းအတိုင်း ပြန်ဖြစ်သွားအောင် ပြုပြင်ပေးလိုက်သည်။

ဆန်းလျန်နှင့် ခြေသေ့ကိုယ်တော်တိုက်ခိုက်နေသည့် နေရာဒေသသည် ရိုးရှင်းစွာ နှင်းများဖုံးလွှမ်းနေသည့် ဒေသတစ်ခုမဟုတ်ပေ။ ထိုဒေသသည် လောကတစ်ခု ဖြစ်၏။ အော်မီတော်ဖူဗုဒ္ဓဖွင့်လှစ်ခဲ့သည့် 'အရောင်မဲ့လောက' ဖြစ်သည်။

အရောင်မဲ့လောကသည် သုခဘုံ အဝင်တွင်ရှိပြီး သုခဘုံကို ကာကွယ်ပေးထားသည့် အရံအတားဖြစ်သည်။

ခြေသံ့ကိုယ်တော်က သုခဘုံသို့ သွားရောက်မည့်ဆန်းလျှန်ကို တားဆီးရန် ဤနေရာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

အရောင်မဲ့လောက...။

ဤလောကသည် အချိန်မရွေးစုတ်ပြဲသွားနိုင်သည့် ရွက်ဖျင်သားအလားဖြစ်သည်။

တန်ခိုးစွမ်းအား မည်မျှ မြင့်မားပါစေ နောက်ဆုံးတော့ ဘာမှမရှိသည့် အရာဖြစ်သည်။ ဤသည်မှာ ဤလောက၏ စရိုက်လက္ခဏာပင် ဖြစ်သည်။

ထို့ကြောင့် သူတို့ (၂)ယောက် တိုက်ခိုက်ခြင်းကြောင့် ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားများသည် အခြားနေရာသို့ ပျံ့နှံ့သွားခြင်းမျိုးမရှိဘဲ ဤနေရာတွင်ပင် တည်နေမည် ဖြစ်သည်။

ဆန်းလျန်အနေဖြင့် အရောင်မဲ့လောကကို အသာလေးကျော်ဖြတ်ကာ သုခဘုံသို့ ဝင်ရောက်သွားနိုင်စွမ်းရှိသည်။ သို့သော်... သူက မသွားခဲ့ပေ။

ခြေသံ့ဘုန်းတော်ကြီးက ဆန်းလျန်နှင့်တိုက်ခိုက်ရန်အတွက် အချိန်အကြာကြီး ပြင်ဆင်ခဲ့သူဖြစ်သည်။

သို့သော်... သူ၏ စွမ်းအားပြည့်တိုက်ခိုက်မှုက ဆန်းလျန်ကို ခြေလှမ်း (၃)လှမ်းခန့်သာ နောက်ဆုတ်သွားစေသည့်အတွက် ခြေသံ့ကိုယ်တော် အကြီးအကျယ် အံ့အားသင့်သွားသည်။

ခြေသံ့ကိုယ်တော်၏ခန္ဓာကိုယ်တစ်ခုလုံး သွေးများဖြင့် ဖုံးလွှမ်းနေသည်။

သေလုဆဲဆဲအခြေအနေအောက်တွင် ထိုသွေးစက်များက အငွေ့ပျံပျောက်ကွယ်သွားသည်။ ထို့နောက် ပျောက်ကွယ်မှုက အရှိန်မြှင့်သွားပြီး လူတစ်ကိုယ်လုံးပါ ပျောက်ကွယ်လုနီးပါးဖြစ်လျှက် ရှိသည်။

ခြေသံ့ကိုယ်တော်က သေခြင်းတရားနှင့် ခန္ဓာပျက်ရန် သူ

ကိုယ်တိုင်ရွေးခြယ်ခဲ့ခြင်း ဖြစ်သည့်အတွက် လူပြန်ဝင်စားနိုင်

မည် မဟုတ်တော့ပေ။

သူက ထိုသို့ပြုလုပ်ရန် စိတ်ဆုံးဖြတ်ပြီးသား ဖြစ်သည်။

သူ၏ခန္ဓာကိုယ်မှ တန်ခိုးစွမ်းအားများကို ထိန်းချုပ်ထားပြီး

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ထို့နောက် ဒုတိယတိုက်ကွက်ဖြစ်သည့် လက်ချောင်းသိုင်းကို

ထုတ်ဖော်လိုက်သည်။ ထိုအခါ...အလင်းတန်းများက

ကောင်းကင်တစ်ခွင်လုံးသို့ ထိုးဖောက်ပျံ့နှံ့သွားသည်။

ခြေသံ့ကိုယ်တော်၏ ဆံပင်များ လေထဲတွင် ပျံ့လွင့်နေသည်။

သူ၏ပုံစံက အရူးတစ်ယောက်နှင့်ဆင်တူလှသည်။ လေထုက

တစ်ချက်တုန်ခါသွားပြီး နက်ရှိုင်းသည့် မာန်သွင်းအော်ဟစ်သံ

တစ်ချက် ထွက်ပေါ်လာသည်။

ခြေသံ့ကိုယ်တော်ကိုကြည့်ရင်း... စတေးခံရဲသည့် သတ္တိ ၊ အကြောက်အရွံ့ကင်းသည့်ဓမ္မ အငွေ့အသေက်များ ဆန်းလျှန်၏ နှလုံးသားထဲတွင် ရုတ်တရက် ခံစားလိုက်ရသည်။ မာန်သွင်းအော်ဟစ်သံကို သူ့နားထဲတွင် ကြေကွဲဖွယ်ရာ ကြားလိုက်ရသည်။ ထိုအသံက အလွန်တရာလေးလံလွန်းပြီး ရပ်တန့်ခြင်း မရှိပေ။

"စစ်သည်တော်ကဲ့သို့ သတ္တိရှိသူများက အနိုင်ရကြသည်" ဟု ရှေးလူကြီးများက အဆိုရှိကြသည်။

ဆန်းလျှန်ရှေ့တွင် ကိုယ့်ကိုကိုယ် အသက်သေရန် ရွေးခြယ်ပြီး တိုက်ပွဲဝင်သွားသည်မှာ ကရုဏာသက်ဖွယ် အတိဖြစ်သည်။ ထိုသို့သော အဖြစ်အပျက်မျိုးက တွေ့မြင်ခဲ့လှသည့် အဖြစ်အပျက်မျိုးပင်ဖြစ်သည်။

ချန်ကျန့်မေ ဓားတစ်လက်အဖြစ်အသွင်ပြောင်းကာ သူ့ကိုယ်သူ စတေးခံသွားသည့် အဖြစ်အပျက်များကို ဆန်းလျှန်

ပြန်လည်သတိရလိုက်မိသည့်အခါ ရင်ထဲတွင် တစ်ချက်
လှုပ်ရှားသွားသည်။

ယခု တိုက်ခိုက်နေစဉ် ဆန်းလျန် စိတ်အာရုံပျံ့လွင့်ခြင်း မရှိ
သော်လည်း ချန်ကျန့်မေ အသက်စွန့်သွားခြင်းက သူ့ဘဝတွင်
မမေ့နိုင်သည့် အနည်းငယ်သောအဖြစ်အပျက်များထဲမှ (၁)ခု
ဖြစ်သည်။

ဆန်းလျန်တစ်ခဏမျှ သတိလွတ်သွားသည်ကို တွေ့လိုက်
သည်နှင့် ခြေသံ့ကိုယ်တော်က ရှားပါးသည့် အခွင့်အရေးကို
ဆုပ်ကိုင်လိုက်သည်။

သူ၏ လက်ချောင်းသိုင်းမှ အလင်းတန်းများက ပိုမိုသိပ်သည်း
လာပြီး ပြိုင်ဘက်မရှိအောင် ထက်ရှလာသည်။ အလင်းတန်း
များက တိတ်ဆိတ်စွာဖြင့် တုန်ခါနေပြီး အဆုံးမရှိသော
သတ်ဖြတ်လိုသည့်အငွေ့အသက်များဖြင့် ဆန်းလျန်ထံသို့ ဝင်
ရောက်သွားလေတော့သည်။

ဆန်းလျန်ပြုလုပ်ထားသည့် အရံအတား ချက်ချင်းပင်
အပိုင်းပိုင်း ပျက်စီးသွားသည်။ ရွှေခန္ဓာတန်ခိုးစွမ်းအားများက
အဆမတန် မြင့်တက်လာပြီး မည်သည့်အရံအတားကမှ
တားဆီးနိုင်ခြင်း မရှိတော့ပေ။

ပြုလုပ်ထားသည့်အရံအတား တစ်စစီပျက်စီးသွားသည်နှင့်
ဆန်းလျန်၏ ညာဘက်လက်ခလယ်က အလိုလိုလှုပ်ရှားပြီး
သား ဖြစ်သွားသည်။

ဆန်းလျန်၏လက်သည် ကြိုးတစ်ချောင်းအလား သို့မဟုတ်
ညနေခင်းလေပြေထဲတွင် တီးမှုတ်နေသည့် ပုလွေအလား
ခန့်မှန်းရခက်လှသည်။ ထို့ပြင် ရှုးသွပ်စွာဖြင့် တိုက်ခိုက်နေ
သည့် ပေါ့ပါးသည့်ဓား (၁)လက်နှင့်လည်း ဆင်တူသည်။

လက်တစ်ချောင်းတည်းကပင် မြင့်မြတ်သည့်နတ်ဘုရား
တစ်ပါး လူ့လောကသို့ ဆင်းသက်လာသည့်အလား မိုးနှင့်မြေ
အပေါ်တွင် လွှမ်းမိုးနိုင်စွမ်း အပြည့်ရှိနေသည်။

ခြေသံ့ဘုန်းတော်ကြီး၏ လက်ချောင်းသိုင်းသည် ဆန်းလျန်၏ လက်ချောင်တစ်ချောင်းအောက်တွင် ဖိနှိပ်ခံရကာ ရုတ်တရက် အလင်းရောင်များ မှေးမှိန်သွားပြီး ပျက်စီးနေသည့် သူ၏ခန္ဓာကိုယ်ရှိရာသို့ ပြန်လည် ထိုးစိုက်ဝင်ရောက်သွားသည်။

ဆန်းလျန်က သူ၏လက်ချောင်းထက်မှ သွေးများကို တစ်ချက်ကြည့်လိုက်ပြီး လက်ချောင်းကို ဖြည်းဖြည်းချင်း ပြန်ရုတ်သိမ်းလိုက်သည်။

"ခင်ဗျား အကောင်းဆုံး ကြိုးစားခဲ့ပါတယ်..."

ခြေသံ့ကိုယ်တော်သည် ဆန်းလျန်ကိုစိုက်ကြည့်နေပြီး စကားတစ်ခွန်းမှ မဆိုခဲ့ပေ။

သူ့ခန္ဓာကိုယ်သည် လှိုင်းလေထန်သည့် စွမ်းအားများနှင့် ပြည့်နက်နေပြီး သူ၏ ပင်ကိုယ်သဘာဝသည် ကွဲအက်နေသည့် ကြက်ဥတစ်လုံးအလား ကြေမွလွယ်လျှက် ရှိသည်။

သူရှုံးနိမ့်သွားပြီ ဖြစ်သည်။ အရှုံးကြီး ရှုံးနိမ့်သွားခဲ့ပြီ ဖြစ်လေ၏။

ဆန်းလျန်က သိုင်းကွက် (၃)ကွက်ဟု ပြောခဲ့သည်။ သို့သော်... သူက (၂)ကွက်သာ တိုက်ခိုက်ရသေးသည်။

နဂါးငွေ့တန်းနှင့် သာမန်မြစ်တစ်စင်း ခြားနားသည်သို့ သူနှင့် ဆန်းလျန်သည်လည်း အသိဉာဏ်ပညာအရာရော သတ္တိအရာတွင်ပါ ကြီးမားစွာ ခြားနားလေသည်။

"ခင်ဗျား အကောင်းဆုံး ကြိုးစားခဲ့ပါတယ်..." ဆိုသည့်စကားက ခြေသံ့ကိုယ်တော် နောက်ဆုံးကြားလိုက်ရသည့် စကားတစ်ခွန်းဖြစ်သည်။

ထို့နောက်... ခြေသံ့ကိုယ်တော်၏ ခန္ဓာကိုယ်တစ်ခုလုံး အလင်းတန်းများအဖြစ် ပေါက်ကွဲထွက်သွားပြီး ရွှေရောင်ကြာပန်းတစ်ပွင့် ပွင့်လန်းထွက်ပေါ်လာသည်။

ထို့နောက် ကောင်းကင်တစ်ခုလုံး ရွှေရောင်ကြာပန်းမှထွက်ပေါ်လာသည့် ရွှေရောင်အမှုံများဖြင့် ပြည့်နက်သွားပြီး ခြေသံ့ကိုယ်တော်ကတော့ အဝတ်များပါမကျန်အောင် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

အရောင်မဲ့လောကတစ်ခုလုံး ရွှေရောင်များ ဖုံးလွှမ်းသွားသည်။ ပုဇဉ်းရင်ကွဲအော်ဟစ်သံများသည် တေးသီချင်းသံအလား ဆူညံလျှက်ရှိပြီး အရောင်မဲ့လောကသည် တဖြည်းဖြည်း ထူးခြားသည့် အရောင်အဆင်းများဖြင့် ပြည့်နက်လာသည်။

အရောင်မဲ့လောကတွင် အရောင်ဝင်လာသည်နှင့် အော်မီတော်ဖူဗုဒ္ဓပြုလုပ်ထားသည့် အရံအတား ပျက်စီးသွားခဲ့ပြီဖြစ်သည်။

ဆန်းလျန်ရှေ့တွင် အရောင်စုံသည့် သက်တန့်တစ်စင်း ထွက်ပေါ်လာသည်။ ထိုသက်တန့်၏နောက်တွင်တော့ အနောက်

ဘက်ဒေသ၏ သန့်စင်သည့် သုခဘုံကို တွေ့မြင်လိုက်ရလေတော့သည်။

***

"ဆန်းလျန်ထျန်းကျွင်းက ယင်နဲ့ယန် အပြောင်းအလဲကို ဖျက်စီးပစ်လိုက်ပြီ၊ တန်ခိုးစွမ်းအားနဲ့ ဒြပ်စင်စွမ်းအားတွေ ညီညွတ်သွားပြီ၊ ဘယ်သူ့ကိုမှ မျက်လုံးထဲထားမှာ မဟုတ်တော့ဘူး၊ ဝါရသတ္တဝကို နှိမ်နင်းခဲ့တာတောင် သူ့စိတ်ထဲမှာ ဘာခံစားချက်မှ မရှိဘူး၊ ဗုဒ္ဓနဲ့ တာအိုဆရာသခင်ကြီးတွေပဲ သူ့ရဲ့ ဖြစ်တန်စွမ်းကို သိမြင်နိုင်ကြလိမ့်မယ်..."

သုခဘုံတွင် ဝန်စူးမယ်တော်က နေစကြာတထာဂတသကို ထိုစကား ပြောလိုက်ခြင်း ဖြစ်သည်။

နေစကြာတထာဂတသက သူ့ဘေးနားမှ နူးညံ့သိမ်မွေ့သည့် အငွေ့အသက်များနှင့်ပြည့်နေသော ကြီးမြတ်သည့် ဗောဓိသကျကို လှည့်ကြည့်လိုက်သည်။

"ဒီအတိုင်းပဲ ဖြစ်လာမယ်ဆိုတာ ကျုပ်သိခဲ့ပါတယ်၊ ဒါကြောင့် ဝါရသတ္တဝကို ကျုပ ်သတိပေးခဲ့ပါသေးတယ်..."

အခန်း (၉၃၅) တိမ်တိုက်နှင့်ရှုံ့နွံလိုပဲ

နေစကြာတထာဂတသာ စကားလှည့်ပြောလိုက်သည့် ဗောဓိသကျမှာ ဖူရှန်မယ်တော် ဖြစ်လေသည်။

ဝန်စူးမယ်တော်က အသိပညာ၏အချုပ်အချာဖြစ်သည်ဆိုလျှင် ဖူရှန်မယ်တော်ကတော့ သစ္စာတရား၏ အချုပ်အချာ ဖြစ်သည်။

ဗုဒ္ဓဘာသာကျမ်းစာများထဲတွင် ဖူရှန်မယ်တော်သည်

"အကြောင်းကြောင့်အကျိုးကို ဖြစ်တည်စေပြီ ၊ အကျိုးမှ

အကြောင်းတရားကို ပြန်လည်ဖြစ်ပေါ်စေသည်" ဟု ဆိုကြ

သည်။

ထိုစကားက သူမ၏ မယုံကြည်နိုင်စရာ စွမ်းရည်ကို

အရိပ်အမြွက်မျှသာ ဖော်ပြထားခြင်း ဖြစ်၏။

ဝါရသတ္တဝ ခြေသံ့ကိုယ်တော်သည် ဖူရှန်မယ်တော်၏ ကျင့်ကြံ

ခြင်းများထဲမှ ရလဒ် (၁)ခုမျှသာ ဖြစ်သည်။

ခြေသံ့ကိုယ်တော်က ဆန်းလျန်ကို မတားဆီးနိုင်ခဲ့သည့်တိုင်

အနည်းငယ်တော့ တုံ့ဆိုင်းစေခဲ့သည်။ ဤသည်ကိုကြည့်ခြင်း

အားဖြင့် ဖူရှန်မယ်တော်၏ စွမ်းအားမည်မျှ နက်ရှိုင်းသည်ကို

သိရှိနိုင်သည်။

ထို့ပြင် ဖူရှန်မယ်တော်၏ အဆင့်က ကြီးမြတ်သည့် နေစကြာ

တထာဂတသသထက် မသာလျှင်တောင် မလျော့ပေ။

ယခုလည်း ခြေသ့်ကိုယ်တော် ပျက်စီးသွားရသည့်အတွက် ဖူရှ
န်မယ်တော်၏ နူးညံ့သိမ်မွေ့သည့်မျက်နှာထက်တွင် စိတ်အ
နှောက်အယှက်ဖြစ်သွားခြင်းကို မတွေ့ရပေ။

ဖူရှန်မယ်တော်က…

"'ရွှေသားအတိလက်' ပညာဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်
သွားမယ့် ပညာပါပဲ ၊ ဒါကြောင့် ဖူရှန်အနေနဲ့ ဆုံးရှုံးမှုလို့ မ
ယူဆပါဘူး ၊ ဒါပေမဲ့ ဆန်းလျန်ထျန်းကျွင်းကို တားဆီးဖို့
ကတော့ တော်တော်ခက်ခဲလိမ့်မယ် ၊ ဝန်စူးမယ်တော်က ကျွန်မ
တို့ထဲမှာ ပညာဉာဏ်အမြင့်မားဆုံးပဲ ၊ ဆန်းလျန်ကိုတားဆီးဖို့
ဘာနည်းလမ်းများ ရှိသလဲ…"

ဝန်စူးမယ်တော်က လက်ဖဝါးကို အသာဖြန့်လိုက်ပြီး…

"ငါနဲ့ ဆန်းလျန်ထျန်းကျွင်း ယှဉ်လိုက်မယ်ဆိုရင် တိမ်တိုက်နဲ့
ရွှံ့နွံလိုပဲ ၊ ငါ့ရဲ့အသိပညာဟာ သူ့ရဲ့ အသိပညာကို မမီပါဘူး ၊
ငါ့အနေနဲ့ သူ့ကို အနိုင်ယူဖို့ ခက်ခဲလိမ့်မယ်…"

နေစကြာတထာဂတသသက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး...

"ဒါဆို သူသာ ဗောဓိပင်ကို ရှာတွေ့သွားရင် အခြေအနေတွေ ပိုဆိုးကုန်မှာပေါ့..."

ဖူရှန်မယ်တော်က မျက်ခုံးတစ်ချက်ပင့်လိုက်ရင်း...

"အခုပဲ အခြေအနေဆိုးစရာတွေက ရောက်လာပြီ..."

နေစကြာတထာဂတသသနှင့် ဝန်စူးမယ်တော်တို့ ဖူရှန်မယ်တော်ကြည့်ရာ နေရာသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

ထိုအခါ... မျက်နှာချင်းဆိုင်ရှိ လှန်ဟွာသစ်ပင်အောက်တွင် မတ်တတ်ရပ်နေသည့် တာအိုဆရာလူငယ်လေးတစ်ယောက်ကို တွေ့လိုက်ကြရသည်။

ထိုတာအိုဆရာလူငယ်လေးက အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်မှလွဲပြီး မည်သည့်ထူးခြားချက်မှမရှိပေ။ လူငယ်

တွင် တာအိုဆရာများ ကိုင်ဆောင်လေ့ရှိသည့် ဖုချန်ကိုပင် ကိုင်ဆောင်ထားခြင်း မရှိပေ။

ထိုလူငယ်က တစ်ယောက်တည်း ရောက်လာခြင်း ဖြစ်၏။

သူ၏ပုံစံက သုခဘုံသို့ရောက်လာသည့် ညှော်သည်တစ်ယောက်နှင့်မတူဘဲ သုခဘုံ၏ အရှင်သခင်တစ်ပါးနှင့် ဆင်တူနေသည်။

သူတို့ (၃)ယောက်လုံး ထိုတာအိုဆရာလူငယ်ကို လေးစားမိသွားကြသည်။

ထိုလူငယ်ကိုကြည့်ပြီး ဖုရှန်မယ်တော်၏ မျက်ဝန်းများက တောက်ပသည်ထက်တောက်ပလာ၏။ နေနှင့်လထက်ပင် တောက်ပနေသည်ဟု ထင်မှတ်ရ၏။

သူမက ဆန်းလျန်ကို ပထမဆုံးတွေ့သည့်အချိန်မှာပင် အလွန်တရာ မယုံကြည်နိုင်စရာကောင်းလောက်အောင် စိတ်လှုပ်ခြောက်ခံစားလိုက်ရသည်။ သူမ၏အမူအရာကိုကြည့်ပြီး ဆန်းလျန်ပင် အနည်းငယ် အံ့အားသင့်သွားရသည်။

ဖူရှန်မယ်တော်၏ ဘေးတွင်တော့ ဝန်စူးမယ်တော်က ပြုံးလျှက် မတ်တတ်ရပ်နေ၏။ သူမက ဆန်းလျန်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်လျှက် ရှိသည်။

နေစကြာတထာဂတသကတော့ ဦးခေါင်းအနောက်ဘက်မှ ရောင်ခြည်များ ဖြည်းဖြည်းချင်း ထုတ်လွှတ်လိုက်သည်။ ထို ရောင်ခြည်များက ရေလှိုင်းများကဲ့သို့ ဖြစ်ပြီး အတိတ်ကိုထိုး ဖောက်မြင်နိုင်သည့် စွမ်းအားတစ်ခု ထွက်ပေါ်လာသည်။

ဆန်းလျန်က ခန့်မှန်းရခက်သူတစ်ယောက်ဖြစ်ကြောင်း နေ စကြာတထာဂတသ ကောင်းကောင်းသိသည်။ ထို့ကြောင့် လက်ဦးမှုယူပြီး တိုက်ခိုက်နိုင်မှသာ တန်ကာကျမည်။ မဟုတ် ပါက ဆန်းလျန် လွတ်မြောက်သွားရန် အခွင့်အရေး ရသွားပေ လိမ့်မည်။

"ဘာလို့ တာအိုရောင်းရင်း (၃)ယောက်က တိုက်ခိုက်ဖို့ ဟန်ပြင်နေရတာလဲ ၊ ကျုပ်က သုခဘုံကို လာလည်တာပါ ၊ လူသတ်ဖို့ လာတာ မဟုတ်ပါဘူး..."

ဆန်းလျန်၏ စကားလုံးများက တစ်ဖက်လူကို အမြင်ရှင်းစေပြီး ခွျင်းချက်မရှိ သူ့ကို ယုံကြည်စေမည့် တန်ခိုးစွမ်းအားများ ပါဝင်လေသည်။

ရှေးဟောင်းနတ်ဘုရား (၃)ပါးသည့် ထိုသို့သော တန်ခိုးစွမ်းအားများနှင့် ပတ်သက်ပြီး အတွေ့အကြုံမရှိကြပေ။

နေစကြာတထာဂတသက ပြုံးလိုက်ရင်း...

"အခုဆိုရင် သုခဘုံမှ ကျုပ်ဖူကိုယ်တော် နည်းနည်းလေးပဲ ကျန်ပါတော့တယ် ၊ ဆန်းလျန်ထျန်းကျွင်းက သတ်လို့ မဝသေးဘူးလား..."

ဆန်းလျန်က မျက်လုံးများကို အနည်းငယ် ကျဥ်းမြောင်းလိုက်ပြီး ပေါ့ပါးသည့်လေသံဖြင့်...

"သုခဘုံမှာရှိတဲ့ ပန်းတိုင်း၊ သစ်ရွက်တိုင်းမှာ ဗောဓိတရားကို တွေ့မြင်နိုင်တယ်၊ ဒါပေမဲ့ မင်းတို့က အဲဒါကို ဖုံမှုန့်တွေနဲ့ ဖုံးလွှမ်းထားတယ်၊ ဘယ်လိုလုပ ်ကျုူဖူကိုယ်တော် နည်း နည်းလေးပဲ ရှိတယ်လို့ ပြောနိုင်မလဲ..."

ဆန်းလျန်၏ စကားများက ကြီးမြတ်သည့် "ဇင်" ဗုဒ္ဓဘာသာ အယူအဆများ ဖြစ်သည်။ နက်ရှိုင်းပြီး ကျယ်ပြန့်လွန်း သည့်အတွက် နေစကြာတထာဂတသာ၊ ဝန်စူးမယ်တော်နှင့် ဖူ ရှန်မယ်တော်တို့၏ စိတ်နှလုံးများကို တုန်လှုပ်သွားစေသည်။

ဝန်စူးမယ်တော်က ရယ်မောလိုက်ရင်း...

"ထျန်းကျွင်းက တို့တွေရဲ့စိတ်ကို လှုပ်ရှားအောင် လုပ်နေတာ လား..."

ဆန်းလျန်က နက်ရှိုင်းသည့်မျက်ဝန်းများဖြင့် ဝန်စူးမယ်တော် ကို ကြည့်လိုက်သည်။

ဆန်းလျန်၏မျက်ဝန်းများထဲတွင် တာအိုမဟာလမ်းစဉ်က ထင်ရှားပေါ်လွင်လာပြီး ဝန်စူးမယ်တော်၏ စိတ်ထဲတွင် လေးလံသွားသည်။

ဆန်းလျန်က...

"ဒါဖြင့် တာအိုရောင်းရင်းရဲ့ စိတ်က မလှုပ်ရှားဘူးပေါ့..."

ဝန်စူးမယ်တော်က အေးဆေးစွာ ပြုံးလိုက်စဉ် ဖူရှန်မယ်တော်က စကားပြောလိုက်သည်။

"ရုပ်ခန္ဓာလှုပ်ရှားတာပဲ ဖြစ်ဖြစ် ၊ စိတ်နှလုံးလှုပ်ရှားတာပဲ ဖြစ်ဖြစ် ၊ ကျင့်ကြံထားတဲ့ ဓမ္မကလှုပ်ရှားတယ်လို့ခေါ်တယ်..."

ဝန်စူးမယ်တော် စကားသံအဆုံးသတ်သွားသည်နှင့် ကောင်းကင်က တုန်ခါလာပြီး မြေပြင်ထက်တွင် ရွှေရောင်ကြာပန်းများ ပွင့်လန်းလာလေသည်။

ထွက်ပေးလာသည့် ရှုမျှော်ခင်းက အံ့ဩစရာကောင်းလှသည်။

ထိုရှုမျှော်ခင်းများက အော်မီတော်ဖူဗုဒ္ဓ၏ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာခြင်း ဖြစ်သည်။

သုခဘုံသည် အော်မီတော်ဖူဗုဒ္ဓ ဖန်ဆင်းခဲ့သည့် နေရာတစ်ခု ဖြစ်၏။ ထို့ကြောင့် အော်မီတော်ဖူဗုဒ္ဓ၏ ဓမ္မကို နက်ရှိုင်းစွာ သိရှိကြသူများသည် ဆန်းလျန်ကို တိုက်ခိုက်ရန်အတွက် အော်မီတော်ဖူဗုဒ္ဓ၏ တန်ခိုးစွမ်းအားများကို ထုတ်ဖော်အသုံးပြုနိုင်စွမ်း ရှိသည်။

သို့သော်... အော်မီတော်ဖူးဗုဒ္ဓ၏ တန်ခိုးစွမ်းအားသည် အော်မီတော်ဖူဗုဒ္ဓ ကိုယ်တိုင်တော့ မဟုတ်ပေ။

ဆန်းလျန်က မျက်လုံးဖြင့် တစ်ချက်ကြည့်လိုက်သည်နှင့် ထိုရှုမျှော်ခင်းများ ပျောက်ကွယ်သွားပြီး ရွှေရောင်ကြာပန်းများလည်း ညှိုးနွမ်းခြောက်သွေ့သွားကြသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားက ထူးခြားဆန်းကျယ်ပြီး လောကကို တုန်လှုပ်သွားစေသည်။ တာ့လော်အဆင့် နတ်ဘုရားတစ်ပါးမဟုတ်လျှင် ဆန်းလျန်၏တန်ခိုးစွမ်းအားကို နားလည်နိုင်မည် မဟုတ်ပေ။

သို့သော်… နေစကြာတထာဂတသနှင့် အခြားသူများကတော့ ချက်ချင်းပင် နားလည်လိုက်၏။

ဆန်းလျန်က မျက်ဝန်းများမှတစ်ဆင့် သူ၏ကိုယ်ပိုင်ဓမ္မကို ဖော်ထုတ်ကာ အော်မီတော်ဖူဗုဒ္ဓ၏ ဓမ္မကို ဖျက်စီးပစ်လိုက်ခြင်း ဖြစ်သည်။

သူ၏ထိပ်တန်းအဆင့် ကိုယ်ပိုင်တန်ခိုးစွမ်းအားကို အသုံးပြုကာ အော်မီတော်ဖူဗုဒ္ဓ၏ ကြီးမြတ်သည့် အခွင့်အာဏာကို စိန်ခေါ်လိုက်ခြင်း ဖြစ်၏။

သုခဘုံသို့ရောက်လာပြီး ထိုသို့လွှမ်းမိုးနိုင်သူဆို၍ ယခင်က တစ်ယောက်မှ မရှိခဲ့ဖူးပေ။

ဖူရှန်မယ်တော်က ချက်ချင်းပင် စတင်တိုက်ခိုက်လိုက်သည်။

သူမ၏တိုက်ခိုက်မှုက မယုံကြည်နိုင်စရာ ကောင်းလောက်အောင် လျှင်မြန်လွန်းသည်။

ဆန်းလျန်ည် အော်မီတော်ဖူဗုဒ္ဓကိုယ်တိုင်နှင့်ရင်ဆိုင်ရလျှင် မည်သို့မှ အနိုင်ရနိုင်မည်မဟုတ်ပေ။

တာအိုဆရာသခင်ကြီးများ၏ တန်ခိုးစွမ်းအားများကို မည်သူမှ မခန့်မှန်းနိုင်ကြပေ။ သို့သော် ... ဆန်းလျန်ကတော့ တာအိုဆရာသခင်ကြီးတစ်ပါး မဟုတ်သေးပေ။

ဖူရှန်မယ်တော်က အရင်ဆုံးတိုက်ခိုက်ပြီး နောက်ပိုင်းမှ ဝန်စူးမယ်တော်နှင့် နေစကြာတထာဂတဿတို့က တိုက်ခိုက်လိမ့်မည်ဟု ဆန်းလျန်က ထင်ထားခဲ့သည်။

သို့သော်... ရုတ်တရက် သူတို့ (၃)ယောက်က တစ်ပြိုင်နက်တည်းဝင်ရောက်လာပြီး ဓမ္မ (၃)သွယ်တန်ခိုးစွမ်းအားများ

ပေါင်းစပ်ကာ တိုက်ခိုက်လာသည့်အတွက် ဆန်းလျန်

ချက်ချင်း ပြန်လည်ခုခံရန် မလွယ်ကူနိုင် ဖြစ်သွားရသည်။

ဖူရှန်မယ်တော်က လက်သီးချက်ဖြင့် ဆန်းလျန်ကို တိုက်ခိုက်

ရန် အစပြုလိုက်ချိန်တွင် ဝန်စူးမယ်တော်က လက်ချောင်းသိုင်း

၊ နေစကြာတထာဂတဿက လက်ဖဝါးသိုင်းများ အသီးသီး

ထုတ်ဖော်ကာ ဆန်းလျန်ကို စုပေါင်းတိုက်ခိုက်လိုက်ကြ၏။

သူတို့ (၃)ယောက်ကအသုံးပြုသည့် ဓမ္မ (၃)သွယ်က အစိပ်ပွါယ်

လုံးဝမတူညီဘဲ အခြေခံအချက်ကအစ ကွဲပြားခြားနားလေ

သည်။

ဆန်းလျန်အမြင်အရဆိုလျှင် ဖူရှန်မယ်တော်၏ လက်သီးချက်

က အပြင်းထန်ဆုံး ဖြစ်၏။

ဝန်စူးမယ်တော်၏ လက်ချောင်းသိုင်းကတော့ အလွန်ပင် ထူ

ခြားဆန်းကျယ်လွန်းသည်။

နေစကြာတထာဂတသ၏ လက်ဝါးသိုင်းကတော့ ဗုဒ္ဓ

လက်ဖဝါးတန်ခိုးစွမ်းအားကို အပြည့်အဝ ဖော်ထုတ်

ထားသည်။ ခုံရှမ်းအသုံးပြုသည့် ဗုဒ္ဓလက်ဖဝါးတန်ခိုး

စွမ်းအားနီးပါး အဆင့်မြင့်လွန်းလှလေ၏။

သူတို့ (၃)ယောက်အနက် (၁)ယောက်နှင့် ရင်ဆိုင်ရလျှင်ပင်

အတော်လေး ခေါင်းခဲရမည် ဖြစ်လေရာ ယခု (၃)ယောက်လုံး

နှင့် ရင်ဆိုင်နေရသည့် ဆန်းလျန်အတွက်တော့ ပြောနေစရာပင်

မလိုတော့ပေ။

ထို့နောက်... လောကတစ်ခုလုံး ပြိုကျသွားသည့်အလား ထင်မှ

ရသည့် စူးရှသည့် အော်မြည်သံများထွက်ပေါ်လာသည်။

ဖူရှန်မယ်တော် ဒေါသချောင်းချောင်းထွက်နေလေ၏။

သူ၏လျှင်မြန်မှုက သတ်မှတ်နှုန်းထားထက်ကျော်လွန်နေပြီး

လုန်ဟွာသစ်ပင်အောက်တွင်ရပ်နေသည့် ဆန်းလျန်ကို လျှပ်တ

ပြက်အတွင်း အပြင်းအထန် ထိုးနှက်လိုက်သည်။

ဆန်းလျန်၏ ခန္ဓာကိုယ်မှ ထူးခြားသည့် တန်ခိုးစွမ်းအား စက်ဝန်းတစ်ခု ထွက်ပေါ်လာပြီး သူမ၏လက်သီးချက်က အရှိန်လျော့ကျသွားသည်။

သို့သော်... ဖူရှန်မယ်တော်ကိုတော့ ရပ်တန့်သွားစေခြင်း မရှိခဲ့ပေ။

ဖူရှန်မယ်တော်၏ လက်သီးချက်က မြင်းဇောင်းမှလွှတ်လိုက်သည့် မြင်းရိုင်းတစ်ကောင်ပမာ မရပ်တန့်သည့် အရှိန်အဟုန်ဖြင့် ဝင်ရောက်လာသည်။

ဝန်စူးမယ်တော်ကတော့ ခြေတစ်လှမ်းချင်း လှမ်းလာလေသည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းတွင် ကြာပန်းများပွင့်လန်းလာလျှက် ရှိ၏။

ထိုခြေလှမ်းတိုင်းတွင် ဓမ္မအားလုံး၏ သစ္စာတရားကို တွေ့မြင်ရပြီး သူမ၏ ပညာဉာဏ်ကလည်း အဆုံးမရှိပေ။

ရုတ်တရက်... သူမက ဖူရှန်မယ်တော်နှင့် လက်ချင်းယှက်လိုက်သည်။ ထို့နောက် ဆန်းလျန်၏ တန်ခိုးစွမ်းအားစက်ကွင်းကို အတူတူ ကြံ့ကြံ့ခံ ရင်ဆိုင်လိုက်ကြသည်။

နေစကြာတထာဂတသဃက အဖြူရောင်ကျောက်စိမ်းနှင့် အလားသဏ္ဍာန်တူသည့် ဗုဒ္ဓလက်ဖဝါးဖြင့် စကြာဝဠာတစ်ခုလုံးကို ဖြန့်ကျက်ဖုံးအုပ်လိုက်သည်။ ထို့နောက် သူက နောက်ဘက်မှ အေးအေးသက်သာ လမ်းလျှောက်လာပြီး ဖူရှန်မယ်တော်နှင့် ဝန်စူးမယ်တော်တို့၏ ရှေ့တွင် ရပ်လိုက်၏။

သူတို့ (၃)ယောက်၏ တန်ခိုးစွမ်းအား (၃)မျိုး ပေါင်းစပ်လိုက်သည့်အခါ ထူးခြားနက်နဲသည့် တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာသည်။

ဆန်းလျန်သည် သူတို့နှင့် သိပ်ပြီးမဝေးကွာသည့် နေရာတစ်ခုတွင် ရပ်နေခြင်း ဖြစ်သည်။

သို့သော်... ဆန်းလျှန်အနားသို့ ရောက်ရန်မှာ ကောင်းကင်ထက်

သို့ သာမန်ခြေထောက်ဖြင့် တက်လှမ်းရန် ကြိုးစားနေသည့်

အလား အလှမ်းဝေးခက်ခဲလွန်းနေ၏။

ဆန်းလျှန်က ချက်ချင်းပင် အလွန်နက်ရှိုင်းကျယ်ပြန့်သည့်

အပြာရောင်ကောင်းကင်အဖြစ် အသွင်ပြောင်းသွားသည်။

ဖူရှန်မယ်တော်၏ လက်သီးချက်က ပြင်းထန်သည့် မိုးကြိုး

အလားဖြစ်သည်။

ဝန်စူးမယ်တော်၏ လက်ချောင်းသိုင်းကတော့ မြွေနဂါးတစ်

ကောင် လှည့်ပတ်နေသည့်အလား လင်းလက်တောက်ပလျှက်

ရှိသည်။ မြွေနဂါးသည် မိစ္ဆာများ၏ ဦးခေါင်းများကို ဖြတ်

တောက်ပစ်တော့မည့်အလား ထင်မှတ်ရသည်။

နေစကြာတထာဂတဿ၏ ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအား

ကတော့ မိုးကုတ်စက်ဝိုင်းကို ဖိနှိပ်ထားလေ၏။

သူတို့ (၃)ယောက် စုပေါင်းတိုက်ခိုက်မှုက ကာရံညီလှသည်။

ကောင်းကင်၊ မြေကြီးနှင့် လူသား အကြောင်း (၃)ပါး ညီညွတ်

နေသည့်အလား တိုက်ခိုက်မှုက အထာကျလျှက် ရှိသည်။

လက်သီးချက်၊ လက်ချောင်းသိုင်းနှင့် လက်ဖဝါးသိုင်းများ

အားလုံးက ဆန်းလျန်ဖန်ဆင်းထားသည့် အပြာရောင်

ကောင်းကင်ရှိရာသို့ ထိုးဖောက်ဝင်ရောက်သွားသည်။

ဆန်းလျန်၏ ဆံနွယ်ရှည်များက လေထဲတွင် ပျံ့လွင့်နေပြီး

သူ၏ ခြေဖဝါးများက လေထုအထက် (၃)လက်မ အကွာ

အဝေးတွင် ခိုင်ခိုင်မာမာ ရပ်တည်နေသည်။

သူ၏လက်များကတော့ အကျႌလက်များထဲတွင် နစ်မြုပ်လျှက်

ရှိပြီး တွေ့မြင်ရခြင်း မရှိပေ။

သူ၏ခန္ဓာကိုယ်ကတော့ ခိုင်ခိုင်ခံ့ခံ့ရပ်တည်နေပြီး နေရာမှ တစ်

ဖဝါးပင် ရွေ့လျားသွားခြင်း မရှိပေ။

သူ့ကိုကြည့်ရသည်မှာ သဘာဝကျစွာစီးဆင်းနေသည့် မြစ်တစ်

စင်းနှင့်ဆင်တူလှသည်။

ရှေးဟောင်းနတ်ဘုရား (၃)ပါး၏ ထူးခြားလွန်းသည့်တိုက်ခိုက်မှုက ဆန်းလျန်ဖန်ဆင်းထားသည့် အပြာရောင်ကောင်းကင်ရှိရာသို့ စုပေါင်းရောက်ရှိသွားပြီး ကောင်းကင်ထဲတွင် ပေါင်းစပ်သွားကြသည်။

ထို့နောက် ဆန်းလျန်က ခပ်မှန်မှန်ပင် လက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်သည်။ ထိုအခါ … မမျှော်လင့်စွာပင် အချိန်နှင့်ရောများပိုင်းခြားကွဲထွက်သွားလေတော့၏။

နေစကြာတထာဂတသသ ၊ ဖူရှန်မယ်တော် ၊ ဝန်စူးမယ်တော်တို့၏ (၃)ယောက်ပေါင်းတိုက်ခိုက်မှုသည် မတူညီသည့် အချိန်ကာလ (၃)ခုတွင် နေရာ (၃)နေရာ ကွဲထွက်သွားလေသည်။

တစ်ချိန်တည်းမှာပင်… သူတို့ (၃)ယောက်သည် မတူညီသည့်အချိန်နှင့်နေရာတစ်ခုချင်းစီတွင် ဆန်းလျန် (၃)ယောက်ဖြင့်တစ်ယောက်ချင်း ရင်ဆိုင်လိုက်ကြရလေတော့သည်။

သူတို့(၃)ယောက် သီးခြားစီရင်ဆိုင်လိုက်ရသည့်ဆန်းလျှန် (၃)ယောက်မှာလည်း တန်ခိုးစွမ်းအားတူညီသည့် ၊ အကောင်းဆုံး အနေအထားရှိသည့် ၊ စွမ်းအားဖြင့်ပြည့်နေသည့် ဆန်းလျှန်များသာ ဖြစ်ကြသည်။

ထိုသို့သော တိုက်ခိုက်မှုမျိုးကို သူတို့ (၃)ယောက်ဘဝတွင် တစ်ခါမှ ရင်မဆိုင်ခဲ့ဖူးပေ။

ဆန်းလျှန်၏ တိုက်ခိုက်မှုက မော်ဆန်လွန်းသည်။ အံ့သြစရာကောင်းသည်။ မယုံကြည်နိုင်စရာကောင်းသည်။

သူတို့ (၃)ယောက်၏ စုပေါင်းတိုက်ကွက်ကို အချိန်နှင့်နေရာ (၃)နေရာ ပိုင်းခြားပစ်လိုက်ပြီး တစ်ယောက်ချင်းကို ရင်ဆိုင်ရန် ဆန်းလျှန်က ခွဲထုတ်လိုက်လိမ့်မည်ဟု သူတို့ လုံးဝ ထင်မှတ်မထားခဲ့ကြပေ။

ဆန်းလျှန်သည် မတူညီသည့် အချိန် (၃)ခု ၊ နေရာ (၃)ခု ကို တစ်ချိန်တည်းမှာပင် တစ်ပြိုင်တည်း ပိုင်းခြားပစ်လိုက်ခြင်း ဖြစ်သည်။

ဆန်းလျှန်၏ တန်ခိုးစွမ်းအားက တာအိုတရား၏ မှော်ဆန်ခြင်း ကို ပြသနေသည်သာမက မိုးကောင်းကင်၏ မခန့်မှန်းနိုင် ၊ မ ရပ်တန့်နိုင်သည့် ဆန္ဒကိုလည်း ထုတ်ဖော်ပြသလျှက် ရှိသည်။

ရုတ်တရက်… ကောင်းကင်တစ်ခုလုံး တုန်လှုပ်သွားပြီး နေ စကြာတထာဂတသဿ ၊ ဝန်စူးမယ်တော်နှင့် ဖူရှန်မယ်တော်တို့ (၃)ယောက် လေနှင့်အတူ အဝေးသို့ လွင့်ထွက်သွားကြလေ သည်။

သူတို့အားလုံး၏မျက်နှာများကတော့ မယုံကြည်နိုင်မှုများဖြင့် ပြည့်နက်လျှက် ရှိနေကြလေတော့သည်။

အခန်း (၉၃၆) ဗောဓိသကျ (၄)ပါး

အတန်ကြာပြီးနောက်... ဖူရှန်မယ်တော်က ကောင်းကင်ထက်သို့ မျှော်ကြည့်လိုက်သည်။

"လောကမှာ သတ္တဝါပေါင်းအနန္တရှိတယ်၊ ဒါပေမဲ့... အချိန်တွေကုန်လာတာနဲ့အမျှ ငါလည်း အရှုံးကို ရင်ဆိုင်ရပြီပေါ့..."

ဝန်စူးမယ်တော်ကလည်း သက်ပြင်းတစ်ချက် ချလိုက်သည်။ သူတို့က တန်ခိုးစွမ်းအားမြင့်မားသူများ ဖြစ်ကြပါ၏။ သူတို့တွင် တိုက်ရည်ခိုက်ရည်လည်း ရှိကြပါ၏။ သို့သော်... ဆန်းလျန်ကတော့ မယုံကြည်နိုင်လောက်သည့် တန်ခိုးစွမ်းအားနှင့် တိုက်ရည်ခိုက်ရည်ကို ပိုင်ဆိုင်ထားပြီး သူတို့အားလုံးထက် သာလွန်သူတစ်ယောက် ဖြစ်နေခဲ့သည်။

နေစကြာတထာဂတသကတော့ စိတ်ဓာတ်ကျနေဟန် ရှိသည်။

လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာကလည်း သူ ဆန်းလျန်ကို အနိုင်မရခဲ့ပေ။

ဤသည်က သူ့ရင်ထဲမှ မဖြေရှင်းနိုင်သည့် အထုံးတစ်ထုံးဖြစ်နေခဲ့ပြီး ယခုတော့ ထိုအထုံးသည် မည်သည့်အခါမှ ဖြေ၍ရမည် မဟုတ်တော့ပေ။ သူ့ဘဝတစ်လျှောက်လုံး အိပ်မက်ဆိုးပမာ ဖြစ်နေရပေတော့မည်။

ယနေ့မှ ထိုအကြောင်းကို သိရှိခဲ့ရပြီး နောင်တရနေခဲ့မိသည်။

လုန်ဟွာသစ်ပင်၏ သစ်ရွက်တစ်ရွက်ထက်တွင် ဆန်းလျန် မတ်တတ်ရပ်နေသည်။

လေပြေက တိုက်ခတ်နေပြီး ဆန်းလျန်၏ ဆံနွယ်များ လေထဲတွင် လွင့်ပျံလျှက် ရှိသည်။ သူက လောကကိုကိုင်လှုပ်နိုင်သည့် ရှေးဟောင်းနတ်ဘုရား (၃)ပါးဖြင့် ရင်ဆိုင်နေရသူ ဖြစ်သည်။

ဆန်းလျန် ပေါ့ပေါ့လေးသဘောထားပြီး ထိုပုဂ္ဂိုလ် (၃)ဦးကို ရင်ဆိုင်ခဲ့ခြင်း မဟုတ်ပေ။

သို့သော်… ယခုတော့ ထိုနတ်ဘုရား (၃)ပါးကလည်း ဆန်းလျန်ကို ရင်မဆိုင်ရဲကြတော့ပေ။ သူတို့ ဆန်းလျန်ကို မည်သည့်နည်းနှင့်မှ ဖိနှိပ်မရနိုင်သည်ကို သိရှိနားလည်သွားကြပြီဖြစ်သည်။

အခြေအနေက ပျော်ရွှင်စရာလား ၊ စိတ်ပျက်စရာလားဆိုသည်ကို သူသာလျှင် သိပေလိမ့်မည်။

ဆန်းလျန် လေထုထဲတွင် မတ်တတ်ရပ်နေခဲ့သည်။

သို့သော်… မတူညီသည့် အချိန်နှင့်နေရာ (၃)ခုတွင် ရှေးဟောင်းနတ်ဘုရား (၃)ပါးကို စီးမိုးပြီး ကြည့်နေသည့် အနေအထားဖြစ်သည်။ ဆန်းလျန်၏ တန်ခိုးစွမ်းအားက သူတို့၏ တန်ခိုးစွမ်းအားများကို သက်ရောက်မှု ရှိသည်။

ဝန်စူးမယ်တော် ၊ ဖူရှန်မယ်တော်နှင့် နေစကြာတထာဂတသတို့၏ စိတ်ထဲတွင် တစ်ပြိုင်နက်တည်း အတွေးတစ်ခုကို တွေးလိုက်မိကြသည်။

တာအိုဆရာသခင်ကြီးတစ်ပါးကို တွေ့မြင်နိုင်ရန်မှာ မလွယ်ကူလှပေ။ သို့သော်... ဆန်းလျန်ကိုတော့ သူတို့ တွေ့မြင်ခဲ့ရပြီဖြစ်သည်။

ထိုအချိန်မှာပင်... သူတို့၏မြင်ကွင်းမှ ဆန်းလျန်ပုံသဏ္ဌာန်က မှုံဝါးသွားပြီး မြင်တွေ့နိုင်သည်လား ၊ မမြင်တွေ့နိုင်သည်လားပင် မရေမရာတော့ဘဲ ဝေဝါး၍လာသည်။

ထိုအချိန်မှာပင်... ဝန်စူးမယ်တော်က ဆန်းလျန်ကို လှမ်းပြီး မေးလိုက်သည်။

သူမ၏ အသံက ပုတီးစေ့လေးများ အချင်းချင်းရိုက်ခတ်သံအလား သာယာလွန်းပြီး နူးညံ့သိမ်မွေ့လွန်းလှသည်။

"ထျန်းကျွင်း ငါတို့ကို နိုင်သွားပြီဆိုတော့... အခု ဘာများလုပ်ချင်သလဲ..."

ဆန်းလျန်က ခေါင်းကိုမော့ကာ ရယ်မောလိုက်သည်။

"ဝန်စူးမယ်တော်... မင်း ကျုပ်နဲ့ရင်ဆိုင်ရမှာ ကြောက်နေပြီ လား..."

ဝန်စူးမယ်တော်က အံ့အားသင့်သွားဟန်ဖြင့်...

"ငါက သေရမှာကိုတော့ မကြောက်ပါဘူး..."

ဆန်းလျန်က ထပ်ခါထပ်ခါရယ်မောလိုက်သည်။

ထို့နောက် ဆန်းလျန်က မျက်နှာကို ချက်ချင်းပြန်တည်လိုက် ပြီး...

"ဗုဒ္ဓရဲ့နောက်ကိုလိုက်နေတဲ့ ဗောဓိသကျ (၄)ပါးရှိတယ် ၊ သူတို့ က မြေ ၊ ရေ ၊ လေ ၊ မီး ဓာတ်ကြီး (၄)ပါးကို ကိုယ်စားပြုတယ် ၊ အခြေခံအားဖြင့် "ဖြစ် ၊ တည် ၊ ပျက်" တရားတွေကိုလည်း ပြသတယ် ၊ ဗောဓိသကျ (၄)ပါးလုံးရဲ့ စွမ်းအားကို ပေါင်းစပ် လိုက်ရင် ဘယ်လောက်တောင် စွမ်းအားကြီးမားလဲဆိုတာ ကျုပ် အမြဲသိချင်ခဲ့တယ် ၊ ဒါပေမဲ့ အခုတော့ ဗောဓိသကျ

(၄)ပါးမှာ (၂)ယောက်လိုနေတယ် ၊ ဒါကြောင့် မင်းတို့ကို သွား ခွင့်ပြုတယ်..."

ဆန်းလျန်၏ စကားကြောင့် ဝန်စူးမယ်တော်နှင့် ဖူရှန်မယ်တော် တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ဆန်းလျန်က သူတို့ကို သတ်ဖြတ်မည်မဟုတ်သည်ကို သိရှိ လိုက်သည်။ သူတို့က ဆန်းလျန်ကို သေသည်အထိ တိုက်ခိုက် ရန်ရည်ရွယ်ထားသော်လည်း လက်ရှိအချိန်တွင်တော့ တိုက်ခိုက်ရန် တုံ့ဆိုင်းနေမိသည်။

သူတို့က သေရမည်ကို ကြောက်သည့်အတွက် မတိုက်ခိုက်ကြ ခြင်း မဟုတ်ပေ။

ဆန်းလျန်၏ပါးစပ်က ဗောဓိသကျ (၄)ပါးဟု ပြောလိုက်သည့် စကားက သူတို့၏ မျှော်လင့်ချက်ရောင်ခြည်များကို တောက်ပ လာစေသည့်အတွက် ဖြစ်သည်။

သူတို့ (၄)ယောက်ပေါင်းလျှင် ဆန်းလျန်ကို အနိုင်ယူနိုင်ကောင်း မည်ဆိုသည့် မျှော်လင့်ချက်များ ပြန်လည်တောက်ပလာခြင်း ဖြစ်သည်။

ဗောဓိသကျ (၄)ပါးတွင် သူ့သင်္ကေတနှင့်သူ ရှိကြသည်။ စကြာဝဠာရှိ အဓိကဒြပ်စင်များ၏အကြောင်းကို ဗုဒ္ဓတိုင်း သင်ပြပေးခဲ့ကြသည်။ ထိုဒြပ်စင်များက မြေ ၊ ရေ ၊ လေ ၊ မီး ဆိုသည့် ဓာတ်ကြီးလေးပါးပင် ဖြစ်သည်။

ထိုဓာတ်ကြီး (၄)ပါးကို သိရှိနားလည်သည်နှင့် "ဟွင့်ယွမ်ဝူကျီ" ဆိုသည့် တန်ခိုးစွမ်းအား ထွက်ပေါ်လာမည် ဖြစ်သည်။

ဆန်းလျန်က ဗောဓိပင်ကို ရှာတွေ့ပြီး တရားအလင်းရရှိသွား စေဦးတော့ "ဟွင့်ယမ်ဝူကျီ" အဆင့် ဗောဓိသကျ (၄)ပါးကို ဆန်းလျန် (၁)ယောက်တည်းဖြင့် မည်သည့်နည်းနှင့်မှ ရင်ဆိုင် နိုင်မည် မဟုတ်ပေ။

ဗုဒ္ဓဘာသာတွင် ဆန်းလျန်ကို တားဆီးရန် နည်းလမ်း (၁)ခုသာ ရှိသည်။ ထိုနည်းလမ်းမှာ ယနေ့ကာလ ၊ နောင်ကာလ ၊ ကာလ အဆက်ဆက်တွင် စွမ်းအားအမြင့်မားဆုံးနှင့် ရှေးအကျဆုံး ဖြစ်သည့် ဗောဓိသကျ (၄)ပါး ပေါင်းစည်းသည့် စွမ်းအားပင် ဖြစ်သည်။

ဆန်းလျန်က ထိုအချက်ကို သူတို့အား သတိပေးလိုက်ခြင်း ဖြစ်သည်။

ဆန်းလျန်က သူ့ကိုယ်သူ အလွန်အထင်ကြီးနေခြင်းလည်း ဖြစ် နိုင်သလို သူ့တွင်ရှိသည့် လျှို့ဝှက်တန်ခိုးစွမ်းအားများကို ထုတ် မပြဘဲ လျှို့ဝှက်ထားပြီး ဗောဓိသကျ (၄)ပါးကို တမင် သက်သက် စိန်ခေါ်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။

သို့သော်... လတ်တလောအချိန်တွင် ဆန်းလျန်အနေဖြင့် ဝန်စူး မယ်တော်၏ အသိဉာဏ်ပညာကြီးမားမှုကိုတော့ အသိအမှတ် မပြုဘဲ မနေနိုင်ခဲ့ပေ။

ဖူရှန်မယ်တော်ကတော့ သတ္တိဗျတ္တိနှင့်ပြည့်ဝပြီး အကြောက်တရားကင်းမဲ့သူတစ်ယောက်ဖြစ်သလို ကြီးမားသည့်ဆုံးဖြတ်ချက်များကိုလည်း ချမှတ်နိုင်စွမ်း ရှိသူ ဖြစ်သည်။

ဖူရှန်မယ်တော်က...

"ဝန်စူးမယ်တော် ၊ နေစကြာတထာဂတဿ ၊ ငါတို့ သွားကြရအောင်..."

နေစကြာတထာဂတဿက...

"ထျန်းကျွင်းက မင်းတို့ (၂)ယောက်ကိုပဲ သွားခွင့်ပြုတာ ၊ သူပြောတဲ့အထဲမှာ ကျုပ်မပါဘူးထင်တယ်..."

နေစကြာတထာဂတဿက ဆန်းလျန်က ထိုမျှလောက်စိတ်ကောင်းမရှိနိုင်ဟု ယူဆပြီး မေးခွန်းထုတ်သလိုနှင့် ဆန်းလျန်၏စိတ်ကို စမ်းသပ်လိုက်ခြင်း ဖြစ်သည်။

ဆန်းလျန်က...

"တာအိုဆရာလုယာ… ၊ မင်း ကျုပ်ကို တစ်ခါ ကယ်ခဲ့ဖူးတယ်၊ ဒါကြောင့် ဒီတစ်ခါ ကျုပ်မင်းကို လွှတ်ပေးလိုက်မယ်…"

ဝန်စူးမယ်တော် သတိဝင်လာပြီး ဖူရှန်မယ်တော်၏ ဆုံးဖြတ်ချက်ကို လိုက်နာရန် ဆုံးဖြတ်လိုက်သည်။

"နေစကြာတထာဂတသြ ၊ ထျန်းကျွင်းက ဒီလိုပြောမှတော့ ၊ သွားကြရအောင် ၊ တမင်သက်သက် အသေခံတာက သတ္တိရှိရာ မကျဘူး ၊ မိုက်ရူးရဲဆန်ရာကျတယ်…"

ဝန်စူးမယ်တော်က ဗောဓိသကျ (၄)ပါး လက်ချင်းတွဲပြီး ကြီးမြတ်သည့် စတေးခံခြင်းကို နားလည်သဘောပေါက်သွားသည့်အတွက် ခပ်မြန်မြန်ပင် ဆုတ်ခွာခဲ့သည်။ အမြန်ဆုတ်ခွာနိုင်မှသာလျှင် သူတို့အနေဖြင့် နောင်တရစရာများမှ ကင်းဝေးမည် ဖြစ်သည်။

နေစကြာတထာဂတသကတော့ ဆန်းလျှန်၏ စကားများကို နားထောင်ပြီးသည့်နောက် သူ့နှလုံးသားထဲတွင် နတ်မိစ္ဆာ တစ်ပါး မွေးဖွားလာသည့်အလား ခံစားလိုက်ရသည်။

သူ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ပြီးသည့်နောက် သူ့အဆင့်က ဖူ ရှန်မယ်တော်နှင့် ဝန်စူးမယ်တော်တို့လောက် မြင့်မားခြင်း မရှိပေ။

သူယနေ့ ရရှိခဲ့သည့် အောင်မြင်မှုအားလုံးသည် အပိုအလိုမရှိ သူရသင့်ရထိုက်သည့်အရာများသာ ဖြစ်ကြသည်။

မည်သို့ပင်ဖြစ်စေ... ရှေးယခင်ကတည်းက ဆန်းလျှန်ကို အနိုင် မယူနိုင်ခဲ့သည့် အရိပ်မည်းကြီးက သူ့အပေါ် လွှမ်းမိုးနေခဲ့ သည်။ ဆန်းလျှန်ကို ယခင်ကလည်း ရှုံးနိမ့်ခဲ့ပြီး ယခုလည်း ရှုံးနိမ့်ခဲ့ပြန်ပြီ ဖြစ်သည်။ သူ့ရင်ထဲမှ မဖြေနိုင်သောအထုံးက ပိုမိုကြီးမားလာပြီး သူ့ဘဝတွင် ဆန်းလျှန်ကို အနိုင်ယူနိုင်ပါဦး မည်လားဟု သံသယများပင်ဝင်လျှက် ရှိနေတော့သည်။

ဝန်စူးမယ်တော်၏ အသိဉာဏ်ပညာနှင့် ဖူရှန်မယ်တော်၏ ပြတ်သားသည့်ဆုံးဖြတ်ချက်ဖြင့် ဆန်းလျန်က သူတို့ကို လွှတ်ပေးလိုက်သည်နှင့် ချက်ချင်းပင် သူတို့အားလုံး ထွက်ခွာသွားကြလေတော့သည်။

ဗုဒ္ဓဘာသာမှ သူတော်စင် (၃)ပါးသည် သုခဘုံကိုပင် အရေးမစိုက်တော့ဘဲ ထွက်ခွာသွားကြသည်မှာ သဲလွန်စပင် မကျန်ခဲ့တော့ပေ။

သုခဘုံသည် ဗုဒ္ဓပေါင်းတစ်သောင်းမက နေထိုင်ခဲ့ကြသည့် သန့်စင်သည့်နယ်မြေဖြစ်လေသည်။

ဝန်စူးမယ်တော် ၊ ဖူရှန်မယ်တော်နှင့် နေစကြာတထာဂတသသတို့ ထွက်ခွာသွားသည်နှင့် ဆန်းလျန် ကောင်းကင်ထက်မှ အသာအယာဆင်းသက်လိုက်သည်။

သုခဘုံ၏ မြေပြင်ထက်သို့ ခြေချလိုက်မိသည်နှင့် မြေပြင်က သူ့ကို တစ်စုံတစ်ခုဖြင့် ထိုးနှက်နေသည့်အလား ခံစားရသည်။

ဤသည်မှာ အော်မီတော်ဖူဗုဒ္ဓ၏ တန်ခိုးစွမ်းအားက သူရောက်ရှိလာခြင်းကို ငြင်းပယ်နေခြင်းပင် ဖြစ်၏။

သူက သုခဘုံသို့ အတင်းအဓမ္မဝင်ရောက်လာသူ ဖြစ်လေသည်။ ထို့ကြောင့် သုခဘုံက သူ့ကို လက်မခံလိုခြင်း ဖြစ်သည်။ အမှန်တော့ ဆန်းလျန်ရင်ဆိုင်ရမည့် အကြီးမားဆုံး ရန်သူမှာ ကျူဖူကိုယ်တော်များ ၊ ဗောဓိသတ္တများမဟုတ်ပေ။ အော်မီတော်ဖူဗုဒ္ဓကိုယ်တိုင်ပင် ဖြစ်သည်။

အတိတ်အချိန်များက ကြီးမားလေးလံပြီး တိုင်းတာနိုင်စွမ်းမရှိသည့် ကြီးမားသောဖိအားများက ဆန်းလျန်၏ တာအိုနှလုံးသားကို ဖိနှိပ်ထားသည်။

စကြာဝဠာအရှင်ကြီး မျောက်မင်းစွန်းဝူခုံးကို ဗုဒ္ဓ၏ လက်ငါးချောင်းတောင်အောက်တွင် ဖိနှိပ်ထားသည်နှင့်ပင် ဆင်တူလေသည်။

သို့သော် တဖြည်းဖြည်း ဆန်းလျှန် အနည်းငယ် စိတ်သက်သာရာရလာမိသည်။

ထိုသို့ စိတ်သက်သာရာ ရစေရန်အတွက် ဝန်စူးမယ်တော်၊ ဖူရှန်မယ်တော်နှင့် နေစကြာတထာဂတသတို့ကို ဆန်းလျှန်လွှတ်ပေးလိုက်ခြင်းတော့ မဟုတ်ပေ။ ဆန်းလျှန်အနေဖြင့် ဗောဓိသကျ (၄)ပါး ပေါင်းစပ်ထားသည့် တန်ခိုးစွမ်းအားကို အမှန်တကယ် ရင်ဆိုင်ကြည့်လိုခြင်း ဖြစ်သည်။

ယနေ့ သူက ဝန်စူမယ်တော်နှင့် ဖူရှန်မယ်တော်တို့ကို အနိုင်ယူနိုင်ခဲ့သည်။ သို့သော်… ကျန်ရှိနေသေးသည့် ဗောဓိသကျ (၂)ပါးဖြစ်သော ကွမ်ယင်မယ်တော်နှင့် တိကျန်ဗောဓိသကျတို့အကြောင်းကို သူ့စိတ်ထဲတွင် မတွေးဘဲ မနေနိုင်ပါချေ။

ဖူရှန်မယ်တော်က "အကြောင်းကြောင့် အကျိုးဖြစ်ခြင်းနှင့် အကျိုးကိုဖြစ်စေသည့် အကြောင်းတရားများကို နားလည်သူဖြစ်သည်။"

ဆန်းလျန်ကတော့ အကြောင်းအကျိုးတရားများကို သူလိုချင်သည့်အချိန်တိုင်းတွင် ဖန်တီးယူ၍ရနိုင်သည်။ သူမပြုလုပ်နိုင်သည့်အရာဆို၍ လောကကြီးတွင် မရှိပေ။

လေးနက်သည့်အတွေးများကို ခေါင်းထဲမှ ဖယ်ထုတ်လိုက်ပြီး သူ၏ တာအိုနှလုံးသားကို ကြည်လင်ရှင်းလင်းသွားစေရန် ဆန်းလျန် ကြိုးစားလိုက်သည်။

ထိုအခါ … သူ့စိတ်ထဲတွင် ထိုက်ကျိ၊ ထိုက်စုနှင့် ထိုက်ယိ တရားများ ထင်ရှားထွက်ပေါ်လာသည်။

ထို့နောက် ဆန်းလျန် အော်မီတော်ဖူဗုဒ္ဓ၏ ကျယ်ပြန့်နက်ရှိုင်းသည့် သုခဘုံအတွင်းသို့ ဖြည်းဖြည်းချင်း ဝင်ရောက်လာခဲ့လေသည်။

ရွှေရောင်သဲမှုံများက သုခဘုံကို ဖုံးကွယ်ထားသည်။

သုခဘုံတွင် ကျူပြုကိုယ်တော် သန်းနှင့်ချီပြီး နေထိုင်ခဲ့ကြ ဖူးသည်။ သို့သော်... ယခုတော့ သဲမှုံများသာ ရှိနေသည်။ သဲမှုံ များမှလွဲပြီး မည်သည့်အရာမှ မရှိပေ။

နေစကြာတထာဂတသနှင့် အခြားသူများက အော်မီတော်ဖူ ဗုဒ္ဓ၏ ဓမ္မကို ယုံကြည်လက်ခံခဲ့ကြသော်လည်း သုခဘုံ၏ အခြေခံတည်ရှိမှု အမှန်တရားကို အနည်းအကျဉ်းပင် ဆုပ်ကိုင် နိုင်ခဲ့ကြခြင်း မရှိပေ။

ပြောရမည်ဆိုလျှင်... သုခဘုံသည် လူ့လောကနီးပါး ကျယ်ပြန့် သည်။

သုခဘုံတွင် ဓမ္မ၏ ညီမျှမှုကို ပြန်သရန် နေရာတိုင်း ထပ်တူကျ လျှက်ရှိသည်။

ဆန်းလျန်၏တန်ခိုးစွမ်းအားဖြင့်ဆိုလျှင် မရှိမှုကျေးရွာတွင် သုခဘုံကဲသို့သော ကောင်းကင်ဘုံတစ်ခုကို ဖန်ဆင်းနိုင်စွမ်းရှိ

သည်။ သို့သော်... သုခဘုံတွင်ကဲ့သို့ ဓမ္မ၏ညီမျှမှုကို ပြသနိုင်ရန်ကတော့ သူ့အတွက် မဖြစ်နိုင်ပေ။

ဤသည်မှာ သူနှင့် အော်မီတော်ဖူဗုဒ္ဓကြားမှ ကွာခြားချက်ဖြစ်ပြီး မကျော်လွှားနိုင်သည့် အကွာအဝေးနှင့် အဆင့်အတန်းလည်း ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် တာအိုဆရာသခင်ကြီးများကို မည်သူမှ လျှော့မတွက်ရဲကြပေ။ ဆန်းလျန်အနေဖြင့် ဗောဓိပင်ကို ရှာဖွေရန်မှာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသကဲ့သို့ပင် ဖြစ်သည်။

သို့သော်... ကံကောင်းသည်မှာ ဆန်းလျန်ကတော့ ဗောဓိပင်ကို ရှာဖွေရန် နည်းလမ်းတစ်ခု ရှိနေခဲ့သည်။

ဗောဓိပင်ကို ရှာဖွေရန် ဗောဓိပင်၏ အမြစ်မှ စတင်ရမည် ဖြစ်သည်။

ဗောဓိပင်၏အမြစ်သည် တာအိုဆရာသခင်ကြီး (၈)ပါး၏

ထူးခြားဆန်းကျယ်သည့် လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဆန်းလျန်နှင့် ယန်ရှီးတို့ လင်

ထိုင်ဖန်းကျွမ်းတောင်တွင် ပညာယှဉ်ပြိုင်ခဲ့ကြဖူးသည်။

ထိုအချိန်တုန်းက... ဆန်းလျန် မထင်မှတ်ဘဲ တာအိုဆရာ

သခင်ကြီးတစ်ပါးဖြင့် ဆုံစည်းခဲ့ရသည်။ ထိုတာအိုဆရာသခင်

ကြီးက ပိယွမ်ဟူဘိုးဘိုးဟုခေါ်ဆိုသည့် ဗောဓိဘိုးဘိုးပင်

ဖြစ်၏။

ဗောဓိဘိုးဘိုးသည် မျောက်မင်းစွန်းဝူခုံးကို ပညာသင်ပေးခဲ့

သည့် တာအိုဆရာသခင်ကြီးဖြစ်သည်။ ထိုဘိုးဘိုးသည်

ဗုဒ္ဓဘာသာအတွင်းသန္တန်ရှိ အနှစ်သာရကို သိမြင်သူလည်း

ဖြစ်သည်။

အော်မီတော်ဖူဗုဒ္ဓက ကြီးမားသည့် ကရုဏာရှင် ဖြစ်သည်။

သို့သော်... ဗောဓိဘိုးဘိုး၏ ကျင့်စဉ်လမ်းကတော့ အော်မီတော်ဖူဗုဒ္ဓ၏လမ်းစဉ်နှင့် မတူညီပေ။

ဗောဓိဘိုးဘိုးက အကြွင်နာတရားကင်းမဲ့သူ ဖြစ်သည်။

ထို့ပြင် ဗောဓိဘိုးဘိုး တရားအလင်းရခဲ့သည့် အခြေခံကျင့်စဉ်သဘောတရားများကလည်း ဆန်းလျှန် ယခင်ဘဝက ကျင့်ကြံခဲ့သည့် ချင်းရှမ်နတ်တံခါးမှ ကျင့်စဉ်လမ်းနှင့် သွားရောက်တူညီနေသည်။

"လူတစ်ယောက် ကျင့်စဉ်လမ်းကို လိုက်တော့မည်ဆိုလျှင် စိတ်နှလုံးကို အရင်စစ်ဆေးရမည်" ဆိုသည့် ချင်းရှမ်နတ်တံခါး၏ ဆောင်ပုဒ်ကဲ့သို့ ဖြစ်၏။

ဗုဒ္ဓဘာသာကျမ်းစာများထဲမှ...

"မိမိစိတ်ကို နိုင်အောင် ပဲ့ကိုင်ထိန်းချုပ်နိုင်ရမည်" ဆိုသည့် သဘောတရားနှင့် သွားရောက်ဆင်တူသည်။

ဗောဓိပင်သည် ပိယွမ်ဟူဘိုးဘိုးဟု ခေါ်သည့် ဗောဓိဘိုးဘိုး၏ နှလုံးသားပင် ဖြစ်သည်။ ထိုအရာသည် သုခဘုံတွင် ဖုံးကွယ် နေပြီး အလင်းရောင်ထဲသို့ တစ်ခါမှ ထွက်ပေါ်လာခြင်း မရှိပေ။ သို့သော်... သေသေချာချာ ရှာဖွေမည်ဆိုလျှင်တော့ ဗောဓိ ပင်ကို ကျိန်းသေတွေ့ရှိနိုင်မည် ဖြစ်လေသည်။

အခန်း (၉၃၇) ခေါင်းလောင်းသံရယ် လေးတစ်လက်ရယ် ရွှေရောင်တံတားထက်ဝယ်

ရှမ်တုတောက်ကျွင်းနှင့် တာအိုဆရာယွိတင်တို့ သုခဘုံသို့ အချိန်မရွေးရောက်လာနိုင်သည်ကို သိရှိသည့်တိုင် ဆန်းလျန်၏ အမူအရာက တည်ငြိမ်အေးဆေးလျှက် ရှိသည်။

သုခဘုံရှိ လုန်ဟွာသစ်ပင်အောက်တွင် တာအိုဆရာလူငယ်တစ်ယောက် တင်ပျဉ်ခွေ ထိုင်လျှက် ရှိလေသည်။ ထိုလူငယ်တာအိုဆရာမှာ ဆန်းလျန်ပင် ဖြစ်၏။

သူ၏ဦးခေါင်းထက်တွင် အစိမ်းရောင်တိမ်တိုက်တစ်ခုဖြစ်တည်လာပြီး တိမ်တိုက်ထက်တွင် ပန်း (၃)ပွင့် ပွင့်လန်းလာသည်။

အစိမ်းရောင်တိမ်တိုက်က ပတ်ဝန်းကျင်တစ်ခုလုံးသို့ တဖြည်းဖြည်းပျံ့နှံ့သွားပြီး မြူခိုးများအလား ဖုံးလွှမ်းသွားသည်။ ထိုမြူခိုးများထဲမှ တန်ခိုးစွမ်းအားများက အော်မီတော်ဖူဗုဒ္ဓ၏ တန်ခိုးစွမ်းအားများထက် သာလွန်နေသည်။

ဆန်းလျန် မျက်လုံးများကို ဖြည်းဖြည်းချင်းမှိတ်လိုက်ပြီး သူ၏ နှလုံးသား နက်ရှိုင်းသည့်နေရာတစ်နေရာမှ မြစ်တစ်စင်း ထွက်ပေါ်လာသည်။

ဆန်းလျန်၏ နတ်ဘုရားစိတ်အာရုံက မြစ်ကြောင်းအတိုင်း လိုက်ပါသွားပြီး အတိတ်ဆီသို့ ပြန်လည်ရောက်ရှိသွားသည်။ အတိတ်ကာလသည် သူဖြတ်တောက်ခဲ့သည့် လွန်ခဲ့သော လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ကာလကို ကျော်လွန်သွားခဲ့လေသည်။ လောကတွင် မည်သူမှ ဖြတ်တောက်ထားသည့် အတိတ်ကို ကျော်လွန်ကာ အတိတ်ကို ကြည့်ရှုနိုင်သူဆို၍ မရှိပေ။

သို့သော်... ဆန်းလျန်ကတော့ ခြွင်းချက်ဖြစ်၏။

တားမြစ်ထားသည့်အတိတ်ကို ထိုးဖောက်သိမြင်နိုင်အောင် ကြိုးစားသည့်အတွက် အဆုံးမရှိသည့် ဒုက္ခတရားများကို ဆန်းလျန်တစ်ယောက်တည်း ကြိတ်မှိတ်ရင်ဆိုင်ရမည် ဖြစ်သည်။

ဆန်းလျန်၏ နှလုံးသားထဲမှ စီးဆင်းထွက်ပေါ်လာသည့် အချိန်ရေစီးကြောင်းက အိပ်မက်ဆန်လွန်းလှသည်။ ထိုရေစီးကြောင်းက အတိတ်ကိုတည်မှီနေသော်လည်း တကယ်တမ်းတွင် အတိတ်ကာလမဟုတ်ပေ။

အတိတ်ကို ခရီးနှင်ရန်အတွက် ဆန်းလျန်က အိပ်မက်လိပ်ပြာကျင့်စဉ်ကို အသုံးပြုပြီး ကြီးမားသည့်အိပ်မက်ကြီးတစ်ခုကို ဖန်ဆင်းထားခြင်း ဖြစ်သည်။

ဆန်းလျန်က သုခဘုံတွင် ဗောဓိပင်ကို ရှာဖွေရန်အတွက် အတိတ်တစ်ချိန်က သူတွေ့မြင်ခဲ့ဖူးသည့် ဗောဓိဘိုးဘိုးကို ပြန်လည်ရှာဖွေရမည် ဖြစ်သည်။

ရုတ်တရက်... ပတ်ဝန်းကျင်တစ်ခုလုံးမှ ရှုမျှော်ခင်းမြင်ကွင်းများပြောင်းလဲသွားသည်။

ကောင်းကင်က ရေကဲ့သို့ကြည်လင်ပြီး ပင်လယ်ပြင်က အစိမ်းရောင် တောက်ပလျှက်ရှိသည်။

လရောင်အောက်တွင် တာအိုဆရာ (၂)ယောက် ရင်ဆိုင်

တိုက်ခိုက်နေကြသည်။ ထိုတိုက်ခိုက်နေကြသူ (၂)ယောက်မှာ

ဆန်းလျန်နှင့် ယန်ရှီးပင် ဖြစ်လေ၏။

ထိုအဖြစ်အပျက်သည် နှစ်ပေါင်းတစ်သောင်းကျော်မက

ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယခုတော့ ဆန်းလျန် ထိုမြင်ကွင်းကို ပြန်လည်မြင်တွေ့မြင်

လိုက်ရသည့်အခါ နှလုံးသားထဲတွင် များစွာသောခံစားချက်

များကို ခံစားလိုက်ရသည်။

သူတို့တိုက်ခိုက်ခဲ့ကြသည်က အချိန်ခဏတာလေးသာ

ဖြစ်သည်။ သို့သော်... ထူးခြားဆန်းကျယ်သည့် တိုက်ပွဲတစ်ခု

သူတို့ဆင်နွှဲခဲ့ကြသည်ကို ထိုစဉ်က ဆန်းလျန် နားမလည်ခဲ့ပေ။

သို့သော် နိဂုံးချုပ်သွားခဲ့ပြီဖြစ်သည့် အရာများကို ပြောင်းလဲ

ရန်ဆိုသည်မှာ မဖြစ်နိုင်ပေ။

လင်ထိုင်ဖန်းကျွမ်းတောင်ကို ရောက်သည်နှင့် ယန်ရှီးက

တောင်ထဲသို့ ဝင်ကာ ပျောက်ကွယ်သွားခဲ့သည်။

ကြီးမားသည့်ရေတံခွန်ကြီးတစ်ခုက မြင့်မားသည့် ချောက်

ကမ်းပါးကြီးတစ်လျှောက် စီးဆင်းကျနေပြီး ပုံရိပ်များအားလုံး

ကို ဆန်းလျန်၏မျက်ဝန်းထဲတွင် တွေ့မြင်နေရသည်။

ပုံရိပ်များအားလုံးက ထူးခြားဆန်းကျယ်လှပြီး ဆန်းလျန်

ကတော့ ထိုအချိန်ကို အလေးမထား ၊ တန်ဖိုးမထားဘဲ မနေနိုင်

ခဲ့ပေ။

ထိုအချိန်တုန်းက... ယန်ရှီးက ဆန်းလျန်ကို လှည့်ဖြားရန်

အတွက် တောင်ထဲတွင် ပုန်းနေခဲ့သည်။

ယခုအချိန်တွင်တော့ ဆန်းလျန်၏မျက်လုံးထဲတွင် ယန်ရှီးလုပ်

သမျှ အရာအားလုံးကို တွေ့မြင်နေရလေသည်။

အတိတ်၏ပုံရိပ်များဆိုသော်လည်း ဆန်းလျန်၏ ဟွင့်ယွမ်ဝူ

ကျီအဆင့် နတ်ဘုရားတန်ခိုးစွမ်းအားများထံမှ မည်သည့်အရာ

မှ ဖုံးကွယ် မထားနိုင်ပါချေ။

ဆန်းလျန်က အတိတ်မှ အကြောင်းအရာများကို ဝင်ရောက်

စွက်ဖက်ခြင်း မရှိပေ။ အတိတ်သည် အတိတ်သာလျှင် ဖြစ်

ပေ၏။

ထို့နောက် ဆန်းလျန်သည် ယန်ရှီးစီစဉ်ထားသည့်အတိုင်း

ထောင်ချောက်ထဲသို့ ဆင်းသက်သွားခဲ့သည်။ ယန်ရှီး၏ ပုံသ

ဏ္ဍာန်မျိုးစုံရှိသည့် နတ်မိစ္ဆာဆယ့်နှစ်ကောင်က ဆန်းလျန်ကို

ဝန်းရံထားခဲ့သည်။

ထိုအချိန်မှာပင်... အဆုံးမရှိအချိန်နှင့်နေရာကိုကျော်လွန်သွား

ပြီးလင်ထိုင်ဖန်းကျွမ်းတောင်နှင့် ကြယ်သုံးပွင့်ဂူသည် ဖျတ်ခနဲ

လင်းလက်သွားလေသည်။

အတန်ကြာသည့်အခါ... မဟာပွဲတင်သံဗိမာန်အတွင်းရှိ

တရားဟောပလ္လင်ထက်တွင် မုတ်ဆိတ်မွေးများနှင့် ဆံပင်မွေး

များဖြူဖွေးနေသည့် ဗောဓိဘိုးဘိုးကို တွေ့မြင်ခဲ့ရခြင်း

ဖြစ်သည်။

သို့သော်... အတိတ်အချိန်က အလွန်ကြာမြင့်ခဲ့ပြီဖြစ်လေ

သောကြောင့်လားမသိ၊ မြင်ကွင်းများက ချက်ချင်းပင် မီးခိုး

မြူမှုံများပမာ လွင့်ပျက်ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်ဗောဓိဘိုးဘိုးကို တွေ့ဆုံခဲ့သည့် အချိန်ရောက်

သည်နှင့် မြင်ကွင်းက မိုးခိုးပမာ ပျောက်ကွယ်သွားခြင်း

ဖြစ်သည်။

ထို့ကြောင့်... ဆန်းလျန် ဗောဓိဘိုးဘိုးကို ထပ်မံတွေ့မြင်ခဲ့ရ

ခြင်း မရှိတော့ပေ။

ဆန်းလျန် အိပ်မက်မှ နိုးထလာသည်။

ထို့နောက် ချောင်းများဆိုးလာပြီး သွေးတစ်ပွက်အန်ချလိုက်

သည်။ ကန့်သတ်ထားသည့်အရာကို ထိုးဖောက်ရန် ကြိုးစား

ခြင်းအတွက် သူ့ဝိညာဉ်က အနည်းငယ် အရှောင်မှေးမှိန်သွား

သည်။

ဆန်းလျန်သည် အော်မီတော်ဖူဗုဒ္ဓ၏တန်ခိုးစွမ်းအားများ

အောက်တွင် ဖိနှိပ်ခံနေရဆဲဖြစ်သည်။ ထို့ပြင်... တာအိုဆရာ

သခင်ကြီးတစ်ပါးဖြစ်သည့် ဗောဓိဘိုးဘိုး၏ သဲလွန်စကို

လိုက်လံရှာဖွေခြင်းက သူ့ကို ဒဏ်ရာရစေခြင်း ဖြစ်သည်။

ထို့ပြင် တာအိုဆရာသခင်ကြီးဖြစ်သူ ဗောဓိဘိုးဘိုးက အချိန်

ကို ရောင်ပြန်ဟပ်နိုင်ပြီး ဆန်းလျန်၏ နှလုံးသားထဲမှ သူနှင့်

တွေ့ဆုံခဲ့သည့်အကြောင်းအရာကို ဖျက်စီးပစ်ခဲ့ခြင်း

ဖြစ်သည်။

ဤသည်မှာ တာအိုဆရာသခင်ကြီးတစ်ပါး၏ နက်ရှိုင်းသည့်

တန်ခိုးစွမ်းအားပင် ဖြစ်သည်။

ဆန်းလျန်က နှုတ်ခမ်းထောင့်မှ သွေးစများကို အင်္ကျီလက်ဖြင့် သုတ်လိုက်သည်။

အတွေ့အကြုံအတော်များများ ရလိုက်သည့်အတွက် သွေးစက် နည်းနည်းကျလိုက်ရခြင်းက တန်သည်ဟု ဆန်းလျန် ယူဆ လိုက်သည်။

အသက်အနည်းငယ် ရှူထုတ်လိုက်ပြီး ဆန်းလျန် ကျေနပ်သွား သည်။

ဗောဓိဘိုးဘိုးက ဖြစ်ပျက်ခဲ့သမျှ လမ်းကြောင်းအားလုံးကို ဖျက်ပစ်သွားလိမ့်မည်ဟု သူ မယုံကြည်ခဲ့ပေ။

သဲလွန်စတစ်ခုကို ဖုံးကွယ်ထားနိုင်သည်ဆိုသော်လည်း နောက်ထပ် မဖုံးကွယ်နိုင်သည့် သဲလွန်စများ ကျန်ရှိနေနိုင်သေး သည်။

အမှန်တရားဆိုသည်က မည်မျှဖုံးကွယ်ထားပါစေ မုန်တိုင်း ကြားတွင်ပင် မြင်တွေ့နိုင်သည့် အရာဖြစ်သည်။

လင်ထိုင်ဖန်းကျွမ်းတောင်တွင် မည်သည့်အရာများဖြစ်ပျက်ခဲ့သည်ဆိုသည့် အမှန်တရားကို သူ မသိမြင်နိုင်ခဲ့လျှင်တောင်မှ ဗောဓိဘိုးဘိုး၏ အနည်းငယ်မျှသောရည်ရွယ်ချက်လေးကို သိခွင့်ရလျှင် ဆန်းလျန်အနေဖြင့် အမှန်တရားကို ဖမ်းဆုပ်နိုင်မည်ရှိသည်။

ထိုမျှလောက် အကြောင်းအရာ နည်းနည်းလေးကို သိခွင့်ရလျှင် ပင် ဆန်းလျန် ဗောဓိပင်ကို ရှာဖွေရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်သည်။

မီလဲ့ကိုယ်တော် တရားအလင်းရခဲ့ရာ နေရာဖြစ်သည့် လုန်ဟွာသစ်ပင်အောက်တွင် ဆန်းလျန် အေးအေးဆေးဆေးပင် ဆက်ပြီး ထိုင်နေလေသည်။

ဗုဒ္ဓဘာသာဘက်မှ သူ့ကိုတားဆီးမည့်သူ တစ်ဦးတစ်ယောက်မှ ထွက်ပေါ်လာခြင်း မရှိတော့ပေ။

တိကျန်ဗောဓိသကျနှင့် တိုက်ခိုက်ပြီးနောက် ပျောက်ကွယ်သွားပြီဖြစ်သည့် မီလဲ့ကိုယ်တော်ကတော့ လုံး၀ ထွက်ပေါ်လာခြင်း မရှိတော့ပေ။

***

မိုးကောင်းကင်တောင်ဘက်တံခါးတွင်တော့ နဂါးငွေ့တန်းကို ဖြတ်သန်းတည်ဆောက်ထားသည့် ရွှေရောင်တံတားကြီး တစ်စင်းရှိနေလေသည်။

ထိုတံတားကြီးထက်တွင် ထိုက်ချိယင်ယန် ပန်းချီကားတစ်ချပ်ရှိနေ၏။

ယန်ကျန်းကတော့ နဂါးငွေ့တန်း မြစ်ကမ်းနံဘေးတွင် ရှိနေသည်။ သူက တိမ်ကဲ့သို့ ဖြူစင်သည့် ၀တ်စုံကို၀တ်ဆင်ထားပြီး ဖိနပ်စီးနင်းထားခြင်း မရှိပေ။

သူ၏လက်ထဲတွင် သုံးဖက်ချွန်နှစ်ဖက်သွားဓားကို ကိုင်ဆောင်ထားပြီး သူ့မျက်၀န်းများက နဂါးငွေ့တန်းတစ်နေရာသို့ လှမ်းကြည့်နေလေသည်။

ထိုနေရာသည် ချင်းဆွေထျန်းကောင်းကင်ဘုံသို့ဝင်ရောက်ရာ ဝင်ပေါက်နေရာဖြစ်သည်။

ထိုနေရာတွင် လီချင်းဆွေ ရှိနေလေသည်။ တာအိုဆရာလီချင်းဆွေက မိန်းမပျိုလေးတစ်ယောက်အလား ချောမောလှပလွန်းသည်။

သို့သော်… သူမက ယန်ကျန်းကို လုံးဝ အရေးမစိုက်သလို တိုက်ခိုက်ရန် အစီအစဉ်လည်း ရှိပုံမရပေ။

စကြာဝဠာတစ်ခွင်တွင် ချင်းယွမ်မြောင်တောက်အရှင်ဟု ကျော်ကြားသည့် ယန်ကျန်းသည် ယခုတော့ ချွေးစေးများပျံလျှက် ရှိသည်။

မိုးကောင်းကင်တံခါးကို ရရှိရန်တိုက်ခိုက်ခဲ့ကြသည့် တိုက်ပွဲတွင် ရရှိခဲ့သည့် ဒဏ်ရာက ပြန်လည် ကောင်းမွန်သွားခဲ့ပြီဖြစ်သည်။

လီချင်ဆွေကို ရင်ဆိုင်ရန်မှာ သူ့အတွက် ကြောက်မက်ဖွယ်ရာ ကိစ္စတစ်ခုပင် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း တစ်သောင်းကျော်မက ကြာခဲ့သည့် အချိန်တစ်ခုက သူနှင့် လီချင်းစွေ တိုက်ခိုက်ခဲ့ဖူးသည်။ ထိုစဉ်က လီချင်းစွေကြောင့် သူ လူပြန်ဝင်စားသွားခဲ့ရသည့်အဖြစ်ကို အမှတ်ရမိသည်။

ထိုနေ့က ကြုံတွေ့ခဲ့ရသည့် အရှုံးတရားက သူ့ဘဝတစ်လျှောက်လုံး အရိပ်မည်းကြီးတစ်ခုပမာ ခြောက်လှန့်လျှက်ရှိပြီး ယခုအချိန်ထိ ကြောက်လန့်နေဆဲ ဖြစ်သည်။

ရှမ်တုတောက်ကျွင်းနှင့် တာအိုဆရာယွိတင်တင်တို့၏ အမိန့်အရ ဆန်းလျန် ဗောဓိပင်ကိုရှာဖွေခြင်းကို တားဆီးရန်အတွက် ယန်ကျန်း ရောက်လာခဲ့ရခြင်း ဖြစ်သည်။

မိုးကောင်းကင်တံခါးသည် အလွန်ထူးဆန်းသည့် မှော်ဝင်ပစ္စည်း တစ်ခုဖြစ်သည်။

မိုးကောင်းကင်တံခါးကို ဆန်းလျန် ရရှိသွားသည့်တိုင်

မိုးကောင်းကင်တံခါး၏ အနှစ်သာရကို ဆန်းလျန်အနေဖြင့်

ပြောင်းလဲပစ်နိုင်မည် မဟုတ်ပေ။

သို့သော်… ဆန်းလျန်ထျန်းကျွင်းသာ ဗောဓိပင်ကို တွေ့ရှိပြီး

ဗုဒ္ဓ၏တရားဓမ္မအားလုံးကို သိရှိသွားမည်ဆိုပါက အမှန်

တကယ်ပင် လောကတစ်ခွင်တွင် ပြိုင်ဘက်ကင်းဖြစ်သွားပေ

လိမ့်မည်။ ရှမ်တုတောက်ကျွင်းထက်ပင် တန်ခိုးစွမ်းအားများ

မြင့်မားလာပြီး နောက်ဆုံးတိုက်ပွဲတွင် အနိုင်ရမည့်သူမှာ ဆန်း

လျန်တစ်ယောက်တည်းသာ ဧကန်မုချ ဖြစ်သွားပေလိမ့်မည်။

ထိုအချက်က အလွန်မှ လက်မခံချင်စရာ ၊ စက်ဆုပ်ရွံလျှာ

ဖွယ်ရာ အချက်တစ်ခု ဖြစ်၏။

ယခုတော့ ဗုဒ္ဓဘာသာဘက်မှ ပုဂ္ဂိုလ်များကလည်း ဆန်းလျန်

ကို မည်သူမှ မတိုက်ခိုက်ရဲကြတော့ပေ။

ရှေးဟောင်းတည်ရှိမှုတစ်ခုဖြစ်သည့် ဗောဓိပင်ကို မကာကွယ်ကြတော့ဘဲ ဆန်းလျန်ထျန်းကျွင်းကို ရင်ဆိုင်ရန် သတ္တိခွန်အားများ မရှိကြတော့ပေ။

မိုးကောင်းကင်တံခါးကို ရယူသည့်တိုက်ပွဲတွင် ဆန်းလျန်၏ မြင့်မားလွန်းသည့် တန်ခိုးစွမ်းအားများကို ပြန်လည်တွေးမိသည့်အခါ ယန်ကျန်း ကြောက်ရွံ့လာမိပြန်သည်။

ထိုခဏမှာပင်... မျောက်မင်းစွန်းဝူခုံအကြောင်းကို သူ စဉ်းစားလိုက်မိသည်။ ဝူခုံးကတော့ သက်သောင့်သက်သာဖြင့် လွတ်လပ်စွာ အဝေးသို့ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

ဝူခုံးက သူ့ကို အနိုင်ယူခဲ့သည့်အတွက် မုန်းတီးခြင်းကို ခံစားရသော်လည်း ဆန်းလျန်ကိုတော့ မနာလို ဖြစ်မိသည်။

ကျင့်စဉ်လမ်းကို လျှောက်လှမ်းသည်ဆိုရာတွင် ခြေလှမ်းတိုင်းက မလွယ်ကူဘဲ ခက်ခဲလွန်းလှသည်။ သို့သော်...အခက်အခဲ

များကို ကျော်ဖြတ်ရင်ဆိုင်ခဲ့သည့် ခြေလှမ်းတိုင်းကတော့ ကျေနပ်ရောင့်ရဲဖွယ်ရာပင် ဖြစ်၏။

ထို့ကြောင့် ယန်ကျန်းအနေဖြင့် ယခုအချိန်တွင် ဂူခုံးကို မနာလိုခြင်း မဖြစ်မိတော့ပေ။ သို့သော်... သူ့ရင်ထဲတွင် တိတ်တဆိတ် နာကျင်လျှက်ရှိသည်။

ယခုအတိုင်းဆိုလျှင် လီချင်းစွေက ဆန်းလျန်၏ကိစ္စနှင့် ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်မည့်ဟန် မရှိသည့်အတွက် ယန်ကျန်း တိတ်တဆိတ် ကျေးဇူးတင်မိသည်။

ယန်ကျန်း အတွေးလွန်နေစဉ်မှာပင် ကောင်းကင် (၉)ထပ်နှင့် အသူရာချောက် (၉)ထပ် တစ်ခွင်တွင် ကျယ်လောင်သည့် ခေါင်းလောင်းသံများထွက်ပေါ်လာပြီး အဖြူရောင်တိမ်တိုက် တစ်စ လွင့်မျောလာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုအဖြူရောင်တိမ်တိုက်သည် ရွှေရောင်တံတားကြီးအနီးအပါး တွင် ရပ်တန့်သွားသည်။

ထို့နောက် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခါးတွင် ခေါင်းလောင်းတစ်ခုကို ချိတ်ဆွဲထားသည့် လူငယ်တစ်ယောက် ပေါ်ထွက်လာလေသည်။

ခေါင်းလောင်းသံများက လူငယ်၏ခါးတွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုခေါင်းလောင်းသံမှာ သူ့ဘဝတွင် မည်သည့်အခါမှ မေ့နိုင်တော့မည် မဟုတ်သည့် မိုးကောင်းကင်တံခါး၏ အသံ ဖြစ်သည်ကို ယန်ကျန်းသိရှိလိုက်သည်။

ခေါင်းလောင်းသံ၏ တန်ခိုးစွမ်းအားကြောင့် ရွှေရောင်တံတား ကြီးပင် တုန်လှုပ်သွားသည်။

ရွှေရောင်တံတားထက်တွင်ရှိနေသည့် ထိုက်ချိယင်ယန်ပန်းချီ ကားသည် အဝါရောင်မိုးနတ်မင်းဝတ်စုံကို ဝတ်ဆင်ထားသည့် ရှမ်ဟွမ်မိုးနတ်မင်းအဖြစ် ပြောင်းလဲသွားသည်။

ရွှမ်ဟွမ်မိုးနတ်မင်းက ရွှေရောင်တံတားထက်တွင်

မတ်တတ်ရပ်နေရင်း အေးစက်သည့်အကြည့်ဖြင့် အဖြူရောင်

ဝတ်ဆင်ထားသည့် လူငယ်ကို စိုက်ကြည့်လိုက်သည်။

ထိုအကြည့်ကို ရင်ဆိုင်ရရုံဖြင့် နတ်ဘုရားများပင်လျှင်

အသက်ပျောက်သွားနိုင်သည်။ "အကြည့်နှင့်ပင်သေလောက်

သည်" ဆိုသည့် အကြည့်မျိုး ဖြစ်၏။

အဖြူရောင်ဝတ်ဆင်ထားသည့် လူငယ်က ရွှမ်တုတောက်ကျွ

င်း၏ စူးရှသည့်အကြည့်ကို ရှောင်လွှဲရန်အတွက် မျက်လွှာချ

လိုက်သည်။

တာအိုဆရာယွိတင်ကတော့ ထွက်ပေါ်မလာသေးပေ။

သို့သော်... ဖန်ကူအလံ၏ ဖိအားများကတော့ မည်သည့်နေရာ

ကမှန်းမသိ တဖြည်းဖြည်း မြင့်တက်လာသည်။ ကျောက်တုံး

ကျောက်ဆောင်များကို ပစ်ခတ်ပစ်လိုက်သည့် မိုးကြိုးအလား

အရှိန်အဟုန်က မြင့်မားလှသည်။

"ချင်တိကေရာဇ်၊ မင်းက တားဆီးရဲ့သလား၊ မင်းက ကျုပ်ကို တားဆီးရဲ့သလား..."

အလွန်အေးစက်တည်ငြိမ်ပြီး မိုးခြိမ်းသံအလား ကျယ်လောင်သည့် ရွှမ်တုတောက်ကျွင်း၏ အသံကြီး ထွက်ပေါ်လာသည်။

သူက ရွှေရောင်တံတားထက်တွင် ရပ်ပြီး ရဲ့လျိုယွင်ကို ငုံ့ကြည့်နေသည်။ သူ့ပုံစံက ထိပ်တန်းအဆင့် တာအိုဆရာသခင်ကြီးတစ်ပါးအလားပင်ဖြစ်သည်။

ရဲ့လျိုယွင်၏မျက်နှာတွင် ကြောက်ရွံ့ဟန် လုံးဝမရှိပေ။

သူက တစ်ချက်ပြုံးလိုက်ရင်း...

"လောကမှာ ကျုပ်မလုပ်ရဲတာ ဘာမှ မရှိဘူး..."

ရဲ့လျိုယွင်၏ဟန်ပန် အတော်လေး တည်ငြိမ်ပြီး မောက်မာဟန်လည်း လုံးဝမရှိပေ။

သို့သော်... ရဲ့လျိုယွင်၏ပုံစံက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေလေရာ ရွှမ်တုတောက်ကျွင်းက လုံးဝ လျှော့မတွက်ရဲပေ။

ရဲ့လျိုယွင်တွင် မိုးကောင်းကင်တံခါးရှိနေရုံသာမက ရဲ့လျိုယွင်သည် ချင်တိဧကရာဇ်ကိုယ်တိုင် ဖြစ်နေခြင်းအတွက် လျှော့မတွက်ရဲခြင်း ဖြစ်လေ၏။

ချင်တိဧကရာဇ်ဆိုသည်က သမိုင်းတစ်လျှောက်တွင် ကျော်ကြားလွန်းလှသည့် ဧကရာဇ်တစ်ပါးပင် ဖြစ်သည်မဟုတ်ပါလား။

သို့သော်... ရှမ်တုတောက်ကျွင်းကို ဆန့်ကျင်ရန် ရောက်ရှိလာသူမှာ ချင်တိဧကရာဇ် တစ်ပါးတည်း မဟုတ်ပေ။

သူ အရှေ့ဆီသို့ လှမ်းကြည့်လိုက်သည့်အခါ တောက်ပသည့်လတစ်စင်း တဖြည်းဖြည်း မြင့်တက်လာသည်ကို တွေ့လိုက်ရသည်။

လမင်းထက်တွင် မွှေးပျံ့သည့်ရနံ့သင်းပျံ့နေသည့် ထင်းရှူးပင်တစ်ပင် ရှိနေပြီး သစ်ပင်အောက်တွင် လနတ်သမီးချန်ဝေါ်ရပ်နေလေသည်။

သူမ၏နံဘေးတွင်တော့ လေးညှို့ကိုတင်ထားသည့် လူငယ်လေးတစ်ယောက် မတ်တတ်ရပ်လျှက်ရှိပြီး ရွှမ်တုတောက်ကျွင်းကို စိုက်ကြည့်နေလေသည်။

လူငယ်လေး၏မျက်နှာက ပုံမှန်ပင်ဖြစ်သည်။ သို့သော်… လေးကိုကိုင်ထားသည့်ဟန်ကတော့ မယုံကြည်နိုင်စရာကောင်းလွန်းသည့် အသွင်အပြင်ရှိလေသည်။

မိုးအောက်မြေပြင်တစ်ခုလုံးတွင် ထိုလေးညှို့ကို နှိုင်းယှဉ်နိုင်သည့်အရာဆို၍ မည်သည့်အရာမှ ရှိနိုင်မည် မဟုတ်တော့ပေ။

အခန်း (၉၃၈) ယွမ်စီအထိမ်းအမှတ်ကျောက်စာ

ကြောက်ရွံ့မှု ၊ နှိုင်းယှဉ်၍မရနိုင်သည့် ကြောက်ရွံ့မှု...။

နတ်ဘုရားများအားလုံး ၊ နတ်မိစ္ဆာများအားလုံးတို့သည် ထို လေးညှို့ခတ်သံကို သူ့ခေတ်သူ့အခါအလိုက် အတွေ့အကြုံရှိခဲ့ ကြသူများ ဖြစ်လေသည်။

ထို့ကြောင့်သူတို့အားလုံး၏ နှလုံးသားထဲတွင် ကြောက်ရွံ့မှုကို ခံစားလိုက်ကြရသည်။

ဆန်းလျန်သည်လည်း ဤလေးကိုအသုံးပြုကာ တစ်ကြိမ် ပစ်ခတ်ခဲ့ဖူး၏။ သို့သော်... လေးညှို့ခတ်သံသည် ထိုမျှ စွမ်းအားကြီးမားခြင်း မရှိပေ။

အားလော်ဟယ်ကို မြားဖြင့်ပစ်ခတ်ရန်အတွက် ဆန်းလျန် ဤ လေးညှို့ကို အသုံးပြုခဲ့ဖူးသော်လည်း တကယ်တမ်းတွင် ဆန်း လျန်က ဤလေးညှို့၏ ပိုင်ရှင်အစစ်မဟုတ်ပေ။

မိုးနှင့်မြေ ၊ အတိတ်နှင့်အနာဂတ် ၊ မည်သည့်အချိန် မည်သည့်နေရာပဲ ဖြစ်ပါစေ ဤလေးညှို့ပိုင်ရှင်က တစ်ယောက်တည်းသာ ရှိ၏။

ထိုသူသည်ကား "တာ့ယိ" ပင် ဖြစ်သည်။

ထိုအချိန် နေစကြာတထာဂတသ သုခဘုံတွင် ထွက်ပေါ်လာလေသည်။

သူ့ပုံစံက ကြောက်ရွံ့ထိတ်လန့်လွန်းသဖြင့် လုံး၀ ပြိုလဲကျနေပြီး သူ၏ခေါင်းများကို လက်ဖြင့်ဆုပ်ညှစ်ကာ ကိုင်ထားသည်။

သူ၏နှလုံးသားထဲမှ ကြောက်မက်ဖွယ်ရာ မှတ်ဉာဏ်များပြန်လည်ထွက်ပေါ်လာပြီး နေစကြာတထာဂတသ၏ အသွင်သည် ခြေထောက် (၃)ချောင်းပါသည့် နေစကြာနတ်ငှက်တစ်ကောင်အဖြစ် ပြောင်းလဲသွားလေသည်။

ထို့နောက် ဟိုဟိုဒီဒီ ပျံသန်းရင်း အော်ဟစ်နေလေတော့၏။

ဝန်စူးမယ်တော်နှင့် ဖူရှန်မယ်တော်တို့မှာလည်း နေစကြာတထာ
ဂတသကိုကြည့်ပြီး ဘာပြောရမှန်းမသိဖြစ်နေကြသည်။
သူတို့အားလုံး "တာ့ယိ" ဆိုသည့် နာမည်ကို ကြားဖူးကြသည်။
သူတို့အားလုံး "တာ့ယိ" ၏ ဂုဏ်သိက္ခာကိုလည်း လေးစားကြ
သည်။

"တာ့ယိ" သည် လောက၏ အရှင်သခင်မျိုးဆက်တွင် မည်သူမှ
အနိုင်မယူရဲသည့် လေးသည်တော်တစ်ယောက် ဖြစ်၏။ တာ့
ယိ၏ နတ်မြားသည် တာအိုဆရာသခင်ကြီးတစ်ပါးကိုပင်
နာကျင်စေနိုင်သည်ဟု အဆိုရှိကြသည်။

ထိုအချက်က သက်သေပြရန်တော့ မရှိပေ။ လူအများက တာ့
ယိ၏မြားချက် ကြောက်မက်ဖွယ်ရာကောင်းပုံနှင့် ထိတ်လန့်
ဖွယ်ကောင်းပုံကို အလွန်အမင်း အတိသယဝုတ္တိအလင်္ကာဖြင့်
ချဲ့ကားပြောဆိုခြင်းလည်း ဖြစ်နိုင်၏။

ချင်တိကေရာဇ်ကလည်း မိုးကောင်းကင်တံခါးကို ကိုင်ဆောင်ထားလေသည်။ သူ၏တန်ခိုးစွမ်းအားက လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ချင်တိကေရာဇ်နည်းတူ တန်ခိုးစွမ်းအားများ မြင့်မားလျက်ရှိသည်။

တာ့ယိကလည်း သူ၏ နတ်လေးညို့ကို ကိုင်ထားပြီး ဒဏ္ဍာရီဆန်သည့်သူရဲကောင်းတစ်ယောက်အလား လေးကိုခွင်းကာ နတ်မြားကို ပစ်ခတ်တော့မည့်အလား ဖြစ်သည်။

လနတ်သမီးချန်ဝေါ်(ဟန်အယ်)သည်ကား ခေတ်အဆက်ဆက်တွင် နက်ရှိုင်းသည့် တန်ခိုးစွမ်းအားကို ပိုင်ဆိုင်ထားသည့် နတ်သမီးတစ်ပါး ဖြစ်သည်။

သူတို့ (၃)ယောက်သာ ပူးပေါင်းတိုက်ခိုက်မည်ဆိုလျှင် ရှမ်တုတောက်ကျွင်းက ဟွင့်ယွမ်ဝူကျီအဆင့် ကျင့်ကြံသူ ဖြစ်နေသည့်တိုင် မတိုက်ခိုက်သည်ကသာ အကောင်းဆုံးဖြစ်သည်။

လေထုထဲတွင် တန်ခိုးစွမ်းအားများ ပြည့်နက်နေပြီး အချိန်က အလွန်အမင်း နှေးကွေးသွားသည်။

တာ့ယိ၏ မြားချက်က မည်သည့်နေရာက ထွက်ပေါ်လာမည်ကို မည်သူမှ မသိရှိနိုင်ပေ။

ရှမ်တုတောက်ကျွင်းဖန်ဆင်းထားသည့် ရွှေရောင်တံတားကြီးက နဂါးငွေ့တန်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားကြီးဖြစ်ပြီး မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီး (၄)ပါးစလုံးကို ဖိနှိပ်ထားနိုင်စွမ်း ရှိသည်။

တိုက်ပွဲအခြေအနေကို မည်သူမှ မခန့်မှန်းနိုင်ပေ။

သို့သော်... ဆန်းလျန်ထျန်းကျွင်း သုခဘုံမှ ပြန်ထွက်လာလျှင် တိုက်ပွဲလည်း အဆုံးသတ်ပြီ ဖြစ်ကြောင်း အားလုံး သိရှိထားကြသည်။

ကောင်းကင်ဘုံနန်းတော်၏ ဖိအားက အလွန်ကြီးမားလွန်းလှသည်။

သို့သော်… လောကကို တုန်လှုပ်စေသည့် စွမ်းအား

ကြီးမားသော နတ်ဘုရား (၃)ပါးကို အလျှင်အမြန်သာ အနိုင်ယူ

တိုက်ခိုက်နိုင်ခြင်း မရှိပါက ရွှမ်တုတောက်ကျွင်းအနေဖြင့်

သေချာပေါက် အရှုံးနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

ရွှမ်တုတောက်ကျွင်း၏ ဆံပင်များ လေထဲတွင် ပျံ့လွင့်

နေသည်။

နက်မှောင်သည့်ဆံနွယ်များ နေရာအနှံ့ပျံ့လွင့်နေပြီး

သူ၏မျက်ဝန်းများက တောက်ပသည်ထက် တောက်ပလာ

သည်။ မျက်ဝန်းများက နေမင်းတစ်စင်းထက်ပင် ပူလောင်လာ

သည်ဟု ထင်မှတ်ရ၏။

ရုတ်တရက်… နောက်ထပ်နေမင်း (၂)စင်းထွန်းလင်းလာသည့်

အလားပင် ခံစားရစေသည်။

"ချွင်ယန်မဟာတာအိုလမ်းစဉ်…"

တိုက်ပွဲကို တိတ်ဆိတ်စွာ ကြည့်နေကြသည့် နတ်ဘုရားများက ထိုစကားကို ရေရွတ်လိုက်ကြသည်။

အခက်အခဲနှင့် အကြီးအကျယ်ရင်ဆိုင်ရသည့်အခါ ရှမ်တုတောက်ကျွင်းက မိုးကောင်းကင်လမ်းစဉ်ကို အသုံးပြုမည့်အစား သူ၏ ထိပ်တန်းတာအိုတန်ခိုးစွမ်းအားကို အသုံးပြုလိုက်ပြီ ဖြစ်သည်။

သူက ထိုက်ချိယန်ယန်ပန်းချီကားမှ သန့်စင်သည့် ယန်စွမ်းအားကို ဆွဲထုတ်လိုက်ပြီး တာအိုခန္ဓာတစ်ခုကို တည်ဆောက်လိုက်သည်။

တန်ခိုးကြီးနတ်ဘုရား (၃)ပါးဖြစ်သည့် ချင်တိကေရာဇ်၊ ချန်ဝေါ်နှင့် တာ့ယိတို့ ခေတ်အဆက်ဆက် ယှဉ်ပြိုင်ခဲ့ကြရသည့် ရန်သူများထဲတွင် ကြောက်မက်ဖွယ်ရာနှင့် အံ့သြဖွယ်ရာ ရန်သူတစ်ယောက်အဖြစ် ပြောင်းလဲသွားလေသည်။

ရွှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားများက အလွန်မြင့်မား နေပြီး ခန့်မှန်းရလည်း ခက်သည်။

သူ့နောက်ဘက်မှ ကောင်းကင်ဘုံ ၊ နတ်ဘုရားနယ်မြေအားလုံး သည် အောက်ခြေသို့ နိမ့်ဆင်းသွားသည်။ ရွှမ်တုတောက်ကျွင်း ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားသောကြောင့် ဖြစ် ပေ၏။

သူ၏ ဟန်ပန်က နေမင်းကိုဆုပ်ကိုင်ဖမ်းယူတော့မည့်အလား ၊ တာအိုမဟာလမ်းစဉ်ကို ကိုယ်စားပြုသည့်အလား ၊ ဓမ္မကို ဟောပြောတော့မည့် တာအိုဆရာသခင်ကြီးတစ်ပါးအလား ၊ အတွေးများကိုပင် ပိုင်းခြားခွဲဖျက်ပစ်တော့မည့် နတ်ဘုရား တစ်ပါးအလား ဖြစ်သည်။

"အချုပ်အခြာအာဏာကိုပိုင်တဲ့ အမြင့်ဆုံးသောရွှမ်ဟွမ်မိုးနတ် မင်းကြီး"

"အချုပ်အခြာအာဏာကိုပိုင်တဲ့ အမြင့်ဆုံးသောရှမ်ဟွမ်မိုးနတ်မင်းကြီး"

"အချုပ်အခြာအာဏာကိုပိုင်တဲ့ အမြင့်ဆုံးသောရှမ်ဟွမ်မိုးနတ်မင်းကြီး"

"အချုပ်အခြာအာဏာကိုပိုင်တဲ့ အမြင့်ဆုံးသောရှမ်ဟွမ်မိုးနတ်မင်းကြီး"

"အချုပ်အခြာအာဏာကိုပိုင်တဲ့ အမြင့်ဆုံးသောရှမ်ဟွမ်မိုးနတ်မင်းကြီး"

ကောင်းကင်ဘုံရှိ မရေမတွက်နိုင်သည့် နတ်ဘုရားများ၏ နှလုံးသားများ ရုတ်တရက် နိုးကြွလာပြီး ရှမ်တုတောက်ကျွင်း၏ ဂုဏ်ပုဒ်ကို ညီညီညာညာ ရွတ်ဆိုဂုဏ်ပြုလိုက်ကြသည်။ ထောင်ပေါင်းများစွာသော နတ်ဘုရားများ၏ ကြွေးကြော်သံသည် ညီညာဖြိုဖြို တစ်သံတည်း ထွက်ပေါ်လာခဲ့လေသည်။

နတ်ဘုရားတို့၏ ဝိညာဉ်စွမ်းအားများ ပေါင်းစပ်ပြီး ကောင်းကင်ဘုံသည်ပင် ကြောက်ခမန်းလိလိ တုန်လှုပ်သွားသည်။

ထို့နောက် ကောင်းကင်ထက်တွင် နဂါးများ ပျံသန်းထွက်ပေါ်လာပြီး တိမ်တိုက်များလည်း ခွဲဖြာထွက်သွားကြသည်။

ကောင်းကင်က နက်ရှိုင်းကျယ်ပြန့်နေပြီး ဆူညံသံများ ဖြည်းဖြည်းချင်းထွက်ပေါ်လာလေသည်။

လေးမြတ်ကြည်ညိုဖွယ်ကောင်းခြင်း ၊ ကရုဏာတရားနှင့်ပြည့်ဝခြင်း ၊ မိုးကောင်းကင်ဆန်ခြင်းဆိုသည့် ဂုဏ်သိက္ခာများကို ရွှမ်တုတောက်ကျွင်းထံတွင် တွေ့မြင်နိုင်သည်။

ရှေးခေတ်အချိန်မှ ယခုအချိန်ထိ ရွှမ်တုတောက်ကျွင်းထက် တာအိုတန်ခိုးစွမ်းအားတွင် သာလွန်သူ တစ်ယောက်မှမရှိဟု ဆိုရမည့်အလားပင် ခမ်းနားလွန်းလှသည်။

ရှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားများ တဖြည်းဖြည်း မြင့်တက်လာချိန်တွင် ကောင်းကင်ထက်တွင် ဖန်ကူအလံ ပေါ်လာလေသည်။

ထိုက်ချိယန်ယန်ပန်းချီကားကို ကာကွယ်ရေးအတွက်အသုံးပြု မည်ဆိုလျှင် ဖန်ကူအလံကိုတော့ တိုက်ခိုက်ရေးအတွက် အသုံးပြုရမည် ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် ဖန်ကူအလံကို တားဆီးနိုင်သူ မည်သူ ရှိနိုင်ပါမည်နည်း။

ကောင်းကင်ဘုံနန်းတော်မျိုးဆက်သစ်၏ စွမ်းအားကြီးမားမှုကို ခေတ်အဆက်ဆက် ရှေးဟောင်းနတ်ဘုရားများ အံ့အားသင့်စွာ ဖြင့် ရှုစားလိုက်ကြရသည်။

ထိုမြင်ကွင်းများကြောင့် သူတို့နှလုံးသားထဲတွင် မချိတင်ကဲ ခံစားလိုက်ကြရသည်။

ရွှမ်တုတောက်ကျွင်းနှင့် တာအိုဆရာယွိတင်တို့ (၂)ယောက်
ပေါင်းတန်ခိုးစွမ်းအားသည် ပထမမိုးနတ်မင်းနှင့် ဒုတိယမိုး
နတ်မင်းတို့ထက် သာလွန်၏။ လောကတွင် သူတို့ကို တားဆီး
နိုင်သူဆို၍ တစ်ဦးတစ်လေမှ မရှိပေ။

သို့သော် အဖြေတစ်ခုတော့ ရှိလေ၏။ ထိုအဖြေကလည်း ပို၍
ဝမ်းနည်းစရာ ကောင်းလှသည်။

အချိန်က အမှန်တကယ်ပင် ပြောင်းလဲတော့မည် ဖြစ်သည်။

တောက်ပသည့် လမင်းထက်တွင် လူငယ်လေးသည် လေးနှင့်
မြားကိုကိုင်ပြီး ပစ်မှတ်ကို အာရုံစိုက်ထားသည်။

ရွှမ်တုတောက်ကျွင်းနှင့် တာအိုဆရာယွိတင်တို့တွင် မည်မျှ
လောကကိုတုန်လှုပ်စေသည့် တန်ခိုးစွမ်းအားများ ပိုင်ဆိုင်ထား
ပါစေ သူကတော့ သူ့အလုပ်သူ လုပ်ရမည် ဖြစ်သည်။

တန်ခိုးစွမ်းအား အနည်းပါးဆုံးနေရာကို ရှာဖွေလိုက်ပြီး သူ

အတိတ်တစ်ချိန်က ပြုလုပ်ခဲ့သည့်အတိုင်း လေးညှို့ကို တင်

လိုက်သည်။

ထို့နောက် မြားသည် ဖြောင့်တန်းစွာ ထွက်ခွာသွားပြီး ပြန်လမ်း

မရှိတော့ပေ။

ထိုအချိန်ခဏမှာပင် သူ၏အတွင်းစိတ်၏ အေးဆေးတည်ငြိမ်

မှုသည် စကြာဝဠာတွင် ရှေးအကျဆုံးနှင့် အမှောင်မိုက်ဆုံး ဖြစ်

လေသည်။ လုံးဝ စိတ်အတက်အကျ ပြောင်းလဲခြင်း မရှိပေ။

လူငယ်သည် သေဆုံးပျက်စီးသွားခဲ့ဖူးသည်။ လူငယ်သည်

အကြီးအကျယ် ပျက်သုဉ်းခဲ့ဖူးသည်။

သို့သော်... လူငယ်၏ ဝိညာဉ်က ရှင်သန်နေဆဲ ဖြစ်သည်။

လူငယ်သည် ဘဝပေါင်းများစွာလူပြန်ဝင်စားပြီးသည့်တိုင်

သူ၏ အသက်ဓာတ်စွမ်းအားက ထိပ်ဆုံးအဆင့်တွင် ရှိနေဆဲ

ပင် ဖြစ်သည်။

သူ၏ အသက်ဓာတ်စွမ်းအားများ ထိပ်ဆုံးအထိ ရောက်နေစေရန် ချန်ဝေ(ဟန်အယ်)က ကူညီခဲ့ခြင်း ဖြစ်၏။

နှစ်ပေါင်းများစွာအတွင်း ချန်ဝေသည် ချစ်ခြင်းမေတ္တာဖြင့် ကျင့်ကြံခြင်းကို ပြုလုပ်ခဲ့သည်။ ထို့နောက် ထိုအရာများအားလုံးကို လူငယ်ထံသို့ နှင်းအပ်ခဲ့သည်။

လပြည့်ဝန်းသည် ယင်စွမ်းအား အပြည့်ဝဆုံး ၊ အကြာရှည်ဆုံးနှင့် ရရှိရန်အခက်ခဲဆုံးဖြစ်သည်။

ထို့ကြောင့် အချိန်တိုအတွင်း လူငယ်သည် မူလအခြေအနေအတိုင်း တန်ခိုးစွမ်းအားများ ပြန်လည်ရရှိလာခဲ့ခြင်းဖြစ်သည်။

လမင်း၏ တောက်ပသည့်အလင်းရောင်က တဖြည်းဖြည်းပျောက်ကွယ်သွားသည်။

လဝန်းသည် တည်ငြိမ်သည့်ရေကန်ပမာ ဂယက်မထ ငြိမ်သက်လျှက် ရှိလေ၏။

ချန်ဝေါက မျက်မှောက်ကြုံ့ထားပြီး အဝေးတစ်နေရာသို့ စူး

စိုက်ကြည့်နေသည်။ သူမ စကားတစ်ခွန်းမှ မဆိုပေ။

သူမ၏ ခန္ဓာကိုယ်မှ လရောင်ခြည်အလင်းတန်းများ လင်း

လက်တောက်ပလာပြီး လေးသည်တော်လူငယ်ကို ကာကွယ်

ပေးထားလိုက်သည်။

သူမကိုယ်တိုင်အတွက်ပင် အရေးမစိုက်ဘဲ လူငယ်ကို ကာ

ကွယ်ပေးထားခြင်း ဖြစ်လေ၏။

လေးသည်တော်လူငယ်၏အကြည့်က ရှမ်တုတောက်ကျွင်းထံ

တွင်တည်နေပြီး ချန်ဝေါ၏ အကြည့်ကတော့ ရဲ့လျိုယွင်

ထံ၌တည်သည်။

ချင်တိကေရာဇ် တိုက်ခိုက်တော့မည်ဖြစ်ကြောင်း သူမသိလိုက်

သည်။

သူတို့ (၃)ယောက်၏ စုပေါင်းတိုက်ခိုက်မှုကို ရှမ်တုသည် မ

ကြာခင်မှာပင် ချေမှုန်းပစ်တော့မည်ကိုလည်း သူမ ရိပ်မိ

လိုက်၏။

ရဲ့လျိုယွင်၏ မျက်နှာက တည်ကြည်လေးနက်နေသည်။

ရဲ့လျိုယွင်က ဘဝအတွေ့အကြုံ အလွန်များပြားသူဖြစ်သည်။

ဆန်းလျန်သည်ပင် သူ့ကို လိုက်မမီနိုင်ပေ။လက်ရှိအချိန်တွင်

တော့... ရဲ့လျိုယွင်အနေဖြင့် အန္တရယ်ကို ရင်ဆိုင်တိုက်ခိုက်ရန်

အပြင်းအထန် ကြိုးစားရမည် ဖြစ်သည်။

အမှန်တော့ ဤတိုက်ပွဲကို သူရောက်မလာခဲ့လျှင်လည်း

ပြဿနာမရှိပေ။ သို့သော်... သူ ရောက်လာရပေမည်။

သူက ချင်တိဂေရာဇ်ဖြစ်သည့်အတွက် ၊ သူက ရဲ့လျိုယွင်

ဖြစ်သည့်အတွက် ၊ သူက ကြီးမြတ်သည့် သူတော်စင်တစ်ပါး

ဖြစ်သည့်အတွက် ၊ သူက မာနကြီးသူတစ်ယောက်ဖြစ်

သည့်အတွက် သူ့ကတိအတိုင်း ဤတိုက်ပွဲကို တိုက်ခိုက်ရမည် ဖြစ်သည်။

သူ့ခါးတွင်ချိတ်ထားသည့် ခေါင်းလောင်းက ချက်ချင်းပင် ကောင်းကင်ယံထက်သို့ ပျံတက်သွားသည်။

ကျယ်လောင်သည့် ခေါင်းလောင်းသံများ အဆက်မပြတ်ထွက်ပေါ်လာပြီး အဆုံးမရှိသည့် မီးခိုးရောင်အလင်းတန်းများ ထွက်ပေါ်လာသည်။ ထို့နောက်... အလန်းတန်းများက ကောင်းကင်ဘုံတစ်ခုလုံးကို ချက်ချင်းပင် ဖုံးလွှမ်းသွားလေသည်။

စိမ်းပြာရောင်ကောင်းကင်ထက်တွင် ရဲ့လျိုယွင် ထွက်ပေါ်လာသည်။ မိုးကောင်းကင်တံခါးမှ ထွက်ပေါ်လာသည့် တာအို သင်္ကေတများက အဆုံးမရှိသည့် ဓမ္မတစ်ခုအလား ရဲ့လျိုယွင်ကို လှည့်ပတ်ဝန်းရံထားသည်။

မြင်ကွင်းက အလွန်မှ ကြောက်မက်ဖွယ်ရာ ဖြစ်သည်။

ကြီးမားသည့် စိမ်းပြာရောင် နဂါးကြီး (၂)ကောင် အရှေ့ဘက် ကောင်းကင်ဆီမှ ထွက်ပေါ်လာသည်။ နဂါးကြီးများ အမြီးတစ်ချက် ခါရမ်းလိုက်သည်နှင့် ကောင်းကင်ဘုံနန်းတော် တစ်ခုလုံး တုန်လှုပ်သွားလေသည်။

နဂါးကြီးများက အတောင်ကိုဖြန့်ပြီး တဖျတ်ဖျတ်ခတ်လိုက်သည့်အခါ ရွှေရောင်တံတားကြီးပင် မခံရပ်နိုင်ဘဲ အနည်းငယ်လှုပ်ခတ်သွားသည်။

ထို့နောက်... နဂါးငွေ့တန်း၏အဆုံးမဲ့မြစ်ရေများထဲတွင် လိပ်များ ၊ ခြေလက်အင်္ဂါမပါသော ထူးဆန်းသည့် ရေသတ္တဝါများ ၊ မြွေများထွက်ပေါ်လာလေသည်။ ရေလှိုင်းများ ပြင်းထန်လွန်းသည့်အတွက် ကောင်းကင်ဘဝဂ်ထိတိုက်လာရောက် ရိုက်ခတ်ကြ၏။

ထို့နောက် ကျားဟိန်းသံများထွက်ပေါ်လာကာ ကောင်းကင်ဘုံ နန်းတော်မှ များပြားလှစွာသော နတ်ဘုံနတ်နန်း ၊ နတ်ဗိမာန် များ ပေါက်ကွက်ထွက် ၊ ပျက်စီးကုန်ကြလေ၏။

ကောင်းကင်ဘုံနန်းတော်မှ နတ်ဘုရား မည်မျှ ဒဏ်ရာရသွား မည်ကို မည်သူမှ မသိနိုင်ပေ။

ကောင်းကင်ဘုံနန်းတော်တစ်ခုလုံး ရစရာမရှိအောင်ပျက်စီး သွားပြီး ရွှမ်တုတောက်ကျွင်း ဒေါသချောင်းချောင်း ထွက်လာ သည်။

ချင်တိကေရာဇ်၏ တိုက်ခိုက်မှုက ဆင်ပြောင် (၄)ကောင်၏ စွမ်းအားအလားပင် ဖြစ်သည်။ ဤသည်မှာ တာအိုဆရာသခင် ထိုက်ယီ၏ ကျင့်စဉ်တစ်ခုဖြစ်သည့် ဆင်ဖြူ (၄)ပါး ကျင့်စဉ် တန်ခိုးစွမ်းအားပင် ဖြစ်သည်။

ထိုတန်ခိုးစွမ်းအားကို မိုးကောင်းကင်တံခါးနှင့်ပေါင်းစပ်လိုက်သည့်အခါ တာအိုဆရာသခင်ထိုက်ယီ လောကသို့ ပြန်လည်ဆင်းကြွလာသည့်အလားပင် ထင်မှတ်ရသည်။

ကောင်းကင်က ပြိုကျပြီး ကြယ်စင်များလည်း အစိတ်စိတ်အမွှာမွှာကွဲကြေကုန်သည်။

ရှမ်တုက ဒေါသတကြီးဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။

ထို့နောက် လက်သီးကို ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး ရိုးရှင်းသည့်လက်သီးချက်ဖြင့် ရဲ့လျိုယွင်ကို ထိုးနှက်လိုက်လေသည်။

ဤသည်မှာ မိုးနတ်မင်း၏ လုံးဝပြီးပြည့်စုံပြီး ခမ်းနားလွန်းသည့် လက်သီးချက် ဖြစ်သည်။

သို့သော်... ရှမ်တုတောက်ကျွင်း၏ လက်သီးချက်က ရဲ့လျိုယွင်ကို ထိခိုက်မိခြင်း မရှိဘဲ မိုးကောင်းကင်တံခါးကိုသာ ထိမှန်သွားသည်။

ရှမ်တုတောက်ကျွင်း၏ ထိပ်တန်းအဆင့် ထာဝရစွမ်းအား

မြင့်မားသော လက်သီးချက်သည် ကြောက်မက်ဖွယ်ရာ တုန်ခါ

မှုများကို မရပ်တန့်နိုင်ခဲ့ပေ။

ကျယ်လောင်သည့်ခေါင်းလောင်းသံများ အဆုံးမရှိ ထွက်

ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းဆန်သွားသည်။

ရှမ်တုတောက်ကျွင်း၏ အမြင့်ဆုံးသော ထိုးနှက်ဖျက်စီးခြင်း

သည် မိုးကောင်းကင်တံခါးကို အမှန်တကယ် ထိခိုက်နိုင်

လိမ့်မည်ဟု မည်သူမှ တွေးထင်မထားခဲ့ကြပေ။

သို့သော်... ရှမ်တုတောက်ကျွင်း၏ ပြိုင်ဘက်ကင်းတန်ခိုး

စွမ်းအားကတော့ လေးစားလောက်စရာပင် ဖြစ်သည်။

ရှမ်တုတောက်ကျွင်း၏ လက်သီးချက်က မိုးကောင်းကင်တံခါး

ကို ထိမှန်သွားသည်နှင့် ပြင်းထန်သည့် ပေါက်ကွဲသံများ ထွက်

ပေါ်လာသည်။

ထိုပေါက်ကွဲမှုကြီးက တာ့ယိ၏ မြားကို အချိန်ကိုက်ပင် ခုခံကာ ကွယ်လိုက်သည့်အလား ဖြစ်သွား၏။

ယခုကဲ့သို့သောအခြေအနေမျိုးတွင် တာ့ယိ၏ မြားခက်သည် ရှုတ်ယှက်ခတ်နေသည့် အချိန်နှင့်နေရာကို ကျော်လွန်ကာ ရှမ်တုတောက်ကျွင်းကို ထိမှန်ရန် မဖြစ်နိုင်တော့ပေ။

ထိုအချိန်ခဏတွင် ရှမ်တုတောက်ကျွင်းအတွက် ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုများကို ပြုလုပ်ရန် အချိန်အလုံအလောက် ရသွားလေသည်။

သူက ချင်တိဧကရာဇ်ကို ရင်ဆိုင်ရန် ဆန္ဒမရှိပေ။

သို့သော်... ရှမ်တုတောက်ကျွင်း ကောင်းကင်ထက်သို့ ခြေတစ်လှမ်းချင်း လှမ်းတက်လာသည်။

ထို့နောက် လျှပ်ပြက်သလို ချက်ချင်းပင် တောက်ပနေသည့် လပြည့်ဝန်းရှိရာသို့ ရောက်ရှိသွားလေသည်။

ရှမ်တုတောက်ကျွင်းက ချင်းတိဧကရာဇ်ကို တိုက်ခိုက်ခြင်းမ ပြုဘဲ လေးသည်တော်တာ့ယိကို သွားရောက် တိုက်ခိုက်လိုက် လိမ့်မည်ဟု မည်သူမှ ထင်မှတ်မထားခဲ့ကြပေ။

သို့သော်... ရှမ်တုတောက်ကျွင်းပြုလုပ်လိုက်သည့်အလှည့်အ ပြောင်းနှင့် ထိုးထွင်းသိမြင်မှုကို တိုက်ပွဲကို ကြည့်နေသူအားလုံး လေးစားသွားခဲ့ကြသည်။

တာ့ယိသည် မြားမပစ်လျှင်တောင်မှ ပင်ကိုယ်စွမ်းအားက ကြီးမားလွန်းသူ ဖြစ်သည်။

မာနကြီးသည့် တာအိုဆရာယွိတင်ပင်လျှင် တာ့ယိ၏ မြားချက် ကိုတော့ ကြောက်ရွံ့လေသည်။ တာ့ယိ၏ မြားချက်အထိခံရပါ က အသက်မသေလျှင်တောင် နာကျင်မှုဒဏ်ကို ထာဝရခံစား သွားရမည် ဖြစ်သည်။

တာအိုဆရာယွိတင်လက်ထဲတွင် ဖန်ကူအလံကို ကိုင်ဆောင် ထားသည်။

ရွှမ်တုတောက်ကျွင်းကတော့ သူ၏တန်ခိုးစွမ်းအားများ

အားလုံးကို အသုံးပြုကာ တိုက်ခိုက်နေပြီ ဖြစ်သည်။

ထို့နောက်... ကောင်းကင်ထက်တွင် ဖန်ကူအလံက တစ်ချက်

ဝှေ့ရမ်းလှုပ်ခတ်သွားပြီး လေထုတစ်ခုလုံး ပြောင်းဆန်သွား

သည်။ ဖန်ကူအလံက ရဲ့လျိုယွင်ကို စုပ်ယူဆွဲမြိုလိုက်၏။

ဤသည်မှာတာအိုဆရာယွိတင်နှင့် ရဲ့လျိုယွင်၏ ပြင်းထန်

သည့်တိုက်ပွဲ စတင်ခြင်း ဖြစ်သည်။ တာအိုဆရာယွိတင်

အနေဖြင့် ရဲကလျိုယွင်ကို အနိုင်ယူနိုင်ပါမည်လား မသေချာ

ပေ။

သို့သော်... ရွှမ်တုတောက်ကျွင်းက ချန်ဝေါနှင့် တာ့ယိကို

အနိုင်ယူလိုက်နိုင်လျှင် တာအိုဆရာယွိတင်ကိုကူညီပြီး ရဲ့လျို

ယွင်ကို တိုက်ခိုက်နိုင်မည် ဖြစ်သည်။

ဤသို့ဆိုလျှင် တိုက်ပွဲက ကိစ္စပြတ်သွားပေလိမ့်မည်။

ရွှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားနှင့် တိုက်ခိုက်မှုများကို တွေ့မြင်ရသည်မှာ ဆန်းလျှန်ကိုပင် သတိရမိစေသည်။

သူတို့ (၂)ယောက်၏ တန်ခိုးစွမ်းအားများက တူညီခြင်း မရှိသော်လည်း အင်အားကြီးမားသည့် ရန်သူများကို တိုက်ခိုက်သည့်အခါ စိတ်ဓာတ်နှင့်စွမ်းရည်က အတူတူပင် ဖြစ်သည်။

ဟွင့်ယွမ်ဝူကျီအဆင့် နတ်ဘုရားတစ်ပါး၏ မထီမဲ့မြင်ပြုခြင်းသည် အမှန်တကယ်ပင် ရန်သူအပေါ် မျှော်လင့်ချက်မဲ့စရာကောင်းလှ၏။

ရွှမ်တုတောက်ကျွင်းကဲ့သို့ တိုက်ရည်ခိုက်ရည် သိပ်မကောင်းသည့် နတ်ဘုရားတစ်ပါးပင်လျှင် ကစားပွဲတွင် ထိပ်ဆုံးအဆင့်ရောက်သည်အထိ ကစားနိုင်သည်ကို ကြည့်ခြင်းအားဖြင့် ဟွင့်ယွမ်ဝူကျီအဆင့်၏ ကြီးမြတ်မှုကို မည်သူမဆို သိရှိခံစားနိုင်သည်။

ရဲ့လျိုယွင်က ပရမ်းပတာ ပြောင်းဆန်နေသည့် လေထုထဲတွင် ရပ်တန့်နေသည်။

သူက အန္တရယ်နှင့်ရင်ဆိုင်ရမည်ကို ကြောက်ရွံ့သူမဟုတ်ပေ။ သူက တာအိုဆရာယွိတင်နှင့်ကို မျက်စိထဲပင် မထားပေ။

ရဲ့လျိုယွင်၏လက်က လျှပ်စီးအလား တောက်ပလင်းလက်လာပြီး တောင်နှင့်မြစ်ရေများ ထင်ရှားထက်ပေါ်လာသည်။ ထိုတန်ခိုးစွမ်းအားက ဆန်းလျန်၏ တောင်နှင့်မြစ်ရေသင်္ကေတဖြင့် ဆင်တူသည်။

ရဲ့ကလျိုယွင်၏ တောင်နှင့်မြစ်ရေသင်္ကေတကို အသုံးပြုဟန်က ဆန်းလျန်ထက်ပင် လှပပြီး ကျက်သရေရှိကာ ဆွဲတောင်မှုရှိနေသေးသည်။

ပရမ်းပတာဖြစ်နေသည့်လေထုသည် ချက်ချင်းပင် မရေမတွက်နိုင်သည့် ကြောက်မက်ဖွယ်ရာ မရဏဓားဝိညာဉ်များ

အဖြစ် ပြောင်းလဲသွားပြီး ရဲ့လျိုယွင်၏ တောင်နှင့်မြစ်ရေ

သင်္ကေတကို တိုက်ခိုက်လိုက်သည်။

တိုက်ခိုက်မှုက ပြင်းထန်လွန်းသည့်အတွက် နှစ်ဖက်လုံး အမှား

မခံရဲကြပေ။

တန်ခိုးစွမ်းအားများစွာ ထွက်ပေါ်လာပြီး လေထုက ပြိုကျ

ပျက်စီးသွားသည်။

ရဲ့လျိုယွင်က လေတစ်ချက်ချွတ်လိုက်သည့်အခါ သူ့ထံမှ

နူးညံ့သိမ်မွေ့သည့် စွမ်းအားတစ်ခု မြင့်တက်လာသည်။

ထို့နောက်... သူ၏ဦးခေါင်းထက်တွင် အစိမ်းရောင်တိမ်တိုက်

တစ်ခု ဖြစ်ပေါ်လာပြီး နတ်ဘုရားများစွာကို တုန်လှုပ်ထိတ်လန့်

သွားစေသည်။

သန့်စင်သည့်တာအိုအလင်းရောင်များက ရဲ့လျိုယွင်၏

ခန္ဓာကိုယ်တွင် တောက်ပနေပြီး သေခြင်းရှင်ခြင်း လှုပြန်ဝင်စား

ခြင်း လမ်းစဉ်ကို ဖယ်ရှားဖျက်စီးပစ်လိုက်ကာ ထူးခြားသည့်

တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာသည်။

လျှို့ဝှက်ပြီး မြင့်မြတ်သည့်တန်ခိုးစွမ်းအားများ ရောယှက်သွား

ပြီး ဖန်ကူအလံ၏ ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားကို ခုခံ

တိုက်ခိုက်လိုက်သည်။

တာအိုဆရာယို့တင် များစွာ အံ့သြထိတ်လန့်သွားသည်။

သူက ရဲ့လျိုယွင်ကို တိုက်ခိုက်ရန်အတွက် ဖန်ကူအလံကို

အသုံးမပြုတော့ရန် ဆုံးဖြတ်လိုက်သည်။

ရဲ့လျိုယွင်က ချင်တိကေရာဇ် လူပြန်ဝင်စားခြင်း ဖြစ်

သော်လည်း တန်ခိုးစွမ်းအားက မြင့်မားလွန်းလေရာ

လျှော့တွက်၍ မရနိုင်ပေ။

ချင်တိကေရာဇ်၏ ယခင်ဘဝနှင့် ယခုဘဝ တန်ခိုးစွမ်းအား

များပေါင်းစပ်ကာ ပို၍ပင် ကြောက်မက်ဖွယ်ရာကောင်း

နေသည်ဟု ထင်မှတ်ရသည်။

တာအိုဆရာယို့တင်၏ ခန္ဓာကိုယ်အတွင်းမှ ကျောက်ပြားတစ်ချပ် ထွက်ပေါ်လာသည်။

ကမ္ဘာဦးအစ ရှေးကျလွန်းသည့် ယွမ်စီထျန်းကျွင်း၏ တာအိုတန်ခိုးစွမ်းအားများ ထိုကျောက်ပြားထက်တွင် စီးဆင်းနေသည်။

ထိုကျောက်ပြားထက်တွင်ရေးသားထားသည့်စာလုံးမှာလည်း "ယွမ်စီ" ဆိုသည့် စာလုံး (၂)လုံးသာလျှင် ဖြစ်၏။

ရဲ့လျိုယွင်က ထိုကျောက်ပြားကို ကြည့်နေရင်း ရေရွတ်လိုက်သည်။

"ယွမ်စီအထိမ်းအမှတ်ကျောက်စာ..."

အခန်း (၉၃၉) ပြုခဲ့သမျှကုသိုလ်တရားအားလုံးသည် ၊ ဗုဒ္ဓ၏ သုခဘုံတွင် တည်ပါစေသော

ယွမ်စီအထိမ်းအမှတ်ကျောက်စာဆိုသည်က ထာဝရအသက် ရှင်သန်ခြင်းနှင့် ထာဝရကြီးမြတ်ခြင်း၏ သင်္ကေတဖြစ်သည်။ ထိုကျောက်စာထက်တွင် ထာဝရအသက်ရှင်သန်ခြင်း ၊ ထာဝရ ကြီးမြတ်ခြင်းများကိုသာမက ယွမ်စီတာအိုဝါတရားကိုလည်း မှတ်တမ်းတင်ထားသေးသည်။

ထိုက်ချိယင်ယန်ပန်းချီကား ၊ ဖန်ကူအလံ ၊ မိုးကောင်းကင် တံခါးတို့က စွမ်းရည်တူညီသည့် ပြီးပြည့်စုံသော မှော်ဝင် ပစ္စည်းများဖြစ်ကြသည်။

သို့သော်... ယွမ်စီအထိမ်းအမှတ်ကျောက်စာကတော့ တစ်ဝက် သာ ပြီးဆုံးသေးသည့် မှော်ဝင်ရတနာဖြစ်သည်။

ထိုကျောက်စာသာ ပြီးပြည့်စုံသည့် မော်ဝင်ရတနာတစ်ခု ဖြစ်သွားခဲ့ပါက ခေတ်တစ်ခေတ်အဆုံးသတ်သည်အထိ သွေးချောင်းစီးသွားနိုင်သည်ဟု ဆိုကြသည်။

မိုးကောင်းကင်တံခါးအတွက် တိုက်ခိုက်ကြစဉ်က တာအိုဆရာယို့တင်က ယွမ်စီအထိမ်းအမှတ်ကျောက်စာကို အသုံးမပြုခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်.... ထိုကျောက်စာ ဆန်းလျန်လက်ထဲရောက်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

ယခုတော့ ချင်တိဧကရာဇ်နှင့် ထိပ်တိုက်ရင်ဆိုင်ရပြီဖြစ်လေသည်။

ချင်တိဧကရာဇ်က အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသူတစ်ယောက် ဖြစ်ပြီး ဒုတိယ ဆန်းလျန်ဟုပင် ဆိုနိုင်သည်။

ထို့ကြောင့် ရဲ့လျိုယွင်ကို တိုက်ခိုက်ရန်အတွက် ယွမ်စီအထိမ်းအမှတ်ကျောက်စာကို အသုံးပြုရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ရဲ့လျိုယွင်မှာ ဖန်ကူအလံမှ ထွက်ပေါ်လာသည့် ကြောက်မက်ဖွယ်ရာ ဓားဝိညာဉ်များကို ခုခံတိုက်ခိုက်နေရလေရာ ယွမ်စီအထိမ်းအမှတ်ကျောက်စာ ထွက်ပေါ်လာသည်နှင့် လုံးဝ ခုခံနိုင်ခြင်း မရှိတော့ပေ။

ယွမ်စီအထိမ်းအမှတ်ကျောက်စာက ရဲ့လျိုယွင်ကို ဖိနှိပ်ထားလိုက်သည်။

ရဲ့လျိုယွင်၏ နတ်ဘုရားခန္ဓာမှ မိုးကြိုးတန်ခိုးစွမ်းအားများပေါက်ကွဲထွက်လာပြီး လောကတစ်ခုလုံးကို လှိုင်းလုံးများပျံ့နှံ့သွားသည်။ သို့သော်… သူ့ကိုဖိနှိပ်ထားသည့် ယွမ်စီအထိမ်းအမှတ်ကျောက်စာမှ တန်ခိုးစွမ်းအားများကို လုံးဝဖယ်ရှားနိုင်ခြင်း မရှိပေ။

စကြာဝဠာအရှင်ကြီး စွန်းဝူခုံးကို ဗုဒ္ဓ၏လက်ငါးချောင်းဖြင့် ဖိနှိပ်ထားသည့်အလား ယွမ်စီအထိမ်းအမှတ်ကျောက်စာက ရဲ့လျိုယွင်ကို ဖိနှိပ်ထားသည်။

ကျောက်စာ၏တန်ခိုးစွမ်းအားအောက်မှ ရဲ့လျိုယွင်

လွတ်မြောက်နိုင်စွမ်း ရှိသော်လည်း အချိန်အတန်ကြာအောင်

တော့ ခက်ခက်ခဲခဲ ကြိုးစားရမည် ဖြစ်သည်။

ရဲ့လျိုယွင်၏ အတွေးတစ်ချက် စီးမျောသွားပြီး သူ့စိတ်ထဲမှ

ထောင်ပေါင်းများစွာသော တာအိုတရားများ ထွက်ပေါ်လာ

သည်။

ထိပ်တန်းအဆင့် မရဏဓားတစ်လက် ကိုင်ဆောင်ထားသူ

သာလျှင် သူ့ကို ဤပရမ်းပတာအခြေအနေမှ လွတ်မြောက်ရန်

ကူညီပေးနိုင်မည် ဖြစ်သည်။

ထိုသို့ မရဏဓားကိုင်ဆောင်သူသည်လည်း ထွက်ပေါ်လာ

လိမ့်မည်ဟု ရဲ့လျိုယွင် သိရှိလိုက်သည်။

ယွမ်စီအထိမ်းအမှတ်ကျောက်စာက ချည်မျှင်တစ်ခုအလား ရဲ့

လျိုယွင်၏ နတ်ဘုရားခန္ဓာကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်

သွားပြီး အေးခဲသွားစေသည်။

တာအိုဆရာယို့တင်၏ မျက်နှာက တည်ကြည်လေးနက်

နေသည်။ သူက တန်ခိုးစွမ်းအားများကို ကျောက်စာအတွင်းသို့

အဆက်မပြတ် ထည့်သွင်းလိုက်သည်။ ထိုတန်ခိုးစွမ်းအားများ

က တောင် (၉)လုံးကိုပင် တားဆီးဖိနှိပ်ထားနိုင်စွမ်း ရှိ၏။

ရဲ့လျိုယွင် ကျောက်စာအောက်မှ လွတ်မြောက်မလာခင်မှာပင်

ရှမ်တုတောက်ကျွင်းက တာ့ယိနှင့် သူ့ဇနီးချန်ဝေါကို အမြန်

အနိုင်ယူနိုင်စေဟု တာအိုဆရာယို့တင် မျှော်လင့်နေမိသည်။

ပရမ်းပတာအခြေအနေများက အလွန်ကြီးထွားလာပြီး

မိုးကောင်းကင်တံခါးအပြင်ဘက်တွင် လေထုက လှည့်ပတ်

နေသည်။

ရှမ်တုကတော့ ကြီးမားသည့် ရှမ်ဟွမ်တန်ခိုးစွမ်းအားများကို

ကောင်းကင်နှင့်နေမင်းအဖြစ်ပြောင်းလဲကာ တောက်ပနေသည့်

လရောင်ကို ဖျက်စီးပစ်ရန်ကြိုးစားနေသည်။

ရွှမ်ဟွမ်တန်ခိုးစွမ်းအားများအောက်တွင် ဆန်းကျယ်လွန်း

သည့် ယင်နှင့်ယန် ဥမင် (၂)ခု ထွက်ပေါ်လာပြီး စွမ်းအားများ

က ဒီရေအလားမြင့်တက်လာကာ ပေါက်ကွဲထွက်ကုန်လေ

သည်။

တောက်ပနေသည့်လပြည့်ဝန်းတွင် ကြီးမားသည့်

အက်ကြောင်းတစ်ခုထင်သွားသည်။ ဤသည်မှာ ပျက်စီး

ခြင်း၏ နိမိတ်လက္ခဏာပင် ဖြစ်သည်။

ပထမဆုံးနှင့် ရှေးအကျဆုံး ထိုက်ယင်းကြင်စင်ကြီးပင်လျှင် ရွှ

မ်တုတောက်ကျွင်း၏ သူမတူအောင်မြင့်မားလွန်းသည့် တန်ခိုး

စွမ်းအားများကို တောင့်ခံနိုင်ခြင်း မရှိခဲ့ပေ။

"ဆန်းလျန်က ကျွန်မတို့ ဇနီးမောင်နှံ (၂)ယောက် ပြန်ဆုံနိုင်

အောင် ကူညီပေးခဲ့တယ်၊ ခဏလောက်ပဲ ရှင်နဲ့ ပြန်ဆုံရ

ရင်တောင် ကျွန်မအတွက် လုံလောက်ပါပြီ၊ အခု ကျွန်မ

အသက်ဆုံးရှုံးရမယ်ဆိုရင်တောင် ဆန်းလျှန်အတွက် ပြန်ပေးဆပ်မယ်..."

ချန်ဝေါက သူမဘေးမှ လူငယ်ကို ပြောလိုက်သည်။

ထိုလူငယ်မှာ လေးသည်တော် "တာ့ယိ" လူပြန်ဝင်စားသည့် "လီအော့နျို" ပင် ဖြစ်သည်။

လီအော့နျိုက ချန်ဝေါကို စကားပြန်ပြောခြင်း မရှိပေ။ လေးသည်တော်တာ့ယိသည် အရင်ဘဝကအတိုင်း စရိုက်လက္ခဏာများ လုံးဝ ပြောင်းလဲသွားခြင်း မရှိပေ။

သူက မြားချက်ကိုသာ အာရုံစိုက်နေပြီး လေးညှို့ကို တင်ထားလေသည်။

သူ၏ ဝိညာဉ်စွမ်းအားများ မြင့်တက်နေပြီး သူ၏ စိတ်ဝိညာဉ်ကလည်း လောင်ကျွမ်းလျှက် ရှိသည်။

သူ၏ နှလုံးသားကတော့ ရေအလျဉ်ကဲ့သို့ စီးဆင်းနေပြီးများပြားလှစွာသည့် တာအိုတန်ခိုးစွမ်းအားများ ထွက်ပေါ်

နေသည်။ ထိုတာအိုတန်ခိုးစွမ်းအားများက သူ၏ ခန္ဓာကိုယ်
တစ်ခုလုံးသို့ စီးဆင်းဝင်ရောက်သွားသည်။

ချန်ဝေါက တာ့ယိထံမှ အဖြေစကားကို မစောင့်တော့ပေ။ သူမ
က သူမ၏အတွေးများကို တာ့ယိသိရှိရန်သာ ဖွင့်ပြောလိုက်
ခြင်း ဖြစ်သည်။

ထို့နောက် သူမက ဓားကိုဆွဲထုတ်လိုက်ပြီး အချိန်စီးကြောင်းကို
အာရုံစူးစိုက်လိုက်သည်။ ထို့နောက် လပြည့်ဝန်းထက်မှ
လောကအပြင်ဘက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

ပထမမိုးနတ်မင်းက သူမကို အတင်းအဓမ္မသိမ်းပိုက်ရန်
ကြိုးစားခဲ့စဉ်က သူမဘေးနားတွင် တာ့ယိလည်း ရှိမနေခဲ့ပေ။

ဒုတိယမိုးနတ်မင်းက သူမကို အတင်းအကျပ်သိမ်းပိုက်ရန်
ကြိုးစားစဉ်ကလည်း သူမဘေးတွင် တာ့ယိ မရှိသေးပေ။

ထိုမိုးနတ်မင်း (၂)ပါးကို ရင်ဆိုင်ရန်အတွက် သူမလက်ထဲတွင်
ဓား (၁)လက်သာ ရှိလေသည်။

ယခုတော့ တတိယမိုးနတ်မင်းဟု ဆိုနိုင်သည့် ရှမ်တုတောက်ကျွင်းကို သူမ ရင်ဆိုင်ရပေတော့မည်။

သူမလက်ထဲတွင် ဓား (၁)လက် ရှိနေရုံသာမက သူမဘေးနားတွင်လည်း တာ့ယိရှိနေသည့်အတွက် အခြေအနေက ယခင်ကလောက် ဆိုးဝါးခြင်းမရှိဟုပင် ဆိုနိုင်သည်။

လရောင်က ပိုမိုလင်းလက်တောက်ပလာပြီး အသက်ဓာတ်စွမ်းအားများက နေရာတိုင်းသို့ ပျံ့နှံ့နေသည်။

ချန်ဝေါ်သည် ပရမ်းပတာဖြစ်နေသည့် လေထုအကြားဆီသို့ ခြေလှမ်းတစ်လှမ်းခြင်း လှမ်းတက်သွားလေသည်။ သူမ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ပန်းများပွင့်လန်းလာသည်။

သူမ၏ စိတ်အစဉ်ကတော့ လှိုင်းထန်ခြင်းအလျဉ်းမရှိ အေးဆေးတည်ငြိမ်လျှက်ရှိသည်။

တာ့ယိအပေါ်ထားရှိသည့် သူမ၏ ချစ်ခြင်းမေတ္တာသည်လည်း သူမ၏ စိတ်တည်ငြိမ်မှုကို အနှောက်အယှက် မပြုနိုင်ပေ။ သူမ

ကိုင်ဆောင်ထားသည့်ဓားမှ တိုက်ယင်းတန်ခိုးစွမ်းအားများ စီး

ဆင်းထွက်ပေါ်လျှက် ရှိသည်။

ထိုဓားသည်ကား "ထိုက်ယင်းဓား" ပင် ဖြစ်၏။

ထိုက်ယင်းဓားမှ နက်ရှိုင်းခြင်း ၊ ကြည်လင်ခြင်း ၊ အေးစိမ့်ခြင်း

များကို ရှမ်တုတောက်ကျွင်း ရင်ဆိုင်လိုက်ရသည်။

ရှမ်တုတောက်ကျွင်းက တည်ကြည်လေးနက်သည့်မျက်ဝန်း

များဖြင့် လနတ်သမီးချန်ဝေါ်၏ လှုပ်ရှားမှုမှန်သမျှကို အေး

စက်စွာဖြင့် စိုက်ကြည့်နေသည်။

ချန်ဝေါ်က စကားအပိုတစ်လုံးမှ မပြောဘဲ ထက်ရှသည့်ဓားကို

ဝှေ့ရမ်းပြီး ရှမ်တုတောက်ကျွင်း၏ အကြည့်များကို ထိုးဖောက်

ပစ်လိုက်သည်။

ယခုအချိန်က အတွေးစိတ်များ ပျံ့လွင့်နေရမည့် အချိန်

မဟုတ်ပေ။

ချန်ဝေါ်၏ တန်ခိုးစွမ်းအားက ပေါ့သေးသေးမဟုတ်ပေ။

နှစ်ပေါင်းသန်းနှင့်ချီပြီး ကျင့်ကြံထားသည့် ထိုက်ယင်းတန်ခိုး

စွမ်းအားများ ဖြစ်သည်။

သူမ၏ ဓားကလည်း ထိုက်ယင်းတန်ခိုးစွမ်းအားများ

သိပ်သည်းစွာပေါင်းစည်းထားသည့် ထိုက်ယင်းဓားဖြစ်သည်။

ထို့ကြောင့် လနတ်သမီးချန်ဝေါ်ကို လျှော့တွက်၍ မရနိုင်ပေ။

ဓားသည်သာ အစဖြစ်သလို ဓားသည်ပင် အဆုံးသတ်ဖြစ်၏။

ဓားသွား၏ လျှင်မြန်မှု နှင့် တောက်ပမှုက အချိန် ၊ နေရာ

အကန့်အသတ်မရှိ ထိုးဖောက်ဝင်ရောက်သွားသည်။

ဓားသွားသည် နွေဦးအိပ်မက်အလားဖြစ်သလို တိမ်တိုက်တစ်စ

အလား ခန့်မှန်း၍မရသလို ဓားချက်၏လမ်းကြောင်းမှာလည်း

သဲလွန်စ ကျန်ရစ်ခြင်း မရှိပေ။

ဓားရောင် လက်ခနဲတောက်ပသွားသည်ကိုသာ တွေ့မြင်လိုက်ရ

သည်။

ရွှမ်တုတောက်ကျွင်း၏ မျက်ဝန်းများ လင်းလက်တောက်ပလာ ပြီး နဂါးငွေတန်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် ရွှေရောင်တံတားကြီးကလည်း တောက်ပလာသည်။

ထိုက်ယင်းဓားက အချိန်ကာလကို ပိုင်းဖြတ်ပစ်နိုင်ရုံသာမက စကြာဝဠာတစ်ခုလုံးကိုလည်း ပိုင်းဖြတ်ပစ်နိုင်စွမ်းရှိသည်။

ကျန့်ယွမ်ကျီနတ်မင်းကြီး ၊ ခွန်ဖိန်နတ်မိစ္ဆာအဓိပတိကြီး တို့သည်ပင် ထိုဓားချက်ကို ရင်ဆိုင်ဝံ့ကြမည် မဟုတ်ပေ။

သို့သော်... ရွှမ်တုတောက်ကျွင်းကတော့ ရွှမ်တုတောက်ကျွင်း ပင် ဖြစ်၏။

သူက တာအိုကျင့်ကြံသူလောကတွင် ထိပ်ဆုံးအဆင့် နတ် ဘုရားတစ်ပါးဖြစ်ပြီး ခေတ်အဆက်ဆက်တွင်လည်း ဂုဏ် အသရေအပြည့်ဖြင့် ကျော်ကြားခဲ့သူ ဖြစ်၏။

ဆန်းလျန်သာ ထွက်ပေါ်လာခြင်း မရှိလျှင် ရှမ်တုတောက်ကျွ
င်းသည် သေချာပေါက် ပြိုင်ဘက်ကင်း တစ်ယောက်ဖြစ်လာ
ပေလိမ့်မည်။

ရှမ်တုတောက်ကျွင်းက သူ၏ လက် (၂)ချောင်းကို
အသာအယာ ဝှေ့ရမ်းလှုပ်ရှားလိုက်သည်။

ဆံချည်တစ်မျှင်စာပင် ဟာကွက်မရှိဘဲ လျှပ်စီးထက်ပင် အဆ
ပေါင်းရာနှင့်ချီ ပိုမိုလျှင်မြန်လွန်းသည့် အလင်းရောင်တစ်ချက်
လင်းလက်သွားပြီး ထိုအလင်းရောင်က ထိုက်ယင်းဓားပေါ်သို့
ကျရောက်သွားသည်။

ထိုအလင်းရောင်မှာ ရှမ်တုတောက်ကျွင်း၏ လက် (၂)ချောင်း
ဖြစ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်များဖြင့်
ချက်ချင်းဖုံးလွှမ်းသွားသည်။

ရှမ်တုတောက်ကျွင်းက သူမ၏ ဓားကို ထိုသို့ ထိတွေ့တားဆီး
လာနိုင်မည်ဟု လနတ်သမီး ချန်ဝေါ် ထင်မှတ်မထားခဲ့မိပေ။

ရွှမ်တုတောက်ကျွင်း၏ လက်ချောင်းများသည် ကျုံးကို ထောက်ထားသည့် ထောက်တိုင်တစ်ခုအလား ခိုင်မာလွန်းလှပြီး ချန်ဝေါ်၏ဓားကို ထိန်းချုပ်ပြီးသား ဖြစ်သွားသည်။

လှိုင်းလေထန်သည့်အလား ပြင်းထန်လွန်းသည့် တန်ခိုးစွမ်းအားများက ရွှမ်တုတောက်ကျွင်းထံမှ ထွက်ပေါ်လာသည်။ ရွှမ်ဟွမ်တန်ခိုးစွမ်းအားများကို ဖော်ထုတ်လိုက်ခြင်းဖြစ်သည်။

ထို့နောက် သူက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး သေလောက်အောင်ပြင်းထန်သည့် လက်ဝါးရိုက်ချက်ဖြင့် လနတ်သမီးချန်ဝေါ်ကို ရိုက်ချလိုက်လေတော့သည်။

ထိုအချိန်မှာပင် လီအော့ချိုက လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်သည်။

စကြာဝဠာတစ်ခုလုံးကို ဖိနှိပ်ထားနိုင်စွမ်းရှိသည့် နတ်မြားတစ်စင်းသည် အရာအားလုံးကို လျစ်လျူရှု ဥပေက္ခာပြုပြီး ရွှမ်တု

တောက်ကျွင်း၏ မျက်ခုံး (၂)ခုကြားရှိ သွေးကြောဆုံချက်

နေရာသို့ တည့်မတ်စွာဖြင့် ဝင်ရောက်လာသည်။

ထိုနတ်များမှာ လီအော့ချို၏ ဝိညာဉ်စွမ်းအားကို အသုံးပြုကာ

ဖန်ဆင်းထားသည့် မြားတစ်စင်းဖြစ်၏။

လီအော့ချို လေးညှို့ကိုတင်လိုက်သည်နှင့် လေးညှို့ထက်တွင်

သူ၏ဝိညာဉ်စွမ်းအားဖြင့် ဖန်ဆင်းထားသည့် နတ်မြားတစ်

လက် အလိုလိုပေါ်ထွက်လာခြင်း ဖြစ်သည်။

ထိုနတ်မြားသည် မကြုံစဖူး ထူးခြားလွန်းလှသည့် မြားတစ်စင်း

ဖြစ်သည်။ မြားက လေးညှို့မှ ထွက်ခွာသွားသည့်အခါ ကျယ်

လောင်သည့် ပေါက်ကွဲသံကြီးပင် ထွက်ပေါ်လာသည်။

ချန်ဝေါ်ကို အေးဆေးတည်ငြိမ်စွာဖြင့် တိုက်ခိုက်နေသည့် ရွှမ်

တုတောက်ကျွင်းမှာ တာ့ယိ၏ မြားချက်ကို တွေ့မြင့်လိုက်

သည်နှင့် အနည်းငယ်မျှသောအကြောက်တရားက သူ့

နှလုံးသားထဲသို့ ဝင်ရောက်လာသည်။

ထိုမြားချက်ကသူ့ကို လုံးဝ ခြိမ်းခြောက်နိုင်သည့် မြားချက်ဖြစ်သည်။

ရွှမ်တုတောက်ကျွင်း၏ ခန္ဓာကိုယ်က ထိုက်ချိယင်ယန်ပန်းချီကားဖြင့် ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ရွှမ်တုတောက်ကျွင်း၏ ခန္ဓာကိုယ်နှင့် ထိုက်ချိယင်ယန်ပန်းချီကားမှာ ခွဲခြား၍မရဘဲ တစ်သားတည်းကျနေပြီ ဖြစ်သည်။

သို့သော်.... တာ့ယိ၏ မြားချက်သာ ထိမှန်ခံရမည်ဆိုသည်က သူ၏ အသက်ဓာတ်စွမ်းအားများအားလုံး နာကျင်သွားပြီး အချိန်တိုအတွင်း ပြန်လည်နလန်ထူနိုင်မည် မဟုတ်ပေ။

လောကတွင် ပြိုင်ဘက်ကင်းသည့် လေးသည်တော်တာ့ယိ၏ ဂုဏ်သတင်းမှာ အရမ်းကာရော ကောလဟာလအဖြစ် ကျော်ကြားသည့် သတင်းစကားတစ်ခု မဟုတ်သည်ကို ရွှမ်တုတောက်ကျွင်း နားလည်လိုက်ရလေတော့သည်။

***

တာ့ယိ၏မြားချက်က ကောင်းကင်ထက်တွင် ထိုးဖောက်ဖြတ်သန်းသွားသည့်အချိန်တွင် ဆန်းလျန်သည်လည်း ကောင်းကင်ထက်သို့ မော့ကြည့်လိုက်လေသည်။

ထို့နောက် ချောင်းများဆိုးလာပြီး သွေးများ အန်ချလိုက်သည်။ တောက်ပသည့်မြားချက်က အရှိန်ပြင်းစွာထွက်ခွာသွားသည်ကို တွေ့မြင်ရသည်မှာ အလွန်မှပင် လျှို့ဝှက်နက်နဲလှသည်။ "သူ အမြန်လုပ်မှဖြစ်တော့မည်" ဟု ဆန်းလျန် တွေးလိုက်မိသည်။

ဆန်းလျန် စိတ်ကိုတည်ငြိမ်အောင် ပြုလုပ်လိုက်ပြီးနောက် ပြည့်ဝသည့် တာအိုတန်ခိုးစွမ်းအားများ သူ့ခန္ဓာကိုယ်ထဲတွင် ပြည့်ဝလာသည်။

ထို့နောက် သူ၏ တာအိုနှလုံးသားထဲတွင် အနက်ရောင်ဝတ်ဆင်ထားသည့် လူတစ်ယောက် ထွက်ပေါ်လာသည်။ ထိုသူမှာ

အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားသော်လည်း ဆန်းလျန်၏ ပုံသဏ္ဍာန်အတိုင်းပင် ဖြစ်သည်။

ထိုအနက်ရောင်လူမှာ "ရှန်းထျန်းဝူထိုက်" မှ ထိုက်စု တန်ခိုးစွမ်းအားဖြစ်၏။

ဆန်းလျန်က အသက်တစ်ချက် ရှူထုတ်လိုက်သည်။

သူ၏ စိတ်အာရုံထဲတွင် နောက်ထပ် လူတစ်ယောက်ထွက်ပေါ်လာပြန်သည်။ ထိုလူကတော့ ထိုက်ကျိဖြစ်၏။ "ထျန်းရှန်းဝူထိုက်" တန်ခိုးစွမ်းအားမှ ထိုက်ကျိတန်ခိုးစွမ်းအားပင် ဖြစ်သည်။

ထို့နောက် ယင်နှင့်ယန် ကွဲပြားသွားပြီး ဆန်းလျန်၏ စိတ်ဝိညာဉ်အတွင်းမှ နတ်ဘုရားဉာဏ်စဉ်များ များစွာ ထွက်ပေါ်လာသည်။

ထိုနတ်ဘုရားဉာဏ်စဉ်များသည် သုခဘုံ နေရာအသီးသီးသို့ ခွဲဖြာပြီး ထွက်ခွာသွားသည်။

ဆန်းလျန်က လုံးဝ ရပ်တန့်ခြင်း မရှိပေ။

ဆန်းလျန် အသက်တစ်ချက် ထပ်မံရှူသွင်းလိုက်ပြီး သူ၏ စိတ်အာရုံထဲတွင် အလင်းတန်းများ ဖြာထွက်လာကာ ထိုက်ယိ တန်ခိုးစွမ်းအား ထွက်ပေါ်လာပြန်သည်။

အချိန်တိုအတွင်းမှာပင် ဆန်းလျန်က ထိုက်စု ၊ ထိုက်ကျိ ၊ ထိုက်ယိ ကိုယ်ခွဲ (၃)ခုကို ခွဲထုတ်လိုက်ခြင်း ဖြစ်သည်။

ထိုက်စု ၊ ထိုက်ကျိ ၊ ထိုက်ယိ "ထျန်းရှန်းဝူထိုက်" တန်ခိုးစွမ်းအားများသည် ညဏ်စဉ်များအဖြစ် ခွဲဖြာကာ သုခဘုံ တစ်လျှောက် ဗောဓိပင်ကို ရှာဖွေရန် လှည့်လည်သွားလာနေလေတော့သည်။

ဆန်းလျန်က သူနားလည်သဘောပေါက်ထားသည့် ထိပ်တန်းဓမ္မစွမ်းအားများကို ထုတ်ဖော်အသုံးပြုလိုက်ခြင်း ဖြစ်သည်။

ထိုသို့ ကိုယ့်ကိုကိုယ်ထိခိုက်ခံပြီး လုပ်ဆောင်ရသည့် လုပ်ရပ်မျိုးကို မည်သူမှ မပြုလုပ်နိုင်ပေ။

သို့သော်... ဆန်းလျန်ကတော့ ပြုလုပ်ခဲ့လေသည်။

သို့ရာတွင်... ဆန်းလျန်က အရူးလည်းမဟုတ်သလို တုံး အသည့် လူသားတစ်ယောက်လည်း မဟုတ်ပေ။

နောက်ဆုံးတွင်တော့ သုခဘုံအနောက်ဘက်တစ်နေရာတွင် ထူးခြားမှုတစ်ခုဖြစ်ပေါ်နေသည်ကို ဆန်းလျန် စိတ်အာရုံထဲတွင် ခံစားလိုက်ရသည်။

ထို့နောက် ဆန်းလျန်၏ ခန္ဓာကိုယ် တစ်ချက် လှုပ်ရှားသွားပြီး ထိုနေရာသို့ ရောက်ရှိသွားလေသည်။

ထိုနေရာတွင် ရေကန်တစ်ခုရှိနေပြီး အလွန်ပင် အေးချမ်းတိတ်ဆိတ်လွန်းလှ၏။

ပတ်ဝန်းကျင်တွင် သစ်ပင်ပန်းမန်များလည်း ပေါက်ရောက်နေခြင်း မရှိပေ။

ဆန်းလျန် ရေကန်နံဘေးသို့ရောက်ရှိလာပြီး သူ့နှလုံးသားတွင် ထူးခြားစွာဖြင့် ငြိမ်းချမ်းခြင်းကို ခံစားလိုက်ရလေသည်။

ရေကန်နံဘေးတွင် အထိမ်းအမှတ်ကျောက်စာတိုင်တစ်ခု စိုက်ထူထားသည်။

ထိုကျောက်စာတိုင်ထက်တွင် စာကြောင်း (၂)ကြောင်း ရေးထိုးထားလေသည်။

ထိုစာကြောင်း (၂)ကြောင်းမှာ...

"ပြုခဲ့သမျှကုသိုလ်တရားအားလုံးသည်

ဗုဒ္ဓ၏ သုခဘုံတွင် တည်ပါစေသော..."

ဟူ၍ ဖြစ်လေ၏။

အခန်း (၉၄၀) အထီးကျန်ခြင်း

ထိုအထိမ်းအမှတ် ကျောက်စာတိုင်ကို ဆန်းလျန် စိုက်ကြည့်နေလေသည်။

ထိုကျောက်စာတိုင်ထက်တွင်ရေးသားထားသည့် စကားလုံးများမှ မတိုင်းတာနိုင်သည့် တာအိုတန်ခိုးစွမ်းအားများ ထွက်ပေါ်လျှက်ရှိသည်။

ထို့ပြင်... နက်ရှိုင်းလှသည့် အသူရာချောက်နက်ကြီးတစ်ခုကိုလည်း ဖုံးကွယ်ထားဟန် ရှိသည်။

မိုးမြေတစ်ခွင်မှ မည်သည့် သက်ရှိသတ္တဝါမဆို ထိုစကားလုံးများမှ ထွက်ပေါ်နေသည့် တာအိုတရားများကို နားလည်နိုင်စွမ်းရှိမည် ဖြစ်သည်။

သို့သော်... ဆန်းလျန်ကတော့ အခြားသူများထက်ပိုပြီး နားလည်နိုင်စွမ်းရှိ၏။

ဆန်းလျန်အနေဖြင့် ဤနေရာမှ အစပြုရန်လိုအပ်သည်။ ဤ သည့်မှာ အလွယ်ကူဆုံးဖြစ်ပြီး ဤနေရာမှပင် အရာအားလုံးကို ရယူရမည် ဖြစ်သည်။

ကျောက်စာတိုင်ထက်တွင် တာအိုဆရာသခင်ကြီးတစ်ပါး လက်ဆင့်ကမ်းပေးခဲ့သည့် လမ်းစဉ်ကို သတ္တဝါများအားလုံး သိရှိနိုင်ရန် ဖော်ပြထားသည်။ တာအိုတရားကို ဖော်ပြထား သည့်အတွက် မည်သည့်ခြိမ်းခြောက်မှုမှ မရှိသလို ၊ မည်သည့် အတားအဆီးမှုလည်း ပြုလုပ်ထားခြင်း မရှိခဲ့ပေ။

တာအိုဆရာသခင်ကြီး၏ လမ်းစဉ်သည် ပြောစရာစကားမရှိ လောက်အောင် ပြီးပြည့်စုံပြီး နေနှင့်လတို့အလား ထွန်းလင်း တောက်ပလျှက် ရှိသည်။

"ဗောဓိပင်က ဒီနေရာမှာ ရှိသင့်တာ..."

ဆန်းလျန် စိတ်ထဲမှ ဝေဖန်သုံးသပ်လိုက်သည်။

ဆန်းလျန်က သူ၏ နတ်မျက်စိနှင့် နတ်ဘုရားစိတ်အာရုံကို အသုံးပြုကာ ထွင်းဖောက်ကြည့်လိုက်သော်လည်း ကျောက်စာတိုင်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးတွင် မည်သည့် ထူးခြားချက်ကိုမှ မတွေ့ရပေ။

ထိုအချက်က အလွန်မှ ထူးဆန်းလေ၏။

ဆန်းလျန်၏ နတ်ဘုရားစိတ်အာရုံက နက်ရှိုင်းပြီး ဝေးကွာလွန်းသည့်နေရာများကိုလည်း ရောက်ရှိနိုင်စွမ်းရှိသည်။ သို့သော်... သူ၏စိတ်အာရုံက ထက်ရှသည့်ပတ်ဝန်းကျင်ကို ထိုးဖောက်နိုင်ခြင်း မရှိပေ။

ပတ်ဝန်းကျင်မှ ထက်ရှပြီး တည်ငြိမ်သည့် ဗုဒ္ဓဘာသာတန်ခိုးစွမ်းအားများက ဆန်းလျန်၏ နတ်ဘုရားစိတ်အာရုံးများကို တားဆီးဖြတ်တောက်နေပြီး တဖြည်းဖြည်း ဆန်းလျန် အပြင်ပန်းအရာများနှင့်ပတ်သက်ပြီး ခံစားချက် ကင်းမဲ့လာသည်။

ဆန်းလျန်က ကျောက်စာတိုင်အနားသို့ လျှောက်သွားပြီး ပထမဆုံး ရေးသားထားသည့် စာလုံးဖြစ်သည့် "ပြုခဲ့သမျှ" ဆိုသည့် စာလုံးကို လက်ဖြင့် ထိကိုင်လိုက်သည်။

ထိုအခါ တာအိုစာလုံးက ဆန်းလျန်၏ လက်ချောင်းကို ထိရှသွားပြီး လက်ချောင်းများဆီမှ သွေးများထွက်လာသည်။ တာအိုစာလုံးက သူ၏လက်ကို ဖြတ်ရှလိုက်ခြင်း ဖြစ်၏။

ကျောက်စာတိုင်၏နောက်ကွယ်တွင်ပုန်းကွယ်နေသည့် ဓမ္မတရားအဓိပ္ပါယ်က ထက်ရှလွန်းပြီး ဆန်းလျန်၏ နတ်ဘုရားခန္ဓာကိုပင် ပျက်စီးသွားစေနိုင်သည်။

ဆန်းလျန် လက်ကိုအသာပြန်ရုတ်သိမ်းလိုက်သည့်အခါ ပြတ်ရှဒဏ်ရာက ပျောက်ကွယ်သွားသည်။ သို့သော်... လက်ချောင်းထက်တွင် ရွှေရောင်မှိန်ပျပျလင်းလက်နေသည့် အနာရွတ်တစ်ခု ထင်ကျန်ခဲ့လေသည်။

ဤသည်မှာမယုံကြည်နိုင်စရာကောင်းသည့် ဗုဒ္ဓဘာသာ၏
တန်ခိုးစွမ်းအားပင် ဖြစ်လေ၏။
ဆန်းလျန် ရေကန်ထဲမှ ရေရှိရာသို့ လက်ဖြင့်အသာထိကြည့်
လိုက်သည်။ ထိုအခါ ရေကန်ထဲမှ မိုးကောင်းကင်တန်ခိုး
စွမ်းအားတစ်ခုထွက်ပေါ်လာပြီး ဆန်းလျန်၏ လက်မှ
အနာရွတ်ကို ဆေးကြောပေးလိုက်သည်။
တန်ခိုးစွမ်းအားဖြင့် ထိတွေ့ခံလိုက်ရသည့်အခါ ဆန်းလျ
န်၏လက်ချောင်းထက်မှ ရွှေရောင်အနာရွတ်က ပျောက်ကွယ်
သွားလေသည်။
သို့သော်... ကျောက်စာတိုင်၏စာလုံးကြောင့် "ထျန်းရှန်းဝူ
ထိုက်" တန်ခိုးစွမ်းအာ (၃)ခု အနည်းငယ် ပျက်စီးသွားသည်။
သို့သော်... အတိတ်က သူကျင့်ကြံခဲ့သည့် ပင်မစိတ်ဝိညာဉ်ဖြစ်
သော မူလဝိညာဉ်ခန္ဓာက အားကောင်းလွန်းသည့်အတွက် ထျ
န်းရှန်းဝူထိုက်တန်ခိုးစွမ်းအား (၃)ခု ပြန်လည်ကောင်းမွန်လာစေ

ရန် အချိန်သိပ်မယူ လိုက်ရပေ။ လျှင်မြန်စွာပင် ပြန်လည် ကောင်းမွန်သွားခဲ့သည်။

ဆန်းလျန်က သူရရှိသွားသည့် ထိခိုက်မှုအပေါ်တွင် လုံး၀ မစိုးရိမ်ခဲ့ပေ။

တာအိုဆရာသခင်ကြီးတစ်ပါးဖြင့် ကစားရသည့် ကစားပွဲတွင် တန်ခိုးစွမ်းအားက အောင်မြင်မှုအတွက် အဓိကသော့ချက် မဟုတ်သလို အသိဉာဏ်ပညာကလည်း အရေးပါသည့်အရာ တစ်ခု မဟုတ်ပေ။

အရေးအကြီးဆုံးမှာ "စိတ်နှလုံးပင်" ဖြစ်သည်။

"ငါ့နှလုံးသားထဲက ဆန္ဒကို လက်မလျှော့နိုင်ဘူး"

ဆန်းလျန် တိုးတိတ်သည့် လေသံဖြင့်ရေရွတ်လိုက်သည်။

သူ၏အသံက ရေကန်ထဲတွင်လွင့်မျောသွားသည်။

သို့သော် ကန်ရေပြင်က လှိုင်းထသွားခြင်းမရှိသလို

ကျောက်စာတိုင်သည်လည်း တိတ်ဆိတ်ငြိမ်သက်နေဆဲ

ဖြစ်သည်။

ကျောက်စာတိုင်အတွင်းမှ အဆုံးမရှိသည့် ထာဝရဓမ္မသည်

ကျောက်စာတိုင်အတွင်းမှ စီးဆင်းထွက်ပေါ်လာသည်။

ဆန်းလျန်၏ မျက်လုံးများ တစ်ချက်လှုပ်ရှားသွားပြီး

ကျောက်စာတိုင်ကို လက် (၂)ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

ဆန်းလျန်၏ လက်မှ အဆုံးမရှိသည့် တန်ခိုးစွမ်းအားများထွက်

ပေါ်လာပြီး ကြယ်စင်သန်းပေါင်းသောင်းနှင့်ချီ၍ပင် သူ့လက်

ဖြင့် ရွှေ့လျားပစ်နိုင်စွမ်းရှိလောက်အောင် စွမ်းအား ပြင်းထန်

လွန်းလှသည်။

သို့သော်... ကျောက်စာတိုင်ကို ဆွဲနှုတ်ရသည်ကတော့ ဆန်း

လျန်အတွက် လေးလံလွန်းလှသည်။

ဤကျောက်စာတွင် ဗုဒ္ဓဘာသာ၏ခမ်းနားမှုကိုတွေ့မြင်ရပြီး ဗုဒ္ဓတရားတော်ကလည်း သူခန့်မှန်းထားသည်ထက်ပင် လေးနက်လွန်းလှသည်။

ကျောက်စာတိုင်ကို ဆွဲနှုတ်နေသည့် ဆန်းလျန်မှာ သုခဘုံတစ်ခုလုံးကို ဆွဲ မ နေသည့်အလား ခံစားလိုက်ရသည်။ သူ့ဘဝတွင် တစ်ခါမှ မခံစားဖူးသည့် ဖိအားကို ခံစားရလေသည်။

ဆန်းလျန်က လွယ်လွယ်နှင့် လက်လျှော့တတ်သူတစ်ယောက် မဟုတ်သလို ညည်းတွားတတ်သူတစ်ယောက်လည်း မဟုတ်ပေ။ သူက ဖြစ်နိုင်ချေများကို သုံးသပ်ပြီး အခြေအနေကိုကြည့်ကာ လှုပ်ရှားတတ်သူတစ်ယောက် ဖြစ်သည်။

သို့သော်... ကျောက်စာတိုင်ကို ဆုပ်ကိုင်ပြီး ဆွဲနှုတ်လိုက်သည့်အချိန်တွင် ကျောက်စာတိုင်၏ လေးလံမှုသည် ဖြစ်နိုင်ချေအားလုံးမှ လွတ်ထွက်သွားသည်။ ကျောက်စာတိုင်က ရှိရမည့်အလေးချိန်ထက် အဆမတန် ပိုမိုလေးလံနေလေ၏။

မည်သို့ပင်ဖြစ်စေ... ဆန်းလျန် လုံး၀ စိတ်ဓာတ်မကျခဲ့ပေ။

စဉ်ဆက်မပြတ်စီးဆင်းနေသည့် ဆန်းလျန်၏ ဝိညာဉ်စွမ်းအား

များက စမ်းချောင်းတစ်ခုအလား အသက်ဓာတ်စွမ်းအားများ

ဆီသို့ အဆက်မပြတ် စီးဆင်းဝင်ရောက်နေလေသည်။

ဆန်းလျန်သည် ဝိညာဉ်မြစ်ထဲမှ မြစ်ရေများကို အဆက်မပြတ်

စုပ်ယူနေသည့် တိကျန်ဗောဓိသကျကဲ့သို့ ပြင်ဖြစ်သည်။

"မဖြစ်နိုင်" ဆိုသည့် အခြေအနေကို နားလည်ထားသည့်တိုင် မ

လျှော့သောဇွဲဖြင့် ရအောင်လုပ်မည်ဟူသော စိတ်ဓာတ်ခိုင်မာမှု

ကို ချမှတ်ထားသည်။

အထိမ်းအမှတ်ကျောက်စာတိုင်သည် သုခဘုံ၏ လေးနက်မှု

တစ်ခုဖြစ်လေရာ လူ့လောကို ထမ်းပိုးထားရသလောက်

လေးလံမည်ဖြစ်၏။

သို့ရာတွင်... သူတော်စင်သည် ငရဲကိုပင် သူ၏ကျောထက်

ထမ်းပိုးထားနိုင်သေးသည်ဆိုလျှင် ဆန်းလျန်သည်လည်းအ

ဘယ့်ကြောင့် သုခဘုံတစ်ခုလုံးကို ထမ်းပိုးထားနိုင်စွမ်း မရှိပါ မည်နည်း။

ဆန်းလျန် ခွန်အားများကို အဆက်မပြတ်ထုတ်ပြီး ကျောက်စာတိုင်ကို ဆွဲနှုတ်လျှက်ရှိသည်။ သူ၏ ဝိညာဉ် စွမ်းအားအရင်းအမြစ်ထံမှ ဝိညာဉ်စွမ်းအားများကလည်း အဆက်မပြတ်စီးဆင်းထွက်ပေါ်လျှက် ရှိ၏။

လက်ရှိအချိန်တွင် တာအိုဆရာသခင်ကြီးတစ်ပါးကို အနိုင်ယူ နိုင်မည့်သူတစ်ယောက်ကို ပြပါဆိုလျှင် ဆန်းလျန်ကလွဲပြီး အခြားသူ မဖြစ်နိုင်ပေ။

ဤသည်က စိတ်စွမ်းအား ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မျှော်လင့်ချက်ကင်းမဲ့သည့်အခြေအနေထဲမှ မျှော်လင့်ချက် အလင်းရောင်တစ်စကို မရရအောင် ပြန်လည် ရယူခြင်း ဖြစ်သည်။

ဆန်းလျန်က ခွန်အားကို အဆက်မပြတ် အသုံးပြုပြီး

အထိမ်းအမှတ်ကျောက်တိုင်ကို မြေကြီးအတွင်းမှ တစ်လက်မ

ပြီးတစ်လက်မ ဆွဲထုတ်နေခဲ့သည်။

သုခဘုံတစ်ဝှမ်းရှိ ရွှေရောင်သဲမှုံများက မိုင်ထောင်ချီအောင်

တုန်လှုပ်နေပြီး ရေကန်သည်ပင် လှိုင်းများ လှုပ်ခတ်လာလေ

သည်။

သုခဘုံတစ်ခုလုံး အောက်သို့ နိမ့်ဆင်းသွားသည့်အလား ခံစား

လိုက်ရသည်။

ရုတ်တရက် ဆန်းလျန်၏ မြင်ကွင်းထဲတွင် အထိမ်းအမှတ်

ကျောက်စာတိုင် ကြောက်မက်ဖွယ်ရာ ပေါက်ကွဲထွက်သွားပြီး

သူ၏ ဝိညာဉ်စွမ်းအားအရင်းအမြစ်ကို ဖြတ်တောက်ပစ်လိုက်

လေသည်။

ဆန်းလျန် သတိကင်းမဲ့သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို

မေ့လျော့သွားသည်။

ဆန်းလျန် သတိပြန်ရလာသည့်အခါတွင်တော့ သူ့ပတ်ဝန်းကျင်တွင် မည်သည့်အရာမှ မရှိတော့ပေ။

အခြေအနေက "မရှိမှုကျေးရွာ" သို့ရောက်ရှိနေခြင်း နှင့်ဆင်တူသည်။ သို့သော်… မရှိမှုကျေးရွာနှင့်လည်း လုံးဝ ဆင်တူနေခြင်း မဟုတ်ပြန်ပေ။

မရှိမှုကျေးရွာတွင် မည်သည့်အရာမှ မရှိသော်လည်း အရာအားလုံးကို ဖန်ဆင်း၍ ရနိုင်သည်။ သို့သော်… ဤနေရာတွင်မည်သည့်အရာမှ မရှိခြင်းသလို မည်သည့်အရာကိုမှလည်းဖန်ဆင်း၍ မရနိုင်ပေ။ စစ်မှန်သည့် ဗလာနယ်တစ်ခုအလားအရာအားလုံး မျိုးသုဉ်းပျောက်ကွယ်လျှက် ရှိ၏။

ဆန်းလျန်၏လက်ထဲတွင် အထိမ်းအမှတ်ကျောက်စာတိုင်ကိုကိုင်ထားဆဲဖြစ်ပြီး ကျောက်စာတိုင်အတွင်းမှ ဗုဒ္ဓဘာသာသဘောတရားများက ထင်ရှားသော်လည်း မှောင်မိုက်နေ၏။

အော်မီတော်ဖူဗုဒ္ဓပြုလုပ်ထားသည့် အထိမ်းအမှတ်

ကျောက်စာတိုင် ပျက်စီးလုနီးပါး ဖြစ်သွားဟန်ရှိသည်။

ဆန်းလျန်၏ ဝိညာဉ်က ကျောက်စာတိုင်ရှိရာသို့ ရောက်ပြန်

ဟပ်နေပြီး အလင်းရောင်များ တောက်ပနေသည်။ ထို့ကြောင့်

ပတ်ဝန်းကျင်တစ်ခုလုံး လင်းလက်လျှက် ရှိ၏။

ဆန်းလျန်၏ ဝိညာဉ်အလင်းရောင်က အမှောင်ထုကို ဖုံးလွှမ်း

သွားစေလေသည်။

ဆန်းလျန် ကောင်းကင်ထက်သို့ မော့ကြည့်ပြီးနောက် အောက်

ဘက်မြေပြင်သို့ လက်ဖြင့် အသာအယာ ထိကိုင်ကြည့်လိုက်

သည်။ သို့သော်... သူ မည်သည့်နေရာ ၊ မည်သည့်အချိန်

ကာလသို့ ရောက်ရှိနေသည်ကို ခန့်မှန်း၍ မရနိုင်ခဲ့ပေ။

သူ့ရင်ထဲတွင် အထီးကျန်မှုကို ခံစားလိုက်ရသည်။

"သံသရာက မပြတ်တောက်နိုင်သေးဘူးပဲ..."

ထိုစကားကို ဆန်းလျန် စိတ်ထဲမှ ပြောလိုက်ခြင်း ဖြစ်၏။

သူရောက်ရှိနေသည့်နေရာသည် အဆုံးမရှိသည့် မဟာအဝီဇီ ငရဲကြီး ဖြစ်ဟန်တူသည်။

ထိုငရဲသို့ကျသွားသည်နှင့် ပြန်လမ်းမရှိတော့ပေ။

ကြောက်စရာအကောင်းဆုံးအချက်မှာ မဟာအဝီဇီငရဲတွင် ထာဝရပိတ်မိနေကြသည့် ဝိညာဉ်များသည် မည်သည့်အခါမှ လူသားအဖြစ် လူပြန်ဝင်စားနိုင်တော့မည် မဟုတ်ဆိုသည့် အချက်ဖြစ်၏။

မရှိမှုကျေးရွာတွင်တော့ တန်ခိုးစွမ်းအားမြင့်မားသည့် နတ်ဘုရားများ ၊ နတ်မိစ္ဆာများက ကောင်းကင်ဘုံများ ၊ ကိုယ်ပိုင်ကျောက်ဂူများကို ဖွင့်လှစ်နိုင်သည်။ ထို့ပြင်... ငှက်များ ၊ သားရဲများ ၊ ပိုးမွှားများ ၊ ငါးများ စသည်တို့ကို စိတ်ဖြေဖျော်ရာအဖြစ်လည်း ဖန်ဆင်းထားနိုင်သေးသည်။

သို့သော်... အချိန်ကာလကြာလာသည်နှင့်အမျှ အရာအားလုံးက ပျောက်ကွယ်သွားပြီး နောက်ဆုံးတွင် မရှိမှုတရားသာ ကျန်ရစ်ခဲ့ပေလိမ့်မည်။ အရာအားလုံးက "နတ္ထိ" ပင် ဖြစ်၏။

ဆန်းလျန် သူ၏ တန်ခိုးစွမ်းအားများကို အသုံးပြုကြည့်လိုက်သည်။ သို့သော် အလုပ်မဖြစ်ပေ။

ယခု ရင်ဆိုင်ရသည့်အတွေ့အကြုံသည် ဆန်းလျန်ဘဝတွင် ရင်ဆိုင်ရသမျှ အခက်အခဲများထဲတွင် အကြီးမားဆုံးပြဿနာ တစ်ခု မဟုတ်သော်လည်း အတော်လေးတော့ ခက်ခဲသည့် ပြဿနာတစ်ခု ဖြစ်သည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများ လုံးဝ အသုံးပြု၍ မရတော့ပေ။ သူသည် လူ့လောကသံသရာ ၊ ဒုက္ခပင်လယ်တွင် ကူးခတ်နေကြရသည့် သတ္တဝါများနှင့် မည်သို့မှ မခြားနားတော့ပေ။

ဗုဒ္ဓဘာသာအယူအဆအရဆိုလျှင် သတ္တဝါများအားလုံးက

အတူတူပင်ဖြစ်သည်။ ထိုအချက်ကို ယခုအချိန်ခဏအတွင်း

သက်သေပြလိုက်နိုင်ပြီဖြစ်၏။

ဆန်းလျန်သည်လည်း သတ္တဝါအနန္တထဲမှ တစ်ယောက်မျှသာ

ဖြစ်ပြီး နတ်ဘုရားတစ်ပါး မဟုတ်တော့ပေ။

တာအိုဆရာသခင်ကြီးတစ်ပါး မဖြစ်မချင်း (သို့မဟုတ်) ဗုဒ္ဓမ

ဖြစ်မချင်း သူ့အနေဖြင့် သံသရာမှ လွတ်မြောက်နိုင်မည်

မဟုတ်သေးပေ။

သူသာ ဗောဓိပင်ကို ရှာဖွေရန် ထွက်ခွာမလာခဲ့ဘူးဆိုလျှင် ယခု

ဆိုလျှင် သူ ဘာများ ပြုလုပ်နေမည်နည်း။ ထိုမေးခွန်းနှင့်

ပတ်သက်ပြီး ဆန်းလျန်တွင် အဖြေမရှိပေ။

ဆန်းလျန်၏ နှလုံးသားထဲတွင် နောင်တတရားများ

တဖြည်းဖြည်းကြီးထွားလာသည်။ သို့သော် ဆန်းလျန်က သူ၏

အလုပ်များကို လုံး၀ ရပ်တန့်ခြင်း မရှိပေ။

ပတ်ဝန်းကျင်တစ်ခုလုံးက အထီးကျန်ဆန်လှပြီး သူ့ရင်ထဲတွင် နောင်တတရားများဖြင့် ပြည့်နက်နေသည်။ နောင်တရခြင်း ဆိုသည်မှာ သူ့ဘဝတွင် အင်မတန်မှ ဖြစ်ခဲသည့် အရာတစ်ခု ဖြစ်၏။

လူသားများအတွက် ဖြစ်ပြီးခဲ့သည့်အကြောင်းအရာများအပေါ် အမြဲတမ်းနောင်တရနေရန်မှာလည်း မဖြစ်နိုင်ပေ။ တစ်ခဏနှင့် ထာဝရဆိုသည်က သိပ်ပြီး ခြားနားမှုမရှိလှပေ။

ဆန်းလျန် အထီးကျန်ခြင်းကို ခံစားနေရလေသည်။

သူ၏ဝိညာဉ်ထဲအထိ အထီးကျန်ခြင်းကို ခံစားနေရခြင်း ဖြစ်၏။

ထို့နောက် နောင်တတရားများ တဖြည်းဖြည်းပျောက်ကွယ်သွားပြီး အတိတ်သည်လည်းကုန်ဆုံးသွားကာ ပစ္စုပ္ပန်အချိန်တစ်ခဏ၌ ဆန်းလျန်၏အတွေးများ တည်နေသည်။

သူ အတိတ်ကို ပြန်ပြောင်းစဉ်းစားကြည့်လိုက်မိသည်။

အတိတ်ဆိုသည်က မှတ်ဉာဏ်ထဲတွင် ထင်ကျန်ရစ်ခဲ့သည့် အမှတ်တရများ ၊ အကြောင်းအရာများသာပဲ ဖြစ်သည်။

အတိတ်ဆိုသည်က ကွဲကြေပျက်စီးသွားသည့် ကျောက်သားထုကြီးအလားတဖြည်းဖြည်း ပျောက်ကွယ်သွားသည့် အရာများသာ ဖြစ်သည်။

စကြာဝဠာက အဆုံးမရှိသလို လောကကြီးကလည်း အဆုံးမရှိပေ။ သံသရာမှ မလွတ်ကင်းနိုင်သရွေ့ ကိလေသာမြူမှုံများဖြင့်ပြည့်နက်နေသည့် လောကကြီးအလယ် သံသရာလည်ရဦးမည်ဖြစ်၏။

လောကကြီးအလယ် တပ်မက်စိတ်များဖြင့် အာရုံခံစားနေသရွေ့ သံသာတွင် ကြဉ်လည်နေရဦးမည်ဖြစ်ပြီး ကိလေသာများလည်း ကင်းစင်နိုင်မည် မဟုတ်ပေ။

ဆန်းလျန်၏ မှတ်ဉာဏ်များ တဖြည်းဖြည်း ရပ်တန့်သွားသည်။

အမှတ်တရာများ ၊ အတိတ်များ မရှိတော့ပေ။

ထိုသို့ဆိုလျှင် သူသည် ဆန်းလျှန် ဖြစ်နေဆဲလား။

အဖြေကတော့ သူက ဆန်းလျှန်ဖြစ်နေဆဲပင် ဖြစ်သည်။

အမှတ်တရများ ၊ မှတ်ဉာဏ်များမရှိသည့်တိုင် တည်ရှိမှု

ကတော့ ရှိနေဆဲပင် ဖြစ်၏။

သူသည် ဆန်းလျှန်ဖြစ်သည်ဆိုသည့် ပညတ်ချက်ဖြင့် ဖြစ်

တည်မှုတစ်ခုက တည်ရှိနေပြီး ထိုအချက်က ပြောင်းလဲသွား

မည် မဟုတ်ပေ။

လူတစ်ယောက်၏တည်ရှိခြင်းကိုသက်သေပြရန်အတွက်

အတိတ်မှ အမှတ်တရများ ၊ အကြောင်းအရာများ ၊ မှတ်ဉာဏ်

များ မလိုအပ်ပေ။ ထိုသူ၏ တည်ရှိမှုသာလျှင် လိုအပ်သည်။

သဘာဝတရားကြီးတစ်ခုလုံး စတင်ဖြစ်တည်ခဲ့ခြင်း၏

အရေးကြီးဆုံး အကြောင်းအရာကို ဆန်းလျှန် စတင်နားလည်

သဘောပေါက်စပြုလာသည်။

ဆန်းလျန် ပိုမိုအထီးကျန်လာပြီး နောက်ဆောင်း

အလောင်းကောင်ပြီးတစ်ကောင်အလား ပြောင်းလဲသွားသည်။

ထို့နောက် အလောင်းကောင်သည် ပုပ်ဆွေးသွားပြီး

တဖြည်းဖြည်း အသွေးအသားများပျက်စီးကာ အရိုးစုအဖြစ်

ပြောင်းလဲသွားသည်။

ထို့နောက် အသွေးအသားများအားလုံး တဖြည်းဖြည်း

ပြန်လည်ပြည့်ဝလာပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံးကို ပါးလွှာ

သည့်အလင်းရောင်အလွှာလေးတစ်ခုက တစ်လွှာပြီးတစ်လွှာ

ရစ်ပတ်လာသည်။

ထိုအလင်းရောင်အလွှာပါးလေးမှာ တစ်သက်မှတစ်ခါ

စွဲဆောင်နိုင်စွမ်းရှိလွန်းသည့် အလင်းရောင်များ တောက်ပလျှ

က် ရှိ၏။

ထိုအလင်းရောင်သည် ဆန်းလျန်၏ ဝိညာဉ်အလင်းရောင်ဖြင့်

ဆင်တူလွန်းသည်။

အလင်းရောင်က ပျောက်ကွယ်မသွားဘဲ ပိုမိုလင်း

လက်တောက်ပလာသည်။

ထိုအလင်းရောင် မည်သည့်နေရာက ရောက်ရှိလာသည်ကို

ဆန်းလျှန် သိရှိခြင်း မရှိပေ။

သူ၏ သွေးကြောဆုံချက်များမှ ထွက်ပေါ်လာခြင်းလည်း ဖြစ်

နိုင်သလို သစ္စာတရားမှ ထွက်ပေါ်လာခြင်းလည်း ဖြစ်နိုင်သည်။

ထို့ပြင် မည်သည့်နေရာကမှ ထွက်ပေါ်လာခြင်း မဟုတ်ဘဲ

အလိုလို ဖြစ်တည်လာခြင်းလည်း ဖြစ်နိုင်လေတော့၏။

အခန်း (၉၄၁) နတ်ဘုရားသုတ်သင်ဓား

ဆန်းလျန်၏ခန္ဓာကိုယ်မှ အလင်းရောင်များ ပိုမိုတောက်ပလာပြီး ကျောက်စာတိုင်က ပိုမိုနက်မှောင်လာသည်။

မှောင်မိုက်သည့်ညနှင့် ထွန်းလင်းနေသည့် လရောင်အလားဖြစ်၏။

ဆန်းလျန် မျက်ဝန်းများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

တောက်ပနေသည့် မျက်ဝန်းများက အသိဉာဏ်ပညာနှင့်ပြည့်ဝနေပြီး သုံးလောကတစ်ခုလုံးကို ထွင်းဖောက်သိမြင်နေသည့်အလား ဖြစ်လေသည်။ ဆန်းလျန်ထံမှ မည်သည့်အရာမှ ဖုံးကွယ်ထားနိုင်မည် မဟုတ်ပေ။

ယခု ဆန်းလျန်တွင် မှတ်ဉာဏ်များ မရှိတော့ပေ။ သို့သော်… မျက်လုံးကို ဖွင့်လိုက်သည်နှင့် အကြောင်းအရာအားလုံးကို ရှင်းလင်းစွာ သိမြင်နေရသည်။

မျက်တောင်တစ်ချက်ခတ်လိုက်ရုံမျှဖြင့် သူသိချင်သည့်
အကြောင်းအရာများအားလုံးကို သိမြင်နေရသည်။
သူ ကျောက်စာတိုင်တွင် ရေးသားထားသည့် စာလုံးများကို
လက်ဖြင့် အသာအယာ ပွတ်သပ်လိုက်သည်။ ထို့နောက် သူ့
နှုတ်ခမ်းထောင့်တွင် အပြုံးတစ်ခု လှစ်ခနဲ ပေါ်လာလေ၏။
"လောကကိုသိမြင်တယ်ဆိုတာ ကုသိုလ်တရားပဲ ၊ တန်းတူ
ညီမျှဆက်ဆံတယ်ဆိုတာ သီလပါပဲ ၊ ဟုတ်တယ်မလား..."
ဆန်းလျန် စိတ်ထဲက မေးခွန်းထုတ်လိုက်ခြင်းဖြစ်ပြီး မေးခွန်း
ရော အဖြေပါ သူ့စကားထဲတွင် ပါဝင်လေသည်။
ကုသိုလ်တရား၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဆန်းလျန်ထက်
သိရှိနိုင်သူ လောကတွင် မရှိနိုင်တော့ပေ။
ဤနေရာသို့ ရောက်ရှိလာပြီး တန်ခိုးစွမ်းအားများ အသုံးပြုနိုင်
ခြင်း မပြုနိုင်တော့သည့်အခါ ဆန်းလျန်သည် သူ့ကိုယ်သူ

လောကီလူ့ဘောင်မှ သတ္တဝါများနှင့် မည်သို့မှ မခြားနားသည်ကို နားလည်သွားလေသည်။

ထိုနားလည်မှုကြောင့် တန်းတူညီမျှမှု ၊ သဘာဝတရားနှင့် သစ္စာတရားတို့ကို ဆန်းလျှန် သိမြင်သွားခဲ့သည်။

မှတ်ဉာဏ်မရှိ ၊ ခံစားချက်မရှိ ၊ အရာအားလုံးမရှိတော့သည့်အခါ သဘာဝကို အမှန်အတိုင်း သိမြင်နိုင်ခဲ့သည်။

ဤသို့ဖြစ်ခြင်းသည် ကြက်သွန်နီကို အခွံခွာသကဲ့သို့ဖြစ်သည်။ ကြက်သွန်နီကိုအခွံခွာစဉ်တွင် မျက်ရည်ကျကောင်းကျစေနိုင်သော်လည်း အခွံခွာပြီးသွားသည့်အခါ ကျဆင်းခဲ့သည့်မျက်ရည်တို့သည် အချည်းအနှီးသာတည်း။

အရာရာသည် "နတ္ထိ" ။ ထိုအချက်ကပင် အမှန်တရား ဖြစ်၏။

အရာအားလုံးက ဘာမှမဟုတ်သည်ကိုသိရှိလိုက်သည့်အခါ ကိလေသာ မြူမှုံများမှ ကင်းဝေးသွားတော့သည်။

ကျောက်စာတိုင်ကိုကိုင်ပြီး ဆန်းလျန် ဦးတည်ရာမဲ့

လမ်းလျှောက်နေမိသည်။ ဤတစ္ဆေဝိညာဉ်များကိန်းအောင်းရာ

မဟာအစီဇီဝရဲမှ ထွက်ခွာသွားနိုင်ရန် ဆန်းလျန် မည်မျှ အချိန်

ယူရဦးမည်ကို သူကိုယ်တိုင်လည်း မသိရှိပေ။

သူ့ခြေလှမ်းများက လျှင်မြန်သည်ထက် လျှင်မြန်လာပြီး လေ

ထဲတွင် လွင့်နေသည့်အလား ပေါ့ပါးလျက်ရှိသည်။

ဆန်းလျန် အလွန်ပျော်ရွှင်နေခဲ့လေသည်။ သူက ကလေးငယ်

တစ်ယောက်လို သီချင်းလေးပင်ဆိုညည်းနေမိသေး

တော့သည်။

***

ဆန်းလျန်က အလွန်ပျော်ရွှင် စိတ်ဓာတ်တက်ကြွနေသည့်

အချိန်တွင် ရဲ့လျိုယွင်ကတော့ စိတ်ပျက်လက်ပျက် ဖြစ်လျက်

ရှိသည်။

ယွမ်စီအထိမ်းအမှတ်ကျောက်စာက သူ့ခန္ဓာကိုယ်ကို

ရှေးဟောင်းသားရဲကြီးတစ်ကောင်အလား ဖိနှိပ်ထားသည်။

ထိုအချိန်… ရွှမ်တုတောက်ကျွင်းနှင့် တာ့ယိတို့ ဇနီးမောင်နှံ တိုက်ပွဲ အခြေအနေကတော့ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပြီ ဖြစ်သည်။

တာ့ယိ ပစ်လွှတ်လိုက်သည့်မြားသည် ရွှမ်တုတောက်ကျွင်း၏ ညာဘက်မျက်လုံးထဲသို့ စိုက်ဝင်သွား၏။

ရွှမ်တုတောက်ကျွင်းဆိုသည်က ဟွင့်ယွမ်ဝူကျီအဆင့် နတ်ဘုရားတစ်ပါး ဖြစ်၏။

တာ့ယိက ရွှမ်တုတောက်ကျွင်း၏ မျက်ခုံး (၂)ခုကြားရှိ သွေးကြောဆုံချက်နေရာသို့ ဦးတည်ကာ မြားကို ပစ်လွှတ်လိုက်ခြင်း ဖြစ်သော်လည်း ရွှမ်တုတောက်ကျွင်းက ရှောင်တိမ်းလိုက်သည့်အတွက် နေရာလွဲချော်ကာ မျက်လုံးကို ထိမှန်သွားခြင်း ဖြစ်သည်။

ရွှမ်တုတောက်ကျွင်း၏ တည်ကြည်သည့် နတ်ဘုရားမျက်လုံး ထဲတွင် တာ့ယိ၏ နတ်မြားက စိုက်ဝင်နေလေသည်။ ရွှမ်တု

တောက်ကျွင်းက လက်တစ်ဖက်ဖြင့် မြားကို ဆုပ်ကိုင်

ထားသည်။

ထိုသို့သော ဆုပ်ကိုင်ထားခြင်းမရှိပါက မြားတစ်စင်းလုံး သူ့

ဦးနှောက်ကို ထွင်းဖောက်သွားမည် ဖြစ်ပြီး သူ၏ စိတ်ဝိညာဉ်

သည်လည်း ပျက်စီးသွားမည် ဖြစ်၏။

မြားချက်ထိမှန်ခံထားရသည့် ရှမ်တုတောက်ကျွင်း၏ ပုံစံမှာ

အတော်လေး ရုပ်ဆိုးအကျည်းတန်လှသည်။

သူ့ဘဝတွင် တစ်ခါမှ ထိုမျှလောက် အရှက်ကွဲခဲ့ဖူးခြင်း မရှိပေ။

ထို့ကြောင့် တာ့ယိနှင့် ချန်ဝေါ်ကိုပညာကောင်းကောင်းပေးရန်

ဆုံးဖြတ်လိုက်သည်။

ရှမ်တုက နတ်မြားကို သူ့မျက်လုံးထဲမှ ဆွဲထုတ်လိုက်သည်။

မြားနှင့်အတူ သူ၏ မျက်လုံးအိမ်ကြီးပါ ကျွတ်ပါလာလေ

သည်။တာ့ယိ၏မြားချက်က ရှမ်တု၏ နတ်ဘုရားခန္ဓာကို

ပျက်စီးစေရုံသာမက စိတ်ဝိညာဉ်ကိုပါ ဖျက်စီးပစ်ရန် ဦးတည်ခြင်း ဖြစ်၏။

ချန်ဝေါက ထိုအခြေအနေကို အခွင့်ကောင်းယူပြီး လပြည့်ဝန်းပေါ်သို့ ပြန်လည်ဆုတ်ခွာသွားသည်။ ထို့နောက် ခွန်အားများကုန်ဆုံးကာ ယိုင်လဲကျလုနီးပါးဖြစ်နေသည့် လီအော့ချိုကို တွဲထူပေးထားလိုက်သည်။

လီအော့ချို၏မျက်နှာထက်တွင် သာမန်လူသားတစ်ယောက်ပမာ ခံစားချက်များ ထွက်ပေါ်လာပြီး သူက ချန်ဝေါကိုကြည့်ကာ ပြုံးလိုက်လေသည်။

"ချန်ဝေါ... ကိုယ် မြားမပစ်တာ တော်တော်ကြာနေပြီလေ ၊ အခု မြားပြန်ပစ်တော့ အတော်လေး အားကုန်သွားတယ်..."

ချန်ဝေါက သန့်စင်သည့် ထိုက်ယင်းစွမ်းအားများကို တာ့ယိ၏ခန္ဓာကိုယ်ထဲသို့ ထည့်သွင်းပေးလိုက်ပြီး ခြောက်သွေ့

အားကုန်နေသည့် တာ့ယိ၏ခန္ဓာကိုယ်ကို ပြန်လည် အားပြည့်

လာစေသည်။

သူမက တီးတိုးပြောလိုက်သည်။

"စကားတွေအများကြီးမပြောနဲ့၊ တန်ခိုးစွမ်းအားတွေပြန်

ရအောင် အာရုံစိုက်..."

လီအော့ချိုချက်ချင်းပင် ပါးစပ်ကိုပိတ်ထားလိုက်ပြီး ခါးကို

မတ်မတ်ထားလိုက်သည်။

ထိုအချိန်မှာပင် ရှမ်တုတောက်ကျွင်းက အလွန်အံ့သြစရာ

ကောင်းသည့် အပြုအမူတစ်ခုကို ပြုလုပ်လိုက်သည်။ သူက

သူ၏မျက်လုံးအိမ်ကြီးစိုက်ဝင်နေသည့် နတ်မြားကို

တစ်ချက်တည်း ဝါးစားကာ မြိုချလိုက်လေ၏။

နတ်မြားထဲတွင် တာ့ယိ၏ ဝိညာဉ်စွမ်းအားများပါဝင်နေ

သော်လည်း သူက လုံးဝအရေးမစိုက်ပေ။

ထိုကဲ့သို့သော ကျက်သရေမရှိသည့် လုပ်ရပ်မျိုးကိုပြုလုပ်ခြင်းက သူ့တွင် မိုးနတ်မင်းတစ်ပါး၏ အသရေနှင့်ကင်းကွာခြင်းကို ဖော်ပြနေသည်။ ထို့ပြင် သူ၏အပြုအမူက နတ်ဘုရားမဆန်ဘဲ မိစ္ဆာဆန်လွန်းလှသည်။

ထို့နောက် ရွှမ်တုတောက်ကျောင်း၏ နတ်ဘုရားခန္ဓာကြီးက မိုးထိအောင်မြင့်တက်သွားပြီး ဧရာမ နတ်ဘုရားကြီးတစ်ပါး အဖြစ်ပြောင်းလဲသွားသည်။ ခန္ဓာကိုယ်ကြီးမှာလည်း တောင်တစ်လုံးထက်ပင် ကြီးမားလေသည်။

လောကတစ်ခွင်ရှိ နတ်ဘုရားများမှာ ရွှမ်တုတောက်ကျောင်း၏ ကြီးမားသည့်ယောကျ်ားအင်္ဂါကြီးကိုတွေ့မြင်ရကာ ရှက်ကြောက်သွားမိကြသည်။

ထို့နောက် ဒေါသထွက်နေသည့် ရွှမ်တုတောက်ကျောင်းက မိုးနှင့်မြေကို ကိုင်လှုပ်လိုက်လေရာသန်းပေါင်းများစွာသော သက်ရှိသတ္တဝါများ အသက်ပျောက်ကုန်ကြရသည်။

အလောင်းများ မြေအောက်တွင် နစ်မြုပ်ပြီး ကူရာကယ်ရာမဲ့

လျှက်ရှိကြသည်။

မရှိမှုကျေးရွာမှ မရေမတွက်နိုင်အောင်များပြားသည့် နတ်

ဘုရားကျောက်ဂူများ ၊ စကြာဝဠာအတွင်းမှ ကြယ်စင်များပင်

လဆင် တသိမ့်သိမ့်တုန်လှုပ်နေကြသည်။

လူ့လောကတွင် မီးတောင်များပေါက်ကွဲကုန်ပြီး ငလျှင်များ ၊

ဆူနာမီများ ပြင်းထန်စွာ လှုပ်ခတ်လျှက် ရှိသည်။

လူသားများ တစ်ခါမှပင် တွေးထင်မထားခဲ့သော သဘာဝဘေး

အန္တရယ်ဆိုးကြီး ကျရောက်လာခဲ့ပြီ ဖြစ်သည်။

ရှမ်တုတောက်ကျွင်းနှင့်အနီးဆုံးတွင် ရောက်ရှိနေသည့် တာ့ယိ

နှင့်ချန်ဝေါ်မှာတော့ မုန်တိုင်းဗဟိုချက်တွင်ရောက်ရှိနေသည့်

အလား ဖြစ်လေသည်။

စွမ်းအားကြီးမားသည့် နတ်ဘုရားတစ်ပါးအတွက်တော့ တာအို

တန်ခိုးစွမ်းအား အနည်းငယ်ကိုပင် ကြီးမားသည့် တန်ခိုး

စွမ်းအားအဖြစ် ပြောင်းလဲပစ်နိုင်သည်။

ဤဖြစ်ရပ်က စစ်မှန်သည့်တန်ခိုးစွမ်းအားအကြောင်း သိမြင်

စေပြီး တန်ခိုးစွမ်းအားမရှိသည့် လူသားများအတွက်

စိတ်ဓာတ်ကျစရာများကို သင်ပြပေးသည်။

ချန်ဝေါ်က လီအော့နျို၏ လက်များကို တင်းကျပ်စွာ ဆုပ်ကိုင်

ထားလိုက်သည်။

လီအော့နျိုက တီးတိုးပြောလိုက်သည်။

"နောက်ထပ် (၁၀)စက္ကန့်လောက်ဆိုရင် ကိုယ် နောက်ထပ်မြား

တစ်စင်း ထပ်ပစ်လို့ရနိုင်ပြီ..."

ချန်ဝေါ်၏ မျက်နှာက တည်ကြည်လေးနက်နေသည်။

သူမစိတ်ထဲတွင်တွေးနေမိသည်က...

"ကျွန်မတို့မှာ (၁၀)စက္ကန့်တောင် အချိန်ရပါတော့မလား..."

ရွှမ်တုတောက်ကျွင်းက မယုံနိုင်လောက်အောင် တန်ခိုး

စွမ်းအားများ မြင့်တက်လျှက်ရှိသည်။ ကံကြမ္မာသည်ပင်

သူ၏ခြေဖဝါးအောက်တွင် ဝပ်တွားရသည့် အနေအထား

ဖြစ်၏။

သူက ကောင်းကင်ဘုံနှင့် သုံးလောကတွင် အမြင့်ဆုံးနတ်

ဘုရားတစ်ပါးဖြစ်လာပြီး သူ၏ တန်ခိုးစွမ်းအားမြင့်မားမှုကို

စာဖြင့်ရေးကာဖော်ကျူးနိုင်စွမ်းပင် မရှိနိုင်လောက်အောင် နက်

ရှိုင်းလျှက်ရှိ၏။

ထို့နောက် ရွှမ်တုတောက်ကျွင်းက ခြေတစ်ချက်စောင့်လိုက်ပြီး

လက်သီးတစ်ချက် ထိုးနှက်လိုက်သည်။

ပြင်းထန်သည့်လက်သီးချက်က တောက်ပသည့်လပြည့်ဝန်းရှိ

ရာသို့ ဦးတည်သွားလေသည်။

ထိုလက်သီးချက်သာ လပြည့်ဝန်းကို ထိမှန်သွားမည်ဆိုလျှင်

ရှေးခေတ်အဆက်ဆက်ကပင် တည်ရှိခဲ့သည့် ရှေးဟောင်း

ကြယ်စင်ကြီးတစ်ခုဖြစ်သော ထိုက်ယင်းကြယ်စင်ကြီး

အပိုင်းပိုင်းကွဲကြေသွားနိုင်လေသည်။

ချန်ဝေါ်တစ်ယောက်တည်းဆိုလျှင်တော့ လွတ်မြောက်အောင်

လွတ်လမ်းရှာဖွေနိုင်သည်။

သို့သော်... သူမအနားတွင် တာ့ယိရှိနေသည့်အတွက် သူမက

တာ့ယိကိုထားပြီး တစ်ယောက်တည်းထွက်ပြေးရန် ဆုံးဖြတ်

မည် မဟုတ်ပေ။

တာ့ယိက လေးညို့ကို ဒုတိယအကြိမ်တင်လိုက်သည်။

ထို့နောက် နတ်မြားတစ်စင်းက လေးညို့ထက်တွင် တောက်ပ

စွာ ထွက်ပေါ်လာသည်။

(၈)စက္ကန့်...။

(၇)စက္ကန့်...။

အချိန် (၆) စက္ကန့်မတိုင်မီ ရွှမ်တုတောက်ကျွင်း၏ ပြင်းထန်သည့်လက်သီးချက်က ထိုက်ယင်းကြယ်စင် လပြည့်ဝန်းရှိရာသို့ ဝင်ရောက်လာတော့သည်။

သို့သော်... လက်သီးချက်မှ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများ လပြည့်ဝန်းဆီသို့ ပေါက်ကွဲသွားခြင်း မရှိသေးမီ အချိန်လက်မတင်လေးမှာပင် ကောင်းကင်ထက်တွင် ရွှေကွင်းတစ်ကွင်း ထွက်ပေါ်လာလေ၏။

ရွှမ်တုတောက်ကျွင်း၏ မြင့်မားပြင်းထန်လွန်းလှသည့် တန်ခိုးစွမ်းအားကို ရွှေကွင်းလေးတစ်ခုက တားဆီးနိုင်ပါမည်လား။

ရွှေကွင်းက ရွှမ်တုတောက်ကျွင်း၏ လက်သီးကို ထိမှန်သွားပြီး လက်သီးချက်ကို လွဲချော်သွားစေသည်။

လက်သီးချက်က မိုးကောင်းကင်တစ်နေရာကိုထိမှန်သွားပြီး လပြည့်ဝန်းကြီးကို ထိမှန်ခြင်း မရှိတော့ပေ။

ရွှေကွင်းကို ပစ်လွှတ်လိုက်သူမှာ နွားရိုင်းကြီးတစ်ကောင်

ဖြစ်၏။

ရှမ်တုတောက်ကျွင်း၏ လက်သီးချက်ကို တားဆီးပြီးသည်နှင့်

ရွှေကွင်းက နွားရိုင်းကြီးထံသို့ ပျံသန်းသွားသည်။ နွားရိုင်းကြီး

က ရွှေကွင်းကို ပါးစပ်ဖြင့် ကိုက်ချီလိုက်ပြီး လီအော့နျိုရှိရာသို့

ကဆုန်ပေါက် ပြေးလွှားထွက်ခွာသွားလေတော့သည်။

ထို့နောက် နွားရိုင်းကြီးက ပြုံးလိုက်ပြီး...

"ကျုပ်နောက်လိုက်ခဲ့..."

ဒုတိယမြားချက်က စွမ်းအားပြည့်ဝခြင်း မရှိသေးသော်လည်း

လီအော့နျိုက ရှမ်တုတောက်ကျွင်းထံသို့ ထပ်မံ ပစ်လွှတ်လိုက်

သည်။

ထို့နောက် ချန်ဝေါ်၏ လက်ကိုဆွဲကာ လီအော့နျို နွားရိုင်း

ကြီး၏ ကျောပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက် နွားရိုင်းကြီးသည် ကောင်းကင်ထက်သို့ ကဆုန်ပေါက်ပြေးလွှားခုန်တက်သွားပြီး အရှေ့ဘက်ဆီသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

တာ့ယိ၏ ဒုတိယမြားချက်က ရှမ်တုတောက်ကျွင်းကို ပိတ်ဆို့ထားလိုက်သည်။

သို့သော်… ရှမ်တုတောက်ကျွင်းက မြားချက်ကို ရှောင်တိမ်းလိုက်ပြီး ကောင်းကင်ထက်သို့ လှမ်းတက်သွားကာ နွားရိုင်းကြီးနောက်သို့ လိုက်သွားလေသည်။

နွားရိုင်းကြီး၏ ခွာများက အာကာသထဲမှ အမှတ်အသားများအတိုင်း ဆက်လက်သွားလာနေပြီး ရှေ့နောက်လှုပ်ရှားကာ အချိန်နှင့်နေရာကို ပြောင်းလဲပစ်နေလေသည်။

ရှမ်တုတောက်ကျွင်း၏ အကျႌလက်အတွင်းမှ မှော်ဝင်ပစ္စည်းများစွာ ထွက်ပေါ်လာပြီး နွားရိုင်းကြီးကို တားဆီးရန် ကြိုးစားလိုက်သည်။

သို့သော်... နွားရိုင်းကြီးက ပါးစပ်တွင် ကိုင်ချီထားသည့် ရွှေကွင်းကို ပစ်လွှတ်ပြီး ထိုမှော်ဝင်ပစ္စည်းများအားလုံးကို တစ်ခုပြီးတစ်ခု အသာလေးပင် ရိုက်ထုတ်ပစ်လိုက်သည်။

ရွှမ်တုတောက်ကျွင်း၏ နတ်ဘုရားတန်ခိုးစွမ်းအားများသည် ပင်လျှင် ထိုရွှေကွင်းအပေါ် သက်ရောက်နိုင်ခြင်း မရှိပေ။

ထိုလက်ရွှေကွင်းသည်ကား "ကျင်းကန်းရွှေကွင်း" ပင် ဖြစ်လေ၏။ ကျန်းကန်းရွှေကွင်းသည် ယင်ရှန်းကျွင်းလက်ထဲတွင် ရှိရမည့် ရတနာပစ္စည်းဖြစ်သော်လည်း မည်သို့မည်ပုံ နွားရိုင်းကြီးလက်ထဲသို့ ရောက်သွားသည်လည်း မပြောတတ်ပေ။

တာ့ယိနှင့် ချန်ဝေါ်ကို ကျောထက်တွင် သယ်ဆောင်ကာ နွားရိုင်းကြီးသည် ကောင်းကင်ထက်တွင် ဒရကြမ်း ပြေးလွှားနေသည်ကို နတ်ဘုရားများအားလုံး တွေ့မြင်လိုက်ကြရသည်။

အသစ်စက်စက် မိုးနတ်မင်း ရွှမ်တုတောက်ကျွင်းကတော့ နွားရိုင်းကြီးနောက်သို့ ပြေးလွှားလိုက်ပါလျှက် ရှိ၏။

နွားရိုင်းကြီး၏ ကျောထက်မှ လူငယ်လေးကတော့ လေးညှို့ကို တင်ကာ မြားတစ်စင်းပြီးတစ်စင်း ပစ်လွှတ်လျှက် ရှိသည်။ သူက ရွှမ်တုတောက်ကျွင်းကို သေသေချာချာ ရည်ရွယ်ပြီး ပစ်ခတ်ခြင်း မဟုတ်ဘဲ တားဆီးရန်သာ ပစ်ခတ်နေခြင်း ဖြစ်သည်။

နွားရိုင်းကြီးကိုက်ချီထားသည့် ရွှေကွင်းကတော့ ပိုမိုစူးရှ တောက်ပနေပြီး ရွှမ်တုတောက်ကျွင်း၏ မှော်ဝင်ရတနာများ အားလုံးကို တစ်ခုပြီးတစ်ခု ဖယ်ရှားပစ်နေသည်။

မည်သည့်မှော်ဝင်ရတနာပစ္စည်းမှ ကျင်းကန်းရွှေကွင်း၏ တန်ခိုးစွမ်းအားကို ယှဉ်ပြိုင်နိုင်ခြင်း မရှိပေ။

ရွှမ်တုတောက်ကျွင်းက အလျှော့မပေးဟန်ဖြင့် သူတို့နောက်သို့ တောက်လျှောက်လိုက်ပါလာပြီး တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်သည်။

လီအော့နျိုက...

"အစ်ကိုနွားရိုင်းကြီး ၊ ကျွန်တော်တို့ ဘယ်ကိုရောက်နေပြီလဲ..."

နွားရိုင်းကြီးက...

"ညီငယ်လေး ၊ ကျုပ်တို့ ကြယ်စင်ကောင်းကင်ရဲ့ အနက်ရှိုင်း ဆုံးနေရာထဲကို ရောက်နေပြီ..."

ထို့နောက် နွားရိုင်းကြီးက ခွာတစ်ချက်ပေါက်ကာ ကောင်းကင် ထက်သို့ ပို၍မြန်ဆန်စွာ ထွက်ခွာသွားပြီး ကြယ်စင် ကောင်းကင်၏ အနက်ရှိုင်းဆုံးအပိုင်းသို့ ရောက်ရှိလာလေ သည်။

နွားရိုင်းကြီးက ကြယ်စင်ကောင်းကင်ရှိရာသို့ ဦးတည်နေသည် ကို သိလိုက်သည့်အခါ ရှမ်တုတောက်ကျွင်း အနည်းငယ် မျက်နှာပျက်သွားသည်။

သူ အနည်းငယ်တုံ့ဆိုင်းသွားပြီး ထိုနွားရိုင်းကြီးသည် ထိုက်စန့် လောင်ကျွင်း၏စီးတော်နွားစိမ်းကြီးများ ဖြစ်နေမည်လားဟု တွေးလိုက်မိသည်။

တစ်ချိန်တုန်းက ထိုက်စန့်လောင်ကျွင်းသည် နွားစိမ်းကြီးကို စီးနင်ပြီး ကြယ်စင်ကောင်းကင်တစ်ခွင် ခရီးနှင်ရင်း ကြယ်စင်ကောင်းကင်၏ ရှေးဟောင်းလမ်းများကို ဖွင့်လှစ်ခဲ့ဖူးသည်။

ထို့ကြောင့်လည်း ထိုက်စန့်လောင်ကျွင်းကို လူသိများခဲ့ကြခြင်းဖြစ်၏။

ကြယ်စင်လမ်းများက ထူးဆန်းပြီး ရှုတ်ထွေးလွန်းသည်။

အကယ်၍ နွားရိုင်းကြီးက သူ့ကို ကြယ်စင်လမ်းများအတိုင်း ခေါ်ဆောင်သွားပါက ကြယ်စင်ကောင်းကင်တွင် သူ ပိတ်မိနေပြီး တော်တော်နှင့် ပြန်ထွက်လာနိုင်လိမ့်မည် မဟုတ်ပေ။

သို့သော်… ရှမ်တုတောက်ကျွင်း နွားရိုင်းကြီးနောက်သို့ ဆက်လိုက်သွားလေသည်။

တာ့ယိသည် မိုးနတ်မင်းတစ်ပါးကို သိက္ခာကျအောင်ပြုလုပ်သည်ကို အဘယ်မှာ ခွင့်လွှတ်နိုင်ပါမည်နည်း။

ထို့ပြင်... ဆန်းလျန်၏ အသက်ရှူသံ ဤလောကတစ်ခုလုံးမှ ပျောက်ကွယ်သွားသည်ကို ရှမ်တုတောက်ကျွင်း ရိပ်မိလိုက်သည်။

ကြည့်ရသည်မှာ ဆန်းလျန်သည် ဤလောကသို့ လွယ်လွယ်နှင့် ပြန်ရောက်မလာနိုင်သည့် လောကတစ်ခုသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း သူ သိရှိလိုက်သည်။

ထို့ကြောင့်... ဆန်းလျန် ဗောဓိပင်ကို ရှာဖွေမည့်ကိစ္စကို သူက တားဆီးနိုင်ခြင်း ရှိတော့မည် မဟုတ်ပေ။ နောက်ကျသွားပြီဖြစ်သည်။

ထို့ကြောင့်... ဆန်းလျန်ကိုတားဆီးမည့်အစား တာ့ယိ၏ လေးပညာတန်ခိုးစွမ်းအားကို ရယူရန်ဆုံဖြတ်လိုက်သည်။ တာ့ယိ၏ စွမ်းအားများကို ရယူလိုက်ခြင်းဖြင့် သူနှင့် ယွိတင်အတွက် အကျိုးမယုတ်နိုင်ပေ။

ရွှမ်တုတောက်ကျွင်း ကြယ်စင်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်သွားပြီး တာ့ယိနှင့် နွားရိုင်းကြီးနောက်သို့ ဆက်လိုက်လာလေသည်။

ကောင်းကင်ဘုံနန်းတော်တွင်တော့ လေထုက အဆက်မပြတ်ပရမ်းပတာဖြစ်နေပြီး ပုံစံပျက်ယွင်းမှုဆီသို့ ပြောင်းလဲနေပြီဖြစ်၏။

မိုးကောင်းကင်တံခါးသည် အရှိန်အဟုန်ပြင်းစွာ လှည့်ပတ်နေပြီး တာ့လော်အဆင့် နတ်ဘုရားတစ်ပါးသာလျှင် ထိုမှော်ဝင်ရတနာပစ္စည်းကို ထိန်းချုပ်နိုင်ပေလိမ့်မည်။

ရဲ့လျိုယွင်မှာလည်း ယွမ်စီကျောက်စာအောက်တွင် ပိတ်မိနေပြီဖြစ်ရာ ယခုအချိန်သည် မိုးကောင်းကင်တံခါးကို သိမ်းပိုက်ရယူရန် အကောင်းဆုံး အနေအထားဖြစ်သည်။

သို့သော်... မည်သူမှ မိုးကောင်းကင်တံခါးကို အရေးတယူမရှိခဲ့ကြပေ။

နတ်မိစ္ဆာအဓိပတိကြီး ၊ ကျန့်ယွမ်ကျီနတ်မင်းကြီးတို့ပင်လျှင် မိုးကောင်းကင်တံခါးကို ရယူရန် မကြိုးစားကြပေ။

တာအိုဆရာယို့တင်က ချင်တိဧကရာဇ်ကို ထိန်းချုပ်ထားရသည့်အတွက် မိုးကောင်းကင်တံခါးကို မြင်သာမြင်ရ မကြင်ရ ဖြစ်နေလေသည်။

တုန်းဟွာတောက်ကျွင်းကတော့ မိုးကောင်းကင်တံခါးကို ပိုင်ဆိုင်ချင်လွန်းလှပြီ ဖြစ်သည်။ သို့သော်... မည်သူကမှ မလှုပ်ရှားကြသည့်အတွက် သူကလည်း အခြေအနေကို ကြည့်လျှက် ရှိ၏။

ချင်းယွမ်မြောင်တောက်အရှင်ဟု နာမည်ကျော်ကြားသူ ယန်ကျန်းမှာလည်း မိုးကောင်းကင်တံခါးကို ယူငယ်၍ မဖြစ်နိုင်ပေ။

သူက နဂါးငွေ့တန်းမြစ်ကမ်းနံဘေးတွင် ရှိနေပြီး တာအိုဆရာ

လီချင်းဆွေက သူ့ကိုလှုပ်ရှား၍မရအောင် စောင့်ကြည့်နေသည်

မဟုတ်ပါလား။

နောက်ဆုံးတော့ မိုးကောင်းကင်တံခါးသည် ပိုင်ရှင်မဲ့

ထီးထီးကြီး တည်ရှိနေပြီး မည်သူကမှလည်း လာရောက်

သိမ်းပိုက်ရဲခြင်း မရှိတော့ပေ။

တာ့လော်အဆင့်နတ်ဘုရားများကလည်း မိုးကောင်းကင်တံခါး

ကို လျစ်လျူရှုထားကြလေတော့သည်။

***

ထုန်ထျန်းမြစ်က စဉ်ဆက်မပြတ်စီးဆင်းလျှက် ရှိသည်။

အပြာနုရောင်ဝတ်ဆင်ထားသည့် ချောမောလှပသည့် မိန်းမပျို

လေးတစ်ယောက် မြစ်ကမ်းနံဘေးတွင် လမ်းလျှောက်နေလေ

သည်။

ထုန်ထျန်းမြစ်တစ်နေရာတွင် ပျောက်ကွယ်နေသည့် "ကျွယ်ရှန်း

နတ်ဓား" ရှိသည်ဆိုသည့်အကြောင်းကို လွန်ခဲ့သည့်နှစ်ပေါင်း

များစွာက ဆရာဘိုးဘိုးယွမ်ချင်းက သူမကို ပြောပြခဲ့ဖူးသည်။

"ကျွယ်ရှန်းနတ်ဓား" ဆိုသည်က အခြားမဟုတ်ပေ။ စန့်ချင်တာ

အိုဆရာသခင်၏ မရဏဓား(၄)လက်တွင် တစ်လက်အပါအဝင်

ဖြစ်သည့် "နတ်ဘုရားသုတ်သင်ဓား" ကို ပြောခြင်း ဖြစ်၏။

သို့သော်... သူမ ဤနေရာသို့ အမြဲတမ်းလာရှာနေခဲ့သော်လည်း

ယနေ့ထိတိုင် သူမ ထိုဓားကို တွေ့ရှိရခြင်း မရှိသေးပေ။

ထုန်ထျန်းမြစ်သည် ထုန်ထျန်းအရှင်သခင်နှင့် ဆက်စပ်နေလေ

သည်။ ထုန်ထျန်းအရှင်သခင်ဆိုသည်မှာ စန့်ချင်တာအိုဆရာ

သခင် လင်ပေါင်ထျန်းကျွင်းပင်ဖြစ်ကြောင်း သူမ ကြားဖူးနားဝ

ရှိထားသည်။

နှစ်ပေါင်းများစွာအတွင်း ထုန်ထျန်မြစ်သို့ လူပေါင်းများစွာ

ရောက်ရှိလာပြီး ထုန်ထျန်းအရှင်သခင်နှင့် ပတ်သက်သည့်

သဲလွန်စနှင့် အခွင့်အရေးများ ရလိုရငြား လာရောက်ရှာဖွေလေ့ရှိကြသည်။

သို့သော်… မည်သူမှ ထုန်ထျန်းမြစ်တွင် ထူးခြားမှု တစ်ခုတစ်လေပင် မတွေ့ရှိခဲ့ကြပေ။

ကောလဟာလများအရဆိုလျှင်တော့ လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ခန့်က နတ်ဆေးကိုယ်တော်က သတင်းမှားတစ်ခုကို ပျံ့နှံ့စေခဲ့ပြီး များပြားလှစွာသော နတ်ဘုရားများ ၊ နတ်မိစ္ဆာများ ထုန်ထျန်းမြစ်တွင် အသတ်ခံရကာ အသက်သေဆုံးခဲ့ကြရသည်။

ယခုတော့ကျင့်စူးလက်ထဲတွင် သွေးကျောက်စိမ်းအပိုင်းအစတစ်ခုကို ကိုင်ထားလေသည်။

ဆရာဘိုးဘိုးယွမ်ချင်းက ကျွယ်ရှန်းနတ်ဓားဟုခေါ်သည့် နတ်ဘုရားသုတ်သင်ဓားကို ရှာဖွေရန် ဤသွေးကျောက်စိမ်းက ကူညီပေးနိုင်သည်ဟု သူ့ကို ပြောပြခဲ့သည်။

ဤသွေးကျောက်စိမ်းက သာမန်နေ့များဆိုလျှင် ပုံမှန်ပင် ဖြစ်သည်။ သို့သော်... ထုန်ထျန်းမြစ်နားသို့ရောက်သည်နှင့် ပြောင်းလဲသွားတတ်သည်။

ပုံမှန်ဆိုလျှင် သွေးကျောက်စိမ်းက အနံ့အရသာမရှိပေ။ သို့သော်... သူမ ထုန်ထျန်းမြစ်ကမ်းသို့ ရောက်လာလျှင် ချက်ချင်းပင် သွေးရနံ့များထွက်ပေါ်လာတတ်သည်။

ယနေ့တွင်တော့... အခြားနေ့ရက်များနှင့် မတူညီစွာ သွေးကျောက်စိမ်းမှ ထွက်ပေါ်လာသည့် သွေးရနံ့က ပိုမိုပြင်းထန်နေလေ၏။

ထို့နောက် သွေးရနံ့မှတစ်ဆင့် သတ်ဖြတ်လိုသည့်အငွေ့အသက်များထွက်ပေါ်လာပြီး ကျင့်စူး၏ မိစ္ဆာခန္ဓာထဲသို့ ထိုးဖောက်ဝင်ရောက်ကာ စိတ်ဝိညာဉ်အတွင်းထဲအထိ ပေါင်းစည်းဝင်ရောက်သွား၏။

ထိုသို့ပေါင်းစည်းဝင်ရောက်သွားသည်နှင့်ကျင့်စူး၏ စိတ်အာရုံ ထဲတွင် ဓားသိုင်းပညာတစ်ခု ထွက်ပေါ်လာသည်။

ဓားသိုင်းက ရိုးရှင်းပြီး သိုင်းကွက်များက နတ်မိစ္ဆာအဓိပတိ နန်းတော်မှ ကျင့်စဉ်များစွာ ၊ ပညာရပ်များစွာထက် သာလွန် လေသည်။

ထိုဓားသိုင်းက လုံးဝ ပြီးပြည့်စုံသည့် ဓားတစ်လက်ကို ရှာဖွေ ခြင်းဖြစ်ပြီး ကျင့်စူးသည် ချက်ချင်းပင် ပြိုင်ဘက်ကင်း ဓား သမားတစ်ယောက် ဖြစ်လာခဲ့သည်။

ပြောင်းလဲမှုက လျှို့ဝှက်ပြီး တိတ်ဆိတ်ငြိမ်သက်လွန်းလှ သည်။

အချိန်တိုအတွင်းမှာပင် သူမသည် စိတ်အာရုံထဲတွင် အလိုလို ထွက်ပေါ်လာသည့် ဓားသိုင်းပညာကို ကျင့်ကြံအောင်မြင်သွား ခဲ့သည်။ သူမ၏ဘဝတွင် တစ်ခါမှမလုပ်ဆောင်နိုင်ဟု ယူဆရ သည့် အလုပ်တစ်ခုကို သူမ လုပ်နိုင်ခဲ့ပြီဖြစ်လေသည်။

ထူးဆန်းသည့် ဓားကွက်များက သူမ၏ စိတ်ထဲတွင်

သိုင်းကွက်အပြောင်းအလဲများစွာ ဖြစ်ပေါ်လာပြီး သူမ ဓား

သိုင်းကိုပိုမို စိတ်ဝင်စားလာခဲ့သည်။

ထိုစဉ်မှာပင်... သူမ၏ စိတ်အာရုံထဲတွင် ကဗျာတစ်ပုဒ် ထပ်

ဟပ်လာသည်။

"ကြေးလည်းမဟုတ် ၊ သံလည်းမဟုတ် ၊ သံမဏိလည်း

မဟုတ်...

ရှီမီစန်းတောင်အောက်မှာ ပုန်းကွယ်ထားတဲ့ အရာတစ်ခု...

ယင်နဲ့ယန်ကို ပြောင်းပြန်မလှန်ဘဲ...

ကိလေသာမီးကို မည်သည့်ရေစင်ကမှ မငြိမ်းသတ်နိုင်...

နတ်ဘုရားဒဏ်ခတ်ဓားကတော့ နတ်ဘုရားများစွာကို

သတ်ဖြတ်နိုင်တယ်...

နတ်ဘုရားထောင်ချောက်ဓားကတော့ နတ်ဘုရားတွေကို

ထောင်ချောက်ဆင်နိုင်တယ်...

နတ်ဘုရားတန်ခိုးဖျက်ဓားရဲ့ အနီရောင်ဓားရိပ်ဟာ နေရာတိုင်း

မှာ လင်းလက်လို့နေတယ်...

နတ်ဘုရားသုတ်သင်ဓားကတော့

အဆုံးမရှိပြောင်းလဲနေပြီး တာ့လော်အဆင့် နတ်ဘုရားကို

တောင်

သွေးပွက်ပွက်စီးဆင်းထွက်စေတယ်..."

နတ်ဘုရားဒဏ်ခတ်ဓား ၊ နတ်ဘုရားထောင်ချောက်ဓား ၊ နတ်

ဘုရားတန်ခိုးဖျက်ဓား ၊ နတ်ဘုရားသုတ်သင်ဓားများမှာ စန့်

ချင်တာအိုဆရာသခင်၏ မရဏဓား (၄)လက် ဖြစ်၏။

နောက်ဆုံးတော့ နတ်ဘုရားသုတ်သင်ဓား မည်သည့်နေရာတွင်

ရှိသည်ကို ကျင့်စူးသိရှိသွားပြီ ဖြစ်သည်။

ထုန်ထျန်းမြစ်သည် အဆုံးမရှိ ပြောင်းလဲသွားသည်။

နတ်ဘုရားသုတ်သင်ဓားသည် စန့်ချင်တာအိုဆရာသခင်၏

မရဏဓား (၄)လက်တွင် အံ့ဩစရာအကောင်းဆုံး ဓား

(၁)လက် ဖြစ်သည်။ ဓားသည် အမြဲတမ်း အဆုံးမရှိ ပြောင်းလဲနေသည်။

နတ်ဘုရားသုတ်သင်ဓားသည် သတ်ဖြတ်ပစ်နိုင်သည်။ နှစ်မြှုပ်ပစ်နိုင်သည်။ ပြောင်းလွယ်ပြင်လွယ်ဖြစ်သည်။

ကျင့်စူးက ရုတ်တရက် ရေရွတ်လိုက်သည်။

"ကျွန်မ ပြီးပြည့်စုံတဲ့ ဓားတစ်လက်ကို ရရှိခဲ့ပြီ..."

ရက်စက်ပြင်းထန်ပြီး စူးရှသည့် မရဏအငွေ့အသက်များ သူမ၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာသည်။

ထို့နောက် သူမ၏ခါးတွင် အဖြူရောင်အလင်းတန်းတစ်ချက် လင်းလက်သွားသည်။

ထိုအလင်းတန်းက ဓား (၁)လက်ဖြစ်လေသည်။ ဓား၏တန်ခိုးစွမ်းအားက ဒီရေအလား မြင့်မားလွန်းပြီး အလင်းတန်းသည် ကောင်းကင်ထက်သို့ ပင် ထွန်းလင်းလျှက်ရှိကာ ထုန်ထျန်းမြစ်ကိုပင် ဖုံးလွှမ်းသွားလေတော့သည်။

အခန်း (၉၄၂) ကောင်းကင်ကိုထိုးဖောက်လေသည့်ကျွယ်ရှန်း

နတ်ဓား

ကျင့်စူးသည် ပိုးအိမ်ကိုထိုးခွဲထွက်သွားသည့် လိပ်ပြာလေးတစ်ကောင်အလား ဖြစ်လေသည်။

အချိန်တိုအတွင်းမှာပင်… သူမသည် အခြားသူများ ဘဝတစ်ခုလုံး ကျင့်ကြံလျှင်ပင် ရရှိရန် ခက်ခဲသည့် ကျင့်ကြံခြင်းအဆင့်တစ်ခုသို့ အံ့သြဖွယ်ရာ ရောက်ရှိသွားခဲ့ပြီး အရာအားလုံးကို နားလည်သိမြင်သွားခဲ့သည်။

ထူးဆန်းသည့် သွေးကျောက်စိမ်းနှင့် ထုန်ထျန်းမြစ်ရေပြင်ကြောင့်သာမက နတ်ဘုရားသုတ်သင်ဓားပညာက သူမ၏ စိတ်ဝိညာဉ်ထဲအထိ ရောက်ရှိသွားခဲ့သောကြောင့် ဖြစ်သည်။

ဤသည်မှာ သူမ တစ်ဘဝလုံး ကျင့်ကြံရန်အတွက် ဆရာဘိုးဘိုးယွမ်ချင်းလမ်းပြပေးသွားသည့် ကျင့်စဉ်လမ်းပင် ဖြစ်သည်။

သို့သော်... ကျင့်စူးသည် ဆရာဘိုးဘိုးယွမ်ချင်း ပြန်လည်မွေးဖွားလာခြင်း မဟုတ်ပေ။ ဆရာဘိုးဘိုးယွမ်ချင်း၏ ပညာများကို အပ်နှင်းခြင်းကို ခံရသူသာ ဖြစ်သည်။

သူမသည် ဆရာဘိုးဘိုးယွမ်ချင်း၏ ကျင့်စဉ်လမ်းကို ဆက်ခံခဲ့ပြီး သူမသည် ကျင့်စူးဖြစ်နေဆဲပင် ဖြစ်သည်။ သူမသည် နတ်ဘုရားသုတ်သင်ဓားသိုင်းကို အားလုံး နားလည်တတ်မြောက်သွားခဲ့ပြီဖြစ်သည်။

ထို့နောက် သူမ ခြေတစ်လှမ်းလှမ်းလိုက်ပြီး ကောင်းကင်ထက်

သို့ ပျံသန်းထွက်ခွာသွားလေသည်။

ထုန်ထျန်းမြစ်ရေသည် တကယ်တမ်းတွင် အဆုံးမရှိ ဓား

ဝိညာဉ်များ စီးဆင်းနေခြင်း ဖြစ်လေသည်။

ကျင့်စူး ကောင်းကင်ဘုံ (၉)ထပ်သို့ ရောက်ရှိလာသည်။

ထုန်ထျန်းမြစ်ရေကလည်း အဆက်မပြတ်မြင့်တက်လာ

နေသည်။ မိန်းမပျိုတစ်ယောက် ထုန်ထျန်းမြစ်ကမ်းနံဘေးတွင်

တရားအလင်းရသွားခဲ့ပြီဆိုသည်ကို လောကကြီးတစ်ခုလုံးက

သိရှိလိုက်ကြခြင်း မရှိပေ။

ကျင့်စူးကလည်း ထိုသို့ ဖြစ်သွားလိမ့်မည်ဟု မထင်မိပေ။ နတ်

ဘုရားသုတ်သင်ဓားသည် သူမ၏ ခန္ဓာကိုယ်ထဲတွင် သိမ်မွေ့

စွာ လည့်ပတ်လျှက် ရှိသည်။

သူမ ရောက်ရာပေါက်ရာသို့ ပျံသန်းနေမိပြီး သူမ၏နှလုံးသား ထဲတွင် ဓားသွား၏ ထက်ရှမှုကို ခံစားနေရသည်။ ထို့နောက် စိတ်မသက်မသာလည်း ခံစားနေရသည်။

ကျင့်စူးသည် သတိမထားမိဘဲ တိုက်ပွဲဖြစ်ပွားနေသည့် ကောင်းကင်ဘုံနန်းတော်ရှိရာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ သူမ၏ခန္ဓာကိုယ်မှ ဓားသွားအလား ထက်ရှသည့် အငွေ့အသက်များက ပိုမိုပြင်းထန်လာသည်။ တစ်ချိန်တည်းမှာ ပင် ထုန်ထျန်းမြစ်ရေပြင်ထက်မှ မရေမတွက်နိုင်သည့် ဓား ဝိညာဉ်များက အဖြူရောင်အလင်းတန်းများအဖြစ် ပျံသန်း ထွက်ခွာလာကြလေသည်။

ထိုဓားဝိညာဉ်အလင်းတန်းများသည် သန်းနှင့်ချီသည့် မရဏ ဓားဝိညာဉ်များပင် ဖြစ်သည်။

ထိုဓားဝိညာဉ်များက ကျင့်စူး၏ စိတ်ဝိညာဉ်ကို ပွတ်တိုက်သွား ကြသည်။

"ဝေါ... ဝေါ... ဝေါ..."

ထုန်ထျန်းမြစ်ရေ ဒီရေတက်သံများက နဂါးငွေ့တန်းမြစ်ရေ၏ အဆတစ်ရာမက ကျယ်လောင်လွန်းလှသည်။

ရေစက်တစ်စက်တိုင်းသည် ဓားသိုင်းကွက်တစ်ကွက်ဖြစ်ပြီး ကျင့်စူး၏ခန္ဓာကိုယ်သည် ရေထဲတွင် မျောနေသည့်အလား ဖြစ်လေသည်။

ထို့နောက်... ရှီခနဲ အသံတစ်ချက်ထွက်ပေါ်လာပြီး ကျင့်စူး၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် ပြင်းထန်ထက်ရှသည့် ဓားရိပ်ဓားငွေ့များ ငြိမ်သက်သွားသည်။

သူမ၏ခန္ဓာကိုယ်ကို ရစ်ပတ်ထားသည့် နတ်ဘုရားသုတ်သင်ဓားသည် အဖြူရောင်အလင်းတန်းအဖြစ်သို့ ပြောင်းလဲသွားသည်။

ထို့နောက် ထုန်ထျန်းမြစ်ရေမှ မြင့်တက်လာသည့် ဒီရေလှိုင်း

များနှင့် ဓားဝိညာဉ်များအားလုံးကို စုပ်ယူလိုက်လေ

တော့သည်။

ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရသူက နဂါးငွေ့တန်းမြစ်ကမ်း

နံဘေးတွင် ရပ်နေသည့် ယန်ကျန်းဖြစ်၏။

အံ့သြစရာမြင်ကွင်းကို ငေးမောကြည့်ရင်း ယန်ကျန်း၏ စိတ်

ထဲသို့ "ကျွယ်ရှန်းနတ်ဓား" ဟူသည့် စာလုံး (၄)လုံး ဝင်

ရောက်လာသည်။

ထိုအချိန်မှာပင်... ကျွယ်ရှန်းနတ်ဓားသည် ပရမ်းပတာဖြစ်နေ

သည့် လေထုတစ်ခုလုံးကို ခုတ်ပိုင်းပြီး ဖွင့်လှစ်ပစ်လိုက်သည်။

ထက်ရှသည့် ဓားသံတစ်သံ ထွက်ပေါ်လာပြီး ဓားအလင်းတန်း

သည် ယွမ်စီအထိမ်းအမှတ်ကျောက်စာထက်သို့ ကျရောက်

သွားလေတော့သည်။

ယွမ်စီအထိမ်းအမှတ်ကျောက်စာအောက်တွင် ရဲ့လျိုယွင်မှာ

အတွေးများပင်နှေးကွေးနေပြီး တန်ခိုးစွမ်းအားများလည်း

ပျောက်ကွယ်လုနီးပါး ဖြစ်နေပြီ ဖြစ်သည်။

ထိုအချိန်... ယွမ်စီကျောက်စာကို ပြင်းထန်သည့် ဓားဝိညာဉ်

တစ်ခုက ခုတ်ပိုင်းချလိုက်သည်ကို ရဲ့လျိုယွင် ခံစားလိုက်ရ

သည်။

လောကတွင် ပထမဆုံး ဖြစ်တည်လာသည့် ရှေးအကျဆုံး တာ

အိုကျောက်စာဖြစ်သော ယွမ်စီကျောက်စာ ကွဲအက်သွားပြီး

ကျွယ်ရှန်းနတ်ဓား၏ သတ်ဖြတ်လိုသည့်အငွေ့အသက်များက

ရဲ့လျိုယွင်ကိုပင် ဖုံးလွှမ်းသွားလေသည်။

အခက်အခဲမှ လွတ်မြောက်ရန် လမ်းစပေါ်လာပြီကို ရဲ့လျိုယွင်

သိရှိလိုက်သည်။

တစ်စုံတစ်ယောက်က ယွမ်စီအထိမ်းအမှတ်ကျောက်စာကို

မရဏဓားတစ်လက်ဖြင့် ခုတ်ပိုင်းပစ်လိုက်ပြီ ဖြစ်သည်။

ယွမ်စီအထိမ်းအမှတ်ကျောက်စာ ခုတ်ပိုင်းခံလိုက်ရ

သည့်အတွက် တာအိုဆရာယွိတင် ဒေါသချောင်းချောင်းထွက်

သွားသည်။

သူက ဖန်ကူအလံကို ဝှေ့ရမ်းလိုက်ပြီး ကျင့်စူးကို တိုက်ခိုက်

လိုက်သည်။

ဖန်ကူအလံမှ ကြီးမားသည့် တန်ခိုးစွမ်းအားများ မြင့်တက်လာ

ပြီး လှိုင်းလုံးကြီးများ ပြင်းထန်စွာထွက်ပေါ်လာကာ ကျင့်စူးကို

ပိတ်ဆို့ထားလိုက်သည်။

ထိုအချိန်မှာပင်... ရဲ့လျိုယွင်က ယွမ်စီကျောက်စာ အက်ကွဲ

ကြောင်းအတွင်းမှ တိမ်တိုက်တစ်စအလားစီးဆင်းထွက်

ပေါ်လာလေသည်။

ရဲ့လျိုယွင် ထွက်လာသည်ကို တွေ့လိုက်သည်နှင့် တာအိုဆရာ

ယွိတင်၏ တိုက်ခိုက်မှုက အနည်းငယ်နှေးကွေးသွားသည်။

သူက ကျောက်စာအောက်မှလွတ်မြောက်လာသည့် ရဲ့လျိုယွင်ကို လှမ်းကြည့်လိုက်သည်။

ရဲ့လျိုယွင်၏ပုံစံကတော့ အလွန်မှပင် အေးအေးဆေးဆေး ရှိနေလေ၏။

ထို့နောက်... ရဲ့လျိုယွင်က မိုးကောင်းကင်တံခါးရှိရာသို့ ထွက်ခွာသွားလေသည်။

ကျင့်စူးမှာတော့ ဖြစ်ရပ်များကို နားမလည်ဘဲ စိတ်များရှုတ်ထွေးလျှက် ရှိသည်။

သူမက သူမလက်ထဲမှ ကျွယ်ရှန်းနတ်ဓားကိုတစ်ချက် ၊ ကွဲပျက်နေသည့် ယွမ်စီကျောက်စာကိုတစ်ချက် လှမ်းကြည့်လိုက်ပြီး ထူးဆန်းသည့် ရန်သူတစ်ယောက်နှင့် ရင်ဆိုင်နေရပြီကို ချက်ချင်းသိလိုက်သည်။

ကျင့်စူးသည် ဓားသိုင်းပညာများအားလုံးကို နားလည်သွားပြီဖြစ်လေရာ သူမက ထိပ်တန်းအဆင့် မရဏဓားတစ်လက်ဖြစ်

သည့် နတ်ဘုရားသုတ်သင်ဓားကို ကိုင်ဆောင်ကာ လေထုထဲသို့ ခြေတစ်လှမ်းချင်း လှမ်းတက်လိုက်သည်။

နတ်ဘုရားသုတ်သင်ဓားမှ ထူးခြားသည့် အပြောင်းအလဲနှင့် တန်ခိုးစွမ်းအားများထွက်ပေါ်လာပြီး ယွမ်စီအထိမ်းအမှတ်ကျောက်စာကို လွှမ်းမိုးအုပ်ဆိုင်းသွားသည်။

ကွဲအက်သွားသည့် ယွမ်စီကျောက်စာကိုတစ်ချက်ကြည့်လိုက်ပြီး တာအိုဆရာယွိတင်က ဖန်ကူအလံကို ထပ်မံဝှေ့ရမ်းလိုက်သည်။ သူ ကျင့်စူးကို သတ်ဖြတ်ပစ်ချင်နေပြီ ဖြစ်သည်။

ဖန်ကူအလံကို ဝှေ့ရမ်းလိုက်သည်နှင့် ကြောက်မက်ဖွယ်ရာလေပြင်းတစ်ချက်တိုက်ခတ်လာသည်။ ထိုလေပြင်းက ကျင့်စူးကို လွင့်ထွက်သွားစေနိုင်သည်အထိ စွမ်းအားပြင်းထန်သည်။

တာအိုဆရာယွိတင်၏ မြင့်မြတ်လှသည့် မှော်ဝင်ရတနာ ဖန်ကူအလံကြောင့် ကျင့်စူး ချက်ချင်းပင် အသက်ပျောက်သွားနိုင်သည်။

သို့သော်... ကျင့်စူးက ယခင်ကနှင့် မတူတော့ပေ။

နတ်ဘုရားသုတ်သင်ဓားကိုကိုင်ဆောင်ထားသည့် ပြိုင်ဘက်ကင်းဓားသမားတစ်ယောက် ဖြစ်နေပြီ ဖြစ်သည်။ သူမ တန်ခိုးစွမ်းအား အားနည်းနေသည့်တိုင် တိုက်ခိုက်မှုစွမ်းရည်ကတော့ မြင့်တက်လျှက် ရှိသည်။

သူမက ကျွယ်ရှန်းနတ်ဓားကို တစ်ချက်ဝှေ့ရမ်းလိုက်လေရာ ဓားဝိညာဉ်က ကောင်းကင်ပြာထက် ပျံသန်းသွားပြီး တိမ်ဆိုင်များနှင့် ကောင်းကင်ပြာပြာကို ထိုးဖောက်သွားသည်။

ဓားချက်ထဲတွင် ကျွယ်ရှန်းနတ်ဓား၏ ပြောင်းလဲခြင်းနှင့် တန်ခိုးစွမ်းအားများသာမက တာအိုမဟာလမ်းစဉ်နှင့် လောကနိယာမတရားများလည်း ပါဝင်လေသည်။

ပိုပြီးကြောက်မက်ဖွယ်ရာကောင်းသည်မှာ ထိုဓားမှ အနတ္တတရား ထွက်ပေါ်လာခြင်း ဖြစ်၏။

တာအိုဆရာယွိတင်သာ ထိုဓားချက်ကို ရှောင်တိမ်းနိုင်ခြင်း မရှိလျှင် ကျင့်စူးကို သတ်ဖြတ်နိုင်လျှင်တောင်မှ သူသည်လည်း ဒဏ်ရာ အပြင်းအထန် ရသွားပေလိမ့်မည်။

ရဲ့လျိုယွင်က မိုးကောင်းကင်တံခါးကို ပြန်လည်ထိန်းချုပ်နိုင်ရန် ကြိုးစားလိုက်သည်။

သို့သော်… လေထုတစ်ခုက မိုးကောင်းကင်နှင့်နေမင်းကို လွှမ်းခြုံသွားပြီး မိုးကောင်းကင်တံခါးကို တစ်ဖက်မှ ရိုက်ချပြီး တွန်းထုတ်လိုက်သည်။

မိုးကောင်းကင်တံခါးကို ရိုက်ချလိုက်သူမှာ နတ်မိစ္ဆာအဓိပတိကြီးပင် ဖြစ်၏။

နတ်မိစ္ဆာအဓိပတိကြီး စတင်လှုပ်ရှားသည်ကိုတွေ့လိုက်သည်နှင့် တုန်းဟွာတောက်ကျွင်းက တစ်ချက် ပြုံးလိုက်သည်။

"ချင်တိကောရာဇ်… ဒီနေ့ မင်း ကျရှုံးရမယ့်နေ့ပဲ…"

တုန်းဟွာတောက်ကျွင်းက မိုးကောင်းကင်တံခါးကို လိုချင်လွန်းသော်လည်း သူ့တွင် မိုးကောင်းကင်တံခါးထက် အရေးကြီးသည့်ကိစ္စ ရှိနေလေသည်။

ထို့ကြောင့် သူက မိုးကောင်းကင်တံခါးကို အရေးမစိုက်တော့ပေ။

သူ၏ လက်မှ တောက်ပသည့် ယန်စွမ်းအားမီးတောက်တစ်ခု ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်တောက်ပသွားသည်။

ထိုယန်စွမ်းအားမီးတောက်ကို ရေစင်မီးတောက်ဟုလည်း လူသိများကြသည်။

ထိုမီးတောက်က ရဲ့လျိုယွင်ရှိရာသို့ ပြင်းထန်သည့်အရှိန်ဖြင့် ဝင်ရောက်သွားပြီး ရဲ့လျိုယွင်ကို တိုက်ခိုက်လိုက်သည်။

နောက်ဆုံးတော့ တုန်းဟွာတောက်ကျွင်းက သူ၏ သဘောထားအမှန်ကို ဖော်ပြခဲ့ပြီ ဖြစ်သည်။

သူက မိုးကောင်းကင်တံခါးကို ရယူလိုခြင်းထက် ရဲ့လျှိုယွင်ကို သတ်ဖြတ်လိုခြင်း ဖြစ်၏။

ယန်ကျန်းလည်း ကြည့်မနေနိုင်တော့ပေ။ ကြည့်နေနိုင်စွမ်း လည်း သူ့တွင် မရှိတော့ပေ။ သူတိုက်ပွဲအတွင်းသို့ ဝင်ရောက် လိုပြီ ဖြစ်သည်။

နဂါးငွေ့တန်းမြစ်ရေများက အလွန်အမင်း မြင့်တက်လာပြီး ယန်ကျန်း၏ ဒူးအထိပင် နစ်မြုပ်လုနီးပါးဖြစ်နေပြီ ဖြစ်သည်။

သို့သော်… တာအိုဆရာလီချင်းဆွေက ယန်ကျန်းကို အေးစက် သည့်အကြည့်ဖြင့် ကြည့်နေလေ၏။

လောကကြီးက အချင်းချင်း သတ်ဖြတ်နေကြပြီး သုသာန် တစပြင်အလား ပရမ်းပတာ ဖြစ်နေပြီ ဖြစ်သည်။

ထိုအချိန်… မမျှော်လင့်သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာခဲ့ သည်။

နတ်မိစ္ဆာအဓိပတိကြီးသည် မိုးကောင်းကင်တံခါးကို ရယူရန်မကြိုးစားတော့ဘဲ တုန်းဟွာတောက်ကျွင်းဖြင့်ပူးပေါင်းကာ ရဲ့လျိုယွင်ကို တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ရဲ့လျိုယွင် ရှိနေသရွေ့ မိုးကောင်းကင်တံခါးကို လွယ်လွယ်နှင့် ရယူနိုင်မည်မဟုတ်သည်ကို နတ်မိစ္ဆာအဓိပတိကြီး သိရှိထားသည်။

ထို့ပြင် မိုးကောင်းကင်တံခါးသည် လွယ်လွယ်နှင့် ထိန်းချုပ်၍ရနိုင်သည့် မော်ဝင်ရတနာပစ္စည်းတစ်ခု မဟုတ်ပေ။ ရဲ့လျိုယွင်ကတော့ မိုးကောင်းကင်တံခါးကို ထိန်းချုပ်နိုင်သည့်ဗျူဟာကို ကောင်းကောင်းသိသူ ဖြစ်သည်။

ထို့ကြောင့် နတ်မိစ္ဆာအဓိပတိကြီးက မိုးကောင်းကင်တံခါးကို ရယူရန် မကြိုးစားတော့ဘဲ ရဲ့လျိုယွင်ကို အခွင့်အရေးရတုန်း တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

ထို့ပြင်... သူနှင့် ရဲ့လျိုယွင်ကြားတွင်လည်း ရန်ငြိုး

အနည်းငယ် ရှိသည် မဟုတ်ပါလား။

နတ်မိစ္ဆာအဓိပတိကြီးက ပေမင်ရေနက်တန်ခိုးစွမ်းအားကို

ထုတ်ဖော်ကာ ရဲ့လျိုယွင်ကို တိုက်ခိုက်လိုက်သည်။

တုန်းဟွာတောက်ကျွင်း၏ ကြောက်မက်ဖွယ်ရာ ရေစင်

မီးတောက်တန်ခိုးစွမ်းအားကလည်း ရဲ့လျိုယွင်ထံသို့ ဝင်

ရောက်လာသည်။

ရဲ့လျိုယွင်မှာ သူတို့ (၂)ယောက်၏ တိုက်ခိုက်မှုကို

ကမန်းကတန်းပင် ရှောင်တိမ်းလိုက်ရသည်။

တစ်ချိန်တည်းမှာပင် မနီးမဝေးတစ်နေရာမှ ကျင့်စူးမှာလည်း

တာအိုဆရာယို့တင်နှင့် သူသေကိုယ်သေ ပွဲကြမ်းနေလေ၏။

ရဲ့လျိုယွင်က နတ်မိစ္ဆာအဓိပတိကြီးကို ပြောလိုက်သည်။

"ခွန်ဖိန်အနွယ်တော်တွေထဲမှာ ဒီလိုအရည်အချင်းရှိတဲ့သူမျိုး ဆိုတာ ခပ်ရှားရှားပဲ ၊ နတ်မိစ္ဆာအဓိပတိကြီးက သူ့ကို ယွိတင် လက်ထဲမှာ အသက်ပျောက်စေတော့မလို့လား..."

"သူက အခု လင်ပေါင်ထျန်းကျွင်းရဲ့ ဓားသိုင်းကို သင်ယူလိုက် ပြီ ၊ ခွန်ဖိန်အနွယ်တော်တစ်ယောက် မဟုတ်တော့ဘူး"

နတ်မိစ္ဆာအဓိပတိကြီးက အေးစက်စွာဖြင့် ပြန်ပြောလိုက်သည်။

နတ်မိစ္ဆာအဓိပတိကြီး ထိုစကားကိုပြောလိုက်ချိန်တွင် သူ့ကို တိုက်ခိုက်နေမှုက မဆိုသလောက် အားနည်းသွားသည်ကို ရဲ့ လျိုယွင် သတိထားလိုက်မိသည်။

အမှန်တော့ နတ်မိစ္ဆာအဓိပတိကြီးသည် တာအိုဆရာယွိတင်နှင့် ကျင့်စူးတို့၏ တိုက်ပွဲကို စိတ်ဝင်စားနေခြင်း ဖြစ်သည်။ သူက ပါးစပ်က မည်မျှပင် အပြစ်တင်စေကာမူ ခွန်ဖိန်အနွယ်တော် များ၏ အငယ်ဆုံးမျိုးဆက်ဖြစ်သူ ကျင့်စူးကို အချိန်မရွေး ကယ်တင်နိုင်ရန် အသင့်ပြင်ထားသည်။

ကျင့်စူးအမွေဆက်ခံထားသည့် ကျွယ်ရှန်းနတ်ဓားသည် ဆရာဘိုးဘိုးယွမ်ချင်း လက်ဆင့်ကမ်းပေးသည့် ပညာတစ်ခုဖြစ်သော်လည်း တကယ်တမ်းတွင် လင်ပေါင်ထျန်းကျွင်းနှင့်ဆက်စပ်ပတ်သက်နေလေသည်။

ကျွယ်ရှန်းနတ်ဓားဆိုသည်က စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်း၏ နတ်ဘုရားသုတ်သင်ဓားပင် မဟုတ်ပါလား။

ထို့ကြောင့် ကျွယ်ရှန်းနတ်ဓားနှင့် ယွမ်စီကျောက်စာတိုက်ခိုက်သည့်တိုက်ပွဲသည် လင်ပေါင်ထျန်းကျွင်းနှင့် ယွမ်စီထျန်းကျွင်း၏ တိုက်ပွဲဟုလည်းဆိုနိုင်သည်။

ဤသည်မှာ ရဲ့လျိုယွင်၏ ခန့်မှန်းချက်သာ ဖြစ်၏။ ထိုအချက်က အမှန်တရားနှင့် နီးစပ်နေမည်ကိုလည်း ရဲ့လျိုယွင်စိတ်ပူပန်မိသည်။

ချင်တိကေရာဇ် ၊ တုန်းဟွာတောက်ကျွင်း ၊ တာအိုဆရာသခင် ထိုက်ယီ ၊ ထိုက်ယိနှင့် လင်ပေါင်ထျန်းကျွင်းတို့သည် တစ်ယောက်တည်းပင် ဖြစ်လေသည်။ သူတို့၏ ဖြစ်တည်မှုက အတူတူပင် ဖြစ်၏။

ယွမ်စီအထိမ်းအမှတ်ကျောက်စာက ရဲ့လျိုယွင်ကို ဖိနှိပ်ထားခဲ့သည်။ ဤသည်မှာ တာအိုဆရာယွိတင်က ချင်တိကေရာဇ်ကို တိုက်ခိုက်ခြင်းဆိုသည်ထက်ပိုပြီး အဓိပ္ပါယ်ရှိသည်။

ယွမ်စီကျောက်စာသည် ရဲ့လျိုယွင်ကို ဦးတည်ခြင်း ဖြစ်၏။ ရဲ့လျိုယွင်သည် ချင်တိကေရာဇ်ဖြစ်ပြီး ချင်တိကေရာဇ်သည် လင်ပေါင်ထျန်းကျွင်းပင် ဖြစ်နေသည် မဟုတ်ပါလား။

ထိုအချက်က ဖြစ်နိုင်သည်လား ၊ မဖြစ်နိုင်ဘူးလားဆိုသည့် အချက်ကို ရဲ့လျိုယွင်လည်း သိပ်တော့မသေချာပေ။ သူ စဉ်းစားကြည့်နေဆဲပင် ဖြစ်သည်။

ဆန်းလျှန်ပင်လျှင် ဤအဖြေကို ရှာနိုင်ပါမည်လားဟု ရဲ့လျိုယွ
င် စိုးရိမ်မိသည်။

နတ်မိစ္ဆာအဓိပတိကြီး၏ တိုက်ခိုက်မှု အားနည်းသွားသည့်အခါ
ရဲ့လျိုယွင်က တုန်းဟွာတောက်ကျွင်း၏ ရေစင်မီးတော်ကကို
အဓိကထားပြီး ရင်ဆိုင်လိုက်သည်။ သူ အနည်းငယ်လည်း
တည်တည်ငြိမ်ငြိမ် ရှိလာသည်။

မိုးကောင်းကင်တံခါး သူ့လက်ထဲ ပြန်ရောက်မလာသေး
သည်မှာ စိတ်မကောင်းဖွယ်ရာ ဖြစ်သည်။ မဟုတ်ပါက သူ ဤ
နေရာမှ လျှပ်တပြက်အတွင်း ထွက်ခွာသွားနိုင်ပေလိမ့်မည်။

နတ်မိစ္ဆာအဓိပတိကြီး၏ ပူးပေါင်းတိုက်ခိုက်မှုအားနည်းသွား
သည့်အတွက် တုန်းဟွာတောက်ကျွင်းက စိတ်ပျက်သွားခြင်း မ
ရှိပေ။

သူက ထိုက်ချင်တာအိုလမ်းစဉ်ကို လိုက်ခဲ့ပြီး ယန်စွမ်းအားတာ အိုမီးတောက်ကို ကျင့်ကြံအောင်မြင်ခဲ့သည့် "မုကုန်း" ဖြစ်သည် မဟုတ်ပါလား။

သူသည် ကောင်းကင်ဘုံနှင့် သုံးလောကတွင် တိုက်ရည်ခိုက် ရည်ရော ၊ တန်ခိုးစွမ်းအားတွင်ပါ ထိပ်တန်းအဆင့်ရှိသည့် နတ် ဘုရားတစ်ပါး ဖြစ်လေသည်။

နတ်မိစ္ဆာအဓိပတိကြီး၏ အနည်းငယ်သော ကူညီတိုက်ခိုက်မှု က ရဲ့လျိုယွင်ကို ရှင်းပစ်ရန်အတွက် အခွင့်အရေး ပိုမိုရရှိ စေသည်။

နတ်မိစ္ဆာအဓိပတိကြီးက သူနှင့် ရဲ့လျိုယွင် (၂)ယောက်စလုံးကို နာကျင်စေရန် ဆန္ဒရှိနေသည်ဆိုလျှင်တောင်မှ သူကတော့ ရဲ့ လျိုယွင်ကို ရှင်းပစ်ရန်အတွက် နောက်ဆုတ်မည် မဟုတ်ပေ။

သူနှင့် ရဲ့လျိုယွင်…။

သူတို့ (၂)ယောက် ဤလောကတွင် တစ်ယောက်သာ ရှင်သန်ခွင့်ရမည် ဖြစ်သည်။ နောက်မဆုတ်တမ်း ရဲ့လျိုယွင်ကို တိုက်ခိုက်မှသာလျှင် သူ့အတွက် အသက်ရှင်ရန် ကြီးမားသည့် အခွင့်အရေးကို ရရှိမည် ဖြစ်သည်။

ကျင့်စူးကိုင်ထားသည့် ကျွယ်ရှန်းနတ်ဓားမှ အနတ္တတရားထွက်ပေါ်လာပြီး ဓားရောင်သည် သက်တံ့ရောင်အလား ကောင်းကင်ထက်တွင် ဖြာလင်းသွားသည်။

သို့သော်... တိုက်ပွဲကို ဦးဆောင်နေသူကတော့တာအိုဆရာယွိတင်ဖြစ်၏။ သူက အလွန်အမင်း တည်ငြိမ်နေလေသည်။

ယွမ်စီကျောက်စာနှင့် ဖန်ကူအလံ၏ တန်ခိုးစွမ်းအား (၂)ခုပေါင်းစပ်ကာ တာအိုဆရာယွိတင်က တိုက်ခိုက်နေခြင်းဖြစ်သည်။ ယွမ်စီကျောက်စာက ကွဲအက်သွားသည့်တိုင် တန်ခိုးစွမ်းအားကတော့ မြင့်မားနေဆဲဖြစ်၏။

လေထုသည် တဖြည်းဖြည်း ပရမ်းပတာ ပုံပျက်လာလေသည်။

ကျင့်စူ၏ ဓားချက်များကတော့ အဆက်မပြတ် ပြောင်းလဲနေပြီး တာအိုဆရာယွိတင်ကို တိုက်ခိုက်လျှက် ရှိသည်။

သို့သော်... ပရမ်းပတာလေထုက ကွန်ယက်တစ်ခုအလား ကျင့်စူးကို ပိတ်ဆို့ထားလိုက်လေသည်။ ထို့နောက် ကွန်ယက်က လုံး၀ ပိတ်ဖုံးသွားပြီး ကျင့်စူးသည် ကွန်ယက်ထဲတွင် ပိတ်မိနေလေတော့သည်။

သူမအတွက် လွတ်လမ်းရှိပါမည်လား မသေချာပေ။

အခန်း (၉၄၃) ယိချီစန်းချင်

ကျင့်စူး ကွန်ယက်ထဲတွင် ပိတ်မိနေသည့်တိုက်ကျွယ်ရှန်းနတ်

ဓားကတော့ သိမ်မွေ့သော အပြောင်းအလဲများဖြင့် နက်ရှိုင်း

သည့် ဓားသိုင်းကွက်များကို ဖော်ဆောင်လျှက် ရှိသည်။

သို့သော်... ဖန်ကူအလံနှင့် ယွမ်စီကျောက်စာက ကျင့်စူး၏

လှုပ်ရှားမှုများကို ကန့်သတ်လိုက်သည့်အတွက် ကျင့်စူးမှာ ဓား

ကွက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ခြင်း မရှိတော့ပေ။

တာအိုဆရာယို့တင်ဆိုသည်က ခေတ်အဆက်ဆက်ကျော်ကြား

ခဲ့သည့် နတ်ဘုရားတစ်ပါး ဖြစ်သည်။

သူက ကျင့်စူးကို တစ်ချက်လေးပင် မျက်နှာသာမပေးဘဲ

တစ်ဆင့်ပြီးတစ်ဆင့် တည်ငြိမ်စွာ တိုက်ခိုက်လျှက် ရှိ၏။

တိုက်ခိုက်နေရင်း သူမ ရှုံးနိမ့်တော့မည်ကို ကျင့်စူး ခန့်မှန်း

လိုက်မိသည်။

နတ်ဘုရားသုတ်သင်ဓားကို ရှာဖွေခဲ့မိသည့်အတွက် သူမ

နောင်တအနည်းငယ် ရသလို ဖြစ်လာမိသည်။ နတ်ဘုရား

သုတ်သင်ဓားကို ရှာဖွေမိသည့်အတွက် သူမ ဤပြသနာကြီး ထဲတွင် ဘုမသိ ဘမသိ ပါဝင်ပတ်သက်မိကာ တာအိုဆရာယွိ တင်ကဲ့သို့ အထင်ကရ နတ်ဘုရားတစ်ပါးနှင့် တိုက်ခိုက်နေခဲ့ရ သည် မဟုတ်ပါလား။

သို့သော်... သူမ စိတ်ထားပြောင်းလဲသွားသည်။

ယနေ့ သူမ သေဆုံးရမည်ဆိုလျှင်တောင်မှ တာအိုတရား အလင်းကို သူမ သိမြင်ခဲ့ပြီ ဖြစ်သည်။

သူမက ထိပ်တန်းဓားတစ်လက်ကို ကျင့်ကြံအောင်မြင်ခဲ့ပြီး ဖြစ်သည့်အတွက် သေရမည်ဆိုလျှင်တောင် နောင်တရစရာ မ ရှိပေ။

ကျွယ်ရှန်းနတ်ဓား၏ ဓားဝိညာဉ်က သူမ၏ နှလုံးသား ၊ သူမ၏ စိတ်ဝိညာဉ်နှင့် ပေါင်းစပ်သွားပြီး ဓားနှင့်လူ တစ်သားတည်း ကျသွားသည်။

ပြိုင်ဘက်ကင်း ဓားသိုင်းပညာရပ်များစွာ သူမစိတ်အာရုံထဲ

တွင် သိမြင်နေသည့်တိုင် သူမ တစ်စက်လေးမှ မောပန်း

နွမ်းနယ်ခြင်းကို မခံစားရပေ။

လေထုတစ်ခုလုံးက အထက်၊ အောက်၊ ဘယ်၊ ညာ

ပရမ်းပတာဖြစ်နေပြီး ယွမ်စီအထိမ်းအမှတ်ကြောက်စာက

ကြည်လင်သည့်အရိပ်တစ်ခုအလား လှုပ်ရှားနေသည်။

နတ်ဘုရားသုတ်သင်ဓား၏ ဓားသွားကလည်း ကြည်လင်နေပြီး

ဓားကွက်များက အဆက်မပြတ်ပြောင်းလဲနေ၏။

ကျင့်စူးက ခံစစ်တိုက်ခိုက်နေရသည်ဆိုသော်လည်း ရံဖန်ရံခါ

တိုက်စစ်ထိုးဖောက်လာတတ်သည်။

တာအိုဆရာယွိတင်က စိတ်ဓာတ်မာကျောသူတစ်ယောက်ဖြစ်

လေသည်။

အခြားအချိန်များတွင် သူ့အနေဖြင့် ခွန်ဖိန်ငယ်လေးကျင့်စူးကို သနားစိတ်ဝင်မိဦးမည်ဖြစ်သော်လည်း ယခုတော့ တစ်စက်လေးမှ မသနားမိပေ။

တောင်မြင့်ကြီးများကိုပင် လှုပ်ခါနိုင်စွမ်းရှိသည့် ဖန်ကူအလံက လေထဲတွင် လွင့်ပျံနေပြီး ယွမ်စီအထိမ်းအမှတ်ကျောက်စာကလည်း ရွှေတောင်ကြီးကို ထောက်ပံ့ပေးထားသည့် ကျောက်စိမ်းထောက်တိုက်ကြီး တစ်ခုအလား ဖြစ်သည်။

တာအိုဆရာယွိတင်၏ တိုက်ခိုက်မှုအောက်တွင် ကျင့်စူး၏ဘာဝသည် နိဂုံးချုပ်လုနီးပါးရှိနေပြီ ဖြစ်သည်။

မိုးကောင်းကင်တောင်ဘက်တံခါး အနောက်ဘက်တွင်တော့ သက်တံ့ရောင်စဉ် တိမ်တိုက်တစ်ခု မှိန်ပျပျ လင်းလက်နေသည်။

ထိုတိမ်တိုက်ထက်တွင် ကွေ့လိရှိနေပြီး သူမက မျက်ရည်ဝဲသည့်မျက်ဝန်းများဖြင့် ကျင့်စူးကို ကြည့်နေလေသည်။

သူတို့ (၂)ယောက်သည် ညီအစ်မအရင်းချာများကဲ့သို့ ချစ်ခင်သူများဖြစ်ကြသည်။

သို့သော်… ယခုအချိန်တွင် ကွေလိသည်လည်း ကျင့်စူးကို သွားရောက်ကယ်တင်နိုင်စွမ်း မရှိပေ။

ခုံရွှမ်း၏ဒဏ်ရာသက်သာပျောက်ကင်းလျှင်တော့ သူမက ကျင့်စူးကို ကူညီပါရန် ခုံရွှမ်းထံတွင် တောင်းဆိုမိမည်ဖြစ်သည်။ သို့သော်… ခုံရွှမ်းက ယခင်လို တန်ခိုးစွမ်းအားများ ပြည့်ဝလာခြင်း မရှိသေးပေ။ ထို့ကြောင့် ကျင့်စူးကို ကယ်တင်ရန် မဖြစ်နိုင်ပေ။

သို့သော်… ဒီအတိုင်း ကျင့်စူး အသက်ပျောက်ရမည်ကို ကွေလိကြည့်မနေနိုင်တော့ပေ။ သူမ မည်သည့်နည်းနှင့်မှ ကြည့်မနေနိုင်ပါချေ။

ကွေလိအံတင်းတင်းကြိတ်လိုက်ပြီးသူမ၏ စိတ်နှလုံးထဲတွင် ကြက်သွေးရောင် မီးတောက်တစ်ခု တောက်ပလာသည်။

ထိုမီးတောက်မှ ဘိုးဘေးဇာမဏီငှက်ထံမှ ဆင်းသက်လာသည့် မူလဇာမဏီမီးတောက်ဖြစ်၏။ ကခုန်နေသည့် မီးတောက်သည် အလွန်မှ အသက်ဝင်လှလေသည်။

သို့သော်... ထိုမီးတောက်ကို အသုံးပြုလိုက်သည်နှင့် သူမ အသက်ပျောက်မသွားသည့်တိုင် သတိလစ်မေ့မြောသွားနိုင်လေသည်။

ကွေလိ ပါးစပ်ကိုဟလိုက်ပြီး ဇာမဏီမီးတောက်ကို မှုတ်ထုတ်လိုက်သည်။

ထို့နောက် သူမ ပါးစပ်ကို လက်ဖြင့်အသာ ပြန်အုပ်ထားလိုက်၏။

ဇာမဏီမီးတောက်ကို မှုတ်ထုတ်လိုက်ပြီးသည်နှင့် သူမ၏ နတ်မိစ္ဆာခန္ဓာသည် ရေခဲဂူထဲသို့ကျရောက်သွားသည့်အလား လုံးဝအေးစက်သွားလေသည်။

ကျင့်စူးနှင့်တိုက်ခိုက်နေသည့် တာအိုဆရာယွိတင်က

နောက်ဆုံးတိုက်ကွက်ကို ထုတ်ဖော်နေပြီ ဖြစ်သည်။

သို့သော်... ရုတ်တရက် သူ၏ ပခုံးထက်တွင် နာကျင်မှုကို

ခံစားလိုက်ရလေ၏။

မည်သည့်နေရာက ပျံသန်းရောက်ရှိလာမှန်းမသိသည့်

ကျောက်စာတိုင်တစ်ခုက သူ၏ပခုံးကို လာရောက်ထိမှန်ခြင်း

ဖြစ်သည်။

ကျောက်စာတိုင်၏တန်ခိုးစွမ်းအားက မရပ်တန့်နိုင်လောက်

အောင် ပြင်းထန်လှသည်။

တစ်ချိန်တည်းမှာပင်... ကွေလိမ့်ထုတ်လိုက်သည့် ဇာမဏီ

မီးတောက်ကလည်း တာအိုဆရာယွိတင်၏ သွေးကြောဆုံချက်

နေရာများအားလုံးကို လောင်ကျွမ်းပစ်လိုက်သည်။

တာအိုဆရာယွိတင်၏ နတ်ဘုရားခန္ဓာပျက်စီးသွားပြီ ဖြစ်လေ

သည်။

သူက သူ့ကိုယ်သူကာကွယ်ရန်အတွက် ဖန်ကူအလံနှင့် ယွမ်စီ ကျောက်စာကို အလျှင်အမြန် ပြန်ယူလိုက်သော်လည်း နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

ထို့နောက် တာအိုဆရာယွိတင်၏ မြင်ကွင်းထဲသို့ တာအိုဆရာ လူငယ်လေးတစ်ယောက် ဝင်ရောက်လာသည်။

ထိုတာအိုဆရာလူငယ်လေးမှာ ဆန်းလျန်မှလွဲပြီး မည်သူဖြစ် နိုင်ပါမည်နည်း။

တာအိုဆရာယွိတင်ကို တိုက်ခိုက်လိုက်သည့် ကျောက်စာတိုင် မှာ သုခဘုံတွင်စိုက်ထူထားသည့် ကျောက်စာတိုင်ပင် ဖြစ်သည်။

ထိုကျောက်တိုင်ကို ဆန်းလျန် ဆွဲနှုတ်ယူလာခဲ့ခြင်း ဖြစ်၏။

ဆန်းလျန်ကို ကြည့်ရသည်မှာ အလွန်တက်ကြွရွှင်လန်းနေဟန် ရှိသည်။ သူက ကွေလိအနားသို့ရောက်သွားပြီး ကွေလိ၏ ပခုံး

ကို တစ်ချက်ပုတ်ကာ တန်ခိုးစွမ်းအားများ ထည့်သွင်း

ပေးလိုက်သည်။

ဇာမဏီမီးတောက်ကို အသုံးပြုလိုက်ရသည့်အတွက် ကွေလိ

အားအင်ကုန်ခမ်းမသွားစေရန် ဖြစ်၏။

ပြီးမှ သူက တာအိုဆရာယွိတင်ကို ပြုံးပြလိုက်ရင်း...

"တာအိုဆရာယွိတင်ရဲ့ဘဝမှာ တိုက်ပွဲတွေ အများကြီး

တိုက်ခိုက်ခဲ့ဖူးမှာပါ ၊ ဒါပေမဲ့ ဒီတစ်ခေါက်တော့ သောပေါင်

ထက်တောင် အခြေအနေဆိုးတယ်မဟုတ်လား..."

ဆန်းလျန်၏စကားကြောင့် တာအိုဆရာယွိတင် ဒေါသ

ချောင်းချောင်းထွက်သွားသည်။

ဆန်းလျန်က အတိတ်အကြောင်းအရာများကို ပြန်ပြောနေခြင်း

ဖြစ်၏။

အတိတ်တစ်ချိန်က … နတ်ဘုရားညီလာခံတိုင်ပွဲတွင် ကွမ်းချန်ကျီက ဖန်းထျန်းတံဆိပ်တော်ကို အသုံးပြုကာ သောပေါင်ကို ယခုကဲ့သို့ တိုက်ခိုက်ခဲ့ဖူးသည်။

ဖန်းထျန်းတံဆိပ်တော်၏ တန်ခိုးစွမ်းအားက ဖန်ကူအလံလောက် မြင့်မားခြင်း မရှိသော်လည်း ယွမ်စီအထိမ်းအမှတ်ကျောက်စာထက်တော့ သာလွန်လေ၏။

ကွမ်းချန်ကျီ၏ အလစ်ချောင်းတိုက်ခိုက်မှုက သောပေါင်ကို ဒဏ်ရာမရစေခဲ့ပေ။ သို့သော်… ကျင်းရှုန်းနတ်ဘုရား (၁၂)ပါးကိုတော့ အကြီးအကျယ် အံ့သြထိတ်လန့်သွားစေခဲ့သည်။

ယခုတော့ ဆန်းလျန်က တာအိုဆရာယွိတင်ကို လှောင်ပြောင်ရန် ထိုဇာတ်ကြောင်းကို ပြန်ပြီးအစဖော်နေလေရာ တာအိုဆရာယွိတင် ဒေါသမထွက်ဘဲ မနေနိုင်ပါချေ။

ဆန်းလျန်က ကွမ်းချန်ကျီထက် တော်သည်မှာ ပြောစရာပင် မလိုပေ။ ထို့ပြင်… တိုက်ခိုက်ရန် သူအသုံးပြုလိုက်သည့် သုခဘုံ

မှ ကုသိုလ်တရားကျောက်စာတိုင်ကလည်း ယွမ်စီ

အထိမ်းအမှတ်ကျောက်စာထက် တန်ခိုးစွမ်းအား မြင့်မား၏။

ယွမ်စီထျန်းကျွင်း၏ မျိုးဆက်မှ ဆင်းသက်လာသူတစ်

ယောက်အနေဖြင့် တာအိုဆရာယွိတင် ယွမ်စီထျန်းကျွင်း

မျက်နှာကို အိုးမဲသုတ်မိပြီ ဖြစ်သည်။

တာအိုဆရာယွိတင် အတွေးလွန်နေစဉ်မှာပင် ကျင့်စူးက ဆန်း

လျန်အနားသို့ ရောက်လာသည်။

သူမက ဆန်းလျန်ကို စပ်စုသည့်ဟန်ဖြင့် စူးစိုက်ကြည့်နေ

လေ၏။

နတ်ဘုရားတို့၏လောကတွင် ဆန်းလျန်က အတော်ဆုံးများထဲ

မှ တစ်ယောက် ဖြစ်သည်။

သို့သော်.. ဖန်ကူအလံနှင့် ယွမ်စီအထိမ်းအမှတ်ကျောက်စာကို

ကိုင်ဆောင်ထားသည့် တာအိုရာယွိတင်ကို တစ်ချက်တည်းဖြင့်

တိုက်ခိုက်လိုက်နိုင်သည်က အံ့သြစရာ ကောင်းလှ၏။

သူ၏ပုံစံကလည်း ပေါ့ပါးနေပြီး တာအိုဆရာယွိတင်ကို မျက်စိထဲထားဟန် မရှိပေ။ဆန်းလျန်၏ တိုက်ခိုက်မှုကြောင့် တာအိုဆရာယွိတင်မှာ ဒဏ်ရာပင် ရသွားခဲ့ပြီ ဖြစ်၏။

ထိုအကြောင်းများကို စဉ်းစားရင်း ကျင့်စူး ရင်တုန်ပန်းတုန် ဖြစ်လာသည်။

သူမက လောလောလတ်လတ် ထိပ်တန်းအဆင့်မရဏာဓားသိုင်း တစ်ခုကို ကျင့်ကြံအောင်မြင်ထားသည့်တိုင် တာအိုဆရာယွိတင်နှင့်ယှဉ်လျှင် သူမ၏ အဆင့်က မိုးနှင့်မြေပမာ ကွာခြားလွန်းလှသည်။

သို့သော်… ဆန်းလျန်ကတော့ တစ်ချက်တည်းဖြင့် ယွိတင်ကို နှိမ်နင်းလိုက်၏။ ထိုသို့ဖြစ်အောင် မည်သို့တိုက်ခိုက်လိုက်သည်ကိုပင် သူမ နားမလည်နိုင်ပေ။

သို့သော်… သူမကဲ့သို့ပင် တစ်လောကလုံးရှိ နတ်ဘုရားများကလည်း ထိုအကြောင်းကို စဉ်းစားနေကြလေသည်။

ဆန်းလျန်ထွက်ပေါ်လာသည်နှင့် အားလုံးက ဆန်းလျန်ကို အာရုံစိုက်လိုက်ကြသည်။

သို့သော်... နတ်မိစ္ဆာအဓိပတိကြီးကတော့ ထိုအခြေအနေကို အခွင့်ကောင်းယူကာ ရဲ့လျိုယွင်ကို တိုက်ခိုက်လိုက်သည်။

နတ်မိစ္ဆာအဓိပတိကြီး၏ တိုက်ခိုက်မှုကြောင့် တုန်းဟွာတောက်ကျွင်းနှင့် တစ်ဖက်က ရင်ဆိုင်နေရသည့် ရဲ့လျိုယွင်မှာ ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်။

တုန်းဟွာတောက်ကျွင်းကလည်း တစ်စက်လေးပင် အလျှော့မပေးဘဲ ရဲ့လျိုယွင်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လျှက်ရှိ၏။

သူ့အနေဖြင့် ယနေ့ ရဲ့လျိုယွင်ကို ရှင်းမပစ်နိုင်လျှင် အနာဂတ်တွင် အခွင့်အရေး လုံး၀ရတော့မည် မဟုတ်ပေ။

ဆန်းလျန်က သူတို့တိုက်ပွဲကို ဝင်ရောက်စွက်ဖက်မည့်ဟန်မရှိသလို ရဲ့လျိုယွင်ကလည်း ဆန်းလျန်ထံမှ အကူအညီတောင်းခံမည့်ဟန် မရှိပေ။

သူတို့ (၂)ယောက်လုံးက မာနကြီးကြသူများဖြစ်သည့်အတွက် တစ်ယောက်၏စိတ်ထားကို တစ်ယောက် နားလည်ကြသည်။ ပြင်းထန်သည့် တိုက်ခိုက်မှုများနှင့် ရင်ဆိုင်လိုက်ရသည့်အခါ ရဲ့လျိုယွင်ထံမှ မထင်မှတ်စွာပင် ရှေးဟောင်းကောရာဇ် (၅)ပါး၏ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာသည်။ လောက၏သင်္ကေတများဖြစ်သော အစိမ်းရောင်နဂါး ၊ ဇာမဏီ ငှက် ၊ အနက်ရောင်လိပ်နှင့် အဖြူရောင်ကျားတို့၏ ပုံရိပ် များသည် တန်ခိုးစွမ်းအားများနှင့်အတူ ပေါင်းစပ်ထွက်ပေါ်လာ သည်။

သို့သော်... နတ်မိစ္ဆာအဓိပတိကြီးနှင့် တုန်းဟွာတောက်ကျွင်း၏ တန်ခိုးစွမ်းအားများကလည်း ရဲ့လျိုယွင်နှင့်အတူ (၁၀)မိုင် ပတ်လည်ကို ထိန်းချုပ်ထားလိုက်သည်။

သူတို့ (၂)ယောက်၏ တန်ခိုးစွမ်းအားများက

လောက၏အကန့်အသတ်များအားလုံးကို ဖျက်စီးပစ်တော့

မည့်အလား ထင်မှတ်ရသည်။

ရဲ့လျိုယွင်မှာတော့ ဆူနာမီလှိုင်းလုံးကြီးများကြားတွင် ကြွံကြွံခံ

ကာ ရွက်လွှင့်နေသည့် လှေငယ်လေးတစ်စင်းအလား တိုက်ပွဲ

ကို ဆက်လက်တိုက်ခိုက်နေ၏။

နတ်မိစ္ဆာအဓိပတိကြီး ရဲ့လျိုယွင်ကို လေးစားသွားမိသည်။ ရဲ့

လျိုယွင်သည် လောတကစ်ခုလုံးရှိ တာအိုတရားများကို

ကျွမ်းကျင်နှံ့စပ်သူ ဖြစ်၏။

ရဲ့လျိုယွင်၏ တန်ခိုးစွမ်းအားအနှစ်သာရသည် သူ၏ ကိုယ်ပိုင်

ဖြစ်ပြီး ခွန်ဖိန်အနွယ်တော်များ၏ ပေမင်တန်ခိုးစွမ်းအားထက်

ပင် သာလွန်သည်။

ရဲ့လျိုယွင်သည် မိုးနှင့်မြေတွင် ခေတ်အဆက်ဆက်ကံကောင်းခဲ့သည့် ထိပ်တန်းအဆင့် ချင်တိဧကရာဇ်ပင် ဖြစ်သည် မဟုတ်ပါလား။

ရွှမ်တုတောက်ကျွင်း ၊ တိကျန်ဗောဓိသကျနှင့် ဆန်းလျန်ပြီးလျှင် ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်လှမ်းနိုင်မည့် နောက်ထပ်ပုဂ္ဂိုလ်မှာ ချင်တိဧကရာဇ်ဖြစ်လာမည်ကို နတ်မိစ္ဆာအဓိပတိကြီး သေလောက်အောင် စိုးရွံ့မိသည်။

ထို့ကြောင့် ရဲ့လျိုယွင်ကို နှိပ်ကွပ်ထားနိုင်မှ တန်ကာကျမည်ဟု တွေးလိုက်မိ၏။ ကြိုတင်နှိပ်ကွပ်ထားနိုင်မှသာ သူတို့အတွက် လမ်းရှင်းမည် ဖြစ်လေသည်။

ထို့ပြင်... ဆန်းလျန်၏စိတ်ကို နတ်မိစ္ဆာအဓိပတိကြီး မသိရှိနိုင်သော်လည်း ရဲ့လျိုယွင်၏စိတ်ကိုတော့ ခန့်မှန်းနိုင်သည်။

ရဲ့လျိုယွင်က ဆန်းလျန်၏ အကူအညီကို လုံးဝ ရယူမည်မဟုတ်ပေ။

ရဲ့လျိုယွင် အပြင်းအထန် တိုက်ပွဲရင်ဆိုင်နေရစဉ်တွင် ဆန်းလျန်ကတော့ အေးအေးဆေးဆေးပင် ရှိနေ၏။

တာအိုဆရာယွိတင်က ဒေါသကိုထိန်းချုပ်လိုက်ပြီး...

"ဘုရင်ရှစ်ပါးနန်းတော်မှာ စစ်မှန်တဲ့အခြေအနေတစ်ခုကို ကျုပ်မြင်ခဲ့တယ်..."

သူ၏လက်ထဲတွင် ဖန်ကူအလံနှင့် ယွမ်စီအထိမ်းအမှတ်ကျောက်စာကို ကိုင်ထားဆဲ ဖြစ်သည်။ ထို့နောက် သူ၏ နတ်ဘုရားသဏ္ဍာန်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့၏။

ဆန်းလျန်ကလည်း တာအိုဆရာယွိတင်ကို တားဆီးခြင်း မရှိပေ။

သူက ကွေ့လိနှင့် ကျင့်စူးတို့ကို တစ်ချက်ကြည့်လိုက်ပြီး...

"မင်းတို့ (၂)ယောက် ချင်းဆွေထျန်းကောင်းကင်ဘုံမှာ အရင်သွားရှောင်နေလိုက်ကြ..."

ထို့နောက် ဆန်းလျန်က အင်္ဂလိက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်

လေရာ လေပြေတစ်ချက်တိုက်ခတ်လာပြီး မိန်းကလေး

(၂)ယောက်ကို ခေါ်ဆောင်သွားလေသည်။

လေပြေက ချင်းဆွေထျန်းကောင်းကင်ဘုံ၏ အတားအဆီး

များအားလုံးကို ဖြတ်ကျော်သွားပြီး မိန်းကလေး (၂)ယောက်

ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ရောက်ရှိလာသည်။

လီချင်းဆွေကလည်း ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ပြန်

ရောက်နေပြီ ဖြစ်သည်။

သူမက လေထဲတွင် လွင့်မျောလာသည့် ကွေ့လိနှင့် ကျင့်စူးတို့

ကို တစ်ချက်ကြည့်လိုက်ပြီး...

"မင်းတို့ ဒီမှာပဲ ငါနဲ့ပအတူ ဆန်းလျန်ကို စောင့်နေပေါ့..."

ဟု ပြောလိုက်၏။

ကျင့်စူး၏ တန်ခိုးစွမ်းအားများက များစွာတိုးတက်လာပြီး သူမ၏ တိုက်ခိုက်မှုစွမ်းရည်ကလည်း ယန်ကျန်းထက်မသာလျှင်တောင် မလျော့ပေ။

သူမက တာအိုဆရာလီချင်းဆွေကို အကြောက်အလန့်မရှိ မေးခွန်းထုတ်လိုက်၏။

"ဆန်းလျန် ဘာလုပ်မလို့လဲ မသိဘူးနော်..."

လီချင်းဆွေ၏ မျက်နှာက အေးစက်သွားသော်လည်း ကျင့်စူးက သူမကို ဒုက္ခပေးမည့်သူမဟုတ်မှန်း သိလိုက်သည်။

"ငါ့အတွက် မီးအိမ် (၂)ခုယူပေးဖို့ ဆန်းလျန်ကို ခိုင်းထားတာ ၊ အခု သူ လုပ်ပေးရမယ့်အချိန်ရောက်ပြီ..."

နဂါးငွေ့တန်းတစ်ဖက်ကမ်းတွင် မတ်တတ်ရပ်နေသည့် ယန်ကျန်းသည်လည်း ဘုရင်ရှစ်ပါးနန်းတော်သို့ ထွက်ခွာလာခဲ့လေသည်။

တာအိုဆရာယွိတင်က သူ့ထက်အရင် ဘုရင်ရှစ်ပါးနန်းတော်သို့ ရောက်ရှိနေပြီ ဖြစ်၏။

ယန်ကျန်းက စိုးရိမ်တကြီးလေသံဖြင့်...

"ဆရာဦးလေး ရွှမ်တု ထွက်သွားတာ ပြန်မရောက်သေးဘူး ၊ ကျုပ်တို့တွေ ဆန်းလျှန်ကို တားဆီးနိုင်ပါ့မလား..."

တာအိုဆရာယွိတင်က...

"(၃)ပါးပေါင်းရင် (၁)ပါးဖြစ်တဲ့ ယိချီစန်းချင် ရှိတယ်လေ..."

အခန်း (၉၄၄) မိမိကိုယ်သာ ကိုးကွယ်ရာ

ဆန်းလျှန် သုခဘုံတွင် အချိန်အကြာကြီး မနေခဲ့ရပေ။

သို့သော် သူ့စိတ်ထဲတွင် နှစ်ပေါင်း မရေမတွက်နိုင်အောင် ပိတ်မိနေသည်ဟု ထင်မှတ်ခဲ့မိလေသည်။ ခံစားချက်သာ ဖြစ်သည့်အတွက် နှစ်ပေါင်းထောင်နှင့်သောင်းနှင့်ချီအောင် ပိတ်မိနေသည်ဟု သူ ထင်မြင်မိခြင်းမှာ ချဲ့ကားပြောဆိုခြင်း မဟုတ်ပေ။

ယခုတော့ သူက လုံးဝ လူသစ်တစ်ယောက်အလား တက်ကြွလန်းဆန်းနေခဲ့ပြီ ဖြစ်သည်။

အချိန်ကြာမြင့်စွာ ပိတ်မိနေခဲ့သူတစ်ယောက်ကဲ့သို့ စိတ်ပျက်အားလျော့နေခြင်းမျိုးမဖြစ်ဘဲ အားအင်အပြည့်ဖြင့် ပြင်ပလောကသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ထိုအချက်က ဗောဓိပင်နှင့် ဆက်စပ်နေလေ၏။

ဆန်းလျန် သုခဘုံသို့ရောက်သွားပြီး ဗောဓိပင်ကို မတွေ့ခဲ့ဘူးဟု ဆိုလျှင် အခြားသူများ မယုံမကြည်ဖြစ်ကြပေလိမ့်မည်။

သို့သော်… အစမှအဆုံးတိုင် ဆန်းလျန် ဗောဓိပင်ကို တွေ့ရှိခဲ့ခြင်း မရှိပေ။

သို့သော်… သူ့တွင်ဖြစ်ပေါ်သွားသည့်အပြောင်းအလဲများကတော့ ဗောဓိပင်နှင့် ဆက်စပ်နေမည်လား မဆိုနိုင်ပေ။

ဆန်းလျန်သာလျှင် ထိုအချက်ကို နားလည်ပေလိမ့်မည်။

ဗုဒ္ဓကျမ်းစာထဲတွင် ရှင်းလင်းစွာ ဖော်ပြထားသည်မှာ…

"တည်ရှိမှုအားလုံးသည် ပရမတ်ဖြစ်သည် ၊ သို့သော် ပညတ်များဖြင့် ဖုံးကွယ်ထားသည်"

ဟူ၍ဖြစ်၏။

အမှန်တော့ တာအိုတေချင်ကျမ်းစာထဲတွင်လည်း အလားတူဖော်ပြချက်မျိုး ပါရှိသည်။

"အမည်နာမများသည် ပညတ်များဖြစ်၏"

ဟူ၍ဖြစ်၏။

ထိုစကားလုံးများ၏ အနှစ်သာရသည် မြူခိုးတိမ်တိုက်များ

အလားဖြစ်သည်။

သို့သော်... အမှန်တကယ်တွင် ပညတ်ချက်များကြောင့် ဓမ္မကို

နားလည်ခြင်းအနှစ်သာရ ရှုတ်ထွေးကုန်ကြောင်း ဖော်ပြထား

ကြသည့်စကားလုံးများဖြစ်၏။

လူအများသည် လောကကြီး ၊ တောင်များ ၊ မြစ်များ ၊ သစ်ပင်

များ ၊ အင်းဆက်ပိုးမွှားများ ၊ ငါးများ ကို သိမြင်ကြသည်။

သို့သော်... ထိုအရာများ၏ အမည်နာမများကို ဖယ်ရှားလိုက်

သည့်အခါ အနှစ်သာရက မည်သို့ ကျန်ရစ်ခဲ့မည်နည်း။

ထိုအချက်က ရှင်းပြရန် ခက်ခဲလွန်းလှသည်။

ထို့ကြောင့်... တစ်စုံတစ်ယောက်က "ဗောဓိပင်သည် သစ်ပင်

မဟုတ်" ဟု ပြောလျှင် တာအိုတရား၏ အနှစ်သာရကို

နားလည်သူက ထိုသူပြောသည့်အဓိပ္ပါယ်ကို နားလည်

သဘောပေါက်မည်ဖြစ်သည်။

သစ်ပင်ဆိုသည်က အမည်တပ်ထားသည့် ပညတ်ချက်တစ်ခု

သာ ဖြစ်သည် မဟုတ်ပါလား။

သူခဘုံတွင် ဆန်းလျှန် သစ္စာတရားကို သိမြင်ခဲ့သည်။

ထို့ကြောင့် သူသည် ဗောဓိပင်ကို တွေ့မြင်ခဲ့သည်ဟု ဆို

နိုင်သည်။

ထို့ပြင် တာအိုဆရာသခင်ကြီးများ၏ စရိုက်လက္ခဏာ (၁)ခုကို

လည်း ဆန်းလျှန် သိမြင်သဘောပေါက်ခဲ့သည်။ ထိုစရိုက်

လက္ခဏာမှာ ဖြစ်တည်မှုများအားလုံး၏ သွင်ပြင်လက္ခဏာ

ဖြစ် ၊ တည် ၊ ပျက် ဆိုသည့် အချက်ကို တာအိုဆရာသခင်ကြီး

များအားလုံး သိရှိသွားကြခြင်းပင် ဖြစ်၏။

ဗုဒ္ဓက "သက်ရှိများအားလုံးထံတွင် သစ္စာတရားကို သိမြင်

နိုင်သည်" ဟု ဆိုခဲ့သည်။

သို့သော် ဗောဓိဘိုးဘိုးကတော့ "သက်ရှိများအားလုံးသည် ဗော

ဓိဘိုးဘိုးဖြစ်သည်" ဟု ဆိုထားပြန်၏။

ဗုဒ္ဓနှင့် ဗောဓိဘိုးဘိုး (၂)ယောက်လုံးက ဖြစ်တည်မှုအားလုံး၏
အနှစ်သာရကို ပြောခဲ့ကြခြင်း ဖြစ်သည်။
ထိုအရာများက သစ္စာတရားပင်ဖြစ်၏။
ကြယ်စင်များ စကြာဝဠာထဲတွင် တည်ရှိကြသည်။ ပန်းသီး
သည် မြေပြင်ထက် ကြွေကျနိုင်သည်။ ထိုအရာအားလုံးသည်
ဖြစ်တည်မှု၏ အနှစ်သာရများသာ ဖြစ်သည်။
တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဆန်းလျန် တာအိုဆရာသခင်ကြီး
ဖြစ်လာခဲ့လျှင် "ဖြစ်တည်မှုအားလုံးသည် ဆန်းလျန်ဖြစ်သည်"
ဟု ပြောကောင်းပြောပေလိမ့်မည်။
ထို့ကြောင့် ဆန်းလျန်သည် တာအိုဆရာသခင်ကြီးများ အဘ
ယ့်ကြောင့်ခန့်မှန်းရခက်ကြသည်ကို နားလည်သွားခြင်း
ဖြစ်၏။

သုခဘုံရှိ ကုသိုလ်တရားကျောက်စာတိုင်ကို ဆွဲနှုတ်ယူပြီး
သည့်နောက် ဆန်းလျန်၏နှလုံးသားထဲတွင် တရားအလင်း
ရကာ ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ခံစားခဲ့ရသည်။
မဟာအဝီဇိငရဲဟုယူဆရသည့် ဘာမှမရှိသည့် နေရာတစ်ခုသို့
ကျရောက်သွားခြင်းကို ဆန်းလျန် ကျေးဇူးတင်ရမည်
ဖြစ်သည်။
ထိုနေရာသို့ ကျရောက်သွားသည့်အတွက် ပညတ်ချက်များ၏
ရှုတ်ထွေးမှုများ ၊ အသိဉာဏ်ပညာများ ၊ အမြင်ကန့်သတ်ချက်
များ ၊ တာအိုတန်ခိုးစွမ်းအားများ အားလုံးကို ပယ်ဖျက်လိုက်
နိုင်ပြီး အရှိကိုအရှိအတိုင်း သိမြင်နိုင်ခဲ့သည်။
မဟုတ်ပါက ဆန်းလျန် တရားအလင်းရရန် လွယ်ကူမည်
မဟုတ်ပေ။
ယခုတော့ ဆန်းလျန်၏အတွေးများက ရှင်းလင်းကြည်လင်နေ
ပြီး ပျက်စီးသွားသည့် ထိုက်စု ၊ ထိုက်ကျိ ၊ ထိုက်ယိ စိတ်

ဝိညာဉ် (၃)ခုသည် အဆက်မပြတ်ကြီးထွားလာနေသည်။ မူလ ပုံစံအတိုင်းပြန်လည်ဖြစ်တည်လာရန် အချိန်သိပ်မကြာတော့ပေ။

အမှန်တော့ ယခုအချိန်တွင် ဆန်းလျန်အနေဖြင့် တံခါးပိတ် ကျင့်ကြံမှုကို ပြုလုပ်ပြီး မိုးကောင်းကင်လမ်းစဉ်ကို သုံးသပ် သင့်သည်။ ထိုသို့ဆိုလျှင် သူ့အနေဖြင့် ကျင့်စဉ်လမ်းတွင် နောက်ထပ်အဆင့်တစ်ခုသို့ တက်ရောက်သွားနိုင်မည် ဖြစ်သည်။

သို့သော်... သူ မလုပ်နိုင်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော်... တိုက်ပွဲများပြင်းထန်နေပြီး သဘာဝ ဘေးအန္တရယ်များကို မလွှဲသာမရှောင်သာ ခံစားနေကြရသည့် လူသားများကို ဆန်းလျန် လျစ်လျူမရှုနိုင်သောကြောင့် ဖြစ် လေသည်။

သံသရာကို မကျော်လွန်နိုင်သေးသရွေ့ အကြောင်းကြောင့်
အကျိုး ဖြစ်နေပေဦးမည်။ ထိုသို့ဆိုလျှင် ကိလေသာကတော့
ကုန်ခမ်းဦးမည်မဟုတ်ပေ။

ထို့ကြောင့်... ဆန်းလျှန်သည် တာအိုဆရာသခင်ကြီးများ
သံသရာကို ကျော်လွန်သွားသည့် ဓမ္မတရားကို နားလည်
သဘောပေါက်သွားသည့်တိုင် သူ့အနေဖြင့် လောကီကို မစွန့်ခွာ
နိုင်သေးခြင်း ဖြစ်သည်။

တာအိုဆရာသခင်ကြီးများ သံသရာကိုကျော်လွန်သွားပြီး
နောက် မည်သည့်နေရာသို့ ရောက်ရှိသွားကြပါသနည်း။

ထာဝရလွတ်မြောက်ခြင်းဆိုသည့်အရာက မည်သည့်အရာဖြစ်
ပါသနည်း။ ထိုအချက်များကို ဆန်းလျှန် လုံးဝ နားလည်နေပြီ
ဖြစ်သည်။

သို့သော်... သူကတော့ လောကထဲတွင် ကြဲလည်ပြီး
လောကီရေးရာများတွင်ပါဝင်ပတ်သက်ရဦးမည် ဖြစ်သည်။

ဆန်းလျှန်သည် ကျောင်းကင်ထက်တွင် ပေါ့ပေါ်းပါးပါးဟန်ဖြင့် မတ်တတ်ရပ်လျှက် ရှိလေသည်။

ပထမမိုးနတ်မင်း၏ ကျောင်းကင်ဘုံနန်းတော် ၊ ဒုတိယမိုးနတ်မင်း၏ ကျောင်းကင်ဘုံနန်းတော် ၊ တတိယမိုးနတ်မင်းဟု သူ့ကိုယ်သူသတ်မှတ်ထားသည့် ရှမ်တုတောက်ကျွင်းတို့ တည်ဆောက်ခဲ့သည့် ကျောင်းကင်ဘုံနန်းတော်များသည် မတူညီဘဲ ကွဲပြားကောင်းကွဲပြားပေလိမ့်မည်။

သို့သော်... ထိုအရာများသည် လေးလံသည့် ဝန်ထုပ်ဝန်ပိုးများသာ ဖြစ်သည်။

နတ်ဘုရားတို့၏ဘုရင် ဖြစ်ရခြင်းထက် ဆိုးရွားသည့်ဘဝ လောကတွင် မရှိနိုင်တော့ပေ။ ခေတ်အဆက်ဆက် မိုးနတ်မင်းများမှာ အရည်အချင်းရှိသူများဖြစ်ကြသော်လည်း မည်သူမှ စိတ်မချမ်းသာခဲ့ကြပေ။

ရွှမ်တုတောက်ကျွင်းသည် ထိုက်စန့်တာအိုဆရာသခင်၏

လမ်းစဉ်ကို ဆက်ခံခဲ့သူ ဖြစ်သည်။ သို့သော်... သူက

အကြင်နာတရားကင်းမဲ့ပြီး ဖြောင့်မတ်သူတစ်ယောက် မဟုတ်

ပေ။

ထို့ကြောင့် သူတည်ထောင်ထားသည့် ကောင်းကင်ဘုံသည်

အထီးကျန်ပြီး အေးစက်လျှက် ရှိသည်။

ကောင်းကင်ဘုံနန်းတော်သို့ရောက်လာကြသည့် နတ်ဘုရားများ

အားလုံး အေးစက်သည့်အငွေ့အသက်ကြောင့် အတိတ်ကိုပင်

မေ့ပျောက်လုမတတ် ဖြစ်ကြရသည်။

မည်သို့ပင်ဖြစ်စေ ရွှမ်တုတောက်ကျွင်းက ကောင်းကင်ဘုံကို

အုပ်ဆိုးသည့် မိုးနတ်မင်းတစ်ပါးဖြစ်လာပြီး ယခင့်ယခင် မိုး

နတ်မင်းများထက်ဆာလျှင် သက်သောင့်သက်သာရှိသည်ဟု

ဆိုနိုင်သည်။

ကောင်းကင်ဘုံနန်းတော်ဆိုသည်က အကောင်းအဆိုး ရောထွေးယှက်တင် ရှိနေသည့်နေရာတစ်ခုဖြစ်သော်လည်း လောကတစ်ခွင်ရှိ နတ်ဘုရားများအတွက်တော့ ကောင်းမွန်သည့် နေထိုင်ရာနေရာတစ်ခု ဖြစ်လေ၏။

ရွှမ်တုသည် အထီးကျန်သည်ဆိုသော်လည်း ရက်စက်ကြမ်းကြုတ်သူတစ်ယောက်မဟုတ်ပေ။ သူ ယနေ့ရရှိထားသည့် ကျင့်ကြံခြင်းအဆင့်သည်လည်း လွယ်လွယ်နှင့် ရခဲ့သည် မဟုတ်ပေ။

ဆန်းလျန် ဖြေးညင်းစွာလမ်းလျှောက်နေရင်း သူ၏ရန်သူအကြောင်းကို မျှမျှတတ စဉ်းစားနေမိသည်။ သူ၏ရန်သူကတော့ လောလောဆယ်တွင် သူ့ကို တွေ့မြင်နိုင်မည် မဟုတ်ပေ။

ကောင်းကင်ဘုံနန်းတော်မှ နတ်စစ်သည်များသည် ဆန်းလျန်

အတွက်တော့ အသေးအဖွဲ့အရာများသာ ဖြစ်သည်။ စက္ကူ

လေးတစ်စကို ဆွဲဖြဲသကဲ့သို့ ဆန်းလျန် ဆွဲဖြဲလိုက်နိုင်သည်။

သို့သော်... သူတို့သည် ဆန်းလျန် ကောင်းကင်ဘုံနန်းတော်သို့

ဝင်ရောက်လာသည်ကို မသိရှိကြပေ။

တစ်ချိန်တုန်းက မျောက်မင်းစွန်းဝူခုံး ကောင်းကင်ဘုံကို

မွှေနှောက်သည်ထက် ဆန်းလျန်က ပို၍ပင် လွှမ်းမိုးမှု ရှိနေလေ

သည်။

ဘုရင်ရှစ်ပါးနန်းတော်သို့သွားရာလမ်းတွင် ဆန်းလျန်ကို

တားဆီးမည့်သူ တစ်ယောက်မှ မရှိပေ။

ဆန်းလျန်က အသက်တစ်ချက်ရှူလိုက်သည်နှင့် ရာနှင့်ချီသည့်

နတ်စစ်သည်များ အစိတ်စိတ်အမွှာမွှာကွဲကြေကာ လွင့်စင်

ထွက်သွားကြသည်။

ထိုနတ်စစ်သည်များက သက်ရှိလူသားများ မဟုတ်ပေ။

ရွှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားဖြင့် ပဲစေ့များကို နတ်စစ်သည်များအဖြစ် ဖန်ဆင်းထားခြင်းသာ ဖြစ်သည်။

ထိုနတ်စစ်သည်တော်များကို ဖန်ဆင်းရသည့်အကြောင်းရင်းက ကောင်းကင်ဘုံနန်းတော် ပိုမိုခမ်းနားစေရန်နှင့် ထိုက်ယီထျန်းရှန်းအဆင့်နှင့်အထက် နတ်ဘုရားများကို ဝန်ဆောင်မှုပေးရန် ဖြစ်သည်။

နောက်ဆုံး ဆန်းလျန်၏မျက်စိရှေ့တွင် ဘုရင်ရှစ်ပါးနန်းတော်ကို တွေ့မြင်လိုက်ရသည်။

ဘုရင်ရှစ်ပါးနန်းတော်၏ ပတ်ပတ်လည်တွင် ထူးဆန်းသည့် တိမ်တိုက်များဖြင့် ဝန်းရံထားပြီး ထိုနေရာက အထီးကျန် ဆန်လှသည်။ လောကနှင့် သီးခြား ထီးထီးကြီး တည်ရှိနေသည့် အလားပင် ခံစားရစေသည်။

သို့သော်... ဘုရင်ရှစ်ပါးနန်းတော်ကို တည်ထောင်ခဲ့သည့် ထိုက်ချင်တာအိုဆရာသခင် ထိုက်စန့်လောင်ကျွင်းအတွက်တော့ ထိုအရာများက အရေးမပါလှပေ။

ဘုရင်ရှစ်ပါးနန်းတော်ကို ထိုက်စန့်လောင်ကျွင်း တည်ဆောက်ခဲ့ရသည့် အကြောင်းရင်းက အနားယူအပန်းဖြေရန် ဖြစ်လေ၏။ အခြား နက်နဲသည့်အကြောင်းအရာ ဘာတစ်ခုမှ မရှိပေ။

ဆန်းလျန် ဘုရင်ရှစ်ပါးနန်းတော်ထဲသို့ ဝင်ရောက်လာလေသည်။ သို့သော်... ဘုရင်ရှစ်ပါးနန်းတော်သို့ ဝင်ရောက်ရသည်က သုခဘုံသို့ ဝင်ရောက်ရသည်ထက်ပင် ခက်ခဲသေး၏။

ဤသည်မှာ ထိုက်စန့်လောင်ကျွင်းက အော်မီတော်ဖူဗုဒ္ဓထက် တန်ခိုးစွမ်းအားမြင့်မားသောကြောင့် မဟုတ်ပေ။ သံသရာကို ကျော်လွန်သွားကြသည့် ထိပ်တန်းအဓိပတိကြီး (၂)ပါး၏

ပင်ကိုယ်စရိုက်နှင့် ဆုံးဖြတ်ချက်များ မတူညီသောကြောင့်

ဖြစ်သည်။

အော်မီတော်ဖူဗုဒ္ဓက အခြားသူများအတွက် အမြဲတမ်း တံခါး

ဖွင့်လက်ကမ်းကြိုဆိုရန် အဆင်သင့်ဖြစ်နေသော်လည်း ထိုက်

စန့်လောင်ကျွင်းကတော့ အိုဟောင်းအထီးကျန်သည့်နေရာကို

အမြဲတမ်း တံခါးပိတ်ထားချင်သူ ဖြစ်သည်။

ထို့ကြောင့် သူတို့ (၂)ယောက် ဖန်ဆင်းခဲ့သည့်အရာများက

အလိုအလျှောက် ကွဲပြားနေကြခြင်းသာ ဖြစ်တော့၏။

ဘုရင်ရှစ်ပါးနန်းတော်ထဲတွင်... တာအိုဆရာယွိတင်က ယန်

ကျန်းကို ပြောလိုက်သည်။

"ဒီနေရာက ထိုက်စန့်တာအိုဆရာသခင်ရဲ့ နေရာပဲ ၊ နန်းတော်

တံခါးပိတ်လိုက်ပြီဆိုတာနဲ့ ဆန်းလျန် လွယ်လွယ်နဲ့ ဝင်လို့မရ

နိုင်ဘူး ၊ ကျုပ်တို့ ရွှမ်တုတောက်ကျွင်းပြန်လာတဲ့အထိ

အချိန်ဆွဲထားလို့ရတယ်..."

ယန်ကျန်းက ဆရာဖြစ်သူ၏ မျက်နှာကို ကြည့်လိုက်သည်။

ထိုစကားကိုပြောလိုက်သော်လည်း တာအိုဆရာယွိတင်ကို

ကြည့်ရသည်မှာ သိပ်ပြီး ယုံကြည်ချက်ရှိဟန် မတူပေ။

ယန်ကျန်းက စိတ်ထဲမှ တွေးလိုက်သည်။

"ဆရာဦးလေး ရှမ်တုမှာ ယိချီစန်းချင်တန်ခိုးစွမ်းအားရှိပေမယ့်

ဘုရင်ရှစ်ပါးနန်းတော်ကို ပိတ်ထားလိုက်ရင်တောင် ဆန်းလျန်

ကို ခဏပဲ တားဆီးထားနိုင်မှာ..."

ရှေးအချိန်ကတည်းကပင် တာအိုဆရာသခင်ကြီးများ၏ ဂုဏ်

သရေနှင့်ခမ်းနားမှုသည် ဝါဒ (၃)ခုနှင့် ထိုဝါဒ (၃)ခုနောက်သို့

လိုက်ကြသည့် တပည့်သားမြေးများရင်ထဲတွင် အမြစ်တွယ်နေ

ကြလေသည်။

(ဝါဒ (၃)ခု -三教 (san jiao) ဆိုသည်မှာ ကွန်ဖြူးရှပ်ဝါဒ ၊ တာ

အိုဝါဒနှင့် ဗုဒ္ဓဝါဒကို ပြောခြင်းဖြစ်ပါသည် - ဘာသာပြန်သူ)

စန်းရှောင်းနတ်သမီး (၃)ဖော်သည် စန့်ချင်တာအိုဆရာသခင်၏ တပည့်များဖြစ်ကြသည်။ သို့သော်... အရာအားလုံးကို ဆက်ခံနိုင်ခွင့် မရှိခဲ့ကြပေ။

ထို့နောက်တွင်တော့ တာအိုဆရာသောပေါင်သည် ဗုဒ္ဓ၏ အမွေဆက်ခံသူလည်းဖြစ်သလို စန့်ချင်တာအိုဆရာသခင်၏ ပညာအမွေကိုလည်း ဆက်ခံခဲ့သည်။

မည်သို့ပင်ဖြစ်စေ... တာအိုဆရာသခင်ကြီးတစ်ပါး၏ မျက်လုံးထဲတွင်တော့ လူသား ၊ နတ်ဘုရား အရာအားလုံးက ပုရွက်ဆိတ်များအဖြစ်သာ ရှိကြသည်။

ထို့ကြောင့် မိုးနှင့်မြေတွင် စကားတစ်ခွန်းပေါ်လာသည်။

"မည်မျှတော်ပါစေ တာအိုဆရာသခင်ကြီးများ၏ မျက်စိထဲတွင်တော့ ပုရွက်ဆိတ်မျှသာ ဖြစ်သည်" ဟူ၍ ဖြစ်၏။

ဘုရင်ရှစ်ပါးနန်းတော် တည်ဆောက်ထားပုံက အလွန်မြင့်မားပြီး အရံအတားများဖြင့် ပြည့်နေသည်။

သို့သော် ဆန်းလျှန်ကိုတော့ ထိခိုက်စေနိုင်ခြင်းမရှိသည်မှာ ပြောစရာပင် မလိုပေ။ တားဆီးထားသည့်အရာ တစ်ခုပြီးတစ်ခုသည် ဆန်းလျှန်အတွက်တော့ ပြဿနာမရှိပေ။

ယန်ကျန်းနှင့် တာအိုဆရာယွိတင်တို့ နန်းတော်ထဲသို့ ရောက်လာစဉ်က သူတို့ ခိုင်မာသည့် ဆုံးဖြတ်ချက်များကို ချခဲ့ကြသည်။ သို့သော် ယခုတော့ သူတို့ (၂)ယောက်လုံး စိုးရိမ်ပူပန်နေကြပြီ ဖြစ်သည်။

ထို့နောက် သူတို့နားထဲတွင် ရေစီးဆင်းသံတစ်သံကို ကြားလိုက်ရသည်။ အစပိုင်းတွင် ညင်သာသော်လည်း နော်ကပိုင်းတွင်တော့အသံက ပိုမိုကျယ်လောင်လာသည်။

ဘုရင်ရှစ်ပါးနန်းတော်ကြီးတစ်ခုလုံး တုန်ခါလာပြီး အဓိက ခန်းမဆောင်ကြီးအတွင်းတွင်တောက်ပနေသည့် မီးအိမ် (၂)ခု တဖြည်းဖြည်း အလင်းရောင် မှိန်ဖျော့သွားသည်။

ရေစီးဆင်းသံကို ဖုံးလွှမ်းသွားနိုင်ခြင်း မရှိသော်လည်း တာအို ဆရာယို့တင်နှင့် ယန်ကျန်းတို့၏ နားထဲတွင် ရှည်လျားသည့် တာအိုကဗျာတစ်ပုဒ်ကို ကြားလိုက်ရသည်။

"ကျွမ်းချွဲ့ရဲ့ ကဗျာထဲက တံငါလှေကလေး...

တံငါသည်ဟာ လှေထက်မှာ

ခမောက်ကိုဆောင်းပြီး ငါးမြှားတံကို ကိုင်ဆောင်ထား...

လှေငယ်ဟာ အပြာရောင်ရေထဲမှာ သွားလာရင်း...

ကမ်းခြေများစွာမှာလည်း ရပ်နားခဲ့...

သူက အတိတ်ကလို တံငါသည်တစ်ယောက် မဟုတ်တော့ပါ...

လောကရဲ့ကံကြမ္မာကိုဖုံးကွယ်ပြီး သီလကိုနားလည်လာ...

အရာရာတိုင်းတွင် မိမိသည်သာ အဓိကပါ...

မိမိကိုယ်သာ ကိုးကွယ်ရာ...

မိုးကောင်းကင်၏အလိုတော်နှင့် မသက်ဆိုင်ပါ..."

ကဗျာရွတ်သံသည် နက်ရှိုင်းပြီး တာအိုမဟာလမ်းစဉ်ကို

ဖော်ကျူးနေလေသည်။

မည်သည့်အခါမှ မမေ့နိုင်တော့မည့် ကဗျာတစ်ပုဒ်ပင် ဖြစ်၏။

ကဗျာ၏ နောက်ဆုံးအပိုဒ်ဖြစ်သည့် ...

"အရာရာတိုင်းတွင် မိမိသည်သာ အဓိကပါ...

မိမိကိုယ်သာ ကိုးကွယ်ရာ...

မိုးကောင်းကင်၏အလိုတော်နှင့် မသက်ဆိုင်ပါ..."

ဆိုသည့်နေရာအရောက်တွင် ပုံရိပ်တစ်ခု ပေါ်လာလေသည်။

ထိုပုံရိပ်မှာ "ဆန်းလျန်သည် လောကီဒုက္ခပင်လယ်ထဲတွင် လှေ

လေးတစ်စင်းဖြင့် အထီးကျန်စွာ ရွက်လွှင့်နေပြီး သူ့ပုံစံ

အေးဆေးသက်သာ ရှိလှသည်။

မုန်တိုင်းက မည်မျှပြင်းထန်ပါစေ ဆန်းလျန်၏ လှေငယ်ကို

တော့ ထိခိုက်နိုင်ခြင်း မရှိပေ။"

ထိုပုံရိပ်သည် ဒီရေလှိုင်းများနှင့်အတူ မျောပါလာပြီး ယန်ကျန်း၏ စိတ်နှလုံးကို တုန်ခါသွားစေလေသည်။

အခန်း (၉၄၅) သံသရာပင်လယ်

တာအိုဆရာယို့တင်၏မျက်နှာ ဖြူဖပ်ဖြူလျော်ဖြစ်သွားလေသည်။

တာအိုဆရာယို့တင်၏ ကျင့်ကြံခြင်းအဆင့်နှင့် တန်ခိုးစွမ်းအားများက ယန်ကျန်းထက် များစွာသာလွန်သည်။ သူ ကျင့်ကြံခဲ့သည့် ကျင့်စဉ်များကလည်း ယွမ်စီထျန်းကျွင်းထံမှ လက်ဆင့်ကမ်းခဲ့သည့် ပညာများ ဖြစ်သည်။

ထို့ကြောင့် ဆန်းလျန် ဘုရင်ရှစ်ပါးနန်းတော်ကို ထိုးဖောက် တိုက်ခိုက်လိုက်သည့် တန်ခိုးစွမ်းအားမှာ မည်သည့်တန်ခိုး စွမ်းအားဖြစ်သည်ကို ချက်ချင်းပင် သိရှိလိုက်သည်။

ထိုတန်ခိုးစွမ်းအားသည် ဆန်းလျန်၏ ကိုယ်ပိုင်တာအိုတရား ဖြစ်လေသည်။ ဆန်းလျန်အသုံးပြုလိုက်သည့် ထိုတန်ခိုး စွမ်းအားကို တစ်စုံတစ်ယောက်က အမည်ပေးမည်ဆိုလျှင် "သံသရာပင်လယ်" တန်ခိုးစွမ်းအားဟု ခေါ်ဆိုနိုင်မည် ဖြစ်သည်။

ကျယ်ပြန့်သည့် လောကကြီးက ကိလေသာမြူမှုံများကြားတွင် လည်ပတ်လျှက်ရှိပြီး အချိန်နှင့်ကံကြမ္မာကလည်း ရောယှက် လျှက်ရှိသည်။ ထိုလောကကြီးကို သံသရာပင်လယ်ဟု ခေါ် ခြင်းဖြစ်ပြီး သတ္တဝါအနန္တတို့သည် သံသရာပင်လယ် ၊ ဒုက္ခ ပင်လယ်ထဲတွင် နစ်မြုပ်လျှက် ရှိကြသည်။

သို့သော်... ဆန်းလျန်ကတော့ သံသရာပင်လယ်ကြီးထဲတွင် အေးအေးဆေးဆေး ရှက်လွှင့်နေခဲ့လေသည်။ ဤသည်က အယူအဆမှဖြစ်ပေါ်လာသည့် တန်ခိုးစွမ်းအားဖြစ်ပြီး ထို တန်ခိုးစွမ်းအားဖြင့် ထိပ်တန်းအဆင့် ဘုရင်ရှစ်ပါးနန်းတော်ကို တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

တာအိုဆရာသခင်ကြီးများကတော့ ဒုက္ခသံသရာမှ ကျော် လွန်သွားကြပြီ ဖြစ်သည်။

သို့သော်... တာအိုဆရာသခင်ကြီးများ ဖန်ဆင်းခဲ့ကြသည့် အရာဝတ္ထုများကတော့ သံသရာတွင် ကြဉ်လည်နေကြဆဲ ဖြစ်၏။

ဘုရင်ရှစ်ပါးနန်းတော်သည်လည်း ထိုက်စန့်တာအိုဆရာသခင် ဖန်ဆင်းခဲ့ပြီး သံသရာထဲတွင် ကျန်ရစ်ခဲ့သည့် နန်းတော်ကြီး တစ်ခုဖြစ်လေသည်။

ထိုနန်းတော်ကြီးသည် ယနေ့တော့ အပြင်းထန်ဆုံး တိုက်ခိုက်မှုကို ရင်ဆိုင်ခဲ့ရပြီ ဖြစ်သည်။

ဘုရင်ရှစ်ပါးနန်းတော် စတင်ဖြစ်တည်လာကတည်း ထိုမျှပြင်းထန်သည့်တိုက်ခိုက်မှုမျိုးကို တစ်ခါမှ ရင်မဆိုင်ခဲ့ရဖူးပေ။ ယခုတော့ သမိုင်းတစ်လျှောက် တစ်ခါမှမပျက်စီးခဲ့ဖူးသော ဘုရင်ရှစ်ပါးနန်းတော်သည် ဆန်းလျန်ကြောင့် ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

ထိုသို့သောတိုက်ခိုက်မှုသည် ထိုက်စန့်တာအိုဆရာသခင်အပေါ် မလေးမစား လုပ်ခြင်းသာ ဖြစ်ပြီး ရှေးခေတ်အချိန်အခါ တစ်လျှောက်လုံး ထိုသို့ပြုလုပ်ရဲသူ တစ်ယောက်မှ မရှိပေ။

ဆန်းလျန်ကတော့ ဘုရင်ရှစ်ပါးနန်းတော်ကို အချိန်တိုအတွင်း ဖျက်စီးပစ်လိုက်နိုင်သည့် ပထမဆုံးသော နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

ဆန်းလျန်တွင် ကြီးမားသည့်အရှိန်အဟုန်ကိုပိုင်ဆိုင်ပြီး သူလုပ်

ချင်ရာလုပ်နိုင်သူ ဖြစ်သည်။

နောက်ဆုံးတော့ ဆန်းလျန်သည် ဘုရင်ရှစ်ပါးနန်းတော်ရှိရာသို့

ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။

တာအိုဆရာယွိတင် ဆုံဖြတ်ချက်ခိုင်မာစွာချလိုက်ပြီး ဘုရင်

ရှစ်ပါးနန်းတော်တံခါးကို ဖွင့်လိုက်လေ၏။

ထိုအခါ... ပင်လယ်ရေများသည် ဘုရင်ရှစ်ပါးနန်းတော်

အတွင်းသို့ ဒရကြမ်း စီးဆင်းဝင်ရောက်လာပြီး ဘုရင်ရှစ်ပါး

နန်းတော်အတွင်းမှ တာအိုတန်ခိုးစွမ်းအားများအားလုံးကိုစုပ်

ယူပစ်လိုက်လေသည်။

ထိုအချိန်မှာပင်... နန်းတော်ထဲတွင် တိမ်တိုက် (၃)ခု ဖြစ်တည်

လာပြီး ထိုတိမ်တိုက်များက တာအိုဆရာ (၃)ပါး အဖြစ် အသွင်

ပြောင်းလဲသွားသည်။

ထိုတန်ခိုးစွမ်းအားမှာ "ယိချီစန်းချင်" တန်ခိုးစွမ်းအားပင်

ဖြစ်သည်။

ယိချီစန်းချင်ကျင့်စဉ်မှာ ထိုက်စန့်လောင်ကျွင်း တီထွင်ထားခဲ့

သည့် တန်ခိုးစွမ်းအားကျင့်စဉ် (၁)ခုပင် ဖြစ်သည်။ ယိချီစန်း

ချင်ကျင့်စဉ်မှ ထွက်ပေါ်လာသည့် ကိုယ်ခွဲ (၃)ခုသည် မတူညီ

သည့် တန်ခိုးစွမ်းအား (၃)မျိုးကို ထုတ်ဖော်ပေးမည် ဖြစ်သည်။

ယိချီစန်းချင်ပညာကို ကျင့်ကြံအောင်မြင်သွားပါက ထိုက်ချင် ၊

စန့်ချင် ၊ ယွိချင်ဆိုသည့် တာအိုဆရာသခင်ကြီး (၃)ပါး၏

တန်ခိုးစွမ်းအား (၃)ခုကို ပိုင်ဆိုင်သည့် ကိုယ်ခွဲ (၃)ခု ထွက်

ပေါ်လာမည် ဖြစ်သည်။

တစ်ချိန်တုန်းက ရှမ်တုတောက်ကျွင်းကို ကွမ်ရင်မယ်တော် ၊

ကျန့်ယွမ်ကျီနတ်မင်းကြီးနှင့် မျောက်မင်းစွန်းဝူခုံးတို့ ဝိုင်းဝန်း

တိုက်ခိုက်ကြစဉ်က ထိုတန်ခိုးစွမ်းအားကို ရှမ်တုတောက်ကျွင်း

တစ်ကြိမ် အသုံးပြုခဲ့ဖူးသေးသည်။

သို့သော်... ထိုစဉ်က ရွှမ်တုတောက်ကျွင်းသည် ယိချီစန်းချင်တန်ခိုးစွမ်းအားကို အောင်မြင်ခြင်း မရှိသေးပေ။

ယခုလည်း ရွှမ်တုတောက်ကျွင်းသည် ယိချီစန်းချင်တန်ခိုးစွမ်းအားကို အောင်မြင်ခြင်းမရှိသေးသည့်တိုင် အဆင့်အနည်းငယ် မြင့်တက်လာအောင် ကျင့်ကြံနိုင်ခဲ့သည်။

ဤသည်ပင်လျှင် အလွန်မှ အံ့သြစရာကောင်းလှပြီး ရွှမ်တုတောက်ကျွင်း၏အရည်အချင်းကို ပြသနေခြင်းပင် ဖြစ်တော့သည်။

ရွှမ်တုတောက်ကျွင်းက ဆန်းလျန်နှင့် တိကျန်ဗောဓိသကျကို လျှပ်တပြက် ရင်ဆိုင်ရန်အတွက် ဘုရင်ရှစ်ပါးနန်းတော်တွင် ဤတန်ခိုးစွမ်းအားကို အရံအတားအဖြစ် ပြုလုပ်ထားခဲ့ခြင်းဖြစ်၏။

ဘုရင်ရှစ်ပါးနန်းတော်ထဲတွင် တာအိုဆရာသခင်ကြီးများ၏ အငွေ့အသက်များဖြင့် ပြည့်နက်နေလေသည်။

ယွိချင်တာအိုဆရာသခင်၏ လက်ထဲတွင် အနီရောင်ပုတီးတစ်ကုံးကို ကိုင်ထားသည်။

သူက ပုတီးကုံးကို လေထဲသို့ ပစ်လွှတ်လိုက်သည့်အခါ ပုတီးစေ့များက ရုတ်တရက် ပေါက်ကွဲထွက်သွားပြီး ဘုရင်ရှစ်ပါးနန်းတော်ထဲမှ လေထုတစ်ခုလုံး ဖရိုဖရဲပြိုကွဲ ပျက်စီးသွားလေသည်။

ထို့နောက် ထိုက်ချင်တာအိုဆရာသခင်က ရွှေရောင်တံတားကြီးတစ်ခုကို ဖန်ဆင်းလိုက်သည်။

ယန်ကျန်းနှင့် တာအိုဆရာသခင်ယွိတင်တို့သည် မီးအိမ်များကို ကိုယ်စီကိုင်ဆွဲကာ ဖရိုဖရဲဖြစ်နေသည့် လေထုနှင့် ကင်းလွတ်ရာနေရာသို့ ရှောင်တိမ်းလိုက်သည်။

စန့်ချင်တာအိုဆရာသခင်၏ မျက်နှာကတော့ တည်ကြည်လေးနက်နေပြီးသူ၏လက်ထဲတွင် ကျောက်စိမ်းကျိုင်းတံကို ကိုင်ဆောင်ထားလေသည်။

ထိုကျောက်စိမ်းကျိုင်းတံက လောကကြီးကို အချိန်မရွေး ရိုက်ချလိုက်တော့မည့်အလား ထင်မှတ်ရသည်။

အချိန်တိုအတွင်းမှာပင် ဘုရင်ရှစ်ပါးနန်းတော်တစ်ခုလုံး ရေများဖြင့်ဖုံးလွှမ်းသွားပြီး မြူခိုးများဖြင့် ဖုံးလွှမ်းသွားလေသည်။

သံသရာပင်လယ်ပြင်က အဆုံးမရှိစီးဆင်းနေပြီး နန်းတော်ကြီးတစ်ခုလုံးက တုန်လှုပ်နေလေသည်။

ယိချီစန်းချင်းတန်ခိုးစွမ်းအားသည် သိပ်ပြီး ကြာရှည်ခံမည်မဟုတ်သည်ကို ဆန်းလျန် သိရှိလေသည်။ သို့သော်... ရှမ်တုတောက်ကျွင်းသာ ပြန်ရောက်လာပါက ဆန်းလျန် ကြိုးစားထားသမျှ သဲထဲရေသွန် ဖြစ်ရပေမည်။

ဆန်းလျန်သည် ကြမ်းခင်မပါသည့် လှေငယ်ထက်တွင် ရွက်လွှင့်လာပြီး ရွှေရောင်တံတားကြီး အနီးအပါးသို့ ရောက်ရှိလာသည်။

တာအိုဆရာသခင်ကြီး (၃)ပါးက သူ့ရှေ့တွင် ရှိနေလေသည်။ တာအိုဆရာသခင်ကြီးများက နေရာတိုင်းတွင် ရှိနေမည့်ဟန် ဖြစ်သည်။

ရွှေရောင်တံတားထက်တွင် ယန်ကျန်းလက်တွင် မီးအိမ် တစ်လုံးကိုကိုင်ထားပြီး တာအိုဆရာယွိတင်လက်ထဲတွင်လည်း မီးအိမ်တစ်လုံးကို ကိုင်ထားသည်။

မီးအိမ်များက ဖရိုဖရဲဖြစ်နေသည့် လေထုအရှိန်ဖြင့် လှုပ်ရှား နေကြပြီး ထိုမီးအိမ် (၂)ခုနောက်ကွယ်တွင် မရေမတွက်နိုင် သည့် လျှို့ဝှက်ချက်များ ပြည့်နက်လျှက် ရှိသည်။

တာအိုဆရာယွိတင်၏လက်ထဲတွင် ကိုင်ထားသည့် မီးအိမ်က ရောင်စုံဖန်သားဖြင့်ပြုလုပ်ထားသည့် မီးအိမ်တစ်ခု ဖြစ်သည်။ ထိုမီးအိမ်က ကျောက်စိမ်းဝိညာဉ်နန်းတော်မှ မီးအိမ် ဖြစ် လေ၏။

ယန်ကျန်း၏လက်ထဲတွင် ကိုင်ထားသည့်မီးအိမ်ကတော့ ဘုရင်ရှစ်ပါးနန်းတော်မှ မီးအိမ် ဖြစ်သည်။

ဆန်းလျန်က သူ့ကို ခြိမ်းခြောက်နေဟန်ရှိသည့် တာအိုဆရာသခင်ကြီး (၃)ပါးကို အရေးမစိုက်ပေ။ မီးအိမ် (၂)ခုကိုသာ စူးစိုက်ကြည့်နေလေသည်။

တာအိုဆရာယ္ပိတင်၏ဘဝတွင် ဆန်းလျန်၏မျက်ဝန်းများကဲ့သို့ စူးရှလွန်းလှသည့် မျက်ဝန်းများကို တစ်ခါမှ မတွေ့မြင်ဖူးပေ။ ရှည်လျားစွာနေထိုင်ခဲ့ရသည့် ဘဝတစ်လျှောက်လုံးတွင် ဓားသွားပမာထက်ရှနေသည့် ထိုမျက်ဝန်းမျိုးကို ယခုတစ်ကြိမ်သာ တွေ့မြင်ဖူးခြင်း ဖြစ်သည်။

ဆန်းလျန်က ဓားနတ်ဘုရားတစ်ပါးမဟုတ်ပေ။ သို့သော်... သူ့ထံမှထွက်ပေါ်နေသည့် ထက်ရှသည့်ဓားငွေ့အသက်များကတော့ မရဏဓားတစ်လက်အလား ဖြစ်လေသည်။

ဆန်းလျန်နှင့်ယှဉ်လျှင် သူက ဘာမှမဟုတ်သည်ကို တာအိုဆရာယို့တင် သိရှိလိုက်သည်။ ဆန်းလျန်က ကြီးမြတ်ခမ်းနားသူတစ်ယောက်ဖြစ်ပြီး သူကတော့ ဘာကောင်မှ မဟုတ်ပေ။

သူက ရွှေရောင်တံတားထက်မှ ဆန်းလျန်ကို ငုံ့ကြည့်နေသည့်တိုင် ဆန်းလျန်၏ ကြီးမြတ်ခြင်းက မြင့်မားလျှက် ရှိနေသည့်အလားခံစားနေရသည်။

ထိုခံစားချက်ကြောင့်ပင် သူ ဆန်းလျန်ကို ရင်ဆိုင်တိုက်ခိုက်ရန်မဝံ့မရဲဖြစ်နေတော့သည်။ ဆန်းလျန်နှင့် တိုက်ခိုက်ခဲ့လျှင်လည်း တိုက်ပွဲက နိုင်ချေမရှိပေ။

တာအိုဆရာယို့တင်၏ စိတ်ထဲတွင် ဒွိဟများဖြစ်နေသည်။

ဖန်ကူအလံသည် သူ့ဘဝတစ်လျှောက်လုံး တန်ခိုးစွမ်းအားများကို ပေးအပ်ခဲ့သည့် ရတနာပစ္စည်းတစ်ခု ဖြစ်သည်။ သို့သော်... ယခုတော့ ဖန်ကူအလံကလည်း သူ့ကို ယုံကြည်ချက်လေးတစ်ခုတစ်လေပင် မပေးနိုင်တော့ပေ။

မှော်ဝင်ပစ္စည်းများအပေါ် မှီခိုအားထားခြင်းက ပင်ကိုယ်တန်ခိုး

စွမ်းအားလောက် အရေးမပါသည်ကို တာအိုဆရာယွိတင်

နောက်ဆုံးတော့ နားလည်ခဲ့ပြီ ဖြစ်သည်။

ဖန်ကူအလံ ၊ ထိုက်ချိယင်ယန်ပန်းချီကား အစရှိသည့် မှော်ဝင်

ပစ္စည်းများက အမှန်တကယ်ပင် လူတစ်ယောက်၏ တန်ခိုး

စွမ်းအားကို ဖော်ထုတ်နိုင်ခြင်း မရှိပေ။

တာအိုဆရာယွိတင်သည် စိတ်ဓာတ်အကျကြီးကျလျှက် ရှိလေ

တော့သည်။

သူ၏စိတ်ဓာတ်ကျမှုများက တပည့်ဖြစ်သူ ယန်ကျန်းဆီသို့

လည်း ကူးဆက်သွားသည်။ ယန်ကျန်းလည်း စိတ်ဓာတ်ကျစ

ပြုလာလေသည်။

သို့သော်... ရုတ်တရက်ပင် ယန်ကျန်း၏ခန္ဓာကိုယ် တောင့်ခနဲ

ဖြစ်သွားပြီး စိတ်အားထက်သန်မှုများ ပြန်လည်ရရှိလာသည်။

သူက ရှုတ်ထွေးပြီး အဓိပ္ပါယ်မဖော်နိုင်သည့်အကြည့်တစ်ချက်ဖြင့် ဆရာဖြစ်သူကို ကြည့်လိုက်လေသည်။

သူ ဂရုတစိုက်ဖြင့် ပညာသင်ကြားပေးလာခဲ့သည့် တပည့်ဖြစ်သူ၏ မျက်ဝန်းထဲတွင် စိတ်ဓာတ်ကျခြင်းများကို တာအိုဆရာယို့တင် မတွေ့မြင်ရပေ။

သူတွေ့မြင်လိုက်ရသည်က ဘယ်တော့မှ အရှုံးမပေးသည့် ရဲ့စွမ်းသတ္တိနှင့် အကြွင်းမဲ့ စိတ်ဓာတ် ဖြစ်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများက မြင့်မားလွန်းသည်။

သို့သော်... ယန်ကျန်းကတော့ အောင်မြင်ခြင်း ၊ ရှုံးနိမ့်ခြင်းများကို အလေးမထားတော့ပေ။

အတိတ်တစ်ချိန်က စစ်နတ်ဘုရားဟု ဂုဏ်သရေမြင့်မားခဲ့သည့် သူ၏ ဂုဏ်သိက္ခာများကို ယန်ကျန်း ပြန်လည်ရယူလိုက်ပြီး မီးအိမ်ကို ကိုင်မြှောက်လိုက်သည်။

မီးအိမ်မှ တောက်လောင်နေသည့်မီးတောက်က သူ၏နှလုံးသား

ထဲအထိ စီးဆင်းဝင်ရောက်သွားသည့်အလား ထင်မှတ်ရသည်။

ဘုရင် (၈)ပါးနန်းတော်၏ မီးအိမ်က သူ့နှလုံးသားထဲတွင်

ခွန်အားပြည့်ဝလာစေရန် ထောက်ပံ့ပေးသည်။

ချက်ချင်းပင်... ယန်ကျန်း ရွှေရောင်တံတားကြီးပေါ်မှ ခုန်ဆင်း

လိုက်ပြီး ဆန်းလျန်ကို စတင်တိုက်ခိုက်လိုက်လေတော့သည်။

ယန်ကျန်း၏ တိုက်ခိုက်မှုက မည်သူမှ မျှော်လင့်မထားသည့်

တိုက်ခိုက်မှုဖြစ်သည်။

မီးအိမ်မှထွက်ပေါ်နေသည့် အလင်းရောင်ကြောင့် ယန်

ကျန်း၏ခန္ဓာကိုယ်တွင် အလင်းရောင်မှိန်မှိန်လေး တောက်ပ

နေသည်။

ယခုတစ်ကြိမ်တိုက်ခိုက်မှုက ယန်ကျန်း၏ လုပ်ရပ်နှင့်

ရဲစွမ်းသတ္တိသည် မမှားယွင်းကြောင်း လူအများကို သင်ပြပေး

နေသည့်အလား ဖြစ်လေသည်။

ဆန်းလျန် ရွက်လှွင့်လာသည့် ကြမ်းခင်းမရှိသည့်လှေငယ်နှင့် (၁၀)ပေအကွာသို့ ယန်ကျန်း ရောက်ရှိလာသည်။ ထိုအကွာ အဝေးလောက်က နတ်ဘုရားများအတွက် ဝေးသည်ဟု မဆို သာပေ။

သို့သော်... ထိုအကွာအဝေးကို ဖြတ်ကျော်ရန်မှာ လူ့လောကမှ သာမန်လူတစ်ယောက်အတွက်တော့ အလွန်ခက်ခဲသည်ဟု ဆို နိုင်သည်။

ဆန်းလျန်က လက်များကို ဒီအတိုင်းဘေးသို့ ချထားပြီး မည် သည့်တိုက်ခိုက်မှုမှ မပြုလုပ်ပေ။

ယန်ကျန်း၏ လှုပ်ရှားမှုက ဥက္ကာပျံတစ်စင်းထက်ပင် မြန်ဆန် ပြီး မီးအိမ်မှ ထွက်ပေါ်နေသည့်အလင်းရောင်ပင်လျှင် ယန် ကျန်းလောက်လျှင်မြန်ခြင်း မရှိပေ။

ယန်ကျန်း၏ လက်ဝါးရိုက်ချက်က ချက်ချင်းပင် (၁၀)ပေ အကွာအဝေးကို ဖြတ်သန်းဝင်ရောက်သွားလေသည်။

ချက်ချင်းပင် သံသယာပင်လယ်တစ်ခုလုံး လှိုင်းများထန်သွားသည်။

ထိုအချိန်မှာပင်... ဆန်းလျန်၏ ခန္ဓာကိုယ်မှ အလင်းရောင်တစ်ချက်ဖြာလင်းထွက်ပေါ်လာသည်။

အချိန်၏မျက်နှာပြင်က ရှည်လျားကွေ့ကောက်သွားပြီး ယန်ကျန်း၏ လက်ဝါးရိုက်ချက်ကို ဆန်းလျန်က ကာကွယ်ထားလိုက်သည်။

လက်ဝါးရိုက်ချက်က နှေးကွေးသွားခြင်း မရှိသော်လည်း အချိန်ကို ဆွဲဆန့်လိုက်ခြင်း ဖြစ်သည့်အတွက် လက်ဝါးရိုက်ချက်က ဆန်းလျန်ထံသို့ ကျရောက်လာခြင်း မရှိတော့ပေ။

အချိန်သည် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တိုင်းတွင် အရေးပါသည့်အရာဖြစ်သည်။

အချိန်ကို ထိတွေ့ကိုင်တွယ်၍ မရနိုင်သလို မြင်လည်း မြင်နိုင်စွမ်းမရှိကြပေ။ သို့သော်... သက်ရှိများအားလုံးက အချိန်၏တည်ရှိမှုကို နားလည်ပြီး တန်ဖိုးလည်း ထားကြသည်။

ဆန်းလျန်ကဲ့သို့သော အချိန်ကို လိုသလိုကစားနိုင်လျှင် လူသားများ၏ စိတ်ကူးအိပ်မက်ကို ကျော်လွန်သွားနိုင်လေသည်။

ဆန်းလျန်သည် အခြားကမ္ဘာတစ်ခုသို့ ရောက်ရှိနေသည့် အလား ယန်ကျန်းခံစားလိုက်ရသည်။

ယန်ကျန်းရှိနေသည့်လောကသည် ပန်းချီကားတစ်ချပ်အလား ဖြစ်ပြီး ဆန်းလျန်ကတော့ ပန်းချီဆရာဖြစ်လေသည်။

ယန်ကျန်း မည်မျှပင် တန်ခိုးစွမ်းအားမြင့်မားပါစေ သူက ဆန်းလျန်၏ စုတ်ချက်တင်ခံထားရသည့် ပုံရိပ်တစ်ခုသာ ဖြစ်သည်။

ယန်ကျန်းက ဆန်းလျန်ကို အထင်ကြီးနေမိသောကြောင့် ဘက်လိုက်သည့်အတွေးကို တွေးမိသည်လား မဆိုနိုင်ပေ။

လက်ရှိအချိန်တွင် ဆန်းလျန်သည် သံသရာကို ကျော်လွန်သွားပြီး လူ့လောကထဲတွင် တည်ရှိနေသည့် ပုဂ္ဂိုလ်တစ်ယောက်နှင့် ဆင်တူနေသည်။

ဆန်းလျန်၏ပုံစံက အခြားသူများအားလုံးထက် မြင့်မားနေပြီး တာအိုတရား၏ အဆုံးသတ်ကို တက်လှမ်းနိုင်ရန် နီးစပ်နေပြီ ဖြစ်သည်။

ယန်ကျန်းလက်ထဲတွင် ကိုင်ဆောင်ထားသည့် ဘုရင်ရှစ်ပါးနန်းတော်မှ မီးအိမ်က အလင်းရောင်များဖြာလင်းထွက်ပေါ်နေသည်။

အလင်းရောင်များက ယန်ကျန်း၏ ခန္ဓာကိုယ်ထဲသို့ စီးဆင်းဝင်ရောက်သွားပြီး ယန်ကျန်းကိုကြည့်ရသည်မှာ စိတ်ရှုတ်ထွေးနေပုံရသည်။

ထို့နောက် သိပ်သည်းသည့်တန်ခိုးစွမ်းအားတစ်ခုက ယန်ကျန်း၏ ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။

ထိုတန်ခိုးစွမ်းအားက အံ့ဩဖွယ်ကောင်းပြီး မပျက်စီးနိုင်သည့် စွမ်းအားတစ်ခုဖြစ်သည်ကို ယန်ကျန်းခံစားလိုက်ရသည်။ ယန်ကျန်း၏လက်ထဲတွင် နှစ်ဖက်သွားသုံးမြှောင့်ဓား ထွက်ပေါ်လာလေသည်။ ထိုဓားအတွင်းသို့ ဘုရင်ရှစ်ပန်းနန်းတော်၏ မီးအိမ်မှ တန်ခိုးစွမ်းအားများ စီးဆင်းဝင်ရောက်သွားသည်။ ဘုရင်ရှစ်ပါးနန်းတော်မှ မီးအိမ်သည် လောကရှိ အခြားသော မှော်ဝင်ပစ္စည်းများနှင့် မတူညီဘဲ ကွဲပြားခြားနားသည်။ ထို မီးအိမ်တွင် လောကကိုတုန်လှုပ်စေသည့် တန်ခိုးစွမ်းအားမျိုး မရှိပေ။

ထိုမီးအိမ်၏ လုပ်ဆောင်ချက်မှာ မီးအိမ်ထွန်းလင်းနေသည့် ကာလတစ်လျှောက် လူသားများ၏ အဆုံးမရှိသည့် ဖြစ်နိုင်ချေများကို ပြသလမ်းညွှန်ပေးခြင်းသာ ဖြစ်သည်။

အမှန်တော့ လူသားတိုင်းက အဖိုးတန်သူများဖြစ်ပြီး ဖြစ်နိုင်ချေကလည်း အဆုံးမရှိပေ။ ဘုရင်ရှစ်ပါးနန်းတော်မှ မီးအိမ်က ထိုအရာကို ဖွင့်လှစ်ပြသခြင်း ဖြစ်သည်။

ယန်ကျန်း၏ဘဝတွင် စွမ်းအားအမြင့်မားဆုံးအနေအထားသို့ ရောက်ရှိလာပြီး များပြားလှစွာသော တန်ခိုးစွမ်းအားများ ထွက်ပေါ်လာသည်။ ကွမ်ရင်မယ်တော်ထက်ပင် အဆပေါင်း (၁၀၀)မက စွမ်းရည်များထက်မြက်လျှက်ရှိသည်။

စောစောကပြောခဲ့သလို ယန်ကျန်းသည် ပန်းချီကားထဲမှ လူသားတစ်ယောက်ဆိုပါလျှင် ယခုအချိန်တွင် သူ၏ ထက်ရှသည့် ဝိညာဉ်သည် ပန်းချီကားကို ထိုးဖောက်ထွက်လာခဲ့ပြီ ဖြစ်လေသည်။

လောကရှိပညာရှင်တစ်ယောက်ရေးဆွဲထားသည့် ပန်းချီကား တစ်ချပ်ပမာ စုတ်ချက်အနည်းငယ်ကပင် စွဲဆောင်နိုင်စွမ်းဖြင့်

ပြည့်ဝနေပြီး လူအများကို ထိတ်လန့် တုန်လှုပ်သွားစေမည် ဖြစ်လေတော့၏။

အခန်း (၉၄၆) အသေတိုက်ခိုက်ခြင်း

ဆန်းလျန်သည် ကြမ်းခင်းမပါသည့် လှေငယ်ထက်တွင် ရပ်နေဆဲ ဖြစ်သည်။

ယန်ကျန်းက စူးရှသည့်အကြည့်များဖြင့် ဆန်းလျန်ကိုကြည့်နေပြီး ဆန်းလျန်ကလည်း ယန်ကျန်းကို ပြန်လည်စိုက်ကြည့်နေသည်။ ဆန်းလျန်၏ မျက်ဝန်းများက ယန်ကျန်း၏ မျက်ဝန်းများထက်ပင် ပိုမိုစူးရှတောက်ပနေသေး၏။

ဆန်းလျန်၏ စူးရှသည့်မျက်ဝန်းများက တန်ခိုးစွမ်းအားများ

နှင့်ပြည့်ဝနေပြီး ရာထောင်ချီသည့် ဓားဝိညာဉ်များဖြင့်

တိုက်ခိုက်နေသည့်အလား ထင်မှတ်ရသည်။

ထိုအချိန်မှာပင်... လေထဲတွင် မရေမတွက်နိုင်အောင်များပြား

သည့် ယန်ကျန်းများ ထွက်ပေါ်လာပြီး နှစ်ဖက်သွားသုံးမြှောင့်

ဓားကို ဝှေ့ရမ်းကာ ဆန်းလျန်ကို တိုက်ခိုက်လိုက်သည်။

ယန်ကျန်း၏ ဓားသိုင်းပညာက ပြိုင်ဘက်ကင်းလေ၏။

သို့သော်... ယန်ကျန်းရင်ဆိုင်ရသည့်သူက အခြားသူမဟုတ်ပေ။

ဆန်းလျန် ဖြစ်လေ၏။

ဆန်းလျန်၏ တန်ခိုးစွမ်းအားကအလွန်မြင့်မားလေရာ ယန်

ကျန်း၏ဓားချက်များက ဆန်းလျန်ကို ထိုးဖောက်နိုင်ခြင်း မရှိ

ပေ။

သူ တကယ်ပဲ ဆန်းလျန်နှင့် ရင်ဆိုင်နေရပြီဟု ယန်ကျန်းသိရှိ

လိုက်သည်။

ဆန်းလျန် မည်မျှ တန်ခိုးစွမ်းအားမြင့်မားပါစေ သူကတော့ အကောင်းဆုံး ကြိုးစားတိုက်ခိုက်သွားမည်ဟု ယန်ကျန်း ဆုံးဖြတ်လိုက်သည်။

ဆန်းလျန်၏ မျက်ဝန်းများက ခံစားချက်ကင်းမဲ့နေလေသည်။ ယန်ကျန်းဆိုသည်က ကျောက်စိမ်းဝိညာဉ်နန်းတော်၏ တတိယမျိုးဆက်တပည့်များထဲမှ အတော်ဆုံးတပည့်ဖြစ်လေ၏။

ယန်ကျန်းကတော့ သူ့ကိုယ်သူပင် မယုံနိုင်ဖြစ်နေမိသည်။ ဘုရင်ရှစ်ပါးနန်းတော်ာမှ မီးအိမ်ကိုကိုင်ဆောင်ပြီး သူ ကျင့်စဉ်လမ်း အဆင့်တက်သွားခဲ့ပြီ ဖြစ်လေသည်။ မီးအိမ်မှ ထွန်းလင်းပြသသည့် ဖြစ်နိုင်ချေများကို ယန်ကျန်း အကောင်းဆုံးအသုံးချနိုင်ခဲ့သည်။

သို့သော်... ဆန်းလျန်ကတော့ ထိုအချက်ကို အသိအမှတ်ပြု အလေးအနက်ထားပါမည်လား မသေချာပေ။

ယန်ကျန်း ကျင့်စဉ်လမ်း အဆင့်တက်သွားသော်လည်း ဆန်း

လျန်၏ ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားများကို ခံစားမိ

သည့်အခါ အနည်းငယ် စိတ်ဓာတ်ကျသွားမိသည်။

ယန်ကျန်း၏ဓားက ပိုမိုစူးရှထက်မြက်လာသည်။

သူ၏ဓားသွားသည် ဆန်းလျန်၏ စိတ်ဝိညာဉ်ကို ဆူးသွားလေး

များအလား ထိုးဖောက်နေလေသည်။ သို့သော်... ဆန်းလျန်

ကတော့ တစ်ချက်လေးပင် ထိခိုက်ခံစားရဟန် မရှိပေ။

ဆန်းလျန် သက်ပြင်းတစ်ချက်ချလိုက်ပြီး လက်တစ်ဖက်ကို

အသာလေး ဝှေ့ရမ်းလိုက်သည်။

"ဝုန်း..."

များပြားလှစွာသော ယန်ကျန်း၏ ကိုယ်ခွဲများအားလုံးသည်

ဆန်းလျန်၏ လက်ထဲသို့ သိမ်းယူခြင်း ခံလိုက်ရလေ၏။

ဆန်းလျန်၏ လက်မှ တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးထွက်

ပေါ်လာပြီး ရွှေရောင်တံတားကြီးပင် တုန်ခါသွားလေသည်။

လေထုတစ်ခုလုံး ပရမ်းပတာ ပြိုကွဲသွားပြီး ဘုရင့်ရှစ်ပါး

နန်းတော်မှ မီးအိမ်သည် လေထုထဲတွင် လွင့်မျောနေသည်။

ဆန်းလျန်က မီးအိမ်ကို လေထုထဲမှ ယူဆောင်လိုက်သည်။

သို့သော်... တာအိုဆရာသခင်ကြီး (၃)ပါး၏ ကိုယ်ပွားပုံရိပ်

များက ဆန်းလျန်ကို ချက်ချင်းဝန်းရံလိုက်ကြပြီး စတင်

တိုက်ခိုက်လိုက်ကြလေတော့သည်။

ဆန်းလျန်ကလည်း ခေသူမဟုတ်ပေ။

သူက ချက်ချင်းပင် ခေါင်းကိုမော့လိုက်သည်။

ထို့နောက်... လေနှင့်လှိုင်းများကြားတွင် ရှက်လွှင့်နေသည့်

ကြမ်းခင်မပါသည့်လှေငယ်သည် ယွီချင်တာအိုဆရာသခင်

ထံသို့ တန်းတန်းမတ်မတ်ဝင်ရောက်သွားကာ အရှိန်ဖြင့်

တိုက်ခိုက်လိုက်လေတော့သည်။

ဤသည်မှာ ကြီးမားသည့်တိုက်ခိုက်မှုကြီးတစ်ခုဖြစ်ပြီး

လောကကြီးတစ်ခုလုံး ပျောက်ကွယ်သွားသည့်အလား

ထင်မှတ်ရသည်။

ပရမ်းပတာဖြစ်နေသည့် လေထုထဲတွင် တန်ခိုးစွမ်းအားများ

ရုန်းရင်းဆန်ခတ်ဖြင့် ပေါက်ကွဲထွက်သွားသည်။

လောကတစ်ခု မွေးဖွားလာပြီး ချက်ချင်းပြန်လည် ပျက်သုဉ်း

သွားသည်။

တာအိုတရားများ ရုန်းရင်းဆန်ခတ်ဖြစ်သွားပြီး တာအို

သင်္ကေတများ ပျံ့သန်းထွက်ခွာလာကြသည်။ ဖြစ်ရပ်က

ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှလေ၏။

ဆန်းလျန်၏ တာအိုတန်ခိုးစွမ်းအားများ ထည့်သွင်းထားသည့်

ကြမ်းခင်းမဲ့လှေငယ်သည် ပရမ်းပတာဖြစ်နေသည့် လေထုထဲ

သို့ ဆွဲယူစုပ်မြိုခံလိုက်ရလေသည်။

စန်းချင်တာအိုဆရာသခင်ကြီး (၃)ပါးဆိုသည်က အချိန်နှင့်

နေရာ ၊ မိုးနှင့်မြေကို ပိုင်ဆိုးနိုင်သူများ ဖြစ်ကြပြီး ကောင်းကင်

ကို တံဆိပ်ခတ်နိုပ်ကာ မြေပြင်ကို သော့ခတ်ထားနိုင်စွမ်းရှိကြ

သူများဖြစ်သည်။

သူတို့သည် ကိုယ်ပွားပုံတူများဖြစ်သော်လည်း တာအိုဆရာ

သခင်ကြီးများ၏ တန်ခိုးစွမ်းအား (၃၀)ရာခိုင်နှုန်းခန့်ကို

ပိုင်ဆိုင်ထားလေရာ ဆန်းလျန်ကို ကောင်းကောင်း တိုက်ခိုက်

နိုင်စွမ်း ရှိကြသည်။

တာအိုဆရာသခင်ကြီး (၃)ပါးသည် ဆန်းလျန်ကို ဩဂံပုံသဏ္ဍာ

န်ဝိုင်းရံထားပြီး ဆန်းလျန်သည် အလယ်ဗဟိုတွင် ပိတ်မိနေ

လေသည်။

ယိချီစန်းချင်တန်ခိုးစွမ်းအား မည်မျှထူးခြားဆန်းကျယ်သည်

ကို ဆန်းလျန် နဖူးတွေ့ ဒူးတွေ့ ကြုံရပြီ ဖြစ်၏။

ရွှမ်တုတောက်ကျွင်း ဤပညာကို ကျင့်ကြံအောင်မြင်သွားပါက ဆန်းလျန်အတွက် ခက်ခဲသည့်အတားအဆီးများကို ကျိန်းသေ ရင်ဆိုင်ရမည် ဖြစ်သည်။

ယိချီစန်းချင်တန်ခိုးစွမ်းအားသည် ဆန်းလျန်၏ ရှန်းထျန်းဝူ ထိုက်တန်ခိုးစွမ်းအားထက် အနည်းငယ် သာလွန်၏။

ရွှမ်တုတောက်ကျွင်းသာ ဤထိပ်တန်းတန်ခိုးစွမ်းအားကို ကျင့်ကြံအောင်မြင်သွားပါက ဆန်းလျန်၏ အကြီးမားဆုံး ရန်သူတစ်ယောက် ဖြစ်လာပေလိမ့်မည်။

သို့သော်… ရွှမ်တုတောက်ကျွင်းတွင် ယိချီစန်းချင်တန်ခိုး စွမ်းအားကို အောင်မြင်အောင်လေ့ကျင့်နိုင်သည့်အထိ အရည်အချင်းမရှိသည်ကတော့စိတ်မကောင်း စရာပင် ဖြစ်၏။

ဆန်းလျန် တာအိုဆရာသခင်ကြီး (၃)ပါးနှင့် ရင်ဆိုင်နေရချိန် တွင် တာအိုဆရာယွိတင်က ယန်ကျန်းကို ကယ်တင်သွားခဲ့ သည်။

သို့သော်… ရုတ်တရက် သူ့နှလုံးသားတစ်ခုလုံး အေးစက်သွား သလို ခံစားလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော်… ဆန်းလျန် မည်မျှအကြင်နာတရား ကင်းမဲ့သည်ကို သိလိုက်ရသောကြောင့် ဖြစ်သည်။

သူ၏ချစ်လှစွာသောတပည့်ငယ်၏ ဝိညာဉ်သည် ဆန်းလျန်၏ လက်ဖဝါးထဲသို့ ပါသွားခဲ့ပြီး သူကယ်တင်ခဲ့သည်က ယန် ကျန်း၏ ခန္ဓာကိုယ်သာ ဖြစ်နေခဲ့လေတော့သည်။ ယန်ကျန်းမှာ သေဆုံးသွားသူတစ်ယောက်ပမာ ဖြစ်နေခဲ့ပြီ ဖြစ်သည်။

တာအိုဆရာယွိတင်၏ မျက်ဝန်းများက မီးဝင်းဝင်းတောက်နေ ပြီးဆန်းလျန်ကို ထောင်ပေါင်းများစွာသော ဓားများဖြင့် ထိုး စိုက်ပစ်ချင်မိသည်။

သို့သော်… ယခု စန်းချင်တာအိုဆရာသခင်ကြီးများ ဆန်းလျန် ကို ဝိုင်းထားသည့်အတွက် တာအိုဆရာယွိတင်အနေဖြင့် ဝင် ရောက်တိုက်ခိုက်ရန် မဖြစ်သေးပေ။

သူက လက်ထဲတွင် ဖန်ကူအလံကို အဆင်သင့်ကိုင်ထားပြီး ဆန်းလျန် အရံအတားကို ထိုးဖောက်ထွက်လာသည်နှင့် နာကျင်ခံစားရအောင် တစ်ချက်တည်းတိုက်ခိုက်ပစ်ရန် အသင့်ပြင်ထားလိုက်သည်။

ဆန်းလျန်ကတော့ တာအိုဆရာယွိတင်ကို အရေးမစိုက်အားပေ။ သူက တာအိုဆရာသခင်ကြီး (၃)ပါး၏ အရံအတားကို ထိုးဖောက်ထွက်ရန် အာရုံစိုက်နေလေသည်။

တာအိုဝါဒမှ စန်းချင်တာအိုဆရာသခင်ကြီး (၃)ပါးကို ဗုဒ္ဓစာပေများထဲတွင် ဟန်ကိုယ်တော် (၃)ပါး ၊ စုကိုယ်တော် (၃)ပါး ဟူ၍ ဖော်ပြကြသည်။

ထို့ကြောင့် စန်းချင်တာအိုတရာသခင်ကြီး (၃)ပါးသည် ထင်ရှားသည့်အဓိပ္ပါယ်ရှိပြီး အရာအားလုံးကို ကိုယ်စားပြုသည်ဟု ဆိုနိုင်သည်။ မဟုတ်ပါက တာအိုဆရာသခင်ကြီး (၃)ပါးကို တ

ခုတ်တရန်နှင့် အလေးအနက်ထားကာ ပြောဆိုကြမည် မဟုတ်

ပေ။

တြိဂံသည်သည် ခိုင်မာသည် တည်ဆောက်ပုံဖြစ်သည်။

ထို့ကြောင့် တာအိုဆရာသခင်ကြီး (၃)ပါးက ဆန်းလျန်ကို တြိဂံ

ပုံသဏ္ဍာန်ဝန်းရံထားသည့်အခါ ဆန်းလျန်သည် အရမ်းကာရော

ထိုးဖောက်တိုက်ခိုက်ရန် မဖြစ်နိုင်ပေ။ မဟုတ်ပါက သူ့

အနေဖြင့် ဒုက္ခရောက်သွားနိုင်သည်။

သို့သော်... ယခုအချိန်တွင် ဆန်းလျန်ကိုယ်တိုင်သည်လည်း

ထိပ်တန်းတစ်ယောက်ဖြစ်နေပြီ ဖြစ်လေရာ ထိုးဖောက်ထွက်

ရန်နည်းလမ်းကိုတော့ စဉ်းစားနိုင်စွမ်းရှိ၏။

ဆန်းလျန်၏ လက်ထဲတွင် ဓားတစ်လက် ပေါ်လာလေသည်။

ထိုဓားက "ယွမ်တုဓား" ဖြစ်လေ၏။

ထို့နောက်ပတ်ဝန်းကျင်တစ်ခုလုံးမှ သံသရာပင်လယ်ရေပြင်

သည် ချက်ချင်းပင် အသူရာချောက်မှ သွေးနီရောင်ပင်လယ်

အဖြစ် ပြောင်းလဲသွားလေတော့၏။

ထိုအချိန်မှာပင်... တာအိုဆရာသခင်ကြီး (၃)ပါး၏ ကိုယ်

ပွားများက သွေးနီရောင်ပင်လယ်ကိုထိုးဖောက်ကာ ဆန်းလျ

န်၏ သွေးကြောဆုံချက်နေရာများကို တိုက်ခိုက်လိုက်ကြ

သည်။

ယွမ်တုဓားသည် ရန်သူများ၏ တန်ခိုးစွမ်းအား အရှိန်အဟုန်ကို

ခံစားမိသည်နှင့် ဓားရောင်အနည်းငယ် မှေးမှိန်သွားသည်။

သို့သော်... ဆန်းလျန်က စိတ်ဓာတ်ကျသွားခြင်း မရှိပေ။ သူ့

လက်ထဲတွင် ဓားကိုဆုပ်ကိုင်ထားလေသည်။

သူက ကြောက်မက်ဖွယ်ရာဓားတစ်လက်ဖြင့် အထက် ၊

အောက် ၊ ဘယ် ၊ ညာ လုပ်ရိုးလုပ်စဉ်အတိုင်း တိုက်ခိုက်ခြင်း

ကို မပြုလုပ်ပေ။

ဆန်းလျန်က ထောင့်ဖြတ်တိုက်ခိုက်လိုကပြီး ဓားသွားက စန့်ချင်တာအိုဆရာသခင်ရှိရာသို့ ဦးတည်လိုက်သည်။

တိုက်ခိုက်မှုနည်းလမ်းများထဲတွင် ထိုးဖောက်ထွက်လိုသည့်အခါ ရန်သူ၏ အင်အားအပြင်းထန်ဆုံးနေရာကို တိုက်ခိုက်ရသည်ဟု ပါလေသည်။

ထို့ကြောင့် ဆန်းလျန်က အရံအတား၏ အင်အားအပြင်းထန်ဆုံးနေရာဖြစ်သည့် စန့်ချင်တာအိုဆရာသခင်ကို တိုက်ခိုက်ရန်ရွေးခြယ်လိုက်ခြင်း ဖြစ်၏။ သို့သော်... ထိုသို့တိုက်ခိုက်သည်ကာ ပါးနပ်သည့်တိုက်ကွက်တစ်ခု မဟုတ်သည်ကို ဆန်းလျန်သိရှိပြီးသား ဖြစ်သည်။

စန့်ချင်တာအိုဆရာသခင်က ဆန်းလျန်၏ဓားချက်ကို ခုခံရန်အတွက် ခံစားချက်ကင်းမဲ့သည့်မျက်နှာထားဖြင့် ကျောက်စိမ်းကျိုင်းတံကို ကိုင်မြှောက်လိုက်သည်။

အင်အားကြီးသည့်ရန်သူဖြင့်တိုက်ခိုက်ရာတွင် တည်ငြိမ်ရန်လည်းလိုအပ်သလို ညာဏ်နီညာဏ်နက်သုံးပြီး ပါးပါးလွှာလွှာဖြင့်တိုက်ခိုက်ရန်လည်း လိုအပ်သည်။

ယွမ်တုဓားသည် စက်ဝိုင်းပုံသဏ္ဍာန်လည်ပတ်ပြီး ဓားထိပ်ဖျားက လေထုထဲသို့ ထိုးဖောက်ဝင်ရောက်သွားပြီး ကျောက်စိမ်းကျိုင်းတံကို ရိုက်ချလိုက်တော့မည့်ဟန်ဖြစ်သည်။

သို့သော်... ဆန်းလျန် ထိုသို့ မပြုလုပ်ခဲ့ပေ။

စန့်ချင်တာအိုဆရာသခင်က ဆန်းလျန်၏ ဓားချက်ကို ကျောက်စိမ်းကျိုင်းတံဖြင့် ရိုက်ချလိုက်သည်နှင့် တစ်ပြိုင်နက် ဆန်းလျန်က ဘေးသို့ ခုန်ဆုတ်ကာ တိမ်းရှောင်လိုက်ပြီး သူ့အနောက်သို့တိုးကပ်လာသည့် ယွိချင်တာအိုဆရာသခင်ကို လက်နောက်ပြန်ဓားဖြင့် ထိုးစိုက်ချလိုက်သည်။

သူ၏တိုက်ခိုက်ဟန်က သပ်ရပ်လွန်းသည့်အတွက် မသိလျှင် ယွိချင်တာအိုဆရာသခင်ကပင် ဆန်းလျန်၏ ဓားရှိရာသို့ တိုးဝင်လာသည့်အလား ထင်မှတ်ရသည်။

အမှန်တော့ ပါးပါးလွှာလွှာနှင့် တိုက်ခိုက်မည်ဆိုလျှင် ရန်သူ အချင်းချင်းကို ပြန်ပြီးရန်တိုက်ပေးခြင်းဖြင့် မိမိ၏ စစ်သည် တော်များအဖြစ် ပြောင်းလဲပစ်နိုင်သည်။

ဆန်းလျန်အနေဖြင့် ယိချီစန်းချင်တန်ခိုးစွမ်းအားဖြစ်သည့် တာ အိုဆရာသခင်ကြီး (၃)ပါး၏ ကိုယ်ပွားပုံရိပ်များဖြင့် ရင်ဆိုင်ရ သည်မှာ မလွယ်ကူခဲ့ပေ။

သို့သော်... လွယ်သည်ဖြစ်စေ မလွယ်သည်ဖြစ်စေ ဆန်းလျန် က မိုးကိုဒူးနှင့်တိုက်ဆိုလည်း တိုက်မည့်သူဖြစ်သည်။ မီး ပင်လယ်ကို ဖြတ်ဆိုလျှင်လည်း ဖြတ်မည့်သူ ဖြစ်သည်။

တကယ့်တာအိုဆရာသခင်အစစ်များနှင့် ရင်ဆိုင်ရလျှင်တော့ ဆန်းလျန်က အနုနည်းကို အသုံးပြုပေလိမ့်မည်။ သို့သော်...

ကိုယ်ပွားပုံရိပ်များကိုတော့ အရေးစိုက်နေစရာ အကြောင်းမရှိ

ပေ။

ယိချီစန်းချင်တန်ခိုးစွမ်းအားက အလွန်စွမ်းအားကြီးမား

သော်လည်း ဟာကွက်များစွာရှိပြီး ထိုဟာကွက်များထဲမှတစ်ခု

မှာ လျှင်မြန်မှုမရှိဘဲ နှေးကွေးလွန်းခြင်း ဖြစ်လေ၏။

ဤသို့ဖြစ်ရသည်မှာ ရွှမ်တုတောက်ကျွင်းက ယိချီစန်းချင်

ပညာကို အပြည့်အဝကျင့်ကြံအောင်မြင်ခြင်း မရှိသေး

သောကြောင့်လည်း ဖြစ်လေသည်။ ကျင့်ကြံအောင်မြင်ခဲ့လျှင်

တော့ ဤကိုယ်ပွား (၃)ခုသည် အလွန်ပင် အစွမ်းထက်မြက်

မည်ဖြစ်သည်။

သူတို့တွင် ကိုယ်ပိုင်ဝိညာဉ်စွမ်းအားများရှိပြီး တာအိုနှင့်လည်း

ကာရံညီလေသည်။

ယွိချင်တာအိုဆရာသခင် ဓားဖြင့်ထိုးစိုက်ခံလိုက်ရ

သည့်အတွက် သူ၏ခန္ဓာကိုယ်တွင် အပေါက်ကြီး ဖြစ်သွားလေ

သည်။

ထိုအချိန် စန့်ချင်တာအိုဆရာသခင်က ဆန်းလျန်ကို

ကျောက်စိမ်းကျိုင်းတံဖြင့် ရိုက်ချလိုက်သည်ကို ဆန်းလျန်က

ရှောင်တိမ်းလိုက်သည့်အတွက် ဘေးဘက်မှ ဆန်းလျန်ကို

တိုက်ခိုက်ရန်ဝင်ရောက်လာသည့် ထိုက်ချင်တာအိုဆရာသခင်

ကို ရိုက်နှက်မိသွားလေသည်။

ထိုသို့ဖြင့်... တာအိုဆရာသခင်ကြီး (၃)ပါး အချင်းချင်း

ပြန်လည်တိုက်ခိုက်မိကြစေရန် ဆန်းလျန် အပြည့်အဝ

လုပ်ဆောင်နိုင်ခဲ့သည်။

ထိုသို့ဖြစ်လာနိုင်သည်ဟု ယူဆသည့်အတွက်လည်း ဆန်းလျန်

က လှည့်ကွက်လေးအနည်းငယ် သုံးလိုက်ခြင်း ဖြစ်သည်။

ထို့နောက် ဆန်းလျန်ထံမှ တန်ခိုးစွမ်းအားများစွာ ထွက်ပေါ်လာပြီး ယွမ်တုဓားဝိညာဉ်က အရပ် (၁၀)မျက်နှာလုံးသို့ ပျံ့နှံ့သွားသည်။

တာအိုဆရာယွိတင်က ထိုသို့ဖြစ်သွားလိမ့်မည်ဟု ထင်မှတ်မထားမိပေ။

သူက တာအိုဆရာသခင်ယွိတင်နှင့် စန့်ချင်တာအိုဆရာသခင်တို့ အတန်ကြာတိုက်ခိုက်ကြလိမ့်မည်ဟု ထင်ထားမိသည်။

သို့သော်... ယခုတော့ ဆန်းလျန်က အချိန်တိုအတွင်းမှာပင် ယိချီစန်းချင်၏ တြိဂံပုံသဏ္ဍာန်အရုံအတားကို ဖြိုခွင်းပစ်လိုက်ပြီဖြစ်သည်။

ထိုအချိန်မှာပင်...လောကတစ်ခုလုံးကို တုန်လှုပ်သွားစေသည့် ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာပြီး ကြီးမားသည့် ယိချီစန်းချင်အရုံအတားတစ်ခုလုံးကို ဖျက်စီးပစ်လိုက်လေသည်။

ထို့နောက် စန်းချင်တာအိုဆရာသခင်ကြီး (၃)ပါးလည်း တစ်ပြိုင်တည်း ပျောက်ကွယ်သွားတော့၏။

တာအိုဆရာယွိတင် အလွန်ကြောက်လန့်သွားပြီး ဖန်ကူအလံကို ချက်ချင်းကိုင်မြှောက်လိုက်သည်။ လေထုတစ်ခုလုံး ဖရိုဖရဲ ဖြစ်သွားပြီး ဖန်ကူအလံသည် ဓားတစ်လက်ပုံသဏ္ဍာန်ပြောင်းလဲ သွားကာ ဆန်းလျန် ရှိရာသို့ ပျံသန်းထွက်ခွာသွားလေသည်။ ဓားက ဆန်းလျန်ရှိရာသို့ ဝင်ရောက်လာသည့်အခါ ဓားဝိညာဉ် (၃၆)ခု ခွဲဖြာထွက်ပေါ်လာလေသည်။

တာအိုဆရာယွိတင်၏ မျက်နှာသည်လည်း ချက်ချင်းပင် ပင်ပန်းနွမ်းနယ်သည့်ဟန် ဖြူဖပ်ဖြူလျော် ဖြစ်သွားသည်။ သူ၏တန်ခိုးစွမ်းအားများအားလုံး အသုံးပြုလိုက်ရဟန် ရှိ၏။ သို့သော်... တာအိုဆရာယွိတင် မည်သည့်အရာကိုမှ အရေးမ စိုက်တော့ပေ။

သူ့ကိုသတ်ဖြတ်ရန် ဝင်ရောက်လာသည့် ဓားဝိညာဉ်များကို တွေ့မြင်လိုက်သည်နှင့် ထိုဓားဝိညာဉ်များက တာအိုဆရာ သခင်ကြီးတစ်ပါး၏ ရတနာပစ္စည်းဖြစ်သည်ကို ဆန်းလျန် ချက်ချင်းသိလိုက်သည်။

ထို့ကြောင့် သူ ပေါ့ပေါ့ဆဆ သဘောမထားရဲပေ။

ယွမ်တုဓားက ချက်ချင်းပင် ပျံသန်းထွက်ခွာသွားပြီး ပထမဆုံး ဓားဝိညာဉ်ကို ထိုခုတ်လိုက်သည်။ ခဏကြာတိုက်ခိုက်ပြီး နောက် ဓားဝိညာဉ်က ပျက်စီးသွားလေသည်။

ဓားဝိညာဉ် (၂၂)ခုကို တိုက်ခိုက်ပြီးနောက် ယွမ်တုဓားမှ ဓား ခြိမ်းသံတစ်ချက်ထွက်ပေါ်လာပြီး ဓားပေါ်တွင် အက်ကြောင်း တစ်ခု ထင်လာသည်။

ဆန်းလျန် ရှေ့သို့ ဖြေးဖြေးချင်းတိုးလာပြီး ယွမ်တု ဓား၏ဓားရိုးကို ဆုပ်ကိုင်လိုက်သည်။

ထို့နောက် လက်ညှိုးနှင့်လက်ခလယ်ကို လေထုထဲသို့ ထိုးညွှန်

လိုက်သည့်အခါ ဓားသွားပုံသဏ္ဌာန်အသွင်ပြောင်းသွားပြီး ဆန်း

လျန်၏ လက်ချောင်းဓားသည် ကျန်ရှိနေသေးသည့် ဓား

ဝိညာဉ်များရှိရာသို့ ဝင်ရောက်သွားလေတော့သည်။

အခန်း (၉၄၇) လူတွေက နောက်ဆုံးတော့ သူတို့အမုန်းဆုံးဆို

တဲ့အရာတွေအတိုင်း ဖြစ်လာတတ်ကြတာပဲ

ဆန်းလျန်၏တန်ခိုးစွမ်းအားထုတ်ဖော်လိုက်သည်နှင့် ဓား

ဝိညာဉ် (၁၄)ခုလုံး တစ်ပြိုင်နက်တည်း ပျက်စီးသွားလေသည်။

တစ်ချိန်တည်းပင် ဆန်းလျန်၏ လက်ချောင်းများဆီမှ အသွေး နှင့်အသားများ အရည်ပျော်ကျသွားပြီး အထဲမှ အဖြူရောင် အရိုးများကိုပင် မြင်တွေ့လိုက်ရသည်။

သူ၏အရိုးများသည် ကျောက်စိမ်းများအလား အရောင် တောက်ပလျှက် ရှိ၏။

ဆန်းလျန် လက်ကို ချက်ချင်း ပြန်ရုတ်သိမ်းလိုက်သည်။

တာအိုဆရာယွိတင်သည် မြင်ကွင်းကို အံ့သြမှင်တက်စွာဖြင့် ကြည့်နေလေသည်။

ဆန်းလျန်က တာအိုဆရာယွိတင်ကို အရေးမစိုက်ဘဲ ဖရိုဖရဲ ဖြစ်နေသည့် လေထုထဲတွင် လွင့်မျောနေသည့် ဘုရင်ရှစ်ပါး နန်းတော်မှ မီးအိမ်ကို လှမ်းယူလိုက်ပြီး မီးအိမ်ကို ဂရုတစိုက် ဖြင့် ကြည့်လိုက်သည်။

မီးအိမ်အလင်းရောင်မှာ နွားစိမ်းကြီးကို စီးနှင်လာသည့် ထိုက်စန့်လောင်ကျွင်းအလား ထင်မှတ်ရပြီး ကျက်သရေနှင့် ပြည့်စုံကာ စွဲဆောင်မှု ရှိလွန်းလှသည်။

ထို့နောက် ဖန်ကူအလံကို ကိုင်ဆောင်ထားသည့် တာအိုဆရာယွိတင်ကို ဆန်းလျန် တစ်ချက် လှမ်းကြည့်လိုက်သည်။ ထို့နောက် ဆန်းလျန်၏ မျက်ဝန်းများက တာအိုဆရာယွိတင်၏ လက်ထဲတွင်ကိုင်ထားသည့် မီးအိမ်ဆီသို့ ရောက်ရှိသွားသည်။

ထိုမီးအိမ်က ကျောက်စိမ်းဝိညာဉ်နန်းတော်မှ မီးအိမ်ဖြစ်လေ၏။

တာအိုဆရာယွိတင် တိုက်ခိုက်နိုင်စွမ်း ရှိသေးသော်လည်း စိတ်ဓာတ်အကြီးအကျယ်ကျနေပြီ ဖြစ်သည်။ သူ ရှန်းကန်လှုပ်ရှားရသည့် မည်သည့်အလုပ်ကိုမဆို ပြုလုပ်ရန် စိတ်မပါတော့ပေ။

သူ... ကျောက်စိမ်းဝိညာဉ်နန်းတော်မှ မီးအိမ်ကိုကာကွယ်ရန် လက်လျှော့လိုက်ပြီ ဖြစ်သည်။

ထိုအချိန်မှာပင်... တာအိုဆရာယွိတင်၏ လက်ထဲမှ မီးအိမ်သည် လေထဲတွင် လွင့်မျောသွားပြီး ဆန်းလျန် ရှိရာသို့ ရောက်ရှိသွားလေသည်။

ဆန်းလျန် မီးအိမ် (၂)လုံးကို ခါးတွင် ချိတ်ဆွဲလိုက်ပြီး အနောက်သို့ တစ်ချက်ပင် လှည့်မကြည့်တော့ဘဲ ချင်းဆွေထျန်း ကောင်းကင်ဘုံသို့ ခြေလှမ်းတစ်လှမ်းချင်းလှမ်းကာ ထွက်ခွာသွားလေတော့သည်။

တာအိုဆရာလီချင်းဆွေက ဆန်းလျန်ကို စူးစိုက်ပြီးကြည့်နေလေ၏။

ဆန်းလျန်ကတော့ ယူဆောင်လာသည့် မီးအိမ် (၂)ခုကို လီချင်းဆွေထံသို့ ကမ်းပေးလိုက်သည်။

ပြီးမှ သူက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ယွမ်တုဓား ပျက်စီးသွားတာတော့ နှမြောစရာပဲ..."

ဖန်ကူအလံက အလွန်ပင် စွမ်းအား ကြီးမားလေသည်။

ဖန်ကူအလံမှ အသွင်ပြောင်း ထုတ်လွှတ်လိုက်သည့် ဓားဝိညာဉ် (၃၆)ခုလုံးကို ဆန်းလျှန် ရင်ဆိုင်နိုင်စွမ်းမရှိပေ။ ထို့ကြောင့် မြင့်မြတ်သည့် ယွမ်တုဓား၏အကူအညီကို ယူလိုက်ရခြင်း ဖြစ်သည်။

တာအိုဆရာယို့တင်ကတော့ အကြီးအကျယ် စိတ်ဓာတ်ကျ သွားဟန် ရှိလေသည်။

သို့သော်... ယွမ်တုဓားကတော့ လုံး၀ ပျက်စီးသွားပြီး ပြန်လည် ပြုပြင်ရန်ပင် အတော်လေး ခက်ခဲသွားပြီ ဖြစ်သည်။

ချင်းဆွေက...

"ထာ၀ရဓား ဘယ်မှာရှိလဲဆိုတာ ငါသိတယ်၊ ယွမ်တုဓား အတွက် လျော်ကြေးအနေနဲ့ ထာ၀ရဓားကို မင်းကိုပေးပါ့ မယ်..."

ဆန်းလျန်က…

"မလိုပါဘူးဗျာ ၊ ကျုပ်သာ ထာဝရဓားကိုလိုချင်ရင် အစ

ကတည်းက ယူလို့ရပါတယ်…"

လီချင်းဆွေက ခေါင်းညိတ်လိုက်သည်။

ထို့နောက်… ရှားပါးလှစွာပင် သူမက နူးညံ့သိမ်မွေ့လွန်းသည့်

လေသံဖြင့် ဆန်းလျန်ကို ကျေးဇူးတင်စကား ဆိုလိုက်သည်။

"ကျေးဇူးတင်ပါတယ်…"

လီချင်းဆွေ ကျေးဇူးတင်စကားဆိုသည့်အတွက် ဆန်းလျန်က

အံ့အားသင့်သွားခြင်းမရှိပေ။ သို့သော်… ဆန်းလျန်၏မျက်နှာ

ထက်တွင် ဝမ်းနည်းရိပ်အနည်းငယ် ယှက်သန်းသွားသည်။

"ဒီနေ့ပြီးဆုံးသွားပေမယ့် ကျုပ်တို့က မိတ်ဆွေတွေပဲ မဟုတ်

ဘူးလား…"

ဆန်းလျန်၏စကားကြောင့် လီချင်းဆွေ ခဏတာမျှ

တိတ်ဆိတ်နေပြီးမှ…

"မင်း တာ့ယိတို့ ဇနီးမောင်နှံကိုကယ်တင်ပြီးရင် ငါ့ကို ငါးကင်ပြီးကျွေးဦးလေ..."

ဆန်းလျန် သက်ပြင်းတစ်ချက် တိုးတိတ်စွာ ချလိုက်သည်။

သူက စကားမပြောတော့ဘဲ ခေါင်းကို ဖြေးညင်းစွာ ညိတ်ပြလိုက်သည်။

ထို့နောက် ဆန်းလျန် ကွေလိဘက်သို့ လှည့်ကြည့်လိုက်ပြီး...

"ခုံရှမ်းကိုပြောလိုက်ပါ၊ ကျုပ်မကြာခင် သူ့ကိုလာတွေ့မယ်လို့..."

ကွေလိက...

"ငါ သူ့ကိုပြောလိုက်ပါ့မယ်..."

သူမတွင် ဆန်းလျန်ကို ပြောစရာ စကားများစွာ ရှိလေသည်။

သို့သော်... သူမ မပြောဖြစ်တော့ပေ။

အရင်တစ်ချိန်က ချင်းရွှမ်နတ်တံခါးတွင်နေခဲ့ရသည့်

အခြေအနေမျိုး ၊ ဘဝမျိုး နောက်ထပ်မရနိုင်တော့သည်ကို

သူမသိရှိထားသည်။

ဆန်းလျန်ကတော့ ဆန်းလျန်သာဖြစ်ပြီး ပြောင်းလဲမသွားသည့်

တိုင် သူမကတော့ ဆန်းလျန်နှင့် လမ်းမတူတော့ပေ။

သို့သော် ဆန်းလျန်ကတော့ ထိုသို့ တွေးဟန် မရှိပေ။

ဆန်းလျန်က...

"လွန်ခဲ့တဲ့နှစ်တွေတုန်းက ဇာမဏီမီးတောင်အောက်မှာ စန်းနုန်

နတ်ဘုရားက စကြာဝဠာအစဦးပိုင်းကတည်းက ပေါက်နေတဲ့

လက်ဖက်ပင်ကို တွေ့ရှိခဲ့တယ်တဲ့ ၊ စန်းနုန်က အဲဒီလက်ဖက်ပင်

ကို ယူသွားခဲ့တဲ့အတွက် ဇာမဏီနတ်ဘုရား နန်းတော်မှာ အဲဒီ

လက်ဖက်ပင် မရှိနိုင်တော့ဘူး ၊ ဒါပေမဲ့ လက်ဖက်ခြောက်မျိုး

ကောင်းတွေတော့ ရှိသေးတယ်ဆိုတာ ကျုပ်သိတယ် ၊ အဲဒီ

တော့ ကျုပ်လာရင် မင်း လက်ဖက်ရည်ကြမ်း မတိုက်ချင်ဘူး

လား..."

ဆန်းလျှန်၏ စကားကြောင့် ကွေလိရယ်မောလိုက်မိလေသည်။

"ငါ ပြန်ရောက်တာနဲ့ လက်ဖက်ခြောက် ရှာထားလိုက်မယ် ၊ ပြီး

ရင် မင်းနဲ့ လက်ဖက်ရည်အတူတူသောက်ဖို့ စောင့်နေမယ်..."

ကျင့်စူးက မကျေမနပ်ဖြင့်...

"ညီမလေးကွေလိ... နင်က ငါ့ကိုကျတော့ အရင်တုန်းက ဒီလို

လက်ဖက်ရည်ကောင်းကောင်းနဲ့ ဧည့်မခံဖူးပါလား..."

ထို့နောက် ကျင့်စူးနှင့် ကွေလိတို့၏ ဆံနွယ်များကို လေပြင်း

တစ်ချက် ဖြတ်သန်းတိုက်ခတ်သွားပြီး ဆန်းလျှန် ထွက်ခွာသွား

လေတော့၏။

ဆန်းလျှန် ထွက်ခွာသွားသည့်အတွက် ကွေလိကလည်း အံ့သြ

ခြင်း မဖြစ်မိပေ။ ဆန်းလျှန်သည် ထိုသို့ပင် ဖြစ်ကြောင်း သူမ

သိထားပြီးသား ဖြစ်သည်။

ကွေလိက ကျင့်စူး၏လက်များကို ကိုင်လိုက်ပြီး...

"နင်လည်း ငါနဲ့အတူ ဇာမဏီနတ်ဘုရားနန်းတော်ကို လိုက်ခဲ့လေ..."

ကျင့်စူးက တစ်ချက်မျှ တုံ့ဆိုင်းနေပြီး...

"ဆရာဘိုးဘိုးနဲ့ ချင်တိကေရာဇ်တို့ အခုထိ တိုက်ခိုက်နေကြတုန်းပဲ..."

ကွေလိက...

"အေးလေ... အဲဒါကြောင့် ငါတို့ သွားကြရအောင်လို့ ပြောတာပေါ့၊ ငါတို့ရှိနေလဲ ဘာလုပ်လို့ရမှာလဲ..."

ကျင့်စူးက သူမလက်ထဲမှ ကျွယ်ရှန်းနတ်ဓားကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီး...

"ဒီဓားသာရှိရင် ငါ ဘာမဆိုလုပ်နိုင်တယ်..."

ကျင့်စူး၏ ဓားကိုကြည့်ပြီး ကွေလိ တုန်လှုပ်ခြောက်ခြားသွားကာ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိသည်။

ကျင့်စူးသည် အရင်ကနှင့်မတူတော့ဘဲ လောကတွင် အတော်ဆုံးဓားသမားတစ်ယောက် ဖြစ်နေခဲ့ပြီ မဟုတ်ပါလား။

သို့သော်... သူမကိုကြည့်ရသည်မှာ ထိုဓားဖြင့် အသားကျဟန်မရှိသေးပေ။

ကွေလိ၏ မျက်နှာကိုကြည့်ပြီး ကွေလိ၏အတွေးများကို ကျင့်စူး ချက်ချင်းရိပ်မိလိုက်သည်။

ထို့ကြောင့် ကျင့်စူးက ချက်ချင်း ပြုံးလိုက်ရင်း...

"ဒါပေမဲ့ ဒီတစ်ခေါက်တော့ ငါ နင်နဲ့အတူ ဇာမဏီနတ်ဘုရားနန်းတော်ကို လိုက်ခဲ့ပါ့မယ်..."

ကွေလိက ဝမ်းသာအားရ ခေါင်းညိတ်လိုက်ပြီး တာအိုဆရာလီချင်းဆွေဘက်သို့ လှည့်ကြည့်လိုက်သည်။

"တာအိုဆရာချင်းဆွေ ၊ ကျွန်မတို့သွားတော့မယ်..."

လီချင်းဆွေက...

"အင်း..."

ဟု တစ်ခွန်းသာ ပြောလိုက်သည်။

တာအိုဆရာလီချင်းဆွေက အမြဲတမ်း ထိုသို့ အေးတိအေးစက်ဖြစ်ပြီး အခြားသူများကို အရေးစိုက်တတ်သူ မဟုတ်ပေ။

ထို့ကြောင့် "အင်း" ဟု တစ်ခွန်းပြောလိုက်သည်ကိုကြားသည်နှင့် ကွေလိနှင့် ကျင့်စူးလည်း လီချင်းဆွေကို ဂါရဝပြုပြီး ချင်းဆွေထျန်းကောင်းကင်ဘုံမှ ထွက်ခွာလာခဲ့ကြတော့သည်။

သူတို့ အဝေးသို့ ကြည့်လိုက်သည့်အခါ ချင်တိကေရာဇ်၊ နတ်မိစ္ဆာအဓိပတိကြီးနှင့် တုန်းဟွာတောက်ကျွင်းတို့မှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြဆဲ ဖြစ်လေသည်။

တိုက်ပွဲ၏ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများက နဂါးငွေ့တန်းသို့ပင် ရိုက်ခတ်လျှက် ရှိသည်။

(၁၀)ရက်နှင့် (၁၀)ည တိတိ တိုက်ခိုက်လျှင်ပင် ထိုတိုက်ပွဲက ပြီးဆုံးပါမည်လား မသေချာပေ။

မိုးကောင်းကင်တံခါးသည်လည်း မည်သည့်နေရာသို့ ရောက်ရှိသွားသည် မသိတော့ပေ။ သို့သော်… သူတို့ကလည်း မိုးကောင်းကင်တံခါးကို အရေးမစိုက်ကြတော့ပေ။

ကျင့်စူးနှင့် ကွေ့လိ ထွက်ခွာသွားသည်နှင့် လီချင်းဆွေက သူမနေထိုင်ရာ ဂေဟာသို့ ပြန်လာခဲ့သည်။

ထို့နောက်… ရေကန်နံဘေးတွင်ထိုင်ရင်း ကျောက်စိမ်းရတနာပမာ ဖြူစင်လှသည့် သူမ၏ ခြေထောက်များကို ရေကန်ထဲသို့ ချပြီး ရေစိမ်လိုက်သည်။

ရေကန်ထဲမှ အေးစက်သည့်အခိုးအငွေ့များထွက်ပေါ်လာပြီး ရေများက ရေခဲပမာ အေးခဲသွားသည်။ ရေခဲများက သူမ၏ ခြေထောက် အရိုးနှင့်အသားများကို ဖုံးကွယ်သွားလေသည်။

သို့သော်… သူမကတော့ အေးစက်ခြင်းကို မခံစားရသည့် အလား ဆက်လက် ထိုင်နေဆဲ ဖြစ်သေသည်။

ခဏအကြာတွင်တော့ မီးအိမ် (၃)ခုက လင်းလက်လာလေ
သည်။ မီးအိမ် (၃)ခု လင်းလက်လာသည်မှာ ထူးခြားဆန်း
ကျယ်စွာပင် လှပလွန်းလှသည်။

လီချင်းဆွေက မီးအိမ် (၃)ခုမှ အလင်းရောင်များကို ငေးစိုက်
ကြည့်နေလေသည်။ ထို့နောက်... သူမ၏ အကြည့်များသည်
မီးအိမ်များထဲတွင် တိတ်ဆိတ်စွာ ပျောက်ဆုံးစီးမျောသွား
တော့သည်။

နောက်ဆုံးတော့ သူမလိုချင်သည့် မီးအိမ် (၃)ခုလုံးကို ရရှိခဲ့ပြီး
လျှို့ဝှက်ကျင့်စဉ်ကို ကျင့်ကြံနိုင်တော့မည် ဖြစ်သည်။

သို့သော်... သူမ ထင်ထားသလောက်လည်း မပျော်ရွှင်ခဲ့ပေ။
သူမသည် ကန်ရေပြင်ထက်တွင် ဝိုးတဝါး ရောင်ပြန်ဟပ်နေ
သည့် သူမ၏ပုံရိပ်ကို လှမ်းကြည့်လိုက်ပြီး တီးတိုးပြောလိုက်
သည်။

"သူ စကားတစ်ခွန်းလောက်တော့ ပြောခဲ့ရမှာ ၊ လူတွေက နောက်ဆုံးတော့ သူတို့အမုန်းဆုံးဆိုတဲ့အရာတွေအတိုင်း ဖြစ်လာတတ်ကြတာပဲလေ..."

သူမ သက်ပြင်းတစ်ချက် တိုးတိတ်ချလိုက်သည်။

ရေကန်ထဲမှ အေးစက်သည့် မြူခိုးများက မီးအိမ် (၃)ခုမှ အလင်းရောင်များဖြင့် ပေါင်းစပ်သွားလေသည်။

***

ဆန်းလျန် ကြယ်စင်ကောင်းကင်လမ်းကြောင်းများအတွင်းသို့ ရောက်ရှိလာလေသည်။

ထိုအချိန်... သူ့မျက်ဝန်းထဲတွင် နွားစိမ်းကြီးတစ်ကောင်ကို စီးနှင်ထွက်ခွာသွားသည့် တာအိုဆရာ အဘိုးကြီးတစ်ယောက်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရသည်။

သို့သော်... ထိုအဘိုးကြီးကို သူ လိုက်မမီနိုင်ခင်မှာပင် တာအိုဆရာအဘိုးကြီးက ပြန်လည်ပျောက်ကွယ်သွားလေသည်။ ထိုအဘိုးကြီးသည်ကား ထိုက်စန့်လောင်ကျွင်းပင် ဖြစ်၏။

ဆန်းလျန်ကလည်း အလျှင်လိုခြင်း မရှိပေ။

သူ့စိတ်ထဲတွင် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားလျှက် ရှိသည်။

လီချင်းဆွေ မီးအိမ် (၃)ခုကို အဘယ့်ကြောင့် လိုချင်ရသည်ကို ယခင်က ဆန်းလျန် နားလည်နိုင်ခြင်း မရှိခဲ့ပေ။ သို့သော်... ယခုတော့ နားလည်သွားခဲ့ပြီ ဖြစ်သည်။

ထိုက်စန့်လောင်ကျွင်းက ယိချီစန်းချင်တန်ခိုးစွမ်းအားကို တီထွင်ခဲ့လေသည်။

သို့သော်... တာအိုဝါဒတွင် ယိချီစန်းချင်တန်ခိုးစွမ်းအားနှင့် ဆင်တူသည့် အလားတူ လျှို့ဝှက်ကျင့်စဉ်တစ်ခု ရှိနေသေးသည်။ ထိုကျင့်စဉ်က တာအိုတရား၏ အကြြင်နာကင်းမဲ့မှုကို ဖော်ပြသည်။ ထိုကျင့်စဉ်မှာ "သုံးခန္ဓာဖြတ်တောက်" ကျင့်စဉ် ဖြစ်သည်။

သုံးခန္ဓာဖြတ်တောက်ကျင့်စဉ်ကို သာမန်ဆိုလျှင် လေ့ကျင့်၍ မရပေ။

ထိုကျင့်စဉ်ကို ကျင့်ကြံရန်အတွက် သင့်တော်သည့် မှော်ဝင်ရတနာပစ္စည်းများလည်း ရှိရမည်ဖြစ်ပြီး ကျင့်ကြံသည့်ပုဂ္ဂိုလ်ကလည်း အံ့သြဖွယ်ရာ အရည်အချင်း ရှိရမည် ဖြစ်သည်။ ယခုတော့ လီချင်းဆွေတွင် (၂)ခုစလုံး ပြည့်စုံနေပြီ ဖြစ်သည်။ ထို့ကြောင့်... သူမ "သုံးခန္ဓာကျင့်စဉ်" ကို ကျင့်ကြံနိုင်ပြီ ဖြစ်၏။

ထိုကျင့်စဉ်ကို ကျင့်ကြံလိုက်ပြီဆိုသည်နှင့် လုံး၀ အကြင်နာတရား ကင်းမဲ့သွားမည် ဖြစ်သည်။ သို့သော်... မည်သည့် နတ်ဘုရားတန်ခိုးစွမ်းအား ၊ မည်သည့်နတ်ဘုရားကျင်စဉ်များကိုမဆို လက်ချောင်းလေးတစ်ချောင်း ဝှေ့ရန်းလိုက်ရုံဖြင့် ထုတ်ဖော်အသုံးပြုနိုင်မည် ဖြစ်သည်။

ထိုကျင့်စဉ်ကို ကျင့်ကြံထားလျှင် မိုးနှင့်မြေတွင် ရန်သူတစ်ဦး တစ်ယောက်မှ ရှိနိုင်တော့မည် မဟုတ်ပေ။

ဆန်းလျန် ထိုကိစ္စကို သိရှိခဲ့သည့်တိုင် လီချင်းဆွေကို မီးအိမ် (၂)ခု ပေးအပ်ခဲ့လေသည်။

လီချင်းဆွေသာ သုံးခန္ဓာဖြတ်တောက် ကျင့်စဉ်ကိုကျင့်ကြံနိုင်ခဲ့ လျှင် ဆန်းလျန်၏ ပြိုင်ဘက်ဖြစ်လာပေလိမ့်မည်။ လီချင်း ဆွေသာ သူ၏ ပြိုင်ဘက်ဖြစ်လာလျှင် မည်သို့ဖြစ်လာမည်ကို သိချင်သည့်သဘောဖြင့် ဆန်းလျန်က လီချင်းဆွေကို မီးအိမ် (၂)ခု တမင်သက်သက် ပေးခဲ့ခြင်း မဟုတ်ပေ။

ဆန်းလျန်က သူ့စိတ်ထဲတွင် လုပ်ချင်သည့်ဆန္ဒအတိုင်း ပြုလုပ် ခဲ့ခြင်း ဖြစ်ပြီး သူ၏ စိတ်နေစိတ်ထားကို အခြားသူများ သိရှိ နိုင်မည် မဟုတ်ပေ။ သူတစ်ယောက်တည်းသာ သိနိုင်လေ သည်။

ယခင်တစ်ချိန်က ဆရာဘွားဘွားတော်စပ်ခဲ့ဖူးလေသူ လီချင်း

ဆွေကို ဆန်းလျန်က ယခုအချိန်ထိ မိတ်ဆွေတစ်ယောက်

အဖြစ် သတ်မှတ်ထားခဲ့သည်။

သို့သော်... တစ်ချိန်ချိန်တွင်သူသည်လည်း လီချင်းဆွေကို

နာကျင်အောင် ပြုလုပ်သူတစ်ယောက် ဖြစ်လာမည်လား

ဆိုသည်ကတော့ မသေချာလှပေ။

လီချင်းဆွေကတော့ ထိုသို့ ဖြစ်စေချင်မည် မဟုတ်ပေ။

သူမ၏နှလုံးသားက အမြဲတမ်း ဝိရောဓိဖြစ်နေခဲ့သည်။

သူမက တာအိုဆရာသခင်ထိုက်ယီအပေါ် ရှိသေလေးမြတ်

ကိုးကွယ်သလို တာအိုဆရာသခင်ထိုက်ယီ၏ အကြင်နာတရား

ကင်းမဲ့မှုကိုလည်း အလွန်မှ မုန်းတီးသူ ဖြစ်သည်။

ဆန်းလျန်က မီးအိမ် (၂)လုံးကို သူမကိုပေးလိုက်ပြီး သူမ

လျှောက်မည့်လမ်းကို သူမကိုယ်တိုင် ရွေးခြယ်မှု ပြုလုပ်စေခဲ့

ခြင်းသာ ဖြစ်သည်။

ဤသည်မှာ ရှုတ်ထွေးသည့်လောကကြီး၏ အစိတ်အပိုင်း

အဖြစ် ပါဝင်ရခြင်းပင်ဖြစ်ပြီး ထိုအစိတ်အပိုင်းကလည်း

ရွေ့လျားပြောင်းလဲနေမည် ဖြစ်သည်။

လူအများ၏ စိတ်အားထက်သန်မှုက ပြည့်စုံသည်ဟူ၍

ဘယ်တော့မှ မရှိပေ။

ထိုအချက်က တောင်တက်ခြင်းနှင့် ဆင်တူ၏။

တောင်ထိပ်သို့ ရောက်သွားလျှင် အောင်မြင်မှုအတွက် ပျော်ရွှင်

ဝမ်းမြောက်ကြသည့်တိုင် ပိုမိုမြင့်မားသည့် နောက်ထပ်တောင်

တစ်တောင်ကို ထပ်မံတက်လှမ်းချင်စိတ် ဖြစ်လာစမြဲပင်

ဖြစ်သည်။ နောက်ထပ်တောင်တစ်တောင်ထိပ်သို့ တက်ပြန်

သည့်အခါ စောစောက ရရှိခဲ့သည့် အောင်မြင်မှုကို အချည်းနှီး

ဟု ခံစားကောင်း ခံစားကြမိဦးမည် ဖြစ်သည်။

တာအိုလမ်းစဉ်တွင် လျှောက်လှမ်းကြသူများသည် တောင်တစ်

တောင်ကိုတက်သည့်အလား မည်သည့်အခါမှ အမြင့်ဆုံးသို့ မ

ရောက်နိုင်ကြပေ။ တစ်တောင်ထက်မြင့်သည့် နောက်တစ်တောင်က အမြဲတမ်း ရှိနေဆဲဖြစ်ပြီး လူအများကလည်း တက်ကြွလုံ့လဖြင့် ကြိုးစားပြီး တစ်တောင်ပြီးတစ်တောင် တက်နေခဲ့ကြသည်။

ထို့ကြောင့် အမြင့်ဆုံးသို့ ရောက်ရှိသွားကြပြီဟု ဆိုကြသည့် တာအိုဆရာသခင်ကြီးများ၏ အခြေအနေ မည်သို့ရှိသည်ကို ဆန်းလျန်သိချင်မိသည်။

သူတို့သည် အမြင့်ဆုံးနေရာတွင် ရပ်တည်နေကြသူများဖြစ်လေရာ သူတို့၏ စိတ်နေစိတ်ထားက မည်သို့ ရှိပါမည်နည်း။

မကြာမီတွင် ထိုအဖြေကို ဆန်းလျန် သိရတော့မည်ဖြစ်သည်။

သို့သော်… သူ သိချင်စိတ်လည်း မဖြစ်မိပေ။

အဘယ်ကြောင့်ဆိုသော်… သူ သိရှိလိုက်ရသည့်အဖြေက သူ့အတွက်စိတ်ပျက်စရာအဖြေတစ်ခု ဖြစ်သွားမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်၏။

ဆန်းလျန် အရှေ့ဆီသို့ မျှော်ကြည့်လိုက်သည့်အခါ... နွားစိမ်းကြီးကို စီးနှင်ထွက်ခွာသွားသည့် တာအိုဆရာအဘိုးကြီး၏ ပုံရိပ်ကို ထပ်မံတွေ့ရှိလိုက်ရပြန်သည်။

တာအိုဆရာအဘိုးကြီး၏ ပုံစံက သာမန်ပင် ဖြစ်သော်လည်းထူးခြားဆန်းကျယ်မှုများဖြင့် ပြည့်နက်လျှက်ရှိသည်။

ငေးမောကြည့်ရလောက်အောင် အသရေနှင့်ပြည့်စုံသလိုကြောက်မက်ဖွယ်ရာလည်း ကောင်းလွန်းလှလေ၏။

ဆန်းလျန်က သူ့ရင်ထဲမှ သံသယများကို တာအိုဆရာအဘိုးကြီးက ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိသည့်အတွက် အဘိုးကြီးအား မေးခွန်းများ မေးမြန်းချင်မိသည်။

တာအိုဆရာအဘိုးကြီးသာ သူ၏သံသယများကို ဖြေရှင်းမပေးနိုင်လျှင် လောကတွင် ဖြေရှင်းပေးနိုင်မည့်သူ တစ်ဦးတစ်လေပင် ရှိတော့မည် မဟုတ်ပေ။

အခန်း (၉၄၈) လူ့ဘောင်လောကသာမရှိရင် အမှန်အမှားဆိုတာ လည်း ရှိမှာမဟုတ်ဘ

ဆန်းလျန် ချက်ချင်းပင် ခြေလှမ်းများကို အရှိန်မြှင့်လိုက်သည်။

ကြယ်စင်ကောင်းကင်၏ လမ်းများက ရှုတ်ထွေးသည့်အတွက် လမ်းပျောက်မသွားစေရန် အတော်လေး ဂရုစိုက်ရသည်။

ဆန်းလျန် နွားရိုင်းစိမ်းကြီးကို စီးနှင်ထွက်ခွာသွားသည့် တာအို ဆရာအဘိုးကြီးနောက်သို့ လိုက်နေချိန်မှာပင် ကြယ်စင်

ကောင်းကင်တွင် အဆုံးမရှိသည့် နေ ၊ လ နှင့် ကြယ်စင်များ

လှည့်ပတ်နေသည်ကို တွေ့လိုက်ရသည်။

ဤသည်မှာ ထာဝရလမ်းစဉ်ဟုခေါ်ဆိုနိုင်သည့် တာအိုမဟာ

လမ်းစဉ်ဖြစ်သည်ကို သူ သိရှိလိုက်သည်။

ဤသို့သော မြင်ကွင်းမျိုးကို တွေ့မြင်လိုက်ရသူသည် "မနက်

ခင်းတွင် တာအိုတရားကို ကြားနာပြီး ညအချိန်တွင် သေရမည်

ဆိုလျှင်" ပင် သေပျော်ပါပေသည်ဟု ဆိုထိုက်သူ ဖြစ်၏။

သို့သော်... ဆန်းလျန်ကတော့ ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရ

သည့်အတွက် စိတ်လှုပ်ရှားခြင်း မဖြစ်မိသလို ပျော်ရွှင်

ဝမ်းမြောက်ခြင်းလည်း မဖြစ်မိပေ။

သူက အရာအားလုံးကို သိမြင်နားလည်သွားခဲ့ပြီ မဟုတ်ပါ

လား။

ဆန်းလျန်က လက်ကို ဆန့်ထုတ်ကာ တာအိုဆရာအဘိုးကြီးကို

လှမ်းဆွဲရန် ကြိုးစားလိုက်သည်။

သို့သော်... နူးညံ့သည့်အားတစ်ခုက သူ့ကို တွန်းထုတ်လိုက်ပြီး တာအိုဆရာအဘိုးကြီးက အဝေးသို့ရောက်ရှိသွားခဲ့လေသည်။ ဆန်းလျန် ထိုက်စန့်လောင်ကျွင်းနောက်သို့ ထပ်မလိုက်တော့ပေ။ တာအိုဆရာအဘိုးကြီးသာ သူနှင့်စကားပြောလိုသည့်ဆန္ဒရှိလျှင် ယခုကဲ့သို့ ထွက်ခွာသွားလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဆက်လိုက်နေလျှင်လည်း အကြောင်းထူးမည် မဟုတ်ကြောင်း ဆန်းလျန် သိလိုက်သည်။

ထို့နောက်... ဆန်းလျန်က ကြယ်စင်ကောင်းကင်တွင် ဆက်လက်လမ်းလျှောက်လာခဲ့သည်။

မကြာမီပင် မီးလုံးကြီး (၉)လုံး ထွန်းညှိထားသည့် ရောမ သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ သစ်ပင်ကြီးက မျှော်စင်ကြီးတစ်ခုပမာ မြင့်မားလွန်းလှသည်။

မီးလုံးကြီးများတွင် မီးတောက်များက တဖွားဖွားတောက်လောင်နေပြီး အလင်းရောင်များကလည်း ထိန်လင်းတောက်ပလျှက် ရှိသည်။

သစ်ပင်အောက်တွင်တော့ လေးတစ်လက်ကျနေပြီး လေးကြိုးက ပြတ်နေပြီ ဖြစ်သည်။ ထိုလေးညို့မှာ တာ့ယိ၏ လေးညို့ဖြစ်သည်ကို ဆန်းလျန် သိလိုက်သည်။

ထိုလေးညို့သည် အလွန်အဆင့်မြင့်သည့် လူသတ်လက်နက်တစ်ခုဖြစ်သည်။ နတ်ဓားလက်နက်များထက်ပင် တန်ခိုးစွမ်းအားမြင့်မားသည့် လက်နက်တစ်ခု ဖြစ်လေ၏။

သို့သော်... ယခုတော့ လေးညို့က ပျက်စီးနေပြီ ဖြစ်သည်။ တာ့ယိမည်သည့်နေရာသို့ ရောက်သွားပြီလဲ ဆန်းလျန် စဉ်းစားလိုက်မိသည်။

လေးညို့ကျန်ရစ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် တာ့ယိ

ကတော့ အသက်ရှင်လျှက် လွတ်မြောက်သွားနိုင်သည်ဟု ဆန်း

လျန် ယူဆလိုက်သည်။

ဆန်းလျန်က လေးညို့ကိုကောက်ယူလိုက်လေသည်။

ထိုအချိန်မှာပင်... သစ်ပင်ကြီးထက်မှ ငိုညည်းသံများထွက်

ပေါ်လာသည်ကို ကြားလိုက်ရသည်။ ဆန်းလျန် သစ်ပင်ကြီး

ထက်သို့ မော့ကြည့်လိုက်သည်။

သစ်ပင်ကြီးထက်တွင် တောက်လောင်နေသည့် မီးလုံးကြီးများ

ကို သေသေချာချာ ကြည့်လိုက်မိသည့်အခါ ထိုအရာများသည်

ခြေထောက် (၃)ချောင်းရှိသည့် နေစကြာနတ်ငှက်များ၏ ရုပ်

အလောင်းများ ဖြစ်သည်ကို သိလိုက်ရသည်။

ထိုနေစကြာနတ်ငှက်များသည် ဟိုးအရင်အတိတ်တစ်ချိန်က

တာ့ယိ သတ်ဖြတ်ပစ်လိုက်သည့် နေစကြာနတ်ငှက်များ၏ ရုပ်

အလောင်းများဖြစ်၏။

အသက်မရှိတော့သည့်တိုင် ဝိညာဉ်စွမ်းအားဖြင့် ပြည့်ဝလျှက်ရှိသည်။ သို့သော်... မထင်မရှား ဤနေရာတွင် လာရောက်စွန့်ပစ်ခံထားရလေသည်။

နေစကြာနတ်ငှက်များကို တာ့ယိ သတ်ဖြတ်ခဲ့စဉ်က အလွန်မှအလျှင်လိုနေသည့်အတွက် သတ်ဖြတ်ပြီးနောက် ဤနေရာတွင်လာရောက် စွန့်ပစ်ထားဟန် ရှိသည်။

ယခု ရှမ်တုတောက်ကျှင်းက တာ့ယိတို့နောက်သို့ လိုက်နေသည့်အချိန်တွင်လည်း တာ့ယိအနေဖြင့် ဤအဖိုးတန် ဝိညာဉ်စွမ်းအားငှက်များကို ယူဆောင်သွားနိုင်ခြင်းမရှိဘဲ ပျက်စီးနေသည့် လေးကိုပါ ထားရစ်ခဲ့လေသည်။

မည်သို့ပင်ပင်ဖြစ်စေ တာ့ယိတို့အုပ်စု အသက်ရှင်သန်နေဦးမည်ဟု ဆန်းလျန် ကောက်ချက်ချလိုက်သည်။

ဆန်းလျန် ရှေ့သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။

သိပ်မကြာမီပင် အရှေ့ဆီတွင် ပြုတ်ကျနေသည့် ရွှေကွင်းတစ်ခုကို တွေ့လိုက်ရသည်။ ထိုရွှေကွင်းက ကျင်းကန်းရွှေကွင်း ဖြစ်လေ၏။

ရွှေကွင်း၏အရောင်က မှေးမှိန်နေပြီး ကြယ်စင်ကောင်းကင်၏ တန်ခိုးစွမ်းအားများက ရွှေကွင်းအတွင်းသို့ ဖြည်းဖြည်းချင်း စီးဆင်းဝင်ရောက်နေကြသည်။

ထိုအချိန်မှာပင်... ဥက္ကာပျံတစ်စင်း ကြယ်စင်ကောင်းကင်ကို ဖြတ်သန်းသွားလေသည်။ ထိုအခါ ကျင်းကန်းရွှေကွင်းက ဥက္ကာပျံကို ဆွဲယူစုပ်မြိုလိုက်လေသည်။

ထို့နောက်... ကျင်းကန်းရွှေကွင်းသည် အားအင်များ ပြန်လည်ပြည့်ဝလာသည့်အလား ချက်ချင်းပင် အရောင်များ လင်းလက်တောက်ပလာသည်။

ကျင်းကန်းရွှေကွင်း ဒီအတိုင်း ပြုတ်ကျနေသည်ကိုပင် မည်သူမှ ယူဆောင်မသွားကြသည်ကို ကြည့်ခြင်းအားဖြင့် တာ့ယိတို့

အုပ်စုမှာလည်း အသဲအသန် ပြေးလွှားနေရသလို ရှမ်တုတော
က်ကျွင်းကလည်း တာ့ယိတို့အုပ်စုအား သတ်ဖြတ်ရန် အသဲအ
သန် လိုက်နေရဟန်ရှိသည်။

ဆန်းလျန် ကျင်းကန်းရှေ့ကွင်းကို ကောက်ယူခဲ့ပြီး ရှေ့သို့
ဆက်လက်ထွက်ခွာလာခဲ့သည်။

မကြာမီ ဆန်းလျန် မျက်စိရှေ့တွင် အဆုံးမရှိသည့် မြစ်တစ်
စင်းကို တွေ့လိုက်ရလေသည်။

ထိုမြစ်သည် နဂါးငွေ့တန်းကဲ့သို့ ကြယ်စင်များ စီးဆင်းနေသည့်
မြစ်တစ်စင်းမဟုတ်ပေ။ ထိုမြစ်ထဲတွင် စီးဆင်းနေသည့် အရာ
က မည်သည့်အရာဖြစ်သည်ကို ဆန်းလျန် သိရှိခြင်း မရှိနိုင်
ပေ။

သို့သော်... ထိုမြစ်ကမ်းနံဘေးတွင် တာ့ယိတို့အုပ်စုကို တွေ့မြင်
လိုက်ရသောကြောင့် ဆန်းလျန် အနည်းငယ် အံ့အားသင့်သွား
မိသည်။

တာ့ယိတို့အုပ်စုဟု ဆိုရာ၌ လီအော့ချို ၊ ချန်ဝေါ်နှင့် နွားရိုင်းကြီးတို့ကို ပြောခြင်း ဖြစ်၏။

နွားရိုင်းကြီးက ရှေ့လက်နှစ်ဖက်ကို ထောက်ကာ မြစ်ကမ်းနံဘေးတွင် ဝပ်လျှက်ရှိသည်။ သူ့ကိုကြည့်ရသည်မှာ သေလောက်အောင် မောပန်းနေသည့်ဟန် ဖြစ်၏။

လီအော့ချိုကတော့ ချန်ဝေါ်၏လက်များကို ဆုပ်ကိုင်ထားလေသည်။

မြစ်ရေထက်တွင် ကြယ်စင်များ၏ အလင်းရောင်က ရောင်ပြန်ဟပ်နေပြီး ရေလှိုင်းများကလည်း ငြိမ့်ငြိမ့်လေး စီးဆင်းလှုပ်ခတ်နေသည်။

သူတို့ကို ပြုံးပြီးကြည့်နေသည့် ဆန်းလျန်ကို တွေ့လိုက်ရသည့်အခါ နွားရိုင်းကြီးက မျက်လုံးပြူးသွားပြီး အော်သံတစ်ချက်ပြုလိုက်သည်။

"ဘူး..."

ဆန်းလျန်က နွားရိုင်းကြီး၏ ဦးချိုများကို ထိကိုင်လိုက်ပြီး

သူ၏ခန္ဓာကိုယ်ထဲသို့ တာအိုတန်ခိုးစွမ်းအားများ ထည့်သွင်း

ပေးလိုက်သည်။ နွားရိုင်းကြီးမှာ ချက်ချင်းပင် တန်ခိုးစွမ်းအား

များ ပြန်လည် ပြည့်ဝသွားလေသည်။

ဆန်းလျန်က သူ ယူဆောင်လာသည့် ကျင်းကန်းရွှေကွင်းကို

နွားကြီး၏ နှာခေါင်းထဲသို့ ထည့်သွင်းပြီး နဖားကြိုးထိုး

ပေးလိုက်သည်။

ကျင်းကန်းရွှေကွင်းက အဖိုးတန်မှော်ဝင်ရတနာတစ်ပါးဖြစ်

သော်လည်း ဆန်းလျန်ကတော့ သိပ်ပြီး စိတ်ဝင်စားခြင်း မရှိခဲ့

ပေ။

ထို့နောက် ဆန်းလျန်က သစ်ပင်ကြီးအောက်မှ ယူဆောင်လာ

သည့် ပျက်စီးနေသည့်လေးညို့ကို လီအော့နျိုထံသို့ ပစ်

ပေးလိုက်ပြီး...

"မင်း ဒီလေးညို့ကိုပြန်ပြင်ချင်တယ်ဆိုရင် ကျုပ် ပစ္စည်းတွေ ကူရှာပေးပါ့မယ်..."

လီအော့နျိုက ခေါင်းခါရမ်းလိုက်ပြီး...

"ပြင်စရာမလိုတော့ပါဘူး ၊ ကျုပ် ဒီနေရာမှာပဲ ချန်ဝေါ်နဲ့အတူ အခြေချနေထိုင်တော့မယ်..."

လီအော့နျို၏ စကားဆုံးသွားသည်နှင့် ချန်ဝေါ်က လီအော့ နျို၏ ပခုံးထက်သို့ ခေါင်းလေး မှီချလိုက်လေသည်။

ချန်ဝေါ်ဆိုသည်က ခေတ်အဆက်ဆက်တွင် တန်ခိုးစွမ်းအား မြင့်မားပြီး ဂုဏ်သရေရှိသည့် နတ်သမီးတစ်ပါး ဖြစ်လေသည်။ စိတ်သဘောထားကလည်း အေးစက်လွန်းလှ၏။

ယခုတော့ ချန်ဝေါ်ကို ကြည့်ရသည့်မှာ တကယ့် အပျိုဖြန်းလေး တစ်ယောက်ပမာ ဖြစ်နေလေ၏။ သူမသည် ထိုသို့သော မိန်းကလေးဖြစ်မည်ဟု မည်သူမှ ထင်မိကြလိမ့်မည် မဟုတ် ပေ။

ဆန်းလျန်က...

"ရှမ်တုတောက်ကျွင်းရော..."

ဟု မေးလိုက်၏။

ချန်ဝေါက...

"ရှမ်တုတောက်ကျွင်းက လမ်းတစ်ဝက်လည်းရောက်ရော ကျွန်မတို့နောက်ကို ဆက်မလိုက်တော့ဘူး ၊ ကြယ်စင်ကောင်းကင်ထဲမှာ နွားရိုင်းစိမ်းကြီးစီးလာတဲ့ ထိုက်စန့်လောင်ကျွင်းကိုတွေ့တာနဲ့ သူက အဲဒီနောက်ကို လိုက်သွားတော့တာပဲ..."

ရှမ်တုတောက်ကျွင်းသည် ကျင့်ကြံခြင်းတွင် ဖြေရှင်းမရသည့် ပြဿနာများရှိနေသူ ဖြစ်သည်။

ထိုက်စန့်လောင်ကျွင်းကို တွေ့လိုက်သည်နှင့် သူ့စိတ်ထဲမှ နားမလည်ခြင်းများကို တာအိုဆရာသခင်ကြီးက ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်လိုက်လေသည်။ ထို့ကြောင့်... ထိုက်စန့်

လောင်ကျွင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခြင်း ဖြစ်လေ၏။

ထိပ်တန်းတာအိုဆရာသခင်ကြီးကသာ သူနားမလည်သည့် ကျင့်ကြံခြင်းအကြောင်းများကို ရှင်းပြပေးနိုင်မည်ဆိုလျှင် တာ့ယိသည်လည်း သူ့အတွက် အရေးမကြီးတော့ပေ။

အမှန်တော့ ရှမ်တုတောက်ကျွင်းသာ ထိုက်စန့်လောင်ကျွင်း နောက်သို့လိုက်မသွားဘဲ တာ့ယိတို့နောက်သို့သာ ဆက်လိုက်နေခဲ့ပါက ဆန်းလျန် လာကယ်မည်ဆိုလျှင်တောင် အချိန်မမီနိုင်တော့ပေ။

နွားရိုင်းကြီးမှာလည်း အားကုန်ပြီး အလွန်ပင်ပန်းနေပြီဖြစ်သည်။

သို့သော်… ရှမ်တုတောက်ကျွင်းက သူတို့နောက်သို့ဆက်မလိုက်တော့သည့်အတွက် သူတို့ မြစ်ကမ်းနံဘေးတွင် ရပ်နားလိုက်ကြခြင်း ဖြစ်လေသည်။

ဤမြစ်ကမ်းနံဘေးတွင် အခြေချနေထိုင်ရန်ကတော့ လီအော့

နျို၏ ဆန္ဒဖြစ်၏။

လီအော့နျိုသည် တာ့ယိ ဖြစ်လေ၏။ တာ့ယိက အစ

ကတည်းက လူ့လောကနှင့် ကင်းကင်းနေချင်သူဖြစ်ပြီး အခြား

သူများကို တော်ရုံ အထင်မကြီးတတ်ပေ။

သို့သော်... သူက ချန်ဝေါ်ကိုတော့ အရာအားလုံးထက်ပိုပြီး

ချစ်ခင်မြတ်နိုးလေသည်။ ထို့ကြောင့် လူ့လောက၏ အမှား

အမှန် ၊ အရှုတ်အရှင်းများတွင် ပါဝင်ပတ်သက်လိုခြင်းမရှိဘဲ

ဤနေရာတွင် ချန်ဝေါ်နှင့်အတူ အခြေချနေထိုင်လိုခြင်း

ဖြစ်သည်။

ဤမြစ်ကမ်းနံဘေးသည် တိတ်ဆိတ်သည့် ကြယ်စင်

ကောင်းကင်နှင့် ကပ်လျှက်တွင် တည်ရှိလေသည်။

ဤနေရာက နေထိုင်ရန် ကောင်းမွန်သည့်နေရာတစ်ခု မဟုတ်

သော်လည်း လူသူအရောက်အပေါက် နည်းလေသည်။ တာ့ယိ

ကလည်း ထိုအချက်ကြောင့်ပင် ဤနေရာကို သဘောကျမိခြင်း ဖြစ်၏။

ဆန်းလျန်ကလည်း တာ့ယိ၏ ဆန္ဒကို မတားဆီးခဲ့ပေ။

ဆန်းလျန်က လီအော့နျိုနှင့် ချန်ဝေါ်ကို တစ်ချက်ကြည့်လိုက်သည်။ သူတို့ အန္တရယ်ရှိမည်ဆိုလျှင် ဆန်းလျန်အနေဖြင့် အချိန်မရွေး လာရောက်ကယ်တင်ပေးမည် ဖြစ်သည်။

မိုးနှင့်မြေတစ်ခွင်တွင် တာ့ယိနှင့်ချန်ဝေါ်တို့ ဇနီးမောင်နှံ အသက်ရှင်သန်နေလျှင် ဆန်းလျန်လည်း ကျေနပ်ပြီ ဖြစ်သည်။

ချန်ဝေါ်ကလည်း ဆန်းလျန် သူတို့အပေါ်ထားသည့် စေတနာကို နားလည်ပါလေ၏။

ချန်ဝေါ်က...

"ဆန်းလျန်၊ ရှင့်ကို တစ်ခုပြောစရာရှိတယ်၊ ရှင် ထိုက်ဟောက်ကို သတိထားပါ၊ သူက ဟွင့်ယွမ်ဝူကျီအဆင့် ရောက် မရောက်

တော့ ကျွန်မ မသိဘူး ။ ဒါပေမဲ့ ကျွန်မ သတိထားမိတာက သူက ဟိုးအရင်ကတည်းက အားလော်ဟယ်နဲ့ အတွင်းသိ အဆင်းသိတွေပဲ ။ စကြာဝဠာကြီးအဆုံးသတ်တော့မယ်ဆိုတာ ကိုလည်း သူက အတည်ပြုပြောခဲ့ဖူးတယ် ။ ဒါကြောင့် ကျွန်မ တောင်မှ မှော်ဝင်ရတနာပစ္စည်းတစ်ခု ပြုလုပ်ထားခဲ့သေးတယ် ။ တကယ်လို့ စကြာဝဠာကြီးအဆုံးသတ်ခဲ့ရင် အဲဒီမှော်ဝင် ပစ္စည်းကိုအသုံးပြုပြီး တခြားဘက်ခြမ်းကို ကူးသွားနိုင်အောင် လို့ပေါ့..."

"ကျွန်မက ထိုက်ယင်းတန်ခိုးစွမ်းအားကို ကျင့်ကြံခဲ့တဲ့သူဆို တာ ရှင်လည်း သိတာပဲလေ ။ ဒါကြောင့် အချိန်နဲ့ပတ်သက်ရင် အကဲဆတ်တယ် ။ အခု အချိန်ရေစီးကြောင်းမှာ ထိုက်ဟောက် ရဲ့အရိပ်ကို ကျွန်မ မြင်လိုက်တယ် ။ သူမှာ တကယ့်ကို ကြောက်စရာကောင်းတဲ့ နတ်လက်နက်တစ်ခု ရှိတယ် ။ အဲဒါက

သဘော်ကြီး တစ်စီးပဲ ၊ အဲဒီထဲမှာပါတဲ့တန်ခိုးစွမ်းအားတွေက ကျွန်မကိုတောင် တုန်လှုပ်စေတယ်..."

"ပြီးတော့ ကျွန်မရဲ့မောင်လေး ရှောင်းဟောင်ကလည်း သူနဲ့ အတူပါလာတယ် ၊ တကယ်လို့များ ရှင်တို့တွေ တိုက်ပွဲဖြစ်ကြ မယ်ဆိုရင် ကျွန်မရဲ့မောင်လေးကို လူပြန်ဝင်စားခွင့်တော့ ပြု လိုက်ပါ ၊ သူ့ဝိညာဉ်ကို ဖျက်စီးမပစ်လိုက်ပါနဲ့..."

ဆန်းလျန်က...

"နတ်သမီးက ဒီလိုပြောမှတော့ ဆန်းလျန် သေသေချာချာ မှတ်သားထားပါ့မယ် ၊ အဲဒီလိုနေ့မျိုး ရောက်လာခဲ့ရင် မင်းရဲ့ မောင်လေးကို ကျုပ် လွှတ်ပေးလိုက်ပါ့မယ်..."

ဆန်းလျန်၏ စကားကြောင့် ချန်ဝေါ် ပျော်ရွှင်သွားလေသည်။

"ကျေးဇူးအများကြီးတင်ပါတယ်..."

ဤကျေးဇူးတင်စကားသည် စိတ်ရင်းဖြင့်ပြောသည့် ကျေးဇူးတင်စကားဖြစ်လေသည်။

ခေတ်အဆက်ဆက်တွင် ချန်ဝေါ်သည် အခြားသူများကို

ကျေးဇူးတင်စကား ဆိုလေ့မရှိပေ။ ယနေ့တော့ ဆန်းလျန်ကို

သူမ ကျေးဇူးတင်စကားဆိုခဲ့ပြီ ဖြစ်သည်။

တာအိုဆရာလီချင်းဆွေရော ၊ လနတ်သမီး ချန်ဝေါ်ရောက

အေးစက်ပြီး မာနကြီးသူများဖြစ်ကြသည်။ ယခုတော့ သူတို့

(၂)ယောက်လုံးက တစ်နေ့တည်းမှာပင် ဆန်းလျန်ကို

ကျေးဇူးတင်စကားဆိုလာကြသည့်အခါ ဆန်းလျန်

အနည်းငယ်ပင် ရယ်ချင်သွားမိသည်။

တကယ်ဆိုလျှင် သူအနည်းငယ်တော့ မြောက်ကြွကြွဖြစ်သွား

သင့်သည် မဟုတ်ပါလား။

သို့သော်... ဆန်းလျန်က သူ၏ အတွေးများကို အခြားလူများမ

သိအောင် ဖုံးကွယ်ထားလိုက်လေသည်။

ဆန်းလျန်က နွားရိုင်းကြီးကို ကြည့်လိုက်ပြီး ...

"ကျင်းကန်းရွှေကွင်းက တကယ်တော့ ယင်ရှန်းကျွင်းရဲ့ ပစ္စည်းပဲ ၊ မင်းက အဲဒါကို ခိုးလာတော့ နောက်ဆက်တွဲပြဿနာတွေ အများကြီး ဖြစ်လာလိမ့်မယ် ၊ ဖြစ်လာမယ့် အနာဂတ်ကို တားဆီးချင်တယ်ဆိုရင် ကျုပ် မင်းအတွက် တစ်ခုတော့ အာမခံပေးနိုင်တယ် ၊ မင်း တာ့ယိနဲ့ချန်ဝေါ်ဇနီးမောင်နှံ နောက်ကိုလိုက်ပြီး ကောင်းကောင်းကျင့်ကြံပါ ၊ ပေါ့ပေါ့ဆဆ မနေပါနဲ့..."

နွားရိုင်းကြီးက မျက်နှာပြောင်ပြောင်ဖြင့်...

"ဒါဖြင့် အော့နျိုတို့ကို ကျုပ်ရဲ့ အလုပ်သမားအဖြစ် ခန့်လိုက်ရုံပေါ့..."

လီအော့နျိုက...

"အစ်ကိုနွားရိုင်းကြီး ၊ တကယ်လို့ တစ်နေ့ကျ အစ်ကိုနွားရိုင်းကြီး ပြဿနာတက်ရင် ကျုပ် ကူညီပါ့မယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"လူ့ဘောင်လောကသာမရှိရင် အမှန်အမှားဆိုတာလည်း ရှိမှာမဟုတ်ဘူး၊ ကိလေသာတွေလည်း ရှိနေမှာ မဟုတ်တော့ဘူး..."

ထိုစကားကိုပြောပြီးနောက် ဆန်းလျန် မြစ်ရေပြင်ထက်သို့ တက်လှမ်းကာ ထွက်ခွာသွားလေတော့သည်။

ချန်ဝေါက ဆန်းလျန် ပြောသွားသည့် စကားကို နက်နက်ရှိုင်းရှိုင်း စဉ်းစားနေရင်း...

"ဆန်းလျန်ပြောသွားတာ ဘာအဓိပ္ပါယ်လဲ၊ သူက ကျွန်မတို့ကို လောကီလူ့ဘောင်နဲ့ အဝေးမှာ နေစေချင်တာလား၊ ဒါမှမဟုတ် ကျွန်မတို့ ဒီလောကီလူ့ဘောင်ရဲ့ ပြဿနာတွေကို မရှောင်လွှဲနိုင်ဘဲ ထိပ်တိုက်တွေ့ရမယ်လို့ ပြောချင်တာလား..."

နွားရိုင်းကြီးက...

"ထားလိုက်ပါ၊ ကျုပ်ရဲ့ကိစ္စကို ကျုပ်ပဲနားလည်ပါတယ်၊ မင်းတို့ ဝင်မပါကြနဲ့..."

လီအော့န်ျုက...

"အစ်ကိုနွှားရိုင်းကြီး ၊ ဒီလို မပြောပါနဲ့ ၊ မင်းဒုက္ခရောက်ရင် ကျုပ်က ကြည့်နေမှာ မဟုတ်ဘူး..."

ချန်ဝေါက နွှားရိုင်းကြီးကိုကူညီရန် မတွန့်ဆုတ်သော်လည်း အနည်းငယ် စိတ်ပူပန်နေမိသည်။

တစ်ချိန်တည်းမှာပင် သူမ၏ စိတ်ထဲတွင် ပျော်ရွှင်မှုကိုလည်း ခံစားနေရသည်။ အဘယ်ကြောင့်ဆိုသော်... သူမဘေးတွင် တော့ယိ ရှိနေပြီ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

သူမဘေးတွင် ချစ်ရပါသော သူရဲကောင်းတော့ယိက အတူတူ ရပ်တည်ပေးနေပြီ မဟုတ်ပါလား။

***

လီအော့န်ျုသည် နွှားရိုင်းကြီး၏ ပြဿနာတွင် ကျိန်းသေပါဝင် ပတ်သက်မည်ကို ဆန်းလျှန် သိရှိလေသည်။

ထိုပြဿနာထဲတွင်ပါဝင်မိပါက ကျိန်းသေ ဘေးအန္တရယ် ကျ ရောက်မည် ဖြစ်သည်။

သို့သော်… လီအော့နျိုကို မည်သူမှ မတားဆီးနိုင်ပေ။

ထို့ကြောင့် ကျရောက်မည့် ဘေးအန္တရာယ်ကိုလည်း ရှောင်ရှား နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် သူက စကားတစ်ခွန်းပြောပြီး ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ သို့သော်… တကယ်တမ်း ဖြစ်ရမည့် ကံကြမ္မာ ပါလာပြီဆိုလျှင် မည်သူ ဆန့်ကျင်နိုင်ပါမည်နည်း။

ဆန်းလျန်၏စိတ်က အရာရာကို ရှင်းလင်းစွာသိမြင်နိုင်လေ သည်။ ယနေ့တွင် ပိုလို့ပင် သူ့စိတ်က ကြည်လင်ရှင်းလင်းနေ သေးသည်။

သူက ထူးဆန်းသည့် မြစ်ကြောင်းအတိုင်း စီးမျောသွားပြီး နောက် အကန့်အသတ်မရှိ ကျယ်ပြန့်သည့် တောင်ကြားတစ်ခု ဆီသို့ ရောက်ရှိလာလေသည်။

အချို့သောတိုက်ဆိုင်မှုများသည် အလွန်မှ ကျိုးကြောင်း ဆီလျော်လှပေ၏။

အဆုံးမဲ့တောင်ကြား....

ဆန်းလျန်ရောက်ရှိလာသည့်နေရာသည် "အဆုံးမဲ့တောင်ကြား" ဖြစ်၏။

အဆုံးမဲ့တောင်ကြားသည် နတ်မိစ္ဆာအဓိပတိကြီးနေထိုင်ရာ နေရာဖြစ်လေသည်။ သို့သော်... အဆုံးမဲ့တောင်ကြား ဖြစ်ပေါ်လာရသည့်အကြောင်းရင်းကတော့ နတ်မိစ္ဆာအဓိပတိကြီး နှင့် လုံးဝ ပတ်သက်ဆက်နွယ်ခြင်း မရှိပေ။

ရုတ်တရက်... ဓားဝိညာဉ်တစ်ခု လွင့်မျောလာပြီး ဆန်းလျန်ကို များစွာ အံ့သြတုန်လှုပ်သွားလေတော့သည်။

အခန်း (၉၄၉) အမေးအဖြေ

အဆုံးမဲ့တောင်ကြားက ကျယ်ပြန့်လွန်းလေသည်။

သို့သော်... မိုင် (၁၀၀) ပတ်လည်တစ်လျှောက် ပျက်စီးယိုယွင်း

မှုများဖြင့် ပြည့်နက်လျှက် ရှိသည်။

အထူးခြားဆုံးမှာ ဤနေရာ၏ တည်ရှိမှု အနေအထား

ဖြစ်သည်။ တောင်ကြားက အောက်ခြေမရှိသည့် ချောက်နက်

ကြီး၏ ပတ်ဝန်းကျင်တွင် တည်ရှိပြီး ရေပြင်အများပေါင်းစုံရာ

နေရာတစ်ခု ဖြစ်သည်။

ဤသို့သော ထူးခြားသည့် မြေနေရာအနေအထားကို ဆန်းလျ

န်၏ ဘဝတွင် ပထမဆုံး တွေ့မြင်ဖူးခြင်း ဖြစ်၏။

ပျက်စီးယိုယွင်းမှုများကြားတွင် ပုန်းအောင်းနေသည့် ဓား

ဝိညာဉ်က လေကဲ့သို့လျှင်မြန်ပြီး အဆုံးလည်း မရှိပေ။ ဓား

ဝိညာဉ်က ရှိနေသော်လည်း မရှိသကဲ့သို့ ထင်မှတ်ရပြီး ဓား

ဝိညာဉ်ထွက်ပေါ်လာသည့်အခါ အလင်းတန်းက တောက်ပလျှ
က် ရှိသည်။

ဆန်းလျန်မဟုတ်ဘဲ အခြားသူတစ်ယောက်ဆိုလျှင် ထိုဓား
ဝိညာဉ်ကို သတိပြုမိမည် မဟုတ်ပေ။

ဆန်းလျန်က စိတ်အာရုံကို ဖြန့်ကျက်လိုက်လေရာ သိပ်မဝေး
လှသည့်နေရာတွင် တိုင်းပြည်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

တိုင်းပြည်ကြီး၏ အဆောက်အဦများတည်ဆောက်ထားဟန်
မှာ လူသားမျိုးနွယ်များနေထိုင်သည့် အဆောက်အဦများ
အတိုင်းဖြစ်သည်။ သို့သော်... အဆောက်အဦများက
ပေ(၁၀၀)မှ ပေ (၁၀၀၀)အထိ မြင့်မားကြသည်။

တိုင်းပြည်ကြီးက ကြီးမားလှသည့် တိုင်းပြည်ကြီးတစ်ခု ဖြစ်
ဟန်ရှိသည်။

သို့သော်... ယခုတော့ ဘယ်သူမှမနေသည့် ပြည်ပျက်ကြီးတစ်
ခု ဖြစ်နေခဲ့ပေပြီ။

ဆန်းလျန်သည် မြင့်မားသည့် ချောက်ကမ်းပါးကြီးတစ်ခုထက်သို့ ခုန်တက်လိုက်သည်။ ထိုနေရာတွင် အထိမ်းအမှတ်ကျောက်တိုင်တစ်ခုရှိနေပြီး စာတစ်ပိုဒ်ရေးထားသည်ကို တွေ့လိုက်ရသည်။

"လေကိုထိုးခွင်းပျံသန်းရင်း လျဲ့ယွီခို့ ဒီနေရာကို ရောက်လာခဲ့တယ်...

ဤအရပ်က ဓားဝိညာဉ်က ကြောက်မက်ဖွယ်ရာ ဖြစ်တယ်..."

စာပိုဒ်က ထိုမျှသာ ဖြစ်သည်။

လျဲ့ယွီခို့ဆိုသည်မှာ တွေးခေါ်ပညာရှင်တစ်ယောက်ဖြစ်ပြီး အလွန်ဉာဏ်ရည်ထက်မြက်သူ ဖြစ်သည်။

ကျောက်စာတိုင်တွင် ရေးသားထားသည့်စာကို ဖတ်မိသည်နှင့် လျဲ့ယွီခို့သည် တရားအလင်းရသည့် နတ်ဘုရားတစ်ပါးဖြစ်ပြီး လေကဲ့သို့ သဲလွန်စပင် မကျန်အောင် လွင့်မျောနိုင်သူတစ်ယောက်ဖြစ်ကြောင်း ဆန်းလျန် သိလိုက်ရသည်။

ယခင်တစ်ချိန်က ကြီးမားသည့် တိုင်းပြည်ကြီးတစ်ခု ပျက်စီး ယိုယွင်းနေသည်ကို တွေ့ရသည့်အခါ စိတ်လှုပ်ရှားစွာဖြင့် ကျောက်စာတိုင်တွင် စာတစ်ပိုဒ်ရေးသားခဲ့ခြင်း ဖြစ်ဟန် တူသည်။

ဆန်းလျန်၏ စိတ်ထဲတွင် အနည်းငယ် ဝမ်းနည်းတသခြင်းကို ခံစားလိုက်ရသည်။

အခြားကျင့်ကြံသူများသာ ဤနေရာသို့ ရောက်လာခဲ့လျှင် ကျောက်စာတိုင်မှ စာပိုဒ်ကိုဖတ်ခွင့်ရသည်မှာ အလွန် ကံကောင်းသည်ဟု ဆိုနိုင်သည်။

ထို့ပြင်... ကျောက်စာတိုင်ထက်တွင်ရေးထားသည့် ဓားဝိညာဉ် အကြောင်းကိုလည်း လေ့လာသင်ယူနိုင်မည် ဖြစ်သည်။ ဓား ဝိညာဉ်ကိုသာ လေ့ကျင့်နိုင်ပါက ထက်မြက်သည့်ဓားသမား တစ်ယောက် ဖြစ်လာပေလိမ့်မည်။

သို့သော်… ဆန်းလျန်အတွက်တော့ အနည်းငယ်အံ့အားသင့်ရုံ ကလွဲပြီး ဘာမှ မထူးခြားပေ။

သူက အရာအားလုံးကို နားလည်ပြီးသား ဖြစ်နေသည့်အတွက် ပြုံးရုံသာ ပြုံးလိုက်မိသည်။

ယခု သူလည်း ဤနေရာသို့ ရောက်ခဲ့ပြီဖြစ်သည့်အတွက် တစ်စုံတစ်ခု အမှတ်အသား ချန်ထားခဲ့ရန် ဆုံးဖြတ်လိုက် သည်။

ဆန်းလျန်က ကျောက်စာတိုင်ထက်တွင် ဓားတစ်လက်ပုံစံရေး ထွင်းလိုက်သည်။ ရိုးရှင်းသည့် ဓားတစ်လက်ပုံကျွန် ဖြစ်လေ သည်။ သို့သော်… ဓားပုံသဏ္ဍာန်က အံ့သြဖွယ်ရာဖြစ်ပြီး လျှို့ဝှ ခို့ ရေးထားသည့် စာပိုဒ်ထဲမှ ဓားဝိညာဉ်ကို အကောင်းဆုံး သရုပ်ဖော်ထားနိုင်သည်။

ဆန်းလျန် အရင်တစ်ချိန်က သူ ဓားသိုင်းလေ့ကျင့်ခဲ့သည့် အကြောင်းများကို ပြန်လည် စဉ်းစားလိုက်မိသည်။ သူလည်း

အခြေခံအဆင့်မှ စတင်လေ့ကျင့်ခဲ့ရပြီး ယခုအခြေအနေသို့ ရောက်ရှိလာခြင်း ဖြစ်၏။

နောင်တွင် အနာဂတ်မျိုးဆက်သစ် ကျင့်ကြံသူများ ဤနေရာသို့ ရောက်ရှိလာခဲ့သည်ရှိသော် ကျောက်စာတိုင်ထက်တွင် လျှို့ဝှက်ခို့ ရေးသားထားသည့် စာလုံးစုတ်ချက်များနှင့် ဆန်းလျန်ရေးဆွဲထားသည့် ဓားပုံသဏ္ဍာန်ကို ပေါင်းစပ်ကာ အဆင့်မြင့်ဓားသိုင်းတစ်မျိုးကို ကျင့်ကြံနိုင်ပေလိမ့်မည်။

တိုက်ဆိုင်သည့်သူကတော့ ပညာရသွားမည် ဖြစ်သည်။

အနာဂတ်တွင် တိုက်ဆိုင်စွာ ဤဓားသိုင်းကို သင်ယူနိုင်မည့်သူသည် စိတ်ဝင်စားဖွယ်ရာ ကောင်းလွန်းလှသည်။

လောကကြီးကို အတွေးတစ်ခုတည်းဖြင့်တုန့်ပြန်လျှင် အရာအားလုံးသည် စိတ်ကြောင့် ဖြစ်ရခြင်းပင် ဖြစ်သည်။

နတ်ဘုရားများက နတ်ဘုရားများပင် ဖြစ်ကြပြီးအံ့သြစရာ

လည်းကောင်းလွန်းလှသည်။ အခြားလူများအနေဖြင့် နတ်

ဘုရားတို့၏ စိတ်ထားများကို နားလည်ရန်မှာ မဖြစ်နိုင်ပေ။

ဆန်းလျှန်သည် ပျက်စီးနေသည့်တိုင်းပြည်ကြီးကို တစ်ချက်

လှည့်ကြည့်လိုက်သည်။ သူက တန်ခိုးစွမ်းအားမြင့်မားသူ ဖြစ်

သည့်အတွက် ဤတိုင်းပြည်ကြီးအကြောင်းကို ချက်ချင်း

သိမြင်လိုက်သည်။

ဤတိုင်းပြည်ကြီးသည် ရှောင်းဟောင် အုပ်ချုပ်မင်းလုပ်ခဲ့

သည့် ရှေးဟောင်းတိုင်းပြည်ကြီးတစ်ခု ဖြစ်၏။ တိုင်းပြည်ထဲ

တွင် ဘီလူးကြီးများ နေထိုင်ကြသည်။ တစ်နေ့တွင်တော့...

ရှောင်းဟောင်သည် ဘီလူးကြီးများအားလုံးကို ဤတိုင်းပြည်မှ

မောင်းထုတ်ပစ်လိုက်လေသည်။

ထိုသို့ဖြင့်... ဤတိုင်းပြည်ကြီးသည် တစပြင်အလား လူသူ

ကင်းမဲ့သွားရလေတော့သည်။

ထိုအကြောင်းကို စဉ်းစားမိသည့်အခါ ဆန်းလျန် ဟန်အယ် ပြောသည့် စကားများကို ပြန်လည် သတိရလိုက်မိပြီး သဲလွန်စ တစ်ခုကို သိရှိရာ အမှန်တရားကို ကောက်ချက်ချနိုင်ခဲ့သည်။ ကြည့်ရသည်မှာ ထိုက်ဟောက်နှင့် ရှောင်းဟောင်တို့သည် တိ ကျသည့် အချိန်နှင့်နေရာတစ်ခုဆီမှ ဤအပျက်အစီးများရှိရာ သို့ လျှို့ဝှက်ပြီး ပြန်လာကြဟန်ရှိသည်။ သို့သော်... ဆန်းလျန် က သူတို့ကိစ္စကို စိတ်မဝင်စားပေ။

ထို့နောက် ဆန်းလျန် တာအိုဆရာလီချင်းဆွေရှိရာ ချင်းဆွေထျ န်း ကောင်းကင်ဘုံသို့ ပြန်လာခဲ့လေသည်။

ဆန်းလျန် ချင်းဆွေထျန်းကောင်းကင်ဘုံသို့ မကြာခဏ ရောက် ခဲ့ဖူးသည်။ သို့သော်... ယခုတစ်ကြိမ်ကတော့ နောက်ဆုံး အကြိမ်လာရောက်ခြင်း ဖြစ်သည်။ သူ ဤနေရာသို့ နောက်တစ် ကြိမ် လာရောက်တော့မည် မဟုတ်ပေ။

လီချင်းဆွေသည် ရေကန်နံဘေးတွင် ထိုင်နေပြီး ဆန်းလျန်ကို စောင့်နေခဲ့သည်။

သူမက အဝတ်အစားဝတ်ဆင်ထားခြင်းမရှိဘဲ အဝတ်အချည်းစည်း ရှိနေခဲ့သည်။ သူမ၏ခန္ဓာကိုယ်အပေါ်ပိုင်းကို ပါးလွှာသည့် အဖြူရောင်အဝတ်တစ်စဖြင့် ဖုံးကာထားလေ၏။ သူမက ခြေထောက်များကို ရေကန်ထဲသို့ ချထားသည်ဖြစ်လေရာ တောက်ပသန့်စင်ပြီး သွယ်လျလှပလွန်းသည့် ပေါင်တံနှင့် ခြေသလုံးများကိုတော့ အတိုင်းသားတွေ့မြင်နေရသည်။

သူမသည် ယခုမှ အရွယ်ရောက်သည့် ပျိုဖော်ဝင်စ မိန်းမငယ်လေးတစ်ယောက်အလား ယခင်ကထက်ပိုပြီး စွဲဆောင်မှု ရှိနေလေသည်။

ထို့နောက် သူမ၏ ကြည်လင်သည့် မျက်ဝန်းများက တစ်ချက်ရွေ့လျားသွားပြီး နူးညံ့လွန်းသည့်အကြည့်သည် ဆန်းလျန်ထံတွင် တည်လေ၏။

ဆန်းလျန် စိတ်မကောင်း ဖြစ်နေမိသည်။

ဤသည်မှာ လီချင်းဆွေ၏ လူသားဆန်မှုကို နောက်ဆုံး မြင်တွေ့ရခြင်း ဖြစ်သည်။

ဆန်းလျန်က တိုးတိတ်သည့်လေသံဖြင့်...

"တကယ်တော့ အမှန်တရားကိုရှာဖွေဖို့အတွက် ကိုယ့်ကိုကိုယ် အကြွင်နာတရားကင်းမဲ့အောင်လုပ်ဖို့ မလိုပါဘူးဗျာ..."

လီချင်းဆွေက ပြုံးလိုက်ပြီး...

"ငါ့အတွက် ချစ်ခြင်းမေတ္တာဆိုတာ မလိုအပ်ဘူး..."

ဆန်းလျန် စကားထပ်မပြောတော့ဘဲ တိတ်ဆိတ်သွားသည်။

သူ စကားထပ်ပြောလျှင်လည်း အပိုလုပ်သည်ပင် ဖြစ်ပေလိမ့်မည်။

အမှန်တော့ သူသာ လီချင်းဆွေကို အကြွင်နာတရားကင်းမဲ့သွားသူတစ်ယောက် မဖြစ်စေချင်ပါက ပါးစပ်ဖြင့်ပြောနေမည့်

အစား အစကတည်းက သူမလိုချင်သည့် မီးအိမ် (၂)ခုကို ယူမပေးရန်သာ ရှိလေသည်။

ယခုတော့ ... မီးအိမ် (၃)ခုသည် မြူခိုးများဝေနေသည့် ရေကန်ငယ်ထဲတွင် မျောနေလေသည်။ မီးအိမ်မှ အလင်းရောင်များက မြူခိုးများဖြင့် ပေါင်းစပ်ပြီး အလှတရားက ဒဏ္ဍာရီဆန်လွန်းလှသည်။

လီချင်းဆွေက...

"ဆန်းလျန် ၊ ငါ မေးခွန်းတစ်ခုလောက် မေးချင်တယ် ၊ ကူးချိုင်ဝေ့ရယ် ၊ ကျောက်ရှောင်ယွီရယ် ကျိုလင်ရယ်မှာ မင်း ဘယ်သူ့ကို အချစ်ဆုံးလဲ..."

ဆန်းလျန်က မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"မင်းကလည်း မိန်းကလေးတစ်ယောက်ပဲကိုး... ချင်းဆွေ ၊ ကျုပ် အဲဒါကို မေ့နေတာ..."

လီချင်းဆွေက သူမ၏ ဆံပင်ရှည်များကို ပခုံးနောက်သို့ လက်ဖြင့်အသာသပ်ဖယ်လိုက်လေသည်။

သူမ၏ ဆံပင်ရှည်များသည် ရေတံခွန်စီးဆင်းနေသည့်အလား ကျောထက်သို့ လွင့်မျောကျဆင်းသွား၏။

လီချင်းဆွေက...

"တစ်လောကလုံးက မိန်းကလေးတွေက အတင်းပြောတတ်ပြီး စပ်စုတတ်တယ်လို့ မင်းက ဆိုလိုတာလား..."

ဆန်းလျန်၏ အဖြေကိုမစောင့်ဘဲ လီချင်းဆွေက ဆက်ပြောလိုက်သည်။

"တကယ်တော့ မိန်းကလေးတိုင်း အဲဒီအတိုင်းပဲ ၊ မင်း မှန်ပါတယ်... "

"တကယ်တော့ ကျုပ် မင်းဆီကို ပြန်မလာဘဲ နေလိုက်ရမှာ..."

ဆန်းလျန်က ထိုသို့ ပြောလိုက်သော်လည်း သူက လီချင်းဆွေနံဘေး ရေကန်ငယ်နားတွင် ဝင်ထိုင်လိုက်သည်။

သူတို့ (၂)ယောက် ဘေးချင်းယှဉ်နေပြီး အသက်ရှူသံများ ထပ်တူကျလျှက်ရှိသည်။

လီချင်းဆွေက...

"ငါမေးတဲ့မေးခွန်းက မင်းအတွက် အဲဒီလောက်တောင် ဖြေရ ခက်နေလို့လား..."

ဆန်းလျန်က...

"မခက်ပါဘူးဗျာ၊ တကယ်တော့ လောကမှာ ကိုယ်ကလွဲရင် အားလုံးက သူစိမ်းတွေချည်းပါပဲ၊ ဒီတော့ သူတို့အားလုံး အပေါ် ကျုပ် အတူတူပဲ မေတ္တာထားပါတယ် ၊ဒါပေမဲ့ ကျုပ် ရင်ထဲက ခံစားချက်ကို ပြောရမယ်ဆိုရင်တော့ ဆရာဘွားဘွား ကျိုလင က ထူးခြားတဲ့သူတစ်ယောက်ပါ..."

လီချင်းဆွေက ဆန်းလျန်ကို လှည့်ကြည့်လိုက်ပြီး...

"သူက တကယ်ထူးခြားတာပေါ့၊ မင်းကသာ သောက်တုံး..."

လီချင်းဆွေ ပြစ်တင်ပြောဆိုသည်ကို ဆန်းလျန် ငြိမ်ခံနေလိုက်သည်။

လီချင်းဆွေ ပြောသည်က အမှန်ပဲ ဖြစ်၏။ သူက တကယ်လည်း သောက်တုံး ဖြစ်ကောင်းဖြစ်မည်။ လီချင်းဆွေကို ဘုရင်ရှစ်ပါးနန်းတော်မှ မီးအိမ်နှင့် ၊ ကျောက်စိမ်းဝိညာဉ်နန်းတော်မှ မီးအိမ်ကို ပေးလိုက်မိကတည်းက သူ အမှန်တကယ်ပဲ တုံးလွန်းကြောင်း သူလည်း သိခဲ့ပေ၏။

ဆန်းလျန်က...

"လောကမှာ ပြီးပြည့်စုံတဲ့လူရယ်လို့ မရှိနိုင်ပါဘူး ၊ တာအိုဆရာသခင်ထိုက်ယီမှာလည်း အားနည်းချက် အားသာချက် ရှိမှာပေါ့ဗျာ ၊ တကယ်တော့ တခြားသူတွေကို ပြောမနေပါနဲ့၊ ကျုပ်တို့ကိုယ်တိုင်လည်း ပြီးပြည့်စုံတယ်ရယ်မှ မရှိဘဲကို..."

"ဂိုဏ်းတူအစ်မရယ် ၊ ဆရာဘွားဘွားရယ် ၊ ရှောင်ယွီရယ်မှာ ဘယ်သူ့ကို ပိုချစ်လဲလို့ မင်းက မေးခဲ့တယ်နော် ၊ ဆန်းလျန်

အနေနဲ့ ပြောရရင် အားလုံးအပေါ်မှာ မေတ္တာထားပါတယ် ၊ ဒါပေမဲ့ အပွင့်လင်းဆုံးပြောရမယ်ဆိုရင် ကျောက်နံရံကြီးပေါ်မှာ ဆရာဘွားဘွားကျိုလင်ကို တွေ့ခဲ့တဲ့အချိန်တုန်းက ကျွန်တော် ရင်ခုန်စိတ်လှုပ်ရှားခဲ့တာ အမှန်ပါဘဲ ၊ တကယ်တော့ အဲဒီရင်ခုန်ခြင်းကို ကျွန်တော်ကိုယ်တိုင်တောင် နားမလည်နိုင်ခဲ့ပါဘူး..."

"ဂိုဏ်းတူအစ်မ ကူးချိုင်ဝေ့ကတော့ ကျုပ်ကို (၁၀)နှစ်ကျော်ပညာသင်ပေးခဲ့တယ် ၊ ဂရုတစိုက်စောင့်ရှောက်ပေးခဲ့တယ် ၊ ဒါကြောင့် ဒီလောကို ရောက်လာတော့ သူက ဘဝခြားနေတာတောင် မြင်တာနဲ့ တန်းပြီး မှတ်မိခဲ့တယ်..."

"ရှောင်ယွီနဲ့ကတော့ အစပိုင်းတုန်းက ရန်သူတွေလေ ၊ မတည့်ကြဘူး ၊ ဒါပေမဲ့ နောက်ပိုင်းတော့ အဆင်ပြေသွားလိုက်ကြတာ ရန်သူဖြစ်ခဲ့တယ်ဆိုတာတောင် မေ့သွားခဲ့တယ်..."

"သူတို့ (၃)ယောက်မှာ ဘယ်သူ့ကို ပိုချစ်လဲလို့မေးတယ်ဆိုတာ

တကယ်တော့ မင်းက သူတို့ (၃)ယောက်ထဲက တစ်ယောက်ကို

ရွေးခြယ်ခိုင်းနေတာ မဟုတ်လား... ၊ ကျုပ်သာ တာအိုဆရာ

သခင်ကြီးဖြစ်သွားခဲ့ရင် သူတို့ (၃)ယောက်လုံး အသက်ရှင်လျှ

က် မရှိတော့ဘူးဆိုရင်တောင် ကျုပ် သူတို့အားလုံးကို ရအောင်

ပြန်ကယ်မှာပဲ... ဘယ်သူ့ကိုမှကွက်ပြီး ချန်ခဲ့မှာ မဟုတ်ဘူး ၊

ဒါပေမဲ့ ကျုပ်နှလုံးသားထဲမှာ တကယ်ခံစားချက်ရှိခဲ့တဲ့သူက

ဆရာဘွားဘွား ကျိုလင်ကိုပါ..."

လီချင်းဆွေ၏ မျက်ဝန်းများတွင် အပြုံးတစ်ချက် လင်း

လက်သွားလေသည်။

"မင်း သံသရာကို ကျော်လွှန်သွားတဲ့တစ်နေ့ကျ မင်း သူတို့

အားလုံးကို မေ့သွားမှာ စိတ်ပူမိပါရဲ့..."

ဆန်းလျန်က...

"ကျုပ် မေ့သွားမှာ မဟုတ်ပါဘူး..."

လီချင်းဆွေက...

"ဒါဆိုရင် ချင်းရှမ်နတ်တံခါးက လူတွေကိုရော ၊ ပြီးတော့ ချန်ကျန့်မေ ၊ ကျန်းရော့ရှီးတို့လေ... ၊ မင်း သူတို့ကိုရော ကယ်ချင်စိတ်မရှိဘူးလား..."

ဆန်းလျန်က...

"ကယ်မှာပေါ့ဗျာ... ကျုပ် မေ့မထားပါဘူး..."

လီချင်းဆွေက တည်ကြည်သည့်မျက်နှာထားဖြင့်...

"မင်းကို ငါ နည်းနည်းတော့ အံ့သြတယ် ၊ ဒါပေမဲ့ တာအိုဆရာသခင်ကြီးတွေက သူတို့လုပ်ချင်တာအားလုံးကို လုပ်နိုင်တဲ့စွမ်းရည်ရှိကြတယ် ၊ ဒါပေမဲ့ နှလုံးသားထဲက ဆန္ဒဆိုတာလောကီကို အခြေခံတယ် ၊ လောကကြီးမရှိတော့ရင် ၊ စကြာဝဠာကြီးပျက်သုဉ်းသွားရင် ဘာဆန္ဒတွေ ၊ ခံစားချက်တွေမှ ရှိမှာ မဟုတ်တော့ဘူး..."

လီချင်းဆွေ ပြောသည့်စကားကို ဆန်းလျန် နားလည်ပါ၏။

သူမက တာအိုဝါဒ၏ "တည်ရှိမှု" အကြောင်းကို အခြေခံပြီး အခြေအနေများကို သုံးသပ်နေခြင်း ဖြစ်သည်။ မိုးနှင့်မြေ၏ တည်ရှိခြင်းသည် တာအိုဆရာသခင်ကြီးများ၏ တန်ခိုးစွမ်းအားအခြေခံအုတ်မြစ်ချခဲ့ခြင်းကြောင့် ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့် စကြာဝဠာတစ်ခုလုံးသာ ပျက်စီးသွားလျှင် အခြားတည်ရှိမှုများအကြောင်း ပြောစရာ မလိုတော့ပေ။ အရာအားလုံး အဆုံးသတ်သွားပြီ ဖြစ်သည်။

ယခုတော့ ဆန်းလျန်ရော လီချင်းဆွေရော လောကီဘုံတွင် ကြွင်းလည်နေကြသေးသည်။ ထို့ကြောင့် တာအိုဆရာသခင်ကြီးများနှင့်ပတ်သက်ပြီး အရာအားလုံးကို နားလည်နိုင်မည် မဟုတ်ပေ။ သူတို့က တာအိုဆရာသခင်ကြီးများအကြောင်းကို လက်လှမ်းမီသလောက်သာ ခန့်မှန်းကြည့်နိုင်ကြသည်။

ဆန်းလျန်က...

"ကျုပ်ကတော့ အလုပ်တစ်ခုကို လုပ်ချင်ပြီဆိုရင် ဘယ်လို နည်းလမ်းနဲ့ ဖြစ်အောင်လုပ်မလဲဆိုတာကိုပဲ စဉ်းစားတယ်၊ ငါ တော့ မလုပ်နိုင်လောက်ဘူးဆိုတဲ့ အကြောင်းတွေကို စဉ်းစား လေ့မရှိဘူး..."

အခန်း (၉၅၀) တိမ်တွေကလည်းဦးတည်ရာမဲ့သလို ရေပြင်က လည်းလွတ်လပ်တယ်

လီချင်းဆွေက ရေကန်ငယ်ထဲမှ ရေလက်တစ်ခုပ်ကို ယူလိုက် ပြီး ရေများကို အရှေ့ဆီသို့ ပက်ဖြန်းကာ ဆော့ကစားလိုက် သည်။

ရေကန်ငယ်ထဲတွင် လီချင်းဆွေ၏ ဝိုးတဝါးပုံရိပ်ထင်ဟပ်

နေ၏။

ဖြူစင်သွယ်လျ လှပလွန်းသည့် ခြေသလုံးနှင့် ပေါင်တံများ

တွင် ရေများစိုစွတ်နေသည်က ဆန်းလျန်၏ မျက်ဝန်းထဲတွင်

တော့ ရှုမငြီးသည့် အလှတရားတစ်ခု ဖြစ်လေသည်။

ဤသည်က လီချင်းဆွေအပေါ်တွင် ဆန်းလျန် မရိုးမသား

ခံစားချက်မျိုး ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ အလှတရားကို

လေးမြတ်တန်ဖိုးထားခြင်းဟုသာ ခေါ်ဆိုနိုင်သည်။

"မင်း ဒီလိုကြည့်နေတာ မသင့်တော်ဘူးဆိုတာ မသိဘူးလား..."

လီချင်းဆွေက ကြည်လင်ပြတ်သားပြီး ဩဇာအပြည့်ရှိသည့်

အသံဖြင့် ပြောလိုက်သည်။

ဆန်းလျန်က စိတ်ထဲမှ တွေးလိုက်သည်။

"သူက ငါ့ကို စကားအကောင်းပြောနေတာ ၊ ဒါပေမဲ့ သူ့ဘဝမှာ

လူတွေနဲ့ သိပ်စကားပြောခဲ့တာ မဟုတ်ဘူး ၊ ဒါကြောင့် သူ့

အသံလေး ဘယ်လောက်ချိုသာတယ်ဆိုတာတောင် ဘယ်သူမှ သိခွင့်မရခဲ့ကြဘူး..."

ဆန်းလျန် လီချင်းဆွေကို ကိုယ်ချင်းဆာမိပါသည်။

ပြီးတော့ သူက လီချင်းဆွေ၏ မိတ်ဆွေသူငယ်ချင်းဖြစ်၏။

သူနှင့် စကားများစွာ မပြောခဲ့ကြသည့်အချိန်က လီချင်းဆွေ၏ ဘဝက အလွန်ပင် အထီးကျန်ဆန်ခဲ့ပေလိမ့်မည်။

လီချင်းဆွေ ဒေါသအနည်းငယ်ထွက်နေဟန် ရှိသည့်တိုင် ဆန်းလျန်ကတော့ သူမ၏ ပေါင်တံနှင့် ခြေထောက်များကို ဆက်ကြည့်နေဆဲ ဖြစ်သည်။

ဆန်းလျန်က တိုးလျသည့် လေသံဖြင့်...

"လှပတဲ့အရာတွေကို ကြည့်တာပဲလေ ၊ ဘာဆန်းလို့လဲ ၊ ကျုပ်သာ မကြည့်ဘဲ အကြည့်လွှဲလိုက်မှ မင်းအပေါ် ကျုပ်စိတ်တွေ မရိုးသားရာကျမှာပေါ့ ၊ အခု ကျုပ်ရင်ထဲမှ မသန့်ရှင်းတဲ့ အတွေး ဘာတစ်ခုမှ မရှိဘူး..."

လီချင်းဆွေ စိတ်ပျက်လက်ပျက် မျက်လုံးများကို တစ်ချက်

လှန်လိုက်သည်။

တကယ်တော့ သူမဘဝတွင် ယောကျ်ားလေးတစ်ယောက်ရှေ့

တွင် ယခုကဲ့သို့ မဆင်မခြင် ပြုမူနေထိုင်ဖူးခြင်း တစ်ခါမှ မရှိခဲ့

ပေ။

သို့သော်... ယနေ့တော့ သူမ လုပ်ချင်သည့်အလုပ်ကို လုပ်မည်

ပဲဖြစ်သည်။

သူမက ...

"မင်းမဟုတ်ဘဲ တခြားသူသာဆိုလို့ကတော့ ငါ့ဓားချက်နဲ့

အသက်ပျောက်ပြီမှတ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ် နည်းနည်းတောင် မြောက်သွားပြီ..."

လီချင်းဆွေက တည်ကြည်လေးနက်သည့်မျက်နှာထားဖြင့်...

"မြောက်မနေနဲ့၊ ငါက စားနဲ့ထိုးသတ်လည်း မင်းက သေမှာမှ မဟုတ်တာ၊ အဲဒါကြောင့်မသတ်တာ..."

ဆန်းလျန်ကပြုံးလိုက်ပြီး "စိတ်ဝင်စားစရာကောင်းတယ်" ဟု တွေးလိုက်မိသည်။

ထို့နောက် လီချင်းဆွေက ပန်းလေးတစ်ပွင့်အလား လှပစွာ ရယ်မောလိုက်ရင်း...

"တကယ်တော့ မင်းက တန်ခိုးသိပ်ကြီးတယ်လေ၊ ဘယ်သူမှ မင်းကို အနိုင်မယူနိုင်ဘူး..."

သူမ ပြောသည်က အမှန်တရားပဲ ဖြစ်လေ၏။

လီချင်းဆွေ ရယ်မောလိုက်သည့်အခါ အလွန်ချစ်စရာကောင်းပြီး နွေဦးလေပြေနှင့်အတူ လွင့်မျောလာသည့် ကြာပန်းလေးနှင့်ဆင်တူလေသည်။

လီချင်းဆွေ ရယ်မောနေခဲ့သည်။

နှလုံးသားတစ်ခုလုံးနွေးထွေးသွားစေသည့် မက်မွန်ပန်းလေး တစ်ပွင့်နှင့် အလားသဏ္ဍာန်တူစွာ သူမ လွတ်လပ်ပေါ့ပါးစွာ ရယ်မောနေခြင်း ဖြစ်လေ၏။

ဆန်းလျှန် သူ့ကိုယ်သူ ဂုဏ်ယူလိုက်မိပါသည်။

တာအိုဆရာလီချင်းဆွေ ယခုကဲ့သို့ ရယ်မောသည်ကို လောက တွင် တွေ့မြင်နိုင်သူ မည်သူရှိပါမည်နည်း။ သို့သော်... သူ ကတော့ လီချင်းဆွေအနားတွင်ထိုင်ကာ လီချင်းဆွေ ရယ်မော နေသည်ကို ငေးကြည့်ခွင့် ရခဲ့လေသည်။

ဂုဏ်အသရေကြီးမားလှသည့် တာအိုဆရာလီချင်းဆွေ ယခုကဲ့သို့ အားပါးတရ ၊ နွေးထွေးလှိုက်လှစွာ ရယ်မော နေသည်ကို အခြားသူများ မည်သို့ ယုံနိုင်ပါမည်နည်း။

အတန်ကြာရယ်မောနေပြီးမှ လီချင်းဆွေက အရယ်ရပ်လိုက် သည်။

သူမက...

"စကားတွေလည်း အများကြီး ပြောပြီးသွားပြီ ၊ လုပ်စရာရှိတာ လုပ်ကြရအောင်..."

ဆန်းလျန်က ခေါင်းညိတ်လိုက်ပြီး...

"ချင်းဆွေ... ဘယ်လို အကင်မျိုးကိုစားချင်လဲ..."

လီချင်းဆွေက...

"ငါးကင်..."

ဆန်းလျန်က တအံ့တသြဖြင့်...

"ပြောတော့ ငါးမကြိုက်ဘူးဆို..."

လီချင်းဆွေက...

"ငါက တူနာငါးစားချင်တာ..."

ဆန်းလျန်၏ မေးခွန်းကို ပြန်မဖြေဘဲ လီချင်းဆွေက သူစားချင်သည့်ငါးအမည်ကိုသာ တွင်တွင်ပြောလိုက်သည်။

သူမကိုကြည့်ရသည်မှာ သြဇာအလွန်ကြီးမားသည့် ဧကရီတစ်ပါးနှင့်ပင် ဆင်တူသည်။

ဆန်းလျန်က သူမကို မကြောက်ရွံ့သော်လည်း သူမ၏ ဆန္ဒကို မဆန့်ကျင်လိုခဲ့ပေ။

တူနာငါးတစ်ကောင်ကို ဖန်ဆင်းလိုက်ရန်မှာ ဆန်းလျန် အတွက် လွယ်ကူလွန်းလှသည်။ သို့သော်... ထိုသို့ပြုလုပ်ခြင်းက ရိုးဖြောင့်ခြင်းမရှိဟု ခံစားရသည့်အတွက် ဆန်းလျန်ကိုယ်တိုင် သမုဒ္ဒရာထဲသို့ ထွက်ခွာသွားကာ ဝိညာဉ်စွမ်းအားပြည့်ဝသည့် တူနာငါးတစ်ကောင်ကို ဖမ်းလာခဲ့သည်။

လောကတွင် တူနာငါးများစွာ ရှိသော်လည်း ဆန်းလျန် ဖမ်းလာသည့် တူနာငါးက အခြားနေရာများတွင် မရရှိနိုင်ပေ။

သူဖမ်းလာသည့်ငါးအကြောင်းကို ဆန်းလျန် ကောင်းကောင်း သိသည်။ ဤငါးက ကျောက်ရှောင်ယွီနှင့် အနည်းငယ် ပတ်သက်လေသည်။

ကျောက်ရှောင်ယွီ၏ ဆရာဖြစ်သူက ဤငါးကို သမုဒ္ဒရာထဲသို့ လွှတ်ထားခဲ့ခြင်း ဖြစ်သည်။

လီချင်းဆွေကလည်း ထိုအကြောင်းကို သိဟန်ရှိသည်။

သို့သော် သူမက အံ့အားသင့်ဟန် မပြပေ။

ငါးတစ်ကောင်ကိုကင်ရသည်က ဆန်းလျန်အတွက် အလွန်

လွယ်ကူသည့်အလုပ် ဖြစ်လေသည်။

သို့သော်... သူက ငါးကို မြန်မြန်မကင်ဘဲ ခပ်နှေးနှေးသာ ကင်

နေခဲ့သည်။ အဘယ်ကြောင့်ဆိုသော်... ငါးကင်စားပြီးလျှင် သူ

နှင့် လီချင်းဆွေ အပြီးတိုင် နှုတ်ဆက်လမ်းခွဲရတော့မည် ဖြစ်

လေသည်။

လီချင်းဆွေကလည်း ဆန်းလျန် ငါးကင်သည်ကို စိတ်ရှည်

လက်ရှည်ဖြင့် စောင့်ဆိုင်းနေခဲ့သည်။

သူမနှင့် တာအိုဆရာသခင်ထိုက်ယီကြားမှ ဆက်ဆံရေးက

အလွန်ထူးခြားဆန်းကျယ်ပြီး နားလည်ရန် ခက်ခဲလွန်းသည်။

သို့သော်... ဆန်းလျန်က သူမကို ပြောင်းလဲစေခဲ့သည်။

သူမသည် နှစ်ပေါင်းများစွာ တစ်ယောက်တည်း အထီးကျန်နေခဲ့ရသည်။ စကားလည်း တစ်ခွန်းမှ ပြောဆိုခဲ့ခြင်း မရှိပေ။ သူမထိုသို့ နေထိုင်ရသည်ကို မုန်းတီးခြင်းမရှိသော်လည်း မပျော်ရွှင်သည်ကတော့ အမှန်ပင် ဖြစ်လေ၏။

ပြောရမည်ဆိုလျှင် ဆန်းလျန်က တာအိုကျင့်စဉ်လမ်းလျှောက်လှမ်းရာတွင် သူမထက် နောက်ကျသည့် အငယ်တစ်ယောက်ဖြစ်သည်။ သူမ၏ တပည့်ဖြစ်သူ ကျိုလင်နတ်သမီးသည်ပင် ဆန်းလျန်၏ ဆရာဘွားဘွားဖြစ်လေရာ ဆန်းလျန်က သူမ၏ မြစ်တပည့်အဆင့်ဟုပင် ဆိုနိုင်သည်။

သို့သော်... သူမ ထိုအရာများကို အရေးမစိုက်တော့ပေ။ ဆန်းလျန်က သူမ၏ တစ်ယောက်တည်းသော သူငယ်ချင်း ဖြစ်၏။

မွှေးပျံ့သည့်ငါးကင်ရနံ့ လေထဲတွင် ပျံ့လွင့်လာပြီး လီချင်းဆွေ ငါးကင်ကို စိုက်ကြည့်နေလေသည်။

ထူးဆန်းသည့် အကြောင်းတစ်ခုခုကြောင့် ထိုသို့ ကြည့်နေခြင်း မဟုတ်ပေ။ သူမ ကြည့်ချင်သောကြောင့် ကြည့်နေခြင်း ဖြစ်၏။

တူနာငါး၏ အရွယ်အစားက လူတစ်ယောက်၏ ခန္ဓာကိုယ် တစ်ဝက်ခန့် ရှိသည်။

သို့သော်... ဆန်းလျန် ကျွမ်းကျင်စွာ ကင်လိုက်သည့်အခါ ငါးကင်သည် အရောင်ဝါဝါလေးဖြင့် ကြွပ်ကြွပ်လေး ဖြစ်လာ၏။

ငါးကင်ရနံ့ရသည်နှင့်ပင် ကမ္ဘာပေါ်ရှိ ထိပ်တန်းအဆင့် ညစာ စားပွဲကြီးများမှ အစားအသောက်များထက်သာလွန်သည်ကို သိနိုင်လေသည်။

လီချင်းဆွေက ငါးကင်ကို လက်နှစ်ချောင်းဖြင့်ထောက်လိုက် ရာ ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာပြီး ငါးကင်အသားကို လှီးဖြတ်လိုက်သည်။

ထို့နောက် သူမက ငါးကင်အပိုင်းအစကိုယူကာ တိတ်တဆိတ်

စားသောက်နေလေတော့သည်။

သူမက ဖြည်းဖြည်းချင်းစားနေသော်လည်း တစ်ချက်ပင်

ရပ်တန့်သွားခြင်းမရှိပေ။ နောက်ဆုံးတော့ သူမ စားသောက်

ပြီးစီးသွားသည်။

ထိုအခါမှ... ဆန်းလျန်က မတ်တတ်ထရပ်လိုက်ပြီး ပေါ့ပါး

သည့်လေသံဖြင့်...

"ကျွန်တော် သွားတော့မယ်..."

လီချင်းဆွေက...

"ငါတို့ပြန်ဆုံကြမှာပါ..."

ဆန်းလျန် သက်ပြင်းချလိုက်မိသည်။

လီချင်းဆွေလည်း နားလည်ထားပါသည်။

ပြန်ဆုံရန်ဆိုသည်က ယခုအတိုင်းလည်း ဖြစ်နိုင်သလို

တစ်စုံတစ်ခုလည်း ပြောင်းလဲသွားနိုင်ပေ၏။

မိုးကောင်းကင်လမ်းစဉ်တွင် အတ္တမရှိ၊ မိုးကောင်းကင်

လမ်းစဉ်တွင် 'ငါ' မရှိ၊ မိုးကောင်ကင်လမ်းစဉ်တွင် 'ချစ်ခြင်း

မေတ္တာမရှိ'။

သူမက "ချစ်ခြင်းမေတ္တာမရှိ" သည့် အခြေခံအကျဆုံး

မိုးကောင်းကင်လမ်းစဉ်ကို လျှောက်လှမ်းလိုခြင်း ဖြစ်လေရာ

သူမ လျှောက်လှမ်းမည့်လမ်းက ဆန်းလျန်နှင့်တော့ တူညီခြင်း

မရှိတော့ပေ။

အမှန်တော့ သူမက တာအိုဆရာသခင်ထိုက်ယီကို ကျော်တက်

ပြီး

"မင်းလုပ်သလို ငါလည်းလုပ်နိုင်တယ်..."

ဟု သက်သေပြလိုခြင်း ဖြစ်သည်။

သို့သော် သူမသည် ထိုသူကို စွဲလန်းမှုရှိနေသေးပြီး မစွန့်လွှတ်

နိုင်ခဲ့ပေ။ ထိုသူကို ကျော်တက်ပြီး ကျင့်စဉ်လမ်းကို လမ်းဆုံး

အထိ လျှောက်လှမ်းလိုက်ချင်သော်လည်း ပြုလုပ်နိုင်ခြင်း မရှိသေးပေ။

သူ့မဘဝ၏ နာကျင်မှုများသည် ထိုဝိရောဓိများကြောင့် ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

လူ့ဘဝတွင် ကြုံတွေ့ရသည့် ဒုက္ခများထဲတွင် ချစ်သောသူနှင့်ကွေကွင်းရခြင်း ၊ ဒေါသအမျက်ထွက်ရခြင်း ၊ မလုပ်ချင်သည့်အလုပ်ကို လုပ်ရခြင်းများ ပါဝင်သည်။

လူသားရယ်ဟု ဖြစ်လာလျှင် ထိုအရာများနှင့် ကြုံချင်လည်းကြုံ ၊ မကြုံချင်လည်း ကြုံရမည် ဖြစ်၏။ သူ့မရော ၊ ဆန်းလျန်ရော ၊ အခြားသက်ရှိသတ္တဝါများအားလုံး ထိုအကြောင်းအရာများမှ လွတ်မြောက်နိုင်ကြမည် မဟုတ်ပေ။

လောကီလူ့ဘုံတွင် ကြဉ်လည်ရခြင်းက ဝမ်းနည်းစရာ ဝမ်းသာစရာများဖြင့် ပြည့်နက်လို့ နေသည်ပဲလေ။

လီချင်းဆွေ ထွက်ခွာသွားသည့် ဆန်းလျန်၏ နောက်ကျောကို ကြည့်နေရင်း...

"ငါလည်း မင်းလိုပါပဲ... ၊ ငါလုပ်နိုင်တာမှန်သမျှကို ဖြစ်အောင် လုပ်မယ်..."

ဆန်းလျန်က နောက်သို့လှည့်မကြည့်သလို ခြေလှမ်းများကို လည်း ရပ်တန့်လိုက်ခြင်း မရှိပေ။သို့သော်... သူ့မျက်နှာ ကတော့ ပြုံးလျှက်ရှိလေသည်။

ဆန်းလျန် ချင်းဆွေထျန်းကောင်းကင်ဘုံမှ ထွက်ခွာလာခဲ့လေ သည်။

ဆန်းလျန်က သူနှင့်အတူ ကူးဝေဝေကို ပြန်ခေါ်သွားခဲ့ပြီး ချင်း ရှတောင်သို့ ပြန်လာခဲ့သည်။

များစွာသောအကြောင်းအရာများသည် ချင်းရှတောင်တွင် စတင်ခဲ့သည်။ များစွာသောအကြောင်းအရာများသည်လည်း ချင်းရှတောင်တွင် အဆုံးသတ်ရပေလိမ့်မည်။

....

ချင်းရှတောင်… ၊ တာအိုကျောင်းတော်။

ဆန်းလျန်နှင့် ကူးဝေဝေ ပြန်ရောက်လာသည်မှာ လဝက်ခန့်ရှိပြီ ဖြစ်သည်။

ဆန်းလျန်က တာအိုကျောင်းတော် အနောက်ဘက်တွင် ကြည်လင်သည့် စမ်းချောင်းလေးတစ်ခုကို ဖန်ဆင်းခဲ့သည်။

ထိုစမ်းရေထက်တွင် ကောင်းကင်ထက်မှ တိမ်တိုက်များက အရိပ်ထင်ဟပ်လျှက် ရှိ၏။

ဆန်းလျန် ငယ်စဉ်က တွေ့မြင်ခဲ့ရဖူးသည့် တာအိုဆရာလီချင်းဆွေ ရေးဆွဲခဲ့သော ပန်းချီကားထဲမှ ပုံရိပ်ကို ဆန်းလျန်က လက်တွေ့အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်၏။

ထိုစမ်းချောင်းလေးကို ဆန်းလျန်က "တိမ်ဖြူစမ်းချောင်း" ဟု အမည်ပေးခဲ့သည်။

ထို့နောက် ရေကန်နံဘေးတွင် ကျောက်စာတိုင်တစ်ခု စိုက်ထူလိုက်သည်။

ကျောက်စာတိုင်ထက်တွင် ရေးသားထားသည်မှာ...

"ချင်းရှုတောင်ပေါ်က တိမ်ဖြူရေကန်ထက်မှာ...

တိမ်တွေကလည်း ဦးတည်ရာမဲ့သလို ရေပြင်ကလည်း

လွတ်လပ်တယ်...

တောင်အောက်ကိုပြေးဆင်းပြီး...

လောကကြီးကို ဘာလို့ ပြဿနာရှာလိုရပါသလဲ..."

စမ်းချောင်းမှ ရေစင်များသည် တောင်အောက်သို့ စီးဆင်းသွား

ပြီး ဝါးရုံတောကို ဖြတ်သန်းသွားသည့်အခါ ရေလှိုင်းများက

ကျောက်စိမ်းရောင် တောက်ပလျှက် ရှိလေတော့သည်။

ထို့နောက်... ဆန်းလျန်က ချင်းရှုတောင်တွင် ကူးဝေဝေနှင့် ပိုင်

ရှောက်ယွီတို့ကို ကျင့်စဉ်များ ဆက်လက် သင်ပြပေးလေ

သည်။

ဆန်းလျန်သည့် တာအိုတရားကို ပိုမိုနားလည်သိမြင်လာပြီး ခြေလက်တို့ လှုပ်ရှားလိုက်သည်ကပင် မှော်ဆန်စွာဖြင့် တန်ခိုး စွမ်းအားများ ပြည့်ဝလျှက် ရှိတော့သည်။

ဆရာသခင်များထဲတွင် အရှိန်အဝါအကြီးမားဆုံးပုဂ္ဂိုလ်ကို ပြောပါဆိုလျှင် ကွန်ဖြူးရှပ်ကို ပြောရမည် ဖြစ်သည်။ ကွန်ဖြူး ရှပ်တွင် တပည့် (၇၂)ယောက်ရှိပြီး အားလုံးက သူတော်စင်များ ဖြစ်ကြသည်။

ယခု ဆန်းလျန်၏ တာအိုတရားကို ချဉ်းကပ်နိုင်ခြင်းမှာ ကွန် ဖြူးရှပ်ထက်ပင် သာလွန်နေပြီ ဖြစ်သည်။ သုခဘုံတွင် သူ သိရှိ ခဲ့သည့် တရားအလင်းက သူ့ကို အသစ်တစ်ဖန် ပြန်လည်မွေး ဖွားစေခဲ့သည်။

သို့သော်... ကူးဝေဝေနှင့် ပိုင်ရှောက်ယွီတို့ကို တစ်ချက်တည်း ဖြင့် တာ့လော်အဆင့်နတ်ဘုရားများ ဖြစ်လာအောင် သင်ပြပေး နိုင်စွမ်းတော့ မရှိပေ။

တာ့လော်အဆင့်သည် အခြေခံကျသည့် တန်ခိုးစွမ်းအားများ

အားလုံးကို နားလည်ရသည့် အဆင့်တစ်ခုဖြစ်သည်။

တာ့လော်အဆင့်သို့ရောက်ရှိပြီးနောက် နောက်ပိုင်းအဆင့်

များသည် ကံကြမ္မာနှင့်လုံးဝမဆိုင်တော့ဘဲ အသိဉာဏ်ပညာ

နှင့်သာ သက်ဆိုင်တော့သည်။

ထို့ကြောင့် တာ့လော်အဆင့်တည်ရှိမှုကို ကောင်းကင်၏မာန

တရားဟုပင် ခေါ်ဆိုကြသည်။

ခေတ်အဆက်ဆက်တွင် အလွန်ရှားပါးသည့် အဆင့်ဖြစ်ပြီး

အကြီးမားဆုံး ဖွံ့ဖြိုးတိုးတက်မှုအဆင့်တစ်ခု ပင်ဖြစ်သည်။

သို့သော်... ယခုတော့ စကြာဝဠာကြီးတစ်ခုလုံး အဆုံးသတ်ရန်

တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်လေရာ ခေတ်

အဆက်ဆက်မှ တာ့လော်အဆင့်နတ်ဘုရားများ တဖြည်းဖြည်း

ထွက်ပေါ်လာကြလေသည်။

အချို့ဆိုလျှင် ဆန်းလျန်လောက် မတော်ကြသည့်တိုင် ထူးဆန်းပြီး အံ့သြဖွယ်ရာတန်ခိုးစွမ်းအားများကိုပိုင်ဆိုင်ကြပြီး မမျှော်လင့်သည့် ပြဿနာများကိုပင် ပြုလုပ်နိုင်စွမ်း ရှိကြသည်။

ထို့ပြင်... တာ့လော်အဆင့်သို့ မနေ့တစ်နေ့ကမှ တက်လှမ်းလာကြသည့် နတ်ဘုရားများ ၊ နတ်မိစ္ဆာများလည်း များစွာ ရှိကြသေးသည်။ ထိုသူများကလည်း မော်ဆန်လွန်းလှပြီး အချို့ဆိုလျှင် သူတို့ကို ဆန်းလျန် တွေ့မြင်နိုင်ခြင်း မရှိအောင် တစ်ခဏမျှပင် ဖုံးကွယ်နေနိုင်စွမ်း ရှိကြသည်။

သို့သော်... ဆန်းလျန် နောက်ဆုံးခြေလှမ်းကို လှမ်းလိုက်တော့မည်ဆိုလျှင် ထိုသူများအားလုံးက ဘာမှ မဟုတ်တော့ပေ။

ကူးဝေဝေနှင့် ပိုင်ရှောက်ယွီတို့ကို ပညာသင်ပေးနေသည့် လဝက်ခန့်အချိန်အတွင်းမှာပင် ဆန်းလျန်၏ မူလဝိညာဉ်ကိုယ်ခွဲ (၃)ခုဖြစ်သည့် ထိုက်ယိ ၊ ထိုက်စုနှင့် ထိုက်ကျိတို့ အရှိန်အဟုန်

မြင့်စွာ အဆင့်မြင့်တက်လာပြီး မပျက်စီးနိုင်သည့်အဆင့်သို့

ရောက်ရှိလာခဲ့လေတော့သည်။

နောက်ဆုံးတော့ ဆန်းလျန်အတွက် ခုံရှမ်းနှင့် ထပ်မံတွေ့ဆုံရန်

အချိန်ရောက်လာခဲ့ပြီ ဖြစ်လေသည်။

အခန်း (၉၅၁) နောက်ကွယ်သတင်းစကားများ

ရဲ့မော်ထျန်းက တာအိုကျောင်းတော်ကို စောင့်ရှောက်ရသူ

ဖြစ်၏။

သူ၏ ကျင့်ကြံခြင်းအဆင့်က လွန်ခဲ့သည့်အတိတ်အချိန်များ

က မိုးကောင်းကင်တောင်ဘက်တံခါးကို စောင့်ရသည့် နတ်

စစ်သည်များထက် မနိမ့်ပေ။

ထို့ကြောင့် ချင်းရှကျောင်းတော်ကိုကာကွယ်ပေးရန်

သူ၏တန်ခိုးစွမ်းအားက လုံလောက်လေ၏။

ယခုတော့ သူက သူ့ဘဝနေ့ရက်များကို သဘောကျနေပြီ

ဖြစ်သည်။ ပျင်းရိစရာကောင်းသော်လည်း အပူအပင်မရှိသလို

မည်သူမှလည်း သူ့ကို ဒုက္ခလာပေးမည့်သူ မရှိပေ။

ဆန်းလျန်က ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်

နန်းတော်မှ မီးအိမ်များကို သွားရောက်ယူဆောင်ပြီး

ကတည်းက ဆန်းလျန်ကို မည်သူမှ ရန်မစရဲကြတော့ပေ။

သူ၏လုပ်ရပ်က တစ်ချိန်က မျောက်မင်းစွန်းဝူခုံး

ကောင်းကင်ဘုံကို စစ်ချီသကဲ့သို့ ပြင်းထန်ခြင်း မရှိသော်လည်း

နတ်ဘုရားများကတော့ အကျိုးအကြောင်း ဆင်ခြင်ခွဲခြား

တတ်သူများ ဖြစ်ကြလေသည်။

နောက်ပိုင်း ရွှမ်ဟွမ်မိုးနတ်မင်းဖြစ်သည့် ရွှမ်တုတောက်ကျွင်း

ကောင်းကင်ဘုံနန်းတော်သို့ ပြန်ရောက်လာသည့်တိုင် ဆန်းလျ

န်ကိုတော့ ပြဿနာလာမရှာခဲ့ပေ။

ဤသည်ကိုကြည့်ခြင်းအားဖြင့် လောကတွင် ဆန်းလျန်ကို

ရန်စရဲသူ တစ်ယောက်မှမရှိတော့ကြောင်း သက်သေပြလျှက်ရှိ

သည်။

မည်သူမှ ထုတ်ဖော်ပြောဆိုကြခြင်း မရှိသည့်တိုင် ဆန်းလျန်

သည် နတ်ဘုရားတို့၏လောကနှင့် သုံးလောကတစ်ခွင်တွင်

ပြိုင်ဘက်ကင်း လောကပထမဖြစ်ကြောင်း အားလုံး၏စိတ်ထဲ

တွင် အသိအမှတ်ပြုထားလိုက်ကြပြီ ဖြစ်လေသည်။

မည်သူမှ ထိုအကြောင်းကို ကျယ်ကျယ်လောင်လောင်မပြော

ကြခြင်းမှာ မိုးနတ်မင်းကြီး ရွှမ်တုတောက်ကျွင်းကို အားနာ

သောကြောင့်ဖြစ်သလို ရွှမ်တုတောက်ကျွင်း အမျက်ရှမည့်

ဒဏ်ကိုလည်း မခံလိုကြသောကြောင့် ဖြစ်သည်။

သို့သော်... ထုတ်ဖော်မပြောကြသည့်တိုင် နတ်ဘုရားများက

အလုပ်ဖြင့် သက်သေပြခဲ့ကြသည်။

ဥပမာဆိုရသော်... ချင်းရွှမ်နတ်တံခါး၏ အမွေကိုဆက်ခံခဲ့

သည့် အသက်ရှည်စေခြင်းကျောင်းတောင်တွင် ရုတ်တရက် လူ

များစည်ကားလာခြင်းပင် ဖြစ်သည်။

လူသိများကျော်ကြားကြသည့်နတ်ဘုရားများစွာ ၊ ကျင့်ကြံ

သူများစွာ ၊ နတ်မိစ္ဆာများစွာ အသက်ရှည်စေခြင်းကျောင်း

တော်သို့ ရောက်ရှိလာကြလေ၏။ ရောက်ရှိလာကြသူများထဲ

တွင် မာနကြီးသည့် နတ်ဘုရာများပင် ပါဝင်ကြသေးသည်။

ဒဏ္ဍာရီအရဆိုလျှင် အသက်ရှည်စေခြင်းကျောင်းတော်သည်

ချင်းရွှမ်နတ်တံခါးတည်ရှိရာနေရာတွင် တည်ဆောက်ထားခဲ့

ခြင်းဖြစ်ပြီး ဆန်းလျန်ထျန်းကျွင်းအနေဖြင့် ယခင်က

အကြောင်းအရာများအပေါ်တွင် ခံစားချက် ရှိနေလျှင် သူတို့ကိုလည်း မျက်နှာသာပေးနိုင်သည်ဟု နတ်ဘုရားများ တွေးထင်ခဲ့ကြလေသည်။

ဆန်းလျန်ထျန်းကျွင်း စိတ်မပျော်ရွှင်ပါက သူတို့ အသက်မရှည်နိုင်ဖြစ်ကြရမည်ကို နတ်ဘုရားများ စိုးရိမ်ကြလေသည်။ အသက်ရှည်စေခြင်းကျောင်းတော်တွင် အရင်အချိန်များစွာက ဆန်းလျန်နှင့်ပတ်သက်သည့် ခြေရာလက်ရာ များစွာ ကျန်နေသေးသည်။

တာအိုဆရာသခင်ထိုက်ယီ၏ အရှိန်အဝါကြောင့် တာအိုဆရာလီချင်းဆွေကို မည်သူမှ သွားပြီး ရန်မစရဲကြသလို ဆန်းလျန်ထျန်းကျွင်း၏ အရှိန်အဝါကြောင့် အားလုံးက ရှင်သန်စေခြင်းကျောင်းတော်ကို လေးမြတ်လာရခြင်း ဖြစ်၏။

အကောင်းအဆိုးနားမလည်သူများသည် အဆုံးသတ်လည်း မလှကြလေရာ ဆန်းလျန်ထံမှ မျက်နှာသာရအောင် အားလုံးက အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်ကြလေ၏။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးတစ်ပါး မဖြစ်သေး သော်လည်း သူ၏ တန်ခိုးစွမ်းအားများက တာအိုဆရာသခင် ကြီးတစ်ပါးဖြစ်နိုင်ရန် တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်သည်။

သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းနားရဆိုသလို ဆန်း လျန်ကဲ့သို့ အမှီကောင်းကို ရထားသည့် ရဲ့မော်ထျန်း တစ် ယောက်၏ဘဝကတော့ အလွန်အေးဆေး ငြိမ်းချမ်းနေ လေ၏။

သို့သော်... သူ့တွင် မကျေနပ်ချက်အနည်းငယ် ရှိလေသည်။ ဘုန်းတော်ကြီးကျွယ်ရှင်းက သူနှင့် တန်ခိုးစွမ်းအား မတိမ်းမယိမ်းဖြစ်သည့်အတွက် အသာထား၍ရသော်လည်း

မနေ့တစ်နေ့ကမှ စတင်ကျင့်ကြံသည့် ပိုင်ရှောက်ယွီက သူ့ကို

ခြေရာတိုင်းနေခြင်း ဖြစ်၏။

ထိုအချက်က တကယ်ပင် စိတ်ပျက်စရာကောင်းလေသည်။

သို့သော်... ပိုင်ရှောက်ယွီက ဆန်းလျန်နှင့် ခင်မင်သူဖြစ်

သည့်အတွက် ရဲ့မော်ထျန်းက စိတ်ပျက်နေသည့်တိုင်

ထုတ်ဖော်ပြသခြင်း မရှိပေ။

သူနှင့် ပိုင်ရှောက်ယွီ မည်သူကသာသည်ကို ပိုင်ရှောက်ယွီကို

တစ်ချိန်ချိန်တော့ ပညာပေးလိုက်ဦးမည်ဟု ရဲ့မော်ထျန်း

စဉ်းစားနေခဲ့သည်။

ထိုအချိန်မှာပင်... တိုက်တိုက်ဆိုင်ဆိုင် ပိုင်ရှောက်ယွီတစ်

ယောက် သူ့ရှေ့သို့ ရောက်လာ၏။

ရဲ့မော်ထျန်းက မသိချင်ယောင်ဆောင်ပြီး မျက်နှာကို တစ်ဖက်

သို့ လှည့်ထားလိုက်သည်။

ပိုင်ရှောက်ယွီက...

"လောင်ရဲ့..."

ရဲ့မော်ထျန်းက စကားပြန်ပြောခြင်း မရှိပေ။

မသိချင်ယောင်ဆောင်ပြီး မျက်လုံးများကို မှိတ်ထားလိုက်

သည်။ ထို့ကြောင့် ပိုင်ရှောက်ယွီက ရဲ့မော်ထျန်း၏ ခန္ဓာကိုယ်

ကို တွန်းလိုက်လေ၏။

ရဲ့မော်ထျန်းက စိတ်ထဲမှ တွေးလိုက်သည်။

"ဒီကောင်စုတ်လေးကတော့ ကိုင်ပေါက်တာ ခံရတော့မယ်..."

ထို့နောက် ရဲ့မော်ထျန်းက သူ၏ တန်ခိုးစွမ်းအားများကို

တိတ်တဆိတ်စုစည်းလိုက်ပြီး ပိုင်ရှောက်ယွီကို ကိုင်ပေါက်ရန်

အသင့်ပြင်ဆင်ထားလိုက်သည်။

ပိုင်ရှောက်ယွီကတော့ သူ ကိုင်ပေါက်ခံရကာနီးပြီးကို မသိဘဲ

သူ့ကို အရေးမလုပ်သည့် ရဲ့မော်ထျန်း၏ ခြေဖဝါးအောက်ကို

ကလိထိုးလိုက်သည်။

ထိုအခါ ရဲ့မော်ထျန်း၏ ခြေဖဝါးထက်မှ တန်ခိုးစွမ်းအားများ

ထွက်ပေါ်လာပြီး ပိုင်ရှောက်ယွီကို ကန်ထုတ်လိုက်လေသည်။

သို့သော်... ရဲ့မော်ထျန်း၏ နတ်ဆိုးတန်ခိုးစွမ်းအားများက ပိုင်

ရှောက်ယွီကို ထိမှန်သွားခြင်း မရှိဘဲ သိမ်မွေ့သည့် စွမ်းအား

များအဖြစ်ပြောင်းလဲကာ လေထုထဲတွင် လွင့်ပြယ်သွားသည်။

ရဲ့မော်ထျန်း၏ ခြေကန်ချက်က ပိုင်ရှောက်ယွီကို မထိခိုက်စေ

ခဲ့ပေ။ ပိုင်ရှောက်ယွီက သူ၏ အင်္ကျီမှ ဖုန်မှုန့်များကို ခါလိုက်

ပြီး မတ်တတ်ပြန်ရပ်လိုက်သည်။

သူက ရဲ့မော်ထျန်းကို ကြည့်ပြီး ပြုံးလိုက်ရင်း...

"လောင်ရဲ့ရာ... ကျုပ်က သခင်လေးအမိန့်ပေးလိုက်လို့ လာ

ပြောတာနော် ၊ မင်းက ကျုပ်ကို ဒီလိုမျိုးလုပ်ရသလား..."

ရဲ့မော်ထျန်းက ပိုင်ရှောက်ယွီကိုကြည့်ရင်း ကြိတ်ပြီး

အံ့အားသင့်သွားသည်။

"ဒီကောင်လေးက ထိုက်ချိတန်ခိုးစွမ်းအားကိုတောင် နားလည်နေပြီလား...."

ဟု ရဲ့မော်ထျန်း တွေးလိုက်မိ၏။

ဆန်းလျန် အမိန့်ပေးလိုက်သည်ဆိုသည့်စကားကို ကြားလိုက်သည်နှင့် ရဲ့မော်ထျန်း ပြာပြာသလဲဖြစ်သွားပြီး လေးလေးစားစားပင် မေးမြန်းလိုက်သည်။

"သခင်လေးက ဘာအမိန့်ပေးလိုက်တာလဲ..."

ပိုင်ရှောက်ယွီက...

"သခင်လေးက တောင်အောက်ကိုဆင်းပြီး ဘုရင့်နေပြည်တော်ကို သွားရမယ်တဲ့ ၊ ပြီးတော့ ဒီရတနာပစ္စည်းကို ဘုရင့်မြေးတော်ကို ပေးရမယ်တဲ့..."

ပြောပြီးသည်နှင့် ပိုင်ရှောက်ယွီက သူ၏အင်္ကျီရင်ဘတ်ထဲမှ စည်းတံဆိပ်တစ်ခုကို ထုတ်ယူလိုက်သည်။

ထိုစည်းတံဆိပ်က အနက်ရောင်တစ်ဝက် ၊ အဖြူရောင်

တစ်ဝက်ဖြင့်ပြုလုပ်ထားသည့် ထိုက်ချိသင်္ကေတ စည်းတံဆိပ်

ဖြစ်လေသည်။ ယင်နှင့်ယန် တန်ခိုးစွမ်းအားများက အဆုံးမရှိ

အတူတကွ ပေါင်းစပ်ရောယှက်လျှက် ရှိသည်။

သူ၏ ခြေကန်ချက်က ပိုင်ရှောင်ယွီကို အဘယ့်ကြောင့် မ

ထိခိုက်နိုင်သည်ကို ရဲ့မော်ထျန်း ချက်ချင်း သဘောပေါက်သွား

သည်။

ဤစည်းတံဆိပ်မှာ သခင်လေးဆန်းလျန် အသစ်ပြုလုပ်ထား

သည့် စည်းတံဆိပ်ဖြစ်နိုင်သည်။ ထိုစည်းတံဆိပ် ပိုင်ရှောက်ယွီ

ထံတွင် ရှိနေသည့်အတွက် ရဲ့မော်ထျန်း၏ နတ်ဆိုးတန်ခိုး

စွမ်းအားများ အလိုလို လွင့်ပြယ်သွားရခြင်း ဖြစ်သည်။

ထို့ကြောင့် ရဲ့မော်ထျန်း အံ့သြမနေတော့ပေ။

သို့သော်... ရဲ့မော်ထျန်း၏ အတွေးများကိုသိနေသည့်အလား

ပိုင်ရှောက်ယွီက ပြုံးလိုက်ရင်း...

"စောစောက မင်းရဲ့ခြေကန်ချက်က ကျုပ်ကို မထိခိုက်တာ ဒီ
စည်းတံဆိပ်နဲ့ မဆိုင်ဘူးနော်... သိဖို့..."

ရဲ့မော်ထျန်းက ပိုင်ရှောက်ယွီ၏စကားကို မယုံသလိုဖြင့်
မော့ကြည့်လိုက်သည်။

ပိုင်ရှောက်ယွီက အလွန်ဂုဏ်ယူနေသည့်ဟန်ဖြင့်...

"ကျုပ် သခင်လေးကိုသွားတွေ့တော့ သူက ဒီတံဆိပ်တော်ကို
ထွင်းနေတာ ၊ အဲဒါနဲ့ ကျုပ်က ဘေးက ထိုင်ကြည့်နေတာပေါ့ ၊
သခင်လေးက တာအိုတန်ခိုးစွမ်းအားတွေ တံဆိပ်တော်ထဲကို
ထည့်သွင်းလိုက်တော့ ကျုပ်ကိုယ်ထဲကိုပါ တာအိုတန်ခိုး
စွမ်းအားတွေ ဝင်သွားတာ ၊ အဲဒါကြောင့် မင်းရဲ့ ခြေကန်ချက်
က ကျုပ်ကို ဘာမှ မဖြစ်စေတာပေါ့ ၊ ကျေးဇူးပဲ ၊ မင်းကြောင့်
ငါ့ဝိညာဉ်မှာ ဘာအစွမ်းတွေရှိလဲဆိုတာ နားလည်သွားရပြီ..."

ရဲ့မော်ထျန်းက...

"မင်းက သောက်ပေါကောင်ပဲ ၊ ဘယ်လိုတန်ခိုးစွမ်းအားမျိုးရရ သောက်ပေါက သောက်ပေါပဲ..."

ပိုင်ရှောက်ယွီက...

"မင်း ကျုပ်ကို ကြည့်မရဘူးမဟုတ်လား ၊ ကျုပ်လည်း မင်းကို ကြည့်မရပါဘူး ၊ ဒါပေမဲ့ စောင့်နေလိုက် ၊ ကျုပ်ဆိုတဲ့ ပိုင်သခင်လေးက ဘယ်လောက်အစွမ်းထက်လဲဆိုတာ မင်းကိုပြမယ်..."

ရဲ့မော်ထျန်းသည် ကျိကျိုက်ထျန်းကောင်းကင်ဘုံတွင် ကြီးပြင်းခဲ့သူဖြစ်လေရာ သူက အစကတည်းက ရိုင်းစိုင်းသူဖြစ်သည်။

ယခု ဆန်းလျန်လက်အောက်တွင် ရောက်နေပြီဖြစ်သော်လည်း သူ၏ စရိုက်က ပျောက်ကွယ်မသွားသေးပေ။

"လုပ်ရဲရင်လုပ်လိုက်လေ ၊ သေသွားမယ်..."

ရဲ့မော်ထျန်း၏ အေးစက်သည့်မျက်နှာထားကြောင့် ပိုင်ရှောက်ယွီ အနည်းငယ်ထိတ်လန့်သွားသော်လည်း ဟန်ကိုယ့်ဘို့ လုပ်လိုက်သည်။

"မင်းကို ကြောက်နေစရာလား..."

ဘုန်းတော်ကြီးကျွယ်ရှင်း ရွှေခန္ဓာကျင့်စဉ် ကျင့်ကြံနေသည်ကို ပိုင်ရှောက်ယွီ သိထားသည်။

ထို့ကြောင့် ကျွယ်ရှင်းကိုသာ ရဲ့မော်ထျန်းနှင့် ရန်တိုက်ပေးလိုက်မည်ဆိုလျှင် သူက လက်တစ်ချက်ပင် မြှောက်စရာမလိုဘဲ သူတို့ (၂)ယောက်တိုက်ခိုက်သည့်ပွဲကို ဖျာခင်းပြီး ကြည့်ရုံသာ ဖြစ်သည်။

ရဲ့မော်ထျန်းကတော့ ပိုင်ရှောက်ယွီ၏အတွေးများကို သိရှိခြင်းမရှိပေ။

သူက မာရ်နတ်လက်အောက်တွင် အလုပ်လုပ်ခဲ့ဖူးသူဖြစ်သော်လည်း မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို သိပ်ပြီး မသိရှိ

ပေ။ ထို့ကြောင့် ပိုင်ရှောက်ယွီ၏ အတွေးများကို မခန့်မှန်းနိုင်ပေ။

ထို့ပြင်... ချင်းရှကျောင်းတော်ပတ်ဝန်းကျင်တွင် ထိုသို့သော မိစ္ဆာပညာမျိုးကို အသုံးပြု၍မရပေ။ အသုံးပြုပါကလည်း သိပ်ပြီး အစွမ်းမထက်လှပေ။

ထိုသို့ဖြစ်စေရန် ဆန်းလျန်က တမင်သက်သက် ပြုလုပ်ထားခြင်း မဟုတ်ပေ။

ချင်းရှကျောင်းတော်သည် တာအိုကာရံညီလျှက်ရှိပြီး ထိုသို့သော်သက်ရောက်မှုများ အလိုလို ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ရဲ့မော်ထျန်းနှင့် ပိုင်ရှောက်ယွီ သတ်နေကြသော်လည်း တကယ်တမ်း တစ်ယောက်နှင့်တစ်ယောက် မုန်းတီးနေကြခြင်း မဟုတ်ပေ။ တကယ်တမ်းသာ သူတို့ မတည့်ကြပါက ဆန်းလျန် စိတ်မကြည်ဖြစ်ပြီး အပြစ်ပေးခံရပေလိမ့်မည်။

ထို့နောက်တွင်တော့ ဆန်းလျှန်ပေးသည့်အမိန့်အတိုင်း သူတို့

ချင်းရှတောင်အောက်သို့ အတူတူ ဆင်းသွားကြတော့၏။

ချင်းရှတောင်တွင် ဝိညာဉ်စွမ်းအားများဖြင့် ပိုမိုပြည့်ဝလာပြီး

မိုင်ထောင်ပေါင်းများစွာ ကျယ်ပြန့်သည့် ချင်ပြည်နယ်တစ်ခု

လုံးမှာလည်း မြေသြဇာကောင်းမွန်ကာ သာယာဝပြောသည့်

နေရာတစ်ခု ဖြစ်လာခဲ့သည်။

များစွာသောငှက်များ ၊ သားရဲတိရိစ္ဆာန်များနှင့် သစ်ပင်များ ၊

အင်းစက်ပိုးမွှားများ ၊ ငါးများ၏ အသိဉာဏ်ပညာများလည်း

တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အချို့ဆိုလျှင် တာ

အိုတရားအခြေခံများကိုပင် သိရှိနေကြပြီ ဖြစ်သည်။

ဤပြောင်းလဲမှုအားလုံးက ဆန်းလျှန်နှင့် ဆက်စပ်ပတ်သက်နေ

လေသည်။

"သူတော်စင်များကျက်စားရာအရပ်၌ သာမာန်ငှက်ငယ်

သည်ပင် ဇာမဏီငှက်ကိုရင်ဆိုင်နိုင်သည်" ဆိုသည့် စကားပုံ

အလားပင် ဖြစ်လေ၏။

ပိုင်ရှောက်ယွီနှင့် ရဲ့မော်ထျန်းတို့ တောင်ပေါ်မှ ဆင်းသွားကြပြီး

သည့်နောက် ဆန်းလျန်က သူ၏ ထိုက်ကျိမူလဝိညာဉ်ခန္ဓာ

ကိုယ်ခွဲဖြင့် ကူးဝေဝေကို သွားရောက်တွေ့ဆုံလေသည်။

ယခု ဆန်းလျန်သည် ထိုက်ကျိ၊ ထိုက်စု၊ ထိုက်ယိဆိုသည့်

မူလဝိညာဉ်ခန္ဓာ ကိုယ်ခွဲများကို ကျင့်ကြံအောင်မြင်ခဲ့ပြီ

ဖြစ်သည်။

ထိုက်ကျိကိုယ်ခွဲသည် ဆန်းလျန်နှင့် တစ်ပုံစံတည်း ဖြစ်သည်။

သို့သော်... အဖြူရောင်ဝတ်စုံကိုသာ အမြဲတမ်းဝတ်ဆင်လေ့ရှိ

ပြီး အင်္ကျီလက်တွင် ထိုက်ချိယင်ယန်သင်္ကေတကို ရေးထိုး

ထားလေသည်။

လေထန်နေသည့်အတွက် အဖြူရောင်ဝတ်ဆင်ထားသည့် ဆန်း

လျန်၏ ထိုက်ကျိုကိုယ်ခွဲသည် လေနှင့်လွင့်မျောသွားတော့မည့်

တိမ်ဖြူတစ်စအလား ထင်မှတ်ရသည်။

သူ၏ ပုံသဏ္ဍာန်သည် လောကရှိ နတ်ဘုရားများစွာထက်

အသရေဖြင့် တင့်တယ်လျှက် ရှိသည်။

ကူးဝေဝေက…

"မင်း ခုံရွှမ်းကို သွားတွေ့မလို့လား ၊ ဒါနဲ့ ဘာကိစ္စရှိလို့ ခုံရွှမ်းကို

သွားတွေ့မှာလဲ…"

ဆန်းလျန်က ကူးဝေဝေကို ဆန်းရှော့ရှီအကြောင်း ပြောပြလိုက်

သည်။

ကူးဝေဝေက ဆန်းလျန်ပြောပြသည်ကို နားထောင်ပြီး

သည့်နောက်…

"ဒီလိုသာဆိုရင် မင်း ပိုပြီးတော့တောင်စောစော သွားသင့်သေး

တယ်…"

ဆန်းလျန်က...

"အခု ကျုပ်ရဲ့မူလဝိညာဉ်ခန္ဓာက ထိုက်ကျိုကိုယ်ခွဲကို အစ်မ တွေ့မြင်ရတာပါ၊ လောလောဆယ်မှာ ကျုပ် တာအိုကို အမြင့်ဆုံးအဆင့် နားလည်နိုင်အောင် ကြိုးစားနေတယ်၊ ဒါကြောင့် ကျင့်ကြံခြင်းနဲ့ပတ်သက်ပြီး အစ်မကို ထပ်ပြီး သင်ပြပေးနိုင်တော့မယ် မထင်ဘူး၊ တိမ်ဖြူစိမ်းချောင်းလေးမှာ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်အကြောင်း သဘောတရားတွေ ထည့်သွင်းထားတယ်၊ အစ်မ အချိန်ရရင် လေ့လာလို့ရတယ်..."

ကူးဝေဝေက ခေါင်းညိတ်လိုက်ရင်း...

"အစ်မ သိပါပြီ၊ ပြီးတော့ အစ်မ မင်းကို ပြောစရာတစ်ခုရှိသေးတယ်၊ အခု အစ်မ အတိတ်ဘဝက အကြောင်းတွေကို အတော်များများ မှတ်မိနေပါပြီ၊ အဲဒီတော့ အစ်မစဉ်းစားထားတာလေးတွေရှိလို့ မင်းနဲ့ တိုင်ပင်ချင်လို့..."

ဆန်းလျန်က...

"ဘာကိစ္စများလဲ အစ်မ..."

ကူးဝေဝေက...

"အစ်မက ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို တာအိုဝါဒရဲ့ အခြေခံအဖြစ် အသုံးပြုချင်တယ်၊ ချင်းရွှမ်နတ်တံခါးက လက်ဆင့်ကမ်းခဲ့တဲ့ ကျင့်စဉ်တစ်ခုအဖြစ်ကနေ ခွဲထွက်ချင်တယ်၊ အရင်တုန်းက ချင်းရွှမ်နတ်တံခါးကနေ အသက်ရှည်စေခြင်းကျောင်းတော် ခွဲထွက်သွားသလိုမျိုးပေါ့..."

ဆန်းလျန်က...

"ဒါဆိုရင်တော့ အစ်မ ကျင်းချင် အသက်ကြီးလာတဲ့အထိ စောင့်ရလိမ့်မယ်၊ ပြီးမှ အစ်မဖြစ်ချင်တဲ့ ဆန္ဒကို သူ့ကိုပြောပါ..."

ကူးဝေဝေက တစ်ချက်ပြုံးလိုက်ရင်း...

"ဒါလည်း ဟုတ်တာပဲ ၊ တကယ်တော့ ကျင်းချင်က ချင်းရွှမ် နတ်တံခါးရဲ့ နောက်ဆုံး ဂိုဏ်းချုပ်ပဲ မဟုတ်ဘူးလား..."

အခန်း (၉၅၂) နေနှင့်လကိုကျော်လွန် အမှောင်ထုသည် မရှိမှု ဖြစ်၏

ဇာမဏီနတ်ဘုရားနန်းတော်ကို ခုံရွှမ်းက လူ့လောကတစ်နေရာ သို့ ရွှေ့ပြောင်းထားခဲ့သည်။

ယွမ်ကျိုးနယ် အနောက်တောင်ဘက်တစ်နေရာရှိ မိုးထိအောင် မြင့်သည့် တောင်တစ်တောင်ထက်တွင် ဇာမဏီနတ်ဘုရား နန်းတော် တည်ရှိလေသည်။

လူအများ လှမ်းကြည့်မည်ဆိုလျှင် ထိုနေရာတွင် မှိန်ပျပျ အလင်းရောင်လင်းလက်နေသည်ကိုတွေ့ရမည် ဖြစ်သည်။ ဇာမဏီနတ်ဘုရားနန်းတော်သည် မီးဓာတ်သဘောသဘာဝရှိ သည့်အတွက် ပတ်ဝန်းကျင်ဒေသတစ်ခုလုံးက တစ်နှစ်ပတ်လုံး ခြောက်သွေ့နေခဲ့သည်။ သို့သော်... ယခုတော့ တိမ်ခိုးစီး ကြောင်းများဖြင့် ဝန်းရံနေပြီး ရေငွေ့များကလည်း အငွေ့ပျံလျှ က် ရှိ၏။

အဘယ်ကြောင့်ဆိုသော်... ဇာမဏီနတ်ဘုရားနန်းတော်သို့ ကျင့်စူးရောက်ရှိနေသောကြောင့် ဖြစ်လေသည်။ ကျင့်စူးက ကျင့်ကြံခြင်းအဆင့်တက်သွားသည်မှာမကြာသေးသော်လည်း တန်ခိုးစွမ်းအားများကို ထိန်းချုပ်နိုင်ခြင်း မရှိသေးလေရာ သူမ က အသက်ဓာတ်စွမ်းအားများကို ဒီရေအလားစုပ်ယူပြီး ပေမင် ရေနက်အနှစ်သာရများကို ပြန်လည် ထုတ်လွှတ်နေ

သည့်အတွက် ဇာမဏီနတ်ဘုရားနန်းတော်တွင် ထိုသို့ ဖြစ်နေရခြင်း ဖြစ်သည်။

သူမ၏ ပေမင်ရေနက်စွမ်းအားများက ဇာမဏီနတ်ဘုရားနန်းတော်မှ မီးဓာတ်နှင့်ထိတွေ့သည့်အခါ ရေငွေ့ပျံသည့်အလားဖြစ်သွားရပြီး ဇာမဏီနတ်ဘုရားနန်းတော်တစ်ခုလုံးရေခိုးရေငွေ့များ ဖုံးလွှမ်းနေခြင်း ဖြစ်လေသည်။

ထို့ပြင်... ဇာမဏီနတ်ဘုရားနန်းတော်၏အပေါ်ဘက်ကောင်းကင်ပြင်တွင် မိုးကြိုးတိမ်တိုက်များစုဝေးနေပြီး မိုးခြိမ်းသံများလည်း အဆက်မပြတ်ထွက်ပေါ်လျှက် ရှိသည်။

ထိုမိုးကြိုးတိမ်တိုက်များအလယ်တွင်တော့ လူငယ်တစ်ယောက်ရှိနေလေသည်။

ထိုလူငယ်က တင်ပျဉ်ခွေထိုင်နေပြီး မိုးကြိုးတန်ခိုးစွမ်းအားများက သူ့ထံမှ ထွက်ပေါ်နေခြင်း ဖြစ်သည်။ ထိုလူငယ်မှာ ခုံရွှမ်းပင် ဖြစ်လေ၏။

ယခုရက်များအတွင်းတွင် ခုံရွှမ်း၏အသွင်အပြင်က တဖြည်းဖြည်း ငယ်ရွယ်၍လာသည်။ သူ၏မျက်ခုံးများက ပိုမို ထက်ရှလာပြီး သူ့ကိုကြည့်ရသည်မှာ မာနကြီးသည် လူငယ် လေးတစ်ယောက်အသွင်ဆောင်နေသည်။

သူ့ကိုကြည့်ရသည်မှာ အလွန်ငယ်ရွယ်ပြီး နူးညံ့သိမ်မွေ့သည့် လူငယ်လေးတစ်ယောက်နှင့် ဆင်တူတူနေလေရာ လေတိုက် လျှင်ပင် လွင့်သွားတော့မည့်အလား ထင်မှတ်ရသည်။ သို့သော်... သူ့ကို အားနည်းသည့်လူငယ်တစ်ယောက်ဟု ထင် သွားလျှင်တော့ အမှားကြီးမှားပေလိမ့်မည်။

ကျင့်စူးပင်လျှင် ခုံရွှမ်းမည်မျှ တန်ခိုးစွမ်းအားကြီးမားလာ သည်ကို ခံစားနိုင်လေသည်။ သို့သော်... သူမ၏ ကျင့်ကြံခြင်း အဆင့်ဖြင့် ခုံရွှမ်း၏ ကျင့်ကြံခြင်းအဆင့် အနက်ရှိုင်းဆုံးအထိ တော့ ထိုးဖောက်သိမြင်နိုင်ခြင်း မရှိသေးပေ။

သူမက ထိပ်တန်းအဆင့်ဓားသိုင်းကို သင်ယူတတ်မြောက်ခဲ့ပြီ ဖြစ်ပြီး ကျွယ်ရှန်းနတ်ဓားကိုအသုံးပြုကာ လောကတစ်ခုလုံး ကိုပင် ပြောင်းလဲပစ်နိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

သို့သော်... မိုးကြိုးတိမ်တိုက်များအလယ်တွင် ခုံရွှမ်းကျင့်ကြံ နေသည်ကို တွေ့မြင်ရသည့်အခါ ခုံရွှမ်းနှင့် နှိုင်းယှဉ်လျှင် သူမ များစွာ လိုအပ်သေးကြောင်း ချက်ချင်းသိရှိလိုက်သည်။

ခုံရွှမ်းသည် ဒြပ်စင်စွမ်းအား (၅)မျိုးကို ယင်နှင့်ယန် ပေါင်းစပ် ကျင့်ကြံနေသည်ကို ကျင့်စူးသိရှိထားသော်လည်း ဒြပ်စင် စွမ်းအား (၅)မျိုးကို ယင် နှင့် ယန်နှင့် မည်သို့ပေါင်းစပ်သည်ကို တော့ ကျင့်စူးသိရှိခြင်း မရှိပေ။

ခုံရွှမ်းသည် ကိုယ်ပိုင်ကျင့်စဉ်လမ်းကို လျှောက်လှမ်းနေခြင်း ဖြစ်လေသည်။

ကျင့်စူးက...

"ဆရာဘိုးဘိုးပြောတာကို ငါ အမြဲတမ်းနားထောင်ခဲ့ရတယ်၊ တာအိုကိုရှာဖွေချင်တယ်ဆိုရင် 'နေနှင့်လကိုကျော်လွန်ပြီး အမှောင်ထုက မရှိမှု' ဖြစ်တယ်ဆိုတာကို သိရှိအောင် ကြိုးစားရမယ်တဲ့၊ အခု ရှုပနတ်ဘုရားမင်းကြီးက အဲဒီအဆင့်ကို ရောက်နေပြီထင်တယ်၊ ငါ သူ့ကို အားကျလိုက်တာ..."

သူမဘေးတွင်ရှိနေသည့် ကွေလိက...

"နင်ပြောမှပဲ ငါ သတိရမိတယ်၊ ခုံရွှမ်းက ဆန်းလျှန်ကြောင့် ဒဏ်ရာရသွားတာ၊ ဒါပေမဲ့ ဒဏ်ရာရသွားလို့လည်း ဒီလို အကျိုးကျေးဇူးရသွားတာပဲ၊ အင်း... နေနှင့်လကိုကျော်လွန်ပြီး အမှောင်ထုက မရှိမှု ဖြစ်တယ်... တဲ့၊ အံ့သြစရာကောင်းတဲ့ အမှန်တရားပဲ..."

ကျင်းစူးက လေထဲတွင်လွင့်နေသည့် ကွေလိ၏ အင်္ကျီမှ အစိမ်းရောင်ဖဲကြိုးစကို လှမ်းဆွဲလိုက်သည်။

ထို့နောက် ဖဲကြိုးစကို လက်ဖြင့်ဆော့ကစားနေပြီး ရယ်မော

လိုက်ရင်း...

"ဒီတော့ ခုံရွှမ်းကို ဒဏ်ရာရအောင်လုပ်လိုက်တဲ့အတွက် နင်က

ဆန်းလျန်ကို ကျေးဇူးဆပ်သင့်တယ် မထင်ဘူးလား..."

ကွေ့လိက...

"ဒါဖြင့် နင်ကရော..."

ကျင့်စူးက...

"ငါက ဘာလုပ်ရမှာလဲ..."

ကွေ့လိက သူ၏အဝတ်အစားများနှင့် ဆော့ကစားနေသော

ကျင့်စူး၏လက်ကို ဖမ်းဆုပ်လိုက်သည်။

"နင် ဒီလို အဆင့်မြင့်ဓားသိုင်းတစ်ခု ကျင့်ကြံအောင်မြင်လာ

တာ ချင်းရွှမ်နတ်တံခါးနဲ့ ပတ်သက်နေတာပဲလေ ၊ ဘာလို့ဆို

ဆရာဘိုးဘိုးယွမ်ချင်းက ချင်းရွှမ်နတ်တံခါးကို တည်ထောင်ခဲ့

တဲ့သူမဟုတ်လား ၊ ငါ သိပ်တော့သေချာမသိပေမယ့် နင် ဒီလို ကျင့်ကြံနိုင်တာ တန်ပါတယ်ဟာ..."

"နင်က တော်တော်ဆိုးတာပဲ ၊ ငါကပဲ ချင်းရှမ်နတ်တံခါးကို အကြွေးတင်နေသလိုလိုနဲ့ ၊ တကယ်တော့ နင်ကသာ ချင်းရှမ် နတ်တံခါးကို အကြွေးတင်နေတာ..."

ကျင့်စူး၏ လက်ချောင်းများမှ ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး ကျင့်စူးက ကွေ့လိကို ကုတ်ဆွဲမည့်ဟန် ပြုလိုက်သည်။ ကျင့်စူးက ထိပ်တန်းဓားသိုင်းပညာကို ကျင့်ကြံထားသူဖြစ်သည်။ ကွေ့လိက ကျင့်ကြံခြင်းအဆင့် အတော်အတန်မြင့်မားသည့်တိုင် ကျင့်စူး၏ ကုတ်ဆွဲချက်ကိုတော့ ရှောင်တိမ်းရန် မတတ်နိုင်ခဲ့ပေ။

ကွေ့လိက နောက်သို့ ခုန်ဆုတ်လိုက်ပြီး တခစ်ခစ်ရယ်မောရင်း...

"ချစ်တဲ့မမ... ငါက မမကို စ တဲ့ဟာကို..."

ကွေလိက သနားစရာမျက်နှာငယ်လေး လုပ်ပြသည့်အခါ ကျင့်စူး သူ၏လက်ကို ပြန်ရုတ်သိမ်းလိုက်ပြီး မာနကြီးသည့် မျက်နှာထားဖြင့် ခေါင်းကိုမော့ထားလေသည်။

ကွေလိက...

"ဆန်းလျန်ကို ကိစ္စကြီးတစ်ခုလုပ်ဖို့အတွက် ငါသွားတွေ့ဦးမယ် ၊ ဘာကိစ္စကြီးလဲဆိုတော့ နင့်ကို စကားနားထောင်အောင် ကြိုးနဲ့ချည်ပြီး ရိုက်ခိုင်းရမယ့် ကိစ္စကြီးပဲ..."

ကွေလိ၏စကားဆုံးသည်နှင့် ကျင့်စူး၏ လက်မှ ဓားဝိညာဉ်ထပ်မံထွက်ပေါ်လာပြန်လေရာ ကွေလိ ခုန်ရှောင်လိုက်ရပြန်သည်။

"ဒါဖြင့် မင်းက ကျုပ်ဆီကိုလာပြီး ကျင့်စူးကို ဆုံးမပေးဖို့ တောင်းဆိုမလို့ပေါ့လေ... ဟုတ်လား ကွေလိ..."

ကွေလိနှင့် ကျင်စူး၏ အနီးအပါးမှ ယောကျ်ားလေးသံတစ်သံ ထွက်ပေါ်လာခြင်း ဖြစ်၏။

သူတို့ (၂)ယောက်လုံး လန့်သွားပြီး အသံထွက်ပေါ်လာရာဆီသို့ လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ လရောင်ခြည်အလား ဖြူစင်သည့် ဝတ်စုံကိုဝတ်ဆင်ထားသည့် ဆန်းလျန်ကို တွေ့လိုက်ရပြီး ဆန်းလျန်က သူတို့ (၂)ယောက်ကိုကြည့်ကာ ရယ်မောနေလေသည်။

ဆန်းလျန်ကို တွေ့သည့်အခါ ကွေ့လိရော ကျင့်စူး (၂)ယောက်လုံး ရှက်သွားကြသည်။ ဆန်းလျန် ဘယ်အချိန်ကတည်းက သူတို့ (၂)ယောက်အနားသို့ ရောက်နေသည်လဲ သူတို့ မသိပေ။

သို့သော်... ဆန်းလျန်၏ စကားပြောဟန်ကိုကြည့်ရသည်မှာ မိန်းကလေး (၂)ယောက်ပြောသမျှစကားများအားလုံးကို ကြားသွားဟန် ရှိသည်။

ကျင့်စူးက...

"ဆန်းလျန်... ရှင်က မပြောမဆိုနဲ့ ရောက်လာတာကိုး..."

ဆန်းလျှန်၏ပုံစံက နူးညံ့သိမ်မွေ့ပြီး ရယ်ရယ်မောမောရှိနေသည့်အတွက် ကျင့်စူးက ထိုသို့ စကားပြောရခြင်း ဖြစ်သည်။

ထို့ပြင်... ဆန်းလျှန်ကို ထိုသို့ ရန်ထောင်ရဲသူဆို၍ လောကတွင် ကျင့်စူးတစ်ယောက်သာ ရှိနိုင်လေသည်။

အမှန်တော့... ဤသို့ဖြစ်ရသည်မှာ သူမ ကျင့်ကြံထားသည့် ဓားသိုင်းကြောင့် ဖြစ်လေသည်။ ဓားသိုင်းကျင့်ကြံသူများက စိတ်ခံစားချက်ထက်မြက်ပြီး အရာရာကို ဓားဖြင့်သာ ဖြေရှင်းလိုကြသည်။

စန့်ချင်တာအိုဆရာသခင်၏ မရဏဓား (၄)လက်သည် နတ်ဘုရားများကို တစ်ချက်တည်းဖြင့် သုတ်သင်သတ်ဖြတ်ပစ်နိုင်သည့် ကြောက်မက်ဖွယ်ရာ ဓားများ ဖြစ်ကြသည်။ ထိုဓားများသည် လောကတွင် သွေးချောင်းစီးမှုများကို အမြဲတမ်းဖြစ်စေခဲ့လေသည်။

ထို့ပြင် ထုန်ထျန်းအရှင်သခင်၏ စိတ်ဓာတ်သဘောသဘာဝက

လည်း ဓားသွားအလား ထက်ရှပြီး ကြောက်ရွံ့ခြင်း ကင်း

မဲ့သည်။

ချန်ပေသိုသည်လည်း ထိုသို့ပင် ဖြစ်၏။ အကြောက်တရား

ကင်းမဲ့ပြီး အရာရာကို မထီမဲ့မြင်ပြုကာ ဓားဖြင့်သာ ဖြေရှင်း

တတ်လေသည်။

သို့သော်... နောက်ဆုံးတော့ ဆန်းလျန်၏လက်ဝယ် ကျဆုံးခဲ့ရ

သည်ပဲ ဖြစ်သည်။

ဆန်းလျန်က ကျင့်စူးကို စိတ်ဆိုးဒေါသထွက်ခြင်းမရှိ

သော်လည်း သူမ၏ အသွင်အပြင်သည် ဓားသိုင်း၏ လွှမ်းမိုးမှု

ကို ခံရပြီး ဓားသမားတစ်ယောက်နှင့်တူလာသည်ကို သတိထား

လိုက်မိသည်။

အနာဂတ်တွင် ဓားသိုင်းပညာကိုသာ သေသေချာချာ မ ထိန်းချုပ်နိုင်လျှင် သေခြင်းရှင်ခြင်း ကံကြမ္မာများစွာဖြင့် သူမ ရင်ဆိုင်ရပေလိမ့်မည်။

သို့သော်... ဆန်းလျန် သူမကို မည်သည့်အကြံဉာဏ်မှ မပေးမိ ပေ။

အနာဂတ်တွင် သူမဘဝ စိတ်အေးချမ်းသာစွာ နေထိုင်လိုသည် ဆိုလျှင် နည်းလမ်းတစ်ခုသာ ရှိသည်။ ဓားသိုင်းပညာကို သူမ စွန့်လွှတ်ရပေလိမ့်မည်။

သို့သော်... ကျင့်စူးက ဓားသိုင်းကို စွန့်လွှတ်မည့်ဟန် မရှိပေ။

ကျင့်စူးကိုကြည့်ရင်း "အရာအားလုံးက ကံကြမ္မာအတိုင်းပဲ" ဟု သာ ဆန်းလျန် တွေးတောလိုက်မိသည်။

ဆန်းလျန်က ရှေ့သို့ အနည်းငယ်တိုးလိုက်ရင်း...

"မိုးနဲ့မြေက ကျုပ်နေရာပဲ ၊ ကျုပ် သွားချင်သလိုသွား ၊ လာချင် သလိုလာမှာပေါ့ ၊ ပြောနေစရာလိုလို့လား..."

ကျင့်စူးက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး...

"ရှင်က ဘာအဆန်းတကျယ်တွေ ပြောဦးမလို့လဲ ၊ တရားတော့

လာမဟောနဲ့နော် ၊ ပျင်းလွန်းလို့..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"တော်ပြီ... ကျုပ်လည်း မင်းကို ဆုံးမနိုင်မှာ မဟုတ်ဘူး..."

ကျင့်စူးက...

"ဒါပေမဲ့ ရှင်က မပြောမဆိုရောက်လာလို့ တောင်းပန်မယ်ဆို

ရင်တောင် ကျွန်မတို့ (၂)ယောက်က မခံယူဝံ့ပါဘူး..."

ကျင့်စူးပြောသည့်စကားက အမှန်ပင် ဖြစ်၏။

ဆန်းလျန်သည် မိုးနှင့်မြေတွင် အဆင့်အမြင့်ဆုံး နတ်ဘုရား

တစ်ပါးဖြစ်ပြီး ကောင်းကင်ဘုံနန်းတော်သည်ပင် သူ့ကို

ပြဿနာမရှာရဲပေ။

ကျောင့်စူးလို အခြေအနေမတည်ငြိမ်သည့် နတ်မိစ္ဆာတစ်ပါးက ဆန်းလျန်ကို အဘယ်မှာ စိတ်ဆိုးဒေါသထွက်အောင် လုပ်ဝံ့ပါမည်နည်း။

သူတို့က ခင်မင်ကြသူများဖြစ်သည့်အတွက်သာ ယခုကဲ့သို့ ပြုမူပြောဆိုနေခြင်း ဖြစ်လေသည်။ တကယ်တမ်း ဆန်းလျန်ကို ဒေါသထွက်စေမည့်အလုပ်မျိုး သူမလည်း မလုပ်ရဲပါချေ။ လက်ရှိတွင် ကွေလိ၏ ကျောင့်ကြိုခြင်းအဆင့်မှာ ကျောင့်စူးအောက် နိမ့်ကျနေလေရာ သူမက ဆန်းလျန်ကို ပိုပြီး ပြဿနာမရှာရဲပေ။

သို့သော်... ကွေလိက ထိုကိစ္စများကို တွေးတောမိခြင်း မရှိပေ။ ကျောင့်စူးနှင့် ဆန်းလျန် စကားများနေကြသည့်အချိန် သူမက စိတ်ရှုတ်နေပြီး....

"ဆန်းလျန်… မင်း ရုတ်တရက်ကြီးရောက်လာတော့…

လက်ဖက်ခြောက်မရှာရသေးဘူး ၊ ခဏလေး…

လက်ဖက်ရည်သွားပြင်ဆင်လိုက်ဦးမယ်…"

ဆန်းလျန်က သူမကို လက်ဖက်ခြောက်ကောင်းကောင်းနှင့်

လက်ဖက်ရည်တိုက်ရန် ချင်းဆွေထျန်းကောင်းကင်ဘုံတွင်

ပြောခဲ့သည်ကို သတိရသွားပြီး ကွေလိက ပြောလိုက်ခြင်း

ဖြစ်သည်။

ဆန်းလျန်က…

"မလုပ်နဲ့တော့… ၊ ခုံရှမ်း ခဏနေရင် ကျင့်ကြံတာ ပြီးတော့

မယ်…"

ဆန်းလျန်၏ စကားကြောင့် ကွေလိနှင့် ကျင့်စူးတို့ မိုးကြိုး

တိမ်တိုက်များရှိရာသို့ လှမ်းကြည့်လိုက်ကြသည်။

သို့သော်… မည်သည့်ထူးခြားချက်မှ မတွေ့ရှိရပေ။

သို့သော်... ဆန်းလျန်ပြောသည့်စကားက အမှားမရှိနိုင်

သည့်အတွက် သူတို့ ခေါင်းညိတ်ပြလိုက်ကြလေသည်။

ဆန်းလျန်က စောင့်ကြည့်နေလေသည်။

ကွေ့လိနှင့်ကျင့်စူးကတော့ အသက်ပင်မရှူနိုင်ပဲ မိုးကြိုး

တိမ်တိုက်များကို ကြည့်နေကြသည်။

ခဏအကြာတွင်တော့ ... မိုးကြိုးတိမ်တိုက်များ ပျောက်ကွယ်

သွားပြီး ခုံရှမ်းကောင်းကင်ထက်မှ ဆင်းသက်လာလေသည်။

ခုံရှမ်း၏ ပတ်ပတ်လည်တွင် ထူးခြားနက်ရှိုင်းသည့် အသံများ

လှည့်ပတ်နေပြီး ထိုအသံများက အဆုံးမရှိပေ။

တာအိုဝါဒစကားဖြင့်ပြောရလျှင် ထိုအခြေအနေကို တာအိုနှင့်

တစ်သားတည်းကျသည့်အခြေအနေဟု ပြောနိုင်လေသည်။

သို့သော်... ခုံရှမ်းကတော့ ဗုဒ္ဓဘာသာကျင့်စဉ်များဘက်သို့

အလေးသာသည့် ကျင့်ကြံသူတစ်ယောက်ဖြစ်လေ၏။

အမှန်တော့... သိပ်ပြီး ခြားနားခြင်းမရှိဘဲ အတူတူပင် ဖြစ်လေသည်။

ခုံရွှမ်းကို ကြည့်ပြီး ဆန်းလျန်၏စိတ်ထဲမှ လေးစားခြင်း ဖြစ်မိသည်။

ခုံရွှမ်းသည် မိုးနှင့်မြေတွင် ရှာမှရှားသည့် ပါရမီရှင်တစ်ယောက် ဖြစ်၏။ သူက ဓမ္မလမ်းစဉ်ကို ဒြပ်စင်စွမ်းအား (၅)မျိုးဖြင့် ပေါင်းစပ်နိုင်ခဲ့သည်။ သူ့တွင် တန်ခိုးစွမ်းအားများ မရှိတော့သည့်အချိန်ဆိုလျှင်တောင်မှ ဒြပ်စင်စွမ်းအား (၅)မျိုးကို လိုသလို ဆင့်ခေါ်အသုံးပြုနိုင်စွမ်း ရှိမည် ဖြစ်သည်။

"နေနှင့်လကိုကျော်လွန်ပြီး အမှောင်ထုသည် မရှိမှု ဖြစ်သည်" ဆိုသည့်အဆင့်ထက် ခုံရွှမ်းက ကျော်လွန်နေပြီ ဖြစ်သည်။

ထို့ပြင် ခုံရွှမ်းကိုကြည့်ရသည်မှာ တိုက်ခိုက်မှုစွမ်းအားများလည်း အဆမတန် မြင့်တက်လာဟန်ရှိလေသည်။

ဆန်းလျန်က ခုံရွှမ်းကို သုတ်သင်ပစ်ချင်သည်ဆိုလျှင်တောင်မှ စကြာဝဠာလမ်းကြောင်းထဲတွင် လှည့်ပတ်နေသည့် ခုံရွှမ်း၏ ဒြပ်စင်စွမ်းအားလမ်းကြောင်းများကိုပါ လိုက်လံသုတ်သင်ပစ်ရမည် ဖြစ်လေသည်။

ထိုသို့ ပြုလုပ်ရန်က မလွယ်ကူလှပေ။ စကြာဝဠာ၏ မူလအရင်းအမြစ်ကို နာကျင်ထိခိုက်စေပါက သဘာဝတရားမှ ဒဏ်ခတ်အပြစ်ပေးခြင်းကို ပြင်းထန်စွာခံရမည်ဖြစ်သည်။

ဆန်းလျန်က သဘာဝတရား၏ ဒဏ်ခတ်အပြစ်ပေးခြင်းကို ကြောက်ရွံ့ခြင်း မရှိသော်လည်း ထိုသို့ ဒဏ်ခတ်ခံရပါက သူနှင့်ပတ်သက်ဆက်နွှယ်သူများပါ ထိခိုက်ခံစားရမည် ဖြစ်လေသည်။

သို့သော်... ခုံရွှမ်းကို သုတ်သင်ပစ်ရန် ဆန်းလျန် အစကတည်းက တွေးမထားခဲ့ပေ။

ထို့ကြောင့်… ဆန်းလျန်ကိုယ်တိုင်ရောက်မလာဘဲ သူ၏ထိုက်ကျိုကိုယ်ခွဲကို စေလွှတ်လိုက်ခြင်းဖြစ်သည် မဟုတ်ပါလား။

သို့သော်… ဆန်းလျန်၏ ထိုက်ကျိုကိုယ်ခွဲသည် ယင်နှင့်ယန်ကာရံညီနေပြီး တာအိုတရားနှင့် တစ်သားတည်းကျနေသည့်အတွက် ဆန်းလျန်အစစ်နှင့် ရုပ်ပိုင်းဆိုင်ရာ ၊ စိတ်ပိုင်းဆိုင်ရာ ၊ တန်ခိုးစွမ်းအား အရာအားလုံး အတူတူပင် ဖြစ်သည်။ ဝတ်ဆင်သည့်ဝတ်စုံက အဖြူရောင်ဖြစ်သွားခြင်းသာ ကွာခြားလေ၏။

ခုံ ရွှမ်းကတော့ သူ၏ကျင့်စဉ်လမ်း များစွာ အဆင့်မြင့်တက်သွားသည်ဟု တွေးထင်ထားခဲ့သော်လည်း ဆန်းလျန်ကို တွေ့လိုက်ရသည့်အခါတွင်တော့ အနည်းငယ် စိတ်ပျက်လက်ပျက်ဖြစ်သွားရလေတော့သည်။

အခန်း (၉၅၃) ပြန်ပေးဆပ်မယ်

မိန်းကလေး (၂)ယောက်က ရှေ့မှသွားနှင့်ပြီး ခုံရွှမ်းကတော့ ဆန်းလျန်ကိုအဖော်ပြုကာ ဇာမဏီနတ်ဘုရားနန်းတော်အတွင်းသို့ ဝင်ခဲ့ကြသည်။

ဇာမဏီနတ်ဘုရားနန်းတော် ခန်းမအတွင်းသို့ ဝင်လိုက်မိသည်နှင့် ဆန်းလျန် မျက်မှောင်တစ်ချက်ကြုတ်လိုက်မိသည်။

"ရှော့ရှီမရှိတော့ဘူးပဲ..."

ခုံရွှမ်းက ပြုံးလိုက်ပြီး...

"မနေ့က ကျုပ်သူ့ကို လွှတ်ပေးလိုက်ပြီ..."

ခုံရွှမ်း၏ စကားကြောင့် ကွေလိ အလွန်တရာ အံ့အားသင့်သွားပြီး ကျင့်စူးကတော့ အတွေးနက်နေလေသည်။

ဆန်းရော့ရှီက သူမ ထွက်ခွာသွားသည်ကို ဆန်းလျန်မသိအောင် ဖုံးကွယ်ထားနိုင်သည်မှာ မယုံနိုင်စရာ ကိစ္စပင်ဖြစ်သည်။

ကွေ့လိနှင့် ကျင့်စူးတို့ကတော့ မည်သို့မှ မယုံနိုင်အောင် ဖြစ်နေကြလေတော့သည်။

ဆန်းလျန်က ဂရုမစိုက်မိသည့်အတွက် သတိမထားမိခြင်းလည်းဖြစ်နိုင်လေသည်။ မဟုတ်ပါက ဆန်းလျန်ထံမှ မည်သည့်အရာကိုမဆို ဖုံးကွယ်ထားနိုင်မည် မဟုတ်ပေ။

မည်သို့ပင် ဖြစ်စေ ဆန်းလျန် မသိလိုက်ခြင်းက အံ့သြစရာကိစ္စတစ်ခုပင် ဖြစ်၏။

ဆန်းလျန်က ညည်းတွားသံတစ်ချက်ပြုလိုက်ပြီး...

"ကွေ့လိ... စောစောက မင်း ကျုပ်ကို လက်ဖက်ရည်တိုက်မလို့ဆို ၊ သွား... ကျင့်စူးနဲ့အတူ လက်ဖက်ရည် သွားပြင်ဆင်ချေ..."

ဆန်းလျန်၏ စကားကြောင့် ကွေလိက ခုံရှမ်းကို စိတ်ပူပန်စွာ

ဖြင့် လှမ်းကြည့်လိုက်သည်။

ခုံရှမ်းက အေးဆေးသည့်လေသံဖြင့်...

"မင်းတို့သွားကြပါ..."

ခုံရှမ်းပြောလိုက်တော့မှ ကွေလိ စိတ်သက်သာရာရသွားပြီး မ

သွားချင်သေးဘဲ ပေကပ်ကပ်လုပ်နေသည့် ကျင့်စူးကိုး

အတင်းဆွဲခေါ်ကာ ခန်းမအတွင်းမှ ထွက်ခွာသွားလေ

တော့သည်။

ကျင့်စူးမှာ ကွေလိကို မကျေမနပ်ဖြစ်ပြီး မျက်ရည်များပင် ဝဲ

လာလေသည်။ သို့သော်... ကွေလိက သူမကို အရေးမစိုက်ပေ။

ကွေလိနှင့် ကျင့်စူးထွက်ခွာသွားသည်နှင့် ခန်းမကြီးက

ရုတ်တရက် တိတ်ဆိတ်သွားသည်။

ဆန်းလျန်နှင့် ခုံရှမ်းသာ ထိုင်လျှက်ကျန်ခဲ့ကြပြီး လေထုက

လည်း ငြိမ်သက်လျှက်ရှိ၏။

အတန်ကြာမှ ခုံရွှမ်းက...

"ကျုပ်ရဲ့ ဇာမဏီနတ်ဘုရားနန်းတော်က ဘယ်လိုနေလဲ..."

ဆန်းလျန်က...

"အရမ်းကောင်းတယ်..."

ခုံရွှမ်းက...

"တကယ်တော့... အရာဝတ္ထုတွေ ဘယ်လောက်

ကောင်းကောင်း ဘာအဓိပ္ပါယ်မှ မရှိပါဘူး။ အိပ်မက်လိုပါပဲ

ဟုတ်တယ်မလား။ ခင်ဗျားက ကျုပ်ထက်ပိုသိမှာပါလေ။

ဒါပေမဲ့ ဒီလိုအကြောင်းတွေနဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လို

ချဉ်းကပ်လဲဆိုတာတော့ ကျုပ်နားမလည်နိုင်ပါဘူး..."

ဆန်းလျန်က...

"လုန်ဟန့်ခေတ်ဦးပိုင်းမှာ မင်း မွေးဖွားသင့်တာ။ အဲဒီအချိန်

တုန်းက သက်ရှိတွေ သိပ်မရှိသေးဘူး။ လူသားတွေတောင် မ

ဖြစ်တည်သေးဘူးလေ။ စိတ်စွမ်းအားကသာ အဓိကကျတဲ့

အချိန်ပေါ့၊ မင်းတို့လိုမျိုး နတ်ဘုရားတွေ၊ နတ်မိစ္ဆာတွေက သူ တို့လုပ်ချင်တာကို လုပ်ခွင့်ရှိတယ်၊ ဘာကိုမှ အရေးစိုက်စရာ လည်းမလိုဘူး၊ အဲဒီခေတ်မှာ စံသတ်မှတ်ချက် တစ်ခုပဲ ရှိ တယ်၊ ထစ်ခနဲဆိုတာနဲ့ တိုက်ခိုက်သတ်ဖြတ်ပြီး အရာရာကို ဆုံးဖြတ်ကြတာလေ..."

ခုံရှမ်းက ပြုံးလိုက်ပြီး...

"ဒီနေ့အထိ အဲဒီလိုပဲ မဟုတ်ဘူးလား၊ အဲဒီနည်းနဲ့ဖြေရှင်းနည်း က အမှန်တရားပဲလေ..."

ဆန်းလျန်က တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူ့ကိုကြည့်ရသည်မှာ ငြိမ်သက်နေသည့် လေပြေပမာ၊ စီး ဆင်းနေသည့် စမ်းရေပမာဖြစ်ပြီး တွေ့မြင်ရသူများကို နက်ရှိုင်းသည့်ခံစားချက် ဖြစ်ပေါ်စေသည်။

ဆန်းလျန်က တိုးလျသည့်လေသံဖြင့်...

"ဒါကို အမှန်တရားလို့ မင်းဘက်က လက်ခံတယ်ဆိုရင်တော့ စောစောက အကြောင်းအရာအပေါ်မှာ ကျုပ်ဘယ်လို ချဉ်းကပ်သလဲဆိုတာကို မင်း နားလည်မှာပါ..."

ဆန်းလျန်၏စကားကြောင့် ခုံရွှမ်း မရယ်မောဘဲ မနေနိုင်တော့ပေ။

ခုံရွှမ်းက...

"ခင်ဗျားက တကယ်လက်တွေ့ကျတဲ့သူပဲ ၊ ကျုပ် ဒီမေးခွန်းကို ခင်ဗျားကို မမေးခဲ့သင့်ဘူးဗျာ..."

ထို့နောက် ဆန်းလျန်၏ မျက်နှာအမူရာက အနည်းငယ် ပြောင်းလဲသွားသည်။

သူက လေသံခပ်အေးအေးဖြင့်...

"မင်း ရှော့ရှီကို လွှတ်ပေးလိုက်တာ ကျုပ်တောင် မသိလိုက်ဘူး ၊ သူကလည်း ကျုပ်သတိမထားမိအောင် ပုန်းကွယ်ပြီး ထွက်သွားတယ် ၊ အဲဒီမှာ ကျုပ်နားလည်လိုက်တာက တာအိုဆရာ

သခင်ကြီးတစ်ပါးက သံသရာကို ကျော်လွန်သွားရင်တောင်

လောကီရေးရာတွေကို ခြယ်လှယ်ဖို့ နည်းလမ်းရှိနေသေးတယ်

ဆိုတာ သိလိုက်ရတယ်၊ ဟုတ်တယ်မလား..."

ခုံရွှမ်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ခင်ဗျားကို ဘယ်အရာမှ ဖုံးကွယ်မထားနိုင်ဘူးပဲ၊ တကယ်

တော့ ခင်ဗျားကို ဇာမဏီနတ်ဘုရားနန်းတော်ကို ဖိတ်ခေါ်ရတာ

ကလည်း ပုဂ္ဂိုလ်တစ်ယောက်ရဲ့ စကားတစ်ခွန်းကို ပါးဖို့ပါ..."

ဆန်းလျန်က...

"အဲဒီပုဂ္ဂိုလ်က စန့်ချင်တာအိုဆရာသခင်လား၊ မင်း

နောက်ကွယ်မှာ ရှိနေတာ သူလား..."

ခုံရွှမ်းက ခေါင်းခါယမ်းလိုက်သည်။

ဆန်းလျန်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဒါဖြင့် ဗုဒ္ဓပေါ့..."

ခုံရွှမ်းက အံ့အားသင့်စွာဖြင့်...

"ခင်ဗျား ဗောဓိဘိုးဘိုးလို့ ပြောမယ်ထင်နေတာ ၊ ဗုဒ္ဓလို့ ဘာလို့

တန်းသိရတာလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"နောက်ဆုံးတော့ ကျုပ်တို့ ဗောဓိပင်ကို တွေ့ရပြီပေါ့..."

ခုံရွှမ်း၏ မျက်နှာထက်တွင် မနာလိုအားကျမှုနှင့် နောင်တရမှု

များကို တွေ့လိုက်ရသည်။

ဆန်းလျန်က...

"ကျုပ် အခု နားလည်သွားပြီ ၊ ကျုပ် ဆန်းလျန် ကျင့်ကြံခဲ့တဲ့

တာအိုလမ်းစဉ်ဟာ စန့်ချင်တာအိုဆရာသခင်ကြီးရဲ့ ဆိုပေမယ့်

ဗုဒ္ဓက ကျုပ်အတွက် ပေးခဲ့တာပဲ ၊ ဗုဒ္ဓ သံသရာကို ကျော်

လွန်သွားပြီး စန့်ချင်တာအိုဆရာသခင်ရဲ့ ကျင့်စဉ်ကို ကျုပ်

အတွက် ထားခဲ့တယ် ၊ ဒါကြောင့် ကျုပ်က အဲဒီကျင့်စဉ်ကို

ကျင့်ကြံပြီး ရဲ့လျိုယွင်သွားရမယ့် ချင်းရွှမ်နတ်တံခါးကို

ကိုယ်စားရောက်သွားခဲ့တယ် ၊ တာအိုဆရာသခင်ထိုက်ယီနဲ့ ဗုဒ္ဓ

ရဲ့ ပြိုင်ပွဲက တကယ်ပဲ ဖြစ်ခဲ့ကြတာကိုး ၊ သူတို့ သံသရာကို ကျော်လွန်သွားခဲ့ကြတာတောင်မှ သူတို့ဟာ ပြိုင်ပွဲကို ဆက်ပြိုင်နေကြသေးတယ်..."

ယနေ့ သူရရှိခဲ့သည့် အောင်မြင်မှုများမှာ နောက်ကွယ်မှ ကြီးမားသည့် ထောက်ပံ့မှုကြီးတစ်ခုရှိကြောင်း ဆန်းလျန် နားလည်သွားခဲ့ပြီ ဖြစ်သည်။

သို့သော် ... သူရရှိသည့် အောင်မြင်မှု အားလုံးကတော့ ဗုဒ္ဓ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည် မဟုတ်ပေ။

သူရရှိသည့် အောင်မြင်မှုများက ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယီ၏ ပြိုင်ပွဲကြောင့် ရရှိလာသည့် ရလဒ်ဖြစ်၏။ သူက အခွင့်အရေးကို မတော်တဆ ရရှိခဲ့ပြီး နတ်ဘုရားတစ်ပါးအဖြစ် ကျင့်ကြံနိုင်ခဲ့သည်။

သို့သော်...နောက်ပိုင်း ဆန်းလျန်က အတိတ်ကို ဖြတ်တောက်ခဲ့သည့်အတွက် ထိုဇာတ်လမ်းက အစသို့ ပြန်လည်ရောက်ရှိသွားပြီး တစ်ပတ်ပြန်လည်လာနိုင်တော့မည် မဟုတ်ပေ။

အခြားတာအိုဆရာသခင်ကြီးများ ပါဝင်ပတ်သက်ခြင်း ရှိနိုင်သော်လည်း ကစားပွဲ၏ အဓိကပုဂ္ဂိုလ်များကတော့ ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယီသာ ဖြစ်၏။

ဆန်းလျန်ကတော့ ထိုကစားပွဲတွင် ပါဝင်ပတ်သက်မိပြီး နဝမမြောက်တာအိုဆရာသခင်ကြီးပင် ဖြစ်ခွင့်ရတော့မည်ဖြစ်သည်။

သို့သော်... သူ တကယ်ပဲ သံသရာကို ကျော်လွှန်နိုင်မည်လား၊ မကျော်လွှန်နိုင်ဘူးလားဆိုသည်ကို သူကိုယ်တိုင်လည်း မသိရှိသေးပေ။

ဗုဒ္ဓရော တာအိုဆရာသခင်ထိုက်ယီပါ သံသရာကို ကျော်လွန်သွားကြသည့်တိုင် အဘယ့်ကြောင့် ဆက်လက် ယှဉ်ပြိုင်နေရပါသေးသနည်း။ ဆန်းလျန်လည်း အဖြေကို မသိရှိပေ။ တည်ဆောက်ထားသည့်ဇာတ်အိမ်အရဆိုလျှင် သူ့နေရာတွင် ရဲ့လျိုယွင် ဖြစ်ရမည်ဖြစ်သည်။ ရဲ့လျိုယွင်သာလျှင် ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်ရောက်နိုင်ပြီး နောက်ဆုံးတွင်သံသရာကို ကျော်လွန်တာ တာအိုဆရာသခင်ကြီး ဖြစ်သွားမည် ဖြစ်၏။ နောက်ဆုံးတော့… စန့်ချင်တာအိုဆရာသခင် ၊ တာအိုဆရာသခင်ထိုက်ယီနှင့် ချင်တိဧကရာဇ်တို့သည် တစ်ယောက်တည်းဖြစ်ကြပြီး သူတို့အားလုံး တာအိုဆရာသခင်ကြီးများ ဖြစ်သွားပေလိမ့်မည်။

ဗုဒ္ဓသည် စန့်ချင်တာအိုဆရာသခင်နှင့် ခင်မင်သူများဖြစ်သည့်အတိုင် အဘယ့်ကြောင့် တာအိုဆရာသခင်ထိုက်ယီနှင့် အဆုံးမသတ်နိုင်အောင် ယှဉ်ပြိုင်မှုများ ပြုခဲ့ပြီး အဘယ့်ကြောင့် ချင်

တိဧကရာဇ် တာအိုဆရာသခင်ကြီးဖြစ်မလာစေရန် ကြားဝင်နှောက်ယှက်ခဲ့ပါသနည်း။

ထိုအဖြေကို တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာမှသာလျှင် နားလည်နိုင်ပေလိမ့်မည်။

ခုံရှမ်းက…

"ပြောရရင်… ကျုပ်လည်း ခင်ဗျားကို ကျေးဇူးတင်သင့်တယ်၊ ခင်ဗျားကြောင့်သာမဟုတ်ရင် 'နေနှင့်လကိုကျော်လွန် အမှောင်ထုသည်မရှိမှု ဖြစ်၏' ဆိုတဲ့အကြောင်းအရာကို ကျုပ်နားလည်ခဲ့မှာ မဟုတ်ဘူး…"

ဆန်းလျန်က…

"ဗုဒ္ဓပြောမယ့်အမှာစကားကို ကျုပ်သိပြီ၊ သူက သူနဲ့ပတ်သက်ပြီး ကျုပ်အခုလို အောင်မြင်လာတဲ့အတွက် ပြန်ပေးဆပ်စေချင်တာ မဟုတ်လား…"

ခုံရှမ်းက…

"ခင်ဗျား ခန့်မှန်းတဲ့အတိုင်းပါပဲ..."

ဆန်းလျန်က...

"ဒါဖြင့် ကျုပ် ဗုဒ္ဓကို ပြန်ပေးဆပ်ပါ့မယ်၊ ကျုပ် ဆန်းလျန်က ဗုဒ္ဓအပေါ် ဘာအကြွေးမှ မတင်လိုပါဘူး..."

ဆန်းလျန်၏ စကားကြောင့် ခုံရွှမ်း အံ့အားသင့်သွားပြီး...

"ခင်ဗျား အဓိပ္ပါယ်မရှိတာတွေ ပြောနေတာပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါက အဖြေပဲလေ၊ ကျုပ် အခုလိုပြောတာကို ဗုဒ္ဓသာသိရင် ဝမ်းမြောက်မှာပါ..."

ခုံရွှမ်း ဆန်းလျန်ကို နားမလည်နိုင်တော့ပေ။

"သူသိရင် ဝမ်းမြောက်မှာလား..."

ဆန်းလျန်က...

"ကျုပ် သံသရာကိုကျော်လွန်သွားတဲ့အခါ မင်းနားလည်လာပါလိမ့်မယ်..."

ခုံရှမ်း စိတ်ထဲမှတွေးလိုက်သည်။

"ခင်ဗျားက စိတ်ကြီးဝင်နေတာပဲ ၊ ဗုဒ္ဓကို အကြွေးတင်နေတဲ့သူ

တစ်ယောက်က ဘယ်လိုလုပ် သံသရာကို ကျော်လွန်နိုင်မှာတဲ့

လဲ..."

ခုံရှမ်း၏ အတွေးများကို ဆန်းလျန် သိမြင်သော်လည်း မည်

သည့်စကားမှ ဆက်မပြောတော့ပေ။

ခေတ္တမျှကြာမှ ဆန်းလျန်က...

"လက်ဖက်ရည်လာပြီ..."

လက်ဖက်ရည်ဗန်းကိုသယ်ပြီး ကွေလိနှင့် ကျင့်စူး ခန်းမထဲသို့

ပြန်ဝင်လာကြလေသည်။

ဇာမဏီငှက်ပုံသဏ္ဍာန်လက်ဖက်ရည်အငွေ့များက လေထဲတွင်

ပျံ့လွင့်နေလေသည်။

ဘိုးဘေးဇာမဏီငှက်သည် လက်ဖက်ပင်ထက်တွင် တရားဓမ္မ

ဟောကြားခဲ့ဖူးသည်။

ထို့ပြင် ကွေလိကလည်း လက်ဖက်ရည်ကို ဇာမဏီမီးတောက်ဖြင့် ကြိုချက်လာခြင်း ဖြစ်လေရာလက်ဖက်ရည်က ဇာမဏီ တန်ခိုးစွမ်းအားများဖြင့် ပြည့်ဝပြီး ဇာမဏီငှက်ပုံသဏ္ဍာန် လွင့်ပျံနေကြခြင်း ဖြစ်၏။

ခုံရှွမ်းက အံ့အားသင့်သွားပြီး...

"မင်းတို့ကို ဘယ်သူ ဝင်လာခိုင်းလို့လဲ..."

ကွေလိက...

"ဦးလေးပဲ ကျွန်မတို့ကို ဝင်လာဖို့ ပြောလိုက်တာ မဟုတ်ဘူးလား..."

ခုံရှွမ်းက...

"ကျုပ် မပြောပါဘူး..."

ခုံရှွမ်း ဆန်းလျန်ကို လှည့်ကြည့်လိုက်သည်။

ဆန်းလျန်က သူ့ဟန်ဆောင်ကာ ကွေလိနှင့်ကျင့်စူးကို ခန်းမထဲ ဝင်လာရန် စိတ်စွမ်းအားဖြင့် ပြောလိုက်ဟန် ရှိသည်။ ခုံ့ရှမ်း ပို ပြီး စိတ်ပျက်လက်ပျက် ဖြစ်သွားလေသည်။

ကွေလိက မွှေးပျံ့နေသည့် ဘိုးဘွားပိုင် လက်ဖက်ခြောက် အကောင်းစားဖြင့် ဆန်းလျန်ကို ဧည့်ခံခြင်း ဖြစ်၏။ သို့သော်... လက်ဖက်ရည်က အရသာမရှိပေ။

သို့သော်... ဆန်းလျန်ကလည်း လက်ဖက်ရည်ကို အရသာခံမ သောက်ဘဲ ရေသောက်သလို အငမ်းမရပင် သောက်ပစ်လိုက် သည်။ ဆန်းလျန်တစ်ယောက်တည်းသောက်လိုက်သည်မှာ လက်ဖက်ရည်များ ကုန်သွားတော့၏။

ကျင့်စူးက ဆန်းလျန်ကိုကြည့်ပြီး မျက်လုံးတစ်ချက်လှန်လိုက် ရင်း...

"ကွေလိ... နင့်မှာ ကောင်းတဲ့အစားအသောက်တွေရှိရင် ဆန်းလျန်ကို မကျွေးနဲ့၊ ငါ့ကိုပဲ ကျွေးတော့...၊ မဟုတ်ရင် အကုန်စားပစ်လိမ့်မယ်..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က ကျန့်ယွမ်ကျီနတ်မင်းကြီးဆီက လူသားပုံသဏ္ဍာန်ရျင်ဆင်းသစ်သီးသွားတောင်းပြီး မင်းတို့ (၂)ယောက်ကို ကျွေးမလို့၊ အခုတော့ မင်းကို မကျွေးနိုင်တော့ဘူး... ကျင့်စူး၊ ကွေလိကိုပဲ ကျွေးတော့မယ်..."

ကျင့်စူးက...

"ကွေလိ...၊ နင်တို့ ဘိုးဘွားပိုင် လက်ဖက်ခြောက်တွေ ကျန်သေးလား၊ ကျန်သေးရန် ဆန်းလျန် ပြန်ရင် လက်ဆောင်ထည့်ပေးလိုက်ဦးဟဲ့..."

ကျင့်စူးနောက်ပြောင်လိုက်သည့်အတွက် ကွေလိရယ်မောလိုက်သည်။

မိန်းကလေး (၂)ယောက် ရောက်လာသည်နှင့် ခန်းမထဲရှိ အေး

စက်သည့်လေထုက အနည်းငယ် သက်သောင့်သက်သာ ဖြစ်

သွားလေသည်။

ဇာမဏီနတ်ဘုရားနန်းတော်မှ ရှော့ရှီထွက်သွားပြီကို သိရှိ

သည့်နောက် ဆန်းလျန်ကလည်း တူမဖြစ်သူကို ရှာဖွေရန်

အလျှင်မလိုတော့ပေ။

ထို့နောက် သူက ခုံ ရွှမ်းနှင့် တာအိုတရားအကြောင်း ဆက်လက်

ဆွေးနွေးလေသည်။

ဆန်းလျန်က သူ့ကို တာအိုတရားနှင့်ပတ်သက်သည်များကို မ

ခြွင်းမချန် ရှင်းလင်းပြလိမ့်မည်ဟု ခုံ ရွှမ်း မျှော်လင့်မထားခဲ့

ပေ။ ယခုတော့ ဆန်းလျန်က ယင် နှင့် ယန် သဘောတရားများ

အားလုံးကို ခုံ ရွှမ်းသိအောင် ရှင်းလင်းပြောပြနေလေသည်။

ဇာမဏီငှက်မျိုးနွယ်တို့၏ ရောင်စဉ် (၅)မျိုး တန်ခိုးစွမ်းအား

သည် ဒြပ်စင် (၅)မျိုးနှင့် ဆက်စပ်နေသည်။ ထို ဒြပ်စင် (၅)မျိုး

က ယင်နှင့်ယန်ဖြင့် ဆက်စပ်နေသည်။

ထို့ကြောင့် ခုံရွှမ်းအနေဖြင့် စကြာဝဠာတွင်းမှ ဒြပ်စင်စွမ်းအား

(၅)မျိုးကို ချိတ်ဆက်ကာ ကျင့်စဉ် ကျင့်ကြံနိုင်ခဲ့ခြင်း ဖြစ်၏။

ဆန်းလျန်ပြောသည့် တာအိုတရားများကို နားထောင်ရင်း ကျင့်

စူး၏မျက်ဝန်းများ ပိုမို တောက်ပလာကြသည်။

ခန်းမထဲရှိ လူ (၄)ယောက်တွင် ကွေ့လိက ကျင့်ကြံခြင်းအဆင့်

အနိမ့်ဆုံး ဖြစ်နေလေရာ သူမက ဆန်းလျန်ပြောသည့်စကား

များကို နားလည်ရခက်နေသော်လည်း နောင်တစ်ချိန်တွင်တော့

ကောင်းမွန်စွာ နားလည်လာပေလိမ့်မည်။

အခန်း (၉၅၄) ကျင့်ကြံရာဝယ်

ဆန်းလျန်နှင့် ခုံရှမ်း တာအိုတရားဆွေးနွေးနေသည်မှာ အချိန်မည်မျှကြာသွားသည် မသိပေ။

ဆန်းလျန်၏ ခန္ဓာကိုယ်တွင် ယန်နှင့်ယန် လှည့်ပတ်နေပြီး တန်ခိုးစွမ်းအားအဖြစ် သိပ်သည်းလာလေသည်။

တစ်ချိန်တည်းမှာပင် ခန်းမဆောင်ကြီးတစ်ခုလုံး တာအိုကာရံ ညီနေပြီး ဇာမဏီနတ်ဘုရားနန်းတော်မှ ဇာမဏီငှက်များနှင့် ၊ ဇာမဏီငှက်အနွယ်ဝင် ငှက်မျိုးနွယ်များအားလုံးသည် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားကြလေသည်။

ငှက်ပေါင်းတစ်သောင်းက ဇာမဏီငှက်မင်းကို ခစားကြသည် ဟု အဆိုရှိသည်။

ယခုတော့ ဇာမဏီငှက်ပေါင်းတစ်သောင်းက ဆန်းလျန်ကို ခစားနေကြပြီ ဖြစ်သည်။

ဇာမဏီငှက်များသည် တာအိုမဟာလမ်းစဉ်ကို လျှောက်လှမ်းနိုင်ရန် အခြားသူများထက် ပိုမိုလွယ်ကူသူများ ဖြစ်ကြသည်။

ထို့ကြောင့်... ဆန်းလျန်၏ မြင့်မြတ်သည့် တာအိုတရားကို ကြားနာရသည့်အခါ သူတို့၏ ပုံသဏ္ဍာန်အမှန်များကို ဖွင့်လှစ်ပြသကြပြီး ဂါရဝပြုကြခြင်း ဖြစ်၏။

ခုံရှမ်းနှင့် ကွေ့လိမ့်လဲပြီး ဇာမဏီနတ်ဘုရားနန်းတော်မှ ငှက်များအားလုံး မူလပုံသဏ္ဍာန်အတိုင်း ပျံသန်းနေကြတော့သည်။

ဇာမဏီငှက်တေးသီကျူးသံများလည်း နေရာအနှံ့မှ ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်မှ ကျောက်တုံးများပင် ကွဲအက်ကုန်ကြလေသည်။

နောက်ဆုံးတော့ ဆန်းလျန်နှင့် ခုံရှမ်း တာအိုတရားဆွေးနွေးခြင်း ပြီးဆုံးသွားကြသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"အချိန်ကိုတောင်မေ့နေတာ ၊ 'လန့်ခဲ' လိုတော့ ဖြစ်ကုန်ပြီ ၊

လူ့လောကမှာ နှစ်ပေါင်း (၅၀)တောင် ကြာသွားပြီပဲ..."

"လန့်ခဲ"ဆိုသည်မှာ ဒဏ္ဍာရီထဲမှ သစ်ခုတ်သမားတစ်ယောက်

ဖြစ်သည်။

သူက တောင်ပေါ်သို့သွားပြီး ထင်းခုတ်လေ့ရှိသည်။

တစ်နေ့ သစ်ခုတ်ရန် တောင်ပေါ်သို့ တက်လာချိန်တွင်

စစ်တုရင်ကစားရင်း သီချင်းဆိုနေကြသည့် လူငယ်လေးများ

ကို တွေ့လိုက်ရသည်။

သစ်ခုတ်သမားက ထိုလူငယ်များဆိုသည့် သီချင်းကို

နားထောင်နေစဉ်မှာပင် လူငယ်လေးတစ်ယောက်က

သစ်ခုတ်သမားကို ဇီးသီးစေ့အရွယ် ဆေးလုံးလေးတစ်လုံး

ပေးလိုက်သည်။

လန့်ခဲက ထိုဆေးလုံးကို စားလိုက်သည့်အခါ ဆာလောင်ခြင်း

ကို မခံစားရတော့ဘဲ တောထဲတွင် စိတ်အေးချမ်းသာယာစွာ

ဖြင့် ထိုင်နေပြီး လူငယ်လေးများသီဆိုသည့် တေးသီချင်းကို နားထောင်နေလေသည်။

နောက်တော့ လူငယ်လေးတစ်ယောက်က သူ့ကို မေးလိုက်၏။

"မင်း ဘာလို့ မသွားသေးတာလဲ..."

ထိုအခါမှ လန့်ခဲသတိဝင်လာပြီ မတ်တတ်ထရပ်လိုက်သည်။

ပုဆိန်ကိုကောက်ကိုင်လိုက်သည့်အခါ ပုဆိန်မှာ သံချေးတက်လျှက် ရှိလေသည်။

သူ ရွာသို့ ပြန်ရောက်လာသည့်အခါ သူနှင့်သိကျွမ်းခဲ့သူများ အားလုံး တစ်ယောက်မှ မရှိကြတော့ပေ။ သူ ရွာမှ ပျောက်ကွယ်သွားသည်မှာ နှစ်ပေါင်း (၅၀)ရှိခဲ့ပြီး ယခုမှ ထူးထူးဆန်းဆန်း ပြန်ရောက်လာရခြင်း ဖြစ်လေတော့သည်။

ဆန်းလျန်နှင့်ခုံ ရှမ်းတို့ တာအိုတရားအကြောင်းပြောနေကြသည်မှာလည်း ထိုအတိုင်းပင် ဖြစ်သည်။

နှစ်ပေါင်း (၅၀) ကုန်ဆုံးသွားသည့်တိုင် ကျင့်စူးနှင့် ကွေလိတို့ မှာလည်း တစ်ခဏဟုသာ ထင်မှတ်နေကြသည်။

ထို့နောက် ဆန်းလျန် ဇာမဏီနတ်ဘုရားနန်းတော်မှ ပြန်လာခဲ့လေသည်။

ယခု ဆန်းလျန်သည် ထျန်းရှန်းဝူထိုက်မှ ထိုက်ကျိုကိုယ်ခွဲဖြင့် လောကအလယ်တွင် လှည့်လည်သွားလာနေခြင်း ဖြစ်လေသည်။ သို့သော်... သူက ဆန်းလျန်အစစ်နှင့်ခွဲခြားမရအောင် တူညီပြီး ကျင့်ကြံခြင်းအဆင့်ကလည်း ဟွင့်ယွမ်ဝူကျီအဆင့်ပင်ဖြစ်သည်။

တာအိုတရားက အခြေခံကျပြီး နူးညံ့သိမ်မွေ့သည်။ လောကကို သိမြင်နားလည်နိုင်ပြီး အရာရာက မရေရာသည်ကို သိရှိနိုင်သည်။

တာအိုတရားသည် ဘဝအပေါ် မရှိမဖြစ်လိုအပ်သော

သဘောထားအမြင်နှင့် စဉ်းစားတွေးခေါ်နိုင်မှု ပုံစံလည်း

ဖြစ်သည်။

တာအိုလမ်းကို မည်သူမဆို ကိုယ်တိုင်လျှောက်လှမ်းနိုင်သည်။

ထိုအကြောင်းအရာများအားလုံးကို အရင်ဆုံး စတင်သိရှိခဲ့သူ

မှာ ထိုက်စန့်လောင်ကျွင်း ဖြစ်၏။ ထို့နောက် ကျွမ်ကျီက သိရှိ

လာခဲ့သည်။ ကျွမ်ကျီပြီးနောက် မည်သူမှ မသိရှိတော့ပေ။

ဆန်းလျန်နှင့် ခုံရှမ်း (၂)ဦးလုံးသည် ထိုအဆင့်သို့ မရောက်ကြ

သေးပေ။ သို့သော်... တစ်ချိန်ချိန်တွင် သူတို့လည်း သိရှိ

နားလည်လာကြမည် ဖြစ်သည်။

ဆန်းလျန်သည် လောကအလယ် လှည့်လည်သွားလာရင်း

ထိုက်ချိယင်ယန် တရားဓမ္မကို ပိုမိုနားလည်လာသည်။

နောက်ဆုံး ထိုက်ချိယင်ယန်သင်္ကေတက သူ့နှလုံးသားထဲတွင်

ထွက်ပေါ်လာသည်။ ထိုသေက်တသည် ထိုက်ချိယန်ယန်၏

အနှစ်သာရ ဖြစ်၏။

ထိုက်ချိယင်ယန်သကော်တအတွင်းမှ အစက်ငယ်လေး (၂)စက်

သည် ယင် နှင့် ယန် ကို ချဉ်းကပ်သည့် နည်းလမ်းပင်

ဖြစ်သည်။

ထိုက်ချိယန်ယန်အနှစ်သာရကို သိရှိနားလည်လာသည်နှင့်

ဆန်းလျန်၏ ဦးခေါင်းထက်တွင် အစိမ်းရောင်တိမ်တိုက်တစ်ခု

ဖြစ်တည်လာသည်။ ထိုတိမ်တိုက်မှ အလင်တန်းများက ဆန်း

လျန်၏ဦးခေါင်းထက်သို့ စီးဆင်းကျနေပြီး မိုးရေများ စီးဆင်း

ကျနေသည့်အလား ထင်မှတ်ရလေသည်။

"ဘိုးဘိုး ၊ ဟိုလူကိုကြည့်ပါဦး ၊ ထူးဆန်းလိုက်တာ ၊ သူ့ခေါင်း

ပေါ်မှာပဲ ဘာလို့ မိုးကကွက်ပြီး ရွာနေရတာလဲ မသိဘူး..."

ကလေးငယ်လေးတစ်ယောက်၏ အသံစာစာလေးက လူသူ

ကင်းမဲ့သည့် ကန္တာရတစ်နေရာမှ ထွက်ပေါ်လာလေသည်။

ထိုနေရာတွင် နွားလှည်းတစ်စီးရှိနေပြီး အဘိုးအဘွား ဇနီးမောင်နှံနှင့် မြေးငယ်လေးတို့ ကန္တာရကို ဖြတ်ကျော်မောင်းနှင်လာကြခြင်း ဖြစ်သည်။

အဘိုးအိုက မြေးငယ်လေး လက်ညှိုးညွှန်ပြရာနေရာသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ တာအိုဆရာလူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။

တာအိုဆရာ၏ ဦးခေါင်းထက်တွင် အစိမ်းရောင်တိမ်တိုက်တစ်ခု ရှိနေပြီး တိမ်တိုက်မှ ကြည်လင်သည့်မိုးရေစက်များသည် ထိုလူငယ်၏ ဦးခေါင်းထက်သို့ စီးဆင်းကျနေလေသည်။

ထိုတာအိုဆရာလူငယ်က သူတို့ရှိရာသို့ လျှောက်လှမ်းလာနေခြင်း ဖြစ်၏။

ကလေးငယ်က တအံ့တသြဖြင့်...

"သူက သားတို့ဆီလာနေတာပဲ..."

ရာသီဥတုက ပူပြင်းသည့်နွေရာသီဖြစ်လေရာ နေရောင်က

တောက်ပလျှက်ရှိသည်။

အဘိုးအိုတို့ဇနီးမောင်နှံနှင့် မြေးငယ်မှာ အပူဒဏ်သက်သာစေ

ရန် ဦးခေါင်းထက်တွင် ကြာရွက်များကို ဆောင်းထားကြပြီး

ချွေးများလည်းထွက်နေကြလေသည်။

သို့သော်... ထူးဆန်းသည့်လူငယ် သူတို့အနားသို့ ရောက်လာ

သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး ချက်ချင်းအေးမြသွားလေ

သည်။

အေးစိမ့်ချိုမြသည့် ဇီးဖျော်ရည်ကို သောက်လိုက်ရသည့်

အလား သူတို့ရင်ထဲ အေးစိမ့်သည့်အရာသာကို ခံစားလိုက်ကြ

ရသည်။

ထူးဆန်းသည့်လူက တကယ်ကောင်းတာပဲဟု မြေးငယ်က

တွေးလိုက်မိ၏။

သို့သော်... တာအိုဆရာလူငယ် သူတို့အနားရောက်လာသည့် အခါ ဦးခေါင်းထက်မှ တိမ်တိုက်သည်လည်း ပျောက်ကွယ် သွားလေသည်။

ကလေးငယ်က...

"ဦးဦး... စောစောက ဘယ်လိုမျက်လှည့်ပညာ အသုံးပြုလိုက် တာလဲ..."

ဟု မေးလိုက်၏။

အဘိုးအိုကတော့ အံ့အားသင့်စွာဖြင့်...

"ဘယ်ကျောင်းတော်က ကျင့်ကြံသူလဲ မသိဘူး..."

ဟု ပြောလိုက်လေသည်။

ဆန်းလျန်က အဘိုးအိုကိုကြည့်လိုက်ပြီး...

"ခင်ဗျားက ကျန်းရှော့ရှီးမဟုတ်လား ၊ ဘုရင့်နေပြည်တော်က ဘုရင်မကြီး ယုံကြည်စိတ်ချရတဲ့ အမတ်ချုပ်ကြီးတစ်ယောက် လေ ၊ ဒါပေမဲ့ အခု မင်းသားကြောင့် ရာထူးက ရပ်နားခံလိုက်ရ

တယ်၊ ပြီးတော့ ခင်ဗျားက ရိုးသားဖြောင့်မတ်တယ်၊ စာပေ

ပညာကိုလည်း နက်နက်ရှိုင်းရှိုင်းချစ်မြတ်နိုးတယ်၊ အခု ဘာ

လို့ နွားလှည်းတစ်စီးနဲ့ တောဘက်ကို သွားနေရတာလဲ..."

အဘိုးအိုက....

"တာအိုဆရာက ကျုပ်အကြောင်းတွေ ကောင်းကောင်းသိထား

တာပဲ၊ ကျုပ် အသက်လည်းကြီးပါပြီ၊ ဘုရင်မကြီးက ရာထူး

ကထုတ်ပယ်လိုက်တော့လည်း ကျုပ် မိသားစုအတွက် အချိန်

ပေးရင်း ပျော်ပျော်ရွှင်ရွှင်နေရတာပေါ့လေ..."

ဆန်းလျန်က...

"ခင်ဗျားက နတ်ဘုရားတွေအကြောင်းကိုလည်း သိတဲ့သူပါပဲ၊

အတိတ်ကနေ အခုချိန်တထိ အသက်ရှင်သန်ခဲ့သမျှ နောင်တရ

ခဲ့တာများ ရှိသလား..."

အဘိုးအိုက...

"ပြီးခဲ့တဲ့ မျိုးဆက်က သူတော်စင်တွေဟာ သဲလွန်စတစ်ခု
တောင်မကျန်ဘဲ ပျောက်ကွယ်သွားခဲ့တယ် ၊ သူတို့နဲ့ မတွေ့ဆုံ
လိုက်ရတာတစ်ခုကိုပဲ နောင်တရမိပါတယ်..."

ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း အဘိုးအို၏ ခါးတွင်
ချိတ်ဆွဲထားသည့် စည်းတံဆိပ်ကို ကြည့်လိုက်သည်။

"ခင်ဗျားရဲ့ခါးမှာ ချိတ်ထားတဲ့ ထိုက်ချိစည်းတံဆိပ်ရဲ့ ဇာစ်မြစ်
ကိုရော သိလား..."

ရုတ်တရက်... တာအိုဆရာက အဘယ့်ကြောင့် ထိုမေးခွန်း
မေးမြန်းရသည်ကို အဘိုးအိုနားမလည်ပေ။

သူက တည်ကြည်လေးနက်စွာဖြင့်...

"ဒီ စည်းတံဆိပ်က မင်းသားပေးလိုက်တဲ့ လက်ဆောင်ပါ..."

ဆန်းလျန်က...

"မင်းသားက အဲဒီ စည်းတံဆိပ်ကို ဘယ်ကရလဲဆိုတာ သိ
လား..."

အဘိုးအိုက...

"ချင်းရှတောင်က တာအိုဆရာက မင်းသားအတွက် ဒီစည်း

တံဆိပ်ကို ပြုလုပ်ပေးခဲ့တယ်လို့တော့ သိထားပါတယ်..."

ဆန်းလျန်က...

"အဲဒီလူက ကျုပ်ပါပဲ..."

အဘိုးအိုက...

"ဒါဖြင့် မင်းက ဆန်းလျန်ပေါ့..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘာလဲ မယုံဘူးလား..."

အဘိုးအိုက...

"မင်းရဲ့ကနာမည်က မသိတဲ့သူ မရှိဘူးလေ၊ အမြဲတမ်းကြားနေ

ရတဲ့ နာမည်ပဲ၊ မင်းက နတ်ဘုရားတွေထဲမှာ အကြီးအကဲတစ်

ယောက်ပဲ မဟုတ်ဘူးလား..."

ဆန်းလျန်က...

"တကယ်တော့ ခင်ဗျားလည်း နတ်ဘုရားဖြစ်ချင်ရင် ရနိုင်တာပဲ ၊ ဘယ်လိုကျင့်ကြံပြီး တာအိုလမ်းစဉ်ကို ဝင်ရောက်မလဲဆိုတာ ကြီးသူငယ်သူ ဘယ်သူမဆို နည်းလမ်းရှိပါတယ်..."

အဘိုးအိုက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း...

"ကျုပ်မိတ်ဆွေတစ်ယောက်လည်း ခေတ်သစ်ကွန်ဖြူးရှပ်ဝါဒီတစ်ယောက်ပဲ ၊ သူက တာအိုတရားအကြောင်းတွေလည်း အတော်လေးသိတယ် ၊ သူက အသက်ဓာတ်စွမ်းအားပြည့်ဝအောင် ဘယ်လိုကျင့်ကြံရမလဲဆိုတာ ကောင်းကောင်းသိတယ် ၊ သူလည်း ကျုပ်ကို ကျင့်စဉ်တွေ သင်ပေးချင်ခဲ့တာ ၊ ဒါပေမဲ့ အဲဒီတုန်းက တိုင်းရေးပြည်ရာတွေနဲ့ အလုပ်ရှုပ်နေတာလေ ၊ အဲဒါနဲ့ သူကမ်းလှမ်းတာကို ငြင်းလိုက်မိတယ် ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) (၃၀)အတွင်းတော့ သူက အသက်ကြီးလေ နုပျိုလာလေပါပဲ ၊ နောက်ပိုင်း ဆံပင်ဖြူနည်းနည်းပေါက်လာပေ

မယ့် အခု ကျုပ ်မြို့တော်က ထွက်လာတဲ့အချိန်မှာ သူ့ဆံပင်

တွေအကုန်လုံးတောင် ပြန်နက်နေပြီ..."

ဆန်းလျန်က...

"အဲဒီလူက လူစောယိမဟုတ်လား ၊ သူက ခင်ဗျားကို

မျက်လှည့်ပြနေတာ ၊ ဒါပေမဲ့ သူက ခင်ဗျားကို ကျင့်စဉ်တွေ

သင်ပေးသွားပဲ ၊ ခင်ဗျားကမှ မသင်ခဲ့တာ..."

အဘိုးအိုက တစ်ချက်ညည်းတွားလိုက်ရင်း...

"အေးလေ... ၊ မင်းပြောတာ ဖြစ်နိုင်ပါတယ် ၊ သူက ကျင့်ကြံဖို့

ကျုပ်ကို ခဏခဏ တိုက်တွန်းတာ ၊ ဒါပေမဲ့ အဲဒီတုန်းက ကျုပ်

လည်း တကယ်မအားဘူးလေ ၊ အခုတော့ ကျုပ်က

အသက်ကြီးနေပြီ ၊ ကျင့်ကြံဖို့ ဘယ်ဖြစ်နိုင်တော့မလဲ..."

အဘိုးအိုက အမတ်ချုပ်တစ်ယောက်ဖြစ်သည်။

နတ်ဘုရားများအကြောင်းကို သူက များစွာကြားဖူးနားဝရှိလေ

သည်။ နတ်ဘုရားများကို ဝတ်ကျောင်းတော်တွင် သွားရောက်

ကိုးကွယ်နေသည့် သာမန် စာပေပညာရှင်တစ်ယောက် မဟုတ်ပေ။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘယ်အချိန်မဆို သင်ယူလို့ရပါတယ်ဗျာ၊ ကျင့်ကြံခြင်းဆိုတာ တန်ခိုးစွမ်းအားထက် အသိပညာလည်း မည်ပါတယ်၊ သင်ယူချင်တယ်ဆိုရင် နောက်ကျတယ်လို့ မရှိပါဘူး၊ ခင်ဗျားကို ကျုပ် သင်ပြပေးပါ့မယ်..."

အဘိုးအိုက...

"ကျုပ်တို့က ဆွေမျိုးသားချင်းတွေလည်း မဟုတ်ကြဘူး၊ ဘာလို့ မင်းက ကျုပ်ကို သင်ပေးချင်တာလဲ၊ ပြီးတော့ တာအိုဆရာဆန်းလျန်ရဲ့နာမည်ကို ကျုပ် အကြိမ်ပေါင်းများစွာ ကြားဖူးတယ်၊ မင်းရဲ့အကြောင်း ပြောတဲ့လူတိုင်းကလည်း မင်းကို ဖိန့်ဖိန့်တုန်အောင် ကြောက်နေကြတဲ့ပုံပဲ၊ ဒါပေမဲ့ အခုေတော့ မင်းကိုကြည့်ရတာ သဘောကောင်းသားပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဘုရင်မကြီးက ကျုပ်အကြောင်း ပြောပြတာလား..."

အဘိုးအိုက...

"မပြောပါဘူး..."

ဆန်းလျန်က...

"ဒါဖြင့် ကျုပ် သူ့အကြောင်း ပြောပြမယ်၊ ဒါပေမဲ့ မပြောခင်

ကျင့်စဉ် အရင် သင်ပေးမယ်..."

အဘိုးအိုက ရက်ကိုးရက်ကန်းဖြင့်...

"ဒီအသက်အရွယ်ရောက်မှ ကျင့်စဉ် စပြီးသင်တော့ မ

အောင်မြင်မှာစိုးရတယ်၊ ကျုပ်ရဲ့ မြေးလေးကိုပဲ သင်ပေး

လိုက်ပါလား..."

ဆန်းလျန်က...

"တစ်ယောက်တည်းသင်ပေးပေး၊ နှစ်ယောက်သင်ပေးပေး

အတူတူပါပဲ၊ ကျုပ်အတွက် ပြဿနာ မရှိပါဘူး..."

အဘိုးအိုနှင့် ဆန်းလျန် စကားပြောနေသည်ကို နားထောင်နေသည့် ကလေးငယ်က အသံစာစာလေးဖြင့် ဝင်ပြောလိုက်သည်။

"ဘိုးဘိုး ၊ အတူတူသင်ကြမယ်လေ ၊ နှစ်ယောက်ဆိုတော့ တစ်ယောက်တည်းသင်ရတာထက် ပိုအတတ်မြန်တာပေါ့..."

ဆန်းလျန်က သဘောကောင်းလွန်းနေသည့်အတွက် ဆန်းလျန်အစစ်မှ ဟုတ်ပါလေစ ဟု အဘိုးအို သံသယဝင်နေမိသည်။ ဦးခေါင်းထက်တွင် အစိမ်းရောင်တိမ်တိုက်တည်ရှိနေပြီး တိမ်တိုက်မှ မိုးများရွာသွန်းသည့် မြင်ကွင်းကို တွေ့မြင်ရပြီးသည့်နောက် သူ့ရှေ့မှ တာအိုဆရာသည် သာမန်ကျင့်ကြံသူမဟုတ်သည်ကိုတော့ အဘိုးအို သိရှိထားသည်။

ဒဏ္ဍာရီထဲမှ ဆန်းလျန်ဆိုသည့်နတ်ဘုရားက အလွန်အဆင့်မြင့်ပြီး ထူးခြားဆန်းကျယ်သူ ဖြစ်သလို တန်ခိုးစွမ်းအားလည်း မြင့်မားလွန်းသည်။

ထို့ကြောင့် လောကတွင် ဆန်းလျှန်အဖြစ်ဟန်ဆောင်ရဲသူ ရှိနိုင်လိမ့်မည် မဟုတ်ပေ။ နောက်ဆုံးတော့... အဘိုးအိုကျန်းရော့ရှီးသည် သူ့ရှေ့မှ လူငယ်ကို ဆန်းလျှန်ပင် ဖြစ်ရပေမည်ဟု ယုံမှတ်လိုက်လေတော့သည်။

အခန်း (၉၅၅) မင်းသား

ကောင်းကင်ထက်တွင် ကောင်းကင်ဘုံတည်ရှိပြီး လူ့လောကတွင်တော့ ဘုရင်မကြီး၏ နတ်ဘုရားတိုင်းပြည် တည်ရှိလေသည်။

လူသားများနေထိုင်ရာ လူ့လောကကို ဘုရင်မကြီးက အုပ်စိုးလျှက်ရှိပြီး တာ့ကျောက်ပြည်သည် အချိန်တိုအတွင်း အလျှင်အမြန်ပင် ကျယ်ပြန့်လာခဲ့သည်။

နှစ်ပေါင်း (၅၀)အတွင်း ယွမ်ကျိုးနယ်တစ်ခုလုံးကို စုစည်းနိုင်ခဲ့ပြီး တစ်လုံးတစ်ဝတည်းပေါင်းစည်းက သန်းပေါင်းများစွာသောလူသားများကို ဘုရင်မကြီးက အုပ်စိုးခဲ့သည်။

ထိုမျှကြီးမားလွန်းသည့် တိုင်းပြည်ကြီးကို သာမန်လူသားများဖြင့် အဘယ်မှာ အုပ်ချုပ်နိုင်ပါမည်နည်း။ ပြည်နယ်နှင့်မြို့တော်အသီးသီးတွင် နတ်ဘုရားများနှင့် ကျင့်ကြံသူများကို ရာထူးများပေးပြီး အုပ်ချုပ်ခွင့်ပေးထားလေသည်။

ရွာငယ်များတွင်ပင် မြေစောင့်နတ်များရှိနေပြီး အုပ်ချုပ်မှုယန္တယားသည် ကျေးလက်ဒေသများအထိ လည်ပတ်နိုင်စွမ်း ရှိသည်။

ဘုရင်မကြီးသည် လူသားဆန်ပြီး မိုးကောင်းကင်လမ်းစဥ်ကို လျှောက်လှမ်းနေသည့် မြင့်မြတ်သည့် ဘုရင်မကြီး ဖြစ်သည်။ ဘုရင်မကြီးက တာ့လော်အဆင့်ရောက်ရှိနေပြီဖြစ်သည့်အတွက် ရှုတ်ထွေးသည့်တိုင်းရေးပြည်ရာများကို လိမ္မာပါးနပ်စွာ ကိုင်တွယ်နိုင်စွမ်း ရှိသည်။ သူမက ဉာဏ်ရည်လည်းထက်မြက်လေရာ အုပ်ချုပ်မှုယန္တရားချောမွေ့စွာလည်ပတ်စေရန် ထိန်းသိမ်းထားနိုင်သည်။

ထို့ကြောင့် သူမက တရားရေးပိုင်းမှ အဆင့်မြင့်အရာရှိကြီးဖြစ်သည့် အမတ်ချုပ်ကြီး ကျန်းရော့ရှီးကိုပင် အမိန့်စကားတစ်ခွန်းဖြင့် ရာထူးမှ ထုတ်ပယ်ပစ်လိုက်သည် မဟုတ်ပါလား။

မိုးအောက်မြေပြင်တွင် သူမသာလျှင် တစ်ဦးတည်းသော အာဏာပိုင်စိုးသူ ဖြစ်သည်။

နောက်ထပ်တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတစ်ယောက်

ပေါ်လာမည်ဆိုလျှင်တောင်မှ သူမလောက် စိတ်ဓာတ်ခိုင်မာ

သည့် ဘုရင်တစ်ပါး ဖြစ်လာမည် မဟုတ်ပေ။

တိုင်းပြည်အရေး ၊ နန်းတွင်းအရေး ၊ လောကီရေးရာ အရာ

အားလုံးတွင် သူမ မလုပ်နိုင်သည့်အလုပ်ဆို၍ တစ်ခုမှ မရှိပေ။

သို့သော်... သူမက အရာအားလုံးကို ကိုယ့်လက်ကိုယ့်ခြေ

လိုက်လုပ်နေသည်တော့ မဟုတ်ပေ။ သူမက အရေးကြီးကိစ္စ

များကိုသာ ကိုယ်တိုင်ပြုလုပ်လေ့ရှိလေသည်။

အခြားကိစ္စများကိုတော့ အရာရှိများနှင့် နတ်ဘုရားများက စီမံ

ခန့်ခွဲကြသည်။ သို့ဖြစ်သောကြောင့် ... သူမသည် သမိုင်းတွင်

သြဇာအရှိဆုံး ဘုရင်မတစ်ပါး ဖြစ်ခဲ့သည်။

နတ်ဘုရားတိုင်းပြည်ဖြစ်သည့် တာ့ကျောက်တိုင်းပြည်၏

အာဏာက နိုင်ငံများစွာသို့ ပျံ့နှံ့သွားပြီး ဘုရင်မကြီး၏

လွှမ်းမိုးနိုင်မှုက လူသားမျိုးနွယ်များအပေါ် မြင့်မားလာသည်။

ထိုအချိန်မှာပင်... နတ်ဆိုးနယ်မြေ၏ ကြီးထွားလာခြင်းက ခြိမ်းခြောက်မှုတစ်ခုအဖြစ် သူမ ခံစားလာရပြီး စိုးရိမ်ပူပန်လာမိသည်။

နတ်ဆိုးနယ်မြေဖြစ်တည်လာသည်မှာ နှစ်ပေါင်း (၅၀)ခန့်သာ ရှိသေးသော်လည်း နတ်ဆိုးဘုရင်မသည် မိစ္ဆာလမ်းကိုသာ အားပေးပြီး မိုးကောင်းကင်လမ်းစဉ်ကို ရှုံ့မုန်းသူ ဖြစ်သည်။ သူမ၏ မိစ္ဆာလမ်းစဉ်က သုံးလောကနှင့် လူပြန်ဝင်စားခြင်း (၆)ဘုံကို ဝင်ရောက်ရန် တားဆီးထားသည်။

နတ်ဆိုးဘုရင်မသည် တစ်နေ့တခြားစွမ်းအားကြီးမားလာခဲ့သည်။ ပီလျဲ့ဆိုသည့် နတ်ဆိုးတစ်ပါးကလည်း နတ်ဆိုးဘုရင်မကို တိတ်တဆိတ် တားဆီးသော်လည်း ပြဿနာကြီးစွာ ခံစားရပြီး နတ်ဆိုးနယ်မြေကတော့ တစ်နေ့တခြား ကြီးထွားလာခဲ့လေသည်။

နတ်ဆိုးနယ်မြေမှ နတ်ဆိုးများမှာလည်း တစ်နေ့တခြား အတင့်ရဲလာကြပြီး အချို့ဆိုလျှင် နတ်ဆိုးနယ်မြေမှ ထွက်ခွာလာကာ လူ့လောကကို ဒုက္ခပေးသည်အထိ ဖြစ်လာသည်။

ထို့ကြောင့် ဘုရင်မကြီး ခေါင်းခဲရလေတော့သည်။

နှစ်ပေါင်း (၅၀)အတွင်း ဘုရင်မကြီးက ဗုဒ္ဓဘာသာကို ထိန်းချုပ်ထားခဲ့ပြီး ဖြေရှင်းမကုန်နိုင်သည့် နန်းတွင်းရေး အရှုတ်အရှင်းများကိုလည်း ဖြေရှင်းနေလေသည်။

ယခုမှ တည်ငြိမ်ကာစ ရှိသေးသည် နတ်ဆိုးနယ်မြေပြဿနာက ဖြစ်ပေါ်လာပြန်ရာ ဘုရင်မကြီး၏ဘဝသည် အခြားသူများ မျှော်လင့်ထားသလောက် အေးချမ်းခြင်းတော့ မရှိလှပေ။

ကျန်းရော့ရှီးကို နှင်ထုတ်ခဲ့မိသည့်အတွက် သူမ အနည်းငယ်တော့ နောင်တရမိသည်။

တကယ်တော့ ကျန်းရော့ရှီးကို သူမက ချင်းရွှမ်နတ်တံခါးနှင့် ဆက်သွယ်ရန် တံတားတစ်စင်းအဖြစ် မွေးထားခဲ့ခြင်း ဖြစ်သည်။

သို့သော်… ကျန်းရော့ရှီးက မင်းသားချန်ကျင်းချင်ကို မျက်နှာသာပေးလွန်းလေရာ ဘုရင်မကြီးအနေဖြင့် လက်မခံနိုင်ပေ။ ထို့ကြောင့် ကျန်းရော့ရှီးကို တစ်ချက်တည်းဖြင့် နှင်ထုတ်လိုက်ခြင်းဖြစ်ပြီး ချန်ကျင်းချင်ကို မျက်နှာသာပေးချင်သည့် အခြားသူများအပေါ်တွင်လည်း သတိပေးရာ ရောက်လေ၏။

သို့သော်… သူမ၏လုပ်ရပ်က နည်းနည်း ပြင်းထန်သွားလေသည်။

ယခုတော့ နတ်ဆိုးနယ်မြေပြဿနာကို ဖြေရှင်းရန်အတွက် ဘုရင်မကြီးက ချန်ကျင်းချင်ကို တာဝန်ပေးခဲ့သည်။

ချန်ကျင်းချင် မအောင်မြင်ခဲ့လျှင် သိက္ခာကျအရှက်ကွဲမည် ဖြစ်သည်။

ချန်ကျင်းချင်က ယခင်တာ့ကျောက်ကေရာဇ်၏ ပထမဆုံး မြေးတော်ဖြစ်၏။ သူ၏ဖခင်က ဝေ့မင်းသား ဖြစ်လေသည်။ ဝေ့မင်းသားက ဟယ်စူးရင်းနှင့်လက်ဆက်ခဲ့ပြီး ဟယ်စူးရင်း၏ ရင်သွေးကို ဧကရာဇ်ဖြစ်စေလိုသည့်အတွက် မိဖုရားကြီး၏ သားတော်ကိုပင် ပျက်ကျအောင် ကြံစည်ခဲ့သည်။

သို့သော်... မိဖုရားကြီး၏ ရင်သွေးက ပျက်ကျခြင်း မရှိဘဲ ချန်ကျင်းချင် မွေးဖွားလာခဲ့ခြင်း ဖြစ်၏။

ဘုရင်မကြီးက ဝေ့မင်းသားတို့ တစ်အိမ်သားလုံးကို ကွက်မျက်ခဲ့ပြီးသည့်နောက် ချန်ကျင်းချင်သည် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် ကလေးငယ် ဖြစ်သည်။ ဘုရင်မကြီးက ချန်ကျင်းချင်ကို ကျောက်မျိုးနွယ်အဖြစ် တရားဝင် ခံယူခွင့် မပေးခဲ့ပေ။

တစ်ချိန်တွင် ချန်ကျင်းချင် ဘုရင်မကြီးကို အာဏာဖီဆန်ကာ တိုင်းပြည်ကို သိမ်းပိုက်ခဲ့လျှင် ကျောက်မျိုးနွယ် မဟုတ်သည့်အတွက် အခက်အခဲများစွာနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။ ထိုသို့ ဖြစ်စေရန်အတွက် ဘုရင်မကြီးက ချန်ကျင်းချင်ကို တမင်သက်သက် ကျောက်မျိုးနွယ် မခံယူနိုင်အောင် တားဆီးထားခြင်း ဖြစ်၏။

ယခု နတ်ဆိုးနယ်မြေကို တိုက်ခိုက်ရန် စေခိုင်းခြင်းကလည်း အကယ်၍ ချန်ကျင်းချင်သာ ရှုံးနိမ့်ခဲ့ပါက သိက္ခာကျစေရန် ရည်ရွယ်လေသည်။

ချန်ကျင်းချင်မှာ ယခင် တာ့ကျောက်ကေရာဇ်၏ မြေးတော် အရင်းဖြစ်သည့်တိုင် ကျောက်မျိုးနွယ် မဟုတ်သည့်အတွက် သူ့ကို မည်သူကမှ တော်ဝင်မိသားစုအဖြစ် သတ်မှတ်ခဲ့ကြခြင်း မရှိပေ။

သို့သော်… ချန်ကျင်းချင်က နတ်ဘုရားများအလယ်တွင်တော့ နာမည်ဂုဏ်သတင်း ကြီးမားသူ ဖြစ်သည်။ သူ၏ ဆရာဖြစ်သူကလည်း စာပေပညာရှင်များ၏ ခေါင်းဆောင် လူစောယိ ဖြစ်သည် မဟုတ်ပါလား။

လူစောယိသည် သူတော်စင်တစ်ပါးဖြစ်သလို တွေးခေါ်ပညာရှင်တစ်ယောက်လည်း ဖြစ်သည်။

ဘုရင်မကြီး၏အမိန့်ကို လက်ခံရရှိသည်နှင့် ချန်ကျင်းချင် ဆရာဖြစ်သူ လူစောယိထံသို့ ထွက်လာခဲ့သည်။

လူစောယိနေသည့်အိမ်က သာမန်ပင်ဖြစ်သည်။ စာအုပ်များမှလွဲပြီး အခြားအဆောင်အယောင်များ သိပ်မရှိပေ။ လူစောယိက တစ်ယောက်တည်းနေထိုင်ခြင်းဖြစ်ပြီး အစေခံများလည်း မရှိပေ။

လူစောယိက သူ၏ စာပေများထဲတွင် ရေးသားခဲ့ဖူးသည်မှာ…

"ရေကိုစားသူများက ရေကူးကျွမ်းကျင်ပြီး အေးစက်သည်။ မြေကြီးစားသူများက ဦးတည်ရာမဲ့ သွားလာကြပြီး ဉာဏ်ရည်ထက်မြက်သူများဖြစ်ကြသည်။ သစ်သားစားသူများကတော့ မာကျောပြီး သက်သတ်လွတ်စားသူများကတော့ လမ်းလျှောက်မြန်ကြကာ အနည်းငယ်တုံးအသည်။ သစ်ရွက်စားသူများကတော့ ပိုးချည်မျှင်များကဲ့သို့ ဖြစ်ကြပြီး အသားစားသူများကတော့ သတ္တိရှိပြီး ကာကွယ်နိုင်စွမ်း ရှိကြသည်။ အစေ့အဆန်စားသူများကတော့ ပညာရှိကြပြီး အသက်ရှူကြသူများကတော့ နတ်ဘုရားများကဲ့သို့ နေထိုင်ကြရသည်။ သို့သော်... ဘာမှမစားသူများကတော့ နတ်ဘုရားများ ဖြစ်ကြလေ၏"

ဟူ၍ ဖြစ်၏။

လူစောယိသည် မည်သည့်အစားအသောက်မှ စားသောက်သူ မဟုတ်ပေ။ ထိုသို့ဆိုလျှင် လူစောယိသည် နတ်ဘုရားတစ်ပါး ပေလော။

ချန်ကျင်းချင်က ဆရာဖြစ်သူကို တွေ့သည်နှင့်...

"ဘုရင်မကြီးက နတ်ဆိုးနယ်မြေက နတ်ဆိုးတွေကို တိုက်ခိုက်ဖို့ အမိန့်ပေးလိုက်တယ်၊ အနောက်ဘက် ကန္တာရနဲ့ မြက်ခင်းပြင်ကို စစ်ချီဖို့ လူအင်အားကျတော့ မပေးဘူး၊ ကျွန်တော် ဘာလုပ်ရမလဲ..."

လူစောယိက...

"နတ်ဆိုးတွေကို သတ်ပြီး လူသားတွေငြိမ်းချမ်းအောင်လုပ်ပေးတာ ကောင်းတဲ့အလုပ်ပဲ မဟုတ်ဘူးလား..."

ချန်ကျင်းချင်က...

"အဲဒါတော့ ဟုတ်ပါတယ်..."

လူစောယိက...

"မင်း လုပ်သင့်သလား..."

ချန်ကျင်းချင်က...

"အခု လုပ်ရတော့မှာပဲလေ..."

လူစောယိက ပြုံးလိုက်ရင်း...

"ဒါဖြင့် မင်း ကျုပ်ကို ဘာလို့မေးနေသေးတာလဲ..."

ချန်ကျင်းချင်က တစ်ခဏမျှ တုံ့ဆိုင်းနေပြီး...

"အဲဒီအလုပ်က ခက်ခဲမှာပဲ၊ အဲဒါကြောင့် ကျွန်တော်က ဆရာ့ဆီက အကြံဉာဏ်လာတောင်းတာပါ..."

"ဘယ်အလုပ်မဆို ခက်ခဲမှာပဲပေါ့၊ ဒါပေမဲ့ တကယ်လုပ်ပြီဆိုရင်တော့ လောကမှာ ခက်ခဲတယ်ဆိုတာ ဘာမှ မရှိပါဘူး၊ နောက်ဆို မင်း ကျုပ်ဆီလာလာပြီး မေးမနေနဲ့တော့၊ နတ်ဘုရားဖြစ်ချင်ရင်သာပြော...၊ မင်းကို ချင်းရှတောင်ကို ခေါ်သွားပေးမယ်"

လူစောယိ သူ့ရှေ့မှ အသက် (၅၀) အရွယ် တပည့်ဖြစ်သူကို စိုက်ကြည့်နေမိသည်။

ချန်ကျင်းချင်သည် နတ်ဘုရားကျင့်စဉ်များကို ကျင့်ကြံထားသည့်အတွက် အိုမင်းခြင်းမရှိဘဲ လူငယ်လေးတစ်ယောက်အလား နုပျိုနေဆဲပင် ဖြစ်သည်။

တပည့်ဖြစ်သူ၏ စိတ်ထားဖြောင့်မတ်မှုကို လူစောယိ သဘောတွေ့ခဲ့သော်လည်း ထိုမျှနှင့် မလုံလောက်သေးပေ။

လူစောယိက ချန်ကျင်းချင်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရပ်တည်စေချင်သည်။ ချန်ကျင်းချင်က ဆန်းလျန်လောက် မတော်သည့်တိုင် ချင်းရွှမ်နတ်တံခါးအတွက် အကောင်းဆုံး ဒုတိယမျိုးဆက်ကို တည်ထောင်နိုင်လိမ့်မည်ဟု သူ မျှော်လင့်ထားသည်။

ထို့ကြောင့်ပင် ကျန်းရော့ရှီး ဘုရင့်နေပြည်တော်မှ ထွက်ခွာသွားသည့်အခါ သူက ယခင်ဘဝက တပည့်တစ်ယောက်အနေ

ဖြင့် အတူလိုက်ပါသွားပြီး ကျေးဇူးဆပ်ချင်သည့်တိုင် ချန်ကျင်းချင်ကို စိတ်မချနိုင်သည့်အတွက် လိုက်ပါသွားနိုင်ခြင်း မရှိခဲ့ပေ။

ချန်ကျင်းချင် စိတ်ထဲမှ တွေးလိုက်သည်။

"ကျွန်တော် ဆရာ့ဆီက အများကြီး သင်ယူခဲ့ရပေမယ့် စစ်ပွဲတစ်ပွဲ တိုက်ဖို့ကျတော့ ဘယ်လိုလုပ်ရမလဲ ၊ ပြီးတော့ ကျွန်တော်က တန်ခိုးစွမ်းအားလည်း သိပ်မကြီးဘူး ၊ နတ်ဆိုးတွေက ရက်စက်ကြမ်းကြုတ်တယ် ၊ သူတို့ကို သုတ်သင်ပြီး လူသားတွေငြိမ်းချမ်းအောင် ကျွန်တော် လုပ်နိုင်ပါ့မလား မသိဘူး ၊ ဒါပေမဲ့ ဆရာက ငါ့ကို ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လုပ်စေချင်ပုံပဲ ၊ ကြည့်ရတာ ငါ့ဟာငါပဲ ကြည့်ကြက်လုပ်ရတော့မယ် ထင်တယ်..."

ချန်ကျင်းချင်က အခက်အခဲများကို ကြောက်ရွံ့တတ်သူမဟုတ်ပေ။ သို့သော်... ဆရာဖြစ်သူသာ ကူညီမည်ဆိုလျှင်

အကောင်းဆုံးဖြစ်ပေလိမ့်မည်။ ယခု လူစောယိက ကူညီဟန် မရှိလေရာ အခြားနည်းလမ်း စဉ်းစားရပေတော့မည်။

ချန်ကျင်းချင်က ဆရာဖြစ်သူကို နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့သည်။

အတန်ကြာသွားမိပြီးနောက် သူ့ကို ခေါ်သည့်အသံတစ်သံ ကြားလိုက်ရသည်။

"မင်းသား... ခဏလောက်စောင့်ပါဦး..."

သူ့ကိုခေါ်လိုက်သူမှာ မိန်းကလေး ကျင့်ကြံသူတစ်ယောက်ဖြစ်သည်။

သူမ၏လက်ထဲတွင် ကြာပန်းတစ်ပွင့်ကိုကိုင်ဆောင်ထားပြီး ကြာပန်းထက်တွင် နှင်းစက်များရှိနေသော်လည်း အရည်ပျော်ကျသွားခြင်း မရှိပေ။

ထိုမိန်းမပျိုကို ချန်ကျင်းချင် မျက်မှန်းတန်းမိသည်။ လူအများက သူမကို "ဟာယ်ရှန်းနတ်သမီး" ဟု ခေါ်ကြ၏။

ဘုရင်မကြီးပင်လျှင် သူမကို ဆင့်ခေါ်ပြီး တာအိုတရား

ဆွေးနွေးဖူးသည်ကို ချန်ကျင်းချင် အမှတ်ရလိုက်မိသည်။

သို့သော်... ယခု ဟယ်ရှန်းနတ်သမီး အဘယ့်ကြောင့် သူ့ထံသို့

ရောက်လာရပါသနည်း။

ချန်ကျင်းချင် ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး ဟယ်ရှန်း

နတ်သမီးကို လက်နှစ်ဖက်ဆုပ် အရိုအသေပေးလိုက်လေ

သည်။

ဟယ်ရှန်းနတ်သမီးက ချန်ကျင်းချင်အရိုအသေပေးသည်ကို

လက်မခံဘဲ ချက်ချင်းပင် ခပ်မြန်မြန် ရှောင်ရှားလိုက်သည်။

သူက မင်းသားတစ်ပါး ဖြစ်နေသည့်အတွက် ဟယ်ရှန်း

နတ်သမီးက သူအရိုအသေပေးသည်ကို လက်မခံခြင်းဖြစ်မည်

ဟု ချန်ကျင်းချင်က ထင်လိုက်သည်။

ချန်ကျင်းချင်က...

"နတ်သမီး... ကျုပ်ကို ဘာကိစ္စများရှိလို့ လာရှာတာလဲ..."

ဟယ်ရှန်းနတ်သမီးက...

"ကျွန်မသတင်းကြားတာ ဘုရင်မကြီးက မင်းသားကို နတ်ဆိုးနယ်မြေကို တိုက်ခိုက်ဖို့ အမိန့်ပေးလိုက်တယ်ဆို ၊ မင်းသားက တိုက်ခိုက်ရေးပိုင်းမှာ သိပ်မကျွမ်းကျင်ဘူး ၊ ဒါကြောင့် ကျွန်မက ကူညီဖို့ ရောက်လာတာပါ..."

ချန်ကျင်းချင်က...

"ကျေးဇူးတင်ပါတယ် နတ်သမီး ၊ ဒါနဲ့ နတ်သမီးက ဘယ်လို ကူညီမှာလဲ..."

ဟယ်ရှန်းနတ်သမီးက ပြုံးလိုက်ပြီး...

"ကျွန်မမှာ ကျမ်းစာတစ်အုပ်ရှိတယ် ၊ ဒီကျမ်းစာထဲမှာ ပဲစေ့တွေကို စစ်သည်တော်တွေအဖြစ် အသွင်ပြောင်းနိုင်တဲ့ ပညာ ၊ လေနဲ့မိုးကို ဆင့်ခေါ်တဲ့ပညာတွေ ပါဝင်တယ် ၊ ဒါဆိုရင် မင်းသားရဲ့ စိတ်ပူပန်မှုတွေ လျော့နည်းသွားစေမယ် ထင်ပါတယ်..."

ပြောပြီးသည်နှင့် ဟယ်ရှန်းနတ်သမီးက ပိုးကြိုးတစ်ခုဖြင့် ချည်နှောင်ထားသည့် ဝါးစာလိပ်တစ်ခုကို ထုတ်ယူလိုက်သည်။ ထိုစာလိပ်မှာ တန်ခိုးစွမ်းအားနှင့်ပြည့်ဝနေပြီး တစ်ချက်ကြည့်လိုက်ရုံဖြင့် တရိုတသေ သိမ်းဆည်းထားသည့် ပစ္စည်းဖြစ်ကြောင်း သိနိုင်သည်။

ချန်ကျင်းချင်က စာလိပ်ကို လှမ်းယူလိုက်သည်။ စာလိပ်မှာ အလွန်ပင်လေးလံလှလေ၏။

ချန်ကျင်းချင်က...

"ဒီကျမ်းစာက ရှမ်နီနန်းတော်က ကျမ်းစာလား..."

ဟယ်ရှန်းနတ်သမီးက အံ့အားသင့်သွားပြီး...

"မင်းသား ဘယ်လိုလုပ်သိတာလဲ..."

ချန်ကျင်းချင်းက...

"ဆရာက ကျုပ်ကို နတ်ဘုရားကျောင်းတော်တွေနဲ့ သူတို့ရဲ့ တန်ခိုးစွမ်းအားတွေအကြောင်းကို ပြောပြဖူးပါတယ်၊ ပဲစေ့ကို

စစ်သည်တော်တွေအဖြစ်ပြောင်းလဲတဲ့ပညာတို့ ၊ လေနဲ့မိုးကို ဆင့်ခေါ်တဲ့ပညာတို့ဆိုတာ ရှမ်နွီနန်းတော်က ထင်ရှားတဲ့ ပညာတွေပဲ ၊ ပြီးတော့ အရင်က ဝေ့မင်းသားရဲ့ မိဖုရား ၊ မင်းသမီး ဟယ်စူးရင်းကလည်း နတ်သမီးနဲ့ မျိုးနွယ်တူတူပဲလေ ၊ မင်းသမီးဟယ်စူးရင်းက ရှမ်နွီနန်းတော်ကဆိုတော့ နတ်သမီးနဲ့ များ တစ်ခုခု ပတ်သက်နေတာလား..."

ဟယ်ရှန်းနတ်သမီးက...

"အင်း... မင်းသမီးဟယ်စူးရင်းက ကျွန်မနဲ့ ဆွေမျိုးနီးစပ်တော်ပါတယ် ၊ ဒါပေမဲ့ ကျွန်မရဲ့ ကျင့်စဉ်လမ်းကတော့ ရှမ်နွီနန်းတော်နဲ့ ပတ်သက်မှု မရှိပါဘူး..."

အခန်း (၉၅၆) ချင်းရှမ်ဆိုတဲ့နာမည်ကိုကြားဖူးလား

ချန်ကျင်းချင်က ဟယ်ရှန်းနတ်သမီးကို ကြည့်နေလေသည်။

ချန်ကျင်းချင်က လူစောယိ၏ သင်ပြပေးမှုအောက်တွင် နှစ်ပေါင်း (၅၀) ကျင့်ကြံခဲ့သူ ဖြစ်လေရာ သူ့အဆင့်က နတ်ဘုရားတစ်ပါးပင် ဖြစ်လုနီးနေပြီ ဖြစ်သည်။

သူသာ အနည်းငယ် ပြင်းပြင်းထန်ထန် ထပ်မံလေ့ကျင့်မည်ဆိုလျှင် တာအိုတရားကို အကြွင်းမဲ့သိမြင်ရန် လက်တစ်ကမ်းသာလိုတော့သည်။

ထို့ကြောင့် သူ့ရှေ့မှ ချောမောလှပသည့် တာအိုကျင့်ကြံသူမိန်းမပျိုပြောနေသည့်စကားများမှာ အလိမ်အညာစကားများမဟုတ်ကြောင်း ချန်ကျင်းချင် ရိပ်မိလိုက်သည်။

ချန်ကျင်းချင်က...

"ဒီကျမ်းစာက ရှမ်မိနီနန်းတော်က ယူလာတာလား..."

ချန်ကျင်းချင်၏ ရိုးသားသည့်မျက်ဝန်းများကို တွေ့မြင်လိုက်ရသည့်အခါ ဟယ်ရှန်း လှည့်ပတ်ပြောဆိုရန် အခက်တွေ့သွားသည်။

နောက်ဆုံးတော့ သူမ အဖြစ်မှန်ကို ဖုံးကွယ်မထားရန် ဆုံးဖြတ်လိုက်သည်။

ဟယ်ရှန်းက တစ်ချက်ပြုံးလိုက်ရင်း...

"မင်းသား... ကျွန်မကို နတ်သမီးလို့ မခေါ်ပါနဲ့၊ ဟယ်ရှန်းလို့ပဲ ခေါ်နိုင်ပါတယ်၊ ဒီစာအုပ်က ရွှမ်နှီနန်းတော်က ယူလာတာ အမှန်ပါပဲ၊ မင်းသားကို ဖုံးကွယ်ထားစရာ အကြောင်းမရှိပါဘူး၊ ရွှမ်နှီနတ်သမီးကိုယ်တိုင် ဒီစာအုပ်ကို မင်းသားကို ပေးခိုင်းလို့ ကျွန်မက လာပေးရတာပါ..."

ချန်ကျင်းချင်စိတ်ထဲမှ တွေးလိုက်သည်။

"ရွှမ်နှီနတ်သမီးက ရုတ်တရက်ကြီး ဘာလို့ ငါ့အပေါ် ကောင်းနေရတာလဲ..."

ရွှမ်နို့နတ်သမီးဟု ခေါ်ကြသည့် ကျိုးထျန်းရွှမ်နို့သည်

ရှေးဟောင်းနတ်ဘုရားတစ်ပါး ဖြစ်လေသည်။

သူမက တာ့လော်အဆင့် နတ်ဘုရားတစ်ပါး မဟုတ်သေး

သော်လည်း ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားတစ်ပါးဖြစ်

ပြီး နတ်ဘုရားများ၏လောကတွင် ထိပ်တန်းအဆင့်ရှိသူတစ်

ယောက် ဖြစ်သည်။

ဘယ်လိုကြောင့်များ တန်ခိုးစွမ်းအား မြင့်မားခြင်းမရှိသည့် သူ့

လို သာမန်အဆင့် ကျင့်ကြံသူတစ်ယောက်ကို အရေးစိုက်နေရ

ပါသနည်း။

သူ့တွင် အောင်မြင်နိုင်သည့် အနာဂတ်ကောင်းရှိသည်ဆိုဦး

တော့ လူ့လောကတစ်ခုလုံးကို အုပ်စိုးထားသည့် ဘုရင်မကြီး

ကို ဆန့်ကျင်ကာ သူ့ကို အဘယ့်ကြောင့် ကူညီရပါသနည်း။

လက်ရှိဘုရင်မကြီးက လူ့လောကိုအုပ်ချုပ်မင်းလုပ်သူများထဲ

တွင် တန်ခိုးစွမ်းအားအမြင့်မားဆုံး ဘုရင်မကြီးတစ်ပါးဟု ဆို

နိုင်သည်။ ရှေးခေတ်အချိန်က အုပ်စိုးခဲ့သည့် ဟွမ်ဧကရာဇ်
(၃)ပါး ၊ တိဧကရာဇ် (၅)ပါးနှင့် သူမက ကောင်းကောင်းယှဉ်နိုင်
သူ ဖြစ်သည်။

ဟယ်ရှန်းက ချန်ကျင်းချင်အနားသို့ အသာတိုးကပ်လာပြီး
လေသံကို နှိမ့်ကာစကားဆိုလိုက်သည်။

"မင်းသားရဲ့ ဇာစ်မြစ်က ထူးခြားတယ် ၊ ကျွန်မတို့က မင်းသား
ကောင်းဖို့အတွက် စိတ်ရင်းနဲ့ ကူညီတာပါ ၊ ဒါကြောင့် သံသယ
မရှိပါနဲ့..."

ချန်ကျင်းချင်ကိုယ်တိုင်ကလည်း သူ့ဇာစ်မြစ်ကို အမြဲတမ်း
သံသယဝင်နေသူ ဖြစ်သည်။

ဘုရင်မကြီးက သူ့ကို မုန်းတီးသည်ဆိုသော်လည်း မုန်းတီးခြင်း
ထက် မနာလိုသည်နှင့်ပိုပြီး ဆင်တူသည်။ ထို့ပြင် ဆရာဖြစ်သူ
လူစောယိကလည်း သူ့ကို အမြဲတမ်း အလေးထားဆက်ဆံ

သည်။ ဤသည်မှာ သူက မင်းသားတစ်ပါး ဖြစ်နေသည့်
အချက်နှင့် မသက်ဆိုင်လှပေ။
ယခု ဟယ်ရှန်းနတ်သမီးကလည်း သူ့ကို အလေးထားဆက်ဆံ
ပြီး ရွှမ်နီနတ်သမီးကပင် သူ့ကို ကူညီပေးနေလေရာ ချန်ကျင်း
ချင်စိတ်ထဲတွင် ပဟေဠိများဖြင့် ပြည့်နက်လျှက် ရှိတော့၏။
ဆရာဖြစ်သူ လူစောယိကတော့ သူ့အကြောင်းကို
ကောင်းကောင်းသိနိုင်ပေသည်။
သို့သော်... ချန်ကျင်းချင်မှာ ဆရာဖြစ်သူကို မည်သို့ ဖွင့်ဟ
မေးမြန်းရမည်လဲ မသိလေရာ ဆရာဖြစ်သူ ဖွင့်ပြောလာမှသာ
သူ့အကြောင်းကို သိရှိနိုင်မည် ဖြစ်သည်။ နောက်ဆုံးတော့
တောင်တွေးမြောက်တွေး တွေးမနေတော့ဘဲ ဟယ်ရှန်းပေး
သည့် ကျမ်းစာကို လက်ခံရန် ဆုံးဖြတ်လိုက်သည်။
"ဒါဖြင့် ကျေးဇူးအများကြီးတင်ပါတယ်ဗျာ..."

ထို့နောက် ဟယ်ရှန်းနှင့် ချန်ကျင်းချင် စကားအနည်းငယ်ပြော ခဲ့ကြပြီး လမ်းခွဲလိုက်ကြသည်။

ဘုရင့်နေပြည်တော် အပြင်ဘက်ရှိ တူးမြောင်းကျယ်ထဲတွင် ဇိမ်ခံလှေကြီးတစ်စီး ရှိနေလေသည်။

လှေထက်တွင် ကျောက်စိမ်းအမွှေးတိုင်များထွန်းညှိထားပြီး မွှေးရနံ့များက သင်းပျံ့လျှက် ရှိသည်။

ဟယ်ရှန်းရောက်လာသည့်အခါ မိန်းကလေးတစ်ယောက်က ဟယ်ရှန်းကို လှေအပေါ်ထပ်သို့ လမ်းပြခေါ်ဆောင်သွားသည်။

ထိုအခါ... သူမကို ကျောပေးပြီး ရပ်နေသည့် ခရမ်းရောင် ဝတ်စုံ ဝတ်ဆင်ထားော မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရ လေသည်။

မိန်းမပျိုက ဟယ်ရှန်းရှိရာသို့ ဖြည်းဖြည်းချင်းလှည့်ကြည့်လာ သည်။

ဟယ်ရှန်း သူမကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်း မဟုတ်ပေ။ သို့သော်... သူမနှင့်တွေ့တိုင်း စိတ်လှုပ်ရှားခြင်းကို ခံစားရလေသည်။

အဘယ်ကြောင့်ဆိုသော်... သူမ၏ မျက်ခုံးများနှင့် မျက်နှာသွင်ပြင်သည် ဟယ်ရှန်း၏ ဆရာဖြစ်သူ ဆန်းလျန်နှင့် အလွန်ဆင်တူသောကြောင့် ဖြစ်၏။

သူမသည်ကား နတ်ဘုရားများ၏လောကတွင် ထိပ်တန်းအဆင့် အမျိုးသမီးကျင့်ကြံသူ (၅)ယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်သည့် ကျိုးထျန်းရှမ်နီ ဖြစ်သည် မဟုတ်ပါလား။

ဟယ်ရှန်းနှင့် ကျိုးထျန်းရှမ်နီ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဟယ်ရှန်းက ဖယောင်းတိုင်လေးတစ်တိုင်နှင့်ဆင်တူပြီး ကျိုးထျန်းရှမ်နီကတော့ လင်းလက်တောက်ပနေသည့် လမင်းတစ်စင်းနှင့် ဆင်တူသည်။

ကျိုးထျန်းရှမ်နှီကိုကြည့်ရသည်မှာ အေးစက်ခက်ထန်ဟန်

အပြည့်ရှိသည်။

သူမကြောင့် လွန်ခဲ့သည့် နှစ်ပေါင်း (၂၀)အတွင်း ရှမ်နှီ

နန်းတော်က လုံးဝပြောင်းလဲသွားခဲ့သည်။

ဟယ်စူးရင်းကဲ့သို့ စိတ်ထားမှန်ကန်ခြင်းမရှိသည့်တပည့်များ

အားလုံး ရှမ်နှီနန်းတော်တွင် မတွေ့ရတော့ပေ။

ယခုအချိန်... ဆန်းလျန်သာ ကျိုးထျန်းရှမ်နှီကို တွေ့မြင်ရ

လျှင် ဆန်းရော့ရှီဖြစ်ကြောင်း သေချာပေါက် မှတ်မိပေ

လိမ့်မည်။

သို့သော်... ကျိုးထျန်းရှမ်နှီနှင့် ဆန်းလျန်ကြားမှ ပတ်သက်မှု

ကို ဟယ်ရှန်းကတော့ မသိရှာပေ။

ရှမ်နှီနတ်သမီး၏ လှပသောမျက်နှာက အေးစက်သည့်

အငွေ့အသက်များဖြင့် ဖုံးလွှမ်းနေသည်။

သူမက ဟယ်ရှန်းကို တစ်ချက်ကြည့်လိုက်ပြီး...

"ချန်ကျင်းချင် ဘုရင့်နေပြည်တော်က ထွက်ခွာသွားရင် မင်း နောက်က တိတ်တဆိတ်လိုက်သွားပါ၊ သူ အန္တရာယ်နဲ့ ရင်ဆိုင်ရ ရင် မင်း သူ့ကို ကူညီပါ..."

ကျိုးထျန်းရွှမ်နီကို ဟယ်ရှန်း လေးစားချစ်ခင်ရခြင်းမှာ သူမ သည် ဆန်းလျန်နှင့် အလွန်ဆင်တူသည့်အတွက် ဖြစ်သည်။ ထို့ပြင် ကျိုးထျန်းရွှမ်နီက သူမ၏ ကျင့်စဉ်လမ်းတွင် ကြုံတွေ့ ရသည့် အခက်အခဲများကိုလည်း လမ်းပြပေးလေ့ရှိလေ သည်။

ရွှမ်နီနတ်သမီးသည် အေးစက်ခက်ထန်ဟန်ရှိသော်လည်း သူမ ကို များစွာ ကူညီပေးသူ ဖြစ်သည်။

ကျင့်စဉ်လမ်းနှင့်ပတ်သက်ပြီး နားမလည်သည်များကို ဟယ်ရှ န်းမေးမြန်းလေ့ရှိတိုင်း စကားလုံးတစ်လုံးပင် မကွယ်ဝှက်ဘဲ ကျိုးထျန်းရွှမ်နီက သင်ပြပေးသည်။

ထို့ပြင်… ဟယ်ရှန်းကို အံ့အားသင့်စေသည့် နောက်တစ်ချက်မှာ ကျိုးထျန်း ရွှမ်နီ၏ ကျင့်စဉ်လမ်းအပေါ် အခြေခံယူဆချက်များသည် ဆန်းလျန်၏ အယူအဆများနှင့် သွားရောက်တူညီနေခြင်း ဖြစ်၏။

ဆန်းလျန်၏ သင်ပြပေးမှုက အခြားကျင့်ကြံသူများ၏ သင်ပြပေးမှုနှင့် အနှစ်သာရအားဖြင့် ကွဲပြားခြားနားလေသည်။

သို့သော် … ရွှမ်နီနတ်သမီးကတော့ သူမ၏ကျင်စဉ်လမ်းအကြောင်းကို ကောင်းကောင်းသိမြင်သူ ဖြစ်၏။

ထိုအချက်က တိုက်ဆိုင်ခြင်းမဟုတ်ကြောင်း ဟယ်ရှန်း ကောင်းကောင်းသိသည်။

ထို့ပြင်… မင်းသားချန်ကျင်းချင်၏ ကိုယ်ထဲမှ တန်ခိုးစွမ်းအားကလည်း သူမနှင့် ဆင်တူနေသည်ကို ဟယ်ရှန်း သတိထားမိသည်။ သူမတို့ (၂)ယောက်မှာ ဇာစ်မြစ်တစ်ခုတည်းဟုပင် ဆိုနိုင်သည်။

ထို့ကြောင့် သူမက ရှမ်နီ့နတ်သမီးကို ဆန်းလျန်နှင့် ပတ်သက်မှု ရှိ မရှိ ဟယ်ရှန်း မေးမြန်းကြည့်လိုမိသည်။

ရှမ်နီ့နတ်သမီး၏ စကားကို နားထောင်ပြီးနောက် ဟယ်ရှန်းက ခေါင်းထဲမှ အတွေးစများကို ဖြတ်တောက်လိုက်ပြီး...

"ကျွန်မ သေချာလုပ်ဆောင်ပါ့မယ်..."

ရှမ်နီ့နတ်သမီးက...

"တာအိုဝါဒဆိုတာ အသက်ရှည်ဖို့နဲ့ ပျော်ရွှင်ဖို့ကို ရှာဖွေတာပါ၊ မိစ္ဆာလမ်းစဉ်ကတော့ အတ္တကို အခြေခံတယ်၊ အခြေခံအရဆိုရင်တော့ အဲဒီ (၂)ခုက တူသလိုရှိတယ်၊ ဒါကြောင့် နတ်ဆိုးတွေနဲ့တိုက်ခိုက်တာက မင်းအတွက် အတွေ့အကြုံရပြီး ကျင့်ကြံခြင်းအတွက် အထောက်အကူဖြစ်မှာပါ၊ ဒါပေမဲ့ နတ်ဆိုးဘုရင်မ 'ချိ' ရဲ့ တန်ခိုးစွမ်းအားကိုတော့ သတိထား၊ သူနဲ့တွေ့ရပြီဆိုရင်တော့ အမြန်သာ ပြေးပေတော့..."

'ချို' ဆိုသည့်အမည်ကို ဟယ်ရှန်း ပထမဆုံး ကြားဖူးခြင်း

မဟုတ်ပေ။

သို့သော်... ရှမ်နီနတ်သမီး၏ စကားအရဆိုလျှင် နတ်ဆိုး

ဘုရင်မက အတော်လေး ကြောက်မက်ဖွယ်ရာ ကောင်းဟန်

တူသည်။ ထို့ကြောင့် ဟယ်ရှန်း မနာလိုပင် ဖြစ်သွားမိသည်။

ဟယ်ရှန်းက...

"နတ်ဆိုးနယ်မြေက လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀)ကမှ စတင်ဖြစ်

တည်လာတာ ၊ 'ချို' က နတ်ဆိုးနယ်မြေမှာ မွေးဖွားခဲ့တဲ့သူ ၊

အချိန်တိုအတွင်းမှာ သူက ဘာလို့ ဒီလောက် ကြောက်စရာ

ကောင်းလာရတာလဲ..."

ကျိုးထျန်း ရှမ်နီက...

"ဒီ မိစ္ဆာလမ်းစဉ်နဲ့ နတ်ဆိုးနယ်မြေက မိုးကောင်းကင်ကို

ဆန့်ကျင်လို့ ဖြစ်ပေါ်လာရတာ ၊ နတ်ဆိုးဘုရင်မ 'ချို' ဟာ မိစ္ဆာ

လမ်းစဉ်အတွက် မွေးဖွားလာတာ ၊ ပြောရရင် သူက သွေးနီ

ရောင်ပင်လယ်ထဲက အသူရာတွေလိုမျိုး မွေးရာပါ တန်ခိုး
စွမ်းအားနဲ့ ထူးခြားချက်တွေကို ပိုင်ဆိုင်ထားတယ်၊ နှစ်ပေါင်း
(၅၀)ဆိုတာ သူ့အတွက် တာ့လော်အဆင့် နတ်ဘုရားတစ်ပါးနဲ့
ညီမျှတဲ့ ကျင့်ကြံမှုမျိုးကို ရရှိနိုင်တယ်၊ စကြာဝဠာကြီး ကျ
ဆင်းလာလေ သူ့တန်ခိုးစွမ်းအားတွေက မယုံကြည်နိုင်လောက်
အောင် မြင့်မားလာလေပဲ၊ တစ်နေ့ စကြာဝဠာတစ်ခုလုံး
ပျက်စီးမယ့်အချိန်ရောက်ရင် ပြောစရာတောင် မလိုတော့ဘူး၊
မင်း နှစ်ပေါင်း (၁၀၀၀) ကျင့်ကြံဦးတော့ သူ့ကို မမီနိုင်ဘူး..."
ရွှမ်နီ့နတ်သမီးက နတ်ဆိုးဘုရင်မ 'ချိ' ကို အလွန်အမင်း
ချီးကျူးစကားဆိုသည့်အခါ ဟယ်ရှန်းမှာ အံ့အားသင့်သလို မ
ယုံနိုင်လည်း ဖြစ်သွားမိသည်။
ဟယ်ရှန်းသည်လည်း မွေးရာပါ တာအိုခန္ဓာဖြင့် မွေးဖွားလာသူ
ဖြစ်သည်။

ထို့ကြောင့် လျှင်မြန်လွန်းသည့်အရှိန်အဟုန်ဖြင့် နတ်ဘုရား တစ်ပါး ဖြစ်လာခဲ့ပြီး သူမ၏ တာအိုတရားအပေါ် နားလည်နိုင်စွမ်းကလည်း အခြားသူများထက် သာလွန်မြင့်မားသည်။

သူမ၏ အဆင့်ဖြင့်ဆိုလျှင် နတ်ဆိုးဘုရင်မ 'ချိ' ကို ကောင်းကောင်းရင်ဆိုင်နိုင်မည်ဟု ထင်မြင်မိသည်။ သို့သော်... ကျိုးထျန်း ရွှမ်နီ၏ စကားကိုကြားရသည့်အခါ သူမ စိတ်ညစ်သွားရလေသည်။

ရွှမ်နီနတ်သမီးက ဟယ်ရှန်း၏ အတွေးများကို သိလိုက်သည်နှင့် အေးဆေးသည့် လေသံဖြင့်...

"ဒါပေမဲ့ ကျင့်စဉ်လမ်းမှာ လျှင်မြန်တယ်ဆိုတာ တကယ်တမ်း ကျ ဘာမှ လုပ်လို့မရဘူး... ၊ ကျင့်ကြံခြင်းမှာ ဘယ်အဆင့်ကို ရောက်ပြီလဲဆိုတဲ့အချက်က ပိုအရေးကြီးတာ..."

ထိုစကားကိုကြားပြီးနောက် ဟယ်ရှန်း သေသေချာချာ စဉ်းစားနေမိလေသည်။

ရွှမ်နွီနတ်သမီး၏ နှုတ်ခမ်းထောင့်စွန်းလေးများ တွန့်ကွေးကာ တစ်ချက်ပြုံးလိုက်ရင်း...

"မင်း စိတ်မသက်မသာဖြစ်တယ်ဆိုရင် ငါ ဒီလိုစကားမျိုး နောက်ထပ်မပြောတော့ဘူး ၊ တကယ်တော့ ဒီစကားက ငါ့အတွက်လည်း အတော်လေး စိတ်အနှောက်အယှက် ဖြစ်ရတယ်..."

ထိုစကားကြောင့် ဟယ်ရှန်း စိတ်လှုပ်ရှားသွားပြီး စိတ်ထဲမှ တွေးလိုက်မိသည်။

"ရွှမ်နွီနတ်သမီးက အတော်လေးဂရုစိုက်တာပဲ ၊ ငါ ဘာလို့ မသိခဲ့ပါလိမ့်..."

ရွှမ်နွီနတ်သမီးက အေးဆေးသည့်လေသံဖြင့်...

"မင်း အကြာကြီးမေးချင်နေတဲ့ မေးခွန်းကို ငါ ပြောပြပါ့မယ် ၊ မင်းနဲ့ငါလည်း ပတ်သက်ကြတဲ့သူတွေပဲလေ ၊ ဒီတော့... မင်း

လောကမှာ ကြဉ်လည်ခဲ့တဲ့အချိန်တွေအတွင်း 'ချင်းရွှမ်' ဆိုတဲ့

နာမည်ကို ကြားဖူးသလား..."

ဟယ်ရှန်းက နတ်ဘုရားလောကတွင် လူချစ်လူခင်များသူ

ဖြစ်သည်။

ထို့ကြောင့် မိတ်ဆွေအပေါင်းအသင်းများပြီး လျှို့ဝှက်ချက်

အချို့ကိုလည်း သူမ သိထားလေသည်။

သူမ "ချင်းရွှမ်" ဆိုသည့် အမည်ကို တစ်ကြိမ်ကြားခဲ့ဖူးသည်။

သူမကို ပြောပြသည့်နတ်ဘုရားမှာ အသက်ရှည်စေခြင်း

ကျောင်းတော်မှ ရွှင်ယောင်းကျန်းရန် ဖြစ်လေတော့၏။

အခန်း (၉၅၇) အဖြစ်ဟောင်းများ

ရှင်ယောင်းက အသက်ရှည်စေခြင်းကျောင်းတော်မှ အတော်ဆုံး တပည့်တစ်ယောက်ဖြစ်သည်။

ဟယ်ရှန်းကလည်း နှစ်ပေါင်း (၁၀၀)အတွင်း အချောအလှဆုံး နတ်သမီးများထဲတွင် တစ်ပါးအပါအဝင်ဖြစ်လေရာ သူမကို တွေ့သည်နှင့် ရှင်ယောင်းက မေတ္တာသက်ဝင်မိလေတော့သည်။

သူတို့ စုံတွဲသည် ပါရမီရှင်နှင့် မိန်းမလှလေးဟု ဆိုရမည့် အလား အလွန်လိုက်ဖက်လေသည်။

ဟယ်ရှန်းက ရှင်ယောင်းကို အထင်ကြီးလေသည်။

အဘယ်ကြောင့်ဆိုသော်... ရှင်ယောင်းက ပါရမီရှင်တစ်ယောက်ဖြစ်သည်သာမက ဆန်းလျှန်၏ သင်ပြပေးမှုဖြင့် နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့သောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူမက ရှင်ယောင်း၏ မေတ္တာကို တုံ့ပြတ်ခဲ့ခြင်း ဖြစ်သည်။

တစ်နေ့တွင်တော့ ရှင်ယောင်းနှင့်ဟယ်ရှန်း လောကတစ်ခွင်ရှိ နက်နဲသည့် တန်ခိုးစွမ်းအားများအကြောင်းကို ဆွေးနွေးနေကြစဉ် ရှင်ယောင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီနေ့ခေတ် နတ်ဘုရားကျောင်းတော်တွေက သင်ပြပေးနေကြတဲ့ ကျင့်စဉ်တွေအားလုံးက ချင်းရွှမ်နတ်တံခါးရဲ့ ကျင့်စဉ် ပေါင်း (၁၀၈)ခုကို အခြေခံထားတာ..."

ရှင်ယောင်း၏ စကားကို ဟယ်ရှန်းစိတ်ဝင်စားသွားသည်။

"ချင်းရွှမ်နတ်တံခါးဆိုတာ ဘာလဲ..."

ဟယ်ရှန်းက မေးမြန်းလိုက်သော်လည်း ရှင်ယောင်းက မည်သည့်စကားမှ ပြန်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ရှင်ယောင်း၏ မျက်နှာထက်တွင်လည်း စိုးရိမ်ပူပန်သည့် အရိပ်အငွေ့များကို သူမ တွေ့လိုက်ရသည်။

ထိုအချိန်ကစပြီး ဟယ်ရှန်းက ချင်းရွှမ်ဆိုသည့်စကားလုံးကို စိတ်ထဲတွင် စွဲမှတ်ထားခဲ့သည်။ ထိုစကားလုံးသည် သူ့နှလုံးသားထဲတွင် အမြစ်တွယ်လျှက် ရှိလေသည်။

ယခု ကျိုးထျန်းရွှမ်နှီကလည်း သူမရှေ့တွင် "ချင်းရွှမ်" ဆိုသည့် စကားလုံးကို ပြောလိုက်လေရာ ဟယ်ရှန်း အံ့ဩထိတ်လန့်သွားပြီး ရင်ပင်တုန်သွားရသည်။

ကျိုးထျန်းရွှမ်နှီ၏ နားလည်ရခက်သည့် မျက်ဝန်းများက လေ့၏ပြတင်းပေါက်မှတစ်ဆင့် ကောင်းကင်ထက်သို့ လှမ်းမျှော်ကြည့်နေသည်။

သူမ၏နတ်ဘုရားခန္ဓာသည် မြူခိုးများဆိုင်းနေသည့်အလား ဝေဝါးနေလေသည်။ သူမသည် နွေဦးလေပြေလေးအလား လောကမှ အချိန်မရွေး လွင့်မျောထွက်ခွာသွားမည်ဟု ထင်မှတ်ရသည်။

ဟယ်ရှန်းက ရှမ်နီနတ်သမီးကို အလွန်ပင် လေးစားအားကျ

မိသည်။ သူမသည် ကျင့်စဉ်လမ်းတွင် ရှမ်နီနတ်သမီးကဲ့သို့

အဆင့်မမြင့်သေးသော်လည်း တစ်ချိန်ချိန်တွင် ထိုသို့အဆင့်

မြင့်မားလာစေရန် မျှော်လင့်တောင့်တမိသည်။

ထို့နောက်... ရှမ်နီနတ်သမီးက နူးညံ့သိမ်မွေ့သည့် လေသံဖြင့်

စကားစတင် ပြောလာသည်။

"ချင်းရှမ်ဆိုတာ ဘာလဲသိချင်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်

သောင်းကို ပြန်သွားမှ ရလိမ့်မယ်၊ ချင်းရှမ်နတ်တံခါးဟာ တာ

အိုဆရာသခင်ထိုက်ယီနဲ့ အများကြီးပတ်သက်မှုရှိတယ်၊

ဒါပေမဲ့ ချင်းရှမ်နတ်တံခါး တကယ်တမ်းမွေးဖွားလာတာ

ကတော့ ဓားတစ်လက်ကြောင့်ပဲ၊ အဲဒီဓားက လောကကြီး မ

ဖွင့်လှစ်မီ ဖြစ်တည်ခဲ့တဲ့ မရဏဓား (၆)လက်ထဲမှာ တစ်ခု

အပါအဝင် ဖြစ်တယ်၊ အဲဒီမရဏဓား (၆)လက်ကို ဗီဇဝိညာဉ်

မရဏဓား (၆)လက်လို့လည်း ခေါ်ကြတယ်..."

ဗီဇဝိညာဉ်မရဏာစား (၆)လက်ဟု ရွှမ်နီွနတ်သမီးက ပြောလာ

သည့်အခါ ဟယ်ရှန်းမှာ နှလုံးသားထဲမှပင် တုန်လှုပ်

ချောက်ချား သွားမိသည်။ ထိုသို့ကြောက်ရွံ့ခြင်းမှာ ပင်ကိုယ်

သိစိတ်မှ ဖြစ်ပေါ်လာသည့် ကြောက်ရွံ့ခြင်းမျိုး ဖြစ်၏။

ထိုမရဏာစား (၆)လက်သည် နေ့နေ့ညည နတ်ဘုရား

များ၏အသက်အန္တရယ်ကို ခြိမ်းခြောက်နေသည့် ဗီဇဝိညာဉ်

မရဏာစားများ ဖြစ်လေသည်။

ရွှမ်နီွနတ်သမီးက စကားဆက်ပြောလိုက်သည်။

သူမ၏အသံက စမ်းချောင်းလေးတစ်ခုပမာ ဟယ်ရှန်း၏ စိတ်

ဝိညာဉ်အတွင်းသို့ စီးဆင်းဝင်ရောက်လာလေသည်။

"အဲဒီဓားကို ယွမ်တုဓားလို့ခေါ်တယ် ၊ အဲဒီဓားရဲ့ဇာစ်မြစ်က

အသူရာချောက်ရဲ့ သွေးနီရောင်ပင်လယ်က အစပြုခဲ့တယ် ၊

အဲဒီနောက်မှာ ယွမ်တုဓားဟာ တာအိုဆရာသခင်ထိုက်ယီရဲ့

သင်ပြပေးမှုအကြောင့် တရားအလင်းရခဲ့ပြီး တာအိုဆရာ

သခင်ယွမ်ချင်းအဖြစ် လူပြန်ဝင်စားခဲ့တယ်၊ ချင်းရှမ်နတ်တံခါးကို တည်ထောင်ခဲ့တဲ့သူက အဲဒီ ဆရာဘိုးဘိုးယွမ်ချင်းဆိုတဲ့ ပုဂ္ဂိုလ်ပါပဲ..."

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ချင်းရှမ်နတ်တံခါးမှာ အရည်အချင်းရှိတဲ့ ကျင့်ကြံသူတွေ အများအပြားပေါ်ထွက်ခဲ့ဖူးတယ်၊ ကျင့်ကြံသူလောကမှာ ကျင့်စဉ်အသစ်တွေ ဘယ်လောက်များများ ပေါ်ထွက်လာပါစေ ချင်းရှမ်နတ်တံခါးက ရှုတ်ထွေးနက်နဲတဲ့ ကျင့်စဉ်တွေကို မမီနိုင်ပါဘူး၊ ချင်းရှမ်နတ်တံခါးမှာ နက်နဲပြီးစစ်မှန်တဲ့ ကျင့်စဉ် (၁၀၈)ခု ရှိတယ်၊ အားလုံးဟာ စစ်မှန်တဲ့ကျင့်စဉ်လမ်းတွေချည်းပဲ ဖြစ်တယ်၊ ဒါပေမဲ့ နောက်ပိုင်းမျိုးဆက်တွေက အဲဒီပညာတွေကို သိပ်ပြီးအလေးမထားကြတော့ဘူး... "

"နောက်ပိုင်းမျိုးဆက်တွေက တာအိုကျင့်စဉ်အသစ်တွေကို တီထွင်ကြတယ်၊ ဘိုးဘေးတွေရဲ့ကျင့်စဉ်တွေကို အလေးမ

ထားကြတော့ဘူး ၊ အပေါင်းနေရာမှာ အသစ်တွေနဲ့ အစားထိုးကြတယ် ၊ ချင်းရွှမ်နတ်တံခါးက တပည့်တွေ အလေးအမြတ်ထားကြတဲ့ လမ်းစဉ် (၁၀၈)ခုဟာလည်း ပျောက်ကွယ်ကုန်ကြတယ်... "

"ထားပါတော့လေ... အဲဒီခေတ်တုန်းက ချင်းရွှမ်နတ်တံခါးက ဆင်းသက်လာတဲ့ ကျင့်ကြံသူတွေထဲမှာ ထူးခြားတဲ့ပါရမီရှင်တစ်ယောက် ထွက်ပေါ်လာခဲ့တယ်..."

ထိုနေရာသို့ ရောက်သည့်အခါ ရွှမ်နီနတ်သမီးက စကားကိုခေတ္တရပ်နားလိုက်သည်။

ဟယ်ရှန်းနှလုံးသားထဲတွင် မရေမရာခံစားချက်များ ဖြစ်ပေါ်လာလေသည်။ ချင်းရွှမ်နတ်တံခါးမှ ဆင်းသက်လာသည့်ထူးခြားသည့်ပါရမီရှင် ဆိုသည်မှာ သူမ၏ ဆရာ ဆန်းလျန်များ ဖြစ်လေမည်လားဟု တွေးလိုက်မိသည်။

သို့သော်... သူမ၏အတွေးများကို သိနေသည့်အလား ရွှမ်နှီ နတ်သမီးထံမှ မခိုးမခန့် အကြည့်တစ်ချက်ကို ရင်ဆိုင်လိုက်ရလေရာ သူမ၏အတွေးမှားယွင်းပြီဖြစ်ကြောင်း ဟယ်ရှန်း သိရှိလိုက်သည်။

ကျိုးထျန်း ရွှမ်နှီက သူမကို အဘယ့်ကြောင့် မခိုးမခန့်အကြည့်ဖြင့် ကြည့်ရပါသနည်း။

သူမ၏ဆရာ ဆန်းလျန်က ထို ထူးခြားသည့်ပါရမီရှင်လောက် မတော်သောကြောင့်လား သို့မဟုတ် နောက်ကွယ်တွင် အခြားသောအကြောင်းများ ရှိနေသေးသည်လား ဟယ်ရှန်း နားမလည်ပေ။

ဟယ်ရှန်း၏အတွေးစတို့ မပြတ်တောက်ခင်မှာပင် ရွှမ်နှီ နတ်သမီးက စကားဆက်ပြောလိုက်သည်။

"အဲဒီ ထူးခြားတဲ့ပါရမီရှင်က လေထဲက အလိုလိုထွက်ပေါ်လာတာ မဟုတ်ဘူး ၊ အဲဒီသူက ချင်းရွှမ်နတ်တံခါးမှာ နှစ်ပေါင်း

များစွာကြာအောင် ကျင့်ကြံနေခဲ့တဲ့နတ်ဘုရားတစ်ပါးပဲ ၊ ချင်းရွှမ်နတ်တံခါးမှာ ထိုက်ဝေ့ထိုင်ခန်းမဆောင်ဆိုတဲ့ နေရာတစ်ခုရှိတယ် ၊ အဲဒီနေရာမှာ ချင်းရွှမ်နတ်တံခါးရဲ့ စစ်မှန်တဲ့ ဂန္ထဝင်မြောက်ကျင့်စဉ်တွေကို စုစည်းထားတယ် ၊ ထူးခြားတဲ့ပါရမီရှင်က ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာနေထိုင်ပြီး ကျမ်းစာတွေကိုစောင့်ရှောက်ပေးနေတဲ့သူပဲ ၊ အချိန်တွေကြာလာတော့ ချင်းရွှမ်နတ်တံခါးမှာ သူ့အကြောင်းကို သိတဲ့သူ သိပ်မရှိကြတော့ဘူး ၊ ရှေ့မီနောက်မီ ဆရာသခင်နဲ့ တပည့်အနည်းငယ်လောက်ပဲ သူ့အကြောင်းကို သိကြတော့တယ် ၊ ထူးခြားတဲ့ပါရမီရှင်ဆိုတာ ထိုက်ဝေ့ထိုင်ခန်းမဆောင်ကို စောင့်ရှောက်ပေးနေတဲ့ နတ်ဘုရားအဘိုးအိုပါပဲ ၊ ဒါပေမဲ့ ကိစ္စတစ်ခုဖြစ်ခဲ့ပြီးတဲ့နောက်ပိုင်း အဲဒီအဘိုးအိုရဲ့နာမည်က လောကတစ်ခုလုံးကို ကိုင်လှုပ်နိုင်ခဲ့တယ်..."

"တစ်နေ့မှာ... သွေးနီရောင်ဝတ်စုံကိုဝတ်ဆင်ထားတဲ့လူတစ်ယောက်ကက ချင်းရွှမ်နတ်တံခါးကို တာအိုတရားဆွေးနွေးဖို့ ရောက်လာခဲ့တယ်၊ သူ့ကို ချင်းရွှမ်နတ်တံခါးက တပည့်တွေ ဘယ်သူမှ နိုင်အောင်မတိုက်ခိုက်နိုင်ခဲ့ဘူး၊ ပြီးတော့ သူက ချင်းရွှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်ကို ထိုက်ဝေ့ထိုင်ခန်းမဆောင်က ကျင့်စဉ် (၁၀၈)ခုကို လေ့လာခွင့်ပြုဖို့ အတင်းအဓမ္မတောင်းဆိုတယ်..."

ဟယ်ရှန်းက...

"ချင်းရွှမ်နတ်တံခါးက အရှိန်အဝါ ဒီလောက်ကြီးမားတာ ဒီလူက ဘာလို့ ဂိုဏ်းကတပည့်တွေကို အနိုင်ယူနိုင်ရတာလဲ...၊ ချင်းရွှမ်နတ်တံခါးက ဘိုးဘေးတွေကရော ဘာမှ မလုပ်ကြဘူးလား..."

ရွှမ်နှီနတ်သမီးက ပြုံးလိုက်ရင်း...

"အဲဒီနောက်တော့ သွေးနီရောင်ဝတ်စုံ ဝတ်ဆင်ထားတဲ့လူက ထိုက်ဝေ့ထိုင်ခန်းမဆောင် ရှေ့ကို ရောက်သွားတယ်၊ ဒါပေမဲ့ သူ ထိုက်ဝေ့ထိုင်ခန်းမဆောင်ထဲမဝင်ခင် နတ်ဘုရားအဘိုးအို ပြောလိုက်တဲ့ စကားတစ်ခွန်းကို ကြားလိုက်ရတယ်..."

ဟယ်ရှန်းက...

"ဘာစကားလဲ..."

ကျိုးထျန်း ရွှမ်နီ့က...

"'ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာ သွေးဓားကျင့်စဉ်ရဲ့ အားနည်းချက်ကို ဖြေရှင်းနိုင်တဲ့ ဘာကျင့်စဉ်မှ မရှိဘူး...' လို့ နတ်ဘုရားအဘိုးအိုက ပြောလိုက်တာ..."

ဟယ်ရှန်းစိတ်ထဲမှ တွေးလိုက်သည်။

"သွေးဓားကျင့်စဉ်... တဲ့၊ နာမည်ကတော့လှသားပဲ..."

ရွှမ်နီ့နတ်သမီးက...

"သွေးဓားကျင့်စဉ်ဆိုတာက မင်း လေ့ကျင့်လိုက်တာနဲ့ မင်းကို လွှမ်းမိုးသွားလိမ့်မယ် ၊ မင်းကိုယ်မင်း မထိန်းချုပ်နိုင်တော့ဘူး ၊ အဆင့်တစ်ခုအထိ အောင်မြင်လာရင် သွေးဓားရဲ့လွှမ်းမိုးမှု စွမ်းအားတွေကို ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ်က မခံရပ်နိုင်တော့ဘူး ၊ သွေးဓားက လုံးဝ လွှမ်းမိုးသွားလိမ့်မယ် ၊ ဒါမေပဲ့ အဲဒီမတိုင်ခင် သွေးဓားကို ကျင့်ကြံတဲ့သူဟာ မရေမတွက်နိုင်အောင် သတ်ဖြတ်မှုတွေလုပ်ရတယ်..."

"အဲဒါကြောင့် ဟိုးအရင်အချိန်ကတည်းက သွေးဓားကျင့်စဉ် ကျင့်ကြံတဲ့သူကို ကျင့်ကြံသူလောကရဲ့ ရန်သူလို့ သတ်မှတ်ထားကြတယ် ၊ အဲဒီကျင့်စဉ်ကို ကျင့်ကြံတဲ့လူတိုင်းဟာလည်း အဆုံးသတ်မကောင်းကြဘူး..."

"ဒီတော့ သွေးနီရောင်ဝတ်စုံဝတ်ဆင်ထားတဲ့သူ ချင်းရွှမ်နတ်တံခါးကို ဘာလို့ရောက်လာလဲ ဆိုတော့ ... သွေးဓားကျင့်စဉ်

ဟာ ဆရာဘိုးဘိုးယွမ်ချင်းနဲ့ ခွဲခြားမရတဲ့ ကျင့်စဉ်တစ်ခု ဖြစ်နေလို့ပဲ..."

"ယွမ်တုဓားဟာ လူသားတစ်ယောက်အဖြစ် ပြန်ဝင်စားတဲ့အခါ သွေးနီရောင်ပင်လယ်ထဲက သူ့ရဲ့ မိစ္ဆာစွမ်းအားတွေကို စွန့်ပစ်ခဲ့တယ်၊ ဒါပေမဲ့ မိစ္ဆာစွမ်းအားရဲ့ သဘောသဘာဝအတိုင်း အပြီးတိုင် ဖျက်စီးပစ်နိုင်ခြင်း မရှိဘူး၊ ဒါကြောင့် ဆရာဘိုးဘိုးယွမ်ချင်းဟာ 'သုံးခန္ဓာဖြတ်တောက်ကျင့်စဉ်' ကို ကျင့်ကြံပြီးတော့ မိစ္ဆာစွမ်းအားတွေကို ဖြတ်တောက်ပစ်ခဲ့တယ်၊ အဲဒီ သူ ဖြတ်တောက်ပစ်လိုက်တဲ့ မိစ္ဆာစွမ်းအားတွေကနေ ဒီသွေးဓားကျင့်စဉ် ဖြစ်ပေါ်လာတာပဲ..."

"ဒီ သွေးနီရောင်ဝတ်ဆင်ထားတဲ့သူက သွေးဓားကျင့်စဉ်ကို ကျင့်ကြံခဲ့တဲ့သူပဲ၊ သူက သွေးဓားကျင့်စဉ်ရဲ့ မူလအစကို သိရှိသွားတဲ့အခါ ဒီလောကမှာ သွေးဓားကျင့်စဉ်ရဲ့ အားနည်းချက်ကို ဖြေရှင်းပေးနိုင်မယ့်သူ တစ်ယောက်ရှိမယ်ဆိုရင် အဲဒီလူ

ဟာ ဆရာဘိုးဘိုးယွမ်ချင်းပဲ ဖြစ်ရမယ်လို့ ယူဆခဲ့တယ်၊ ဒါ ကြောင့် သူက ချင်းရှမ်နတ်တံခါးကို ရောက်လာခဲ့တာပဲ..."

"အဲဒီအချိန်တုန်းက သူက အရမ်းအစွမ်းထက်နေတော့ သွေးနားထင်ရောက်နေတာ၊ ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာ သူ့ အကြောင်းကိုသိနေတဲ့သူလည်း ရှိနေတယ်ဆိုရော သူက ကြောက်လည်းကြောက်သလို ပျော်လည်းပျော်သွားခဲ့တယ်..."

"အဲဒီလူက ချင်းရှမ်နတ်တံခါးမှာ သွေးဓားကျင့်စဉ်အကြောင်း ကို သိတဲ့သူ ရှိနေမှတော့ အဲဒီကျင့်စဉ်ရဲ့အားနည်းချက်ကို ဖြေ ရှင်းနိုင်တဲ့ နည်းလမ်းလည်း ရှိရမယ်လို့ ယုံကြည်လိုက် တယ်... ? အဲဒါကြောင့်... သွေးနီရောင်ဝတ်စုံနဲ့လူက ပြော လိုက်တယ်... 'မင်း သွေးဓားကျင့်စဉ်ရဲ့အားနည်းချက်ကို ဖြေ ရှင်းမပေးနိုင်ရင် ကျုပ် ချင်းရှမ်နတ်တံခါးတစ်ခုလုံးကို ဖျက် စီးပစ်မယ်' တဲ့...၊ သူ့စကားဆုံးသွားတာနဲ့ သက်ပြင်းရှည်တစ် ချက်ချသံကြားလိုက်ရတယ်..."

"အဲဒီအချိန်တုန်းက ချင်းရွှမ်နတ်တံခါးမှာရှိတဲ့လူတွေအားလုံး သွေးနီရောင်ဝတ်လူကို နတ်ဘုရားအဘိုးအို ဘယ်လိုနှိမ်နင်းလိုက်လဲဆိုတာ ဘယ်သူမှ မတွေ့မြင်လိုက်ကြရဘူး ၊ နောက်ဆုံး... သွေးနီရောင်လိပ်ပြာတွေ ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာ ပျံသန်းနေတာကိုပဲ အားလုံးက တွေ့မြင်လိုက်ကြရတယ် ၊ တော်တော်နဲ့ အဲဒီလိပ်ပြာတွေက ပျောက်ကွယ်မသွားကြဘူးတဲ့ ၊ အချိန်ကြာလာတော့လည်း အဲဒီလိပ်ပြာတွေ ဘယ်ရောက်သွားလဲ ဘယ်သူမှ မသိကြတော့ဘူး..."

"အဲဒီအချိန်ကစပြီး ချင်းရွှမ်နတ်တံခါးမှာ ကြောက်စရာကောင်းတဲ့နတ်ဘုရားတစ်ပါး ရှိတယ်ဆိုတာကို အခြားနတ်ဘုရားကျောင်းတော်တွေက သိလိုက်ကြရတော့တယ်... ၊ အဲဒီနတ်ဘုရားအဘိုးအိုရဲ့ နာမည်က ထျန်းယန် လို့ခေါ်တယ် ၊ နတ်ဘုရားတွေရဲ့လောကမှာတော့ သူ့ကို 'ထျန်းယန်စန်းကျွင်းဘိုးဘိုး' လို့ ခေါ်ကြတယ်... ၊

ဟယ်ရှန်းက...

"ကျွန်မ ထျန်းယန်စန်းကျွင်းဘိုးဘိုးနဲ့ ဆုံတွေ့ခွင့်မရှိတော့တာ စိတ်မကောင်းစရာပဲ ၊ နတ်သမီးပြောပြတာ နဲ့တင် သူ့ကို ကျွန်မ သိပ်ကို လေးစားနေမိပြီ..."

ရွှမ်နီွနတ်သမီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"ထျန်းယန်စန်းကျွင်းဘိုးဘိုးက ထူးခြားတဲ့ပါရမီရှင်တစ် ယောက်ဆိုပေမယ့် ချင်းရွှမ်နတ်တံခါးရဲ့ သူ့ထက်တော်တဲ့သူ ချင်းရွှမ်နတ်တံခါးမှာ (၃)ယောက် ရှိသေးတယ်..."

ဟယ်ရှန်းက အံ့အားသင့်သွားပြီး...

"အဲဒီ ချင်းရွှမ်နတ်တံခါးက တကယ့်ကို အံ့သြစရာပဲ ၊ ဒါဆို ထျန်းယန်စန်းကျွင်းဘိုးဘိုးထက်တော်တဲ့ အခြားနတ်ဘုရား တွေက ဘယ်သူတွေများလဲ..."

ကျိုးထျန်းရွှမ်နီွက အေးဆေးသည့်လေသံဖြင့်...

"ဆရာဘိုးဘိုး ယွမ်ချင်းပေါ့၊ နောက်တစ်ယောက်ကတော့ တာ
အိုဆရာလီချင်းဆွေပဲ၊ နောက်တစ်ယောက်ကတော့ ထျန်းယန်
စန်းကျွင်းဘိုးဘိုးကိုယ်တိုင် သူ့ထက်သာတယ်လို့ သတ်မှတ်
ထားတဲ့ ပါရမီရှင်တစ်ယောက်ပေါ့၊ ထျန်းယန်စန်းကျွင်း
ဘိုးဘိုးက အဲဒီလူကို သူ့ထက်သာတယ်လို့ သတ်မှတ်လိုက်မိတဲ့
အတွက် ချင်းရွှမ်နတ်တံခါးဟာ ပျက်စီးလုနီးပါး ဖြစ်ခဲ့ရ
တယ်..."

အခန်း (၉၅၈) မိစ္ဆာ နှင့် တာအို

ထျန်းယန်စန်းကျွင်းဘိုးဘိုးသည် ထိပ်တန်းပါရမီရှင်တစ်ယောက် ဖြစ်ပါလျှက် ချင်းရွှမ်နတ်တံခါးကို အဘယ့်ကြောင့်ပျက်စီးလုနီးပါး ဖြစ်စေခဲ့ရပါသနည်းဟု ဟယ်ရှန်းတွေးလိုက်မိသည်။

ထျန်းယန်စန်းကျွင်းဘိုးဘိုးကို ချဉ်းကပ်လာသူက မကောင်းသောအကြံအစည်ဖြင့် ချဉ်းကပ်လာခြင်းလည်း ဖြစ်နိုင်သည်။

သို့သော်... ထျန်းယန်စန်းကျွင်းဘိုးဘိုးက တန်ခိုးစွမ်းအားကြီးမားသူဖြစ်လေရာ မကောင်းသည့်အကြံအစည်ဖြင့်သာ ချဉ်းကပ်လာသူဖြစ်ပါက သေချာပေါက် ရိပ်မိပေလိမ့်မည်။ အဘယ့်ကြောင့် မရိပ်မိရပါသနည်း။ မရိပ်မိသည့်အတွက်သာ အမှားကြီးပြုလုပ်ခဲ့ခြင်း ဖြစ်ဟန်တူလေ၏။

လူတစ်ယောက်သည် ကျင့်ကြံခြင်းအဆင့် အလွန်မြင့်မားလာလျှင် ကံဆိုးမှုများကို ရှောင်တိမ်းနိုင်ပြီး ကံကောင်းမှုများကို

ရှာဖွေနိုင်စွမ်းရှိကြသော်လည်း အစစ်ဆေးခံရခြင်းများကို ကြုံရပါက ဖြတ်ကျော်နိုင်ရင် ခဲယဉ်းကြသည်။

ကျိုးထျန်း ရှမ်နီက ဟယ်ရှန်း၏ အတွေးများကို သိနေဟန်ဖြင့် စကားဆက်ပြောလိုက်သည်။

"အစပိုင်းတုန်းကတော့ အဲဒီလူက မကောင်းတဲ့ ရည်ရွယ်ချက်မရှိပါဘူး ၊ သူ ချင်း ရှမ်နတ်တံခါးကို ရောက်လာကတည်းက အားလုံးရဲ့ အာရုံစိုက်ခြင်းကိုခံရလောက်အောင် အရည်အချင်းရှိတယ်..."

ဟယ်ရှန်းက...

"ဒီလူက မွေးရာပါ တာအိုခန္ဓာနဲ့ မွေးဖွားလာတာမို့လို့လား..."

ရှမ်နီနတ်သမီးက ခေါင်းခါရမ်းလိုက်ရင်း...

"ရုပ်ပိုင်းဆိုင်ရာအရဆိုရင် မင်းကတောင် သူ့ထက်သာသေးတယ် ၊ ဒါပေမဲ့ အဲဒီလူက ပါရမီရှင်တစ်ယောက် ဖြစ်နေတာ ၊ ဒီနေရာမှာ ပြောရမယ်ဆိုရင် ချင်း ရှမ်နတ်တံခါးရဲ့ ဆောင်ပုဒ်က

'ကျင်းစဉ်လမ်းကိုလိုက်တော့မယ်ဆိုရင် စိတ်ထားကို အရင်ဆုံး ပြုပြင်ရမယ်' ဆိုတာပဲ... ၊ ချင်းရှမ်နတ်တံခါးက ဒီဆောင်ပုဒ်ကို လက်ကိုင်ထားရုံတင်မကဘူး တပည့်အားလုံးလည်း အဲဒီအတိုင်း လိုက်နာကြရတယ်..."

"ဒါကြောင့် ချင်းရှမ်နတ်တံခါးကို ဝင်တဲ့အခါ လမ်းတစ်လမ်းကို ဖြတ်ကျော်ရတယ် ၊ အဲဒီလမ်းက လူတွေရဲ့ စိတ်နှလုံးကို စစ်ဆေးတဲ့ ဝမ့်ရှင်းလမ်းပဲ ၊ နတ်တံခါးကို အသစ်ရောက်လာတဲ့ တပည့်တွေရဲ့စိတ်နေစိတ်ထားကို အဲဒီလမ်းက စစ်ဆေးတယ် ၊ နတ်တံခါး တစ်ခါဖွင့်တိုင်း ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်လာနိုင်တဲ့ ပထမဆုံးလူငယ်(၁၀)ယောက်ကို တပည့်အဖြစ်လက်ခံတယ်..."

"ချင်းရှမ်နတ်တံခါး တည်ရှိခဲ့တာ ကြာလှပြီဆိုပေမယ့် ဝမ့်ရှင်းလမ်းကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်တဲ့သူဆိုလို့ နည်းနည်းပဲ ရှိတယ် ၊ ဒါပေမဲ့ အဲဒီလူကတော့ ဝမ့်ရှင်းလမ်းကို စံချိန်

တင်လောက်အောင် အချိန်တိုအတွင်း ဖြတ်သန်းလာနိုင်ခဲ့တယ် ၊ အဲဒါကြောင့် ဂိုဏ်းတစ်ခုလုံးက အရမ်းအံ့အားသင့်ပြီး သူ့ကို အာရုံစိုက်ခဲ့ကြတာပဲ... ၊ သူ့ကို ချင်းရှမ်နတ်တံခါးက တပည့်တွေသာမကဘူး ဆရာသခင်တိုင်းကလည်း စိတ်ဝင်စားကြတယ် ၊ သူ့နာမည်က 'ယန်ရှီး' တဲ့..."

"အဲဒီလူက တော်တယ် ၊ ထက်မြက်တယ် ၊ ကျင့်စဉ်အတော်များများကို တစ်ခဏအတွင်း သင်ယူနိုင်စွမ်းရှိတယ်... ၊ ချင်းရှမ်နတ်တံခါးက ကျင့်စဉ် (၁၀၈)ခုလုံးကို သူ လေ့လာခဲ့တယ် ၊ ကျင့်စဉ် (၁၀၈)ခုလုံးကို သိရှိပြီး နှစ် (၁၀၀)တောင်မကြာသေးခင် နတ်ဘုရားတစ်ပါး အဖြစ် အဆင့်တက်ရောက်နိုင်ခဲ့တယ်..."

ဟယ်ရှန်း အံ့သြခြင်းမက အံ့သြသွားရသည်။

သူမသည်လည်း နတ်ဘုရားတစ်ပါး ဖြစ်ပေ၏။ တာအိုကျင့်စဉ်များအားလုံးမှာ နတ်ဘုရားတစ်ပါးအဖြစ် အသက်ရှည်ရှည်နေ

နိုင်ရန်နှင့် အသိဉာဏ်ပညာကျယ်ပြန့်စေသည့် ကျင့်စဉ်များ ဖြစ်ကြလေရာ အားလုံးက တန်ဖိုးရှိကြသည်။

သို့သော်... သူမကတော့ နတ်ဘုရားတစ်ပါး ဖြစ်သော်လည်း ထိုသို့သော ကျင့်စဉ်များစွာကိုတော့ လေ့ကျင့်နိုင်မည် မဟုတ်ပေ။

ရွှမ်နီွနတ်သမီးပြောသည်မှာ မှန်လေသည်။ ထို ယန်ရှီးဆိုသည့် ပုဂ္ဂိုလ်သည် သူမထင်ထားသည်ထက်ပိုပြီး နက်နဲဆန်းကျယ် လွန်းနေလေသည်။

ကျိုးထျန်း ရွှမ်နီွက...

"မင်းသိတဲ့အတိုင်းပဲလေ ၊ မင်းသာဆိုရင် မင်းနဲ့သင့်တော်တဲ့ ကျင့်စဉ်တစ်ခု ကျင့်ကြံဖို့တောင် အတော်လေး ကြိုးစားရမှာ ၊ မင်းကို ဟိုးအရင် ချင်းရွှမ်နတ်တံခါးက လူတွေလောက် မ တော်ဘူးလို့ ပြောတာ မဟုတ်ဘူးနော် ၊ တကယ်တော့ အဲဒီ ကျင့်စဉ် (၁၀၈)ခုမှာ ပေါ့သေးသေးကျင့်စဉ် တစ်ခုမှ မပါဘူး ၊

တစ်ချို့ကျင့်စဉ်တွေဆိုရင် မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းလာခဲ့ကြပြီး အသိပညာနက်နဲမှုတွေ စုပေါင်းထားကြတာ၊ တကယ့် ဂန္ထဝင်တွေပါပဲ..."

"ဒါပေမဲ့ ကတယ်တမ်းကျ လူအနည်းငယ်လောက်ပဲ နတ်ဘုရားဖြစ်တဲ့အထိ ကျင့်ကြံနိုင်ခဲ့ကြတယ်၊ အဲဒီခေတ်တုန်းက လူ့လောကရဲ့ အသက်ဓာတ်စွမ်းအားတွေက မလုံလောက်ဘူး၊ ဒါကြောင့် မိုးကောင်းကင်နတ်ဘုရားတစ်ပါး ဖြစ်ပြီဆိုရင် နတ်ဘုရားတွေက လူ့လောကထဲမှာ မနေကြတော့ဘဲ လောကကို ကျော်လွန်ပြီး စကြာဝဠာထဲကို ထွက်ခွာသွားလေ့ ရှိကြတယ်..."

"ချင်းရှမ်နတ်တံခါးရဲ့ ကျင့်စဉ် (၁၀၈)ခုမှာ မတူညီတဲ့ အခြေခံအစိပ္ပါယ်တွေ ရှိတယ်၊ ဒါကြောင့် ယန်ရှီး မတိုင်ခင်မျိုးဆက်မှာ အဲဒီ ကျင့်စဉ် (၁၀၈)ခုလုံးကို နားလည်အောင်လုပ်နိုင်တဲ့သူ တစ်ယောက်မှ မရှိခဲ့ဘူး၊ ဒါပေမဲ့... ယန်ရှီးဟာ အဲဒီလို

ကျင့်စဉ် (၁၀၈)ခုလုံးကို နားလည်ခဲ့လို့လည်း လမ်းမှားကို ရောက်သွားခဲ့ပြီး ကျင့်စဉ်လမ်းမှာ ကြီးမားတဲ့အတားအဆီးနဲ့ ရင်ဆိုင်ရတော့တယ်... ။ တကယ်တော့ တာအိုကျင့်စဉ်တွေဟာ အမှားတွေကို ဖြတ်တောက်ထားကြတယ်၊ ဒါပေမဲ့ များများနားလည်လာလေလေ ရှေ့ဆက်ရမယ့်လမ်းက ဝေဝါးလာလေပဲ၊ အဲဒီလိုဝေဝါးလာလေ လမ်းမှားရောက်ဖို့ နီးစပ်လေပဲ၊ အတတ်ကျူးအရှူးဖြစ်ဆိုသလို အများကြီးတတ်သိနားလည်နေတဲ့သူဟာ လမ်းမှားမရောက်အောင် သတိနဲ့ထိန်းနိုင်ဖို့ အရမ်းခက်တယ်... ။ ယန်ရှီးကကျင့်ကြံခြင်းမှာ ပါရမီရှိတဲ့သူ တစ်ယောက်ဖြစ်လို့ အဲဒါတွေကို သဘောပေါက်နားလည်သွားခဲ့တယ်...."

"ဒါပေမဲ့ သဘောပေါက်သွားတဲ့အချိန်မှာ နောက်ပြန်ဆုတ်ဖို့ ခက်ခဲသွားခဲ့ပြီ၊ အဲဒီတော့ သူ့အနေနဲ့ ပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းပဲ ရှာဖို့ရှိတော့တယ်... ၊ အဲဒီတုန်းက ချင်းရွှမ်နတ်

တံခါးက ဆရာသခင်တွေကလည်း သူ့စိတ်ထဲက သံသယတွေကို ဖြေရှင်းမပေးနိုင်ခဲ့ကြဘူး ၊ ကံကောင်းတာက သူက ထိုက်ဝေ့ထိုင်ခန်းမဆောင်မှာ အမြဲတမ်း ကျင့်စဉ်တွေကို သွားပြီးလေ့လာလေ့ရှိတော့ ထိုက်ဝေ့ထိုင်ခန်းမဆောင်က နတ်ဘုရားအဘိုးအိုက ပေါ့သေးသေး မဟုတ်ဘူးဆိုတာ သူသိလိုက်တယ်..."

"အဲဒီအချိန်က သွေးနီရောင်ဝတ်လူကို အနိုင်ယူလိုက်လို့ ထျန်းယန်စန်းကျွင်းဘိုးဘိုး လောကတစ်ခွင်မှာ နာမည်အရမ်းကြီးခဲ့တာက ကြာနေခဲ့ပြီ ၊ ဒါကြောင့် သူ့အကြောင်းကို သိတဲ့သူကသိပ်မရှိတော့ပြန်ဘူး ၊ ယန်ရှီးကတော့ ဗဟုသုတလည်းနဲ့စပ်တဲ့သူဆိုတော့ အဘိုးအိုအကြောင်း နည်းနည်းသိတယ် ၊ ဒါနဲ့သူက အဘိုးအိုဆီမှာ အကြံဉာဏ်တောင်းတယ်..."

"နတ်ဘုရားအဘိုးအိုကလည်း ယန်ရှီးတောင်းတဲ့ အကြံဉာဏ်ကို မငြင်းဆန်ခဲ့ဘူး ၊ ဘာလို့လဲဆိုတော့ အဲဒီအချိန်တုန်းက သူ

ကိုယ်တိုင်လည်း ကျင့်စဉ်လမ်းမှာ အစစ်ဆေးခံရမှုနဲ့ ရင်ဆိုင်နေရတဲ့ အချိန်ဖြစ်လို့ပဲ... ၊ သူတို့ (၂)ယောက်က တွေ့တာတောင် နောက်ကျနေသေးတယ် ၊ သူတို့ အပြန်အလှန် ကျင့်စဉ်တွေ ဆွေးနွေးကြပြီး အကြံဉာဏ်အသစ်အဆန်းတွေလည်း ရခဲ့ကြတယ်... ၊ နောက်တော့ သူတို့နှစ်ယောက်ပေါင်းပြီး တာအိုကျင့်စဉ်တစ်ခု တီထွင်ခဲ့ကြတယ်..."

"အဲဒီ တာအိုကျင့်စဉ်ရဲ့ အစိကအယူအဆကတော့ ကျွမ်းကျင်းအိမ်မက်ထဲမှာ လိပ်ပြာတစ်ကောင်ဖြစ်သွားတာကို အခြေခံထားခဲ့တယ် ၊ ဒါကြောင့် အဲဒီကျင့်စဉ်ကို 'အိပ်မက်လိပ်ပြာ' ကျင့်စဉ်လို့ အမည်ပေးခဲ့ကြတယ်... ၊ နောက်ပိုင်း နတ်ဘုရားအဘိုးအိုက ယန်ရှီးနဲ့ ရင်းနှီးလာတော့ အရင်တစ်ခေါက် ချင်းရွှမ်နတ်တံခါးကို ရောက်လာဖူးတဲ့ သွေးနီရောင်ဝတ်လူရဲ့ သွေးဓားကျင့်စဉ်အကြောင်း ယန်ရှီးကို ပြောပြလိုက်မိတယ် ၊ အဲဒီ

မှာ ယန်ရှီး အမြင်တွေပွင့်သွားပြီး အရမ်းကို အံ့သြစရာ

အကြံဉာဏ်တစ်ခုကို ရခဲ့တယ်..."

"မိစ္ဆာလမ်းစဉ်နဲ့ တာအိုလမ်းစဉ်ဆိုတာ ယင် နဲ့ ယန်လိုပဲ ခွဲခြားမ

ရနိုင်ဘူး... ၊ အိပ်မက်လိပ်ပြာကျင့်စဉ်က လမ်းမှန်ကျင့်စဉ်တစ်

ခုလို့ ဆိုနိုင်ပေမယ့် ယန်ရှီးရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို

ဖြေရှင်း မပေးနိုင်ခဲ့ဘူး... ၊ ဘာလို့လဲဆိုတော့ အိပ်မက်လိပ်ပြာ

ကျင့်စဉ်ရဲ့ နောက်ဆုံးအဆင့်က ဘဝကို လွင့်မျောသွားစေပြီး

အိပ်မက်တစ်ခုအဖြစ် ပြောင်းလဲပစ်လိုက်တာမျိုး ဖြစ်လို့ပဲ ၊

ပြီးတော့မှ အိပ်မက်က ပြန်နိုးထာတာမျိုးပေါ့... ၊ အနှစ်ချုပ်

ပြောရရင် သဘာဝနှင့်တွေ့ဆုံခြင်းလို့ ပြောလို့ရတယ်..."

"ဒါပေမဲ့ ယန်ရှီးက မာနကြီးတယ် ၊ သူက သွေးဓားကျင့်စဉ်

အကြောင်း သိသွားတဲ့အခါ အခြားအကြံဉာဏ်တစ်ခု ရသွားခဲ့

တယ် ၊ လောကမှာ လူသားတွေ ရှင်သန်နေထိုင်တဲ့အခါ ခံစား

ချက် (၇)ပါး ၊ ဆန္ဒ (၆)ပါး နဲ့ နေထိုင်ကြတယ် ၊ အဲဒါ သဘာဝပဲ

မဟုတ်ဘူးလား…။ ပြီးတော့ အဲဒါက စစ်မှန်တဲ့ကျင့်စဉ်လမ်းရဲ့ အယူအဆလို့လည်း ပြောလို့ရတယ်။ ယန်ရှီးက ဒီအကြောင်းကို စဉ်းစားမိတဲ့အခါမှာ ကိစ္စတစ်ခုလုပ်ဖို့ တွေးလိုက်တယ်။ သူသာ အဲဒါကို အောင်မြင်အောင် လုပ်နိုင်ရင် ကျင့်စဉ် (၁၀၈)ခုလုံး သူ ဝေဝါးနေတာ ပြဿနာမရှိနိုင်တော့ဘူး။ ဘာလို့လဲဆိုတော့ တာအိုရဲ့သဘောသဘာဝက သဘာဝတရားဖြစ်တယ်လို့ ယူဆလို့ရလို့ပဲ…"

"သူသာ သဘာဝတရားကို လွယ်လွယ်နဲ့ စီးမျောပြောင်းလဲနိုင်ရင် လောကမှာ ဘယ်လိုပုံစံနဲ့မဆို ရင်ဆိုင်လို့ရပြီလေ။ သူ အဲဒီအကြောင်းတွေကို စဉ်းစားရင်း စိတ်ဝင်စားစရာကောင်းလွန်းလို့ ရပ်တန့်မရခဲ့ဘူး…။ အဲဒီအချိန်တုန်းက ယန်ရှီးစိတ်ထဲဘာတွေကြံစည်နေလဲဆိုတာ နတ်ဘုရားအဘိုးအိုကသိပေမယ့် သူ့မှာလည်း အိပ်မက်လိပ်ပြာကျင့်စဉ်ရဲ့ အားနည်းချက်တွေကို အာရုံစိုက်နေရတာရယ်။ ယန်ရှီးရဲ့စိတ်ကူးတွေကလည်း

အိပ်မက်လိပ်ပြာကျင့်စဉ်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတော့ သူ့

အတွက် အကျိုးရှိနေတယ်လေ..."

"နောက်တော့ နတ်ဘုရားအဘိုးအိုရဲ့ လမ်းညွှန်ပေးမှုနဲ့ပဲ ယန်ရှီး

ဟာ ကျင့်စဉ်တစ်ခုကို တီထွင်နိုင်ခဲ့တယ်၊ အဲဒီကျင့်စဉ်ကို

မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်လို့ အမည်ပေးခဲ့တယ်...၊ အဲဒီ

မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံပြီးတဲ့နောက်မှာ ယ

န်ရှီးဟာ ချင်းရွှမ်နတ်တံခါးရဲ့ ကျင့်စဉ် (၁၀၈)ခုလုံးကို

လွတ်လွတ်လပ်လပ် ထုတ်ဖော်အသုံးပြုသွားနိုင်တော့တာပဲ..."

"မဟုတ်ဘူး၊ ကျင့်စဉ် (၁၀၇)ခုကိုပဲ သုံးလို့ရလိမ့်မယ်၊ ဘာလို့

လဲဆိုတော့ အရမ်းနက်နဲတဲ့ ကျင့်စဉ်တစ်ခုရှိခဲ့တယ်၊ ယန်ရှီး

ဟာ အဲဒီကျင့်စဉ်ကိုတော့ လုံးဝ နားမလည်နိုင်ခဲ့ဘူး၊ အဲဒီ

ကျင့်စဉ်ကတော့ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်လို့ ခေါ်တယ်..."

ဟယ်ရှန်းက စိတ်ထဲမှ တွေးလိုက်သည်။

"ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်တဲ့... ၊ ထိုက်ရှီးဆိုတဲ့ အဓိပ္ပါယ်က 'မရှိမှု' ပဲ ၊ 'မရှိမှုကျေးရှာ' ကိုလည်း ထိုက်ရှီးလို့ ခေါ်ကြတယ် မဟုတ်လား ၊ ဘယ်သူကများ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ဆိုပြီး နာမည်ပေးခဲ့ပါလိမ့်..."

ကျိုးထျန်းရွှမ်နှီ စကားဆက်ပြောသည့်အခါ သူမ၏ သံသယများ တစ်ခါတည်း ရှင်းပြီးသား ဖြစ်သွားသည်။

"ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို တီထွင်ခဲ့တဲ့သူက တာအိုဆရာလီချင်းဆွေပဲ ၊ တကယ်တော့ အဲဒီအချိန်တုန်းက တာအိုဆရာလီချင်းဆွေက ချင်းရွှမ်နတ်တံခါးကို ပံ့ပိုးပေးဖို့အတွက် လူပြန်ဝင်စားခဲ့တာ ၊ အဲဒီ လူပြန်ဝင်စားတဲ့ ဘဝမှာပဲ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို တီထွင်ခဲ့တယ် ၊ လောကမှာ ရန်သူအပေါင်းကို အောင်နိုင်ချင်ရင် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံပါလို့တောင် ဆိုစမှတ်ရှိကြတယ် ၊ အဲဒီအချိန်

ကတည်းက ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို လောကရဲ့ ထိပ်တန်းကျင့်စဉ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြတယ်..."

"ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီကျင့်စဉ်က တာအိုဆရာလီချင်းဆွေရဲ့ ပြီးပြည့်စုံတဲ့ ကျင့်စဉ်တစ်ခုပဲ။ တကယ့်ကို အံ့သြစရာလည်းကောင်းတယ်။ နောက်ပိုင်းမှာ ပြိုင်ဘက်ကင်းတာအိုဆရာတစ်ယောက်ဟာ အဲဒီကျင့်စဉ်ကို ကျင့်ကြံပြီး လောကတစ်ခုလုံးက ရန်သူတွေကို အနိုင်ယူခဲ့တယ်။ အဲဒါကြောင့် အဲဒီပညာကို ထိပ်တန်းအဆင့် ကျင့်စဉ်တစ်ခုလို့ပြောတာဟာ အပိုပြောတာ မဟုတ်ဘူး..."

ဟယ်ရှန်း စဉ်းစားလိုက်သည်။

"ဘယ်လိုလူမျိုးက ဒီလောက်တော်ရတာလဲ...။ အရင်တုန်းက လောကမှာ တော်တဲ့လူတွေ အရမ်းကိုများတာပဲ..."

သို့သော်... ကျိုးထျန်းရှမ်နှီက သူမကို ထိုသူအကြောင်း ဆက်ပြောမပြဘဲ ယန်ရှီးအကြောင်းကိုသာ ဆက်ပြောပြခဲ့လေသည်။

ဟယ်ရှန်းမှာလည်း သိချင်စိတ်ဖြင့် ဆက်လက်နားထောင်နေမိလေတော့သည်။

အခန်း (၉၅၉) လျှပ်စီးနတ်မိမယ်

"ယန်ရှီးက မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံခဲ့တယ် ၊ ပြီးတော့ မိုးကောင်းကင်နတ်မိစ္ဆာကျင့်စဉ်ရဲ့ အခြေခံဖြစ်တဲ့ ပကတိဖန်ဆင်းခြင်းပညာကိုပါ တတ်မြောက်ခဲ့ပြီး သူ့ရဲ့ မိစ္ဆာဉာဏ်စဉ်တွေကို အခြားသူတွေရဲ့ နှလုံးသားထဲမှာလိုက်ပြီး ထည့်ပေးတယ် ၊ သူထည့်ထားတဲ့ မိစ္ဆာဉာဏ်စဉ်တွေဟာ အဲဒီလူတွေရဲ့ နှလုံးသားထဲမှာ အမြစ်တွယ်ပြီး သူတို့တွေရဲ့ ပင်ကိုယ်စိတ်ကို ဖုံးကွယ်သွားစေတယ် ၊ ပြီးတော့ သူတို့တွေဟာ ယန်ရှီးရဲ့ ကိုယ်ပွားတွေ ဖြစ်လာကြတယ်..."

"စိတ်မကောင်းစရာကတော့ ချင်းရှမ်နတ်တံခါးရဲ့ အရည်အချင်းရှိတဲ့ တပည့်အတော်များများဟာ ယန်ရှီးရဲ့ မိစ္ဆာဉာဏ်စဉ်တွေ သူတို့နှလုံးသားထဲထည့်သွင်းတာ ခံလိုက်ရပြီး ပင်ကိုယ်စိတ် ပျောက်ကုန်ကြတယ်... ၊ နောက်တော့ ယန်ရှီးရဲ့ အကြံအစည်တွေကို သိသွားကြတဲ့အခါ ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံနေတဲ့ ပိယွင်နတ်သမီးနဲ့ ချင်းရှမ်နတ်

တံခါးရဲ့ ဂိုဏ်းချုပ်ဖြစ်လာမယ့် ဆရာသခင်ကျန်းရော့ရှီးတို့ ပူးပေါင်းပြီး ယန်ရှီးကို တိုက်ခိုက်ခဲ့ကြတယ်..."

"ဆရာသခင်ကျန်းရော့ရှီးရဲ့ အရည်အချင်းက ယန်ရှီးထက် အများကြီးနိမ့်ကျတယ်၊ ဒါပေမဲ့ သူကစိတ်ထားခိုင်ကြည်ပြီး ဉာဏ်ပညာနဲ့ပြည့်စုံတယ်၊ ဒါကြောင့် တိုက်ပွဲမှာ ဆရာသခင် ကျန်းရော့ရှီးတို့ဘက်က အနိုင်ရခဲ့တယ်၊ ဒါပေမဲ့ တိုက်ပွဲ လည်းပြီးရော ချင်းရှမ်နတ်တံခါးဟာလည်း စုတ်ပြတ်သတ် သွားလိုက်တာ အခွံပဲ ကျန်ခဲ့တော့တယ်၊ အရင်လို စွမ်းအားမ ကြီးမားနိုင်တော့ဘူး..."

"ဒီလိုနဲ့ နောက်ထပ် နှစ်ပေါင်း (၁၀၀)လောက်ကြာတဲ့အခါမှာ ချ င်းရှမ်နတ်တံခါးမှာ လောကပထမ နတ်ဘုရားတစ်ပါး ထွက် ပေါ်လာခဲ့ပြီး ချင်းရှမ်နတ်တံခါးကို ပြန်လည်တည်ထောင်ခဲ့ တယ်..."

ဟယ်ရှန်းကတော့ ထျန်းယန်စန်းကျွင်းဘိုးဘိုးက အဘယ့်ကြောင့် ချင်းရှမ်နတ်တံခါး၏ ကြမ္မာဆိုးကို မတားဆီးခဲ့သည်ဆိုသည့်အချက်နှင့် ထို လောကပထမ နတ်ဘုရားမှာ မည်သူဖြစ်ကြောင်းကို စဉ်းစားနေမိသည်။

သို့သော်... ရှမ်နီနတ်သမီးက စကားဆက်ပြောလိုက်သည့်အတွက် ဟယ်ရှန်း သိပ်ပြီးအချိန်မစောင့်လိုက်ရပေ။

"အဲဒီ လောကပထမ နတ်ဘုရားက ဆန်းလျန်ပါပဲ ၊ ပြီးတော့ ငါ့ရဲ့ ဦးလေးလည်း ဖြစ်တယ်..."

ဆန်းလျန်ဆိုသည့် အမည်ကိုကြားသည့်အခါ ဟယ်ရှန်းမှာ များစွာ အံ့သြထိတ်လန့်သွားလေသည်။

ထို့ပြင်... ဆန်းလျန်သည် ကျိုးထျန်းရှမ်နီ၏ ဦးလေးဖြစ်နေလိမ့်မည်ဟု သူမ လုံးဝ ထင်မထားခဲ့ပေ။

ထိုသို့ဆိုလျှင် ကျိုးထျန်းရှမ်နီသည် နှစ်ပေါင်းနှစ်သောင်း

ကျော်ကြာအောင် အသက်ရှင်နေထိုင်ခဲ့သည့် ရှေးဟောင်းနတ်

ဘုရားတစ်ပါး ဖြစ်နေခဲ့သည် မဟုတ်ပါလား။

ကျိုးထျန်းရှမ်နီက အေးဆေးပျော့ပြောင်းသည့် လေသံဖြင့်...

"ဒီလောက်ဆို မင်းကို ငါ ဘာလို့ ဂရုစိုက်လဲဆိုတဲ့အကြောင်းကို

သိပြီ မဟုတ်လား..."

ဟယ်ရှန်း အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ယခု ကျိုးထျန်းရှမ်နီ၏ စကားအရဆိုလျှင် သူမ၏ ဆရာ

ဆန်းလျန်သည် သူမထင်ထားသည်ထက် အစွမ်းထက်ပြီး

အရည်အချင်းမြင့်မားသူတစ်ယောက်ဖြစ်နေသည်ကို သိရှိ

လိုက်ရသည်။

သူမသည် ချက်ချင်းပင် ကျေးတောသူတစ်ယောက်ဘဝမှ

မင်းသမီးတစ်ယောက်ဖြစ်သွားသည့်အလား ခံစားလိုက်ရ

သည်။

ဟယ်ရှန်းက...

"ဆရာက ချင်းရွှမ်ကတပည့်တစ်ယောက်ပဲ ၊ ဒါပေမဲ့ ကျွန်မကို ဒီအကြောင်းတွေ တစ်ခါမှလည်း ပြောမပြဖူးဘူး..."

ကျိုးထျန်းရွှမ်နှီက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဦးလေးက မင်းကို ပြောသည်ဖြစ်စေ မပြောသည်ဖြစ်စေ ကိစ္စ မရှိပါဘူး ၊ နတ်ဘုရားတွေက မင်းဘယ်သူဆိုတာ သိထားကြပါတယ် ၊ ဒါကြောင့် ဘုရင်မကြီးတောင် သူ့နန်းတော်ကိုခေါ်ပြီး မင်းနဲ့ တာအိုတရားဆွေးနွေးခဲ့တာပေါ့..."

ကျိုးထျန်းရွှမ်နှီစကားကြောင့် ဟယ်ရှန်းစိတ်ထဲမှ သံသယ ရှင်းလင်းသွားသည်။

ဘုရင်မကြီးက တာအိုတရားဆွေးနွေးရန် သူမကို ဘုရင့် နန်းတော်သို့ ဖိတ်ခေါ်ရသည့်အကြောင်းရင်းမှာ သူမ၏ ကျော်ကြားမှုကြောင့်မဟုတ်ပေ။ သူမ၏ဆရာက ဆန်းလျန် ဖြစ်နေသောကြောင့်သာ ဖြစ်လေသည်။

ထို့ပြင်… ယခုနှစ်များအတွင်း အခြားသောနတ်ဘုရားများက

လည်း သူမကို ခင်မင်ရင်းနှီးလိုကြသည်။ ဤသည်မှာ သူမက

ဆန်းလျန်၏ တပည့်ဖြစ်နေသောကြောင့်သာ ဖြစ်ရပေမည်။

ထိုသို့တွေးမိညသည့်အခါ သူမကိုယ်သူမ စိတ်ပျက်သွားမိ

သော်လည်း ဆန်းလျန်၏ တပည့်ဖြစ်ရသည့်အတွက် ဂုဏ်ယူ

လိုက်မိသည်။

ကျိုးထျန်းရှမ်နီက…

"သိပ်အများကြီးစဉ်းစားမနေနဲ့၊ ဘုရင်မကြီးလိုပုဂ္ဂိုလ်မျိုးက

မင်းရဲ့ဇာစ်မြစ်ကိုသိတာ အဆန်းမဟုတ်ပေမယ့် တော်ရုံနတ်

ဘုရားတွေကတော့ မင်းရဲ့အကြောင်းကို မသိနိုင်ပါဘူး၊ ပြီး

တော့ တော်ရုံနတ်ဘုရားတွေက ဦးလေးအကြောင်းကိုကြားတာ

နဲ့ကြောက်ရွံ့နေကြတာလေ၊ ဒါကြောင့် မင်းကို မိတ်ဆွေလာဖွဲ့

ကြတဲ့ နတ်ဘုရားအများစုက ဦးလေးကြောင့်ရယ်တော့

မဟုတ်တန်ရာပါဘူး ၊ သူတို့စိတ်ရင်းက နည်းနည်းတော့

ရိုးသားကြပါတယ်..."

ဟယ်ရှန်းက အံ့သြမှင်တက်သွားသည်။

သူမအတွေးများကို ကျိုးထျန်းရှမ်နွီထံမှ မည်သည့်အခါမှ

ဖုံးကွယ်ထားနိုင်မည် မဟုတ်ပေ။

ဟယ်ရှန်းက...

"မင်းသားချန်ကျင်းချင်ကလည်း ချင်းရှမ်နတ်တံခါးနဲ့

ပတ်သက်နေတဲ့သူပဲလား..."

ရှမ်နွီနတ်သမီးက တိုးတိတ်သည့်လေသံဖြင့်...

"ငါ့ဦးလေးဆန်းလျန်ရဲ့ဘဝမှာ တပည့် (၃)ယောက်ပဲ ရှိခဲ့တယ်

၊ ပထမဆုံးတပည့်က ချန်ကျင်းချင်ပဲ ၊ နောက်တစ်ယောက်

ကတော့ လေ့ကျင်းလို့ခေါ်တယ် ၊ သူ့ကို လျှပ်စီးနတ်မိမယ်လို့

လူသိများတယ် ၊ မိုးကြိုးနဲ့လျှပ်စီးကို ပိုင်ဆိုးတဲ့ နတ်ဘုရား

တစ်ပါးပဲ ၊ ငါတောင် သူနဲ့ မတိုက်ခိုက်ရဲဘူး ၊ နောက်ဆုံး

တပည့်ကတော့ မင်းပဲ ၊ ဦးလေးက မင်းကို ဘာကြည့်ပြီး

သဘောကျလဲတော့ မပြောတတ်ဘူး..."

ဟယ်ရှန်းက စိတ်ထဲမှတွေးလိုက်သည်။

"လက်စသတ်တော့ လျှပ်စီးနတ်မိမယ်က ငါ့ရဲ့ ဆရာတူအစ်မ

ကိုး..."

ယခုနှစ်များအတွင်းတွင် လျှပ်စီးနတ်မိမယ်၏ အမည်ကို သူမ

မကြာခဏ ကြားခဲ့ရဖူးသည်။

ယနေ့ လောကကြီးသည်လည်း အသက်ဓာတ်စွမ်းအားများ

တဖြည်းဖြည်းလျော့နည်းလာပြီဖြစ်သည်။

ကျင့်ကြံသူများကလည်း တစ်နေ့တခြား များပြားလာလေရာ

မိုးမြေစွမ်းအားများ ဆုတ်ယုတ်ခြင်းကို တားဆီးနိုင်ရန်အတွက်

လူသားကျင့်ကြံသူအတော်များများ မိုးကြိုးပစ်အစစ်ဆေးခံရ

လေ့ရှိသည်။

ကျောင်းကြီးသူများ နတ်ဘုရားတစ်ပါးအဖြစ် အဆင့်မတက်ခင်အချိန်တွင် မိုးကြိုး (၉)ကြိမ် ပစ်ခတ်ခံရပြီးမှ အဆင့်တက်ရလေ့ရှိသည်။ အစစ်ဆေးခံရခြင်းကို အောင်မြင်သွားကြသည့် ကျောင်းကြီးသူများသည် မိုးကြိုးပစ်ခံပြီးသည့်အချိန်တွင် သူတို့၏ အမြင်အာရုံတွင် လျှပ်စီးနတ်မိမယ်၏ ပုံရိပ်ကို တွေ့မြင်ရလေ့ရှိ၏။

ဤသည်ကိုကြည့်ခြင်းအားဖြင့် လျှပ်စီးနတ်မိမယ်သည် ကျောင်းကြီးသူများအားလုံး၏ ခေါင်းပေါ်တွင် ဓားမိုးထားသကဲ့သို့ ရှိလေသည်။

သူမ၏တာဝန်က ကျောင်းကြီးသူများ နည်းပါးသွားစေပြီး မိုးနှင့်မြေမှ အသက်ဓာတ်စွမ်းအားများပျက်သုဉ်းခြင်းကို ကာကွယ်ရန် ဖြစ်သည်။

သူမ၏ ုလုပ်ရပ်က ကျင့်ကြံသူများအပေါ်တွင် အလွန်ပင်

ရက်စက်ရာကျလေသည်။ သို့သော်... မိုးနှင့်မြေကိုတော့

ရေရှည်တည်တံ့စေမည် ဖြစ်သည်။

ယခုတော့ ထိုမျှကြောက်မက်ဖွယ်ကောင်းလှသည့် လျှပ်စီးနတ်

မိမယ်က မမျှော်လင့်စွာပင် သူမ၏ ဆရာတူအစ်မ ဖြစ်နေခဲ့

သည်။

ကိစ္စတစ်ခုကို တွေးတောမိသည့်အခါ ဟယ်ရှန်း၏စိတ်များ

ရှုတ်ထွေးသွားသည်။

အနာဂတ်တွင် သူက ကျင့်စဉ်လမ်းအဆင့်တက်သည့်အခါ

မိုးကြိုးပစ်အစစ်ဆေးခံရခြင်းကို ရင်ဆိုင်ရဦးမည်လား မ

သေချာပေ။ ထိုအခြေအနေမျိုးတွင် ဆရာ

တစ်ယောက်တည်း၏လက်အောက်တွင် ပညာသင်ခဲ့သည့်

မျက်နှာကိုထောက်ကာ ဆရာတူအစ်မက သူမကို သက်ညှာပါ

မည်လား မသိနိုင်ပေ။

ဟယ်ရှန်း စိတ်ပျက်လက်ပျက်ပင်ခံစားလာရတော့သည်။

ထိုအချိန်မှာပင် ရွှမ်နှီနတ်သမီး၏ အသံက ဟယ်ရှ

န်း၏နှလုံးသားထဲသို့ စီးဆင်းဝင်ရောက်လာပြန်သည်။

"ငါ မကျေနပ်တာက မင်းက ဒီဘက်ခေတ်မှာ မွေးဖွားလာတဲ့

ကျင့်ကြံသူတစ်ယောက် ဖြစ်နေတာပဲ ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်

သောင်းကျော်က ကျင့်ကြံသူတွေနဲ့ မင်းက မတူဘူး ၊ တကယ်

တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်ကဆိုရင် နတ်

ဘုရားတစ်ပါးဖြစ်လာဖို့ဆိုတာ လုံးဝ မလွယ်ကူဘူး ၊

အခက်အခဲတွေ အန္တရယ်တွေနဲ့ ပြည့်နက်နေတယ် ၊ နတ်ဘုရား

တစ်ပါးဖြစ်လာပြန်တော့လည်း ဒီဘက်ခေတ်ကလူတွေလို

လူ့လောကမှာ ရောနှောနေထိုင်လို့ မရပြန်ဘူး ၊ လောကကို

ကျော်လွန်သွားကြရပြန်တယ်..."

"ဒါပေမဲ့ ငါ မင်းကို အပြစ်မတင်ပါဘူး ၊ တကယ်တော့ ကျင့်ကြံ

သူတွေဆိုတာ ဒီလိုပဲ အနည်းနဲ့အများတော့ ရုန်းကန်နေကြရတဲ့

သူတွေချည်းပါပဲ ၊ သူတို့ရဲ့ကံကြမ္မာအကောင်းအဆိုးကိုတော့ အချိန်က ဆုံးဖြတ်ပေးသွားလိမ့်မယ် ၊ ဒီနေ့ခေတ်နတ်ဘုရားတွေဟာလည်း အရင်တုန်းက နတ်ဘုရားတွေထက် မနိမ့်ကျသလို အရင်တုန်းက နတ်ဘုရားတွေကလည်း ဒီဘက်ခေတ်နတ်ဘုရားတွေထက် သာတာ မရှိပါဘူးလေ... ၊ အခု ချန်ကျင်းချင်ကို ကာကွယ်ပေးဖို့ မင်းကိုတောင်းဆိုတာကလည်း တကယ်တော့ စမ်းသပ်မှုတစ်ခုပါပဲ..."

ထိုစကားကိုကြားပြီးနောက် ဟယ်ရှန်းက...

"ကျွန်မ နတ်သမီးရဲ့ မျှော်လင့်ချက်တွေကို လုံးဝ မပျက်စီးစေရပါဘူး..."

ရှမ်နီနတ်သမီးက အေးဆေးစွာ ပြုံးလိုက်ရင်း...

"မင်းက ဆန်းလျန်ရဲ့ တပည့်ဆိုတာ အမြဲတမ်း အမှတ်ရနေပါ ၊ ဆန်းလျန်ရဲ့တပည့်ဖြစ်ရခြင်းက အခြားသူတွေ သုံးဘဝလောက်ကျင့်ကြံမှ ရနိုင်မယ့် ကံကောင်းမှုမျိုးကို မင်းရရှိထား

တာပဲ ၊ မင်း အကောင်းဆုံးလုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါ

တယ်..."

ဟယ်ရှန်းစိတ်ထဲမှ တွေးလိုက်မိသည်။

"ဆရာတူအစ်မ လျှပ်စီးနတ်မိမယ်နဲ့ ရွှမ်နွီနတ်သမီးတို့က သိပ်

ပြီး အရည်အချင်းရှိကြတယ် ၊ ငါကတော့ တစ်ဘဝလုံး

ကျင့်ကြံရင်တောင် သူတို့ရဲ့တစ်ဝက်ကို မှီနိုင်ပါ့မလား မသိ

ဘူး..."

သို့သော်... ကျိုးထျန်း ရွှမ်နွီကတော့ သူမ၏အတွေးများကို

အမြဲတမ်း သိမြင်နေဟန် ရှိသည်။

သူမက အေးဆေးသည့်လေသံဖြင့်...

"မင်း အခုသွားလို့ရပြီ ၊ ငါနဲ့ လေ့ကျင်းလည်း အခုလို

အောင်မြင်မှုမျိုးရဖို့ တစ်ရက်တည်းကျင့်ကြံခဲ့ရတဲ့သူတွေ

မဟုတ်ပါဘူး ၊ မင်းက ငါ့ဦးလေးရဲ့ တပည့်ဖြစ်လာမှတော့

မင်းကို တတ်နိုင်သမျှ ကူညီပေးမယ် ၊ ပြီးတော့ အောင်မြင်ဖို့

အခွင့်အရေးရလာတဲ့တစ်နေ့ကျရင် မင်း အခွင့်အရေးကို အမိအရ ဆုပ်ကိုင်နိုင်ဖို့ ကြိုးစားရမယ်..."

ဟယ်ရှန်းစိတ်ထဲမှ တွေးလိုက်သည်။

"ငါ့မှာ ဒီလိုကံတရားမျိုး ရှိနိုင်ပါ့မလား..."

သူမ၏အတွေးများ ရှေ့မဆက်နိုင်ခင်မှာပင် ရှမ်နီနတ်သမီးသည် အခိုးအငွေ့များအလား သူမရှေ့မှ ပျောက်ကွယ်သွားလေတော့သည်။

ဟယ်ရှန်းအသိပြန်ဝင်လာသည့်အချိန်တွင်... ကောင်းကင်ထက်တွင် လမင်းက ထိန်ထိန်သာနေပြီး မြစ်ရေက အရှေ့ဆီသို့ တသွင်သွင် စီးဆင်းနေလေသည်။ လရောင်က မြစ်ရေထက်တွင် လင်းလက်တောက်ပစွာ ဖြာကျလျှက် ရှိတော့သည်။

လောကကြီးက သဘာဝအတိုင်း လည်ပတ်နေသော်လည်း ဟယ်ရှန်းကတော့ စိတ်မသက်မသာ ခံစားနေရလေသည်။

သို့သော်… သူမ ရင်ထဲတွင်တော့ ဆရာဖြစ်သူဆန်းလျန်ကို

အလွန်ကျေးဇူးတင်နေမိသည်။

ဆရာဆန်းလျန်က အလွန်မှ တန်ခိုးစွမ်းအား မြင့်မားလွန်း

သည်။ သို့သော်… သူမကိုတစ်ခါမှ ယုံယုံကြည်ကြည်ဖြင့်

တာဝန်ပေးအပ်ခဲ့ခြင်း မရှိပေ။ ဤသည်မှာ သူမ၏

လိုအပ်ချက်ရှိနေသောကြောင့် ဖြစ်နိုင်သည်။

ယန်ရှီးနှင့် ထျန်းယန်စန်းကျွင်းဘိုးဘိုးတို့ကဲ့သို့ ပုဂ္ဂိုလ်များက

ချင်းရွှမ်နတ်တံခါးမှ အလွန်ထူးခြားသူများ ဖြစ်ကြသည်။ သူမ

သာ သေသေချာချာ မကြိုးစားလျှင် အတိတ်တစ်ချိန်က

ဒဏ္ဍာရီလာ နတ်ဘုရားများကို မည်သို့မှ မီနိုင်မည် မဟုတ်ပေ။

ဟယ်ရှန်းလည်း သေးငယ်သည့်ရည်မှန်းချက်လေးတစ်ခုကို

ချမှတ်လိုက်လေသည်။ သူမလည်း တစ်ချိန်ချိန်တွင် ကျင့်စဉ်

တစ်ခုကို တီထွင်နိုင်ပြီး ချင်းရွှမ်နတ်တံခါး၏ ကျင့်စဉ်

(၁၀၈)ခုကို လေ့လာနိုင်ရမည်ဟူ၍ ဖြစ်၏။

ယခုနှစ်များအတွင်း လျော့တိလျော့ရဲဖြစ်နေခဲ့သော သူမ၏ စိတ်ဓာတ်သည် တစ်ညအတွင်း ပျောက်ကွယ်သွားလေသည်။

ယခုတော့ သူမအတွက်အရေးအကြီးဆုံးအလုပ်မှာ ဆရာတူ အစ်ကိုချန်ကျင်းချင်ကို လျှို့ဝှက်ပြီး စောင့်ရှောက်ပေးရန် ဖြစ်သည်။

ဆရာတူအစ်ကိုချန်ကျင်းချင်က မည်သို့သော လူသား ဖြစ်သည်ကို ရှမ်နှီနတ်သမီးကို သူမ မေးလိုက်သင့်သော်လည်း မမေးလိုက်မိပေ။

ထို့နောက် သူမ ဘုရင့်နေပြည်တော်သို့ ပြန်လည်ထွက်ခွာလာခဲ့ ပြီး ချန်ကျင်းချင်ကို ပြန်လည်ရှာဖွေခဲ့သည်။

ချန်ကျင်းချင်သည် သူ၏အခန်းထဲတွင် တင်ပျဉ်ခွေပြီး အေးအေးတည်ငြိမ်စွာ ထိုင်နေလေသည်။

ဟယ်ရှန်းသည် ချန်ကျင်းချင်ကိုကြည့်ပြီး လူသားတစ်ယောက်ဟု မထင်မြင်မိပေ။ သူ့ကိုကြည့်ရသည်မှာ ကြယ်စင်များ၏ သခင်တစ်ပါးနှင့်ဆင်တူလွန်းလေသည်။

ချန်ကျင်းချင်၏ ခန္ဓာကိုယ်မှ သွေးကြောဆုံချက်များအားလုံး ပွင့်နေပြီး စကြာဝဠာထဲမှ ကြယ်စင်စွမ်းအားများကို စုပ်ယူနေလေသည်။ ကြယ်စင်များက သူ့ကို ဝန်းရံနေသည့်အလား ထင်မှတ်ရသည်။

ကြယ်စင်စွမ်းအားများက ကျယ်ပြန့်သည် ၊ သန့်စင်သည် ၊ ရှေးကျသည်။

ချန်ကျင်းချင်ကိုကြည့်ပြီး ဟယ်ရှန်း၏ နှလုံးသားထဲတွင် လေးစားမှုများ တဖွားဖွားဖြစ်ပေါ်လာလေတော့သည်။

အခန်း (၉၆၀) မိုးကောင်းကင်၏ဆန္ဒ (ပထမပိုင်း)

"ဘယ်သူလဲ..."

ချန်ကျင်းချင် ကျင့်ကြံနေရာမှ နိုးထလာသည်။

ချန်ကျင်းချင်ကို လျှို့ဝှက်ပြီးစောင့်ရှောက်ပေးရမည်ဟု ကျိုး

ထျန်းရွှမ်နှီပြောခဲ့သည်ကို ဟယ်ရှန်း သတိရလိုက်မိသည်။

ထို့ကြောင့် သူက ချန်ကျင်းချင်ကို လူလုံးထွက်ပြပြီး မတွေ့ဆုံ

ခဲ့ပေ။

ချန်ကျင်းချင်က ဝိညာဉ်စွမ်းအားကောင်းမွန်သူတစ်ယောက်

ဖြစ်လေသည်။

ထို့ကြောင့် ပတ်ဝန်းကျင်တွင် တစ်စုံတစ်ယောက်ရှိနေလျှင်

သိမြင်ခံစားလွယ်သည်။ သို့သော်... ယခု သူ့အနားသို့ရောက်

နေသူသည် သူ့အပေါ် မကောင်းကြံမည့်လက္ခဏာမရှိသည်ကို သူခန့်မှန်းမိလိုက်သည်။

ခဏအကြာတွင်တော့ တိတ်တဆိတ်ရောက်လာသူက ထွက်ခွာသွားဟန် ရှိလေသည်။

သူက ထိုအကြောင်းကြောင့် စိတ်အနှောက်အယှက် မဖြစ်မိပေ။ ယနေ့ည အဖြစ်အပျက်များကိုသာ သူစဉ်းစားနေမိသည်။

သူငယ်ရွယ်စဉ်အချိန်က တာအိုဆရာလူငယ်တစ်ယောက်ကို အိပ်မက်မြင်မက်ခဲ့ဖူးသည်။

ထိုအချိန်ကတည်းက ထိုတာအိုဆရာ၏ ရုပ်ရည်သွင်ပြင်ကို သူ လုံးဝ မေ့လျော့ခြင်းမရှိဘဲ တစ်ဘဝလုံး စွဲမှတ်သွားခဲ့သည်။

သူ့စိတ်ထဲတွင် နေ့တိုင်း ထိုတာအိုဆရာကို မြင်ယောင်ပုံဖော်ကြည့်လေ့ရှိသည်။ ထိုသို့ပြုလုပ်လိုက်သည်နှင့် စွမ်းအားများ ပြည့်ဝလာပြီး ဝိညာဉ်စွမ်းအားများလည်း အဆုံးမရှိ ချက်ချင်းလက်ငင်း တိုးတက်လာတတ်သည်။

သူက မနက်ဖန် ဘုရင့်နေပြည်တော်မှ ထွက်ခွာရတော့မည်ကို တွေးမိရင်း ဟယ်ရှန်းလာရောက်ပေးအပ်ခဲ့သည့် ကျမ်းစာအကြောင်းကို စဉ်းစားလိုက်မိသည်။

ထိုကျမ်းစာအကြောင့် သူစိတ်လှုပ်ရှားနေခဲ့ပြီး တစ်ညလုံး အိပ်မပျော်နိုင်ခဲ့ပေ။

ထို့ကြောင့် သူက အိပ်မက်ထဲမှ တာအိုဆရာ၏ ပုံရိပ်ကို ပုံဖော်နေမိခြင်း ဖြစ်သည်။ မမျှော်လင့်ဘဲ အခြေအနေများက ပုံမှန်မဟုတ်ဘဲ ပြောင်းလဲသွားခဲ့လေသည်။

တာအိုဆရာ၏ ရုပ်သွင်ထင်ရှားပေါ်လာပြီး စိတ်ကူးထဲမှ ပုံရိပ်သည် တဖြည်းဖြည်း "မရှိမှုတရား" အဖြစ်သို့ ပြောင်းလဲသွားပြီး စကြာဝဠာတစ်ခုလုံးဆီသို့ ပျံ့နှံ့သွားသည်။

သူ၏နားလည်နိုင်စွမ်းများက ရုတ်တရက် မယုံကြည်နိုင်လောက်အောင် မြင့်မားလာသည်။

သူ၏စိတ်အာရုံထဲမှ တာအိုဆရာကို ပိုမိုထင်ရှားစွာ မြင်ယောင်လာမိသည်။ ထိုတာအိုဆရာက စကြာဝဠာအလယ်ဗဟိုတွင် ရပ်တန့်နေပြီး ကောင်းကင်တစ်ခွင်လုံးမှ ကြယ်စင်များက သူ့ကို ဝန်းရံနေကြလေသည်။

ထို့နောက် သူကျင့်ကြံခြင်းမှ နိုးထလာသည့်အခါ

တစ်စုံတစ်ယောက်က သူ့ကို ခိုးကြောင်ခိုးဝှက်နှင့် လာရောက်ကြည့်ရှုသည်ကို သိလိုက်ရသည်။

သူ၏ခန္ဓာကိုယ်က ပြောမပြနိုင်လောက်အောင် တန်ခိုးစွမ်းအားများနှင့် ပြည့်ဝနေလေသည်။ ချန်ကျင်းချင်မှာ အံ့အားလည်းသင့်မိသလို ထိုသို့ဖြစ်လာမည်ဟု မျှော်လင့်လည်း မထားမိပေ။ ချန်ကျင်းချင်စိတ်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။

ထို့နောက် သူက ဟယ်ရှန်းပေးသည့် ကျမ်းစာကို ကောက်ယူလိုက်ပြီး ကျင့်စဉ်တစ်ခုကို ဖတ်လိုက်သည်။ ခဏမျှ ကျင့်စဉ်ကို အသံထွက်ပြီးဖတ်လိုက်ပြီးသည့်အခါ ချက်ချင်းပင် မျက်စိ

တစ်မိုတ်အတွင်း သူ့ရှေ့တွင် နတ်စစ်သည်တပ်ဖွဲ့ကြီး ထွက်

ပေါ်လာလေသည်။

နတ်စစ်သည်များ၏ မျက်ဝန်းများက မှောင်မှုိင်းပြီး အသက်

ကင်းမဲ့နေသည်။

သို့သော်... ချန်ကျင်းချင်၏နှလုံးသား တစ်ချက်လှုပ်ရှားသွား

သည်။

ထို့ပြင် ထိုနတ်ဘုရားသည် သူ၏ ခြေလက်များကဲ့သို့ သူနှင့်

ဆက်စပ်နေသည့်အလားခံစားလိုက်ရသည်။ ထိုနတ်ဘုရားများ

ထွက်ပေါ်လာသည့်အတွက် ချန်ကျင်းချင်၏ တန်ခိုးစွမ်းအား

များ အသုံးပြုလိုက်ရခြင်းလည်း မရှိပေ။

ဤသည်မှာ ကျမ်းစာထဲမှ ပဲစေ့များကို စစ်သည်တော်များ

အဖြစ် ပြောင်းလဲခြင်း တန်ခိုးစွမ်းအားပင် ဖြစ်လေသည်။

သို့သော်.. သူက ဤကျင့်စဉ်ကို ဖတ်လိုက်ရုံသာရှိသေးသည်

ပဲစေ့များ သို့မဟုတ် တခြား ကြားခံပစ္စည်းများကိုပင် အသုံးမ

ပြုရသေးဘဲ ထိုတန်ခိုးစွမ်းအားကို ဖော်ထုတ်နိုင်ခဲ့သည်။

ရုတ်တရက် နတ်စစ်သည်များ ထွက်ပေါ်လာသော်လည်း ထို

တန်ခိုးစွမ်းအားအသေးစိတ်ကိုတော့ ချန်ကျင်းချင်သိရှိခြင်း မ

ရှိသေးပေ။ ထို့အတူ ဤနတ်စစ်သည်များ မည်မျှ တန်ခိုး

စွမ်းအားကြီးမားသည်ကိုလည်း သူ မသိပေ။

သို့သော်... သူ နားလည်သည်မှာ ထူးဆန်းသည့်တန်ခိုးစွမ်းအား

က သူ့ခန္ဓာကိုယ်ထဲတွင် ရှိနေသရွေ့ သူ့အနေဖြင့် ပင်ပန်း

နွမ်းနယ်ခြင်း လုံးဝမရှိဘဲ အချိန်မရွေး နတ်စစ်သည်များကို

ဖန်ဆင်းနိုင်နေခြင်း ဖြစ်သည်။

သူ့တွင် နတ်စစ်သည်စစ်တပ်ကြီးကို ဖန်ဆင်းနိုင်စွမ်း ရှိနေလေ

သည်။

ထို့ကြောင့် ဘုရင်မကြီးက နတ်ဆိုးနယ်မြေကိုတိုက်ခိုက်ရန်

အတွက် သူ့ကို လူအင်အား မပေးသည်ကို စိတ်ပူစရာ

အကြောင်းမရှိတော့ပေ။

ထိုသို့စဉ်းစားလိုက်မိသည့်အခါ ချန်ကျင်းချင်း အနည်းငယ်

ပျော်ရွှင်သွားလေသည်။ ပြဿနာတစ်ဝက်ခန့် ဖြေရှင်းပြီးသွား

နိုင်ပြီ မဟုတ်ပါလား။

***

ဆန်းလျန်က ဆရာသခင်ကျန်းရော့ရှီးကို တာအိုကျင့်စဉ်

သင်ကြားပေးရန်အတွက် အထူးပြုလုပ်ထားသည့် ဓမ္မနယ်မြေ

တစ်ခုကို ဖန်ဆင်းလိုက်ပြီး သူ၏မြေးငယ်လေးကိုပါ ထိုနေရာ

အတွင်းသို့ ဝင်ရောက်စေလိုက်သည်။

ထိုဓမ္မနယ်မြေအတွင်းတွင် အချိန် နှစ်ပေါင်း (၁၀၀)ကြာ

သော်လည်း ပြင်ပလောကတွင်တော့ (၁)ရက်သာ ကြာမည်ဖြစ်

လေသည်။

ထို့နောက်... ထိုဓမ္မနယ်မြေထဲတွင် ဆန်းလျန်က ဆရာသခင် ကျန်းရော့ရှီးကို ကျင့်စဉ်သင်ပြပေးရန်အတွက် သူ၏ ဉာဏ်စဉ်တစ်ခုကို ထားရစ်ခဲ့ပြီး ထွက်ခွာလာခဲ့လေတော့သည်။ လူ့လောကတွင် နှစ်ပေါင်း (၅၀)ဆိုသည်မှာ နတ်ဘုရားများ အတွက်တော့ တစ်ရေးအိပ်စာမျှပင် ရှိလေသည်။ သို့သော်... များစွာသောအကြောင်းအရာများ ဖြစ်ပျက်ပြောင်းလဲသွားရန် လည်း လုံလောက်သည့် အချိန်ဖြစ်လေ၏။

ဆန်းလျန်၏ စိတ်အာရုံထဲတွင် သံသရာလည်ခြင်းလမ်းစဉ် (၆)ခု ပျက်စီးသွားပြီဖြစ်ကြောင်း အာရုံခံစားလိုက်မိသည်။ သံသရာလည်ခြင်းလမ်းစဉ် (၆)ခုသည် စကြာဝဠာစတင်ဖြစ် တည်ကတည်းက တည်ရှိခဲ့သည့် လမ်းစဉ်များဖြစ်သည်။ တစ် ချိန်တုန်းက ... ချင်တိကေရာဇ်က သူ့ကိုယ်သူ စတေးခံခဲ့ပြီး ထိုလမ်းစဉ်များကို ပြီးပြည့်စုံစေခဲ့သည်။

ထို့ကြောင့်လည်း ချင်တိကေရာဇ်သည် ကြီးမားသည့် အကျိုးကျေးဇူးများစွာရခဲ့ပြီး သံသရာလည်ခြင်းလမ်းစဉ် (၆)ခုနှင့် ချင်တိကေရာဇ်၏ ပတ်သက်ဆက်နွယ်မှုက ရှုတ်ထွေးပြီး စကားလုံးဖြင့် ပြောပြရန်ပင် မဖြစ်နိုင်ပေ။ ဝိညာဉ်မြစ်ထဲမှ မြစ်ရေများကို ခမ်းခြောက်အောင်ပြုလုပ်ရန် ရဲ့လျိုယွင်နှင့် တိကျန်ဗောဓိသကျ ပြုလုပ်ခဲ့သည့် အလောင်းအစားသည် အစိပ္ပါယ်မဲ့ မဟုတ်ခဲ့ပေ။ ဝိညာဉ်မြစ်ရေ ခြောက်သွေ့ပျက်စီးသွားခြင်းသည် သံသရာလည်ခြင်းလမ်းစဉ် (၆)ခုကိုလည်း ပျက်စီးသွားစေလေသည်။ ယခုလည်း သံသရာလည်ခြင်းလမ်းစဉ် (၆)ခု ပျက်စီးသွားရခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်လေ၏။ ဆန်းလျန် ၊ ရှမ်တုတောက်ကျွင်းနှင့် တိကျန်ဗောဓိသကျ တို့သည် ယနေ့ခေတ်တွင် အထူးခြားအဆန်းကျယ်ဆုံးသော နတ်ဘုရားများ ဖြစ်ကြလေသည်။

သို့သော်… အရာဝတ္ထုများ ၊ သက်ရှိများအားလုံး မရှိမှုသို့ ပြောင်းလဲသွားလျှင် သူတို့၏ တည်ရှိမှုသည်လည်း မည်သို့ ဖြစ်မည်နည်း။

အတိတ်ကာလတွင် လူပြန်ဝင်စားခြင်းလမ်းစဉ် (၆)ခု မွေးဖွားလာခဲ့သည့်အတွက် ကံတရားလည်း မွေးဖွားလာခဲ့သည်။ ယခု လူပြန်ဝင်စားခြင်းလမ်းစဉ် (၆)ခု ပျက်စီးသွားခြင်းကလည်း မိုးကောင်းကင်၏ဆန္ဒသာ ဖြစ်ပေလိမ့်မည်။

သို့သော်… ယခင်အချိန် တိကျန်ဗောဓိသကျ အသူရာချောက်သို့ ပြန်ရောက်လာစဉ်က အရှေ့ဘက်ဖန်သားကောင်းကင်ဘုံ ၊ အားလော်ဟယ်၏ ကောင်းကင်တိုင်းပြည်နှင့် အနောက်ဘက်ရှိ သုခဘုံတို့က လူပြန်ဝင်စားခြင်း လမ်းစဉ် (၆)ခုကို ယာယီ ထိန်းသိမ်းကာ တာဝန်ယူထားကြလေသည်။

နောက်ထပ် ခေတ်သစ်တစ်ခုပေါ်ထွန်းခဲ့မည်ဆိုလျှင် ထိုနေရာ (၃)ခုက မျိုးစေ့အလား လူပြန်ဝင်စားခြင်းလမ်းစဉ် (၆)ခုကို အသစ်ပြန်လည်မွေးဖွားစေမည်ဖြစ်သည်။

ဆန်းလျန်သည် လူပြန်ဝင်စားခြင်းလမ်းစဉ် (၆)ခုမှ သေခြင်းနှင့်ရှင်ခြင်း၏ အပြန်အလှန်အကျိုးသက်ရောက်မှုကို ခံစားခဲ့ရသည်။ ထိုလမ်းစဉ်များက လောက၏ မမြဲသောတရားကို ဖော်ပြနေလေသည်။

ထို့ပြင်.... ဆန်းလျန်တွင် အရေးတကြီးလုပ်စရာများ ရှိနေလေသည်။

စကြာဝဠာတစ်ခုလုံး အဆုံးသတ်သွားလျှင်လည်း ဆန်းလျန်ကတော့ အသက်ရှင်သန်နိုင်မည့်သူ ဖြစ်သည်။ သို့သော်... သူနောင်တမရစေရန်အတွက် စကြာဝဠာအဆုံးမသတ်ခင် လုပ်စရာကိစ္စများ ရှိနေသေးသည်။

အမှန်တော့ စကြာဝဠာသာ ပျက်သုဉ်းသွားလျှင် အရာအားလုံး ပျက်စီးသွားမည်ဖြစ်ပြီး အတိတ်ဆိုသည့်အကြောင်းအရာများ လည်း ကျန်ရှိတော့မည် မဟုတ်ပေ။

"အရာအားလုံးက အိပ်မက်ပမာ" ဆိုသည့် ဗုဒ္ဓဟောကြားခဲ့ သည့် စကားမှာ အမှန်ပင် ဖြစ်သည်။

စကြာဝဠာကြီးဆုံးခန်းမတိုင်မီတွင် ဆန်းလျန် သူ၏ ကံကြမ္မာ ကို ပြောင်းလဲရမည်ဖြစ်ပြီး သူ၏ ဂိုဏ်းတူအစ်မများ ၊ ဂိုဏ်း တူအစ်ကိုများကို ပြန်လည်မွေးဖွားပေးရမည်ဖြစ်သည်။

အမှန်တော့ သူအောင်မြင်ခဲ့လျှင်တောင်မှ သိပ်တော့အဓိပ္ပါယ်မ ရှိလှပေ။ လောကတွင် တာအိုဆရာသခင်ကြီးများမှလွဲပြီး ထာဝရအသက်ရှင်နေထိုင်နိုင်သူ မည်သူရှိပါမည်နည်း။

သို့သော်... သူကတော့ ထိုအလုပ်ကို ပြုလုပ်ရမည်ပဲ ဖြစ်သည်။ သူအသက်ရှင်နေသရွေ့ သူဖြစ်ချင်သည့်ဆန္ဒကို အကောင်အထည်ဖော်ရမည်ပဲ ဖြစ်သည်။

သို့သော်… သူ ယခု အလွန်အမင်း စိတ်ပူနေခဲ့လေသည်။ သူ့အနေဖြင့် ချန်ကျင်းချင်ကိုလည်း ဧကရာဇ်တစ်ပါးဖြစ်လာစေရန် ကူညီပေးရဦးမည်။ ထိုကိစ္စက အနည်းငယ် ပြဿနာရှိလေသည်။

ယနေ့ည ချန်ကျင်းချင် ကျင့်ကြံနေစဉ် ဖြစ်ပွားသွားသည့် ထူးခြားသည့်ပြောင်းလဲမှုများက ဆန်းလျန် တိတ်တဆိတ် ကူညီပေးလိုက်ခြင်း ဖြစ်လေသည်။ သို့သော်… မလုံလောက်သေးပေ။

ဆန်းလျန် လောလောဆယ် လူတစ်ယောက်ကို သွားတွေ့ရပေမည်။ အမှန်တော့ ထိုသူက လူတစ်ယောက်မဟုတ်ပေ။ "တည်ရှိမှုတစ်ခု" သာ ဖြစ်လေသည်။

ထို တည်ရှိမှုကို စကားလုံးဖြင့် ဖော်ပြရမည်ဆိုလျှင် "မိုးကောင်းကင်သခင်" ဟု ဆိုနိုင်လေသည်။

မိုးကောင်းကင်လမ်းစဉ်က အကြင်နာတရားကင်းမဲ့သည်။

မိုးကောင်းကင်လမ်းစဉ်က အတ္တကင်းမဲ့သည်။ သို့သော်...

မိုးကောင်းကင်လမ်းစဉ်က စစ်မှန်သည့် လမ်းစဉ် ဖြစ်လေသည်။

မိုးကောင်းကင်၏ဆန္ဒသည် မိုးကောင်းကင်လမ်းစဉ်မှ ဆင်းသက်လာခြင်းဖြစ်လေသည်။

မိုးကောင်းကင်၏ ဆန္ဒ မည်သည့်နေရာတွင် ရှိနေသနည်းဟု မေးလာလျှင် ဆန်းလျန်ကတော့ နေရာတိုင်းတွင်ရှိသည်ဟု ပြောဆိုမည် ဖြစ်သည်။

ထိုသို့ဆိုသည့်အတွက် ဆန်းလျန်အနေဖြင့် မိုးကောင်းကင်၏ဆန္ဒကို အချိန်မရွေး သိရှိရှိနိုင်သည်ဟု မဆိုလိုပေ။ သူ ယခုသွားရောက်တွေ့ဆုံမည့်သူသည် "မိုးကောင်းကင်သခင်" ဖြစ်၏။

"မိုးကောင်းကင်သခင်" သည် မိုးကောင်းကင်လမ်းစဉ်၏ ဗဟို မဏ္ဍိုင်ဖြစ်သလို မိုးကောင်းကင်၏ဆန္ဒလည်း ဖြစ်လေသည်။

ဆန်းလျန် ထိုနေရာသို့ ရောက်ရှိလာခဲ့လေသည်။

ဗလာနယ်တစ်ခုလုံးက အလွန်နူးညံ့သိမ်မွေ့နေပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိမ်ခိုးများ လွင့်မျောလျှက်ရှိသည်။

ရှေးခေတ်အချိန်အခါကတည်းက မည်သူမှ ဤနေရာသို့ ရောက်မလာခဲ့ကြပေ။ ဆန်းလျန်က ပထမဆုံး ရောက်ရှိလာသူ ဖြစ်လေသည်။

တိမ်ခိုးများကြားမှ ခေါင်မိုးထောင့်စွန်းတစ်ခု ထွက်ပေါ်နေသည် ကို တွေ့မြင်ရပြီး အနားသို့တိုးကပ်သွားမည်ဆိုလျှင် အဆောက်အဦကြီးတစ်ခုကို တွေ့မြင်ရမည် ဖြစ်သည်။ ထို အဆောက်အဦကြီးက တာအိုနန်းတော်ကြီးတစ်ခု ဖြစ်လေ၏။

တာအိုနန်းတော်ကြီးရှေ့တွင် "ခရမ်းရောင်ကောင်းကင်ဘုံ" ဟု စာတမ်းရေးထိုးထားလေသည်။

ရုတ်တရက် တံခါးပွင့်သွားပြီး နန်းတော်အတွင်းမှ တာအို

သူငယ်လေးတစ်ယောက် ထွက်ပေါ်လာသည်။

တာအိုသူငယ်လေးက...

"ထျန်းကျွင်း... အထဲဝင်လာခဲ့ပါ..."

ဟု ဖိတ်ခေါ်လိုက်သည်။

ထို တာအိုသူငယ်လေးက မိုးကောင်းကင်သခင်ဟုခေါ်ဆိုသည့်

မိုးကောင်းကင်လမ်းစဉ် မဟုတ်ပေ။ သူက ထက်ရှသည့်

ကျောက်တုံးတစ်တုံးသာ ဖြစ်လေသည်။ မိုးကောင်းကင်

လမ်းစဉ်ကြောင့် တရားအလင်းရပြီး ဤနေရာတွင်

နေထိုင်သည်မှာနှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်သည်။

သူက မည်သည့်အခါမှ လောကအလယ် ထွက်ပေါ်လာခြင်းမရှိ

သော်လည်း တာ့လော်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ထိုသူငယ်လေး တာ့လော်အဆင့်ရောက်ရှိနေသည်ကို ဆန်းလျ
န်က မအံ့ဩခဲ့ပေ။ သူက မိုးကောင်းကင်လမ်းစဉ်နှင့် နီးစပ်သူ
ဖြစ်သည် မဟုတ်ပါလား။

ခရမ်းရောင်ကောင်းကင်ဘုံနန်းတော်သည် တာအိုဆရာဟုန်ကျွ
င်း နေထိုင်ရာနေရာဖြစ်သည်ဟု ဒဏ္ဍာရီများက ဆိုကြသည်။
ထိုသို့ဆိုလျှင် ထိုဟုန်ကျွင်းသည်ပင် မိုးကောင်းကင်လမ်းစဉ်
ဖြစ်လေ၏။

သို့သော် ဆန်းလျန်က ခရမ်းရောင်ကောင်းကင်ဘုံနန်းတော်သို့
ရောက်ရှိလာခြင်းမှာ ဒဏ္ဍာရီများမှန်ကန်ကြောင်း သက်သေပြ
ရန် ရောက်လာခြင်း မဟုတ်ပေ။

သူ့နှလုံးသားက အရာအားလုံးကို သိမြင်နေပြီ ဖြစ်
သည့်အတွက် ဤနေရာတွင်ရှိနေသည့် ခရမ်းရောင်
ကောင်းကင်ဘုံနန်းတော်ကို ဆန်းလျန် တွေ့မြင်သွားခဲ့ခြင်း
ဖြစ်သည်။

တာအိုသူငယ်လေးက ဆန်းလျန်ကို အထင်ကြီးလေးစားသည့် အကြည့်ဖြင့် ကြည့်နေလေသည်။ သူက လောကီရေးရာများဖြင့် နီးစပ်ပတ်သက်ပြီး အတွေ့အကြုံရှိသူတစ်ယောက် မဟုတ်ပေ။ သူ၏ တာအိုစိတ်ထားက သန့်စင်လွန်းသည်။

ထို့ကြောင့်... သူက ဆန်းလျန်ထျန်းကျွင်း၏ ထူးခြားမှုကို ပိုမို သိမြင်ခံစားနိုင်လေသည်။

ရှေးခေတ်အချိန်အခါကတည်းက မိုးကောင်းကင်၏ဆန္ဒက ခန့်မှန်းရခက်လှသည်။ ယခုတော့ ဆန်းလျန်ထျန်းကျွင်းက မိုးကောင်းကင်၏ဆန္ဒကို စမ်းသပ်ရန် ရောက်လာခဲ့ပြီ ဖြစ်သည်။

ဆန်းလျန်ရောက်လာရသည့်ရည်ရွယ်ချက်ကိုသိရှိလိုက်သည့် အခါ တာအိုသူငယ်လေးသည် ဆန်းလျန်ကို ပိုမို အထင်ကြီး လေးစားသွားမိသည်။

ဆန်းလျန်သည် သံသရာကို မကျော်လွန်သေးသည့်တိုင်

မိုးကောင်းကင်၏ဆန္ဒကို ပြောင်းပြန်လှန်ပစ်နိုင်ပါမည်လား။

ဆန်းလျန်က တာအိုသူငယ်လေးကို တစ်ချက်ပြုံးပြလိုက်ပြီး

နန်းတော်ထဲသို့ ခြေတစ်လှမ်းလှမ်းကာ ဝင်ရောက်လိုက်သည်။

နန်းတော်အတွင်းနှင့်အပြင်က အတော်လေး ကွာခြားမှုရှိသည်။

နန်းတော်ထဲတွင် မည်သည့် တရားဓမ္မ ၊ ဥပဒေသတ်မှတ်ချက် ၊

တန်ခိုးစွမ်းအား ၊ ကျင့်စဉ် တစ်ခုမှ မရှိပေ။ ထို့ကြောင့် မည်

သည့်တန်ခိုးစွမ်းအားမှ ဤနေရာတွင် အသုံးပြုနိုင်မည် မဟုတ်

ပေ။

ဆန်းလျန်က တည်ငြိမ်အေးဆေးသည့်လေသံဖြင့်...

"ကျုပ် ချန်ကျင်းချင်ကို ဧကရာဇ်တစ်ပါးဖြစ်အောင် လုပ်ပေး

မယ် ၊ အဲဒီအကြောင်း ဒီမှာလာပြောတာ..."

အခန်း (၉၆၁) မိုးကောင်းကင်၏ဆန္ဒ (ဒုတိယပိုင်း)

ခရမ်းရောင်ကောင်းကင်ဘုံနန်းတော်တွင် မည်သည့်ပရိဘောဂ ပစ္စည်း ၊ အဆောင်အယောင် တစ်ခုမှ မရှိပေ။

အဘယ်ကြောင့်ဆိုသော်... မိုးကောင်းကင်၏ဆန္ဒသည် သက်ရှိ သတ္တဝါတစ်ယောက် မဟုတ်ပေ။ ဖြစ်တည်မှုတစ်ခုသာ ဖြစ် လေရာ အရာဝတ္ထုများကို တပ်မက်စွဲလန်းခြင်းလည်း မရှိပေ။ ထိုအရာများက သူ့အတွက် အဓိပ္ပါယ်မရှိပေ။

ဤခရမ်းရောင်ကောင်းကင်ဘုံနန်းတော်သည်ပင်လျှင် ဆန်းလျ န်၏ အတွေးများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မဟုတ် ပါက ဤနေရာတွင် မည်သည့်တည်ရှိမှုမှ ရှိမည် မဟုတ်ပေ။

ဆန်းလျန်၏အရှေ့တွင် တာအိုဆရာတစ်ယောက် ပေါ်လာလေ သည်။

ထိုသူက ဟုန်ကျွင်းဖြစ်ကြောင်း ဆန်းလျန် သိလိုက်သည်။

သို့သော်... ထိုအရာက မိုးကောင်းကင်လမ်းစဉ်လည်း ဖြစ်

သလို မိုးကောင်းကင်၏ဆန္ဒလည်း ဖြစ်သည်။ ထိုအရာများ

ကြားတွင် ခြားနားချက်မရှိပေ။

ဆန်းလျန်က "ချန်ကျင်းချင်ကို ဧကရာဇ်တစ်ပါးဖြစ်အောင်

လုပ်ပေးမည်" ဟု ပြောလိုက်သည့်စကားက သတိပေးစကား

တစ်ခု ဖြစ်လေသည်။

သို့သော်... သူ့ရှေ့မှ တာအိုဆရာက ဒေါသချောင်းချောင်း

ထွက်သွားခြင်းမျိုး မရှိပေ။ ရွှမ်တုတောက်ကျွင်း ၊ တိကျန်ဗော

ဓိသကျတို့သာဆိုလျှင် ဒေါသချောင်းချောင်းထွက်သွားကြပေ

လိမ့်မည်။

ထိုသူ၏မျက်ဝန်းများထဲတွင် လောက၏ အမှန်တရားနှင့်

မှားယွင်းမှုများက အတူတူပင်ဖြစ်နေပြီး အရာအားလုံးက

ဗလာနတ္တိဖြစ်နေလေသည်။ ထိုတာအိုဆရာတွင် "ငါ" ဆိုသည့်

အတ္တပင် မရှိပေ။

လောကရှိ ကျင့်ကြံသူအများစုသည် အကြင်နာတရားကင်းမဲ့မှု

ကို သိရှိနားလည်ကြသည်။

သို့သော်... မိုးကောင်းကင်လမ်းစဉ်၏ အကြင်နာတရားကင်းမဲ့

မှုကို ထိုတာအိုဆရာထံတွင် ရှင်းလင်းစွာ တွေ့မြင်ရသည်။

ထိုတာအိုဆရာက ဆန်းလျန်ကို စကားပြန်မပြောဘဲ လက်ညှိုး

တစ်ချက်သာ ညွှန်ပြလိုက်လေသည်။

သူက ဆန်းလျန်ဖြင့် အကျိုးသင့်အကြောင်းသင့် စကားပြော

နေစရာ မလိုပေ။

ဆန်းလျန်က ချန်ကျင်းချင်ကို ကေရာဇ်တစ်ပါး ဖြစ်စေချင်

သည်။ ဤသည်မှာ ဆန်းလျန်က မိုးကောင်းကင်၏ဆန္ဒကို

ဆန့်ကျင်လိုခြင်းဖြစ်သည်။ မိုးကောင်းကင်၏ဆန္ဒကို ဆန့်ကျင်

ခြင်းဆိုလျှင်တော့ ထိုပြဿနာကို ဖြေရှင်းရပေလိမ့်မည်။

အကယ်၍ မဖြေရှင်းနိုင်ပါက ပေးဆပ်ရမည့်တန်ဖိုးက ကြီးမား လွန်းသည်။ ဆန်းလျန်၏လုပ်ရပ်က စကြာဝဠာ၏ ဟန်ချက်ညီ မှုကို ဖျက်စီးပစ်ပေလိမ့်မည်။ မိုးကောင်းကင်လမ်းစဉ်၏ လုပ်ဆောင်ချက်များရပ်တန့်သွားပြီး အစီအစဉ်တကျ ဖြစ် တော့မည် မဟုတ်ပေ။

ထို့ကြောင့် ဆန်းလျန်က မိုးကောင်းကင်လမ်းစဉ်ကို တိုက်ရိုက် လာရောက်တွေ့ဆုံခြင်း ဖြစ်၏။

ဤတာအိုဆရာ၏ အတားအဆီးကို ကျော်လွှားနိုင်လျှင် ချန် ကျင်းချင်သည် လူ့လောက၏ ဘုရင်တစ်ပါးဖြစ်လာပြီး သူ လုပ်ရမည့်အလုပ်များအတွက် အတားအဆီးများ သိပ်ရှိမည် မဟုတ်တော့ပေ။

အဓိကအချက်မှာ ယခုတိုက်ပွဲတွင် ဆန်းလျန် အနိုင်ရရန် လို လေသည်။

ဆန်းလျန်၏ရှေ့မှ တာအိုဆရာက လက်ညှိုးညွှန်ပြသည်ကို ပြန်ရုတ်သိမ်းလိုက်သည်နှင့် ဆန်းလျန်သည် ခရမ်းရောင် ကောင်းကင်ဘုံနန်းတော်ထဲတွင် ရှိမနေတော့ပေ။ အဆုံးမရှိ ကျယ်ပြန့်သည့် သမုဒ္ဒရာကြီးအလယ်သို့ ဆန်းလျန် ရောက်ရှိ သွားလေသည်။

ထိုသမုဒ္ဒရာကြီးက လောက၏ ဒုက္ခပင်လယ်ကို ကိုယ်စားပြု သည့် သမုဒ္ဒရာကြီး ဖြစ်လေသည်။

တာအိုဆရာယွိတင်နှင့် ယန်ကျန်းတို့ကို တိုက်ခိုက်ခဲ့စဉ်က လည်း ဆန်းလျန် ထိုသို့သော လှည့်စားမှုမျိုးကို အသုံးပြုခဲ့ ဖူးသည်။

သို့သော်... ယခု တာအိုဆရာက ထိုလှည့်စားမှုကို အသုံးပြု လိုက်ပြန်ပြီဖြစ်သည်။ သို့သော်... တာအိုဆရာ၏လှည့်စားမှုက ဆန်းလျန်ထက်ပိုပြီး ဆွဲဆောင်မှုရှိလေ၏။

ဤသို့ဖြစ်ရသည်မှာ တာအိုဆရာက ဆန်းလျန်ထက်ပို၍ တန်ခိုးစွမ်းအားမြင့်မားသောကြောင့် မဟုတ်ပေ။ လူ့လောက တွင်ခံစားကြရသည့် ဒုက္ခပင်လယ်သည် မိုးကောင်းကင် လမ်းစဉ်အတိုင်းသာ ဖြစ်သောကြောင့် ဖြစ်လေသည်။ ဒုက္ခ ပင်လယ်က သက်ရှိသတ္တဝါများနှင့်သာသက်ဆိုင်ပြီး မိုးကော်း ကင်လမ်းစဉ်၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည် မဟုတ် ပါလား။

ဆန်းလျန်က ရယ်မောလိုက်ရင်း…

"ဒီလှည့်ကွက်လောက်နဲ့ ကျုပ်ကို အရှုံးလုပ်လို့ရမယ် မထင် နဲ့…"

ထို့နောက် ဆန်းလျန်ကလည်း လက်ညှိုးတစ်ချက်ညွှန်ပြလိုက် ရာ သမုဒ္ဒရာကြီးထက်တွင် ရွှေရောင်တံတားကြီးတစ်စင်း ထွက်ပေါ်လာလေသည်။

ဆန်းလျန်က ချက်ချင်းပင် ရွှေရောင်တံတားကြီးထက်သို့တက်သွားပြီး ဒုက္ခပင်လယ်ကို ဖြတ်ကျော်လိုက်သည်။
ဆန်းလျန်က တံတားထက်တွင် စိတ်အေးလက်အေးပင် လမ်းလျှောက်သွားပြီး တံတားဆုံးသည့်အခါ တာအိုဆရာ၏ ရှေ့သို့ ပြန်လည်ရောက်ရှိသွားလေသည်။
ဆန်းလျန် လည်ပြန်လှည့်ကြည့်လိုက်သည့်အခါ သူ့နောက်ဘက်တွင် ဒုက္ခပင်လယ်ကြီး လုံးဝ မရှိတော့ပေ။ မရှိမှုတရားကိုသာ တွေ့ရှိရလေသည်။
ဤသည်မှာ ဆန်းလျန်၏ ထိုက်ကျိုကိုယ်ခွဲတန်ခိုးစွမ်းအား ဖြစ်လေသည်။ ထိုက်ချိယင်ယန်ပန်းချီကားကို တုပကာ ရွှေရောင်တံတားကြီးကို ဖန်ဆင်းလိုက်ခြင်း ဖြစ်၏။ ထို့နောက် ဒုက္ခပင်လယ်ကို အေးဆေးစွာပင် ဖြတ်ကျော်ခဲ့သည်။
ထိုသို့ ရွှေရောင်တံတားကြီးကို ဖန်ဆင်းနိုင်ရန် ရှမ်တုတောက်ကျွင်းပင်လျှင် ထိုက်ချိယင်ယန်ပန်းချီကားကို အသုံးပြုရလေ

သည်။ သို့သော်... ရွှမ်တုတောက်ကျွင်းဖန်ဆင်းသည့် တံတားကြီးသည် ဆန်းလျန် ဖန်ဆင်းလိုက်သည့်တံတားကြီးထက် သာလွန်သည့်အရာ တစ်ချက်မှ မရှိပေ။

ဆန်းလျန်က အဘယ့်ကြောင့် ထိုသို့ဖန်ဆင်းမှုကို ပြုလုပ်နိုင်ရပါသနည်း။ ဆန်းလျန်က ရှန်းထျန်းဝူထိုက်မှ ထိုက်ကျိမူလဝိညာဉ်ခန္ဓာကို အောင်မြင်အောင် ကျင့်ကြံသွားနိုင်သောကြောင့် ဖြစ်သည်။

အခြားအရာများနှင့် မိမိကိုယ်တိုင်ကြားရှိ ကွဲပြားမှုကို နားလည်သွားလျှင် သိပ်အများကြီးသွားနေစရာ မလိုတော့ပေ။

ဒုက္ခပင်လယ်ကို ဖြတ်ကျော်လိုက်ပြီးသည်နှင့် ဆန်းလျန်၏ စိတ်ထဲတွင် ဝမ်းမြောက်ပျော်ရွှင်မှုကို ခံစားလိုက်ရသည်။

သူ၏ ထိုက်ကျိကိုယ်ခွဲသည်လည်း အတော်လေး ခရီးရောက်နေပြီ ဖြစ်သည်။

ယနေ့တိုက်ပွဲက ထိုက်ကျိကိုယ်ခွဲ အောင်မြင်မှုရရှိရန်အတွက် အခွင့်အရေးတစ်ခု ဖြစ်ပေလိမ့်မည်။

ဆန်းလျန်က ထိုက်ကျိကိုယ်ခွဲကို ကျင့်ကြံအောင်မြင်ပြီး ရွှေရောင်တံတားကြီးကို ဖန်ဆင်းနိုင်သည်ကိုသာ သိရှိသွားပါက ရှမ်တုတောက်ကျွင်း သေလောက်အောင်မနာလိုဖြစ်ကာ စွေ့စွေ့ခုန်သွားနိုင်သည်။

ရှမ်တုတောက်ကျွင်းက ထိုက်ချိယန်ယန်ပန်းချီကားကို သူ၏ခန္ဓာကိုယ်နှင့်ပေါင်းစပ်ပြီး ထိုက်ကျိလမ်းစဉ်ကို လျှောက်လှမ်းခဲ့သူ ဖြစ်သည်။ ထို့ကြောင့်ပင် ဟွင့်ယွမ်ဝူကျီအဆင့်ကို အဆင့်တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်၏။

ဆန်းလျန်ကတော့ ထိုက်ချိယင်ယန်ပန်းချီကားကိုပင် အသုံးပြုစရာမလိုဘဲ ထိုက်ကျိကိုယ်ခွဲကို ကျင့်ကြံအောင်မြင်ပြီး ဟွင့်ယွမ်ဝူကျီအဆင့် မူလဝိညာဉ်ခန္ဓာတစ်ခု ထပ်မံရရှိနေပြီ ဖြစ်လေသည်။

ရှန်းထျန်းဝူထိုက် မူလဝိညာဉ်ခန္ဓာ (၅)ခု ၊ ကိုယ်ခွဲ (၅)ခု ကို ကျင့်ကြံရာတွင် ထိုက်ကျိကိုယ်ခွဲက ပထမဆုံးအောင်မြင်မှုရသွားသည့် ကိုယ်ခွဲတစ်ခု ဖြစ်လေ၏။

ရွှေရောင်တံတားကြီးကို ဖြတ်ကျော်လာသည့် ဆန်းလျန်ကို တွေ့လိုက်ရသည့်အခါ တာအိုဆရာက ကြောက်ရွံ့သွားခြင်း မရှိပေ။

သူ၏ဦးခေါင်းထက်တွင် အစိမ်းရောင်တိမ်တိုက်တစ်ခု ဖြစ်တည်လာပြီး တိမ်တိုက်အတွင်းမှ ခေါင်းလောင်းတစ်ခု ကျဆင်းလာလေသည်။ ထိုခေါင်းလောင်းဆီမှ သာယာသည့် ခေါင်းလောင်းသံများ ထွက်ပေါ်လျှက် ရှိသည်။

ခေါင်းလောင်းသံများက မရပ်မနားထွက်ပေါ်နေပြီး ရွှေရောင်တံတားကြီးမှာ ခေါင်းလောင်းသံများကြောင့် တုန်ခါလာလေသည်။ နောက်ဆုံးကျယ်လောင်သည့်အသံကြီးဖြင့် တံတားကြီး ပြိုကျပျက်စီးသွားလေတော့သည်။

တံတားကြီးပြိုကျပျက်စီးသွားသည်နှင့် ခေါင်းလောင်းကြီး

သည်လည်း လေထဲသို့ လွင့်ပြယ်ပျောက်ကွယ်သွားလေတော့

သည်။

ထိုခေါင်းလောင်းကြီးမှာ မိုးကောင်းကင်တံခါး၏ ဓမ္မအစိပ္ပါယ်

ကို အတုယူထားခြင်း ဖြစ်သည်။ မိုးကောင်းကင်လမ်းစဉ်သည်

နေရာတိုင်းတွင်တည်ရှိပြီး မည်သည့်အရာကိုမဆို သဘာဝကျ

စွာ ပုံဖော်နိုင်လေသည်။

ဤသည်မှာ ဆန်းလျန်က ထိုက်ချိယင်ယန်ပန်းချီကားကို

အတုယူပြီး ရွှေရောင်တံတားကြီးကို ဖန်ဆင်းလိုက်ခြင်းနှင့်

သဘောသဘာဝချင်းဆင်တူသည်။

ရွှေရောင်တံတားကြီးကို ဆန်းလျန်က သူ၏လက်ချောင်းတစ်

ချောင်းကို အသုံးပြုပြီး ဖန်ဆင်းထားလေရာ ယခု တံတားကြီး

ပျက်စီးသွားသည့်အခါ သူ၏လက်ချောင်းလည်း ကျိုးသွားရ

သည်။ ပြန်ကောင်းရန်အတွက် အနည်းငယ် အချိန်ယူရမည် ဖြစ်သည်။

သို့သော်... ဆန်းလျန်က အရေးမစိုက်သည့်ဟန်ဖြင့် ပြုံးလိုက်သည်။

ထို့နောက် ဆန်းလျန်၏ ပါးစပ်အတွင်းမှ အဖြူရောင် အခိုးအငွေ့များထွက်ပေါ်လာပြီး လေထုတစ်ခုလုံးသို့ လှည့်ပတ်ပျံ့နှံ့သွားလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အဖြူရောင်များဖြင့် ဖုံးလွှမ်းသွားလေတော့၏။

လေထဲတွင် လေချွန်သံတစ်ချက်ထွက်ပေါ်လာပြီး ဓားဝိညာဉ်တစ်ခုကို ထွက်ပေါ်လာသည်။ သို့သော်... ဓားဝိညာဉ်၏ အရိပ်ကို တွေ့မြင်ရခြင်း မရှိပေ။

ထိုဓားဝိညာဉ်မှာ ကျွယ်ရှန်းနတ်ဓားဖြစ်လေသည်။

ကျွယ်ရှန်းနတ်ဓားဟုခေါ်သည့် နတ်ဘုရားသုတ်သင်ဓားသည် အဆင်မပြတ်ပြောင်းလဲတတ်သည့် သဘောသဘာဝ ရှိသည်။

ကျင့်စူးက ထိုဓားကို ကျင့်ကြံအောင်မြင်ခဲ့သော်လည်း တကယ်တမ်းတွင် ဆန်းလျန်၏ဓားသိုင်းက ပိုမိုအဆင့်မြင့်လေ၏။

ထို့ပြင် ဆန်းလျန်က ထိုက်ချိတန်ခိုးစွမ်းအားကို အသုံးပြုနေပြီး ရှုထောင့် (၂)ခုမှ ဓားဝိညာဉ်(၄)ခုကို ထုတ်လွှတ်ထားသည်။ ခရမ်းရောင်ကောင်းကင်ဘုံနန်းတော်အပြင်ဘက်မှ တာအိုသူငယ်လေးသည်ပင် ဓားဝိညာဉ်၏ဒဏ်ကို မခံနိုင်ဘဲ သွေးများအန်ချလိုက်သည်။

တာအိုဆရာ (၂)ယောက် ဓားသိုင်းတိုက်ခိုက်နေသည့်အသံများ ထွက်ပေါ်လာပြီး သတ်ဖြတ်လိုသည့်အငွေ့အသက်များက ပျံ့နှံ့လာလေရာ တာအိုသူငယ်လေးမှာ ရေကန်ထဲမှငါးကို ကုန်းပေါ်တင်လိုက်သည့်အလား မရှုနိုင်မကယ်နိုင် ဖြစ်နေရတော့သည်။

"နတ်ဘုရားများတိုက်ခိုက်ကြသည့်အခါ လူသားများ ကြားထဲမှ အသလွတ်ခံကြရသည်" ဆိုသည့် စကားပုံအတိုင်းပင် ဖြစ်လေသည်။

တာအိုသူငယ်လေးက နတ်ဘုရားတစ်ပါးဖြစ်သော်လည်း ယခု တိုက်ခိုက်နေကြသူ (၂)ယောက်၏ တန်ခိုးစွမ်းအားနှင့်ယှဉ် လျှင် သူက လူသားတစ်ယောက်ပမာ ဖြစ်လေသည်။

တာအိုသူငယ်လေးမှာ သေလုမျောပါးခံစားနေရလေသည်။

ဤနေရာတွင် သူနေထိုင်ခဲ့သည်မှာ နှစ်ပေါင်း သန်းနှင့်ချီပြီး ကြာခဲ့ပြီဖြစ်ပြီး လောကီအညစ်အကြေးများဖြင့် စွန်းထင်းခံခဲ့ ရခြင်း လုံးဝ မရှိခဲ့ပေ။ သို့သော်... ယခုတော့ သူ ဒုက္ခရောက် နေပြီ ဖြစ်သည်။

တာအိုသူငယ်လေးက လွတ်မြောက်နိုင်ခြင်း မရှိတော့ဟု ထင်မှတ်လိုက်သည်နှင့် အကြင်နာတရားကင်းမဲ့သည့်စိတ်ထား

ဖြင့် နန်းတော်အတွင်းသို့ ဇွတ်အတင်း အသေခံကာ ဝင်ရောက်

သွားသည်။

သူက မိုးကောင်းကင်လမ်းစဉ်ကြောင့် တရားအလင်းရခဲ့သူ

ဖြစ်သည်။ သို့သော်... မိုးကောင်းကင်လမ်းစဉ်က သူ့ကို

အသိအမှတ်ပြုခြင်းမရှိခဲ့ပေ။

ထိုအချိန်မှာပင်... သူ့ရှေ့တွင် အဖြူရောင်နှင့်အနက်ရောင်

အခိုးအငွေ့ (၂)ခု ထွက်ပေါ်လာပြီး ရုတ်တရက် သူ့ကို ဆွဲခေါ်

သွားလေသည်။

တာအိုသူငယ်လေး သတိပြန်ရလာသည့်အခါ လှပသည့်တော

တောင်နှင့် မြစ်ရေများအလယ်တွင် ရောက်နေသည်ကို တွေ့ရှိ

လိုက်ရသည်။ ရှုမျှော်ခင်းများက လှပပြီး အဆုံးမရှိပေ။

အတန်ကြာစဉ်းစားပြီးနောက် သူ လူ့လောကသို့ ရောက်ရှိလာ

ခြင်း ဖြစ်ကြောင်း သိရှိလိုက်သည်။

လူ့လောကတွင် နေထိုင်ရန်မှာ ခဲယဉ်းလှသည်။ သို့သော်... သူ ခဏတော့အသက်ရှင်သန်နိုင်ရန် ကြိုးစားနေထိုင်ရပေမည်။ သူ့ ကိုကယ်တင်လိုက်သူမှာ ဆန်းလျန်ဖြစ်ကြောင်း တာအိုသူငယ် လေး ရိပ်မိလိုက်သည်။

ဆန်းလျန်က တာအိုသူငယ်လေးကို အဝေးသို့ ပို့ပြီး သည့်နောက် မိုးကောင်းကင်လမ်းစဉ်ဖြင့် ဆက်လက်တိုက်ပွဲ ဝင်နေလေသည်။

တိုက်ပွဲက သိပ်ပြီး လွယ်ကူခဲ့ခြင်း မရှိပေ။ ထို့ပြင် သူရင်ဆိုင် နေရသည်က တာ့လော်အဆင့် တည်ရှိမှုတစ်ခုဖြစ် သည့်အတွက် သူ့ကိုအတော်လေး ဒုက္ခပေးနိုင်သည်။

သူစိတ်ပျံ့လွင့်သွားသည့် အချိန်တစ်ခဏတွင် တာအိုဆရာက သူ့ကို ဓားဝိညာဉ်တစ်ခုဖြင့် ထိုးခုတ်တိုက်ခိုက်လိုက်သည်။

ထိုဓားဝိညာဉ်က ကြာပွတ်တစ်ချောင်းအလားဖြစ်ပြီး ခြိမ်းခြောက်မှုများ ၊ ဒေါသတရားများဖြင့် ပြည့်နက်လျှက်ရှိ

သည်။ ထိုဓားဝိညာဉ်က ဆန်းလျန်ရှိရာသို့ အရှိန်အဟုန်ဖြင့် လွင့်မျောရောက်ရှိလာသည်။

ဆန်းလျန် မပေါ့ဆရဲဘဲ သူ၏ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်။

ဆန်းလျန် အသုံးပြုလိုက်သည့်ပညာက ယွီခြေလှမ်းပညာ ဖြစ်လေသည်။ လေနှင့်မိုးကြိုးစား ဆန်းလျန်ကို သယ်ဆောင်သွားပြီး ကြယ်ပွတ်တစ်ချောင်းအလား ထက်ရှသည့် ဓားဝိညာဉ်ကို ခုခံကာကွယ်လိုက်သည်။

သို့သော်... တာအိုဆရာကလည်း သူ့အနားသို့ အရိပ်တစ်ခုပမာ ရောက်ရှိလာပြီး မြူမှုံများကို ထုတ်လွှတ်လိုက်လေရာ ဆန်းလျန်မှာ မြူမှုံများထဲတွင် အဝေးသို့ လွင့်စင်ထွက်သွားရသည်။

ဆန်းလျန် မြူမှုံများကို အကျီလက်ဖြင့် ကမန်းကတန်း ကာကွယ်လိုက်ရ၏။ ထို့နောက် မြူမှုံများသည် ထောင်ပေါင်းများစွာသော လိပ်ပြာများပမာခွဲဖြာထွက်ပေါ်သွားကြပြီး ဒီရေလှိုင်း

ကဲ့သို့ မြင့်မားသည့် တန်ခိုးစွမ်းအားများက မရှိမှုသို့ ပြောင်းလဲ

သွားတော့သည်။

ဆန်းလျန်က ထိုအခွင့်အရေးကို အသုံးချကာ စည်းတံဆိပ်တစ်

ခုပုံသဏ္ဍာန်ပြုလုပ်ပြီး တိုက်ခိုက်လိုက်သည်။

ဆန်းလျန်၏ လှုပ်ရှားမှုက နှေးကွေးသော်လည်း သူတို့

(၂)ယောက်၏ တိုက်ခိုက်မှုကြားတွင်ပြင်းထန်သည့် စွမ်းအား

ကြီးများ ပေါ်ထွက်လာလေသည်။ လေထုတစ်ခုလုံးတုန်ခါသွား

ပြီး ဗလာနယ်က ပြိုလဲကျသွားသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်မှကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအား

ကြီးတစ်ခု ထွက်ပေါ်လာပြီး သူ၏မျက်ဝန်းများက အံ့သြစရာ

ကောင်းလောက်အောင် တောက်ပနေသည်။

ပြိုကျပျက်စီးသွားသည့် ဗလာနယ်ထဲမှ မရေမတွက်နိုင်အောင်

များပြားသည့် ကြယ်စင်များထွက်ပေါ်လာပြီး မိုးများရွာသွန်း

သည့်အလား တာအိုဆရာရှိရာသို့ ဝင်ရောက်သွားလေ

တော့သည်။

ဤသည်မှာ ပျံသန်းကြယ်စင် ပညာဖြစ်လေသည်။ ဆန်းလျန်

ထိုပညာကို အသုံးပြုလိုက်သည်မှာ ကွမ်းချန်ကျီထက်ပင်

သာလွန်သေးသည်။

ထို့ပြင်... ထိုကြယ်စင်များက ပုံမှန်မဟုတ်ဘဲ ထူးခြားဆန်း

ကျယ်သည့်စွမ်းအားများပါဝင်နေပြီး တစ်ခုနှင့်တစ်ခု ဆွဲငင်နေ

လေသည်။ မည်မျှ တန်ခိုးစွမ်းအားမြင့်မားသည်ကို

ခန့်မှန်း၍ပင် မရနိုင်ပေ။

တာအိုဆရာက ကြယ်စင်များပျံသန်းလာသည်ကို တွေ့မြင်

သည့်အခါ ရှောင်တိမ်းခြင်းမရှိဘဲ အင်္ကျီလက်တစ်ဖက်ကို ဝှေ့

ရမ်းလိုက်သည်။ ထူးဆန်းသည့် ကြယ်စင်များအားလုံး တာအို

ဆရာ၏ အင်္ကျီလက်အတွင်းသို့ ဝင်ရောက်သွားလေ

တော့သည်။

အကျီလက်ထဲတွင် စကြာဝဠာတစ်ခု တည်ရှိနေပြီး လွတ်လပ်ပြီး အေးဆေးငြိမ်သက်လျှက်ရှိသည်။ ထိုတာအိုဆရာ၏ ပညာကို ကျန့်ယွမ်ကျီနတ်မင်းကြီးပင်လျှင် ကျိန်းသေဦးညွှတ်မိပေလိမ့်မည်။

"ကောင်းပြီလေ..."

ဆန်းလျန်က အော်ဟစ်လိုက်၏။

သို့သော်... တာအိုဆရာကတော့ ဆန်းလျန်၏ အော်ဟစ်သံကို အရေးပင် မလုပ်ပေ။

သို့သော်... သူအသုံးပြုလိုက်သည့်တန်ခိုးစွမ်းအားချေဖျက်ခံလိုက်ရသည့်အတွက် ဆန်းလျန်က တစ်ချက်လေးပင် တုန်လှုပ်သွားခြင်း မရှိပေ။

ဆန်းလျန်က သူ၏ကြယ်စင်များကို အကျီလက်ထဲ ထည့်သွင်းယူဆောင်ထားသည့် တာအိုဆရာကြည့်ပြီး တစ်ချက်ရယ်မောလိုက်သည်။

ထိုအချိန်... အဝေးတစ်နေရာတွင် သွားလာနေကြသည့် နတ်ဘုရားများမှာ ရုတ်တရက် ကြယ်စင်အစုအဝေးကြီးလင်းလက်သွားသည်ကို တွေ့မြင်လိုက်ရပြီး ချက်ချင်းပြန်လည်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည့်အခါ ကြောက်ရွံ့တုန်လှုပ်သွားကြသည်။

သူတို့၏ တာအိုနှလုံးသားများ တုန်လှုပ်သွားကြပြီး ဘာလုပ်ရမှန်းပင် မသိကြတော့ပေ။

တိုက်ပွဲ၏ ရိုက်ခတ်မှုအရှိန်အဟုန်က သူတို့ကို ထိခိုက်မိလျှင် သူတို့ချက်ချင်းပင် တစ်စစီဖြစ်သွားကြမည် မဟုတ်ပါလား။

အခန်း (၉၆၂) ဗလာနယ်ဖျက်ဆား

ဆန်းလျန်၏ ထိုက်ကျိုကိုယ်ခွဲနှင့် လူသားအသွင်ယူထားသည့်

မိုးကောင်းကင်လမ်းစဉ်တို့ တိုက်ခိုက်ကြသည့်ပွဲတွင် တိုက်ပွဲက

ပြင်းထန်လှပြီး အဆုံးသတ်မည့် အရိပ်အယောင်လည်း မရှိ

ပေ။

ပတ်ဝန်းကျင်မှ နတ်ဘုရားများမှာ တိုက်ပွဲကို ကြည့်ချင်

သော်လည်း တိုက်ပွဲမှဖြစ်ပေါ်လာသည့် ပရမ်းပတာ

အခြေအနေများထဲတွင် အသလွတ်ခံလိုက်ကြရမည်ကိုလည်း

စိတ်ပူလျှက် ရှိကြသည်။

အကန့်အသတ်မရှိသည့် စွမ်းအားကြီးက ရိုက်ချလိုက်လျှင် နှစ်

ပေါင်းများစွာ ကျင့်ကြံထားခဲ့သမျှ အလကား ဖြစ်သွားပေ

လိမ့်မည်။

ထို့ကြောင့် အဝေးဆီမှ နတ်ဘုရားများ ၊ နတ်မိစ္ဆာများအားလုံး အခိုးအငွေ့အသွင်ပြောင်းကာ လွတ်ရာသို့ ပြေးကြလေတော့သည်။

စကြာဝဠာထဲတွင် ကြင်စင်များ မငြိမ်မသက်ဖြစ်နေပြီး နတ်ဘုရားများနှင့် နတ်မိစ္ဆာများ အလျှင်အမြန်ထွက်ပြေးသွားကြသည့်တိုင် ကြီးမားသည့် တန်ခိုးစွမ်းအားလှိုင်းလုံးကြီးများ၏ ရိုက်ခတ်မှုကို ခံစားလိုက်မိကြလေသည်။

သူတို့ကျင့်ကြံထားသည့် နတ်ဘုရားခန္ဓာများ ၊ ဓမ္မခန္ဓာများပင် လျှင် တုန်လှုပ်သွားကြရသည်။

အချို့နတ်ဘုရားများမှာ အလျှင်အမြန် ထွက်ပြေးနိုင်ခြင်းမရှိဘဲ နတ်ဘုရားခန္ဓာများ ပျက်စီးတော့မတတ် ခံစားလိုက်ကြရသည်။

ထိုအချိန်မှာပင် ကြီးမားသည့် သဘော်ကြီးတစ်စင်းသည် မငြိမ်မသက်ဖြစ်နေသည့် ကြယ်စင်ကောင်းကင်များအတွင်းမှ ရှက်လွှင့်ထွက်ပေါ်လာလေသည်။

သဘော်ကြီး၏ ကိုယ်ထည်ပတ်ပတ်လည်တွင် ကြည်လင်သည့် အလင်းရောင်အလွှာပါးတစ်ခုက ဖုံးအုပ်ထားပြီး တိုက်ပွဲ၏ တန်ခိုးစွမ်းအားလှိုင်းလုံးများက သဘော်ကြီးအပေါ်တွင် သက်ရောက်မှု မရှိပေ။

ထိုအချိန် သဘော်ကြီးအတွင်းမှ ရှည်လျားသည့် ကြိုးတစ်ချောင်းထွက်ပေါ်လာပြီး ဒုက္ခရောက်နေသည့် နတ်ဘုရားများ ၊ နတ်မိစ္ဆာများကို ကယ်တင်လိုက်လေသည်။

နတ်ဘုရားများ ၊ နတ်မိစ္ဆာများသည် ချပေးသည့်ကြိုးမှ တစ်ဆင့် ကြီးမားသည့် သဘော်ကြီးအတွင်းသို့ ဝင်ရောက်လိုက်ကြသည်။

သဘော်အတွင်းပိုင်းက အလွန်မှ ကျယ်ပြန့်ပြီး ရှုတ်ထွေးသည့် အတားအဆီးများဖြင့် ပြည့်နက်နေသည်။ အလွန်မှ ခမ်းနားသည့် သဘော်ကြီးကို နတ်ဘုရားများ၊ နတ်မိစ္ဆာများ စူးစမ်းကြည့်ရှုနေကြလေသည်။

သဘော်ကြီးက ခမ်းနားပြီး တန်ခိုးစွမ်းအားမြင့်မားဟန် ရှိသည်။ ထို့ကြောင့် သူတို့အားလုံး မလေးမစား မလုပ်ရဲဘဲ ငြိမ်သက်တိတ်ဆိတ်နေကြလေသည်။

ထိုအချိန်မှာပင်… သဘော်ပေါ်သို့ တက်လာကြသည့် နတ်ဘုရားများ ၊ နတ်မိစ္ဆာများ၏နားထဲတွင် ယောကျ်ားတစ်ယောက်၏ အသံကို ကြားလိုက်ကြရသည်။ ထိုအသံမှာ သူတို့နှင့် (၉)ကမ္ဘာခြားနေသည့်အလား ထင်မှတ်ရလေသည်။

"အားလုံးပဲ စိတ်မပူကြပါနဲ့၊ ဒါက ကျုပ်ရဲ့ အခြားဘက်ကမ်းက မော်ဝင်သဘော်ကြီးပါ၊ အခု ပြင်ပလောကက အတော်လေး မတည်မငြိမ်ဖြစ်နေတော့ အသက်အန္တရာယ်လည်း အချိန်

မရွေး ကျရောက်နိုင်တယ် ၊ ကျင့်ကြံသူတွေ

အေးအေးဆေးဆေး မနေရတာ ကျုပ် စိတ်တောင်မကောင်း

ဖြစ်မိတယ် ၊ ဒါကြောင့်လည်း အားလုံးကို ကျုပ်ရဲ့ သဘော်ပေါ်

ဖိတ်ခေါ်လိုက်တာပါ ၊ ဆန်းလျန်ထျန်းကျွင်းနဲ့ မိုးကောင်းကင်

သခင်ရဲ့ တိုက်ပွဲပြီးမှပဲ သဘော်ပေါ်က ပြန်ကြပေါ့ဗျာ..."

စကားပြောလိုက်သူက နတ်ဘုရားလား ၊ နတ်မိစ္ဆာလား ၊

သူတော်စင်တစ်ပါးလား မည်သူမှ မသိရှိနိုင်ပေ။

သို့သော် သူ၏စကားပြောဟန်က အလွန်ထင်ရှားပြီးဌာန်ကရိုင်း

လည်းကျသည်။ ထို့ပြင် ခမ်းနားမှုရှိပြီး ကျိုးကြောင်းဆီလျော်

ခြင်းလည်း ရှိလေသည်။

ထိုသူ၏ စကားသံကိုကြားပြီးသည့်နောက် သဘော်ထက်သို့

တက်လာကြသည့် နတ်ဘုရားများနှင့် နတ်မိစ္ဆာများ

စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက်ချလိုက်မိကြ

သည်။

ထိုအချိန်မှာပင်... သဘော်ကြီး၏တစ်နေရာတွင် ဧကရာဇ်

(၂)ပါး၏ ပုံရိပ် ထွက်ပေါ်လာလေသည်။ တစ်ပါးက

သက်လတ်ပိုင်းအရွယ်ဖြစ်ပြီး နောက်တစ်ပါးကတော့ ငယ်ရွယ်

သူတစ်ယောက်ဖြစ်လေ၏။

ထိုဧကရာဇ် (၂)ပါးမှာ ထိုက်ဟောက်နှင့် ရှောင်းဟောင်ပင် ဖြစ်

လေသည်။ သူတို့က ရှေးဟောင်းနတ်ဘုရားများဖြစ်ပြီး တန်ခိုး

စွမ်းအားအရာတွင်လည်း ထူးခြားသူများဖြစ်ကြသည်။

သက်လတ်ပိုင်းအရွယ်ဧကရာဇ်က ထိုက်ဟောက်ဖြစ်ပြီး

သဘော်ပေါ်တက်လာသည့် နတ်ဘုရားအုပ်စုကို စကားပြော

လိုက်သည့် ပုဂ္ဂိုလ်ဖြစ်သည်။

ရှောင်းဟောင်က...

"နောင်တော်က သိပ်သဘောကောင်းနေတယ်၊ သူတို့ကို ဘာလို့

ကယ်တင်လိုက်ရတာလဲ၊ နောင်တော်ကယ်တင်နေလည်း တစ်

ချိန်ကျ သေရမယ့်ဟာတွေပဲလေ ၊ သူတို့အတွက် စိတ်ပူနေစရာ မလိုပါဘူး..."

ကျင့်စဉ်လမ်းကို စတင်သည့်အချိန်ကို ယှဉ်ကြည့်လိုက်လျှင် ရှောင်းဟောင်က ထိုက်ဟောက်ထက် များစွာ နောက်ကျလေသည်။ သို့သော် ... သူတို့ (၂)ယောက်က ရင်းနှီးသူများဖြစ်ကြပြီး ညီရင်းအစ်ကိုပမာ ဖြစ်ကြသည်။ ထို့ကြောင့် ရှောင်းဟောင်က ထိုက်ဟောက်ကို နောင်တော်ဟု ခေါ်ခြင်း ဖြစ်၏။

ထို့ပြင်... ထိုက်ဟောက်က ရှေးခေတ်အချိန်အခါတွင် မွေးဖွားခဲ့သူဖြစ်ပြီး မူလနတ်ဘုရားခန္ဓာကို ပိုင်ဆိုင်သူဖြစ်သည်။ သူက စကြာဝဠာစတင်ဖြစ်တည်ကတည်းက တည်ရှိခဲ့သည့် ဧကရာဇ်တစ်ပါးဖြစ်လေ၏။

ချင်တိဧကရာဇ်သည်ပင်လျှင် ထိုက်ဟောက်၏သြဇာကို ကျော်လွန်နိုင်ခြင်း မရှိပေ။

ရှောင်းဟောင်က အငယ်ဖြစ်ပြီး ထိုသို့သောစကားပြောလိုက်သည့်အတွက် ထိုက်ဟောက်က ဒေါသထွက်သွားခြင်း မရှိပေ။

ထိုက်ဟောက်က...

"မကယ်ရင် သေကုန်မှာပေါ့၊ အရင်တုန်းက ကျုပ်သာမကယ်ခဲ့ရင် မင်းလည်း ခုချိန် သေနေလောက်ပြီ..."

ရှောင်းဟောင် စိတ်ထဲမှ ပြောလိုက်သည်။

"ကျုပ်က ဒီအဆင့်နိမ့်ကောင်တွေထက်တော့ သာပါတယ်ဗျာ၊ နောင်တော်က ဒီလောက်မြင့်မြတ်ပြီး သက်ရှိတွေအားလုံးရဲ့ အထက်မှာရှိတာတောင် ဒီ သုံးလောကနဲ့ လူပြန်ဝင်စားခြင်း သံသရာမှာ လည်ကြမယ့် နတ်သေးနတ်မွှားတွေကို မျက်စိထဲ ထားနေသေးတယ်..."

နတ်သေးနတ်မွှားများဖြင့် နှိုင်းပြီးအပြောခံလိုက်ရသည့်အတွက် ရှောင်းဟောင် မကျေမနပ်ဖြစ်နေမိသည်။

ရှောင်းဟောင်၏ အတွေးများကို မသိသည့် ထိုက်ဟောက်

ကတော့ တစ်ချက်ပြုံးလိုက်ရင်း စကားဆက်ပြောလေသည်။

"ကျုပ် လောကအလယ် လျှောက်သွားတော့ သတ္တဝါတွေထဲမှာ

အနိမ့်အမြင့်ဆိုတာ မရှိဘူးလို့ သိလိုက်ရတယ်၊ အဲဒီလို

သဘောထားလိုက်တော့ တစ်ယောက်ကိုတစ်ယောက် ကျေ

ကျေနပ်နပ်ဆက်ဆံနိုင်ကြပြီး မိတ်ဆွေဖွဲ့နိုင်ကြတယ်၊ ကျင့်ကြံ

ခြင်းအဆင့်တွေကို ထည့်တွက်မနေကြတော့ဘူး၊ ဆန်းလျန်

ထျန်းကျောင်းလည်း အဲဒီအတိုင်းပဲလေ၊ ဆန်းလျန်ကိုဆိုရင် အ

ရင်တုန်းက မင်း ပုရွက်ဆိတ်လောက် သဘောထားခဲ့တာ

မဟုတ်ဘူးလား..."

ရှောင်းဟောင်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"သူက ချင်တိကေရာဇ်ရဲ့ ကံကြမ္မာကို ခိုးယူသွားခဲ့တာလေ၊

မဟုတ်ရင် ဒီနေ့လိုအောင်မြင်မှုမျိုး ဘယ်ရလိမ့်မလဲ၊ မဟုတ်

ရင် ခုချိန် အတော်လေး ကံဆိုးနေလောက်ပြီ..."

ထိုက်ဟောက်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မင်း လွှန်ခဲ့တဲ့ရက်နည်းနည်းလောက်ကပဲ ချင်တိကောရာဇ် လူ ပြန်ဝင်စားတဲ့သူနဲ့ တွေ့ခဲ့တယ်မဟုတ်လား ၊ ဆန်းလျန်က သူ့ ကြံကြံမှာကိုခိုးယူသွားလို့ အောင်မြင်မှုတွေရသွားတာလို့ အဲဒီ လူကတောင် မတွေးဘူးလေ..."

ရှောင်းဟောင်က...

"နောင်တော်... ဘယ်လိုဖြစ်လို့ ဆန်းလျန်ဘက်က လိုက်ပြော ပေးနေရတာလဲ..."

ထိုက်ဟောက်က တအံ့တသြဖြင့်...

"အလို... ကျုပ်က ဘယ်သူ့ဘက်ကမှ လိုက်ပြောပေးနေတာ မဟုတ်ရပါဘူးကွာ ၊ ဒါပေမဲ့ ဆန်းလျန်နဲ့ ရင်ဆိုင်ရရင်တော့ အ နေးနဲ့အမြန် ဒုက္ခလှလှတွေ့မှာပဲ..."

"နောင်တော်ရယ် ကျုပ်ရယ် ၊ ပြီးတော့ ဒီ အခြားဘက်ကမ်းက သဘောကြီးရယ်နဲ့ဆိုရင် ရှမ်တုတောက်ကျွင်းတောင် ကျုပ်တို့

ကို အနိုင်မယူနိုင်ဘူး ၊ ဆန်းလျန်နဲ့ မတိုက်ခိုက်ခင်ကတည်းက ကြိုပြီးကြောက်နေမှတော့ နောင်တော်က ဘယ်ဟုတ်တော့မှာ လဲ ၊ ထားလိုက်တော့ အဲဒီအကြောင်းတွေ မပြောတော့ဘူး..."

ရှောင်းဟောင် မကျေမနပ်ဖြစ်နေမိလေသည်။

ထိုက်ဟောက်က...

"အခု ကမ္ဘာပျက်ကပ်ကြီးကလည်း နီးလာပြီ ၊ ဆန်းလျန်က လည်း အတိတ်ကို ဖြတ်တောက်ထားတယ် ၊ ဒီတော့ အနာဂတ် မှာ ဘာဖြစ်လာမလဲ သိမြင်နိုင်ဖို့ သိပ်ခက်ခဲနေပြီ ၊ ကျုပ်နဲ့ သူမ နဲ့ ဇာတ်လမ်းမပြတ်သေးဘူးလို့လည်း မင်း ထင်မနေနဲ့ဦး ၊ ဒီ တော့ မင်း စိတ်အေးလက်အေးနေလို့ရတယ် ၊ ကဲ... သဘော ကို မင်းတလဲ မောင်းလိုက်ဦး ၊ ကျုပ် လုပ်စရာလေးတစ်ခုရှိ လို့..."

ရှောင်းဟောင်က ထိုက်ဟောက်နှင့် အငြင်းအခုံလုပ်မနေတော့ ပေ။

သူ၏ခန္ဓာကိုယ်မှ နက်ရှိုင်းသည့်တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာပြီး အခြားဘက်ကမ်းမှ သဘော်ကြီးကို ဆက်လက်မောင်းနှင်လိုက်လေတော့သည်။

အခြားဘက်ကမ်းမှ သဘော်ကြီးက အဆုံးမရှိ စွမ်းအားမြင့်မားသည့်တိုင် အသက်ဓာတ်စွမ်းအားများကို အလွန်စုပ်ယူ စားသုံးလေသည်။ ထို့ကြောင့် သူနှင့် ထိုက်ဟောက်က သဘော်ကြီး၏အသက်ဓာတ်စွမ်းအားစားသုံးမှုများကို တစ်ယောက်တလဲထိန်းချုပ်မောင်းနှင်ကြရသည်။

ထို့နောက် ထိုက်ဟောက်က စုချင်အမျိုးအစား ဗျပ်စောင်းတစ်လက်ကို ထုတ်ယူလိုက်သည်။ ထိုစုချင်အမျိုးအစားဗျပ်စောင်းတွင် ကြိုးပေါင်း (၅၀)ပါရှိလေသည်။

ထိုက်ဟောက်၏ ဖြူစင်လွန်းသည့်လက်သွယ်သွယ်တို့သည် စောင်းကြိုးများထက် ပြေးလွှားဆော့ကစားသွားပြီး လှပရှည်လျားသည့်သံစဉ်တစ်ခု ထွက်ပေါ်လာသည်။

သူတီးခတ်သည့် ဗျပ်စောင်းသံစဉ်ကို စကြာဝဠာတစ်ခွင်လုံးက ကြားနိုင်မည် ဖြစ်သည်။

ထိုက်ဟောက်တီးခတ်နေသည့်သံစဉ်က မည်သည့်သံစဉ်မှန်းမသိပေ။ သို့သော်... အေးချမ်းခြင်းကိုခံစားရစေပြီး မမြင်ရသည့် နူးညံ့သည့်စွမ်းအားတစ်ခုလည်း ပါဝင်လေသည်။

ထိုနူးညံ့သည့်စွမ်းအားက မငြိမ်မသက်ဖြစ်နေသည့် ကြယ်စင်များကို တဖြည်းဖြည်းဝန်းရံလိုက်ပြီး ဗလာနယ်ကို ငြိမ်သက်သွားစေသည်။ ထို့ကြောင့် စကြာဝဠာအတွင်း အန္တရယ်ဖြစ်နိုင်မှုများကို လျော့ကျသွားစေလေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်၏ ပျံသန်းကြယ်စင်တန်ခိုးစွမ်းအားများ ဖြတ်တောက်ခံလိုက်ရပြီး လူသားအသွင်ယူထားသည့် မိုးကောင်းကင်လမ်းစဉ်ကို ကြယ်စင်စွမ်းအားများဖြင့် တိုက်ခိုက်ရန် မဖြစ်နိုင်တော့ပေ။

သာယာသည့် ဗျပ်စောင်းသံကို ဆန်းလျန် ကြားလိုက်ရလေသည်။

ဗျပ်စောင်းသံတွင် တိုက်ခိုက်လိုသည့်တန်ခိုးစွမ်းအားများ မပါရှိဘဲ ငြိမ်းချမ်းမှုဖြင့် ပြည့်နေလေသည်။ သို့သော်... ဆန်းလျန်၏ တိုက်ခိုက်မှုကိုတော့ အတော်လေး အနှောက်အယှက်ဖြစ်စေသည်။

ငြိမ်းချမ်းမှုများဖြင့် ပြည့်နက်နေသည့် အေးဆေးသည့် ဗျပ်စောင်းသံက ဆန်းလျန်ထံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များကို လျော့နည်းသွားစေလေသည်။

သို့သော်... ထိုဗျပ်စောင်းသံက လူသားအသွင်ယူထားသည့် မိုးကောင်းကင်လမ်းစဉ်ကိုတော့ များစွာ အကျိုးရှိစေလေသည်။

ဆန်းလျန် စိတ်အာရုံတစ်ချက် ညွှတ်လိုက်သည်နှင့် ထို

ဗျပ်စောင်းသံ မည်သည့်နေရာက ထွက်ပေါ်လာသည်ကို

ချက်ချင်းသိလိုက်သည်။

သို့သော်... ယခုအချိန်တွင် ထိုက်ဟောက်ကို သွားပြီး ပြဿနာ

ရှာ၍ မဖြစ်သေးပေ။

ထိုက်ဟောက်၏ မူလရည်ရွယ်ချက်ကိုက စကြာဝဠာကြီးတစ်

ခုလုံး ငြိမ်းချမ်းအောင် ထိန်းသိမ်းရမည့် ရည်ရွယ်ချက် ဖြစ်

လေရာ သူလုပ်သည့်အလုပ်ကို မှားယွင်းသည်ဟု မဆိုသာပေ။

ဆန်းလျန်၏ မျက်ဝန်းများ ရုတ်တရက်တောက်ပသွားသည်။

အေးချမ်းသည့် ဗျပ်စောင်းသံမှ နူးညံ့သည့်စွမ်းအားက အဝေး

တစ်နေရာမှ တာအိုဆရာဆီသို့ ကျရောက်သွားလေသည်။

ထိုတာအိုဆရာတွင် အတွေးအာရုံများ မရှိပေ။

တာအိုဆရာက အကျီလက်ကို ဝှေ့ရမ်းလိုက်သည်။

ထိုအခါ တာအိုဆရာ၏အင်္ကျီလက်ထဲတွင် ချုပ်နှောင်ထား

သည့် ကြယ်စင်များသည် သိပ်သည်းသည့်နတ်ဘုရား

အလင်းတန်းများအဖြစ် ပြောင်းလဲသွားပြီး ဆန်းလျန်၏

ခန္ဓာကိုယ်မှ ထွက်လာသည့် ယင်နှင့်ယန် တန်ခိုးစွမ်းအားများ

ကို ကြီးမားသည့်စွမ်းအားကြီးဖြင့် ရိုက်ချလိုက်လေ

တော့သည်။

ဆန်းလျန်မှာ ကြီးမားသည့် စွမ်းအားကြီးတစ်ခုဖြင့် ရိုက်ချခံ

လိုက်ရပြီး သူ့ပတ်ဝန်းကျင်မှ အရာရယတိုင်း ပြိုကျပျက်စီး

သွားလေတော့သည်။

တစ်ချိန်တည်းမှာပင်... ထွက်ပေါ်နေသည့် ဗျပ်စောင်းသံသည်

လည်း ရပ်တန့်သွားလေ၏။

အခြားဘက်ကမ်းမှ သင်္ဘောကြီးထက်တွင် ဗျပ်စောင်းတီးခတ်

နေသည့် ထိုက်ဟောက်မှာတော့ ဗျပ်စောင်းထက်တွင် လက်

များကိုတင်ရင်း မျက်နှာထက်တွင် သံသယများဖြင့် ပြည့်နက်လျှက် ရှိတော့သည်။

သူ ဆန်းလျန်၏ တည်ရှိမှုကို မခံစားရတော့ပေ။

ဆန်းလျန်ကဲ့သို့ ကြီးကျယ်မြင့်မြတ်သည့် နတ်ဘုရားတစ်ပါးက လူသားအသွင်ယူထားသည့် မိုးကောင်းကင်လမ်းစဉ်ကြောင့် ပျက်သုဉ်းရှုံးနိမ့်သွားရသည်မှာ ဖြစ်နိုင်ပါမည်လား။ မည်သို့မှ လက်မခံနိုင်သည့် ကိစ္စတစ်ခုပင် ဖြစ်လေသည်။

ရုတ်တရက် ထိုက်ဟောက်၏ စိတ်ထဲတွင် ဓားခြိမ်းသံတစ်ချက်ကို ကြားလိုက်ရသည်။ ထိုဓားခြိမ်းသံကြောင့် သူ၏ တာအိုနှလုံးသားတစ်ခုလုံး တုန်လှုပ်သွားရသည်။

ထိုဓားခြိမ်းသံက သူ့ကို တိုက်ခိုက်လာခြင်း မဟုတ်သည့်တိုင် သူ့စိတ်ကို တင်းတင်းကျပ်ကျပ် အခက်တွေ့အောင် ခံစားရစေသည်။

သူက စိတ်အာရုံညွှတ်လိုက်သည့်အခါ... ဖော်ပြနိုင်စွမ်းမရှိသည့် နေရာတစ်ခုကို တွေ့ရှိလိုက်ရလေသည်။

ထိုနေရာတွင် အဖြူရောင်နှင့်အနက်ရောင်ဓားဝိညာဉ် (၂)ခု လင်းလက်နေပြီး ထိုဓားဝိညာဉ်များက လူသားအသွင်ယူထားသည့် မိုးကောင်းကင်လမ်းစဉ်၏ ခန္ဓာကိုယ်ကို တိတိကျကျ ဖြတ်တောက်ပစ်လိုက်လေတော့သည်။

တာအိုဆရာ၏ ခန္ဓာကိုယ် တုန်လှုပ်သွားကာ ရှိပြီး မိုးကောင်းကင်လမ်းစဉ် မငြိမ်မသက်ဖြစ်နေလေသည်။

မိုးကောင်းကင်လမ်းစဉ်ဆိုသည်က ဘက်လိုက်မှုမရှိ ရက်စက်ကြမ်းကြုတ်ပြီး အကြင်နာတရားကင်းမဲ့သူ ဖြစ်သည်။ ယခု မိုးကောင်းကင်လမ်းစဉ်က လူသားအသွင်ယူကာ ဆန်းလျန်နှင့် တိုက်ခိုက်လျှက်ရှိသည်။

ဆန်းလျန်၏ ထိုးထွင်းသိမြင်နိုင်စွမ်းဖြင့်ပင် မိုးကောင်းကင်လမ်းစဉ်၏ အပြစ်အနာအဆာနှင့် ဟာကွက်ကို ရှာဖွေနိုင်ခြင်းမရှိခဲ့ပေ။

ဓားဖြင့် ပိုင်းဖြတ်ခံလိုက်ရပြီးသည်နှင့် တာအိုဆရာသည် မိုးကောင်းကင်လမ်းစဉ်အသွင် ပြောင်းလဲသွားပြီး အားနည်းချက်မရှိ ပြည့်စုံလွန်းလှလေသည်။

"ဒီဓားက မိုးကောင်းကင်ကိုတောင် ဖျက်စီးပစ်နိုင်တဲ့ ဓားဖြစ်တယ် ၊ ခင်ဗျား ဘယ်လိုထင်လဲ..."

ဆန်းလျန်၏အသံ ရုတ်တရက် ထွက်ပေါ်လာလေတော့သည်။

အခန်း (၉၆၃) စိတ်အာရုံ

ထိုက်ဟောက်၏စိတ်က တည်ငြိမ်နေပြီး စိတ်အာရုံထဲတွင် ငယ်ရွယ်သည့် တာအိုဆရာတစ်ယောက် ပေါ်လာလေသည်။

ထိုတာအိုဆရာလူငယ်သည် လေပြေလေးအလားဖြစ်ပြီး သူ့ထံတွင် ကိလေသာမြူမှုံတစ်စက်ပင် ကပ်ငြိခြင်းကို မတွေ့ရပေ။

ထိုတာအိုဆရာလူငယ်က...

"တာအိုတရားအရဆိုရင် ဘယ်အရာမှ မမြဲပါဘူး ၊ ယင်နဲ့ယန် တောင်မှ မတည်မြဲပါဘူး..."

ထိုက်ဟောက်၏ စိတ်ထဲတွင် ပေါ်လာသည့် တာအိုဆရာမှာ ဆန်းလျန် ဖြစ်လေသည်။

ဆန်းလျန်က ထိုက်ဟောက်ထံသို့ ညွှန့်သည်အနေဖြင့် ရောက်လာခြင်း မဟုတ်ပေ။ ဆန်းလျန်က ထိုက်ဟောက်၏ စိတ်အာရုံထဲတွင် ရောက်ရှိနေပြီး အချိန်ကာလက နီးကပ်သည်လား ၊ ဝေကွာသည်လား မကွဲပြားပေ။ သို့သော်... ဆန်းလျန်

ထံမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများကတော့ လေးလံ

လွန်းပြီး ထိုက်ဟောက်မှာ အသက်ရှူရပ်မတတ်ပင် ခံစားလိုက်

ရသည်။

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"တာအိုရောင်းရင်းက တကယ့်ကို အံ့သြစရာပဲ ၊ တစ်ချက်

ကြည့်လိုက်တာနဲ့ ကျုပ်ရဲ့ဓားကို ချက်ချင်းသိသွားတယ်..."

ထိုက်ဟောက်က သူ့ရင်ထဲမှ တုန်လှုပ်မှုကို အနည်းငယ် ငြိမ်

သက်အောင် ကြိုးစားလိုက်ပြီး...

"ဒီဘက်ခေတ်မှာ တာအိုရောင်းရင်းအတွက် ဘာပြဿနာနာမှ

မရှိပါဘူး ၊ တာအိုဝါဒဆိုတာ လုံးဝ သဘာဝကျတဲ့ ဝါဒတစ်ခု

ပါ ၊ ဒါပေမဲ့ တာအိုဝါဒရဲ့ အနှစ်သာရကို သိရှိသူတွေကတော့

နည်းနည်းပဲရှိတယ်ဆိုတာ အံ့သြစရာတော့ မဟုတ်ပါဘူး... ၊

တာအိုရောင်းရင်းက ယန် နဲ့ ယန်ကို အပြည့်အဝ ထိန်းချုပ်နိုင်

တယ်ဆိုတာ ကျုပ် အခု သိလိုက်ရပါပြီ..."

ဆန်းလျန်က...

"တကယ်က ဒီနေ့တိုက်ပွဲသာ မတိုက်ခိုက်ခဲ့ဘူးဆိုရင် ကျုပ်လည်း ဒီလိုအောင်မြင်မှုမျိုး ရမယ်မထင်ဘူး ၊ ပုံရိပ်ယောင်တွေကြားထဲမှာပဲ ပိတ်မိနေမှာ..."

ဆန်းလျန်က မိုးကောင်းကင်လမ်းစဉ်ကို အသလွတ်လာရောက်တိုက်ခိုက်သည့်အတွက် ဆန်းလျန်၏ ထိုက်ကျိကိုယ်ခွဲ ဓမ္မခန္ဓာပျက်စီးသွားသော်လည်း ယင်နှင့်ယန် ကိုတော့ အခြေခံကျစွာပြောင်းလဲမှုမရှိအောင် ထိန်းချုပ်နိုင်စွမ်းကို ရရှိခဲ့လေသည်။ ထို့ကြောင့် ဆန်းလျန်အနေဖြင့် တာအိုတရားကို ချဉ်းကပ်နိုင်ခြင်းအဆင့် ပိုမိုမြင့်မားသွားခဲ့သည်။

အရာရာတိုင်းတွင် အပေါင်းလက္ခဏာနှင့် အနှုတ်လက္ခဏာဟူ၍ ရှိသည်။ အပေါင်းလက္ခဏာအစွန်းရောက်သွားလျှင် အနှုတ်လက္ခဏာဖြစ်သွားမည်ဖြစ်ပြီး အနှုတ်လက္ခဏာ

အစွန်းရောက်သွားလျှင်လည်း အပေါင်းလက္ခဏာ ဖြစ်သွားပေမည်။

ဤသဘောသဘာဝက ဒြပ်စင် (၅)မျိုး၏ သဘောသဘာဝနှင့်ဆင်တူသည်ဟု ဆိုနိုင်သည်။ ဒြပ်စင်စွမ်းအား (၅)မျိုးအချင်းချင်း ထိန်းချုပ်ပြီး အသစ်သောဒြပ်စင်တစ်ခု ဖြစ်တည်စေသည့်အခါ ဓာတ်သဘောအရ ယင် နှင့် ယန်ကို ထုတ်လွှတ်ပေးလေသည်။ ထိုအခါ အဖိုဓာတ်ဖြစ်သည့် ယန်စွမ်းအားက အပေါင်းဓာတ်ဖြစ်ပြီး အမဓာတ်ဖြစ်သည့် ယင်စွမ်းအားက အနှုတ်ဓာတ်ဖြစ်ပေါ်လာသည်။

သို့သော်... ဆန်းလျန် ယနေ့ ယင်နှင့်ယန်ကို ထိန်းချုပ်သွားနိုင်ခြင်းက တိုက်ဆိုင်မှုတစ်ခု မဟုတ်ပေ။

ဤသည်က ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို ကျင့်ကြံခဲ့သည့်အချိန်ကတည်းက သူ၏ ကျင့်စဉ်လမ်းအတွက် အခြေခံအုတ်မြစ်ချပေးခဲ့သည့် အရာများဖြစ်သည်။

ထို့ကြောင့် သူက ဒြပ်စင် (၅)မျိုး၏ ပြောင်းလဲမှုနှင့် ယင် နှင့် ယန် ပတ်သက်ဆက်နွယ်မှုကို နားလည်သဘောပေါက်ခြင်း ဖြစ်၏။ ထိုတာအိုတရားအပေါ် ဆန်းလျန်၏ နားလည်မှုက ခုံ ရှမ်းထက်ပင် သာလွန်လေသည်။

ထို့ပြင်... ခုံရှမ်းနှင့် နှစ်ပေါင်း (၅၀)ကြာအောင် တာအိုတရား ဆွေးနွေးခဲ့ခြင်းကလည်း ဆန်းလျန်အတွက် အကျိုးအမြတ် များစွာ ရရှိခဲ့သည်။

ကံတရားကြောင့်လည်း ဆိုနိုင်သလို နှစ်ပေါင်းများစွာ ကျင့်ကြံ ခဲ့ခြင်း၏ အသီးအပွင့်ကို ခံစားရသည်ဟုလည်း ဆိုနိုင်သည်။ ထိုက်ဟောက်က ဆန်းလျန်၏ အတိတ်အကြောင်းများကို အ ဘယ်မှာ သိနိုင်ပါမည်နည်း။ သူက ဆန်းလျန်၏ တန်ခိုး စွမ်းအားကိုသာ တွေ့မြင်ပြီး အံ့သြမှင်တက်နေမိခြင်း ဖြစ်သည်။

ထို့ပြင်... ထိုက်ဟောက်၏ သိမြင်နိုင်စွမ်းဖြင့်ဆိုလျှင် သက်သေပြရန်ခက်ခဲသည့် ထူးခြားသည့်အရာတစ်ခုကိုလည်း သူ တွေ့ရှိခဲ့လေသည်။

ဆန်းလျန်သည် လက်ရှိတွင် ဟွင့်ယွမ်ဝူကျီအဆင့်ဖြစ်သည့် တိုင် ဆန်းလျန်ထံတွင် ဟွင့်ယွမ်ဝူကျီအဆင့်ထက် လေးနက် ပြင်းထန်သည့် တန်ခိုးစွမ်းအားတစ်ခုကို ခံစားမိခြင်း ဖြစ်သည်။ ထိုတန်ခိုးစွမ်းအားက အကန့်အသတ်မရှိသလို အဆုံးလည်း မရှိပေ။

အမှန်တော့ ဆန်းလျန်ကိုယ်တိုင်လည်း သူ့ကိုယ်သူ အနည်းငယ် အံ့အားသင့်ခဲ့ရသည်။

သူက ဟွင့်ယွမ်ဝူကျီအဆင့်ရှိသည့် ထိုက်ကျိုကိုယ်ခွဲကို အသုံးပြုပြီး မိုးကောင်းကင်လမ်းစဉ်ကို တိုက်ခိုက်ခဲ့ပြီး သည့်နောက် သူ၏ ပင်မ မူလဝိညာဉ်ခန္ဓာမှာ ဝိညာဉ်စွမ်းများ အနည်းငယ် မြင့်တက်လာခဲ့သည်။

ထိုအချက်က အလွန်နူးညံ့သိမ်မွေ့လွန်းလှပြီး အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ဆိုသည့် လမ်းကြောင်းကိုပင် ရှာဖွေရန် ခက်ခဲသည်။ ထိုသို့သော တိုးတက်မှုက အလွန်တန်ဖိုးရှိလွန်းလှသည်။

တစ်ချိန်တည်းမှာပင်... ဆန်းလျန်က ယိချီစန်းချင်တန်ခိုးစွမ်းအားနှင့် သုံးခန္ဓာဖြတ်တောက်ပညာကို ချက်ချင်းနားလည်အသုံးပြုနိုင်စွမ်း ရှိသွားလေ၏။

တာအိုဆရာသခင်ကြီး (၃)ပါးလုံးက လောကတွင် တရားအလင်းရရန် တူညီသည့်လမ်းစဉ်ကို လျှောက်လှမ်းခဲ့ကြသူများ ဖြစ်သည်။ အဆုံးသတ်တွင်တော့ လောက၏ ပညာဉာဏ်က တစ်ခုတည်းပင် ဖြစ်သည်။

ထိုက်ဟောက် ဆန်းလျန်ကို စကားပြောလိုသော်လည်း သူစကား မပြောနိုင်ခင်မှာပင် ဆန်းလျန်က လက်ချောင်းနှစ်

ချောင်းဖြင့် ထိုးညွှန်လိုက်လေရာ ဓားဝိညာဉ်ထွက်ပေါ်လာပြီး

ထိုက်ဟောက်ကို ထိုးချိန်ထားလိုက်သည်။

ထိုဓားဝိညာဉ်က ထိုက်ဟောက်၏ စိတ်အာရုံတစ်ခုလုံးကိုပင်

ပျက်စီးသွားစေနိုင်သည်။

ထိုအချိန် အခြားဘက်ကမ်းမှ သင်္ဘောကြီးတစ်နေရာတွင် သုံး

မြှောင့်ဆေးအိုးတစ်လုံးမှ အလင်းရောင်များ တောက်ပလာလေ

သည်။

ထိုသုံးမြှောင့်ဆေးအိုးက သင်္ဘောပေါ်မှ ထိုက်ဟောက်၏နတ်

ဘုရားခန္ဓာကို ချက်ချင်းပင် စုပ်ယူလိုက်ပြီး တစ်ချိန်တည်းမှာ

ပင် ဝိညာဉ်စွမ်းအားများ အဆုံးမရှိသည့် ဓားဝိညာဉ်တစ်ခု

ထွက်ပေါ်လာကာ ဆန်းလျန်၏ ဓားဝိညာဉ်ကို ယှဉ်ပြိုင်

တိုက်ခိုက်လိုက်သည်။

ဓားဝိညာဉ်၏အလင်းရောင်က လင်းလက်တောက်ပနေပြီး အဆုံးမရှိသည့် အသက်ဓာတ်စွမ်းအားများနှင့် ပြည့်ဝလျှက် ရှိသည်။

ဆန်းလျန်က...

"လက်စသတ်တော့ စကြာဝဠာသုံးမြောင့်ဆေးအိုးက တာအို ရောင်းရင်းဆီမှာ ရှိနေတာကိုး..."

ဆန်းလျန်၏ စကားကိုကြားသည်နှင့် ထိုက်ဟောက် စိတ်ဆင်းရဲသွားပြီး သူ့ရင်ထဲတွင် ကြောက်ရွံ့မှုများ ကြီးထွားလာသည်။

ဆန်းလျန်၏ ဓားဝိညာဉ်အလင်းတန်းများက အကန့်အသတ်မဲ့နေပြီး ဓားတစ်ချောင်း ထင်ရှားဖြစ်တည်လာသည်။ ထိုက်ဟောက်၏ စိတ်အာရုံတစ်ခုလုံး ဓားရိပ်များနှင့် ပြည့်နက်လျှက် ရှိလေ၏။

ဓားချင်းရိုက်ခတ်မိသံက တေးဂီတသံအလား အခြားဘက်

ကမ်းမှ သဘော်ကြီးပေါ်တွင် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး

သဘော်ကြီးက ကြောက်မက်ဖွယ်ကောင်းလောက်အောင်

တုန်လှုပ်နေလေသည်။

သဘော်ပေါ်တွင်ရောက်နေကြသည့် နတ်ဘုရားများ ၊ နတ်မိစ္ဆာ

များမှာ သဘော်ကြီးပျက်စီးသွားတော့မည်ဟုပင် ထင်မှတ်မိ

ကြသည်။

နောက်ဆုံးတော့ စကြာဝဠာသုံးမြှောင့်ဆေးအိုး၏ စုပ်ယူခြင်း

ကို ခံလိုက်ရသည့် ထိုက်ဟောက် ဆေးအိုးထဲမှ ပြန်ထွက်လာ

လေသည်။

ထိုက်ဟောက်က စကြာဝဠာသုံးမြှောင့်ဆေးအိုးကို စိုက်ကြည့်

နေစဉ်မှာပင် ဆေးအိုးထက်တွင်ဓားချက်တစ်ချက် ပေါ်လာ

လေ၏။ ထိုဓားချက်က သူ့ကို အကြီးအကျယ် စိတ်ဓာတ်ကျ

သွားစေသည်။

စကြာဝဠာသုံးမြှောင့်ဆေးအိုး၏ မူလပိုင်ရှင်မှာ နို့ဝါးနတ်သမီး ဖြစ်သည်။ နောက်ပိုင်းမှ ထိုက်စန့်လောင်ကျွင်းထံသို့ ရောက်ရှိလာခြင်း ဖြစ်၏။

ထိုက်ဟောက်က စကြာဝဠာသုံးမြှောင့်ဆေးအိုးကို အခြားဘက်ကမ်းမှ သဘောကြီး၏ အစိကမဏ္ဍိုင်အဖြစ် အသုံးပြုထားခြင်း ဖြစ်သည်။

စကြာဝဠာသုံးမြှောင့်ဆေးအိုးက ထိပ်တန်းအဆင့် မှော်ဝင်ပစ္စည်းဖြစ်သည့် ထိုက်ချိယင်ယန်ပန်းချီကားကိုမမီသည့်တိုင် အလွန်ရှားပါးသည့် မှော်ဝင်ပစ္စည်းတစ်ခု ဖြစ်လေသည်။

ဆန်းလျန်ထျန်းကျွင်း၏ ဓားဝိညာဉ်က အလွန်ထက်မြက်ပြီး အစွန်းရောက်လေရာ မမျှော်လင့်စွာပင် စကြာဝဠာသုံးမြှောင့်ဆေးအိုးတွင် ဓားရာတစ်ချက် ထင်ကျန်သွားပြီ ဖြစ်သည်။

ထိုအချိန် သူ့အနားသို့ ရှောင်းဟောင်ရောက်လာလေသည်။

သူက စကြာဝဠာသုံးမြှောင့်ဆေးအိုးထက်မှ ဓားချက်ကိုတစ်ချက်ကြည့်လိုက်ပြီး...

"သူက စကြာဝဠာသုံးမြှောင့်ဆေးအိုးကိုတောင် ပျက်စီးသွားအောင်လုပ်နိုင်တယ်... ဟုတ်လား..."

ထိုက်ဟောက် မည်သည့်စကားမှ မပြောတော့ဘဲ မချိပြုံးတစ်ချက်သာ ပြုံးလိုက်မိတော့၏။

....

ဆန်းလျန် ထိုက်ဟောက်၏ စိတ်အာရုံထဲမှ ထွက်ခွာသွားလေသည်။

သူ့ကိုကြည့်ရသည်မှာ အားနည်းနေဟန်ရှိပြီး ဘာမှမကျနတော့သလိုပင် ဖြစ်နေသည်။ ယခု သူ၏ ဝိညာဉ်စွမ်းအားများသည် လောကနတ်ဘုရားတစ်ပါးအဆင့်သာ ရှိတော့သည်။

မိုးကောင်းကင်လမ်းစဉ်နှင့် စကြာဝဠာသုံးမြှောင့်ဆေးအိုးကို တိုက်ခိုက်ပြီးနောက် ထိုသို့ဖြစ်သွားခြင်း ဖြစ်လေ၏။

ဆန်းလျန်က မိုးကောင်းကင်လမ်းစဉ် တစ်ခုလုံးကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။

စကြာဝဠာအဆုံးမသတ်သေးခင်ကာလတွင် မိုးကောင်းကင်လမ်းစဉ်သည် သူ၏စွမ်းအားအပြည့်ကို သုံးနိုင်တော့မည်မဟုတ်ပေ။

ထို့ပြင်... မိုးကောင်းကင်လမ်းစဉ်က အချိန်ရေစီးကြောင်းထဲတွင် သူ၏တန်ခိုးစွမ်းအားများကို ခွဲခြားထားသေးသည်။ တာအိုဆရာသခင်ကြီး (၈)ပါး၏ ပုံရိပ်ယောင်အဖြစ်မိုးကောင်းကင်လမ်းစဉ်၏ဖြစ်တည်မှုက ပြောင်းလဲထားပြီးလွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်းကျော်က ဆန်းလျန်သည်အချိန်ရေစီးကြောင်းတစ်လျှောက် ထိုတာအိုဆရာသခင်ကြီးများ၏ ပုံရိပ်ယောင်များနှင့် တိုက်ခိုက်နေခဲ့ရဖူးလေသည်။

ထို့ပြင် အချိန်ရေစီးကြောင်းတစ်လျှောက်တွင် အခြားတည်ရှိမှုတစ်ခု ရှိနေသေးသည်ကိုလည်း ဆန်းလျန် အာရုံခံစားမိသည်။

ကျွမ်ကျိုး အိပ်မက်ထဲတွင် လိပ်ပြာလေးဖြစ်သွားသည့်

"အရုဏ်ဦးအိပ်မက်ရွာ" ကဲ့သို့ ခံစားချက် ဆန်းလျန်၏ စိတ်ထဲ

တွင် မွေးဖွားဖြစ်တည်လာခြင်း ဖြစ်သည်။

အမှန်နှင့်အမှား ၊ အမှားနှင့်အမှန် အရာအားလုံးကို ဆန်းလျန်

ရှင်းလင်းကြည်လင်စွာ နားလည်လျှက် ရှိလေသည်။

***

နတ်ဆိုးနယ်မြေ ...

ဆန်းလျန်စိုက်ထူထားခဲ့သည့် အထိမ်းအမှတ်

ကျောက်စာတိုင်၏ အနောက်ဘက်တွင် နတ်ဆိုးနန်းတော်ကြီး

တစ်ခု ရှိနေလေသည်။

လေအေးများက တိုက်ခတ်နေပြီး နတ်ဆိုးနယ်မြေတွင် နေထိုင်

ကြသည့်သတ္တဝါများသည် ထိုသို့ ရက်စက်ကြမ်းတမ်းသည့်

ရာသီဥတုနှင့်အသားကျနေကြပြီဖြစ်သည်။

ထိုအချိန်မှာပင်... နတ်ဆိုးနန်းတော်ထဲတွင်ရှိနေသည့် နတ်ဆိုးများမှာ နန်းတော်တစ်ခုလုံး တုန်လှုပ်သွားသည်ကို ခံစားလိုက်ကြရသည်။

နတ်ဆိုးနန်းတော်၏ အတွင်းဘက် နက်ရှိုင်းသည့်နေရာတွင် အနက်ရောင်မိစ္ဆာတိမ်တိုက်များ စုဝေးနေပြီး လှည့်ပတ်နေကြသည်။

မိစ္ဆာတိမ်တိုက်များကို ကြည့်လိုက်မိသည့် မည်သည့်သတ္တဝါမဆို ချက်ချင်းပင် မူးဝေလာပြီး အော့အန်ကုန်ကြလေသည်။

ထို့နောက်... တန်ခိုးစွမ်းအားပြင်းထန်မှုကို မခံစားနိုင်ကြဘဲ အွာရ (၇)ပေါက်မှ သွေးများ ယိုစီးလာကြလေ၏။

မိစ္ဆာတိမ်တိုက်များ၏အနီးတွင်ရှိနေသည့် နတ်ဆိုးအစောင့်စစ်သည်များဆိုလျှင် ယခင်ကရှိခဲ့ဖူးသည့် ခမ်းနားဝင့်ထည်မှုများ မရှိကြတော့ဘဲ ချက်ချင်းပင် ခြောက်သွေ့ပုပ်ဆွေးသွားကြတော့သည်။

မိစ္ဆာတိမ်တိုက်များ၏အတွင်းဘက် အနက်ရှိုင်းဆုံးနေရာတွင် မိန်းကလေးတစ်ယောက် တင်ပျဉ်ခွေထိုင်နေလေသည်။

သူမ၏အသားအရေက ဖန်သားကဲ့သို့ ကြည်လင်နေပြီး ခြစ်ရာ စင်းရာတစ်ခုမှ မရှိဘဲ နှင်းပွင့်အလား ဖြူစင်လွန်းလှသည်။

သူမ၏ ခန္ဓာကိုယ်တွင်းမှ အရိုးများကို တွေ့မြင်နေရပြီး ထို အရိုးများက ကျောက်စိမ်းရတနာအလား ဖြူစင်လွန်းလှ၏။

သူမက နတ်ဆိုးနယ်မြေ၏ ဘုရင်မ 'ချီ' ဖြစ်လေ၏။ သူမသည် မိစ္ဆာလမ်းစဉ်ကိုလိုက်ရန် မွေးဖွားလာသူဖြစ်ပြီး အတိတ်နှင့် ပစ္စုပ္ပန်ကို ဖြတ်တောက်သည့် ကျင့်စဉ်ကိုကျင့်ကြံရန် အထုံပါရမီပါသူ ဖြစ်သည်။

နှစ်ပေါင်း (၅၀)အတွင်း လောကတွင် အင်အားအကြီးမားဆုံး ၊ အထင်ရှားဆုံး မိစ္ဆာကျင့်စဉ်ကို ကျင့်ကြံနိုင်ခဲ့သူဖြစ်ပြီး အတိတ်တစ်ချိန်က သွေးနီရောင်ပင်လယ်မှ အသူရာမျိုးနွယ် များထက်ပင် သူမက သာလွန်လေသည်။

'ချီ' က သူမ၏ မျက်လုံးများကို မှေးမှိတ်ထားသည်။ သူမ၏ မျက်နှာအမူအရာက အေးစက်နေပြီး မျက်နှာထက်တွင် မည်သည့်ခံစားချက်မှ ရှိမနေပေ။

သူမ၏ပုံစံက လုံးလုံးလျားလျား မိစ္ဆာဆန်လှသည်တော့ မဟုတ်ပေ။ သူမ၏ လှပချောမွေ့သည့်ခန္ဓာကိုယ်တွင် မထင်ရှားသည့် နတ်ဘုရားစွမ်းအားများလည်း စီးဆင်းနေလေသည်။ သူမကို ကြည့်မိသူတိုင်း မော်မဖူးရဲလောက်အောင် ကြောက်ရွံ့မိကြမည် ဖြစ်သည်။

သူမ၏စိတ်အာရုံက ကောင်းကင်ဘုံကိုးထပ်အထက်သို့ လွင့်ပျံသွားပြီး သတ္တဝါများအားလုံးကို ငုံ့ကြည့်နေလေသည်။

အနက်ရောင်မိစ္ဆာတိမ်တိုက်များက ပိုပြီး မြန်မြန်ဆန်ဆန် လှည့်ပတ်နေပြီး 'ချီ' ၏ခန္ဓာကိုယ်မှ အလင်းရောင်များ ထွက်ပေါ်လာသည်။

အလင်းရောင်များက လှိုင်းများထနေပြီး နတ်ဆိုးနန်းတော်

အပြင်ဘက်ထိ ပျံ့နှံ့ထွက်ပေါ်လာလေသည်။

အနက်ရောင်မိစ္ဆာတိမ်တိုက်များ၏ အရိပ်အငွေ့များသည်

နတ်ဆိုးနယ်မြေတစ်ခုလုံးကို ဖုံးလွှမ်းထားလေ၏။

နတ်ဆိုးနယ်မြေမှ သတ္တဝါများသည် တိမ်တိုက်များထဲမှ လင်း

လက်တောက်ပမှုကိုခံစားခဲ့ကြရပြီး နတ်ဆိုးဘုရင်မ၏ ကြီး

မြတ်မှုကို သူတို့နှလုံးသားထဲမှ အလေးအမြတ်ပြုချီးမွမ်းခဲ့ကြ

သည်။

နတ်ဆိုးများ၏ ချီးမွမ်းခြင်းမှ များစွာသော ယုံကြည်မှုတန်ခိုး

စွမ်းအားများထွက်ပေါ်လာပြီး မိစ္ဆာတိမ်တိုက်များနှင့် ပေါင်းစပ်

သွားသည်။

'ချီ' ၏ မြင့်မြတ်သည့် မိစ္ဆာခန္ဓာသည် ထိုယုံကြည်မှုတန်ခိုး

စွမ်းအားများကိုစုပ်ယူလိုက်ပြီး ပြောင်းလဲမှုများ စတင်ဖြစ်

ပေါ်လာလေသည်။

ပြောင်းလဲမှုက ကြီးမားသည့်တန်ခိုးစွမ်းအားများကို ဖြစ်တည်စေပြီး 'ချီ' ၏ အရိုးများ တုန်လှုပ်လာကြသည်။ အရိုးများထဲမှ မရေမတွက်နိုင်အောင် သေးငယ်သည့် မော်လီကျူးအမှုံလေးများသည် ပြင်ပလောကမှ အသက်ဓာတ်စွမ်းအားများကို အငမ်းမရ စုပ်ယူနေပြီး အသစ်ပြန်လည်ဖြစ်တည်လာကြသည်။ 'ချီ' ၏ အရိုးများသည် အသစ်သောအရိုးများအဖြစ် ပြောင်းလဲသွားကြလေသည်။

အရိုးများပြောင်းလဲသွားသည်နှင့် သွေးသားများကလည်း စတင်ပြောင်းလဲလာတော့သည်။ သွေးများသည် အနီရောင်မှ အပြာနုရောင်သို့ ပြောင်းလဲသွား၏။ ကြည်လင်သည့် မိုးကောင်းကင်အလားပင် ထင်မှတ်ရလေသည်။

အပြာနုရောင်သွေးများ 'ချီ' ၏ ခန္ဓာကိုယ်ထဲတွင် စီးဆင်းနေပြီး ထူးဆန်းစွာပင် အဆုံးမရှိ လှည့်ပတ်လျှက် ရှိသည်။ သေးငယ်သည့် မော်လီကျူးအမှုံလေးများ၏ သက်ရောက်မှုကြောင့်

အရိုးနှင့် အသွေးအသားများ အဆက်မပြတ် အသစ်ပြန်လည်

ဖြစ်တည်လာလေတော့သည်။

အခန်း (၉၆၄) နတ်ဆိုးနဂါး

'ချီ' ၏ ပြောင်းလဲမှုများသည် သူမ၏ မွေးရာပါ မိစ္ဆာခန္ဓာကို

အဆက်မပြတ် ပြီးပြည့်စုံလာစေသည်။

သူမအတွက် စစ်မှန်သည့် ထာဝရမပျက်စီးနိုင်သော ခန္ဓာကို

ရရှိခဲ့ပြီး ကြီးစွာသောအောင်မြင်မှုကြီးတစ်ခု ဖြစ်လေသည်။

လောကတစ်ခုလုံး ပျက်စီးသွားလျှင်တောင်မှ သူမကိုတစ်
စက်ကလေးပင် နာကျင်စေမည် မဟုတ်ပေ။

ထိုသို့သော စွမ်းအားကြီးမားသည့်ခန္ဓာကိုယ်သာလျှင် နတ်ဆိုး
ဘုရင်မကို သေခြင်းတရားမှ အလုံးစုံကင်းလွတ်စေမည်
ဖြစ်သည်။

မိစ္ဆာကျင့်စဉ်၏ ရက်စက်ကြမ်းကြုတ်သည့် အငွေ့အသက်များ
က နတ်ဆိုးနယ်မြေတစ်ခုလုံးကို လွှမ်းခြုံနေလေသည်။

ထိုဖြစ်ရပ်ကိုမြင်တွေ့ရသည့် ကျင့်ကြံသူများအားလုံး အံ့သြ
တုန်လှုပ်ကုန်ကြရသည်။

အထူးသဖြင့်... ချန်ကျင်းချင်ကို တိတ်တဆိတ်စောင့်ရှောက်
နေသည့် ဟယ်ရှန်းမှာ မိစ္ဆာကျင့်စဉ်၏ အငွေ့အသက်များကို
ခံစားလိုက်ရသည့်အခါ များစွာ တုန်လှုပ်သွားလေသည်။

နတ်ဆိုးတိုင်းပြည်နှင့်နီးကပ်လာလေ သူမ၏ မူလဝိညာဉ်ခန္ဓာ
မှာလည်း ပိုမိုတုန်လှုပ်လာလေ ဖြစ်သည်။

သို့သော်… ချန်ကျင်းချင်ကတော့ တစ်နေ့တခြား ပိုမိုတည်ငြိမ်လာလေသည်။ ဟယ်ရှန်းမှာ သူမ၏ ဆရာတူအစ်ကိုကို လေးစားသည်ထက်လေးစားလာမိတော့သည်။

ချန်ကျင်းချင်တွင် နက်ရှိုင်းသည့်တန်ခိုးစွမ်းအားများ မရှိပေ။ သို့သော်… သူ၏ စိတ်ဝိညာဉ်က မယုံကြည်နိုင်စရာကောင်းလောက်အောင် နက်ရှိုင်းလွန်းသည်။ ထိုအချက်ဖြင့်ပင် သူမထက်များစွာသာလွန်နေသည်ဟု ဟယ်ရှန်း တွေးတောမိသည်။

နတ်ဆိုးနယ်မြေနှင့် လူ့လောကနယ်စပ်သို့ ချန်ကျင်းချင်ရောက်ရှိလာသည့်အခါ သူက သူဖန်ဆင်းထားသည့် နတ်စစ်သည်များကို ဆင့်ခေါ်လိုက်ပြီး နတ်ဆိုးနယ်မြေအတွင်းမှ ထွက်လာသည့် နတ်ဆိုးများကို တိုက်ခိုက်ရန် အသင့်အနေအထား ပြုလုပ်ထားခဲ့သည်။

နတ်ဆိုးနယ်မြေမှ ထွက်လာသည့် နတ်ဆိုးများကို ချန်ကျင်း ချင်က အရင်ဆုံး သတ်ဖြတ်ခြင်းမပြုဘဲ သန့်စင်ပေးရန် ကြိုးစားကြည့်သေးသည်။

သို့သော်… ထိုနတ်ဆိုးများက အနက်ရှိုင်းဆုံး မိစ္ဆာစွမ်းအားများ နှင့်ပြည့်နက်နေကြပြီး သူတို့ကို သန့်စင်ရန်မှာ မည်သို့မှ မဖြစ် နိုင်ပေ။

ထို့ကြောင့် ချန်ကျင်းချင် မပေါ့ဆရဲတော့ဘဲ သန့်စင်ပေးရန် နည်းလမ်းရှာမည့်အစား သတ်ဖြတ်ပစ်ရတော့သည်။

လူတစ်ဝက် နတ်ဆိုးတစ်ဝက်များပင်လျှင် အချိန်ကြာလာ သည်နှင့်အမျှ လူသားပြန်မဖြစ်တော့ဘဲ နတ်ဆိုးလုံးလုံး ဖြစ် သွားကြလေရာ မူလကတည်းက နတ်ဆိုးဖြစ်နေကြသူများ ကတော့ ပြောစရာ မလိုတော့ပေ။

သို့သော်… နတ်ဆိုးနယ်မြေထဲမှထွက်လာသည့် နတ်ဆိုးများမှာ သိပ်ပြီး စွမ်းအားကြီးမားခြင်း မရှိကြပေ။

ချန်ကျင်းချင်သည် ကျိုးထျန်းရွှမ်နှီပေးသည့် ကျမ်းစာထဲမှ ကျင့်စဉ်များကို အသုံးပြုပြီး နတ်ဆိုးများကို နှိမ်နင်းလေရာ နတ်ဆိုးနယ်မြေနှင့်လူ့လောက နယ်စပ်တွင် အခြေအနေ တည်ငြိမ်စပြုလာလေသည်။

ထို့ကြောင့်… ချန်ကျင်းချင် နတ်ဆိုးနယ်မြေနယ်စပ်မှ ပြန်ရန် ပြင်ဆင်ရမည့်အချိန် နီးကပ်လာခဲ့လေသည်။

နတ်ဆိုးနယ်မြေအတွင်းမှ နတ်ဆိုးများ ထပ်မံထွက်ပေါ်လာခြင်း မရှိလျှင် လူအများ ဒုက္ခရောက်မည်ကို ကြောက်စရာမလိုတော့ပေ။

သို့သော်… ထိုအချိန်မှာပင် နတ်ဆိုးနယ်မြေအတွင်းမှ ကြီးမားနက်ရှိုင်းသည့် စွမ်းအားထုကြီး ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုတန်ခိုးစွမ်းအားထုထည်ကြီးက ပြင်းထန်မြင့်မားလွန်းလှလေရာ နတ်ဆိုးနယ်မြေမှ နတ်ဆိုးများ အများအပြား လူ့လောကဘက်သို့ ထွက်လာကြလေတော့သည်။

ချန်ကျင်းချင်မှာ ထိုပြဿနာကို အပြင်းအထန် ဖြေရှင်းရလေတော့၏။

ချန်ကျင်းချင် နတ်ဆိုးများကို နှိမ်နင်းရင်း နတ်ဆိုးနယ်မြေနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ နတ်ဆိုးနယ်မြေနှင့်နီးကပ်လာလေ ထိုကြီးမားသည့် တန်ခိုးစွမ်းအားကြီးက လေးလံစွာဖြင့် သူ့ဝိညာဉ်ကို ဖိနှိပ်ထားလေဖြစ်သည်။

ချန်ကျင်းချင်၏ကျောထက်တွင် လေးလံလွန်းလှသည့် ကျောက်တောင်ကြီးတစ်ခု သယ်ပိုးထားရသည့်အလား ခံစားနေရသည်။ သူက နတ်ဘုရားကျင့်စဉ်များကိုကျင့်ကြံထားသူတစ်ယောက်ဖြစ်သည့်တိုင် ထိုသို့ခံစားနေရသည်က သူ့အတွက် မလွယ်ကူလှပေ။

ထိုတန်ခိုးစွမ်းအားဖိအားကြီးသည် နတ်ဆိုးနယ်မြေမှ ဘုရင်မနှင့် တစ်စုံတစ်ရာ ပတ်သက်မည်ကို ချန်ကျင်းချင် ရိပ်မိထားသည်။

နတ်ဆိုးဘုရင်မသည် နတ်ဆိုးနယ်မြေမှ ပြင်ပသို့ တစ်ခါမှ ထွက်ပေါ်လာခြင်းမရှိသည့်အတွက် ချန်ကျင်းချင် ကံကောင်းသည်ဟု ဆိုနိုင်သည်။ မဟုတ်ပါက ချန်ကျင်းချင် သူမနှင့် ရင်ဆိုင်ရလျှင် အကြီးအကျယ် ဒုက္ခရောက်ပေလိမ့်မည်။

ချန်ကျင်းချင် တဖြည်းဖြည်းဖြင့် နတ်ဆိုးနယ်မြေဝင်ပေါက်သို့ ရောက်ရှိလာခဲ့သည်။

သူက ကျိုးထျန်းရွှမ်နီပေးထားသည့်ကျမ်းစာထဲမှ တံဆိပ်တော်တစ်ခု၏ သင်္ကေတကိုပြုလုပ်ပြီး သတိထားကာ နတ်ဆိုးနယ်မြေဝင်ပေါက်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

နတ်ဆိုးနယ်မြေ၏ ဝင်ပေါက်နှင့်ထွက်ပေါက်မှာ အတူတူပင် ဖြစ်လေသည်။

ထိုနေရာက နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီးတစ်ခုဖြစ်ပြီး အနက်ရောင်တိမ်တိုက်များဖြင့် ဖုံးလွှမ်းထားသည်။

တစ်ခါတစ်ရံ ချောက်နက်ကြီးထဲမှ သားရဲဟိန်းသံကြီးများ ထွက်ပေါ်လာလေ့ရှိလေ၏။

ချောက်ကမ်းပါးကြီးအဝသို့ ချန်ကျင်းချင်ရောက်ရှိလာချိန်မှာပင်... မျက်လုံးများကို မှိတ်ကာ ကျင့်ကြံနေသည့် နတ်ဆိုးဘုရင်မ 'ချီ' ၏ မျက်လုံးများ ဖြည်းဖြည်းချင်းပွင့်လာလေသည်။

သူမ၏ပါးစပ်မှ လေချွန်သံတစ်ချက်ထွက်ပေါ်လာပြီး သိပ်မကြာမီ ဦးခေါင်းထက်တွင် ဦးချိုများပါရှိသည့် နတ်ဆိုးစစ်သည်တော်တစ်ယောက် အပြင်ဘက်မှ ဝင်ရောက်လာလေသည်။

ထိုနတ်ဆိုးက နတ်ဆိုးဘုရင်မကို ကြောက်ရွံ့လွန်းစွာဖြင့် ခြေတော်ရင်းတွင် ပြားပြားဝပ် ဦးညွှတ်လျှက် ရှိလေသည်။

"ကြီးမြတ်တဲ့မင်းကြီး ၊ ဘာများ ခိုင်းစရာရှိလို့လဲ..."

ထိုနတ်ဆိုးစစ်သည်တော်မှာ နတ်ဆိုးနဂါးတစ်ကောင်

ဖြစ်သည်။

တစ်ချိန်တုန်းက သူက ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းမှ နတ်ဆိုး

စစ်သူကြီး တစ်ယောက်ဖြစ်၏။ ယခုတော့ သူက နတ်ဆိုး

ဘုရင်မအတွက် တာဝန်ထမ်းဆောင်ပေးသည့် နတ်ဆိုးနဂါး

တစ်ကောင် ဖြစ်နေခဲ့ပြီ ဖြစ်သည်။

နှစ်ပေါင်း (၅၀)အတွင်း နဂါးတန်ခိုးစွမ်းအားကို ကျင့်ကြံနိုင်ခဲ့

ပြီး ယခင်ကထက်ပိုပြီး စွမ်းအားကြီးမားလာခဲ့သည်။ နတ်ဆိုး

နယ်မြေတွင် သူက ထိပ်တန်းအဆင့် ခေါင်းဆောင်တစ်ယောက်

ဖြစ်လေသည်။

သို့သော်... နတ်ဆိုးနဂါး မည်မျှတန်ခိုးစွမ်းအားမြင့်မားပါစေ

နတ်ဆိုးဘုရင်မ 'ချီ' ၏ ခြေဖျားကိုပင် မမီနိုင်ပေ။ သူပိုင်ဆိုင်

ထားသည့် နဂါးဂုဏ်သိက္ခာသည် နတ်ဆိုးဘုရင်မရှေ့တွင်

အလကားပင် ဖြစ်လေသည်။

"အပြင်မှာလူသားတစ်ယောက် ရောက်နေတယ် ၊ မင်း သူ့ကို

ခေါ်လာခဲ့..."

နတ်ဆိုးဘုရင်မက အေးစက်သည့်လေသံဖြင့် ပြောလိုက်

သည်။

နတ်ဆိုးနဂါးက...

"အမိန့်အတိုင်းပါ..."

သူက အမိန့်ကိုနာခံပြီး ထွက်ခွာသွားလေသည်။

'ချိ' ၏ နက်ရှိုင်းသည့်အကြည့်က နတ်ဆိုးနယ်မြေကိုထိုး

ဖောက်ထွက်သွားပြီး ချန်ကျင်းချင်ရှိရာသို့ ရောက်ရှိလာ

သည်။

သူမက ချန်ကျင်းချင်၏နောက်ကြောင်းကိုသိရန် စိတ်အာရုံစူး

စိုက်ကြည့်လိုက်သော်လည်း မြူခိုးများကိုသာမြင်ရပြီး သိမြင်

နိုင်ခြင်း မရှိခဲ့ပေ။

ကြည့်ရသည်မှာ ထိုသူ၏ အတိတ်နှင့်အနာဂတ်ကို အခြားသူ

တစ်ယောက်က ဖုံးကွယ်ထားဟန်ရှိသည်။ သူမ၏ စွမ်းရည်ဖြင့်

ပင် ထိုမြူခိုးများကို ထိုးဖောက်ကြည့်မြင်နိုင်စွမ်းမရှိပေ။

***

ချန်ကျင်းချင်သည် ကျမ်းစာထဲတွင်ပါသည့် တံဆိပ်တော်

သင်္ကေတကို အသင့်ပြုလုပ်ထားသည်။

ထိုအချိန်မှာပင်... မည်သည့်နတ်ဆိုးများတွင်မှ တွေ့မြင်ရခြင်း

မရှိသည့် ကြောက်မက်ဖွယ်ရာ နတ်ဆိုးစွမ်းအားတစ်ခု ထွက်

ပေါ်လာလေသည်။

ထိုနတ်ဆိုးစွမ်းအားများ ရုတ်တရက် သိပ်သည်းသွားပြီး

ဦးခေါင်းထက်တွင် ဦးချိုများပါရှိသည့် နတ်ဆိုးတစ်ယောက်၏

ပုံသဏ္ဍာန်ထွက်ပေါ်လာသည်။

ထိုသူက အနက်ရောင်သိုင်းကိုယ်ကြပ်ဝတ်စုံကို ဝတ်ဆင်ထား

ပြီး အနက်ရောင်ဝတ်ရုံက လေထဲတွင် လွင့်ပျံနေလေသည်။ ထို

သူ၏ မျက်ဝန်းများက ကြောက်မက်ဖွယ်ရာကောင်းအောင်

တောက်ပလျှက်ရှိ၏။

ရုတ်တရက်... ထိုသူ၏ တန်ခိုးစွမ်းအားအရှိန်အဟုန်ဖြင့် ချန်

ကျင်းချင်၏နောက်မှ ကျောက်ဆောင်ကြီးတစ်ခု ပေါက်ကွဲ

ထွက်သွားပြီး တစ်စစီကျိုးပျက်သွားလေသည်။

ထို့နောက်... ကျောက်ဆောင်ကြီးနောက်ကွယ်မှ မိန်းကလေး

တစ်ယောက်ထွက်ပေါ်လာလေ၏။

သူမ၏ အဝတ်အစားများက လေထဲတွင် ပျံ့လွင့်နေပြီး အလွန်

ချောမောလှပသူတစ်ယောက်ဖြစ်သည်။ သူမသည်ကား ဟယ်

ရှန်းနတ်သမီးပင် ဖြစ်လေ၏။

ရောက်လာသည့် နတ်ဆိုးက ရောက်ရောက်ချင်း သူမကို

ပစ်မှတ်ထားလိမ့်မည်ဟု ဟယ်ရှန်းက ထင်မထားမိပေ။

ချန်ကျင်းချင် နောက်သို့ လှည့်မကြည့်သော်လည်း သူ၏စိတ်အာရုံထဲတွင် ဟယ်ရှန်း၏ ပုံရိပ်ပေါ်လာလေသည်။ ထို့ကြောင့် မည်သူဖြစ်သည်ကို သိရှိလိုက်သည်။

တကယ်တော့ သူ့နောက်သို့ တစ်စုံတစ်ယောက်လိုက်ပါလာသည်ကို ချန်ကျင်းချင် သတိပြုမိနေခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော်... ဟယ်ရှန်းနတ်သမီးဖြစ်လိမ့်မည်ဟုတော့ ထင်မထားမိပေ။

ဟယ်ရှန်းက ချက်ချင်းပင် ချန်ကျင်းချင်အနားသို့ရောက်လာပြီး...

"မင်းသား... ဒီနတ်ဆိုးက အတော်လေးတန်ခိုးစွမ်းအားကြီးမားတယ်၊ ကျွန်မတို့ ရင်ဆိုင်ဖို့မသင့်ဘူး၊ ထွက်သွားပြီး တခြားနည်းလမ်းရှာတာ ကောင်းလိမ့်မယ်..."

ဟယ်ရှန်းက အခြားသူများ၏ တန်ခိုးစွမ်းအားအတိမ်အနက်ကို အကြမ်းဖျင်းခန့်မှန်းနိုင်သည့်ကျင့်စဉ်ကို ကျင့်ကြံထား

သည့်အတွက် သူမရှေ့မှ နတ်ဆိုးနဂါးမှ မည်မျှ တန်ခိုးစွမ်းအား မြင့်မားသည်ကို ချက်ချင်း သိရှိလိုက်သည်။

ထို့ပြင် ထိုနတ်ဆိုးက သူ့ကိုရန်ရှာရန် ရောက်လာခြင်း မဟုတ်သည်ကိုလည်း သိလိုက်လေသည်။

ထိုကဲ့သို့ စွမ်းအားကြီးမားသည့် နတ်ဆိုးမျိုးနွယ်က နတ်ဆိုးနယ်မြေမှ ထိပ်တန်းအဆင့်နတ်ဆိုးတစ်ယောက် ဖြစ်နိုင်လေသည်။

"ကောင်လေး… နတ်ဆိုးဘုရင်မက မင်းကိုခေါ်ခဲ့ဖို့ အမိန့်ပေးလိုက်တယ်…"

နတ်ဆိုးနဂါး၏အသံက အက်ရှရှဖြင့် မာထန်လွန်းလှသည်။

စောစောက နတ်ဆိုးဘုရင်မရှေ့တွင် ပြားပြားဝပ် ဒူးထောက်ဝပ်တွားနေသူမှာ ယခုတော့ အလွန်မောက်မာလျှက် ရှိလေသည်။

ထို့နောက်… ချန်ကျင်းချင်၏ ခန္ဓာကိုယ်ထက်သို့ ကြီးမားသည့် ဖိအားကြီးတစ်ခု ကျရောက်လာလေသည်။

ချန်ကျင်းချင်၏ အမူအရာက တည်ငြိမ်နေသော်လည်း သူ့နဖူးထက်တွင် ချွေးစေးများ ပျံ့လျှက် ရှိသည်။

ယခင်က နတ်ဆိုးနယ်မြေနယ်စပ်တွင် ရင်ဆိုင်ခဲ့ဖူးသည့် နတ်ဆိုးများနှင့်ယှဉ်လျှင် ဤချို့နှင့်နတ်ဆိုးက အလွန်မှ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှသည်။

ဟယ်ရှန်းက …

"ကျွန်မ တိုက်ခိုက်ထားမယ်… မင်းသား အမြန်သွားတော့…"

နတ်ဆိုးက ချန်ကျင်းချင်ကို ခေါ်ဆောင်သွားမည်ကို ဟယ်ရှန်း လုံး၀ အဖြစ်မခံနိုင်ပေ။

နတ်ဆိုးနဂါးက မထီမဲ့မြင်တစ်ချက်ပြုံးလိုက်ပြီး ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ ထိုအခါ လေထုတစ်ခုလုံးက လှုပ်ခတ်တုန်ခါသွားလေသည်။

ဟယ်ရှန်းရော ချန်ကျင်းချင်ပါ "အခြေအနေမကောင်း" ဟု တွေးလိုက်မိကြသည်။

နတ်ဆိုး၏ တန်ခိုးစွမ်းအားက အလွန်မြင့်မားပြီး ထိုနတ်ဆိုး၏ ဝတ်ရုံစကိုပင်ထိအောင် သူတို့ တိုက်ခိုက်နိုင်မည် မဟုတ်ပေ။

ဟယ်ရှန်းချက်ချင်းပင် ချန်ကျင်းချင်ကို ဆွဲခေါ်လိုက်ပြီး ထူးဆန်းသည့် ခြေလှမ်းတစ်လှမ်းကို လှမ်းလိုက်သည်။

ထိုအချိန်မှာပင်... လေထုထဲတွင် အနက်ရောင်အလင်းတန်း တစ်ချက် လင်းလက်လာပြီး သူတို့နှစ်ယောက် ရှိနေသည့် မြေပြင်သည် အောက်ခြေမရှိသည့် ချောက်နက်ကြီးတစ်ခု အလား အက်ကွဲကြောင်းကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

ချန်ကျင်းချင်နှင့်ဟယ်ရှန်းသာ အနည်းငယ်နောက်ကျသွား လျှင် ထိုအက်ကွဲကြောင်းကြီးအတွင်းသို့ သေချာပေါက် ကျ ရောက်သွားပေလိမ့်မည်။

နတ်ဆိုးနဂါးက သူတို့ရှေ့မှ ပျောက်ကွယ်သွားပြီး ဟယ်ရှန်း ကတော့ ထူးဆန်းသည့် ခြေလှမ်းဖြင့် ဆက်လက်လှမ်းသွားနေ လေ၏။

သူမအသုံးပြုလိုက်သည့်ခြေလှမ်းပညာက ထူးဆန်းပြီး ခြေထောက်အောင်တွင် လေနှင့်မိုးကြိုးများထွက်ပေါ်လာပြီး လေထုတစ်ခုလုံးကို လှည့်ပတ်လျှက် ရှိလေသည်။

လေနှင့်မိုးကြိုးများကြားတွင် နတ်ဆိုးနဂါး၏ အသံက လေထဲ တွင် လွင့်မျောလာလေသည်။

"ကောင်မလေး... မင်းအသုံးပြုနေတာ ယွီခြေလှမ်းပညာပဲ ၊ မင်းရဲ့ဆရာက ယွီဧကရာဇ်နဲ့ တစ်ခုခု ပတ်သက်နေသလား..."

ဟယ်ရှန်းမှာ လွတ်မြောက်ရန် အပြင်းအထန်ကြိုးစားနေရ သည့်အတွက် စကားပြန်ပြောရန် အချိန်မရပေ။

ချန်ကျင်းချင်ကတော့ ဂါထာတစ်ပုဒ်ကို တီးတိုးရွတ်ဖတ် နေသည်။

ထို့နောက်… နတ်ဆိုးနဂါး၏ အသံပျောက်ကွယ်သွားပြီး လေထဲတွင် အဖြူရောင်အခိုးအငွေ့များဖြင့် ပြည့်နက်သွားလေသည်။

နတ်ဆိုးနဂါးက ရုတ်တရက် အဖြူရောင်အခိုးအငွေ့များကြားတွင်ထွက်ပေါ်လာပြီး သူ များအုံ့အားသင့်သွားလေသည်။ သူ့ထံသို့ ကြီးမားသည့်တောင်မြင့်ကြီးတစ်လုံး ဝင်ရောက်လာသောကြောင့် ဖြစ်၏။ နဂါးကြီးက တောင်ကြီးကို ချက်ချင်းပင် ရစ်ပတ်ထားလိုက်ပြီး တောင်ထိပ်မှ နဂါးခေါင်းကြီးက အောက်သို့ ငုံ့ကြည့်လိုက်သည်။

နတ်ဆိုးနဂါး၏ မျက်ဆံကြီးများမှာ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် တောက်ပနေပြီး သတ်ဖြတ်လိုသည့် အငွေ့အသက်များ ထွက်ပေါ်လျှက် ရှိသည်။

မလောက်လေးမလောက်စား ကောင်လေးနှင့် ကောင်မလေးက သူ့ကို ခုခံတိုက်ခိုက်နေသည့်အတွက် အလွန်အမင်းဒေါသထွက်နေပြီး သင်ခန်းစာပေးချင်နေမိသည်။

ထို့နောက် နဂါးကြီး၏ခန္ဓာကိုယ်ကြီး ရုတ်တရက် ကြီးထွားလာပြီး သူဝတ်ဆင်ထားသည့် အနက်ရောင်ဝတ်စုံက တစ်စစီပေါက်ကွဲထွက်သွားကာ ဝတ်စုံအပိုင်းအစများက ကောင်းကင်တစ်ခုလုံးသို့ ပျံ့ကျဲသွားလေသည်။

ကြီးမားသည့်နဂါးကြီးက တောင်ပူဆာတစ်လုံးပမာ ကောင်းကင်ထက်မှ လိမ့်ဆင်းလာလေသည်။ ထိုနဂါးကြီးထံမှ ကြောက်မက်ဖွယ်ရာအငွေ့အသက်များထွက်ပေါ်လာပြီး အဖြူရောင်အခိုးအငွေ့များအားလုံးကို တစ်ချက်ထဲဖြင့် ဖယ်ရှားပျောက်ကွယ်စေလိုက်သည်။

တစ်ချိန်တည်းမှာပင် နဂါးကြီးထံမှ ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားများထွက်ပေါ်လာပြီး လေထုတစ်ခုလုံး ပြိုကျပျက်စီးသွားလေတော့သည်။

အခန်း (၉၆၅) ထိုက်ယိကိုယ်ခွဲ

ချန်ကျင်းချင်လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး သူ၏လက်ဖဝါးများမှ သွေးများစီးကျနေလေသည်။

သူက ကျိုးထျန်းရွှမ်နီပေးသည့် ကျမ်းစာထဲမှ အစွမ်းအထက်ဆုံးတန်ခိုးစွမ်းအားတစ်ခုဖြစ်သည့် တောင်များကိုရွှေ့ပြောင်းသည့် တန်ခိုးစွမ်းအားကို အသုံးပြုလိုက်ခြင်း ဖြစ်သည်။

သို့တိုင်အောင်... နတ်ဆိုးနဂါးနှင့် ယှဉ်ပြိုင်နိုင်ခြင်း မရှိပေ။

သူ၏တာအိုနှလုံးသားထဲတွင် အက်ကြောင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

လွန်ခဲ့သည့်နှစ်များက သူ ကျင့်ကြံခြင်းသိပ်ပြီး မပြုလုပ်ဖြစ်ခဲ့ပေ။ ယခုကဲ့သို့သာ တိုက်ခိုက်ရမည်ကိုသာ သိခဲ့ပါက သူ့အနေဖြင့် ကြိုးစားပြီး ကျင့်ကြံမိမည် ဖြစ်သည်။

ထိုအချိန်မှာပင်... ချန်ကျင်းချင်၏ သန့်စင်သည့်နှလုံးသားထဲမှ ဝိညာဉ်မျိုးစေ့တစ်ခုက အပင်တစ်ခုပမာ တဖြည်းဖြည်းရှင်သန်ကြီးထွားလာလေသည်။

ထိုဝိညာဉ်မျိုးစေ့ ရှင်သန်ကြီးထွားလာသည့်အခါ ငယ်စဉ်ကပင် အမှတ်ရနေခဲ့သည့် တာအိုဆရာလူငယ်၏ ပုံရိပ်က တဖြည်းဖြည်း အားနည်းမှေးမှိန်သွားသည်။

တစ်ချိန်တည်းမှာပင် ခမ်းနားကြီးမြတ်သည့် စွမ်းအားတစ်ခုက သူ၏စိတ်ဝိညာဉ်အတွင်းမှ မိုးကြိုးတိမ်တိုက်များအလား

ထွက်ပေါ်လာပြီး ရေများစီးဆင်းဝင်ရောက်လာသည့်အလား တန်ခိုးစွမ်းအားများ ထွက်ပေါ်လာကာ လျှပ်တပြက်အတွင်း သူ့တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားလေသည်။

ချန်ကျင်းချင်၏ဘေးနားတွင် ရပ်နေသည့် ဟယ်ရှန်းမှာ ချန်ကျင်းချင်၏ ခန္ဓာကိုယ်မှ ရုတ်တရက် တန်ခိုးစွမ်းအားများ မြင့်မားလာသည့်အတွက် နားမလည်နိုင် ဖြစ်သွားရသည်။

ထိုအချိန်… ဘုရင့်နေပြည်တော်ရှိ အနက်ရှိုင်းဆုံးနေရာတစ်ခုတွင် အဆုံးမရှိသည့် နဂါးသွေးကြောကြီး တည်ရှိလေသည်။

ထိုနဂါးသွေးကြောများထဲတွင် ကြည်လင်သည့်အခိုးအငွေ့တစ်ခု ထွက်ပေါ်လာလေ၏။

ထိုအခိုးအငွေ့က နဂါးသွေးကြော၏ အသက်ဓာတ်စွမ်းအားသိပ်သည်းမှု အနှစ်သာရအတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

အစပထမတွင် လက်သည်းခွံမျှသာ သေးငယ်သော ကြည်လင်သည့် အခိုးအငွေ့များသည် ချက်ချင်းပင် ပေပေါင်းတစ်သောင်းခန့်ရှည်လျားသွားပြီး နဂါးသွေးကြောမှာ တကယ့်နဂါးကြီးတစ်ကောင် ပုန်းအောင်းနေသည့်အလား အသက်ဝင်လာတော့သည်။

ထို့နောက် ကြည်လင်သည့်အခိုးအငွေ့များသည် မြေအောက်စိမ့်စမ်းရေနှင့်အတူ ဖြည်းညင်းစွာ စီးဆင်းသွားပြီး ဘုရင့်နန်းတော်ထဲတွင် ထိုင်နေသည့် ဘုရင်မကြီး၏ခန္ဓာကိုယ်ရှိရာသို့ ဝင်ရောက်သွားလေသည်။

ဘုရင်မကြီး၏ တစ်သိန်းနှစ်သောင်းကိုးထောင်ခြောက်သော သွေးကြောဆုံချက်နေရာများမှာ ချက်ချင်းပင် ကြယ်စင်များကဲ့သို့ လင်းလက်တောက်ပလာပြီး အလင်းတန်းများက ဗလာနယ်ထဲမှ ကြယ်စင်များဖြင့် ချိတ်ဆက်သွားသည်။

နတ်ဆိုးနယ်မြေ နယ်စပ်တွင်တော့… ချန်ကျင်းချင်ဂါထာရွတ်ကာ ဆင့်ခေါ်ထားသည့် တောင်မြင့်ကြီးမှာ နတ်ဆိုးနဂါးလက်ချက်ဖြင့် တစ်စစီ ကွဲကြေသွားပြီ ဖြစ်သည်။

ကောင်းကင်ထက်မှ နတ်ဆိုးနဂါးကြီးက ကြုံးဝါးသံများပြုပြီး ချန်ကျင်းချင်ရှိရာသို့ ဦးတည်ဆင်းသက်လာလေသည်။

ချန်ကျင်းချင်၏ ခန္ဓာကိုယ်မှာ ရုတ်တရက် ဖန်သားအလားလင်းလက်တောက်ပလာပြီး သူ၏ သွေးကြောဆုံချက်နေရာများက ကြယ်စင်များအလား တောက်ပလျှက် ရှိသည်။

သေသေချာချာ ရေတွက်ကြည့်မည်ဆိုလျှင် သွေးကြောဆုံချက်နေရာပေါင်း တစ်သိန်းနှစ်သောင်းကိုးထောင်ခြောက်ရာရှိသည်ကိုတွေ့ရှိနိုင်မည် ဖြစ်လေ၏။

ထိုခဏမှာပင် သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အဆုံးမရှိသည့်နဂါးစွမ်းအားများဖြင့် ရစ်ပတ်ခံလိုက်ရပြီး သူ၏ခန္ဓာကိုယ်ထဲ

မတွင် ဒီရေအလားမြင့်တက်လာသည့် တန်ခိုးစွမ်းအားများမှာ နဂါးစွမ်းအားများကြောင့်သန့်စင်ပြီးသား ဖြစ်သွားလေသည်။ ချန်ကျင်းချင် သတိလစ်လဲကျလုမတတ်ဖြစ်သွားပြီး သူ၏ခန္ဓာကိုယ်မှာ သွေးမှုံသွေးစများအဖြစ် ပေါက်ကွဲထွက်သွားတော့မည့်အလား ခံစားလိုက်ရသည်။

နတ်ဆိုးနဂါးက ချန်ကျင်းချင်၏ တန်ခိုးစွမ်းအားများ ရုတ်တရက်ပြောင်းလဲသွားသည်ကိုသတိပြုလိုက်မိသည်။ ရန်သူထံမှ ထွက်ပေါ်နေသည့် နဂါးစွမ်းအားများက အလွန်သန့်စင်ကြောင်း သတိပြုလိုက်မိပြီး အံ့သြခြင်းမက အံ့သြသွားရ၏။

နဂါးစွမ်းအားများက နက်ရှိုင်းပြီး မရပ်တန့်နိုင်ပေ။ အလွန်မှလည်း ဆွဲဆောင်မှုနှင့် ပြည့်ဝလျှက် ရှိသည်။

တစ်ချိန်တည်းမှာပင် ချန်ကျင်းချင်သည် သူ့လက်ထဲတွင်

တံဆိပ်တော်တစ်ခုကို ဖန်ဆင်းလိုက်ပြီး သူ၏ခန္ဓာကိုယ်တစ်ခု

လုံးမှ နတ်ဘုရားအလင်းတန်းများ ထွက်ပေါ်လာလေသည်။

အလင်းတန်းများအောက်တွင် သူ၏ခန္ဓာကိုယ်က ဖန်သား

အလားကြည်လင်နေပြီး သွေးများလှည့်ပတ်စီးဆင်းနေသံမှာ

မြစ်တစ်စင်းစီးဆင်းနေသည့်အလားပင် ထင်မှတ်ရသည်။

နတ်ဆိုးနဂါး၏ နက်ရှိုင်းသည့်မှတ်ဉာဏ်ထဲတွင် တစ်စုံတစ်ခု

ကို စဉ်းစားလိုက်မိသည်။

အဆုံးမရှိအလင်းတန်းများဖြင့် တောက်ပနေသည့်လူငယ်သည်

လောကကို လွှမ်းမိုးနိုင်စွမ်းဖြင့် အပြည့်ရှိနေလေသည်။

"ပထမမိုးနတ်မင်းရဲ့လမ်းစဉ်..."

နတ်ဆိုးနဂါးရေရွတ်လိုက်သည်။

ချန်ကျင်းချင်၏ခန္ဓာကိုယ်မှ စီးဆင်းထွက်ပေါ်နေသည့် တန်ခိုး

စွမ်းအားအငွေ့အသက်များမှာ မည်သည့်တန်ခိုးစွမ်းအားများ

ဖြစ်သည်ကို နတ်ဆိုးနဂါး မှတ်မိသတိရသွားခဲ့ပြီ ဖြစ်သည်။

ထိုတန်ခိုးစွမ်းအားများမှာ ပထမမိုးနတ်မင်း၏ လမ်းစဉ်ကို

ကိုယ်စားပြုသည့် တန်ခိုးစွမ်းအားဖြစ်လေသည်။

ရှေးခေတ်အချိန်အခါတွင် အသန်မာဆုံးခန္ဓာကိုယ်ရရှိအောင်

ကျင့်ကြံနိုင်သည်ဆို၍ ပထမမိုးနတ်မင်း၏ လမ်းစဉ်သာရှိပြီး

အလွန်လည်း တန်ခိုးစွမ်းအား မြင့်မားလှသည်။

ပထမမိုးနတ်မင်း၏ လမ်းစဉ်သို့ လိုက်ပြီး နက်နက်ရှိုင်းရှိုင်း

ကျင့်ကြံပါက လူသားဖန်ကူအလံဟု ဆိုရလောက်အောင်

တန်ခိုးစွမ်းအား မြင့်မားလာနိုင်မည် ဖြစ်သည်။

သူ့ရှေ့မှ နတ်ဆိုးနဂါးကြီးကို ချန်ကျင်းချင် ကြောက်ရွံ့

ထိတ်လန့်ခြင်း မရှိတော့ပေ။ သူ့ကိုယ်ထဲမှ တန်ခိုးစွမ်းအား

မည်မျှပြင်းထန်သည်ကို နောက်ဆုံးတော့ သိရှိသွားပြီ ဖြစ်လေသည်။

ထို့နောက် သူ့လက်ထဲတွင် ဖန်ဆင်းထားသည့် တံဆိပ်တော်ဆီသို့ သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှ တန်ခိုးစွမ်းအားများကို စီးဝင်စေလိုက်သည်။

ထိုအခါ... တံဆိပ်တော်မှ အလင်းရောင်များဖြာထွက်လာပြီး အသက်ဓာတ်စွမ်းအားများ ပေါက်ကွဲထွက်သွားကာ မီးတောက်ပေါက်ကွဲသည့်အလား နတ်ဆိုးနဂါးရှိရာသို့ ဝင်ရောက်သွားလေတော့သည်။

ကြီးမားသည့်ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ပေါ်သွားပြီး မြေပြင်တစ်ခုလုံး ကြေမွပျက်စီးသွားလေသည်။

နတ်ဆိုးနယ်မြေ၏ ဝင်ပေါက် ၊ ထွက်ပေါက်ဖြစ်သည့် ချောက်ကမ်းပါးကြီး ပျောက်ကွယ်သွားပြီး အတွင်းထဲမှ မိစ္ဆာစွမ်းအားများသည်ပင် ပျောက်ကွယ်သွားရသည်။ နတ်ဆိုး

နယ်မြေအတွင်းမှ နတ်ဆိုးဘုရင်မ၏ နန်းတော်ကိုပင် ထင်

ထင်ရှားရှား တွေ့မြင်လိုက်ရသည်။

'ချိ' သူမ၏ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ ထို့နောက်

နတ်ဆိုးနယ်မြေမှ အလင်းတန်း (၂)ခု ကို ပစ်လွှတ်လိုက်သည်။

ချန်ကျင်းချင်က ချက်ချင်းပင် လက်ကိုဆန့်ထုတ်ပြီး ထို

အလင်းတန်း (၂)ခုကို ရိုက်ချလိုက်လေသည်။

ချန်ကျင်းချင်၏ လက်ဖဝါးထက်မှ ထွက်ပေါ်နေသည့် တန်ခိုး

စွမ်းအားများက လင်းလက်တောက်ပလျှက် ရှိသည်။

ချန်ကျင်းချင်၏ ခန္ဓာကိုယ်က မြင့်မြတ်လှသည့် တန်ခိုး

စွမ်းအားများကြားတွင် နစ်မြုပ်နေပြီး သူ့နှုတ်ခမ်းထောင့်စွန်း

များက ကွေးညွှတ်ပြီး ပြုံးယောင်သမ်းနေသည်။

သူ၏ပုံစံက နတ်ဆိုးဘုရင်မ 'ချိ' ထက်ပင် အေးစက်နေ

သေး၏။

သူက အရာအားလုံးကို မထီမဲ့မြင်ပြုနေဟန် ရှိသော်လည်း သူ၏မျက်ဝန်း နက်ရှိုင်းမှုတစ်နေရာတွင် နူးညံ့သိမ်မွေ့မှုများက နေရာယူလျှက်ရှိသည်။

ရုတ်တရက် ချန်ကျင်းချင် မယုံကြည်စရာကောင်းလောက်အောင်ပြောင်းလဲသွားလေရာ ဟယ်ရှန်း မည်သို့မှ လက်မခံနိုင်ဖြစ်နေရသည်။ ထို့ပြင် အဘယ့်ကြောင့် လောကကိုတုန်လှုပ်စေသည့် တန်ခိုးစွမ်းအားများ ချန်ကျင်းချင်ထံမှ ထွက်ပေါ်လာရသည်ကို ဟယ်ရှန်း နားမလည်နိုင်သေးပေ။

ချန်ကျင်းချင်ထံမှ ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားများက အလွန်အန္တရယ်ကြီးကြောင်း သူမ ခံစားနေရသည်။

တစ်ချိန်တည်းမှာပင်... သူမ၏နက်ရှိုင်းသည့်နှလုံးသားထဲတွင် ချန်ကျင်းချင်ကို အလွန်လည်း လေးစားအားကျသွားမိသည်။

နတ်ဆိုးဘုရင်မ 'ချိ' က သူမ၏ တန်ခိုးစွမ်းအားများကို ဖြည်းဖြည်းချင်း ပြန်လည် ရုတ်သိမ်းလိုက်လေသည်။

ထို့နောက် သူမခန္ဓာကိုယ်ပတ်ဝန်းကျင်မှ ထွက်ပေါ်နေသည့် မိစ္ဆာတိမ်တိုက်များကို ပြန်လည် သိမ်းဆည်းလိုက်သည်။

သူမ ကျင့်ကြံနေသည်ကို လာရောက်နှောက်ယှက်သည့် ထို ပုဂ္ဂိုလ်နှင့် ကျိန်းသေ သွားရောက်ရင်ဆိုင်ရပေလိမ့်မည်။

ချန်ကျင်းချင်၏ နူးညံ့သိမ်မွေ့သည့်မျက်ဝန်းများက ရေလှိုင်း များထသည့်အလား တစ်ချက်လှုပ်ခတ်သွားလေသည်။

သူ၏မျက်နှာထက်မှ အေးစက်သည့်အပြုံးသည်လည်း တဖြည်းဖြည်းပျောက်ကွယ်သွား၏။

ထို့နောက် ချန်ကျင်းချင်က လက်ညှိုးလက်ခလယ် လက် (၂)ချောင်းဖြင့် သူ၏ မျက်ခုံး (၂)ခုကြားသို့ ထိလိုက်လေရာ သူ၏မျက်ဝန်းများဆီမှ နူးညံ့သိမ်မွေ့မှု အငွေ့အသက်များ အားလုံး ပျောက်ကွယ်သွားလေတော့သည်။

ထို့နောက် နတ်ဆိုးဘုရင်မ 'ချီ' သူ့ရှေ့သို့ မရောက်လာခင်မှာပင် ချန်ကျင်းချင် နေရာမှ ပျောက်ကွယ်သွားလေတော့သည်။

နတ်ဆိုးဘုရင်မ 'ချိ' နတ်ဆိုးနယ်မြေမှ ထွက်လာသည်နှင့်
စောစောက ပျောက်ကွယ်သွားသည့် ချောက်ကမ်းပါးကြီး အ
ရင်အတိုင်း ပြန်လည်ဖြစ်ပေါ်လာလေသည်။
နတ်ဆိုးနဂါးမှာတော့ မြေပြင်ထက်တွင် လဲကျနေလေ၏။
'ချိ' က လက်နှစ်ချောင်းဖြင့် နတ်ဆိုးနဂါးကို ထိုးညွှန်လိုက်လေ
ရာ ပြန်လည်အသက်ရှင်သန်ပြီး သတိဝင်လာသည်။
နတ်ဆိုးနဂါးက ချက်ချင်းပင် 'ချိ' ကို ကုန်းကန်တော့လိုက်ပြီး
ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောလေ၏။ ယနေ့ သူ သေ
လောက်အောင် ကြောက်မက်ဖွယ်ရာ တိုက်ပွဲနှင့် ရင်ဆိုင်ခဲ့ရ
လေရာ သူ့နှလုံးသားတစ်ခုလုံး ကြောက်စိတ်ဖြင့် ပြည့်လျှက်ရှိ
လေသည်။
'ချိ' က ဟယ်ရှန်းကိုစိုက်ကြည့်နေပြီး ဟယ်ရှန်းကလည်း သူမ
ကို ပြန်စိုက်ကြည့်နေလေသည်။

ဟယ်ရှန်းမှာ ရေခဲဂူတစ်ခုအတွင်းတွင် ပိတ်မိနေသည့်အလား တစ်ကိုယ်လုံး အေးစက်လျှက်ရှိသည်။

ထိုအချိန် ဟယ်ရှန်း၏ခန္ဓာကိုယ်ထဲမှ နူးညံ့သည့်စွမ်းအားတစ်ခု ထွက်ပေါ်လာပြီး သူမ တစ်ကိုယ်လုံးကို လွှမ်းခြုံနေသည့် အေးစိမ့်မှုများ ပျောက်ကွယ်သွားသည်။

လေထုတစ်ခုလုံးရပ်တန့်သွားသည့်အလား ခံစားလိုက်ရပြီး ဟယ်ရှန်း သူမ၏ခန္ဓာကိုယ်ကို မထိန်းချုပ်နိုင်တော့ပေ။

ထို့နောက် ... သူမ၏ပါးစပ်မှ စကားသံများထွက်ပေါ်လာလေသည်။

"မင်းရဲ့ တိုးတက်မှုက ကျုပ်ထင်တာထက်တောင် မြန်နေတာပဲ..."

'ချီ' ၏ မျက်နှာက အေးစက်နေဆဲ ဖြစ်သော်လည်း လေသံက အလွန်ပင် နူးညံ့ပျော့ပြောင်းလျှက် ရှိသည်။

"ဆရာဆန်းလျန်... ဒါတွေအားလုံးက ဆရာ့ ကျေးဇူးတွေကြောင့်ပါ..."

သူမရှေ့တွင်တွေ့မြင်နေရသည်မှာ ဟယ်ရှန်းဖြစ်သော်လည်း ဆန်းလျန်က ဟယ်ရှန်းခန္ဓာကိုယ်ကို ခေတ္တဝင်ပူးထားသည်ကို 'ချို' ကောင်းကောင်းသိလိုက်သည်။

ထိုအခါမှ ဟယ်ရှန်းမှာလည်း သူမ၏ခန္ဓာကိုယ်ကို ဆန်းလျန်က ခေတ္တယူသုံးထားခြင်းဖြစ်ကြောင်း သဘောပေါက်သွားလေတော့သည်။

ဆရာဖြစ်သူ ဆန်းလျန်၏ တန်ခိုးစွမ်းအားများက ခန့်မှန်းနိုင်သည်ထက်ပိုပြီး မြင့်မားလွန်းသည်ကို ဟယ်ရှန်း တွေးနေဆဲမှာပင် သူမ၏ ပါးစပ်ကတော့ စကားများ ဆက်ပြောလျှက် ရှိလေသည်။

"ကျုပ်ရဲ့လမ်းစဉ်က အရာအားလုံးကို သိမြင်နိုင်စွမ်းရှိတယ်၊ ဒါပေမဲ့ ဖြစ်လာတဲ့အဖြစ်အပျက်တွေက ကျုပ်တွေးတာထက်

ကို ကျော်လွန်နေတယ်၊ ပထမမိုးနတ်မင်းက ကျုပ်တပည့်ချန်ကျင်းချင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ပြန်ပြီး မွေးဖွားလာခဲ့တယ်၊ သူ့ကိုဖမ်းဖို့ ကျုပ် ခြေတစ်လှမ်းနောက်ကျသွားပြီ..."

ဟယ်ရှန်း၏အသံက အလွန်တည်ငြိမ်နေသော်လည်း အနည်းငယ်ဒေါသထွက်နေသည့် အရိပ်အယောင်ပါရှိလေသည်။

'ချီ' စကားမပြောတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေမိသည်။

ဟယ်ရှန်း၏ ခန္ဓာကိုယ်ကို ပူးဝင်အသုံးပြုထားသည့် ဆန်းလျန်က စကားဆက်ပြောလိုက်သည်။

"ကျုပ်သွားတော့မယ်..."

'ချီ' က...

"ဆရာဆန်းလျန်၊ ကျွန်မကို ပြောစရာတစ်ခုခုများရှိသေးလား..."

ဆန်းလျန်က...

"မရှိတော့ဘူး..."

ထို့နောက်... ဟယ်ရှန်း၏ခန္ဓာကိုယ် ရုတ်တရက် ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။

နူးညံ့သည့်စွမ်းအားက သူမ၏ခန္ဓာကိုယ်တစ်ခုလုံးကို သန့်စင်ပေးလိုက်သည့်အလား ဖြစ်လေသည်။ သူမ၏ တန်ခိုးစွမ်းအားနှင့် ကျင့်ကြံခြင်းအဆင့် မြင့်တက်လာခြင်း မရှိသည့်တိုင် အသစ်ပြန်လည်မွေးဖွားလာသည့်အလား ခံစားလိုက်ရသည်။

ဤသည်မှာ ဆရာဆန်းလျန် သူမကိုပေးသည့် အကျိုးကျေးဇူးဖြစ်ကြောင်း ဟယ်ရှန်း ချက်ချင်းသိလိုက်သည်။

သူမ ရင်ထဲမှကြိတ်ပြီး ဝမ်းသာသွားသည်။ သို့သော်... ဆရာဖြစ်သူ ခဏအတွင်း မည်သည့်နေရာသို့ ထွက်ခွာသွားသည်ကို မသိလိုက်ရဘဲ ဆရာဖြစ်သူနှင့် မတွေ့ဆုံလိုက်ရသည့်အတွက် စိတ်မကောင်း ဖြစ်မိသည်။

'ချီ' က ဟယ်ရှန်း တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"နင် ငါ့ရှေ့မှာ နောက် ဘယ်တော့မှ ပေါ်မလာနဲ့..."

ပြောပြီးသည်နှင့် သူမ ချက်ချင်းလှည့်ထွက်သွားလေသည်။

နတ်ဆိုးနဂါးက သူမနောက်မှ ကုတ်ကုတ်ကလေး လိုက်ပါသွား လေ၏။

ပတ်ဝန်းကျင်တွင် အေးစက်သည့်လေစိမ်းများတိုက်ခတ်လျှက် ရှိသည်။ လေစိမ်းများက ဓားသွာအလား ကြမ်းတမ်းစူးရှလွန်း သည်။ သို့သော်... ဟယ်ရှန်း မည်သည့်နေရာသို့ သွားရမည် မ သိပေ။

ကျိုးထျန်းရွှမ်နှီစေခိုင်းသည့်အလုပ်ကို သူမ ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့ပြီးပြီ ဖြစ်သည်။

သို့သော်... ချန်ကျင်းချင်၏ ခန္ဓာကိုယ်တွင် ဖြစ်ပေါ်သွားသည့် အပြောင်းအလဲများနှင့် ယနေ့ ဆရာဖြစ်သူဆန်းလျန် ပြော သည့်စကားများကို နားထောင်ပြီးနောက် သူမ၏စိတ်ထဲတွင် လမ်းပျောက်နေမိသည်။

ယနေ့ဖြစ်ရပ်များမတိုင်ခင်က တည်ရှိခဲ့သော ဆရာတူအစ်ကို ချန်ကျင်းချင်ကို ပြန်လည်ရယူနိုင်ပါဦးမည်လားဟု ဟယ်ရှန်း တွေးနေမိလေတော့သည်။

....

ချန်ကျင်းချင် နေရာမှ ပျောက်ကွယ်သွားသည့်အချိန်မှာပင် ဘုရင့်နန်းတော်ထဲတွင် ထိုင်နေသည့် ဘုရင်မကြီးလည်း ပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှာပင်... ဘုရင်မကြီး ပျောက်ကွယ်သွားရာနေရာတွင် ထူးဆန်းသည့် အခိုးအငွေ့တစ်ခု ထွက်ပေါ်လာလေသည်။

မည်သူမှ မရှိတော့သည်ကို သိရှိလိုက်သည့်အခါ ထိုအခိုးအငွေ့သည် လူစောယိ၏ နေအိမ်သို့ ရောက်ရှိလာလေ၏။

ထို့နောက် ... ထိုအခိုးအငွေ့များက ဆန်းလျန်အဖြစ်သို့ ပြောင်းလဲသွားသည်။

သူ၏ခန္ဓာကိုယ်က တာအိုတန်ခိုးစွမ်းအားများနှင့် ပြည့်နေပြီး သူ့ကိုကြည့်ရသည်မှာ ရာသီလေးပါးစလုံး လှုပ်ရှားပြောင်းလဲနေသည့်အလား ထင်မှတ်ရသည်။

ဤသည်မှာ ဆန်းလျန်၏ "ထိုက်ယိကိုယ်ခွဲ" ဖြစ်လေ၏။

ထိုက်ယိသည် လောကတစ်ခွင်၏ ပြောင်းလဲမှုများနှင့် ဆက်စပ်ပတ်သက်နေလေသည်။ ထို့ကြောင့် ဆန်းလျန်ကို ကြည့်ရသည်မှာလည်း အစဉ်အမြဲပြောင်းလဲနေဟန် ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

ထိုက်ယိသည် ယိလမ်းစဉ်ကို အခြေခံထားခြင်း ဖြစ်သည်။

သို့သော်... ယခုတစ်ကြိမ်တွင်တော့ ဆန်းလျန်၏ တွက်ချက်မှုက မှားယွင်းသွားခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်က...

"အကုန်ရှုတ်ကုန်ပြီ၊ ပထမမိုးနတ်မင်းက ကျင်းချင်ရဲ့ ခန္ဓာကိုယ်ထဲမှာ ပြန်လည်မွေးဖွားလာတယ်..."

လူစောယိက ထိတ်လန့်စွာဖြင့်...

"ဘာတွေဖြစ်ကုန်လို့လဲ..."

လူစောယိက ရှေ့မီနောက်မီတစ်ယောက်ဖြစ်လေရာ ပထမမိုးနတ်မင်း မည်မျှတန်ခိုးစွမ်းအားမြင့်မားပြီး ကြောက်မက်ဖွယ်ရာဖြစ်သည်ကို အသိဆုံးဖြစ်သည်။

ဆန်းလျန်က...

"တကယ်တော့ ပထမမိုးနတ်မင်းက အချိန်ရေစီးကြောင်းထဲမှာ တစ်ခါတည်း အပြတ်ရှင်းခံခဲ့ရပြီးပြီ ၊ ဒါပေမဲ့ သူ့ကို ကယ်တင်နိုင်မယ့်အရာ တစ်ခုတော့ရှိတယ် ၊ အဲဒါက မိုးကောင်းကင်လမ်းစဉ်ပဲ ၊ ကျုပ်က မိုးကောင်းကင်ရဲ့ဆန္ဒကို ပြောင်းပြန်လှန်ပစ်ခဲ့တယ် ၊ ဒါပေမဲ့ ရလဒ်က သိပ်မပြည့်စုံဘူး ၊ ဖြစ်နိုင်ချေတွေနဲ့ ပြောင်းလဲမှုတွေအားလုံးကို ကျုပ် မထိန်းချုပ်နိုင်ခဲ့ဘူး ၊ ဒီတော့ မိုးကောင်းကင်လမ်းစဉ်က ပထမမိုးနတ်မင်းရဲ့ ဝိညာဉ်ကို ကျင်းချင်ရဲ့ခန္ဓာကိုယ်ထဲကို ထည့်လိုက်တယ် ၊

တိတိကျကျပြောရရင် ကျင်းချင်ရဲ့အတိတ်က အစ

ကတည်းက ပြောင်းလဲပြီးသားလေ ၊ ဒီတော့ သူက အစ

ကတည်းက ပထမမိုးနတ်မင်းရဲ့ ဝိညာဉ်နဲ့ လူပြန်ဝင်စားလာခဲ့

တာပဲ ၊ ကြည့်ရတာ မိုးကောင်းကင်လမ်းစဉ်က သမိုင်းကြောင်း

ကို ပြောင်းလဲထားလိုက်ပြီထင်တယ် ၊ အဲဒါ... တော်တော်ဆိုး

တာပဲ ၊ ဘာလို့လဲဆိုတော့ ကျုပ်က အချိန်စီးကြောင်းကို ဖြတ်

တောက်ပစ်ခဲ့တော့ အခု အစစ်ဆေးခံရတဲ့ ဘေးအန္တရာယ်ကပ်

ဆိုးကြီးနဲ့ ထပ်ပြီး ရင်ဆိုင်ရဦးမလားမသိဘူး"

ဆန်းလျန်က အတိတ်ကို ဖြတ်တောက်ခဲ့ပြီး သူနှင့်ပတ်သက်

သည့် အကျိုးအကြောင်းအားလုံးကို ဖြတ်တောက်ခဲ့သည်။

ထို့ပြင် ချန်ကျင်းချင်က သူဖြတ်တောက်ခဲ့သည့် အတိတ်

ရေစီးကြောင်းကာလမှ တည်ရှိမှု တစ်ခု ဖြစ်လေသည်။

ထိုအချက်ကို အသုံးပြုကာ မိုးကောင်းကင်လမ်းစဉ်က ပထမ မိုးနတ်မင်း၏ ဝိညာဉ်ကို ချန်ကျင်းချင်ခန္ဓာကိုယ်ထဲ ထည့်သွင်း လိုက်နိုင်ခြင်း ဖြစ်ဟန်တူသည်။

ထို့ပြင်... ချန်ကျင်းချင်ကို လူပြန်ဝင်စားစေသည့်အခါ လက်ရှိ အချိန်ရေစီးကြောင်းကို အတိတ်အချိန်ရေစီးကြောင်းဖြင့် ပေါင်းစပ်လိုက်သလို ဖြစ်သွားပြီး သူရင်ဆိုင်ရမည့် ဘေးအန္တ ရာယ်ကပ်ဆိုးကြီး ပြန်လည်ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာ နိုင်သည်။

မိုးကောင်းကင်လမ်းစဉ်က အတိတ် ၊ အနာဂတ်နှင့် ပစ္စုပ္ပန်ကို ပြန်လည်ပေါင်းစပ်နိုင်ခဲ့လျှင် အလွန်ပင် စွမ်းအားကြီးမားမည် ဖြစ်သည်။

ဆန်းလျန်က ရှန်းထျန်းဝူထိုက်ကို ကျင့်ကြံအောင်မြင်ခဲ့ပြီး ကိုယ်ခွဲ (၅)ခုအထိ ထုတ်ဖော်အသုံးပြုနိုင်သည့်တိုင်

တကယ်တမ်းပျက်စီးမည့်ဘေးကြုံရလျှင် လွတ်မြောက်ရန်

ခက်ခဲနိုင်သည်။

မိုးကောင်းကင်ဆန္ဒသည် ဓားတစ်လက်အလား ဆန်းလျှန်ကို

အတော်လေး ခြိမ်းခြောက်နိုင်စေနိုင်သည်။

ထို့ပြင်... ယခု ဆန်းလျှန်၏ ခန္ဓာကိုယ်ကလည်း အတိတ်မှ

ရောက်ရှိလာသည့် ခန္ဓာကိုယ် ဖြစ်သည်။

သူ အတိတ်တစ်ချိန်က တိုက်ပွဲတွင် ရှုံးနိမ့်ပြီး ပျက်စီးသေဆုံးခဲ့

ရသည်ဆိုဦးတော့ ယခုတစ်ကြိမ်တွင်တော့ အသက်မသေလျှင်

တောင်မှ မျော့မျော့သာလျှင် ကျန်ခဲ့မည်မှာ သေချာသလောက်

ရှိသည်။

....

"မိုးကောင်းကင်ရဲ့ဆန္ဒက စစ်တုရင်ကစားနေတာပဲ ၊ ပထမမိုး

နတ်မင်းက သူ့ရဲ့နယ်ရုပ်တစ်ရုပ်ဖြစ်လာမယ်လို့ ကျွန်မ ထင်မ

ထားခဲ့ဘူး..."

ဤနေရာက ဗုဒ္ဓဒဏ္ဍာရီတွင် အမြင့်ဆုံးသော ကောင်းကင်ဘုံ

တစ်ခု ဖြစ်သည်။ အော်မီတော်ဖူဗုဒ္ဓ ကျင့်ကြံမှုပြုလုပ်ခဲ့သည့်

နေရာဖြစ်လေ၏။ ဤနေရာကို "အရောင်မဲ့ကောင်းကင်ဘုံ" ဟု

ခေါ်လေသည်။

ဘုရင်မကြီးနှင့် ပထမမိုးနတ်မင်းတို့က ဆန်းလျန် ရုတ်တရက်

လာရောက်ရှာဖွေခြင်း မပြုနိုင်ရန်အတွက် အရောင်မဲ့

ကောင်းကင်ဘုံတွင် လာရောက်ပုန်းအောင်းနေကြခြင်း

ဖြစ်သည်။

အထက်က စကားကို ပြောလိုက်သူမှာ ဘုရင်မကြီးဖြစ်လေ

သည်။

ချန်ကျင်းချင်၏ မျက်နှာထားက အေးစက်နေလေသည်။

သို့သော်... သူ၏မျက်ဝန်းများထဲတွင် နူးညံ့သိမ်မွေ့မှုများ

ပြန်လည်ထွက်ပေါ်လာလျှက် ရှိသည်။

ထိုနှုးညှံ့သိမ်မွေ့မှုများမှာ သူ့ဘဝအစပိုင်းတွင် သူ၏စိတ်ဝိညာဉ်၌ ဆန်းလျှန်ရိုက်နှိပ်ပေးခဲ့သည့် ဆန်းလျှန်၏ မူလဝိညာဉ်သင်္ကေတ ဖြစ်လေသည်။

ဟွင့်ယွမ်ဝူကျီအဆင့် ကျင့်ကြံသူတစ်ယောက်၏ မူလဝိညာဉ်သင်္ကေတကို သူ လုံးဝ ဖျောက်ဖျက်ပစ်နိုင်ခြင်း မရှိပေ။

ချန်ကျင်းချင်က...

"ကျုပ် ဆန်းလျှန်ကို မတိုက်ခိုက်ချင်ပါဘူး ၊ ဒါပေမဲ့ ရွေးခြယ်စရာမရှိဘူးလေ..."

ဘုရင်မကြီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မင်းမှာ ရွေးခြယ်စရာမရှိပေမယ့် ငါ့မှာတော့ ရွေးခြယ်ခွင့်ရှိတယ်လေ..."

"မင်းက မယ်တော်ဝမ်မူနေရာကို ဆက်ခံထားတဲ့သူပဲ... ၊ ကျုပ်နဲ့ပူးပေါင်းရင် မင်းအတွက် အကျိုးမယုတ်နိုင်ပါဘူး ၊ ဒီတော့ မင်းမှာလည်း ရွေးခြယ်စရာမရှိပါဘူးလေ..."

ချန်ကျင်းချင်က အေးစက်သည့်လေသံဖြင့် ပြောလိုက်သည်။

ဘုရင်မကြီးက နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း...

"ပထမမိုးနတ်မင်းရဲ့လမ်းစဉ်က ဒီလောက်ပြီးပြည့်စုံနေမယ်ဆိုရင် ငါက မယ်တော်ဝမ်မူရဲ့လမ်းစဉ်ကိုလိုက်ပြီး မယ်တော်ဝမ်မူနေရာကို ဆက်ခံခဲ့တာကို ဖြတ်တောက်ပစ်လိုက်တော့မယ်..."

ချန်ကျင်းချင်က တိုးတိတ်သည့်လေသံဖြင့်...

"ဒါက အမှန်တရားပဲလေ ၊ ဒါပေမဲ့ ဆန်းလျန်က မင်းကိုမှ ဘုရင် မဖြစ်စေချင်တာ ၊ အဲဒါ သူ့ရဲ့မဟာအမှားကြီးပဲ ၊ မဟုတ်ရင် ကျုပ် ဒီလောကမှာ ပြန်လည်မွေးဖွားလာနိုင်မှာတောင် မဟုတ်ဘူး..."

ဘုရင်မကြီး၏မျက်နှာမဲမှောင်သွားပြီး...

"အမှန်ပဲ ... ၊ အဲဒါသူ့ရဲ့ မဟာအမှားကြီးပဲ..."

***

"ကျုပ်ရဲ့ 'ယိ' လမ်းစဉ်က အရာအားလုံးကို လွယ်လွယ်နဲ့ သိမြင်နိုင်စွမ်းရှိတယ် ၊ ဒါပေမဲ့ ကျုပ် သတိမမူလိုက်မိဘူး ၊ လူ

တွေရဲ့စိတ်ဆိုတာ အမြဲတမ်းပြောင်းလဲနေတတ်တာပဲ မဟုတ်လား၊ မယ်တော်ဝမ်မူတော့ ကျုပ်ကို မုန်းတီးနေလောက်ပြီ..."

ဆန်းလျန် လူစောယိကို ပြောလိုက်လေသည်။

အခန်း (၉၆၆) တံတိုင်း (၃)ခု၊ သတ္တဝါ (၄)ကောင်၊

လမ်းကြောင်း(၂၈)ဖြာ

လူစောယိကဆန်းလျန်ပြောသည့်စကားများကို နားထောင်ပြီးသည်နှင့် ရှေ့နောက် ကျိုးကြောင်းညီညွတ်စွာ စဉ်းစားလိုက်သည်။

ပြီးမှ...

"ဒီလိုဖြစ်လာမှတော့ စကားတွေပြောနေလို့ အသုံးမဝင်တော့ဘူး ၊ ချင်းရှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်တစ်ယောက်က ဘယ်လိုဖြစ်လို့ တခြားသူတစ်ယောက်ဝင်ပူးလို့ရတဲ့ အခွံဖြစ်သွားရတာလဲ ၊ အဲဒီလူက သုံးလောကနဲ့ လူပြန်ဝင်စားခြင်းဘုံ (၆)ဘုံကို အစိုးရတဲ့ ပထမမိုးနတ်မင်းဖြစ်ဦးတော့ မင်းက အရာအားလုံးကို သိမြင်နိုင်တဲ့ ဆန်းလျန်ပဲလေ ၊ မင်းဆီက ဘာတွေများ ဖုံးကွယ်ထားလို့ ရနိုင်မှာလဲ ၊ ပြီးတော့ ကျင်းချင်လူပြန်မဝင်စားခင်နဲ့ ဝင်စားပြီးတဲ့အချိန်ထိ ကျုပ်တို့တွေ တစ်ဆင့်ပြီးတစ်ဆင့် စမ်းသပ်ခဲ့ကြတာပဲ ၊ အခုအတိုင်းဆို ကျင်းချင်ကို ကျုပ်တို့ ဘယ်လိုပြန်ခေါ်ကြမလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်ပြောချင်တာလည်း အဲဒါပဲလေ ၊ ကျုပ် သူတို့အကုန်လုံးကို တစ်ယောက်ချင်း လိုက်ရှာရမယ် ၊ ပြီးတော့ ကျုပ်ရဲ့ 'ယိ'

လမ်းစဉ်ဖြစ်တဲ့ ထိုက်ယိကိုလည်း ပြီးပြည့်စုံအောင် လုပ်ရဦးမယ်..."

လူစောယိက ဆန်းလျန်ကို အခပွေါယ်ပါပါ တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"တကယ်တော့ ကျင်းချင်ကိစ္စကို မင်း သိရဲ့သားနဲ့ တမင်ဖုံးကွယ်ထားတယ်လို့ ကျုပ်က ထင်နေတာ ၊ ကြည့်ရတာ မင်းက ဒီလိုဖြစ်လာဖို့ ဟိုးအရင်ကတည်းက ကြိုတင်စီစဉ်ခဲ့တာများလားလို့လေ..."

"ကျုပ် ဒီလိုလုပ်လိမ့်လို့ မင်း တကယ်ထင်နေတာလား ၊ ကျုပ်က ကျုပ်ရဲ့တပည့်ကို နယ်ရုပ်တစ်ရုပ်လိုအသုံးချပြီး ကစားပါ့မလားကွာ..."

ဆန်းလျန်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

လူစောယိ တစ်ခဏမျှ တိတ်ဆိတ်ငြိမ်သက်သွားပြီး...

"မင်း တကယ်ပဲ ဒီလိုလုပ်တာမဟုတ်ဘူးဆိုရင်တော့ ကျုပ်တို့ တရားမျှတမှု ရှာကြတာပေါ့..."

ဆန်းလျန်က...

"တကယ်တော့ ကျုပ်ဘယ်လောက်ပဲ ပြောင်းလဲသွားပါစေ ၊ ကျုပ်က မင်းရဲ့ ဂိုဏ်းတူအစ်ကိုပါပဲ..."

စကားပြောပြီးသည်နှင့် ဆန်းလျန်က လက်တစ်ဖက်ဝှေ့ရမ်းလိုက်လေသည်။

ထိုအခါ တောက်ပသည့် တိမ်တိုက်တစ်ခုက သူတို့ (၂)ယောက်ကို ရစ်ပတ်လိုက်ပြီး များစွာသော တောတောင်ရေမြေများကို မျက်စိတစ်မှိတ်အတွင်း ဖြတ်သန်းသွားလေတော့သည်။

လင်းလက်သည့် တိမ်တိုက်မှာ ဆန်းလျန်၏ ထိုက်ယိကိုယ်ခွဲမှ တန်ခိုးစွမ်းအားတိမ်တိုက်ဖြစ်လေသည်။ အတိတ် ၊ အနာဂတ် ၊ သုံးလောကတစ်ခွင် မည်သည့်နေရာဒေသမဆို အလွယ်တကူ သွားရောက်ကြည့်ရှုနိုင်သည်။

သူတို့ တစ်နေရာပြီးတစ်နေရာ ချန်ကျင်းချင်ကို လိုက်လံရှာဖွေနေကြလေသည်။

ဆန်းလျန်၏ ထိုက်ယိကိုယ်ခွဲသည် ခန့်မှန်းတွက်ချက် သိမြင်နိုင်မှု စွမ်းအား အလွန်ကောင်းသည်။

မိုးကောင်းကင်လမ်းစဉ်ကိုပင် သူလုပ်ဆောင်နေသည့် အလုပ်များကို အချိန်တစ်ခဏမျှ ဖုံးကွယ်ထားနိုင်စွမ်း ရှိသည်။

သို့သော်... ဆန်းလျန်က သူလုပ်သမျှ မည်သည့်အရာကိုမှ ဖုံးကွယ်ထားခြင်း မရှိပေ။ သူက အရာအားလုံးကို ပေါ်တင်ပင် လုပ်ဆောင်လေသည်။ ဤသည်မှာပင် သူ၏ သဘောထားခံယူချက်လည်း ဖြစ်၏။

ပထမမိုးနတ်မင်းကဲ့သို့ သူ့ကို အကြီးအကျယ် ပြဿနာရှာနိုင်သည့်ပုဂ္ဂိုလ်မျိုးနှင့် အခြား သူ့ကို ဒုက္ခပေးသူများအတွက် မိုးနှင့်မြေတွင် နေရာမရှိစေရပေ။ သူသည် ကမ္ဘာပျက်ကိန်းကာလ

တွင် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

သို့သော်... ယခုကဲ့သို့ အဆင့်အတန်း အခြေအနေကို ရရှိရန် အတွက် သေခြင်းရှင်ခြင်းကြားတွင် မည်မျှရုန်းကန်လှုပ်ရှားခဲ့ရ သည်ကို မည်သူမှ ဆန်းလျန်လောက် နားလည်ကြမည် မဟုတ် ပေ။

စွမ်းအားကြီးမားသည့် နတ်ဘုရားများ ၊ နတ်မိစ္ဆာများမှာ သူ တို့၏ လျှို့ဝှက်နေရာများကို ဆန်းလျန် လာရောက်ကြည့်ရှု သွားသည်ကို သိရှိလိုက်ကြသည်။ ဆန်းလျန်က ပေါ်တင်ပင် လာရောက်ခြင်း ဖြစ်သည့်အတွက် ဆန်းလျန်၏ အငွေ့အသက် ကို သူတို့အားလုံး သိရှိခံစားမိကြလေသည်။

သို့သော်... သူတို့၏ လျှို့ဝှက်ကောင်းကင်ဘုံများ ၊ လျှို့ဝှက် ကျောက်ဂူများကို ယခုကဲ့သို့ ပိုင်ဆိုးပိုင်နင်း ဝင်ချင်တိုင်းဝင် ၊ ထွက်ချင်တိုင်းထွက် လုပ်သွားသည့်ဆန်းလျန်ကို သူတို့ ဒေါသ

ထွက်ကုန်ကြသည်။ သို့သော်... ဆန်းလျန်၏ တန်ခိုးစွမ်းအား

ကိုလည်း တုန်လှုပ်ခြောက်ခြားစွာ ကြောက်ရွံ့မိကြသည်။

ဆန်းလျန်က အဘယ့်ကြောင့် ထိုမျှ ပေါ်ပေါ်ထင်ထင်

အာဏာပြရပါသနည်း။

ဆန်းလျန်ဖြင့် တစ်လမ်းလုံး လိုက်ပါလာသည့် လူစောယိက

ဘဝင်မကျဟန်ဖြင့် မျက်မှောင်တစ်ချက်ကြုတ်လိုက်မိသည်။

ဆန်းလျန်က အဘယ့်ကြောင့် အာဏာပြသည့်ဟန်ပန်မျိုး

ပြုလုပ်ရပါသနည်း။

လျှို့ဝှက်နေရာများကို အသိမပေးဘဲ ပေါ်တင်ကြီး ဝင်ရောက်

ရှာဖွေခြင်းက တကယ်တမ်းတွင် မလုပ်သင့်သည့် အလုပ်ဖြစ်

သည် မဟုတ်ပါလား။

အမှန်တော့ ဆန်းလျန်က ချန်ကျင်းချင်နှင့် ဘုရင်မကြီးကို

ရှာဖွေရင်း သူ၏ အာဏာစက်ကို ဖြန့်ကျက်လိုခြင်း ဖြစ်လေ

သည်။

ထိုသို့ ပြုလုပ်လိုက်သည့်အတွက် ဆန်းလျှန် မည်မျှ တန်ခိုး စွမ်းအားကြီးမားသည်ကို သုံးလောကတစ်ခုလုံး သိရှိသွားမည် ဖြစ်သည်။

သို့သော်... ရိုးသားပြီး မိမိကိုယ်ကို နှိမ့်ချတတ်သည့် လူစော ယိ၏ အမြင်တွင်တော့ ဆန်းလျှန်၏ အပြုအမူများက ကန့်လန့် ကြီး ဖြစ်နေလေသည်။

ဆန်းလျှန်ကတော့ လူစောယိလို ပုဂ္ဂိုလ်မျိုးမဟုတ်ပေ။ သူ ထိန်းချုပ်လိုလျှင် ထိန်းချုပ်မည် ဖြစ်ပြီး သူ့အာဏာပြလိုလျှင် လည်း ပြမည်သာ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်... ယနေ့ လက်ရှိလောကတွင် ဆန်းလျှ န်ထက် တန်ခိုးစွမ်းအားမြင့်မားသူ တစ်ယောက်မှ မရှိ သောကြောင့် ဖြစ်လေသည်။

အမှန်တော့ ဆန်းလျှန်ကို မည်သူမှ ထိပ်တိုက်ရင်မဆိုင်လိုကြ ပေ။ နတ်ဘုရားများ ၊ နတ်မိစ္ဆာများပင် ဖြစ်သော်လည်း အသက်

ပျောက်မည်ကိုတော့ အားလုံးက ကြောက်ရွံ့ကြသည် မဟုတ်ပါလား။

***

အရောင်မဲ့ကောင်းကင်ဘုံတွင် ဘုရင်မကြီးနှင့် ချန်ကျင်းချင် ရှိနေလေသည်။

ဘုရင်မကြီးက...

"ငါတို့ ဆန်းလျန်ကို လျှော့တွက်မိသွားတယ်..."

ချန်ကျင်းချင်က...

"ကျုပ်ကတော့ လျှော့မတွက်ခဲ့ပါဘူး..."

ဘုရင်မကြီးက ချန်ကျင်းချင်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"မင်းက အစကတည်းက ပြင်ဆင်ထားတာကိုး..."

ချန်ကျင်းချင်က...

"နတ်မိစ္ဆာအဓိပတိကြီး ၊ တုန်းဟွာတောက်ကျွင်း ၊ မင်းတို့ထွက်လာကြတော့..."

ချန်ကျင်းချင်အသံထွက်ပေါ်လာသည်နှင့် အလင်းတန်း(၂၂)ခု ထွက်ပေါ်လာလေသည်။

ထို့နောက် အလင်းတန်းများအားလုံးက နတ်ဘုရားများ ၊ နတ်မိစ္ဆာများအဖြစ်သို့ ပြောင်းလဲသွားကြလေသည်။

နတ်မိစ္ဆာအဓိပတိကြီးနှင့် တုန်းဟွာတောက်ကျွင်းတို့အပြင် အခြား နတ်ဘုရားများမှာလည်း တန်ခိုးစွမ်းအားမြင့်မားသည့် ရှေးဟောင်း ဒဏ္ဍာရီလာ နတ်ဘုရားများ ဖြစ်ကြသည်။

သို့သော်... သူတို့အားလုံးမှာ ထိုက်ယီထျန်းရှန်းအဆင့်မှ ရှေ့သို့ အဆင့်ဆက်မတက်နိုင်ဘဲ ပိတ်မိနေကြသူများ ဖြစ်ကြသည်။

သို့ရာတွင်... သူတို့အားလုံး၏ တန်ခိုးစွမ်းအားများကတော့ သာမန် ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရားများထက် သာလွန်ကြလေ၏။

သို့သော်… လက်ရှိအချိန်တွင် သူတို့အားလုံးသည် တာ့လော်အဆင့် အငွေ့အသက်ကို ရရှိလိုက်ကြရလေရာအနည်းငယ် မတည်မငြိမ် ဖြစ်သွားကြသည်။

ချန်ကျင်းချင်က…

"သတ္တဝါ (၄) ကောင် မရှိတာ စိတ်မကောင်းစရာပဲ ၊ မဟုတ်ရင် တံတိုင်း (၃)ခု ၊ သတ္တဝါ (၄)ကောင် ၊ လမ်းကြောင်း(၂၈)ဖြာ အရံအတားကို ပြုလုပ်နိုင်မှာ…"

ထိုအချိန် နတ်မိစ္ဆာအဓိပတိကြီး၏ အေးစက်သည့်အသံက နတ်ဘုရားအားလုံး၏ နှလုံးသားထဲသို့ ဝင်ရောက်လာသည်။

"သတ္တဝါ (၄)ကောင် ဒီမှာမရှိဘူးလို့ ဘယ်သူ ပြောလဲ…"

ထို့နောက် နတ်မိစ္ဆာအဓိပတိကြီး၏ အင်္ကျီလက်ထဲမှ ပန်းချီကားတစ်ချပ် ပျံသန်းထွက်ပေါ်လာလေသည်။

ထိုပန်းချီကားမှာ ဒဏ္ဍာရီထဲမှ ဝိညာဉ်ရတနာပန်းချီကား ဖြစ်လေ၏။ ထိုပန်းချီကားထက်တွင် အစိမ်းရောင်နဂါး ၊ အဖြူ

ရောင်ကျား ၊ ဇာမဏီငှက်နှင့် ရွှမ်ဝူလိပ်နက်ကြီးတို့၏ ရုပ်ပုံများကို ရေးဆွဲထားသည်။

ထိုရုပ်ပုံများအားလုံးမှာ အသက်ဝင်နေသကဲ့သို့ ရှိပြီး ကြီးမားသည့် တန်ခိုးစွမ်းအားများလည်း ထွက်ပေါ်လျှက်ရှိလေသည်။

ပန်းချီကားမှ ထွက်ပေါ်နေသည့် ကြီးမားသည့် တန်ခိုးစွမ်းအားများကြောင့် ဘုရင်မကြီးပင်လျှင် ဖိအားတစ်ခုကို ခံစားလိုက်ရသည်။

ကြည့်ရသည်မှာ နတ်မိစ္ဆာအဓိပတိကြီးသည် ဝိညာဉ်ရတနာပန်းချီကားကို သန့်စင်ပြီး ပန်းချီကားထဲတွင် စကြာဝဠာတစ်ခု မွေးဖွားနိုင်သည်အထိ ကျင့်ကြံထားဟန် ရှိလေသည်။

နတ်မိစ္ဆာအဓိပတိကြီး၏ ဝိညာဉ်ရတနာပန်းချီကားသည် ဖန်ကူအလံနှင့် အခြားမှော်ဝင်ရတနာပစ္စည်းများကိုပင် ကောင်းကောင်း ယှဉ်ပြိုင်နိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

ထို့ပြင်… နတ်မိစ္ဆာအဓိပတိကြီး၏ တန်ခိုးစွမ်းအားမှာလည်း များစွာတိုးတက်လာပြီး ယခင်က သူနှင့်အဆင့်တူသူဖြစ်သည့် ကျန့်ယွမ်ကျီနတ်မင်းကြီးထက်ပင်သာလွန်နေပြီဖြစ်သည်။ နတ်မိစ္ဆာအဓိပတိကြီးကိုကြည့်ပြီး တုန်းဟွာတောက်ကျွင်းမှာ လည်း အလွန်အမင်း အံ့အားသင့်သွားရလေသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်ခန့်က ရဲ့လျိုယွင်ကို သူတို့ (၂)ယောက် ပူးပေါင်းတိုက်ခိုက်ခဲ့ပြီးသည့်နောက် နတ်မိစ္ဆာ အဓိပတိကြီးနှင့် ထပ်မံဆုံတွေ့ဖြစ်ခြင်း မရှိပေ။ သို့သော်… မ တွေ့ရသည့် ကာလများအတွင်း နတ်မိစ္ဆာအဓိပတိကြီးက ဝိညာဉ်ရတနာပန်းချီကားကို မည်သို့ ရရှိသွားသည်မသိပေ။

ကြိတ်ပြီး ကျင့်ကြံနေသည့် မိစ္ဆာအိုကြီးကတော့ အတော်လေး ညဏ်များလှသည်ဟုသာ တုန်းဟွာတောက်ကျွင်း တွေးလိုက် မိသည်။

သတ္တဝါ (၄)ကောင်မှ ရှမ်ဝူလိပ်နက်မှာ ကျန်းဝူနတ်မင်းကြီးမှ ဆင်းသက်လာသည့် မျိုးနွယ်ဖြစ်သည်ကို နတ်မိစ္ဆာအစိပတိကြီးရော တုန်းဟွာတောက်ကျွင်းပါ ကောင်းကောင်းသိထားလေသည်။

တုန်းဟွာတောက်ကျွင်းနှင့် ကျန်းဝူနတ်မင်းကြီး တစ်ကြိမ်တိုက်ခိုက်ခဲ့ဖူးလေသည်။ ထိုစဉ်က တုန်းဟွာတောက်ကျွင်းရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် ကျန်းဝူနနတ်မင်းကြီးမှ ဆင်းသက်လာသည့် ရှမ်ဝူလိပ်နက်မှာလည်း အတော်လေး တန်ခိုးစွမ်းအားမြင့်မားမည်မှာ ပြောနေစရာပင် မလိုပေ။

ဤသည်ကို ကြည့်ခြင်းအားဖြင့် မိစ္ဆာအိုကြီးမှာ ပေါ့သေးသေးမဟုတ်သည်ကို သိရှိနိုင်သည်။

ရဲ့လျိုယွင်နှင့် နောက်ဆုံတစ်ကြိမ်တိုက်ခိုက်ပြီးသည့်နောက် အဘိုးကြီးက ကြောင်လက်သည်းဝှက်ပြီး ကျင့်ကြံနေခြင်း ဖြစ်ဟန်တူသည်။

ဆန်းလျန် မိုးကောင်းကင်လမ်းစဉ်ကို ရင်ဆိုင်ဆန့်ကျင်ခဲ့ပြီး သည့်နောက် ဆန်းလျန်က မိုးကောင်းကင်လမ်းစဉ်ကို ယာယီ ဖိနှိပ်ထားနိုင်ခဲ့သည်။

ထို့ကြောင့် ဆန်းလျန်သည် မိုးကောင်းကင်ကို ဆန့်ကျင်ပြီး ထို က်ယီကိုယ်ခွဲကို အလျှင်အမြန် ကျင့်ကြံအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်... မိုးကောင်းကင်လမ်းစဉ်ကလည်း ပထမမိုးနတ် မင်း၏ ဝိညာဉ်ကို အသုံးပြုပြီး ကစားကွက်ကို ရွှေ့ခဲ့သည်။

ယခုတော့... တာ့လော်အဆင့် တက်ရောက်လုနီးပါး တန်ခိုး စွမ်းအားမြင့်မားသည့် ထိုက်ယီထျန်းရှန်းအဆင့် ရှေးဟောင်း နတ်ဘုရား (၂၂)ပါးသည် မိုးကောင်းကင်လမ်းစဉ်၏ လွှမ်းမိုးမှု ကို ခံလိုက်ရပြီ ဖြစ်လေသည်။

သူတို့အားလုံး ယခုတိုက်ပွဲတွင် အောင်မြင်မှုရလျှင် တာ့လော် အဆင့်သို့ အသီးသီးတက်ရောက်နိုင်ကြမည် ဖြစ်သည်။

ထို့ကြောင့် နတ်မိစ္ဆာအဓိပတိကြီးက ထိုက်ယီထျန်းရှန်းဆိုသည့် ရေညစ်တွင်းကြီးမှ လွတ်မြောက်ပြီး တာ့လော်အဆင့် တက်ရောက်ရန်အတွက် မည်သည့်အလုပ်ကိုမဆို ပြုလုပ်မည် ဖြစ်လေသည်။

ထို့ပြင်… ဆန်းလျန်က ရှန်းထျန်းဝူထိုက်ကျင့်စဉ်ကို ကျင့်ကြံနေကြောင်း မိုးကောင်းကင်လမ်းစဉ်က ထုတ်ဖော်ပြသခဲ့သည်။ ဆန်းလျန်သာ ထိုကျင့်စဉ် အောင်မြင်သွားပါက အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန် ကာလ (၃)ပါးကို လွှမ်းမိုးချုပ်ကိုင်နိုင်ပြီး ထိပ်တန်းအဆင့်သို့ ရောက်ရှိသွားကာ သံသရာကို ကျော်လွန်သွားနိုင်ပေလိမ့်မည်။

တုန်းဟွာတောက်ကျွင်းဆိုလျှင်လည်း ရဲ့လျိုယွင်ကို သတ်ဖြတ်လိုက်နိုင်ဦးတော့ ဆန်းလျန်၏ ခြေဖျားကိုတောင် ယှဉ်နိုင်မည် မဟုတ်ဘဲ မျက်စိတစ်မှိတ်အတွင်း နတ်ဘုရားလောကမှ ပျောက်ကွယ်သွားနိုင်လေသည်။

ထို့ကြောင့် သူတို့အားလုံး စိတ်ဆုံးဖြတ်ထားကြသည်မှာ ဆန်းလျန်ကျင့်ကြံနေသည့် ရှန်းထျန်းဝူထိုက်ကျင့်စဉ် လုံးဝ မအောင်မြင်စေရန် တားဆီးရမည် ဖြစ်သည်။

အကောင်းဆုံးနည်းလမ်းမှာ ဆန်းလျန်၏ ကိုယ်ခွဲတစ်ခုကို ကျင့်ကြံခြင်းအုတ်မြစ်ကို လုံးဝ ဖြတ်တောက်ပစ်ရန် ဖြစ်သည်။

ထိုသို့ဆိုလျှင်... မိုးကောင်းကင်လမ်းစဉ်၏ ဖိနှိပ်မှုဖြင့် ဆန်းလျန်သည်လည်း ရှန်းထျန်းဝူထိုက်ကျင့်စဉ်ကို အပြည့်အဝ ကျင့်ကြံရန် အခွင့်အရေးရတော့မည် မဟုတ်ပေ။

ဝိညာဉ်ရတနာပန်းချီကားထဲမှ သတ္တဝါ (၄)ကောင်ကို တွေ့မြင်လိုက်သည်နှင့် ချန်ကျင်းချင် ဝမ်းမြောက်ပျော်ရွှင်သွားလေသည်။

သူသည် မိုးကောင်းကင်လမ်းစဉ်အားဖြင့် ပြန်လည်မွေးဖွားလာသူဖြစ်ပြီး ယခုတိုက်ပွဲက သူစီစဉ်ခဲ့သမျှ တိုက်ပွဲများတွင်

ရှုံးနိမ့်နိုင်ချေ အနည်းဆုံးရှိသည့် တိုက်ပွဲတစ်ခု ဖြစ်လေသည်။

ထို့ပြင်... သူ့အနေဖြင့် ဆန်းလျန်ကို လုံးဝ အရှုံးပေး၍ မဖြစ်ပေ။

ဆန်းလျန်ကိုသာ ရှုံးနိမ့်ခဲ့လျှင် သူလုပ်ထားသမျှ သဲထဲရေသွန်ဖြစ်ရပေလိမ့်မည်။

မိုးကောင်းကင်လမ်းစဉ်က ချန်ကျင်းချင်၏ ဇာတိမြေ၌နေရာတွင် ပထမမိုးနတ်မင်းကို အစားထိုးခဲ့ပြီးနောက် ဆန်းလျန် အတိတ်ကို ဖြတ်တောက်ခဲ့သည့်အချိန်ကတည်းရှိခဲ့သည့် ချန်ကျင်းချင်၏ မှတ်ဉာဏ်များကို ဖျက်စီးပစ်ပြီး ကျင့်ကြံခြင်းပါရမီ အနှစ်သာရများကိုသာ ချန်ထားခဲ့သည်။

ထို့ကြောင့်... ယခု ရင်ဆိုင်ရမည့် သေခြင်းရှင်ခြင်းတိုက်ပွဲက ပထမမိုးနတ်မင်းအတွက် ထွက်ပေါက်လုံးဝ မရှိသည့် တိုက်ပွဲတစ်ခုဖြစ်သည်။

ပထမမိုးနတ်မင်း မည်မျှ အရှိန်အဝါကြီးမားပါစေ တိုက်ပွဲတွင် ရှုံးနိမ့်လျှင်တော့ ဆန်းလျန်က သူလုပ်ထားသမျှ အရာအားလုံး ကို ဖျက်စီးပစ်ပေလိမ့်မည်။ ထို့ကြောင့် သူ့အတွက် သူသေ ကိုယ်သေ တိုက်ခိုက်ရုံမှ လွဲပြီး အခြားလမ်းတစ်ခု မရှိတော့ပေ။

"တာအိုဆရာသခင်ထိုက်ယီ ၊ ဒါက ခင်ဗျားနဲ့ ဗုဒ္ဓရဲ့ တိုက်ပွဲပဲ ၊ ခင်ဗျား အတိတ်ကို ပြောင်းလဲလိုက်ကတည်းက ကျုပ်ကိုသာ ရွေးခြယ်ခဲ့မယ်ဆိုရင် ခင်ဗျားမှန်တယ်ဆိုတာ ကျုပ် ကောင်းကောင်း သက်သေပြပေးမိမှာပဲ..."

ချန်ကျင်းချင် စိတ်ထဲမှ တွေးလိုက်သည်။

မိုးကောင်းကင်လမ်းစဉ်၏ အကူအညီဖြင့် ပြန်လည်မွေးဖွားလာသည့် ပထမမိုးနတ်မင်းသည် တာအိုဆရာသခင် ထိုက်ယီကို တိုင်တည်လိုက်မိသည်။

အဘယ်ကြောင့်ဆိုသော်... လက်ရှိသူရင်ဆိုင်ရမည့် ရန်သူက မည်မျှ ကြောက်မက်ဖွယ်ရာကောင်းသည်ကို သူ အသိဆုံး ဖြစ်သည်။ ထို့ပြင် ဆန်းလျှန်သည် တာအိုဆရာသခင်ကြီး တစ်ပါးဖြစ်လာရန်လည်း အလွန်နီးကပ်နေသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

"မင်းတို့အားလုံးက ထိပ်တန်းအဆင့် နတ်ဘုရားတွေပဲ ၊ မင်းတို့အားလုံး သိပ်မကြာခင် တံတိုင်း (၃)ခု ၊ သတ္တဝါ (၄)ကောင် ၊ လမ်းကြောင်း(၂၈)ဖြာ အရံအတားရဲ့ သဘောတရားတွေကို နားလည်သွားကြပါလိမ့်မယ် ..."

ထို့နောက် ချန်ကျင်းချင်၏လက်ချောင်းထိပ်ဖျားမှ ရေဘောလုံးတစ်လုံး ထွက်ပေါ်လာပြီး ထိုရေဘောလုံးက ဘောလုံး (၂၃)လုံးအဖြစ် ကွဲပြားသွားပြီး နတ်မိစ္ဆာအဓိပတိကြီးနှင့် အခြား နတ်ဘုရားများရှိရာသို့ လွင့်မျော ရောက်ရှိသွားကြလေသည်။

တံတိုင်း (၃)ခု ၊ သတ္တဝါ (၄)ကောင် ၊ လမ်းကြောင်း(၂၈)ဖြာ

အရံအတားသည် ရိုးရှင်းသည့် အရံအတားတစ်ခုဖြစ်

သော်လည်း ရှေးခေတ်အချိန်အခါက ကောင်းကင်ကြယ်စင်

အရံအတားကို အခြေခံထားခြင်း ဖြစ်သည်။

သို့သော် ... မူရင်း ကောင်းကင်ကြယ်စင်အရံအတားထက်ပင်

ပိုမိုတန်ခိုးစွမ်းအားမြင့်မားသည်ဟု ဆိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ကောင်းကင်ကြယ်စင်အရံအတား

ပြုလုပ်ရန်အတွက် ယခုကဲ့သို့ တာ့လော်အဆင့် ရောက်လုနီးပါး

တန်ခိုးစွမ်းအားမြင့်မားသည့် နတ်ဘုရား အပါး (၂၀) ကျော် မ

လိုအပ်သောကြောင့် ဖြစ်၏။

ထို့ကြောင့်... ဤအရံအတားကို စတင်အသုံးပြုလိုက်သည်နှင့်

စန့်ချင်တာအိုဆရာသခင်၏ မရဏာဓား (၄)လက်ကြားတွင်

ပိတ်မိနေသည့်အလား ခံစားရမည် ဖြစ်လေသည်။

ဤအရံအတားကသာ ဆန်းလျှန်၏ ထိုက်ယိုကိုယ်ခွဲကို ဖျက်စီး ပစ်နိုင်ခြင်း မရှိပါက ဆန်းလျှန်သည် အရာအားလုံးကို ဖြတ် တောက်ပြီး သံသရာကို ကျော်လွန်သွားသည့် တာအိုဆရာ သခင်ကြီးတစ်ပါး ဖြစ်သွားသည်ကို ဖြစ်ခွင့်ပြုလိုက်ရန်သာ ရှိ တော့သည်။

ထူးဆန်းသည့် အရံအတား၏ အနှစ်သာရအခိပ္ပါယ်ကို နတ်မိစ္ဆာအခိပတိကြီးနှင့် အခြားသူများ ချက်ချင်း သဘောပေါက် သွားကြသည်။

ထို့နောက်... သူတို့အားလုံး၏ တန်ခိုးစွမ်းအားများ ချိတ်ဆက် လိုက်ကြသည်။ အားလုံးက တန်ခိုးစွမ်းအားမြင့်မားသည့် နတ် ဘုရားများ ၊ နတ်မိစ္ဆာများ ဖြစ်ကြလေရာ အရံအတားပြုလုပ် ရာတွင် များစွာ အခက်အခဲ မရှိကြပေ။

မကြာခင်မှာပင် တန်ခိုးစွမ်းအား (၂၈)မျိုးထွက်ပေါ်လာပြီး ကောင်းကင်ထက်တွင်လှည့်ပတ်နေလေသည်။

ဗုဒ္ဓဒဏ္ဍာရီလာ အရောင်မဲ့ကောင်းကင်ဘုံတစ်ခုလုံး ချက်ချင်းပင် ကြယ်စင်ကောင်းကင်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေတော့သည်။ နောက်ထပ် စကြာဝဠာတစ်ခု ထွက်ပေါ်လာသည် အလားပင် ထင်မှတ်ရလေ၏။

အရံအတား၏ (၁၀)ရာခိုင်နှုန်းသာ အောင်မြင်သေးသော်လည်း သူတို့အားလုံး၏ စိတ်များက အဆုံးမရှိ ဆက်သွယ်ပေါင်းစပ်သွားကြသည်။ သူတို့၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားများကလည်း အကန့်အသတ်မရှိတော့ပေ။

ဤအရံအတားကြီး၏ ထူးခြားဆန်းကျယ်မှုမှာ တန်ခိုးစွမ်းအား (၂၈) မျိုး ပေါင်းစပ်ထားခြင်း မဟုတ်ပေ။ အဓိကအချက်မှာ တာအိုတန်ခိုးစွမ်းအားကို သန္ဓေသားပုံစံပြုလုပ်ထားခြင်း ဖြစ်သည်။

အမည်နာမ မရှိ၊ အစမရှိ၊ အဆုံးမရှိ...။

ထိပ်တန်းတာအိုတန်ခိုးစွမ်းအားသည် ကြီးမားသည့်
အရံအတားကြီးအတွင်းတွင် သန္ဓေသားပမာ လှည့်ပတ်နေလေ
သည်။ ထို့ကြောင့်... ပြင်ပလောကမှ လုံး၀ သတိထားမိမည်
မဟုတ်ပေ။

ဘုရင်မကြီးကတော့ အနည်းငယ် စိတ်ပူပန်လျှက် ရှိလေသည်။
သူမက ထိုမျှအထိ မပြုလုပ်လိုပေ။ သို့သော်... သူမတွင်လည်း
ရွေးခြယ်စရာမရှိပေ။ ဤလမ်းကိုလျှောက်ရန် သူမ ရွေးခြယ်ခဲ့
ပြီး ဖြစ်သည့်အတွက် နောက်ပြန်လှည့်ရန် မဖြစ်နိုင်တော့ပေ။

***

မိုးနှင့်မြေတွင် ကြီးမြတ်သည့် မျောက်မင်း (၄)ပါး ရှိသည်။
ဒဏ္ဍာရီများအရတော့ ထို မျောက်မင်း (၄)ပါးလုံးသည် တန်ခိုး
စွမ်းအားမြင့်မားကြပြီး ကိုယ်ပိုင်အရည်အချင်းများလည်း ရှိ
သည်ဟု ဆိုကြသည်။

အထူးသဖြင့် ကျောက်တုံးမှ မွေးဖွားလာသည့် စကြာဝဠာ အရှင်ကြီး စွန်းဝူခုံးကတော့ ဒဏ္ဍာရီအဆန်ဆုံး ၊ တန်ခိုး စွမ်းအားအမြင့်မားဆုံး မျောက်မင်းပင် ဖြစ်လေသည်။

သို့သော်... မျောက်ဝံမျိုးနွယ်များတွင် အလွန်ကြောက်မက် ဖွယ်ကောင်းသည့် မျောက်မင်းတစ်ပါးရှိသည်ကို လူအနည်း ငယ်သာ သိရှိကြသည်။

ထိုမျောက်မင်းမှာ ဝူကျီးချီအမည်ရှိ မျောက်ဝံမိစ္ဆာတစ်ပါး ဖြစ် လေ၏။

ထိုမျောက်ဝံသည် ယခင်က အမည်မသိ တောင်တစ်တောင် တွင် နေထိုင်သူ ဖြစ်သည်။ သို့သော်...ကံကောင်းထောက်မစွာ ဖြင့် ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားများကို ရရှိခဲ့သည်။

အထူးသဖြင့် မဟာရေစွမ်းအားလမ်းစဉ် တန်ခိုးစွမ်းအားဖြစ် လေသည်။

သူ မွေးဖွားလာသည့်အချိန်တွင် ရေနတ်သားသည်လည်း ပျောက်ကွယ်သွားလေရာ သူတို့ (၂)ဦး မည်သူက တန်ခိုးစွမ်းအား ပိုမိုမြင့်မားကြောင်း မသိရှိနိုင်တော့ပေ။

ဝူကျီးချီသည် ရှေးခေတ်ကမ္ဘာဦးကတည်းက လောကကို ခလောက်ဆန်စေခဲ့သည်သာမက ယွီဧကရာဇ်ကိုလည်း သွားရောက်ရန်စခဲ့သည့်အတွက် ယွီဧကရာဇ်က သူ့ကို နှိမ်နင်းခဲ့ဖူးသည်။

ထို့နောက် သူက တာအိုဆရာသခင်ထိုက်ယီ ပြောင်းလဲပစ်ခဲ့သည့် အချိန်ကာလတွင်ပြန်လည်ထွက်ပေါ်လာခဲ့ပြီး နာမည်ဆိုးဖြင့် ကျော်ကြားသည့် မျောက်ဝံမိစ္ဆာတစ်ပါး ဖြစ်လာခဲ့သည်။

ယခု ထိုမျောက်ဝံမိစ္ဆာက မရှိမှုကျေးရွာတွင် လျှို့ဝှက်ကောင်းကင်ဘုံတစ်ခုကို ပိုင်ဆိုင်ထားပြီး သူပိုင်ဆိုင်သည့် ကောင်းကင်ဘုံတွင် မိုင်သန်းပေါင်း (၁၀၀) ရှည်လျားသည့် မြစ်တစ်စင်း စီးဆင်းနေလေသည်။

ရေစီးဆင်းသံကို ကြားရသည်နှင့် သူ၏ရေစွမ်းအားက ချင်းဆွေထျန်းကောင်းကင်ဘုံထက် မနိမ့်ကျသည်ကို သိရှိနိုင်သလို မျောက်ဝံမိစ္ဆာ၏ မဟာရေစွမ်းအားကျင့်စဉ် ပြီးမြောက်အောင်မြင်သွားပြီဟု ဆိုနိုင်သည်။

တာအိုကျမ်းစာများအရဆိုလျှင် ရေသည် တာအိုနှင့် အနီးစပ်ဆုံး ဓာတ်တစ်ခု ဖြစ်သည်။ ဝူကျီးချီက ရေစွမ်းအားကောင်းကင်ဘုံကို ဖန်ဆင်းထားနိုင်သည်ကို ကြည့်ခြင်းအားဖြင့် သူ၏ တန်ခိုးစွမ်းအား မယုံကြည်နိုင်လောက်အောင် မြင့်မားသည်ကို ပြသနေခြင်း ဖြစ်သည်။

သူနေထိုင်ရာ ကောင်းကင်ဘုံသို့ ဆန်းလျန် ဖြတ်သန်းသွားသည်ကို သိလိုက်သည်နှင့် ထိုမျောက်ဝံမိစ္ဆာ ဒေါသထွက်သွားလေ၏။

ရေစွမ်းအားကောင်းကင်ဘုံတွင် စီးဆင်းနေသည့် ရှည်လျားသည့် မြစ်မှ ရေခိုးရေငွေ့များ ကောင်းကင်ထက်သို့ ပျံတက်

သွားပြီး မျောက်ဝံမိစ္ဆာ၏ မျက်ဝန်းများက ဒေါသကြောင့် ရဲရဲနီနေသည်။

ထို့နောက် သူက ရေကဲ့သို့ ကြည်လင်သည့် အလင်းတန်းတစ်ခုကို ကောင်းကင်ထက်သို့ ပစ်လွှတ်လိုက်လေရာ ကောင်းကင်တစ်ခုလုံး လင်းထိန်တောက်ပသွားလေသည်။

သိပ်မကြာမီ သူ အနားယူလေ့ရှိသည့် နတ်ဘုရားတောင်ပေါ်တွင် လူ (၂) ယောက်၏ ပုံသဏ္ဌာန်ပေါ်လာလေ၏။

ထိုလူ (၂)ယောက်ထံမှ ပြင်းထန်သည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး မျောက်ဝံမိစ္ဆာပစ်လွှတ်လိုက်သည့် အလင်းတန်းကို ဖိနှိပ်ထားလိုက်လေရာ အလင်းတန်းမှာ လေထဲသို့ ပြန်ပြုတ်ကျသွားလေတော့သည်။

ဆန်းလျန်က အေးအေးဆေးဆေးပင် လူစောယိကို စကားလှမ်းပြောလိုက်သည်။

"ဒီမျောက်ဝံက ဒေါသကြီးတယ်၊ ကြည့်ရတာ... ဝက်ဝံဘုရင်

ထက်တောင် သူက သာသေးတယ်..."

အခန်း (၉၆၇) လောကမှာ ဆန်းလျန်ကို အနိုင်ယူနိုင်မယ့်သူ

တစ်ယောက်မှမရှိ

ထိုအချိန်မှာပင်... ဝူကျီးချီက လက်သီးတစ်ချက်ပစ်

လွှတ်လိုက်ရာ လက်သီးချက်က ကောင်းကင်တစ်ခုလုံးကို

ဖုံးလွှမ်းသွားသည်။

သို့သော်... ဆန်းလျှန်ထံမှ ပေါက်ကွဲထွက်လာသည့် တန်ခိုးစွမ်းအားများက ဝူကျီးထက် အဆပေါင်းများစွာ မြင့်မားလေသည်။

ရုတ်တရက်.... ဗလာနယ်ထဲတွင် ကြီးမားသည့်ရေပွက်ငယ်များနှင့် သေးငယ်သည့် ရေပွက်ငယ်များ အရွယ်အစားစုံလင်စွာထွက်ပေါ်လာပြီး ဝူကျီးချီ၏ မိစ္ဆာခန္ဓာကြီးကို လှည့်ပတ်နေကြသည်။

ဝူကျီးချီ၏ လက်သီးချက်မှာ အေးအေးသက်သာပင် နှိမ်နင်းခံလိုက်ရလေသည်။

ဆန်းလျှန်ထံမှ ပေါက်ကွဲထွက်လာသည့် ကြီးမားသည့် တန်ခိုးစွမ်းအားလှိုင်းလုံးကြီးများကို မည်သည့်နတ်ဘုရားမှ ခံနိုင်ရည်ရှိမည် မဟုတ်ပေ။ အသက်ပျောက်သွားမည်သာ ဖြစ်သည်။

ဝူကျီးချီမှာ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွား လေသည်။

သူက တာအိုတရားအလင်းရထားသည့် ရှေးဟောင်းနတ်မိစ္ဆာ တစ်ပါးဖြစ်လေရာ သူ့ရှေ့မှပုဂ္ဂိုလ် မည်မျှ ကြောက်မက်ဖွယ် ကောင်းသည်ကို ချက်ချင်း သိရှိသွားလေတော့သည်။

ထိုသူက ယွီကေရာဇ်ထက်ပင် စွမ်းအားကြီးမားနေသည် မဟုတ်ပါလား။

သူနေထိုင်သည့် ကောင်းကင်ဘုံတွင် ရေစွမ်းအားတန်ခိုးများ ဖြင့် ပြည့်နေသော်လည်း ဝူကျီးချီ ကူရာကယ်ရာမဲ့သွားသလို ခံစားလိုက်ရသည်။ တိုက်ပွဲအစတွင်ပင် သူက အရေးနိမ့်သွားခဲ့ ပြီ မဟုတ်ပါလား။

ဝူကျီးချီ ချက်ချင်းပင် ထွက်ပြေးရန်ကြိုးစားလိုက်သည်။

သို့သော်... ဆန်းလျန်က သူ့ကို ထွက်ပြေးခွင့် မပြုပေ။

ကြီးမားသည့် လက်ကြီးတစ်ဖက်က ထွက်ပေါ်လာပြီး ကောင်းကင်ကို ကာဆီးထားလိုက်ကာ ဝူကျီးချီ၏ မိစ္ဆာခန္ဓာကို ချက်ချင်းပင် ဖမ်းဆုပ်ထားလိုက်သည်။

သူ၏ လွတ်လမ်းမှန်သမျှကို ထိုရောမ လက်ကြီးက ပိတ်ဆို့ ကာဆီးထားလိုက်ပြီ ဖြစ်ကြောင်း ဝူကျီးချီ နားလည်လိုက်သည်။ သူ့အနေဖြင့် မိုးပျံ၍လည်းထွက်မပြေးနိုင်သလို မြေလျှိုး၍လည်းထွက်မပြေးနိုင်တော့ပေ။

ရှေးဟောင်းမျောက်ဝံမိစ္ဆာကြီး သွေးများတစ်ချက်အန်ချလိုက်ပြီး သေမင်းအငွေ့အသက်များကို ခံစားလိုက်ရသည်။

ထိုအချိန်မှာပင်... ကောင်းကင်ထက်မှ မျောက်ဝံဖြူကြီးတစ်ကောင် ရုတ်တရက်ပျံသန်းထွက်ပေါ်လာလေသည်။

ထိုမျောက်ဝံဖြူကြီးမှာ ဝူကျီးချီ နှစ်ပေါင်းသောင်းနှင့်ချီပြီး ကျင့်ကြံထားသည့် မူလဝိညာဉ်ခန္ဓာပင် ဖြစ်လေသည်။ ဝူကျီး

ချီ၏ မူလဝိညာဉ်ခန္ဓာ ထွက်ပေါ်လာသည်နှင့် ကောင်းကင်တစ်ခွင်လုံး တန်ခိုးစွမ်းအားများ ပြန်လည် မြင့်တက်လာလေသည်။ ရုတ်တရက်... ကောင်းကင်ဘုံတစ်ခုလုံးမှ ရေများအားလုံး တိမ်ခိုးများအဖြစ် အငွေ့ပျံသွားကြလေသည်။ ပတ်ဝန်းကျင်မှ အရာအားလုံးကို ဝူကျီးချီ၏ မူလဝိညာဉ်ခန္ဓာက စုပ်ယူပစ်လိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်နှင့် လူစောယိ ခြေထောက်အောက်မှ တောင်မြင့်ကြီးမှာ စုပ်ယူမှုစွမ်းအားအောက်တွင် တစ်စစီ အပိုင်းပိုင်းပျက်စီးသွားကာ ဖုံမှုန့်အသွင် ကူးပြောင်းသွားသည်။

ဝူကျီးချီ၏ မူလဝိညာဉ်ခန္ဓာမှာ ကြည်လင်သည့်မီးတောက်တစ်ခုအလား ပြောင်းလဲသွားလေသည်။ ထို့နောက်တန်ခိုးစွမ်းအားများ အဆက်မပြတ်မြင့်တက်လာပြီး သူ့ပတ်ဝန်းကျင်တွင် တိမ်တိုက်များ ထူထပ်စွာ ဖြစ်တည်လာသည်။

ဆန်းလျန်၏လက်ထဲတွင် ဓားတစ်လက်ပေါ်လာပြီး

ထောင်ပေါင်းများစွာသော ဓားဝိညာဉ်များက ထိုတိမ်တိုက်ရှိရာ

သို့ ကန့်လန့်ဖြတ် ခုတ်ပိုင်းချလိုက်သည်။

အစပိုင်းတွင် တိမ်တိုက်က ဓားဝိညာဉ်ကြောင့် ပြိုကွဲသွား

သော်လည်း တိမ်တိုက်ဗဟိုမဏ္ဍိုင်သို့ ရောက်ခါနီးတွင် ဓား

ဝိညာဉ်က အနည်းငယ် နှေးကွေးသွားလေသည်။

ဓားဝိညာဉ် ရှေ့ဆက်တိုးမလာသည့်အတွက် ဝူကျီးချီ

စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက်ချလိုက်

မိသည်။ သူ၏ နက်နဲသော ကောင်းကင်နတ်ရေစင်ပညာဖြင့်

ဓားဝိညာဉ်ကို တားဆီးထားလိုက်နိုင်ပြီဟု ဝူကျီးချီ ထင်လိုက်

မိသည်။

သို့သော်... သူ သိပ်ကြာကြာ မပျော်လိုက်ရပေ။

ဓားဝိညာဉ်ထံမှ မမြင်ရသည့် ဓားတန်ခိုးစွမ်းအားတစ်ခု ခွဲ

ဖြာထွက်လာပြီး တိမ်တိုက်ကို ဖြတ်သန်းကာ ဝူကျီးချီ၏ မူလ

ဝိညာဉ်ခန္ဓာဆီသို့ ဝင်ရောက်လာလေသည်။

ထို့နောက် ဓားတန်ခိုးစွမ်းအားက ပင့်ကူအိမ်ကွန်ယက်သဖွယ် ဝူ

ကျီးချီကို ထိုးနှက်လိုက်လေရာဝူကျီးချီမှာ ထောင်ချောက်မိ

သည့် ကျားတစ်ကောင်အလား ရုန်းကန်နေရလေတော့သည်။

သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် အဖြူရောင်မီးတောက်

များ ချက်ချင်းပျောက်ကွယ်သွားလေသည်။ ဆန်းလျှန်၏

ပင့်ကူအိမ်အလား ဓားတန်ခိုးစွမ်းအားက ထိုမီးတောက်များကို

စုပ်ယူပစ်လိုက်ခြင်း ဖြစ်သည်။

ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံးမှ တိမ်တိုက်များကိုပါ ဓား

ပင့်ကူအိမ်က စုပ်ယူပစ်လိုက်လေသည်။

ဝူကျီးချီ၏ လျှို့ဝှက်ကျင့်စဉ်ဖြစ်သည့် ကောင်းကင်နတ်ရေစင်

ပညာမှာ အလုပ်မဖြစ်တော့ပေ။

ကမ္ဘာဦးအစကတည်းက တည်ရှိခဲ့ပြီး မိုးနတ်မင်းကိုပင်မ

ကြောက်ရွံ့ခဲ့သည့် မျောက်ဝံမိစ္ဆာကြီးမှာ ယနေ့တော့ အား

မတန် မာန်လျှော့ခဲ့ရပြီ ဖြစ်လေသည်။

ဓားပင့်ကူအိမ်အောက်တွင် ဝူကျီးချီ၏ မူလဝိညာဉ်ခန္ဓာမှာ

တုန်လှုပ်လာလေသည်။ ထို့နောက်တွင်တော့ ဝူကျီးချီ၏ မူလ

ဝိညာဉ်ခန္ဓာသည့် လက်တစ်ဝါးစာမျှသာရှိသည့် မျောက်ဝံသေး

သေးလေးတစ်ကောင်အဖြစ်ပြောင်းလဲသွားလေတော့သည်။

ဆန်းလျန်က မျောက်ဝံလေးကို အသာ မ ယူ လိုက်သည်။

မျောက်ဝံလေးက မချိသွားဖြဲ ပြုံးပြလိုက်ရင်း...

"မင်း ကျုပ်ကို သတ်ချင်သတ်လိုက်...၊ ကျုပ်က မင်းထိန်းချုပ်

တာတော့ မခံနိုင်ဘူး..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်မှာ တခြားလုပ်စရာတွေရှိသေးတယ် ၊ အဲဒီအချိန်ထိ

စောင့်လိုက်ပါဦး ၊ ပြီးရင်တော့ ညှိနှိုင်းကြတာပေါ့...."

ဝူကျီးချီက ဆန်းလျန်စကားကိုနားမထောင်ဘဲ ဆဲရေးနေ

တော့သည်။

ဆန်းလျန်က နားညည်းလာသည့်အတွက် အင်းသကော်တတစ်ခု

အသုံးပြုကာ မျောက်ဝံလေး၏ပါးစပ်ကို ပိတ်ပစ်လိုက်လေ

တော့သည်။

ချက်ချင်းပင် ဝူကျီးချီ စကားမပြောနိုင်ဖြစ်သွားပြီး အတွေး

အာရုံများပင် ရပ်တန့်သွားသလိုခံစားလိုက်ရသည်။

ထို့နောက် ဆန်းလျန်က ဓားဝိညာဉ်ပိုက်ကွန်ကို စုပြီး အိတ်တစ်

အိပ်အလား ထုပ်ပိုးယူဆောင်လိုက်လေသည်။

ထို့နောက် လူစောယိဘက်သို့လှည့်လိုက်ပြီး...

"သွားကြစို့..."

လူစောယိက ဆန်းလျန်လက်ထဲမှ မျောက်ဝံအထုပ်ကို

လက်ညှိုးညွှန်ပြလိုက်ပြီး...

"ဒါက ဘာလုပ်ဦးမလို့လဲ..."

ဆန်းလျန်က...

"ကျုပ်တို့နဲ့အတူ ခေါ်သွားမယ်လေ..."

ထို့နောက် ဆန်းလျန်က ချက်ချင်းပင် သူ၏ အင်္ကျီလက်ထဲတွင် စကြာဝဠာတစ်ခုဖန်ဆင်းလိုက်ပြီး မျောက်ဝံမိစ္ဆာ၏ မူလဝိညာဉ်ခန္ဓာကို ထိုစကြာဝဠာထဲ ထည့်ထားလိုက်လေသည်။

လူစောယိကတော့ ပိုက်ကွန်အိတ်ထဲမှ မျောက်ဝံလေးကိုကြည့်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိလေတော့သည်။

ဆန်းလျန်ဖန်ဆင်းထားသည့် ပင့်ကူအိမ်သဖွယ် ဓားပိုက်ကွန်နှင့် စကြာဝဠာကိုကျော်လွန်ပြီး ထိုမျောက်ဝံလေးလုံးဝ လွတ်လမ်းရှိမည် မဟုတ်ပေ။

သူတို့သည်လည်း စကြာဝဠာကို မကျော်လွန်နိုင်ဘဲ ကံတရား၏ ပိုက်ကွန်ထဲတွင် ပိတ်မိနေသည့် သူများဖြစ်ကြလေရာ ထိုမျောက်ဝံလေးနှင့် ဘဝတူပင် ဖြစ်လေသည်ဟု လူစောယိ တွေးလိုက်မိသည်။

လူစောယိ၏ အတွေးများကို ဆန်းလျန် သိလိုက်သော်လည်း မျောက်ဝံလေးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး မည်သည့် စကားမှ မဆိုတော့ပေ။

လောက၏ဖြစ်ရပ်များကို သုံးသပ်ကြည့်မည်ဆိုလျှင် ကံတရားက လူသားများကို ပြောင်းလဲပစ်လိုက်ကြသော်လည်း လူသားများကတော့ကံတရားကို ပြောင်းလဲပစ်နိုင်စွမ်း မရှိကြပေ။

လူစောယိသည်လည်း သူ့လမ်းသူလျှောက်မည့်သူဖြစ်လေရာ သူ့အတွေးအခေါ်နှင့်ပတ်သက်ပြီး ဆန်းလျန်အနေဖြင့် ဝေဖန် ပြောဆိုစရာ အကြောင်းမရှိပေ။

ဝူကျီးချီခံလိုက်ရသည်ကို တွေ့မြင်သွားကြပြီးနောက် အနီးအနားမှ နတ်ဘုရားများ ၊ နတ်မိစ္ဆာများသည် ဆန်းလျန်ကို မဆန့်ကျင်ရဲကြတော့ပေ။

ဆန်းလျန် နောက်ထပ် လျှို့ဝှက်ကောင်းကင်ဘုံ ၊ လျှို့ဝှက် ကျောက်ဂူအနည်းငယ်ကို ဝင်ရောက်ကြည့်ရှုပြီးနောက် တာအို

မဟာလမ်းစဉ်၏ အထင်ကရ နေရာများသို့ သူတို့ထွက်လာခဲ့သည်။

အရင်ဆုံး ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်သို့ ရောက်လာခဲ့ကြသည်။

သို့သော်... ထိုနေရာများတွင် ရှမ်တုတောက်ကျွင်းလည်းမရှိသလို တာအိုဆရာယွိတင်လည်း မရှိပေ။ ထို့အတူ ချန်ကျင်းချင်သည်လည်း မရှိပေ။

ထို့နောက် ဆန်းလျန်က လင်စန်းတောင်၊ သုခဘုံ၊ အသူရာချောက် (၉)ထပ်သို့ သွားရောက်ကြည့်ရှုလေသည်။

သို့သော်... ချန်ကျင်းချင်ကတော့ ပျောက်ချင်းမလှ ပျောက်နေဆဲင် ဖြစ်လေ၏။

တစ်လောကလုံးတွင် မည်သည့်နေရာတွင်မှ ချန်ကျင်းချင်ကို ရှာဖွေတွေ့ရှိခြင်း မရှိပေ။ နောက်ဆုံး ဆန်းလျန် ရှာဖွေရမည့်နေရာ (၃)နေရာသာ ကျန်ရှိတော့သည်။

ဆန်းလျှန် ဗုဒ္ဓဘာသာဒဏ္ဍာရီတွင် အမြင့်မားဆုံး ကောင်းကင်ဘုံတစ်ခုဖြစ်သည့် အရောင်မဲ့ကောင်းကင်ဘုံသို့ ရောက်ရှိလာခဲ့လေသည်။

ဆန်းလျှန် ခြသေ့်ကိုယ်တော်နှင့် ရင်ဆိုင်တိုက်ခိုက်စဉ်က နှင်း များဖုံးလွှမ်းနေသော အော်မီတော်ဖူဗုဒ္ဓဖွင့်လှစ်ခဲ့သည့် 'အရောင်မဲ့လောက' သို့ ရောက်ရှိခဲ့ဖူးသည်။ ထိုအရောင်မဲ့ လောကသည် အရောင်မဲ့ကောင်းကင်ဘုံကို အခြေခံပြီး သုခဘုံ ကို ကာကွယ်ရန်အတွက် အော်မီတော်ဖူ ဗုဒ္ဓ ပြုလုပ်ထားသည့် အရံအတားဖြစ်သည်။

အရောင်မဲ့ကောင်းကင်ဘုံ…။

အရောင်မဲ့ကောင်းကင်ဘုံကတော့ အော်မီတော်ဖူဗုဒ္ဓ တရား ကျင့်ကြံခဲ့ရာ ဒဏ္ဍာရီလာ နေရာတစ်ခု ဖြစ်လေသည်။

ဆန်းလျန်က ဗောဓိပင်ကို သိမြင်ပြီးသူတစ်ယောက်ဖြစ်သည့်အတွက် အော်မီတော်ဖူဗုဒ္ဓ တရားကျင့်ကြံခဲ့သည့်နေရာကို ရှာဖွေရန်မှာ မခက်ခဲလှပေ။

အရှေ့ဆီတွင် မည်သည့်အရာမှ မတွေ့ရှိရပေ။ သို့သော်... အတွင်းထဲတွင်တော့ တစ်စုံတစ်ခုရှိမည်ကို ဆန်းလျန် သိမြင်နေလေသည်။

ရုတ်တရက်... ဆန်းလျန်၏ စိတ်ထဲတွင် အန္တရယ် သတိပေးသံတစ်ချက် မြည်ဟည်းသွားသည်။

ဆန်းလျန်၏ ထိုက်ယိကိုယ်ခွဲသည် ချင်းရှကျောင်းတော်တွင်ရှိနေသည့် ဆန်းလျန်အစစ်နှင့် လောတွင် လှည့်လည်သွားလာနေသည့် ထိုက်ကျိကိုယ်ခွဲတို့နှင့် အဆက်အသွယ် ပြတ်တောက်သွားလေသည်။

ဘေးအန္တရယ်သည် ရောက်ရှိလာတော့မည် ဖြစ်လေသည်။

သူ၏ ထိုက်ယိကိုယ်ခွဲကို မူလဆန်းလျန်နှင့် ထိုက်ကျိကိုယ်ခွဲ
တို့၏ ဆက်နွယ်မှု ဖြတ်တောက်ပစ်လိုက်နိုင်ခြင်းသည် အလွန်
ထူးဆန်းသည့် တန်ခိုးစွမ်းအားတစ်ခုသာ ဖြစ်ပေလိမ့်မည်။
ကြည့်ရသည်မှာ ဤကစားပွဲက သေစေလောက်သည်အထိ
ပြင်းထန်သည့် ကစားပွဲဖြစ်နိုင်သည်။ သို့သော်… ပထမမိုးနတ်
မင်းက သူ့ကို သတ်ဖြတ်ရန် ကြံစည်နေသည်ကိုသိရှိ
သည့်အတွက် ဆန်းလျန် မအံ့သြတော့ပေ။
ဆန်းလျန်က မျောက်ဝံမိစ္ဆာဝူကျီးချီကို ထည့်ထားသည့်
ပိုက်ကွန်လေးကို လူစောယိထံသို့ လှမ်းပေးလိုက်သည်။
ထိုအခါ သူ့ကိုယ်ပေါ်မှ လေးလံမှုများ ပျောက်ဆုံးသွားသည်ဟု
ခံစားလိုက်ရသည်။
ဝူကျီးချီ၏ ကျင့်ကြံခြင်းအဆင့်မှာ ယခုနှစ်များအတွင်း များ
စွာ တိုးတက်လာခြင်းမရှိသည့်တိုင် ထိုသတ္တဝါက ကြောက်မက်
ဖွယ်ရာ ကောင်းသည့် နတ်မိစ္ဆာတစ်ပါး ဖြစ်သည်။

ဝူကျီးချီ၏ နှစ်ပေါင်းသောင်းနှင့်ချီ အမြုတေအဖြစ်

သိပ်သည်းထားသည့် မူလဝိညာဉ်ခန္ဓာမှာ ကြယ်တစ်စင်းထက်

ပင် လေးလံသည်မှာသံသယဝင်စရာ မရှိပေ။

ဆန်းလျန်က...

"ကျုပ်တစ်ယောက်တည်းပဲ သွားလိုက်မယ် ၊ မင်း အပြင်က

စောင့်နေပါ..."

လူစောယိက...

"အထဲမှာ အန္တရယ်ရှိလို့လား..."

ဆန်းလျန်က ခေါင်းအသာညိတ်ပြလိုက်သည်။

လူစောယိက တည်ကြည်သည့်မျက်နှာထားဖြင့်...

"အန္တရယ်ရှိတယ်ဆိုရင် မသွားနဲ့လေ..."

ဆန်းလျန်က ပြုံးလိုက်ပြီး...

"လောကမှာ ဆန်းလျန်ကို အနိုင်ယူနိုင်မယ့်သူ တစ်ယောက်မှမရှိသလို ဆန်းလျန် မသွားရဲတဲ့နေရာလည်း တစ်နေရာမှ မရှိဘူး..."

လူစောယိက...

"ဒါပေမဲ့ အခုက မင်းရဲ့ ကိုယ်ခွဲလေ ၊ မင်းကိုယ်တိုင်မှ မဟုတ်တာ..."

"အဲဒီတော့ရော ဘာဖြစ်လဲ ၊ အန္တရယ်ရှိရင် ပြေးရင်ဆိုင်ရမှာပဲ မဟုတ်လား..."

လူစောယိက...

"အေးလေ... အန္တရယ်ရှိလို့ကို မသွားခိုင်းတာ... မင်းလည်း နားလည်နေသားနဲ့..."

ဆန်းလျန်က စိတ်ထဲမှတွေးလိုက်သည်။

"တကယ်တော့ ဒီအန္တရယ်ကို ရင်ဆိုင်မှာ ကျုပ်ရဲ့ 'ယိ' လမ်းစဉ်နဲ့ ထိုက်ယိကိုယ်ခွဲက ပြီးပြည့်စုံသွားမှာ..."

သို့သော်… သူက လူစောယိအား ထိုအကြောင်းများကို ရှင်းပြမနေတော့ဘဲ ရှေ့သို့သာ ဆက်သွားလိုက်လေတော့သည်။

လူစောယိက ဆန်းလျန် ရှေ့သို့ လှမ်းထွက်ပြီး ဗလာနယ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ပြီးမှ ဆန်းလျန်နောက်သို့ လိုက်သွားလိုက်သော်လည်း အရှေ့ဆီတွင် မည်သည့်ဝင်ပေါက်မှ မရှိဘဲ လူစောယိအနေဖြင့် ဆန်းလျန်ဝင်ရောက်သွားသည့်နေရာသို့ လိုက်ပါသွားနိုင်ခြင်း မရှိခဲ့ပေ။

ဆန်းလျန်ပေးခဲ့သည့် ပိုက်ကွန်ထုပ်လေးကိုသာကိုင်ရင်း ဆန်းလျန် ပြန်လာသည်အထိ စောင့်နေရန်သာ ရှိတော့သည်။

ဝူကျီးချီက ဆန်းလျန် သူ့အပေါ်တွင်အသုံးပြုထားသည့် နှုတ်ပိတ်အင်းသင်္ကေတကို မည်သို့ ဖျက်စီးလိုက်သည်မသိပေ။

မျောက်ဝံမိစ္ဆာထံမှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

"အဲဒါ ကောင်းကင်ကြယ်စင်အရံအတားထင်တယ်နော်... ၊ ဟွန်း အဲဒီကောင်လေး ပြန်ထွက်မလာနိုင်တော့မှာ စိတ်ပူမိပါရဲ့..."

မျောက်ဝံမိစ္ဆာ၏ စကားသံကြောင့် လူစောယိ ရင်ထဲအောင့်သွားသည်။

ကောင်းကင်ကြယ်စင်အရံအတားကို သူလည်း ကြားဖူးနားဝရှိလေသည်။ ထိုအရံအတားက ရှေးခေတ်အချိန်အခါကတည်းက လူသိများထင်ရှားပြီး အန္တရယ်ကြီးမားသည့် အရံအတားတစ်ခု ဖြစ်လေ၏။

ဝူကျီးချီ မည်သည့်စကားမှ ဆက်မပြောတော့ပေ။

သူ၏ ဝိညာဉ်စွမ်းအားက မျောက်မင်း (၄)ပါးထဲတွင် နိမ့်ကျသည့်အထဲ မပါဝင်လေရာ အကြောင်းအရာအတော်များများ

ကို သိမြင်သုံးသပ်နိုင်စွမ်း ရှိလေသည်။ အခြားသူများသာဆို

လျှင် အတွင်းထဲမှ အရုံအတားကို အာရုံခံသိရှိနိုင်စွမ်း ရှိမည်

မဟုတ်ပေ။

ဝူကျီးချီကကတော့ ထိုအတွင်းထဲတွင် ဒါဇင်နှင့်ချီသည့် တန်ခိုး

စွမ်းအားကြီးမားသူများ ရှိနေသည်ကို အာရုံခံမိသည်။ ထို

တန်ခိုးစွမ်းအားများအားလုံးအထက်တွင် အထွတ်ထိပ်တန်ခိုး

စွမ်းအားတစ်ခုလည်း ရှိနေသည်ကို သူခံစားမိသည်။

ထိုအဖွဲ့က ဆန်းလျန်ကို ဖျက်စီးပစ်ရန် အေးအေးလူလူဖြင့်

စောင့်နေကြခြင်း ဖြစ်သည်။

မျောက်ဝံမိစ္ဆာကတော့ ဆန်းလျန် တကယ်ပင် အသက်ပျောက်

တော့မည်ဟုတွေးကာ ကြိတ်ပြီး ဝမ်းသာလျှက် ရှိလေ

တော့သည်။

အခန်း (၉၆၈) သတ်ဖြတ်ခြင်း

တံတိုင်း (၃)ခု ၊ သတ္တဝါ (၄)ကောင် ၊ လမ်းကြောင်း(၂၈)ဖြာ

အရံအတားသည် အရောင်မဲ့ကောင်းကင်ဘုံတွင် စိတ်ကူးယဉ်

စကြာဝဠာတစ်ခုအလား လှည့်ပတ်လျှက် ရှိသည်။

ဖြစ်တည်မှုအားလုံးက ထိုစကြာဝဠာထဲတွင် ကြီးထွားဖြစ်တည်

နေပြီး တကယ့်စကြာဝဠာအစစ်၏ ပုံစံငယ်တစ်ခုအလား

ထင်မှတ်ရသည်။

တန်ခိုးစွမ်းအား (၂၈)မျိုးသည် စကြာဝဠာထဲတွင် လှည့်ပတ်နေ

ပြီး ထာဝရတည်ရှိနေသည့် တန်ခိုးစွမ်းအားများအလားပင် ဖြစ်

လေသည်။

အရောင်မဲ့ကောင်းကင်ဘုံအတွင်းသို့ ဆန်းလျန် ဝင်ရောက်လိုက်သည်နှင့် တန်ခိုးစွမ်းအားများ ရုတ်တရက် ပြောင်းလဲသွားသည်ကို ဆန်းလျန် ခံစားလိုက်ရသည်။

သို့သော်... တန်ခိုးစွမ်းအား (၂၈)မျိုးက ဆန်းလျန်ကို ဝန်းရံလိုက်သည်နှင့် ဆန်းလျန်သည် သဲလွန်စမကျန် ချက်ချင်းပင် ပျောက်ကွယ်သွားလေတော့သည်။

"မကောင်းတော့ဘူး... ၊ ဒေဝေါနတ်မင်းကြီး ပျောက်သွားပြီ..."

တန်ခိုးစွမ်းအား (၂၈)မျိုးမှာ အချင်းချင်း ချိတ်ဆက်ထားကြပြီး ထွက်ပေါက်အကြားအလပ် လုံး၀ မရှိပေ။ တန်ခိုးစွမ်းအားတစ်ခုနှင့်တစ်ခုလည်း ခွဲခြား၍ မရပေ။

သို့သော်... ရုတ်တရက်ကြီးပင် ဒေဝေါနတ်မင်းကြီးချိစုန်းကျီ၏ အငွေ့အသက် တစ်ခုတလေကိုပင် မတွေ့ရတော့ပေ။

တံတိုင်း (၃)ခု ၊ သတ္တဝါ (၄)ကောင် ၊ လမ်းကြောင်း(၂၈)ဖြာ အရံအတားသည် (၁၀)ရာခိုင်နှုန်းသာ ဖွဲ့စည်းနိုင်သေး

သော်လည်း အဆုံးမရှိသည့် တန်ခိုးစွမ်းအားများဖြင့် ပြည့်နက်နေလေရာ ဆန်းလျန်ကို သေချာပေါက် ထောင်ဖမ်းနိုင်မည့် အရံအတားဖြစ်လေသည်။

သို့သော်… ချိစုန်းကျိ မရှိပါက ကြီးမားသည့်အရံအတားကြီးက အမြင့်မားဆုံး တန်ခိုးစွမ်းအား ဖြစ်ပေါ်လာနိုင်မည် မဟုတ်တော့ပေ။

ချိစုန်းကျိပျောက်ကွယ်သွားခြင်းက ဆန်းလျန်နှင့်သာ ပတ်သက်နေလျှင် သူတို့ ချိစုန်းကျိကို အမြန်ရှာဖွေရမည်ဖြစ်သည်။ မဟုတ်ပါက သူတို့ ဆန်းလျန်ကို ကျိန်းသေရှုံးနိမ့်ရပေတော့မည်။

ချိစုန်းကျိသည် ရှေးခေတ်အချိန်အခါကတည်းက တည်ရှိခဲ့သည့် နတ်ဘုရားတစ်ပါး ဖြစ်သည်။ သူက စန်းလျန်နှင့် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တွေ့ဆုံဖူးသူ ဖြစ်သည်။

အသူရာချောက်တွင် နွားရိုင်းကြီးကို ဆန်းလျန် ခေါ်လာခဲ့စဉ် အပြန်လမ်းတွင် ချိစုန်းကျိဖန်ဆင်းထားသည့် နတ်ဘုရား နယ်မြေသို့ ဝင်ရောက်ခဲ့ဖူးလေသည်။

ထိုစဉ်ကတည်းက ချိစုန်းကျိမှာ ထိုက်ယီထျန်းရှန်းအဆင့်၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး တာ့လော်အဆင့်သို့ တက်လှမ်းနိုင်ရန် ခြေလှမ်းတစ်ဝက်ခန့်သာ လိုတော့သည်။

ယနေ့တော့ သူက မိုးကောင်းကင်လမ်းစဉ်ကို ကူညီပေးပြီး တာ့လော်အဆင့် တက်လှမ်းရန် အခွင့်အရေးကို ရယူလိုခြင်း ဖြစ်သည်။

တကယ်တမ်းတွင် သူက ဆန်းလျန်နှင့် ရန်ဘက် မဖြစ်ဝံ့ပေ။ သို့သော်... မိုးကောင်းကင်လမ်းစဉ်မှ အကျိုးအမြတ်ရရှိမည် ဆိုသောအခါ သူ့အနေဖြင့် ထိုအခွင့်အရေးကိုလည်း လက်လွှတ်မခံလိုပေ။

ယခုအချိန်တွင် မိုးကောင်းကင်လမ်းစဉ်သည် ဆန်းလျန်ကို ဖျက်ဆီးရန်ကြံစည်နေလေရာ သူတို့သာ ကံကြမ္မာအတိုင်း ဆန်းလျန်ကို တုံ့ပြန်တိုက်ခိုက်မည်ဆိုလျှင် နောက်ဆုံးတွင် သူတို့အားလုံး အဆုံးသတ်ကောင်းကို ကြုံတွေ့နိုင်မည်ဟုလည်း ယုံကြည်ထားလေသည်။

ထို့ကြောင့် ချိစုန်းကျီနှင့် အခြားနတ်ဘုရားများက ယခုကဲ့သို့ ဆန်းလျန်ကို ထောင်ချောက်ဆင်ရန် ဆုံးဖြတ်ခဲ့ကြပြီး မိုးကောင်းကင်လမ်းစဉ်၏ မျက်နှာသာရရန် ကြံစည်ခဲ့ကြခြင်း ဖြစ်သည်။

သူတို့ ထိုက်ယီထျန်းရှန်းအဆင့်ဖြင့် ပျက်သုဉ်းခံရမည်ထက် ဆာလျှင် တာ့လော်အဆင့်သို့ တက်လှမ်းရန် မျှော်လင့်ချက်လေး အနည်းငယ်သာရှိသည်ဆိုလျှင် ရယူချင်မိသည်။

နောက်ဆုံး စကြာဝဠာအဆုံးသတ်နှင့် ကြုံတွေ့ရမည့်အခါ တာ့လော်အဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိလျှင် သူတို့ဘဝ

များသည်လည်း တစ်ခါတည်း အဆုံးသတ်သွားကြရမည် ဖြစ်လေသည်။

ထို့ပြင်... သူတို့နောက်ဆုံးမျှော်လင့်ချက်ကို ဆန်းလျန်က တစ်ယောက်တည်း အပိုင်စီးသွားမည်ကိုလည်း သူတို့ မဖြစ်စေချင်ကြပေ။

သို့သော်... ယခုတော့ ချိစုန်းကျီအတွက် နောင်တရရန်ပင် နောက်ကျသွားပြီ ဖြစ်လေသည်။

သူ အခြားသူများနှင့် အဆက်အသွယ် ဖြတ်တောက်ခံလိုက်ရပြီ ဖြစ်သည်။ သူက အရံအတားအတွင်းမှာပင် ရှိနေသေးသော်လည်း အခြားသူများက သူ့ကို တွေ့မြင်ရခြင်း မရှိတော့ပေ။

သူ့ပတ်ဝန်းကျင်တစ်ခုလုံး မမြင်ရသည့်အရိပ်များက ဝန်းရံထားလေသည်။

ချိစုန်းကျိီမှာ ဒုက္ခပင်လယ်ထဲတွင် လှေငယ်တစ်စင်းဖြင့် တစ်ယောက်တည်း ရွက်လွှင့်နေရသည့်အလား ခံစားနေရပြီး ပင်လယ်ကလည်း မုန်တိုင်းထန်တော့မည် ဖြစ်လေသည်။

ချိစုန်းကျိီသည် ဒေဝေါနတ်မင်းကြီးဟု နာမည်ကျော်ကြားပြီး တန်ခိုးစွမ်အားမြင့်မားသူတစ်ယောက်ဖြစ်သော်လည်း ယခု တော့ သူ့စိတ်ထဲတွင် ကူရာကယ်ရာမဲ့သလို ခံစားနေရသည်။

ထိုသို့သော ဖိအားများအောက်တွင် သူ၏ တာအိုနှလုံးသားက သည်းမခံနိုင်တော့ဘဲ စကားစတင် ပြောလိုက်လေတော့သည်။

"တာအိုရောင်းရင်းဆန်းလျန် ၊ မင်း ဒီမှာရှိတယ်ဆိုတာ ကျုပ်သိပါတယ် ၊ ကျေးဇူးပြုပြီး ကိုယ်ထင်ပြပါ... ၊ ကျုပ်နဲ့ လာတွေ့ပါ..."

ဆန်းလျန် ထွက်လာမည်မဟုတ်သည်ကို ချိစုန်းကျိီ သိထားပြီး သား ဖြစ်သည်။

သို့သော်... ကိုယ်တိုင်မလှုပ်ရှားဘဲ အခြားသူများ လာကယ်

သည့်အချိန်ကို စောင့်နေပါက သူ အသက်ပျောက်သွားပေ

လိမ့်မည်။

ထို့ကြောင့် လောလောဆယ် ဆန်းလျန်ထွက်လာအောင်

ကြိုးစားကြည့်ခြင်းက အကောင်းဆုံးဖြစ်သလို သူက အသံ

ထုတ်လွှတ်စကားပြောလိုက်သည့်အတွက် အခြားသူများ သူ့

အသံကို ကြားပါက သူ ဘာဖြစ်နေသည်ကို သိရှိသွားနိုင်သည်။

ထိုအခါ... သူ့လူများနှင့် အဆက်အသွယ်ပြန်ရနိုင်ချေရှိသည်

မဟုတ်ပါလား။

ထိုအခါ... လေထုထဲတွင် ကျယ်လောင်သည့် ရယ်မောသံကြီး

တစ်သံ ထွက်ပေါ်လာပြီး ချိစုန်းကျီ၏ခန္ဓာကိုယ်မှာ ပင်လယ်

ရေလှိုင်းများနှင့်အတူ တုန်ခါသွားလေသည်။

ရယ်မောသံကြီးက သူ၏ စိတ်ဝိညာဉ်ထဲသို့ပင် ပဲ့တင်ထပ် ရိုက်

ခတ်လျှက်ရှိသည်။ ဆန်းလျန်၏ ကျင့်ကြံခြင်းအဆင့်မှာ

ခန့်မှန်း၍ မရသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ပြီး ချိ
စုန်းကျီ ရင်ထဲတွင် မချိတင်ကဲ ခံစားလိုက်ရသည်။
ထို့နောက် လေထဲတွင် အဖြူရောင်အရိပ်တစ်ရိပ်ပေါ်လာပြီး ချိ
စုန်းကျီကို ရိုက်ချလိုက်လေရာ ချိစုန်းကျီ နေရာတွင်ပင်
အသက်ပျောက်တော့မတတ် ခံစားလိုက်ရသည်။
ထိုအဖြူရောင်အရိပ်မှာ ဓားဝိညာဉ်တစ်ခုဖြစ်လေသည်။
ဓားဝိညာဉ်သည် အသက်ဓာတ်စွမ်းအားများနှင့် ပြည့်နေပြီး
ကြည်လင်သည့်စမ်းချောင်းလေးပမာ ဖြစ်သော်လည်း လူအ
များ၏နှလုံးသားကို ထိတ်လန့်ချောက်ချားစေလေသည်။
ချိစုန်းကျီ မပေါ့ဆရဲတော့ပေ။ သူ့ကိုယ်ထဲမှ အနက်ရောင် မြစ်
တစ်စင်းစီးဆင်းထွက်လာပြီး ဓားဝိညာဉ်ကို ထိပ်တိုက်ရင်ဆိုင်
လိုက်သည်။

ချိစုန်းကြည်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာ ကောင်းအောင် တုန်ခါနေပြီး အရိုးများပင် အရည်ပျော်ကျ လုနီးပါး ဖြစ်နေလေသည်။

ချိစုန်းကျီ၏ အနက်ရောင်ရေစီးကြောင်းနှင့် အဖြူရောင်ဓား ဝိညာဉ် ရိုက်ခတ်မိသည်နှင့် ချက်ချင်းပင် စကြာဝဠာတစ်ခုလုံး ကိုပင် ဖိနှိပ်ထားနိုင်သည့် ကြီးမားသည့် ဖိအားကြီးတစ်ခုကို ချိ စုန်းကျီ ခံစားလိုက်ရသည်။

သူ ဆန်းလျန်ကို မည်သို့မှ မယှဉ်နိုင်သည်မှာ သေချာလွန်း သည်။

ဓားဝိညာဉ်သည် ရှည်လျားသည့် အနက်ရောင်မြစ်ရေများကြား တွင် စီးမျောနေပြီး (၂)ခု ကွဲသွားလေသည်။ ထို့နောက် (၂)ခုမှ (၄)ခု ၊ (၄)ခု မှ (၈) ခု စသည်ဖြင့် အချိန်တိုအတွင်း အဆုံးမရှိ ၊ မျှော်လင့်မထားလောက်အောင် များပြားလာပြီး ချိစုန်းကျီ၏

အနက်ရောင်မြစ်ရေများအားလုံးကို စုပ်ယူပစ်လိုက်လေ
တော့သည်။
တစ်ချိန်တည်းမှာပင် ချိစုန်းကျီ၏ တန်ခိုးစွမ်းအားများ လျှင်
မြန်စွာ လျော့နည်းလာသည်ဟု ခံစားလိုက်ရသည်။
သူက ဗဟုသုတနှင့် အလွန်ပြည့်စုံသည်ဖြစ်လေရာ ထိုဓား
ဝိညာဉ်မှာ သွေးဓားဖြစ်ကြောင်း ချက်ချင်းသိရှိလိုက်သည်။
သို့သော်... သွေးဓားတွင် လုံးဝ မိစ္ဆာစွမ်းအားများ ပါဝင်နေခြင်း
မရှိပေ။ ဓားဝိညာဉ်မှာ အသက်ဓာတ်စွမ်းအားများပြည့်ဝနေပြီး
သွေးဓားမှာ သန့်စင်ထားခြင်းခံရဟန် ရှိလေသည်။
ထိုအချက်က မယုံကြည်နိုင်စရာကောင်းလှသလို ဆန်းလျှန်
မည်မျှခန့်မှန်းရခက်ကြောင်း ပေါ်လွင်ထင်ရှားလှသည်။
သာမန်ဓားဝိညာဉ်တစ်ခုဆိုလျှင်မည်သို့ တိုက်ခိုက်ရမည်ကို ချိ
စုန်းကျီ ကောင်းကောင်းသိရှိမည် ဖြစ်သော်လည်း သွေးဓား၏

တိုက်ခိုက်မှုကိုတော့ ဓားချက် (၂)ချက်ထက်ပိုပြီး မခုခံနိုင်ခဲ့

ပေ။

ထို့နောက် ချိစုန်းကျီ သွေးများသုံးခါတိတိ အန်ချလိုက်ပြီး

သွေးများက သူ့လက်ထဲတွင်ကိုင်ထားသည့် ကြေးမုံတစ်ချပ်

ထက်တွင် စွန်းထင်းသွားလေသည်။

ထိုကြေးမုံမှန်မှာ ရှမ်မင်ကြေးမုံမှန် ဖြစ်ပြီး ထိုအရာ၏

ဇာစ်မြစ်က အလွန်ထူးခြားသည်။

ရှေးခေတ်အချိန်အခါက မည်သူမှ အနိုင်ယူနိုင်ခြင်းမရှိသည့်

နတ်ဘုရားလည်းဖြစ် ၊ နတ်မိစ္ဆာလည်းဖြစ်သူ ရှမ်မင်ဆိုသည့်

လူတစ်ယောက် လောကတွင် ရှိခဲ့ဖူးသည်။

သူ၏ ကျင့်စဉ်လမ်းက အခြားသူများနှင့်မတူဘဲ ကွဲပြားသလို

သူကိုယ်တိုင်ကလည်း တာ့လောအဆင့် ကျင့်ကြံသူတစ်

ယောက် ဖြစ်လေသည်။ သူ့ကို ဒုတိယမိုးနတ်မင်းသည်ပင်

သွားရောက် ရန်မစရဲခဲ့ပေ။

နောက်ပိုင်းတွင်တော့ ရွှမ်မင်သည် ဘေးအန္တရယ်ကပ်ဆိုးကြီး ဖြင့် ကြုံတွေ့ရင်ဆိုင်ခဲ့ရပြီး ပျက်စီးခဲ့ရလေသည်။

ချိစုန်းကျိုမှာ ရွှမ်မင်၏ ကြွင်းကျန်ရစ်ခဲ့သည့် မူလဝိညာဉ် အပိုင်းအစလေးမှ ဖြစ်တည်လာသည့် နတ်ဘုရားတစ်ပါး ဖြစ် လေ၏။

ရွှမ်မင်၏ မူလဝိညာဉ်အပိုင်းအစလေးသည်ပင် နှစ်ပေါင်းများ စွာ ကြောက်မက်ဖွယ်ရာ ထိုက်ယီထျန်းရှန်းအဆင့် နတ်ဘုရား တစ်ပါးဖြစ်နေခဲ့လေသည်။

သို့သော် ချိစုန်းကျို တာ့လော်အဆင့်သို့ မတက်လှမ်းနိုင်ခြင်းမှာ ရွှမ်မင်၏ အခြေခံကျင့်စဉ်ကို မသိသည့်အတွက်ကြောင့် ဖြစ် လေသည်။

ရွှမ်မင်ကြေးမုံကတော့ ရွှမ်မင်၏ ကိုယ်ပိုင်ရတနာပစ္စည်းတစ်ခု ဖြစ်လေ၏။

ဆန်းလျန်ကဲ့သို့ လက်တစ်ဖက်မြှောက်ရုံဖြင့် ကြီးမားသည့် တန်ခိုးစွမ်းအားကိုပိုင်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ယောက်ကို ထို ကြေးမုံမှန်ဖြင့် မတိုက်ခိုက်လျှင် မည်သည့်မှော်ဝင်ပစ္စည်းဖြင့် တိုက်ခိုက်နိုင်ပါမည်နည်း။

ချိစုန်းကျီအန်ချလိုက်သည့် သွေးသုံးပွက်သည် နှစ်ပေါင်းသန်း ချီကြာအောင် သူ ကျင့်ကြံခဲ့သည့် ကျင့်ကြံခြင်းအနှစ်သာရ များ ပါဝင်လေသည်။ သူ ဝမ်းနည်းခြင်းကြီးစွာ ဖြစ်မိ သော်လည်း နောက်မဆုတ်ရဲပေ။

ရွှမ်မင်ကြေးမုံသည် တာအိုသွေးစက်များနှင့် ထိတွေ့မိသွား သည်နှင့် အလင်းတန်းများတောက်ပလာပြီး ဓားဝိညာဉ်က စုပ် ယူမြိုချပစ်လိုက်သည့် အနက်ရောင်မြစ်ရေများဆီသို့ ပျံသန်း ထွက်ခွာသွားလေတော့သည်။

ရုတ်တရက်... လေထုတစ်ခုလုံး အေးခဲသွားပြီး အသိဉာဏ်ပညာနှင့်ပြည့်စုံသည့် ဓားဝိညာဉ်သည် ချက်ချင်းပင် တုံ့နှေးသွားလေသည်။
ချိစုန်းကျီမှာလည်း အားနည်းပြီး ခြေပစ်လက်ပစ်လဲကျသွားတော့သည်။
ထိုအချိန်မှာပင်... အဝေးဆီမှ အခိုးအငွေ့ (၂၇)ခု သူ့ထံသို့ လာနေသည်ကို ချိစုန်းကျီ တွေ့မြင်လိုက်ရသည်။
ထိုအခိုးအငွေ့များမှာ သူရှိရာသို့ လာရောက်နေသည့် နတ်မိစ္ဆာအဓိပတိကြီးနှင့် ပထမမိုးနတ်မင်းတို့ အုပ်စုဖြစ်သည်ကို ချိစုန်းကျီ သိရှိလိုက်သည်။
သို့သော်... သူ သိပ်ပြီး အချိန်ကြာကြာ ဝမ်းမသာလိုက်ရပေ။
သူ၏ပါးစပ်ထဲမှ နောက်ထပ်သွေးတစ်ပွက်အန်ထုတ်လိုက်ပြီး သူ့ခန္ဓာကိုယ်မှာ လုံးဝ နွမ်းခွေသွားလေသည်။

ဓားဝိညာဉ်က ချက်ချင်းပင် အသက်ဝင်လာပြီး ရွှမ်မင်ကြေးမုံကို ခုတ်ပိုင်းချလိုက်လေရာ မှော်ဝင်ကြေးမုံမှန်မှာ နှစ်ခြမ်းကွဲသွားလေတော့သည်။

ထိုရတနာကြေးမုံမှန်သည် ချိစုန်းကျီနှင့် နက်နက်ရှိုင်းရှိုင်း ဆက်စပ်မှုရှိပြီး သူ၏ အသက်သွေးကြောကဲ့သို့ဖြစ်လေရာ ကြေးမုံမှန် ဖျက်စီးခံလိုက်ရသည့်အခါ ချိစုန်းကျီမှာလည်း ဒဏ်ရာရသွားလေတော့သည်။

သူ အသက်တစ်ချက် ရှူထုတ်လိုက်ပြီး သွေးများအန်ချလိုက်ပြန်သည်။

ချိစုန်းကျီအန်ချလိုက်သည့် တာအိုသွေးစက်များက ထိပ်တန်းအဆင့် တန်ခိုးစွမ်းအားတစ်ခုအဖြစ်ပြောင်းလဲသွားပြီး သွေးရောင်လွှမ်းနေသည့် သက်တန့်တစ်ခုအဖြစ်ပြောင်းလဲသွားလေသည်။

ထို့နောက် သက်တံ့သည် ကောင်းကင်ကိုဖြတ်ကျော်ပြီး နတ်မိစ္ဆာအဓိပတိကြီးနှင့် အခြားသူများရှိရာသို့ ဦးတည်ထွက်ခွာသွားလေသည်။

ပျံ့သန်းလာသည့် သွေးနီရောင်သက်တံ့ကို အားလုံး တွေ့မြင်လိုက်ကြရသော်လည်း ထိုသက်တံ့သည် လေထဲတွင် အေးခဲသွားပြီး ဆက်လက်ရွေ့လျားလာနိုင်ခြင်း မရှိတော့ပေ။

ထိုအချိန်မှာပင် နတ်မိစ္ဆာအဓိပတိကြီးနှင့် အခြားသူများမှာ သေလုမျောပါး ခံစားလိုက်ရလေသည်။

ရွှမ်မင်ကြေးမုံကို ထိုးခွဲပစ်လိုက်သည့် ဓားဝိညာဉ်သည် အနက်ရောင်မြစ်ရေများအတွင်းမှ ချက်ချင်း ထွက်ပေါ်လာပြီး သွေးနီရောင်သက်တံ့ဆီသို့ ဦးတည်ဝင်ရောက်သွားလေတော့သည်။

သွေးဓားဖြင့် ခုတ်ပိုင်းခံလိုက်ရသည်နှင့် ချိစုန်းကျီ၏ မူလဝိညာဉ်ခန္ဓာမှာ တစ်ချက်တည်းဖြင့် တစ်စစီ ပြိုကွဲပျက်စီးသွားလေတော့သည်။

အနည်းငယ် ရုန်းကန်လှုပ်ရှားနေပြီးနောက် ချိစုန်းကျီ၏ မူလဝိညာဉ်ခန္ဓာ တစ်စစီပြိုကွဲပြီး အပိုင်းပိုင်း ကွဲထွက်ကာ ပျက်စီးသွားလေတော့သည်။

သနားစရာ နတ်ဘုရားတစ်ပါးသည် ဘေးအန္တရာယ်ဆိုးနှင့် ကြုံတွေ့ခဲ့ရပြီဖြစ်ပြီး အသက်ရှင်သန်ရန် မည်သည့်နည်းနှင့်မှ မဖြစ်နိုင်တော့ပေ။

***

မှတ်ချက် - ဆန်းလျန်နှင့်ချိစုန်းကျီ ဆုံတွေ့ခဲ့ခြင်းကို အခန်း (၇၀၁)တွင် ရေးသားထားပါသည်။ - ဘာသာပြန်သူ

အခန်း (၉၆၉) သဘာဝလွန်တန်ခိုးစွမ်းအားများ

ဓားရောင်က ဒေါသတကြီးပေါက်ကွဲထွက်သွားပြီး ချိစုန်းကျီ၏ မူလဝိညာဉ်ခန္ဓာကို သုတ်သင်ရှင်းလင်းပစ်လိုက်ပြီ ဖြစ်လေသည်။

ထိုအချိန်မှာပင်… ပန်းချီကားလိပ်တစ်ခု လေထဲတွင် ပျံဝဲလာပြီး ပန်းချီကားထဲမှ နဂါးဟိန်းသံနှင့်ကျားဟိန်းသံများ ထွက်ပေါ်လျှက် ရှိသည်။

ကောင်းကင်ထက်တွင် ပန်းချီကားနှင့် ဓားဝိညာဉ်တို့ ထိပ်တိုက်ရင်ဆိုင်မိကြသည်။

ထိုပန်းချီကားမှာ နတ်မိစ္ဆာအဓိပတိကြီး၏ ဝိညာဉ်ရတနာပန်းချီကား ဖြစ်လေသည်။ ထိုပန်းချီကားထဲတွင် သတ္တဝါ (၄)မျိုးကို သန့်စင်ပြီး ကျင့်ကြံထားခြင်း ဖြစ်၏။

ဝိညာဉ်ရတနာ ပန်းချီကားသည် ထိုက်ချိယင်ယန်ပန်းချီကားကိုပင် ကောင်းကောင်းယှဉ်ပြိုင်နိုင်သည်ဖြစ်သောကြောင့် ဆန်း

လျှန်၏ ထိုက်ယိကိုယ်ခွဲကိုလည်း အနည်းနှင့်အများ နာကျင်စေနိုင်မည် ဖြစ်သည်။

ဓားဝိညာဉ်က လက်ခနဲတစ်ချက်တောက်ပလာပြီး ပန်းချီကားကို ထိုးခွဲပစ်လိုက်ကာ ပန်းချီကားထဲမှ သတ္တဝါ (၄)ကောင်ကို ရင်ဆိုင်လိုက်သည်။

ရှေးဟောင်းသတ္တဝါ (၄)မျိုးမှာ ဝိညာဉ်ရတနာပန်းချီကားဖြင့် ပေါင်းစည်းထားသည့်အတွက် လေထုထဲတွင် အဆုံးမရှိသည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်လာလေသည်။ မြေ ၊ ရေ ၊ လေ ၊ မီး ဓာတ်ကြီး (၄)ပါးဖြင့် သတ္တဝါ (၄)ကောင် ပေါင်းစုံသွားသွားပြီး တန်ခိုးစွမ်းအား မြင့်မားစွာ ထွက်ပေါ်လာသည်။

သို့သော်... ဆန်းလျှန်၏ ဓားကလည်း သူ၏ ကိုယ်ပိုင်ဝိညာဉ်စွမ်းအားကိုပိုင်သည့် ဓားဖြစ်သည်။ ဓားဝိညာဉ်က အဆက်မပြတ်ပြောင်းလဲနေပြီး သတ္တဝါ (၄)ကောင်ကြားတွင် လှည့်ပတ်သွားလာလျှက် ရှိလေသည်။

သတ္တဝါ (၄)ကောင်သည် တစ်ကောင်လျှင် တစ်မျိုး ထင်ရှားသည့် တန်ခိုးစွမ်းအားများ ရှိကြသည်။ ဓားဝိညာဉ်က သတ္တဝါ (၄)ကောင်၏ ဟာကွက်များကို ထိုးဖောက်ဝင်ရောက်ပြီး ခုတ်ဖြတ်တိုက်ခိုက်လိုက်သည်။

သတ္တဝါ (၄)ကောင်မှာ ချက်ချင်းပင် ပြားပြားဝပ်သွားပြီး ဒဏ်ရာများ ရသွားကြလေသည်။

ဆန်းလျန်၏ ဓားဝိညာဉ်က 'ယိ' လမ်းစဉ်ကို အခြေခံပြီး မိုးကောင်းကင်မိစ္ဆာကျင့်စဉ်နှင့် အိပ်မက်လိပ်ပြာကျင့်စဉ်ကို ပေါင်းစပ်ထားခြင်းဖြစ်လေရာ လောကရှိ နတ်ဘုရားအများစုကို သုတ်သင်ပစ်နိုင်စွမ်း ရှိလေသည်။ ထို့ပြင်... ဓားဝိညာဉ်က ထူးဆန်းပြီး ခန့်မှန်းရခက်လှသည်။

ရှေးဟောင်းနတ်ဘုရားတစ်ပါးဖြစ်သည့် ချိစုန်းကျီပင်လျှင် ထို ဓားဝိညာဉ်ကို ခုခံနိုင်ခြင်း မရှိခဲ့ပေ။

ဓားဝိညာဉ်က ပန်းချီကားကို ထိမှန်သွားပြီး ဆန်းလျန်၏

ခန္ဓာကိုယ်အစစ်အမှန် ထွက်ပေါ်လာလေသည်။

ထိုက်ကျိကိုယ်ခွဲလည်း မဟုတ်သလို ၊ ထိုက်ယိကိုယ်ခွဲလည်း

မဟုတ်ပေ။ အပြာနုရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် ဆန်း

လျန် အစစ်အမှန် ဖြစ်လေ၏။ ထိုက်ယိကိုယ်ခွဲမှ ဆန်းလျ

န်၏အသွင်အစစ်ကို ခေတ္တပြသခြင်းဟု ဆိုနိုင်သည်။

ဆန်းလျန်က လေထဲတွင် အေးအေးဆေးဆေးပင် ရပ်နေလေ

သည်။

သူ၏မျက်ဝန်းများက လှိုင်းတစ်ချက်မခတ်ဘဲ တည်ကြည်နေ

ပြီး ချန်ကျင်းချင်သည် ထိုမျက်ဝန်းများကို ရင်မဆိုင်ရဲစွာဖြင့်

အကြည့်လွှဲလိုက်၏။

ထို့နောက် ကောင်းကင်ထက်မှ သံလိုက်မုန်တိုင်းများကြားထွက်

ဆန်းလျန်၏ပုံရိပ်က ချက်ချင်းပင် ပြန်လည်ပျောက်ကွယ်သွား

လေသည်။

ချန်ကျင်းချင်၏ ရင်ထဲတွင် များစွာ တုန်လှုပ်သွားလေသည်။

ထိုအချိန်မှာပင်... သူ့ရှေ့ရှိ လေထုထဲတွင် ကျောက်စိမ်းသား အလား ဖြူစင်လွန်းသည့် လက်ဖဝါးတစ်ဖက်ထွက်ပေါ်လာ လေ၏။

ချန်ကျင်းချင်က ပြန်လည်မွေးဖွားလာသည့် ပထမမိုးနတ်မင်း ဖြစ်သော်လည်း သူ၏တန်ခိုးစွမ်းအားများက ယခင်အချိန်က ကဲ့သို့ ထိပ်ဆုံးအဆင့်သို့ မရောက်သေးပေ။ ထိပ်ဆုံးအဆင့် ရောက်ရန်မှာ အလှမ်းဝေးသေးသည်။

သို့သော်... ယခုအခြေအနေထိ ရောက်ခဲ့ပြီးမှတော့ နောင်တရ နေစရာ မရှိတော့ပေ။

ချန်ကျင်းချင်က လက်များကို လှုပ်ရှားဝှေ့ရမ်းလိုက်ရာ ဆား ဝိညာဉ် (၃)ခုက လှိုင်းလုံးကြီးများအလား တစ်ခုပြီးတစ်ခု ထွက်ပေါ်လာလေသည်။

သို့သော်... ဆန်းလျန်၏ နတ်ဘုရားလက်ဖဝါးကြီးက အလွန်တန်ခိုးစွမ်းအားမြင့်မားလေရာ ချန်ကျင်းချင်၏ ဓားဝိညာဉ်များမှာ တစ်စစီပျက်စီးသွားလေသည်။ နောက်ဆုံး ကြီးမားလွန်းသည့် နတ်ဘုရားကြီးက ပြောင်းလဲမှုမရှိဘဲ ချန်ကျင်းချင်၏ခန္ဓာကိုယ်ကို ရိုက်ချလိုက်လေတော့သည်။

ချန်ကျင်းချင်၏ ခန္ဓာကိုယ်တစ်ခုလုံး ပေါက်ကွဲထွက်သွားပြီး သူ၏မူလဝိညာဉ်ခန္ဓာက ခန္ဓာကိုယ်အတွင်းမှ ပျံသန်းထွက်ခွာလာလေသည်။

သို့သော်... ချန်ကျင်းချင်မှာ ချိစုန်းကျီကိုကြည့်ပြီး သင်ခန်းစာရခဲ့ပြီဖြစ်လေရာမူလဝိညာဉ်ခန္ဓာကို အဆိုင်အခဲအဖြစ် သိပ်သည်းမထားဘဲ အခိုးအငွေ့အဖြစ် ပြောင်းလဲလိုက်သည်။

ဆန်းလျန်က တပည့်ရင်းဖြစ်သူ၏ ခန္ဓာကိုယ်ကိုပင် အရေးမစိုက်ဘဲ တစ်ချက်တည်းဖြင့် ဖျက်စီးပစ်လိမ့်မည်ဟု ချန်ကျင်းချင် ထင်မထားမိပေ။

ကြီးမားသည့် လက်ဖဝါးကြီးက အခိုးအငွေ့အဖြစ် ပြောင်းလဲသွားသည့် ချန်ကျင်းချင်၏ မူလဝိညာဉ်ခန္ဓာကို လိုက်လံဖမ်းဆီးနေစဉ်မှာပင် အခြားသူများက ချန်ကျင်းချင်ကို ကယ်တင်ရန် ဝင်ရောက်လာကြလေသည်။

ပထမဆုံးဝင်ရောက်လာသူမှာ နတ်မိစ္ဆာအဓိပတိကြီးဖြစ်လေ၏။ သူ၏ လျှင်မြန်မှုက မယုံကြည်နိုင်စရာကောင်းလှသည်။

နတ်မိစ္ဆာအဓိပတိကြီးက သူ၏ ခွန်ဖိန်နတ်မိစ္ဆာခန္ဓာကို ထုတ်ဖော်လိုက်လေရာ ကြီးမားသည့် ခွန်ဖိန်ငှက်ဦးခေါင်းကြီး ထွက်ပေါ်လာပြီး အမွေးအတောင်များကလည်း နက်မှောင်စိုလဲ့ကာ တောက်ပလျှက်ရှိလေသည်။

ချက်ချင်းပင် နတ်မိစ္ဆာအဓိပတိကြီးက ဆန်းလျန်၏ လက်ဖဝါးကြီးကို အတောင်ပံများဖြင့် ပြင်းပြင်းထန်ထန် ရိုက်ချလိုက်သည်။

လက်ဖဝါးကြီးနှင့် အတောင်ပံကြီး ရိုက်ခတ်မိသည့်နှင့် လေထု တစ်ခုလုံး လဲပြိုကျသွားပြီး ကောင်းကင်ထက်တွင် တွင်းနက် ငယ်များ ထွက်ပေါ်လာလေသည်။

တံတိုင်း (၃)ခု ၊ သတ္တဝါ (၄)ကောင် ၊ လမ်းကြောင်း(၂၈)ဖြာ အရံအတားက အလွန်မြင့်မားသည့် တန်ခိုးစွမ်းအားရှိလေရာ ဆန်းလျန်၏ လက်ဖဝါးကြီးမှ ကြီးမားသည့် တန်ခိုးစွမ်းအား ကို ခံစားလိုက်ရသည့်အခါ ချက်ချင်းပင် ကြယ်စင်စွမ်းအား များဖြင့် ပိတ်ဆို့လိုက်ခြင်း ဖြစ်လေ၏။

ခွန်ဖိန်ငှက်ကြီး၏ အနက်ရောင်အမွေးအတောင်များအားလုံး ကျွတ်ထွက်သွားပြီး အမှုံ့ဖြစ်သွားလေသည်။

ဆန်းလျန်၏ ပြိုင်ဘက်ကင်း လက်ဝါးရိုက်ချက်ကို နတ်မိစ္ဆာ အဓိပတိကြီး ခံနိုင်ရည် မရှိခဲ့ပေ။ သူနှစ်ပေါင်းများစွာ သန့်စင် ထားခဲ့သည့် အနက်ရောင်အမွေးများမှာ လုံးဝ ပျက်စီးသွားခဲ့ပြီ ဖြစ်လေသည်။

သူ၏မူလဝိညာဉ်ခန္ဓာက ချက်ချင်းပင် သူ၏ခန္ဓာကိုယ်ကြီးကို

ဖုံးအုပ်ထားလိုက်လေသည်။ မဟုတ်ပါက အမွေးမရှိသည့် လဒ

တစ်ကောင်အလား အလွန်ကြည့်ရဆိုးပေလိမ့်မည်။

တိုက်ပွဲ ခေတ္တရပ်တန့်သွားသည့်အချိန်တွင် ချိစုန်းကျီ၏

ပျက်စီးသွားသည့် မူလိဝိညာဉ်အပိုင်းအစများက နတ်မိစ္ဆာ

အဓိပတိကြီးရှိရာသို့ စုဝေးရောက်ရှိလာလေသည်။

ချိစုန်းကျီ၏ မူလဝိညာဉ်ခန္ဓာအပိုင်းအစများသည် ဝိညာဉ်

ရတနာ ပန်းချီကားဖြင့် ပေါင်းစည်းသွားလေသည်။

ချိစုန်းကျီ၏ မူလဝိညာဉ်ခန္ဓာက ပန်းချီကားအတွင်းသို့ ဝင်

ရောက်သွားသည့်အခါ ပန်းချီကားက ပြန်လည် အသက်ဝင်

လာသည်။

နတ်ဘုရားများနှင့် သတ္တဝါ (၄)ကောင် ပေါင်းလိုက်လျှင်

စုစုပေါင်း တန်ခိုးစွမ်းအား (၂၇) မျိုး ရရှိမည်ဖြစ်လေသည်။

ထိုတန်ခိုးစွမ်းအားများအားလုံး တစ်စုတစ်စည်းတည်းအဖြစ် ပေါင်းစပ်သွားကြသည်။

ထိုသို့အခါ... ဝိညာဉ်ရတနာပန်းချီကားမှ အလင်းရောင်များ ထွက်ပေါ်လာလေသည်။

ပန်းချီကားအတွင်းမှ သတ္တဝါ (၄)ကောင်ထွက်ပေါ်လာပြီး နတ်မိစ္ဆာအဓိပတိကြီး၏ ဦးခေါင်းထက်သို့ ရောက်ရှိလာလေသည်။

ထို့နောက် နတ်မိစ္ဆာအဓိပတိကြီး၏ ဦးခေါင်းထက်မှ အစိမ်းရောင်တိမ်တိုက်တစ်ခုထွက်ပေါ်လာပြီး သတ္တဝါ (၄)ကောင်က တိမ်တိုက်ထက်သို့ တက်လိုက်ကြသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် နတ်မိစ္ဆာအဓိပတိကြီး၏ မိစ္ဆာစွမ်းအားများ ခန့်မှန်း၍ မရနိုင်လောက်အောင် မြင့်မားနေပြီဖြစ်သည်။

လေထုထဲတွင် ဆန်းလျန်၏ ခန္ဓာကိုယ်ထွက်ပေါ်လာပြီး သန့်စင်ကြည်လင်နေလေသည်။ သို့သော်... သူ၏ခန္ဓာကိုယ်က မိုးမြေစွမ်းအားများနှင့် ချိတ်ဆက်ထားခြင်း မရှိဘဲ သီးသန့် ဆန်လွှန်းနေလေသည်။

ဆန်းလျန်ကိုယ်တိုင်က သီးခြားစကြာဝဠာတစ်ခုအလားဖြစ်နေပြီး ဆန်းလျန်၏ ခန္ဓာကိုယ်ထဲတွင် စကြာဝဠာအစစ်အမှန် အတိုင်း ပြောင်းလဲမှုများဖြစ်ပေါ်လျှက် ရှိသည်။

ဆန်းလျန်၏ နက်နဲသည့် တန်ခိုးစွမ်းအားကို တွေ့မြင်လိုက်ကြရသည့်အခါ နတ်ဘုရားများအားလုံး ကြောက်ရွံ့တုန်လှုပ်သွားကြသည်။

ဆန်းလျန်ထံတွင် အားနည်းချက်ဟူ၍ သူတို့ ရှာဖွေမတွေ့ပေ။ အားလုံးက ချိစုန်းကျီကဲ့သို့ ဘဝအဆုံးသတ်သွားကြမည်ကို ကြောက်ရွံ့နေကြသည်။

ဆန်းလျန်ကို ဝိုင်းတိုက်ကြမည်ဟု ဆုံးဖြတ်လိုက်ပြီး ကတည်းက သူတို့အားလုံး သေရန် အသင့်ပြင်ထားကြသူများ ဖြစ်သည်။

သို့သော်… နှစ်ပေါင်းများစွာ အသက်ရှင်သန် နေထိုင်ခဲ့သည့် ရှေးဟောင်းနတ်ဘုရားတစ်ပါးဖြစ်သော ဒေဝေါနတ်မင်းကြီး ချိစုန်းကျီ သေဆုံးသွားသည်ကို တွေ့လိုက်ရသည့်အခါ သူတို့ အားလုံး စိတ်မကောင်းမဖြစ်ဘဲ မနေနိုင်ကြပေ။

နှစ်ပေါင်းသန်းနှင့်ချီပြီး ကျင့်ကြံခဲ့သမျှသည် တစ်ခဏအတွင်း အမှုန့်ဖြစ်သွားနိုင်သည် မဟုတ်ပါလား။

တုန်းဟွာတောက်ကျွင်းနှင့် ဆန်းလျန်ကြားတွင်ရှိသည့် ရန်ငြိုး ကတော့ မပြေနိုင်သည့် ရန်ငြိုးဖြစ်လေသည်။

ချင်းရှုတောင်တွင် ဆန်းလျန်နှင့် တုန်းဟွာတောက်ကျွင်း တိုက်ခိုက်ခဲ့စဉ်က သူက ဆန်းလျန်၏ လက်ချက်ဖြင့် လူပြန် ဝင်စားခြင်းဘုံသို့ ဝင်ရောက်ကာ လူပြန်ဝင်စားခဲ့ရဖူးသည်

မဟုတ်ပါလား။ သူ့အနေဖြင့် ဆန်းလျန်ကို အဘယ်မှာ ရန်ငြိုး ပြေနိုင်ပါမည်နည်း။

ထို့ပြင်... သူနှင့် ရဲ့လျိုယွင် သူသေကိုယ်သေ တိုက်ခိုက်ခဲ့ကြဖူးလေသည်။

ဆန်းလျန်က ရဲ့လျိုယွင်၏ ကံကြမ္မာကို ခိုးယူခဲ့သော်လည်း ရဲ့လျိုယွင်ကိုတော့ သတ်ဖြတ်ခဲ့ခြင်း မရှိပေ။ ဆန်းလျန်က ရဲ့လျိုယွင်ကို အကြွေးပြန်ဆပ်လိုခြင်း ဖြစ်ဟန်တူလေသည်။

ထို့ပြင်... ဆန်းလျန်က ရဲ့လျိုယွင်ကို မိုးကောင်းကင်တံခါးကို ပင် ပေးခဲ့သေးသည်။ ဤသည်မှာ ဆန်းလျန်က ရဲ့လျိုယွင် အပေါ် ပေးဆပ်နေသည်မှာ ထင်ရှားသည့်ကိစ္စဖြစ်သည်။

တုန်းဟွာတောက်ကျွင်းအတွက် ရဲ့လျိုယွင်ကတော့ ခလုတ်ဖြစ်၏။ ထို့ကြောင့် တုန်းဟွာတောက်ကျွင်းက ရဲ့လျိုယွင်ကို ရှင်းပစ်ချင်မိသည်။

ဆန်းလျန်က ရဲ့လျိုယွင်ကို ကူညီနေသူဖြစ်လေရာ သူ့အနေဖြင့်
ဆန်းလျန်ကို နှစ်ဆတိုးပြီး အမုန်းပွားမိလေသည်။

ဆန်းလျန်၏ ထိုက်ယိကိုယ်ခွဲ ယနေ့ ကျိန်းသေကျဆုံးသွားရန်
လိုအပ်လေသည်။ မဟုတ်ပါက တုန်းဟွာတောက်ကျွင်း
အနေဖြင့် အသေဖြောင့်မည်ပင် မဟုတ်ပေ။

ထို့ကြောင့် တုန်းဟွာတောက်ကျွင်းက ကြွေးကျော်လိုက်၏။

"ဒီနေ့တိုက်ပွဲမှာ ရှေ့ဆက်တိုက်ဖို့ပဲလိုတယ်၊ လုံးဝ နောက်မ
ဆုတ်နိုင်ဘူး၊ တစ်ချက်မှ မတုံ့ဆိုင်းနိုင်ဘူး၊ တာအိုရောင်းရင်း
ချိစုန်းကျိကတော့ သင်ခန်းစာတစ်ခုအဖြစ် သဘောထားလိုက်
ကြပါ..."

ကြွေးကျော်သံအဆုံးသတ်သွားသည်နှင့် တုန်းဟွာတောက်ကျွ
င်း၏ ခန္ဓာကိုယ်ထက်တွင် မီးတောက်များ တဟုန်းဟုန်း
တောက်လောင်လာလေသည်။

ထိုမီးတောက်များမှာသန့်စင်သည့် ယန်စွမ်အားမီးတောက်များ

ဖြစ်သည်။

ထို့နောက် မီးတောက်များထဲမှ အသံများထွက်ပေါ်လာပြီး

မိုးကောင်းကင်မှ မြေကြီးထိတိုင်အောင် ပြင်းထန်သည့် တန်ခိုး

စွမ်းအားများ လောင်ကျွမ်း ထွက်ပေါ်လာလေသည်။

တုန်းဟွာတောက်ကျွင်းသည် လောကထိပ်တန်းနတ်ဘုရား

တစ်ပါးဖြစ်သလို အသန်မာဆုံ းနတ်ဘုရားတစ်ပါးလည်း

ဖြစ်သည်။

အချိန်ခဏအတွင်းမှာပင် သူ၏ သန့်စင်သော ယန်စွမ်းအား

မီးတောက်များထဲတွင် အတိတ်ကာလမှ ပစ္စုပ္ပန်အချိန်ထိ

ထောင်ပေါင်းများစွာသော တာအိုလမ်းစဉ်အနှစ်သာရများ

ပါဝင်လေသည်။

ဤသည်မှာ တုန်းဟွာတောက်ကျွင်း၏ တန်ခိုးစွမ်းအားမဟုတ်

သေးပေ။ တိုက်ခိုက်မှု အရှိန်အဟုန်သာ ဖြစ်လေသည်။

တုန်းဟွာတောက်ကျွင်း၏ ပုံစံက အခြားနတ်

ဘုရား၏စိတ်ဓာတ်ကို မြှင့်တင်ပေးပြီး ကြောက်ရွံ့စိတ်များကို

ဖယ်ရှားပေးလေသည်။

ဘုရင်မကြီးကလည်း ဆုံးဖြတ်ချက်ချလိုက်သည်။

သူမ၏ ကျောက်စိမ်းရတနာအလား လှပသည့် လက်ဖဝါး

သည် ကောင်းကင်ကို ဖွင့်လှစ်လိုက်သည့်အလားထင်မှတ်ရ

သည်။

သူမ၏ လက်ဝါးရိုက်ချက်သည် တုန်းဟွာတောက်ကျွင်း၏

ယန်စွမ်းအားမီးတောက်များနှင့် ပေါင်းစပ်သွားပြီး တုန်းဟွာ

တောက်ကျွင်း၏ တိုက်ခိုက်မှုက ပိုမို အားကောင်းလာလေ

သည်။

ဘုရင်မကြီးအသုံးပြုလိုက်သည့် လက်ဖဝါးသိုင်းကို မိုးမြေ

လက်ဖဝါးသိုင်းဟုခေါ်ပြီး တာအိုကျမ်းစာများထဲတွင်တော့ ထို

လက်ဖဝါးသိုင်းကိုအသုံးပြုရန်အတွက် တာအိုနှင့် ကာရံညီရန် လိုအပ်သည်။

ထိုလက်ဝါးရိုက်ချက်သည် ဘုရင်မကြီး၏ အကြီးမားဆုံး တိုက်ခိုက်မှုတစ်ခုဖြစ်သည်။ သူမ စိတ်ပိုင်းဖြတ်ထားပြီ ဖြစ်ပြီး လုံးဝ နောက်ပြန်ဆုတ်တော့မည် မဟုတ်ပေ။

ဘုရင်မကြီးနှင့် တုန်းဟွာတောက်ကျွင်း၏ သတ္တိကို တွေ့မြင် လိုက်ရသည်နှင့် အခြားနတ်ဘုရားများသည်လည်း တုံ့ဆိုင်းမ နေတော့ဘဲ သူတို့၏ ဝိညာဉ်စွမ်းအားပစ္စည်းများ ၊ မှော်ဝင် ပစ္စည်းများကို အသုံးပြုကာ ဆန်းလျန်ကို သေစေလောက် သည့် တိုက်ကွက်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြလေ တော့သည်။

နတ်မိစ္ဆာအဓိပတိကြီးက ထိုအခွင့်အရေးကိုယူပြီး အသက်တစ် ချက် ရှူလိုက်သည်။

နောက်ဆုံးတော့.... ဆန်းလျန်က သူ၏ မိစ္ဆာခန္ဓာကို ရိုက်ချ လိုက်သည့် လက်ဝါးရိုက်ချက် လွင့်ပြယ်သွားရပြီ မဟုတ်ပါ လား။

ထို့နောက် ကြီးမားသည့် အရံအတားကြီး၏ အကူအညီဖြင့် နတ်မိစ္ဆာအဓိပတိကြီးက သူ၏တန်ခိုးစွမ်းအားများကို ဆွဲဆန့် လိုက်လေရာ တန်ခိုးစွမ်းအားများ ထိပ်ဆုံးအဆင့်ထိ ပြန်လည် ရရှိလာလေသည်။

"ပေမင်...."

နတ်မိစ္ဆာအဓိပတိကြီးက သူ၏မူပိုင်တန်ခိုးစွမ်းအားဖြစ်သော ပေမင် သဘာဝလွန်တန်ခိုးစွမ်းအားကို ထုတ်ဖော်လိုက်သည်။ ထိုတန်ခိုးစွမ်းအားက ကျန့်ယွမ်ကျီနတ်မင်းကြီး၏ ဝိဇ္ဇာအင်္ဂါ လက်တန်ခိုးစွမ်းအားနှင့် ဆင်တူသည်။ သို့သော်... ပေမင် တန်ခိုးစွမ်းအားက တစ်ကြိမ်အသုံးပြုရုံဖြင့် အရာအားလုံးကို

ဆွဲမြိုပစ်နိုင်စွမ်းရှိသည်။ ဆန်းလျန်၏ အသက်ရှူသံအားလုံးကို

ပင် ထိန်းချုပ်ပစ်နိုင်စွမ်း ရှိလေသည်။

သို့သော်... နတ်မိစ္ဆာအဓိပတိကြီးက အသိဉာဏ်ပညာဖြင့်

ပြည့်ဝသူ ဖြစ်သည်။

သူ၏ ပေမင်တန်ခိုးစွမ်းအားက ဆန်းလျန်၏ တာအိုတန်ခိုး

စွမ်းအားများကို ထိန်းချုပ်နိုင်စွမ်းရှိသည်မှန်သော်လည်း

ချက်ချင်းကြီး အသုံးမပြုရဲသေးပေ။

အဘယ်ကြောင့်ဆိုသော်... ဆန်းလျန် အချိန်မရွေး

လွတ်မြောက်သွားနိုင်သောကြောင့် ဖြစ်သည်။

ယခု နတ်ဘုရားများအားလုံး ပူးပေါင်းတိုက်ခိုက်နေကြပြီ ဖြစ်

လေရာ ဆန်းလျန်အနေဖြင့် လွတ်လမ်းအလွန်နည်းပါးသည်။

နောက်ဆုံး လုံးဝ မလွတ်မြောက်နိုင်သည့် အခြေအနေကျမှ

ဆန်းလျန်ကို ပေမင်တန်ခိုးစွမ်းအားဖြင့် တိုက်ခိုက်ရန်

အချိန်ကောင်းဖြစ်သည်ဟု နတ်မိစ္ဆာအဓိပတိကြီးက တွေးထင်လိုက်သည်။

နတ်ဘုရားများအားလုံးက တစ်ပြိုင်တည်းတိုက်ခိုက်သော်လည်း ဆန်းလျန်က နောက်ဆုတ်မသွားသည့်အပြင် ရှေ့သို့ပင် တိုးလာသေးသည်။

ဆန်းလျန်က ရှေ့သို့ ခြေတစ်လှမ်းချင်းတိုးလာပြီး သူ၏ခန္ဓာကိုယ်မှ ကြောက်မက်ဖွယ်ရာတန်ခိုးစွမ်းအားများ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

ထို့နောက်... သိမ်မွေ့သည့် တန်ခိုးစွမ်းအားပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်လာပြီး လေထုတစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။

လေထုတစ်ခုလုံး မငြိမ်မသက်ဖြစ်သွားပြီး ပေါက်ကွဲထွက်သွားသည့် တန်ခိုးစွမ်းအားများက နတ်ဘုရားများအားလုံးကို ထိုးနှက်တိုက်ခိုက်လိုက်လေသည်။

နတ်ဘုရားများအားလုံးမှာ ဆန်းလျန်၏ ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများအောက်တွင် ပိတ်မိနေကြလေတော့သည်။ နတ်ဘုရားများပူးပေါင်းတိုက်ခိုက်သည့် တန်ခိုးစွမ်းအားများ ကြောင့်သာ ဆန်းလျန်၏ ကြီးမားလွန်းသည့် သဘာဝလွန် စွမ်းအားဖြင့် တိုက်ခိုက်ခြင်းကို ရင်ဆိုင်လိုက်နိုင်ကြခြင်းဖြစ် လေသည်။

မဟုတ်ပါက... ဆန်းလျန်၏ တန်ခိုးစွမ်းအားများကြောင့် တစ် စစီပျက်စီးသွားမည် ဖြစ်လေတော့သည်။

အခန်း (၉၇၀) အောင်ပွဲ

နတ်ဘုရားများ ခြေထောက်နှင့်လက်များကို ရုန်းကန်လှုပ်ရှားလိုက်ကြသည်။

ယခုတိုက်ပွဲက သူတို့အားလုံးအတွက် အခက်ခဲဆုံး အချိန်တစ်ချိန်ကို ရင်ဆိုင်နေကြရခြင်း ဖြစ်သည်။ တိုက်ပွဲတွင် အောင်မြင်ခြင်း ၊ ရှုံးနိမ့်ခြင်းဟူသည် သူတို့အားလုံး၏ တန်ခိုးစွမ်းအားအပေါ်တွင် တည်မှီနေလေသည်။

သို့တိုင်အောင်... သူတို့သည် အစစ်အမှန်ဆန်းလျန်နှင့် ရင်ဆိုင်နေရခြင်း မရှိသေးပေ။ ဆန်းလျန်၏ ထိုက်ယိကိုယ်ခွဲနှင့်သာ ရင်ဆိုင်နေရခြင်း ဖြစ်သည်။

တကယ့်ဆန်းလျန်အစစ်နှင့်သာ ရင်ဆိုင်ရလျှင် သူတို့အနေဖြင့် ပိုပြီးခက်ခဲမည် ဖြစ်လေသည်။

ဆန်းလျန်မှာလည်း ချိစုန်းကျီနှင့် တိုက်ခိုက်ပြီးသည့်နောက် ကြီးမားသည့်အရံအတားကြီးက အနည်းငယ် အားပျော့သွား

သည်။ သို့သော် အရံအတားကြီးတစ်ခုလုံးကို ဖျက်စီးပစ်ရန်

တော့ ခဲယဉ်းနေသေးသည်။

အရံအတားကြီး၏ တန်ခိုးစွမ်းအားကလည်း ဖျက်စီးပစ်ရန်

ခက်ခဲလွန်းလှသည့် တန်ခိုးစွမ်းအားတစ်ခု ဖြစ်လေသည်။

သို့သော်... ချိစုန်းကျိုကို ဆုံးရှုံးလိုက်ရသည့်အတွက် တံတိုင်း

(၃)ခု ၊ သတ္တဝါ (၄)ကောင် ၊ လမ်းကြောင်း(၂၈)ဖြာ အရံတား

သည် ပြီးပြည့်စုံခြင်း မရှိတော့သလို ထိပ်ဆုံးအဆင့်

အရံအတားတစ်ခုလည်း မဟုတ်တော့ပေ။

ဆန်းလျန် ချိစုန်းကျိုကို အရင်ဆုံးသတ်ဖြတ်လိုက်နိုင်ခြင်းမှာ

လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အကြောင်းသိဖြစ်

သောကြောင့် ဖြစ်လေသည်။

သူ အတိတ်ကာလကို မဖြတ်တောက်ခင်အချိန်တွင် ချိစုန်းကျို

နှင့် တစ်ခါ ဆုံတွေ့ခဲ့ဖူးသည်။

ထိုအချိန်က ဆန်းလျန်သည် ထိုက်ယီထျန်းရှန်းအဆင့်သာ ရှိသေးပြီး ယခုတော့ ဟွင့်ယွမ်ဝူကျီအဆင့် ရောက်ရှိနေပြီဖြစ်သည်။

သို့သော်... ဆန်းလျန်၏အတိတ်ကာလမှာ ပြတ်တောက်နေဆဲဖြစ်လေရာ ဆန်းလျန်အနေဖြင့် အတိတ်နှင့်အနာဂတ်များကို သိပ်ပြီး ရှင်းရှင်းလင်းလင်း မသိမြင်ရသေးပေ။

သူက ချိစုန်းကျီကိုတွေ့သည်နှင့် အတိတ်တစ်ချိန်က ဆန်းလျန်ထားခဲ့သည့် ရောင်စဉ်တန်းတစ်ခုကို ထိတွေ့မိပြီး ချိစုန်းကျီကိုတိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အတိတ်တစ်ချိန်က ဆန်းလျန်က ချိစုန်းကျီနှင့်တွေ့သည့်အချိန်တွင် ချိစုန်းကျီ၏နှလုံးသားထဲတွင် မိုးကောင်းကင်မိစ္ဆာပညာဖြင့် မျိုးစေ့ချခဲ့သည့်အတွက် ယခု ဆန်းလျန်က လက်ဦးမှုရယူလိုက်နိုင်ခြင်း ဖြစ်သည်။

ထို့ကြောင့်ပင်... ချိစုန်းကျီကို အခြားသူများထံမှ လွယ်ကူစွာ
သီးခြားခွဲထုတ်နိုင်ခဲ့ပြီး တိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။
သို့သော်... ဆန်းလျန်က အတိတ်ကို ဖြတ်တောက်ခဲ့
သည့်အတွက် ချိစုန်းကျီ၏နှလုံးသားထဲတွင် ဆန်းလျန်
ထည့်သွင်းထားခဲ့သည့် မိုးကောင်းကင်မိစ္ဆာမျိုးစေ့မှာ အတိတ်
မှန်းမသိ အနာဂတ်မှန်းမသိ မရေမရာအခြေအနေဖြင့် မပြည့်မ
စုံဖြစ်နေခဲ့လေသည်။
ချိစုန်းကျီကတော့ ထိုအချက်ကို နားလည်ခဲ့မည် မဟုတ်ပေ။
ပြောရမည်ဆိုလျှင် ဆန်းလျန် လက်ရှိရင်ဆိုင်နေရသည့်
တိုက်ပွဲသည် လွန်ခဲ့သည့်နှစ်ပေါင်း သောင်းနှင့်ချီသည့်အချိန်
ကတည်းက ဆန်းလျန်နှင့် မိုးကောင်းကင်လမ်းစဉ်ကြား
ရှန်းကန်နေရသည့် တိုက်ပွဲတစ်ခုဟု ဆိုနိုင်သည်။
ရဲ့လျိုယွင်၏ ကံကြမ္မာကို ခိုးယူခဲ့ပြီးကတည်းက တိုက်ပွဲစခဲ့
ခြင်း ဖြစ်နိုင်၏။

ဆန်းလျှန် တစ်ကြိမ်ရှိုးနိမ့်ခဲ့ပြီးပြီဖြစ်သည်။ ယခု

အတိတ်ကာလမှ ထပ်မံရောက်ရှိလာသည့် ဆန်းလျှန်ကို

မိုးကောင်းကင်လမ်းစဉ်က ထပ်မံဦးချိုးရန်အတွက် ယနေ့

တိုက်ပွဲကို စီစဉ်ခဲ့ဟန် ရှိသည်။

ပထမမိုးနတ်မင်းက ထိုအကြောင်းကို သတိမူမိဟန် မရှိသလို

နောက်ဆုတ်အလျှော့ပေးမည့်ဟန်လည်း မရှိပေ။

နတ်ဘုရားများအားလုံးက သေစေနိုင်လောက်သည့် တိုက်

ကွက်များကို ထုတ်ဖော်လိုက်ကြပြီး ကြောက်မက်ဖွယ်

ကောင်းသော ၊ ကြံ့ခိုင်သန်စွမ်းသော ၊ ခမ်းနားသော ၊ စွမ်းအား

ကြီးမားသော ပေါက်ကွဲမှုကြီးတစ်ခုကို ဖြစ်ပေါ်လာလေသည်။

ဤနတ်ဘုရားများအားလုံးသည် ချိစုန်းကျိကဲ့သို့ ပြိုင်ဘက်

ကင်း ရှေးဟောင်းနတ်ဘုရားများဖြစ်ကြသည်။

မိုးကောင်းကင်လမ်းစဉ်က တာ့လော်အဆင့်သို့ တက်ရောက်နိုင်

စေရန် ရွေးခြယ်ခံထားရသူများဖြစ်ပြီး လက်ရှိအချိန်နှင့်

အတိတ်အချိန်တွင် ထိပ်တန်းအဆင့် အောင်မြင်မှုရရှိထားသည့် နတ်ဘုရားများ ဖြစ်ကြလေသည်။

သူတို့အားလုံးသည် မာန်မာနကြီးသူများဖြစ်ကြပြီး ဆန်းလျှန်၏မျက်လုံးထဲတွင် အလေးမထားလောက်စရာ မျိုးဆက်မှဆင်းသက်လာသည့် နတ်ဘုရားများ မဟုတ်ကြပေ။

ယခု သူတို့အားလုံး ဆန်းလျှန်ကို ပူးပေါင်းတိုက်ခိုက်နေကြပြီး တကယ့်စကြာဝဠာအတွင်းမှ ကြယ်စင်ကောင်းကင်ကြီး ပြိုကျပျက်စီးသွားလောက်အောင်ပင် တန်ခိုးစွမ်းအားများက ကြီးမားပွင့်ထွက်နေကြလေသည်။

သို့သော်… တဖြည်းဖြည်း သူတို့ နှလုံးသားထဲတွင် ကြောက်ရွံ့မှုများ ကိန်းအောင်းလာကြပြီး အဘယ့်ကြောင့် ကြောက်ရွံ့ရသည်ကိုလည်း အကြောင်းပြချက် မပေးနိုင်ကြပေ။

မည်သို့ပင်ဖြစ်စေ… ယခုအခြေအနေမှတော့ နောက်ပြန်ဆုတ်၍ မဖြစ်နိုင်တော့ကြောင်း သူတို့အားလုံး သိရှိထားပြီးဖြစ်သည်။

ထို့ကြောင့် တန်ခိုးစွမ်းအားတစ်စက်ပင် မကျန်တော့သည်အထိ ရှိသမျှတန်ခိုးစွမ်းအားများ အားကုန်ထုတ်ကာ ဆန်းလျန်ကို ရင်ဆိုင်တိုက်ခိုက်လျှက် ရှိကြလေသည်။

နတ်ဘုရားများအားလုံး တက်ညီလက်ညီ ပူးပေါင်းတိုက်ခိုက်နေကြသည့်တိုင် ဆန်းလျန်ကတော့ အေးဆေးတည်ငြိမ်လျှက်ပင် ရှိသည်။ သူ့ပုံစံက ခမ်းနားထည်ဝါပြီး ကြောက်မက်ဖွယ်ရာလည်း ကောင်းလှသည်။

ထို့နောက်… ဆန်းလျန်က ပြင်းထန်လှသည့်တန်ခိုးစွမ်းအားထုကြီးတစ်ခုဖြင့် နတ်ဘုရားများ၏ စုပေါင်းတန်ခိုးစွမ်းအားများကို ရိုက်ချလိုက်လေသည်။

ဆန်းလျှန်၏ တန်ခိုးစွမ်းအားများက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးသွားပြီး နတ်ဘုရားများအားလုံးမှာ ပိုက်ကွန်တစ်ခု တည်းတွင် ချုပ်နှောင်မိသည့်အလား တိုက်ခိုက်မှုများ ရပ်တန့် သွားကြလေသည်။

ရုတ်တရက်... ပိုက်ကွန်က အလွန်အမင်း တင်းကျပ်လာပြီး နတ်ဘုရားများ၏ စုပေါင်းတန်ခိုးစွမ်းအားများ ပေါက်ကွဲထွက် သွားလေသည်။ ပေါက်ကွဲမှုကြီးက ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှ၏။

အဆုံးမဲ့တန်ခိုးစွမ်းအားများ လေထုထဲတွင် ပျံ့နှံ့သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး ပရမ်းပတာ တုန်လှုပ်လျှက် ရှိလေ သည်။

နတ်ဘုရားများအားလုံးမှာ တာ့လော်အဆင့်ရောက်လုနီးပါး နတ်ဘုရားများဖြစ်ကြသော်လည်း တုန်လှုပ်နေသည့် လေထုထဲ

တွင် လွင့်မျောသွားကြပြီး ရုတ်တရက် မည်သူမှ တိုက်ခိုက်ရန်

စွမ်းအား မရှိကြတော့ပေ။

ထိုအချိန်မှာပင် နတ်မိစ္ဆာအဓိပတိကြီး၏ ပေမင်တန်ခိုး

စွမ်းအား ရုတ်တရက် ထွက်ပေါ်လာလေသည်။

ပေမင်တန်ခိုးစွမ်းအားက အောက်ခြေကြမ်းခင်းမရှိသည့်

တွင်းနက်ကြီးအလားဖြစ်ပြီး ပေါက်ကွဲထွက်သွားသည့် တန်ခိုး

စွမ်းအားများကို စုပ်ယူပစ်လိုက်သည်။ ထို့နောက် တန်ခိုး

စွမ်းအားများကို မြေ ၊ ရေ ၊ လေ ၊ မီး ဓာတ်ကြီး (၄)ပါးအဖြစ်

လောကအလယ် ပျံ့နှံ့သွားစေရန် ပြောင်းလဲပစ်လိုက်သည်။

နတ်ဘုရားများအားလုံး စိုးရိမ်ပူပန်လျှက် ရှိကြလေသည်။

နတ်မိစ္ဆာအဓိပတိကြီး၏ ပေမင်တန်ခိုးစွမ်းအားက ဆန်းလျန်

အပေါ်တွင် အလုပ်ဖြစ်ပါမည်လား။ တိုက်ပွဲ၏ အနိုင်အရှုံးက

ထိုအချက်အပေါ် မူတည်နေသည်။

နတ်မိစ္ဆာအဓိပတိကြီး၏ မျက်နှာက အေးစက်နေပြီး စကား

တစ်လုံးမှ မပြောပေ။ သူ၏ ဝိညာဉ်တစ်ခုလုံးကို ပေမင်တန်ခိုး

စွမ်းအားများ အပေါ်တွင် အာရုံစိုက်ထားလေသည်။ တွင်းနက်

ကြီးက လည်ပတ်နေပြီး မည်သည့်တန်ခိုးစွမ်းအားမှ ထွက်

ပေါ်လာခြင်း မရှိပေ။ သို့သော်… တွင်းနက်ကြီးက ဆန်းလျှန်

ကို အတိတ်အကျပင် အလုံပိတ်ဖမ်းချုပ်ထားလေသည်။

ပေမင်တန်ခိုးစွမ်းအားသည် နတ်ဘုရားထောင်ချောက်ဓား

အလားပင် ထင်မှတ်ရသည်။

သို့သော်… ပေမင်တန်ခိုးစွမ်းအားနှင့် နတ်ဘုရားထောင်ချောက်

ဓား၏ သဘောသဘာဝ ဆင်တူနေသည်မှာ မဆန်းလှပေ။

အဘယ်ကြောင့်ဆိုသော်… တာအိုဆရာလုယာနှင့်တွေ့ဆုံစဉ်က

နတ်မိစ္ဆာအဓိပတိကြီးက နတ်ဘုရားထောင်ချောက်ဓား၏

ထူးခြားမှုကို မေးမြန်းခဲ့ဖူးလေသည်။ ထို့နောက် နတ်ဘုရား

ထောင်ချောက်ဓား၏ အနှစ်သာရများကို အသုံးပြုကာ ပေမင်

တန်ခိုးစွမ်းအားကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်၏။

ဆန်းလျန်၏ ပြိုင်ဘက်ကင်းသည့်တန်ခိုးစွမ်းအားများသည်

ပေမင်တန်ခိုးစွမ်းအား၏ (၇၀)ရာခိုင်နှုန်းကို ခံနိုင်ရည်ရှိ

လိမ့်မည်ဟု နတ်မိစ္ဆာအဓိပတိကြီးက အသေအချာ တွက်ချက်

ယူဆထားသည်။

ပေမင်တန်ခိုးစွမ်းအားထဲတွင် ပိတ်မိနေသည့် ဆန်းလျ

န်၏မျက်နှာကတော့ တည်ကြည်လေးနက်နေ၏။

ယနေ့ပြိုင်ပွဲတွင် သူ့အတွက် အကြီးမားဆုံးရန်သူမှာ နတ်မိစ္ဆာ

အဓိပတိကြီး ဖြစ်လေသည်။ အခြားသူများမှာ နတ်မိစ္ဆာ

အဓိပတိကြီးလောက် အားစိုက်ထုတ်တိုက်ခိုက်နိုင်ခြင်း မရှိကြ

ပေ။

နှစ်သန်းပေါင်းများစွာ တန်ခိုးစွမ်းအားမြင့်မားစွာဖြင့် ကျင့်ကြံ

သူလောကတွင် ရပ်တည်ခဲ့သည့် နတ်မိစ္ဆာအဓိပတိကြီးသည်

ယနေ့တော့ ဆန်းလျန်နှင့် ထိပ်တိုက်ရင်ဆိုင်နေရပြီဖြစ်သည်။

တိုက်ပွဲ၏ အနိုင်အရှုံးကလည်း သူ့အပေါ်တွင် မူတည်နေလေ၏။

နတ်မိစ္ဆာအဓိပတိကြီး၏ တန်ခိုးစွမ်းအားများကလည်း လက်ရှိအချိန်တွင် ကျန့်ယွမ်ကျီနတ်မင်းကြီးထက်ပင် သာလွန်နေပြီဖြစ်သည်။

နတ်မိစ္ဆာအဓိပတိကြီးအနေဖြင့် သူ့ဟာသူ အေးအေးဆေးဆေးနေလျှင် ဖြစ်နိုင်သော်လည်း သူက ဆန်းလျန်ကို တိုက်ခိုက်ရန်ဆုံဖြတ်ချက်ချခဲ့သည်။

အမှန်တော့... ယနေ့တိုက်ပွဲသည် နတ်မိစ္ဆာအဓိပတိကြီးအတွက် အကောင်းဆုံး အခွင့်အရေးတစ်ခု ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်... လက်ရှိ သူတို့ရင်ဆိုင်နေရသည်က ဆန်းလျန်၏ ထိုက်ယိကိုယ်ခွဲဖြစ်ပြီး ထိုက်ကျိကိုယ်ခွဲ မဟုတ်နေခဲ့ပေ။ ဆန်းလျန်၏ ထိုက်ယိကိုယ်ခွဲမှ 'ယိ' လမ်းစဉ် တန်ခိုး

စွမ်းအားများကို စုပ်ယူနိုင်ပြီး တိုက်ပွဲတွင်သာအနိုင်ရခဲ့လျှင် နတ်မိစ္ဆာအဓိပတိကြီးအနေဖြင့် ဟွင့်ယွမ်ဝူကျီအဆင့်သို့ပင် တက်လှမ်းနိုင်ရန် အခွင့်အရေး ရရှိလာနိုင်သည်။

ကံကြမ္မာဆိုသည်က ကြိုတင်သတ်မှတ်ထားခြင်း မရှိလေရာ သေခြင်းရှင်ခြင်းတိုက်ပွဲတွင် နတ်မိစ္ဆာအဓိပတိကြီး အနိုင်ရရှိပြီး ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်လှမ်းနိုင်ခြင်း ရှိ မရှိ ကို မည်သူသိရှိနိုင်ပါမည်နည်း။

ခုံရွှမ်းကဲ့သို့ပင်ဖြစ်၏။ ခုံရွှမ်းက ဆန်းလျန်ကိုဆန့်ကျင်တိုက်ခိုက်သည့်တိုင် သေဆုံးသွားခြင်း မရှိဘဲ ကျင့်စဉ်လမ်းတွင်ပင် အဆင့်တက်ရောက်သွားနိုင်ခဲ့သည် မဟုတ်ပါလား။

သို့သော်... ခုံရွှမ်း အသက်ရှင်သန်ခဲ့သည်မှာ ဆန်းလျန်က သူ့ကို မသတ်ချင်သည့်အတွက် လွှတ်ပေးလိုက်ခြင်း ဖြစ်လေ

သည်။ နတ်မိစ္ဆာအဓိပတိကြီးနှင့်အခြားသူများကိုတော့ ဆန်းလျန်က တစ်ယောက်ကိုမှ အလွတ်ပေးမည့်ဟန် မရှိပေ။

ထို့ပြင် ဆန်းလျန်၏ ထိုက်ယိကိုယ်ခွဲ ပြီးပြည့်စုံသည့်အဆင့်ထိရောက်ရှိစေရန် ဤတိုက်ပွဲက အထောက်အကူပြုမည် ဖြစ်လေသည်။

နတ်မိစ္ဆာအဓိပတိကြီး၏ ပေမင်တန်ခိုးစွမ်းအားများက ထိုက်ယိကိုယ်ခွဲ၏ 'ယိ' လမ်းစဉ်ပြောင်းလဲမှုများအားလုံးကို စုပ်ယူပစ်လိုက်ပြီး ဆန်းလျန်ကို ထိန်းချုပ်ထားလိုက်သည်။

ယင်နှင့်ယန် နှစ်ခုလုံးတွင် အပေါင်းလက္ခဏာဘက်ခြမ်းနှင့် အနုတ်လက္ခဏာဘက်ခြမ်းဟူ၍ ရှိလေသည်။

ထို့ကြောင့် ပေမင်တန်ခိုးစွမ်းအားက တကယ်တမ်းတွင် ဆန်းလျန်၏ 'ယိ' လမ်းစဉ်ကို အထောက်အကူပြုလေသည်။ ယခုတိုက်ပွဲသည် ထိုက်ယိကိုယ်ခွဲကို ပိုမိုပြီးပြည့်စုံလာစေနိုင်သည်။

အနက်ရောင်တွင်းနက်ကြီး လုံးဝ ဖုံးကွယ်သွားသည်နှင့် ဆန်း
လျန် ပြုံးလိုက်လေသည်။

ထို့နောက် ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ရှားလိုက်ပြီး အနက်
ရောင်တွင်းနက်ထဲသို့ အမြဲတမ်း ပြောင်းလဲနေသည့် 'ယိ'
လမ်းစဉ် တန်ခိုးစွမ်းအားများကို စီးမျောဝင်ရောက်စေလိုက်
သည်။

ထို့နောက်တွင်တော့... ပတ်ဝန်းကျင်တစ်ခုလုံးတွင်
အလင်းရောင်များအားလုံး ပျောက်ကွယ်သွားလေသည်။
ဆန်းလျန်၏ နှလုံးသားထဲမှ အလင်းရောင်တစ်ခု မွေးဖွားဖြစ်
တည်လာပြီး ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားသည်။ သို့သော်... ထို
အလင်းရောင်ကိုလည်း ပေမင်တန်ခိုးစွမ်းအားက လွယ်
လွယ်ကူကူပင် စုပ်ယူသွားလေသည်။

ဆန်းလျန်၏ စိတ်က တည်ငြိမ်အေးဆေးနေပြီး သူ၏ အသက်ဓာတ်စွမ်းအားများမှ တဖျစ်ဖျစ်မြည်သံများ ထွက်ပေါ်လာသည်။

ဆန်းလျန်၏ ခန္ဓာကိုယ်ထက်တွင် ဖန်သားအလားကြည်လင်သည့် အလွှာပါးလေးတစ်ခုပေါ်လာသည်။ ထိုအလွှာပါးလေးမှာ ဆန်းလျန်၏ တန်ခိုးစွမ်းအားအနှစ်သာရများဖြစ်လေသည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအားများက ပေမင်တွင်းနက်ကြီးအတွင်းသို့ အဆက်မပြတ်စီးဆင်းဝင်ရောက်နေပြီး မြန်လည်းမမြန် ၊ နှေးလည်းမနှေးသလို ရပ်တန့်သွားခြင်းလည်း မရှိပေ။ ထို့ပြင် ဆန်းလျန်ကိုယ်တိုင်ကလည်း ရပ်တန့်ပစ်ရန် အစီအစဉ်မရှိပေ။

သူက ရည်ရွယ်ချက်ရှိရှိဖြင့် သူ၏ တန်ခိုးစွမ်းအားများကို တွင်းနက်ကြီးက စုပ်ယူသည်ကို လက်ခံခွင့်ပြုနေခြင်း ဖြစ်၏။

နတ်မိစ္ဆာအဓိပတိ၏စိတ်အာရုံထဲတွင် လှိုင်းများထနေလေ

သည်။ ပေမင်တန်ခိုးစွမ်းအား မည်မျှမြင့်မားသည်ကို သူမှလွဲ

ပြီး အခြားသူများ သိရှိနိုင်မည် မဟုတ်ပေ။

ပေမင်တန်ခိုးစွမ်းအားများက ဆန်းလျန်၏ တန်ခိုးစွမ်းအား

များကို စုပ်ယူပြီး အသက်ဓာတ်စွမ်းအားအဖြစ် ပြောင်းလဲကာ

ပြင်ပလောကထဲသို့ ထုတ်လွှတ်ပေးနေလေသည်။

သို့သော်... နတ်မိစ္ဆာအဓိပတိကြီးကို လှုပ်ရှားသွားစေသည့်

အချက်မှာ ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို ပေမင်

တွင်းနက်ကြီးက စုပ်ယူလိုက်သည့်တိုင် ဆန်းလျန်ထံမှ တန်ခိုး

စွမ်းအားများက လျော့နည်းသွားခြင်း လုံးဝမရှိသောကြောင့်

ဖြစ်သည်။

ဆန်းလျန်၏ တန်ခိုးစွမ်းအား အစက်လေးတစ်စက်သည်ပင်

သမုဒ္ဒရာရေပြင်အလား သိသာထင်ရှားလှလေသည်။

ဆန်းလျန်၏ လက်ရှိအခြေအနေက ရှင်းမပြနိုင်လောက်အောင် နက်ရှိုင်းပြီး "အတက်မရှိ ၊ အကျမရှိ ၊ မွေးဖွားခြင်းမရှိ ၊ သေဆုံခြင်းမရှိ" အခြေအနေတွင် ရပ်တည်နေလေသည်။

ဆန်းလျန်ကိုကြည့်ရသည်မှာ စကြာဝဠာ၏ အမှန်တရားကို ပြောင်းပြန်လှန်ပြီးနောက် နတ်မိစ္ဆာအဓိပတိကြီး၏ ပေမင် တန်ခိုးစွမ်းအားများကို ပြောင်းလဲပစ်နေသည့်အလား ထင်မှတ်ရသည်။

အခြားနတ်မဘုရားများကတော့ နတ်မိစ္ဆာအဓိပတိကြီး ရင်ဆိုင်နေရသည့် ရှုတ်ထွေးမှုများကို နားလည်နိုင်ခြင်း မရှိကြပေ။ နတ်မိစ္ဆာအဓိပတိကြီးကိုယ်တိုင်ပင် သူ့စိတ်ထဲတွင် ဗလာကျင်းနေသည့်ခံစားချက်ကို နားလည်သိရှိနိုင်ခြင်း မရှိခဲ့ပေ။ သူက ဆန်းလျန်၏ တန်ခိုးစွမ်းအားများကို သတိလက်လွတ်ဖြင့်ပင် ပေမင်တွင်းနက်ကြီးအတွင်းသို့ ဆက်လက်စုပ်ယူနေခဲ့လေတော့သည်။

အခန်း (၉၇၁) ရှီမီစန်းတောင်ပမာ

အတန်ကြာသည့်တိုင် ဆန်းလျန် ပေမင်တန်ခိုးစွမ်းအားများ

အတွင်းမှ ဖောက်ထွက်လာနိုင်ခြင်း မရှိသည်ကို နတ်ဘုရားများ

သိရှိလိုက်ကြသည်။ သို့သော်... သူတို့ စိတ်မအေးနိုင်ကြသေး

ပေ။

နတ်ဘုရားများအားလုံးက ပေမင်တန်ခိုးစွမ်းအား၏ စုပ်ယူနိုင်

စွမ်း မည်မျှကြောက်မက်ဖွယ်ကောင်းသည်ကို သိရှိကြပြီး

မည်သူမဆို ချက်ချင်းချိုးဖောက်ပြီး လွတ်မြောက်နိုင်မည် မဟုတ်ပေ။

ထို့ပြင်... ပေမင်တွင်းနက်ထဲတွင် ပိတ်မိနေပါက အသက်ရှင်သန်နိုင်ချေနည်းပါးသွားမည်မှာလည်း အသေအချာပင် ဖြစ်သည်။

နောက်ဆုံးတော့ ဆန်းလျန်ကို သူတို့ အနိုင်ရခဲ့ပြီဟု အားလုံးက တွေးထင်လိုက်ကြသည်။ သူတို့၏ အကြီးမားဆုံးတိုက်ပွဲကြီး နောက်ဆုံးတော့ အောင်မြင်ခဲ့ပြီ ဖြစ်သည်။

သို့သော်... တဖြည်းဖြည်း ထူးဆန်းသည့် ခံစားချက်တစ်ခုကို နတ်ဘုရားများ ခံစားလိုက်ကြရသည်။

နတ်မိစ္ဆာအဓိပတိကြီးကို ကြည့်ရသည်မှာ ခံစားချက်ကင်းမဲ့နေပြီး မျက်ဝန်းများက အသက်မဲ့လျှက် ရှိလေသည်။

နတ်မိစ္ဆာအဓိပတိကြီးသည် ယင်စွမ်းအားငှက်မိစ္ဆာတစ်ပါးဖြစ်

လေရာ ပေမင်တန်ခိုးစွမ်းအားကို အသုံးပြုနေသည့်အချိန်တွင်

ထိုသို့ ဖြစ်မနေသင့်ပေ။

မူမမှန်သည့်အခြေအနေကို ခံစားလိုက်ရပြီး တစ်ခုခုမှားနေပြီ

ဖြစ်ကြောင်း ပထမဆုံး သိရှိလိုက်သူမှာ တုန်းဟွာတောက်ကျွ

င်း ဖြစ်လေ၏။

သူက နတ်မိစ္ဆာအဓိပတိကြီးကို ကြည့်လိုက်ပြီး...

"နတ်မိစ္ဆာအဓိပတိကြီး ၊ ဆန်းလျှန်အခြေအနေဘယ်လိုရှိလဲ..."

သို့သော်... နတ်မိစ္ဆာအဓိပတိကြီး အဖြေပြန်မပေးနိုင်ခင်မှာပင်

တုန်းဟွာတောက်ကျွင်း၏စိတ်ထဲတွင် ကြောက်ရွံ့ထိတ်လန့်မှု

များကို ခံစားလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော်... နတ်မိစ္ဆာအဓိပတိကြီး၏ ခန္ဓာကိုယ်

မှာ မြူခိုးများအလားထင်ယောင်ထင်မှားပုံစံ ဖြစ်လာ

သောကြောင့် ဖြစ်လေသည်။

မြူမှုံများက တဖြည်းဖြည်း စုစည်းနေပြီး နတ်မိစ္ဆာအဓိပတိ
ကြီး၏ ပုံသဏ္ဌာန်က သိပ်သည်းလာလိုက် ၊ ပြန်လည် မှုံဝါးသွား
လိုက် ၊ အခိုးအငွေ့ဖြစ်သွားလိုက်ဖြင့် အချိန်တိုင်း ပြောင်းလဲ
လျှက် ရှိလေသည်။

သို့သော်… နတ်မိစ္ဆာအဓိပတိကြီး၏ မူလဝိညာဉ်ခန္ဓာကတော့
ထင်ထားသည်ထက်ပိုပြီး သန်မာအားကောင်းလေသည်။

သို့သော်… ကျန်ရစ်ခဲ့သည့် သူ၏ ရုပ်ခန္ဓာကတော့ လုံးဝ
သိပ်သည်းခြင်းမရှိတော့ပေ။

တွေ့မြင်ရသည့် မြင်ကွင်းက အလွန်မှ အံ့သြထိတ်လန့်စရာ
ဖြစ်သည်။

ဥပမာပေးရမည်ဆိုလျှင် ကမ္ဘာမြေကြီး (၂)ပိုင်းကွဲသွား
သည့်အတွက် လူသားများ ကြောက်ရွံ့ထိတ်လန့်ကြသည့်
အလား နတ်ဘုရားအုပ်စုလည်း ကြောက်ရွံ့ထိတ်လန့်သွားကြရ
လေသည်။

ပထမမိုးနတ်မင်းက အမြင်စူးရှသူတစ်ယောက်ဖြစ်လေရာ အခြေအနေကို သတိပြုလိုက်မိသည်နှင့်...

"ပြေးကြတော့..."

ဟု အလျှင်အမြန်ပြောလိုက်သည်။

ပထမမိုးနတ်မင်း၏စိတ်ထဲတွင် မည်သည့်အရာနှင့်မှ နှိုင်းယှဉ်၍မရနိုင်လောက်အောင် ထိတ်လန့်ကြောက်ရွံ့မှုကြီးကို ခံစားလိုက်ရပြီး သူ၏ စိတ်ဝိညာဉ်တစ်ခုလုံးပင် တုန်လှုပ်ပြီး ထိုင်းမှိုင်းသွားသည့်အလား ခံစားလိုက်ရသည်။

ကြောက်ရွံ့တုန်လှုပ်မှုအနည်းငယ်သည် သူ၏စကားသံများထဲတွင်ပင် ထင်ဟပ်လျှက်ရှိသည်။

ပထမမိုးနတ်မင်း ထွက်ပြေးသွားပြီးနောက် ထပ်ကြပ်မကွာလိုက်ပါထွက်ပြေးသွားသူမှာ ဘုရင်မကြီး ဖြစ်လေသည်။

ဘုရင်မကြီးသည် ဆန်းလျန်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူ ဖြစ်လေရာ ဆန်းလျန်ကို အစကတည်းက အထင်ကြီးလေးစားခဲ့သူဖြစ်သည်။

နတ်မိစ္ဆာအဓိပတိကြီး၏ ပေမင်တန်ခိုးစွမ်းအားများက ဆန်းလျန်ကို ထိန်းချုပ်နိုင်လိမ့်မည်ဟု အစကတည်းက သူမ ထင်မထားခဲ့ပေ။

ထို့ကြောင့် နတ်မိစ္ဆာအဓိပတိကြီးထံမှ ပြောင်းလဲမှုများကို လေ့လာနေခဲ့လေသည်။ သူမ၏ စိတ်အာရုံထဲတွင် အခြေအနေများက ထူးဆန်းနေသည်ကို သိရှိလာခဲ့ပြီးသည့်နောက် အမြန်ဆုံးလွတ်မြောက်အောင် ထွက်ပြေးရန်သာ နည်းလမ်းရှိတော့သည်။

ထို့ကြောင့် မိုးနတ်မင်းက "ပြေးကြတော့" ဟု ပြောလိုက်သည်နှင့် သူမလည်း တစ်ချက်ပင်မဆိုင်းဘဲ ထွက်ခွာလာခြင်းဖြစ်လေ၏။

ပထမမိုးနတ်မင်းနှင့် ဘုရင်မကြီးထွက်ခွာသွားပြီးသည့်နောက် နတ်မိစ္ဆာအဓိပတိကြီး၏ခန္ဓာကိုယ်က အဆုံးမရှိသည့် မြူခိုး များအဖြစ် ပြောင်းလဲသွားပြီး အဆက်မပြတ် လှုပ်ရှားပြောင်း လဲလျှက် ရှိလေသည်။

မြူမှုံတစ်ခုတိုင်း၏ သိပ်သည်းမှုတိုင်းက သမုဒ္ဒရာတစ်စင်း တိုင်း၏အသက်ဓာတ်စွမ်းအားများနှင့်ဆင်တူပြီး ပေါက်ကွဲ ထွက်တော့မည့် အလားဖြစ်လေသည်။

နတ်ဘုရားများအားလုံး ဆန်းလျှန်ကို ဝိုင်းဝန်းတိုက်ခိုက်သည့် တန်ခိုးစွမ်းအားများထက်ပင် မြူမှုံများထဲမှ တန်ခိုးစွမ်းအား များက ပိုမိုမြင့်မားနေသေးသည်။

စကြာဝဠာအသစ်ကို ဖွင့်လှစ်တော့မည့် ကြီးမားသည့် တန်ခိုး စွမ်းအားကြီးပမာ ထင်မှတ်ရလေသည်။

ထိုတန်ခိုးစွမ်းအားသည် နတ်ဘုရားများအားလုံး စိတ်ကူးဖြင့် တွေးထင်နိုင်သည်ထက် ကျော်လွန်လျှက် ရှိသည်။

ဤသည်မှာ ဆန်းလျှန်၏ တန်ခိုးစွမ်းအားတစ်ခုတည်း မဟုတ်ပေ။ ဆန်းလျှန်၏ အဆက်မပြတ်ပြောင်းလဲနေသည့် "ယိလမ်းစဉ်" တန်ခိုးစွမ်းအားနှင့် ပေမင်တန်ခိုးစွမ်းအားများ ပေါင်းစပ်ထားခြင်း ဖြစ်လေသည်။

ထိုကြီးမားသည့်တန်ခိုးစွမ်းအားကြီးသည် ကြီးမားသည့် အရံအတားအကြီးတစ်ခုလုံးအတွင်းသို့ တိတ်တဆိတ်စီးဆင်းဝင်ရောက်နေသည်။

ထိုတန်ခိုးစွမ်းအားများထဲတွင် ပါဝင်နေသည့် မိုးကောင်းကင်နတ်မိစ္ဆာတန်ခိုးစွမ်းအားက နတ်ဘုရားများ၏ အမြင်အာရုံကို ရှုပ်ထွေးစေရန် လှည့်စားထားလေသည်။

နောက်ဆုံးတွင်တော့... နတ်မိစ္ဆာအဓိပတိကြီး ရှုံးနိမ့်သွားခဲ့ပြီ ဖြစ်လေသည်။ သူ၏ခန္ဓာကိုယ်က ကြီးမားသည့် တန်ခိုးစွမ်းအားဒဏ်ကို ခံနိုင်ရည်မရှိတော့ဘဲ ပေါက်ကွဲထွက်သွားလေသည်။

နတ်မိစ္ဆာအဓိပတိကြီးသာ ဆန်းလျှန်၏ "ယိလမ်းစဉ်" တန်ခိုး စွမ်းအားများကို စုပ်ယူပြီး သူ၏ အသက်ဓာတ်စွမ်းအားများကို အမှန်တကယ် သန့်စင်နိုင်ခဲ့လျှင် သူက ထိပ်တန်းအဆင့် မိစ္ဆာ စွမ်းအားများကို ရရှိပြီး ဟွင့်ယွမ်ဝူကျီအဆင့်သို့ ရောက်ရှိနိုင် မည် ဖြစ်လေသည်။

သို့သော်... ယခုတော့ ဖြစ်မလာနိုင်တော့ပေ။

စကြာဝဠာအစဦးကတည်းက တည်ရှိခဲ့သည့် နတ်မိစ္ဆာအဓိပတိ ကြီး၏ သွားရာလမ်းသည် ချိစုန်းကျီနောက်သို့ လိုက်သွားခြင်း သာ ဖြစ်လေတော့သည်။

နတ်ဘုရားများမှာ ပေါက်ကွဲထွက်သွားသည့် တန်ခိုးစွမ်းအား မြူမှုံများအတွင်းသို့ ကျရောက်သွားကြလေသည်။

သူတို့အားလုံးမှာ လူများ နှံ့နစ်သကဲ့သို့ ပြန်ထွက်လာနိုင်ကြ ခြင်း မရှိတော့ဘဲ လှုပ်လေ မြုပ်လေ ဆိုသကဲ့သို့ နစ်သည်ထက် နစ်သွားကြလေတော့သည်။

နတ်ဘုရားများမှာ တန်ခိုးစွမ်းအားမြူမှုန့်ထဲတွင်နစ်နေပြီး ကူ

ရာကယ်ရာမဲ့လျှက် ရှိကြလေသည်။ သူတို့အားလုံး၏

ဂုဏ်သိက္ခာများသည် အတိတ်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေ

သည်။

တာအိုမဟာလမ်းစဉ်၏အောက်တွင် အရာအားလုံးက မြူမှုန့်မျှ

ပမာသာ ဖြစ်သည်။

ရက်စက်ကြမ်းကြုတ်လွန်းသည့် ဘေးအန္တရယ်ကြီးကို သူတို့

အားလုံး ခုခံကာကွယ်နိုင်ခြင်း မရှိကြတော့ပေ။

နှစ်ပေါင်းများစွာ နာမည်ကျော်ကြားခဲ့ကြသည့် နတ်ဘုရား

များသည် ယခုတော့ ပျောက်ကွယ်ပျက်စီးသွားကြပြီ ဖြစ်လေ

သည်။

သူတို့အားလုံး မြူမှုန့်များအဖြစ် တဖြည်းဖြည်း လွင့်ပြယ်

ပျက်စီးသွားကြသည့်အခါ သူတို့နှလုံးသားထဲမှ အတွေး

များသည် သာမန်သတ္တဝါများနှင့်မခြားတော့ပေ။ မပျက်သုဉ်း

ခင် သူတို့တွေးမိသည့်အတွေးများသည် အတိတ်ကို လွမ်းဆွတ်တမ်းတခြင်းများဖြင့်သာ ပြည့်နှက်လျှက်ရှိကြလေတော့သည်။

နှစ်သန်းပေါင်းများစွာ တန်ခိုးစွမ်းအားမြင့်မားခဲ့ကြသော်လည်း သေခါနီးအတွေးများကတော့ သာမန်လူများအလား ဖြစ်နေကြလေသည်။ ဒေါသအနည်းငယ်ထွက်ကာ နာကျည်းချက်ဖြင့် ဆဲရေးမိလျှက် ရှိကြသည်။

သို့သော်လည်း... သူတို့အားလုံး၏ နစ်နာမှုများအတွက် တရားမျှတမှုကို မည်သည့်အခါမှ ရှာဖွေတွေ့ရှိကြလိမ့်မည်မဟုတ်တော့ဘဲ တဖြည်းဖြည်း ကြောက်မက်ဖွယ်ရာမြူခိုးထဲတွင် ပျောက်ကွယ်သွားကြလေတော့သည်။

ဝိညာဉ်တစ်စပင် မကျန်ရစ်ခဲ့တော့ဘဲ သူတို့အားလုံး မြေမှုန့်ဘဝသို့ ရောက်ရှိသွားခဲ့ကြပြီ ဖြစ်လေသည်။

ဤသည်မှာ တံတိုင်း (၃)ခု ၊ သတ္တဝါ (၄)ကောင် ၊

လမ်းကြောင်း(၂၈)ဖြာ အရံအတားသည် ကောင်းကင်ကြယ်စင်

အရံအတားထက်သာလွန်သည့် အချက်ဖြစ်လေသည်။

ဤအရံအတားအတွင်းသို့ ကျရောက်သွားသူတိုင်း လွတ်

လမ်းမရှိပေ။ ယခုတော့ ဆန်းလျန်ကို တံတိုင်း (၃)ခု ၊ သတ္တဝါ

(၄)ကောင် ၊ လမ်းကြောင်း(၂၈)ဖြာ အရံတားဖြင့် တိုက်ခိုက်ရန်

ကြံစည်ကြသူများသည် သူတို့စီစဉ်သည့် အရံအတားအတွင်း

သို့ သူတို့ကိုယ်တိုင် ပြန်လည်ကျရောက်ခဲ့ကြရပြီ ဖြစ်လေ

သည်။

လေထုက တဖြည်းဖြည်းပြိုကွဲသွားပြီး ကြီးမားသည့်

အရံအတားကြီးနှင့်အတူ နတ်ဘုရားများအားလုံး ပျောက်ကွယ်

သွားကြသည်။

ပထမမိုးနတ်မင်းနှင့် ဘုရင်မကြီးသည်ပင် ကြီးမားသည့်

အရံအတားကြီးပျောက်ကွယ်သွားသည်ကို ခံစားလိုက်ကြရပြီး

တန်ခိုးစွမ်းအားရိုက်ခတ်မှုကြောင့် လွင့်စင်ထွက်မတတ် ဖြစ်သွားရသည်။

သူတို့ (၂)ယောက် မရပ်မနား ဆက်လက်ထွက်ခွာလျှက်ရှိသည်။

ဆန်းလျန်အသက်ရှင်သန်နေဆဲဖြစ်ပြီး တိုက်ပွဲတွင် အနိုင်ရသွားခဲ့ပြီကို သူတို့ သိရှိလိုက်သည်။ ဆန်းလျန် အသက်ရှင်နေသေးပါက သူတို့ လောကတွင်ပြေးစရာမြေ ရှိတော့မည်မဟုတ်ပေ။

ထိုအချိန် အဝေးဆီမှ တာအိုကဗျာရွတ်ဆိုသံတစ်သံ လွင့်မျောလာသည်ကိုကြားလိုက်ရလေသည်။

"ချင်းရှတောင်ပေါ်က တိမ်ဖြူရေကန်ထက်မှာ...

တိမ်တွေကလည်း ဦးတည်ရာမဲ့သလို ရေပြင်ကလည်းလွတ်လပ်တယ်...

တောင်အောက်ကိုပြေးဆင်းပြီး...

လောကကြီးကို ဘာလို့ ပြဿနာရှာလိုရပါသလဲ...

ကျုပ်ကို ... ဘာလို့အနှောက်အယှက်ပေးရတာလဲ... မင်းတို့

ပြောစမ်းပါ..."

အသံက တဖြည်းဖြည်း တိုးတိတ်သွားပြီး နီးလည်းနီးကပ်လာ

လေသည်။

သို့သော်... နီးကပ်လာသည်ဟုထင်ရသော်လည်း မည်သည့်

အရပ်ကထွက်ပေါ်လာမှန်းလည်း မသိရပေ။

ထို့နောက် ဗလာနယ်ထဲတွင် လရောင် တဖြည်းဖြည်းတောက်ပ

လာပြီး လရောင်အောက်တွင် ချောမောခန့်ညားသည့် လူငယ်

တစ်ယောက် ထွက်ပေါ်လာလေသည်။

ထိုလူငယ်က လေကိုစီးနင်းပြီး လမင်းထက်မှ ဆင်းသက်လာ

သည်။

ထိုလူငယ်သည်ကား ဆန်းလျန်ပင် ဖြစ်လေ၏။

ဆန်းလျန်၏ ပုံစံက အလွန်တည်ငြိမ်အေးဆေးနေပြီး တိုက်ပွဲကြီးတစ်ပွဲ တိုက်ခိုက်ခဲ့သည်ဟုပင် မထင်မှတ်ရပေ။ ခေတ်အဆက်ဆက်တွင် ဂုဏ်အသရေနှင့် ပြည့်စုံလွန်းသည့် နတ်ဘုရားတစ်ပါးအလား ထင်မှတ်ရလေသည်။

သူက ဖြည်းဖြည်းချင်း ဆင်းသက်လာပြီး ခဏအကြာတွင် ပထမမိုးနတ်မင်းနှင့် ဘုရင်မကြီးရှေ့သို့ ရောက်ရှိလာလေသည်။

ပထမမိုးနတ်မင်းက လက်ပိုက်ပြီးရပ်နေလေသည်။ မိုးနတ်မင်းတစ်ပါး၏ ဟိတ်ဟန် အပြည့်ရှိနေပြီး ဆန်းလျန်ကို ပြုံးပြီးကြည့်နေလေသည်။

ပျက်စီးသွားသည့် ချန်ကျင်းချင်၏ ခန္ဓာကိုယ်မှာလည်း ပထမမိုးနတ်မင်း၏ တန်ခိုးစွမ်းအားဖြင့် သိပ်သည်းမှုပြန်လည် ဖြစ်တည်လာခဲ့ပြီ ဖြစ်သည်။

ယနေ့တိုက်ပွဲတွင် သူ့အနေဖြင့် ဆန်းလျန်ကို ထပ်မံရှုံးနိမ့်ပြန်ခဲ့သော်လည်း ဤကဲ့သို့သော အရှုံးနှင့် နာကျင်မှုမျိုးကို ပထမ

တစ်ကြိမ်ခံစားခဲ့ရပြီးပြီဖြစ်လေရာ သူ့အတွက် အဆန်းမဟုတ်တော့ပေ။ ခံနိုင်ရည်ရှိနေခဲ့ပြီ ဖြစ်လေသည်။

ယနေ့ ဆန်းလျန်ကို ရှုံးနိမ့်ခဲ့သည့်တိုင် ချန်ကျင်းချင်၏ ခန္ဓာကိုယ်အတွင်းသို့ ပူးဝင်ပြီး ရှင်သန်နေသည့် လောကကြီးကို တစ်ခဏမျှ ခံစားကြည့်ရခြင်းက အမြတ်ဖြစ်သည်ဟု သူက ခံယူထားသည်။

ဘုရင်မကြီး၏မျက်နှာကတော့ စိတ်ရှုတ်ထွေးနေဟန် ရှိသည်။ သူမ ဆန်းလျန်ကို ကြည့်လိုက်သည့်အကြည့်များက နူးညံ့သိမ်မွေ့နေပြီး သူမမျက်နှာတွင် အေးစက်ခက်ထန်မှုများ ရှိမနေခဲ့ပေ။

ဆန်းလျန်က ဘုရင်မကြီးကို ကြည့်လိုက်ပြီး အေးဆေးသည့် လေသံဖြင့်...

"မယ်တော်ဝမ်မူ... ကျုပ်ကို ပြောစရာတစ်ခုခု ရှိမလား..."

ဆန်းလျန်၏အသံက သူမကို လှောင်ပြောင်သရော်နေသည့် အလား ဘုရင်မကြီး ခံစားလိုက်ရသည်။

"ပြောရရင် အခု မင်းက အနိုင်ရသူ ၊ ငါတို့က ရှုံးနိမ့်သူတွေပါ ၊ ဘာတွေများပြောနေစရာ လိုသေးလို့လဲ..."

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကျုပ်ရဲ့ တွန့်ဆုတ်နေမှုတွေကြောင့် ဒီလိုတွေ ဖြစ်ခဲ့ရတာပါ လေ ၊ ကျုပ်ရဲ့ အမှားတွေလည်း အများကြီးပါပဲ ၊ ဒါပေမဲ့ အခု မှ မင်း ကျုပ်နောက်လိုက်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး..."

ဘုရင်မကြီး တဖြည်းဖြည်းတည်ငြိမ်အေးဆေးသွားပြီ ဖြစ်လေ သည်။

"အခုတော့ ငါ့ရဲ့ စိတ်ခံစားချက်တွေ အဆင်ပြေသွားပါပြီ ၊ ဒါပေမဲ့ အသစ်တစ်ဖန် ရွေးခြယ်ခွင့်ရဦးမယ်ဆိုရင်တောင် ငါ ကတော့ ငါလျှောက်မယ့်လမ်းကို ပြောင်းလဲပစ်မှာ မဟုတ် ဘူး..."

အေးစက်သည့်တိုင် ချောမောလှပသည့် ဘုရင်မကြီး၏

မျက်နှာကို ဆန်းလျန် အတန်ကြာ ငေးစိုက်ကြည့်နေမိသည်။

ပြီးမှ ဆန်းလျန်က သူ့တပည့်အသွင်ကို ယူထားသော ပထမိုး

နတ်မင်းဆီသို့ လှည့်ကြည့်လိုက်သည်။

ဆန်းလျန် ယွီကေရာဇ်နှင့် တွေ့ဆုံးခဲ့ဖူးသည်။ ယွီကေရာဇ်

သည် အလွန်မှ ဩဇာအာဏာကြီးမားပြီး လှမ်းမိုးနိုင်စွမ်း ရှိ

လွန်းလှသည်။

ဆန်းလျန် ထိုက်ဟောက်နှင့်လည်း တွေ့ဆုံခဲ့ဖူးသည်။ ထိုက်

ဟောက်သည် အလွန်မှ ခမ်းနားပြီး မြင့်မြတ်လွန်းလှသည်။

ယွီကေရာဇ်နှင့် ထိုက်ဟောက်တို့သည် ဧကရာဇ်များကြားတွင်

ထိပ်တန်းအဆင့်ဖြစ်ကြပြီး ဧကရာဇ်တစ်ပါး၏ စိတ်နေ

စိတ်ထားနှင့်လည်း ပြည့်ဝသူများ ဖြစ်ကြသည်။

သို့သော်... ပထမမိုးနတ်မင်းနှင့်ယှဉ်လျှင် သူတို့သည်

အနည်းငယ် နောက်တန်းသို့ ရောက်လျှက် ရှိသည်။

ပထမမိုးနတ်မင်း၏ စိတ်နေစိတ်ထားကတော့ ဖော်ပြရန် ခက်ခဲလွန်းသည်။

ပထမမိုးနတ်မင်းကို တွေ့မြင်ရသည်မှာ တောင်တစ်တောင်ကို တွေ့မြင်ရသည့်အလား အလွန်ခိုင်ကြည်သော်လည်း ထိုအကြောင်းအချက်ကို ဖော်ပြရန် စကားလုံးဖြင့် တင်စားမရနိုင်ပေ။ မြင့်မားခမ်းနားခြင်းနှင့် အဆုံးမရှိသည့် အရောင်အဝါကို ခံစားရစေသည်။

ပထမမိုးနတ်မင်း၏ တည်ငြိမ်သည့် မျက်ဝန်းများထဲတွင် အဆုံးမရှိသော သမိုင်းဒဏ္ဍာရီများသည်လည်း ဖုံးကွယ်နေသည့်အလား တွေ့မြင်ခံစားရသည်။

ဆန်းလျန်က...

"ကျုပ် ကျင့်စဉ်လမ်းကို စပြီး လျှောက်လှမ်းကတည်းက မင်းရဲ့ ဂုဏ်သတင်းတွေကို ကြားသိခဲ့ရပါတယ်၊ အခု မင်းကို တွေ့ရတော့လည်း လေးစားနေဆဲပါပဲ..."

ပထမမိုးနတ်မင်းက...

"ဒါပေမဲ့ ကျုပ်က မင်းကို စိတ်ပျက်သွားစေခဲ့တယ်မဟုတ်လား ၊ ခုတော့ မျိုးဆက်တစ်ဆက်မှာ ဘယ်သူမှ အနိုင်မယူနိုင်လောက်အောင် စွမ်းအားကြီးမားတဲ့ ကျုပ်ဟာ... ခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ရတယ် ၊ ခွေးတစ်ကောင်ထက်တောင် အခြေအနေဆိုးနေပါပေါ့လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါကြောင့် ကျုပ် မင်းကို လေးစားခဲ့တာပါ ၊ ရှီမီစန်းတောင်က အသုံးမရှိမြင့်မားတယ်လို့လည်း ဆိုကြတယ် ၊ ပြီးတော့ မုန်ညင်းစေ့လေးလောက်လည်း သေးငယ်နိုင်စွမ်းရှိတယ်တဲ့လေ ၊ မိုးနတ်မင်းဟာ ရှီမီစန်းတောင်လိုပါပဲ ၊ ဒါကြောင့် ကျုပ် ဘယ်တော့မှ မင်းအပေါ်စိတ်မပျက်ခဲ့ပါဘူး..."

ပထမမိုးနတ်မင်းက သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး သူ့ဘေးမှ ဘုရင်မကြီးကို လှည့်ကြည့်လိုက်သည်။

"ကျုပ် သိတယ် ၊ ဒီ ဆန်းလျန်ဆိုတဲ့သူက ဒီလိုအမူအကျင့်

မျိုးရှိတယ် ၊ ဒီနေ့တော့ တကယ့်ကို မျက်နှာပျက်ရတာပါပဲ..."

အခန်း (၉၇၂) သုံးခန္ဓာဖြတ်တောက်

စကားဆုံးသွားသည်နှင့် ပထမမိုးနတ်မင်းက ဗလာနယ်ထဲသို့

ပျံတက်သွားပြီး လေထဲတွင် ရွှေရောင်အလင်းတန်းများ ထွက်

ပေါ်လာလေသည်။

ထို့နောက် ဗလာနယ်ထဲတွင် မြစ်တစ်စင်းထွက်ပေါ်လာလေ

သည်။

ချန်ကျင်းချင်၏ ခန္ဓာကိုယ်အတွင်းမှ အဖြူရောင်အရိပ်တစ်ခု ထွက်ပေါ်လာပြီး ကြမ်းတမ်းသည့် မြစ်ရေများအတွင်းသို့ စီးဆင်းဝင်ရောက်သွားလေတော့သည်။

ထိုရေများသည်ကား အချိန်ရေစီးကြောင်းပင် ဖြစ်၏။

အချိန်ရေစီးကြောင်းထဲသို့ ဝင်ရောက်သွားသည့် အဖြူရောင်အရိပ်နောက်သို့ ရွှေရောင်အလင်းတန်းများကလည်း လှည့်ပတ်ဝင်ရောက် လိုက်ပါသွားလေသည်။

ထို့နောက် အဖြူရောင်အရိပ်နှင့် ရွှေရောင်အလင်းတန်းများသည် သဲလွန်စမကျန် အချိန်ရေစီးကြောင်းထဲတွင် ပျောက်ကွယ်သွားလေတော့၏။

ယခုအချိန်မှစပြီး ပထမမိုးနတ်မင်းဆိုသည်မှာ ဒဏ္ဍာရီသမိုင်းကြောင်းအဖြစ်သာ ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ချန်ကျင်းချင်၏မျက်ဝန်းများက အူကြောင်ကြောင်ဖြစ်နေပြီး သူ့ရှေ့တွင် ဆန်းလျန်ကိုတွေ့သည့်အခါ အတိတ် အကြောင်းအရာများကို ချက်ချင်း ပြန်လည်မှတ်မိလာသည်။

ထို့နောက်... သူ့ခန္ဓာကိုယ်ထဲသို့ ပထမမိုးနတ်မင်း ဝင်ပူးလိုက် သည်ကို သတိရလိုက်မိသည်။

ချန်ကျင်းချင်က ချက်ချင်းပင် ဆန်းလျန်ရှေ့တွင် ဒူးထောက် လိုက်ပြီး...

"တပည့် ဆရာ့ကို ဂါရဝပြုပါတယ်..."

"ထပါ... ဒီနေ့ကစပြီး မင်းက လူ့လောကရဲ့ ဧကရာဇ်တစ်ပါး ဖြစ်သွားပြီ ၊ ပြီးတော့ ချင်းရွှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်လည်း ဖြစ်တယ် ၊ ဘယ်သူ့ရှေ့မှာမှ ဒူးထောက်စရာ မလိုဘူး..."

ဆန်းလျန်က တိုးတိတ်အေးဆေးသည့် လေသံဖြင့် ပြောလိုက် သည်။

ချန်ကျင်းချင် ဖြည်းဖြည်းချင်းမတ်တတ်ထရပ်လိုက်သည်။

ထူးဆန်းသည့် တန်ခိုးစွမ်းအားတစ်ခုက သူ့ခန္ဓာကိုယ်ထဲသို့

မြစ်တစ်စင်းအလားစီးဆင်းဝင်ရောက်လာပြီး သူ၏ခန္ဓာကိုယ်

ကို သန့်စင်ပေးလိုက်သည့်အလား ခံစားလိုက်ရသည်။

ပထမမိုးနတ်မင်းထွက်ခွာသွားပြီးသည့်နောက် ချန်ကျင်းချင်၏

ခန္ဓာကိုယ်ထဲတွင် ပထမမိုးနတ်မင်း၏ တန်ခိုးစွမ်းအား အနှစ်

သာရများ ကျန်ရှိနေခဲ့သည့်အပြင် ယခု ခန္ဓာကိုယ်သည်လည်း

ပထမမိုးနတ်မင်းက ပြန်လည်သိပ်သည်းအောင် ပြုလုပ်

ဖန်ဆင်းပေးခဲ့သည့် ခန္ဓာကိုယ် ဖြစ်လေသည်။

ဤသည်မှာ ခရမ်းကိုးဆင့်ရွှေဆေးစားရသည်ထက်ပင် ပိုမို

ကောင်းမွန်သေးသည်။

သူ့အတွက် နှစ်ပေါင်းတစ်သောင်းကြာအောင် ကျင့်ကြံမှ ရရှိ

မည့် တန်ခိုးစွမ်းအားများကို ချက်ချင်းပင် ရရှိသွားခဲ့ပြီ ဖြစ်

လေသည်။

ပထမမိုးနတ်မင်း၏ တန်ခိုးစွမ်းအားများက သူ့ဝိညာဉ်အတွင်း
မှ တန်ခိုးစွမ်းအားနှင့် ပေါင်းစပ်သွားလေသည်။

ထိုအချိန် ဘုရင်မကြီးက အေးစက်သည့်လေသံဖြင့် ....

"ခုချိန်မှာ... မင်း အကူအညီပေးလည်း ငါ မယူတော့ဘူး..."

ထို့နောက် ဘုရင်မကြီး၏ ခန္ဓာကိုယ်မှာ ကြောက်မက်ဖွယ်ရာ
တန်ခိုးစွမ်းအားများ ပေါက်ကွဲလုမတတ်ထွက်ပေါ်လာလေရာ
ချန်ကျင်းချင်ပင် စိတ်ထဲတွင် အနည်းငယ် တုန်လှုပ်သွားရ
သည်။

ထိုအချိန်... ဆန်းလျန်က ပါးစပ်ကို ဟလိုက်ပြီး ဘုရင်မကြီး၏
ခန္ဓာကိုယ်ပေါ်သို့ လေတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ဘုရင်မကြီးမှာ ချက်ချင်းပင် မိုးမခအကိုင်းအခက်လေးအလား
နူးညံ့ပျော့ပြောင်းသွားလေတော့သည်။

အမှန်တော့ ... ဘုရင်မကြီးက သူမကိုယ်သူမ ပေါက်ကွဲထွက်စေပြီး သေကြောင်းကြံစည်ခြင်း ဖြစ်လေသည်။ ဆန်းလျန်က သူမကို အချိန်မီတားဆီးလိုက်ခြင်း ဖြစ်၏။

သို့သော်... ဘုရင်မကြီးက ဆန်းလျန်ကို ကျေးဇူးမတင်ခဲ့ပေ။ သူမက တိုးတိတ်သည့်လေသံဖြင့်...

"သြော်... သေချင်တာတောင် သေလို့မရတဲ့ ဘဝပါလား..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"မသေရရင် ရှင်သန်ပါ..."

ဆန်းလျန်က ပြောပြီးသွားသည်နှင့် ဘုရင်မကြီးကို ကျောခိုင်းထွက်ခွာသွားလေတော့သည်။

အဆုံးမရှိသောလရောင်က ဖြာကျနေပြီး ဖော်မပြနိုင်လောက်သည့် အေးစက်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းများကို ဘုရင်မကြီး ခံစားနေရလေသည်။

သူမက နတ်ဘုရားတစ်ပါးဖြစ်သည့်အတွက် ပူခြင်းအေးခြင်း ကွဲပြားသည့် ခံစားချက်များ မရှိပေ။ သို့သော်... ယနေ့တော့ အနည်းငယ် အေးစက်ခြင်းကို ခံစားနေရလေသည်။

သူမ ဆန်းလျန် ထွက်ခွာပျောက်ကွယ်သွားရာနေရာသို့ အချိန်အကြာကြီး ငေးမောကြည့်နေခဲ့မိလေသည်။

ဒီလူက ဘယ်လိုလူစားမျိုးပါလဲ...။

လူသားလည်းဆန်သလို အကြင်နာတရားလည်း ကင်းမဲ့သူဖြစ်သည်။ သို့သော်... လောလောဆယ်အချိန်တွင် လူသားဆန်ခြင်းနှင့် အကြင်နာတရားကင်းမဲ့ခြင်း၏ ခြားနားချက်ကို ဘုရင်မကြီး မရှင်းပြနိုင်သေးပေ။

"ဘုရင်မကြီး... ကျွန်တော်တို့ အတူတူသွားကြမယ်လေ..."

ဘုရင်မကြီးလှည့်ကြည့်လိုက်သည့်အခါ သူ့ကို ပြုံးပြနေသည့် ချန်ကျင်းချင်ကို တွေ့လိုက်ရသည်။

မျက်ဝန်းများက နူးညံ့နေပြီး မျက်နှာက တည်ကြည်လှသည်။

ကြည့်ရသည်မှာ ချန်ကျင်းချင် အရင်ဘဝကို ပြန်လည် သတိရသွားပြီ ဖြစ်ပေလိမ့်မည်။

အတိတ်တစ်ချိန်... ထိုနှစ်များဆီက ဆန်းလျန်၏ ပထမဦးဆုံး တပည့် ၊ ချင်းရွှမ်နတ်တံခါး၏ဂိုဏ်းချုပ် ချန်ကျင်းချင်၏ ပုံရိပ်နှင့်အငွေ့အသက်များ ပြန်လည် ထွက်ပေါ်လာပြီ ဖြစ်လေသည်။

ဘုရင်မကြီးက ဆန်းလျန်ရွတ်ဆိုခဲ့သည့် ကဗျာ၏ နောက်ဆုံးစာကြောင်းကို တီးတိုးရွတ်ဆိုလိုက်သည်။

" တောင်အောက်ကိုပြေးဆင်းပြီး... ၊ လောကကြီးကို ဘာလို့ ပြသနာရှာလိုရပါသလဲ..."

ပြီးမှ ဘုရင်မကြီးက သက်ပြင်းချလိုက်ရင်း...

"မင်းပဲ သွားလိုက်ပါ... ငါမလိုက်တော့ဘူး...."

ချန်ကျင်းချင်က ဘုရင်မကြီးကို ထပ်မံစကားပြောချင်သေး သော်လည်း ရုတ်တရက် လေထဲတွင် စီးဆင်းနေသည့် မြစ်တစ် စင်းပေါ်လာလေသည်။

မြစ်ရေများက ကြည်လင်လျှက်ရှိလေသည်။ ဘုရင်မကြီးက ထိုမြစ်ရှိရာသို့ ထွက်ခွာသွားလေတော့သည်။

ချန်ကျင်းချင်က ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားပြီး မြစ်၏ အခြေအနေကို ကြည့်လိုက်သည်။

ထိုအခါ.... မြစ်ကမ်းတစ်ဖက်တစ်ချက်တွင် ပေါက်ရောက်နေ သည့် ကျူပင်များကိုတွေ့မြင်ရပြီး တောင်ထိပ်များ ၊ လယ်ကွင်းပြင်များနှင့် သစ်တောများကို အဆုံးမရှိ တွေ့မြင် လိုက်ရလေသည်။

မြစ်လယ်တွင် ဝတ်ကျောင်းတော်တစ်ခု တည်ရှိနေလေသည်။

ထိုဝတ်ကျောင်းတော်မှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ချင်းစွေမြစ်စောင့်နတ်သမီးဝတ်ကျောင်းတော် ဖြစ်လေသည်။ စီးဆင်းနေသည့် မြစ်ကြီးမှာလည်း ချင်းစွေ မြစ် ဖြစ်လေ၏။

လျှောက်လှမ်းရသည့် ဘဝလမ်းခရီးများက ရှည်လျားပြီး အတိတ်အကြောင်းအရာများက ဒီရေတိုက်စားသည့်အလား မြန်ဆန်လွန်းလှသည်။

ဘုရင်မကြီး သူ့ကိုသူသေကြောင်းမကြံစည်သည်ကို သေချာတော့မှ ချန်ကျင်းချင် သက်ပြင်းချလိုက်မိသည်။

ဘုရင်မကြီးတွင် အနာဂတ်မရှိတော့ပေ။ သူမတွင် အတိတ်သာလျှင် ရှိလေတော့သည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဆန်းလျန်ကိုယ်တိုင် သူမကို ချင်းစွေမြစ်စောင့်နတ်သမီးအဖြစ် အပ်နှင်းပေးခဲ့သည့် ဘဝသည်ပင်လျှင် သူမ၏ အတိတ်ဖြစ်ခဲ့လေသည်။

ဘုရင်မကြီးတွင်လည်း သူမ၏ အကြောင်းပြချက်နှင့်သူမ ရှိမည်ဖြစ်သလို ဆန်းလျန်တွင်လည်း သူ၏ အကြောင်းပြချက်နှင့်သူ ရှိပေလိမ့်မည်။

သူတို့သည် ယခင်က မိတ်ဆွေများဖြစ်ခဲ့ကြသော်လည်း ယခုတော့ သူစိမ်းပြင်ပြင် ဖြစ်ခဲ့ကြရလေပြီ။ လောကကြီးတွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများကထူးဆန်းပြီး ကြိုတင်ခန့်မှန်းရခက်လှသည်။ မည်သူကများ အရာရာကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်ပါမည်နည်း။

ချန်ကျင်းချင်က ချင်းစွေမြစ်လယ်မှ ဝတ်ကျောင်းတော်ရှိရာသို့ ဦးတည်ပြီး လက်နှစ်ဖက်ဆုပ်ဦးညွှတ်ဂါရဝပြုလိုက်သည်။ ထို့နောက် အရောင်မဲ့ကောင်းကင်ဘုံမှ ထွက်ခွာလာခဲ့လေတော့သည်။

အရောင်မဲ့ကောင်းကင်ဘုံအပြင်ဘက်တွင်တော့ ပတ်ဝန်းကျင်တစ်ခုလုံး မြူဆိုင်းလျှက် ရှိလေသည်။

ရုတ်တရက်… လက်ဝါးတစ်ဖက် ထွက်ပေါ်လာပြီး ချန်ကျင်းချင်ကို ရိုက်ချလိုက်လေသည်။ ရိုက်ချက်က ပြင်းထန်လွန်းပြီး သေစေနိုင်လောက်သည်အထိ စွမ်းအားကြီးမားလှသည်။

ချန်ကျင်းချင် ကမန်းကတန်းပင် ထိုလက်ဝါးရိုက်ချက်ကို ပြန်လည်ခုခံလိုက်ရသည်။

ပြီးမှ သူ့ကို တိုက်ခိုက်သူကို ကြည့်လိုက်ပြီး ချန်ကျင်းချင် များစွာ အံ့အားသင့်သွားလေသည်။

"ဆရာဦးလေးလူ ၊ ကျွန်တော့်ကို ဘာလို့တိုက်ခိုက်ရတာလဲ…"

ချန်ကျင်းချင် ခုန်ထွက်လာသည်ကို တွေ့လိုက်သည်နှင့် လူစောယိက ပထမမိုးနတ်မင်း ဝင်ပူးထားသည့် ချန်ကျင်းချင်ဟု ထင်မှတ်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မမျှော်လင့်ဘဲ ချန်ကျင်းချင်က သူ၏ လက်ဝါးရိုက်ချက်ကို ခုခံလိုက်သည့်အခါ လူစောယိက ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်

နေစဉ်မှာပင် ချန်ကျင်းချင်က မေးခွန်းထုတ်လိုက်ခြင်း ဖြစ်သည်။

ချန်ကျင်းချင်က သူ့ကို "ဆရာဦးလေးလူ" ဟု ခေါ်လိုက်သည်ကိုကြည့်ခြင်းအားဖြင့် သူ့ရှေ့မှချန်ကျင်းချင်မှာ ပထမမိုးနတ်မင်းမဟုတ်ဘဲ သူ၏ တူဖြစ်သူ ဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။

ချန်ကျင်းချင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီဆိုလျှင် ဆန်းလျန်သည်လည်း အခြေအနေကောင်းသည်မှာ ထင်ရှားနေလေသည်။

လူစောယိက ဝမ်းသာသွားပြီး...

"ကျင်းချင်... မင်း ဘာမှ မဖြစ်တော့ဘူးနော် ၊ ဟေး... မင်း ကျုပ်ကိုလည်း မှတ်မိသွားပြီနော်... ကောင်းလိုက်တာ ၊ ကောင်းလိုက်တာ ၊ ကောင်းလိုက်တာ..."

ချန်ကျင်းချင် ပုံမှန်အတိုင်းဖြစ်သွားသည့်အတွက် လူစောယိ အလွန်ဝမ်းသာနေမိလေသည်။ ဆန်းလျန်လည်း အန္တရယ်ကင်းကင်းနှင့် အဆင်ပြေနေသည်ကို သိရသည့်အတွက် ဝမ်းသာမိသည်။

အထူးသဖြင့် ချန်ကျင်းချင်က သူ့ကို ဆရာဟုမခေါ်တော့ဘဲ ဆရာဦးလေးဟု ပြောင်းခေါ်သည်ကို ကြည့်ခြင်းအားဖြင့် ချန်ကျင်းချင် အတိတ်ဘဝမှအကြောင်းအရာများကို ပြန်လည်မှတ်မိနေပြီမှာ ထင်ရှားသည်။ ထိုအချက်ကတော့ အားလုံးထဲတွင် ဝမ်းသာစရာအကောင်းဆုံးအချက် ဖြစ်လေတော့၏။

ချန်ကျင်းချင်နှင့် လူစောယိ နားလည်မှုလွဲသည်များကို ဖြေရှင်းပြီးသည့်နောက် သူတို့ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုနေကြလေသည်။

လူစောယိက…

"ကြည့်ရတာ မင်းရဲ့ဆရာဆန်းလျန်ကတော့ သွားနှင့်ပြီထင်တယ်၊ ဒီကောင်ကလေ တကယ်ရိုင်းတယ်၊ ကျုပ်ကိုတောင် တစ်ချက်လေး လာနှုတ်ဆက်မသွားနိုင်ဘူး၊ မပြောမဆိုနဲ့ ထွက်သွားတော့တာပဲ..."

ချန်ကျင်းချင်ကတော့ ဆရာဖြစ်သူကို အပြစ်မတင်ဝံ့ပေ။

"ဆရာ့မှာ တခြားအရေးကြီးကိစ္စတွေရှိလို့ နေမှာပါ..."

ဟု ဆရာဖြစ်သူဘက်မှ ဖာဖာထေးထေးဖြင့် ပြောလိုက်၏။

လူစောယိက...

"သူ့အကျင့်ပဲလေ...၊ ဘယ်လောက်ပဲ အရေးတကြီးကိစ္စရှိရှိ အထဲမှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ နည်းနည်းလောက်တော့ လာပြောပြသွားဖို့ကောင်းတာပေါ့၊ ဒါပေမဲ့ သူက အရေးမစိုက်ဘူးလေ၊ တော်သေးတာပေါ့၊ မင်း အရင်ဘဝကို ပြန်သတိရသွားလို့၊ ဘာပဲဖြစ်ဖြစ် မင်းက ချင်းရှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်လေ ဟုတ်တယ်မလား..."

ချန်ကျင်းချင်က...

"ကျွန်တော် ဧကရာဇ်တစ်ပါးလည်းဖြစ်သလို ဂိုဏ်းချုပ်လည်း ဖြစ်လာလိမ့်မယ်၊ အတိတ်ကာလကနေ အခုအချိန်ထိ ဒီလို ကိစ္စမျိုး မရှိဖူးသေးဘူး မဟုတ်လား..."

လူစောယိက...

"ဩော်... မင်းက ဧကရာဇ်တစ်ပါး ဖြစ်သွားပြီလား၊ ကျုပ် အခုမှ နားလည်တော့တယ်၊ ဆန်းလျန် မိုးကောင်းကင်လမ်းစဉ် နဲ့ ရုန်းကန်တိုက်ခိုက်ခဲ့တာ တကယ်တော့ မင်း ဧကရာဇ်တစ်ပါး ဖြစ်လာဖို့အတွက်ကိုး..."

ချန်ကျင်းချင်က...

"ကြည့်ရတာ ဆရာက လူသားအားလုံးနဲ့ လူ့လောကလမ်းစဉ်ကို ပေါင်းစည်းစေချင်တာထင်တယ်၊ ဒါမှ မိုးကောင်းကင်လမ်းစဉ် ကိုရင်ဆိုင်တဲ့အခါ လူ့လောကလမ်းစဉ်ရဲ့ လူသားဆန်မှုကို အသုံးချနိုင်မှာပေါ့..."

လူ့လောကလမ်းစဉ်နှင့် မိုးကောင်းကင်လမ်းစဉ်သည် မျဉ်းပြိုင်များအလား အတူတကွ ယှဉ်တွဲရပ်တည်နေသည့် လမ်းစဉ်များဖြစ်ကြလေသည်။ ထို့ကြောင့်သာ လောကကြီးက တည်ငြိမ်ပြီး အရောင်စုံ လှပနေခြင်း ဖြစ်၏။

မိုးကောင်းကင်လမ်းစဉ်ဆိုသည်မှာ အရာရာသည် မိုးကောင်းကင်ဆန္ဒအတိုင်း သူ့သဘောသူဆောင် ဖြစ်ပျက်နေခြင်းကို ဆိုလိုခြင်းဖြစ်ပြီး လူ့လောကလမ်းစဉ်ကတော့ လူသားများ ကြိုးစားသလောက် အကျိုးဖြစ်ထွန်းခြင်းကို ပြဆိုသည်။ အကယ်၍ မိုးကောင်းကင်လမ်းစဉ်မှ လူသားဆန်ခြင်းတရားကို ဖြတ်တောက်ပစ်လိုက်လျှင် ယခုအချိန်တွင် သွေးမိုးများလည်း ရွာချင်ရွာနိုင်လာသလို ၊ မြေကြီးအက်ကွဲကာ အသူရာချောက်နက်အတွင်းသို့ လူသားသန်းပေါင်းများစွာ ပြုတ်ကျပြီး သေကြေပျက်စီးလျှင်လည်း ပျက်စီးပေမည်။

လူစောယိက ခေါင်းတစ်ချက်ခါရမ်းလိုက်ပြီး...

"မင်းဆရာ ဘယ်လောက်မာနကြီးလဲဆိုတာ မင်းအခုထိ နားမလည်သေးဘူးလား။ ဒီနေ့ကိစ္စတွေပြီးသွားတဲ့နောက် နောက်ပိုင်းကျရင် သူ့ကို ဘယ်သူမှ တားဆီးရဲမှာတောင် မဟုတ်တော့ဘူး။ နောက်တော့ သူ တဖြည်းဖြည်း သံသရာကို ကျော်လွန်သွားတော့မှာပဲ။ ဒါ အမှန်တရားပဲလေ။ စကြာဝဠာ ပျက်စေမယ့် ဘေးအန္တရာယ်ကပ်ဆိုးကြီး ကျရောက်ပြီးရင် မိုးကောင်းကင်လမ်းစဉ်ဆိုတာ ရှိမှာ မဟုတ်တော့ဘူး။ မိုးကောင်းကင်လမ်းစဉ်ဆိုတာ သေခြင်းရှင်ခြင်းသံသရာကို လည်စေတဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်သွားလိမ့်မယ်။ မင်းကတော့ မိုးကောင်းကင်ကိုတောင် စိန်ခေါ်နိုင်တဲ့ ထိပ်တန်းအဆင့် လူသားတစ်ယောက် ဖြစ်လာလိမ့်မယ်..."

ချန်ကျင်းချင်က သံသယအနည်းငယ်ရှိနေပြီး...

"စကြာဝဠာပျက်စေမယ့် ဘေးအန္တရယ်ကပ်ဆိုးကြီးသာ ဖြစ်လာရင် ဘယ်အရာမှ တည်ရှိနိုင်မှာ မဟုတ်တော့ဘူး ၊ ဒါဆိုရင် ကျွန်တော်လုပ်နေတဲ့အလုပ်တွေ အဓိပ္ပါယ်ရှိပါဦးမလား..."

လူစောယိက...

"နတ်ဘုရားတွေပြောနေကြတာတော့ နောက်ဆုံး ဘေးအန္တရယ်ကပ်ဆိုးကြီး ရောက်လာတော့မယ်တဲ့ ၊ အရာအားလုံးကို ဖျက်စီးပစ်လိမ့်မယ်တဲ့ ၊ ဒါပေမဲ့ အရာအားလုံး ပျက်စီးသွားတယ်ဆိုတာ အရာအားလုံး ပြန်လည်မွေးဖွားခြင်းကို ဆိုလိုတာပဲလေ... ၊ တစ်ယောက်နဲ့တစ်ယောက် အယူအဆတွေတော့ မတူကြဘူးပေါ့ကွာ ၊ နတ်ဘုရားတွေကတော့ သေခြင်းရှင်ခြင်းကို ကျော်လွန်ပြီး ထာဝရ အေးအေးဆေးဆေး နေချင်ကြတာပေါ့..."

ခဏနားပြီးမှ လူစောယိက ဆက်ပြောလိုက်သည်။

"ဒါပေမဲ့... စကြာဝဠာတစ်ခုလုံး အဆုံးသတ်သွားရင်လည်း ကျုပ်တို့က ပျောက်ကွယ်သွားစရာ အကြောင်းမရှိပါဘူး ၊

အနာဂတ်မှာ စကြာဝဠာအသစ်တစ်ခု ပြန်လည်ဖွင့်လှစ်နိုင်မယ်ဆိုရင် ကျုပ်တို့တွေက မျိုးစေ့တွေအဖြစ်တည်ရှိပြီး ပြန်လည်ကြီးထွားလာကြဦးမှာပဲ... ၊ ဒီတော့မင်းသာ လူ့လောကလမ်းစဉ်ကို အသုံးပြုပြီး မိုးကောင်းကင်လမ်းစဉ်ကို ဖြတ်တောက်နိုင်မယ်ဆိုရင် မင်းဟာ တာအိုမဟာလမ်းစဉ်ရဲ့ တံခါးဝကို ရောက်သွားပြီး နောက်ထပ်ခေတ်သစ်တစ်ခုအတွက်ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နိုင်မှာပဲ..."

....

နဂါးငွေ့တန်းသည် မိုးကောင်းကင်ထက်တွင် စီးဆင်းနေသည့်မြစ်တစ်စင်းဖြစ်လေသည်။ စီးဆင်းနေသည့်ရေများသည် အစဉ်အမြဲ ကြည်လင်လျှက် ရှိသည်။

သို့သော်... ယနေ့တော့ နဂါးငွေ့တန်းသည် လှိုင်းလေများထန်ပြီး မြစ်ရေများသည်လည်း ဆူပွက်လျှက် ရှိလေသည်။ မြစ်ရေများသည် အထက်သို့ပင် အငွေ့ပျံတက်လျှက် ရှိနေလေ၏။

နဂါးငွေ့တန်း၏ နက်ရှိုင်းသည့် နေရာတစ်နေရာတွင် တံခါးတစ်ချပ် ရုတ်တရက် ပွင့်လာလေသည်။ ထိုတံခါးအတွင်းမှ အလွန်မြင့်မားပြီး အံ့သြစရာကောင်းလှသည့် တာအို တန်ခိုးစွမ်းအားတစ်ခု ထွက်ပေါ်လာသည်။

ဗလာနယ်တစ်ခုလုံး တုန်ခါသွားပြီး နဂါးငွေ့တန်း၏အထက်တွင် အလင်းရောင်များ လင်းလက်တောက်ပလာလေသည်။

ထိုအလင်းရောင်များက ကြယ်စင်များ၏ အလင်းရောင်ကိုပင် ဖုံးကွယ်သွားသည်။

ထိုအလင်းရောင်များသည် လူ့လောကအထိ လင်းဖြာကျဆင်းလာပြီး နတ်ဘုရားများ ၊ လူသားများ ၊ နတ်မိစ္ဆာများ ၊ တစ္ဆေသရဲများ ၊ ငှက်များ ၊ သားရဲများ ၊ မြက်ပင်များ ၊ သစ်ပင်များ ၊ ဝါးပင်များ ၊ ကျောက်တုံးများ အားလုံးထက်သို့ ဖြာလင်းကျနေပြီး ထိုအလင်းတန်းမှ တန်ခိုးစွမ်းအားများကို အားလုံးက ခံစားလိုက်ကြရသည်။

ခေါင်းမာသည့် ကျောက်တုံးပင်လျှင် ခေါင်းငုံ့စေပြီး သားရဲနှင့်

ငှက်သတ္တဝါများအားလုံးသည် ဝပ်တွားလျှက် ရှိကြသည်။

ပင်လယ်သမုဒ္ဒရာထဲတွင် ကူးခပ်နေသည့် ငါးသတ္တဝါများမှာ

လည်း ရေထဲမှ ခုန်ထွက်ပြီး ကောင်းကင်ရှိရာသို့ လှမ်းမျှော်ကြ

ည့်လျှက် ရှိကြလေသည်။

"သုံးခန္ဓာဖြတ်တောက်..."

ရဲ့လျိုယွင်၏ အသံက တိုးတိတ်စွာ ထွက်ပေါ်လာသည်။

ဝိညာဉ်မြစ်ရေများကို အဆက်မပြတ် စုပ်ယူနေသည့် တိကျန်

ဗောဓိသကျသည် ရဲ့လျိုယွင်၏အသံကို ကြားလိုက်ရသည်နှင့်

မြစ်ရေများကို စုပ်ယူနေသည်ကို ခဏတာ ရပ်နားလိုက်မိလေ

တော့သည်။

အခန်း (၉၇၃) အံ့ဖွယ်အမှုတံခါး

တိကျန်ဗောဓိသကျာက ဝိညာဉ်မြစ်ရေများကို စုပ်ယူနေခြင်းကို ရပ်နားလိုက်ပြီး အဆုံးမရှိသည့် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်သည်။

သူ၏အမြင်အာရုံက အာကာသတစ်ခုလုံးကို ဖြတ်သန်းသွားပြီး အဆက်မပြတ်လှုပ်ရှားနေသည့် နဂါးငွေ့တန်းမြစ်ရေများဆီသို့ ထိုးဖောက်ကြည့်လိုက်သည်။

ထို့နောက်... နဂါးငွေ့တန်းတစ်နေရာမှ ထူးဆန်းသည့်တံခါး တစ်ချပ်ပွင့်လာပြီး စကြာဝဠာကြီးတစ်ခုလုံးသည် အဆုံးစွန်ထိ နက်ရှိုင်းလျှက် ရှိလေသည်။

ထိုတံခါးသည် အံ့ဖွယ်အမှု၏တံခါးဟု ခေါ်ဆိုသည့် ကျုန်း

မြောက်တံခါး ဖြစ်လေသည်။ ထိုတံခါးပွင့်သွားခြင်းသည် တာ

အိုဆရာ လီချင်းဆွေ ကိုယ်ထင်ပြခြင်းလည်း ဖြစ်၏။

သူမသည် တာအိုနှင့် အလှမ်းမဝေးတော့ပေ။ သုံးခန္ဓာဖြတ်

တောက်ကျင့်စဉ်အောင်မြင်ပြီးနောက် သူမနှင့် စကြာဝဠာ

ကြီး၏ ဆက်နွယ်မှုက စည်းချက်ညီလျှက်ရှိလေသည်။

သူမက လက်ဖဝါးတစ်ဖက်ကို အသာပင့်မြှောက်လိုက်ပြီး

ခြေထောက်တစ်ဖက်ကိုလည်း အသာပင့်မြှောက်ကာ

တင်ပျဉ်ခွေထိုင်သည့် ကိုယ်ဟန်အနေအထား ပြုလုပ်လိုက်

သည်။

သူမပြုလုပ်လိုက်သည့် ကိုယ်ဟန်အနေအထားသည် မိုးနှင့်

မြေ၏ လျှို့ဝှက်လမ်းစဉ် တစ်ခု ဖြစ်လေသည်။

တာအိုဆရာလီချင်းဆွေဆိုသည်က အတိတ်အချိန်များစွာက

ပင် လောကတွင် အမြင့်မားဆုံးရပ်တည်နိုင်ခဲ့သည့် နတ်ဘုရား

တစ်ပါး ဖြစ်ပြီး ကြောက်မက်ဖွယ်ရာကောင်းလွန်းလှသူတစ်ယောက်လည်း ဖြစ်သည်။

ယခုတော့ သူမက မြင့်မားသည့် အဆင့်တစ်ခုသို့ ထပ်မံတက်လှမ်းသွားနိုင်ခဲ့ပြီး ဖြစ်လေသည်။

အံ့ဖွယ်အမှုတံခါး ဖွင့်လှစ်လိုက်ခြင်းက လီချင်းဆွေ၏ တာအိုသဘာဝလမ်းစဉ်နှင့် အောင်မြင်မှုကို သရုပ်ပြထားခြင်းသာ ဖြစ်လေသည်။

လူ့လောကလမ်းစဉ်၏ ဆန္ဒသဘောထားသည် မိုးကောင်းကင်၏ ဆန္ဒသဘောထားသာဖြစ်ပြီး မိုးကောင်းကင်၏ ဆန္ဒသဘောထားသည်လည်း လူ့လောကလမ်းစဉ်၏ ဆန္ဒသဘောထားပင် ဖြစ်သည်။

လူတစ်ယောက်၏ အမြင်ဖြင့်ကြည့်မည်ဆိုလျှင် အတ္တကင်းစင်သွားပြီး အရာရာကို တပြေးညီ သိမြင်နားလည်သွားခြင်းကို

ဆိုလိုသည်။ သို့သော်... တကယ်တမ်း လီချင်းဆွေရရှိသွားသည့် အောင်မြင်မှုက ထို့ထက်ပိုလေ၏။

အံ့ဖွယ်အမှုတံခါးဖွင့်လှစ်လိုက်ခြင်း၏ အဓိပ္ပါယ်မှာ အကန့်အသတ်မဲ့ စကြာဝဠာအတွင်းမှ လူသားသက်ရှိတစ်ဦး ချင်းစီ၏ တည်ရှိမှုကို အကန့်အသတ်များဖြင့် ခွဲခြားပိုင်းဖြတ်ထားခြင်း မရှိတော့ဘဲ အရာအားလုံးကို တန်းတူညီမျှ ထားရှိခြင်းကို ဆိုလိုသည်။

လူသားများသည် လောက၏တရားနည်းလမ်းအတိုင်း လိုက်ကြရမည်ဖြစ်ပြီး လူ့လောကလမ်းစဉ်ကတော့ မိုးကောင်းကင်လမ်းစဉ်အတိုင်းလိုက်နာရမည် ဖြစ်သည်။ မိုးကောင်းကင်လမ်းစဉ်က တာအိုတရားအတိုင်း လိုက်နာရမည်ဖြစ်ပြီး တာအိုတရားကတော့ သဘာဝတရားအတိုင်း လိုက်ရမည် ဖြစ်သည်။

အရင်အချိန်များတုန်းက ဆန်းလျန်သည်လည်း ရှမ်မင်တံခါးကို ဖွင့်လှစ်ခဲ့ဖူးသည်။

သို့သော်... ရှမ်မင်တံခါးက အံ့ဖွယ်အမှုတံခါးနှင့် တူညီခြင်း မရှိပေ။

ရှမ်မင်တံခါး၏ မူလအဓိပ္ပါယ်က သိမ်မွေ့သည့် ကျင့်စဉ်တန်ခိုးစွမ်းအားနှင့် မှော်ပညာကို ဆိုလိုခြင်း ဖြစ်သည်။ ရှမ်မင်တံခါးထဲတွင် မမြင်ရသည့်အရာအားလုံးက သိမ်မွေ့စွာ ပြောင်းလဲနေကြလေသည်။

မြင့်မားနက်ရှိုင်းပြီး ရောက်ရှိရန် ခက်ခဲသော ၊ မမြင်တွေ့နိုင်သည့် ထူးခြားဆန်းပြားမှုအားလုံး၏ "မူလ" ကို ထုတ်ဖော်ပေးသည့် သဘာဝတရားကို "တာအို" ဟု ခေါ်ခြင်း ဖြစ်သည်။

လောကတွင် ဖြစ်ပေါ်နေသည့် ပြောင်းလဲနေမှုများအားလုံး၏ အခြေခံသည်လည်း "တာအို" ပင် ဖြစ်သည်။

"တာအို" ဆိုသည်က ဆန်းလျှန် လျှောက်လှမ်းမည့် ကိုင်ပိုင်တာအိုလမ်းစဉ်နှင့် အတူတူပင် ဖြစ်သည်။

ထို့ကြောင့် ဆန်းလျန် ရွှမ်မင်တံခါးကို ဖွင့်ခဲ့စဉ်က သူ၏

အဆုံးစွန်သော ရည်မှန်းချက်တစ်ခုကို ရရှိအောင်မြင်ခဲ့

ဖူးသည်။

"တစ်ခု" သည် အရာအားလုံးဖြစ်လေသည်။ အရာအားလုံး

သည်လည်း တစ်ခုတည်းပင် ဖြစ်၏။ဤသည်မှာ တာအိုဆရာ

သခင်ကြီးများ တည်ရှိခြင်း၏ ပုံရိပ်ပင် ဖြစ်လေသည်။

ယနေ့ လီချင်းဆွေနှင့် ဆန်းလျန်တို့ ရရှိခဲ့ကြသည့် အောင်မြင်မှု

များက ကျင့်ကြံသူများကြားတွင် အလွန် ရှားရှားပါးပါးဖြစ်

သော အောင်မြင်မှုများ ဖြစ်ကြလေသည်။

တာအိုကျမ်းစာထဲတွင် ရေးသားဖော်ပြထားသည့်

အကြောင်းအရာများသည် အမှန်တကယ်ဖြစ်ကြောင်းကို သူတို့

က ကိုင်တိုင်ကျင့်ကြံခြင်းဖြင့် သက်သေပြခဲ့ကြသူများ ဖြစ်ကြ

သည်။

ထို့ကြောင့် တာအိုတရားရှုထောင့်မှကြည့်မည်ဆိုလျှင် သူတို့

(၂)ယောက်၏ အောင်မြင်မှုသည် ခွဲခြားမရနိုင်ပေ။

သို့သော်... လောကပထမ တန်ခိုးစွမ်းအားအမြင့်မားဆုံးသူ

ကတော့ ယခုအချိန်ထိ ဆန်းလျန်သာ ဖြစ်နေဆဲ ဖြစ်ပြီး လုံးဝ

မပြောင်းလဲသည့် ကိစ္စသာ ဖြစ်သည်။

အကြောင်းမှာ... ဆန်းလျန်သည် လောကတစ်ခုလုံးရှိ နတ်

ဘုရားများအားလုံး၏ ထိပ်ဆုံးအဆင့် ဖြစ်သည်သာမက

အောင်မြင်မှုအားလုံးကိုလည်း ရရှိထားသူဖြစ်သည်။

သို့ရာတွင်... ယခုတော့ တာအိုဆရာလီချင်းဆွေသည် ဆန်းလျ

န်နှင့် ယှဉ်ပြိုင်နိုင်မည့်သူတစ်ယောက် ဖြစ်လာခဲ့ပြီ ဖြစ်သည်။

လောကတွင် ဆန်းလျန်နှင့်တစ်ယောက်ချင်း လက်ရည်ယှဉ်နိုင်

သူဆို၍ တာအိုဆရာလီချင်းဆွေတစ်ယောက်သာ ရှိပေ

လိမ့်မည်။

လီချင်းဆွေ၏ နောက်တွင်တော့ တိကျန်ဖောဓိသကျနှင့် ရှမ်တုတောက်ကျွင်းတို့က ကပ်လိုက်လျှက်ရှိသည်။ သို့သော်... သူတို့ (၂)ယောက် အနည်းငယ် နောက်ကျကျန်ရစ်ခဲ့ကြပြီဖြစ်သည်။

ရဲ့လျိုယွင်နှင့် ခုံရှမ်းတို့က တိကျန်ဖောဓိသကျနှင့် ရှမ်တုတောက်ကျွင်းတို့နောက်မှ ကပ်လိုက်လျှက် ရှိ၏။

အမှန်တော့ မည်သူတွေ မည်မျှတော်ပါစေ ဆန်းလျန်က ရှည်လျားသည့် မျိုးနွယ်ကြီးတစ်ခု၏ ခေါင်းဆောင်ဖြစ်လေသည်။ မည်သူမဆို ဆန်းလျန်၏ လမ်းစဉ်နောက်သို့ လိုက်လျှောက်ခွင့်ရှိကြသည်။

လက်ရှိအချိန်တွင် တာအိုဆရာလီချင်းဆွေက သုံးခန္ဓာဖြတ်တောက်ကျင့်စဉ်ကို အောင်မြင်သွားပြီ ဖြစ်သောကြောင့် ဆန်းလျန်က လောကပထမဆိုလျှင် လီချင်းဆွေက ဆန်းလျန်နောက်တွင် ကပ်လိုက်လျှက် ရှိလေသည်။

သို့သော်… ဆန်းလျှန်ကဲ့သို့လူမျိုးကတော့ လောကတွင်

တစ်ယောက်တည်းသာ ရှိလေ၏။

မမေ့ရမည့်အချက်မှာ ဤလောကတွင် အလွန်ထူးခြားဆန်း

ကျယ်သည့် ကျွမ်ကျိုးရှိနေသေးသည်ဆိုသည့် အချက်ပင်

ဖြစ်သည်။ ကျွမ်ကျိုး၏ အဆင့်က လီချင်းဆွေနှင့် တန်းတူ

ဖြစ်နိုင်ချေရှိ၏။

သို့သော်… တိကျန်ဗောဓိသကျကတော့ ကျွမ်ကျိုးက ဆန်းလျှ

န်ကို အနိုင်ယူနိုင်မည်မဟုတ်ဟု ယူဆသည်။ ကျွမ်ကျိုးက

ထူးခြားဆန်းကျယ်သည့် အလှာပါးကို ချိုးဖျက်ပြီး ဆန်းလျှန်

ကိုရင်ဆိုင်ရန် လောကသို့ အကြောက်အလန့်မရှိ ဆင်းသက်

လာမည် မဟုတ်သေးပေ။

လက်ရှိအချိန်တွင်တော့ တာအိုဆရာလီချင်းဆွေ တရား

အလင်းရသွားခြင်းက လောကတစ်ခုလုံးတွင် လှုပ်လှုပ်ရှားရှား

ဖြင့် ကျော်ကြားသွားပြီ ဖြစ်သည်။

လောကရှိလူသားတိုင်းသည် လောကပထမ ကျင့်ကြံသူတစ်ယောက်ဖြစ်လာရန် အခွင့်အရေးရှိကြလေသည်။ သို့သော်... မရေမတွက်နိုင်သည့် လူအများကြားတွင် အချို့လူများကတော့ ပိုမိုကောင်းမွန်သည့် အခွင့်အရေးများကို ပိုင်ဆိုင်ထားကြသည်ကတော့ ငြင်းစရာမရှိပေ။

ထိုသို့သော ကွာခြားမှုက မရှောင်ရှားနိုင်သည့် ကွာခြားမှုဖြစ်သည်။

လူတိုင်းက တန်းတူညီမျှဖြစ်ပြီး မြင့်သူမရှိ ၊ နိမ့်သူမရှိ လောကတစ်ခုလုံး ပြီးပြည့်စုံသည့်အခြေအနေသည် စကြာဝဠာကြီးအကြွင်းမဲ့ပျက်စီးသွားသည့် အချိန်ကာလတွင်သာ ဖြစ်ပေလိမ့်မည်။

ရှေ့လျှောက်ရမည့်လမ်းက ခက်ခဲလွန်းသည်ဟု ဆိုရလျှင်နောက်ဆုံးထွက်သက်တစ်ချက်ကို ဆုပ်ကိုင်ထားရခြင်းကလည်း ခက်ခဲသည်။

ဝိညာဉ်မြစ်ရေများကို အချိန်ကြာမြင့်စွာ စုပ်ယူနေသည့် ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ထားရသည့် တိကျန်ဗောဓိသကျ၊ မည်သည့်အရာကိုမှ မတုန်မလှုပ် ရင်ဆိုင်လေ့ရှိသည့် တိကျန် ဗောဓိသကျ ၏မျက်ခုံးများက အနည်းငယ် တွန့်ချိုးသွားပြီး နဖူးကြောများလည်း ရှုံ့လျှက် ရှိလေသည်။

ရဲ့လျိုယွင်ကတော့ လုံးဝ တည်ငြိမ်အေးဆေးလျှက်ရှိသည်။ သူ၏ မျက်ခုံးများက အနည်းငယ် တွန့်ချိုးနေပြီး နှုတ်ခမ်းထက်တွင်တော့ အပြုံးတစ်စကို တွေ့မြင်ရမည် ဖြစ်သည်။

တုန်းဟွာတောက်ကျောင်းနှင့် နတ်မိစ္ဆာအဓိပတိကြီး သူ့ကို ဝိုင်းဝန်းတိုက်ခိုက်စဉ်က သူလွတ်အောင် ရုန်းထွက်လာနိုင်ခဲ့လေသည်။ ထိုသို့ ရုန်းထွက်လာနိုင်ခဲ့သည့်အတွက် သူ ကျင့်စဉ်လမ်း အဆင့်တက်သွားခဲ့သည်။

ယခု တုန်းဟွာတောက်ကျွင်းနှင့် အခြားနတ်ဘုရားများ ဆန်းလျှန်ကို ဝိုင်းဝန်းတိုက်ခိုက်ပြီး ရှုံးနိမ့်သွားခဲ့ခြင်းက ရဲ့လျိုယွင်အတွက်လည်း အမြတ်ထွက်လေ၏။

တုန်းဟွာတောက်ကျွင်း သေဆုံးသွားပြီဖြစ်သည့်အတွက် ရဲ့လျိုယွင်အနေဖြင့် ပြတင်းတံခါးမှ စက္ကူစလေးကို ထိုးဖောက်ပြီး အခြားဘက်သို့ ကြည့်မြင်နိုင်သည့်အလား ရှေ့လျှောက်ရမည့်လမ်းလည်း ပွင့်လင်းသွားခဲ့ပြီ ဖြစ်သည်။

အခြားသူများနှင့်ယှဉ်လျှင် ရဲ့လျိုယွင် အနည်းငယ်နောက်ကျနေသေးသည့်တိုင် အမီတော့လိုက်နိုင်ခဲ့ပြီဟု ဆိုနိုင်သည်။

သို့သော်... အမီမလိုက်နိုင်ခဲ့လျှင်လည်း သူက အရေးစိုက်မည့်သူ မဟုတ်ပေ။

သေခြင်းရှင်ခြင်းတရားများကိုသယ်ဆောင်ပြီး ဝိညာဉ်မြစ်က စီးဆင်းနေဆဲ ဖြစ်လေသည်။

လောကရှိ လူအများစုနှင့် နတ်ဘုရားများ ၊ ကျင့်ကြံသူများ အားလုံး အဆုံးမရှိသည့်ကောင်းကင်ကြီးဆီသို့ အာရုံစူးစိုက်လျှက် ရှိကြသည်။

နဂါးငွေ့တန်းနက်ရှိုင်းသည့်နေရာမှ ပွင့်ဟနေသည့် အံ့ဖွယ်အမှုတံခါးမှ အဆုံးမရှိသည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်ကျဆင်းလျှက် ရှိလေသည်။

မရေမတွက်နိုင်သည့်သတ္တဝါများသည် ထိုမြင်ကွင်းကိုကြည့်ပြီး များစွာ အကျိုးအမြတ်ရခဲ့ကြသည်။

ဤသည်မှာ တာအိုဆရာလီချင်းဆွေ တာအိုနှင့် တသားတည်းကျသွားသည့် နိမိတ်လက္ခဏာပင် ဖြစ်လေသည်။ တာအိုက လောကကြီးရှိရာသို့ စီးဆင်းလာပြီး နေနှင့်လတို့အလားတောက်ပလျှက်ရှိလေသည်။

သက်ရှိသတ္တဝါများအားလုံးသည် အသက်ဓာတ်စွမ်းအားများဖြင့် ပြည့်ဝပြီး တောက်ပလျှက်ရှိသည်။

နောက်ဆုံးတော့ အံ့ဖွယ်အမှုတံခါးက ပြန်ပိတ်သွားပြီး နိမိတ်ပုံများအားလုံးသည်လည်း ပျောက်ကွယ်သွားလေသည်။

ထို့နောက် လောကကြီးက ပုံမှန်အတိုင်း ပြန်လည် လည်ပတ်လျှက် ရှိလေ၏။

ကောင်းကင်ကြီးတစ်ခုလုံးက လျှော်ဖွတ်လိုက်သည့်အလားအလွန်အမင်းကြည်လင်တောက်ပလျှက် ရှိသည်။

အမြင်စူးရှပြီး တန်ခိုးစွမ်းအားနက်ရှိုင်းသည့် တာအိုကျင့်ကြံသူများဆိုလျှင် ကောင်းကင်တစ်နေရာတွင် နဂါးငွေ့တန်း စီးဆင်းနေသည်ကိုပင် တွေ့မြင်ရမည် ဖြစ်သည်။

လောကကြီးက အလွန်ပင် ထူးခြားဆန်းကျယ်သွားလေသည်။

လောကရှိ လူသားများအားလုံး၏ နှလုံးသားများထဲတွင်လည်း မသိမသာလေး ပြောင်းလဲမှုလေးများက ထူးထူးဆန်းဆန်း ဖြစ်ပေါ်လာလျှက် ရှိသည်။ ထိုပြောင်းလဲမှုက အလွန်သိမ်မွေ့ပြီး

နားလည်ရန်ခက်ခဲသော်လည်း မရပ်မနားပြောင်းလဲလျှက် ရှိလေသည်။

....

ချင်းဆွေထျန်းကောင်းကင်ဘုံရှိ အဆောက်အဦတစ်ခုထဲတွင် ဆန်းချင်းချင်း ရှိနေလေသည်။

ထိုအချိန် မွေ့ယာသဖွယ် နူးညံ့လှသည့် တိမ်တိုက်တစ်ခု ဆန်းချင်းချင်းရှိရာသို့ လွင့်မျောလာလေ၏။ တိမ်တိုက်ထက်တွင် တာအိုဆရာလီချင်းဆွေ ထိုက်လျှက်သား လိုက်ပါလာလေသည်။

သူမက ယခင်ကထက်ပင် ချောမောလှပနေပြီး နူးညံ့သိမ်မွေ့သည့်အရိပ်အယောင်များလည်း ပေါ်လွင်လျှက်ရှိသည်။

သူမ တိမ်တိုက်ထက်မှ ဆင်းသက်လိုက်သည့်အချိန်တွင်တော့ တိမ်တိုက်က ပျောက်ကွယ်သွားလေသည်။

သူမ၏ ပခုံးနှစ်ဖက်ထက်မှ အပြာရောင်ပိုးချည်မျှင်များ

အလား တန်ခိုးစွမ်းအားများက ရေတံခွန်အလား စီးဆင်းနေလျှ

က် ရှိသည်။

ဆန်းချင်းချင်းက ရယ်မောလိုက်ရင်း...

"မမ... မမက အရင်ကထက်တောင် ပိုလှလာပါလား..."

ထို့နောက် သူမက ရှေ့သို့အသာတိုးလိုက်ပြီး လီချင်းဆွေ၏

လက်မောင်းများကို ဆုပ်ကိုင်ပြီးတွဲခိုထားလိုက်သည်။

ထိုအခါ လီချင်းဆွေ၏ ပခုံးထက်မှ စီးဆင်းကျနေသည့်

တန်ခိုးစွမ်းအားများက သိမ်မွေ့စွာပင် ဆန်းချင်းချင်းရှိရာသို့

ကျဆင်းသွားပြီး ဆန်းချင်းချင်း၏ ခန္ဓာကိုယ်ထဲသို့ စီးဆင်းဝင်

ရောက်သွားလေသည်။

သူမသည် ဝိညာဉ်စွမ်းအားသစ်သီးကို စားလိုက်ရသည့်အလား

တန်ခိုးစွမ်းအားများ ချက်ချင်းပင် သန့်စင်သွားသည်ဟု ခံစား

လိုက်ရသည်။

ဆန်းချင်းချင်း စိတ်ထဲတွင် ကြိတ်ပြီး အံ့ဩသွားလေသည်။

ယခုနှစ်များအတွင်း ဆန်းချင်းချင်း၏ ကျင့်ကြံခြင်းအဆင့်က

များစွာ တိုးတက်လာခဲ့သည်။

တာအိုဆရာလီချင်းဆွေက ဝိညာဉ်ပစ္စည်းများစွာအသုံးပြုပြီး

သူမ၏ တန်ခိုးစွမ်းအားများ တိုးတက်လာစေရန်

သေသေချာချာ သင်ပြပေးခဲ့လေသည်။

ယခုဆိုလျှင် ဆန်းချင်းချင်းသည် မိုးကောင်းကင်နတ်ဘုရား

များကြားတွင်ပင် ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်

လေ၏။

ထို့ကြောင့်... သူမလျှောက်လှမ်းခဲ့သည့် ကျင့်စဉ်လမ်းနှင့်

ပတ်သက်ပြီး သူမ အလွန်ပင် ဂုဏ်ယူမိသည်။

သို့သော်... ယခုကဲ့သို့ သန့်စင်သည့် တန်ခိုးစွမ်းအားကို ရရှိရန်

မှာတော့ မလွယ်ကူလှပေ။ သူမနှင့် ညီအစ်မလိုခင်မင်သည့်

တာအိုဆရာလီချင်းဆွေသည် ထိုမျှတော်လိမ့်မည်ဟု သူမ ထင်မထားခဲ့မိပေ။

ဤသည်မှာ လီချင်းဆွေ နှစ်ပေါင်းများစွာ မနားမနေ ကျင့်ကြံခဲ့သည့် အကျိုးရလဒ်ဟုပင် ဆိုရမည် ဖြစ်သည်။

ဆန်းချင်းချင်းက သူမနှင့် ရင်းရင်းနှီးနှီးနေသည်ကို လီချင်းဆွေက မငြင်းပယ်ခဲ့သလို သဘောကျဟန်လည်း မပြခဲ့ပေ။

ထို့နောက် လီချင်းဆွေက အေးစက်သည့်မျက်နှာထားဖြင့် ဆန်းချင်းချင်းကို ကြည့်လိုက်ပြီး...

"ချင်းချင်း... မင်း ချင်းရှုတောင်ကို သွားရမယ်၊ ပြီးတော့ ဆန်းလျန်ကို ဟွင့်ယွမ်တာအိုသစ်သီးအကြောင်းသိရအောင် ချင်းဆွေထျန်းကောင်းကင်ဘုံကို လာခဲ့ဖို့ ဖိတ်ကြားလိုက်..."

ဆန်းချင်းချင်းမှာလည်း ချင်းဆွေထျန်းကောင်းကင်ဘုံတွင် နေရသည်မှာ ပျင်းရိငြီးငွေ့နေလေရာ ပြင်ပလောကတွင် ဆန်းလျန်နှင့် သွားတွေ့ရမည်ကို ငြင်းစရာအကြောင်းမရှိပေ။

ဆန်းချင်းချင်းက ရယ်မောလိုက်ပြီး...

"ကျွန်မ အခုပဲ သွားလိုက်ပါ့မယ်..."

လီချင်းဆွေက...

"လောစရာမလိုဘူး ၊ အေးအေးဆေးဆေးသွားလို့ရတယ် ၊ ဒီတစ်ခေါက် မင်းကို လူ့လောကမှာ လဝက်လောက် နေခွင့်ပေးမယ်..."

ထိုစကားကြောင့် ဆန်းချင်းချင်းမှာ လီချင်းဆွေကို ဖက်နမ်းချင်စိတ်ပင် ပေါက်သွားလေသည်။ သို့သော်... တကယ်တမ်းသူမ မလုပ်ရဲပေ။

သူမက ဝမ်းသာအားရလေသံဖြင့်...

"ဟုတ်ကဲ့..."

ဟုသာ ပြောလိုက်လေသည်။

လီချင်းဆွေက...

"ဒါနဲ့ ငါ တံခါးပိတ်မကျင့်ကြံခင်က မင်းကို ကျမ်းစာတွေထား တဲ့အဆောင်ကိုသွားပြီး တာအိုဆရာသခင်ထိုက်ယီရဲ့ ထိုက်ယီ မရဏာဓား (၇)လက်ကို လေ့ကျင့်ခိုင်းထားတာ ၊ မင်း လေ့ရော လေ့ကျင့်ရဲ့လား..."

ဆန်းချင်းချင်းက ...

"အဲဒီကျမ်းစာကိုတော့ သွားပြီးရှာခဲ့ပါတယ် ၊ ဒါပေမဲ့ ကျမ်းစာ က အရမ်းခက်လွန်းလို့ ဘာတွေရေးထားမှန်းတောင် နားမလည် ဘူး..."

ဆန်းချင်းချင်း၏ စကားကြောင့် လီချင်းဆွေက ဒေါသထွက် သွားခဲ့ခြင်း မရှိပေ။

လီချင်းဆွေက...

"မင်း ဒီဓားသိုင်းကို သင်မှဖြစ်မယ် ၊ ဒါမှ မင်းဘေးအန္တရာယ် ကပ်ဆိုးကြီးကို ရင်ဆိုင်နိုင်မှာ ၊ ဒါပေမဲ့ အရမ်းတော့ အလျှင်လို စရာ မလိုပါဘူး ၊ လူ့လောကကို ရောက်ရင် ကျိုးယီတောင်ကို

အရင်ရှာပါ ၊ အဲဒီတောင်မှာ ထာဝရဓား ထွက်ပေါ်လာလိမ့်မယ် ၊ အဲဒါကို သွားယူပြီးမှ ထိုက်ယီမရဏဓား (၇)လက်ကို လေ့ကျင့်ပေါ့ ၊ ဒါဆိုရင် မင်းတစ်ဝက်လောက်ကြိုးစားလိုက်ဦးတော့ နှစ်ဆလောက် သိမြင်နားလည်သွားလိမ့်မယ်..."

လီချင်းဆွေ ဒေါသမထွက်သည်ကို သိလိုက်ရမှ ဆန်းချင်းချင်း စိတ်သက်သာရာရသွားလေသည်။

သူမ ထာဝရဓားအကြောင်းကို ကြားဖူးသည်။ သို့သော်... သိပ်ပြီး အရေးမစိုက်ခဲ့ပေ။

တာအိုဆရာလီချင်းဆွေကိုယ်တိုင် သူမကို သင်ပြပေးနေသည့်တိုင် သူမ ကျင့်ကြံရသည်ကို သိပ်ပြီး တက်တက်ကြွကြွရှိမနေခဲ့ပေ။

သို့သော်... လီချင်းဆွေ၏ ညွှန်ကြားမှုများကိုလည်း သူမ မလုပ်ဘဲလည်း မနေရဲပေ။

လီချင်းဆွေက ဆန်းချင်းချင်းကို တစ်ခါမှ အပြစ်မပေးတတ်ပေ။ သို့သော်... သူမကိုယ်တိုင်က အလိုလိုနေရင်း လီချင်းဆွေကို ကြောက်ရွံ့နေမိခြင်း ဖြစ်လေသည်။

အခန်း (၉၇၄) ကျန်းဝူနတ်ဘုရားရောက်လာခြင်း

ဆန်းချင်းချင်းက ပြန်ပြောလိုက်သည်။

"ကောင်းပါပြီ... ကျွန်မ ကျိုးယီတောင်ကို သွားလိုက်ပါ့မယ်..."

ချင်ဆွေက...

"ကျိုးယီတောင်အောက်မှာ တာအိုဆရာသခင်ထိုက်ယီ ဖိနှိပ်နှိမ်နင်းထားတဲ့ လူတစ်ယောက်ရှိတယ် ၊ မင်းအဲဒီကိုသွားပြီး ထာဝရဓားကို ရသွားပြီဆိုရင် ကျိုးယီတောင်ရဲ့ ဝိညာဉ်စွမ်းအားသွေးကြောတွေကို ဖြတ်တောက်ပြီး အဲဒီလူကို လွှတ်ပေးလိုက်ပါ..."

ဆန်းချင်းချင်းက တာအိုဆရာလီချင်းဆွေ့စကားကိုနားထောင်ပြီးနောက် ညွှန်ကြားချက်တိုင်း ချင်းဆွေထျန်းကောင်းကင်ဘုံမှ ထွက်ခွာလာခဲ့လေတော့သည်။

....

ချင်းရှတောင်တွင်တော့ နှင်းများထူထပ်စွာ ကျဆင်းနေလေသည်။

နှင်းမှုန်နှင်းပွင့်လေးများသည် တောင်ခြေမှ ထောင်ထိပ်အထိ ဖုံးလွှမ်းနေသည်။

သစ်ပင်များ ၊ မြက်ပင်များ ၊ ကျောက်တုံးများ အရာအားလုံးသည် နှင်းများဖုံးလွှမ်းပြီး ဖွေးဖွေးဆွတ်လျှက် ရှိသည်။

သို့သော်... မက်မွန်ပန်းနှင့်သစ်တော်ပန်းများကတော့ ပွင့်လန်းလျှက် ရှိလေသည်။

ပန်းများပေါ်တွင်လည်း နှင်းမှုံများကပ်နေပြီး ပန်းပွင့်လေးများက အဖြူရောင်ဆိုးလျှက်ရှိလေသည်။ သေသေချာချာ ဂရုတစိုက် မကြည့်ရှုမိလျှင် ပန်းပွင့်လေးများ၏ ပန်းရောင်ပွင့်ချပ်လေးများကို မြင်တွေ့နိုင်မည် မဟုတ်ပေ။

လေတိုက်ခတ်သည့်အခါတွင်တော့ ပန်းပွင့်လေးများထက်မှ နှင်းမှုံလေးများက လွင့်စင်ထွက်သွားပြီး အေးစိမ့်မှုကိုလည်း ခံစားရသည်။

ချင်းရှတောင်တစ်ခွင်ရှိ သတ္တဝါအားလုံးသည်လည်း ဝိညာဉ်စွမ်းအားနှင့် ပြည့်ဝလျှက်ရှိကြလေသည်။ ထိုသတ္တဝါများအားလုံးတို့သည် နှင်းများကျဆင်းနေသည့်အတွက် ခြောက်သွေ့သည့် အမိုးအကာရှိသည့် နေရာလေးများတွင် ပုန်းအောင်းနေကြပြီး အပြင်သို့ ထွက်မလာကြပေ။

ထိုအချိန်မှာပင်... အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် သက်လတ်ပိုင်းအရွယ် လူရွယ်တစ်ယောက် တောင်တက်လမ်းအတိုင်း ချင်းရှုတောင်ပေါ်သို့ တရွေ့ရွေ့ တက်လာလေသည်။ လူရွယ်က လမ်းလျှောက်လာခြင်း ဖြစ်သော်လည်း နှင်းများထက်တွင် ခြေရာထင်ကျန်ခဲ့ခြင်း မရှိပေ။ နှင်းပွင့်လေးများသည်လည်း သူ၏ခန္ဓာကိုယ်ပေါ်သို့ ကျဆင်းခြင်းမရှိဘဲ လွှဲဖယ်သွားကြလေသည်။

နောက်ဆုံးတော့ ထိုလူရွယ်သည် ချင်းရှုတောင်ပေါ်သို့ ရောက်ရှိလာလေ၏။

ယခု ချင်းရှုတောင်၏ တံခါးစောင့်မှာ ရဲ့မော်ထျန်း မဟုတ်တော့ပေ။ တစ်ကိုယ်လုံး အဖြူရောင်အမွေးများဖြင့် ဆွတ်ဆွတ်ဖြူနေသည့် မျောက်ဝံကြီးတစ်ကောင် ဖြစ်နေလေသည်။

မျောက်ဝံကြီးက မျက်လုံးကို တင်းတင်းကျပ်ကျပ်မှိတ်ထား လေသည်။

တောင်ပေါ်သို့တက်လာသည့် လူရွယ်က သူနှင့် ခြေလှမ်း (၁၀)လှမ်းအကွာသို့ ရောက်ရှိလာသည့်အခါတွင်တော့ မျောက်ဝံကြီးက မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

သူက လူရွယ်ကို မြင်သည့်အခါတွင်တော့ အလွန်တရာအံ့သြသွားပြီး...

"ကျန်းဝူနတ်ဘုရား..."

ဟု ရေရွတ်လိုက်လေတော့၏။

မျောက်ဝံဖြူကြီးသည်ကား ဝူကျီးချီပင်ဖြစ်လေသည်။

လူစောယိက ထိုမျောက်ဝံကြီးကို သူနှင့်အတူခေါ်လာခဲ့ပြီး မည်သို့ပြုလုပ်ရမည်ကို ကြံရာမရဖြစ်ကာ နောက်ဆုံး ချင်းရှုတောင်သို့ ပို့ပေးလိုက်ခြင်း ဖြစ်သည်။

ထို့နောက် ဆန်းလျန်က ဝူကျီးချီကို ချင်းရှတောင်၏

တံခါးစောင့်အဖြင့် တာဝန်ပေးလိုက်သည်။

နတ်မိစ္ဆာအဓိပတိကြီးနှင့် နတ်ဘုရားများစွာကို ဆန်းလျန်

တစ်ယောက်တည်းဖြင့် အနိုင်ယူလိုက်သည်ကို သိရှိပြီးနောက်

ဝူကျီးချီသည်လည်း ဆန်းလျန်ကို ကြောက်ရွံ့ထိတ်လန့်သွား

ပြီး ကလန်ကဆန်မလုပ်ရဲတော့ပေ။

သို့သော်… ချင်းရှကျောင်းတော်တွင် တံခါးစောင့်လုပ်ရခြင်းက

အလွန်မှ အေးအေးဆေးဆေးရှိလေသည်။ အကြောင်းမှာ…

မည်သူမှ ချင်းရှတောင်ကို လာရောက်ခြင်း မရှိကြသောကြောင့်

ဖြစ်၏။

ယခု သူ့ရှေ့သို့ရောက်လာသည့် သက်လတ်ပိုင်းတာအိုဆရာမှာ

တော့ ကျန်းဝူနတ်ဘုရားဖြစ်လေသည်။ မျောက်ဝံကြီး

တံခါးစောင့်ဖြစ်ပြီးနောက်ပိုင်း ပထမဆုံး ချင်းရှကျောင်းတော်

သို့ ရောက်လာသည့် ဧည့်သည်ဖြစ်လေသည်။

ကျန်းဝူနတ်ဘုရားက အစပိုင်းကတည်းကပင် ကျော်ကြား

သည့် နတ်ဘုရားတစ်ပါး ဖြစ်သည်။ ထို့ပြင်… ကျန်းဝူနတ်

ဘုရားက စစ်နတ်ဘုရားယန်ကျန်းကဲ့သို့ ရှားပါးပြီးထူးခြား

သည့် နတ်ဘုရားတစ်ပါးလည်း ဖြစ်သည်။

သူ၏မျိုးနွယ်ကလည်း ချင်းယွမ်မြောင်တောက်အရှင်ယန်

ကျန်းထက်ပင် ပိုမို မြင့်မားပြီး သူ၏ ကျင့်ကြံခြင်းအဆင့်က

လည်း အလွန်နက်ရှိုင်းသည်။

ထို့ကြောင့်… ဝူကျီချီမှာ တန်ခိုးစွမ်းအားထိပ်တန်းအဆင့်ရှိ

သည့် မျောက်မင်းတစ်ပါးဖြစ်သော်လည်း ကျန်းဝူနတ်ဘုရား

ကဲ့သို့ အရှိန်အဝါကြီးမားသူများကို သွားရောက်ရန်စရဲခြင်း မရှိ

ပေ။

ကျန်းဝူနတ်ဘုရား၏မျက်နှာတွင် မာန်မာကြီးမားဟန်များကို

တွေ့မြင်ရလေသည်။

သူက ဝူကျီးချီကို တစ်ချက်ကြည့်လိုက်ပြီး…

"ဟဲ့ မျောက်စုတ် ၊ မင်းက အတော်ကံကောင်းတာပဲ ၊ ဆန်းလျန်ထျန်းကျွင်းလက်အောက်မှာ အလုပ်လုပ်နေတယ်ပေါ့ ... ဟုတ်လား..."

ဝူကျီးချီက...

"ကျန်းဝူနတ်ဘုရားက သခင့်ကိုလာတွေ့တာလား ၊ ဒါဆိုရင် ကျုပ် သခင့်ကို သွားပြီး အကြောင်းကြားပေးပါ့မယ်..."

ဝူကျီးချီက မာန်မာနကြီးသူဖြစ်သော်လည်း ကျန်းဝူနတ်ဘုရားကိုတော့ လေးစားသူ ဖြစ်သည်။

ထို့ပြင်... ကျန်းဝူနတ်ဘုရား၏ ဂုဏ်သိက္ခာနှင့် ဂုဏ်သတင်းက အလွန်ထင်ရှားကျော်ကြားသူ ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် နတ်မိစ္ဆာအတော်များများက ကျန်းဝူနတ်ဘုရား၏ စကားကို နားထောင်ကြလေသည်။ ထို့ကြောင့် အတော်အတန် အရှိန်အဝါ ကြီးမားသည်ဟု ဆိုနိုင်သည်။

ကျန်းဝူနတ်ဘုရားက ခေါင်းအသာ ညိတ်ပြလိုက်သည်နှင့် ဝူကျီးချီက ချက်ချင်းပင် အတွင်းသို့ ဝင်သွားလေသည်။

ထို့နောက် သူက တစ်ကိုယ်တည်း ရေရွတ်ပြောဆိုနေလိုက်သည်။

"ကျန်းဝူနတ်ဘုရားလိုလူတစ်ယောက်က သခင့်ကို လာတွေ့တာ အပြင်မှာစောင့်ပြီး တွေ့ခွင့်တောင်းနေရတယ်လို့၊ သူ့လိုလူမျိုးက သခင့်ကိုတွေ့ချင်ရင် ဒီအတိုင်းသွားတွေ့လိုက်လည်း ရတဲ့ဟာကို၊ ကြည့်ရတာ ငါ့သခင်လက်အောက်မှာ အလုပ်လုပ်ရတာ အတော်လေး ဂုဏ်ရှိတယ် ထင်ရတာပဲ၊ နောက်ကျရင် သခင့်လက်အောက်မှာ မလုပ်ချင်ဘူးဆိုတဲ့ အတွေးမျိုး မတွေးတော့ဘူး..."

ဝူကျီးချီက နှင်းလျှောစီးပြီးသွားလိုက်လေရာ မျက်စိတစ်မှိတ်အတွင်းမှာပင် ဆန်းလျန်ရှိရာ တိမ်ဖြူစမ်းချောင်းလေးနံဘေးသို့ ရောက်ရှိလာလေသည်။

စမ်းချောင်းလေးနံဘေးတွင် ဆန်းလျန် ဗျပ်စောင်းတီးနေသည်

ကို ဝူကျီးချီ တွေ့လိုက်ရ၏။

သို့သော်... ဗျပ်စောင်းတီးနေသည်ဟုလည်း ဆို၍မရပေ။

အကြောင်းမှာ... ဗျပ်စောင်းသံထွက်ပေါ်မလာသောကြောင့်

ဖြစ်လေ၏။

ဆန်းလျန်က ဗျပ်စောင်းတီးသည့်အလား လက်ချောင်းများကို

လေထဲတွင် လှုပ်ရှားနေသည့်ဟန်ပန်သာ ပြုလုပ်နေခြင်း

ဖြစ်သည်။ ထို့ကြောင့် ရုတ်တရက် ကြည့်မည်ဆိုလျှင်

ဗျပ်စောင်းတီးနေသည်ဟု ထင်မှတ်မှားစရာရှိလေသည်။

ဝူကျီချီက ဆန်းလျန် အဘယ့်ကြောင့် ထိုသို့ ပြုလုပ်နေသည်

ကို နားမလည်သော်လည်း မနှောက်ယှက်ရဲပေ။

ဆန်းလျန်က ဝူကျီးချီရောက်လာသည်ကို တွေ့သည့်အခါ

သူ၏လက်ချောင်းများက ဆက်လက်လှုပ်ရှားနေသော်လည်း

ပါးစပ်ကတော့ စကားပြောလိုက်သည်။

"ကျန်းဝူနတ်ဘုရားကို ဒီနေရာကို ဖိတ်ခေါ်လိုက်ပါ၊ ကျုပ် သူ့ကို စောင့်နေတာ..."

ဝူကျီးချီ ခေါင်းညိတ်ပြလိုက်ပြီး ပြန်လည်ထွက်ခွာသွားလေသည်။

သိပ်မကြာမီ ဆန်းလျန်ရှိရာသို့ ကျန်းဝူနတ်ဘုရား ရောက်ရှိလာလေ၏။

အမှန်တော့ ကျန်းဝူနတ်ဘုရားအနေဖြင့် ဆန်းလျန်ကို တွေ့ချင်လျှင် ဝူကျီးချီကို လွှတ်ပြီး အကြောင်းကြားနေစရာ မလိုပေ။ သူ့အဆင့်အတန်းဖြင့်ဆိုလျှင် ဆန်းလျန်ရှိရာသို့ ချက်ချင်းလာရောက်ပြီး တိုက်ရိုက်တွေ့ဆုံနိုင်စွမ်း ရှိလေသည်။

သို့သော် ကျန်းဝူနတ်ဘုရားက ဆန်းလျန်အပေါ်ထားရှိသည့် လေးစားသမှုကို ပြသချင်သည့်အတွက် ယခုကဲ့သို့ အကြောင်းကြားပြီးမှ ရောက်ရှိလာခြင်း ဖြစ်သည်။

ကျန်းဝူနတ်ဘုရားက ဆန်းလျန်ကိုတွေ့သည်နှင့် ပြုံးပြလိုက်ပြီး...

"အသံက ကျယ်လောင်လွန်းလို့ ကြားတောင်မကြားရတော့ဘူး ၊ ဆင်ကြီးရဲ့ ခန္ဓာကိုယ်ကကြီးမားလွန်းလို့ ဆင်ကောင်ပေါ် အောင် မမြင်ရသလိုမျိုးပဲပေါ့ ၊ ထျန်းကျွင်းက တကယ် စိတ်ဝင်စားစရာကောင်းတာပဲ..."

ဝူကျီးချီ၏ ကျင့်ကြံခြင်းအဆင့်က ခပ်ပေါ့ပေါ့ မဟုတ်ပေ။ တန်ခိုးစွမ်းအားအရာ ပြောမည်ဆိုလျှင် ဝူကျီးချီက လောကတွင် အဆင့်တစ်နေရာပိုင်ဆိုင်ထားသူ ဖြစ်သည်။ သို့သော်... ဆန်းလျန်၏ အပြုအမူများကိုတော့ သူ နားလည်နိုင်စွမ်း မရှိပေ။

ထိုသို့ဖြစ်ရသည်မှာ ဝူကျီးချီက စတင်ကျင့်ကြံခဲ့စဉ်က ခန္ဓာကိုယ်ကျင့်စဉ်နှင့် တန်ခိုးစွမ်းအားကျင့်စဉ်များကိုသာ အလေးထားကျင့်ကြံခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် သူက တရားအလင်းရခြင်းတစ်ဝက် ၊ တန်ခိုး စွမ်းအားကြီးမားခြင်းတစ်ဝက်ဖြင့် နတ်မိစ္ဆာတစ်ပါး ဖြစ်လာခဲ့ သူ ဖြစ်သည်။ ထို့ပြင် သူက လူ့လောကအကြောင်းများကို လည်း သိပ်ပြီးသိရှိသူ မဟုတ်ပေ။

တာအိုနတ်ဘုရားကျောင်းတော်များ ၊ ဗုဒ္ဓဘာသာကျောင်းတော် များတွင်လည်း သူက စနစ်တကျ ပညာသင်ယူခဲ့ရသူ မဟုတ် လေရာ နတ်မိစ္ဆာလမ်းစဉ်နှင့်ပတ်သက်သည့် အကြောင်းအရာ အတော်များများကို နားလည်သဘောပေါက်သော်လည်း ပြန်လည်ပြောပြနိုင်လောက်အောင် မတတ်နိုင်ခဲ့ပေ။

ထိုသို့ဖြစ်ရသည်မှာ "ဘာလဲ" ဆိုသည့်အရာကိုနားလည်ပြီး "ဘာကြောင့်လဲ" ဆိုသည့်အရာကို နားမလည်ခြင်းကြောင့် ဖြစ်သည်။

ကျန်းဝူနတ်ဘုရားကတော့ ဝူကျီးချီနှင့် မတူညီပေ။

ကျန်းဝူနတ်ဘုရားက နတ်ဘုရားတစ်ပါးဖြစ်သလို နတ်မိစ္ဆာ တစ်ပါးလည်းဖြစ်သည်။ ထို့ပြင် လူသိများကျော်ကြားသည့် ယွိကျင်းနတ်ဘုရားမျိုးနွယ်ဝင်တစ်ယောက်လည်း ဖြစ်သည်။ နတ်ဘုရားများကို လက်ရှိအချိန်တွင် ရှမ်တုတောက်ကျွင်းက အုပ်ချုပ်လေသည်။ သို့သော်... ကျန်းဝူနတ်ဘုရားက ဟွင့်ယွမ် ဝူကျီအဆင့် မရောက်သေးသည့်တိုင် သူက ရှမ်တုတောက်ကျွ င်းလက်အောက်တွင် ခိုလှုံခြင်း မရှိပေ။

သူက တစ်ချက်ကြည့်လိုက်သည်နှင့် ဆန်းလျန်ပြုလုပ်နေသည့် လက်ဟန်အမူအရာအကြောင်းကို ချက်ချင်းနားလည်လိုက် သည်။

ဆန်းလျန်က ချက်ချင်းပင်မတ်တတ်ရပ်လိုက်ပြီး ကျန်းဝူနတ် ဘုရားကို လက်နှစ်ဖက်ဆုပ် အရိုအသေပေးလိုက်ပြီး...

"တာအိုရောင်းရင်းက တော်ပါပေတယ်..."

ဟု ချီးကျူးလိုက်လေသည်။

ပြီးမှ ဆန်းလျန်က ကျန်းဝူနတ်ဘုရားလာရောက်ရသည့် အကြောင်းရင်းကို မေးလိုက်သည်။

"ဒါနဲ့ တာအိုရောင်းရင်းက ဒီကို ဘာကိစ္စနဲ့ ရောက်လာတာလဲ မသိဘူး..."

ကျန်းဝူနတ်ဘုရားမျက်တောင်တစ်ချက်ခတ်လိုက်ပြီး ဆန်းလျန်ကို ကြည့်လိုက်သည်။

"ထျန်းကျွင်း ... ထျန်းကျွင်း ဒဏ်ရာရထားတယ် မဟုတ်လား..."

ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်ပြီး...

"အမှန်ပဲ ၊ မိုးကောင်းကင်လမ်းစဉ်က အစကတည်းက ကျုပ်ကို သတ်ဖို့အထိ ကြံစည်ခဲ့တာ ၊ အခုလည်း ထပ်ပြီး ဒုက္ခပေးပြန်ပြီလေ..."

လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းကျော်ခန့်က ဆန်းလျန်သည် တာအိုအစစ်ဆေးခံရမှုနှင့် ဘေးအန္တရာယ်ဆိုးကြီးကို ရင်ဆိုင်ခဲ့

ရသည်။ ထိုဘေးအန္တရယ်က ယခုလက်ရှိ ဆန်းလျန်ကိုပါ အကျိုးသက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ယခင်ဆန်းလျန်က အတိတ်ကို ဖြတ်တောက်လိုက်ပြီး အတိတ်အချိန်မှ ဆန်းလျန်ကို အနာဂတ်သို့ ပို့ဆောင်လိုက်ခြင်း ဖြစ်လေသည်။

သူတို့ (၂)ယောက်က တစ်ယောက်တည်း မဟုတ်တော့ပေ။

သို့သော်... ဆက်နွယ်မှုရှိနေသည်ကတော့ ငြင်းဆန်မရသည့် ကိစ္စတစ်ခု ဖြစ်သည်။

ကျန်းဝူနတ်ဘုရားက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဘာပဲဖြစ်ဖြစ် ထျန်းကျွင်းက လောကပထမ နတ်ဘုရားတစ်ပါးပါပဲလေ..."

ဆန်းလျန်ကပြုံးလိုက်ရင်း...

"တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်မလာသရွေ့ အဲဒီအရာတွေက အလကားပါပဲ ၊ ဘာမှ မဟုတ်ပါဘူး ၊ ကဲ... တာအို

ရောင်းရင်း ရောက်လာရတဲ့အကြောင်းရင်းကို လင်းပါဦး

ဗျာ..."

ကျန်းဝူနတ်ဘုရားက ဆန်းလျန်၏ စကားကို သဘောတူသည့်

အနေဖြင့် တစ်ချက်ခေါင်းညိတ်လိုက်သည်။

ပြီးမှ သူက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ကျုပ် ဒီနေ့ရောက်လာရတာကတော့ တာအိုဆရာသခင်ထိုက်

ယီက အမှာစကားရှိလိုက်လို့ပါ..."

ဆန်းလျန်က တည်ငြိမ်စွာဖြင့်...

"တာအိုရောင်းရင်းနဲ့ တာအိုဆရာသခင်ထိုက်ယီတို့ ဟိုးအရင်

ကတည်းက ရင်းနှီးကျွမ်းဝင်ကြတယ်ဆိုတာ ကျုပ်သိပါတယ် ၊

တာအိုဆရာသခင်ထိုက်ယီက ကျုပ်အတွက် ဘာများ အမှာရှိ

လိုက်ပါသလဲ..."

ကျန်းဝူနတ်ဘုရားက...

"အနေးနဲ့အမြန်ပဲ ထျန်းကျွင်း လွတ်မြောက်တော့မှာပါ၊ အခြား တာအိုဆရာသခင်ကြီးတွေနဲ့ တစ်တန်းတည်း အတူထိုင်ခွင့် ရရှိ တော့မှာပါ၊ တာအိုဆရာသခင်ထိုက်ယီက ဘာမှတော့ ထူးပြီး မမှာလိုက်ပါဘူး၊ ဒါပေမဲ့ သူက ထျန်းကျွင်းကို တာအိုဆရာလီ ချင်းဆွေရဲ့ တာအိုလက်တွဲဖော်ဖြစ်လာစေဖို့ ဆန္ဒရှိတယ်၊ ထျ န်းကျွင်းသာလက်ခံမယ်ဆိုရင် ထိုက်ရှီ၊ ထိုက်ချူး၊ ထိုက်စု ကိုယ်ခွဲတွေကို ကျင့်ကြံအောင်မြင်ဖို့ ဟွင့်ယွမ်တာအိုသစ်သီး ကို ဖွင့်ပြပေးမယ်လို့ ပြောတယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"တာအိုဆရာသခင်ကြီးက တကယ်စေတနာကောင်းတာပဲ၊ ကျုပ်သာ သူပြောတဲ့စကားကို သဘောတူလိုက်မယ်ဆိုရင် နှစ် အနည်းငယ်အတွင်းမှာပဲ ရှန်းထျန်းဝူထိုက်ကျင့်စဉ်ကို ကျင့်ကြံ အောင်မြင်သွားမှာပဲ၊ အဲဒီလိုသာဆိုရင် သံသရာကို ကျော်လွန်

ဖို့ အေးအေးဆေးဆေး ထိုင်စောင့်နေရုံပဲပေါ့။ ဟုတ်တယ်မ

လား..."

ကျန်းဝူနတ်ဘုရားက...

"ထျန်းကျွင်းဘက်က သဘောတူတယ်ဆိုရင် ဒီအတိုင်း

ဖြစ်လာပါလိမ့်မယ်။ ဒါပေမဲ့ ထျန်းကျွင်း သဘောမတူဘူးဆို

ရင်တော့ သံသရာကိုကျော်လွှန်ဖို့ အချိန်စောင့်ရပါလိမ့်ဦး

မယ်..."

"သဘောမတူစရာအကြောင်းတော့ မရှိပါဘူး။ ဒါပေမဲ့ ကြည့်ရ

တာ... တာအိုဆရာသခင်ထိုက်ယီက ကျန်းဝူနတ်ဘုရားကနေ

တစ်ဆင့် ကျုပ်ကို အမှာစကားရှိလိုက်တယ်ဆိုတော့ ... တာအို

ဆရာသခင်ကြီးတွေဟာ ဒီလောကကနေ လုံးဝ လွတ်မြောက်

သွားခြင်းမရှိသေးဘူးပေါ့။ ပြီးတော့ သူတို့က ဘာလို့

လောကီရေးရာတွေကို လိုက်ပြီး ဝင်စွက်ဖက်နေရသေးတာလဲ။

ကျုပ်နားလည်ထားတာက စကြာဝဠာကြီးက မရှိမှုအဖြစ်

ပြောင်းလဲသွားတဲ့အခါမှာ ချည်နှောင်ထားတဲ့ အကြောင်း

အကျိုးတွေအားလုံးလည်း ပျက်သုဉ်းသွားလိမ့်မယ် ၊ အဲဒီ

အချိန်ကျမှ အရာအားလုံးက လွတ်မြောက်သွားနိုင်မယ် ထင်ပါ

တယ်..."

ထိုစကားကို ပြောလိုက်ချိန်တွင် ဆန်းလျန်၏ မျက်ဝန်းများက

အသိပညာဉာဏ်များဖြင့် ပြည့်ဝလျှက်ရှိပြီး တောက်ပလင်းလ

က်လျှက် ရှိလေသည်။

နောက်ဆုံးတော့ သူသိချင်သည့်အရာကို အတည်ပြုနိုင်ခဲ့ပြီ

မဟုတ်ပါလား။

တာအိုဆရာသခင်ကြီးများ၏ လွတ်မြောက်ခြင်းသည် လုံးဝ

ပြီးပြည့်စုံသည့် လွတ်မြောက်သွားခြင်းမျိုး မဟုတ်သေးပေ။

ဤသည်မှာ တာအိုဆရာသခင်ကြီးများ၏ အရည်အချင်းကင်း

မဲ့မှုကြောင့် မဟုတ်ဘဲ ပြင်ပအခြေအနေများကြောင့် ဖြစ်လေ

သည်။

အကြောင်းမှာ … စကြာဝဠာကြီး မပျက်သုဉ်းသရွေ့ သူတို့
အားလုံးလည်း မလွတ်မြောက်နိုင်သေးဘဲ စောင့်ဆိုင်းနေကြရ
ခြင်း ဖြစ်ဟန်တူသည်။
ဆန်းလျန်က အတိတ်ကို ဖြတ်တောက်ပစ်ခဲ့သော်လည်း အမှန်
တော့ သူက အတိတ်ကို မျက်နှာပြင်တစ်ခု အသုံးပြုကာ
ဖုံးကွယ်ခဲ့ခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် အတိတ်နှင့်
ပတ်သက်သည့် အကြောင်းအရာများ ပျောက်ကွယ်သွားသည့်
တိုင် သဲလွန်စများကတော့ ကျန်ရှိနေဆဲ ဖြစ်သည်။
သဲလွန်စလုံးဝမကျန်အောင် အရာအားလုံးကို ဖြတ်တောက်ပစ်
ချင်လျှင်တော့ သဲလွန်စများအားလုံး ကျန်ရှိနေသည့်
စကြာဝဠာကြီးတစ်ခုလုံးကို ဖျက်စီးပစ်မှ ရပေလိမ့်မည်။
နောက်ဆုံးရင်ဆိုင်ရမည့် စကြာဝဠာပျက်သုဉ်းမည့် ဘေးအန္တ
ရယ်ကပ်ဘေးကြီးသည် တာအိုမဟာလမ်းစဉ် ပြန်လည်အသစ်
ဖြစ်တည်ခြင်းနှင့် သံသရာလည်ခြင်း၏ အစိတ်အပိုင်း

ဖြစ်သည်သာမက တာအိုဆရာသခင်ကြီး (၈)ပါးလုံး မျှော်လင့်နေကြသည့်အရာဖြစ်ကြောင်း ဆန်းလျှန် သိရှိလိုက်ရပြီဖြစ်သည်။

ဤသို့သာ ဖြစ်လာမည်ဆိုလျှင် စကြာဝဠာတစ်ခုလုံး ပျက်သုဉ်းခြင်းနောက်ကွယ်တွင် များစွာသော အကြောင်းအရာများ ရှိနေသည်ဟု ဆိုနိုင်မည်ဖြစ်လေတော့သည်။

အခန်း (၉၇၅) အခင်းအကျင်း

ကျန်းဝူနတ်ဘုရားက ဆန်းလျန်၏ စကားများကို နားထောင်ပြီး သည့်နောက် ဆန်းလျန်၏ မျက်ဝန်းများကို စိုက်ကြည့်နေခဲ့လေ သည်။

"ထျန်းကျွင်းက စကြာဝဠာအဆုံးမသတ်ခင် သံသရာကို ကျော် လွှန်တာနဲ့ စကြာဝဠာပျက်သုဉ်းပြီးတဲ့နောက် သံသရာကိုကျော် လွှန်သွားတာကို ခွဲခြားသိနေပြီပဲ..."

ဆန်းလျန်က ပေါ့ပေါ့ပါးပါးပင် တစ်ချက်ပြုံးလိုက်ပြီး...

"ယေဘူယျအားဖြင့်တော့ သိပါတယ်၊ စကြာဝဠာကြီး အဆုံးသတ်သွားတဲ့အခါမှာ ကံကြမ္မာဆိုတာကလည်း ဖြေရှင်း ပြီးသား ဖြစ်သွားမှာပဲ၊ ကျုပ်ကယ်တင်ချင်တဲ့သူကို မ ကယ်တင်လိုက်ရမှာစိုးလို့သာ ကျုပ်က တာအိုဆရာသခင်ကြီး အမြန်ဖြစ်ချင်နေတာပါ၊ ဒါပါပဲ..."

မည်သည့်အရာမှ မမြဲသည်ကို ဆန်းလျန် သိရှိနားလည်ပြီးသား ဖြစ်လေသည်။

ထိုစကားများကို ပြောနေချိန်တွင် ဆန်းလျန်၏မျက်ဝန်းများက တာအိုဆရာသခင်ကြီးတစ်ပါး၏ မျက်ဝန်းများဖြင့် ဆင်တူလွန်းလှသည်။

တာအိုဆရာသခင်ကြီးများက အပြည့်အဝ သံသရာကိုကျော်လွန်သွားနိုင်ခြင်းမရှိသေးသည်ကို သိရှိလိုက်ရသည့်နောက် ထူးဆန်းစွာဖုံးကွယ်ထားသည့်အမှန်တရားကို ဆန်းလျန်သင်ယူနိုင်ခဲ့သည်။

ပြောရမည်ဆိုလျှင်... တာအိုဆရာသခင်ကြီးများသည် အနန္တတန်ခိုးရှင်ကြီးများ ဖြစ်ကြသည်။

သို့သော်... စကြာဝဠာတည်ရှိနေသရွေ့ ၊ စကြာဝဠာပျက်သုဉ်းသွားပြီး အသစ်သောစကြာဝဠာတစ်ခု ဖွင့်လှစ်နိုင်ခြင်း မရှိသေးသရွေ့ အတိတ်အကြောင်းအရာများအားလုံးက ပျောက်ကွယ်သွားဦးမည် မဟုတ်ပေ။

ထို့ကြောင့် စကြာဝဠာအဆုံးသတ်အချိန်တွင် ဆန်းလျှန်

သံသရာကို ကျော်လွန်သွားမည်ဆိုပါက စကြာဝဠာက

ပျက်သုဉ်းသွားတော့မည်ဖြစ်သောကြောင့် အချိန်

ရေစီးကြောင်းအတိုင်း တည်ရှိနေသည့် ကံတရားသည်လည်း

တည်ရှိတော့မည် မဟုတ်ပေ။

ထို့ကြောင့် သူ့အတွက် စတေးခံခဲ့သူများဖြစ်သည့် ချန်ကျန့်မေ

အပါအဝင် အခြားသူများအားလုံးကို သူ့အနေဖြင့် ပြန်လည်

ကယ်တင်နိုင်တော့မည် မဟုတ်ပေ။ ထိုသို့သာဆိုလျှင်သူ့

အနေဖြင့် နောင်တရစရာဖြစ်လာပေလိမ့်မည်။

ကျန်းပူနတ်ဘုရား၏ စိတ်ထဲတွင် မည်သို့တွေးထင်သည်မသိ

သည့်တိုင် ဤအချက်က အမှန်ပင် ဖြစ်လေသည်။

ကျန်းပူနတ်ဘုရားက အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ...

"ထျန်းကျွင်းမှာ ဂရုစိုက်ရမယ့်သူတွေရှိနေမှတော့ ကျုပ်မှာ

ပြောစရာစကား မရှိတော့ပါဘူး ၊ ကျုပ်ကို သွားခွင့်ပြုပါ..."

ဆန်းလျန်က ကျန်းဝူနတ်ဘုရားအပေါ်တွင်တော့ လေးစားသူ ဖြစ်သည်။

ထို့ကြောင့် ကျန်းဝူနတ်ဘုရားကို သိက္ခာကျအောင် ပြုမူခြင်းမရှိဘဲ လေးလေးစားစားပင် ဆက်ဆံလိုက်သည်။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ခွင့်ပြုသည်ကို သိလိုက်သည်နှင့် ကျန်းဝူနတ်ဘုရား နေရာတွင်ပင် ပျောက်ကွယ်သွားလေတော့သည်။

ထို့နောက်တွင်တော့ ဆန်းလျန်က "ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင် ချင်းရွှမ်ထျန်းကျွင်း" နေထိုင်သည့် ဖန်သားကောင်းကင်ဘုံရှိရာသို့ ခြေတစ်လှမ်းချင်းလှမ်းပြီး ဝင်ရောက်သွားလေသည်။

သိမ်မွေ့သည့်အငွေ့အသက်များက ဆန်းလျန်၏ အဝတ်အစားများကို ရစ်ပတ်သွားပြီး ဆန်းလျန် ဖန်သားကောင်းကင်ဘုံအတွင်းသို့ ရောက်ရှိလာသည်။

ထို့နောက် ချင်းရှမ်ထျန်းကျှင်းနှင့် ဆန်းလျန်တို့ တစ်သားတည်းကျပေါင်းစပ်သွားပြီး လောက၏ ဒုက္ခပင်လယ် ထဲတွင် ကူးခတ်နေကြသည့် လူအများခံစားနေရသော ဆင်းရဲဒုက္ခများနှင့် နာကျင်အော်ဟစ်သံများကို သူ ကြားလိုက်ရသည်။

ဆန်းလျန်က သက်ပြင်းတစ်ချက် ဖြည်းညင်းစွာ ချလိုက်မိသည်။

ဆန်းလျန် မည်မျှပင် အဆင့်မြင့်လွန်းသည့် သူတော်စင်ကြီး တစ်ပါးဘဝသို့ ရောက်ရှိသွားပါစေ သူ လူသားများ လောကီလူ့ဘောင်တွင်ခံစားရသည့် ဒုက္ခများကို အမြဲတမ်းနားလည်ခဲ့သူ ဖြစ်သည်။

မွေးခြင်း ၊ အိုခြင်း ၊ နာခြင်း ၊ သေခြင်း တရားများအားလုံးသည် ဘဝ၏ အစိတ်အပိုင်းများဖြစ်သလို သက်ရှိများအတွက် ရင်ဆိုင်ရန် အခက်ခဲဆုံး အရာများလည်း ဖြစ်သည်။

လောက၏ သဲမှုံအလားများပြားသည့် လူအများ၏ဝမ်းနည်း
နာကျင် ငိုကြွေးသံများကို ဆန်းလျှန် ကြားနေရသည်။
လောက၏ ဒုက္ခများကို သိမြင်ကာ လွတ်မြောက်အောင်
ကျင့်ကြံနိုင်သူဆို၍ အနည်းငယ်သာ ရှိလေသည်။
နောက်ဆုံးအနေဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ရမည်ဆိုလျှင်
သံသရာကိုကျော်လွန်သွားခြင်းသည် ထာဝရ တည်ရှိခွင့်ရရန်
တစ်ခုတည်းသော အကြောင်းသာဖြစ်သည်။ ထိုအချက်
ကြောင့်သာလျှင် အသက်ရှည်ရန် ကျင့်စဉ်လမ်းသို့ လိုက်ကြ
သည် မဟုတ်ပါလား။
ဆန်းလျှန်သည် မိုးကောင်းကင်လမ်းစဉ်နှင့် လူ့လောက
လမ်းစဉ်များအကြောင်းကို ပိုမိုရှင်းလင်းစွာနားလည်လာပြီး သူ့
ရှေ့မှအတားအဆီးများသည်လည်း နည်းသည်ထက်နည်းသွား
လေသည်။

သူသာ ရှန်းထျန်းဝူထိုက်ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်မည်ဆို လျှင် လောကရှိအခြားသတ္တဝါများအားလုံးနှင့် မတူတော့ဘဲ ကွဲပြားခြားနားသွားပေလိမ့်မည်။

မြူခိုးတိမ်တိုက်များကို ဖြတ်သန်းပြီး နောက်ဆုံးတော့ ဆန်းလျန် ကျောက်ရှောင်ယွီရှေ့သို့ ရောက်ရှိလာလေသည်။

ကျောက်ရှောင်ယွီ၏ ကြည်လင်ရှင်းလင်းသည့်မျက်နှာက လုံးဝ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူမသည် ရုပ်တုတစ် ခုအလား မတ်တတ်ရပ်နေခြင်းဖြစ်ပြီး လုံးဝ လဲပြိုကျသွား ခြင်း မရှိပေ။

သူမ၏ မျက်လုံးများက ပွင့်ဟနေဆဲ ဖြစ်သည်။ မျက်ဝန်းများ ထဲတွင် ပါးနပ်မှုနှင့်ဉာဏ်နီဉာဏ်နက်များ ၊ ဆုံးဖြတ်ချက်ခိုင်မာ မှုများနှင့် တသလွမ်းဆွတ်မှုများကို တွေ့မြင်ရလေသည်။

သို့သော်… သူ့ရှေ့မှ ကျောက်ရှောင်ယွီသည် ရုပ်ခန္ဓာသာ ကျန် ရှိတော့ပြီး ခန္ဓာကိုယ်ထဲမှ ဝိညာဉ်မရှိတော့သည်ကတော့ နှစ်

ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဆန်းလျန် သိရှိထား

လေ၏။

ဆန်းလျန် အချိန်ကြာမြင့်စွာ တိတ်ဆိတ်နေပြီးမှ စကားစတင်

ပြောလိုက်သည်။

သူ့ကိုယ်သူ ပြောသည့်စကားလား ၊ ကျောက်ရှောင်ယွီကို

စကားပြောနေခြင်းလား မကွဲပြားလှပေ။ သူ့အသံကတော့

နူးညံ့သိမ်မွေ့လွန်းလှသည်။

"လောကကြီးတစ်ခုလုံးအဆုံးသတ်ဖို့အတွက် တကယ်က

မင်းလုပ်ပေးရမယ့်အလုပ်ပါ ရှောင်ယွီ ၊ ဒါပေမဲ့ မင်း အဲဒီ

အလုပ်ကိုလုပ်ဖို့ ခံနိုင်ရည်မရှိဘူးဆိုတာ သိခဲ့လို့ မင်း အဲဒီလို

လုပ်မှာကို ကျုပ်လည်း မမြင်ရက်နိုင်ခဲ့ဘူး ၊ တကယ်တော့ မင်း

နဲ့ မီလဲ့ကိုယ်တော်တိုက်ခိုက်တဲ့နေ့က မင်းကို အပြည့်အဝကာ

ကွယ်ပေးမယ်ဆိုရင် ရပါလျှက်နဲ့ ကျုပ် မလုပ်ပေးခဲ့မိဘူး ၊

ဒါပေမဲ့ စကြာဝဠာကြီး ပျက်သုဉ်းပြီးသွားတဲ့အချိန်တစ်ခုကျမှ ကျုပ် မင်းရဲ့ ဝိညာဉ်ကို ပြန်လည် ရှင်သန်စေပါ့မယ်..."

ဆန်းလျန်က စကားကို ခေတ္တနားလိုက်သည်။

"နတ်ဆိုးနယ်မြေက 'ချိ' ဆိုတဲ့ကလေးမလေးဆီမှာ မင်းရဲ့ ကံတရားကို ကျုပ်ထားခဲ့တယ်၊ မင်းကိုယ်စားပေါ့လေ၊ တကယ်တော့ ကျုပ်က သူ့ကို ချင်တိဧကရာဇ်နောက်ကို လိုက်စေချင်ခဲ့တာ၊ ဒါပေမဲ့ ချင်တိဧကရာဇ်က ငြင်းပယ်ခဲ့တယ်၊ ကြည့်ရတာ ချင်တိဧကရာဇ်က မင်းရဲ့ အရင်ဘဝက ကံကြမ္မာအကြောင်းတွေကို စွန့်လွှတ်လိုက်ပြီထင်ပါတယ်၊ အနာဂတ်မှာ မင်းပြန်ရောက်လာခဲ့ရင် အတိတ်ကအကြောင်းတွေကို မမေးဖို့ပဲ မျှော်လင့်မိပါတယ်..."

ထို့နောက် ဆန်းလျန်က အကြောင်းအရာများစွာကို ပြောနေခဲ့လေသည်။

မိုးနှင့်မြေမှ လျှို့ဝှက်ချက်များအကြောင်း၊ ကိုယ့်ကိုယ်ကိုယ် မ

ထိန်းချုပ်နိုင်ခြင်းများအကြောင်းလည်း ပါဝင်လေသည်။

ထို့နောက်စကားပြောနေရင်း ဆန်းလျှန် ချောင်းများဆိုးလာပြီး

သွေးများအန်ထုတ်လိုက်ရာ ကျောက်ရှောင်ယွီ၏ အဝတ်အစား

များကို စွန်းထင်းကုန်လေသည်။

သို့သော်... သွေးစက်များက ချက်ချင်းပင် အငွေ့ပျံပျောက်

ကွယ်သွားလေ၏။

မိုးကောင်းကင်လမ်းစဉ်နှင့် ရှုန်းကန်တိုက်ခိုက်ခဲ့ရပြီး နတ်

ဘုရားများနှင့် တိုက်ခိုက်ခဲ့ရသည့်အတွက် ဆန်းလျှန် ဒဏ်ရာ

ရထားခဲ့သည် မဟုတ်ပါလား။

ယောကျ်ားကောင်းသည် မိုးကိုဒူးနှင့်တိုက်သည်ဆိုသော်လည်း

တကယ်တမ်းတွင် အကန့်အသတ်မရှိသည့် မိုးကောင်းကင်

လမ်းစဉ်ကို ရင်ဆိုင်ရန်မှာ မလွယ်ကူပေ။

သို့သော်… ဆန်းလျန်ကတော့ မလွယ်ကူသည့်အလုပ်ကို ဖြစ်အောင်လုပ်ပြခဲ့လေသည်။ လောကတွင် မဖြစ်နိုင်သည်ကို ဖြစ်အောင်လုပ်ပြနိုင်သူဆို၍ ဆန်းလျန်သာလျှင် ရှိပေလိမ့်မည်။

ထိုအချိန်တွင်… အချိန်ရေစီးကြောင်းတွင် ဆန်းလျန်၏ မျက်နှာနှင့်ဆင်တူသည့် တာအိုဆရာ (၂)ယောက်၏ ပုံရိပ် ပေါ်လာသည်။ သူတို့က လွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်း ကျော်အချိန်ကာလကို ပြန်လည်ရှာဖွေနေကြခြင်း ဖြစ်သည်။ အနက်ရောင်နှင့်အဖြူရောင် တန်ခိုးစွမ်းအား (၂)ခုသည် လွန်ခဲ့သည့်နှစ်ပေါင်းတစ်သောင်းကျော်မှ ဆန်းလျန်ကို ကာကွယ် ပေးထားကြလေသည်။

သံသရာကို ကျော်လွန်သွားသည့် တာအိုဆရာသခင်ကြီး (၈)ပါး ရှိလေသည်။ သူတို့၏ တာအိုလမ်းစဉ်များကို မိုးကောင်းကင် လမ်းစဉ်က ခွဲခြားစိတ်ဖြာပြီး သိမ်းဆည်းထားခဲ့လေသည်။

ထို့ကြောင့် တာအိုဆရာသခင်ကြီးများ၏ တာအိုလမ်းစဉ်များသည် မိုးကောင်းကင်လမ်းစဉ်ကို အကြီးမားဆုံး ထောက်ပံ့ပေးလျှက် ရှိလေရာ ဆန်းလျန်သွားမည့် ခရီးလမ်းတစ်လျှောက် အတားအဆီးများစွာ ဖြစ်ပေါ်စေခဲ့သည်။

သို့ဖြစ်လေရာ... ဆန်းလျန် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန်မှာ မဖြစ်နိုင်လောက်အောင် ခက်ခဲလွန်းလှသည့်ကိစ္စတစ်ခု ဖြစ်သည်။ သို့သော်... မည်မျှပင်ခက်ခဲပါစေ ဆန်းလျန်က အမြဲတမ်း အောင်ပွဲဆင်နိုင်ခဲ့သည်ချည်းပင်ဖြစ်သည်။

ဆန်းလျန် ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ်ဖြစ်လာပြီးနောက်ပိုင်း သူ့ကိုယ်သူလည်းဂရုစိုက်သလို အခြားသူများကိုလည်း ကူညီခဲ့သူ ဖြစ်သည်။ ထို့ပြင် သူ၏ စိတ်ခံစားချက်များကို လည်း လွယ်လွယ်နှင့် ထုတ်ဖော်ပြတတ်သူ မဟုတ်ပေ။

ယခုတော့ သူသည် အကြောင်းအရာအတော်များများကို

ကျောက်ရှောင်ယှီ မကြားသိနိုင်သည့်တိုင် ရင်ဖွင့်ပြောပြနေခဲ့

သည်။

ထို့နောက် သူ ချင်းရှတောင်သို့ ပြန်လာခဲ့သည်။

သူက တောင်ပေါ်သို့ ပြန်ရောက်သည်နှင့် ဝူကျီးချီကို ခေါ်လိုက်

ပြီး…

"မင်း ကျိုးယီတောင်ကို သွားပါ၊ မိန်းကလေးတစ်ယောက် အန္တ

ရယ်ကျရောက်နေတာတွေ့ရင် သူ့ကို ကယ်တင်ပြီး ချင်းရှ

တောင်ကို ခေါ်လာခဲ့ပါ…"

ဆန်းလျန်စကားပြောနေစဉ်မှာပင် အံ့သြဖွယ်ရာ တန်ခိုး

စွမ်းအားထွက်ပေါ်လာပြီး ဝူကျီးချီ၏ စိတ်အာရုံထဲတွင် ဆန်း

ချင်းချင်း၏ ပုံရိပ် ထင်ဟပ်လာလေသည်။ ဆန်းချင်းချင်း၏

ပုံရိပ်က ဝူကျီးချီ၏စိတ်အာရုံတွင် အမှားမရှိစေဘဲ

တစ်ချက်တည်းဖြင့် စွဲထင်သွားသည်။

ဝူကျီးချီက ထိုပုံရိပ်ကို ဖျောက်ဖျက်ပစ်ရဲခြင်းမရှိဘဲ ဆန်းလျ န်၏ အမိန့်ကို နာခံလိုက်သည်။ ထို့နောက် အနက်ရောင်ရေ အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားပြီး မိုင်ပေါင်းထောင် နှင့်ချီဝေးကွာသည့် ကျိုးယီတောင်သို့ ချက်ချင်းပင် ရောက်ရှိ လာလေတော့သည်။

ဝူကျီးချီသည် တန်ခိုးစွမ်းအားနက်ရှိုင်းသည့် ရှေးဟောင်း နတ်မိစ္ဆာတစ်ပါးဖြစ်လေရာ စိတ်တစ်ချက်ညွှတ်လိုက်ရုံဖြင့် မိုင်ထောင်ပေါင်းများစွာကို ဖြတ်သန်းရောက်ရှိနိုင်စွမ်း ရှိလေ သည်။

ကျိုးယီတောင်သို့ ရောက်သည်နှင့် ထူးခြားမှုကို ဝူကျီးချီ ချက်ချင်း ရိပ်မိလိုက်သည်။

ကျိုးယီတောင်သည် ဝိညာဉ်စွမ်းအားများဖြင့် ပြည့်ဝလျှက် ရှိ လေသည်။ မရှိမှုကျေးရွာမှ ကျောက်ဂူများ ၊ ကောင်းကင်ဘုံ

များနှင့်မနိုင်းယှဉ်နိုင်သည့်တိုင် အတော်လေးကို ဝိညာဉ်

စွမ်းအားဖြင့် ပြည့်ဝသည့် နေရာတစ်ခုဖြစ်သည်။

ထို့ပြင် ကြောက်မက်ဖွယ်ရာ တည်ရှိမှုတစ်ခုကိုလည်း တောင်

အောက်တွင် ဖိနှိပ်ထားဟန်ရှိသည်။ တောင်အောက်တွင် ဖိနှိပ်

ခံထားရသူ၏ အငွေ့အသက်ကလည်း ဝူကျိုးချီနှင့် ရင်းနှီးနေ

သလို ခံစားလိုက်ရသည့်အတွက် ဝူကျိုးချီ အနည်းငယ်

ကြောက်ရွံ့ထိတ်လန့်သွားသည်။

"ဘယ်လောက်တောင် ကံဆိုးလို့ ဒီလိုတောင်အောက်မှာ ဖိနှိပ်

ခံထားရတာပါလိမ့်... ၊ နတ်ဆိုးတစ်ကောင်များလား..."

ဟု ဝူကျိုးချီ ရေရွတ်လိုက်သည်။

ထိုအချိန်မှာပင်...

"မင်းက တာအိုရောင်းရင်း ဝူကျိုးချီမလား..."

ထူးဆန်းသည့်အသံတစ်သံကို ဝူကျိုးချီကြားလိုက်ရသည်။

ဝူကျီးချီမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသည့် နတ်မိစ္ဆာ တစ်ပါးဖြစ်သည့်တိုင် ထိုထူးဆန်းသည့်အသံကိုကြားလိုက်ရ သည်နှင့် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိသည်။

ထို့နောက် ဝူကျီးချီက...

"မင်းက ဒီ ကျိုးယီတောင်အောက်မှာ ဖိနှိပ်ခံထားရတဲ့သူ လား..."

ထူးဆန်းသည့်အသံက...

"တာအိုရောင်းရင်း ဝူကျီးချီ၊ ကျုပ်က ထိုက်ယိပါ..."

ယခုတစ်ကြိမ် ဝူကျီးချီကြားလိုက်ရသည့်အသံမှာ ယခင်က ထက်တင်ပိုမို ကျယ်လောင်ပြီး ခမ်းနားမှုများနှင့်ပြည့်နေသလို ခန့်မှန်းရလည်း ခက်လှသည်။

ဝူကျီးချီက သတ္တိရှိသူတစ်ယောက်ဖြစ်သော်လည်း ထိုက်ယိဆို သည့်အမည်ကို ကြားလိုက်ရသည်နှင့် စိတ်ထဲတွင် တုန်လှုပ် သွားလေသည်။

ထိုက်ယိဆိုသည်က ကမ္ဘာဦးအစကတည်းကတည်ရှိခဲ့သည့် နတ်ဘုရားတစ်ပါးဖြစ်ပြီး ပထမမိုးနတ်မင်းပြီးလျှင် တန်ခိုးစွမ်းအားအမြင့်မားဆုံး နတ်ဘုရားတစ်ပါးဖြစ်လေသည်။ ထိုခေတ်အခါတုန်းက မိုးနတ်မင်းက နတ်ဘုရားများ ၊ နတ်မိစ္ဆာများအားလုံးကို သတ်ဖြတ်နှိပ်ကွပ်ပြီး လေကကို အုပ်ချုပ်ခဲ့သူဖြစ်သည်။

ထိုအချိန်က... ဝူကျီးချီက မှတ်ကျောက်တင်ထိုက်သူတစ်ယောက် မဟုတ်သေးပေ။ သာမန် မျောက်ဝံလေးတစ်ကောင်သာ ဖြစ်လေသည်။ ထို့ကြောင့် သူက ပထမမိုးနတ်မင်းကိုရော ၊ ထိုက်ယိကိုပါ လေးစားသူ ဖြစ်လေ၏။

ဝူကျီးချီက...

"တာအိုရောင်းရင်း ထိုက်ယိ ၊ ဒီမှာ ပိတ်မိနေတာလား..."

ထိုက်ယိက...

"တာအိုရောင်းရင်းဝူကျီးချီ... ကျုပ်ကို တစ်ခုလောက်ကူညီပါ

လား..."

ဝူကျီးချီက မျက်လုံးတစ်ချက်လှန်ကာ စဥ်းစားလိုက်ပြီး...

"ခင်ဗျားကို အပြင်ထုတ်ပေးဖို့ ကူညီစေချင်တာလား..."

ထိုက်ယိက...

"အမှန်ပဲ ၊ တာအိုရောင်းရင်းသာကျုပ်ကို ဒီနေရာက ထုတ်ပေး

မယ်ဆိုရင် ကျုပ် ကြီးကြီးမားမား ကျေးဇူးပြန်ဆပ်ပါ့မယ်..."

ထိုက်ယိက ဂုဏ်သတင်းက ကြီးမားလွန်းသူဖြစ်လေရာ ဝူကျီး

ချီ ကြောက်ရွံ့နေမိသည်။

ဝူကျီးချီ ဆုံးဖြတ်ရခက်နေပြီး တစ်ခဏမျှ စဥ်းစားနေလေ

သည်။

ထိုက်ယိမှာ ဂုဏ်သတင်းကျော်ကြားသူတစ်ယောက် ဖြစ်

သော်လည်း ကျိုးယီတောင်ထိပ်တွင် အချိန်ကြာမြင့်စွာ ဖိနှိပ်

ခံထားရသည့်အတွက် ယခုလောက်ဆိုလျှင် တန်ခိုးစွမ်းအား

များ လျော့နည်းနေလောက်ပြီ ဖြစ်သည်။

ဝူကျီးချီက...

"ခင်ဗျားကို အပြင်ထုတ်ပေးရင် တာအိုရောင်းရင်းက ကျုပ်ကို

ဘယ်လိုကျေးဇူးပြန်ဆပ်မှာလဲ..."

ဟု မေးလိုက်လေတော့၏။

***

(ကျိုးယီတောင်အောက်တွင် ဖိနှိပ်ခံထားရသည့် ထိုက်ယိမှာ

စကြာဝဠာအစ ထိုက်ယန်နေမင်းကြီးထက်တွင် ပထမဆုံး ဖြစ်

တည်လာသည့် ယီနတ်ဘုရားဟု ခေါ်သည့် ထိုက်ယိဖြစ်

ပါသည်။ ဆန်းလျန်၏ ရှန်းထျန်းဝူထိုက်မှ ထိုက်ယိကိုယ်ခွဲနှင့်

မတူညီပါ။ အသံထွက်သာတူညီပြီး စာလုံးပေါင်းလည်း မတူညီ

ပါ။ ထိုက်ယိအကြောင်းကို အခန်း (၈၇၇) တွင် ပြန်လည် ဖတ်ရှု

နိုင်ပါသည်။ - ဘာသာပြန်သူ)

အခန်း (၉၇၆) သတ်ဖြတ်ခြင်း

"တာအိုရောင်းရင်း ကူညီဖို့ပဲ သဘောတူလိုက်ပါ၊

အကျိုးအမြတ်က ချက်ချင်းရလာစေရပါလိမ့်မယ်..."

ထိုက်ယိ၏ အသံက ဝူကျီးချီ၏ စိတ်ထဲသို့ လေပြေလေး

အလား ဝင်ရောက်လာသည်။

ဝူကျီးချီမှာ လောဘတက်နေသည့်အတွက် ထိုအသံတွင်

လှည့်စားခြင်းအနည်းငယ်ပါဝင်နေသည်ကို သတိမထားခဲ့မိ

ပေ။

ဝူကျီးချီက...

"ကောင်းပြီလေ... ၊ ဒါဖြင့် ဘာလုပ်ရမလဲသာ အရင်ပြောပါ..." ထိုက်ယိ၏ အသံက ဂူကျီးချီ၏ စိတ်အာရုံထဲသို့ ပျံ့နှံ့ပြီး ဝင်ရောက်လာသည်။

"ကျိုးယီတောင်မှာ ဝိညာဉ်စွမ်းအားအကောင်းဆုံး တောင်ထိပ်တစ်ခုရှိတယ် ၊ အဲဒီတောင်ထိပ်ကို စွမ့်ယွမ်တောင်ထွတ်လို့ ခေါ်တယ် ၊ အဲဒီမှာ လူသားမျိုးနွယ်တွေနေကြတယ် ၊ သူတို့အားလုံးက စွင့်တိကေရာဇ်ရဲ့ မျိုးနွယ်က ဆင်းသက်လာတဲ့သူတွေပဲ ၊ မင်းသူတို့အာလုံးကိုသတ်ပြီး သွေးထဲက သွေးအနှစ်သာရတွေကိုယူလိုက်ပါ ၊ ပြီးတော့ အဲဒီသွေးအနှစ်သာရတွေကိုပေါင်းစပ်လိုက်ရင် စွင့်တိကေရာဇ်ရဲ့ သွေးအနှစ်သာရတွေရလာလိမ့်မယ် ၊ အဲဒီသွေးကို စွမ့်ယွမ်တောင်ထွတ်မှာ သွန်းလောင်းလိုက်မယ်ဆိုရင် ဓားတစ်လက်ထွက်ပေါ်လာလိမ့်မယ် ၊ အဲဒီဓားက တာအိုဆရာသခင်ထိုက်ယိ အတိတ်အချိန်တုန်းက ပြုလုပ်ခဲ့တဲ့ ထာဝရဓားပဲ ၊ အဲဒီဓားကို ရပြီဆိုတာနဲ့

ကမ္ဘာမြေကြီးရဲ့ အနက်ရှိုင်းဆုံး ဗဟိုချက်မှာ ကျောက်တံခါး

တစ်ချပ်ကို တွေ့လိမ့်မယ်၊ အဲဒီတံခါးကို ဖျက်စီးလိုက်တာနဲ့

ကျုပ်ထွက်လာလို့ ရပြီ..."

ထိုက်ယိ၏ စကားများကြောင့် ဝူကျီးချီ၏နှလုံးသား တစ်ချက်

လှုပ်ရှားသွားသည်။

"စွမ့်ယွမ်တောင်ထွတ်မှာ ထာဝရစားရှိတာလား..."

ထိုက်ယိက...

"သိချင်ရင် လုပ်ကြည့်လိုက်လေ၊ အဲဒါဆို သိလာမှာပေါ့..."

ဝူကျီးချီက စိတ်လှုပ်ရှားနေသော်လည်း စိုးရိမ်နေမိပြန်သည်။

"နောင်ကြီးထိုက်ယိ၊ အခု ကျုပ်က ဆန်းလျန်ထျန်းကျွင်း

လက်အောက်မှာ ရောက်နေပါတယ်၊ သူက အခုဆိုရင် ဘယ်

သူမှ သွားမထိရဲတဲ့ မီးတောက်လိုပဲ တန်ခိုးစွမ်းအားမြင့်မား

လွန်းတယ်၊ ကျုပ်သာ တောင်ပေါ်ကလူတွေကို သတ်လိုက်ရင်

ဆန်းလျန်ထျန်းကျွင်း အပြစ်ပေးမှာ ကြောက်ရွံ့မိတယ်..."

ထိုက်ယိက...

"ဆန်းလျန်ထျန်းကျွင်းဆိုတာ ဘယ်သူလဲ ၊ ပြီးတော့ မင်းရဲ့ တန်ခိုးစွမ်းအားအဆင့်နဲ့ဆိုရင် တခြားသူတွေလက်အောက်မှာ တာဝန်ထမ်းဆောင်စရာ မလိုပါဘူး..."

ဝူကျီးချီက မချိပြုံးတစ်ချက်ပြုံးလိုက်ပြီး သူသိသလောက် ဆန်းလျန်ထျန်းကျွင်းအကြောင်းများကို ပြောပြလိုက်သည်။

ဝူကျီးချီကလည်း ဆန်းလျန်အကြောင်းသိပ်သိသူမဟုတ်ပေ။ သို့သော်... သိသလောက်ကို ပြောပြရသည်ကပင် အတော် လေး ခြောက်ခြားတုန်လှုပ်ဖွယ်ကောင်းနေပြီ ဖြစ်သည်။

ဝူကျီးချီပြောပြပြီးသွားသည်နှင့် ထိုက်ယိထံမှ အသံတိတ်ဆိတ် သွားသည်။

အချိန်အတန်ကြာမှ...

"ကျုပ်ကို တာအိုဆရာသခင်ထိုက်ယီက ဒီတောင်အောက်မှာ ဖိနှိပ်ထားခဲ့တာ ကြာလှနေပြီ ၊ ဒီတော့ ဆန်းလျန်ထျန်းကျွင်း

ဘယ်သူလဲဆိုတာ ကျုပ်မသိဘူး ၊ သူ့လက်အောက်မှာ ရှုံးနိမ့်သွားရတဲ့ ကျုပ်ရဲ့ညီနောင် ပထမမိုးနတ်မင်းကိုပဲ သနားမိတယ်..."

ပြောရင်း ထိုက်ယိက ဝမ်းနည်းဟန်ဖြင့် သက်ပြင်းချလိုက်မိသည်။

ဝူကျီးချီမှာလည်း ဆုံးဖြတ်ချက်မချနိုင်ဖြစ်နေလေသည်။

"ဒါနဲ့ တာအိုဆရာသခင်ထိုက်ယီက နောင်ကြီးထိုက်ယိကို ဘာလို့ ဒီနေရာမှာ ဖိနှိပ်ထားရတာလဲ..."

ထိုက်ယိက...

"တာအိုရောင်းရင်းဝူကျီးချီ... ယွမ်စီမော်မိစ္ဆာအကြောင်း သိတယ်မဟုတ်လား..."

ဝူကျီးချီက...

"နည်းနည်းပါးပါးလောက်တော့ သိပါတယ် ၊ ယွမ်စီထျန်းကျွင်းက သူရဲ့ မိစ္ဆာစွမ်းအားတွေအားလုံးကို ဖြတ်တောက်လိုက်ရာကနေ ယွမ်စီမော်မိစ္ဆာဖြစ်လာတာ မဟုတ်လား ၊ သူက ပေါ့

သေးသေးတော့ မဟုတ်ဘူး ၊ ဒါပေမဲ့ ကျုပ်တော့ တစ်ခါမှ မ

တွေ့ဖူးဘူး ..."

ထိုက်ယိက အေးဆေးတည်ငြိမ်စွာဖြင့်...

"ကျုပ်နဲ့ တာအိုဆရာသခင်ထိုက်ယိရဲ့ ပတ်သက်မှုကလည်း

ယွမ်စီထျန်းကျွင်းနဲ့ ယွမ်စီမော်မိစ္ဆာရဲ့ ဆက်သွယ်မှုလိုပါပဲ..."

ဝူကျီးချီက...

"ဒါဆို နောင်ကြီးထိုက်ယိရဲ့ ဇာစ်မြစ်က အလွန်ကြီးကျယ်တာပဲ

၊ ခေတ်အဆက်ဆက် နောင်ကြီးထိုက်ယိကို လွှမ်းမိုးအနိုင်ယူ

နိုင်တဲ့သူ မရှိတာ မအံ့သြတော့ပါဘူး..."

ထိုက်ယိက...

"တခြားသူမလိုချင်လို့ စွန့်ပစ်လိုက်တဲ့ အစိတ်အပိုင်းတစ်ခုပဲ ၊

ဘာမှ ကြီးမြတ်တယ်လို့ ခံယူနေစရာ မလိုပါဘူး ၊ ကဲပါလေ...

တာအိုရောင်းရင်းသာ ဆုံးဖြတ်ချက်ချပါ ၊ ထာဝရဓားကို အ

ရင်သွားယူလိုက်ပါ ၊ ဒါမှ ကျုပ်လိမ်ပြောတာ မဟုတ်ဘူးဆိုတာ

သက်သေပြနိုင်မယ် ၊ ပြီးမှ မင်း ကျုပ်ကို လာကယ်တယ် မ

ကယ်ဘူးကတော့ မင်းရဲ့ စိတ်ဆန္ဒအတိုင်းပဲပေါ့..."

ဝူကျီးချီအလွန်စိတ်လှုပ်ရှားနေလေသည်။

သူ့အရင်စိတ်ဖြင့်ဆိုလျှင် လူသားမိသားစုလေးတစ်စုကို

သတ်ဖြတ်ရန်မှာ အခက်အခဲမရှိပေ။ သွေးဖြင့်ယာဇ်ပူဇော်မှုကို

ပြုလုပ်ရန်အတွက် သန်းနှင့်ချီသည့် လူသားများကိုပင် တစ်

ချက်နောက်မတွန့်ဘဲ သူက သတ်ဖြတ်ရဲသူဖြစ်သည်။

သို့သော်... ယခု သူက ဆန်းလျန်ထျန်းကျွင်းလက်အောက်သို့

ရောက်ရှိနေပြီဖြစ်သည်။ ဆန်းလျန်က သူ့ကို လူမသတ်ရဟု

စည်းကမ်းတင်းကျပ်ထားခြင်းတော့ မရှိပေ။

သို့သော်... ဆန်းလျန်အနေဖြင့် အကြောင်းမဲ့လူသတ်ခြင်းကို

တော့သဘောကျမည် မဟုတ်သည်ကို သူ သိရှိထားသည်။

ထို့ပြင် သူ လူသတ်လိုက်လျှင် ဆန်းလျန် ချက်ချင်းသိရှိသွား

မည်ကိုလည်း သူ ကြောက်ရွံ့မိသည်။ ဆန်းလျန်သာ သူ့ကို

အပြစ်ပေးမည်ဆိုလျှင် ဝူကျီးချီ မည်သို့မှ ခုခံနိုင်မည် မဟုတ်

ပေ။

ထို့ကြောင့် ဝူကျီးချီ စိုးရိမ်ပူပန်လျှက် ရှိလေသည်။

ထိုက်ယိက...

"ဆန်းလျန်ထျန်းကျွင်းဆိုတဲ့သူက ဘယ်လောက် တန်ခိုးကြီး

လည်း ကျုပ် မသိဘူး ၊ဒါပေမဲ့ ကျုပ်မှာလည်း ထိုက်ယိနတ်

ဘုရားပညာရှိတယ် ၊ မင်းကို အဲဒီပညာသင်ပေးမယ် ၊ တကယ်

တော့ ဆန်းလျန်ထျန်းကျွင်းက ဘယ်လောက် တန်ခိုးစွမ်းအား

မြင့်မားပါစေ တာအိုဆရာသခင်ကြီးတစ်ပါးမှ မဖြစ်သေးတာ ၊

ဒီပညာကိုသာ အသုံးပြုလိုက်ရင် မင်း ဘယ်ရောက်နေလဲဆို

တာ သူ ခြေရာခံနိုင်မှာ မဟုတ်တော့ဘူး ၊ မင်း ကျုပ်ပေးတဲ့

အခွင့်အရေးကိုသာ ယူလိုက်ပါ ၊ ဆန်းလျန်ထျန်းကျွင်း

လက်အောက်မှာ တံခါးစောင့်လုပ်နေရတာထက်တော့ သာတာ

ပေါ့... ၊ မဟုတ်ဘူးလား..."

ဝူကျီးချီ အတော်လေးစိတ်လှုပ်ရှားသွားပြီး...

"အဲဒါ တကယ်ပဲလား..."

ထိုက်ယိက...

"ဒီလျှို့ဝှက်ပညာက တာအိုဆရာသခင်ထိုက်ယီကိုယ်တိုင် ဖန်တီးခဲ့တာ ၊ မင်း မယုံဘူးဆိုရင် မင်းကို အခုပဲ သင်ပေးလိုက်မယ် ၊ စမ်းကြည့်ပေါ့..."

ထိုက်ယိစကားဆုံးသွားသည်နှင့် ဝူကျီးချီ၏ စိတ်အာရုံထဲသို့ ခက်ခဲနက်နဲသည့် တာအိုကျင့်စဉ်တစ်ခု ပေါ်လာလေသည်။

ဝူကျီးချီက ထက်မြက်သူဖြစ်လေရာ ချက်ချင်းပင် ထိုပညာကို နားလည်သွားပြီး အသုံးပြုကြည့်လိုက်သည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးကို အနက်ရောင်တွင်းနက်ကြီးတစ်ခုက ကာကွယ်ထားပေးလိုက်ပြီး သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် အငွေ့အသက်များအားလုံးကို တွင်းနက်ကြီးက စုပ်ယူပစ်လိုက်လေသည်။

ဝူကျီးချီက စမ်းချောင်းတစ်ခုအနားသို့သွားကာသူ့ကိုယ်သူ ရေထဲတွင် ကြည့်လိုက်သည်။ သို့သော်... စမ်းချောင်းထဲတွင် သူ၏ ရုပ်ပုံကို လုံးဝ တွေ့မြင်ရခြင်း မရှိတော့ပေ။

ထိုတန်ခိုးစွမ်းအားက ကိုယ်ရောင်ဖျောက်သည့် တန်ခိုးစွမ်းအားတစ်ခုမဟုတ်ပေ။ လောကတွင် ရှိနေသည့်တည်ရှိနေမှုကို သဲလွန်စမကျန်အောင် ခြေရာဖျောက်သည့် နည်းလမ်းပင်ဖြစ်သည်။

ဝူကျီးချီက ပျော်ရွှင်စွာဖြင့် နားရွက်များကို ကုတ်ခြစ်လိုက်သည်။

"နောင်ကြီးထိုက်ယိက တကယ်ယုံကြည်ထိုက်တဲ့ပုဂ္ဂိုလ်ပဲ ၊ ကျုပ် အခုပဲ ထာဝရဓားကိုသွားယူပြီး နောင်ကြီးကို ကယ်တင်ပေးပါ့မယ်..."

ထို့နောက် ထာဝရဓားကို ရယူရန်အတွက် ဝူကျီးချီ ထွက်ခွာသွားလေတော့သည်။

ထိုအချိန်မှာပင်... ချင်းရှတောင်ပေါ်တွင်ရှိနေသည့် ဆန်းလျ

န်၏ နှလုံးသားက တစ်ချက်လှုပ်ရှားသွားလေသည်။

ဆန်းလျန်က မျက်ဝန်းများကို ဖြည်းဖြည်းချင်းဖွင့်ကြည့်လိုက်

သည်။ သူ၏ စိတ်အာရုံက မိုင်ထောင်ပေါင်းများစွာအဝေးမှ

ကျိုးယီတောင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

တောင်တစ်ခွင်လုံးကို နေရာလပ်မကျန် ရှင်းရှင်းလင်းလင်း

တွေ့မြင်လိုက်ရသော်လည်း ဝူကျီးချီကိုတော့ တွေ့မြင်ရခြင်း မ

ရှိတော့ပေ။

မည်သို့သောအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်ကိုသိရှိရန်

ဆန်းလျန် အတိတ်ကို ကြည့်မြင်လိုက်သည့်အခါ ဝူကျီးချီ

ဖြည်းဖြည်းချင်း လေထဲတွင် ပျောက်ကွယ်သွားသည့် မြင်ကွင်း

ကို တွေ့မြင်လိုက်ရလေသည်။

ထိုပုံရိပ်ကိုတွေ့မြင်လိုက်သည်နှင့် မည်သည့်အဖြစ်အပျက်များ

ဖြစ်ပျက်ခဲ့ပြီကို ဆန်းလျန် ချက်ချင်းပင် သိရှိသွားသည်။

ဆန်းလျန် စိတ်ထဲမှ တွေးလိုက်လေသည်။

"ဆန်းချင်းချင်း အန္တရယ်ကျရောက်တော့မယ်ဆိုတာကိုပဲ ကျုပ် ကြိုပြီး သိမြင်ခဲ့တာ ၊ ဒါပေမဲ့ ဆန်းချင်းချင်းကို ဒုက္ခ ပေးမယ့်သူက ဂူကျီးချီ ဖြစ်နေမယ်လို့ ထင်မထားမိဘူး ၊ တော် လိုက်တဲ့ တာအိုဆရာသခင်ထိုက်ယီ ၊ ကျုပ်ကို အရှက်ကွဲ အောင် လုပ်လိုက်တာပဲ..."

လက်ရှိအချိန်တွင် ဆန်းလျန်၏ တန်ခိုးစွမ်းအားက မိုးမြင်တစ် ခွင်တွင် ပြိုင်ဘက်ကင်း ဖြစ်လေသည်။

သို့သော်... တာအိုဆရာသခင်ကြီးတစ်ပါးကိုတော့ ရင်ဆိုင်ရန် မည်သည့်နည်းနှင့်မှ မဖြစ်နိုင်သေးပေ။ ထို့ပြင် နိုင်ချေမရှိဘဲ တာအိုဆရာသခင်ကြီးများကို သွားရောက် ရင်ဆိုင်ခြင်းမ ပြုသည်က အကောင်းဆုံး ဖြစ်လေသည်။

ယခုတော့ တာအိုဆရာသခင်ထိုက်ယီ ရှေ့သို့ ထွက်မလာရုံသာ မက ဆန်းလျန် စေလွှတ်လိုက်သည့် ဂူကျီးချီက ဆန်းချင်းချင်း

ကို ဘေးသင့်အန္တရယ်ကျရောက်အောင် ပြုလုပ်တော့မည်ဖြစ်သည်။

ဆန်းလျန်ကိုယ်တိုင်သာ ရှေ့ထွက်သွားမည်ဆိုလျှင် ပို၍ပင်အရှက်ကွဲပေလိမ့်မည်။ ထို့ပြင် ဝူကျီးချီက ဆန်းချင်းချင်းကိုသတ်လိုက်မည်ဆိုပါက ဆန်းလျန် အရှက်အကွဲတကာ့အကွဲကြီး ဖြစ်ပေလိမ့်မည်။

ဆန်းလျန်က စိတ်ထဲတွင် တွေးလိုက်သည်။

"ဟယ်ရှန်းက ဟယ်အိမ်တော်နဲ့ပတ်သက်တဲ့သူပဲ ၊ ဒီကိစ္စကို သူ့ကိုတာဝန်ပေးရမယ်..."

....

ဟယ်ရှန်း လုပ်စရာအလုပ် သိပ်မရှိဘဲ အေးအေးဆေးဆေး ရှိနေလေသည်။

ထို့ကြောင့် သူမက ယွင်မုမြစ်ကမ်းနံဘေးရှိ သူမ၏ အိမ်တွင်ပင် နေထိုင်လျှက် ရှိလေသည်။

ဟယ်ရှန်း၏ မိခင် ဆုံးပါးသွားသည်မှာ ကြာခဲ့ပြီ ဖြစ်သည်။

ဟယ်ရှန်းက တန်ခိုးစွမ်းအားအသုံးပြုကာ မိခင်ဖြစ်သူ၏ ဝိညာဉ်ကို စောင့်ရှောက်ပေးပြီး ကြွယ်ဝချမ်းသာသည့် မိသားစု တွင် လူပြန်ဝင်စားစေခဲ့သည်။

သူမ၏မိခင် အရွယ်ရောက်လာသည့်တစ်နေ့တွင် ကျင့်ကြံခြင်း လမ်းစဉ်များ သင်ပြပေးရန်လည်း စီစဉ်ထားသည်။

အိမ်လေးအတွင်းရှိ တိတ်ဆိတ်သည့်အခန်းထဲတွင် ဟယ်ရှန်း တရားထိုင်လျှက် ရှိသည်။

ထိုစဉ်... ရုတ်တရက်... သူ့အခန်းတစ်ခုလုံး အဖြူရောင် အလင်းတန်းများ တောက်ပသွားပြီး လူတစ်ယောက်ပေါ်လာ လေသည်။ ထိုသူမှာ သူမ၏ ဆရာဖြစ်သူ ဆန်းလျန်ပင် ဖြစ် လေ၏။

ဟယ်ရှန်းက ဆန်းလျန်ကိုတွေ့သည်နှင့် ချက်ချင်း ဒူးထောက် ဂါရဝပြုလိုက်သည်။

ဆန်းလျန်က ချက်ချင်းပင် လက်တစ်ဖက်ဝှေ့ရမ်းလိုက်လေရာ လေထဲတွင် ဓားတစ်လက်နှင့် ကြေးမုံမှန်တစ်ချပ် ထွက်ပေါ်လာလေသည်။

ဆန်းလျန်က...

"လိမ္မာတဲ့တပည့်လေး ၊ ကိစ္စတစ်ခုရှိလို့ မင်းဆီကို ရောက်လာရတာပဲ..."

ဟယ်ရှန်းက...

"ဘာကိစ္စများလဲ ဆရာ..."

ဆန်းလျန်က...

"ဒီကြေးမုံမှန်ကို ထျန်းတိကျန်းလို့ခေါ်တယ် ၊ အသက်ရှည်စေခြင်းကျောင်းတော်က ရတနာပစ္စည်းတစ်ခုပဲ ၊ ကျုပ်ဆီမှာ ဒီကြေးမုံမှန်ရှိနေတာ ကြာလှပြီ ၊ ဒါပေမဲ့ အခု ဒီရတနာပစ္စည်းကို မင်းကို ပေးလိုက်မယ် ၊ မင်း စွမ့်ယွမ်တောင်ထွတ်ကို သွားပါ ၊ အဲဒီတောင်ထွတ်မှာ ဒီမှန်ကိုအသုံးပြုပြီး မျောက်ဝံကြီးတစ်

ကောင်ကို တွေ့အောင်ရှာပါ ၊ ပြီးရင် ဒီဓားကို အသုံးပြုပြီး အဲဒီ မျောက်ဝံကြီးကို နှိမ်နင်းပါ..."

ဟယ်ရှန်းက လေထဲတွင်လွင့်မျောနေသည့် ထျန်းတိကျန်းနှင့် ဓားကို လှမ်းယူလိုက်လေသည်။

ဓားကို ကိုင်လိုက်သည်နှင့် အေးစက်နေသည့်အငွေ့အသက်များကို ခံစားလိုက်ရပြီး သူမ၏ခန္ဓာကိုယ်တစ်ခုလုံး အေးခဲသွားတော့မတတ် ခံစားလိုက်ရသည်။

ထို့နောက် သူမ၏နှလုံးသားထဲတွင် ဓားသိုင်းစွမ်းအားတစ်ခု ထွက်ပေါ်လာပြီး ဓားသွား၏အေးစက်မှုများက သူမ၏ခန္ဓာကိုယ်ကို သန့်စင်ပေးလိုက်သည့်အလား တက်ကြွလန်းဆန်းမှုများကို ခံစားလိုက်ရသည်။

သူမလက်ထဲမှဓားမှာ ဗီဇဝိညာဉ်မရဏဓားတစ်လက်ဖြစ်သည့် ငရဲလမ်းဓားဖြစ်သည်ကို ဟယ်ရှန်း သိရှိခဲ့ခြင်း မရှိပေ။

ဟယ်ရှန်းနှလုံးသားထဲတွင် ထင်ဟပ်လာသည့် ဓားသိုင်း

စွမ်းအားများမှာ ငရဲလမ်းဓားကို ကိုင်ဆောင်ခဲ့သည့် ကျောက်

ရှောင်ယွီထံမှ ကျန်ရှိနေသည့် မပျောက်ကွယ်နိုင်သော တန်ခိုး

စွမ်းအားများ ဖြစ်လေသည်။ ထို့ကြောင့် ငရဲလမ်းဓားသည်

တာ့လော်အဆင့် ဓားတစ်လက်အဖြစ် တန်ခိုးစွမ်းအားများ မြင့်

မားနေခြင်း ဖြစ်လေသည်။

မီလဲ့ကိုယ်တော်သည်ပင် ငရဲလမ်းဓား၏ တန်ခိုးစွမ်းအားများ

ကို ခံနိုင်ရည် မရှိခဲ့ပေ။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ငရဲ

လမ်းဓား မည်မျှ တန်ခိုးစွမ်းအားကြီးမားသည်ကို သိမြင်နိုင်

မည် ဖြစ်လေသည်။

ဟယ်ရှန်းက သူမရရှိထားသည့် ထိပ်တန်းမရဏဓားတစ်

လက်ဖြစ်သော "ငရဲလမ်းဓား" အကြောင်းကို သိရှိခြင်းမရှိပေ။

သို့သော်... ဆန်းလျန်က ပေးအပ်လာသည့် ဓားတစ်လက်ဖြစ်

သည့်အတွက် အလွန်စွမ်းအားမြင့်မားမည်ကိုတော့ ရိပ်မိလိုက်သည်။ ထို့နောက် ဆန်းလျန်က ဟယ်ရှန်းကို အဖြစ်အပျက်အလုံးစုံနှင့် လုပ်ရမည့်အလုပ်များကို ပြောပြပြီးနောက်ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်ထွက်ခွာသွားသည့်နောက် ဟယ်ရှန်းသည်လည်း စွမ့်ယွမ်တောင်ထွတ်သို့ ထွက်လာခဲ့လေသည်။ မိုးထိအောင်မြင့်မားသည့် စွမ့်ယွမ်တောင်ထွတ်သို့ရောက်သည်နှင့် သွေးနီရောင်လွှမ်းနေသည့် တိမ်တိုက်တစ်ခုကို ဟယ်ရှန်း တွေ့မြင်လိုက်ရသည်။

စွမ့်ယွမ်တောင်ထိပ်ရှိ ဝတ်ကျောင်းတော်ထဲတွင် လူပေါင်းများစွာ၏ ဦးခေါင်းများကို ချိတ်ဆွဲထားပြီး မတရားအသတ်ခံရသည့်ဝိညာဉ်များမှ ထွက်ပေါ်နေသည့် အမျက်ဒေါသများကို

ခံစားလိုက်ရလေသည်။ အသတ်ခံလိုက်ရသည့်လူများမှာ

ဟယ်အိမ်တော်မှ လူအများပင် ဖြစ်လေတော့သည်။

အခန်း (၉၇၇) နောက်ဆုံးတိုက်ပွဲ

ဟယ်ရှန်း တိတ်တဆိတ်သက်ပြင်းချလိုက်မိ သည်။

ဟယ်အိမ်တော်ကို ကယ်တင်ရန်အတွက် သူမ ခြေတစ်လှမ်း

နောက်ကျသွားခဲ့ပြီ ဖြစ်လေသည်။

သူမက ဟယ်အိမ်တော်နှင့် ဆက်ဆံရေးသိပ်ကောင်းသည် မဟုတ်ပေ။ သူမနှင့် ဟယ်စူးရင်း အတိတ်တွင် ဖြစ်ပျက်ခဲ့သည့် ပြဿနာများကြောင့် သူတို့အချင်းချင်း သိပ်ပြီး အခေါ်အပြော မရှိကြပေ။

သို့သော်... သူတို့အားလုံးမှာ ဟယ်မျိုးနွယ် တစ်မျိုးနွယ်တည်းမှ ဆင်းသက်လာသူများဖြစ်ကြလေရာ တကယ်တမ်း ဟယ်အိမ်တော်တစ်ခုလုံးဖျက်စီးခံလိုက်ရသည့်အခါ ဟယ်ရှန်းအနည်းငယ် ဒေါသထွက်စိတ်မကောင်းဖြစ်သွားမိသည်။

သူမက ချက်ချင်းပင် ထျန်းတိကျန်းဖြင့် စွမ့်ယွမ်တောင်ထွတ်တစ်ခုလုံးကို ကြည့်ရှုလိုက်သည်။ ထျန်းတိကျန်းမှ ရွှေရောင်အလင်းတန်းများထွက်ပေါ်လာပြီး စွမ့်ယွမ်တောင်ထိပ်တစ်ခုလုံးကို ရွှေရောင်အလင်းတန်းများက ဖုံးလွှမ်းသွားလေသည်။

ထိုအချိန်မှာပင်... မိုကောင်းကင် (၉)ထပ်နှင့် အသူရာခြောက်

(၉)ထပ်ကို တုန်လှုပ်သွားစေသည့် ဓားခြိမ်းသံကြီးတစ်သံ

ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စွမ့်ယွမ်တောင်ထွတ်တွင် အံ့သြစရာကောင်းသည့် အသက်

ဓာတ်စွမ်းအားများပေါက်ကွဲထွက်သွားလေသည်။

အကြောင်းမှာ... စွမ့်ယွမ်တောင်ထွတ်တွင် မင်ရောင်ကဲ့သို့ နက်

မှောင်သည့် ဓားတစ်လက်ထွက်ပေါ်လာသောကြောင့် ဖြစ်လေ

သည်။

မျောက်ဝံကြီးတစ်ကောင်က သူ၏ ကြီးမားပြီး အမွေးများ

ထူထဲစွာရှိနေသည့် လက်များကို ဆန့်ထုတ်ကာ ထိုဓားကို လှမ်း

ယူနေသည်ကို ဟယ်ရှန်း ထျန်းတိကျန်းမှတစ်ဆင့် တွေ့မြင်

လိုက်ရသည်။

ထျန်းတိကျန်းမှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာသည်

ကို တွေ့မြင်လိုက်ရသည့်အခါ ဓားကိုယူရန်ကြိုးစားနေသည့်

မျောက်ဝံကြီး၏ လက်များ အနည်းငယ် တုံ့ခနဲ ဖြစ်သွားလေသည်။

ထိုအချိန်မှာပင်... မိန်းကလေးတစ်ယောက် ထွက်ပေါ်လာပြီး ဓားကို ယူဆောင်သွားလေတော့သည်။

မိန်းကလေးမှာ အလွန်မှ ချစ်စရာကောင်းပြီး ချောမောလှပသူလေး ဖြစ်သည်။

မျက်နှာလေးက အပြစ်ကင်းစင်လွန်းပြီး မျက်ခုံးများက အသက်ဝင်လှသည်။ သို့သော်... တန်ခိုးစွမ်းအားကတော့ အတော်အတန် မြင့်မားဟန် ရှိသည်။

သူမက လေထဲတွင် ရပ်တန့်နေပြီး သူမပတ်ဝန်းကျင်တွင် မြူခိုးတိမ်တိုက်များ ဝန်းရံပျံသန်းလျှက် ရှိလေသည်။

သူမ၏ပုံစံက ခမ်းနားသည့်နတ်ဘုရားတစ်ပါးနှင့် ဆင်တူလှသည်။

သူမသည်ကား ဆန်းချင်းချင်းပင် ဖြစ်လေ၏။

မျောက်ဝံကြီးမှာ သူယူမည့်ဓားကို အခြားသူတစ်ယောက်က

လက်ဦးမှုရယူသွားသည်ကို သိရှိလိုက်သည့်အခါ

အလွန်အမင်း အံ့အားသင့်သွားသလို ဒေါသလည်း

ချောင်းချောင်း ထွက်သွားသည်။

ချက်ချင်းပင် သူက ဆန်းချင်းချင်းကို တိုက်ခိုက်လိုက်လေ

တော့သည်။

ကြမ်းတမ်းသည့် အနက်ရောင်ရေများက ဆန်းချင်းချင်းရှိရာ

သို့ ကြမ်းတမ်းစွာဖြင့် ဝင်ရောက်လာလေသည်။

ဆန်းချင်းချင်းက တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက်

ဖြစ်သည်။ သို့သော်... သူမက အခြားသူများနှင့် သိပ်ပြီး

တိုက်ခိုက်ဖူးခြင်းမရှိပေ။ ထို့ကြောင့် တိုက်ခိုက်သည့်နေရာတွင်

အတွေ့အကြုံနည်းပါးသည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် ဂူကျီးချီကဲ့သို့ ကြမ်းတမ်းသည့် ရှေးဟောင်း

နတ်မိစ္ဆာနှင့် ရင်ဆိုင်လိုက်ရသည့်အခါ မည်သို့ ပြန်လည်

တိုက်ခိုက်ရမည်မသိတော့ဘဲ သတိလက်လွတ်ဖြစ်သွားလေ

တော့သည်။

ဝူကျိုးချီ၏ ကြမ်းတမ်းသည့် အနက်ရောင်ရေများက မိစ္ဆာ

စွမ်းအားများနှင့်ပြည့်နေသည်ကို ခံစားလိုက်ရသည့်အခါ ဆန်း

ချင်းချင်း ကြောက်ရွံ့တုန်လှုပ်သွားကာ ခြေမကိုင်မိ လက်မ

ကိုင်မိ ဖြစ်သွားလေသည်။

သို့သော်... သူမ၏ ခန္ဓာကိုယ်အတွင်းမှ တန်ခိုးစွမ်းအားများ

ရုတ်တရက် လှည့်ပတ်သွားပြီး နတ်ဘုရားအလင်းတန်းများ

ထွက်ပေါ်လာကာ အနက်ရောင်ရေစီးကြောင်းကို အလိုလို

အကာအကွယ်ပေးထားလိုက်လေသည်။

ထိုအချိန်မှာပင်... သူ့အနားသို့ တစ်စုံတစ်ယောက် ရောက်ရှိ

လာသည်ကို ဝူကျိုးချီ သတိထားလိုက်မိသော်လည်း သူက

အရေးစိုက်ခြင်းမရှိဘဲ ဆန်းချင်းချင်းကိုသာ အနက်ရောင်

ရေစီးကြောင်းများ တစ်ခုပြီးတစ်ခု ထုတ်လွှတ်ကာ

အဆက်မပြတ် တိုက်ခိုက်လျှက် ရှိလေသည်။

ဆန်းချင်းချင်းမှာ ခုခံနိုင်စွမ်း ကင်းမဲ့သွားပြီး အပြင်းအထန်

ဒဏ်ရာရသွားလေတော့သည်။

ထိုအချိန်မှာပင်... သူ တိုက်ခိုက်မိသူမှာ ဆန်းလျန်က ကာကွယ်

ပေးရန် အမိန့်ပေးလိုက်သည့် မိန်းကလေးဖြစ်ကြောင်း ဝူကျီးချီ

ရုတ်တရက် အမှတ်ရသွားသည်။

ဝူကျီးချီ အံ့သြမှင်တက်သွားလေသည်။

သို့သော်... သူက စိတ်ထားကြမ်းတမ်းသူဖြစ်ပြီး ချင်းရှတောင်

သို့လည်း မပြန်တော့ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေရာ ထာဝရ

ဓားကိုတော့ ရအောင်ယူမည်ဟု ဆုံးဖြတ်လိုက်သည်။

ထာဝရဓားကို ရအောင်ယူနိုင်ခြင်း မရှိပါက သူ့အနေဖြင့် အရှုံး

ဖြင့်သာ ရင်ဆိုင်ရဖွယ်ရှိသည်။

ဆန်းချင်းချင်းဒဏ်ရာရသွားသည်ကို တွေ့လိုက်သည်နှင့် ဝူ

ကျီးချီက အစွမ်းကုန် ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင်... ကြောက်မက်ဖွယ်ရာ ဓားဝိညာဉ်တစ်ခုက ဝူ

ကျီးချီရှိရာသို့ ဝင်ရောက်လာလေသည်။

ဝူကျီးချီက လေထဲတွင် ခန္ဓာကိုယ်ကို တစ်ချက်လှည့်လိုက်ပြီး

ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း ထိုဓားဝိညာဉ်ကို မ

ရှောင်တိမ်းနိုင်ခဲ့ပေ။

ဓားဝိညာဉ်ဖြင့် ထိမိပြီး သွေးထွက်နေသည့် သူ၏လက်ကို ဝူ

ကျီးချီ စိုက်ကြည့်နေမိလေသည်။

ဝူကျီးချီ၏ နတ်မိစ္ဆာခန္ဓာသည် မသေနိုင်သော နတ်ဘုရားခန္ဓာ

တစ်ခု မဟုတ်သော်လည်း ရွှေခန္ဓာထက်ပင် ပိုမိုမာကျောသည့်

ခန္ဓာကိုယ်တစ်ခုဖြစ်သည်။

ရှေးဟောင်းနတ်ဘုရားများသည်ပင်လျှင် သူ့ကို ဒဏ်ရာ ရအောင် မပြုလုပ်နိုင်ကြပေ။ ယခုတော့ ဓားဝိညာဉ်က သူ့ကို ဒဏ်ရာရအောင် ပြုလုပ်ခဲ့ပြီ ဖြစ်သည်။

သူက ဒဏ်ရာကို ကြည့်နေရာမှ ခေါင်းမော့ကြည့်လိုက်သည့် အခါ ဓားတစ်လက်နှင့် ကြေးမုံမှန်တစ်ချပ်ကို ကိုင်ထားသည့် တာအိုကျင့်ကြံသူ မိန်းမပျိုတစ်ယောက်ကို တွေ့မြင်လိုက်ရ လေသည်။

သူမ၏မျက်ဝန်းများက မမြင်ရသည့် မျောက်ဝံကြီးကို တိုက်ခိုက်ရန် မှန်ထဲသို့ ကြည့်နေခဲ့သည်။

မိန်းမပျို၏လက်ထဲမှဓားကို တွေ့လိုက်သည်နှင့် ဝူကျီးချီ များ စွာကြောက်ရွံ့တုန်လှုပ်သွားမိသည်။

"ငရဲလမျးဓား..."

ဝူကျီးချီ၏ မိစ္ဆာသံကြီး ထွက်ပေါ်လာလေသည်။

ထိုအသံနက်ကြီးကို ကြားလိုက်သည်နှင့် ဟယ်ရှန်းမှာ သူမ၏နှလုံးသားကို တင်းပုတ်ဖြင့် ထုရိုက်လိုက်သည့်အလား ခံစားလိုက်ရပြီး သွေးများအန်ထွက်တော့မလိုပင် ဖြစ်သွားရသည်။

ကံကောင်းသည်မှာ ငရဲလမ်းဓားမှ အေးစိမ့်သည့်အငွေ့အသက်များထွက်ပေါ်လာပြီး သူမခံစားနေရသည့် မသက်မသာခံစားနေရမှုများကို ဖိနှိပ်ထားလိုက်သည်။

သို့သော်... ဟယ်ရှန်းမှာ မျောက်ဝံကြီး၏ မိစ္ဆာစွမ်းအားများကို အလွန်ထိတ်လန့်သွားပြီး ထိုမျောက်ဝံကြီး မည်မျှကြောက်မက်ဖွယ်ရာဖြစ်သည်ကိုလည်း သဘောပေါက်သွားရသည်။

သူမလက်ထဲတွင်ကိုင်ထားသည့် ရတနာပစ္စည်း (၂)ခုသာမရှိလျှင် ထိုမျောက်ဝံကြီးကို သူမ ရင်ဆိုင်နိုင်မည် မဟုတ်ပေ။ သေချာပေါက် ရှုံးနိမ့်ရမည် ဖြစ်လေသည်။

ဟယ်ရှန်း ကယ်တင်လိုက်သည့်အတွက် ဆန်းချင်းချင်း

ကတော့ အသက်အန္တရယ်မှ လွတ်မြောက်သွားခဲ့လေသည်။

ဆန်းချင်းချင်းက ဝူကျီးချီကို လှမ်းကြည့်လိုက်သည်။

သူမနောက်တွင် တာအိုဆရာလီချင်းဆွေတစ်ယောက်လုံး ရှိ

သည်ဖြစ်လေရာ မိုးနှင့်မြေတွင် ဆန်းချင်းချင်း ကြောက်ရွံ့

သည့်သူ တစ်ယောက်မှ မရှိပေ။

ဆန်းချင်းချင်းက

"မျောက်စုတ်... နင်က ငါ့ကို တိုက်ခိုက်ရဲသလား..."

ဟု အော်ဟစ်ပြောဆိုလိုက်၏။

ဝူကျီးချီက ငရဲလမ်းဓားကို အလွန်ကြောက်ရွံ့သွားမိ

သော်လည်း ဆန်းချင်းချင်းကိုတော့ ကြောက်ရွံ့ခြင်း မရှိပေ။

ဝူကျီးချီက...

"ကောင်မလေး... မင်းလက်ထဲကဓားကို ကျုပ်ကိုပေးစမ်း ၊ ဒါ

ဆိုရင် မင်းကို ကျုပ် အသက်ချမ်းသာပေးမယ်..."

ဆန်းချင်းချင်းက ဖီခန် တံတွေးတစ်ချက်ထွေးလိုက်ရင်း...

"ဟဲ့... မျောက်စုတ်၊ နင်က ငါဘယ်သူလဲဆိုတာရောသိရဲ့လား၊ ငါက ချင်းဆွေထျန်းကောင်းကင်ဘုံကပဲ၊ ဒီထာဝရဓားကိုလာယူရတာကလည်း တာအိုဆရာလီချင်းဆွေရဲ့အမိန့်နဲ့လာယူတာ၊ နင်ငါ့ကို ဆန့်ကျင်ရဲသလား..."

ဝူကျီးချီမှာ တာအိုဆရာလီချင်းဆွေဆိုသည့်အသံကို ကြားလိုက်သည်နှင့် အလွန်အမင်း တုန်လှုပ်သွားလေတော့သည်။

တာအိုဆရာလီချင်းဆွေနှင့် တာအိုဆရာသခင်ထိုက်ယီကြားမှ ဆက်နွယ်မှုကို လောကတွင် မသိသူ မရှိကြပေ။ ထို့ကြောင့် တာအိုဆရာလီချင်းဆွေကသာ ထာဝရဓားကို လူလွှတ်ပြီး ယူခိုင်းလိုက်သည်ဆိုလျှင် ထိုသူကိုမည်သူက တားဆီးရဲပါမည်နည်း။

ယခုအချိန်ဆိုလျှင် တာအိုဆရာလီချင်းဆွေသည်ပင်

အဖြစ်အပျက်များကို သိရှိနေလောက်ပြီ ဖြစ်ပေသည်။

မိုးနှင့်မြေတွင် တာအိုဆရာလီချင်းဆွေကို မကြောက်ရွံ့သူ တစ်

ယောက်မှ မရှိပေ။

ဝူကျီးချီက ထိုက်ယိသင်ပေးလိုက်သည့် တာအိုဆရာသခင်ထို

က်ယီ၏ ထိုက်ယိနတ်ဘုရားပညာကို အသုံးပြုထားသည့်တိုင်

တာအိုဆရာလီချင်းဆွေ၏လက်မှ လွတ်အောင်ပြေးနိုင်မည်

မဟုတ်ပေ။

သူ့အနေဖြင့် ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်

အခြေအနေမျိုး ရင်ဆိုင်နေရပြီ ဖြစ်သည်။

ထို့ကြောင့် ဝူကျီးချီက ချက်ချင်းပင် ပြုံးလိုက်ပြီး...

"ကြည့်ရတာ နားလည်မှု လွဲကုန်ကြပြီထင်တယ်၊ ကျုပ်က

ဆန်းလျန်ထျန်းကျွင်းလက်အောက်မှာ အလုပ်လုပ်နေတဲ့သူပါ၊

ကျုပ်သခင်ဆန်းလျန်နဲ့ တာအိုဆရာလီချင်းဆွေတို့က

မိတ်ဆွေတွေ မဟုတ်လား ၊ နားလည်မှု လွဲတာပါ ၊ နားလည်မှု လွဲတာပါ..."

သူ့အနေဖြင့် ချင်းရှတောင်သို့ ပြန်ရန် မဖြစ်နိုင်တော့သော်လည်း တာအိုဆရာလီချင်းဆွေ ရုတ်တရက် ထွက်ပေါ်လာမည်ကို အလွန်ကြောက်ရွံ့သည့်အတွက် ဆန်းလျန်၏နာမည်ကိုအသုံးပြု၍ ဆန်းချင်းချင်းနှင့် ဟယ်ရှန်းကို အရှုးလုပ်လိုက်ခြင်း ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဝူကျီးချီ စိတ်ထဲမှ ထိုက်ယိကို ကျိန်ဆဲလိုက်မိသည်။ ယခုလောက်ရှုတ်ထွေးသည့် ကိစ္စကြီးနှင့် သူ ပတ်သက်မိသည်မှာ ထိုက်ယိကြောင့်ဖြစ်ပြီး ယခုတော့ မည်သို့ နောက်ဆုတ်ရမည် မသိတော့ပေ။

ဝူကျီးချီက လောဘကြီးသူတစ်ယောက်ဖြစ်ပြီး သူ့အကျိုးရှိမည်ဆိုလျှင် မည်သည့်အလုပ်ကို မဆို လုပ်မည့်သူဖြစ်သည်။

ထို့ပြင်... ဝူကျိုးချီက တာအိုဝါဒကို သိပ်ပြီးနားလည်သူမဟုတ်သည့်အတွက် ထိုက်ယိ၏လှည့်စားခြင်းကိုလည်း ခံခဲ့ရသည်။ ခြေလှမ်းတစ်လှမ်းပြီးတစ်လှမ်းမှားယွင်းခဲ့ပြီးနောက် သူ့ဘဝမှာ ပြာမှုန့်ဘဝရောက်ရန် ဦးတည်နေပြီ ဖြစ်သည်။

ဝူကျိုးချီစကားကိုကြားသည်နှင့် ဟယ်ရှန်းက...

"လက်စသတ်တော့ မင်းက ဆရာ့ရဲ့လက်အောက်မှာ အလုပ်လုပ်နေပါလျှက်နဲ့ ဆရာ့ကို သစ္စာဖောက်တဲ့သူကိုး ၊ ဆရာက မင်းကို အပြစ်ပေးခိုင်းလိုက်တာ မအံ့သြတော့ပါဘူး..."

ဟယ်ရှန်း၏စကားကိုကြားသည့်အခါ ဝူကျိုးချီ အံ့အား ထိတ်လန့်သွားပြီး...

"ဘာလို့လဲ... ၊ မင်းက သခင့်ရဲ့ တပည့်လား..."

ဟယ်ရှန်းက ဂုဏ်ယူဝင့်ကြွားသည့်ဟန်ဖြင့်...

"ကျွန်မနာမည်က ဟယ်ရှန်း ၊ ဆရာဆန်းလျန်ရဲ့ တတိယမြောက်တပည့်ပဲ..."

ဝူကျီးချီ ဘာလုပ်ရမှန်း မသိတော့ပေ။

သူ၏ လုပ်ရပ်များအားလုံးကို ဆန်းလျန် သိရှိသွားခဲ့ပြီ ဖြစ်သည်။ သူက ဆန်းလျန်ကို ခဏမျှ ဖုံးကွယ်ထားနိုင်မည်ဟု တွေးထင်ထားခဲ့သည်။ယခုတော့ လုံးဝ ဖုံးကွယ်ထားနိုင်ခြင်း မရှိသည့်အပြင် ဆန်းလျန်က သူ့အကြောင်းများအားလုံးကို သိရှိနေခဲ့ပြီ ဖြစ်သည်။

ထို့ပြင်... ဟယ်ရှန်းလက်ထဲတွင် ကိုင်ထားသည့် ငရဲလမ်းဓား နှင့် ထျန်းတိကျန်းကြေးမုံမှန်တို့မှာလည်း သူ့ကိုတိုက်ခိုက်ရန် အတွက် ဆန်းလျန်ပေးအပ်လိုက်သည့် ရတနာပစ္စည်းများ ဖြစ်ကြောင်း ဝူကျီးချီ ရိပ်မိလိုက်သည်။

ထိုအခါ သူ့စိတ်ထဲတွင် ကြောက်ရွံ့တုန်လှုပ်မှုများနှင့်အတူ ဒေါသများလည်း ပြင်းထန်လာတော့သည်။

အရာအားလုံးက အဆုံးသတ်သွားပြီ ဖြစ်သည်။

ဟယ်ရှန်းလက်တွင်ကိုင်ထားသည့် ရတနာပစ္စည်းများရန်မှ

လွတ်မြောက်ချင်သည်ဆိုလျှင် ကောင်းကင်ဘုံနန်းတော်သို့

ထွက်ပြေးပြီး ရှမ်တုတောက်ကျွင်းထံတွင် ခိုလှုံမှသာ ဖြစ်ပေ

လိမ့်မည်။

ဝူကျီးချီ ထိုသို့တွေးလိုက်မိသည်နှင့်...

"နတ်သမီးလေး... ကျုပ် အပြစ်ဝန်ခံပါတယ်..."

ဟု ပြောလိုက်လေသည်။

ဝူကျီးချီ ပျော့ပြောင်းသွားသည်ကိုတွေ့တော့မှ ဟယ်ရှန်း

စိတ်သက်သာရာရပြီး သက်ပြင်းတစ်ချက်ချလိုက်မိသည်။

သို့သော်.... ဝူကျီးချီက စကားဆုံးသွားသည်နှင့် လက်ထဲတွင်

သင်္ကေတတစ်ခုပုံသဏ္ဍာန်ရေးဆွဲလိုက်ပြီး ဟယ်ရှန်း၏ ဝိညာဉ်

စွမ်းအားများကို ဖိနှိပ်ကာ ကောင်းကင်ထက်သို့ ထွက်ပြေးရန်

ကြိုးစားလိုက်လေသည်။

ကြီးမားသည့် ဖိအားကြီးတစ်ခု ဟာယ်ရှန်းထံသို့ ဝင်ရောက်လာပြီး ထိုတန်ခိုးစွမ်းအားကို ဟာယ်ရှန်းအနေဖြင့် လုံးဝ ခုခံနိုင်ခြင်းမရှိခဲ့ပေ။

သို့သော်... ငရဲလမ်းဓားက ကိုယ်ပိုင်ဝိညာဉ်စွမ်းအားပြည့်ဝသည့် ဓားတစ်လက်ဖြစ်လေရာ ဓားသွားမှ တန်ခိုးစွမ်းအားများက ဒီရေအလားမြင့်မားစွာ ထွက်ပေါ်လာပြီး ဟာယ်ရှန်းကိုဖိနှိပ်ထားသည့် တန်ခိုးစွမ်းအားများကို ခုခံထားလိုက်သည်။

ထို့နောက် ကောင်းကင်ထက်မှ ဝူကျီးချီကို ဓားသွားဖြင့် ရိုက်ချလိုက်လေတော့သည်။

ငရဲလမ်းဓားနှင့် ထိုးနှက်ခံလိုက်ရသည့်အခါ ဝူကျီးချီ၏ သွေးကြောဆုံချက်များအားလုံး ပိတ်ဆို့သွားပြီး တန်ခိုးစွမ်းအားလှည့်ပတ်မှုများအားလုံးရပ်တန့်သွားလေသည်။

ဝူကျီးချီ မခံမရပ်နိုင်စွာဖြင့် သွားတစ်ချက်ဖြဲလိုက်မိသည်။

ငရဲလမ်းဓားမှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့်

အငွေ့အသက်များမှာ သူ၏ မူလဝိညာဉ်ခန္ဓာကိုပင် နာကျင်စေ

လေသည်။ ဝူကျီးချီ၏ သန်မာလွန်းသည့် မူလဝိညာဉ်ခန္ဓာမှာ

ဓားသွားအောက်တွင် ချက်ချင်းပင် အားနည်းသွားရသည်။

ဟယ်ရှန်း အန္တရယ်မှ သီသီလေးလွတ်မြောက်သွား

သည့်အတွက် စိတ်သက်သာရာရစွာဖြင့် သက်ပြင်းတစ်ချက်ချ

လိုက်လေသည်။

ထိုအချိန်မှာပင် သူ့နားထဲတွင် သာယာကြည်လင်ပြီး

ကျက်သရေရှိလှသည့် အမျိုးသမီးတစ်ယောက်၏ အသံက

စိတ်အာရုံထဲသို့ ဝင်ရောက်လာသည်။

"မင်းရဲ့ဓားနဲ့ သူ့ရဲ့ခေါင်းကို ခုတ်ပစ်လိုက်စမ်း..."

ထိုအသံမှာ တာအိုဆရာလီချင်းဆွေ၏ အသံဖြစ်သည်။

သို့သော်... ဟယ်ရှန်းကတော့ သိရှိခြင်းမရှိပေ။ သူမက

ချက်ချင်းပင် စကားအတိုင်း အလိုလို ပြုလုပ်မိလျက်သားဖြစ်

သွားပြီး ဝူကျီးချီ၏ ခေါင်းကို ခုတ်ဖြတ်ပစ်လိုက်လေသည်။

ဝူကျီးချီ၏ ခေါင်းမှာ တို့ဖူးပြတ်သလို မြေပြင်ထက်သို့ ပြုတ်

ကျသွားလေ၏။

သို့သော်... ခေါင်းအသစ်တစ်လုံး ပြန်ထွက်လာလေသည်။

ထိုသို့ဖြစ်သည်ကို တွေ့မြင်လိုက်သည်နှင့် နောက်ထပ်ထွက်

ပေါ်လာသည့်ခေါင်းကို ဟယ်ရှန်းက ချက်ချင်းပင် ထပ်မံ

ခုတ်ဖြတ်ပစ်လိုက်သည်။

ထိုသို့ဖြင့် ဝူကျီးချီ၏ခေါင်းကို ဟယ်ရှန်းက (၉၉)ကြိမ်

ခုတ်ဖြတ်ပြီးသည့်အခါတွင်တော့ ဝူကျီးချီက လက်လျှော့လိုက်

သည့်ဟန်ဖြင့် တောင်းပန်လိုက်လေသည်။

"ထပ်မလုပ်ပါနဲ့တော့၊ ထပ်မလုပ်ပါနဲ့တော့..."

အခန်း (၉၇၈) ဘူးသီးခြောက်

ဝူကျီးချီက ဟယ်ရှန်းကို အသနားခံသည့်မျက်နှာထားဖြင့် ကြည့်လိုက်ပြီး တောင်းပန်လိုက်လေသည်။

ဟယ်ရှန်းကလည်း ဝူကျီးချီ၏ ဦးခေါင်းကို ခုတ်ဖြတ်နေခြင်းကို ရပ်တန့်လိုက်သည်။

အမှန်တော့ ဟယ်ရှန်းက ဝူကျီးချီကို သနားသောကြောင့် ရပ်တန့်လိုက်ခြင်း မဟုတ်ပေ။ သူမ၏ စိတ်အာရုံထဲသို့ ဝင်ရောက်လာသည့် အမျိုးသမီးအသံက "ရပ်တန့်လိုက်ရန်" ပြောလိုက်သည့်အတွက် ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

ဝူကျီးချီကတော့လော်အဆင့် နတ်မိစ္ဆာတစ်ပါးဖြစ်လေသည်။ သူ၏ အနက်ရှိုင်းဆုံးဝိညာဉ်သည်လည်း တန်ခိုးစွမ်းအား အနှစ်သာရများဖြင့် ပြည့်ဝလျှက်ရှိသည်။

ဟယ်ရှန်းသာ ဝူကျီးချီ၏ဦးခေါင်းကို ဆက်လက်ခုတ်ဖြတ်နေမည်ဆိုလျှင် ထိုမျောက်ကြီး ဒဏ်ရာရသွားမည်မှာ သေချာသလောက်ဖြစ်သည်။ သို့သော်... ထိုမိစ္ဆာကောင်ကို အမြစ်ပြတ်သုတ်သင်ပစ်နိုင်မည်တော့ မဟုတ်ပေ။

ဟယ်ရှန်း၏လက်ထဲမှ ငရဲလမ်းဓားက တန်ခိုးစွမ်းအားများဖြင့် ရောင်ပြန်ဟပ်ကာ တလက်လက်တောက်ပလျှက် ရှိသည်။ ငရဲလမ်းဓား၏ သန့်စင်ထားသည့် တာ့လော်အဆင့်တန်ခိုးစွမ်းအားများက ဝူကျီးချီကို များစွာ ဒုက္ခပေးနိုင်လေသည်။

ထို့နောက် ဟယ်ရှန်းက ငရဲလမ်းဓားကို တစ်ချက်ဝှေ့ရမ်းလိုက်လေရာ ငရဲလမ်းဓားမှ သံပိုးချည်မျှင်များ ထွက်ပေါ်လာပြီး ဝူကျီးချီကို ကြိုးဖြင့် တုတ်နှောင်ထားလိုက်လေတော့သည်။

ဆန်းချင်းချင်းက ပြဒါးဆေးတစ်လုံးကို အလျှင်အမြန်စား

လိုက်သည့်အတွက် ဒဏ်ရာများ ချက်ချင်းပင် ပြန်လည်

သက်သာလာပြီ ဖြစ်လေသည်။

ဆန်းချင်းချင်းက ...

"ကျေးဇူးတင်ပါတယ် ညီမလေးဟယ်ရှန်း..."

ဟယ်ရှန်းက...

"ဆန်းမိန်းကလေး ကျေးဇူးတင်တာ မခံဝံ့ပါဘူး ၊ ကျွန်မက

ဆရာဆန်းလျန်အမိန့်အတိုင်း လုပ်ဆောင်တာပါ..."

ဆန်းချင်းချင်းက မျက်လုံးတစ်ချက်လှန်လိုက်ပြီး ရယ်မောလိုက်ရင်း...

"ဒါနဲ့ ကျွန်မလည်း ဆန်းလျန်ကို သွားတွေ့စရာကိစ္စတစ်ခုရှိ

တယ် ၊ အတူတူ သွားကြမယ်လေ... ညီမလေး..."

ဟယ်ရှန်းက မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး...

"ဆန်းမိန်းကလေး တစ်ခုခုများ လုပ်စရာရှိသေးလို့လား..."

ဆန်းချင်းချင်းက ထာဝရဓားကို ဓားအိမ်အတွင်းမှ ဆွဲထုတ်လိုက်သည်။

ထိုအခါ ဓားအိမ်အတွင်းမှ ဆောင်းရာသီတွင်ကျဆင်းသည့် နှင်းဖြူများအလား တောက်ပလွန်းသည့် ဓားတစ်လက် ထွက်ပေါ်လာလေသည်။

ဓားခြိမ်းသံတစ်ချက်လည်း ကြည်လင်စွာ ထွက်ပေါ်လာပြီး ဓားတန်ခိုးစွမ်းအားများကြောင့် စွမ့်ယွမ်တောင်ထွတ်တစ်ခုလုံး တုန်လှုပ်လျှက်ရှိလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးရှိ မြူခိုးတိမ်တိုက်များမှာ ဓားတန်ခိုးစွမ်းအားများကြောင့် လျှင်မြန်စွာ လွင့်ပျံနေပြီး အဆုံးမရှိသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လျှက် ရှိသည်။

ဟယ်ရှန်းက ပြီးပြည့်စုံသည့် တာအိုနှလုံးသားကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။ သို့တိုင်အောင် ထာဝရဓား၏ အံ့ချီးဖွယ်ရာ တန်ခိုးစွမ်းအားများက သူမကို စွဲဆောင်လျှက် ရှိလေသည်။

ထာဝရစားမှာ မယုံကြည်နိုင်စရာကောင်းလွန်းသည့် နတ်ဓား တစ်လက်ဖြစ်ပြီး ဟယ်ရှန်းသည်ပင် ထာဝရဓား၏ နက်ရှိုင်းသည့် တန်ခိုးစွမ်းအားများကြောင့် တုန်လှုပ်လျှက် ရှိလေသည်။

ထာဝရစားကို တွေ့မြင်ရသည်မှာ ဆရာဆန်းလျန်ကို တွေ့မြင်ရသည့်အလား တူညီသည့် ခံစားချက်ကို ပေးစွမ်းလေသည်။

ဆန်းချင်းချင်းက ဓားကိုဆွဲထုတ်လိုက်ပြီးသည့်နောက် အရင်ကနှင့်မတူတော့ဘဲ အသစ်သောလူသားတစ်ယောက်အလား ပြောင်းလဲသွားလေသည်။

သူမ လွတ်လပ်ပေါ့ပါးသည့် နတ်မိမယ်လေးတစ်ပါးအလား ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေသည်။

သူမ၏မျက်ဝန်းများထဲမှ အပြစ်ကင်းစင်မှုများနှင့် ကလေးဆန်မှုလေးများ ပျောက်ဆုံးသွားပြီး စင်ကြယ်သည့် တန်ခိုးစွမ်းအားများဖြင့် ပြည့်နက်နေသည့် မျက်ဝန်းများဖြင့် အစားထိုးသွားသည်။

ဆန်းချင်းချင်းသာ ယခုကဲ့သို့ ပုံစံဖြင့် လူ့လောကသို့ ရောက်ရှိသွားမည်ဆိုပါက သူမကို ရှိသေလေးစားပြီး သူမလက်အောက်တွင် တပည့်ခံကြမည့် ကျင့်ကြံသူများစွာရှိလာပေလိမ့်မည်။ တရားအလင်းရရန်အတွက် သူမကို သေချာပေါက် ချဉ်းကပ်ကြပေလိမ့်မည်။

ဆန်းချင်းချင်းကိုယ်တိုင်မှာလည်း သူမ အပြောင်းလဲကြီးပြောင်းလဲသွားသည်ကို သတိထားလိုက်မိသည်။

သူမ ထာဝရဓားကို ဆွဲထုတ်လိုက်သည်နှင့် ထိုက်ယီမရဏဓား (၇)လက်အကြောင်းကို ချက်ချင်း နားလည်သွားလေသည်။ ထိုက်ယီမရဏဓားကျမ်းကို သူမ အကြိမ်ပေါင်းများစွာ ဖတ်ရှုပြီးသည့်တိုင် တစ်လုံးတစ်ပါဒမျှ နားမလည်ခဲ့ပေ။ ယခု ထာဝရဓားကို လက်တွင်ကိုင်ဆောင်လိုက်သည်နှင့် ထိုဓားကျမ်းတစ်ခုလုံးကို ရှင်းလင်းစွာဖြင့် နားလည်သွားလေသည်။

သူမ၏မျက်ဝန်းများကလည်း စမ်းချောင်းလေးများ စီးဆင်းနေသည့်အလား အဆုံးမရှိကြည်လင်နေလေသည်။ ကျင့်ကြံရမည်ကို ပျင်းရိနေသည့် သူမ၏ စိတ်ထားများအားလုံး ကြက်ပျောက်ငှက်ပျောက် လွင့်စင်ထွက်သွားပြီ ဖြစ်လေသည်။

နှစ်ပေါင်း သောင်းနှင့်ချီပြီးကျင့်ကြံမှ အောင်မြင်နိုင်မည်ဖြစ်သည့် ထိုက်ယီမရဏဓား (၇)လက်ကို ဆန်းချင်းချင်းကတော့ ချက်ချင်းပင် ကျင့်ကြံအောင်မြင်သွားခဲ့ပြီ ဖြစ်လေသည်။

သူမ၏ ဓားသိုင်းပညာကလည်း အကန့်အသတ်မရှိတော့ဘဲ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။ သူမ၏ စိတ်ဝိညာဉ်သည်လည်း အနက်ရှိုင်းဆုံးအဆင့်သို့ ရောက်ရှိသွားပြီး အံ့သြစရာ ဓားသိုင်းပညာ၏ အမှန်တရားကို သိမြင်နားလည်သွားလေသည်။

ထိုအဖြစ်အပျက်များက တစ်ပြိုင်တည်း ဖြစ်ပျက်သွားခြင်းဖြစ်ပြီး သူမ၏ ဖြစ်နိုင်ချေများအားလုံးက ထာဝရဓားကြောင့်

ပွင့်ထွက်ပေါက်ကွဲကာ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားခြင်း

ဖြစ်သည်။

ထို့နောက် နိမိတ်ပုံမြင်ကွင်းများအားလုံး ဖြည်းဖြည်းချင်း

ပျောက်ကွယ်သွားလေသည်။

ဆန်းချင်းချင်းက တစ်ချက်ပြုံးလိုက်ရင်း...

"ကျွန်မ တာအိုဆရာလီချင်းဆွေရဲ့ အမိန့်နဲ့ လူတစ်ယောက်ကို

လွှတ်ပေးရဦးမယ်..."

ဟယ်ရှန်းက...

"ကောင်းပါပြီ ၊ ဆန်းမိန်းကလေးရဲ့ ကိစ္စတွေပြီးမှပဲ ဆရာဆန်း

လျန်ကို တွေ့ဖို့ ချင်းရှတောင်ကို အတူတူ သွားကြတာပေါ့..."

ဟယ်ရှန်း၏စကားကို နားထောင်ပြီးနောက် ဆန်းချင်းချင်းက

မြေကြီးအတွင်းသို့ ဝင်ရောက်သွားလေသည်။

မြေပြင်က ရေလှိုင်းများအလားလှုပ်ခတ်သွားပြီး ဆန်း

ချင်းချင်း၏ ခန္ဓာကိုယ်က မြေကြီးအတွင်းသို့ ဖြည်းဖြည်းချင်း

နစ်မြုပ်သွားလေ၏။

ထို့နောက် ကြောက်မက်ဖွယ်ရာ ဓားခြိမ်းသံကြီးတစ်သံ ထွက်

ပေါ်လာပြီး မြေပြင်တစ်ခုလုံး (၂)ခြမ်းကွဲအက်သွားသည်။

ထို အက်ကွဲသွားသည့် မြေကြီးအတွင်းမှ မီးခိုးရောင်အရိပ်တစ်

ရိပ် ပျံသန်းထွက်ပေါ်လာပြီး မီးခိုးရောင်အရိပ်က တာအိုဆရာ

လူငယ်တစ်ယောက်အသွင်သို့ ပြောင်းလဲသွားလေသည်။

ထိုတာအိုဆရာ၏ မျက်ဝန်းများက ကြည်လင်လှပြီး ထိုသူက

ဟယ်ရှန်းကို တစ်ချက်ပြုံးပြကာ လေထဲတွင် ပျောက်ကွယ်

သွားလေတော့သည်။

တစ်ခဏမျှသာ မြင်တွေ့လိုက်ရခြင်း ဖြစ်သော်လည်း ထိုတာအို

ဆရာ၏ ပုံရိပ်မှာ ဟယ်ရှန်း၏ နှလုံးသားထဲတွင် တစ်သက်လုံး

မမေ့နိုင်တော့လောက်အောင် စွဲထင်သွားလေသည်။

ထို့နောက် အလွန်တရာ ပင်ပန်းနွမ်းနယ်နေဟန်ရှိသည့် ဆန်း

ချင်းချင်းတစ်ယောက် မြေကြီးအတွင်းမှ ပြန်လည်ထွက်

ပေါ်လာလေသည်။

သူမက ကျောက်ဆောင်တစ်ခုကို မှီကာ အမောဖြေနေလေ၏။

ဟယ်ရှန်းက ဆန်းချင်းချင်းအနားသို့ သွားလိုက်ပြီး...

"ဆန်းမိန်းကလေး လွှတ်ပေးလိုက်တာ ဘယ်သူလဲ..."

"ထိုက်ယိ..."

ဟယ်ရှန်း၏ အမေးကို ဖြေလိုက်သူက ဆန်းချင်းချင်း မဟုတ်

ပေ။

မလှုပ်နိုင်အောင် တုပ်နှောင်ခံထားရသည့် မျောက်ဝံကြီး ဝူကျီး

ချီ ဖြစ်လေ၏။

ထိုစကားကို ပြောလိုက်သည့်အချိန်မှာပင် ဝူကျီးချီ ထိုက်ယိကို

သတ်ပစ်ချင်နေမိသည်။ သို့သော်... သူ့မှာ ချုပ်နှောင်ခံထားရ

လေရာ မည်သို့မှ မတတ်နိုင်ခဲ့ပေ။

ထိုခဏအတွင်းမှာပင် ဂူကျီးချီ၏ နှလုံးသားထဲတွင် အမုန်း

တရားများ တလိမ့်လိမ့်မြင့်တက်လာပြီး ထိုအမုန်းတရားများ

ကို နဂါးငွေ့တန်းမြစ်ရေဖြင့် ဆေးကြောလျှင်တောင်

ပျောက်ပျက်နိုင်တော့မည် မဟုတ်ပေ။

ဆန်းချင်းချင်းက...

"သူ့နာမည်က ထိုက်ယိ... တဲ့ ၊ သူ့ကိုကယ်တင်ပေးလို့ဆိုပြီး

အခုပဲ နာမည်ကို ပြောပြသွားတာ ၊ ပြီးတော့ ဘူးသီးခြောက်

တစ်ခုလည်း လက်ဆောင်ပေးသွားသေးတယ် ၊ ကြည့်ပါဦး... ၊

ဘူးသီးခြောက်က မလှဘူးလား...."

ဟယ်ရှန်းက ဆန်းချင်းချင်းလက်ထဲမှ ဘူးသီးခြောက်ကို လှမ်း

ကြည့်လိုက်သည်။

ဘူးသီးခြောက်က အနီရောင်တောက်တောက်ဖြစ်ပြီး မခန့်မှန်း

နိုင်သည့် မိစ္ဆာစွမ်းအားများ ထွက်ပေါ်လျှက် ရှိသည်။

ဟယ်ရှန်းပင် ဘူးသီးခြောက်ကိုကြည့်ပြီးနောက် တစ်စုံတစ်ခု လစ်ဟာသွားသလို ခံစားလိုက်ရလေသည်။

ထိုအချိန်မှာပင် ဝူကျီးချီက အော်ဟစ်လိုက်ပြန်၏

"ဝိညာဉ်ကိုးသွယ်ဘူးသီးခြောက်..."

ဝူကျီးချီမှာ ကြောက်မက်ဖွယ်ရာကောင်းသည့် မိစ္ဆာကောင်ဖြစ်သော်လည်း ဆန်းချင်းချင်းက ဝူကျီးချီကို ကြောက်ရွံ့ခြင်း မရှိတော့ပေ။

"ဟုတ်လား ၊ နာမည်ကတော့ အတော်လေး ထူးဆန်းသားပဲ ၊ ဘာအတွက်အသုံးပြုရတာလဲ..."

ပြောပြီးသည်နှင့် ဆန်းချင်းချင်းက ဘူးသီးခြောက်ကို ဖွင့်ရန် ဟန်ပြင်လိုက်သည်။

ဝူကျီးချီက ကြောက်ရွံ့တုန်လှုပ်သွားဟန်ဖြင့်...

"မဖွင့်နဲ့..."

ဟု အော်ဟစ်လိုက်၏။

ဆန်းချင်းချင်းက ဘူးသီးခြောက်ကိုဆက်မဖွင့်တော့ဘဲ

ရပ်တန့်လိုက်ပြီး...

"ဘာဖြစ်လို့လဲ..."

ဟု မေးလိုက်သည်။

ဝူကျိုးချီက...

"ဒီ ဘူးသီးခြောက်က မိစ္ဆာဘူးသီးခြောက်ပဲ ၊ မင်း အဖုံးကို ဖွင့်

လိုက်တာနဲ့ အထဲက မိစ္ဆာဝိညာဉ်တွေထွက်လာလိမ့်မယ် ၊ မိစ္ဆာ

ဝိညာဉ်ဆိုတာမှ အထူးသန့်စင်လေ့ကျင့်ထားတဲ့ မိစ္ဆာဝိညာဉ်

တွေထွက်လာမှာ ၊ မင်း တာ့လော်အဆင့် မရောက်သေးဘူးဆို

ရင် ဘယ်လောက်ပဲ တန်ခိုးစွမ်းအားမြင့်မားပါစေ အဲဒီ မိစ္ဆာ

စွမ်းအားတွေက မင်းကို ထိန်းချုပ်သွားတဲ့ဒဏ်ကို ခံနိုင်ရည်ရှိ

မှာ မဟုတ်ဘူး..."

ဝူကျိုးချီစကားကြောင့် ဆန်းချင်းချင်း ဘူးသီးခြောက်ကို မဖွင့်

တော့ပေ။

ထို့နောက် သူမက ဟယ်ရှန်းထံသို့ ဘူးသီးခြောက်ကို လှမ်း

ပေးလိုက်ပြီး...

"ညီမလေးဟယ်ရှန်းက ကျွန်မကို ကယ်ခဲ့တာ ၊ ဒီဘူးသီး

ခြောက်ကို ညီမလေးကို လက်ဆောင်ပေးမယ်လေ..."

ဆန်းချင်းချင်း၏ စကားကိုကြားသည့်အခါ ဝူကျီးချီမှာ မနာလို

လွန်းသည့်အတွက် သေလောက်အောင် ခံစားလိုက်ရသည်။

သူသာ ထိုဘူးသီးခြောက်ကို ရမည်ဆိုလျှင် လျှို့ဝှက်ကျင့်စဉ်

တန်ခိုးစွမ်းအားများဖြင့် ပေါင်းစပ်ပြီး ကျန့်ယွမ်ကျီနတ်မင်းကြီး

နီးပါး တန်ခိုးစွမ်းအား မြင့်မားသွားမည် ဖြစ်လေသည်။ သူ့

အနေဖြင့် မိုးနှင့်မြေတွင် မည်သူ့ကိုမှာ ကြောက်စရာမလိုတော့

သည့် အနေအထား ရောက်သွားပေလိမ့်မည်။

ဤအခွင့်အရေးများသည် တာ့ယိကို ကယ်တင်ပြီးနောက် သူ

ရရှိရမည့် အခွင့်အရေးများဖြစ်လေသည်။ သို့သော်... ယခု

တော့ သူ့ကိစ္စကို ဝင်ရှုတ်သည့် မိန်းကလေး (၂)ယောက်ကိုသာ အပြစ်တင်ရတော့မည် ဖြစ်သည်။

ဝူကျီးချီက သူ့ကိုယ်သူအပြစ်မမြင်ဘဲ မိန်းကလေး (၂)ယောက်ကိုသာ ဒေါသထွက်လျှက် ရှိလေတော့သည်။

ဟယ်ရှန်းက သူမထံတွင် ဆရာဆန်းလျန်ပေးထားသည့် ရတနာပစ္စည်းများရှိနေသည့်အတွက် ဆန်းချင်းချင်းပေးသည့် ဘူးသီးခြောက်ကို သိပ်ပြီး စိတ်မဝင်စားပေ။

ဟယ်ရှန်းက...

"ဒီပစ္စည်းက ဆန်းမိန်းကလေး ရသင့်တဲ့ပစ္စည်းပဲ ၊ ကျွန်မ မယူဝံ့ပါဘူး..."

ဆန်းချင်းချင်းသည် မင်းမျိုးမင်းနွယ်တွင်မွေးဖွားလာခဲ့သည့် မင်းသမီးတစ်ပါး ဖြစ်လေသည်။

ထို့ပြင် သူမက လီချင်းဆွေနှင့်လည်း နီးစပ်သူဖြစ်လေရာ လူ့လောကတွင်လည်း အမြင့်ဆုံးအဆင့် နေထိုင်ခဲ့ရသလို ၊

နတ်ဘုရားတို့၏လောကတွင်လည်း အမြင့်ဆုံးအဆင့် နေထိုင်ရသူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့်… သူမက ရှားပါးရတနာပစ္စည်းများအပေါ်တွင် သိပ်ပြီး တန်ဖိုးမထားတတ်သလို မက်မောခြင်းလည်း မရှိပေ။

ဟယ်ရှန်းက သူမကို ကူညီခဲ့သည့်အတွက် ကျေးဇူးဆပ်ရန် ရည်ရွယ်ကာ ဘူးသီးခြောက်ကို လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

သို့သော်… ဟယ်ရှန်းက သူမပေးသည့်လက်ဆောင်ကို စိတ်မဝင်စားသည်ကို တွေ့လိုက်ရသည့်အခါ သူက ဟယ်ရှန်းကို တခြားနည်းလမ်းဖြင့်သာ ကျေးဇူးဆပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဆန်းချင်းချင်းက ကလေးဆန်ပြီး သွက်လက်သူဖြစ်သော်လည်း ဟယ်ရှန်း၏ တည်ငြိမ်အေးဆေးသူ ဖြစ်သည်။ သူတို့ (၂)ယောက်ကိုကြည့်ရသည်မှာ ဆန့်ကျင်ဘက်ဖြစ်နေသည့်

တိုင် ဆန်းချင်းချင်းကတော့ ဟယ်ရှန်းကို အလွန်သဘောကျမိလေသည်။

ထို့နောက် မိန်းကလေး (၂)ယောက်သည် ရယ်မောစကားဆိုရင်းဖြင့် ချင်းရှတောင်သို့ ရောက်ရှိလာကြသည်။

သူတို့က ချင်းရှကျောင်းတော်သို့ ရောက်သည်နှင့် ဆန်းလျန်ကို ချက်ချင်းပင် ဝင်ရောက်တွေ့ဆုံလိုက်ကြသည်။

ချင်းရှကျောင်းတော်ခန်းမထဲတွင် ဆန်းလျန်က ခန်းမအလယ်တွင်ထိုင်နေပြီး ကူးဝေဝေနှင့်အခြားသူများက ဆန်းလျန်၏ဘေးတစ်ဖက်တစ်ချက်တွင် ထိုင်နေကြလေသည်။

ထိုအချိန် အပြင်ဘက်မှ အလင်းတန်းတစ်ခု ဝင်ရောက်လာပြီး ဆန်းလျန်၏ ခန္ဓာကိုယ်ထဲသို့ ရုတ်တရက် ဖြတ်သန်းဝင်ရောက်သွားလေသည်။ ထိုအလင်းတန်းက ဆန်းလျန်အနောက်ဘက်ရှိ နံရံတွင် လုံး၀ အရိပ်ထင်ခြင်း မရှိပေ။

ဆန်းချင်းချင်းက ဆန်းလျန်နှင့် မဆုံရသည်မှာ အတော်လေး ကြာနေခဲ့ပြီ ဖြစ်သည်။

ဆန်းလျန် အများကြီးပြောင်းလဲသွားပြီ ဖြစ်သော်လည်း ဆန်းချင်းချင်းကတော့ ကျော်ကြားလှသည့် ဆန်းလျန်ထျန်းကျွင်းကို ကြောက်ရွံ့ခြင်း မဖြစ်မိပေ။

ထို့ကြောင့် အလင်းတန်းဖြင့် ဆန်းလျန်ကို တိုက်ခိုက်ရင်း စနောက် လိုက်ခြင်း ဖြစ်သည်။

ထို့နောက်... ဆန်းချင်းချင်းက ငှက်ငယ်လေးတစ်ကောင် အလား ခန်းမထဲသို့ ဆတ်ဆလူးခါ ဝင်ရောက်လာပြီး...

"ဆန်းလျန်... ၊ မမချင်းဆွေက အမှာစကားပါးလိုက်တယ် ၊ ချင်းဆွေထျန်းကောင်းကင်ဘုံမှာ ဟွင့်ယွမ်တာအိုသစ်သီး ဖွင့်လှစ်ပြသတာကို နားထောင်ဖို့ အရောက်လာခဲ့ပါတဲ့..."

ဆန်းလျန်က အေးအေးဆေးဆေးပင် ပြုံးလိုက်ပြီး လက်နှစ်ချောင်းဖြင့် တန်ခိုးစွမ်းအားထုတ်လွှတ်ကာ ခန်းမ၏ ဘယ်

ဘက်ခြမ်းတစ်နေရာတွင် ကြမ်းခင်းအဝတ်လေးတစ်ခု

ဖန်ဆင်းလိုက်သည်။

"မင်း အဝေးကြီးကနေရောက်လာရတာ ၊ အေးအေးဆေးဆေး

ထိုင်ပါဦး..."

ဆန်းချင်းချင်းက အားနာနေဟန်မရှိဘဲ လွတ်လပ်ပေါ့ပါးစွာပင်

ဝင်ထိုင်လိုက်လေသည်။

ထို့နောက် ဟယ်ရှန်းက ဝူကျီးချီကို ခေါ်ပြီး ခန်းမအတွင်းသို့

ဝင်လာသည်။

သူမက ဆန်းလျန်ကို ဂါရဝပြုလိုက်ပြီး...

"ဆရာ... မိစ္ဆာမျောက်ဝံကြီးကို ကျွန်မ ဖမ်းခဲ့ပါပြီ..."

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ဆန်း

ချင်းချင်း၏ နံဘေးတွင် နောက်ထပ် ကြမ်းခင်းအဝတ်တစ်ခုကို

ဖန်ဆင်းလိုက်သည်။

ဟယ်ရှန်းက ကြမ်းခင်းအဝတ်ပေါ်တွင် ဝင်ထိုင်လိုက်လေသည်။

ယခုတော့ ခန်းမထဲတွင် ဒူးထောက်ထိုင်နေသည့် ဝူကျီးချီတစ်ယောက်သာ ရှိလေတော့သည်။

သူက ငိုကြွေးနေပြီး ဆန်းလျန်ကို အကြိမ်ကြိမ် ကုန်းဦးချပြီး တောင်းပန်လျှက် ရှိသည်။

"သခင်... ကျွန်တော် မှားသွားပါတယ်၊ မှားသွားပါတယ်..."

ဆန်းလျန်က တည်ကြည်သည့်မျက်နှာထားဖြင့်...

"မင်း အရင်က ကြိုးစားကျင့်ကြံခဲ့တဲ့ မျက်နှာထောက်ပြီး မင်းကို တစ်ခါတည်းရှင်းမပစ်ဘဲ တောင်ပေါ်ကို ခေါ်လာပြီး အခွင့်အရေးပေးခဲ့တယ်၊ ဒါပေမဲ့ မင်းရဲ့ ရက်စက်တဲ့စိတ်နဲ့ အကျိုးအမြတ်နည်းနည်းလေးအတွက်နဲ့ လောဘတက်တတ်တဲ့စိတ်က ပြောင်းလဲမသွားဘူး၊ အခုတော့ ချင်းရှတောင်မှာ မင်းကို ဆက်ပြီး လက်ခံမထားနိုင်တော့ဘူး..."

ဝူကျီးချီက ထိတ်လန့်တုန်လှုပ်စွာဖြင့်...

"ကျွန်တော် အမှားအကြီးကြီး ကျူးလွန်ခဲ့တယ်ဆိုတာ သိပါတယ်၊ ကျွန်တော့်ကို ပြန်လည်ပြုပြင်ဖို့ အခွင့်အရေးပေးပါ၊ နောက်ပိုင်းကျရင် ကျွန်တော် ပြုလုပ်ခဲ့သမျှအပြစ်တွေအတွက် အကုန်လုံးပြန်ပေးဆပ်ပါ့မယ်..."

ဝူကျီးချီက ဆန်းလျန်ကို အသနားခံသည့်အကြည့်ဖြင့် ကြည့်ရင်း တောင်းပန်နေလေတော့သည်။

အခန်း (၉၇၉) နဂါးငွေ့တန်း၏ရေတပ်စစ်ဗိုလ်ချုပ်

ဝူကျီးချီ ဝမ်းနည်းစွာဖြင့် အသနားခံနေသည်ကိုကြည့်ပြီး ကူး

ဝေဝေ သနားသွားမိလေသည်။

သူမက ပင်ကိုယ်စိတ်ထား နူးညံ့သည့် မိန်းကလေးတစ်ယောက်

ဖြစ်လေသည်။ ထို့ပြင်… ဝူကျီးချီ ပြုလုပ်ခဲ့သည့် မကောင်းမှု

များကိုလည်း သူမ၏မျက်လုံးဖြင့် ကိုယ်တိုင်တွေ့မြင်ခဲ့ရခြင်း

မရှိလေရာ ဝူကျီးချီအပေါ် သနားစိတ်ဖြစ်နေမိလေသည်။

"မောင်လေး… ၊ သူ့ကို တောင်အနောက်ဘက်မှာ တံခါးပိတ်

ကျင့်ကြံခိုင်းပြီး သူ့လုပ်ရပ်အတွက် ပြန်ပြီး စဉ်းစားသုံးသပ်ဖို့

အခွင့်အရေးပေးလိုက်ပါလား…"

ဆန်းလျန်က…

"တကယ်တော့ ကျွန်တော်က သူ့ကို တောင်တံခါးမှာ အစောင့်

ချထားတာ အကြောင်း (၂)ချက်ရှိတယ် ၊ ပထမအချက်က သူ့

ရဲ့ ခန္ဓာကိုယ်ကို ပိုပြီးသန်မာအောင် ကျင့်ကြံစေချင်လို့ပဲ ၊

ဒုတိယအချက်က သူရဲ့ မူလဇာစ်မြစ်ကောင်းမွန်တယ် ၊ ဒါ

ကြောင့် တောင်တံခါးမှာ အစောင့်လုပ်ဖို့ သင့်တော်တယ်လို့ ယူဆခဲ့တာ ၊ ဒါပေမဲ့ အခုတော့ မဖြစ်နိုင်တော့ဘူး ၊ သူက ဟယ်အိမ်တော်တစ်ခုလုံးကို သတ်ဖြတ်ပစ်လိုက်တယ် ၊ ဟယ် မျိုးနွယ်တွေဆိုတာ စွင့်တိဧကရာဇ်ရဲ့အနွယ်တော်တွေပဲ ၊ ဒီ လောက်ကြီးလေးတဲ့အပြစ်ကို ကျူးလွန်တာ သူ့ကို ကျုပ် ကိုယ်တိုင်တောင် သတ်ပစ်သင့်တယ်..."

ဆန်းလျန် ရှင်းပြသည်ကို နားထောင်ပြီးသည့်နောက် ကူးဝေဝေ က ဝူကျီးချီဘက်မှ တောင်းပန်ပေးခြင်း မပြုတော့ပေ။

ဆန်းလျန်က ဝူကျီးချီကို ကြည့်လိုက်ပြီး...

"ဝူကျီးချီ ၊ မင်းက ကျုပ်အမိန့်ကို မနာခံရုံသာမက အပြစ်ကြီး ကိုပါ ကျူးလွန်ခဲ့တယ် ၊ မင်းကို လမ်းမှန်ရောက်အောင် ကျုပ် မိစ္ဆာစွမ်းအားတွေကို ဖြတ်တောက်ပစ်လိုက်မယ် ၊ လက်ခံ သလား..."

ဆန်းလျန် သူ့ကို မသတ်ဖြတ်တော့ကြောင်း သိရှိလိုက်သည့်အတွက် ဝူကျီးချီ ချက်ချင်းပင် ခေါင်းညိတ်သဘောတူလိုက်သည်။

"လက်ခံပါတယ်၊ လက်ခံပါတယ်..."

ဝူကျီးချီက ဆန်းလျန်ပြောသည်ကို လက်ခံလိုက်သည်နှင့် ဆန်းလျန်က လက်ဝါးဖောင်းကို ဓားသွားပုံသဏ္ဌာန်ပြုလုပ်ပြီး ဝူကျီးချီ၏ ခန္ဓာကိုယ်ကို ဖြတ်တောက်လိုက်လေသည်။

ဝူကျီးချီ၏ခန္ဓာကိုယ်မှာ ရုတ်တရက် ပေါ့ပါးသွားသလိုခံစားလိုက်ရပြီး တန်ခိုးစွမ်းအားများလည်း ပျောက်ဆုံးသွားသလိုခံစားလိုက်ကြရသည်။

ဆန်းလျန်က ဟွင့်ယွမ်ရွှေဇလားနည်းလမ်းကို အသုံးပြုပြီး ဝူကျီးချီ၏ မိစ္ဆာစွမ်းအားများကို ဖြတ်တောက်ပစ်လိုက်သည်ကို ဝူကျီးချီက သိရှိခြင်း မရှိပေ။

ဟွင့်ယွမ်ဝူကျီမှာ ဓမ္မ၏ နောက်ဆုံးသောအဓိပ္ပါယ်ဖြစ်ပြီး ဝူ

ကျီးချီမှာ တာ့လော်အဆင့်ကျင့်ကြံသူတစ်ယောက် ဖြစ်သည့်

တိုင် ယခုကဲ့သို့ ဖြတ်တောက်ခံလိုက်ရပြီးသည့်နောက် တန်ခိုး

စွမ်းအားများ တစ်ဝက်ခန့် ပျက်စီးသွားရလေသည်။

တာအိုဝါဒဆိုသည်မှာ မိုးနှင့်မြေ၏ သဘာဝတရားကို နားလည်

ခြင်း ဖြစ်သည်။

တာအိုစကားဖြင့် ပြောမည်ဆိုလျှင် "အဝိဇ္ဇာကိုဖြတ်တောက်ပြီး

တာအိုနှင့်ပေါင်းစပ်ခြင်း" ဟု ပြောဆိုနိုင်လေသည်။

ဝူကျီးချီအနေဖြင့် မိစ္ဆာစွမ်းအားကို ဖြတ်တောက်ခံလိုက်ရ

သည့်အတွက် တာအိုတရားကို သိရှိရန် ရှေ့လျှောက်

အခွင့်အလမ်းများပြားမည် ဖြစ်လေသည်။

သို့သော်... သူ၏ တန်ခိုးစွမ်းအားတစ်ဝက်ခန့်မှာ ဖြတ်တောက်

ခံလိုက်ရသည့်အတွက် နှစ်ပေါင်းတစ်သောင်းကျော် ပြန်လည်

ကျင့်ကြံမည်ဆိုလျှင်တောင် မူလအတိုင်း တန်ခိုးစွမ်းအားများ ပြန်လည်ရရှိနိုင်ရန် ခဲယဉ်းသွားပြီ ဖြစ်လေသည်။

လက်ရှိအချိန်တွင်တော့ ဝူကျီးချီ မည်သို့ဖြစ်သည်ကို သိရှိဦးမည် မဟုတ်သေးပေ။ သို့သော်... နောင်ပိုင်းတွင်တော့ ဆန်းလျန် သူ၏ မိစ္ဆာစွမ်းအားများကို ဖြတ်တောက်ပေးခြင်း၏ အကျိုးကျေးဇူးကို သူ သိရှိနားလည်သွားပေလိမ့်မည်။ သူနားလည်သွားလျှင် နောက်ပိုင်းတွင် ဆန်းလျန်ကို ကျေးဇူးတင်ပေလိမ့်မည်။ ထိုအခါ သူ့ဘဝသည်လည်း ပြန်လည်ရှင်သန်လာပေလိမ့်မည်။

ဆန်းလျန်က ဝူကျီးချီ၏ မိစ္ဆာစွမ်းအားများကို ဖြတ်တောက်လိုက်ပြီးသည့်နောက်...

"တောင်ပေါ်ကနေ ဆင်းသွားတော့၊ နောက်ဘယ်တော့မှ ကျုပ် နာမည်ကို အခြားသူတွေရှေ့မှာ ထုတ်မပြောနဲ့၊ ပြောမိလို့

ကျုပ်သိသွားရင် မင်းကို ဘယ်တော့မှ နလံမထူနိုင်အောင် လုပ်ပစ်မယ်..."

ဝူကျီးချီက တောင်ပေါ်မှ တော်တော်နှင့် မဆင်းနိုင်သေးဘဲ ဆန်းလျန်ကို အကြိမ်ကြိမ် ဦးချရှိခိုးလျှက် ရှိလေသည်။

နောက်ဆုံး ဆန်းလျန်က စိတ်မရှည်တော့ဘဲ လက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေရာ မျောက်ဝံမိစ္ဆာကြီးမှာ လေနှင့်အတူလွင့်မျောသွားပြီး မည်သည့်နေရာသို့ ရောက်ရှိသွားမှန်း မသိရတော့ပေ။

ထို့နောက် ဆန်းလျန်က...

"ဟယ်ရှန်း..."

ဟု ခေါ်လိုက်လေသည်။

ဟယ်ရှန်းက ...

"တပည့်ရှိပါတယ်..."

ဆန်းလျန်က...

"ကျုပ် မင်းကို ပြန်လည်မွေးဖွားခြင်းဂါထာသင်ပေးလိုက်မယ် ၊ အဲဒါကို သေချာမှတ်ထားပါ ၊ ပြီးရင် ကျိုးယီတောင်ကို သွားပြီး ဟယ်အိမ်တော်က သေဆုံးသွားတဲ့လူတွေရဲ့ ဝိညာဉ်တွေကို လူပြန်ဝင်စားစေလိုက်ပါ..."

ဆန်းလျန်၏ စကားကို ဟယ်ရှန်းက သဘောတူလက်ခံလိုက်သည်။

ဆန်းလျန် မပြောလျှင်လည်း ဟယ်အိမ်တော်၏ ဇာပနကို မည်သို့ ပြုလုပ်ရသည်ကို ဟယ်ရှန်းက ဆန်းလျန်ကို မေးမြန်းရန် ကြံစည်ထားမိလေသည်။

ယခုတော့ ဆန်းလျန်က သူမကို ပြန်လည်မွေးဖွားခြင်းဂါထာ သင်ပေးလိုက်ပြီး ဟယ်အိမ်တော်မှ လူအများ၏ ဝိညာဉ်ကို လူပြန်ဝင်စားစေမည် ဖြစ်လေရာ ထို့ထက်ကောင်းသည့် နည်းလမ်း မရှိနိုင်တော့ပေ။

ပြန်လည်မွေးဖွားခြင်းဂါထာက ခက်ခဲသည့် ဂါထာတစ်ပုဒ်

မဟုတ်ပေ။ ဟယ်ရှန်း ချက်ချင်းပင် သင်ယူတတ်မြောက်သွား

ပြီး ကျိုးယီတောက်ထိပ်သို့ ပြန်လည်ထွက်ခွာသွားလေ

တော့သည်။

ကူးဝေဝေက ...

"သူက တကယ်တော်တဲ့ တပည့်ကောင်းလေးပဲ ၊ ဒါပေမဲ့

အောင်မြင်တဲ့ကျင့်ကြံသူတစ်ယောက် ဖြစ်နေခဲ့တာ နှမျောစရာ

ပဲ..."

ကူးဝေဝေဆိုလိုသည့်အဓိပ္ပါယ်ကို ဆန်းလျန် နားလည်လိုက်

သည်။

ဟယ်ရှန်းက နတ်ဘုရားတစ်ပါးဖြစ်နေပြီ ဖြစ်လေရာ ထိုက်ရှီး

နည်းဗျူဟာကျင့်စဉ်ကို ဆက်ခံသူဖြစ်မလာနိုင်တော့

သည့်အတွက် ကူးဝေဝေက နှမျောနေမိခြင်း ဖြစ်သည်။

ဆန်းလျန်က...

"အစ်မ... ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို တာအိုဝါဒရဲ့ အခြေခံအဖြစ် အသုံးပြုချင်တယ်၊ ချင်းရှမ်နတ်တံခါးက လက်ဆင့်ကမ်းခဲ့တဲ့ ကျင့်စဉ်တစ်ခုအဖြစ်ကနေ ခွဲထွက်ချင်တယ် လို့ အရင်က ပြောခဲ့ဖူးတယ်နော်၊ အခု ကျင်းချင် အတိတ်ကို ပြန်သတိရနေပြီ၊ အစ်မ မေးချင်ရင် သူ့ကို မေးကြည့်လို့ရနေပြီ..."

ကူးဝေဝေက ပြုံးလိုက်ပြီး...

"မင်းက ငါ့ကိစ္စတွေဆိုရင် နည်းနည်းလေးတောင် ဂရုမစိုက်ဘူးနော်၊ ငါ ကျင်းချင်ကို အစောကြီးကတည်းက မေးပြီးသွားပြီ၊ သူက သဘောတူတယ်လို့ ပြောတယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မြန်လိုက်တာ..."

ဟုသာ ပြောလိုက်မိသည်။

ကူးဝေဝေ ချန်ကျင်းချင်နှင့် စကားပြောပြီးသွားပြီကို ဆန်းလျ
န် တကယ်ပင် မသိခဲ့ပေ။

ဆန်းလျန်က စကားပြောရန် ဟန်ပြင်လိုက်သော်လည်း မည်
သည့်စကားပြောရမှန်းမသိဖြစ်နေမိသည်။

ဆန်းလျန်က တန်ခိုးစွမ်းအားမြင့်မားပြီး လောက၏
အကြောင်းအရာအတော်များများကို သိရှိသော်လည်း အချို့
အသေးအဖွဲ့အရာလေးများကိုတော့ သူ အဘယ်မှာ သိရှိနိုင်ပါ
မည်နည်း။

အရာအားလုံးကို နှိုက်နှိုင်ချွတ်ချွတ်သိအောင် လိုက်လံ
ကြိုးစားနေလျှင်လည်း လောကကြီးက အလွန်ပျင်းစရာ
ကောင်းနေပေလိမ့်မည်။

ထိုအချိန်တွင် ... ဆန်းချင်းချင်းက...

"ဆန်းလျန် ၊ ရှင် ဘယ်တော့လောက် ကျွန်မနဲ့ ချင်းဆွေထျန်း
ကောင်းကင်ဘုံကို လိုက်ခဲ့မှာလဲ..."

ဆန်းလျန်က…

"မင်း အလျင်လိုစရာကိစ္စများ ရှိလို့လား…"

ဆန်းချင်းချင်းက…

"မရှိပါဘူး ၊ မမချင်းဆွေက လူ့လောကမှာနေဖို့ လဝက်တောင်ခွင့်ပြုထားတာ ၊ ရောက်တုန်းရောက်ခိုက် လျှောက်လည်ဖို့စဉ်းစားထားသေးတယ်…"

ဆန်းလျန်က လက်ခုပ်တစ်ချက်တီးလိုက်ပြီး…

"ဟုတ်ပြီ… ကျုပ်လည်း မင်းနဲ့အတူ လျှောက်လည်မယ်…"

ဆန်းချင်းချင်းက မယုံမကြည်ဖြင့် ဆန်းလျန်ကို ကြည့်လိုက်ပြီး…

"ကျွန်မနဲ့ နှစ်ယောက်တည်း ရှင်က လျှောက်လည်မလို့လား…"

ဆန်းလျန်က ရယ်မောလိုက်ပြီး ကူးဝေဝေကို လှမ်းကြည့်လိုက်သည်။

"ဂိုဏ်းတူအစ်မလည်း လိုက်မှာပေါ့…"

ကူးဝေဝေက တစ်ချက်ပြုံးလိုက်ရင်း...

"ကောင်းပြီလေ..."

ဟု ပြောလိုက်လေသည်။

ထို့နောက် ဆန်းလျန်က မသိသလို လေသံဖြင့်...

"လောကအလယ်လှည့်လည်ပြီး အရည်အချင်းရှိတဲ့ အလှလေး တွေကို ရှာဖွေရမယ်၊ ဂိုဏ်းတူအစ်မ တပည့်မွေးရအောင်လို့ ပေါ့..."

ကူးဝေဝေက...

"ငါ့အတွက် တပည့်ဟုတ်လား..၊ အေးပါ... မင်းတပည့် ကျင်း ချင်ထက်သာအောင် ငါက သင်ပေးလိုက်ဦးမယ်..."

ဆန်းလျန်က...

"ဒါကတော့ လုံးဝ မဖြစ်နိုင်ဘူးနော်..."

ဆန်းလျန်စကားကြောင့် ကူးဝေဝေ ရယ်မောလိုက်လေသည်။

....

ဝူကျီးချီ ချင်းရှုတောင်ပေါ်မှ ဆင်းလာလေသည်။

သူ့ရင်ထဲတွင် ဝမ်းသာခြင်းထက် ဝမ်းနည်းခြင်းက ကြီးစိုးလျှက် ရှိသည်။ သူ့ပုံစံက လက်ရှိအခြေအနေများနှင့် အသားမကျသလို ခံစားနေရသည်။

အတိတ်အချိန်က သူ့ရန်သူများ သူ့ကို လာရောက်တိုက်ခိုက်ကြလျှင် သူတော့ ဒုက္ခလှလှတွေ့မည် ဖြစ်လေသည်။ သူ၏ရန်သူများအားလုံးက အဆင့်မြင့်နတ်မိစ္ဆာများ ဖြစ်ကြလေရာ သူ့အနေဖြင့် တန်ခိုးစွမ်းအားများ လျော့နည်းနေသည့်အတွက် ခုခံကာကွယ်နိုင်မည် မဟုတ်ပေ။

ဆန်းလျန်၏ အမည်ကိုအသုံးပြုပြီး သူ့ကိုယ်သူ ကာကွယ်ခြင်းလည်း ပြုလုပ်နိုင်ခြင်း မရှိတော့လေရာ သူ့အနေဖြင့် အန္တရယ်ရင်ဆိုင်ရနိုင်ဖွယ် ရှိသည်။

ဝူကျီးချီ တစ်ခဏမျှ စဉ်းစားနေခဲ့လေသည်။

သူ့အနေဖြင့် လုံခြုံသည့် နေရာတစ်နေရာ ရှာဖွေပြီးနေထိုင်

လျှင်တောင်မှ သူ၏ရန်သူများက သူမည်သည့်နေရာတွင်ရှိမည်

ကို ခန့်မှန်းသိရှိသွားကြမည် ဖြစ်သည်။

ဝူကျီးချီ ကောင်းကင်ကို အချိန်ကြာမြင့်စွာ မော့ကြည့်နေခဲ့

သည်။ ထို့နောက် နဂါးငွေ့တန်းကို ဖြတ်ကျော်ပြီး

မိုးကောင်းကင် တောင်ဘက်တံခါးသို့ ထွက်ခွာလာခဲ့လေ

တော့သည်။

သူက ခေါင်းကိုငုံ့လိုက်ပြီး မိုးကောင်းကင်တောင်ဘက်တံခါး

အတွင်းသို့ ဝင်ရောက်လိုက်လေသည်။

ထိုအချိန်မှာပင်... အလွန်သန့်စင်သည့် အသက်ဓာတ်စွမ်းအား

လှိုင်းလုံးကြီးများက ဒီရေအလား မြင့်တက်လာပြီး ဝူကျီးချီ ရှိ

ရာသို့ အလုံးအရင်းနှင့် ဝင်ရောက်လာလေသည်။

စက္ကန့်အနည်းငယ်ကြာပြီးနောက်... နတ်စစ်သည်များခြံရံပြီး

တာအိုဆရာ(၄)ယောက် ထွက်ပေါ်လာကြသည်။ နတ်စစ်သည်

များက ဝူကျီးချီကို ချက်ချင်းပင် ဝန်းရံထားလိုက်ကြလေသည်။

တာအိုဆရာ (၄)ယောက်၏ တန်ခိုးစွမ်းအားက အလွန်တရာ နက်ရှိုင်းသည်ကို သိလိုက်ရသည့်အခါ ဝူကျီးချီ ကြောက်ရွံ့တုန်လှုပ်သွားလေသည်။ နတ်စစ်သည်များမှာလည်း မရေမတွက်နိုင်အောင်များပြားလေရာ သူ့အနေဖြင့် မည်သို့ ရင်ဆိုင်နိုင်ပါမည်နည်း။

ထို့ကြောင့် ဝူကျီးချီက အလျှင်အမြန် ပြောလိုက်သည်။

"နားလည်မှုလွဲတာပါ၊ ကျုပ်က ရှေးဟောင်းရေစွမ်းအား နတ်မိစ္ဆာ မျောက်ဝံကြီး ဝူကျီးချီပါ၊ ကျုပ်က အခု ရွှမ်ဟွမ်မိုးနတ်မင်းဆီမှာ ခိုလှုံခွင့်တောင်းချင်လို့ပါ..."

တာအိုဆရာ (၄)ပါးမှာ ကောင်းကင်ဘုံကို စောင့်ရှောက်သည့် နတ်မင်းကြီး (၄)ပါး ဖြစ်လေသည်။

နတ်မင်းကြီးကျန်းက...

"ဝူကျီးချီ ဟုတ်လား ၊ လွန်ခဲ့တဲ့ရက်တွေက မင်း ဆန်းလျန်ထျန်းကျွင်းဆီမှာ အလုပ်လုပ်နေတယ်လို့ သတင်းကြားထားတာ ၊ အခု ဘယ်လိုလုပ် ကောင်းကင်ဘုံကို ရောက်လာရတာလဲ..."
ဆန်းလျန်ထျန်းကျွင်းမှာ ရွှမ်တုတောက်ကျွင်းထက်ပင်သာလွန်သည့် လောကပထမ နတ်ဘုရားတစ်ပါး ဖြစ်လေရာ ဆန်းလျန်ထျန်းကျွင်းကို စွန့်ခွာပြီး ကောင်းကင်ဘုံနန်းတော်သို့ လာရောက်ခိုလှုံခြင်းမှာ ယုံကြည်နိုင်စရာ အကြောင်းမရှိပေ။
ဝူကျီးချီက...
"ကျုပ် တကယ် ရိုးရိုးသားသားစိတ်နဲ့ လာခဲ့တာပါ ၊ ကျုပ် ဒုက္ခလည်းရောက်နေတာပါ ၊ ကျေးဇူးပြုပြီး ရွှမ်ဟွမ်မိုးနတ်မင်းကို အကြောင်းကြားပေးကြပါလား..."
နတ်မင်းကြီးကျန်းက အနည်းငယ် တွန့်ဆုတ်နေပြီး နတ်မင်းကြီးရှီးကို လေသံတိုးတိုးဖြင့် လှည့်ပြောလိုက်သည်။
"မိုးနတ်မင်းကို မင်း သွားပြောလိုက်ပါလား..."

နတ်မင်းကြီးရှီးလည်း ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဘုရင်ရှစ်ပါးနန်းတော်သို့ ထွက်ခွာလာခဲ့လေသည်။

ဘုရင်ရှစ်ပါးနန်းတော်ထဲတွင်တော့ တိမ်တိုက်သလွန်ထက်တွင် စံမြန်းနေသည့် ရှမ်တုတောက်ကျွင်းကို တွေ့မြင်ရလေသည်။

ရှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားများက လောကတွင် တည်ရှိနေသော်လည်း မတည်ရှိသည့်အလား အလွန်သိမ်မွေ့နူးညံ့လျှက် ရှိလေသည်။

နတ်မင်းကြီးရှီး မည်သည့်ကိစ္စကိုမှ လျှောက်တင်ရသေးခင်မှာပင် ရှမ်တုတောက်ကျွင်းက မျက်လုံးများကို ဖွင့်ကြည့်လိုက်ပြီး စတင်စကားပြောလိုက်သည်။

"မင်း ရောက်လာရတဲ့ အကြောင်းရင်းကို ကျုပ်သိပြီးပါပြီ ၊ ကျုပ်ဆီက ခွင့်ပြုချက်လာတောင်းတာမလား ၊ အဲဒီ ဝူကျီးချီကို နဂါးငွေ့တန်းရဲ့ ရေတပ်မှာစစ်ဗိုလ်ချုပ်ရာထူး ပေးလိုက်ပါ ..."

နတ်မင်းကြီးရှီးက တစ်ချက်တွေးလိုက်သည်။

"အင်း... ဝူကျီးချီက ကြမ်းတမ်းတဲ့ ရေစွမ်းအားမိစ္ဆာတစ်ပါးပဲ ၊ နဂါးငွေ့တန်းမှာ စစ်ဗိုလ်ချုပ်ရာထူးပေးတယ်ဆိုတာ သင့်တော်ပါတယ်လေ..."

ရွှမ်တုတောက်ကျွင်းဆီမှ ခွင့်ပြုချက်ရသည်နှင့် ရှီးနတ်မင်းကြီး မိုးကောင်းကင်တောင်ဘက်တံခါးသို့ ပြန်ရောက်လာသည်။

ရွှမ်တုတောက်ကျွင်းက ဝူကျီးချီကို ကောင်းကင်ဘုံနန်းတော်တွင် နေရာပေးလိုက်သည့်အတွက် နတ်မင်းကြီးကျန်းနှင့် အခြားသူများ ပဟေဠိဖြစ်သွားကြသည်။

သို့သော်... နတ်မင်းကြီးရှီးကလည်း ရွှမ်တုတောက်ကျွင်း၏ အမိန့်ကို အတုလုပ်ပြီး လိမ်ညာပြောဆိုခြင်း မဖြစ်နိုင်လေရာ နောက်ဆုံးတော့ သူတို့က ဝူကျီးချီကို ကောင်းကင်ဘုံနန်းတော်သို့ ဝင်ခွင့်ပေးလိုက်ကြလေတော့သည်။

ဝူကျီးချီကတော့ အံ့အားသင့် ဝမ်းသာသွားပြီး ဘဝသစ်စတင်နိုင်ပြီဟု ခံစားလိုက်ရလေသည်။

သူ့စိတ်ထဲတွင် ရွှမ်တုတောက်ကျွင်းက သူ့ကို အဘယ့်ကြောင့်လက်ခံရသည်ကို သံသယများရှိနေသေးသည့်တိုင် သူ့အနေဖြင့် ကောင်းကင်ဘုံနန်းတော်တွင် ခိုလှုံခွင့်ရသည်မှာ အလွန်ပင်ကံကောင်းလှသည်ဟု တွေးတောနေမိလေတော့သည်။

အခန်း (၉၈၀) နတ်မိစ္ဆာတွေဝိုင်းထားတယ်

ဝူကျီးချီ ကိစ္စရပ်များကို သေသေချာချာ သိရှိခြင်း မရှိသော်လည်း အနည်းဆုံးတော့ ကောင်ကင်ဘုံနန်းတော်တွင် ခိုလှုံနိုင်ခဲ့ပြီ ဖြစ်လေသည်။

နောက်ခံအင်အားအသစ်ရရှိပြီဖြစ်သောကြောင့် သူ၏ စိုးရိမ်စိတ်များလည်း ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ထို့ပြင်... ကောင်းကင်ဘုံနန်းတော်သည် အသက်ဓာတ်စွမ်းအားများ ပြည့်ဝသည့်နေရာတစ်ခု ဖြစ်ပြီး နတ်ဆေးများလည်း နေရာတိုင်းတွင်ရှိလေရာ သူ၏ တန်ခိုးစွမ်းအားများပင် လျှင်မြန်စွာ ပြန်လည်ပြည့်ဝလာနိုင်လေသည်။

ထို့ကြောင့် ဝူကျီးချီက ရသည့်အခွင့်အရေးကို အလျှင်အမြန်ပင်လက်ခံလိုက်သည်။ ရေစွမ်းအာကို အသုံးပြုရမည့် ရေတပ်တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ရရှိသည့် ရာထူးက သူနှင့်လည်း ကိုက်ညီလေသည်။

ထို့ကြောင့်... နဂါးငွေ့တန်းရေတပ်တွင် ဝူကျီးချီ တက်တက်ကြွ ကြွဖြင့် တာဝန်ထမ်းဆောင်လျှက် ရှိလေတော့သည်။
မျက်စိတစ်မှိတ်အတွင်းမှာပင်... လဝက်ဆိုသော အချိန်က ကုန်ဆုံးသွားခဲ့ပြီ ဖြစ်သည်။
ဝူကျီးချီသည် နဂါးငွေ့တန်းရေတပ်တွင် အလုပ်လုပ်နေစဉ် သူ့ ရင်ထဲတွင် ထူးဆန်းသည့် ခံစားချက်တစ်ခုကို ခံစားလိုက်ရ သည်။
ထို့ကြောင့် သူက အရှေ့ဆီသို့ လှမ်းကြည့်လိုက်သော်လည်း မည်သည့်ထူးခြားချက်မှ မတွေ့ရပေ။
သို့သော်... ထူးဆန်းသိမ်မွေ့သည့်အသံတစ်သံက မည်သည့် နေရာကမှန်းမသိ ထွက်ပေါ်လာပြီး နဂါးငွေ့တန်းအခြား တစ်ဖက်တွင် ရေလှိုင်းများ ထက်ပိုင်းကွဲသွားပြီး ရေလှိုင်းများ အတွင်းမှ တံခါးတစ်ချပ် ထွက်ပေါ်လာလေသည်။

ကြည်လင်သည့် ပုံရိပ် (၂)ခုက ထိုတံခါးအတွင်းသို့ ဝင်ရောက်သွားပြီး တံခါးက ပြန်ပိတ်သွားလေသည်။

ထို့နောက် မည်သည့်ထူးခြားချက်ကိုမှ မတွေ့မြင်ရတော့ဘဲ မျက်စိတစ်မှိတ်အတွင်း အရာအားလုံးက ပုံမှန်အတိုင်း ပြန်ဖြစ်သွားလေတော့သည်။

တံခါးအတွင်းသို့ ဝင်ရောက်သွားသူများမှာ ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဆန်းလျန်နှင့် ဆန်းချင်းချင်းတို့ ဖြစ်လေသည်။

သူတို့ လောကအလယ်တွင် လဝက်ခန့် လည်ပတ်သွားလာပြီးနောက် ဆန်းလျန်က ကူးဝေဝေကို ချင်းရှတောင်တွင် ထားခဲ့ကာ ဆန်းချင်းချင်းနှင့်အတူ နဂါးငွေ့တန်သို့ ထွက်ခွာလာခဲ့ကြခြင်း ဖြစ်သည်။

သူတို့ ဝင်ရောက်သွားသည့်တံခါးမှာ အံ့ဖွယ်အမှုတံခါးဖြစ်ပြီး သူတို့က တံခါးကိုဖြတ်သန်းကာ ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ရောက်ရှိလာခဲ့ကြလေသည်။

တာအိုဆရာလီချင်းဆွေ သုံးခန္ဓာဖြတ်တောက်ပညာကို ကျင့်ကြံအောင်မြင်ပြီးသည့်နောက်ပိုင်း ဆန်းလျန် ပထမဆုံးအကြိမ် ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ရောက်ရှိလာခြင်းဖြစ်လေသည်။

ဆန်းချင်းချင်းက ဆန်းလျန်ကို လမ်းပြခေါ်ဆောင်သွားပြီး ကျွန်းလေးတစ်ကျွန်းရှိရာသို့ ရောက်ရှိလာသည်။

ထိုကျွန်းငယ်လေးထက်တွင် တာအိုနန်းတော်ကြီးတစ်ခုတည်ရှိနေပြီး လူသူတစ်ယောက်မှ မရှိသည့်အလား တိတ်ဆိတ်ငြိမ်သက်လျှက်ရှိသည်။

ရှင်းလင်းကြည်လင်နေပြီး စိတ်ဝင်စားစရာသိပ်မရှိသည့် နေရာတစ်ခု ဖြစ်လေသည်။

ဆန်းလျန်က ပုံမှန်လေသံဖြင့်...

"တာအိုဆရာချင်းဆွေက ဒီမှာ တစ်ယောက်တည်းနေတာ

လား..."

ဆန်းချင်းချင်းက...

"ကျွန်မလည်း နေတယ်လေ..."

ဆန်းလျန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဒီနေရာက တိတ်ဆိတ်နေတာပဲ..."

ဆန်းချင်းချင်းက...

"ကျွန်မလည်း ဒီမှာနေရာတာ အတော်လေးပျင်းတယ်၊ တာအို

ဆရာချင်းဆွေကို အရင်လိုပဲ အခြားနတ်ဘုရားတွေနဲ့ ခပ်နီးနီး

နေရာမှာ ပြန်နေဖို့ ထျန်းကျွင်း နားချပေးပါလား၊ အဲဒါဆို

လှုပ်လှုပ်ရှားရှားနဲ့ ပျော်စရာကောင်းမှာ..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"လောကမှာ သူ့ကို နားချနိုင်မယ့်သူ တစ်ယောက်မှ မရှိဘူး..."

စကားပြောဆိုရင်း သူတို့ (၂)ယောက် တာအိုနန်းတော်ကြီး

အတွင်းသို့ ဝင်ရောက်လာကြလေသည်။

ဆန်းလျန်နှင့် လီချင်းဆွေ မျက်လုံးချင်းဆုံလိုက်မိသည်။

သို့သော်... လီချင်းဆွေ၏ မျက်နှာအမူအရာက တစ်စက်

လေးပင် ပြောင်းလဲသွားခြင်း မရှိပေ။

ဆန်းလျန်ကတော့ လီချင်းဆွေကို ပြုံးပြလိုက်ပြီး...

"ကျုပ်တို့ မတွေ့တာ ကြာပြီနော်..."

လီချင်းဆွေက ဆန်းလျန်ကို စကားပြန်မပြောဘဲ လက်

တစ်ဖက်ဝှေ့ရမ်းလိုက်ပြီး ကြမ်းခင်းအဝတ်ငယ်တစ်ခုဖန်ဆင်း

လိုက်လေသည်။

ထို့နောက်... ဆန်းလျန်ကို နေရာတွင်ထိုင်ရန် လက်ဟန်ဖြင့်ပြ

လိုက်လေ၏။

ဆန်းလျန်က အားနာမနေတော့ဘဲ ကြမ်းခင်းအဝတ်လေးပေါ်

တွင် ဝင်ထိုင်လိုက်လေသည်။

ဆန်းချင်းချင်းမှာတော့ သိမ်မွေ့သည့် တန်ခိုးစွမ်းအားတစ်ခုက ဆန်းချင်းချင်းကို အဝေးသို့တွန်းထုတ်နေသည့်အလား ခံစားလိုက်ရပြီး မျက်စိတစ်မှိတ်အတွင်းမှာပင် တာအိုနန်းတော်ကြီး အပြင်ဘက်သို့ ရောက်ရှိသွားလေသည်။

ထို့နောက် တာအိုနန်းတော်တံခါးကြီး ပိတ်သွားပြီး အတွင်းထဲတွင် မည်သည့်အရာများဖြစ်ပျက်သည်ကို ဆန်းချင်းချင်း မသိရတော့ပေ။

သို့သော်... ဆန်းလျန်က လီချင်းဆွေကို ဒုက္ခပေးမည့်သူမဟုတ်ကြောင်း ဆန်းချင်းချင်းသိရှိသည့်အတွက် စိတ်ပူပန်ခြင်းတော့ မဖြစ်မိပေ။

ဆန်းချင်းချင်းထွက်သွားသည်နှင့် တာအိုနန်းတော်ကြီးအတွင်းပိုင်းတွင် အလင်းရောင်များ လင်းထိန်တောက်ပလာလေသည်။

ထို့နောက်... တာအိုဆရာလီချင်းဆွေ၏ ဦးခေါင်းထက်တွင် ကြည်လင်သည့် တိမ်တိုက်တစ်ခု ထွက်ပေါ်လာလေသည်။ ထို

တိမ်တိုက်မှ အလင်းတန်း (၃)ခု ထွက်ပေါ်လာပြီး အလင်းတန်းများက အဆက်မပြတ်လှည့်ပတ်နေပြီး တာအိုနှင့် ကာရံညီလျှက် ရှိသည်။

ဆန်းလျန်၏ ဦးခေါင်းထက်တွင်လည်း ကြည်လင်သည့် တိမ်တိုက်တစ်ခု ထွက်ပေါ်လာပြီး ထိုတိမ်တိုက်အတွင်းမှ အသက်ရှူသံအလား အသံများထွက်ပေါ်နေပြီး ပဟေဠိလည်း ဆန်လွန်းလှသည်။

လီချင်းဆွေ၏ ဦးခေါင်းထက်မှ အလင်းတန်းများက လျှင်မြန်သည်ထက်လျှင်မြန်စွာ လှည့်ပတ်နေပြီး အရာအားလုံးကို သိမ်းကျုံးယူဆောင်သွားတော့မည့် လေပွေမုန်တိုင်းအလားပင် ဖြစ်လေသည်။

ဆန်းလျန်၏ နဖူးထက်တွင် ချွေးများပျံလာပြီး မျက်နှာထက်သို့ ချွေးစများ စီးဆင်းကျလာသည်။ ဆန်းလျန်၏မျက်နှာသည် ချွေးစက်များဖြင့် တောက်ပလျှက် ရှိသည်။

ရုတ်တရက်… ဆန်းလျန်၏ပါးစပ်မှ ရှည်လျားသည့် ကြိုးဝါး

သံတစ်ချက်ထွက်ပေါ်လာပြီး သူ၏ ဦးခေါင်းထက်မှ

ကြည်လင်သည့်တိမ်တိုက်မှာ အရာအားလုံး အသစ်ဖြစ်တည်

သွားသည့်အလား ပြောင်းလဲသွားပြီး အဖြူရောင်နှင့်အနက်

ရောင် အလင်းတန်း (၂)ခု ထွက်ပေါ်လာသည်။

နောက်ဆုံးတွင်တော့ ဆန်းလျန်နှင့် ဆင်တူသည့် ကိုယ်ခွဲ (၃)ခု

ထွက်ပေါ်လာလေတော့သည်။ ထိုကိုယ်ခွဲများမှာ ထိုက်ချူး၊

ထိုက်စုနှင့် ထိုက်ရှီ ကိုယ်ခွဲများဖြစ်လေသည်။

ထိုအချိန်မှာပင် တာအိုဆရာလီချင်းဆွေ၏ နှုတ်ခမ်းများက

တဖြည်းဖြည်းပွင့်ဟလာပြီး ဂါထာတစ်ပုဒ်ကို စတင်ရွတ်ဆို

လေသည်။

သူမရွတ်ဆိုသည့်ဂါထာသည် နတ်ဘုရားတေးသံတစ်ခုအလား

သာယာလွန်းလှပြီး အချိန်ကာလကိုပင် တုန်လှုပ်သွားစေလေ

သည်။

တာအိုနန်းတော်ထဲမှ ထူးဆန်းသည့်အသံများထွက်ပေါ်လာ

သည့်အတွက် နန်းတော်အပြင်ဘက်မှ ဆန်းချင်းချင်း

စိတ်ဝင်စားသွားလေသည်။

ထို့ကြောင့် သူမက တာအိုနန်းတော်တံခါးမှ အတွင်းသို့

ချောင်းကြည့်လိုက်သည်။ သို့သော်... နန်းတော်တံကားက

အကြားအလပ်တစ်ခုပင်မရှိအောင် ပိတ်ဆို့နေလေရာ မည်

သည့်အရာများ အထဲတွင် ဖြစ်ပျက်နေသည်ကို သူမ တွေ့မြင်

ရခြင်း မရှိပေ။

ရုတ်တရက်... တာအိုနန်းတော်တံခါး ရုတ်တရက်ပွင့်သွားပြီး

အလင်းတန်းအလားကြည်လင်သည့် ရေစင်များထွက်ပေါ်လာ

ပြီး ဆန်းချင်းချင်းမှာ ရေထဲသို့ မျောသွားပြီး အဝေးတစ်နေရာ

သို့ ရောက်ရှိသွားလေတော့သည်။

ဆန်းချင်းချင်းမှာ ထိုက်ယီမရဏာဓားကိုကျင့်ကြံပြီးနောက်

တန်ခိုးစွမ်းအားများ မြင့်မားတိုးတက်လာသော်လည်း ထို

အလင်းတန်းရေစင်များကိုတော့ မည်သို့မှ ခုခံကာကွယ်နိုင်စွမ်း မရှိပေ။

ထိုအချိန်တွင် တာအိုနန်းတော်ထဲတွင်တော့ ဆန်းလျန်နှင့် ပုံစံတူ ကိုယ်ခွဲ (၃)ခုသည် တဖြည်းဖြည်း ဧရာမလူသားကြီးများအဖြစ် ကြီးမားလာလေသည်။ ထိုကိုယ်ခွဲများကြီးမားလာသည့်အတိုင်း တာအိုနန်းတော်ကြီးကလည်း လိုက်လံကြီးမားလာလေသည်။

ထို ကိုယ်ခွဲ (၃)ခုမှာ တန်ခိုးစွမ်းအားများမှာ မြင့်မားလွန်းသည့်အတွက် မိုးနှင့်မြေကိုပင် ပေါက်ကွဲစေတော့မည့်အလား ထင်မှတ်ရလေသည်။

ထိပ်ဆုံးအဆင့်သို့ ရောက်ရှိသွားပြီးနောက် ကိုယ်ခွဲ (၃)ခုက ပေါက်ကွဲထွက်သွားပြီး ရေပူဖောင်းများအလား ပေါက်ကွဲထွက်သွားလေသည်။

မြူမှုံတစ်စပင် ကျန်ရစ်ခဲ့ခြင်း မရှိတော့ပေ။

ထိုအချိန်မှာင်... ကြည်လင်သည့်ရေစင်များက ဆန်းလျန်ကို ရစ်ပတ်သွားပြီး သူ့တစ်ကိုယ်လုံးရှိ ချွေးစက်များကို သန့်စင် ဆေးကြောပေးလိုက်လေသည်။

ဆန်းလျန်၏ မျက်နှာမှာ ကျောက်စိမ်းရတနာအလား ကြည်လင်ဝင်းပလျှက် ရှိလေတော့သည်။

တစ်ချိန်တည်းမှာပင်... လီချင်းဆွေ၏ နှုတ်ခမ်းဖျားမှ ရွတ်ဖတ်နေသည့် ဂါထာသည် ရပ်တန့်သွားပြီး နတ်ဘုရားဂီတ သံအလား သာယာလွန်းသည့် လီချင်းဆွေ၏ အသံသည်လည်း ပျောက်ကွယ်သွားလေတော့သည်။

....

ဆန်းချင်းချင်းမှာ ရေနှင့်မျောပါသွားပြီး တာအိုနန်းတော်ကြီး နှင့် မိုင် (၁၀၀) ခန့်အဝေးသို့ ရောက်ရှိသွားလေသည်။

သူမ တာအိုနန်းတော်ကြီးသို့ ပြန်ရန်လည်း ပျင်းရိသွားပြီဖြစ် လေရာ အခြားနတ်ဘုရားများနေထိုင်ရာ နေရာသို့ ထွက်လာခဲ့ လေတော့သည်။

တာအိုဆရာလီချင်းဆွေက သူမကို အဝေးသို့ နှင်ထုတ်လိုသည်ကိုသိရှိပြီးနောက် တာအိုနန်းတော်ကြီးဆီသို့ ထပ်မံ သွားလိုခြင်း မရှိတော့ပေ။

တာအိုဆရာလီချင်းဆွေသည် ချင်းဆွေထျန်းကောင်းကင်ဘုံ၏ အရှင်သခင်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် အခြားသောနတ်ဘုရားများထက် တန်ခိုးစွမ်းအားမြင့်မားသောနတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သို့သော် သူမတွင် ထူးဆန်းပြီး မည်သူမှ မသိနိုင်သည့် အတိတ်အကြောင်းအရာများလည်း ရှိခဲ့လေသည်။

ချင်းဆွေထျန်းကောင်းကင်ဘုံတွင် ချင်းဆွေအနွယ်တော်များနေထိုင်သည့် နေရာသည်လည်း တိတ်ဆိတ်သည့်နေရာတစ်ခုပင် ဖြစ်လေသည်။ ထို့ကြောင့် ဆန်းချင်းချင်းလည်း တစ်ယောက်တည်း လျှောက်သွားနေမိသည်။

ရက်ပေါင်းများစွာကြာသည့်တိုင် ဆန်းလျန်နှင့် လီချင်းဆွေ

တို့၏ ကိစ္စသည်လည်း မပြီးပြတ်ကြသေးပေ။

ဆန်းချင်းချင်းက နတ်ပန်းဥယျာဉ်အတွင်းသို့ ဝင်ရောက်သွား

ပြီး နတ်သစ်သီးတစ်လုံးကို စားသောက်ရန် ခူးယူလိုက်လေ

သည်။

"မင်သမီးလေး..."

ဆန်းချင်းချင်းက သစ်သီးကို ခူးယူလိုက်ချိန်မှာပင် သူမကိုခေါ်

လိုက်သည့်အသံကို ကြားလိုက်ရလေ၏။

သူမ ခူးယူမိသည့် နတ်သစ်သီးသည် နတ်ဘုရားတစ်ပါး

ပိုင်ဆိုင်သည့်သစ်သီးများဖြစ်နေသည်လားဟု တွေးမိသွားပြီး

သူခိုးလူမိသည့်အလား ရှက်ကိုးရှက်ကန်း ဖြစ်သွားမိသည်။

သူမက ချက်ချင်းပင် ခူးယူထားသည့် သစ်သီးကို ဖွက်လိုက်ပြီး

အသံလာရာသို့ လှမ်းကြည့်လိုက်သည်။

သူ့ကို အော်ခေါ်လိုက်သူကို တွေ့လိုက်သည်နှင့် ထိုသူ မည်သူ ဖြစ်ကြောင်း ဆန်းချင်းချင်း ချက်ချင်း မှတ်မိသွားသည်။

ထိုသူမှာ မေနန့်စန်း ဖြစ်လေ၏။

ဆန်းချင်းချင်း ဆန်းလျန်ကို ပထမဆုံးအကြိမ်တွေ့ဆုံစဉ်က စားသောက်ဆိုင်ထဲတွင် ကူးဝေဝေနှင့်အတူ မေနန့်စန်းနှင့်ပါ တွေ့ဆုံခဲ့ဖူးသည် မဟုတ်ပါလား။

သို့သော်... မေနန့်စန်း ချင်းဆွေထျန်းကောင်းကင်ဘုံသို့ မည်သည့်အချိန်က ရောက်နေသည်ကို သူမ မသိရှိခဲ့ပေ။

မေနန့်စန်းမှာလည်း ဆန်းချင်းချင်းနှင့် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်သည်။ သူသာ ဆန်းချင်းချင်းကို စိတ်ထဲတွင် သေချာမှတ်သားထားခြင်းမရှိလျှင် သူတို့ (၂)ယောက် တစ်ယောက်နှင့်တစ်ယောက် တော်ရုံဖြင့် မှတ်မိကြမည် မဟုတ်ပေ။

ယခုဆိုလျှင် မေနန့်စန်းက တာအိုလမ်းစဉ်သို့ ဝင်ရောက်ပြီး ကျင့်ကြံသူတစ်ယောက် ဖြစ်လာခဲ့ပြီဖြစ်လေသည်။

ထို့ကြောင့် သူက ဆန်းချင်းချင်း၏ ခန္ဓာကိုယ်မှထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားအငွေ့အသက်များကို အာရုံခံကာ ခန့်မှန်းကြည့်လိုက်သည်နှင့် ဆန်းချင်းချင်းမှာ သူ့ထက်ပင်သာလွန်သည့် နတ်ဘုရားတစ်ပါး ဖြစ်နေသည်ကို သိရှိလိုက်သည်။

မေနန့်စန်း အတွေးများမဆုံးခင်မှာပင် ဆန်းချင်းချင်းထံမှ စကားသံထွက်ပေါ်လာလေသည်။

"ရှင် ဘယ်လိုလုပ် ချင်းဆွေထျန်း ကောင်းကင်ဘုံကို ရောက်လာတာလဲ..."

ဆန်းချင်းချင်းသည်လည်း မေနန့်စန်းကို ကြည့်လိုက်သည်နှင့် နတ်ဘုရားတစ်ပါး မဖြစ်သေးသည်ကို သိရှိလိုက်သည်။

မိုးကောင်းကင်နတ်ဘုရားတစ်ပါးမပြောနှင့် လောကနတ်ဘုရားတစ်ပါးပင် မဖြစ်သေးပေ။ ချင်းဆွေအနွယ်တော်ဖြစ်သည့်တိုင်

မိုးကောင်းကင်နတ်ဘုရားမဖြစ်သေးပါက ချင်းဆွေထျန်း

ကောင်းကင်ဘုံသို့ ဝင်ရောက်နိုင်မည် မဟုတ်ပေ။

မေနန့်စန်းက...

"ဒီ အင်းချပ်လေးအသုံးပြုပြီး ရောက်လာတာပါ..."

မေနန့်စန်းက ပြောရင်း လက်ဖဝါးကို ဖြန့်ပြလိုက်ရာ

သူ၏လက်ဖဝါးထက်တွင် သေးငယ်သည့် အင်းချပ်လေးတစ်

ချပ်ထွက်ပေါ်လာလေသည်။ အင်းချပ်လေးကို တိမ်ခိုးမြူခိုး

များက ဝန်းရံထားပြီး အင်းချပ်လေးက ကျောက်စိမ်းသားနှင့်

ဆင်တူလေသည်။

အင်းချပ်လေး၏ မူလဇာစ်မြစ်ကိုသိရှိသည့်အတွက် ဆန်း

ချင်းချင်း၏ အတွေးများ ပြောင်းလဲသွားသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက အသက်ရှည်စေခြင်းကျောင်း

တော်တွင် အင်းပညာကျင့်ကြံသည့် အင်းဝိဇ္ဇာ ဆရာသခင်

တစ်ပါး ရှိခဲ့လေသည်။

ထိုပုဂ္ဂိုလ်က ချင်းဆွေထျန်းကောင်းကင်ဘုံနှင့် ဆက်သွယ်နိုင်မည့် အင်းသင်္ကေတတစ်ခုကို ပြုလုပ်စီရင်နိုင်ခဲ့သည်။

ထို့နောက် ထိုဆရာသခင်က တာအိုဆရာလီချင်းဆွေထံတွင် ထိုအင်းသင်္ကေတကို အသုံးပြုပြီး ချင်းဆွေထျန်းကောင်းကင်ဘုံသို့ အရေးပေါ်ဝင်ရောက်ခွင့်ပေးပါရန် တာအိုဆရာလီချင်းဆွေထံတွင် ခွင့်ပြုချက် တောင်းခံခဲ့သည်။

ထိုအင်းဝိဇ္ဇာပြုလုပ်ခဲ့သည့် အင်းချပ် (၃)ခုမှာ နောက်ပိုင်းလူ့လောကတွင် ပျံ့နှံ့သွားခဲ့လေသည်။

အသက်ရှည်စေခြင်းကျောင်းတော် သေရေး ရှင်ရေးအခြေအနေကြုံတွေ့ရပြီး အရေးပေါ်အထက်နှင့်ဆက်သွယ်ရမည့် အနေအထားမျိုးတွင် ထိုအင်းချပ်ကို အသုံးပြုပြီး ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ချက်ချင်းရောက်လာနိုင်မည်ဖြစ်သည်။

သို့သော်... ယခုတော့ တာအိုဆရာလီချင်းဆွေက ဆန်းလျန်နှင့်
အတူ ဟွင့်ယွမ်တာအိုသစ်သီးအကြောင်း ဆွေးနွေးနေပြီး
မိုးကောင်းကင်နှင့် လူ့လောကကို ပိုင်းခြားနေသည့်အချိန်
ကာလဖြစ်လေရာ မေနန့်စန်းရောက်လာသည်ကို သိရှိနိုင်ခြင်း
မရှိပေ။

ယခု အသက်ရှည်စေခြင်းကျောင်းတော်မှာ ဘေးအန္တရယ်ကျ
ရောက်နေလေသည်။ စွမ်းအားကြီးသည့်နတ်မိစ္ဆာများက
အသက်ရှည်စေခြင်းကျောင်းတော်ကို ဝိုင်းဝန်းတိုက်ခိုက်နေကြ
လေရာ ကျောင်းတော်မှာ ပျက်စီးလုနီးပါး ဖြစ်နေပြီ ဖြစ်လေ
သည်။

ထို့ကြောင့် မေနန့်စန်း၏ အစ်ကိုဖြစ်သူ ရှင်ယောင်းက အင်း
ချပ်ကိုအသုံးပြုပြီး မေနန့်စန်ကို ချင်းဆွေထျန်းကောင်းကင်ဘုံ
သို့သွားရန် ညွှန်ကြားခဲ့ပြီး ဖြစ်လေသည်။

သို့သော်... မေနန့်စန်းမှာ ချင်းဆွေထျန်းကောင်းကင်ဘုံသို့ ရောက်လာသော်လည်း မည်သူ့ကို အကူအညီတောင်းရမှန်း မသိဘဲ လမ်းပျောက်နေခဲ့လေသည်။

ထိုအချိန်တွင်... ဆန်းချင်းချင်းကို တွေ့သည့်အခါ အားကိုးတကြီးဖြင့် သူရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ပြောပြလိုက်လေတော့သည်။

မေနန့်စန်းပြောသည်များကို နားထောင်ပြီးသည့်နောက် ဆန်းချင်းချင်းက တစ်ချက်ပြုံးလိုက်ပြီး...

"တောင်ပေါ်ကို နတ်မိစ္ဆာတစ်ကောင်လောက် လာတိုက်တာများ ၊ ဘာမှစိတ်မပူနဲ့၊ ကျွန်မ ကူညီမယ် ၊ တခြားသူတွေကို လိုက်ရှာမနေနဲ့တော့..."

သူမက လောလောဆယ် ထိုက်ယီမရဏဓားကို ကျင့်ကြံအောင်မြင်ထားသူဖြစ်လေရာ ဓားစွမ်းကိုလည်း စမ်းသပ်ကြည့်ချင်နေမိသည် မဟုတ်ပါလား။

အခန်း (၉၈၁) လောကအသစ်တစ်ခုကိုဖွင့်လှစ်သည့်လမ်းစဉ်

ထိုသို့ ဆုံဖြတ်ပြီးသည်နှင့် ဆန်းချင်းချင်းက မေနန့်စန်းကို

လက်တစ်ဖက်ဖြင့် ဖမ်းဆွဲလိုက်ပြီး လူ့လောကသို့ ဆင်းသက်

လာလေရာ လက်ဖက်ရည်တစ်အိုးစာ ကျက်သည့်အချိန်တွင်

အသက်ရှည်စေခြင်းကျောင်းတော်သို့ ရောက်ရှိလာလေ

တော့သည်။

အသက်ရှည်စေခြင်းကျောင်းတော်သည် ယခင် ချင်းရွှမ်နတ်တံခါးတည်ရှိရာနေရာတွင် တည်ဆောက်ထားခြင်း ဖြစ်လေသည်။

ချင်းရွှမ်တောင်တစ်ခွင်သည် မြူခိုးတိမ်တိုက်များဖြင့် စိမ်းလန်းနေပြီး ကျယ်ပြန့်သည့်ပင်လယ်ပြင်ကြီးနှင့်လည်း ထိစပ်လျှက် ရှိလေသည်။ လောကပထမ နတ်ဘုရားတို့စံပျော်ရာနယ်မြေတစ်ခုဟု သတ်မှတ်နိုင်လေ၏။

ဆန်းချင်းချင်းက တိမ်တိုက်တစ်ခုထက်တွင်ရပ်နေပြီး အောက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

ထိုအခါ ထောင်ပေါင်းများစွာသော နတ်မိစ္ဆာစစ်သည်တော်များသည် အသက်ရှည်စေခြင်းကျောင်းတော်ကို ဝိုင်းထားသည်ကို တွေ့လိုက်ရလေသည်။

သူတို့၏ အလံများ ၊ အလံရှည်များက နေရောင်အောက်တွင် တဖိတ်ဖိတ်တောက်ပလျှက်ရှိပြီး အင်အားအလုံးအရင်းဖြင့်

အသက်ရှည်စေခြင်းကျောင်းတော်ကို တိုက်ခိုက်ရန် အသင့်ဖြစ်နေကြသည်။

အလံရှည်တစ်ခုထက်တွင် "ပင်လယ်သခင် အရှင်ကြီး" ဆိုသည့် စာတမ်းကို ရေးထိုးထားလေသည်။

ရေးထိုးထားသည့်စာလုံးဟန်မှာ မိုးကုတ်စက်ဝိုင်းဆီတွင် ပျံသန်းနေသည့် နဂါးတစ်ကောင်အလား ခမ်းနားလွန်းလှသည်။ ထို အလံရှည်၏ဘေးနားတွင် ငွေရောင်သံချပ်ကာဝတ်စုံကို ဝတ်ဆင်ထားသည့် နတ်မိစ္ဆာတစ်ပါး မတ်တတ်ရပ်လျှက် ရှိလေသည်။

ဆန်းချင်းချင်းက ထို ငွေရောင်သံချပ်ကာဝတ်စုံဝတ်ဆင်ထားသည့် နတ်မိစ္ဆာကို တစ်ချက်ကြည့်လိုက်ပြီး...

"အဲဒီလူက ပင်လယ်သခင် အရှင်ကြီး ဆိုတဲ့သူလား..."

မေနန်စန်းက...

"မဟုတ်ဘူး ၊ ပင်လယ်သခင်အရှင်ကြီးရဲ့ တတိယသားတော်ပါ..."

ဆန်းချင်းချင်းက ပျင်းရိပျင်းတွဲလေသံဖြင့်...

"တတိယသားတော်ကိုတောင်မနိုင်ဘူးဆိုတော့ ၊ ရှင်လည်း အတော်အသုံးမကျတာပဲ..."

ဆန်းချင်းချင်း၏ စကားကြောင့် မေနန့်စန်းစိတ်ထဲတွင် မသက်မသာ ခံစားလိုက်ရသည်။

ထိုနတ်မိစ္ဆာမှာ ပင်လယ်သခင်အရှင်ကြီး မဟုတ်သော်လည်း ထိုသူသည် မိုးကောင်းကင်နတ်ဘုရားတစ်ပါးအလား တန်ခိုးစွမ်းအားကြီးမားသူဖြစ်လေသည်။

ထို့ပြင်... နတ်မိစ္ဆာစစ်သည်တော်များကလည်း များပြားလွန်းလှပြီး ပင်လယ်သခင်အရှင်ကြီး၏ လက်အောက်မှ နတ်မိစ္ဆာစစ်ဗိုလ်ချုပ်များမှာ အလွန်မှ စွမ်းအားထက်မြက်သူများ ဖြစ်ကြလေသည်။

အသက်ရှည်စေခြင်းကျောင်တော်တွင်သာ တန်ခိုးစွမ်းအား

နက်ရှိုင်းသည့် ကျင့်ကြံသူများ မရှိဘူးဆိုလျှင် ထို နတ်မိစ္ဆာ

စစ်တပ်ကြီးကို မည်သည့်နည်းနှင့်မှ ဤမျှအချိန်ကြာကြာ

တောင့်ခံထားနိုင်မည်မဟုတ်ပေ။

အသက်ရှည်စေခြင်းကျောင်းတော် ထိုနတ်မိစ္ဆာများနှင့်

တိုက်ခိုက်နေရသည်မှာ တစ်နေ့နှင့်တစ်ညတိတိ ရှိပြီ

ဖြစ်သည်။

မေနန့်စန်းက...

"မင်းသမီးလေး... ကျုပ်တို့ကို အရင်ကူညီပါဦးဗျာ..."

ဆန်းချင်းချင်းက ...

"ကောင်းပြီ..."

ဆန်းချင်းချင်းမှာ ထိုက်ယီမရဏာဓား (၇)လက် ကို ကျင့်ကြံ

အောင်မြင်ပြီးသော်လည်း ထိုဓားသိုင်းပညာကိုအသုံးပြုပြီး

တစ်ခါမှ တိုက်ခိုက်ဖူးခြင်း မရှိသေးပေ။

သူမက ထာဝရဓားကို ဆွဲထုတ်လိုက်လေသည်။

ထာဝရဓားမှ တောက်ပလင်းလက်သည့် ဓားရောင်ကို တွေ့မြင်လိုက်ရသည်နှင့် နတ်မိစ္ဆာများအားလုံး ကြောက်ရွံ့တုန်လှုပ်သွားကြသည်။

ထို့နောက် အချင်းချင်း တီးတိုးသတိပေးလိုက်ကြပြီး စုရုံးလိုက်ကြလေသည်။

ထိုအချိန်မှာပင်... ငွေရောင်သံချပ်ကာဝတ်ဆင်ထားပြီး ထူးခြားသည့်ဟန်ပန်ရှိသော နတ်မိစ္ဆာက အရှေ့သို့ ထွက်လာလေ၏။ သူ၏မျက်လုံးများက အနီရောင်တောက်ပလျှက်ရှိလေ၏။

ထိုသူမှာ ပင်လယ်သခင် အရှင်ကြီး၏ တတိယသားတော် ၊ နဂါးမင်းသားပင် ဖြစ်လေသည်။

ငွေရောင်သံချပ်ကာဝတ် နဂါးမင်းသားက ဆန်းချင်းချင်းကို လက်ညှိုးငေါက်ငေါက်ထိုးလိုက်ပြီး...

"မင်းက ဘယ်သူလဲ..."

ဆန်းချင်းချင်းက ချင်းဆွေအနွယ်တော်များ၏ နတ်မျက်စိ ပညာကိုအသုံးပြုပြီး ငွေရောင်သံချပ်ကာဝတ် နဂါးမင်းသားကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ရန်သူ၏ ကျင့်ကြံခြင်းအဆင့်က သူမလောက်မမြင့်မားသည်ကို သိလိုက်ရသည့်အခါ တစ်ချက်ရယ်မောလိုက်ရင်း...

"ငါက နင့်အသက်ကို နှုတ်မယ့်သူပဲ..."

ငွေရောင်သံချပ်ကာဝတ်နဂါးမင်းသား ဒေါသချောင်းချောင်းထွက်သွားပြီး ဆန်းချင်းချင်းကို စတင်တိုက်ခိုက်လိုက်သည်။

သို့သော်... သူ ဆန်းချင်းချင်း၏ ထာဝရဓားမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားများကို ကျော်လွန်နိုင်ခြင်း မရှိခဲ့ပေ။

ထို့ပြင်... ဆန်းချင်းချင်းသည်လည်း တာအိုဆရာသခင်ထိုင်ယီ၏ ထိုက်ယီမရဏဓားပညာကို သင်ယူထားလေရာ ဓား

ရောင်တစ်ချက်လင်းလက်သွားသည်နှင့် စက္ကန့်ပိုင်းအတွင်းမှာ ပင် ငွေရောင်သံချပ်ကာဝတ် နဂါးမင်းသား၏ ဦးခေါင်းမှာ မြေပြင်ထက်သို့ ပြုတ်ကျသွားလေတော့သည်။

အမှန်တော့ ငွေရောင်သံချပ်ကာဝတ် နဂါးမင်းသားမှာလည်း ခေသူတစ်ယောက်မဟုတ်ပေ။ သူက ခေါင်းတစ်လုံးပြုတ်သွား လျှင် နောက်ထပ်ဦးခေါင်းအသစ်တစ်လုံး ပြန်ပေါက်လာ အောင် လုပ်ဆောင်နိုင်စွမ်းရှိသူ ဖြစ်လေသည်။

သို့သော်... ဆန်းချင်းချင်းက တာအိုဆရာသခင်ထိုက်ယီ၏ ထို က်ယီမရဏာဓား (၇)လက်ကို ထုတ်ဖော်အသုံးပြုလိုက် သည့်အတွက် ငွေရောင်သံချပ်ကာဝတ် နဂါးမင်းသားမှာ ခေါင်း ပြုတ်သွားသည်သာမက ဝိညာဉ်ပါ အပိုင်းပိုင်းကွဲကြေသွားလေ တော့သည်။

ထိုက်ယီမရဏဓားး၏ တန်ခိုးစွမ်းအား မည်မျှ ကြောက်မက်ဖွယ်ရာကောင်းသည်ကို တွေ့လိုက်ရသည့်အခါ ဆန်းချင်းချင်းကိုယ်တိုင်ပင် အံ့အားသင့်သွားမိလေသည်။

သူမ ဓားလေးတစ်ချက်ဝှေ့ရမ်းလိုက်ရုံမျှသာရှိသေးသည် ပွဲကပြီးသွားခဲ့ပြီ ဖြစ်လေ၏။

ထိုက်ယီမရဏဓားနှင့် ထာဝရဓားကို ပေါင်းစပ်အသုံးပြုပြီး ငွေရောင်သံချပ်ကာဝတ် နဂါးမင်းသားကို ဆန်းချင်းချင်း လွယ်လွယ်ဖြင့် အနိုင်ယူလိုက်နိုင်ပြီ ဖြစ်လေသည်။

ထို့နောက် ဆန်းချင်းချင်းက ဓားကို တစ်ချက်ထပ်မံဝှေ့ရမ်းလိုက်လေရာ ကောင်းကင်ထက်တွင် မရေမတွက်နိုင်သည့် ရွှေရောင်အလင်းတန်းများ ဖြာလင်းထွက်ပေါ်လာပြီး သောင်းနှင့်ချီသည့် နတ်မိစ္ဆာစစ်သည်တော်များစွာ အသက်ပျောက်သွားကြလေတော့သည်။

ကျန်ရှိနေသည့် နတ်မိစ္ဆာများမှာ ကြောက်ရွံ့ထိတ်လန့်သွားကြ ပြီး ပင်လယ်ထဲသို့ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားကြလေ တော့သည်။

ဆန်းချင်းချင်းတစ်ယောက်တည်းတိုက်ခိုက်လိုက်သည်နှင့် အသက်ရှည်စေခြင်းကျောင်းတော်ရင်ဆိုင်နေရသည့် အခက်အခဲများအားလုံး ဖြေရှင်းပြီးသား ဖြစ်သွားကြလေ တော့သည်။

မေနန့်စန်းမှာလည်း များစွာ အံ့အားသင့်နေပြီး ရှင်ရောင်းနှင့် အသက်ရှည်စေခြင်းကျောင်းတော်မှ အခြားသော ကျင့်ကြံ သူများမှာလည်း အံ့သြမှင်တက်လျှက် ရှိကြသည်။

နတ်မိစ္ဆာစစ်သည်တော်များ ဆုတ်ခွာသွားကြသည်နှင့် အသက် ရှည်စေခြင်းကျောင်းတောင်မှ လူအများက ဆန်းချင်းချင်းရှိရာ သို့ ဝန်းရံလာကြပြီး ဂါရဝပြုနှုတ်ဆက်ကြလေသည်။

ဆန်းချင်းချင်းမှာ မည်သည့်ခေတ်အခါက ဘိုးဘေးတစ်ပါး ဖြစ်သည်ကို သူတို့ မသိရှိကြသော်လည်း အနည်းငယ်ပင် မလေးမစားမလုပ်ရဲကြပေ။

ထို့နောက် မေနန့်စန်းက ဆန်းချင်းချင်းအကြောင်းကို မိတ်ဆက်ပေးလိုက်လေသည်။

ဆန်းချင်းချင်း မည်သူမည်ဝါဖြစ်သည်ကို သိရှိသွားကြသည့်အခါ အားလုံးမှာ အံ့သြလွန်းမက အံ့သြကုန်ကြလေတော့သည်။

....

အသက်ရှည်စေခြင်းကျောင်းတော် ရင်ဆိုင်နေရသည့် ဘေးအန္တရာယ်ကို ဆန်းချင်းချင်းက ကာကွယ်ပေးနေချိန်တွင် ဆန်းလျန်နှင့် လီချင်းဆွေတို့၏ ကိစ္စသည်လည်း အဆုံးသတ်ခါနီးပြီ ဖြစ်လေသည်။

ချင်းဆွေထျန်းကောင်ကင်ဘုံရှိ တာအိုနန်းတော်ကြီးတွင်

အရှိန်အဟုန်ဖြင့် မြင့်တက်နေသည့် ကြည်လင်သည့် ရေများက

ငြိမ်သက်သွားပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်၏ ဦးခေါင်းထက်တွင် ကြည်လင်သည့်တိမ်တိုက်

တစ်ခု လင်းလက်နေပြီး သူ၏ မျက်ခုံး (၂)ခုကြားတွင် မူလ

ဝိညာဉ်ခန္ဓာ (၃)ခု၏ သင်္ကေတ ဖြစ်ပေါ်လာသည်။

ဆန်းလျန်၏ နှုတ်ခမ်းများ အသာပွင့်ဟလာပြီး လေတစ်ချက်

မှုတ်ထုတ်လိုက်လေသည်။

ထိုအခါ... ပန်းချီကားတစ်ချပ် ၊ ခေါင်းလောင်းတစ်လုံးနှင့်

ရှည်လျားသည့် အလံတစ်ခု လေထဲတွင် ထွက်ပေါ်လာလေ

သည်။

ထိုမှော်ဝင်ရတနာပစ္စည်းများသည် အစီအစဉ်တကျ ဖြစ်တည်

နေပြီးနောက် လေထဲတွင် ပုဆိန်တစ်ခု ထွက်ပေါ်လာလေသည်။

ထို့နောက် ပရမ်းပတာဖြစ်နေသည့် အငွေ့အသက်များနှင့်

လောကတစ်ခုထွက်ပေါ်လာပြီး ထိုအရာများအားလုံးက ဆန်း

လျန်နှင့် လီချင်းဆွေ အကြားရှိ ဗလာနယ်ထဲတွင် အချိန်

အတန်ကြာ တည်ရှိနေလေသည်။

ထို့နောက် သဲလွန်စမရှိမကျန်အောင် ပေါက်ကွဲပျက်စီးသွားလေ

တော့သည်။

ဆန်းလျန်က မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး လီချင်းဆွေကို

ကြည့်လိုက်သည်။

"ဒါက လောကအသစ်တစ်ခုကိုဖွင့်လှစ်တဲ့ လမ်းစဉ်ပဲ ..."

လီချင်းဆွေက...

"အင်း... မင်းပြောပြလို့ ဒီလမ်းစဉ်ကို ငါ နားလည်

သဘောပေါက်သွားပါပြီ ၊ ဒါပေမဲ့ လက်တွေ့ပြုလုပ်နိုင်ခြင်း

တော့ မရှိသေးဘူး..."

ဆန်းလျန်က...

"ဒါဖြင့်လည်း စကြာဝဠာကြီးပျက်သုဉ်းတဲ့ အဆုံးသတ်အချိန်ကို စောင့်ကြတာပေါ့..."

လီချင်းဆွေက တည်ကြည်သည့်မျက်နှာထားဖြင့်...

"ဒီအခွင့်အရေးကို မင်း ငါ့ကို ပေးမလား၊ မပေးဘူးလားဆိုတာ အပေါ်မှာ မူတည်တယ်လေ..."

ဆန်းလျန်က...

"တာအိုဆရာချင်းဆွေ သံသယတွေ မရှိပါနဲ့၊ အခု မင်းက ဟွင့်ယွမ်တာအိုသစ်သီးကို ကျုပ်ကို ဖွင့်ပြပြောဆိုခဲ့လို့ ကျုပ်ရဲ့ ရှန်းထျန်းဝူထိုက်ကျင့်စဉ် ကျင့်ကြံအောင်မြင်ခဲ့ရတယ်၊ ဒါကြောင့် ဆန်းလျန် မင်းအပေါ် အကြွေးတင်နေခဲ့တယ်၊ ဒါပေမဲ့ အခု ဆန်းလျန် မင်းအပေါ်မှာ အကြွေးတင်စရာ မရှိတော့ပါဘူး..."

လီချင်းဆွေက...

"ငါ မင်းရဲ့စိတ်ထားဘယ်လိုရှိတယ်ဆိုတာ အစောကြီးကတည်းက သိပြီးသားပါ၊ မင်းက ဘယ်တော့မှ မင်းဘက်က

အရှုံးခံပြီး ဘာကိုမှ လုပ်လေ့မရှိသလို တခြားသူတွေဆီက လည်း အချောင်မလိုချင်တတ်ဘူး ။ ဒါပေမဲ့ မင်းက စန့်ချင်တာ အိုဆရာသခင်နဲ့ ပတ်သက်တဲ့ လောအသစ်တစ်ခုဖွင့်လှစ်တဲ့ လမ်းစဉ်ကို ငါ့ကို မခြွင်းမချန် ပြောပြလိမ့်မယ်လို့ ငါ ထင်မ ထားခဲ့ဘူး ။ အခု မင်း ရှန်းထျန်းဝူထိုက်ကျင့်စဉ် အောင်မြင် သွားပေမယ့် ငါက မင်းထက်အရင် သံသရာကို ကျော်လွှန်နိုင်ဖို့ (၃၀)ရာခိုင်နှုန်း သာသွားပြီပေါ့... သိတယ်မလား..."

ဆန်းလျန်က ပြုံးလိုက်ရင်း အေးဆေးသည့်လေသံဖြင့်...

"(၃၀) ရာခိုင်နှုန်းထဲလား..."

ထို့နောက် ဆန်းလျန် နေရာမှ ထလိုက်ပြီး နောက်ပြန်တစ်ချက် ပင် လှည့်မကြည့်တော့ဘဲ ချင်းဆွေထျန်းကောင်းကင်ဘုံမှ ထွက်ခွာသွားလေတော့သည်။

နဂါးငွေ့တန်းတွင် လှိုင်းများပြင်းထန်စွာ ထနေပြီး ဆန်းလျန်သည် လှိုင်းလေများကြားထဲမှ ဆန်းလျန် ထွက်ပေါ်လာလေသည်။

သူ၏ပုံစံက လှိုင်းလေများကြားထဲတွင် ကူးခတ်နေသည့် ငါးလေးတစ်ကောင်အလား ဖြစ်လေသည်။

ဆန်းလျန်၏ မျက်လုံးများတွင် စိတ်ရှုတ်ထွေးနေသည့် ခံစားချက်များကို တွေ့မြင်ရမည်ဖြစ်သော်လည်း သူက စကြာဝဠာကို ဖြတ်ကျော်ထွက်ခွာနေသည့် အရှိန်ကို တစ်ချက်ပင် လျှော့လိုက်ခြင်း မရှိပေ။

လက်ရှိအချိန်တွင် ဆန်းလျန်၏ ခံစားချက်ကို မည်သူမှ သိရှိနိုင်မည် မဟုတ်ပေ။

ဆန်းလျန် ချင်းဆွေထျန်းကောင်းကင်ဘုံမှ ထွက်ခွာသွားပြီးနောက် တာအိုဆရာလီချင်းဆွေက ဆန်းလျန်ကို တားဆီးရန်အတွက် အတားအဆီး (၃၃)မျိုးကို ပြုလုပ်လိုက်သည်။

သို့သော်... ထိုအတားအဆီးများက ဆန်းလျန်ကို ဟန့်တားနိုင်ခဲ့ခြင်း မရှိပေ။ လီချင်းဆွေက အံ့သြသွားခြင်းမရှိသော်လည်း ထိုသို့ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားဟန် မရှိပေ။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန် အတွက် အဆုံးစွန် နီးစပ်နေပြီ ဖြစ်လေသည်။ တာအိုဆရာသခင်တစ်ပါးအဖြစ် အဆင့်တက်ရောက်ပြီး သံသရာကိုကျော်လွန်ရန် ခြေတစ်လှမ်းမျှသာ လိုတော့သည်။

ဆန်းလျန် လောကကို ကြည့်မြင်လိုက်သည့်အခါ မည်သည့် တန်ခိုးစွမ်းအားကိုမှ အသုံးမပြုဘဲ တစ်လောကလုံး၏ အနှစ်သာရများကို တွေ့မြင်နေရလေသည်။ အရာအားလုံးကို ဖန်သားပြင်ပမာ ထိုးဖောက်တွေ့မြင်နေရလေ၏။

နဂါးငွေ့တန်းမြစ်ရေထဲမှ ငါးလေးများက ဆန်းလျန်ကို ဖြတ်သန်းကူးခတ်သွားကြပြီး ဆန်းလျန်သည် ပုံရိပ်ယောင်တစ်ခုအလား ကြည်လင်လျှက် ရှိသည်။

ထို့အတူ ဆန်းလျှန်၏ မျက်ဝန်းထဲတွင်လည်း လောကကြီးတစ်ခုလုံးက ပုံရိပ်ယောင်အလား ကြည်လင်လျှက် ရှိလေသည်။

အချိန်ရေစီးကြောင်းက သူ့ရှေ့တွင် စီးမျောနေသည်ဆိုလျှင် သူသည် ရုပ်ရှင်တစ်ပုဒ်ကို နောက်ပြန်ရစ်လိုက်သလို သမိုင်းကို ပြန်လည် ရစ်ယူမိမည်ဖြစ်သည်ဟု ဆန်းလျှန် တွေးလိုက်မိသည်။

ထိုခံစားချက်က သူလုပ်ချင်သည့်အလုပ်များကို လုပ်ရန်အတွက် ယုံကြည်ချက်အပြည့်ရှိစေသလို သူလိုချင်သည့်အရာများကို ရယူနိုင်ရန်လည်း ယုံကြည်မှုရှိစေသည်။

အချိန်၏ ကန့်သတ်ချက်သည် ဆန်းလျှန်အတွက် အဓိပ္ပါယ်ကင်းမဲ့သွားပြီး "တစ်ခဏနှင့် ထာဝရ" သည် ဆန်းလျှန်အတွက် ခြားနားခြင်း မရှိတော့ပေ။

လောကရှိ အရာအားလုံးက အမှန်တရား မဟုတ်ပေ။

သို့သော်... သူ့အဓိပ္ပါယ်နှင့်သူ ပြီးပြည့်စုံလျှက် ရှိလေသည်။

အမှန်တော့ တာအိုဆရာလီချင်းဆွေ ဟွင့်ယွမ်တာအိုသစ်သီးကို ဖွင့်ပြခဲ့ခြင်း မရှိလျှင်တောင်မှ ဆန်းလျန်က ဤအခြေအနေသို့ သိပ်မကြာမီ အဆင့်တက်ရောက်နိုင်မည့်သူ တစ်ယောက်ဖြစ်သည်။

ယခုတော့ ဆန်းလျန် ရှန်းထျန်းဝူထိုက်ကို အောင်မြင်ခဲ့ပြီ ဖြစ်သည့်အတွက် ဤအခြေအနေသို့ မြန်မြန်ဆန်ဆန် အဆင့်တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

သူ၏ကံကြမ္မာကို သတ်မှတ်နိုင်ခဲ့ပြီး မည်သည့်တာအိုဆရာသခင်ကြီးမှ သူ၏ကံကြမ္မာကို လာရောက်ပြုပြင်ပြောင်းလဲရန် မဖြစ်နိုင်တော့ပေ။

ဆန်းလျန်က ချင်းဆွေထျန်းကောင်းကင်ဘုံကို တစ်ချက်လှည့်ကြည့်လိုက်လေသည်။

သူ၏မျက်ဝန်းများထဲတွင် လီချင်းဆွေ၏ လှပသည့်မျက်နှာကို တွေ့မြင်လိုက်ရသည်။

ဆန်းလျန်က လီချင်းဆွေထံသို့ အသံပို့လွှတ်ကာစကားပြော လိုက်သည်။

"အခုအချိန်ကစပြီး ကျုပ်ဘဝမှာ နားမလည်နိုင်ဆုံးလူတစ် ယောက်ရှိတယ်ဆိုရင် အဲဒီလူက မင်းပါပဲ ချင်းဆွေ..."

ချင်းဆွေထျန်းကောင်းကင်ဘုံတွင် ထိုင်နေသည့် လီချင်း ဆွေ၏ မျက်လုံးများထဲတွင်လည်း ဆန်းလျန်ကို မြင်နေရဟန် ရှိလေသည်။

သူမ၏ မျက်ဝန်းများက တောက်ပနေသော်လည်း ခံစားချက် ကင်းမဲ့လျှက် ရှိသည်။

ထိုမျက်ဝန်းများကြောင့် ဆန်းလျန်၏ ရင်ထဲတွင် အနည်းငယ် ဂယက်ထသွားခဲ့လေတော့သည်။

အခန်း (၉၈၂) အချစ်

ထို့နောက် လီချင်းဆွေ၏ မျက်ဝန်းများကို ဆန်းလျှန် ငေး ကြည့်ရင်း ရုတ်တရက် ပြုံးလိုက်လေသည်။ တည်ငြိမ်သည့် အသံတစ်သံသည် လီချင်းဆွေ၏ လှိုင်းလေငြိမ်သက်နေသည့် စိတ်အာရုံပင်လယ်အတွင်းသို့ စီးဆင်းဝင်ရောက်လာလေ သည်။

"ချင်းဆွေ… ခွဲခွာရမှုတိုင်းက ပြန်လည်ဆုံတွေ့ကြရဖို့အတွက် ပါ၊ ကျုပ်တို့ ပြန်ဆုံကြဦးမှာပါ၊ သိပ်အကြာကြီးစောင့်ရမယ် မထင်ပါဘူး…"

ဆန်းလျန်၏ စကားထဲတွင် ယုံကြည်မှုများကိုတွေ့ရပြီး သတ်ဖြတ်လိုသည့် အငွေ့အသက်များကို မတွေ့ရပေ။ အမှန်တော့ သူတို့ (၂)ယောက် ပြန်လည်ဆုံတွေ့ရန်မှာ မဖြစ်နိုင်တော့ပေ။ သို့သော်... ချင်းဆွေကတော့ ဆန်းလျန်၏ စကားများကို အကြွင်းမဲ့ ယုံကြည်ထားမိလေသည်။ သူမ၏ ဘဝက ထူးဆန်းနက်နဲပြီး သူမဘဝ၏ နက်နဲဆန်းကျယ်မှုများကို ဖြေရှင်းပေးနိုင်သူဆို၍ လောကတွင် ဆန်းလျန်တစ်ယောက်သာ ရှိပေလိမ့်မည်။

ထို့နောက် လီချင်းဆွေက ဆန်းလျန်တစ်ယောက်သာကြားနိုင်မည့် စိတ်အာရုံဆက်သွယ်မှုဖြင့် အံ့သြစရာအသံကို ထုတ်လွှတ်ကာ စကားတစ်ခွန်း ပြောလိုက်လေသည်။

"ဆန်းလျန်... ကျင့်ကြံသူတွေအားလုံးက ရှေ့ကိုသွားမယ့်လမ်းအတွက် လမ်းပြမီးအိမ်တွေ ထွန်းညှိလေ့ရှိကြတယ်၊ ဒါပေမဲ့

တစ်ခါတရံမှာ ရှေ့ကိုဆက်လျှောက်ဖို့ထက် နောက်ပြန်လှည့်ဖို့က ပိုပြီး ခက်ခဲနေတတ်တယ်ဆိုတာ မင်းလည်းသိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ပြန်လှည့်တဲ့ခရီးမှာ အလင်းရောင်မရှိလို့ပဲ...”

လီချင်းဆွေ၏ စကားများက ဆန်းလျန်ကို ထိရှသွားစေလေသည်။ ချင်းဆွေသည် နောက်ပြန်လှည့်ရန်များ စဉ်းစားနေခဲ့လေသည်လား။ ရှေ့ဆက်လျှောက်ရန်လွယ်ကူသော်လည်း နောက်ပြန်လှည့်ရန်ကတော့ ခက်ခဲလေသည်။ အကြောင်းမှာ... ကျင့်စဉ်လမ်းတွင် နောက်ပြန်လှည့်လိုက်မည်ဆိုလျှင် ပြာအတိကျသည်အထိ လောင်ကျွမ်းသွားမည် ဖြစ်သောကြောင့်ပင်ဖြစ်သည်။ နောက်ဆုံးလျှောက်ရမည့်လမ်းသည် လူတစ်ယောက်တည်းလျှောက်လှမ်းရန်အတွက်ပင် အတော်လေးကျဉ်းမြောင်းလေရာ နောက်ပြန်ဆုတ်မည်ဆိုလျှင် မည်သို့ ခံ

နိုင်ရည် ရှိပါမည်နည်း။ ဗုဒ္ဓက သက်ရှိသတ္တဝါများကို

ဟောကြားခဲ့သည်မှာ...

"ဗုဒ္ဓကိုယ်တော်တိုင်က လမ်းကိုသာ ပြသနိုင်ပြီး ကျင့်ကြံရမည်

ကတော့ လူသားများ၏တာဝန်ဖြစ်သည်" ဟူ၍ ဖြစ်လေ၏။

ထို့နောက် ဆန်းလျန်သည် အေးအေးဆေးဆေးဖြင့်ပင် ရှေ့သို့

ဆက်လက်လျှောက်လှမ်းသွားလေတော့သည်။

တာအိုဆရာလီချင်းဆွေ၏ မျက်ဝန်းထဲတွင် ဆန်းလျန်၏

ကျောပြင်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေ

တော့၏။ သူမ၏ တန်ခိုးစွမ်းအားဖြင့်ပင် ဆန်းလျန်ကို ရှာဖွေ

တွေ့မြင်နိုင်ခြင်း မရှိတော့ပေ။

....

ယွမ်ကျိုးနယ် ၊ အရှေ့ပင်လယ်ဒေသနှင့် (၇)မိုင်အကွာအဝေး

တွင် လျိုပေါ်တောင်ဆိုသည့် တောင်တစ်တောင် ရှိလေသည်။

ထိုတောင်ပေါ်တွင် ထူးထူးခြားခြား မိုးကြိုးပစ်ခတ်သံများ ထွက်ပေါ်လျှက် ရှိလေသည်။

သို့သော်... လျှပ်စီးလက်ခြင်းလည်းမရှိသလို မိုးကြိုးမုန်တိုင်း တိုက်ခတ်ခြင်းလည်း မရှိပေ။

ထိုမိုးကြိုးပစ်ခတ်သံများနောက်သို့ လိုက်ပါသွားမည်ဆိုလျှင် တောင်အနောက်ဖက် ချောက်ကမ်းပါးကြီးထက်တွင် ထူးဆန်း သည့်သတ္တဝါကြီးတစ်ကောင် ရပ်နေသည်ကို တွေ့ရမည် ဖြစ် လေသည်။

ထိုသတ္တဝါမှာ ခြေထောက်တစ်ချောင်းတည်းရှိပြီး ပုံသဏ္ဍာန်က နွားတစ်ကောင်နှင့် ဆင်တူလေသည်။ သို့သော် ... ဦးခေါင်းတွင် ဦးချိုများပါရှိခြင်း မရှိပေ။

ထိုနွားနှင့်တူသည့် သားရဲကြီး၏ ကျောပြင်ထက်တွင် မိန်းကလေးတစ်ယောက် ထိုင်လျှက် ရှိလေသည်။

သူမက အပြာရောင်ဝတ်ဆင်ထားပြီး လက်ထဲတွင် ပုလွေတစ်လက်ကိုင်ထားသည်။ သူမက ပုလွေကို ရေပြင်ညီမျဉ်းအတိုင်း ဘေးတစောင်းကိုင်ကာ တီးမှုတ်နေပြီး ထူးဆန်းသည့်သားရဲကြီးထံမှ ထွက်ပေါ်နေသည့် မိုးကြိုးပစ်သံများက မိန်းကလေး၏ ပုလွေသံကို လွှမ်းမိုးသွားနိုင်ခြင်း မရှိပေ။ သူမတီးမှုတ်နေသည့် ပုလွေသံသည် တောင်ကမ်းပါးတစ်လျှောက် ရိုက်ခတ်သွားပြီး ရွှေချောင်းရွှေစ ရတနာပစ္စည်းများ အချင်းချင်းရိုက်ခတ်သွားသည့်အသံထက်ပင် ကြည်လင်သာယာလွန်းလှသည်။ ထိုအချိန်မှာပင်... ပုလွေသံလှိုင်းများကြားတွင် ကြီးမားသည့် နဂါးခေါင်းကြီးတစ်ခုထွက်ပေါ်လာလေသည်။

နဂါးမှုတ်ဆိတ်မွေးများက သစ်ပင်ကြီးတစ်ပင်အလား ထူထဲလွန်းပြီး နဂါးကြီး၏ ခန္ဓာကိုယ်နှင့်ထိမိသည်နှင့် ချေက်

ကမ်းပါးမှ ကျောက်သားများ ပွဲကြွေပြုတ်ကျကုန်ကြလေ

သည်။

နဂါးကြီး၏ မျက်လုံးများက အလွန်အေးစက်နေပြီး ဖော်မပြ

နိုင်သည့် နက်ရှိုင်းမှုများဖြင့် ပြည့်နက်လျှက် ရှိသည်။

ခြေထောက်တစ်ချောင်းတည်းရှိသည့် နွားနှင့်တူသည့်

သတ္တဝါ၏ ခြေထောက်မှ အလင်းတန်းများ ထွက်ပေါ်လာပြီး

မျက်ဝန်းများကတော့ နဂါးကြီးကို အလွတ်မပေးဘဲ စိုက်ကြည့်

နေခဲ့လေသည်။ စွမ်းအားကြီးမားသည့် နဂါးကြီးတစ်ကောင်ကို

ရင်ဆိုင်ရသည့်တိုင် သူ့ပုံစံက ကြောက်ရွံ့ခြင်း အလျဉ်းမရှိပေ။

မိုးကြိုးပစ်ခတ်သံများသည် နဂါးကြီးဆီသို့ ပေါက်ကွဲစေသည့်

မုံးများအလား ရိုက်ခတ်လျှက် ရှိလေသည်။

သို့သော်... နဂါးကြီးထံမှ မမြင်ရသည့်တန်ခိုးစွမ်းအားတစ်ခုက

အလွှာလိုက်ထွက်ပေါ်နေပြီး မိုးကြိုးပစ်သံများကို ကာကွယ်

ထားသည်။ ခြေတစ်ချောင်းနှား၏ ကျောပေါ်တွင်ထိုင်နေသည့် မိန်းကလေးက ပုလွေမှုတ်နေခြင်းကို ရပ်တန့်လိုက်လေသည်။ ထို့နောက် သူမ၏ မျက်ဝန်းများက နဂါးကြီးကို စူးစိုက်ကြည့်လိုက်သည်။

သူမ၏ ရှည်လျားပြီးလှပသည့် ဆံနွယ်များက လေထဲတွင် လွင့်မျောနေလေသည်။ သူမလက်ထဲတွင် အပြာရောင် လျှပ်စီးပန်းပွင့်တစ်ပွင့်ဖြစ်တည်လာပြီး နဂါးကြီးထံသို့ ပစ်လွှတ်လိုက်လေရာ နဂါးကြီးမှာ ရှောင်တိမ်းနိုင်ခြင်းမရှိဘဲ နောက်သို့ အနည်းငယ် ဆုတ်သွားလေသည်။ ပြီးမှ နဂါးကြီးက အဝေးတစ်နေရာတွင် တည်တည်ငြိမ်ငြိမ်ဖြင့် ရပ်တန့်နေလေ၏။ ထို့နောက် နဂါးကြီးက အသက်တစ်ချက်ရှူလိုက်ပြီး နဂါးပါးစပ်ကြီးပွင့်ဟလာကာ ဩရှသည့် ယောကျ်ားသံကြီးတစ်သံ ထွက်ပေါ်လာလေသည်။ နဂါးကြီး၏ မုတ်ဆိတ်များမှာ လေနှင့်အတူ လွင့်မျောလျှင်ရှိပြီး သူ့ထံမှ တိတ်ဆိတ်ငြိမ်သက်သော်လည်း

ကြီးမားသည့် တန်ခိုးစွမ်းအားများ ထွက်ပေါ်နေသည်ကို ခံစား ရမည် ဖြစ်သည်။

"မင်းပြောတော့ အသက်ရှည်စေခြင်းကျောင်းတော်ကို တိုက်ခိုက်ဖို့က လွယ်လွယ်လေးဆို ၊ အခုတော့ ကျုပ်ရဲ့သား တော်တစ်ပါး အသက်ဆုံးရှုံးလိုက်ရပြီ..."

မည်သူမှ နဂါးကြီး၏ နှလုံးသားထဲမှ ဒေါသတရားကို နားလည် နိုင်မည် မဟုတ်ပေ။ အပြာရောင်ဝတ်မိန်းကလေးသည်လည်း နဂါးကြီး၏ ဒေါသများကို နားမလည်နိုင်ပေ။ နဂါးကြီး၏ ဒေါသများကြောင့် သူမသည်ပင် အပိုင်းပိုင်းပြတ်သွားနိုင် လောက်လေသည်။

အပြာရောင်ဝတ်မိန်းကလေးက သူမ၏ ဆံနွယ်များကို အသ အယာ ပွတ်သပ်လျှက် ရှိလေသည်။ သူမက ဆံနွယ်များကို တစ်မျှင်ချင်းပွတ်သပ်နေပြီး နောက်ဆုံးတော့ ကျစ်ဆံမြီးတစ်

ချောင်းကျစ်လိုက်ကာ ပခုံးထက်တွင် ချထားလိုက်လေသည်။ ထို့နောက် သူမက သွေးအိုင်ကြီးတစ်ခုအလား နီရဲလျှက်ရှိသည့် နဂါးကြီး၏ ပါးစပ်ကြီးကို စိုက်ကြည့်နေလေသည်။ နဂါးကြီး၏ နှာမှုတ်သံကြီးထွက်ပေါ်နေသည့်တိုင် သူမက နဂါးကြီးကို တစ်စက်လေးပင် ကြောက်ရွံ့ဟန် မရှိပေ။ သူမက အေးဆေးသည့်လေသံဖြင့်...

"မင်းရဲ့ သားတော်ကိုသတ်လိုက်တဲ့သူက ထာဝရဓားကိုကိုင်ထားတဲ့သူလေ ၊ ဒီလိုဖြစ်မယ်လို့ ဘယ်သူက ထင်ထားမှာလဲ ၊ မင်းအနေနဲ့ ငါ့ကို အပြစ်တင်စရာမလိုဘူး ထင်တာပဲ..."

နဂါးကြီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"တခြားသူတွေ ဒီစကားပြောရင် ကျုပ် ယုံချင်ယုံဦးမှာ ၊ ဒါပေမဲ့ မင်းက ဆန်းလျန်ထျန်းကျွင်းဆီက 'ယိ' လမ်းစဉ်ကို သင်ယူထားတဲ့သူမဟုတ်ဘူးလား ၊ မင်း ကြိုပြီးမသိဘူးဆိုတာ ကျုပ် မယုံဘူး..." အပြာရောင်ဝတ်မိန်းကလေးက...

"မင်းမှားနေပြီ ၊ ငါ အဲဒီပညာကို ဆန်းလျန်ထျန်းကျွင်းဆီက သင်ခဲ့တာ မဟုတ်ဘူး..."

နဂါးကြီးက...

"ကျုပ် မယုံဘူး ၊ ဆန်းလျန်ထျန်းကျွင်းမှာ အခုအချိန်ထိ တပည့် (၃)ယောက်ပဲ ရှိခဲ့တယ် ၊ သူ မင်းကို သင်မပေးဘူးဆိုတာ မဖြစ်နိုင်ဘူး ၊ ပြီးတော့ နှစ်ပေါင်းသောင်းနဲ့ချီနေပြီး မင်းကို ဘယ်သူမှ ခြေရာခံလို့ မရခဲ့ဘူး ၊ ဘာလို့လဲဆိုတော့ မင်းက အမြဲတမ်း တခြားသူတွေထက် အရာရာကို ခြေတစ်လှမ်း ကြိုတင်ပြီး သိမြင်နေခဲ့လို့ပဲ ..."

အပြာရောင်ဝတ်မိန်းမပျိုက...

"အဲဒါက စိတ်အာရုံက ကြိုတင်သိမြင်ခြင်းပါ ၊ 'ယိ' လမ်းစဉ်နဲ့ ဘာမှ မဆိုင်ဘူး ၊ ငါ့ရဲ့ကျင့်ကြံခြင်းက ကြိုပြီး သိမြင်နိုင်စွမ်းရှိတယ် ၊ ကြိုပြီးကြားနိုင်စွမ်းရှိတယ် ... ၊ ဒါပါပဲ..."

နဂါးကြီး မည်မျှပင် ဒေါသထွက်ပါစေ မိန်းမပျိုကတော့ အေးဆေးတည်ငြိမ်စွာဖြင့်ပင် စကားပြန်ပြောလျှက် ရှိလေသည်။ မိန်းကလေးကို မည်သို့မျှ ပြောမရသည့်အဆုံး နဂါးကြီးက မျက်လွှာတစ်ချက်ချလိုက်ပြီး...

"ဒါဆို အခု ကျုပ် ဘာလုပ်ရမလဲ..."

အပြာရောင်ဝတ်မိန်းကလေးက လက်ထဲတွင်ကိုင်ထားသည့် ပုလွေကို အခြားလက်ဖက်ဆီသို့ အကြိမ်ပေါင်းများစွာ ရိုင်ခတ်နေပြီး တိုးတိတ်သည့်လေသံဖြင့်စကားပြောလိုက်သည်။

"အသက်ရှည်စေခြင်းကျောင်းတော် အခု တည်ဆောက်ထားတဲ့နေရာက အရင်က ချင်းရွှမ်နတ်တံခါး တည်ရှိခဲ့တဲ့ နေရာပဲ ၊ ဒါပေမဲ့ ငါ့ဆရာက အဲဒါတွေကို အရေးစိုက်မနေဘူး ၊ ဒီတော့ ဆရာ့ရဲ့တပည့်တစ်ယောက်အနေနဲ့ ငါက တောင်ကိုပြန်သိမ်းတာ ဘာမှားလို့လဲ ၊ ပြီးတော့ ငါက ကြီးနိုင်ငယ်ညှဉ်း တမင်သက်သက် အနိုင်ကျင့်တာလည်း မဟုတ်ဘူး ၊ ဒါကြောင့် ငါက

မင်းကို တိုက်ခိုက်ဖို့ စေခိုင်းခဲ့တာ ၊ အခုတော့ မထင်မှတ်ဘဲ စွမ်းအားကြီးတဲ့ နတ်ဘုရားတစ်ပါး ရောက်လာခဲ့ပြီ ၊ မကြာခင် ငါ အဲဒီကိုလူကိုယ်တိုင်သွားမှ ဖြစ်မယ် ၊ သူက ထာဝရဓားရဲ့ ဆက်ခံသူဆိုပေမယ့်... ငါ လေ့ကျင်းကလည်း ထက်မြက်တဲ့သူ တစ်ယောက်ပါပဲ..."

မိန်းကလေး၏ စကားကိုကြားသည်နှင့် နဂါးကြီးက မျက်မှောင် တစ်ချက်ကြုတ်လိုက်ပြီး...

"ပွင့်ပွင့်လင်းလင်းပြောရရင် မင်းကို မသွားစေချင်ဘူး ၊ ဘာလို့ လဲဆိုတော့ အဲဒီနတ်ဘုရားရဲ့ နောက်ကွယ်ကလူက တာအို ဆရာလီချင်းဆွေပဲ..."

အပြာရောင်ဝတ်မိန်းကလေးက နှာခေါင်းတစ်ချက်ရှုံ့လိုက် ပြီး...

"မင်းက ကြောက်နေတယ်ဆိုလည်း ဘာလို့ ငါ့ဆီလာပြီး မေးခွန်းထုတ်နေသေးတာလဲ..."

နဂါးကြီးက မိန်းကလေး၏ စကားကြောင့် ရှက်ကြောက်သွားခြင်းမရှိဘဲ ပုံမှန်လေသံဖြင့်ပင် စကားပြောလိုက်သည်။

"မင်းကို ကျုပ်က မေးခွန်းထုတ်နေတာ မဟုတ်ပါဘူး ၊ ကျုပ်က မင်းဆီက အကူအညီလိုချင်တာပါ ၊ တကယ်ဆို ကျုပ်မင်းအတွက် အလုပ်လုပ်ပေးခဲ့လို့ ကျုပ်ရဲ့ အချစ်ဆုံးသားကို ဆုံးရှုံးသွားခဲ့ရတာ ၊ မင်းအနေနဲ့ တစ်ခုခုတော့ ပြန်လုပ်ပေးသင့်တာပေါ့..."

အပြာရောင်ဝတ်မိန်းမပျိုက...

"မင်းစိတ်ထဲ ဘာအကြံဆိုးတွေတွေးနေလဲ ငါ မှန်းကြည့်ရမလား..." နဂါးကြီးက...

"မှန်းကြည့်မနေပါနဲ့တော့ ၊ ကျုပ်ပြောပြပါ့မယ် ၊ နတ်မိစ္ဆာအဓိပတိကြီး သေဆုံးသွားပြီလို့ ကြားထားတယ် ၊ ဒီတော့ ကျုပ် အဆုံးမဲ့တောင်ကြားကို ပိုင်ဆိုင်ချင်တယ် ၊ အဲဒီအဆုံးမဲ့

တောင်ကြားက နတ်မိစ္ဆာအဓိပတိအသစ်က ကျင့်စူးလို့ခေါ်တယ်၊ သူ့မှာ ကျွယ်ရှန်းနတ်ဓားရှိနေတယ်၊ ဒါကြောင့် မင်းကျုပ်အတွက် ကူပြီးတိုက်ခိုက်ပေးဖို့ မျှော်လင့်တယ်..."

အပြာရောင်ဝတ်မိန်းကလေးက...

"နှစ်ပေါင်း (၁၀၀)အတွင်းမှာ ကျင့်စူးက အတော်ဆုံးဓားသမားတစ်ယောက်ပဲ၊ ငါကြားတာတော့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က အတိတ်တစ်ချိန်က ဟွင့်ထျန်းတာ့စန်းအရှင်ကြီးထက်တောင် သာလွန်တယ်တဲ့၊ မင်းနဲ့ငါ (၂)ယောက်ပေါင်းပြီးတိုက်ခိုက်လို့ သူ့ကိုအနိုင်ရတယ်ထား၊ သူ့ကို ဘယ်လိုမှ ဖမ်းမိမှာ မဟုတ်ဘူး၊ ကျင့်စူးလိုလူမျိုးက သွားပြီးရန်စသင့်တဲ့သူတစ်ယောက် မဟုတ်ဘူး၊ မဟုတ်ရင် ပြဿနာအကြီးကြီးတက်သွားနိုင်တယ်..."

မိန်းကလေးစကားကြောင့် နဂါးကြီးက ရယ်မောလိုက်လေရာ သူ၏ ပါးစပ်ကြီးက သွေးအိုးကြီးတစ်လုံးအလား ရဲရဲနီလျှက် ရှိလေသည်။

"ကျုပ်မှာ ခင်မင်ကြတဲ့ သွေးသောက်ညီအစ်ကိုတွေ အများ ကြီးရှိတယ်၊ မင်းကိုယ်တိုင် ဝင်ပြီး တိုက်ခိုက်ပေးဖို့ ပြောတာ မဟုတ်ပါဘူး၊ မင်းကကိစ္စလေးတစ်ခု လုပ်ပေးရုံပါပဲ၊ ဘာပဲ ဖြစ်ဖြစ် မင်းက ဆန်းလျန်ထျန်းကျွင်းရဲ့ တပည့်ရင်းတစ် ယောက်ပဲလေ၊ မင်းဆရာရဲ့နာမည်ကို သုံးလိုက်တာနဲ့ ဘယ်သူ မှ တောင့်ခံနိုင်မှာ မဟုတ်ပါဘူး…"
အပြာရောင်ဝတ် မိန်းကလေးက…

"ဒါက မင်းထင်တာလေ၊ ပွင့်ပွင့်လင်းလင်းပြောရရင် မင်းနဲ့ငါ အတော်လေးခင်မင်ကြပါတယ်၊ ပြီးတော့ အခုတစ်ကြိမ် မင်း

အပေါ်မှာ ငါ အကြွေးတင်သွားပေမယ့် မင်းပြောတဲ့ အလုပ်ကို

တော့ လုပ်ပေးလို့ မဖြစ်ဘူး…” နဂါးကြီးက…

"ဘာဖြစ်လို့လဲ…"

အပြာရောင်ဝတ်မိန်းကလေးက နှာခေါင်းတစ်ချက်ရှုံ့လိုက်

ရင်း…

"မင်း ငါ့နာမည်ကို အသုံးပြုလို့ရတယ်၊ ဒါပေမဲ့ ငါ့ဆရာနာမည်

ကို အသုံးပြုမှာတော့ လုံးဝ ခွင့်မပြုနိုင်ဘူး…” နဂါးကြီးက

အံ့အားသင့်သွားပြီး…

"ဒါပေမဲ့ ကျုပ်ကြားသလောက် မင်းတို့ ဆရာတပည့်ဆက်ဆံ

ရေးက သိပ်မကောင်းကြဘူး မဟုတ်လား…” အပြာရောင်ဝတ်

မိန်းကလေးက…

"မင်း နားမလည်ပါဘူး၊ ဆရာက ငါ့ကို သေစေချင်ရင် ငါတစ်

ချက် မတုံ့ဆိုင်းဘဲ အသေခံလိုက်မယ်၊ ငါ့ဆရာကို ငါ

ဘယ်လောက်ချစ်ခင်လေးစားလဲဆိုတာ တခြားသူတွေ ဘယ်သူမှ နားလည်နိုင်မှာ မဟုတ်ဘူး..."

နဂါးကြီးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။ သူမကို ပူးပေါင်းရန်အတွက် မည်မျှ တန်ဖိုးကြီးကြီးပေးရပါစေ နဂါးကြီးအနေဖြင့် ပေးဆပ်နိုင်သော်လည်း ယခုတော့ သူဆက်မပြောနိုင်တော့ပေ။ သူမနှင့် ဆန်းလျန်ကြားမှ ဆက်ဆံရေးသည် သူတို့ ညီအစ်ကို (၇)ယောက်၏ ဆက်ဆံရေးကဲ့သို့ ဖြစ်သည်ကို နားလည်လိုက်သည်။

သူမသည် ဆန်းလျန်အတွက်ဆိုလျှင် အသက်စွန့်ရန်ပင် အသင့်ရှိနေသည် မဟုတ်ပါလား။
အမှန်တော့ ထိုသို့သောစိတ်ထားမျိုးသည့် သွေးသောက်ညီအစ်ကိုများကြားတွင် ထားရှိသည့် သစ္စာတရားထက် အခြားသူတစ်ယောက်အပေါ်တွင် ထားရှိသည့် ချစ်ခြင်းမေတ္တာတရား

နှင့် ပိုပြီးဆင်တူလေသည်။ သူမသည် ဆန်းလျန်ကို ချစ်ခဲ့မိပါ၏။

သို့သော်... ချစ်ခြင်းမေတ္တာနှင့်တရားမျှတမှုဆိုသည်က အချိန်ကာလ တိုက်ဆိုင်ခြင်းမရှိလျှင် စိတ်မကောင်းစရာပင် ဖြစ်သည် မဟုတ်ပါလား။

အခန်း (၉၈၃) လေ့လာခြင်း

နဂါးကြီးက အပြာရောင်ဝတ်ဆင်ထားသည့် မိန်းကလေး လုံးဝ စိတ်ထားမပြောင်းသည်ကို သိရှိသွားပြီးနောက် ဆက်လက် စည်းရုံးခြင်း မပြုလုပ်တော့ပေ။

နဂါးကြီးက...

"ဒါပေမဲ့ မင်း ကျုပ်ကို အကြွေးတင်နေသေးတယ်နော်..."

နဂါးကြီး၏ စကားကိုကြားသည်နှင့် အပြာရောင်ဝတ် မိန်းကလေးက သူမလက်ထဲမှ ပုလွေဖြင့် လေထဲသို့ တစ်ချက် ရိုက်ချလိုက်လေသည်။

ထိုအခါ လေထဲတွင် တာအိုကျမ်းစာတစ်ခု၏ စာသားများ ထွက်ပေါ်လာလေသည်။ ထိုတာအိုကျမ်းစာထဲတွင် ပါဝင်သည့် စာသားများကိုကြည့်ခြင်းအားဖြင့် အလွန်လျှို့ဝှက်နက်နဲသည့် တာအိုကျင့်စဉ်တစ်ခု ဖြစ်ကြောင်း သိရှိနိုင်သည်။

တာအိုကျမ်းစာက လေထဲတွင် သိပ်အကြာကြီး ထင်ပေါ်မနေခဲ့ပေ။ သို့သော် နဂါးကြီးကတော့ သေသေချာချာဖတ်ရှုပြီး စိတ်ထဲတွင် မှတ်သားထားလိုက်လေသည်။

အပြာရောင်ဝတ်မိန်းကလေးက...

"ဒါ စစ်မှန်တဲ့ စန်းရှောင်ကျင့်စဉ်ပဲ ၊ မင်းရဲ့သားတော်အသက်ဆုံးရှုံးသွားတဲ့အတွက် အကြွေးဆပ်တယ်လို့ သဘောထားလိုက်ပါ..."

နဂါးကြီးက ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် နဂါးကြီးက တဖြည်းဖြည်း အနောက်သို့ ဆုတ်သွားပြီး ပင်လယ်ရေလှိုင်းများကြားသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

အပြာရောင်မိန်းကလေးက အဆုံးမရှိသည့် ပင်လယ်ရေလှိုင်းများဆီသို့ စူးစိုက်ကြည့်နေပြီး ပုလွေကို စတင်တီးမှုတ်လိုက်လေသည်။

ထိုပုလွေသံစဉ်သည် ရေလှိုင်းများကို ဖြတ်သန်းပြီး ရှင်သန်စေ ခြင်းကျောင်းတော်သို့ ပျံ့လွင့်ရောက်ရှိ လာလေတော့သည်။

ရှင်သန်စေခြင်း ကျောင်းတော်တွင်တော့ ကျင့်ကြံသူများ အားလုံးက ဆန်းချင်းချင်းကို ဝိုင်းဝန်းချီးကျူးဂုဏ်ပြုနေကြ လေသည်။

ထိုအချိန်တွင်... ဆန်းချင်းချင်း၏ နားထဲသို့ ပုလွေသံတစ်သံ ဝင်ရောက်လာလေ၏။

ဆန်းချင်းချင်း၏ မျက်နှာအမူအရာပြောင်းလဲသွားသည်ကို ရှင်ယောင်းနှင့် အခြားသူများက သတိထားမိသွားကြသည်။

ရှင်ယောင်းက...

"မင်းသမီးလေး... ၊ ဘာများ ဖြစ်လို့လဲ..."

ဆန်းချင်းချင်းက...

"ပုလွေသံတစ်သံ မကြားဘူးလား..."

ဆန်းချင်းချင်း၏စကားဆုံးသွားပြီးနောက် အခြားသူများသည်
လည်း ပုလွေသံကို သတိထားလိုက်မိကြသည်။
ပုလွေသံကို ကြားလိုက်သည်နှင့် သူတို့အားလုံး ရေခဲဂူတစ်ခု
အတွင်းသို့ ကျရောက်သွားသည့်အလား ခန္ဓာကိုယ်များ အေး
စက်တောင့်တင်းသွားသည်ကို ခံစားလိုက်ကြရလေသည်။
ကြီးမားပြီး နားလည်နိုင်စွမ်းမရှိသည့် ဖိအားကြီးတစ်ခုသည်
လည်း သူတို့၏ စိတ်အာရုံအတွင်းသို့ ဝင်ရောက်လာလေ၏။
ရှင်ယောင်းက အင်းသင်္ကေတတစ်ခုကို ရေးဆွဲလိုက်ပြီး လေ
ထဲသို့ အသာလွှတ်လိုက်လေသည်။
လေထဲတွင် အလင်းရောင်များတောက်ပလာပြီး အင်း
သင်္ကေတ ပျံသန်းထွက်ခွာသွားကာ ပုလွေသံထွက်ပေါ်လာရာ
နေရာသို့ ခြေရာခံလိုက်သွားလေသည်။
မိုးကြိုးလျှပ်စီးများ ပြင်းထန်စွာ ပစ်ခတ်နေသည့် တစ်နေရာအ
ရောက်တွင်တော့ အင်းသင်္ကေတသည် မိုးကြိုးလျှပ်စီးများ၏

ဒဏ်ကို မခံနိုင်ဘဲ ချက်ချင်းပင် တစ်စစီပျက်စီးသွားလေ

တော့သည်။

ရှင်ယောင်း သွေးများအန်ချလိုက်ပြီး မျက်နှာက ဖြူဖပ်ဖြူ

လျော်ဖြစ်လျှက် ရှိလေသည်။

ဆန်းချင်းချင်း၏ မျက်နှာက တည်ကြည်လေးနက်နေပြီး...

"တကယ့်ပြဿနာက အဲဒီနေရာမှာပဲ..."

မေနန့်စန်းက...

"ဘာပြဿနာလဲ..."

ဆန်းချင်းချင်းက ခေါင်းခါရမ်းလိုက်ပြီး...

"ကျွန်မလည်း မသိဘူး..."

မေနန့်စန်းက...

"မင်းသမီးလေး... ၊ မင်း... ချင်းဆွေထျန်းကောင်းကင်ဘုံကို

ပြန်သွားပြီး အကူအညီများ ထပ်တောင်းလို့ ရနိုင်မလား..."

ဆန်းချင်းချင်းမှာ ထိပ်တန်းအဆင့်နတ်ဘုရားတစ်ပါးဖြစ်သော်လည်း တိုက်ခိုက်မှုပိုင်းတွင် ဝါနုသေးကြောင်း မေနန့်စန်း ရိပ်မိထားလေသည်။

ငွေရောင်သံချပ်ကာဝတ် နဂါးမင်းသားကို သတ်ဖြတ်လိုက်နိုင်သော်လည်း သူမအနေဖြင့် ယခု ရောက်ရှိလာသည့် အန္တရယ်ကို ရင်ဆိုင်ရန် အတွေ့အကြုံမလုံလောက်သေးပေ။

ထို့ပြင် ဆန်းချင်းချင်းသည် ချင်းဆွေထျန်းကောင်းကင်ဘုံတွင် နေရာတစ်နေရာ ရရှိထားသည့် အဆင့်မြင့်နတ်ဘုရားတစ်ပါး ဖြစ်ပဟန် ရှိလေသည်။ ထို့ကြောင့် သူမအနေဖြင့် ချင်းဆွေထျန်း ကောင်းကင်ဘုံမှ အခြားသောနတ်ဘုရားများကို အကူအညီ သွားရောက်တောင်းခံရန်မှာ ခက်ခဲသည့်အလုပ် မဟုတ်ပေ။

ထိုက်ယီမရဏာစား (၇)လက်ကို ကျင့်ကြံအောင်မြင်ပြီးနောက် သူမ မည်မျှ စားသိုင်းစွမ်းရည် မြင့်တက်သွားသည်ကို ဆန်း ချင်းချင်းကိုယ်တိုင်လည်း သေသေချာချာ မသိသေးပေ။

ထို့ပြင်... ရှင်သန်စေခြင်းကျောင်းတော်ကို သူမ မကာကွယ်ပေးနိုင်လျှင် တာအိုဆရာလီချင်းဆွေ သူမကို အပြစ်ဆိုမည်ကိုလည်း သူမ စိတ်ပူလေသည်။

တာအိုဆရာလီချင်းဆွေကိုယ်တိုင်ရောက်ရှိလာပြီး ရှင်သန်စေခြင်းကျောင်းတော်ကို ကယ်တင်ခဲ့လျှင်တောင်မှ ထိုသို့ကယ်တင်ခြင်းသည် သူမကိုယ်တိုင် ကူညီခြင်းနှင့် မတူညီတော့ပေ။

ထို့ကြောင့် ဆန်းချင်းချင်းက...

"ရှင်တို့ စိတ်မပူပါနဲ့၊ ဒီကိစ္စကို ကျွန်မ ကိုင်တွယ်နိုင်ပါတယ်..."

ဆန်းချင်းချင်းက ထိုသို့ပြောလိုက်သော်လည်း မေနန့်စန်းကတော့ အနည်းငယ် စိတ်ပူပန်မိလေသည်။

ထို့ပြင်... ရှွင်ယောင်းမှာလည်း ဒဏ်ရာရသွားပြီ ဖြစ်သည့်အတွက် စိတ်ပူပန်နေမိသည်။

သို့သော်... သူက ခပ်တိုးတိုးလေသံဖြင့်...

"မင်းသမီးလေးကို ကျုပ်ယုံပါတယ်..."

ဟုသာ ပြောလိုက်လေ၏။

ဆန်းချင်းချင်း၏ ကျင့်ကြံခြင်းအဆင့်က မေနန့်စန်းထက် များစွာ အဆင့်မြင့်သည့်အပြင် သူမ၏ အလွန်ကြောက်မက်ဖွယ်ရာကောင်းသည့် ဓားသိုင်းပညာကို တွေ့မြင်ခဲ့ပြီး ဖြစ်လေရာ ဆန်းချင်းချင်းကို မေနန့်စန်း လျှော့မတွက်ရဲပေ။

ဆန်းချင်းချင်းက ချင်းရှမ်တောင်ကို ဝိုင်းထားသည့် ထောင်နှင့်ချီသည့် နတ်မိစ္ဆာများကို ဓားတစ်လက်တည်းဖြင့် သုတ်သင်ရှင်းလင်းပစ်ခဲ့သူ ဖြစ်သည်။

တောင်ကို ဝန်းရံထားသည့် နတ်မိစ္ဆာများ ၊ နတ်နဂါးများ မည်မျှတန်ခိုးစွမ်းအားကြီးမားသည်ကို ရှင်ယောင်း အသိဆုံးဖြစ်သည်။

ထို့ကြောင့် ထိုနတ်မိစ္ဆာများကို ဓားတစ်ချက်ဝှေ့ရမ်းရုံဖြင့် သတ်ဖြတ်ပစ်ရန် အလွန်တန်ခိုးစွမ်းအားကြီးမားမှသာ ဖြစ်နိုင်ပေလိမ့်မည်။

သို့သော်... ယခုတော့ ပုလွေသံက တဖြည်းဖြည်းနီးကပ်လာပြီ ဖြစ်ပြီး ဆန်းချင်းချင်းက လှုပ်ရှားမှု မပြုလုပ်သေးပေ။

ရှင်သန်စေခြင်းကျောင်းတော်မှ လူအများမှာလည်း မည်သို့ပြုလုပ်ရမည်ကို ကြံရာမရ ဖြစ်နေကြလေသည်။

ထိုသို့ဖြင့်...

အချိန် (၁)နာရီခန့်အကြာတွင် ပုလွေသံ ပျောက်ကွယ်သွားလေသည်။

ထိုအခါမှ... ရှင်သန်စေခြင်းကျောင်းတော်မှ ကျင့်ကြံသူများ စိတ်သက်သာရာရသွားကြပြီး သက်ပြင်းချလိုက်နိုင်ကြလေသည်။

သို့သော်... သူတို့ ပတ်ဝန်းကျင်သို့ ကြည့်လိုက်ကြသည့်အခါ ဆန်းချင်းချင်းကို မတွေ့ရတော့ပေ။

ဆန်းချင်းချင်း ထွက်ခွာသွားခဲ့ပြီ ဖြစ်လေသည်။ သို့ရာတွင်... ဆန်းချင်းချင်း မည်သည့်အချိန်က ထွက်ခွာသွားကြောင်း သူတို့အားလုံး မသိရှိလိုက်ကြပေ။

....

နေရောင်သည် အနောက်ဆီသို့ တိုးဝင်ပျောက်ကွယ်သွားပြီဖြစ်လေသည်။

ကောင်းကင်သည် ပုဇွန်ဆီရောင်သမ်းနေပြီး နောက်ထပ် နာရီဝက်ခန့်ကြာလျှင် အလင်းရောင်အားလုံး ပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ကျီဖူတောင်ထိပ်ရှိ မိုးမခပင်သည် ဆည်းဆာနေရောင်အောက်တွင် တောက်ပနေပြီး မိုးမခပင်၏အရွက်များက အနီရောင်ဆိုးလျှက် ရှိသည်။

ဆန်းချင်းချင်းက ထိုနေရာသို့ စိတ်အာရုံတစ်ချက်ညွှတ်လိုက်သည်နှင့် ရောက်ရှိလာခဲ့လေသည်။

သူမ အရှေ့ဆီသို့ ကြည့်လိုက်သည့်အခါ ခြေထောက်တစ်ချောင်းတည်းရှိသည့် နွားနှင့်ဆင်တူသော သားရဲတစ်ကောင် တရွေ့ရွေ့လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

ထိုသားရဲ၏ ကျောပေါ်တွင်တော့ အပြာရောင်ဝတ်မိန်းကလေးတစ်ယောက် ထိုင်နေလေသ်ည။

ထိုသားရဲမှာ "တစ္ဆေနွားရိုင်း" ဟုခေါ်သည့် သတ္တဝါဖြစ်ကြောင်း ဆန်းချင်းချင်း သိလိုက်သည်။ ထို တစ္ဆေနွားရိုင်းမှာ စကြာဝဠာ မဖြစ်တည်ခင်ကပင် တည်ရှိခဲ့သည့် နတ်သားရဲတစ်ကောင်ဖြစ်ပြီး မိုးကြိုးနှင့်လျှပ်စီးများကို ထိန်းချုပ်နိုင်စွမ်း ရှိလေသည်။

ထို့ပြင် ထို တစ္ဆေနွားရိုင်းမှာ လျှပ်စီးနတ်မိမယ်၏ စီးတော် ဖြစ်လေ၏။

ချင်းဆွေထျန်းကောင်းကင်ဘုံတွင် သူမ နေထိုင်စဉ် များစွာ

သော ဒဏ္ဍာရီများနှင့် လျှို့ဝှက်ချက်များကို သိခွင့်ရခဲ့သည်။

ထို့ကြောင့် သူမအနေဖြင့် နှစ်ပေါင်းတစ်သောင်း မကျင့်ကြံရ

သေးသော်လည်း နှစ်ပေါင်းတစ်သောင်း ကျင့်ကြံသူတစ်

ယောက်နှင့်ညီမျှသည့် အသိပညာဗဟုသုတများကို ရရှိထားခဲ့

လေသည်။

မမလီချင်းဆွေပြောပြသည့် ဒဏ္ဍာရီများအရဆိုလျှင် ယခု

သူမရင်ဆိုင်နေရသူသည် လျှပ်စီးနတ်မိမယ် ဖြစ်သည်မှာ

သေချာသလောက်ရှိသည်။

ပုလွေသံကို ကြားစဉ်ကတည်းက ရှင်သန်စေခြင်းကျောင်း

တော် အန္တရယ်ကျရောက်ပြီကို ဆန်းချင်းချင်း ရိပ်မိခဲ့သည်။

သို့သော်... ထိုမျှ ကြီးမားသည့် အန္တရယ်ဖြစ်နေလိမ့်မည်ဟု

ဆန်းချင်းချင်း ထင်မထားခဲ့မိပေ။

တစ္ဆေနွားရိုင်းကိုစီးကာ သူမရှိရာသို့ လာနေသည့် လျှပ်စီးနတ်မိမယ်ကို ဆန်းချင်းချင်း အေးအေးဆေးဆေးပင် ကြည့်နေခဲ့သည်။

သူမ၏ လက်ကတော့ ထာဝရဓားကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားသည်။ ဓားသွားမှ အေးစိမ့်သည့်အငွေ့အသက်များသည် သူမ၏ စိတ်ဝိညာဉ်အတွင်းထဲအထိ စီးဆင်းစိမ့်ဝင်လျှက် ရှိလေ၏။

တစ်ချိန်တည်းမှာပင်... ထာဝရဓားနှင့် သူမ၏ တန်ခိုးစွမ်းအားများ ပေါင်းစပ်သွားပြီး လမင်း၏အလယ်တွင် ရောက်နေသည့်အလား အေးစိမ့်ခြင်းများကို ခံစားလိုက်ရသည်။

သို့သော်... ဆန်းချင်းချင်း၏ စိတ်များကတော့ တည်ငြိမ်နေလေ၏။

သူမဘေးပတ်ပတ်လည်မှ အရာအားလုံး လှုပ်ရှားနေပြီး

သူမ၏နှလုံးသားသည် နောက်ဆုံးကြွေကျတော့မည့် သစ်ရွက်

ငယ်တစ်ခုအလား ကံကြမ္မာကို သိမြင်နေရလေသည်။

ချက်ချင်းပင် ဓားသိုင်းပညာ၏ အနှစ်သာရကို သူမ နားလည်

သွားပြီး ဓားနှင့်လူတစ်သားတည်းကျသွားကာ ထက်မြက်သည့်

ဓားသမားတစ်ယောက်အဖြစ် ချက်ချင်းပြောင်းလဲသွားလေ

တော့သည်။

တစ္ဆေနွှားရိုင်း၏ကျောပေါ်တွင်ထိုင်နေသည့် အပြာရောင်ဝတ်

မိန်းကလေးကတော့ ဆန်းချင်းချင်း၏ ဓားဝိညာဉ်ကို

အဆက်မပြတ်လေ့လာနေလေသည်။

ဓားဝိညာဉ်ကိုလေ့လာရင်း သူမ တိုက်ခိုက်နိုင်မည့်ဟာကွက်ကို

ရှာဖွေနေခြင်း ဖြစ်သည်။ ရန်သူ၏ ဟာကွက်ကို သိရှိပါက သူမ

အနေဖြင့် တန်ခိုးစွမ်းအားအသုံးပြုကာ အပြင်းအထန်

တိုက်ခိုက်နိုင်မည် ဖြစ်သည်။

သို့သော်... ဆန်းချင်းချင်း၏ ဓားသိုင်းက သန့်စင်ပြီး ဟာကွက်လုံးဝမရှိသလို အပြစ်ပြောစရာ တစ်ကွက်မှလည်း မတွေ့ရှိရပေ။

ဆန်းချင်းချင်းက ရုတ်တရက် ရယ်မောလိုက်ပြီး...

"မင်းက လျှပ်စီးနတ်မိမယ်လား ၊ မင်းက ဆန်းလျန်ရဲ့ တပည့်လို့ ငါကြားဖူးတယ် ၊ ဒီလိုသာဆိုရင် ဝါစဉ်အရ မင်း ငါ့ကို ဆရာဒေါ်လေးလို့ ခေါ်သင့်တာ..."

အပြာရောင်ဝတ်မိန်းကလေးက မျက်ခုံးတစ်ချက်ပင့်ကြည့်လိုက်ပြီး...

"ငါ့နာမည်က လေ့ကျင်းလို့ခေါ်တယ်..."

သူမပြောလိုက်သည့် စကားများက အပြာရောင်ဝတ်မိန်းကလေး၏ တာအိုနှလုံးသားကို တစ်ချက်လေးပင် မတုန်လှုပ်စေကြောင်း ဆန်းချင်းချင်း ရိပ်မိလိုက်သည်။

သို့သော်... ဆန်းချင်းချင်း စိတ်ပျက်သွားခြင်း မရှိပေ။

သူမပြုလုပ်လိုက်သည့်နည်းလမ်းက အလုပ်မဖြစ်သည့်တိုင် အနည်းဆုံးတော့ လေ့ကျင်းက သူမကို စကားပြန်ပြောခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့်... လုံးဝ အလုပ်မဖြစ်ဟုလည်း မဆို နိုင်ပေ။

လေ့ကျင်း၏ မျက်လုံးထဲတွင်တော့ ဆန်းချင်းချင်းကို ပြိုင်ဘက်ကောင်းတစ်ယောက် ခံယူထားသည်။

ဆန်းချင်းချင်းသည် နောက်ပိုင်းမျိုးဆက်ကျင့်ကြံသူတစ် ယောက်ဖြစ်သော်လည်း သူမ၏ ဓားသိုင်းက အဆင့်မြင့်လေ သည်။

ဆန်းချင်းချင်းက အရည်အချင်းရှိသူတစ်ယောက်ဖြစ်လေ သည်။

သူမက လေ့ကျင်း၏ တာအိုနှလုံးသားကို ရိုက်ခတ်အောင် ပြုလုပ်ပြီး ဟာကွက်ထွက်ပေါ်လာအောင် ပြုလုပ်နေသည်ကို လေ့ကျင်း ရိပ်မိလိုက်သည်။

ဆန်းချင်းချင်းက သူမ မျှော်လင့်ထားသည်ထက်ပင် သာလွန်လေသည်။

ဆန်းချင်းချင်းသည် ဓားနှင့်လူ တစ်သားတည်းကျနေသည့် အနေအထားကို ထိန်းသိမ်းထားပြီး သူမက စတင်တိုက်ခိုက်ခြင်း မပြုသေးပေ။

မည်သူမှ တိုက်ခိုက်ခြင်း မပြုကြဘဲ လေ့ကျင်းနှင့် ဆန်းချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်နေကြလေသည်။

လေ့ကျင်းအနေဖြင့် ဆန်းချင်းချင်းက သူမကို တားဆီးထားသည့်အတွက် ချင်းရွှမ်တောင်ကို သိမ်းပိုက်ရန် သိပ်တော့ မလွယ်ကူလှသည်မှာ ထင်ရှားနေလေသည်။

ဆန်းချင်းချင်းလက်ထဲတွင် ထာဝရဓားရှိနေသလို ဆန်းချင်းချင်းသည်လည်း အဆင့်မြင့်နတ်ဘုရားတစ်ပါး ဖြစ်လေသည်။

ထို့ကြောင့် သူမ မျှော်လင့်ထားသည်ထက် ဆန်းချင်းချင်းက တန်ခိုးစွမ်းအား ပိုမိုကြီးမားလေသည်။

အမှန်တော့ ဝက်တစ်ကောင်လက်ထဲတွင် ထာဝရဓားကိုင်ထား လျှင်ပင် အထင်မသေးသင့်ကြောင်း လေ့ကျင်း သိရှိထားပြီး ဖြစ်သည်။

ယခုတော့ ဆန်းချင်းချင်းက ဓားနှင့်လူ တစ်သားတည်းကျနေ ပြီး တရားအလင်းရသည့်အဆင့်သို့ ရောက်ရှိနေလေရာ ပို၍ပင် စိတ်ဝင်စားဖွယ်ကောင်းနေသေးသည်။

ယခင်ကတော့ ဆန်းချင်းချင်းသည် ဓားသိုင်းကျွမ်းကျင်သူ တစ်ယောက် ဟုတ်သည်လား ၊ မဟုတ်သည်လား လေ့ကျင်း မ သိရှိခဲ့ပေ။

သို့သော်... သူမ ထာဝရဓားကို ကိုင်ထားသည့်ဟန်က ကိုယ်ပိုင် ဟန်ရှိပြီး အခြားသော ဓားသမားများထက် အနည်းငယ် ပိုမို သာလွန်လေသည်။

နှစ်ပေါင်းတစ်သောင်းကျော်ဆိုသည့်ကာလအတွင်း လေ့ကျင်းကတော့ ကိစ္စရပ်အတော်များများနှင့်ပတ်သက်ပြီး အတွေ့အကြုံများစွာ ရှိခဲ့သူ ဖြစ်သည်။ ထို့ပြင်... သူမ၏ တိုက်ခိုက်ရေးအတွေ့အကြုံကလည်း မြင့်မားလေသည်။ ထို့ကြောင့် ဆန်းချင်းချင်း၏ တစ်ခုတည်းသောအားနည်းချက်မှာ တိုက်ခိုက်ရေးအတွေ့အကြုံနည်းပါးခြင်း ဖြစ်သည်ကို သူမ ရိပ်မိလိုက်သည်။

ထို့ကြောင့် လေ့ကျင်းက ဆန်းချင်းချင်းကို စကားပြောလိုက်သည်နှင့် သူမ၏ တန်ခိုးစွမ်းအားများကိုပါ တစ်ခါတည်း ထုတ်ဖော်လိုက်လေ၏။

လေ့ကျင်း၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာသည့် တန်ခိုးစွမ်းအားများက မမြင်ရသည့် ဖိအားကြီးတစ်ခုပမာ ဆန်းချင်းချင်းဆီသို့ တလိမ့်လိမ့် တက်လာလေသည်။

တန်ခိုးစွမ်းအားများ တဖြည်းဖြည်းများပြားလာပြီး လုံးဝ ရပ်တန့်ခြင်း မရှိပေ။

ဆန်းချင်းချင်းသာ ပြန်လည်ခုခံတိုက်ခိုက်ခြင်းမရှိလျှင် လေ့ကျင်း၏ တန်ခိုးစွမ်းအားများက သူမကို ရိုက်ခတ်မိပြီး သူမ သေသည်အထိ ခံစားရမည်ကို ဆန်းချင်းချင်း နားလည်လိုက်သည်။

ထို့ကြောင့် ကောင်းမွန်သည့် ရွေးခြယ်မှုတစ်ခု မဟုတ်သည့်တိုင် သူမက လေ့ကျင်းကို တိုက်ခိုက်ရန် ရွေးခြယ်လိုက်ရတော့သည်။

ဆန်းချင်းချင်း ဓားသိုင်းထုတ်ဖော်လိုက်သည်နှင့် ဟာကွက်က ထွက်ပေါ်လာမည်ပဲ ဖြစ်လေသည်။ ထိုအခါ လေ့ကျင်း အနေဖြင့် သူမကို တိုက်ခိုက်ရန် ကျိန်းသေ အခွင့်အရေး ရရှိသွားပေလိမ့်မည်။

ကံကောင်းသည်မှာ သူမတွင် ထာဝရဓား ရှိနေခြင်း ဖြစ်သည်။

နောက်ဆုံးတော့ တိုက်ပွဲတစ်ခု စတင်ခဲ့ပြီ ဖြစ်လေ၏။

သို့သော်... သူမတို့ (၂)ယောက်လုံး မသိရှိသည့်အချက်မှာ မမြင်ရသည့် မျက်ဝန်းတစ်စုံသည် သူမတို့ (၂)ယောက်ကို ကြည့်ရှုနေခြင်း ဖြစ်လေသည်။

ထိုမျက်လုံးများ၏ပိုင်ရှင်က ဆန်းလျန်ပင် ဖြစ်လေတော့သည်။

အခန်း (၉၈၄) လှည့်ကွက်များ

အမှန်တော့ ဆန်းချင်းချင်းနှင့် လေ့ကျင်း၏ တိုက်ပွဲက မည်မျှ ပင် ပြင်းထန်ပါစေ ဆန်းလျန်အတွက်တော့ ကလေးကစားနေ သကဲ့သို့ပင် ဖြစ်လေသည်။

ချန်ကျန့်မေ သူ့ကိုယ်သူစတေးခံကာ ပြုလုပ်ခဲ့သည့် အနတ္တစား သည်ပင်လျှင် ယခုအချိန်တွင် ဆန်းလျန်အတွက် တန်ဖိုးမရှိ တော့ပေ။

ဆန်းလျန်၏ မျက်ဝန်းထဲတွင် လောကရှိ အရာအားလုံး၏ လျှို့ဝှက်ချက်များအားလုံးကို သိမြင်နေခဲ့ပြီ ဖြစ်သည်။

သို့သော်... သူ အနည်းငယ်စိတ်ရှုတ်ထွေးနေခဲ့လေသည်။

အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန် အချိန်ကာလသတ်မှတ်ချက် များသည် သူ့အတွက် လုံး၀ အဓိပ္ပါယ် မရှိတော့ပေ။

အကြောင်းမှာ ဆန်းလျန်သည် အချိန်ကာလနှင့် သုံးလောကကို ကျော်လွန်ပြီး သက်ရှိသတ္တဝါများအားလုံးကို တွေ့မြင်နေရ သည့်အတွက် ဖြစ်သည်။

ယခု ဖြစ်နေသည့် အကြောင်းအရာများအားလုံးသည် အတိတ်တစ်ချိန်က ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များနှင့် အတူတူပင် ဖြစ်လေသည်။

အနာဂတ်တွင် ဖြစ်ပျက်လာမည့်အရာများသည်လည်း လက်ရှိတွင် ဖြစ်ပျက်နေသည့် ဖြစ်ရပ်များသာ ဖြစ်လေသည်။

အချိန် ၊ နေရာနှင့် လူပုဂ္ဂိုလ်သာ ပြောင်းလဲသွားပြီး သဘောတရားအားလုံးကတော့ အတူတူပင် ဖြစ်လေသည်။

နက်ရှိုင်းသည့်အသိဉာဏ်ဖြင့် လေ့လာလိုက်သည့်အခါ အရာအားလုံး ဖြစ်ပျက်ပြောင်းလဲနေသည့် အနှစ်သာရ သဘောတရားများသည် နောက်ဆုံးတွင်တော့ အတူတူပင် ဖြစ်သည်ကို ဆန်းလျှန် သိရှိသွားလေသည်။

ထိုအကြောင်းချင်းရာက မည်သည့်အရာနှင့် ဆင်တူသနည်းဆိုရသော်... ပန်းသီး (၁)လုံး မြေပြင်ထက် ကြွေကျသွားသည့် ဖြစ်ရပ်မျိုး ၊ ကြီးမားသည့် ကြယ်စင်ကြီးတစ်လုံး၏

ပတ်ပတ်လည်တွင် ကြယ်စင်လေးများ ဝန်းရံနေကြသည့်

ဖြစ်ရပ်မျိုး ၊ အသူရာချောက်မှ ဆွဲခေါ်နေသည့် သံသရာလည်

ခြင်းစွမ်းအားမျိုး ၊ ထိုအရာများနှင့် သွားရောက်ဆင်တူလေ

သည်။

မည်သို့မှ ဆက်စပ်မရနိုင်သည့်အကြောင်းအရာ (၂)ခု၏

ဆက်စပ်မှုကို ဖမ်းဆုပ်လိုက်မိသည်နှင့် အရာအားလုံးသည်

အတူတူပင်ဖြစ်သည်ဆိုသည့်အချက်ကို သိရှိသွားနိုင်လေ

သည်။

ပန်းသီးတစ်လုံးကို လေ့လာမည်ဆိုလျှင် မရေမတွက်နိုင်သည့်

အမှုံငယ်လေးများဖြင့် ဖွဲ့စည်းထားသည်ကို ဆန်းလျှန် တွေ့မြင်

နေရသည်။ ထိုအမှုံငယ်လေးများသည် ကျုံ့ဝင်နေသည့်

စကြာဝဠာငယ်လေးများအလား ဖြစ်လေသည်။

ထိုအကြောင်းများကို ဆန်းလျှန် ကမ္ဘာပေါ်တွင် ဒေါက်တာလီ

ဖုန်းအဖြစ် နေထိုင်ခဲ့စဉ်ကတည်းက သိရှိခဲ့ပြီးသား ဖြစ်သည်။

သို့သော်… ယခုတော့ ဆန်းလျှန်မျက်လုံးဖြင့် ကိုယ်တိုင် တွေ့မြင်နေရပြီး သူသိခဲ့သည့် အမှန်တရားကို အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့်… သူ တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန်အတွက် ဆန်းလျှန်ရင်ဆိုင်ရမည့် နောက်ဆုံးအတားအဆီးသည် မိုးနှင့်မြေ ၊ လောကကြီးအပေါ်တွင် နားလည်ခြင်းတရားမဟုတ်တော့ပေ။ သူ၏ စိတ်လေးတစ်ချက် ပြောင်းလဲလိုက်နိုင်ရန်သာ လိုအပ်တော့သည်။

သူသည် အနန္တတန်ခိုးရှင် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန် အလွန်နီးစပ်နေပြီ ဖြစ်လေသည်။

သူ စိတ်ဆန္ဒရှိသည်နှင့် အရာအားလုံးကို ပြုလုပ်နိုင်စွမ်းရှိနေပြီဖြစ်လေသည်။ သို့သော်… အရာအားလုံးကို ပြုလုပ်နိုင်ခြင်းကလည်း သူ့အတွက် အဓိပ္ပါယ်ကင်းမဲ့လျှက် ရှိနေခဲ့ပြီ ဖြစ်သည်။

အမှန်တော့ နိစ္စထာဝရ အသက်ရှင်သန်သည့် တာအိုဆရာသခင်ကြီးတစ်ပါး မဖြစ်မီအချိန်မှာပင် "ငါ" ဆိုသည့် အတ္တက အရေးမပါတော့သည်ကို ဆန်းလျှန် နားလည်လိုက်သည်။

တာအိုဆရာသခင်ကြီးတစ်ပါးသာ ဖြစ်လာပါက အရာအားလုံးကို ပြုလုပ်နိုင်စွမ်းရှိနေပြီ ဖြစ်သော်လည်း အရာအားလုံး၏ ဖြစ်ပျက်သဘောတရားများကို နားလည်သွားပြီဖြစ်သည့်အတွက် မည်သည့်အရာကိုမှ ပြုလုပ်ရန် ဆန္ဒရှိတော့မည်မဟုတ်ပေ။

ထို့ကြောင့်... ထိုက်စန့်တာအိုဆရာသခင်က "ခံစားချက်များနောက်မလိုက်ရန်" ဟောပြောခဲ့ခြင်း ဖြစ်ပြီး တာအိုဆရာသခင် ထိုက်ယီကလည်း အကြင်နာတရားကင်းမဲ့သူတစ်ယောက် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

သူတို့ တာအိုဆရာသခင်ကြီးများဖြစ်လာသည့်အခါ လောက

တွင် အရာအားလုံးသည် အနိစ္စဖြစ်သည်ကို သိမြင်သွားခဲ့ကြ

လေသည်။

ဆန်းလျှန်သည်လည်း နိစ္စထာဝရတည်ရှိသည့် တာအိုဆရာ

သခင်ကြီးတစ်ပါး၏ စိတ်အခြေအနေသို့ ရောက်ရှိလုနီးနေပြီ

ဖြစ်လေသည်။

သို့သော်... သူ့စိတ်ထဲတွင် မပြတ်နိုင်သည့်သံယောဇဉ်နှင့်

တဏှာရာဂများ ကျန်ရှိနေသေးသည်။

ဟုတ်ပေ၏။ သူ့ရင်ထဲတွင် ကျန်ရှိနေသည့် သံယောဇဉ်နှင့်

တဏှာရာဂကို ကျော်လွှားသွားနိုင်ပါက သူ့အနေဖြင့် တာအို

ဆရာသခင်ကြီး ဖြစ်လာပေလိမ့်မည်။

အကြောင်းမှာ နိစ္စထာဝရရှင်သန်သည့် တာအိုဆရာသခင်ကြီး

တစ်ပါး အဖြစ်သို့ ရောက်ရှိပါက သူ့အနေဖြင့် သံယောဇဉ်နှင့်

တဏှာရာဂများမှ လုံးဝ ကျွတ်လွတ်သွားပေလိမ့်မည်။

နှစ်ပေါင်းများစွာ အသက်ရှင်သန်ခဲ့ပြီး ပျော်ရွှင်မှုနှင့် ဝမ်းနည်းမှုများစွာကို ခံစားလာခဲ့ရသည့်နှလုံးသားသည် ပြာမှုံအလားလွင့်စင်ကာ ခံစားချက်ကင်းမဲ့သွားပေလိမ့်မည်။

သို့သော်... ဆန်းလျန်အတွက်တော့ နိစ္စထာဝရတည်ရှိသည့် စစ်မှန်သော တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန်မှာ အလွန်အရေးပါလှသည်။

သို့ရာတွင်... ဆန်းလျန်၏နှလုံးသားထဲတွင်ကျန်ရှိနေသည့် သံယောဇဉ်နှင့် တဏှာရာဂသည် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်ရန်အတွက် သူ့ကို တားဆီးထားသည့် နောက်ဆုံးအတားအဆီး ဖြစ်လေသည်။

ထို့ကြောင့် သူ၏ရန်သူသည် သူကိုယ်တိုင်သာဖြစ်ပြီး အခြားအရာများမဟုတ်တော့ပေ။

ဆန်းလျန်အမြဲတမ်း တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လိုခဲ့သည်။ ထို့ပြင် သူကလည်း ဆန်းလျန်ပင်ဖြစ်နေသေးသည်။

သူ့ရင်ထဲတွင် ပျော်ရွှင်ခြင်း ၊ ဝမ်းနည်းခြင်း ၊ ကျေနပ်နှစ်သက်ခြင်းနှင့် အခြားများစွာသော စိတ်ခံစားချက်များ ရှိနေသေးသည် မဟုတ်ပါလား။

ဆန်းလျန်ကိုယ်တိုင်လည်း အဖြေမရှာနိုင်ခဲ့ပေ။

သို့သော်... သူ၏တပည့်ဖြစ်သူလေ့ကျင်းကတော့ သူ့ကို ညဏ်ကွန့်မြူးစေပြီး စိတ်အားတက်ကြွစေခဲ့သည်။

အမှန်တော့ ရှင်သန်စေခြင်းကျောင်းတော်က ချင်းရွှမ်နတ်တံခါးနှင့် ဆက်နွယ်ပတ်သက်လျှက် ရှိသည်။ ရှင်သန်စေခြင်းကျောင်းတော်မှ တာအိုကျင့်စဉ်များအားလုံးသည် ချင်းရွှမ်နတ်တံခါးမှ ဆင်းသက်လာသည့် ကျင့်စဉ်များအပေါ်တွင်ပင် အခြေခံ ထားခဲ့သည်။

သို့သော်... ရှင်သန်စေခြင်းကျောင်းတော်၏ ကျင့်စဉ်များက ချင်းရွှမ်နတ်တံခါး၏ ကျင့်စဉ်များကို ဆက်လက်ကျင့်ကြံနေကြ

ခြင်း မဟုတ်တော့ပေ။ ချင်းရွှမ်နတ်တံခါး၏ အချို့သော

ကျင့်စဉ်များကိုသာ ကျင့်ကြံနေကြခြင်း ဖြစ်လေသည်။

ဆန်းလျန်က ထိုအရာများအားလုံးကို အရေးမစိုက်ခဲ့ပေ။

သို့သော်... လူတိုင်းက ဆန်းလျန်ကဲ့သို့ မဟုတ်ကြပေ။

ဆန်းလျန်အနေဖြင့် သက်ရှိသတ္တဝါများအားလုံး အတူတူပင်

ဖြစ်သည်ကို သိမြင်သွားခဲ့ပြီးနောက် အကြောင်းအရာအတော်

များများနှင့်ပတ်သက်ပြီး ဥပေက္ခာတရားထားနိုင်ခဲ့ပြီ

ဖြစ်သည်။

လေ့ကျင်းကတော့ ဆန်းလျန်အလေးမထားသည့်အရာများကို

အလေးထားခဲ့လေသည်။

အကြောင်းမှာ ချင်းရွှမ်တောင်သည် ချင်းရွှမ်နတ်တံခါး

ပိုင်ဆိုင်သည့်နေရာဖြစ်သည့်အတွက် သူမက ပြန်လည်ရယူ

ချင်မိသည်။

ထို့ပြင် ချင်းရွှမ်တောင်ကို သိမ်းပိုက်ပြီးသည်နှင့် သူမက ဆန်း လျှန်နှင့် ချန်ကျင်းချင်ကို သွားရောက်တွေ့ဆုံရန်လည်း ဆုံးဖြတ်ထားခဲ့သည်။

နှစ်ပေါင်းတစ်သောင်းကျော်အချိန်က သူမအတွက် ဘဝ၏ ခွဲခြားမရနိုင်သည့်အရာများကို နားလည်စေရန် လုံလောက်စေ ခဲ့သည်။

ထို့ကြောင့် လေ့ကျင်း အနေဖြင့် ချင်းရွှမ်တောင်ကို ပြန်လည် သိမ်းယူလိုခြင်းမှာ ရုပ်ဝတ္ထုပစ္စည်းများကြောင့်မဟုတ်ဘဲ ဝိညာဉ်ရေးရာအနှစ်သာရများကြောင့် ဖြစ်သည်ဟု ဆို နိုင်သည်။

ရှင်သန်စေခြင်းကျောင်းတော်မှလူများကတော့ ထို အကြောင်းအရာများကို နားမလည်ခဲ့ကြပေ။

အဘယ်ကြောင့်ဆိုသော် ရှေးခေတ်အချိန်ကတည်းကပင် မရေ
မတွက်နိုင်သည့် တာအိုကျင့်စဉ်များစွာ ပျက်စီးခဲ့ကြပြီ
ဖြစ်သည်။

မိုးနတ်မင်းအဆက်ဆက်၏ ကောင်းကင်ဘုံသည်ပင်
အကြိမ်ကြိမ် ပျက်စီးလိုက်၊ ပြန်လည်တည်ဆောက်လိုက်နှင့်
သံသရာလည်နေကြသည်ဖြစ်ရာ နတ်ဘုရားကျောင်းတော်တစ်
ခု ပျက်စီးခြင်းက ပြောဖွယ်ရာမရှိတော့ပေ။

ယခုအချိန်ထိ ဆန်းလျန်ထျန်းကျွင်းသည်ပင်လျှင် ချင်းရှမ်
တောင်ကို ပြန်လည်ရယူရန် ရည်ရွယ်ချက်မရှိသေးရာ လျှပ်စီး
နတ်မိမယ် လေ့ကျင်းက ချင်းရှမ်တောင်ကို လာရောက်
သိမ်းပိုက်မည်ဟု မည်သူက တွေးထင်ထားကြပါမည်နည်း။

ထို့ပြင်... လေ့ကျင်းအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်းတစ်
သောင်းကျော်အတွင်း အခွင့်အရေးများစွာ ရရှိခဲ့သည့်တိုင် ချ

င်းရှမ်တောင်ကို သိမ်းပိုက်ခဲ့ခြင်း မရှိခဲ့ပေ။ ယခုတော့ သူမ

အနေဖြင့် စောင့်ဆိုင်းနိုင်ခြင်း မရှိတော့ပေ။

လေ့ကျင်းနှင့် ဆန်းချင်းချင်း၏ တိုက်ပွဲက တိတ်ဆိတ်ငြိမ်

သက်လွန်းသည့် တိုက်ပွဲတစ်ခု ဖြစ်လေသည်။

ခြေလှမ်းဆယ်လှမ်းခန့်သာရှိသော အကွာအဝေးအတွင်း သူတို့

က နေရာကန့်သတ်ကာ တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

ထိုနေရာငယ်လေးအတွင်းမှာပင် လေ့ကျင်းက အဆုံးမရှိသည့်

စကြာဝဠာကြီးအတွင်းတွင် တိုက်ခိုက်နေရသည့်အလား

တိုက်ခိုက်နေခဲ့လေသည်။

လေ့ကျင်း၏ တာအိုတန်ခိုးစွမ်းအားများသည် ထိုမျှ တည်ငြိမ်

ပြီး နက်နဲဆန်းပြားလိမ့်မည်ဟု ဆန်းချင်းချင်းလုံးဝ တွေးထင်

မထားခဲ့မိပေ။

လေ့ကျင်း အသုံးပြုတိုက်ခိုက်နေသည့် တာအိုတန်ခိုးစွမ်းအား မှာ သာမန် မိုးကြိုးတန်ခိုးစွမ်းအား (၅)ပါးသာဖြစ်ပြီး သိပ်ပြီး ထူးခြားခြင်း မရှိလှပေ။

သို့သော်… ဆန်းချင်းချင်းကတော့ ထိုတန်ခိုးစွမ်းအားများဖြင့် ရင်ဆိုင်မိသည်နှင့် အံ့သြတုန်လှုပ်သွားရလေသည်။

ထိုတန်ခိုးစွမ်းအား၏ ထူးခြားဆန်းကျယ်မှုများကို ဆန်းချင်းချင်း နားမလည်နိုင်ခဲ့သလို တောက်ပလင်းလက်သည့် လရောင်နှင့်တူသော သူမ၏ တန်ခိုးစွမ်းအားက ထိုတန်ခိုးစွမ်းအားများကို ထိုးဖောက်နိုင်ခဲ့ခြင်း မရှိပေ။

အေးစက်သည့် လစန္ဒာ၏အလင်းရောင်ကို တောင်နှင့်မြစ်ရေ လောကတစ်ခွင်လုံးက ရှောင်ရှားနိုင်ခြင်းမရှိသည့်အလား ဆန်းချင်ချင်းသည်လည်း လျှပ်စီးနတ်မိမယ်လေ့ကျင်း၏ တန်ခိုးစွမ်းအားများကို ရှောင်တိမ်းနိုင်ခဲ့ခြင်း မရှိပေ။

တန်ခိုးစွမ်းအားအရာ ယှဉ်ပြိုင်မည်ဆိုလျှင် ဆန်းချင်းချင်း အနေဖြင့် လေ့ကျင်းကို ယှဉ်ပြိုင်နိုင်မည် မဟုတ်ပေ။

သို့သော်... ယခုတိုက်ပွဲတွင်တော့ ဆန်းချင်းချင်း လုံး၀ ရှုံးနိမ့်ခြင်း မရှိသေးပေ။ အကြောင်းမှာ... သူမလက်ထဲတွင် ထာ၀ရဓားရှိနေသောကြောင့် ဖြစ်သည်။

ထာ၀ရဓားသည် စန့်ချင်တာအိုဆရာသခင်၏ ဗီဇဝိညာဉ် မရဏဓား (၄)လက်နှင့် ယှဉ်တူဓား၊ ငရဲလမ်းဓားတို့ထက် သာလွန်ခြင်း မရှိပေ။

သို့သော်... ထာ၀ရဓားသည် တာအိုဆရာသခင်ထိုက်ယီ အချိန်ကြာမြင့်စွာ ကိုင်ဆောင်ခဲ့သည့် ဓားဖြစ်လေရာ ထိုဓားသည် တာအိုဆရာသခင်ထိုက်ယီ၏ တာအိုဆရာများဖြင့် တစ်သားတည်းကျနေခဲ့သည်။

ထို့ပြင် ယင်နှင့်ယန်သည်လည်း အဆုံးမရှိ ညီမျှနေလေသည်။

ထို့ကြောင့် လေ့ကျင်း၏ မိုးကြိုးတန်ခိုးစွမ်းအားများက ထာဝရ ဓား၏ သဘောသဘာဝကို လှုံ့ဆော်ပေးလျှက် ရှိလေသည်။

မယုံကြည်နိုင်စရာကောင်းသည့် ဓားတန်ခိုးစွမ်းအားများက ပေါက်ကွဲထွက်သွားပြီး ဓားထိပ်ဖျားက တုန်ခါလျှက် ရှိလေ သည်။

ဓားတန်ခိုးစွမ်းအားများက လေးထောင့်ပုံသဏ္ဍာန် ၊ စက်ဝိုင်းပုံ သဏ္ဍာန် လှည့်ပတ်သွားခြင်းမရှိဘဲ လေ့ကျင်း၏ မိုးကြိုးတန်ခိုး စွမ်းအားများကို မျဉ်းဖြောင့်အတိုင်း ယှဉ်ပြိုင်တိုက်ခိုက်လျှက် ရှိလေသည်။

လေ့ကျင်း၏ မိုးကြိုးတန်ခိုးစွမ်းအားများနှင့် ထာဝရဓား ရင်ဆိုင်ရည့်အခါ ဆန်းချင်းချင်း၏ ဓားသိုင်းက အဆင့်မြင့် လာပြီး ကျင့်ကြံခြင်းအဆင့် တက်ရောက်သွားလေသည်။

အတိတ်တစ်ချိန်မှ တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သည့် ထာဝရဓားနှင့်ပတ်သက်သည့် မှတ်ဉာဏ်များအားလုံး

ပြန်လည်ထွက်ပေါ်လာပြီး ဆန်းချင်းချင်းသည် ထိပ်တန်း ဓား (၇)လက်ကို သိမြင်နားလည်လာလေသည်။

ဆန်းချင်းချင်း ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားသည်ကို သိလိုက်ရသည့်အခါ သူမ မျက်မှောင်အနည်းငယ် ကြုတ်လိုက်မိသည်။

တိုက်ပွဲများတိုက်ခိုက်ရင်း ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားသည့် ဖြစ်ရပ်များ များစွာ ရှိလေသည်။

သို့သော်... လေ့ကျင်းအတွက်တော့ သူမနှင့်တိုက်ခိုက်ရင်း လူတစ်ယောက် ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားသည်ကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်း ဖြစ်သည်။

အတိတ်အချိန်များတုန်းက တန်ခိုးစွမ်းအားမြင့်မားသူများနှင့် လေ့ကျင်း များစွာ ရင်ဆိုင်ခဲ့ရဖူးသော်လည်း သူမနှင့် တိုက်ခိုက်ရင်း ကျင့်ကြံခြင်းအဆင့်မြင့်တက်သွားသူ တစ်ယောက်မှ မရှိခဲ့ပေ။

ယခုတော့ လေ့ကျင်း သူမရှေ့တွင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီ ဖြစ်သည်။

ဆန်းချင်းချင်း၏ နောက်ကွယ်တွင် တာအိုဆရာသခင်ထိုက်ယီ ရှိနေပြီး တာအိုဆရာသခင်ကြီး၏ တန်ခိုးစွမ်းအားများက ထိုသို့ ကျင့်ကြံခြင်းအဆင့် မြင့်တက်စေခဲ့ခြင်း ဖြစ်လေသည်။

တိုက်ပွဲကိုကြည့်နေသည့် ဆန်းလျန်သည် ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်မိသည်။ သူကတော့ ထိုမိန်းကလေး (၂)ယောက်ကို ထိုသို့ မတိုက်ခိုက်စေချင်မိပေ။

သို့သော်... သူတစ်စုံတစ်ခုကိုတော့ နားလည်ခဲ့သည်။

သူက ဆန်းချင်းချင်းကိုကယ်တင်ရန်အတွက် ဝူကျီးချီကို စေလွှတ်ခဲ့သည်။ သို့သော်... ဝူကျီးချီက သူ့အမိန့်ကို မနာခံဘဲ ဆန့်ကျင်သွားသည့်အတွက် ဟယ်ရှန်းကို ထပ်မံစေလွှတ်ကာ ထိုပြဿနာကို ဖြေရှင်းခဲ့ရသည်။

ဝူကျီးချီကို အပြစ်ပေးပြီးသည့်နောက် ဆန်းချင်းချင်းက ထာဝရစားကို ပိုင်ဆိုင်သွားခဲ့လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဒူးနေရာဒူး တော်နေရာတော် ဖြစ်သွားဟန်ရှိသော်လည်း ထိုအဖြစ်အပျက်များအားလုံးသည် တာအိုဆရာသခင်ထိုက်ယီ ဖြစ်စေချင်သည့်အတိုင်း ဖြစ်ပျက်သွားခဲ့ခြင်း ဖြစ်ဟန်တူသည်။

ယခုလည်း ဆန်းချင်းချင်းသည် တိုက်တိုက်ဆိုင်ဆိုင်ပင် အသက်ရှည်စေခြင်းကျောင်းတော်၏ ပြဿနာကိုဖြေရှင်းရန် ချင်းရှမ်တောင်သို့ ရောက်ရှိလာခဲ့ပြန်သည်။

ဤသည်မှာ တာအိုဆရာသခင်ထိုက်ယီစီစဉ်ထားသည့် လမ်းကြောင်းအတိုင်း အရာအားလုံး ဖြစ်ပျက်နေဟန် ရှိသည်။

တာအိုဆရာသခင်ထိုက်ယီ၏ စေခိုင်းမှုဖြင့် ဆရာဘိုးဘိုးယွမ် ချင်းသည် ချင်းရှမ်နတ်တံခါးကို တည်ထောင်ခဲ့ခြင်းဖြစ်လေ သည်။

ဆန်းလျန်က ချင်းရှမ်နတ်တံခါးမှ တပည့်တစ်ယောက် ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် ဆန်းလျန်၏ တပည့်ဖြစ်သည့် လေ့ကျင်းက ချင်းရှမ်တောင်ကို ပြန်လည် သိမ်းပိုက်သည်မှာ သဘာဝကျသည်ဟု ဆိုနိုင်သည်။

သို့သော်... အဘယ့်ကြောင့် တာအိုဆရာသခင်ထိုက်ယီ၏ ထာဝရဓားကို ကိုင်ဆောင်ထားသည့် ဆန်းချင်းချင်းက လေ့ကျင်းကို တားဆီးနေရပါသနည်း။

ထိုကိစ္စများအားလုံးသည် ဆန်းလျန်အပေါ်တွင် မူတည်နေလေသည်။

အကြောင်းမှာ... ဆန်းလျန်သည် အတိတ်တစ်ချိန်က ချင်းရှမ်နတ်တံခါး၏ တပည့်ဖြစ်ခဲ့သည့်အတွက် တာအိုဆရာသခင်ထိုက်ယီ၏ အနွယ်တော်ဟု ဆိုနိုင်သည်။

ယခု ဆန်းလျှန် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်တော့မည်

ဆိုသည့်အခါ သူ့အနေဖြင့် တာအိုဆရာသခင်ထိုက်ယီနှင့်

ပတ်သက်မှုကို ဖြတ်တောက်ရန် လိုအပ်လာပြီ ဖြစ်သည်။

ဗုဒ္ဓပွင့်တော်မူသည့်အခါ ဗုဒ္ဓ၏ မဟာယာနဗုဒ္ဓဘာသာသည်

အော်မီတော်ဖူးဗုဒ္ဓ၏ ဗုဒ္ဓဘာသာမှ တစ်နည်းတစ်ဘာသာ ခွဲ

ထွက်သွားသကဲ့သို့ပင် ဖြစ်လေသည်။

ဆန်းလျှန်အတွက် အလုပ်လုပ်နေသည်ဟု သူ့ကိုယ်သူ တွေး

ထင်ထားသော လေ့ကျင်းသည်ပင် ထိုကိစ္စများကို နားလည်

ခြင်း မရှိခဲ့ပေ။ လေ့ကျင်းသည် သူမလုပ်နေသည့်

အလုပ်များ၏ မူလဇာစ်မြစ်ကိုပင် နားလည်ခြင်းမရှိဘဲ ပြုလုပ်

နေခဲ့ခြင်း ဖြစ်သည်။

သို့သော်... တာအိုဆရာသခင်ကြီးများ၏ လုပ်ရပ်များကတော့

စိတ်ကူးဖြင့်တွေးကြည့်နိုင်ခြင်းဌာ စွမ်းသာမည် မဟုတ်ပေ။

အစမှအဆုံးတိုင် တာအိုဆရာသခင်ထိုက်ယီနှင့် ရင်ဆိုင်နေခဲ့ရသည့် ဆန်းလျန်သည်ပင် ယခုအချိန်ထိ လှည့်စားခံနေရဆဲဖြစ်သည်မဟုတ်ပါလား။

သို့သော်... ထိုသို့ရင်ဆိုင်နေရသည့်အတွက် ဆန်းလျန် စိတ်ဆိုးဒေါသထွက်ခြင်း အလျဉ်းမရှိခဲ့ပေ။ သူက စိတ်ဝင်စားစရာကောင်းသည်ဟုသာ တွေးနေခဲ့မိလေသည်။

အခန်း (၉၈၅) မိုးကောင်းကင်မှသွေးမိုးများ

ဆန်းလျန်က ထိုအမှန်တရားကို သိရှိလိုက်ပြီး တစ်စုံတစ်ခု ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေသည်။

တစ်ခဏချင်းမှာပင် ဆန်းလျန်၏ အသက်ရှူသံနှင့် ခန္ဓာကိုယ် တစ်ခုလုံးသည် လောကတစ်ခုလုံးမှ ရုတ်တရက် ပျောက်ကွယ် သွားလေတော့သည်။

သဲလွန်စမကျန် ခြေရာခံ၍မရဘဲ လုံးဝ ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။

ဆန်းလျန် ထိုသို့ ရုတ်တရက် ပျောက်ကွယ်သွားခြင်းက ဘုရင် ရှစ်ပါးနန်းတော်တွင်ရှိနေသည့် ရွှမ်တုတောက်ကျွင်းကို အံ့ဩ တုန်လှုပ်သွားစေသည်။

ရွှမ်တုတောက်ကျွင်းမှ မဟုတ်ပေ။

ချင်းဆွေထျန်းကောင်းကင်ဘုံမှ လီချင်းဆွေ ၊ ဝိညာဉ်မြစ်ကို သန့်စင်နေဆဲဖြစ်သည့် တိကျန်ဗောဓိသကျ နှင့် ရဲ့လျိုယွင် ၊

ဇာမဏီနတ်ဘုရားနန်းတော်မှ ခုံရွှမ်းတို့အားလုံး အံ့သြတုန်လှုပ်သွားကြခြင်း ဖြစ်လေသည်။

လောကအလယ်တွင်လျှောက်သွားနေသည့် ကျွမ်ကျိုးလူပြန်ဝင်စားသော ကျောက်ဖုန်းသည်လည်း နက်ရှိုင်းသည့်အတွေးတစ်စဖြင့် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်မိလေသည်။

ထိုသူများအားလုံး အဘယ့်ကြောင့် အံ့သြတုန်လှုပ်သွားကြပါသနည်း။

အကြောင်းမှာ... ဆန်းလျန် ပျောက်ကွယ်သွားပြီး မည်သည့်နေရာသို့ရောက်ရှိသွားသည်ကို မည်သူမှ မသိသည့်အတွက်ကြောင့် ဖြစ်လေသည်။

ဆန်းလျန်သည် အစကတည်းကပင် သူ မည်သည့်နေရာသို့ရောက်ရှိနေသည်ကို သက်ရှိများအားလုံးထံမှ ဖုံးကွယ်ထားနိုင်စွမ်းရှိသူ ဖြစ်လေသည်။

သို့သော်… ဟွင့်ယွမ်ဝူကျီအဆင့် နတ်ဘုရားများနှင့် တန်ခိုးစွမ်း

အထွတ်ထိပ်အဆင့်ရှိသည့် တာ့လော်အဆင့်နတ်ဘုရားများကို

တော့ ဖုံးကွယ်ထားနိုင်ခြင်း မရှိပေ။

ထိုသို့ တန်ခိုးစွမ်းအားအထွတ်ထိပ်အဆင့်ရှိသည့် နတ်ဘုရား

များက ဆန်းလျန် မည်သည့်နေရာတွင် ရှိသည်ကို မသိကြ

သည့်တိုင် ဆန်းလျန် စကြာဝဠာတစ်နေရာတွင် ရှိနေသည်ကို

တော့ အာရုံခံစားမိကြစမြဲ ဖြစ်လေသည်။

သို့သော်… ယခုတစ်ကြိမ် ဆန်းလျန်ပျောက်ကွယ်သွားခြင်းက

အရိပ်တစ်စ ၊ သဲလွန်စတစ်ခုပင် မကျန်အောင် လုံး၀ ပျောက်

ကွယ်သွားခြင်း ဖြစ်လေသည်။

သူပျောက်ကွယ်သွားပုံမှာ တာအိုဆရာသခင်ကြီးတစ်ပါး

သံသရာကိုကျော်လွန်သွားသည့် ပျောက်ကွယ်ခြင်းမျိုးဖြင့်ပင်

ဆင်တူလွန်းလှသည်။

သို့သော်... ဆန်းလျန် သံသရာကို ကျော်လွန်သွားသည်ဟုတော့ မည်သူမှ မထင်မှတ်ခဲ့ကြပေ။ ထို့အတူ... ဆန်းလျန် မည်သည့် နေရာသို့ ရောက်ရှိသွားသည်ကိုလည်း သူတို့ သိရှိအောင် သဲလွန်စရှာဖွေနိုင်ခြင်း မရှိကြပေ။

အဆုံးမရှိစီးဆင်းနေသည့် အချိန်ရေစီးကြောင်းသည် မရေမ တွက်နိုင်သည့် သမိုင်းကြောင်းနှင့် ဒဏ္ဍာရီများကို ဝါးမြို သယ်ဆောင်သွားလေသည်။

သူရဲကောင်းများ ၊ နတ်ဘုရားများ ၊ ထူးခြားထင်ရှားသည့် မျိုး နွယ်များနှင့် အကြောင်းအရာအားလုံးသည် အချိန် ရေစီးကြောင်းထဲတွင် ပျောက်ကွယ်သွားကြစမြဲပင် ဖြစ်လေ သည်။

စွမ်းအားကြီးမားလှပါသည်ဆိုသည့် ပထမမိုးနတ်မင်းကဲ့သို့ ပုဂ္ဂိုလ်မျိုးသည်ပင် အချိန်ရေစီးကြောင်းထဲတွင် ပျောက်ကွယ် ခဲ့ရသည်ပဲ မဟုတ်ပါလား။

ယခုတော့... နတ်ဘုရား (၃)ပါး၏ အငွေ့အသက်များသည် အချိန်ရေစီးကြောင်းရှိရာသို့ ရောက်ရှိလာပြီး လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်ကာလသို့ ရောက်ရှိလာလေသည်။

အချိန်ရေစီးကြောင်းတွင် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်က အချိန်အပိုင်းအခြားတစ်ခုကို ဖြတ်တောက်ထားလေရာ အထစ်အငေါ့ဆက်ကြောင်းတစ်ခု ဖြစ်ပေါ်နေလေသည်။

ဖြတ်တောက်ထားသည့် အချိန်ကာလမတိုင်မီနှင့် ဖြတ်တောက်ထားသည့် အချိန်ကာလ နောက်ပိုင်းတွင် မှားယွင်းသည့် သမိုင်းကြောင်းတစ်ခု တည်ရှိနေခဲ့သည်။

သို့သော် ထူးဆန်းသည့် နတ်ဘုရား(၃)ပါး၏ အငွေ့အသက်များသည် ပူလောင်ပြင်းပြသည့် နေမင်းများအလား ဖြတ်တောက်ပြီး ပြန်ဆက်ထားသည့် အချိန်ဆက်ကြောင်းကို အရည်ဖျော်ပစ်လိုက်လေသည်။

ထိုနတ်ဘုရား (၃)ပါးမှာ ဆန်းလျန်၏ ကိုယ်ခွဲများဖြစ်သည့် ထိုက်ရှီ ၊ ထိုက်ချူးနှင့် ထိုက်စုတို့ ဖြစ်လေသည်။

သိပ်မဝေးသည့်တစ်နေရာတွင်တော့ သံသရာကို ကျော်လွန်သွားကြပြီဖြစ်သည့် တာအိုဆရာသခင်ကြီး (၈)ပါး၏ ကိုယ်ခွဲများနှင့် ဆန်းလျန် အပြင်းအထန် တိုက်ခိုက်လျှက် ရှိလေသည်။

တိုက်ပွဲတွင် ဆန်းလျန်၏ဝိညာဉ်သည် အချိန်တိုင်းဖျက်စီးခံနေရပြီး အချိန်တိုင်း ပြန်လည်မွေးဖွားနေခဲ့လေသည်။

ဆန်းလျန်သည် မရှိမှုတရားနှင့် ဟန်ချက်ညီနေသောကြောင့်သာ ဖျက်စီးခံရတိုင်း အသစ်ပြန်လည်ဖြစ်တည်နိုင်နေခြင်းဖြစ်သည်။

ဆန်းလျန်သည် ဗလာနယ်တစ်ခုအလားဖြစ်ပြီး မရှိမှုတရားအလား ဖြစ်လေသည်။

"မရှိမှု" ဆိုသည်က အဆက်မပြတ်ပြန်လည်မွေးဖွားနိုင်စွမ်းရှိပြီး လုံးဝအမြစ်ပြတ် သတ်ဖြတ်ဖျက်စီးပစ်ရန် မဖြစ်နိုင်ပေ။

ထို့ပြင် ဆန်းလျန်၏ ဘေးတွင်လည်း ထူးဆန်းသည့် နတ်ဘုရား (၂)ပါး၏ အငွေ့အသက်များ ရှိနေသေးသည်။ ထို နတ်ဘုရား (၂)ပါးမှာ ဆန်းလျန်၏ ကိုယ်ခွဲများဖြစ်သည့် ထိုက်ယိနှင့် ထိုက်ကျိ ဖြစ်လေသည်။

ထိုက်ယိနှင့်ထိုက်ကျိကလည်း တာအိုဆရာသခင်ကြီး (၈)ပါး၏ တန်ခိုးစွမ်းအားများကို ဖျက်စီးပစ်နေကြလေသည်။

ထို့ကြောင့် ဆန်းလျန် အနေဖြင့် အနည်းငယ် သက်သာရာရနေပြီး ဖျက်စီးခံရပြီးသည့်နောက် ပြန်လည်ဖြစ်တည်လာရန် အချိန်ယူနိုင်နေခြင်းလည်း ဖြစ်သည်။

ရုတ်တရက်... ထိုက်ယိနှင့် ထိုက်ကျိ ကိုယ်ခွဲများက စတင် တုန်ခါလာလေသည်။

တစ်ချိန်တည်းမှာပင်... အချိန်ရေစီးကြောင်း၏ ဆက်ကြောင်း

နေရာတွင် ရှိနေကြသည့် ထိုက်ချူး ၊ ထိုက်ရှီနှင့် ထိုက်စုတို့မှာ

လည်း စတင် တုန်ခါလာကြလေသည်။

ထို့နောက် မတူညီသည့် တန်ခိုးစွမ်းအားများဖြစ်သည့် ထိုက်ကျိ

၊ ထိုက်ယိ ၊ ထိုက်ချူး ၊ ထိုက်စုနှင့် ထိုက်ရှီ ကိုယ်ခွဲများ

အတူတကွ ရောနှောပေါင်းစပ်သွားကြလေသည်။

ထိုအခါ ထူးဆန်းသည့် တိမ်တိုက်တစ်ခု ထွက်ပေါ်လာပြီး

ကြယ်စင်ရောင်များ လင်းလက်တောက်ပလာလေသည်။

ဤသည်မှာ စကြာဝဠာကြီးဖွံ့ဖြိုးတိုးတက်မှု အဆင့် (၅)ဆင့်

ဖြစ်သည့် ထိုက်ယိ ၊ ထိုက်ချူး ၊ ထိုက်ရှီ ၊ ထိုက်စုနှင့် ထိုက်ကျိ

တို့ပေါင်းစပ်သွားခြင်း ဖြစ်လေသည်။

ရှန်းထျန်းဝူထိုက်တန်ခိုးစွမ်းအားများ တဖြည်းဖြည်း ပေါက်ကွဲ

ထွက်လာပြီး အချိန်ရေစီးကြောင်းအထက်ရှိ တာအိုဆရာသခင်

ကြီး (၈)ပါး၏ တန်ခိုးစွမ်းအားများသည်ပင် ကွဲပျက်သွားရ

သည်။

ဆန်းလျန်ကတစ်ချက်ပြုံးလိုက်ပြီး...

"ထိုက်ယိကိုယ်ခွဲရဲ့ တန်ခိုးစွမ်းအားက ဆီလျော်မှုရှိတယ် ၊

ထိုက်ကျိကိုယ်ခွဲရဲ့ တန်ခိုးစွမ်းအားက ထိန်းညှိလုပ်ဆောင်

တယ်..."

ထို့နောက် ဆန်းလျန်က သူ၏လက်ကို အထက်သို့ ခပ်မြင့်မြင့်

မြှောက်လိုက်လေရာ ရှန်းထျန်းပူထိုက် ကိုယ်ခွဲ (၅)ခု ပေါင်းစုံ

သွားသည့် တန်ခိုးစွမ်းအားတိမ်တိုက်သည် ဆန်းလျန်၏ လက်

ပေါ်သို့ ရောက်ရှိလာသည်။

ဆန်းလျန်သည် စကြာဝဠာကြီးတစ်ခုလုံးကို သယ်ဆောင်ထား

သည့်အလား ဖြစ်လေသည်။

အမြင့်မားဆုံးနှင့် အကြီးမြတ်ဆုံးဖြစ်သည့် ရှန်းထျန်းဝူထိုက်

တန်ခိုးစွမ်းအားများက အချိန်ရေစီးကြောင်းအပေါ်တွင်

သက်ရောက်မှု ရှိလေသည်။

ဆန်းလျန်သည် အချိန်ရေစီးကြောင်းအတွင်းသို့ ဖြည်းဖြည်း

ချင်းနစ်မြုပ်သွားပြီး အချိန်ရေစီးကြောင်းသည် ထိတ်လန့်

တုန်လှုပ်ဖွယ်ရာ လှိုင်းများပြင်းထန်လာခဲ့လေသည်။

ထို့နောက်... လွမ်းဆွတ်ဖွယ်ရာ ညတာရှည်လျားသည့်ကာလ

များကဲ့သို့ အချိန်ရေစီးကြောင်းတစ်ခုလုံး အမှောင်ထုထဲသို့ ကျ

ရောက်သွားလေသည်။

တာအိုဆရာသခင်ကြီး (၈)ပါး၏ ပုံရိပ်များက ခံစားချက်ကင်း

မဲ့လျှက်ရှိလေသည်။ ထိုပုံရိပ်များအားလုံးသည် မှောင်မိုက်နေ

သည့်အချိန်တွင် အချိန်ရေစီးကြောင်းအတွင်းသို့ ဝင်ရောက်

နစ်မြုပ်သွားကြလေတော့သည်။

အချိန်ရေစီးကြောင်းတွင် ဂယက်တစ်ချက်ရိုက်ခတ်သွားပြီး တာအိုဆရာသခင်ကြီးများ၏ ပုံရိပ်များမှာ ပြန်လည် ထွက်ပေါ်လာခြင်း မရှိတော့ပေ။

ထို့နောက်... ကျယ်လောင်သည့် မြည်တမ်းသံကြီးတစ်သံ ထွက်ပေါ်လာပြီး အချိန်ရေစီးကြောင်းကို ဆေးကြောလိုက်သည့် အလား ရှည်လျားသည့် အချိန်ရေစီးကြောင်းကို ဖုံးလွှမ်းထားသည့် အမှောင်ထုကြီးက တဖြည်းဖြည်းလွင့်ပြယ်သွားလေသည်။

ထို့နောက်တွင်တော့... တာအိုဆရာသခင်ကြီး၏ ပုံရိပ်များသည်လည်း လုံးဝ ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန်ရင်ဆိုင်ရမည့် အစစ်ဆေးခံရခြင်းအန္တရယ်ဆိုးကြီး အဆုံးသတ်တော့မည် ဖြစ်လေသည်။ သို့သော်... ယခုတော့ အဆုံးသတ်မဟုတ်သေးပေ။

ဆန်းလျှန်ပျောက်ကွယ်သွားသည့်အတွက် ရှမ်တုတောက်ကျွ
င်းနှင့် အခြားသူများ အံ့အားသင့်နေကြစဉ်မှာပင် လောကတစ်
ခုလုံးတွင် သွေးမိုးများ ရွာသွန်းလာလေတော့သည်။

သွေးမိုးများက ကောင်းကင်ထက်မှ မြေပြင်ဆီသို့ စီးဆင်းသွား
ပြီး ပျောက်ကွယ်သွားကြလေသည်။

ထိုသို့ ထူးဆန်းသည့်မြင်ကွင်းသည် ဆယ့်ငါးမိနစ်ခန့် ကြာမြင့်
ခဲ့လေသည်။

နတ်ဆိုးနယ်မြေမှ နတ်ဆိုးဘုရင်မ 'ချိ' က သူမ၏ ဖြူစင်သည့်
လက်ဖဝါးကို သွေးမိုးများကျဆင်းလာရာသို့ ဆန့်ထုတ်လိုက်
သည်။

သွေးမိုးများသည် သူမ၏ လက်ဖဝါးထက်သို့ ကျဆင်းလာပြီး
သဲလွန်စမကျန်အောင် အငွေ့ပျံပျောက်ကွယ် သွားကြလေ
သည်။

ထိုအချိန်... အဝေးဆီမှလား ၊ အနီးဆီမှလား မသေချာသော

သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

"ဒါတွေက မိုးကောင်းကင်ကရွှာသွန်းတဲ့သွေးမိုးတွေပဲ ... ချိ..."

ထိုစကားကိုပြောလိုက်သူမှာ ပီလျဲ့ ဖြစ်လေသည်။

သူက နတ်ဆိုးဘုရင်မ၏ နန်းတော်ထောင့်တစ်နေရာတွင် ဒူး

များကို လက်နှစ်ဖက်ပိုက်ရင်း တစ်ယောက်တည်း ငြိမ်သက်စွာ

ထိုင်နေခဲ့လေသည်။

....

ကောင်းကင်ကြီးက ကြည်လင်လာပြီး မြက်ပင်များက

စိမ်းလန်းနေကြသည်။ ငှက်လေးများကလည်း တီတီတာတာ

အော်ဟစ်ရင်း ဟိုဟိုဒီဒီ ပျံသန်းနေကြသည်။

ဆန်းလျန်သည် နူးညံ့ပြီးလတ်ဆတ်နေသည့် မြေပြင်ထက်တွင်

ခြေလှမ်းတစ်လှမ်းချင်းလှမ်းလာပြီး ပြည့်ဝသည့် အသက်

ဓာတ်စွမ်းအားများကို ခံစားလိုက်ရလေသည်။

ဤ၍နေရာသည် သူနှင့် အလွန်ရင်းနှီး ကျွမ်းဝင်လျှက် ရှိလေသည်။

သူ့ရှေ့တွင် တောင်ထွတ်တစ်ခုကို တွေ့မြင်နေရပြီး ထိုတောင်မှာ ထိုက်ယီတောင် ဖြစ်လေသည်။ ထိုက်ယီတောင်သည် ချင်းရွှမ်တောင်၏ ထောင်ထွတ် (၅)ခုတွင် အမြင့်ဆုံးသော ထောင်ထွတ်တစ်ခု ဖြစ်သည်။

ထိုအချိန်... တောင်ပေါ်မှာ တာအိုဆရာ လူငယ်လေးတစ်ယောက် ဆင်းလာသည်ကို ဆန်းလျန် တွေ့မြင်လိုက်ရသည်။ ထိုလူငယ်လေး၏ ပုံပန်းသဏ္ဍာန်က သာမန်ပင်ဖြစ်သော်လည်း မျက်ဝန်းအစုံကတော့ ဓားသွားအလား တောက်ပလျှက် ရှိလေသည်။

ထိုမျက်လုံးများက တာအိုဆရာလူငယ်ကို ထူးခြားစေသည့် အချက် ဖြစ်လေသည်။

ထိုလူငယ်လေးထံမှ ဓားတန်ခိုးစွမ်းအားများထွက်ပေါ်နေသည်ကို ဆန်းလျန် ခံစားနေရပြီး ဓားတန်ခိုးစွမ်းအားများသည် လူငယ်လေး၏ သွေးကြောဆုံချက်များအားလုံးသို့ ပျံ့နှံ့လျှက်ရှိလေသည်။

"လူငယ်လေး ယွမ်ချင်း ၊ တာအိုဆရာသခင်ကြီးရဲ့ အမိန့်အရ အခုရောက်လာတဲ့ ဧည့်သည်တော်ကို တောင်ပေါ်ကို ဖိတ်ခေါ်ခဲ့ပါ..."

တာအိုဆရာသခင်ထိုက်ယီ၏ ဖိတ်ခေါ်စကားကြောင့် ယွမ်ချင်း ဆန်းလျန်ကို လာရောက်ကြိုဆိုရခြင်း ဖြစ်လေသည်။

ယွမ်ချင်းက ဆန်းလျန်ကို ဂါရဝပြုခြင်းလည်းမရှိသလို စကားပြောဆိုခြင်းလည်း မရှိပေ။ သူက ဆန်းလျန်ကို တိတ်တဆိတ် လေ့လာနေလေသည်။

ယွမ်ချင်း ထိုက်ယီတောင်ထိပ်သို့ရောက်ရှိသည်မှာ (၃)နှစ်ခန့် ရှိပြီ ဖြစ်လေသည်။ တာအိုဆရာသခင်ထိုက်ယီကို ယွမ်ချင်းက အလွန်ယုံကြည်လေးစားသူ ဖြစ်လေသည်။

(၃)နှစ်တာကာလအတွင်း တာအိုဆရာသခင်ထိုက်ယီသည် ကျင့်ကြံခြင်းလမ်းအဆုံးသို့ ရောက်ရှိနေပြီ ဖြစ်ပြီး ဗုဒ္ဓကဲ့သို့ သံသရာကိုကျော်လွန်သူတစ်ယောက်ဖြစ်ကြောင်း ယွမ်ချင်း ကောင်းကောင်းသိခဲ့သည်။

ထို့ပြင်… (၃)နှစ်ဆိုသော အချိန်ကာလအတွင်းတွင် တာအိုဆရာသခင်ထိုက်ယီကိုယ်တိုင် တောင်ပေါ်သို့ ဖိတ်ခေါ်သည့် နတ်ဘုရားဆို၍ တစ်ယောက်မှ မရှိခဲ့ပေ။

အချို့ တာအိုဆရာများကတော့ တာအိုဆရာသခင်ထိုက်ယီသည် မာနကြီးရုံသာမက အခြားသော တာအိုဆရာများကိုလည်း လေးစားမှုမရှိဟု ဝေဖန်ပြစ်တင်ကြသည်။

ထို့ကြောင့် တာအိုဆရာသခင်ထိုက်ယီကိုတိုင် ဖိတ်ခေါ်ကြိုဆို လိုက်သည့် သူ့ရှေ့မှ နတ်ဘုရားကို ယွမ်ချင်း အလွန် စိတ်ဝင်စားနေခဲ့လေသည်။

ယွမ်ချင်းစကားမပြောခင်မှာပင် ဆန်းလျန်က ရှေ့သို့ ခြေတစ် လှမ်းတိုးလိုက်ပြီး...

"တောင်ပေါ်ကို သွားကြမယ်လေ..."

ဟု အေးဆေးသည့်လေသံဖြင့် ပြောလိုက်လေသည်။

ဆန်းလျန်၏ စကားကိုကြားရပြီးသည့်နောက် ယွမ် ချင်း၏အတွေးများ ရုတ်တရက် ရပ်တန့်သွားလေသည်။

သူ သတိလက်လွတ်ဖြင့် ဆန်းလျန်ကို တောင်ပေါ်သို့ လမ်းပြ ခေါ်ဆောင်သွားလေသည်။ နောက်ဆုံးတော့ ကျယ်ပြန့်သည့် ကျောက်လွင်ပြင်ကြီးတစ်ခုရှိရာနေရာသို့ သူတို့ ရောက်ရှိလာ ကြလေသည်။

ကျောက်လွင်ပြင်ကြီးထက်တွင် တာအိုကျင့်ကြံသူများစွာ နှစ်ယောက်တစ်အုပ်စု ၊ သုံးယောက်တစ်အုပ်စုဖြင့် ထိုင်နေကြပြီး ရယ်မောစကားပြောလျှက် ရှိကြလေသည်။

ထိုက်ယီတောင်ထိပ်သည် အလွန်တရာ မြင့်မားသည့် တောင်ထိပ်တစ်ခုဖြစ်လေရာ တာအိုကျောင်းတော် ပတ်ပတ်လည်တွင် တိမ်များက ပျံသန်းနေကြပြီး မြူခိုးငွေ့များလည်း လွင့်မျောလျှက် ရှိလေသည်။

အလွန်မှ လွတ်လပ်ပေါ့ပါးမှုကို ခံစားရစေသည်။

ယွမ်ချင်းက ဆန်းလျန်ကို ကြိုဆိုခေါ်ဆောင်လာသော်လည်း အခြားသူများက ဆန်းလျန်ကို အာရုံစိုက်ခြင်း မရှိကြပေ။

တာအိုဆရာသခင်ထိုက်ယီတရားဟောပြောသည်ကို လာရောက်နားထောင်သည့် နတ်ဘုရားတစ်ပါးဟုပင် ထင်မှတ်ကာ သူတို့က ညွှ်သည်လာသည်ကို အရေးမလုပ်ကြခြင်း ဖြစ်လေသည်။

သိပ်မကြာမီ နောက်ထပ် ကျင့်ကြံသူအချို့လည်း ထပ်မံရောက်ရှိလာကြသည်။

ထိုအချိန်မှာပင်... ယွမ်ချင်း သတိပြန်ဝင်လာလေသည်။ သူ ရုတ်တရက် သတိလက်လွတ်ဖြစ်သွားသည့်အကြောင်းကို စဉ်းစားလိုက်မိသည်။

သို့သော်... သူက ထိုအကြောင်းကို သေသေချာချာ မစဉ်းစားနိုင်သေးဘဲ ဆန်းလျန်ကို စကားပြောလိုက်သည်။

"တာအိုဆရာသခင်ကြီး တရားဟောပြောဦးမှာဖြစ်လို့ ပြီးဖို့ အချိန်နည်းနည်း ကြာလိမ့်မယ် ၊ ဒီမှာပဲ ခဏလောက်စောင့်ပေးပါ..."

ဆန်းလျန်က ခေါင်းညိတ်လိုက်ပြီး နေရာတစ်နေရာရှာကာ ထိုင်လိုက်လေသည်။

ဆန်းလျန် ထိုင်လိုက်သည့်နေရာကိုကြည့်ပြီး ယွမ်ချင်း ဘာပြောရမှန်းမသိ ဖြစ်သွားလေသည်။

အကြောင်းမှာ ဆန်းလျှန်ထိုင်လိုက်သည့်နေရာသည် တာအို ဆရာသခင်ကြီး အပတ်စဉ်တရားဟောပြောသည့်နေရာနှင့် အတော်အတန်နီးကပ်ပြီး မျက်နှာချင်းဆိုင်တည့်တည့်တွင် ရှိသောကြောင့် ဖြစ်သည်။

တာအိုဆရာသခင်ကြီး၏ မျက်လုံးထဲတွင် လေးစားခြင်းကိုလည်းမတွေ့မြင်ရသလို အထင်သေးခြင်းကိုလည်း မတွေ့မြင်ရပေ။

သို့သော် သေသေချာချာထိုင်ပြီးကြည့်မည်ဆိုပါက တာအို ဆရာသခင်ကြီး စတင်တရားဟောသည့်အချိန်တွင် တာအို စွမ်းအားများက နေရာအနှံ့သို့ ပျံ့နှံ့သွားသည်ကို ခံစားရမည် ဖြစ်လေသည်။

ထိုမျှ နက်ရှိုင်းသည့် တန်ခိုးစွမ်းအားများကို တာ့လော်အဆင့် နတ်ဘုရားများသည်ပင် ခံနိုင်ရည်မရှိကြပေ။

တာအိုဆရာသခင်ထိုက်ယီ တရားဟောပြောသည်ကို ကျန့်ယွမ် ကျီနတ်မင်းကြီး တစ်ကြိမ်လာရောက် နားထောင်စဉ်က ဆန်းလျန်ထိုင်သည့်နေရာထက် အတော်ဝေးသည့်နေရာတွင်ပင် ထိုင်ခဲ့လေသည်။

ယွမ်ချင်းက ဆန်းလျန်ကို သတိပေးလျှင်ကောင်းမည်လားဟု စဉ်းစားလိုက်မိသည်။

သို့သော်... ယွမ်ချင်းစကားမပြောမီမှာပင် လူတစ်ယောက်က...

"အသစ်ရောက်လာတဲ့မိတ်ဆွေ... ကျုပ်တို့နဲ့ အတူလာထိုင်ပါလား..."

ဆန်းလျန်က ထိုသူပြောသည့်စကားကို မကြားဟန်ဖြင့် မျက်လုံးကို မှိတ်ထားလိုက်ပြီး မည်သည့်စကားမှ ပြန်လည်ပြောဆိုခြင်း မရှိပေ။

စကားပြောလိုက်သည့်သူ မည်သူဖြစ်သည်ကို ယွမ်ချင်း ကောင်းကောင်း မှတ်မိလိုက်သည်။

ထိုသူမှာ တောင်ပေါ်သို့ လွန်ခဲ့သည့်တစ်လခန့်က ရောက်လာ
သည့် ကျင့်ကြံသူတစ်ယောက် ဖြစ်လေသည်။

ထိုသူထံမှ သတ်ဖြတ်လိုသည့်အငွေ့အသက်များထွက်ပေါ်လျှ
က်ရှိပြီး တာအိုတရားလာရောက်နားထောင်ကြသူများထဲတွင်
မြင်သာထင်သာရှိသူတစ်ယောက် ဖြစ်သည်။

သို့သော်... ထိုသူ တောင်ပေါ်သို့ ရောက်လာကတည်းက
ပြဿနာတစ်ခုတစ်လေပင် ရှာခြင်းမရှိဘဲ အခြားသူများကို
လည်း ယဉ်ယဉ်ကျေးကျေးဆက်ဆံလေ့ ရှိလေသည်။

အခန်း (၉၈၆) ကျုပ်ကဒီနေရာကမဟုတ်ဘူး

ထိုသူစကားပြောလှမ်းပြောသည်ကို ဆန်းလျန်က မသိချင်ယောင်ဆောင်လိုက်သည့်အတွက် ထိုသူ၏မျက်နှာ မဲမှောင်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် ထိုသူထံမှ သွေးရနံ့များထွက်ပေါ်လာပြီး ပတ်ပတ်လည်တွင်ထိုင်နေကြသည့် တာအိုဆရာများမှာ သွေးရနံ့များကို ချက်ချင်းခံစားလိုက်မိကြသည်။

အမှန်တကယ် သွေးများထွက်လာခြင်း မဟုတ်ပေ။ ထိုသူက တန်ခိုးစွမ်းအားဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်လိုက်ခြင်း ဖြစ်လေသည်။

လူအများက တအံ့တသြဖြင့် ရေရွတ်လိုက်ကြသည်။

ထိုသူ၏ ကျင့်ကြံခြင်းအဆင့်မြင့်မားသည်ကို သိရှိကြ

သော်လည်း ထိုမျှ တန်ခိုးစွမ်းအားမြင့်မားလိမ့်မည်ဟု ထင်မ

ထားခဲ့ကြသောကြောင့် ဖြစ်သည်။

ထိုသူ ဒေါသထွက်သွားပြီကို ယွမ်ချင်း ရိပ်စားမိလိုက်သည်။

ဆန်းလျန် မည်မျှ တန်ခိုးစွမ်းအားမြင့်မားသည်ကို ယွမ်ချင်း မ

သိရှိပေ။ သို့သော်... ဆန်းလျန်မှာ တာအိုဆရာသခင်ကြီး

ကိုယ်တိုင်ဖိတ်ခေါ်ထားသည့် ဧည့်သည်တော်ဖြစ်လေရာ ထိုသူ

နှင့်ဆန်းလျန် အချေအတင် ပြဿနာဖြစ်မည်ကို ယွမ်ချင်း မ

လိုလားပေ။

ထို့ကြောင့် ယွမ်ချင်းက ထိုသူ၏ရှေ့သို့သွားလိုက်ပြီး...

"တာအိုရောင်းရင်း ဟွမ်ချွမ်ကျီ..."

ဟု ခေါ်လိုက်လေသည်။

ထိုသူသည် တောင်ပေါ်သို့တက်လာကတည်းက

သူ၏နာမည်ရင်းကို ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိပေ။

သို့သော်... သူ ကျင့်ကြံခဲ့သည့် လမ်းစဉ်က ဟွမ်ချွမ်နတ်ဆိုး ဂိုဏ်းမှ လမ်းစဉ်ဖြစ်လေသည်။

ထို့ကြောင့် အခြားသူများက သူ့ကို ဟွမ်ချွမ်ကျီဟု ခေါ်ဆိုကြပြီး သူကလည်း ထိုသို့ ခေါ်ဆိုသည်ကို ငြင်းဆန်ခြင်း မရှိခဲ့ပေ။

ဟွမ်ချွမ်ကျီက...

"ကျုပ် စိတ်ဆိုးဒေါသထွက်တာ မဟုတ်ပါဘူး ၊ သူထိုင်တဲ့ နေရာက တာအိုဆရာသခင်ကြီးနဲ့ နီးကပ်နေတော့ တန်ခိုးစွမ်းအားဒဏ်မခံနိုင်ဘဲ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပါ..."

ယွမ်ချင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"တာအိုရောင်းရင်း တောင်ပေါ်ရောက်တာ (၁)လကျော်ပြီ မဟုတ်လား ၊ အခြားသူတွေနဲ့လည်း တစ်ခါမှ ပြဿနာ မတက်ခဲ့ဖူးဘူး ၊ စောစောက ဖြစ်ရပ်ကိုလည်း ကျုပ် အကုန်မြင်ပါတယ် ၊ ခင်ဗျားဆီက သွေးရနံ့တွေထွက်ပေါ်လာတော့ ကျုပ်လည်း စိတ်ပူသွားတာပေါ့ ၊ ဒါကြောင့် စကားလာပြောရတာပါ

၊ တာအိုရောင်းရင်းက အခြားသူတွေနဲ့ မတူဘူးလေ ၊ ပြီးတော့ ဒီမိတ်ဆွေအသစ်က တာအိုဆရာသခင်ကြီးကိုယ်တိုင် ဖိတ်ခေါ် ထားတဲ့သူပါ ၊ အဲဒီတော့ သူအဲဒီမှာထိုင်တယ်ဆိုလည်း အဆင်ပြေပါတယ်..."

ယွမ်ချင်းက စိတ်စွမ်းအားဖြင့်စကားပြောခြင်းမဟုတ်ဘဲ ဒီ အတိုင်းအသံထုတ်လွှတ်စကားပြောလိုက်ခြင်း ဖြစ် သည့်အတွက် သူပြောသည့်စကားကို ပတ်ဝန်းကျင်မှ လူများ အားလုံး သေသေချာချာ ကြားလိုက်ကြရသည်။

ထိုက်ယီတောင်ထိပ်သို့ ရောက်ရှိလာကြသူ အားလုံးမှာ တာအို တရားကိုလာရောက်နားထောင်ကြသူများဖြစ်ကြပြီး အနည်းနှင့်အများ သိုင်းပညာလည်း တတ်မြောက်သူများ ဖြစ် ကြသည်။

ထို့ကြောင့် ပျော်ရွှင်စွာနေတတ်ကြပြီး စိတ်ဆိုးဒေါသထွက်လျှ က်လည်း လက်ပါ တတ်ကြသူများ ဖြစ်လေသည်။

ယခုတော့ ယွမ်ချင်း၏စကားကြောင့် သူတို့အားလုံး ဆန်းလျန်ကို အာရုံစိုက်မိလိုက်ကြသည်။

တာအိုဆရာသခင်ထိုက်ယီကိုယ်တိုင် တောင်ပေါ်သို့ ဖိတ်ခေါ်သည့် ဧည့်သည်တော်ဆိုသည်မှာ ထူးခြားဖြစ်ရပ်တစ်ခုဖြစ်ကြောင်း သူတို့အားလုံး သိရှိလိုက်ကြလေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆန်းလျန်သည် သာမန်နတ်ဘုရားတစ်ပါး မဟုတ်သည်မှာ သိသာလွန်းလှသည်။

သို့သော်... လောကတွင် ထိုသို့ မှတ်ကျောက်တင်လောက်သည့် နတ်ဘုရားတစ်ပါးရှိနေသည်ကို သမိုင်းတစ်လျှောက် သူတို့ အဘယ့်ကြောင့် မသိရှိခဲ့ကြပါသနည်း။

ယွမ်ချင်း၏ စကားကို ကြားပြီးသည့်နောက် ဆန်းလျန် ထိုနေရာတွင်ထိုင်သည်ကို သူတို့ အထွန့်မတက်ရဲကြတော့ပေ။

ထိုနတ်ဘုရားသည် ရွှေလား ကျောက်တုံးလားဆိုသည်ကို တာအိုဆရာသခင်ထိုက်ယီ တန်ခိုးထုတ်ဖော်သည့်အခါ သူတို့အားလုံး သိရှိမြင်တွေ့ရမည်ပဲ ဖြစ်လေသည်။

ဟွမ်ချွမ်ကျီက ချက်ချင်းပင် သူထုတ်လွှတ်ထားသည့် သေွးရန့်များကို ပြန်လည်ရုတ်သိမ်းလိုက်သည်။

"အခုလိုပြောပြလို့ ကျေးဇူးတင်ပါတယ်..."

ထို့နောက် သူက မျက်လုံးများကိုမှိတ်လိုက်ပြီး ဆန်းလျှန်ကို အရေးမလုပ်တော့ဘဲ တာအိုဆရာသခင်ကြီး တရားဟောပြောမည့်အချိန်ကိုသာ စောင့်မျှော်နေလေတော့သည်။

ဟွမ်ချွမ်ကျီ ယခုကဲ့သို့ နောက်ဆုတ်သွားခြင်းကို မည်သူမှ လှောင်ပြောင်ရှုံ့ချခြင်း မပြုလုပ်ကြပေ။ သူတို့သည်လည်း ဟွမ်ချွမ်ကျီနေရာတွင်ဆိုလျှင် ထိုသို့ ပြုလုပ်ကြမည်ပဲ ဖြစ်လေသည်။

ကျင့်ကြံသူလောကတွင် မိမိထက် တန်ခိုးစွမ်းအားမြင့်မားသူကို ရင်ဆိုင်ရသည့်အခါ နာမည်နှင့်သိက္ခာထက် အမှန်တရားကပိုမို အရေးကြီးသည် မဟုတ်ပါလား။

ဆန်းလျန်ကတော့ ထိုသူများပြောဆိုတွေးတောနေကြသည့် ကိစ္စများနှင့်ပတ်သက်ပြီး လုံး၀ အရေးစိုက်ခြင်း မရှိပေ။ အချိန်ရေစီးကြောင်းတစ်လျှောက်တွင် ဆန်းလျန်နှင့် ရင်ဆိုင်နိုင်သည့်သူ သိပ်မရှိလှပေ။

အတိတ်တွင်ပတ်သက်ခဲ့ခြင်းမရှိလျှင် ဆန်းလျန် သမိုင်းကြောင်းထဲမှ အတိတ်တစ်ချိန်သို့ အချိန်ခရီးထွက်လာသည့်တိုင် တာအိုဆရာသခင် ထိုက်ယီကို တွေ့ခွင့်ရမည် မဟုတ်ပေ။

သူရောက်ရှိလာသည်မှာ အတိတ်တစ်ချိန် တာအိုဆရာသခင်ကြီး (၈)ပါး ပျောက်ကွယ်ရန် အစပြုနေသည့်အချိန်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

လောကတွင် တာအိုဆရာသခင်ကြီးတစ်ပါး အစစ်အမှန် မြင်တွေ့ရန်မှာ ရုတ်တရက် လေထဲမှ ဘွားကနဲ ထွက်ပေါ်လာခြင်းမျိုးတော့ မဖြစ်နိုင်ပေ။

ဆန်းလျန်ကို ဖယ်ထုတ်ပစ်ချင်လျှင် တာအိုဆရာသခင်ကြီး (၈)ပါး၏ တည်ရှိမှုကို ပြန်လည် ပြုပြင်ကြရမည်ဖြစ်ပြီး အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်တို့၏ ညီညွတ်မှုကို ထိန်းညှိရမည် ဖြစ်သည်။

သို့သော်... ဆန်းလျန၏လုပ်ရပ်က ပိုမိုအံ့သြစရာကောင်းလေသည်။ သူက တာအိုဆရာသခင်ကြီးများ များရေးသားသည့် သမိုင်းကိုပြောင်းလဲလိုခြင်း ဖြစ်သည်။

ချင်းရှွမ်နတ်တံခါးသည် လောကတွင် တည်ရှိနေဆဲ ဖြစ်ပေလိမ့်မည်။ သို့သော်... တာအိုဆရာသခင်ထိုက်ယီနှင့်တော့ ပတ်သက်မှုရှိတော့မည် မဟုတ်ပေ။

ရှေးခေတ်အချိန်အခါကတည်းကပင် တာအိုဆရာသခင်ကြီး
တစ်ပါးမဟုတ်ဘဲ တာအိုဆရာသခင်ကြီးတစ်ပါးကို စိန်ခေါ်ရဲ
သူ တစ်ယောက်မှ မရှိခဲ့ဖူးပေ။
တာအိုဆရာသခင်ကြီးများကို စိန်ခေါ်လျှင် နိုင်ချေမရှိဘဲ ရှုံးနိမ့်
မည်သာဖြစ်သည်ဟူ၍ မှတ်ယူထားကြသည်။
သို့သော်… တာအိုဆရာသခင်ကြီးများကို ဆန့်ကျင်ခြင်းက
ဆန်းလျန်အတွက် ပထမဆုံးအကြိမ်မဟုတ်သလို ပထမဆုံး
အကြိမ် အတွေ့အကြုံလည်း မဟုတ်ပေ။
ဆန်းလျန်က သတ္တိကြောင်သူမဟုတ်သည့်အတွက် ယခုအချိန်
ထိ ခြေလှမ်းလှမ်းလာနိုင်ခဲ့ခြင်း ဖြစ်သည်။
ဆန်းလျန်က တာအိုဆရာသခင်ကြီးတစ်ပါးကို စိန်ခေါ်လျှင် နိုင်
ချေမည်မျှရှိမည်ကိုလည်း တွက်ချက်မထားခဲ့ပေ။ အကြောင်း
မှာ… အလုပ်တစ်ခုကိုလုပ်မည်ဆိုလျှင် အနိုင်နှင့်အရှုံး (၂)ခုသာ

ရှိပြီး မနိုင်လျှင် သေချာပေါက် ရှုံးရမည်ကို သိရှိထား

သောကြောင့် ဖြစ်လေသည်။

မည်မျှ အချိန်ကြာကြာစောင့်ဆိုင်းနေရသည်မသိပေ။ လေထု

က တဖြည်းဖြည်းအေးစက်စွတ်စိုလာလေသည်။ တောင်တစ်

ခွင်လုံး အေးစိမ့်သည့်အငွေ့အသက်များ သိသိသာသာ ဖုံးလွှမ်း

လာလေ၏။

သို့သော်... တောင်ပေါ်သို့ ရောက်ရှိနေသည့် ကျင့်ကြံသူများမှာ

အပူဒဏ် ၊ အအေးဒဏ်များကို ခံနိုင်ရည်ရှိကြသူများ ဖြစ်လေ

သည်။

ထို့ကြောင့် ... သူတို့အတွက် မည်မျှအေးသည့်ရာသီဥတုဖြစ်ပါ

စေ မည်သို့မှ မခံစားကြရပေ။

သို့သော်... အသက်ဓာတ်စွမ်းအားများ ပြောင်းလဲသွားသည်ကို

တော့ ကျင့်ကြံသူများအားလုံး သတိထားလိုက်မိကြလေသည်။

လေထဲတွင်ရှိနေသည့် စိုထိုင်းဆသည် ပြင်းထန်သည့်အသက်ဓာတ်စွမ်းအားအဖြစ် သိပ်သည်းသွားပြီး ဝိညာဉ်စွမ်းအား နှင်းစက်လေးများအဖြစ် ဖြစ်တည်လာလေသည်။

ပုံမှန်အားဖြင့်ဆိုလျှင် တာအိုဆရာသခင်ထိုင်ယီ တရားဟောပြောလျှင် အသက်ဓာတ်စွမ်းအားများ သိပ်သည်းသွားတတ်ပြီး လက်ရှိထက် အဆထောင်ပေါင်းများစွာ နှင်းရည်များ ပျံ့နှံ့သွားတတ်လေသည်။

သို့သော်... ယခင်အချိန်က ဖြစ်တည်လာသည့်နှင်းစက်များထံမှ အသက်ဓာတ်စွမ်းအားများကို စုပ်ယူနိုင်၍ ရလေသည်။

ယခုနှင်းစက်များအတွင်းမှ အသက်ဓာတ်စွမ်းအားများက စုပ်ယူ၍မရဘဲ အေးခဲသိပ်သည်းလျက် ရှိသည်။

ထို့ကြောင့် ကျင့်ကြံသူများ၏ စိတ်ထဲတွင် သံသယများဝင်လာကြလေသည်။ သို့သော်... ထိတ်လန့်တုန်လှုပ်ခြင်းတော့ မဖြစ်မိကြသေးပေ။

အမှန်တော့ လောကတွင် ထိုက်ယီတောင်ထွတ်သို့ ရောက်လာနိုင်သူက ခပ်ရှားရှားဖြစ်လေသည်။ ထို့အတူ ထိုက်ယီတောင်ထွတ်ထက် ပြီးပြည့်စုံသည့်နေရာ လောကတွင် ရှိမည်မဟုတ်ပေ။

အကြောင်းမှာ တာအိုဆရာသခင်ထိုက်ယီ ဤနေရာတွင် တရားဟောပြောသောကြောင့် ဖြစ်လေ၏။

သို့သော်... ရုတ်တရက်ဖြစ်ပေါ်သွားသည့် ပြောင်းလဲမှုကြောင့် အားလုံး၏ စိတ်ထဲတွင် သိချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာကြသည်။

ယွမ်ချင်းကလည်း အပြောင်းအလဲများဖြစ်ပေါ်လာသည်ကို သတိထားလိုက်မိပြီး ဆန်းလျန်ကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ဆန်းလျန်ကတော့ မည်သည့်ထူးခြားချက်ကိုမှ အရေးမစိုက်သည့်အလား ပုံမှန်ပင် ထိုင်လျှက် ရှိလေ၏။

ထို့နောက် ယွမ်ချင်းက ခေါင်းကိုလှည့်ပြီး ဟွမ်ချွမ်ကျီကို လှမ်းကြည့်လိုက်သည်။ ဟွမ်ချွမ်ကျီ၏ မျက်လုံးများထဲတွင် သံသယအရိပ်အမြွက်များဖြင့် ပြည့်နေပြီး သူ၏အကြည့်က ဆန်းလျန်ထံတွင် စူးစိုက်ကျရောက်နေလေသည်။

ယွမ်ချင်းမှာ အတော်လေးထူးဆန်းသွားပြီး ဆန်းလျန်ကို နောက်တစ်ကြိမ် ထပ်မံကြည့်ရှုလိုက်သည်။

ဟွမ်ချွမ်ကျီ အံ့အားသင့်မည်ဆိုလျှင်လည်း အံ့အားသင့်လောက်ပေသည်။

အကြောင်းမှာ နှင်းစက်များသည် ဆန်းလျန်ခန္ဓာကိုယ်ပေါ်သို့ ကျရောက်ခြင်းမရှိသလို ဆန်းလျန်ကိုလည်း စွတ်စိုစေခြင်း မရှိသောကြောင့် ဖြစ်လေသည်။

ပထမတော့ ယွမ်ချင်း သတိမထားခဲ့မိပေ။

ဟွမ်ချွမ်ကျီ၏ အကြည့်များကို တွေ့မြင်လိုက်ရမှ ဆန်းလျန်ကို သတိထားလိုက်မိခြင်း ဖြစ်သည်။

ယွမ်ချင်းမှာ သိချင်စိတ်ကို ထိန်းချုပ်မထားနိုင်တော့ဘဲ ရိုင်းစိုင်းသည့် အပြုအမူတစ်ခုကို ပြုလုပ်လိုက်မိလေတော့သည်။

ကျင့်ကြံသူများကြားတွင် ကြီးမားသည့် တန်ခိုးစွမ်းအားကွာဟချက်မရှိလျှင် နတ်ဘုရားစိတ်အာရုံကိုအသုံးပြုပြီး အခြားကျင့်ကြံသူများကို စမ်းသပ်ကြည့်နိုင်သည်။

သို့သော်... ယွမ်ချင်းက သူ၏ နတ်ဘုရားစိတ်အာရုံကို အသုံးပြုပြီး ကြည့်ရှုလိုက်သည့်တိုင် ဆန်းလျန်၏ တန်ခိုးစွမ်းအား နက်ရှိုင်းမှုကို လုံးဝ သိမြင်အောင်ကြည့်နိုင်ခဲ့ခြင်း မရှိပေ။

ယွမ်ချင်းက လက်မလျှော့သေးဘဲ ဆန်းလျန်၏ စိတ်ကို ထပ်မံကြည့်ရှုပြီး ဆန်းလျန်၏ ခန္ဓာကိုယ်တွင် ဖြစ်ပျက်နေသည့် အခြေအနေကို လေ့လာလိုက်ပြန်သည်။

ယွမ်ချင်းက ရပ်တန့်ခြင်းမရှိဘဲ နတ်ဘုရားစိတ်အာရုံများကို အဆက်မပြတ်ထုတ်လွှတ်နေလေသည်။

ယွမ်ချင်း၏ စိတ်ဝိညာဉ်က အခြားသူများထက် များစွာပိုမိုပြီး သန်မာလေသည်။ ထို့ပြင် သူက မယုံကြည်နိုင်စရာကောင်း သည့် ပါရမီရှင်တစ်ယောက်လည်း ဖြစ်သည်။

သူ ကျင့်စဉ်လမ်းသို့ ဝင်ရောက်ခဲ့ပြီးသည့်နောက် သူ၏ ဝိညာဉ် စွမ်းအားကောင်းမွန်မှုအပေါ်တွင်မူတည်ကာ ကျင့်ကြံခြင်း သည်လည်း လွယ်ကူချောမွေ့ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ယွမ်ချင်းက သူ၏တန်ခိုးစွမ်းအားကို ကိုယ်တိုင် နားလည်သူတစ်ယောက်ဖြစ်သလို သူ၏ နတ်ဘုရားစိတ်အာရုံ ကို အသုံးပြုပြီး အခြားနတ်ဘုရားများကို စမ်းသပ်ခြင်း တော် ရုံဖြင့် ပြုလုပ်လေ့ မရှိပေ။

သို့သော်... ယခုတော့ သိချင်စိတ်ကို ထိန်းမရသည့်အတွက် နတ်ဘုရားစိတ်အာရုံများကို ထုတ်ဖော်ကာ ဆန်းလျန်ကို စမ်းသပ်လိုက်ခြင်း ဖြစ်လေသည်။

သို့ရာတွင်... ယွမ်ချင်းက အတိုင်းအဆကို သိရှိသူဖြစ်လေရာ နတ်ဘုရားစိတ်အာရုံကို ဝိညာဉ်စွမ်းအားဖြင့် ပေါင်းစပ်လိုက်ပြီး ဆန်းလျန်ရှိရာသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လာလေသည်။

သူ၏ နတ်ဘုရားစိတ်အာရုံဆန်းလျန်အနားသို့ ရောက်သည်အထိ အတားအဆီးတစ်ခုတလေပင် မတွေ့ရလေရာ သူက ဆန်းလျန် အင်္ကျီအဝတ်ထောင့်သို့ အသာထိကြည့်လိုက်လေသည်။

သိလိုက်ရသည့်အဖြေကြောင့် ယွမ်ချင်း အံ့သြခြင်းမက အံ့သြသွားပြီး မယုံကြည်နိုင် ဖြစ်သွားရသည်။

ထို့နောက် ယွမ်ချင်းက ဆန်းလျန်၏ ဝိညာဉ်တစ်ခုလုံးကို အပြန်ပြန်အလှန်လှန်ကြည့်ရှုပြီးနောက် နောက်ဆုံး သုံးသပ်ချက်ကို အတည်ပြုလိုက်သည်။

ဆန်းလျှန်သည် သူထိုင်နေသည့်နေရာတွင် လုံး၀ တည်ရှိခြင်း

မရှိပေ။ "မရှိမှုတရား" အလား ခံစားလိုက်ရလေသည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီ တရားဟောကြားမည့်

နေရာနှင့်မနီးမဝေးတွင် ထိုင်နေသည့် ဆန်းလျှန်ကိုတော့ သူ့

မျက်ဝန်းများနှင့် သေသေချာချာ မြင်တွေ့နေရလေသည်။

သို့ရာတွင်... ဆန်းလျှန်၏ ဝိညာဉ် ၊ အသက်ရှူသံ အစရှိသည့်

တည်ရှိမှုတရားကို သူလုံး၀ ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပေ။

လောကတွင် အသက်ရှူသံကို ထိန်းချုပ်ထားနိုင်သည့် တန်ခိုး

စွမ်းအားမြင့်မားသူများ များစွာရှိကြသည်ကို ယွမ်ချင်းသိရှိ

ထားသည်။

သို့သော်... နတ်ဘုရားစိတ်အာရုံထုတ်လွှတ်ပြီး စမ်းသပ်ကြည့်

လျှင်တော့ တည်ရှိမှုတစ်ခုကို သေချာပေါက် အာရုံခံနိုင်မည်

ဖြစ်လေသည်။

ယခု သူ၏ နတ်ဘုရားစိတ်အာရုံဖြင့် စမ်းသပ်ကြည့်လိုက်ခြင်း အတွက် ရလဒ်က ထိုပုဂ္ဂိုလ်၏ တုံ့ပြန်မှုက လုံးဝ တည်ရှိခြင်း မရှိဆိုသည့် တုံ့ပြန်မှုမျိုး ဖြစ်လေသည်။

သူ၏ နတ်ဘုရားစိတ်အာရုံလုံးဝ အမှားမရှိသည်ကို ယွမ်ချင်း အသိဆုံးဖြစ်သည်။

သူ့ရှေ့မှ ပုဂ္ဂိုလ်သည် ဤလောကတွင် အမှန်တကယ် တည်ရှိ သူတစ်ယောက် မဟုတ်ပေ။ သူ့မျက်ဝန်းများဖြင့် မြင်တွေ့နေရ သည့်တိုင် ထိုသူသည် အစစ်အမှန်မဟုတ်ပေ။

"ကျုပ်က ဒီလောကမှာ မတည်ရှိတာ မဟုတ်ပါဘူး ၊ ဒီနေရာက မဟုတ်လို့ပါ..."

ယွမ်ချင်း၏ စိတ်အာရုံထဲတွင် နွေဦးလေပြေအလား သာယာနာ ပျော်ဖွယ်ကောင်းလှသည့် အသံတစ်သံကို ကြားလိုက်ရလေ သည်။

ဆန်းလျန်က သူ့ကိုကြည့်နေပြီး အပြုံးပါးပါးလေးတစ်ချက်ပြုံးလိုက်သည်ကို တွေ့မြင်လိုက်ရသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန် စိတ်ထဲမှ သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

နောင်တစ်ချိန်တွင်... ဆရာဘိုးဘိုးယွမ်ချင်းဟူ၍ ဆန်းလျန်တို့၏ ဘိုးဘေးဆရာသခင်ဖြစ်လာမည့် ယွမ်ချင်း ၊ ယွမ်တုစားမှ လူသားအဖြစ်ပြန်လည်ဝင်စားထားသည့် ယွမ်ချင်းဆိုသူသည် နောင်နှစ်ပေါင်း အသင်္ချေမက ကြာမြင့်သည့်အချိန်တွင်ပျက်စီးခြင်းသို့ ရောက်ရမည်ကို သူကိုယ်တိုင် မသိပါတကားဟု ဆန်းလျန် တွေးလိုက်မိသောကြောင့် သက်ပြင်းချလိုက်မိခြင်း ဖြစ်လေတော့၏။

အခန်း (၉၈၇) သနားစရာသတ္တဝါ

ယွမ်ချင်းက ဆန်းလျန်ပြောသည့်စကားအဓိပ္ပါယ်ကို

သေသေချာချာ စဉ်းစားကြည့်နေလေသည်။

ထိုသူက ဤနေရာမှမဟုတ်လျှင် မည်သည့်နေရာက

ရောက်လာရပါသနည်း။ ထိုသူပြောသည့်စကားက ဤလောက

ကို ရည်ညွှန်းသည်လား ၊ အခြားတစ်နေရာကို ရည်ညွှန်းသည်

လား မသေချာပေ။

ယွမ်ချင်း အပြင်းအထန်စဉ်းစားနေစဉ်မှာပင် သူ၏စိတ်အာရုံ

အတွင်းသို့ အေးစက်သည့်တန်ခိုးစွမ်းအားတစ်ခု ဝင်

ရောက်လာပြီး ဆက်လက်စဉ်းစားခြင်းမပြုနိုင်ရန် တားဆီး

ထားလိုက်လေသည်။

စိုစွတ်သည့်အငွေ့အသက်များမှ ပြောင်းလဲသွားသည့်နှင်းရည်စက်များသည် အလေးချိန်အတော်လေးစီးပြီး တာအိုကျင့်ကြံသူများ၏ ဆံပင်များထက်တွင် တွဲလဲခိုလျှက် ရှိကြလေသည်။

အသက်ဓာတ်စွမ်းအားများ သိပ်သည်းစွာပါဝင်သည့် နှင်းစက်များသည် သန့်စင်ခြင်းလည်း မရှိလေရာ မှုံမှိုင်းပြီး အလေးချိန်ကလည်း လေးလံလှသည်။

တာအိုကျင့်ကြံသူများသည် ထိုနှင်းစက်များကို သူတို့၏ တန်ခိုးစွမ်းအားများဖြင့် ဖယ်ရှားပစ်နိုင်ခြင်းငှာ မတတ်နိုင်ကြပေ။

အချို့တန်ခိုးစွမ်းအားနည်းပါးသည့် တာအိုကျင့်ကြံသူများဆိုလျှင် ချက်ချင်းပင် နှင်းရည်စက်များဒဏ်ကိုမခံနိုင်ဘဲ သတိလစ်မိန်းမောကုန်ကြလေသည်။

သို့သော်... တန်ခိုးစွမ်းအားနက်ရှိုင်းပြီး စိတ်စွမ်းအားကောင်း

သည့် တာအိုကျင့်ကြံသူများကတော့ တောင့်ခံနိုင်စွမ်း ရှိကြ

သည်။

ဟွမ်ချွမ်ကျီ၏ ခန္ဓာကိုယ်တွင် သွေးများချင်းချင်းနီရဲနေပြီး

နှင်းရည်စက်များ၏ ဖိအားကို တောင့်ခံနေလေသည်။ ဟွမ်ချွမ်

ကျီက အခြားသူများထက်ပိုမိုပြီး စိတ်စွမ်းအားကောင်းမွန်သူ

ဖြစ်ရာ သတိလစ်လဲကျသွားခြင်း မရှိသေးပေ။

သို့သော်... တောင့်ခံထားရုံကလွဲပြီး အခြားလှုပ်ရှားမှု မပြုနိုင်ခဲ့

ပေ။

ထိုအရာများအားလုံးသည် ဆန်းလျန်အပေါ်တွင် သက်ရောက်

မှုမရှိပေ။ ဆန်းလျန်က မျက်လုံးကိုဖွင့်လိုက်ပြီး

အေးအေးဆေးဆေးပင် အရှေ့ဆီသို့ တစ်ချက်မျှော်ကြည့်

လိုက်လေသည်။

သူ့နားထဲတွင် သိမ်မွေ့သည့်ဂီတသံအလား သာယာသည့်အသံ
တစ်သံကို ကြားလိုက်ရပြီး လောကရှိ သိသာစွာလှပသောအသံ
များစွာသည် ထိုအသံကို ယှဉ်နိုင်ကြလိမ့်မည် မထင်ပေ။
ထိုအသံက အံ့သြစရာကောင်းသည့် တာအိုလှုပ်ရှားမှုတစ်ခု
ဖြစ်ပြီး လူသားများအား မသိလိုက်မသိဘာသာဖြင့် တာအိုနှင့်
ပေါင်းစည်းသွားစေသည်။
လူသားများကို တာအိုကာရံညီနေသည့် သမုဒ္ဒရာထဲတွင် ကူး
ခတ်နေစေပြီး စိတ်ကျေနပ်စေသည့် သဘာဝတရားကို ခံစားရ
စေသည်။
ဆန်းလျန်ရှေ့မှ ဗလာနယ်သည် တဖြည်းဖြည်းဝေးကွာသွား
အောင် ဆွဲဆန့်လိုက်သည့်အလား ခံစားလိုက်ရပြီး ကျယ်ပြန့်
လွန်းသည့် စကြာဝဠာကြီးသည်လည်း နောက်ခံပုံရိပ်အဖြစ်
ထင်ဟပ်လာလေသည်။

ကောင်းကင်ဘုံအရှင် တာအိုဆရာသခင်ကြီးသည် ကြယ်စင်များစုံလင်သည့် ကောင်းကင်ထက်တွင် မတ်တတ်ရပ်လျှက် ရှိပြီး နက်ရှိုင်းသည့်မျက်ဝန်းများက ခံစားချက်ကင်းမဲ့စွာဖြင့် ဆန်းလျန်ကို စိုက်ကြည့်နေခဲ့လေသည်။

ထိုက်ယီတောင်ထိပ်မှ သစ်ပင်များ ၊ ပန်းများနှင့် သစ်ရွက်များ တဖြည်းဖြည်းတုန်ခါလာကြပြီး ပင်ကိုယ်သိစိတ်အတွင်းမှ အံ့သြမိန်းမောမှုကို ခံစားရစေသည်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီးသည့်နောက် ယခုတော့ ဆန်းလျန် တာအိုဆရာသခင်ထိုက်ယီကို တွေ့ဆုံခဲ့ရပြီ ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်သည် နှစ်ပေါင်းအသင်္ချေမှ တစ်ကြိမ် ရရှိနိုင်သည့် ကြီးမားသည့်အောင်မြင်မှုကို ရရှိခဲ့သည်။ ထိုသို့သော အောင်မြင်မှုမျိုးကိုရရှိခဲ့သူဆို၍ လောကတွင် စန့်ချင် တာအိုဆရာသခင် တစ်ယောက်သာ ရှိသည်။

သို့သော်... မယုံကြည်နိုင်လောက်သော ၊ စိတ်ကူးဖြင့်ပင် မှန်းဆမရနိုင်သော ၊ ခန့်မှန်း၍မရနိုင်သော အံ့သြစရာများ အားလုံးကို တာအိုဆရာသခင်ထိုက်ယီထံတွင် တွေ့မြင်ရလေသည်။ ထိုအံ့သြစရာများအားလုံး ပေါင်းစပ်လျှင်တောင်မှ တာအိုဆရာသခင်ထိုက်ယီကို ဖော်ကျူးရန်မှာ မစွမ်းသာပေ။ ဆန်းလျန် တာအိုဆရာသခင်ထိုက်ယီကို တွေ့မြင်ရသည့်အခါ ယခင်ကတွေ့မြင်ခဲ့သမျှ ဆန်းပြားအံ့သြစရာကောင်းလှပသည် ဆိုသည့် အရာအားလုံးသည် ဘာမှမဟုတ်တော့သည်ကို ခံစားသိရှိလိုက်ရသည်။

နောက်ဆုံးတော့ ဆန်းလျန်က စတင်စကားပြောလိုက်လေသည်။

တာအိုဆရာသခင်ကြီးတစ်ပါး၏ အောင်မြင်မှုကို လေးစားသောအားဖြင့် ဆန်းလျန်က စတင်စကားပြောလိုက်ခြင်းဖြစ်ပြီး ကြောက်ရွံ့ခြင်းတော့ မဖြစ်မိပေ။

"တာအိုဆရာသခင်ထိုက်ယီကို တွေ့မယ်လို့တောင် ကျုပ် မျှော်လင့်မထားခဲ့မိဘူး..."

ဆန်းလျန်၏ အသံကို ပတ်ဝန်းကျင်မှ တာအိုကျင့်ကြံသူများ အားလုံး ကြားလိုက်ကြရသည်။

ဆန်းလျန်၏ လေသံက တာအိုကျင့်ကြံသူများထင်ထားသည် ထက် တည်ငြိမ်အေးဆေးလျှက်ရှိလေသည်။

ထို့ပြင် တာအိုဆရာသခင်ကြီးသည် ဤနေရာတွင် အကြိမ် ပေါင်းများစွာ တရားစကားဟောပြောခဲ့သည်ဖြစ်ရာ ဆန်းလျန် က "တာအိုဆရာသခင်ထိုက်ယီကို တွေ့မယ်လို့တောင် ကျုပ် မျှော်လင့်မထားခဲ့မိဘူး..." ဟု ပြောလိုက်သည့်စကားကို သူတို့ အားလုံး နားလည်နိုင်ခြင်း မရှိကြပေ။

ဤစကားအရဆိုလျှင် ဆန်းလျန်ရောက်လာရသည့် မူလ ရည်ရွယ်ချက်မှာ တာအိုဆရာသခင်ထိုက်ယီကို တွေ့ဆုံရန်ဖြစ် ပြီး တာအိုဆရာသခင်ကြီး ဟောကြားသည့် တရားဓမ္မများကို

သိချင်သည့်အတွက် ရောက်လာခြင်း မဟုတ်သည်မှာ ထင်ရှား

နေသည်။

ဗုဒ္ဓသည် လောကီသတ္တဝါများအလယ်တွင် အသွင်အမျိုးမျိုး

ယူပြီး အတူတူရှိနေသည်ဟုဆိုသော်လည်း တကယ်တမ်း

အစစ်အမှန်ဗုဒ္ဓကိုတွေ့ချင်သည်ဆိုလျှင် အနောက်ဘက်

ကောင်းကင်ဘုံမှ လင်စန်းတောင်သို့ ရောက်အောင်သွားမှသာ

တွေ့ရှိနိုင်မည် ဖြစ်သည်။

ယခုလည်း ထိုသို့ပင်ဖြစ်

"ဆန်းလျန်..."

မြင့်မြတ်ပြီးနက်ရှိုင်းသည့် ကောင်းကင်ဘုံအရှင်က ဆန်းလျ

န်၏ နာမည်ကို ခေါ်လိုက်လေသည်။

ခေါ်သံထွက်ပေါ်လာသည်နှင့် ကျင့်ကြံသူများမှာ တောင်ပေါ်

တွင်ကျဆင်းနေသည့် နှင်းစက်များကို သတိရလိုက်မိကြ

သည်။

အေးစက်ပြီး တစ်ယောက်တည်းသီးသန့်ဖြစ်တည်ခြင်းကို

အသံမှတစ်ဆင့် ခံစားနိုင်သည်။

သို့သော် တာအိုဆရာသခင်ကြီး၏ နှုတ်ဖျားမှထွက်လာသည့်

ရိုးရှင်းသည့် စကားလုံး (၂)လုံးသည် သံကြိုးများအဖြစ်

ပြောင်းလဲသွားပြီး ဆန်းလျန်၏ လက်များကို ချည်နှောင်ထား

လိုက်လေသည်။

ထို သံကြိုးများသည် မည်သူမှမမြင်နိုင်ပေ။ ဆန်းလျန်

ကိုယ်တိုင်သည်ပင် တွေ့မြင်နိုင်ခြင်း မရှိပေ။

သို့သော်... ထို သံကြိုးများသည် အမှန်တကယ်တည်ရှိပြီး ဆန်း

လျန်ကို ရွေ့လျားနိုင်ခြင်းမရှိအောင် ချုပ်နှောင်ထားလိုက်လေ

သည်။

တာအိုဆရာသခင်ထိုက်ယီသည် ဆန်းလျန်ကို တွေ့တွေ့ချင်းမှာ

ပင် အတော်လေး ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ပါပေ၏။

တာအိုဆရာသခင်ကြီးသည် ဆန်းလျန်ကို တွေ့တွေ့ချင်းမှာပင် လက်နက်ချစေခဲ့ပြီ မဟုတ်ပါလား။

ဆန်းလျန်ကတော့ တာအိုဆရာသခင်ကြီးတစ်ပါး၏ တန်ခိုးစွမ်းအားနှင့် ရင်ဆိုင်လိုက်ရသည့်တိုင် အလွန်အမင်း တည်ငြိမ်အေးဆေးလျှက် ရှိလေသည်။

အရာအရာကို တတ်စွမ်းနိုင်သည့် တာအိုဆရာသခင်ကြီးတစ်ပါးက ထိုသံကြိုးများဖြင့် သူ့ကို ချည်နှောင်လိုက်ပြီး ပညာပြခြင်းမရှိလျှင်ပင် ဆန်းလျန်က အံ့အားသင့်နေဦးမည်ဖြစ်သည်။

ထိုအချိန် ဆန်းလျန်လက်ပေါ်သို့ ဓားအလင်းတန်းတစ်ခု ထိုးကျလာလေသည်။

ထိုအလင်းတန်းမှာ တာအိုဆရာသခင်ထိုက်ယီထံမှ ထွက်ပေါ်နေသည့် ဓားဝိညာဉ်အလင်းတန်းဖြစ်ပြီး တောက်ပလင်းလက်လျှက် ရှိလေသည်။

ဓားဝိညာဉ်က ဆန်းလျန်၏ လက်များရှိရာသို့ ကျရောက်လာပြီး ချွင်ကနဲ အသံတစ်သံထွက်ပေါ်လာကာ သံကြိုးများကို ဖြတ်တောက်ပစ်လိုက်လေသည်။

ထိုအခါ မြေပြင်ထက်သို့ ကျရောက်သွားသည့် သံကြိုးများကို အားလုံး မြင်လိုက်ကြရသည်။

ဆန်းလျန်က သူ့လက်များကို အသာပွတ်သပ်လိုက်ပြီး သူ၏ ကြွက်သားနှင့်အရိုးများကို အသာဖြေလျှော့လိုက်သည်။

ထို့နောက် သူ၏ လက်ဖဝါးများထက်တွင် စည်းတံဆိပ်တစ်ခု ထွက်ပေါ်လာပြီး ထိုစည်းတံဆိပ်သည် အလွန်အမင်း ပြီးပြည့်စုံလှသည်။ မြူမှုံတစ်စပင် အပြစ်ဆိုစရာမရှိပေ။

ထိုစည်းတစ်ဆိပ်မှာ တထာဂတသဿစည်းတံဆိပ်ဖြစ်လေ၏။

ဆန်းလျန်ဖန်ဆင်းလိုက်သည့် တထာဂတသဿစည်းတံဆိပ်မှာ ဗုဒ္ဓကိုယ်တိုင်ဖန်ဆင်းသည့် တထာဂတသဿစည်းတံဆိပ်ထက် တန်ခိုးစွမ်းအားလျော့နည်းခြင်း မရှိပေ။

စည်းတံဆိပ်သည် ရွှေဖြူရောင်သမ်းနေပြီး ဂဏန်း

အရေအတွက်ကဲ့သို့သော စာလုံးများက ပတ်ဝန်းကျင်လေထု

ထဲတွင် လွင့်မျောစီးဆင်းနေလေသည်။ စည်းတံဆိပ်အတွင်း

တွင် မရေမတွက်နိုင်သည့် လောကများသည် ဖြစ်တည်လိုက် ၊

ပျက်စီးလိုက် ဖြစ်ပေါ်နေသည်။

ထို့နောက် တထာဂတသစည်းတံဆိပ်သည် တာအိုဆရာသခင်

ထိုက်ယီထံသို့ သတ်ဖြတ်ပစ်တော့မည့်အရှိန်ဖြင့် လေထုကို

ဖြတ်ကျော်ပြီး ဝင်ရောက်သွားလေတော့သည်။

ထိုမြင်ကွင်းကို တွေ့လိုက်ရသည်နှင့် ယွမ်ချင်းနှင့်အခြားသူများ

အံ့ဩမှင်တက်ကာ ကြက်သေသေကုန်ကြလေသည်။

ဤလောကတွင် တာအိုဆရာသခင်ထိုက်ယီကို တိုက်ခိုက်ရဲသူ

ရှိမည်ဟု မည်သူမှ ထင်မထားမိကြပေ။

ထို့ပြင် ဆန်းလျန်က ဗုဒ္ဓဘာသာတန်ခိုးစွမ်းအားကို အသုံးပြု ပြီး တာအိုဆရာသခင်ထိုက်ယီကို တိုက်ခိုက်လိမ့်မည်ဟု သူတို့ ပို၍ပင် တွေးထင်ထားခြင်း မရှိကြပေ။

သူတို့အားလုံးက ဆန်းလျန်ကို တာအိုကျင့်ကြံသူတစ်ယောက် ဟု ထင်မှတ်ခဲ့ကြသည်။ ဆန်းလျန်၏ တည်ကြည်သည့်ဟန်ပန် နှင့် ဝတ်ပုံစားပုံကလည်း ဗုဒ္ဓဘာသာကျင့်ကြံသူတစ်ယောက် နှင့် တူညီခြင်း မရှိပေ။

ဆန်းလျန်၏ တထာဂတသစည်းတံဆိပ်ကို တာအိုဆရာသခင် ထိုက်ယီက ကြည့်နေလေသည်။

ထို့နောက်... တာအိုဆရာသခင်ထိုက်ယီက လက်နှစ်ချောင်းကို လေထဲသို့ ထိုးညွှန်လိုက်လေရာ နူးညံ့သည့် ကြာပန်းတစ်ပွင့် ပျံသန်းထွက်ပေါ်လာပြီး စည်းတံဆိပ်ကို တားဆီးထားလိုက် လေသည်။

တထာဂတသ စည်းတံဆိပ်ပတ်ပတ်လည်တွင် လှည့်ပတ်နေ
သည့် မရေမတွက်နိုင်သည့် သင်္ကေတများသည် ကြာ
ပန်း၏ပတ်ပတ်လည်တွင် လှည့်ပတ်နေကြပြီး နောက်ဆုံး ကြာ
ပန်းက ထိုသင်္ကေတများအားလုံးကို စုပ်ယူလိုက်လေသည်။
ကြာပန်းသည် အာဟာရဓာတ်များစွာကို စုပ်ယူလိုက်ရသည့်
အလား ချက်ချင်းပင် အဆက်မပြတ် ကြီးထွားလာလေ
တော့သည်။

ထို့နောက် ကြာပန်းသည် ကြယ်စင်များနှင့် ပြည့်နက်နေသည့်
စကြာဝဠာအတွင်းသို့ အရှိန်အဟုန်ဖြင့်လွင့်မျောသွားပြီး တစ်
ပတ်ပြန်လည်လာကာ ဆန်းလျန်ရှိရာသို့ ဝင်ရောက်လာလေ
သည်။

ဆန်းလျန် သက်ပြင်းတစ်ချက် တိုးတိတ်စွာ ချလိုက်မိသည်။
တာအိုဆရာသခင်ကြီးတစ်ပါး၏ တန်ခိုးစွမ်းအားကို ခုခံနိုင်သူ
လောကတွင် မည်သူရှိပါမည်နည်း။

ဆန်းလျန်၏ ဦးခေါင်းထက်တွင် ကြည်လင်သည့်တိမ်တိုက် တစ်ခုဖြစ်တည်လာပြီး ရှန်းထျန်းဝူထိုက်တန်ခိုးစွမ်းအား (၅)ခု ထွက်ပေါ်လာလေသည်။

ထို့နောက် ကြည်လင်သည့်တိမ်တိုက်သည် ရောင်စဉ်ငါးမျိုး ပုတီးလိုက်ကာများအဖြစ် ပြောင်းလဲသွားလေသည်။ ဤ သည်မှာ ဆန်းလျန်၏ အပြည့်စုံဆုံး ရှန်းထျန်းဝူထိုက် တန်ခိုး စွမ်းအားပင် ဖြစ်လေသည်။

ဆန်းလျန်ရင်ဆိုင်နေရသူသည် ရွှမ်တုတောက်ကျွင်း သို့မဟုတ် ရွှမ်တုတောက်ကျွင်းကဲ့သို့ အဆင့်ရှိသည့် နတ်ဘုရားတစ်ပါး သာဆိုလျှင် သူ၏ ရှန်းထျန်းဝူထိုက်တန်ခိုးစွမ်းအားများ ကြောင့် အတော်လေး အခက်တွေ့ကာ ဒုက္ခရောက်သွားမည် ဖြစ်သည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီကိုတော့ မည်သည့် သက်ရောက်မှုမှ မရှိလှပေ။

ဆန်းလျန်က လက်ဖျောက်တစ်ချက်တီးလိုက်လေရာ အသင်္ချေသော ရောင်စဉ် (၅)မျိုး အလင်းတန်းများ ထွက်ပေါ်လာပြီး ရောင်စဉ် (၅)မျိုး ပုတီးစေ့လိုက်ကာထက်တွင် အုပ်ဆိုင်းဖုံးလွှမ်းသွားလေသည်။

ထို့နောက် ကြီးမားသည့် တန်ခိုးစွမ်းအားပေါက်ကွဲသံကြီးတစ်သံ ထွက်ပေါ်လာပြီး ကောင်းကင်ထက်မှကြာပန်းသည် ရှန်းထျန်းဝူထိုက်တန်ခိုးစွမ်းအားများနှင့် ရိုက်ခတ်မိသွားလေသည်။

ကြာပန်းမှ ကြာရွက်များအားလုံး ကြွေကျသွားပြီး ရိုးတံသာလျှင် ကျန်ရှိတော့သည်။

တာအိုဆရာသခင်ထိုက်ယီက စိတ်အနှောက်အယှက်ဖြစ်သွားခြင်း မရှိပေ။ သူ၏ လက်ချောင်းထိပ်များသည် ဗျပ်စောင်းတီးခတ်သည့်အလား အနည်းငယ် လှုပ်ခါသွားသည်။

ထိုအခါ ကြာပန်းရိုးတံက ဆန်းလျန်၏ မျက်ခုံး (၂)ခုကြားသို့ ထိုးစိုက်ရန် အရှိန်ဖြင့် ဝင်ရောက်လာလေသည်။

ဆန်းလျန်ထံဝင်ရောက်လာသည့် ကြာပန်းရိုးတံက

တဖြည်းဖြည်းသေးငယ်သွားပြီး လေထဲတွင် သေးငယ်သည့်

အပ်ချောင်းအသွင်ပြောင်းလဲသွားလေသည်။

ဆန်းလျန်သာ သေသေချာချာ အာရုံစိုက်ထားခြင်းမရှိလျှင် ထို

အပ်ချောင်းသည် သူ၏ ဝိညာဉ်ကိုထိုးစိုက်မိပြီး တာအို

နှလုံးသားတစ်ခုလုံး ပျက်စီးသွားနိုင်လေသည်။

ဆန်းလျန်က အကျီလက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေရာ

သူ၏ခန္ဓာကိုယ်တစ်ခုလုံးက ပုံရိပ်ယောင်အလား ပြောင်းလဲ

သွားလေသည်။

ထို့နောက်... သူ၏ ခန္ဓာကိုယ်မှာ ရောင်စုံအလင်းတန်းများ

ပေါက်ကွဲထွက်လာပြီး ကြာပန်းရိုးတံက ဆန်းလျန်ကို ထိုးစိုက်

မိသွားသော်လည်း မည်သည့် သက်ရောက်မှုမှ ဆန်းလျန် မ

ခံစားရတော့ပေ။

ဆန်းလျှန်သည် ပုံမှန်အတိုင်း အေးဆေးတည်ငြိမ်လျှက် ရှိလေသည်။

ထို့နောက် ဆန်းလျှန်၏ ခန္ဓာကိုယ်သည် အလေးချိန်မရှိသည့် အ ရိပ်တစ်ခုအလား တာအိုဆရာသခင်ထိုက်ယီထံသို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

ထိုခဏမှာပင် တာအိုဆရာသခင်ထိုက်ယီက ရယ်မောလိုက်ပြီး...

"ကောင်းလိုက်တဲ့ ထိုက်ရှီးနည်းဗျူဟာ တန်ခိုးစွမ်းအား..."

သူ၏ စကားသံထဲတွင် ချီးကျူးဂုဏ်ပြုသည့်အသံ အပြည့်အဝပါဝင်နေလေသည်။

တာအိုဆရာသခင်ထိုက်ယီ ရယ်မောသည်ကို တွေ့လိုက်ရသည့်အခါ ဆန်းလျှန်က အံ့ဩခြင်း အလျဉ်းမရှိပေ။

တာအိုဆရာသခင်ကြီးများဆိုသည်က သံသရာကိုကျော်လွန်သွားကြသည်ဆိုသော်လည်း စိတ်ခံစားချက်

အနည်းနှင့်အများ ရှိကြသေးရာ ရယ်မောကြသည်မှာ သဘာဝ ပင် ဖြစ်သည်။

တာအိုဆရာသခင်ထိုက်ယီက နှုတ်မှထုတ်ဖော်ချီးကျူးလိုက် သော်လည်း အင်္ကျီလက်ကို တစ်ချက် ဝှေ့ရမ်းလိုက်လေသည်။ သူ၏ အင်္ကျီလက်အတွင်းမှာ အဖြူရောင်တိမ်တိုက်များ ထွက် ပေါ်လာလေသည်။ ထိုတိမ်တိုက်များသည် အစစ်အမှန်နှင့် မရှိ မှုကြားတွင် လွင့်မျောနေပြီး စုစည်းနေရာမှ ကွဲပြားသွားလိုက် ၊ ကွဲပြားသွားရာမှ ပြန်လည်စုစည်းလိုက်နှင့် စိတ်ကို ထင်ယောင် ထင်မှာ ဖြစ်စေလေသည်။

ထိုအဖြူရောင်တိမ်တိုက်များသည် ဆန်းလျှန်ဆီသို့ အလွန်မြင့် မားသည့်မြန်နှုန်းဖြင့် ဝင်ရောက်လာလေရာ ဝှစ်ခနဲ အသံတစ် သံမျှသာ ကြားလိုက်ရသည်။

တိမ်တိုက်သည် ဆန်းလျှန်၏ ခန္ဓာကိုယ်ကို ဖြတ်သန်းသွားလေ သည်။

မမျှော်လင့်စွာပင် ဆန်းလျန်၏ ခန္ဓာကိုယ်တွင် အဖြူရောင်

မီးတောက်များ စတင်လောင်ကျွမ်းလာလေတော့သည်။

ဆန်းလျန်က အဖြူရောင်မီးတောက်ကို ငြိမ်းသတ်နိုင်ရန်

တန်ခိုးစွမ်းအားမှန်သမျှကို အသုံးပြုလိုက်သည်။

နက်ရှိုင်းသည့်တန်ခိုးစွမ်းအားပြည့်ဝသော ရေစင်၊ နတ်ပန်း

ဝတ်ရည်၊ နတ်ရေစင် အစရှိသမျှသော အရည်များကိုလည်း

သူ့ခန္ဓာကိုယ်ပေါ်သို့ လောင်းချလိုက်သည်။

သို့သော်... အဖြူရောင်မီးတောက်က ငြိမ်းသွားခြင်းမရှိဘဲ

ပို၍ပင် ပြင်းပြင်းထန်ထန် တောက်လောင်လာလေသည်။

ဆန်းလျန်၏တန်ခိုးစွမ်းအားများက စကြာဝဠာနှင့် ချိတ်ဆက်

ထားသည်ဖြစ်လေရာ မိုးမြေစွမ်းအားများက သူ့ခန္ဓာကိုယ်တွင်

လိုအပ်သည့်စွမ်းအားများကို အစဉ်အမြဲဖြည့်ဆည်းပေးလျှက်

ရှိသည်။

ထို့ကြောင့် အဖြူရောင်မီးတောက်သည် သူ့ခန္ဓာကိုယ်ကို

လောင်ကျွမ်းနေသည့်တိုင် ဆန်းလျန်ကို အကြီးအကျယ်

ပျက်စီးစေခြင်း ၊ ဒဏ်ရာရစေခြင်းကို မဖြစ်ပေါ်စေခဲ့ပေ။

သို့သော်... အဖြူရောင်မီးတောက်ကို မငြိမ်းသတ်နိုင်ပါက

ဆန်းလျန်အနေဖြင့် မိုင်ပေါင်းထောင်ချီမကသည့် နေရာတစ်ခု

သို့ လွင့်ထွက်သွားပြီး နှစ်ပေါင်းများစွာ ပိတ်မိနေပေလိမ့်မည်။

တာအိုဆရာသခင်ထိုက်ယီ ပြုလုပ်လိုက်သည့် လှည့်ကွက်ကို

ဆန်းလျန် သိရှိလိုက်သော်လည်း လောလောဆယ်တွင် သူ့မှာ

သနားစရာကောင်းသည့် သတ္တဝါလေးအလား မည်သို့မှ

မတတ်နိုင်ဖြစ်နေရလေတော့သည်။

အခန်း (၉၈၈) ဒီလောက်ပဲမဟုတ်သေးဘူး

တာအိုဆရာသခင်ထိုက်ယီက တစ်ချက်ပြုံးလိုက်ရင်း...

"မင်းဘက်ကကြည့်ရင် မင်း ကျုပ်နဲ့တွေ့နေရပြီပဲ ၊ ဘာလို့

တိုက်ခိုက်နေဦးမှာလဲ ၊ မင်း နောက်မဆုတ်ဘူးဆိုရင် အခု

အချိန်ကစပြီး နောက်ပိုင်းဖြစ်တည်လာမယ့် အဆုံးမရှိတဲ့နှစ်

ပေါင်းအသင်္ချေမှာ မင်းရောကျုပ်ရော အကျိုးမရှိနိုင်ဘူး..."

ဆန်းလျန်ကတော့ တာအိုဆရာသခင်ထိုက်ယီ၏ တန်ခိုး

စွမ်းအားများကို အပြည့်အဝနားလည်သွားပြီ ဖြစ်သည်။

တာအိုဆရာသခင်ထိုက်ယီသည် လောကတွင် သူ့ထက် မျဉ်း

တစ်ကြောင်းပိုသာသူဖြစ်ကြောင်း ဆန်းလျန်

ရှင်းရှင်းလင်းလင်း နားလည်လိုက်သည်။

တာအိုဆရာသခင်ထိုက်ယီကို အနိုင်ရအောင် တိုက်ခိုက်နိုင်လျှင်တောင်မှ သူကိုယ်တိုင်လည်း သက်သာလိမ့်မည် မဟုတ်ပေ။

ရှန်းထျန်းဝူထိုက်တန်ခိုးစွမ်းအားကို အသုံးပြုပြီး ဆန်းလျန်က အကြောင်းရင်းကို စူးစမ်းလေ့လာခဲ့ပြီး ဖြစ်လေသည်။ သူ့အတွက် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန် တံခါးက ပွင့်နေပြီး ဖြစ်သည်။ သို့သော်... သူက တံခါးအတွင်းသို့ လှမ်းမဝင်သေးဘဲ အရှုတ်အထွေးများကို ရှင်းလင်းရန် ပြင်ဆင်နေရခြင်း ဖြစ်၏။

တာအိုဆရာသခင်ထိုက်ယီနှင့် ဗုဒ္ဓတို့သည်လည်း သံသရာကို မကျော်လွန်မီ သူကဲ့သို့ အဖြစ်မျိုးနှင့် ကြုံတွေ့ကောင်း ကြုံတွေ့ခဲ့ကြမည်လား မပြောတတ်ပေ။

တာအိုဆရာသခင်ထိုက်ယီ သူ့ကို သတ်ဖြတ်ပစ်လိုက်နိုင်သည်ကို ဆန်းလျန် ကောင်းကောင်း နားလည်ထားသည်။ သို့သော်...

တာအိုဆရာသခင်ထိုက်ယီက ဆန်းလျန်ကို နှစ်သန်းပေါင်းရာ
နှင့်ချီပြီး ပိတ်မိနေစေရန် ပြုလုပ်မည်ဆိုလျှင်တော့ ဆန်းလျန်
အနေဖြင့် အဖြစ်မခံနိုင်ပေ။

ထာဝရအသက်ရှင်သန်နေသည့် တာအိုဆရာသခင်ကြီး
အတွက် နှစ်ပေါင်းဘီလီယံနှင့်ချီသည့် အချိန်ကာလနှင့် လက်
ဖျောက်တစ်ချက်တီးလိုက်သည့် အချိန်တစ်ခဏသည် အတူတူ
ပင်ဖြစ်ပြီး ခြားနားမှု မရှိပေ။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်လာရန်
ရည်ရွယ်ထားသူ ဖြစ်သည်။ ထို့ကြောင့် သူ့အနေဖြင့် ယခုကဲ့သို့
တာအိုဆရာသခင်ထိုက်ယီကို တိုက်ခိုက်စရာမလိုပေ။

ဆန်းလျန်သာ သူ့လမ်းသူ အေးအေးဆေးဆေး လျှောက်လှမ်း
လျှင် တာအိုဆရာသခင်ထိုက်ယီအနေဖြင့်လည်း သူ့ကို
ယခုကဲ့သို့ နှစ်သန်းပေါင်းရာချီပြီး ပိတ်လှောင်ထားခြင်းကို
ပြုလုပ်မည် မဟုတ်ပေ။

ယခုတော့ ဆန်းလျန်က တာအိုဆရာသခင်ထိုက်ယီကို တွေ့ဆုံရန် ထွက်ပေါ်လာခဲ့လေသည်။

ဆန်းလျန်သည် ယခုကာလ၏ နတ်ဘုရားတစ်ပါးမဟုတ်သော်လည်း အနာဂတ်မှ ရောက်လာသည့် နတ်ဘုရားတစ်ပါး ဖြစ်သည်။

သို့သော်... တာအိုဆရာသင်ထိုက်ယီသာ ဆန်းလျန်ကို နှစ်သန်းပေါင်းရာနှင့်ချီပြီး ပိတ်လှောင်ထားလိုက်မည်ဆိုလျှင် အတိတ်နှင့်အနာဂတ်အကြောင်းအရာ အတော်များများ ပျောက်ကွယ်သွားမည် ဖြစ်လေသည်။

ထို့ပြင် ဆန်းလျန်ကဲ့သို့ မနေ့တစ်နေ့ကမှ မွေးဖွားလာသည့် နောက်ပေါက်တစ်ယောက်က သူ့ကို စိန်ခေါ်လာသည်ကိုလည်း တာအိုဆရာသခင်ထိုက်ယီအနေဖြင့် လက်ခံနိုင်ခြင်း မရှိပေ။

လောင်ကျွမ်းနေသည့် အဖြူရောင်မီးတောက်မှာ ဆန်းလျန်ကို
ပျက်စီးစေခြင်းမရှိသော်လည်း ခံစားရသည့်နာကျင်မှုကတော့
သည်းခံနိုင်ရန် ခက်ခဲလွန်းသည်။
သို့သော်... ဆန်းလျန်ဆိုသည်က အနိုင်မခံအရှုံးမပေးသော
စိတ်ထားရှိသလို မာနလည်းကြီးသူဖြစ်လေသည်။ ဆန်းလျန်
ကို ဤမျှနှင့် နောက်ဆုတ်သွားစေချင်လျှင်တော့ မဖြစ်နိုင်သည့်
ကိစ္စဟု ဆိုရပေမည်။
ဆန်းလျန်က...
"တာအိုဆရာသခင်ကြီးရဲ့ အတွေးထဲမှာ တစ်ခဏနဲ့ ထာဝရဆို
တာ ဘာမှ ခြားနားမှုမရှိပါဘူး ၊ ခဏတာတိုက်ခိုက်တာနဲ့
ထာဝရတိုက်ခိုက်တယ်ဆိုတာလည်း ခြားနားမှုမရှိပါဘူး..."
ဆန်းလျန်၏ စကားကြောင့် တာအိုဆရာသခင်ထိုက်ယီ ဒေါသ
ထွက်သွားခြင်း မရှိပေ။

သူ့အမြင်အရဆိုလျှင် ဆန်းလျန်က သူနှင့်ဆင်တူလေသည်။ ထို့ကြောင့် ဤမျှ အလျှော့ပေးနေခြင်းဖြစ်ပြီး အခြားသူသာဆိုလျှင် ပြာမှုန့်ဖြစ်သွားအောင် အမှုန့်ချေပစ်လိုက်မည် ဖြစ်လေသည်။

တာအိုဆရာသခင်ထိုက်ယီက...

"ကျုပ် ခမ္မတစ်ခုကို သိမြင်ခဲ့တယ်၊ အရာအားလုံးကိုလည်း သိမြင်ခဲ့ပြီး နောက်ဆုံးတော့ ထူးခြားတဲ့တန်ခိုးစွမ်းအားတွေလည်း ရခဲ့တယ်၊ ပြီးတော့ တာအိုဝါဒနဲ့ ဗုဒ္ဓဘာသာဟာ ဘာမှခြားနားမှုမရှိဘူးဆိုတာ သိခဲ့ရတယ်၊ ဒါကြောင့် ထိုက်စန့်တာအိုဆရာသခင်နဲ့ ဗုဒ္ဓဟာလည်း ခြားနားမှုမရှိတော့ဘူးပေါ့၊ ဗုဒ္ဓဘာသာဆိုတာလည်း တာအိုဝါဒပဲဖြစ်တယ်လို့ ကျုပ်ပြောခဲ့တယ်၊ အဲဒီမှာ အော်မီတော်ဖူဗုဒ္ဓနဲ့ အငြင်းပွားစရာ ဖြစ်လာတော့တာပဲ၊ မင်းလည်း အခု ဒီအကြောင်းတွေကို သိနေမှာပါ၊ ဒီတော့ ကျုပ်ကို ရင်ဆိုင်ဖို့အတွက် ဗုဒ္ဓက မင်းကို အတော်များ

များ ကူညီပေးခဲ့တယ် ၊ ကဲ... ဗုဒ္ဓက ကျုပ်ကို ရင်ဆိုင်ဖို့ မင်းကို ဘယ်လောက်ထိ ပြင်ဆင်ပေးထားလဲဆိုတာ ကြည့်ရအောင်..."

တာအိုဆရာသခင်ထိုက်ယီထံမှ မည်သည့်အရာမှ ဖုံးကွယ်မထားနိုင်သည်ကို ဆန်းလျန် သိရှိထားလေသည်။

နောက်ဆုံးတစ်ကြိမ် ဇာမဏီနတ်ဘုရားနန်းတော်သို့ သွားရောက်ပြီး ခုံ ရှမ်းနှင့်တွေ့ဆုံစဉ်က ဤကိစ္စများကို ဆန်းလျန် သိရှိထားပြီး ဖြစ်သည်။

သူ့အနေဖြင့် ယခုအခြေအနေထိ ရောက်လာသည်မှာ ဗုဒ္ဓ၏ အကူအညီပေးမှုကြောင့် ဖြစ်သည်ကို ငြင်းဆန်မရနိုင်ပေ။

သို့သော်... ဤသည်မှာ ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယီ၏ ယှဉ်ပြိုင်မှု၏ သက်သက်သာဖြစ်သည်။

ထို့ကြောင့် ဆန်းလျန်သည် ထိုက်ရှီးနည်းဗျူဟာကျင့်စဉ်ကို အစပိုင်းတွင်ကျင့်ကြံခဲ့ပြီး နောက်ပိုင်းတွင် အာလာယဝိညာဏ စွမ်းအားကို သိမြင်နားလည်ခဲ့လေသည်။

ဆန်းလျန်က ဗုဒ္ဓထံမှရော တာအိုဆရာသခင်ထိုက်ယီထံမှပါ အကျိုးအမြတ်များစွာ ရခဲ့သူ ဖြစ်သည်။

ထို့ပြင် အစပိုင်းတွင် ဗုဒ္ဓက လျှို့ဝှက်စွာဖြင့် စန့်ချင်တာအို ဆရာသခင်၏ "စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်ကို ဆန်းလျန်ကို ပေးအပ်ခဲ့သည်။

ထို့နောက် ထိုက်ချိယင်ယန်ပန်းချီကားမှ ထိုက်စန့်တာအိုဆရာသခင်၏ မူလဝိညာဉ်သင်္ကေတကို တွေ့မြင်ပြီး နားလည်သဘောပေါက်စေခဲ့သည်။

ပြောရမည်ဆိုလျှင် ဆန်းလျန်တစ်ယောက်တည်းဖြင့် ဗုဒ္ဓ ၊ တာအိုဆရာသခင်ထိုက်ယီ ၊ စန့်ချင်တာအိုဆရာသခင် ၊ ထိုက်စန့်လောင်ကျွင်းဆိုသည့် တာအိုဆရာသခင်ကြီး (၄)ပါးဖြင့် ပတ်သက်ဆက်နွယ်သည့် ဘဝတစ်ခုကို ရရှိခဲ့သည်။

ဤသို့သော ဖြစ်ရပ်မျိုးက မကြုံစဖူး အကြုံထူးသည့် ဖြစ်ရပ်မျိုးဖြစ်လေသည်။

တာအိုဆရာသခင်ကြီး (၄)ပါးကြားတွင် ရှုတ်ထွေးသည့် ရှုန်းကန်မှုများကို ပြုလုပ်ခဲ့ရပြီး နောက်ဆုံးတွင်တော့ ဆန်းလျှ န်အဖြစ် ထွက်ပေါ်လာခဲ့လေသည်။

တာအိုဆရာသခင်ကြီးများက စကြာဝဠာတွင် အရာအားလုံးကို ထိန်းချုပ်နိုင်စွမ်း ရှိသူများ ဖြစ်ကြသည်။

သို့သော်... တာအိုဆရာသခင်ကြီးတစ်ပါး ပြုလုပ်သည့်အလုပ်က အခြားတာအိုဆရာသခင်ကြီးများက ဝင်ရောက်စွက်ဖက်သည့်အခါ အခြေအနေများက ထိန်းချုပ်နိုင်ခြင်း မရှိတော့ပေ။

စစ်တုရင်ကစားပွဲ ပွဲစဉ်တစ်ခုနှင့် ဆင်တူလေသည်။

များစွာသော စစ်တုရင်ကစားသမားများက ပြိုင်ပွဲဝင်ကြပြီး ထိုစစ်တုရင်ကစားသမားများအားလုံးကလည်း အတော်ဆုံးကစားသမားများ ဖြစ်နေကြလေရာ ကစားပွဲ အဆုံးသတ်သည် ထိန်းမနိုင်သိမ်းမရ ဖြစ်လာလေတော့သည်။

ယခုတော့ နောက်ဆုံးအဆင့်သို့ ရောက်ရှိလာပြီ ဖြစ်ပြီး ယေဘူယျ ဆုံးဖြတ်ချက်ချရမည့်အချိန်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

တာအိုဆရာသခင်ကြီးများမှာ သူတို့ ထိန်းချုပ်နိုင်ခြင်းမရှိတော့သည့် ဆန်းလျန်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ဟိုဘက်မှနည်းနည်း ၊ ဒီဘက်မှနည်းနည်း ဝင်ရောက်စွက်ဖက်နေပြီး အခြေအနေများအားလုံးကို ပြန်လည်ပြုပြင်အသစ်ရေးဆွဲရန်မှာလည်း နည်းလမ်းမရှိတော့ပေ။

ထို့ကြောင့် လက်ရှိအခြေအနေသို့ ရောက်ရှိလာရခြင်း ဖြစ်လေသည်။

တာအိုဆရာသခင်ထိုက်ယီက အဖြစ်အပျက်များအားလုံးကို ဖုံးကွယ်ချင်ခဲ့သလို ဆန်းလျန်ကိုလည်း သဘောကျခဲ့သည်။

ထို့ကြောင့် သူက ဆန်းလျန်နှင့် လီချင်းဆွေကို တာအိုလက်တွဲဖော်များအဖြစ် လက်ဆက်စေချင်ခဲ့သည်။

ဤသို့သာဆိုလျှင် တာအိုဆရာသခင်ထိုက်ယီသည်လည်း

မျက်နှာရပြီး ဆန်းလျန်သည်လည်း အဆုံးမရှိသောနှစ်ပေါင်း

များစွာ တာအိုဆရာသခင်ထိုက်ယီနှင့် ကောင်းမွန်သည့်

ဆက်ဆံရေးရရှိနိုင်သည်။

ဆန်းလျန်ကလည်း ထိုအချက်ကို သိရှိခဲ့သည်။

ပြောရမည်ဆိုလျှင် ယခုဆန်းလျန်လုပ်နေသည့် အလုပ်များက

အခြေအနေတင်းမာသည့်ဘက်သို့ ဆွဲခေါ်သွားပြီး သူ့ကိုသာ

တာအိုဆရာသခင်ထိုက်ယီက နှစ်သန်းပေါင်းများစွာ ဖိနှိပ်ထား

မည်ဆိုလျှင် ဆန်းလျန်အနေဖြင့် ကိုယ့်ဒုက္ခကိုယ်ရှာခြင်းသာ

ဖြစ်ပေလိမ့်မည်။

တာအိုဆရာသခင်ကြီးများသည့် အမှန်တကယ်ပင် အကြင်နာ

တရားကင်းမဲ့ပြီး အခြားသူများကို အရေးမစိုက်သည်မှာ

ထင်ရှားလှသည်။

သို့သော်... နားလည်မှုကိုတော့ တောင်းဆိုတတ်ကြသည်။

ယခုတော့ လီချင်းဆွေက ဟွင့်ယွမ်တာအိုသစ်သီးကို ဆန်းလျ
န်သိရှိအောင် ဖွင့်ပြခဲ့ပြီး ရှန်းထျန်းဝူထိုက်ကျင့်စဉ် အောင်မြင်
စေရန် အဘယ့်ကြောင့် ကူညီခဲ့သည်ကို ဆန်းလျန် နားလည်
သွားခဲ့ပြီ ဖြစ်သည်။

လီချင်းဆွေက ဆန်းလျန်ကို စေတနာရှိလွန်းသောကြောင့်
ကူညီခြင်းမဟုတ်ပေ။ သူမက တာအိုဆရာသခင်ထိုက်ယီကို
သူမ၏ မကျေနပ်မှုများကို ဖွင့်ပြလိုခြင်းကြောင့် ဆန်းလျန်ကို
ကူညီလိုက်ခြင်း ဖြစ်လေသည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် လီချင်းဆွေက သူ့စိတ်ထဲ
ပေါ့သွားစေရန် သူလုပ်ချင်သည့်အလုပ်ကို ပြုလုပ်ခြင်းသာ
ဖြစ်သည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် အဖေနှင့်သမီးသည်ကား
အတော်လေး စိတ်နေစိတ်ထားဆင်တူကြသည်ဟု ဆိုနိုင်သည်။

ဤအကြောင်းအရာများကို ဆက်စပ်စဉ်းစားပြီးသည့်နောက် ဆန်းလန်၏စိတ်ထဲတွင် အတော်လေး ထူးဆန်းနေမိသည်။

သူက ချင်းဆွေကို မိတ်ဆွေသူငယ်ချင်းဟု ယူဆသတ်မှတ်ပြီး သုံးခန္ဓာဖြတ်တောက်ကျင့်စဉ်ကို ကျင့်ကြံနိုင်ရန် မီးအိမ်များ ကူညီရှာဖွေပေးခဲ့သည်။

သုံးခန္ဓာဖြတ်တောက်ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်သွားပြီး နောက် လီချင်းဆွေက အတော်လေး အကြင်နာတရားမဲ့သွားခဲ့ သည်ဟု ဆိုနိုင်သည်။

ဆန်းလျန် သက်ပြင်းချလိုက်မိလေသည်။

ဆန်းလျန်နားလည်လိုက်သည်မှာ လီချင်းဆွေသည် ထိုသို့သော လူစားမျိုး ဖြစ်သည်ဆိုပါလျှင် သူမကိုယ်တိုင် တာအိုဆရာ သခင်ကြီးတစ်ပါးဖြစ်အောင် ကျင့်ကြံပြီး သက်သေပြသင့် သည် မဟုတ်ပါလား။

ချင်းဆွေထျန်းကောင်းကင်ဘုံတွင် ဆန်းလျန် မီးမွှေးပြီးငါးကင်

သည်ကို သူမလက်ခံခဲ့သည်မှာ ဆန်းလျန်အပေါ် မေတ္တာရှိ၍

မဟုတ်ဘဲ သူမ၏ စိတ်ဆန္ဒအတိုင်း မာနကြီးလွန်းသောကြောင့်

သာဖြစ်သည်ကို ဆန်းလျန် နားလည်သွားခဲ့ပြီ ဖြစ်လေသည်။

အစမှအဆုံးထိတိုင် လီချင်းဆွေကို နားလည်မှုလွဲခဲ့သူမှာ ဆန်း

လျန်သာ ဖြစ်လေသည်။ လီချင်းဆွေအနေဖြင့် သူ့အပေါ်တွင်

မည်သည့်ခံစားချက်မှ ရှိမနေခဲ့ပေ။

ဆန်းလျန် လျှောက်လှမ်းခဲ့ရသည့် ဘဝတစ်လျှောက်လုံးတွင်

ဘေးဒုက္ခအန္တရယ်များစွာ ရင်ဆိုင်ခဲ့ရဖူးသည်။

သို့သော်... နောက်ဆုံးတော့ အရာအားလုံးကို ချောချောမွေ့မွေ့

ပင် ဖြတ်သန်းသွားနိုင်ခဲ့ပြီး ရန်သူပင်ဖြစ်စေ ၊ မိတ်ဆွေပင်ဖြစ်

စေ သူ့ကို လေးလေးစားစား ဆက်ဆံကြသည်ချည်းပင်

ဖြစ်သည်။

သို့သော်... ယခု သားအဖ (၂)ယောက်ပေးလိုက်သည့်

သင်ခန်းစာကတော့ အတော်လေး များလေ၏။

ဆန်းလျန်ဆိုသည့် သူသည် အခြားသူများ၏ မျက်စိထဲတွင် သူ့

ကိုယ်သူတွေးထင်ထားသလောက် အရေးပါသူတစ်ယောက်

မဟုတ်ခဲ့သည်ကို ဆန်းလျန် နားလည်သွားခဲ့ပြီ ဖြစ်သည်။

ထိုသို့ နားလည်သွားပြီးသည့်နောက် လောကကြီးနှင့် လူအ

များသည် သူ့သဘောသူဆောင်နေခြင်းသာဖြစ်သည်ကို ဆန်း

လျန် သဘောပေါက်သွားသည်။

ဆန်းလျန်၏ စိတ်ထဲတွင် လူ့လောက ဒုက္ခပင်လယ်ကို

ပြန်လည် တွေးတောခံစားလိုက်မိသည်။ သို့သော်... ထိုအရာက

သူ့ကို စိတ်အနှောက်အယှက်တော့ မပေးနိုင်ခဲ့ပေ။

ဆန်းလျန်က...

"အရင်က ဒီတန်ခိုးစွမ်းအားကို ဗောဓိဘိုးဘိုးနဲ့ ဆုံတွေ့ပြီး

အတည်ပြုချင်ခဲ့တာ..."

တာအိုဆရာသခင်ထိုက်ယီက ပြုံးလိုက်ပြီး...

"ကျုပ် ဗောဓိဘိုးဘိုးရဲ့ ကျင့်စဉ်ကို သိမြင်ပြီးသားပါ၊ ဗုဒ္ဓနှင့် ဗောဓိတွေ့ဆုံတယ်ဆိုတဲ့ တန်ခိုးစွမ်းအားကို မင်းအသုံးပြု တယ်ဆိုရင်တောင်မှ အဲဒါ ကျုပ်အတွက် အသစ်အဆန်း မဟုတ်ပါဘူး၊ မင်း အဲဒီတန်ခိုးစွမ်းအားကို အသုံးပြုမယ်ဆို ရင် ကျုပ် လက်ဖျောက်တစ်ချက်တီးလိုက်တာနဲ့ ပျက်စီးသွား မှာပဲ..."

ဆန်းလျန်က...

"အမှန်ပါပဲ၊ ဆန်းလျန်လည်း ရုပ်ဆိုးပန်းဆိုးတွေ မဖြစ်ချင်ပါ ဘူး၊ အခြားနည်းလမ်းတစ်ခု ရှိသေးတယ်၊ တာအိုဆရာသခင် ကြီး ကျေးဇူးပြုပြီး ဝေဖန်ပေးပါဦး..."

ဆန်းလျန်စကားဆုံးသွားသည်နှင့် ဆန်းလျန်တစ်ကိုယ်လုံး သည် ပုံရိပ်ယောင်မှ အစစ်အမှန်သို့ ပြောင်းလဲသွားလေသည်။

သူ့ခန္ဓာကိုယ်ထက်မှ မီးတောက်က ပိုမိုပြင်းထန်စွာ လောင်ကျွမ်းလေသည်။ သို့သော်... ထူးဆန်းမှုတစ်ခု ဖြစ်ပေါ်လာလေသည်။

တာအိုဆရာသခင်ထိုက်ယီက...

"ဖောခိသစ်ပင်ကဲ့သို့ ရုပ်ခန္ဓာ... ကြေးမုံမှန်ကဲ့သို့ ကြည်လင်သည့် စိတ်ခန္ဓာ... ၊ တောင်ကိုမြင်ရင် တောင်ကိုမြင်တယ်လို့မှတ် ၊ ရေကိုမြင်ရင် ရေကိုမြင်တယ်လို့မှတ်ပေါ့... ၊ တကယ်ကောင်းတဲ့ပညာပါပဲ ၊ ဒါပေမဲ့ ကျုပ်အတွက်တော့ ဘာမှမဟုတ်ပါဘူး..."

တာအိုဆရာသခင်ထိုက်ယီက ဆန်းလျန်၏ အတုအယောင်နှင့် အစစ်အမှန်ကို ထွင်းဖောက်သိမြင်ပြီး လက်ရှိဆန်းလျန်၏ အခြေအနေကို ပြောလိုက်ခြင်းဖြစ်သည်။

"ဖောခိသစ်ပင်ကဲ့သို့ ရုပ်ခန္ဓာ... ကြေးမုံမှန်ကဲ့သို့ ကြည်လင်သည့် စိတ်ခန္ဓာ" ဆိုသည့်အဓိပ္ပါယ်က ဘာများပါနည်း။

တောင်ကိုမြင်လျှင် တောင်ကိုမြင်သည်ဟု မှတ် ၊ ရေကိုမြင်လျှင် ရေကိုမြင်သည်ဟုမှတ်ဆိုသည်က အဓိကအချက်ပင်ဖြစ်လေသည်။

ပထမဆုံးအဆင့်မှာ ပြင်ပအနှစ်သာရကို သိရှိခြင်းဖြစ်ပြီး ဒုတိယအဆင့်မှာ အတွင်းပိုင်းအနှစ်သာရကို သိမြင်ရန်ဖြစ်သည်။

တတိယအဆင့်မှာ ပြင်ပအနှစ်သာရနှင့် အတွင်းအနှစ်သာရ တူညီအောင် ရှုမြင်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာက ဆိုသည်မှာ ဗောဓိပင်တည်ရှိခြင်းနှင့် ဗောဓိပင်မတည်ရှိခြင်းသည် အတူတူပင် ဖြစ်သည်ဟူ၍ ဖြစ်သည်။

ကျင့်ကြံအောင်မြင်လျှင် လူသားတိုင်းသည် ဗောဓိကို သိမြင်နားလည်သည်ဖြစ်လေရာ လူသားတိုင်းသည် ဗောဓိပင်ဖြစ်လာနိုင်လေသည်။

အဆုံးသတ်တွင် အတွင်းနှင့်အပြင်သည် ကွဲပြားမှုမရှိတော့ဘဲ အရာအားလုံးသည် အတူတူပင်ဖြစ်သည်ကို သိရှိနားလည်သွားနိုင်သည်။

ထို့ကြောင့် ဆန်းလျန်က ပုံရိပ်ယောင်မှ အစစ်အမှန်သို့ ပြန်လည်ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။ သို့သော်... သူသည် ပုံယောင်ယောင်လည်းဖြစ်သလို အစစ်အမှန်လည်းဖြစ်သည်ဟု ဆိုနိုင်သည်။

အစစ်အမှန်နှင့် မရှိမှုကြားတွင် ကွာခြားချက်မရှိလျှင် တာအို ဆရာသခင်ကြီးတစ်ပါးဆိုသည်မှာ ပျောက်ကွယ်သွားပြီး တာအိုဆရာသခင်ကြီးတစ်ပါး၏ တည်ရှိမှုအဓိပ္ပါယ်တစ်ခု ဖြစ်လာသည်ဟု ဆိုနိုင်သည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီ ပြောသည့်စကားက အမှန်တရားဖြစ်ပြီး ဆန်းလျန်အနေဖြင့် ထိုဓမ္မအဓိပ္ပါယ်ကို လျှော့တွက်ရန် မဖြစ်နိုင်ပေ။

တာအိုဆရာသခင်ကြီးက သဘာဝလွန် ထူးခြားဆန်းပြားသူ

တစ်ယောက်ဖြစ်ပြီး ဆန်းလျန်ကလည်း တာအိုဆရာသခင်ကြီး

ကို ဆက်လက်ဆန့်ကျင်လျှက် ရှိလေသည်။

ဆန်းလျန်က ပြုံးလိုက်ပြီး…

"အဲဒီလောက်ပဲ မဟုတ်သေးဘူး…"

ပြောပြီးသည့်နောက် ဆန်းလျန် အင်္ကျီလက်ကို အသာဝှေ့ရမ်း

လိုက်လေသည်။

အခန်း (၉၈၉) အရပ် (၁၀)မျက်နှာ အရိပ်မဲ့

ဆန်းလျန် အင်္ကျီလက်ကို ဝှေ့ရမ်းလိုက်သည်နှင့် ဆန်းလျန်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ အရည်ပျော်သွားပြီး နောက်ဆုံး အမှုံငယ်လေးများအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ထိုမျှနှင့် ရပ်မသွားသေးပေ။ အမှုံငယ်လေးများ ထပ်မံပြိုကွဲသွားပြီး ပိုမိုသေးငယ်သည့် အမှုံငယ်လေးများအဖြစ် ပြောင်းလဲသွားပြန်သည်။ မူလစကြာဝဠာစတင်ဖြစ်တည်စဉ်က အမှုံငယ်လေးများအလား ဖြစ်လေသည်။

စကြာဝဠာစတင်ဖြစ်တည်စဉ်က အမှုံငယ်လေးများ အတူတကွ စုဝေးသွားပြီး တဖြည်းဖြည်း အစိုင်အခဲများ ဖြစ်တည်လာသည်။ နေ ၊ လ နှင့် နက္ခတ်တာရာများသည် အမှုံငယ်လေးများ ်ပေါင်းစပ်စုစည်းပြီး ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ကတော့ ဆန့်ကျင်ဘက်ဖြစ်လေသည်။ သူ၏ ခန္ဓာကိုယ်မှ အမှုံငယ်လေးများကတော့ အဆက်မပြတ်

ပြိုကွဲနေပြီး သေးငယ်သည်ထက်သေးငယ်သည့် အမှုံလေးများ အဖြစ် ပြိုကွဲသွားလေသည်။

ဆန်းလျန် အမှုံလေးများအဖြစ် ပြိုကွဲသွားသည့်အတွက် ဆန်းလျန်ကို လောင်ကျွမ်းနေသည့် အဖြူရောင်မီးတောက်သည်လည်း ပြိုကွဲသွားရလေသည်။

အဆုံးသတ်တွင် မီးတောက်သည်လည်း သေးငယ်သည့်အမှုံလေးများအဖြစ် မရေမတွက်နိုင်အောင် ပြိုကွဲသွားပြီး ဆန်းလျန်၏ခန္ဓာကိုယ်အမှုံလေးများဖြင့် ပေါင်းစပ်သွားလေသည်။

အမှုံအဖြစ်ပြောင်းလဲသွားသည့်အခါ ဆန်းလျန်နှင့် မီးတောက်သည် အခြေခံအားဖြင့် ကွဲပြားမှုမရှိကြတော့ပေ။

ထိုအချိန်တွင် ဆန်းလျန်၏ ပုံသဏ္ဍာန် ပြန်လည်ဖြစ်တည်လာသင့်လေသည်။ သို့သော်... ပြန်လည်ဖြစ်တည်လာခဲ့ခြင်း မရှိပေ။

စကြာဝဠာကို ဖြတ်ကျော်လာသည့် ထူးဆန်းသည့်အသံတစ်သံ ထွက်ပေါ်လာလေသည်။

"အရပ် (၁၀)မျက်နှာမှာ ဘာအရိပ်မှ မရှိဘူး..."

ထို ထူးဆန်းသည့်အသံသည် စကြာဝဠာအရင်းအမြစ်နေရာမှ နက်ရှိုင်းစွာ ထွက်ပေါ်လာခြင်း ဖြစ်သည်။

လူတစ်ယောက်သည် တာ့လော်အဆင့်သို့ ရောက်ရှိသွားပြီး တာအို၏ မူလအစနှင့် ဆက်သွယ်မိလျှင် အရပ် (၁၀)မျက်နှာတွင် မည်သည့်အရိပ်ကိုမှ တွေ့မြင်ရမည် မဟုတ်ပေ။

ထိုအသံမှာ ဆန်းလျန် ဖန်တီးလိုက်သည့် သဘာဝလွန်တန်ခိုးစွမ်းအားဖြစ်ပြီး ယခုတော့ သဘာဝတရားအဖြစ် ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

အရပ် (၁၀)မျက်နှာတွင် မည်သည့်အရိပ်ကိုမှ တွေ့မြင်ရမည် မဟုတ်ဆိုသည်မှာ ဘာကိုဆိုလိုပါသနည်း။

အရပ် (၁၀)မျက်နှာဆိုသည်မှာ မိုး ၊ မြေ ၊ အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် ၊ ရှင်သန်ခြင်း ၊ သေဆုံးခြင်း ၊ အတိတ် ၊ အနာဂတ် ကို ဆိုလိုလေသည်။

ဆန်းလျန် ဤတန်ခိုးစွမ်းအားကို အသုံးပြုလိုက်သည့်အခါ ထို အရပ် (၁၀)မျက်နှာတွင် သဲလွန်စတစ်ခုမှ မကျန်ခဲ့သလို အရိပ် လည်း ကျန်ရစ်ခဲ့ခြင်း မရှိပေ။

သို့သော်… တာအိုဆရာသခင် ထိုက်ယီကတော့ ဆန်းလျန်ကို တွေ့မြင်နေရလေသည်။ ထို့အတူ ဆန်းလျန်သည်လည်း တာအို ဆရာသခင်ထိုက်ယီကို တွေ့မြင်နေရလေသည်။

အကြောင်းမှာ တာအိုဆရာသခင်ထိုက်ယီသည် ယခုလက်ရှိ ခေတ်ကာလတွင် ထင်ရှားရှိခဲ့သော်လည်း ဆန်းလျန်တွေ့မြင်ခဲ့ သည်မှာ တာအိုဆရာသခင်ထိုက်ယီ၏ အရာအားလုံး မဟုတ် သေးပေ။

တောင်တစ်တောင်အလား ဖြစ်လေသည်။

သဘာဝအားဖြင့် တောင်၏ မျက်နှာပြင်အစစ်အမှန်ကို တွေ့မြင်နိုင်မည် မဟုတ်ပေ။ သို့သော်... တောင်ကိုတော့ တွေ့မြင်နေရမည် ဖြစ်သည်။

တာအိုဆရာသခင်ထိုက်ယီမှာလည်း ထိုကဲ့သို့ပင် ဖြစ်လေသည်။

"အရပ်(၁၀)မျက်နှာ အရိပ်မဲ့" တန်ခိုးစွမ်းအားကို ဆန်းလျန် အသုံးပြုလိုက်သည့်အခါ ဆန်းလျန်၏ ရှုမြင်ပုံက မြင့်တက်သွားပြီး တာအိုဆရာသခင်ထိုက်ယီ၏ သရုပ်သကန်ကို ဖယ်ရှားပစ်ခဲ့သည်။

အမှုံငယ်လေးများထဲတွင် အံ့ဩစရာလောကငယ်များကို ဆန်းလျန် တွေ့မြင်ရသည်။ လောကငယ်လေးများအားလုံးအထဲတွင် တာအိုဆရာသခင်ထိုက်ယီရှိနေပြီး ထိုအရာက အစစ်အမှန် ဖြစ်လေသည်။

ဗုဒ္ဓကျမ်းစာများထဲတွင် "နေရာတိုင်းတွင် ဗုဒ္ဓရှိနေသည်" ဟု ရေးသားထားသည့် အတိုင်းပင် ဖြစ်လေသည်။

"ဆန်းလျန် ၊ မင်းကတော့ ကျုပ်ကို အံ့အားသင့်စရာတွေ ထပ်လုပ်ပြနေပြန်ပြီ ၊ ကျုပ် မင်းကို ထပ်ပြီးတိုက်ခိုက်မယ်ဆိုရင် မင်း ဒီနေရာကနေ ဘယ်တော့မှ လွတ်မြောက်မှာ မဟုတ်တော့ဘူး... ၊ ဒါပေမဲ့ သိပ်စောလွန်းသေးတယ်..."

တာအိုဆရာသခင်ထိုက်ယီ၏ အသံထွက်ပေါ်လာလေသည်။

ဆန်းလျန်သည် အရပ် (၁၀)မျက်နှာတွင် လုံး၀ ရှိမနေတော့သည်မှာ ထင်ရှားသည်။ သို့သော်... တာအိုဆရာသခင်ထိုက်ယီကတော့ ဆန်းလျန်ကို တွေ့မြင်နေရဆဲ ဖြစ်လေသည်။

ဆန်းလျန်ကတော့ အံ့သြခြင်း မရှိပေ။

သူ တာအိုဆရာသခင်ထိုက်ယီကို တွေ့မြင်နေရသရွေ့ တာအိုဆရာသခင်ထိုက်ယီသည်လည်း သူ့ကို တွေ့မြင်နေရမည် ဖြစ်လေသည်။

တာအိုဆရာသခင်ထိုက်ယီက လက် (၂)ချောင်းကို ထိုးညွှန်

လိုက်လေရာ ငွေရောင်အလင်းတန်း တစ်ခု ထွက်ပေါ်လာပြီး

အရပ် (၁၀)မျက်နှာလုံးကို ဖုံးလွှမ်းသွားသည်။

ဆန်းလျှန် ကြီးမားသည့် ဖိအားတစ်ခုကို ခံစားလိုက်ရပြီး

အရပ် (၁၀)မျက်နှာတွင် ဆန်းလျှန်၏ပုံရိပ် ပြန်လည် ထွက်

ပေါ်လာလေသည်။

တစ်လောကလုံးကို ငွေရောင်အလွှာပါးတစ်ခုက ဖုံးလွှမ်းထား

ပြီး ထိုငွေရောင်အလွှာပါးမှာ တာအိုဆရာသခင်ထိုက်ယီ၏

တာအိုတန်ခိုးစွမ်းအားပင် ဖြစ်လေသည်။

စကြာဝဠာ၏ အခြေခံနိယာမတရားများကို တာအိုဆရာသခင်

ထိုက်ယီက သူ၏ တာအိုတန်ခိုးစွမ်းအားဖြင့် ယာယီအစားထိုး

လိုက်ခြင်း ဖြစ်သည်။

စကြာဝဠာတစ်ခုလုံးကို တာအိုဆရာသခင်ထိုက်ယီ ခေတ္တ

ထိန်းချုပ်လိုက်သည်ဟု ဆိုနိုင်သည်။ တာအိုဆရာသခင်ကြီး

တစ်ပါး၏ မယုံကြည်နိုင်စရာ တန်ခိုးပြခြင်းဟု မှတ်ယူနိုင်မည် ဖြစ်သည်။

တာအိုဆရာသခင်ထိုက်ယီက စကြာဝဠာကို ထိန်းချုပ်လိုက်သည့်အတွက် ဆန်းလျန်မှာတော့ အကြီးအကျယ် ဂွချသွားရသည်။

စကြာဝဠာ၏ အခြေခံစည်းမျဉ်းများပြောင်းလဲသွားသည့်အတွက် တာအို၏ မူလဖြစ်သည့် "အရပ် (၁၀)မျက်နှာ အရိပ်မဲ့" တန်ခိုးစွမ်းအားများ ပျက်စီးသွားရသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်က "အရပ် (၁၀)မျက်နှာ အရိပ်မဲ့" တန်ခိုးစွမ်းအားကို ပြန်လည်ထုတ်ဖော်ပြီး စကြာဝဠာထဲတွင် သူ့တန်ခိုးစွမ်းအားကို ပြန်လည်တည်ဆောက်ရန် ကြိုးစားလိုက်သည်။

စကြာဝဠာသည် ဝက်ပါကြီးတစ်ခုအလားဖြစ်နေပြီး ဆန်းလျန်က အပြင်သို့ ထွက်ပေါက်ကို ရှာနေသည့်အလား ဖြစ်သည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီက စကြာဝဠာကို အသစ်သောဝက်ပါအဖြစ် ပြန်လည်ပြုလုပ်လိုက်သည့်အခါ ဆန်းလျန်မှာ ဝက်ပါထဲတွင် ပြန်လည်ပိတ်မိနေတော့သည်။

ဆန်းလျန်အနေဖြင့် ဝက်ပါထဲပတ်နေခြင်းကို ရပ်တန့်လိုက်ပြီး အသစ်တစ်ခု ဖန်တီးမှ ဖြစ်တော့မည်ဟု တွေးလိုက်၏။

ဆန်းလျန် တစ်ကြိမ်အောင်မြင်သွားသည်နှင့် နောက်တစ်ကြိမ်အောင်မြင်မှုရရန်မှာ လွယ်ကူသွားပြီ ဖြစ်သည်။ သို့သော်... အချိန်တော့ ယူရပေလိမ့်မည်။

တာအိုဆရာသခင်ထိုက်ယီ သူ့ကို နှစ်ပေါင်းများစွာ ပိတ်လှောင်ထားမည်ကိုတော့ ဆန်းလျန် အဖြစ်မခံနိုင်လေရာ ရသမျှနည်းလမ်းဖြင့် ထိုးဖောက်ထွက်ရမည် ဖြစ်လေသည်။

ဆန်းလျန် စိတ်ပျက်အားလျော့သွားခြင်း မရှိပေ။

သူ ယခုချိန်ထိ တာအိုဆရာသခင်ထိုက်ယီကို အနိုင်မရသေး

သည်မှာ တာအိုဆရာသခင်ထိုက်ယီက အစကတည်းက သူ့

ထက်သာသူတစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်သည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီ၏ တန်ခိုးစွမ်းအားကို မ

ကျော်လွှားနိုင်လောက်အောင် သူတို့ (၂)ယောက်၏ တန်ခိုး

စွမ်းအားအဆင့်က ကွာဟခြင်း မရှိပေ။

ထို့ကြောင့် အစမှ အဆုံးထိ တာအိုဆရာသခင်ထိုက်ယီ

တိုက်ခိုက်မည်ဆိုလျှင် သူ့အနေဖြင့် တိုက်ခိုက်မှုကို လက်ခံပြီး

မည်သို့ ခုခံရမည်ကို စဉ်းစားရမည်ဖြစ်သည်။

တာအိုဆရာသခင်ထိုက်ယီ ပြုလုပ်ထားသည့် ပြဿနာ

အားလုံးကို ဆန်းလျှန် ဖြေရှင်းနိုင်လျှင်တောင်မှ ဤပွဲတွင်

ဆန်းလျှန်ဘက်မှ ခံစစ်သာကစားခဲ့ရသည်ကိုတော့ ငြင်းဆန်

ရန် မဖြစ်နိုင်ပေ။

"ဟာသလုပ်နေတာ တော်ဖို့ကောင်းပြီ..."

တာအိုဆရာသခင်ထိုက်ယီ ထိန်းချုပ်ထားသည့် စကြာဝဠာထဲ

တွင် လေထဲမှ အခြားအသံတစ်ခု ထွက်ပေါ်လာခြင်း ဖြစ်လေ

သည်။

ယွမ်ချင်းနှင့် အခြားသူများလည်း ထိုအသံကို ကြားလိုက်ရလေ

သည်။

ထို့နောက်သူတို့သည် ကံကောင်းခြင်းတရားကို တိတ်ဆိတ်စွာ

ကိုးကွယ်ဆည်းကပ်နေသည့်အလား သူတို့မျက်ဝန်းအိမ်များ

တွင် သတိလက်လွတ်မျက်ရည်များ စီးဆင်းကျလာကြလေ

သည်။

လေထုထဲတွင် မရေမတွက်နိုင်သည့် အက်ကြောင်းများထင်

သွားပြီး အက်ကြောင်းများ၏ နောက်ကွယ်တွင် စကြာဝဠာ

တစ်ခုကို တွေ့မြင်နိုင်သည်။

သို့သော် ထိုစကြာဝဠာက မှုကွဲစကြာဝဠာတစ်ခု ဖြစ်လေသည်။

ထိုစကြာဝဠာမှာ အခြားသောရေများနှင့် ဆက်သွယ်မှုမရှိဘဲ အလုံပိတ်ထားသည့် ရေကန်ကြီးတစ်ခုအလား ဖြစ်လေသည်။

ရုတ်တရက် ရေကန်ထဲမှ ရေများသည် လေထုထဲမှ အက်ကွဲကြောင်းများဆီသို့ စီးဆင်းဝင်ရောက်လာပြီး ရေသွားလမ်းကြောင်းများ ဖြစ်ပေါ်လာလေသည်။

ထို့နောက် စကြာဝဠာအတွင်းမှ အခြားသော ရေများနှင့် ဆက်သွယ်သွားပြီး တာအိုဆရာသခင်ထိုက်ယီ ထိန်းချုပ်ထားသည့် စကြာဝဠာအတွင်းသို့ ဖြည်းဖြည်းချင်း ဝင်ရောက်လာလေတော့သည်။

တာအိုဆရာသခင်ထိုက်ယီက ပြုံးလိုက်ရင်း...

"မိုးမရွာခင်က ပန်းတွေကြားမှာ သစ်ရွက်ဆိုတာ မရှိဘူး၊ မိုးရွာပြီးတဲ့အခါ သစ်ရွက်တွေကြားမှာ ပန်းပွင့်ဆိုတာ မရှိတော့ဘူး၊ နွေဦးရောက်တော့မှာကို မသိဘဲ လိပ်ပြာကတော့ တစ်နေရာကို ပျံသန်းထွက်ခွာသွားတော့တယ်..."

ထို့နောက်တွင်တော့ စကြာဝဠာတစ်ခုလုံးကို ဖုံးအုပ်ထားသည့်

ငွေရောင်အလင်းတန်းများ ပျောက်ကွယ်သွားလေတော့သည်။

ဆန်းလျန် နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်လိုက်လေသည်။

တာအိုဆရာသခင်ထိုက်ယီကိုတော့ တွေ့ရှိရခြင်း မရှိတော့ပေ။

သူတို့ ပြိုင်ပွဲတွင် အနိုင်လည်း မရှိသလို အရှုံးလည်း မရှိခဲ့ပေ။

အနိုင်အရှုံးမရှိသည်ကပင် ကောင်းမွန်သည့် အဆုံးသတ်ဟု ဆို

နိုင်သည်။

သို့သော်... ဆန်းလျန် အကျိုးမရှိဘဲ အကျိုးယုတ်သလိုပင်

ဖြစ်သွားရသည်။

ကာစီနိုလောင်းကစားဝိုင်းသို့သွားပြီး လောင်းကစားမနိုင်ပါက

ပြန်လာရမည်ပင် ဖြစ်လေသည်။ မနိုင်ဘဲ ထပ်ပြီး

လောင်းကစားမည်ဆိုလျှင်တော့ ဆုံးရှုံးသည်ထက် ဆုံးရှုံးမည်

ပင် ဖြစ်သည်။ သို့သော် လောင်းကစားဆိုသည်ကလည်း ရှုံး

လေ ဆက်ကစားချင်လေပဲ ဖြစ်သည် မဟုတ်ပါလား။

သူက စိတ်ကိုတည်ငြိမ်အောင် ကြိုးစားလိုက်ပြီး တာအိုဆရာသခင် ထိုက်ယီထွက်ခွာသွားသည့် လမ်းကြောင်းကို လှမ်းကြည့်လိုက်လေသည်။

"ခြေလှမ်း(၁၀၀)က လူတစ်ယောက်ကို မရွှေ့လျားစေနိုင်ဘူး ၊ ရွှေ့လျားစေတယ်ဆိုရင်လည်း အစစ်အမှန် မဟုတ်ဘူး ၊ ကြိုးစားအားထုတ်မှုတိုင်းမှာတော့ တိုးတက်မှုတွေရှိတယ် ၊ လောကရဲ့ အရပ် (၁၀)မျက်နှာဆိုတာ စနစ်တကျတည်ဆောက်ထားတဲ့ ဖြစ်တည်မှုပါပဲ..."

ယခင်က ဆန်းလျန် "အရပ် (၁၀)မျက်နှာ အရိပ်မဲ့" တန်ခိုးစွမ်းအားကို နားလည်ခဲ့သည်။

သို့သော်... ယခုတော့ တာအိုဆရာသခင်ထိုက်ယီထံမှ အရပ် (၁၀)မျက်နှာကို ထိန်းချုပ်ရန် နည်းလမ်းကို တွေ့မြင်ခဲ့ရသည်။

ထိုအရာမှာ အိမ်တစ်အိမ်ထဲတွင် ပိတ်မိနေခြင်းနှင့်

ဆင်တူသည်။ အကောင်းဆုံးကြိုးစားလျှင် လွတ်မြောက်မည်

ပင် ဖြစ်လေသည်။

သို့သော်... ယခု ဖြစ်ရပ်က အခြားသူတစ်ယောက်က အိမ်သို့

ရောက်လာပြီး ပိုင်ဆိုင်မှုကို လွှဲပြောင်းယူလိုက်ကာ အိမ်ပိုင်ရှင်

အသစ်ဖြစ်လာသကဲ့သို့ ဖြစ်လေသည်။

ဤအကြောင်းအရာများအားလုံးသည် ယခင်က ဆန်းလျန်

လေ့လာခဲ့သမျှ အရာအားလုံး၏ အနှစ်ချုပ် ဖြစ်လေသည်။

ထိုအချက်များကို သိရှိနားလည်သွားသည့်အခါ ဆန်းလျန်၏

စိတ်နှလုံးက ပိုမိုပေါ့ပါးလာလေသည်။

ဆန်းလျန်က တာအိုဆရာသခင်ထိုက်ယီ တရားဟောကြားလေ့

ရှိသည့် ထိုက်ယီတောင်ထိပ်သို့ ဆင်းသက်လာလေသည်။

မြေပြင်ထက်တွင် မိုးကောင်းကင်နတ်ပန်းနတ်နွယ်များနှင့် ရွှေရောင်ကြာပန်းများ ပွင့်လန်းနေခြင်း မရှိပေ။ အရာအားလုံးသည် ပုံမှန်သာ ဖြစ်လေသည်။

သူက စကားတစ်ခွန်းမှ မဆိုဘဲ တာအိုကျင့်ကြံသူများကို တစ်ချက် ဝေ့ကြည့်လိုက်လေသည်။ ဆန်းလျန် မည်သူဖြစ်သည်ကို ရှင်းပြစရာမလိုဘဲ သူ၏တန်ခိုးစွမ်းအားက သက်သေပြနေပြီ ဖြစ်လေသည်။

ထို့နောက်တွင်တော့ ဆန်းလျန်က တာအိုဝါဒ ၊ ဗုဒ္ဓဘာသာနှင့် ကွန်ဖြူးရှပ်ဝါဒတို့၏ ထူးခြားဆန်းကျယ်မှုများအကြောင်းကို ကျင့်ကြံသူများကို ဟောပြောသင်ပြပေးလေသည်။

သူက ဝါဒ (၃)ခု ၊ စီးဆင်းမှု (၉)ခု၏ အခြေခံအရင်းအမြစ်ကို အားလုံးနားလည်အောင် ဟောပြောရှင်းလင်းပြခဲ့သည်။

ဆန်းလျှန်၏ ဟောပြောသင်ပြပေးမှုများသည် တာအိုဆရာ

သခင်ထိုက်ယီ ဟောပြောသင်ပြပေးမှုများနှင့်မခြား လူအများ

ကို အသိဉာဏ်ပွင့်လင်းစေလေသည်။

သို့သော်...တာအိုဆရာသခင်ထိုက်ယီ ဟောပြောသည်ဖြစ်စေ ၊

ဆန်းလျှန် ဟောပြောသည်ဖြစ်စေ တာအိုတရား၏ လျှို့ဝှက်

နက်နဲမှုကို မသိရှိသူများကလည်း ရှိကြသည်ပင် ဖြစ်သည်။

သို့ရာတွင် ဆန်းလျှန်၏ တရားဟောပြောချက်များကို

နားထောင်ကြသော ကျင့်ကြံသူများအားလံးသည် ကျင့်ကြံ

ခြင်းနှင့်ပတ်သက်ပြီး သူတို့စိတ်ထဲတွင် ရှိနေသည့် သံသယ

များအားလုံး ဖြေရှင်းပြီးသား ဖြစ်သွားကြလေသည်။

ကျင့်ကြံသူများက သူတို့လိုချင်သည့်အရာအနည်းငယ်ကိုသိရှိ

သွားလျှင် နေချင်သလိုနေတတ်ကြပြီး အတင်းအဖျင်း

အနည်းငယ်ပင် ပြောဆိုကြသေးသည်။

လက်ရှိပြသနာ ဖြေရှင်းပြီးသွားလျှင် တာအိုမဟာလမ်းစဉ်သည် သူတို့အတွက် အရေးမကြီးလှသည့်အလား တွေးတောထားကြဟန်ရှိသည်။

ထိုသို့ဖြင့် ဆန်းလျန်သည် နှစ်ပေါင်း (၃၀၀)တိုင်တိုင် တောင်ပေါ်တွင် တရားဟောပြောသည့်အလုပ် ပြုလုပ်ခဲ့လေသည်။

နှစ်ပေါင်း (၃၀၀) ပြည့်သွားသည့်နေ့တွင်တော့ ဆန်းလျန် တာအိုတရား ဆက်လက်ဟောကြားခြင်း မရှိတော့ပေ။

တောင်ပေါ်တွင်လည်း တက်သူတက်လာ ၊ ဆင်းသူက ဆင်းသွားနှင့် နှစ်ပေါင်း (၃၀၀)အတွင်း ပြောင်းလဲမှု များစွာ ဖြစ်ပေါ်ခဲ့လေသည်။

အချို့ကျင့်ကြံသူများကလည်း တရားအလင်းရပြီး ကျင့်စဉ်လမ်း အဆင့်တက်ရောက်နိုင်ကြသည့်အခါ တောင်ပေါ်မှ ထွက်ခွာသွားကြလေသည်။

အချို့ကျင့်ကြံသူများမှာလည်း တရားဘယ်လောက်နာနာ

တရားမရကြလေရာ တောင်အောက်သို့ ဆင်းပြီး အခြား

အခွင့်အရေးရှာဖွေရန် ထွက်ခွာသွားကြလေသည်။

မပြောင်းမလဲ တောင်ပေါ်တွင်ပင် ကျန်ရှိနေသူ (၂)ယောက်

ကတော့ ဟွမ်ချွမ်ကျီနှင့် ယွမ်ချင်းသာ လျှင် ဖြစ်ပေ၏။

ဟွမ်ချွမ်ကျီနှင့် ယွမ်ချင်းတို့ကတော့ ကျင့်ကြံခြင်းအဆင့်

ပို၍ပို၍ မြင့်မားလာပြီး သူတို့ကြားတွင် ကြီးမားသည့် ခြားနား

မှုလည်းတဖြည်းဖြည်း ဖြစ်ပေါ်လာလေသည်။

ယွမ်ချင်းကတော့ တာအိုတရားကိုနားလည်ပြီး စိတ်ငြိမ်းချမ်း

ခြင်းတရားဖြင့် ကိလေသာကင်းစင်သည်ထက်ကင်းစင်အောင်

ကျင့်ကြံနိုင်ခဲ့သည်။

သူလုပ်သည့်လုပ်ရပ်တိုင်းသည် အပြစ်ဆိုစရာတစ်စက်မရှိ

အောင် သန့်စင်လျှက် ရှိလေသည်။ သူသည် လွတ်လပ်ပြီး အမှီ

အခိုကင်းသည့် နတ်ဘုရားတစ်ပါးအလား တောင်ပေါ်တွင်

နာမည်ကျော်ကြားသူတစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့လေ

သည်။

ဟွမ်ချွမ်ကျီကတော့ ယွမ်ချင်းနှင့် ဆန့်ကျင်ဘက် ဖြစ်လေ

သည်။

ဟွမ်ချွမ်ကျီထံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များက

တဖြည်းဖြည်း ကျစ်လျစ်လာပြီး တန်ခိုးစွမ်းအားများကလည်း

ပိုမိုသိပ်သည်းလာလေသည်။

သူသည် မပျက်စီးနိုင်သည့် ခိုင်ကြည်သော တောင်တစ်တေ

ယာင်အလား ၊ ထက်ရှသည့် ဓားဝိညာဉ်တစ်ခုအလား ဖြစ်လေ

သည်။

သူ့ကိုတွေ့မြင်ရသည်နှင့် လူအများသည် ကြောက်မက်ဖွယ်ရာ

အေးစိမ့်မှုကို ခံစားကြရလေသည်။

သို့သော်… ဟွမ်ချွမ်ကျီကလည်း သူနာကြားသည့် တာအို တရားကို အမှန်ဟု ဆုပ်ကိုင်ထားပြီး ယွမ်ချင်းကလည်း သူ နားလည်သည့်တာအိုတရားကို မှန်သည်ဟု ယူဆထားလေ သည်။

မည်သို့ပင်ဖြစ်စေ… ယွမ်ချင်းက ဟွမ်ချွမ်ကျီထက်ပိုပြီး သဘောကောင်းလေရာ တာအိုဆရာများက ဟွမ်ချွမ်ကျီထက် ယွမ်ချင်းကို ပိုမိုခင်မင်ကြလေသည်။

ထို့ကြောင့် ချင်းရွှမ်တောင်တွင် အုပ်စု (၂)စု ကွဲလျှက် ရှိလေ သည်။ သို့သော်… ဆန်းလျန်နှင့်ပတ်သက်သည်များကိုတော့ သူတို့ အငြင်းမပွားရဲကြပေ။

ဤလောက၏ အခြားဘက် ၊ အနောက်အရပ်စူးစူးတွင် လင်စန်းတောင် တည်ရှိလေသည်။

လင်စန်းတောင်သည် မိုးနှင့်မြေတွင် သဘာဝအတိုင်းတည်ရှိသည့် တောင်တစ်တောင်မဟုတ်ပေ။ ဗုဒ္ဓဖန်ဆင်းထားသည့် တောင်တစ်တောင် ဖြစ်လေသည်။

ဗုဒ္ဓ လောကသို့ ဆင်းကြွလာသည်နှင့်တစ်ပြိုင်နက် လင်စန်းတောင်ကို ဖန်ဆင်းခဲ့ခြင်း ဖြစ်လေသည်။

လင်စန်းတောင် ပေါ်ပေါက်လာသည့်အချိန်သည် တာအိုဆရာသခင်ထိုက်ယီ ပေါ်လာချိန်နှင့်တူညီသည်။

ယခု တာအိုဆရာသခင်ထိုက်ယီ ပျောက်ကွယ်သွားသည့်တိုင် လင်စန်းတောင်ကတော့ တည်ရှိနေဆဲ ဖြစ်လေသည်။ ဗုဒ္ဓသည်လည်း လင်စန်းတောင်ပေါ်တွင် ရှိနေလေ၏။

ဗုဒ္ဓသည် ကြည်လင်သည့်အသံဖြင့် ရိုးရှင်းစွာ တရားဟောပြောနေလေသည်။ လင်စန်းတောင်အောက်ဘက် မိုင်တစ်ထောင်

ပတ်လည်မှပင် ဗုဒ္ဓဟောပြောသည့်တရားသံကို ကြားနိုင်လေသည်။

ဗုဒ္ဓက တရားဟောပြောနေရင်း တရားဟောရာ ခန်းမဆောင်အတွင်းသို့ ဝင်ရောက်ရာ ကြာပန်းစြက်နံလမ်းရှိရာသို့ လက်ညှိုးဖြင့်ထိုးညွှန်လိုက်လေရာ အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။

အလင်းရောင်က စြက်နံလမ်းထက်တွင် တဖြည်းဖြည်းကြီးထွားလာလေသည်။

ထိုအလင်းတန်းကို တွေ့မြင်ရသည်နှင့် ဓမ္မနှင့်မွေ့လျော်နေသည့် ဘုန်းတော်ကြီးများ၏ နှလုံးသားထဲတွင် ရုတ်တရက်လောကီမြူမှုံများကင်းစင်သွားပြီး နှလုံးသားများ သန့်စင်လာကြလေသည်။

ဘုန်းတော်ကြီးများအလယ်တွင် အဖြူရောင်ကိုယ်ရုံကိုရုံထားသည့် ဘုန်းကြီးငယ်တစ်ပါး ရှိလေသည်။ သူရုံထားသည့်

အဖြူရောင်ကိုယ်ရုံမှာ အလွန်မှ ကြည်လင်သန့်စင်လွန်းလှ

သည်။

သူ၏ မျက်ဝန်းများက ကြယ်စင်များအလား တောက်ပနေလေ

သည်။ သူ၏ မျက်နှာက နူးညံ့ပြီး ချောမောခန့်ညားလေသည်။

မိန်းကလေးများထက်ပင် ချောမောသည်ဟု ဆိုနိုင်သည်။

သူက မွေးရာပါ နူးညံ့သိမ်မွေ့သူဖြစ်သလို လွတ်လပ်ပေါ့ပါးစွာ

နေရခြင်းကိုလည်း သဘောကျသူ ဖြစ်သည်။ သူက လင်စန်း

တောင်ရှိ ဘုန်းတော်ကြီးများကြားတွင် ရေပန်းစားသူတစ်

ယောက် ဖြစ်သည်။

ဗုဒ္ဓဖန်ဆင်းလိုက်သည့် စကြာန်လမ်းထက်မှ အလင်းတန်းများ

ကို တွေ့မြင်လိုက်သည်နှင့် ထိုဘုန်းကြီးငယ်က ကျယ်လောင်

စွာ ရယ်မောလိုက်လေသည်။

ဗုဒ္ဓက တရားဟောပြောတိုင်း ဘုန်တော်ကြီးများအားလုံးက အာရုံစူးစိုက်နားထောင်လေ့ရှိကြသည်။ ထိုဘုန်းကြီးငယ်ကဲ့သို့ ရိုင်းစိုင်းသည့်အပြုအမူကို မည်သူမှ မပြုလုပ်ရဲကြပေ။

ယခု ဘုန်းကြီးငယ်၏ အပြုအမူကြောင့် အခြားသော ဘုန်းတော်ကြီးများ မျက်မှောင်ကြုတ်လိုက်မိကြလေသည်။

သို့သော်... ဘုန်းကြီးငယ်ကတော့ သူ့သဘာဝအတိုင်းပြုလုပ်လိုက်ခြင်းဖြစ်ပြီး ကြောက်ရွံ့ခြင်းလည်း မရှိပေ။

ဘုန်းကြီးငယ်က...

"အရှင်ဘုရား ၊ အရှင်ဘုရားဟောပြောတဲ့ တရားဓမ္မကို နားထောင်ရတာ သိပ်ကို ပျော်ရွှင်လွန်းလို့ ရယ်မောမိတာပါ ၊ ဒီလို ပျော်ရွှင်မိတာ ကောင်းတာလားဆိုးတာလားဆိုတာတော့ မသိပါဘူး..."

ဗုဒ္ဓက ....

"ပျော်ရွှင်ပြီဆိုရင်တော့ ပြဿနာဖြစ်တော့မယ် ၊ ပျော်ရွှင်မှု ၊ ဒေါသ ၊ ဝမ်းနည်းမှု ၊ ဝမ်းသာမှုဆိုတာတွေက အတွေးတစ်ခုမျှသာပါပဲ ၊ မင်းမှာ အတွေးရှိတာဟာ ကောင်းလား မကောင်းဘူးလား..."

ဘုန်းကြီးငယ်က...

"ပြောကြတာတော့ အတွေးမရှိတာ အကောင်းဆုံးပဲလို့ ပြောကြတယ်..."

ဗုဒ္ဓက...

"အတွေးမရှိဘဲ သတိနဲ့နေတာကောင်းတာပေါ့ ၊ အကောင်းဆုံးလို့ မပြောနိုင်ပေမယ့် အတွေးမများတော့ စိတ်ပူပန်မှုနဲ့ အန္တရယ်တွေကို ရှောင်ရှားနိုင်တာပေါ့..."

ငယ်ရွယ်သည့် ဘုန်းတော်ကြီးက...

"မေးတော့မမေးရဲပေမယ့် အတွေးမရှိအောင် ဘယ်လိုနေရမလဲ..."

ဗုဒ္ဓက ဘုန်းကြီးငယ်၏မေးခွန်းကို အဖြေမပေးဘဲ မေးခွန်းပြန်ထုတ်လိုက်သည်။

"ကျင်းချန်ကျီ ၊ မင်း တောင်ပေါ်ရောက်တာ ဘယ်လောက်ကြာပြီလဲ..."

ဘုန်းကြီးငယ်က...

"တောင်ပေါ်ရောက်လာပြီးတဲ့နောက် တောင်တံခါးအရှေ့ဘက်က ဗောဓိပင်က သစ်ရွက်တွေ ခုနစ်ကြိမ်ကြွေတာ သတိထားမိတယ် ၊ ဒီတော့ (၇)နှစ် ရှိပါပြီ..."

ဗုဒ္ဓက...

"နားထောင်ပါ ၊ ကျုပ်ရဲ့တရားကို (၇)နှစ်တောင် နားထောင်ခဲ့ပြီပဲ ၊ ဒါတောင် နားမလည်သေးဘူးဆိုရင်တော့ ကျုပ်ဟောတဲ့တရားတွေက မင်းနဲ့ မသင့်တော်ဘူးထင်တယ် ၊ မင်း တောင်ပေါ်က ဆင်းသွားပေတော့..."

ဘုန်းကြီးငယ်မှာ အံ့အားသင့်သွားပြီး ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားလေသည်။

သူ၏ အမူအကျင့်များက အခြားဘုန်းတော်ကြီးများနှင့် မတူညီသော်လည်း ဗုဒ္ဓက သူ့ကို တစ်ကြိမ်တစ်ခါမှ အပြစ်တင်ခဲ့ခြင်း မရှိပေ။

ယနေ့ ဗုဒ္ဓက သူ့ကို တောင်ပေါ်မှ နှင်ချလိမ့်မည်ဟု လုံးဝထင်မထားခဲ့မိပေ။

ဘုန်းကြီးငယ်က...

"အရှင်ဘုရား ၊ တပည့်တော်က တရားဓမ္မကို သိမြင်တာ နှေးပါတယ် ၊ ဒါကြောင့် အရှင်ဘုရား ဒီတစ်ကြိမ် ခွင့်လွှတ်ပေးပါ ၊ အခုချိန်ကစပြီး ကိုယ့်ကိုယ်ကိုယ်ပြုပြင်ပါ့မယ် ၊ အပြစ်တွေ မကျူးလွန်တော့ပါဘူး..."

ဗုဒ္ဓက...

"တောင်ပေါ်မှာနေလို့ တရားမရဘူးဆိုရင် တောင်အောက်ကို ဆင်းသွားသင့်တယ်၊ လူတိုင်းက ကျုပ်ရဲ့တရားဓမ္မကို ကြားသိနိုင်တယ်၊ လူတိုင်းက တွေးတောကြံဆကြည့်နိုင်တယ်၊ ဒီတော့ မင်း တောင်ပေါ်မှာ ဆက်မနေသင့်တော့ဘူး..."

ဘုန်းကြီးငယ်၏ နှလုံးသား တစ်ချက်လှုပ်ရှားသွားပြီး...

"ဒါဖြင့် အရှင်ဘုရား တပည့်တော်အတွက် တရားဓမ္မအကြံလေးဘာလေး နည်းနည်းလောက်ပြောပြပေးပါ..."

ဗုဒ္ဓ တိတ်ဆိတ်သွားသွားလေသည်။

အတန်ကြာသည့်အခါ ဗုဒ္ဓ၏ ဓမ္မခန္ဓာသည် ကြာပလ္လင်ထက်မှ ပျောက်ကွယ်သွားလေတော့သည်။

ဘုန်းတော်ကြီးများက ဗုဒ္ဓ ခေတ္တခဏ ပျောက်ကွယ်သွားခြင်း ဖြစ်မည်ဟု ထင်မှတ်ခဲ့ကြသည်။

သို့သော်… နေ့ရက်ပေါင်းများစွာကြာသည့်တိုင် ယခင်ကကဲ့သို့ ဗုဒ္ဓ ပြန်ပေါ်လာခြင်း မရှိသည့်အခါ ဘုန်းတော်ကြီးများက ဘုန်းကြီးငယ်ကို ဝိုင်းဝန်းအပြစ်တင်ကြလေသည်။

ဘုန်းကြီးငယ် ဓမ္မကိုသိမြင်သည်မှာ နှေးကွေးသည့်အတွက် ဝိုင်းဝန်းအပြစ်တင်ကြခြင်း မဟုတ်ပေ။ ဘုန်းကြီးငယ်ကြောင့် ဗုဒ္ဓ အမျက်ထွက်သွားသည်ဟု ယူဆပြီး အပြစ်တင်ကြခြင်း ဖြစ်လေသည်။

သို့သော်… ဘုန်းတော်ကြီးငယ်ကတော့ သူ့ကို အပြစ်တင်နေကြသည့် ဘုန်းတော်ကြီးများကို အရေးမလုပ်ပေ။ ဗုဒ္ဓက သူ့လို အညတရလေးတစ်ယောက်ကို အဘယ်မှာ အရေးလုပ်ပြီး အမျက်ဒေါသထါက်ပါမည်နည်း။ မဟုတ်ပါက ဗုဒ္ဓသည် အလွန် အမြင်ကျဉ်းမြောင်းသူ ဖြစ်သွားပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ အခြားဘုန်းတော်ကြီးများကတော့ သူ့ကို မျက်နှာသာ မပေးကြတော့ပေ။

နောက်ဆုံးတော့ ဘုန်းကြီးငယ်မှာ လင်စန်းတောင်တွင် ဆက်မ နေဝံ့တော့ဘဲ ဒေါသတကြီးဖြင့် တောင်ပေါ်မှ ဆင်းသွားလေ တော့သည်။

သို့သော် သူ လင်စန်းတောင်ပေါ်မှ ဆင်းသွားသည်နှင့် လင်စန်း တောင်ပေါ်တွင် ဗုဒ္ဓ၏တရားဟောသံ ပြန်လည် ထွက်ပေါ်လာခဲ့ လေသည်။ တရားသံသည် လင်စန်းတောင်တစ်ခွင်လုံးသို့ ဖုံးလွှမ်းသွားလေတော့၏။

သူက ပညာတော်ခြင်းမရှိသည့်တိုင် ဗုဒ္ဓဘာသာကို (၇)နှစ်ကြာ လေ့လာသင်ယူခဲ့သူ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာတန်ခိုးစွမ်းအားများကို အသုံးပြုနိုင်စွမ်း ရှိလေသည်။

သူက ကောင်းကင်ထက်ပျံသန်းထွက်ခွာသွားချိန်တွင် အောက် ဘက်ရှိ ကြာပန်းစြက်န်လမ်းမှ အလင်းတန်းများ ရုတ်တရက်

လင်းလက်သွားလေရာ ဘုန်းကြီးငယ်မှာ ထိတ်လန့်ပြီး ယောင်ယမ်းအော်ဟစ်လိုက်မိလေသည်။

ထိတ်လန့်မှုကြောင့် ကောင်းကင်ထက်မှ ပြုတ်ကျသွားခဲ့လေသည်။ ထိုသို့မဖြစ်ချင်သော်လည်း မည်သို့မှ မတတ်နိုင်ခဲ့ပေ။ ဘုန်းကြီးငယ်မှာ နာကျင်သွားသည့်အတွက် ဗုဒ္ဓကို စိတ်ဆိုးဒေါသထွက်သွားမိလေသည်။ ထိုအခါ သူ ကျင့်ကြံခဲ့သည့် တန်ခိုးစွမ်းအားများအားလုံး ပျောက်ကွယ်သွားပြီး သာမန်လူတစ်ယောက်အလား ဖြစ်သွားလေတော့သည်။

ထိုဘုန်းကြီးငယ် လင်စန်းတောင်ပေါ်မှ ဆင်းသွားပြီး လောကအလယ် လှည့်လည်သွားလာနေရင်းအရှေ့ဘက်ပင်လယ်ဒေသသို့ ရောက်ရှိလာလေသည်။

စားသောက်ဆိုင်တွင် စားသောက်နေရင်း ပင်လယ်တစ်ဖက်ကမ်းမှ နတ်ဘုရားတောင်အကြောင်းကို သတင်းကြားသိလိုက်ရသည်။

ထိုတောင်ပေါ်တွင် နတ်ဘုရားတစ်ပါးရှိပြီး ထိုနတ်ဘုရားသည် လောကတွင် စွမ်းအားအမြင့်မားဆုံး နတ်ဘုရားတစ်ပါး ဖြစ်သည်ဟု ဆိုကြသည်။

နတ်မိစ္ဆာဂိုဏ်း (၃)ဂိုဏ်းနှင့် နတ်ဘုရားဂိုဏ်းကြီး (၅)ဂိုဏ်းမှ နတ်ဘုရားများ ၊ နတ်မိစ္ဆာများ ခရီးထွက်သည့်အခါ ထို နတ်ဘုရားတောင်ကို ဖြတ်ကျော်ရလေတိုင်း တိမ်တိုက်ကိုနှိမ့် ၊ ခေါင်းကိုငုံ့ပြီး တန်ခိုးစွမ်းအား အနည်းငယ်မျှပင် ထုတ်လွှတ်ရဲခြင်း မရှိဘဲ ဖြတ်သန်းသွားလာကြသည်ဟု ဆိုကြလေသည်။

တစ်ခါတုန်းက ထို နတ်ဘုရား၏ တန်ခိုးစွမ်းအားမြင့်မားမှုကို မယုံကြည်သော နတ်မိစ္ဆာသူတော်စင်တစ်ပါးက မခန့်လေးစား ပြုလုပ်ပြီး စိန်ခေါ်ခဲ့လေရာ ထိုနတ်ဘုရား လက်ဖျောက်တစ်ချက်တီးလိုက်ရုံဖြင့် အသက်ပျောက်သွားခဲ့သည်ဟု ဆိုစမှတ်ရှိကြသည်။

ထိုသတင်းစကားများကို ကြားသည့်အခါ ဘုန်းကြီးငယ်က အံ့အားသင့်သွားပြီး တွေးတောလိုက်သည်။

"မိုးနဲ့မြေမှာ ဗုဒ္ဓရဲ့ တရားဓမ္မတစ်ခုပဲ ရှိတာမဟုတ်ဘူး ၊ တာအိုဝါဒလည်းရှိသလို နတ်မိစ္ဆာဝါဒလည်းရှိတယ် ၊ အဲဒီ နတ်ဘုရားတောင်နဲ့ပတ်သက်တဲ့ ကောလဟာလတွေသာ အမှန်ဆိုရင် ငါ့ကို ကူညီနိုင်မှာပဲ ၊ ငါ့စိတ်ထဲက သံသယတွေကိုလည်း ဖြေရှင်းပေးနိုင်မှာပဲ..."

ထိုသို့တွေးမိသည်နှင့် ဘုန်းငယ်သည် ထိုနတ်ဘုရားတောင်ရှိရာသို့ ရှက်လွှင့်ထွက်ခွာလာခဲ့လေတော့သည်။

ပင်လယ်ထဲသို့ ရှက်လွှင့်သည့်အခါ ဘုန်းကြီးငယ် အလွန်ကြောက်ရွံ့ထိတ်လန့်ခဲ့လေသည်။ ပင်လယ်ပြင်က နက်ရှိုင်းပြီး ခန့်မှန်းရခက်သည် မဟုတ်ပါလား။

ထို့ပြင် ဗုဒ္ဓဘာသာ ကျင့်ကြံခြင်းတန်ခိုးစွမ်းအားများလည်း သူ့တွင် မရှိတော့လေရာ သာမန်လူတစ်ယောက်အလား ဖြစ်နေပြီ ဖြစ်သည်။

ထို့ကြောင့် မတော်တဆ လေ့မှောက်လျှင်ပင် အသက်ပျောက်သွားမည် ဖြစ်သည်။

သို့သော်... ဆုံးဖြတ်ချက်ချပြီးဖြစ်၍ နောက်ပြန်လှည့်ရန် ဆန္ဒမရှိတော့ပေ။ ဘုန်းကြီးငယ်သည် ဘုရား တရားသာ 'တ' ရင်းပင်လယ်ပြင်ကိုဖြတ်ကျော်ကာ အန္တရယ်ကင်းကင်းဖြင့် နတ်ဘုရားတောင်သို့ ရောက်ရှိရန် မျှော်လင့်လျှက် ရှိလေတော့သည်။

ထိုသို့ဖြင့်... (၃)ရက်ခန့် ခရီးနှင်ပြီးနောက် ဘုန်းကြီးငယ်သည် လူအများပြောသည့် ကောလဟလများတွင် ကြားခဲ့ရသည့် နတ်ဘုရားတောင်ရှိရာသို့ ကံကောင်းထောက်မစွာ ရောက်ရှိလာခဲ့လေသည်။ လေ့မှောက်ခြင်းလည်း မရှိခဲ့ပေ။

ကုန်းမြေထက်သို့ ခြေချလိုက်မိသည်နှင့် ဘဝသစ်တစ်ခု စတင်လိုက်ရသလို ခံစားလိုက်ရသည်။

ဒုက္ခရောက်ခဲ့ရသည်များအတွက် သူ့ကိုယ်သူ အပြစ်တင်မနေတော့ဘဲ သူက နတ်ဘုရားတောင်ရှိရာသို့ ဦးတည်သွားလိုက်လေသည်။

အမှန်တော့ သူ ဗိုက်လည်းဆာသလို ရေလည်းငတ်နေခဲ့ပြီဖြစ်သည်။

သို့သော်... နတ်ဘုရားတောင်ကို တွေ့သည့်အခါ စိတ်ဓာတ်များတက်ကြွလာပြီး ပင်ပန်းခြင်းကို မခံစားရတော့ပေ။

သူ ဇွဲနပဲဖြင့် မိုင်အနည်းငယ်ခန့် မနားမနေခရီးဆက်ခဲ့ပြီးသည့်နောက် နတ်ဘုရားတောင်သည် အလွန်အလှမ်းဝေးသေးကြောင်း တွေ့ရလေသည်။

ဘုန်းတော်ကြီးငယ်မည်သို့မှ မတတ်နိုင်တော့ပေ။

"တောင်ပေါ်ကိုမြင်းနဲ့တက်ရင်တောင် မြင်းအသက်ထွက်သွား နိုင်တယ်..."

ထို့နောက် အနားယူရန် နေရာတစ်နေရာရှာလိုက်ရှာရင်း ရေစီး ဆင်းသံတစ်သံကို ကြားလိုက်ရလေသည်။

ထိုရေစီးဆင်းသံနောက်သို့ လိုက်သွားလေရာ စမ်းချောင်းတစ် ခုကို တွေ့လိုက်ရလေသည်။ ဘုန်းကြီးငယ်မှာ အလွန်ပျော်ရွှင် သွားပြီး စမ်းရေကို အငမ်းမရ သောက်လိုက်လေသည်။

ရေသောက်ပြီးသည့်အခါ သူက စမ်းရေဖြင့် မျက်နှာသစ်ရင်း ရေထဲတွင် ပေါ်နေသည့် မောပန်းနွမ်းနယ်နေသော သူ့မျက်နှာ ကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်မိသည်။

သက်ပြင်းချ၍ မဆုံးခင်မှာပင် သူ ပါးစပ်အဟောင်းသားဖြင့် အံ့သြတုန်လှုပ်သွားရလေသည်။

အကြောင်းမှာ ကြီးမားသည့် (၁၀)ပေပတ်လည် ကျောက်တုံး ကြီးတစ်တုံး ကောင်းကင်ထက်မှ သူ့တည့်တည့်သို့ ကျလာ သည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သူ ကံမကောင်းနိုင်တော့ပေ။ အသားပြားဖြစ်အောင် ကျောက် တုံးပိခံရပေတော့မည်။

ထိုအချိန်... ဓားဝိညာဉ်တစ်ခု ပျံသန်းထွက်ပေါ်လာပြီး ကျောက်တုံးကြီးကို ရိုက်ခွဲပစ်လိုက်လေသည်။ သို့သော်... ဘုန်းကြီးငယ်ကတော့ အသက်သေဆုံးသွားပြီ ဖြစ်လေသည်။

ဓားဝိညာဉ်က တာအိုဆရာယွမ်ချင်းအဖြစ်ပြောင်းလဲသွားပြီး ဒေါသတကြီးဖြင့် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်ရင်း...

"ဟွမ်ချွမ်ကျီ... မင်း ဘာလို့ လူသတ်ရတာလဲ..."

အခန်း (၉၉၁) သမိုင်းထဲမှာ ကျန်ရစ်ခဲ့ပါပြီ

ယွမ်ချင်း၏ မနီးမဝေးတစ်နေရာသို့ အနက်ရောင်တိမ်တိုက်တစ်ခု ဆင်းသက်လာပြီး အနက်ရောင်ဝတ်ဆင်ထားသည့် တာအိုဆရာတစ်ယောက်အဖြစ် ပြောင်းလဲသွားလေသည်။

ထိုသူထံမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များနှင့် ဓားဝိညာဉ်စွမ်းအားများ ထွက်ပေါ်လျှက် ရှိလေသည်။ ထိုသူကသူ၏ အငွေ့အသက်များကို ထိန်းချုပ်ထားခြင်းမရှိဘဲ ပေ(၁၀၀)ပတ်လည်မှ သစ်ပင်များကို ကြည့်ရှုနေလေသည်။

သူ့ကိုကြည့်ရသည်မှာ အကြောက်အလန့်လည်း ရှိဟန် မတူပေ။

ထိုအနက်ရောင်ဝတ်ဆင်ထားသည့် တာအိုဆရာမှာ ဟွမ်ချွမ်ကျီ ဖြစ်လေသည်။

သူက ကြီးမားသည့် ကျောက်တုံးကြီးဖြင့် ရိုက်မိပြီး ရွှံ့ထဲတွင် နစ်နေသည့် ဘုန်းကြီးငယ်ကျင်းချန်ကျီ၏ အလောင်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ကျုပ်က သူ့ကို သတ်တာ မဟုတ်ပါဘူး ၊ သူ့ဟာသူ ကံဆိုးသွားတာ..."

ယွမ်ချင်းက အေးဆေးသည့် လေသံဖြင့်...

"မင်းရဲ့ ဓားဝိညာဉ်ကို အသုံးပြုပြီး ဘာလို့ ကျောက်တုံးကြီးကို ဖြတ်ချလိုက်ရတာလဲ..."

ဟွမ်ချွမ်ကျီက...

"အဲဒီကျောက်တုံးကြီးကို ကြည့်ရတာ မျက်စိနောက်လို့..."

ယွမ်ချင်းက...

"ဒါဖြင့်လည်း မလုပ်ခင်မှာ ပတ်ဝန်းကျင်ကို အရင်လေ့လာမှ ပေါ့၊ မဟုတ်ရင် အပြစ်မဲ့သူတွေ ထိခိုက်ကုန်မှာပေါ့..."

ဟွမ်ချွမ်ကျိုက...

"ထိခိုက်ကုန်တာကတော့ သူတို့ထိုက်နဲ့သူ့ကံပဲလေ၊ ဘာလို့ မင်းက ဒီမှာ ကျုပ်နဲ့ စကားလာများနေရတာလဲ၊ တောင်ပေါ်ကို သွား တာအိုဆရာသခင်ချင်းရွှမ်ကိုသွားရှာပြီး ဒီလူကို အသက် ပြန်သွင်းခိုင်းလိုက်ပါလား..."

ဆန်းလျန် တာအိုဆရာသခင်ထိုက်ယီနှင့် ယှဉ်ပြိုင်ပြီး သည့်နောက် အားလုံးက ဆန်းလျန်ကို တာအိုဆရာသခင်ကြီး တစ်ပါးအဖြစ် သတ်မှတ်ထားလိုက်ကြလေသည်။

သို့သော် ဆန်းလျန်က ဤလောကတွင် သူ မည်သူဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ဆန်းလျန်က သူ့နာမည်မှာ "ချင်းရွှမ်" ဖြစ်သည်ဟု ပြောကြား ထားသည့်အတွက် နောက်ကွယ်တွင် ဆန်းလျန်ကို သူတို့က "တာအိုဆရာသခင်ချင်းရွှမ်" ဟု ခေါ်ဆိုကြလေသည်။

ယွမ်ချင်းက ဒေါသငွေ့ငွေ့ဖြင့်...

"မင်း လူသတ်လိုက်မှတော့ ကျုပ်က တာအိုဆရာသခင်ကြီးကို ရှာပြီး ဘာလုပ်ရမှာလဲ..."

ဟွမ်ချွမ်ကျီက ယွမ်ချင်းကို မျက်လုံးတစ်ချက် စောင်းကြည့် လိုက်သည်။

သူက ဒေါသထွက်နေသော်လည်း ယွမ်ချင်းနှင့် ခိုက်ရန် ဖြစ်ပွားသည်အထိ မရူးမိုက်လိုပေ။

ထို့ကြောင့် လေသံခပ်အေးအေးဖြင့်...

"သူ့ကို ငါတမင်သေစေလိုတဲ့စိတ်နဲ့ လုပ်တာမဟုတ်ဘူးလို့ ပြော ပြီးသွားပြီလေ ၊ မင်း သူ့အသက်ကို ကယ်ချင်ရင် အမြန်သွား သင့်ပြီ..."

ယွမ်ချင်းက ခေါင်းမာသူတစ်ယောက်ဖြစ်ပြီး ဟွမ်ချွမ်ကျီပေး

သည့် ဆင်ခြေဆင်လက်များက ဆီလျော်မှုမရှိဟု ယူဆလိုက်

သည်။

သူတို့ (၂)ယောက်သည် တာအိုဆရာသခင်ချင်းရှမ်ထံတွင်

အတူတူ တာအိုတရားနာကြားခဲ့သည်မှာ အချိန်အတန်ကြာခဲ့ပြီ

ဖြစ်ပြီး သိကျွမ်းခဲ့ခြင်းသာမရှိလျှင် ယွမ်ချင်းအနေဖြင့် ဟွမ်ချွ

မ်ကျီကို ယခုလောက် စကားပြောနေမည် မဟုတ်ပေ။

သို့သော် ဟွမ်ချွမ်ကျီပြောသည်မှာ အမှန်ပင် ဖြစ်သည်။

သူသာ ကျင်းချန်ကျီကို ကယ်တင်ချင်သည်ဆိုလျှင် တောင်ပေါ်

သို့ သွားရပေလိမ့်မည်။

ယွမ်ချင်းက ချက်ချင်းပင် ရှံ့ထဲတွင်နစ်နေသည့် ကျန်းချန်

ကျီ၏ အလောင်းကို သယ်ဆောင်သွားပြီး ဟာရီကိန်းမုန်တိုင်း

ကဲ့သို့ လျှင်မြန်သည့် အရှိန်အဟုန်ဖြင့် ဆန်းလျန်ရှေ့သို့ ရောက်

ရှိလာလေသည်။

ယွမ်ချင်း စကားမပြောခင်မှာပင် ဆန်းလျန်က စကားစပြော လိုက်သည်။

"ဘာတွေဖြစ်လဲဆိုတာ သိပြီးပါပြီ ၊ လောကမှာ အရာအားလုံး က ကံတရားအတိုင်းပါပဲ ၊ ဒီနေ့ သူသေဆုံးသွားရပေမယ့် သူ့ အတွက် အခြား ကံကြမ္မာကောင်းတစ်ခု ရှိပါတယ် ၊ မင်း စိတ်ပူ စရာ မရှိပါဘူး..."

ဆန်းလျန်စကားကိုကြားသည့်အခါ ယွမ်ချင်းလည်း ထိုအတိုင်း သာ သဘောထားလိုက်လေသည်။

ထို့နောက် ဆန်းလျန်က...

"မင်းရောက်လာတာ အချိန်ကိုက်ပဲ ၊ ကျုပ် ချင်းရွှမ်တောင်ပေါ် က မကြာခင် ထွက်သွားတော့မယ် ၊ မင်းတို့ထဲက တစ်ယောက်ယောက်နဲ့ ကျုပ်ထွက်မသွားခင် တွေ့ချင်နေတာ ၊ ကျုပ်မသွားခင် ကျုပ်ရဲ့ ဆက်ခံသူအဖြစ် ဘယ်သူ့ကိုထားခဲ့ရ မလဲ စဉ်းစားနေတာ ၊ အခုတော့ မင်း ဖြစ်နေခဲ့ပြီ..."

ယွမ်ချင်း၏ နှလုံးသား တစ်ချက်လှုပ်ရှားသွားလေသည်။

တာအိုဆရာသခင်ချင်းရှမ် တောင်ပေါ်မှ ထိုမျှ မြန်မြန် ထွက်ခွာသွားမည်ဟု ယွမ်ချင်း ထင်မထားခဲ့မိပေ။ သူက အချိန်မီလေး ရောက်လာခြင်း ဖြစ်လေသည်။

သေသေချာချာ စဉ်းစားကြည့်မည်ဆိုလျှင် ဟွမ်ချွမ်ကျီသာ ဘုန်းတော်ကြီးငယ်လေးကို မသတ်ခဲ့လျှင် သူသည်လည်း တာအိုဆရာသခင်ချင်းရှမ်ကို လာတွေ့မိမည် မဟုတ်ပေ။

အဖြစ်အပျက်များအားလုံးကို တာအိုဆရာသခင်ချင်းရှမ် မသိဘူးဆိုသည်မှာ ဖြစ်နိုင်ပါမည်လား။

ထို့ပြင် ဟွမ်ချွမ်ကျီက သူ့အမှားသူ ဝန်ခံပြီး တာအိုဆရာချင်းရှမ်ကို လာရောက်အကူအညီတောင်းမည်ဆိုလျှင် ယခုအချိန်တွင် တာအိုဆရာချင်းရှမ်နှင့် တွေ့ဆုံရမည့်သူမှာ သူ မဟုတ်ဘဲ ဟွမ်ချွမ်ကျီ ဖြစ်ကောင်း ဖြစ်နေနိုင်သည်။

ယွမ်ချင်း သက်ပြင်းချလိုက်မိလေသည်။ ကံတရားဆိုသည်က

လည်း ဆန်းကျယ်လွန်းလေစွ။

ယွမ်ချင်းက...

"တာအိုဆရာသခင်ကြီးရဲ့ တာအိုတရားကို နှစ်ပေါင်းများစွာ

နားထောင်ခဲ့တာတောင် ယွမ်ချင်း ဘယ်လိုပြန်ပေးဆပ်ရမလဲမ

သိပါဘူး ၊ ဒါကြောင့် တာအိုဆရာသခင်ကြီးရဲ့ စေတနာကို

လက်မခံရဲပါဘူး..."

ဆန်းလျန်က...

"ကျုပ်က မင်းကို အမွေဆက်ခံစေချင်တယ်ဆိုရင် မင်း ငြင်းလို့

မရပါဘူး ၊ မင်း ကောင်းကောင်း ရယူလိုက်ပါ..."

ယွမ်ချင်းနှင့် အခြားသူများက သူ့ကို တာအိုဆရာသခင်ကြီးဟု

ခေါ်သည်ကို ဆန်းလျန်က မငြင်းဆန်ခဲ့ပေ။

အကြောင်းမှာ သူသည်လည်း တာအိုဆရာသခင်ကြီးတစ်ပါး မ

ကြာခင် ဖြစ်တော့မည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေသည်။

ထို့ပြင် ထိုသူများ ထိုသို့ ခေါ်ဆိုနေသည်ကိုလည်း အလုပ်ရှုတ်ခံပြီး ပြင်မပေးလိုတော့သောကြောင့် ဖြစ်သည်။

ထို့နောက် ဆန်းလျန်က အင်္ကျီလက်အတွင်းမှ ဓားတစ်လက်ကို ဆွဲထုတ်လိုက်လေသည်။

ဓားအလင်းရောင်က မှေးမှိန်နေပြီး ဓားဝိညာဉ်လည်း မရှိတော့ပေ။ ထိုဓားမှာ တာအိုဆရာယွိတင်၏ ဖန်ကူအလံနှင့်တိုက်ခိုက်ခဲ့ပြီးနောက် ပျက်စီးသွားခဲ့သည့် ဆန်းလျန်၏ ယွမ်တုဓားပင် ဖြစ်လေသည်။

ယွမ်ချင်းက ဆန်းလျန်လက်ထဲမှ ယွမ်တုဓားကို လှမ်းယူလိုက်လေသည်။ ချက်ချင်းပင် ထိုဓားည် သူနှင့်ရင်းနှီးနေသလို ခံစားလိုက်ရသည်။

ယွမ်ချင်းက နတ်ဘုရားစိတ်အာရုံကို အသုံးပြုပြီး ဓားကို လေ့လာလိုက်သည့်အခါ ဓားမှာ ဝိညာဉ်စွမ်းအားကင်းမဲ့နေပြီး

သာမန်သံချောင်းတစ်ချောင်းလောက်ပင် ခိုင်မာခြင်းမရှိသည်ကို

တွေ့လိုက်ရသည်။

ထူးဆန်းလွန်းလှပေ၏။

ဆန်းလျန်က...

"ဒီဓားက ပျက်စီးနေတဲ့ သံစတစ်စလိုဖြစ်နေပေမယ့် အရင်

ကတော့ လောကမှာ ထိပ်တန်းဓားတစ်လက်ပါ ၊ မင်းကတော့

ဒီဓားကို နတ်ဓားတစ်လက်ဖြစ်လာအောင် ပြန်လည်လေ့ကျင့်

ပေးနိုင်လိမ့်မယ်..."

ယွမ်ချင်းက...

"ကျွန်တော် အကောင်းဆုံး ကြိုးစားပါ့မယ်..."

ဆန်းလျန်ကတော့ စိတ်ထဲမှ တွေးလိုက်မိသည်။

"တကယ်တော့ ဒီဓားက မင်းကိုယ်တိုင်ပါပဲ ၊ မင်းရဲ့ ကံကြမ္မာ

ဘယ်လိုဖြစ်မယ်ဆိုတာ ကျုပ်သိထားခဲ့ပါတယ် ၊ မင်းသိနိုင်မ

လား မသိနိုင်ဘူးလားဆိုတာကတော့ မင်းအပေါ်ပဲ မူတည်ပါ

တယ်..."

ဆန်းလျန် ယွမ်ချင်းကို ထူးဆန်းသည့်အပြုံးတစ်ချက် ပြုံးပြ

လိုက်လေသည်။

ထို့နောက် အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲသွားပြီး

ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

ဆန်းလျန် ကောင်းကင်ထက်မှ တောင်တစ်ခွင်ကို ငုံ့ကြည့်လိုက်

လေသည်။

ထို့နောက ်တိုးတိတ်သည့် လေသံဖြင့်...

"အခုချိန်ကစပြီး အဖြစ်အပျက်အားလုံးဟာ သမိုင်းထဲမှာ

ကျန်ရစ်ခဲ့ပါပြီ..."

သက်ပြင်းချသံတစ်ချက်ကို တောင်တစ်ခွင်လုံးမှ သက်ရှိ

သတ္တဝါများအားလုံး ကြားလိုက်ကြရလေသည်။

သို့သော်... သက်ပြင်းချသံ၏ အကြောင်းရင်းကို မည်သူမှ မသိကြပေ။ သက်ပြင်းချသံကြောင့် အားလုံးက ဝမ်းနည်းသလို ခံစားလိုက်ကြရပြီး နောက်တော့ မေ့ပျောက်သွားကြလေသည်။

သစ်ရွက်စိမ်းများသည် ရော်ရွက်များအဖြစ် ကူးပြောင်းသွားပြီး မြေပြင်ထက်သို့ ကြွေလင့်သွားကြလေသည်။ နောက်နှစ်တွင်ပေါက်ရောက်မည့် သစ်ပင်များအတွက် မြေဩဇာအဖြစ် တဖြည်းဖြည်း ပြောင်းလဲသွားကြလေသည်။

ယွမ်ချင်း အတွေးထဲတွင် နစ်မျောနေခဲ့လေသည်။

သူယူလာသည့် ဘုန်းကြီးငယ်၏ အလောင်းမှာ ပျောက်ကွယ်သွားပြီးသည့်အတွက် ယွမ်ချင်း အံ့အားသင့်သွားလေသည်။

ထိုဘုန်းကြီးငယ်၏ ကံကြမ္မာ မည်သို့ဖြစ်မည်ကို ယွမ်ချင်းလည်း မသိရှိနိုင်ပေ။

ယွမ်ချင်း၏ ကျင့်ကြံခြင်းတန်ခိုးစွမ်းအားများမှာလည်း တဖြည်းဖြည်း နက်ရှိုင်းသည်ထက် နက်ရှိုင်းလာလေသည်။

လောကတွင် သွားရောက်ရန်နေရာ အတော်လေး နည်းပါးလေသည်။ လူပေါင်းများစွာကို ယွမ်ချင်း သိရှိခဲ့သော်လည်း တာအိုဆရာသခင်ချင်းရွှမ်မှတစ်ပါး အခြား ဒုတိယလူတစ်ယောက် အကြောင်းကို ယွမ်ချင်း မစဉ်းစားလိုခဲ့ပေ။

ဘုန်းကြီးငယ်ကို တာအိုဆရာသခင်ချင်းရွှမ်ကယ်တင်လိမ့်မည်ဟု သူ စိတ်ချလိုက်သည့်အခါ ယွမ်ချင်း စိတ်သ်သာရာရသွားပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

သူက ဘုန်းတော်ကြီးငယ်၏ ကံကြမ္မာ မည်သို့ဖြစ်မည်ကို မသိသော်လည်း သူ စိတ်ကူးနိုင်သည့်အနေအထားထက် ကျော်လွန်လေသည်။

တောင်ပေါ်တွင် ရုတ်တရက် ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ကို သတိထားလိုက်မိသည့်အခါ ဟွမ်ချွမ်ကျီ စိတ်ဝင်စားသွားလေသည်။

သူတောင်ပေါ်သို့ တက်လာသည့်အခါ တစ်ယောက်တည်း မတ်တတ်ရပ်နေသည့် ယွမ်ချင်းကိုတွေ့မြင်လိုက်ရသည်။ နှစ်ပေါင်း (၃၀၀)ကျော် တောင်ပေါ်တွင် နေထိုင်ခဲ့သည့် တာအို ဆရာသခင်ချင်းရွှမ်ကို မတွေ့ရတော့ပေ။ တာအိုဆရာသခင် ကြီး မည်သည့်နေရာသို့ ရောက်ရှိသွားသည်လဲ ဟွမ်ချွမ်ကျီ လည်း မသိရှိပေ။

ယွမ်ချင်းထံတွင် တစ်စုံတစ်ခုကို တွေ့မြင်ရသည့်အလား ဟွမ် ချွမ်ကျီက သူ့ကို နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်နေခဲ့လေသည်။ သို့သော်... ယွမ်ချင်းက ယခင်ကအတိုင်း တည်တည်ငြိမ်ငြိမ် ပင် ရှိနေလေသည်။ သူ၏ အသက်ရှူသံများက အရင်ကထက် ပို၍ပြီး နက်ရှိုင်းနေသည်။

မကြာမီပင် ထိုက်ယီတောင်ထိပ်တွင် တရားကြားနာလေ့ရှိကြ သည့် ကျင့်ကြံသူများ တဖြည်းဖြည်း စုရုံးရောက်ရှိလာကြလေ သည်။

အားလုံးလူစုံတော့မှ ယွမ်ချင်းက ကြေငြာလိုက်သည်။

"တာအိုဆရာသခင်ကြီး ထွက်ခွာသွားပြီ ၊ သူက ကျုပ်ကို ဒီနေရာကို အမွေဆက်ခံဖို့ အမိန့်ရှိခဲ့တယ် ၊ ဒီတော့ ကျုပ်နောက်ကို မလိုက်ချင်တဲ့သူများရှိရင် တောင်ပေါ်က ဆင်းသွားလို့ ရပါတယ်..."

ပထမဆုံး ထွက်ခွာသွားရန် ဟန်ပြင်လိုက်သူမှာ ဟွမ်ချွမ်ကျီဖြစ်လေသည်။

ဟွမ်ချွမ်ချီက တသီးတသန့်နေတတ်ပြီး ယွမ်ချင်းလောက် လူချစ်လူခင်မများသော်လည်း သူ့ကို လေးစားသည့်သူများကလည်း တစ်ဒါဇင်မက ရှိလေသည်။ ထိုသူများကလည်း ဟွမ်ချွမ်ကျီနောက်သို့လိုက်ရန် အသင့်ပြင်လိုက်ကြသည်။

သို့သော်... တောင်ပေါ်တွင် ကျန်ရစ်ခဲ့သူများက (၉၀) ရာခိုင်နှုန်း ရှိလေသည်။

ယွမ်ချင်းက...

"ဒီ ချင်းရှမ်းတောင်မှာ တောင်ထိပ် (၅)ခု ရှိတယ် ၊ မင်း

အနာဂတ်မှာ လမ်းသစ်တစ်ခု ထွင်ပြီး လျှောက်မယ်ဆိုရင် ဒီ

တောင်ထိပ် (၅)ခုထဲက မင်းနေချင်တဲ့ တစ်နေရာကို

အေးအေးဆေးဆေး ရွေးခြယ်ပြီး နေနိုင်ပါတယ်..."

ဟွမ်ချွမ်ကျီက...

"ဒါနဲ့ တာအိုဆရာသခင်ကြီးက မင်းကို သူ့နေရာအမွေဆက်ခံဖို့

ပြောတဲ့အချိန်မှာ ဘေးမှ သက်သေအနေနဲ့

တစ်ယောက်ယောက်များ ရှိလား..."

ယွမ်ချင်းကခေါင်းခါရမ်းလိုက်ပြီး...

"မရှိဘူး..."

ဟွမ်ချွမ်ကျီက ...

"ဒါဖြင့် သက်သေခံပစ္စည်းတစ်ခုခုရော ရှိလား..."

ယွမ်ချင်းက ဆန်းလျန်ပေးခဲ့သည့် ဓားရှည်ကို ထုတ်ယူပြီး ပြ

လိုက်လေသည်။

အားလုံးက ဓားရှည်ကိုကြည့်လိုက်ကြပြီး မည်သည့်ထူးခြားမှု

ကိုမှ မခံစားကြရပေ။

ဓားက မည်သည့်ထူးခြားချက်မှမရှိသည့်အပြင် သာမန်သံစ

တစ်စလောက်ပင် ခိုင်ခံ့ခြင်းမရှိဘဲ ပျက်စီးလျှက်ရှိလေသည်။

ဟွမ်ချန်ကျီက ထိုဓားမှာ တာအိုဆရာသခင်ကြီးတစ်ပါး၏ဓား

ဖြစ်သည့်အတွက် မည်သည့်တန်ခိုးစွမ်းအားကိုမှ သူ့အစွမ်းဖြင့်

မြင်တွေ့နိုင်ခြင်းမရှိဟု ထင်မှတ်လိုက်မိသည်။

သို့သော်... သူလက်မခံနိုင်သည့်အချက်မှာ တာအိုဆရာသခင်

ကြီးက သူ့ကိုတော့ အခွင့်အရေးမပေးခဲ့ဘဲ အဘယ့်ကြောင့်

ယွမ်ချင်းကို အသိအမှတ်ပြုခဲ့ရပါသနည်း။

ဟွမ်ချမ်ကျီ လက်ငါးချောင်းကို စွန်ကုပ်လက်သည်းပုံစံ

ပြောင်းလိုက်လေရာ အနက်ရောင်လက်သည်းများထွက်

ပေါ်လာပြီး ယွမ်ချင်းကို စတင်တိုက်ခိုက်လိုက်လေသည်။

သူအသုံးပြုလိုက်သည့် ပညာမှာ ဟွမ်ချွမ်တစ္ဆေလက်ပညာ ဖြစ်လေ၏။

ထိုသိုင်းပညာက ပရိယာယ် သိပ်မရှိသော်လည်း ရန်သူနှင့် အပြင်းအထန် တိုက်ခိုက်သည့်အချိန်တွင် များစွာ အကျိုး သက်ရောက်မှု ရှိလေသည်။

ထို့ကြောင့် ဟွမ်ချွမ်ကျီ၏ တိုက်ခိုက်မှုကို ယွမ်ချင်း မပေါ့ဆရဲ ပေ။

ယွမ်ချင်းက နတ်ဘုရားအလင်းတန်းတစ်ခု ထုတ်လွှတ်ပြီး ဟွမ် ချွမ်ကျီကို ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သို့သော်... မည်သို့ဖြစ်သည်မသိပေ။ ယွမ်ချင်းက နတ်ဘုရား အလင်းတန်း ထုတ်လွှတ်လိုက်သည်နှင့် ကောင်းကင်ထက်မှ ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး ယွမ်ချင်းကို ထိုးနှက် တိုက်ခိုက်လိုက်လေသည်။

ယွမ်ချင်းမှာ ရှောင်တိမ်းရန် အချိန်မရတော့ဘဲ ထိုဓားဝိညာဉ်

ကို ခုခံရန်အတွက် ဆန်းလျှန်ပေးခဲ့သည့် ဓားရှည်ကို အသုံးပြု

လိုက်ရလေသည်။

အက်ကွဲသံတစ်သံထွက်ပေါ်လာပြီး ယွမ်ချင်းလက်ထဲမှ ဓား

ရှည်မှာ ထက်ပိုင်းကျိုးသွားလေတော့သည်။

ဟွမ်ချွမ်ကျီက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး...

"ဒါလား မင်းကို တာအိုဆရာသခင်ကြီးပေးတဲ့

သက်သေခံပစ္စည်းဆိုတာ..."

ယွမ်ချင်းက ဒေါသတကြီးဖြင့်....

"ကျုပ်က မင်းကိုလိမ်ပြောစရာလား..."

ဟွမ်ချွမ်ကျီက...

"မင်းပြောတာ အမှန်ဆိုရင်လည်း အခု သက်သေခံပစ္စည်းက

ပျက်စီးသွားပြီ ၊ တာအိုဆရာသခင်ကြီးရဲ့ဆက်ခံသူဖြစ်ဖို့ မ

ထိုက်တန်တော့ဘူး...."

အခန်း (၉၉၂) ဗုဒ္ဓနှင့်တွေ့ဆုံခြင်း

ဟွမ်ချွမ်ကျီ၏ ရန်ပြုတိုက်ခိုက်မှုကိုခံရသည့်အခါ ယွမ်ချင်းက တည်ငြိမ်စွာဖြင့် ရင်ဆိုင်လိုက်လေသည်။

သူက ဓားကျိုးကို အရေးလုပ်မနေတော့ဘဲ အေးဆေးသည့် လေသံဖြင့်ပြောလိုက်သည်။

"ဟွမ်ချွမ်ကျီ.... မင်းကဘာဖြစ်ချင်တာလဲ..."

ဟွမ်ချွမ်ကျီက....

"ချင်းရှမ်တောင်က ကျယ်ပြန့်တာတော့ မှန်ပါတယ်.... ၊ ဒါပေ

မယ့် တာအိုဆရာသခင်ချင်းရှမ်ရဲ့ ဆက်ခံသူအစစ်အမှန်

ကတော့ ကျုပ်ပဲ ဖြစ်သင့်တယ်..."

ယွမ်ချင်းက....

"မင်းကဘာလို့ဖြစ်ရမှာလဲ...."

ဟွမ်ချွမ်ကျီက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း...

"မင်းနဲ့ကျုပ်က သဘာဝချင်းအတူတူပဲ ၊ ဒီအချက်ကို မင်း

လက်ခံတယ် မဟုတ်လား..."

ယွမ်ချင်းက တစ်ခဏမျှငြိမ်သက်နေပြီးမှ သက်ပြင်းတစ်ချက်

ချလိုက်ရင်း....

"လက်ခံပါတယ်..."

ဟု ပြောလိုက်လေသည်။

ယွမ်ချင်းက ထိုစကားကိုပြောလိုက်သည့်အခါ ယွမ်ချင်းကို

ထောက်ခံကြသူများမှာ အံ့အားသင့်သွားကြလေသည်။ ဟွမ်ချွ

မ်ကျီကိုထောက်ခံကြသူများကတော့ ယွမ်ချင်းထိုသို့ပြော

လိမ့်မည်ဟု ထင်မှတ်မထားကြပေ။

အကြောင်းမှာ ယွမ်ချင်းနှင့် ဟွမ်ချွမ်ကျီမှာ စိတ်နေစိတ်ထား

လုံးဝမတူသည့် ဆန့်ကျင်ဘက်လူ (၂)ယောက်ဖြစ်ကြောင်း သူ

တို့အားလုံးက လက်ခံထားကြသောကြောင့် ဖြစ်သည်။

စိတ်နေစိတ်ထားမတူသလို အကျင့်စရိုက်လည်းမတူလေရာ အ

ဘယ်မှာ သဘာဝအားဖြင့် တူညီနိုင်ပါမည်နည်း။

သို့သော်... ယွမ်ချင်းကအဘယ့်ကြောင့် ဝန်ခံရပါသနည်း။

ဟွမ်ချွမ်ကျီကတော့ အံ့အားသင့်ဟန် မရှိပေ။

"မင်းနဲ့ကျုပ် စတွေ့ကတည်းက ကျုပ်တို့စိတ်ထဲမှာ အလိုလို

နားလည်ခဲ့ကြပါတယ်...၊ အခု နှစ်ပေါင်းများစွာ ကျင့်ကြံပြီးတဲ့

နောက် ကျုပ်ဆီကထွက်ပေါ်နေတဲ့ သတ်ဖြတ်လိုတဲ့

အငွေ့အသက်တွေအကြောင်း မင်းလည်းသိမှာပါ... ၊ ဒီ

သတ်ဖြတ်လို့တဲ့အငွေ့အသက်တွေက အရင်က မင်းမှာလည်းရှိ

တာပဲလေ... ၊ ဒါပေမဲ့ တာအိုဆရာသခင်ထိုက်ယီရဲ့ သင်ပြပေး မှုကြောင့် မင်းက အဲဒီ သတ်ဖြတ်လိုတဲ့ အငွေ့အသက်တွေကို ဖိနှိပ်ထားနိုင်ခဲ့တာ ၊ ကျုပ်ပြောတာ ဟုတ်တယ်မလား..."

ယွမ်ချင်းက...

"မင်းနဲ့ ကျုပ် (၂)ယောက်စလုံးက မွေးရာပါ သတ်ဖြတ်လိုတဲ့ အငွေ့အသက်တွေ ပါရှိကြတဲ့သူတွေလေ ၊ ဒါပေမဲ့ ကျုပ်က ဒီ သတ်ဖြတ်လိုတဲ့အငွေ့အသက်တွေကို ဖိနှိပ်ထားတာက ကိလေသာမြူမှုံတွေကို ပယ်သတ်ချင်တာကြောင့်ရယ် မဟုတ် ပါဘူး ၊ ကျုပ်သာ ဒီလိုမလုပ်ရင် အနာဂတ်မှာ ကြီးလေးတဲ့ ပြစ်မှုတွေကျူးလွန်တဲ့ လူသတ်သမားတစ်ယောက် ဖြစ်လာမှာ ကို ကြောက်ရွံ့မိလို့ပဲ..."

ဟွမ်ချွမ်ကျီက...

"ဒါက မွေးရာပါ ဗီဇပဲ ၊ မင်းက အဲဒါကို အတင်းအကျပ် ပြောင်းပြန်လှန်ပစ်ဖို့ ကြိုးစားနေတာပဲ ၊ အဲဒါ စည်းကမ်းချိုး

ဖောက်တာပဲ မဟုတ်လား ၊ မင်းသာ သဘာဝတရားကို နားမ

လည်ဘူးဆိုရင် တာအိုဆရာသခင်ကြီးတစ်ပါးရဲ့ ဆက်ခံသူ

ဖြစ်လာဖို့ အရည်အချင်းမရှိဘူး..."

ဟွမ်ချွမ်ကျီက ခဏနားပြီး စကားဆက်ပြောလိုက်သည်။

"လူသားက လူ့လောကလမ်းစဉ်ကိုလိုက်တယ် ၊ လူ့လောက

လမ်းစဉ်က မိုးကောင်းကင်လမ်းစဉ်ကို လိုက်တယ် ၊

မိုးကောင်းကင်လမ်းစဉ်က တာအိုလမ်းစဉ်နောက်ကိုလိုက်

တယ် ၊ တာအိုလမ်းစဉ်က သဘာဝနောက်ကိုလိုက်တယ်... ၊

မင်းက သဘာဝတရားကို ဖျက်စီးပစ်တာပဲ ၊ မင်းရဲ့ မူလဗီဇ

သဘာဝကို ဖျက်စီးပစ်မှတော့ မင်း ကျုပ်ကို ဘယ်လိုလုပ် ယှဉ်

နိုင်မှာလဲ ၊ လောကမှာ တာအိုမဟာလမ်းစဉ်တွေ အများကြီးရှိ

တယ် ၊ ဒါပေမဲ့ မင်းသွားတဲ့လမ်းကတော့ အတော်လေး မ

ကောင်းတဲ့လမ်းပဲ ၊ မင်းနဲ့ကျုပ် အားလုံးက လူသားတွေပါပဲ ၊

မင်းရော ကျုပ်ရော တာအိုဆရာသခင်ထိုက်ယီရဲ့ တရားတွေ

ကို ကြားနာခဲ့ကြဖူးတာပဲ ၊ ဘယ်ဟာကအမှား ဘယ်ဟာက

အမှန်ဆိုတာ မင်းနားလည်သင့်တယ်..."

ယွမ်ချင်းက ပေါ့ပါးသည့်လေသံဖြင့်...

"တာအိုဆရာသခင်ချင်းရှမ်ဟောတဲ့တရားထဲမှာတော့ သဘာဝ

အတိုင်းပဲလို့ အပြစ်ပုံချပြီး မဆင်မခြင်ပြုမူတာတွေကို လက်မ

ခံဘူးတဲ့ ၊ ဒီတော့ မင်းပြောတဲ့စကားနဲ့ မတူပြန်ဘူး..."

ဟွမ်ချွမ်ကျီက...

"အဲဒီနေ့က တာအိုဆရာသခင်ထိုက်ယီနဲ့ တာအိုဆရာသခင်ချ

င်းရှမ် တိုက်ခိုက်ကြတဲ့ပွဲကို မင်းရော ကျုပ်ရော တွေ့မြင်ခဲ့ကြ

တာပဲ မဟုတ်လား ၊ တာအိုဆရာသခင်ချင်းရှမ်က တာအိုဆရာ

သခင်ထိုက်ယီကို အသာစီးရအောင် မတိုက်ခိုက်နိုင်ခဲ့ပါဘူး ၊

ပြောရရင် သူက တာအိုဆရာသခင်ကြီးတစ်ပါး ဟုတ်မဟုတ်

ဆိုတာတောင် မသေချာဘူး..."

ယွမ်ချင်းက ပြုံးလိုက်ပြီး...

"ဒီလိုသာဆိုရင် ကျုပ် တာအိုဆရာသခင်ချင်းရွှမ်ရဲ့ ဆက်ခံသူ

အဖြစ် နေရာယူတာကို မင်းက ကျုပ်နဲ့ ဘာလို့ တိုက်ခိုက်စရာ

အကြောင်းရှိသေးလဲ ၊ မင်းက တာအိုဆရာသခင်ထိုက်ယီရဲ့

ဆက်ခံသူလုပ်မယ်ဆိုရင် ကျုပ် မင်းနဲ့ တိုက်ခိုက်စရာ

အကြောင်းမရှိဘူး ၊ ဒါပေမဲ့ မင်းက တာအိုဆရာသခင်ချင်းရွှမ်

အပေါ်မှာ ဒီလိုစကားမျိုးပြောရဲသလား..."

ဟွမ်ချွမ်ကျီ စကားမမပြောနိုင်တော့ပေ။

သူက အလွန် စိတ်ဆိုးဒေါသထွက်နေသည့်အတွက်

စိတ်လိုက်မာန်ပါ ပြောလိုက်ခြင်း ဖြစ်လေသည်။

အမှန်တော့... တာအိုဆရာသခင်ချင်းရွှမ်က ယွမ်ချင်းကို

သူ၏ဆက်ခံသူအဖြစ် သတ်မှတ်သွားခြင်းကို ဟွမ်ချွမ်ကျီ

လုံးဝ လက်မခံနိုင်ဖြစ်နေခြင်း ဖြစ်လေသည်။

ဟွမ်ချွမ်ကျီက တာအိုတရားအရာတွင်ရော ၊ တန်ခိုးစွမ်းအား အရာတွင်ပါ ယွမ်ချင်းထက်သာသည်ဟု သူ့ကိုသူယူဆထားခဲ့ သည်။

သို့သော် ဆန်းလျန်က အဘယ့်ကြောင့် သူ့ကို အသိအမှတ်မပြု ဘဲ ယွမ်ချင်းကို အသိအမှတ်ပြုခဲ့ရပါသနည်း။

ထို့ကြောင့် ဟွမ်ချွမ်ကျီက အကြောင်းပြချက်မခိုင်လုံ ၊ ကျိုး ကြောင်းမဆီလျော်ဘဲ ယွမ်ချင်းကို ပုတ်ခတ်တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

ထို့ပြင် သူပြောနေသည့်စကားများကလည်း တာအိုဆရာသခင် ထိုက်ယီ၏ စကားများကို လိုရာဆွဲပြီး ချိုးဖျက်ပြောဆိုနေခြင်း ဖြစ်လေသည်။

သုံးလောကနှင့် လမ်းကြောင်း (၆)ခုတွင် တာအိုဆရာသခင် ကြီးများထံမှ ဖုံးကွယ်ထားနိုင်သည့်အရာ တစ်ခုမှ မရှိပေ။

တာအိုဆရာသခင်ကြီးများသာ အသေးအဖွဲ့ကအစ ဂရုစိုက်တတ်ပြီး သဘောထားသေးသိမ်သူများ ဖြစ်ကြပါက ဟွမ်ချွမ်ကျီ၏ စကားများကြောင့် တာအိုဆရာသခင်ထိုက်ယီသည်လည်း အမျက်ထွက်မည်ဖြစ်ပြီး တာအိုဆရာသခင်ချင်းရွှမ်ကလည်း လက်ဖျောက်တစ်ချက်တီးလိုက်သည်နှင့် သေကိန်းစိုက်ရမည် ဖြစ်သည်။

ဟွမ်ချွမ်ကျီ မည်သို့ စကားဆက်ပြောရမှန်းမသိတော့ပေ။

သို့သော်... သူ့အနေဖြင့် ပြောစရာစကားမရှိလျှင် လုပ်စရာအလုပ်ကိုသာ လုပ်ရပေတော့မည်။

သူက သူလျှောက်ချင်သည့်လမ်းကို လျှောက်ရမည်ဖြစ်သည်။

သူကျင့်ကြံချင်သည့် ကျင့်စဉ်ကို ကျင့်ကြံမည်ဖြစ်သည်။

ထို့ကြောင့် ယနေ့အငြင်းပွားမှုတွင် သူ့အနေဖြင့် ယွမ်ချင်းကို မည်သည့်နည်းနှင့်မှ အလျှော့မပေးနိုင်ပေ။

ဟွမ်ချွမ်ကျီက ယွမ်ချင်းကို ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ယွမ်ချင်းက သူ့ကို စိတ်စွမ်းအားဖြင့်ဆက်သွယ်ပြီး စကားပြောလိုက်လေသည်။

"မင်းနဲ့ ကျုပ်ရဲ့ကြားက အငြင်းပွားမှုက ကိုယ်ရေးကိုယ်တာကိစ္စပဲလေ ၊ ဘာလို့ တခြားသူတွေကို ပွဲထိုင်ကြည့်ခိုင်းနေမှာလဲ ၊ ဒီနေ့ည သန်းခေါင်ယံအချိန်မှာ ကောင်းကင်လောက်မြင့်ပြီး သမုဒ္ဒရာလောက်ကျယ်ပြန့်တဲ့ နေရာတစ်ခုကိုရှာပြီး တိုက်ခိုက်ကြမယ်လေ ၊ ဘယ်လိုလဲ..."

ဟွမ်ချွမ်ကျီက ယွမ်ချင်းကို လူရှေ့သူရှေ့တွင်ပင် အနိုင်ယူလိုခြင်း ဖြစ်သည်။

သို့သော်... အခြားအတွေးတစ်ခု ခေါင်းထဲဝင်လာလေသည်။

ယွမ်ချင်းသည် သူနှင့်အတူတူ တောင်ပေါ်တွင် ကျင့်ကြံခဲ့သူဖြစ်ပြီး အမှန်တရားကိုသိရှိသူတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သူတို့ (၂)ယောက်အနေဖြင့် လူပုံအလယ်တွင်

တိုက်ခိုက်ရန်မှာ မလိုအပ်ကြောင်း လက်ခံလိုက်လေသည်။

ဟွမ်ချွမ်ကျီကလည်း စိတ်စွမ်းအားဖြင့်ပင် ပြန်လည်

စကားပြောလိုက်သည်။

"ကောင်းပြီ ၊ မင်း ရှုံးရင် ချင်းရှမ်တောင်ကနေ ထွက်သွားရ

မယ် ၊ ဘယ်တော့မှ ပြန်ပေါ်မလာနဲ့တော့..."

ထိုစကားကိုကြားသည့်အခါ ယွမ်ချင်းက ပြုံးလိုက်ပြီး ခေါင်း

တစ်ချက် ညိတ်ပြလိုက်သည်။

ယွမ်ချင်းဆီမှ ကတိပေးသည်ကိုသိလိုက်ရသည့်အခါ ဟွမ်ချွမ်

ကျီက ဆက်လက်မတိုက်ခိုက်တော့ရန် ဆုံးဖြတ်လိုက်သည်။

ယွမ်ချင်းကိုသာ ဤတောင်ပေါ်မှ နှင်ထုတ်နိုင်မည်ဆိုလျှင် သူ့

အနေဖြင့် ချင်းရှမ်တောင်ကို အပိုင်ရမည် ဖြစ်လေသည်။

ထိုအခါ သူက ချင်းရှမ်တောင်ပေါ်တွင် နတ်ဘုရားကျောင်းတော်တစ်ခု တည်ဆောက်ပြီး တပည့်များလက်ခံကာ အောင်မြင်ကျော်ကြားအောင် လုပ်ဆောင်မည်ဖြစ်သည်။

ထိုအခါ လူတိုင်းသည် သူနှင့် ယွမ်ချင်း မည်သူသာသည်ကို သိရှိသွားကြပေလိမ့်မည်။

ထို့နောက် ဟွမ်ချွမ်ကျီက အသံထုတ်ဖော်စကားပြောလိုက်လေသည်။

"အခုတော့ ပြောစရာမရှိတော့ဘူး ၊ နောက်တစ်ပတ်လပြည့်ညကျမှ ချင်းရှမ်တောင်ပေါ်မှာ ပြန်ဆုံကြတာပေါ့..."

ပြောပြီးသည်နှင့် ဟွမ်ချွမ်ကျီက သူ့နောက်လိုက်မည့်တစ်စုနှင့် အတူ ထွက်ခွာသွားလေတော့သည်။

အမှန်တော့ သူတို့ (၂)ယောက် တိုက်ပွဲမှာ နောက်တစ်ပတ်လပြည့်ညတွင်မဟုတ်ဘဲ ယခုည သန်းခေါင်ယံအချိန်တွင် ဖြစ်သည်ကို ယွမ်ချင်း သိရှိထားလေသည်။

ဟွမ်ချွမ်ကျီက အခြားသူများ အချိန်နှင့်နေရာ မရိပ်မိစေရန် တမင်တကာ စကားလွှဲပြောလိုက်ခြင်း ဖြစ်လေသည်။

ယွမ်ချင်း သက်ပြင်းတစ်ချက်ချလိုက်ပြီး မြေပြင်ထက်မှ ဓားကျိုးကို ကောက်ယူလိုက်သည်။

သူက ဓားကျိုးကို သေသေချာချာကြည့်လိုက်ရာ ဓားသွားထက်တွင် ရေးထိုးထားသည့် ဓားနာမည်ကို တွေ့လိုက်ရလေသည်။

"ယွမ်တုဓား..."

ဓားနာမည်က သူ့နာမည်နှင့် ဆင်တူနေသည်ကို ယွမ်ချင်း သတိပြုလိုက်မိသည်။

သူက စိတ်ထဲမှ တွေးလိုက်မိသည်။

"တာအိုဆရာသခင်ကြီးက မင်းကို နတ်ဓားတစ်လက်ဖြစ်အောင် လေ့ကျင့်ပေးဖို့ မှာသွားခဲ့တာ ၊ ဒါပေမဲ့ မမျှော်လင့်ဘဲ ကျုပ်က မင်းကို ကျိုးအောင် လုပ်လိုက်မိပြီ..."

ယွမ်ချင်း သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

ထိုအချိန်မှာပင် သူ့လက်ထဲတွင် တစ်စုံတစ်ခု ထူးခြားလာသည်ကို သတိပြုလိုက်မိသည်။

ယွမ်ချင်းက လက်ထဲမှ ယွမ်တုဓားကို တစ်ချက်ကြည့်လိုက်ရာ ဓားမှာ မကျိုးတော့ဘဲ အကောင်းအတိုင်းပြန်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဓားပြန်ဆက်သွားသည်ကို တွေ့မြင်လိုက်သည်နှင့် သူက လူအများကို ပြောလိုက်သည်။

"တာအိုရောင်းရင်းတို့၊ ကျုပ်နေတဲ့ ဂူထဲကို အရင်ပြန်နှင့်တော့မယ်..."

လူအများက...

"အစ်ကိုယွမ်ချင်း၊ အဲဒီ ဟွမ်ချွမ်ကျီက သိပ်ကို မောက်မာလွန်းတယ်၊ ကျုပ်တို့ သူ့နောက်တော့ မလိုက်နိုင်ဘူး၊ အစ်ကိုယွမ်ချင်း အကူအညီလိုတာရှိရင် ကျုပ်တို့ကို ပြောနော်..."

ယွမ်ချင်းက ပြုံးလိုက်ပြီး ...

"ဒါ ကျုပ်တို့ (၂)ယောက်ရဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာပါ ၊ မိတ်ဆွေတို့ကို ဒုက္ခမပေးချင်ပါဘူး ၊ ဒီကိစ္စကို ကျုပ်ကိုင်တွယ်နိုင်မယ်ဆိုတာ အာမခံပါတယ်..."

လူအများ တိတ်ဆိတ်သွားကြလေသည်။

ဟွမ်ချွမ်ကျီက မောက်မာသူဖြစ်သည့်အတွက် ဟွမ်ချွမ်ကျီ၏ အုပ်ချုပ်မှုအောက်တွင် သူတို့ မနေချင်ကြပေ။

သို့သော်... ယွမ်ချင်းကတော့ သဘောကောင်းသူ ဖြစ်လေရာ ယွမ်ချင်း ဟွမ်ချွမ်ကျီကို ရှုံးနိမ့်သွားမည်ကို သူတို့ စိတ်ပူပန်နေကြလေသည်။

ယွမ်ချင်းက ထိုသူများကို စိတ်မပူကြရန် ပြောမနေတော့ပေ။ သူက အားလုံးကို လက်နှစ်ဖက်ဆုပ်ဂါရဝပြုလိုက်ပြီး အဝေးသို့ ထွက်ခွာသွားလေတော့သည်။

ထိုက်ယီတောင်ထိပ်တွင် မြူနှင်းများကျဆင်းနေပြီး တောင်ပေါ်မှ သစ်ပင်များ ၊ မြက်ပင်များအားလုံး နှင်းများဖြင့် ဖုံးလွှမ်းနေကြလေသည်။

တာအိုကျင့်ကြံသူတစ်ယောက်က…

"နောက်တစ်ပတ် လပြည့်ညကျ အစ်ကိုယွမ်ချင်းနဲ့ ဟွမ်ချွမ်ကျီ တိုက်ခိုက်မှာ ၊ တိုက်ပွဲက ပြင်းထန်လိမ့်မယ် ၊ ကျုပ် အခုရက်တွေ ကျင့်ကြံပြီး စောင့်နေမယ် ၊ ဒါမှ အစ်ကိုယွမ်ချင်း အကူအညီလိုရင် ကူပြီးတိုက်ခိုက်ပေးလို့ရမယ် မဟုတ်လား…"

အားလုံးက …

"ဟုတ်တယ် ဟုတ်တယ်…"

ဟု ထောက်ခံလိုက်ကြလေသည်။

နောက်ထပ်ကျင့်ကြံသူတစ်ယောက်က…

"စောစောကပဲ အစ်ကိုယွမ်ချင်းရဲ့ လက်ထဲက ဓားကျိုးက ချက်ချင်းပြန်ဆက်သွားတာတွေ့လိုက်တယ် ၊ ဒီဓားက တာအို

ဆရာသခင်ကြီးက အစ်ကိုယွမ်ချင်းကိုပေးခဲ့တာဆိုတော့

ထူးဆန်းတဲ့ဓားတစ်လက်ဖြစ်မှာအမှန်ပဲ ၊ အဲဒီဓားက အစ်ကို

ယွမ်ချင်းကို တိုက်ပွဲမှာ အနိုင်ရဖို့ ကူညီနိုင်မှာပါ ၊ ကျုပ်တို့

သိပ်ပြီး စိတ်ပူဖို့ မလိုပါဘူး..."

မည်သို့ပင်ဖြစ်စေ သူတို့အားလုံး စိတ်ပူပန်နေကြပြီး

တောင်ထိပ်တွင် အတန်ကြာမျှ ဆွေးနွေးမှုများ ပြုလုပ်နေကြ

လေသည်။

သို့သော် ယွမ်ချင်းသာလျှင် တာအိုဆရာသခင်ချင်းရှမ်၏

ဆက်ခံသူ စစ်မှန်လျှင် ယွမ်ချင်းကို မည်သူမှ မောင်းထုတ်နိုင်

မည် မဟုတ်ပေ။

ထိုအချက်ကို တွေးတောမိသည့်အခါ သူတို့အားလုံး

စိတ်သက်သာရာ ရသွားကြပြီး သူတို့နေထိုင်ရာ နေရာများဆီ

သို့ အသီးသီး ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

ယွမ်ချင်းက သူနေထိုင်သည့် ကျောက်ဂူသို့ ပြန်ရောက်လာပြီး ယွမ်တုဓားကို ထပ်ပြီး ချိုးပစ်လိုက်လေသည်။

သို့သော်... သိပ်မကြာမီ ယွမ်တုဓားက အလိုလို ပြန်ဆက်သွား ပြန်လေ၏။

ယွမ်ချင်းက စိတ်အာရုံစူးစိုက်လိုက်ပြီး ဓားတန်ခိုးစွမ်းအားကို ထုတ်ဖော်လိုက်လေသည်။ သူ၏ ဓားတန်ခိုးစွမ်းအားများက ယွမ်တုဓားအတွင်းသို့ စီးဆင်းဝင်ရောက်လာလေသည်။

သို့သော်... သူ၏ ဓားတန်ခိုးစွမ်းအားက တိုးတက်လာခြင်း မရှိ ပေ။

မကြာမီ တစ်ခုခုမှားယွင်းနေသည်ကို ယွမ်ချင်း သိရှိသွားလေ သည်။

အကြောင်းမှာ သူ ယွမ်တုဓားအတွင်းသို့ ထည့်သွင်းလိုက်သည့် ဓားတန်ခိုးစွမ်းအားများက ချက်ချင်းပြန်ပြည့်လာလေသည်။

သို့သော်... သူ၏ တန်ခိုးစွမ်းအား (၃၀) ရာခိုင်နှုန်းခန့်ကတော့ လျော့နည်းသွားလေသည်။

ယွမ်တုဓား၏ တန်ခိုးစွမ်းအား စုပ်ယူနှုန်းကတော့ သိပ်မများဘဲ ဆီလျော်မှုရှိသည်ဟု ယွမ်ချင်းတွေးတောလိုက်သည်။

သို့သော်... ထူးခြားမှုမှာ ယွမ်တုဓားအတွင်းသို့ ထည့်သွင်းလိုက်သည့် ဓားတန်ခိုးစွမ်းအားများ ပြန်လည်ပြည့်ဝလာသည့်အခါ ယခင်ကထက်ပိုမိုသိပ်သည်းပြီး သန့်စင်နေသည်ကိုသိရှိလိုက်ရခြင်း ဖြစ်လေသည်။

ထို့ပြင်... ထိုဓားတန်ခိုးစွမ်းအားများသည် သူနှင့် ယွမ်တုဓား အကြားတွင် ကြိုးမျှင်များအလား ချိတ်ဆက်မှု ဖြစ်ပေါ်လာလေသည်။

သူ ယွမ်တုဓားကို ကြည့်လိုက်သည့်အခါ ယခင်ကထက်ပိုမိုပြီး ကြည်လင်သည်ကို တွေ့ရလေသည်။

ယွမ်ချင်းမှာ ရယ်ရမလို ငိုရမလိုပင် ဖြစ်သွားလေသည်။

အကြောင်းမှာ ယွမ်တုဓားဖြင့် ကျင့်ကြံခြင်းအားဖြင့် သူ၏တန်ခိုးစွမ်းအားများ သန့်စင်လာသလို ယွမ်တုဓားသည်လည်း ပိုမိုအသက်ဝင်လာလေသည်။

နှစ်ပေါင်းများစွာသာ ယွမ်တုဓားနှင့်အတူ ကျင့်ကြံမည်ဆိုလျှင် အလွန်အကျိုးရှိပေလိမ့်မည်။

သို့သော်... သူနှင့် ဟွမ်ချွမ်ကျီ၏ တိုက်ပွဲက အလွန်နီးကပ်နေပြီဖြစ်လေသည်။ ယခုအတိုင်းသာ ကျင့်ကြံနေမည်ဆိုလျှင် တိုက်ပွဲအမီ ဓားတန်ခိုးစွမ်းအားများ ပိုမိုတိုးတက်လာပါမည်လား မသေချာလှပေ။

ဤနည်းဖြင့်ဆိုလျှင် သူ၏တန်ခိုးစွမ်းအားများ သန့်စင်လာသည့်တိုင် တိုက်ခိုက်ရာတွင်တော့ သိပ်ပြီး အထောက်အကူပြုမည်မထင်ပေ။

ယွမ်ချင်း ပျားတုပ်နေစဉ်တွင် ဆန်းလျန်ကတော့ လင်စန်းတောင်ခြေသို့ ရောက်ရှိနေလေသည်။

တာအိုဆရာသခင်ထိုက်ယီကို တွေ့ပြီးသည့်နောက် သူ့

အနေဖြင့် ဗုဒ္ဓနှင့်တွေ့ဆုံရဦးမည် မဟုတ်ပါလား။

အခန်း (၉၉၃) လင်စန်းတောင်ကိုရောက်မှတော့ နောက်ပြန်

လှည့်စရာ အကြောင်းမရှိ

ဆန်းလျန်အတွက်တော့ လင်စန်းတောင်ကို ရှာဖွေရန်မှာ မခက်ခဲ

ပေ။

သို့သော် တောင်ပေါ်ကိုတက်ရန်မှာတော့ ထင်သလောက်

မလွယ်ကူလှပေ။

လူတိုင်း လင်စန်းတောင်ကို တွေ့မြင်နိုင်လေသည်။ လင်စန်း

တောင်သည် ဗုဒ္ဓ၏ ကိုယ်ပိုင်ခမ္မဖြင့် ဖန်ဆင်းထားသည့်

တောင်တစ်တောင် ဖြစ်သည်။

လင်စန်းတောင်ပေါ်မှ ပန်းတစ်ပွင့် ၊ သစ်ရွက်တစ်ရွက် ၊

သစ်ပင်တစ်ပင်သည်ပင်လျှင် အားလုံး ဗုဒ္ဓ၏ ခမ္မဖြင့် ဖန်ဆင်း

ထားခြင်း ဖြစ်လေသည်။

လင်စန်းတောင်သည် အမြဲတမ်း ရွေ့လျားပြောင်းလဲနေသည့်

သဘောရှိသော်လည်း ၎င်းသည် ဗုဒ္ဓ၏ အံ့သြဖွယ်ရာအမှန်

တရားကို ထင်ရှားစေသည်။

ဆန်းလျှန် လင်စန်းတောင်ခြေသို့ရောက်လာသည့်အခါ တောင်

ပေါ်မှ ရေစီးဆင်းသံအလား ထွက်ပေါ်နေသည့် ဗုဒ္ဓ၏

တရားဟောသံကို ကြားလိုက်ရလေသည်။ ဗုဒ္ဓ၏တရားသံ

သည် တောင်ခြေတစ်ခုလုံးတွင် ပျံ့နှံ့နေပြီး ဆန်းလျှန် ပတ်ပတ်လည်တွင် လွင့်ပျံလျှက် ရှိသည်။

ဆန်းလျှန်ဘေးတွင်သာ တစ်စုံတစ်ယောက် ရှိမည်ဆိုလျှင် ဆန်းလျှန်၏ ဦးခေါင်းထက်တွင် နတ်သား ၊ နတ်သမီးပေါင်း များစွာ လှည့်ပတ်ပျံသန်းနေသည့် မြင်ကွင်းကို တွေ့မြင်ကြရမည် ဖြစ်လေသည်။

တိမ်တိုက်များထက်မှ နတ်သား ၊ နတ်သမီးများသည် ပန်းများ အပြည့်ထည့်ထားသည့် ပန်းခြင်းတောင်းများကို ကိုင်ဆောင်ပြီး မွှေးရနံ့များကို ကျဲပက်ကာ ဆန်းလျှန်ကို အဆုံးမရှိ လှပသည့် နတ်ဘုံနတ်နန်းတစ်ခုသို့ ခေါ်ဆောင်သွားတော့မည့် အလား ထင်မှတ်ရသည်။

စိုးရိမ်ပူပန်မှုများအားလုံး ပျောက်ဆုံးသွားစေပြီး စကားဖြင့်ပင် ဖော်ပြ၍မရနိုင်သည့် ပျော်ရွှင်ခြင်းနှင့် စိတ်ချမ်းမြေ့ခြင်းများကို ခံစားရမည် ဖြစ်လေသည်။

ဆန်းလျှန် အပြုံးပါးပါးလေးတစ်ချက် ပြုံးလိုက်လေသည်။

ဗုဒ္ဓ၏မေမြှက တာအိုဆရာသခင်ထိုက်ယီ၏ တာအိုတရားထက် ချိုးဖျက်ရခက်နေပြီ မဟုတ်ပါလား။

အမှန်တော့ ဗုဒ္ဓသည် တာအိုဆရာသခင်ထိုက်ယီထက် သာလွန်ခြင်းမရှိသလို တာအိုဆရာသခင်ထိုက်ယီသည်လည်း ဗုဒ္ဓထက် သာလွန်ခြင်း မရှိပေ။

တာအိုတရာသခင်ထိုက်ယီ၏ တန်ခိုးစွမ်အားက ကျယ်ပျံ့နက်ရှိုင်းသည့် စကြာဝဠာကြီးအလား ဖြစ်လေသည်။ ခိုင်ကြည်သည်။ နက်ရှိုင်းသည်။ တန်ခိုးစွမ်းအားမြင့်မားသည်။

သို့သော်... ဗုဒ္ဓ၏တန်ခိုးစွမ်းအားကတော့ စကြာဝဠာကို ဖြစ်တည်စေသည့် အမှုံငယ်လေးများနှင့် ဆင်တူလေသည်။

ဆန်စေ့ ၊ သဲမှုံ ၊ မြက်ပင် ၊ ဓားသွား ၊ သေးငယ်သည့် အရာအားလုံးထဲတွင် တန်ခိုးစွမ်းအားတစ်ခုချင်းစီ တည်ရှိနေလေသည်။

ဆန်းလျှန်၏ စိတ်ကို မူးနောက်စေပြီး နှလုံးသားကို ပြောင်းဆန်အောင် လှည့်ပတ်ပစ်နိုင်စွမ်း ရှိလေသည်။

သူသာ လှည့်ဖြားခြင်းလောကသံသရာအတွင်းသို့ ကျရောက်သွားပါက ဂင်္ဂါသဲမြစ်ကမ်းမှ သဲမှုံများ၏အရေအတွက်အတိုင်း အချိန်နှင့်နေရာအတွင်း ပိတ်မိနေပြီး ပြန်လည်လွတ်မြောက်ရန်မှာ ခက်ခဲပေလိမ့်မည်။

လန်စန်းတောင်ထိပ်ရှိ ဗုဒ္ဓတရားဟောပြောရာ တာ့ရှုန်ရတနာခန်းမဆောင်ကြီးအတွင်းတွင်တော့ ဗုဒ္ဓက တရားဟောပြောခြင်းကို ရပ်လိုက်လေသည်။

ထို့နောက် ဗုဒ္ဓက ဘုန်းတော်ကြီးတစ်ပါးရှိရာသို့ လှည့်ကြည့်လိုက်ပြီး...

"ကျုပ်မှာ ရတနာပစ္စည်း (၂)ခုရှိတယ် ၊ တစ်ခုက နံနက်ခင်းမှာ တီးခတ်တဲ့ နံနက်ခင်းခေါင်းလောင်းပဲ ၊ ဒုတိယတစ်ခုကတော့ ညနေပိုင်းမှာတီးခတ်တဲ့ ညနေခင်း 'တုံး' ပဲ... ၊ အဲဒီ ရတနာ

ပစ္စည်းတွေကို တာ့လေယင်းကျောင်းတော်အဝင်တံခါးမှာ

ချိတ်ဆွဲထားပြီး အဲဒီသူကို တားဆီးထားလိုက်ပါ..."

ချက်ချင်းပင် ဘုန်းတော်ကြီး၏လက်ထဲတွင် ရတနာပစ္စည်း

(၂)မျိုးပေါ်လာလေသည်။ ထိုအရာများမှာ နံနက်ခင်း

ခေါင်းလောင်းနှင့် ညနေခင်း 'တုံး' ပင် ဖြစ်လေသည်။

"အရှင်ဘုရားပြောတဲ့အတိုင်း အမိန့်နာခံပါ့မယ်..."

ဘုန်းတော်ကြီးက ရတနာပစ္စည်းများကိုယူဆောင်ပြီး ထွက်ခွာ

သွားလေတော့သည်။

ဘုန်းတော်ကြီးထွက်ခွာသွားသည်နှင့် ကျန်ရှိသည့် ဘုန်းတော်

ကြီးများက မေးခွန်းထုတ်လိုက်ကြသည်။

"အရှင်ဘုရား... ဒီလိုလုပ်ရတဲ့ အဓိပ္ပါယ်က ဘာများလဲ..."

ဗုဒ္ဓက...

"ကျုပ် လူ့လောကအလယ်က လူတစ်ယောက်ကို ကူညီခဲ့ဖူး

တယ် ၊ အခု အဲဒီလူ ကျုပ်ကို လာရှာနေပြီ..."

ဘုန်းတော်ကြီးက...

"အရှင်ဘုရားပြောတော့ ဗုဒ္ဓရဲ့ဓမ္မက သက်ရှိသတ္တဝါတိုင်းကို ကူညီတဲ့တရားတွေ ဖြစ်တယ်ဆို..."

ဘုန်းတော်ကြီးမေးသည့်အဓိပ္ပါယ်က ဗုဒ္ဓ၏ ဓမ္မသည် သတ္တဝါ အပေါင်းကို ကူညီနိုင်သည့် တရားများဖြစ်လေရာ လူ တစ်ယောက်တည်းကို ဗုဒ္ဓက အဘယ့်ကြောင့် ကူညီရပါ သနည်း ဆိုလိုခြင်း ဖြစ်သည်။

ဗုဒ္ဓက...

"လူသားအားလုံးကို ကူညီတယ်ဆိုတာ ယေဘူယျဖြစ်တယ်၊ တစ်ယောက်တည်းကို ကူညီတယ်ဆိုတာကတော့ ရည်ရွယ်ချက်ဖြစ်တယ်..."

"သာဓု..."

အခြားဘုန်းတော်ကြီးများကလည်း သာဓုခေါ်လိုက်ကြလေ သည်။

ထို့နောက် ဗုဒ္ဓက ဆက်လက် တရားဟောပြောနေလေသည်။

ဗုဒ္ဓ၏ အသံတော်သည် ဘုန်းတော်ကြီးများအားလုံး၏ နားထဲသို့ ဝင်ရောက်လာပြီး မည်သူ့ကိုမှ ဘက်လိုက်ခြင်းမရှိဘဲ သင်ပြပေးလျှက် ရှိလေသည်။

သို့သော်... ဘုန်းတော်ကြီး တစ်ပါးစီတိုင်းအတွက် နားလည်နိုင်မှုကတော့ ကိုယ်တိုင်အပေါ်တွင်သာ မူတည်လေ၏။

ဗုဒ္ဓက တရားဟောပြောနေသော်လည်း သူ၏ မျက်လုံးများကတော့ တောင်ခြေမှ ဆန်းလျှန်ရှိရာသို့ ကြည့်ရှုလျှက် ရှိလေသည်။

ထို့နောက် ဆန်းလျှန် တောင်ခြေမှ ပျောက်ကွယ်သွားလေတော့သည်။

လင်စန်းတောင်ပေါ်သို့ တက်လာရန်မှာ ခက်ခဲလေသည်။

သို့သော်... ခက်ခဲသည်ဆိုခြင်းမှာ "မဖြစ်နိုင်ခြင်း" တော့ မဟုတ်ပေ။

မဖြစ်နိုင်ဘူးဆိုလျှင်တောင်မှ ဆန်းလျန်က ဖြစ်အောင်လုပ်မည့်သူ ဖြစ်သည်။

လောကတွင် မဖြစ်နိုင်ဆိုသည့်အရာများကိုပင် ဆန်းလျန်က သဘာဝကျကျဖြင့် ဖြစ်အောင်လုပ်နိုင်ခဲ့သည့် သာဓကများ ရှိခဲ့သည် မဟုတ်ပါလား။

တာအိုဆရာသခင်ကြီးများသည်လည်း မဖြစ်နိုင်သည်များကို ဖြစ်အောင် လုပ်ပြသူများဖြစ်ကြလေသည်။ ဤသည်မှာ လျှို့ဝှက်နက်နဲသည်ဟု ဆိုနိုင်သော်လည်း နားလည်ရန်ခက်ခဲသည့်အချက်တော့ မဟုတ်ခဲ့ပေ။

ဆန်းလျန်၏ အမြင်တွင်တော့ စကြာဝဠာကြီးသည် အွန်လိုင်းဂိမ်းတစ်ခုနှင့်ဆင်တူလေသည်။

တာအိုဆရာသခင်ကြီးများသည် ဂိမ်း၏ မူလကုဒ်နံပါတ်ဖြစ်ပြီး ဂိမ်းတစ်ခုလုံးကို နားလည်သဘောပေါက်ကာ လိုအပ်သလို စည်းမျဉ်းများ ပြောင်းလဲသတ်မှတ်နိုင်သူများ ဖြစ်ကြသည်။

သူ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာရန် နီးကပ်လာလေ

တာအိုဆရာသခင်ကြီးများ၏ အဘယ့်ကြောင့် စိတ်ခံစားချက်

ကင်းမဲ့ရသည်ကို မိုမိုနားလည်လာလေလေ ဖြစ်လေသည်။

စိတ်ခံစားချက်ကင်းမဲ့ခြင်းက မိမိကိုယ်ကိုထိန်းချုပ်ပြီးသား

ဖြစ်လေသည်။ ထို့ကြောင့်သာ တာအိုဆရာသခင်ကြီးများ

ကြောင့် လောကတွင် ပျက်စီးမှုများစွာ မဖြစ်ခဲ့ကြခြင်း

ဖြစ်သည်။

အသက်ရှင်သန်နေချိန်တွင် တောက်ပနေသည့်နေနှင့်လကို တွေ့

မြင်နိုင်မည် ဖြစ်ပြီး သေဆုံးသွားသည့်အချိန်တွင်တော့ နေနှင့်

လက မှောင်မိုက်သွားမည် ဖြစ်သည်။

ထို့ကြောင့် သေခြင်းနှင့်ရှင်ခြင်းကြားတွင် ကိုယ့်ကိုယ်ကိုယ်

ထိန်းချုပ်နိုင်ပါက ပြဿနာနည်းမည်ပင် ဖြစ်၏။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးများကို အမြင်သစ်တစ်

မျိုးဖြင့် နားလည်လာခဲ့ပြီ ဖြစ်သည်။

လင်စန်းတောင်သို့ ရောက်ရှိလာချိန်တွင် သူ၏ နားလည်မှုက ပိုမို နက်ရှိုင်းလာခဲ့ပြီ ဖြစ်လေသည်။

လင်စန်းတောင်သို့ တက်ရာလမ်းတစ်လျှောက် ဆန်းလျန်၏ ခြေထောက်အောက်ရှိ မြေမှုန့်တစ်မှုန်ချင်းစီအတွင်းထဲတွင် ဗုဒ္ဓ၏တန်ခိုးစွမ်းအား ယန္တရားများ တည်ရှိနေလေသည်။

တစ်ချိန်တည်းမှာပင် ဆန်းလျန်သည် ဗုဒ္ဓ၏ တန်ခိုးစွမ်းအားများထဲတွင် သတ္တဝါများအပေါ်တွင် ဖောက်ပြန်ခြင်း အလျဉ်းမရှိသည့် ဗုဒ္ဓ၏ ကရုဏာတရားကို ခံစားရလေသည်။

ဗုဒ္ဓသည် တာအိုဆရာသခင်ထိုက်ယီနှင့် နှစ်ပေါင်းအသင်္ချေ ယှဉ်ပြိုင်တိုက်ခိုက်နေခဲ့သော်လည်း သတ္တဝါများအပေါ် ထားရှိသည့် ဗုဒ္ဓ၏ကရုဏာတရားနှင့် မေတ္တာတရားကတော့ လှည့်စားခြင်းမဟုတ်သည့် အစစ်အမှန် ဖြစ်လေသည်။

ဆန်းလျန် ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ဗုဒ္ဓ၏ ကရုဏာ တရားကို ခံစားရလေသည်။

သတ္တဝါများသည် လူ့လောက ဒုက္ခပင်လယ်တွင် ကူးခတ်နေကြသူများဖြစ်သောကြောင့် ဗုဒ္ဓက သနားကရုဏာထားရှိခဲ့ခြင်းဖြစ်လေသည်။

ဗုဒ္ဓ၏ ကရုဏာကို ခံစားရပြီးနောက် ဆန်းလျန်သည် လူ့လောက ဒုက္ခပင်လယ်ကို စတင်ခံစားရလေတော့သည်။ လင်စန်းတောင်ထက်သို့ တက်နေသည့် ဆန်းလျန်၏ ခြေလှမ်းများသည် လူ့လောကဒုက္ခပင်လယ်မှ ရှိသမျှ ဒုက္ခများကို သယ်ပိုးထားရသည့်အလား စတင် ခံစားလာရလေသည်။ ဆန်းလျန် ထိုဒုက္ခတရားများကို ဖယ်ရှားမပစ်နိုင်ခဲ့ပေ။ အကြောင်းမှာ သူက ဗုဒ္ဓနှင့် အကြောင်းအကျိုး ပတ်သက်ခဲ့သူဖြစ်ပြီး ဗုဒ္ဓကို အကြွေးတင်နေခဲ့သောကြောင့် ဖြစ်လေသည်။ ဆန်းလျန်၏ ခြေလှမ်းများ လေးလံလာလေ ပတ်ဝန်းကျင်မှ သစ်ပင်များ ၊ ဝါးပင်များ ၊ ကျောက်ဆောင်များသည်လည်း ယိမ်းထိုးလှုပ်ရှားလာလေ ဖြစ်လေသည်။

သူ၏မျက်လုံးများ မှိတ်လိုက်လျှင် နတ်သား ၊ နတ်သမီးများ ထံမှ မွှေးရနံ့များကလည်း ယခုတိုက်ရရှိနေဆဲ ဖြစ်လေသည်။ ထို့ပြင် သူ၏ စိတ်အာရုံတွင် မြက်ပင်များ ယိမ်းယိုင်နေသည် ကို တွေ့မြင်ရပြီး အသက်ဓာတ်စွမ်းအားအနည်းငယ်ကို ခံစားရ လေသည်။

မွှေးရနံ့နှင့် အသက်ဓာတ်စွမ်းအားများက ဆန်းလျန်၏ ဝန်ထုပ်ဝန်ပိုးများကို အနည်းငယ် ဖြေလျှော့ပေးလေသည်။ ဗုဒ္ဓက ဆန်းလျန်ကို လူ့လောက၏ဆင်းရဲဒုက္ခများကို မြည်းစမ်းစေချင်သလို ချိုမြိန်မှုကိုလည်းသိရှိစေလိုဟန် ရှိ လေ၏။

တာအိုဆရာသခင်ထိုက်ယီကိုသာ အရင်တွေ့ဆုံခဲ့ခြင်းမရှိဘဲ ဗုဒ္ဓကိုသာ အရင်ဆုံး လာရောက်တွေ့ဆုံခဲ့လျှင် ဆန်းလျန်၏ နှလုံးသား ဤမျှခိုင်မာမှုမရှိဘဲ တုန်လှုပ်မိမည် ဖြစ်လေသည်။

သို့သော် ယခုတော့ သူက တာအိုဆရာသခင်ထိုက်ယီ၏

ထိပ်တန်းတန်ခိုးစွမ်းအားကို ရင်ဆိုင်ပြီးဖြစ်သည့်အတွက် စိတ်

တည်ငြိမ်လျှက် ရှိလေသည်။

သူက သမိုင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အရာအားလုံးကို

လွှမ်းမိုးလိုခဲ့သည်။

လင်စန်းတောင်ထိပ်သို့ ရောက်လုလုအချိန်တွင် ဆန်းလျန်က

သူ့လက်များထက်တွင် တံဆိပ်တော်တစ်ခုကို ဖန်ဆင်းလိုက်

လေသည်။

ထိုစည်းတံဆိပ်သည် လှုပ်ရှားခြင်းအလျှဉ်းမရှိသည့် ရူပနတ်

ဘုရားမင်းကြီးတံဆိပ်တော် ဖြစ်လေသည်။

ဆန်းလျန်လက်ထဲမှ တံဆိပ်တော်ကို ရူပနတ်ဘုရားမင်းကြီးပင်

လျှင် ပျက်စီးသွားအောင် တိုက်ခိုက်နိုင်မည် မဟုတ်ပေ။ လင်

စန်းတောင်၏ နက်နဲမှုကို သဘောပေါက်ခဲ့သည့်အတွက် ဆန်း

လျှန်က ထိုတံဆိပ်တော်ကို ထုတ်ဖော်အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

တံဆိပ်တော်ကို ထုတ်ဖော်လိုက်သည်နှင့် ဆန်းလျှန် ပိုမိုတည်ငြိမ်လာလေသည်။ တံဆိပ်တော်၏ တန်ခိုးစွမ်းအားကို မှီခိုပြီး ဆန်းလျှန် တာအိုတန်ခိုးစွမ်းအားတစ်ခုကို ထုတ်ဖော်လိုက်သည်။

ဆန်းလျှန် ထုတ်ဖော်လိုက်သည့် တန်ခိုးစွမ်းအားက တည်ငြိမ်ပြီး ယင်နှင့်ယန်အပါအဝင် လောက၏ စည်းမျဉ်းများအားလုံးကို ချိုးဖျက်တော့မည့်အလား ခံစားရစေသည်။

သို့သော်... လောကရှိ စည်းမျဉ်းများအားလုံးက ရွေ့လျားနေပြီး အတားအဆီးများကို ကျော်ဖြတ်ရန်မှာ ခက်ခဲလှလေသည်။

တာ့လေယင်းကျောင်းတော်...။

တာ့လေယင်းကျောင်းတော်သို့ ရောက်ရှိရန် ဆန်းလျန် မည်မျှ အချိန်ကြာခဲ့သည်လည်း မသိရှိနိုင်ပေ။

တာ့လေယင်းကျောင်းတော်ကို တွေ့မြင်ရသည့်အခါ ဒဏ္ဍာရီထဲ ရှိ စာပေများတွင်ရေးသားထားသည်ထက် ပိုမိုခမ်းနားသည်ကို တွေ့မြင်လိုက်ရလေသည်။

တာ့လေယင်းကျောင်းတော်တံခါးကို ဖြတ်ကျော်ပြီးလျှင် တာ့ရှု န်ရတနာခန်းမသို့ရောက်ရှိပြီး ဗုဒ္ဓကို တွေ့မြင်ခွင့်ရမည် ဖြစ် လေသည်။

သို့သော်... ဆန်းလျန် တာ့လေယင်းကျောင်းတော်အတွင်းသို့ မ ဝင်ခင် အဝင်တံခါးတွင် ရတနာပစ္စည်း (၂)ခုကို တွေ့မြင်လိုက် ရလေသည်။

တာ့လောယင်းကျောင်းတော်ဆိုသည့် ဆိုင်းဘုတ် ဘေး တစ်ဖက်တစ်ချက်စီတွင် ခေါင်းလောင်းတစ်ခုနှင့် 'တုံး' တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

နံနက်ခင်းခေါင်းလောင်းနှင့် ညနေခင်း 'တုံး'...။

ထိုရတနာပစ္စည်းများ၏ မူလဇာစ်မြစ်ကို ဆန်းလျန် သိရှိလေသည်။

နံနက်ခင်းခေါင်းလောင်းနှင့် ညနေခင်း 'တုံး' မှာ စည်းစိမ်ချမ်းသာကြွယ်ဝစေသည်ဟု လောကတစ်ခွင်တွင် ကျော်ကြားသည့် ရတနာပစ္စည်းများ ဖြစ်လေသည်။

ဆန်းလျန်သည် ဗုဒ္ဓကျမ်းဂန်များထဲတွင် ဖော်ပြထားသည့် လူ့လောကဒုက္ခပင်လယ်နှင့် ထူးဆန်းသည့်အိပ်မက်အကြောင်းကို ပြန်လည်စဉ်းစားနေမိသည်။

"မိုးကုတ်စက်ဝိုင်းသို့ လှမ်းမျှော်ကြည့်လိုက်လျှင် တစ်ဖက်ကမ်းကိုတွေ့မြင်နိုင်မည်..."

နံနက်ခင်းခေါင်းလောင်းနှင့် ညနေခင်း 'တုံး' ကို တွေ့မြင်လိုက်ရသည်နှင့် ဆန်းလျန်၏ နားထဲတွင် ထိုကျမ်းစာရွတ်ဆိုသံကို ကြားလိုက်ရလေသည်။

ထို့နောက် ဆန်းလျန်က ရှေ့သို့ ခြေတစ်လှမ်းတိုးကာ တာ့လေ

ယင်းကျောင်းတော်အတွင်းသို့ဝင်ရန် ကျောက်တုံး

လှေကားထစ်များအတိုင်း လှမ်းတက်လာခဲ့လေသည်။

သူ၏ ခြေလှမ်းများတွင် မည်သည့်တန်ခိုးစွမ်းအားမှ မပါရှိဘဲ

ကျောက်တုံးလှေကားထစ်များကို ညင်ညင်သာသာပင်

ဖြတ်သန်းသွားလေသည်။

"နောက်ပြန်လှည့်ရင် တစ်ဖက်ကမ်းကို တွေ့ရလိမ့်မယ် ... ဆန်း

လျန်..."

ဗုဒ္ဓ၏အသံက သူ့နားထဲသို့ ဝင်ရောက်လာလေသည်။

ထိုစကားသံထဲတွင် လုံးဝ ခံစားချက်ပါဝင်ခြင်း မရှိပေ။

သို့သော်... ဆန်းလျန်ကတော့ သူ့ရှေ့တွင် တစ်ခုတည်းသော

လမ်း ရှိနေသည့်အလား ရှေ့ဆက်လျှောက်လာလေသည်။

ကျောက်တုံးလှေကားထစ်များကို ဖြတ်ကျော်နေရင်း ဆန်းလျန်

ခေါင်းကိုငုံ့ကာ သူ့ခြေထောက်များကို ကြည့်လိုက်သည်။

ထိုအခါ သူ၏ ခြေထောက်များသည် အိပ်မက်ဆန်စွာ ေ၀၀ါး

လျှက် ရှိသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတက်ကြွစွာ လုပ်ဆောင်ခဲ့သည့်အရာအားလုံးသည် အိပ်မက်

များလေလား...။ သို့မဟုတ် လျှပ်စီးထဲမှ နှင်းစက်ငယ်အလား

ပျောက်ကွယ်သွားရတော့မည်လား။

အဆုံးသတ်တွင် အရာအရာသည် အိပ်မက်တစ်ခုဖြစ်နေမည်

မှာ ကြောက်ရွံ့စရာ ကောင်းလှပေသည်။

သို့သော်... ဆန်းလျန်က ကြောက်ရွံ့ခြင်း အလျဉ်းမရှိပေ။

သူက တာ့လေယင်းကျောင်းတော်အတွင်းထဲသို့ စူးစိုက်ကြည့်

လိုက်ပြီး...

"လင်စန်းတောင်ကိုရောက်မှတော့ နောက်ပြန်လှည့်စရာ

အကြောင်းမရှိတော့ပါဘူး..."

နောက်ပြန်လှည့်လျှင် တစ်ဖက်ကမ်းကို တွေ့မြင်ရမည်ဆိုလျှင် ရှေ့ဆက်သွားလျှင်လည်း တစ်ဖက်ကမ်းကို တွေ့မြင်ရမည်ပဲ မဟုတ်ပါလား။

ဆန်းလျန် ရှေ့သို့ ဆက်လက်လျှောက်လှမ်းလာလေသည်။

ထိုအချိန်... နံနက်ခင်းခေါင်းလောင်းနှင့် ညနေခင်း 'တုံး' များမှ ကျယ်လောင်သည့်အသံများ ထွက်ပေါ်လာလေသည်။

ခေါင်းလောင်းသံ ၊ တုံးခေါက်သံများသည် ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများကြားတွင် လှည့်ပတ်သွားပြီး မဆုံးမရှိသည့် သမုဒ္ဒရာကြီးတစ်ခုအလား ဆန်းလျန်ကို နစ်မြုပ်သွားစေခဲ့ သည်။

ဗုဒ္ဓ၏ တန်ခိုးစွမ်းအားက အလွန်မှ စွမ်းအားကြီးမားလွန်းပါ ပေ၏။

ဆန်းလျန် သမုဒ္ဒရာထဲတွင် ပိတ်မိနေရင်း ဗုဒ္ဓ၏ဓမ္မစွမ်းအား

သည် ကျော်လွှားဖက်ပြိုင်ရန် မည်မျှခက်ခဲကြောင်း သိရှိလိုက်

ရသည်။

သို့သော်... ဆန်းလျန်က မဆုတမနစ်ဖြင့် သမုဒ္ဒရာထဲတွင်

စိတ်ရှည်စွာ ကူးခတ်နေဆဲ ဖြစ်လေသည်။ သူ လွတ်မြောက်

ချင်သည်ဆိုလျှင် သေသေချာချာ ဂရုစိုက်လုပ်ဆောင်ရန်

လိုအပ်လေသည်။

ဆန်းလျန် လုံး၀ မဟာန်နိုင်တော့သည့်အချိန်တွင် စိတ်ကို

တည်ငြိမ်အောင်ထားလိုက်ပြီး မျက်လုံးများကို အသာ

မှိတ်လိုက်လေသည်။

ထိုအခါ တံခါးတစ်ချပ်ကို တွေ့မြင်ရလေ၏။

"အံ့ဖွယ်အမှုတံခါး..."

အဆုံးမရှိသည့် အလင်းတန်းများ တံခါးအတွင်းမှ ထွက်ပေါ်လာပြီး ဆန်းလျန်၏ ခန္ဓာကိုယ်တစ်ခုလုံးမှ အလင်းတန်းများ ထွက်ပေါ်လာလေသည်။

ဆန်းလျန်နှင့် အဆုံးမရှိသည့် စကြာဝဠာသည် အံ့ဖွယ်အမှုတံခါးမှတစ်ဆင့် ပေါင်းစည်းသွားလေသည်။

ဆန်းလျန်၏ ပတ်ပတ်လည်မှ လှိုင်းလေပြင်းထန်နေသည့် သမုဒ္ဒရာကြီးက တဖြည်းဖြည်းလှိုင်းများ ငြိမ်သက်သွားလေသည်။

ဆန်းလျန်က အံ့ဖွယ်အမှုတံခါး၏ တန်ခိုးစွမ်းအားကို မှီတည်ပြီး အဆုံးမရှိ စကြာဝဠာနှင့် အနက်ရှိုင်းဆုံး ချိတ်ဆက်ကာ

တာအိုဆရာသခင်ကြီးတစ်ပါးအလား စကြာဝဠာ၏ မူလအစ ကို ထိန်းချုပ်ရန် ကြိုးစားနေလေသည်။

အံ့ဖွယ်အမှုတံခါးသည် သက်ရှိသတ္တဝါများကို ရှုမြင်သည့် အခြားသော အမြင်တစ်ခု ဖြစ်လေသည်။

ရှမ်တုတောက်ကျွင်းနှင့် အခြားသောနတ်ဘုရားများသာဆို လျှင် ဤသို့သော တာအိုတန်ခိုးစွမ်းအားမျိုးကို အသုံးပြုနိုင် စွမ်း ရှိမည်မဟုတ်ပေ။

သူတို့သည်လည်း ဆန်းလျန်ကဲ့သို့ တာအိုဆရာသခင်ကြီး တစ်ပါး ဖြစ်လုနီးပါး အခြေအနေသို့ ရောက်ရှိနေမည်ဆိုဦး တော့ ဤသို့သောအလုပ်မျိုးကို ပြုလုပ်နိုင်စွမ်းရှိမည် မဟုတ် ပေ။

သို့သော်... ဆန်းလျန်က ကိုယ်ပိုင်လွတ်လပ်မှုကို ထိန်းသိမ်းနိုင် သူဖြစ်ပြီး အရာဝတ္ထုများနှင့် 'ငါ' ဆိုသည့်အတွကြားမှ ခြားနားချက်ကို ရှင်းရှင်းလင်းလင်း သိရှိသူ ဖြစ်လေသည်။

ဘဝသည် အိပ်မက်ပမာဆိုလျှင်တောင်မှ ဆန်းလျန်ကတော့ အိပ်မက်နှင့်လက်တွေ့ကို ခွဲခြားနားလည်သူဖြစ်သေည်။

နံနက်ခင်းခေါင်းလောင်းသံ ၊ ညနေခင်းတုံးခေါက်သံနှင့် တရားစာရွတ်ဖတ်သံများသည် ဆန်းလျန်၏ နားထဲတွင် ပဲ့တင်ထပ်လျှက်ရှိလေသည်။

သို့သော်... ဆန်းလျန်ကို နှောက်ယှက်နိုင်ခြင်း မရှိတော့ပေ။

ဆန်းလျန်၏ ပတ်ပတ်လည်မှ သမုဒ္ဒရာကြီး၏ လေများ ၊ လှိုင်းများ တစ်ဆင့်ချင်းရပ်တန့်သွားပြီး နောက်ဆုံးငြိမ်သက်သွားလေသည်။

ဆန်းလျန် မတ်တတ်ရပ်လိုက်ပြီး ရှေ့သို့ ဆက်လျှောက်သွားလိုက်သည်။ သူ ခြေလှမ်းရာနေရာတိုင်းတွင် ရေများစီးဆင်းသွားပြီး ပျောက်ကွယ်သွားကြသည်။

တာ့လေယင်းကျောင်းတော် အဝင်တံခါးတွင် ချိတ်ဆွဲထားသည့် နံနက်ခင်းခေါင်းလောင်းနှင့် ညနေခင်း 'တုံး' တို့မှာ

အက်ကွဲသွားပြီး လိပ်ပြာလေးများ ပျံသန်းသွားသည့်အလား

တစ်စစီလွင့်ပျံပြီး လေထဲသို့ ပျောက်ကွယ်သွားလေသည်။

ဆန်းလျန်၏ ပတ်ဝန်းကျင်မှ သမုဒ္ဒရာကြီးသည်လည်း သဲမှုံ

များအဖြစ် လွင့်ပြယ်သွားပြီး လေထဲသို့လွင့်မျောပျောက်ကွယ်

သွားလေတော့၏။

ဆန်းလျန် တာ့လေယင်းကျောင်းတော်အတွင်းသို့ ဝင်

ရောက်လာလေသည်။

ဆန်းလျန်၏ လှုပ်ရှားမှုကြောင့် တာ့ရှုန်ရတနာခန်းမဆောင်မှ

ဘုန်းတော်ကြီးများအားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကာ

အံ့အားသင့်သွားကြလေသည်။

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး

နောက် တာ့လေယင်းကျောင်းတော်တံခါးဝသို့ လှမ်းကြည့်

လိုက်ကြသည်။

ထိုအခါ... ကျောင်းတော်အတွင်းသို့ လှမ်းဝင်လာသည့် တာအို ဆရာလူငယ်ကို တွေ့မြင်လိုက်ကြရလေသည်။

ထိုလူငယ်မှာ ဗုဒ္ဓက ကူညီပေးခဲ့သည့် လူငယ်ဖြစ်ဟန်တူ၏။ သို့သော်... အပြုအမူကတော့ ရိုင်းစိုင်းလှသည်ဟု ခံစားလိုက်ကြရပြီး သူတို့အားလုံး၏ စိတ်ထဲတွင် ပဟေဠိဖြစ်လျှက် ရှိကြသည်။

ဘုန်းတော်ကြီးများက ဗုဒ္ဓကို လှမ်းကြည့်လိုက်ကြသည့်အခါ တွင်တော့ ဗုဒ္ဓက နေရာမှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ဆန်းလျန်က ခန်းမဆောင်အပြင်ဘက်ရှိ လေးထောင့်ပုံသဏ္ဍာန် ကျောက်သားပြင်ကွက်လပ်ကို ဖြတ်ကျော်လာပြီးနောက် ကြာ လွှင်ထက်မှ ဗုဒ္ဓ ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်ရ သည်။

ဆန်းလျန် ကောင်းကင်ထက်သို့ မော့ကြည့်လိုက်ရာ အဆုံးမရှိ သည့်တိမ်တိုက်များကြားထဲတွင် ဗုဒ္ဓကို တွေ့မြင်လိုက်ရလေ သည်။

တစ်ချိန်တည်းမှာပင် ကြီးမားသည့်လက်ဖဝါးကြီးတစ်ဖက် ကောင်းကင်ထက်မှ ဆန်းလျန်ရှိရာသို့ တိတ်ဆိတ်စွာဖြင့် ကျ ရောက်လာလေ၏။

ထိုလက်ဖဝါးကြီးကို လောကတွင် မည်သူမှ ရှောင်တိမ်းနိုင်ကြ မည် မဟုတ်ပေ။ ဆန်းလျန်သည်လည်း မည်သည့်နေရာ ပြေးပုန်းရမည် မသိပေ။

ဆန်းလျန်က ချက်ချင်းပင် တံခါး (၂)ချပ်ကို အသုံးပြုကာ လက်ဖဝါးကြီးကို တားဆီးထားလိုက်လေသည်။

ထိုတံခါး (၂)ချပ်မှာ အံ့ဖွယ်အမှုတံခါးနှင့် ရှမ်မင်တံခါး ဖြစ် လေ၏။

ထူးဆန်းသည့် တံခါး (၂)ချပ်မှာ ကောင်းကင်ထက်မှ ကြီးမားသည့် လက်ဖဝါးကြီးနှင့် ရိုက်ခတ်မိသွားလေသည်။

လောကကို တုန်လှုပ်စေသည့် ပေါက်ကွဲမှုများလည်း ထွက်ပေါ်လာခြင်း မရှိသလို ပြင်းထန်သည့် အရှိန်အဟုန်များလည်း ထွက်ပေါ်လာခြင်း မရှိပေ။

အံ့ဖွယ်အမှုတံခါးနှင့် ရှမ်မင်တံခါးတို့မှာ လောကတစ်ခုလုံးရှိ နတ်ဘုရားနှင့် နတ်မိစ္ဆာများအားလုံးကို ထိတ်လန့်တုန်လှုပ်စေနိုင်သည့် တန်ခိုးစွမ်းအားမြင့်မားသည့် တံခါးများ ဖြစ်ကြလေသည်။

သို့သော်... ကောင်းကင်ထက်မှကျလာသည့် ကြီးမားသည့် လက်ဖဝါးကြီးနှင့် ရင်ဆိုင်လိုက်ရသည့်အခါ တံခါး (၂)ချပ်လုံးမှာ သဲမှုံများအလား တစ်စစီ ပျက်စီးသွားရလေတော့၏။

နောက်ဆုံးတော့ ဆန်းလျန်၏ လက်ဖဝါးနှင့် ဗုဒ္ဓ၏ လက်ဖဝါး ရိုက်ခတ်မိသွားလေသည်။

လေးထောင်ပုံသဏ္ဍာန်ကျောက်သားကွက်လပ်ထက်တွင်

လက်ဖဝါးရာကြီးတစ်ခု ဖြစ်ပေါ်လာပြီး ဆန်းလျန်ကတော့ ထို

နေရာတွင် ရှိမနေတော့ပေ။

ဗုဒ္ဓ၏လက်ဖဝါးဖြင့် ရိုက်မိပြီး အမှုန့်ဖြစ်သွားပြီလား ၊

သို့မဟုတ် ထွက်ပြေးလွတ်မြောက်သွားပြီလား မသိရပေ။

သို့သော် ထွက်ပြေးလွတ်မြောက်ရန်တော့ ဖြစ်နိုင်ချေ နည်းပါး

လွန်းလှသည်။

ကောင်းကင်မှကျလာရောက်လာသည့် ဗုဒ္ဓလက်ဖဝါးမှ

လွတ်မြောက်ရန်မှာ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်သည့် ကိစ္စ

ပင် မဟုတ်ပါလား။

ထို့နောက် တာ့ရှုန်ရတနာခန်းမအတွင်းရှိ ကြာပလ္လင်ထက်တွင်

ဗုဒ္ဓက ပြန်ပေါ်လာလေသည်။

"သုံးလောကမှာ ဒုက္ခတွေချည်းပဲရှိတယ်ဆိုတာ ကျုပ် သိမြင်ခဲ့

တယ် ၊ အဆုံးသတ်မှာတော့ သတ္တဝါတိုင်းဟာ သေခြင်းတရား

ကို မလွန်ဆန်နိုင်ကြပါဘူး ၊ အဆုံးသတ်မှာ ဘာမှ မရှိတော့ပါဘူး ၊ ဘဝတစ်ခုအစကနေ ဘဝတစ်ခုအဆုံးထိ သေခြင်းရှင်ခြင်းစည်းမျဉ်းဆိုတာ ဒါပါပဲ... ၊ ဒါပေမဲ့ ဗလာနယ်နဲ့ ဆင်တူတဲ့ မရှိမှုတရားကို သိရှိသွားမယ်ဆိုရင်တော့ လွတ်မြောက်ခွင့်ရနိုင်လိမ့်မယ်..."

ဗုဒ္ဓ၏ တရားစကားမှာ နိဗ္ဗာနကျမ်းစာအကြောင်းဖြစ်ပြီး ယခင်ကလည်း ဟောကြားဖူးသည့်တရား ဖြစ်လေသည်။

ထိုတရားက လောက (၃)ပါးနှင့် လူပြန်ဝင်စားခြင်း

လမ်းကြောင်း (၆)သွယ်ကို ရည်ညွှန်းပြီး သေခြင်းရှင်ခြင်းကင်းမဲ့သည့် နိဗ္ဗာန်ကို ရှင်းလင်းပြောပြခြင်း ဖြစ်သည်။

ဗုဒ္ဓက "ဗလာနယ်နှင့်ဆင်တူသည့်မရှိမှုတရား" ဟု ပြောလိုက်ချိန်တွင် ဆန်းလျန်၏ အခြေအနေက မည်သို့ ရှိနေပါသနည်း။

ဆန်းလျန်သည် အနာဂတ်အချိန်ကာလမှ သမိုင်းကြောင်းတည်ရှိရာ အတိတ်သို့ ရောက်ရှိလာသူ ဖြစ်လေသည်။

ထို့ကြောင့်... ဆန်းလျန်သည် "မရှိမှုတရား" အလား ဖြစ်လေသည်။ ယွမ်ချင်းသည်ပင် ဆန်းလျန်၏ အသက်ရှူသံနှင့် တည်ရှိမှုအား အာရုံခံ၍ မရခဲ့ပေ။

သို့သော်... ဆန်းလျန်တွင် ဆန်းလျန်ဆိုသည့် ပညတ်ချက်ရှိနေသည့်အတွက် သေခြင်းရှင်ခြင်းကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထိုအကြောင်းကြောင့်ပင် ဆန်းလျန် ဗုဒ္ဓကို အရှုံးပေးလိုက်ရခြင်း ဖြစ်၏။

ဗုဒ္ဓက တရားဟောနေသော်လည်း ဘုန်းတော်ကြီးများကတော့ စောစောက တာအိုဆရာလူငယ် မည်သူဖြစ်သည်ကို သိရှိချင်နေကြသည်။

နောက်ဆုံးတွင်တော့ သိချင်စိတ်ကို အောင့်မထားနိုင်တော့ဘဲ ဘုန်းတော်ကြီးတစ်ပါးက စတင် မေးခွန်းထုတ်လေတော့၏။

"အရှင်ဘုရား... စောစောက တာအိုဆရာလူငယ်က ဘယ်သူများလဲ..."

ဗုဒ္ဓက...

"သူက ချင်းရွှမ်တောင်က တန်ခိုးစွမ်းအားမြင့်မားတဲ့ နတ်ဘုရားပဲ ၊ သူက ကျုပ်နဲ့ အကြောင်းအကျိုး ပတ်သက်ခဲ့တာရှိလို့ ဒီကို ရောက်လာခဲ့တာ..."

ဘုန်းတော်ကြီးက...

"အရှင်ဘုရားက သူ့ကို ကူညီခဲ့တာပဲ ၊ ဘယ်လိုမျိုး အကြောင်းအကျိုးရှိသေးတာလဲ..."

"သံသရာလည်နေသရွေ့ အကြောင်းအကျိုးဆိုတာ ရင်ဆိုင်နေရဦးမှာပဲ ၊ လောကီကိုစွန့်ခွာပြီး သံသရာကို ကျော်လွန်နိုင်မှသာ အကြောင်းအကျိုးတွေကို ဖြတ်တောက်နိုင်မယ် ၊ ဒါပေမဲ့ အဲဒီလူငယ် လင်စန်းတောင်ကို ရောက်လာပြီးတဲ့နောက် သူနဲ့ကျုပ်ကြားမှာ ဘာ အကြောင်းအကျိုးမှ မရှိတော့ပါဘူး ၊ ဒီနေ့ အရာအားလုံး အဆုံးသတ်သွားပါပြီ..."

ဗုဒ္ဓက ပြောလိုက်လေသည်။

ဘုန်းတော်ကြီးများက...

"ဗုဒ္ဓက ကြီးမြတ်ပါပေတယ်..."

ဟု တစ်ပြိုင်တည်း ပြောလိုက်ကြလေ၏။

ဗုဒ္ဓက တစ်ချက်ပြုံးလိုက်ပြီး တရားဆက်လက်ဟောကြား

လေ၏။

ဆန်းလျန်ကတော့ ဗုဒ္ဓလက်ဖဝါးဖြင့် ရိုက်နှက်ခံလိုက်ရပြီး ရုပ်

ခန္ဓာရော စိတ်ဝိညာဉ်ပါ ပျောက်ဆုံးသွားပြီ ဖြစ်လေသည်။

ဗုဒ္ဓပြောသည့်အတိုင်းပင်ဖြစ်၏။ သူ့တွင် ရုပ်ခန္ဓာရှိနေလျှင်

သေခြင်းတရားကို ရင်ဆိုင်ရဦးမည် ဖြစ်သည်။

ဆန်းလျန် ဗုဒ္ဓကို ရှုံးနိမ့်သွားခဲ့ပြီးနောက် သူ၏ ရုပ်ခန္ဓာနှင့် စိတ်

ဝိညာဉ် ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

သူ့တွင် ဘာမှမရှိတော့ပေ။ သူသည် မရှိမှုတရားတစ်ခုအလား

ဖြစ်သွားခဲ့ပြီ ဖြစ်သည်။ တာအိုဆရာသခင်ကြီးတစ်ပါးပင်

လျှင် သူ့ကို ကယ်နိုင်တော့မည် မဟုတ်ပေ။

သို့သော်... ဆန်းလျန် လုံး၀ ပျက်စီးပျောက်ကွယ်သွားသည်ဟု တော့ ဆို၍မရပေ။ ဆန်းလျန်၏ တည်ရှိမှုဖြစ်သည့် နတ်ဘုရား စွမ်းအား သဲလွန်စလေးတစ်ခုက လောကအလယ်တွင် ကျန်ရှိ နေသေးသည်။

ထို နတ်ဘုရားစွမ်းအားသဲလွန်စလေးသည် ဗုဒ္ဓတန်ခိုးစွမ်းအား များဖြင့် အလွှာလိုက်ဖုံးလွှမ်းခံထားရပြီး သူ့အနေဖြင့် ရုပ်ခန္ဓာ ပြန်လည်ဖြစ်တည်လာနိုင်ခြင်း မရှိတော့ပေ။

ထို့ကြောင့် လောကတွင် ဆန်းလျန် နောက်တစ်ဖန် ပြန်လည် ထွက်ပေါ်လာနိုင်မည် မဟုတ်တော့ပေ။ သို့သော်...

လုံးလုံးလျားလျား ပျောက်ကွယ်သွားခြင်းလည်းမဟုတ်ပြန် ပေ။

ဆန်းလျန်သည် မရှိမှုထဲတွင် တည်ရှိနေသည့် ဝိညာဉ် အပိုင်းအစလေးတစ်ခုအလား သိစိတ်က ကပ်ငြိလျှက်ရှိနေဆဲ ဖြစ်သည်။

ဆန်းလျှန် စိတ်မကောင်းမဖြစ်မိပေ။ သို့သော်... ဗုဒ္ဓကို လေးစားမိလေ၏။ ထို့ပြင်... ဗုဒ္ဓကို မည်သို့ရင်ဆိုင်ရမည်ဆိုသည့် နည်းလမ်းကိုလည်း ဆန်းလျှန် ရှာဖွေနိုင်ခဲ့ပြီ ဖြစ်လေ၏။

ဆန်းလျှန်၏ လက်ရှိအခြေအနေကို စာကြောင်းတစ်ကြောင်းဖြင့် ဖော်ပြပါဆိုလျှင် ...

"ဒီဘက်ကမ်းလည်းမရောက် ဟိုဘက်ကမ်းလည်းမရောက်" ဟု ပြောနိုင်လေသည်။

ဒီဘက်ကမ်းဆိုသည်က သတ္တဝါများကျက်စားရာ လူ့လောကကို ဆိုလိုခြင်းဖြစ်ပြီး ဟိုဘက်ကမ်းဆိုသည်က လောကီလူ့ဘောင် ဒုက္ခပင်လယ်မှကင်းလွတ်ရာ သံသရာတစ်ဖက်ကမ်းကို ဆိုလိုခြင်းဖြစ်၏။

ယခု ဆန်းလျှန်မှာတော့ ဟိုမရောက် ဒီမရောက် လူ့လောကနှင့် သံသရာတစ်ဖက်ကမ်းကြားတွင် မျောလွင့်နေပြီ ဖြစ်လေ၏။

ဆန်းလျှန်ကိုယ်တိုင်က အစစ်အမှန်ဖြစ်တည်မှုတစ်ခု မဟုတ်တော့သည့်အတွက် လူ့လောကကိစ္စများကို ဝင်ရောက်စွက်ဖက်ရန်လည်း မဖြစ်နိုင်တော့ပေ။

အခြားဘက်ကမ်းသို့ မရောက်သေးသည့်အတွက် သံသရာကိုလည်း ကျော်လွန်နိုင်ခြင်း မရှိသေးပေ။

ဆန်းလျှန်အနေဖြင့် မိုးနှင့်မြေ၊ လောကတစ်ခွင် မည်သည့်နေရာမဆို စိတ်အာရုံတစ်ချက်ညွှတ်လိုက်သည်နှင့် ရောက်ရှိသွားနိုင်သည်။ သူသွားလိုရာသို့ လွတ်လပ်စွာ သွားလာနိုင်လေသည်။

သို့သော်... မည်သည့်အရာကိုမှ ဝင်ရောက်စွက်ဖက် ပြုလုပ်နိုင်ခြင်းမရှိဘဲ အပြင်လူတစ်ယောက်အဖြစ်သာ ကြည့်နေနိုင်လေသည်။

ဗုဒ္ဓက ဆန်းလျှန်ကို သမိုင်းထဲတွင် ပိတ်ထားလိုက်ပြီ ဖြစ်လေသည်။

အမှန်တော့... အခြားတာအိုဆရာသခင်ကြီးများကလည်း ဆန်းလျန်ကို ထိုသို့ဖြစ်စေချင်ကြလေသည်။ ဆန်းလျန်

သမိုင်းကြောင်းကို တစ်စုံတစ်ခု ပြောင်းလဲပစ်မည်ကို မည်သည့်တာအိုဆရာသခင်ကြီးကမှ အလိုမရှိကြပေ။

ထို့အတူ ဆန်းလျန်ကလည်း လက်ရှိအခြေအနေတွင် ထာဝရ ပိတ်မိနေမည်ကို ကြောက်ရွံ့ခြင်း မရှိပေ။

အကြောင်းမှာ သူ့ကိုအလှဲ့လိုက်ဖိနှိပ်ထားသည့် ဗုဒ္ဓ၏တန်ခိုးစွမ်းအားများကို ဖျက်စီးပစ်ရန် အချိန်ကာလတစ်ခုသာ လိုသောကြောင့် ဖြစ်သည်။

အချိန်အပေါ်တွင်သာ မူတည်လေသည်။

လက်ရှိအခြေအနေတွင် ဆန်းလျန်က အရာအားလုံးကို အရှိကို အရှိတိုင်း သိမြင်နေသည်။ လောက၏ မည်သည့်လျှို့ဝှက်ချက်ကိုမဆို သူသိရှိနေလေသည်။

အရာအားလုံးကို အရှိအတိုင်းသိမြင်နေသော်လည်း အရာအားလုံးကို ဝင်ရောက်စွက်ဖက်နိုင်ခြင်းငှာလည်း မစွမ်းသာဖြစ်နေရသည်။

ဤအခြေအနေက စိတ်ကူးယဉ်ဆန်ပြီး စိတ်ဝင်စားစရာလည်းကောင်းလေသည်။

ဆန်းလျန် တာ့ရှုန်ရတနာခန်းမဆောင်အတွင်းသို့ တစ်ချက်ပင်မတုန့်ဆိုင်းဘဲ ဝင်ရောက်သွားလေ၏။

ဗုဒ္ဓဟောကြားနေသည့် တရားသံကို ဆန်းလျန် ကြားနေရသည်။ ဗုဒ္ဓက နိဗ္ဗာန်နှင့်ပတ်သက်သည့်တရားအကြောင်းကို ဟောပြောနေခြင်း ဖြစ်သည်။

ခန်းမထဲတွင် မည်သူမှ ဆန်းလျန်ကို မတွေ့ရှိနိုင်ကြပေ။

သို့သော်... ဗုဒ္ဓကတော့ သူ့ကို တွေ့မြင်နိုင်ကြောင်း ဆန်းလျန်နားလည်ထား၏။

မျက်ခုံးမွေးရှည်ရှည်များပိုင်ဆိုင်ထားသည့် ဘုန်းတော်ကြီး တစ်ပါး၏မျက်ခုံးထက်သို့ ဆန်းလျန် လမ်းလျှောက်တက်သွားပြီး မျက်ခုံးမွေးရှည်များကို ဆွဲကြည့်ရန် ကြိုးစားလိုက်သည်။ သို့သော် အလုပ်မဖြစ်ပေ။

မျက်ခုံးမွေးရှည်ဘုန်းတော်ကြီးက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး သူ့စိတ်ထဲတွင် ထူးဆန်းသည့် ခံစားချက်တစ်ခုကို ခံစားလိုက်ရလေသည်။

သို့သော်... တကယ်တမ်းတွင် ဘာမှမဟုတ်သည်ကို သိလိုက်ရပြန်၏။

ဆန်းလျန်က ဗုဒ္ဓရှိရာသို့ ရောက်လာပြီး ဗုဒ္ဓ၏ ပခုံးထက်သို့ ခုန်တက်လိုက်ပြန်သည်။

ဘုန်းတော်ကြီးများသာ သတိပြုမိမည်ဆိုလျှင် ဗုဒ္ဓ၏ ပခုံးထက်မှ ရောင်ခြည်မှာ အနည်းငယ်ပိုမိုတောက်ပသွားသည်ကို သတိထားမိကြမည် ဖြစ်သည်။

ဗုဒ္ဓ သူ့ကိုလှည့်ကြည့်လိုက်သည်ကို ဆန်းလျန် တွေ့မြင်လိုက်သည်။ ထို့ကြောင့် သူက သိပ်မလှုပ်ရှားဘဲ ငြိမ်နေလိုက်လေသည်။

ဆန်းလျန်မှာ ရုပ်ခန္ဓာရော စိတ်ဝိညာဉ်ပါ ဆုံးရှုံးသွားပြီး ပြန်မလာနိုင်တော့သည်ကို ဗုဒ္ဓ ကောင်းစွာ သိလေ၏။ ထို့ကြောင့် ဆန်းလျန်ကို ဗုဒ္ဓက ဒီအတိုင်းလွှတ်ထားလိုက်လေသည်။ သို့သော်... ဆန်းလျန်သာ လုံးလုံးလျားလျား ပျောက်ကွယ်သွားပါက ယခင်က သူ ဆန်းလျန်ကို ကူညီပေးခဲ့သမျှ အလကားဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် ဆန်းလျန်ကို လုံးလုံးလျားလျား ဖျက်စီးပစ်ခြင်း မရှိဘဲ တန်ခိုးစွမ်းအား အပိုင်းအစလေးအဖြစ် ချန်ထားခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့်လည်း ဆန်းလျန်သည် အဆုံးမရှိသည့် လောကနှင့် လောကီလူ့ဘောင်၏ မပြီးပြတ်နိုင်သည့် ကိစ္စရပ်များနှင့် နတ်ဘုရားများ ၊ ကျင့်ကြံသူများ၏ အတောမသတ်နိုင်သည့်

ကျင့်ကြံခြင်းလမ်းစဉ်များစွာ အကြောင်းကို နားလည်ခဲ့ရလေ

သည်။

လောကတွင် ပြီးပြည့်စုံသူဆို၍ တစ်ဦးတစ်ယောက်မှ မရှိပေ။

ထို့ကြောင့်လည်း သံသရာရှည်ကြရခြင်း ဖြစ်လေ၏။

တာအိုဆရာသခင်ကြီးများကတော့ သဘာဝကျစွာဖြင့်

လောကမှ ထွက်ခွာပြီး သံသရာကို ကျော်လွန်နိုင်ခဲ့ကြလေ

သည်။

ထို့နောက် လောကတွင် ဗုဒ္ဓ ပေါ်ထွန်းခဲ့၏။ ဗုဒ္ဓပေါ်ထွန်းခဲ့သည့်

တိုင် သူ့သဘောသူဆောင်နေသည့် လောကကြီးသည်

ပြီးပြည့်စုံလာခဲ့ခြင်း မရှိပေ။

ဆန်းလျန်သည် တာ့လေယင်းကျောင်းတော်တွင် ဟိုဟိုဒီဒီ

သွားလာနေပြီးနောက် ဗုဒ္ဓက သူ့ကို လက်မခံချင်တော့သည်ကို

ရိပ်မိလိုက်သည့်အခါ ထွက်ခွာသွားရန် ဟန်ပြင်ရလေ

တော့သည်။

အခန်း (၉၉၅) စိတ်စွမ်းအားဖြင့် အခြေအနေများကို ဖန်တီးနိုင်

ဗုဒ္ဓသည် ဆန်းလျန်ကို သမိုင်းထဲတွင် ပိတ်ထားပြီးသည့်နောက်

များစွာသောအချိန်ကာလများ ကုန်လွန်ခဲ့လေသည်။

ဗုဒ္ဓသည်လည်း သံသရာကို ကျော်လွန်သွားပြီး လင်စန်းတောင်

သည်လည်း လောကမှ ပျောက်ကွယ်သွားခဲ့သည်။

သို့သော်… လင်စန်းတောင်တွင် ဗုဒ္ဓတရားများကို နားထောင်ခဲ့ကြသည့် ဘုန်းတော်ကြီးများကတော့ လောကတွင် ကျန်ရစ်ခဲ့ကြသည်။

သူတို့က ဗုဒ္ဓ၏ တရားဓမ္မကို နားထောင်ပြီး ကျင့်ကြံခဲ့ကြသူများဖြစ်သည့်အတွက် တန်ခိုးစွမ်းအားလည်း အတော်အတန်ရှိကြသည်။ ထို့ပြင် သူတို့အားလုံး၏ စိတ်နေစိတ်ထားများကလည်း မတူညီကွဲပြားကြလေသည်။

သို့သော်… ဗုဒ္ဓဟောပြောခဲ့သည့် တရားအနှစ်သာရများကို အပြည့်အဝနားလည်သူ တစ်ယောက်မှ မရှိခဲ့ကြပေ။

ထို့ကြောင့်ပင် နှစ်ပေါင်းအသင်္ချေမက ကြာမြင့်သည့်အခါ အယူအဆနှင့် စိတ်နေစိတ်ထား မတူညီကြသည့် ဘုန်းတော်ကြီးများကြောင့် ဗုဒ္ဓဘာသာသည် ကျောင်းတော်ကြီး (၈)ခု အဖြစ် ဂိုဏ်းကွဲသွားလေသည်။

ထိုကျောင်းတော်ကြီး (၈)ခုမှာ…

ဆန်းလွမ်ကျောင်းတော် (ဖွာ့ရှင်းဂိုဏ်း) ၊ ယွိကျားကျောင်းတော် (ဖွာ့ရှန်းဂိုဏ်း) ၊ ထျန်းထိုင်ကျောင်းတော် ၊ ရှန်းရှိုးကျောင်းတော် (ဟွာယန်ဂိုဏ်း) ၊ ချန်ကျောင်းတော် ၊ ကျင်းထူကျောင်းတော် ၊ လွိကျောင်းတော် ၊ မီကျောင်းတော်(ကျန်းယန်ကျောင်းတော်) တို့ဖြစ်လေ၏။

နှစ်ပေါင်းအသင်္ချေအတွင်း ... ဤလောကတွင် နတ်ဘုရားများ ၊ နတ်မိစ္ဆာများလည်း တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာခဲ့ကြလေသည်။

ထိုသူများထဲတွင် တန်ခိုးစွမ်းအားမြင့်မားသလောက် စိတ်ထားခက်ထန်ပြီး လောကကို ဖျက်စီးလိုသူများ ပါဝင်လေရာ တာအိုဆရာများ ၊ ဘုန်းတော်ကြီးများက ထိုသူများကို နှိမ်နင်းရလေ့ရှိကြသည်။

ထိုသို့ဖြင့် ဗုဒ္ဓဘာသာနှင့် တာအိုဝါဒသည် ကမ္ဘာပေါ်တွင် တဖြည်းဖြည်းကြီးစိုးလာသည့်အနေအထားသို့ ရောက်ရှိခဲ့သည်။

ယွမ်ကျိုးနယ်တွင်တော့ အလွန်ထင်ရှားသည့် တာအိုဝါဒ နတ်ဘုရားကျောင်းတော်ကြီး (၄)ခု ပေါ်ထွက်လာခဲ့လေ၏။

ထိုနတ်ဘုရားကျောင်းတော်ကြီး (၄)ခုတွင် လျှို့ဝှက်ဆန်းကျယ်ဆုံးသော ကျောင်းတော်မှာ ထိုက်စန့်နတ်ဘုရားဂိုဏ်း ဖြစ်လေသည်။

သို့သော်... တန်ခိုးစွမ်းအား အမြင့်မားဆုံးအဖြစ်သတ်မှတ်ခံရသည့် ကျောင်းတော်ကြီးကတော့ ချင်းရှမ်နတ်တံခါး ဖြစ်လေ၏။

ကနဦးကာလ နှစ်ပေါင်း (၇၀၀) ကြာပြီးသည့်နောက် တာအိုဆရာယွမ်ချင်းက မရဏာစားတစ်လက်ဖြစ်သည့် ယွမ်တုစားကို ကျင့်ကြံအောင်မြင်ခဲ့လေသည်။

ကျင့်ကြံသူလောကတွင် ယွမ်ချင်း၏ ဓားသိုင်းကို ယှဉ်နိုင်သူ

တစ်ယောက်မှ မရှိခဲ့ပေ။

အစိကနတ်ဘုရားကျောင်းတော်ကြီး (၄)ခုနှင့် ဗုဒ္ဓဘာသာ

ကျောင်းတော်ကြီး (၈)ခုတွင် ယွမ်ချင်းကို အံတုယှဉ်ပြိုင်နိုင်သူ

တစ်ယောက်မှ ပေါ်ထွက်လာခဲ့ခြင်း မရှိပေ။

ပြောရမည်ဆိုလျှင် ယွမ်ချင်းလောက်ကျော်ကြားသည့် နတ်

ဘုရား ၊ နတ်မိစ္ဆာ ပေါ်ထွက်လာခြင်း မရှိသေးဟု ဆိုနိုင်

လေ၏။

ထို့ကြောင့် အရှေ့ပင်လယ်ဒေသနှင့် ယွမ်ကျိုးနယ်တောင်ပိုင်း

ဒေသတစ်ခုလုံးတွင် ချင်းရှမ်နတ်တံခါး၏ ဩဇာအာဏာ ပျံ့နှံ့

လွှမ်းမိုးထားခဲ့လေသည်။

ကံကောင်းသည်မှာ ယွမ်ချင်းက အာဏာကိုမက်မောသည့်

လူစားမျိုး မဟုတ်ပေ။

ထို့ကြောင့် သူကလည်း မည်သူ့ကိုမှ သွားရောက်ရန်စ ထိပါး

ခြင်းမရှိသလို သူ့ကိုလည်း မည်သူမှ ရန်စရဲခြင်း မရှိကြပေ။

ထို့ကြောင့် ချင်းရွှမ်နတ်တံခါး၏ ဩဇာလွှမ်းမိုးရာဒေသတွင်

မည်သည့်ပြဿနာမှ ကြီးကြီးမားမား မဖြစ်ခဲ့ပေ။

ယွမ်ချင်း၏လက်ထက်တွင် ချင်းရွှမ်နတ်တံခါးသည်

တစ်နေ့တခြား တိုးတက်လာပြီး ယခုဆိုလျှင် ချင်းရွှမ်

တောင်၏ တောင်ထိပ် (၅)ခုတွင် ဆရာသခင် အယောက်

(၅၀၀)နှင့် တပည့်ပေါင်းများစွာ ရှိနေပြီဖြစ်သည်။

သို့သော်... ချင်းရွှမ်တောင်က ကျယ်ပြန့်လွန်းလေရာ ထိုမျှ

လူဦးရေသည်ပင် ကျဲပါးသည်ဟု ဆိုနိုင်သေး၏။

ချင်းရွှမ်တောင်၏ တောင်ထွတ် (၅)ခုတွင် ထိုက်ယီတောင်ထိပ်

က ဝိညာဉ်စွမ်းအား အမြင့်မားဆုံး ဖြစ်လေသည်။

ယွမ်ချင်းသည် ချင်းရွှမ်နတ်တံခါးကို တည်ထောင်ခဲ့သူဖြစ်

သည့်အတွက် အစဉ်အလာနှင့် အဆင့်အတန်းအရ ထိုက်ယီ

တောင်ထိပ်တွင် ယွမ်ချင်းတစ်ယောက်တည်းသာ နေထိုင်လေသည်။

ချင်းရှမ်နတ်တံခါး၏ ဂိုဏ်းချုပ်မှာလည်း ယွမ်ချင်းပင်ဖြစ်သလို ဂိုဏ်းထဲတွင် တန်ခိုးစွမ်းအား အမြင့်မားဆုံးမှာလည်း ယွမ်ချင်းသာလျှင် ဖြစ်သည်။

တစ်ခါတရံ ယွမ်ချင်း ကျင့်ကြံခြင်းအဆင့်တက်ရောက်သည့် အခါ ကြီးမားသည့် တန်ခိုးစွမ်းအားပေါက်ကွဲမှုများ ဖြစ်ပေါ်လေ့ရှိသည်။

ထိုအခါ ထိုက်ယီတောင်ထိပ်တွင် အခြားသူများနေထိုင်ပါက မတော်တဆ ဒဏ်ရာရသွားနိုင်လေသည်။ ထို့ကြောင့်လည်း ယွမ်ချင်းက ထိုက်ယီတောင်ထိပ်တွင် တစ်ယောက်တည်း နေထိုင်ခြင်း ဖြစ်သည်။

လောကတွင် ကျင့်ကြံခြင်းအဆင့်တက်သွားသည့် ကျင့်ကြံသူတိုင်းက ကြီးမားသည့် တန်ခိုးစွမ်းအားပေါက်ကွဲမှုများ ဖြစ်ပေါ်

တတ်လေသည်။ သို့သော်... ယွမ်ချင်းကတော့ ထိုသူများနှင့်မ
တူဘဲ တန်ခိုးစွမ်းအားပေါက်ကွဲမှု ပိုမိုပြင်းထန်တတ်လေ၏။
ယွမ်ချင်း၏ ကျင့်ကြံခြင်းအဆင့်ကလည်း နက်ရှိုင်းသည်ထက်
နက်ရှိုင်းလာပြီး သူ၏ ကျင့်ကြံခြင်းသည် ယွမ်တုဓားအပေါ်
တွင် အခြေခံလေသည်။

သူ၏ တာအိုနှလုံးသားအတွင်းမှ သတ်ဖြတ်လိုသည့်
အငွေ့အသက်များနှင့် ယွမ်တုဓား၏ သတ်ဖြတ်လိုသည့်
အငွေ့အသက်များ ပေါင်းစပ်ကျင့်ကြံရခြင်း ဖြစ်လေသည်။
ယွမ်တုဓားက ပိုမိုထက်မြက်လာလေလေ သူ၏နှလုံးသားထဲမှ
သတ်ဖြတ်လိုသည့်အငွေ့အသက်များကလည်း ပိုမိုများပြား
လာလေ ဖြစ်သည်။

ယွမ်ချင်းက မွေးရာပါ သတ်ဖြတ်လိုသည့်အငွေ့အသက်များကို
ပိုင်ဆိုင်သူဖြစ်သည်။ ယခုတော့ သူက ယွမ်တုဓားဖြင့် နတ်မိစ္ဆာ
များ ၊ မကောင်းသည့် နတ်ဘုရားများကို သုတ်သင်ရှင်းလင်း

ပစ်တိုင်း သတ်ဖြတ်လိုသည့်အငွေ့အသက်များက ပိုမိုများပြား

လာလေ့ရှိသည်။

သူ၏ တာအိုတန်ခိုးစွမ်းအားက တစ်ဆင့်မြင့်လာလေ မိစ္ဆာ

စွမ်းအားကလည်း တစ်ဆင့်မြင့်လာလေပင် ဖြစ်သည်။

ယွမ်ချင်း၏ တန်ခိုးစွမ်းအား မြင့်မားလာလေလေ သတ်ဖြတ်

လိုသည့် မိစ္ဆာစွမ်းအားများကလည်း ပိုမိုမြင့်မားစွာ ပေါင်းစပ်

လာလေ ဖြစ်လေသည်။

ဤသို့ဖြစ်နေသည်ကို လုံးလုံးလျားလျား ထိန်းချုပ်နိုင်ခြင်းသာ

မရှိလျှင် တစ်ချိန်တွင် သူသည် လူသတ်မိစ္ဆာတစ်ယောက်

ဖြစ်လာနိုင်ဖွယ် ရှိလေသည်။

ထိုသို့ တွေးမိလေတိုင်း လည်ပင်းထဲတွင် ငါးရိုးစူးနေသည့်

အလား ယွမ်ချင်း မသက်မသာ ခံစားရစမြဲဖြစ်သည်။

ထိုသို့ဖြစ်လာရသည့်အကြောင်းရင်းမှာလည်း ယွမ်တုဓား

ကြောင့်သာ ဖြစ်သည်ဟု ဆိုနိုင်သည်။

သူက မေးရာပါ သတ်ဖြတ်လိုသည့်အငွေ့အသက်များဖြင့် မေး ဖွားလာသူဖြစ်သော်လည်း သူ၏ကျင့်ကြံခြင်းတန်ခိုးစွမ်းအား ဖြင့် ထိုသတ်ဖြတ်လိုသည့် အငွေ့အသက်များကို ဖိနှိပ်ထားနိုင် ခဲ့သည်။

သို့သော် ဆန်းလျန်က သူ့ကို ယွမ်တုဓားပေးအပ်ခဲ့ပြီး နောက်ပိုင်း သူ၏တန်ခိုးစွမ်းအားများကို ယွမ်တုဓားနှင့် ပေါင်းစပ်ကျင့်ကြံခဲ့သည်။

ဟွမ်ချမ်ကျီကို ယွမ်တုဓားဖြင့် အနိုင်ယူတိုက်ထုတ်နိုင်ခဲ့သည် မဟုတ်ပါလား။

ထိုနေ့ညက သန်းခေါင်ယံတိုက်ပွဲ မတိုင်မီ ယွမ်တုဓားမှ ကြောက်မက်ဖွယ်ရာ ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာခဲ့ပြီး ဟွမ် ချမ်ကျီကို အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့်ပင် ဟွမ်ချွမ်ကျိုကို ချင်းရွှမ်တောင်တွင် ဘယ်တော့မှ ခြေပြန်မချနိုင်စေရန် ယွမ်ချင်းမောင်းထုတ်နိုင်ခဲ့ပြီး ယနေ့အချိန်ထိ အောင်မြင်မှုသရဖူဆောင်းထားနိုင်ခဲ့လေ၏။

သို့သော်... ယွမ်တုစားနှင့် ကျင့်ကြံခဲ့ခြင်းက သူ ဖိနှိပ်ထားသည့် သတ်ဖြတ်လိုသည့် အငွေ့အသက်များကို ပြန်လည်ထွက်ပေါ်လာစေလေသည်။

သူ၏ ကျင့်ကြံခြင်းသည် သစ်ပင်ကြီးတစ်ပင်၏ အမြစ်များကဲ့သို့ ဖြစ်လေသည်။ သတ်ဖြတ်လိုသည့်အငွေ့အသက်များကို စုပ်ယူပြီး အဆက်မပြတ် တန်ခိုးစွမ်းအားကို ကြီးထွားနေစေခဲ့သည်။

လောကတွင် အောင်မြင်မှုရှိလျှင် ဆုံးရှုံးမှုလည်း ရှိစမြဲ ဖြစ်လေသည်။

ယွမ်ချင်း သူ့အရှေ့တွင် ပျံသန်းနေသည့် တိမ်ခိုးတိမ်ငွေ့များကို ငေးကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သူ၏ လက်ရှိကျင့်ကြံခြင်းအဆင့်နှင့်ဆိုလျှင် သူ့အနေဖြင့် ဤလောကကိုကျော်လွန်ပြီး ပိုမိုကျယ်ပြန့်သည့် လောကတစ်ခုသို့ ထွက်ခွာနိုင်ပြီဖြစ်သည်။ သို့သော်... သူရင်ဆိုင်နေရသည့် ကျင့်စဉ်လမ်းအခက်အခဲများကို မဖြေရှင်းနိုင်သည့်အတွက် အခက်တွေ့နေရသည်။

ထိုအချက်ကြောင့်ပဲ သူက လောကကိုကျော်လွန်ရန် တွန့်ဆုတ်နေမိလေသည်။

ချင်းရှမ်တောင်ပေါ်တွင်တော့ တာအိုဆရာသခင်ထိုက်ယီနှင့် တာအိုဆရာသခင်ချင်းရှမ်တို့၏ တာအိုတရားများ ကျန်ရှိနေလေသည်။ ထိုတာအိုတရားများက သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့်အငွေ့အသက်များကို ဖိနှိပ်ထားရာတွင် များစွာ အထောက်အကူပြုသည်။

သူသာ လောကကိုကျော်လွန်ပြီး အခြားနေရာသို့ ထွက်ခွာသွားမည်ဆိုပါက သူ့ခန္ဓာကိုယ်မှ သတ်ဖြတ်လိုသည့်အငွေ့အသက်

များကို ဖိနှိပ်ထားနိုင်ခြင်းမရှိဘဲ အန္တရယ်နှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိသည်။

ရုတ်တရက်... ယွမ်ချင်း အနောက်သို့ လှည့်ကြည့်လိုက်မိလေသည်။

သူ၏ အင်္ကျီလက်များတစ်ချက်လှုပ်ရှားသွားပြီး သူ့မျက်နှာထက်သို့ လေငွေ့တစ်ခု ဖြတ်သန်းရိုက်ခတ်သွားသည်ကို ခံစားလိုက်ရသည်။ ထို့နောက် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားလေသည်။

ယွမ်ချင်းက ချက်ချင်းပင် နတ်ဘုရားစိတ်အာရုံထုတ်လွှတ်ပြီး ထိုက်ယီတောင်ထွတ်တစ်ခုလုံးသို့ ဖြန့်ကျက်ကြည့်ရှုလိုက်သော်လည်း မည်သည့်အရာကိုမှ တွေ့မြင်ရခြင်း မရှိပေ။

သူ့အနားတွင် တစ်စုံတစ်ယောက်ရှိနေသည်ဟု ယွမ်ချင်း ခံစားရသည်မှာ ပထမဆုံးအကြိမ် မဟုတ်ပေ။

သူ့ကို တစ်စုံတစ်ယောက်က ကြည့်နေသည်ဟု ခံစားရပြီး သူ နှင့်လည်း အလွန်နီးကပ်လာသည်ဟု ခံစားရလေ့ရှိလေသည်။

သို့သော်... ထိုတည်ရှိမှုကို လုံးဝ တွေ့မြင်ရခြင်း မရှိပေ။ ကျင့်ကြံသူလောကတွင် ယွမ်ချင်း၏ အဆင့်က ထိပ်တန်း အဆင့် ဖြစ်လေ၏။

သို့သော်... သူ့ကိုစောင့်ကြည့်နေသူ မည်သူဖြစ်သည်ကို ယွမ် ချင်း လုံးဝ မသိရှိနိုင်သည့်အပြင် သဲလွန်စလေးတစ်ခုတလေ ပင် ရှာဖွေနိုင်ခြင်း မရှိပါပေ။

ယွမ်ချင်းက ထိုတည်ရှိမှုမှာ တာအိုဆရာသခင်ထိုက်ယီလား ၊ တာအိုဆရာသခင် ချင်းရွှမ်လားဟု တွေးလိုက်မိသည်။

သို့သော်... ထိုသူ (၂)ယောက်သည် သူ့ကို အဘယ်မှာ လာ ရောက်ကြည့်ရှုပါမည်နည်း။

သူ၏ ကျင့်ကြံခြင်းအဆင့် နက်ရှိုင်းလာလေ တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သည်အထိ ကျင့်ကြံရန်မှာ မည်သို့မှမလွယ်ကူသည်ကို သိရှိလာလေပဲ ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးများဆိုသည်က မှန်ထဲတွင်တွေ့မြင်ရသည့်ပန်းတစ်ပွင့်ပမာ ၊ ရေပြင်ထက်မှတွေ့မြင်ရသည့် လရိပ်ပမာ အလွန်မှ အိပ်မက်ဆန်လွန်းလှသည် မဟုတ်ပါလား။

သို့သော်... သူ ခန့်မှန်းသည်က မှန်ကန်နေသည်ကို ယွမ်ချင်းကိုယ်တိုင် ရိပ်မိခြင်း မရှိပေ။ ယွမ်ချင်းအနားသို့ ရောက်လာပြီး ယွမ်ချင်းကို ကြည့်နေသူမှာ ဆန်းလျန် ဖြစ်နေသည် မဟုတ်ပါလား။

ဆန်းလျန်က ယွမ်ချင်းကို တမင်သက်သက် လာရောက်ကြည့်ရှုခြင်း မဟုတ်ပေ။ သူက စိတ်ဆန္ဒရှိသည့်အတိုင်း လှည့်လည်သွားလာနေရင်း ယွမ်ချင်းရှိရာသို့ ရောက်လာခြင်းဖြစ်သည်။

ထို့ပြင် သူက အကောင်အထည်မရှိသည့် နတ်ဘုရားစွမ်းအား လေးတစ်ခုမျှသာဖြစ်လေရာ ယွမ်ချင်းအနေဖြင့်လည်း ဆန်းလျန် ဖြစ်ကြောင်း သိရှိနိုင်မည် မဟုတ်ပေ။

ဆန်းလျန်၏ လက်ရှိအခြေအနေကလည်း အစစ်အမှန်လောကကို ဝင်ရောက်စွက်ဖက်နိုင်ခြင်း မရှိသည့် အခြေအနေဖြစ်သည်။

သို့သော်... ဟာကွက်တစ်ခုကို ဆန်းလျန်သိရှိထားလေသည်။ ထိုဟာကွက်မှာ... အခြားသူများက သူ့ကို တွေ့မြင်ရခြင်းမရှိသော်လည်း သူ အခြားသူများအနားသို့ ရောက်လာသည့်အချိန်တွင် ထိုသူများ၏ စိတ်ထဲတွင် အနည်းငယ်ထူးဆန်းမှုကို ခံစားရခြင်း ဖြစ်သည်။

ထိုအရာက တန်ခိုးစွမ်းအား မဟုတ်ပေ။ ထိုအရာက စိတ်စွမ်းအားဖြစ်လေသည်။ စိတ်စွမ်းအား၏ အနက်ရှိုင်းဆုံးအရာမှာ မျှော်လင့်ချက်ဖြစ်သည်ဟု ဆိုနိုင်သည်။

"စိတ်စွမ်းအားဖြင့် အရာအားလုံးကို ပြောင်းလဲစေနိုင်သည် ၊

စိတ်စွမ်းအားဖြင့် အခြေအနေများကို ဖန်တီးနိုင်သည်"

ဟု ဗုဒ္ဓဟောပြောခဲ့သည်မှာ အမှန်ပင် ဖြစ်လေ၏။

ဗုဒ္ဓ၏တရားသည် အခြေခံကျပြီး လူတိုင်းကျင့်ကြံနိုင်သည်ကို

တွေ့မြင်နိုင်သည်။ သက်ရှိသတ္တဝါများအားလုံးသာမက တာအို

ကျင့်ကြံသူများပင်လျှင် ဗုဒ္ဓ၏ ဒဿနကို လေ့လာသင့်သည်။

ထိုသို့ဆိုလျှင် စိတ်စွမ်းအားနှင့် စိတ်စွမ်အား၏ အရေးပါပုံကို

သိရှိနိုင်ကြပေလိမ့်မည်။

ထို့ပြင် စိတ်စွမ်းအားဆိုသည်မှာ သဘာဝတရားတစ်ခု

ဖြစ်သည်။ သဘာဝတရားကို နားမလည်သည့်အတွက်

လောကကြီးက ညစ်ညမ်းနေခြင်း ဖြစ်လေ၏။

လူတစ်ယောက်သည် အကြောင်းအကျိုးကိုနားလည်ပြီး

သဘာဝတရားကို လက်ခံနိုင်လျှင် ဗုဒ္ဓ၏ဒဿနနှင့် အနီးစပ်

ဆုံး ကျင့်ကြံနိုင်သူ ဖြစ်လာပေလိမ့်မည်။

သို့သော်... တကယ်တမ်း ကျင့်ကြံရန်မှာ အလွန်ခက်ခဲလေသည်။

ခေတ်အဆက်ဆက်တွင် ဆန်းလျန်တစ်ယောက်သာလျှင် အနီးစပ်ဆုံး ကျင့်ကြံနိုင်ခဲ့ပြီး အချိန်ရေစီးကြောင်းကို ဖြတ်သန်းကာ အတိတ်ကာလသို့ အချိန်ခရီးသွားနိုင်ခဲ့သည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ... အတိတ်ကာလသို့ အချိန်ခရီးသွားနိုင်ခဲ့ပြီး တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် ဖြစ်သည့်တိုင် ယခုတော့ သမိုင်းထဲတွင် ပိတ်မိနေခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန် တစ်ခါတရံ ဗုဒ္ဓကိုပင် သတိရမိပါသေး၏။ သို့သော်... သမိုင်းထဲတွင် ပိတ်မိနေခြင်းမှ လွတ်မြောက်အောင် မည်သို့ပြုလုပ်ရမည်ကို ဆန်းလျန် အဖြေရှာတွေ့ခဲ့ပြီ ဖြစ်၏။ ထို့အတူ ဗုဒ္ဓ၏ ဓမ္မအစိပ်ပိုင်းယ်ကိုလည် ံးသဘောပေါက်သွားခဲ့ပြီ ဖြစ်လေသည်။

အဖြေကတော့ "စောင့်ဆိုင်းခြင်း" ပင် ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျှန် လောကတစ်ခွင် ပျင်းရိစွာ လှည့်လည်သွားလာရင်း အချိန်ကိုစောင့်နေခဲ့ခြင်း ဖြစ်သည်။

ယခု သူရောက်ရှိနေသည့် အချိန်သည် သမိုင်းကာလထဲတွင်ဖြစ်လေသည်။ သို့သော်... ဝင်ရောက်ပတ်သက်နိုင်ခြင်းမရှိဘဲ အရာအားလုံးကို ကြည့်ရှုနေရသည်။ ဤသည်မှာလည်း အလွန်မှ စိတ်ဝင်စားစရာ ကောင်းလှ၏။

ကြည့်ရသည်မှာ ယွမ်ချင်းသည် သိပ်မကြာမီ သတ်ဖြတ်လိုသည့်အင်္ဂွေအသက်များကို ဖြတ်ထုတ်နိုင်သည့်နည်းလမ်းကို သိရှိသွားပြီး "သွေးဓားကျင့်စဉ်" ကို မွေးဖွားဖော်ထုတ်ပေးနိုင်တော့မည့်ဟန် ရှိလေသည်။

သူ့ကို တစ်စုံတစ်ယောက်က ကြည့်နေသည်ဟု ခံစားနေရသည့် ခံစားချက်ကို အကြိမ်ပေါင်းများစွာ ခံစားခဲ့ရသောကြောင့် ယွမ်ချင်းလည်း အထူးအဆန်း လုပ်မနေတော့ပေ။

သူ နေထိုင်ရန် တည်ဆောက်ထားသည့် ချင်းရှမ်ခန်းမဆောင်
အတွင်းသို့သာ ဝင်လာခဲ့လေတော့သည်။
ထို့နောက် သူက အင်းစာရွက်တစ်ခုကို ကြိုးကြာပုံသဏ္ဍာန်
ခေါက်လိုက်ပြီး ထျန်းယွမ်တောင်ထွတ်မှ နတ်ဘုရားတစ်ပါး
ဖြစ်သည့် စန်းရှောင်ကျီကို ဆင့်ခေါ်စာပို့လိုက်သည်။
စန်းရှောင်ကျီက အသက် (၃၇၀) ပြည့်ပြီ ဖြစ်သည်။
စန်းရှောင်ကျီ ကျင့်စဉ်လမ်းသို့ လိုက်ခဲ့သည်မှာ အသက်ရှည်
ရန်နှင့် နတ်ဘုရားတစ်ပါး ဖြစ်လာရန် မဟုတ်ခဲ့ပေ။ သူက
မိုးကြိုးတန်ခိုးစွမ်းအားနှင့် လျှပ်စီးတန်ခိုးစွမ်းအားကို
အသေးစိတ် လေ့လာနေသူ ဖြစ်သည်။
သူက တန်ခိုးစွမ်းအားမြင့်မားပြီး ထျန်းယွမ်တောင်ထွတ်ကို
အုပ်ချုပ်ရသူလည်း ဖြစ်လေ၏။

နတ်ကြိုးကြာရုပ်လေးမှ ဆင့်ခေါ်သည့် သတင်းစကားကိုရရ

ချင်း စန်းရှောင်ကျီ ချင်းရှမ်ခန်းမသို့ရောက်လာကာ ယွမ်ချင်း

နှင့်ချက်ချင်းတွေ့ဆုံလေသည်။

ယွမ်ချင်းက စန်းရှောင်ကျီကိုတွေ့သည်နှင့် အလွန်ပျော်ရွှင်

ကျေနပ်သွားလေသည်။ ယခုနှစ်များအတွင်း စန်းရှောင်ကျီ၏

တန်ခိုးစွမ်းအားများ အဆမတန် မြင့်မားလာသည် မဟုတ်ပါ

လား။

ချင်းရှမ်နတ်တံခါးက တပည့်များရွေးခြယ်ရာတွင် အလွန်

စည်းကမ်းတင်းကျပ်လေသည်။

ထို့ကြောင့်... နှစ်ထောင်ပေါင်းများစွာသောအချိန်အတွင်း

အရည်အချင်းရှိသူ များစွာ ထွက်ပေါ်လာခဲ့သည်။ စန်းရှောင်

ကျီသည်လည်း အလွန်အရည်အချင်းရှိသူတစ်ယောက် ဖြစ်

သလို စိတ်နေစိတ်ထားလည်း တည်ကြည်သူ ဖြစ်သည်။

သူက မည်သည့်အရာကိုမှ အလွန်အကျွံမလုပ်တတ်သလို ထိန်းထိန်းသိမ်းသိမ်းနေထိုင်တတ်သူလည်း ဖြစ်သည်။

ယွမ်ချင်းက...

"သိပ်မကြာခင် နတ်တံခါးဖွင့်ပြီး တပည့်ရွေးခြယ်ပွဲ ပြုလုပ်ဖို့ ကျုပ် စီစဉ်ထားတယ်၊ ဒီတစ်ခေါက် တပည့်ရွေးခြယ်ပွဲကို မင်း ပဲဦးစီးပြီးလုပ်စေချင်တယ်..."

လူတစ်ယောက်၏ စိတ်ကို ထင်ယောင်ထင်မှားပုံရိပ်ယောင်များ ဖြင့် စစ်ဆေးခြင်းက မူလစိတ်နှလုံးအတွင်းမှ စစ်မှန်သည့် သဘောတရားကို ထင်ဟပ်စေသည်။

ဝမ့်ရှင်းလမ်းသို့ ရောက်လာသူများအနေဖြင့် စိတ်ဓာတ်မခိုင်မာလျှင် ရှုံးသွပ်သွားနိုင်လေသည်။ စိတ်ဓာတ်မခိုင်မာပါက ကျင့်စဉ်လမ်းသို့ လိုက်လျှောက်ပြီး အောင်မြင်မှုရရန် ခက်ခဲပေလိမ့်မည်။

ထို့ပြင် ယွမ်ချင်း ချင်းရှမ်နတ်တံခါးကို တည်ထောင်ခဲ့သည့် အဓိကအကြောင်းရင်းမှာ တာအိုဝါဒကို လက်ဆင့်ကမ်းသင်ပြပေးရန်ဖြစ်ပြီး အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ရန် မဟုတ်ပေ။

သူက လူလူချင်း ခိုက်ရန်ဖြစ်ပွားပြီး ထိခိုက်နာကျင်ခြင်းကို လိုလားသူ မဟုတ်ပေ။

ထို့ကြောင့် ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်လာနိုင်ခြင်းမရှိပါက တာအိုကျင့်ကြံသူဖြစ်ရန် မထိုက်တန်ဟု ယွမ်ချင်းက ယူဆထားသည်။

ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်လာနိုင်သည့် ပထမဆုံး လူ(၁၀)ယောက်ကို တပည့်အဖြစ်လက်ခံမည်ဟု ယွမ်ချင်းက စည်းကမ်းသတ်မှတ်ထားသည်။ (၁၀)ယောက်ဆိုသည်က များလည်းမများ ၊ နည်းလည်းမနည်းသည့်အနေအထားဟု ဆိုနိုင်သည်။

စန်းရှောင်ကျီသည် ချင်းရွှမ်နတ်တံခါး၏ အဓိကအလုပ်ကြီးတစ်ခုကို ပထမဆုံးအကြိမ် ဦးဆောင်လုပ်ကိုင်ရခြင်း ဖြစ်သော်လည်း အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့လေသည်။

သူ၏ တာအိုနှလုံးသား တစ်ချက်လှုပ်ရှားသွားပြီး တစ်စုံတစ်ခု မှားယွင်းနေပြီကို သိရှိသည်နှင့် ထိုသူကို ချက်ချင်းပင် တောင်အောက်သို့ ပြန်ပို့လိုက်လေသည်။

ချင်းရှမ်နတ်တံခါးအတွင်းသို့ ရောက်လာပြီးမှ စည်းကမ်း ဖောက်ဖျက်သည့်အတွက် နာကျင်ရခြင်းထက် အစ ကတည်းက စည်းကမ်းနှင့်မညီသူ ဂိုဏ်းထဲသို့ ရောက်မလာ သည်က ပို၍ကောင်းသည် မဟုတ်ပါလား။

သို့သော်... ယခုတစ်ကြိမ် နတ်တံခါးဖွင့်ပြီး လူရွေးခြယ်ပွဲ ပြုလုပ်သည့်အခါ အနည်းငယ် စိတ်ပျက်စရာ ကောင်းလေ သည်။

လဝက်ခန့်ကြာသွားခဲ့သည့်တိုင် ဝမ့်ရှင်းလမ်းကို ဖြတ်ကျော် လာနိုင်သူ တစ်ယောက်မှ မရှိခဲ့ကြပေ။

စန်းရှောင်ကျီက သူ၏ ကိုယ်ပိုင်လမ်းစဉ်ဖြစ်သော စန်းရှောင် ကျင့်စဉ်ဟု အမည်ပေးထားသည့် မိုးကြိုးတန်ခိုးစွမ်းအား ကျင့်စဉ်တစ်ခု တီထွင်ထားလေသည်။

သို့သော်... သူတီထွင်ထားသည့် ကျင့်စဉ်သည် ဆက်ခံသူမရှိ လျှင် ပျောက်ပျက်သွားနိုင်လေ၏။

ထို့ကြောင့် သူက သူတီထွင်ထားသည့် စန်းရှောင်ကျင့်စဉ်ကို လက်ဆင့်ကမ်းပေးရန် တပည့်တစ်ယောက်မွေးလိုခဲ့သည်။ ထိုအခါမှ သူ၏ မိုးကြိုးတန်ခိုးစွမ်းအားသည် တပည့်များမှ တစ်ဆင့် အချင်းချင်း လက်ဆင့်ကမ်းသွားနိုင်မည် ဖြစ်ပြီးသူ့ ဘဝတွင် ပထမဆုံးအောင်မြင်ခဲ့သော အောင်မြင်မှု အချည်း အနှီး ဖြစ်တော့မည် မဟုတ်ပေ။

ညအချိန်ဖြစ်လေသည်။

လေပြေအေးက ကြည်လင်အေးမြလျှက်ရှိလေသည်။ အထူးသဖြင့် ချင်းရွှမ်တောင်ပေါ်တွင် ရာသီဥတုပူလောင် ခြင်းလုံးဝမရှိပေ။ ထို့ကြောင့် ယခုလိုအချိန်တွင် လရောင် အောက်တွင် လမ်းလျှောက်ရသည်မှာ အလွန်မှပင် စိတ်ကို ကြည်လင်လန်းဆန်းစေသည်။

လှပသည့်ရှုမျှော်ခင်းကိုကြည့်ရင်း စန်းရှောင်ကျီ၏စိတ်များ ကြည်လင်ငြိမ်းချမ်းနေလေသည်။

သူက ဖြည်းဖြည်းချင်းလမ်းလျှောက်နေပြီး သူ၏ နတ်ဘုရား စိတ်အာရုံများကို မသိမသာထုတ်လွှတ်လိုက်ပြီး ဝမ့်ရှင်းလမ်းကို စစ်ဆေးကြည့်လိုက်သည်။

သူက ဒီအတိုင်း တမင်သက်သက် ကြည့်ရှုလိုက်ခြင်း ဖြစ်သော်လည်း ထူးဆန်းအံ့ဩဖွယ်ရာတစ်ခုကို တွေ့မြင်လိုက်ရပြီး အံ့အားသင့်သွားရသည်။

ညဘက်အချိန်ဖြစ်လင့်ကစား ဝမ့်ရှင်းလမ်းပေါ်သို့ လူသစ်တစ်ယောက် တက်လာလေသည်။

သို့သော်... စန်းရှောင်ကျီ အံ့ဩသွားရသည့်အချက်မှာ ဝမ့်ရှင်းလမ်းအတိုင်းတက်လာသူမှာ အသက် (၅)နှစ် ၊ (၆)နှစ်မျှသာရှိသေးသည့် မိန်းကလေးငယ်လေးတစ်ယောက် ဖြစ်နေသောကြောင့် ဖြစ်သည်။

ချင်းရှမ်တောင် ပတ်ဝန်းကျင်ဒေသများမှ ကလေးတစ်ယောက်ယောက်များ ဖြစ်မည်လားဟု စိတ်ပူသည့်အတွက်

ကလေးငယ်ကို အဝေးသို့ ပြန်ပို့လိုက်ရန် စန်းရှောင်ကျို စိတ်ကူးလိုက်မိသည်။

သို့သော် ဆရာဘိုးဘိုးယွမ်ချင်းပြောလေ့ရှိသည့် စကားတစ်ခွန်းကို သွားပြီးသတိရမိသည်။

"လောကမှာ အရာအားလုံးက ကံတရားအတိုင်းပဲ..."

ဤမိန်းကလေးငယ်လေး တောင်ပေါ်သို့တက်လာမှတော့ ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်လာနိုင်မည်လား စောင့်ကြည့်ရမည်ဖြစ်လေသည်။

ထို့ကြောင့် စန်းရှောင်ကျိုသည် မိန်းကလေးငယ်ကို ဆက်ပြီးလေ့လာစောင့်ကြည့်နေလိုက်သည်။ ကလေးမလေး အန္တရာယ်တစ်စုံတစ်ခု ရင်ဆိုင်ရပါကလည်း ကူညီရန် အသင့်ပြင်ထားလိုက်သည်။

ရုတ်တရက် ကလေးမလေးက ဝမ့်ရှင်းလမ်းထက်တွင်ရှေ့ဆက်မသွားဘဲ ရပ်တန့်လိုက်သည်။

သူမ၏ နုနယ်သည့်မျက်နှာလေးက သွေးရောင်လွှမ်းနေပြီး အနည်းငယ်မောဟိုက်နေဟန်ရှိသည်။

ကြည့်ရသည်မှာ စိတ်နှလုံးကိုစစ်ဆေးသည့် ထင်ယောင်ထင်မှန်းပုံရိပ်ယောင်များကြောင့်မဟုတ်ဘဲ သူမက မောပန်းသောကြောင့် ခဏနားဟန်တူသည်။

သူမ၏ မျက်ဝန်းလေးများက ကြည်လင်နေပြီး လေပြေတိုက်ခတ်လိုက်တိုင်း မျက်တောင်ရှည်ရှည်လေးများ လှုပ်ရှားသွားသည်မှာ ယန်လျိုရေကန်မှနံဘေးမှ မိုးမခရွက်များ လှုပ်ခတ်သွားသည့်အလား ထင်မှတ်ရသည်။

အသက်ငယ်ငယ်လေးဖြင့် ဤမျှလောက်စိတ်ဓာတ်ခိုင်မာလျှင် အသက်ကြီးလာသည့်အခါ သေချာပေါက် ထူးခြားသူတစ်ယောက် ဖြစ်လာပေလိမ့်မည်။

မိန်းကလေးက ရှေ့တည့်တည့်သို့ စိုက်ကြည့်လိုက်ရင်း...

"ဘာလဲ... မင်းကျတော့ မမောဘူးလား..."

ဟု မေးလိုက်လေသည်။

စန်းရှောင်ကျိုသာ မိန်းကလေးငယ်၏ ဘေးနားတွင် ရှိနေမည်ဆိုလျှင် မိန်းကလေး၏ မျက်ဝန်းများထဲတွင် လေထဲသို့ လွင့်မျောနေသည့် တာအိုဆရာတစ်ယောက်ရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

တာအိုဆရာက မိန်းကလေးကို ကျော်ပြီး ဆက်သွားခြင်းမပြုပေ။ ထိုတာအိုဆရာကို မိန်းကလေးငယ်၏ မျက်ဝန်းများမှလွဲပြီး အခြားသူများလည်း တွေ့မြင်နိုင်မည် မဟုတ်ပေ။

ထိုတာအိုဆရာသည်ကား ဆန်းလျန်ပင် ဖြစ်ပေ၏။

မိန်းကလေးငယ်လေးကိုတွေ့တွေ့ချင်း ဆန်းလျန်က ထိုမိန်းကလေးငယ်သည်လည်း အခြားသူများကဲ့သို့ သူ့ကိုတွေ့မြင်နိုင်မည်မဟုတ်ဟု ထင်မှတ်ထားခဲ့သည်။

သို့သော်... ထိုမိန်းကလေးငယ်၏ မူလဇာစ်မြစ်ကိုသိလိုက်သည့်အခါ ထိုသို့ မတွေးမိတော့ပေ။

ဆန်းလျန်က ကလေးမလေးခေါင်းကိုတစ်ချက်ပုတ်လိုက်ပြီး စိတ်ထဲက တွေးလိုက်သည်။

"ခုလိုပုံမျိုးလေးကျတော့ အတော်လေး ချစ်စရာကောင်းတာပဲ..."

ထို့နောက် ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်က ရုပ်ခန္ဓာမရှိဘူးလေ ၊ ဒီတော့ ဘယ်မောမလဲ..."

ဆန်းလျန် သူမခေါင်းကို ပုတ်လိုက်သည့်အတွက် မိန်းကလေးငယ်လေးက စိတ်အနှောက်အယှက်ဖြစ်ဟန် မရှိပေ။

သူမက နှုတ်ခမ်းလေးများကို တစ်ချက်ကိုက်လိုက်ရင်း...

"ရုပ်ခန္ဓာမရှိဘူးဆိုတာ ဘာကိုပြောတာလဲ..."

ဆန်းလျန်က ခေါင်းတစ်ချက်ခါရမ်းလိုက်ရင်း...

"မင်းကအခု သိပ်ငယ်သေးတယ် ၊ မင်းနားမလည်တာတွေ လောကမှာ အများကြီးရှိတာပေါ့..."

ဆန်းလျန်က တန်ခိုးစွမ်းအားအသုံးပြုပြီး မိန်းကလေးငယ်လေးကို သတင်းအချက်အလက်များ ပေးပို့ရန် ကြိုးစားလိုက်သည်။

သို့သော်... မိန်းကလေးငယ်လေးအပေါ်တွင် သက်ရောက်မှုမရှိပေ။

မိန်းကလေးငယ်လေးက ဆန်းလျန်ကို တွေ့မြင်ရပြီး စကားပြောနိုင်သည်မှာပင် သာမန်ထက် ကျော်လွန်နေပြီ ဖြစ်လေသည်။

ဆန်းလျန်အနေဖြင့် တန်ခိုးစွမ်းအားလည်း အသုံးပြုနိုင်ခြင်း မရှိသေးသလို လူ့လောကမှ ကိစ္စရပ်များကိုလည်း ဝင်ရောက်စွက်ဖက်နိုင်ခြင်း မရှိသေးပေ။

ထိုမိန်းကလေးငယ်လေးသည် "သူမ" ဖြစ်နေသည့်တိုင် ဆန်းလျန် ထိုသို့ ပြုလုပ်နိုင်စွမ်း မရှိခဲ့ပေ။

သို့သော်... မိန်းကလေးငယ်လေးနှင့် စကားပြောရခြင်း

သည်ပင် ဆန်းလျှန်အတော်လေး ပျော်ရွှင်နေပြီ ဖြစ်လေသည်။

အနည်းဆုံးတော့ သူနှင့်ဆက်သွယ်နိုင်သည့် လူတစ်ယောက်ကို

တွေ့ရှိခဲ့ပြီ မဟုတ်ပါလား။

လက်ရှိအချိန်တွင် ဆန်းလျှန်သည်လည်း အတော်လေး

အထီးကျန်နေခဲ့လေသည်။

မိန်းကလေးငယ်လေးက...

"စကားမပြောနဲ့တော့ ၊ ကျွန်မ တောင်ပေါ်ဆက်တက်လိုက်ဦး

မယ်..."

ကလေးမလေးက ထိုသို့သာပြောလိုက်သော်လည်း ကိုယ်လေး

ကို အနည်းငယ်ကိုင်းကာ ချောင်းတဟွတ်ဟွတ် ဆိုးနေလေ

သည်။

ကြည့်ရသည်မှာ တောင်ပေါ်တွင်တိုက်ခိုက်သည့်လေအေးဒဏ်

ကို သူမ ခံနိုင်ရည်ရှိဟန် မတူပေ။

သနားစရာကလေးမလေးကို ကြည့်နေရင်း ဆန်းလျန် တွေး

လိုက်မိသည်။

"ကြည့်ပါဦး... တာအိုဆရာလီချင်းဆွေက တောင်ပေါ်လေအေး

ဒဏ်ကို မခံနိုင်ဘဲ ချောင်းဆိုးနေမယ်လို့ ဘယ်သူက ထင်မှာလဲ

၊ ဒီကလေးမလေးက တာအိုဆရာလီချင်းဆွေ လူပြန်ဝင်စား

တာဆိုပေမယ့် အတူတူပါပဲလေ..."

ပုံမှန်အားဖြင့်ဆိုလျှင် ထိုမျှ အသေးအဖွဲ့ကိစ္စလေးကို ဆန်းလျန်

ဖြေရှင်းနိုင်လေသည်။

သို့သော်... လက်ရှိအချိန်တွင် ဆန်းလျန်မှာ မြင်သာမြင်တွေ့နေ

ရပြီး ကူညီနိုင်စွမ်း မရှိပေ။ ဆန်းလျန် သူမကို အတွင်းအား

လေ့ကျင့်နည်းသင်ပေးနိုင်သော်လည်း သူမ နားလည်ပါမည်

လား မသေချာပေ။

ထို့ပြင် သူမကို လောလောဆယ် အတွင်းအားလေ့ကျင့်နည်း ပညာ သင်ပေးလိုက်ပြန်လျှင်လည်း သူမ တောင်ပေါ်သို့တက် ရန် အခက်အခဲဖြစ်သွားနိုင်သည်။

သို့သော်... မိန်းကလေးငယ်သည်ကား "လီချင်းဆွေ" ဖြစ် လေ၏။

သူမ၏ ကိုယ်ရေကိုယ်သွေးနှင့် စိတ်နေစိတ်ထားက ဆန်းလျန် ပင် ဩချရလောက်သူ ဖြစ်လေရာ သူမ မည်မျှပင် မသက် မသာ ခံစားနေရပါစေ တောင်ပေါ်သို့ ခြေတစ်လှမ်းချင်းလှမ်း ကာ ဆက်တက်သွားလေတော့သည်။

နံနက်အရုဏ်တက်ချိန်တွင် သူမ ဝမ့်ရှင်းလမ်းကို ဖြတ်ကျော် ပြီး တောင်ပေါ်သို့ ရောက်ရှိသွားလေ၏။

သူမ တောင်ပေါ်သို့ရောက်ရန် အချိန်ကြာနေသည်မှာ ဝမ်းရှင်း လမ်းမှ ပုံရိပ်ယောင်များကြောင့်မဟုတ်ဘဲ တောင်ပေါ်လမ်း

ကြမ်းတမ်းခြင်းနှင့် အေးစိမ့်သည့်ရာသီဥတုကြောင့်သာ ဖြစ်

လေသည်။

ကလေးမလေးတစ်ယောက် ဝမ့်ရှင်းလမ်းကို ဖြတ်ကျော်ပြီး ချ

င်းရှမ်တောင်ပေါ်သို့ အရောက်တက်လာနိုင်ခြင်းမှာ ပြောရမည်

ဆိုလျှင် ယုံနိုင်စရာပင် မရှိပေ။

စန်းရှောင်ကျိုမှာလည်း အံ့သြမှင်တက်လျှက် ရှိလေ

တော့သည်။

ငယ်ရွယ်ပြီး ချစ်စရာကောင်းသည့် မိန်းကလေးတစ်ယောက်

သည် ဝမ့်ရှင်းလမ်းမှ ပုံရိပ်ယောင်များ၏ သက်ရောက်မှုကို

လုံးဝမခံရဘဲ တောင်ပေါ်သို့ ရောက်လာခဲ့ပြီ ဖြစ်လေသည်။

သူမ၏ အရိုးများမှထွက်ပေါ်နေသည့် မွေးရာပါတန်ခိုးစွမ်းအား

များကို စန်းရှောင်ကျို တွေ့မြင်ရခြင်း မရှိပေ။

ဤမိန်းကလေးသည် နတ်ဘုရားတစ်ပါးပါး လူပြန်ဝင်စား သူများဖြစ်လေမည်လားဟု စန်းရှောင်ကျီ တွေးလိုက်မိလေ သည်။

သူခန့်မှန်းသည်မှာ အမှန်ပင်ဖြစ်လေ၏။

ဤမိန်းကလေးငယ်သည် တာအိုဆရာလီချင်းဆွေ လူပြန် ဝင်စားသူ မဟုတ်ပါလား။

သို့သော်... သူမသည် ကံကြမ္မာအရ လူပြန်ဝင်စားခြင်း ဖြစ် သည့်အတွက် သူမ၏ ခန္ဓာကိုယ်သည် အခြားသော လူသား များနှင့် ခြားနားခြင်း မရှိပေ။

လူပြန်ဝင်စားခြင်း အမျိုးမျိုး ရှိနိုင်လေသည်။

မိုးကောင်းကင်မှ နတ်သက်ကြွေပြီး လူ့လောကသို့ ဆင်းသက် လာသည့် လူပြန်ဝင်စားခြင်းလည်း ရှိလေသည်။

ထိုသို့လူပြန်ဝင်စားခြင်းက သာမန်လူပြန်ဝင်စားခြင်းမျိုး မဟုတ်ပေ။ လူ့လောကသို့ဆင်းလာပြီး သူတို့သိက္ချမ်းသည့် တာအိုတရားများကို ပြန်လည်မျှဝေရန် ဖြစ်လေသည်။

ထို့ကြောင့် လူပြန်ဝင်စားသည့်နတ်ဘုရားသည် လုံး၀ လူ့လောကသို့ ဆင်းသက်လာခြင်းဖြစ်ပြီး ခန္ဓာကိုယ်ခွဲဖြင့် လူ့လောကတွင်ကိုယ်ခွဲတစ်ခုရှိနေပြီး မရှိမှုကျေးရွာတွင် မူလ နတ်ဘုရား ကျန်ရစ်ခဲ့ခြင်း မရှိပေ။

သို့သော်... အထူးအကြောင်းပြချက်ဖြင့် ဉာဏ်စဉ်စေလွှတ်ပြီး လူပြန်ဝင်စားခြင်းဖြစ်ပါက မရှိမှုကျေးရွာတွင် မူလနတ်ဘုရားက ကျန်ရှိနေပြီး လူ့လောကသို့ ဉာဏ်စဉ်တစ်ခုက ကိုယ်ခွဲတစ်ခုအဖြစ် လူပြန်ဝင်စား ဆင်းသက်လာခြင်းမျိုးလည်း ရှိတတ်လေသည်။

ထိုသို့သော လူပြန်ဝင်စားခြင်းဆိုလျှင်လည်း မရှိမှုကျေးရွာမှ နတ်ဘုရားက လူပြန်ဝင်စားသည့် ဉာဏ်စဉ် ပြုလုပ်သမျှ

အကြောင်းအရာများအားလုံးကို သိရှိနေတတ်ပြီး မူလနတ်ဘုရားနှင့် လူပြန်ဝင်စားသည့် ဉာဏ်စဉ်ကြားတွင်ကွဲပြားခြားနားမှု မရှိပေ။

ထို့ပြင်... မူလနတ်ဘုရားသည် လူပြန်ဝင်စားသည့် ခန္ဓာတွင်ဖြစ်ပေါ်နေသည့်အရာအားလုံးကို သိမြင်နိုင်စွမ်း ရှိလေသည်။

လီချင်းဆွေသည် လူ့လောကသို့ လုံးလုံးလျားလျား ဆင်းသက်လာခြင်းလား ၊ သို့မဟုတ် ဉာဏ်စဉ်စေလွှတ်ကာ လူပြန်ဝင်စားစေခြင်းလား။ မည်သည့်နည်းဖြင့် လူပြန်ဝင်စားလာသည်လဲ ဆန်းလျန်လည်း သိရှိခြင်း မရှိပေ။

မရှိမှုကျေးရွာတွင်သာ လီချင်းဆွေက မူလနတ်ဘုရားအဖြစ်ကျန်ရှိနေပြီး သူမ၏ ဉာဏ်စဉ်ကို လူပြန်ဝင်စားစေပြီး ချင်းရွှမ်နတ်တံခါးသို့ စေလွှတ်လိုက်သည်ဆိုပါက ဆန်းလျန် သူမခေါင်းကို ပုတ်လိုက်သည်ကို ကျိန်းသေ သိရှိပေလိမ့်မည်။

ထိုသို့သာဆိုပါက လီချင်းဆွေ စိတ်ဆိုးဒေါသထွက်သွားနိုင်လေသည်။

သို့သော်... လီချင်းဆွေ စိတ်ဆိုးသွားမည်ကို ဆန်းလျန်ကြောက်ရွံ့ခြင်း မရှိပေ။ လီချင်းဆွေ ဒေါသထွက်ပြီးလူ့လောကသို့ ကိုယ်တိုင်ဆင်းလာပါစေကြောင်း ဆန်းလျန်ကတောင်းဆုပြုလိုက်မိသေးသည်။

ချင်းဆွေသာ သူ့ကို ကူညီနိုင်မည်ဆိုလျှင် သူ့ကို ယခုရင်ဆိုင်နေရသည့် "ဟိုဘက်ကမ်းလည်းမရောက် ဒီဘက်ကမ်းလည်းမရောက်" အခြေအနေကြီးမှ လွတ်မြောက်အောင် ကူညီစေချင်မိသည်။

သို့သော်... ယခု မိန်းကလေးငယ်လေးကတော့ လူပြန်ဝင်စားသူဖြစ်လေရာ ဆန်းလျန်၏ အခြေအနေကို နားလည်ပေးနိုင်လိမ့်မည် မဟုတ်ပေ။

ကလေးမလေးက ဆန်းလျှန်ကို ထူးဆန်းသူတစ်ယောက်ဟု

ခံစားမိသော်လည်း တည်တည်ငြိမ်ငြိမ်ပင် ရှိနေလေသည်။

သူမဘေးနားတွင် ဆန်းလျှန်ရှိနေသည်ကို စန်းရှောင်ကျီ

ကတော့ သိရှိခြင်း မရှိပေ။

စန်းရှောင်ကျီက ပြုံးရွှင်စွာဖြင့်...

"မင်း ဘယ်က ရောက်လာတာလဲ ကောင်မလေး..."

မိန်းကလေးငယ်လေးက...

"မသိဘူး..."

စန်းရှောင်ကျီက...

"ဒါဖြင့် မင်း ဘာလို့ တောင်ပေါ်ကို တက်လာတာလဲ..."

မိန်းကလေးငယ်လေးက...

"ကျွန်မ..."

အမှန်တော့ သူမက တောင်ခြေတွင် ရုတ်တရက် အလိုလို

ပေါ်လာခြင်း ဖြစ်လေသည်။

သူမကို ဝမ့်ရှင်းလမ်းအတိုင်း တက်လာရန် လမ်းပြခေါ်ဆောင်လာသူမှာ ဆန်းလျန် ဖြစ်လေ၏။

ထိုအဖြစ်အပျက်များကို သူမက စန်းရှောင်ကျီကို အမှန်အတိုင်းပြောရန် ကြံရွယ်လိုက်သော်လည်း ဆန်းလျန်က သူမကို ကြည့်ပြီး "ရှူး တိုးတိုး" ဆိုသည့် ပုံစံလုပ်ပြသည့်အတွက် သူမ စကားဆက်မပြောတော့ဘဲ ရပ်တန့်လိုက်ခြင်း ဖြစ်လေသည်။

မိန်းကလေးငယ်လေး ပြောရခက်နေသည်ကို စန်းရှောင်ကျီ ရိပ်မိလိုက်သည်။ သူမခေါင်းထဲတွင် ပြောရခက်သည့် အကြောင်းကိစ္စတစ်ခု ရှိပေလိမ့်မည်ဟု စန်းရှောင်ကျီ ထင်မှတ်လိုက်မိသည်။

သူမတွင် ပြဿနာရှိနေသည့်တိုင် စန်းရှောင်ကျီ သူမကို တောင်အောက်သို့ ပြန်မလွှတ်ချင်ခဲ့ပေ။

အကြောင်းမှာ ကလေးမလေး၏ မျက်ဝန်းများကို ကြည့်လိုက်သည်နှင့် ကျောက်သားအလားခိုင်မာသည့်စိတ်ထားကို ပိုင်ဆိုင်သူဖြစ်ကြောင်း စန်းရှောင်ကျီ အကဲခတ်မိသောကြောင့် ဖြစ်လေသည်။

အနာဂတ်တွင် မိန်းကလေးငယ်လေးသည် သူ့ထက်ပင်သာသွားနိုင်သည်ဟု မိန်းကလေးငယ်လေး၏ မျက်ဝန်းများကိုကြည့်ရင်း စန်းရှောင်ကျီ တွေးလိုက်မိလေတော့သည်။

အခန်း (၉၉၇) လှိုင်းများရိုက်ခတ်ခြင်း

မိန်းကလေးငယ်လေး၏ ဇစ်မြစ်က ထူးခြားသည့်အတွက် စန်း

ရှောင်ကျိုက သူမကို တောင်ပေါ်မှ နှင်မထုတ်ချင်ပေ။

ထို့ပြင် သူမ မည်သည့်နေရာက ရောက်လာမှန်း မသိ

သည့်အတွက် မည်သည့်နေရာသို့ ပြန်ပို့ရမည်ကိုလည်း စန်း

ရှောင်ကျိုး မသိရှိပေ။

"အဟွတ်... အဟွတ်..."

မိန်းကလေးငယ်လေးက ရုတ်တရက် ချောင်းများဆိုးလာလေ

သည်။

စန်းရှောင်ကျိုက သူမ၏ ပန်းရောင်သွေးလွှမ်းနေသည့် မျက်နှာ

သေးသေးလေးကို တစ်ချက်ကြည့်လိုက်သည်။ မိန်းကလေး

ငယ်လေး၏ နှုတ်ခမ်းများကလည်း ပုံမှန်မဟုတ်စွာ ဖြူဖျော့

လို့နေ၏။

စန်းရှောင်ကျိုက ဆေးပညာနားလည်သူတစ်ယောက် မဟုတ်

ပေ။ သို့သော် သူ၏ ကျင့်ကြံခြင်းအဆင့်က မြင့်မားလေရာ

ကြည့်လိုက်သည်နှင့် မိန်းကလေးငယ်လေး နေမကောင်းဖြစ်နေ

ပြီကို ချက်ချင်းသိရှိလိုက်သည်။

သူက တစ်ချက်တုံ့ဆိုင်းနေပြီးမှ ဖန်ပုလင်းလေးတစ်ခုကို

ထုတ်ယူလိုက်လေသည်။ ဖန်ပုလင်းလေးထဲတွင် အဖြူ

တစ်ဝက် ၊ အနီတစ်ဝက်အရောင်ရှိသည့် ဆေးလုံးတစ်လုံး ရှိနေ

လေ၏။

စန်းရှောင်ကျီက ဆေးပုလင်းကို ကလေးမလေးထံသို့

သေသေချာချာ လှမ်းပေးလိုက်ပြီး...

"သောက်လိုက်... ၊ ဒါသောက်လိုက်ရင် ချောင်းမဆိုးတော့

ဘူး..."

ထိုဆေးက မည်မျှအဖိုးတန်သည်ကို မိန်းကလေးငယ်လေး

ကတော့ သိရှိခြင်း မရှိပေ။

သူမ ခေါင်းညိတ်လိုက်ပြီး ဖန်ပုလင်းလေးကို ယူလိုက်လေ

သည်။ ထို့နောက် ဖန်ပုလင်းအဖုံးကို ဖွင့်လိုက်၏။

ဖန်ပုလင်းလေးအတွင်းမှ မွှေးပျံ့သည့်အငွေ့အသက်များထွက်ပေါ်လာပြီး အခိုးအငွေ့များက မြေ့တစ်ကောင်အသွင်ပြောင်းလဲသွားလေသည်။

စန်းရှောင်ကျီမှာ ဆေးကို နှမြောလွန်းသဖြင့် ခေါင်းကိုတစ်ဖက်သို့ လှည့်ထားလိုက်မိသည်။

ထိုဆေးမှာ မြွေပုံသဏ္ဍာန်ရှိသည့် နှစ်တစ်ထောင်လင်ဇီးမှိုဖြင့်ဖော်စပ်ထားသည့် ရှားပါးဆေးဖြစ်လေသည်။ တစ်ကြိမ်ဖိုထိုးလျှင် (၉)လုံးသာ ရရှိနိုင်သောဆေးလုံး ဖြစ်လေ၏။

ဆေးစွမ်းက သိမ်မွေ့သည့်အတွက် သာမန်လူသားများစားသုံးလျှင် ချက်ချင်း အစွမ်းမပြတတ်ပေ။ သို့သော်... ဖျားနာခြင်းကိုတော့ ချက်ချင်းပျောက်ကင်းစေမည် ဖြစ်လေသည်။

ကျင့်ကြံသူများအတွက်တော့ ဤဆေးကို စားသုံးမိလျှင် ဆေးစွမ်းက ခန္ဓာကိုယ်ထဲတွင် တည်ရှိနေပြီး ဖြည်းဖြည်းချင်းအကျိုးသက်ရောက်မှုရှိလာမည် ဖြစ်လေသည်။

စန်းရှောင်ကျိုက အခြားဆေးဝါးများကို မိန်းကလေးငယ်လေး

ကို ပေးမည်ဆိုလျှင် ကလေးမလေးအနေဖြင့် ဆေးဒဏ်ကို

ခံနိုင်ရည်ရှိမည် မဟုတ်ပေ။ ထို့ကြောင့် သူက အခြားဆေးများ

ကို မပေးဘဲ ထိရောက်မှုသိမ်မွေ့သည့် ယခုဆေးကို ပေးလိုက်

ခြင်းဖြစ်လေ၏။

သို့သော်... ကလေးမလေးကို ဆေးပေးလိုက်သည့်အချိန်တွင်

သူမက မသိစိတ်ဖြင့် အလိုအလျှောက် ပေးလိုက်မိခြင်း ဖြစ်

လေသည်။ တစ်ချက်လေးပင် စဉ်းစားသမှု ပြုခဲ့ခြင်းမရှိခဲ့ပေ။

အမှန်ဆိုလျှင် သူ့အနေဖြင့် ထိုမျှအဖိုးတန်သည့်ဆေးကို အခြား

သူတစ်ယောက်ကိုပေးတော့မည်ဆိုလျှင် တစ်ခဏမျှတော့

စဉ်းစားရန်လိုအပ်သည် မဟုတ်ပါလား။

ယခုတော့... ကလေးမလေးကိုသာ တောင်အောက်သို့ ပြန်ပို့

လိုက်မည်လျှင် သူပေးလိုက်သည့်ဆေးမှာ အလဟဿ ဆုံးရှုံးမှု

ဖြစ်သွားပေလိမ့်မည်။

အမှန်တော့ စန်းရှောင်ကျီအနေဖြင့် ထိုအဖိုးတန်ဆေးကို မပေး ဘဲ မိန်းကလေးငယ်လေး ဖျားနာနေမကောင်းသည်ကို ကုသ ပေးနိုင်သည့် နည်းလမ်းများစွာ ရှိလေသည်။

မိန်းကလေးငယ်လေးကတော့ ထူးဆန်းသည့်ဆေးလုံးကို တွေ့ မြင်ရသည့်တိုင် အံ့အားသင့်ဟန် တစ်စက်မှမပြဘဲ ပုလင်းထဲမှ ဆေးလုံးကိုထုတ်ယူကာ ပါးစပ်ထဲသို့ ထည့်လိုက်လေတော့၏။ ဆေးလုံးက ကလေးမလေး၏ ပါးစပ်ထဲတွင် အရည်ပျော်သွား ပြီး ခန္ဓာကိုယ်ထဲသို့ နွေးထွေးစွာ စီးဆင်းဝင်ရောက် သွားလေ သည်။ သူမ အစောပိုင်းက ခံစားနေရသည့် ဖျားနာနေမကောင်း ဖြစ်နေခြင်းများ ချက်ချင်း ယူပစ်သလိုပျောက်သွားလေ တော့သည်။

ရေနွေးနွေးလေးသောက်လိုက်ရသည့်အလား သူမ သက်သောင့်သက်သာခံစားလိုက်ရလေသည်။ ထို့နောက်

တဖြည်းဖြည်း ငိုက်မြည်းလာပြီး မြင်ကွင်းတစ်ခုလုံး ေဝဝါး

လာလေသည်။

သူမပုံစံကိုကြည့်ပြီး စန်းရှောင်ကျီက မေးလိုက်သည်။

"မင်း ဘယ်လိုနေသေးလဲ..."

မိန်းကလေးငယ်လေးက စကားလုံး (၃)လုံဖြင့် အဖြေပြန်

ပေးလိုက်၏။

"အိပ် ချင် တယ် ..."

ထို့နောက် မိန်းကလေးငယ်၏ အနက်ရောင်မျက်ဝန်းများ

မှေးမှိတ်သွားပြီး အိပ်ပျော်သွားလေတော့သည်။

စန်းရှောင်ကျီသာ တန်ခိုးစွမ်းအားသုံးပြီး လေကို ပင့်ပေးမ

ထားခဲ့လျှင် မိန်းကလေးငယ်သည် မြေပြင်ထက်သို့ ဝုန်းခနဲ

လဲကျသွားမည် ဖြစ်လေသည်။

(၃)ရက်နှင့် (၃)ညတိတိ အိပ်ပျော်သွားပြီးနောက် မိန်းကလေး

ငယ်လေး အိပ်ယာမှနိုးလာလေသည်။

ထိုက်ယီတောင်ထိပ်တွင် လမင်းက ထိန်ထိန်သာနေပြီး လေပြေ

က လှည့်ပတ်တိုက်ခိုက်လျှက် ရှိလေသည်။

သူမ မျက်လုံးဖွင့်ဖွင့်ချင်း မြင်တွေ့လိုက်ရသူက ဆန်းလျန် ဖြစ်

လေသည်။ ထို့ကြောင့် သူမက ဆန်းလျန်ကို စကားပြောရန်

ဟန်ပြင်လိုက်သည်။

ဆန်းလျန်က...

"မင်း ငါ့ကိုစကားပြောချင်တယ်ဆိုရင် စိတ်ထဲကပဲ ပြောလိုက် ၊

ငါ ကြားရတယ်..."

မိန်းကလေးငယ်လေးက စိတ်ရှုတ်ထွေးသွားဟန်ရှိသော်လည်း

ခေါင်းညိတ်ပြလိုက်လေ၏။

သူမသည် တစ်ခုသော စမ်းချောင်းလေးနံဘေးရှိ ကြာပန်းပွင့်

ကြီးတစ်ပွင့်ထက်တွင် အိပ်ပျော်နေခြင်း ဖြစ်လေသည်။ ကြာ

ပန်းပွင့်ကြီးကို လေပွေတစ်ခုက အောက်မှပင့်ထားပေး

သည့်အတွက် မြေပြင်နှင့် ထိတွေ့ခြင်း မရှိပေ။

လေထဲတွင် ပျံသန်းနေသည့် ကျောက်ဆောင်ကြီးတစ်ခုက

သူမအထက်မှ အမိုးသဖွယ်အုပ်မိုးပေးထားသည်။

သူမက...

"ကျွန်မကို ဆေးတိုက်တဲ့ ဟို ဦးလေးကြီးရော..."

"ဟိုမှာ..."

ဆန်းလျန်က တစ်နေရာသို့ လက်ညှိုးညွှန်ပြရင်း ပြောလိုက်

သည်။

မိန်းကလေးငယ်လေးက ဆန်းလျန် လက်ညှိုးညွှန်ပြရာသို့

ကြည့်လိုက်ရာ ကြီးမားသည့်သစ်ပင်ကြီးတစ်ပင်အောက်တွင်

တရားထိုင်နေသည့် စန်းရှောင်ကျီကို တွေ့လိုက်ရလေသည်။

မိန်းကလေးငယ်က...

"ကျွန်မ ရှင်ပြောတဲ့အတိုင်း တောင်ပေါ်တော့ တက်လာခဲ့ပြီ ၊

ဘာဆက်လုပ်ရမလဲ..."

ဆန်းလျန်က...

"အခြေအနေကြည့်ပြီး မီးစင်ကြည့်ကကြတာပေါ့..."

"အင်း..."

"မင်း နိုးလာပြီလား..."

ရုတ်တရက်... စန်းရှောင်ကျီ၏ အသံက မိန်းကလေးငယ်လေး၏ နားထဲသို့ လွင့်မျောလာလေသည်။

မိန်းကလေးငယ်လေးက ခေါင်းလှည့်ကြည့်လိုက်လေရာ သူမကိုကြည့်နေသည့် စန်းရှောင်ကျီ၏ မျက်ဝန်းများနှင့် ရင်ဆိုင်လိုက်ရလေသည်။

စန်းရှောင်ကျီသည် မိုးကြိုးတန်ခိုးစွမ်းအားကို နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သူ ဖြစ်လေရာ သူ၏ မျက်ဝန်းများက အမြဲတမ်း မိုးကြိုးလျှပ်စီးများအလား ထက်ရှတောက်ပနေလေ့ရှိသည်။

ထို့ကြောင့် တောင်ပေါ်မှ ကျင့်ကြံခြင်းအဆင့်နိမ့်ပါးသည့် တပည့်ငယ်များသည် သူ၏မျက်ဝန်းများကို ရင်ဆိုင်ဝံ့ခြင်း မရှိကြဘဲ အလွန်ကြောက်ရွံ့ကြလေသည်။

သို့သော်... မိန်းကလေးငယ်လေးကတော့ စန်းရှောင်ကျီ၏ မျက်ဝန်းများကို ကြောက်ရွံ့ဟန် မရှိပေ။ စန်းရှောင်ကျီကို ကြည့်နေသည့် သူမ၏မျက်ဝန်းများက တည်ငြိမ်လျှက် ရှိသည်။

ထိုမိန်းကလေးငယ်လေးမှာ ကျောက်သားကဲ့သို့ မာကျောသည့် စိတ်ထားရှိသည်ကို စန်းရှောင်ကျီ ခန့်မှန်းမိပြီးသား ဖြစ်သည်။ သို့သော်... ယခု သူ၏အကြည့်ကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်လိုက်သည်ကို တွေ့မြင်လိုက်ရသည့်အခါ စိတ်မလှုပ်ရှားဘဲ မနေဝံ့တော့ပေ။

သူမသာ ကျင့်စဉ်လမ်းသို့ လိုက်မည်ဆိုလျှင် မည်သည့် အခက်အခဲကိုမှ ရင်ဆိုင်ရခြင်းမရှိဘဲ အောင်မြင်သူတစ်ယောက် ဖြစ်လာနိုင်သည်။

ယွမ်ကျိုးနယ်တွင် ချင်းရွှမ်နတ်တံခါး စတင်တည်ထောင်သည့်

အချိန်ကတည်းက ချင်းရွှမ်နတ်တံခါးသို့ ဝင်ရောက်မည့်

တပည့်များအတွက် လိုက်နာရန် ဆောင်ပုဒ်တစ်ခုရှိလေသည်။

"လူတစ်ယောက်သည် ကျင့်ကြံသူတစ်ယောက်ဖြစ်လိုပါက

စိတ်နှလုံးကိုအရင်ပြင်ဆင်ရမည်..."

ဟူ၍ ဖြစ်လေ၏။

ထို့ကြောင့် ချင်းရွှမ်နတ်တံခါးမှ တပည့်များမှာ တာအို

စိတ်ထား အပြည့်အဝထားရှိရန် အရင်ဆုံး ကြိုးစားကျင့်ကြံကြ

ရသည်။

နောက်ပိုင်းကာလများတွင် ထိုက်ဝေ့ထိုင်ခန်းမဆောင်၌

ကျမ်းစာများစွာ ရှိလာသော်လည်း ထိုခေတ်အခါကတော့ တာ

အိုကျမ်းစာ အနည်းငယ်သာရှိသည့် ကာလဖြစ်လေသည်။

ထိုက်ဝေ့ထိုင်မှကျမ်းစာအားလုံး၏ အနှစ်သာရကို သိရှိသွား

မည်ဆိုလျှင် ဂါထာမန္တန်နှင့် တန်ခိုးစွမ်းအားများကို လွယ်

လွယ်ကူကူပင် ကျင့်ကြံနိုင်မည်ဟု ယွမ်ချင်းကတော့ တပည့်များကို သင်ပြပေးလေ့ရှိသည်။

နက်ရှိုင်းသည့်တာအိုမူဝါဒများကို နားမလည်ပါက ဂါထာမန္တန်နှင့် တန်ခိုးစွမ်းအားပညာကို လေ့ကျင့်နေသည့်တိုင် အရင်းအမြစ်မရှိသည့် ရေအလား နောက်ဆုံးတွင် ခြောက်သွေ့သွားရပေလိမ့်မည်။

နောက်ပိုင်းလူများအတွက် ကျင့်စဉ်လမ်းဆိုသည်က ခက်ခဲခြင်း သိပ်မရှိပေ။ စန်းရှောင်ကျီတို့မျိုးဆက်မှ ကျင့်ကြံသူများသာ အနည်းငယ် ခက်ခဲကြရခြင်း ဖြစ်သည်။

အကြောင်းမှာ သူတို့အတွက် ရှေးဆရာများချန်ထားခဲ့သည့် ကျင့်စဉ်များ ရှားပါးပြီး ကိုယ်တိုင်လမ်းသစ်ဖောက်ကာ ကျင့်စဉ်လမ်းကို လျှောက်လှမ်းကြရသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် စန်းရှောင်ကျီတို့မျိုးဆက်တွင် အစပိုင်းအောင်မြင်သူများရှိခဲ့ကြသော်လည်း အချိန်ကြာသည်နှင့်အမျှ သေခြင်းရှင်ခြင်းကို မကျော်လွှားနိုင်ဘဲ ကြွေလွင့်ခဲ့ကြသည့် ကျင့်ကြံသူ များစွာ ရှိလေသည်။

စန်းရှောင်ကျီကတော့ အစပိုင်းတွင် ထူးချွန်သူတစ်ယောက်မဟုတ်ပေ။ သူက အခြားတန်ခိုးစွမ်းအားများကို စိတ်မဝင်စားဘဲ မိုးကြိုးတန်ခိုးစွမ်းအားတစ်ခုတည်းကိုသာ တစိုက်မတ်မတ်ကျင့်ကြံခဲ့သူ ဖြစ်လေသည်။

နောက်ပိုင်းတွင်တော့ ဇွဲရှိရှိဖြင့် တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုကြောင့် စန်းရှောင်ကျီက ထိပ်တန်းအဆင့်ကျင့်ကြံသူတစ်ယောက် ဖြစ်လာခဲ့သည်။

ထိုသို့အောင်မြင်မှုရရှိရန် နှစ်ပေါင်း (၁၀၀) မက ကြိုးစားခဲ့ရလေသည်။ ထို့နောက်တွင်တော့ ကံကောင်းစွာဖြင့် ဟိုင်သန်း

အဆင့်တက်ရောက်နိုင်ခဲ့ပြီး အခြားကျင့်ကြံသူများထက်

သာလွန်သူတစ်ယောက် ဖြစ်လာခဲ့သည်။

အောင်မြင်မှုရလာသည့်အခါ သူ၏ ဆုံးဖြတ်ချက်များကလည်း

ပိုမိုခိုင်မာလာခဲ့လေသည်။

ထို့ပြင်... ကျင့်ကြံခြင်းအောင်မြင်ရန်အတွက်

သဘာဝတရား၏ အရေးပါပုံကို စန်းရှောင်ကျိုက

ကောင်းကောင်းနားလည်သူ ဖြစ်လေသည်။

သူက မိန်းကလေးငယ်လေးကို တပည့်အဖြစ်မွေးရန်

ဂိုဏ်းချုပ်ယွမ်ချင်းကို မရရအောင် ခွင့်တောင်းမည်ဟု

ဆုံးဖြတ်ချက်ချလိုက်သည်။

အကြောင်းမှာ မိန်းကလေးငယ်လေးသည် ဝမ့်ရှင်းလမ်းသို့

ဖြတ်ကျော်လာခဲ့သော အစဉ်အဆက် တပည့်များအားလုံး

ထက် သာလွန်သည့် အရည်အချင်းရှိကြောင်း ရိပ်မိထား

သောကြောင့် ဖြစ်သည်။

အထူးသဖြင့် သူမ၏ မျက်ဝန်းများက အလွန်ထူးခြားလေ

သည်။

မည်သည့်တပည့်မှ စန်းရှောင်ကျို၏ အကြည့်ကို ထို

မိန်းကလေးငယ်ကဲ့သို့ တည်ငြိမ်စွာ ပြန်ကြည့်ရဲသူ တစ်

ယောက်မှ မရှိခဲ့ပေ။

ထို့ကြောင့် မိန်းကလေးငယ်နှင့်ပတ်သက်ပြီး သူတွေးထင်ထား

သည့်အချက်များမှာ မမှားယွင်းနိုင်ကြောင်း စန်းရှောင်ကျို

တွေးလိုက်မိသည်။

ထိုသို့ဖြင့်... အချိန်တဖြည်းဖြည်းကြာလာခဲ့ပြီး ဝမ့်ရှင်းလမ်းကို

ဖြတ်ကျော်လာသူ စုစုပေါင်း (၂၅)ယောက် ရှိလာလေသည်။

ထို (၂၅)ယောက်ထဲမှ (၁၀)ယောက်ကို စီစစ်ရွေးခြယ်ပြီး ချင်း

ရှမ်နတ်တံခါး၏ တပည့်အဖြစ် စန်းရှောင်ကျိုက လက်ခံခဲ့

သည်။

တပည့်သစ်ရွေးခြယ်သည့်ကိစ္စများပြီးစီးသွားသည်နှင့် စန်း

ရှောင်ကျီက မိန်းကလေးငယ်လေးနှင့် အခြားတပည့်

(၉)ယောက်ကိုခေါ်ကာ စိတ်အားထက်သန်စွာဖြင့် ထိုက်ယီ

တောင်ထိပ်သို့ ထွက်ခွာလာခဲ့လေတော့သည်။

ချင်းရှမ်နတ်တံခါးဖွင့်လှစ်ပြီး တပည့်သစ်ရွေးခြယ်ခြင်းသည်

အရေးကြီးကိစ္စတစ်ခု ဖြစ်သော်လည်း ယခုတစ်ကြိမ်တွင် ယွမ်

ချင်းက စန်းရှောင်ကျီလုပ်သမျှကို တစ်ခုမှ ဝင်ရောက်စွက်ဖက်

ခဲ့ခြင်း မရှိပေ။

စန်းရှောင်ကျီ ဤကိစ္စကို ကောင်းကောင်း ကိုင်တွယ်နိုင်မည်ဟု

ယွမ်ချင်း ယုံကြည်ထားလေသည်။

သို့သော်... စန်းရှောင်ကျီ ထိုက်ယီတောင်ထိပ်သို့ ရောက်မလာ

ခင်အချိန်မှာပင် အလွန်အရေးကြီးသည့် ကိစ္စတစ်ခု ဖြစ်ပျက်ခဲ့

လေသည်။

ယွမ်ချင်းက စိတ်ထဲတွင် ထူးဆန်းသည့် ခံစားချက်တစ်ခုကို ခံစားနေရလေသည်။

ထို့ကြောင့် သူ တာအိုတရားဟောကြားသည်ကို နံဘေးတွင် နားထောင်နေသည့် တုန့်ရှမ်ကျီကို မေးမြန်းကြည့်မိသည်။ တုန့်ရှမ်ကျီမှာ ချင်းရှမ်နတ်တံခါး၏ ဆရာသခင်တစ်ပါးဖြစ်လေသည်။ ယွမ်ချင်းပြီးလျှင် ဒုတိယအဆင့်လိုက်သူတစ်ယောက်လည်း ဖြစ်လေ၏။

တုန့်ရှမ်ကျီသည် ဘဝတစ်ခုလုံး ကြိုးစားကျင့်ကြံခဲ့သူတစ်ယောက်ဖြစ်ပြီး တန်ခိုးစွမ်းအားလည်း မြင့်မားသူတစ်ယောက်ဖြစ်သည်။

ထို့ပြင် တုန့်ရှမ်ကျီက အံ့သြစရာတန်ခိုးစွမ်းအားတစ်ခုဖြစ်သည့် ကျီဝေးမျော်စွမ်းအားကိုလည်း တီထွင်နိုင်ခဲ့လေသည်။ ယနေ့ခေတ်သည် ကျင့်ကြံသူများအတွက် ကျင့်စဉ်များအဆင်သင့်မရှိသည့်အတွက် ကျင့်ကြံသူများအနေဖြင့် ကိုယ့်

လမ်းကိုယ်ဖောက်ကာ ကျင့်စဉ်များကို ကိုယ်တိုင်ဖော်ထုတ်တီထွင်ရသည့် ခေတ်ဖြစ်လေသည်။

ထိုသို့ ကျင့်စဉ်များတီထွင်နိုင်သည့် ကျင့်ကြံသူများသည် ကျင့်ကြံသူလောကတွင် ထိပ်တန်းအဆင့်ဟု ဆိုနိုင်လေသည်။

ယွမ်ချင်းက သူခံစားနေရသည့် ခံစားချက်ကို တုန်ရွှမ်ကျီကို ပြောပြခဲ့ပြီး အနာဂတ်ကို ခန့်မှန်းကြည့်စေခဲ့သည်။

သို့သော်... ထိုသို့ လုပ်ခိုင်းမိသည့်အတွက် ယွမ်ချင်း နောင်တရသွားမိလေသည်။ အကြောင်းမှာ တုန်ရွှမ်ကျီက သူရင်ဆိုင်ရမည့် အစစ်ဆေးခံရမှုကို ကြိုတင်သိမြင်သွားခဲ့လေသည်။

တုန်ရွှမ်ကျီ၏ တန်ခိုးစွမ်းအားက ယွမ်ချင်းထက် အတော်လေးနိမ့်ကျလေသည်။ သို့သော်... သူက ဝိညာဉ်စွမ်းအားကောင်းသူတစ်ယောက်ဖြစ်ပြီး နတ်ဘုရားတစ်ပါးဖြစ်ရန်ပင် နီးကပ်နေပြီဖြစ်လေသည်။

သူက ဂိုဏ်းချုပ်ယွမ်ချင်းရင်ဆိုင်ရမည့် မိုးကောင်းကင်အစစ်ဆေးခံရခြင်းကို တွက်ချက်ကြည့်လိုက်သည့်အခါ အလွန်ပင်အံ့အားသင့်သွားရလေသည်။

ယွမ်ချင်း မိုးကောင်းကင်အစစ်ဆေးခံရမည့်ကိစ္စသာ ပေါက်ကြားသွားပါက ချင်းရွှမ်နတ်တံခါးမှ ဂိုဏ်းသားများအားလုံး အတော်လေး တုန်လှုပ်သွားကြပေလိမ့်မည်။

ထို့ကြောင့် ယွမ်ချင်းက အခြားသူများကို ထုတ်ဖော်ပြောဆိုခြင်း မပြုတော့ရန် ဆုံးဖြတ်လိုက်သည်။

စန်းရှောင်ကျီ ချင်းရွှမ်ခန်းမဆောင်အတွင်းသို့ ဝင်လာလေသည်။ စန်းရှောင်ကျီနှင့်အတူ ရွေးခြယ်ခံထားရသည့် တပည့်(၁၀)ယောက်လည်း ပါလာလေ၏။

ဆန်းလျန်သည်လည်း မိန်းကလေးငယ်လေးနှင့်အတူ ချင်းရွှမ်ခန်းမဆောင်အတွင်းသို့ လိုက်လာခဲ့လေသည်။

ယွမ်ချင်းကို တွေ့လိုက်ရသည့်အခါ ဆန်းလျန် အနည်းငယ် အံ့အားသင့်သွားလေသည်။ ယခုရက်များအတွင်းတွင် လီချင်းဆွေကို အာရုံစိုက်နေရသည့်အတွက် ထိုက်ယီတောင်ထိပ်မှ ကိစ္စရပ်များကို ဆန်းလျန် အရေးမစိုက်ခဲ့မိပေ။

ယခု သူ ယွမ်ချင်းကို ကြည့်လိုက်သည့်အခါ ယွမ်ချင်း၏ မျက်ခုံးနှစ်ခုကြားတွင် မရဏအလင်းတန်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ဆန်းလျန် အနည်းငယ် အံ့အားသင့်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်... ယခုအချိန်အတွင်းတွင် ယွမ်ချင်း အနေဖြင့် မိုးကောင်းကင်အစစ်ဆေးခံရခြင်းကို ရင်ဆိုင်ရန် မဖြစ်သင့်သေးသည့် အခြေအနေဖြစ်နေသည် မဟုတ်ပါလား။

အခန်း (၉၉၈) နာမည်

ဆန်းလျန်က အနည်းငယ် စဉ်းစားကြည့်လိုက်သည်။

ထို့နောက် သူက မည်သို့ဖြစ်သည်ကို သဘောပေါက်လိုက်သည်။ ကြည့်ရသည်မှာ ပျက်စီးပြီး ဝိညာဉ်စွမ်းအားကုန်ခမ်းနေသည့် ယွမ်တုဓားကို ဆန်းလျန်က ယွမ်ချင်းအား ပေးလိုက်သည့်အတွက် ယွမ်ချင်း၏ ကံတရားသည်လည်း ပြောင်းလဲသွားခြင်း ဖြစ်ဟန်တူသည်။

ဆန်းလျန်ကဲ့သို့သောပုဂ္ဂိုလ်က အမှန်တကယ်ပင် သမိုင်းကိုပြောင်းလဲနိုင်စွမ်းရှိလေသည်။ သို့သော်... သမိုင်းသည်လည်း ရွေ့လျားပြောင်းလဲနေလေရာ သမိုင်းထဲမှ အဖြစ်အပျက်

အနည်းငယ်ကို အလှည့်အပြောင်း ပြုလုပ်လိုက်ခြင်းပင် ဖြစ်သည်။

လူသားများအနေဖြင့် တူးမြောင်းများဖောက်လုပ်ပြီး မြစ်တစ်စင်း၏ စီးဆင်းမှုကို ပြောင်းလဲပစ်နိုင်သည်။ သို့သော်... အရှေ့ပင်လယ်မှ ခွဲဖြာစီးဆင်းလာသည့် မြစ်တစ်စင်း၏ ဦးတည်ရာကို ပြောင်းလဲပစ်နိုင်ဖို့က ခက်ခဲလေသည်။

ထို့ပြင်... မြစ်တစ်စင်း၏ ဦးတည်ရာကို ပြောင်းလဲပစ်လိုက်မည်ဆိုလျှင် ပတ်ဝန်းကျင်တစ်ခုလုံး၏ အကျိုးသက်ရောက်မှုအားလုံး ပြောင်းလဲသွားမည်ဖြစ်သည်။

ပြောင်းလဲမှုတိုင်းသည် ပိုမိုကောင်းမွန်လာစေရန် ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ သို့သော်... အကောင်းနှင့် အဆိုးကတော့ ဒွန်တွဲလျက် ရှိစမြဲပင် ဖြစ်၏။

သို့သော်... ယွမ်ချင်း သေခြင်းတရားကိုကျော်လွန်ပြီး ဆက်လက်ရှင်သန်နိုင်ပါမည်လား ဆိုသည်ကိုတော့ ဆန်းလျန် မဆုံးဖြတ်နိုင်ပေ။

လောလောဆယ်တွင် ဆန်းလျန်က သမိုင်းကာလသို့ရောက်ရှိ နေခြင်း ဖြစ်သော်လည်း လက်ရှိကာလသည် ပစ္စုပ္ပန်ဟု ခေါ်ဆို နိုင်ပြီး အနာဂတ်သည်လည်း အနာဂတ်ပင် ဖြစ်လာပေ လိမ့်မည်။

အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်အချိန်ခရီးကို ပြောင်းလဲလိုလျှင် ညီညွတ်မှုရှိရန်လည်း လိုအပ်လေသည်။

အရေးအကြီးဆုံးအချက်မှာ ဆန်းလျန်သည်လည်း အခြားတာ အိုဆရာသခင်ကြီးများနည်းတူ သမိုင်းကို ပြောင်းလဲနိုင်သည့် စွမ်းရည် ရှိနေသည့်အချက်ပင် ဖြစ်သည်။

ဆန်းလျန်က ယွမ်ချင်း၏ နောက်ဆုံးကံကြမ္မာကိုတော့ နို့ကြက်နို့ကြက်ချွတ်ချွတ် အလုံးစုံ သိရှိနိုင်မည် မဟုတ်ပေ။

သို့သော်... ဆန်းလျန်က ယွမ်ချင်း၏ အနီးဆုံးအနာဂတ်နှင့် ပတ်သက်သည့် ဖြစ်နိုင်ချေများကိုတော့ သိမြင်နိုင်စွမ်း ရှိလေသည်။

မတူညီသည့်ရှုထောင့်ဖြင့်ကြည့်မည်ဆိုလျှင် တာအိုဆရာသခင်ကြီးများ၏ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်နှင့်ပတ်သက်သည့် နားလည်သိရှိခြင်းများကို ဆန်းလျန်က အစိပ်ပိုင်းအသစ် ဖွင့်ဆိုလိုက်သည်ဟု ဆိုနိုင်သည်။

ဤအချက်ကို ကျွမ်ကျိုးက သူ့ထက်ပင် စောစီးစွာ နားလည်ခဲ့သည် မဟုတ်ပါလား။

ဘဝက အကန့်အသတ်ရှိသော်လည်း အသိပညာက အကန့်အသတ်မရှိပေ။ ဘဝသည် အဆုံးသတ်ရှိသော်လည်း အသိပညာသည် အဆုံးသတ်မရှိပေ။

ထိုသို့ပင် ဘဝက အကန့်အသတ်ရှိပြီး သတင်းအချက်အလက်များက အကန့်အသတ်မရှိပေ။

အကန့်အသတ်ရှိသည့်ဘဝတစ်ခုသည် အကန့်အသတ်မရှိသည့် သတင်းအချက်အလက်များအားလုံးကို သိရှိရန်မှာ မဖြစ်နိုင်သည့်ကိစ္စဖြစ်သည်။

တာအိုဆရာသခင်ကြီးများကတော့ အကန့်အသတ်မရှိ အသက်ရှည်သူများဖြစ်ကြပြီး အကန့်အသတ်မရှိသည့် အသိဉာဏ်ပညာနှင့် သတင်းအချက်အလက်များကို အဆုံးမရှိ လိုက်လံရှာဖွေနေသူများ ဖြစ်ကြလေသည်။

ထို့ကြောင့် တာအိုဆရာသခင်ကြီးများ၏ နားလည်မှုသည် အတိတ် ၊ ပစ္စုပ္ပန် ၊ အနာဂတ်သာမက ပြောင်းလဲနေသည့် အသိဉာဏ်ပညာများနှင့် သတင်းအချက်အလက်များအားလုံးကို သိရှိနိုင်စွမ်း ရှိလေသည်။

သတင်းအချက်အလက်များနှင့် အသိဉာဏ်ပညာများကတော့ စဉ်ဆက်မပြတ် ဖြစ်ပေါ်ပြောင်းလဲနေဦးမည် ဖြစ်လေသည်။

အတိတ်သည် အတိအကျ သတ်မှတ်ထားပြီးသား ဆိုလျှင်

တောင်မှ ဆန်းလျန်ကဲ့သို့လူမျိုး ထွက်ပေါ်လာမည်ဆိုလျှင်

အတိအကျသတ်မှတ်ထားသည့်အတိတ်သည်ပင်

မေးခွန်းထုတ်စရာ ဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် အတိတ်နှင့်ပတ်သက်သည့် သမိုင်းအချက်အလက်

များအားလုံးမှာ ပြီးပြည့်စုံသည်ဟု မဆိုသာပေ။ သမိုင်းထဲမှာ

ပင် ကိုယ်မသိသေးသည့် အပြောင်းအလဲများ များစွာ ရှိနေနိုင်

လေ၏။

သို့သော်လည်း... သမိုင်းထဲတွင်ပြောင်းလဲသွားသည့် အတိတ်

အကြောင်းအရာများကိုတော့ တာအိုဆရာသခင်ကြီးများက

သိရှိလေသည်။

ထို့ကြောင့်လည်း အနန္တတန်ခိုးရှင် တာအိုဆရာသခင်ကြီး

များသည် အရာအားလုံးကို သိရှိထားသည့်တိုင် ပျင်းရိညည်း

ငွေ့ခြင်း မရှိကြဘဲ လောက၏ ပြောင်းလဲမှုများအားလုံးကို

သိရှိနေကြခြင်း ဖြစ်သည်။

သတင်းအချက်များစွာကို သိမြင်လေ အသိပညာများလေဟု

ဆိုနိုင်သည် မဟုတ်ပါလား။

ဆန်းလျန် အတွေးထဲတွင် နစ်မျောနေမိသည့်အချိန်က

တိုတောင်းလွန်းလှသည်။

ခန်းမဆောင်ထဲတွင်တော့ အခြေအနေက တစ်မျိုးတစ်မည်

ပြောင်းလဲလျှက် ရှိလေသည်။

စန်းရှောင်ကျိဳက ယွမ်ချင်းကို အဖြစ်အပျက်များကို ရှင်းပြနေ

ပြီး မိန်းကလေးငယ်လေးကို တပည့်အဖြစ် လက်ခံခွင့်ရရှိရန်

ကြိုးစားနေလေ၏။

ယွမ်ချင်းကလည်း မိန်းကလေးငယ်လေးကို အာရုံစိုက်မိလေ

သည်။

ယွမ်ချင်းက စန်းရှောင်ကျီထက် အမြင်စူးရှသူ ဖြစ်သည်။
သို့သော်... မိန်းကလေးငယ်လေးနှင့်ပတ်သက်ပြီး စန်းရှောင်ကျီ
သိမြင်သည်ထက် ပိုမိုသိမြင်နိုင်ခဲ့ခြင်း မရှိပေ။
မိန်းကလေးငယ်လေးက အလွန်တည်ငြိမ်အေးဆေးပြီး သူမ
အသက်အရွယ်နှင့်မလိုက်ဖက်သည့် ရင့်ကျက်မှုမျိုးကို ပိုင်ဆိုင်
ထားကြောင်း ယွမ်ချင်း သတိပြုလိုက်မိသည်။
ကျင့်ကြံသူများသည် ခိုင်ကြည်သောစိတ်ထားနှင့် ဖြူစင်သော
စိတ်နှလုံးရှိရန် လိုအပ်သည်။ ဖြူစင်သောစိတ်နှလုံးဟု ဆို
ရာတွင် ကလေးတစ်ယောက်၏ စိတ်နှလုံးကဲ့သို့ ဖြူစင်ခြင်းဟု
ပြောလေ့ရှိကြသည်။
ထို့ပြင်... လောကကြီးအကြောင်းကိုနားမလည်သေးဘဲ
အဖြူထည်သက်သက် ကလေးငယ်တစ်ယောက်၏စိတ်ထား
သည် တာအိုစိတ်ထားဖြင့်ပြည့်လျှက်ရှိသည်ဟုလည်း ဆိုလေ့
ရှိကြလေသည်။

သို့သော်... နောက်ပိုင်း လောကကြီး၏ ရှုတ်ထွေးပွေလီမှုများဖြင့် အရောင်ဆိုးခံလိုက်ရသည့်အခါ ထိုတာအိုစိတ်ထားက သိသာထင်ရှားမှု သိပ်မရှိကြတော့ပေ။

ယခုခေတ်အချိန်အခါသည် သမိုင်းထဲမှ ရှေးကျသည့် အချိန်အခါဖြစ်သည့်အတွက် ကနဦးကျင့်ကြံသူများက လူ့လောကနှင့် ကင်းကွာစွာနေတတ်ကြသည့်အတွက် စိတ်ထားလည်းဖြူစင်သလို တန်ခိုးစွမ်းအားလည်း ပိုမို မြင့်မားကြလေသည်။

စိတ်ထားအပေါ်တွင်လိုက်ပြီး တာအိုတရားကို နားလည်သိရှိနိုင်ခြင်းအဆင့် ကွာခြားသွားတတ်သည်။

သို့သော်... တန်ခိုးစွမ်းအားမြင့်မားခြင်းက တာအိုတရားကို နားလည်သိရှိခြင်းနှင့် သက်ဆိုင်ခြင်းမရှိပေ။ ရလဒ်အားလုံးက အခြေအနေပေါ်တွင် မူတည်လေ၏။

လူသားများအနေဖြင့် အသက်ကြီးပြင်းလာသည်နှင့်အမျှ စိတ်နှလုံးက ညစ်နွမ်းလာကြလေရာ ကျင့်ကြံသူများနှင့် မတူညီကြတော့ပေ။

ထို့ကြောင့် တာအိုကျင့်ကြံသူများ၏ နှလုံးသားကတော့ ကလေးငယ်များ၏ နှလုံးသားအလား အပြစ်ကင်းစင်သင့်လေသည်။

နှလုံးသားက အပြစ်ကင်းစင်မျှ စိတ်ဆန္ဒက အပြစ်ကင်းစင်မည်ဖြစ်ပြီး စိတ်ဆန္ဒက အပြစ်ကင်းစင်မှ လုပ်ရပ်များကလည်း အပြစ်ကင်းစင်ကြမည် ဖြစ်သည်။

လူမှုရေးကိစ္စများ ၊ အတွေးများ ၊ စိတ်အာရုံပျံ့လွင့်မှုများကြောင့် ကျင့်ကြံသူများက သူတို့၏ ဆုံးဖြတ်ချက် ပျက်စီးသွားခြင်း မရှိကြပေ။

ယွမ်ချင်းက ကလေးမလေးကို တစ်ချက်ကြည့်လိုက်သည်နှင့် စန်းရှောင်ကျိုနှင့်တူညီသည့် သဘောထားမှတ်ချက်ကို ချလိုက်မိသည်။

သူမသည် တာအိုကျင့်ကြံသူတစ်ယောက်ဖြစ်လာရန် မွေးဖွားလာသူ ဖြစ်သည်။

သူမ၏ စိတ်ဓာတ်တည်ငြိမ်မှုတစ်ခုတည်းဖြင့်ပင် နတ်ဘုရားတစ်ပါးဖြစ်သည်အထိ ကျင့်ကြံနိုင်မည့်သူ ဖြစ်ကြောင်း အကဲခတ်နိုင်သည်။

မိန်းကလေးငယ်သည် ငယ်စဉ်မှာပင် နတ်ဘုရားတစ်ပါးဖြစ်လာရန်အတွက် သတ်မှတ်ချက်ပါရမီရှိဟန် တူသည်။

ဖန်ဆင်းရှင်က တရားမျှတမှု မရှိဟုပင် ဆိုရလောက်အောင် မိန်းကလေးငယ်က ပါရမီပြည့်ဝသူ ဖြစ်သည်။ သို့သော်... ယွမ်ချင်းက သတ္တဝါအားလုံး တန်းတူဖြစ်ရမည်ဆိုသည့် သဘောတရားနောက်သို့ လိုက်ခဲ့သူ မဟုတ်ပေ။

တုန့်ရွှမ်ကျီနှင့် စကားပြောခဲ့ပြီးသည့်နောက် မကျော်လွှားနိုင်သောအခက်အခဲများကို ရင်ဆိုင်ရပြီး ကျော်ဖြတ်နိုင်ရန်ပင် မရေရာသည့် ခံစားချက်ကို ယွမ်ချင်း ခံစားနေခဲ့ရသည်။

လက်ရှိအချိန်တွင် ချင်းရွှမ်နတ်တံခါး၏ အောင်မြင်မှုနှင့်ဩဇာအာဏာသည် သူ့တစ်ယောက်တည်းအပေါ်တွင်သာ ချည်နှောင်ထားလေသည်။ ဤသည်မှာ ကောင်းမွန်သည့်အချက် မဟုတ်ပေ။

ယွမ်ချင်းက ချင်းရွှမ်နတ်တံခါးကို ဦးဆောင်တည်ထောင်ခဲ့သူဖြစ်ပြီး သူမရှိသည့်နောက် ချင်းရွှမ်နတ်တံခါး ပျက်စီးရမည်ကို မလိုလားပေ။

ယခု မိန်းကလေးငယ်လေးရောက်လာခြင်းက သူ့အတွက် မျှော်လင့်ချက်ရောင်ခြည် တောက်ပလာစေသည်။ သူပြီးလျှင် ချင်းရွှမ်နတ်တံခါးတွင် နောက်ထပ် သူရဲကောင်းတစ်ယောက်

ထွက်ပေါ်လာနိုင်ပြီး လောကကို ဆက်လက်လွှမ်းမိုးနိုင်မည် ဖြစ်လေသည်။

ယွမ်ချင်းအချိန်အကြာကြီး စဉ်းစားနေခဲ့လေသည်။

ထို့နောက် သူက စန်းရှောင်ကျိုကို ပြောလိုက်လေသည်။

"ဒီကလေးက မင်းရဲ့တပည့်တော့ ဖြစ်လာမယ်မထင်ဘူး..."

ယွမ်ချင်း၏စကားကြောင့် စန်းရှောင်ကျို အနည်းငယ် စိတ်ပျက်သွားလေသည်။

သူက ကလေးမလေးကို ပညာသင်ပေးရန် အစီအစဉ်များပင် ဆွဲပြီးပြီ ဖြစ်လေသည်။ သို့သော်... ယခုတော့ ယွမ်ချင်း၏ စကားတစ်ခွန်းဖြင့် အရာအားလုံး သဲထဲရေသွန် ဖြစ်သွားခဲ့ရပြီ ဖြစ်သည်။

စန်းရှောင်ကျိုက မချိပြုံးတစ်ချက်ပြုံးရင်း...

"ဂိုဏ်းချုပ်က ဒီကလေးမလေးကို တပည့်အဖြစ် လက်ခံမလို့ လား..."

ယွမ်ချင်းက ပြုံးလိုက်ပြီး...

"ဒီကလေးမလေးက တကယ့်ကျောက်စိမ်း အရိုင်းတုံးလေးလို ပဲ ၊ ကျုပ်တို့ သူ့ကို ကောင်းကောင်းပြုစုပျိုးထောင်ပေးဖို့ လိုအပ်တယ် ၊ စန်းရှောင်ကျီ... မင်းမှားနေတဲ့အချက်တစ်ချက် ကို ကျုပ်ထောက်ပြပေးမယ် ၊ မင်းရဲ့ မိုးကြိုးတန်ခိုးစွမ်းအား ကို ကြည့်မယ်ဆိုရင် သိပ်ကို တန်ခိုးစွမ်းအားကြီးမားလွန်းပါ တယ် ၊ ဒါပေမဲ့ အရေးကြီးတဲ့လိုအပ်ချက်တွေ အများကြီးရှိနေ သေးတယ်..."

ယွမ်ချင်း၏ စကားလမ်းကြောင်းမှာ မိန်းကလေးငယ်လေးထံမှ သူ့ထံသို့ လှည့်လာလိမ့်မည်ဟု စန်းရှောင်ကျီထင်မထားခဲ့မိပေ။

စန်းရှောင်ကျီက...

"ဆရာဘိုးဘိုးယွမ်ချင်း လမ်းညွှန်ပေးဖို့ မျှော်လင့်ပါတယ်..."

ယွမ်ချင်းက...

"မင်းလည်းတောင်ပေါ်ရောက်တာ ကြာလှပြီပဲ ၊ မုန်တိုင်း
တိုက်ခတ်ပြီးသွားရင် တောင်တစ်ခုလုံး လန်းဆန်းသွားတယ်
လေ ၊ မြက်ပင်တွေ သစ်ပင်တွေအားလုံး စိမ်းလန်းသွားကြ
တယ် ၊ ပိုပြီးလတ်ဆတ်လာကြတယ် ၊ ဒါပေမဲ့ မင်းကျင့်ကြံနေ
တဲ့ မိုးကြိုးတန်ခိုးစွမ်းအားကတော့ အားလုံးကို မျိုးသုဉ်းသွား
စေတဲ့ တန်ခိုးစွမ်းအားမျိုး ဖြစ်နေတယ်... ၊ သေခြင်းတရားကို
ပဲ ဦးတည်နေပြီး ရှင်သန်ခြင်းကို မင်းမှာ နားလည်နိုင်စွမ်းမရှိ
ဘူး ဖြစ်နေတယ်..."

ယွမ်ချင်း၏စကားကြောင့် စန်းရှောင်ကျီ တစ်ကိုယ်လုံး
တုန်တုန်ယင်ယင် ဖြစ်သွားလေသည်။

ကြည့်ရသည်မှာ သူ့အယူအဆများ တစ်ချိန်လုံးမှားယွင်းနေခဲ့
ဟန်တူသည်။

စန်းရှောင်ကျီကိုကြည့်ပြီး ယွမ်ချင်း သက်ပြင်းတစ်ချက် ချ
လိုက်မိလေသည်။

"တကယ်တော့ ဒီလိုကိစ္စမျိုးတွေက မင်းကိုယ်တိုင်နားလည်နေ

သင့်တဲ့ ကိစ္စတွေပဲ ၊ ဒါပေမဲ့ ကျုပ်မှာ အချိန်သိပ်မရှိတော့ဘူး ၊

မင်း နတ်ဘုရားတစ်ပါးဖြစ်သွားတာကို ကျုပ်ကိုယ်တိုင် တွေ့

မြင်နိုင်မှာ မဟုတ်တော့ဘူး ၊ ဒါကြောင့် မင်းကို ဒီလို သင်ပြ

ပေးရတာပဲ ၊ မင်း ကျုပ်ကို စိတ်ဆိုးမယ်ဆိုလည်း ကိစ္စမရှိပါ

ဘူး ၊ ဒါပေမဲ့ ကျုပ်လည်း နည်းနည်းတော့ တကိုယ်ကောင်း

ဆန်ချင်မိတယ် ၊ မင်း မကြာခင် အမှားကိုနားလည်ပြီး ကျင့်ကြံ

ခြင်းအဆင့် တက်ရောက်နိုင်ဖို့ ကျုပ်မျှော်လင့်မိတယ် ၊ ဒါဆို

ရင် ချင်းရွှမ်နတ်တံခါးအတွက် အတော်လေး အထောက်အကူ

ဖြစ်လိမ့်မယ်..."

စန်းရှောင်ကျီက မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ဒါက အမှန်တရားပါပဲ ၊ ဆရာဘိုးဘိုးက နားလည်သင့်တဲ့

အရာတွေကို သင်ပြပေးတာပါ ၊ ဒီတပည့်က တကယ့်ကို တုံး

လွန်းပါတယ် ၊ ကျုပ် တောင်ပေါ်ပြန်ပြီး တံခါးပိတ်ကျင့်ကြံပါ့

မယ်၊ ကျင့်ကြံခြင်းအဆင့် မတက်ရောက်နိုင်ဘဲ ဆရာဘိုးဘိုး ကိုလာပြီး မတွေ့ဆုံဝံ့တော့ပါဘူး၊ ဒါပေမဲ့ အမှားကိုထောက်ပြ တဲ့အတွက် ဆရာဘိုးဘိုးကို ဘယ်တော့မှ အပြစ်မြင်မှာ မဟုတ် ပါဘူး၊ ဘာလို့လဲဆိုတော့ ဆရာဘိုးဘိုးသင်ပြပေးလို့ မျိုးစေ့ ကောင်းကောင်းနဲ့ ကျင့်ကြံအောင်မြင်ခဲ့ရင် မိုးကောင်းကင် အစစ်ဆေးခံရမှုတွေကိုလည်း ကြံ့ကြံ့ခံနိုင်မှာ ဖြစ်ပါတယ်..."

စကားပြောပြီးနောက် စန်းရှောင်ကျီက မိန်းကလေးငယ်လေး ကို ပြောစရာစကား မရှိတော့ဟန်ဖြင့် လှမ်းကြည့်လိုက်သည်။

အခြား တပည့် (၉)ယောက်မှာ ယွမ်ချင်းနှင့် စန်းရှောင်ကျီပြော နေကြသည့်စကားများကို နားမလည်ကြပေ။ သူတို့က ယခုမှ ချင်းရွှမ်နတ်တံခါးသို့ ဝင်ရောက်လာကြသူများဖြစ် သည့်အတွက် မည်သည့်အရာကိုမှ ရဲရဲတင်းတင်းပြုလုပ်ရဲခြင်း လည်း မရှိကြသေးပေ။

သူတို့က မျက်စိသူငယ် နားသူငယ်ဖြင့်သာ ပြောနေကြသည့်စကားများကို နားထောင်နေကြလေသည်။

သို့သော်... မိန်းကလေးငယ်လေးကတော့ ထိုသို့မဟုတ်ပေ။

သူမက စန်းရှောင်ကျီကို ကြည့်လိုက်ပြီး...

"ဦးလေးကြီး... ကျွန်မကို ပြောစရာတစ်ခုခုများ ရှိလို့လား..."

မိန်းကလေးငယ်၏ အမေးစကားကိုကြားသည့်အခါ စန်းရှောင်ကျီ၏စိတ်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။

စန်းရှောင်ကျီက...

"ကြည့်ရတာ မင်းနဲ့ကျုပ်တော့ ရေစက်မပါတော့ဘူးထင်တယ်၊ ဒါပေမဲ့ မင်းရဲ့ဇာစ်မြစ်ကို ကျုပ် မသိရသေးဘူး၊ မင်းက မင်းကိုယ်မင်း ဘယ်ကလာမှန်းမသိဘူးလို့ ပြောတယ်လေ၊ မင်းရဲ့နာမည်မေးတော့လည်း မင်းက မသိဘူးလို့ဖြေတယ်၊ ဒီတော့ မင်းကို ကျုပ် နာမည်တစ်ခု ပေးမယ်ဆိုရင်ရော... ဘယ်လိုလဲ..."

သူက မိန်းကလေးငယ်ကို တပည့်အဖြစ်လက်မခံရသည့်တိုင်

တစ်စုံတစ်ခု အမှတ်တရ ပြုလုပ်ပေးချင်မိသည်။

မိန်းကလေးငယ်လေးက...

"ကျွန်မမှာ နာမည်ရှိပြီးသားပါ..."

စန်းရှောင်ကျီ အံ့အားသင့်သွားပြီး...

"မင်း အရင်ကတော့ မပြောခဲ့ပါလား..."

မိန်းကလေးငယ်လေးက...

"အရင်က အရင်ကလေ၊ အခုက အခုပေါ့၊ ကျွန်မနာမည်က

လီချင်းဆွေလို့ခေါ်တယ်၊ နောက်ကျ ဆုံဖြစ်ကျရင် အဲဒီ

နာမည်ခေါ်လို့ရပါတယ်၊ ကျွန်မက ရေတွေကိုသဘောကျတယ်

လေ၊ ဒါကြောင့် ဒီနာမည်နဲ့ အဆင်ပြေပါတယ်..."

(ချင်းဆွေ = ကြည်လင်သည့်ရေဟု အဓိပ္ပါယ်ရ - ဘာသာပြန်

သူ)

စန်းရှောင်ကျီက...

"နာမည်ကောင်းလေးပဲ ၊ မင်းနဲ့လည်းလိုက်ဖက်ပါတယ်..."

မိန်းကလေးငယ်ကတော့ ဆန်းလျန်ကို စိတ်ထဲမှ စကားလှမ်း ပြောလိုက်သည်။

"မင်းပေးတဲ့နာမည်ကို ကျွန်မ တကယ်သဘောကျတယ်..."

ဆန်းလျန် မည်သည့်စကားမှ မပြောဘဲ ပြုံးနေလိုက်လေသည်။

တကယ်တမ်းတော့ ထိုနာမည်က သူမ၏ နာမည်အရင်းပင် မဟုတ်ပါလား။

အခန်း (၉၉၉) ကျီဖူတောင်ထိပ်မှခရမ်းရောင်အခိုးအငွေ့များ

လီချင်းဆွေမှာ ဟန်ဆောင်လိမ်ညာတတ်သူမဟုတ်ကြောင်း

ယွမ်ချင်း ရိပ်မိလိုက်သည်။

သို့သော်... အစကတော့ နာမည်မရှိပါဘဲ ယခုမှ အဘယ့်

ကြောင့် ရုတ်တရက် နာမည်ရှိလာရပါသနည်းဟုတွေးမိပြီး

သံသယအနည်းငယ်တော့ဝင်မိသည်။

အစက နာမည်မရှိဘူးဆိုလျှင် ယခု "လီချင်းဆွေ" ဆိုသည့်

နာမည်က မည်သည့်နေရာက ရလာခဲ့ပါသနည်း။

ယွမ်ချင်းက လီချင်းဆွေ၏ အနာဂတ်ကို အကောင်းဆုံး

မျှော်လင့်ထားသူ ဖြစ်လေသည်။ သို့သော်... သူမ၏ မူလ

ဇာစ်မြစ်နှင့်ပတ်သက်ပြီး သံသယအနည်းငယ် ရှိနေခဲ့သည်။

ယွမ်ချင်းက အခြားတပည့်သစ်(၉)ယောက်ကို ချင်းရွှမ်ခန်းမ

ဆောင်မှ ပြန်လွှတ်လိုက်လေသည်။ ချင်းရွှမ်ခန်းမဆောင်ထဲ

တွင် စန်းရှောင်ကျီနှင့် လီချင်းဆွေသာလျှင် ကျန်ရစ်ခဲ့ကြသည်။

ဆရာဘိုးဘိုးယွမ်ချင်းက လီချင်းဆွေကို အထူးအလေးပေးသည့် သတင်းသည် မကြာမီ တောင်ပေါ်မှ တပည့်များကြားပျံ့နှံ့သွားမည်ဖြစ်သည်။

သို့သော်... ယွမ်ချင်းက လီချင်းဆွေကို အစကတည်းက အထူးအဆင့်အတန်းတစ်ခု ပေးချင်နေသူဖြစ်လေရာ ထိုအချက်ကိုအရေးမစိုက်ပေ။

ချင်းရှမ်ခန်းမဆောင်ထဲတွင် စန်းရှောင်ကျီနှင့် လီချင်းဆွေ (၂)ယောက်တည်းသာ ကျန်ခဲ့သည့်အချိန်ကျမှ ယွမ်ချင်းက လီချင်းဆွေကို မေးခွန်းထုတ်လိုက်သည်။

"မင်းရဲ့ နာမည်အသစ်က ဘယ်ကရတာလဲ ၊ မင်းကို တစ်ယောက်ယောက်ကများ ပေးထားတာလား..."

လီချင်းဆွေက မည်သည့်စကားမှ ပြန်လည်ပြောဆိုခြင်း မရှိပေ။

သူမစကားမပြောသည်မှာ အဖြစ်မှန်ကို မပြောလို၍ဖြစ်ကြောင်း ယွမ်ချင်း ရိပ်မိလိုက်သည်။ လီချင်းဆွေ၏အပြုအမူကြောင့် ယွမ်ချင်းက စိတ်ဆိုးဒေါသထွက်ခြင်းမရှိပေ။

ယွမ်ချင်းက...

"ဒီနှစ်တွေအတွင်း ချင်းရှမ်နတ်တံခါးမှာ ဘယ်သူမှ မတွေ့မြင်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိနေတယ်ဆိုတာ ကျုပ် အမြဲတမ်းခံစားမိနေတယ် ၊ အခုတော့ ကျုပ် ပိုပြီးယုံကြည်သွားခဲ့ပြီ ၊ သက်သေမပြနိုင်ပေမယ့် မင်းက အဲဒီပုဂ္ဂိုလ်နဲ့ ဆက်စပ်နေတယ်ဆိုတာ ကျုပ်သိတယ်..."

လီချင်းဆွေက...

"ဒါဖြင့် ကျွန်မကို တောင်ပေါ်က နှင်ထုတ်တော့မှာလား..."

ထိုသို့သော မေးခွန်းမျိုးမေးလိုက်သော်လည်း မိန်းကလေး

ငယ်၏ မျက်ဝန်းများထဲတွင် စိုးရိမ်ပူပန်ဟန် တစ်စက်လေးမှ မ

တွေ့ရပေ။

သူမပုံစံက မည်သည့်နေရာရောက်ရောက် အရေးမစိုက်ဟန်

ဖြစ်သည်။ မေးခွန်းမေးလိုက်သည်က သူမ သိချင်စိတ်ဖြစ်မိ

သောကြောင့် ဖြစ်လေသည်။

ယွမ်ချင်းက...

"မောင်းမထုတ်ပါဘူး ၊ မင်း ဒီချင်းရွှမ်တောင်က တောင်ထွတ်

(၅)ခုမှာ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ်နေနိုင်ပါတယ် ၊

ကျုပ် ဂိုဏ်းထဲကလူတွေကို ဒီအကြောင်း ပြောပြပေးထားပါ့

မယ်..."

ယွမ်ချင်းက လီချင်းဆွေကို အထူးအခွင့်အရေးပေးမည်ဆို

လျှင် အခြားတပည့်များက အဘယ့်ကြောင့် အထူး

အခွင့်အရေး ပေးရသည်ကို သိချင်ကြပေလိမ့်မည်။

ထို့ကြောင့် တပည့်များကို အကြောင်းရင်း ပြောပြထားရန် ယွှမ်ချင်းက ဆုံးဖြတ်ခြင်း ဖြစ်၏။

"ဟုတ်..."

လီချင်းဆွေက လက်ခံသည့်အနေဖြင့် ခေါင်းညိတ်လိုက်သည်။ လီချင်းဆွေကိုယ်တိုင် အထူးအခွင့်အရေးရရှိခြင်းကို သံသယမရှိခဲ့ပေ။ သူမက ထိုအခွင့်အရေးရသင့်သည်ဟုပင် စဉ်းစားနေမိသေးသည်။

လီချင်းဆွေသည် ချင်းရွှမ်နတ်တံခါး၏ အနာဂတ်ဖြစ်လာလိမ့်မည်ဟု စန်းရှောင်ကျီလည်း ခံစားနေရလေသည်။ မိန်းကလေးငယ်လေးမှာ သူ၏တပည့်ဖြစ်မလာနိုင်တော့သည့်အတွက် အနည်းငယ် စိတ်မကောင်း ဖြစ်မိသော်လည်း ချင်းရွှမ်နတ်တံခါးအတွက် ဝမ်းမြောက်ပျော်ရွှင်မှုကို ပိုမိုခံစားရလေသည်။

ယွှမ်ချင်းက...

"မင်း စာတတ်သလား..."

လီချင်းဆွေက...

"မသိဘူး..."

ယွမ်ချင်း အနည်းငယ် စိတ်ဝင်စားသွားသည်။

"စာတတ်သလား" ဟု မေးသည့်မေးခွန်းကို လီချင်းဆွေ

အနေဖြင့် "တတ်တယ်" နှင့် "မတတ်ဘူး" (၂)ခုသာလျှင် ဖြေ

စရာ အကြောင်းရှိသည်။

"မသိဘူး" ဟု ဖြေလိုက်သည့်အဖြေမှာ ယေဘူယျဖြစ်နိုင်ချေ

ကို ကျော်လွန်နေသည်။ ထို့ပြင် အမှန်တရားနှင့်အနီးစပ်ဆုံး

အဖြေတစ်ခုလည်း ဖြစ်နိုင်လေသည်။

ယွမ်ချင်း အကြံတစ်ခုရလိုက်ပြီး စုတ်တံတစ်ချောင်းယူကာ

ကျောက်စိမ်းသင်ပုန်းတစ်ခုထက်တွင် တာအိုကျမ်းစာတစ်ပုဒ်

ကို ရေးသားလိုက်သည်။

ထို့နောက် သူက ကျမ်းစာကို လက်ညှိုးညွှန်ပြလိုက်ပြီး...

"ဒီပေါ်မှာရေးထားတဲ့စာတွေကို နားလည်လား..."

လီချင်းဆွေက တာအိုကျမ်းစာကိုကြည့်လိုက်ပြီး ပါးစပ်မှ တစ်လုံးချင်း ရွတ်ဆိုပြလိုက်သည်။

လီချင်းဆွေ ရွတ်ဆိုပြသည့် စကားလုံးတိုင်းမှာ လုံးဝအမှားအယွင်းမရှိသည့်အတွက် ယွမ်ချင်း များစွာအံ့အားသင့်သွားရသည်။

ကျောက်စိမ်းသင်ပုန်းထက်တွင် ယွမ်ချင်း ရေးသားလိုက်သည့် တာအိုကျမ်းစာသည် လောကတွင် မည်သူမျှ မတွေ့မြင်ဖူးသေးသည့် ကျမ်းစာတစ်ခုဖြစ်လေသည်။

ယွမ်ချင်းက လီချင်းဆွေကို စမ်းသပ်ရန်အတွက် လက်တန်းရေးချလိုက်သည့် တာအိုကျမ်းစာဖြစ်သည်။

ယခုတော့ လီချင်းဆွေက ထိုကျမ်းစာကို အမှားမရှိ ရွတ်ဖတ်ပြနိုင်သည်ကို ကြည့်ခြင်းအားဖြင့် မည်သည့်စာလုံးကိုမှ ထပ်မံသင်ယူစရာမလိုတော့ကြောင်း သက်သေပြလျှက် ရှိသည်။

လီချင်းဆွေသည် အရာဝတ္ထုသွင်ပြင်များ၏ နောက်ကွယ်မှ အနှစ်သာရကို တိုက်ရိုက်သိမြင်နိုင်သည့် စွမ်းရည်ဖြင့် မွေးဖွားလာသူ ဖြစ်သည်။

ယွမ်ချင်းရေးသားခဲ့သည့် တာအိုကျမ်းစာကို ယခင်က မည်သူမှ တွေ့မြင်ခဲ့ဖူးခြင်း မရှိပေ။ သို့သော်... လီချင်းဆွေကတော့ စကားလုံးတစ်လုံးချင်း၏ အဓိပ္ပါယ်ကို နားလည်သဘောပေါက်လေသည်။

လီချင်းဆွေသာ သာမန်လူတစ်ယောက်ဆိုပါက ထိုကျမ်းစာကို နားလည်နိုင်မည် မဟုတ်ပေ။

လီချင်းဆွေက သူထင်သည့်အတိုင်း ဟုတ် မဟုတ် ထပ်မံအတည်ပြုရန် ယွမ်ချင်းက သူမကို မေးခွန်းထုတ်လိုက်သည်။

"ဒီစာတွေကို ဖတ်ပြီးနားလည်တာ မင်းကိုယ်တိုင်နားလည်တာလား..."

လီချင်းဆွေက ခေါင်းညိတ်ပြလိုက်လေသည်။

ယွမ်ချင်းသံသယမဝင်တော့သလို စိတ်ပူပန်ခြင်းလည်း မဖြစ်မိတော့ပေ။

ယခုမှ စတင်တွေ့ဆုံရသည့် ကလေးမလေးတစ်ယောက်ကို ယုံကြည်ရန်မှာ ခက်ခဲလှသည်။ သို့သော်... ယွမ်ချင်း နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သည့် တာအိုစိတ်အာရုံတွင် မိန်းကလေးငယ်လေးသည် စိတ်ရင်းမှန်သူဖြစ်ကြောင်း အလိုလို သိရှိနေခဲ့သည်။

ထို့ကြောင့်... မိန်းကလေးငယ်လေးနှင့်ပတ်သက်ပြီး သဘာဝအတိုင်း စိတ်အာရုံခံစားမှုကို ယုံကြည်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ယွမ်ချင်းက...

"ပွင့်ပွင့်လင်းလင်းပြောရရင် ကျုပ် မင်းကို သိပ်ပြီး သင်ပြပေးနိုင်မှာ မဟုတ်ဘူး ၊ ချင်းရွှမ်ရဲ့ တောင်ထွတ် (၅)ခုမှာ သွားရင်းလာရင်း ရလာတဲ့အတွေ့အကြုံတွေက မင်းကို အကောင်းဆုံး

သင်ပြပေးပါလိမ့်မယ်၊ သစ်ပင်တိုင်း၊ ပန်းပွင့်တိုင်း၊ သစ်ရွက်တိုင်းမှာ တာအိုတရားတွေကို တွေ့မြင်နိုင်တယ်၊ တခြားသူတွေကတော့ အဲဒီအရာတွေကို လေ့လာပြီး တာအိုတရားကို သိမြင်နိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းကတော့ သိမြင်နိုင်လိမ့်မယ်..."

ယွမ်ချင်း၏ စကားကို ကြားလိုက်သည်နှင့် ယွမ်ချင်းသည် သာမန်လူများတွင် ရှိရန်ခဲယဉ်းသည့် ထိုးထွင်းသိမြင်နိုင်စွမ်းရှိကြောင်း ဆန်းလျန် သိရှိလိုက်သည်။

ဆန်းလျန် ထိုက်ယီတောင်ထိပ်တွင် တရားဟောပြောစဉ်က ဟွမ်ချွမ်ကျီ၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ချင်းထက် အနည်းငယ်သာသာယောင်ရှိလေသည်။

သို့သော်... နှစ်ပေါင်းများစွာကြာလာပြီးသည့်နောက် ဟွမ်ချွမ်ကျီက တန်ခိုးစွမ်းအားအရာတွင် မြင့်မားသော်လည်း တာအိုတရားကိုနားလည်မှုတွင်တော့ ယွမ်ချင်းကို လုံး၀ မမီနိုင်ခဲ့ပေ။

လီချင်းဆွေက...

"ခုချိန်ထိတော့ ဆရာဘိုးဘိုးပြောတာတွေကို သိပ်ပြီး နားမ

လည်သေးဘူး ၊ ဒါပေမဲ့ ဒီချင်းရှမ်တောင်ကို ကျွန်မ အရမ်း

သဘောကျတယ် ၊ ဒီတော့ ဒီမှာ နေချင်စိတ်ဖြစ်မိပါတယ်..."

ယွမ်ချင်းက ပြုံးလိုက်ရင်း...

"ချင်းရှမ်က မင်းကို စိတ်ပျက်စေမှာ မဟုတ်ပါဘူး..."

လီချင်းဆွေက...

"ဒါနဲ့ ညဘက်ဆို ကျွန်မ ဒီနေရာမှာ ညအိပ်လို့ရမလား..."

သူမအမေးကြောင့် ယွမ်ချင်း အံ့အားသင့်သွားလေသည်။

"ဘာလို့ ဒီနေရာမှာအိပ်ဖို့ တွေးရတာလဲ..."

လီချင်းဆွေက...

"အပြင်မှာ တောင်ပေါ်လေတွေတိုက်တော့ အရမ်းအေးတယ်

လေ ၊ အဲဒါ နေရခက်တယ်..."

အမှန်တော့ သူမ စန်းရှောင်ကျီပေးသည့်ဆေးကိုစားပြီးနောက် နေမကောင်းဖျားနာခြင်း မဖြစ်နိုင်တော့ပေ။

သူမအနေဖြင့် တောင်ပေါ်လေ မည်မျှအေးပါစေ ခံနိုင်ရည်ရှိနေမည် ဖြစ်သည်။

ယွမ်ချင်းက ပြုံးလိုက်ပြီး...

"မင်း ကျီဖူတောင်ထိပ်ကိုသွားနေတာ ပိုကောင်းလိမ့်မယ် ၊ အဲဒီမှာ ထိုက်ဝေ့ထိုင် ခန်းမဆောင် ရှိတယ် ၊ ဒါမှမဟုတ်လည်း မင်း ကြိုက်တဲ့နေရာတစ်ခုရှာပြီး နေလို့ရပါတယ်..."

ထို့နောက် ယွမ်ချင်းက ကြွေပုလင်းလေးတစ်လုံးကို ထုတ်ယူလိုက်ပြီး...

"မင်း ဗိုက်ဆာရင် ဒီပုလင်းထဲက ဆေးလုံးတွေကို တစ်လုံးလောက်စားရင် အဆာပြေသွားလိမ့်မယ်..."

လီချင်းဆွေက မည်သည့်စကားမှ မပြောတော့ဘဲ ကြွေပုလင်းလေးကို လှမ်းယူလိုက်လေသည်။

အမှန်တော့ ဗိုက်ဆာသည်ဆိုသည့်အဓိပ္ပါယ်ကို သူမ နားမလည်ပေ။ အကြောင်းမှာ ... သူမ တစ်ခါမှ မဆာလောင်ခဲ့ဖူးသောကြောင့် ဖြစ်လေ၏။

ယွမ်ချင်းက လီချင်းဆွေ၏ အပြုအမူများနှင့် အသားကျစပြုလာပြီ ဖြစ်လေရာ စကားအပိုမပြောတော့ဘဲ သူမကို ကျီဖူတောင်ထိပ်သို့ ခေါ်ဆောင်လာခဲ့လေသည်။

ကျီဖူတောင်ထိပ်သည် ထိုက်ယီတောင်ထိပ်ကဲ့သို့ပင် အသက်ဓာတ်စွမ်းအားများဖြင့် ပြည့်ဝသည့် နေရာတစ်ခု ဖြစ်သည်။ သို့သော်... ထိုက်ယီတောင်ထိပ်ထက်ပင် တာအိုအငွေ့အသက်များ ပိုမိုများပြားလေသည်။

ကျီဖူတောင်ထိပ်တွင် ခရမ်းရောင်အခိုးအငွေ့များဖြင့် ဖုံးလွှမ်းနေတတ်ပြီး ချင်းရှမ်တောင်၏ ထောင်ထွတ် (၅)ခုတွင် မိုးမြေစွမ်းအားများကို စုပ်ယူပြီးကျင့်ကြံမှုပြုလုပ်ရန် အကောင်းဆုံးနေရာတစ်ခု ဖြစ်သည်။

သန့်စင်သည့် ခရမ်းရောင်အခိုးအငွေ့များက ကျင့်ကြံမှုပြုလုပ်ရာတွင် များစွာ အထောက်အကူ ပြုနိုင်သည်။

ယွမ်ချင်းက ထိုက်ဝေ့ထိုင်ခန်းမဆောင် သော့ထားရှိသည့်နေရာကို တန်ခိုးစွမ်းအားဖြင့် အရံအတား ပြုလုပ်ထားလေသည်။

ထိုသို့ပြုလုပ်မှသာ ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင် မည်သည့်တပည့် လာရောက်လေ့လာသည်ကို လွယ်လွယ်ကူကူနှင့် သိရှိနိုင်မည် ဖြစ်သည်။

သို့သော်… ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင် လာရောက်လေ့လာသည့်တပည့်က ခပ်ရှားရှား ဖြစ်လေသည်။

ယနေ့အချိန်ထိ ထိုက်ဝေ့ထိုင်ခန်းမဆောင်တွင် လာရောက်လေ့လာသည့် တပည့်များလည်း ရှားပါးသလို ကျီဖူတောင်ထိပ်မှ ခရမ်းရောင်အခိုးအငွေ့များကို အသုံးပြုကျင့်ကြံသူများလည်း မရှိသလောက်နည်းပါးလှ၏။

ယွမ်ချင်းကလည်း ကျီဖူတောင်ထိပ်တွင် လာရောက်ကျင့်ကြံ ကြံရန် မည်သူ့ကိုမှ မတိုက်တွန်းခဲ့ပေ။ အကြောင်းမှာ ကျင့်ကြံ ရာတွင် လျှင်မြန်စွာတိုးတက်မှုကို ယွမ်ချင်းက ရှာဖွေသူ မဟုတ်ပေ။

တစ်ညတည်းဖြင့် တန်ခိုးစွမ်းအား တစ်ရှိန်ထိုးမြင့်မားလာ အောင် ကျင့်ကြံခြင်းထက် ဝိညာဉ်စွမ်းအားကောင်းအောင် ဖြည်းဖြည်းမှန်မှန် ကျင့်ကြံခြင်းကို ယွမ်ချင်းက ပိုမိုသဘောကျ သူ ဖြစ်သည်။

ထိုသို့ ကျင့်ကြံခြင်းက လက်တွေ့လည်း ကျလေသည်။

လောကတွင် တစ်ဟုန်ထိုးလျှင်မြန်သည့်နှုန်းဖြင့် ကျင့်ကြံနိုင် သူ အနည်းငယ်မျှသာ ရှိလေသည်။

အကြောင်းမှာ... ကျင့်ကြံသူအများစုက သာမန်လူသားများ ဘဝမှ စတင်ကျင့်ကြံရသူများဖြစ်သည် မဟုတ်ပါလား။

သို့သော်... ယွမ်ချင်းကတော့ လီချင်းဆွေအပေါ်တွင် အခြား

သူများနှင့်မတူသည့် မျှော်လင့်ချက်ရှိလေသည်။

ထို့ကြောင့် သူက လီချင်းဆွေကို ချင်းရွှမ်နတ်တံခါးမှ အခြား

သောတပည့်များအားလုံးထက် အခွင့်အရေးပိုမိုပေးအပ်ခဲ့ခြင်း

ဖြစ်သည်။

....

(၂)နှစ်ဆိုသောအချိန်သည် မျက်စိတစ်မှိတ်အတွင်း ကုန်ဆုံး

သွားခဲ့လေသည်။

လီချင်းဆွေမှာ ကလေးမလေးမှ အနည်းငယ်အသက်ကြီးလာ

သည့် ကလေးမလေးအဖြစ်သို့ ပြောင်းလဲလာပြီ ဖြစ်သည်။

မပြောင်းလဲသည့်အချက်မှာ သူမသည် တောင်ပေါ်သို့ ရောက်စ

အချိန်ကအတိုင်း အေးစက်တည်ငြိမ်နေဆဲပင် ဖြစ်လေသည်။

သို့သော်... လီချင်းဆွေ၏ ကျင့်ကြံခြင်း တိုးတက်လာမှုက

ယွမ်ချင်းမျှော်လင့်ထားသည်ထက် ပိုမိုလေသည်။

အမှန်တော့ ထိုက်ဝေ့ထိုင်ခန်းမဆောင်သို့ ရောက်ရှိပြီး နောက်တစ်နေ့မှာပင် လီချင်းဆွေ၏ တန်ခိုးစွမ်းအားများ ချက်ချင်းမြင့်မားတိုးတက်လာခဲ့ခြင်း ဖြစ်သည်။

ထိုက်ဝေ့ထိုင်ခန်းမဆောင်မှ ကျမ်းစာများထဲတွင် သူမ ပထမဆုံး ကျင့်ကြံရန် ရွေးခြယ်လိုက်သည့် ကျမ်းစာမှာ "စန်းကျူကျင့်စဉ်ကျမ်း" ဖြစ်လေသည်။

ထိုကျမ်းစာမှာ တာအိုဆရာသခင်ထိုက်ယီ၏ တရားဟောပြောချက်များကို မှတ်သားပြီး ယွမ်ချင်းရေးသားပြုစုထားသည့် ကျမ်းတစ်စောင်ဖြစ်သည်။

စန်းကျူကျမ်းစာသည် အလွန်အဆင့်မြင့်သည့် ကျမ်းစာတစ်ခုတော့ မဟုတ်ပေ။ တန်ခိုးစွမ်းအားမပါဝင်ဘဲ သာမန် အတွင်းအားတိုးတက်ရန်သာ ကျင့်ကြံရသည့် ကျမ်းစာတစ်အုပ် ဖြစ်လေသည်။

သို့သော်... အရေးကြီးဆုံးအချက်မှာ စန်းကျူကျင့်စဉ်ကျမ်းသည် သာမန်လူသားများ စတင်ကျင့်ကြံသည့်အချိန်တွင် လေ့လာရန် အသင့်တော်ဆုံးဖြစ်ပြီး စိတ်ဝိညာဉ်တည်ငြိမ်ခြင်းနှင့် ရုပ်ခန္ဓာဖြောင့်မတ်ခြင်းတို့အတွက် အထောက်အကူ ပြုလေသည်။

လောကရှိ မည်သည့်ကျင့်စဉ်မဆို ထူးခြားသည့်ဂုဏ်သတ္တိကတော့ ရှိကြစမြဲပင် ဖြစ်သည်။

စန်းကျူကျင့်စဉ်ကျမ်းကတော့ သမာသမတ်ကျပြီး မည်သည့်တန်ခိုးစွမ်းအားဂုဏ်သတ္တိမှမရှိဘဲ ရိုးရှင်းသည့် ကျမ်းစာတစ်အုပ်ဖြစ်သည်။

ယွမ်ချင်းက စန်းကျူကျင့်စဉ်ကျမ်းကို တစ်ခါမှ မကျင့်ကြံခဲ့ဖူးသော်လည်း စန်းကျူကျင့်စဉ်ကျမ်း၏ ကောင်းကျိုးများကို အခြားသူများထက်ပို၍ နားလည်သူဖြစ်သည်။

ထို့ကြောင့် သူက လီချင်းဆေါ၏ ရွေးခြယ်မှုနှင့်ပတ်သက်ပြီး

စိတ်ပျက်ခဲ့ခြင်း မရှိဘဲ အတော်လေး

အကျိုးသင့်အကြောင်းသင့်ရှိသည်ဟု ခံစားခဲ့ရလေသည်။

သို့သော်... လီချင်းဆွေက သူ့ကို ထို့ထက်ပိုပြီး အံ့အားသင့်စရာ

အလုပ်များကို ပြုလုပ်ပြခဲ့လေတော့သည်။

အခန်း (၁၀၀၀) ရောက်သည့်နေရာတွင် အလျှော့မပေး

လီချင်းဆွေသည် သေချာပေါက် အောင်မြင်မှုရမည်ဟု ယွမ်ချင်းက နိမိတ်ဖတ်ပြီး ကတိကဝတ်ပြုခံထားရသူ ဖြစ်လေသည်။

ထို့ပြင် သူမသည် ကျင့်ကြံခြင်းတွင်လည်း အံ့သြဖွယ်ရာ တိုးတက်လာခဲ့သည်။

ယွမ်ချင်းကတော့ ထိုသို့ဖြစ်လာမည်ဟု အစကတည်းက မျှော်လင့်ထားသည့်အတွက် အရမ်းကာရော အံ့အားသင့်ခြင်း မဖြစ်မိပေ။

သို့သော် ယခု လီချင်းဆွေ၏လုပ်ရပ်က ယွမ်ချင်း လက်မခံနိုင်လောက်အောင် အံ့အားသင့်စေခဲ့သည်။

လွန်ခဲ့သည့် (၃)ရက်ခန့်က ဖြစ်လေ၏။

ယွမ်ချင်း၏ ပခုံးလောက်ပင် မမြင့်သေးသည့် အရပ်လေးဖြင့် လီချင်းဆွေသည် ယွမ်ချင်းရှေ့တွင် ရပ်နေလေသည်။

သူမက ယွမ်ချင်းကို တသမတ်တည်းသောလေသံဖြင့် စကား တစ်ခွန်းဆိုလိုက်သည်။

"ကျွန်မ တောင်အောက်ကို ဆင်းချင်တယ်..."

လီချင်းဆွေက မည်မျှပင် အရည်အချင်းရှိသူဖြစ်ပါစေ သူမ ကျင့်ကြံသည်မှာ အချိန် (၂)နှစ်မျှသာ ရှိသေးသည်။ သို့သော်... အမှန်အတိုင်းဝန်ခံရလျှင် ကျင့်ကြံသူလောကတွင် သူမထက် သာလွန်သူ သိပ်မရှိပေ။

သို့သော်... သူမအသက်အရွယ်ဖြင့် ချင်းရှမ်နတ်တံခါးမှ ထွက်ခွာသွားပါက ပြဿနာတစ်စုံတစ်ခုတက်လျှင် မတော်တဆ အန္တရာယ်ကျရောက်နိုင်လေသည်။

"ခွင့်မပြုနိုင်ဘူး..."

ယွမ်ချင်းက သူမ၏ တောင်းဆိုမှုကို ငြင်းဆန်လိုက်လေသည်။

လီချင်းဆွေက မျက်ခုံးတစ်ချက်ပင့်ကာ ယွမ်ချင်းကို ကြည့်လိုက်ပြီး အေးဆေးတည်ငြိမ်သည့် လေသံဖြင့်...

"ကျွန်မ တောင်အောက်ကိုဆင်းသွားရင် အန္တရယ်နဲ့ရင်ဆိုင်ရမှာ စိတ်ပူလို့မဟုတ်လား..."

ဟု မေးလိုက်လေသည်။

ယွမ်ချင်းက ခေါင်းညိတ်လိုက်ရင်း...

"နောက် (၁၀)နှစ် ၊ မင်း အရွယ်ရောက်လာတဲ့အချိန်ထိ စောင့်ပါဦးလား... ၊ အဲဒီအချိန်ကျ မင်း အတွေ့အကြုံယူဖို့ တောင်အောက်ကို ဆင်းခွင့်ပြုမယ်လေ ၊ အခုတော့ မဆင်းနဲ့ဦး..."

လီချင်းဆွေက...

"ကျွန်မက အခြားသူတွေထက်ထူးခြားတယ်လို့ ဆရာဘိုးဘိုးထင်တယ် မဟုတ်လား ၊ ဒီတော့ ကျွန်မသွားချင်တာကို ခွင့်ပြုပေးသင့်တာပေါ့..."

ယွမ်ချင်း မချိပြုံးတစ်ချက် ပြုံးလိုက်မိသည်။

သူက လီချင်းဆွေကို အခြားသူများနှင့်မတူသည့် ပါရမီရှင်ဟု အမြဲတမ်း ပြောခဲ့ဖူးသည်။ ယခုတော့ ကိုယ့်စကားနှင့်ကိုယ် ပြန်ခံရကိန်းရှိနေပြီ ဖြစ်လေသည်။

သို့သော်... သူမကို အတင်းအကျပ်ချုပ်နှောင်ထားချင်စိတ် လည်း မရှိသည့်အတွက် အကြောင်းရင်းကို မေးကြည့်ရန် ယွမ် ချင်းဆုံးဖြတ်လိုက်သည်။

ယွမ်ချင်းက...

"မင်း တောင်အောက်ကို ဘာလို့သွားချင်တာလဲ ၊ တောင်ပေါ်မှာ လည်း လေ့လာသင်ယူစရာတွေ အများကြီး ရှိသေးတာပဲ မဟုတ်လား..."

လီချင်းဆွေက...

"ကျွန်မမှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ် ရှိပါတယ် ၊ ပြောရ မယ်ဆိုရင် ဆရာဘိုးဘိုးဆီကနေ ဖုံးကွယ်မထားချင်ပါဘူး ၊ ဒါပေမဲ့ ဆရာဘိုးဘိုး ကျွန်မကို ယုံပါလို့ပဲ ပြောချင်ပါတယ်..."

ယွမ်ချင်းက...

"ပွင့်ပွင့်လင်းလင်းပြောရရင် မင်းမှာ ထူးခြားတဲ့ စွမ်းရည်တွေရှိတယ်၊ မင်းဒီလိုစိတ်ထင်ရာတွေ တောင်းဆိုတာအတွက် ကျုပ်ဒေါသထွက်သင့်တယ်၊ ဒါပေမဲ့ ဒေါသထွက်ဖို့လည်း ခပ်ခက်ခက်ပဲ၊ မင်းတောင်းဆိုတာကို အလေးအနက်ထားပြီး ပြန်စဉ်းစားပါ၊ မင်းမှာလည်း မင်းအကြောင်းပြချက်နဲ့မင်းရှိသလို ကျုပ်မှာလည်း ကျုပ်အကြောင်းပြချက်နဲ့ကျုပ် ရှိတယ်၊ ဒီတော့ ခုချိန်ကစပြီး မင်း ကျီဖူတောင်ထိပ်က တစ်ဖဝါးမှခွာဖို့ မစဉ်းစားနဲ့တော့..."

ပြောပြီးသည်နှင့် ယွမ်ချင်းသည် ကောင်းကင်ထက်သို့ ပျံသန်းထွက်ခွာသွားလေသည်။

ထို့နောက် လက်တစ်ဖက်ဝှေ့ရမ်းလိုက်လေရာ အရံအတားမြူခိုးတိမ်တိုက်များသည် ကျီဖူတောင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေတော့သည်။

မိန်းကလေးငယ်လေးလီချင်းဆွေကို နှုတ်ဖြင့်တားမရသည်ကို ယွမ်ချင်းကောင်းကောင်း သိလေသည်။ ထို့ကြောင့် သူက စကားဖြင့်ပြောမနေတော့ဘဲ ကျီဖူတောင်ထိပ်ကို တန်ခိုးစွမ်းအားဖြင့် ပိတ်ဆို့တားဆီးလိုက်ခြင်း ဖြစ်လေ၏။

အချိန်ကြာသွားသည်နှင့်အမျှ သူမ၏ လက်တွေ့မကျသည့် အတွေးများကို ဖယ်ရှားပစ်နိုင်မည်ဟု ယွမ်ချင်း မျှော်လင့်ခဲ့သည်။

(၃)ရက်ကြာပြီးနောက် ယွမ်ချင်း ကျီဖူတောင်ထိပ်သို့ ရောက်လာခဲ့လေသည်။

သို့သော်... လီချင်းဆွေကတော့ လှပသည့် လက်ရေးလေးဖြင့် စာတစ်စောင်ရေးခဲ့ပြီး တောင်ပေါ်မှ ထွက်ခွာသွားပြီ ဖြစ်လေသည်။

"(၃)လပိုင်းကုန်ရင် ပြန်လာပါ့မယ် ၊ ကျွန်မကို လိုက်မရှာပါနဲ့..."

လီချင်းဆွေမှာ အေးဆေးတည်ငြိမ်သလောက် အဆင်အခြင်မရှိသောစိတ်ထားကို ပိုင်ဆိုင်ကြောင်း ယွမ်ချင်း နားလည်သွားခဲ့သည်။

သို့သော်... သူမသည် အသက် (၁၀)နှစ်ပင် မပြည့်သေးသည့် ကလေးမလေးတစ်ယောက်ဖြစ်လေရာ လောကပြင်ပရှိ အန္တရယ်များကို မိန်းကလေးငယ်သည် သိမြင်နိုင်မည် မဟုတ်ပေ။

ထို့ပြင်... သူ ပြုလုပ်ထားသည့် အရံအတားကို ပယ်ဖျက်ရန်အတွက် မည်သည့်နည်းလမ်းကို အသုံးပြုသွားသည်ကိုလည်း ယွမ်ချင်း သိရှိခြင်း မရှိသေးပေ။

သို့မဟုတ်... တစ်စုံတစ်ယောက်က ချင်းဆွေကို ချင်းရှမ်နတ်တံခါးမှ တိတ်တဆိတ် ခေါ်ထုတ်သွားလေသလားဟု ယွမ်ချင်း တွေးလိုက်မိသည်။

သို့သော် မဖြစ်နိုင်ကြောင်း ပြန်စဉ်းစားလိုက်မိသည်။

တစ်စုံတစ်ယောက်ကသာ လီချင်းဆွေကို ခေါ်ထုတ်သွားသည် ဆိုလျှင် အဘယ့်ကြောင့် မှတ်စုတိုလေးကို ရည်ရွယ်ချက်ရှိရှိ ဖြင့် ချန်ထားခဲ့ပါသနည်း။

လီချင်းဆွေက မည်မျှပင် ထူးဆန်းသူဖြစ်ပါစေ ယွမ်ချင်း သူမကို လိုက်ရှာရန် ဆုံးဖြတ်လိုက်လေသည်။ သူမက ချင်းရွှမ်နတ်တံခါး၏ တပည့်တစ်ယောက် ဖြစ်သည် မဟုတ်ပါလား။

ထို့သို့ဖြင့် နှစ်ပေါင်းများစွာ တောင်ပေါ်မှ မဆင်းဘဲနေခဲ့သည့် ယွမ်ချင်းသည် လီချင်းဆွေကို ရှာဖွေရန် တောင်ပေါ်မှ တိတ်တဆိတ်ဆင်းသွားလေတော့သည်။

လီချင်းဆွေသည် အရည်အချင်းမြင့်မားသည်မှန်သော်လည်း တကယ်တမ်း အန္တရယ်နှင့် ရင်ဆိုင်ရသည့်အခါ တိုက်ခိုက်နိုင် စွမ်းရှိလိမ့်မည် မဟုတ်ပေ။

....

ထိုအချိန်တွင်...

အကန့်အသတ်မဲ့ ပင်လယ်ရေပြင်ထဲရှိ ဝါးဖောင်တစ်ခုထက်တွင် အစိမ်းနုရောင်ဝတ်ဆင်ထားသည့် မိန်းကလေးငယ်တစ်ယောက် ထိုက်လျှောက်ရှိနေလေသည်။

သူမသည် လီချင်းဆွေပင် ဖြစ်လေတော့၏။

အခြားသူများက တွေ့မြင်နိုင်ခြင်းမရှိဘဲ လီချင်းဆွေတစ်ယောက်သာ တွေ့မြင်နိုင်သည့် ဆန်းလျန်ကတော့ သူမဘေးတွင် ထိုင်နေလေသည်။

ဆန်းလျန်က ပင်လယ်ရေစီးကြောင်း အပြောင်းအလဲများကို ကြည့်ရင်း ခပ်အေးအေးပင် စကားပြောလိုက်သည်။

"ပင်လယ်ထဲခရီးထွက်တဲ့အခါ ဘာမှ ကြိုးစားအားထုတ်နေစရာမလိုဘူး ၊ ပင်လယ်ရေစီးအကြောင်းအတိုင်း အေးအေးဆေးဆေး လိုက်သွားရုံပဲ ၊ ကျင့်ကြံတဲ့နေရာမှာလည်း အဲဒီလိုပဲ... ၊ မင်း သဘာဝတရားကိုနားလည်တယ်ဆို

ရင် လူ့ဘဝတစ်လျှောက် အေးအေးဆေးဆေး ခရီးနှင်သွားလို့

ရတယ် ၊ ဘာတန်ခိုးစွမ်းအားမှတောင် မလိုဘူး..."

လီချင်းဆွေက...

"ကျွန်မတို့ ခရီးထွက်လာတာ (၃)ရက်တောင်ရှိပြီ ၊ ကမ်းခြေ

လည်းမတွေ့ရသေးဘူး ၊ ဒီလို ကြီးကြီးကျယ်ကျယ်တွေ

လျှောက်ပြောနေမယ့်အစား ဝါးဖောင်ကို နည်းနည်းလောက်မြန်

အောင် လုပ်ပေးပါလား..."

ဆန်းလျန်က...

"ဒါ အမြန်ဆုံးပဲ ၊ ကျုပ် ပင်လယ်ရေစီးကြောင်း

အပြောင်းအလဲတွေကို တွက်ချက်ပြီးပြီ ၊ ဒီဝါးဖောင်က

ပင်လယ်ရေစီးကြောင်းအတိုင်း အမြန်ဆုံးနည်းနဲ့ သွားနေတာပဲ

၊ ရှက်လွှင့်နေတဲ့ သင်္ဘောကြီးတွေထက်တောင် မြန်နေသေး

တယ် ၊ နောက်ထပ် နာရီဝက်လောက်ပဲစောင့်လိုက် ၊ ကမ်းခြေ

ကို ကျုပ်တို့ ရောက်လိမ့်မယ်..."

လီချင်းဆွေက...

"ထားပါတော့ ၊ မင်းက ကျွန်မ သွားချင်တဲ့နေရာသွားနိုင်အောင် လုပ်ပေးထားတာပဲ..."

ဆန်းလျန်က မကျေမနပ်ဖြစ်ဟန်ဖြင့်...

"မင်းသိရမယ်လေ ၊ ဟိုကောင်လေးယွမ်ချင်းက ကျီဖူ တောင်ထိပ်က အရုံအတားကို ဘယ်လိုဖျက်ရမလဲဆိုတာ မင်း ကိုသင်ပေးတဲ့သူက ကျုပ်ဆိုတာသာသိသွားရင် ဘယ်လိုလုပ်မ လဲ ၊ ဒီတော့ဝါးဖောင်နဲ့ရေစီးအတိုင်းသွားတာက အန္တရယ်ကင်း တယ်လေ ၊ ကမ်းခြေကို အမြန်နှုန်းနဲ့ ရောက်မှာပဲဟာကို ၊ ကျုပ်ကို လေးစားဖို့တော့ ကောင်းပါတယ်..."

ဆန်းလျန်စကားကြားသည့်အခါ လီချင်းဆွေ မကျေမနပ် ဖြစ်သွားသည်။

ဆန်းလျန်က တမင်သက်သက် ကြွားလုံးထုတ်နေသည်ဟု သူမ က ယူဆသည်။

သို့သော်... ဆန်းလျန်ကတော့ ကလေးဆန်ပြီး အပြစ်ကင်းစင်သည့် လီချင်းဆွေက စိတ်ဝင်စားစရာကောင်းသည်ဟု တွေးနေမိသည်။

ထို့ပြင်... ဆန်းလျန်က သူလုပ်နေသည့်အလုပ်ကိုလည်း နားလည်သိရှိသူ ဖြစ်သည်။

ချင်းဆွေထျန်းကောင်းကင်ဘုံမှ ချောမောလှပသည့် နတ်ဘုရား လီချင်းဆွေထံတွင် တစ်ခါတလေ ဤကလေးမလေးကဲ့သို့ ကလေးဆန်မှုမျိုးကို တွေ့မြင်ရသည်ဟု ဆန်းလျန် ထင်မိသည်။

ဤနေ့ရက်များတွင် ကလေးမလေးနှင့် စကားစမြည်ပြောဆိုဖြစ်ကြသည့်နောက် လီချင်းဆွေက သူမ၏ ချင်းဆွေထျန်းကောင်းကင်ဘုံတွင် ဆန်းလျန် မီးမွှေးပြီး ငါးကင်သည်ကို အဘယ့်ကြောင့် သည်းခံရသည်ဆိုသည့် အကြောင်းရင်းကို ရှာတွေ့သွားသလို ခံစားရသည်။

သို့သော်... ဆန်းလျန်ထင်သည်မှာ မုန်ချင်မှ မုန်ပေလိမ့်မည်။

သူက သူ့ရင်ထဲမှ ဆန္ဒအတိုင်း အကြောင်းပြချက်တစ်ခုပမာ

လိုရာဆွဲတွေးနေခြင်းလည်း ဖြစ်နိုင်လေသည်။

လီချင်းဆွေကတော့ ဆန်းလျန်ကို သိပ်ပြီးအထင်ကြီးခြင်း မရှိ

ပေ။

သို့သော်... သူမက သာမန်လူများနှင့်မတူသူတစ်ယောက်ဖြစ်

ရာ သူ့အနားတွင် ဆန်းလျန်ကဲ့သို့ ထူးဆန်းသည့်လူတစ်

ယောက် ရှိနေခြင်းက သူ့အတွက် ကောင်းမွန်သည်ဟု မှတ်ယူ

ထားသည်။

ထို့ပြင်... သူမတွင် သာမန်လူသားများကဲ့သို့ စိတ်လှုပ်ရှားခြင်း

မျိုးလည်း လုံးဝမရှိပေ။

အတိုချုပ်ပြောရလျှင် သူမသည် ထူးဆန်းသည့်အရာများကို

တည်တည်ငြိမ်ငြိမ်ရင်ဆိုင်နိုင်စွမ်း ရှိသူ ဖြစ်လေသည်။

ထို့ကြောင့် ဆန်းလျန်ပြောပြသည့် ရှုတ်ထွေးသည့်

အကြောင်းအရာများနှင့် လမ်းညွှန်မှုကို သူမက လက်ခံနိုင်စွမ်း ရှိသည်။

သို့သော်... ဆန်းလျန် မပါရှိလျှင်လည်း သူမက ချင်းရှမ်နတ်တံခါးမှ ထွက်လာပြီးနောက်ပိုင်း ကိစ္စများကို ကောင်းကောင်းက ကိုင်တွယ်နိုင်မည်သာ ဖြစ်လေသည်။

သို့သော်... ဆန်းလျန်ပြောသည့်စကားများထဲတွင် အလွန် စိတ်ဝင်စားစရာကောင်းသည့် တစ်ချက်ရှိလေသည်။

ဆန်းလျန်က သာမန်လူတစ်ယောက်မဟုတ်ဟု သူမကို ပြောပြသည်။ ထို့ပြင် ဆန်းလျန်ကို တွေ့မြင်နိုင်သည့်အတွက် သူမသည်လည်း သာမန်လူတစ်ယောက်မဟုတ်ဟု ဆိုလေ၏။

ဆန်းလျန်သည် လောက၏ စည်းမျဉ်းများကို လိုက်နာသူ မဟုတ်ပေ။ ထို့အတူ လီချင်းဆွေသည်လည်း စည်းမျဉ်းစည်းကမ်းများကို မလိုက်နာသည့် လူတစ်ယောက် ဖြစ်လေသည်။

သူတို့ (၂)ယောက်သည် အမှန်ကတယ်ပင် လွတ်လပ်လွန်း

သူများ ဖြစ်လေသည်။

ဆန်းလျန်၏ စကားများက သူမကို စိတ်လှုပ်ရှားစေလျှင်အမှန်

တကယ်ပင် စိတ်လှုပ်ရှားဖွယ်ရာ ကောင်းသောကြောင့် ဖြစ်လေ

သည်။

သူမသည် မိန်းကလေးငယ်လေးမျှသာဖြစ်ပြီး လောကတွင်

ရင်ဆိုင်ရမည့်အခက်အခဲများနှင့် အကျိုးဆက်များကိုလည်း

သူမ စဉ်းစားခဲ့ဖူးခြင်း မရှိပေ။

ဆန်းလျန်က လီချင်းဆွေနှင့်အတူ လိုက်ပါလာသည့်အတွက်

သူမ အနည်းငယ်လည်း ပျင်းရိငြီးငွေ့ခြင်း မဖြစ်မိတော့ပေ။

ဆန်းလျန်ကတော့ လီချင်းဆွေကို ကြားခံအဖြစ် အသုံးပြုကာ

လွတ်မြောက်ရန် နည်းလမ်းရှာနေခဲ့သည်။

ဗုဒ္ဓက ဆန်းလျန်ကို သမိုင်းထဲတွင် ပိတ်လှောင်ထားခဲ့ခြင်း အားဖြင့် အတိတ်ကို ဆန်းလျန် ပြောင်းလဲမပစ်နိုင်ဟု ယူဆခဲ့ သည်။ သို့သော်... ဗုဒ္ဓ၏ တွက်ချက်မှု လွဲမှားသွားခဲ့လေသည်။ ဗုဒ္ဓက မှန်ကန်ခဲ့သည်ဆိုသည့်တိုင် ဆန်းလျန်ကတော့ ဖောက် ထွက်နိုင်ရန် နည်းလမ်းကို အမြဲတမ်း ရှာဖွေနေမည့် သူဖြစ်လေ သည်။

သမိုင်းထဲတွင် ပိတ်မိနေခြင်းကို ဖောက်မထွက်နိုင်သေးလျှင် တောင်မှ ဆန်းလျန်က လီချင်းဆွေမှ တစ်ဆင့် သမိုင်းကြောင်း ကို တက်ကြွစွာ ပြောင်းလဲပစ်နိုင်ပြီး စိတ်ဝင်စားစရာ ကောင်းသော သမိုင်းကြောင်းအသစ်များကို ပြုလုပ်နိုင်မည် ဖြစ်သည်။

....

ယွမ်ချင်းသည် ချက်ချင်းပင် အရှေ့ဘက်ကမ်းရိုးတမ်းသို့ လေပြေတစ်ခုအဖြစ်ဖန်ဆင်းပြီး ရောက်ရှိလာလေသည်။

သူက ဖြတ်သွားဖြတ်လာ မြို့ငယ်လေးတစ်မြို့တွင် တစ်ညတာ တည်းခိုရန် ဆုံးဖြတ်လိုက်သည်။ သူက တည်းခိုခန်းတစ်ခုတွင် အခန်းငှားပြီး တစ်ညတာ ကျင့်ကြံမှုကို ပြုလုပနေခဲ့သည်။

နောက်တစ်နေ့ နံနက်စောစောတွင်တော့... သူ့အခန်းတံခါးရှေ့သို့ စားပွဲထိုးလေးတစ်ယောက် ရောက်ရှိလာလေသည်။

စားပွဲထိုးလေးက...

"ဧည့်သည် ၊ လူတစ်ယောက်က လူကြီးမင်းကို အမှာစကား ပါးလိုက်ပါတယ်..."

အခန်း (၁၀၀၁) သွေးနီရောင်ကျင့်ကြံသူ

ယွမ်ချင်း မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး...

"ဘာ အမှာစကားလဲ..."

စားပွဲထိုးလေးက ရုတ်တရက် ထူးဆန်းသည့် အပြုံးတစ်ချက်

ပြုံးလိုက်ပြီး...

"သူပြောတာက ခင်ဗျားက သေတော့မှာ... တဲ့..."

ထို့နောက် ဖောင်းခနဲ ပေါက်ကွဲသံကြီးတစ်သံ ထွက်ပေါ်လာပြီး

စားပွဲထိုးလေး၏ ခန္ဓာကိုယ်မှာ သွေးမှုံများအဖြစ်ပေါက်ကွဲ

ထွက်သွားလေသည်။

ယွမ်ချင်း၏ ခန္ဓာကိုယ်မှ အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး

သူက လက်တစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး လေထဲမှ

သွေးမှုံများကို ဖမ်းယူဆုပ်ကိုင်လိုက်သည်။

သွေးမှုံများက လေထဲသို့ ပျံ့နှံ့ပျောက်ကွယ်မသွားခင် ယွမ်

ချင်းက တန်ခိုးစွမ်းအားအသုံးပြုပြီး ဖမ်းယူလိုက်ခြင်း ဖြစ်

လေသည်။ မဟုတ်ပါက ပေါက်ကွဲထွက်သွားသည့်အရှိန်ကို

သူ၏လက်က ခံနိုင်ရည်ရှိမည် မဟုတ်ပေ။

ထို့ပြင်... တန်ခိုးစွမ်းအားကို ထုတ်လွှတ်လိုက်သည့်အတွက်

ပတ်ဝန်းကျင်မှ လူများ ပေါက်ကွဲမှုကို မရိပ်မိအောင် ထိန်းထား

ပေးလိုက်ခြင်းလည်း ဖြစ်လေသည်။

ထို့ကြောင့်... တည်းခိုခန်းမှ လူအများမှာ ပေါက်ကွဲမှုတစ်ခု ဖြစ်

ပေါ်သွားသည်ကို မည်သူမှ မသိလိုက်ကြတော့ပေ။

ယွမ်ချင်းက မျက်လုံးများအသာမှိတ်လိုက်ပြီး လက်ထဲမှ သွေး

မှုံသွေးစများကို အာရုံခံကြည့်လိုက်သည်။

အချိန်က ခဏတာလေးမျှသာ ဖြစ်သော်လည်း ယွမ်ချင်းက

စားပွဲထိုးလေး၏ အသက်ရှူသံနှင့် အငွေ့အသက်ကို ချက်ချင်း

မှတ်သားလိုက်နိုင်သည်။

ထို့နောက် စားပွဲထိုးလေး မည်သည့်အဖြစ်အပျက်များ ရင်ဆိုင်ခဲ့ရသည်ကို သူ ဆက်လက် နောက်ကြောင်းပြန် ခြေရာခံကြည့်လိုက်သည်။

နောက်ဆုံးတွေ့ငတော့... စားပွဲထိုးလေးသည် သန်သန်မာမာ ခန္ဓာကိုယ်ရှိသည့် လူတစ်ယောက်နှင့် မတော်တဆ ဝင်တိုက်မိခဲ့သည့် အဖြစ်အပျက်တစ်ခုကို သတိပြုလိုက်မိသည်။

ယွမ်ချင်း မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်လေသည်။ ထို့နောက်... သူ၏ ခန္ဓာကိုယ်သည် နေရာတွင်ပင် ပျောက်ကွယ်သွားလေတော့သည်။

သူပျောက်ကွယ်သွားသည်မှာ လျှင်မြန်လွန်းလှသည့်အတွက် လေထဲတွင် သူ့ပုံရိပ်များ ထင်ကျန်ရစ်သည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

***

လမ်းမတစ်ခုထက်တွင် မြင်းတစ်စီး ဒုန်းဆိုင်းမောင်းနှင်လာလေသည်။

ဖုန်လုံးကြီးများတလိမ့်လိမ့်တက်လာပြီး လမ်းသွားလမ်းလာ

များမှာ တိုက်မိမည်စိုးသည့်အတွက် ကမန်းကတန်း

ရှောင်တိမ်းလိုက်ကြရသည်။

ထိုအချိန် မြင်းရှေ့တည့်တည့်တွင် ပိန်ပိန်ပါးပါး တာအိုဆရာ

တစ်ယောက် မတ်တတ်ရပ်လျှက်သား ထွက်ပေါ်လာလေသည်။

ထိုတာအိုဆရာမှာ ယွမ်ချင်းပင် ဖြစ်လေ၏။ သူက စူးရှသည့်

မျက်ဝန်းများဖြင့် မြင်းစီးသမားကို စိုက်ကြည့်နေလေသည်။

ထို့နောက် ယွမ်ချင်းက မြင်းစီးသမားရှိရာသို့ လက်နှစ်ချောင်း

ဖြင့် ထိုးညွှန်လိုက်ရာ မြင်းစီးသမားရှေ့တွင် ကြီးမားသည့်

ပိုက်ကွန်ကြီးတစ်ခု ထွက်ပေါ်လာလေသည်။

မြင်းက ကြောက်ရွံ့ထိတ်လန့်သွားပြီး ရှေ့ခွာကို ပတတ်ရပ်

လိုက်လေရာ မြင်းပေါ်မှလူမှာ လွင့်စင်ထွက်သွားလုမတတ်ဖြစ်

သွားရသည်။

ယွမ်ချင်းက သူ့လက်ချောင်းများကို စွန်ကုပ်လက်သည်းပုံသ

ဏ္ဍာန် ပြုလုပ်လိုက်သည်။

ရုတ်တရက်... ယွမ်ချင်းထံမှ သွေးနီရောင်တိမ်တိုက်တစ်ခု

ထွက်ပေါ်လာပြီး ထိုတိမ်တိုက်က မြွေတစ်ကောင်အလား

မြင်းစီးသမားထံသို့ ဝင်ရောက်သွားလေသည်။

မြင်းစီးသမားမှာ မလွတ်မြောက်နိုင်တော့ဘဲ ယွမ်ချင်း၏

လက်တွင်းသို့ ကျရောက်သွားလေတော့သည်။

သို့သော်... သူ့လက်ထဲသို့ ရောက်လာသည့် မြင်းစီးသမား၏

ခန္ဓာကိုယ်မှာ သွေးများကို စုပ်ယူပစ်လိုက်သည့်အလား

ရုတ်တရက် ခြောက်သွေ့သွားပြီး အရိုးကို ဖုံးလွှမ်းထားသည့်

အရေပြားသာလျှင် ကျန်ရစ်ခဲ့လေတော့သည်။

ယွမ်ချင်းက ထိုသူကို ထပ်ကြည့်မနေတော့ပေ။ အကြောင်းမှာ

ဤလူသည် အစောကြီးကတည်းက သေဆုံးနေခဲ့ပြီ ဖြစ်သည်

ကို သူ သိရှိခဲ့သောကြောင့် ဖြစ်လေသည်။

ထိုသူ၏ ခန္ဓာကိုယ်ကို ထောက်ပံ့ပေးနေသည့် သွေးဝိညာဉ်

ကြောင့်သာ အသက်ရှင်နေသည့် လူတစ်ယောက်နှင့် တူနေခြင်း

ဖြစ်သည်။

ထိုမြင်းစီးသမားကား အခြားသူမဟုတ်ပေ။ စောစောက စားပွဲ

ထိုးလေးနှင့် ဝင်တိုက်မိသည့်သူ ဖြစ်လေ၏။

ယခု ထိုသူ၏ ခန္ဓာကိုယ်မှ သွေးဝိညာဉ်ထွက်ခွာသွားသည့်အခါ

သွေးဝိညာဉ်တန်ခိုးစွမ်းအားက ယွမ်ချင်းကို ရိုက်ခတ်သွား

သည့်အတွက် ယွမ်ချင်းမှာ အော့အန်မိမတတ်ပင် ဖြစ်သွားရ

သည်။

သို့သော်... သွေးဝိညာဉ်တန်ခိုးစွမ်းအား၏ ရိုက်ခတ်မှုကြောင့်

သူ၏ခန္ဓာကိုယ်မှ သတ်ဖြတ်လိုသည့်အငွေ့အသက်များ

ရုတ်တရက် ထိန်းချုပ်ခံလိုက်ရလေသည်။

သွေးဝိညာဉ်တန်ခိုးစွမ်းအားကြောင့် ယွမ်ချင်း၏ မျက်ဝန်းများ

သွေးနီရောင် တောက်ပလျှက် ရှိလေသည်။

တစ်စုံတစ်ယောက် သူ့နောက်သို့လိုက်ကာ မကောင်းကြံနေခြင်း ဖြစ်ကြောင်း ယွမ်ချင်း ရိပ်မိလိုက်သည်။

ထိုသူသည် သူ့အကြောင်းကို ကောင်းကောင်းသိနေသည့် ရန်သူတစ်ယောက် ဖြစ်ပေလိမ့်မည်။ ထိုသို့ဆိုလျှင် ဟွမ်ချွမ် ကျီသာ ဖြစ်နိုင်လေ၏။

သေွးဝိညာဉ်တန်ခိုးစွမ်းအားက အလွန်ပြင်းထန်လေရာ ယွမ်ချင်းမှာ ထိုတန်ခိုးစွမ်းအားများကို ဖျက်စီးပစ်ရန် အတန်ကြာအောင် ကြိုးစားလိုက်ရသည်။

ထိုသွေးဝိညာဉ်တန်ခိုးစွမ်းအားများကိုသာ ယွမ်တုဓားတွင် တံဆိပ်ခတ်ထားလျှင် သတ်ဖြတ်လိုသည့်အငွေ့အသက်များကို ဖိနှိပ်ထားနိုင်မည်ဟု ယွမ်ချင်း တိတ်တဆိတ်တွေးလိုက်မိသည်။

ထို့ကြောင့် သူက သွေးဝိညာဉ်တန်ခိုးစွမ်းအား (၁၀) ရာခိုင်နှုန်း ခန့်ကို ဖျက်စီးမပစ်ဘဲသူ့လက်ဖဝါးထဲတွင် တံဆိပ်ခတ်ကာ အသာ သိမ်းဆည်းထားလိုက်လေသည်။

သိပ်မကြာမီ သူ ညာဘက်လက်ဖဝါးကို ဖြန့်ကြည့်လိုက်လေ သည်။ ထိုအခါ သူ၏လက်ဖဝါးထက်တွင် ပြဒါးတံဆိပ်ခတ်ရာ တစ်ခု ပေါ်လာလေသည်။

သို့သော်... ယွမ်ချင်း၏ မည်သည့်ဝေဒနာကိုမှ ခံစားရခြင်း မရှိ ပေ။ အကြောင်းမှာ ထိုပြဒါးတံဆိပ်အမှတ်အသားမှာ သွေး ဝိညာဉ်တန်ခိုးစွမ်းအားကို ကန့်သတ်ထိန်းချုပ်ထား သောကြောင့် ဖြစ်သည်။

ထိုသွေးဝိညာဉ်တန်ခိုးစွမ်းအားက သာမန် တန်ခိုးစွမ်းအားတစ် ခု မဟုတ်ပေ။ ထို့ပြင် ထိုတန်ခိုးစွမ်းအားက ယွမ်ချင်းနှင့် ဆက်နွယ်နီးစပ်နေသလို ခံစားလိုက်ရသည်။

ထို့ကြောင့်... ထိုပြဒါးအမှတ်အသားမှတစ်ဆင့် ဖြစ်တည်မှုတစ်ခုကို တိတ်တဆိတ်ခံစားလိုက်ရသည်။

သို့သော် ယွမ်ချင်းက အလျင်လိုခဲ့ခြင်း မရှိပေ။

ယွမ်ကျိုးနယ် အနောက်ဘက်ဒေသတွင် ဗုဒ္ဓ၏ ရှေးဟောင်းဓာတော်မွေတော်များရှိသည်ဟု ယွမ်ချင်း ကြားသိခဲ့ဖူးသည်။

သူ၏ ကိုယ်တွင်းမှ ကျင့်စဉ်လမ်းပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် ထိုဓာတ်တော်မွေတော်ကိုသာ ရရှိလျှင် အလုပ်ဖြစ်နိုင်မည်ဟု ယွမ်ချင်း တွေးလိုက်မိသည်။

***

တောင်ပေါ်တွင် နှင်းများဖုံးလွှမ်းနေပြီး လေလည်းထန်လျှက် ရှိလေသည်။

တောင်တစ်ခွင်လုံး အမှောင်ထုက ဖုံးလွှမ်းနေပြီး မည်သည့်အရာကိုမှ ရှင်းရှင်းလင်းလင်း တွေ့မြင်ရခြင်း မရှိပေ။

သတ္တဝါကောင်းလှသူများပင်လျှင် ယခုလိုအချိန်မျိုးတွင် တောင်ပေါ်သို့ တက်လာရဲကြမည် မဟုတ်ပေ။

သို့သော်…တောင်ပေါ်ရှိ ဝတ်ကျောင်းတော်အပျက်ကြီးတစ်ခု ထဲတွင်တော့ မီးဖိုတစ်ခု ဖိုထားသည်ကိုတွေ့မြင်နိုင်သည်။ အနီရောင်မီးတောက်များအောက်တွင် ပန်းနုရောင်ကျောက် သားဖြင့် ထွင်းထုထားသည့်အလား ထင်မှတ်ရသည့် မိန်းကလေးငယ်တစ်ယောက် ထိုင်နေသည်ကို တွေ့မြင်ရလေ သည်။

မီးဖိုမှ မီးရောင်က သူမ၏ မျက်နှာကို ရောင်ပြန်ဟပ်လျှက် ရှိ သည်။

သူမ၏ မျက်နှာလေးသည် စင်းလုံးချော ပြေပြစ်လှပလွန်းပြီး ပါးပြင်ထက်မှ အစိမ်းရောင်သွေးကြောငယ်များကိုပင် တွေ့ မြင်နေရလေသည်။

နှင်းများက ကျဆင်းနေပြီး လေပြင်းများကလည်း တိုက်ခတ် နေလေသည်။

အေးစက်သည့် နှင်းမှုံများသည် ပျက်စီးနေသည့် ဝတ်ကျောင်း

တော်ခေါင်မိုးမှ ဝတ်ကျောင်းတော်အတွင်းသို့ ကျဆင်းလျှက်

ရှိသည်။

ဤမိန်းကလေးသည် သာမန်မိန်းကလေးတစ်ယောက်သာဆို

လျှင် ဤမျှအေးစက်သည့်ညတစ်ညကို မည်သို့မှ အသက်ရှင်

သန်လျှက် ဖြတ်ကျော်နိုင်မည် မဟုတ်ပေ။

သို့သော်... ကံကောင်းသည်မှာ သူမသည် သာမန်လူတစ်

ယောက် ဟုတ်ဟန်မတူပေ။

သူမက အသက်ဓာတ်စွမ်းအားများကို သန့်စင်လိုက်ပြီး

အသက်ရှူလိုက်တိုင်း မိုးမြေစွမ်းအားများကို စုပ်ယူလျှက် ရှိ

လေသည်။

သူမက မနီးမဝေးတစ်နေရာမှ နတ်ရုပ်တုကြီးကို လှမ်းကြည့်

လိုက်ပြီး...

"လူတွေက နတ်ဘုရားတွေကို မေ့လျော့လေ့ မရှိကြဘူး ၊ မင်း လည်း အဲဒီအစွဲနဲ့ နတ်ဘုရားဖြစ်နေတာ မဟုတ်လား..."

နတ်ရုပ်တုကြီး၏ ပခုံးများထက်တွင် အလင်းတန်းများလင်း လက်လာပြီး မီးပုံမှ အလင်းရောင်ပင် အနည်းငယ် မှေးမှိန်သွား လေသည်။

ထို့နောက် အလင်းတန်းများ ပြန်လည်မှေးမှိန်သွားပြီး နတ် ရုပ်တုကြီးက ရုတ်တရက်ပါးစပ်များဖွင့်ဟကာ ထူးဆန်းသော အသံတစ်သံဖြင့် စကားပြောလိုက်သည်။

"အခုနောက်ပိုင်း ကျင့်ကြံသူတွေက သိပ်ကို တန်ခိုးစွမ်းအား မြင့်မားတာပဲ ၊ မင်းကို ကြည့်ရတာ အသက်ငယ်ငယ်လေးနဲ့ ဒီ လို ထိုးထွင်းသိမြင်နိုင်စွမ်းတွေ ရှိနေပါလား..."

"ကျွန်မ ခံစားမိတာပါ ၊ ကျွန်မက ကျင့်ကြံသူတစ်ယောက်ဆို ပေမယ့် သဘာဝတရားကို နားလည်နိုင်စွမ်းလည်း ရှိတယ်လေ

၊ ဒီထက်ဘာမှ မပိုပါဘူး ၊ ဒါနဲ့ မင်း ကျွန်မကို အဖြေပြန်မပေး ရသေးဘူးနော်..."

ထိုမိန်းကလေးငယ်လေးသည်ကား လီချင်းဆွေပင် ဖြစ် လေ၏။

နတ်ရုပ်တုကြီးက ထူးဆန်းစွာ စကားပြောနေသည့်တိုင် သူမ ကတော့ ထိတ်လန့်တုန်လှုပ်ခြင်းမရှိဘဲ ပုံမှန်အတိုင်း မေးခွန်း များ ဆက်လက်မေးမြန်းနေခဲ့လေသည်။

သို့သော်... သူမတွင် မည်သည့်ရည်ရွယ်ချက်မှ မရှိပေ။ အေး စက်ပြီးနှင်းများကျနေသည့် ညတစ်ညတွင် အလုပ်မရှိ ပျင်းရိ သောကြောင့်သာ နတ်ရုပ်တုကြီးကို စကားလှမ်းပြောနေခြင်း ဖြစ်သည်။

"ဟေး... လူတွေက အစွဲမရှိဘဲသေသွားရင် နတ်ပြည်ရောက်ကြ တယ်လို့ပြောတယ် ၊ ပြီးတော့ ကောင်းရာဘုံဘဝမှာ ပြန်ဝင်စား ကြတယ်လို့ဆိုတယ် ၊ ငါကတော့ ဘာအစွဲမှ မရှိဘဲ အလိုလိုနေ

ရင်း ဒီတောင်ပေါ်မှာနတ်ဘုရားတစ်ပါးဖြစ်လာခဲ့တယ်၊ ပြီးတော့ လူပြန်ဝင်စားလို့လည်းမရဘဲ ဒီလောကမှာပဲ နေထိုင်နေရတယ်..."

နတ်ရုပ်တုကြီး၏ အသံက အနည်းငယ် တိုးလျနေလေသည်။

လီချင်းဆွေက...

"ဒါဖြင့် မင်းဘယ်လိုလုပ် တောင်စောင့်နတ်ဖြစ်လာတာလဲ..."

"တကယ်တော့ ငါက တောင်ခြေက သာမန်မိန်းကလေးတစ်ယောက်ပါ၊ တစ်နေ့တော့ ငါ ကိုယ်ဝန်ရှိလာခဲ့တယ်၊ ငါ့ အဖေက ငါ့ကို အရမ်းဂရုစိုက်ပါတယ်၊ ငါ ဒီလိုမျိုး မဖြစ်သင့်တာဖြစ်လာတာတောင် ငါ့ကို အိမ်ကနေနှင်မထုတ်ခဲ့ဘူး၊ ငါ့ကို ကာကွယ်ပေးခဲ့တယ်၊ သူက အခြားသူတွေပြောဆိုကြတဲ့ အတင်းအဖျင်းတွေကို ငါ ပြန်ကြားရမှာစိုးရိမ်လို့ အိမ်ထဲက အိမ်ပြင်တောင် ပေးမထွက်ခဲ့ဘူး၊ အချိန် (၁)နှစ်နေပြီးတဲ့ နောက် ငါ ကလေးတစ်ယောက်မွေးခဲ့တယ်၊ သူက မွေး

မွေးချင်းပဲ မြေကြီးပေါ်မှာ လမ်းလျှောက်နိုင်တယ်၊ သူက ငါ့ကိုပြောတာ ငါ အသက်ကြီးလို့ သေခါနီးအချိန်ကျရင် ငါ့ကို ကျေးဇူးဆပ်ဖို့ ပြန်လာခဲ့မယ်တဲ့၊ အဲဒီလိုလည်းပြောပြီးရော သူ ပျောက်ကွယ်သွားတော့တာပါပဲ၊ နောင်နှစ်တွေအများကြီး ကြာသွားတဲ့နောက် ငါ နာမကျန်းဖြစ်တော့တယ်၊ ဒါပေမဲ့ ငါ့ဆီကို လူတစ်ယောက်ရောက်လာတယ်၊ သူက လုံး၀ ဆံပင်လည်း မရှိ မျက်ခုံးမွေးလည်းမရှိပေမယ့် အရမ်း ချောမောတာပဲ၊ အရပ်ကလည်း အမြင့်ကြီးပဲ၊ အဲဒါ ငါ့ရဲ့ သားလေးပဲ၊ သူက ငါ့ကို ကျေးဇူးဆပ်ဖို့ပြန်လာခဲ့တာပေါ့၊ သေလုနီးပါးဖြစ်နေတဲ့ ငါ့ကို သူက လက်ညှိုးတစ်ချက်ညွှန်ပြလိုက်တယ်၊ ငါ့တစ်ကိုယ်လုံး ရုတ်တရက် ပေါ့ပါးသွားသလို ခံစားလိုက်ရပြီး ငါ ဒီ ၀တ်ကျောင်းတော်ထဲကို ရောက်လာတယ်၊ တောင်စောင့်နတ် ဖြစ်သွားတော့တာပါပဲ..."

လီချင်းဆွေက ထိုအကြောင်းကိုကြားသည့်အခါ အနားတွင်ထိုင်နေသည့် ဆန်းလျန်ကို စိတ်ထဲမှ လှမ်းမေးလိုက်သည်။

"အဲဒါ ဘာဖြစ်သွားတာလဲ မင်းသိလား..."

ဆန်းလျန်က ပျင်းရိပျင်းတွဲဟန်ဖြင့် ပြုံးလိုက်ရင်း...

"မင်းကို ဒီနေရာကိုလာဖို့ ကျုပ်ပြောခဲ့တာ အကြောင်းရှိတယ်၊ တကယ်တော့ ဒီတောင်စောင့်နတ်က သိပ်မလွယ်လှဘူး၊ မင်းသိလား ... သူက တန်ခိုးစွမ်းအားသိပ်မရှိပေမယ့် ဒီလောကမှာ သူ့ကို ဖျက်စီးပစ်နိုင်တဲ့သူ မရှိသလောက်ရှားတယ်..."

လီချင်းဆွေက...

"မင်းပြောချင်တာ ဘာအဓိပ္ပါယ်လဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ..."

ဆန်းလျန်က...

"သူမွေးဖွားခဲ့တဲ့ ကလေးက အသူရချောက်ရဲ့ သွေးနီရောင်ပင်လယ်ထဲက သွေးနီရောင်ကျင့်ကြံသူပဲ၊ သူက အသူရာမျိုး

နွယ်တွေကို ဖန်ဆင်းခဲ့တဲ့သူလည်း ဖြစ်သလို လောကမှာ

တန်ခိုးစွမ်းအားအမြင့်မားဆုံး လူတစ်ယောက်လည်း ဖြစ်တယ်

၊ ဒါပေမဲ့ ကံဆိုးတာက တာအိုဆရာသခင်ထိုက်ယီနဲ့ ရင်ဆိုင်ခဲ့ရ

ပြီး သူ အသက်ဆုံးခဲ့ရတယ် ၊ ဒါပေမဲ့ သူက သွေးနီရောင်

ကျင့်ကြံသူဖြစ်တဲ့အတွက် အရည်အချင်း အရမ်းရှိတယ် ၊

သူက သွေးနီရောင်တန်ခိုးစွမ်းအားကို စကြာဝဠာ စတင်ဖြစ်

တည်တဲ့ အချိန်ကတည်းက ကျင့်ကြံခဲ့တာ ၊ အဲဒီတန်ခိုး

စွမ်းအားက သူ့ရဲ့ မူပိုင်တန်ခိုးစွမ်းအားပဲ ၊ အဲဒီအချိန်တုန်းက

ဆိုရင် တာအိုဆရာသခင်ထိုက်ယီတောင် တာအိုဆရာသခင်

ကြီးတစ်ပါး မဖြစ်သေးတဲ့အချိန်ပေါ့... ၊ သူက အဲဒီတန်ခိုး

စွမ်းအားကို အသုံးပြုပြီး လူ့လောကမှာ လူပြန်ဝင်စားခဲ့တာ

ပဲ..."

အခန်း (၁၀၀၂) နတ်ဘုရားလူပြန်ဝင်စားခြင်းဂါထာ

သွေးနီရောင်ကျင့်ကြံသူအကြောင်းကို ဆန်းလျန်လည်း သိပ်ပြီး သိရှိခြင်း မရှိပေ။

သို့သော်... ထိုသူသည် လောကအလယ်တွင် လွန်ဂုဏ်သိက္ခာကြီးမားသူတစ်ယောက်ဖြစ်သည်ကိုတော့ သိရှိထားလေသည်။

သူ နေထိုင်သည့် အနာဂတ်ကာလတွင် သွေးနီရောင်ကျင့်ကြံသူသည် ဒဏ္ဍာရီထဲတွင်သာကျန်ရစ်ခဲ့ပြီး ပျောက်ကွယ်သွားခဲ့ပြီဖြစ်လေသည်။

အချို့သော ဒဏ္ဍာရီများထဲတွင် သွေးနီရောင်ကျင့်ကြံသူသည် မဟာမိစ္ဆာလမ်းစဉ်ကို ဖော်ထုတ်ခဲ့သူဖြစ်ပြီး ဗုဒ္ဓကိုပင် ရင်ဆိုင်အံတုခဲ့သူဖြစ်သည်ဟု ဆိုကြသည်။

ထို့ပြင်... သွေးနီရောင်ကျင့်ကြံသူသည် ယွမ်တုဓားနှင့် ငရဲ

လမ်းဓား (၂)လက်စလုံးကို ထိန်းချုပ်နိုင်သူလည်း ဖြစ်လေ

သည်။

သူသာ ထိုက်စန့်တာအိုဆရာသခင်၏ ယင်နှင့်ယန် ထိန်းချုပ်

သည့်နည်းလမ်းကို သိရှိခဲ့ပြီး ယွမ်တုဓားနှင့် ငရဲလမ်းဓားများ

အပေါ်တွင် အသုံးချနိုင်ခဲ့ပါက တာအိုဆရာသခင်ထိုက်ယီ၏

သတ်ဖြတ်ခြင်းကို ခံခဲ့ရမည် မဟုတ်ပေ။

လီချင်းဆွေ မကြာမီ မိုးကောင်းကင်အစစ်ဆေးခံရတော့မည်

ကို ဆန်းလျန် ရိပ်မိထားသည်။

သူမရင်ဆိုင်ရမည့် အစစ်ဆေးခံရခြင်းသည် သွေးနီရောင်

ကျင့်ကြံသူနှင့် ရင်ဆိုင်ရခြင်းပင် ဖြစ်ကြောင်း ဆန်းလျန် သိရှိ

ထားသည်။

တာအိုဆရာသခင်ထိုက်ယီသည် လောကတွင် မရှိတော့လေရာ
သွေးနီရောင်ကျင့်ကြံသူသည် သွေးကြွေးဆပ်ရန်အတွက် လီ
ချင်းဆွေထံမှ ပြန်လည်တောင်းဆိုမည် ဖြစ်လေသည်။
ထိုအကြောင်းများကို ဆန်းလျန်သိရှိထားသည်ကို လီချင်းဆွေ
ကတော့ မသိရှိပေ။
သူမက စိတ်ထဲမှ ဆန်းလျန်ကို စကားပြန်ပြောလိုက်သည်။
"ကျွန်မ နားလည်ပါပြီ..."
သူမက တောင်စောင့်နတ်မိမယ်အကြောင်း နားလည်သွားပြီဟု
ဆိုလိုခြင်း ဖြစ်လေသည်။
တောင်စောင့်နတ်မိမယ်ကတော့ လီချင်းဆွေနှင့် သွေးနီရောင်
ကျင့်ကြံသူ၏ အကြောင်းနှင့်အကျိုးများကို နားမလည်ပေ။
သူမက စကားဆက်ပြောလေသည်။
"ငါ ဒီမှာ တောင်စောင့်နတ်ဖြစ်လာပြီးတဲ့နောက်ပိုင်း သူက
(၁၀)နှစ်တစ်ခါ ငါ့ဆီလာပြီး မိုးနဲ့မြေမှာ ဖြစ်ပျက်နေတဲ့

အကြောင်းတွေ လာပြောပြတယ်၊ ဒါကြောင့် ငါလည်း

ကျင့်ကြံသူတွေအကြောင်း သိခဲ့ရတာပေါ့၊ ကျင့်ကြံသူတွေထဲ

မှာ ငါ့ရဲ့သားကလွဲလို့ ငါ့ကို စကားပြောနိုင်သူဆိုတာ အတော်

လေးရှားတယ်၊ ဒီနေ့ မင်း ငါ့ကို စကားပြောနိုင်တာတွေ့ရတော့

ငါ သိပ်ကိုဝမ်းသာတာပဲ..."

သူမ အထီးကျန်နေခဲ့ပြီမှာ ကြာပြီ ဖြစ်လေသည်။

ထို့ကြောင့် သူမက စိတ်လိုလက်ရဖြင့် သူမအကြောင်းများကို

ပြောနေခဲ့ခြင်း ဖြစ်လေသည်။

လီချင်းဆွေက...

"သူက မင်းကို ကျင့်စဉ်တွေ သင်မပေးဘူးလား..."

တောင်စောင့်နတ်မိမယ်က...

"သူပြောတာက လောကမှာ ကျင့်ကြံခြင်းလမ်းစဉ် (၂)ခုပဲ ရှိ

တယ်တဲ့၊ တစ်ခုက ငါ့ကို ကိုးကွယ်ယုံကြည်သူတွေရဲ့ ယုံကြည်

ခြင်းတန်ခိုးစွမ်းအားတွေကတစ်ဆင့် ကျင့်ကြံရမယ်တဲ့၊

နောက်တစ်ခုကတော့ မိုးမြေစွမ်းအားတွေကို စုပ်ယူပြီး

ကျင့်ကြံရမယ်တဲ့၊ ဒုတိယနည်းလမ်းက ငါ့ရဲ့ ဝိညာဉ်ကို

တိုက်ရိုက်ထိခိုက်စေနိုင်တဲ့အတွက် သူက ငါ့ကို ပထမနည်း

လမ်းအတိုင်း ကျင့်ကြံဖို့ သင်ပြပေးတယ်၊ ဒါပေမဲ့ ငါ အဲဒီ

ကျင့်ကြံခြင်းတွေကို သိပ်စိတ်မဝင်စားပါဘူး၊ ငါ စိတ်ဝင်စား

တာက ငါ့သားက ငါနဲ့ ပိုပြီး အချိန်ကြာကြာစကားပြောဖို့ပါ

ပဲ..."

လီချင်းဆွေ ရုတ်တရက် တိတ်ဆိတ်သွားလေသည်။

သူမ၏ နှလုံးသားထဲတွင် တစ်စုံတစ်ခုကို ခံစားလိုက်ရဟန်ရှိ

လေသည်။

ဆန်းလျန်က...

"မင်းကိုကြည့်ရတာ ဝမ်းနည်းနေသလိုပဲ၊ မင်း အမေကို

သတိရနေတာလား..."

လီချင်းဆွေက အတန်ကြာတိတ်ဆိတ်နေပြီးမှ...

"မင်းမှာရော အမေရှိလား..."

ဆန်းလျန်က...

"ရှိတာပေါ့..."

လီချင်းဆွေက ခေါင်းခါရမ်းလိုက်ရင်း...

"ကျွန်မမှာ အမေမရှိဘူး..."

သူမ၏ အဖြေစကားက သေချာလွန်းလှပေါင်ရှိသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ကျုပ်ကြားတာတော့ သွေးနီရောင်ကျင့်ကြံသူက မဟာမိစ္ဆာလမ်းစဉ်ကို တီထွင်ခဲ့တဲ့သူပဲ ၊ ဒါပေမဲ့ သူ့မှာ ချစ်ခြင်းမေတ္တာနဲ့တရားမျှတမှုရှိမယ်လို့ ထင်မထားမိဘူး..."

လီချင်းဆွေက...

"သူ့ကြည့်ရတာ သူ့အမေ တောင်စောင့်နတ်မိမယ်နဲ့လည်း သိပ်ရင်းနှီးလှတဲ့ပုံ မရှိပါဘူး ၊ ဒါပေမဲ့ သူက သူ့အမေကို

အလေးထားတာက ချစ်ခြင်းမေတ္တာထက် ဖြောင့်မတ်ခြင်းကို ပိုပြီးအလေးပေးတာ မဟုတ်ဘူးလား..."

ဆန်းလျန်က...

"မျိုးဆက်တစ်ဆင့်ဟာ ချစ်ခြင်းမေတ္တာလည်းမရှိ ဖြောင့်မတ်ခြင်းလည်းမရှိရင် အလကားပဲပေါ့၊ အဲဒီလိုလူမျိုးကို အရေးမစိုက်သင့်ဘူး၊ ဒါပေမဲ့ သွေးနီရောင်ပင်လယ်က ကျင့်ကြံသူကတော့ အဲဒီလိုလူ ဟုတ်ပုံမရဘူး..."

လီချင်းဆွေက...

"ဒါကတော့ ခပ်ခက်ခက်ပဲ..."

သူမက ဆန်းလျန်၏ စကားများကိုနားလည်သော်လည်း သိပ်တော့ သဘောမတူချင်လှပေ။

ထိုကဲ့သို့ ချစ်ခြင်းမေတ္တာနှင့် ဖြောင့်မတ်ခြင်းများကို ထမ်းထားရသူတစ်ယောက်အတွက် ဝန်ထုပ်ဝန်ပိုးကြီးလွန်းသည်ဟု သူမက ခံစားရသည်။

မည်သည့်အရာကိုမှ အရေးမစိုက်ဘဲ ကိုယ်လုပ်ချင်ရာလုပ်

သူများလည်း လောကတွင် ရှိကြသည်ပဲ ဖြစ်သည်။

ထိုသို့သောသူများသည်ကား သေလျှင်လည်း မြန်မြန်သေ ၊ မ

သေလျှင်လည်း အကြီးအကျယ်အောင်မြင်တတ်ကြ၏။

သို့သော်... ခပ်ရှားရှားပင်ဖြစ်သည်။

ဆန်းလျန်ကတော့ လီချင်းဆွေ၏အမြင်နှင့်ပတ်သက်ပြီး

ဝေဖန်ခြင်း မရှိပေ။

ဆန်းလျန်က...

"ဒီဝတ်ကျောင်းတော်မှာ လူတွေက အမွှေးနံ့သာပေါင်းတွေနဲ့

ဘာလို့ လာပြီးမကိုးကွယ်ကြတာလဲဆိုတာ သူ့ကို မေးကြည့်ပါ

လား..."

လီချင်းဆွေက ဆန်းလျန်အကြံပေးသည့်အတိုင်း တောင်စောင့်

နတ်မိမယ်ကို မေးမြန်းကြည့်လိုက်သည်။

တောင်စောင့်နတ်မိမယ်ကလည်း ဖုံးကွယ်ထားခြင်းမရှိဘဲ ပြန်လည်ဖြေကြားလိုက်၏။

တောင်စောင့်နတ်မိမယ်က...

"ငါက တောင်ခြေကလူတွေကို ကူညီပေးပြီး ငါ့ကိုယုံအောင် လုပ်ဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ ကောင်းကောင်းမလုပ်နိုင်ခဲ့ဘူးလေ..."

သူမက အကြောင်းအရာများစွာကို ပြောပြလေသည်။

သူမ တောင်စောင့်နတ်မိမယ် ဖြစ်လာပြီးသည့်နောက် သူမ အကောင်းဆုံး ကြိုးစားခဲ့ဟန် ရှိလေသည်။ ထို့ကြောင့် အချို့ သောရွာသူရွာသားများက သူမကို ယုံကြည်ခဲ့ကြသည်။

သို့သော်... တောင်၏နက်ရှိုင်းကြောက်ရွံ့ဖွယ်အခြေအနေကြောင့် တောင်ပေါ်သို့ လာရောက်သူ ရှားပါးခဲ့လေသည်။

နောက်ပိုင်း မည်သူမှ တောင်ပေါ်ဝတ်ကျောင်းတော်သို့ လာရောက်ပြီး ပူဇော်သမှု မပြုလုပ်ကြတော့ပေ။

သူမက သားဖြစ်သူကို ထိုအကြောင်းပြောပြသော်လည်း "ထို ကိစ္စက အရေးမကြီး" ဟုသာ သားဖြစ်သူက သူမကို နှစ်သိမ့်ခဲ့ လေသည်။

ထို့ကြောင့် ထိုလမ်းစဉ်ဖြင့်လည်း တောင်စောင့်နတ်မိမယ် အောင်မြင်အောင် ကြိုးစားနိုင်ခဲ့ခြင်း မရှိပေ။ သို့သော်... အခြားသော နတ်ဘုရားများနှင့် မတူညီသည်မှာ သူမသည် ယုံကြည်ကိုးကွယ်သူမရှိသည့်တိုင် နှစ်ပေါင်းများစွာ အသက် ရှင်နေထိုင်နိုင်ခဲ့လေသည်။

သူမ မသိသည့်အချက်မှာ သွေးနီရောင်ကျင့်ကြံသူသည် နှစ် ပေါင်းများစွာအသက်ရှည်ကြသည့် အသူရာမျိုးနွယ်များကိုပင် ဖန်ဆင်းနိုင်ခဲ့သူဖြစ်သည်ဆိုသည့်အ ချက်ပင် ဖြစ်သည်။ အသူရာမျိုးနွယ်များသည် များသောအားဖြင့် အသက်ရှည်ကြ လေသည်။

ထို့ကြောင့် သူမကိုလည်း အသက်ရှည်အောင်ပြုလုပ်ပေး

ထားသည်မှာ ခက်ခဲသည့်အလုပ် မဟုတ်ခဲ့ပေ။

လီချင်းဆွေက တောင်ပေါ်နတ်မိမယ်ပြောသည့်စကားများကို

နားထောင်ပြီး သူမကို ကိုယ်ချင်းဆာမိလေသည်။ သူမသာ

တောင်စောင့်နတ်မိမယ်ဆိုလျှင် စိတ်လည်းမရှည်သလို စိတ်မ

သက်မသာလည်း ခံစားရမိမည် ဖြစ်သည်။

တောင်စောင့်နတ်မိမယ်၏ စကားများကို နားထောင်ပြီး

သည့်နောက် လီချင်းဆွေ တစ်စုံတစ်ခု ပြောသင့်သည်ဟု ခံစား

လာမိလေသည်။

ထို့ကြောင့် လီချင်းဆွေက...

"မင်းကိုကြည့်ရတာလည်း တောင်စောင့်နတ်မိမယ်လုပ်ရတာ

သိပ်ပြီး ပျော်တဲ့ပုံလည်း မရှိဘူး ၊ တောင်စောင့်နတ်မိမယ် မ

လုပ်ဘဲ လူပြန်ဝင်စားဖို့ မတွေးမိဘူးလား..."

အခြားသူများဆိုလျှင် ထိုသို့သော မေးခွန်းမျိုးကို မေးရဲကြမည် မဟုတ်ပေ။

အကြောင်းမှာ... နတ်ဘုရားများသည် မည်မျှအထီးကျန်စေကာမူ သူတို့က နှစ်ပေါင်းများစွာ အသက်ရှည်ကြပြီး သဘာဝလွန်စွမ်းအားများကိုလည်း ပိုင်ဆိုင်သူများ ဖြစ်ကြသည်။

လူပြန်ဝင်စားမည်ဆိုလျှင် သူတို့ အရင်ဘဝကို မေ့ပျောက်သွားမည်ဖြစ်ပြီး နောင်ဘဝတွင် လူမဖြစ်ဘဲ နွား ၊ မြင်း စသည့် သတ္တဝါများလည်း ဖြစ်သွားနိုင်သည်။

သို့သော်... လီချင်းဆွေ၏ အမြင်ကတော့ အခြားသူများနှင့် မတူညီပေ။

သူမကတော့ မပျော်ရွှင်တော့လျှင် လမ်းဟောင်းကို စွန့်လွှတ်လိုက်ပြီး နောက်ထပ် လမ်းသစ်တစ်ခုကို လျှောက်လှမ်းရန် ရွေးခြယ်မည့်သူ ဖြစ်လေသည်။

ထိုအကြောင်းများကို အခြားသူများကိုသွားပြောပါက လက်ခံ

ချင်မှ လက်ခံနိုင်ကြပေလိမ့်မည်။

သို့သော်... လီချင်းဆွေ၏ အမေးစကားကြောင့် တောင်စောင့်

နတ်မိမယ် ရုပ်တုကြီးမှာ မျက်ဝန်းများ တစ်ချက်လင်း

လက်သွားလေသည်။

သူမက ...

"ဟုတ်တယ် ၊ ငါလည်း အဲဒီလိုတွေးမိပါတယ် ၊ ဒါပေမဲ့ ငါ

ဘယ်လိုလူပြန်ဝင်စားရမှာလဲ..."

လီချင်းဆွေ သူမကို ဘာပြန်ပြောရမည်လဲ မသိခင်တွင် ဆန်း

လျန်က သူမကို လှမ်းပြောလိုက်သည်။

"ကျုပ်မှာ နည်းလမ်းရှိတယ်..."

လီချင်းဆွေက...

"ဘာ နည်းလမ်းလဲ..."

ဆန်းလျန်က...

"ကျုပ်မှာ နတ်ဘုရားလူပြန်ဝင်စားခြင်းဂါထာရှိတယ်၊

ပြန်လည်မွေးဖွားခြင်းဂါထာကို ကျုပ် ပြန်ပြီးအသစ်တီထွင်

ထားတာ၊ အဲဒီဂါထာက တောင်စောင့်နတ်မိမယ်ကို လူပြန်

ဝင်စားအောင်လုပ်ပေးနိုင်တယ်..."

လီချင်းဆွေက နတ်ရုပ်တုကြီးကို လှမ်းကြည့်လိုက်ပြီး...

"ကျွန်မ နတ်ဘုရားလူပြန်ဝင်စားခြင်းဂါထာကို သိထားတယ်၊

အဲဒီဂါထာကို မင်းကို ပြောပြမယ်၊ ဒါဆို မင်း ပြန်လည်မွေးဖွား

လို့ရပြီ..."

လီချင်းဆွေ၏ စကားကိုကြားရသည့်အခါ အစပိုင်းတော့

တောင်စောင့်နတ်မိမယ်က ပျော်ရွှင်သွားဟန် ရှိလေသည်။

သို့သော်... ခဏတာမျှ တုံ့ဆိုင်းနေပြီးမှ...

"ဒါပေမဲ့ ငါ့ သားကို စောင့်ဦးမှ ဖြစ်မယ်၊ မင်းရော စောင့်ပေး

လို့ ရမလား..."

လီချင်းဆွေက...

"ကျွန်မက အဲဒီလောက်တော့ အချိန်မရဘူး..."

တောင်စောင့်နတ်မိမယ်က အနည်းငယ် စိတ်ရှုတ်ထွေးသွားဟန်ဖြင့်...

"သိပ်တော့မကြာပါဘူး ၊ အချိန်တွက်ကြည့်မယ်ဆိုရင် သိပ်မကြာခင် သူ ရောက်လာတော့မှာပါ..."

လီချင်းဆွေက မစောင့်ချင်တော့ပေ။

သူမက ထိုသို့ စောင့်ဆိုင်းရသည်များကို နှစ်သက်ခြင်း မရှိပေ။

သူမက နောက်မှ ထပ်လာခဲ့တော့မည်ဟု ပြောလိုက်ချင်သော်လည်း သူမစိတ်ထဲတွင် တစ်စုံတစ်ခုကို စိုးရိမ်နေမိလေသည်။

သို့သော်... ဆန်းလျန်က သူမ ပြဿနာကို ကူညီဖြေရှင်းပေးလိုက်လေ၏။

ဆန်းလျန်က...

"သူ ရောက်လာပြီ..."

ဟု ပြောလိုက်လေသည် မဟုတ်ပါလား။

ထိုအချိန် ကျိုးပျက်နေသည့် ဝတ်ကျောင်းတော်တံခါး ပွင့်လာပြီး လေနှင့်နှင်းများ အထဲသို့ ဝင်ရောက်လာကြလေသည်။

တစ်ချိန်တည်းမှာပင် ဆံပင်နှင့် မျက်ခုံးမွေးများ လုံးဝ မရှိသည့်လူတစ်ယောက် ဝတ်ကျောင်းတော်အတွင်းသို့ ဝင်ရောက်လာလေသည်။

မျက်ခုံးမွေးမရှိသော်လည်း မျက်ခုံးမွေးနေရာတွင် သွေးနီရောင်တောက်နေသည့် အစင်းကြောင်း(၂)ခုကို တွေ့မြင်ရလေသည်။

တောင်စောင့်နတ်မိမယ်က ဝမ်းသာအားရဖြစ်သွားဟန်ဖြင့်...

"ရှဲ့အယ်... မင်းရောက်လာပြီလား..."

ထိုသူက တောင်စောင့်နတ်မိမယ်ကို ခေါင်းညိတ်ပြလိုက်ပြီး...

"အမေ..."

ဟု နှုတ်ဆက်စကားဆိုလိုက်သည်။

သူ၏ အသံက ဝတ်ကျောင်းတော်အပြင်ဘက်မှ နှင်းပွင့်များ ထက်ပင် အေးစက်သည်ဟု ထင်မှတ်ရပြီး ဓားတစ်လက် အလား ထက်ရှလျှက် ရှိလေသည်။

သို့သော်... လီချင်းဆွေကတော့ သူ့ကို လုံးဝ ကြောက်ရွံ့ခြင်း မ ရှိပေ။ လောကတွင် လီချင်းဆွေ ကြောက်ရွံ့သည့်အရာ ဆိုသည်က လုံးဝ မရှိပေ။

လီချင်းဆွေက ကြည်လင်သည့်မျက်ဝန်းဖြင့် မျက်တောင်မ ခတ် ထိုသူကို ကြည့်နေလေသည်။

တောင်ပေါ်နတ်မိမယ်က...

"ငါ မိတ်ဆွေအသစ်လေးရထားတယ် ၊ သူ့နာမည်က..."

လီချင်းဆွေနှင့် တောင်ပေါ်နတ်မိမယ် စကားအများကြီးပြော ဖြစ်ခဲ့ကြသည့်တိုင် သူတို့ တစ်ယောက်နာမည်တစ်ယောက် မ မေးဖြစ်ခဲ့ကြသည်ကို ယခုမှ တောင်စောင့်နတ်မိမယ် သတိရ သွားမိသည်။

အမှန်တော့ သူမနှင့် ခဏတာတွေ့ဆုံရသူများသည် နာမည်သိရှိလျှောင်တောင်မှ နောက်တစ်ခါ ပြန်ဆုံရန် မသေချာသည်မဟုတ်ပါလား။

ထိုသူက လီချင်းဆွေကို ကြည့်လိုက်ပြီး...

"ချင်းဆွေ ... သူ့နာမည်က ချင်းဆွေ..."

ဟု ပြောလိုက်လေသည်။

ထို့နောက် သူက စကားကို ခဏရပ်နားလိုက်ပြီး...

"ကျုပ်က ရှဲ့ဟယ်ပါ..."

ထိုစကားသံက နေရာဒေသ (၁၀)ခုတွင် (၉)ရက်တိတိ ပဲ့တင်သံထပ်သွားလေသည်။

သွေးနီရောင်ကျင့်ကြံသူ ရှဲ့ဟယ်၏ ခေတ်အဆက်ဆက် ကြီးမြတ်ခဲ့လေသော ဂုဏ်သတင်းကို တာအိုဆရာသခင်ထိုက်ယီက နှိမ်နင်းပစ်ခဲ့လေသည်။

ယခု ရွှဲ့ဟယ် ပြန်လည်မွေးဖွားလာသည့်တိုင် တာအိုဆရာ
သခင်ထိုက်ယီကို ရှာဖွေပြီး လက်စားချေနိုင်စွမ်း မရှိပေ။
သို့သော် သူ့ရှေ့မှ မိန်းကလေးငယ် မည်သူဖြစ်သည်ကို တစ်
ချက်ကြည့်ရုံဖြင့် သိလိုက်လေသည်။
သူမ၏ မျက်ဝန်းများက တာအိုဆရာသခင်ထိုက်ယီနှင့် ဆင်တူ
လှပြီး တန်ခိုးစွမ်းအားကလည်း မြင့်မားဟန် ရှိလေသည်။
ဝတ်ကျောင်းတော်တစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်
သွားလေ၏။ ဝတ်ကျောင်းတော်အပြင်ဘက်မှ လေသံနှင့် နှင်း
ကျသံများပင် ပျောက်ကွယ်သွားသည်ဟု ထင်မှတ်ရသည်။
တိတ်ဆိတ်သောလေထုကြောင့် တောင်ပေါ်ရှိ ဝတ်ကျောင်း
တော်သည်ပင် အေးခဲသွားတော့မည့်အလား ထင်မှတ်ရသည်။
တောင်စောင့်နတ်မိမယ်က သူမပြောလိုသည့် စကားများပြော
ရန်မှာ မဖြစ်နိုင်တော့ကြောင်း ရိပ်မိလိုက်လေသည်။ သူမ စိတ်

ထဲတွင် ကလေးများကြားတွင် တစ်စုံတစ်ခု ပြဿနာရှိသည်ဟု ခံစားလိုက်ရသည်။

သူမက ကလေးများကြားမှ ပြဿနာကို ဖြန်ဖြေရန် ကြိုးစားလိုက်လေသည်။ သို့သော်... သူမ စကားတစ်လုံးမှ ပြော၍မရတော့သည်ကို သိလိုက်ရသည်။

လက်ရှိအချိန်တွင် လီချင်းဆွေက ရွှဲ့ဟယ်လောက် တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိသေးပေ။

ရွှဲ့ဟယ်ထံမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအား အငွေ့အသက်များသည် မြစ်ရေပြင်ထက်သို့ ဖြာကျလာသည့် လရောင်အလား ဖြစ်လေသည်။

ထို့နောက်... တောင်ပေါ်တွင် တိုက်ခတ်နေသည့်လေပြေသည်လည်း လေပြင်းမုန်တိုင်းအလား ပြင်းထန်လာလေတော့သည်။

အခန်း (၁၀၀၃)"တန်ခိုးစွမ်းအားမဲ့" အင်းသကော်တ

လီချင်းဆွေ အန္တရယ်ကျရောက်ပြီ ဖြစ်လေသည်။

သူမက ရှဲ့ဟယ်၏ အရှိန်အဟုန်ပြင်းထန်သည့် ရန်လိုမှုကို

ရင်ဆိုင်လိုက်ရပြီ ဖြစ်သည်။

အခြားဘက်တွင်လည်း ဆန်းလျန်ကလည်း လီချင်းဆွေ

အတွက် "နတ်ဘုရားပြန်လည်မွေးဖွားခြင်း" ဂါထာကို

အဆက်မပြတ်ရွတ်ဆိုပြနေလေသည်။

ဂါထာက သိပ်ပြီး ရှည်လျားခြင်း မရှိပေ။

စုစုပေါင်း စာလုံး (၈၁)လုံးသာ ပါဝင်ပြီး (၁၀)စက္ကန့်မျှ ရွတ်ဖတ်

လိုက်သည့်အခါ ပြီးဆုံးသွားလေသည်။

လီချင်းဆွေကလည်း ဆန်းလျန် ရှတ်ပြသည်ကို ချက်ချင်းပင် မှတ်မိသွားလေသည်။

လီချင်းဆွေ၏ အရည်အချင်းကတော့ လောကတွင် ပြိုင်စံရှား ဖြစ်လေ၏။

ယွမ်ချင်းသည် ထိုက်ဝေ့ထိုင်ခန်းမတောင်တွင် ကျမ်းစာများကို တပည့်များဖတ်သင့်သည့်ကျမ်းစာနှင့် မဖတ်သင့်သည့် ကျမ်းစာဟူ၍ ကန့်သတ်ထားလေသည်။

အကြောင်းမှာ အချို့တန်ခိုးစွမ်းအားများသည် သာမန်အဆင့် ကျင့်ကြံသူများ အသုံးပြုရန် မဖြစ်နိုင်သောကြောင့် ဖြစ်သည်။

သို့သော်... နတ်ဘုရားပြန်လည်မွေးဖွားခြင်းဂါထာကတော့ ထိုသို့ မဟုတ်ပေ။

ထိုဂါထာမှ ဆန်းလျန် တီထွင်ထားသည့်ဂါထာဖြစ်ပြီး နတ်ဘုရားများ လူပြန်ဝင်စားနိုင်ရန်အတွက် စိတ်ဝိညာဉ်၏ သဲလွန်စတစ်ခုကို လမ်းပြပေးခြင်း ဖြစ်လေသည်။

ထိုက်စန့်တာအိုဆရာသခင်က လောကကြီးတစ်ခုလုံးကို

သမိုင်းမတိုင်မီအချိန်ကကဲ့သို့ သေးငယ်သော အမှုံငယ်များ

အဖြစ် ပြောင်းလဲပစ်နိုင်စွမ်းရှိလေသည်။

ဆန်းလျန်က ထိုအယူအဆအတိုင်း ချဉ်းကပ်ပြီး နတ်ဘုရား

ပြန်လည်မွေးဖွားခြင်းဂါထာကို တီထွင်ထားခြင်း ဖြစ်သည်။

လီချင်းဆွေက ဆန်းလျန်ရွတ်ပြသည့်ဂါထာကို ချက်ချင်းပင်

မှတ်သားထားလိုက်ပြီး...

"မင်း အခု ရှဲ့ဟယ်နဲ့ တွေ့ရပြီပဲ ၊ မင်း လူပြန်ဝင်စားချင်တယ်

ဆိုရင် ရပြီလေ..."

လီချင်းဆွေက ရှဲ့ဟယ်ကို ထိုကိစ္စနှင့်ပတ်သက်ပြီး မပြောလို

သော်လည်း တောင်စောင့်နတ်မိမယ်၏ ဆန္ဒကို ဖြည့်ဆည်းပေး

ချင်မိသည်။

တောင်စောင့်နတ်မိမယ်က...

"ဟုတ်တယ်..."

တောင်စောင့်နတ်မိမယ်၏ စကားသံထွက်ပေါ်လာ၏။

သူမ မည်သည့်အချိန်က စကားပြန်ပြောနိုင်နေလဲ မသိပေ။

ကြည့်ရသည်မှာ လီချင်းဆွေ စကားပြောလိုက်သည်နှင့် ရွှဲ့

ဟယ်ပြုလုပ်ထားသည့် အတားအဆီးက ပျက်စီးသွားဟန် ရှိ

လေသည်။

ဤသည်မှာ လီချင်းဆွေနှင့် ရွှဲ့ဟယ် စိတ်ပိုင်းဆိုင်ရာ

ထိပ်တိုက်ရင်ဆိုင်မှုပင် ဖြစ်သည်။

တောင်စောင့်နတ်မိမယ် စကားပြောပြီးသည်နှင့် ရွှဲ့ဟယ်ကို

ရင်မဆိုင်ရဲ ဖြစ်သွားရလေသည်။

ရွှဲ့ဟယ်က ခေါင်းကိုလှည့်လိုက်ပြီး နတ်ရုပ်တုကြီးကို ကြည့်

လိုက်လေသည်။

အတန်ကြာတိတ်ဆိတ်နေပြီးမှ တိုးလျသည့် လေသံဖြင့်...

"လူတိုင်းက နတ်ဘုရားဖြစ်ချင်ကြတယ်လို့ ကျုပ် ထင်ခဲ့တာ ၊

ဒါပေမဲ့ အသက်ရှည်ရှည်နေရလို့လည်း အသက်ရှင်ရတာ မ

ပျော်ရွှင်တဲ့သူတွေ လောကမှာ ရှိကြတာပဲကိုး ၊ အမေက လူပြန်ဝင်စားချင်တယ်ဆိုရင် ကျုပ် မတားပါဘူး ၊ အမေ့ဆန္ဒကို ကျုပ် မဆန့်ကျင်ပါဘူး..."

ထိုအခါမှ တောင်စောင့်နတ်မိမယ်က စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒါဖြင့် နောက်ကျရင် သားက ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်..."

ရွှဲ့ဟယ်က ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

လီချင်းဆွေက...

"ဒါဖြင့် ကျွန်မ စ ပြီနော်..."

တောင်စောင့်နတ်မိမယ် ပြန်မဖြေခင်မှာပင် လီချင်းဆွေက ထူးဆန်းသည့် ဂါထာကို စတင် ရွတ်ဖတ်လိုက်လေသည်။

သူမ၏ အသံက ထူးဆန်းပြီး သာမန်လူတစ်ယောက် ပြုလုပ်နိုင်သည့် အသံမျိုး မဟုတ်ပေ။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံး၏ တန်ခိုးစွမ်းအားများမှာ မယုံနိုင်စရာအဆင့်သို့ ချက်ချင်းမြင့်တက်သွားပြီး သူမသည် ဂါထာကို ရှင်းရှင်းလင်းလင်း ရွတ်ဖတ်နေလေသည်။

လီချင်းဆွေ ဂါထာရွတ်ဖတ်နေစဉ်မှာပင် တောင်စောင့်နတ်မိမယ်၏ ဝိညာဉ်သည် ရုပ်တုအတွင်းမှ လွင့်မျောထွက်ခွာလာလေ၏။

သူမသည် နူးညံ့သိမ်မွေ့ဟန်ရှိသည့် သာမန်အမျိုးသမီးတစ်ယောက် ဖြစ်ဟန်တူလေသည်။ သူမက ကြည်လင်သည့် အကြည့်ဖြင့် ရှဲ့ဟယ်ကို ကြည့်လိုက်လေသည်။

ထို့နောက်... ရေသံများထွက်ပေါ်လာပြီး လေထဲတွင် အပေါက်တစ်ပေါက် ဖြစ်ပေါ်လာသည်။ ထိုအပေါက်ထဲသို့ တောင်စောင့်နတ်မိမယ်၏ ဝိညာဉ်က ဝင်ရောက်သွားလေသည်။

ထို့နောက် အပေါက်က ပြန်ပိတ်သွားပြီး ရေသံများလည်း ပျောက်ကွယ်သွားလေတော့သည်။

လီချင်းဆွေ ပြုလုပ်သည့်အလုပ် ပြီးဆုံးသွားသည်နှင့် ရှဲ့ဟယ်က သိမ်မွေ့သည့်လေသံဖြင့်...

"ချင်တိကေရာဇ်က လူပြန်ဝင်စားခြင်းလမ်းစဉ်ကို ပြီးပြည့်စုံအောင် ပြုလုပ်နိုင်ခဲ့ပြီးပြီ ၊ ဒီတော့ ဒီ လူပြန်ဝင်စားခြင်းလမ်းစဉ် (၆)ခုရဲ့ကိစ္စမှာ ကျုပ်ကတော့ ဝင်မပါလိုတော့ပါဘူး ၊ ပြီးတော့ ကျုပ်အမေကို လူပြန်ဝင်စားနိုင်အောင်လုပ်ပေးလို့ မင်းကို ကျုပ် ဒီနေ့ မတိုက်ခိုက်တော့ဘူး..."

လီချင်းဆွေက...

"ကျွန်မမှာလည်း သိပ်အစွမ်းရှိလှတယ် မဟုတ်ပါဘူး ၊ ပြီးတော့ ရှင့်အမေကို အခုလိုကူညီတာကလည်း ရှင်နဲ့ မဆိုင်ပါဘူး ၊ ကျွန်မ ကူညီချင်လို့ ကူညီတာပါ..."

ရှဲ့ဟယ်က...

"တကယ်တော့ ကျုပ် မင်းကို အကြွေးတင်သွားပါပြီ ၊ ဒီတော့ မင်းနဲ့ အခု မတိုက်ခိုက်တော့ဘူး ၊ မင်းကို အခွင့်အရေးတစ်ခု

ပေးမယ် ၊ (၃)ရက်အတွင်း ကျုပ် ရှာမတွေ့နိုင်တဲ့နေရာတစ်ခုရှာပြီး ပုန်းအောင်းနေပါ..."

လီချင်းဆွေက မျက်ခုံးကိုပင့်လိုက်ပြီး ရှဲ့ဟယ်ကို တည်တည်ငြိမ်ငြိမ်ပင် ကြည့်လိုက်လေသည်။

"ကျွန်မက ဘာကိစ္စပုန်းနေရမှာလဲ..."

ရှဲ့ဟယ်က သူ၏ သွားဖြူဖြူများထွက်ပေါ်လာသည်အထိ ပြုံးရယ်လိုက်လေသည်။

ထိုအပြုံးကိုမြင်ရသူမှာ ကျောရိုးထဲအထိ အေးစိမ့်သွားစေနိုင်လေသည်။

တောင်ပေါ်ဝတ်ကျောင်းတော်သည် ချက်ချင်းပင် အသူရာချောက်မှ စန်းလော်ခန်းမအဖြစ် ပြောင်းလဲသွားလေသည်။

အလွန်မှ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှပေ၏။

ရှဲ့ဟယ်က အေးဆေးသည့် လေသံဖြင့်...

"ဘာလို့လဲဆိုတော့ အဖေဖြစ်သူရဲ့အကြွေးကို သမီးဖြစ်သူက

ပေးဆပ်ရမှာမို့လို့ပဲ..."

လီချင်းဆွေက...

"ကျွန်မမှာ အဖေမရှိဘူး..."

ရှဲ့ဟယ်က ပြုံးလိုက်ပြီး ခန္ဓာကိုယ်ကိုတစ်ချက်လှုပ်ခါလိုက်

လေရာ လေနှင့်နှင်းများအတွင်းသို့ လွင့်မျောပျောက်ကွယ်သွား

လေတော့သည်။

အပြင်ဘက်တွင် ရှဲ့ဟယ်၏ အသံက ပျံ့လွင့်ထွက်ပေါ်လာလေ

သည်။

"မင်း (၃)ရက် အချိန်ရမယ်..."

ရှဲ့ဟယ် လိမ်ပြောနေခြင်းမဟုတ်ကြောင်း လူတိုင်းသိနိုင်လေ

သည်။

သို့သော်... လီချင်းဆွေကလည်း မည်သူမှ ထင်မထားလောက်

အောင် တည်ငြိမ်လွန်းနေသည်။

သူမက သူမရှေ့တွင်ဖိုထားသည့်မီးပုံကို ငေးစိုက်ကြည့်နေရင်း...

"ကျွန်မ ဘာဆက်လုပ်ရမလဲ..."

သူမ ဆန်းလျန်ကို မေးလိုက်ခြင်း ဖြစ်လေသည်။

ဆန်းလျန်ကပြုံးလိုက်ရင်း...

"ကျုပ်အထင်တော့ မင်း သူ့ကို ဒီလောက်လည်း အရေးမစိုက်လှပါဘူး..."

အခြားသူများက မတွေ့မြင်ရဘဲ သူမတစ်ယောက်သာ တွေ့မြင်နိုင်သည့် ဆန်းလျန်ကို လီချင်းဆွေက အမြင်ကပ်သည့် အကြည့်တစ်ချက်ဖြင့် လှမ်းကြည့်လိုက်လေသည်။

လီချင်းဆွေက...

"ကျွန်မက ငတုံးမှ မဟုတ်တာ..."

ဆန်းလျန်က...

"သဘာဝလမ်းစဉ်အတိုင်းပဲဆက်လုပ်ပေါ့၊ သူ့ကို ယှဉ်ပြိုင်ဖို့အတွက် တန်ခိုးစွမ်းအားကျင့်ကြံမယ်ဆိုရင် နည်းနည်းတော့အချိန်ယူရလိမ့်မယ်၊ (၃)ရက်နဲ့တော့ အချိန်လုံလောက်မှာမဟုတ်ဘူး၊ ကျုပ်သာ လူ့လောကကိစ္စတွေမှာ ဝင်ပါလို့ရမယ်ဆိုရင် ကျုပ် ဒီကံကြမ္မာကို ပြောင်းလဲပစ်လိုက်လို့ရတယ်၊ ဒါပေမဲ့ အခုတော့ ကျုပ်လည်း ဘာမှ လုပ်မပေးနိုင်ဘူး..."

လီချင်းဆွေ၏ မျက်နှာလေးက ချက်ချင်းပင် မကျေမနပ်ဖြစ်သွားဟန်ဖြင့်...

"ပေါက်ကရတွေပြောနေတာ တော်စမ်းပါ..."

ဟု ပြောလိုက်လေသည်။

ဆန်းလျန်က...

"ကောင်းပြီလေ၊ မင်းတန်ခိုးစွမ်းအားကို မြန်မြန် မကျင့်ကြံနိုင်သေးဘူးဆိုပေမယ့် တခြားနည်းလမ်းတွေလည်း ရှိပါတယ်၊ မင်းလည်းထိုက်ဝေ့ထိုင်ခန်းမဆောင်က ကျမ်းစာတွေအားလုံး

ဖတ်ထားတာပဲ မဟုတ်လား ၊ မင်း "တန်ခိုးစွမ်းအားမဲ့" ဆိုတဲ့ အသုံးအနှုန်းကို ဖတ်ဖူးတယ်မလား..."

လီချင်းဆွေက ခေါင်းညိတ်လိုက်ရင်း...

"မိုးနဲ့မြေမှာ ရှမ်ဟွမ်စေတီတော်ဆိုတာ ရှိတယ်လို့ ကြားဖူးတယ် ၊ အဲဒါက ထိပ်တန်းအဆင့် ရတနာတစ်ပါးပဲ ၊ အဲဒီစေတီတော်မှာ ထိပ်တန်းတန်ခိုးစွမ်းအားတစ်ခုဖြစ်တဲ့ "တန်ခိုးစွမ်းအားမဲ့" စွမ်းရည်ရှိတယ်လို့ ကြားဖူးတယ် ၊ အဲဒီ စေတီတော်ကိုသာရရင် လောကမှာ ဘယ်တန်ခိုးစွမ်းအားကိုမှ ကြောက်စရာ မလိုတော့ဘူး ၊ ဘယ်တန်ခိုးစွမ်းအားမှလည်း အဲဒီစေတီတော်အပေါ်မှ မသက်ရောက်နိုင်ကြဘူး ၊ ဘာလဲ... အဲဒီ ရှမ်ဟွမ်စေတီတော် ဘယ်မှာရှိလဲဆိုတာ မင်းသိလို့လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ရွှမ်ဟွမ်စေတီတော် ဘယ်မှာလဲဆိုတာ သိပေမယ့် အဲဒါက ထိပ်တန်းအဆင့် ရတနာပစ္စည်းတစ်ခုလေ ၊ အဲဒီပစ္စည်းကို သွားယူဖို့တော့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ဒါပေမဲ့ 'တန်ခိုးစွမ်းအားမဲ့' နှစ်တစ်သောင်းအင်းသကေ်တကို မင်းအတွက် သင်ပေးမယ် ၊ အဲဒါ သိပ်မခက်ပါဘူး..."

စကြာဝဠာ၏အနှစ်သာရကို ဆန်းလျန်ထက်ပိုပြီးသိရှိသူ တစ်ယောက်မှ မရှိပေ။ မိုးနှင့်မြေမှ စည်းမျဉ်းဥပဒေသများအားလုံးသည် ဆန်းလျန်၏ မျက်ဝန်းထဲတွင်တော့ အရာအားလုံး ရှင်းလင်းလွယ်ကူလျှက် ရှိသည်။

ရွှမ်ဟွမ်စေတီတော်သည် မိုးနှင့်မြေမှ ရွှမ်ဟွမ်တန်ခိုးစွမ်းအား အပေါ်တွင်မှီတည်ထားပြီး တာအိုကာရံညီသည့် စွမ်းရည်လည်း ရှိလေသည်။

ထို့ကြောင့် ရှမ်ဟွမ်စေတီတော်နှင့် ရင်ဆိုင်ရလျှင် မည်သည့် တန်ခိုးစွမ်းအားမှ အသုံးပြုနိုင်ခြင်း ၊ သက်ရောက်နိုင်ခြင်း မရှိတော့ပေ။

ဆန်းလျန်၏ လွတ်လပ်ပေါ့ပါးမှုသည် မိုးနှင့်မြေတွင် နက်ရှိုင်းသည့် ရှမ်ဟွမ်တန်ခိုးစွမ်းအား၏ သဘောသဘာဝကိုပင် နားလည်နိုင်စွမ်းရှိလေသည်။

ဆန်းလျန်က...

"ဘယ်အရာမဆို အားစိုက်ထုတ်နေရင် ပင်ပန်းတာပဲ ၊ ဒီတော့ ဘာမဆို လွတ်လွတ်လပ်လပ်လျှောက်လှမ်းဖို့လိုတယ်..."

ထို့နောက် ဆန်းလျန်က 'တန်ခိုးစွမ်းအားမဲ့' နှစ်တစ်သောင်း အင်းသင်္ကေတကို လီချင်းဆွေကို သင်ပြပေးလိုက်လေသည်။

ထိုအင်းသင်္ကေတပြုလုပ်ရန်အတွက် အခြားမည်သည့်အရာမှ မလိုပေ။ လီချင်းဆွေ၏ ဝိညာဉ်စွမ်းအားသာလျှင် လိုအပ်လေသည်။

ကမ္ဘာတစ်ဖက်စွန်းတွင် လိပ်ပြာငယ်တစ်ကောင်တောင်ပံခတ်လိုက်ခြင်းက အခြားကမ္ဘာတစ်ဖက်စွန်းတွင် မုန်တိုင်းတစ်ခုဖြစ်ပေါ်စေသကဲ့သို့ ဆန်းလျန်ပြုလုပ်သမျှအရာတိုင်းတွင်အမှန်တရားတစ်ခု ရှိလေသည်။

လီချင်းဆွေက ဆန်းလျန်သင်ပြပေးသည့် အင်းသင်္ကေတကိုရေးဆွဲလိုက်ပြီး သူမကိုယ်ထဲသို့ ထည့်သွင်းလိုက်သည်။

သူမက အင်းသင်္ကေတကို စမ်းသပ်မကြည့်ပေ။ သူမက ဆန်းလျန်၏စကားကို ရာနှုန်းပြည့်ယုံကြည်လေသည်။

သူမ ဆန်းလျန်ကို အဘယ့်ကြောင့် ယုံကြည်ရပါသနည်း။ ထိုအချက်က အရမ်းကို ရိုးရှင်းလေသည်။

ဆန်းလျန်၏ စကားကိုနားထောင်ပြီး သူမက ချင်းရွှမ်တောင်ပေါ်သို့ တက်လာခြင်း ဖြစ်လေရာ သူမအတွက် ဆန်းလျန်ကို မယုံကြည်စရာ အကြောင်း မရှိပေ။

နောက်တစ်နေ့ နံနက်စောစောတွင်တော့ ... နှင်းများကျဆင်းခြင်း မရှိတော့သလို လေလည်း သိပ်မထန်တော့ပေ။

လီချင်းဆွေ ဝတ်ကျောင်းတော်တံခါးမှ သာယာလှျက်ရှိသည့် လောကကြီးဆီသို့ လမ်းလျှောက်ထွက်ခွာလာခဲ့သည်။

သစ်ကိုင်းသစ်ခက်များအပေါ်တွင် တွဲလဲခိုနေသည့် ကြည်လင်အေးစက်သည့် ဆီးနှင်းများကို သူမ ငေးမောကြည့်ရင်း စိတ်ထဲတွင် လန်းဆန်းလာလေသည်။

လီချင်းဆွေ၏ စိတ်ထဲတွင် ပျော်ရွှင်နေပြီး သူမသည် လှပသည့် ရှုခင်းများကို ငေးမောကြည့်ရှုလျှက် ရှိလေတော့သည်။

....

အနောက်ဘက်ဒေသ...

အနောက်ဘက်ဒေသတွင် လူသူတိတ်ဆိတ်သည့် အပြာရောင်တောင်တန်းများ တည်ရှိလေသည်။

တောင်တစ်တောင်၏ တောင်တက်လမ်း ကျောက်တုံး

လှေကားထစ်များအတိုင်း လူတစ်ယောက် အေးဆေးစွာ

လမ်းလျှောက်တက်လာလေ၏။

သူ့ကိုကြည့်ရသည်မှာ လွတ်လပ်ပေါ့ပါးနေပြီး နတ်ဘုရား

တစ်ပါး ဖြပ်ဟန်ရှိလေသည်။

ဘုန်းတော်ကြီးတစ်ပါးက လှေကားထစ်များကို တံမြက်စည်း

တစ်ချောင်းဖြင့် လှဲကျင်းနေသည်ကို တွေ့သည့်အခါ ထိုသူက

ခြေလှမ်းများကို ရပ်တန့်လိုက်သည်။

ဤနေရာသည် ကျင်းကွမ်းဝတ်ကျောင်းတော်တည်ရှိရာနေရာ

ဖြစ်လေသည်။ ကျင်းကွမ်းဝတ်ကျောင်းတော်ဆိုသည်က

အနောက်ဘက်ဒေသတွင်အလွန်မှ နာမည်ကျော်ကြားသည့်

ဝတ်ကျောင်းတော်တစ်ခု ဖြစ်သည်။

တံမြက်စည်းလှဲကျင်းနေသောဆရာတော်မှာ ကျင်းကွမ်း

ဝတ်ကျောင်းတော်၏ တံခါးစောင့်ဆရာတော် ကျီခဲ့ဆရာတော်

ဖြစ်လေ၏။

တံခါးစောင့်ဆရာတော်ဆိုသော်လည်း ကျီခဲ့ဆရာတော်သည်

ဗုဒ္ဓဘာသာကျင့်ထုံးများကို နားလည်ပြီး တန်ခိုးစွမ်းအား မြင့်

မားသည့် ဆရာတော်တစ်ပါးဖြစ်လေသည်။

သို့သော်... တောင်ပေါ်သို့တက်လာသူကို ကြည့်လိုက်သည့်အခါ

ထိုသူ၏ တန်ခိုးစွမ်းအား အလွန်နက်ရှိုင်းလှကြောင်း ကျီခဲ့

ဆရာတော် ခန့်မှန်းလိုက်မိသည်။

ကျီခဲ့ဆရာတော် တံမြက်စည်းလှည်းခြင်းကို ရပ်တန့်ပြီး ထိုသူ

ကို ကြည့်လိုက်စဉ်မှာပင် ထိုသူက ကျီခဲ့ဆရာတော်နှင့် (၂)ပေ

အကွာသို့ မြေကိုကျုံ့လိုက်သည့်အလား ချက်ချင်းရောက်ရှိ

လာသည်။

ထိုသူက ကျီခဲ့ဆရာတော်ကို အရိုအသေပေးလိုက်ပြီး...

"ယွဲ့ကွမ်းဆရာတော်ကို သတင်းပို့ပေးပါ၊ ချင်းရှမ်နတ်တံခါး
က ယွမ်ချင်း လာရောက်လည်ပတ်ပါတယ်လို့၊ အခုချက်ချင်း
ပဲ ဆရာတော်နဲ့ တွေ့ချင်ပါတယ်..."

စကားကိုကြားသည်နှင့် ကျီခဲ့ဆရာတော် စိတ်လှုပ်ရှားသွားလေ
သည်။

"ယွမ်ချင်း" ဆိုသည့်အမည်ကိုကြားသည်နှင့် သူ၏နဖူးထက်
တွင် ချွေးသီးချွေးပေါက်များ ကျလာတော့သည်။

သူတို့က အနောက်ဘက်ဒေသတွင် နေထိုင်ကြသော်လည်း ချ
င်းရှမ်နတ်တံခါး၏ ကျော်ကြားမှုနှင့် ဂုဏ်အသရေကို ကြားဖူး
နေသည်မှာ ကြာလှပြီ ဖြစ်သည်။

ထို့ပြင် ချင်းရှမ်နတ်တံခါးကိုတည်ထောင်ခဲ့သည့် ယွမ်ချင်းဆို
သူ မည်မျှ ကြောက်မက်ဖွယ်ရာကောင်းသည်ကိုလည်း သိရှိပြီး
သား ဖြစ်လေသည်။

အနောက်ဘက်ဒေသတွင် ကျင်းကွမ်းဝတ်ကျောင်းတော်က နာမည်ဂုဏ်သတင်းကျော်ကြားသော်လည်း အစိကနတ်ဘုရားကျောင်းတော်ကြီး (၄)ခု၏ ခေါင်းဆောင်ကျောင်းတော်တစ်ခု ဖြစ်သော ချင်းရွှမ်နတ်တံခါးနှင့်ယှဉ်လျှင် မပြောပလောက်ပေ။

ယခုတော့ ထိုမျှ ကျော်ကြားလှသည့် ယွမ်ချင်းသည် ကျင်းကွမ်းဝတ်ကျောင်းတော်သို့ ကိုယ်တိုင်ကိုယ်ကျ ရောက်လာခဲ့ပြီ ဖြစ်လေသည်။

ဤသတင်းသာ ပျံ့နှံ့သွားလျှင် အနောက်ဘက်ဒေသတစ်ခွင် လုံးတုန်လှုပ်သွားမည် ဖြစ်သည်။

ကျီခဲ့ဆရာတော်က ကျင်းကွမ်းဝတ်ကျောင်းတော်မှ တပည့်တစ်ယောက်ဖြစ်သော်လည်း တစ်ခါမှ ယွမ်ချင်းကဲ့သို့ ကြီးမြတ်သူများနှင့် မတွေ့ဆုံခဲ့ဖူးပေ။

အတန်ကြာသည်အထိ ကျီခဲ့ဆရာတော်သည် ပါးစပ်

အဟောင်းသားဖြင့် ကြက်သေသေနေခဲ့လေသည်။

သို့သော်... ရုတ်တရက် သူ့လက်ထဲတွင်ကိုင်ထားသည့်

တံမြက်စည်း လေနှင့်အတူပါသွားပြီး လွင့်ထွက်သွားလေ

သည်။

သူ ချက်ချင်းသတိပြန်ဝင်လာပြီး ယွမ်ချင်းကို ပြာပြာသလဲဖြင့်

စကားပြောလိုက်သည်။

"ယွမ်ချင်းနတ်ဘုရား ခဏလောက်စောင့်ပါ၊ ကျုပ်ဘုန်းကြီး

အခုပဲ ဆရာတော်ကို သွားပြီးအကြောင်းကြားလိုက်ပါ့မယ်..."

သူက နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်လိုက်ပြီးနောက်

ကျောင်းတော်အတွင်းသို့ ဝင်ရန် ဟန်ပြင်လိုက်သည်။

သို့သော်... တစ်ခုခုမှားယွင်းနေသည်ကို သဘောပေါက်လိုက်

ပြီး နောက်သို့ အသာပြန်လှည့်လိုက်သည်။

"ယွမ်ချင်းနတ်ဘုရား... ကျုပ်နဲ့တစ်ခါတည်းအထဲကို လိုက်ခဲ့ပါလား..."

ယွမ်ချင်းသည် ထိပ်တန်းအဆင့် နတ်ဘုရားကျောင်းတော်ကြီးတစ်ခုမှ ဂိုဏ်းချုပ်တစ်ယောက် ဖြစ်လေသည်။

အကယ်၍ ယွမ်ချင်းကဲ့သို့ ပုဂ္ဂိုလ်မျိုးကို ကျောင်းတော်အပြင်ဘက်တွင် ရပ်စောင့်စေခဲ့သည့်သတင်းသာ ပျံ့နှံ့သွားခဲ့လျှင်အကျိုးဆက်က ကြောက်မက်ဖွယ်ရာ ကောင်းပေလိမ့်မည်။

တာအိုဝါဒနှင့် ဗုဒ္ဓဘာသာပင် ပြဿနာတက်သွားနိုင်လေ၏။

ယွမ်ချင်းက စိတ်ထဲမထားသော်လည်း လောကတစ်ခွင်လုံးရှိတာအိုကျင့်ကြံသူများကတော့ ငြိမ်နေကြမည် မဟုတ်ပေ။

သူတို့အားလုံးက ဗုဒ္ဓဘာသာသည် မာန်မာနထောင်လွှားလွန်းပြီး တာအိုဝါဒကို နှိမ့်ချဆက်ဆံသည်ဟု ထင်သွားကြပေလိမ့်မည်။

အခန်း (၁၀၀၄) ဇင်ဗုဒ္ဓဘာသာ၏တန်ခိုးစွမ်းအား

ယွမ်ချင်းကလည်း ငြင်းပယ်ခြင်းမရှိပေ။

သူက ပြုံးလိုက်ရင်း....

"ဒါဖြင့်လည်း အနှောက်အယှက်ပေးမိပါပြီ..."

ကျီခဲ့ဆရာတော်က တုန်တုန်ယင်ယင်ဖြင့်...

"ဒါက ကျုပ်ဘုန်းကြီးလုပ်သင့်တဲ့အလုပ်ပါ..."

ယွမ်ချင်းက နူးညံ့သိမ်မွေ့စွာပြုံးပြီး ဘာမှပြောမပြောတော့

ပေ။

သူက ကျီခဲ့ဆရာတော်နောက်မှ ခပ်ဖြည်းဖြည်းပင်လိုက်သွားပြီး ကျင်းကွမ်းဝတ်ကျောင်းတော်အဝင်တံခါးဝသို့ ရောက်ရှိလာလေသည်။

ရှည်လျားသည့် စြက်န်လမ်းကြီးကို ဖြတ်ကျော်လာပြီးနောက် တောင်အနောက်ဘက်သို့ ရောက်ရှိလာကြလေ၏။

ထိုခဏမှာပင် ကောင်းကင်ထက်တွင် တိမ်တိုက်များ ပျံ့နှံ့ထွက်ပေါ်လာလေသည်။

ထိုတိမ်တိုက်များထက်တွင် အဖြူရောင်ကျောက်သားအလားခန့်ထည်လှသည့် ဆရာတော်တစ်ပါး မတ်တတ်ရပ်နေလေသည်။

ထိုဆရာတော်မှာ ယွဲ့ကွမ်းဆရာတော်ပင် ဖြစ်လေသည်။

သူ၏ အသားအရေက ကြည်လင်လျှက်ရှိပြီး သူ၏နက်ရှိုင်းသည့်မျက်ဝန်းများက အသိဉာဏ်ပညာများဖြင့် ပြည့်နက်လျှက် ရှိသည်။

သူ၏ တန်ခိုးစွမ်းအားမှာ အလွန်မြင့်မားသောအဆင့်သို့ရောက်

နေသည်မှာ သံသယဝင်စရာ မရှိပေ။

တာအိုကျောင်းတော်များမှ ကျင်းကွမ်းဝတ်ကျောင်းတော်သို့

ပထမဆုံးရောက်ရှိလာသူမှာ ယွမ်ချင်းတစ်ယောက်သာ ရှိလေ

သည်။

သို့သော်... ထိုအချက်က ယွဲ့ကွမ်းဆရာတော်၏ ဇင်ဗုဒ္ဓဘာသာ

စိတ်ထားကို တစ်စက်ပင် အနှောက်အယှက် မဖြစ်စေခဲ့ပေ။

ကမ္ဘာပေါ်ရှိ ကျင့်ကြံသူများသည် ယခုလက်ရှိအချိန်တွင် ယွဲ့

ကွမ်းဆရာတော်ကို တွေ့မြင်ကြမည်ဆိုပါက ယွဲ့ကွမ်း

ဆရာတော်၏ အစွမ်းကို သူတို့ လျှော့တွက်မိကြပြီဖြစ်ကြောင်း

နားလည်ကြပေလိမ့်မည်။

ယွဲ့ကွမ်းဆရာတော်က နှုတ်ခမ်းများကို အသာလှုပ်ကာ

စကားပြောလိုက်လေသည်။

ထိုအခါ ကျီခဲ့ဆရာတော်က ယွမ်ချင်းကို ဦးညွှတ်အရိုအသေ ပြုလိုက်ပြီး လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

တိုင်ခတ်နေသည့် လေပြေ၊ အဖြူရောင်တိမ်တိုက်များ သာလျှင် ယွမ်ချင်းနှင့် ယွဲ့ကွမ်းဆရာတော်နံဘေးတွင် ကျန်ရစ် ခဲ့ကြလေသည်။

ယွမ်ချင်းက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကျုပ်လာမယ်ဆိုတာ ဆရာတော် ဘယ်လိုလုပ် ကြိုသိနေတာ လဲ..."

ယွမ်ချင်း၏အကြည့်ကို ယွဲ့ကွမ်းဆရာတော်က လွှဲဖယ်ခြင်း မ ရှိပေ။

ထိပ်တန်းအဆင့် နတ်ဘုရားကျောင်းတော်ကြီးမှ ထိပ်တန်းနတ် ဘုရားတစ်ပါးကို တွေ့လိုက်ရသည့်တိုင် သူ့ပုံစံက အေးဆေး တည်ငြိမ်လျှက် ရှိလေသည်။

ထို့နောက်... ယွဲ့ကွမ်းဆရာတော်၏အသံက လေပြေနှင့်အတူ

လွင့်မျောပြီး ယွမ်ချင်း၏နားတွင်းသို့ ဝင်ရောက်လာလေသည်။

"ယွမ်ချင်းနတ်ဘုရား ၊ အခု ဘယ်သူမှ မရှိတော့ဘူး ၊ ပထမ

မျိုးဆက်ရဲ့ ကျော်ကြားမှုကို ဆက်ထိန်းထားဖို့ ကျုပ်တို့

တိုက်ခိုက်လို့ရပါပြီ..."

ယွမ်ချင်းက အနည်းငယ် အံ့အားသင့်သွားဟန်ဖြင့်...

"ဆရာတော် ကျုပ်ကို အထင်လွဲနေပြီ..."

ယွဲ့ကွမ်းဆရာတော်က...

"ယွမ်ချင်းနတ်ဘုရားက ဗုဒ္ဓစာတ်တော်မွေတော်ကိုယူဖို့

ရောက်လာတာ မဟုတ်ဘူးလား..."

ယွမ်ချင်းက ခေါင်းအသာညိတ်လိုက်ရင်း...

"ဟုတ်ပါတယ် ၊ ဆရာတော်အဆင်ပြေရင်ပေါ့လေ..."

ယွဲ့ကွမ်းဆရာတော်က...

"တာအိုဝါဒနဲ့ ဗုဒ္ဓဘာသာဟာ မတူညီပါဘူး ၊ ပြီးတော့ ယွမ်ချင်းနတ်ဘုရားက လောကပထမ ထိပ်တန်းနတ်ဘုရားတစ်ပါးပဲ မဟုတ်လား ၊ ဒီတော့ ဘာကြောင့် ဗုဒ္ဓစာတ်တော်မွေတော်ကို လိုချင်ရတာလဲ ... ၊ ဒီလိုသာဆိုရင် လူသားတွေရော မိုးကောင်းကင်ရော နစ်နာရလိမ့်မယ်..."

ယွမ်ချင်းက...

"ကျုပ်မှာ လုပ်စရာလေးတစ်ခုရှိလို့ပါ ၊ ကျေးဇူးပြုပြီး ဆရာတော် ကူညီပေးပါလား..."

ယွဲ့ကွမ်းဆရာတော်က...

"ဗုဒ္ဓစာတ်တော်မွေတော်တွေက အဖိုးတန်ပေမယ့် အဲဒီအရာတွေက ကျင်းကွမ်းဝတ်ကျောင်းတော်က ပိုင်ဆိုင်တာ မဟုတ်ပါဘူး ၊ ယွမ်ချင်းနတ်ဘုရားသာ ဗုဒ္ဓစာတ်တော်မွေတော်တွေကို ယူသွားမယ်ဆိုရင် ဗုဒ္ဓဘာသာနဲ့ တာအိုဝါဒကြားက ဘက်ညီ

အောင်ထိန်းထားတဲ့အရာ ပျက်စီးသွားလိမ့်မယ် ၊ အမှန်တရား များစွာဟာ အမှားဖြစ်သွားလိမ့်မယ်..."

ယွမ်ချင်းက...

"ကျုပ်က ဗုဒ္ဓဘာသာကို အန္တရယ်ပြုမယ်လို့ ဆရာတော် ဘာလို့ ထင်ရတာလဲ..."

ယွဲ့ကွမ်းဆရာတော်က...

"ဘာလို့လဲဆိုတော့ ယွမ်ချင်းနတ်ဘုရားက တာအိုဆရာသခင် ထိုက်ယီရဲ့ ပညာအမွေကို ဆက်ခံခဲ့တယ် မဟုတ်လား ၊ တာအို ဆရာသခင်ထိုက်ယီ ဟောကြားခဲ့တဲ့တရားတွေကို ပလ္လင် ခြေရင်းမှာထိုင်ပြီး နာကြားခဲ့ဖူးတယ်မဟုတ်လား ၊ ပြီးတော့ ယွမ်ချင်းနတ်ဘုရားဟာ အတိတ်တစ်ချိန်တုန်းက သွေးနီရောင် ပင်လယ်ထဲက သွေးနီရောင်ကျင့်ကြံသူ ရှွဲ့ဟယ်ရဲ့ ယွမ်တုဓား လူပြန်ဝင်စားတဲ့သူ မဟုတ်ဘူးလား..."

ယွဲ့ကွမ်းဆရာတော်၏ စကားများကို ကြားသည့်အခါ အတိတ်မှ အကြောင်းအရာများသည် ယွမ်ချင်း၏စိတ်ထဲတွင် တဖြည်းဖြည်းပြန်ပေါ်လာလေသည်။

သူမေ့လျော့နေခဲ့သည့် အတိတ်အကြောင်းအရာများဖြစ်လေသည်။

ဓားခြိမ်းသံကြီးတစ်သံ ထွက်ပေါ်လာပြီး ယွမ်ချင်း ကောင်းကင်ထက်သို့ ပျံတက်သွားလေသည်။

ထို့နောက်... ကောင်းကင်ထက်တွင် သေွးနီရောင်အက်ကွဲကြောင်းကြီးတစ်ခု ထင်ဟပ်လာပြီး ထူထပ်သည့် သွေးနီရောင်တိမ်တိုက်များက (၉)ရက် (၉)ညတိတိ ဖုံးလွှမ်းနေခဲ့လေသည်။

သန့်စင်သည့် ဗုဒ္ဓဘာသာနယ်မြေသည် သွေးရောင်လွှမ်းလျှက်ရှိလေတော့သည်။

ယွမ်ချင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ယွဲ့ကွမ်းဆရာတော်ကို ကြည့်လိုက်လေသည်။

"အခုအချိန်ထိ ကျုပ်က ကျုပ်ဆီမှာ ရှိနေခဲ့တာကို မသိခဲ့ဘူး ပဲ..."

"ကျုပ်က ကျုပ်ဆီမှာ ရှိနေခဲ့သည်" ဆိုသည်မှာ ယွမ်တုဓား လူပြန်ဝင်စားသော သူ့ထံတွင် ယွမ်တုဓား ရှိနေခဲ့ခြင်းကို ဆိုလိုလေ၏။

ထို့နောက် ယွမ်ချင်းက တည်ငြိမ်စွာ ထွက်ပေါ်လာလေသည်။

"ကဲ... ဆရာတော် (၃)ပါးလည်း ပုန်းကွယ်မနေဘဲ ထွက်ခဲ့ကြပါ..."

ယွဲ့ကွမ်းဆရာတော်၏ အနောက်ဘက်ရှိ တိမ်ပင်လယ်ကြီးထဲတွင် ရောင်ခြည်တန်း (၃)ခု ထွက်ပေါ်လာလေသည်။

ထိုရောင်ခြည်တန်း (၃)ခုမှာ ဗုဒ္ဓဘာသာကျောင်းတော်ကြီး (၈)ခုမှ ဆရာတော် (၃)ပါး ဖြစ်သည့် ဓမ္မလမ်းပြဆရာတော်၊ ကျိရွှမ်ဆရာတော်နှင့် ယိရှင်ဆရာတော်တို့ ဖြစ်ကြလေသည်။

ထိုဆရာတော် (၃)ပါးသည် တစ်ပါးနှင့်တစ်ပါး တန်ခိုးစွမ်းအား တူညီခြင်း မရှိကြပေ။

တစ်ယောက်ချင်းယှဉ်မည်ဆိုလျှင် ထိုဆရာတော် (၃)ပါးသည် ယွမ်ချင်းကိုမည်သူမှ ယှဉ်နိုင်ကြမည် မဟုတ်ပေ။

သို့သော်... ထိုဆရာတော် (၃)ပါးနှင့် ယွဲ့ကွမ်းဆရာတော် ပူးပေါင်းလိုက်မည်ဆိုလျှင်တော့ ယွမ်ချင်းအနေဖြင့် တိုက်ခိုက်ရ ခက်သွားပေလိမ့်မည်။

ထိုဆရာတော် (၃)ပါးသည် ဗုဒ္ဓဘာသာကျောင်းတော်ကြီး (၈)ခုမှ ဆရာတော် (၈)ပါးတွင် တန်ခိုးစွမ်းအားအမြင့်မားဆုံး ဆရာတော် (၃)ပါး ဖြစ်လေသည်။

ဆရာတော် (၃)ပါးနှင့် ယွဲ့ကွမ်းဆရာတော်၊ စုစုပေါင်း ဆရာတော် (၄)ပါးတွင် ဓမ္မလမ်းပြဆရာတော်က သက်တော် အကြီးဆုံး ဖြစ်လေ၏။ ထို့ပြင် သူက ကျိရှမ်ဆရာတော်၊ ယိ

ရှင်ဆရာတော်နှင့် ယွဲ့ကွမ်းဆရာတော်တို့ထက်လည်း ဝါကြီး

လေသည်။

သူက ဗုဒ္ဓဘာသာကျင့်စဉ်တစ်ခုဖြစ်သည့် "မဟာမုဒြာ" တန်ခိုး

စွမ်းအားကို ကျင့်ကြံထားသူ ဖြစ်သည်။

သူက အသက် (၁၆)နှစ်အရွယ်ကတည်းက တရားအလင်းရခဲ့

ပြီး တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ဖြစ်ခဲ့လေသည်။

အသက် (၂၀) မပြည့်ခင်မှာပင် တာအိုနတ်ဘုရားများစွာကို

အနိုင်ယူနိုင်ခဲ့သည်။ ယခုတော့ သူ၏ တန်ခိုးစွမ်းအား မည်မျှ

မြင့်မားနေသည်ကို မည်သူမှ မသိရှိနိုင်ကြပေ။

ကောလဟာလများအရဆိုလျှင် မဟာမုဒြာကျင့်စဉ်သည် ဗုဒ္ဓနှင့်

တစ်သားတည်းကျသည့်အဆင့်အထိ ကျင့်ကြံရသည်ဟု ပြော

ကြလေသည်။

မဟာမုဒြာကျင့်စဉ် နောက်ဆုံးအဆင့်ကို အောင်မြင်သွားလျှင်

ဗုဒ္ဓလက်ဖဝါးတန်ခိုးစွမ်းအားကို ကျင့်ကြံနိုင်မည် ဖြစ်သည်။

ဓမ္မလမ်းပြဆရာတော်က စတင်စကားပြောလိုက်လေသည်။

"ယွမ်ချင်းနတ်ဘုရား ၊ မင်းရဲ့ ခန္ဓာကိုယ်က မိုးကောင်းကင်

အစစ်ဆေးခံရတော့မယ် ၊ ဘေးအန္တရယ် ရင်ဆိုင်ရတော့မယ် ၊

မင်းအနေနဲ့ တောင်ပေါ် ပြန်ပြီး တံခါးပိတ်ကျင့်ကြံမှုပြုတာ

သင့်တော်လိမ့်မယ် ၊ လူ့လောကမှာ လျှောက်သွားနေတာက

မင်းအတွက် သိပ်ကိုအန္တရယ်ရှိနိုင်တယ်..."

ယွမ်ချင်း၏ လက်ထဲတွင် ယွမ်တုဓားကို ဆုပ်ကိုင်ထားလေ

သည်။

သူက အေးဆေးသည့်လေသံဖြင့်...

"ဓမ္မလမ်းပြဆရာတော်... လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀၀)လောက်က

ဆရာတော်ကို ကျီမော့တောင်ထိပ်မှာ တစ်ခါ တွေ့ခဲ့ဖူးတယ် ၊

အဲဒီအချိန်တုန်းက ကျီမော့တောင်ထိပ်က တောတောင်ရေမြေ

သဘာဝတရားတွေက သိပ်ကို လှပတယ် ၊ ဒါပေမဲ့ ဆရာတော်

က ပတ်ဝန်းကျင်ရဲ့အလှတရားကို တစ်ချက်မခံစားဘဲ

မျက်လွှာကိုသာချပြီး လမ်းလျှောက်နေခဲ့တယ်၊ အဲဒီ ကတည်းက ဆရာတော်ဟာ အတော်လေး သမာဓိတည်ပြီး တန်ခိုးစွမ်းအားတွေ နက်ရှိုင်းနေပြီဆိုတာ ကျုပ်သိခဲ့ပါတယ်၊ ဆရာတော်ရဲ့ စိတ်ဟာ သိပ်ကို တည်ငြိမ်လွန်းခဲ့ပါတယ်..."

ယွမ်ချင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်ပြော လိုက်လေသည်။

"အဲဒီအချိန်ကတည်းက ကျုပ် ဆရာတော်နဲ့ တရားဆွေးနွေးခဲ့ရ မှာ..."

ယွမ်ချင်း၏ စကားကြောင့် ဓမ္မလမ်းပြဆရာတော်၏ မျက်နှာ အမူအရာပြောင်းလဲသွားခြင်း မရှိပေ။

"အဲဒီအချိန်ကသာ ယွမ်ချင်းနတ်ဘုရား ကျုပ်နဲ့ တရား ဆွေးနွေးခဲ့မယ်ဆိုရင် ဒီနေ့ ဒီလိုရင်ဆိုင်ရတဲ့အဖြစ်မျိုး ရှိလာ မှာတောင် မဟုတ်ဘူး..."

ခမ္မလမ်းပြဆရာတော်၏ စကားသံဆုံးသွားသည်နှင့် သူ့ဘေး
တွင်ရပ်နေသည့် ကျိရွှမ်ဆရာတော်က အံ့သြတုန်လှုပ်သွားလေ
သည်။
ခမ္မလမ်းပြဆရာတော်က ငယ်စဉ်က စွန့်စားခန်းများစွာ ပြုလုပ်
ခဲ့သူ တစ်ယောက်ဖြစ်ကြောင်း သူတို့ သိရှိထားလေသည်။
တောတောင်ရေမြေတစ်ခွင် ခရီးလှည့်လည်ရင်း ထိန်းချုပ်ရန်
ခက်ခဲသည့် ထူးဆန်းသော သဘာဝလွန်စွမ်းအားတစ်ခုကို ရရှိ
ခဲ့လေသည်။
ထို့ကြောင့်... နောက်ပိုင်း ကျောင်းတော်သို့ ပြန်လာပြီး ထို
တန်ခိုးစွမ်းအားကို ထိန်းချုပ်နိုင်ရန်အတွက် တရားထိုင်ခြင်း
ဖြင့်သာ အချိန်ကုန်ဆုံးခဲ့သည်။
ခမ္မလမ်းပြဆရာတော်က ထူးဆန်းသည့် သဘာဝလွန်စွမ်းအား
များနှင့် ဇင်ဗုဒ္ဓဘာသာစိတ်တည်ငြိမ်မှုများကို ပေါင်းစပ်
ကျင့်ကြံနိုင်ခဲ့လေသည်။

ယခု ဓမ္မလမ်းပြဆရာတော်ပြောလိုက်သည့် စကားအရဆိုလျှင် ကျီမော့တောင်တွင်သာ ယွမ်ချင်းနှင့် တရားဆွေးနွေး တိုက်ခိုက်ခြင်းပြုခဲ့မည်ဆိုပါက ယခုအချိန်တွင် လူပြန်ဝင်စား နေရပြီ ဖြစ်သည့်အတွက် ယွမ်ချင်းနှင့် လာရောက်ရင်ဆိုင်နိုင် ခြင်း ရှိတော့မည်မဟုတ်ဟု ဆိုလိုခြင်း ဖြစ်သည်။

ယခုတော့ ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့သည်မှာ နှစ်ပေါင်း (၅၀၀)တိုင်တိုင် ကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။

ဓမ္မလမ်းပြဆရာတော်သည်လည်း ယခင်ကထက်ဆာလျှင် များစွာတိုးတက်လာခဲ့ပြီ ဖြစ်သည်။

သို့သော်... ယွမ်ချင်း၏ တန်ခိုးစွမ်းအားများကလည်း ကြောက် ခမန်းလိလိပင် ဖြစ်လေသည်။ ယွမ်ချင်း၏ လက်ထဲသို့သာ ဗုဒ္ဓ ဓာတ်တော်မွေတော် ရောက်ရှိသွားပါက အကျိုးဆက်သည် တွေးရဲစရာမရှိပေ။

ထို့ကြောင့်ပင်… ဓမ္မလမ်းပြဆရာတော်က ဗုဒ္ဓ

ဓာတ်တော်မွေတော်ကို ကာကွယ်ရန်အတွက် ယွဲ့ကွမ်း

ဆရာတော်ကို ကူညီပေးရန် ရောက်ရှိလာခြင်း ဖြစ်လေသည်။

ယွမ်ချင်းက…

"ဗုဒ္ဓဘာသာ ကျောင်းတော်ကြီး (၈)ခုက ကိုယ်ပိုင်ကျင့်စဉ်တွေ

ရှိကြပေမယ့် ကိုယ်ပိုင်ထင်မြင်ချက်တွေကိုလည်း ဆုပ်ကိုင်

ထားကြတယ် မဟုတ်လား ၊ ဒါပေမဲ့ ဆရာတော်ရဲ့ ကျင့်စဉ်

ကတော့ တီထွင်ဖန်ဆင်းနိုင်စွမ်း အပြည့်ရှိတယ် ၊ ဆရာတော်

က တောတောင်ရေမြေအနှံ့ခြေဆန့်ပြီး ဗုဒ္ဓတရားတော်ရဲ့

အနှစ်သာရကို နောက်မဆုတ်တမ်း ရှာဖွေခဲ့တယ် ၊ ဒီအချက်ကို

ကြည့်မယ်ဆိုရင် ကျုပ်ရဲ့ နတ်ဘုရားကျောင်းတော်ကတောင် ဒီ

လိုအရည်အချင်းမျိုးတွေ မရှိပါဘူး ၊ အဲဒီအချိန်တုန်းက

ဆရာတော်နဲ့ကျုပ် တရားမဆွေးနွေးခဲ့တာ အဲဒီအချက်ကြောင့်

ပါပဲ…"

ယွမ်ချင်း၏ စကားက ဝေဖန်ခြင်းထက် ချီးကျူးခြင်းနှင့် ဆင်

တူနေလေသည်။

သို့ရာတွင်... ခမ္မလမ်းပြဆရာတော်က ယွမ်ချင်းထက် ဝါရင့်

သည့် ကျင့်ကြံသူဖြစ်သည့်တိုင် ယွမ်ချင်းမှာ တာအိုဆရာ

သခင်ထိုက်ယီ၏ တရားကို နာကြားခဲ့ရသည်က တစ်ကြောင်း ၊

မရဏာဓားတစ်လက် လူပြန်ဝင်စားခြင်းဖြစ်သည်ကတစ်

ကြောင်းကြောင့် ခမ္မလမ်းပြဆရာတော်ထက် တန်ခိုးစွမ်းအား

မြင့်မားသူ ဖြစ်လေသည်။

ယွမ်ချင်းသည် မျိုးဆက်တစ်ဆက်တွင် အမြင့်ဆုံးဟု

သတ်မှတ်နိုင်သည်။

ခမ္မလမ်းပြဆရာတော်က...

"ယွမ်ချင်းနတ်ဘုရားက တကယ်အမြင့်ကျယ်တာပဲကိုး..."

ယွမ်ချင်းက တောက်ပစွာ တစ်ချက်ပြုံးလိုက်ပြီး လက်တစ်

ချက် ဝှေ့ရမ်းလိုက်လေသည်။

ထိုအခါ... သွေးနီရောင်တိမ်တိုက်များ ပျံ့ကျဲသွားပြီး ကောင်းကင်ထက်မှ သွေးမိုးများ ရွာသွန်းလာလေသည်။ သွေးမိုးများသည် ဆရာတော် (၄)ပါး၏ ရောင်ခြည်တန်းများအတွင်းသို့ပင် ထိုးဖောက်ဝင်ရောက်လာလေသည်။

ယွမ်ချင်းက...

"ကျုပ်ကတော့ ဗုဒ္ဓရဲ့ ဓာတ်တော်မွေတော်ကို အရယူရမှာပါပဲ..."

....

လီချင်းဆွေက အနောက်ဘက်ကောင်းကင်သို့ လှမ်းကြည့်လိုက်လေသည်။

အဝေးဆီမှ ကောင်းကင်တစ်ခုလုံး သွေးနီရောင်လွှမ်းနေသည်ကို သူမ တွေ့လိုက်ရလေသည်။

နေဝင်ဆည်းဆာချိန်အလား ပုဇွန်ဆီရောင်သမ်းနေခြင်းမျိုးလည်းမဟုတ်ဘဲ မြင်ကွင်းက အနီရောင်တောက်ပပြီး ထူးဆန်းသည့် မြင်ကွင်းတစ်ခု ဖြစ်လေသည်။

သူမက သိချင်စိတ်ဖြစ်လာမိပြီး ဆန်းလျန်ကို မေးကြည့်လိုက်လေသည်။

"အဲဒါ ဘာဖြစ်နေတာလဲ..."

ဆန်းလျန်က...

"ယွမ်ချင်း တိုက်ခိုက်နေတာလေ၊ ဘယ်သူတွေနဲ့ တိုက်နေတာလဲ မသိဘူး..."

လီချင်းဆွေက...

"ဟုတ်လား..."

ဆန်းလျန်က...

"မင်း သူ့အတွက် စိတ်မပူဘူးလား၊ ဘာပဲ ဖြစ်ဖြစ် တောင်ပေါ်မှာတုန်းက သူက မင်းအပေါ် ကောင်းခဲ့တဲ့သူပဲလေ..."

လီချင်းဆွေက...

"တိုက်ပွဲမှာ သူ မရှုံးဘူးဆိုတာ ကျွန်မ ယုံကြည်တယ်..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"မင်း သူ့အပေါ် ဒီလောက်ယုံကြည်လွန်းတာ ၊ သူသာသိရင် အတော်ပျော်သွားနိုင်တယ်..."

လီချင်းဆွေက...

"အဲဒီ တိုက်ပွဲဖြစ်နေတဲ့နေရာက ကျွန်မတို့နဲ့ ဘယ်လောက်ဝေးလဲ... ၊ အခုသွားရင် မှီနိုင်သေးလား..."

ဆန်းလျန်က...

"မင်း သူ့ကို စိတ်မပူဘူးဆိုမှတော့ ဘာသွားလုပ်မလို့လဲ..."

လီချင်းဆွေက ဆန်းလျန်ကို လှမ်းကြည့်လိုက်ရင်း...

"မသွားရလည်း ဘာမှ မဖြစ်ပါဘူး..."

ဆန်းလျန်က...

"အဲဒီကိုသွားဖို့ နည်းလမ်းတော့ သိပ်မရှိဘူး ၊ ဒါပေမဲ့ မင်း တောင်ပေါ်ဝတ်ကျောင်းတော်ကိုပြန်သွားမယ်ဆိုရင် အဲဒီကို ခဏလေးနဲ့ ရောက်သွားနိုင်မယ့်နည်းလမ်းတစ်ခု ကျုပ်ပြောပြလို့ရတယ်..."

အခန်း (၁၀၀၅) တိုက်ခိုက်ခြင်း

လီချင်းဆွေသည် ချက်ချင်းပင် လှေကားထစ်လမ်းများ

အတိုင်း ပြေးတက်သွားပြီး တောင်ပေါ်ဘုရားကျောင်းသို့

ချက်ချင်း ရောက်ရှိသွားလေတော့သည်။

ဆီးနှင်းများသည် တောင်ပေါ်ဘုရားကျောင်းတစ်ခုလုံးကို

ဖုံးလွှမ်းနေပြီး တံစက်မြိတ်တွင် ကြည်လင်အေးခဲနေသည့် နှင်း

စက်များတွဲလဲ ကျလျှက် ရှိလေသည်။

တောင်ပေါ်ဝတ်ကျောင်းတော်သည် အထီးကျန်ဆန်လှပြီး တိတ်ဆိတ်ငြိမ်သက်လျှက် ရှိလေသည်။

လီချင်းဆွေက...

"အခု တောင်ပေါ်က ဝတ်ကျောင်းတော်ကို ပြန်ရောက်ပြီ ၊ ကျွန်မ ဘာလုပ်ရမလဲ..."

ဆန်းလျန်က သူမဘေးတွင် မတ်တတ်ရပ်နေရင်း ပေါ့ပါး အေးဆေးသည့်လေသံဖြင့်...

"တောတောင်ရေမြေတွေမှာ ဝိညာဉ်ဆိုတာမရှိဘူး ၊ သူတို့တွေ ဝိညာဉ်စွမ်းအားရလာပြီဆိုရင်လည်း သူတို့တွေအားလုံး နတ်ဘုရားတွေ ဖြစ်ကုန်ကြလိမ့်မယ် ၊ ဒါပေမဲ့ ဒီတောင်ကတော့ ထူးခြားတယ် ၊ ဒါကြောင့် ရွှဲ့ဟယ်က သူ့အမေကို ဒီတောင်မှာ တောင်စောင့်နတ် ဖြစ်စေခဲ့တာပဲ... ၊ ဒီတောင်ပေါ်မှာ ဝိညာဉ် စွမ်းအားတွေ စုစည်းနေတယ် ၊ ဒီတောင်ပေါ်က ဝိညာဉ်

စွမ်းအားတွေကို အသုံးပြုပြီး ယွမ်ချင်းရှိတဲ့နေရာကို မင်း အခု ချက်ချင်းသွားနိုင်အောင် ကျုပ် လုပ်ပေးနိုင်တယ်..."

လီချင်းဆွေက...

"ဝိညာဉ်စွမ်းအားတွေ အကုန်လုံး မရှိတော့ဘူးဆိုရင် ဒီတောင် ဘာဖြစ်သွားမလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဇာမဏီငှက်တိုင်းလည်း ဇာမဏီသစ်ပင်မှာ နေတာမဟုတ် သလို ဗောဓိသကျတိုင်းလည်း လင်စန်းတောင်မှာ မနေကြပါ ဘူး၊ ဝိညာဉ်တွေ ဒီတောင်ပေါ်မှာ မရှိလည်း ဘာမှ ဖြစ်မသွား ပါဘူး..."

ဆန်းလျန်၏စကားကို နားထောင်ပြီး လီချင်းဆွေက ခေါင်း တစ်ချက်ညိတ်လိုက်သည်။

"အင်း... ဒါလည်း ဟုတ်တာပဲ..."

ဆန်းလျန်က လက်ပိုက်လိုက်ရင်း...

"မင်းက အမှန်တရားတွေကို မြန်မြန်နားလည်လွယ်သားပဲ..."

လီချင်းဆွေပြောသည့် "ဒါလည်းဟုတ်တာပဲ" ဆိုသည့်စကားက ဆန်းလျှန်ကို အကြီးအကျယ် ထောက်ခံလိုက်ခြင်းပင် ဖြစ်လေသည်။

လီချင်းဆွေသည် သူမ၏ နာမည်အတိုင်းပင် "ရေ" ကဲ့သို့ သဘောသဘာဝ ရှိလေသည်။

မည်သည့်နေရာမဆို အလိုက်သင့် စီးဆင်းလွယ်သည်။ ပျော့ပြောင်းသိမ်မွေ့သည်။ သို့သော်... စွမ်းအားလည်း အလွန်ကြီးမားလေသည်။

ထိုသို့ အလိုက်သင့်စီးဆင်းနိုင်ခြင်းက ရေရှည်တည်တံ့စေရန် နည်းလမ်းဖြစ်သည်။

ထို့ကြောင့် အကြောင်းအရာအတော်များများကို လီချင်းဆွေ နားလည်လွယ်သည်မှာ အငြင်းပွားစရာ မရှိပေ။

ယခုခေတ်အချိန်တွင် ဝိညာဉ်စွမ်းအားကောင်းမွန်သည့် တောင်များလည်းရှိသလို ဝိညာဉ်စွမ်းအားဆိတ်သုဉ်းနေသည့် တောင်များလည်း များစွာ ရှိသည်။

ဆန်းလျန်က သဘာဝတရားတွင် တည်ရှိနေသည့် ဝိညာဉ်စွမ်းအားကို မည်သို့ ထုတ်ယူသုံးဆွဲရမည်ကို လီချင်းဆွေအား သင်ပြပေးလေသည်။

လီချင်းဆွေက ဆန်းလျန်ပြောပြသည့်အတိုင်း ကျင့်ကြံလိုက်သည်နှင့် တောင်တစ်ခုလုံးရှိ ဝိညာဉ်စွမ်းအားများ သူ့မထံသို့ စုဝေးရောက်ရှိလာပြီး တောင်ပေါ်မှ ဝိညာဉ်စွမ်းအားများ ပျောက်ကွယ်သွားလေသည်။

ဝိညာဉ်စွမ်းအားများသည် လီချင်းဆွေ၏ ခန္ဓာကိုယ်ပတ်ပတ်လည်တွင် လှည့်ပတ်နေပြီး တောင်ပေါ်တွင်တော့ မိုးမြေစွမ်းအားများ ရုတ်ချည်းမြင့်တက်လာလေ၏။

ဆောင်းတွင်းကာလဖြစ်သည့်တိုင် တောင်ပေါ်တွင် သစ်ပင် ၊ မြက်ပင်ငယ်များ ချက်ချင်းပေါက်ရောက်လာပြီး စိမ်းလန်းစို ပြေလာလေသည်။

နှင်းကျဆင်းခြင်းများ ရပ်တန့်သွားပြီး နေမင်းကလည်း ထွန်းလင်းတောက်ပလာလေသည်။

နေမင်းက အစိမ်းရောင်သစ်ပင်ငယ်လေးများထက်တွင် ထွန်းလင်းတောက်ပနေပြီး တောင်တစ်ခွင်လုံး အစိမ်းရောင် အခိုးအငွေ့အလွှာပါးလေးများဖြင့် ဖုံးအုပ်ထားသည့်အလား ထင်မှတ်ရလေသည်။

ထိုအချိန်မှာပင်... ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်တစ် ယောက်သည် တိုက်တိုက်ဆိုင်ဆိုင် ထိုတောင်ကို ဖြတ်သန်းခရီး နှင်ခဲ့လေသည်။

သူက တောင်ပေါ်မှ မြင်ကွင်းကိုတွေ့မြင်သည့်အခါ စိတ်နှလုံး ကြည်နူးခြင်းကို ခံစားရပြီး...

"ချင်းရှတောင်ပဲ... ချင်းရှတောင်ပဲ..."

ဟု ပြောဆိုသွားခဲ့လေ၏။

ထိုအချိန်မှစပြီး... ထိုတောင်၏အမည်မှာ "ချင်းရှတောင်" ဟု အမည်တွင်သွားခဲ့လေတော့သည်။

နောင်နှစ်အနည်းငယ်ကြာသည့်အခါ ထိုထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်က ချင်းရှတောင်သို့ မိတ်ဆွေအပေါင်းအသင်းများကို ခေါ်ကာ ထပ်မံရောက်ရှိလာခဲ့လေသည်။

သို့သော်... ယခင်က သူမြင်တွေ့ခဲ့ရသည့် စိမ်းလန်းသည့် မြင်ကွင်းမျိုးကို တွေ့မြင်ရခြင်း မရှိတော့ပေ။

ထိုသူ အလွန်စိတ်မကောင်းဖြစ်သွားပြီး သူနှင့်အတူလိုက်ပါလာကြသည့် မိတ်ဆွေများမှာလည်း စိတ်ပျက်သွားကြရလေသည်။

ချင်းရှတောင်သည် နောက်ပိုင်းတွင် ထင်ပေါ်ကျော်ကြားခြင်း မရှိတော့သော်လည်း ချင်းရှတောင်ဆိုသည့်အမည်ကတော့ တွင်ကျန်ရစ်ခဲ့လေသည်။

နောက်ပိုင်းတွင် ထိုတောင်ကို အဘယ့်ကြောင့် ချင်းရှတောင်ဟု ခေါ်ရသည်ကို မည်သူမှ မသိရှိကြတော့ပေ။

လီချင်းဆွေကတော့ ထိုအကြောင်းအရာများကို အရေးမစိုက်ခဲ့ပေ။

သူက ချင်းရှတောင်မှ ဝိညာဉ်စွမ်းအားများကို အသုံးပြုပြီး တန်ခိုးစွမ်းအားတစ်ခုကို ရရှိခဲ့လေသည်။

ထို့နောက်... မျက်စိတစ်မှိတ်အတွင်းမှာပင် အသင်္ချေသော တောတောင်ရေမြေများကို ကျော်ဖြတ်ကာ ကျင်းကွမ်းဝတ်ကျောင်းတော် တည်ရှိရာနေရာသို့ ရောက်ရှိလာခဲ့လေတော့သည်။

ယွဲ့ကွမ်းဆရာတော် ၊ အခြားဆရာတော် (၃)ပါးနှင့် ယွမ်ချင်း

ကတော့ တိုက်ခိုက်လျှက် ရှိလေသည်။ ဤတိုက်ပွဲက ကမ္ဘာ့

ထိပ်တန်းကျင့်ကြံသူများ၏ တိုက်ပွဲဟု ဆိုနိုင်၏။

တိုက်ခိုက်နေသူများမှာ လုံးဝ စိတ်အာရုံမပျံ့လွင့်ဘဲ တိုက်ခိုက်

နေကြသည့်အတွက် လီချင်းဆွေရောက်ရှိလာသည်ကို မည်သူ

မှ သတိမထားမိကြပေ။

ကောင်းကင်ကြီးတစ်ခုလုံးကလည်း သွေးနီရောင်လွှမ်းနေပြီး

သွေးမိုးများလည်း အဆက်မပြတ်ရွာသွန်းလျှက် ရှိလေသည်။

ယွဲ့ကွမ်းဆရာတော်က ယွမ်ချင်းနှင့်တိုက်ခိုက်နေပြီး ကျန်သည့်

ဆရာတော် (၃)ပါးက ဝိညာဉ်များအလား တိုက်ပွဲဘေး

ပတ်လည်တွင် ပျံသန်းပိတ်ဆို့ထားကြလေသည်။

သူတို့သည် ဗုဒ္ဓဘာသာမှ အဆင့်မြင့်မားသည့် ဘုန်းတော်ကြီး

များဖြစ်ကြသည့်အတွက် သူတို့၏ ခြေလက်လှုပ်ရှားဟန်က

အလွန်ပင် အသရေရှိနှင့် တင့်တယ်လှသည်။

သို့သော်… သွေးမိုးများက ရွာသွန်းနေလေရာ သူတို့၏ ဝတ်ရုံများကို သွေးမိုးများစွန်းထင်းကုန်ပြီး ဝိညာဉ်များအလား ကြည့်ရဆိုးသွားကြခြင်း ဖြစ်လေတော့သည်။

ယွမ်ချင်း၏ လက်ထဲတွင် ယွမ်တုဓားကိုဆုပ်ကိုင်ထားပြီး အလွန်တည်ငြိမ်အေးဆေးလျှက် ရှိလေသည်။ သူက ယွဲ့ကွမ်းဆရာတော်ထက်ပင်ပိုပြီး တည်ငြိမ်နေသေးသည်။

ယွဲ့ကွမ်းဆရာတော်၏ တည်ငြိမ်မှုက တည်ငြိမ်သည့်ကန်ရေပြင်အလားဖြစ်ပြီး ယွမ်ချင်း၏ တည်ငြိမ်မှုကတော့ တွင်းနက်ကြီးတစ်ခုနှင့် ဆင်တူသည်။

လီချင်းဆွေက တိုက်ပွဲအခြေအနေကို လေ့လာလိုက်ပြီး…

"ကဲ… သူ မရှုံးနိုင်ပါဘူးလို့ ကျွန်မ မပြောဘူးလား…"

လီချင်းဆွေက တစ်လောကလုံးတွင် အမြင်အာရုံစူးရှဆုံးသူ တစ်ယောက် ဖြစ်လေသည်။

တစ်ချက်ကြည့်ရုံမျှနှင့် ယွမ်ချင်းက ဆရာတော် (၃)ပါးကို

သေချာပေါက် အနိုင်ရမည်ကို သူမ ခန့်မှန်းလိုက်နိုင်သည်။

ဆန်းလျန်က...

"အရှေ့ကိုချည်းကြည့်မနေနဲ့၊ ဘေးလည်းကြည့်လိုက်ဦး..."

လီချင်းဆွေ၏ ပဟေဠိဖြစ်သွားပြီး စိတ်ထဲတွင်လည်း တစ်

ချက်လှုပ်ရှားသွားလေသည်။

ဘေးသို့လှည့်ကြည့်လိုက်သည့်အခါ သွေးနီရောင်ဝတ်စုံကို

ဝတ်ဆင်ထားသည့် လူတစ်ယောက် သူမဘေးနားတွင် ရောက်

ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုသူ၏ခါးတွင် ရှည်လျားပြီးသွေးရောင်လွှမ်းနေသည့် ဓား

တစ်လက် ချိတ်ဆွဲထားလေသည်။ ထိုဓားကို တွေ့မြင်ရ

သည်နှင့် သွေးနီရောင်ပင်လယ်မှ မိစ္ဆာအငွေ့အသက်များ

ဖုံးလွှမ်းနေသည်ကို ခံစားလိုက်ရသည်။

ထိုသူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် သတ်ဖြတ်လိုသည့်

အငွေ့အသက်များမှာ သွေးမိုးများနှင့်ရောနှောသွားပြီး မိုင်

(၁၀၀) ပတ်လည်သို့ ပျံ့နှံ့သွားလေသည်။

ထိုသူကား ဟွမ်ချွမ်ကျီပင် ဖြစ်လေတော့သည်။

နောက်ဆုံးတော့... မိုးကောင်းကင်တစ်ခုလုံး လုံး၀ မှောင်အတိ

ကျသွားလေတော့သည်။

ယွမ်ချင်းက တိတ်ဆိတ်ငြိမ်သက်နေပြီး သူ၏မျက်ဝန်းများက

အမှောင်ထုထဲတွင် တလက်လက် တောက်ပနေလေသည်။

သူ ချက်ချင်းပင်... ဟွမ်ချွမ်ကျီနှင့် လီချင်းဆွေကို တွေ့မြင်

လိုက်ရသည့်အခါ ဒေါသချောင်းချောင်းထွက်သွားမိသည်။ ဟွ

မ်ချွမ်ကျီက လီချင်းဆွေကို ဓားစာခံအဖြစ် ဖမ်းဆီးထားသည်

ဟု ယွမ်ချင်းက ထင်မှတ်လိုက်မိသောကြောင့် ဖြစ်သည်။

ယွမ်ချင်း၏ တာအိုတန်ခိုးစွမ်းအားများ မြင့်တက်လာပြီး

သူ၏ခန္ဓာကိုယ်မှ သတ်ဖြတ်လိုသည့်အငွေ့အသက်များက

လည်း ထိန်းချုပ်နိုင်စွမ်းမရှိ ပေါက်ကွဲထွက်လာလေသည်။

သူ၏ မျက်ဝန်းများက ဒေါသတရားများနှင့်ပြည့်နေပြီး

မျက်လုံးများက သွေးနီရောင်တောက်ပလျှက် ရှိလေသည်။

သို့သော်... မည်မျှ ဒေါသထွက်နေပါစေ အခြေအနေကိုတော့

ရှင်းရှင်းလင်းလင်း သုံးသပ်နိုင်စွမ်း ရှိနေလေ၏။

ဆရာတော် (၃)ပါး၏ တန်ခိုးစွမ်းအားအတက်အကျများကို သူ

သိရှိနေပြီး ယွဲ့ကွမ်းဆရာတော်ထံတွင်ရှိနေသည့် ဗုဒ္ဓ၏

ဓာတ်တော်မွေတော်မှာ မည်မျှ တန်ခိုးစွမ်းအားမြင့်မားသည်ကို

သူ ရိပ်မိလိုက်သည်။

ယွမ်ချင်း၏ စိတ်အာရုံတွင် အရာအားလုံးကို ဖြန့်ကျက် သိရှိ

နေလေသည်။

ယွမ်ချင်းက တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက် ဖြစ်လေ

ရာ ပြိုင်ဘက်များ၏လှုပ်ရှားမှုကို အချိန်မရွေး စိတ်အာရုံထဲ

တွင် သိရှိနေနိုင်သည်။

သူ၏ ခန္ဓာကိုယ်မှ သတ်ဖြတ်လိုက်သည့်အငွေ့အသက်များ

မြင့်မားလာသလို တာအိုတန်ခိုးစွမ်းအားသည်လည်း အဆုံးမရှိ

မြင့်မားထွက်ပေါ်လာသည်။

သူက လက်ကိုအသာမြှောက်လိုက်ပြီး ယွမ်တုဓားကို တစ်ချက်

ဝှေ့ရမ်းလိုက်လေသည်။ ထိုအခါ ယွမ်တုဓားမှ ရေစီးဆင်းသံ

များ ထွက်ပေါ်လာလေ၏။

ဓမ္မလမ်းပြဆရာတော်က နှစ်ပေါင်းများစွာ သူကိုင်ဆောင်ခဲ့

သည့် စိပ်ပုတီးကို လေထဲသို့ ပစ်လွှင့်လိုက်သည်။

ထိုပုတီးတွင် ပုတီးစေ့ (၂၄)စေ့ပါဝင်ပြီး လေထဲတွင် လှည့်ပတ်

လျှက် ရှိလေသည်။ ထိုပုတီးစေ့ (၂၄)စေ့မှာ ရှေးဟောင်းဗောဓိ

သကျတစ်ပါးဖြစ်သည့် မငြိမ်းသောမီးအိမ်ဗောဓိသကျ၏

တန်ခိုးစွမ်းအားထဲတွင် နှစ်မြှုပ်ထားသည့် ပုတီးစေ့များဖြစ်

လေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်လာပြီးနောက် ပုတီးစေ့ (၁)စေ့တိုင်း

တွင် မငြိမ်းသောမီးအိမ်ဗောဓိသကျ၏ တန်ခိုးစွမ်းအားများ

ဖြင့် ပြည့်ဝလျှက် ရှိလေသည်။

ဓမ္မလမ်းပြဆရာတော်၏ စိပ်ပုတီးသည် နတ်ဘုရားများ၏

စိတ်ဝိညာဉ်ကို အကြီးအကျယ် ပျက်စီးဆုံးရှုံးစေနိုင်သည့်

တန်ခိုးစွမ်းအားနှင့် ပြည့်ဝလျှက် ရှိလေသည်။ ထို့ကြောင့် နတ်

ဘုရားတိုင်း ကြောက်ရွံ့ထိတ်လန့်ကြသည့် ရတနာပစ္စည်း တစ်

ခု ဖြစ်လေ၏။

သို့သော် ယွမ်တုစား၏ ရေစီးဆင်းသံအောက်တွင် ပုတီးစေ့

(၂၄)စေ့သည် တန်ခိုးစွမ်းအားများ ပျောက်ဆုံးသွားလေသည်။

ထို့နောက် စက္ကန့်ပိုင်းအတွင်းမှာပင် ပုတီးစေ့များအားလုံး ပြာမှုန့်

အဖြစ်သို့ ပြောင်းလဲသွားလေတော့သည်။

နှစ်ပေါင်း (၄၀၀)ကျော် တည်တံ့ခဲ့သည့် မငြိမ်းသောမီးအိမ်ဗောဓိသကျ၏ အမွေအနှစ်ပစ္စည်းသည် ပျက်စီးသွားခဲ့ပြီဖြစ်သည်။

ဓမ္မလမ်းပြဆရာတော်၏ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေ၏။

ယိရှင်ဆရာတော်နှင့် ကျိရှမ်ဆရာတော်တို့က ဓမ္မလမ်းပြဆရာတော်မှာ ယွမ်ချင်းကြောင့် အကြီးအကျယ် ဒဏ်ရာရသွားပြီဟု သိရှိလိုက်ကြသည်။

သို့သော်... ယွမ်ချင်းက တိုက်ခိုက်လိုက်သည်နှင့် ဓမ္မလမ်းပြဆရာတော်ထံမှ တန်ခိုးစွမ်းအားများ ပေါက်ကွဲထွက်လာပြီး တိုက်ခိုက်မှုကို ပြန်လည် စတင်လိုက်သည်။

ကျန်ရှိသည့် ဆရာတော် (၃)ပါးကလည်း သူတို့၏ တောင်ဝှေးများကို ဝှေ့ရမ်းပြီး ဝင်ရောက်တိုက်ခိုက်လိုက်ကြလေရာ လေနှင့်မိုးခြိမ်းသံများပင် ထွက်ပေါ်လာလေသည်။

စိပ်ပုတီးကို တစ်စစီဖြစ်အောင် ဖျက်စီးပစ်လိုက်သည့် ယွမ်တု

ဓားသည် ယိရှင်ဆရာတော် ၊ ကျိရှမ်ဆရာတော်နှင့် ယွဲ့ကွမ်း

ဆရာတော်တို့၏ တောင်ဝှေးများဖြင့် ရင်ဆိုင်လိုက်ရသည်။

ကြီးမားလွန်းသည့် တန်ခိုးစွမ်းအားအရှိန်အဟုန်များသည်

စကြာဝဠာကိုပင် ပြောင်းလဲပစ်တော့မည့်အလား ထင်မှတ်ရ

သည်။

ခမ္မလမ်းပြဆရာတော်က သူ၏ဒဏ်ရာကို ချက်ချင်းကုသ

လိုက်ပြီးသည့်နောက် လက်ထဲတွင် ကြီးမားသည့် လက်ဖဝါးရာ

ကြီးတစ်ခုကို ဖန်ဆင်းလိုက်လေသည်။

ဒဏ်ရာရထားသည့်တိုင် သူ၏ မဟာမုဒြာတန်ခိုးစွမ်းအားက

နည်းနည်းလေးမှ လျော့နည်းသွားခြင်း မရှိပေ။

ကြီးမားသည့် လက်ဖဝါးကြီးသည် ယွမ်ချင်းထံသို့ ဝင်ရောက်

သွားပြီး ယွမ်တုဓား၏ အလင်းတန်းကို ထိမှန်သွားလေသည်။

ယွမ်တုဓားမှ ထွက်ပေါ်နေသည့် ရေသံများ တိတ်ဆိတ်သွားပြီး ရုတ်တရက် ဓားက ဘေးသို့ ယိုင်ထွက်သွားလေသည်။

ဤတိုက်ခိုက်မှုကိုကြည့်ခြင်းအားဖြင့် ဓမ္မလမ်းပြဆရာတော်၏ တန်ခိုးစွမ်းအား မည်မျှ နက်ရှိုင်းသည်ကို သိမြင်ရန် လုံလောက်သည်။

ကောင်းကင်တစ်ခွင်လုံးမှောင်မိုက်သွားပြီး အမှောင်ထဲတွင် မည်သူမဆို ထိခိုက်ဒဏ်ရာရသွားစေနိုင်လေသည်။

မည်သူမဆို အမှောင်ထုထဲတွင် တိုက်ခိုက်နေရသည်က အချိန်မရွေးအသက်အန္တရာယ်ကို ရင်ဆိုင်ရနိုင်သည်။

ကျိုရှမ်ဆရာတော်က လေထဲသို့ လွင့်မျောရောက်ရှိလာပြီး ယွမ်ချင်းနှင့် မျက်နှာချင်းဆိုင်သို့ ရောက်ရှိလာလေသည်။

သူက ကျောက်စိမ်းသားပမာဖြူစင်သောလက်ချောင်းများကို ရှေ့သို့ အသာဆန့်ထုတ်လိုက်သည်။

တိတ်ဆိတ်ငြိမ်သက်သည့် လေထုနှင့် တန်ခိုးစွမ်းအားများ အားလုံးကို ကျော်ဖြတ်ပြီး ကျိုရွှမ်ဆရာတော်၏ လက်ချောင်း များသည် ယွမ်ချင်းရှိရာသို့ ထိုးဖောက်ဝင်ရောက် သွားလေ သည်။

ယွမ်ချင်း၏ ခန္ဓာကိုယ်တွင် အပေါက် (၃)ပေါက်ဖြစ်ပေါ်လာပြီး ထိုအပေါက်များမှ သွေးများ ထွက်လာလေသည်။

ယွမ်ချင်း ဟွန့်ခနဲ နှာခေါင်းတစ်ချက် ရှုံ့လိုက်လေတော့၏။

အခန်း (၁၀၀၆) ကျုပ်က နတ်မိစ္ဆာတစ်ယောက်ပါ ၊ နတ်မိစ္ဆာဆို

တာလည်း တာအိုပါပဲ

ကျိရှမ်ဆရာတော် အသုံးပြုလိုက်သည့် တန်ခိုးစွမ်းအားမှာ

လက်ညှိုးတစ်ချောင်းသိုင်း တန်ခိုးစွမ်းအား ဖြစ်လေသည်။

ဗုဒ္ဓဘာသာမှ စွမ်းအားမြင့်မားလွန်းသည့် တန်ခိုးစွမ်းအားတစ်ခု

ဖြစ်သည်။

လက်ညှိုးတစ်ချောင်းတန်ခိုးစွမ်းအားကို ကျင့်ကြံမည်ဆိုလျှင်

အဆင့်(၅)ဆင့် ရှိလေသည်။

အရင်းအမြစ် (၆)ခုအဆင့် ၊ ပေါင်းစည်းမှု (၅)ခုအဆင့် ၊

ဒြပ်စင် (၄)ပါး အဆင့် ၊ မရှိမှုတရား (၂)ပါး အဆင့် ၊ အဆိပ်

(၃)ပါး အဆင့် ဟူ၍ ဖြစ်လေ၏။

မရှိမှု (၂)ပါး အဆင့်သို့ရောက်ရှိသည်အထိ ကျင့်ကြံနိုင်ပြီဆို

လျှင် လောကတစ်ခုလုံး၏ အသေချာသော ဓမ္မများစွာကို

လက်ညှိုးတစ်ချောင်းကျင့်စဉ်နှင့် ပေါင်းစပ်အသုံးပြုနိုင်ပြီ ဖြစ်လေသည်။

သို့သော်... လောကတွင် လက်ညှိုးတစ်ချောင်းသိုင်းကို ကျင့်ကြံသူအများစုသည် ပထမအဆင့်တွင်ပင် လည်နေကြလေ့ရှိသည်။ ပထမအဆင့်ကို ကျင့်ကြံအောင်မြင်သူကတော့ အနည်းငယ်သာ ရှိလေ၏။

ပထမအဆင့်ကို အောင်မြင်ပြီးသည်များသည်လည်း ဒုတိယအဆင့်ဖြစ်သည့် ပေါင်းစည်းမှု (၅)ခုအဆင့်ကို တက်ရောက်နိုင်ခြင်း မရှိပေ။

ဗုဒ္ဓဘာသာတွင် ကျိရွှမ်ဆရာတော်သည် ထင်ရှားသည့် ကိုယ်တော်တစ်ပါး ဖြစ်လေသည်။ သူက လက်ညှိုးတစ်ချောင်းသိုင်းကို အဆိပ် (၃)ပါး အဆင့်ဖြစ်သည့် အဆင့် (၅)အထိ ကျင့်ကြံအောင်မြင်ခဲ့သူ ဖြစ်သည်။

ထို့ကြောင့် ယွမ်ချင်းကို ဒဏ်ရာရအောင် တိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

သူ လက်ညှိုးတစ်ချောင်းသိုင်းကို အသုံးပြုလိုက်သည်နှင့် လောကတစ်ခုလုံးရှိ ဓမ္မများ ပေါင်းစည်းသွားလေသည်။

ထိုအချိန်ခဏအတွင်း လောကနှင့် ကမ္ဘာမြေကြီးတွင် အားလုံးသည် လက်ညှိုးတစ်ချောင်းသာ ရှိလေသည်။ လက်ညှိုးတစ်ချောင်းသည် ရှင်သန်ခြင်း ဖြစ်သည်။ လက်ညှို့တစ်ချောင်းသည် သေခြင်းတရား ဖြစ်သည်။ လက်ညှိုးတစ်ချောင်းသည် အတွေးတစ်စ ဖြစ်သည်။

ထိုတန်ခိုးစွမ်းအားက စိတ်ကူးဖြင့်ပင် မှန်းဆမရနိုင်သည့် တန်ခိုးစွမ်းအား ဖြစ်သည်။

ကျိရှမ်ဆရာတော်သည် ဓမ္မအားလုံးနှင့်ပေါင်းစပ်ပြီး လက်ညှိုးတစ်ချောင်းသိုင်း အသုံးပြုသည်ကို ကြည့်ခြင်းအားဖြင့်

အဆင့် (၅) အောင်မြင်နေပြီဖြစ်ကြောင်း ယွမ်ချင်း

သဘောပေါက်လိုက်လေသည်။

ယွမ်ချင်းသည် ဓမ္မလမ်းပြဆရာတော်နှင့် အခြားဆရာတော်

များ ဝိုင်းဝန်းတိုက်ခိုက်လိုက်သည့်အတွက် စိတ်အာရုံ ပျံ့လွင့်

သလို ဖြစ်သွားသော်လည်း ကျိရွှမ်ဆရာတော်၏ တန်ခိုး

စွမ်းအားကိုတော့ အမှန်အတိုင်းခန့်မှန်းလိုက်နိုင်သည်။

ယွမ်ချင်း ဒဏ်ရာရသွားသည်ကို တွေ့လိုက်သည်နှင့် ယွဲ့ကွမ်း

ဆရာတော်က တဟုန်ထိုး ဆက်လက်တိုက်ခိုက်လိုက်လေ

သည်။

ယွဲ့ကွမ်းဆရာတော်က လက်ဖဝါးများကို ဖြန့်လိုက်သည့်အခါ

ကြာပန်းပုံသဏ္ဍာန်န်မီးတောက်များ ထွက်ပေါ်လာလေသည်။

ထိုကြာပန်းပုံသဏ္ဍာန်မီးတောက်များသည် ယွဲ့ကွမ်းဆရာတော်

တစ်သက်တာကျင့်ကြံခဲ့သည့် ဝိညာဉ်စွမ်းအားများ စုဆောင်း

ထားသည့် မီးတောက်တစ်ခုဖြစ်သည်။ ထို့ပြင် အဆုံးမဲ့

အစွမ်းထက်လှသော ဗုဒ္ဓ၏ ဓာတ်တော်ဖြင့်လည်း ပေါင်းစပ်ထားလေသည်။

ယွဲ့ကွမ်းဆရာတော်၏ လက်ဖဝါးထက်မှ ထွက်ပေါ်လာသည့် ကြာပန်းပုံသဏ္ဍာန်မီးတောက်များသည် ယွမ်ချင်းတစ်ကိုယ်လုံးကို ဖုံးအုပ်သွားလေသည်။

ယွမ်ချင်း၏ ခန္ဓာကိုယ်မှ သတ်ဖြတ်လိုသောအငွေ့အသက်များ ထွက်ပေါ်လာပြီး ကြာပန်းမီးတောက်ကို ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

သို့သော်... မီးတောက်နှင့်ထိတွေ့လိုက်သည်နှင့် ယွမ်ချင်း၏ တန်ခိုးစွမ်းအားများက ခဏတာမျှ ပျောက်ကွယ်သွားလေသည်။

ယွဲ့ကွမ်းဆရာတော်က သူ၏ သတ်ဖြတ်လိုသည့်အငွေ့အသက်များကို ဗုဒ္ဓဓာတ်တော်နှင့်ပေါင်းစပ်ထားသည့် ကြာပန်း

မီးတောက်ဖြင့် တားဆီးထားကြောင်း ယွမ်ချင်းသိရှိလိုက်သည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် သူ၏ သတ်ဖြတ်လိုသည့် အငွေ့အသက်များကို ဖိနှိပ်ရန်အတွက် ဗုဒ္ဓဓာတ်တော် အမှန်တကယ်ပင် လိုအပ်ကြောင်း ယွမ်ချင်း သိရှိလိုက်သည်။

ကြာပန်းမီးတောက်က ပွင့်လှာကိုးခုရှိသည့် ကြာပန်းတစ်ပွင့် ပွင့်လန်းလာသည့်အလား တဖြည်းဖြည်း ကျယ်ပြန့်လာလေသည်။

နောက်ဆုံး ပေ (၁၀၀၀) စတုရန်းမီတာ ပတ်လည်သို့ မီးတောက်များ ဖုံးလွှမ်းသွားလေသည်။

ယွမ်ချင်းမှာ မီးတောက်များထဲတွင် ပိတ်မိနေလေသည်။

ယွဲ့ကွမ်းဆရာတော်ကတော့ မီးတောက်များအတွင်းမှ ယွမ်ချင်း ထွက်လာနိုင်မည်ကို ထိတ်လန့်နေခဲ့လေသည်။

ထို့ကြောင့် ယွဲ့ကွမ်းဆရာတော်က သူ့လက်ထဲမှ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်ကို လေထဲသို့ ပစ်လွှတ်လိုက်သည်။

ဗုဒ္ဓ၏ဓာတ်တော်မှ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး ကြာပန်းမီးတောက်နှင့်ပေါင်းစပ်သွားလေသည်။

ထို့နောက် ယွမ်ချင်းကို မလှုပ်ရှားနိုင်အောင် ကောင်းကင်ထောက်တိုင်အောင်တွင် ဖိထားသည့်အလား ချုပ်နှောင်ထားလိုက်လေတော့သည်။

ခမ္မလမ်းပြဆရာတော်နှင့် အခြားသူများက လေထဲတွင် ရပ်နေကြပြီး တန်ခိုးစွမ်းအားများ ထုတ်လွှတ်ထားကြသည်။ သူတို့က ယွဲ့ကွမ်းဆရာတော်နှင့် မနီးမဝေးသို့ ရောက်ရှိလာကြသည်။

ယွဲ့ကွမ်းဆရာတော်ကြီး၏ မျက်နှာမှာ စက္ကူစတစ်စအလား ဖြူဖျော့နေပြီး သူ၏ မျက်လုံးများက ခံစားချက် ကင်းမဲ့လျှက်ရှိလေသည်။

ယွမ်ချင်းသည် လောကတွင် ထိပ်တန်းအဆင့် နတ်ဘုရား

တစ်ပါး ဖြစ်လေသည်။

ထို့ကြောင့် ယွဲ့ကွမ်းဆရာတော်အနေဖြင့် ယွမ်ချင်းကို အချိန်

ကြာကြာထိန်းချုပ်ထားရန်မှာ လုံးဝ မလွယ်သည့် ကိစ္စဖြစ်လေ

သည်။

ဆရာတော် (၃)ပါး၏အကူအညီအပါအဝင် ဗုဒ္ဓ၏ ဓာတ်တော်

ကိုအသုံးပြုထားသည့်တိုင် ယွမ်ချင်းကို ထိန်းချုပ်ရန်အတွက်

ယွဲ့ကွမ်းဆရာတော်၏ တန်ခိုးစွမ်းအားများ အတော်လေး

ကုန်ဆုံးသွားရသည်။

ယွဲ့ကွမ်းဆရာတော် အခြေအနေမဟန်သည်ကို ရိပ်မိလိုက်

သည်နှင့် ဓမ္မလမ်းပြဆရာတော်က ယွဲ့ကွမ်းဆရာတော်၏

ကျောပြင်ထက်သို့ လက်ဖဝါးကို ဖိကပ်လိုက်ပြီး အသက်ဓာတ်

စွမ်းအား အနှစ်သာရများ ထည့်သွင်းပေးလိုက်လေသည်။

ထိုအခါမှ ယွဲ့ကွမ်းဆရာတော်၏ မျက်နှာက ဖြူဖျော့နေရာမှ

ရွှေရောင်အနည်းငယ်သမ်းလာလေသည်။

သို့သော်... ဒဏ်ရာကတော့ ရရှိသွားခဲ့လေသည်။

ခမ္မလမ်းပြဆရာတော်မှာလည်း ယွဲ့ကွမ်းဆရာတော်ကို ကူညီ

လိုက်သည့်အတွက် သူရရှိထားသည့် ဒဏ်ရာက ပိုမိုဆိုးရွား

သွားလေ၏။

ယွဲ့ကွမ်းဆရာတော် အော်ဟစ်မိလုမတတ် ဖြစ်သွားပြီး...

"ဆရာတော်... ဘာလို့ ဒီလိုလုပ်ရတာလဲ..."

ခမ္မလမ်းပြဆရာတော်က...

"ကျုပ်ဘုန်းကြီးရဲ့ ခမ္မခန္ဓာက ပျက်စီးသွားပါပြီ ၊ ကျန်ရှိနေတဲ့

အသက်ဓာတ်စွမ်းအားအနှစ်သာရလေးကို မင်းကိုမပေးလိုက်

ရင် ဒီတိုင်း အလဟဿဖြစ်သွားမှာပေါ့ ၊ ပြီးတော့ ဒီကိစ္စတွေပြီး

သွားရင် ကျုပ်ဘုန်းကြီးလည်း ပျောက်ကွယ်သွားရတော့မှာပါ ၊

လူပြန်ဝင်စားပြီးမှပဲ အောင်မြင်မှုရအောင် ပြန်လည်ကျင့်ကြံရပါတော့မယ်..."

ကျိုရှမ်ဆရာတော်က...

"ဆရာတော်... လူပြန်ဝင်စားစရာမလိုပါဘူး၊ ကျုပ်မှာ မိုးနတ်မင်းရဲ့ နှလုံးကာကွယ်ဆေးလုံးရှိတယ်၊ အဲဒါက ဆရာတော်ကို အသက်ဆက်ရှင်အောင် လုပ်ပေးနိုင်ပါတယ်..."

ကျိုရှမ်ဆရာတော်က ပြောပြီးသည်နှင့် ကြေးနီရောင်တောက်နေသည့် လက်မဝက်ခန့်ရှိသော ဆေးလုံးတစ်လုံးကို ထုတ်ယူလိုက်လေသည်။

ဆေးလုံး၏ရနံ့က မွှေးပျံ့နေပြီး အရောင်ကလည်း အနည်းငယ်လင်းလက်နေလေသည်။

ထိုဆေးလုံးမှာ ကျိုရှမ်ဆရာတော် သိမ်းဆည်းထားခဲ့သည့် မိုးနတ်မင်း၏ နှလုံးကာကွယ်ဆေးလုံး ပင်ဖြစ်သည်။

ထိုဆေးလုံးကို သောက်လိုက်ပါက မည်မျှပြင်းထန်သည့် ဒဏ်ရာဖြစ်ပါစေ ယာယီအားဖြင့် အခြေအနေတည်ငြိမ်သွားမည် ဖြစ်လေသည်။

ခမ္မလမ်းပြဆရာတော်က ခေါင်းတစ်ချက် ခါရမ်းလိုက်ပြီး...

"ဘယ်လိုဆေးမျိုးကိုပဲ သောသောက် ကျုပ်ရဲ့ ခန္ဓာကိုယ်က ပျက်စီးနေပါပြီ ၊ ကျုပ်ဘုန်းကြီး အနေးနဲ့အမြန် သေရမှာပါပဲ ၊ ကျိုရှွမ်ဆရာတော် ၊ ခင်ဗျားရဲ့ စေတနာကို ကျုပ်စိတ်ထဲ မှတ်သားထားပါ့မယ်..."

ကျိုရှွမ်ဆရာတော်က သက်ပြင်းချလိုက်ပြီး...

"ဆရာတော်သာ လူပြန်ဝင်စားသွားရရင် ဗုဒ္ဓဘာသာက တာအိုဝါဒလောက် အစွမ်းမထက်ဘူးလို့ အပြောခံရတော့မှာပေါ့..."

ယိရှင်ဆရာတော်ကလည်း လက်မခံနိုင်ဟန်ဖြင့် ခေါင်းကို အသာညိတ်လိုက်ပြီး ကျိုရှွမ်ဆရာတော်ကို ထောက်ခံလိုက်လေသည်။

ယွမ်ချင်းကို ထိန်းချုပ်ရန် ကြိုးစားခြင်းသည် တိုက်ပွဲ၏ အစမျှသာ ဖြစ်သေးသည်။ တကယ့်တိုက်ပွဲက နောက်မှ လိုက်လာမည် ဖြစ်လေသည်။

ယွမ်ချင်းသည် အဓိကနတ်ဘုရားကျောင်းတော်များတွင် အတော်ဆုံးပုဂ္ဂိုလ်ဖြစ်လေရာ ယနေ့ သူ့ကို ထိန်းချုပ်နိုင်ရန် ကြိုးစားခြင်းမှာ လွယ်သည့်ကိစ္စ မဟုတ်ပေ။

ယွမ်ချင်း မီးတောက်များကြားမှ လွတ်မြောက်သည်ဖြစ်စေ မလွတ်မြောက်သည်ဖြစ်စေ တာအိုဝါဒနှင့် ဗုဒ္ဓဘာသာအကြားရှိ ပြိုင်ဆိုင်မှုကတော့ မလွှဲမရှောင်သာ မြင့်တက်လာတော့မည် ဖြစ်သည်။

ဓမ္မလမ်းပြဆရာတော်သာ လူပြန်ဝင်စားခဲ့မည်ဆိုလျှင် တာအိုဝါဒအတွက်လည်း မကောင်းသလို ဗုဒ္ဓဘာသာအတွက်လည်း ကောင်းမည်မဟုတ်ပေ။

ထို့ပြင် ဓမ္မလမ်းပြဆရာတော်က ယွမ်ချင်းလောက်မ တော်သည်ကို သိရှိသွားကြပေလိမ့်မည်။ သို့သော်... ယခု ယွမ် ချင်းက ကြာပန်းမီးတောက်များကြားတွင် ပိတ်မိနေဆဲ ဖြစ် လေရာ ဓမ္မလမ်းပြဆရာတော်၏ ဒဏ်ရာကိုကုသရန် အချိန်ရ နိုင်သေးသည်။

ကြာပန်းမီးတောက်များကြားတွင် ပိတ်မိနေသည့် ယွမ်ချင်းမှာ လည်း အကန့်အသတ်မဲ့သည့် တန်ခိုးစွမ်းအားများသာ မရှိ လျှင် ထိုးဖောက်ထွက်ရန် ခက်ခဲမည် ဖြစ်လေသည်။

ကျိရှမ်ဆရာတော်က ယွမ်ချင်းကို လက်ညှိုးတစ်ချောင်းသိုင်း ပညာနှင့် အလစ်ဖမ်းတိုက်ခိုက်နိုင်ခဲ့ခြင်း မရှိလျှင် ယွဲ့ကွမ်း ဆရာတော်သည် ယွမ်ချင်းကို ယခုကဲ့သို့ ထောင်ချောက်ဆင် ပိတ်ဆို့ထားနိုင်မည် မဟုတ်ပေ။

သို့သော်... သူတို့၏ တိုက်ခိုက်မှုအောင်မြင်ရန်အတွက် ဓမ္မ လမ်းပြဆရာတော်၏ အကူအညီက များစွာပါဝင်လေသည်။

ခမ္မလမ်းပြဆရာတော်သည် တန်ခိုးစွမ်းအားအလွန်မြင့်မားသူ

တစ်ယောက်ဖြစ်လေသည်။ သူ့ကို တာအိုဝါဒဘက်မှ နတ်

ဘုရားအတော်များများက ကြောက်ရွံ့ကြသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာနှင့် တာအိုဝါဒကြားတွင် မျှချေကို ထိန်း

ထားနိုင်ခဲ့ခြင်း ဖြစ်လေ၏။

ထို့ပြင် ခမ္မလမ်းပြဆရာတော်သည် ယနေ့ဗုဒ္ဓဘာသာ၏

ရှေ့ဆောင်လမ်းပြတစ်ယောက်လည်း ဖြစ်လေသည်။ သူသာ

လူပြန်ဝင်စားခဲ့လျှင် ဗုဒ္ဓဘာသာနှင့် တာအိုဝါဒကြားမှ

ကွာဟချက်သည် တဖြည်းဖြည်း ပိုမိုကြီးထွားလာပေလိမ့်မည်။

ဗုဒ္ဓဘာသာနှင့် တာအိုဝါဒကြားမှ ကွာဟချက်သာမက

ဗုဒ္ဓဘာသာအချင်းချင်း ကွဲပြားမှုသည်လည်း ထိန်းမရနိုင်

အောင် ဖြစ်လာပေလိမ့်မည်။

တကယ်တမ်း ဗုဒ္ဓဘာသာသာ စည်းလုံးလျှင် ယနေ့ ယွမ်ချင်း

ကို ဝိုင်းဝန်းတိုက်ခိုက်ကြသည့် တိုက်ပွဲတွင် ဗုဒ္ဓဘာသာ

ဆရာတော် (၃)ပါးမက လာရောက်ကူညီကြမည် ဖြစ်လေ

သည်။

ယိရှင်ဆရာတော်နှင့် ကျိရွှမ်ဆရာတော်တို့က ဓမ္မလမ်းပြ

ဆရာတော်ကို လေးစားကြပြီး သူ၏ ဆန်းသစ်သည့်

အတွေးအခေါ်များနောက်သို့ လိုက်ကြသူများ ဖြစ်သည်။

ထို့ကြောင့် ဓမ္မလမ်းပြဆရာတော်သာ မရှိတော့ပါက

ဗုဒ္ဓဘာသာ ပိုမိုအားနည်းသောအနေအထားသို့ ရောက်သွား

မည်ကို သူတို့ စိတ်ပူပန်ကြလေသည်။

ဓမ္မလမ်းပြဆရာတော်က ကျိရွှမ်ဆရာတော်ပေးသည့်ဆေးကို

အေးဆေးတည်ငြိမ်စွာ ငြင်းပယ်လိုက်သည့်အခါ ကျိရွှမ်

ဆရာတော်နှင့် ယိရှင်ဆရာတော်တို့ တစ်ယောက်မျက်နှာတစ်

ယောက် ကြည့်လိုက်ကြလေသည်။

ယိရှင်ဆရာတော်က...

"ကျုပ်တို့သစ္စာမှန်ရင် ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာ ကောင်းစွာ ပြန့်ပွားသွားပါစေ ၊ တကယ်တော့ ကျိရှမ်ဆရာတော်ဆိုတာ လည်း မရှိဘူး ၊ ယိရှင်ဆရာတော်ဆိုတာလည်း မရှိဘူး ၊ ဗုဒ္ဓဘာသာကိုသာ နွေဦးမှာစိုက်ပျိုးတဲ့ ပျိုးပင်လို တိုးတက်စေ ချင်ခဲ့တာပါ ၊ ဆောင်းဦးမှာ ရိတ်သိမ်းရတဲ့ သီးပင်တွေလို ပြန့်ပွားစေချင်ခဲ့တာပါ ၊ ဒါပေမဲ့ ဆရာတော်မရှိရင် ကျုပ်တို့ ဒီ အလုပ်တွေကို ဘယ်လိုဆက်လုပ်မလဲ..."

ကျိရှမ်ဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ဆရာတော်... ကျုပ်တို့အတွက် ဒီလူ့လောကမှာ ဆက်လက် အသက်ရှင်ပေးဖို့ လိုအပ်ပါတယ်..."

ထိုအချိန်မှာပင်... အလွန်အမင်းအေးစက်သည့်အသံတစ်သံ သည် ဘုန်းတော်ကြီးများနားအတွင်းသို့ ဝင်ရောက်လာလေ သည်။

"ဆရာတော်တို့ အခုလိုခံစားနေရတဲ့ဒုက္ခတွေက ခဏတာပဲလို့ ကျုပ်ထင်ပါတယ်..."

အသံကိုကြားလိုက်ရသည်နှင့် ဘုန်းတော်ကြီးများအားလုံး အကြီးအကျယ် မျက်နှာပျက်သွားကြလေသည်။

ဗုဒ္ဓ၏ ဓာတ်တော်မွေတော်မှ အလင်းတန်းများ ပျောက်ကွယ်သွားပြီး ဓာတ်တော်သည် ယွဲ့ကွမ်းဆရာတော်၏ လက်ထဲသို့ ကျဆင်းလာလေသည်။

ကြာပန်းမီးတောက်များမှာ သဲလွန်စမရှိ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

ယွမ်ချင်းသည် အဝေးတစ်နေရာတွင် မတ်တတ်ရပ်လျှက် ရှိလေသည်။ သူ၏လက်ထဲတွင် ယွမ်တုဓား ရှိမနေတော့ပေ။ သို့သော်... သူ၏ မျက်ဝန်းများထဲမှ သွေးနီရောင်ကတော့ ပိုမို နက်မှောင်လျှက် ရှိလေသည်။ ထိုမျက်ဝန်းများက တွေ့မြင်ရ

သူ မည်သူ့ကိုမဆို တုန်လှုပ်ခြောက်ခြားသွားစေမည် ဖြစ်သည်။

ယွမ်ချင်းထံမှ ထွက်ပေါ်နေသည့် တန်ခိုးစွမ်းအားလှိုင်းလုံးများ ကြားတွင် ဆရာတော် (၄)ပါးသည် ပင်လယ်ရေတွင် နစ်မြုပ် သကဲ့သို့ နစ်မြုပ်လျှက် ရှိလေသည်။

ခမ္မလမ်းပြဆရာတော်က ခါးသက်သည့်လေသံဖြင့်...

"ယွမ်ချင်းနတ်ဘုရားက တာအိုတရားကို သိမြင်နားလည်သွား ပြီပဲ..."

ယွမ်ချင်းကသိမ်မွေ့စွာ ရယ်မောလိုက်ရင်း...

"ကျုပ်က တကယ်တော့ နတ်မိစ္ဆာတစ်ယောက်ပါ၊ နတ်မိစ္ဆာဆို တာလည်း တာအိုပါပဲ၊ ဆရာတော်တို့သာ သင်ပြမပေးရင် ယွမ်ချင်း ဒီလောက်လွယ်လွယ်နဲ့ နားလည် သဘောပေါက်ခဲ့မှာ မဟုတ်ဘူး..."

ကျိုရှမ်ဆရာတော်နှင့် အခြားသူများ ရင်ထဲတွင် နင့်ကနဲ ခံစားလိုက်ကြရလေသည်။

ယွမ်ချင်းသည် ယခုဆိုလျှင် ယခင်ကထက် တန်ခိုးစွမ်းအားများ မြင့်မားနေပြီ ဖြစ်သည်။ ပို၍လည်း ကြောက်မက်ဖွယ်ရာကောင်းနေလေ၏။

သို့သော်… သူတို့ထဲတွင်တော့ တန်ခိုးစွမ်းအား အမြင့်မားဆုံးဖြစ်သည့် ခမ္မလမ်းပြဆရာတော်က ဒဏ်ရာအပြင်းအထန်ရထားလေသည်။

ယွဲ့ကွမ်းဆရာတော်သည်လည်း အနည်းငယ်ဒဏ်ရာရထားပြီး အပြည့်အဝတိုက်ခိုက်နိုင်မည် မဟုတ်တော့ပေ။

ခမ္မလမ်းပြဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ကျိုရှမ်ဆရာတော်ကို ပြောလိုက်သည်။

"မိုးနတ်မင်းရဲ့ နှလုံးကာကွယ်ဆေးလုံး ကျုပ်ကို ပေးပါ…"

ကျိုရှမ်ဆရာတော် အနည်းငယ် တုံ့ဆိုင်းသွားလေသည်။

သူက ရုတ်တရက် ဆေးကို နှမျောသွားသောကြောင့် မဟုတ်ခဲ့ပေ။ ဓမ္မလမ်းပြဆရာတော်က သူ၏ ဒဏ်ရာကို သက်သာအောင်ပြုလုပ်ပြီး ယွမ်ချင်းကို ထပ်မံတိုက်ခိုက်ရန် ကြံစည်နေသည်ကို သိလိုက်သောကြောင့် ဖြစ်သည်။

ထိုသို့သာဆိုလျှင် ဓမ္မလမ်းပြဆရာတော်၏ဒဏ်ရာသည်တော်တော်နှင့် ပြန်လည်သက်သာနိုင်တော့မည်မဟုတ်ဘဲ ဝိညာဉ်အရင်းမြစ်အထိအပါ နာကျင်ဒဏ်ရာရသွားပေလိမ့်မည်။

ထိုအခါ လူပြန်ဝင်စားရန်ပင် နှောင့်နှေးသွားနိုင်လေ၏။

ထိုသို့သာ ဖြစ်လာလျှင် လူပြန်ဝင်စားနိုင်သည့်တိုင် ဓမ္မလမ်းပြဆရာတော်၏ အနာဂတ်တစ်ခုလုံး ပျက်စီးသွားပြီး အောင်မြင်မှုများ ပြန်လည်ရရှိရန် ကျင့်ကြံနိုင်တော့မည် မဟုတ်တော့ပေ။

ဓမ္မလမ်းပြဆရာတော် တစ်ဘဝလုံး ကျင့်ကြံခဲ့သမျှသည် မှန်

ထဲမှ ပန်းတစ်ပွင့်အလား အချည်းအနှီး ဖြစ်သွားရပေ

လိမ့်မည်။

အခန်း (၁၀၀၇) တိုက်ပွဲပြင်းထန်

ကျိရှမ်ဆရာတော် တစ်ခဏမျှ တုံ့ဆိုင်းနေမိလေသည်။

သူ ဆုံးဖြတ်ချက် မကျနိုင်သည့်တိုင် လောလောဆယ်အချိန်

တွင် သူ့အတွက် ရွေးစရာလမ်းမရှိတော့ပေ။

နောက်ဆုံးတော့ ကျိုရှမ်ဆရာတော်က ဓမ္မလမ်းပြ

ဆရာတော်၏ လက်ဖဝါးအတွင်းသို့ မိုးနတ်မင်း၏ နှလုံး

ကာကွယ်ဆေးလုံးကို ထည့်ပေးလိုက်လေသည်။

ဓမ္မလမ်းပြဆရာတော်က မိုးနတ်မင်း၏ နှလုံးကာကွယ်ဆေး

လုံးကို သောက်လိုက်ပြီးနောက် သူ၏ခန္ဓာကိုယ် ပျက်စီးနေ

ခြင်း ချက်ချင်းရပ်တန့်သွားသည်။

ဆရာတော်၏ မျက်နှာက ချက်ချင်း သွေးရောင်လွှမ်းလာပြီး

အသွေးအသားများလည်း အားအင်ပြည့်ဝလာသည်။

ထို့နောက် ဓမ္မလမ်းပြဆရာတော်က လျှို့ဝှက်ကျင့်စဉ်တစ်ခုကို

စတင်ထုတ်ဖော်လိုက်လေသည်။

ယိရှင်ဆရာတော် ၊ ကျိုရှမ်ဆရာတော်နှင့် ယွဲ့ကွမ်းဆရာတော်

တို့မှာ ဗုဒ္ဓဘာသာဂိုဏ်းများတွင် ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်

များ ဖြစ်ကြသည်။

သို့တိုင်အောင်... ဓမ္မလမ်းပြဆရာတော် ဘဝတစ်ခုလုံး အဆုံး ရှုံးခံပြီး မည်သည့်လျှို့ဝှက်ကျင့်စဉ်ကို ထုတ်ဖော်အသုံးပြု နေသည်ကို သူတို့ တစ်ယောက်မှ နားမလည်ကြပေ။

ယွမ်ချင်းက ထိုအချိန်ကို အခွင့်ကောင်းယူပြီး ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်း မရှိပေ။

သူက ဓမ္မလမ်းပြဆရာတော် လျှို့ဝှက်ကျင့်စဉ်ထုတ်ဖော်ခြင်း အဆုံးသတ်သည်အထိ တိတ်တဆိတ် စောင့်နေခဲ့လေသည်။

ယွမ်ချင်း ယခင်ကထက်ပိုပြီး နေလို့ကောင်းနေပြီး ယနေ့ တိုက်ပွဲ နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ဂရုမစိုက်တော့ပေ။

ယွမ်ချင်း၏ တာအိုနှလုံးသားနှင့် ခန္ဓာကိုယ်တစ်ခုလုံးတွင် သတ်ဖြတ်လိုသည့် အငွေ့အသက်များ ပြည့်နက်နေသည်။ သူ့ ကိုကြည့်ရသည်မှာ ခါတိုင်းအချိန်များထက် ပိုမိုတည်ငြိမ်လျှ က် ရှိလေသည်။

အမှန်တော့ သတ်ဖြတ်လိုသည့်အငွေ့အသက်များက မ ကောင်းသောအရာများ မဟုတ်ပေ။ မိုးနှင့်မြေ၏ နိယာမတရားသာလျှင် ဖြစ်လေသည်။

လောကကြီးက အညစ်အကြေးများနှင့် ပြည့်နက်နေပြီး လုံးဝ ပျက်သုဉ်းခြင်းသို့ ဦးတည်သည့်အခါ စင်ကြယ်သော ပြန်လည် မွေးဖွားခြင်းက အသစ်စတင်မည် ဖြစ်သည်။

ထိုသို့ လုံးဝပျက်သုဉ်းခြင်းကို ဦးတည်သည့်အခါ သတ်ဖြတ် လိုက်သည့် အငွေ့အသက်များက အရေးပါသည့် ကဏ္ဍမှ တာဝန်ယူလုပ်ဆောင်ရသည်။

ပြီးမှ အသစ်ပြန်လည်မွေးဖွားဖြစ်တည်လာခြင်းက...

ဆောင်းဦးလေပြေသည် ရွက်ကြွေများကို လွင့်စင်သွားစေ သကဲ့သို့၊ ဆောင်းလေအေးသည် အသက်ဓာတ်စွမ်းအားများ ပြည့်ဝသကဲ့သို့၊ နွေဦးလေပြေသည် နွေဦးပန်းများကို ပွင့်လန်း စေသည့်အလား ပင်ဖြစ်လေသည်။

ယခင်က အပေါ်ယံနားလည်မှုများဖြင့် ဖုံးကွယ်ထားသည့်အတွက် ထိုသို့နက်ရှိုင်းသည့် တာအိုတရားကို ယွမ်ချင်း သိမြင်နိုင်ခြင်း မရှိခဲ့ပေ။

ယခု သူတွေ့ကြုံခံစားရသည့်အရာများက မှားသည်လား မှန်သည်လား မပြောနိုင်သေးသော်လည်း သူလိုချင်သည့် အဖြေအတွက် ဖြေရှင်းချက်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်လေသည်။

ခမ္မလမ်းပြဆရာတော် နောက်ဆုံးတော့ လျှို့ဝှက်ကျင့်စဉ်ကို ပြုလုပ်ပြီးစီးသွားလေသည်။ သို့သော်... သူ စိတ်ပျော်ရွှင်ခြင်း မဖြစ်မိပေ။

သူ၏မျက်ဝန်းများက လူသေတစ်ယောက်၏မျက်ဝန်းများ အလား အေးစက်ပြီး ခံစားချက်ကင်းမဲ့နေသည်။ အတက်အကျ လုံးဝ မရှိပေ။

ဗုဒ္ဓဘာသာကျောင်းတော်ကြီး (၈)ခုတွင် ပညာဉာဏ်အမြင့်မား ဆုံးဟု ထင်ရှားကျော်ကြားသော ကျိုရွှမ်ဆရာတော်မှာလည်း ခမ္မလမ်းပြဆရာတော် လျှို့ဝှက်ကျင့်စဉ်ထုတ်ဖော်ခြင်း ပြီးဆုံး သွားသည့်အတွက် တစ်စက်ကလေးပင် ဝမ်းမြောက်ဝမ်းသာ မ ဖြစ်ခဲ့မိပေ။

သူက ယွမ်ချင်းကိုသာ စိုက်ကြည့်နေလေသည်။

ယခုအချိန်တွင် ယွမ်ချင်းသည် မည်သည့်ရန်သူတော်ထက်မဆို ကြောက်မက်ဖွယ်ရာကောင်းနေသည်ကို သူ အသိဆုံး ဖြစ်လေ သည်။

ခမ္မလမ်းပြဆရာတော် မိုးနတ်မင်း၏ နှလုံးကာကွယ်ဆေးလုံး ကို သောက်လိုက်သည့်အချိန်တွင် ထိုဆရာတော် (၄)ပါးလုံးကို ဝင်ရောက်တိုက်ခိုက်ရန် အချိန်ကောင်းဖြစ်သည်ကို ယွမ်ချင်း သိလေသည်။

သို့သော်... ယွမ်ချင်းက ထိုအခွင့်အရေးကို ပေါ့ပေါ့တန်တန်ဖြင့်ပင် လက်လွှတ်ခဲ့သည်။

အခွင့်အရေးကို သိရှိခဲ့သော်လည်း ယွမ်ချင်းက သူ့ကိုယ်သူယုံကြည်မှုအပြည့် ရှိနေသည့်အတွက် ရန်သူကို မထီမဲ့မြင် ပြုခဲ့ခြင်းပင်ဖြစ်သည်။

ကျိရှမ်ဆရာတော်သည် ယွမ်ချင်းကို ကြည့်နေလေသည်။

သူတို့ မဖြစ်ချင်သည့် အခြေအနေများ ဖြစ်လာတော့မည်ကိုလည်း သိရှိလိုက်သည်။

ယွမ်ချင်း၏ ခြေထောက်အောက်ရှိ ကျောက်ဆောင်ကြီးတဖြည်းဖြည်း ပျက်စီးပြိုကျသွားလေသည်။

ဗုဒ္ဓဘာသာနယ်မြေတွင် နှစ်ပေါင်းများစွာ ဗုဒ္ဓကျမ်းဂန်များ၏တန်ခိုးစွမ်းအားဖြင့် ရပ်တည်နေခဲ့သည့် ကျောက်ဆောင်ကြီးသည် ယွမ်ချင်း၏ ခန္ဓာကိုယ်မှ သဘာဝအတိုင်း ယိုစိမ့်ထွက်

ပေါ်နေသည့် တန်ခိုးစွမ်းအားဒဏ်ကို မခံနိုင်ဘဲ ပြိုကျပျက်စီး

သွားခဲ့ရပြီ ဖြစ်သည်။

ယွမ်ချင်းသည် လေထဲတွင် အေးဆေးစွာ ရပ်လျှက် ရှိသည်။

သူ့ခြေထောက်အောက်မှ ကျောက်ဆောင် ပြိုကျပျက်စီးသွား

သည်ကို တစ်စက်ကလေးမှ အရေးမစိုက်ပေ။

ယခုအချိန် သူစိတ်ဝင်စားနေသည့် တစ်ခုတည်းသောအရာမှာ

ဗုဒ္ဓ၏ ဓာတ်တော်မွေတော်ပင် ဖြစ်သည်။

ယခု သူ ဗုဒ္ဓ၏ဓာတ်တော်မွေတော်ကို ရယူလိုခြင်း မရှိတော့

ပေ။ သို့သော်... ဖျက်စီးပစ်ချင်နေမိသည်။

ယခင်က ဗုဒ္ဓ၏ ဓာတ်တော်မွေတော်ကို ရရှိလျှင် သူ၏

သတ်ဖြတ်လိုသောအငွေ့အသက်များကို ဖိနှိပ်ထားနိုင်မည်ဟု

ယူဆခဲ့သည်။

ယခုတော့ သူ့အခြေအနေကောင်းနေပြီ ဖြစ်လေသည်။ သူ့ကိုယ်သူ ပြောင်းလဲပစ်ရန်အတွက် မည်သည့်အရာမှ မလိုအပ်တော့ပေ။

ရုတ်တရက် ယွမ်ချင်း၏ စိတ်ထဲလှုပ်ရှားသွားသည်။

အဘယ်ကြောင့်ဆိုသော်... ဓမ္မလမ်းပြဆရာတော်သည် ဗုဒ္ဓဓာတ်တော်ကို ကြည့်နေသောကြောင့် ဖြစ်သည်။ ဓမ္မလမ်းပြဆရာတော်သည် နှစ်ပေါင်းများစွာ ကျော်ကြားထင်ရှားသည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါး ဖြစ်ထိုက်ပါပေသည်ဟု ယွမ်ချင်း တွေးလိုက်မိသည်။

ဓမ္မလမ်းပြဆရာတော်သည် ယွမ်ချင်း၏ အတွေးများကို အပြည့်အဝနားမလည်သည့်တိုင် သူ၏ ဇင်ဗုဒ္ဓဘာသာစိတ်နှလုံးသားထဲတွင် ပုံမှန်မဟုတ်သည့်အချက်တစ်ခုကို ခံစားမိသောကြောင့် ဗုဒ္ဓဓာတ်တော်ကို လှမ်းကြည့်လိုက်ခြင်း ဖြစ်လေ၏။

ယွမ်ချင်းက ဓမ္မလမ်းပြဆရာတော် သူ့စိတ်ကို သိရှိသွားရန် ဖွင့်မပြခဲ့ပေ။ ထို့ပြင်... ဓမ္မလမ်းပြဆရာတော်တွင် အချိန်သိပ်မကျန်တော့သည်ကိုလည်း သူ သိရှိထားသည်။

ဆရာတော်က သူ့ခန္ဓာကိုယ်တစ်ခုလုံးမှ တန်ခိုးစွမ်းအားများကို ညှစ်ထုတ်ပြီး လျှို့ဝှက်ကျင့်စဉ်ကို ထုတ်ဖော်ခဲ့ပြီးသည့်နောက် သူ၏ တန်ခိုးစွမ်းအားက အထွတ်ထိပ်သို့ ရောက်ရှိလာခဲ့သည်။

သို့သော်... ဓမ္မလမ်းပြဆရာတော်၏ အသက်ရှူသံများကို ကြည့်ခြင်းအားဖြင့် တန်ခိုးစွမ်းအားသည် အထွတ်ထိပ်မှ ဖြည်းဖြည်းချင်း ပြန်လည်ကျဆင်းလျှက် ရှိလေသည်။

ယွမ်ချင်းက စတင်တိုက်ခိုက်လိုက်သည်နှင့် မိုးနှင့်မြေတွင် ပြင်းထန်သည့် လေပြင်းတစ်ချက် တိုက်ခတ်လာလေသည်။

လေထဲတွင် သွေးရနံ့များ ခြုံလွှမ်းနေသော်လည်း မည်သည့် သွေးကိုမှ တွေ့မြင်ရခြင်း မရှိပေ။

ဘုန်းတော်ကြီး (၄)ပါးသည် ချက်ချင်းပင် လေပြင်းထဲတွင် လွင့်မျောသွားကြလေသည်။

ဗုဒ္ဓ၏ဓာတ်တော်မွေတော်ကို ကိုင်ဆောင်ထားသည့် ယွဲ့ကွမ်း ဗောဓိသကျ၏ တန်ခိုးစွမ်းအားက အနက်ရှိုင်းဆုံး ဖြစ်လေ သည်။

သူ၏ မျက်ဝန်းထဲတွင် မိုးနှင့်မြေ ၊ တောင် ၊ မြက်ပင်နှင့် သစ်ပင်များ ၊ ငှက်များ ၊ သားရဲများအားလုံးသည့် ပုံသေ လှည့်ပတ်နေကြလေသည်။

လေပြင်းထဲတွင် နေ့နှင့်ညက အလှည့်ကျ လည်ပတ်နေသည်။

လေပြင်းထဲတွင် မျက်စိ ၊ နား ၊ နှာ ၊ လျှာ ၊ ကိုယ် ၊ စိတ် ဆို သည့် အာရုံ (၆)ပါးက ကပြောင်းကပြန် ဖြစ်ပေါ်နေကြသည်။

ယွဲ့ကွမ်းဆရာတော်က အလျှင်အမြန် အော်ဟစ်လိုက်လေ သည်။

"အိပ်မက်ပြောင်းပြန်တန်ခိုးစွမ်းအား ၊ ဒါတွေအားလုံးက အတုအယောင်တွေပဲ..."

ထို့နောက် ယွဲ့ကွမ်းဆရာတော်၏ ခန္ဓာကိုယ်မှ သိမ်မွေ့သည့် အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။

ထိုအလင်းတန်းက လရောင်ခြည်အလား အေးစက်လွန်းပြီး သူ၏ ခန္ဓာကိုယ်တစ်ခုလုံးကို ကာကွယ်ပေးထားသည်။

ချက်ချင်းပင် ဗုဒ္ဓဓာတ်တော်မွေတော်မှ အလင်းရောင်များ တောက်ပလာပြီး စတင်အလုပ်လုပ်လေတော့သည်။ ထင်ရောင်ထင်မှာ ပုံရိပ်ယောင်များမှာ ဓာတ်တော်မှ အလင်းတန်းကြောင့် ပြန်လည် သန့်စင်သွားလေသည်။

သို့သော်... သူတို့ရှိရာသို့ တစ်ခါမှ မကြုံဖူးသည့် အဖြူရောင် လက်တစ်ဖက် ကျရောက်လာလေသည်။ ထိုလက်မှ ဖိအားများက ပြင်းထန်လွန်းလှသည်။

ထိုလက်သည် ပေပေါင်းတစ်ထောင်မက မြင့်မားသည့် တောင်တစ်တောင်ကိုပင်လျှင် တစ်စစီ ပျက်စီးသွားစေနိုင်လောက်သည်။

ယွဲ့ကွမ်းဆရာတော်က ယွမ်ချင်း၏ မိစ္ဆာစွမ်းအားများ ထိုမျှမြင့်တက်လာလိမ့်မည်ဟု ထင်မထားခဲ့မိပေ။

သူ့အနေဖြင့် နောက်ဆုတ်၍လည်းမရသလို ရှေ့တိုး၍လည်း မရတော့ပေ။ အကြောင်းမှာ... သူ ခြေတစ်လှမ်းလှုပ်ရှားလိုက်သည်နှင့် အဖြူရောင်လက်ဖဝါးကြီးက သူ့ထံသို့ ကျရောက်လာမည် ဖြစ်လေသည်။

ထို့အတူ ... သူ နောက်မဆုတ်ပြန်လျှင်လည်း ယွမ်ချင်း၏ လက်ဖဝါးက သူ့ကို လုံးဝ ချေမှုန်းပစ်လိမ့်မည် ဖြစ်သည်။ သူ့အတွက် လွတ်လမ်းမရှိတော့သည့် အနေအထား ဖြစ်လေ၏။

သို့သော်... ယွဲ့ကွမ်းဆရာတော် မှန်ကန်သည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်ခဲ့သည်။

သူက ပါးစပ်မှ ဂါထာတစ်ပုဒ်ရွတ်ဖတ်လိုက်ပြီး သူ၏
ခန္ဓာကိုယ်တစ်ခုလုံးက အခိုးအငွေ့အဖြစ်ပြောင်းလဲသွားလေ
သည်။
ယွဲ့ကွမ်းဆရာတော်က အခိုးအငွေ့အဖြစ်ပြောင်းလဲကာ အရှေ့
သို့ သတ္တိရှိရှိဖြင့် ထွက်ခွာသွားပြီး ယွမ်ချင်း၏ လက်ဖဝါးထက်
သို့ ရောက်ရှိသွားကာ ဗုဒ္ဓစာတ်တော်မွေတော်၏ တန်ခိုး
စွမ်းအားကို အသုံးပြုကာ တိုက်ခိုက်လိုက်သည်။
ယွဲ့ကွမ်းဆရာတော်၏ အပူတပြင်းတိုက်ခိုက်လိုက်မှုကြောင့်
ယွမ်ချင်းက ရုတ်တရက် သူ့လက်ကို ရုတ်သိမ်းလိုက်လေ
သည်။
အိပ်မက်ပြောင်းပြန်တန်ခိုးစွမ်းအားသည်လည်း ပျောက်ကွယ်
သွားပြီ ဖြစ်သည်။

ယွဲ့ကွမ်းဆရာတော်၏ တိုက်ခိုက်မှုကို ယွမ်ချင်း ရှောင်တိမ်း

လိုက်သည့်အချိန်တွင် ကျန်ရှိသည့် ဆရာတော် (၃)ပါးက ယွမ်

ချင်းကို ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ယွမ်ချင်း၏ လက်ဝါးရိုက်ချက်ဖြင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရ

သူကတော့ ကျိုရွှမ်ဆရာတော် ဖြစ်လေ၏။

သို့သော်... သူက အဆင့် (၅)အထိ ရောက်ရှိနေပြီ ဖြစ်သည့်

လက်ညှိုးတစ်ချောင်းသိုင်းပညာကို အသုံးပြုပြီး ယွမ်ချင်း၏

လက်ဖဝါးကို အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်လိုက်လေသည်။

လက်ညှိုးတစ်ချောင်းသိုင်းပညာ အဆင့် (၅)သည် အဆိပ်

(၃)ပါး အဆင့် ဖြစ်လေသည်။ အဆိပ် (၃)ပါး အဆင့်ဆိုသည်

မှာ လောဘ ၊ ဒေါသ ၊ မောဟ ဆိုသည့် အဆိပ် (၃)မျိုးကို ပယ်

သတ်သည့် အဆင့်ကို ခေါ်ဆိုခြင်း ဖြစ်သည်။

ကျိုရွှမ်ဆရာတော်၏ လက်ညှိုးတစ်ချောင်းသိုင်းပညာအောက်

တွင် လောဘ ၊ ဒေါသ ၊ မောဟ များ ဆိတ်သုဉ်းသွားပြီး ဇင်

ဗုဒ္ဓဘာသာ၏ ကြီးမြတ်ခြင်း ရုတ်တရက်ထွက်ပေါ်လာလေသည်။
တိုက်ပွဲမြေပြင်သည် ချက်ချင်းပင် သုခဘုံအလား ငြိမ်းချမ်းငြိမ်သက်သွားပြီး စိုးရိမ်ပူပန်မှုများကို မေ့ပျောက်သွားစေလေသည်။
ယွမ်ချင်းသာ ကျင့်ကြံခြင်းအဆင့် မြင့်တက်သွားခြင်းမရှိဘဲ ယခင်အခြေအနေအတိုင်းသာဆိုလျှင် သူ့အနေဖြင့် ကျိရွှမ်ဆရာတော်၏ တိုက်ခိုက်မှုကို ခုခံနိုင်မည် မဟုတ်ပေ။ သူ၏ သတ်ဖြတ်လိုသည့် အငွေ့အသက်များသည်လည်း ချက်ချင်း အားလျော့သွားနိုင်လေသည်။
ယွမ်ချင်းက အေးဆေးစွာ တစ်ချက်ပြုံးလိုက်သည်။ ကျိရွှမ်ဆရာတော်၏ လက်ချောင်းက ယွမ်ချင်း၏ လက်ဝါးဖြင့် ထိပ်တိုက်ရင်ဆိုင်မိကြသည်။

ယွမ်ချင်း၏ လက်ဝါးရိုက်ချက်က ယခင်ကထက်ပင် တန်ခိုး

စွမ်းအားများဖြင့် ပြည့်ဝလျှက် ရှိသည်။

ကျိရွှမ်ဆရာတော် မယုံကြည်နိုင်လောက်အောင် အံ့သြ

ထိတ်လန့်သွားရသည်။ ထို့နောက်… သူ၏ဝမ်းဗိုက်တွင် သွေးနီ

ရောင် လက်ဖဝါးရာကြီးတစ်ခု ထွက်ပေါ်လာလေသည်။

တိုက်ကွက်တစ်ကွက်တည်းဖြင့်ပင် ကျိရွှမ်ဆရာတော်ကို ယွမ်

ချင်း အနိုင်ယူလိုက်နိုင်ပြီ ဖြစ်သည်။ ကျိရွှမ်

ဆရာတော်၏လက်ညှိုးက လေထဲတွင် လွင့်မျောသွားလေ

သည်။

ကျိရွှမ်ဆရာတော်၏ လက်ညှိုးတစ်ချောင်းသိုင်းကို ရင်ဆိုင်

ပြီးသည်နှင့် ဓမ္မလမ်းပြဆရာတော်၏ မဟာမုဒြာကို ချက်ချင်း

ပင် ယွမ်ချင်းက ရင်ဆိုင်လိုက်ရသည်။

မမြင်ရသည့် တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာပြီး ဘုန်းတော်ကြီး (၄)ပါးလုံး အနောက်သို့ လွင့်စင်ထွက်သွားလေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှ သစ်ပင်ကြီးများအားလုံး ထက်ပိုင်းပြတ်ကုန်ကြလေသည်။

ဘုန်းတော်ကြီး (၄)ပါးနှင့် ယွမ်ချင်း၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် တန်ခိုးစွမ်းအား ပေါက်ကွဲမှုကြီးက ပတ်ဝန်းကျင်တစ်ခုလုံးကို ဂယက်ရိုက်ခတ်သွားစေသည်။

လေပြင်းများတိုက်ခတ်လာပြီး တန်ခိုးစွမ်းအားပေါက်ကွဲမှုကြီးက လီချင်းဆွေရှိရာသို့ လာရောက်ထိမှန်လေသည်။

သို့သော်... ဆန်းလျန် သင်ပြပေးထားသည့် "တန်ခိုးစွမ်းအားမဲ့" အင်းသင်္ကေတကြောင့် တန်ခိုးစွမ်းအား ပေါက်ကွဲမှုကြီးက သူမအပေါ် သက်ရောက်ခဲ့ခြင်း မရှိပေ။

သူမဝတ်ဆင်ထားသည့် အဝတ်အစားများ လေထဲတွင် လွင့်ပျံသွားသည်ကလွဲပြီး သူမသည် တည်ငြိမ်အေးဆေးလျှက် ရှိလေသည်။

လီချင်းဆွေ၏ဘေးတွင်ရပ်နေသည့် သွေးနီရောင်ဝတ်စုံကိုဝတ်ဆင်ထားသော ဟွမ်ချွမ်ကျီမှာ များစွာ အံ့အားသင့်သွားလေသည်။

ဤကလေးမလေးသည် ချင်းရွှမ်နတ်တံခါးမှ တပည့်တစ်ယောက်ဖြစ်ပြီး ယွမ်ချင်းက သူမက အလွန်အလေးပေးတန်ဖိုးထားသည်ဟု သတင်းများကြားထားခဲ့သည်။

သို့သော်... အသက်ငယ်ငယ်လေးဖြင့် ထိုမျှတန်ခိုးစွမ်းအားမြင့်မားနေလိမ့်မည်ဟု ဟွမ်ချွမ်ကျီ ထင်မထားခဲ့ရိုး အမှန်ပင်ဖြစ်လေသည်။

ကလေးမလေးကို လျှော့တွက်၍ မရကြောင်း ဟွမ်ချွမ်ကျီသဘောပေါက်လိုက်သည်။

မူလဝိညာဉ်ခန္ဓာရရှိထားသည့် လောကနတ်ဘုရားများသည်ပင် လျှင် မိန်းကလေးငယ်လေးကဲ့သို့ တန်ခိုးစွမ်းအားပေါက်ကွဲမှု ကြီးကို အေးအေးဆေးဆေး ရင်ဆိုင်နိုင်မည် မဟုတ်ပေ။

ဟွမ်ချွမ်ကျီတွေးနေစဉ်မှာပင် လီချင်းဆွေက ရုတ်တရက် စကားပြောလိုက်သည်။

"မင်း ယွမ်ချင်းကို ဘယ်အချိန်ဝင်တိုက်မှာလဲ..."

ဟွမ်ချွမ်ကျီက တစ်ချက်မျှစဉ်းစားလိုက်ပြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း...

"ယွမ်ချင်း မတိုက်နိုင်တော့ဘဲ အားကုန်သွားတဲ့အချိန်ပေါ့..."

ဟွမ်ချွမ်ကျီက ယွမ်ချင်းကို ရှုံးနိမ့်ခဲ့ပြီးသည့်နောက် မခံချင်စိတ်ဖြင့် ကြိုးစားကျင့်ကြံခဲ့လေသည်။

သူ့ဘဝတွင် ယွမ်ချင်းကိုသာ အနိုင်ယူတိုက်ခိုက်နိုင်ခြင်းမရှိ လျှင် သူ့တစ်ဘဝလုံး ယွမ်ချင်း၏ အရိပ်ဆိုးကြီးအောက်မှ ရုန်း ထွက်နိုင်တော့မည်မဟုတ်ပေ။

ထို့ကြောင့်... ယခုတစ်ကြိမ် တိုက်ပွဲတွင် သူ ယွမ်ချင်းကို

သေချာပေါက် အနိုင်ရမှ ဖြစ်ပေမည်။

ယွမ်ချင်းကို နောက်တစ်ကြိမ် ရှုံးနိမ့်ရမည့် အဖြစ်မျိုး သူလုံးဝ

အဖြစ်မခံနိုင်ပေ။ ထို့ကြောင့် လက်ရှိအချိန်တွင် အကောင်းဆုံး

အနေအထားကို တွက်ချက်နေခြင်း ဖြစ်သည်။

လီချင်းဆွေက အေးဆေးသည့် လေသံဖြင့်...

"ယွမ်ချင်းက ရုတ်တရက် တာအိုတရားကို နားလည်သွားပြီ ၊ ဒါ

ကြောင့် သူ ဘယ်တော့မှ အားကုန်သွားမှာ မဟုတ်တော့ဘူး..."

အခန်း (၁၀၀၈) ကြောက်ရွံ့မှု

လီချင်းဆွေက လေထဲတွင် ပေါ့ပါးစွာ လွင့်မျောနေလေသည်။

သူမကို ကြည့်ရသည်မှာ လွင့်မျောနေသည့် ကျောက်တုံးငယ်

တစ်တုံးအလား ထင်မှတ်ရသည်။

ဟွမ်ချွမ်ကျီ လီချင်းဆွေကိုကြည့်နေရင်း သိချင်စိတ်ကို ထိန်းမ

ရတော့ဘဲ မေးခွန်းထုတ်လိုက်မိသည်။

"မင်းရဲ့ ဇာစ်မြစ်ကဘာလဲ..."

ဟွမ်ချွမ်ကျီက မေးခွန်းထုတ်လိုက်ခြင်းဖြစ်ပြီး သူ့မျက်ဝန်း

များထဲတွင် အေးစက်သည့်အငွေ့အသက်များဖြင့် ပြည့်နက်နေ

လေသည်။

ထို့နောက် ဟွမ်ချွမ်ကျီက လက်ငါးချောင်းဖြင့် လီချင်းဆွေကို

ကုတ်ဆွဲလိုက်လေသည်။ သူ၏လက်ချောင်းများမှ မီးခိုးကဲ့သို့

အခိုးအငွေ့များ ထွက်ပေါ်နေလေ၏။

သို့သော်... လီချင်းဆွေက သူ၏ တိုက်ခိုက်မှုမှ လှစ်ခနဲနေ အောင် ရှောင်တိမ်းသွားလေသည်။ လီချင်းဆွေကို ဖမ်းရ သည်မှာ ရေပြင်ထက်မှ လရိပ်ကို ဖမ်းရသည်နှင့်ဆင်တူလွန်း လှသည်။

ဟွမ်ချွမ်ကျီသည် အချိန်ကြာမြင့်စွာ ကျင့်ကြံခဲ့သူတစ်ယောက် ဖြစ်လေသည်။ သို့သော်... ဤသို့သောအခြေအနေမျိုးကို သူ့ ဘဝတွင် ပထမဆုံး ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

သူက မယုံကြည်နိုင်စွမ်ဖြင့် လီချင်းဆွေကို ကြည့်နေမိလေ သည်။

သို့သော်... သူ၏ နက်ရှိုင်းသည့် တန်ခိုးစွမ်းအားဖြင့်ပင် လီချင်း ဆွေကို အဘယ့်ကြောင့် ဖမ်းဆီးရန် မတတ်နိုင်ခဲ့ပါသနည်း။ ထို့ပြင် လီချင်းဆွေအသုံးပြုသည့် တန်ခိုးစွမ်းအားမှာ မည် သည့်တန်ခိုးစွမ်းအားဖြစ်သည်ကိုလည်း သူ ခန့်မှန်းမရနိုင်ခဲ့ ပေ။

လီချင်းဆွေကတော့ အံ့သြခြင်းအလျဉ်းမရှိဘဲ ဟွမ်ချွမ်ကျီကို စူးစိုက်ကြည့်နေလေသည်။

လီချင်းဆွေက သူ့ကို စိုက်ကြည့်နေသည့်အတွက် ဟွမ်ချွမ်ကျီ သည်းမခံနိုင်ဖြစ်လာတော့သည်။

"မင်း ဘာလို့ ကြည့်နေတာလဲ..."

ဟွမ်ချွမ်ကျီက မျက်နှာထားတည်တည်ဖြင့် မေးလိုက်လေ သည်။

သူ့စိတ်ထဲတွင် လီချင်းဆွေကို အနည်းငယ်ကြောက်ရွံ့လာမိပြီး နောက်သို့ပင် ခြေလှမ်းအနည်းငယ် ဆုတ်လိုက်မိသည်။

လီချင်းဆွေက...

"ငါ ဒီနေ့ မင်းကိုအနိုင်မတိုက်ခိုက်နိုင်သေးဘူး ၊ ဒါပေမဲ့ နောက်ပိုင်း ငါ မင်းကို အနိုင်ယူနိုင်မယ့်တစ်နေ့ကျ မင်းရဲ့ ဒီနေ့ လုပ်ရပ်အတွက် ပြန်ပေးဆပ်ရမယ်..."

တန်ခိုးစွမ်းအားမြင့်မားသည့် ဟွမ်ချွမ်ကျီးပင်လျှင် ထိုသို့ ကြီးကြီးကျယ်ကျယ်စကားမျိုး ပြောလေ့မရှိပေ။

အခြားသူသာဆိုလျှင်... ဟွမ်ချွမ်ချီ ပေါ့ပေါ့လေးသဘောထားလိုက်မည် ဖြစ်သည်။ သို့သော်... သူ့ရှေ့မှ ချောမောလှပပြီးသန့်စင်သည့် ကလေးမလေးကတော့ ပေါ့ပေါ့လေးသဘောထား၍ မရပေ။

သူမ၏ တည်ငြိမ်သည့် မျက်ဝန်းများကိုကြည့်ပြီး ဟွမ်ချွမ်ကျီ အကြောင်းမရှိဘဲ ကြောက်ရွံ့လာမိလေသည်။

ထိုအချိန်မှာပင် လီချင်းဆွေက သူမ၏ခေါင်းကို ရုတ်တရက်လှည့်လိုက်ပြီး တစ်နေရာသို့ ကြည့်လိုက်သည်။ ဟွမ်ချွမ်ကျီက သူမကို အရေးစိုက်နေသူ ဖြစ်လေရာ သူမ ကြည့်သည့်နေရာသို့ လိုက်ကြည့်လိုက်လေသည်။

ထိုနေရာက ... မိုင် (၃၀)ခန့်ကွာဝေးသည့် နေရာတစ်နေရာဖြစ်ပြီး ရေတံခွန်တစ်ခု ရှိနေလေသည်။

ရေတံခွန်အောက်တွင် ဓားတစ်လက်နှင့်သဏ္ဍာန်တူသည့် လူတစ်ယောက် ကိုယ်ဟန်မတ်မတ်ဖြင့် ရပ်နေလေ၏။ ထိုသူ၏ဦးခေါင်းတွင် ဆံပင်မရှိသလို မျက်ခုံးမွေးများလည်း မရှိပေ။

ထိုသူမှာ သွေးနီရောင်ပင်လယ်မှ ကျင့်ကြံသူ "ရှဲ့ဟယ်" ပင်ဖြစ်လေသည်။

ရှဲ့ဟယ်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည့်အခါ ဟွမ်ချွမ်ကျီ၏ နှလုံးသားတစ်ခုလုံး တုန်လှုပ်သွားလေသည်။ ဟွမ်ချွမ်ကျီ ရှဲ့ဟယ်ကို ကောင်းကောင်းသိရှိသူဖြစ်လေသည်။

သို့သော်... ယခု ရှဲ့ဟယ်ခေါင်းညိတ်ပြလိုက်သူက ဟွမ်ချွမ်ကျီကို မဟုတ်ပေ။ သူ့ဘေးမှ မိန်းကလေးငယ်လေး လီချင်းဆွေကို ခေါင်းညိတ်ပြလိုက်ခြင်း ဖြစ်၏။

ရွှဲ့ဟယ်နှင့် မိန်းကလေးငယ်လေးမှာ အချင်းချင်း သိနေကြလေသည်လားဟု ဟွမ်ချွမ်ကျီ တွေးလိုက်မိသည်။ ဟွမ်ချွမ်ကျီ၏ စိတ်ထဲတွင် သံသယများဝင်လာတော့သည်။

ထိုအချိန်မှာပင်... ရွှဲ့ဟယ်က ဟွမ်ချွမ်ကျီကို ဆင့်ခေါ်လိုက်လေရာ မျက်စိတစ်မှိတ်အတွင်းမှာပင် ဟွမ်ချွမ်ကျီ ရေတံခွန်အောက်သို့ ရောက်ရှိသွားလေတော့သည်။

ဟွမ်ချွမ်ကျီက လေးလေးစားစားဖြင့် ရွှဲ့ဟယ်ကို ဦးညွှတ်ဂါရဝပြုလိုက်ပြီး...

"သခင်..."

ဟု နှုတ်ဆက်လိုက်၏။

ရွှဲ့ဟယ်က ဟွမ်ချွမ်ကျီကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။ ထို့နောက် သူက ယွမ်ချင်းနှင့် ဘုန်းတော်ကြီးများတိုက်ခိုက်နေသည့် တိုက်ပွဲကို တစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။

ရှဲ့ဟယ်က...

"မင်း ငရဲလမ်းကျင့်စဉ် နဝမအဆင့်ကို မအောင်မြင်သေးဘဲ

ယွမ်ချင်းကို သွားပြီး ရန်မစနဲ့..."

ဟွမ်ချွမ်ကျိုက...

"သူက တန်ခိုးစွမ်းအားမြင့်မားတာ မှန်ပေမယ့် အဲဒီ ဘုန်းကြီး

(၄)ပါးနဲ့ တိုက်ခိုက်ပြီးရင်တော့ အားကုန်သွားမှာပဲ ၊ အဲဒီ

အချိန်ကျ တပည့် အဲဒီသစ္စာဖောက်ကို နှိမ်နင်းပစ်မယ်..."

ရှဲ့ဟယ်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်း...

"မင်းက ငါ့စကားကို မယုံတာလား..."

ဟွမ်ချွမ်ကျိုက...

"တပည့် မလုပ်ရဲပါဘူး..."

ရှဲ့ဟယ်က ဟွမ်ချွမ်ကျိုကို အချိန်အကြာကြီး စိုက်ကြည့်နေ

လေသည်။

ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်ရင်း...

"ကျုပ် လူပြန်ဝင်စားပြီးတဲ့နောက်ပိုင်း မင်းတစ်ယောက်ပဲ ကျုပ်ဘက်မှာ ရပ်တည်ပေးတဲ့သူ ရှိတယ်၊ ဒီတော့ ကျုပ် အခု မင်းကို ပြန်ပေးဆပ်ချင်တယ်၊ ဒါကြောင့် အသူရာကျမ်းစာကို မင်းကို ပေးလိုက်မယ်၊ နောက်ဆို မင်း ကျုပ်ကို သခင်လို့ ခေါ် စရာ မလိုတော့ဘူး..."

ဟွမ်ချွမ်ကျီရင်ထဲတွင် ဗလောင်ဆူသွားလေသည်။

အမှန်တော့ ဟွမ်ချွမ်ကျီက ငရဲလမ်းဓား လူပြန်ဝင်စားသူ ဖြစ် လေသည်။

သို့သော်... သူ၏ ဝိညာဉ်စွမ်းအားက ပြီးပြည့်စုံခဲ့ခြင်း မရှိပေ။ ထို့ကြောင့် သူက ယွမ်ချင်းနှင့် ဗီဇဆင်တူသည့်တိုင် ပြီးပြည့်စုံ ခဲ့သူမဟုတ်သည့်အတွက် သိမ်ငယ်ခြင်းကို ခံစားခဲ့ရသည်။ ထို့ပြင် သူက သတ်ဖြတ်လိုသည့်အငွေ့အသက်များလည်း ပြင်းထန်ပြီး သွေးစွန်းလိုသည့်ဆန္ဒရှိသူ ဖြစ်သည်။

ငရဲလမ်းဆား၏ မူလပိုင်ရှင်ဖြစ်သည့် သွေးနီရောင်ကျင့်ကြံသူ ရှဲ့ဟယ်ကတော့ အလွန်လေးစားစရာကောင်းသည့် ပုဂ္ဂိုလ် ဖြစ်သည်။

နှစ်ပေါင်းများစွာအတွင်း... ဟွမ်ချွမ်ကျီသည် ရှဲ့ဟယ်နှင့် အကြိမ်ရေ အနည်းငယ်သာ တွေ့ဆုံခဲ့ဖူးလေသည်။

ဟွမ်ချွမ်ကျီက သူ့ကိုယ်သူ ရှဲ့ဟယ်၏ သစ္စာရှိနောက်လိုက် အဖြစ် အမြဲတမ်း သတ်မှတ်ခဲ့ပြီး ရှဲ့ဟယ်ကို ကူညီခဲ့သည်။

ယခုတော့ ရှဲ့ဟယ်က ရုတ်တရက် သူနှင့်အဆက်အသွယ် ဖြတ်တောက်ရန် ရောက်လာခဲ့ပြီ ဖြစ်သည်။ ထို့ပြင် အသူရာကျမ်းစာကိုလည်း သူ့ကိုပေးမည်ဟုဆိုလေရာ ဟွမ်ချွမ်ကျီမှာ ရုတ်တရက် ဘာလုပ်လို့ ဘာကိုင်ရမည် မသိဘဲ သတိလက်လွတ် ဖြစ်သွားခဲ့လေသည်။

ထို့ကြောင့်... သူ့လက်ထဲသို့ အဖြူရောင်စာအုပ်တစ်အုပ် ရောက်လာသည်ကိုပင် အရေးမစိုက်နိုင်တော့ပေ။

ရွှဲ့ဟယ်က...

"အရင်ဘဝတုန်းက မင်းက ဓားတစ်လက်ပဲ ၊ ကျုပ်ဘေးနားမှာပဲ နေလည်း ဘာမှ မဖြစ်ဘူး ၊ အခုတော့ မင်းက လူသားတစ်ယောက်ဖြစ်နေပြီ ၊ ဒီတော့ ကျင့်စဉ်လမ်းကို ကိုယ့်လမ်းကိုယ်လျှောက်ရလိမ့်မယ် ၊ အသူရာကျမ်းစာက မင်းကို ကူညီပေးနိုင်တယ် ၊ ဒီကျမ်းစာကို သေသေချာချာ လေ့လာပါ..."

ရွှဲ့ဟယ်၏ အသံက သိပ်ပြီး ကျယ်လောင်ခြင်းမရှိသော်လည်း ဟွမ်ချွမ်ကျီ သတိပြန်ဝင်လာလေသည်။

ဟွမ်ချွမ်ကျီက...

"ကျုပ်က သခင့်နောက်ပဲ လိုက်ချင်တာပါ..."

ရွှဲ့ဟယ်က ပြုံးလိုက်ရင်း...

"မလိုတော့ဘူး..."

ဟု ပြောလိုက်သည်။

ဟွမ်ချွမ်ကျီက ထပ်ပြီး စကားပြောချင်သေးသော်လည်း ရှဲ့ဟယ်၏ မျက်ဝန်းများအတွင်းမှ ဆုံးဖြတ်ချက်ခိုင်မာမှုများကို တွေ့မြင်လိုက်ရသည့်အခါ မည်သည့်စကားမှ မဆိုဖြစ်တော့ပေ။

ရှဲ့ဟယ်က အဘယ့်ကြောင့် သူ့အပေါ် သဘောထားပြောင်း သွားသည်လဲ ဟွမ်ချွမ်ကျီ သိရှိခြင်း မရှိပေ။

အမှန်တော့ သူက ရှဲ့ဟယ်ကို လေးစားရသည့် အကြောင်းရင်း တစ်ခုမှာ ယခင်ဘဝက သူ၏ သခင် ဖြစ်သောကြောင့်လည်း ဖြစ်သည်။

ဤသည်မှာ ငရဲလမ်းဆားလူပြန်ဝင်စားပြီးနောက် ပြီးပြည့်စုံ ခြင်းမရှိသည့် ဝိညာဉ်စွမ်းအားကြောင့် အစွဲအလန်းရှိနေခြင်း လည်း ဖြစ်ဟန်တူသည်။

ယွမ်ချင်းကတော့ ဟွမ်ချွမ်ကျီထက် ပိုမိုပြီးပြည့်စုံစွာဖြင့် လူ ပြန်ဝင်စားနိုင်ခဲ့သူ ဖြစ်သည်။

ထို့ပြင် သူက တာအိုဆရာသခင်ထိုက်ယီ၏ တာအိုတရားများ ကိုလည်း ဟွမ်ချွမ်ကျီထက်စောစီးစွာ နာကြားခဲ့ရသူ ဖြစ်သည်။

ထို့ကြောင့် ယွမ်ချင်းက ယွမ်တုမရဏစားကဲ့သို့ အစွဲအလန်း ကျန်ရှိမနေဘဲ အတိတ်ကိုပင် မေ့ပျောက်နေခဲ့ခြင်း ဖြစ်သည်။ ယခု တိုက်ပွဲသို့ ရောက်တော့မှ ကျင့်ကြံခြင်းအဆင့်တက် ရောက်နိုင်ပြီး သူ့ဘဝကို ပြန်လည် အမှတ်ရသွားခြင်း ဖြစ်လေ သည်။

ထို့ပြင်... ယွမ်ချင်းသည် နှစ်ပေါင်းများစွာ သူ၏ သတ်ဖြတ်လို သည့် အငွေ့အသက်များကို ဖယ်ရှားပစ်ရန် နည်းလမ်းရှာဖွေနေ ခဲ့သည်။

ယခုမူကား ယွမ်ချင်းသည်အခြားအစွန်းသို့ရောက်သွားပြီ ဖြစ်သည်။

ယွမ်ချင်းမှာ တာအိုတရားတစ်ဆင့်မြင့်တက်လာလေ မိစ္ဆာ
စွမ်းအားကလည်း တစ်ဆင့်မြင့်တက်လာလေဆိုသည့်
အနေအထားသို့ ရောက်နေခြင်း ဖြစ်သည်။

ထို့ကြောင့် တာအိုတရားကို နားလည်သွားသည့်အခါ မိစ္ဆာ
စွမ်းအားများကလည်း သူ့ကို လုံးဝ ဖုံးလွှမ်းသွားလေသည်။

ယွမ်ချင်း၏ မိစ္ဆာလမ်းစဉ်သည် တာအိုနှလုံးသားအောက်တွင်
တဖြည်းဖြည်း ကြီးထွားလာလေသည်။

ထို့ကြောင့် သူ၏ မိစ္ဆာလမ်းစဉ်သည် ရှဲ့ဟယ်၏လမ်းစဉ်မှ
အလွန်ခြားနားသွားပြီ ဖြစ်သည်။

သူက အကြင်နာတရားကင်းမဲ့သည့်အဆင့်သို့ နီးကပ်နေပြီဖြစ်
ပြီး "လောကကြီးသည် ဘာမှမဟုတ်ပေ ၊ အရာအားလုံးက
အနတ္တ" ဆိုသည့် အဆင့်နှင့် နီးစပ်နေပြီ ဖြစ်လေသည်။

သို့သော်... မဖြစ်မနေရှိရမည့် ခြားနားချက်များလည်း ရှိနေ
သေးသည်ကတော့ အမှန်ပင် ဖြစ်၏။

မိစ္ဆာစွမ်းအားများပြည့်ဝနေသည့် ယွမ်ချင်းနှင့် ရင်ဆိုင်ရသည့်အတွက် ဘုန်းတော်ကြီး (၄)ပါးမှာ အတော်လေး ရုန်းကန်လှုပ်ရှားနေကြရလေသည်။

ယွမ်ချင်း၏ တိုက်ခိုက်မှုက ဟာကွက်လုံးဝ မရှိဘဲ ဘုန်းတော်ကြီး (၄)ပါး၏ တိုက်ခိုက်မှုကြားတွင် အသာလေးပင် ရှင်သန်နိုင်ခဲ့သည်။

ခမ္မလမ်းပြဆရာတော်မှာ မိုးနတ်မင်း၏ နှလုံးကာကွယ်ဆေးလုံးကို သောက်သုံးပြီး လျှို့ဝှက်ကျင့်စဉ်ကို ထုတ်ဖော်ထားသည့်တိုင် အခြေအနေက ပိုမိုဆိုးရွားလာခဲ့လေသည်။

ကျိရှမ်ဆရာတော်သည်လည်း ဒဏ်ရာအပြင်းအထန်ရသွားပြီး တန်ခိုးစွမ်းအား ရာနှုန်းပြည့်မသုံးနိုင်တော့ဘဲ (၆၀) ရာခိုင်နှုန်းသာ အသုံးပြုနိုင်တော့သည်။

ယွဲ့ကွမ်းဆရာတော်၏ လက်ထဲတွင် ကိုင်ထားသည့် ဗုဒ္ဓ ဓာတ်တော်မွေတော်ကြောင့်သာ ယခု အချိန်ထိ တောင့်ခံနိုင်နေခြင်း ဖြစ်သည်။

မဟုတ်ပါက ဘုန်းတော်ကြီး (၄)ပါး တိုက်ပွဲတွင် စောစီးစွာပင် ရှုံးနိမ့်သွားမည် ဖြစ်လေသည်။

ယခုတော့ ယွဲ့ကွမ်းဆရာတော်က ဗုဒ္ဓဓာတ်တော်၏ အမြင့်မားဆုံး တန်ခိုးစွမ်းအားကို အသုံးပြုကာ တစ်ဖွဲ့လုံးကို ကာကွယ်ပေးထားလေသည်။

ဗုဒ္ဓဘာသာကျောင်းတော်ကြီး (၈)ခုမှ ဆရာတော် (၈)ပါးတွင် ယိရှင်ဆရာတော်သည် ဓမ္မလမ်းပြဆရာတော်လောက် တန်ခိုးစွမ်းအား မြင့်မားခြင်းမရှိသလို ကျိရွှမ်ဆရာတော်လောက်လည်း အသိဉာဏ်ပညာ နက်ရှိုင်းခြင်း မရှိပေ။

သို့သော်... သူက ရဲရင့်သူတစ်ယောက်ဖြစ်ပြီး ရွှေခန္ဓာကျင့်စဉ်ကိုလည်း ကျင့်ကြံနေသူ ဖြစ်လေသည်။

သူက သူ့လက်ထဲမှ ရွှေတောင်ဝှေးကို တစ်ချက်ဝှေ့ရမ်းလိုက်ပြီး ယွမ်ချင်းကို ထပ်မံတိုက်ခိုက်လိုက်လေသည်။ သို့သော်... ယွမ်ချင်းက ယိရှင်ဆရာတော်၏ တောင်ဝှေးကို အသာလေးချိုးဖျက်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင်... အခြားဆရာတော် (၃)ယောက်က ယွမ်ချင်းကို တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

တိုက်ပွဲက ပြင်းထန်လွန်းလှသည်။

တစ်နေ့တာလုံး တိုက်ခိုက်ပြီးသည့်နောက် ကောင်းကင်ထက်တွင် ကြယ်စင်များထွန်းလင်းသည့် ညအချိန်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ကောင်းကင်ထက်တွင် နဂါးငွေ့တန်းကတောက်ပနေပြီး နဂါးငွေ့တန်း၏ အစနှင့် အဆုံးကို မည်သူမှ သိရှိနိုင်ခြင်း မရှိပေ။

ယွမ်ချင်းနှင့် ဘုန်းတော်ကြီး (၄)ပါး၏ တိုက်ခိုက်မှုက ပြင်းထန်သည်ထက် ပြင်းထန်လာပြီး မိုးကောင်းကင် (၉)ထပ်အထိတိုင် တန်ခိုးစွမ်းအားများ ပျံ့နှံ့လျှက် ရှိလေသည်။

တိုက်ခိုက်မှုကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးရှိလေထုမှာ တဝှီးဝှီးဖြင့် လေပြင်းများ ပြင်းထန်လျှက် ရှိလေတော့သည်။

ဘုန်းတော်ကြီး (၄)ပါး၏ ဇင်ဗုဒ္ဓဘာသာစိတ်ထားများက ခိုင်မာကြသည်။

သို့သော်... သူတို့၏ ဝတ်ရုံများကတော့ ဓားဖြင့်ခုတ်ဖြတ်ခံထားရသည့်အလား အနားစများ ဖွာလန်ကျဲနေကြပြီ ဖြစ်လေသည်။ အသရေမြင့်မားလှသော ဘုန်းတော်ကြီးများ၏ ဝတ်ရုံများမှာ စုတ်ပြတ်လျှက် ရှိကြပေပြီ။

ယွမ်ချင်း၏ တာအိုဝတ်ရုံကတော့ လေထဲတွင်လွင့်နေလေသည်။ သူ၏ ဝတ်ရုံမှာလည်း အနည်းငယ် စုတ်ပြဲနေ

သော်လည်း ဘုန်းတော်ကြီးများ၏ ဝတ်ရုံလောက်တော့ ဆိုးဝါး ခြင်းမရှိပေ။

ယွမ်ချင်းက တိုက်ခိုက်နေရင်းမှ စကားပြောလိုက်သည်။

"ဆရာတော် (၃)ပါးနဲ့ ယွဲ့ကွမ်းဆရာတော် ၊ ရှုံးပြီဆိုတာ ဝန်မခံ သေးဘူးလား..."

ယွမ်ချင်း စကားပြောလိုက်သည့်အသံထဲတွင် အသက်ဓာတ် စွမ်းအားများဖြင့် ပြည့်ဝလျှက်ရှိသည်။

သူ၏အသံမှာလည်း ကောင်းကင်ဘုံမှ ထွက်ပေါ်လာသည့် လေပြေအလားဖြစ်လေသည်။

ယွမ်ချင်းကို ဘုန်းတော်ကြီး (၄) ပါး အလွန်လေးစားသွားမိကြ လေသည်။

ခမ္မလမ်းပြဆရာတော်နှင့် အခြားဘုန်းတော်ကြီးများက ယွမ် ချင်း၏ စကားကို တုံ့ပြန်ပြောဆိုခြင်း မရှိကြပေ။ သူတို့က ယွမ်ချင်း၏ တိုက်ခိုက်မှုကို အသဲအသန် ကာကွယ်နေရ

သည့်အတွက် စကားပြန်ပြောရန် အချိန်မရှိကြသောကြောင့်
ဖြစ်သည်။

ယခုအချိန်တွင် သူတို့က အရှုံးကိုဝန်ခံဦးတော့ ယွမ်ချင်းက
တိုက်ခိုက်မှုကို ရပ်တန့်မည် မဟုတ်ပေ။

ဆရာရာတော် (၄)ပါးလုံးက လုံး၀ စိတ်မလှုပ်ရှားဘဲ စိတ်ဓာတ်
ခိုင်မာသော်လည်း သူတို့တွင် နိုင်ချေ မရှိတော့ပေ။

အမှန်ဆိုလျှင်... ဤဗုဒ္ဓဘာသာနတ်ဘုရား (၄)ပါးလုံးသည် တာ
အိုနတ်ဘုရားများစွာထက် ကျင့်ကြံခြင်းအဆင့်ရော တန်ခိုး
စွမ်းအားပါ သာလွန်သူများ ဖြစ်ကြလေသည်။

ယခုတော့... ဘုန်းတော်ကြီးများကို အနိုင်ရသွားသည့်တိုင် ယွမ်
ချင်း ပျော်ရွှင်ခြင်း မဖြစ်မိပေ။ သူ စိတ်များ ရှုတ်ထွေးနေခဲ့
လေသည်။

အကြောင်းမှာ... လီချင်းဆွေကိုသာမက ရှဲ့ဟယ်ကိုပါ တွေ့
မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ယွမ်ချင်းက ဘုန်းတော်ကြီး (၄)ပါးနှင့် တိုက်ခိုက်ပြီး ကျင့်ကြံ ခြင်းအဆင့်တက်သွားသည့်တိုင် ရှဲ့ဟယ်ကတော့ သူ့ထက် များစွာသာလွန်သူတစ်ယောက် ဖြစ်ကြောင်း သိရှိထားသည်။ ရှဲ့ဟယ်နှင့် ရင်ဆိုင်ရမည့်အကြောင်းကို စဉ်းစားလိုက်မိသည့် အခါ ယွမ်ချင်းသည် ယွဲ့ကွမ်းဆရာတော်၏ လက်ထဲမှ ဗုဒ္ဓ ဓာတ်တော်မွေတော်ကိုပင် စိတ်မရောက်နိုင်တော့ပေ။

အခန်း (၁၀၀၉) ဆုံကြပြီဆိုတော့ မင်းအဆုံးသတ်ဖို့ ဖြစ်လာခဲ့ ပြီ

ယွမ်ချင်း စဉ်းစားနေစဉ်မှာပင် ဆန်းလျန်က လီချင်းဆွေကို စကားပြောလိုက်လေသည်။

ချင်းဆွေ၏ ကြည်လင်သည့်မျက်ဝန်းများက ဆန်းလျန်ကိုစိုက်ကြည့်နေပြီး ဆန်းလျန်ပြောသည်များကို အလေးအနက်နားထောင်နေလေသည်။

ဆန်းလျန်က လေသံအေးအေးဖြင့်....

"ခဏလောက်စောင့်လိုက် ၊ မင်း မိုးကောင်းကင်နဲ့လူသားတစ်သားတည်းကျတဲ့ တန်ခိုးစွမ်းအားကို မင်း မြင်တွေ့ရလိမ့်မယ်..."

ဆန်းလျန်က စကားဆုံးသွားသည်နှင့် မိုးကောင်းကင်နှင့်လူသား တစ်သားတည်းကျသည့် တန်ခိုးစွမ်းအားအကြောင်းကို လီချင်းဆွေကို အသေးစိတ်ရှင်းပြနေသည်။

လီချင်းဆွေက ဆန်းလျန် ရှင်းပြနေသည့် စကားလုံးများနှင့်

ရည်ရွယ်ချက်များအားလုံးကို အလွယ်တကူ နားလည်နိုင်လေ

သည်။

သူမ၏ အတိတ်ဘဝပါရမီကြောင့် အလွန်မှ ဉာဏ်ရည်

ထက်မြက်သူတစ်ယောက် ဖြစ်လေသည်။

ယွမ်ချင်းက ရှဲ့ဟယ်ကိုတွေ့လိုက်သည်နှင့် ဘုန်းတော်ကြီးများ

နှင့်တိုက်ပွဲကို အမြန်အဆုံးသတ်ပြီး ရှဲ့ဟယ်နှင့် ဆက်လက်

တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ယွမ်ချင်း၏ ခန္ဓာကိုယ်မှ သွေးများ ပွက်ပွက်ဆူလာပြီး မကြာမီ

တွင် သူ၏ သွေးများဖြင့် ဖွဲ့စည်းထားသည့် သွေးနီရောင်ကြာ

ပန်းတစ်ပွင့် ကောင်းကင်ထက်တွင် ထွက်ပေါ်လာလေသည်။

သွေးနီရောင်ကြာပန်းမှာ အလွန်ထူးခြားပြီး မည်သည့်ကြာပန်း

နှင့်မှ မတူညီသည့် အလှတရားနှင့် ပြည့်စုံလျှက် ရှိသည်။

ဘုန်းတော်ကြီး (၄)ပါးမှာ ကြာပန်းထဲသို့ လျှင်မြန်စွာ စုပ်ယူ

ခြင်းခံလိုက်ရပြီး တစ်ချိန်တည်းပင် သူတို့မျက်နှာများက

မီးခိုးရောင်အဖြစ် ပြောင်းလဲသွားကြသည်။

သွေးနီရောင်ကြာပန်းအောက်တွင် သူတို့ နှစ်ပေါင်းများစွာ

ကျင့်ကြံခဲ့သည့် ကျင့်ကြံမှုများအားလုံးသည် ရေတံခွန်မှ ရေ

များစီးဆင်းသည့်အလား စီးဆင်းပျောက်ကွယ်သွားကြ

တော့သည်။

အထူးသဖြင့် ဓမ္မလမ်းပြဆရာတော်ဖြစ်လေသည်။

သူသည် လေထဲတွင် ယိမ်းယိုင်နေသည့် ဖယောင်းတိုင်ငယ်

အလား အချိန်မရွေးပျောက်ပျက်သွားနိုင်သည့် အခြေအနေသို့

ရောက်ရှိနေလေသည်။

ယွမ်ချင်း ထုတ်ဖော်လိုက်သည့် သွေးနီရောင်ကြာပန်းတန်ခိုး

စွမ်းအားမှာ လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာက သွေးနီရောင်

ပင်လယ်ထဲတွင် ပွင့်လန်းခဲ့သည့် သွေးနီရောင်ကြာပန်းကို တုပ ပြီး ပြုလုပ်ထားခြင်း ဖြစ်လေသည်။

သွေးနီရောင်ကြာပန်းအစစ်သည်ကား အလွန်မှ တန်ဖိုးဖြတ်မရ နိုင်သည့် ရတနာပစ္စည်းတစ်ခု ဖြစ်လေသည်။

ထို့ကြောင့် သွေးနီရောင်ကြာပန်းကို တုပထားသည့် ယွမ် ချင်း၏ သွေးနီရောင်ကြာပန်း တန်ခိုးစွမ်းအားက ဘုန်းတော် ကြီး (၄)ပါး၏ တန်ခိုးစွမ်းအားများကို ပျက်စီးစေခြင်း ဖြစ်သည်။

ယွဲ့ကွမ်းဆရာတော်က ဗုဒ္ဓ၏ ဓာတ်တော်မွေတော်ကို မြင့်မား စွာ ကိုင်ဆောင်ထားလေသည်။

ဗုဒ္ဓဓာတ်တော်မွေတော်မှ အလင်းတန်းများထွက်ပေါ်လာပြီး အခြားသောဆရာတော် (၃)ပါးကို ကာကွယ်ပေးထားလေ သည်။

သို့သော်... ထိုသို့ ကာကွယ်ပေးထားနိုင်စွမ်းသည် နေရောင်အောက်မှ ပူဖောင်းပမာသာဖြစ်သည်။ ခဏမျှသာ တာရှည်ခံပေလိမ့်မည်။

ယွမ်ချင်းက ဗုဒ္ဓစာတ်တော်ကို စိုက်ကြည့်နေပြီး ဘုန်းတော်ကြီးများရှိရာသို့ လေထဲမှ လမ်းလျှောက်လာလေသည်။

ထို့နောက်... သူ့လက်ထဲတွင် ယွမ်တုဓားပေါ်လာပြီး ယွမ်တုဓားမှ ဓားခြိမ်းသံကြီးက ကြောက်ခမန်းလိလိ ထွက်ပေါ်လျှက်ရှိသည်။

ဓားခြိမ်းသံကြီးက မိုးနှင့်မြေ တစ်လောကလုံးကို လွှမ်းမိုးသွားလေတော့သည်။

ထို့နောက် ယွမ်ချင်းက ယွမ်တုဓားကို တစ်ချက်ဝှေ့ရမ်းလိုက်လေရာ လေထဲတွင် အဖြူရောင်ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာလေသည်။

အဖြူရောင်ဓားဝိညာဉ်က လေထုထဲတွင် ဖြတ်သန်းသွားပြီး

အလင်းရောင်တောက်ပနေသည့် ဗုဒ္ဓဓာတ်တော်မွေတော်ကို

ဖြတ်သန်းသွားပြီး ကျယ်လောင်သည့် အသံကြီးတစ်သံ ထွက်

ပေါ်လာလေသည်။

အသံနက်ကြီးသည် လောကတစ်ခွင်သာမက စကြာဝဠာနှင့်

နဂါးငွေ့တန်းတစ်လျှောက် ပျံ့နှံ့သွားသည့်အလား ထင်မှတ်ရ

သည်။

ယွမ်တုဓားနှင့် ခုတ်ပိုင်းခံလိုက်ရသည်နှင့် ဗုဒ္ဓ

ဓာတ်တော်မွေတော် တစ်စစီ ပျက်စီးသွားခဲ့လေသည်။

အပိုင်းအစများသည် လေထဲတွင် လွင့်မျောလျှက် ရှိကြပြီး

စကြာဝဠာထဲသို့ ပျံ့နှံ့ဝင်ရောက်သွားလေတော့သည်။

ယွမ်ချင်းက ဗုဒ္ဓဓာတ်တော်မွေတော်ကို ဖျက်စီးပစ်လိမ့်မည်ဟု

ယွဲ့ကွမ်းဆရာတော် လုံးဝ ထင်မထားမိပေ။

သူ၏ တည်ငြိမ်သည့် ဇင်ဗုဒ္ဓဘာသာနှလုံးသား တစ်ချက်လှုပ်ရှားသွားပြီး စိတ်အာရုံပျံ့လွင့်သွားကာ အခြေအနေများကို စဉ်းစားသုံးသပ်နိုင်ခြင်း မရှိတော့ပေ။

ထိုအချိန်မှာပင်... စကြာဝဠာထဲတွင် ရှည်လျားသော မြစ်ကြီးတစ်စင်း ထွက်ပေါ်လာလေသည်။ ထိုမြစ်မှာ ကံကြမ္မာမြစ် ဖြစ်လေ၏။

ထို့နောက်... လေပြင်းများတိုက်ခတ်လာပြီး မြစ်ရေများထဲမှ တာအိုဆရာတစ်ပါး ထွက်ပေါ်လာလေသည်။ မြင်ကွင်းက ထူးဆန်းလှပြီး အားလုံးကို ထိတ်လန့်တုန်လှုပ်သွားစေသည်။

မြစ်ရေအတွင်းမှ ထွက်ပေါ်လာသည့် တာအိုဆရာမှာ အသက် (၂၀)မျှသာ ရှိသေးသည့် ငယ်ရွယ်သည့် တာအိုဆရာတစ်ယောက် ဖြစ်လေသည်။

သူ၏ မျက်နှာပုံစံက ထူးခြားပြီး မျက်ဝန်းများက အနီရောင်သမ်းနေကာ ဝတ်ရုံက လေထဲတွင် လွင့်ပျံလျှက် ရှိသည်။

ထိုတာအိုဆရာသည် အစစ်အမှန်နှင့် ပုံရိပ်ယောင်ကြား တစ်လှည့်စီ ပြောင်းလဲနေသည့်အလား ဖြစ်လေသည်။ သူ၏ ဆံနွယ်များသည် လေထဲတွင် ပျံ့လွင့်နေပြီး ပေပေါင်း (၃၀၀၀)မက ရှည်လျားသည့်အလား ထင်မှတ်ရသည်။ ထိုတာအိုဆရာ၏ ရှေ့တွင် မိုင်ပေါင်းများစွာ ရှည်လျားသည့် မြစ်များ ၊ ပေပေါင်းများစွာ မြင့်မားသည့် တောင်တန်းများ အားလုံးသည် သဲမှုန့်အလား သေးနုတ်သိမ်ငယ်သွားမည် ဖြစ်လေသည်။

ထိုတာအိုဆရာ၏ လမ်းစဉ်သည် မိုးနှင့်မြေ ၊ လောကတစ်ခွင်နှင့်သက်ရှိသတ္တဝါများကြားတွင် မည်သူနှင့်မှ တူညီခြင်း မရှိပေ။ သူ့ကို မြင်တွေ့ရသည်နှင့် တာအိုကို မြင်တွေ့ရသည့် အလား ခံစားရမည် ဖြစ်လေသည်။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးတစ်ပါး မဖြစ်သေး သည့်တိုင် သူက သုံးလောကနှင့် သတ္တဝါများအားလုံးကို တစ် ချက်ကြည့်ရုံဖြင့် လွယ်ကူစွာ သိမြင်နိုင်လေသည်။

သတ္တဝါများအားလုံးကလည်း သူ့ကိုတွေ့မြင်သည်နှင့် တာအို ကို တွေ့မြင်သည့်အလား ခံစားရမည်ဖြစ်သည်။

နောက်ဆုံးတော့ ဆန်းလျန်သည် ဗုဒ္ဓ၏တန်ခိုးစွမ်းအာဖြင့် သမိုင်းထဲတွင် ပိတ်မိနေခြင်းမှ လွတ်မြောက်လာခဲ့ပြီ ဖြစ်လေ တော့သည်။

ယွမ်ချင်းက ဗုဒ္ဓ၏ဓာတ်တော်မွေတော်ကို ဖျက်စီးပစ်လိုက် သည့်အချိန်တွင် ဆန်းလျန်က လီချင်းဆွေကို ကြားခံအဖြစ် အသုံးပြု၍ လွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။

ဆန်းလျန်ကို သမိုင်းထဲတွင် ပိတ်လှောင်ထားသည့် ဗုဒ္ဓ၏ တန်ခိုးစွမ်းအားမှ လွတ်မြောက်ရန်အတွက် ဗုဒ္ဓ၏ ဓာတ်တော်မွေတော်ကို အသုံးချခဲ့ခြင်း ဖြစ်လေသည်။

လွတ်မြောက်လာခဲ့သည့်အတွက် ယခုတော့ ဆန်းလျှန် လီချင်း ဆွေနှင့် ခွဲခွာရတော့မည် ဖြစ်သည်။

ရှည်လျားသည့် ကံကြမ္မာမြစ်က အဆက်မပြတ်စီးဆင်းနေပြီး အဆုံးသတ်သည် ဆန်းလျှန်ရှေ့မှောက်တွင် ဖြစ်လေသည်။

ကံကြမ္မာမြစ်ရေမှ လှိုင်းများသည် မရေမတွက်နိုင်သည့် နောင် မျိုးဆက်များအထိ သက်ရောက်မှုရှိမည်ဖြစ်ပြီး အတိတ် သမိုင်းကြောင်းတစ်ခုလုံးတွင် မရေမတွက်နိုင်သည့် ပြောင်းလဲ မှုများကို ဖြစ်ပေါ်စေပေလိမ့်မည်။

ဆန်းလျှန်ပြောင်းလဲခဲ့သည့် အတိတ်များကို အခြားတာအို ဆရာသခင်ကြီးများကလည်း ဝင်ရောက်စွက်ဖက်ပြီး သမိုင်း ကို မူလအတိုင်း ထိန်းသိမ်းနိုင်ရန် ကြိုးစားကြပေလိမ့်ဦးမည်။

ဆန်းလျှန် ရုတ်တရက် ထွက်ပေါ်လာခြင်းက လူပေါင်းများစွာ ကို အံ့အားသင့်တုန်လှုပ်သွားစေလေသည်။

သို့သော်... တုန်လှုပ်သွားသည့် ခံစားချက်များကို ပထမဆုံး ထိန်းချုပ်လိုက်နိုင်သူမှာ ရှဲ့ဟယ် ဖြစ်လေ၏။

ရှဲ့ဟယ်က ဆန်းလျန်၏ မျက်ဝန်းများမှတစ်ဆင့် ဆန်းလျန်၏ တာအိုစိတ်ထားကို သိမြင်ရန် ကြိုးစားခဲ့သည်။ သို့သော် သိမြင်နိုင်ခဲ့ခြင်း အလျဉ်းမရှိပေ။

သို့သော်... သူက ထိပ်တန်းအဆင့် ကျင့်ကြံသူတစ်ယောက် လူ ပြန်ဝင်စားခြင်း ဖြစ်လေရာ ဆန်းလျန်၏ ရှေ့မှောက်တွင်ပင် တည်ငြိမ်မှုကို ထိန်းထားနိုင်လေသည်။

သူ၏ မျက်ဝန်းများကတော့ စိတ်ရှုတ်ထွေးနေဟန်ဖြစ်ပြီး ပြောပြရန်ခက်ခဲသည့် ခံစားချက်များနှင့် ပြည့်နက်လျှက် ရှိသည်။

သူ နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့သည်မှာ သူ့ရှေ့မှ တာအိုဆရာ ကဲ့သို့ တစ်နေ့တွင် ဖြစ်လာရန် ရည်မှန်းချက်ထားခဲ့လေသည်။

ထိုတာအိုဆရာသည် သူ၏ ရည်မှန်းချက်ကို ပြသနေသည့် အလား ထင်မှတ်ရသည်။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လုနီးပါဖြစ်နေပြီဆိုသည့်အချက်ကို ရှဲ့ဟယ်၏ ကျင့်ကြံခြင်းအဆင့်ဖြင့် သိရှိနိုင်ခြင်း မရှိပေ။

သူက ဆန်းလျန်ကို တာအိုဆရာသခင်ကြီးတစ်ပါးဟု ထင်မှတ်လိုက်မိလေသည်။

ရှဲ့ဟယ်က...

"ချင်းရွှမ်တောင်ပေါ်ကို ထူးဆန်းသည့် ထိပ်တန်းအဆင့် ပုဂ္ဂိုလ်တစ်ယောက် ရောက်လာပြီး တာအိုဆရာသခင်ထိုက်ယီနဲ့ တိုက်ခိုက်ခဲ့တယ်လို့ သတင်းကြားခဲ့တယ်၊ ဟွမ်ချွမ်ကျီက အဲဒီလူက တာအိုဆရာသခင်ကြီးတစ်ပါးလို့ ပြောခဲ့တယ်၊ ဒါပေမဲ့ ကျုပ်က မယုံခဲ့ပါဘူး၊ ဒါပေမဲ့ အခုတော့ လောကမှာ နဝမမြောက်တာအိုဆရာသခင်ကြီး ထွက်ပေါ်လာပြီဆိုတာ ကျုပ် ယုံကြည်ရတော့မှာပဲ..."

ထို့နောက်... ရှဲ့ဟယ်က ခါးသက်စွာဖြင့် သက်ပြင်းတစ်ချက်ချ

လိုက်ရင်း...

"မိုးကောင်းကင်က ကျုပ်ကိုတော့ မျက်နှာသာ မပေးဘူးပဲ..."

ရှဲ့ဟယ် သက်ပြင်းချရသည့်အကြောင်းရင်းကို ဆန်းလျန်က

ကောင်းကောင်း နားလည်လေသည်။

ရှဲ့ဟယ်သည် လောကတစ်ခွင်ရှိ များပြားလှစွာသော ကျင့်ကြံ

သူများထက် အဆပေါင်းများစွာ သာလွန်သူတစ်ယောက်

ဖြစ်သည်။ လောကရှိ ကျင့်ကြံသူများထဲတွင် ရှဲ့ဟယ်၏

ခြေဖျားကိုမှီသူသည်ပင် အနည်းငယ်သာ ရှိသည်။

သို့သော်... စိတ်မကောင်းစရာမှာ ယနေ့ ရှဲ့ဟယ်၏ ဘဝ

အဆုံးသတ်ရပေတော့မည်။

သွေးနီရောင်ပင်လယ်မှ ကျင့်ကြံသူ ရှဲ့ဟယ်...။

စကြာဝဠာဖြစ်တည်ကာစအချိန်ကတည်းက မွေးဖွားလာခဲ့

သည့် တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်...။

ဆန်းလျန်က...

"ကျုပ် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာဖို့ စောင့်နေတာ ၊ ဒါပေမဲ့ ဒါက မိုးကောင်းကင်ရဲ့ မျက်နှာသာပေးတာနဲ့ ဘာမှ မဆိုင်ဘူး..."

ရှဲ့ဟယ်က ဆန်းလျန်ကို နက်ရှိုင်းသည့်အကြည့်ဖြင့် ကြည့်လိုက်ပြီး...

"အမှန်ပါပဲ..."

ဟု ပြောလိုက်သည်။

ဆန်းလျန်က...

"တကယ်တော့ ဒီအချိန်က မင်းနဲ့ကျုပ် ဆုံတွေ့ရမယ့်အချိန် မဟုတ်ဘူး ၊ ဒါပေမဲ့ ဆုံကြပြီဆိုတော့ မင်းအဆုံးသတ်ဖို့ ဖြစ်လာခဲ့ပြီ..."

ဆန်းလျန်၏ စကားကြောင့် ရှဲ့ဟယ် အံ့သြဟန် မပြပေ။

သူ၏အကြည့်က ဆန်းလျန်၏ ပခုံးထက်ဆီသို့ ကျရောက်သွားသည်။ ဆန်းလျန်၏ ပခုံးထက်တွင် မိန်းကလေးငယ်လေးတစ်ယောက် အေးအေးလူလူ ထိုင်နေလေသည်။

သူမသည်ကား လီချင်းဆွေ ဖြစ်လေ၏။

သူမ ဆန်းလျန်၏ ပခုံးထက်တွင် ထိုင်ရသည်ကို သဘောကျနေသည်။ ဆန်းလျန်၏ ပခုံးများက တည်ငြိမ်ပြီး သူမကို အလွန်သက်သောင့်သက်သာ ဖြစ်စေသည်။

ထို့နောက်... သူမက ဆန်းလျန်၏ ပခုံးထက်တွင် ထိုင်နေရင်းမှ မျက်လုံးများကိုပင့်ကာ ရွှဲ့ဟယ်ကို လှမ်းကြည့်လိုက်လေသည်။

ရွှဲ့ဟယ်က...

"ကျုပ်ဆိုတဲ့သူက ဗုဒ္ဓနဲ့ရင်ဆိုင်ရရင်တောင် အရှုံးပေးမယ့်သူမဟုတ်ဘူး၊ ဒီတော့ မင်း တိုက်ခိုက်မယ်ဆိုရင် စတင်တိုက်ခိုက်ပါ..."

ဆန်းလျန် ဤလောကတွင် အဘယ့်ကြောင့် ကိုယ်ထင်ပြရသနည်းဆိုသည့် မေးခွန်းမျိုးကို ရှဲ့ဟယ် မမေးမြန်းခဲ့ပေ။

အကြောင်းမှာ... ထိုသို့သော မေးခွန်းမျိုးက အပိုဖြစ်သောကြောင့်ပင်ဖြစ်သည်။

လက်ရှိတွင်... ဆန်းလျန်က လီချင်းဆွေဘက်မှ ရပ်တည်ပေးလိုသည်မှာ ထင်ရှားနေလေသည်။

လီချင်းဆွေရင်ဆိုင်ရမည့် မိုးကောင်းကင်အစစ်ဆေးခံရခြင်း အန္တရယ်သည် ရှဲ့ဟယ် ဖြစ်လေသည်။

မူလသမိုင်းကြောင်းတွင်တော့ လီချင်းဆွေသည် မိုးကောင်းကင်အစစ်ဆေးခံရခြင်းကို ရှောင်ရှားရန်အတွက် အကြိမ်ပေါင်းများစွာ လူပြန်ဝင်စားခဲ့သည်ဟု ဆိုကြသည်။

သို့သော်... ယခု ဆန်းလျန် လောကတွင်ထွက်ပေါ်လာသည့်အတွက် လီချင်းဆွေရင်ဆိုင်ရမည့် ပြဿနာများကို ဆန်းလျန်က သူ့လက်ဖြင့် ဖြေရှင်းပေးမည် ဖြစ်သည်။

သူ၏ လုပ်ရပ်က နောက်ဆက်တွဲ သမိုင်းကြောင်းကို

သက်ရောက်သည်ဖြစ်စေ ၊ မသက်ရောက်သည် ဖြစ်စေ ဆန်း

လျှန် အရေးမစိုက်ပေ။

အတိတ်သမိုင်းကြောင်းကို မူလအတိုင်း ပြန်ပြောင်းပစ်ချင်

သည်ဆိုလျှင်လည်း တာအိုဆရာသခင်ကြီးများက ပြန်လည်

ပြောင်းလဲကြပေလိမ့်မည်။

သို့သော်... ဆန်းလျှန်က ထိုတာအိုဆရာသခင်ကြီး (၈)ပါးကို

လည်း အရေးမစိုက်ပေ။

ထို့ပြင် လီချင်းဆွေက တာအိုဆရာသခင်ထိုက်ယီနှင့် ထူး

ထူးခြားခြား ပတ်သက်ဆက်နွယ်သူ ဖြစ်လေသည်။

ဆန်းလျှန်သည်လည်း တာအိုဆရာသခင်ထိုက်ယီနှင့် ဗုဒ္ဓကို

တိုက်ခိုက်ခဲ့ပြီးနောက် ပြောင်းလဲမှုအသစ်တစ်ခုကို တွေ့ကြုံ

ခံစားခဲ့ရပြီး အရာအားလုံးကို လိုက်လျောညီထွေ ပြုလုပ်နိုင်ခဲ့

ပြီ ဖြစ်သည်။

လောကမှ ကိစ္စရပ်အတော်များများသည် ကြိုတင် ရေးဆွဲ

ပြဋ္ဌာန်းထားသည့်ကိစ္စများ ဖြစ်ကောင်းဖြစ်ပေမည်။ သို့သော်...

ထိုအရာများအားလုံးကို တာအိုဆရာသခင်ကြီးများကလည်း

ပြောင်းလဲပစ်နိုင်စွမ်းရှိသလို ဆန်းလျန်ကလည်း ပြောင်းလဲပစ်

နိုင်စွမ်း ရှိလေသည်။

လောကတွင် မည်သူမှ သူတို့ထက် ကြီးမြတ်သူဟူ၍ မရှိပေ။

ကံကြမ္မာကို စေစားရန်မှာ သူတို့အတွက် မခက်ခဲလှပေ။

ဆန်းလျန်သည် သက်ရှိတစ်ယောက်အနေဖြင့် သူ၏ အတိတ်

ကို ဖြတ်တောက်ပစ်ခဲ့ဖူးလေသည်။

သို့သော်... ထိုသို့ အတိတ်ကို ဖြတ်တောက်လိုက်ခြင်းက

အသစ်သော တည်ရှိမှုများကို ဖြစ်ပေါ်စေပြီး လောကမှ

သတ္တဝါများ နားမလည်နိုင်သည့်ကိစ္စကို ဆန်းလျန် ပြုလုပ်ခဲ့

ခြင်းပင် ဖြစ်လေတော့သည်။

အခန်း (၁၀၁၀) ရှမ်တု၏တည်ငြိမ်ခြင်း

ရှဲ့ဟယ်သည် လေထဲတွင် မတ်တတ်ရပ်နေလေသည်။

သူ၏ ကြီးမားသည့် ခန္ဓာကိုယ်ကြီးသည် အထက်ဘဝဂ်၊

အောက်အသူရာချောက်ထိတိုင်လေသည်။

သို့သော်... ဆန်းလျန်၏ တာအိုဆရာသခင်ကြီးတစ်ပါးကဲ့သို့

သော အသွင်အပြင်နှင့် နှိုင်းယှဉ်လျှင် သူ့ပုံစံက ဘာမှမဟုတ်

ကြောင်း သိနိုင်သည်။

သို့သော်... သူ့ပုံစံကိုကြည့်ပြီး လူအများက အကြောင်းပြ

ချက်မရှိဘဲ ကြောက်ရွံ့သွားကြလေသည်။

ရှဲ့ဟယ်နှင့် တိုက်ခိုက်ရန် ကြံစည်နေခဲ့သည့် ယွမ်ချင်းသည်ပင်

ယခုတော့ ရှဲ့ဟယ်အတွက် များစွာ စိတ်မကောင်း ဖြစ်သွား

မိသည်။ ဟွမ်ချွမ်ကျီကတော့ ရှဲ့ဟယ်ကိုကြည့်ပြီး မျက်ရည်

များ ကျလာသည်အထိ ဝမ်းနည်းလာမိသည်။

သူတို့က မရဏာစားများ လူပြန်ဝင်စားသည်ဆိုသော်လည်း

ယခုအချိန်တွင် သက်ရှိလူသားများဖြစ်နေသည့်အတွက် ခံစား

ချက်ရှိကြလေ၏။

ဆန်းလျန်၏ မျက်ဝန်းများက ရှဲ့ဟယ်ကို ကရုဏာတရား

အပြည့်ဖြင့် ကြည့်နေလေသည်။

သို့သော်... ဆန်းလျန်၏ လက်အစုံကတော့ နဂါးငွေ့တန်းကို

ကျော်လွန်ကာ မိုးကောင်းကင်၏ လေထုကို ဖမ်းယူဆုပ်ကိုင်

လိုက်သည်။

ထိုအခါ… ကြီးမားသည့် ကြယ်စင်ကြီးတစ်စင်း ဆန်းလျန်၏

လက်ဖဝါးထက်တွင် ပါလာလေသည်။ ထိုကြယ်စင်ကြီးက

တန်သန်းပေါင်း ဘီလီယံနှင့်ချီပြီး လေးလံဟန် ရှိသည်။

ထိုကြယ်စင်ကြီးက ကျည်ဆံဖူးအသွင်ပြောင်းလဲသွားပြီး

ကြောက်မက်ဖွယ်ရာအကောင်းဆုံး လူသတ်လက်နက်တစ်ခု

အဖြစ် ပြောင်းလဲသွားလေသည်။

ဆန်းလျန်က ကြယ်စင်ကြီးကို ပေါ့ပါးစွာပင် အရှေ့ဆီသို့

အသာပစ်လွှတ်လိုက်လေသည်။

ထို့နောက်… ရွှဲ့ဟယ်၏ မျက်ခုံး (၂)ခုကြားတွင် အပေါက်ကြီး

တစ်ပေါက် ဖြစ်ပေါ်လာပြီး သူ၏ မျက်ဝန်းများ အသက်ကင်းမဲ့

သွားလေသည်။

နတ်မိစ္ဆာလမ်းစဉ်၏ဘိုးဘေးတစ်ပါးဟု ခေါ်ဆိုနိုင်သည့်

လောကအလယ် တောက်ပစွာ ရှင်သန်ခဲ့လေသူတစ်ယောက်

သည် ဥက္ကာပျံတစ်စင်းအလား ကောင်းကင်ထက်မှ ပြုတ်ကျ

သွားလေတော့သည်။

ထို့နောက်... သူ၏ ခန္ဓာကိုယ်က မြေမှုန့်များအဖြစ် ပြောင်းလဲ

သွားပြီး ကမ္ဘာမြေကြီးနှင့် ရောနှောသွားလေသည်။

ဆန်းလျန်က လီချင်းဆွေကို နူးညံ့သိမ်မွေ့စွာဖြင့်

သူ၏လက်ဖဝါးထဲသို့ ဆင်းသက်စေလိုက်သည်။ ထို့နောက်

မြေပြင်ထက်သို့ ဖြည်းညင်းစွာဖြင့် ချထားပေးလိုက်လေ၏။

ထို့နောက် ဆန်းလျန် သူမကို လက်ပြန်ပုတ်ဆက်ပြီး လှည့်ထွက်

သွားလေတော့သည်။

ဆန်းလျန် အချိန်ရေစီးကြောင်းအတွင်းသို့ ဝင်ရောက်ပျောက်

ကွယ်သွားခဲ့ပြီး အတိတ်ကာလကို သမိုင်းထဲတွင် ထားရစ်ခဲ့

လေတော့သည်။

ယွမ်ချင်းနှင့် ဟွမ်ချွမ်ကျီတို့ကြားမှ ရန်ငြိုးကတော့ ဆက်ရှိနေဦးမည် ဖြစ်သည်။ သို့သော်... သမိုင်းထဲမှ ကိစ္စတစ်ခုသာ ဖြစ်ပေလိမ့်မည်။

....

အနာဂတ်လောက...

ဆန်းလျန် ခဏတာ ပျောက်ကွယ်သွားပြီးနောက် ပြန်ပေါ်လာလေသည်။

သို့သော် ... ဆန်းလျန် မည်သည့်နေရာသို့ ထွက်သွားသည်ကို မည်သူမှ မသိကြပေ။

ရွှမ်တုတောက်ကျွင်း ၊ တိကျန်ဖောမိသကျ ၊ ရဲ့လျိုယွင်တို့ ကဲ့သို့ ဆန်းလျန်၏ တည်ရှိမှုကို အာရုံခံနိုင်စွမ်းရှိသူများပင်လျှင် ဆန်းလျန်နှင့်ပတ်သက်ပြီး မည်သည့်အဖြစ်အပျက် ဖြစ်ပျက်ခဲ့သည်ကို မည်သူမှ သိရှိနိုင်ခြင်း မရှိခဲ့ကြပေ။

မိုးကောင်းကင်ခုံရုံး ၊ ဘုရင်ရှစ်ပါးနန်းတော်...။

တာအိုဆရာယွိတင်က ရှမ်တုတောက်ကျွင်းကို လာရောက်

တွေ့ဆုံလေသည်။

ထိုအခါ... ရှမ်တုတောက်ကျွင်း၏ မျက်နှာထက်တွင် စိုးရိမ်

ပူပန်မှုများဖြင့် ပြည့်နက်နေသည်ကို တွေ့မြင်လိုက်ရသည်။ သူ့

ဘဝတွင် ရှမ်တုတောက်ကျွင်း ထိုမျှစိတ်ပူပန်နေသည်ကို

တစ်ခါမှ မတွေ့မြင်ဖူးခဲ့ပေ။

ထို့ပြင်... ရှမ်တုတောက်ကျွင်းကို ကြည့်ရသည်မှာ ယခင်က

ထက်ပိုပြီး လျှို့ဝှက်နက်နဲလာသည်ဟု ခံစားလိုက်ရသည်။

ရှမ်တုတောက်ကျွင်းကို စိတ်ပူပန်အောင်လုပ်နိုင်သူဆို၍

လောကတွင် တစ်ယောက်သာ ရှိလေသည်။

ထိုသူသည်ကား ဆန်းလျန်ပင်ဖြစ်ပေ၏။

ဆန်းလျန် ဆိုသည့်အမည်ကို တွေးလိုက်မိသည်နှင့် ယွိတင်၏

စိတ်ထဲတွင် အမုန်းတရားများ ပြည့်နက်လာလေသည်။ နှစ်

သန်းပေါင်းများစွာ ကျင့်ကြံခဲ့သည့် သူ၏တာအိုနှလုံးသား

သည်ပင် လုံးဝ ငြိမ်သက်နိုင်ခြင်း မရှိတော့ပေ။

ရွှမ်တုတောက်ကျွင်းက...

"ဆန်းလျန်က သက်ရှိသတ္တဝါအားလုံးရဲ့ အသွင်အပြင်ကို

ပြောင်းလဲနေတယ်၊ ဒါက တာအိုဆရာသခင်ကြီးမဖြစ်ခင်

နောက်ဆုံး အဆင့်ပဲ..."

ယွိတင်လည်း ထိုအချက်ကို ခန့်မှန်းမိလေ၏။

သို့သော်... တကယ်တမ်း ရွှမ်တုတောက်ကျွင်းထံမှ စကားကို

ကြားလိုက်ရသည့်အခါ အံ့သြတုန်လှုပ်သွားရလေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်၏ အရှင်သခင်တစ်ပါးအနေဖြင့်

သက်ရှိသတ္တဝါအားလုံးဆိုသည့် အဓိပ္ပါယ်ကို ယွိတင်

ကောင်းကောင်း နားလည်လေသည်။

ဗုဒ္ဓဘာသာကျမ်းစာများတွင် "လူတိုင်းက ကြိုးစားကျင့်ကြံ

လျှင် ဗုဒ္ဓဖြစ်နိုင်သည်" ဟု အဆိုရှိသည်။

တာအိုဝါဒကို ကြည့်မည်ဆိုလျှင် "သက်ရှိသတ္တဝါအားလုံး

သည် အစ ဖြစ်သည်" ဟု ဆိုကြသည်။

ဤသည်မှာ ဝိရောဓိ မဟုတ်ပေ။ တာအိုဆရာသခင်ကြီးများ

ဟောကြားထားခဲ့သည့် အစစ်အမှန်တရား ဖြစ်၏။

တာအိုဆရာသခင်ကြီးများ၏ တာအိုလမ်းစဉ်သည် သက်ရှိ

သတ္တဝါအားလုံး၏ သဘာဝတရားပင် ဖြစ်သည်။

လူတစ်ယောက်သည် သူ၏မူလဇာစ်မြစ်ကို အစမှ ပြန်စရန်

ကြိုးစားပြီဆိုလျှင် ထိုသူသည် တာအိုဆရာသခင်ကြီးပင် ဖြစ်

လေသည်။

သို့သော်… ထိုသို့ ပြုလုပ်ခြင်းက တာအိုဆရာသခင်ကြီး

တစ်ပါး ပြုလုပ်သည့် အလုပ်ပေါင်းများစွာတွင် အစိတ်အပိုင်း

မျှသာ ဖြစ်သည်။

သို့သော်… တာအိုဆရာသခင်ကြီးများ သူတို့၏ မူလဇာစ်မြစ်

ကို အဘယ့်ကြောင့် အသစ်မှ ပြန်စရပါသနည်းဆိုသော် သူ

တို့၏ ကိုယ်ပိုင်တာအိုလမ်းစဉ်ကို သတ္တဝါများအားလုံး၏

အသွင်အပြင်အဖြစ် ပြောင်းလဲရန် ဖြစ်လေသည်။

ထိုသို့ ပြောင်းလဲလိုက်မှသာ အသစ်သောဖြစ်တည်မှုကို

ဖန်ဆင်းနိုင်မည် ဖြစ်လေ၏။

ထိုအဆင့်ကို လွန်မြောက်လျှင်တော့ တာအိုဆရာသခင်ကြီး

တစ်ပါးအဖြစ် အဆင့်တက်ရောက်ပြီး အနန္တတန်ခိုးရှင်တစ်ပါး

အဖြစ် သံသရာကို ကျော်လွန်သွားမည် ဖြစ်လေသည်။

ယွိတင် မနေနိုင်ဘဲ မေးခွန်းထုတ်လိုက်မိလေသည်။

"ကျုပ်တို့ သူ့ကို တားဆီးနိုင်ဦးမလား..."

ထိုမေးခွန်းကို မေးလိုက်သည့်တိုင် ဆန်းလျန်ကို တားဆီးရန်

နည်းလမ်းမရှိတော့သည်ကို ယွိတင် သိရှိထားပြီး ဖြစ်သည်။

သို့သော်... ရွှမ်တုတောက်ကျွင်း၏ အဖြေကတော့ သူမျှော်လင့်

ထားသလို မဟုတ်ခဲ့ပေ။

ရွှမ်တုတောက်ကျွင်းက...

"မသိဘူးလေ..."

ဟု ဖြေလိုက်သောကြောင့် ဖြစ်လေ၏။

တာအိုဆရာယွိတင်မှာ ဘာပြောရမှန်းမသိဘဲ ရွှမ်တုတောက်ကျွင်း၏ မျက်နှာကို နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်နေမိသည်။ ရွှမ်တုတောက်ကျွင်းက သူ့အဖြေစကားနှင့်ပတ်သက်ပြီး ရှင်းပြဦးမလားဟု မျှော်လင့်လိုက်မိသည်။

သို့သော်... ရွှမ်တုတောက်ကျွင်းက အပိုဟန်ဆောင်မှုများ လုပ်မနေတော့ဘဲ တည့်တိုးပင် ပြောလိုက်သည်။

"မသိဘူးလို့ ဖြေလိုက်ရတာက ဆန်းလျန်ကို ကျုပ် မခန့်မှန်းနိုင်တော့လို့ပါ၊ ဒါပေမဲ့ သူ လောကမှာ တည်ရှိနေသေးသရွေ့ သူ့ကို ရပ်တန့်ဖို့ နည်းလမ်းရှိနိုင်ပါသေးတယ်..."

ရွှမ်တုတောက်ကျွင်း၏စကားကို ကြားသည့်တိုင် ယွိတင် သူ့ကိုယ်သူ ယုံကြည်မှု မရှိတော့ပေ။

ရွှမ်တုတောက်ကျွင်းသည် တာအိုဝါဒတွင် အလွန်အဆင့်မြင့်သည့် နတ်ဘုရားတစ်ပါးဟု ဆိုနိုင်လေသည်။ ဆန်းလျန်ကို ဖယ်လိုက်မည်ဆိုလျှင် လောကတွင် ရွှမ်တုတောက်ကျွင်းထက်သာသူ ရှိမည် မဟုတ်ပေ။

တာအိုဆရာလီချင်းဆွေက သုံးခန္ဓာဖြတ်တောက်ကျင့်စဉ်ကို ကျင့်ကြံအောင်မြင်ခဲ့သော်လည်း သူမသည် ရွှမ်တုတောက်ကျွင်းကို မမီနိုင်သေးဟု ယခင်က ယူဆထားခဲ့သည်။

ရွှမ်တုတောက်ကျွင်းသည် ယိချီစန်းချင်တန်ခိုးစွမ်းအားကို အသုံးပြုနိုင်သူ ဖြစ်လေသည်။ ယိချီစန်းချင်တန်ခိုးစွမ်းအားက ပြိုင်ဘက်ကင်း တန်ခိုးစွမ်းအား တစ်ခုဖြစ်သည်။

ထိုတန်ခိုးစွမ်းအားက ရွှမ်တုတောက်ကျွင်း၏ လျှို့ဝှက်ချက် ဖြစ်လာနိုင်သည်။

ယို့တင်က ရွှမ်တုတောက်ကျွင်းကို မည်မျှ အထင်ကြီးနေပါစေ ရွှမ်တုတောက်ကျွင်းမှာလည်း လောလောဆယ်တွင် ယုံကြည်မှုများပျောက်ဆုံးလျှက် ရှိလေသည်။

ယနေ့ ဆန်းလျန်၏ လုပ်ရပ်က အလွန်မှ တုန်လှုပ်ဖွယ်ရာကောင်းလွန်းလှသည်။ သူ၏ ဆရာဖြစ်သူ ထိုက်စန့်လောင်ကျွင်းသည်ပင် ထိုသို့သော အလုပ်မျိုးကို မလုပ်ခဲ့ဖူးပေ။

သို့သော်... ယွမ်စီထျန်းကျွင်းနှင့် အခြားတာအိုဆရာသခင်ကြီးအချို့က ထိုသို့သောအလုပ်မျိုးကို ပြုလုပ်ခဲ့ဖူးလေသည်။

ယခုတော့ ဆန်းလျန်သည် ဤလောကတွင် မည်သူမှ အနိုင်မယူနိုင်တော့သော နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့ပြီ ဖြစ်သည်။

ဤလောကတွင်သာ မဟုတ်ပေ။ မိုးနှင့်မြေ ၊ စကြာဝဠာတစ်ခုလုံးတွင် မည်သူမှ အနိုင်မယူနိုင်သည့် ပထမဆုံး လူသားတစ်ယောက်ဖြစ်လာခဲ့ပြီ ဖြစ်လေသည်။

ပိုပြီး ကြောက်မက်ဖွယ်ရာကောင်းသည်မှာ ဆန်းလျှန်သည်

အထွတ်ထိပ်အဆင့်သို့ မရောက်ရှိသေးဘဲ ထိုမျှ တန်ခိုး

စွမ်းအားမြင့်မားနေခြင်းပင် ဖြစ်သည်။

ဆန်းလျှန်ပြုလုပ်သည့် သက်ရှိသတ္တဝါ

အားလုံး၏အသွင်အပြင်ကို ပြောင်းလဲခြင်းအလုပ်က

လုပ်ဆောင်ချက် နက်ရှိုင်းလေ ဆန်းလျှန်၏ တန်ခိုးစွမ်းအားက

မြင့်မားလေပဲ ဖြစ်လေသည်။

ဆန်းလျှန်ကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်၏ ဖြစ်တည်မှုက

အားလုံးကို အပူတပြင်း ခံစားရစေလေသည်။

ယခုတွင် ရွှမ်တုတောက်ကျွင်းကို ကိုယ်ချင်းဆာမိသည်။

အကြောင်းမှာ... ရွှမ်တုတောက်ကျွင်းသည်လည်း ဤအဆင့်

ရောက်ရန် အတော်လေး နီးစပ်နေပြီ ဖြစ်သည်။

ယခုတော့ ဆန်းလျှန်က လက်ဦးမှု ရယူသွားပြီ ဖြစ်လေရာ အ

ဘယ်မျှ စိတ်ဓာတ်ကျစရာ ကောင်းလှပါသနည်း။

သို့သော်... ရှမ်တုတောက်ကျွင်းသည် ရှမ်တုတောက်ကျွင်းသာ ဖြစ်လေသည်။ သူက ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် စိတ်ဓာတ်ကျခြင်းကို ခံစားနေရသည့်တိုင် အရှုံးပေးလိုစိတ် မရှိ သေးပေ။

ရှမ်တုက စကားဆက်ပြောလိုက်သည်။

"တကယ်တော့ မင်းကို ခေါ်လိုက်တာက ယိချီစန်းချင်တန်ခိုး စွမ်းအားကို သင်ပေးချင်လို့ပဲ..."

ယွိတင်က...

"ဘာဖြစ်လို့လဲ..."

ရှမ်တုတောက်ကျွင်းက...

"လွန်ခဲ့တဲ့ရက်တွေက ဆရာဦးလေးထုန်ထျန်းအရှင်သခင်ပြော ခဲ့တဲ့စကားတစ်ခွန်းကို အမှတ်ရမိတယ်၊ ကြာပန်းတွေဟာ အနွယ်ကွဲပေမယ့် အားလုံးက ရေမှာ ရှင်သန်ကြတယ်... တဲ့၊ အဲဒီလိုပဲ ဝါဒ (၃)ခုဟာလည်း ဇာစ်မြစ်တစ်ခုတည်းက

ဆင်းသက်လာတာပါပဲ ၊ ဆရာဦးလေးနဲ့နှိုင်းယှဉ်ရင် ကျုပ်တို့ ဆိုတာ အလွန်သေးငယ်တဲ့ လူတွေပါပဲ ၊ ဒီတော့ ဆရာက ယိချီ စန်းချင်တန်ခိုးစွမ်းအားကို တီထွင်တဲ့အခါ ဆရာဦးလေးပြော တဲ့ သဘောတရားကို ယူပြီး တီထွင်ထားသလားလို့ ကျုပ် စဉ်းစားခဲ့မိတယ်..."

ရှမ်တုတောက်ကျွင်း မျက်နှာမကောင်းဖြစ်နေသည့်တိုင် အေးအေးဆေးဆေးပင် စကားပြောဆိုနေလေသည်။

ရှမ်တုတောက်ကျွင်းနေရာတွင် ယွိတင်ဆိုလျှင်လည်း ရင်ထဲ တွင် မိုးကြိုးမုန်တိုင်းတိုက်ခတ်နေပါစေ မျက်နှာကတော့ အေးဆေးနေမည်ပဲ ဖြစ်လေသည်။

သို့သော်... ရှမ်တုတောက်ကျွင်းသည် ကိုယ်ကျိုးစွန့်သူတစ် ယောက်ဟု ယွိတင်၏ စိတ်ထဲတွင် ခံစားနေရလေသည်။

ယွိတင်က...

"ရှမ်တုတောက်ကျွင်း ဘာလို့ အောင်မြင်မှုရရှိသလဲဆိုတာ ကျုပ်သိပါပြီ၊ ဘာလို့လဲဆိုတော့ ကိုယ်ကျိုးစွန့်တတ်လို့ပါပဲ..."

ရှမ်တုတောက်ကျွင်းက...

"တကယ်တော့ ကျင့်ကြံသူအများစုက တစ်ယောက်တည်း ကျင့်ကြံမှ အောင်မြင်မှုရမယ်လို့ လွန်ခဲ့တဲ့နှစ်တွေအထိ ကျုပ် သိထားခဲ့တာပါ၊ ဒါပေမဲ့ သံသရာကို ကျော်လွန်ဖို့ဆိုရင် တစ်ယောက်တည်း ကျင့်ကြံနေရုံနဲ့ မပြီးဘူး၊ အခြားသူတွေကို လည်း သင်ပြပေးဖို့ လိုအပ်တယ်၊ အဲဒါကို နားလည်သွားပြီး တဲ့နောက် ကျုပ်ဘယ်လိုခံစားရလဲ မင်းသိလား..."

ယွိတင်က...

"စိတ်ပျက်သွားတာလား..."

ရှမ်တုတောက်ကျွင်းက ပြုံးလိုက်ရင်း...

"ဆန့်ကျင်ဘက်ပဲ၊ ကျုပ်က စိတ်ဓာတ်တက်ကြွလာတာ..."

ယွိတင်မျက်ဝန်းများတွင် သံသယများဖြင့် ပြည့်သွားသည်။

ရွှမ်တုတောက်ကျွင်းက...

"ဆရာက စိတ်အားထက်သန်ခြင်းမရှိရင် လုပ်နေတဲ့ အလုပ်တိုင်းက အလကားပဲလို့ ပြောခဲ့တာကို ကျုပ် အရင်က နားမလည်ခဲ့ဘူး ၊ ဒါပေမဲ့ အခြားသူတွေကိုသင်ပြပေးဖို့လိုအပ်တယ်ဆိုတာလည်း သိလိုက်ရော ကျုပ် စိတ်အားထက်သန်လာတော့တာပဲ..."

ယွိတင်စိတ်ထဲတွင် တစ်စုံတစ်ခုကို နားလည်သွားလေသည်။

သို့သော်... နှံ့နှံ့စပ်စပ်တော့ နားမလည်သေးပေ။

သူက ယွမ်စီထျန်းကျွင်း၏ တပည့်ဖြစ်လေသည်။

ထိုက်စန့်လောင်ကျွင်း ၊ ယွမ်စီထျန်းကျွင်း ၊ လင်ပေါင်ထျန်းကျွင်းတို့က တူညီသည်ဆိုသော်လည်း ကျောက်စိမ်းဝိညာဉ်နန်းတော်နှင့် ဘုရင်ရှစ်ပါးနန်းတော်၏ လမ်းစဉ်က တူညီခြင်းမရှိပေ။

ထိုက်စန့်လောင်ကျွင်းနှင့် ယွမ်စီထျန်းကျွင်းကြားတွင် ကွဲပြားမှု ရှိချင်မှ ရှိပေလိမ့်မည်။ သို့သော်... ဘုရင်ရှစ်ပါးနန်းတော်နှင့် ကျောက်စိမ်းဝိညာဉ်နန်းတော်ကတော့ ကွဲပြားပေလိမ့်မည်။ ရွှမ်တုတောက်ကျွင်းက စကားအများကြီး သိပ်မပြောတော့ပေ။

သို့သော်... သူ့စကားအတိုင်း ယွိတင်အား ယိချီစန်းချင် တန်ခိုးစွမ်းအားကိုသင်ပြပေးလေသည်။

ယွိတင်သည် ကောင်းကင်ဘုံနန်းတော်မှ အဆင့်မြင့်နတ်ဘုရားတစ်ပါး ဖြစ်လေသည်။ သို့သော်... ရွှမ်တုတောက်ကျွင်း သင်ပြပေးနေသည့် ယိချီစန်းချင်တန်ခိုးစွမ်းအား ရှင်းလင်းချက်ကို နားထောင်ရင်း နားလည်ရန် အလွန်ခက်ခဲလျှက် ရှိလေသည်။

ယွိချင်တာအိုဆရာသခင်အကြောင်း ရှင်းပြသည့်အပိုင်းတွင် သေသေချာချာ နားလည်ခဲ့သော်လည်း စန့်ချင်တာအိုဆရာ

သခင်နှင့် ထိုက်ချင်တာအိုဆရာသခင်အကြောင်း ရှင်းပြသည့်

အချိန်တွင်တော့ ရှုတ်ထွေးကုန်တော့သည်။

ရွှမ်တုတောက်ကျွင်းကလည်း ယွိတင် နားမလည်သည့်နေရာ

များကို ရိပ်မိသိရှိပုံရသည်။ ထိုနေရာများတွင် သူက

အကြိမ်ကြိမ်အခါခါ ရှင်းပြခဲ့လေသည်။

ထိုသို့ဖြင့်... ရက်ပေါင်း (၃၀) ကြာသွားသည့်နောက် ယွိ

တင်သည်လည်း ယိချီစန်းချင်တန်ခိုးစွမ်းအားကို နားလည်သွား

လေတော့သည်။

သူက တာ့လော်အဆင့် နတ်ဘုရားတစ်ပါးဖြစ်သည့်အတွက်

သာ ရက်ပေါင်း (၃၀)အတွင်း နားလည်သွားရခြင်း ဖြစ်လေ

သည်။

ထိုသို့ နားလည်သွားသည့်အတွက် နောင်အနာဂတ်တွင် ဖန်ကူ

အလံ၏ အကူအညီကိုမယူဘဲ ဟွင့်ယွမ်ဝူကျီအဆင့်သို့ တက်

ရောက်နိုင်ပေလိမ့်မည်။

သို့သော်... ဆန်းလျန်နှင့်ယှဉ်လျှင်တော့ အများကြီး လိုပါသေး၏။

ရွှမ်တုတောက်ကျွင်းကတော့ ယွိတင်ကို ပညာသင်ပေးသည်မှာ ဆန်းလျန်နှင့် ယှဉ်ပြိုင်ရန်အတွက် ရည်ရွယ်ချက်ရှိဟန် မတူပေ။ သူသင်ပြပေးသည့် တန်ခိုးစွမ်းအားကို ယွိတင်နားလည်သွားသည်ကို သိရှိသည်နှင့် ရွှမ်တုတောက်ကျွင်းက ယွိတင်ကို ပြန်လွှတ်လိုက်လေသည်။

ထို့နောက်... ရွှမ်တုတောက်ကျွင်းသည် နဂါးငွေ့တန်းဆီသို့ တစ်ယောက်တည်း ထွက်ခွာလာခဲ့လေတော့သည်။

အခန်း (၁၀၁၁) မြက်တစ်ပင်နှင့် လွမ်းဆွေးမှုတစ်ခု

နဂါးငွေ့တန်းက နက်ရှိုင်းကျယ်ပြန့်လေသည်။

မည်သူမှ နဂါးငွေ့တန်း၏ အစနှင့်အဆုံးကို သိရှိနိုင်မည်

မဟုတ်ပေ။

နဂါးငွေ့တန်းအစွန်းတွင် မည်သည့်အရာရှိနေကြောင်းကို

မည်သူမှ မသိရှိပေ။ တန်ခိုးစွမ်းအား အလွန်အမင်း မြင့်မား

ခြင်းမရှိလျှင် နဂါးငွေ့တန်းအစွန်းသို့ ရောက်လာပြီး မကြာမီပင်

ပျောက်ကွယ်သွားရမည် ဖြစ်လေသည်။

သို့သော်... လောကတွင် ရှမ်တုတောက်ကျွင်းကဲ့သို့ တန်ခိုး

စွမ်းအားမြင့်မားသည့် နတ်ဘုရားဆိုသည်က အနည်းငယ်သာ

ရှိလေသည်။

ထို့ကြောင့်... ရှမ်တုတောက်ကျွင်း နဂါးငွေ့တန်းအစွန်းသို့ နက်

နက်ရှိုင်းရှိုင်းဝင်ရောက်သွားသော်လည်း သူကတော့ အခြား

သူများလို ပြန်လမ်းမရှိ ပျောက်ကွယ်သွားမည် မဟုတ်ပေ။

ရှမ်တုတောက်ကျွင်းက နဂါးငွေ့တန်းမြစ်ကမ်းနံဘေးတွင်

လမ်းလျှောက်နေပြီး နဂါးငွေ့တန်းမြစ်ရေ စီးဆင်းသံက သူ့နား

ထဲသို့ အဆက်မပြတ် ဝင်ရောက်လာလေသည်။

နဂါးငွေ့တန်းမြစ်ရေစီးဆင်းသံသည် နတ်ဘုရားသံစဉ်များ

ထက်ပင် နားထောင်ကောင်းပြီး သဘာဝကျစွာ သာယာလွန်းလှ

သည်။

နဂါးငွေ့တန်းမြစ်ရေ ထိုသို့ သဘာဝကျစွာ ထွက်ပေါ်လာ

သည်မှာ တာအိုဆရာလီချင်းဆွေ တာအိုတရားနှင့် ပိုမိုနီးကပ်

လာသည်ကို ကိုယ်စားပြုကြောင်း ရှမ်တုတောက်ကျွင်း သိရှိ

လိုက်လေသည်။

မရှိမှုကျေးရွာရှိ မိုးကောင်းကင်ခုံရုံးနှင့် ကပ်လျှက်နေရာတွင် ချင်းဆွေထျန်း ကောင်းကင်ဘုံတည်ရှိလေသည်။

ချင်းဆွေထျန်းကောင်းကင်ဘုံ၏ အရှင်သခင်သည် ပြိုင်ဘက်ကင်းသည့် မျိုးဆက်တစ်ဆက်ဖြစ်သည်ကို ရှမ်တုတောက်ကျွင်း ကောင်းကောင်း ရိပ်မိသိရှိခဲ့သည်။

လောကတွင် ဆန်းလျန်သာ မရှိပါက တာအိုဆရာသခင်ကြီး တစ်ပါးဖြစ်လာရန်အတွက် လီချင်းဆွေသည် သူယှဉ်ပြိုင်ရမည့် အဓိကပြိုင်ဘက် ဖြစ်လာပေလိမ့်မည်။

ရှမ်တုတောက်ကျွင်းသည် နဂါးငွေ့တန်းမြစ်ကမ်းနံဘေးတွင် စိတ်အေးသက်သာ လမ်းလျှောက်နေလေသည်။

သို့သော်... ဆန်းလျန်အကြောင်း ရုတ်တရက် စဉ်းစားလိုက်မိသည့်အခါ သူ့ရင်ထဲမှ ငြိမ်းချမ်းမှုများ ချက်ချင်း ပျောက်ကွယ်သွားရသည်။

သူက ယခုအဆင့်ထိရောက်အောင် ကျင့်ကြံနိုင်ခဲ့ပြီး သံသရာကို ကျော်လွှန်နိုင်ခြင်း မရှိသေးသည့်တိုင် အခြားသော နတ်ဘုရားများထက် အမြဲတမ်း နှာတစ်ဖျားသာသူတစ်ယောက်ဖြစ်လေသည်။

သို့သော်... ယခုတော့ တာအိုဆရာသခင်ကြီးတစ်ပါးဖြစ်သည်အထိ လမ်းဆုံးသို့ ရောက်အောင် မလျှောက်လှမ်းနိုင်ရခြင်းအတွက် သူ အလွန်စိတ်မကောင်း ဖြစ်နေရလေသည်။

ထို့ကြောင့်လည်း ဆန်းလျန်ကို ရပ်တန့်ရန် နည်းလမ်း ရှိ မရှိ ယခင်က မေးသည့်အခါ သူက "မသိဘူး" ဟု ဖြေခဲ့မိခြင်းဖြစ်သည်။

ဆန်းလျန်က သက်ရှိသတ္တဝါအားလုံး၏ အသွင်အပြင်ကို ပြောင်းလဲနေပြီး မကြာမီ အမှန်တကယ်ပင် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာတော့မည် ဖြစ်သည်။

ထိုအကြောင်းကိုစဉ်းစားရင်း ရွှမ်တုတောက်ကျွင်း၏ တည်ငြိမ်သည့်စိတ်အစဉ်သည် အာရုံပျံ့လွင့်သွားလေ တော့သည်။

ထိုအချိန်မှာပင်... ရှင်းလင်းနေသည့် နဂါးငွေ့တန်း မြစ်ကမ်း နံဘေးတွင် စိမ်းလန်းသည့် မြက်ပင်ငယ်တစ်ပင် ပေါက်ရောက် လာလေသည်။

ဤသည်မှာ တိုက်ဆိုင်မှုတစ်ခု မဟုတ်ပေ။

မြက်ပင်ငယ်၏ စိမ်းဖန့်ဖန့်အရောင်သည် နဂါးငွေ့တန်းမြစ်ရေ ထဲတွင် ရောင်ပြန်ဟပ်လျှက် ရှိလေသည်။

ရွှမ်တုတောက်ကျွင်းက မြက်ပင်ငယ်ကိုကြည့်ပြီး ပြုံးလိုက် မိသည်။

ဤမြက်ပင်လေး မွေးဖွားဖြစ်တည်လာရသည့် အကြောင်းရင်း မှာ သူ၏ ဝမ်းနည်းပူဆွေးမှုများကြောင့် ဖြစ်လေသည်။

လူတစ်ယောက်သည် တာအိုတန်ခိုးစွမ်းအားမြင့်မားလေ သူ
တို့၏ စိတ်ထဲမှ ခံစားချက်များကို အစစ်အမှန်တစ်ခုအဖြစ်သို့
ပြောင်းလဲနိုင်စွမ်းရှိလေ ဖြစ်သည်။

ထို့ကြောင့် ရှမ်တုတောက်ကျွင်း၏ ဝမ်းနည်းကြေကွဲသည့် စိတ်
ခံစားချက်များက မြက်ပင်ငယ်လေးတစ်ပင်ကို မွေးဖွား
ပေးလိုက်ခြင်း ဖြစ်လေသည်။

ထိုမြက်ပင်လေးသည် မြက်ပင်ငယ်လေးတစ်ပင်သာ ဖြစ်လေ
သည်။

များမကြာမီတွင် ခြောက်သွေ့ညှိုးနွမ်းပြီး သေဆုံးသွားမည်
ဖြစ်လေသည်။

ရှမ်တုတောက်ကျွင်းသည် ပင်ကိုယ်ကပင် အကြင်နာတရား
ကင်းမဲ့သူတစ်ယောက်ဖြစ်လေရာ ပုံမှန်အချိန်ဆိုလျှင် ထိုသို့
သော မြက်ပင်လေးတစ်ပင်ကို အရေးစိုက်မည် မဟုတ်ပေ။

သို့သော်... ထိုမြက်ပင်လေးမှာ သူ၏ ဝမ်းနည်းခြင်းများမှ အသွင်ပြောင်းသွားသည့် မြက်ပင်လေးဖြစ်လေရာ သူ့စိတ်ထဲတွင် လျစ်လျူမရှုရက်ပေ။

ရွှမ်တုတောက်ကျွင်းက...

"မင်းကိုတော့ ကံကောင်းခြင်းတွေကြုံတွေ့ရအောင် ကျုပ် လုပ်ပေးခဲ့မယ်..."

သူက ချက်ချင်းပင် မြက်ပင်ငယ်လေးရှေ့တွင် တင်ပျဉ်ခွေထိုင်လိုက်ပြီး တာအိုတေချင်ကျမ်းကို စတင်ရွတ်ဆိုလေတော့သည်။

တာအိုတေချင်ကျမ်းသည် လောကတစ်ခုလုံးသို့ ပျံ့နှံ့သွားသည့် ကျမ်းစာတစ်ခုဖြစ်သည်မှာ အံ့အားသင့်စရာ မရှိပေ။

ရွှမ်တုတောက်ကျွင်းက ကျမ်းစာကို ရွတ်ဖတ်နေလေသည်။

သူ၏ရွတ်ဖတ်သံက အနောက်ဘက်အရပ်မှ လောင်ဇူ ရွတ်ဖတ်နေသည့်အလားပင် ထင်မှတ်ရလေသည်။

အရှေ့ဘက်ဆီမှလည်း ခရမ်းရောင်အခိုးအငွေ့များထွက်ပေါ်လာပြီး ကျောက်စိမ်းလိုဏ်ဂူအတွင်းမှ ထိုက်စန့်လောင်ကျွင်း ကိုယ်ထင်ပြသည့်အလား ထင်မှတ်ရလေသည်။

ရှမ်တုတောက်ကျွင်း တာအိုတေချင်ကျမ်းကို ရွတ်ဆိုသည်မှာ အမွှေးတိုင်တစ်တိုင်စာမျှ အချိန်ကြာလေသည်။ တာအိုတေချင်ကျမ်းကို ရွတ်ဆိုနေချိန်တွင် ရှမ်တုတောက်ကျွင်း၏ တန်ခိုးစွမ်းအားများက အစွန်းဆုံထိ မြင့်မားနေလေသည်။ ကောင်းကင်ထက်မှ မည်သည့်အရာမှ ကျရောက်လာခြင်းမရှိသော်လည်း မြေပြင်ထက်မှ ရွှေရောင်ကြာပန်းများသည် ကောင်းကင်ထက်သို့ ပျံသန်းလာကြလေသည်။

တာအိုတေချင်ကျမ်းကို ရွတ်ဆိုပြီးသွားသည်နှင့် ရှမ်တုသည်လည်း ပင်ပန်းနွမ်းနယ်သွားရလေသည်။

သူ ယွိတင်ကို ရက်ပေါင်း (၃၀)လုံးလုံး ယိချီစန်းချင်တန်ခိုး စွမ်းအား သင်ပြပေးခဲ့စဉ်တုန်းကပင် ပင်ပန်းနွမ်းနယ်ခြင်းကို တစ်စက်လေး မခံစားခဲ့ရပေ။

ယခု တာအိုတေချင်ကျမ်း၏ စာလုံးရေ (၅၀၀၀)ကို အမွေးတိုင် တစ်တိုင်စာမျှ ရွတ်ဖတ်လိုက်ရသည်က ဟွင့်ယွမ်ဝူကျီအဆင့် ရန်သူတစ်ယောက်နှင့် တိုက်ခိုက်လိုက်ရသည့်အလား ရွှမ်တု တောက်ကျွင်း မောပန်းနွမ်းလျ သွားရလေသည်။

အဘယ့်ကြောင့် ထိုသို့ ပင်ပန်းခြင်း ခံစားရသည်ကို ရွှမ်တု တောက်ကျွင်း သိရှိလေသည်။

ယိချီစန်းချင်တန်ခိုးစွမ်းအားက မည်မျှ မြင့်မားပါစေ ထိုအရာ က လောက၏ တန်ခိုးစွမ်းအားတစ်ခုမျှသာ ဖြစ်လေသည်။

ထို့ကြောင့် ... ရက်ပေါင်း (၃၀) သင်ပြပေးခဲ့သော်လည်း သူ ပင်ပန်းခြင်းကို မခံစားရပေ။

တာအိုတေချင်ကျမ်းကတော့ မည်မျှပင် ယေဘူယျဆန်သည် ဆိုစေကာမူ ကျမ်းစာတွင်ပါဝင်သည့် အနှစ်သာရများက နက်ရှိုင်းသည့် အဓိပ္ပါယ်များစွာ ပါဝင်လေသည်။

ယခုတော့ ရှမ်တုတောက်ကျွင်းက တာအိုတေချင်ကျမ်းစာကို ရွတ်ဖတ်ခဲ့ပြီး သူ့ရှေ့မှ မြက်ပင်ငယ်လေးသည် တာအိုတေချင်ကျမ်းမှ စာလုံးပေါင်း (၅၀၀၀)၏ တန်ခိုးစွမ်းအားကို ရရှိသွားပြီ ဖြစ်လေသည်။

အရာအားလုံးသည် အကြောင်းအကျိုးများသာ ဖြစ်လေသည်။

ရှမ်တုတောက်ကျွင်းသာ ထိပ်တန်းအဆင့် တာအိုလမ်းစဉ်ကို မကျင့်ကြံခဲ့ဘူးဆိုလျှင် ယနေ့ခံစားရနေရသည့် စိတ်ပူပန်မှုနှင့် ခြိမ်းခြောက်ခံရမှုများကို ခံစားရမည် မဟုတ်ပေ။

သူသာ အခြားသူများကို သင်ပြပေးပြီး အခြားသူများ၏ ကျင့်ကြံခြင်းအဆင့်ကို မြှင့်တင်မပေးခဲ့လျှင် သူသည်လည်း

ဤမျှလောက် အနေအထားရောက်အောင် ကျင့်ကြံနိုင်မည်

မဟုတ်ပေ။

ဤမျှလောက်အနေအထားရောက်အောင် မကျင့်ကြံနိုင်ခဲ့လျှင်

ယခုရရှိနေသည့် နောင်တတရားမျိုးလည်း ရရှိမည် မဟုတ်

ပေ။

နောင်တရခြင်းမရှိလျှင် ယခုကဲ့သို့ ပူဆွေးဝမ်းနည်းရခြင်း

လည်း ရှိလာမည် မဟုတ်ပေ။

ထို့ကြောင့် သူ၏ ဝမ်းနည်းပူဆွေးမှုကြောင့် ဖြစ်တည်လာရ

သည့် သူ့ရှေ့မှ မြက်ပင်ငယ်လေးကို အထွတ်အမြတ်ထားရာ

ထိပ်တန်းကျင့်စဉ်ဖြစ်သည့် တာအိုတေချင်ကျမ်းစာကို

ရွတ်ဖတ်ပြခဲ့ခြင်း ဖြစ်လေသည်။

ဤနည်းအားဖြင့် သူက သူ့ရှေ့မှ မြက်ပင်ငယ်လေးကို

အထွတ်အမြတ်ထားရာ တာအိုလမ်းစဉ်ကို ပြောခဲ့ပြီး သူ၏

သင်ပြပေးမှုကို အပြည့်အဝ ပေးအပ်ခဲ့ခြင်း ဖြစ်လေသည်။

သူက မြက်ပင်လေးကို သူတတ်နိုင်သမျှ အပြည့်အဝ သင်ပြ ပေးခဲ့ပြီးပြီ ဖြစ်လေသည်။ အနာဂတ်တွင် မည်သည့်အရာများ ဖြစ်ပျက်လာမည်ကတော့ သူနှင့်မသက်ဆိုင်တော့ပေ။

ဤမြက်ပင်လေးသည် အနာဂတ်တစ်ချိန်တွင် လောကကို တုန်လှုပ်စေမည့် ဒဏ္ဍာရီဆန်သည့် ဘဝတစ်ခုကို ပိုင်ဆိုင် ကောင်း ပိုင်ဆိုင်နိုင်ပေလိမ့်မည်။

သို့သော်... ရှမ်တုတောက်ကျွင်းအနေဖြင့် မြက်ပင်ငယ်လေး ရရှိမည့် အောင်မြင်မှုများကို တွေ့မြင်နိုင်မည် မဟုတ်တော့ပေ။ ရှမ်တုတောက်ကျွင်းသည် မလိုအပ်သည့်အတွေးများကို မ တွေးတော့ဘဲ ကောင်းကင်ဘုံနန်းတော်သို့ ပြန်ခဲ့လေ တော့သည်။

....

ချင်းရှတောင်သည် အလွန်ခမ်းနားပြီး ကြီးကျယ်မြင့်မြတ်လှ သည့် တောင်တစ်တောင် မဟုတ်ပေ။

သို့သော်... နတ်ဘုရားများအလယ်တွင်တော့ ချင်းရှတောင်၏ ဂုဏ်သတင်းသည် ခွန်လွန်တောင်နှင့် လင်စန်းတောင်အောက် မလျော့နည်းပေ။

အကြောင်းမှာ... ချင်းရှတောင်သည် ဆန်းလျန် နေထိုင်ရာ နေရာဖြစ်နေသောကြောင့် ဖြစ်လေသည်။

ယွမ်စီထျန်းကျွင်းနေထိုင်ရာနေရာသည် ခွန်လွန်တောင်ဖြစ် သကဲ့သို့ ၊ ဗုဒ္ဓနေထိုင်ရာနေရာသည် လင်စန်းတောင်ဖြစ် သကဲ့သို့ ၊ ဆန်းလျန်နေထိုင်ရာနေရာသည် ချင်းရှတောင် ဖြစ် လေသည်။

နောက်ထပ်ဥပမာပေးရလျှင်... ခွန်လွန်တောင်သို့သွား သော်လည်း ယွမ်စီထျန်းကျွင်းကို တွေ့ရမည် မဟုတ်သလို လင် စန်းတောင်သို့သွားသော်လည်း ဗုဒ္ဓကို တွေ့ရမည် မဟုတ်ပေ။

ထို့အတူ... ယခုအချိန်တွင် ဆန်းလျန်သည်လည်း ချင်းရှ တောင်တွင် မရှိပေ။

ဝူကျိုးချီ ကောင်းကင်ဘုံနန်းတော်တွင် ခိုလှုံသွားပြီး နဂါးငွေ့တန်း၏ ရေတပ်စစ်ဗိုလ်ချုပ် ဖြစ်လာပြီးသည့်နောက် ချင်းရှတောင်၏ တံခါးစောင့်တာဝန်ကို ရဲ့မော်ထျန်းက ပြန်လည် ရယူထားလေသည်။

ကူးဝေဝေက ချင်းရှတောင်ပေါ်သို့ မည်သူမှ တက်မလာအောင် တားဆီးထားရန် ရဲ့မော်ထျန်းကို အမိန့်ပေးထားလေသည်။

သို့သော်… လူတစ်ယောက်ကတော့ မည်သူမှ တားဆီးနိုင်ခြင်း မရှိဘဲ ချင်းရှတောင်ပေါ်သို့ ရောက်ရှိလာခဲ့လေသည်။ ထိုသူ သည်ကား ရဲ့လျိုယွင်ဟု ခေါ်သည့် ချင်တိဧကရာဇ်ပင် ဖြစ် လေတော့သည်။

လောကတွင် ဆန်းလျန်ကို သိပ်ပြီးကြောက်ရွံ့ခြင်းမရှိသူတစ် ယောက်ကို ပြပါဆိုလျှင် ချင်တိဧကရာဇ် ရဲ့လျိုယွင်ကိုသာ ပြ ရပေလိမ့်မည်။

ရဲ့လျိုယွင်သည် ရှမ်တုတောက်ကျွင်းနှင့် တာအိုဆရာလီချင်း ဆွေတို့လောက် တန်ခိုးစွမ်းအား မြင့်မားခြင်း မရှိပေ။

ဤသို့ဆိုလျှင်... ရဲ့လျိုယွင်က အဘယ့်ကြောင့် ဆန်းလျန်ကို မကြောက်ရွံ့ရပါသနည်း။

လူအများပြောဆိုကြသည်မှာတော့... ချင်းရှတောင်၏ တောင်သခင် ဆန်းလျန် ယနေ့ရရှိသည့် အောင်မြင်မှုမျိုး ရရှိခဲ့သည်မှာ ချင်တိကေရာဇ် ရဲ့လျိုယွင်၏ ကံကြမ္မာကို ခိုးယူထားသောကြောင့် ဖြစ်သည်ဟု ဆိုကြလေသည်။

ထို့ပြင်... ဆန်းလျန်နှင့် ရဲ့လျိုယွင်ကြားမှ ပတ်သက်ဆက်နွယ်မှုများနှင့် အဖြစ်အပျက်များကိုသုံးသပ်ကြည့်လျှင် ထိုအချက်က မှန်ကန်ကြောင်း အတည်ပြုပေးနိုင်သည်။

ထိုအကြောင်းများကြောင့် ရဲ့လျိုယွင်က ဆန်းလျန်ကို အခြားနတ်ဘုရားများနည်းတူ မကြောက်ရွံ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ရဲ့မော်ထျန်းကလည်း ထိုကောလဟာလများကို ကြားထားလေ

သည်။ ထို့ကြောင့် သူက ရဲ့လျိုယွင် တောင်ပေါ်သို့ တက်လာ

သည့်အခါ လေးလေးစားစားဖြင့် ကြိုဆိုလက်ခံခဲ့သည်။

နောက်တစ်ချက်မှာ ရဲ့လျိုယွင်ကို တွေ့လိုက်ရသည်နှင့် ဆန်း

လျန်နှင့်တွေ့လိုက်ရသည့်အလား ခံစားရခြင်းပင် ဖြစ်လေ

သည်။

သူ၏ သခင်ဖြစ်သူ ဆန်းလျန်က တာအိုဆရာသခင်ကြီး

တစ်ပါး ဖြစ်လာရန် အလွန်နီးကပ်နေပြီ ဖြစ်သည်။ သို့သော်...

ရဲ့လျိုယွင်၏ ဟန်ပန်ပုံသဏ္ဌာန်နှင့် အငွေ့အသက်များက ဆန်း

လျန်နှင့် အလွန်ဆင်တူလေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ချင်တိဧကရာဇ် မည်မျှ တန်ခိုး

စွမ်းအားမြင့်မားသည်ကို ခန့်မှန်းနိုင်လေသည်။

ထို့ကြောင့် တောင်ပေါ်သို့ တက်လာသူများကို တားဆီးထားရန်

ကူးဝေဝေက ရဲ့မော်ထျန်းကို မှာကြားထားသော်လည်း ရဲ့လျို

ယွင်ကိုတော့ မတားဆီးဝံ့ခဲ့ပေ။ ကူးဝေဝေ အပြစ်တင်လျှင်လည်း ခံရမည်သာ ဖြစ်လေသည်။

ရဲ့လျိုယွင် ရောက်လာသည်ကို တွေ့ရသည့်အခါ ကူးဝေဝေ အနည်းငယ် အံ့အားသင့်သွားမိသည်။

သို့သော်... ရဲ့လျိုယွင်ကို မတားဆီးနိုင်ခဲ့ခြင်းအတွက် ရဲ့မော်ထျန်းကို ကူးဝေဝေ အပြစ်မတင်ခဲ့မိပေ။

ကူးဝေဝေက ရဲ့လျိုယွင်ကို ချင်းရှကျောင်းတော်အတွင်းသို့ ဖိတ်ခေါ်ပြီး လက်ဖက်ရည်ကြမ်းဖြင့် တည်ခင်းဧည့်ခံလိုက်လေသည်။

ရဲ့လျိုယွင် လက်ဖက်ရည်သုံးဆောင်သည့် ဟန်ပန်ကပင် အလွန်မှ ကျက်သရေရှင့်ပြည့်စုံပြီး တင့်တယ်လှသည်။ သာမန်လူတစ်ယောက်မဟုတ်ဘဲ ထူးခြားသည့် ကံကြမ္မာဖြင့် မွေးဖွားလာသူဖြစ်ကြောင်း ဟန်ပန်အသွင်သဏ္ဍာန်ကို ကြည့်ရုံနှင့် သိရှိနိုင်လေသည်။

သာမန်လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်နေသည့်တိုင် ရဲ့လျိုယွင်၏ ဟန်ပန်က ဝိညာဉ်စွမ်းအားပြည့်ဝသည့် နတ်လက်ဖက်ရည်ကြမ်းကို သောက်နေသည့် ဟန်ပန်မျိုးဖြစ်လေသည်။

ရဲ့လျိုယွင်နှင့် ဆုံတွေ့ရသည့်အခါ ကူးဝေဝေက ရဲ့လျိုယွင်နှင့် ဆန်းလျန်ကြားမှ ကောလဟာလများအကြောင်း စဉ်းစားနေမိပြီး ရဲ့လျိုယွင်ကို ဆန်းလျန်နှင့် နှိုင်းယှဉ်ကြည့်နေမိသည်။

ဆန်းလျန်နှင့် ရဲ့လျိုယွင်သည် ဟန်ပန် ၊ စိတ်နေစိတ်ထား ၊ အငွေ့အသက် အလွန်တူညီလှသည်။ သို့သော်... အရာအားလုံး တူညီသည်ဟုလည်း မဆိုနိုင်ပြန်ပေ။

ဆန်းလျန်သည် ရဲ့လျိုယွင်လောက် ဟန်မများဘဲ ပို၍လွတ်လပ်ပေါ့ပါးသူဖြစ်သည်ဟု ကူးဝေဝေ ခံစားမိသည်။

သို့သော် မိန်းကလေးတစ်ယောက်အနေဖြင့် ဆန်းလျန်နှင့် ရဲ့

လျိုယွင် တစ်ယောက်ကိုရွေးပါဟု ဆိုလာလျှင် သူမအနေဖြင့်

ဆန်းလျန်ကိုသာ ရွေးခြယ်မိမည် ဖြစ်လေသည်။

ထိုသို့တွေးမိသည့်အခါ ကူးဝေဝေ ရှက်သွေးဖြာသွားမိသည်။

ဆန်းလျန်အကြောင်း စိတ်ထဲရောက်လာပြန်တော့ မတွေ့ရ

သည်မှာ ကြာပြီဖြစ်သော ဆန်းလျန်ကို သူမ သတိရ တမ်းတမိ

ပြန်သည်။

ဆန်းလျန် မည်သည့်အလုပ်များလုပ်နေသည် ၊ မည်သည့်နေရာ

သို့ ရောက်နေသည် ... ကူးဝေဝေသည်လည်း သိရှိနိုင်ခြင်း မရှိ

ပါပေ။

ဆန်းလျန် ဤလောကမှ တိတ်တဆိတ်ထွက်ခွာသွားပြီး သူမကို

ပင် နှုတ်ဆက်စကားမဆိုဘဲ သံသရာကို ကျော်လွန်သွားမည်

ကို သူမ စိုးရိမ်နေမိလေသည်။

သို့သော်... ထိုသို့ဆိုလျှင်လည်း ကောင်းသည်ပဲလေဟု သူမ တွေးမိပြန်လေ၏။

ထို့နောက် အတွေးစတို့ကို ဖြတ်တောက်လိုက်ပြီး သူမက ရဲ့လျိုယွင်ကို ကြည်လင်သည့်မျက်ဝန်းများဖြင့် လှမ်းကြည့်လိုက်သည်။

သူမက နူးညံ့သိမ်မွေ့သည့် လေသံဖြင့်...

"တိမ်ဖြူစမ်းချောင်းထဲက စမ်းရေကို တောင်ပေါ်က လက်ဖက်ရွက်ခပ်ထားတဲ့ လက်ဖက်ရည်ကြမ်းပါ၊ ဒါနဲ့ပဲ ဧည့်ခံနိုင်လို့ ချင်တိကေရာဇ် အပြစ်မတင်ဘူးလို့ မျှော်လင့်မိပါတယ်..."

ရဲ့လျိုယွင်က လက်ဖက်ရည်ကြမ်းပန်းကန်ကို အသာပြန်ချထားလိုက်ပြီး ပြုံးလိုက်လေသည်။

"လက်ဖက်ရည်ကြမ်းက တကယ် အရသာရှိပါတယ်..."

အခြားသူက ထိုသို့ပြောလျှင် အပိုလုပ်ကာ မြှောက်ပင့်ပြောသည်ဟု ကူးဝေဝေ ထင်မြင်မိပေလိမ့်မည်။

သို့သော်... ရဲ့လျိုယွင်က ထိုသို့ပြောလာသည့်အခါ သူမ အမှန်တကယ်ပြောသည်လား၊ တမင်တကာ ချီးကျူးစကားဆိုသည်လား သူမဆုံးဖြတ်နိုင် ဖြစ်ရသည်။

ကူးဝေဝေက တစ်ချက်ပြုံးလိုက်ရင်း...

"လက်ဖက်ရည်ကြမ်း ကောင်းတာ မကောင်းတာက ထားလိုက်ပါလေ၊ ချင်တိကေရာဇ် ဒီကို ကြွရောက်လာရတာကတော့ လက်ဖက်ရည်ကြမ်း သုံးဆောင်ဖို့လောက်ပဲ မဟုတ်ဘူးမလား..."

ရဲ့လျိုယွင်က...

"နတ်သမီး စိတ်မပူပါနဲ့၊ ကျုပ်က ဒီကိုလာတာ နတ်သမီးနဲ့တွေ့ဖို့ ရောက်လာတာပါ..."

ကူးဝေဝေ အံ့အားသင့်သွားပြီး...

"ဒါဖြင့် ချင်တိကေရာဇ် ဒီကိုရောက်လာရတာ ကျွန်မရဲ့ ဂိုဏ်းတူမောင်လေးနဲ့ တွေ့ဖို့ရောက်လာတာ မဟုတ်ဘူးပေါ့..."

သူမ အနည်းငယ် စိတ်ရှုတ်ထွေးသွားမိလေသည်။

ဆန်းလျှန် မရှိသည့်အချိန် ရဲ့လျိုယွင်က သူမနှင့်လာရောက်

တွေ့ဆုံပြီး စိန်ခေါ်တိုက်ခိုက်လေမည်လားဟု သူမ စိတ်ပူပန်

သွားမိသည်။

ရဲ့လျိုယွင်ကတော့ သူမ၏ အတွေးများကို သိနေသည့်အလား

ရယ်မောလိုက်လေသည်။

"နတ်သမီး... အထင်မလွဲပါနဲ့ဗျာ ၊ ကျုပ်က နတ်သမီးအတွက်

တပည့်တစ်ယောက် ပို့ပေးချင်လို့ပါ..."

အခန်း (၁၀၁၂) တပည့်

ထိုအခါမှ ကူးဝေဝေ စိတ်သက်သာရာရသွားတော့သည်။

ကူးဝေဝေက...

"ချင်တိဧကရာဇ်က ပြောတယ်ဆိုတော့ တပည့်ကောင်းတစ်ယောက်ပဲ ဖြစ်ရမယ်၊ အဲဒီကလေးက ဘယ်နေရာကလဲဆိုတာ ကျွန်မ သိခွင့်ရှိမလား..."

ကူးဝေဝေက ရဲ့လျိုယွင်၏ အမြင်ရှိမှုကို ယုံကြည်လေသည်။ သို့သော်... သူမက အလျှင်အမြန် မတုံ့ပြန်ခဲ့ပေ။ တပည့်အဖြစ်လက်ခံရန်အတွက် မည်သို့သောသူမျိုးဖြစ်သည်ကို အရင်ဦးဆုံး ကြည့်ရဦးမည် ဖြစ်သည်။

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း...

"ဒီကနေ မိုင် (၃၀၀၀) အဝေးမှာ ကျုပ် သူ့ကိုတွေ့ခဲ့တာ၊ ကျုပ်သူ့ကို ချင်းရှတောင်ကို သွားဖို့ လမ်းညွှန်ပေးလိုက်တယ်၊ ဒီအကြောင်းကို နတ်သမီးကို ကြိုပြီး အကြောင်းလာကြားတာပါ

၊ အဲဒီကလေး ရောက်လာရင်သာ တပည့်အဖြစ်လက်ခံဖို့ မ
ငြင်းပါနဲ့..."
ကူးဝေဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...
"သူ့ဇာစ်မြစ်ကဘာဆိုတာ မသိရဘဲ ကျွန်မ ဘယ်လိုလုပ်
ဆုံးဖြတ်ချက်ချနိုင်မှာလဲ..."
ရဲ့လျိုယွင်က...
"ဆန်းလျန်ကို ချင်းရွှမ်နတ်တံခါးကို သွားဖို့ ကျုပ် လမ်းညွှန်
ပေးခဲ့တာပါ၊ ဆန်းလျန် ချင်းရွှမ်နတ်တံခါးကိုရောက်တော့ ချ
င်းရွှမ်နတ်တံခါးက သူ့ကို မငြင်းပယ်ဘဲ လက်ခံခဲ့တယ်၊ ဒါ
ကြောင့် နတ်သမီးကလည်း အခု ကျုပ်ပြောတဲ့ကလေးကို မ
ငြင်းစေချင်ပါဘူး..."
စကားပြောပြီးသည်နှင့် ရဲ့လျိုယွင်က မျက်ဝန်းများကို အသာ
မှေးမှိတ်လိုက်လေသည်။

ရဲ့လျှိုယွင်က သူပြောသည့် ကလေးအား ကူးဝေဝေက တပည့်အဖြစ်လက်ခံစေချင်ဟန် ရှိနေသည်။

ကူးဝေဝေက တစ်ချက်မျှ တုံ့ဆိုင်းနေမိသည်။ ရဲ့လျှိုယွင်က အတိတ်တစ်ချိန်က သူ ဆန်းလျန်အပေါ် ပြုခဲ့ဖူးသည့် ကျေးဇူးကိုထောက်ပြီး ကူးဝေဝေထံမှ မျက်နှာသာပေးသည်ကို လိုချင်နေလေသည်။

ဆန်းလျန်က တစ်ချိန်ကအဖြစ်အပျက်များကို အသိအမှတ်ပြုမည်လား မပြုမည်လား ကူးဝေဝေ မသိသော်လည်း ချင်းရွှမ်နတ်တံခါးအနေဖြင့်ဆိုလျှင် ရဲ့လျှိုယွင်၏ ကျေးဇူးတရားကို အသိအမှတ်ပြုရမည် ဖြစ်လေသည်။

ရဲ့လျှိုယွင်သာ ဆန်းလျန်ကို ချင်းရွှမ်နတ်တံခါးသို့ လမ်းညွှန်ပေးလိုက်ခြင်း မရှိလျှင် ချင်းရွှမ်နတ်တံခါးတွင် ဆန်းလျန်ကဲ့သို့ တန်ခိုးစွမ်းအား မြင့်မားသူတစ်ယောက် ထွက်ပေါ်လာမည် မဟုတ်ပေ။

သို့သော်... ရဲ့လျိုယွင်က ရည်ရွယ်ချက်ရှိရှိဖြင့် တမင်

သက်သက် တပည့်တစ်ယောက်လာပို့ခြင်းလား၊

သွေးရိုးသားရိုးဖြင့်လားဆိုသည်ကို ကူးဝေဝ မခန့်မှန်းနိုင်ခဲ့

ပေ။

နောက်ဆုံးတော့... အံတစ်ချက်ကြိတ်ရင်း ကူးဝေဝ ရဲ့လျိုယွ

င်၏ဆန္ဒကို သဘောတူလိုက်ရလေတော့သည်။

"အဲဒီကလေးရဲ့ ပုံစံက ဘယ်လိုမျိုးလဲ၊ သူ ချင်းရှတောင်ကို

ရောက်လာရင် ကျွန်မ တပည့်အဖြစ် လက်ခံလိုက်ပါ့မယ်..."

ကူးဝေဝသည် အပြင်ပန်းအားဖြင့် နူးညံ့သိမ်မွေ့ဟန်ရှိ

သော်လည်း ဆုံးဖြတ်ချက် ခိုင်မာသူတစ်ယောက် ဖြစ်လေ

သည်။

အကြောင်းအကျိုးဆိုသည်က အတူတကွ ယှဉ်တွဲတည်ရှိနေ

ကြောင်း သူမ နားလည်သဘောပေါက်လေသည်။

ရဲ့လျိုယွင်က ဆန်းလျန်ကို ချင်းရွှမ်နတ်တံခါးသို့ သွားနိုင်ရန် လမ်းညွှန်ပေးခဲ့သည့် အကြောင်းတရားကြောင့် ယနေ့ ကူးဝေဝ တပည့်တစ်ယောက်လက်ခံပေးရမည့် အကျိုးတရား ဖြစ်လာရခြင်း ဖြစ်သည် မဟုတ်ပါလား။

သူမအနေဖြင့် နောင်ကိစ္စ နောင်မှရှင်းသည်က အကောင်းဆုံး ဖြစ်ကြောင်း လက်ခံလိုက်ပြီး လောလောဆယ်တွင်တော့ ရဲ့လျိုယွင်ပြောသည့်တပည့်ကို လက်ခံရန် ဆုံးဖြတ်လိုက်သည်။

ရဲ့လျိုယွင်က မျက်လုံးများကို ပြန်ဖွင့်လိုက်ပြီး ကူးဝေဝကို ကြည့်ပြီး အချိန်အတော်ကြာအောင် ပြုံးနေခဲ့လေသည်။

"ကျုပ် နတ်သမီးကို စိတ်ပျက်အောင် မလုပ်ပါဘူး..."

ထို့နောက် ရဲကလျိုယွင်က စကားဆက်ပြောလိုက်သည်။

"ယွင်မုန့်တောင်ပေါ်က မိုးကောင်းကင်ဓားရေကန်မှာ အဲဒီကလေးကို တွေ့ခဲ့တာ..."

ကူးဝေဝ ရုတ်တရက် ရင်ထဲတွင် တုန်လှုပ်သွားပြီး စိတ်ထဲတွင်လည်း သံသယများဖြင့် ပြည့်နက်လာလေသည်။

သို့သော်... ရဲ့လျိုယွင်ကတော့ အဖြူရောင်တိမ်တိုက်တစ်စအလား အဝေးသို့ လွင့်မျောထွက်ခွာသွားပြီး မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

ယွင်မိန်တောင်ဟု ကြားစဉ်က သူမ သိပ်သတိမထားမိသေးပေ။ သို့သော်... မိုးကောင်းကင်ဓားရေကန်ဟု ကြားလိုက်ရသည့်အခါ သူမစိတ်ထဲတွင် တစ်စုံတစ်ခုကိုသတိရသွားမိလေသည်။

ယွင်မိန်တောင်ဆိုသည်က သာမန်တောင်တစ်တောင် မဟုတ်ပေ။

လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက ထိုနေရာသည် ကျင့်ကြံသူလောကတွင် ကြီးမားသည့် ဓားသိုင်းပြိုင်ပွဲ ကျင်းပရာနေရာတစ်ခုဖြစ်လေသည်။

ထို ဓားသိုင်းပြိုင်ပွဲကို "ယွင်မိန်တောင်ပေါ်မှဓားသိုင်းပြိုင်ပွဲ" ဟု ခေါ်ဆိုလေသည်။

ထိုနေရာသည် ကမ္ဘာပေါ်ရှိ ဓားသိုင်းကျင့်ကြံသူများ နှစ်ပေါင်း (၅၀)လျှင်တစ်ကြိမ် ဓားသိုင်းယှဉ်ပြိုင်ရာ နေရာဖြစ်သည်။

ဓားသိုင်းပြိုင်ပွဲတွင် ဓားကျိုးသွားသောသူ (သို့မဟုတ်) ဓား ပျောက်ဆုံးသွားသောသူများက ရှုံးနိမ့်သူများဖြစ်ပြီး ပြိုင်ပွဲမှ ထွက်ခွာသွားကြရလေသည်။

ဓားသိုင်းကျင့်ကြံသူများ၏ ဓားသိုင်းပြိုင်ပွဲများ ကျင်းပလာကြ ပြီးနောက် နှစ်ပေါင်း အသင်္ချေကြာလာသည့်အခါ ဓားသိုင်း ကျင့်ကြံသူများ၏ ဓားကျိုးပေါင်းများစွာသည် ယွင်မိန်တောင် ပေါ်တွင် များပြားသည်ထက် များပြားလာလေတော့သည်။

ထို့နောက်တွင်တော့… ထိုဓားကျိုးများ အတူတကွ စုစည်းသွား ပြီး မိစ္ဆာဝိညာဉ်တစ်ခုကဲ့သို့ ကြောက်မက်ဖွယ်ရာကောင်းသော ဓားမိစ္ဆာဝိညာဉ်တစ်ခု မွေးဖွားလာခဲ့လေသည်။

ထိုဓားမိစ္ဆာဝိညာဉ်ကြောင့် ယွင်မိန်တောင်ပေါ်ရှိ ဓားကျိုးများ ပေါင်းစည်းသွားပြီး ထိုနေရာတွင် ရေကန်တစ်ခုနှင့်ဆင်တူသည့် အရာတစ်ခု ထွက်ပေါ်လာခဲ့သည်။

ထိုနေရာကို မိုးကောင်းကင်ဓားရေကန်ဟု ခေါ်ဆိုကြလေသည်။ မိုးမြေစွမ်းအားများက မိုးကောင်းကင်ဓားရေကန်အတွင်းသို့ စီးဆင်းဝင်ရောက်နေပြီး ထိုရေကန်သည် ဓားတစ်လက်အလား ထက်ရှလျှက် ရှိလေသည်။

ယခုဆိုလျှင်... ထိုနေရာသို့ အလွန်အဆင့်မြင့်သည့် ဓားသိုင်းကျင့်ကြံသူတစ်ယောက်ဖြစ်လျှင်ပင် မသွားရောက်ရဲကြတော့ပေ။

သွားရောက်ပါကလည်း ထိုနေရာတွင် မည်သူမှ ကြာရှည်မနေနိုင်ကြပေ။ ကြာရှည်နေထိုင်မိပါက နတ်ဘုရားခန္ဓာများ ၊ ဓမ္မခန္ဓာများ ပျက်စီးကုန်ကြပေလိမ့်မည်။

ထို့ကြောင့် မိုးကောင်ကင်ဓားရေကန်သည် ကျင့်ကြံသူများ

အတွက် ကျားရိုင်းတစ်ကောင်အလား ကြောက်မက်ဖွယ်

ကောင်းသော အန္တရယ်များဖြင့် ပြည့်နက်နေသည့် ဒေသတစ်ခု

ဖြစ်လာခဲ့လေသည်။

နာမည်ကျော်ကြားသော်လည်း မည်သူမှ ခြေတစ်လှမ်းပင် မချ

ဝံ့သည့် နေရာတစ်ခု ဖြစ်လေသည်။

အလွန်တရာ တန်ခိုးစွမ်းအားမြင့်မားသူတစ်ယောက်ဆိုလျှင်

တော့ မိုးကောင်းကင်ဓားရေကန်မှ ဓားမိစ္ဆာဝိညာဉ်ကို သန့်စင်

ပေးနိုင်မည် ဖြစ်သည်။

သို့သော်... မိုးကောင်းကင်ဓားရေကန်သည် မတူညီသည့် ဓား

ကျိုးများ တစ်ခုနှင့်တစ်ခု ပေါင်းစပ်နေခြင်း ဖြစ်သည့်အတွက်

တန်ခိုးစွမ်းအားများက ရှုတ်ထွေးလျှက် ရှိလေသည်။

ထို့ကြောင့်... ထိုနေရာကို အလွန်ထူးဆန်းသည့် နေရာတစ်

နေရာအဖြစ် အားလုံးက သတ်မှတ်ထားကြလေသည်။

ယခု ရဲ့လျိုယွင်က မိုးကောင်းကင်ဓားရေကန်တွင် ထိုကလေး

ကို တွေ့ခဲ့သည်ဟု ဆိုလေသည်။

ဤသို့ဆိုလျှင် ထိုကလေး၏ ရုပ်ခန္ဓာသည် အတော်လေး

ထူးဆန်းပြီး သာမန်မဟုတ်သည့် ရုပ်ခန္ဓာမျိုး ဖြစ်ရပေ

လိမ့်မည်။

သို့သော်... ထိုကလေးသည် ကျင့်ကြံခြင်းအဆင့် မြင့်မားနိုင်

ခြင်း မရှိပေ။ အကြောင်းမှာ... ကျင့်ကြံခြင်းအဆင့် မြင့်မား

လျှင် ရဲ့လျိုယွင်က သူမကို တပည့်အဖြစ်လက်ခံပါရန်

တကူးတက လာရောက်ပြောကြားမည် မဟုတ်ပေ။

ကူးဝေဝေမှာ အချိန်တိုအတွင်း အကြောင်းအရာအတော်များ

များကို စဉ်းစားနေမိလေတော့သည်။

သို့သော်... အတိအကျသိချင်သည်ဆိုလျှင်တော့ ထိုကလေး

ရောက်လာသည့်အချိန်ကိုသာ စောင့်ဆိုင်းရမည် ဖြစ်လေ

သည်။

....

ဆောင်းရာသီကုန်ဆုံးကာ နွေဦးရာသီသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

အရှေ့လေ မတိုက်ခတ်တော့ဘဲ မြောက်လေစတင်တိုက်ခတ်လာပြီ ဖြစ်သည်။

နှင်းများထူထပ်စွာကျဆင်းလာပြီး ချင်းရှတောင်တစ်ခုလုံး နှင်းများ ဖုံးလွှမ်းလျှက် ရှိလေသည်။

ချင်းရှတောင်ပေါ်တက်သည့်လမ်းက မတ်ဆောက်ပြီး တက်ရခက်ခဲလှသည်။ ယခုလို နှင်းများထူထပ်စွာ ဖုံးလွှမ်းနေသည့်အချိန်တွင် တောင်ပေါ်သို့တက်ရန် ပို၍ပင် ခက်ခဲလေသည်။

သို့သော်... အသက် (၁၀)နှစ်ကျော်မျှသာရှိသေးသည့် လူငယ်လေးတစ်ယောက်သည် တောင်တက်လမ်းအတိုင်း လမ်းလျှောက်တက်လာလေသည်။

အေးစက်သည့်ဆောင်းလေသည် ဓားထက်ထက်အလား အသွေးနှင့်အသားများကို စုတ်ပြဲသွားအောင် တိုက်ခိုက်နေလေသည်။

သို့ရာတွင်... ဆောင်းလေအေးက မည်မျှ ထက်ရှသည်ဆိုစေကာမူ လူငယ်၏ ဓားသွားပုံသဏ္ဌာန်မျက်ခုံးများလောက် ထက်ရှခြင်း မရှိနိုင်ပေ။ လူငယ်၏ မျက်ခုံးများသည် ပုဆိန်တစ်လက်ဖြင့်ထွင်းထားသည့် ဓားသွားသဏ္ဍာန်အလား ပီပြင်လွန်းလှလေသည်။

တောင်တက်လမ်းက ခက်ခဲလွန်းသော်လည်း လူငယ်လေးကတော့ လုံး၀ ရပ်တန့်ခြင်း မရှိပေ။

တောင်ပေါ်လေတိုက်ခတ်မှုကြောင့် လူငယ်လေး၏ ပိန်သွယ်ပါးလျသည့် ခန္ဓာကိုယ်လေး လဲပြိုကျသွားပြီး တောင်အောက်သို့ လိမ့်ဆင်းသွားတော့မည့်အလား ထင်မှတ်ရသည်။

တောင်တစ်ခွင်လုံးက နှင်းများဖြင့် ဖုံးလွှမ်းနေပြီး တောင်ခါးပန်းက ပေပေါင်းများစွာ မြင့်မားသည်ဖြစ်ရာ တောင်ပေါ်မှသာ လိမ့်ကျသွားမည်ဆိုလျှင် သံမဏိအရိုးများပင် ပိုင်ဆိုင်သူဖြစ်ဦးတော့ အသက်ရှင်လမ်း ရှိမည် မဟုတ်ပေ။ သို့သော်... လူငယ်လေးက ခန္ဓာကိုယ်ကသာ ပိန်ပိန်ပါးပါးလေး ဖြစ်သော်လည်း လျှောက်လှမ်းလာသည့် ခြေလှမ်းတိုင်းက အလွန်ခိုင်မာလေသည်။

နှင်းတောထဲတွင် ကုပ်တွင်ထားနိုင်သည့် သားရဲကြီးများ၏ လက်သည်းချွန်ကြီးများအလား သူ၏ ခြေထောက်များကို နှင်းတောထဲတွင် ကုတ်တွယ်ထားလေသည်။ သူ့ကိုကြည့်ရသည်မှာ လုံးဝ လက်မလျှော့၊ အရှုံးမပေးသည့် ဟန်ပန်မျိုး ဖြစ်လေသည်။

သူက ဖြည်းဖြည်းနှင့် မှန်မှန် လျှောက်လှမ်းလာပြီး တောင်အောက်သို့ ပြုတ်ကျသွားခြင်း လုံးဝ မရှိခဲ့ပေ။

ထင်းရှူးပင်တန်းသို့ ရောက်ရှိလာသည့်အခါ သူ မည်မျှဝေးဝေး

သို့ လမ်းလျှောက်ခဲ့ရသည်ပင် မသိနိုင်တော့ပေ။

ထင်းရှူးပင်စူးများသည် နှင်းများဖြင့် ဖုံးလွှမ်းလျှက် ရှိပြီး

ထူးဆန်းစွာ ကြည်ပြာရောင်တောက်ပလျှက် ရှိလေသည်။

ထို့ကြောင့် ဤချင်းရှတောင်သည် အခြားနေရာများထက်

ထူးခြားသည့် နေရာတစ်ခုဖြစ်ကြောင်း သိရှိနိုင်သည်။

ထင်းရှူးပင်တန်းကို ဖြတ်သန်းလာပြီးသည့်နောက် ဝါးရုံတော

လေးကို တွေ့မြင်ရလေသည်။

ဝါးရုံတောလေးမှာလည်း နှင်းများဖုံးလွှမ်းနေပြီး တိုက်ခတ်နေ

သည့်လေက အေးစက်လွန်းလှသည်။

စာပေသမားတစ်ယောက်ဆိုလျှင်တော့ အံ့ဩဖွယ်ရာ လှပ

သည့် ဝါးရုံတောလေးကိုကြည့်ပြီး ကဗျာစာပေများ ရေးစပ်မိ

မည် ဖြစ်လေသည်။

သို့သော်... လူငယ်လေးကတော့ ရှုခင်းများကို စိတ်ဝင်စားဟန် မပြပေ။

သူက တောင်ပေါ်လမ်းတွင် လျှောက်လာသည့်ခြေလှမ်းများ အတိုင်းပင် ဝါးရုံတောလေးကိုလည်း ဖြည်းဖြည်းမှန်မှန်ပင် ဖြတ်ကျော်လာခဲ့လေသည်။

ဝါးရုံတောလေးကို ဖြတ်ကျော်ပြီးသည့်နောက် ကျယ်ပြန့်သည့် မြင်ကွင်းတစ်ခုကို မျက်စိရှေ့တွင် တွေ့မြင်လိုက်ရလေသည်။

သူ တွေ့မြင်လိုက်ရသည့်မြင်ကွင်းက အခြားကမ္ဘာတစ်ခု အလားဖြစ်ပြီး နှင်းများဖုံးလွှမ်းကာ အေးစက်လွန်းသည့် ပြင်ပ လောကနှင့် လုံးဝ ကွဲပြားခြားနားနေလေသည်။

သူ့ရှေ့တွင် တာအိုကျောင်းတော်တစ်ခုကို တွေ့မြင်လိုက်ရပြီး တာအိုကျောင်းတော်ပတ်ဝန်းကျင်တွင် အစိမ်းရောင်မြက်ခင်း များ ပေါက်ရောက်လျှက် ရှိလေသည်။

လူငယ်လေးသည် အမြင်အာရုံကောင်းသူဖြစ်လေရာ မြက်ပင်လေးများထက်တွင် တွဲလဲခိုနေသည့် နှင်းရည်စက်လေးများကိုပင် တွေ့မြင်နေရလေသည်။

မိုးကောင်းကင်က ပြာလွင်ကြည်လင်နေပြီး အဖြူရောင်တိမ်တိုက်များက ဖြည်းညင်းစွာ ရွေ့လျားနေကြလေသည်။

အခြားသူတစ်ယောက်ဆိုလျှင်တော့ ဤတောင်ပေါ် မြင်ကွင်းကိုကြည့်ရှုပြီးသည့်နောက် နတ်ဘုရားတောင်တစ်တောင်၏လှပမှုနှင့် ဂုဏ်ကျသရေကို ချီးကျူးစကားဆိုကြမည် ဖြစ်လေသည်။

သို့သော်... လူငယ်လေးကတော့ သူတွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အံ့သြရုံသာရှိပြီး မည်သည့်စကားမှ ဖွဲ့နွဲ့ပြီး မဆိုတတ်ပေ။

သူရောက်ချင်သည့်နေရာသို့ ရောက်လာပြီဖြစ်ကြောင်းကိုတော့ သိရှိလိုက်လေသည်။

အမှန်တော့... သူက စာပေတတ်မြောက်ခြင်း ရှိလေသည်။ လွန်ခဲ့သည့်နှစ်ဝက်ခန့်က သူ လူတစ်ယောက်နှင့်တွေ့ဆုံခဲ့ပြီး ထိုသူက သူ့ကို စာပေသင်ကြားပေးခဲ့လေသည်။

သူက မိဘမဲ့တစ်ယောက်ဖြစ်ပြီး ထိုသူနှင့်မတွေ့ဆုံခင်အချိန်ထိ မိုးကောင်းကင်ဓားရေကန်တွင် နေထိုင်ခဲ့သူ ဖြစ်သည်။

သာမန်လူဆိုလျှင် အသက်ရှင်သန်ရန်အတွက်

အစားအသောက်များ စားသောက်ရန်လိုသော်လည်း သူကတော့ စားစရာမလိုဘဲ ကြီးပြင်းလာခဲ့လေသည်။

သူ မျက်လုံးဖွင့်ကြည့်လိုက်သည့်အချိန်မှာပင် သူမြင်တွေ့ရသည်က မိုးကောင်းကင်ဓားရေကန် ဖြစ်နေခဲ့လေသည်။

ထို့ကြောင့်သူက မိုးကောင်းကင်ဓားရေကန်အတွင်းမှ ဓားကျိုးများက သူနှင့်ဘဝတူဖြစ်သည်ဟု ထင်မှတ်ထားခဲ့လေသည်။

လူငယ်လေးက သူ့ဘဝတစ်လျှောက်လုံး မိုးကောင်းကင်ဓားရေကန်တွင်ပင် နေထိုင်လိုခဲ့သည်။

သို့သော်... သူ့ကို စာပေသင်ပေးသူက ချင်းရှတောင်မှ ချင်းရှ ကျောင်းတော်သို့ သွားရောက်ရမည်ဟု မှာကြားခဲ့လေသည်။

ထို့ကြောင့် သူက ချင်းရှတောင်သို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်လေ၏။

ယခင်ကဆိုလျှင် လူငယ်လေးက ယွင်မိန်တောင်ပေါ်မှ တစ်ဖဝါးမှ မခွာဘူးသော်လည်း တကယ်တမ်း တောင်ပေါ်မှ ဆင်းလာသည့်အခါ ကြောက်ရွံ့စိတ် မဖြစ်မိပေ။

ထို့ပြင်... မိုးကောင်းကင်ဓားရေကန်ကိုလည်း သတိရ လွမ်းဆွတ်မိခြင်း မရှိပေ။

သူက အနှောင်အဖွဲ့မရှိ လွတ်လပ်စွာဖြင့် မွေးဖွားလာသူတစ်ယောက်သာ ဖြစ်လေသည်။

သူ ယွင်မိန်တောင်ပေါ်မှ ဆင်းလာပြီးတောက် ချင်းရှတောင်သို့ လာသည့်ခရီးတစ်လျှောက်တွင် လူပေါင်းများစွာ ၊ အရာဝတ္ထုပေါင်းများစွာနှင့် တွေ့ဆုံခဲ့ရလေသည်။

တဖြည်းဖြည်း လူများအကြောင်းကို နားလည်လာသယောင်ရှိသော်လည်း တကယ်တမ်းတွင် သိပ်လည်း နားမလည်ခဲ့ပေ။

အဓိကအချက်မှာ သူ တောင်ပေါ်မှ ဆင်းလာသည့် ရည်ရွယ်ချက် ပျောက်ကွယ်မသွားခြင်းပင် ဖြစ်သည်။

ထို့ကြောင့် သူက နှစ်ဝက်ကျော်ကျော်ခန့် လမ်းပေါ်တွင် သွားလာရင်း နောက်ဆုံးတော့ ချင်းရှတောင်မှ ချင်းရှကျောင်းတော်သို့ ရောက်ရှိလာခဲ့လေသည်။

လူငယ်လေးက တည်တည်ငြိမ်ငြိမ်ပင် ကျောင်းတော်တံခါးသို့ သွားပြီး တံခါးကို ဖွင့်ရန် ဟန်ပြင်လိုက်သည်။

သူက လူ့ယဉ်ကျေးမှုများကိုနားမလည်သည့် အရိုင်းအစိုင်း တစ်ယောက်မျှသာ ဖြစ်လေရာ တံခါးခေါက်ရမည်ကိုလည်း နားမလည်ခဲ့ရှာပေ။

သို့သော်... သူ တံခါးကို မဖွင့်ခင်မှာပင် တံခါးက ပွင့်သွားလေသည်။

တံခါးဝတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။ ထိုသူထံမှ မွှေးပျံ့သည့် နံ့သာရနံ့များ ထွက်ပေါ်နေလေသည်။

ထိုသို့သော မွှေးရနံ့မျိုးကို တောင်ခြေတွင်လည်း လူငယ်လေး ရခဲ့ဖူးသည်။ သို့သော်... ယခု သူ့ရှေ့မှလူထံမှ ထွက်ပေါ်နေသည့် မွှေးရနံ့က ပို၍ မွှေးပျံ့သည်ဟု ထင်မှတ်ရလေသည်။ ထိုသို့သော မွှေးရနံ့များကို အသုံးပြုတတ်သူများကို မိန်းကလေးများဟု ခေါ်ကြောင်း လူငယ်လေး သိရှိထားသည်။ နောက်တစ်ချက် လူငယ်လေး သိရှိသည်မှာ ယောကျ်ားလေးများသည် မိန်းကလေးများကို စိတ်ဝင်စားကြသည်ဆိုသည့် အချက် ဖြစ်လေသည်။

ထိုသို့ မိန်းကလေးများကို စိတ်ဝင်စားသည့်အတွက် ယောကျ်ားလေးများစွာမှာ ဘဝတွင် ပြဿနာများစွာ ၊ အခက်အခဲများစွာ ရင်ဆိုင်ကြရလေသည်။

မိန်းကလေးများကြောင့် ဒုက္ခရောက် ပြဿနာတက်ကြရသော်လည်း မိန်းကလေးများကို သဘောကျစွာဖြင့် ယောကျ်ားများစွာက ချဉ်းကပ်ကြစမြဲပင်ဖြစ်သည်။

ထိုအချက်များကို လူငယ်လေး ယွင်မိန်တောင်မှဆင်းလာပြီးနောက် သိရှိခဲ့ရခြင်းဖြစ်သော်လည်း သူ့အနေဖြင့် နားမလည်နိုင်ခဲ့ပေ။

တံခါးလာဖွင့်သည့် မိန်းကလေးမှာ ကျောက်ရှောင်ယီ၏ ကိုယ်ခဲ့ဖြစ်သော ကြာပန်းဖြူ၏ အစေခံမလေး ဖြစ်လေသည်။ ကူးဝေဝေက လူငယ်လေးကို ခေါ်လာရန်အမိန့်ပေးလိုက်သည့်အတွက် သူမက တံခါးလာဖွင့်ပေးခြင်း ဖြစ်သည်။

သို့သော်... သူမ၏ဘဝတွင် ယခု တံခါးဝတွင် ရပ်နေသည့် လူငယ်လေးကဲ့သို့ ယဉ်ကျေးမှုမရှိသည့် လူမျိုးကို တစ်ခါမှ တွေ့မြင်ခဲ့ဖူးခြင်း မရှိပေ။

အခန်း (၁၀၁၃) အဝင်အထွက်

"ကျွန်မနာမည်က ယောင်ချင်ပါ၊ ကူးကျန်းရန်နတ်သမီးက မင်းကို အထဲမှာ စောင့်နေပါတယ်..."

မိန်းကလေးက လူငယ်လေးကို အတန်ကြာကြည့်နေပြီးမှ အစကတည်းက ပြောရန် ပြင်ဆင်လာဟန်ရှိသည့် စကားများကို ပြောလိုက်လေသည်။

သူမက လူငယ်လေးရောက်ရှိလာခြင်းအတွက် အံ့အားသင့်နေခြင်း မဟုတ်ပေ။

သူမက လူငယ်လေးရောက်လာမည်ကို ကြိုတင်သိရှိနေသည်ကို လူငယ်လေးက အံ့သြဟန်မပြသည့်အတွက် ယောင်ချင်က အံ့သြနေခြင်း ဖြစ်လေသည်။

လူငယ်လေးက မအံ့သြသည့်အပြင် အေးဆေးတည်ငြိမ်၍ပင် နေသေးသည်။

လူငယ်လေးက တိတ်တိတ်ဆိတ်ဆိတ်ဖြင့်ပင် ယောင်ချင်ကို ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။

ယောင်ချင်က လူငယ်လေး၏ အပြုအမူများကို သတိထားပြီး လေ့လာနေသည်။ လူငယ်လေး၏ခန္ဓာကိုယ်သည် ပစ်လွှတ်တော့မည့် လေးတစ်လက်အလား ဖြောင့်မတ်လှသည်ကို သူမ သတိပြုမိသည်။

သို့သော်... သတ်ဖြတ်လိုသည့်အငွေ့အသက်များ ထွက်ပေါ်နေခြင်းတော့ မရှိပေ။

ထို့ပြင်... ဆယ်ကျော်သက်လူငယ်လေးများသည် ထိုသို့ပင် မယဉ်ကျေးတတ်သည်ကို သူမ သိရှိထားပြီး ဖြစ်လေသည်။

ထိုသို့သော လူငယ်လေးမျိုးသည် ကျင့်ကြံခြင်းပြုလုပ်ရန် သိပ်ပြီး မသင့်တော်လှဟု ယောင်ချင်က ဝေဖန်မိသည်။

အဘယ်ကြောင့်ဆိုသော်... သဘာဝတရားနှင့် လိုက်လျောညီထွေ မနေတတ်သောကြောင့် ဖြစ်လေသည်။

သို့သော်... ဝိညာဉ်စွမ်းအားကျင့်ကြံသူတစ်ယောက်တော့ ဖြစ်လာနိုင်လေသည်။ အကြောင်းမှာ... ထိုသို့သောလူမျိုးသည် ဆုံးဖြတ်ချက်ခိုင်မာခြင်း ၊ အာရုံစူးစိုက်နိုင်ခြင်းနှင့် အထီးကျန်မှုကို ခံနိုင်ရည်ရှိပြီး အခက်အခဲများကို ရင်ဆိုင်နိုင်စွမ်း ရှိသောကြောင့် ဖြစ်လေသည်။

လူအများစုက ကျင့်ကြံခြင်းနှင့် ဝိညာဉ်စွမ်းအားကျင့်ကြံခြင်းကို သိပ်နားမလည်ဘဲ ရှုတ်ထွေးကြသော်လည်း ချင်းရှတောင်

တွင် နှစ်ပေါင်းများစွာကြာအောင် နေထိုင်ခဲ့ကြသူများအနေဖြင့် ခြားနားချက်ကို ကောင်းစွာ နားလည်ကြလေသည်။

ကူးဝေဝေသာ ဤလူငယ်လေးကိုတွေ့လျှင် ဝမ်းသာမည်လား စိတ်ညစ်ညူးသွားမည်လားဟု ယောင်ချင်သိချင်နေမိသည်။

ကြည့်လိုက်သည်နှင့် လူငယ်လေးသည် သာမန်မဟုတ်ကြောင်း သူမ ရိပ်မိလေသည်။

သို့သော်... သူမက ကောင်လေးကို ကြည့်မရသည်ဖြစ်လေရာ သူမသာဆိုလျှင်တော့ တောင်ပေါ်တွင် ဤသို့သော ကောင်လေးမျိုးကို မည်သည့်နည်းနှင့်မှ လက်ခံနိုင်မည် မဟုတ်ပေ။

တောင်ပေါ်တွင် ဆန်းလျှန်ရှိလျှင်တော့ ပြဿနာ မရှိနိုင်ပေ။

သို့သော်... ကူးဝေဝေက ဆန်းလျှန်လောက် တန်ခိုးစွမ်းအား မြင့်မားသူမဟုတ်သည့်အတွက် ဖြစ်လာမည့်ပြဿနာများကို ဖြေရှင်းနိုင်မည် မဟုတ်ပေ။

သို့သော်... ယခုတော့ ဆန်းလျန်မရှိသည့်အတွက် ဤပြဿနာကို ကူးဝေဝေသာ ဖြေရှင်းရပေတော့မည်။

သူမက ကောင်လေးအပေါ် မေတ္တာမရှိသော်လည်း သည်းခံပြီး ချင်းရှကျောင်းတော်အတွင်းသို့ ခေါ်ဆောင်လာခဲ့လေသည်။

သူမက လမ်းတွင် ကောင်လေး၏ နာမည်ကို မေးကြည့်သော်လည်း ကောင်းလေးကတော့ သူ့ကို ခေါင်းသာ ခါရမ်းပြခဲ့လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ကောင်းလေးတွင် နာမည်မရှိကြောင်း ယောင်ချင်သိရှိလိုက်သည်။

နာမည်မရှိသည်မှာ ကောင်းသည့်အချက်ပင်ဖြစ်၏။ နာမည်မရှိသည့်လူများက နောက်ကြောင်းရှင်းကြလေသည်။

အမှန်တော့ လောကတွင် ရပ်တည်မည်ဆိုလျှင် နာမည်တစ်ခု မကျန်ရစ်ခဲ့သည်ကလည်း ခပ်ကောင်းကောင်းဖြစ်သည်။

မဟုတ်ပါက ဂုဏ်သတင်းကျော်ကြားလျှင် ကိစ္စမရှိသော်လည်း

သိက္ခာကျလျှင်တော့ ပြန်အဖတ်ဆည်နိုင်မည် မဟုတ်တော့ပေ။

ထို့ကြောင့် တာအိုဝါဒမှ ရှေးဟောင်းသူတော်စင်ကြီးများက... "လူတစ်ယောက်တွင် အတ္တမရှိသင့်၊ နတ်ဘုရားများတွင် သံယောဇဉ်မရှိသင့်၊ သူတော်စင်များတွင် နာမည်မရှိသင့်..." ဟု ဆိုခဲ့ကြခြင်း ဖြစ်ဟန်တူသည်။

ထိုစကားက အလွန်အဓိပ္ပါယ်ရှိလေသည်။ ထိုစကားကို နားလည်သူ များစွာရှိသော်လည်း ပြုလုပ်နိုင်သူ အနည်းငယ်သာ ရှိသည်။

ယောင်ချင် သိချင်သည်မှာ ကူးဝေဝေသည် ဤလူငယ်လေးကို တကယ်ပဲ ပညာသင်ပေးနိုင်မည်လား၊ သို့မဟုတ် ကူးဝေဝေက သူ့ကို ချင်းရွှမ်နတ်တံခါးအတွက် ရဲ့လျို့ယွင်ကို ပြန်လည်ပေးဆပ်သည့်အနေဖြင့်သာ ခေါ်ထားမည်လား ဆိုသည့်အချက်ပင် ဖြစ်သည်။

လူငယ်လေးကတော့ စိတ်ခံစားချက်မများသလို ရှုတ်ထွေး

သည့် အတွေးများလည်း မရှိလှပေ။

သူ့ကို ရှေ့မှဦးဆောင်ခေါ်သွားသည့် မိန်းကလေးနောက်သို့သာ

တိတ်ဆိတ်စွာဖြင့် လိုက်ပါသွားလေသည်။

ထို့နောက် အနေတော် အရွယ်အစားရှိသည့် တာအိုခန်းမဆောင်

တစ်ခုအတွင်းသို့ သူတို့ ရောက်ရှိလာသည်။ ခန်းမဆောင်ထဲ

တွင် အလွန်တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

တာအိုခန်းမဆောင်ဘေးဘက်တစ်နေရာတွင် အိပ်နေသည့် လူ

တစ်ယောက်ကို လူငယ်လေး သတိထားလိုက်မိသည်။

ထိုသူကို လူငယ်လေး သတိထားမိသည့်အကြောင်းရင်းမှာ ထို

သူ၏ အသက်ရှူသံနှင့်အငွေ့အသက်က အလွန် စွမ်းအား

ကြီးမားနေခြင်းကြောင့် ဖြစ်လေသည်။

ယွင်မိန်တောင်ပေါ်မှ ဆင်းလာပြီးနောက် သူသိရှိခဲ့သမျှသော

လူပေါင်းများစွာထက် ထိုသူက စွမ်းအားကြီးလေသည်။

ထိုသူကား ရဲ့မော်ထျန်းပင်ဖြစ်လေ၏။

ရဲ့မော်ထျန်းကလည်း ကောင်လေးကို သတိထားလိုက်မိသည်။

သူက မာရ်နတ်၏ ကျိကျိုက်ထျန်းကောင်းကင်ဘုံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သူဖြစ်လေရာ ဝိညာဉ်စွမ်းအား အလွန်ကောင်းမွန်လေသည်။

လူငယ်လေးကိုကြည့်လိုက်သည်နှင့် ရဲ့မော်ထျန်း၏ စိတ်အာရုံထဲတွင် လူတစ်ယောက်ဟု မခံစားရဘဲ ဓားတစ်လက်ဟု ခံစားလိုက်ရလေသည်။

"သဘာဝဓားခန္ဓာပဲ..."

ရဲ့မော်ထျန်း၏ စိတ်ထဲတွင် ထိုအတွေးဖြတ်သန်းဝင်ရောက်လာပြီး ကောင်လေး၏ ဇာစ်မြစ်က ရိုးရှင်းခြင်းမရှိဟု သူခံစားလိုက်ရလေသည်။

သဘာဝဓားခန္ဓာကို ပိုင်ဆိုင်သူတစ်ယောက် ဓားသိုင်းသာ လေ့ကျင့်မည်ဆိုလျှင် အလျှင်အမြန်ပင် ထိပ်တန်းအဆင့်သို့ ရောက်ရှိသွားနိုင်လေသည်။

သူတို့က ဓားသိုင်းကျင့်ကြံမည်ဆိုလျှင် သာမန်လူများ ဓားသိုင်းကျင့်ကြံခြင်းထက် တစ်ရှိန်ထိုးအဆင့်မြင့်မားလာနိုင်သူများဖြစ်ပြီး အခြားသူများမရရှိနိုင်သည့် အောင်မြင်မှုမျိုးကို သူတို့ဘဝတွင် ရရှိနိုင်မည် ဖြစ်သည်။

လူငယ်လေးသည် နှံ့ထဲတွင်နစ်မြုပ်နေသည့် နတ်ဓားတစ်လက် အလား ဖြစ်လေသည်။ ရွှံ့နွံများကိုသာ ဖယ်ရှားပစ်လိုက်မည်ဆိုလျှင် အလွန်တောက်ပသည့် ဓားတစ်လက်ဖြစ်လာမည်မှာ ကေန်အမှန်ပင် ဖြစ်၏။

လူငယ်လေးအပေါ်ထားရှိသည့် ရဲ့မော်ထျန်၏ သဘောထား အမြင်က ယောင်ချင်၏ သဘောထားအမြင်ထက် လေးနက်လေသည်။

ထို့နောက် ခန်းမဆောင်အတွင်းသို့ ဝင်ရောက်လာသည့် တတိယမြောက်လူတစ်ယောက်ကို လူငယ်လေး တွေ့မြင်လိုက်ရသည်။

ထိုသူက မိန်းမပျိုတစ်ယောက် ဖြစ်လေသည်။

ယောင်ချင်နှင့်ယှဉ်လျှင် ထိုမိန်းမပျိုက လူငယ်လေးကို ပိုပြီး ရင်းနှီးနွေးထွေးဟန် ရှိလေသည်။

ထိုမိန်းမပျိုသည်ကား ကူးဝေဝေပင် ဖြစ်လေ၏။

လူငယ်လေးကို တွေ့လိုက်သည်နှင့် ကန်ရေပြင်ကဲ့သို့ တည်ငြိမ်သည့် ကူးဝေဝေ၏ မျက်ဝန်းများက တစ်ချက်လှိုင်းထသွားရသည်။

ဤလူငယ်လေးကို တပည့်အဖြစ်လက်ခံရန် ရဲ့လျိုယွင် သူမကို အဘယ့်ကြောင့် တောင်းဆိုခဲ့သည်ကို နားလည်သွားပြီ ဖြစ်လေသည်။

အကြောင်းမှာ… ဤလူငယ်လေးသည် ချန်ကျန့်မေငယ်ငယ်က နှင့် အလွန်ဆင်တူသောကြောင့် ဖြစ်သည်။

ကူးဝေဝေက ချန်ကျန့်မေထက်အရင် ချင်းရွှမ်နတ်တံခါးသို့ ရောက်ရှိခဲ့သူ ဖြစ်လေရာ ချန်ကျန့်မေငယ်စဉ်က မည်သို့သော ပုံစံရှိသည်ကို သူမ မှတ်မိနေဆဲ ဖြစ်လေသည်။

ဤလူငယ်လေးသည် ချန်ကျန့်မေ လူပြန်ဝင်စားသူ မဟုတ် လျှင်တောင်မှ ချန်ကျန့်မေနှင့် အလွန်မှ ဆင်တူလွန်းလှလေ သည်။

သို့သော်… ဂိုဏ်းတူမောင်လေး ချန်ကျန့်မေသည် လူပြန် ဝင်စား၍ မရနိုင်လောက်အောင် လောကမှ အပြီးတိုင် ပျောက် ကွယ်သွားခဲ့ပြီ မဟုတ်ပါလား။

ချန်ကျန့်မေ လောကအလယ်တွင် ပြန်လည်ထွက်ပေါ်လာမည် မှာ အဘယ်မှာ ဖြစ်နိုင်ပါတော့မည်နည်း။

သို့သော်... ဤလူငယ်လေးသည် ချန်ကျန့်မေ ဟုတ် မဟုတ်ကို

တော့ ရဲ့လျိုယွင်သာလျှင် သိရှိနိုင်ပေလိမ့်မည်။

ရဲ့လျိုယွင်ကို မေးမြန်းကြည့်ရန်မှာလည်း မဖြစ်နိုင်တော့ပေ။

သူမ၏ ကျင့်ကြံခြင်းအဆင့်ဖြင့်ဆိုလျှင် ရဲ့လျိုယွင် မည်သည့်

နေရာတွင်ရှိသည်ကို တွက်ချက်ကြည့်နိုင်စွမ်း လုံး၀ မရှိပေ။

ရဲ့လျိုယွင်သာ သူမကို အစကတည်းက ပြောပြချင်စိတ်ရှိလျှင်

လာရောက်တွေ့ဆုံသည့်နေ့ကတည်းက ပြောပြခဲ့မည် ဖြစ်လေ

သည်။

မဖြစ်နိုင်မှန်းသိပါလျက် ဆန်းလျန်သာရှိလျှင်ကောင်းမည်ဟု

သူမ တမ်းတလိုက်မိသည်။

သူမ ဆုတောင်းပြည့်သွားသည့်အလား သူမနားထဲတွင်

နက်ရှိုင်းသည့် အသံတစ်သံ ကြားလိုက်ရလေသည်။

"ဂိုဏ်းတူအစ်မ..."

ကူးဝေဝေ ချက်ချင်းပင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

သူမ၏ ထူးဆန်းသည့်အမူအရာကြောင့် ကောင်လေးနှင့် ယောင်ချင်တို့က သူမကို အကဲခတ်ကြည့်နေကြလေသည်။

"ကျွန်တော့်ကို ရှာမနေနဲ့၊ တွေ့ရမှာမဟုတ်ဘူး၊ အစ်မ ကျွန်တော့်ကို စကားပြောရင် စိတ်ထဲကပဲ ပြောလိုက်..."

ဆန်းလျန်၏ အသံက နူးညံ့သိမ်မွေ့နေပြီး ထိုအသံကို သူမတစ်ယောက်တည်းသာ ကြားရဟန် ရှိသည်။

ကူးဝေဝေက စိတ်ထဲမှ စကားပြောလိုက်သည်။

"ဒီကောင်လေးက ဂိုဏ်းတူမောင်လေး ချန်ကျန့်မလား..."

ဆန်းလျန်က တိုးတိတ်သည့်လေသံဖြင့်...

"အမှန်ပဲ..."

ကူးဝေဝေက...

"ဘယ်လိုဖြစ်တာလဲ ၊ မင်းကရော အခု ဘယ်ရောက်နေလဲ ၊ ဘာတွေ ဖြစ်နေတာလဲ..."

ဆန်းလျန်က ဖြည်းညင်းသည့်လေသံဖြင့်...

"ကျွန်တော် သံသရာကို ကျော်လွန်သွားတော့မယ် ၊ ကျွန်တော် အခု သက်ရှိသတ္တဝါအားလုံးရဲ့ အသွင်အပြင်ကို ပြောင်းလဲနေတယ် ၊ ဒါကြောင့် အစ်မရဲ့ စိတ်ထဲကို ကျွန်တော်ရောက်နေနိုင်တာပေါ့..."

ကူးဝေဝေ အနည်းငယ် အံ့အားသင့်သွားပြီး...

"မင်း တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်ခါနီးနေပြီလား..."

ဆန်းလျန်က...

"ဖြစ်ခါနီးနေပြီ ၊ ဒါပေမဲ့ တာအိုဆရာသခင်ကြီးတစ်ပါး မဖြစ်ခင် လောကမှာ တစ်ခါ ကိုယ်ထင်ပြဦးမယ် ၊ အဲဒါက နောက်ဆုံးအကြိမ် ကိုယ်ထင်ပြခြင်း ဖြစ်လိမ့်မယ် ၊ အဲဒီကျ အစ်မနဲ့ ကျွန်တော် တွေ့ရဦးမှာပါ..."

ဆန်းလျန်၏စကားကိုကြားရသည့်အခါ ကူး

ဝေဝေ၏နှလုံးသားထဲတွင် အထီးကျန်ခြင်းနှင့် စိတ်ဓာတ်ကျ

ခြင်းကို တစ်ပြိုင်တည်း ခံစားလိုက်ရလေသည်။

ကူးဝေဝေက ဝမ်းနည်းအားငယ်စွာဖြင့်...

"အဲဒီလိုတောင် ဖြစ်သွားပြီလား..."

ကူးဝေဝေ ဝမ်းနည်းနေသည်ကို သိရှိသည့်အတွက် ဆန်းလျန်

က နှစ်သိမ့်လိုက်လေသည်။

"အစ်မ... စိတ်မကောင်းဖြစ်မနေပါနဲ့နော်..."

ကူးဝေဝေက...

"ဟုတ်ပါတယ်၊ အစ်မ မင်းအတွက် ဝမ်းသာသင့်တာပါ၊

ဒါပေမဲ့ ဘာလို့ ဝမ်းနည်းနေမှန်း မသိဘူး..."

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"မိုးနဲ့မြေက ပြီးပြည့်စုံခြင်း မရှိပါဘူး၊ ဒါကြောင့် ကျုပ် တာအို

ဆရာသခင်ကြီးတစ်ပါးဖြစ်လာရင်တောင် လောကကြီးတစ်ခု

လုံးကို ပြီးပြည့်စုံအောင် ပြုလုပ်ပေးနိုင်မှာ မဟုတ်ဘူး ၊ ဒါပေမဲ့ ကျုပ် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်သွားရင် အစ်မနဲ့ အမြဲတမ်းအတူတူ ရှိနေပါလိမ့်မယ် ၊ ဘယ်တော့မှ ခွဲခြားရမှာ မဟုတ်ပါဘူး..."

ကူးဝေဝေက...

"မင်းပြောတာတွေ အစ်မ နားမလည်ဘူး..."

ဆန်းလျန်က ရယ်မောလိုက်ရင်း...

"ဟက်... အစ်မ နားလည်လာမှာပါ ၊ ဩော်... ဒီလူငယ်လေးကို သဏ္ဍာန်မဲ့ဓားသိုင်း သင်ပေးလိုက်ပါ ၊ သူ့ရဲ့ ဇာစ်မြစ်ကို ပြောရ မယ်ဆိုရင်တော့... ကျွန်တော်ပဲ အစ်ကိုချန်ကျန့်မေ ကျန်ရှိခဲ့တဲ့ ဓားတန်ခိုးစွမ်းအား အငွေ့အသက်လေးကို စကြာဝဠာထဲက ပြန်ဆွဲခေါ်လာခဲ့တာ ၊ ဒီတော့ ဒီကောင်လေးက အစ်ကိုချန်ကျန့် မေလို့ ပြောလို့ရပါတယ် ၊ နတ်ဆိုးဘုရင်မ 'ချီ' ဆိုတာလည်း ကျွန်တော်ဖန်တီးခဲ့တဲ့ မိန်းကလေးတစ်ယောက်ပဲ ၊ ချီ က

အနာဂတ်မှာ လောကတစ်ခုလုံးကို ဖျက်စီးပစ်လိမ့်မယ် ၊ ချီ ကိုရင်ဆိုင်နိုင်ဖို့ မျှော်လင့်ချက်ကတော့ ဒီကောင်လေး ဖြစ်လာလိမ့်မယ်..."

ကူးဝေဝေက...

"နတ်ဆိုးဘုရင်မရဲ့ ကိစ္စက မင်း မဖြေရှင်းနိုင်ဘူးလား..."

ဆန်းလျန်က...

"တကယ်တော့ အရာအားလုံးက မိုးနဲ့မြေရဲ့ ဆန္ဒအတိုင်းပါပဲ ၊ တကယ်တော့ ကျွန်တော်သာ နတ်ဆိုးဘုရင်မ 'ချီ' ကို မဖန်တီးခဲ့ဘူးဆိုရင် သူ့နေရာမှာ အခြားတစ်ယောက် ဖြစ်နေလိမ့်မယ် ၊ ဒီကိစ္စတွေ ထားပါတော့လေ..."

ဆန်းလျန်၏ စကားသံက ခေတ္တရပ်တန့်သွားလေသည်။

နတ်ဆိုးဘုရင်မ 'ချီ' ကိုသာ ဆန်းလျန် မဖန်တီးခဲ့ဘူးဆိုလျှင် ငရဲလမ်းဆားကို ဆွဲကိုင်ပြီး စကြာဝဠာတစ်ခုလုံးကို ဖျက်စီးမည့်သူမှ ကျောက်ရှောင်ယွီ ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် ဆန်းလျန်က ကျောက်ရှောင်ယွီ၏ ကံကြမ္မာကို ပြောင်းလဲပေးခဲ့ခြင်း ဖြစ်လေသည်။

ထို့နောက် ဆန်းလျန်က စကားဆက်ပြောလိုက်သည်။

"စကြာဝဠာတစ်ခုလုံးမှာ ရှင်သန်ခဲ့တဲ့ဘဝတစ်ခုရဲ့ အလင်းတန်းက အမြဲတမ်း ရှိနေပါတယ်၊ အစ်ကိုချန်ကျန့်မေရဲ့ ကျန်ရှိနေသေးတဲ့ ဘဝအလင်းတန်းကို စန့်ချင်တာအိုဆရာသခင်ရဲ့နည်းလမ်းကို အသုံးပြုပြီး ကျွန်တော် ယူလာခဲ့တာ၊ အဲဒါ အစ်ကိုချန်ကျန့်မေပါပဲ၊ အစ်ကိုချန်ကျန့်မေ အသက်ရှင်လာအောင် လုပ်နိုင်တဲ့နည်းက ဒီတစ်နည်းပဲ ရှိတယ်လေ၊ ဘာပဲဖြစ်ဖြစ် သူ အသက်ရှင်သန်နေတာကို မြင်ခွင့်ရချင်မိတယ်၊ ပြီးတော့ သူက အစ်ကိုချန်ကျန့်မေရဲ့ ဘဝအလင်းတန်းကနေ ပြန်ပြီး ရှင်သန်လာအောင် လုပ်ပေးထားပေမယ့် သူ့ဘဝရဲ့ ကံကြမ္မာကတော့ သူ့လက်ထဲမှာပါပဲ၊ သူကလည်း ဒီအတိုင်းပဲ ဖြစ်ချက်မယ်လို့ မျှော်လင့်မိတာပဲ..."

ဆန်းလျန်၏ စကားများထဲမှ ဘဝ၏ အဆုံးမရှိပြောင်းလဲခြင်း

တရားများကို တွေ့မြင်ရလေသည်။

ချန်ကျန့်မေ၏ စိတ်နေစိတ်ထားကို ကူးဝေဝ ပြန်စဉ်းစား

ကြည့်မိလေသည်။ ချန်ကျန့်မေက သူ့ကံကြမ္မာသူ ဖန်တီးလို

သည့် စိတ်ထား အမှန်ပင် ရှိလေသည်။

ထို့ပြင် ချန်ကျန့်မေသည် ဘဝကိုသာ တွယ်တာနေမည်ဆိုလျှင်

အနတ္တတရားကို ဖန်ဆင်းပြုလုပ်ပြီး အသူရာချောက်တွင် ဆန်း

လျန်ကို ကယ်တင်ခဲ့မည် မဟုတ်ပေ။

ဆန်းလျန်က ချန်ကျန့်မေ၏ ကံကြမ္မာကို ထိန်းချုပ်ထားမည်ဆို

လျှင် ချန်ကျန့်မေကလည်း ထိုကိစ္စကို လက်ခံမည် မဟုတ်ပေ။

"မင်းပြောတာမှန်ပါတယ် မောင်လေး၊ ဂိုဏ်းတူမောင်လေးချန်

ကျန့်မေက မင်းပြောတဲ့အတိုင်း သူ့ကြမ္မာသူ ဖန်တီးလိုတဲ့သူ

တစ်ယောက်ပါပဲ၊ အစ်မ သူ့ကို သေသေချာချာ သင်ပြပေးလို

က်ပါ့မယ်..."

ထို့နောက် ကူးဝေဝေက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်...

"ဒါနဲ့ ဒီကောင်လေးက ချန်ကျန့်မေဆိုတာကို ချင်တိဧကရာဇ်က ဘယ်လိုဖြစ်လို့ သိနေရတာလဲ..."

ဆန်းလျန်က...

"ချင်တိဧကရာဇ်က သိပ်ကို ဆန်းကျယ်တဲ့သူပါ ၊ သူ့နောက်ကွယ်မှာ တာအိုဆရာသခင်ထိုက်ယီနဲ့ စန့်ချင်တာအိုဆရာသခင်တို့ ရှိတယ်လေ ၊ ဒီတော့ သူ့အကြောင်းအားလုံးကို ကျွန်တော်လည်း မသိမြင်နိုင်ဘူး ၊ ဒါပေမဲ့ အဲဒါနဲ့ပတ်သက်ပြီး အစ်မ စိတ်ပူစရာမလိုပါဘူး..."

အခန်း (၁၀၁၄) ဟန်ချက်ညီခြင်း

ထိုသို့ဖြင့်... အချိန် (၃)နှစ် ကုန်ဆုံးသွားခဲ့လေသည်။

(၃)နှစ်ဆိုသည့်အချိန်အတွင်း ကူးဝေဝေသည်လည်း ဆန်းလျန်

အကြောင်း သတင်းစကားကြားသိရခြင်း မရှိတော့ပေ။

ချန်ကျန့်မေ၏ ဘဝအလင်းတန်းမှ သဏ္ဍာန်ပြောင်းထားသည့်

လူငယ်လေးကို သူမ စောင့်ရှောက်ပညာသင်ပေးခဲ့လေသည်။

လူငယ်လေးက အလွန်တော်သူတစ်ယောက် ဖြစ်သည်။

သာမန်လူတစ်ယောက်အတွက် တာအိုတရားကိုနားလည်ပြီး

နတ်ဘုရားတစ်ပါးဖြစ်လာရန် နှစ်ပေါင်း (၁၀၀) မက ကျင့်ကြံရ

မည်ဖြစ်သော်လည်း ထိုလူငယ်လေးကတော့ (၃)နှစ်ကျင့်ကြံရုံ

ဖြင့် နတ်ဘုရားတစ်ပါး ဖြစ်လာခဲ့လေသည်။

ထိုလူငယ်လေးသည် ကံကြမ္မာ၏ အဆုံးသတ်ဖြစ်လာမည်ဟု

ကူးဝေဝေ နက်နက်ရှိုင်းရှိုင်း ယုံကြည်နေမိလေသည်။

ဆန်းလျှန်ပြောခဲ့သလိုပင် သူက အဆုံးသတ်ကာလတွင်

ကယ်တင်ခြင်းကို ယူဆောင်လာမည့် လူတစ်ယောက် ဖြစ်လာ

နိုင်ခွင့် ရှိလေသည်။

သူမက ထိုလူငယ်လေးကို နာမည်တစ်ခု ပေးခဲ့လေသည်။

"ဝူဝေါ်..."

ဆိုသည့် အမည် ဖြစ်လေသည်။

ဝူဝေါ်ဆိုသည်မှာ "အတ္တမရှိ" ဟု အဓိပ္ပါယ်ရလေသည်။

"လူတစ်ယောက်တွင် အတ္တမရှိသင့် ၊ နတ်ဘုရားများတွင်

သံယောဇဉ်မရှိသင့် ၊ သူတော်စင်များတွင် နာမည်မရှိသင့်..."

ဆိုသည့်စကားမှ "အတ္တမရှိ" ဆိုသည့် စာသားကို ယူပြီး ကူး

ဝေဝေက အမည်ပေးခဲ့ခြင်း ဖြစ်လေသည်။

မျိုးနွယ်ကိုတော့ သူမ၏ မျိုးနွယ်အတိုင်း ကူးမျိုးနွယ်ခံယူစေ

ခဲ့ပြီး "ကူးဝူဝေါ်" ဟု အမည်ပေးခဲ့လေသည်။

ယနေ့တော့... ကူးဝေဝ တိမ်ဖြူစမ်းချောင်းလေးနံဘေးတွင် တရားထိုင်နေခဲ့လေသည်။

ရုတ်တရက် သူမ၏နှာခေါင်းထဲတွင် သွေးနံ့များရလိုက်ပြီး သူမရှေ့တွင် ဒူးထောက်နေသည့် ရဲ့မော်ထျန်းကို တွေ့မြင်လိုက်ရလေသည်။

ရဲ့မော်ထျန်း၏လက်မောင်းမှာ ကျိုးနေပြီး သွေးများထွက်လျှက်ရှိလေ၏။

ရဲ့မော်ထျန်းက ကျင့်ကြံခြင်းအဆင့် နိမ့်ပါးသူတစ်ယောက် မဟုတ်ပေ။ သူ့ကို ယခုကဲ့သို့ ဒဏ်ရာရအောင် လုပ်နိုင်သူဆို၍ ချင်းရှတောင်ပေါ်တွင် တစ်ယောက်သာ ရှိလေသည်။

ကူးဝူဝေါ်ပင် ဖြစ်လေ၏။

ကူးဝေဝက...

"ဒီကလေး မင်းကို ဘာလို့ ဒဏ်ရာရအောင် လုပ်လိုက်တာလဲ..."

ရဲ့မော်ထျန်းက ရှက်ကိုးရှက်ကန်း မျက်နှာထားဖြင့်...

"သခင်လေးက ဓားသိုင်းပညာအရမ်းတော်တော့ သခင်လေးနဲ့ နည်းနည်းလောက် လက်ရည်စမ်းကြည့်လိုက်တာ ၊ ဘာဖြစ် သွားမှန်းတောင် မသိလိုက်ဘူး... ဒဏ်ရာရသွားတယ်..."

ရဲ့မော်ထျန်းက လာရောက် တိုင်ကြားခြင်းမဟုတ်ပေ။

ကူးဝူဝေါ်၏ ဓားသိုင်းက အလွန်ထက်မြက်လေသည်။

ထို့ကြောင့် သူရရှိသွားသည့်ဒဏ်ရာက အလွန်ပြင်းထန်လေရာ ဒဏ်ရာ ပျောက်ကင်းရန်အတွက် ကူးဝေဝထံ လာရောက် အကူအညီတောင်းခြင်း ဖြစ်လေသည်။

ကူးဝေဝ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ထို့နောက် သူမက အစိမ်းရောင်ပိုးချည်မျှင်လေးတစ်ခုကို ဖန်ဆင်းပြီး လက်တစ်ဖက်ဝှေ့ရမ်းလိုက်လေရာ အစိမ်းရောင် ပိုးချည်မျှင်လေးက ရဲ့မော်ထျန်း၏ ဒဏ်ရာထက်သို့ကျရောက် သွားလေသည်။

အစိမ်းရောင်ပိုးချည်မျှင်လေးက ပြာအဖြစ်ပြောင်းလဲသွားပြီး

ရဲ့မော်ထျန်း၏ ဒဏ်ရာမှ သွေးများတိတ်သွားလေသည်။

ကူးဝေဝေ၏ မျက်နှာထက်တွင် ဖျော့တော့ခနဲအလင်းရောင်တစ်

ချက် လင်းလက်သွားလေသည်။

သူက ရဲ့မော်ထျန်း၏ ဒဏ်ရာမှ ဓားဝိညာဉ်ကို ဖယ်ရှားပစ်ရန်

အတွက် ထိုက်ရှီးနည်းဗျူဟာ တန်ခိုးစွမ်းအားကို ထုတ်ဖော်

အသုံးပြုလိုက်ရလေသည်။

မထင်မှတ်စွာပင် ကူးဝူဝေါ်၏ဓားဝိညာဉ်က သူမ၏ ထိုက်ရှီး

တန်ခိုးစွမ်းအားကိုပင် ထိုဖောက်နိုင်စွမ်း ရှိနေလေရာ သူမ၏

ထိုက်ရှီးတန်ခိုးစွမ်းအားများ တုန်ခါသွားရခြင်း ဖြစ်သည်။

ရဲ့မော်ထျန်းဒဏ်ရာပျောက်ကင်းသွားပြီး လက်မောင်း

ကျိုးသည့်မှာ ပြန်ကောင်းသွားလေသည်။

ထိုအခါမှ ကူးဝေဝေက...

"မင်းတောင် ဒီလိုဒဏ်ရာရလာတာကိုကြည့်ရရင် သူ့ဓားစွမ်းက တကယ့်ကို စွမ်းအားမြင့်မားနေပြီ ၊ ဒါပေမဲ့ သူက ဓားစွမ်းအားကို သေချာမထိန်းချုပ်နိုင်သေးဘူး ၊ အနာဂတ်မှာ သူ ဘာဖြစ်မလဲ ငါလည်း မသိနိုင်ဘူး..."

ရဲ့မော်ထျန်းမှာ ကူးဝေဝေ၏စကားကို နားထောင်ပြီး ကြောက်ရွံ့သွားသည့်တိုင် စကားပြန်မပြောမိပေ။

မည်သည့်စကားပြန်ပြောရမည်ကိုလည်း သိရှိခြင်း မရှိပေ။

ကူးဝေဝေက လက်တစ်ဖက်ဝှေ့ရမ်းလိုက်ပြီး...

"မင်း သွားလို့ရပြီ..."

ကူးဝေဝေ၏ ခွင့်ပြုချက်ရသည်နှင့် ရဲ့မော်ထျန်း နေရာမှ ချက်ချင်းပင် ထွက်ခွာသွားလေတော့သည်။

ရဲ့မော်ထျန်းထွက်ခွာသွားသည်နှင့် လေပြင်းတစ်ချက် တိုက်ခတ်လာပြီး ကူးဝူဝေါ် ရောက်ရှိလာလေသည်။

လွန်ခဲ့သည့် (၃)နှစ်ကထက် အရပ်ရှည်လာသော်လည်း သူ၏ စိတ်နေစိတ်ထားကတော့ ပြောင်းလဲခြင်း မရှိပေ။ သူက စကားလည်း အလွန်နည်းသူ ဖြစ်လေသည်။

ကူးဝေဝေက ...

"မင်းရဲ့ ဓားသိုင်းက အတော်လေးတိုးတက်လာတာပဲ..."

ကူးဝူဝေါ်က...

"ကျွန်တော် ရဲ့မော်ထျန်းကို တမင်လုပ်လိုက်တာ မဟုတ်ပါဘူး..."

ကူးဝေဝေက ဂရုမစိုက်ဟန်ဖြင့်...

"ဆရာသိပါတယ်၊ ဓားဆိုတာ လူသတ်လက်နက်ပဲလေ၊ ဓားကိုထုတ်လိုက်ပြီဆိုတာနဲ့ အကြင်နာတရား မရှိနိုင်တော့ဘူးပေါ့..."

ကူးဝူဝေါ်က...

"ဆရာ... ကျွန်တော် တောင်အောက်ကို ဆင်းချင်တယ်..."

သူ၏ စကားသံက ပျံ့သန်းနေသည့်ဓားတစ်လက်အလား ဖြစ်လေသည်။

ကူးဝူဝေါ်ထံမှ မျှော်လင့်မထားသည့် စကားကို ကြားလိုက်ရသည့်အတွက် ကူးဝေဝ အနည်းငယ် အံ့အားသင့်သွားလေသည်။

ကူးဝေဝက မျက်ဝန်းများကို အသာမှေးမှိတ်လိုက်ပြီး အတန်ကြာစဉ်းစားနေလေသည်။

ပြီးမှ...

"ကောင်းပြီ..."

ဟု ပြောလိုက်လေ၏။

ကူးဝူဝေါ်က...

"ကျေးဇူးတင်ပါတယ် ဆရာ..."

ကူးဝေဝက...

"မင်းကို ငါ ဇာတ်လမ်းတစ်ပုဒ် ပြောပြစရာရှိတယ်..."

ကူးဝူဝေါက ချောမောလှပသည့် ဆရာဖြစ်သူကို လှမ်းကြည့်လိုက်လေသည်။

ကူးဝေဝေက...

"ငါ့မှာ ဂိုဏ်းတူမောင်လေးတစ်ယောက်ရှိတယ်၊ သူကလည်း မင်းလိုပဲ ဓားသိုင်းသိပ်တော်တယ်၊ ဒါပေမဲ့ သူက မင်းလောက်တော့ ကျင့်ကြံတာ မမြန်ဘူး၊ ဒါပေမဲ့ သာမန်လူတွေထက်တော့ ပိုပြီးမြန်အောင် ကျင့်ကြံနိုင်ခဲ့တယ်၊ ငါ့အထင်ပြောရရင် သူ့လိုလူမျိုး လောကမှာ ခပ်ရှားရှားပဲ၊ အဲဒီအချိန်တုန်းက ငါတို့ ချင်းရွှမ်နတ်တံခါးရဲ့ ဂိုဏ်းချုပ်က ဆရာသခင်ကျန်းရှော့ရှီးပေါ့၊ သူက ငါ့ရဲ့ဂိုဏ်းတူမောင်လေးကို သိပ်ပြီး သဘောကျတာ..."

"အဲဒီအချိန်တုန်းက ငါတို့တွေက နတ်ဘုရားတွေ မဖြစ်ကြသေးဘူး၊ ကျင့်ကြံခြင်းအဆင့်တွေ နိမ့်ပါးကြသေးတယ်၊ ငါ့ရဲ့ဂိုဏ်းတူမောင်လေးက တောင်ပေါ်မှာ (၁၀)နှစ်ကျင့်ကြံပြီးတဲ့

နောက် တောင်အောက်ကို ဆင်းသွားဖို့ ဆရာသခင် ကျန်းရော့ရှီးထံမှ ခွင့်တောင်းခဲ့တယ်။ ဒါပေမဲ့ ဆရာသခင်ကျန်းရော့ရှီးက ခွင့်မပြုခဲ့ဘူး။ ဒါကြောင့် သူက တောင်ပေါ်မှာ နောက်ထပ်နှစ်ပေါင်း (၄၀) ထပ်မံကျင့်ကြံခဲ့ရတယ်။ အဲဒီနောက်မှာတော့ သူဟာ ဟိုင်သန်းအဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး ဆရာသခင်ကျန်းရော့ရှီးကလည်း သူ့ကိုတောင်အောက်ကို ဆင်းခွင့်ပြုလိုက်တယ်။ နှစ်အနည်းငယ်အတွင်းမှာပဲ လောကမှာ အရမ်းကျော်ကြားလာခဲ့တယ်။ သူက လူဆိုးတစ်ယောက်မဟုတ်ပေမယ့် သူ့ရဲ့ဓားနဲ့ဖြေရှင်းတဲ့ ပြဿနာတိုင်းကို ချင်းရွှမ်နတ်တံခါးက ထိန်းချုပ်ထားလို့ မရဘူးလေ..."

"ဒီနေ့တော့ ဆရာ ... မင်းကို တောင်အောက်ကို ဆင်းခွင့်ပြုလိုက်မယ်။ ဒါပေမဲ့ မင်းရဲ့ဓားကို ချင်းရှုတောင်က ထိန်းချုပ်ထားနိုင်မှာ မဟုတ်ဘူး။ မင်းရဲ့ဓားကို ငါက ဆင်ဆင်ခြင်ခြင်

အသုံးပြုဖို့ ဆရာက မှာလိုက်မယ်ဆိုရင်တောင်မှ မင်းရဲ့ စိတ်ကိုတော့ ဆရာက ထိန်းချုပ်ထားနိုင်မှာ မဟုတ်ဘူးလေ..."

ကူးဝေဝ ပြောသည့်စကားကို ကူးဝူဝေါ် ချက်ချင်း နားလည်သွားလေသည်။

ဆရာဖြစ်သူက သူထင်ထားသည်ထက်ပင် သူ့အပေါ် နားလည်မှုရှိနေကြောင်း ကူးဝူဝေါ် သိရှိလိုက်သည်။

သူတောင်အောက်သို့ ဆင်းသွားချင်ရသည့်အကြောင်းရင်းမှာ တောင်ပေါ်တွင် သူနှင့် ဓားစွမ်းရည်ယှဉ်ပြိုင်နိုင်မည့် ပြိုင်ဘက်မရှိသောကြောင့် ဖြစ်လေသည်။

သူက တောင်ပေါ်တွင် ဓားသိုင်းလေ့ကျင့်ခဲ့သော်လည်း စိတ်လွတ်ကိုယ်လွတ် လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်သည့်အတွက် စိတ်မချမ်းမသာ ဖြစ်မိသည်။

သူက ဆရာဖြစ်သူ သူ့ကို နားလည်နိုင်မည်မဟုတ်ဟု ထင်မိသော်လည်း ဆရာဖြစ်သူက သူ့ကို အပြည့်အဝ နားလည်ပေးခဲ့လေသည်။

သူက အချိန်အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ မေးခွန်းထုတ်လိုက်သည်။

"ဆရာ... ဆရာရော ဓားသိုင်းတတ်သလား..."

ကူးဝေဝေက မျက်ဝန်းများတောက်ပသွားပြီး သွားဖြူဖြူဖွေးဖွေးလေးများ ပေါ်သည်အထိ ပြုံးလိုက်ရင်း...

"ဆရာ ဓားသိုင်းလေ့ကျင့်ခဲ့တာ နှစ်ပေါင်းတစ်သောင်းကျော်ခဲ့ပြီ..."

ကူးဝူဝေါ်၏ မျက်လုံးများ တောက်ပသွားပြီး...

"ဒါဆို ဆရာ့ဓားသိုင်းက အရမ်းအစွမ်းထက်မှာပေါ့..."

ကူးဝေဝေက ခေါင်းတစ်ချက် ခါရမ်းလိုက်ပြီး...

"ဆရာက ဓားသိုင်းကို နှစ်ပေါင်းတစ်သောင်းကျော်လေ့ကျင့်ခဲ့ပေမယ့် ဓားသိုင်းဆိုရုံလောက်ပဲ တတ်တာပါ၊ ဆရာက တခြားပညာတစ်ခုကို သင်ယူထားတာ..."

ကူးဝူဝေါ်က...

"ဆရာက တခြား ဘာပညာကို သင်ယူထားတာလဲ..."

ကူးဝေဝေက ချက်ချင်းပင် လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်လေသည်။

ကူးဝူဝေါ်၏ မျက်ဝန်းများက ကျောက်စိမ်းရတနာအလားဖြူစင်လွန်းသည့် ကူးဝေဝေ၏ လက်ချောင်းများဆီသို့ ကျရောက်သွားလေသည်။

သူမ၏ လက်ချောင်းများထွက်တွင် ကောင်းကင်၊ မြေကြီး၊ လေ၊ မိုး၊ မိုးကြိုး၊ လျှပ်စီး၊ တောင်တန်းနှင့် ရွှံ့နွံ ဆိုသည့် ဒြပ်စင်စွမ်းအား (၈)မျိုး ထွက်ပေါ်လာလေသည်။

ထို့နောက် အရာအားလုံးက တိတ်ဆိတ်ငြိမ်သက်သွားလေ

သည်။

ကူးဝေဝေက တိုးလျသည့်လေသံဖြင့်...

"ဆရာက လောကကြီးရဲ့ ဟန်ချက်ညီခြင်းတရားကို ကျင့်ကြံခဲ့

တာ..."

ကူးဝူဝေါ်က တစ်ချက်မျှ စဉ်းစားနေပြီးမှ အေးဆေးသည့်

လေသံဖြင့်...

"ဆရာနဲ့ ကျွန်တော်... ဓားသိုင်းတစ်ချက်လောက် စမ်းကြည့်

ရအောင်..."

ကူးဝူဝေါ်က ပြောလိုက်ရင်း သူ၏ လက်ကို ရှေ့သို့ တစ်ချက်

ညွှန်လိုက်ပြီး လက်ချောင်းများကို ဓားပုံသဏ္ဍာန်အသုံးပြုကာ

စတင်တိုက်ခိုက်လိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ကူးဝေဝက ကူးဝူဝေါ်၏ ဓားချက်ကို ချက်ချင်းရှောင်တိမ်းနိုင်စွမ်းမရှိပေ။

ကူးဝေဝ၏ ကျောက်စိမ်းသားပမာဖြူစင်သည့် မျက်နှာသည် အရောင်ပြောင်းလဲသွားလေသည်။

ထို့နောက် သူမ၏ လက်ထဲတွင် ထိုက်ချိယင်ယန်သင်္ကေတကို ထုတ်ဖော်လိုက်လေသည်။

ကောင်းကင် ၊ မြေကြီး ၊ လေ ၊ မိုး ၊ မိုးကြိုး ၊ လျှပ်စီး ၊ တောင်တန်းနှင့် ရွှံ့နွံ ဒြပ်စင်စွမ်းအား (၈)မျိုး အတူတကွ ထွက်ပေါ်လာလေသည်။ ထို့နောက် ထိုအရာများအားလုံးသည် ကူးဝူဝေါ်၏ ဓားသွားသတ္တုန် လက်ချောင်းများဆီသို့ ပျော်ဝင်သွားလေသည်။

ကူးဝေဝ၏ အင်္ကျီလက် အဖျားစလေးသည် တိကနဲ ပြတ်ကျသွားပြီး ဖုံမှုန့်အဖြစ်သို့ ပြောင်းလဲသွားလေသည်။

ကူးဝေဝမှာ စကားမပြောနိုင်လောက်အောင် အံ့ဩတုန်လှုပ်သွားလေသည်။

သူမသည် ထိုက်ရှီးနည်းဗျူဟာ တန်ခိုးစွမ်းအားကို နားလည်သဘောပေါက်ခဲ့ပြီး တန်ခိုးစွမ်းအားများကို သူမ၏ ခန္ဓာကိုယ်နှင့် မယှဉ်ကြည်နိုင်စရာ ကောင်းလောက်အောင် ပေါင်းစပ်နိုင်စွမ်း ရှိလေသည်။

ကူးဝူဝေါ်ကတော့ ဓားတစ်လက်မျှသာ ဖြစ်လေသည်။

သို့သော်... အလွန်စွမ်းအား ကြီးမားလေ၏။

တကယ်တမ်းတွင် ကူးဝူဝေါ်၏ ဓားသွားသဏ္ဍာန်လက်ချောင်းများက သူမ၏ စိတ်ဝိညာဉ်ကို တုန်လှုပ်စေမည် မဟုတ်ပေ။

လေနှင့်မိုးက ပြင်းထန်ပြီး တောင်နှင့်မြစ်ရေက အက်ကွဲထွက်ပေါ်နေလေသည်။ အရာအားလုံးက ထူးဆန်းစွာဖြင့် ဖြစ်ပေါ်ပြောင်းလဲနေလေသည်။

ထို့ကြောင့်... ကူးဝေဝ၏ တန်ခိုးစွမ်းအားများနှင့် ရင်ဆိုင်ရသည့်အခါ ကူးဝူဝေါ်၏ ဓားက အားပျော့သွားရလေသည်။

သို့သော်... ကူးဝူဝေါ်၏ ဓားဝိညာဉ်ကလည်း ဟန်ချက်ညီလေသည်။

ဟန်ချက်ညီခြင်း (၂)ခု ဆုံတွေ့သည့်အခါ သဟဇာတဖြစ်မည့် အစား သမာဓိကို ပျက်ပြားသွားစေလေသည်။

ထို့ကြောင့်... ကူးဝူဝေါ်၏ ဓားသွားသဏ္ဍာန်လက်ချောင်းများက ကူးဝေဝ၏ အကျီလက်အစွန်းကို ဖြတ်တောက်လိုက်နိုင်ခြင်း ဖြစ်လေသည်။

ကူးဝေဝ သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"မင်းတောင်အောက်ကိုဆင်းမှာကို ဆရာ မစိုးရိမ်တော့ပါဘူး..."

ကူးဝူဝေါ်သည် ကူးဝေဝကို ဦးညွှတ်ဂါရဝပြုလိုက်ပြီးနောက် ချက်ချင်းပင် ထွက်ခွာသွားလေတော့သည်။

"ဂိုဏ်းတူမောင်လေး ၊ သူ့ကို ဒီလိုဖြစ်လာဖို့ မင်းလည်း မျှော်လင့်ခဲ့တယ်မဟုတ်လား..."

ကူးဝေဝေ စိတ်ထဲမှ ဆန်းလျန်ကို သတိရရင်း တွေးလိုက်မိလေသည်။

သူမစိတ်ထဲမှမေးခွန်းကိုတော့ မည်သည့်နေရာရောက်နေမှန်းမသိသည့် ဆန်းလျန်က ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပေ။

နောက်ဆုံးတစ်ကြိမ် ဆန်းလျန် သူမကို စကားပြောရန် ကြိုးစားခဲ့ခြင်းကပင် အတော်လေးကြိုးစားခဲ့ရဟန် ရှိလေသည်။

ကြည့်ရသည်မှာ ဆန်းလျန်၏ လက်ရှိအခြေအနေသည် လောကကို အသံထုတ်လွှတ်စကားပြောရန်အတွက် မဖြစ်နိုင်သည့်အခြေအနေ (သို့မဟုတ်) မသင့်တော်သည့်အခြေအနေတွင် ရှိနေခြင်း ဖြစ်နိုင်လေသည်။

....

ထိုအချိန်မှာပင်...

ချင်းဆွေထျန်းကော်းကင်ဘုံတွင် တာအိုဆရာတစ်ယောက်

ပေါ်လာလေသည်။

ထိုတာအိုဆရာက အလွန်မှ ချောမောခန့်ညားလွန်းလှသည်။

သူ၏ မျက်ဝန်းများတွင် လွတ်လပ်မှုကို အပြည့်အဝ မြင်တွေ့ရ

လလေသည်။

နတ်ဘုရားတစ်ပါး၏ လွတ်လပ်ခြင်းနှင့် တာအိုတရားကို

သိမြင်နားလည်ခြင်းများကိုလည်း မြင်တွေ့ရလေသည်။ သူ့ကို

ကြည့်ရသည်မှာ လောကတွင် ပြိုင်ဘက်မရှိသည့်အလား

ထင်မှတ်ရလေသည်။

လောကတွင် သူ့လိုလူမျိုး နောက်တစ်ယောက် ရှိနိုင်မည်

မဟုတ်ပေ။

သူထွက်ပေါ်လာသည်နှင့် တာအိုဆရာလီချင်းဆွေလည်း တစ်

ချိန်တည်းမှာပင် ထွက်ပေါ်လာလေသည်။

သူတို့ (၂)ယောက်၏ မျက်ခုံးပုံသဏ္ဍာန်များက ဆင်တူကြပြီး သူတို့ (၂)ယောက်ကို ကြည့်ရသည်မှာ သွေးသားတော်စပ်ဟန် ရှိလေသည်။

ထိုတာအိုဆရာသည်ကား "တာအိုဆရာသခင်ထိုက်ယီ" ပင်ဖြစ်လေသည်။

တာအိုဆရာသခင် ထိုက်ယီက...

"အခု အဖေနဲ့ ပြန်လိုက်ခဲ့ဖို့ အချိန်တန်ပြီ..."

လီချင်းဆွေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"ကျွန်မ အဖေ့ရဲ့အရိပ်မှာ ခိုလှုံဖို့ မလိုအပ်ဘူး..."

တာအိုဆရာသခင်ထိုက်ယီက ပြုံးလိုက်ရင်း...

"ဒီ ဆန်းလျန်ဆိုတဲ့ ကောင်လေးရဲ့ အရည်အချင်းက မသေးလှဘူး ၊ အခုဆိုရင် အဖေတောင် သူ့ကို မခန့်မှန်းနိုင်တော့ဘူး ၊ ဒါကြောင့် သမီးကိုပဲ အနားခေါ်ထားပြီး စိတ်ချရတဲ့နေရာတစ်ခုမှာ ထားချင်တယ်..."

လီချင်းဆွေက နှာခေါင်းတစ်ချက် ရှုံ့လိုက်လေသည်။

သူမက ချက်ချင်းပင် လှည့်ထွက်သွားရန်ဟန်ပြင်လိုက်

သော်လည်း သူမပတ်ဝန်းကျင်မှ လေထုတစ်ခုလုံး အေးခဲသွား

ပြီး ပိတ်မိနေလေတော့သည်။

အခန်း (၁၀၁၅) ထိုက်စန့်လောင်ကျွင်းနဲ့ ဘယ်တော့မှ

ထိပ်တိုက်မတွေ့ပါနဲ့

လီချင်းဆွေ ပိတ်မိနေလေသည်။

ထို့နောက် သူမ၏ ဦးခေါင်းထက်တွင် ကြည်လင်သည့်
တိမ်တိုက်တစ်ခုထွက်ပေါ်လာလေသည်။ ထိုတိမ်တိုက်မှ များ
စွာသော တန်ခိုးစွမ်းအားများထွက်ပေါ်လာကာ ရွှေရောင်
အလင်းတန်းများလည်း လင်းလက်လာလေသည်။
ကြည်လင်သည့်တိမ်တိုက်မှ ထွက်ပေါ်လာသည့် တန်ခိုး
စွမ်းအားများကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ပုံမှန်အတိုင်းပြန်
ဖြစ်သွားပြီး လီချင်းဆွေ လှုပ်ရှား၍ရသွားလေသည်။
သူမ၏ အဝတ်အစားများက လေထဲတွင်လွင့်ပျံနေပြီး လေပြေ
လေးတစ်ခုအလား ပျံသန်းထွက်ခွာသွားတော့မည်ကဲ့သို့
ထင်မှတ်ရသည်။
တာအိုဆရာသခင်ထိုက်ယီက ခပ်ပါးပါးတစ်ချက်ပြုံးလိုက်ပြီး
လက်နှစ်ချောင်းဖြင့် လေထဲသို့ ထိုးညွှန်လိုက်လေသည်။
ထိုအခါ လေထဲတွင် လှိုင်းများထသွားလေသည်။

လီချင်းဆွေက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။

သူမ၏ ပတ်ပတ်လည်တွင် စက်ဝိုင်းပုံသဏ္ဍာန် မိုးကောင်းကင်တံတိုင်းတစ်ခု ဖြစ်ပေါ်လာပြီး သူမအနေဖြင့် မည်သို့မှ လွတ်မြောက်နိုင်မည်မဟုတ်သည်ကို သိလိုက်သည်။

လီချင်းဆွေက တာအိုဆရာသခင်ထိုက်ယီကို လှမ်းကြည့်လိုက်လေသည်။ သို့သော်... သူမ၏ အကြည့်များတွင် ဒေါသတရားများ ပါဝင်ခြင်း မရှိပေ။

တာအိုဆရာသခင်ထိုက်ယီက တစ်ချက်ပြုံးလိုက်ရင်း...

"သမီး အဖေနဲ့ ခဏလောက်ပဲ အတူတူလိုက်ခဲ့လို့ မရဘူးလား..."

လီချင်းဆွေက အေးစက်စွာဖြင့်...

"မရဘူး..."

"ဒါပေမဲ့ သမီး သဘောကျသည်ဖြစ်စေ မကျသည်ဖြစ်စေ ၊ နောက်ဆို သမီးကို အဖေ့အနားမှာပဲ အမြဲတမ်း အတူခေါ်ထားတော့မယ် ၊ သမီး အဖေ့ကို အသိအမှတ်မပြုလည်း မတတ်နိုင်ဘူး ၊ ဒီလိုပုံစံနဲ့ သမီးဘဝကို မပျော်မရွှင်ဖြတ်သန်းနေမှာ အဖေ မလိုလားဘူး..."

တာအိုဆရာသခင်ထိုက်ယီ၏ လေသံက အလွန်နူးညံ့ပျော့ပြောင်းနေပြီး နွေဦးလေပြေလေးက ကြည်လင်သည့်ရေကန်ကို ဖြတ်သန်းတိုက်ခတ်သွားသည့်အလားပင် ဖြစ်သည်။

လီချင်းဆွေ တာအိုဆရာသခင်ထိုက်ယီကို စိုက်ကြည့်နေလေသည်။

သူမ၏ ကြည်လင်သောမျက်ဝန်းများက အေးစက်သည့် ရေကန်အတွင်းမှ အပြာရောင်ရေလှိုင်းများအလား ထင်မှတ်ရသည်။

ထိုမျက်ဝန်းများ မည်မျှနက်ရှိုင်းကြောင်း မည်သူမှ မသိရှိနိုင်

ပေ။

"အဖေ ... ကျွန်မကို ဖုံးကွယ်ထားတဲ့ ကိစ္စတစ်ခုရှိနေတယ် ၊

ဟုတ်တယ်မလား..."

လီချင်းဆွေ စိတ်အေးအေးထားကာ မေးလိုက်သည်။

သူမအနေဖြင့် တွေးတောစရာများစွာရှိနေသေးသည် မဟုတ်

လား။

တာအိုဆရာသခင်ထိုက်ယီက လက်ခုပ်တစ်ချက်တီးလိုက်

ရင်း...

"ငါ့သမီးကို ဘာမှ ဖုံးကွယ်ထားလို့ မရဘူးဆိုတာ အဖေ သိပါ

တယ် ၊ အဖေ မကြာခင် ဗုဒ္ဓနဲ့ ထပ်ပြီး တိုက်ခိုက်ဖို့ ရှိတယ် ၊

အဲဒီအခါ မှာ နစ်နာမှုတွေ ရှိလာနိုင်တယ် ၊ သမီးသိလား ...

အဖေနဲ့ ဗုဒ္ဓ တိုက်ခိုက်တဲ့အခါ ဘေးနားက ကြည့်ခွင့်ရတဲ့သူက

ဘယ်လောက်ကံကောင်းသလဲဆိုတာ ၊ ဒါကြောင့် သမီးကို

အနားမှာ ခေါ်ထားချင်တာပါ၊ သမီး အမှားနဲ့အမှန် မခွဲခြားနိုင်ဘူးဆိုရင်တောင်မှ အဲဒီတိုက်ပွဲက သမီးကို နည်းနည်းလောက်တော့ သိမြင်စေမှာပါ..."

လီချင်းဆွေက...

"အဖေနဲ့ ဗုဒ္ဓတိုက်ခိုက်တာ ကျွန်မ အမြဲတမ်း မြင်ဖူးနေတာပဲ၊ မဆန်းတော့ဘူး၊ အဲဒီတိုက်ပွဲကို ကြည့်ရလို့လည်း ကျွန်မ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာမှာမှ မဟုတ်တာ..."

တာအိုဆရာသခင်ထိုက်ယီက အေးဆေးသည့်လေသံဖြင့်...

"အဲဒါကြောင့်လည်း ဒီခေတ်မှာ အောင်မြင်မှု မရကြတာ..."

လီချင်းဆွေက စကားပြန်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တာအိုဆရာသခင်ထိုက်ယီက နက်ရှိုင်းသည့်မျက်ဝန်းများဖြင့် လီချင်းဆွေကို တစ်ချက်ကြည့်လိုက်ပြီး နူးညံ့သိမ်မွေ့သည့်လေသံဖြင့် စကားဆိုပြန်သည်။

"ဒီတစ်ကြိမ်တော့ အဖေ့စကား နားထောင်လို့မရဘူးလား သမီး ရယ်... ဟင်..."

တာအိုဆရာသခင်ထိုက်ယီသည် အမြဲတမ်း အေးစက် တည်ကြည်သည့် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လေ သည်။

သူ၏ နက်ရှိုင်းသည့်မျက်ဝန်းများထဲတွင် နူးညံ့သိမ်မွေ့မှုကို တွေ့ရန်မှာ မည်သို့မှ မဖြစ်နိုင်သည့်ကိစ္စဖြစ်သည်။ သို့သော်... ယခုတစ်ကြိမ်တွင်တော့ သူ၏ မျက်ဝန်းများ နူးညံ့သိမ်မွေ့လျှ က် ရှိလေသည်။

ရေခဲကဲ့သို့ အေးစက်မာကျောသည့် သူ၏ စိတ်နှလုံးသည် ယခု တစ်ကြိမ်တွင်တော့ ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

သို့သော်... တာအိုဆရာသခင်ထိုက်ယီ မည်မျှအကြင်နာတရား ကင်းမဲ့သည်ကို လီချင်းဆွေ အသိဆုံး ဖြစ်လေသည်။

သူကျင့်ကြံခဲ့သည့် တာအိုကျင့်စဉ်လမ်းသည် အကြွင်းနာတရား နှင့်သံယောဇဉ်ကို ဖယ်ခွာဖြတ်တောက်ပစ်သည့် လမ်းစဉ် ဖြစ်သည်။

ထို့ကြောင့်... ယခုတစ်ကြိမ် သူမအပေါ် ပြောနေသည့်စကား များ ၊ ထားနေသည့် ခံစားချက်များသည် စစ်မှန်သလား ၊ မစစ် မှန်သလား လီချင်းဆွေ ဝေခွဲမရနိုင် ဖြစ်နေရသည်။

စစ်မှန်သည်ဖြစ်စေ ၊ မစစ်မှန်သည်ဖြစ်စေ အရေးမကြီးပေ။ အရေးကြီးသည်က လီချင်းဆွေ၏ ဆုံးဖြတ်ချက်သာ ဖြစ်လေ သည်။

သို့သော်... ယခုတစ်ကြိမ် ဖခင်ဖြစ်သူနောက်သို့လိုက်ရန် ငြင်း ဆိုလိုက်လျှင် သူမအနေဖြင့် သူ လေးစားချစ်ခင်ရသလို မုန်း လည်းမုန်းတီးရပါသော ဤပုဂ္ဂိုလ်နှင့် နောက်တစ်ကြိမ်တွေ့ဆုံ ရန် အခွင့်အရေးမရှိနိုင်တော့သည်ကိုလည်း သိရှိလိုက်သည်။

လီချင်းဆွေက...

"တကယ်တော့ အဖေ ကျွန်မကို သတ်လိုက်တာကမှ ပိုကောင်း ဦးမယ်..."

အခြားသူသာဆိုလျှင် လီချင်းဆွေ အဘယ့်ကြောင့် ဤသို့သော စကားပြောရသည်ကို နားလည်နိုင်မည် မဟုတ်ပေ။

သို့သော်... တာအိုဆရာသခင်ထိုက်ယီကတော့ သမီးဖြစ်သူကို အခြားသူများထက်ပိုပြီး နားလည်နိုင်သူဖြစ်လေသည်။

တာအိုဆရာသခင်ထိုက်ယီက နူးညံ့သိမ်မွေ့သည့်လေသံဖြင့်...

"သမီး... သမီးက အဖေ့ရဲ့ သွေးသားတင်မကဘူး ၊ အဖေနဲ့ ချ င်းရွှမ်ရဲ့ ချစ်ခြင်းမေတ္တာကြောင့် မွေးဖွားလာခဲ့သူပါ ၊ အဖေက ဘာလို့ သမီးကို သတ်ရက်ရမလဲဟင်..."

လီချင်းဆွေက...

"ဒါဖြင့် အဖေက အမေ့ကိုတော့ ဘာလို့ သတ်ရက်ရတာလဲ..."

လီချင်းဆွေ၏ စကားကြောင့် တာအိုဆရာသခင်ထိုက်ယီ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဗုဒ္ဓနဲ့ အဖေ့ရဲ့ တိုက်ပွဲမှာ တတိယလူတစ်ယောက်က

အမြဲတမ်း ဝင်ရောက်စွက်ဖက်တယ်၊ အဲဒီလူက ကျွမ်ကျိုးပါ

ပဲ..."

တာအိုဆရာသခင်ထိုက်ယီက စကားဆက်ပြောလိုက်သည်။

"ကျွမ်ကျိုးက အိပ်မက်ကမ္ဘာတစ်ခုထဲမှာ ချင်းရှမ်ဆိုတဲ့ မိန်

မလှလေးကို ဖန်ဆင်းခဲ့တယ်၊ အဖေက အဲဒီမိန်းကလေးကို

မေတ္တာရှိသွားမိတယ်၊ အဲဒီအိပ်မက်ကမ္ဘာက အဖေ နိုးထလာ

တဲ့အခါ ချင်းရှမ်ဟာ လောကမှာ လုံးဝ မရှိတော့ဘဲ ပျောက်

ကွယ်သွားခဲ့ပြီ၊ အဖေ့အတွက် သမီးလေးတစ်ယောက်ပဲ

ကျန်ရစ်ခဲ့တယ်..."

"သမီးထင်သလို အဖေက သမီးရဲ့ အမေကို သတ်ပစ်လိုက်တာ

မဟုတ်ပါဘူး၊ သမီးရဲ့ အမေကို အဖေ ဒီလောက်ချစ်တာ၊

သတ်ပစ်ဖို့ ဖြစ်နိုင်မယ်လို့ သမီး ထင်သလားဟင်၊ ဒါကြောင့်

လည်း သမီးရဲ့ မကျေနပ်ချက်တွေကို အဖေက တခြားသူတွေ

ထက်ပိုပြီး နားလည်ပေးခဲ့သူပါ ၊ သမီးကို အဖေက ပြစ်ထားခဲ့

တယ်လို့ထင်ပြီး အဖေက အကြင်နာတရားကင်းမဲ့တဲ့သူလို့

အမြဲတမ်း တွေးထင်နေခဲ့တယ် မဟုတ်လား ၊ ဒါကြောင့် သမီး

အဖေ့ကို ခွင့်မလွှတ်နိုင်တာ မဟုတ်လား..."

လီချင်းဆွေက...

"မဟုတ်ပါဘူး အဖေ ၊ ကျွန်မ အဖေ့ကို ခွင့်မလွှတ်နိုင်တာက

အဖေက အမေ့ကို လူ့လောကထဲ ပြန်မခေါ်ခဲ့လို့ပါ ၊ အဖေက

တာအိုဆရာသခင်ကြီးတစ်ပါးပဲ မဟုတ်လား ၊ အမေ့ကို

အသက်ပြန်သွင်းပေးလို့ရတာပဲ ၊ ဒါပေမဲ့ အဖေ အဲဒီလိုလုပ်

ချင်စိတ် မရှိခဲ့ဘူးမဟုတ်လား ၊ ကျွန်မ တာအိုဆရာသခင်ကြီး

ဖြစ်လာတဲ့တစ်နေ့ကျမှ အမေ့ကို လူ့လောကကို ပြန်ခေါ်

မယ်..."

တာအိုဆရာသခင်ထိုက်ယီက...

"သမီးရဲ့ အမေက သေသွားတာမဟုတ်ဘူး ၊ ပျောက်ကွယ်သွားခဲ့တာ ၊ အိပ်မက်ကမ္ဘာက အဖေနိုးထလာတဲ့အချိန်မှာ သူ မရှိတော့ဘူး... ၊ ဒါကြောင့် အဖေဘယ်လိုလုပ် သူ့ကို လူ့လောကထဲ ပြန်ခေါ်လို့ ရမလဲကွယ်..."

လီချင်းဆွေက...

"ဒါဖြင့် အဖေက အမေ့ကို တကယ်ချစ်တယ်ဆိုရင် အိပ်မက်ကမ္ဘာမှာ ဘာလို့ ထာဝရနေဖို့ မရွေးခြယ်ခဲ့တာလဲ..."

တာအိုဆရာက တိုးတိတ်သည့်လေသံဖြင့်...

"အဲဒီလိုတော့ အဖေမလုပ်နိုင်ခဲ့ဘူးကွယ်..."

လီချင်းဆွေက...

"ကျွန်မကတော့ လုပ်နိုင်တယ် ၊ ဒါကြောင့် ကျွန်မကို သတ်လိုက်ရင် အဖေ့အတွက် စိတ်ပူစရာ ဘာအကြောင်းမှ မရှိတော့ဘူးပေါ့..."

တာအိုဆရာသခင်ထိုက်ယီက သက်ပြင်းချလိုက်ရင်း...

"ငါ့သမီးမှာ တာအိုဆရာသခင်ကြီးဖြစ်လာဖို့ အခွင့်အရေးမရှိတော့မှာပဲ အဖေ စိတ်ပူမိပါတယ်..."

လီချင်းဆွေက...

"ကျွန်မတော့ အဖေ့စကားကို မယုံဘူး..."

"ဒီတစ်ခေတ်အဆုံးသတ်ပြီးရင် လောကမှ လီကျိချန်လိုလူမျိုး နောက်တစ်ယောက် ရှိလာမှာ မဟုတ်တော့ဘူး..."

တာအိုဆရာသခင်ထိုက်ယီက နူးညံ့စွာပြုံးရင်း ပြောလိုက်လေသည်။ "လီကျိချန်" ဆိုသည်မှာ တာအိုဆရာသခင်ထိုက်ယီ၏ အမည်ရင်း ဖြစ်လေသည်။

လီချင်းဆွေ၏ မျက်ဝန်းများ တစ်ချက်လှုပ်ရှားသွားလေသည်။ ရုတ်တရက်... တစ်စုံတစ်ခုကို သူမ နားလည်လိုက်သည်။

လီကျိချန်က သူမ၏ မိခင်ကို ဘယ်တော့မှ ကယ်တင်ပေးမည် မဟုတ်ပေ။

အကြောင်းမှာ ... စကြာဝဠာပျက်သုဉ်းသွားသည်နှင့် တာအို
ဆရာသခင်ကြီးများအားလုံး သံသရာကို အပြီးတိုင် ကျော်
လွန်သွားကြတော့မည် ဖြစ်သောကြောင့် ဖြစ်သည်။
ထိုသို့ဖြစ်လာလျှင် သူမသည်ပင် ဖခင်ဖြစ်သူနှင့် ဘယ်တော့မှ
တွေ့ဆုံခွင့်ရတော့မည် မဟုတ်ပေ။
သို့သော်... သူမ တာအိုဆရာသခင်ထိုက်ယီကို ခွင့်မလွှတ်နိုင်
ပေ။ အကြောင်းမှာ ဖခင်ဖြစ်သူက အိပ်မက်ကမ္ဘာကို
အဆုံးသတ်ပြီး မိခင်ဖြစ်သူကို စွန့်လွှတ်ခဲ့သည် မဟုတ်ပါ
လား။
ယောကျာ်းလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို
တကယ်တမ်း မေတ္တာရှိသည်ဆိုပါလျှင် အဘယ့်ကြောင့်
စွန့်လွှတ်ရပါသနည်း။ အိပ်မက်ကမ္ဘာတွင် ထာဝရနေထိုင်ရ
လျှင်လည်း ကိုယ်ချစ်သည့်သူနှင့် အတူရှိနေသည့်အတွက် မည်

သည့်ပြဿနာမှ မရှိနိုင်ကြောင်း လီချင်းဆွေက ယူဆထားလေသည်။

လီချင်းဆွေက...

"ကျွန်မကို တစ်ရက်အချိန်ပေးပါ..."

တာအိုဆရာသခင်ထိုက်ယီက...

"သမီး ဆန်းလျန်ကို ရှာမလို့ မဟုတ်လား ၊ သူက တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်ခါနီးနေပြီ ၊ ပြီးတော့ ဆန်းလျန် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာရင် သမီးကို ကူညီကောင်းကူညီနိုင်လိမ့်မယ် ၊ ဒါပေမဲ့ အဖေ သမီးကို သူနဲ့ တွေ့ခွင့်မပေးနိုင်ဘူး..."

လီချင်းဆွေက...

"အရင်ကတော့ အဖေပဲ ကျွန်မကို သူနဲ့ တာအိုလက်တွဲဖော်အဖြစ် လက်ဆက်စေချင်တာဆို ၊ အခုတော့ စိတ်ပြောင်းသွားပြန်ပြီလား..."

တာအိုဆရာသခင်ထိုက်ယီက ပြုံးလိုက်ရင်း...

"အရင်ကအရင် ၊ အခုက အခုလေ ၊ အခုမှတော့ ဒီစကားတွေ ပြောမနေပါနဲ့တော့ ၊ အဖေပြောခဲ့သလိုပဲ အဖေတောင် သူ့စိတ်ကို မသိမြင်နိုင်တော့ဘူး ၊ ပြီးတော့ အဖေ ပြဿနာတွေလည်း မဖန်တီးချင်ဘူး ၊ လောကကြီးအဆုံးသတ်တဲ့အထိ အေးအေးဆေးဆေးပဲ စောင့်နေချင်တယ် ၊ ပြီးတော့... စကြာဝဠာကြီးအဆုံးမသတ်ခင် အဖေနဲ့ ဗုဒ္ဓရဲ့ တိုက်ပွဲကို သမီးကို ကြည့်စေချင်တယ် ၊ အဲဒါက ဒီအတိုင်းနေတာထက်ဆာရင် စိတ်ဝင်စားဖို့ ကောင်းမှာပါ..."

ဗုဒ္ဓနှင့်တိုက်ပွဲဟု ပြောလိုက်တိုင်း တာအိုဆရာသခင်ထိုက်ယီ၏ မျက်ဝန်းများက မျှော်လင့်ချက်အနည်းငယ်ဖြင့် တောက်ပလျှက် ရှိလေသည်။ တာအိုဆရာသခင်ကြီးတစ်ပါး၏ တည်ရှိမှုတွင် မျှော်လင့်စရာဆိုသည်မှာ အနည်းငယ်သာ ရှိလေသည်။

တာအိုဆရာသခင်ထိုက်ယီ တစ်ယောက်သာ ထိုသို့တွေးသည်မဟုတ်ပေ။ ဗုဒ္ဓသည်လည်း ထိုသို့ တွေးပေလိမ့်မည်။

....

အနောက်ဘက်ကောင်းကင်ဘုံ... ၊ လင်စန်းတောင်...။

တာ့လေယင်းကျောင်းတော်ရှိ တာ့ရှုန်ရတနာခန်းမဆောင်ကြီးထဲတွင် အလင်းရောင်များ ရုတ်တရက် တောက်ပလာလေသည်။

လင်စန်းတောင်တစ်ခုလုံး အလင်းတန်းများဖြင့် ဖုံးလွှမ်းသွားပြီး လင်းထိန်တောက်ပသွားသည်။ အလင်းတန်းများသည် လင်စန်းတောင်တစ်ခုလုံးသာမက သုခဘုံတစ်ခုလုံးကိုပင် ဖုံးလွှမ်းသွားလေသည်။

သုခဘုံတစ်ခုလုံးရှိ သစ်ပင်တစ်ပင် ၊ ပန်းတစ်ပွင့် ၊ သစ်ရွက်တစ်ရွက် ၊ ဖုံမှုန့်လေးတစ်မှုံကအစ ထိုအလင်းတန်းများအောက်မှ လွတ်ကင်းနိုင်ခြင်း မရှိပေ။

ထို့နောက်... လင်စန်းတောင်ပေါ်တွင် "ဗုဒ္ဓ" ထွက်ပေါ်လာလေ

တော့သည်။

ဗုဒ္ဓက လက်ညှိုးဖြင့် ကောင်းကင်ထက်သို့ ညွှန်ပြလိုက်ပြီး

စတင် စကားပြောလိုက်လေသည်။

"အသင်လောက... လောကမှာ ငါဘုရား တစ်ပါးပဲ ရှိတယ်..."

ဗုဒ္ဓ၏ ခြေတော်ရင်းတွင် ဝန်စူးမယ်တော်နှင့် ဖူရှန်မယ်တော် ရှိ

နေလေသည်။

ထိုအချိန်မှာပင်... ခရမ်းရောင်ဝါးရုံတောရှိ ချောင်ယင်းဂူတွင်

ကွမ်ယင်မယ်တော်ရှိနေလေသည်။ ကွမ်ယင်မယ်တော်က

အနောက်ဘက်ကောင်းကင်ဘုံသို့ အံ့ဩတုန်လှုပ်စွာဖြင့် လှမ်း

မျှော်ကြည့်နေလေသည်။

သူမက...

"ဗုဒ္ဓ ပြန်လည်ထွက်ပေါ်လာပြီ..."

ဟု ရေရွတ်လိုက်လေသည်။

သံသရာကို ကျော်လွန်သွားပြီးသည့်နောက် လောကအလယ်တွင် ဗုဒ္ဓ ထပ်မံထွက်ပေါ်လာခြင်း မရှိတော့ပေ။ ယခု အဘယ့်ကြောင့် လောကအလယ် ပြန်လည် ထွက်ပေါ်လာရပါသနည်း။

ဝိညာဉ်မြစ်ကမ်းနံဘေးတွင် ရှိနေသည့် တိကျန်ဗောဓိသကျမှာလည်း ချက်ချင်းပင် အံ့သြတုန်လှုပ်သွားလေသည်။

အဝေးတစ်နေရာတွင် မတ်တတ်ရပ်နေသည့် ရဲ့လျိုယွင်က တိကျန်ဗောဓိသကျကို လှမ်းကြည့်လိုက်ရင်း...

"ဗုဒ္ဓ ပြန်လည်ထွက်ပေါ်လာပြီ၊ ဒီတော့ ခင်ဗျား ဘာဆက်လုပ်မှာလဲ..."

တိကျန်ဗောဓိသကျက သူ၏ ဦးခေါင်းကို တစ်ချက်ပွတ်လိုက်ရင်း...

"အခုမှ ခေါင်းကိုက်ရမယ့်ကိစ္စတွေ ဖြစ်လာပြီ..."

သူက ယခင်အချိန်က ဓမ္မကို ဖျက်စီးပစ်ခဲ့ပြီး အသစ်သော ဓမ္မကို တည်ဆောက်ထားခဲ့လေသည်။

ယခု ဗုဒ္ဓပြန်လည်ထွက်ပေါ်လာပြီ ဖြစ်လေရာ သူမျှော်လင့်ထား သမျှ ပျက်စီးရမည့်ကိန်း ကြုံရပြီ ဖြစ်သည်။

သို့သော်... ဗုဒ္ဓသာ အမိန့်ရှိလျှင် သူ့အနေဖြင့် ဗုဒ္ဓခြေတော်ရင်း သို့ မပြန်ဘဲ မနေရဲချေ။ ထို့ပြင်... ဗုဒ္ဓခြေတော်ရင်းသို့ ရောက် လျှင် သူ့အနေဖြင့် သေချာပေါက် အပြစ်ပေးခံရကိန်းကလည်း ရှိနေလေသည်။

ဗုဒ္ဓက ဒုက္ခပင်လယ်တွင် ကူးခတ်နေသည့် သက်ရှိသတ္တဝါများ အားလုံးအပေါ် ကရုဏာတရားထားသူ ဖြစ်သည်။ သို့သော်... စကားနားမထောင်၊ စည်းကမ်းမလိုက်နာသည့် သူကဲ့သို့ တပည့်များအပေါ်တွင်တော့ သေချာပေါက် အပြစ်ပေး အရေးယူမည် ဖြစ်သည်။

ရဲ့လျိုယွင်က သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"အင်းလေ... အသူရာချောက်ကို အပိုင်သိမ်းပြီး ကျင့်ကြံထား တဲ့ ခင်ဗျားအတွက်တော့ စိတ်မကောင်းစရာပါပဲ..."

တိကျန်ဗောဓိသကျက ပေါ့ပါးသည့်လေသံဖြင့်...

"ကိစ္စတော့ မရှိပါဘူးလေ ၊ ဆန်းလျန်က သက်ရှိသတ္တဝါ အားလုံးရဲ့ အသွင်အပြင်ကို ပြောင်းလဲနေတယ် ၊ ကျုပ်လည်း မင်းနဲ့ပေါင်းပြီး ဝိညာဉ်မြစ်ကို ခမ်းခြောက်အောင် အတော်လေး လုပ်ပေးခဲ့ပြီးပြီပဲ ၊ ဒါနဲ့... ကျုပ်သွားရင် မင်း နောက်ထပ် ဘာတွေလုပ်ဖို့ အစီအစဉ်ရှိသေးလဲ ချင်တိဧကရာဇ်..."

ရဲ့လျိုယွင်က...

"တကယ်တော့ ကျုပ်တို့သဘောတူညီချက်က အစကတည်းက ပျက်စီးသွားပါပြီ ၊ ထာဝရဓားကို ဆန်းချင်းချင်းက ရသွားပြီ လေ ..."

တိကျန်ဗောဓိသကျက...

"အင်း... ကျုပ်လည်း ဗုဒ္ဓ ခြေတော်ရင်းကို ပြန်ရမှာပဲ..."

ရဲ့လျိုယွင်က...

"ခင်ဗျား ကျုပ်ဆီကနေ ထွက်သွားမယ်ဆိုရင် တစ်ခုတော့

သတိပေးလိုက်ချင်တယ် ၊ ထိုက်စန့်လောင်ကျွင်းနဲ့ ဘယ်တော့

မှ ထိပ်တိုက်မတွေ့ပါနဲ့..."

တိကျန်ဗောဓိသကျာက ပြုံးလိုက်ရင်း...

"ထိုက်စန့်လောင်ကျွင်းက သံသရာကိုကျော်လွန်သွားပြီပဲ ၊

ဘယ်လိုလုပ် ကျုပ်နဲ့ တွေ့နိုင်တော့မှာလဲ..."

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း...

"ဒီစကားကိုသာ မှတ်ထားပါ ၊ မဟုတ်ရင် ခင်ဗျားနဲ့ ကျုပ်

ဘယ်တော့မှ ပြန်တွေ့ရမှာ မဟုတ်တော့ဘူး..."

တိကျန်ဗောဓိသကျာက တစ်ခဏမျှ စဉ်းစားနေလိုက်သည်။ ရဲ့

လျိုယွင်၏ စကားက ထူးဆန်းသည်ဟု သတိပြုလိုက်မိသည်။

ထို့ကြောင့် သူက ရဲ့လျိုယွင်ကို ကျေးဇူးတင်စကား ဆိုလိုက်

လေသည်။

"ဒါဖြင့်လည်း ကျုပ်ကို အကြံပေးတဲ့အတွက် ချင်တိဧကရာဇ်ကို ကျေးဇူးတင်ပါတယ် ၊ ကျုပ် ဘုန်းကြီး နှုတ်ဆက်ခဲ့ပါတယ်..."

နှုတ်ဆက်စကားဆိုပြီးသည်နှင့် တိကျန်ဗောဓိသကျသည် လေထဲသို့ ခြေတစ်လှမ်းချင်း လှမ်းတက်သွားပြီး သဲလွန်စမကျန်အောင် ပျောက်ကွယ်သွားလေတော့သည်။

အခန်း (၁၀၁၆) ယွမ်စီထျန်းကျွင်းပြန်ရောက်လာခြင်း

လောကတွင် ဗုဒ္ဓ ပြန်လည်ထွက်ပေါ်လာခဲ့ပြီ ဖြစ်လေသည်။

ဗုဒ္ဓ ပြန်လည်ထွက်ပေါ်လာသည့်သတင်းက တာအိုဆရာသခင်

ထိုက်ယီ "လီကျိချန်" ပြန်လည်ထွက်ပေါ်လာသည့် သတင်း

ထက် လောကကို ဂယက်ရိုက်စေခဲ့သည်။

သုံးလောကနှင့် လမ်းစဉ် (၆)ခုရှိ အဆင့်မြင့်ကျင့်ကြံသူများ

အားလုံး လောကတွင် တာအိုဆရာသခင်ကြီးများ ပြန်လည်

ထွက်ပေါ်လာကြသည်ကို ခံစားလိုက်မိကြလေသည်။

ထို့ပြင် ဗုဒ္ဓပြောလိုက်သည့်...

"အသင်လောက... လောကမှာ ငါဘုရား တစ်ပါးပဲ ရှိတယ်..."

ဆိုသည့် ကြွေးကျော်သံသည် နဂါးငွေ့တန်းတစ်ခုလုံး ပွင့်ထွက်

သွားစေပြီး မိုးကောင်းကင် (၉)ထပ်ထိတိုင် တုန်ခါသွားစေလေ

သည်။

ကောင်းကင်ဘုံနန်းတော်...။

ကျောက်စိမ်းဝိညာဉ်နန်းတော်တည်ရှိရာနေရာတွင် ရုတ်တရက်

အခိုးအငွေ့များ ထွက်ပေါ်လာလေသည်။

ထိုအခိုးအငွေ့များတွင် ခမ်းနားသည့် တန်ခိုးစွမ်းအားများ

ပါဝင်နေပြီး ဗုဒ္ဓ၏ တည်ကြည်သည့်အသံသည် ဤနေရာတွင်

တော့ သိပ်ပြီး ထင်ရှားဟန် မရှိပေ။

ရုတ်တရက်...

အခိုးအငွေ့များက ကျောက်စိမ်းဝိညာဉ်နန်းတော်တစ်ခုလုံးကို

ရစ်ပတ်သွားပြီး နန်းတော်ကြီးတစ်ခုလုံး တုန်လှုပ်ကာ

ပရမ်းပတာ အခြေအနေများ ဖြစ်ပေါ်လာလေသည်။

ထို့နောက်... နန်းတော်ထဲတွင် တံခါးတစ်ချပ် ရုတ်တရက်

ပေါ်လာပြီး တံခါးက ပွင့်လာလေသည်။

တံခါးထဲတွင် မြစ်ရေနှင့်ပင်လယ်ရေများကို တွေ့မြင်ရပြီး

ထူးဆန်းသည့် အခိုးအငွေ့များက တံခါးကို ရုတ်တရက် ဖုံးအုပ်

ထားလိုက်လေသည်။

တံခါးနောက်ကွယ်မှ အသက်ရှူသံတစ်သံထွက်ပေါ်လာပြီး ထို အသက်ရှူသံက အလွန်မှ သဘာဝဆန်လွန်းလှသလို တာအို ကာရံလည်း ညီလှသည်။

ထို့နောက် တံခါးနောက်ကွယ်တွင် ပန်းများပွင့်လန်းလာပြီး သစ်ရွက်လေးများလည်း စိမ်းဆိုလန်းဆန်းလာကြပြန်လေသည်။

နတ်ဘုရားနယ်မြေတစ်ခုအလား လှပလွန်းလှလေသည်။

ဤမြင်ကွင်းကို တွေ့မြင်ရသည့် သာမန်လူတစ်ယောက်ဆိုလျှင် ချက်ချင်းပင် ဟိုင်သန်းအဆင့်သို့ တက်ရောက်သွားမည် ဖြစ်လေသည်။

ဟိုင်သန်းအဆင့် ကျင့်ကြံသူဆိုလျှင်တော့ ချက်ချင်းပင် နတ်ဘုရားတစ်ပါး ဖြစ်သွားပေလိမ့်မည်။

တာအိုဆရာယွိတင်ကတော့ ထိုမြင်ကွင်းကိုကြည့်ပြီး အံ့သြတုန်လှုပ်လျှက် ရှိလေသည်။

တာအိုဆရာယို့တင်တစ်ယောက်တည်းသာ အံ့ဩတုန်လှုပ်ခြင်း မဟုတ်ပေ။

သုံးလောကနှင့် လမ်းစဉ် (၆)ခုမှ နတ်ဘုရားများအားလုံး ကျောက်စိမ်းဝိညာဉ်နန်းတော်မှ အပြောင်းအလဲများကို သတိထားမိကြပြီး အံ့ဩတုန်လှုပ်နေကြခြင်း ဖြစ်လေသည်။

အထူးသဖြင့် ဗုဒ္ဓ၏ ခြေတော်ရင်းတွင်ထိုင်နေကြသည့် ဝန်စူး မယ်တော်နှင့် ဖူရှန်မယ်တော်တို့ ကျောက်စိမ်းဝိညာဉ်နန်းတော် မှ အပြောင်းအလဲများကို ခံစားမိသွားကြပြီး မျက်နှာအမူအရာ များ ပြောင်းလဲသွားကြသည်။

သို့သော်… သူတို့ (၂)ယောက်က စိတ်စွမ်းအားကောင်းသူများ ဖြစ်ကြသည့်အတွက် ချက်ချင်းပင် အမူအရာကို ထိန်းသိမ်း လိုက်ကြပြီး ထူးခြားသည့် အပြုအမူများကို ပြုလုပ်ခြင်း မရှိ ကြပေ။

ကြယ်စင်ကောင်းကင်အလယ်တွင် ချင်းရှီး ရှိနေလေသည်။

သူ၏ ညာဘက်လက်တွင် ရှမ်ဟွမ်စေတီတော်ကို ကိုင်ဆောင်ထားပြီး ဘယ်ဘက်လက်တွင်တော့ ဧကရာဇ်ပေတံကို ကိုင်ထားလေသည်။

သူက ကျောက်စိမ်းဝိညာဉ်နန်းတော်မှ အပြောင်းအလဲများကို ခံစားလိုက်မိသည့်အခါ မျက်လုံးများကို အသာဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ သူ၏ မျက်ဝန်းများမှ ရွှေရောင်အလင်းတန်းများ ဖြာလင်းထွက်ပေါ်လာလေသည်။

ထို့နောက် သူ၏ မျက်ဝန်းများထဲတွင် ကျောက်စိမ်းဝိညာဉ်နန်းတော်၏ ပရမ်းပတာအခြေအနေများကို တွေ့မြင်လိုက်ရပြီး ကျောက်စိမ်းဝိညာဉ်နန်းတော်ထဲတွင် ပွင့်လာသည့်တံခါးကိုလည်း တွေ့မြင်လိုက်ရလေသည်။

သူက တိုးတိတ်သည့် လေသံဖြင့်...

"ငါ ကျောက်စိမ်းဝိညာဉ်နန်းတော်ကို ပြန်ဖို့ အချိန်တန်ပြီ ထင်တယ်..."

....

လူ့လောက ၊ ခုံးတုံ့တောင်...။

ခုံးတုံ့တောင်ပေါ်တွင် ခုံးတုံ့ဂိုဏ်းတည်ရှိလေသည်။

ကွမ်းချန်ကျီသည် တောင်ပေါ်တွင် တပည့်များကို တာအိုတရား သင်ကြားပေးနေရင်း ကောင်းကင်ထက်သို့ ရုတ်တရက် မော့ကြည့်လိုက်လေသည်။

"ကျုပ် ကျောက်စိမ်းဝိညာဉ်နန်းတော်ကိုပြန်ပြီး ယွမ်စီထျန်းကျွင်းနဲ့ တွေ့ဆုံရတော့မယ် ၊ တပည့်တို့ တစ်ချက်မှ မပေါ့လျော့ဘဲ ကျင့်ကြံရင်း နေခဲ့ကြပါ..."

ထို့နောက် မိုးကောင်းကင်တေးသွားသံ ထွက်ပေါ်လာပြီး ကွမ်းချန်ကျီက အင်္ကျီလက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေရာ အဖြူရောင်အလင်းတန်းအဖြစ် ပြောင်းလဲသွားပြီး မိုးကောင်းကင် (၉)ထပ်ဆီသို့ ပျံသန်းထွက်ခွာသွားလေတော့သည်။

နဂါးငွေ့တန်းသည် တိတ်ဆိတ်စွာဖြင့် စီးဆင်းနေလေသည်။

ထိုအချိန် နဂါးငွေ့တန်းကို ဖြတ်ကျော်ပြီး ပုံရိပ်တစ်ခု ကျောက်စိမ်းဝိညာဉ်နန်းတော်ရှိရာသို့ ထွက်ခွာသွားလေသည်။

နဂါးငွေ့တန်း ရေတပ်က ထိုအရိပ်ကို တားဆီးရန်ဟန်ပြင်လိုက်သော်လည်း ဝူကျီးချီက ချက်ချင်းပင် မတားဆီးရန် အမိန့်ပေးလိုက်လေသည်။

ရေတပ်စစ်ဗိုလ်ချုပ် ဝူကျီးချီမှာ တန်ခိုးစွမ်းအားမြင့်မားသည့် နတ်မိစ္ဆာတစ်ပါး ဖြစ်သော်လည်း ကျောက်စိမ်းဝိညာဉ်နန်းတော်၏ အရှင်သခင် ယွမ်စီထျန်းကျွင်းကို တားဆီးရသည်အထိ မိုက်မဲခြင်း မရှိသေးပေ။

ယွမ်စီထျန်းကျွင်း၏ ပုံရိပ်ကို တွေ့မြင်ရသည့်အခါ ဝူကျီးချီ ဆန်းလျန်အကြောင်းကို စဉ်းစားလိုက်မိပြီး ကျောရိုးထဲစိမ့်သွားအောင် ကြောက်ရွံ့တုန်လှုပ်သွားမိသည်။

သူက တိတ်ဆိတ်စွာဖြင့်ပင် ယွမ်စီထျန်းကျွင်းကို ချောင်းကြည့်နေခဲ့လေသည်။

ထိုအချိန်မှာပင်... တုန်လှုပ်နေသည့် ကျောက်စိမ်းဝိညာဉ်နန်းတော်ကြီး တဖြည်းဖြည်း ငြိမ်သက်သွားလေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်ထဲတွင် ထွက်ပေါ်လာသည့် တံခါးက တိမ်တိုက်ပလ္လင်တစ်ခုအဖြစ် တဖြည်းဖြည်း ပြောင်းလဲသွားလေသည်။

တိမ်တိုက်ပလ္လင်ထက်တွင် အလင်းရောင်များက ပရမ်းပတာ ဟိုတစ်စ ဒီတစ်စ တောက်ပနေပြီး ထိုအလင်းရောင်များကြားတွင် တာအိုဆရာတစ်ယောက်၏ ပုံသဏ္ဍာန်က ဖြည်းဖြည်းချင်း ထွက်ပေါ်လာလေသည်။

တာအိုဆရာက အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း မဟုတ်ပေ။

သို့သော်... တစ်လောကလုံးကို ထိန်းချုပ်နိုင်စွမ်းများဖြင့် ပြည့်ဝနေသည့် အငွေ့အသက်များကို ခံစားလိုက်ကြရသည်။

လောကတစ်ခွင်ရှိ တောတောင်ရေမြေများ ၊ ကြယ်စင်များ ၊ အရာအားလုံးသည် ထိုတာအိုဆရာရှေ့တွင် အရေးမပါ ဗလာနတ္ထိပင် ဖြစ်လေသည်။

ထိုတာအိုဆရာသည်ကား...

"ယွိချင်တာအိုဆရာသခင်" ၊ "အံ့မခန်းမြင့်မြတ်သော ခရမ်းရောင်ဝိညာဉ် ကောင်းကင်ဘုံအရှင်" ဟူသော ဘွဲ့ထူးဂုဏ်ထူးများနှင့်ပြည့်စုံသည့် "ယွမ်စီထျန်းကျွင်း" ပင် ဖြစ်လေတော့သည်။

ထိုအချိန်... ကွမ်းချန်ကျီ ၊ ယွိတင်နှင့် ချင်းရှီးတို့အားလုံးမှာ ကျောက်စိမ်းဝိညာဉ်နန်းတော်သို့ ရောက်ရှိနေကြပြီ ဖြစ်လေသည်။

သူတို့ (၃)ယောက်က ယွမ်စီထျန်းကျွင်း၏ ရှေ့ဘက်တွင် ဝါစဉ်အလိုက် နေရာယူထားကြပြီး သူတို့၏ အနောက်ဘက်တွင်တော့ အခြားနတ်ဘုရားများက အစီအရီနေရာယူထားကြသည်။

ကွမ်းချန်ကျီ ၊ ယွိတင်နှင့် ချင်းရှီး တို့မှာ တန်ခိုးစွမ်းအားမြင့်မားလှသည့် ရွှေခန္ဓာအဆင့် နတ်ဘုရား (၃)ပါး ဖြစ်လေသည်။

လောကတွင် သူတို့နှင့်ယှဉ်နိုင်သည့် နတ်ဘုရား အနည်းငယ်မျှသာ ရှိလေသည်။

ယခုတော့ ကြီးကျယ်မြင့်မြတ်လှသည့် ရွှေခန္ဓာအဆင့် နတ်ဘုရားကြီး (၃)ပါးသည် ယွမ်စီထျန်းကျွင်းရှေ့တွင် မခုတ်တတ်သည့်ကြောင်လေးများပမာ ဖြစ်နေကြသည်။

သုံးလောကတွင် အပြောင်မြောက်ဆုံး တန်ခိုးစွမ်းအားကိုပိုင်ဆိုင်လေသူ ချင်းယွမ်မြောင်တောက်အရှင် ယန်ကျန်းမှာ

တော့ ဆန်းလျှန်၏လက်ချက်ဖြင့် ကျဆုံးခဲ့ရပြီဖြစ်လေရာ

ယွမ်စီထျန်းကျွင်းကို တွေ့ဆုံနိုင်ခွင့် မရှိလေတော့ပြီ။

ယွမ်စီထျန်းကျွင်း၏ ဦးခေါင်း အနောက်ဘက်တွင် ရောင်ခြည်

စက်ဝန်းတစ်ခု ထွက်ပေါ်လာလေသည်။

ထိုရောင်ခြည်စက်ဝန်းသည် ဗုဒ္ဓ၏ သံသရာလမ်းမှ

လွတ်မြောက်ရာစက်ဝန်းကဲ့သို့ပင် အဆုံးသတ်လမ်းစဉ်ကို

ပြသသည့် တာအိုမဟာလမ်းစဉ်နှင့် ပြည့်လနက်လျှက် ရှိ

သည်။

ယွမ်စီထျန်းကျွင်းကို လူသားအသွင်ပြောင်းထားသည့် တာအို

တရားဟု တင်စားပြောဆိုမည်ဆိုလျှင် အတိသယဝုတ္တိ

အလင်္ကာ မြောက်မည် မထင်ပေ။

ထိုအချိန်မှာပင်...

ယွမ်စီထျန်းကျွင်းက ကရုဏာတရားဖြင့်ပြည့်နေသည့် မျက်ဝန်းများဖြင့် ခန်းမဆောင်တစ်ခုလုံးကို ဝေ့ကြည့်လိုက်လေသည်။

တပည့်များကတော့ ယွမ်စီထျန်းကျွင်း သူတို့ကို မှတ်မိသိရှိပါဦးမည်လားဟု တွေးတောရင်း စိတ်လှုပ်ရှားနေကြသည်။ ယွမ်စီထျန်းကျွင်း၏ မှတ်မိသိရှိခြင်းကို ခံရမည်ဆိုပါက အလွန်မှ ဂုဏ်ယူစရာကောင်းလှပေလိမ့်မည်။

တာအိုဆရာယွိတင်သည် ယွမ်စီထျန်းကျွင်းနှင့် နှစ်ပေါင်းများစွာကြာအောင် အတူတကွ နေထိုင်ခဲ့သူ ဖြစ်လေသည်။

ယခုတော့ ယွမ်စီထျန်းကျွင်း၏ မျက်ဝန်းအကြည့်များကြောင့် သူ အနည်းငယ် အံ့အားသင့်နေခဲ့လေသည်။ အကြောင်းမှာ... ဆရာဖြစ်သူ ထိုမျှ ကရုဏာတရားနှင့်ပြည့်နေသည်ကို တစ်ခါမှ မတွေ့မြင်ဖူးသောကြောင့် ဖြစ်သည်။

အတိတ်တစ်ချိန်က ကျောက်စိမ်းဝိညာဉ်နန်းတော်ကို အုပ်ချုပ်ရန်အတွက် ယွိတင်ကို ယွမ်စီထျန်းကျွင်းကိုယ်တိုင် တာဝန်ပေးအပ်ခဲ့လေသည်။

ထို့ကြောင့်... ယခုအချိန်တွင် ယွိတင်က အခြားသူများထက် အနည်းငယ် ပိုမိုရဲရင့်နေလေသည်။

ယွိတင်က...

"ဆရာ ... လောကကို ဘာလို့ နောက်တစ်ကြိမ် ပြန်လာရတာလဲ..."

ယွမ်စီထျန်းကျွင်းက...

"ကျုပ်က ရုပ်ခန္ဓာတွေကို ဖန်ဆင်းပြီး စိတ်ဝိညာဉ်တွေကို တည်ဆောက်တယ်၊ ဒါပေမဲ့ အခုတော့ ရုပ်ခန္ဓာတွေပျက်သုဉ်းပြီး စိတ်ဝိညာဉ်တွေ သေဆုံးကုန်ကြတော့မယ်၊ ဒီတော့ လောကကို တစ်ခေါက် ပြန်လာရတာပေါ့..."

ယွမ်စီထျန်းကျွင်း၏ စကားကြောင့် ယှိတင်နှင့်အခြားသူများ မျက်နှာပျက်ကုန်ကြသည်။

ယွမ်စီထျန်းကျွင်း၏ စကားအရဆိုလျှင် မကြာမီ စကြာဝဠာ ပြတ်သုဉ်းသည့် အဆုံးသတ်ကာလရောက်တော့မည်မှာ ထင်ရှားနေပြီ ဖြစ်သည်။

ကွမ်းချန်ကျီက...

"ဆရာ... တပည့်ရဲ့ ကျင့်စဉ်လမ်းက မလွယ်ကူခဲ့ပါဘူး ၊သနား သောအားဖြင့် အဆုံးသတ်ကာလရဲ့ နောက်ဆုံးကပ်ဘေးကြီး ကို ဘယ်လိုကျော်ဖြတ်ရမလဲဆိုတာ သင်ပြပေးစေလိုပါ တယ်..."

ယွမ်စီထျန်းကျွင်းက မည်သည့်စကားမှ ပြန်မပြောခဲ့ပေ။

ကွမ်းချန်ကျီကတော့ အလွန်စိုးရိမ်ပူပန်လျှက် ဆရာဖြစ်သူကို အထပ်ထပ်အခါခါ တောင်းပန်လျှက် ရှိလေသည်။

သူ့အနေဖြင့် ယခုအချိန်ထိ အသက်ရှည်လာအောင် ကျင့်ကြံနိုင်ခဲ့ပြီးမှ ကမ္ဘာပျက်ကိန်းကြုံရသည့်အချိန်တွင် အသက်မသေချင်ပေ။

ဘဝကို တွယ်တာခြင်းတရားကို ကွမ်းချန်ကျီ အဘယ်မှာ စွန့်လွှတ်နိုင်ပါမည်နည်း။

ယခု သူ့ရှေ့တွင် ကယ်တင်နိုင်မည့် ဆရာဖြစ်သူကို ပြန်တွေ့ရပြီဖြစ်သောကြောင့် အရဲစွန့်ပြီး အကြံညာဏ်တောင်းခံရခြင်း ဖြစ်လေသည်။

ယွမ်စီထျန်းကျွင်းက စိတ်မရှည်သည့်ဟန်ဖြင့်...

"ကွမ်းချန်ကျီ... မင်း လာခဲ့..."

ကွမ်းချန်ကျီ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။ သူက ချက်ချင်းပင် ရှေ့သို့လှမ်းသွားလိုက်ပြီး တိမ်တိုက်ပလ္လင်အောက်တွင် ဒူးထောက်လိုက်လေသည်။

ယွမ်စီထျန်းကျွင်းက ကွမ်းချန်ကျီ၏ နဖူးကို လက်ဖြင့်တစ်ချက်ပွတ်သပ်လိုက်သည်။

ထိုအခါ … တန်ခိုးစွမ်းအားတစ်ခု သူ၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည်ကို ကွမ်းချန်ကျီ ခံစားလိုက်ရလေသည်။ ထိုတန်ခိုးစွမ်းအားမှာ ဝူကျီစည်းတံဆိပ်ဟုခေါ်ဆိုသည့် တန်ခိုးစွမ်းအားစည်းတံဆိပ်တစ်ခု ဖြစ်လေ၏။

ဝူကျီစည်းတံဆိပ်၏ လေးနက်မှုက ခန့်မှန်းရခက်ပြီး တန်ခိုးစွမ်းအား အတိမ်အနက်ကို ကွမ်းချန်ကျီပင် သိမြင်နိုင်ခြင်း မရှိပေ။

နောက်ဆုံးတော့ ယွမ်စီထျန်းကျွင်းသည် တပည့်ဖြစ်သူ ကွမ်းချန်ကျီကို ဆုလာဘ်အဖြစ် တန်ခိုးစွမ်းအား ပေးအပ်ခဲ့ပြီဖြစ်သည်။

ယွမ်စီထျန်းကျွင်းက သူ၏လက်ကို ကွမ်းချန်ကျီ၏ နဖူးထက်မှ ရုတ်သိမ်းလိုက်သည်နှင့် ကွမ်းချန်ကျီက နဖူးနှင့်ကြမ်းပြင်ထိသည်အထိ အကြိမ်ကြိမ် ဦးချကန်တော့လိုက်လေသည်။

ယွမ်စီထျန်းကျွင်းက တစ်ချက်ပြုံးလိုက်ရင်း...

"အရှူး..."

ဟု ရေရွတ်လိုက်၏။

ချင်းရှီးမှာလည်း ကွမ်းချန်ကျီ အကျိုးအမြတ်ရသွားသည်ကို တွေ့မြင်လိုက်သည်နှင့် အလျှင်အမြန်ပင် တောင်းပန်လိုက်လေသည်။

"ဆရာ... တပည့်ကိုလည်း သနားပါ..."

ယွမ်စီထျန်းကျွင်းက ကွမ်းချန်ကျီတစ်ယောက်တည်းကို ဘက်လိုက်ခြင်းမဟုတ်ပေ။

သူက လက်ချောင်းများကို ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး ချင်းရှီး၏ နဖူးထက်သို့ တစ်ချက်တောက်လိုက်လေသည်။ ယွမ်စီ

ထျန်းကျွင်း၏ လက်ချောင်းထိပ်မှ ကြည်လင်သည့် အခိုးအငွေ့ တစ်ခု ထွက်ပေါ်လာပြီး ချင်းရှီး၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားလေသည်။

ထိုတန်ခိုးစွမ်းအားမှာ သိုင်းကွက် (၉)ကွက်ပါသည့် လက်ဖဝါး သိုင်းပညာ တစ်ခုဖြစ်လေသည်။

ထိုသိုင်းကွက် (၉)ကွက်တွင် စကြာဝဠာကို ဖွင့်လှစ်နိုင်ခြင်း တန်ခိုးစွမ်းအားများပါဝင်ပြီး အလွန်နက်ရှိုင်းလေသည်။

ချင်းရှီးကျေနပ်သွားသည်။ သူက ဆရာဖြစ်သူကို ကျေးဇူးတင် မိသော်လည်း ကျေးဇူးတင်စကားကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ယွမ်စီထျန်းကျွင်းက ကွမ်းချန်ကျီနှင့် ချင်းရှီးတို့ကို တန်ခိုး စွမ်းအားများ ထည့်သွင်းပေးပြီးသည်နှင့်...

"မင်းတို့ ပြန်ကြတော့… ၊ ကျုပ် (၃)ရက်တိတိ ကျောက်စိမ်း ဝိညာဉ်နန်းတော်ထဲမှာ နေထိုင်မယ် ၊ မင်းတို့လည်း ငြိမ်ငြိမ် သက်သက် ကျင့်ကြံကြပါ…"

ယွမ်စီထျန်းကျွင်းက ထိုသို့ပြောလာသည့်အခါ မည်သူမှ ဆရာ ဖြစ်သူအနားတွင် ထပ်မနေရဲကြတော့ပေ။

ယွမ်စီထျန်းကျွင်းက ကွမ်းချန်ကျီနှင့် ချင်းရှီးတို့ကိုသာ တန်ခိုး စွမ်းအားများ ချီးမြှင့်ခဲ့ပြီး ယွီတင်ကိုတော့ မည်သည့်တန်ခိုး စွမ်းအားမှ ပေးအပ်ခဲ့ခြင်း မရှိပေ။

သို့သော်… ယွီတင်မှာလည်း ဆရာဖြစ်သူကို မတောင်းဆိုဝံ့ပေ။ ဆရာဖြစ်သူသည် အတိတ် ၊ အနာဂတ်နှင့် ပစ္စုပ္ပန် အကြောင်းအရာများအားလုံးကို သိရှိသူဖြစ်သည် မဟုတ်ပါ လား။ ဆရာဖြစ်သူက သူ့ကို တန်ခိုးစွမ်းအားမချီးမြှင့်သည်မှာ သူ့အကြောင်းနှင့်သူ ရှိပေလိမ့်မည်။

တပည့်များအားလုံး ကျောက်စိမ်းဝိညာဉ်နန်းတော်အပြင်ဘက်သို့ ရောက်သည်နှင့် နန်းတော်တံခါးက ပိတ်သွားလေသည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်အပြင်ဘက်တွင်တော့ တိမ်တိုက်များက လင်းလက်နေပြီး နဂါးငွေ့တန်းက ကြည်လင်စွာ စီးဆင်းလျှက် ရှိလေသည်။

ကွမ်းချန်ကျိက...

"ဂိုဏ်းတူညီလေးယွိတင်၊ မင်းက ဘာလို့ ဆရာ့ဆီက တန်ခိုးစွမ်းအားမတောင်းခံရတာလဲ..."

ယွိတင်က မကျေမနပ်ဖြင့်...

"ဆရာ့မှာ သူ့အစီအစဉ်နဲ့သူ ရှိမှာပေါ့၊ အစ်ကိုတို့က ဒီလိုပြောလိုက်တော့ သူက ကျုပ်က ဘာပြန်ပြောရမလဲ..."

ထို့နောက် ယွိတင်က ဒေါသတကြီးဖြင့် ရွှမ်တုတောက်ကျွင်းသင်ပေးထားသည့် ယိချီစန်းချင်တန်ခိုးစွမ်းအားကို ထုတ်ဖော်လိုက်လေသည်။

ကြောက်မက်ဖွယ်ရာ တန်ခိုးစွမ်းအားများ ထွက်ပေါ်လာပြီး ကွမ်းချန်ကျီကို ဖုံးလွှမ်းသွားလေသည်။

ယွိတင်ထံမှ ပြင်းထန်သည့်တန်ခိုးစွမ်းအားများကို ရင်ဆိုင်လိုက်ရသည့်အခါ ကွမ်းချန်ကျီမှာ နောက်သို့ ခြေလှမ်းအနည်းငယ် မသိမသာ ဆုတ်လိုက်မိသည်။

ထိုအချိန်မှာပင် ထူးဆန်းသည့် အဝါရောင်အလင်းတန်းများ သူတို့ (၂)ယောက်ကြားတွင် ထွက်ပေါ်လာလေသည်။

ရောက်လာသူမှာ ချင်းရှီးပင် ဖြစ်လေ၏။

ချင်းရှီးက ပြုံးလိုက်ရင်း...

"ဂိုဏ်းတူအစ်ကို (၂)ယောက် ဘာကိစ္စ ပြဿနာတက်နေကြတာလဲ ၊ ဒါပေမဲ့ ကျုပ် မှတ်မိတာတစ်ခုကတော့ ဘာလို့ ဂိုဏ်းတူအစ်ကို နန်ကျီက ကျောက်စိမ်းဝိညာဉ်နန်းတော်ကို မလာရတာလဲ..."

နန်ကျီနတ်ဘုရား ကျောက်စိမ်းဝိညာဉ်နန်းတော်သို့ မလာသည်မှာ ထူးဆန်းသည်ဟု ယွိတင်နှင့် ကွမ်းချန်ကျီ ခံစားလိုက်ရလေသည်။

နန်ကျီနတ်ဘုရား လူပြန်ဝင်စားသူက ချန်စန်းကေရာဇ် ဖြစ်လေသည်။ သူက လောကရှိ ဧကရာဇ်များအလယ်တွင် ကျော်ကြားသူတစ်ယောက် ဖြစ်သည်။

သူ၏ အဆင့်က ကျန်းပူနတ်ဘုရားထက် အဆင့်မနိမ့်ပေ။

နန်ကျီနတ်ဘုရား မည်သည့်နေရာတွင်ရှိသည်ကို မည်သူမှ မသိရှိနိုင်ပေ။ သူက လျှို့ဝှက်ဆန်းကျယ်သူတစ်ယောက် ဖြစ်လေသည်။

ယခု ယွမ်စီထျန်းကျွင်း လောကတွင် ကိုယ်ထင်ပြသည့်အချိန်တွင် ယွမ်စီထျန်းကျွင်း၏ တပည့်တစ်ယောက်ဖြစ်သည့် နန်ကျီနတ်ဘုရားအနေဖြင့် ဆရာဖြစ်သူကို လာမတွေ့စရာ အကြောင်းမရှိပေ။

သို့သော်... နန်ကျီနတ်ဘုရား ရောက်ရှိလာခဲ့ခြင်း လုံးဝ မရှိခဲ့

ပေ။

နန်ကျီနတ်ဘုရား ၊ တာအိုဆရာယွိတင် ၊ ကွမ်းချန်ကျီ ၊ ချင်းရှီး

တို့ (၄)ယောက်ကို ကြည့်ခြင်းအားဖြင့် ဆရာတစ်ယောက်

အပေါ်တွင် သဘောထားအမျိုးမျိုးထားရှိသည့် တပည့်များ

အကြောင်းကို သိမြင်နိုင်မည် ဖြစ်လေသည်။

အခန်း (၁၀၁၇) စန့်ချင်တာအိုဆရာသခင်နှင့်တွေ့ဆုံခြင်း

ဆရာဖြစ်သူက သူ့ကို တန်ခိုးစွမ်းအား ချီးမြှင့်ခြင်းမရှိ သည့်အတွက် ယွိတင် အနည်းငယ် စိတ်မသက်မသာ ဖြစ်နေခဲ့ သည်။

ပြီးတော့.... သူ သံသယလည်းဝင်နေခဲ့သည်။

ဆရာက ကွမ်းချန်ကျီနှင့် ချင်းရှီးတို့ကို တန်ခိုးစွမ်းအား အသီးသီးပေးခဲ့သော်လည်း သူ့ကိုအဘယ့်ကြောင့်ချန်ထားခဲ့ရ ပါသနည်း။ ဆရာက သူ့ကိုချန်ထားခဲ့သည့်အတွက် ယွိ တင်၏စိတ်ထဲတွင် ပဟေဠိဖြစ်နေလေသည်။

ကွမ်းချန်ကျီနှင့် ချင်းရှီးတို့ကတော့ တန်ခိုးစွမ်းအားများ ရရှိ သွားကြပြီ ဖြစ်သည်။

သူတို့အားလုံး အနည်းငယ် စိတ်ရှုတ်ထွေးနေကြသည့်တိုင် အသေးအဖွဲ့ကိစ္စများကို အရေးစိုက်မနေတော့ဘဲ အသစ်ရရှိ သည့် တန်ခိုးစွမ်းအားများကို အသုံးပြုပြီး ကျင့်ကြံအားထုတ် ရန် စိတ်အားထက်သန် နေခဲ့ကြလေသည်။

စကြာဝဠာပျက်သုဉ်းမည့် အဆုံးသတ်ကပ်ဘေးကြီးက နီးကပ်လာပြီ ဖြစ်သည်။ သူတို့ရရှိထားသည့် တန်ခိုးစွမ်းအားများဖြင့် အဆုံးသတ်ကပ်ဘေးကြီးကို ကျော်ဖြတ်နိုင်ရန် မျှော်လင့်မိကြလေသည်။

ထို့နောက်... ကောင်းကင်ဘုံနန်းတော်တွင် နေစရာ နေရာအသီးသီး ရှာဖွေပြီး တန်ခိုးစွမ်းအားများကို စတင်ကျင့်ကြံရန် ကွမ်းချန်ကျီနှင့် ချင်းရှီးတို့ ထွက်ခွာသွားကြလေတော့သည်။

ကျောက်စိမ်းဝိညာဉ်နန်းတော်အပြင်ဘက်တွင် တာအိုဆရာယွိတင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

တာအိုဆရာယွိတင် အတွေးလွန်နေရာမှ သတိပြန်ဝင်လာလေသည်။ သို့တိုင်အောင်... မကျေမနပ် ခံစားနေရဆဲ ဖြစ်လေ၏။

အမှန်တော့... ရွှေခန္ဓာအဆင့် နတ်ဘုရား (၁၂)ပါးကို ဆရာ့ကိုယ်စား လမ်းညွှန်သင်ပြပေးခဲ့သူမှာ အကြီးဆုံးတပည့် ကွမ်းချန်ကျီ ဖြစ်လေသည်။

ထို့ကြောင့်... ဆရာဖြစ်သူ ယွမ်စီထျန်းကျွင်းပြီးလျှင် ကွမ်းချန်ကျီကို အလေးထားသင့်လေသည်။

ထို့ပြင်... ကွမ်းချန်ကျီသည် ခုံးတို့တောင်တွင်လည်း တာအိုတရားများကို ဆက်လက်သင်ပြပေးနေသူတစ်ယောက် ဖြစ်လေရာ လေးစားစရာကောင်းသူတစ်ယောက်ဟု ဆိုနိုင်လေသည်။

ကွမ်းချန်ကျီသည် ဗုဒ္ဓ၏ ပထမဆုံးတပည့်လည်းဖြစ် ၊ စန့်ချင်တာအိုဆရာသခင်၏ ပထမဆုံး တပည့်လည်းဖြစ်သော သောပေါင်နှင့် အဆင့်အတန်း အတူတူပင် ဖြစ်လေသည်။

ယွိတင် သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။ သူ့ရင်ထဲတွင် ခံစားချက်များဖြင့် ပြည့်နက်နေလေ၏။

ထို့နောက်... သူက ပိတ်ထားသည့် ကျောက်စိမ်းဝိညာဉ်နန်းတော်တံခါးကို တစ်ချက် လှမ်းမျှော်ကြည့်လိုက်လေသည်။

နန်းတော်အတွင်းပိုင်းမှ ပရမ်းပတာလှုပ်ခတ်နေမှုကြီးက

နက်ရှိုင်းလွန်းလှသည်။ သို့သော်... ဆရာဖြစ်သူ မည်သည့်

အတွေးများ တွေးတောနေသည်ကို ယွိတင် မသိရှိနိုင်ခဲ့ပေ။

အမှန်တော့ သူတို့ကဲ့သို့ တပည့်များသည် ဆရာဖြစ်သူအတွက်

အရေးမပါသူများလည်း ဖြစ်ကောင်း ဖြစ်နိုင်လေသည်။

သို့သော်... (၃)ရက်ကြာ၍ ဆရာဖြစ်သူနှင့် ထပ်မံတွေ့ဆုံခွင့်ရ

လျှင်တော့ ယန်ကျန်းကို အသက်ပြန်သွင်းပေးရန် တောင်းဆို

မည်ဟု ယွိတင် ဆုံးဖြတ်ချက်ချလိုက်မိသည်။

တပည့်ဖြစ်သူ ယန်ကျန်းအကြောင်းကို စဉ်းစားမိသည့်အခါ ယွိ

တင်သည် ဆန်းလျန်အပေါ်တွင် အငြိုးအာဃာတများဖြင့်

အမုန်းကြီး မုန်းတီးမိလေတော့သည်။

....

တာအိုဆရာယွိတင်၏ အမုန်းနှင့် အငြိုးအာဃာတများသည်

ဆန်းလျန်အတွက်တော့ လေပြေလေး တိုက်ခတ်နေသည့်

အလားပင် ဖြစ်လေသည်။

ထိုအမုန်းတရားများက ဆန်းလျှန်ကို တစ်စက်လေးပင် ထိခိုက်နာကျင်စေနိုင်ခြင်း မရှိပေ။

ဆန်းလျန်သည် သက်ရှိသတ္တဝါအားလုံး၏ အသွင်အပြင်ကို ပြောင်းလဲနေလေသည်။ ထိုအလုပ်ကိုလုပ်ရင်း လောကရှိ ကိစ္စရပ်များနှင့် လောကီရေးရာ အရာအားလုံးကို သူ့မျက်လုံးထဲတွင် ပိုမိုရှင်းလင်းစွာ သိမြင်လာလေသည်။

ရွှမ်တုတောက်ကျွင်း ၊ တာအိုဆရာယွိတင်တို့ တွေးတောနေသည့် အတွေးများကိုပင် ဆန်းလျန် သိမြင်နေလေသည်။

သို့သော်... ထိုသူများ၏ အတွေးများကို သိရှိရသည့်အတွက် ဆန်းလျန် ဘာအကျိုးမှ မရှိတော့ပေ။

ဆန်းလျန်က လူတစ်ယောက်ဖြစ်သည်ဆိုလျှင် ထိုသူများသည် ပုရွက်ဆိတ်များသာသာပင်ဖြစ်သည်။ လူတစ်ယောက်သည် ပုရွက်ဆိတ်တစ်ကောင်ကို အဘယ်မှာ အလေးထားပါမည်

နည်း။ လူတစ်ယောက်သည် ပုရွက်ဆိတ်တစ်ကောင်နှင့် အဘယ်မှာ ဖက်ပြိုင်ရန်ဖြစ်နေပါဦးမည်နည်း။

ဤအချက်က ရက်စက်ရာကျသော်လည်း အမှန်တရားပင် ဖြစ်လေသည်။

ရှမ်တုတောက်ကျွင်းသည် လောကရှိ ကျင့်ကြံသူများ အားလုံးထဲတွင် ထိပ်တန်းအဆင့် ဖြစ်လေသည်။

သို့သော်... ဆန်းလျန်၏အမြင်တွင်တော့ နည်းနည်း ခွန်အားပိုကြီးသည့် ပုရွက်ဆိတ်ကြီးတစ်ကောင်မျှသာ ဖြစ်သည်။ သူတို့ (၂)ယောက်ကြားမှ အဆင့်အတန်းသည် အလွန်တရာ ကွာခြားခဲ့ပြီ ဖြစ်လေသည်။

ဆန်းလျန်သည် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာရန် အလွန်နီးကပ်နေပြီ ဖြစ်သည်။ မေ့းဖွားလာတော့မည့် သန္ဓေသားကဲ့သို့ ဖြစ်လေသည်။

သူ၏ အမြုတေနှင့် အသိဉာဏ်ပညာက အခြားတာအိုဆရာ

သခင်ကြီးများနှင့် တူညီနေပြီ ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးများက ဒဏ္ဍာရီ ဆန်လွန်းလှသည်။

ဆန်းလျန်သည် နှစ်ပေါင်းအသင်္ချေမက ကျင့်ကြံခဲ့ပြီး

သည့်နောက် နဝမမြောက် တာအိုဆရာသခင်ကြီး ဖြစ်လုနီးပြီ

ဖြစ်သည်။

သို့သော်... စိတ်လှုပ်ရှားခံစားရခြင်း တစ်စက်လေးပင် မရှိပေ။

ဆန်းလျန်သည် လောကရှိ အကြောင်းအရာအားလုံးကို

နားလည်သိမြင်သွားပြီ ဖြစ်သော်လည်း အခြားတာအိုဆရာ

သခင်ကြီး(၈)ပါး ဝင်ရောက်စွက်ဖက်ထားသည့်

အကြောင်းအရာများကိုတော့ နားလည်နိုင်ခြင်း မရှိသေးပေ။

ထိုအရာများကို နားမလည်၍လည်း ဆန်းလျန်ကို ထိခိုက်ခြင်း

မရှိပေ။

ထို့ပြင်... အခြားတာအိုဆရာသခင်ကြီး (၈)ပါးသည်လည်း ဆန်းလျန် နဝမမြောက်တာအိုဆရာသခင်ကြီးအဖြစ် အဆင့် တက်ရောက်တော့မည်ကို ဝင်ရောက်နှောက်ယှက်ရန် အစီအစဉ် ရှိကြဟန် မပေါ်ပေ။

သူတို့က ဆန်းလျန်အောင်မြင်မှုရသည်ကို တိတ်တဆိတ် စောင့်ဆိုင်းနေကြဟန်ပင် ရှိသည်။

ဆန်းလျန် မည်သည့်အချိန် ၊ မည်သည့်နေရာတွင် ရောက်ရှိ နေသည်လဲ သူ့ကိုယ်သူ မခန့်မှန်းနိုင်ပေ။ သူက နေရာတိုင်း ၊ အချိန်တိုင်းတွင် ရှိနေခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ သက်ရှိသတ္တဝါများ ရှိနေသည့် နေရာတိုင်းတွင် ဆန်းလျန်ရှိနေ ခြင်း ဖြစ်နိုင်သည်။

သူက လောက၏ ဖန်ဆင်းရှင်အလား သဘာဝတရားနှင့် တစ်သားတည်းကျနေပြီး သက်ရှိများအားလုံးကို သိရှိနားလည် နေလေသည်။

လူတိုင်း၏ မူလအစသည် ယွမ်စီထျန်းကျွင်း၏ ဖန်ဆင်းခြင်း ဗီဇအလင်းရောင်နှင့် ပြည့်စုံနေလေသည်။

အရာအားလုံးကို ယွမ်စီထျန်းကျွင်းက စတင်ခဲ့ခြင်း ဖြစ်လေသည်။ ထိုသို့ဆိုလျှင် အဆုံးသတ်သည် ဆန်းလျန် ဖြစ်လေမည်လား။

ဆန်းလျန်အတွက်တော့... မိုးနှင့်မြေ၏ ကျယ်ပြန့်မှု ၊ အဆုံးမရှိသည့် စကြာဝဠာနှင့် များပြားလှစွာသော လောက၏ အကြောင်းအရာများသည် ဖုံမှုန့်တစ်စထက် မပိုတော့ပေ။

ထို့ကြောင့် ထိုက်စန့်လောင်ကျွင်းက စကြာဝဠာမဖြစ်တည်မီ တည်ရှိခဲ့သည့် ဖုံမှုန့်အဖြစ် အသွင်ပြောင်းလဲပြခဲ့ခြင်းဖြစ်ဟန်တူလေသည်။

ဆန်းလျန် သက်ရှိသတ္တဝါအားလုံး၏ အသွင်အပြင်ကို ပြောင်းလဲနေခြင်း ပြီးဆုံးလုနီးပါးအချိန်တွင် ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

ဆန်းလျန်၏ တည်ငြိမ်အေးဆေးနေသည့် စိတ်အစဉ်သည်
ချက်ချင်းပင် သတိအနေအထား ဖြစ်သွားလေသည်။
ထိုဓားဝိညာဉ်ကို ဆန်းလျန် သေသေချာချာ မှတ်မိလေသည်။
မိုးနှင့်မြေတွင် တစ်ခုတည်းရှိသည့် ဓားဝိညာဉ် ဖြစ်လေ၏။
ဓားဝိညာဉ်၏အလင်းရောင်က အနီရောင်ဖြစ်သင့်သည်ဟုပင်
ဆန်းလျန် တွေးလိုက်မိသည်။
ထိုဓားဝိညာဉ်ကို မည်သို့ ခေါ်ဆိုသင့်ပါသနည်း။
နတ်ဘုရားဒဏ်ခတ်ဓားလည်း မဟုတ် ၊ နတ်ဘုရား
ထောင်ချောက်ဓားလည်း မဟုတ် ၊ နတ်ဘုရားတန်ခိုးဖျက်ဓား
လည်း မဟုတ် ၊ နတ်ဘုရားသုတ်သင်ဓားလည်း မဟုတ်...။
ထိုဓားဝိညာဉ်ကို ထုန်ထျန်းဓားဝိညာဉ်ဟု ခေါ်သင့်လေသည်။
အကြောင်းမှာ... ထုန်ထျန်းအရှင်သခင် ပြုလုပ်ခဲ့သည့် ဓားတစ်
လက် ဖြစ်နေသောကြောင့် ဖြစ်သည်။

ထိုဓားဝိညာဉ်သည် လောကရှိ အရာအားလုံးကို သုတ်သင်ပစ်နိုင်ပြီး စိတ်ထဲမှ အတွေးများကိုပင် ဖြတ်တောက်နိုင်စွမ်း ရှိလေသည်။

ထိုဓားဝိညာဉ်ကြောင့် ဆန်းလျန် သက်ရှိသတ္တဝါအားလုံး၏ အသွင်အပြင်ကို ပြောင်းလဲနေခြင်းသည်ပင် ခဏတာမျှ ရပ်တန့်သွားခဲ့လေသည်။

သို့သော်... ခဏသာဖြစ်ပြီး ဆန်းလျန်က သူလုပ်နေသည့် အလုပ်ကို ဆက်လုပ်နေလေသည်။

သူက ဓားဝိညာဉ်ကို ကြောက်ရွံ့ခြင်းမရှိဘဲ ဓားဝိညာဉ်ထွက်ပေါ်လာရာနေရာကို စူးစိုက်ကြည့်နေသည်။

ထို့နောက်... ဓားဝိညာဉ်သည် သူနှင့် အလွန်တရာ ရင်းနှီးကျွမ်းဝင်သည့် နတ်ဘုရားတစ်ပါးအသွင်သို့ ပြောင်းလဲသွားလေသည်။

ဆန်းလျန် ကျင့်စဉ်လမ်းသို့ မဝင်ရောက်မီ ငယ်စဉ်အချိန်ကပင် အကြိမ်ပေါင်းများစွာ သူ၏ စိတ်အာရုံထဲတွင် ပုံဖော်ပြီး ကျင့်ကြံခဲ့ဖူးသည့် လင်ပေါင်ထျန်းကျွင်း၏ ပုံရိပ်ပင် ဖြစ်လေသည်။

"စိတ်အာရုံများကိုထိန်းချုပ်နိုင်ခြင်း" စာအုပ်တွင် ပန်းချီရေးဆွဲထားသည့် လင်ပေါင်ထျန်းကျွင်း အစစ်အမှန်၏ ပုံရိပ်ကို တွေ့မြင်နေရခြင်း ဖြစ်သည်။

"ထုန်ထျန်းအရှင်သခင်" ၊ "စန့်ချင်တာအိုဆရာသခင်" ဆိုသည့် ဂုဏ်ပုဒ်များနှင့်ပြည့်စုံသည့် "လင်ပေါင်ထျန်းကျွင်း" ပင် ဖြစ်လေတော့သည်။

ဆန်းလျန်သည် သူ့ဘဝတွင် စန့်ချင်တာအိုဆရာသခင်၏ ကိုယ်ခွဲများနှင့် တိုက်ခိုက်ခဲ့ဖူးလေသည်။

အသူရာချောက်ရှိ အပြာရောင်ခရီးရှည်နန်းတော်တွင်တစ်ကြိမ် ၊ ထုန်ထျန်းမြစ် မြစ်ဖျားခံရာဒေသတွင် တစ်ကြိမ် ဖြစ်လေသည်။

သို့သော်... ယခု သူ့ရှေ့တွင်ရောက်နေသည့် စန့်ချင်တာအိုဆရာသခင်သည် ကိုယ်ခွဲတစ်ခုမဟုတ်ပေ။

တကယ့်အစစ်အမှန် ၊ ကြီးမြတ်သည့် တည်ရှိမှုတစ်ခုဖြစ်သည့် စန့်ချင်တာအိုဆရာသခင် အစစ်အမှန် ဖြစ်လေသည်။

ဆန်းလျန်က...

"နောက်ဆုံးတော့ စန့်ချင်တာအိုဆရာသခင်ကို တွေ့ခွင့်ရပြီပေါ့..."

အတိတ်တစ်ချိန်ကသာ လင်ပေါင်ထျန်းကျွင်း အစစ်အမှန်ကို တွေ့မြင်ရမည်ဆိုလျှင် ဆန်းလျန် အတော်လေး စိတ်လှုပ်ရှားမိမည် ဖြစ်လေသည်။

သို့သော်... ယခုတော့ "တွေ့ခွင့်ရပြီ" ဆိုသည့် ခံစားချက်မှလွဲ ပြီး ဘာမှ မပိုခဲ့ပေ။

စန့်ချင်တာအိုဆရာသခင်၏ မျက်နှာသည် သူ ယခင်က စိတ်ထဲတွင် ပုံဖော်ကြည့်ခဲ့စဉ်ကကဲ့သို့ ဝါးတားတားဖြစ်နေခြင်း မရှိပေ။ အလွန်မှ အသွင်အပြင်က ရှင်းလင်းကြည်လင်နေလေသည်။

သို့သော်... စန့်ချင်တာအိုဆရာသခင်သည် တစ်ကြိမ်မြင်ရုံဖြင့် မှတ်မိလွယ်သည့် အသွင်အပြင်မျိုး မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော်... စန့်ချင်တာအိုဆရာသခင်၏ အသွင်အပြင်သည် လူသားများ၏နှလုံးသားမှ ရောင်ပြန်ဟပ်သည့်အတိုင်း ပြောင်းလဲနေတတ်သောကြောင့် ဖြစ်သည်။

စန့်ချင်တာအိုဆရာသခင်အပေါ် လူသားတစ်ယောက်ထားရှိသည့် ခံယူချက်အတိုင်း အသွင်အပြင်ထင်ဟပ်မည် ဖြစ်လေသည်။

လူသားတစ်ယောက်၏ ခံယူချက်ပြောင်းလဲသွားလျှင် စန့်ချင်တာအိုဆရာသခင်၏ အသွင်အပြင်သည်လည်း ပြောင်းလဲသွားမည် ဖြစ်သည်။

ထို့ကြောင့် အမြဲတမ်း ပုံသေသတ်မှတ်၍ မဖြစ်နိုင်ပေ။

ဤသည်မှာ စန့်ချင်တာအိုဆရာသခင်၏ သဘောသဘာဝပင် ဖြစ်ကြောင်း ဆန်းလျန် ကောင်းကောင်း သိရှိသည်။

ထိုက်ချင်တာအိုဆရာသခင် ထိုက်စန့်လောင်ကျွင်း၏ ထိပ်တန်းအဆင့်ထူးခြားမှုက "မရှိမှု" ဖြစ်လေသည်။

ယွိချင်တာအိုဆရာသခင် ယွမ်စီထျန်းကျွင်း၏ ထိပ်တန်းအဆင့် ထူးခြားမှုက "ယွမ်စီထျန်းကျွင်းသည် သတ္တဝါများအားလုံး၏ မူလအစ" ဖြစ်ခြင်း ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင် လင်ပေါင်ထျန်းကျွင်း၏ ထိပ်တန်းအဆင့် ထူးခြားမှုကတော့ "စဉ်ဆက်မပြတ် ပြောင်းလဲနေခြင်း"

ပင် ဖြစ်လေသည်။ စန့်ချင်တာအိုဆရာသခင်သည် ဖြစ်နိုင်ချေ

များအားလုံးကို ကိုယ်စားပြုသူ ဖြစ်လေ၏။

ထို့ကြောင့် စန့်ချင်တာအိုဆရာသခင်၏ တာအိုတရားသည် "မ

မြဲသောတရား" ကို ကိုယ်စားပြုလေသည်။ မည်သည့်အရာကို

မှ ပုံသေသတ်မှတ်၍ မရနိုင်ပေ။

အဆုံးသတ်ကိုလည်း ကြိုတင်သတ်မှတ်၍ မရသလို အရာ

အားလုံးကိုလည်း အသစ်မှစတင် ပြန်လည် ပြုပြင်ရေးသားနိုင်

လေသည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် စန့်ချင်တာအိုဆရာသခင်၏ တာ

အိုလမ်းစဉ်က ပိုပြီး လောကနှင့် လိုက်လျောညီထွေရှိသည် ၊

သက်ရှိသတ္တဝါများနှင့် ပိုပြီးသင့်တော်သည်ဟု ဆိုနိုင်သည်။

သို့သော်... အမြဲတမ်းပြောင်းလဲနေခြင်းက တစ်ခါတစ်ရံတွင်

တော့ မကောင်းနိုင်ပေ။

စန့်ချင်တာအိုဆရာသခင် အမျက်ဒေါသထွက်ပြီဆိုလျှင်တော့ အရာအားလုံးကို ဖျက်စီးပစ်ရန် ဝန်လေးသူ မဟုတ်ပေ။

ဤအချက်ကို ကြည့်မည်ဆိုလျှင် စန့်ချင်တာအိုဆရာသခင် သည် တာအိုဆရာသခင်ထိုက်ယီနှင့် အတော်လေး ဆင်တူသည်ဟု ဆိုနိုင်လေသည်။

တာအိုဆရာသခင်ကြီးများ၏ တန်ခိုးစွမ်းအားက အတူတူပင် ဖြစ်လေသည်။ သို့သော်... တာအိုလမ်းစဉ်ကတော့ အမှန်ပင် ခြားနားကြသည်။

ယခု ဆန်းလျန်သည်လည်း အခြားတာအိုဆရာသခင်ကြီးများ သည့် မတူညီသည့် လမ်းကြောင်းဖြင့် တာအိုဆရာသခင်ကြီး တစ်ပါးအဖြစ် အဆင့်တက်ရောက်တော့မည် ဖြစ်လေသည်။

ထိုအချက်က အလွန်မှ အံ့သြစရာ ကောင်းလှသည်။

သူ၏ တာအိုဆရားက ဘာဖြစ်မည်လဲဟု ဆန်းလျန် တွေးတော ကြည့်လိုက်မိသည်။

ထိုအကြောင်းကို စဉ်းစားလိုက်မိသည်နှင့် သူက "ရေ" ၏

ဖော်ပြချက်ကိုသာ သတိရမိသည်။ "ရေ" ဆိုသည်က မည်

သည့်အချိန် ၊ မည်သည့်အခြေအနေတွင်မဆို အလိုက်သင့်စီး

ဆင်းဝင်ရောက်နိုင်စွမ်း ရှိလေသည်။

ရေကြီးရေလျှံဖြစ်သည့်အခါ လောကတစ်ခုလုံး ရေများဖြင့် စို

ရွှဲနစ်မြုပ်စေသော်လည်း ရေ၏ သဘောသဘာဝတွင် အဖျက်

တရား မပါဝင်ပေ။

ရေသည် အခြေအနေတစ်ခုမှ ပြန်မလှည့်နိုင်သည့်အခါ အရာ

အားလုံးကို တွန်းထုတ်ပြီး ရေကြီးရေလျှံခြင်းကို ဖြစ်ပေါ်စေရ

ခြင်းသာ ဖြစ်သည်။

သို့သော်... မည်မျှကြီးမားသည့် ရေကြီးရေလျှံမှုဖြစ်လာပါစေ

အသက်ဓာတ်စွမ်းအားများအားလုံးကိုတော့ ပျောက်ကွယ်သွား

သည်အထိ မပြုလုပ်ပေ။

သူဆိုသည့် ဆန်းလျန်က သူ့ရှေ့တွင်ရှိနေသည့် စန့်ချင်တာအို

သခင်ထက် နူးညံ့သိမ်မွေ့သူ ဖြစ်လေသည်။ ဤသည်မှာလည်း

သူ၏ အတွေ့အကြုံနှင့် သက်ဆိုင်လေသည်။

ဆန်းလျန်က တာအိုဆရာသခင်ကြီးများကြားတွင် လူသား

အဆန်ဆုံး တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာပေ

လိမ့်မည်။

ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယီသည်လည်း လူသားဆန်ကြ

သူများ ဖြစ်လေသည်။ သူတို့သည် လူသားဆန်သည့်အတွက်

သာ ဘဝပေါင်းများစွာ လူပြန်ဝင်စားခဲ့ကြခြင်း ဖြစ်သည်

မဟုတ်ပါလား။

အမှန်တော့ တာအိုဆရာသခင်ကြီး (၈)ပါးလုံးသည် မူလနတ်

ဘုရားနှင့် မူလနတ်မိစ္ဆာများ ဖြစ်ကြလေသည်။

လူသားစင်စစ်မှ တာအိုဆရာသခင်ကြီးဖြစ်လာသူဆို၍ ဆန်း

လျန်တစ်ယောက်သာ ရှိမည် ဖြစ်သည်။

ဗုဒ္ဓနှင့် တာအိုဆရာသခင်ထိုက်ယီက ဘဝပေါင်းများစွာ လူပြန်ဝင်စားခဲ့ကြသည့်အတွက် လူသားဆန်ကြသည်ဆိုဦးတော့ သူတို့၏ ဇာစ်မြစ်အစပိုင်းသည် မူလနတ်ဘုရားများသာ ဖြစ်ကြလေသည်။

စန့်ချင်တာအိုဆရာသခင်က စကားတစ်ခွန်းမှ မပြောဘဲ အချိန်ကြာမြင့်စွာ ဆန်းလျန်ကို စိုက်ကြည့်နေခဲ့လေသည်။

အတန်ကြာမှ သူက စကားစပြောလိုက်သည်။

"မင်း အောင်မြင်ခါနီးနေပြီပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ဒါပေါ့..."

ဆန်းလျန် သက်ရှိသတ္တဝါအားလုံး၏ အသွင်အပြင်ကို ပြောင်းလဲနေခြင်း ပြီးဆုံးလုနီးပြီကို စန့်ချင်တာအိုဆရာသခင်က ရည်ရွယ်ပြောဆိုခြင်း ဖြစ်သည်။

စန့်ချင်တာအိုဆရာသခင် ဆန်းလျန်ကို အဘယ့်ကြောင့် လာရောက်တွေ့ဆုံရပါသနည်း။ အကြောင်းတစ်ခုခုတော့ ရှိပေလိမ့်မည်။

သို့သော်... ဆန်းလျန်ကတော့ စိုးရိမ်ပူပန်ခြင်း မရှိပေ။

သူက စန့်ချင်တာအိုဆရာသခင်၏ ရှေ့မှောက်တွင်ပင် တာအိုဆရာသခင်ကြီးတစ်ပါးအဖြစ် အဆင့်တက်ရောက်တော့မည်ဖြစ်လေသည်။

သူ့အနေဖြင့် အရာအားလုံးနှင့် ကင်းရှင်းပြီး လွတ်လပ်စွာရပ်တည်နိုင်တော့မည် ဖြစ်သည်။

ဆန်းလျန်ဆိုသည်မှာ အခြားတာအိုဆရာသခင်ကြီးများ၏အသုံးချခံ နယ်ရုပ်လေးတစ်ရုပ် မဟုတ်တော့ပေ။

ထိုအတွေးများကို နောက်ဆုံးတွေးတောလိုက်ပြီးသည့်နောက်...

ဆန်းလျှန် သက်ရှိသတ္တဝါအားလုံး၏ အသွင်အပြင်ကို

ပြောင်းလဲနေခြင်းအားလုံး ပြီးဆုံးသွားကာ တာအိုဆရာသခင်

ကြီးတစ်ပါးအဖြစ် အဆင့်တက်ရောက်သွားလေတော့သည်။

အခန်း (၁၀၁၈) ထုန်ထျန်းအရှင်ကတိုက်ခိုက်ဖို့စိတ်ဝင်စား

တယ်ဆိုရင်တော့

ဖန်သားကောင်းကင်ဘုံ...။

ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံအရှင်သခင် ချင်းရွှမ်ထျန်းကျွင်းသည် သဲလွန်စမကျန် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

သို့သော်... ထိုနေရာတွင် တိမ်တိုက်တစ်စအလား ဖြူစင်သောအဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် တာအိုဆရာလူငယ်တစ်ယောက် ရောက်နေလေသည်။

ထိုတာအိုဆရာလူငယ်မှာ ဆန်းလျန်ပင်ဖြစ်လေသည်။

ထိုတာအိုဆရာလူငယ်က ကျောက်ရှောင်ယွီ၏ ဝိညာဉ်ကင်းမဲ့နေသည့် ရုပ်အလောင်းကို စိုက်ကြည့်နေလေသည်။

ထိုတာအိုဆရာ၏ မျက်လုံးများက ခံစားချက်ကင်းမဲ့ပြီးဗလာကျင်းနေလေသည်။ ထို့အတူ အထီးကျန်ခြင်းနှင့်လွမ်းဆွတ်တမ်းတခြင်းများကိုလည်း ထိုမျက်ဝန်းများထဲတွင် တွေ့မြင်ရမည် ဖြစ်လေ၏။

ထိုတာအိုဆရာလူငယ်၏ ပတ်ဝန်းကျင်တွင် မယုံကြည်နိုင်စရာ တန်ခိုးစွမ်းအားများ ထွက်ပေါ်နေပြီး သူ့ပတ်ဝန်းကျင် ဗလာနယ်တစ်ခုလုံး ရေများဖြင့် ပြည့်နက်နေသည့်အလား ခံစားရလေသည်။

သေသေချာချာကြည့်မည်ဆိုလျှင် တာအိုဆရာလူငယ်၏ ပတ်ပတ်လည်တွင် လောကပေါင်း (၃၀၀၀) တိတိ လှည့်ပတ်နေသည်ကို တွေ့မြင်နိုင်လေသည်။ ထိုလောကပေါင်း (၃၀၀၀)တွင် ဝမ်းနည်းခြင်းနှင့်ဝမ်းသာခြင်းက တစ်လှည့်စီ ဖြစ်ပေါ်လျှက် ရှိလေသည်။

ထိုတာအိုဆရာမှာ အခြားသူမဟုတ်ပေ။ ဆန်းလျန် ဖြစ်လေသည်။

ယခုတစ်ကြိမ်တွင်တော့ သူ့တွင် သဘာဝဆန်သည့် အငွေ့အသက်များလည်း မရှိတော့သလို မူလဝိညာဉ်ခန္ဓာလည်း မရှိပေ။ ရုပ်ခန္ဓာ သက်သက်မျှသာ ဖြစ်လေသည်။

ဆန်းလျန်၏ ရုပ်ခန္ဓာသည် "မရှိမှု" တစ်ခုအလား အရာအားလုံးကို ဆောင်ယူလက်ခံနိုင်စွမ်း အပြည့်ရှိလေသည်။

ဆန်းလျန်က ကျောက်ရှောင်ယွီ၏ ပါးပြင်လေးကို လက်ဖြင့် အသာအယာ တို့ထိ ပွတ်သပ်လိုက်လေသည်။

ထိုအခါ အသက်ဝိညာဉ်ကင်းမဲ့နေသည့် နတ်သမီးလေးသည် တဖြည်းဖြည်း စတင် ပြောင်းလဲလာလေသည်။

ဗလာနယ်ထဲတွင် ပျံ့ကျဲနေသည့် ကျောက်ရှောင်ယွီ၏ စိတ်ဝိညာဉ်အပိုင်းအစများသည် အသူရာချောက်၏ လမ်းကြောင်း (၆)သွယ်မှတစ်ဆင့် ကျောက်ရှောင်ယွီ၏ ခန္ဓာကိုယ်ထဲသို့ အရှိန်အဟုန်ပြင်းစွာဖြင့် ပြန်လည် ဝင်ရောက်လာလေသည်။

အတိတ်ဘဝ အမှတ်တရာများစွာသည် ရေစီးကြောင်းကဲ့သို့ ကျောက်ရှောင်ယွီ၏ နှလုံးသားထဲသို့ စုရုံးစီးဆင်းလာကြလေသည်။

အတိတ် ၊ အနာဂတ်နှင့် ပစ္စုပ္ပန် ပေါင်းစည်းသွားပြီး ဝိညာဉ်နှင့် ဘဝက တစ်ခုနှင့်တစ်ခု တံဆိပ်ခတ်နှိပ်ထားလိုက်လေသည်။

ကျောက်ရှောင်ယွီ ပြန်လည် ရှင်သန်လာခဲ့ပြီ ဖြစ်လေသည်။

သူမ... မျက်ဝန်းများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်လေသည်။

ကျောက်ရှောင်ယွီ မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် ပထမဆုံး တွေ့မြင်ရသူက ဆန်းလျန် ဖြစ်လေသည်။

ဆန်းလျန်၏ ချောမောသည့် မျက်နှာကို ငေးကြည့်ရင်း သူမ၏ မျက်ဝန်းများထဲတွင် ထောင်ပေါင်းများစွာသော စကားလုံးများ ဖြတ်သန်းသွားလေသည်။

သူမ၏မျက်ဝန်းများသည် နဂါးငွေ့တန်းမှ ရေလှိုင်းများအလား ကြည်လင်စွာဖြင့် လှိုင်းများထလျှက် ရှိလေသည်။

ဆန်းလျန်ကတော့ အပြောင်းအလဲမရှိ တည်ငြိမ်သည့်

မျက်ဝန်းများဖြင့် ကျောက်ရှောင်ယွီကို ကြည့်နေပြီး စကားတစ်

ခွန်းမှ မဆိုဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျောက်ရှောင်ယွီသည် ဆန်းလျန်ကို ငေးကြည့်နေလေသည်။

တဖြည်းဖြည်း... သူမ၏ နူးညံ့သိမ်မွေ့သည့် မျက်ဝန်းများတွင်

ဝမ်းနည်းရိပ်များ ရစ်သိုင်းလာလေသည်။

သူမ အသက်ပြန်ရှင်သန်လာခဲ့သော်လည်း ဆန်းလျန်ကတော့

သူမအပေါ်တွင် ယခင်အချိန်များကဲ့သို့ ခံစားချက် ရှိမနေခဲ့

တော့ပေ။

သူမ ဝမ်းနည်းရမည်လား ၊ ဝမ်းသာရမည်လား ဝေခွဲမရနိုင်ပေ။

သူမက လက်များကို ဆန့်တန်းလိုက်ပြီး ဆန်းလျန်ကို ထိကိုင်

ကြည့်ရန် ကြိုးစားလိုက်လေသည်။ သို့သော်... ဆန်းလျန်၏

ဝတ်ရုံစတစ်စကိုပင် ဆုပ်ကိုင်နိုင်ခြင်းမရှိဘဲ လေကိုသာ ဖမ်း

ဆုပ်လိုက်မိလေသည်။

ဆန်းလျန်သည် သူမရှေ့မှ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ ပါးပြင်ထက်သို့ မျက်ရည်တစ်စ စီးဆင်းကျလာခဲ့လေတော့သည်။

ထိုအချိန်...

သူမ၏ အနောက်ဘက်ဆီမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

သူမ လှည့်ကြည့်လိုက်သည့်အခါ တိမ်တိုက်တစ်စကဲ့သို့ ဖြူစင်သည့် ဝတ်စုံကို ဝတ်ဆင်ထားသော ရဲ့လျိုယွင် မနီးမဝေးတစ်နေရာတွင် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရဲ့လျိုယွင်က တိုးတိတ်သည့် လေသံဖြင့်...

"ဒီလိုမြင်ကွင်းမျိုးကို မြင်ခဲ့ရတာ ဒါ... ဒုတိယအကြိမ်ပဲ..."

ကျောက်ရှောင်ယွီက...

"ပထမအကြိမ်က... ဘယ်သူတွေလဲ..."

ရဲ့လျိုယွင်က သူမကို နက်ရှိုင်းသည့် အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်ပြီး...

"နှီဝါးနတ်သမီးနဲ့ ဖူရှီကေရာဇ်လေ... ၊ သူတို့က လက်ထပ်ခဲ့ကြပေမယ့် နောက်ဆုံးမှာတော့ ဒီလိုပဲ ဝေးကွာခဲ့ကြရတယ်..."

ကျောက်ရှောင်ယွီက တိုးတိတ်သည့် လေသံဖြင့်...

"ဒါဆို နှီဝါးနတ်သမီးက ဝေးကွာဖို့ ဆန္ဒရှိလို့ ဖြစ်ပါလိမ့်မယ်..."

ရဲ့လျိုယွင်က...

"ဝေးကွာဖို့ဆန္ဒရှိတာ မဟုတ်ပါဘူး ၊ နှီဝါးနတ်သမီးက တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်သွားတာကိုး ၊ တာအိုဆရာသခင်ကြီးတစ်ပါးရယ်လို့ ဖြစ်သွားရင် အတ္တဆိုတာ မရှိတော့ဘူး ၊ 'ငါ' ဆိုတာ မရှိတော့ဘူး ၊ သတ္တဝါအားလုံးက သူတို့မျက်လုံးထဲမှာ အတူတူပဲ ဖြစ်သွားပြီလေ..."

ကျောက်ရှောင်ယွီက...

"ဒီလိုဆိုရင် ထာဝရအတူတူပေါ့..."

ရဲ့လျိုယွင်က...

"သူတို့အတွက်တော့ ဟုတ်မှာပေါ့..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ဒါပေမဲ့ ဆန်းလျန်ကတော့ သူများတွေနဲ့ မတူဘူးဆိုတာ

ကျွန်မ ယုံကြည်ပါတယ်..."

ထိုစကားကိုပြောလိုက်သည့်တိုင် သူမကိုကြည့်ရသည်မှာ သိပ်

ပြီးယုံကြည်မှုရှိဟန် မပေါ်ပေ။

ရဲ့လျိုယွင်က ပြုံးလိုက်ရင်း သိမ်မွေ့သည့်လေသံဖြင့်...

"ယုံကြည်နေတာလည်း ကောင်းပါတယ်လေ..."

ကျောက်ရှောင်ယွီက ရဲ့လျိုယွင်ကို ကြည့်နေရင်း စိတ်ထဲတွင်

တစ်စုံတစ်ခု ထူးခြားမှုကို ခံစားလိုက်ရလေသည်။

ရဲ့လျိုယွင်က ချင်တိကေရာဇ်လူပြန်ဝင်စားသူ ဖြစ်လေသည်။

ကျောက်ရှောင်ယွီ၏ အတွေးထဲသို့ အတိတ်ဘဝများမှ

မှတ်ဉာဏ်များကို တဖြည်းဖြည်း မှတ်မိသတိရလာလေသည်။

ချင်တိကေရာဇ်…။

ရဲ့လျိုယွင်သည် အတိတ်ဘဝက သူမ၏ ခမည်းတော်

တော်စပ်သူ ချင်တိကေရာဇ် ဖြစ်နေလေသည်။

သူမသည် ယခင်ဘဝက ချင်တိကေရာဇ်၏ သမီးတော် "ပီရှာ

ကေရီ" ဖြစ်ခဲ့သည် မဟုတ်ပါလား။

*(ပီရှာကေရီ၏ အကြောင်းကို အခန်း (၈၆၆)နှင့် အခန်း

(၈၆၇)တွင် အနည်းငယ်ဖော်ပြခဲ့ဖူးပါသည် - ဘာသာပြန်သူ)

ကျောက်ရှောင်ယွီက…

"ရှင် ဘာကို လိုက်ရှာနေတာလဲ…"

ရဲ့လျိုယွင်က ချက်ချင်းအဖြေမပေးပေ။

သူက တစ်ချက်မျှ စဉ်းစားနေပြီးမှ…

"မပြောတတ်ဘူး ၊ တစ်ခါတလေတော့လည်း သစ်ရွက်ကြွေ

တာနဲ့ ကျုပ်က စိတ်လှုပ်ရှားတတ်တယ် ၊ တစ်ခါတလေကျ

တော့လည်း အသက်ရှင်ရတာ ပင်ပန်းတယ်လို့ ခံစားရတယ် ၊

ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ကျုပ်က အခြားသူတွေ ထက် သေရမှာကို ပိုကြောက်တယ်..."

ထိုစကားမျိုး ကြားရလိမ့်မည်ဟု ကျောက်ရှောင်ယွီ မျှော်လင့်မ ထားမိပေ။

ချင်တိကေရာဇ်က ဖြောင့်မတ်မှန်ကန်သူတစ်ယောက်ဟု သူမ က ယူဆထားခဲ့ပြီး "သေရမည်ကို ကြောက်ရွံ့သူ" ဖြစ်နေမည် ဟု မျှော်လင့်မထားခဲ့ပေ။

ထိုသို့သော စကားမျိုးလည်း ချင်တိကေရာဇ်၏ ပါးစပ်မှ ထွက် လာလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပေ။

လောကတွင် သက်ရှိတိုင်း သေရမည်ကို ကြောက်ရွံ့ကြသည် မှန်သော်လည်း ရဲ့လျိုယွင်က ထိုသို့သောစကားမျိုးပြောသည့် အခါ ကျောက်ရှောင်ယွီ ဘာပြောရမှန်းပင်မသိ ဖြစ်သွားရ သည်။

ကျောက်ရှောင်ယွီ အံ့အားသင့်နေသည်ကိုကြည့်ပြီး ရဲ့လျိုယွင် ပြုံးလိုက်လေသည်။

"ဆန်းလျန်သာဆိုရင် ကျုပ်ကိုနားလည်ပေးနိုင်မှာပါ..."

ကျောက်ရှောင်ယွီ ခေါင်းညိတ်ပြလိုက်လေသည်။

ဆန်းလျန်သည် အမှန်တကယ်ပင် ထိုသို့သော လူစားမျိုး ဖြစ်လေသည်။ သူက လူတိုင်းကို နားလည်ပေးနိုင်ပြီး သူ့ကိုတော့ မည်သူမှ နားလည်နိုင်ခြင်း မရှိကြပေ။

....

ကူးဝေဝေသည် အလှပြင်မှန်တင်ခုံကို ကျောမှီထိုင်ရင်း သူမ၏ နှုတ်ခမ်းများက ပြုံးယောင်သမ်းလျှက် ရှိလေသည်။

ညနေစောင်းအချိန်က... သူမ ဆန်းလျန်နှင့် တွေ့ဆုံခဲ့ရသည် မဟုတ်ပါလား။

ဆန်းလျန်သည် သူမကို အသာဖွဖွ ပွေ့ဖက်ထားခဲ့ပြီး စကား တစ်ခွန်းမှ မဆိုခဲ့ပေ။

သို့သော်... ထိုခဏတွင်းမှာပင်... ဘဝ၏ အလှတရားကို သူမ ခံစားခဲ့ရလေသည်။ သူမ တစ်ဘဝလုံး အသက်ရှင်သန်ခဲ့သမျှ အချိန်များသည် ဆန်းလျန် သူမကို ပွေ့ဖက်ထားသည့် အချိန် တစ်ခဏဖြင့် နှိုင်းယှဉ်၍ မရနိုင်ခဲ့ပေ။

ဖြစ်နိုင်မည်ဆိုလျှင်... ထိုအချိန်လေးကို သူမ ထာဝရ သိမ်းဆည်းထားချင်မိသည်။ သူမ လောဘကြီးရာ ရောက်လေ မည်လား။

ဆန်းလျန်က သူမကို အသာပွေ့ဖက်ထားရင်း သူတို့ (၂)ယောက် ဆည်းဆာရောင်ခြည်ကို နောက်ဆုံး အကြိမ် အတူတူ ကြည့်ခဲ့ကြလေသည်။

ဆည်းဆာရောင်ခြည်၏ နောက်ဆုံးအလင်းတန်း ပျောက်ကွယ် သွားချိန်တွင် ဆန်းလျန်သည်လည်း ပျောက်ကွယ်သွားခဲ့လေ သည်။

ဆန်းလျန်သည် အိပ်မက်ကဲ့သို့ ရောက်လာပြီး တိမ်တိုက်ကဲ့သို့ ထွက်ခွာသွားခဲ့ပြီ ဖြစ်လေသည်။ မည်သည့်နေရာသို့ ဆန်းလျန် ထွက်ခွာသွားသည်ကို မည်သူမှ မသိရှိနိုင်ပေ။

သို့သော်... သူမ ဝမ်းနည်းခြင်း မဖြစ်မိတော့ပေ။

အကြောင်းမှာ... သူမ တစ်ချိန်လုံးမျှော်လင့်ခဲ့သည့် ဆန္ဒတစ်ခုကို ဆန်းလျန်က ဖြည့်ဆည်းပေးသွားသောကြောင့် ဖြစ်လေသည်။

သူမအနေဖြင့် ဆန်းလျန်ကို ထာဝရအဖော်ပြုပေးခွင့် မရလျှင်တောင်မှ တစ်ခဏတာ အဖော်ပြုပေးရခြင်းက လုံလောက်ပါလေ၏။

ဆန်းလျန်က သူမကို စကားတစ်ခွန်းမှ ပြောဆိုသွားခြင်း မရှိသော်လည်း သူမဘဝတွင် အလိုချင်ဆုံး ချစ်ခြင်းမေတ္တာကို ပေးအပ်သွားခဲ့ကြောင်း ကူးဝေဝေ နားလည်ခဲ့လေသည်။

သူမ... ကျေနပ်ခဲ့ပါသည်။

....

အဆုံးမရှိတောက်ပနေသော အလင်းရောင်များအောက်တွင် ဆန်းလျန် လမ်းလျှောက်နေလေသည်။

ယခု... ဆန်းလျန် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ထို့အတူ... သူ အားလုံးအပေါ်တွင် တတ်နိုင်သမျှ တာဝန်ကျေခဲ့သည်ဟု ခံစားရလေသည်။

ဆရာသခင်ကျန်းရှော့ရှီးကို ကျင့်စဉ်များ သင်ပြပေးပြီး ကျေးဇူးဆပ်နိုင်ခဲ့ပြီးပြီ...။

သူ၏ တပည့်ဖြစ်သူ လေ့ကျင်းက ရှင်သန်စေခြင်းကျောင်းတော်ကို သိမ်းပိုက်နိုင်ခဲ့ပြီး ချင်းရွှမ်နတ်တံခါးကို ပြန်လည်တည်ထောင်ကာ တပည့်ဖြစ်သူ ချန်ကျင်းချင်က ချင်းရွှမ်နတ်တံခါး၏ ဂိုဏ်းချုပ် ဖြစ်လာခဲ့ပြီး ဖြစ်သည်။

လေ့ကျင်းနှင့် ဆန်းချင်းချင်းကြားမှ အငြင်းပွားမှု ပြေပျောက်စေရန် ဆန်းလျန်ကိုယ်တိုင် အတိတ်သမိုင်းဆီသို့ ခရီးနှင်ကာ

ချင်းရှမ်တောင်ပေါ်တွင် တာအိုဆရာသခင်ထိုက်ယီနှင့် တွေ့ဆုံခဲ့ပြီး ဆရာဘိုးဘိုးယွမ်ချင်း၏ ကံကြမ္မာကို ပြုပြင်ပြောင်းလဲပေးခဲ့ပြီးပြီ...။

ချင်းရှမ်နတ်တံခါးနှင့် ရှင်သန်စေခြင်းကျောင်းတော်သည် အတူတူပင်ဖြစ်ကြောင်း လောကကို သိမြင်စေခဲ့ပြီးပြီ...။

ဂိုဏ်းတူအစ်မဖြစ်သူ ကူးဝေဝေကိုလည်း သူမဖြစ်စေချင်သည့်ဆန္ဒအတိုင်း ဖြည့်ဆည်းပေးခဲ့ပြီးပြီ ဖြစ်လေသည်။

ဂိုဏ်းတူအစ်ကိုချန်ကျန့်မေ၏ ဘဝအလင်းတန်းကို ယူဆောင်ကာ လူပြန်ဝင်စားစေခဲ့ပြီး ချန်ကျန့်မေကို လူ့လောကအလယ်သို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီးပြီ...။

ကျောက်ရှောင်ယွီကိုလည်း ပြန်လည်အသက်သွင်းပေးခဲ့ပြီးပြီဖြစ်သည်။

အမှန်ဆိုလျှင် ကျောက်ရှောင်ယွီသည် ငရဲလမ်းဓားကို ကိုင်ဆွဲကာ ကမ္ဘာဖျက်ကိန်းကို ဦးဆောင်ရမည့်သူ ဖြစ်လေသည်။

သို့သော်... ထိုအလုပ်ကို ကျောက်ရှောင်ယွီ လုပ်နိုင်မည် မဟုတ်ကြောင်း ဆန်းလျန် သိရှိခဲ့လေသည်။

ဆန်းလျန်ကိုယ်တိုင်လည်း သူမကို ထိုအလုပ် မလုပ်စေချင်မိပေ။

ထို့ကြောင့်... နတ်ဆိုးနယ်မြေတွင် နတ်ဆိုးဘုရင်မ 'ချိ' ကို ဆန်းလျန်ကိုယ်တိုင် ဖန်တီးပေးခဲ့သည်။

နတ်ဆိုးဘုရင်မ 'ချိ' သည် စကြာဝဠာတစ်ခုလုံးပျက်သုဉ်းမည့် ကမ္ဘာပျက်ကိန်း ကပ်ဆိုးကြီးကို ကျောက်ရှောင်ယွီကိုယ်စား ဦးဆောင်သူ ဖြစ်လာပေလိမ့်မည်။

ချန်ကျန့်မေ လူပြန်ဝင်စားသည့် ကူးဝူဝေါ်သည် နတ်ဆိုးဘုရင်မ 'ချိ' ကို တားဆီးနိုင်ပြီး စကြာဝဠာပျက်သုဉ်းခြင်းကို ကာကွယ်ပေးမည့် ကယ်တင်ရှင်ဖြစ်လာမည်ဟု ဆန်းလျန် မျှော်လင့်ခဲ့သည်။

သို့သော်... နတ်ဆိုးဘုရင်မ 'ချီ' နှင့် ကူးဝူဝေါ်၏ တိုက်ပွဲတွင် မည်သူအနိုင်ရမည် ဆိုသည်က ကံတရားပင်ဖြစ်သလို စကြာဝဠာပျက်သုဉ်းမည်လား (သို့မဟုတ်) စကြာဝဠာကို ကယ်တင်နိုင်မည်လားဆိုသည်ကလည်း ကံတရားအတိုင်းပင် ဖြစ်လေသည်။

ဆန်းလျန်သည် သူလုပ်သင့်သည့်အလုပ်များအားလုံးကို အစီအစဉ်တကျ လုပ်ခဲ့ပြီးပြီ ဖြစ်သည့်အတွက် နောက်ပိုင်း ကိစ္စများကို အရေးမစိုက်တော့ပေ။

ဆန်းလျန်သည် လွတ်လပ်ပေါ့ပါးစွာဖြင့် အလင်းရောင်များ အောက်တွင် လမ်းလျှောက်နေလေသည်။

သို့သော်... ပြဿနာက စန့်ချင်တာအိုဆရာသခင်ဖြစ်လေ၏။

ဆန်းလျန် မည်သည့်နေရာသို့သွားပါစေ စန့်ချင်တာအိုဆရာခင်က အနားတွင် ရှိနေလေသည်။

ဆန်းလျန်က အေးဆေးသည့်လေသံဖြင့်...

"ထုန်ထျန်းအရှင်... ဘာလို့ ကျုပ်နောက်ကို လိုက်နေတာလဲ..."

ဆန်းလျန် စန့်ချင်တာအိုဆရာသခင်ကို ကြောက်ရွံ့ခြင်း လုံးဝ မရှိပေ။

ယခု သူတို့က အတူတူပင် တာအိုဆရာသခင်ကြီးများ ဖြစ်နေကြပြီ မဟုတ်ပါလား။

စန့်ချင်တာအိုဆရာသခင်က...

"လုပ်စရာမရှိတော့ဘူးလို့ ထင်သလား..."

အခြားသူဆိုလျှင် ထုန်ထျန်းအရှင် ဤသို့ မေးခွန်းထုတ်မည် မဟုတ်ပေ။

သို့သော်... ဆန်းလျန် ဖြစ်နေသည့်အတွက် မေးခွန်းထုတ်ခြင်း ဖြစ်လေသည်။ ဤသည်မှာ စန့်ချင်တာအိုဆရာသခင်က ဆန်းလျန်အပေါ် အတော်လေး ယဉ်ယဉ်ကျေးကျေး ဆက်ဆံလိုက်ခြင်း ဖြစ်လေ၏။

ထို့ကြောင့် ဆန်းလျန်က တစ်ချက်ပြုံးလိုက်ရင်း...

"ထုန်ထျန်းအရှင်နဲ့ ကျုပ်နဲ့ တိုက်ခိုက်မယ်ဆိုရင် ဘာအဓိပ္ပါယ်မှ မရှိပါဘူး ၊ အရာအားလုံးက မရှိမှုတရား ဖြစ်သွားလိမ့်မယ် ၊ ဒါပေမဲ့ ထုန်ထျန်းအရှင်က တိုက်ခိုက်ဖို့ စိတ်ဝင်စားတယ်ဆိုရင်တော့ ဆန်းလျန် ထုန်ထျန်းအရှင်ကို အဖော်ပြုပေးပါ့မယ်..."

သူတို့ (၂)ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

အချိန်ကာလ တစ်ချက်တုန်လှုပ်သွားပြီး ဆန်းလျန်နှင့် စန့်ချင်တာအိုဆရာသခင်၏ ခြေလှမ်းများအောက်တွင် အချိန်ရေစီးကြောင်း ထွက်ပေါ်လာလေသည်။

ဆန်းလျန်နှင့် စန့်ချင်တာအိုဆရာသခင်သည် အချိန်ရေစီးကြောင်းအတိုင်းလျှင်မြန်စွာသွားလာနေပြီး သူတို့ပတ်ဝန်းကျင်မှ မြင်ကွင်းများက အဆက်မပြတ် ပြောင်းလဲနေလေသည်။

တာအိုဆရာသခင်ကြီး (၂)ပါးသည် အချိန်ရေစီးကြောင်း တစ်လျှောက် ရွေ့လျားနေကြပြီး သူတို့၏ ခန္ဓာကိုယ်များက တည်ငြိမ်နေကြကာ ဘေးမှ ရှုခင်းများက အဆက်မပြတ် ပြောင်းလဲနေကြလေသည်။

နောက်ဆုံးတော့ သူတို့ (၂)ယောက် ကမ္ဘာလောကကြီး မဖြစ်တည်မီ ၊ သမိုင်းမတိုင်မီ ခေတ်ဦးကာလသို့ ရောက်ရှိလာကြလေတော့သည်။

အခန်း (၁၀၁၉) ပင်လယ်ကိုဆူပွက်စေခြင်း

သမိုင်းမတိုင်မီ ခေတ်ဦးကာလ...

လူသားများ မွေးဖွားခြင်း မရှိသေးသည့် ခေတ်ဦးကာလ

ကျယ်ပြန့်သည့် ကုန်းမြေများထက်တွင် တောင်တန်းကြီးများ

က ကြယ်စင်များအလား ကြီးမားကြလေသည်။

သာမန်တောင်ကုန်းငယ်များပင်လျှင် အတော်လေး ကြီးမားကြ

လေ၏။

ထိုခေတ်ထိုအခါက ငှက်များနှင့်သားရဲများက မိုးကောင်းကင်

နတ်ဘုရားများထက်ပင် တန်ခိုးစွမ်းအားမြင့်မားကြသည်။

အဆုံးမရှိသည့် တောင်တန်းများပေါ်တွင် မူလနတ်မိစ္ဆာများနှင့်

မူလနတ်ဘုရားများက သူတစ်လူငါတစ်မင်း အုပ်ဆိုးလျှက် ရှိ

ကြလေသည်။

ထိုခေတ်ကာလကို နဂါးနှင့် ဇာမဏီတို့ အုပ်ဆိုးသည့်ကာလဟု

ခေါ်ဆိုနိုင်လေသည်။

နဂါးနှင့် ဇာမဏီတို့သည် စကြာဝဠာစတင်ဖြစ်တည်ခါစ

ခေတ်ဦးကာလကတည်းက တည်ရှိခဲ့ကြသည့် သတ္တဝါများဖြစ်

ကြသည်။

သူတို့သည် လောက၏ ကံကောင်းခြင်း ၊ အချိန်၏ ချစ်ခြင်း

တရားများကို ဆောင်ယူလာသူများ ဖြစ်လေသည်။

သူတို့၏ တန်ခိုးစွမ်းအားများက တာ့လော်အဆင့်ထက်ပင်

ကျော်လွန်ကြလေသည်။ မယုံကြည်နိုင်စရာကောင်းပြီး

စိတ်ကူးနှင့်ပင် ခန့်မှန်းနိုင်မည် မဟုတ်ပေ။

ဆန်းလျန်က လက်တစ်ဖက်ကို အသာဆန့်တန်းလိုက်လေရာ

ဇာမဏီငှက်တစ်ကောင်က သူ့လက်မောင်းထက်တွင် လာ

ရောက်နားခိုလေသည်။

ထို့နောက် ဇာမဏီငှက်က ဆန်းလျန်၏ ခြေထောက်အောင်သို့

ဝပ်တွားဆင်းသက်သွားပြီး ဆန်းလျန်၏ စီးတော် ဖြစ်လာခဲ့

လေသည်။

စန့်ချင်တာအိုဆရာသခင်၏ အင်္ကျီလက် တစ်ချက်လှုပ်ရှားသွားပြီး ဓားဝိညာဉ်တစ်ခု လက်ခနဲထွက်ပေါ်လာကာ နဂါးသွေးများ စွန်းပေသွားလေသည်။

နတ်နဂါးတစ်ကောင်ကို သတ်ဖြတ်ပြီးသည့်နောက် စန့်ချင်တာအိုဆရာသခင်ထံမှ သတ်ဖြတ်လိုသည့်အငွေ့အသက် အနည်းငယ်ထွက်ပေါ်လာပြီး သူက မျက်တောင်တစ်ချက် ခတ်လိုက်လေသည်။

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်ကြားဖူးတဲ့ ဒဏ္ဍာရီအရဆိုလျှင် သမိုင်းမတိုင်မီ ခေတ်ဦးကာလမှာ တည်ရှိခဲ့ကြတဲ့ နဂါးနဲ့ ဇာမဏီမျိုးနွယ် (၂)ခုလုံး ပျက်စီးသွားကြတယ်တဲ့... ၊ ကြည့်ရတာ ကျုပ်တို့လက်ချက်ဖြစ်မယ်ထင်တယ်..."

စန့်ချင်တာအိုဆရာသခင်က ဆန်းလျန်ကို စကားပြန်မပြောပေ။

ဓားဝိညာဉ်တစ်ချက် လက်ခနဲ တောက်ပသွားပြီး ဆန်းလျန်ကို စတင် တိုက်ခိုက်လိုက်လေသည်။

ဤသည်မှာ စကြာဝဠာအသစ်ပွင့်ပွဲတွင် ပထမဆုံး ထွက်ပေါ်လာသည့် ဓားဝိညာဉ်ပင် ဖြစ်လေတော့သည်။

သမိုင်းမတိုင်မီ ခေတ်ဦးကာလက အလွန်မှ စွမ်းအားကြီးမား လွန်းသည်။ အဆုံးမဲ့ အောင်နိုင်မှုများနှင့်အတူ ဒေါသတရားများကလည်း ပြည့်နှက်လျှက်ရှိသည်။ အစွမ်းထက် သားရဲများလည်း များစွာ ရှိလေသည်။

ထို သမိုင်းမတိုင်မီ ခေတ်ဦးကာလဖြစ်သည့် ပရမ်းပတာကာလ ပျက်စီးသွားပြီးနောက် လူသားများ ဖြစ်တည်လာပြီး လူ့ယဉ်ကျေးမှု စတင်ထွန်းကားလာခဲ့ခြင်း ဖြစ်လေသည်။

လူသားများဖြစ်တည်လာပြီးမှ သမိုင်းစတင်ခဲ့ခြင်း ဖြစ်သည်။

ယခုတော့ ဆန်းလျန်နှင့် စန့်ချင်တာအိုဆရာသခင်၏ တိုက်ပွဲက သမိုင်းမတိုင်မီ ခေတ်ဦးကာလကို ဖျက်စီးပစ်ပြီး လောကအသစ်တစ်ခုကို မွေးဖွားစေတော့မည်ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်၏ ဓားဝိညာဉ်က ထက်ရှနေပြီး မပေါ့ဆသင့်ကြောင်း ဆန်းလျန် သိလိုက်သည်။

ဆန်းလျန်က လက်ညှိုးနှင့်လက်ခလယ် အသုံးပြုကာ ဓားဝိညာဉ်ကို ညှပ်ကိုင်ထားလိုက်လေသည်။

စန့်ချင်တာအိုဆရာသခင်၏ မျက်နှာက မပြောင်းလဲဘဲတည်ကြည်နေဆဲ ဖြစ်သည်။ သူ၏ ဝတ်ရုံက လေထဲတွင် လွင့်ပျံနေလေ၏။

ဆန်းလျန်၏ အပေါ်၊ အောက်၊ ဝဲ၊ ယာ တွင် မရဏဓား (၄)လက် ထွက်ပေါ်လာပြီး ထိုမရဏဓား (၄)လက်ကို မည်သည့်နတ်ဘုရားမှခုခံတွန်းလှန်နိုင်မည် မဟုတ်ပေ။

စန့်ချင်တာအိုဆရာသခင်က သူ၏ ဗီဇဝိညာဉ်မရဏဓား

(၄)လက်ကို အသုံးပြုကာ ဓားထောင်ချောက်တစ်ခု ပြုလုပ်

လိုက်ခြင်း ဖြစ်လေသည်။

ဓားထောင်ချောက်၏ ကြောက်မက်ဖွယ်ရာကောင်းပုံမှာ

စာဖွဲ့၍ပင် မရနိုင်ပေ။

လေထုထဲတွင် လမ်းကြောင်းတစ်ခုဖြစ်ပေါ်လာပြီး နတ်ဘုရား

သုတ်သင်ဓားက ဆန်းလျန်ရှိရာသို့ ဝင်ရောက်လာလေသည်။

စကြာဝဠာတစ်ခုလုံးကိုပင် ဓားအလင်းတန်းက ဖုံးအုပ်သွား

သည်။

နတ်ဘုရားသုတ်သင်ဓားကို ခုခံရန်မှာ မဖြစ်နိုင်ပေ။ သေဖို့သာ

စောင့်ဆိုင်းရပေလိမ့်မည်။

ဆန်းလျန်က လက်ဗလာနှင့် ဖြစ်လေသည်။

ယခင် စန့်ချင်တာအိုဆရာသခင်၏ ကိုယ်ခွဲများနှင့် တိုက်ခိုက်စဉ်ကထက်ပင် ဆန်းလျန်၏ ပုံစံက ပိုပြီး အားနည်းနေဟန် ရှိလေသည်။

သို့သော်... ဆန်းလျန်က ထိတ်လန့်ခြင်း မရှိပေ။

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေရာ မိုးနှင့်မြေတွင် ကြောက်မက်ဖွယ်ရာကောင်းသည့် မိစ္ဆာကြီးတစ်ကောင် ထွက်ပေါ်လာလေသည်။

ထိုမိစ္ဆာကြီးတွင် ဦးခေါင်း (၃)လုံးနှင့် ရှည်လျားသည့် အမြီးကြီး ပါရှိလေသည်။

ဦးခေါင်း (၃)လုံးမှာ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ကို ကိုယ်စားပြုပြီး ရှည်လျားသည့် အမြီးကြီးမှာ အချိန်ရေစီးကြောင်းကို ကိုယ်စားပြုလေသည်။

ဆန်းလျန် ဖန်ဆင်းလိုက်သည့် မိစ္ဆာကြီးသည် သမိုင်းမတိုင်မီ ခေတ်ဦးကာလ နတ်မိစ္ဆာအားလုံးထက် တန်ခိုးစွမ်းအား မြင့်မားလေသည်။

ဆန်းလျန်၏ ဖန်ဆင်းခြင်းက ယွမ်စီထျန်းကျွင်း၏ ဖန်ဆင်းခြင်းထက်ပင် သာလွန်သည်ဟု ဆိုနိုင်လေသည်။

နတ်ဘုရားသုတ်သင်ဓားး၏ ဓားဝိညာဉ်က ကြောက်မက်ဖွယ်ရာ ကောင်းသည်ထက် ကောင်းလာလေသည်။ လောကကြီးတစ်ခုလုံးကို စက္ကူဖြူလေးတစ်စအလား ပိုင်းဖြတ်ပစ်တော့မည့်ကဲ့သို့ ထင်မှတ်ရသည်။

အတန်ကြာသည့်အခါ ဓားဝိညာဉ်များသည် မိုးများရွာသွန်းသည့်အလား ဆန်းလျန်ဖန်ဆင်းထားသည့် မိစ္ဆာကြီး၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာလေသည်။

မိစ္ဆာကြီးပျောက်ကွယ်သွားပြီး ဓားဝိညာဉ်များက ဆန်းလျန်ရှိရာသို့ ရောက်ရှိလာလေသည်။

ဆန်းလျန်က လက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်ပြီး ဓားဝိညာဉ်

များကို ခတ်ထုတ်လိုက်လေသည်။

ရွှေနှင့်သံ ရိုက်ခတ်မိသည့်အလား အသံများထွက်ပေါ်လာပြီး

ဆန်းလျန် နောက်သို့အသာဆုတ်လိုက်သည့်အချိန်တွင် ဆန်း

လျန်၏ ဆံပင်အချို့ ဓားဝိညာဉ်နှင့်ထိမိကာ ကြမ်းတမ်းသည့်

မြေပြင်ထက်သို့ ပြတ်ကျသွားကြလေသည်။

နေရာတိုင်းတွင် အလင်းရောင်များ တောက်ပလာပြီး

ပုန်းအောင်းနေကြသည့် ငှက်များနှင့် သားရဲများကိုပင် တွေ့မြင်

ရလေသည်။

သူတို့မှာ တကယ့်ကပ်ဘေးအန္တရယ်ကြီးကို ခံစားနေကြရပြီး

တုန်လှုပ်ကြောက်ရွံ့လျှက် ရှိကြလေသည်။

ဆန်းလျန်ကတော့ တစ်ချက်ပင် စိတ်လှုပ်ရှားခြင်း မရှိပေ။

ဤ သမိုင်းမတိုင်မီ ခေတ်ဦးကာလ သတ္တဝါများသည်

ဝမ်းနည်းဖွယ်အဆုံးသတ်သွားကြရမည်မှာ ကြိုတင်သတ်မှတ်

ထားသည့် ကံတရားအတိုင်းပင် ဖြစ်လေသည်။

ခေတ်ဦးကာလ ပျက်စီးပြီးမှသာ လောကအသစ်တစ်ခုကို မွေး

ဖွားနိုင်မည် မဟုတ်ပါလား။

တိုက်ပွဲအခြေအနေမှာတော့ စန့်ချင်တာအိုဆရာသခင်က

အဆက်မပြတ် တိုက်စစ်ဆင်နေပြီး ဆန်းလျန်က ခံစစ်ကစား

နေရလေသည်။

ဆန်းလျန်က အဝေးတစ်နေရာမှ ကြီးမားလှသည့် တောင်ကြီး

တစ်လုံးကို ဆွဲနှုတ်ယူငင်လိုက်ပြီး တောင်ကြီးကို လက်နှစ်ဖက်

ဖြင့် ဆုပ်ကိုင်ထားလေသည်။

ထို့နောက် တောင်ကြီးသည် ဆန်းလျန်၏ လက်ထဲတွင် ချွန်

ထက်သည့် ဥက္ကာပျံကြီးတစ်ခုအလား အသွင်ပြောင်းသွားပြီး

စန့်ချင်တာအိုဆရာသခင်ကို ရိုက်ချလိုက်လေတော့သည်။

လေထုတစ်ခုလုံး ကြောက်မက်ဖွယ်ရာ တုန်ခါသွားလေသည်။

ဗီဇဝိညာဉ်မရဏာဓား (၄)လက်သည်ပင် တစ်ချက်တုန်ခါသွား

ပြီး အနောက်သို့ အနည်းငယ် ဆုတ်သွားကြလေသည်။

သို့သော်... နတ်ဘုရားထောင်ချောက်ဓားက ရုတ်တရက်ဝင်

ရောက်လာပြီး ထိုးခုတ်တိုက်ခိုက်လိုက်လေရာ ဆန်းလျန်

ယူဆောင်လိုက်သည့် တောင်မြင့်ကြီးမှာ မော်လီကျူးအမှုန်

လေးများအဖြစ် ပြောင်းလဲသွားလေတော့သည်။

ဆန်းလျန် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

တောင်ကို ဖျက်စီးလိုက်သည့် နတ်ဘုရားထောင်ချောက်ဓား၏

တန်ခိုစွမ်းအားများက အတောမသတ် ထွက်ပေါ်လျှက် ရှိ

သည်။

ဆန်းလျန်က သူ၏ အသက်ရှူသံကို ထုတ်ဖော်လိုက်ပြီး

ရှည်လျားသည့် ရွှေရောင်ကြိုးတစ်ချောင်းဖန်ဆင်းကာ နတ်

ဘုရားထောင်ချောက်ထားကို ချည်နှောက် ပိတ်ဆို့ထားလိုက်လေသည်။

ရွှေရောင်ကြိုးရှည်သည် စန့်ချင်တာအိုဆရာသခင်၏ ဗီဇဝိညာဉ် မရဏာဓား (၄)လက်လုံးကို စုစည်းချည်နှောင်လိုက်ပြီး ရပ်တန့်သွားစေလေသည်။

ဗီဇဝိညာဉ် မရဏာဓား (၄)လက် အလုပ်မဖြစ်တော့သောအခါ စန့်ချင်တာအိုဆရာသခင်က သူ၏ အင်္ကျီလက်ထဲမှ လျှပ်စီးတူကြီးတစ်ချောင်းကို ထုတ်ယူလိုက်လေသည်။

ခရမ်းရောင်လျှပ်စီးများ တောက်ပလင်းလက်လာပြီး ဆန်းလျန်၏ ရွှေကြိုးကို မိုးကြိုးဖြင့် ပစ်ချလိုက်လေသည်။

မိုးကြိုးသံကြီးတစ်ချက် ထွက်ပေါ်လာကာ ဆန်းလျန်၏ ရွှေကြိုးမှာ တစ်စစီ ပျက်စီးသွားပြီး အစိမ်းရောင်ကြာပန်းများအဖြစ် ပြောင်းလဲကာ လေထဲမှ မြေပြင်ထက်သို့ ကျဆင်းသွားလေသည်။

အစိမ်းရောင်ကြာပန်းများဖြင့် ထိမိသည်နှင့် ကြမ်းတမ်းသည့် မြေပြင်ထက်တွင် ကြီးမားသည့် အပေါက်ကြီးများအဖြစ် ပေါက်ကွဲထွက်ပေါ်သွားသည်။

ချက်ချင်းပင် မြေကြီးအောက်မှ မှော်စွမ်းအားများထွက်လာပြီး မြေပြင်တစ်ခုလုံး အနီရောင်သမ်းလျှက် ရှိလေတော့သည်။

ဆန်းလျန်က သူ့ခြေထောက်အောက်မှ ဇာမဏီငှက်လေးကို ကြည့်ပြီး တစ်ချက်ပြုံးလိုက်ရင်း...

"ဇာမဏီငှက်လေး... ကျုပ်ကို ထိုက်ယန်ကြယ်စင်ကြီးဆီ ခေါ် သွားပေးပါ..."

သမိုင်းမတိုင်မီ ခေတ်ဦးကာလတွင် ကောင်းကင်ထက်မှနေမင်း သည် စကြာဝဠာ အစပိုင်းကာလတွင် ပထမဆုံးဖြစ်တည်သည့် ထိုက်ယန်ကြယ်စင်ကြီး ဖြစ်လေသည်။

ဇာမဏီငှက်ငယ်သည် သတိလက်လွတ်ဖြစ်နေလေသည်။

ဆန်းလျန်က သူ၏ တန်ခိုးစွမ်းအားများကို ဇာမဏီငှက်ငယ်

ထံသို့ ထည့်သွင်းပေးလိုက်သည်နှင့် ဇာမဏီငှက်ငယ်သည်

အတောင်များကို လှပစွာ ဖြန့်ကားပြီး နေမင်းကြီးရှိရာသို့

ပျံသန်းထွက်ခွာသွားလေတော့သည်။

ဆန်းလျန်က အဝေးသို့ ပျံသန်းသွားပြီး ကမ္ဘာဦးနေမင်းဆီသို့

ရောက်ရှိသွားလေတော့သည်။

နေမင်းသည် ဒေါသကြီးသည့် နတ်ဘုရားတစ်ပါးအလား အ

ဟုန်းဟုန်တောက်လောင်လျှက် ရှိသည်။

သို့သော်... ဇမဏီငှက်ကလည်း ထိုမီးတောက်များကို

ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ မီးတောက်များအလယ်တွင်

ပျံသန်းနေလေသည်။

အပူရှိန်ကြောင့် ဇာမဏီအမွေးအတောင်များက အနည်းငယ်

မေးမှိန်သွားသည်။

ဇာမဏိငှက်ပျံသန်းထွက်ခွာသွားသည်နှင့် ဗိဇဝိညာဉ် မရဏ ဓား (၄)လက်က ဆန်းလျှန်နောက်မှ ထပ်ကြပ်မကွာ လိုက်လာ လေသည်။

ဆန်းလျှန်က ကမ္ဘာဦးနေမင်း၏ အတွင်းထဲသို့ လက်တစ်ဖက် ထိုးစိုက်လိုက်လေရာ သိပ်မကြာမီ သူ၏ လက်ထဲတွင် မီးဖိုကြီး တစ်လုံး ပါလာလေသည်။

ဆန်းလျှန်သည် ကမ္ဘာဦးနေမင်းဖြစ်သည့် ထိုက်ယန်ကြယ်စင် ကြီး၏ ဗဟိုမဏ္ဍိုင်ဖြင့် နတ်မီးဖိုတစ်ခု ပြုလုပ်ထားခဲ့လေ သည်။ ထိုနတ်မီးဖိုသည် ထိုက်စန့်လောင်ကျွင်း၏ စကြာဝဠာ သုံးမြှောင့်ဆေးအိုးကဲ့သို့ နောက်ပိုင်းတွင် မှော်ဝင်ရတနာ တစ်ပါး ဖြစ်လေသည်။

ထိုနတ်မီးဖိုကို ထိုက်ယန်ကြယ်စင်ကြီးထဲတွင် ဆန်းလျှန် သိမ်းဆည်းထားခဲ့လေသည်။

ယခု ဆန်းလျန်က စန့်ချင်တာအိုဆရာသခင်နှင့် တိုက်ခိုက်ရန် အတွက် ထိုနတ်မီးဖိုကြီးကို ထုတ်ယူအသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

မြင့်မြတ်သည့် နတ်မီးဖိုကြီးက အလွန်မှ ကြီးမားလေသည်။

သို့သော်... ဆန်းလျန်ကတော့ မီးဖိုကြီးကို အသာလေး ကိုင်မြှောက်ထားလေ၏။

အရာအားလုံး၏ မူလအစကဲ့သို့ ထိုနတ်မီးဖိုကြီးက တာအိုမဟာလမ်းစဉ်၏ မူလအစကို ဖွင့်ပြလျှက် ရှိလေသည်။

ဆန်းလျန်က လက်ချောင်းများကို အသာလှုပ်ရှားလိုက်လေရာ နတ်မီးဖိုကြီးသည် ဆန်းလျန်၏ လက်ချောင်းများထက်တွင် မွတ်နေအောင် လည်ပတ်လျှက် မရေမတွက်နိုင်သော တာအိုသင်္ကေတများ ထွက်ပေါ်လာလေသည်။

ထိုတာအိုသင်္ကေတများက နဂါးငွေ့တန်းထက်ပင် ထွန်းလင်းနေလေသည်။

ထို့နောက် နတ်မီးဖိုကြီးသည် လေထဲတွင် လွင့်ပျံသွားပြီး ဗီဇ

ဝိညာဉ် မရဏာဓား (၄)လက်ကို ရိုက်ချလိုက်လေတော့သည်။

ကြီးမားသည့် ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး လေထုတစ်ခု

လုံး တုန်ခါသွားလေသည်။

နတ်မီးဖိုကြီးမှ မီးတောက်များ ငြိမ်းသတ်သွားပြီး နေဝင်

ဆည်းဆာချိန်အလား နတ်မီးဖိုကြီးမှာ ရဲရဲနီလျှက် ရှိလေ၏။

ကမ္ဘာဦးသားရဲမှ ကြောက်ရွံ့တုန်လှုပ်နေကြပြီး တန်ခိုးစွမ်းအား

မြင့်မားသူများရော ၊ တန်ခိုးစွမ်းအားနိမ့်ပါးသူများရော တစ်

ယောက်မှ အပြင်သို့ မထွက်ဝံ့ကြပေ။

မြင့်မြတ်သည့် နတ်မီးဖိုကြီးတွင် ဗီဇဝိညာဉ်မရဏာဓား

(၄)လက်၏ ဓားရာများဖြင့် ပြည့်နက်နေလေသည်။ သို့သော်...

လုံးဝပျက်စီးသွားခြင်း မရှိပေ။

သို့သော်... ပြင်းထန်လှသည့် ရိုက်ခတ်မှုကြောင့် ဆန်းလျှန်၏

နတ်မီးဖိုကြီးက အရှေ့ပင်လယ်ရှိရာသို့ လွင့်စင်ထွက်သွားပြီး

စန့်ချင်တာအိုဆရာသခင်၏ ဗီဇဝိညာဉ်မရဏာစား

(၄)လက်ကတော့ ဇာမဏီနတ်ဘုရားနန်းတော်တည်ရှိရာ အနောက်ဘက်တောင်တန်းများဆီသို့ လွင့်စင်ထွက်သွားလေသည်။

ဆန်းလျန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ဇာမဏီငှက်ငယ်ကို စီးနှင်ကာ အရှေ့ပင်လယ်ဆီသို့ ထွက်ခွာသွားလေတော့သည်။

ဆန်းလျန်သည် ကျယ်ပြန့်သည့် အရှေ့ပင်လယ်ထက်တွင် ရှိနေလေသည်။

ပင်လယ်ရေများက ကြမ်းတမ်းစွာ လှုပ်ခတ်လျှက် ရှိသည်။ သေးငယ်သည့် လှိုင်းလုံးများကပင် မြေကြီးများကို ရိုက်ချိုးတိုက်စားပစ်နိုင်စွမ်းရှိလေသည်။ ထို့ကြောင့် မည်သည့် ငှက်နှင့်သားရဲများမဆို ပင်လယ်ပြင်ထက်မှ ဖြတ်သန်းပြီး မပျံရဲကြပေ။

ဤပင်လယ်ကြီးမှာ သမိုင်းမတိုင်မီ ခေတ်ဦးကာလတွင် နဂါး

များနေထိုင်ရာ အရှေ့ပင်လယ်ဒေသ ဖြစ်လေ၏။

ယနေ့က နဂါးမင်းကြီး၏ အသက် (၁၀၀၀၀)ပြည့် မွေးနေ့ဖြစ်

လေသည်။

ကမ္ဘာတစ်ဝှမ်းမှ နဂါး သားသမီးမြေးမြစ်များအားလုံးက နဂါး

မင်းကြီး၏ မွေးနေ့ကိုကျင်းပဆင်နွှဲရင် အရှေ့ပင်လယ်သို့

ရောက်ရှိနေကြလေသည်။

သမိုင်းမတိုင်မီခေတ်ဦးကာလ နဂါးမျိုးနွယ်စု၏ ကြီးကျယ်

ခမ်းနားသည့် နဂါးနန်းတော်ကြီးသည် ကောင်းကင်ဘုံနန်းတော်

အလား ခမ်းနားကြီးကျယ်လှလေသည်။

နောက်ပိုင်း လူသားများ အုပ်ဆိုးသည့် ခေတ်ကာလသို့ ရောက်

ရှိသည့်အချိန်တွင် နဂါးမျိုးနွယ်များ ကျန်ရှိနေကြသေး

သော်လည်း တကယ်တမ်းတွင် နဂါးများသည် သမိုင်းမတိုင်မီ

ခေတ်ဦးတွင် အုပ်ဆိုးခဲ့သည့် ရှေးဟောင်းမျိုးနွယ်များ ဖြစ်ကြလေသည်။

ဘိုးဘေးနဂါးမင်းကြီးသည် ဟွင့်ယွမ်ဝူကျိအဆင့်တက်ရောက်ရန် အနည်းငယ်သာ လိုတော့သည့် နတ်နဂါးကြီး ဖြစ်လေသည်။

ယွမ်စီထျန်းကျွင်း၏ ဖန်ဆင်းခြင်းကြောင့် လူသားများ ဖြစ်ပေါ်လာပြီးသည့်နောက်ပိုင်း နဂါးမျိုးနွယ်များထဲမှ ဟွင့်ယွမ်ဝူကျိအဆင့်သို့ တက်ရောက်နိုင်သူများ ရှားပါးသွားကြလေသည်။

နောက်ပိုင်းတွင် တာအိုဝါဒ ၊ ဗုဒ္ဓဘာသာများ ထွက်ပေါ်လာပြီး လူသားများအုပ်ဆိုးသည့်ခေတ်ကာလသို့ ရောက်လာသည့်အခါ ဟွင့်ယွမ်ဝူကျိအဆင့် တက်ရောက်နိုင်ကြသူ အများစုမှာ လူသားများသာ ဖြစ်လာကြတော့သည်။

သို့သော်... ဘိုးဘေးနဂါးမင်းကြီးနှင့် ဘိုးဘေးဇာမဏီငှက်တို့

ကတော့ သမိုင်းမတိုင်မီ ခေတ်ဦးကာလတွင် ထိပ်တန်းအဆင့်

တည်ရှိမှုများဖြစ်ကြလေသည်။

ဘိုးဘေးနဂါးမင်းနှင့် ဘိုးဘေးဇာမဏီငှက်တို့ ဒေါသအမျက်

ထွက်ပါက လောကတစ်ခုလုံး သွေးချောင်းစီးသည်ဟု ဒဏ္ဍာရီ

များထဲတွင် ဖော်ပြသည်မှာ မှားယွင်းခြင်း မရှိပေ။

သို့သော်... လက်ရှိအချိန်တွင် ဘိုးဘေးဇာမဏီငှက်ကလည်း

နဂါးမျိုးနွယ်များကို ပြဿနာမရှာဘဲ အေးအေးဆေးဆေး

နေထိုင်ကြသည့်အတွက် ဘိုးဘေးနဂါးမင်းကြီးမှာလည်း

အေးအေးဆေးဆေးဖြင့် ဇိမ်ကျကျ နေနိုင်ခဲ့သည်။

အရှေ့ပင်လယ်ရှိ ဘိုးဘေးနဂါးမင်းကြီးနေထိုင်သည့်နန်းတော်

ကို "သလင်းနန်းတော်" ဟု ခေါ်ဆိုလေသည်။

ဘိုးဘေးနဂါးမင်းကြီးသည် နဂါးဘုရင်ဝတ်စုံကိုဝတ်ဆင်ထား ပြီး သူ၏မျက်လုံးမှ နတ်ဘုရားအလင်းရောင်များ တောက်ပ နေလေသည်။

ရှည်လျားသည့်ဆံနွယ်များကို ရွှေဦးရစ်ဖြင့် ချည်နှောက်ထား ပြီး ဆံနွယ်တို့က ကျောထွက်တွင် ဝဲပျံကျလျှက် ရှိသည်။

ဘိုးဘေးနဂါးမင်းကြီးသည် ကြွက်သားအဖုအထစ်များဖြင့် အလွန်မှ ယောကျ်ားပီသလှသည်။ ဧကရာဇ်တစ်ပါး၏ ဟန်ပန် လည်း အပြည့်အဝ ရှိသူဖြစ်သည်။

အထူးသဖြင့် နဖူးထက်မှ ခရမ်းရောင်ဦးချိုများက သူ၏ မြင့်မြတ်မှုကို ဖော်ပြနေလေသည်။

ဘိုးဘေးနဂါးမင်းကြီး၏ မွေးနေ့ဖြစ်သည့်အတွက် နဂါး နန်းတော်ထဲတွင် မရေမတွက်နိုင်သည့် နတ်သစ်သီးများ ၊ နတ် သြဇာများ ၊ နတ်အရက်များဖြင့် ပြည့်နက်လျှက် ရှိလေသည်။

ထိုအချိန်မှာပင်...

နဂါးနန်းတော်ထဲမှ ရေသတ္တဝါများ ၊ နဂါးမျိုးနွယ်များ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

အကြောင်းမှာ ပင်လယ်ရေများ ရုတ်တရက် လှုပ်ခတ်သွားသောကြောင့် ဖြစ်လေသည်။

ရုတ်တရက်… ဘိုးဘေးနဂါးမင်းကြီးက နဂါးဟိန်းသံကြီးတစ်ချက်ကို ပြုလုပ်လိုက်လေသည်။

အရှေ့ပင်လယ် လှိုင်းများပြင်းထန်လာပြီး မိုးနှင့်လေများကြောက်မက်ဖွယ်ရာ တိုက်ခတ်လာလေ၏။

တစ်ခေတ်တစ်ခါ ကမ္ဘာကြီးကို လွှမ်းမိုးခဲ့သည့် ဘိုးဘေးနဂါးမင်းကြီး၏ မျက်ဝန်းများတွင် ဝမ်းနည်းမှုများနှင့် ပြည့်နက်နေလေသည်။

နဂါးနန်းတော်မှ ရေသတ္တဝါများ ၊ နဂါးမျိုးနွယ်များအားလုံး အံ့သြတုန်လှုပ်သွားကြလေသည်။

နဂါးတစ်ကောင်က…

"နဂါးမင်းကြီး... ဘာကိစ္စများ ဖြစ်တာလဲ..."

ဟု မေးမြန်းလိုက်သည်။

ဘိုးဘေးနဂါး၏ မျက်နှာထက်တွင် ဝမ်းနည်းကြေကွဲသည့်

အမူအရာများ ထင်ဟပ်နေပြီး...

"မိုးကောင်းကင်လမ်းစဉ်က မတရားဘူး ၊ မိုးကောင်းကင်

လမ်းစဉ်က မတရားဘူး ၊ မိုးကောင်းကင်လမ်းစဉ်က မတရား

ဘူး..."

ဘိုးဘေးနဂါးမင်းက (၃)ကြိမ်တိတိ ကြွေးကြော်လိုက်

သော်လည်း အခြားသူများက ဘာဖြစ်မှန်း မသိကြပေ။

ရုတ်တရက်...

နဂါးနန်းတော်ကြီး ပြိုကျသွားလေသည်။

ကြီးမားသည့် နတ်မီးဖိုကြီးတစ်လုံး နဂါးနန်းတော်အတွင်းသို့

ကျရောက်လာသည်ကို အားလုံး တွေ့မြင်လိုက်ကြရလေသည်။

ထိုနတ်မီးဖိုကြီးကို မည်သည့် နဂါးမျိုးနွယ်မှ ရပ်တန့်တားဆီး နိုင်ခြင်း မရှိကြပေ။

ခဏအကြာတွင်တော့... အရှေ့ပင်လယ်ရေများ ဆူပွက်လာ လေတော့သည်။

အခန်း (၁၀၂၀) အဆုံးသတ်တွင်

နဂါးနန်းတော်ကြီး ပြိုကျပျက်စီးသွားလေသည်။

မြင့်မြတ်သောနတ်မီးဖိုကြီးသည် အပျက်အစီးများကြားတွင် ငြိမ်သက်နေပြီး တာအိုမီးတောက်များက အဆက်မပြတ် လောင်ကျွမ်းနေလေသည်။

မီးဒဏ်ကို ခံနိုင်သည့် အစွမ်းထက်နတ်နဂါးများသည်ပင် မီး အပူဒဏ်ကို မခံနိုင်ဘဲ အော်ဟစ်ညည်းညူလျက် ရှိကြသည်။

ခဏအကြာတွင်တော့... "သလင်းနန်းတော်" တစ်ခုလုံး မီးလောင်ပြင်အဖြစ်သို့ ပြောင်းလဲသွားလေတော့သည်။

ဘိုးဘေးနဂါးမင်းကြီးမှာ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို တွေ့မြင်ပြီး နှလုံးသားကွဲကြေကာ သွေးများ အန်ထုတ်လိုက် လေသည်။

မီးလောင်ကျွမ်းကာ နာကျင်ခံစားနေကြရသူများမှာ သူ၏ သား မြေး နဂါးမျိုးနွယ်များ ဖြစ်သည် မဟုတ်ပါလား။

ဘိုးဘေးနဂါးမင်းကြီး နာကျည်းစွာဖြင့် အော်ဟစ်ဟိန်းဟောက်လိုက်လေသည်။ သူ၏ ကြုံးဝါးသံကြီးက လောကတစ်ခုလုံးသို့ ပျံ့နှံ့သွားလေ၏။

နဂါးမင်းကြီး၏ ဟိန်းဟောက်သံကို ကြားရသူတိုင်း နားကွဲလုမတတ် ခံစားရလေသည်။

သို့သော်... နဂါးမင်းကြီး၏ ဟိန်းဟောက်သံကြောင့် မီးထဲတွင်လောင်ကျွမ်းနေသည့် နဂါးမျိုးနွယ် သားမြေးတို့မှာ အားအင်များ ပြည့်ဝလာပြီး အံကိုတင်းတင်းကြိတ်ကာ ပင်လယ်ပြင်မှထွက်ပြေးလွတ်မြောက်သွားကြလေသည်။

သို့သော်... ဘိုးဘေးနဂါးမင်းကြီးမှာတော့ တန်ခိုးစွမ်းအားများကုန်ခမ်းပြီး နေရာတွင်ပင် လဲကျသွားလေသည်။

ထိုအချိန်မှာပင်... ပင်လယ်ထဲတွင် တာအိုကဗျာတစ်ပုဒ်ရွတ်ဆိုသံ ထွက်ပေါ်လာလေသည်။

ကဗျာရွတ်ဖတ်သံက အစပိုင်းတွင် ခပ်တိုးတိုးဖြစ်သော်လည်း တဖြည်းဖြည်းပိုမို ကြည်လင်ပြတ်သားလာသည်။

ထို့နောက် ပင်လယ်ထဲတွင် တောက်လောင်နေသည့် တာအို မီးတောက်များကို ဖြိုခွင်းပြီး လူငယ်တစ်ယောက် လမ်းလျှောက်ထွက်ပေါ်လာလေသည်။

လူငယ်၏ပုံစံက နူးညံ့သိမ်မွေ့ပြီး ချောမောလှပသူ ဖြစ်လေ သည်။ သူ၏ ပခုံးထက်တွင် ဇာမဏီငှက်တစ်ကောင်နားခိုလျှ က် ရှိလေ၏။

သူ၏ မျက်ဝန်းများကတော့ အကန့်အသတ်မရှိ တရားအလင်း ကို သိမြင်နေသည့်အလား အေးဆေးတည်ငြိမ်လျှက် ရှိလေ သည်။

"အရပ် (၁၀)မျက်နှာမှာ အရိပ်ကင်းမဲ့တယ် ၊ လူပြန်ဝင်စားခြင်း လမ်းစဉ် (၆)ခုလည်း ပျောက်ကွယ်နေတယ် ၊ သုံးလောက

ကနေ ထွက်ခွာမယ်မယ်ဆိုရင် ဒြပ်စင် (၅)ပါးက ကင်းလွတ်မှ ဖြစ်နိုင်မယ်..."

တာအိုကဗျာရွတ်ဖတ်သံဆုံးသွားသည်နှင့် လူငယ်က ဘိုးဘေး နဂါးမင်းကြီးကို ဦးညွှတ်အရိုအသေပေးလိုက်ရင်း...

"ဘိုးဘေးနဂါးမင်းကြီး... ကျုပ်က တာအိုဆရာသခင် ချင်းရွှမ် ဖြစ်ပါတယ်..."

ဆန်းလျန်က ထိပ်တန်းအဆင့် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်နေပြီ ဖြစ်လေသည်။

သို့သော်... တာအိုတရားကို နားလည်သည့် မူလနတ်ဘုရားများ နှင့် မူလနတ်မိစ္ဆာများအပေါ်တွင် လေးစားမှု အမြဲရှိလေသည်။

နဂါးမင်းကြီးနှင့် တွေ့ဆုံခွင့်ရသည့်အချိန်က အချိန်ကောင်း မဟုတ်သည်မှာ ကံဆိုးခြင်းပင်ဖြစ်သည်။

ဘိုးဘေးနဂါးမင်းကြီးက တန်ခိုးစွမ်းအားနှင့် ပြည့်ဝသလို အသိဉာဏ်ပညာနှင့် ပြည့်ဝသူလည်း ဖြစ်လေသည်။

နဂါးမင်းကြီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"တာအိုဆရာသခင်ကြီးက ဘာကိစ္စများရှိလို့ ရောက်လာရတာလဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"လုပ်စရာတော့ မရှိပါဘူး ၊ ဒါပေမဲ့ နဂါးအမြုတေ လိုချင်လို့ပါ..."

ဘိုးဘေးနဂါးမင်း တုန်လှုပ်ထိတ်လန့်သွားသည်။

သို့သော်... တာအိုဆရာသခင်ကြီးတစ်ပါးလိုချင်သည့် ပစ္စည်းကို မပေး၍လည်း မဖြစ်ပေ။

ကံဆိုးခြင်းနှင့် ကံကောင်းခြင်း တစ်ပြိုင်တည်းရောက်လာလေပြီဟု နားလည်လိုက်ပြီး ဘိုးဘေးနဂါးမင်းကြီးက စိတ်မကောင်းစွာ တစ်ချက် ပြုံးလိုက်လေသည်။

"တာအိုဆရာသခင်ကြီးလိုချင်တဲ့အရာကို ကျုပ် ဘယ်မှာငြင်းဆန်ဝံ့ပါ့မလဲ ၊ ကျုပ်ရဲ့ ကျင့်ကြံခြင်းအဆင့်က တာအို

ဆရာသခင်ကြီးနဲ့ ယှဉ်လိုက်ရင် နည်းနည်းလေးပဲ မဟုတ်လား..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"တာအိုရောင်းရင်းရဲ့ လက်ချက်နဲ့ သေခဲ့ကြတဲ့ နတ်ဘုရားတွေ ၊ နတ်မိစ္ဆာတွေလည်း ဒီလိုပဲ တွေးကောင်းတွေးခဲ့ကြမယ် ထင်ပါတယ်..."

လူငယ်က ပြုံးနေသော်လည်း ဘိုးဘေးနဂါးမင်းကြီးမှာတော့ ကျောရိုးတစ်လျှောက် အေးစိမ့်သွားသည်အထိ ထိတ်လန့်သွားလေသည်။

နောက်ဆုံးတော့ အရှိန်အဝါ ကြီးမားလွန်းလှသည့် ဘိုးဘေးနဂါးမင်းကြီးသည် ခြေချောင်း (၉)ချောင်းပါရှိသည့် နဂါးကြီးတစ်ကောင်အဖြစ် အသွင်ပြောင်းလိုက်လေသည်။

သူ၏ နဂါးအမြီးကြီးသည် လောကကြီးတစ်ခုလုံးကိုပင် ဖောက်ထိုးလှန်ပစ်နိုင်သည့်အလား ကြီးမားလှသည်။

ထို့နောက်... နဂါးမင်းကြီးသည် အဆုံးမရှိလောင်ကျွမ်းနေသည့် နတ်မီးဖိုကြီးအတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

နဂါးဟိန်းသံကြီးတစ်သံထွက်ပေါ်လာပြီး နတ်မီးဖိုကြီးထဲမှ အလွန်ကောင်းမွန်ပြီး အနှစ်သာရပြည့်ဝသည့် နဂါးအမြုတေ ထွက်ပေါ်လာလေသည်။

ဘိုးဘေးနဂါးမင်းကြီး နတ်ရွာစံသွားသည့်အခါ ကောင်းကင် တစ်ခွင်နှင့် မြေကြီးတစ်ခွင်ရှိ နဂါးမျိုးနွယ်များအားလုံး ဝမ်းနည်းနာကျင်စွာဖြင့် အော်ဟစ်လိုက်ကြပြီး မျက်ရည်များ စီးဆင်းကျလာကြလေသည်။

နဂါးများသည် မိုးရွာသွန်းစေသည့် နတ်ဘုရားများ ဖြစ်ကြလေ ရာ သူတို့၏ ငိုကြွေးမြည်တမ်းခြင်းများက သည်းထန်သည့်မိုး များကို ရွာသွန်းစေလေသည်။

မိုးရေချိန်အလွန်များပြားပြီး သမိုင်းမတိုင်မီ ခေတ်ဦးကာလကို ဖျက်စီးဆေးကြောပစ်သည့် ကမ္ဘာဖျက်မိုးကြီး ရွာသွန်းခြင်းပင် ဖြစ်လေတော့သည်။

ဤ ကမ္ဘာဖျက်မိုးသည် ရွာသွန်းရမည့် မိုးတစ်ခုသာဖြစ်ပြီး အချို့သောသတ္တဝါများ သေဆုံးကြကာ အချို့သောသတ္တဝါများ ကျန်ရစ်ကြမည် ဖြစ်လေသည်။

ထို့နောက်တွင်တော့… ယွမ်စီထျန်းကျှင်း၏ ဖန်ဆင်းခြင်းတရားငြိမ့် လူသားများ မွေးဖွားဖြစ်တည်လာပေလိမ့်မည်။

တာအိုဆရာသခင်ကြီးများသာလျှင် ထိုအဖြစ်အပျက်များကို နားလည်နိုင်ကြမည်ဖြစ်ပြီး အခြားသူများ နားလည်နိုင်ကြမည် မဟုတ်ပေ။

ဆန်းလျန်က နတ်မီးဖိုကြီးအတွင်းမှ နဂါးအမြုတေကို ယူလိုက်လေသည်။ ဘိုးဘေးနဂါးမင်းကြီးမှ ပြောင်းလဲသွားသည့် နဂါးအမြုတေက အလွန်မှ သန့်စင်လှလေသည်။

ဆန်းလျှန်က အကျႋလက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေရာ နတ်မီးဖိုကြီးက တဖြည်းဖြည်းကျုံ့ဝင်သွားပြီး သူ၏ အကျႋလက်အတွင်းသို့ ဝင်ရောက်သွားလေသည်။

စန့်ချင်တာအိုဆရာသခင်ကတော့ အနောက်ဘက်ဒေသရှိ တောင်တန်းများဆီသို့ ရောက်ရှိနေလေသည်။

ထိုနေရာသည် ဇာမဏီနတ်ဘုရားနန်းတော်တည်ရှိရာ မီးတောင်ဒေသ ဖြစ်လေသည်။

တောင်တန်းများက မြင့်မားပြီး သစ်ပင်များက စိမ်းလန်းစိုပြေလျှက် ရှိလေသည်။ ထိုသစ်ပင်များတွင် ဇာမဏီငှက်မျိုးနွယ်ပေါင်းများစွာ နေထိုင်ကြလေသည်။

အလွန်တရာ လှပသည့် ဒေါင်းစိမ်းတစ်ကောင်က ကောင်းကင်ထက်တွင် ပျံသန်းနေပြီး ဒေါင်းစိမ်းကို တွေ့မြင်သည်နှင့် အခြားသောဇာမဏီငှက်များက လေးစားသမှုဖြင့် ညင်သာစွာရှောင်တိမ်းသွားကြလေသည်။

ရုတ်တရက်… ဒေါင်းစိမ်းက ပျံသန်းခြင်းကို ရပ်တန့်လိုက်လေသည်။

အကြောင်းမှာ… သူ့ရှေ့တွင် လူတစ်ယောက် ရှိနေသောကြောင့်ဖြစ်လေ၏။ ဒေါင်းစိမ်းရှေ့တွင် ရပ်နေသူက စန့်ချင်တာအိုဆရာသခင်ပင် ဖြစ်သည်။

စန့်ချင်တာအိုဆရာသခင်က ဒေါင်းစိမ်းကို တစ်ချက်ကြည့်လိုက်ပြီး…

"မင်း ကျုပ်ကို ဆရာအဖြစ် ကိုးကွယ်ချင်သလား…"

ဒေါင်းစိမ်း၏ မျက်လုံးများထဲတွင် စိတ်ရှုတ်ထွေးသည့်အမူအရာများ ထင်ဟပ်လာလေသည်။

သူ့ရှေ့မှလူ မည်သူဖြစ်သည်ကို သိရှိခြင်းမရှိပေ။ သို့သော်… သူကဲ့သို့ မြင့်မြတ်လှသည့် ဘိုးဘေးဇာမဏီငှက်၏ သားတော်ကို မည်သူက ရာရာစစ တပည့်အဖြစ် မွေးချင်ရပါသနည်း။

ဒေါင်းစိမ်းက ခေါင်းခါရမ်းလိုက်ပြီး အေးစက်သည့်အကြည့်

ဖြင့် စန့်ချင်တာအိုဆရာသခင်ကို ကြည့်လိုက်သည်။

ထိုက်စန့်တာအိုဆရာသခင်က...

"မင်း နောင်တရလိမ့်မယ်..."

ဒေါင်းစိမ်းမှာ စန့်ချင်တာအိုဆရာသခင်၏ စကားကို နားမ

လည်ဘဲ စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေလေသည်။

ဒေါင်းစိမ်းသည် စန့်ချင်တာအိုဆရာသခင်၏ ပထမဆုံး

တပည့်ဖြစ်လာမည့် အခွင့်အရေးကို ငြင်းပယ်လိုက်

သည့်အတွက် နောင်တစ်ချိန်တွင် စန့်ချင်တာအိုဆရာသခင်၏

ပထမဆုံးတပည့် တာအိုဆရာသောပေါင်ကို အရှုံးပေးခဲ့ရလေ

သည်။

ဒေါင်းစိမ်းသည် ကောင်းမွန်သည့် အခွင့်အရေးတစ်ခု ရရှိခဲ့

သော်လည်း လွဲချော်ခဲ့ရပြီ ဖြစ်သည်။

ထို့နောက် စန့်ချင်တာအိုဆရာသခင်က ရှေ့သို့ ခြေတစ်လှမ်းလှမ်းလိုက်ပြီး ဇာမဏီနတ်ဘုရားနန်းတော်အတွင်းသို့ ဝင်ရောက်သွားလေသည်။

ဇာမဏီနတ်ဘုရားနန်းတော်ထဲတွင် ဘိုးဘေးဇာမဏီငှက် ရှိနေလေသည်။

သူမက စန့်ချင်တာအိုဆရာသခင်ကို အစောကြီးကတည်းက စောင့်မျှော်နေခဲ့ဟန် ရှိလေသည်။

သူမက မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ကျွန်မရဲ့သားက ကံကောင်းခဲ့ပါတယ်..."

စန့်ချင်တာအိုဆရာသခင်က...

"ဇာမဏီငှက်တွေကအရည်အချင်းရှိတယ် ၊ ဇာမဏီငှက်တွေအပေါ်မှာ ကျုပ်ရဲ့ ဗီဇဝိညာဉ်မရဏာဓား (၄)လက် ဘယ်တော့မှ ကျရောက်မှာမဟုတ်ဘူး..."

ဘိုးဘေးဇာမဏီငှက်ကို ကြည့်ရသည်မှာ စိတ်ရှုပ်ထွေးနေဟန် ရှိလေသည်။

သို့သော်... ဤနေ့သည် သူမဘဝ အဆုံးသတ်ရမည့်နေ့ ဖြစ်သည်ကိုလည်း သူမ သိရှိထားလေသည်။

သူမသည် ထာဝရအသက်ရှင်သန်ခြင်းတရားဖြင့် မွေးဖွားလာသူ ဖြစ်လေသည်။ သို့သော်... စန့်ချင်တာအိုဆရာသခင်၏ ဗီဇဝိညာဉ်မရဏာဓား (၄)လက်ကို ရင်ဆိုင်ရလျှင် သူမ၏ တန်ခိုးစွမ်းအားများသည်လည်း အရာထင်မည် မဟုတ်ပေ။

ဗီဇဝိညာဉ်မရဏာဓား (၄)လက်တွင် သတ်ဖြတ်လိုသည့် မရဏာစွမ်းအားများသာရှိပြီး အခြားမည်သည့်စွမ်းအားမှ မရှိပေ။

မရဏာဓား (၄)လက်သည် သက်ရှိအားလုံးကို သုတ်သင်ပစ်မည်ဖြစ်ပြီး သတ်စရာမရှိတော့မှသာ ရပ်တန့်သွားမည် ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးများမှလွဲပြီး မည်သူမှ ထို မရဏာဓား

(၄)လက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

ဘိုးဘေးဇာမဏီငှက်က သက်ပြင်းချလိုက်ပြီး...

"နိဗ္ဗာနမီးတောက်ကို စန့်ချင်တာအိုဆရာသခင်ကို ပေးအပ်ပါ့

မယ်..."

ထို့နောက် ဘိုးဘေးဇာမဏီငှက်၏ ခန္ဓာကိုယ် လောင်ကျွမ်း

သွားပြီး မီးတောက်တစ်ခု ထွက်ပေါ်လာလေသည်။

ထိုမီးတောက်မှာ ဇာမဏီငှက်ပြန်လည်မွေးဖွားရာ

မိုးကောင်းကင်မီးတောက်ဟု ခေါ်ဆိုသည့် နိဗ္ဗာနမီးတောက်ပင်

ဖြစ်လေသည်။

စန့်ချင်တာအိုဆရာသခင်က...

"ကျုပ် ဒီ နိဗ္ဗာနမီးတောက်ကို လက်ခံပါ့မယ် ၊ အနာဂတ်မှာ

ကျုပ်တပည့် သောပေါင် ဒီမီးတောက်ကို လက်ခံရရှိပြီးရင်

မင်းရဲ့သားတော်ကို အသက်မသေစေဘဲ ရှင်သန်ခွင့်ပေးပါ့မယ်..."

တာအိုဆရာသခင်ကြီး (၂)ပါးဖြစ်သည့် ဆန်းလျန်နှင့် စန့်ချင်တာအိုဆရာသခင်တို့သည် မူရင်းအချိန်ကာလမှ ခွဲခွာပြီး သမိုင်းမတိုင်မီ ခေတ်ဦးကို ဖျက်စီးခဲ့ကြလေသည်။ ဤသည်မှာ အတိတ်နှင့်အနာဂတ် အကြောင်းအကျိုးကို ပြန်လည်ပေါင်းစည်းရန်အတွက် အမှန်တကယ်လိုအပ်သည့် အလုပ်တစ်ခုကို ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

အဆုံးသတ်တွင်တော့... လောကတွင် ငါလည်းမရှိ၊ သင်လည်းမရှိ...၊ မည်သည့်အရာမှမရှိ...၊ အရာအားလုံးသည် နတ္ထိ ဖြစ်လေသည်။

အရာအားလုံး ပျက်စီးသွားပြီးနောက်ပိုင်းတွင်တော့ တာအိုဆရာသခင်ကြီး (၉)ပါးလုံးသည် အပြီးတိုင် သံသရာကိုကျော်

လွန်ကာ သဲလွန်စမကျန်အောင် ပျောက်ကွယ်သွားကြပေ

လိမ့်မည်။

ဒေါင်းစိမ်းသည် တောင်ပေါ်လမ်းတွင် ယောင်လည်လည်နှင့်

အခိပ်ပွါယ်မဲ့လမ်းလျှောက်နေပြီး အချိန်အတော်ကြာ လှည့်ပတ်

နေခဲ့လေသည်။

ထို့နောက် သူက စောစောက ကြုံတွေ့ခဲ့သည့် ထူးဆန်းသည့်

အဖြစ်အပျက်ကို မိခင်ဖြစ်သူအားမေးမြန်းရန် ဇာမဏီနတ်

ဘုရားနန်းတော်သို့ ပြန်လာခဲ့လေသည်။

သူက ဘိုးဘေးဇာမဏီငှက်၏ သားတော်ဖြစ်ပြီး လောကတွင်

သူ့ကို မည်သူမှ တားဆီးနိုင်မည် မဟုတ်ပေ။

သို့သော်... သူ ဇာမဏီနတ်ဘုရားနန်းတော်အတွင်းသို့ ဝင်လိုက်

သည်နှင့် မီးတောက်တစ်ခုကိုသာ တွေ့မြင်ရလေသည်။

အမေနှင့်သားဆိုသည်က ဆက်နွယ်နေလေသည်။ ဒေါင်း

စိမ်းသည် ချက်ချင်းပင် မိခင်ဖြစ်သူ ဘိုးဘေးဇာမဏီငှက်

နတ်ရွာစံသွားပြီကို သိရှိသွားပြီး အလွန်ဝမ်းနည်းသွားမိလေ

တော့သည်။

ဘိုးဘေးဇာမဏီငှက် ချန်ထားခဲ့သည့် အသံလှိုင်းသည် ဇာမဏီ

နတ်ဘုရားနန်းတော်တွင် ပျံ့လွင့်လာလေသည်။

"ငါ့ရဲ့သားက ရောင်စဉ် (၅)မျိုး တန်ခိုးစွမ်းအားကို ကျင့်ကြံနိုင်

မယ်ဆိုပေမယ့် နိဗ္ဗာနတန်ခိုးစွမ်းအားကိုတော့ ယှဉ်ပြိုင်နိုင်မှာ

မဟုတ်ဘူး..."

ထိုစကားသည် ဘိုးဘေးဇာမဏီငှက်၏ နောက်ဆုံးစကားဖြစ်

လေသည်။

ဒေါင်းစိမ်းသည် တိတ်ဆိတ်စွာဖြင့် ခေါင်းတစ်ချက်ညိတ်ပြ

လိုက်လေသည်။

ဒေါင်စိမ်းခေါင်းညိတ်ပြလိုက်သည့်အချိန်မှာပင် ဇာမဏီနတ်

ဘုရားနန်းတော်အတွင်းမှ မီးတောက်သည်လည်း ပျောက်ကွယ်

သွားလေတော့သည်။

ဒေါင်းစိမ်းသည် အတန်ကြာအောင် ယူကျုံးမရဖြစ်နေပြီး တဖြည်းဖြည်း တည်ငြိမ်စ ပြုလာလေသည်။

အခန်း (၁၀၂၁) ကေရီနို၀ါး

ဆန်းလျန်၏ အကြည့်က အနောက်ဘက် တောင်တန်းများဆီသို့ ကျရောက်သွားလေသည်။

သူ့ပခုံးထက်မှ ဇာမဏီငှက်ငယ်လေးက ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။ ထို့နောက်... ဘိုးဘေး ဇာ

မဏိဂုက်၏ တည်ရှိမှု ပျောက်ကွယ်သွားသည်ကို ဆန်းလျန် ခံစားလိုက်ရသည်။

ဆန်းလျန်သည်လည်း စိတ်မကောင်း ဖြစ်သွားမိလေသည်။

သူ့ဘဝတွင် ဘိုးဘေးဇာမဏိဂုက်ဖြင့် တစ်ကြိမ်မှ မဆုံတွေ့ခဲ့ရပေ။ ကွေလိနှင့် အလွန်ဆင်တူကြောင်းကိုတော့ သိရှိထားလေသည်။

ကွေလိသည် ဘိုးဘေးဇာမဏိဂုက်၏ ဝိညာဉ်အပိုင်းအစလေးမှ ပြန်ဝင်စားသူဖြစ်သည်ဟုလည်း သံသယဝင်စရာ ရှိသည်။

ယခုတော့ ဘိုးဘေးဇာမဏိဂုက်သည် မိုးနှင့်မြေတွင် သဲလွန်စ ပင်မကျန်ဘဲ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေသည်။

နဂါးနှင့် ဇာမဏိ ပျောက်ကွယ်သွားခြင်းက လူသားများဖြစ် တည်လာရန်အတွက် ပြီးပြည့်စုံသည့် အကြောင်းတရားတစ်ခု ဖြစ်လာခဲ့သည်။

ကွေလိရော လောကမှ ပျောက်ကွယ်သွားလေပြီလားဟု ဆန်း
လျန် ချက်ချင်း အာရုံခံကြည့်လိုက်သည်။ သို့သော်... ယခု
အချိန်ထိ ကွေလိတည်ရှိနေသေးသည်ကို သိလိုက်ရ
သောကြောင့် ဆန်းလျန် စိတ်အေးချမ်းသွားသည်။

ခုံ ရွှမ်း တရားအလင်းရပြီးသည့်နောက်ပိုင်း ဇာမဏီမျိုးနွယ်
များဖြစ်သည့် ဒေါင်စိမ်းအနွယ်များအားလုံး ကံကောင်းခြင်းဆီ
သို့ ဦးတည် သွားပေလိမ့်မည်။

လက်ရှိအချိန်တွင်... ဆန်းလျန်၏ လောကအပေါ် ရှုမြင်ပုံများ
က သိသိသာသာ ပြောင်းလဲနေပြီ ဖြစ်သည်။

လောကတွင် အချို့သောအရာများက ကြိုတင်သတ်မှတ်ထား
သည့် ကံကြမ္မာများ ဖြစ်လေသည်။ ထိုသို့သော ကံကြမ္မာများ
ကို သာမန်လူများအနေဖြင့် ပြောင်းလဲပစ်နိုင်မည် မဟုတ်ပေ။

ကံကြမ္မာများအတိုင်း သံသရာလည်း လည်ပတ်ကြရပေဦးမည်။ အရာအားလုံးသည် ကြေးမုံထဲမှ ပန်းပွင့်ပမာ ၊ ရေပြင်ထက်မှ လရိပ်ပမာ ဖြစ်လေသည်။

ထိတွေ့၍မရသလို ဆုပ်ကိုင်၍လည်း မရနိုင်ပေ။ သေခြင်းတရားနှင့်ကြုံတွေ့ရသည့်အခါ အရာအားလုံးကို ထားရစ်ခဲ့ရမည်သာ ဖြစ်လေသည်။

ထိုသို့ဆိုလျှင် လောကတွင် မည်သည့်အရာက လေးနက်ပါသနည်း ၊ မည်သည့်အရာက အရေးပါမှု ရှိပါသနည်း။

ထို့ကြောင့် တာအိုဆရာသခင်ကြီးများသည် အရာအားလုံးကို ဥပေက္ခာတရားလက်ကိုင်ထားကာ လျစ်လျူရှုခဲ့ကြခြင်း ဖြစ်လေသည်။

သူ၏ ဂိုဏ်းတူအစ်မကူးချိုင်ဝေ့နှင့် ကျောက်ရှောင်ယွီအပေါ် သူ မည်မျှ ချစ်ခင်မြတ်နိုးပါစေ ကိစ္စ မရှိတော့ပေ။ သူ၏ ချစ်

မေတ္တာများသည် အရင်အချိန်ကထက် များစွာ ဖြူစင်နေခဲ့ပြီ ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာရန်အတွက် ဆန်းလျန် ကိုယ်တိုင် ရွေးခြယ်ခဲ့ခြင်း ဖြစ်လေသည်။ ထို့အတွက် သူ နောင်တမရခဲ့ပေ။

သို့သော်... သူ မိန်းကလေးတစ်ယောက်ကိုတော့ စွဲစွဲလန်းလန်း ချစ်ခင်မိပါလေ၏။ ထိုသို့ဆိုလျှင် သူ့အဖြစ်က တာအိုဆရာ သခင်ထိုက်ယီနှင့် ကွဲပြားမှုရှိတော့မည် မဟုတ်ပေ။ သို့သော်... အခြေအနေက အနည်းငယ်တော့ ကွဲပြားခြားနားလေသည်။

ထိုအချိန်မှာပင်... ပရမ်းပတာဖြစ်နေသည့် သမိုင်းမတိုင်မီ ခေတ်ဦးကာလတွင် သူနှင့် စန့်ချင်တာအိုဆရာသခင်မဟုတ် သည့် တတိယမြောက် တည်ရှိမှုတစ်ခုကို ဆန်းလျန် သတိပြု လိုက်မိလေသည်။

ဆန်းလျှန်သည် မည်သည့်အခါမှ အရည်ပျော်ခြင်းမရှိသည့် ရေခဲတောင်များအထက်တွင် မတ်တတ်ရပ်နေလေသည်။

ဆန်းလျှန်၏ အရှေ့ဆီတွင် အေးစက်သည့် ရေခဲ စမ်းချောင်းလေးတစ်ခု စီးဆင်းနေလေ၏။

စမ်းချောင်းလေးမှ အေးစက်သည့် အငွေ့အသက်များ ထွက်ပေါ်နေပြီး စမ်းရေထဲတွင် မျောပါနေသည့် နှင်းပွင့်လေးများကိုပင် တွေ့မြင်ရလေသည်။

နှင်းပွင့်လေးများက ကြည်လင်လှပပြီး အလှတရားက ထင်ရှားလှလေသည်။

နှင်းပွင့်လေးများသည် သဘာဝအားဖြင့် ရေနှင့်ထိတွေ့လျှင် ပျော်ဝင်သွားတတ်ကြသည်။ သို့သော်... ရေခဲစမ်းချောင်းလေးက နှင်းပွင့်များထက်ပင် အေးစက်နေသည့်အတွက် နှင်းပွင့်လေးများက အရည်မပျော်ဘဲ ဒီအတိုင်း တည်ရှိနေခြင်းဖြစ်သည်။

စမ်းချောင်းလေးတစ်ဖက်တွင်တော့ သန့်စင်သည့် ကျောက်နံရံကြီးတစ်ခု ရှိနေလေသည်။

ထိုကျောက်နံရံကြီးက ကြေးမုံမှန်အလားပင် ကြွင်လင်ပြောင်ချောလျှက် ရှိသည်။ ထိုကျောက်နံရံထက်တွင် စမ်းချောင်းလေးတစ်ဖက်ကမ်းတွင် မတ်တတ်ရပ်နေသည့် ချောမောလှပသည့် မိန်းမပျိုတစ်ယောက်၏ ပုံရိပ်က ထင်ဟပ်လျှက် ရှိလေသည်။

မိန်းမပျို၏ အလှတရားက လောကီတပ်မက်စိတ်များဖြင့် စွဲမက်ဖွယ်ရာ လှပခြင်းမျိုး မဟုတ်ပေ။

လှပစွာ ထုထွင်းထားသည့် ထိပ်တန်းအဆင့် ပန်းပုရုပ်တုကဲ့သို့လည်း လှပခြင်းမျိုး မဟုတ်ပေ။

သဘာဝဆန်စွာ လှပခြင်းမျိုးလည်း မဟုတ်ပြန်ပေ။

သူမ၏ အလှတရားက နူးညံ့သိမ်မွေ့ခြင်းများ ပြည့်နက်နေပြီး မြင်ရသူတိုင်း၏ ရင်ကို အေးမြစေသည့် အလှတရားမျိုး ဖြစ်လေသည်။

သူမ၏ မျက်နှာထက်ရှိ အရေးအကြောင်းများ ၊ သူမ၏ ကိုယ်ဟန်အနေအထား အားလုံးသည် ပြီးပြည့်စုံလွန်းလှသည်။

ဤသို့သောအလှတရားမျိုးသည် ကံကောင်းခြင်းကြောင့်ရရှိသည့် အလှတရားမျိုးဟုဆိုနိုင်ပြီး စိတ်ကူးယဉ်နိုင်သည်ထက်ကျော်လွန်လေသည်။

သူမက ပါးလွှာသည့် အဖြူရောင်ပိတ်ပါးစ အပေါ်ရုံအင်္ကျီကို ဝတ်ဆင်ထားလေသည်။

မျက်ခုံးများက သွေးသွယ်ပါးလျားလွန်းလှပြီး မျက်နှာက အလွန်ကြည်လင်လေ၏။

သူမ၏ မျက်နှာက တည်ငြိမ်လွန်းသည့်အတွက် လူအများ၏ လေးစားခြင်းနှင့် ကြောက်ရွံ့ခြင်းကို ရရှိမည့် အရှိန်အဝါနှင့် ပြည့်နက်လျှက်ရှိပြန်သည်။

တွေးနေစရာပင်မလိုဘဲ သူမ မည်သူဖြစ်သည်ကို ဆန်းလျန် သိရှိလိုက်လေသည်။

သူမသည်ကား ကံကောင်းခြင်းလမ်းစဉ်ဖြင့် တာအိုဆရာသခင် ကြီးတစ်ပါး ဖြစ်လာသည့် နှီဝါးနတ်သမီးပင် ဖြစ်လေသည်။

ယွမ်စီထျန်းကျွင်းက ဖန်ဆင်းခြင်းအမှုကို ပြုလုပ်ခဲ့သလို နှီဝါး နတ်သမီးသည်လည်း ဖန်ဆင်းခြင်းအမှုကို ပြုလုပ်ခဲ့သူ ဖြစ် လေသည်။

သို့သော်... ယွမ်စီထျန်းကျွင်း၏ လမ်းစဉ်နှင့် နှီဝါးနတ်သမီး၏ လမ်းစဉ်က လုံးဝမတူညီဘဲ ကွဲပြားလေသည်။

ယွမ်စီထျန်းကျွင်း၏ ဖန်ဆင်းခြင်းက မရည်ရွယ်ဘဲ လိုက်လျောညီထွေမှုရှိစေရန် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

သို့သော်... နို့ဝါးနတ်သမီးကတော့ ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်ဆင်းခြင်းကို ပြုလုပ်ခဲ့သူ ဖြစ်လေသည်။

လောကတွင် မရည်ရွယ်ဘဲ ဖြစ်ပျက်သည့်အဖြစ်အပျက်များ က ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်သည့်အဖြစ်အပျက်များထက် ပိုကောင်းသည်ဟု တွေးတောသူများလည်း အများအပြားရှိ လေသည်။

သို့သော်... တရားအလင်းရရှိသွားကြသည့် တာအိုဆရာသခင် ကြီးများအတွက်တော့ ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သည်ဖြစ်စေ ၊ ရည်ရွယ်ချက်မရှိဘဲ ပြုလုပ်သည်ဖြစ်စေ သိပ်ပြီး မကွဲပြား တော့ပေ။

ယခု သမိုင်းမတိုင်မီ ခေတ်ဦးကာလသည် အချိန်ကာလအရဆို လျှင် ယွမ်စီထျန်းကျွင်းရော နို့ဝါးနတ်သမီးရော လူသားများကို ဖန်ဆင်းခြင်း မပြုရသေးသည့် အချိန်ကာလဖြစ်လေသည်။

ထိုသို့ဆိုလျှင် နှီဝါးနတ်သမီး အဘယ့်ကြောင့် ဤနေရာသို့ ရောက်ရှိနေပါသနည်း။

တာအိုဆရာသခင်ကြီး (၈)ပါးတွင် ဆန်းလျန်သည် စန့်ချင်တာအိုဆရာသခင်၊ တာအိုဆရာသခင်ထိုက်ယီ၊ ဗုဒ္ဓနှင့် နှီဝါးနတ်သမီး (၄)ပါးကို တွေ့မြင်ဖူးပြီ ဖြစ်လေသည်။

တာအိုဆရာသခင်ကြီး (၈)ပါးတွင် မိန်းကလေးအသွင်အပြင်ယူထားသော တာအိုဆရာသခင်ကြီးဆို၍ နှီဝါးနတ်သမီး တစ်ပါးသာလျှင် ရှိလေသည်။

နှီဝါးနတ်သမီးက ဆန်းလျန်ကို ကျောပေးထားရာမှ ဖြည်းဖြည်းချင်း လှည့်လာလေသည်။ သူမ၏ အလှတရားက နွေးထွေးလှပြီး တောင်ပတ်လည်မှ နှင်းခဲများနှင့်ဆီးနှင်းများသည်ပင် အေးစက်ခြင်း မရှိတော့ပေ။

"ဆန်းလျန်...၊ မင်းပခုံးထက်မှာနားနေတဲ့ ဇာမဏီငှက်ကို ငါသိပ်သဘောကျတယ်၊ ဖြစ်နိုင်ရင် ငါ့ကို ပေးပါလား..."

နီ့ဝါးနတ်သမီး၏လေသံက နှေးဦးလေပြလေးထက်ပင် ညင်သာ

သိမ်မွေ့လေသည်။

ဒဏ္ဍာရီများထဲတွင် ကေရီနီ့ဝါးသည် ဇာမဏီဌက်များကို

အလွန်မြတ်နိုးသည်ကို ဆန်းလျန် ကြားဖူးခဲ့သည်။

ဆန်းလျန် ထိုအကြောင်းကို အစောကြီးကတည်းက သိရှိ

သည့်အတွက် ဇာမဏီဌက်ငယ်ကို ခေါ်လာခဲ့ခြင်း ဖြစ်လေ

သည်။

သို့သော်... ဆန်းလျန်က မည်သည့်ဇာမဏီဌက်ကို ခေါ်လာပါ

စေ နီ့ဝါးနတ်သမီးကတော့ တောင်းယူမည်ပဲ ဖြစ်လေသည်။

ဤသည်က ဇာမဏီဌက်ငယ်လေး၏ ကံတရားသာ ဖြစ်လေ

သည်။ ထို့ပြင်... ထိုကံတရားက ဆန်းလျန် ရေးဆွဲပေးလိုက်

သည့် ကံတရားဖြစ်လေသည်။

လောကတွင် အရင်းမြစ်မရှိသည့် ရေ၊ အမြစ်မရှိသည့်သစ်ပင်

ဆိုသည်က အလွန်မှ ရှားပါးလွန်းသည် မဟုတ်ပါလား။

ဆန်းလျန်တစ်ယောက်သာ မည်သည့်အရင်းအမြစ်မှ

အကူအညီမရခဲ့ဘဲ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာ

သည်အထိ ကြိုးစားနိုင်ခဲ့သည်။

နှစ်ပေါင်းအသင်္ချေအတွင်း ဆန်းလျန်ကဲ့သို့ ဖြစ်ရပ်မျိုးက တစ်

ခုသာ ရှိခဲ့လေ၏။

သို့သော်... ဆန်းလျန်က သူ့ကိုယ်သူ အခြားတာအိုဆရာသခင်

ကြီးများထက် ပိုမိုသာလွန်သည်ဟု တစ်ခါမှ တွေးမထားခဲ့မိ

ပေ။

သူပြောခဲ့သလိုပင် စန့်ချင်တာအိုဆရာသခင်နှင့် တိုက်ခိုက်ခြင်း

က ဘာအစိပ္ပါယ်မှမရှိသည့် မရှိမှုတရားပင် ဖြစ်သည်။

အတုအယောင် တိုက်ပွဲမျှသာ ဖြစ်သည်။

တာအိုဆရာသခင်ကြီးများကြားမှ တိုက်ပွဲတိုင်းသည် ထိုသို့ပင်

ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဆန်းလျန်က စန့်ချင်တာအိုဆရာသခင်နှင့် တိုက်ခိုက်ရန် မငြင်းဆိုခဲ့ခြင်း ဖြစ်လေသည်။ သူက ငြင်းဆိုခဲ့လျှင်လည်း ကံတရားက ပြောင်းလဲသွားမည် မဟုတ်ပေ။

ဆန်းလျန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဒါဖြင့် ဒီဇာမဏီငှက်လေး ကံကောင်းတာပေါ့..."

ဆန်းလျန်၏ ပခုံးထက်မှ ဇာမဏီငှက်လေးကတော့ သူ ကံကောင်းသည်ကို မသိရှာခဲ့ပေ။

အမှန်တော့... တူညီသည့်ဇာမဏီမျိုးနွယ်ဖြစ်သည့် ဒေါင်းစိမ်းက စန့်ချင်တာအိုဆရာသခင်ကို ငြင်းပယ်ခဲ့သော်လည်း ယခု ဇာမဏီငှက်လေးကတော့ နှီဝါးနတ်သမီး၏ တပည့်ဖြစ်လာပေတော့မည်။

သူတို့နှစ် ဦး ၏အနာဂတ်သည် သူတို့ပြုလုပ်သည့် အလုပ်များအတိုင်း ခြားနားသွားပေလိမ့်မည်။

တာအိုဆရာသခင်ကြီးတစ်ပါးကို ငြင်းဆန်ခဲ့သည့်အတွက် ဒေါင်းစိမ်းလျှောက်လှမ်းရမည့်လမ်းက ခက်ခဲမှုများဖြင့် ပြည့်နေမည်ဖြစ်သော်လည်း တာအိုဆရာသခင်ကြီးတစ်ပါးကို လက်ခံခဲ့သည့် ဇာမဏီငှက်ငယ်၏ ကံကြမ္မာကတော့ ချောမွေ့နေမည် ဖြစ်လေသည်။

သို့သော်... ရွေးခြယ်မှုများအတွက် အမှားအမှန်ကိုပြောရန်မှာတော့ ခက်ခဲလှ၏။

ဆန်းလျန်က ဇာမဏီငှက်လေးကို ကြည်ကြည်ဖြူဖြူပေးလိုက်သည့်အတွက် ကေရီနီဝါးက အံ့အားသင့်ခြင်း မဖြစ်ပေ။

အမှန်တော့ ကေရီနီဝါးသည် မိန်းကလေးတစ်ယောက်ဖြစ်လေရာ လောကဝတ်အရဆိုလျှင် ယောကျ်ားလေးများသည် မိန်းကလေးများကို အမြဲတမ်း ဦးစားပေးရမည်ပဲ မဟုတ်ပါလား။

ကေရီနီဝါးက နူးညံ့သိမ်မွေ့စွာ ပြုံးလိုက်လေသည်။

သူမ၏ မျက်လုံးများက တောက်ပနေပြီး သွားတန်းလေးများ က ဖြူဖွေးလျှက်ရှိလေသည်။ သူမ၏ အပြုံးကို မြင်ရသူတိုင်း မျှော်လင့်ချက်ကို ခံစားရမည် ဖြစ်လေသည်။

ဆန်းလျန်၏ မျက်နှာအမူအရာကို အကဲခတ်လိုက်ပြီး နီဝါး နတ်သမီးက အေးဆေးသည့် လေသံဖြင့်...

"နဝမမြောက်တာအိုဆရာသခင်ကြီးထွက်ပေါ်လာတယ်ဆို တော့ ဘာများထူးခြားလဲ လာကြည့်တာ ၊ တကယ်တော့ မင်း လည်း ထိုက်စန့်လောင်ကျွင်းလိုပဲ ပျင်းစရာကောင်းတာပဲ..."

ဆန်းလျန်က ပြုံးလိုက်ရင်း...

"ကျုပ်တို့အားလုံးက အတူတူပါပဲ..."

ဆန်းလျန်ပြောလိုက်သည့် "ကျုပ်တို့အားလုံးက အတူတူပါပဲ" ဆိုသည့် စကားက နီဝါးနတ်သမီးဖြစ်စေ ၊ ထိုက်စန့်လောင်ကျွ င်းဖြစ်စေ အကုန်အတူတူပင်ဖြစ်သည်ဆိုသည့် အဓိပ္ပါယ် ဖြစ် လေသည်။

နှီဝါးနတ်သမီးက ပြုံးလိုက်ရင်း...

"မင်းက ငါ့ကို သတိပေးစရာ မလိုပါဘူးလေ..."

ဆန်းလျန်က...

"အကြောင်းသိတွေပဲလေ ၊ ဘာလို့ သတိမပေးဘဲ နေရမှာလဲ..."

ကေရီနှီဝါးက နူးညံ့သည့်လေသံဖြင့်...

"ဒါဖြင့် ငါ မင်းနဲ့ မပတ်သက်ချင်တော့ဘူး ၊ သိပြီးသားတွေပဲ လာပြောနေတော့ ပျင်းစရာကောင်းတယ်..."

ဆန်းလျန်က စကားပြန်မပြောတော့ပေ။

အကြောင်းမှာ... ပညာရှိသည့် ယောကျ်ားတိုင်းသည် မိန်းကလေးများနှင့် အငြင်းအခုံလုပ်လေ့ မရှိကြသောကြောင့် ဖြစ်သည်။

နှီဝါးနတ်သမီးသည် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်သော်လည်း သူမက မိန်းကလေးဖြစ်သည့်အတွက် ယောကျ်ားလေးများနှင့် အသွင်တူနိုင်မည်တော့ မဟုတ်ပေ။

နှီဝါးနတ်သမီးက...

"မင်း အခု စန့်ချင်တာအိုဆရာသခင်ရဲ့ ဗီဇဝိညာဉ် မရဏာဓား

(၄)လက်နဲ့ ရင်ဆိုင်နေရတာ မဟုတ်လား ၊ မင်းနဲ့ ငါ ဆုံတွေ့တဲ့

အထိမ်းအမှတ်အနေနဲ့ အဲဒီဓား (၄)လက်ရန်က လွတ်မြောက်

အောင် လက်ဆောင်တစ်ခု ပေးမယ်လေ..."

ဆန်းလျန်က ...

"မပေးပါနဲ့လားဗျာ..."

နှီဝါးနတ်သမီးက ပြုံးလိုက်ရင်း...

"မရဘူး... ၊ ငါက အရမ်းပေးချင်နေတယ်..."

ဧကရီနှီဝါးက ပြုံးလိုက်လေသည်။

သူမ၏ မျက်ဝန်းများတွင် ကျီစားလိုသည့် အငွေ့အသက်လေး

များကို တွေ့မြင်ရမည် ဖြစ်လေသည်။

ဆန်းလျှန်မှာတော့ နှီဝါးနတ်သမီးပေးသည့် လက်ဆောင်ကို လက်ခံရခြင်းထက် စန့်ချင်တာအိုဆရာသခင်နှင့်သာ တိုက်ပွဲ ပေါင်းတစ်သောင်းမက တိုက်ခိုက်ချင်မိသည်။

နှီဝါးနတ်သမီးအကြောင်းကို ဆန်းလျှန် ကောင်းကောင်း သိ လေသည်။

နှီဝါးနတ်သမီးထံတွင် စကြာဝဠာသုံးမြှောင့်ဆေးအိုးကဲ့သို့ ရတနာပစ္စည်းတစ်ခု ရှိသလို အနီရောင်ပန်းခက်ဆိုသည့် ရတနာပစ္စည်းတစ်ခုလည်း ရှိသေးသည်။

အနီရောင်ပန်းခက်က အခြားတန်ခိုးစွမ်းအားမရှိသော်လည်း ယောကျာ်းလေးတစ်ယောက်ကို အလိုလိုနေရင်း လက်ထပ်လို စိတ်ဖြစ်ပေါ်လာစေမည် ဖြစ်သည်။

အနီရောင်ပန်းခက်ဖြင့်သာ အထိခံရပါက ဆန်းလျှန် သေချာပေါက် မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ရပေ လိမ့်မည်။

အမှန်တော့... မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ရခြင်းက

ဆန်းလျန်အတွက် နစ်နာစရာ မရှိပေ။

သို့သော်... ဆန်းလျန် လက်မထပ်လိုပေ။

လက်ထပ်ခြင်းဆိုသည်က တစ်ယောက်နှင့်တစ်ယောက်

မေတ္တာရှိမှသာ လက်ထပ်သင့်လေသည်။ အတင်းအကျပ်လုပ်

ကောင်းသည့် အရာမျိုးမှ မဟုတ်ပေပဲ။

မေတ္တာရှိမှသာ လက်ထပ်သင့်သည်ဟု စဉ်းစားမိသည့်အခါ

ဆန်းလျန်၏ စိတ်အာရုံထဲတွင် သူ့ဘဝတစ်လျှောက်လုံး

ထာဝရချစ်ခင်ခဲ့ရပါသော မိန်းကလေးတစ်ယောက်၏ ပုံရိပ်ကို

မြင်ယောင်လာမိလေသည်။

ထိုအချိန်မှာပင်... နှီဝါးနတ်သမီးသည် အနီရောင်ပန်းခက်တစ်

ခုကို ထုတ်ယူလိုက်လေတော့သည်။

အခန်း (၁၀၂၂) ရတနာပစ္စည်း (၃)မျိုး

နှီဝါးနတ်သမီးလက်ထဲမှ ပန်းခက်ကိုတွေ့လိုက်သည်နှင့် ဆန်းလျန်မှာ ကိုယ့်ဒုက္ခကိုယ်ရှာမိပြီကို သိရှိလိုက်သည်။

သူနှင့် စန့်ချင်တာအိုဆရာသခင်၏ တိုက်ပွဲက မပြီးသေးပေ။

ယခုတော့ ဆန်းလျန်မှာ ရန်သူတစ်ယောက်မှ နှစ်ယောက်တိုးလာပြီ ဖြစ်လေသည်။

သို့သော်... ထိုအချက်က အဓိက မဟုတ်ပေ။

သူ့အနေဖြင့် နှီဝါးနတ်သမီးကို ရှောင်တိမ်းရန် နည်းလမ်းရှာရမည် ဖြစ်လေသည်။

တကယ်တော့ နှီဝါးနတ်သမီးက ဆန်းလျန်ကို ကျီစားလိုခြင်း ဖြစ်သလို နဝမမြောက် တာအိုဆရာသခင်ကြီးကို အရှက်ကွဲအောင် စ နောက် လိုခြင်း ဖြစ်လေသည်။

နှီဝါးနတ်သမီး၏ အနီရောင်ပန်းခက်မှ အနီရောင်အလင်းတန်းများ ထွက်ပေါ်လာလေသည်။

ထိုအချိန်မှာပင်... လေထဲတွင် ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး ဆန်းလျန်ကို တိုက်ခိုက်ရန် ပိတ်ဆို့ထားလိုက်လေသည်။

ထိုဓားဝိညာဉ်မှာ စန့်ချင်တာအိုဆရာသခင်၏ နတ်ဘုရားထောင်ချောက်ဓားပင် ဖြစ်လေသည်။

ဆန်းလျန်မှာ အရှေ့တွင် နှီဝါးနတ်သမီး ၊ အနောက်တွင် စန့်ချင်တာအိုဆရာသခင် နှင့် ညှပ်ပူးညှပ်ပိတ် အခြေအနေသို့ ရောက်နေပြီ ဖြစ်လေသည်။

ဆန်းလျှန်က နှိဝါးနတ်သမီးကို ရှောင်တိမ်းပြီး စန့်ချင်တာအို ဆရာသခင်နှင့်ပဲ တိုက်ခိုက်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

နတ်ဘုရားထောင်ချောက်ဓား၏ သတ်ဖြတ်လိုသည့် အငွေ့အသက်များက ပိုမိုကျယ်ပြန့်ပြင်းထန်လာလေသည်။ ကုန်းမြေတစ်လျှောက် သတ်ဖြတ်လိုသည့်အငွေ့အသက်များ ပျံ့နှံ့သွားပြီး များစွာသော မူလနတ်ဘုရားများ ၊ မူလနတ်မိစ္ဆာများမှာ သွေးများ အန်ထုတ်လိုက်ကြလေသည်။

သူတို့၏ ဝိညာဉ်များမှာလည်း အားနည်းလာကြပြီး သေလုမျောပါး ခံစားနေကြရလေသည်။

ထို့ကြောင့်ပင်... နောက်ပိုင်းကာလများတွင် စန့်ချင်တာအိုဆရာသခင်၏ ဗီဇဝိညာဉ်မရဏဓား (၄)လက်မှ နတ်ဘုရားထောင်ချောက်ဓားက အခြားသော မရဏဓား (၃)လက်ထက် နာမည်ကျော်ကြားရခြင်း ဖြစ်လေသည်။

လောကတွင်တည်ရှိနေသည့် နတ်ဘုရားထောင်ချောက်ဓားဏ်

သတ်ဖြတ်လိုသည့် အငွေ့အသက်များက အချိန်ကြာလာ

သည်နှင့်အမျှ လျော့နည်းသွားမည် ဖြစ်လေသည်။

သို့သော်... ယနေ့ စန့်ချင်တာအိုဆရာသခင်ကိုယ်တိုင် အသုံးပြု

ခဲ့သည့် နတ်ဘုရားထောင်ချောက်ဓားဏ် သတ်ဖြတ်လိုသည့်

အငွေ့အသက်များကတော့ ဘယ်တော့မှ ပျောက်ကွယ်မသွား

ဘဲ လောကအလယ်တွင် ထင်ကျန်နေမည် ဖြစ်လေသည်။

ဆန်းလျန် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက် သူ၏ ဦးခေါင်းထက်မှ အဖြူရောင်နှင့် အနက်ရောင်

အခိုးအငွေ့များထွက်ပေါ်လာပြီး ထိုအခိုးအငွေ့များမှာ လောက

တွင် အသန့်စင်ဆုံး ယင်စွမ်းအားနှင့် ယန်စွမ်းအား

အရင်းအမြစ်များပင် ဖြစ်သည်။

ထို့နောက် ချက်ချင်းပင် မြူခိုးငွေ့များအဖြစ် ပြောင်းလဲသွားပြီး ရောင်စဉ် (၅)မျိုး အလင်းတန်းများ ဖြာထွက်လာကာ လောက တစ်ခုလုံးကို ဖုံးလွှမ်းသွားလေတော့သည်။

ရောင်စဉ် (၅)မျိုးအလင်းတန်းများက သမိုင်းမတည်မီကာလ နတ်ဘုရားထောင်ချောက်ဓားဖြင့် ရောနှောသွားပြီး ဓားဝိညာဉ်ကို မလှုပ်နိုင်အောင် ပိတ်ဆို့ ချုပ်နှောင်ထားလိုက်လေသည်။

နီဝါးနတ်သမီးက ပြုံးလိုက်လေသည်။

ဆန်းလျန်က သူမပေးသည့်လက်ဆောင်ကို မယူလိုပဲ စန့်ချင်တာအိုဆရာသခင်နှင့်သာ တိုက်ခိုက်လိုကြောင်း သူမ သိရှိပြီးသား ဖြစ်သည်။

ဆန်းလျန်က နူးညံ့သော်လည်း ခေသူတစ်ယောက်မဟုတ်ကြောင်း သူမ ရိပ်မိလိုက်သည်။

အမှန်တော့ တာအိုဆရာသခင်ကြီးများက တစ်ယောက်နှင့်တစ်ယောက် သိပ်ပြီး မကွဲပြားကြပေ။ တာအိုဆရာသခင်ကြီး

တစ်ပါးက အခြားတာအိုဆရာသခင်ကြီးတစ်ပါးကို ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်ရန်မှာ လွယ်ကူသည်တော့ မဟုတ်ပေ။

နှီဝါးနတ်သမီးကတော့ နဝမမြောက်တာအိုဆရာသခင်ကြီးဖြစ်လာသည့် အသစ်စက်စက် တာအိုဆရာသခင်ကြီးကို အနည်းငယ်တော့ ပညာပေးလိုက်ရန် စဉ်းစားထားသည်။

သူမက အခွင့်အရေးကို လက်လွှတ်ခံမည် မဟုတ်ပေ။

နောက်မှ ဆန်းလျန်က ပြန်လည်လက်စားချေလိုလျှင်လည်း သူမအတွက် ပြဿနာမရှိပေ။

အနီရောင်အလင်းတန်းတစ်ခု လက်ခန် တောက်ပသွားလေသည်။

စန့်ချင်တာအိုဆရာသခင်၏ မရဏာဓား (၄)လက်ကို ရင်ဆိုင်နေသည့် ဆန်းလျန်၏ ပခုံးထက်သို့ နှီဝါးနတ်သမီး၏ အနီရောင်ပန်းခက်က ကျရောက်သွားလေသည်။

ရုတ်တရက်... လေထုတစ်ခုလုံး တုန်ခါသွားပြီး ဆန်းလျန်မှာ

နေရာတွင်ပင် ပျောက်ကွယ်သွားလေတော့သည်။

....

ဆန်းလျန် တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်သွားပြီး

သည့်နောက်ပိုင်း "ဒုက္ခအပေါင်းမှကယ်တင်သူ ကောင်းကင်ဘုံ

အရှင်သခင် ချင်းရှမ်ထျန်းကျွင်း" သည်လည်း ဖန်သား

ကောင်းကင်ဘုံမှ ပျောက်ကွယ်သွားခဲ့လေသည်။

ဆန်းလျန် မည်သည့်နေရာသို့ ရောက်သွားသည်ကို ကျောက်

ရှောင်ယွီလည်း မသိရှိနိုင်ပေ။

ထို့ကြောင့် သူမသည် ဖန်သားကောင်းကင်ဘုံအလယ်တွင်ရှိနေ

သည့် အပြာရောင်ခရီးရှည်နန်းတော်အတွင်းသို့ ဝင်ရောက်လာ

ခဲ့လေသည်။

နောက်ထပ် ရက်အနည်းငယ် အကြာတွင် အပြာရောင်ခရီးရှည်

နန်းတော်ကြီး တသိမ့်သိမ့်လှုပ်ခါလာခဲ့ပြီး တိမ်တိုက်ပလ္လင်တစ်

ခုထက်တွင် တာအိုဆရာတစ်ပါး ပေါ်လာလေသည်။

ထိုတာအိုဆရာက ကျောက်ရှောင်ယွီကို ကြည့်နေလေသည်။

ထိုတာအိုဆရာမှာ မိုးကောင်းကင်ကိုပင် ကိုင်လှုပ်နိုင်စွမ်းရှိသည့် စန့်ချင်တာအိုဆရာသခင်ဖြစ်ကြောင်း ကျောက်ရှောင်ယွီ ချက်ချင်းသိရှိလိုက်သည်။

နှီဝါးနတ်သမီး ဝင်ရှုတ်သည့်အတွက် ဆန်းလျန်နှင့် ဆက်လက် မတိုက်ခိုက်ရတော့သောကြောင့် စန့်ချင်တာအိုဆရာသခင် အပြာရောင်ခရီးရှည်နန်းတော်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ကျောက်ရှောင်ယွီက သေရာမှ ပြန်လည်ရှင်သန်လာသူ ဖြစ်လေရာ စန့်ချင်တာအိုဆရာသခင်ကိုလည်း ကြောက်ရွံ့ခြင်း မဖြစ်မိပေ။

သို့သော်... တာအိုဆရာသခင်ကြီးများကို လေးလေးစားစား ဆက်ဆံရမည်ကိုတော့ သူမ ကောင်းစွာနားလည်ထားသည်။

စန့်ချင်တာအိုဆရာသခင်က ဆန်းလျန်၏ မျက်နှာဖြင့် ကျောက်ရှောင်ယွီကို အလေးထား ဆက်ဆံလေသည်။

စန့်ချင်တာအိုဆရာသခင်က လက်နှစ်ချောင်းကို အသာညွှန်ပြ

လိုက်ရာ ကြမ်းခင်းအဝတ်တစ်ခု ကျောက်ရှောင်ယွီ၏ ရှေ့နား

တွင် ပေါ်လာလေသည်။

စန့်ချင်တာအိုဆရာသခင်က...

"ထိုင်ပါဦး..."

ဟု ကျောက်ရှောင်ယွီကို ပြောလိုက်လေ၏။

ကျောက်ရှောင်ယွီကလည်း ငြင်းဆန်ခြင်း မရှိပေ။

သူမသည် စန့်ချင်တာအိုဆရာသခင်၏ ညာဘက်နားတွင် ရှိနေ

သည့် ကြမ်းခင်းအဝတ်ပေါ်တွင် ဝင်ထိုင်လိုက်လေသည်။

သူမ ထိုင်လိုက်သည့်အချိန်မှာပင် ကြမ်းခင်းအဝတ်သည်

သာမန်မဟုတ်ကြောင်း ခံစားလိုက်မိလေသည်။

ကြမ်းခင်းအဝတ်ပေါ်တွင် ထိုင်လိုက်သည်နှင့် သူမ၏ကိုယ်ခန္ဓာ

ထဲသို့ သန့်စင်သည့် တန်ခိုးစွမ်းအားတစ်ခု ဝင်ရောက်လာပြီး

နက်နဲသောတာအိုတရားများကို သူမ ချက်ချင်းနားလည်သွား
လေသည်။

သူမက ချက်ချင်းပင် ပြီးပြည့်စုံသည့် အခြေအနေသို့ ရောက်ရှိ
သွားစေပြီး မူလဗလာနယ်လမ်းစဉ်အတိုင်း မခန့်မှန်းနိုင်သည့်
တန်ခိုးစွမ်းအားများကို ရရှိသွားလေသည်။

ယခုအချိန်တွင် မီလဲ့ကိုယ်တော်နှင့် ထပ်မံတိုက်ခိုက်ရမည်ဆို
လျှင် သူမ သေချာပေါက် အနိုင်ရမည်ဟု ယုံကြည်လိုက်
မိသည်။

သူမက ပျော်ရွှင်စွာဖြင့်...

"ကျေးဇူးတင်ပါတယ် ထုန်ထျန်းအရှင်..."

စန့်ချင်တာအိုဆရာသခင်က...

"မင်းအခု တန်ခိုးစွမ်းအားတွေ သိပ်များသွားပြီ ၊ ကျုပ်အတွက်
အလုပ်တစ်ခု လုပ်ပေးနိုင်မလား..."

စန့်ချင်တာအိုဆရာသခင်က အလွန် လှမ်းမိုးနိုင်စွမ်းရှိသူ

ဖြစ်သည်။

သူက သူခိုင်းသည့်အလုပ်ကို ကျောက်ရှောင်ယို့ သဘောတူ

မည်လား မတူမည်လားပင် မေးမြန်းခြင်း မရှိပေ။

သို့သော်... စန့်ချင်တာအိုဆရာသခင်က သူမကို တန်ခိုး

စွမ်းအားများ အရင်ဆုံးပေးအပ်ခဲ့သူ ဖြစ်သည့်အတွက်

ယခုကဲ့သို့ အလုပ်လုပ်ခိုင်းသည်မှာ မျှတမှုတော့ ရှိပေ၏။

ဆန်းလျန်၏ မျက်နှာကြောင့်သာမဟုတ်လျှင်၊ ချင်တိ

ကေရာဇ်၏ သမီးတော်သာ မဟုတ်လျှင်၊ စန့်ချင်တာအိုဆရာ

သခင်က သူမကို ယနေ့ပေးအပ်သည့်အခွင့်အရေးမျိုး ပေးအပ်

မည် မဟုတ်ပေ။

သူမက ဉာဏ်ထက်မြက်သည့် မိန်းကလေးတစ်ယောက်ဖြစ်

သည့်အတွက် အရာအားလုံးကို ဆက်စပ်တွေးတောနိုင်စွမ်း ရှိ

လေသည်။

ထို့ကြောင့် ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ထုန်ထျန်းအရှင် လုပ်စေချင်တာ ဘာများလဲ ၊ ကျွန်မ လုပ်ပေး ပါ့မယ်..."

စန့်ချင်တာအိုဆရာသခင်က...

"ကျုပ်မှာ ဝိညာဉ်ခြောက်ဖြာအလံဆိုတဲ့ ရတနာပစ္စည်းတစ်ခုရှိ တယ် ၊ ဒါပေမဲ့ အခု အဲဒီပစ္စည်းက ကျုပ်တပည့်ဖြစ်တဲ့ တင့် ကွမ်းနတ်ဘုရားလက်ထဲကနေ မီလဲ့ကိုယ်တော်ရဲ့ လက်ထဲကို ရောက်သွားတယ် ၊ မင်း အဲဒီပစ္စည်းကို ပြန်ယူခဲ့ပေးပါ..."

*(တင့်ကွမ်းနတ်ဘုရားဆိုသည်မှာ ထုန်ထျန်းအရှင်၏ တပည့် (၇)ယောက်မှ တစ်ယောက်ဖြစ်ပါသည်။ ဝိညာဉ်ခြောက်ဖြာ အလံကိုကိုင်ဆောင်ပြီး ထုန်ထျန်းအရှင်ကို ခစားသူ ဖြစ် ပါသည်။ - ဘာသာပြန်သူ)

ကျောက်ရှောင်ယွီက...

"ဘယ်တော့ ပြန်ယူပေးရမှာလဲ ထုန်ထျန်းအရှင်..."

စန့်ချင်တာအိုဆရာသခင်က မျက်လုံးများကို မှေးမှိတ်လိုက်ပြီး...

"အခုပဲ..."

ကျောက်ရှောင်ယွီက မတ်တတ်ထရပ်လိုက်ပြီး...

"ထုန်ထျန်းအရှင်အမိန့်အတိုင်း အခုချက်ချင်းလုပ်ဆောင်ပါ့မယ်..."

မည်သည့်နေရာတွင် မီလဲ့ကိုယ်တော်ရှိသည်ကို သူမက စန့်ချင်တာအိုဆရာသခင်ကို မေးမြန်းခြင်း မပြုခဲ့ပေ။

ချက်ချင်းပင်... အပြာရောင်ခရီးရှည်နန်းတော်အတွင်းမှ ထွက်ခွာသွားလေတော့သည်။

ရိပ်ခနဲထွက်ခွာသွားသည့် ကျောက်ရှောင်ယွီကို ကြည့်နေရင်း ထုန်ထျန်းအရှင်က ရေရွတ်လိုက်သည်။

"ဉာဏ်ကောင်းပြီးပါးနပ်တဲ့ ကလေးပဲ..."

ကျောက်ရှောင်ယွီကတော့ သူမကို စန့်ချင်တာအိုဆရာသခင် မှတ်ချက်ပြုသည့် ချီးကျူးစကားသံကို မကြားနိုင်တော့ပေ။

သူမက အပြာရောင်ခရီးရှည်နန်းတော် အပြင်ဘက်သို့ ရောက်သည်နှင့် အလင်းတန်းတစ်ခုအဖြစ် ဖန်ဆင်းကာ ဟွမ်ချွမ် နတ်ဆိုးဂိုဏ်းသို့ ထွက်ခွာလာခဲ့လေသည်။

နတ်ဆိုးနယ်မြေသည် ယခုအခါ မိုးနှင့်မြေတွင် အတော်လေး ကြီးမားကျယ်ပြန့်နေပြီ ဖြစ်လေသည်။

မိစ္ဆာစွမ်းအားများကလည်း မြင့်မားလျှက်ရှိပြီး နတ်ဆိုးစစ်တပ် က လောကတစ်ခုလုံးကို အချိန်မရွေး မှုန့်ချေပစ်တော့မည့် အလား အင်အားကြီးမားနေပြီ ဖြစ်သည်။

သက်ရှိသတ္တဝါများအတွက် နတ်ဆိုးနယ်မြေသည် ငရဲခံတွင်း ပင် ဖြစ်လေသည်။

နတ်ဆိုးနယ်မြေထဲသို့ ဝင်ရောက်သွားကြသည့် ကျင့်ကြံသူများ စွာ ရှိလေသည်။ သို့သော်… ထိုသူများ လုံးဝ ပြန်လည် ထွက် ပေါ်လာကြခြင်း မရှိတော့ပေ။

သို့သော်… ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းသို့ သွားလိုသည်ဆိုလျှင် လမ်းတစ်လမ်းသာ ရှိလေသည်။ ထိုလမ်းသည် သေချာပေါက် နတ်ဆိုးနယ်မြေကို ဖြတ်သန်းသွားရပေမည်။

တိမ်တိုက်ကဲ့သို့ ဖြူစင်သည့် အဝတ်အစားများကို ဝတ်ဆင် ထားပြီး အပြစ်ဆိုစရာ တစ်စက်လေးမှ မရှိအောင် လှပလွန်း သည့် ကျောက်ရှောင်ယွီသည် နတ်ဆိုးနယ်မြေ၏ ကောင်းကင် ထက်မှ ဖြတ်ကျော်ပျံသန်းသွားလေသည်။

ကောင်းကင်ထက်မှ နတ်ဘုရားတစ်ပါး ပျံသန်းသွား သည့်အတွက် နတ်ဆိုးများက တိုက်ခိုက်ရန် အသင့်ပြင်လိုက် ကြသည်။

သို့သော်... နတ်ဆိုးဘုရင်မ 'ချိ' က မည်သည့်တိုက်ခိုက်မှုများမ

ပြုလုပ်ဘဲ ကျောက်ရှောင်ယွီကို ဖြတ်သန်းသွားလာခွင့် ပြု

လိုက်လေသည်။

နတ်ဆိုးဘုရင်မ 'ချိ' သည် နတ်ဆိုးနယ်မြေကို ဖြတ်သန်းသွား

သည့် မည်သည့်နတ်ဘုရားကိုမှ အလွတ်မပေးခဲ့ပေ။ ယခုတော့

ထိုနတ်သမီးကို အလွတ်ပေးလိုက်သည်ကို ကြည့်ခြင်းအားဖြင့်

နောက်ပိုင်းတွင်လည်း ထိုနတ်သမီးကို သွားရောက်ရန်စခြင်းမ

ပြုရန် နတ်ဆိုးများက မှတ်သားထားလိုက်ကြသည်။

သိပ်မကြာမီပင်... ကျောက်ရှောင်ယွီ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်း

အဝင်တံခါးဝ ရှေ့သို့ ရောက်ရှိလာလေသည်။

သူမက ရဲ့လျိုယွင်ကို ရှာဖွေရန် ရောက်ရှိလာခြင်း ဖြစ်လေ၏။

မီလဲ့ကိုယ်တော်၏ ကျင့်ကြံခြင်းအဆင့်က သူမနှင့် အဆင့်တူ

ဖြစ်လေရာ ကျောက်ရှောင်ယွီအနေဖြင့် မီလဲ့ကိုယ်တော် မည်

သည့်နေရာတွင်ရှိသည်ကို မခန့်မှန်းနိုင်ပေ။

ထို့ပြင်... သူမက စန့်ချင်တာအိုဆရာသခင် ပေးအပ်သည့်
တာဝန်ကိုလည်း လှလှပပနှင့်သပ်သပ်ရပ်ရပ် ဖြစ်အောင်
ပြုလုပ်ပေးချင်မိသည်။

သူမက ရဲ့လျိုယွင်ကို လာရှာသည်မှာ မီလဲ့ကိုယ်တော် မည်
သည့်နေရာတွင်ရှိသည်ကိုသိလိုသည့်အတွက် ဖြစ်သည်။

ထို့ပြင် ရတနာပစ္စည်းတစ်ခုကိုလည်း ငှားရမ်းလိုသောကြောင့်
ဖြစ်လေသည်။

သူမ ငှားရမ်းလိုသည့် ရတနာပစ္စည်းက "မိုးကောင်းကင်တံခါး"
ဖြစ်လေ၏။

ကျောက်ရှောင်ယို့ ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းအတွင်းသို့ မဝင်ခင်မှာ
ပင် တံခါးအပြင်ဘက်တွင်ချိတ်ဆွဲထားသည့် ခေါင်းလောင်း
လေးတစ်ခုကို သတိပြုလိုက်မိသည်။

ရဲ့လျိုယွင်သည် သူမရောက်လာပြီး အကူအညီတောင်းမည်ကို
သိရှိပြီး ဖြစ်ဟန်တူလေသည်။

မိုးကောင်းကင်တံခါးကိုပင် သူမအတွက် အဆင်သင့် တံခါးဝ

တွင် ချိတ်ဆွဲပေးထားလေသည်။

ကျောက်ရှောင်ယွီက ခေါင်းလောင်းလေးကို ဖြုတ်ယူလိုက်လေ

သည်။

ခေါင်းလောင်းလေး သူမလက်ထဲသို့ ရောက်သည်နှင့်

ချက်ချင်းပင် မီလဲ့ကိုယ်တော် မည်သည့်နေရာတွင်ရှိသည်ကို

သူမ သိရှိသွားသလို မိုးကောင်းကင်တံခါးဟုခေါ်ဆိုသည့်

ခေါင်းလောင်းလေးကို မည်သို့အသုံးပြုရမည်ကိုလည်း

ချက်ချင်းသိရှိသွားလေသည်။

မိုးကောင်းကင်တံခါးနှင့်ဆိုလျှင် မီလဲ့ကိုယ်တော်ကို တန်ပြန်

တိုက်ခိုက်ရန်နှင့် ခုခံရန်လုံလောက်ကြောင်း သူမ နားလည်

လိုက်သည်။

....

လင်ထိုင်ဖန်းကျွမ်းတောင်သည် ဗောဓိဘိုးဘိုးနေထိုင်ရာ နေရာ

ဖြစ်လေသည်။

ယခု ဗောဓိဘိုးဘိုးသည် စင်မြင့်ထက်တွင် ထိုင်ပြီး တရားဟော ပြောနေလေသည်။ သူ၏ တရားဟောပြောခြင်းက ကောင်းကင်ထက်မှ ရွှေရောင်ကြာပန်းများ ကျဆင်းလာသည့် အလား ဖြစ်လေသည်။

တာအိုဆရားကို နားထောင်နေကြသူများမှာ စိတ်ဝင်တစားဖြင့် နားထောင်နေကြလေ၏။

နားထောင်နေကြသူများထဲတွင် ခပ်ဝဝ ၊ နားရွက်ကားကား ကိုယ်တော်တစ်ပါးလည်း ပါဝင်လေသည်။

ထိုသူသည်ကား မီလဲ့ကိုယ်တော်ပင် ဖြစ်လေတော့သည်။

သူက ရုတ်တရက် မျက်ရည်များကျဆင်းကာ ငိုကြွေးလိုက် သည့်အတွက် ဗောဓိဘိုးဘိုး၏ တရားဟောကြားခြင်း အ နှောက်အယှက်ဖြစ်သွားရသည်။

ဗောဓိဘိုးဘိုး၏မျက်နှာ မကြည်မလင်ဖြစ်သွားပြီး တရားဟော ပြောခြင်းကို ရပ်တန့်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင်

မီလဲ့ကိုယ်တော်၏ ငိုကြွေးသံကြီးသာ ထွက်ပေါ်လျှက် ရှိလေတော့၏။

ဗောဓိဘိုးဘိုးတရားဟောခြင်းကို ရပ်တန့်လိုက်သည်နှင့် မီလဲ့ကိုယ်တော်က အလျှင်အမြန်စကားပြောလိုက်သည်။

"တပည့်သေရဖို့ နီးကပ်လာပါပြီ ၊ ဆရာ ... တပည့်ကို ကယ်ပါဦး..."

ဗောဓိဘိုးဘိုးက...

"ဒါက ကံကြမ္မာပဲ ၊ ကျုပ် ကယ်တင်ပေးလို့ မရဘူး..."

ဗောဓိဘိုးဘိုးက ကယ်တင်ပေးလို့မရဘူးဆိုသည့်စကားမှာ မကယ်တင်နိုင်ခြင်းကို မဆိုလိုကြောင်း မီလဲ့ကိုယ်တော်နားလည်လိုက်သည်။

ထိုစကားက သူ့အတွက် ကောက်ရိုးတစ်မျှင်ပမာ မျှော်လင့်ချက်ကို ဆုပ်ကိုင်ထားမိစေသည်။

"ဆရာ... သနားပါ..."

ဗောဓိဘိုးဘိုး အနည်းငယ် ကရုဏာသက်သွားဟန် ရှိသည်။

သူက လက်တစ်ဖက် ဝှေ့ရမ်းလိုက်လေရာ သူ့ရှေ့တွင် ရတနာ

ပစ္စည်း (၃)မျိုး ထွက်ပေါ်လာလေသည်။

ထိုရတနာပစ္စည်း (၃)ခုမှာ ရတနာ (၇)ပါး သစ်ကိုင်း ၊ နတ်

တောင်ဝှေးနှင့် စိမ်းပြာရောင်အလံတို့ ဖြစ်လေသည်။

အခန်း (၁၀၂၃) အဆုံးသတ်တေးသွား (ပထမပိုင်း)

ရတနာပစ္စည်း (၃)မျိုးကို တွေ့မြင်လိုက်ရသည့်အခါ မီလဲ့

ကိုယ်တော် အနည်းငယ် အံ့အားသင့်သွားလေသည်။

ထို ရတနာပစ္စည်း (၃)မျိုးကို သူ ကောင်းကောင်း သိရှိလေ

သည်။ ထို ရတနာပစ္စည်း (၃)မျိုးမှာ ရတနာ (၇)ပါး သစ်ပင်

တွင် တည်ရှိသည့် ရတနာ ပစ္စည်းများ ဖြစ်လေသည်။

တန်ခိုးစွမ်းအားထက်မြက်သည့် လက်နက်ပစ္စည်းများ

ဖြစ်သည်သာမက ခုခံနိုင်မှု အားကောင်းသည့် ရတနာပစ္စည်း

များလည်း ဖြစ်သည်။

ထို ရတနာပစ္စည်း (၃)မျိုးသည် တာအိုဆရာသခင်ကြီးတစ်ပါး

ဖြစ်သည့် ဗောဓိဘိုးဘိုးကိုယ်တိုင် ပြုလုပ်ထားသည့် ရတနာ

ပစ္စည်းများဖြစ်ပြီး တန်ခိုးစွမ်းအား အလွန်ကြီးမားလေသည်။

ထို ရတနာပစ္စည်း (၃)မျိုးသည် ဖန်ကူအလံထက် နိမ့်ကျခြင်း မ

ရှိပေ။

ဗောဓိဘိုးဘိုးက...

"မင်းဟာ အခုချိန်ထိ လောဘ ၊ ဒေါသ ၊ မောဟ ၊ အလောဘ ၊

အဒေါသ ၊ အမောဟဆိုတဲ့ ဟိတ် (၆)ပါးကို မပယ်သတ်နိုင်

သေးဘူး ၊ ဒီတော့ မင်းကြိုက်တဲ့ ရတနာပစ္စည်း (၁)ခုကိုယူပြီး တောင်ပေါ်က ဆင်းသွားတော့..."

မီလဲ့ကိုယ်တော်က တစ်ခဏမျှ တိတ်ဆိတ်နေလေသည်။

ထို့နောက် သူက ရတနာ (၇)ပါး သစ်ကိုင်းကို ရွေးခြယ်ယူလိုက်သည်။

မောခိဘိုးဘိုးက ရတနာ (၇)ပါး သစ်ပင်အောက်တွင် တရားအလင်းရခဲ့သူ ဖြစ်သည့်အတွက် ရတနာ (၇)ပါး သစ်ကိုင်းကို ရွေးခြယ်ယူလိုက်ခြင်း ဖြစ်လေ၏။

ထိုရတနာ (၇)ပါး သစ်ကိုင်းတွင် စစ်မှန်သည့် တာအိုကာရံကို တွေ့မြင်ရမည် ဖြစ်လေသည်။

ရတနာ (၇)ပါး သစ်ကိုင်းသည် ဖန်ကူအလံ ၊ ထိုက်ချိယင်ယန်ပန်းချီကား ၊ မိုးကောင်းကင်တံခါးနှင့် စန့်ချင်တာအိုဆရာသခင်၏ ဗီဇဝိညာဉ်မရဏဓား (၄)လက်မှလွဲပြီး မည်သည့် အရာကိုမဆို ရင်ဆိုင်နိုင်စွမ်းရှိလေသည်။

မီလဲ့ကိုယ်တော်က ရတနာ (၇)ပါး သစ်ကိုင်းကို ရွေးခြယ်ပြီး

နောက် အနည်းငယ် စိတ်သက်သာရာရသွားလေသည်။

သူက ဗောဓိဘိုးဘိုးအား (၃)ကြိမ် (၃)ခါတိတိဖြင့် စုစုပေါင်း

(၉)ကြိမ် ရှိခိုးကန်တော့လိုက်လေသည်။

သို့သော်… ဗောဓိဘိုးဘိုးက မီလဲ့ကိုယ်တော် ရှိခိုး

ကန်တော့သည်ကို အရေးမစိုက်ပေ။

ဗောဓိဘိုးဘိုးက အကျီလက်တစ်ဖက်ကို ဝှေ့ရမ်းလိုက်လေရာ

ရောင်စဉ် (၇)မျိုး ထွက်ပေါ်လာပြီး မီလဲ့ကိုယ်တော်မှာ လင်ထိုင်

ဖန်းကျွမ်းတောင်ပေါ်မှ ပျောက်ကွယ်သွားလေတော့သည်။

မီလဲ့ကိုယ်တော်က မည်သည့်နေရာသို့ ရောက်နေသည်လဲဟု

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်လေသည်။

ထိုအခါ… လူ့လောကအလယ်ရှိ ကျီမော့တောင်ထပ်သို့ ရောက်

ရှိနေခြင်းဖြစ်ကြောင်း သိရှိလိုက်သည်။

ကျီမော့တောင်ထိပ်တွင် အတိတ်တစ်ချိန်ကဆန်းလျန် နတ်ဘုရားတစ်ပါးအဖြစ် အဆင့်တက်ရောက်ခဲ့ရာ နေရာဖြစ်သည့် ယို့ဟွားစင်မြင့်သည်ပင် ယခုထက်တိုင် တည်ရှိနေသေးသည်။ တောင်ထိပ်တစ်ခွင်တွင် တိမ်တိုက်များက လွင့်မျောနေလေသည်။ လေပြေက တိုက်ခတ်လျှက်ရှိလေရာ မီလဲ့ ကိုယ်တော်၏ ဝတ်ရုံစသည် လေထဲတွင် လွင့်လျှက် ရှိလေသည်။

မည်သည့်နေရာမှ ထွက်ပေါ်နေမှန်းမသိသည့် အလင်းရောင် မှိန်ပျပျက လင်းလက်လျှက် ရှိသည်။

လတ်ဆတ်သည့် လေပြေကြောင့် မီလဲ့ကိုယ်တော် အနည်းငယ် လန်းဆန်းလာသလို ခံစားလိုက်ရသည်။

သူက ရှေ့သို့ ခြေလှမ်းအနည်းငယ်တိုးသွားလိုက်ပြီး လက်ထဲမှ ရတနာ (၇)ပါး သစ်ကိုင်းကို တစ်ချက် ဝှေ့ရမ်းလိုက်လေသည်။

ထိုအခါ... အဝေးတစ်နေရာတွင် နှစ်ပေါင်းများစွာ တည်ရှိနေခဲ့သည့် တောင်တစ်တောင်သည် ချက်ချင်းပင် အမှုန့်ဖြစ်ကာ ပျက်စီးသွားလေတော့သည်။

တန်ခိုးစွမ်းအား အနည်းငယ်မျှ အသုံးပြုရုံဖြင့် တောင်တစ်ခုလုံးအမှုန့်ဖြစ်သွားသည့်အတွက် ရတနာ (၇)ပါး သစ်ကိုင်း၏ တန်ခိုးစွမ်းအားကို မီလဲ့ကိုယ်တော် ကျေနပ်အားရ ဖြစ်သွားမိသည်။

သို့သော်... သူ သိပ်ပြီး ဝမ်းမသာလိုက်ရပေ။

အကြောင်းမှာ... သူ၏ ပတ်ဝန်းကျင်တွင် ခေါင်းလောင်းမြည်သံများ ရုတ်တရက် ထွက်ပေါ်လာသောကြောင့် ဖြစ်လေသည်။

ထိုခေါင်းလောင်းသံများက သူ့ကို ဒေါသချောင်းချောင်း ထွက်လာစေသည်။

ထိုအချိန်... တိမ်တိုက်တစ်ခု လင်းလက်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး ကြည်လင်သည့် လှိုင်းများ လှုပ်ခတ်သွားလေသည်။

မကြာမီ ထိုတိမ်တိုက်သည် ယွိဟွားစင်မြင့်ထက်သို့ ရောက်ရှိလာလေသည်။

မီလှဲ့ကိုယ်တော်သည် ထိုသို့ လင်းလက်နေသည့်တိမ်တိုက်ကို တစ်ခါမှ တွေ့မြင်ခဲ့ဖူးခြင်း မရှိပေ။

သူ့စိတ်ထဲတင်းတင်းကျပ်ကျပ်ခံစားလိုက်ရပြီး ကြောက်ရွံ့ထိတ်လန့်လာမိလေသည်။

ထို့နောက်... ကြည်လင်သည့် လှိုင်းများအလယ်တွင် မှိုင်းမှောင်သည့်အရောင်ရှိသော ခေါင်းလောင်းတစ်ခုကို ကိုင်ထားသည့် ချောမောလှပလွန်းသည့် မိန်းမပျိုတစ်ယောက် ထွက်ပေါ်လာလေသည်။

မီလှဲ့ကိုယ်တော်ကြားနေရသည့် ခေါင်းလောင်းသံမှာ မိန်းမပျို၏ လက်ထဲတွင် ကိုင်ထားသည့် ခေါင်းလောင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ခေါင်းလောင်းငယ်က အလွန်သေးငယ်ပြီး အရောင်ကလည်း မှုံမှိုင်းလျှက် ရှိသည်။
ကြီးမားသည့် ဘေးအန္တရယ်နှင့် ရင်ဆိုင်ရပြီ ဖြစ်ကြောင်း မီလဲ့ကိုယ်တော် ချက်ချင်း ရိပ်မိလိုက်လေသည်။ သို့သော်... သူ့တွင် ရတနာ (၇)ပါး သစ်ကိုင်းရှိနေသည့်အတွက် အနည်းငယ် စိတ်သက်သာရာရသွားလေသည်။
မီလဲ့ကိုယ်တော် စိတ်ထဲမှ တွေးလိုက်လေသည်။
"ဒီ အစစ်ဆေးခံရမှုကိုသာ ကျော်လွန်နိုင်ရင် အနာဂတ်မှာ ငါဟာ တာအိုဆရာသခင်ကြီးတစ်ပါး ဖြစ်လာလိမ့်မယ်..."
သေချာသည့် အတွေးဖြင့် မီလဲ့ကိုယ်တော် တစ်ချက်ပြုံးလိုက်လေသည်။
ထို့နောက် မီလဲ့ကိုယ်တော်က မိန်းမပျိုကို လှမ်းကြည့်လိုက်ပြီး နှုတ်ဆက်စကားဆိုလိုက်လေသည်။

"ကျောက်ရှောင်ယွီနတ်သမီး ... သေရွာကပြန်လာတာ ဂုဏ်ယူပါတယ်..."

ကျောက်ရှောင်ယွီက မီလဲ့ကိုယ်တော်ကို တစ်ချက်စိုက်ကြည့်လိုက်ရင်း ပြုံးပြလိုက်လေသည်။

သူမ၏မျက်ဝန်းများက ရေစင်အလားကြည်လင်နေသော်လည်း လှိုင်းများလည်း ထလျှက် ရှိလေသည်။

ထို့ကြောင့်... သူမ မည်သည့်အတွေးများ တွေးနေသည်ကို မီလဲ့ကိုယ်တော် ခန့်မှန်းနိုင်ခြင်း မရှိပေ။

မီလဲ့ကိုယ်တော်က သူမကိုကြည့်နေရင်း ရင်ထဲတွင် အေးစိမ့်မှုကို ခံစားလိုက်ရလေသည်။

သူတို့ ယခင်တစ်ခေါက် တိုက်ခိုက်ခဲ့စဉ်ထက် ကျောက်ရှောင်ယွီက ပိုပြီး တန်ခိုးစွမ်းအားမြင့်မားနေသည်ကို မီလဲ့ကိုယ်တော် ရိပ်မိလိုက်သည်။

ကျောက်ရှောင်ယွီကို ယခုတစ်ကြိမ်တွင် အနိုင်ယူရန် လွယ်ကူမည် မဟုတ်တော့ပေ။

မီလဲ့ကိုယ်တော်၏ စိတ်အာရုံထဲတွင် "မရှိမှုတရား" ကို ခံစားလိုက်ရလေသည်။ သို့သော်... မရှိမှုတရားသည် ကျောက်ရှောင်ယွီထံမှ မရှိမှုတရားမဟုတ်ပေ။

အရာအားလုံးသည် သူနားလည်နိုင်သည်ထက် ပိုမိုထူးခြားဆန်းကျယ်နေလေသည်။

ရုတ်တရက်... မီလဲ့ကိုယ်တော် စိတ်အာရုံထဲတွင် အေးစိမ့်လာသည်ဟု ခံစားလိုက်ရလေသည်။

မီလဲ့ကိုယ်တော်က ချက်ချင်းပင် ရတနာ (၇) ပါးသစ်ကိုင်းကို ဝှေ့ရမ်းပြီး တိုက်ခိုက်လိုက်သည်။ လေးဖက်လေးတန်မှ အလင်းတန်းများထွက်ပေါ်လာပြီး ကျောက်ရှောင်ယွီရှိရာသို့ အလင်းတန်းများ ဝင်ရောက်သွားလေသည်။

သို့သော်… ရတနာ (၇) ပါးသစ်ကိုင်းက ကျောက်ရှောင်ယွီကို ထိခိုက်ခြင်း မရှိပေ။

နေရောင်ခြည်ကဲ့သို့ လင်းလက်သည့် ဓားဝိညာဉ်တစ်ခု ထွက်ပေါ်လာပြီး မီလဲ့ကိုယ်တော်၏ ဝမ်းဗိုက်ကို ထိုးခွဲပစ်လိုက်လေသည်။

မီလဲ့ကိုယ်တော်၏ ဝမ်းဗိုက်မှ ရွှေရောင်နတ်ဘုရားသွေးများ စီးဆင်းထွက်လာသည်။

သို့သော်… ဓားဝိညာဉ်မည်သည့်နေရာကထွက်ပေါ်လာသည်ကို သဲလွန်စမတွေ့ရပေ။ မည်သည့် အချက်ပြမှုမှလည်း မီလဲ့ကိုယ်တော် သတိထားမိခြင်း မရှိပေ။

ကျောက်ရှောင်ယွီက မီလဲ့ကိုယ်တော်ကြည့်ပြီး ပြုံးလိုက်လေသည်။ မီလဲ့ကိုယ်တော်၏ မျက်ဝန်းထဲမှ အေးစိမ့်မှုများက ပို၍ နက်ရှိုင်းလာလေသည်။

သူ့ထံသို့ ဝင်ရောက်လာသည့် ကျောက်ရှောင်ယွီ၏ ဓားဝိညာဉ်

လမ်းကြောင်းကို မီလဲ့ကိုယ်တော် တွေ့မြင်နိုင်ခဲ့ခြင်း မရှိပေ။

သတိထားပြီး ခုခံရန်မကြိုးစားဘဲ ရတနာ (၇)ပါး သစ်ပင်ဖြင့်

စတင်တိုက်ခိုက်လိုက်မိခြင်းက သူ၏အမှားသာ ဖြစ်ကြောင်း မီ

လဲ့ကိုယ်တော် နားလည်လိုက်သည်။

ထို့နောက် ကျောက်ရှောင်ယွီက သူမ၏လက်ထဲမှ

ခေါင်းလောင်းငယ်လေးကို ပစ်လွှတ်လိုက်လေသည်။

ခေါင်းလောင်းငယ်သည် ကြီးမားသည့် ခေါင်းလောင်းကြီးတစ်

ခုအဖြစ် ပြောင်းလဲသွားပြီး မီလဲ့ကိုယ်တော်၏ ဦးခေါင်းထက်

သို့ ကျရောက်သွားလေသည်။

ခေါင်းလောင်းကြီးသည် ကောင်းကင်ထက်မှ ကျဆင်းလာပြီး

မီလဲ့ကိုယ်တော်၏ ဦးခေါင်းကို ဖုံးအုပ်သွားလေသည်။

မီလုံ့ကိုယ်တော်က ရတနာ (၇)ပါး သစ်ကိုင်းကိုဝှေ့ရမ်းလိုက်ပြီး အလင်းတန်းများကိုထုတ်လွှတ်ကာ အတင်းအဓမ္မ ထပ်မံ တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။

သို့သော်... မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိသည့် အဆင်းသဏ္ဍာန်မဲ့ ဓားဝိညာဉ်က သူ့ကို ထပ်မံတိုက်ခိုက်သည်ကို ခံလိုက်ရပြန်လေသည်။

ကြည့်ရသည်မှာ ကျောက်ရှောင်ယွီသည် "ဗလာနယ်" အကြောင်းကို အပြည့်အဝ သဘောပေါက်နားလည်သွားဟန် ရှိသည်။

သူမအသုံးပြုနေသည့် ဓားသိုင်းပညာမှာ "ဗလာနယ်မရဏဓား သိုင်း" ဖြစ်လေသည်။

ကျောက်ရှောင်ယွီ ဗလာနယ်မရဏဓားကို အသုံးပြုနေသည်ကို ကြည့်ခြင်းအားဖြင့် ဓားဝိညာဉ်ရောက်လာခြင်းကိုလည်း မ

ခန့်မှန်းနိုင်သလို ဓားဝိညာဉ် ပြန်ထွက်သွားသည်ကိုလည်း မခန့်မှန်းနိုင်ပေ။

ထို့ပြင် ကျောက်ရှောင်ယွီက သူမ၏ ခန္ဓာကိုယ်ကိုလည်း မိုးကောင်းကင်တံခါးဖြင့် ကာကွယ်ထားသေးသည်။ ထို့ကြောင့် မီလဲ့ကိုယ်တော်၏ ရတနာ (၇)ပါး သစ်ကိုင်းသည် ကျောက်ရှောင်ယွီကို ထိခိုက်အောင် တိုက်ခိုက်နိုင်ခဲ့ခြင်း မရှိပေ။ မီလဲ့ကိုယ်တော်အတွက် ရှုံးနိမ့်နိုင်ချေ အလွန်များနေပြီဖြစ်သည်။

မီလဲ့ကိုယ်တော် မည်သို့မှ မတတ်နိုင်တော့ဘဲ ဒေါသချောင်းချောင်းထွက်လာမိသည်။ သူက ဗောဓိဘိုးဘိုး ရတနာပစ္စည်း (၃)မျိုးကို ရွေးခြယ်ခိုင်းစဉ်က စိမ်းပြာရောင်အလံကို မရွေးခြယ်ခဲ့မိသည့် အတွက် နောင်တရနေမိလေသည်။

ထို့ပြင်... ကျောက်ရှောင်ယွီ၏ ဓားဝိညာဉ်က သူ့ကို အဘယ့်ကြောင့် ထိုမျှ နာကျင်စေရပါသနည်း။

သူ့လက်ထဲတွင် ရတနာ (၇)ပါး သစ်ကိုင်းကို ကိုင်ထားလေသည်။

ထို့ပြင်… သူ၏ ကျင့်ကြံခြင်းအဆင့်မှာလည်း နှစ်သန်းပေါင်း (၁၀၀)ခန့်ပင် ရှိခဲ့ပြီ ဖြစ်သည်။ သို့သော်… ယခုတော့ ကျောက်ရှောင်ယွီ၏ ဓားဝိညာဉ်ဖြင့် တစ်ချက် အခုတ်ခံရတိုင်း တန်ခိုးစွမ်းအားများက အလွှာလိုက်စုပ်ယူခံလိုက်ရသလို လျော့နည်းသွားခဲ့လေသည်။

သူသေသွားလျှင်တောင်မှ သဂြိုလ်စရာ ရုပ်ခန္ဓာ မကျန်တော့လောက်အောင် တဖြည်းဖြည်း ဆုတ်ယုတ်လာလျှက် ရှိတော့သည်။

မီလဲ့ကိုယ်တော်က ပြတ်သားသူတစ်ယောက်ဖြစ်သည်။ ဤအတိုင်းသာ ဆက်သွားနေပါက သူ့အနေဖြင့် မပြန်လမ်းကို မြန်းရတော့မည်ကို ကောင်းကောင်း ရိပ်မိလိုက်သည်။

မီလဲ့ကိုယ်တော်က ရတနာ (၇)ပါး သစ်ကိုင်းကို တစ်ချက်ဝှေ့ရမ်းလိုက်ပြီး ကျောက်ရှောင်ယွီထံသို့ အားကုန်သုံးကာ ပစ်လွှတ်လိုက်လေသည်။

ကျီမော့တောင်ကြီးတစ်ခုလုံး ချက်ချင်း တုန်လှုပ်လာပြီး မိုင်(၁၀၀၀)ပတ်လည်တွင် ကြီးမားသည့် ငလျှင်လှိုင်းများ စတင်ဖြစ်ပေါ်လာသည်။

ရာနှင်ထောင်နှင့်ချီသော တောင်ထိပ်များစွာ ပြိုကျပျက်စီးကုန်ပြီး တကယ့်ကမ္ဘာပျက်ကိန်း မြင်ကွင်းကို တွေ့မြင်ရသည့်အလား ခံစားရစေသည်။

ထို့နောက်တွင်တော့... ဆိုးဝါးသည့် ကြောက်မက်ဖွယ်ရာအမျက်ဒေါသများထွက်ပေါ်လာပြီး အားလုံးက မီလဲ့ကိုယ်တော်ရှိရာသို့ ဝင်ရောက်လာကြလေသည်။

မီလဲ့ကိုယ်တော်၏ မျက်နှာက မပြောင်းလဲဘဲ တည်ငြိမ်နေပြီး သူက ပါးစပ်မှ ဂါထာတစ်ပုဒ်ကို ထုတ်ဖော်ရေရွတ်လိုက်သည်။

ထို့နောက်... လက်ဖဝါးကိုတစ်ချက်မြှောက်လိုက်ပြီး ထိုဒေါသ တရားများကို စုပ်ယူလိုက်ကာ ကျောက်ရှောင်ယွီရှိရာသို့ ရိုက်ထုတ်လိုက်လေသည်။

မီလဲ့ကိုယ်တော်သည် ဗုဒ္ဓလမ်းစဉ်သို့ လိုက်နေရာမှ မာရ်နတ် အသွင်ပြောင်းလဲသွားခြင်းသည် စဉ်းစားစရာကောင်းသည့် အချက်တစ်ချက် ဖြစ်လေသည်။

တာအိုတရားက တစ်ဆင့်တက်လာလျှင် မိစ္ဆာစွမ်းအားလည်း တစ်ဆင့်တက်လာသည်ဟု ဆိုသကဲ့သို့ ဗုဒ္ဓလမ်းစဉ် တစ်ဆင့် မြင့်လာလေ မာရ်နတ်ကလည်း နှောက်ယှက်လေ ဖြစ်သည်။

ယခုပင်လျှင် မီလဲ့ကိုယ်တော်သည် ဗုဒ္ဓလမ်းစဉ်လိုက်နေရင်း မာရ်နတ်၏ ဖမ်းစားခြင်းခံရပြီး သူ၏ တန်ခိုးစွမ်းအား များသည် လူပြန်ဝင်စားခြင်း လမ်းစဉ် (၆)ခုနှင့် ပေါင်းစည်း သွားလေသည်။

သူက ကျောက်ရှောင်ယို့ရှိရာသို့ လက်ဖဝါးကို ရိုက်ထုတ်လိုက်ပြီးသည်နှင့် ကောင်းကင်ထက်တွင် မိုးကောင်းကင် နဂါး (၈)ကောင် ထွက်ပေါ်လာလေသည်။

မိုးကောင်းကင်နဂါး (၈)ကောင်မှာ ထျန်းကျုန်း ၊ လုန်ကျုန်း ၊ ရဲ့ချာ ၊ ကန်းတာပေါ ၊ အသူရာ ၊ ကျားလော် ၊ ကျင်းနာ့လော် ၊ မော်ဟိုလော်ကျား တို့ဖြစ်လေသည်။

ထိုနတ်နဂါးများအားလုံးမှာ ယခုတော့ မိစ္ဆာစွမ်းအားများဖြင့် ဖမ်းစားခံရပြီး သေရမည်ကိုပင် မကြောက်တော့ဘဲ ကျောက်ရှောင်ယို့ကို စက်ဝိုင်းပုံသဏ္ဍာန် ဝိုင်းပတ်ထားကြလေသည်။

မီလဲ့ကိုယ်တော်က ထိုအခွင့်အရေးကို အရယူကာ ထွက်ပြေးရန် ကြိုးစားလိုက်သည်။

သူက လီစန်းတောင်မယ်တော်နှင့် ခင်မင်ရင်းနှီးသူ ဖြစ်လေသည်။ ယခုအချိန်တွင် သူ လီစန်းတောင်မယ်တော်ထံသို့ ပြေး

ဝင်ခိုလှုံလျှင် သူ့အသက်ကို ကယ်တင်နိုင်မည်ဟု မျှော်လင့်ထားမိသည်။

လီစန်းတောင်မယ်တော်သည် နီဝါးနတ်သမီးနှင့် ဆက်နွယ်သူဖြစ်လေရာ သူသာ လီစန်းတောင်မယ်တော်ထံ ခိုလှုံနိုင်လျှင် ကျောက်ရှောင်ယွီကို ကြောက်နေစရာ အကြောင်းမရှိတော့ပေ။

သို့သော်… စိတ်မကောင်းစရာမှာ မီလှဲ့ကိုယ်တော်သည် ထွက်ပြေးလွတ်မြောက်နိုင်ခြင်း မရှိတော့ပေ။

သူ့နားထဲတွင် ထူးဆန်းသည့် ရေသံတစ်သံကို ရု်တရက်ကြားလိုက်ရလေသည်။ ထိုရေစီးဆင်းသံမှ အချိန်ရေစီးကြောင်း၏ ရေစီးဆင်းသံ ဖြစ်နိုင်လေသည်။

မီလှဲ့ကိုယ်တော် ပိတ်မိနေပြီး သူ၏ လှုပ်ရှားမှုတိုင်းက အသုံးမဝင်တော့ပေ။

သူ သတိဝင်လာသည့်အခါ ကြီးမားသည့် ခေါင်းလောင်းကြီးတစ်ခုထဲတွင် ပိတ်မိနေကြောင်း သတိပြုလိုက်မိသည်။

သူ ကြိုးစားကျင့်ကြံခဲ့သည့် ရွှေခန္ဓာသည် ခေါင်းလောင်းကြီး အထဲတွင်တော့ အလွန်မှ ပျက်စီးလွယ်နေလေသည်။ တစ်စစီ စုတ်ပြဲသွားတော့မတတ် ထင်မှတ်ရလေသည်။

ဤသည်မှာ သူ့ဘဝ၏ နောက်ဆုံးပုံရိပ် ဖြစ်လေတော့သည်။

ကျောက်ရှောင်ယွီ မီလှဲ့ကိုယ်တော်ထံသို့ ဖြည်းဖြည်းချင်း လမ်းလျှောက်လာလေသည်။

မီလှဲ့ကိုယ်တော်သည် အခိုးအငွေ့အဖြစ် အငွေ့ပျံပျောက်ကွယ် သွားပြီ ဖြစ်လေသည်။

အခိုးအငွေ့များအလယ်တွင် ဝိညာဉ်ခြောက်ဖြာအလံ ထွက် ပေါ်လာသည်ကို တွေ့မြင်ရလေသည်။

အတိတ်တစ်ချိန်က... တင့်ကွမ်းနတ်ဘုရားသည် ဝိညာဉ် ခြောက်ဖြာအလံနှင့်အတူ အသူရာချောက်သို့ ရောက်ရှိလာခဲ့ လေသည်။

ထို့နောက်... ဝိညာဉ်ခြောက်ဖြာအလံသည် တင့်ကွမ်းနတ်ဘုရား လက်ထဲမှ ယွမ်ကျွင်းကေရီ၏ လက်ထဲသို့ ရောက်ရှိသွားခဲ့ သည်။

အသူရာချောက်တွင် ဆန်းလျန်ကို ဝိုင်းဝန်းတိုက်ခိုက်ကြစဉ်က ပင် ယွမ်ကျွင်းကေရီသည် ဝိညာဉ်ခြောက်ဖြာအလံကို အသုံးပြုခဲ့သေးသည် မဟုတ်ပါလား။

ယွမ်ကျွင်းကေရီ လူပြန်ဝင်စားပြီးနောက် တာအိုဆရာလုယာဟု လူသိများသည့် နေစကြာတထာဂတဿ ထံမှတစ်ဆင့် ဝိညာဉ် ခြောက်ဖြာအလံက မီလှဲ့ကိုယ်တော်လက်ထဲသို့ ရောက်ရှိသွားခဲ့ ခြင်း ဖြစ်သည်။

ပြောကြသည်မှာတော့... ဝိညာဉ်ခြောက်ဖြာအလံသည် မြား ခုနစ်စင်းကျမ်းစာထက်ပင် အစွမ်းထက်သည်ဟု ဆိုကြသည်။ ဝိညာဉ်ခြောက်ဖြာအလံထက်တွင် လူ (၆)ယောက်၏ အမည် (၆)ခုကိုရေးပြီး ကျိန်စာတိုက်နိုင်သည်ဟု အဆိုရှိကြသည်။

သို့သော်... ဟွင့်ယွမ်ဝူကျီအဆင့် ကျင့်ကြံသူတစ်ယောက်က ပြုလုပ်မှသာလျှင် ကျိန်စာစူးမည်ဖြစ်လေသည်။ အခြားအဆင့် ကျင့်ကြံသူက ပြုလုပ်လျှင် ထိရောက်မှု ရှိမည် မဟုတ်ပေ။

စန့်ချင်တာအိုဆရာသခင်ကတော့ အဘယ့်ကြောင့် ဝိညာဉ် ခြောက်ဖြာအလံကို လိုချင်သည်ကို ကျောက်ရှောင်ယွီ သိရှိခြင်းမရှိပေ။ သူ သိလည်း မသိချင်ပေ။

ထို့နောက် ကျောက်ရှောင်ယွီသည် တိမ်တိုက်ကိုစီးနှင်ပြီး အပြာရောင်ခရီးရှည်နန်းတော်သို့ ပြန်ခဲ့လေတော့သည်။

....

လင်စန်းတောင်မှ ကျူးဖူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များ ၊ ဗောဓိသတ္တများအားလုံး မီလဲ့ကိုယ်တော် သေဆုံးသွားပြီဖြစ်ကြောင်း အာရုံခံစားမိလိုက်ကြလေသည်။

ဗုဒ္ဓသည် တာ့ရှုန်ရတနာခန်းမအလယ်တွင် ထိုင်နေလေသည်။ ဗုဒ္ဓ၏ လကျာ်ဘက်နှင့် လက်ဝဲဘက်တွင် နေရာ (၂)ခု လွတ်နေလေသည်။

လက်ျာဘက်က မီးအိမ်ကိုယ်တော်၏ နေရာဖြစ်ပြီး

လက်ဝဲဘက်ကတော့ မီလဲ့ကိုယ်တော်၏ နေရာဖြစ်လေသည်။

ယခုတော့ နေရာ (၂)ခုလုံး လစ်လပ်လျှက် ရှိခဲ့လေပြီ။

မီလဲ့ကိုယ်တော် သေဆုံးသွားသည့်အတွက် လင်စန်းတောင်မှ

ကျူဖူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များ ၊ ဗောဓိသကျ

များ မျက်နှာမကောင်းလှပေ။

သို့သော်... ပြုံးရယ်လိုက်သည့် ဗောဓိသကျ တစ်ပါးသာ ရှိလေ

သည်။

ထို ဗောဓိသကျမှာ အသိပညာဉာဏ်အားလုံးကို ပိုင်ဆိုးသည့်

ဝန်စူးမယ်တော်ပင် ဖြစ်လေသည်။

ဗုဒ္ဓက ...

"ဝန်စူး... ဘာလို့ ပြုံးရယ်နေတာလဲ..."

ဝန်စူးမယ်တော်က...

"ဗုဒ္ဓကို ဂုဏ်ပြုတဲ့နေနဲ့ ပြုံးရယ်ရတာပါ..."

သူမ၏ စကားက ကျူပြူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များ ၊ ဗောဓိသကျများအားလုံးကို ပဟေဠိ ဖြစ်သွားစေလေသည်။

သို့သော်... ဗုဒ္ဓကတော့ အလွန်လေးနက်သည့် အကြည့်ဖြင့် ဝန်စူးမယ်တော်ကို ကြည့်လိုက်လေသည်။

ထိုအချိန်မှာပင်... ကိုယ်တော်တစ်ပါး ခန်းမအတွင်းသို့ ဝင်ရောက်လာပြီး...

"အပြင်မှာ တိကျန်ဗောဓိသကျ ရောက်နေပါတယ်..."

ဟု ပြောလိုက်လေတော့သည်။

ဗုဒ္ဓက...

"သူ့ကို ဝင်လာခိုင်းလိုက်..."

အခန်း (၁၀၂၄) အဆုံးသတ်တေးသွား (ဒုတိယပိုင်း)

တိကျန်ဗောဓိသကျသည် အပြင်ဘက်မှ တစ်လှမ်းချင်း လှမ်းဝင်လာလေသည်။ ထို့နောက် ကြာပလ္လင်ထက်မှ ဗုဒ္ဓ၏ ခြေတော်ရင်းတွင် ဦးခိုက်လိုက်ကာ ဦးခေါင်းဖြင့် ဗုဒ္ဓ၏ ခြေချောင်းများကို ထိလိုက်လေသည်။

အခြားသော ကျူပုဖူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များ ၊ ဗောဓိသကျများက ထိုမြင်ကွင်းကို ကြည့်နေကြလေသည်။

တိကျန်ဗောဓိသကျ ယခုကဲ့သို့ ဗုဒ္ဓ၏ခြေတော်ရင်းသို့ ပြန်ရောက်လာခြင်းသည် အလွန်မှ ကျေနပ်ဖွယ်ရာပင် ဖြစ်သည်။

ဗုဒ္ဓက တိကျန်ဗောဓိသကျ၏ ဦးခေါင်းထက်တွင် လက်တော်ကိုတင်လိုက်ရင်း မိုးခြိမ်းသံကဲ့သို့ ဩဇာပြည့်ဝလှသည့် အသံဖြင့်...

"တိကျန်ဟာ ဗောဓိသကျပေါင်းတစ်သောင်းရဲ့ အရှင်ဖြစ်တယ်"

တိကျန်ဗောဓိသကျ၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။ ဗုဒ္ဓသည် သူ့ကို ထိုသို့သော ရာထူးဂုဏ်ထူးဖြင့် ချီးမြှင့်လိမ့်မည်ဟု ထင်မှတ်မထားခဲ့မိပေ။

အခြားသော ကျူဖူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များနှင့် ဗောဓိသကျများမှာလည်း အံ့အားသင့်သွားကြရလေသည်။

လောကတွင် ဗုဒ္ဓပွင့်ပြီးနောက်ပိုင်း ဗောဓိသကျပေါင်းတစ်သောင်းကို ဦးဆောင်ခဲ့လေသည်။

ယခုတော့ ဗုဒ္ဓက တိကျန်ဗောဓိသကျကို အဘယ့်ကြောင့် ဗောဓိသကျပေါင်းတစ်သောင်းကို ဦးဆောင်ခိုင်းပါသနည်း။

ဗုဒ္ဓ၏စကားဆုံးသွားသည်နှင့် မကြာမီပင် ခန်းမထဲတွင် ဗောဓိသကျပေါင်းတစ်သောင်း အရေအတွက် ပြည့်သွားလေသည်။

ထိုအချိန်မှာပင်...

လင်စန်းတောင်အပြင်ဘက်တွင် နဂါးငွေ့တန်းမြစ်ရေ မြင့်တက်လာပြီး လျှံကျလာလေသည်။ လင်စန်းတောင်တစ်ခုလုံး နဂါးငွေ့တန်း မြစ်ရေများဖြင့် ချက်ချင်းပင် ဖုံးလွှမ်းသွားလေတော့သည်။

နဂါးငွေ့တန်းမြစ်ရေ၏ ရေစက်တိုင်းသည် မရေမတွက်နိုင်သည့် ကျင့်စဉ်တန်ခိုးစွမ်းအားများ ဖြစ်လေသည်။

ဗုဒ္ဓဘာသာ ၊ တာအိုဝါဒ ၊ နတ်မိစ္ဆာဝါဒ တို့မှ မဆုံးနိုင်သည့် တန်ခိုးစွမ်းအားများအားလုံး ပါဝင်လေသည်။

လောကတစ်ခုလုံးတွင် တည်ရှိသည့် ကျင့်စဉ်များသည် နဂါးငွေ့တန်းမြစ်ရေထဲတွင် အရိပ်ထင်လျှက် ရှိလေသည်။

အဆုံးမရှိသည့် ကျင့်စဉ်များဟု ဆိုရမည် ဖြစ်သည်။

ကျူပွဖူကိုယ်တော်များ ၊ လော်ဟန်ကိုယ်တော်များနှင့် ဗောဓိသကျများက နဂါးငွေ့တန်းမြစ်ရေများကို ခုခံကာကွယ်ထားကြလေသည်။

ယခုကဲ့သို့ မြစ်ရေ ရုတ်တရက် မြင့်တက်လာခြင်းမှာ တာအို ဝါဒနှင့် ပတ်သက်နေသည်ကို အားလုံးက သိရှိလိုက်ကြသည်။ မြစ်ရေသည် ဆက်တိုက်မြင့်တက်နေပြီး မည်သည့်ကိုယ်တော် ၊ မည်သည့်နတ်ဝိဇ္ဇာမှ မြစ်ရေကို တားဆီးထားနိုင်ခြင်း မရှိကြပေ။

မြစ်ရေကိုတားဆီးရန်အတွက် ဗုဒ္ဓကိုယ်တိုင်နှင့် ဗောဓိသကျ (၄)ပါးသာလျှင် တတ်နိုင်မည် ဖြစ်လေသည်။

ဗုဒ္ဓက နဂါးငွေ့တန်းရှိရာသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

ထိုအခါ... တိမ်တိုက်တစ်ခုထက်တွင် မတ်တတ်ရပ်နေသည့် လူငယ်တာအိုဆရာ တစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုတာအိုဆရာမှာ တာအိုဆရာသခင်ထိုက်ယီဖြစ်ပြီး သူ၏ဘေးနားတွင် တာအိုဆရာလီချင်းဆွေ ရှိနေလေသည်။

တာအိုဆရာသခင်ထိုက်ယီက သမီးဖြစ်သူ လီချင်းဆွေ၏ ပခုံးများကို ပွေ့ဖက်ထားလေသည်။

တာအိုဆရာသခင်ထိုက်ယီက ဗုဒ္ဓကို လှမ်းပြီး ပြုံးပြလိုက်လေ၏။

ဗုဒ္ဓက ဂါထာတစ်ပုဒ်ကို ရွတ်ဖတ်လိုက်ပြီး လက်ဖဝါးကို အရှေ့ဆီသို့ တွန်းထုတ်လိုက်လေရာ နဂါးငွေ့တန်းမြစ်ရေများကို ကျော်ဖြတ်ပြီး တာအိုဆရာသခင်ထိုက်ယီ ရှိရာနေရာသို့ တန်ခိုးစွမ်းအားများ ကျရောက်သွားလေသည်။

တာအိုဆရာသခင်ထိုက်ယီက လေသံခပ်အေးအေးဖြင့်ပင် လီချင်းဆွေကို ပြောလိုက်သည်။

"ဒါ သမီးကို နောက်ဆုံးသင်ပေးမယ့် ဓားသိုင်းတစ်ကွက်ပဲ" ထိုစကားပြောပြီးသည်နှင့် တာအိုဆရာသခင်ထိုက်ယီ တိတ်ဆိတ်သွားပြီး မရှိမှုတရားများဖြင့် ပြည့်နက်သွားလေသည်။

မိုးနှင့်မြေတွင် ဓားရောင်တစ်ချက်လင်းလက်သွားပြီး ဓား

ဝိညာဉ်သည် ဗုဒ္ဓလက်ဖဝါး တန်ခိုးစွမ်းအားဖြင့် အရှိန်အဟုန်

ပြင်းထန်စွာ ရိုက်ခတ်သွားလေတော့သည်။

အသက်ဓာတ်စွမ်းအား အတက်အကျများ မြင့်မားစွာ ဖြစ်

ပေါ်လာပြီး မြင့်မြတ်သည့်လင်စန်းတောင်တစ်ခုလုံး အမှုန့်ဖြစ်

သွားရလေသည်။ အလင်းတန်းများအလယ်တွင် မဟာဗောဓိ

သကျ (၄)ပါးသာလျှင် အန္တရယ်ကင်းကင်းနှင့် ရပ်တည်နေခဲ့

လေသည်။

....

ကျောက်ရှောင်ယွီသည် ဝိညာဉ်ခြောက်ဖြာအလံနှင့်အတူ အပြာ

ရောင်ခရီးရှည်နန်းတော်သို့ ပြန်လာခဲ့လေသည်။

သူမက စန့်ချင်တာအိုဆရာသခင်ကို ချက်ချင်းပင် ဝင်ရောက်

တွေ့ဆုံလိုက်သည်။

စန့်ချင်တာအိုဆရာသခင်က ဝိညာဉ်ခြောက်ဖြာအလံကို ယူလိုက်ပြီး သန့်စင်သည့် တန်ခိုးစွမ်းအားများက ဝိညာဉ်ခြောက်ဖြာအလံကို လှည့်ပတ်သွားလေသည်။

ထို့နောက် ဝိညာဉ်ခြောက်ဖြာအလံမှ ပျက်စီးနေသည့် ဝိညာဉ်စွမ်းအားများ ပြန်လည်သန့်စင်သွားလေသည်။

စန့်ချင်တာအိုဆရာသခင်က ဝိညာဉ်ခြောက်ဖြာအလံကို ကျောက်ရှောင်ယွီထံသို့ ကမ်းပေးလိုက်ရင်း...

"နာမည် (၆)ခု ရေးပေးလို့ရမလား..."

ကျောက်ရှောင်ယွီက ပြုံးလိုက်ရင်း...

"ကျွန်မ ထုန်ထျန်းအရှင်ရဲ့စကားကို နာခံပါ့မယ်..."

စန့်ချင်တာအိုဆရာသခင်က သူမကို ထိုသို့ ပြုလုပ်ခိုင်းသည့်အတွက် သူမ မအံ့ဩခဲ့ပေ။

သူမ အစကတည်းက ကြိုတင်ပြင်ဆင်လာခဲ့ပြီးပြီ ဖြစ်လေသည်။

ကျောက်ရှောင်ယွီက ကျောက်စိမ်းသားကဲ့သို့ နူးညံ့သည့်

သူမ၏ လက်ထိပ်လေးကို သွားဖြင့်တစ်ချက်ကိုက်လိုက်ပြီး

ထွက်လာသည့် သွေးများဖြင့် ဝိညာဉ်ခြောက်ဖြာအလံထက်

တွင် နာမည်များ စတင်ရေးသားလိုက်လေသည်။

ပထမနာမည် - ကွမ်ယင်မယ်တော်

ဒုတိယနာမည် - ဖူရှန်မယ်တော်

တတိယနာမည် - ဝန်စူးမယ်တော်

စတုတ္ထမြောက်နာမည်ကို ရေးလုဆဲဆဲတွင်တော့

သူမ၏မျက်နှာသည် ဖြူဖပ်ဖြူလျော်ဖြစ်သွားလေသည်။

သို့သော် သူမ ကြိုးစားပြီး နာမည်ကို ချရေးလိုက်လေသည်။

"တိကျန်ဗောဓိသကျ..."

ပဉ္စမမြောက်နာမည်တွင်တော့ သူမက "ရွှမ်တုတောက်ကျွင်း"

ဆိုသည့်အမည်ကို တစ်ချက်မတုံ့ဆိုင်းဘဲ ချရေးလိုက်လေ

သည်။

ထို့နောက်တွင်တော့ သူမ ရေးသားခြင်းကို ရပ်တန့်လိုက်ပြီး စန့်ချင်တာအိုဆရာသခင်ကို မော့ကြည့်လိုက်လေသည်။

စန့်ချင်တာအိုဆရာသခင်က...

"နာမည်တစ်ခု ကျန်နေသေးတယ်လေ..."

ကျောက်ရှောင်ယွီသည် တုံ့ဆိုင်းနေလေသည်။

စန့်ချင်တာအိုဆရာသခင်က ထပ်ပြောလိုက်သည်။

"နာမည်တစ်ခုကျန်နေသေးတယ်လေ..."

ယခုတစ်ကြိမ်ထပ်ပြောလိုက်သည့်အသံသည် ပထမတစ်ကြိမ်ပြောလိုက်သည့်အသံနှင့် အတူတူပင် ဖြစ်လေသည်။ သို့သော်ကြီးမားသည့်ဖိအားများကို ကျောက်ရှောင်ယွီ ခံစားလိုက်ရသည်။

ကျောက်ရှောင်ယွီက မေးလိုက်လေသည်။

"ဘာဖြစ်လို့လဲ... ဘာဖြစ်လို့ သူဖြစ်ရတာလဲ..."

စန့်ချင်တာအိုဆရာသခင်က...

"မင်း လက်မခံနိုင်ဘူးလား..."

ကျောက်ရှောင်ယွီက...

"ကျွန်မ နားမလည်တာပါ..."

အမှန်တော့ ဝိညာဉ်ခြောက်ဖြာအလံပေါ်တွင် ရေးသားရန်

အတွက် နာမည် (၅)ခုကို အစကတည်းက သူမ စဉ်းစားထားခဲ့

လေသည်။

သူမက ထိုနာမည် (၅)ခုကို ရေးပြီးသည့်အချိန်ကျမှ ဆဌမ

မြောက်နာမည်ကို စဉ်းစားမိခြင်း ဖြစ်လေသည်။

ထိုအခါ... သူမ စိတ်များ ရှုတ်ထွေးသွားရပြီး နားမလည်နိုင်

ခြင်းများစွာကို ခံစားလိုက်ရလေသည်။

သူမနှင့် ထိုသူ၏ အတိတ်ဘဝမှဆက်ဆံရေးက ပြတ်တောက်ခဲ့

ပြီဖြစ်သည့်တိုင် သူမအနေဖြင့် ထိုအမည်ကိုရေးသားရန် မည်

သည့်နည်းနှင့်မှ မဖြစ်နိုင်ခဲ့ပေ။

စန့်ချင်တာအိုဆရာသခင်က...

"မင်းက အရမ်းညာဏ်ကောင်းတယ်..."

ကျောက်ရှောင်ယွီ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

သူမ သွေးရန့်များကို ရရှိနေမိသည်။

နာမည် (၅)ခုကို ဝိညာဉ်ခြောက်ဖြာအလံထက်တွင် ရေးသား

လိုက်ရသည့်အတွက် သူမ၏ တန်ခိုးစွမ်းအားများစွာ အသုံးပြု

လိုက်ရလေသည်။

သို့သော်... ဆဌမမြောက်နာမည်ကိုတော့ သူမ ရေးနိုင်စွမ်းမရှိ

တော့သည့်အတွက် မရေးသားခြင်း မဟုတ်ပေ။ ထိုနာမည်ကို

သူမ မရေးသားလိုခြင်းသာ ဖြစ်လေသည်။

"ထုန်ထျန်းအရှင် ကိုယ်တိုင်ပဲ ရေးပေးပါတော့..."

သူမက ဝိညာဉ်ခြောက်ဖြာအလံကို စန့်ချင်တာအိုဆရာသခင်

ဆီသို့ လှမ်းပေးရင်း ပြောလိုက်လေသည်။

စန့်ချင်တာအိုဆရာသခင်က သူမကို တစ်ချက်လှမ်းကြည့်

လိုက်သည်။ ထို့နောက် ဝိညာဉ်ခြောက်ဖြာအလံကို ယူလိုက်ပြီး

လက်ချောင်းကို စုတ်တံအလား အသုံးပြုကာ နောက်ဆုံး

နာမည်တစ်ခုကို ရေးထိုးလိုက်လေသည်။

စန့်ချင်တာအိုဆရာသခင် ရေးသားလိုက်သည့် စာလုံး (၃)လုံး

ကို ကျောက်ရှောင်ယွီ ရှင်းလင်းစွာ မြင်တွေ့လိုက်ရလေသည်။

"ရဲ့လျိုယွင်..."

ထို့နောက်တွင်တော့ စန့်ချင်တာအိုဆရာသခင်သည် ဝိညာဉ်

ခြောက်ဖြာအလံကို အသာအယာ ဝှေ့ရမ်းလိုက်လေသည်။

ထိုအခါ ဝိညာဉ်ခြောက်ဖြာအလံမှ တန်ခိုးစွမ်းအားများသည်

အပိုင်း (၆)ပိုင်းကွဲသွားပြီး ကျိန်စာတိုက်ခံထားရသည့်

သက်ဆိုင်ရာ ပုဂ္ဂိုလ် (၆)ယောက်ဆီသို့ အသီးသီးရောက်ရှိသွား

လေတော့သည်။

....

ထိုအချိန်မှာပင်... လင်စန်းတောင်မှ ဗောဓိသကျ (၄)ပါးသည်

တစ်ယောက်ပြီးတစ်ယောက် အနက်ရောင်သွေးများ အန်ထုတ်

လိုက်ကြလေသည်။

လင်စန်းတောင် ပျက်စီးသွားခဲ့ပြီ ဖြစ်လေသည်။

သူတို့အားလုံး အသက်ရှင်ကျန်ရစ်နေခဲ့သော်လည်း မထင်မှတ်စွာပင် ရုတ်တရက်ကျိန်စာတိုက် ခံလိုက်ရလေသည်။

ဝန်စူးမယ်တော်က မချိပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ဝိညာဉ် (၆)ဖြာအလံပဲ..."

ကွမ်ယင်မယ်တော်နှင့် ဖူရှန်မယ်တာ်ကတော့ မည်သည့်စကားမှ မပြောဘဲ တိတ်ဆိတ်နေလေသည်။

သူတို့သည် လေထဲတွင် တင်ပျဉ်ခွေ ထိုင်လိုက်ပြီး ဝိညာဉ်ခြောက်ဖြာအလံ၏ ကျိန်စာကို ခုခံထားလိုက်ကြလေသည်။

တိကျန်ဗောဓိသကျကတော့ သွေးများအန်ချလိုက်သော်လည်း သူ၏ ခန္ဓာကိုယ်မှာ အခြားသူများထက်ပိုပြီး ပေါ့ပါးသွားသလို ခံစားလိုက်ရလေသည်။

သူသည် ဟွင့်ယွမ်ဝူကျီအဆင့်သို့ရောက်ရှိနေသည်သာမက ဝိညာဉ်မြစ်ကိုလည်း တစ်ဝက်ခန့် သန့်စင်ထားသူ ဖြစ်လေသည်။

တိကျန်ဗောဓိသကျ၏ ဦးခေါင်းအနောက်ဘက်တွင် ရောင်ခြည်စက်ဝန်းတစ်ခုပေါ်လာလေသည်။

သူက ဗလာနယ်ထဲမှ ထွက်ပေါ်လာသည့် အသူရာချောက်မှ မရဏာစွမ်းအားများကို ခုခံထားနိုင်ပြီး သေခြင်းတရားကို သူ့ထံသို့ မကျရောက်အောင် တားဆီးထားနိုင်ခဲ့သည်။

တိကျန်ဗောဓိသကျက တစ်ချက်ရယ်မောလိုက်ပြီး အခြားသော ဗောဓိသကျ (၃)ပါးကို လှမ်းကြည့်လိုက်လေသည်။

"နောက်ဆုံးတော့ မင်းတို့တွေ သေခြင်းတရားကို မလွန်ဆန်နိုင်တော့ဘူးပဲ..."

အခြားသောဗောဓိသကျ (၃)ပါးက မည်သည့်စကားမှ ပြန်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။ သိပ်မကြာမီ သူ

တို့ အားလုံး တစ်ပါးပြီးတစ်ပါး ပျောက်ကွယ်သွားကြလေတော့သည်။

ဗောဓိသကျ (၃)ပါး လူပြန်ဝင်စားသွားသည်က အကောင်းဆုံးဇာတ်သိမ်းပင် ဖြစ်သည်ဟု တိကျန်ဗောဓိသကျ တွေးလိုက်လေသည်။

ထို့နောက်... တိကျန်ဗောဓိသကျသည် ကြယ်စင်ရောင်များတောက်ပနေသည့် ကောင်းကင်ထက်တွင် ဦးတည်ရာမဲ့သွားလာနေလေတော့သည်။

သူသည် မသိလိုက်မသိဘာသာဖြင့် နဂါးငွေ့တန်းမြစ်ကမ်းနံဘေးသို့ ရောက်ရှိလာလေသည်။

နဂါးငွေ့တန်းမြစ်ကမ်းနံဘေးတွင် ပေါက်ရောက်နေသည့်မြက်ပင်လေးတစ်ပင်ကို တွေ့လိုက်သည့်အခါ တိကျန်ဗောဓိသကျက တစ်ချက် ပြုံးလိုက်လေသည်။

ထိုမြက်ပင်လေးမှာ ရှမ်တုတောက်ကျွင်း၏ ဝမ်းနည်းပူဆွေးခြင်းများကြောင့် ဖြစ်ပေါ်လာသည့် မြက်ပင်လေးဖြစ်လေသည်။ ထိုမြက်ပင်လေးတွင် တာအိုတေချင်ကျမ်း၏ စကားလုံးပေါင်း (၅၀၀၀) အနှစ်သာရများ တည်ရှိနေလေသည်။

တိကျန်ဗောဓိသကျာက မြက်ပင်လေးရှိရာသို့ လက်နှစ်ချောင်းဖြင့် အသာထိုးညွှန်လိုက်သည်။

ထိုအခါ... သူစုပ်ယူထားသည့် ဝိညာဉ်မြစ်ရေမှ လူပြန်ဝင်စားခြင်း လမ်းစဉ် (၆)ခု တန်ခိုးစွမ်းအားများသည် မြက်ပင်လေးပေါ်သို့ ကျရောက်သွားလေတော့သည်။

တိကျန်ဗောဓိသကျာက ပေါ့ပါးသည့်လေသံဖြင့်...

"မင်းမှာသာ နောင်ဘဝရှိမယ်ဆိုရင် သေချာပေါက် လူပြန်ဝင်စားနိုင်လိမ့်မယ်..."

ထို့နောက် သူက ရှေ့သို့ ဆက်လျှောက်သွားလေသည်။

ထို့နောက်... တိကျန်ဗောဓိသကျသည် ထိုက်စန့်လောင်ကျွင်း ရေးဆွဲထားသည့် ရှေးဟောင်းကြယ်စင်ကောင်းကင်ရှိရာသို့ မသိလိုက်မသိဘာသာဖြင့် ဝင်ရောက်သွားလေတော့သည်။

ထိုအခါ... သူ၏ဦးခေါင်းထက်မှ ရောင်ခြည်စက်ဝန်းသည် တဖြည်းဖြည်းမှေးမှိန်သွားလေသည်။

ရုတ်တရက်... သူ့နားထဲတွင် နွားအော်သံတစ်သံကို ကြားလိုက်ရလေသည်။

နွားရိုင်းစိမ်းကြီးတစ်ကောင်ကို စီးနင်းလာသည့် အဘိုးအိုတစ်ယောက် သူ့ထံသို့ လာနေသည်ကို တိကျန်ဗောဓိသကျ တွေ့မြင်လိုက်ရသည်။

တိကျန်ဗောဓိသကျ ရဲ့လျှို့ယွင်ပြောသည့် စကားတစ်ခွန်းကို သတိရလိုက်မိသည်။

" ထိုက်စန့်လောင်ကျွင်းနဲ့ ဘယ်တော့မှ ထိပ်တိုက်မတွေ့ပါနဲ့..."

သို့သော်... လောကရှိ အကြောင်းအရာ အတော်များများသည် ပုံသေသတ်မှတ်ခံထားရသည်ဆိုလျှင် မည်သည့်နည်းနှင့်မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

နွားရိုင်းစိမ်းကြီးက တိကျန်ဗောဓိသကျ၏ရှေ့တွင် ရပ်လိုက်လေသည်။

ရုတ်တရက် ခရမ်းရောင်အခိုးအငွေ့များထွက်ပေါ်လာပြီး တိကျန်ဗောဓိသကျ ၊ နွားရိုင်းစိမ်းကြီးနှင့် ထိုက်စန့်လောင်ကျွင်းတို့ကို ဝန်းရံထားလိုက်လေသည်။

ခရမ်းရောင်မြူခိုးများထဲမှ တာအိုဓမ္မတေးသွား ရွတ်ဖတ်သံတစ်သံ ထွက်ပေါ်လာလေသည်။

တာအိုဆရာသခင်ထိုက်ယီသည် စန့်ချင်တာအိုဆရာသခင်နှင့် အတူတူပင်ဖြစ်သလို ထိုက်စန့်လောင်ကျွင်းသည်လည်း ဗုဒ္ဓနှင့် အတူတူပင် ဖြစ်လေသည်။

တာအိုဆရာသခင်ကြီးများ၏ အသွင်ပြောင်းထားမှုများသာ

ဖြစ်လေသည်။

ယခုတော့ ဗုဒ္ဓက တိကျန်ဗောဓိသကျကို ဗောဓိသကျပေါင်း

တစ်သောင်း၏ အရှင်အဖြစ် ဘွဲ့ထူးဂုဏ်ထူးပေးအပ်ခဲ့

သည့်အတွက် ထိုက်စန့်လောင်ကျွင်းက သူ့ကို စမ်းသပ်ရန်

ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

ယခုတော့ အသိနောက်ကျခဲ့ပြီဖြစ်ကြောင်း တိကျန်ဗောဓိ

သကျ နားလည်လိုက်လေသည်။

သို့သော်... သူ့တွင် ရွေးခြယ်စရာ လမ်းမရှိတော့ပေ။ သူ့ဘဝ

သည် ထိုက်စန့်တာအိုဆရာသခင်၏လက်တွင် အဆုံးသတ်ရ

တော့မည် ဖြစ်လေသည်။

....

ခရမ်းရောင်မြူခိုးများထဲမှ တာအိုဓမ္မတေးသွား ရွတ်ဖတ်သံ

တစ်သံ ထွက်ပေါ်လာသည့်အခါ...

ဘုရင့်ရှစ်ပါးနန်းတော်မှ ရှမ်တုတောက်ကျွင်းသည်လည်း ထို ခမ္မတေးသွားကို ကြားလိုက်ရလေသည်။

ထို ခမ္မတေးသွားကို ရွတ်ဖတ်နေသူမှာ သူ၏ ဆရာဖြစ်သူ ထိုက်စန့်လောင်ကျွင်းဖြစ်ကြောင်း ရှမ်တုတောက်ကျွင်း သိရှိလိုက်သည်။

ထို့နောက်... ရှမ်တုတောက်ကျွင်း ချောင်းများ အဆက်မပြတ်ဆိုးလာပြီး အနက်ရောင်သွေးများ ကြမ်းပြင်ထက်သို့ အန်ချလိုက်လေတော့သည်။

သူက ဟွင့်ယွမ်ဝူကျီအဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်နေသည့်တိုင် ဝိညာဉ်ခြောက်ဖြာအလံမှ ကျိန်စာကို တွန်းလှန်နိုင်ခဲ့ခြင်း မရှိပေ။

ရှမ်တုတောက်ကျွင်း သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

အတန်ကြာသည့်အခါ... ရှမ်တုတောက်ကျွင်းနေထိုင်သည့် ဆိတ်ငြိမ်ဆောင်အတွင်းသို့ ရွှေသူငယ်နှင့်ငွေသူငယ် ဝင်ရောက်လာကြလေသည်။

သူတို့က ရှမ်တုတောက်ကျွင်း၏ အဝတ်အစားများနှင့် အနက်ရောင်သွေးစက်များကိုသာ တွေ့မြင်လိုက်ကြရလေသည်။

ထိုအချိန်မှစပြီး... လောကတွင် မည်သူမှ ရှမ်တုတောက်ကျွင်းကို ထပ်မံမြင်တွေ့ရခြင်း မရှိတော့ပေ။

....

ဟွမ်ချွမ်နတ်ဆိုးဂိုဏ်းတည်ရှိရာ တောင်ထိပ်တွင် ရဲ့လျိုယွင် မတ်တတ်ရပ်နေလေသည်။

အနောက်ဘက်တွင် နေဝင်သွားပြီဖြစ်ပြီး ကောင်းကင်ထက်တွင် တိမ်တိုက်များ ထူထပ်နေလေသည်။

ရဲ့လျိုယွင်သည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဝတ်စုံက လေနှင့်အတူ လွင့်မျောလျှက် ရှိလေသည်။ ထို့ကြောင့် သူ့

ကိုကြည့်ရသည်မှာ မျောလွင့်နေသည့်တိမ်တိုက်တစ်စအလား ပင် ထင်မှတ်ရသည်။

ထိုအချိန်...

သူ့အနောက်ဆီမှ ငြင်သာသည့်ခြေသံတစ်သံ ကြားလိုက်ရလေ သည်။

ရဲ့လျိုယွင်က လှည့်မကြည့်ဘဲ စကားပြောလိုက်သည်။

"အစ်ကိုလူ ၊ မင်းရောက်လာပြီလား..."

လူစောယိက...

"ညက ဆန်းလျန် အိပ်မက်ထဲကိုရောက်လာတယ် ၊ သူက မင်း ကို နောက်ဆုံးတစ်ကြိမ်အဖြစ် သွားတွေ့ဖို့ ပြောသွားတယ်..."

ရဲ့လျိုယွင်က...

"အစ်ကိုလူ... ကျုပ်တို့ လောကမှာ မွေးဖွားလာကြတာဟာ ဘာ အတွက်လဲ"

လူစောယိက...

"တစ်ခါမှ အဲဒီအကြောင်းကို မစဉ်းစားခဲ့ဖူးဘူး..."

ရဲ့လျိုယွင်က ရယ်မောလိုက်ရင်း...

"လောကမှာရှိတဲ့ လူသားတွေကို ကောင်းကျိုးပြုဖို့ ၊ အများ

အကျိုးဆောင်ရွက်ဖို့ မွေးဖွားလာတာလို့ မင်းပြောလိမ့်မယ်လို့

ကျုပ်က ထင်နေမိတာ..."

လူစောယိက...

"အဲဒါက မွေးဖွားလာရတဲ့အကြောင်းရင်း မဟုတ်ဘူးလေ ၊

လုပ်ကိုလုပ်ရမယ့် အလုပ်တစ်ခုပဲ..."

ရဲ့လျိုယွင်က တိုးတိတ်သည့်လေသံဖြင့်...

"ဟုတ်တာပေါ့ ၊ လုပ်စရာအလုပ်တွေရှိနေသေးတော့ အသက်

ရှင်သန်နေကြရဦးမှာပေါ့ ၊ လုပ်စရာအလုပ် မရှိတော့ရင် ဘာ

လို့ အသက်ရှင်သန်နေဦးမလဲ အစ်ကိုလူ..."

လူစောယိက...

"မင်းကို ဆန်းလျန်တောင်မှ မကယ်နိုင်တော့ဘူးလား..."

ရဲ့လျိုယွင်က...

"ကျုပ်ကိုယ်တိုင်က အသက်မရှင်ချင်တော့တာပါ..."

လူစောယိက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း...

"ဘာဖြစ်လို့လဲ..."

လူစောယိက ချက်ချင်းနားမလည်လိုက်သော်လည်း

တဖြည်းဖြည်းနားလည်သွားလေသည်။

ရဲ့လျိုယွင်ပြောသည့် "ကျုပ်" ကိုယ်တိုင်က ဆိုသည့် စကားမှ

"ကျုပ်" ဆိုသည်မှာ ယခု လက်ရှိ သူ့ရှေ့တွင် မြင်တွေ့နေရ

သည့် ရဲ့လျိုယွင်ကို ပြောခြင်း မဟုတ်ပေ။ ထိုသူသည်

အနာဂတ်မှ ရဲ့လျိုယွင် ဖြစ်နိုင်လေသည်။ ယခုတော့ သေရ

မည်ကို ကြောက်ရွံ့သည်ဆိုသည့် ရဲ့လျိုယွင်သည် သေရမည့်

လမ်းကို ကိုယ်တိုင် ရွေးခြယ်ခဲ့ပြီ ဖြစ်လေသည်။

....

စန့်ချင်တာအိုဆရာသခင် "လင်ပေါင်ထျန်းကျွင်း" အပြာရောင်

ခရီးရှည်နန်းတော်သို့ ပြန်ရောက်နေသည့်အကြောင်းကို

ကျောက်ရှောင်ယွီအပါအဝင် လူအနည်းငယ်သာ သိရှိထားကြ

လေသည်။

တစ်နေ့တွင်တော့...

အပြာရောင်ခရီးရှည်နန်းတော်မှ ဓားဝိညာဉ်တစ်ခုထွက်ပေါ်လာ

ကာ ခွန်လွန်တောင်တစ်ခုလုံးကို ဖျက်စီးပစ်လိုက်လေသည်။

ဓားဝိညာဉ်အောက်တွင် ခွန်လွန်တောင်တစ်ခုလုံး စိစိညက်

ညက် ကျေသွားလေသည်။ ထိုအခါ... စန့်ချင်တာအိုဆရာ

သခင် ပြန်ရောက်လာပြီဖြစ်ကြောင်း လောကတစ်ခုလုံးရှိ လူအ

များ သိရှိသွားကြလေတော့သည်။

ထိုဓားဝိညာဉ်သည် စန့်ချင်တာအိုဆရာသခင် "လင်ပေါင်ထျန်း

ကျွင်း" က ယွီချင်တာအိုဆရာသခင် "ယွမ်စီထျန်းကျွင်း" ကို

လက်စားချေသည့်အနေဖြင့် ပေးအပ်လိုက်သည့် ဓားဝိညာဉ်

ဖြစ်လေသည်။ သို့သော်... ယွမ်စီထျန်းကျွင်းက စန့်ချင်တာအို ဆရာသခင်ကို ပြန်လည်တိုက်ခိုက်ခဲ့ခြင်း အလျှဉ်းမရှိခဲ့ပေ။

....

မည်သည့်နေရာမှန်းမသိ... ။

မည်သည့်အချိန်မှန်းမသိ...။

ဆန်းလျှန်သည် မြစ်ငယ်လေးတစ်ခု၏ ကမ်းပါးငယ်လေး အတိုင်း လမ်းလျှောက်လာလေသည်။ ထိုမြစ်ငယ်လေးသည် ဝိညာဉ်မြစ်မှ ခွဲထွက်လာသည့် မြစ်လက်တက်လေးတစ်ခု ဖြစ်လေသည်။ မြစ်ငယ်လေးထဲတွင် ဝိညာဉ်များ၏စိတ်စွမ်းအား များနှင့် ပြည့်နက်နေပြီး သစ်သားစလေးတစ်စပင် မျောပါနိုင် စွမ်းမရှိလောက်အောင် ကြမ်းတမ်းလွန်းလှသည်။

မြစ်ရေစီးဆင်းသံသည် မရဏာတေးသံအလား ဖြစ်လေသည်။ မြစ်ရေစီးဆင်းသံထဲတွင် အမျက်ဒေါသနှင့် ချစ်ခြင်းမေတ္တာ များကို တစ်ပြိုင်တည်း ခံစားရစေသည်။

ပေ (၁၀၀)ခန့်အကွာအဝေးတွင် မတ်စောက်သော ကျောက်နံရံကြီးတစ်ခု ရှိနေပြီး ထိုနေရာဆီမှ သာယာသည့် ခေါင်းလောင်းသံလေးများ လွင့်ပျံထွက်ပေါ်လာလေသည်။ မရဏတေးသွားအလား ဝမ်းနည်းစရာကောင်းသည့် ဝိညာဉ်မြစ်၏စီးဆင်းသံကို သာယာသည့် ခေါင်းလောင်းသံလေးများက ဖုံးလွှမ်းသွားလေသည်။

ဆန်းလျန် ကျောက်နံရံကြီးထက်သို့ မော့ကြည့်လိုက်သည့်အခါ...

ကျောက်ဆောင်ကြီး၏ထိပ်တွင် မိန်းမပျိုတစ်ယောက်မတ်တတ်ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ သူမကခရမ်းရောင်အဝတ်အစားများကို ဝတ်ဆင်ထားပြီး သူမ၏ဆံနွယ်များက လေထဲတွင်လွင့်မျောနေလေ၏။ ဆံနွယ်အချို့က သူမ၏မျက်နှာနှင့် လှပသောနှုတ်ခမ်းများထက် လွင့်ဝဲကျဆင်းနေလေသည်။

"သူမက လူသားလား ၊ တစ္ဆေလား ၊ ဒါမှမဟုတ် နတ်ဘုရား တစ်ပါးများလား ၊ ပြီးတော့ လူသားအသွင်ယူထားတဲ့ နတ်မိစ္ဆာ တစ်ကောင်လည်း ဖြစ်နိုင်တာပဲ"

ထိုမိန်းမပျိုသည် ဆန်းလျန်၏ ထာဝရချစ်ရပါလေသော "ကျိုလင်နတ်သမီး" ဖြစ်လေသည်။

ဆန်းလျန်က ယခုမှ လူ့လောကသို့ စတင်ဝင်ရောက်လာသည့် ကလေးငယ်တစ်ယောက်ပမာ အပြစ်ကင်းစင်လှသော မျက်ဝန်းများဖြင့် ကျိုလင်နတ်သမီးကို လှမ်းကြည့်လိုက်ပြီး ပြုံးပြလိုက်လေတော့သည်။

(ပြီးပါပြီ)

ဇင်ပြေ